



မင်းပုန်းတောင် သိုင်းသမား

မြန်မာပြန်

မြသန်းတင့် + ဉာဏ်သစ်

WHISPER OF WORDS


[ပထမအုပ်]
မြသန်းတင့်
OUTLAWS OF THE MARSH
by Shi Nai'am and Luo Guanzhong
Translated by Sidney Shapiro
WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

W H I S P E R of W O R D S

Subscribe Telegram Channel

https://t.me/TheBookR

"နာမည်ထဲမှာ ဘာများ ပါလို့လဲ။

နှင်းဆီပန်းကို နှင်းဆီပန်းလို့ မခေါ်လည်း

နှင်းဆီပန်းကတော့ မွှေးနေမှာပဲ"

□ ဝီလျံရှိတ်စပီးယား

အသိပေးခြင်း

၁

ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက်မှ ထုတ်ဝေ ဖြန့်ချိသည့် ယခုစာအုပ်တွင် အသုံးပြုထားသော ခေါင်းစီး၊ အတွင်းစာသားအပါအဝင် မြန်မာစာလုံးပုံစံများ အားလုံးသည် ဇော်ဂျီဖိုလ်ဝင်ကကိုယ်ပိုင် ဝယ်ယူ အသုံးပြုထားသည့် စာလုံးများ ဖြစ်ပါသည်။ ထို့ကြောင့် ထပ်ဆင့် ကူးယူ အသုံး ပြုခြင်းကို ခွင့်မပြုပါ။ ယခုစာအုပ်၏ ပြင်ဆင်ထားသိုမှု ပုံစံမှာ ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။

၂

စာရေးသူ သို့မဟုတ် ထုတ်ဝေသူ၏ သဘောတူညီချက် မရရှိဘဲ စာအုပ်တွင် ဖော်ပြပါရှိသော စာသားများ၏ တစိတ်တပိုင်းကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိတ္တူကူးယူ၍ သော်လည်းကောင်း၊ ပီဒီအက်ဖ်ဖိုင်ပြုလုပ်၍ သော်လည်းကောင်း ဖြန့်ဖြူးခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများကို ခွင့်မပြု။

— ဇော်ဂျီဖိုလ်ဝင်

ဇော်ဂျီဖိုလ်ဝင်စာအုပ် အမှတ် - ၂၅/ဒု (တမ)

မင်းပုန်းတောင်သိုင်းသမား

ပထမအုပ်

မြသန်းတင့်

- ဘာသာပြန်သည် -

OUTLAWS OF THE MARSH

by

SHI NAI'AN and LUO GUANZHONG

Translated by SIDNEY SHAPIRO

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေမှု - ဒုတိယအကြိမ်၊ ၁၅၊ ဖေဖော်ဝါရီ ၊ ၂၀၂၅ ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက် - ပထမအကြိမ်၊ ၁၆၊ နိုဝင်ဘာ၊ ၂၀၁၆ တိုးမြစ်စာအုပ်တိုက်/၆ နှစ်လည်အထူးထုတ်

စာအုပ်တိုက်စာတည်း - ဝင်းဇော်လတ်

ဇော်ဂျီဖိုလ်ဝင်အမှတ်တံဆိပ် - ဇော်မောင်၊ လက်ရေးစာလုံး - တင်ထွဏ်း။

ကွန်ပျူတာစာလုံး- ဦးစိုးဝင်း

မျက်နှာဖုံးပန်းချီ-မုတ်သုံ

အတွင်းရေခံပန်းချီနှင့် မျက်နှာဖုံးအပြင်အဆင်-ဗဂျီလင်းဝဏ္ဏ

အတွင်းအပြင်အဆင် - ဝါဝါ၊ စာအုပ်ချုပ် - ရွှေသမီး

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး- ကျပ် ၄၅၀၀၀

ဒေါ်ခင်ခင်ထွေး၊ ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက် (၀၂၆၈၀) အမှတ် ၁၇၀၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်က ထုတ်ဝေ၍ ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

စီအိုင်ပီ ကတ်တလောက် အညွှန်၊ ၁၉၅.၀၃

မြသန်းတင့်-မင်းပုန်းတောင်သိုင်းသမား /မြသန်းတင့် ။ ရန်ကုန်။

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၊ ဒုတိယအကြိမ်၊ ၂၀၂၅။

က မှ သ + ၈၄၆-စာ ၁၅× ၂၂.၅ စင်တီ။

(၁) ဝတ္ထု (၂) တရုတ်ဂန္ထဝင် (၃) ဘာသာပြန်

မာတိကာ

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၏ မှတ်ချက်

ပထမအကြိမ် ထုတ်ဝေသည့် စာအုပ်တိုက်၏ မှတ်ချက်

ဆရာမြသန်းတင့်၏ လက်ရေးမူ

ဝတ္ထုကြီး၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းအကျဉ်းချုပ်

အခန်း ၁

ဂိုဏ်းချုပ်ဆရာကြီးချန်သည် ကပ်ရောဂါကို ဖယ်ရှားခြင်း စစ်သူကြီးဟုန်သည် မိစ္ဆာကောင်များကို မှားယွင်း၍ လွှတ်မိခြင်း

အခန်း ၂

သိုင်းဆရာဝမ် ပြည်တော်မှ ထွက်ပြေးခြင်း နဂါးကိုးကောင်ရှိကျင်း ရွာဖျက်ခန်း

အခန်း ၃

သခင်လေးရှိကျင်း ဟွာယင်းနယ်မှ ထွက်ခွာခြင်း ဗိုလ်မှူးလူက အနောက်မင်းကို လက်သီးနှင့် ထိုးခြင်း

အခန်း ၄

ရှင်ဉာဏသည် ဝူတိုင်းတောင်ကို မှောက်လှန်ပစ်ခြင်း မြေရှင်ချောင်သည် ဝင်ရှုဘုန်းကြီးကျောင်းကို ပြင်ဆင်ခြင်း

အခန်း ၅

ဘုရင်ငယ်သည် ရွှေခြည်ထိုးကြာခြည်ကို လုပ်ခြင်း ရှင်ဉာဏကြောင့် မက်မုံပွင့်ရွာ ဒုက္ခရောက်ခြင်း

အခန်း ၆

နဂါးကိုးကောင်ရှိကျင်းသည် ထင်းရှူးနီတောတွင် လုယက်ခြင်း ရှင်ဉာဏသည် တုကုန်းဘုံကျောင်းကို မီးတင်ရှို့ခြင်း

အခန်း ၇

ရှင်ဉာဏသည် မိုးမခပင်တပင်ကို အမြစ်မှ ဆွဲနုတ်ပြခြင်း လင်ချိုးသည် ကျားဖြူဆောင်ထဲသို့ မှား၍ ဝင်မိခြင်း။

အခန်း ၈

သိုင်းဆရာလင်ချိုးအား နဖူးတွင် သံပူကပ်၍ မြိုင်ရပ်ကို နှင်ခြင်း ရှင်ဉာဏသည် ဝက်ဝံရိုင်းတောအုပ်ကို ညက်ညက်ကြေအောင် ချေမှုန်းခြင်း

အခန်း ၉

ကျဲ့ကျင်းသည် ရဲရင့်သူများ အားလုံးကို ကြိုဆိုခြင်း လင်ချိုးသည် သိုင်းဆရာဟုန်ကို တိုက်ခိုက်အောင်မြင်ခြင်း

အခန်း ၁၀

လင်ချိုးသည် နှင်းမုန်တိုင်းကြောင့် တောင်ပေါ်ဘုံကျောင်းတွင် ခိုလှုံရခြင်း လူကျန့်သည် မြင်းစာသိုလှောင်ရုံကို မီးတင်ရှို့ခြင်း

အခန်း ၁၁

ချူကွီသည် ကန်ဘေးဇရပ်မှ နေ၍ မြားလွှတ်၍ အချက်ပေးခြင်း လင်ချိုးသည် နှင်းမုန်တိုင်းကျသောညတွင် လျံရှန်းတောင်ရိုးသို့ ရောက်လာခြင်း

အခန်း ၁၂

လင်ချိုးသည် လျံရှန်းကျူတောမှ တောပုန်းများနှင့် ဆက်မိခြင်း ယန်ချီသည် အရှေ့နေပြည်တော်တွင် မိမိဓားလွတ်ကို ရောင်းခြင်း

အခန်း ၁၃

ဥတ္တရနေပြည်တော်တွင် ဗိုလ်မှတ်ကျော် စီးချင်းထိုးခြင်း စီးချင်းထိုးပွဲ၌ ခြေမြန်ရဲခေါင် ယှဉ်ပြိုင်ခြင်း

အခန်း ၁၄

လင်ကွမ်းဘုံကျောင်း၌ မွေးနီသည် မူးမူးဖြင့် အိပ်ပျော်ခြင်း ဘုရားဒကာကျောက်ခဲသည် အရှေ့ကမ်းရွာတွင် တူတယောက် မွေးစားခြင်း

အခန်း ၁၅

ဝုရုံသည် ဖိုးရုံတို့ ညီအစ်ကိုသုံးဦးအား စည်းရုံးခြင်း ကုန်ဆွန်သည် သွေးသောက်ခုနစ်ဦးတွင် တဦး ဖြစ်လာခြင်း

အခန်း ၁၆

ဗိုလ်မှတ်ကျော်သည် အဖိုးတန် လက်ဆောင်ပဏ္ဏာများကို စောင့်ကြပ်သယ်ယူလာခြင်း ဝုရှံသည် ပရိယာယ်ဆင်၍ လက်ဆောင်ပဏ္ဏာများကို သိမ်းယူခြင်း

အခန်း ၁၇

ရှင်ဉာဏသည် နဂါးနှစ်ကောင်တောင်ကို တယောက်တည်း တိုက်ခိုက်ခြင်း
ဗိုလ်မှတ်ကျော်နှင့်အတူ ပုလဲကျောင်းတိုက်ကို စီးနင်းခြင်း

အခန်း ၁၈

စုန်ကျန့်သည် တိုက်သူကြီးကျောက်ခဲကို တိတ်တဆိတ် ကူညီခြင်း မှတ်ဆိတ်ချုတုံသည် ကျားပျံလွေ့ဟုန်ကို ပရိယာယ်ဆင်၍ လွှတ်ခြင်း

အခန်း ၁၉

ရေခါးပတ်ခံတပ်အတွင်း၌ လင်ချုံး ဆူပူသောင်းကျန်းခြင်း လျှံရှန်းစိမ့်တော၌ ကျောက်ခဲ တိုက်ပွဲတပွဲ နိုင်ခြင်း

အခန်း ၂၀

လျှံရှန်းကျုတောမှ တောပုန်းများက ကျောက်ခဲကို ဗိုလ်မြှောက်ခြင်း လသာသော ညတည၌ လျူထန်သည် ယွန်ကျင့်မြို့သို့ ထွက်ခွာသွားခြင်း

အခန်း ၂၁

အရက်မူးသဖြင့် ပြည့်တန်ဆာခေါင်းသည် ဂေါဏတန်ကို ရိုက်နှက်ခြင်း စုန်ကျန့်သည် ဒေါသကြောင့် ပေါက်စီကို သတ်မိခြင်း

အခန်း ၂၂

မရန်သည် ရုံးတော်တွင် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ခြင်း ရဲသားချုတုံသည် သတ္တိရှိစွာဖြင့် စုန်ကျန့်ကို လွတ်မြောက်အောင် ကူညီခြင်း

အခန်း ၂၃

ဟိန်ဟိုင်းတိုက်နယ်တွင် သခင်ကျဲသည် ဧည့်သည်များကို ကြိုဆိုခြင်း ကျင့်ယန်ခင်တန်းတွင် ဝုဆုန်သည် ကျားတကောင်ကို သတ်ခြင်း

အခန်း ၂၄

မဝမ်သည် ငွေကြေးအတွက် မြူဆွယ်ဖြားယောင်းခြင်း ယုန်ဂီသည် ဒေါသကြောင့် လက်ဖက်ရည်ဆိုင်ထဲတွင် ရန်ဖြစ်ခြင်း

အခန်း ၂၅

မဝမ်သည် ဆီမန်ကို သွေးထိုး မြှောက်ပင့်ပေးခြင်း ဖောက်ပြန်သော မယားသည် ယောက်ျားကို အဆိပ်ခတ်ခြင်း

အခန်း ၂၆

ရဲမှူးဟိုသည် အလောင်းစင်မှ အရိုးများကို ခိုးယူခြင်း ဝုဆုန်သည် အောက်မေ့ပူဇော်ပွဲတွင် ခေါင်းများကို နတ်တင်ခြင်း

အခန်း ၂၇

မိန်ကျိုပေတရာလမ်းမှ စုန်းမသည် မူးယစ်ဆေးခတ်သည့် စိမ်ရည်ကို ရောင်းခြင်း ဝုဆုန်သည် လမ်းခွဆုံကမူတွင် ကျန်ချင်းနှင့် တွေ့ဆုံခြင်း

အခန်း ၂၈

ဝုဆုန်၏ ဂုဏ်သတင်းကြောင့် အန်ပင်းသစ်တပ် သိမ့်သိမ့်တုန်ခြင်း မဟာမြို့တောကို ရှိအန် ပြန်လည်သိမ်းပိုက်ခြင်း

အခန်း ၂၉

ဝုဆုန်သည် အရက်မူး၍ ဗိုလ်ယကွှကို ရိုက်နှက်ခြင်း ရှိအန်သည် မိန်ကျိုမြို့ကို နောက်တကြိမ် အုပ်စိုး လွှမ်းမိုးနိုင်ခြင်း

အခန်း ၃၀

ရှိအန်သည် ကြိုးတိုက်ထဲသို့ သုံးကြိမ်တိုင်တိုင် ရောက်ခြင်း ဝုဆုန်သည် တိမ်ပုံအင်းတွင် ဆူပူသောင်းကျန်းခြင်း

အခန်း ၃၁

ဟသ်ာမောင်နံ့ဥယျာဉ်တွင် ဗိုလ်ချုပ်ချန်၏ သွေး မြေကျခြင်း ညအချိန်၌ ဘုရားဖူးဝုဆုန်သည် ကင်းခြေများတံတားကို ဖြတ်၍ လာခဲ့ခြင်း

အခန်း ၃၂

ဝုဆုန်သည် အရက်မူးလျက် ကုန်လျှန်နှင့် တိုက်ခိုက်ခြင်း ဗိုလ်ကျားသစ်သည် သဘောထားကြီးစွာဖြင့် စုန်ကျန့်ကို လွှတ်လိုက်ခြင်း

အခန်း ၃၃

ညအချိန်တွင် စုန်ကျန့်သည် မီးပုံးတောင်ကို မျှော်ကြည့်ခြင်း ဟွရှီသည် လေသာတောင်ခံမြို့ကို ဖရိုဖရဲဖြစ်အောင် လုပ်ခြင်း

အခန်း ၃၄

တောင်သုံးလုံးကို နှိမ်နင်းသူသည် ချင်ကျိုမြို့ကို မှောက်လှန်ပစ်ခြင်း မိုးကြိုးသွားသည် ညအချိန်၌ မီးလောင်ပြင်ကို ဖြတ်သန်းခြင်း

အခန်း ၃၅

ကျေးရွာ ဘုံဆိုင်တဆိုင်တွင် ရှိယုံ စာတစောင် ပေးခဲ့ခြင်း လျံရှန်းတောင်ရိုးတွင် ဟွရှံ ငန်းရိုင်းတကောင် ပစ်ခြင်း

အခန်း ၃၆

လျံရှန်းတောင်ရိုးတွင် ဝုရုံသည် ထိုက်ချုံထံ စာရေးခြင်း ကျိယန်ခင်တန်းတွင် စုန်ကျန့်သည် လီကျွမ်းနှင့် တွေ့ဆုံခြင်း

အခန်း ၃၇

မူသည် ဒေါတတကြီးဖြင့် စုန်ကျန့်ကို လိုက်လံဖမ်းဆီးခြင်း ရှင့်ယန်မြစ်ထဲတွင် ညအချိန်၌ လှေ့ထိုးသားတို့ ထကြွဆူပူခြင်း

အခန်း ၃၈

ချိန်မှန်မိုးသည် နတ်ခြေမြန်နှင့် တွေ့ခြင်း လေပွေ့နက်သည် ဒီလိုင်းဖြူကို တိုက်ခိုက်ခြင်း

အခန်း ၃၉

ရှင့်ယန်ရိပ်သာ၌ စုန်ကျန့် ပုန်ကန်ဖီဆန်သော ကဗျာတပုဒ် ရွတ်ခြင်း လျံရှန်းတောင်ရိုးမှ နေ၍ ထိုက်ချုံ စာအတုတစောင် ရေးခြင်း

အခန်း ၄၀

လျံရှန်းတောင်ရိုးမှ ရဲညီနောင်တို့သည် သူသတ်ကုန်းကို စီးနင်းတိုက်ခိုက်ခြင်း ရဲညီနောင် သူရဲကောင်းတို့ နဂါးဖြူဘုံကျောင်းတွင် တွေ့ဆုံကြခြင်း

အခန်း ၄၁

စုန်ကျန့်သည် ဝုဝေကျန်းမြို့ကို ပရိယာယ်ဖြင့် သိမ်းခြင်း ချန်ရှန်းသည် ဟုန်ဝမ်ပင်းကို

ဖမ်းဆီးရမိခြင်း

အခန်း ၄၂

စုန်ကျန့်သည် နဝမမြောက်ဘုံမှ ဂမ္ဘီရမယ်တော်ကို တွေ့ခဲ့ခြင်း စုန်ကျန့်သည် ပတ်လည်ရွာတွင် ကျမ်းသုံးကျမ်းကို ရခဲ့ခြင်း

အခန်း ၄၃

လီကွေ့အတုသည် လမ်းတွင် ခရီးသွားတယောက်ကို လုယက်ခြင်း လေပွေနက်သည် ယီလင်းတောင်ရိုးတွင် ကျားလေးကောင်ကို သတ်ခဲ့ခြင်း

အခန်း ၄၄

ဗိုလ်ကျားသစ်သည် ထိုက်ချုံကို လမ်းမြောင်ကလေးတခုပေါ်တွင် တွေ့ခြင်း ရန်စုံသည် ရှိဇူကို လမ်းမတခုပေါ်တွင် တွေ့ဆုံခြင်း

အခန်း ၄၅

ရန်စုံသည် အရက်မူးကာ တိမ်ယဉ်ကို ဆူပူကြိမ်းမောင်းခြင်း ရှိဇူသည် ဖေရူဟိုင်းကို ဉာဏ်ဆင်၍ သတ်ခဲ့ခြင်း

-။ နောက်ဆက်တွဲ

ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက်၏ မှတ်ချက်

ဆရာမြသန်းတင့်၏ **မင်းပုန်းတောင်သိုင်းသမား** ဘာသာပြန်ဝတ္ထုကြီးကို ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုမှ ကိုးနှစ်အကြာ ယခု ၂၀၂၅ ခုနှစ်တွင် ဒုတိယ အကြိမ်အဖြစ် ပြန်လည် ပုံနှိပ်ထုတ်ဝေနိုင်ပါပြီ။ ယခု ဒုတိယအကြိမ် ထုတ်ဝေခြင်းတွင် ပထမ အကြိမ်က ချွတ်ယွင်းခဲ့သော စာ အကျအပေါက်နှင့် သတ်ပုံများအချို့ကို ပြင်ဆင်ခြင်း၊ စာခွင် အနေအထားကို ပြုပြင်ခြင်း၊ စာလုံးအရွယ်အစားကို ပြောင်းလဲခြင်း၊ အချို့သော ဝေါဟာရ အသုံးအနှုန်းတို့ကို တညီတည်း တမူတည်း ဖြစ်အောင် တိုက်ဆိုင် ညှိနှိုင်းခြင်းတို့ကို ပြုလုပ် ထားပါသည်။

အခန်းစဉ်ပေါင်း ၁၀၀ ရှိသော **မင်းပုန်းတောင်သိုင်းသမား** ဝတ္ထုကို ဆရာမြသန်းတင့်က အခန်း ၄၅ မပြီးတပြီးအထိသာ ဘာသာပြန်ခဲ့သည်ဖြစ်ရာ၊ ဤဝတ္ထုကြီးအား အပြီးအဆုံး ထိတိုင် မြန်မာဘာသာပြန် ရှိစေချင်သည့် ဆန္ဒမှာ မိမိတို့ စာအုပ်တိုက်တွင် ရှိခဲ့ပါသည်။ ထိုသို့ ဆန္ဒရှိသည့် အကြောင်းကိုလည်း ပထမအကြိမ် ထုတ်ဝေစဉ်က မှတ်ချက်တွင် အတိအလင်း ဖော်ပြခဲ့ပြီးပါပြီ။ အကြောင်းတိုက်ဆိုင်သည်ဖြစ်၍ ဆရာမြသန်းတင့် ဘာသာ မပြန်ရသေးသည့် နောက်ပိုင်း အခန်းစဉ်ပေါင်း ၅၅ ခန်းကို ဆက်လက် ဘာသာပြန်လိုသည့် စိတ်ဆန္ဒရှိသူ ဆရာဉာဏ်သစ်နှင့် ၂၀၁၆ ခုနှစ် **မင်းပုန်းတောင်သိုင်းသမား** ထုတ်ဝေပြီးစ အချိန်ကတည်းကပင် စကားပြောဆိုဆွေးနွေးပြီး၊ ဘာသာပြန်လုပ်ငန်းကို စတင်ခဲ့ကြသည်။

ကြားတွင် အကြောင်းကြောင်းသော အကြောင်းများကြောင့် နှစ်အချို့ ကြာမြင့်ခဲ့ ပြီးနောက် ယခု ဆရာမြသန်းတင့် ဘာသာပြန်မှုကို **မင်းပုန်းတောင်သိုင်းသမား** - ပထမအုပ်၊ ဆရာဉာဏ်သစ်၏ ကျန်ရှိသောအခန်းများ ဘာသာပြန်မှုကို **မင်းပုန်းတောင်သိုင်းသမား** -ဒုတိယအုပ်အဖြစ် စာဖတ်သူများ လက်ထဲသို့ အပ်နှံလိုက်နိုင်ပါပြီ။ တရုတ်ဂန္ထဝင်ဝတ္ထုကြီး လေးအုပ်ထဲမှာ တအုပ်အပါဖြစ်သည့် **မင်းပုန်းတောင်သိုင်းသမား** ကို ဆရာနှစ်ဦး၏ အား ထုတ်မှုဖြင့် မြန်မာစာဖတ်မိတ်ဆွေများလက်သို့ အပ်နှံနိုင်သည့်အတွက် ဆရာမြသန်းတင့် နှင့် ဆရာဉာဏ်သစ် တို့ကို စာအုပ်တိုက်အနေနှင့် ကျေးဇူးတင်နေရပါသည်။ အခက်အခဲ အမျိုးမျိုးကြားမှာပင် စာဖတ်ခြင်းကို မစွန့်လွှတ်ကြသော မြန်မာနိုင်ငံအနှံ့မှ စာဖတ်သူများသည် **မင်းပုန်းတောင်သိုင်းသမား** ဝတ္ထုနှင့် ပတ်သက်၍ သူတို့၏ စိတ်ဝင်စားမှုကို စဉ်ဆက်မပြတ် ဖော်ပြခဲ့သည့်အတွက် ကျေးဇူးတင်ရပါသည်။ ထိုထိုသော စာဖတ်မိတ်ဆွေ များ၏ ထက်သန်သည့် အားပေးမှုသာ မရခဲ့လျှင်

စာအုပ်တိုက်အနေနှင့် ယခုလို အချိန်အခါ မျိုးတွင် ဤမျှ ထူထဲသည့် စာအုပ်ကြီးကို စွန့်စား ထုတ်ဝေနိုင်ဖို့ ခဲယဉ်းပါလိမ့်မည်။

ထို့အတွက် ကန္တာရနှစ်များထဲမှာ ကျေနပ်စရာ တခုအဖြစ် ဇော်ဂျီဖိုလ်ဝင်စာအုပ် တိုက်က မှတ်ယူပါသည်။

၂၁ ဇန်နဝါရီ၊ ၂၀၂၅ ခုနှစ်။

ပြာသိုလပြည့်ကျော် ၈ ရက်၊ ၁၃၈၆ ခုနှစ်။

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၊ ရန်ကုန်မြို့။

ပထမအကြိမ် ထုတ်ဝေသည့် စာအုပ်တိုက်၏ မှတ်ချက်

-၁-

စာဆိုတော်လအတွက် အထူးထုတ်ဝေသော **မိုးဝေစာပေမဂ္ဂဇင်း**[1]" တွင် ဆရာမြသန်းတင့်၏ အကြိုက်နှစ်သက်ဆုံး မြန်မာနှင့် နိုင်ငံတကာဝတ္ထု ၁၀ အုပ်၏ စာရင်းကို ဖော်ပြခဲ့ဖူးသည်။ ၎င်းတို့မှာ -

၁။ မှာတော်ပုံ (သခင်ကိုယ်တော်မှိုင်း)

၂။ ဘုန်းမောင့်တွက်တာ (ပီမိုးနင်း)

၃။ စစ်ထွက်သူ (မဟာဆွေ)

၄။ ပန်းသာမစာဥ (သခင်ဘသောင်း)

၅။ အရေးတော်ပုံတပ်သား (ရဲထွန်းလင်း)

၆။ G War and Peace (Leo Tolstoy)

၇။ Gone with the Wind (Margaret Mitchell)

၈။ Jean Christophe (Romain Rolland)

၉။ The Catcher in the Rye (J. D. Salinger)

၁၀။ Outlaws of the Marsh (တရုတ်ဂန္ထဝင်ဝတ္ထု) ဟူ၍ ပါရှိသည်။

ယခု **မင်းပုန်းတောင်းသိုင်းသမား**[2] ဝတ္ထုကြီးမှာ ဆရာ နှစ်သက်သည်ဆိုသော ဖော်ပြပါ အမှတ်စဉ်၁၀ မြောက် စာရင်းဝင် တရုတ်ဂန္ထဝင် ဝတ္ထုကြီးပင် ဖြစ်ပေသည်။

တရုတ်စာပေတွင် ထင်ရှားသည့် ဂန္ထဝင် ဝတ္ထုကြီး လေးအုပ်မှာ မင်းပုန်းတောင်သိုင်းသမား ၊ **အနောက်သို့ ခရီးသွားခြင်း**[၃]3 ၊ **သုံးပြည်ထောင်**[၄]4 နှင့် **ခန်းဆောင်နီအိပ်မက်**[၅]5 ” ဟူ၍ ဖြစ်သည်။ ယင်းတို့အနက် “မင်းပုန်းတောင်သိုင်းသမား” မှာ အစောဆုံးဖြစ်၍ ၁၄ ရာစုနှစ်က ထွက်ပေါ်သည်ဟု အဆိုရှိသည်။ တရုတ်ဘာသာအားဖြင့် “ရှီဟူ” ဖြစ်ပြီး တိုက်ရိုက်အနက်မှာ “ကမ်းနား ရေစပ်” ဟု ခေါ်သည်။ ထိုဝတ္ထုကြီးကို **စာရေးဆရာမကြီး ပါးလ်ဘတ်**[၆]6 က **လူသားအားလုံး ညီနောင်တွေ**[၇]7” ဟူ၍ လည်းကောင်း၊ **ဂျေ၊ အိပ်ချ်၊ ဂျက်ဆင်**[၈]8 က **စည်းတိမ်သောင်**[၉]9 ဟူ၍ လည်းကောင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်ကို တွေ့ရပြီး ယခု ဆရာမြသန်းတင့်က မြန်မာဘာသာသို့ ပြန်ဆိုသည်မှာ **ဆစ်ဒနီရှာပီယို**[၁၀]10 ဘာသာပြန်၍ Outlaws of the Marsh အမည်ဖြင့် တရုတ်နိုင်ငံခြားဘာသာထုတ်ဝေရေးမှ ၁၉၈၀ တွင် သုံးတွဲခွဲ၍ ထုတ်ဝေသော အင်္ဂလိပ်ဘာသာပြန်မူမှ ဖြစ်ပါသည်။

ဤ “မင်းပုန်းတောင် သိုင်းသမား”အမည်ရှိ ဂန္ထဝင်ဝတ္ထုကြီးသည် သူရဲကောင်း ၁၀၈ ယောက်၏ ဇာတ်လမ်း ဖြစ်ပြီး အကျင့်ပျက် အာဏာပိုင်များနှင့် မြေရှင်တို့၏ ဖိနှိပ်မှု၊ လော်လည်ဖောက်ပြန်မှုတို့ကို သည်းမခံနိုင်၍ တုံ့ပြန်ခုခံသည့် လယ်သမားတို့၏ ပုန်ကန် တော်လှန်သော ဖြစ်စဉ်ကို အသေးစိတ် ဖော်ကျူးထားသည်။

စာအုပ်တိုက်အနေဖြင့် ဆရာမြသန်းတင့်၏ ပုံမနှိပ်ရသေးသော ဘာသာပြန်လက်ရာ ဖြစ်သည့် **အကြာဆုံးစစ်ပွဲ**[11] မြန်မာပြည်” စာမူကြီးကို ၂၀၁၅ ခုနှစ်က ပထမအကြိမ် ဂုဏ်ယူ ထုတ်ဝေခွင့် ရရှိခဲ့သည်။ ဆက်၍လည်း မည်သည့် စာနယ်ဇင်းတွင်မှ ဖော်ပြခြင်း အလျဉ်း မပြုရသေးသော ဘာသာပြန်စာမူကြီးတခုကို က ရိုက်နှိပ်ထုတ်ဝေဦးမည့်အကြောင်း ထိုစဉ်ကပင် ကြော်ငြာဝင်ခဲ့သည်။ ဆရာ မြသန်းတင့်၏ အမာခံ စာဖတ်သူများက အလွန် စိတ်ဝင်စား တုံ့ပြန်ကြသည်။ ဘာစာအုပ်ကြီးပါလိမ့် ဟူ၍။

ထုတ်ဝေသူ ကိုယ်တိုင်သည်လည်း ဤစာမူကြီးရှိကြောင်း စတင်ကြားရစဉ် အခါက သို့နှင်နှင် စာဖတ်သူတို့နှင့် မခြား အံ့ဩခြင်း၊ စိတ်လှုပ်ရှားခြင်း ဖြစ်ခဲ့ရသေးသည် ကို ဝန်ခံရပေမည်။ တခုသော ညချမ်းချိန် တွေ့ဆုံဝိုင်းတွင် ဆရာ မြသန်းတင့်၏ သားငယ် ကိုဖိုးလမင်းက ပြောသည်။

“အဖေ ဘာသာပြန်ခဲ့တဲ့ သိုင်းဝတ္ထုကြီး တအုပ် ရှိတယ်”

“ဗျာ၊ ဘယ်လို”

“အဖေက အတော်စောစောကတည်းက အဲဒီစာအုပ်ကို ဘာသာပြန်နေခဲ့တယ်။ သိုင်း ဝတ္ထုတွေ ခေတ်စားတဲ့အချိန်မှာ တကယ့် သိုင်းဝတ္ထုဟာ ဘယ်လိုမျိုးဆိုတာ စာဖတ်သူ တွေကို မိတ်ဆက်ဖို့ ရည်ရွယ်တာပဲ။ ဒါပေမဲ့…”

ဒါပေမဲ့တွင် တခဏ ရပ်၍ ရှေ့မှ ပယင်းရောင်လဲ့လဲ့ပြေးသော ဖန်ခွက်ကို ကောက် ကိုင်လိုက်သည့် ကိုဖိုးလမင်းအား မချင့်မရဲဖြစ်စွာ ကြည့်မိပါသေးသည်။ “အရေးထဲ ကောင်း ခန်းမှ ခဏ ရပ်ရသလားဗျာ။ ဘာ ဒါပေမဲ့လဲ” သူ့အား စကားထောက်ရန် စကားလုံးများ စိတ်ထဲတွင် စီ၍ စဉ်၍ မပြီးမီ ကိုဖိုးလမင်း က ဆက်ပြောသည်။

“အဖေက အဲဒီစာမူကြီးကို လက်စသိမ်း အပြီးအစီး ဘာသာပြန်မသွားနိုင်ခဲ့ဘူး”

“ဟာခနဲ” ရင်ထဲတွင် လှိုက်ဖိုသွားမိသည်။

သို့နှင့် အကြောင်းတိုက်ဆိုင်သဖြင့် ဆရာမြသန်းတင့်၏ လက်စမသတ်နိုင်ခဲ့သော သိုင်းဝတ္ထု ဆိုတာကြီးအကြောင်း စိတ်ဝင်စားခွင့်ရခဲ့သည်။ ဆရာမြသန်းတင့် အနေဖြင့် ထိုစာအုပ်ကို စာဖတ်သူတို့ လက်အရောက်ထည့်ဖို့ စတင်ဘာသာပြန်ဆိုသော ၁၉၈၀ ခုနှစ် အလွန်များကပင် အားထုတ်ခဲ့သေးသည်ဟု

သိရပါသည်။(ဘာသာပြန်ခဲ့ခြင်းမှာ ခန်းဆောင်နီ အိပ်မက် ထက်ပင် စောသည်။) အကြောင်း အခွင့်မသာသဖြင့် ထုတ်ခွင့် မရခဲ့။

ထုတ်ခွင့်ရသော် အုပ်တွဲများခွဲ၍ ထုတ်ရန် စဉ်းစားပုံရသည်။ ပထမတွဲအဖြစ် တွဲချုပ် ထားသော လက်နှိပ်စက်မူ၏ မျက်နှာဖုံးပေါ်တွင် ၁၉၈၆ ခုနှစ် ဟူ၍ ရေးထားသည်။ ထိုစာမူ မှာ စာအုပ်အဖြစ် ထွက်မလာဘဲ ဆရာမြသန်းတင့်၏ လက်ထဲတွင်လည်း မရှိတော့။ ကံအားလျော်စွာ ၁၉၉၇ ခုနှစ်တွင် မှ ဆရာ့လက်ထဲ ထိုစာမူ ပြန်ရောက်လာသည်။ ထိုစာမူကို ပြန်ရ၍ ဆရာက သူ၏ ဒိုင်ယာရီ စာအုပ်တွင် အမှတ်တရ ရေးမှတ်သည်အထိ ဝမ်းသာ ပျော်ရွှင်ခဲ့သည်ဟု ဆရာ၏ မိသားစုထံမှ သိရသည်။" [12]ပြန်လည်ရရှိသော ပထမတွဲ လက်နှိပ် စက်မူ၏ နောက်ဆုံးစာမျက်နှာတွင်လည်း ဆရာ့လက်ရေး သေးသေးလေးဖြင့် ဤသို့ ရေးထားသည်ကို တွေ့ပါသည်။

"၂၀၊ ၈၊ ၉၇ တွင် ပြန်ရသည်"

ဆိုခဲ့ပါ ဝတ္ထုကြီးကို □က ထုတ်ဝေချင်သည်ဟု ဆိုသောအခါ ဆရာမြသန်းတင့်၏ မိသားစုအနေဖြင့် အလေးအနက် စဉ်းစားခြင်းပြုရသည်။ တပိုင်းတန်းလန်းနှင့်သာ ဘာသာ ပြန်ဆို ပြီးစီးသေးသော စာမူလည်း ဖြစ်သောကြောင့် စာအုပ်အဖြစ် မထွက်လျှင်လည်း ရှိစေ။ တဝက်တပျက်သာ ဖတ်ခွင့်သာမည့် စာဖတ်သူများအပေါ်တွင် ဆရာ့မိသားစုမှာ လွန်စွာ အားတုံ့အားနာ ဖြစ်နေသည်။

တဖက်မှ □အနေနှင့်ကား ဤသို့ စဉ်းစားပါသည်။ တဝက်နီးပါးသာ ဘာသာပြန်ဆိုပြီးသော စာမူဖြစ်သည် မှန်ငြား၊ ဆရာမြသန်းတင့်၏ ဘာသာပြန်လက်ရာလည်း ဖြစ်သည်။ တရုတ်ဂန္ထဝင် စာရင်းဝင်ဝတ္ထုကြီးလည်း ဖြစ်သည်။ ဆရာမြသန်းတင့်၏ စာဖတ် ပရိသတ်များကလည်း အဆိုပါ ဝတ္ထုကြီးကို ဆရာ မည်သည့်ရည်ရွယ်ချက်ဖြင့် ဘာသာပြန်သနည်း။ မည်သို့ မည်ပုံ ပြန်ဆိုထားသနည်း အစ ရှိသည်တို့ကို သိချင်၊ မြည်းချင်နေသည့် အာသီသ ရှိမည် အမှန်။ ထို့ကြောင့် တပိုင်းတန်းလန်း ဖြစ်သည့်တိုင် ဆရာမြသန်းတင့်နှင့် ဆရာ့စာဖတ်သူများအတွက် အမှတ်တရ စာအုပ်အဖြစ်နှင့်ပင် ထုတ်ဝေရလျှင် အကျိုးမမဲ့ တန်ရာဟု ယူဆချက်ရှိသည်။

သို့နှင့် ဆရာမြသန်းတင့်၏ သား ကိုဖိုးလမင်းနှင့် □ထုတ်ဝေသူတို့မှာ အကျိတ် အနယ် ပြောကြဆိုကြသည်။ ဆွေးနွေးကြပါသည်။ □က ဇွတ်အတင်း ထုတ်မယ်ချည်း လုပ်နေ၍ နောက်ဆုံး ကိုဖိုးလမင်းမှာ မောသွားလေသလား မသိ။

"ကဲ၊ သဘောပဲကွာ"

"ဆရာရဲ့ နောက်ထပ် ဘာစာမူတွေ ကျန်သေးလဲ၊ ပုံမနှိပ်ဖြစ်တာ"

□၏ ပြုံးစေ့စေ့ အမေးစကား အမျှင်မပြတ်မီ လက်ကို တွင်တွင်ခါသည်။

"ဟာ။ ဟား၊ ငါ့ညီ၊ ဒါ အကုန်ပဲ၊ နောက်ဆုံးပဲ" ပြောပြီး တဟားဟား ရယ်သည်။ ထို့နောက် ကုလားထိုင်နောက် မှီ၍ ဆေးပေါ့လိပ်တလိပ်ကို မီးညှိကာ မျက်နှာကြက်ကို ငေးလျက်ရှိ၏။

သို့နှင့် နှစ်ပေါင်းများစွာ အကြောင်းမညီညွတ်၍ ဗီရိုထဲတွင် အိပ်စက်နေရသော လျှို့ရှန်းကျူတောမှ မင်းပုန်းတောင်သိုင်းသမား ၁၀၈ ယောက်သည် တစခန်း ထလေပြီ။ သူရဲကောင်းတို့သည် ဓားကို ဝင့်သည်။ လှံကို ကစားသည်။ သံတောင်ဝှေးကို ဝှေ့ယမ်း သည်။ တဖက်မှာ ကျားနှင့် သတ်ပုတ်သည့် အစွမ်းကို ထုတ်ဖော်သလို မတရားဖိနှိပ်သူ၏ ရင်ကို ခွဲ၍ အသည်းကို နုတ်ကာ

အရက်နှင့် မြည်းပြလျက် ရှိချေ၏။

မူလဝတ္ထုကြီးမှာ အခန်းပေါင်း ၁၀၀ တိတိ ရှိသည်။ ဆရာမြသန်းတင့်က အခန်း ၄၅ အထိသာ ပြန်ဆို ပြီးစီးပါသေးသည်။ အခန်း ၄၅ သည်ပင်လည်း အပြည့်မပြီး။ တဝက်မျှသာ။ တွဲချုပ်ထားသော ဘာသာပြန် လက်နှိပ်စက်စာမူတွင် အခန်း ၁ မှ ၁၉ အထိကို အတွဲတတွဲ အဖြစ် ခွဲထားသည်။ ထို့ကြောင့် ဤစာမူ၏ အစတွင် ပါရှိသော "ပထမတွဲ ဇာတ်လမ်း အကျဉ်းချုပ်" မှာ အခန်း ၁ မှ ၁၉ အထိကိုသာ ရည်ညွှန်းပါသည်။

ဆရာအနေနှင့် မူလက ဤဝတ္ထုကြီးကို "ခန်းဆောင်နီအိပ်မက်" ကဲ့သို့ပင် အတွဲငယ် လေးများ ခွဲထုတ်ရန် ရည်ရွယ်ရင်း ရှိခဲ့ပုံရပါသည်။ အခန်း ၁၉ တွင် တတွဲ ခွဲထားသော ပထမတွဲက ရှေ့မှာ တစ်လစ်ခံကာ စာအုပ်အဖြစ် ထွက်မလာသဖြင့် နောက်အတွဲများကို ခပ်မြန်မြန် တွန်း၍ မပြန်ဆိုဖြစ်ခဲ့ခြင်း များလားဟု မှန်းဆကြည့်ချင်စရာလည်း ဖြစ်ပါသည်။

နောက်ထပ် တွေးကြည့်စရာမှာ ဤဝတ္ထုကြီးသည် တော်လှန်ပုန်ကန်သော ဇာတ်လမ်း ဖြစ်သဖြင့် အသတ်အဖြတ်တွေ ပါဝင်သလို အကျင့်ပျက်သော ရဟန်းအတုအယောင်တို့က မာတုဂါမများကို ဖျက်လိုဖျက်ဆီးလုပ်ခန်းတွေလည်း မနည်းပါ။ သူတပါ။ ဇနီးမယား ကြာခို ခန်းကိုလည်း အသေးစိတ် ရေးပါသည်။ အရာရှိများ လာဘ်စားပုံကလည်း ဒုနှင့် ဒေး။ ထို့အပြင် ဖောက်ပြန်သည့် အရာရှိဆိုးများ၊ မြေရှင်များကို ရက်ရက်စက်စက် သတ်ဖြတ်ခန်း တွေ ပါဝင်သလို လူသားစားသည့် အခန်း၊ ဝိညာဉ် ခေါ်သည့်အခန်။ စသဖြင့် အစွမ်းကုန် စိတ်ကူးကွန့်မြူး ဖွဲ့နွဲ့ထားသော ဝတ္ထုကြီးဖြစ်ရာ အဆိုပါ အခန်းများကို ဆရာသည် လုံးဝ ဖြတ်တောက်၊ ချန်လှပ်ခြင်းမပြုဘဲ အသေးစိတ် ဘာသာပြန်ဆိုသည်ကို တွေ့ရသည်။

ထိုအချိန်က စာပေစိစစ်ရေး လက်စောင်းထက်သည့် ကာလဖြစ်သည်ကို သတိရစေ ချင်ပါသည်။ သို့ဖြစ်ရာ ဤ မင်းပုန်းတောင်သိုင်းသမား ကဲ့သို့သော ဝတ္ထုကြီးမျိုးကို စာပေစိစစ်က ထုတ်ဝေခွင့်ပြုလိမ့်မည် မဟုတ်ပါ။ ယင်း အဆီးအတား အကန့်အသတ်များကြောင့် လည်း ဆရာအနေဖြင့် ဤ ဝတ္ထုကြီးကို ထို့ပိုင်း ထို့ပိုင်းသာ `ဘာသာပြန်နေခဲ့ခြင်း ဖြစ်ပုံ ရပါသည်။ အခန်း ၁၉ အထိ ပါဝင်သော ပထမတွဲအပြီး နောက်ထပ်၍ ဆက်လက် ဘာသာ ပြန်ထားသော စာမူမှာ မချုပ်မသီရသေးသည့် လက်နှိပ်စက်စာရွက်များသာ ဖြစ်ပါသည်။

ဆိုခဲ့ပြီးသော အကြောင်းများကြောင့် ဆရာအနေနှင့် အေးအေးဆေးဆေး အချိန်ယူ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်တန်ရာသည်။

စာအုပ်နှင့် ပတ်သက်၍ အချက်အချို့ကို ရှင်းပြလိုပါသည်။

ပထမအချက်အနေနှင့် ဤဝတ္ထုကြီးတွင် ကဗျာလင်္ကာနှင့် သီချင်းအချို့ ပါဝင်ပါသည်။ ကဗျာ အများစုကို မြန်မာဘာသာသို့ တပါတည်း ပြန်ဆိုထားသော်လည်း အချို့နေရာ များတွင် ဆရာသည် နေရာကွက်လပ် ချန်ထားသည်ကို တွေ့ရသည်။ မြန်မာဘာသာသို့ ပြန်ဆိုသော ကဗျာများကို မြန်မာ နားနှင့် လိုက်လျောညီထွေရှိစေရန် ကာရန်ကိုက် ပြန် ထားသည်ဖြစ်ရာ ဤသို့ နေရာချန်ထားသည့် ကဗျာအချို့မှာ ဆရာအနေနှင့် နောက်ပိုင်းမှ အေးအေးဆေးဆေး အချိန်ယူ ပြန်ဆိုမည်ဟူသော သဘောနှင့် ချန်ထားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ယခုစာအုပ်တွင် ဘာသာမပြန်ရသေးသည့် ကဗျာ၊ သီချင်း ပါဝင်သည့် နေရာ အချို့တွင် (*) ပြ၍ မူရင်းကို အောက်ခြေမှတ်ဖြင့် ဖော်ပြထားပါသည်။

ဒုတိယအချက်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သောကြောင့် နောက်ပိုင်း ဘာသာ ပြန်ဆိုသော လက်နှိပ်စက်မူတွင် နောက်ပိုင်း အခန်း အနည်းငယ်၌ စာတမျက်နှာ ရှာမတွေ့ တာမျိုး သုံးလေးနေရာခန့် ရှိသည်ကို တွေ့ရသည်။ မူရင်းနှင့် တိုက်ဆိုင်ကြည့်သည့်အခါ မူရင်းတွင် စာနှစ်ပိုဒ် သို့မဟုတ် သုံးပိုဒ်ခန့်၊ မြန်မာဘာသာပြန် လက်နှိပ်စက်မူတွင် တမျက်နှာ ခန့် စာဆက်ပြတ်သလို ဖြစ်သွားပါသည်။ ထိုအခက်အခဲကို စာအုပ်တိုက်အနေနှင့် အောက် ခြေမှတ်စုတွင် အကျဉ်းချုံးဖော်ပြ၍ ဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက် ပြုပေးထား လိုက်ပါသည်။ ဆရာ မြသန်းတင့်၏ မူရင်းဘာသာပြန်ကို လုံးဝ တို့ထိခြင်း မပြုထားပါ။

တို့ထိပြုပြင်မှု မရှိဟုဆိုငြား တရုတ်အသံထွက် အမည်များနှင့် ပတ်သက်၍ စာ တအုပ်လုံး အမည် စာလုံးပေါင်း တမျိုးတည်းဖြစ်အောင် စိစစ်မှုကိုတော့ မလုပ်မဖြစ် လုပ်ရ ပါသည်။ ဥပမာပြရပါလျှင် (ဝုယံနှင့် ဝုရုံ) ဆိုသည့် အမည်မှာ တဦးတည်း ဖြစ်ပါသည်။ သို့သော် သူ့အတိုင်းထားလျှင် စာဖတ်သူက တဦးတည်းလား၊ နှစ်ဦးလားဟု ရှုပ်ထွေးမှု ရှိနိုင်သည်။ ထို့ကြောင့် အမည်တခုတည်း ဖြစ်အောင် စိစစ်ရပါသည်။ သို့ စစ်ဆေးရာတွင် စာအုပ်တိုက်၏ သဘောဆန္ဒနှင့် ဒီလို ဖြစ်သင့်သည်၊ ဟိုလို ဖြစ်သင့်သည်ဟူ၍ ထင်ရာ မစိုင်းပါ။ ဆရာမြသန်းတင့်၏ အသုံးများသော မူကိုသာ ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝုယံလား၊ ဝုရုံလား ဆိုသည့်နေရာတွင် အများစုကို “ဝုရု” ဟု ဆရာက သုံးစွဲထားသဖြင့် ဝုယံကို ဝုရုံဟု ပြုပြင်လိုက်ခြင်းအားဖြင့် တမူတည်း ဖြစ်စေပါသည်။ အလားတူ အမည်ကို များကို ထိုသို့လျှင် တိုက်ဆိုင်စစ်ဆေး၍ အတည်ပြု ပုံနှိပ်ဖော်ပြပါသည်။

ဆိုခဲ့သည့်အတိုင်း "မင်းပုန်းတောင်သိုင်းသမား" ဝတ္ထုကြီးမှာ ဆရာမြသန်းတင့်၏ မပြီးပြတ် သေးသော ဘာသာပြန်လက်ရာတခု ဖြစ်ပါသည်။ သို့နှင့် ဘာကြောင့် ထုတ်ဝေရသလဲ ဆိုသည်ကို ရှေ့တွင် အနည်းအကျဉ်းမျှ ပြောဆိုခဲ့ပြီးပါပြီ။ မှန်ပါသည်။ အဆုံးထိ ဘာသာ မပြန်ရသေးပါ။ သို့သော် ဤ ဝတ္ထုကြီး၏ တည်ဆောက်ပုံမှာ တခန်းချင်း ဖတ်လျှင်လည်း ရသည်။ တခန်းနှင့် တခန်း အချိတ် အဆက်ပြုထားသည် မှန်သော်လည်း ဇာတ်လမ်း ဇာတ်ကွက်က တကန့်စီ ဖန်တီးထားပါသည်။ အဆိုပါ ဇာတ်ကွက်များကို ဆက်၍ ဖတ်သွားခြင်း အားဖြင့် တဖြည်းဖြည်း ဇာတ်ရည်လည်လာပေသည်။

မြင်သာသည့် ဥပမာကို ပြရပါလျှင် **တထောင့်တည ပုံပြင်များ**[13] နှင့် ခပ်ဆင်ဆင် တူသည်။ အခန်းတခန်းလျှင် ဇာတ်လမ်းတပုဒ်ဖြစ်ပါသည်။ သို့ဖြစ်ရာ အစမှ အဆုံး ဘာသာ ပြန်ဆိုခြင်း မပြုရသည့်တိုင် တပိုင်းတန်းလန်းမျှ ထုတ်ဝေလျှင်လည်း စာဖတ်သူများ ဖတ်၍ ရနိုင်သည်ဟု ယုံကြည်မိသည်။ မူရင်းဝတ္ထုကြီးတွင် အခန်းပေါင်း ၁၀၀ ရှိသည့်အနက် ဆရာမြသန်းတင့်က ၄၅ ခန်း ပြန်ထားသဖြင့် ဝတ္ထု၏ ထက်ဝက်ခန့် ပြီးစီးသည်ဟု ပြောနိုင်ပါသည်။ ထိုမျှလောက်ပင်လျှင် အတော် ထူထဲနေပါပြီ။ တရုတ်ဂန္ထဝင် စာရင်းဝင် ဝတ္ထုကြီးတပုဒ်ကို ဤမျှ မြည်းစမ်းခွင့်ရသည့်အတွက် ဆရာမြသန်းတင့်၏ စာပေကျေးဇူးကို အထူးအောက်မေ့ ကျေးဇူးတင်ရ ပါတော့သည်။

ကျန်ရှိသည့် အခန်းများအတွက်မူ နောက်လူနောက်သား ဘာသာပြန် လူစွမ်းကောင်း များ ပေါ်ပေါက်လာသောအခါ အပြည့်အစုံ ဖတ်ရဖွယ်ရှိသည်ဟု မျှော်လင့်ချက် ထားရပါ လိမ့်မည်။ ဆိုခဲ့သည့် "တထောင့်တည" ဝတ္ထုကြီးကိုပင် ဥပမာကြည့်ပါ။ မူလက ဆရာကြီး သခင်ဘသောင်းက ရှေးပိုင်း အခန်းများကို ဘာသာပြန်ခဲ့သည်။ အပြီးအစီး ဘာသာပြန် ဆိုခြင်း မဟုတ်သည့်တိုင် စာဖတ်သူများက အထူး နှစ်ခြိုက် ဖတ်ရှုခဲ့ကြပါသည်။ နောက်ပိုင်း နှစ်များတွင်မှ တထောင့်တညအထိ တိုင်အောင် ဆရာကျော်လှိုင်ဦး(မင်းကျော်)က အပြည့်အစုံ ဘာသာပြန်ပေး သွားသဖြင့် စာဖတ်သူတို့ အားရဝမ်းသာ ဖတ်ခွင့်ရခဲ့ကြသည်။

ယခုလည်း ထိုအတိုင်း မျှော်လင့်နိုင်ပေသည်။

ဆုံးခန်းတိုင် ဘာသာပြန်ဆိုမှု မဟုတ်သဖြင့် ဝတ္ထုကြီးတခုလုံး၏ ဇာတ်လမ်းအကျဉ်းကို အတိုချုံး၍ ဖော်ပြလိုသည့် အာသီသတခု □တွင် ရှိပါသည်။ ထိုသို့ဆိုလျှင် တဦးတယောက်ကို တာဝန်ပေး၍ မူရင်းဝတ္ထု၊ ဆရာမြသန်းတင့်၏ ဘာသာပြန်လက်ရာ အစ ရှိသည်ကို အစ၊ အဆုံး အကျေအလည် ဖတ်ရှုပြီး အကျဉ်းချုပ် ရေးရပေမည်။ အချိန်လည်း အတန်အတင့် ယူရမည် ဖြစ်၏။ လက်တွေ့အရပ်ရပ် အခြေအနေများအရ ဆန္ဒရှိသည့် အတိုင်း □က ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထို့အတွက် စာဖတ်သူများက နားလည်ပေး မည်ဟု ယုံကြည်ပါသည်။

သို့ရာတွင် ကံအားလျော်စွာ အကျဉ်းချုပ် မဟုတ်ငြား၊ ဝတ္ထု၏ ဇာတ်လမ်းကို အတိုချုံး ပြောထားသော ဆရာမြသန်းတင့်၏ ဆောင်းပါးတစောင်ကို တွေ့ရှိ ဖတ်ရှုခဲ့ရပါသည်။ “တရုတ်ဂန္ထဝင် ဝတ္ထုကြီး သုံးပုဒ်” ခေါင်းစဉ်ဖြင့် ၁၃၄၁ ခု အမျိုးသားစာဆိုတော်နေ့ အထိမ်း အမှတ်ထုတ်ဝေသော “စာပေလောက”စာအုပ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးဖြစ်သည်။ အဆိုပါ ဆောင်းပါးတွင် “ခန်းဆောင်နီအိပ်မက်” “အနောက်သို့ ဘုရားဖူးသွားခြင်း” နှင့် ယခု “မင်းပုန်းတောင်သိုင်းသမား” ဝတ္ထုကြီး သုံးပုဒ်အကြောင်း ရေးထားခြင်း ဖြစ်သည်။ ထို့ကြောင့် အဆိုပါ ဆောင်းပါးမှ “မင်းပုန်းတောင်သိုင်းသမား” နှင့် သက်ဆိုင်သည့် အခန်းကို ကောက်နုတ်၍ စာအုပ်၏ အဆုံးတွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပါသည်။

အနေနှင့် တတ်နိုင်စွမ်းသမျှ စာပေဝန်ကို ထမ်းဆောင်ရာတွင် စာဖတ်သူများအား အစဉ်ရေးရှုခဲ့သည်ကို ထုတ် စာအုပ်များတွင် ညွှတ်တိမ်းမှု ရှိပြီးသား စာဖတ်သူများ သိကြပြီး ဖြစ်ပါသည်။ ဤ “မင်းပုန်းတောင် သိုင်းသမား” ဝတ္ထုကြီးကို လက်နှိပ်စက်မူမှ ပုံနှိပ်ပြီး စာအုပ်အဆင့်သို့ ရောက်အောင် ဆောင်ရွက်ရသည်မှာ အချိန်ကာလ အတော်အတန် ရှည်လျားခဲ့ပါသည်။ သတ်မှတ်ရက်မှာပင် ထုတ်ဝေနိုင်ခြင်း မရှိခဲ့သည်အထိ ဖြစ်ခဲ့ရသည်။ စာမူကို အသန့်စင်ဆုံး အနေအထားထိ စိစစ်လိုခဲ့သလို အကောင်းဆုံး ထုတ်ဝေမှု ပုံသဏ္ဌာန်ဖြင့် စာဖတ်သူများလက်သို့ အပ်နှင်းရန် မျှော်မှန်းခဲ့ပါသည်။

သို့ မျှော်မှန်းခဲ့သည့်အတိုင်း စာမူကို စာလုံးပေါင်း သတ်ပုံ၊ အသုံးအနှုန်းကွဲလွဲမှု အစ ရှိသည်ကို အထပ်ထပ် စစ်ဆေးခဲ့ပါသည်။ ထို့အပြင် မူရင်းဝတ္ထုကြီးတွင် ဝတ္ထုပါ ဇာတ်ကွက် တခုချင်းစီကို အခါ အားလျော်စွာ သရုပ်ဖော်ထားသည့် ပန်းချီလက်ရာအချို့ ထည့်သွင်းထားသည်ကို တွေ့ရသဖြင့် ယခု ဘာသာပြန်မူတွင်လည်း ပြန်လည်ကူးယူ ဖော်ပြလိုက် ပါသည်။ သရုပ်ဖော်ပုံများမှာ **မင်**14 မင်းဆက်ခေတ် က လက်ရာဟု သိရပါသည်။ ထို့ကြောင့် ဤစာအုပ်နှင့် ပတ်သက်၍ ရာနှုန်းပြည့် မဟုတ်သည့်တိုင် ကျေနပ်လောက်ဖွယ်ရာရှိသော အဆင့်ကိုမူ မီကောင်းရဲ့ဟု မိမိတို့၏ လုပ်အားအပေါ် မဝံ့မရဲ ယုံမိပါသည်။

ဆိုခဲ့ပြီးသည့်အကြောင်းများ အားလျော်စွာ စာအုပ်ထွက်မည်ဟု ကြော်ငြာသည့် ရက်တွင် မထွက်နိုင်ခဲ့ခြင်း၊ သတ်မှတ်ရက်ထက် လများစွာ ကြာပြီးမှ ထွက်ရှိလာခြင်း အစရှိသည့် အသေးအဖွဲ့များကို စာဖတ်သူတို့အနေနှင့် နားလည်ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့အတူ ဤစာအုပ်ကြီး ထွက်ရှိနိုင်ရေး လုံးပန်းနေရသည့် ကာလ အတောအတွင်း က ထုတ်ဝေရန် လျာထားသော စာအုပ်များ ထွက်နိုင်ခြင်း မရှိပါ။ သို့အတွက် သည်းခံ စောင့်ဆိုင်းခြင်း ပြုရသော မိတ်ဆွေ စာရေးဆရာအချို့ကိုလည်း တောင်းပန်ရပါသည်။

အချိန်ကာလကြာမြင့်စွာ လုံးပန်းခဲ့ရသည့်တိုင် ဆရာမြသန်းတင့်၏ ဘာသာပြန်လက်ရာ ဖြစ်သော ဤ ဂန္ထဝင်ဝတ္ထုကြီးမှာ ယခုအခါ စာဖတ်သူတို့ လက်ဝယ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့သို့ ရောက်ရှိအောင် ဖြတ်သန်းခဲ့ရသော အချိန်ကာလများ၊ အခက်အခဲများ၊ စိတ်မရှည်မှုများ၊ မျှော်လင့်စောင့်ဆိုင်း ရမှုများ အစရှိသည့် ခံစားချက်အမျိုးမျိုးဖြင့် ပြွမ်းတီးသော နေ့ရက်များကား လွန်ခဲ့လေပြီ။

ဤ ဘာသာပြန်ဝတ္ထုကြီးနှင့် ပတ်သက်၍ စာဖတ်သူတို့တွင် ကျေနပ်နှစ်သက်မှု ဖြစ်ခဲ့ ပါလျှင် စာရေးဆရာကြီး မြသန်းတင့်၏ စာပေကျေးဇူးတရားကို အောက်မေ့သတိရ တန်ဖိုး ထားကြရန်သာ ရှိပါသည်။ ချွတ်ယွင်းတိမ်းပါးမှု အပြစ်တစုံတရာ ရှိခဲ့ပါလျှင် ၏ ပေါ့ဆမှုကြောင့် ဖြစ်သည်ဟု မှတ်ယူစေလိုပါသည်။ အနေနှင့်မူ ဆရာမြသန်းတင့်၏ တကြိမ်မျှ ထုတ်ဝေခြင်း မပြုရသေးသည့် စာမူကြီးကို ထုတ်ဝေခြင်းအားဖြင့် “စာပေဝန်” ကို နိုင်သမျှ ထမ်းခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါသည်။

နောက်ဆုံးအနေနှင့် ဤစာမူကြီးကို ပုံနှိပ်ထုတ်ဝေခွင့်ပြုသော ဆရာမြသန်းတင့်၏ မိသားစုနှင့် တကွ ပန်းချီဆရာများ ဖြစ်သော (ဦး) မုတ်သုံ၊ (ဦး) ဇော်မောင် အပါအဝင် ပုံရိပ်ရှင်ပုံနှိပ်စက်၊ ရွှေသမီး စာအုပ်ချုပ်လုပ်ငန်းနှင့် အီးဂဲလ်ဖလင်မှ မိတ်ဆွေများအား လည်းကောင်း၊ စာရိုက်ခြင်း၊ စာမျက်နှာဖွဲ့စည်းခြင်း အစရှိသည်ကို ထုတ်ဝေသူတို့နှင့် လက်တွဲ၍ စိတ်ရှည်စွာ ဆောင်ရွက်ခဲ့သော မဝါဝါအား လည်းကောင်း၊ “စာအုပ်မထွက်သေး ဘူးလား” ဟူ၍ စိတ်ဝင်တစား မကြာခဏ မေးမြန်းကြသော အနယ်နယ်အရပ်ရပ်မှ စာဖတ်သူများနှင့် ဤစာအုပ်အား ရောင်းချဖြန့်ချိပေးသည့် နိုင်ငံတဝန်းမှ စာအုပ်ဆိုင်များ၊ စာအုပ်ကိုယ်စားလှယ်များအား လည်းကောင်း က ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

၁၆၊ အောက်တိုဘာ၊ ၂၀၁၆ ခုနှစ်

စာအုပ်တိုက်၊ ရန်ကုန်မြို့။



မင်းပုန်းတောင်သိုင်းသမား စာမူနှင့် ပတ်သက်၍
ဒိုင်ယာရီတွင် ရေးမှတ်ထားသော ဆရာမြသန်းတင့်၏ လက်ရေးမူ။
၂၀၊ ဩဂုတ်၊ ၁၉၉၇၊ ဗုဒ္ဓဟူးနေ့

မင်းပုန်းတောင်သိုင်းသမား ဝတ္ထုကြီး၏ ရည်ရွယ်ချက်နှင့် ပထမတွဲ ဇာတ်လမ်းအကျဉ်းချုပ်[15]

"မင်းပုန်းတောင်သိုင်းသမား" ဝတ္ထုကြီးမှာ တရုတ်ပြည် တန်မင်းဆက်၊ ၁၁၀၁ ခု မှ ၁၁၂၅ ခုနှစ် အထိ ထီးနန်းကို အုပ်ချုပ်စိုးစံခဲ့သော ဟွီချုံဘုရင်၏ လက်ထက်တွင် နောက်ခံထား၍ ရေးထား သော ဝတ္ထုကြီး ဖြစ်၏။ အချို့သော အဖြစ်အပျက်တို့မှာ အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ် အပျက်များ ဖြစ်သည်ဟု သမိုင်းဆရာတို့က ဆိုကြသည်။ ထိုဝတ္ထုကြီးထဲတွင် ပါရှိသော အချို့သော ဇာတ်ဆောင်များမှာလည်း ရာဇဝင်တွင် တကယ်ရှိခဲ့သော လူပုဂ္ဂိုလ်များ ဖြစ်သည်ဟုလည်း သမိုင်းဆရာတို့က အတည်ပြုကြသည်။ ထိုဝတ္ထုဇာတ်လမ်းသည် ပရိသတ်တို့ နှစ်သက်လှသဖြင့် ရှေးခေတ်မှစ၍ ယနေ့ခေတ်တိုင် တရုတ်ပြည်တွင် စာဟောဆရာများက ပွဲတော်များ၊ ပွဲဈေး များတွင် ထိုဇာတ်ကြောင်းကို ကွက်စိပ်သဘောဖြင့် ဟောပြောကြသည်ဟု အဆိုရှိသည်။ နောက် ပိုင်းတွင် ထိုဇာတ်လမ်းကို ပြဇာတ်များ၊ ရုပ်ပြစာအုပ်များ၊ ရုပ်ရှင်များအဖြစ် တင်ဆက်ခဲ့ရာ တွင်လည်း လူကြီးလူငယ်မရွေး နှစ်သက်ကြသည်ဟု အဆိုရှိသည်။

ဇာတ်လမ်းမှာ မြေရှင်တို့ ဖိနှိပ်ညှဉ်းဆဲကြသဖြင့် မခံနိုင်ကြတော့ဘဲ လူကောင်းများက မြေရှင်တို့ ကို ခုခံတိုက်ခိုက်ပုံ၊ မြေရှင်တို့၏ မတရားမှုများ၊ သွေးစုပ်မှုများကို ဆန့်ကျင်ကြပုံတို့ကို ဖော်ပြထားသော ဇာတ်လမ်း ဖြစ်သည်။

ထိုဇာတ်လမ်းတွင် ဇာတ်ဆောင်တို့ များပြားလှသည့်တိုင် ဇာတ်ဆောင်တဦးစီတို့၏ လူ့စရိုက် အဖွဲ့သည် ထင်ရှား ပီပြင်လှသဖြင့် လူကြိုက်များခြင်း ဖြစ်သည်ဟုလည်း အဆိုရှိသည်။

ယခု ဤပထမတွဲတွင် ဖော်ပြထားသော ဇာတ်လမ်းအတိုချုပ်မှာ-

ဟွာရှန်းမည်သော အရှေ့နေပြည်တော်တွင် ချီချုံဘုရင် အုပ်စိုးစဉ် ကောက်ကျူ ဟူသော လူလေလူလွင့်တယောက် ရှိ၏။ ကောက်ကျူသည် အကျင့်စာရိတ္တ မကောင်းသည့်တိုင် ကဗျာ လင်္ကာတို့တွင် ကျွမ်းကျင်၏။ အတီးအမှုတ်တို့တွင် ဝါသနာထုံ၏။ လေးမြားအတတ်နှင့် သိုင်း အတတ်တို့တွင်လည်း တတ်ကျွမ်း၏။ ကောက်ကျူသည် ထိုအတတ်ပညာကို တတ်မြောက် သည့်တိုင် ကောင်းစွာအသုံးချခြင်း မရှိဘဲ ထိုအတတ်ပညာများဖြင့် လူငယ်များအား ဖြားယောင်းဖျက်ဆီးကာ သောက်စားမူးယစ်လျက်ရှိ၏။ ထို့ကြောင့် သူ့ဩဇာအောက်တွင် ရောက်ရှိကာ ပျက်စီးသွားသော သားများအတွက် မိဘများသည် ကောက်ကျူကို မုန်းတီးလျက်ရှိကြ၏။ ဤတွင် မခံမရပ်နိုင်သော

မိဘအချို့က ကောက်ကျူအား အရေးယူပေးပါရန် မြို့ဝန်ကို လျှောက်ထားကြရာ မြို့ဝန်သည် ကောက်ကျူကို ဖမ်းဆီးကာ ကြိမ်ဒဏ်ပေးပြီးနောက် နယ်နှင်ဒဏ် ပေးလိုက်၏။

ဤတွင် ကောက်ကျူသည် လင်ဟွေ့ပြည်နယ်သို့ ထွက်လာခဲ့ကာ ဖဲဝိုင်း၊ ကစားဝိုင်းတို့ ထောင်၍ ကြီးပွားလျက်ရှိသော လျူရှိချွမ်းဆိုသူ၏ အိမ်သို့ လာရောက်၍ တေလေကြမ်းပိုး အဖြစ် ဆက်လက်နေထိုင်ခြင်းပြု၏။ ထိုအတောအတွင်းတွင် ချီချုံမင်း နတ်ရွာစံကာ သားတော် နန်း တက်သဖြင့် အပြစ်ရှိသူ ရာဇဝတ်ကောင်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်၏။ ကောက်ကျူ လည်း ပြစ်ဒဏ်မှ လွတ်ကာ မိမိဇာတိရပ်ရွာသို့ ပြန်ခွင့်ရသွား၏။ ကစားဝိုင်းထောင်သူ လျူရှိချွမ်းသည် ကောက်ကျူကို ခရီးစရိတ်များ ပေးလိုက်ကာ ဘယဆေးကုန်သည် တုန်ယန်ရှီဆိုသူ မိမိ၏ ဆွေမျိုးတယောက်ထံ စာရေးပေးလိုက်ပြီးလျှင် ကောက်ကျူအား စောင့်ရှောက်ကူညီပါရန် မှာလိုက်၏။ တုန်ယန်ရှီသည် မိမိထံ ရောက်လာသော ရာဇဝတ်ကောင် ကောက်ကျူကို လက်ခံ ခြင်း မပြုလိုသည့်တိုင် မိမိ၏ ဆွေမျိုးမျက်နှာကို ထောက်သဖြင့် အိမ်တွင် လက်ခံထားရ၏။

တုန်ယန်ရှီသည် ကောက်ကျူအား သူ့အိမ်တွင် ကာလအတန်ကြာ လက်ခံထားပြီးနောက် မိမိတွင်လည်း ငွေရေးကြေးရေး ကျပ်တည်းသဖြင့် တခြားသို့ သွား၍ အလုပ်ရှာရန်ပြောဆိုကာ မိတ်ဆွေတဦးဖြစ်သူ စာတော်ဖတ်စူ ဆိုသူထံသို့ စာရေး၍ လွှတ်လိုက်၏။ စာထဲတွင်လည်း ထိုသူကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပါရန် ရေးပေးလိုက်၏။

စာတော်ဖတ် စူသည်လည်း စာကို ဖတ်ပြီးနောက် ထိုလူကို ငါ လက်ခံ၍ မဖြစ်ဟုဆိုကာ ဘုရင်ချီချုံ၏ နှမတော်၏ ကြင်ရာတော် မင်းသားလေးဝမ်ယင်ချင်းထံတွင် အခြွေအရံအဖြစ် ခစားရန် လွှတ်လိုက်၏။ ကိုယ်တော်လေးယင်ချင်းမှာ အပျော်အပါးလိုက်စားသူ ဖြစ်ပြီး ဟော့ဟော့ ရမ်းရမ်းနေသူ ဖြစ်သည့်အတွက် ကောက်ကျူ၏ အနေအထိုင်၊ ကောက်ကျူစရိုက်တို့ကို သဘော ကျသွားကာ အခြွေအရံအဖြစ် ခန့်အပ်လိုက်၏။ သူ့ထံတွင် ခစားစဉ် ယောက်ဖတော် အိမ်ရှေ့ ဥပရာဇာကိုယ်တော်လေး တုန်က တွေ့သွားကာ သူ့အပါးတွင် အခြွေအရံအဖြစ် ခစားစေ၏။ ဘုရင် နတ်ရွာစံသည့်အချိန်တွင် ထို အိမ်ရှေ့ကိုယ်တော်လေးသည် အရိုက်အရာကို ဆက်ခံရ၏။ အိမ်ရှေ့ကိုယ်တော်လေးသည် ဘုရင် ဖြစ်သည့်အခါတွင် ကောက်ကျူကို စစ်သူကြီးအဖြစ် ချီးမြှင့် မြှောက်စားရာ ကောက်ကျူလည်း တန်ခိုးသြဇာကြီးမားသည့် အဖြစ်သို့ ရောက်၏။

ကောက်ကျူသည် စစ်သူကြီးအဖြစ်သို့ ရောက်သည့်အခါတွင်

နေ့ကောင်းရက်သာ ရွေးပြီး နန်းတော်ရှိ ကိုယ်ရံတော်တပ်သားများကို စစ်ဆေးရာ ထိုအထဲတွင် တပ်ထဲမှ လက်နက်သင်တန်း ဆရာနှင့် သိုင်းဆရာဖြစ်သူ ဝမ်ကျင်း ဆိုသူမှာ တန်းစီရာသို့ မလာဘဲ ပျောက်နေသည်ကို တွေ့ရ သဖြင့် စုံစမ်းစေ၏။ ဝမ်ကျင်းမှာ အိမ်သို့ ပြန်နေကြောင်း တွေ့ရ၏။ စင်စစ် ဝမ်ကျင်းမှာ အဖေ ဆုံးပြီးနောက် သူကိုယ်တိုင်လည်း ပင်ပန်းကာ မကျန်းမမာ ဖြစ်နေသည့်အတွက် တပ်ထဲသို့ လာရောက် သတင်းမပို့နိုင်ခြင်း ဖြစ်၏။

သို့ရာတွင် ကောက်ကျူသည် ယုံကြည်ခြင်း မရှိ။ ထို့ကြောင့် သိုင်းဆရာဝမ်ကျင်းကို အခေါ် လွှတ်၍ မေးမြန်းရာ ထိုသူမှာ မိမိဖခင်၏ ရန်သူတော်ဟောင်း၏ သားဖြစ်မှန်း သိသည့်အတွက် သိုင်းဆရာ ဝမ်ကျင်းကို ပြည်နှင်ဒဏ်ပေးလိုက်၏။ သိုင်းဆရာ ဝမ်ကျင်းသည် ကောက်ကျူ၏ အကြောင်းကို သိပြီး ဖြစ်သည့်အတွက် ဤနေရာတွင် ဆက်လက် အမှုမထမ်းလိုတော့သဖြင့် သူ့မိခင်ကြီးကို ခေါ်ကာ နေပြည်တော်မှ ထွက်ပြေးလာခဲ့၏။ လမ်းတွင် ရှိကျင်းဆိုသူတဦး၏ အိမ်တွင် တည်းခိုရာ ရှိကျင်းမှာ လူချမ်းသာတဦးဖြစ်ပြီး မိမိကဲ့သို့ပင် လက်နက်အတတ်နှင့် ကိုယ်ခံသိုင်းအတတ်ပညာများကို ဝါသနာပါသူ ဖြစ်ကြောင်း တွေ့ရ၏။ ရှိကျင်းသည် သိုင်း သင်တန်းဆရာဝမ်ကျင်းတို့ သားအမိကို သူ့အိမ်တွင် ကြာရှည်စွာ လက်ခံကာ သိုင်းအတတ် ပညာများကို လေ့လာဆည်းပူး၏။ ထို့နောက်တွင် သိုင်းဆရာဝမ်ကျင်းလည်း သူ့ကျေးဇူးရှင်ကို နှုတ်ဆက်ကာ သူ့ဆရာရှိရာ နေပြည်တော်မှ တပ်တခုသို့ ထွက်သွား၏။

ရှိကျင်းမှာ အနီးတဝိုက်တွင် မဟုတ်မခံသူအဖြစ် ကျော်စော၏။ သတ္တိကောင်း၏။ သူ့အနီး တဝိုက်ရှိ တောင်ပေါ်တွင် တောပုန်းခားပြမျှားသည် သူ့ရွာကို လာ၍ ခားပြတိုက်ကြရာ ရှိကျင်းက ခုခံသဖြင့် နောက်ဆုံးတွင် ရှိကျင်းရွာကို မတိုက်တော့ဘဲ လူစွမ်းကောင်းချင်း မိတ်ဆွေအဖြစ် ဆက်ဆံကြ၏။

တောပုန်းခေါင်းဆောင်မှာ စစ်ကျွမ်းသူချူဝု၊ မြွေပြောက်ဖြူယန်ချွန်းနှင့် ကမ်းခုန်ကျား ချိန်တတို့ ဖြစ်ကြ၏။ သူတို့သုံးယောက်နှင့် ရှိကျင်းတို့ အဆက်အသွယ်ရှိနေသည်ဟု ကြားလျှင် ဘုရင်၏ တပ်များသည် ရှိကျင်းကို လာ၍ ဖမ်းကြ၏။ ရှိကျင်းလည်း ထွက်ပြေးရ၏။ ရှိကျင်းသည် မြို့သို့ လာခဲ့ရာ မြို့သို့ ရောက်လျှင် ဗိုလ်မှူးလူတနှင့် တွေ့၏။ ဗိုလ်မှူးလူတ ဆိုသူမှာလည်း ခားသိုင်း၊ လှံသိုင်းတို့ ကျွမ်းကျင်၍ မဟုတ်မခံစိတ်ရှိသူတဦး ဖြစ်၏။ သူတို့နှစ်ယောက် မိတ်ဆွေဖြစ်ကာ ထမင်းဆိုင်တွင် ထမင်းစားနေစဉ် မတရား ကျူးကျော်စော်ကားခြင်းခံရသည့် အမျိုးသမီးငယ် တယောက်နှင့် သူ့ဖခင်ကို တွေ့၏။ အကျိုးအကြောင်း မေးရာ အနောက်မင်းဟု နာမည်ရသော ဝက်သားသည်ချင်က စော်ကားမော်ကား ပြုလုပ်ကြောင်းကို တွေ့သဖြင့် မဟုတ်မခံတတ်သော ဗိုလ်မှူးလူတသည် ဝက်သားသည်ချင်ကို ခားဖြင့်

ခုတ်သတ်ရာ ရာဇဝတ်မှု ကျူးလွန်သဖြင့် ဗိုလ်မှူးလူတလည်း ထွက်ပြေးရ၏။

ဗိုလ်မှူးလူတသည် ရှင်ဥဩဘဲ့ဖြင့် ကိုရင်ကြီးဝတ်၍ ဝရမ်းပြေးရင်း နေရာအနှံ့ ရောက် သွား၏။ အခက်အခဲအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရ၏။ ထိုသို့ ထွက်ပြေးတိမ်းရှောင်၍ ဘုံကျောင်းတကျောင်းတွင် ခိုအောင်းနေစဉ် တနေ့သ၌ လင်ချိုး အမည်ရှိ လူတယောက်၏ မိန်းမကို ကောက်ကျူ၏ လူများက စော်ကားသဖြင့် လင်ချိုးသည် ကောက်ကျူ၏ လူတယောက်ကို သတ်ပြီး ထွက်ပြေးရာ ရှင်ဥဩခေါ် လူတနှင့် တွေ့ပြီး လူစွမ်းကောင်းအချင်းချင်း ပေါင်းဖက်မိကြ၏။ သူတို့ကို မြေရှင်ကလေးတဦး ဖြစ်သော ကျဲ့ကျင်းက ကောင်းစွာ ကျွေးမွေးစောင့်ရှောက်၏။ ကျဲ့ကျင်းမှာ လူစွမ်းကောင်းများကို ကိုးကွယ်လေ့ရှိပြီး သိုင်းအတတ်၊ ကိုယ်ခံအတတ်ပညာတွင် လည်း ဝါသနာပါသူ ဖြစ်သဖြင့် သူတို့နှစ်ယောက်နှင့် မိတ်ရင်းဆွေချာတွေ ဖြစ်သွားကြ၏။

ထိုသို့ ရှိနေစဉ် ယန်ချီခေါ် ဗိုလ်မှတ်ကျော်သည် အလုပ်မှ မတရားအထုတ်ခံရကာ စားစရာ မရှိသဖြင့် သူ့ဘိုးဘေးများကိုင်ခဲ့သော ဓားကို ရောင်းရာ ကောက်ကျူ၏ လူတယောက်က သူ့ကို မတရားစော်ကားသဖြင့် ထိုလူကို ဓားနှင့် ခုတ်သတ်ပြီး ထွက်ပြေးလာရာ လမ်းတွင် လူတ၊ လင်ချိုး၊ ရှိကျင်း စသူတို့နှင့် တွေ့ပြီး မဟုတ်မခံတတ်သူအချင်းချင်း၊ လူစွမ်းကောင်းအချင်းချင်း ပေါင်းဖော် မိကြ၏။ တနေ့သ၌ သူတို့တသိုက်သည် မတရားသဖြင့် ရထားသော မြို့ဝန်၏ ပစ္စည်းများကို လမ်းမှ လုယူတိုက်ခိုက်ကြစဉ် မြို့ဝန်၏ တပ်သားများက လိုက်လံ ဖမ်းဆီးသဖြင့် တောပုန်းများ ခိုအောင်းရာ လျှံရှန်းတောင်ရိုးသို့ ထွက်ပြေးကြ၏။ မြို့ဝန်၏ လူများလည်း လျှံရှန်းတောင်ရိုးအထိလိုက်လံ တိုက်ခိုက်ကြ၏။

အထက်ပါတို့မှာ ပထမတွဲတွင် ပါသည့် ဇာတ်လမ်းအတိုချုပ် ဖြစ်၏။

ဝတ္ထု၏ ရည်ရွယ်ချက်မှာ-

ရိုးသားကောင်းမွန်စွာ လုပ်ကိုင်စားသောက်၍ အေးချမ်းစွာနေကြသော်လည်း မြေရှင်များနှင့် မြို့ဝန်၏ လူများက မတရားညှဉ်းပန်းနှိပ်စက်သဖြင့် ခုခံတိုက်ခိုက်ကြသည့် အကြောင်းများ ဖြစ်ပြီး လူငယ်များအား လူ့ကျင့်ဝတ်နှင့်အညီ နေထိုင်တတ်အောင်၊ လူကြီးမိဘအား ရိုသေတတ်အောင်၊ သူတထူး၏ ကျေးဇူးကို သိတတ်အောင် ပညာပေးထားသည့် ဝတ္ထုကြီး ဖြစ်ပေ၏။

မင်းပုန်းကောင်
ဒိုင်းသမား

အခန်း - ၁

ဂိုဏ်းချုပ်ဆရာကြီးချန်သည် ကပ်ရောဂါကို ဖယ်ရှားခြင်း

စစ်သူကြီးဟုန်သည် မိစ္ဆာကောင်များကို မှားယွင်း၍ လွှတ်မိခြင်း

ဤ **"ရှစ်ကြောင်းကဗျာလင်္ကာကလေး**16" ကို ဆွန်မင်းဆက်ခေတ်၊ ကေရာဇ်ဘုရင် ချင်ဇုံ၏ လက်ထက်တွင် ရှောက်ယောက်ဖူး အမည်ရှိ ပညာရှိတဦးက ရေးစပ်ခဲ့ခြင်းဖြစ်၏။ ယင်းကို ကဝိဇေကန်ဇူ ဟူ၍လည်း ခေါ်ကြ၏။ တန်မင်းဆက်ခေတ်မှ စ၍ သည် မင်းငါးဆက်ခေတ် တွင် တိုင်းပြည်နှင့်အဝန်းသည် ကသောင်းကနင်း ဖြစ်ခဲ့ရ၏။ မင်းဆက်များသည် ခဏ မျှသာ စိုးစံပြီးနောက် နန်းသက်ကြွေသွားကြ၏။ ထိုခေတ်များအကြောင်းကို စပ်ဆိုသည့် အောက်ပါ **လင်္ကာတိုကလေး**17 သည် မှန်လေစွ။

ကာလကြာသည့်အခါတွင်မူ ကောင်းကင်မှ ဘုရားသခင်၏ အလိုတော်သည် ပြောင်းလဲ သွား၏။ သေနင်္ဗျူဟာတို့၏ အဓိပတိဟု ခေါ်ကြသော ကေရာဇ်ဘုရင်ထိုင်ဇုသည် ကျိမာ ယင့် အမည်ရှိသော ဒေသတွင် မီးရှူးသန့်စင် ဖွားမြင်၏။ ထိုမင်းလောင်း မွေးဖွားသန့်စင်သည့် အချိန်၌ ကောင်းကင်သည် မီးလျှံကဲ့သို့ ရဲလျက်ရှိပြီး မွှေးရနံ့တို့သည် နောက်တနေ့ နံနက်သို့တိုင် သင်းပျံ့လျက်ရှိ၏။ ထိုမင်းသည် မိုးကြိုးကို အစိုးရသော မိုးနတ်ဣန္ဒာဖြစ်ပြီး လူ့ပြည်သို့ လူယောင်ဖန်ဆင်း၍ ဆင်းသက်လာခြင်းဖြစ်သည်ဟု ဆိုကြ၏။ ထိုမင်းသည် ရဲရင့်၏။ အလျှုဒါနတွင် ရက်ရော၏။ ဘုရင်ကေရာဇ်တကာတို့ထက် ကြီးမြတ်သည်ဟု ဆိုကြ၏။

မိမိ၏ အရပ်တော်နှင့်အညီ ရှိသော ကြိမ်စကြာကို ငွေယမ်းရုံမျှဖြင့် လေးရာမျှသော စည်ထီး ခရိုင်နယ်ပယ်အပေါင်းတို့သည် ရွှေဖဝါးတော်အောက်သို့ ရောက်ရှိလာကြသည်ဟု အဆိုရှိ၏။ ထိုမင်းသည် တိုင်းပြည်အဝန်းတွင် သန့်ရှင်းစေ၍ ပြည်မကြီးကို ငြိမ်းချမ်းစည်ပင် အောင် ဆောင်ရွက်တော်မူခဲ့၏။ မိမိ၏ နိုင်ငံတော်ကြီးကို ဆွန်ကေရာဇ်နိုင်ငံတော်ကြီး ဟူသော အမည်ကို ပေးကာ ဗျန်လျှန်မည်သော မြို့တွင် နန်းစိုက်၍ စိုးစံတော်မူ၏။ ဆွန် မင်းဆက်တဆယ့်ရှစ်ဆက်တွင် ထိုင်ဇုသည် ပထမဆုံးသော မင်းဖြစ်၏။ ထိုမင်းဆက်သည် နှစ်ပေါင်းလေးရာတိုင်အောင် အုပ်ချုပ်စိုးစံခဲ့၏။

ထို့ကြောင့်ပင်လျှင် စာဆို ရှောက်ယောက်ဖူးက "တိမ်မည်းညိုစင်၊ ကောင်းကင်ပြင် လည်း၊ ကြည်လင်လှပ၊ ကြေးမုံမြသို့" ဟု စပ်ဆိုခဲ့ခြင်း

ဖြစ်ဟန်တူ၏။ ပြည်သူလူထုအပေါင်း တို့အတွက်မူ ထိုမင်း၏ ရွှေလက်ထက်တော်သည် ကမ္ဘာဦးသူတို့ နေလကို မြင်ရသကဲ့သို့ ရွှင်လန်းအားတက်ဖွယ် ဖြစ်၏။

ထိုအချိန်၌ ဟွာရှန်းမည်သော အနောက်ရိုးမတောင်တန်းပေါ်တွင် ချင်တွမ်းအမည်ရှိ တာအိုရဟန်းတပါး သီတင်းသုံးလျက်ရှိ၏။ ချင်တွမ်းသည် အကျင့်သီလဖြူစင်၍ ရာသီ ဥတု အခြေအနေကို ကြည့်ရုံမျှဖြင့် အနာဂတ်ကို ကြိုတင်ဟောနိုင်စွမ်းရှိ၏။ တနေ့သ၌ ချင်တွမ်းသည် မြင်းတကောင်ကို စီး၍ တောင်အောက်သို့ ဆင်းလာစဉ် “အရှေ့ရွှေမြို့တော် မှာ၊ ကေရာဇ်ဘုရင်ကျဲရှိဇုံက စစ်သူကြီး ချောင်ဆီကို ထီးနန်းအပ်လိုက်ပြီဆိုပါကလား”ဟု ခရီးသည်တယောက် ပြောသံကို ကြားလိုက်ရ၏။

ချင်တွမ်းသည် ဝမ်းမြောက်ဝမ်းသာဖြင့် နဖူးကို လက်ဖြင့် ရိုက်၍ ရယ်လိုက်ရင်း “ခု အချိန်က စပြီး တို့နိုင်ငံတော်ကြီး တည်တံ့ငြိမ်းချမ်းတော့မယ်။ မြေကြီးပေါ်က လူအချင်းချင်း ကြားမှာ ရှိသမျှ အရာတွေဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းသာ ဖြစ်ကြရတယ်”ဟု မိန့်၏။

စစ်သူကြီးချောင်သည် ခရစ်နှစ် ၉၆၀ ခုနှစ်တွင် ကေရာဇ်ဘုရင် ကျဲရှိဇုံထံမှ ထီးနန်း ကို သိမ်းပိုက်စိုးစံကာ နိုင်ငံကို အုပ်ချုပ်၏။ စစ်သူကြီးချောင်သည် တဆယ့်ရှစ်နှစ် အုပ်စိုး ခဲ့ရာ သူ့လက်ထက်တွင် တိုင်းပြည်သည် ငြိမ်းချမ်းသာယာခဲ့၏။ သူ နတ်ရွာစံလျှင် ညီတော် ဖြစ်သူ ထိုင်ဇုံ အုပ်ချုပ်၍ မင်းပြု၍ နှစ်ဆယ့်နှစ်နှစ်ကြာမျှ အုပ်စိုးခဲ့၏။ ထိုင်ဇုံ ပြီးလျှင် ချင်ဇုံ နန်းတက်၏။ ချင်ဇုံ ပြီးလျှင် ရင်ဇုံ နန်းတက်၏။

ကေရာဇ်ဘုရင် ရင်ဇုံကား အလောင်းအလျာ ဝင်စားသူဟု ပြောကြ၏။ ရင်ဇုံသည် ကောင်းကင်ဘုံမှ ဆင်းသက်လာပြီး လူ့ပြည်တွင် မွေးဖွားသန့်စင်သည့် နေ့၌ နေ့ညမပြတ် ငို၏။ ခမည်းတော် မင်းကြီးသည် သားတော်အတွက် စိုးရိမ်သဖြင့် သားတော် ရင်ဇုံကို အငို ပျောက်အောင် ကုသနိုင်လျှင် ဆုတော်ငွေပေးမည်ဟု မောင်းကြေးနင်းလည်၍ ခတ်စေ၏။ ဤတွင် နတ်သိကြားတို့ မနေနိုင်၍ နတ်သားတပါးကို အဘိုးအိုယောင်ဖန်ဆင်းကာ လူ့ ပြည်သို့ လွှတ်လိုက်၏။ အဘိုးအိုသည် မင်းသားငယ် ငိုသည်ကို သူ ပျောက်အောင် ကုနိုင် သည်ဟု ဆိုလျှင် မင်းချင်းတို့လည်း အဘိုးအိုကို နန်းတော်သို့ ခေါ်လာခဲ့၏။ မင်းကြီးလည်း အဘိုးအိုကို အတွင်းဆောင်သို့ ဝင်၍ မင်းသားငယ်ကို ကြည့်ရှုခွင့်ပေး၏။

အဘိုးအိုသည် အတွင်းဆောင်သို့ ဝင်ကာ ကလေးငယ်ကို ကောက်ချီပြီးလျှင် ရှစ်လုံး သော စကားတို့ကို ပြောလိုက်သည်တွင် ကလေးငယ်လည်း အငိုတိတ်၏။ အဘိုးအိုလည်း အမျိုးအမည်ကို ပြောပင် ပြောခြင်းမပြုဘဲ တခဏချင်း

အတွင်းနန်းတော်ထဲမှ ထွက်၍ ပျောက်ကွယ်သွား၏။ ထိုစကားလုံးရှစ်လုံးမှာ "မြို့နှင့် စစ်ဘက် တလှည့်စီ ထွက်" ဟူသော စကားလုံးများ ဖြစ်၏။

ထိုစကား၏ အဓိပ္ပာယ်မှာ ကောင်းကင်မှ ဘုရားသခင်သည် ကေရာဇ်ဘုရင်ထံတွင် အမှုထမ်းရန် နတ်နှစ်ပါးကို စေလွှတ်လိုက်သည် ဟူ၍ ဖြစ်၏။ တပါးမှာ ကိုက်ဖန်း ပြည်နယ်ကို အုပ်ချုပ်ရသည့် နဂါးဇယားကွက်တက္ကသိုလ် သုခမိန်အဖွဲ့ဝင်တဦး ဖြစ်သည့် ပေါက်ရှန်း ဖြစ်ပြီးလျှင် စစ်ဘက်မှ အာဏာပိုင်တဦးမှာ အနောက်ရှားနိုင်ငံကို တိုက်ခိုက် သိမ်းယူခဲ့သည့် ဗိုလ်ချုပ်ဒိချင်း ဖြစ်၏။

ထိုဝန်ကြီးနှစ်ပါး၏ အကူအညီဖြင့် ကေရာဇ်ဘုရင် ရင်ဖုံသည် လေးဆယ့်နှစ်နှစ်ကြာမျှ အုပ်စိုးခဲ့ပြီး သူ့လက်ထက်တော်ကို ခေတ်ကြီးကိုးခေတ်အဖြစ် ခွဲခြားသတ်မှတ်ထား၏။ ကျန်ရှန်းခေတ်ခေါ် ပထမ ကိုးနှစ်ကာလတွင် အားလုံး ချောမောလျက်ရှိ၏။ ကောက်ပဲ သီးနှံတို့လည်း ပေါများ၏။ ပြည်သူအများလည်း ပျော်ရွှင်ကြ၏။ ခိုးသားဓားပြတို့လည်း ကင်းငြိမ်း၏။ အိမ်များတွင်လည်း တံခါးဖွင့်၍ အိပ်ကြ၏။ ထိုခေတ်ကို "ပထမ ပဒေသာပင် ခေတ်"ဟု ခေါ်ကြ၏။

နောက် ကိုးနှစ်ကာလတွင်လည်း တိုင်းပြည်တွင် ဥစ္စာပစ္စည်းတို့ ပေါများကြ၏။ ထိုခေတ်ကို "ဒုတိယ ပဒေသာပင်ခေတ်" ဟု ခေါ်ကြ၏။

ဟုန်ယူဒုတိယနှစ်မှ ကျိယုဒုတိယနှစ်အထိ ဖြစ်သော ကိုးနှစ်ကာလများတွင်လည်း လယ်များ ကောင်းစွာ ဖြစ်ထွန်းကြ၏။ ထိုခေတ်ကို "တတိယ ပဒေသာပင်ခေတ်" ဟု ခေါ်ကြ၏။

ထို ကိုးနှစ်ကာလ သုံးခုပေါင်းသော နှစ်ဆယ့်ခုနစ်နှစ်ကာလကို "ပဒေသာပင် ခေတ် သုံးခေတ်" ဟု ခေါ်ကြ၏။ ထိုခေတ်အတွင်း၌ တိုင်းသူပြည်သားများသည် ပျော်ရွှင်ကြ၏။ အလွန်အကျူး ပျော်ရွှင်ခြင်းသည် ပူဆွေးခြင်းကို ဖြစ်စေလိမ့်မည်ဟု မည်သူ မျှော်လင့် မည်နည်း။

ကျိယုခေတ် တတိယနှစ်တွင် တိုင်းပြည်တွင် ပလိပ်ကပ်ရောဂါကြီး ကျရောက်၏။ ကပ်ရောဂါကြီး မကျရောက်သည့် ရွာဟူ၍ တရွာမျှ မရှိချေ။ ရွှေနန်းတော်တွင် မိမိတို့ မြို့ရွာများကို ကယ်တင်ရန် အသနားခံသည့် ဆင့်လွှာများသည် တောင်လိုပုံလျက်ရှိကြ၏။ အရှေ့မြို့တော်မှ စစ်သည်တပ်သားနှင့် မြို့သူမြို့သား တဝက်ကျော်တို့သည်လည်း ကပ်ရောဂါကြောင့် သေကျေပျက်စီးကြ၏။ ကိုက်ဖန်းပြည်နယ်မှ လွှတ်တော်အမတ် ပေါက်ရှန်းသည် မိမိပိုင်ငွေတို့ကို သုံးစွဲကာ ပြည်သူလူထုအား ဆေးဝါးများ တိုက်ကျွေး၏။ ဘုရင့်အမိန့်အရ စားရမည့် ဆေးဝါးအညွှန်းတို့ကို ပုံနှိပ်ထုတ်ဝေကာ

လူအများသိစေရန် ဖြန့်ဖြူးခြင်းပြု၏။ သို့ရာတွင် ဘာမျှ အရာ မရောက်ချေ။ ကပ်ရောဂါ၏ အခြေအနေသည် ဆိုးသည်ထက် ဆိုးလာ၏။ ဝန်ကြီးများနှင့် မှူးမတ်ကြီးများသည် စည်းဝေးတိုင်ပင်ကြ၏။ ထို့နောက် ၎င်းတို့သည် ရေနာရီဆောင်တွင် စုဝေးကာ မနက်လင်း၍ ညီလာခံဝင်ရမည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိကြ၏။

ကျိုယုခေတ် တတိယနှစ်၊ တတိယလ၊ တတိယရက်ဖြစ်သော ထိုနေ့၊ ပဉ္စယံတတိယ အချိန်တွင် ဧကရာဇ်ဘုရင် ရင်ဖုံသည် ရာဇပလ္လင်ပေါ်သို့ ကြွရောက်တော်မူ၏။ မှူးမတ် များသည် ဘုရင်ကို ဖူးမြော်ခစားပြီးနောက် ဖြဲတိုက်တော်ဝန်က "ဆင့်လွှာတင်လိုသူများ ရှိက ရှေ့တိုးခစားစေ၊ မရှိက ညီလာခံစဲစေ"ဟု ကြေညာလိုက်၏။

နန်းရင်းဝန် ချောချိနှင့် ဒုတိယနန်းရင်းဝန် ဝမ်ရင်ဘိုတို့က ရှေ့တော်သို့ တိုး၍ ခစားကာ-

"သံတော်ဦးတင်ဝံ့ပါသည် ဘုရား။ ရွှေမြို့တော်တွင် ပလိပ်ရောဂါကြီး ကျလျက် ရှိသဖြင့် စစ်သည်များနှင့် လူအများအပြား သေဆုံးခဲ့ကြပါသည်။ ဤရောဂါကြီးမှ ကင်းဝေး ရန်အတွက် ဆုတောင်းပွဲများ၊ ပရိတ်ရွတ်ပွဲများ ပြုလုပ်သင့်ပါသည်။ ဘုန်းတော်ကြီးသော အရှင်သည် အကျဉ်းသားများကို ပြစ်ဒဏ် လျှော့၍ အခွန်အကောက်များကိုလည်း လျှော့ပေါ့သင့်ပါသည် ဘုရား"

ဘုရင်မင်းမြတ်သည် ဟန်လင်းသုခမိန်အဖွဲ့ကို ဆင့်ခေါ်ကာ အကျဉ်းသားများအား ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် အခွန်အကောက်များအားလုံးကို ဖျက်သိမ်း ကြောင်း အမိန့်တို့ကို ထုတ်ပြန်ရန် အမိန့်ပေးလိုက်၏။ ကပ်ရောဂါကြီး ကင်းဝေးရန်အတွက် တတိုင်းပြည်လုံးရှိ ဝတ်ကျောင်းများ၊ ဘုန်းကြီးကျောင်းများတွင်လည်း ဆုတောင်းပွဲများ၊ ပူဇော်ပွဲများ လုပ်ရန် ညွှန်ကြားတော်မူ၏။ သို့ရာတွင် ပလိပ်ရောဂါမှာ ဆိုးသည်ထက် ဆိုးလာခဲ့လေပြီ။ ဘုရင်မင်းမြတ်သည် စိတ်နှလုံး မသာမယာ ရှိတော်မူသည့်အတွက် ဝန်ကြီးနှင့် မှူးမတ်များကို ညီလာခံ ခေါ်တော်မူ၏။ ထင်ရှားသည့် ဝန်ကြီးတပါးသည် ရှေ့သို့ တိုးလာ၍ ခစားသဖြင့် ကြည့်လိုက်ရာ မိမိ၏ ဒုတိယနန်းရင်းဝန်ကြီး ဖန်ချုံယင်း ဖြစ် ကြောင်းကို တွေ့ရ၏။

ဖန်ချုံယင်းသည် လက်အုပ်ချီ၍ ခစားလျက်ရှိရာမှ–

"လျှောက်တင်ဝံ့ပါသည် ဘုရား။ ပလိပ်ရောဂါကြောင့် ကျွန်တော်မျိုးတို့၏ စစ်သည်များ၊ တိုင်းသူပြည်သားများ အများအပြား ပျက်စီးခဲ့ကြပါပြီ ဘုရား၊ မည်သူမျှ လုံခြုံမှုမရှိပါ ဘုရား။ ကျွန်တော့်သဘောကို လျှောက်တင်ခွင့်ပြုလျှင် ဘုန်းတော်ကြီးသော ဘုရင် မင်းမြတ်သည် ဟန်မင်းဆက်ခေတ်က စ၍

အစဉ်အဆက် ဆင်းသက်ခဲ့သော တာအိုဂိုဏ်း ချုပ်ဆရာတော်ကြီးကို ပင့်ဖိတ်သင့်ပါသည် ဘုရား။ ဂိုဏ်းချုပ်ကြီးအား ပင့်ဖိတ်၍ ဥယျာဉ် တော်တွင် ပရိတ်တရားတော်များကို ရွတ်ဖတ်ခြင်း ပြုသင့်ပါသည် ဘုရား။ သို့မှသာ တိုင်းသူပြည်သားအများတို့ အသက်ချမ်းသာဖွယ် ရှိပါသည် ဘုရား”

ကေရာဇ်ဘုရင် ရင်ဇုံသည် နန်းရင်းဝန်ဖန်ချုံယင်း၏ လျှောက်တင်ချက်ကို လက်ခံ တော်မူကာ ဟန်လင်းသုခမိန်အဖွဲ့အား ပြန်တမ်းတစောင် ရေးသားစေ၍ ကိုယ်တော်တိုင် လက်မှတ်ရေးထိုးပြီးသော် ဘုရင့်ဘဏ္ဍာတိုက်တော်မှ အမွှေးတိုင်များကို ထုတ်၍ ဝေငှ စေ၏။ ထို့နောက် စစ်သူကြီးဟုန်ကျင့်ကို ခေါ်၍ ကျန်စီးပြည်နယ်၊ ဆင်ချောင်းခရိုင်၊ နဂါးနှင့် ကျားဂိုဏ်းချုပ်ကြီးချန်ကို မိမိကိုယ်စား သွားရောက်ပင့်ဖိတ်ရန် စေလွှတ်လိုက်၏။ ညီလာခံ ခန်းမတွင် အမွှေးတိုင်များ ထွန်းညှိထားစဉ် ကေရာဇ်ရင်ဇုံသည် ကိုယ်တော်တိုင် လက်မှတ် ရေးထိုးထားသော သဝဏ်လွှာကို စစ်သူကြီးဟုန်ကျင့် လက်သို့ ပေးအပ်တော်မူပြီး ယခု ချက်ချင်း ခရီးထွက်ရန် မိန့်တော်မူ၏။

ဟုန်ကျင့်လည်း ဘုရင့်စာချွန်တော်ကို ယူကာ ညီလာခံမှ ပြန်လာခဲ့ပြီးလျှင် အိတ် တအိတ်၌ စာချွန်တော်နှင့် ရွှေသေတ္တာတလုံးတွင် အမွှေးတိုင်တို့ကို ထည့်ပြီးသော် မြင်း တစီးဖြင့် အရှေ့နေပြည်တော်မှ ထွက်လာခဲ့၏။ နောက်မှလည်း စစ်သည်အချို့ကို ခေါ်ဆောင်ခဲ့၏။ ဟုန်ကျင့်နှင့် စစ်သည်များသည် ကျင်ကျို့ခရိုင်ရှိ ကွီဇီမည်သော မြို့ ကလေးတမြို့သို့ တိုက်ရိုက်လာခဲ့ကြ၏။

ရက်အတန်ကြာလတ်သော် စစ်သူကြီးဟုန်ကျင့်နှင့် စစ်သည်များသည် ကွီဇီမြို့ ကလေးသို့ ရောက်ကြ၏။ ၎င်းတို့အား မြို့ဝန်အမှုးရှိသော အရာရှိများက ကြိုဆိုကြ၏။ ထို့နောက် ၎င်းတို့သည် ဘုရင့်စာချွန်တော်ကို လက်ခံရန် အဆင်သင့်ပြင်ထားရန်အတွက် နဂါးနှင့် ကျား တောင်တန်းရှိ တာအိုဘုန်းကြီးများ၏ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော်ကြီးထံ လူလွှတ်၍ အကြောင်းကြား လိုက်ကြ၏။

နောက်တနေ့တွင် မြို့ဝန်နှင့် အရာရှိများသည် စစ်သူကြီးဟုန်ကျင့်နှင့် အဖွဲ့ကို နဂါးနှင့် ကျားတောင်တန်း ခြေရင်းအထိ လိုက်၍ ပို့လိုက်ကြ၏။ မုံမောင်းများ၊ ကြေးစည်များ၊ ဖယောင်းတိုင်များ၊ အမွှေးတိုင်များ၊ တံခွန်ကုက္ကားများ၊ မျက်နှာကြက်များကို ကိုင်ဆောင် ကာ ဘုန်းတော်ကြီးများသည် ဘုရင်ကေရာဇ်၏ စာချွန်တော်ကို ယူဆောင်လာသည့် မင်းချင်းတမန်ကို ဆီးကြိုရန် တောင်ပေါ်မှ ဆင်းလာခဲ့ကြ၏။ ဘုန်းတော်ကြီးများသည် ဘုရင့်တမန် စစ်သူကြီးဟုန်ကျင့်ကို တောင်ပေါ်သို့ ခေါ်ဆောင်လာခဲ့ကြရာ တောင်ပေါ်ရှိမဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ရောက်သည်နှင့် ဟုန်ကျင့်လည်း မြင်းပေါ်မှ ဆင်း၏။ ကျောင်းထိုင်ဆရာတော်ကြီးမှ အစ ကိုရင်များ အဆုံး ရှိသမျှသော တာအိုရဟန်းများသည် စစ်သူကြီးဟုန်ကျင့်အား

တြိဝိသုဒ္ဓိခန်းမဆောင်သို့ ခေါ်သွားကာ စာချွန်တော်ကို ပလ္လင် ပေါ်သို့ တင်ရန် ပြော၏။

"ဆရာတော်အရှင်သူမြတ် ဘယ်မှာပါလဲ ဘုရား"ဟု စစ်သူကြီးဟုန်ကျင့်က လျှောက် ၏။ ကျောင်းထိုင်ဆရာတော်က -

"ဒကာတော် စစ်သူကြီး၊ ကျုပ်တို့ရဲ့ ဆရာတော်အရှင်သူမြတ်ဟာ တရားအားထုတ် နေတယ်။ အရှင်သူမြတ်ဟာ ရဟန်းကိစ္စ ပြီးပြီဖြစ်သည့်အလျောက် လောကီကိစ္စများကို စိတ်ဝင်စားခြင်း မရှိပြီ။ ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း၊ နှုတ်ဆက်ခြင်း စသည့် လောကဝတ်တို့ကိုလည်း မပြုလုပ်တော့ပြီ။ ဂိုဏ်းချုပ်ကြီးဟာ တောင်ထိပ်မှာ သစ်ခက် ကျောင်းသင်္ခမ်းငယ်တဆောင် ဆောက်လုပ်ကာ အဲဒီနေရာမှာပဲ တရားအားထုတ်ပြီး အဲဒီ နေရာမှာပဲ ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွားများနေတော်မူတယ်"

"တပည့်တော်မှာ ဘုရင့်ရဲ့စာချွန်တော် ပါလာပါတယ် ဘုရား။ တပည့်တော် ဂိုဏ်းချုပ် ကြီးကို ဘယ်မှာ တွေ့နိုင်ပါသလဲ ဘုရား"

"စာချွန်တော်ကို ဤနေရာတွင် ထားခဲ့လေ။ မည်သူမျှ ဤစာချွန်တော်ကို ဖတ်ရဲ ကြမည် မဟုတ်။ ယခုမူ လက်ဖက်ရည်သုံးဆောင်ရန် ဆွမ်းစားကျောင်းသို့ လိုက်ခဲ့ပေ တော့။ အဲဒီနေရာ ရောက်မှ တို့တတွေ စကားပြောကြတာပ"

စစ်သူကြီးဟုန်ကျင့်သည် ဆရာတော်ပြောသည့်အတိုင်း ဆွမ်းစားကျောင်းသို့ လိုက် လာခဲ့၏။ ဆွမ်းစားကျောင်းသို့ ရောက်လျှင် လက်ဖက်ရည်နှင့် သက်သတ်လွတ်စား သောက်ဖွယ်တို့ဖြင့် သူ့ကို တည်ခင်းဧည့်ခံကြ၏။

စားသောက်ပြီးသည့်အခါတွင် စစ်သူကြီးဟုန်ကျင့်က-

"အရှင်သူမြတ်သည် တောင်ပေါ်ရှိ သစ်ခက်ကျောင်းသင်္ခမ်းမှာ သီတင်းသုံးနေတယ်လို့ ဆရာတော်အမိန့်ရှိပါတယ်။ ဘုရင့်စာချွန်တော်ကို လက်ခံဖို့ တောင်အောက်ကို ကြွလာ အောင် တင်ပေးပါ ဘုရား"

"ကျုပ်တို့ရဲ့ ဆရာတော်ကြီးဟာ တောင်ထိပ်ပေါ်မှာ ကေစာကျင့်နေတယ်ဗျ။ လောက ကြီးနဲ့ အဆက်ဖြတ်ထားတယ်။ သို့သော်လည်း ဆရာတော်ကြီးဟာ ရဟန်းကိစ္စကို ပြီးမြောက်ခဲ့တဲ့ ပုဂ္ဂိုလ် ဖြစ်တဲ့အလျောက် သိမြင်နှံ့စပ်သော ဉာဏ်ထူးကို ရတော်မူပြီ။ အရှင်သူမြတ်ဟာ တိမ်တွေကိုလည်း စီးနိုင်တယ်။ နှင်းမြူတွေထဲမှာလည်း ဈာန်ကြွနိုင်တယ်။ ကျုပ်တို့ ဂိုဏ်းချုပ်ဆရာတော်ကြီးဟာ ဘယ်နေရာမှာ သီတင်းသုံးတယ်ဆိုတာကို ဘယ်သူမှ

မပြောနိုင်ဘူး။ ကျုပ်တို့လို သာမန်ပုဂ္ဂိုလ်မျိုးတွေဆိုရင် ဂိုဏ်းချုပ်ဆရာတော်ကြီးကို ဖူးချင်တိုင်း ဖူးလို့ရတာမှ မဟုတ်ဘဲကလား။ ဒီတော့ ဂိုဏ်းချုပ်ဆရာတော်ကြီးကို တောင်အောက်ကို ဆင်းလာပြီး ဘုရင့်စာချွန်တော်ကို လက်ခံလှည့်ဖို့ ဘယ့်နှယ်လုပ် လျှောက်မလဲ”

“ဂိုဏ်းချုပ်ဆရာတော်ကြီးကို တပည့်တော် မတွေ့လို့ မဖြစ်ဘူး ဘုရား။ နေပြည်တော်မှာ ပလိပ်ကပ်ရောဂါကြီးဖြစ်လို့ လူတွေ သောက်သောက်လဲ သေနေကြတယ်။ ဒါကြောင့် ဘုန်းတော်ကြီးသော ဘုရင်ဧကရာဇ်က ဘုရင့်စာချွန်တော်နဲ့ တော်သုံး အမွှေးတိုင်တွေကို ပို့ပြီး ဂိုဏ်းချုပ်ဆရာတော်ကြီးကို အပင့်ခိုင်းလိုက်ပါတယ်။ နေပြည်တော်မှာ ပရိတ်ရွတ် ပွဲများ၊ ဆုတောင်းပွဲများကို ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးစီးပြီး လုပ်ပေးဖို့လည်း အလျှောက် ခိုင်းလိုက်ပါတယ်။ တပည့်တော် ဘယ်လိုလုပ်ရမှာလဲ ဘုရား”

“ဒီလိုဆိုရင်တော့ ဒကာတော်စစ်သူကြီးဟာ ဘာသာတရားကို ကိုင်းရှိုင်းကြောင်းကို အရင်ပြရလိမ့်မယ်ဗျ။ သက်သတ်လွတ် စားရမယ်။ ရေမိုးကို စင်ကြယ်စွာ ချိုးပြီး ဝတ်ဖြူ စင်ကြယ်ကို ဝတ်ရမယ်။ ပြီးတော့ ဒကာတော်ယူလာတဲ့ ဘုရင့်စာချွန်တော်နဲ့ အမွှေးတိုင် တို့ကို ယူပြီး တောင်ပေါ်ကို ခြေကျင်တက်ပေတော့။ တောင်ထိပ်ကို ရောက်ရင် ဝတ်ပြုပြီး ဒကာကြီးရဲ့ ပင့်လျှောက်ချက်ကို ခပ်ကျယ်ကျယ်ဆိုပြီး ပင့်ပေတော့။ ကံကောင်းရင်တော့ တွေ့ရမှာပဗျာ။ အဲ၊ ဒကာကြီးဟာ မကောင်းသောအကြံနဲ့ လာတယ်ဆိုရင်တော့ အချည်း နှီးပဲ ဖြစ်လိမ့်မယ်ဗျ။ ဂိုဏ်းချုပ်ဆရာတော်ကြီးကို ဘယ်တော့မှ တွေ့ရမှာမဟုတ်ဘူး”

“တပည့်တော်ဟာ နေပြည်တော်က ထွက်လာခဲ့ကတည်းက တလျှောက်လုံး သက်သတ်လွတ်ကိုပဲ စားခဲ့ပါတယ် ဘုရား။ ဒါကိုထောက်ရင် တပည့်တော်ဟာ ရိုးသားတဲ့ အကြံနဲ့ လာတယ်ဆိုတာ ထင်ရှားပါတယ်။ ခုလည်း ဆရာတော်မိန့်တဲ့အတိုင်း လိုက်နာ ပါ့မယ်။ မနက်ဖြန် မိုးသောက် အလင်းရောက်တာနဲ့ တပည့်တော် တောင်ပေါ်ကို တက် ပါ့မယ် ဘုရား”

အားလုံး အိပ်ရာသို့ ဝင်ခဲ့ကြ၏။

နောက်တနေ့ မိုးသောက်ယံတွင် တာအိုရဟန်းများသည် စစ်သူကြီး ဟုန်ကျင့်အတွက် အမွှေးရည်များနှင့် သက်သတ်လွတ် စားသောက်ဖွယ်များကို ပြင်ဆင်ကြ၏။ အမွှေးရည်တို့ ပက်ဖျန်းထားသည့် ရေကို ချိုးပြီးသော် စစ်သူကြီးဟုန်ကျင့်သည် ချည်ကြမ်းဖြင့် ရက်လုပ် ထားသည့် ဝတ်ဖြူစင်ကြယ်နှင့် ကောက်ရိုးဖိနပ်တို့ကို ဝတ်ဆင်ကာ သက်သတ်လွတ် ထမင်းဟင်းတို့ကို စားသောက်၏။

ထို့နောက် ဘုရင့်စာချွန်တော်နှင့် တော်နန်းသုံး အမွှေးတိုင်များကို အိတ်တွင်

ထည့်၍ ကျောတွင် ပိုး၏။ ငွေအမွေးတိုင်ထွန်းအိုးတွင် အမွေးတိုင်တို့ကို ထည့်၍ မီးညှိ၏။ တာအို ဘုန်းကြီးများသည် စစ်သူကြီးဟုန်ကျင့်ကို ဝတ်ကျောင်းနောက် တောင်ခြေအထိ လိုက်ပို့ကာ သွားလမ်းကို ပြလိုက်ကြ၏။

"ဒကာတော်ဟာ တိုင်းသူပြည်သားတွေကို ကယ်ချင်ရင် လမ်းတဝက်က ပြန်မလာ ခဲ့နဲ့နော်။ ဘယ်လိုအန္တရာယ်ကိုပဲ တွေ့တွေ့ နောက်ပြန်မဆုတ်နဲ့။ ယုံယုံကြည်ကြည်သာ ဆက်သွား"ဟုလည်း ပြောလိုက်ကြ၏။

စစ်သူကြီးဟုန်ကျင့်သည် ဘုန်းတော်ကြီးများကို နှုတ်ဆက်ပြီးနောက် မိမိအား ကူညီ မှိုင်းမရန် နတ်ဒေဝတာတို့ကို ပူဇော်ပသကာ တောင်ပေါ်သို့ တယောက်တည်း တက်လာခဲ့၏။ သစ်ပင်ချုံနွယ်တို့ ဖုံးအုပ်လျက်ရှိသော ကွေ့ကောက်သည့် လမ်းကလေးအတိုင်း သုံးလီ (တမိုင်ခန့်) လျှောက်လာခဲ့ပြီးလျှင် တောင်ထိပ်များစွာကို ဖြတ်ကျော်လာခဲ့၏။ မကြာမီမှာပင် ခြေဖဝါးတွေ ပေါက်ပြဲကုန်ကာ ခြေထောက်များမှာလည်း ညောင်းညာ တောင့်တင်းလာခဲ့လေပြီ။ နောက်ထပ် ခြေလှမ်းတလှမ်းပင် လှမ်း၍ ရတော့မည်မဟုတ်ဟု ထင်မိ၏။ ဟုန်ကျင့်သည် အသံထွက် ခပ်တိုးတိုးညည်း၏။

"အင်း၊ ငါ့လိုစစ်သူကြီးကို ဒီလောက်တောင် ခိုင်းရက်တယ်နော်။ နေပြည်တော်မှာ ဆိုရင် နှစ်ထပ်မွေ့ရာကြီးပေါ်မှာ အိပ်လို့။ စားကောင်းသောက်ဖွယ်တွေကို စားလို့။ အဲဒီလို ကောင်းကောင်းမွန်မွန် နေခဲ့၊ စားခဲ့ရတုန်းကတောင်မှ ငါ့မှာ အားခွန် သိပ်မရှိဘူး။ ခုတော့ ကောက်ရိုးဖိနပ်ကို စီးပြီး တောင်ပေါ်ကို တက်နေရပါကလား။ တောင်ပေါ်ကို ရောက်ရင် သူတို့ပြောတဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီးဆိုတာကလည်း ဘယ်မှာ နေမှန်းမသိ။ ဘာဖြစ်လို့ ဒီလောက် ဒုက္ခဆင်းရဲတွေကို ခံနေတော့မှာလဲ"

နောက် အလှမ်းငါးဆယ်လောက် လှမ်းလိုက်သည့်အခါတွင်မူ စစ်သူကြီးဟုန်ကျင့်မှာ မောပန်းလျက်ရှိလေပြီ။ သူ့ရင်အုံနှင့် ပခုံးသည် နိမ့်ချည်မြင့်ချည် ဖြစ်လျက်ရှိ၏။ ထိုစဉ် တောင်ကြားထဲမှ လေပြင်းကြီးတိုက်လာ၏။ လေပြင်းကြီး ငြိမ်သွားသည့်အခါ၌ သစ်ပင် များနောက်ကွယ်မှာ မိုးချုန်းသကဲ့သို့သော မြည်ဟည်းသံကို ကြားလိုက်ရပြီးနောက် ပြူးကျယ်သော မျက်လုံး၊ ဖြူဖွေးသော ဦးထိပ်နှင့် အစီးများ ထနေသော ကိုယ်လုံးရှိသည့် ကြီးမားသော ကျားကြီးတကောင် ခုန်ထွက်လာသည်။

"အမယ်လေးဗျ"ဟု အော်ကာ စစ်သူကြီးဟုန်ကျင့်သည် ကြောက်လန့်တကြားဖြင့် နောက်သို့ လှည့်ပြေး၏။ ပက်လက်လန် လဲကျသွား၏။

ကျားကြီးသည် သူ့ကို သေချာစွာ စိုက်ကြည့်ကာ ဘယ်မှညာသို့ ကွေ့ပတ်ချောင်းနေ၏။ ထို့နောက်တွင်မူ တချက်ဟိန်းလိုက်ပြီးနောက်

တောင်စောင်းအတိုင်း ခုန်ဆင်း ပျောက် ကွယ်သွား၏။ စစ်သူကြီးဟုန်ကျင့်သည် သစ်ပင်တပင်အောက်တွင် ထိုင်၏။ မေးတဆတ် ဆတ်တုန်ကာ သူ့နှလုံးသည်လည်း ရေတွင်းထဲတွင် ရေပုံးတဆယ့်ငါးလုံး ဝင်နေသည့်နှယ် ရင်ဘတ်ကို တဒိန်းဒိန်း ဆောင့်လျက်ရှိ၏။ ဟုန်ကျင့်သည် သွက်ချာပါဒ လိုက်သွားသူကဲ့သို့ တကိုယ်လုံး ထုံထိုင်းသွားပြီး ခြေထောက်များမှာလည်း ရှုံးကြွက်ဖကြီးကဲ့သို့ တရွတ်ဆွဲ လျက်ရှိကာ အသံဩဩဖြင့်သာ ညည်းနိုင်တော့သည်။

ကျားကြီးထွက်သွားပြီး လက်ဖက်ရည်ကြမ်းတပန်းကန် ကုန်လောက်သည့် အချိန် ကျမှ စစ်သူကြီးဟုန်ကျင့်သည် ခြေထောက်ကို အနိုင်နိုင်သယ်၍ မတ်တတ်ရပ်နိုင်၏။ စစ်သူကြီးဟုန်ကျင့်သည် အမွှေးတိုင်အိုးကို ကောက်ယူကာ နန်းသုံးအမွှေးတိုင်ကို ပြန် ထွန်းပြီးနောက် ဂိုဏ်းချုပ်ကြီးကို ရှာရန် တောင်ပေါ်သို့ ဆက်၍ တက်လာခဲ့၏။

စစ်သူကြီးဟုန်ကျင့်သည် နောက်ထပ် အလှမ်းလေးငါးဆယ်ခန့် တက်လာခဲ့၏။ ဟုန်ကျင့်သည် သက်ပြင်းကြီးတချက်ကို ချလိုက်လျက်-

“ဘုန်းတော်ကြီးသောဘုရားက ငါ့ကို အချိန်ကန့်သတ်ပေးလိုက်တယ်။ အချိန်ကိုသာ ကန့်သတ်မပေးလိုက်ရင် ခုလို ကြောက်လန့်စရာတွေနဲ့ တွေ့မှာ မဟုတ်ဘူး”

ထိုသို့ ပြော၍ မဆုံးမီမှာပင် ပုပ်ဟောင်သည့် လေပြင်းကြီးတချက် တိုက်လာပြီးနောက် ကျယ်လောင်သော တရှီရှီမြည်သံကြီးကို ဟုန်ကျင့် ကြားလိုက်ရ၏။ ခြင်းကျားတောင်းကြီး တလုံးလောက် အလုံးရှိပြီး ကိုယ်တွင် အဖြူပြောက်တို့ ထင်နေသည့် မြွေကြီးတကောင် သည် ဝါးရုံပင်များနှင့် နွယ်ပင်များအတိုင်း တောင်စောင်းမှ လူးလွန့်တက်လာသည်ကို မြင်လိုက်ရ၏။

“အမယ်လေးဗျ၊ သေပါပြီ” ဟု အော်ကာ ဟုန်ကျင့်သည် လက်မှ အမွှေးတိုင်အိုးကို လွှတ်ချလိုက်ပြီးနောက် လှံသွားပုံ ကျောက်ဆောင်တခုကို ကွယ်၍ နေ၏။ မြွေကြီးသည် ကျောက်ဆောင်ဆီသို့ လျင်မြန်စွာ လျှောတိုက်ရောက်လာပြီးနောက် အနီးသို့ ရောက်သည့် အခါတွင် ခွေးမျက်လုံးများမှာ တဖျတ်ဖျတ်တောက်လျက်ရှိ၏။ ပါးစပ်ကြီးကို ဖြဲ၍ လျှာကို ထုတ်ကာ စစ်သူကြီးဟုန်ကျင့် မျက်နှာတည့်တည့်သို့ အဆိပ်ငွေ့များကို မှုတ်ထုတ်လျက် ရှိ၏။ ထိုအချိန်၌ကား စစ်သူကြီးဟုန်ကျင့်မှာ လွန်စွာ ကြောက်လန့်လျက်ရှိသဖြင့် သူ့ကိုယ် တွင်ရှိသည့် ဝိညာဉ်သုံးခုနှင့် လိပ်ပြာခွံနှစ်ခုတို့သည် ကိုယ်မှ ခွာ၍ ပြေးကြလေပြီ။ မြွေကြီး သည် သူ့ကို သေချာစွာ ကြည့်ပြီးနောက် တောင်စောင်းအောက်သို့ လျှောဆင်းပျောက် ကွယ်သွား၏။ ထိုအခါကျမှပင် စစ်သူကြီးဟုန်ကျင့်သည် ကိုယ်ကို ပြန်၍ မတ်နိုင်၏။

"ကံကောင်းလို့ပေါ့ကွာ။ ငါတော့ သေပြီ အောက်မေ့တာ"ဟုပြောရင်း တကိုယ်လုံးတွင် ကြက်သီးတွေ ဖြန်းခနဲ ထလာ၏။ ဟုန်ကျင့်သည် သူ့ကို လွှတ်လိုက်သည့် ကျောင်းထိုင် ဆရာတော်ကို မကျေမနပ်ဖြစ်လျက် ရှိရာမှ "ဒီဘုန်းကြီးဟာ ငါ့ကို သက်သက်မဲ့ ဒုက္ခ ရောက်အောင် လုပ်လိုက်တာ ထင်တယ်။ အေးလေ၊ တောင်ထိပ်ရောက်လို့ ဂိုဏ်းချုပ် ကြီးနဲ့ မတွေ့ရင်တော့ သူနဲ့ ငါနဲ့ စာရင်းရှင်းရမှာပေါ့"ဟု ပြော၏။

စစ်သူကြီးဟုန်ကျင့်သည် အမွေးတိုင်အိုးကို ကောက်ကာ တွန့်ကြေနေသော အဝတ် အစားတို့ကို သပ်ရပ်အောင် လုပ်ပြီးနောက် ခမောက်ကို ဆောင်း၍ ခရီးဆက်ရန် ပြင်၏။ ထိုစဉ် ထင်းရှူးပင်များနောက် တောအုပ်ထဲမှ သာယာညင်းပြောင်းသော ပလွေသံသဲ့သဲ့ ကြားရ၏။ ပလွေသံမှာ တဖြည်းဖြည်း နီးလာခဲ့လေပြီ။ ခဏကြာလျှင် တောင်စောင်းမှ တက်လာသော နွားတကောင်ကို တွေ့ရ၏။ သူငယ်လေးတယောက်သည် ကျောကုန်း ထက်တွင် ထိုင်ရင်း ပလွေမှုတ်လာသည်ကို မြင်လိုက်ရ၏။

"ဟေ့ သူငယ်၊ မင်းက ဘယ်ကလဲကွ။ ငါ့ကိုကော သိသလား"ဟု စစ်သူကြီးဟုန်ကျင့်က မေး၏။

သူငယ်ကလေးမှာ ပလွေကို မှုတ်မြဲမှုတ်လျက်ရှိ၏။ စစ်သူကြီးဟုန်ကျင့်ကလည်း ထိုမေးခွန်းကိုပင် ထပ်တလဲလဲ မေး၏။ နောက်ဆုံးတွင် သူငယ်ကလေးက ရယ်မောကာ ပလွေကို ထိုးပြရင်း "ဘာလဲ၊ ခင်ဗျားက ဂိုဏ်းချုပ်ကြီးကို လာတွေ့တာ မဟုတ်လား"

စစ်သူကြီးဟုန်ကျင့် အံ့အားသင့်လျက်ရှိရာမှ–

"မင်းက နွားကျောင်းသားကလေး မဟုတ်လား။ မင်း ဘယ့်နှယ်လုပ် သိသလဲ"

သူငယ်ကလေးက ပြုံးလျက်-

"ဒီနေ့မနက်တုန်းက ကျွန်တော်က သစ်ခက်ကျောင်းသခ်မ်းကလေးမှာ ဂိုဏ်းချုပ် ကြီးကို ရေပူ ရေချမ်း ကမ်းလှမ်းနေတယ်ဗျ။ အဲဒီတုန်းက ဂိုဏ်းချုပ်ကြီးက ပြောတယ်။ ဘုရင်ဧကရာဇ်က စစ်သူကြီးဟုန်ကျင့် ဆိုတဲ့လူကို လွှတ်ပြီး အရှေ့နေပြည်တော်ကို လာဖို့ ငါ့ကို အပင့်ခိုင်းလိုက်တယ်တဲ့။ စာချွန်တော်နဲ့ နန်းသုံးအမွေးတိုင်တွေ ပေးပြီး အရှေ့ နေပြည်တော်မှာ ပလိပ်ရောဂါကင်းရှင်းအောင် ငါ့ကို ပရိတ်ရွတ်ဖို့ အပင့်ခိုင်းလိုက်တာတဲ့။ ဒါကြောင့် ဒီနေ့ပဲ ကြိုးကြာငှက်နဲ့ တိမ်တွေကို စီးပြီး ငါ သွားမယ်လို့ ပြောတယ်ဗျ။ ခုလောက်ဆို ပထမံဂိုဏ်းချုပ်ကြီးဟာ ကြွသွားလောက်ပြီ။ ကျောင်းသခ်မ်းမှာ

ရှိတော့မှာ မဟုတ်ဘူး။ ခင်ဗျား ဆက်သွားနေလို့လည်း အလကားပဲ။ ဒီတောင်ရိုးပေါ်မှာ အဆိပ်ပြင်းတဲ့ မြွေတွေနဲ့ သားရဲတိရစ္ဆာန်တွေက ပေါပါဘိသနဲ့။ ခင်ဗျား ဒုက္ခရောက်လိမ့်မယ်”

“မင်း တကယ်ပြောနေတာလား”

လူငယ်ကလေးသည် ဖြေဆိုခြင်းမပြုဘဲ ရယ်လျက်ရှိ၏။ ထို့နောက်တွင် ပလွေကို မှုတ်ကာ နွားကို စီးရင်း တောင်စောင်းတခုတွင် ပျောက်ကွယ်သွား၏။

“ဒီသူငယ်လေးဟာ ဘာဖြစ်လို့များ ဒီလောက်တောင် သိနေရသလဲ။ အေးလေ၊ ဂိုဏ်းချုပ်ကြီးက ပြောတယ်ဆိုတာ ဟုတ်မှာပေါ့။ ငါ့မှာလည်း တလမ်းလုံး ဘေးအန္တရာယ် တွေကို တွေ့ခဲ့ပြီး သေမတတ်ဖြစ်ခဲ့ရပြီ။ ပြန်တာပဲ ကောင်းပါတယ်” ဟု ဆိုကာ မိမိလာသည့် လမ်းအတိုင်း တောင်အောက်သို့ ပြန်ဆင်းခဲ့၏။

တာအိုဘုန်းကြီးများသည် သူ့ကို ဆီးကြိုကာ ဆွမ်းစားကျောင်းသို့ ခေါ်သွားကြ၏။

“ဘယ့်နှယ်လဲ ဒကာကြီး၊ ဂိုဏ်းချုပ်ကြီးကို တွေ့ခဲ့ရဲ့လား”

“တပည့်တော်ဟာ ဘုရင့်ရွှေနန်းတော်ကြီးက အရာရှိကြီးတဦး ဖြစ်ပါတယ် ဘုရား။ တပည့်တော်လို ပုဂ္ဂိုလ်ကို ဘာဖြစ်လို့ ဒီလောက် ပင်ပန်းဆင်းရဲပြီး ဒီလောက်အန္တရာယ် များတဲ့ ခရီးကြီးကို လွှတ်လိုက်တာလဲ ဘုရား။ ကံကြီးလို့ တပည့်တော် မသေမပျောက် ပြန်ရောက်လာခဲ့တာပါလား။ လမ်းတဝက်ရောက်တော့ မျက်ဆန်ကျယ်ကျယ်၊ နှာရောင် ကျားနဲ့ ကျားကြီးဟာ အစွယ်ငေါငေါနဲ့ ထွက်လာလို့ လိုက်တာ တပည့်တော်ဖြင့် လိပ်ပြာ စဉ်ပြီး အသက်ပါ ပါသွားမလားလို့တောင် ထင်လိုက်မိသေးတယ်။ ကျားတွေ့ပြီးလို့ မကြာခင် မှာပဲ အရေခွံပြောက်တိပြောက်ကျားနဲ့ မြွေကြီးတကောင်ဟာ ဝါးရုံတောတွေ၊ နွယ်ပင်တွေ ထဲက ထွက်လာပြီး ခွေခွေကြီးနေပြီး လမ်းကို ပိတ်ဆို့ထားပါတယ် ဘုရား။ ကံကြီးပေလို့ တပည့်တော်ဟာ နေပြည်တော်ကို မသေမပျောက် ပြန်ရောက်ဖို့ လမ်းမြင်ပေတာပေါ့။ ဒါတွေဟာ ကိုယ်တော်တို့ တာဝန်ပဲ။ တပည့်တော်ကို ကိုယ်တော်တို့ ကျီစယ်တယ်ပေါ့”

ဆရာတော်ကြီးက-

“ကျုပ်တို့လို တောမှီရဟန်းတပါးက ဒကာကြီးလို ဘုရင့်ရွှေနန်းတော်က အရာရှိကြီး ကို ဘယ်မှာ နောက်ပြောင်ကျီစယ်ရဲပါ့မလဲဗျာ။ အမှန်ကတော့ ဂိုဏ်းချုပ်ကြီးဟာ ဒကာကြီး ဘယ်လောက် ဘာသာတရားကို ကိုင်းရှိုင်းသလဲဆိုတာ စမ်းသပ်ကြည့်နေတာဗျ။ ကျုပ်တို့ တောင်ရိုးပေါ်မှာ ကျားတွေ၊ မြွေတွေ ပေါပေမယ့်

လူတွေကို အန္တရာယ် မပေးတတ်ပါဘူး”

“တပည့်တော်ဖြင့် အဲဒါတွေကို တွေ့ပြီး လမ်းတောင် ကောင်းကောင်းမလျှောက် နိုင်တော့ဘူး ဘုရား။ ဒါနဲ့ တပည့်တော်လည်း တောင်ပေါ်ကို ဆက်တက်လာတော့ တောင် စောင်းတခုမှာ နွားကြီးကို စီးပြီး ပလွေမှုတ်လာတဲ့ ကိုရင်ဝတ်အရွယ် သူငယ်လေး တယောက် တွေ့တယ်ဘုရား။ တပည့်တော်က မင်း ဘယ်ကလဲ၊ ငါ့ကို သိသလားလို့ မေး တော့ သိတယ်တဲ့။ သူ့ကို ဂိုဏ်းချုပ်ကြီးက ပြောပြထားပြီးပြီတဲ့။ ဒီနေ့မနက်ပဲ ဆရာ ဂိုဏ်းချုပ်ကြီးဟာ ကြိုးကြာငှက်နဲ့ တိမ်ကို စီးပြီး အရှေ့နေပြည်တော်သွားမယ်လို့ ပြော တယ် တဲ့။ ဒါကြောင့် တပည့်တော် ပြန်လာခဲ့တာ ဘုရား”

“ဒုက္ခပဲ၊ ဒကာကြီးတော့ အင်မတန်ကောင်းတဲ့ အခွင့်အရေးကြီးတခုကို ဆုံးရှုံးခဲ့ရပြီ။ အဲဒီ နွားကျောင်းသားသူငယ်ကလေးဟာ ဂိုဏ်းချုပ်ကြီးပဲဗျာ”

“ဘုရား၊ ဂိုဏ်းချုပ်ကြီးဟာ ဒီလို စာမတတ်ပေမတတ် တောသူတောင်သားပုံမျိုးလား ဘုရား”

“ခု ကျုပ်တို့လက်ထက်က ဂိုဏ်းချုပ်ကြီးဟာ အလွန်ထူးခြားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်ဗျ။ ကြည့်လိုက်ရင် အသက်အရွယ် ငယ်သေးတယ်လို့ ထင်ရပေမယ့် တရားသဘောကို ကောင်းစွာ သိမြင်သူ ဖြစ်တယ်။ ဂိုဏ်းချုပ်ကြီးဟာ ပုထုဇဉ်ပုဂ္ဂိုလ် မဟုတ်ဘူး။ အသွင် အမျိုးမျိုးကို ဖန်တီးနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ဒါကြောင့် သူ့ကို သိဒ္ဓိမြောက်တဲ့ ပုဂ္ဂိုလ်၊ ပထမံပေါက်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်ကြတယ်”

“ဒီလိုဆိုရင် တပည့်တော်ဟာ ဂိုဏ်းချုပ်ကြီးကို တွေ့ခဲ့ မြင်ခဲ့ပါလျက်နဲ့ မတွေ့ခဲ့၊ မသိခဲ့ရပေါ့ ဘုရား။ ရှက်စရာကောင်းလိုက်တာ ဘုရား”

“ကိစ္စတော့ မရှိပါဘူးလေ။ ဂိုဏ်းချုပ်ကြီးဟာ အရှေ့နေပြည်တော်ကို ကြွသွားမယ်လို့ ပြောထားပြီပဲ။ ဒကာကြီး နေပြည်တော်ကို ပြန်ရောက်လောက်တဲ့အချိန်ဆိုရင် ပရိတ် ရွတ်ပွဲတွေ ဘာတွေလည်း ပြီးလောက်နေပါပြီ”

ထိုစကားကိုကြားသည့်အခါတွင် စစ်သူကြီးဟုန်ကျင့်သည် စိတ်သက်သာရာ ရသွား၏။ ကျောင်းထိုင်ဆရာတော်ကြီးသည် ဟုန်ကျင့်အတွက် ထမင်းပွဲပြင်စေ၏။ ဆရာတော်ကြီး၏ အကြံပေးချက်အရ ဟုန်ကျင့်သည် ဘုရင့်စာချွန်တော်ကို စာချွန်တော်များ သိမ်းဆည်း ထားရာ ကြုတ်ကလေးတခုထဲသို့ ထည့်ပြီး ဘုရင်က ဆက်သလိုက်သည့် အမွှေးတိုင်များ ကိုလည်း တြိဝိသုဒ္ဓိခန်းမဆောင်တွင် ထွန်းညှိ၏။ ခမ်းနားဖွယ်ရာလှသော သက်သတ်လွတ် ဟင်းများဖြင့် စားသောက်ပြီးနောက် စစ်သူကြီးဟုန်ကျင့်နှင့် ဘုန်းတော်ကြီးများလည်း အိပ်ရာသို့

ဝင်ခဲ့ကြ၏။

နောက်တနေ့မနက် မနက်စာ စားသောက်ပြီးသည့်အခါတွင် ကျောင်းထိုင်ဆရာတော် နှင့်တကွ ဘုန်းကြီးများ၊ ကျောင်းစာရေးများသည် စစ်သူကြီးဟုန်ကျင့်အား ကျောင်း အတွင်းသို့ လိုက်လံကြည့်ရန် ဖိတ်ကြားရာ ဟုန်ကျင့်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်၏။

ကိုရင်ကလေးနှစ်ပါးက စစ်သူကြီးဟုန်ကျင့်ကို ဦးဆောင်ခေါ်သွားပြီး နောက်မှလည်း အခြွေအရံများ လိုက်ပါလာကြ၏။ ၎င်းတို့အားလုံးသည် ဝတ်ကျောင်းပရဝဏ်အတွင်း လှည့်လည်ကာ ရှုမျှော်ခင်းများကို ကြည့်ကြ၏။

တြိဝိသုဒ္ဓိခန်းဆောင်သို့ ရောက်သည့်အခါတွင် လွန်စွာအဖိုးထိုက်သော ပစ္စည်းများ ကို စစ်သူကြီးဟုန်ကျင့်အား ပြသကြ၏။ ဟုန်ကျင့်သည် ဘုံကိုးထပ်ခန်းဆောင်၊ သုမင်္ဂလ တာရာခန်းဆောင်နှင့် ပရဝဏ်မြောက်ဘက်တွင် သီးခြားရှိသည့် မြောက်ဝင်ရိုးခန်းဆောင် များကိုလည်း လှည့်လည် ကြည့်၏။ ပရဝဏ်လက်ယာဘက်တွင် သီးခြားရှိသည့် မဟာ သံဃာယနာခန်းဆောင်၊ မင်းသုံးပါးခန်းဆောင်နှင့် နာနာဘာဝတို့ကို မောင်းနှင်ထုတ်ရာ ခန်းဆောင်တို့ကိုလည်း လှည့်လည်ကြည့်ရှု၏။

ထို့နောက် ကိုရင်များသည် ဟုန်ကျင့်အား လက်ယာဘက် စကြံဘေးရှိ ဝင်းကြီးတခု ထဲသို့ ခေါ်သွားကြ၏။ ထိုဝင်းကြီးထဲ၌ကား ငရုတ်သီးမှည့် အရောင်ကဲ့သို့ နီရဲလျက်ရှိသော နံရံများနှင့် ဟသ်ာပြဒါးရောင် မှန်ကူကွက် တပ်ထားသည့် ပြတင်းပေါက်ကြီး နှစ်ပေါက် ရှိသည့် အဆောက်အအုံကြီး တခုကို တွေ့ရ၏။ ထိုတံခါးမကြီးတွင် လက်ကောက်ဝတ် လောက်ရှိသည့် သော့ခလောက်ကြီးကို ခတ်ထား၏။ တံခါးနှစ်ချပ်စေ့သည့် နေရာတွင် လည်း စက္ကူများ ကပ်ထားပြီး ထိုစက္ကူများပေါ်တွင် ချိပ်ပိတ်၍ တံဆိပ်များ ရိုက်နှိပ်ထား၏။ ပန်းဆွဲအောက်တွင်မူ ဆိုင်းဘုတ်အနီပြားကြီး ချိတ်ထားပြီး ထိုဆိုင်းဘုတ်ပေါ်တွင် “သရဲ သဘက်နှိမ်နင်းရာ ခန်းမဆောင်' ဟု ရွှေဖောင်းကြွစာလုံးကြီးများ ထိုးထား၏။

“ဒီအဆောင်က ဘာလုပ်တဲ့ အဆောင်လဲ ဘုရား”ဟု ဟုန်ကျင့်က မေး၏။

“ကျုပ်တို့ရဲ့ အရင်ဂိုဏ်းချုပ်ကြီးက သရဲသဘက်တွေကို ချုပ်နှောင်ထားတဲ့ နေရာ” ဟု ဆရာတော်က ပြန်ပြော၏။

“ဘာဖြစ်လို့ တံခါးပေါ်မှာ ချိပ်တံဆိပ်တွေ ဒီလောက် နှိပ်ထားတာလဲ ဘုရား”

“တန်မင်းဆက်ခေတ်တုန်းက ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ

ဒီခန်းဆောင်ထဲမှာ သရဲ သဘက်တွေကို ချုပ်နှောင်ပစ်ခဲ့တယ်ဗျ။ နောက် ဂိုဏ်းချုပ်ကြီးတွေကလည်း ချိပ်ပိတ်ပြီး သူတို့ရဲ့ ကိုယ်ပိုင်တံဆိပ်တွေကို နှိပ်ထားခဲ့ကြတယ်။ နောက်လူတွေ ဖွင့်မကြည့်ရလေ အောင် စီမံခဲ့တာပေါ့ဗျာ။ ဒီသရဲသဘက်တွေ လွတ်ထွက်သွားရင် ကြောက်စရာ ကောင်း တာပေါ့။ ဒီတော့ ဂိုဏ်းချုပ်ကိုးဆက်လုံးလုံး ဒီတံခါးကြီးကို ပိတ်ပစ်ခဲ့ကြတယ်ဗျ။ သော့ ခလောက်အပေါက်ကြီးထဲကိုလည်း ကြေးတွေကို အရည်သွန်းပြီး လောင်းထည့်ခဲ့ကြတယ်။ ဒီအထဲမှာ ဘယ်လို သရဲသဘက်တွေ ရှိမယ် ဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူး။

ခု ဒီအဆောင်ကို ကျုပ် ထိန်းသိမ်းလာခဲ့တာ အနှစ်သုံးဆယ် ရှိပြီ။ ဒါပေမဲ့ ကျုပ်လည်း ရှေးလူတွေ ပြောခဲ့တဲ့အတိုင်းပဲ သိတယ်"

စစ်သူကြီးဟုန်ကျင့်သည် ထိုစကားကြောင့် အံ့အားသင့်လျက် ရှိ၏။ ထိုအထဲတွင် ရှိသည့် သရဲသဘက်တို့ကိုလည်း ကြည့်ချင်စိတ်ပေါ်လျက် ရှိ၏။ ထို့ကြောင့် ကျောင်းထိုင် ဆရာတော်ကြီးဘက်သို့ လှည့်၍-

"ဒီလိုဆိုရင် တပည့်တော်ကို ဖွင့်ပြပါလား ဘုရား။ သရဲသဘက်ဆိုတာ ဘယ်လိုလဲ ဆိုတာ တပည့်တော် ကြည့်ချင်ပါတယ်"

"ကျုပ်တော့ မဖွင့်ရဲဘူးဗျ။ အထက်ဂိုဏ်းချုပ်ကြီးများကိုယ်တိုင်က မဖွင့်ရဘူးလို့ တင်းတင်းကျပ်ကျပ် တားပစ်ခဲ့တာ။ ကျုပ်တင် မဟုတ်ဘူး၊ တခြားဘယ်သူမှလည်း ဖွင့်ရဲ ကြမှာ မဟုတ်ဘူး"

စစ်သူကြီးဟုန်ကျင့် ရယ်၏။

"မဖြစ်နိုင်တာပဲ ဘုရား။ ဒါက လူတွေကို ကြောက်အောင် ခြောက်ခဲ့တဲ့ ထွင်လုံးပါ။ ကိုယ်တော်တို့ တာအိုရဟန်းတွေမှာ တန်ခိုးဣဒ္ဓိပါဒ်ရှိတယ်၊ သရဲသဘက်တွေကိုတောင် ချုပ်နှောင် ဖမ်းဆီးနိုင်တယ်လို့ လူတွေ အထင်ရောက်အောင် ဒီလိုတမင်သက်သက် လုပ် ထားတာ မဟုတ်လား။ တပည့်တော် ကျမ်းဂန်တွေ အများကြီးဖတ်ခဲ့ဖူးလှပြီ။ သရဲသဘက် ကို ချုပ်နှောင်ထားနိုင်တယ်လို့ ဘယ် ကျမ်းဂန်မှာမှ မတွေ့ဖူးဘူး။ ဝိညာဉ်တို့၊ လိပ်ပြာတို့ ဆိုတာ ပရလောကမှာပဲ ရှိပါတယ်။ မဖြစ်နိုင်ဘူး ဘုရား။ အထဲမှာ သရဲသဘက်တွေ ရှိတယ်ဆိုတာ တပည့်တော် မယုံဘူး။ တပည့်တော်ကို ဖွင့်ပြပါ။ ကြည့်ပါရစေ"

"မဖြစ်ဘူးဗျာ။ ဘယ်နည်းနဲ့မှ ဖွင့်ပြလို့ မဖြစ်ဘူး။ သရဲသဘက်တွေ လွတ်ထွက်သွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

စစ်သူကြီးဟုန်ကျင့် စိတ်တို၍ လာခဲ့လေပြီ။ ဟုန်ကျင့်သည်

တာအိုရဟန်းများကို လက်ညှိုးငေါက်ငေါက်ထိုးလျက်-

"တပည့်တော်ပြောတဲ့အတိုင်း မလုပ်ရင်တော့ ကျောင်းထိုင်ဆရာတော်ကြီးနဲ့တကွ ဒီကျောင်းက ရဟန်းများဟာ တပည့်တော်ကို ဂိုဏ်းချုပ်နဲ့ တွေ့ခွင့်မပေးဘူး၊ ဘုရင့်စာချွန်တော်ကိုလည်း ပို့ခွင့်မပေးဘူးလို့ ရှေ့နန်းတော်ကြီးကို လျှောက်မယ်။ ပြီးတော့ ဒီခန်းဆောင်ကို အလုံပိတ်ထားပြီး သရဲသဘက်တွေ ရှိတယ်လို့ လူတွေကို လိမ်ညာပြောထားတယ်လို့လည်း လျှောက်ရမယ်။ ဒီအတိုင်းဆိုရင် ကိုယ်တော် တို့ကို သံဃာစာရင်းက ဖျက်၊ သင်္ကန်းချွတ်၊ လူဝတ်လဲခိုင်းပြီး ရာဇဝတ်ကောင်တွေလို နဖူးမှာ သံပူနဲ့ ကြက်ခြေခတ်ပြီး တရပ်တကျေးကို ပို့ရလိမ့်မယ်"

စစ်သူကြီးဟုန်ကျင့်သည် အရှိန်အဝါကြီးသူတဦးဖြစ်ကြောင်းကို သိသဖြင့် ကျောင်း ထိုင်ဆရာတော်မှာ ထိတ်လန့်နေလေပြီ။ ထို့ကြောင့် ပန်းပဲလုပ်တတ်သည့် ရဟန်းတို့ကို ခေါ်ကာ ချိတ်များကို ခွာ၍ သော့ခလောက်ကို ချိုးဖျက်ရန်မှတပါး အခြားလမ်း မရှိတော့ပြီ။ သော့ခလောက်များကို ချိုးဖျက်ပြီးနောက် တံခါးကို တွန်းကာ ခန်းဆောင်ထဲသို့ ဝင်ခဲ့ကြ၏။ ခန်းဆောင်ထဲတွင် မှောင်မည်းလျက် ရှိ၏။ စစ်သူကြီးဟုန်ကျင့်သည် မီးတုတ် မီးစည်းများကို ထွန်းညှိစေ၏။ မီးတုတ်များ ယူလာသည့်အခါ၌ ခန်းဆောင်ကြီးတခုလုံးမှာ အလယ်တွင် စိုက်ထူထားသည့် ကျောက်တိုင်တခုမှ လွဲ၍ ဟာလာဟင်းလင်း ဖြစ်လျက် ရှိသည်ကို တွေ့ရ၏။ ကျောက်စာတိုင်မှာ ခြောက်ပေခန့် မြင့်ပြီး အောက်ခြေတွင် ကျောက် လိပ်ရုပ်ကြီးတခု ထု၍ ထား၏။ ဟုန်ကျင့်သည် မီးတုတ်ကို ကိုင်ကာ ကျောက်စာတိုင် အနီးသို့ လာခဲ့၏။ ကျောက်ချပ်မျက်နှာစာတွင် မည်သူမျှ နားမလည်နိုင်သော နဂါးရုပ်နှင့် နတ်ငှက်ရုပ်သဏ္ဍာန် ဂန္ဓာရီအမှတ်အသားများကို ရေးထား၏။ စစ်သူကြီးဟုန်ကျင့်သည် ကျောက်စာကျောဘက်မျက်နှာကို ကြည့်လိုက်၏။ ထိုမျက်နှာစာတွင်မူ "ဟုန်ကျင့် ဖွင့်လေ" ဟူသော စာလုံးလေးလုံး ရေးထိုးထားသည်ကို တွေ့ရ၏။

စစ်သူကြီးဟုန်ကျင့်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ကျောင်းထိုင်ဆရာတော်ဘက်သို့ လှည့်၍-

"ဒါကြောင့် ကိုယ်တော်တို့က တပည့်တော်ကို တားနေကြတာကိုး။ ဒီမှာကြည့်စမ်း၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက "ဟုန်ကျင့် ဖွင့်လေ" ဆိုတဲ့ စာတန်းက ရှိနေပြီသား။ ကဲ၊ ဒီထက်ရှင်းရဦးမလား။ တပည့်တော်ကြည့်တော့ ဘာဖြစ်သလဲ။ သရဲသဘက်တွေဟာ ဟောဒီ ကျောက်စာတိုင် အောက်တည့်တည့်မှာ ရှိမယ် ထင်တာပဲ။ ကဲ၊ ပေါက်တူးတို့၊ ပေါက်ပြားတို့ အယူခိုင်းပြီး တူးခိုင်းကြည့်စမ်းပါဦး ဘုရား"

ကျောင်းထိုင်ဆရာတော်ကြီးမှာ ထိတ်လန့်လျက်-

“ကျုပ်တို့တူးလို့မဖြစ်ဘူး ဒကာကြီး။ အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ မဖြစ်ဘူး”

“ကိုယ်တော် ဘာသိလို့လဲ။ တပည့်တော်လာရင် ဒီကျောက်စာတိုင်ကို နုတ်ပစ်နိုင် တယ်လို့ အတိအလင်း ရေးထားပြီပဲ။ ဘာဖြစ်လို့ တပည့်တော်ကို တားနေရတာလဲ။ တူးဖို့ လူတွေ ခု အခေါ်ခိုင်းလိုက်ပါ”ဟု စိတ်ဆိုးဆိုးဖြင့် အော်၏။

ကျောင်းထိုင်ဆရာတော်ကြီးက ထိုသို့တူးခြင်းဖြင့် အကျိုးမများဘဲ ဒုက္ခရောက်နိုင် ကြောင်းဖြင့် လေးငါးကြိမ်ထက်မနည်း တောင်းပန်သေး၏။ သို့ရာတွင် စစ်သူကြီးဟုန်ကျင့် သည် ကျောင်းထိုင်ဆရာတော်ကြီး၏ စကားကို နားမဝင်တော့ပြီ။ မြေတူးသမား လေး ငါး ယောက်ကို အခေါ်ခိုင်းလိုက်၏။ မြေတူးသမားများသည် ကျောက်စာတိုင်ကြီးကို ပင်ပန်းစွာ တူးကြပြီးနောက် အောက်ခြေတွင်ရှိသည့် ကျောက်လိပ်ရုပ်ကြီးကို လှန်လိုက်ကြ၏။

ထို့နောက် ဆက်လက်၍ တူးကြပြန်၏။ လေးပေခန့်အရောက်တွင် ဆယ်ပေပတ်လည် ခန့်ရှိသည့် ကျောက်ဖျာကြီးတချပ်ကို တွေ့ရ၏။ စစ်သူကြီးဟုန်ကျင့်သည် ထိုကျောက်ဖျာ ကြီးကိုလည်း တူး၍ အဖယ်ခိုင်းရာ ကျောင်းထိုင်ဆရာတော်ကြီးက ဆက်လက်တူးဖော် ခြင်းမပြုရန် တောင်းပန်သည့်တိုင် စစ်သူကြီးဟုန်ကျင့်သည် နားမထောင်ချေ။ ကျောက်ဖျာကြီးကို ရွှေ့လိုက်သည့်အခါတွင်မူကား ပေတထောင်ခန့်နက်သော ကျင်းကြီးကို တွေ့ရ၏။ ဝုန်းခနဲအသံကြီးကို ကြားလိုက်ရပြီးနောက် ကျင်းထဲမှ မည်းမှောင်သော မီးခိုးလုံးကြီးတခု တက်လာ၏။ မီးခိုးလုံးကြီးသည် ခန်းဆောင်ခေါင်မိုးကို ပေါက်ထွက်သွားကာ အပြင်သို့ ရောက်လျှင် ရာပေါင်းများစွာသော ပြိုးပြိုးပြက်ပြက်ရောင်ခြည်များအဖြစ်သို့ ပြောင်းလဲ သွားပြီး အရပ်ရှစ်မျက်နှာသို့ လွင့်သွားကြ၏။

အားလုံးလန့်ဖျပ်ကာ မိမိတို့လက်တွင် ကိုင်ထားသည့် ပစ္စည်းကိရိယာများကို လွှတ်ချ ကြ၏။ တယောက်နှင့် တယောက် တိုးဝှေ့ကာ ခန်းဆောင်ထဲမှ ထွက်ပြေးကြ၏။ စစ်သူကြီး ဟုန်ကျင့်သည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေ၏။ သူ့မျက်နှာ သည် မြေကြီးအရောင်ကဲ့သို့ ပြာမွဲလျက်ရှိ၏။ ဟုန်ကျင့်သည် စိတ်ပျက်လက်ပျက် ညည်းညူ လျက်ရှိသော တာအိုရဟန်းများ ရှိရာ အပြင်သို့ ထွက်လာခဲ့၏။

“ထွက်ပြေးသွားတဲ့ မကောင်းဆိုးဝါးတွေက ဘယ်သူတွေလဲ ဘုရား”

ကျောင်းထိုင်ဆရာတော်ကြီးက-

“ဒကာကြီးက ဘာမှမသိဘဲကိုးဗျ။ ဒီခန်းဆောင်ထဲမှာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးက စာရေးပြီး သတိပေးထားခဲ့တယ်ဗျ။ စာထဲမှာ “ကောင်းကင်တွင် ရှိသော နတ်ဆိုး သုံးဆယ့် ခြောက်မင်းနှင့် မြေပြင်တွင်ရှိသော မိစ္ဆာ ခုနစ်ဆယ့်နှစ်ကောင်၊ စုစုပေါင်း မကောင်းဆိုးဝါး တရာ့ရှစ်ကောင်တို့ကို ဤနေရာတွင် ချုပ်နှောင်ဖမ်းဆီးထား၏။ ၎င်းတို့၏ အမည်များ ကိုလည်း နဂါးရုပ်၊ နတ်ငှက်ရုပ်သဏ္ဍာန် လျှို့ဝှက်သင်္ကေတများဖြင့် ကျောက်စာတိုင်တွင် ရေးထိုး၍ ထားခဲ့၏။ ၎င်းတို့ကို လူ့ပြည်တွင် အချုပ်အနှောင်မှ ဖြေလွှတ်ခဲ့ပါက မုချ ဆက်ဆက် ဘေးကြီးတွေ့လတ္တံ့” လို့ ပါတယ်။ ကဲ၊ ခုတော့ ဒကာ ကြီးက ဖြေလွှတ်လိုက်ပြီ။ ဘယ့်နှယ်လုပ်ကြမလဲ”

စစ်သူကြီးဟုန်ကျင့်သည် တုန်ယင်လျက်ရှိကာ ချွေးစေးကြီးတွေ ပြန်စပြုလာ၏။ ဟုန်ကျင့်သည် မိမိ၏ ပစ္စည်းများကို စုဆောင်း၍ အခြွေအရံများကို ခေါ်ပြီးနောက် တောင် အောက်သို့ ဆင်းလာခဲ့ကာ နေပြည်တော်သို့ ထွက်လာခဲ့၏။ ကျောင်းထိုင်ဆရာတော်နှင့် တာအိုရဟန်းများသည် ဟုန်ကျင့်ကို တောင်အောက်အထိ လိုက်ပို့နှုတ်ဆက်ပြီးနောက် ခန်းဆောင်သို့ ပြန်လာကာ ကွဲအက်သွားသည့် အမိုးကို ပြင်၏။ ကျောက်စာတိုင်ကို ပြန် ထူ၏။ ၎င်းတို့အကြောင်းကို ဤတွင် ချန်လှပ်ထားခဲ့တော့မည်။

စစ်သူကြီးဟုန်ကျင့်သည် မိစ္ဆာနတ်ဆိုးများ လွတ်သွားကြောင်းကို သိလျှင် မိမိအား ဘုရင် အမျက်တော်ရှမည်စိုးသဖြင့် ထိုအကြောင်းနှင့်ပတ်သက်၍ တစုံတရာ ပေါက်ကြား ခြင်းမပြုအောင် မိမိလူများကို လမ်းတွင် မှာထားခဲ့၏။ လမ်းတွင် ထူးခြားသည့် အဖြစ် အပျက်တစုံတရာဟူ၍ မတွေ့ချေ။ ၎င်းတို့သည် နေ့ညမဟူ ခရီးပြင်းနှင်ခဲ့ကြရာ အရှေ့ နေပြည်တော် ဗျန်လျှန်သို့ ရောက်ရှိခဲ့ကြ၏။ မြို့တံခါးသို့ ရောက်သည့်အခါ၌ အရှင်သူမြတ် ကြွလာပြီး ဥယျာဉ်တော်ထဲတွင် ခုနစ်ရက် ခုနစ်လီ ပရိတ်ရွတ်ပွဲတွေ ကျင်းပသတဲ့။ လူတွေ ကိုလည်း အဆောင်လက်ဖွဲ့တွေ ဝေငှပေးသတဲ့။ မကျန်းမာတဲ့သူတွေလည်း ပျောက်ကင်း ကုန်ကြပြီတဲ့။ ပလိပ်ကပ်ရောဂါကြီးလည်း မရှိတော့ဘူးတဲ့။ အရှင်သူမြတ်ဟာ ဘုရင်ကိုနှုတ်ဆက်ပြီး တိမ်တွေနဲ့ ကြိုးကြာငှက်တွေကို စီးပြီး ကျားနဲ့ နဂါး တောင်တန်းကို ပြန်ကြွ သွားပြီတဲ့ စသည့် သတင်းများကို ကြားရ၏။

နောက်တနေ့မနက် ညီလာခံဝင်သည့်အခါ စစ်သူကြီးဟုန်ကျင့်သည် မိမိသွားရောက် ခဲ့သည့် အကြောင်းကို ဘုရင့်ထံ သံတော်ဦးတင်၏။

“ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ တိမ်များနှင့် ကြိုးကြာငှက်များကို စီးပြီး ကောင်းကင်မှ ကြွသွားသဖြင့် နေပြည်တော်သို့ အရင်ရောက်ပါသည်။ ကျွန်တော်မျိုးတို့မှာ ခြေကျင်လာရ သည့်အတွက် ယခုကဲ့သို့ နောက်ကျရောက်ခြင်း ဖြစ်ပါသည်”

ဘုရင်မင်းမြတ်သည် စစ်သူကြီးဟုန်ကျင့်၏ လျှောက်တင်ချက်ကို လက်ခံတော်မူ ပြီးလျှင် ၎င်းအား မူလရာထူးတွင် ပြန်လည် ခန့်အပ်တော်မူ၏။ ထိုအကြောင်းကို ဤတွင် ရပ်တော့မည်။

ကောရာဇ်ရင်ချုံသည် လေးဆယ့်နှစ်နှစ်ကြာမျှ အုပ်စိုးကာ ထီးမွေနန်းမွေဆက်ခံမည့်သူ မရှိဘဲ နတ်ရွာစံတော်မူ၏။ ထီးနန်းအရိုက်အရာကို ပူအန်းမြို့မှ မင်းသားယုန်ရန်း၏ သားတော်က ဆက်ခံ၏။ ထိုမင်းသည် ထိုင်ချုံ၏ မြေး ဖြစ်ပြီး နတ်ရွာစံပြီးသည့်နောက်တွင် ယင့်ချုံဟု အမည်တွင်၏။ လေးနှစ် အုပ်စိုးပြီးသည့်နောက်တွင် ထီးနန်းကိုစွန့်၊ သားတော် ရှင်ချုံကို ထီးနန်း လွှဲပေး၏။ ရှင်ချုံသည် တဆယ့်ရှစ်နှစ်ကြာမျှ အုပ်စိုး၏။ ထို့နောက် သားတော် ချီချုံသို့ ထီးနန်းလွှဲပေး၏။ ထိုခေတ်တလျှောက်လုံးတွင် တိုင်းပြည်အေးချမ်းသာယာ၏။ စစ်မက်အန္တရာယ်တို့မှ ကင်းဝေး၏။

သို့ရာတွင် ထိုမျှ အတိုချုံး၍လည်း မဖြစ်သေး။ ထိုခေတ်အတွင်း ထူးထူးခြားခြား ဘာမျှမဖြစ်ဟု ဆိုလျှင် ဤဇာတ်လမ်းကို ပြောပြစရာ လိုပါဦးမည်လော။ အဆွေစာဖတ်သူ၊ ကောင်းကင်နတ်ဆိုး သုံးဆယ့်ခြောက်မင်းနှင့် မြေပြင်မိစ္ဆာ ခုနစ်ဆယ့်နှစ်ကောင်တို့ လူ ဝင်စားဖြစ်လာကြသည့်အတွက် ထိုမျှလည်း စိုးရိမ်ကြောက်လန့်ခြင်း မဖြစ်ကြပါကုန်နှင့်။ သူရဲကောင်းတို့သည် တောင်ရိုးများပေါ်တွင် ပုန်းအောင်းလျက် ရှိကြပြီး အာဇာနည်တို့သည် ကိုင်းတောထဲတွင် စုဝေးကြကုန်၏။

အဘယ်ကြောင့်နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂
သိုင်းဆရာဝမ် ပြည်တော်မှ ထွက်ပြေးခန်း

နဂါးကိုးကောင်ရှိကျင်း ရွာဖျက်ခန်း

အရှေ့နေပြည်တော်ကို ဘုရင်ချီချွ အုပ်စိုးစဉ်ကာလက ကိုက်ဖန်းပြည်နယ်တွင် ကောက် ဆိုသော လူလေလူလွင့်တယောက် ရှိခဲ့ဖူး၏။ ကောက်သည် ဒုတိယသား ဖြစ်၍ မိဘ အတွက် ဘာမှ အသုံးမကျသူ ဖြစ်၏။ ကောက်သည် လှံများ၊ တုတ်များဖြင့် သိုင်းကစားရင်း အချိန်ကုန်လျက်ရှိပြီး ဘောလုံးကစားကောင်းသူလည်း ဖြစ်၏။ ထိုစဉ်က နေပြည်တော်မှ လူများသည် နာမည်အပြောင်အပြက်ဖြင့် တဦးကို တဦး ခေါ်လေ့ရှိကြရာ သူ့ကိုလည်း "ကောက်ကျူ (ဘောလုံးကစားသည့် ကောက်)ဟု ခေါ်လေ့ရှိကြ၏။ ချမ်းသာလာသည့် အခါတွင် ကောက်ကျူသည် "ကျူ'ဆိုသော အသံထွက် ထွက်သည့် အခြားအက္ခရာတခုဖြင့် အမည်ပြောင်းလဲ၍ ရေးလိုက်၏။ အသံထွက်တူသည့်တိုင် အဓိပ္ပာယ်ကား မတူကြချေ။

ကောက်ကျူသည် ခေါး၊ လှံ လက်နက်တို့ကို ကျွမ်းကျင်သည့်အပြင် တူရိယာဂီတလည်း ကျွမ်းကျင်၏။ အဆိုနှင့် အကတို့တွင်လည်း တတ်မြောက်၏။ ကဗျာလင်္ကာတို့တွင်လည်း နှံ့စပ်၏။ သို့ရာတွင် နီတိအဆုံးအမများနှင့်အညီ နေထိုင်ရေး၊ သီလသမာဓိရှိရှိဖြင့် နေထိုင် ရေးတို့နှင့် စပ်လျဉ်းမှု ကောက်ကျူသည် တလုံးမျှ နားမလည်ချေ။ ကောက်ကျူသည် မြို့ထဲတွင် လည်ပတ်ခြင်းဖြင့် အချိန်ကုန်လျက်ရှိ၏။ သူ့ကြောင့် ကုန်သည်ဝမ်၏ သားသည် ပျက်စီးကာ ဖဲလောင်းကစားခြင်း၊ အပျော်အပါးလိုက်စားခြင်းတို့ဖြင့် ငွေကြေးများစွာ ကုန်ကျခဲ့ရလေပြီ။

ကောက်ကျူ၏ အဖေသည် မိမိသားအကြောင်းကို ကိုက်ဖန်းမြို့မှ အာဏာပိုင်များထံ စာရေး တိုင်ကြား၏။ အာဏာပိုင်များသည် ကောက်ကျူကို ကြိမ်ဒဏ်အချက်နှစ်ဆယ် ရိုက်ကာ နယ်နှင်ဒဏ် ပေးလိုက်၏။ အရှေ့နေပြည်တော်ရှိ မြို့သူမြို့သားများအားလည်း ကောက်ကျူကို ထောက်ပံ့ ကျွေးမွေးခြင်း၊ ကူညီခြင်း မပြုရဟု အမိန့်ထုတ်လိုက်၏။ ဤတွင် ကောက်ကျူသည် လင်စေ့ပြည်နယ်ရှိ လျူရှိချွမ်း ဆိုသူ၏ ကစားဝိုင်းတွင် သွား၍ တောက်တိုမည်ရ အလုပ်လုပ်ရ၏။ လျူရှိချွမ်းသည် လူမိုက်များ၊ လူလေလူလွင့်များကို မွေးထား၏။

ကောက်ကျူသည် လျူရှိချွမ်းထံတွင် သုံးနှစ်အလုပ်လုပ်၏။ ထိုအချိန်၌

ဘုရင် ချီချုံသည် မြို့ တောင်ဘက်တွင် ဆုတောင်းပွဲကြီးလုပ်ရာ မိုးလေမှန်၍ ပြည်သူအများ ချောင်လည်ကြ၏။ ဤတွင် ဘုရင်သည် သနားကြင်နာစိတ်ဖြစ်ပေါ်ကာ ရာဇဝတ်ကောင် များကို လွတ်ငြိမ်းချမ်းသာခွင့် ပေး၏။ ကောက်ကျူလည်း နေပြည်တော်သို့ ပြန်လာခွင့်ရခဲ့၏။ လျူရှိချွမ်းသည် ကောက်ကျူကို ခရီးစရိတ် ထောက်ပံ့ကာ နေပြည်တော်ရွှေမြင်း ခါးပတ်တံတားအနီးတွင် နေသည့် ဆွေမျိုးတော်စပ်သူ ဘယဆေးကုန်သည် တုန်ယန်ရှီထံ သို့လည်း မိတ်ဆက်စာတစောင် ရေးပေးလိုက်၏။ တုန်ယန်ရှီသည် သူ့ကို ကူညီပါလိမ့်မည် ဟုလည်း ပြောလိုက်၏။

ကောက်ကျူသည် အထုပ်အပိုးပြင်၍ လျူရှိချွမ်းကို နှုတ်ဆက်ပြီးသော် နေပြည် တော်သို့ ပြန်ခဲ့၏။ ပေးလိုက်သောစာကို တုန်ယန်ရှီထံသို့ သွားပေး၏။ ဘယဆေးကုန်သည် တုန်ယန်ရှီသည် ကောက်ကျူကို တချက်မျှ ကြည့်လိုက်ပြီးနောက် စာကို ဖတ်၏။

“ဒီလိုလူကို ငါ့အိမ်မှာ လက်ခံထားလို့ မဖြစ်ဘူးထင်တယ်။ သူက ရိုးသားဖြောင့်မတ် ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ကလေးတွေလည်း သူ့ဆီက သင်ခန်းစာယူနိုင်တာပေါ့။ ဒါပေမဲ့ ဒီလူက တေလေကြမ်းပိုး၊ ဘာကိုမှ ယုံကြည်စိတ်ချရမယ့် လူမျိုးမဟုတ်ဘူး။ ဥပဒေကို ချိုးဖောက်လို့ မင်းပြစ်မင်းဒဏ်ကိုလည်း ခံခဲ့ရတဲ့လူ။ လူကောင်းလည်း ပြန်ဖြစ် တော့မှာ မဟုတ်တော့ဘူး။ သူ့ကို ငါ့အိမ်မှာ ထားရင် ကလေးတွေလည်း သူ့ဆီက မကောင်းတဲ့အကျင့်တွေ ကူးစက်ကုန်တော့မယ်။ ဒါပေမဲ့ လက်မခံပြန်ရင်လည်း အစ်ကိုကြီး လျူရှိချွမ်းကို သိက္ခာကျအောင် လုပ်သလို ဖြစ်နေမယ်”ဟု တုန်ယန်ရှီသည် စဉ်းစား၏။

တုန်ယန်ရှီသည် ကောက်ကျူအား ဝမ်းမြောက်ဝမ်းသာ ဟန်ဆောင်ကာ သူ့အိမ်မှာ ကြိုဆို လက်ခံရန်မှ တပါး တခြားနည်း မရှိတော့ပြီ။ တုန်ယန်ရှီသည် ကောက်ကျူကို ဆယ်ရက်တိုင်တိုင် ကောင်းစွာကျွေးမွေး၏။ ထို့နောက် စိတ်ကူးတခုရ၏။ တုန်ယန်ရှီသည် ကောက်ကျူကို အဝတ်အစားကောင်းတစုံ ထုတ်ပေးကာ မိတ်ဖွဲ့စာတစောင်ကိုလည်း ရေးပေးလိုက်၏။

“ဒီလူကို ငါ့အိမ်မှာ လက်ခံလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ အစ်ကိုကြီး တုန်ယန်ရှီက လွှတ် လိုက်သူ ဖြစ်တော့ ငြင်းပယ်ပြန်ရင်လည်း မကောင်းဘူး။ ဒီတော့ သူ့ကို ဘုရင့်နှမတော်ရဲ့ ကြင်ရာတော် မင်းသားလေးဝမ်ယင်ချင်းဆီကို ပို့လိုက်မှပဲ။ ကိုယ်တော်လေးဝမ်ယင်ချင်း ကလည်း ဒီလိုလူမျိုးကို သဘောကျတတ်တာနဲ့ အတော်ပဲ”ဟု တွေးမိ၏။

သုခမိန်စူသည် တုန်ယန်ရှီထံ အကျိုးအကြောင်း စာပြန်ရေးပြီးလျှင်

ကောက်ကျူကို သူ့အိမ်တွင် တညတာ တည်းခိုခွင့်ပြု၏။ နောက်တနေ့တွင် စာတစောင် ရေးပြီးလျှင် ကောက်ကျူကို ကိုယ်တော်လေးဝမ်ယင်ချင်းထံသို့ လွှတ်လိုက်၏။ အစေအပါးတယောက် ကိုလည်း အတူ ထည့်လိုက်၏။

ကိုယ်တော်လေးဝမ်ယင်ချင်းသည် ဧကရာဇ်ဘုရင် ချီချုံ နန်းမတက်မီကတည်းက သူ့နှမတော်နှင့် လက်ထပ်ခဲ့၏။ ကိုယ်တော်လေးဝမ်ယင်ချင်းသည် ပေပေတေတေ၊ ရမ်းရမ်းကားကား လူများကို မြှောက်စားလေ့ရှိရာ သူ့ကိုယ်ရံတော်များမှာ ထိုသို့သော လူမျိုးတွေချည်းဖြစ်၏။

ကိုယ်တော်လေးဝမ်ယင်ချင်းသည် ကောက်ကျူကို မြင်လိုက်ကတည်းက သဘောကျလျက် ရှိလေပြီ။ ကိုယ်တော်လေးသည် အကျိုးအကြောင်းကို အစေတော်နှင့်အတူ ပြန်ကြားလိုက်ပြီးနောက် ကောက်ကျူကို ချက်ချင်း ကိုယ်ရံတော် ခန့်လိုက်၏။ ထိုအချိန်မှ စ၍ ကောက်ကျူသည် ကိုယ်တော်လေးဝမ်ယင်ချင်းနှင့်အတူ ပါလေ့ရှိကာ အိမ်တော်တွင် တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့် ရလာခဲ့၏။

“ဝေးသော မိတ်ဆွေတို့သည် ပို၍ ဝေးသွားတတ်ကြပြီး နီးသော မိတ်ဆွေတို့သာလျှင် ပို၍ နီးလာတတ်ကြကုန်၏” ဟူသော ဆိုရိုးစကားရှိ၏။ ကိုယ်တော်လေးဝမ်သည် သူ့ မွေးနေ့တွင် စားသောက်ပွဲကြီးတပွဲကို ခင်းကျင်းကာ သူ့ကြင်ရာတော်၏ မောင်တော်လေး မင်းသားလေးတုန်ကို ဖိတ်ကြားခြင်းပြု၏။ မင်းသားလေးတုန်မှာ ဧကရာဇ်ဘုရင်ရှင်ချုံ၏ ဆယ့်တစ်ယောက်မြောက် သားတော်ဖြစ်ပြီး လက်ရှိ နန်းဘုရင်ချီချုံ၏ ညီတော်လည်း ဖြစ်၏။ မင်းသားလေးတုန်သည် ပညာဉာဏ်ထက်မြက်၍ ချောမောသည့် လူရွယ်တယောက် ဖြစ်၏။ အပျော်အပါးတွင်လည်း ဝါသနာထုံ၏။ ဗျပ်စောင်းတီးခြင်း၊ စစ်တုရင်ထိုးခြင်း၊ စာလုံးပန်းချီ ရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ဘောလုံးကစားခြင်းတို့တွင်လည်း ကျွမ်းကျင်၏။ အတီးအမှုတ်၊ အဆိုအကတို့တွင်လည်း တတ်မြောက်၏။

ထိုနေ့၌ ကိုယ်တော်လေးဝမ်သည် ကုန်းထွက်ရေထွက် စားသောက်ဖွယ်မျိုးစုံတို့ ပါဝင် သည့် စားသောက်ပွဲကြီးတခုကို တည်ခင်း၏။ မင်းသားလေးတုန်ကို ဂုဏ်ပြုသောအားဖြင့် စားပွဲထိပ်တွင် ထိုင်စေပြီး သူကိုယ်တိုင်မှာမူ မျက်နှာချင်းဆိုင်တွင် ထိုင်၏။ အရက် အတန် ငယ်သောက်ပြီး၍ ဟင်းလျာနှစ်ပွဲလောက် ကုန်သည့်အခါတွင် မင်းသားလေးတုန်သည် တပိုတပါးသို့ ထ၍ သွားရန် ထွက်လာခဲ့၏။ ပြန်ဝင်လာ၍ ပိဋကတ်ဆောင်ထဲသို့ ရောက် သည့်အခါတွင် အိမ်ရှင် ကိုယ်တော်လေးဝမ်က ဆီးကြို ခေါ်ယူလာခဲ့၏။ မင်းသားလေး တုန် သည် ပိဋကတ်ဆောင်ထဲရှိ သိုးကလေးဆီကျောက်စိမ်းဖြင့် ထုတ်လုပ်ထားသည့် ခြင်္သေ့ရုပ် စက္ကူဖိတုံးနှစ်ခုကို မြင်လျှင် လွန်စွာ

သဘောကျသဖြင့် ကောက်ကိုင်ကြည့်ကာ လက်မှ မချနိုင်အောင် ဖြစ်လျက်ရှိ၏။ "တော်တော်လှတဲ့ လက်ရာပဲ" ဟု မင်းသားလေးတုန်က ပြော၏။ ကိုယ်တော်လေးဝမ်က-

"ဒါက ဘာဟုတ်သေးလဲ ညီတော်ရဲ့။ အဲဒီ ကျောက်ဆစ်ဆရာထုတဲ့ စုတ်တံတင်ခုံမှာ ထုထားတဲ့ ကျောက်စိမ်းနဂါးရုပ် နှစ်ရုပ်က သည့်ထက်တောင် လှသေးတယ်။ ခုလောလော ဆယ်တော့ ဘယ်မှာထားမှန်း မသိသေးဘူး။ မနက်ဖြန်ကျရင် ရှာပြီး အဲဒီကျောက်စိမ်း နဂါးရုပ် စုတ်တံ တင်ခုံရော၊ ကျောက်စိမ်းခြင်္သေ့စက္ကူဖိတုံးရော ပို့လိုက်မယ်လေ"

"ကြင်နာတတ်ပါပေတယ်ဗျာ။ နောင်တော် ပြောတဲ့အတိုင်း ဆိုရင်တော့ နဂါးရုပ် တွေက ခုတွေ့တဲ့ ခြင်္သေ့ရုပ်တွေထက်တောင် ကောင်းလိမ့်မယ်ထင်တယ်"

"မနက်ဖြန်ကျရင် ရွှေနန်းတော်ကြီးကို အရောက် ပို့လိုက်ပါမယ်လေ။ ကောင်း၊ မကောင်း ညီတော်ကိုယ်တိုင် ဆုံးဖြတ်ပေါ့"

မင်းသားလေးတုန်သည် စားသောက်ပွဲဆီသို့ ပြန်လာကာ ညနေမိုးချုပ်သည်အထိ စားသောက်၏။ လူချင်းခွဲခါနီးသည့်အခါတွင်မူကား နှစ်ယောက်စလုံး မူးစပြုနေကြလေပြီ။ မင်းသားလေးတုန်သည် အစ်မတော်၏ ကြင်ရာတော် ကိုယ်တော်လေးဝမ်ကို နှုတ်ဆက် ကာ ရွှေနန်းတော်ကြီးသို့ ပြန်လာခဲ့၏။

နောက်တနေ့တွင် ကိုယ်တော်လေးဝမ်သည် နဂါးရုပ်သဏ္ဌာန် ကျောက်စိမ်းဖြင့် ထု ထားသည့် စုတ်တံတင်ခုံကို ရှာတွေ့၏။ ကိုယ်တော်လေးဝမ်သည် ထိုနဂါးရုပ် စုတ်တံတင်ခုံ နှင့် ခြင်္သေ့စက္ကူဖိတုံးနှစ်ခုကို ရွှေသေတ္တာလေးတလုံးတွင် ထည့်၍ အပေါ်မှ ရွှေပိုးစတစဖြင့် ပတ်ကာ စာတစောင်နှင့်အတူ ရွှေနန်းတော်ကြီးသို့ သွား၍ ပို့ရန် ကောက်ကျူကို စေလွှတ်လိုက်၏။ ကောက်ကျူသည် မင်းသားလေးတုန် စံမြန်းသည့် ရွှေနန်းဆောင်သို့ တိုက်ရိုက် သွား၏။ တံခါးစောင့်တို့က အတွင်းဆောင် လူပျိုတော်သားတို့ကို အကြောင်းကြားသဖြင့် လူပျိုတော်သားတယောက် ထွက်လာကာ-

"ခင်ဗျားက ဘယ်မှူးမတ်ရဲ့ အိမ်ကလဲ"

ကောက်ကျူက ဦးညွှတ်၍ အရိုအသေပေးလိုက်လျက် "သမီးတော် ကြင်ရာတော် ကိုယ်တော်လေးဝမ်က ဒီကျောက်စိမ်းပစ္စည်းများကို ရွှေနန်းတော်ကြီးကို အပို့ခိုင်းလို့ပါ"

"ကိုယ်တော်လေးတော့ အလယ်နန်းရင်ပြင်မှာ မိန်းမစိုးတွေနဲ့

ဘောလုံးကစားနေတယ်ဗျ။ ဝင်သွားပေတော့”

“ကျွန်တော့်ကို တဆိတ်လောက် လမ်းပြပေးပါလား”

လူပျိုတော်သားသည် ကောက်ကျူကို အတွင်းဆောင်ထဲသို့ ခေါ်သွား၏။ ခပ်ငယ်ငယ် မိန်းမစိုး လေးငါးယောက်တို့သည် ကိုယ်တော်လေးတုန်နှင့်အတူ ဘောလုံးကန်လျက် ရှိကြ၏။ ကိုယ်တော်လေးတုန်သည် တန်မင်းဆက်ခေတ်သုံး ပိုးပျော့ဦးထုပ်တလုံးကို ဆောင်းထားပြီး ရွှေနန်းတော်သုံး နဂါးတံဆိပ်အမှတ်အသား ရွှေခြည်ထိုးထားသည့် ဝတ်ရုံနီကြီးကို ဝတ်ထား၏။

ထိုဝတ်ရုံစကြီးကို မင်းညီမင်းသားတို့သာ ဝတ်ရသည့် ခါးစည်းကြိုးထဲတွင် ခါးတောင်း အောက်ပိုးကျိုက်သည့်နှယ် ထိုးသွင်းထားပြီး နတ်ဝက်ရုပ်များကို ရွှေခြည်ထိုးထားသည့် ခြေနင်းကို စီးထား၏။

ကောက်ကျူသည် မပြောရဲသဖြင့် အဝေးမှ အသာရပ်ကြည့်နေ၏။ ကံကောင်းသည်ဟု ဆိုရမည်လော မသိ။ ဘောလုံးသည် မင်းသားလေးတုန်အနီးမှ ကပ်၍ လိမ့်လာပြီးနောက် အရှိန်လွန်လာကာ သူ့အနားသို့ လိမ့်လာ၏။ ကောက်ကျူသည် ဘာမပြော ညာမပြောဖြင့် အနီးသို့ ရောက်လာသည့် ဘောလုံးကို “ဟသ်ာဖိုမ ဝဲနည်း” ဖြင့် ကိုယ်တော်လေးတုန်ဆီသို့ ပြန်ကန်လိုက်၏။

မင်းသားလေးတုန်သည် ထိုကန်ချက်ကို သဘောကျသွားကာ “မောင်မင်းက ဘယ်သူ တုံး”ဟု မေး၏။

ကောက်ကျူသည် ဒူးထောက်ခစားလိုက်ပြီးလျှင်-

“အစ်မတော်လေး ကြင်ရာတော် ကိုယ်တော်လေးဝမ်ရဲ့ အစေအပါးပါ။ ကိုယ်တော် လေးရဲ့ အမိန့်အရ ကျောက်စိမ်းပစ္စည်းနှစ်ခုကို လာပို့တာပါ။ စာတစောင်လည်း ပါးလို ပါတယ် ဘုရား”

“ယောက်ဖတော်ကတော့ အမြဲအလိုက်သိပေတယ်”ဟု ဆိုကာ မင်းသားလေးတုန် သည် ပြုံးလိုက်၏။

ကောက်ကျူက စာကို ဆက်၏။ မင်းသားလေးတုန်သည် စာကို ဖွင့်ဖတ်ပြီးလျှင် သေတ္တာကလေးကို ဖွင့်ကာ ကျောက်စိမ်းပစ္စည်းများကို ကြည့်၏။ ထို့နောက် သူ့လက်စွဲတော်ကို လှမ်းပေးလိုက်ရင်း-

“မောင်မင်းက ကောင်းကောင်း ဘောကန်တတ်တယ်နော်။ နာမည်ကကော ဘယ်လို ခေါ်သလဲ”

ကောက်ကျူသည် လက်နှစ်ဖက်ကို ရင်ဘတ်တွင် တင်၍ ယှက်ကာ

ဒူးထောက် ခစား ရင်းမှ-

“ကောက်ကျူလို့ ခေါ်ပါတယ် ဘုရား။ ဘောလုံးကို နည်းနည်းပါးပါး ကစားဖူးပါတယ် ဘုရား”

“ကောင်းပေ့ဗျာ။ ဒါဖြင့် လာ၊ ကျုပ်တို့နဲ့ လာကစားလှည့်”

“ကျွန်တော်မျိုးလို အဆင့်အတန်းရှိသူက ကိုယ်တော်လေးတို့နဲ့ အတူကစားဖို့ မဝံ့ပါ ဘုရား”

“အလိုဗျာ။ ဘာဖြစ်လို့ မကစားရဲရမှာလဲ။ ကျုပ်တို့အသင်းကို တိမ်မြင့်ဘုံအသင်းလို့ ခေါ်တယ်ဗျ။ သာတူညီမျှ အဖွဲ့လို့လည်း ခေါ်တယ်။ လူတိုင်း ပါနိုင်တယ်”

ကောက်ကျူမှာ ငြင်းဆန်မြဲ ငြင်းဆန်လျက် ရှိ၏။ သို့ရာတွင် မင်းသားလေးဝမ်က အတင်း တိုက်တွန်းလျက်ရှိသည့်အခါတွင် ဒူးတုပ်ခစားကာ မိမိ ယခုကဲ့သို့ ဝံ့ဝံ့စားစား ဝင်ရောက်ကစားခြင်းအတွက် ခွင့်လွှတ်ရန် တောင်းပန်ပြီးသော် ကစားကွင်းထဲသို့ ပြေး လာခဲ့၏။ အတန်ကြာ ကစားပြီးသည့်အခါ၌ကား ကိုယ်တော်လေးသည် ကောက်ကျူကို သဘောကျလျက် ရှိလေပြီ။ ကောက်ကျူမှာလည်း မိမိ၏ အစွမ်းကို ထုတ်၍ ကစားပြ၏။ ကောက်ကျူ လှုပ်ရှားပုံ၊ ကောက်ကျူ ကစားပုံတို့မှာ ကြည့်၍ ကောင်း၏။ ဘောလုံးသည် ကော်ဖြင့် ကပ်ထားသကဲ့သို့ သူ့ခြေထောက်တွင် အမြဲလိုလို ရောက်နေတတ်၏။

မင်းသားလေးတုန်မှာ သဘောကျလျက်ရှိလေပြီ။ မင်းသားလေးတုန်သည် ကောက်ကျူ ကိုပြန်ခွင့်မပေးသေးဘဲ နန်းတော်ထဲတွင် တညအိပ်စေ၏။ နောက်တနေ့တွင် စားသောက် ပွဲကြီးတပွဲကို ပြင်ဆင်စေပြီးနောက် ကိုယ်တော်လေးဝမ်ကို ဖိတ်ခေါ်၏။

ထိုနေ့ညက ကောက်ကျူ ပြန်မလာသည့်အခါ၌ ကိုယ်တော်လေးဝမ်သည် ကောက် ကျူအား စိတ်ချယုံကြည်ရသူတယောက်မှ ဟုတ်ပါ၏လောဟု သံသယဖြစ်စပြုလာ၏။ ထိုစဉ် တံခါးစောင့်က “ရွှေနန်းတော်ကြီးကို ညစာစားလာရောက်ဖို့ ကိုယ်တော်လေးတုန် ဆီက မင်းချင်းတယောက် ရောက်လာပြီး ဖိတ်ကြားပါတယ်” ဟု ပြော၏။ ကိုယ်တော် လေးဝမ်သည် အပြင်သို့ ထွက်လာကာ မင်းချင်း လာရောက်ပေးပို့သော ဖိတ်ကြားစာကို ဖတ်ရှု၏။ ထို့နောက် မြင်းကို ပြင်ခိုင်းကာ ရွှေနန်းတော်ကြီးသို့ ထွက်လာခဲ့၏။ မြင်းပေါ်မှ ဆင်းသက်ပြီးလျှင် မင်းသားလေးတုန်ထံသို့ တိုက်ရိုက်လာခဲ့၏။

မင်းသားလေးတုန်သည် ပေးပို့လိုက်သော ကျောက်စိမ်းပစ္စည်းများအတွက်

ကျေးဇူး တင်စကား ပြောဆို၏။ သူတို့နှစ်ဦးသည် ညစာခန်းဆောင်သို့ ဝင်လာခဲ့ကြ၏။ မင်းသားလေး တုန်က-

"နောင်တော် လွှတ်လိုက်တဲ့ ကောက်ကျူ ဆိုတဲ့ လူကဖြင့် တယ်ပြီး ဘောကစား ကောင်းပေတာပဲ။ ညီတော် သူ့ကို အတွင်းဆောင်မှာ လူပျိုတော်သား ခန့်ချင်တယ်။ နောင်တော် ဘယ်လို သဘောရသလဲ"

"ညီတော်အတွက် အသုံးဝင်တယ်ဆိုရင်တော့ ညီတော် ကြိုက်သလိုသုံးနိုင်ပါတယ်ဗျာ" မင်းသားလေးတုန်သည် အရက်ခွက်ကို မြှောက်ပြီးနောက် ကိုယ်တော်လေးဝမ်ကို ကျေးဇူးတင်စကား ပြော၏။ သမီးယောက်ဖနှစ်ဦးတို့သည် အရက်သောက်ရင်း ညနေတိုင်အောင် စကားကောင်းနေကြ၏။ ထို့နောက်တွင်မူ ကိုယ်တော်လေးဝမ်လည်း မိမိအိမ်သို့ ပြန်လာခဲ့၏။ သူ့အကြောင်းကို ဤမျှဖြင့် တော်လောက်ပြီ။

ကောက်ကျူ၏အကြောင်းကို ပြန်ကောက်ဦးအံ့။ မင်းသားကလေးတုန်၏ လူပျို တော်သား ဖြစ်သွားသည့်အခါ၌ ကောက်ကျူသည် ရွှေနန်းတော်ကြီးထဲတွင် အမြဲနေရပြီး မင်းသားကလေးတုန် နောက်မှ အမြဲလိုက်ပါရ၏။ နောင် နှစ်လမကြာခင်တွင် ဧကရာဇ် ဘုရင်ချီချုံသည် ထီးနန်း ဆက်ခံမည့်သူ မရှိဘဲ နတ်ရွာစံတော်မူ၏။ စစ်ဘက်နှင့် နယ်ဘက်မှ အရာရှိကြီးများသည် စည်းဝေးတိုင်ပင်ကြကာ ကိုယ်တော်လေးတုန်ကို မင်းအဖြစ် တင်မြှောက်ကြ၏။ ထိုမင်းသည် ရာဇဝင်တွင် ဧကရာဇ်ဘုရင်ဟွီချုံဟု အမည်တွင်ပြီး ရတနာဝိသုဒ္ဓိ မဟာဓမ္မရာဇာဓိပတိ ဟူသော ဘွဲ့ကို ခံယူတော်မူ၏။

ဧကရာဇ်ဘုရင်ဟွီချုံ ထီးနန်းကို ဆက်ခံပြီးသည့်နောက်တွင် အစစအရာရာသည် ချောမောလျက်ရှိ၏။ တနေ့တွင် ဘုရင်ချုံသည် ကောက်ကျူကို ခေါ်တော်မူပြီးနောက်-

"မောင်မင်းကို ငါ သူကောင်းပြုလိုသည်။ သို့ရာတွင် အရာကို ဆက်ခံခြင်းမပြုမီ နယ်စပ်ဒေသတလျှောက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များကို လုပ်ပြရမည်။ နေရာ လစ်လပ်က သင့်ကို ခန့်အပ်ရန် စစ်မှုရေးရာအဖွဲ့သို့ ငါ အမိန့်ထုတ်ပြန်ပြီး ဖြစ်သည်"ဟု မိန့်တော်မူ၏။ နောက် နှစ်လကြာသည့်အခါ၌ကား ကောက်ကျူသည် ဘုရင့်ကိုယ်ရံတော် တပ်ရင်းကို ကွပ်ကဲရသည့် စစ်သူကြီးအဖြစ် ခန့်အပ်ခြင်း ခံရစေ၏။

ကောက်ကျူသည် နေ့ကောင်းရက်သာနှင့် မင်္ဂလာအခါကောင်းကို ရွေးချယ်၍ ရာထူး ကိုလက်ခံခြင်း ပြု၏။ ဘုရင့်ကိုယ်ရံတော် ခြေလျင်တပ်နှင့် မြင်းတပ်တို့သည် စစ်သူကြီး ကောက်ကျူကို လာရောက်၍ အရိုအသေပေးကြ၏။

ဗိုလ်၊ အကြပ်၊ တပ်သားအားလုံးတို့သည် မိမိတို့၏ အမည်နာမနှင့် ရာထူးအဆင့်တို့ကို ထုတ်ဖော်ကာ မှတ်ပုံတင်ရ၏။ ကောက်ကျူသည် ထိုစာရင်းများကို ဖတ်ကာ နာမည် များကို ကြည့်၏။ တပ်ဗိုလ်၊ တပ်သားအားလုံး လာရောက်ကြသော်လည်း ဝမ်ကျင်းအမည်ရှိ လက်နက်သင်တန်းဆရာကား လာရောက်ခြင်း မပြုချေ။ ဝမ်ကျင်းမှာ လွန်ခဲ့သည့် နှစ်ပတ် လောက်ကတည်းက နေထိုင်မကောင်းဟု သတင်းပို့ကာ တပ်မှ ခွင့်ယူထားခဲ့၏။ ယခုလည်း ကောင်းစွာ နေထိုင်မကောင်းသေးသည့်အတွက် ထိုနေ့က စစ်ရေးပြပွဲသို့ လာရောက်ခြင်း မပြုခဲ့ချေ။ စစ်သူကြီးကောက်ကျူမှာ ဒေါသထွက်လျက်ရှိ၏။

"ဘာဖြစ်လို့ မလာရတာလဲကွ။ ဒါ သက်သက် ငါ့ကို အာခံတာ။ သူ့မှတ်ပုံတင်ကိုတော့ ပို့လိုက်တယ် မဟုတ်လား။ ခု ဒီခွေးသားက နေထိုင်မကောင်းချင်ယောင် ဆောင်နေတာပေါ့ ဟုတ်လား။ သွား၊ ဒီကောင့်ကို ခုခေါ်ခဲ့"

ကောက်ကျူသည် အရာရှိတယောက်ကို စေလွှတ်ကာ ဝမ်ကျင်းကို အဖမ်းခိုင်း လိုက်၏။

ဝမ်ကျင်းဆိုသူမှာ သားလည်း မရှိ၊ မယားလည်း မရှိဘဲ အမေအိုကြီးတယောက်နှင့် အတူနေထိုင်လျက်ရှိ၏။

အရာရှိသည် ဝမ်ကျင်းအိမ်သို့ ရောက်လာကာ-

"ဒီနေ့ဟာ စစ်သူကြီးကောက်ကျူ အရာဆက်ခံတဲ့နေ့ ဖြစ်တယ်။ တန်းစီပြီး လူစစ်တဲ့ အခါမှာ မောင်မင်းကို မတွေ့ရဘဲ ဖြစ်နေတယ်။ ဦးစီးအရာရှိတွေက မောင်မင်း နေထိုင် မကောင်းတဲ့အတွက် ခွင့်ယူထားကြောင်း ပြောကြပေမယ့် စစ်သူကြီးကောက်ကျူက လက်မခံဘူး။ မောင်မင်းဟာ နေမကောင်းချင်ယောင် ဆောင်နေတယ်ဆိုပြီး ဖမ်းရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ ဒီတော့ ကျုပ်နဲ့ လိုက်ခဲ့ပါ။ နို့မို့ရင် ကျုပ်ပါ ဒုက္ခရောက်လိမ့်မယ်"

ဝမ်ကျင်းသည် နေထိုင်မကောင်းဖြစ်လျက်ရှိသည့်တိုင် မနေသာတော့ဘဲ လိုက်ပါ သွားရကာ စစ်သူကြီးကောက်ကျူထံ သတင်းပို့ရ၏။ ဝမ်ကျင်းသည် ကောက်ကျူကို လေးကြိမ်တိုင် ရှိခိုး ခစားပြီးနောက် ထိုင်ရာမှ ထကာ ဘေးတွင် အသာရပ်၏။

"မင်းက မြို့စောင့်တပ်က လက်နက်နည်းပြဆရာဝမ်ရှိန်းရဲ့ သား မဟုတ်လား"ဟု ကောက်ကျူက မေး၏။

"မှန်ပါတယ် ခင်ဗျာ"ဟု ဝမ်ကျင်းက ပြော၏။

“အလကားကောင်၊ မင်းအဖေဟာ သိုင်းကစားပြပြီး ဘယဆေးတွေကို ထမ်းရောင်း နေတဲ့ လူ။ မင်းကရော စစ်ပညာကို ဘယ်လောက်များတတ်လို့လဲ။ မင်းလိုကောင်ကို လက်နက်သင်တန်းဆရာ ခန့်တာများ အံ့ပါရဲ့။ မင်း ငါ့ဆီကို လာမတွေ့တာ ငါ့ကို သက်သက် စော်ကားတာပေါ့ ဟုတ်လား။ မင်းက ဘယ်သူ့အားကိုးနဲ့ နေမကောင်းချင်ယောင်ဆောင်ပြီး အိမ်မှာ ဖိမ်ယူနေရတာလဲ။ ပြောစမ်း”

“မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော် ဒီလို မလေးမခန့် မလုပ်ရဲပါဘူး။ ခုတောင် ကျွန်တော် ကောင်းကောင်း နေထိုင်မကောင်းသေးပါဘူး”

“ခွေးမသား။ ရာဇဝတ်ကောင်။ နေမကောင်းရင် မင်း ခုလို လာလို့ ရမလားကွ” “စစ်သူကြီးက ဆင့်ခေါ်ရင် ကျွန်တော် မလာလို့ မဖြစ်ပါဘူး ခင်ဗျာ” ကောက်ကျူမှာ ဒေါသအကြီးအကျယ် ထွက်လျက်ရှိ၍။ “ဟေ့အကောင်တွေ၊ ဒီကောင်ကို ခေါ်သွားပြီး ကြိမ်ဒဏ်ရိုက်စမ်း” အရာရှိငယ်များမှာ ဝမ်ကျင်း၏ မိတ်ဆွေများ ဖြစ်သည့်အတွက်-

“ဒီနေ့ဟာ ဗိုလ်ချုပ် ရာထူးဆက်ခံတဲ့နေ့ ဖြစ်တဲ့အတွက် မင်္ဂလာရှိတဲ့နေ့ ဖြစ်ပါတယ် ဗိုလ်ချုပ်။ ဒါကြောင့် သူ့ကို ချမ်းသာပေးပါ”

“ကောင်းပြီ။ ဒီက အရာရှိတွေ တောင်းပန်တဲ့အတွက် မင်းကို ငါ ဒီနေ့ ချမ်းသာခွင့် ပေးလိုက်မယ်။ မနက်ဖြန်ကျရင်တော့ မင်းနဲ့ ငါနဲ့ စာရင်းရှင်းရလိမ့်မယ်”

ဝမ်ကျင်းသည် သူ့ကို ကျေးဇူးတင်၍။ ထိုအခါကျမှ ခေါင်းမော့ကာ ကောက်ကျူကို သေချာစွာ ကြည့်မိ၍။ တပ်ဌာနချုပ်တံခါးမှ ထွက်လာကာ အပြင်သို့ ရောက်သည့်အခါမှပင် ဝမ်ကျင်း သက်ပြင်းချနိုင်၏။

“ငါတော့ ဒုက္ခတွေ့တော့မယ်။ လက်စသတ်တော့ စစ်သူကြီးကောက်ကျူဆိုတာ တခြားလူမှ မဟုတ်ပဲကလား။ ဘောသမား တေလေကြမ်းပိုး ကောက်ကျူပါကလား။ သူ သိုင်းသင်တုန်းက ငါ့အဖေက ဆုံးမလွှတ်လိုက်တာ သုံးလလောက် အိပ်ရာထဲက မထနိုင် ခဲ့ဘူး မဟုတ်လား။ အဲဒီကတည်းက တို့များအပေါ်သူငြိုးနေခဲ့တာ ခု သူက အထက်ရောက် နေတော့ ငါတို့ကို လက်စားချေတော့မှာပဲ။ အေးလေ။ ငါလည်း သူ့ လက်အောက်ကို ရောက်လိမ့်မယ်လို့ ဘယ်မှာ ထင်ပါ့မလဲ။ “ကိုယ့်အထက်အရာရှိမှ အပ မည်သည့်အရာရှိကိုမျှ ကြောက်စရာမလို” ဆိုတဲ့ စကားပုံလည်း ရှိတယ် မဟုတ်လား။ ငါ သူနှိပ်စက်တာကို ဘယ်လိုလုပ် ရှောင်ရပါ့မလဲ။ ငါ ဘာလုပ်ရပါ့မလဲ”

ဝမ်ကျင်းသည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လာခဲ့ကာ

အကျိုးအကြောင်းကို အမေ့အား ပြောပြ၏။ သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကာ ငိုကြွေးကြ၏။

"အန္တရာယ်မှ လွတ်မြောက်ရာ လမ်းသုံးဆယ့်ခြောက်လမ်းတို့တွင် အကောင်းဆုံး လမ်းသည် ရှောင်ပြေးခြင်း ဖြစ်၏" လို့ ရှေးလူကြီးများ ပြောဖူးတယ်ကွယ်။ ခုတော့ ငါ့ သားမှာ ပြေးစရာလည်း မြေမရှိ ဆိုသလို ဖြစ်နေပြီ"

"ဟုတ်တယ်အမေ။ ကျွန်တော်လည်း ဒီလိုပဲ သဘောရတယ်။ တခုတော့ရှိတယ် အမေရဲ့။ ယန်အန်းပြည်နယ်စောင့် တပ်မှူးက ဗိုလ်ချုပ်ကြီးချုံတဲ့။ သူ့တပ်က အရာရှိတွေ ကတော့ နေပြည်တော်ကို လာရင် ကျွန်တော် ကိုယ်ခံပညာတတ်ကျွမ်းတာ၊ လက်နက် ကိုင်တွယ်တာတွေကို ကြည့်ပြီး ချီးမွမ်းလေ့ရှိကြတယ်။ ကျွန်တော့်ကိုလည်း လေ ကြတယ်။ ဒီတော့ ကျွန်တော် သူတို့ဆီကို ပြေးရင် မကောင်းပေဘူးလား။ ယန်အန်းမှာ ကျွန်တော့်လို သိုင်းတို့၊ လက်နက်တို့ကို ကျွမ်းကျင်တဲ့လူရယ်လို့ သိပ်မရှိလှဘူး။ ဒီတော့ သူတို့အဖို့လည်း ဒီလိုလူမျိုး လိုမှာပဲ။ အဲဒီမှာတော့ လုံခြုံကောင်းပါရဲ့ အမေရယ်" "ဒီလိုဆို အမေတို့ တိတ်တဆိတ်ထွက်မှ ဖြစ်မယ် သားရဲ့။ ဒါပေမဲ့ တံခါးဝမှာ မင်းကို လာပြီး စောင့်နေတဲ့ စစ်သားနှစ်ယောက်က ရှိနေတယ်။ သူတို့သိသွားရင်တော့ အမေတို့ ထွက်ပြေးလို့ ဖြစ်မှာမဟုတ်ဘူး"

"ဒီအတွက်တော့ မပူပါနဲ့ အမေ။ သူတို့နှစ်ယောက် မရှိအောင် ကျွန်တော် လုပ်နိုင် ပါတယ်"

ညနေမိုးချုပ်တွင် ဝမ်ကျင်းသည် တပ်ကြပ်ချန် ဆိုသူကို ခေါ်ကာ-

"ဒီမှာ ရဲဘော်။ မင်း ဒီနေ့ ညစာ စား။ စားပြီးရင် အပြင်ကို ခိုင်းစရာတခု ရှိတယ်ကွာ"

"ပြောပါ ဆရာ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ခုတလော ငါတောင် နာလန်မထသေးဘူးကွာ။ နေကောင်းလာရင် ယတြာချေတဲ့ သဘောနဲ့ တောင်စွန်ပလ္လံတံခါးအပြင်က မဟာပဗ္ဗတဝတ်ကျောင်းမှာ အမွှေးတိုင်ကလေး ဘာလေး ပူဇော်ချင်တယ်။ ဒီတော့ မနက်ဖြန်မနက်လင်းလင်းချင်း အဲဒီဝတ်ကျောင်းဝင်း တံခါးကို စောစောဖွင့်ပေးဖို့ ပူဇော်ပွဲကျင်းပတဲ့ ဘုန်းကြီးကို ဒီနေ့ည မင်းသွားပြီး လျှောက် ပေးပါ။ ငါ အစောဆုံး ရောက်ချင်တယ်။ ပြီးတော့ ဆွမ်းကပ်ဖို့ အသားသုံးမျိုးလည်း ဝယ်ခဲ့ ပါ။ မင်း အဲဒီဝတ်ကျောင်းက စောင့်ပြီး အိပ်ပေါ့။ မနက်စောစောကျရင် ငါလာခဲ့မယ်"

တပ်ကြပ်ချန်သည် "ကောင်းပြီ" ဟု ကတိပေး၏။ ညစာကို

စားသောက်ပြီးနောက် အထုပ်အပိုးပြင်ကာ ဝတ်ကျောင်းသို့ ထွက်သွားလေ၏။

ထိုညဉ့် သားအမိနှစ်ယောက်တို့သည် ၎င်းတို့ပိုင် အိပ်ရာအဝတ်အစားများကို ထုပ်ပိုး ပြင်ဆင်ကြ၏။ ပိုးထည်နှင့် ငွေခွက်များကို ထုပ်ပိုးကာ ထမ်းပိုးဖြင့် ထမ်းရန် သေတ္တာကြီး များထဲသို့ ထည့်ကြ၏။ ကုန်းနှီးအိတ်နှစ်အိတ်ထဲတွင်လည်း မြင်းအတွက် အစာများကို ထည့်ကြ၏။

မနက်လင်းအားကြီး ပဥ္စမယံသို့ ရောက်လျှင် ဝမ်ကျင်းသည် ကျန်အစောင့်တယောက် ဖြစ်သည့် တပ်ကြပ်လီကို ခေါ်ကာ-

"ရော့။ ဟောဒီ ငွေစတွေကို ယူပြီး ဝတ်ကျောင်းကို သွားနှင့်ကွာ။ ဟိုရောက်တော့ မင်းနဲ့ ချန်တို့ နှစ်ယောက်က ပူဇော်ပွဲဖို့ အသားတို့ ဘာတို့ ဝယ်ထားကြ။ ငါက မြို့ထဲသွားပြီး ပန်းစက္ကူနဲ့ ဖယောင်းတိုင်တွေ ဝယ်ချေဦးမယ်။ ပြီးရင် ငါလိုက်ခဲ့မယ်။ အဲဒီက စောင့်ကြ"

တပ်ကြပ်လီသည် ငွေစတို့ကို ယူ၍ ဝတ်ကျောင်းသို့ ထွက်လာခဲ့၏။ ဝမ်ကျင်းသည် မြင်းကို အသင့်ပြင်၏။ ကုန်းနှီးအိတ်များကို တင်၏။ ထို့နောက် မြင်းကို နောက်ဖေးပေါက်မှ ဆွဲခေါ်လာကာ အမေကို မြင်းပေါ်သို့ တင်၏။ ကျန်သည့် လေးလံသော ပစ္စည်းများကိုမူ အိမ်မှာတွင်ပင် ထိုအတိုင်း စွန့်ပစ်ခဲ့ကြ၏။ ဝမ်ကျင်းသည် အိမ်ဝင်းရှေ့နောက်တံခါးတို့ကို ပိတ်ပြီးသော် သေတ္တာနှစ်လုံးကို ပခုံးတွင် လျှိုထမ်းကာ မြင်းနောက်မှ လိုက်လာခဲ့၏။

အချိန်မှာ ပဥ္စမယံသို့ ရောက်ခဲ့လေပြီ။ အရုဏ်မလာခင် အမှောင်ဆုံးအချိန်ကို အခွင့် ကောင်းယူကာ နေပြည်တော် အနောက်တံခါးမှ ထွက်လာခဲ့ပြီးနောက် ယန်အန်းပြည်နယ်သို့ သွားသည့် ပေတရာလမ်းမကြီး အတိုင်း ထွက်လာခဲ့ကြ၏။

တပ်ကြပ်အစောင့်နှစ်ယောက်အကြောင်းကို ပြောရဦးမည်။ ၎င်းတို့နှစ်ယောက်သည် ပူဇော်ပွဲအတွက် အသားများကို ဝယ်ယူ ချက်ပြုတ်ပြီးနောက် နေအတော်မြင့်သည့်တိုင် ဝတ်ကျောင်းမှ စောင့်နေကြ၏။

သို့ရာတွင် ဝမ်ကျင်းကား ပေါ်မလာတော့ချေ။ တပ်ကြပ်လီသည် စိတ်ပူလာသည်။ ထို့ကြောင့် အိမ်သို့ ပြန်လာခဲ့ရာ ရှေ့နောက် တံခါးနှစ်ပေါက်စလုံး သော့ခတ်လျက်သား တွေ့ရ၏။ ဝင်ရန် ကြိုးစားသော်လည်း အချည်းနှီးသာ။ အိမ်နီးနားချင်းများထံ လိုက်လံ စုံစမ်းသော်လည်း ဝမ်ကျင်းတို့ကို မည်သူမျှ မမြင်လိုက်ကြချေ။ အချိန်မှာ တော်တော် နှောင်းနေပြီ။ ဝတ်ကျောင်းတွင် ကျန်နေရစ်ခဲ့သည့် ချန်သည် သင်္ကာမကင်းဖြစ်လာကာ ဝမ်ကျင်းအိမ်သို့ လိုက်လာခဲ့၏။ စစ်သားနှစ်ယောက်သည် မိုးစုပ်စုပ်ချုပ်သည်အထိ အိမ် ထဲတွင်

ရှာကြ၏။ သို့ရာတွင် ဝမ်ကျင်းတို့ သားအမိကား ညရောက်သည့်တိုင် ပြန်မလာကြတော့ချေ။

နောက်တနေ့မနက်တွင် စစ်သားနှစ်ယောက်သည် ဝမ်ကျင်းတို့ကို ဆွေမျိုးများအိမ် တွင် လိုက်ရှာကြသော်လည်း အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပြီ။ ဤတွင် မိမိတို့ပါ အပြစ်ရောက်မည်ကို စိုးရိမ်သည့်အတွက် ၎င်းတို့နှစ်ယောက်သည် ကိုယ်ရံတော်တပ်ဌာန ချုပ်သို့ လာ၍ သတင်းပို့ ကြ၏။

"လက်နက်သင်တန်းဆရာဝမ်ကျင်းနဲ့ သူ့အမေတို့ ထွက်ပြေးကြပါတယ်။ သူတို့ ဘယ်ရောက်နေတယ် ဆိုတာ ဘယ်သူမှ မသိဘဲ ဖြစ်နေပါတယ်"ဟု သတင်းပို့ကြ၏။

စစ်သူကြီးကောက်ကျူသည် ဒေါသအမျက်ချောင်းချောင်း ထွက်လျက်-

"ကဲ၊ ငါမပြောဘူးလား။ ရာဇဝတ်ကောင် ထွက်ပြေးပြီမဟုတ်လား။ ဒီကောင် ဘယ် လောက်ဝေးဝေး ပြေးနိုင်မလဲ ကြည့်ကြသေးတာပေါ့"ဟု ကြုံးဝါး၏။ ဝမ်ကျင်းကို တွေ့လျှင် တပ်ပြေးအဖြစ် ချက်ချင်းဖမ်းဆီးရန် ပြည်နယ်များ၊ ခရိုင်များသို့ ညွှန်ကြားချက် ပို့လိုက်၏။ တပ်ကြပ်နှစ်ယောက်မှာကား စောစောစီးစီး သတင်းပို့သည့်အတွက်ဟု ဆိုကာ မည်သို့မျှ အပြစ်ဒဏ်ပေးခြင်း မခံရချေ။ သူတို့နှစ်ဦး အကြောင်းကိုမူ ဤတွင် တော်ဦးမည်။

ဝမ်ကျင်းတို့ သားအမိနှစ်ယောက်အကြောင်းကို ပြောဦးအံ့။ သားအမိနှစ်ယောက်သည် ဆာလောင်သည့်အခါတွင်မှ အစာစားပြီး ရေငတ်သည့်အခါတွင်မှ ရေသောက်၏။ ညတွင် ရပ်နားကြပြီး အရုဏ်တက်သည်နှင့် ခရီးဆက်ကြ၏။ သို့ဖြင့် လမ်းမကြီးအတိုင်း လာခဲ့ကြ၍ တလပြည့်ခါ နီး တညနေတွင် အမေ စီးလာသည့် မြင်းနောက်မှ ဝန်စည်စလယ်တို့ကို ထမ်းပိုးဖြင့် ထမ်း၍ ခြေကျင်လိုက်လာသည့် ဝမ်ကျင်းက-

"အမေရေ၊ ကျွန်တော်တို့တော့ ဘုရား မ တာပဲဗျ။ ကောင်းကင်နဲ့ မြေကြီးကို ပိုက်ကွန် ကြီး ဖုံးထားတဲ့ အန္တရာယ်ကတော့ လွတ်ခဲ့ကြပြီ။ မကြာခင်မှာ ယန်အန်းပြည်နယ်ကို ရောက်တော့မယ်။ ကောက်ကျူက လူတွေ လွှတ်ပြီး ကျွန်တော်တို့ကို လိုက်အဖမ်းခိုင်းဦး၊ မီတော့မှာ မဟုတ်ဘူး"

သားအမိနှစ်ယောက်သည် ဝမ်းသာလျက်ရှိသဖြင့် ထမင်းဆိုင်တဆိုင်ကို ဖြတ်ကျော် လာခဲ့သည်ကိုပင် သတိမထားမိကြချေ။ ရှေ့တွင်ကား ရွာဟူ၍လည်း မရှိတော့ပြီ။ ည၌ အတော်နက်ပြီဖြစ်သည့်တိုင် ဘယ်စခန်းတွင် ရပ်နားရမည်ကို မသိပြီ။ ထိုစဉ် သစ်ပင် အုပ်အုပ်ကလေးထဲမှ မီးရောင်တလက်လက်ကို မြင်လိုက်ရ၏။

“အမေရေ၊ မီးရောင်တော့ မြင်ရပြီဗျို့။ အဲဒီကို သွားကြရအောင်။ ဟိုရောက်တော့မှ တောင်းပန်ပြီး တညလောက် အိပ်ကြတာပေါ့။ မနက်ကျရင် ဆက် ခရီးထွက်ကြမယ်”

သစ်ပင်အုပ်အုပ်နားသို့ ရောက်သည့်အခါတွင် အုတ်တံတိုင်းကြီးများ ကာရံထားသည့် တောမြေရှင်တဦး၏ လယ်တောအိမ်ကို တွေ့ရ၏။ တံတိုင်းအပြင်ဘက်တွင် မိုးမခပင် သုံးလေးရာခန့် ပေါက်နေသည်ကို တွေ့ရ၏။ ဝမ်ကျင်းသည် အချိန်အတော်ကြာမျှ တံခါးကို ထုရာ နောက်ဆုံးတွင် အခိုင်းအစေတယောက် ထွက်လာ၏။ ဝမ်ကျင်းသည် အထုပ်အပိုး တို့ကို ချပြီးနောက် သူ့ကို နှုတ်ဆက်၏။

“ဘာကိစ္စလဲ”ဟု ထိုလူက မေး၏။

“အမှန်ကို ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့သားအမိ ခရီးရောက်ချင်ဇောနဲ့ လာခဲ့မိတာ ထမင်းဆိုင်တဆိုင်ကို လွန်လာခဲ့တယ်ဗျာ။ ဒီနောက်တော့ အနားတဝိုက်မှာ ထမင်းဆိုင်တို့ ဘာတို့လည်း မတွေ့၊ ရွာလည်း မတွေ့ဘူး။ ဒီနေ့တညတော့ ကျွန်တော်တို့ တည်းပါရစေ။ မနက်ကျရင် ကျွန်တော်တို့ သွားမှာပါ။ တည်းခိုတဲ့အတွက်လည်း ထုံးစံ အတိုင်း ငွေစများ ပေးဆိုရင်လည်း ပေးပါ့မယ်။ ကျွန်တော်တို့ကို သနားသဖြင့် ကူညီပါဗျာ”

“နေဦးဗျ။ ကျွန်တော် မြေရှင်ကို သွားမေးရဦးမယ်။ သူ သဘောတူတယ်ဆိုရင် ရပါတယ်”

“နှောင့်ယှက်တယ်လို့တော့ မအောက်မေ့ပါနဲ့ဗျာ”ဟု ဝမ်ကျင်းက တောင်းပန်၏။

မကြာမီ ထိုလူ ပြန်ရောက်လာကာ-

“မြေရှင်က ပြောလိုက်တယ်။ အထဲကို ဝင်ခဲ့ပါတဲ့”

ဝမ်ကျင်းသည် အမေကို မြင်းပေါ်မှ ချ၏။ လက်တဖက်က ထမ်းပိုးကို ကိုင်၊ လက် တဖက်က မြင်းကို ဆွဲကာ ကောက်နယ်သည့် တလင်းတခုကို ဖြတ်လာရင်း သူ့နောက်မှ လိုက်လာခဲ့၏။ ထိုနေရာသို့ရောက်လျှင် ထမ်းလာသည့် ဝန်စည်တို့ကို ပခုံးမှ ချကာ မြင်းကို မိုးမခပင်တပင်တွင် ချည်၏။ သားအမိနှစ်ယောက်သည် သက်ငယ်မိုးထားသည့် အခန်းတခုဆီသို့ လာခဲ့ကြ၏။ မြေရှင်မှာ သူတို့နှစ်ယောက်ကို စောင့်နေ၏။ မြေရှင်မှာ အသက် ခြောက်ဆယ်ကျော်ခန့် ရှိလေပြီ။ ဆံပင်မွေး၊ မုတ်ဆိတ်မွေးတို့သည် ဖွေးဖွေးဖြူလျက် ရှိ၏။ ခေါင်းတွင် ခမောက်တလုံးကို ဆောင်းထားပြီး အင်္ကျီလက်တိုပွပွကို ဝတ်ထားကာ ခါးတွင်

ပိုးစည်းကြိုးအနက် စည်းထား၏။ ခြေတွင်လည်း သားရေဖိနပ်ရှည်ကြီးကို စီးထား၏။

ဝမ်ကျင်းသည် ထိုလူကို ရိုသေစွာ ဦးညွှတ် နှုတ်ဆက်၏။

"မလိုပါဘူးကွယ်။ မောင်တို့က ခရီးပန်းလာတဲ့ ခရီးသည်တွေပဲ။ ကဲ၊ ထိုင်ကြထိုင်ကြ" သားအမိနှစ်ယောက်တို့က ရိုသေစွာ နှုတ်ဆက်ပြီးနောက် ထိုင်ကြ၏။

"ကဲ၊ မောင်တို့က ဘယ်ကလဲ ဆိုစမ်းပါဦး။ ဒီအချိန်ကြီးမှ ဘယ်က လာကြတာလဲ"

"ကျွန်တော့်နာမည်က ချန်လို့ ခေါ်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့က အရှေ့နေပြည် တော်မှာ နေကြပါတယ်။ ကျွန်တော်တို့မှာ စီးပွားပျက်လို့ အလုပ်အကိုင် ဆက်လက် မလုပ် နိုင်တော့တာနဲ့ ယန်အန်းမှာရှိတဲ့ ဆွေမျိုးသားချင်းများဆီကို သွားမလို့ပါ။ ဒီနေ့တော့ ရောက်ချင်ဇောနဲ့ ခရီးဆက်လာကြတာ ထမင်းဆိုင်တဆိုင်ကို တွေ့လျက်နဲ့ သတိမထား မိဘဲ လွန်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ကို ဒီနေ့ည တညတော့ တည်းခိုခွင့်ပြုပါ။ မနက်ကျရင် ကျွန်တော်တို့ ခရီးဆက်မှာပါ။ အဖိုးအခကိုလည်း ထုံးစံအတိုင်း ပေးပါ့မယ်"

"ဟုတ်တာပေါ့။ မောင်တို့ကြည့်ရတာ နေရာပြောင်းနဲ့ တူပါတယ်လို့ ငါအောက်မေ့ နေတာ။ သာမန်ခရီးသွားဆိုရင် ဒီလောက် ဝန်စည်စလယ်တွေကို ဘယ်မှာ ယူပါ့မလဲ။ နို့ နေပါဦး၊ မောင်တို့ ထမင်းတို့ ဘာတို့ကော စားပြီးကြပြီလား"ဆိုကာ မြေရှင်သည် သူတို့ အတွက် ထမင်းဟင်းများ အပြင်ခိုင်းလိုက်၏။

အတန်ကြာလျှင် အခန်းထဲတွင် စားပွဲတလုံး ခင်းပြီးသားဖြစ်နေပြီး အခိုင်းအစေ တယောက်သည် ဟင်းသီးဟင်းရွက် ဟင်းလေးခွက်နှင့် အသားဟင်းတခွက်တို့ကို ဗန်း ကလေးဖြင့် ယူလာခဲ့၏။ ထို့နောက် စိမ်ရည်အိုးတလုံးကို ယူလာပြီးလျှင် မီးဖြင့် မွှေးပြီး နောက် ထမင်းမစားခင် တခွက်စီ တိုက်၏။

"ငါတို့တောမှာတော့ စားစရာ ဖွယ်ဖွယ်ရာရာဆိုလို့ သိပ်ရှိတာ မဟုတ်ဘူးကွယ့်။ ဒီတော့ ဟင်းမကောင်းရင်လည်း ခွင့်လွှတ်ကြပေတော့"

ဝမ်ကျင်းသည် အရက်ခွက်ကို ထိုင်ရာမှ ထယူရင်း-

"ကျေးဇူးကြီးပါပေတယ် ခင်ဗျာ။ ကျွန်တော်တို့ဖြင့် ဘယ်လိုကျေးဇူးဆပ်ရမယ်တောင် မသိတော့ပါဘူး"

"ဒါတွေ မလိုပါဘူးကွယ်။ ကဲ၊ သောက်ကြစို့"ဟု ဆိုကာ မြေရှင်က စ၍ သောက်၏။ ဝမ်ကျင်းတို့ သားအမိလည်း စိမ်ရည် လေး ငါးခွက်စီလောက် သောက်လိုက်ကြ၏။ ထို့နောက် စားသောက်ဖွယ်ရာများ ရောက်လာသည့်အတွက် စားကြ၏။ ပန်းကန် ခွက် ယောက်တို့ကို ရှင်းလင်းပြီးသည့်အခါတွင် မြေရှင်သည် ထိုင်ရာမှ ထ ကာ သားအမိနှစ်ယောက်တို့ကို ဧည့်သည့်ဆောင်သို့ လိုက်ပို့၏။

"အမေစီးလာတဲ့ မြင်းကိုလည်း အစာရေစာများ ကျွေးပြီး မြင်းဇောင်းထဲကို သွင်းထားပေးပါလား ဦးကြီးရယ်။ အဲဒီအတွက် အခကိုလည်း ပေးပါ့မယ်"

"ရပါတယ်ကွယ်။ တို့အိမ်မှာလည်း မြင်းတွေ၊ လားတွေ ရှိပါတယ်။ မောင့်မြင်းကို တို့ ဇောင်းထဲသွင်းပြီး အစာရေစာကျွေးဖို့ ခိုင်းလိုက်ပါ့မယ်"

ဝမ်ကျင်းသည် သူ့ကို ကျေးဇူးစကားဆိုပြီးနောက် ထမ်းပိုးကို ထမ်းကာ သူ့ဝန်စည် စလယ်များ ဧည့်သည်ဆောင်ထဲသို့ ယူလာခဲ့၏။ အခိုင်းအစေတယောက်က မီးထွန်းပေးပြီး ခြေထောက် ဆေးရန် ရေနွေးတဇလုံ လာချပေး၏။ မြေရှင်လည်း သူ့အခန်းသို့ ပြန်သွား၏။ ဝမ်ကျင်းတို့ သားအမိလည်း အခိုင်းအစေကို ကျေးဇူးတင်ကြောင်း ပြောဆိုကာ တံခါးကို ပိတ်၍ အိပ်ကြလေ၏။ တညလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားကြ၏။ နေ အတန်ငယ်မြင့် သည့်တိုင် အိပ်ရာမှ မထသေးသည့်အခါတွင် မြေရှင်သည် သူတို့အခန်းဆီသို့ လာခဲ့ရာ အထဲမှ ညည်းနေသော အသံကို ကြားရ၏။

"ဗျို့၊ ဧည့်သည့်တို့။ မထကြသေးဘူးလား။ ထကြတော့လေ။ မိုးလင်းတော့မယ်"

ဝမ်ကျင်းသည် အိပ်ရာမှ ထလာကာ အိမ်ရှင်ကို နှုတ်ဆက်၏။

"ဟုတ်ကဲ့။ နိုးတော့ နိုးနေပါပြီ ဦးကြီး။ ဦးကြီးမှာလည်း ကျွန်တော်တို့အတွက် တော်တော် ဒုက္ခများနေပြီ ထင်ပါရဲ့"

"ဒါထက် စောစောက ညည်းနေတာ ဘယ်သူလဲကွယ့်"

"အမှန်ကို ပြောရင်တော့ အမေဟာ မြင်းစီးလာရလို့ တော်တော်လေး ပင်ပန်းနေ ပါတယ် ဦးကြီး။ သူ့မှာ နှလုံးရောဂါအခံ ရှိတော့ မနေ့ညက ရင်ဘတ်အောင့်လို့ ဆိုပြီး တညလုံး ညည်းနေတော့တာပါပဲ"

"ဒီလိုဆိုရင်လည်း နောက်ထပ် တရက်၊ နှစ်ရက်လောက် နားလိုက်ပါဦးလား။ စိတ် မပူပါနဲ့ကွာ။ ငါ့မှာ နှလုံးရောဂါပျောက်တဲ့ ဆေးညွှန်းကောင်းကောင်းရှိပါတယ်။ ငါ့တပည့် တယောက်ကို မြို့က ဈေးကို လွှတ်ပြီး ဆေးအမယ် အဝယ်ခိုင်းလိုက်မယ်။ စိတ်မပူပါနဲ့။ အေးအေးဆေးဆေးသာ

နေပါလို့ မောင့်အမေကို ပြောလိုက်ပါ”

ဝမ်ကျင်းသည် သူ့ကို ကျေးဇူးစကား ဆို၏။

သို့ရာတွင် အသေးစိတ်တို့ကို မဖော်ပြတော့ပြီ။ ဝမ်ကျင်းတို့ သားအမိသည် မြေရှင်၏ အိမ်တွင် နားနေကြပြီး အမေမှာလည်း ဆေးဝါးတို့ကို မှီဝဲလျက်ရှိ၏။ ခြောက်ရက်၊ ခုနစ် ရက် ရှိသည့်အခါတွင် အမေ၏ ရောဂါမှာ အတော်ကြီး သက်သာသွားလေပြီ။

ဝမ်ကျင်းသည် အထုပ်အပိုးတို့ကိုပြင်ကာ ခရီးဆက်ရန် ပြင်ဆင်၏။ မိမိ၏ မြင်းဇောင်း သို့ လာခဲ့ရာ ကိုယ်အထက်ပိုင်းတခုလုံး ဗလာကျင်းထားလျက် ကိုယ်ပေါ်တွင် နဂါးရုပ်ပြာ ကြီးတွေ ထိုးကွင်းထိုးထားသည့် လူငယ်တယောက်ကို တွေ့ရ၏။ ထိုလူရွယ်၏ မျက်နှာမှာ ပန်းကန်ပြားကြီးကဲ့သို့ ဝိုင်းလျက်ရှိ၏။ အသက်မှာ ဆယ့်ကိုးနှစ်လောက်သာ ရှိပြီး လူရွယ် သည် တုတ်တချောင်းဖြင့် သိုင်းလေ့ကျင့်လျက်ရှိ၏။

ဝမ်ကျင်းသည် အတန်ကြာမျှ ကြည့်နေပြီးနောက်-

“အင်း၊ သိုင်းကွက်လေးကတော့ သိပ်မဆိုးလှပါဘူး။ ဒါပေမဲ့ အားနည်းချက်တွေ ရှိနေတယ်။ ဒီလောက်နဲ့ဆိုရင်တော့ သိုင်းသမားကောင်းနဲ့ တွေ့ရင် ခံရမှာပေါ့”ဟု ပါးစပ်မှ အလိုလိုထွက်သွား၏။ သူ့စကားကို လူငယ်ကြားသွားသည့်အခါတွင် လူငယ်သည် ဒေါသ ထွက်သွားကာ-

“နေစမ်းပါဦး၊ ကျုပ်သိုင်းကွက်ကို လှောင်ရအောင် ခင်ဗျားက ဘယ်သူမို့လို့လဲ။ ကျုပ် ဟာ သိုင်းဆရာအကျော်အမော် ရှစ်ဦးဆီမှာ သင်လာခဲ့တာဗျ။ ခင်ဗျားလိုလူကို မစမ်းရဲဘူး ထင်နေသပေါ့။ အကြောင်းသိသွားချင်ရင် စမ်းကြည့်လေ”

ထိုသို့ပြောနေစဉ် မြေရှင် အိမ်ထဲမှ ထွက်လာကာ “ဟဲ့၊ ဘာဖြစ်လို့ ဒီလိုပြောရတာလဲ” ဟု အော်၏။

“သူက ကျွန်တော့်သိုင်းကွက်ကို လာလှောင်တာကိုးဗျ”ဟု သူငယ်က ပြန်ပြော၏။

“နေပါဦး မောင်ရယ်၊ မောင်က သိုင်းတို့ ဘာတို့များ ကစားတတ်သလား”

မြေရှင်က ဝမ်ကျင်းကို မေး၏။

“နည်းနည်းပါးပါးတော့ ကစားတတ်ပါတယ်ခင်ဗျာ။ မသိလို့ မေးပါရစေ ဦးကြီးရယ်။ ဒီသူငယ်က ဦးကြီးနဲ့ ဘာတော်ပါသလဲ”

"ကျုပ်သားပဲဗျ"

"ဒီလိုဆိုရင် ကျွန်တော့်ကျေးဇူးရှင်ပဲ ခင်ဗျာ။ သူ လိုချင်တယ်ဆိုရင်တော့ ကျွန်တော် သင်ခန်းစာလေး ဘာလေး ပြပေးခဲ့ချင်ပါတယ်။ လက်ခံနိုင်ပါ့မလား"

"ကောင်းတာပေါ့ မောင်ရာ။ ဟဲ့ သား၊ မင်း ဆရာကို ကန်တော့လိုက်"ဟု သူ့သားငယ် ကို ပြော၏။ သို့ရာတွင် သူငယ်ကမူ လက်မခံသေးချေ။

"အဖေကလည်းဗျာ။ ဒီလူ့စကားကို အဟုတ်ထင်နေတာကိုး။ သတ္တိရှိရင် ကျွန်တော်နဲ့ တပွဲတလမ်းလောက် စမ်းကြည့်လေ။ ကျွန်တော့်ကိုနိုင်ရင် ဆရာတင်ပြီး ကန်တော့ဖို့ အဆင်သင့်ပါ"

"ငါ့ညီက အတည်ပြောတာတော့ မဟုတ်ပါဘူးနော်။ ဒီလိုလုပ်ပါကွာ။ ငါ့ညီနဲ့ အပျော် "တပွဲလောက် ကစားကြည့်ကြတာပေါ့"

သူငယ်သည် တလင်းတွင် ခြေစုံရပ်လိုက်ပြီးနောက် တုတ်ကို ခေါင်းပေါ်တွင် ရဟတ် လည်သကဲ့သို့ရှိအောင် တဝီဝီ လှည့်ပြ၏။

"ကဲ၊ လာလေဗျာ။ သတ္တိရှိရင် ဝင်ကြည့်ပေါ့" ဟု သူငယ်က ပြော၏။

ဝမ်ကျင်းသည် ပြုံးလျက်ရှိ၏။ မည်သို့မျှ လှုပ်ရှားခြင်းမပြုချေ။

"ကဲ၊ မောင်က သူငယ်ကို သင်ပေးချင်တယ်ဆို။ တပွဲလောက် စမ်းကြည့်လိုက်ပါလား" ဟု မြေရှင်က ပြော၏။

ဝမ်ကျင်းက ရယ်လိုက်လျက်-

"သူငယ်ကလေး သိပ်နာသွားလိမ့်မယ် ခင်ဗျာ။ ဘယ်ကြည့်ကောင်းပါ့မလဲ"

"ရပါတယ်လေ။ မောင့်ကြောင့် သူ့လက်တို့၊ ခြေတို့ ကျိုးသွားရင်လည်း ကိစ္စမရှိပါဘူး။ သူ့တာဝန်ပေါ့" "ဒီလိုဆိုရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပေတော့ ခင်ဗျာ"ဟု ဆိုကာ ဝမ်ကျင်း သည် လက်နက်များ စုပုံထားရာစင်မှ သိုင်းတုတ်တချောင်းကို ဆွဲယူလာခဲ့ကာ တလင်း ပြင်တွင် အဆင်သင့် အနေအထားဖြင့် ရပ်လိုက်၏။

သူငယ်သည် သူ့ကို အတန်ကြာ စိုက်ကြည့်နေ၏။ ထို့နောက် သူ့တုတ်ကို မြှောက်၍ ဝင်လာ၏။ ဝမ်ကျင်းသည် သူ့တုတ်ကို မြေတွင် တရွတ်တိုက်ဆွဲကာ နောက်သို့ ခပ်သွက် သွက်ဆုတ်၏။ သူငယ်က တုတ်ကို ဝှေ့ယမ်းကာ သူ့နောက်မှ ထက်ကြပ်လိုက်လာ၏။ ထိုစဉ် ဝမ်ကျင်းသည် ရုတ်တရက် နောက်သို့ ချာခနဲလှည့်လိုက်ပြီး ခုတ်ချတော့မည်ဟန် တုတ်ကို မြှောက်လိုက်၏။ ဤတွင်

သူငယ်ကလည်း တုတ်ကို မြောက်ရိုက်တော့မည်ဟန် ပြင်၏။ သို့ရာတွင် ဝမ်ကျင်းသည် သူ့တုတ်ကို ဆတ်ခနဲ ပြန်ရုပ်လိုက်ပြီး သူငယ်၏ ရင်ဝ တည့်တည့်ကို ထိုးချလိုက်ရာ သူငယ်သည် ပက်လက်လန် လဲကျသွားလေ၏။ သူ့တုတ် မှာလည်း ဘေးသို့ လွင့်စဉ်သွား၏။

ဝမ်ကျင်းသည် သူ့လက်တွင် ကိုင်ထားသည့် တုတ်ကို အဝေးသို့ လွှင့်ပစ်လိုက်ပြီး သူငယ်ဆီသို့ ပြေးလာကာ-

"စိတ်မကောင်းပါဘူး ငါ့ညီရာ"

သူငယ်သည် လဲနေရာမှ ထလာ၏။ ခွေးခြေတလုံးကို ယူလာပြီး ဝမ်ကျင်းကို အထိုင် ခိုင်းကာ ရိုသေစွာ ကန်တော့၏။

"ကျွန်တော် သိုင်းဆရာတော်တော်များများနဲ့ သင်ခဲ့ဖူးပါပြီ ဆရာ။ ဒါပေမဲ့ တကယ် ဘာမှ မတတ်ခဲ့ပါဘူး ဆရာ။ ကျွန်တော့်ကို သင်ပြပေးပါ ဆရာ။ ကျွန်တော် တောင်းပန် ပါတယ်"

"တို့သားအမိဟာ မင်းတို့ကို လာပြီး ဒုက္ခပေးခဲ့တာ တပတ်လောက်ရှိသွားပြီ။ ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိဘဲ ဖြစ်နေတာ။ ခုတော့ ကျေးဇူးဆပ်ခွင့် ရသွားတာပေါ့ကွာ"ဟု ဝမ်ကျင်းက ပြော၏။

မြေရှင်မှာ များစွာ ကျေနပ်လျက်ရှိလေပြီ။ သားကို အဝတ်အစားလဲလာရန် ပြောပြီး နောက် သူတို့သည် နောက်ဖေးဆောင်ထဲတွင် ထိုင်ကြ၏။ မြေရှင်သည် အခိုင်းအစေ တယောက်ကို ခေါ်ကာ သိုးတကောင်ကို ပေါ်ပြီး ချက်ပြုတ်ရန် စိမ်ရည်နှင့် သစ်သီးများ၊ စားဖွယ်သောက်ဖွယ်များ ယူခဲ့ရန် ခိုင်းလိုက်၏။ ထို့နောက် ဝမ်ကျင်းတို့ သားအမိကို သူနှင့်အတူ လာ၍ စားသောက်ရန် ဖိတ်ကြား၏။

စားပွဲတွင် ထိုင်မိကြသည့်အခါ မြေရှင်သည် စိမ်ရည်များကို ငှဲ့ပေးပြီး ဝမ်ကျင်းအတွက် ခွက်မြောက်ဆုတောင်း၏။

"မောင့်လို သိုင်းအတတ် ကျွမ်းကျင်ပုံမျိုးနဲ့ဆိုရင် သိုင်းဆရာကြီး ဖြစ်လောက်ပါပေ တယ်ဗျာ။ ကျုပ်သားကတော့ "မျက်စိသာရှိပြီး တိုက်ရှန်းတောင်တန်းကြီးကို မမြင်" ဆိုတဲ့ စကားပုံလို ဖြစ်နေတယ်ဗျ"

ဝမ်ကျင်းသည် ရယ်လိုက်၏။

"ဖြောင့်မှန်သူအား မှန်သောစကားကို ပြောရာ၏" ဆိုတဲ့ စကားအတိုင်းပေါ့ ခင်ဗျာ။ ကျွန်တော့်နာမည်ရင်းဟာ ချန် မဟုတ်ပါဘူးခင်ဗျာ။ ဝမ်ကျင်းပါ။ နေပြည်တော် ဘုရင့် ကိုယ်ရံတော်တပ်ရင်းမှာ သိုင်းဆရာ လုပ်ခဲ့ပါတယ်။

တုတ်သိုင်းတို့၊ လှံတို့နဲ့ နေ့တိုင်း လေ့ကျင့်ကစားခဲ့ပါတယ်။ ခု ကိုယ်ရံတော်တပ်မှာ တပ်မှူးကြီးဖြစ်နေတဲ့ စစ်သူကြီး ကောက်ကျူဟာ တခါတုန်းက သိုင်းကစားရာမှာ ကျွန်တော့်အဖေကို ရှုံးသွားခဲ့ဖူးတယ် ခင်ဗျ။ ဒီတင် ကျွန်တော်တို့ကို လက်စားချေဖို့ အမြဲတမ်း အခွင့်အရေးကို စောင့်နေခဲ့တာ။ ခုတော့ သားဖြစ်တဲ့ ကျွန်တော့်ကို လက်စားချေဖို့ လုပ်တော့တာပေါ့။ ကျွန်တော့်မှာလည်း သူ့လက်အောက်က ဆိုတော့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူးလေ။ ဒါနဲ့ အမေ့ကို ခေါ်ပြီး ထွက်ပြေးလာခဲ့တာပါ။ ခု ယန်အန်းပြည်နယ်ကို သွားပြီး ဗိုလ်ချုပ်ကြီးချုံ ကွပ်ကဲတဲ့ နယ်ခြားစောင့်တပ်ကို ဝင်မယ်ဆိုပြီး ထွက်လာခဲ့တာပါ။ ဒီနေရာကို ရောက်လာပြီး ဦးကြီး တို့သားအဖနဲ့ တွေ့လိမ့်မယ်၊ ဒီလို ဧည့်ခံပြုစုတာမျိုးကိုလည်း ကြုံရလိမ့်မယ်လို့ ကျွန်တော်တို့ မထင်ခဲ့ပါဘူး။ ခုတော့ ဦးကြီးတို့ဟာ ကျွန်တော့်အမေရဲ့ ရောဂါကိုလည်း ကုသပေးကြ တယ်။ ကျွန်တော်တို့ကိုလည်း ရက်ပေါင်းများစွာ ကျွေးမွေးကြတယ်။ ဦးကြီးတို့ကျေးဇူးတွေ များလှပါပြီခင်ဗျာ။ ဦးကြီးရဲ့သားက သိုင်းပညာများကို သင်ယူချင်တယ်ဆိုရင် ကျွန်တော် တတ်စွမ်းသမျှ သင်ပေးခဲ့ပါ့မယ်။ ခု သူ တတ်ထားသလောက်ကတော့ အပေါ်ယံ ဟန်ရေး ပြရုံလောက်ကောင်းတဲ့ သိုင်းပညာကလေးပဲ ရှိပါသေးတယ်။ ကြည့်လိုက်ရင်တော့ ဟန် ပါရဲ့။ ဒါပေမဲ့ ရန်သူနဲ့ တွေ့တွေ့ဆိုင်ဆိုင် တိုက်ခိုက်ရာမှာတော့ ဘာမှ အသုံးမဝင်လှပါဘူး။ ဒီတော့ ကျွန်တော် သင်ပေးရမယ်ဆိုရင် အခြေခံကပဲ စပြီး သင်ပေးပါရစေ”

“ကဲ၊ ငါ့သား။ မင်းရှုံးတာကို ဝန်ခံပြီး မင်းဆရာကို နောက်တကြိမ် ကန်တော့လိုက်ဦး” မြေရှင်က ပြောသည့်အခါတွင် သားဖြစ်သူလည်း ထိုင်၍ ကန်တော့ပြန်၏။

“မောင် သိအောင်တော့ ပြောလိုက်ရဦးမယ်ဗျ။ ကျုပ်တို့အမျိုးဟာ ဆွေစဉ်မျိုးဆက် ဟောဒီ ဟွာယင်းနယ်မှာပဲ နေလာခဲ့ကြတယ်။ ကျုပ်တို့ရွာနားမှာ ဟောဟို ရှောက်ဟွာ တောင်တန်းကြီး ရှိတယ်။ ခု ကျုပ်တို့နေတဲ့ ရွာကတော့ ရှီ အိမ်ထောင်စုရွာတဲ့။ ကျုပ်တို့ ရွာက အိမ်ထောင်ပေါင်း သုံး လေးရာကျော်လောက်ဟာ ရှီနဲ့ စတဲ့ အမည်တွေနဲ့ချည်းပဲဗျ။ ကျုပ်သားဟာ ငယ်ငယ်လေးကတည်းက လယ်လုပ်တာတို့ ဘာတို့ကို ဝါသနာမပါခဲ့ဘူး။ လက်နက်မျိုးစုံနဲ့ ကစားနေတာပဲ။ သူ့အမေက လက်နက်တွေနဲ့ မကစားဖို့ ပြောပေမယ့် လည်း မရပါဘူး။ ဒီတင် မအေကြီးလည်း သူ့စိတ်နဲ့ သေခဲ့ရတာပါပဲ။ ကျုပ်လည်း ဒီလောက် တောင်ရှိလှတာ သူ့ဝါသနာအတိုင်း လုပ်စမ်းပေ့စေဆိုပြီး ခွင့်ပြုခဲ့ရတာပဲ။ ခုဆို ကျုပ်မှာ သိုင်းဆရာတွေ ခေါ်ပြီး သင်ရတာ ပိုက်ဆံလည်း ကုန်လှပြီ။ မင်းသေ့ဆရာကို ခေါ်ပြီး သူ့ လက်နက်တွေနဲ့ သူ့ခန္ဓာကိုယ်ပေါ်မှာ နဂါးရုပ်တွေကိုလည်း ထိုးပေးခဲ့ပြီးပြီ။ သူ့ကိုယ်ပေါ် မှာဆိုရင် နဂါးကိုးကောင်ရုပ်တောင် မင်ကြောင်ထိုးထားတယ်။ ဒါကြောင့် သူ့ကို ဒီနယ် တဝိုက်က နဂါးကိုးကောင်ရှိကျင်းလို့ ခေါ်ကြတယ်ဗျ။ ခုတော့ မောင် ရောက်လာပြီး

သူ့ကို ပညာသင်ပေးမယ်ဆိုတော့ အဆင်သင့်လိုက်လေဗျာ။ မောင့်ကို ထိုက်ထိုက်တန်တန် ဉာဏ်ပူဇော်ခလည်း ပေးပါ့မယ်”

ဝမ်ကျင်းမှာ ဝမ်းသာလျက်ရှိလေပြီ။

“စိတ်ချပါ ဦးကြီးရာ။ ဦးကြီးက သင်ပေးစေချင်တယ်ဆိုရင် ကျွန်တော်တတ်သလောက် သင်ပေးခဲ့ပါ့မယ်”

အိမ်ရှင်နှင့် ဧည့်သည်တို့သည် စားပွဲတွင် ထိုင်၍ စားကြသောက်ကြ၏။ ထိုနေ့မှစ၍ ဝမ်ကျင်းနှင့် သူ့အမေတို့သည်လည်း မြေရှင်၏ အိမ်မှာပင် ဆက်လက်နေထိုင်ကြ၏။ ဝမ်ကျင်းသည် သူငယ်ကို နေ့တိုင်း သင်ကြားပေး၏။ အဲမောင်းအတတ်၊ လက်ရိုက်အတတ်၊ လေးမြားအတတ်၊ ဒူးလေးအတတ်၊ စိန်ပြောင်းအတတ်၊ တုတ်ဆက်သိုင်းအတတ်၊ သိုင်း တောင်ဝှေ့သိုင်းအတတ်၊ ဓားသိုင်းအတတ်၊ ကြိုးသိုင်းအတတ်၊ ချိတ်သိုင်းအတတ်၊ ပုဆိန် သိုင်းအတတ်၊ ရဲတင်းသိုင်းအတတ်၊ စိန်ချွန်သိုင်းအတတ်၊ မိုန်းသိုင်းအတတ်၊ ဒိုင်းအတတ်၊ တုတ်သိုင်းအတတ်၊ လှံသိုင်းအတတ်၊ ခရင်းသိုင်းအတတ် စသည့် လက်နက်ဆယ့်ရှစ်မျိုး တို့၏ အတတ်ကို သင်ကြားပေး၏။ မြေရှင် ရှိမှာ သူကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် အတွက် ဟွာယင်းမြို့သို့ ထွက်သွားရ၏။ ထိုအကြောင်းကိုမူ မပြောတော့ပြီ။

ရက်တွေက ပြောင်းလာ၏။ သို့ဖြင့် နှစ်ဝက်နီးပါး ကြာခဲ့လေပြီ။

ရှိကျင်းသည် လက်နက်တဆယ့်ရှစ်မျိုးတွင် တဖက်ကမ်းခတ် တတ်မြောက်လာခဲ့၏။ ဝမ်ကျင်းသည် သူ့တွင် ရှိသမျှ ပညာကုန်အောင် အားစိုက်ခွန်စိုက် သင်ကြားပေးပြီး သိုင်း အတတ်ပညာတမျိုးစီ၏ ထူးခြားချက်များကိုလည်း ရှင်းလင်းပြ၏။ အတတ်ပညာမျိုးစုံကို ရှိကျင်း တတ်မြောက်လာသည့်အခါတွင် “ဒီမှာ နေရတာ ကောင်းကောင်းမွန်မွန်တော့ နေရပါရဲ့။ ဒါပေမဲ့ ပျော်ရာမှာချည်း နေလို့ မဖြစ်သေးဘူး။ ငါ့ပန်းတိုင်ရောက်အောင် သွား ရဦးမယ်” ဟု ဝမ်ကျင်း တွေးမိ၏။ ဝမ်ကျင်းသည် ယန်အန်းသို့ ခရီးဆက်လိုလှပြီဖြစ်သော် လည်း ရှိကျင်းသည် သူ့ကို တားဆီးလျက်ရှိ၏။

“ဒီမှာပဲနေပါ ဆရာရယ်။ ဆရာတို့သားအမိကို တသက်လုံး ကျွေးထားပါ့မယ်။ မဖြစ် ဘူးလား”ဟု ရှိကျင်းက တောင်းပန်၏။

“မင်း စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ငါ့ညီ။ ဒီမှာနေရတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ငါ့မှာ ကောက်ကျူရန်က ရှိနေသေးတယ်။ ငါ့ကို ဖမ်းမိသွားရင် ငါ့ညီမှာ အမှုပတ်နေလိမ့်မယ်။ ဒီလိုဆိုရင် ဘယ်တရားပါ့မလဲ။ တို့နှစ်ဦးစလုံး ဒုက္ခရောက် မှာပေါ့။ ငါကတော့ ယန်အန်းကို

သွားပြီး နယ်ခြားစောင့်တပ်က ဗိုလ်ချုပ်ကြီးချုံဆီမှာ အမှုထမ်းဖို့ ဆုံးဖြတ်ပြီးပြီ။ နယ်ခြား ဆိုတော့ တို့လိုလူတွေလည်း လိုနေတယ်။ အဲဒီကျမှ ဘဝသစ်တခု ပြန်ထူထောင်ရတော့မှာပဲ”

ဝမ်ကျင်းအား တားဆီး၍ မရတော့သည့်အတွက် ရှိကျင်းနှင့် သူ့အဖေတို့သည် ဝမ်ကျင်းအတွက် နှုတ်ဆက်စားသောက်ပွဲကြီးတခု ကျင်းပကြ၏။ ဖဲထည်နှစ်လိပ်နှင့် ငွေစ များကိုလည်း လက်ဆောင်ပေးလိုက်ကြ၏။

နောက်တနေ့၌ ဝမ်ကျင်းသည် သူ့အထုပ်အပိုးများကို ထမ်းပိုးတွင် တပ်ကာ မြင်းကို ပြင်၏။ သားအမိနှစ်ယောက်သည် မြေရှင်ကို နှုတ်ဆက်၏။ ထို့နောက် ဝမ်ကျင်းသည် အမေကို မြင်းပေါ်သို့ ပွေ့ချီတင်ကာ ယန်အန်းသို့ ထွက်လာခဲ့ကြ၏။ ရှိကျင်းသည် အခိုင်း အစေတယောက်ကို ခေါ်ကာ ဝန်စည်စလယ်တို့ကို အထမ်းခိုင်း၏။ သူကိုယ်တိုင်မှာမူ ဧည့်သည်များနှင့် ခွဲရသည်ကို စိတ်မကောင်းသဖြင့် ဆယ်လီခန့်အထိ လိုက်ပို့၏။ ခွဲခါနီးတွင် ရှိကျင်းသည် သူ့ဆရာကို ကန်တော့ကာ မျက်ရည်လည်ရွဲဖြင့် နှုတ်ဆက်၍ အခိုင်းအစေနှင့် အတူ အိမ်သို့ ပြန်လာခဲ့၏။ ဝမ်ကျင်းသည် ဝန်စည်တို့ကို ပခုံးတွင်ထမ်းကာ မြင်းနောက်မှ လိုက်လာခဲ့၏။ သားအမိနှစ်ယောက်သည် ပေတရာ လမ်းမကြီးအတိုင်း အနောက်စူးစူးသို့ လာခဲ့ကြ၏။

ဤတွင် နယ်ခြားစောင့်တပ်သို့ အမှုထမ်းရန် သွားသည့် ဝမ်ကျင်းအကြောင်းကို ရပ်ပြီး ရှိကျင်းအကြောင်းကို ဆက်ပြောပေအံ့။

ရှိကျင်းသည် ကိုယ်ခံပညာရပ်များကို နေ့စဉ် အပြင်းအထန် လေ့ကျင့်၏။ ငယ်ရွယ်သူ လူလွတ်တယောက် ဖြစ်သည့်အလျောက် ရှိကျင်းသည် ညဥ့်ကြီးသန်းခေါင်တွင်ပင် အိပ်ရာမှ ထ၍ ထိုလက်နက်များဖြင့် လေ့ကျင့်၏။ ညနေအချိန်တွင် လေးမြားအတတ်နှင့် မြင်းစီး အတတ်ကို အိမ်နောက်ဖေးကွင်းပြင်တွင် လေ့ကျင့်၏။

နှစ်ဝက်မျှမကြာမီ ရှိကျင်း၏ အဖေသည် မကျန်းမမာဖြစ်ကာ အိပ်ရာတွင် လဲလေ၏။ ရှိကျင်းသည် ရပ်ဝေးရပ်နီးမှ သမားအကျော်အမော်တို့ကို ပင့်ဖိတ်၍ သူ့အဖေကို ကုသ သည့်တိုင် သမားကျော်တို့လည်း မကယ်နိုင်ကြတော့ပြီ။ သူ ကွယ်လွန်သည့်အတွက် အများပင် ဝမ်းနည်းပက်လက် ဖြစ်ကြရ၏။ ရှိကျင်းသည် သူ့အဖေ၏ အလောင်းကို ကောင်းစွာ ဝတ်စားဆင်ယင်ပေးပြီးလျှင် ခေါင်းတလုံးထဲတွင် ထည့်၏။ ထိုခေါင်းကိုမှ သေတ္တာတွင် ထည့်၏။ ဘုန်းတော်ကြီးများကို ပင့်ဖိတ်ကာ ခုနစ်ရက် ခုနစ်လီတိုင်တိုင် တရားစာများကို ရွတ်ဖတ်ကာ အမျှအတန်းဝေ၏။ တာအိုဘုန်းတော်ကြီးများကို ပင့်ဖိတ်၍ ဖခင် ကောင်းရာသုဂတိသို့ လားရန် ဂါထာမန္တန်များကို ရွတ်ဖတ်၏။ ထို့နောက်တွင်မူ

အခါကောင်းကို ရွေးချယ်ပြီး အသုဘချရန် စီစဉ်၏။

ရှိအိမ်ထောင်စုရွာမှ အိမ်ထောင်ပေါင်း သုံး လေးရာကျော်တို့သည် ဝမ်းနည်းသည့် အထိမ်းအမှတ် အဝတ်အစားများကို ဝတ်ဆင်ကာ အသုဘကို လာကြ၊ လိုက်လံပို့ဆောင်ကြ၏။ မြေရှင်ရှိ၏ အလောင်းကို ရွာအနောက်ဘက် တောင်စောင်းရှိ ဘိုးဘွားများ မြှုပ်နှံ သင်္ဂြိုဟ်ရာ သင်္ချိုင်းတွင် ကောင်းစွာ မြှုပ်နှံ၏။

ယခုအချိန်၌ ရှိကျင်း၏ အိမ်မှုကိစ္စများကို စီမံအုပ်ချုပ်ရန် မည်သူမျှ မရှိတော့ပြီ။ ရှိကျင်းသည် လယ်ယာတို့ကိုလည်း ဂရုမစိုက်ဘဲ သူနှင့် ယှဉ်ပြိုင်၍ သိုင်းကစားနိုင်မည့် သူတို့ကို လိုက်လံ ရှာဖွေကာ သိုင်းကစားခြင်းဖြင့်သာလျှင် အချိန်ကုန်လျက်ရှိလေ၏။ သို့ဖြင့် သုံး လေးလ လွန်မြောက်လာခဲ့၏။ စန္ဒမာသလ ဆဋ္ဌမလလည်း ဖြစ်၍ ရာသီ ဥတုသည် ပူပြင်း၏။ ရှိကျင်းသည် ပူပြင်းလှသဖြင့် အိမ်နောက်ဖေး ကောက်နယ်တလင်း အစပ်ရှိ မိုးမခပင် တပင်အောက်တွင် ရွက်ဖျင်ကုလားထိုင်တလုံးဖြင့် ထိုင်ရင်း လေညင်းခံ လျက်ရှိ၏။ ဘာမျှ လုပ်စရာ မရှိချေ။ တဖက်ရှိ ထင်းရှူးတောအုပ်ဆီမှ အေးမြသော လေညင်းသည် တသုန်သုန်တိုက်လာ၏။ “အေးလိုက်တဲ့ လေ”ဟု ရှိကျင်းစိတ်ထဲမှ ပြောမိ၏။ ထိုစဉ်ထင်းရှူးတောထဲမှ ခေါင်းပြူ၍အိမ်ဘက်သို့ချောင်းကြည့်နေသော လူတယောက် မြင်လိုက်ရ၏။ “ဟေ့၊ ငါ့အိမ်ဘက်ကို ချောင်းကြည့်နေတာ ဘယ်သူလဲဟေ့”ဟု ရှိကျင်း အော်၍ မေးလိုက်၏။ ရှိကျင်းသည် ထိုင်ရာမှ ထကာ သစ်ပင်ဆီသို့ ပြေးလာခဲ့၏။ သစ်ပင် နောက်တွင် ပုန်းကွယ်နေသည့် လီကျို အမည်ရှိ ယုန်ထောင်သမားကို တွေ့ရ၏။

“ခင်ဗျား ဘာဖြစ်လို့ ကျုပ်အိမ်ကို ချောင်းကြည့်နေတာလဲ။ ဘာလဲ၊ ကျုပ်ကို ချောင်း နေတာလား”

လီကျိုသည် ပုန်းကွယ်ရာမှ ထွက်လာကာ သူ့ကို ရိုသေစွာ နှုတ်ဆက်ပြီးနောက်-“မဟုတ်ပါဘူး ဆရာလေးရယ်။ ဆရာလေးအိမ်က ဂျပုကျူကို ကြည့်တာပါ။ သူနဲ့ အရက်ကလေး ဘာလေး သောက်ရအောင်လို့ပါ။ ဆရာလေး ထိုင်ပြီး လေညင်းခံနေတာ မြင်တော့ မဝင်ရဲတာနဲ့ ပုန်းနေတာပါ”

“မေးပါရစေဦးဗျ။ အရင်တုန်းကဆို ခင်ဗျား ကျုပ်တို့အိမ်ကို လာပြီး ယုန်တို့၊ ဆတ်တို့ လာပြီး ရောင်းနေကျပဲ။ ကျုပ်တို့လည်း တန်ရာတန်ဖိုး ပေးဝယ်ခဲ့တာချည်းပါပဲ။ ခု ဘာဖြစ်လို့ လာမရောင်းတော့တာလဲ။ ကျုပ်မှာပိုက်ဆံမရှိတော့ဘူးထင်ပြီးလာမရောင်းတော့တာလား” “ဒီလို မထင်ရဲပါဘူး ဆရာလေးရယ်။ ခုတလောမှာ တောကောင်က ဘာမှ မရဘူး ဆရာလေးရဲ့။ ဒါကြောင့်မို့ လာမရောင်းတာပါ”

“မဟုတ်တာဗျာ။ ရှောက်ဟွာတောင်လို ဒီလောက် တောထူတဲ့

တောင်ရိုးကြီး တလျှောက်မှာ ဘာကောင်မှ မရှိဘူးဆိုတာ ဖြစ်နိုင်မတဲ့လား။ ချေတို့၊ ယုန်တို့ မရှိတော့ ဘူးလို့ ပြောတော့ ယုံရမှာတဲ့လား"

"ဩော်၊ ဆရာလေးက ဘာမှ မသိဘဲကိုး။ တောင်ရိုးပေါ်မှာ တောပုန်းစားပြတွေက စခန်းချထားကြတယ် ဆရာလေးရဲ့။ လူအင်အားက ခြောက်ရာ ခုနစ်ရာလောက် ရှိပြီး မြင်း တွေကလည်း တရာလောက် ရှိတယ်။ အဲဒီ တောပုန်းဂိုဏ်းရဲ့ ခေါင်းဆောင်က စစ်ကျွမ်းသူ ချူဝုတဲ့။ သူ့လက်အောက်ခေါင်းဆောင်က ကမ်းခုန်ကျားချင်တတဲ့။ တတိယခေါင်းဆောင်က မြွေပြောက်ဖြူ ယန်ချွန်းတဲ့။ အဲဒီတောပုန်းဗိုလ်သုံးယောက်ဟာ အနီးအနားတဝိုက် ရွာတွေကို ဝင်လုပြီး စိတ်ထင်တိုင်း သောင်းကျန်းနေကြတာ ကြာပါပကော ဆရာလေးရဲ့။ ဟွာယင်းခရိုင်က အာဏာပိုင်တွေကလည်း သူတို့ကို မနှိမ်နင်းနိုင်တော့ဘဲ လက်ပိုက်ကြည့် နေကြရတယ်။ သူတို့ကို ဖမ်းမိရင် ဆုတော်ငွေ ငွေစင်သုံးထောင်ပေးမယ်လို့တော့ ကြော်ငြာ ထုတ်ထားလေရဲ့။ ဒါပေမဲ့ သူတို့ကို ဘယ်သူ ဖမ်းရဲပါ့မလဲဗျာ။ ကျွန်တော်လည်း တောင် ပေါ်တက်ပြီး တောမလိုက်ရဲတော့ဘူး ခင်ဗျ။ ဒါကြောင့်မို့ ဆရာလေးဆီကို ယုန်သားလေး တွေ၊ ချေသားလေးတွေ လာမရောင်းတာ"

"တောင်ရိုးပေါ်မှာ တောပုန်းတွေ ရှိတယ်ဆိုတာတော့ အကြားသား။ ဒါပေမဲ့ ဒီလောက် တော့ သောင်းကျန်းမယ် မထင်ဘူးလေ။ ဒီလိုဆိုရင် ကျွန်တော်တို့ကိုလည်း ရန်ရှာနိုင် တာပေါ့။ ဒါပေမဲ့ ခင်ဗျား တောလိုက်ပေးရင်တော့ ယုန်သားကလေး၊ ချေသားကလေး အလိုချင်သားဗျာ"

ယုန်ထောင်သမား လီကျိသည် ခေါင်းညွှတ်၍ အရိုအသေပေးကာ ပြန်သွား၏။

ရှိကျင်းလည်း အိမ်ဆီသို့ ပြန်လာခဲ့၏။

"ဒီလူဆိုးတွေဟာ တယ်ပြီး သောင်းကျန်းနေကြပါ့ကလား။ တို့ရွာကိုလည်း လာပြီး မတိုက်ဘူး မပြောနိုင်ဘူး။ လာများတိုက်ခဲ့ရင်"

ရှိကျင်းသည် အခိုင်းအစေတို့ကို ခေါ်ကာ ဆူဖြိုးသည့် ကျွဲနှစ်ကောင်ကို ပေါ်စေပြီး နောက် အိမ်တွင် စိမ်သည့် စိမ်ရည်အကောင်းစားတို့ကို ထုတ်စေ၏။ ရွှေချောင်း၊ ငွေချောင်း သဏ္ဍာန် ပြုလုပ်ထားသည့် ရွှေစက္ကူလိပ်၊ ငွေစက္ကူလိပ်ကို မီးရှို့ကာ ကံကောင်းစေရန် ဘုရားထံ ဆုတောင်း၏။ ထို့နောက်တွင် ရွာထဲရှိ လယ်သမား သုံး လေးရာ ကျော်တို့ကို မိမိဧည့်ခန်းဆောင်သို့ ဖိတ်ကြား၏။ သက်ရွယ်စဉ်အတိုင်း နေရာထိုင်ခင်းပေးပြီးနောက် အခိုင်းအစေတို့အား စိမ်ရည်ထည့်၍ တည်ခိုင်း၏။

“ဟောဟိုက ရှောက်ဟွာတောင်ရိုးပေါ်မှာ တောပုန်းဗိုလ်သုံးယောက် နောက်လိုက် နောက်ပါ လူ ခြောက်ရာကျော်၊ ခုနစ်ရာခန့်နဲ့ စခန်းချပြီး ရွာနီးချုပ်စပ်တွေကို လုယက် ဖျက်ဆီးနေတယ်လို့ ကြားရတယ် ခင်ဗျ။ ဒီတောပုန်းတွေဟာ သိပ်ရမ်းကားနေလေတော့ တနေ့မှာ ကျွန်တော်တို့ရွာကိုလည်း ဝင်တိုက်မှာအမှန်ပဲ ခင်ဗျ။ ဒါကြောင့်မို့ ဒီကိစ္စကို တိုင်ပင်ဖို့ ကျွန်တော် ဦးကြီးတို့ကို ခေါ်တာပဲ။ ဒီကောင်တွေဟာ တောင်ရိုးပေါ်က ဆင်း လာရင် ကျွန်တော်တို့က အသင့်ဖြစ်နေဖို့ လိုတယ်။ ကျွန်တော်က အိမ်က မောင်းတီး အချက်ပေးလိုက်ရင် ရရာလက်နက်ကို ကိုင်ပြီး ပြေးလာကြပေတော့။ ခင်ဗျားတို့အိမ် တွေကို ဝင်တိုက်ရင်လည်း ကျန်တဲ့လူတွေက ဒီအတိုင်းပဲ ခုခံကြရမှာပဲ။ ဒီလို တယောက် တယောက် ကူညီရိုင်းပင်းပြီး ကျွန်တော်တို့ရွာကို ကာကွယ်ကြရလိမ့်မယ်။ တောပုန်းဗိုလ်တွေ ပါလာရင်တော့ သူတို့ကို ကျွန်တော် တယောက်ချင်း ရှင်းနိုင်ပါတယ်”

“ဆရာလေး ကြိုက်သလိုသာ ဆုံးဖြတ်ပါ။ ကျုပ်တို့ကတော့ ဆရာလေးကိုပဲ အားကိုးရမှာပဲ။ မောင်းတီးသံကြားရင်သာ အဆင်သင့် စုနေကြပေတော့” ဟု လယ်သမားများက ပြောကြ၏။

အစည်းအဝေးပြီးလျှင် ရွာသားများသည်လည်း နှုတ်ဆက်သည့်အနေဖြင့် နောက်ဆုံး အရက်ခွက်ကို မော့ကာ မိမိတို့၏ လက်နက်များကို ပြင်ဆင်ရန် အိမ်သို့ ပြန်သွားကြ၏။ ရှိကျင်းသည် ဝင်းတံခါးများနှင့် တံတိုင်းများကို ခိုင်ခံ့အောင် တည်ဆောက်ကာ အစစ အရာရာ ပြင်ဆင်ထား၏။ သံချပ်အင်္ကျီတို့ကို ထုတ်ကာ ဓားများ၊ မြင်းများကို အဆင်သင့် ပြင်ဆင်ထား၏။ ထိုအကြောင်းကိုမူ အကျယ်မပြောတော့ပြီ။

ရှောက်ဟွာတောင်ရိုးပေါ်ရှိ တောပုန်းဗိုလ်သုံးယောက်၏ အကြောင်းကို ပြောဦးအံ့။

တနေ့သ၌ တောပုန်းများသည် တိုင်ပင်စည်းဝေးကြ၏။ စစ်ကျွမ်းသူဟု အမည်ရသော တောပုန်းဗိုလ်ချုပ်ဝုသည် ထိန့်ယွမ်နယ်သား ဖြစ်၏။ သူ့လက်နက်မှာ ဓားနှစ်လက် ဖြစ်၏။ အတိုက်အခိုက်၊ အသတ်အပုတ် တော်သည့်တိုင် ချူဝုသည် စစ်ဆင်၊ စစ်တက်စသည့် သေနင်္ဗျူဟာနှင့် နည်းပရိယာယ်တို့တွင် ကျွမ်းကျင်၏။ ဒုတိယခေါင်းဆောင်ဖြစ်သည့် ကမ်းခုန်ကျားချင်တမှာ ယေချင်းမြို့မှ ဖြစ်၏။ သူ့လက်နက်မှာ သံမဏိဖျားတပ်ထားသည့် လှံချွန် ဖြစ်၏။ တတိယခေါင်းဆောင် ဖြစ်သည့် မြွေပြောက်ဖြူယန်ချွန်းမှာ ပူချောင်ပြည်နယ် စွေ့လျှံခရိုင်သား ဖြစ်၏။ သူ့လက်နက်မှာ မိုန်း ဖြစ်၏။

ခေါင်းဆောင်ဖြစ်သည့် စစ်ကျွမ်းသူချူဝုက-

“ဟွာယင်းခရိုင်က အာဏာပိုင်တွေက တို့ကို ဖမ်းမိရင် ဆုတော်ငွေ

ငွေစင်သုံးထောင် ပေးမယ်လို့ ကြော်ငြာထားတယ်။ လူတွေ၊ လက်နက်တွေလည်း စုနေတယ်လို့ ကြားရ တယ်။ တို့ဆီ လာရင်တော့ ဒီကောင်တွေကို ကောင်းကောင်းကြီး ဆုံးမလွှတ်လိုက်ရမယ်။ ဒါပေမဲ့ တို့မှာ ငွေနဲ့ ရိက္ခာ မလုံမလောက်ဖြစ်နေတယ်။ ဒီတော့ တောင်အောက်ကို ဆင်းပြီး ငွေတို့၊ ရိက္ခာတို့ကို စုဆောင်းဖို့ လိုတယ်။ စစ်တပ်တွေနဲ့ ဝိုင်းထားရင် တို့မှာ ပြတ်လပ် မသွားအောင် ရိက္ခာအပိုအလျှံ စုဆောင်းထားမိဖို့ လိုတယ်”

ကမ်းခုန်ကျားဟု နာမည်ကြီးသည့် ချင်တက-

“ဟုတ်တာပေါ့။ ဒီလိုဆိုရင် ကျွန်တော်တို့ ဟွာယင်းခရိုင်ကနေပြီး ဆက်ကြေးအဖြစ် ရိက္ခာတွေ တောင်းမယ်။ သူတို့ဘာလုပ်မလဲဆိုတာ စောင့်ကြည့်သေးတာပေါ့”

မြွေပြောက်ဖြူဟု အမည်ရသည့် ယန်ချွန်းက-

“ဟွာယင်းခရိုင်ကို တောင်းလို့တော့ ရမယ်မထင်ဘူး။ ပူချင်းခရိုင်ကို တောင်းရင် ကောင်းမယ်ထင်တယ်။ သေချာပေါက်ရမှာပဲ”

ချင်တက-

“ပူချင်းခရိုင်က လူဦးရေလည်း သိပ်များတာ မဟုတ်ဘူး။ ငွေကြေးချမ်းသာတဲ့ လူ လည်း သိပ်မရှိဘူး။ ရိက္ခာလည်း များများစားစားမရှိဘူး။ ကျုပ်ကတော့ ဟွာယင်းကိုပဲ ဝင်တိုက်ချင်တယ်။ လူချမ်းသာတွေလည်း ပေါတယ်။ ငွေရော၊ ရိက္ခာရော အားလုံးရမှာပဲ”

ယန်ချွန်းက-

“နောင်ကြီး နားမလည်ပါဘူးဗျာ။ ဟွာယင်းကို သွားတိုက်ရင် ကျုပ်တို့တတွေ ရှိအိမ်ထောင်စုရွာကို ဖြတ်ရမှာဗျ။ အဲဒီရွာက နဂါးကိုးကောင်ရှိကျင်း ဆိုတဲ့လူက တော်တော် မာတဲ့လူ။ သူ့ကို ကျုပ်တို့ သွား စ လို့ မဖြစ်ဘူး။ သူ့ရွာက ဘယ်နည်းနဲ့မှ အဖြတ်ခံမှာ မဟုတ်ဘူး”

ချင်တက-

“နောင်ကြီးစကားကလည်းဗျာ၊ ယောက်ျားစကား မဟုတ်တာ ကျနေတာပဲ။ ရွာ တရွာလောက်ကိုမှ မဖြတ်နိုင်ရင် အစိုးရစစ်တပ်တွေကို ကျုပ်တို့ ဘယ်လိုလုပ် ခံတိုက်နိုင် မှာလဲ”

ယန်ချွန်းက-

"နောင်ကြီး သူ့ကို အထင်သေးလို့ မဖြစ်ဘူးနော်။ ဒီလူက တကယ်ကြောက်စရာ ကောင်းတဲ့ လူ"

ချူဝုက-

"ဒီလူက တော်တော်သတ္တိကောင်းတယ်လို့ ငါလည်း ကြားဖူးတယ်။ ကိုယ်ခံပညာတွေ မှာလည်း တော်တော့်ကို ကျွမ်းကျင်သတဲ့။ ငါ့သဘောကတော့ အဲဒီကို မသွားစေချင် ဘူးကွာ"

ချင်တက-

"ခင်ဗျားတို့ တောကျီးကန်းပါးစပ်ကြီးတွေကို ပိတ်ထားလိုက်ကြစမ်းပါဗျာ။ သူများ သတ္တိကို ချီးမွမ်းရင် ကိုယ့်သတ္တိကို နှိမ့်ချတာနဲ့ အတူတူပဲဗျာ။ ဒီကောင်ကကော ဘာသား နဲ့ ထုထားတာမို့လဲ။ လူပဲမဟုတ်လား။ သူ့မှာ ခေါင်းသုံးလုံးရှိပြီး လက်ခြောက်ချောင်း ပါလို့လား။ ကျုပ်တော့ မယုံဘူးဗျာ။ ဟေ့၊ တပည့်တွေ။ ငါ့မြင်းကို ယူလာခဲ့ကြစမ်း။ ရှိအိမ်ထောင်စုရွာကို သွားတိုက်မယ်။ ပြီးရင် ဟွာယင်းကို ဝင်တိုက်ပြမယ်"

ချူဝုနှင့် ယန်ချွန်းတို့က သူ့ကို တားကြသေး၏။ သို့ရာတွင် ချင်တသည် နားမဝင်ချေ။ ချင်တ သည် သံချပ်အင်္ကျီကို ဝတ်ကာ မြင်းပေါ်သို့ တက်၏။ နောက်လိုက် တရာ့ငါးဆယ်ကို ရွေးထုတ်ကာ စည်သံ၊ မောင်းသံတို့ကို ပေးလျက် တောင်အောက်သို့ ဆင်းပြီးလျှင် ရှိအိမ်ထောင်စုရွာသို့ ထွက်သွား၏။

မိမိအိမ်ရှေ့၌ မိမိလူများ၏ လက်နက်များကို စစ်ဆေးလျက်ရှိသော ရှိကျင်းသည် အခိုင်းအစေတယောက် လာပြောသဖြင့် ထိုသတင်းကို ကြားရ၏။ ရှိကျင်းသည် တုံးမောင်း ခေါက်၍ အချက်ပေး လူစု၏။ ရှိအိမ်ထောင်စုရွာသား လေးရာကျော်တို့သည် မိမိတို့၏ လက်နက်များကို ကိုင်စွဲကာ ရှိကျင်းအိမ်ဘက်သို့ ပြေးလာခဲ့ကြ၏။ ဦးပေါင်းရစ် ကြက်သွေး ရောင်တံဆိပ်၊ သံကိုယ်ကျပ်အင်္ကျီ ရွှေခြည်ထိုးဝတ်ရုံနက်၊ အစိမ်းရောင်ဖိနပ်ရှည်နှင့် သားရေခါးပတ်တို့ကို ဝတ်ဆင်ထားသည့် ရှိကျင်းကို တွေ့ရ၏။ သူ့ကိုယ်ပေါ်တွင် လေးတစင်းနှင့် မြားကျည်တောက်တလုံး လွယ်ထားပြီး အပေါက်လေးပေါက်နှင့် အခွေးရှစ်ခု ပါသည့် သုံးမြှောင့်ချွန်နှစ်ဖက်သွား ဓားရှည်တို့ကို လက်တွင် ကိုင်ထား၏။

အခိုင်းအစေတယောက်သည် စရိုက်ကြမ်းသည့် သူ့မြင်းနီကြီးကို ဆွဲလာ၏။ ရှိကျင်း သည် မြင်းပေါ်သို့ တက်၍ ဓားကို မြှောက်လိုက်၏။ အားကောင်းမောင်းသန် အခိုင်းအစေ လေးဆယ်ကို ရှေ့မှ ထွက်စေပြီး ရွာသားကိုးဆယ်ကို နောက်မှလိုက်စေလျက် ရှိကျင်းသည် ရွာမှ ထွက်၏။ ကျန် ရွာသားများသည် အော်ဟစ်ညာသံပေးလျက် ဘေးမှ လည်းကောင်း၊ နောက်မှ လည်းကောင်း

ဝိုင်းပတ်ကာ ရွာမြောက်ဘက်သို့ လာခဲ့ကြ၏။

ချင်တသည် တောင်အောက်သို့ လျင်မြန်စွာ ဆင်းလာပြီးနောက် သူ့လူများကို ဝဲယာ တောင်ပံ ဖြန့်ရန် အမိန့်ပေး၏။ ချင်တသည် အနီရောင်ဦးထုပ်ပြား၊ ရွှေရောင်သံချပ်အင်္ကျီ၊ အနီရောင်ဝတ်ရုံနှင့် ခုံထူဖိနပ်ရှည်ကြီး ဝတ်ဆင်ထားသည်ကို ရှိကျင်း မြင်လိုက်၏။ ခါးတွင် လည်း အပြားကြီး ဖွတ်မြီးထိုး ခါးစည်းကြိုးကြီး စည်းထား၏။ ဒေါက်ကောင်းကောင်း မြင်းဖြူကြီးကို စီးကာ လက်တွင် ဆယ့်ရှစ်ပေရှည်သည့် သံမဏိစိန်ချွန်တပ် လှံရှည်ကြီးကို ကိုင်ထား၏။ ဝဲယာမှ ပန်းတက်လာသည့် ချင်တ၏ လူများထံမှ ကြောက်စဖွယ်ညာသံကြီး ပေါ်ထွက်လာ၏။

ခေါင်းဆောင်နှစ်ဦးတို့သည် မိမိတို့ မြင်းပေါ်မှနေ၍ တဦးကို တဦး လှမ်းကြည့်ကြ၏။ ချင်တက ကုန်းနှီးပေါ်မှ နေ၍ ဦးညွှတ်ပြ၏။

“မင်းဟာ လူတွေကို သတ်ခဲ့တယ်။ ရွာတွေကို မီးရှို့ခဲ့တယ်။ လုတယ်။ ခိုးတယ်။ မင်း ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဟာ သေဒဏ်ကျမယ့် အမှုတွေချည်းပဲကွ။ ငါ့အကြောင်းကို မကြားဖူးဘူးလား။ တောင်အောက်ဆင်းလာပြီး ကျားနှုတ်ခမ်းမွေးကို လာဆွဲရအောင် မင်း ဘယ်လောက် သတ္တိကောင်းလို့လဲ”

ရှိကျင်းက အော်ပြော၏။ ချင်တက-

“တောင်ပေါ်က ကျုပ်တို့စခန်းမှာ ရိက္ခာ လိုနေတယ်ဟေ့။ ဟွာယင်းမြို့က သွားပြီး ချေးမလို့။ ခင်ဗျားအိမ်နားက ဖြတ်သွားမှ ဖြစ်မှာ။ ခင်ဗျားအိမ်နားက မြက်ပင်ကိုတောင် မထိရဲပါဘူးဗျာ။ ခင်ဗျားအိမ်နားက ဖြတ်သွားပါရစေ။ အပြန်ကျရင် ထိုက်သင့်တဲ့ ကျေးဇူး ကို ဆပ်ပါ့မယ်”

“မရဘူးဟေ့။ ငါက ဒီရွာက သူကြီး။ ခု မင်းတို့ကို တိုက်မလို့ ထွက်လာတာ။ မင်းတို့က ဆင်းလာတော့ အတော်ပဲ။ မင်းတို့ကို သွားခွင့်ပေးလိုက်လို့ မြို့ဝန် သိသွားရင် ငါ့မှာ ရာဇဝတ်မှု ရောက်နေလိမ့်မယ်”

“သမုဒ္ဒရာလေးစင်းကြားမှာ လူအားလုံးဟာ ညီရင်းအစ်ကိုတွေချည်းပဲ”ဆိုတဲ့ စကား ရှိပါတယ်ဗျာ။ ကျုပ်တို့ကို ဖြတ်သွားခွင့်ပေးပါ”

“စကားဖျင်းတွေ ပြောမနေနဲ့ဟေ့။ မင်းတို့ကို ငါက ခွင့်ပြုလိုက်ဦး၊ ခွင့်မပြုတဲ့ လူ တယောက်ရှိသေးတယ်။ သူ့ကို မေးကြည့်ဦး”

“အဲဒီ သူရဲကောင်းက ဘယ်သူများလဲဗျာ”

“ဟောဒီမှာ ငါ့လက်ထဲက ဓားဟေ့”

ချင်တမှာ စိတ်တို၍ လာခဲ့လေပြီ။

“ကျုပ် စိတ်ဆိုးအောင် မလုပ်နဲ့နော်။ ကျုပ် စိတ်ဆိုးရင် ခင်ဗျား ဒုက္ခရောက်မယ်”

ရှိကျင်းမှာလည်း စိတ်တိုလာပြီဖြစ်သည့်အလျောက် ဓားကို ဝှေ့ယမ်းကာ မြင်းကို သံဆူးဖြင့် တို့၍ ရှေ့သို့ ဒုန်းစီးလာခဲ့၏။ ချင်တသည်လည်း သူ့မြင်းကို တချက်ရိုက်လိုက်ကာ လှံကို ဝါးလုံးထိုး တန်းတန်းကိုင်ပြီး ရှေ့သို့ ဒုန်းစီးလာခဲ့၏။ လူနှစ်ယောက်သည် ဝင်တိုး မိကြကာ တိုက်ကြ၏။ ကပ်လိုက် ခွာလိုက်ဖြင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ကြပြီးနောက် ရှိကျင်းသည် သူ့ရင်ကို ဟင်းလင်းဖွင့်သွားယောင်ဆောင်ကာ နောက်သို့ ဆုတ်၏။ ဤတွင် ချင်တက ရှေ့သို့ တက်၍ ထိုး၏။ ရှိကျင်းသည် လျှပ်စီးလက်သကဲ့သို့ ရောက်လာသော လှံကို ရှောင်လိုက်ပြီး နှစ်ယောက်သား လုံးထွေးမိကြ၏။ ရှိကျင်းသည် သန်မာဖျတ်လတ်သော လက်မောင်းများဖြင့် ချင်တ၏ ခါးဆီသို့ ရောက်သွားကာ ခါးစည်းကြိုးကို ဖမ်းဆွဲ လိုက်လျက် ချင်တကို ကုန်းနှီးပေါ်မှ စွေ့ခနဲနေအောင် မြှောက်ယူလိုက်ပြီးနောက် မြေကြီး ပေါ်သို့ ကိုင်ရိုက်ချလိုက်၏။ တောပုန်းဗိုလ်၏ မြင်းသည် လေကဲ့သို့ လျင်မြန်သော အဟုန် ဖြင့် ထွက်ပြေး၏။ ရှိကျင်းသည် သူ့လူများကို ခေါ်ကာ ချင်တကို လက်ပြန်ကြိုးတုပ်ရန် အမိန့်ပေး၏။ ကျန် တောပုန်းတို့လည်း ထွက်ပြေးကြလေ၏။

ရှိကျင်းသည် အိမ်သို့ ပြန်လာခဲ့ကာ ချင်တကို အိမ်ရှေ့တလင်းပြင်ရှိ တိုင်တတိုင်တွင် လက်ပြန်ကြိုးတုပ်၍ ချည်စေ၏။ အခြားတောပုန်းဗိုလ်နှစ်ယောက်ကိုပါ ဖမ်းမိလျှင် အစိုးရထံ အပ်ကာ ဆုတော်ငွေ ထုတ်ယူမည်ဟုလည်း စိတ်ကူးလိုက်၏။ ရှိကျင်းသည် သူ့လူများကို အရက်တိုက်ကာ အိမ်ပြန်နိုင်ပြီဖြစ်ကြောင်းဖြင့် ပြော၏။ ရွာသားများလည်း ရှိကျင်း၏ သတ္တိကို ချီးကျူးပြောဆိုကာ အရက်သောက်လိုက်ကြသည်။

တောင်ရိုးပေါ်ရှိ တောပုန်းစခန်းတွင်မူ ချူဝုနှင့် ယန်ချွန်းတို့သည် ချင်တထံမှ သတင်း ရောက်မလာသဖြင့် အမျိုးမျိုးတွေးလျက် ရှိကြ၏။ ကင်းထောက်တယောက်ကို စေလွှတ် လိုက်ပြီး မကြာမီမှာပင် တခြားသော တောပုန်းများသည် စီးသူမဲ့သော မြင်းတကောင်ကို ဆွဲ၍ ပြန်ရောက်လာကြ၏။ တောင်ပေါ်သို့ တက်လာစဉ် တောပုန်းများက “ ရှက်စရာ၊ ခံပြင်းစရာ ကောင်းလိုက်တာဗျာ။ ချင်တက ဗိုလ်မင်းတို့နှစ်ယောက်ရဲ့ စကားကို နားမ မထောင်ဘဲကိုး။ ခုတော့ ကိစ္စချောပြီ”ဟု ပြောကြ၏။ ချူဝုက အဖြစ်အပျက်ကို မေးသည့်အခါတွင် တောပုန်းများက တိုက်ပွဲအကြောင်း ပြောပြကာ-

"ရှိကျောင်းဆိုတဲ့ လူကတော့ အာဂလူပါပဲ ခင်ဗျာ"

ချူဝုက-

"ချင်တဆိုတဲ့ ကောင်က ငါ့စကားမှ နားမထောင်ဘဲကိုး။ ခုတော့ ဒုက္ခလှလှကြီး တွေ့တော့တာပေါ့"

"ဒီလိုဆို ကျုပ်တို့ အလုံးအရင်းနဲ့ ဆင်းပြီး တိုက်ရင် ကောင်းမယ်ထင်တယ်"

ချူဝုက-

"မဖြစ်နိုင်တာကွာ။ ချင်တတောင်မှ တိုက်လို့ မနိုင်ရင် မင်း တိုက်လို့ကော နိုင်မှာတဲ့ လား။ ငါ အကြံတခုရတယ်။ နည်းနည်းတော့ စွန့်စားရမယ်။ ဒါပေမဲ့ ချင်တကိုတော့ ကယ်နိုင်မယ် ထင်တာပဲ။ မအောင်မြင်ဘူးဆိုရင်တော့ မင်းရော ငါရော ကိစ္စချောမှာပဲ"

"ဘယ်လိုအကြံများလဲ နောင်ကြီးရဲ့"

ချူဝုက သူ့အကြံကို ခပ်တိုးတိုးပြောပြ၏။

"ကောင်းလိုက်တာ ခင်ဗျာ။ ကဲ၊ ဒီလိုဆိုရင် အချိန်မနှောင်းခင် သွားမှဖြစ်မယ်"

ရှိကျောင်း စိတ်ဆိုးမပြေသေးမီ အခိုင်းအစေတယောက်သည် အူယားဖားယားဖြင့် ရောက်လာကာ-

"ချူဝုနဲ့ ယန်ချွန်းတို့ တောင်ပေါ်စခန်းက ဆင်းလာကြပြီတဲ့ ဆရာလေး" ဟု ပြော၏။ တုံးမောင်းခေါက်၍ အချက်ပေးသဖြင့် ရွာသားများလည်း စုဝေးလာကြ၏။ ရှိကျောင်း လည်း မြင်းကို စီးကာ ဝင်းတံခါးမှ ထွက်သည်တွင် တောပုန်းဗိုလ် ချူဝုနှင့် ယန်ချွန်း တို့သည် မိမိထံသို့ ခြေကျင်လာလျက်နေသည်ကို မြင်ရ၏။ အနီးသို့ ရောက်လျှင် တောပုန်း ဗိုလ်နှစ်ယောက်သည် ဒူးထောက်သည်။ ဒူးထောက်၍ထိုင်ကာ သူ့ကိုကြည့်လျက်ရှိပြီး မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလျက်ရှိသည်ကို မြင်ရ၏။ ရှိကျောင်းသည် မြင်းဇက်ကို သတ်လိုက်ပြီးလျှင် "ဘာကြောင့် ဒူးတုပ်ပြီး ထိုင်နေတာလဲ"ဟု အော်ဟစ်ကာ မေး၏။

ချူဝုသည် ငိုလျက်ရှိရာမှ–

"ကျွန်တော်တို့ သုံးယောက်ကို အရာရှိတွေက လိုက်လံ ဖမ်းဆီးနေတဲ့အတွက် တောင်ရိုးကို ထွက်ပြေးပြီး တောပုန်းမလုပ်ချင်ဘဲ လုပ်နေကြရပါတယ် ဆရာလေးရယ်။ ကျွန်တော်တို့ဟာ တနေ့တည်း

မွေးလာကြတာ မဟုတ်ပေမယ့် တနေ့တည်း သေမယ်လို့ သစ္စာဆိုထားကြပါတယ်။ ရှေးတုန်းက သူရဲကောင်းကြီးများ ဖြစ်ခဲ့ကြတဲ့ ချန်ဖေ့နဲ့ လူဖေ့ တို့လို သစ္စာရေသောက် ညီအစ်ကိုတော်များ မဟုတ်ကြပေမယ့် ကျွန်တော်တို့သုံးယောက် စလုံးဟာ စိတ်ရင်းသဘောထား ဖြူစင်ပါတယ်။ ဒီနေ့တော့ ကျွန်တော်တို့ညီငယ် ချင်တ ဟာ ကျွန်တော်တို့ အတန်တန်တားပါလျက်နဲ့ တောင်အောက်ကို ဆင်းသွားပြီး ဆရာ့ကို မထီလေးစားလုပ်တဲ့အတွက် ဆရာရဲ့ အိမ်မှာ ထိပ်တုံးခတ်ခံထားရတယ်လို့ သိရပါတယ်။ သူ့ကို ကယ်ဖို့ လမ်း မရှိတော့တဲ့အတွက် ကျွန်တော်တို့နှစ်ယောက်လည်း သူနဲ့အတူ သေမယ်ဆိုပြီး ဆင်းလာခဲ့ကြတာပါ။ ဒီတော့ ဆရာဟာ ကျွန်တော်တို့သုံးယောက်ကို အစိုးရအာဏာပိုင်များဆီ အပ်ပြီးတော့ ဆုတော်ငွေများကို ထုတ်ယူပါတော့။ ကျွန်တော် တို့သုံးယောက်ကိုသာ အာဏာပိုင်များဆီကို အမြန်ဆုံးပို့ပါတော့။ ကျွန်တော်တို့ သုံးယောက် အတူသေရမယ်ဆိုရင် ပျော်ပျော်ကြီး သေပါ့မယ်”

ရှိကျင်းသည် သူတို့စကားကို နားထောင်ပြီးနောက်-

“အင်း၊ တယောက်နဲ့ တယောက် တော်တော်သစ္စာရှိကြသားပဲ။ သူတို့သုံးယောက်ကို ဖမ်းပြီး ဆုတော်ငွေကို ငါထုတ်ယူရင် အရပ်တကာမှာရှိတဲ့ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ယောကျ်ား တိုင်းက ငါ့ကို သရော်ကြတော့မယ်။ “ကျားသတ္တဝါတို့မည်သည် အားပျော့သော သား ကောင်များကို ခုန်အုပ်ရိုး ထုံးစံမရှိ” ဆိုတဲ့ စကားလည်း ရှိတယ်”ဟု ရှိကျင်း တွေးလျက်ရှိ၏။ ရှိကျင်းသည် ဒူးထောက် ထိုင်နေသူများကို လှမ်းကြည့်ကာ “ကောင်းပြီ၊ ကျုပ်နဲ့ လိုက်ခဲ့” ဟု အိမ်ဝင်းထဲသို့ ခေါ်သွား၏။

တောပုန်းဗိုလ်နှစ်ယောက်သည် ကြောက်ရွံ့ခြင်းမရှိဘဲ အနောက်ဆောင်ထဲသို့ ဝင် လိုက်ခဲ့ကြ၏။ အဆောင်ထဲသို့ ရောက်သည့်အခါတွင်လည်း သူတို့နှစ်ယောက်သည် ဒူးထောက်ထိုင်ကာ သူတို့ကိုလည်း ကြိုးနှင့် ချည်ရန် ပြောကြပြန်၏။ ရှိကျင်းက မတ်တတ် ရပ်ရန် မကြာခဏ ပြောသည့်တိုင် တောပုန်းဗိုလ်နှစ်ယောက်သည် မကြားယောင်ပြု နေကြ၏။ “ကြံ့ခိုင်သူသည် ကြံ့ခိုင်သူကို ချမ်းသာပေး၏။ ရဲရင့်သူသည် ရဲရင့်သူကို သိ၏” ဟူသော စကားအတိုင်းပင်။

မှန်ပေ၏။ ရှိကျင်းက ပြော၏။

“ခင်ဗျားတို့နှစ်ယောက်ဟာ အင်မတန် သစ္စာရှိတဲ့လူတွေ ဖြစ်တယ်။ အာဏာပိုင်တွေ ဆီကို ခင်ဗျားတို့နှစ်ယောက်ကို အပ်ရင် ကျုပ်လောက် ယောကျ်ားမပီသတဲ့လူ ရှိတော့မှာ မဟုတ်ဘူး။ ချင်တကို ခင်ဗျားတို့လက်ကို ပြန်အပ်ရင်ကော ဘယ်လိုဖြစ်မလဲ”

ချူဝုက-

"ဒီလိုဆိုရင် ဆရာ့ကိုလည်း အမှုပတ်လာပါလိမ့်မယ်။ ဒီလိုတော့ ကျွန်တော်တို့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပါဘူး။ ကျွန်တော်တို့ကိုသာ အာဏာပိုင်တွေဆီကို အပ်ပြီး ဆုငွေကိုသာ ထုတ်ယူပါတော့။ ဒါက ပိုကောင်းပါတယ်"

"မဟုတ်တာဗျာ။ ကဲ၊ ခင်ဗျားတို့နှစ်ယောက် ကျွန်တော် စားတဲ့ အစားအသောက်ကို စားရဲကြပါ့မလား"

"သေမှာကိုတောင်မှ မကြောက်တာ ခင်ဗျာ။ အရက်နဲ့ အစားအသောက်ကို ဘာ ကြောင့် ကြောက်ရမှာတုံး"ဟု ချူဝုက ပြော၏။

မြေပိုင်ရှင်ကလေး ရှိကျင်းမှာ များစွာ ကျေနပ်လျက်ရှိလေပြီ။ ရှိကျင်းသည် ချင်တကို ကြိုးဖြေလွှတ်ပေးပြီးနောက် တောပုန်းဗိုလ်သုံးယောက်နှင့်အတူ အနောက်ဆောင်ထဲတွင် စားသောက်ပွဲကြီး ကျင်းပလျက်ရှိလေ၏။ ချူဝု၊ ယန်ချွန်းနှင့် ချင်တတို့ကလည်း သနား ကြင်နာတတ်ပါပေသည်ဟု ဆိုကာ ကျေးဇူးတင်လျက်ရှိကြ၏။ အရက် အတန်ငယ်သောက် ပြီးသည့်အခါတွင်မူ သူတို့အားလုံး နှုတ်သွက်လျှာသွက် ဖြစ်လာခဲ့ကြလေပြီ။ အရက် သောက်ပြီးသည့်အခါတွင် တောပုန်းဗိုလ် သုံးယောက်တို့သည် ရှိကျင်းကို ထပ်မံ ကျေးဇူး စကားဆိုကာ တောင်ပေါ်သို့ ပြန်ကြလေ၏။ ရှိကျင်းသည် သူတို့ကို ဝင်းဝအထိ လိုက်၍ ပို့၏။

တောင်ပေါ်စခန်းသို့ ရောက်သည့်အခါတွင် ချူဝုသည် အခြားနှစ်ယောက်နှင့်အတူ ထိုင်ရင်း-

"ငါတို့အကြံသာ မအောင်ရင် ခုလောက်ဆို တို့သုံးယောက်စလုံး သေလောက်ပြီ။ ခုတော့ ချင်တကို ကယ်နိုင်ခဲ့တဲ့အပြင် ရှိကျင်းကလည်း ရက်ရောသဘောထားကြီးစွာနဲ့ တို့သုံးယောက်စလုံးကို ပြန်လွှတ်လိုက်တယ်။ ကျေးဇူးတင်တဲ့အနေနဲ့ သူ့ကို လက်ဆောင် တို့ ဘာတို့ကို ပို့ပေးရဦးမယ်"

သေးဖွဲသည့် အသေးစိတ် အချက်အလက်များကို ကျော်လွှားခဲ့ပေအံ့။

ဆယ်ရက်ခန့် ကြာသည့်အခါ၌ တောပုန်းဓားပြဗိုလ်သုံးဦးတို့သည် လမိုက်သောည တညတွင် တပည့်တယောက်ကို လွှတ်ကာ ရွှေချောင်းသုံးဆယ်ကို ရှိကျင်းထံသို့ အပို့ခိုင်း လိုက်ကြ၏။ လူဆိုးများသည် မြေရှင်ရှိကျင်း၏ အိမ်တံခါးကို ခေါက်သည်တွင် အခိုင်းအစေ တယောက်က သွား၍ သတင်းပို့၏။ ရှိကျင်းလည်း အဝတ်အစားလဲကာ အပြင်သို့ ထွက်လာခဲ့ပြီးလျှင်-

"ဘာကိစ္စရှိလို့လဲဟေ့" ဟု မေး၏။

"ကျွန်တော်တို့ ဗိုလ်သုံးဦးက ဆရာ့ကို အကန်တော့ခိုင်းလိုက်လို့ပါ။ သူတို့အသက်ကို ချမ်းသာပေးတဲ့အတွက် သခင်လေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ မဖြစ်စလောက် လက်ဆောင် ကလေးကို လက်ခံပါတဲ့။ မငြင်းပါနဲ့ ဆရာရယ်။ ပြုံးပြုံးရယ်ရယ် လက်ခံတော်မူပါ"

လူဆိုးနှစ်ဦးတို့သည် ယူလာသည့် ရွှေချောင်းများကို ရှိကျင်းသို့ ပေး၏။

အစတွင်မူ ရှိကျင်းသည် ငြင်းဆန်မည်ဟု စိတ်ကူးသေး၏။ သို့ရာတွင် "သူတို့က ကျေးဇူးသိတတ်ပြီး ပို့လိုက်တာကို ငါ လက်ခံသင့်ပေတာပဲ" ဟု တွေးမိ၏။ အခိုင်းအစေ များကိုလည်း ဧည့်သည်နှစ်ယောက်ကို အရက်များတိုက်စေသည်။ လူဆိုးနှစ်ယောက်သည် ညဉ့်နက်သန်းခေါင်တိုင်အောင် နေကြ၏။ ရှိကျင်းသည် သူတို့ကို ဆုငွေအဖြစ် ရွှေစငွေစ တို့ကိုလည်း ပေးလိုက်ကာ အချိန်မလင့်မီ ပြန်ရန်ပြော၏။

နောက်တလ မကြာမီတွင် တောပုန်းဗိုလ်သုံးဦးသည် တိုင်ပင်ကြပြန်ကာ ညတညတွင် တပည့်များကို ရှိကျင်း၏ စံအိမ်သို့ လွှတ်လိုက်ကြပြန်၏။ ဤတကြိမ်တွင်မူ သူတို့ လုယူ ရရှိခဲ့သည့် ပုလဲသွယ်များကို ပို့လိုက်ခြင်း ဖြစ်၏။ ရှိကျင်းကလည်း လက်ခံလိုက်၏။ ထိုအကြောင်းကိုမူ ဤတွင် တော်ဦးမည်။

နောက်တလ ကြာသည့်အခါတွင် ရှိကျင်းသည် တယောက်တည်း တွေးမိ၏။

"တောပုန်းဗိုလ်သုံးယောက်ဟာ ငါ့ကို လေးစားကြသားပဲ။ ငါကလည်း သူတို့ကို ပြန်ပြီး လက်ဆောင်ပေးသင့်ပေတယ်"

နောက်တနေ့တွင် ရှိကျင်းသည် အခိုင်းအစေတယောက်ကို ခေါ်ကာ ဖဲနီသုံးလိပ်ကို မြို့ဈေးသို့ အဝယ်ခိုင်းလိုက်ပြီး စက်ချုပ်သမားတယောက်ကို ခေါ်ကာ တောပုန်းဗိုလ် သုံးယောက်အတွက် ဝတ်ရုံနီသုံးထည်ကို ချုပ်စေ၏။ သိုးသုံးကောင်လည်း သတ်၍ ချက်ပြုတ်စေ၏။ ထိုပစ္စည်းများကို သေတ္တာနှစ်လုံးထဲတွင် ထည့်ပြီး တပည့်နှစ်ယောက်ကို အပို့ ခိုင်းလိုက်လေ၏။

ရှိကျင်း၏ တပည့်တယောက်မှာ စတုတ္ထဝမ်ခေါ် ဝမ်လေး ဆိုသူ ဖြစ်၏။ ဝမ်လေးမှာ စကားကို ရေလည်ပတ်လည် ပြောတတ်သည့်အတွက် အရာရှိများနှင့် စကားပြောနိုင်၏။ ဝမ်လေးနှင့်အဖော်တို့သည် သေတ္တာများကိုထမ်းကာ တောင်ခြေသို့ ရောက်လျှင် တောပုန်း တို့၏ အစောင့်များက မေးမြန်းစစ်ဆေးကာ သူတို့ကို တောင်ပေါ်စခန်းသို့ ခေါ်သွားကြ၏။ တောပုန်းဗိုလ်များမှာ

ဖဲဝတ်ရုံနီကြီးများနှင့် သိုးသားကင်များ၊ အရက်များ ပို့လိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ အပို့လာသူများကိုလည်း ရွှေစများ ပေးကာ အရက် ကောင်းများဖြင့် ဧည့်ခံလိုက်ကြ၏။ ထို့နောက် ရှိကျင်း၏ တပည့်များသည် ရွာသို့ ပြန် လာ၏။

"တောပုန်းဗိုလ်ကြီးတွေဟာ ကျေးဇူးသိတတ်တယ် ခင်ဗျ"ဟု သူတို့က ရှိကျင်းကို ပြောပြ၏။

ထို့နောက်မှစ၍ ရှိကျင်းသည် တောပုန်းဗိုလ်များနှင့် မကြာခဏ ဆက်သွယ်မိကြ၏။ ဝမ်လေးမှာကား လက်ဆောင်များကို ယူ၍ တောင်ပေါ်သို့ မကြာခဏ သွားပို့ရသည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ပြီ။ သွားတိုင်းလည်း တောပုန်းဗိုလ်များသည် ရှိကျင်း အတွက် ရွှေစငွေစများ ကို လက်ဆောင်ပေးလိုက်ကြသည်ချည်း ဖြစ်၏။

သို့ဖြင့် နေ့ရက်များ ကုန်လွန်လာခဲ့သည်။ မကြာမီ စန္ဒမာသပြက္ခဒိန် အဋ္ဌမလ ကောက်သိမ်းချိန်ပွဲတော်သို့ ရောက်လာခဲ့လေပြီ။ ရှိကျင်းသည် လပြည့်နေ့ညတွင် သူ့ အိမ်သို့ လာ၍ စားသောက်ရန် တောပုန်းဗိုလ်သုံးယောက်ကို ဖိတ်ကြားထား၏။ ဖိတ်စာကို စာဖြင့် ရေးကာ ဝမ်လေးကို တောင်ပေါ်သို့ အပို့ခိုင်းလိုက်၏။ တောပုန်းဗိုလ်သုံးဦးတို့ ကလည်း ဖိတ်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြ၏။ ဝမ်လေးကို ငွေစများ ဆုချကာ အရက်ကိုလည်း ဆယ်ခွက်လောက် တိုက်လွှတ်လိုက်ကြ၏။

ဝမ်လေးသည် ရွာသို့ ပြန်လာခဲ့ရာ လမ်းတွင် သူတို့အိမ်သို့ လာ၍ မကြာခဏ လက်ဆောင်ပို့လေ့ရှိသည့် တောပုန်းနှစ်ယောက်နှင့် တွေ့သဖြင့် တယောက်နှင့် တယောက် ဝမ်းသာအယ်လဲ ပွေ့ဖက်နှုတ်ဆက်ကာ သူ့ကို ရွာကလေးတရွာအနီးရှိ ဘုံဆိုင်သို့ ဆွဲခေါ် သွားကြပြီး အရက်တိုက်သည်တွင် ဝမ်လေးသည် နောက်ထပ် ဆယ်ခွက်လောက် ကုန် သွားပြန်၏။ နောက်ဆုံးတွင် သူတို့သည် လမ်းခွဲသွားကြကာ ဝမ်လေးသည်လည်း အိမ်သို့ ပြန်လာခဲ့၏။ လေပြင်းတိုက်လျက် ရှိသဖြင့် ဝမ်လေးသောက်ခဲ့သည့် အရက်များသည် ခေါင်းထဲသို့ ရောက်လာကြလေပြီ။ ဝမ်လေးသည် ဒယီးဒယိုင်ဖြင့် ဆယ်လီခန့် လျှောက် လာခဲ့ပြီးနောက် တောအုပ်ကလေးတခုထဲသို့ ရောက်လာခဲ့လေ၏။ တောအုပ်ထဲသို့ ဝင် လာကာ မြက်တောတခုပေါ်တွင် မှူးမူးဖြင့် လှဲအိပ်ချလိုက်၏။

ထိုအချိန်၌ ယုန်ထောင်သမား လီကျိသည် တောင်စောင်းတွင် ယုန်ထောင် ထွက်လာသည်နှင့် ကြုံကြိုက်နေ၏။ လမ်းဘေးတွင် လဲနေသော ဝမ်လေးကို မြင်သည့်အခါတွင် အသိအကျွမ်းဖြစ်နေသည့်အတွက် ကူညီရန် သူ့အနားသို့ သွားသော်လည်း ဝမ်လေးမှာ လူမှန်းမသိအောင် ဒေါင်ချာစိုင်းလျက် ရှိလေပြီ။

ယုန်ထောင်သမား၏ စူးရှသော မျက်စိသည် ဝမ်လေး၏ ခါးပတ်ရှိ သားရေအိတ်ထဲမှ ဖောင်းနေသော ငွေထုပ်ကြီးကို မြင်လိုက်၏။ "ခွေးမသားတော့ မူးနေပြီ။ ဒီလောက်များတဲ့ ငွေစတွေကို ဘယ်ကများ ရလာသလဲ မသိဘူး။ လစ်တုန်း ယူထားလိုက်ရင် အကောင်းသား" ဟု တွေးကာ လီကျိသည် သားရေ အိတ်ကို ဖြုတ်၍ သွန်ချလိုက်၏။ ငွေစများနှင့် တောပုန်းဗိုလ်များက ပေးလိုက်သည့် ပြန်ကြားစာသည် အောက်သို့ ကျလာ၏။ လီကျိသည် စာကို ဖွင့်၍ ဖတ်၏။ လီကျိမှာ စာကောင်းစွာ မတတ်သည့်အတွက် တောပုန်းဗိုလ်များ၏ အမည်ကိုသာ ဖတ်တတ်၏။ ကျန်စာလုံးများကိုမူ သဲကွဲစွာ မဖတ်နိုင်ချေ။

"ငါ့လို ယုန်ထောင်သမားတယောက်အဖို့ ကြီးပွားဖို့ သိပ်မလွယ်ဘူး။ ဒါပေမဲ့ ဒီနှစ်မှာ ငါ စီးပွားဖြစ်ကိန်းမြင်တယ်လို့ ဗေဒင်ကတော့ ဟောထားတာပဲ။ ခုတော့ ငါ အခွင့်ကောင်း ကြုံလာပြီ။ ဟွာယင်းမြို့ကို သွားတုန်းက တောပုန်းဗိုလ်သုံးယောက်ကို ဖမ်းမိအောင် သတင်းပေးနိုင်လို့ရှိရင် ငွေစသုံးထောင် ပေးမယ်ဆိုတဲ့ ကြော်ငြာစာကို ငါ ဖတ်ခဲ့ရတယ်။ ဟိုတလောတုန်းက ကိုကျူကို ငါသွားရှာတုန်းက ရှိကျင်းဆိုတဲ့သတ္တဝါ မလုံမလဲဖြစ်နေတာ ဒါ့ကြောင့်ကိုး။ လက်စသတ်တော့ ဒီလူက တောပုန်းတွေနဲ့ အဆက်အသွယ် လုပ်နေတာ ပါကလား" ဟု လီကျိ တွေးမိ၏။

လီကျိသည် ငွေစများနှင့် စာကို ယူကာ အာဏာပိုင်များထံ သတင်းပို့ရန် ဟွာယင်း မြို့သို့ လာခဲ့၏။ ဝမ်လေးသည် အမူးပြေ၍ အိပ်ရာမှ နိုးလာသည့်အခါတွင် ညဦးသန်းခေါင် တိုင်ခဲ့လေပြီ။ ဖျော့တော့သည့် လရောင်ကိုမြင်လိုက်သဖြင့် ဝမ်လေးသည် ထိတ်လန့်သွား၏။ ချက်ချင်း ထိုင်ရာမှ ထကာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်၏။ သူ့ဘေး ပတ်ပတ်လည် တွင် ထင်းရှူးပင်တွေကိုချည်း မြင်ရ၏။ ခါးကို စမ်းကြည့်၏။ ခါးတွင် ပတ်ထားသည့် ခါးပတ်နှင့် စာထည့်ထားသည့် သားရေအိတ်တို့ မရှိတော့ပြီ။ ဝမ်လေးသည် နေရာအနှံ့ လိုက်ရှာကြည့်၏။ မြက်တောထဲတွင် ဟာလာဟင်းလင်းဖြစ်နေသော သားရေအိတ်ကိုသာ တွေ့ရ၏။

"ငွေစတွေ ပျောက်သွားတာက အရေးမကြီးလှဘူး။ ဒါပေမဲ့ စာပျောက်သွားတာက တော့ ဒုက္ခပဲ။ ဘယ်သူများ ယူသွားလေသလဲ။ လမ်းမှာ စာ ကျပျောက်ခဲ့တယ်ဆိုရင် ဆရာ စိတ်ဆိုးတော့မှာပဲ။ ငါ့ကို အလုပ်က ထုတ်ပစ်တော့မှာပဲ။ ကိစ္စမရှိဘူးလေ၊ စာပြန်မရေး လိုက်ဘူးလို့ပဲ ပြောရမှာပေါ့။ သူ ဘာသိမှာလဲ"ဟု ဝမ်လေး တွေးလျက်ရှိ၏။ ဝမ်လေးသည် ရွာသို့ သုတ်ခြေတင်၍ ပြန်လာခဲ့၏။ သူ့ရွာသို့ သူ ပြန်ရောက်သည့်အချိန်တွင် မနက် လင်းခါနီးနေလေပြီ။

"ဘာဖြစ်လို့ ဒီလောက် ကြာရတာလဲ"ဟု ရှိကျင်းက မေး၏။

"ဆရာ့ရဲ့ တပည့်ဆိုပြီး ကျွန်တော့်ကို ချက်ချင်း ပြန်မလွှတ်သေးဘဲ

ဧည့်ခံကျွေးမွေး နေကြပါသေးတယ်။ ဒါနဲ့ ညသန်းခေါင်ကျော်မှ ပြန်လာခဲ့ရပါတယ် ဆရာလေး”

“စာတို့ ဘာတို့ကော မပေးလိုက်ဘူးလား”

“သူတို့က စာပြန်ရေးမလို့ လုပ်သေးတယ် ခင်ဗျ။ ဒါပေမဲ့ ကျွန်တော်က ဗိုလ်ကြီးတို့ လာမှာအတူတူ ဘာဖြစ်လို့ ပြန်စာရေးနေဦးမှာလဲ။ ကျွန်တော်က အရက်လည်း နည်းနည်း မူးနေတော့ လမ်းမှာ ကျပျောက်ခဲ့ရင် မခက်ပါလားလို့ ပြောတာနဲ့ စာမပေးလိုက်တော့ဘူး ခင်ဗျ”

“အေး၊ မင်းကို ဒါကြောင့် စကားတောင်းစားလို့ ခေါ်တာကိုး”ဟု ဆိုကာ ရှိကျင်းသည် ပြုံး၍ ပြော၏။

“တပည့်ကြီး လမ်းမှာ တထောက်ကလေးမှ မနားခဲ့ဘူး ခင်ဗျ။ သုတ်ခြေတင်လာ ခဲ့တာပဲ”

“ဟုတ်ပြီ။ ဟုတ်ပြီ။ ကဲ၊ ဒါဖြင့် မြို့ကို သွားပြီး ဧည့်သည်တွေ အရက်နဲ့ မြည်းရအောင် ဝယ်စရာ ခြမ်းစရာကလေးတွေ အဝယ်ခိုင်းလိုက်စမ်း”

မကြာမီ ကောက်ရိတ်ပွဲတော်နေ့သို့ ရောက်လာခဲ့လေပြီ။ ရာသီဥတုသည် တောက်ပ ကြည်လင်လျက် ရှိ၏။ ရှိကျင်းသည် သိုးဆူဆူတကောင်နှင့် ကြက်နှင့် ဘဲ အကောင် တရာကို ပေါ်၍ ဧည့်သည်များအတွက် ချက်ပြုတ်ရန် စီစဉ်၏။

ချူဝု၊ ယန်ချွန်းနှင့် ချင်တတို့သည် လက်ထောက်များကို ခေါ်ကာ မိမိတို့မရှိသည့်အချိန် တွင် စခန်းကို ကောင်းစွာ စောင့်ကြပ်ရန် ပြော၏။ ညနေစောင်းတွင် သူတို့သုံးယောက်သည် နောက်လိုက်ငယ်သား ငါးယောက်နှင့်အတူ တောင်အောက်သို့ ဆင်းလာခဲ့ကြ၏။ သူတို့ လက်ထဲတွင် ဓားလွတ်နှင့် မိုန်းကိုယ်စီ ကိုင်ထားကြ၏။ မြင်းများကို တောင်ပေါ်စခန်းတွင် ထားခဲ့ပြီး ခြေကျင်လျှောက်လာခဲ့ကြခြင်း ဖြစ်၏။ သူတို့တသိုက်သည် ရှိကျင်း၏ စံအိမ်သို့ တည့်တည့် လာခဲ့ကြ၏။

ရှိကျင်းက သူတို့ကို ဆီးကြိုကာ နှုတ်ဆက်စကားပြော၏။ မြေရှင်ကလေးရှိကျင်း သည် တောပုန်းဗိုလ်သုံးဦးကို စားသောက်ပွဲအတွက် ပြင်ဆင်ခင်းကျင်းထားရာ အိမ် နောက်ဘက် ဥယျာဉ်ဆီသို့ ခေါ်သွား၏။ ဧည့်သည်များအားလည်း အထူးနေရာတွင် ထိုင်ရန် ပြော၏။ သူကိုယ်တိုင်မှာမူ ဧည့်သည်များနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ကာ အိမ်ဝင်းရှေ့နှင့် နောက်ဝင်းတံခါးများကို မင်းတုပ်ထိုး၍ ပိတ်ထားရန် အစေခံများကို ခိုင်း လိုက်၏။ အိမ်ရှင်နှင့် ဧည့်သည်များသည် စားသောက်လျက်ရှိစဉ် အစေခံများသည်

အရက်ငှဲ့ပေးခြင်း၊ သိုးသားကင်များကို လှီးပေးခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။ အရက် ခွက် တော်တော်များများ ကုန်သွားသည့်အခါတွင်မူ လပြည့်ဝန်းကြီးသည် အရှေ့ဘက်မှ ပေါ်ထွက်လာခဲ့လေပြီ။

အိမ်ရှင်နှင့် ဧည့်သည်များသည် ဤသို့ဖြင့် ကောက်ရိတ်ချိန်ပွဲတော် အထိမ်းအမှတ်အဖြစ် စားသောက်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက် ရှိကြ၏။ ထိုစဉ် ဝင်းတံခါးအပြင်ဘက်မှ ဆူဆူညံညံအသံများကို ကြားရကာ မီးတုတ်မီးစည်းများမှ အရောင် များကို မြင်ရ၏။ ရှိကျင်းသည် အထိတ်တလန့်ဖြင့် ထိုင်ရာမှ ထလိုက်၏။

"မိတ်ဆွေတို့၊ ဒီမှာ ထိုင်နေကြပါ။ ဘာဖြစ်သလဲဆိုတာ ကျွန်တော် သွားကြည့်လိုက် ဦးမယ်" ဟု ပြောပြီး "တံခါးကို ဖွင့်မပေးကြနဲ့ဦးဟေ့" ဟု အစေအခိုင်းများကို ပြောကာ သူကိုယ်တိုင်ပင် လှေကားထောင်၍ အုတ်တံတိုင်းပေါ်သို့ တက်ပြီး အပြင်သို့ လှမ်းကြည့်၏။

ဟွာယင်းခရိုင် ရဲဝန်၊ ရဲအရာရှိနှစ်ယောက်နှင့် စစ်သား သုံး လေးရာတို့သည် ရှိကျင်း၏ အိမ်ကို ဝိုင်းမိထားကြလေပြီ။ ရှိကျင်းနှင့် တောပုန်းဗိုလ်များသည် ယောင်၍ အော်မိကြ၏။ မီးတုတ်များမှ မီးရောင်ထဲတွင် နှစ်ခွလှံကြီးများ၊ မိန်းများ၊ ငါးမန်းစွယ် ခက်ရင်းများ၊ လှံရှည်ကြီးများသည် သစ်တောအုပ်ကြီးတခုနှယ် ထိုးထောင်လျက်ရှိသည်ကို မြင်ရ၏။ ရဲအရာရှိများသည် "ဓားပြတွေကို မလွတ်စေနဲ့"ဟု အော်ပြောနေကြ၏။

အကယ်၍သာ ဤသို့ လာရောက်ဖမ်းဆီးခြင်း မပြုပါက ရှိကျင်းသည် လူအများကို သတ်ဖြတ်ကာ သူရဲကောင်းများနှင့် သွားရောက် ပူးပေါင်းဖြစ်ပါမည်လော။ ယခုမူ သူတို့ကို လာရောက် ဖမ်းဆီးသဖြင့် သူရဲကောင်းတို့သည် ကျူတော၊ ကိုင်းတောထဲတွင် စုဝေးကာ ကြာရွက်တို့၏ အရိပ်ထဲတွင် စစ်အင်ခင်းကျင်း၍ နေရလေပြီ။

ရှိကျင်းနှင့် တောပုန်းဗိုလ် သုံးယောက်တို့သည် မည်သို့ လွတ်မြောက်သွားကြလေ သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃

သခင်လေးရှိကျင်း ဟွာယင်းနယ်မှ ထွက်ခွာခြင်း

ဗိုလ်မှူးလူက အနောက်မင်းကို လက်သီးနှင့် ထိုးသတ်ခြင်း

"ဘာလုပ်ရမလဲ" ဟု ရှိကျင်း အော်မိ၏။

ချူဝုနှင့် အခြား တောပုန်းဗိုလ်နှစ်ယောက်တို့သည် ရှိကျင်း၏ ရှေ့တွင် ဒူးထောက်ထိုင်ကာ-

"နောင်ကြီးလက်မှာ သွေးမစွန်းသေးဘူး။ နောင်ကြီးလက်တွေဟာ စင်စင်ကြယ်ကြယ် ပဲ ရှိသေးတယ်။ ကျွန်တော်တို့ကိစ္စထဲမှာ မဝင်ပါနဲ့။ အသာရှောင်နေပါ။ ကျွန်တော်တို့ကို ဖမ်းချုပ်ပြီး ဆုတော်ငွေကို ထုတ်ယူပါ။ နောင်ကြီးရဲ့နာမည်ကို အစွန်းအထင်း မခံပါနဲ့"

ရှိကျင်းက-

"မဟုတ်တာဗျာ။ ဒီလိုလုပ်ရင် ဆုငွေလိုချင်လို့ ခင်ဗျားတို့ကို ထောင်ဖမ်းတယ်လို့ လူတွေက ထင်ကြမှာပေါ့။ ကျွန်တော့်ကို လူတွေ ဝိုင်းရယ်ကြမှာပေါ့။ ကိစ္စမရှိပါဘူး။ သေလည်းအတူ ရှင်လည်းအတူပေါ့။ ထကြစမ်းပါ။ စိတ်မပူပါနဲ့။ ကျွန်တော့်အတွက် ခင်ဗျားတို့က အစတေးခံလို့ ဘယ်ဖြစ်ပါ့မလဲ။ နေစမ်းပါဦး။ ကျွန်တော် အခြေအနေကို ကြည့်ပါရစေဦး"

ရှိကျင်းသည် ထောင်ထားသည့် လှေကားပေါ်သို့ တက်ကာ အပြင်သို့ လှမ်းအော်၏။ "ညကြီးအချိန်မတော်မှာ ကျုပ်အိမ်ကို ဘာဖြစ်လို့ လာဝိုင်းရတာလဲဗျ။ ဒါက ဘာ သဘောလဲ"

"မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့ဗျာ။ ဟောဒီမှာ ကျုပ်တို့ကို လာပြီး သတင်း ပေးတဲ့ လီကျို ပါတယ်"

"ဟော့၊ လီကျို။ ငါ့လို ကောင်းကောင်းမွန်မွန်နေတဲ့ လူတယောက်ကို မင်း ဘာဖြစ်လို့ မဟုတ်မတရား ပြောရတာလဲ"

ယုန်ထောင်သမား လီကျိုက-

"အစတုန်းကတော့ ကျွန်တော်လည်း ဘာမှ မသိဘူးခင်ဗျ။ တောထဲမှာ ဝမ်လေး ယူလာတဲ့ စာကို ကောက်ရလို့ ဖွင့်ဖတ်ကြည့်တော့

အကျိုးအကြောင်းသိရတာနဲ့ မြို့ကို သွားပြီး တိုင်ရတာပဲ။ တိုင်တော့ ခင်ဗျားမြင်တဲ့အတိုင်းပေါ့”

ရှိကျင်းသည် သူ့တပည့် ဝမ်လေးကို ခေါ်ခိုင်းလိုက်၏။

“မင်းပြောတော့ သူတို့ဆီက ပြန်စာမပေးလိုက်ဘူးဆို။ ခု ဒီစာက ဘယ်က ပေါ်လာ တာလဲ”

“ကျွန်တော် မူးနေတာနဲ့ စာကိစ္စကို မေ့သွားတယ် ခင်ဗျာ”

“ခွေးမသား။ ခုတော့ မင်းလုပ်တာနဲ့ ဒုက္ခရောက်ကုန်ပြီ”

ရဲတို့သည် ရှိကျင်း၏ ကိုယ်ခံပညာနှင့် လက်ရုံးရည်ကို သိပြီးသား ဖြစ်သည့်အလျောက် ဝင်းထဲသို့ အတင်းမဝင်ရဲကြချေ။

“သူတို့ကို တခုခု အဖြေပေးလိုက်ဗျာ”ဟု တောပုန်းဗိုလ်များက ပြော၏။

ရှိကျင်းကလည်း သူတို့ပြောသည့် အဓိပ္ပာယ်ကို နားလည်၏။ ရှိကျင်းသည် လှေကား ထိပ်တွင် ရပ်ရင်း-

“ဗျို့၊ ရဲကြီးတို့။ အရမ်းတော့ မလုပ်ကြနဲ့ဗျို့။ တံတိုင်းနား သိပ်မကပ်ကြနဲ့ဦး။ ကျွန်တော် တောပုန်းတွေနဲ့ သွားပြီး စကားပြောလိုက်ဦးမယ်။ ပြီးရင် ခင်ဗျားတို့လက်ကို အပ်ပါ့မယ်။ ကျွန်တော့်ကိုသာ ဆုတော်ငွေ ပေးပါ”

ရဲများသည် ရှိကျင်းလို လူတယောက်နှင့် အချင်းမပွားလိုကြချေ။

“ကျွန်တော်တို့ ဆူဆူပူပူ မလုပ်ချင်ဘူးဗျာ။ အဲဒီလူတွေကိုသာ အေးအေးဆေးဆေး ထုတ်ပေးပါ။ ပြီးတော့ ခင်ဗျားနဲ့အတူ မြို့ဝန်ဆီကိုသွားကြတာပေါ့” ဟု ရဲများက ပြောကြ၏။

ရှိကျင်းသည် နံရံတွင် ထောင်ထားသည့် လှေကားပေါ်မှ ဆင်းလာခဲ့ပြီးလျှင် အိမ်ရှေ့သို့ ထွက်လာခဲ့၏။ ဝမ်လေးကို နောက်ဖေးဥယျာဉ်ထဲသို့ ခေါ်လာခဲ့ပြီးနောက် ဓားဖြင့် တချက် တည်း ခုတ်သတ်ပစ်လိုက်၏။ ထို့နောက် အခိုင်းအစေများကို ခေါ်ကာ သယ်ရပိုးရလွယ်သော အဖိုးတန်ပစ္စည်းများကို ထုပ်ပိုးခိုင်းကာ မီးတုတ် သုံးလေးဆယ်ခန့်ကို မီး အညှိခိုင်း၏။ ရှိကျင်းနှင့် တောပုန်းဗိုလ်သုံးဦးတို့သည် သံချပ်အင်္ကျီများကို ကိုယ်စီ ဝတ်ဆင်ကြပြီးနောက် လက်နက်စင်တွင် ထောင်ထားသည့် မိုန်းများ၊ ဓားလွတ်များကို ယူကြ၏။ ထို့နောက် အိမ်နောက်ဖေးရှိ သက်ငယ်တဲများကို မီးတင်၍ ရှို့ကြလေ၏။ ထိုအတောအတွင်း၌ အခိုင်းအစေများသည်လည်း သူတို့ အထုပ်အပိုးများကို ပြင်ဆင်ထားကြ၏။

အပြင်တွင် စောင့်နေသည့် စစ်သားများသည် မီးတောက်များကို မြင်သည့်အခါတွင် နောက်ဖေးဘက်သို့ ပြေးလာကြ၏။ ရှိကျင်းသည် အိမ်မကြီးကိုလည်း မီးတင်ရှို့လိုက်၏။ ထို့နောက် အိမ်ရှေ့ဝင်းတံခါးကြီးကို ဖွင့်ကာ ကြောက်ဖွယ်အော်သံကြီးကို ပေးလျက် ရန်သူ များကို အတင်းဝင်၍ တိုက်ခိုက်၏။ ချူဂု၊ ယန်ချွန်း၊ ချင်တနှင့် သူတို့အစောင့်များ လိုက် ပါလျက် ရှိကျင်းသည် အထွေးထွေးအယှက်ယှက် ဖြစ်နေသည့် စစ်သားများကြားထဲသို့ အတင်းဝင်၍ ထိုးခုတ်ကာ ဖောက်ထွက်၏။ မြေရှင်ကလေးရှိကျင်းသည် အထိုးအခုတ် ကျွမ်းကျင်သူဖြစ်ရာ သူ့ကို မည်သူ ခုခံနိုင်မည်နည်း။

ကောင်းကင်သို့ မီးတောက်များ ထိုးတက်လျက်ရှိစဉ် ရှိကျင်းနှင့် သူ့လူများသည် စစ်သားများကြားမှ ဖောက်ထွက်လာခဲ့ကြ၏။ အတန်ကြာလျှင် ရှိကျင်းသည် ရဲအရာရှိနှစ်ယောက်နှင့်တကွ ယုန်ထောင်သမား လီကျိတို့နှင့် မျက်နှာချင်းဆိုင်မိကြ၏။ “ရန်သူချင်း မျက်နှာချင်းဆိုင်မိသည့်အခါတွင် သူတို့မျက်လုံးများမှ မီးလျှံတို့ ထွက်ကြ၏” ဆိုသော စကားရှိ၏။ ရဲအရာရှိများသည် သူတို့ အခြေအနေမလှကြောင်းကို သိလိုက်ကြလေပြီ။ ထို့ကြောင့် နောက်သို့ လှည့်ပြေးကြ၏။ လီကျိသည် ထွက်ပြေးရန် ကြိုးစားသေးသော်လည်း ရှိကျင်းသည် သူ့ကို ခုန်အုပ်လိုက်လေပြီ။ ရှိကျင်း၏ ဓားသည် တချက်မျှ လက်ခနဲဖြစ် သွားသည်တွင် လီကျိ၏ ခန္ဓာကိုယ်သည်လည်း နှစ်ပိုင်း ပြတ်သွား၏။ ရဲအရာရှိနှစ်ယောက် မှာလည်း ချင်တနှင့် ယန်ချွန်းတို့၏ မိုန်းချက်တချက်စီကြောင့် အသက်ပျောက်ခဲ့ကြလေပြီ။ ခရိုင်ရဲဝန်သည် လန့်ဖျပ်ကာ မြင်းကို ဒုန်းစီး၍ ထွက်ပြေးသွားလေပြီ။ စစ်သားများမှာ လည်း ရှေ့သို့ မတိုးရဲကြတော့ဘဲ ခြေဦးတည့်ရာသို့ ထွက်ပြေးကြလေ၏။

ရှိကျင်းနှင့် သူ့ရဲဘော်များသည် လမ်းတွင် တွေ့သည့် အတားအဆီးမှန်သမျှကို ခုတ် ပိုင်းကာ ရှောက်ဟွာတောင်တန်းပေါ်ရှိ တောပုန်းစခန်းသို့ ရောက်လာခဲ့ကြ၏။ စခန်းသို့ ရောက်မှပင် အေးအေးဆေးဆေးထိုင်၍ အသက်ရှူနိုင်ကြတော့သည်။ ချူဂုနှင့် အခြား တောပုန်းဗိုလ်များသည် အောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် စားသောက်ပွဲ ကျင်းပရန် သိုးနှင့် နွားကလေးများကို အပေါ်ခိုင်းကြ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

ရှိကျင်းသည် တောင်ပေါ်ရှိ တောပုန်းစခန်းတွင် ရက်ပေါင်းများစွာ နေရသေး၏။

“လူသုံးယောက်ကို ကယ်ဖို့အတွက် ငါ့အိမ်ကို မီးရှို့ခဲ့ရပြီ။ အဖိုးတန်ပစ္စည်း နည်းနည်း ပါးပါးကို ရခဲ့ပေမယ့် ငါ့မှာရှိတဲ့ တခြားပစ္စည်းအမြောက်အမြားကိုလည်း စွန့်လွှတ်ခဲ့ရပြီ’ ဟုတွေးမိကာ စိတ်မသက်မသာ ဖြစ်လျက်ရှိ၏။

ရှောက်ဟွာတောင်ရိုးပေါ်ရှိ တောပုန်းစခန်း တွင် သူ မည်သို့ နေနိုင်ပါမည်နည်း။

"ကျွန်တော့်ရဲ့ ဆရာဖြစ်တဲ့ သိုင်းဆရာဝမ်ဟာ ဒီတောင်ကြား ဟိုဘက်က နယ်ခြား စောင့်တပ်မှာ အမှုထမ်းနေတယ်။ ကျွန်တော် သူ့ကို ရှာချင်တာ ကြာလှပြီ။ ဒါပေမဲ့ ကျွန်တော့် မှာ အဖေဆုံးနေတဲ့အတွက် မရှာဖြစ်ခဲ့ဘူး။ ခုတော့ ကျွန်တော့်မှာ အိုးအိမ်လည်း မရှိတော့ သံယောဇဉ်တွယ်စရာ မရှိတော့ဘူး"

ရှိကျင်းက တောပုန်းဗိုလ်များကို ပြောပြ၏။ တောပုန်းဗိုလ်များက အတင်းတောင်းပန် ကြ၏။

"မသွားပါနဲ့ တို့ညီရာ။ တို့နဲ့ အတူနေပါ။ တို့ညီရဲ့ အိမ်ကို ပြန်ရအောင် လုပ်ပေးမှာပေါ့။ တို့များနဲ့ မနေချင်ဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ အေးအေးဆေးဆေး ဖြစ်တဲ့အခါ တို့ညီရဲ့ အိမ်ကို အသစ်ပြန်ဆောက်ပေးပါ့မယ်။ အဲဒီတော့ တို့ညီလည်း လူကောင်းတယောက် ပြန်ဖြစ်မှာပေါ့"

"ခင်ဗျားတို့စေတနာကို ယုံပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် ဒီမှာ မနေချင်တော့ဘူး လေ။ ကျွန်တော့်ဆရာနဲ့ တွေ့ပြီး အလုပ်ကလေး အကိုင်ကလေး ရမယ်ဆိုရင် ကျွန်တော် ကြီးပွားအောင် လုပ်နိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်လည်း တသက်လုံး ပျော်ပျော်ရွှင်ရွှင် နေနိုင်တာပေါ့"

ချူဝုက-

"ဒီမှာနေပြီး တို့ခေါင်းဆောင် လုပ်ပါလား။ ဒီလိုဆိုရင်ကော မင်း မပျော်ဘူးလား။ တို့တောင်ပေါ်စခန်းက တို့ညီလို လူတယောက်အဖို့တော့ နေရာရှိသေးတာပေါ့ကွာ"

"ကျွန်တော့်မှာ အခုအထိ နာမည်ပျက် မရှိသေးဘူးလေ။ မိဘက အကောင်းပကတိမွေးထုတ်ပေးခဲ့တဲ့ ခန္ဓာကိုယ်ကို အစွန်းအထင်း အပေမခံချင်သေးဘူး။ ဒီတော့ ကျွန်တော့် ကို တောပုန်းလုပ်ဖို့တော့ မပြောပါနဲ့တော့"

ရက်အနည်းငယ်ကြာသည့်အခါတွင် ရှိကျင်းသည် တောင်ပေါ်စခန်းမှ ထွက်ရန် ဆုံးဖြတ်၏။ တောပုန်းဗိုလ်သုံးယောက်တို့၏ စကားများမှာ အချည်းနှီးသာ။ ရှိကျင်းသည် သူ့အခိုင်းအစေများနှင့် ငွေများအားလုံးကို တောင်ပေါ်စခန်းတွင် ထားပစ်ခဲ့ပြီး ငွေစ အနည်းငယ်ကိုသာ အထုပ်ကလေးဖြင့် ထုပ်၍ ယူ၏။

ရှိကျင်းသည် ခေါင်းတွင် ဦးပေါင်းနက်ကို ရစ်လိုက်ပြီးနောက် အပြားထိပ်တွင် ပန်းပွား နီနီတို့ တပ်ထားသည့် အနားပတ်ကြီးကြီး သက္ကလတ်ဦးထုပ်ပြားကြီးကို ဆောင်း၏။ လည်တွင် အဝါရောင်လွင်လွင်ပဝါကို

စည်း၏။ အဖြူရောင်ပိုးစစ်ဝတ်ရုံကြီးကို ခြုံကာ ခါးတွင် လက်ငါးသစ်ခန့်အပြားရှိ ဆီးသီးရောင်ခါးစည်းကြိုးကို စည်း၏။ ခြေတွင် အပြာ တရစ်၊ အဖြူတရစ်ရှိသော ခြေပတ်ကို ပတ်၏။ ခြေထောက်တွင် တောင်တက်၍ ကောင်း သည့် ဂုန်လျှော်လွှာဖိနပ်ကို စီး၏။ ခါးတွင် ခားလွယ်တချောင်းကို ချိတ်၏။

ရှိကျင်းသည် အထုပ်အပိုးကို ကျောတွင် လွယ်ကာ မိုန်းတချောင်းကို ကိုင်လျက် တောပုန်းဗိုလ်တို့ကို နှုတ်ဆက်၏။ တောပုန်းဗိုလ်များနှင့် နောက်လိုက်များသည် သူ့ကို တောင်ခြေအထိ လိုက်ပို့ နှုတ်ဆက်ကြ၏။ ခွဲခွာခါနီးတွင် တောပုန်းဗိုလ်များသည် ငိုယို နှုတ်ဆက်ပြီးနောက် တောင်ပေါ်သို့ ပြန်တက်သွားကြလေ၏။

ရှိကျင်းသည် ယန်အန်းပြည်နယ်သို့ သွားသည့်လမ်းအတိုင်း ဆက်လာခဲ့၏။ ဆာလောင် သည့်အခါတွင် အစာစားပြီး ရေငတ်သည့်အခါတွင် ရေသောက်၏။ ညတွင်သာ ရပ်နားပြီး မနက်လင်းသည်နှင့် ခရီးဆက်၏။ သို့ဖြင့် တယောက်တည်းလာခဲ့ရာ တလခွဲခန့် ကြာသည့် အခါတွင် ဝေကျိုသို့ ရောက်လေ၏။

“ဒီမှာလည်း နယ်ခြားစောင့်တပ်တော့ ရှိတာပဲ။ ဘုရားသိကြား မ လို့ ငါ့ဆရာ သိုင်း ဆရာဝမ် ရှိပါစေဗျား”

ရှိကျင်းသည် မြို့ထဲသို့ ဝင်ခဲ့၏။ လမ်းများ၊ ဈေးများဖြင့် ရှုပ်ယှက်ခတ်နေသော လူ စည်ကားသည့် မြို့တမြို့ဖြစ်၏။ လမ်းထောင့်တွင် လက်ဖက်ရည်ဆိုင်ကလေးတဆိုင်ကို တွေ့ရ၏။ ရှိကျင်းသည် ဆိုင်ထဲသို့ ဝင်၍ ထိုင်၏။ စားပွဲထိုးတယောက် သူ့အနားသို့ ရောက် လာကာ “ဘာလက်ဖက်ရည်များ သုံးဆောင်မလဲ ခင်ဗျာ”

“လက်ဖက်ရည်ကျကျ တခွက်လောက်ကွာ”

စားပွဲထိုးသည် လက်ဖက်ရည်ကို ယူလာကာ သူ့ရှေ့ စားပွဲတွင် ချ၏။

“ဒီမြို့က နယ်ခြားစောင့်တပ်ရင်းက ဘယ်နားမှာလဲကွ”

“ဟောဒီနားလေးတင်ပဲဗျ။ တည့်တည့်သာ လျှောက်သွား”

“အဲဒီတပ်ထဲမှာ အရှေ့နေပြည်တော်က သိုင်းဆရာဝမ်ကျင်း ဆိုတဲ့လူ ရှိတယ်လို့များ မကြားမိဖူးလား”

“တပ်ထဲမှာ သိုင်းဆရာတွေအများကြီးပဲဗျ။ ဝမ်ဆိုတဲ့ နာမည်နဲ့ချည်း သုံးလေးယောက် လောက် ရှိတယ်။ ဒါပေမဲ့ ဝမ်ကျင်းဆိုတဲ့လူ ရှိ မရှိတော့ ကျွန်တော်

မပြောတတ်ဘူး”

ထိုသို့ ပြောဆိုနေစဉ် စစ်ဗိုလ်နှင့် တူသည့် ကိုယ်လုံးကိုယ်ပေါက် ခပ်ကြီးကြီး လူ တယောက် ဆိုင်ထဲသို့ ဝင်လာ၏။ ခေါင်းတွင် စကြာတံဆိပ်များ ရေးခြယ်ထားသည့် ဦးပေါင်းကို ပေါင်းထားပြီး နောက်ဘက်၌ တိုက်ယွမ်မှလာသည့် ရွှေကွင်းကလေးများကို ချိတ်တွယ်ထား၏။ ကြက်တူရွေးစိမ်းရောင် စစ်ဝတ်ရုံကြီးကို ဝတ်ထားပြီး ခါးတွင် ကျီးနက် ရောင် ဖွတ်မြီးထိုး ခါးစည်းကို စည်းထား၏။ ခြေထောက်တွင် အဝါရောင်ဖိနပ်ရှည်ကြီးကို စီးထားလျက် ထိုဖိနပ်ပေါ်တွင် အညိုရောင် သားရေစလေးကို သိန်းငှက်ခြေသည်းပုံ သဏ္ဌာန် ဖောင်းကြွချုပ်ထား၏။ ကြီးမားပြန့်ကားသော နားရွက်ကြီးများ၊ ဖြောင့်တန်းသော နှာတံနှင့် ကြီးမားသော ပါးစပ်ကြီးလည်း ရှိ၏။ မုတ်ဆိတ်မွေးများသည် ပြည့်ဝိုင်းသော မျက်နှာကို ဘောင်ခတ်ပေးထား၏။ အရပ်မှာ ခြောက်ပေမြင့်ပြီး ခါးမှာ ဆယ်ထွာခန့် ရှိ၏။

ထိုလူဝင်လာပြီး နေရာတခုတွင် ထိုင်မိသည်နှင့် စားပွဲထိုးက ရှိကျင်းအား-

“အဲဒါ နယ်ခြားစောင့်တပ်က ဗိုလ်မှူးပဲဗျ။ နောင်ကြီးသိချင်တဲ့ ဝမ်ကျင်းဆိုတဲ့လူကို မေးကြည့်ပါလား။ တပ်ထဲက သိုင်းဆရာတွေအားလုံးကို သူ သိတာပေါ့”

ရှိကျင်းသည် ထိုင်ရာမှ လျင်မြန်စွာ ထကာ ဦးညွှတ် နှုတ်ဆက်ပြီးသော်-

“လက်ဖက်ရည်သုံးဆောင်ပါဦး ခင်ဗျာ။ ကျွန်တော် ဖိတ်ပါတယ်”ဟု ပြော၏

ရှိကျင်းသည် ကာယဗလကောင်းသူတယောက်ဖြစ်ပြီး သတ္တိကောင်းသူတယောက် ဖြစ်ကြောင်းကို ဗိုလ်မှူးကလည်း သတိပြုလိုက်မိ၏။ စစ်ဗိုလ်သည် သူ့ထံသို့ လျှောက်လာ ကာ ပြန်၍ နှုတ်ဆက်၏။ ထို့နောက် နှစ်ယောက်စားပွဲတွင် ထိုင်ကြ၏။

“ရိုင်းတယ်လို့တော့ မအောက်မေ့ပါနဲ့။ ဗိုလ်မှူးရဲ့ နာမည်ကလေး တဆိတ် သိပါရစေ ခင်ဗျာ’

“ကျုပ်နာမည်က လူတတဲ့ဗျ။ ဒီနယ်ခြားစောင့်တပ်ထဲမှာ ဗိုလ်မှူးပါ။ ကျုပ်ညီကကော ဘယ်ကပါလဲ”

“ကျွန်တော့်နာမည်က ရှိကျင်းပါ ခင်ဗျာ။ ဟွာကျို့ပြည်နယ် ဟွာယင်းမြို့ကပါ။ ကျွန်တော့်ဆရာကတော့ အရှေ့နေပြည်တော် ကိုယ်ရံတော်တပ်မှာ သိုင်းဆရာဝမ်ကျင်းပါ။ ဗိုလ်မှူးတို့တပ်မှာ သူများ မရှိဘူးလား ခင်ဗျာ။ သိပါရစေ”

“ဩော်၊ လက်စသတ်တော့ ကျုပ်ညီက ရှိအိမ်ထောင်စုရွာက မြေရှင်ကလေး ရှိကျင်း ပေါ့။ နဂါးကိုးကောင်လို့လည်း ခေါ်ကြသေးတယ်လေ”

ရှိကျင်းက ခေါင်းညိတ်လိုက်လျက်-

“ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်ပါပဲ”

လူတကလည်း သူ့ကို ဦးညွှတ်၍ အရိုအသေပေး၏။

““ထင်ရှားကျော်ကြားသူများ၏ အမည်ကို ကြားရခြင်းထက် လူကို တွေ့ရခြင်းက ကောင်း၏” ဆိုတဲ့ စကားပုံ ရှိတယ်ဗျ။ ဒါဖြင့် ကျုပ်ညီရဲ့ ဆရာက အရှေ့နေပြည်တော် ကိုယ်ရံတော်တပ်မှူး ကောက်ကျူနဲ့ ပြဿနာ ဖြစ်လာတဲ့ ဝမ်ကျင်းပေါ့၊ ဟုတ်စ”

“မှန်ပါတယ် ခင်ဗျား”

“အင်း၊ သူ့အကြောင်းကိုတော့ ကြားဖူးတယ်ဗျ။ ဒါပေမဲ့ သူက ဒီမှာ မဟုတ်ဘူး။ ယန်အန်းတပ်က ဗိုလ်ချုပ်ချုံဆီမှာလို့ ပြောတယ်။ ခု ဝေကျို့က ကျုပ်တို့တပ်ကတော့ တပ်ခွဲကလေးပါ။ ဗိုလ်ချုပ်ချုံက ကျုပ်တို့တပ်အားလုံးရဲ့ တပ်မှူးဗျ။ ဝမ်ကျင်းက ဗိုလ်ချုပ် ချုံရဲ့ တပ်မှာ ထင်တယ်။ လက်စသတ်တော့ ရှိကျင်းဆိုတဲ့ လူက ကျုပ်ညီကိုး။ ကျုပ်ညီ အကြောင်းကတော့ သတင်းကောင်းတွေ ကြားရပါတယ်ဗျာ။ လာလေ။ ကျုပ်နဲ့အတူ အရက်ကလေး ဘာလေး လိုက်သောက်ပါဦးလား”

ဗိုလ်မှူးလူတသည် ရှိကျင်း၏ လက်ကို ဆွဲ၍ အပြင်သို့ ထွက်လာ၏။ ဆိုင်မှ ထွက်ခါနီး တွင် လူတသည် စားပွဲထိုးသူငယ်ဘက်သို့ လှည့်၍-

“ငါ့စာရင်းထဲ မှတ်ထားလိုက်ဟေ့”

“ကိစ္စမရှိပါဘူး ဗိုလ်မှူး၊ သွားသာ သွားပါ”

လူတနှင့် ရှိကျင်းတို့သည် လက်ချင်းတွဲကာ လမ်းမသို့ ထွက်လာခဲ့၏။ သို့ရာတွင် အလှမ်း ငါးဆယ်လောက် သွားမိသည့်အခါတွင် လူတစုသည် တစုံတရာကို ဝိုင်းအုံကြည့် နေသည်ကို တွေ့ရ၏။

“ဗိုလ်မင်း၊ ခဏကြည့်ရအောင်”

သူတို့နှစ်ယောက်သည် လူအုပ်များကို တိုးဝှေ့ကာ ရှေ့သို့ တိုးလာခဲ့ကြ၏။ အလယ် တွင်မူ တုတ်များ၊ ဓားများကို ကိုင်လျက် ရပ်နေသော လူတယောက်ကို တွေ့ရ၏။ ဈေးနှုန်း အမျိုးမျိုး ရေးထားသည့် လိမ်းဆေးများ၊ ပရုတ်ဆီများကို

ဗန်းကလေးတခုထဲတွင် ထည့် ထား၏။ ထိုလူမှာ တုတ်သိုင်း၊ ခါးသိုင်း စသည်တို့ကို ကစားပြပြီး ဘယဆေး အမျိုးမျိုးကို ရောင်းသည့် ဈေးသည်တယောက် ဖြစ်၏။

ရှိကျင်းသည် သူ့ကို မှတ်မိလိုက်၏။ ထိုသူမှာ သူ၏ လက်ဦးသိုင်းဆရာလီချိုး ဆိုသူ ဖြစ်ပြီး ကျားဗိုလ်ချုပ်ဟုလည်း နောက်ပြောင်ခေါ်လေ့ရှိကြ၏။ "ဆရာ၊ ဆရာ့ကို မတွေ့တာ ကြာပြီနော်" ဟု ရှိကျင်းက နှုတ်ဆက်၏။

"ဟင်၊ ကျုပ်ညီ။ ကြည့်စမ်း။ ဒီမှာ ဘာလာလုပ်တာလဲ"ဟု လီချိုးက ပြန်အော်၏။

"လာဗျာ။ ခင်ဗျားက ဟောဒီက ကျုပ်ညီ ရှိကျင်းရဲ့ ဆရာဆိုတော့ ကျုပ်တို့နဲ့အတူ လိုက်ပြီး တခွက်တဖလား လိုက်သောက်လှည့်ပါလား"

လူတက ဖိတ်၏။

"ကောင်းတာပေါ့ခင်ဗျာ။ ဒါပေမဲ့ ပိုက်ဆံကလေး ဘာလေး နည်းနည်းပါးပါး ရအောင် ဆေးကလေး ရောင်းလိုက်ဦးမယ်။ ကျွန်တော့်ဘဝက လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝ ဗိုလ်မှူးရေ။ သွားနှင့်ပါ။ ကျွန်တော်လိုက်ခဲ့ပါ့မယ်။ ကျုပ်ညီလည်း ဗိုလ်မှူးနဲ့အတူ လိုက် သွားနှင့်ပေါ့"

လူတမှာ စိတ်အနည်းငယ်တိုလာ၏။ လူတသည် ရှေ့မှ ကြည့်နေသူများကို ဘေးသို့ ခပ်ကြမ်းကြမ်း တွန်းဖယ်လိုက်ပြီးနောက်-

"ခင်ဗျား သောက်ပစ္စည်းတွေကို သိမ်းခဲ့စမ်းပါ။ လိုက်မှာလိုက်တာ မဟုတ်ဘူး။ ကျုပ် နားရင်းကို ရိုက်မိပြန်ရော့မယ်"

ဘေးမှ ကြည့်နေသူများသည် လူတကို မှတ်မိသည့်အတွက် ခပ်ဝေးဝေးသို့ ရှဲသွား ကြ၏။ လီချိုးမှာ အနည်းငယ် စိတ်ဆိုးသည့်တိုင် မည်သို့မျှ မပြောရဲချေ။ လူတကို ကြည့် ရသည်မှာလည်း ကြောက်စရာမဟုတ်လော။ လီချိုးသည် မျက်နှာချိုသွေးသည့် အပြုံး မျိုးကို ပြုံးလိုက်ရင်း "ဗိုလ်မင်းကလည်း တယ်ပြီး စိတ်တိုတတ်တာကိုး ခင်ဗျ"ဟု ဆိုကာ ရှေ့တွင် ချထားသည့် လက်နက်များနှင့် ဆေးဘူးများကို သိမ်းဆည်းလိုက်ကာ မိတ်ဆွေ တယောက်ထံ အပ်ပစ်ခဲ့ပြီးနောက် လူတ၊ ရှိကျင်းတို့နှင့်အတူ လိုက်လာခဲ့လေ၏။

သူတို့သုံးယောက်သည် တလမ်းဝင် တလမ်းထွက်ဖြင့် လာခဲ့ကြရာ နောက်ဆုံးတွင် တံတားတခုခြေရင်းရှိ ပန်ဆိုသူ အမျိုးသားတဦး ပိုင်သော နာမည်ကြီးဘုံဆိုင်သို့ ရောက် လာခဲ့ကြ၏။ ဘုံဆိုင်အထက် ကန့်လန့်ဖြတ် ထိုးထားသည့် ဝါးလုံးတခု၌ လေထဲတွင် တလူလူလွင့်လျက်ရှိသော အလံတခုကို

မြင်ရသဖြင့် ထိုဆိုင်မှာ အရက်ရောင်းသည့် ဆိုင် ဖြစ်ကြောင်းကို သိသာနိုင်၏။ သူတို့သုံးဦးသည် ဆိုင်အပေါ်ထပ်သို့ တက်လာခဲ့ကာ ခပ်သန့်သန့် အခန်းတခုကို ရွေး၍ ဝင်လာခဲ့ကြ၏။ လူတက အိမ်ရှင်၏ နေရာကို ယူပြီး လီချုံးက မျက်နှာချင်းဆိုင်တွင် နေရာယူကာ ရှိကျင်းမှာမူ သူ့ဘေးတွင် ဝင်ထိုင်လိုက်၏။

လူတကို သိသည့် စားပွဲထိုးက သူတို့ဆီ လာ၍ ရိုသေစွာနှုတ်ဆက်ရင်း-

"အရက် ဘယ်လောက်ယူခဲ့ရမလဲ ဗိုလ်မှူး"

"လေးအိုး အရင်ယူခဲ့ကွာ"

စားပွဲထိုးသည် အမြည်းထည့်စားရန် ပန်းကန်များကို လာချရင်း-

"ဘာမြည်းမလဲ ဗိုလ်မှူး'

လူတမှာ စိတ်ဆိုးလာကာ-

"ဟာ၊ နင့်မေကလွှားတဲ့။ တမေးတည်း မေးနေတာပဲ၊ ရှိတာ ယူခဲ့။ ပြီးတော့ ငါ့စာရင်း ထဲ အကုန်မှတ်ထားလိုက်။ ငါ ပေးမယ်။ သောက်စကားကလည်း သိပ်များတာပဲ"

စားပွဲထိုးသည် အောက်ထပ်သို့ ဆင်းသွား၏။ ခဏကြာလျှင် ပြန်တက်လာကာ အရက်များကို နွှေးပေး၏။ စားပွဲဘေးတွင်လည်း အသားနှင့် အခြားစားသောက်ဖွယ်များကို လာချ၏။

ခွက်တော်တော်များများ သောက်ပြီးခဲ့ကြလေပြီ။ သူတို့သုံးယောက်သည် အာလာပ သလ္လာပ ပြောကာ လက်နက်ကိုင်နည်းအမျိုးမျိုးအကြောင်းကို ပြောဆိုလျက် ရှိကြ၏။

ထိုသို့ စကားကောင်းလျက်ရှိစဉ် တဖက်ခန်းမှ ငိုရှိုက်လျက်ရှိသော အသံတသံကို ကြားလိုက်ရလေ၏။ လူတမှာ စိတ်တိုသူဖြစ်ရာ ထိုအသံကို ကြားလျှင် စိတ်တိုလာခဲ့လေပြီ။ လူတသည် စားပွဲပေါ်မှ ပန်းကန်လုံးများနှင့် ပန်းကန်ပြားများကို ကြမ်းပေါ်သို့ ရိုက်ခွဲလျက် ရှိလေ၏။ စားပွဲထိုးသည် အထိတ်တလန့်ဖြစ်ကာ အပေါ်သို့ ပြေးတက်လာသည်တွင် ဒေါသ ထွက်လျက်ရှိသော လူတကို တွေ့လိုက်ရသဖြင့် ခါးညွတ်၍ အရိုအသေပေးကာ-

"ဗိုလ်မှူး ဘာအလိုရှိပါသလဲ ခင်ဗျာ။ အလိုရှိတာ မှာပါ။ ချက်ချင်းယူလာခဲ့ပါ့မယ်" "ဘာမှ မလိုဘူးကွ။ ဘာမှ မလိုဘူး။ ငါ ဘယ်သူလဲဆိုတာ မင်းတို့သိတယ် မဟုတ် လား။ ဘာဖြစ်လို့ တဖက်ခန်းမှာ ရန်ဖြစ်တာကို နားထောင်နေရတာလဲ။ အရက်သောက် တာတောင် အေးအေးဆေးဆေး

မသောက်ရတော့ဘူးလား။ ဘာလဲ။ မင်းတို့ဆိုင်ကို ပိုက်ဆံပေးစားတာကွ။ အလကားစားတာ မဟုတ်ဘူး”

“စိတ်မရှိပါနဲ့ ဗိုလ်မှူး။ ဗိုလ်မှူးတို့ကို အနှောင့်အယှက် မဖြစ်စေရပါဘူး။ ဟိုဘက် ခန်းမှာ ငိုနေတာလည်း ရန်ဖြစ်လို့ မဟုတ်ပါဘူး ဗိုလ်မှူး။ ကျွန်တော်တို့ဘုံဆိုင်မှာ သီချင်းတို့ ဘာတို့ လာဆိုပြီး ဖြေဖျော်ပေးတဲ့ ကောင်မလေးနဲ့ သူ့အဖေပါ။ ဗိုလ်မှူးတို့တတွေ ဒီဘက် ခန်းမှာ စားသောက်နေကြမှန်း မသိလို့ပါ။ ငိုတာကတော့ သူတို့အကြောင်းနဲ့ သူတို့ပါ”

“ဘာဖြစ်လို့လဲကွ။ မင်းစကားက ဆန်းလှချေလား။ သွား၊ ကောင်မလေးသားအဖကို ငါ့ဆီ ခေါ်ခဲ့စမ်း”

အတန်ကြာသည့်အခါတွင် စားပွဲထိုးသည် အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေး တယောက်ကို ခေါ်လာခဲ့ရာ သူတို့နောက်မှလည်း အသက်ငါးဆယ်နီးပါး အဘိုးကြီး တယောက် လိုက်ပါလာသည်ကို တွေ့ရ၏။ သူတို့နှစ်ယောက် လက်ထဲတွင်လည်း ဝါး လက်ခုပ်တလက်စီ ကိုင်ထားကြလေ၏။ မိန်းမပျိုမှာ များစွာ ချောမောလှပခြင်း မရှိသည့် တိုင် စွဲမက်စဖွယ် ကောင်း၏။ မိန်းမပျိုသည် မျက်ရည်များကို သုတ်ပြီးနောက် သူတို့ သုံးဦးကို တလှည့်စီ ဦးညွှတ်နှုတ်ဆက်၏။ အဘိုးကြီးကလည်း အလားတူ နှုတ်ဆက်လေ၏။

“မင်းတို့က ဘယ်ကလဲ။ ဘာဖြစ်လို့ ငိုနေတာလဲ”ဟု လူတက မေး၏။ မိန်းမပျိုက-

“ကျွန်မတို့ အဖြစ်အပျက်ကို ပြောပြပါ့မယ်ရှင်။ ကျွန်မတို့က အရှေ့နေပြည်တော်ကပါ။ ကျွန်မနဲ့ မိဘနှစ်ပါးတို့ ဒီမှာရှိတဲ့ ဆွေမျိုးတယောက်ဆီကို အလည်လာကြပါတယ်။ ကျွန်မတို့ ရောက်တော့ ကျွန်မတို့ လာရှာတဲ့ ဆွေမျိုးက ဝေကျို့မှာ မရှိတော့ဘဲ ဒက္ခိဏ နေပြည်တော်ကို ပြောင်းသွားပြီလို့ သိရပါတယ်။ ကျွန်မအမေကတော့ တည်းခိုခန်းမှာ မကျန်းမာဖြစ်ပြီး ဆုံးသွားပါတယ်။ ကျွန်မတို့သားအဖမှာ ဆွေမရှိ မျိုးမရှိနဲ့ တော်တော် ဒုက္ခရောက်ခဲ့ကြပါတယ်။ ဒီတုန်းမှာ အနောက်မင်းလို့ခေါ်တဲ့ သခင်လေးချင်က ကျွန်မကို မြင်သွားပြီး သူ့အပျော်မယား လုပ်ချင်ပါတယ်။ ဒါနဲ့ ကျွန်မတို့ဆီကို လူလွှတ်အစုံစမ်းခိုင်းပြီး နောက်ဆုံးတော့ ကျွန်မအတွက် ကျွန်မအဖေကို ငွေစင်သုံးထောင်ပေးမယ်ဆိုပြီး ကတိပေးပါတယ်။ နှစ်ဖက်သဘောတူတာနဲ့ စာချုပ်စာတမ်းလည်း ချုပ်ကြပါတယ်။

“စာချုပ်ကတော့ တကယ်ချုပ်ရတာပါ။ ဒါပေမဲ့ ကတိဝန်ခံချက်ကတော့ သက်သက်မဲ့ ကျွန်မတို့ကို လိမ်ပြီး ကတိပေးတာပါ။ သူနဲ့ လိုက်နေရင်း သုံးလမပြည့်မီမှာပဲ သူ့မိန်းမက ကျွန်မကို နှင်ထုတ်တော့တာပါပဲ။ သူ့မိန်းမကလည်း တော်တော်လေးကို ဆိုးပါတယ်။ ပိုပြီး ဆိုးတာက သခင်လေးချင်ဟာ သူပေးထားတဲ့

ငွေစင်သုံးထောင်ကို ပြန်ပေးရမယ် ဆိုပြီး ကျွန်မတို့ဆီကို တောင်းတဲ့ကိစ္စပါ။ အမှန်ကတော့ ကျွန်မတို့မှာ ငွေစင်သုံးထောင်ကို မပြော နဲ့၊ တပြားမှ မရခဲ့ပါဘူးရှင်။ ဒီတော့ ကျွန်မတို့အနေနဲ့ ဘယ့်နှယ်လုပ်ပြီး ပြန်ပေးနိုင်ပါ့မလဲ။ ကျွန်မအဖေဆိုတာကလည်း အသက်လည်း ကြီး၊ လူကလည်း ကောင်းကောင်း မမာတော့ ပါဘူး။ ဒီတော့ သူ့လို အာဏာလည်း ရှိ၊ ပိုက်ဆံလည်း ရှိတဲ့ လူတယောက်နဲ့ ဘယ်မှာပြိုင်ပြီး နိုင်အောင် ငြင်းနိုင်ပါ့မလဲ။ သူက အတင်းတောင်းနေတဲ့အတွက် ကျွန်မတို့မှာလည်း ကြံရာမရ ဖြစ်နေပါတယ်။ အဖေက ကျွန်မ ငယ်ငယ်တုန်းက ရှေးသီချင်းကြီးတွေကို သင် ပေးခဲ့ဖူးပါတယ်။ ဒါနဲ့ ကျွန်မတို့သားအဖနှစ်ယောက် ဘုံဆိုင်တကာလှည့်ပြီး သီချင်းဆိုကြ ရပါတယ်။ နေ့စဉ် ရသမျှပိုက်ဆံကလေးထဲက အချို့ကို အနောက်မင်း သခင်လေးချင်ကို ပေး၊ တချို့ကိုလည်း ကျွန်မတို့ ပြန်စရိတ်အတွက် စုဆောင်းထားကြရပါတယ်။

“ဒါပေမဲ့ လွန်ခဲ့တဲ့ သုံး လေးရက်လောက်ကတော့ ဘုံဆိုင်တွေမှာလည်း အရောင်း အဝယ် သိပ်မကောင်းလေတော့ ကျွန်မတို့သားအဖလည်း သီချင်းကောင်းကောင်း မဆိုရ တော့ပါဘူး။ သူ့ကိုလည်း ပိုက်ဆံမပေးနိုင်တော့ဘူးပေါ့။ မပေးနိုင်ရင် သခင်လေးချင် ရောက်လာပြီး ကျွန်မတို့ကို ဆူလား ပူလား၊ ဆဲလား ဆိုလား လုပ်ဦးမှာပါ။ ကျွန်မတို့မှာ မတရားအလုပ်ခံထားရတာကို ဘယ်တိုင်ရမှန်းမသိနဲ့ ဒီအတိုင်း ငုံ့ခံနေရပါတယ် ဗိုလ်မှူး တို့ရယ်။ ကျွန်မတို့သားအဖ ကံကိုက ဆိုးပါတယ်။ ဒါကြောင့် ငိုမိတာပါ။ ဗိုလ်မှူးတို့ကို အနှောင့်အယှက်ပေးတာ မဟုတ်ပါ ဘူး။ မသိလို့ပါ။ ကျွန်မတို့ကို ခွင့်လွှတ်တော်မူပါ”

“မင်းတို့ မျိုးရိုးရဲ့ အမည်က ဘာတဲ့လဲ။ ဘယ်တည်းခိုခန်းမှာ တည်းခိုနေတာလဲ။ အဲဒီ အနောက်မင်း သခင်လေးဆိုတဲ့ လူကကော ဘယ်မှာ နေသလဲ”ဟု လူတာက မေး၏။

အဘိုးကြီးက “ကျွန်တော်တို့မျိုးရိုးရဲ့ အမည်က ကျင်းမျိုးပါ။ ကျွန်တော်က မွေးချင်း ထဲမှာ ဒုတိယပါ။ ကျွန်တော့်သမီးရဲ့ အမည်ကတော့ ကျောက်စိမ်းကြာပွင့်လို့ ခေါ်ပါတယ်။ သခင်လေးချင်ကတော့ သားတိုးသမားပါ။ ချုံယွမ်းတံတားခြေရင်းမှာ အသားဆိုင် ဖွင့်ပါ တယ်။ သူ့ကို အနောက်မင်းလို့လည်း အပြောင်အပြက် ခေါ်ကြပါတယ်။ ကျွန်တော်တို့ သားအဖကတော့ မြို့အရှေ့တံခါးအနီးက လူမိသားစုတည်းခိုခန်းမှာ နေကြပါတယ်”

လူတာက တံတွေးထွေးလိုက်ရင်း-

“ထွီ၊ လက်စသတ်တော့ နင်တို့ပြောတဲ့ သခင်လေးချင်ဆိုတာ ဝက်သားသည်ချင် ဆိုတဲ့ ကောင်ကိုး။ အလကားကောင်။ ကြမ်းပိုး။ တို့တပ်မှူး

ဗိုလ်ချုပ်ချုံကလေးက သူ့ဆရာ မြှောက်စားလို့ ဝက်သားဆိုင် ဖွင့်နေတဲ့ကောင်။ ဒီကောင်က လိမ်လည်း လိမ်လိုက်သေး တယ်။ အနိုင်ကျင့်လို့ရမယ်ဆိုရင်လည်း အနိုင်ကျင့်တယ်။ ဟုတ်တယ် မဟုတ်လား”

လူတသည် ရှိကျင်းနှင့် လီချုံးတို့ဘက်သို့ လှည့်၍-

“ငါ့ညီတို့၊ ဒီမှာ ခဏစောင့်နေရစ်ခဲ့ကြဦးကွာ။ ဒီခွေးသူတောင်းစားကို အသေရိုက် သတ်ပစ်ခဲ့ဦးမယ်။ ခဏနေရင် ငါ ပြန်လာခဲ့မယ်”

သူတို့က ဆွဲကြသေး၏။

“စိတ်အေးအေးထားပါ နောင်ကြီးရာ။ နောက်တော့ အေးအေးဆေးဆေး စဉ်းစား သေးတာပေါ့”

သူတို့နှစ်ယောက်က ပိုင်းဆွဲထားကာ တောင်းပန်ကြ၏။ နောက်ဆုံးတွင် သူတို့သည် လူတကို မနည်းဖျောင်းဖျကြရ၏။ လူတက အဘိုးကြီးဘက်သို့ လှည့်လိုက်ရင်း-

“အဘိုးကြီး၊ ဒီကိုလာစမ်း။ ခင်ဗျားတို့ကို ကျုပ် ပိုက်ဆံပေးလိုက်မယ်။ မနက်ဖြန် ကျရင် အရှေ့နေပြည်တော်ကို ပြန်တော့။ ဘယ့်နှယ်လဲ၊ ဖြစ်မလား”

သားအဖနှစ်ယောက်က-

“ဗိုလ်မှူးက ပိုက်ဆံပေးလို့ ကျွန်တော်တို့ ပြန်ရတယ်ဆိုရင် ကျွန်တော်တို့မှာ ဘဝ သစ်တခုကို ရောက်တာနဲ့ အတူတူပါပဲ ဗိုလ်မှူးရယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို တည်းခိုခန်း ပိုင်ရှင်က ခွင့်ပြုမယ်မထင်ဘူး ခင်ဗျ။ သခင်လေးချင်ရဲ့ ကိုယ်စား သူက ကျွန်တော်တို့ဆီက နေ့တိုင်း ပိုက်ဆံကောက်ရပါတယ်”

“ဒါအတွက် မပူပါနဲ့လေ။ တည်းခိုခန်းပိုင်ရှင်အတွက် ကျုပ် တာဝန်ယူပါတယ်။ ရော့၊ ဟောဒီမှာ ခုတော့ ကျုပ်မှာ ဒါပဲ ပါတယ်။ ကျုပ်ညီတို့ ငွေစများပါရင် ခဏချေးဗျာ။ မနက်ဖြန်ကျရင် ကျုပ် ပြန်ပေးမယ်”

လူတသည် အိတ်ထဲတွင် ပါလာသည့် ငွေစငါးကျပ်သားကို စားပွဲပေါ်သို့ တင်လိုက်၏။

“ကိစ္စမရှိပါဘူး နောင်ကြီးရာ။ ပြန်ပေးဖို့ မလိုပါဘူး”

ရှိကျင်းက တဆယ်သားခန့် အချိန်ရှိသည့် ငွေချောင်းတချောင်းကို အထုပ်ထဲမှ ထုတ် လိုက်ရင်း စားပွဲပေါ်သို့ ချထားလိုက်၏။ ဗိုလ်မှူးလူတသည် လီချုံးကို ကြည့်လိုက်ပြီး နောက်-

"ကျုပ်ညီကကော ချေးဗျာ"

လီချုံးသည် ငွေစင်နှစ်ကျပ်သားကို ထုတ်ပေး၏။ လူတမှာ မဖြစ်စလောက်ကလေးကို ထုတ်ပေးသည့်အတွက် စိတ်တိုသွားကာ-

"ဘာလဲ၊ ကျုပ်ညီက ဒီလောက်ကလေးတောင် တွန့်တိုနေသေးသလား"ဟု ဆိုကာ သူတို့နှစ်ယောက် ထုတ်ထားသည့် ငွေ ဆယ့်ငါးကျပ်သားကို အဘိုးကြီးသို့ လှမ်းပေး လိုက်ရင်း-

"ရော့၊ ခင်ဗျားတို့သားအဖနှစ်ယောက်အတွက် ခရီးစရိတ်တော့ လောက်မှာပါ။ တည်းခိုခန်း ပြန်ပြီး ခင်ဗျားတို့ အဝတ်အစားတွေကို ထုပ်ပိုးထား။ မနက်လင်းရင် ကျုပ် လာပြီး နှုတ်ဆက်မယ်။ တည်းခိုခန်းပိုင်ရှင်က တားရဲရင် တားကြည့်ပေ့စေပေါ့"

သားအဖနှစ်ယောက်သည် ကျေးဇူးစကားဆိုကာ ပြန်သွားကြ၏။ လူတက ငွေစင် နှစ်ကျပ်သားကို လီချုံးသို့ ပြန်ပေးလိုက်၏။ သူတို့သုံးယောက်သည် နောက်ထပ် အရက် နှစ်အိုးကုန်အောင် သောက်ပြီးနောက် အောက်သို့ ဆင်းလာခဲ့ကြ၏။

"မနက်ဖြန်ကျရင် လာပေးမယ်ဗျို့" ဟု ဆိုင်ရှင်ကို လှမ်းပြောလိုက်၏။

"ရပါတယ် ဗိုလ်မှူး။ ဗိုလ်မှူး မလာမှာကိုပဲ ကျွန်တော်တို့ စိုးရိမ်ပါတယ်"ဟု ဆိုင်ရှင်က ပြန်ပြော၏။

သူတို့သုံးယောက်သည် ပန်မိသားစုဘုံဆိုင်မှ ထွက်လာခဲ့ကြ၏။ လီချုံးနှင့် ရှိကျင်း တို့လည်း မိမိတို့ တည်းခိုခန်းများသို့ ပြန်ခဲ့ကြ၏။ လူတမှာ တပ်စခန်းအနီးရှိ မိမိ၏ တန်းလျားသို့ ပြန်ပြီးလျှင် ညစာပင် မစားတော့ဘဲ စိတ်ဆိုးဆိုးဖြင့် အိပ်ပျော်သွားလေ၏။ သူ့အိမ်ရှင်မှာလည်း ဘာဖြစ်လာသည်ကိုပင် မမေးရဲတော့ပြီ။

အဘိုးအိုကျင်းသည် တည်းခိုခန်းသို့ ပြန်လာကာ သမီးငယ်ကို နေရာချပေးပြီးလျှင် မြို့ပြင်တနေရာသို့ သွား၍ လှည်းတစီးကို ငှားခဲ့၏။ ထို့နောက် တည်းခိုခန်းသို့ ပြန်လာကာ မိမိတို့ပစ္စည်းများကို ထုပ်ပိုးပြီးသော် အခန်းခ၊ ထင်းဖိုးနှင့် ထမင်းဖိုးတို့ကို ရှင်း၏။ ထို့နောက်တွင်မူ မနက်မိုးလင်းချိန်ကို စောင့်ရုံသာ ရှိ၏။

ထိုညတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်တော့ချေ။ သားအဖနှစ်ယောက်တို့သည် အရုဏ်တက်သည်နှင့် အိပ်ရာမှ ထကာ မီးမွှေးပြီးနောက် ထမင်းဟင်းများကို ချက်ပြုတ် ကြ၏။ စားသောက်ပြီးသော် အိုးခွက်ပန်းကန်တို့ကို သိမ်းကြ၏။ ကောင်းကင်တွင် အလင်း ရောင်ပျို့စ

ပြုလာလေပြီ။ လူတသည် တည်းခိုခန်းထဲသို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်လာ၏။

"ဟေ့၊ အဘိုးကြီးကျောင်းရဲ့ အခန်းက ဘယ်မှာလဲကွ"

"ဦးလေးကျောင်းရေ၊ ဗိုလ်မှူးလူတက တွေ့ချင်လို့တဲ့ဗျို့"ဟု သူငယ်ကလေးက အော်၏။ အခန်းတံခါးတခုသည် ပွင့်လာကာ-

"ဗိုလ်မှူး၊ ကြွပါခင်ဗျာ။ ခဏထိုင်ပါဦး" ဟု ဦးလေးကျောင်းက ပြော၏။

"ထိုင်မနေဘူးဗျ။ ခင်ဗျားတို့ သွားမှာမဟုတ်လား။ သွားမှာဖြင့် သွားကြ။ ဘာစောင့် နေတာလဲ"

ဦးလေးကျောင်းသည် သမီးငယ်ကို လှမ်းခေါ်ကာ သူ့ဆိုင်းထမ်းကို ပခုံးပေါ်တွင် တင် ထမ်းလိုက်၏။ ဗိုလ်မှူးလူတကို ကျေးဇူးစကားဆိုပြီးနောက် တည်းခိုခန်းထဲမှ ထွက်ရန် ပြင်၏။ အခန်းစောင့်သူငယ်က သူ့ကို လှမ်းတား၏။

"ဦးလေးကျောင်း၊ ဘယ်ကို သွားမလို့လဲ"

"မင်းတို့ကို အခန်းခ အကျေပေးပြီးပြီ မဟုတ်လား"ဟု လူတက မေး၏။

"ကျွန်တော်တို့ကိုတော့ ပေးပြီးပါပြီ။ ဒါပေမဲ့ ချင်က သူ့သမီးကို တင်ပေးထားရတဲ့ ကြွေးတွေကို ပြန်တောင်းဖို့ ပြောထားတယ်ခင်ဗျ"

"ကောင်းပြီ။ မင်း ဝက်သားသည်ရဲ့ အကြွေးတွေကို ငါ့ကိုယ်နဲ့ သွားဆပ်မယ်။ အဘိုးကြီးသားအဖကို သွားခွင့်ပေးလိုက်"

အခန်းစောင့်သူငယ်က ထိုသို့ ခွင့်မပြုနိုင်ဟု ပြော၏။ လူတသည် သူငယ်၏ ပါးကို တချက်ပြင်းပြင်းရိုက်လိုက်သည်တွင် ပါးစပ်မှ သွေးတွေ စီးကျလာလေ၏။ နောက်တချက် လက်သီးဖြင့် ထိုးလိုက်သည်တွင် ရှေ့သွားနှစ်ချောင်း ကျွတ်ထွက်သွား၏။ အခန်းစောင့် သူငယ်သည် တရွတ်ဆွဲကာ အနောက်ဘက်သို့ဝင်သွားပြီး ပုန်းနေလေ၏။ တည်းခိုခန်းပိုင်ရှင် လည်း တလုံးမျှ ဝင်မပြောရဲတော့ပြီ။ ဦးလေးကျောင်းတို့သားအဖသည် တည်းခိုခန်းမှ ထွက်လာခဲ့ကာ ယမန်နေ့က ငှားထားခဲ့သည့် လှည်းရထားရှိရာ မြို့ပြင်သို့ ထွက်လာခဲ့ကြလေ၏။ လူတမှာ တည်းခိုခန်းပိုင်ရှင်နှင့် အခန်းစောင့်သူငယ်တို့က သားအဖကို လိုက်လံ နှောင့်ယှက်မည်စိုးသည့်အတွက် တည်းခိုခန်းမှ မပြန်သေးဘဲ ခွေးခြေတလုံးကို ယူကာ တည်းခိုခန်းတွင် လေးနာရီခန့်မျှ ထိုင်စောင့်နေလေ၏။ သားအဖနှစ်ယောက် ခရီးတော် တော်ဝေးဝေးကို ရောက်လောက်သည့်အခါတွင်မှ တည်းခိုခန်းမှ ပြန်လာခဲ့၏။ ဗိုလ်မှူး လူတသည် ချုံယွမ်းတံတားခြေရင်းသို့ လာခဲ့၏။

ချုံယွမ်းတံတားခြေရင်းတွင်မူ အနောက်မင်းဟု

အပြောင်အပြက်ခေါ်ကြသည့် ချင်၏ နှစ်ခန်းတွဲ ဝက်သားဆိုင်ရှိပြီး ဆိုင်ရှေ့တွင် ဝက်သားခုတ်သည့် စဉ်းနှီးတုံးကြီးနှစ်တုံးကို ချထား၏။ ဝက်နံ့တွဲ လေးငါးခုကိုလည်း ဆိုင်တွင် ချိတ်ဆွဲထား၏။ ဆိုင်ရှင် ချင်မှာမူ ထိုင်ခုံ တွင် ထိုင်ကာ ဝက်သားများ ချိန်တွယ်ရောင်းချနေကြသော အလုပ်သမား ဆယ်ယောက် တို့ကို စောင့်ကြပ်ကြည့်ရှုလျက် ရှိ၏။

လူတသည် ဆိုင်ရှေ့သို့ ရောက်လာကာ "ဗျို့၊ ဝက်သားသည်" ဟု လှမ်းခေါ်လိုက်၏။ အနောက်မင်းချင်သည် ဗိုလ်မှူးလူတကို ချက်ချင်းမှတ်မိလိုက်ကာ စားပွဲတွင် ထိုင် နေရာမှ ချက်ချင်းထွက်လာပြီး ရိုသေစွာ နှုတ်ဆက်၏။ ထို့နောက် အလုပ်သမားတယောက် ကို ကုလားထိုင်ယူလာရန် လက်ညှိုးထိုးပြလိုက်လျက်-

"တွေ့ရတာ ဝမ်းသာလိုက်တာ ဗိုလ်မှူးရာ။ ထိုင်ပါ ဗိုလ်မှူး"

လူတသည် နေရာတွင် ဝင်ထိုင်လိုက်၏။

"ကျုပ်တို့တပ်မှူးက ဝက်သား ခွက်တဆယ်လောက် မှာလိုက်လို့။ အသားချည်းပဲဗျ။ ကောင်းကောင်းစဉ်းပေးလိုက်ပါ။ အထဲမှာ အစာသွတ်ဖို့။ အဆီတစက်မှ မပါစေနဲ့နော်"

"ကောင်းပါပြီ ဗိုလ်မှူး။ ဟေ့ကောင်တွေ၊ ဝက်သားကောင်းကောင်းထဲက ရွေးပြီး ခွက်တဆယ် ချိန်ပေးလိုက်စမ်း"

"ဒီကောင်တွေ ကိုင်တဲ့ ဝက်သားကို မလိုချင်ဘူးဗျ။ ညစ်ပတ်တယ်။ ခင်ဗျားကိုယ်တိုင် ခုတ်ပေးပါ"

"ရပါတယ် ဗိုလ်မှူး"ဟု ဆိုကာ အနောက်မင်းချင်သည် ဝက်သားကောင်းကောင်းကို ရွေး၍ ခွက်တဆယ်ချိန်ကာ စဉ်းနှီးတုံးပေါ်တွင် တင်၍ စဉ်းနေ၏။

ထိုစဉ် ခေါင်းတွင် ပတ်တီးအဖွေးသားဖြင့် တည်းခိုခန်းစောင့် သူငယ်သည် ဦးလေး ကျင်းတို့ ကိစ္စကို ပြောရန်အတွက် ဝက်သားဆိုင်ထဲသို့ ရောက်လာ၏။ သို့ရာတွင် ဆိုင်ဝ တွင် ငုတ်တုတ်ကြီးထိုင်နေသည့် လူတကို မြင်သည့်အခါ၌ ဆိုင်ထဲသို့ မဝင်ရဲတော့ဘဲ ရှေ့တွင် ရစ်သီရစ်သီ လုပ်လျက်ရှိ၏။ အခန်းစောင့်သူငယ်သည် အိမ်တအိမ် တံစက်မြိတ် တွင် ရပ်ကာ ဆိုင်ထဲမှ အခြေအနေကို စောင့်ကြည့်နေ၏။

အနောက်မင်းချင်သည် ခွက်တဆယ်ကို တနာရီလောက် စဉ်းပြီးနောက် စဉ်းကောများကို ကြာဖက်တွင် ထုပ်လျက်-

“ဗိုလ်မှူးအိမ်ကို ပို့လိုက်ရမလား ခင်ဗျ”

“မလိုပါဘူးဗျ။ နေဦး။ နောက်ထပ် ဝက်သားအဆီ ခွက်တဆယ် ချိန်ပြီး စဉ်းပေးဦး။ အသားတစက်မှ မပါစေနဲ့။ အဲဒါကလည်း အစာသွတ်ဖို့ပဲ”

“အစာသွတ်တာက အသားပဲ ကောင်းမှာပေါ့ ဗိုလ်မှူး။ အဆီက ဘာလုပ်ဖို့လဲ။ ဘယ်ကောင်းပါ့မလဲ”

လူတသည် သူ့ကို စိုက်ကြည့်လိုက်ရင်း-

“တပ်မှူးအမိန့်ပဲဗျ။ သူ့ကို ဘယ်သူ ပြန်မေးရဲပါ့မလဲ”

“အေးလေ။ ဒါတော့ ဗိုလ်မှူး လိုချင်တယ်ဆိုရင်လည်း လုပ်ပေးရတာပေါ့”ဟု ဆိုကာ အနောက်မင်းချင်သည် အဆီ ခွက်တဆယ်ကို ချိန်ကာ စဉ်းလျက်ရှိလေ၏။ အဆီများကို စဉ်းပြီး၍ ဖက်ဖြင့် ထုပ်ပြီးသည့်အချိန်၌ကား မွန်းတိမ်းကာ ထမင်းစားချိန်သို့ ရောက်ခဲ့ လေပြီ။ တည်းခိုခန်းစောင့်သူငယ်မှာ ဆိုင်နားသို့ မကပ်ရဲသေးချေ။ အခြားသော ဈေးဝယ်များလည်း ခပ်ဝေးဝေးမှသာ ရပ်နေကြ၏။

“ဗိုလ်မှူးကိုယ်စား တပ်မှူးဆီကို ပို့ပေးရမလား ဗိုလ်မှူး”ဟု ချင်က မေး၏။

“ကဲ၊ နောက်ထပ် အရွတ် ဆယ်ပိဿာ ချိန်ပြီး စဉ်းပေးဦးဗျ။ အဲဒါလည်း အစာသွတ် ဖို့ပဲ။ အဲဒီအထဲမှာ အသားတစက်မှ မပါစေနဲ့”

အနောက်မင်းချင်သည် မချိသွားဖြဲရယ်ရင်း-

“ဗိုလ်မှူး ကျွန်တော့်ကို နောက်နေတာ ထင်တယ်”

လူတသည် ထိုင်ရာမှ ဖြုန်းခနဲထလိုက်လျက် လက်တွင် ဝက်သားထုပ်နှစ်ထုပ်ကို ကိုင်ထားရင်း ဝက်သားသည် အနောက်မင်းချင်ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်ကာ-

“ဟုတ်တယ်ကွ။ ငါ မင်းကို နောက်မလို့ လာတာ” ဟု ဆိုကာ ဝက်သားထုပ်ဖြင့် ချင်၏မျက်နှာကို ပေါက်ချလိုက်၏။

မိုးသီးမိုးပေါက်များပမာ ကျလာသော ဝက်သားဖတ်များကြောင့် ချင်သည် ပျားတုပ်ခံ လိုက်ရသည့်နှယ် ထောင်းခနဲဖြစ်သွား၏။ ဒေါသအမျက်တို့သည် ခြေဖဝါးမှသည် ငယ်ထိပ် ထိအောင် တရှိန်ရှိန်တက်လာ၏။ တားဆီးမရသော မီးလျှံတို့သည် သူ့ရင်ထဲတွင် ဟုန်းခနဲ တောက်လာ၏။ ချင်သည် စဉ်းနှီးတုံးပေါ်တွင် တင်ထားသည့် ဝက်သားစဉ်းသည့် ဓားကြီး ကို ကောက်ယူကာ ဆိုင်လှေကားထိပ်မှ

ခုန်ချလိုက်၏။ ဗိုလ်မှူးလူတသည် လမ်းလယ်တွင် ရပ်၍ သူ့ကို စောင့်နေ၏။

အနီးအနားရှိ ဆိုင်များထဲမှ အလုပ်သမားများလည်း ဝင်ရောက်ဖျန်ဖြေခြင်း မပြုဝံ့ ကြတော့ပြီ။ လမ်းသွားလမ်းလာတို့သည်လည်း ဆက်၍ မသွားနိုင်ကြတော့ဘဲ လမ်း တဖက်တချက်မှ ရပ်၍ မျက်လုံးအပြူးသားဖြင့် ကြည့်နေကြ၏။ တည်းခိုခန်းစောင့်ကား ကြောက်လွန်းသဖြင့် ကျောက်ရုပ်ကြီးလို ငူငူကြီး ရပ်ကြည့်နေ၏။

ဝက်သားသည်ချင်သည် ဝက်သားစဉ်းသည့် ဓားကြီးကို ယာလက်တွင် ကိုင်ထားရင်း ဝဲလက်ဖြင့် လူတကို လှမ်းဆွဲလိုက်၏။ လူတက ဆန့်ထုတ်လာသော ဝဲလက်ကို ဖမ်းချုပ် ကာ အနီးရောက်အောင် ပူးကပ်လိုက်ပြီးနောက် ဆီးစပ်ကို ဓွေ့ခနဲ တချက်သိမ်း၍ ကန် လိုက်သည်တွင် ချင်သည် မြေကြီးပေါ်သို့ ပက်လက်လဲကျသွား၏။ ထို့နောက် ရှေ့သို့ ခြေ တလှမ်းတိုးလာကာ လဲကျနေသော ချင်၏ ရင်ဘတ်ပေါ်သို့ တက်နင်းလိုက်လျက် အချဉ် အိုးကြီးလောက် ရှိသော လက်သီးကြီးကို မြှောက်ကာ မိုးချုန်းသကဲ့သို့သော အသံဖြင့်-

"ကျုပ်ကို ဘယ်သူထင်နေကြသလဲ။ ဗိုလ်ချုပ်ကြီးရဲ့ အနောက်ဘက်စစ်ခရိုင် ငါးခုကို ကြီးကြပ်ရတဲ့ ဗိုလ်မှူးဗျ။ ဒါကြောင့် ကျုပ်ကို အနောက်မင်းလို့ ခေါ်ချင် ခေါ်နိုင်တယ်။ ဒါပေမဲ့ ဒီကောင်ကတော့ ဝက်သားစဉ်းတဲ့ ဝက်သားသည်။ အလကားကောင်။ ခွေးသူတောင်းစား။ ဟေ့ကောင်၊ မင်းကို ဒီအနောက်မင်းဆိုတဲ့ နာမည်ကို ဘယ်သူပေးထား တာလဲဟင်။ ကြာပွင့်ဆိုတဲ့ ကောင်မလေးကို မတရားခြေတော်လည်း တင်သေးတယ်၊ ပိုက်ဆံမပေးတဲ့အပြင် မင်းအကြွေး ရှိတယ်ဆိုပြီး သားအဖနှစ်ယောက်ကိုလည်း အနိုင် ကျင့်သေးတယ်။ မင်းက ဘာကောင်မို့လဲဟင်"

လူတသည် လက်သီးပြင်းပြင်းဖြင့် ချင်၏ နှာနုကို ပိတ်ထိုးလိုက်၏။ နှာခေါင်းသည် တဖက်သို့ ရွေ့သွားပြီး ပြားချပ်သွားကာ ကုန်စုံဆိုင်မှ ငရုတ်ရည်ပုလင်းကွဲသကဲ့သို့ နီရဲ၍ ငန်ပျ ချဉ်စူး နံစော်သော သွေးများသည် စီးကျလာ၏။ ချင်သည် ထရန် ကြိုးစားသော် လည်း အချည်းနှီးမျှသာ။ သူ့လက်ထဲမှ ဓားသည် လွတ်ကျသွားကာ "အောင်မယ်လေး၊ ကယ်ကြပါဗျ" ဟု အော်လျက်ရှိ၏။

"မအေရိုး သူခိုး။ ဘာပြန်ပြောနေပြန်တာလဲ"

လူတသည် မျက်လုံးကို ပိတ်ထိုးလိုက်ရာ မျက်ခွံစုတ်ပြတ်သွားပြီး မျက်လုံးတလုံး သည် အပြင်သို့ ကျွတ်ထွက်လာ၏။ နီရဲမည်းနက်၍ မရန်းရောင်ပေါက်နေသော သွေးများ သည် အပ်ချုပ်ဆိုင်မှ အဝတ်ညှပ်စများသဖွယ် စီးကျလာကြ၏။

ရပ်ကြည့်နေကြသူများသည် လူတကို ကြောက်သဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြု ရဲကြချေ။ ဝက်သားသည် ချင်သည် သူ့ကို ချမ်းသာပေးရန် တောင်းပန်၏။ ဗိုလ်မှူးလူတက လှောင်ပြောင်သည့် လေသံဖြင့်-

"ခွေးဝဲစား၊ သတ္တိကောင်းတယ်ဆိုရင်လည်း ငါ ပြန်လွှတ်လိုက်ပါတယ်။ ခုတော့ သူရဲဘောကြောင်တဲ့အတွက် မင်းကို ပြန်မလွှတ်နိုင်ဘူးကွ"ဟု ဆိုကာ လူတသည် နားရင်း ကို တချက် ပိတ်ထိုးလိုက်ပြန်၏။ ချင်၏ ခေါင်းထဲတွင် ပွဲတော်လှည့်လာစဉ် မောင်းသံ၊ ကြေးစည်သံ၊ လင်းကွင်းသံတို့ မြည်ဟည်းသကဲ့သို့ အသံတွေ ဆူညံလျက်ရှိ၏။ ဝက်သား သည်ချင်သည် မြေပေါ်တွင် စန့်စန့်ကြီး ဖြစ်နေလေပြီ။ ပါးစပ်မှ ဟူးခနဲမြည်ကာ အသက် ထွက်သွားသည့်တိုင် မည်သူမှ မကပ်ရဲကြ။ ချင်သည် မလှုပ်တော့ပြီ။ လူတသည် ဒေါသ မပြေသေးဟန်ဖြင့်-

"ဘာလဲ၊ သေချင်ယောင်ဆောင်နေပြန်ပြီလား။ နေဦး၊ နင့်ကို နောက်ထပ်ချရဦးမယ်" ချင်၏ မျက်နှာသည် ပြာမွဲလာခဲ့လေပြီ။

"ဒီခွေးသူတောင်းစားကို ရိုက်နှက်ဆုံးမရုံလောက်ပဲလို့ ငါ စိတ်ကူးခဲ့တာ။ လက်သီးနဲ့ သုံးချက်လောက်ထိုးရုံနဲ့တော့ သေမယ်လို့ မထင်မိခဲ့ဘူး။ ငါ့ကို လူသတ်မှုနဲ့ ရုံးတင်တော့ မယ်။ ထောင်ထဲရောက်ရင် ငါ့ကို ထမင်းပို့မယ့်သူ မရှိ၊ ထောင်ဝင်စာ လာတွေ့မယ့်သူ မရှိနဲ့။ ငါ ဒီက ပြေးမှ ဖြစ်တော့မယ်ထင်တယ်"ဟု လူတ တွေးလျက်ရှိ၏။

လူတသည် ဆိုင်နေရာမှ ထွက်လာခဲ့၏။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် နောက်ပြန်လှည့်ကြည့်လိုက်လျက်-

"အေး၊ သေချင်ယောင်ဆောင်နေ။ မင်းနဲ့ နောက်တခါ စာရင်းရှင်းရဦးမှာ။ မှတ်ထား" ဟု လှမ်းပြောလိုက်၏။

ဝက်သားဆိုင်ထဲမှ အလုပ်သမားများသည် လည်းကောင်း၊ ဆိုင်နီးနားချင်းများသည် လည်းကောင်း လူတကို မတားရဲကြချေ။

လူတသည် သူနေသည့်အိမ်သို့ ပြန်လာခဲ့ကာ အထုပ်အပိုးများကို ခပ်သုတ်သုတ် ပြင်၏။ လမ်းတွင် ဝတ်ရန် အဝတ်အစားအချို့နှင့် ငွေစအနည်းငယ်ကို ထည့်၏။ အဝတ် ဟောင်းများနှင့် လေးလံသည့် ပစ္စည်းများကိုမူ ထိုအတိုင်းပင် ထားခဲ့၏။ လူတသည် လက်နက်အဖြစ် တုတ်တချောင်းကို ယူကာ တောင်တံခါးမှ ထွက်လာခဲ့လေ၏။

အလုပ်သမားများနှင့် ဆိုင်နီးနားချင်းများသည် ဝက်သားသည်ချင်ကို ပြုစုကြသော် လည်း အသက်ပြန်ရှင်လာအောင် မတတ်နိုင်ကြတော့ပြီ။ ချင်သည်

ပွဲချင်းပြီး အသက် ပျောက်ခဲ့လေပြီ။ သူ့ဇနီးနှင့် အိမ်နီးနားချင်းများသည် ရဲဌာနသို့သွားကာ လူသတ်မှုအဖြစ် တိုင်ချက်ဖွင့်ကြ၏။ ရုံးဖွင့်ကာ အမှုကို ကြားနာ၏။

"လူတဆိုတဲ့ လူက မြို့စောင့်တပ်မှာ ဗိုလ်မှူးတယောက်ပဲ"

ရဲဝန်သည် သတိရသဖြင့် ချက်ချင်း ဖမ်းဝရမ်းမထုတ်သေးဘဲ သံလျင်းကို စီးကာ မြို့စောင့် တပ်ရင်းဌာနချုပ်သို့ ထွက်လာခဲ့၏။ ရောက်လျှင် သံလျင်းမှ ဆင်းပြီးနောက် မိမိရောက်လာကြောင်း အစောင့်စစ်သားကို ပြော၏။ စစ်သားက သူ့ကို တပ်ရုံးသို့ ခေါ် သွားသည့်အခါ၌ သူ့ကို တပ်မှူးက ဆီးကြိုနေသည်ကို တွေ့ရ၏။ သူတို့နှစ်ယောက်သည် နှုတ်ဆက်စကား ပြောကြ၏။

"ဘာကိစ္စလဲ ရဲဝန်ကြီး"

"တပ်မှူးရဲ့တပ်က ဗိုလ်မှူးလူတ ဆိုတဲ့လူဟာ ချင်ဆိုတဲ့ ဝက်သားသည်တယောက်ကို အကြောင်းမဲ့ ရိုက်သတ်သွားတဲ့အတွက် တပ်မှူးဆီကို လာသတင်းပို့တာပါ။ တပ်မှူးကို သတင်းမပို့ဘဲနဲ့ မဖမ်းချင်တာနဲ့ လာပြီး သတင်းပို့တာပါ"

တပ်မှူးသည် လန့်သွားဟန်တူ၏။

"လူတဆိုတဲ့လူဟာ တိုက်ရေးခိုက်ရေးမှာတော့ တော်တဲ့လူပဲ။ ဒါပေမဲ့ လူက စိတ်ကြမ်း လူကြမ်းရယ်။ ခု လူသတ်မှုဖြစ်လာခဲ့ပြီဆိုတော့ ငါ သူ့ကို ဘယ်လိုများ ကာကွယ်ရမလဲ မသိဘူး။ သူ့ကို ခေါ်ပြီး စစ်ဦးမှပဲ" ဟု တပ်မှူး တွေးလျက်ရှိ၏။ ထို့နောက် ရဲဝန်ဘက်သို့လှည့်၍-

"လူတဟာ အစတုန်းကတော့ ကျွန်တော့်အဖေ ဗိုလ်ချုပ်ချုံကြီးရဲ့ တပ်ကပဲ။ ကျွန်တော့်မှာ အကူအညီလိုနေတာနဲ့ အဖေက သူ့ကို ကျွန်တော့်ဆီကို ပို့လိုက်တာ။ သူ့ အနေနဲ့ လူသတ်မှု ကျူးလွန်ခဲ့ပြီဆိုတော့ ရဲဝန်မင်းတို့ကိုယ်တိုင် ဖမ်းဆီးပြီး တရားဥပဒေ အရဖြစ်အောင် လုပ်ကြပေတော့။ တကယ်လို့ သူက ဖြောင့်ချက်ပေးပြီး ပြစ်မှုကျူးလွန် ကြောင်းလည်း သက်သေထင်ရှားတယ်ဆိုရင်တော့ ပြစ်ဒဏ်မပေးခင်မှာ ကျွန်တော့်အဖေ ဗိုလ်ချုပ်ချုံဆီကိုတော့ အကြောင်းကြားစေချင်တယ်ဗျာ။ နို့မဟုတ်ရင် သူ့ဆီကို ပြန်ပို့ ပေးပါလို့ လှမ်းတောင်းနေရင် ကျွန်တော် အဖြေရခက်နေမယ်"

"ကောင်းပါပြီ တပ်မှူး။ ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင် စုံစမ်းပြီး အကျိုးအကြောင်း ကို ဗိုလ်ချုပ်ချုံဆီကို သတင်းပို့ပြီးမှ ပြစ်ဒဏ်ပေးပါ့မယ်"

ရဲဝန်သည် တပ်မှူးကို နှုတ်ဆက်ပြီးနောက် သံလျင်းပေါ်သို့ တက်ကာ

ရဲဝန်ရုံးသို့ ပြန်လာခဲ့၏။ ထို့နောက် ရုံးထိုင်ပြီးလျှင် တာဝန်ကျ ရဲမှူးအား လူတကို ဖမ်းရန် ဝရမ်းထုတ် ပေးလိုက်၏။ ရဲမှူးသည် ရဲသားနှစ်ဆယ်နှင့်အတူ လူတကို ဖမ်းရန် လူတအိမ်သို့ ထွက်လာ ခဲ့၏။

အိမ်ရှင်က-

"မရှိတော့ဘူး ခင်ဗျ။ ခပ်စောစောကပဲ အထုပ်အပိုးတွေကို ပြင်ပြီး ထွက်သွားတာပဲ။ တာဝန်နဲ့ ခရီးထွက်တယ်ထင်တာနဲ့ ကျွန်တော်လည်း ဘာမှ မမေးရဲဘူး"

ရဲမှူးသည် လူတ၏ အခန်းကို ဖွင့်၍ ရှာရန် ရဲများကို အမိန့်ပေး၏။ အခန်းထဲတွင် အဝတ်ဟောင်းများနှင့် အိပ်ရာလိပ်တို့မှ အပ အခြား ဘာမျှ မရှိတော့ချေ။ ရဲမှူးနှင့် ရဲသား များသည် အိမ်ရှင်နှင့် အိမ်နီးနားချင်းများကို ခေါ်လာခဲ့၏။

"ဗိုလ်မှူးလူတဟာ တိမ်းရှောင်နေပါတယ် ဝန်မင်း။ ဘယ်သွားတယ်ဆိုတာကို ဘယ် သူမှ မသိပါဘူး။ ခုတော့ အိမ်ရှင်နဲ့ အိမ်နီးနားချင်းနှစ်ယောက်ကို ဖမ်းလာခဲ့ပါတယ်"

ရဲဝန်က ထိုသူများကို ဖမ်းဆီးထားရန် အမိန့်ပေးပြီး သေသူ ချင်၏ ဇနီးနှင့် အိမ်နီးနား ချင်းများကို အခေါ်ခိုင်းလိုက်၏။ အရာရှိများနှင့် သူကြီးတို့သည် ဆေးဘက်ဆိုင်ရာ ကျွမ်း ကျင်သူများနှင့်အတူ အလောင်းကို စစ်ဆေးကြ၏။ သေသူ၏ မိသားစုသည် အလောင်းကို ခေါင်းသွင်းကာ ဘုန်းကြီးကျောင်းတကျောင်းထဲတွင် အသုဘကို ယာယီပြင်ထားကြ လေ၏။

သက်ဆိုင်ရာတို့သည် လိုအပ်သည့် စာရွက်စာတမ်းများကို ပြင်ဆင်ပြီးနောက် ရဲဝန်က လူတကို အမြန်ရမိအောင် ဖမ်းဆီးရန်၊ လိုအပ်ပါက ရိုက်နှက်၍ ဖမ်းဆီးခဲ့ကြရန် အမိန့်ပေးလိုက်၏။ တရားလိုများကိုမူ အာမခံဖြင့် အိမ်သို့ ပြန်လွှတ်လိုက်၏။ ဝက်သား သည် ချင် အရိုက်ခံရသည်ကို မြင်လိုက်ရသူများမှာမူ ဝက်သားသည်ချင်ကို ကယ်ဆယ်ရန် ပျက်ကွက်သည့်အတွက်ဟု ဆိုကာ ကြိမ်ဒဏ်ပေးလိုက်၏။ လူတ၏ အိမ်ရှင်နှင့် အိမ်နီးနား ချင်းများမှာမူကား စွဲချက်တင်ခြင်း မခံကြရချေ။ လူတ၏ အသက်၊ ပုံပန်းသဏ္ဍာန်၊ ဇာတိစသည်တို့ကို ဖော်ပြထားလျက် လူတအား ဖမ်းမိလျှင် ဆုတော်ငွေ ငွေစင်သုံးထောင် ပေးမည် ဟူသော ကြေညာချက်ကို နေရာအနှံ့အပြားတွင် ကပ်စေ၏။ အခြားသူများကို လိုအပ်လျှင် ခေါ်ယူစစ်ဆေးမည်ဟု ဆိုကာ ပြန်လွှတ်လိုက်၏။ ချင်၏ မိသားစုမှာ ရက်လည် အထိမ်းအမှတ် ကျင်းပလျက်ရှိ၏။ ထိုအကြောင်းကိုမူ ဤတွင် တော်လောက်ပြီ။

လူတအကြောင်းကို ဆက်ဦးအံ့။

ဝေကျို့မြို့မှ ထွက်လာပြီးနောက် လူတသည် ရဲဝန်ရုံးရှိသည့် မြို့များစွာကို ဖြတ်သန်း ကာ ခြေဦးတည့်ရာသို့ ထွက်လာခဲ့၏။ သူ့အဖို့သော်မူ 'ဆာလျှင် စား၊ အေးလျှင် ဝတ်၊ ကြောက်လျှင် ပြေး၊ နွေးလိုလျှင် မယားယူ"ဆိုသည့် စကားအတိုင်း ဖြစ်လျက်ရှိ၏။

လူတသည် မည်သည့်နေရာသို့ ပြေးရမည်မသိဘဲ ကြံရာမရ ဖြစ်လျက်ရှိလေ၏။

သို့ဖြင့် ရက်ပေါင်းများစွာ လှည့်လည်ပြီးနောက် လူတသည် တိုင်ကျို့ရှိ ယာမင်းမြို့သို့ ရောက်လာခဲ့၏။ ယာမင်းမြို့မှာ လူစည်ကား၍ ဈေးဆိုင်ကနားများ ပေါသည့် မြို့တမြို့ ဖြစ်၏။ လမ်းမများတွင် လှည်းတွေ၊ နွားတွေ ဥဒဟိုသွားလာလျက်။ လမ်းဘေးတွင် အစီ အရီ ရှိနေသော ဆိုင်များ၌ အရောင်းအဝယ်တို့ စည်ကားလျက်၊ ခရိုင်မြို့လေးတမြို့ ဖြစ်သည့်တိုင် ပြည်နယ်မြို့ကြီးတမျှ စည်ကားလျက် ရှိလေသည်။

လမ်းထောင့်တခုသို့ အရောက်တွင် ကြော်ငြာစာရွက်တရွက်ကို ဝိုင်းအုံဖတ်နေကြ သည့် လူအုပ်တအုပ်ကို လူတ မြင်ရ၏။ လူတယောက်သည် ကြော်ငြာစာကို အသံထွက် ဖတ်လျက်ရှိ၏။ လူတသည် စာမဖတ်တတ်သည့်အတွက် ရှေ့သို့တိုး၍ နားထောင်သည်တွင် အောက်ပါအတိုင်း ကြားရလေ၏။

တိုက်ယွမ်စစ်နယ်မြေ တပ်မှူး၏ အမိန့်အရ ခရိုင်ဝန်မင်းသည် အောက်ပါ ကြော်ငြာစာ ကို ထုတ်ပြန် ကြေညာလိုက်သည်။ တိမ်းရှောင်သူ - ဝက်သားသည်ချင်ကို သတ်သည့် တရားခံ၊ အမည်- လူတ (ယခင် ဝေကျို့မြို့စောင့်တပ်မှ ဗိုလ်မှူး) တရားခံအား ကွယ်ဝှက် ပေးသူ၊ သို့မဟုတ် ထောက်ပံ့ ကျွေးမွေးသူ၊ သို့မဟုတ် ခိုလှုံခွင့်ပေးသူ မည်သူကိုမဆို အလားတူ အပြစ်ရှိသည်ဟု ယူဆမည် ဖြစ်ကြောင်း၊ တရားခံအား ဖမ်းဆီး ခေါ်ဆောင် လာသူ၊ သို့မဟုတ် တရားခံရှိရာကို ညွှန်ပြ သတင်းပေးနိုင်သူ မည်သူ့ကိုမဆို ဆုတော်ငွေ တထောင် ချီးမြှင့်မည်ဖြစ်ကြောင်း။

လူတသည် ထိုလူ ဖတ်လျက်ရှိသော ကြော်ငြာစာကို နားထောင်လျက်ရှိစဉ် နောက်မှ သိုင်း၍ ဖက်လိုက်သော လက်နှစ်ဖက်နှင့်အတူ "နောင်ကြီးချန်၊ ဒီမှာ ဘာ လာလုပ်နေ တာလဲ" ဟူသော အသံကို ကြားလိုက်ရပြီးနောက် ထိုလူသည် လူတကို လမ်းထောင့် လူရှင်းသည့် နေရာတနေရာသို့ ဆွဲခေါ်သွား၏။

အကယ်၍သာ ထိုလူသည် လူတကို တွေ့ဆုံခြင်း မရှိခဲ့ပါက လူတသည် သူ့ခေါင်းမှ ဆံပင်များနှင့် မုတ်ဆိတ်တို့ကို မည်သည့်အခါမှ စွန့်ပယ်မိမည် မဟုတ်ချေ။ လူသတ်သမား အဖြစ် ကျော်ကြားနေသည့် လူတ ဆိုသည့်

အမည်ကိုလည်း စွန်းလွတ်မိမည် မဟုတ်ချေ။ ဘုံကျောင်းမှ ဆင်းတုတော်များကိုလည်း ဖျက်ဆီးမိမည် မဟုတ်ချေ။

ယခုမူ ထိုလူနှင့် တွေ့ခဲ့သည့်အတွက် လူတသည် အန္တရာယ်ရှိသော လမ်းကို ဖွင့်ပေး ခဲ့လေပြီ။ သူ့ခြားသည် မတရားသူများကို ခုတ်ပိုင်းခဲ့လေပြီ။

သို့ဖြစ်လျှင် လူတအား လမ်းထောင့်သို့ ဆွဲခေါ်သွားသူသည် မည်သူပေနည်း။ သိလို လျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄

ရှင်ဉာဏသည် ဝူတိုင်းတောင်ကို မှောက်လှန်ပစ်ခြင်း

မြေရှင်ချောင်သည် ဝင်ရှူဘုန်းကြီးကျောင်းကို ပြင်ဆင်ခြင်း

မိမိအား ဆွဲခေါ်သွားသူကို လူတ လှည့်ကြည့်လိုက်၏။ အခြားသူ မဟုတ်။ ဝေကျို့က တည်းခိုခန်းထဲတွင် မိမိကယ်လိုက်သော ဦးလေးကျင်း ဖြစ်သည်ကို တွေ့ရ၏။ ဦးလေးကျင်း သည် လူသူကင်းရှင်းသည့် နေရာရောက်အောင် သူ့ကို အတင်းဆွဲခေါ်သွားကာ-"အတင့်ရဲလိုက်ပါဘိတော့ ကျေးဇူးရှင်ကြီးရယ်။ အဲဒီကြော်ငြာစာက ဗိုလ်မှူးကို ဖမ်းမိရင် ဆုတော်ငွေ တထောင်ပေးမယ်လို့ ကြော်ငြာထားတဲ့ စာရွက်ဗျ။ ဘာဖြစ်လို့ အဲဒီ ကြော်ငြာစာကို သွားပြီး ရပ်ကြည့်နေရတာလဲ။ ကျွန်တော်သာ ဆွဲခေါ်မလာရင် ခုလောက်ဆို ရဲတွေက ဖမ်းမိသွားလောက်ပြီ။ အဲဒီအထဲမှာ ဗိုလ်မှူးရဲ့ မွေးဇာတိ၊ အသက်၊ ပုံပန်း သဏ္ဌာန်တွေကို အားလုံး ဖော်ပြထားတယ်"

"အဲဒီနေ့က ကျွန်တော်လည်း ခင်ဗျားတို့ကိစ္စနဲ့ ပတ်သက်ပြီး ချုံယွမ်းတံတားနားက ဝက်သားသည်ချင် ဆိုင်ကို သွားတယ်ဗျ။ လက်သီးနဲ့ သုံးချက်ထိုးလိုက်တာ သေသွား တာနဲ့ ထွက်ပြေးလာခဲ့ရတယ်။ ခု ပြေးလာတာ ရက်လေး ငါးဆယ်လောက် ရှိပြီ။ ဟိုရောက် ဒီရောက်ပေါ့ဗျာ။ နောက်ဆုံးတော့ ဒီကို ရောက်လာတယ်ဆိုပါစို့။ ကျွန်တော်က ခင်ဗျားတို့ သားအဖ အရှေ့နေပြည်တော်ကို ပြန်သွားပြီ ထင်နေတာ။ ဒီမှာ ဘာလုပ်နေတာလဲ"

"ကျေးဇူးရှင်ကြီး ကျွန်တော်တို့ကို ကယ်လိုက်တော့ ကျွန်တော်လည်း လှည်းတစီးကို ငှားတယ်ဗျ။ မူလတုန်းကတော့ အရှေ့နေပြည်တော်ကို ပြန်မလို့ပါပဲ။ ဒါပေမဲ့ ဒီကောင့် ရန်က မအေးဘူး မဟုတ်လား။ ဟိုထိအောင် လိုက်လာပြီး အနှောင့်အယှက်ပေးရင် ဟိုမှာ ဗိုလ်မှူးတို့လည်း မရှိတော့ ကျွန်တော် ဒုက္ခရောက်မယ်။

"ဒါနဲ့ ကျွန်တော်လည်း အဲဒီကို မပြန်တော့ဘူးဆိုပြီး မြောက်ပိုင်းကို ထွက်လာခဲ့ ပါတယ်။ လမ်းကျတော့ မြောက်ပိုင်းကို အရောင်းအဝယ်ကိစ္စနဲ့ လာတဲ့ နေပြည်တော်က အိမ်နားနီးချင်းတယောက်နဲ့ တွေ့တယ်ခင်ဗျ။ သူကပဲ ကျွန်တော်တို့ကို စရိတ်ခံပြီး ခေါ်သွားပါတယ်။ ကျွန်တော့်သမီးလေးအတွက်လည်း အိမ်ထောင်ဖက်အဖြစ် အဆင်ပြေသွားတာ ပေါ့ ဗိုလ်မှူးရာ။ ခုတော့ ကျွန်တော့်သမီးဟာ မြေရှင်ချောင်ဆိုတဲ့ လူနဲ့ အိမ်ထောင်ကျနေပြီ ခင်ဗျ။ မြေရှင်က

ကျွန်တော့်သမီးကို အိမ်တဆောင် ဝယ်ပေးတယ်။ ခုလို ကျွန်တော်တို့ မပူမပင် မကြောင့်မကြ နေနိုင်တာဟာ ဗိုလ်မှူးရဲ့ ကျေးဇူးကြောင့်ဆိုတာ ကျွန်တော် အမြဲ သတိရပါတယ်။ ကျွန်တော့်သမီးက ဆိုရင် ဗိုလ်မှူး ဘယ်လောက် တဖက်သားကို သနား တတ်တဲ့အကြောင်း သူ့ယောက်ျားကို မကြာမကြာ ပြောပါတယ်။ သူ့ယောက်ျားက သိုင်း ကစားတာလည်း ဝါသနာပါပါတယ်။ ဗိုလ်မှူးကို တွေ့ချင်တယ်လို့ ခဏခဏ ပြောနေတာ အခွင့်မကြုံတော့ မတွေ့ရဘူး။ ခုတော့ ကျွန်တော်တို့နှင့်အတူ ခဏလိုက်နေပါ ဗိုလ်မှူး။ ဘာလုပ်မယ်ဆိုတာ နောက်တော့ အေးအေးဆေးဆေး ပြောကြတာပေါ့”

လူတနှင့် ဦးလေးကျင်းတို့သည် လီဝက်ခန့် လမ်းလျှောက်လာခဲ့ကြသည်တွင် အိမ် တအိမ် ခြံဝင်းဝသို့ ရောက်ကြ၏။ ဦးလေးကျင်းက ဝါးဖြင့် ရက်ထားသည့် ယင်းကို မ လိုက် ပြီးလျှင် “သမီးရေ၊ တို့ကျေးဇူးရှင်ကြီး ပါလာတယ်ဟေ့”ဟု အော်ပြောလိုက်၏။

လှပစွာ လိမ်းခြယ်ထားပြီး သပ်ရပ်စွာ ဝတ်ဆင်ထားသည့် သမီးငယ်သည် အခန်းထဲမှ ထွက်လာ၏။ လူတကို အခန်းအလယ်တွင် ထိုင်ရန် ဖိတ်ကြား၏။ ထို့နောက် ပူဇော်ဦးချ သည့်နှယ် ပုဆစ်တုပ်၍ ထိုင်ကာ လူတကို ခြောက်ကြိမ်တိုင်တိုင် ဦးချ၏။

“ကျေးဇူးရှင်ကြီးသာ မကယ်ခဲ့ရင် ကျွန်မတို့သားအဖ ဒီအခြေကို ဘယ်နည်းနဲ့မှ ရောက်မှာ မဟုတ်ပါဘူးရှင်”ဟု ဆိုကာ အပေါ်ထပ်ဧည့်ခန်းသို့ ဖိတ်ပြန်၏။

“ကိစ္စမရှိဘူး ကလေးမ။ ကျုပ် ခုပဲ သွားတော့မှာ”

“ဒီလို ပြန်ခွင့်ပေးလို့ ဘယ်ဖြစ်မလဲ ဗိုလ်မှူးရာ။ ရောက်တုန်းရောက်ခိုက် နေဦးမှ ပေါ့” ဟု ဆိုကာ ဦးလေးကျင်းသည် လူတ၏ တုတ်နှင့် အထုပ်အပိုးများကို အပေါ်ထပ်သို့ သယ်လာခဲ့၏။ သမီးဘက်သို့ လှည့်လျက်-

“ကျေးဇူးရှင်ကြီးနဲ့ စကားပြောရစ်ခဲ့ကြဦး။ အဖေက ထမင်းအတွက် စီစဉ်လိုက်ဦးမယ်”

“ဘာမှ ထူးထူးထွေထွေ လုပ်မနေပါနဲ့။ ရှိတာနဲ့ပေါ့” ဟု လူတက ပြော၏။

“ကျွန်တော့်အသက်နဲ့ ဆပ်ရင်တောင် ဗိုလ်မှူးရဲ့ ကျေးဇူးတွေ ကျေမှာ မဟုတ်ပါ ဘူးဗျာ။ ထမင်းကလေးတလုတ်ကတော့ ဘာအပန်းကြီးတာ မှတ်လို့”

သမီးငယ်နှင့် လူတတို့ ထိုင်၍ စကားပြောနေကြစဉ် ဦးလေးကျင်းသည် အောက် ထပ်သို့ ဆင်းလာခဲ့ကာ မီးဖိုထဲတွင် အဆင်သင့်ဖြစ်ရန် အစေခံများကို

ပြောဆို ညွှန်ကြား လျက်ရှိ၏။ ထို့နောက် ဦးလေးကျင်းနှင့် သူငယ်ကလေးတယောက်သည် အပြင်သို့ ထွက် သွားကာ လတ်ဆတ်သော ငါးများ၊ ကြက်နုနုတကောင်၊ ငန်းတကောင်၊ ငါးချဉ်နှင့် လတ်ဆတ်သော သစ်သီးများကို ဝယ်၍ ပြန်လာကြ၏။ အိမ်သို့ ရောက်သော် ချက်ပြုတ် ကြော်လှော်ပြီး အရက်တအိုးကို ဆွဲကာ အပေါ်ထပ်သို့ တက်လာခဲ့၏။ စားပွဲပေါ်တွင် အရက် ခွက်သုံးလုံးနှင့် တူသုံးစုံကိုလည်း ပြင်ဆင်ထား၏။ အစားအသောက်နှင့် သစ်သီးများ လာချပေးပြီးသည့်နောက် အစေခံမကလေးတယောက်သည် ငွေအရက်ခရားတလုံးကို ယူလာကာ အရက်ကို နွေးပေးလေ၏။

အဖေနှင့် သမီးတို့သည် လူတ၏ ခွက်ထဲတွင် ကုန်သွားတိုင်း တယောက်တလှည့်စီ ငှဲ့ပေးကြ၏။ ဦးလေးကျင်းသည် ဒူးထောက်ထိုင်ချ၍ အရိုအသေပေး၏။

“ဦးလေးကျင်းရယ်၊ ဒီလိုမလုပ်ပါနဲ့။ ကျွန်တော်က အသက်ငယ်ပါတယ်။ ကျွန်တော် ငရဲကြီးပါ့မယ်”ဟု လူတက ပြော၏။

“ဒီရောက်ပြီး မကြာခင်မှာပဲ ဗိုလ်မှူးရဲ့နာမည်ကို စာရွက်အနီပေါ်မှာ ရေးပြီး သစ်သား ချပ်တခုပေါ်မှာ ကျွန်တော် တပ်ထားတယ် ခင်ဗျ။ ပြီးတော့ နေ့တိုင်း မနက်နဲ့ ညနေမှာ လည်း အဲဒီစာတန်းရှေ့မှာ အမွှေးတိုင်ထွန်းတယ်။ ကျွန်တော်နဲ့ သမီးနှစ်ယောက်စလုံး အဲဒီ စာတန်းကို ဦးချပါတယ်။ ခု ဗိုလ်မှူးကိုယ်တိုင် ကျွန်တော်တို့ရှေ့မှာ ရောက်နေပြီဆိုတော့ ဘာဖြစ်လို့ ကျွန်တော်တို့ ဦးမချရမှာလဲ”

“ကျွန်တော့်ကို ဒီလို လေးစားကြတဲ့အတွက် ကျွန်တော် ဝမ်းသာလိုက်တာဗျာ” ဟု လူတက ပြော၏။ သူတို့သုံးယောက်သည် ညရောက်သည်အထိ သောက်နေကြ၏။ ထိုစဉ် အပြင်မှ ဆူဆူညံညံအသံများကို ကြားရလေ၏။ လူတသည် ပြတင်းပေါက်ကို ဖွင့်၍ အပြင် သို့ ကြည့်လိုက်ရာ တုတ်ချွန်များကို ကိုင်ထားသည့် လူအစိတ်သုံးဆယ်ခန့်သည် အိမ်ရှေ့ တွင် စုရုံးလျက် ရှိကြ၏။ “အဲဒီကောင်ကို ထုတ်ပေး” ဟု သူတို့က အော်ကြ၏။ မြင်းပေါ်မှ လူတယောက်ကမူ “ဒီကောင်ကို မလွတ်အောင် ဖမ်းကြဟေ့”ဟု အော်လျက်ရှိ၏။

မိမိအတွက် အန္တရာယ်ဖြစ်ကြောင်းကို လူတ သိလိုက်လေပြီ။ လူတသည် ခွေးခြေ တလုံးကို ကောက်ကိုင်ကာ လှေကားမှ ဆင်းလာခဲ့၏။ ဦးလေးကျင်းသည် သူ့ရှေ့မှ ဆင်း၍ လက်ကာ ပြရင်း “ဘာမှ မလုပ်ကြနဲ့ဦး”ဟု ဆိုကာ မြင်းပေါ်မှ လူထံ ပြေးပြီး တစုံတရာ တီးတိုးပြောလျက်ရှိ၏။ မြင်းပေါ်မှ လူလည်း ရယ်နေ၏။ ထို့နောက် သူ့လူများကို ပြန်ခေါ် သွားလေ၏။

လူများ ပြန်သွားသည့်အခါတွင် မြင်းပေါ်မှ လူသည် အောက်သို့ ဆင်းလာကာ အိမ် ထဲသို့ ဝင်လာ၏။ ဦးလေးကျင်းသည် လူတကို ဆင်းလာရန်

ခေါ်၏။ လူတ လှေကားမှ ဆင်းလာသည်ကို မြင်သည့်အခါ၌ ထိုလူသည် လူတကို ဦးညွတ်၍ အရိုအသေပေးလေ၏။

““ကျော်ကြားထင်ရှားသော လူများ၏ အမည်ကို ကြားရခြင်းထက် လူကို တွေ့ရခြင်း က ကောင်း၏” ဆိုတဲ့ စကားအတိုင်းပါပဲ ခင်ဗျာ။ ဒီလို မှန်ရာလုပ်တဲ့ ဗိုလ်မှူးကို တွေ့ရလို့ ကျွန်တော်ဖြင့် ဝမ်းသာလိုက်တာ။ ကျွန်တော် အရိုအသေပေးပါရစေ”

“ဦးလေးကျင်း၊ သူက ဘယ်သူလဲ။ ကျွန်တော်လည်း မသိပါကလား။ ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက် အရိုအသေပေးနေရတာလဲ”

“ကျွန်တော့်သမက် မြေရှင်ချောင် ဆိုတာလေ။ ကျွန်တော်နဲ့ လူငယ်တယောက် ပါ လာပြီး အိမ်ပေါ်မှာ အရက်သောက်နေတယ်လို့ ကြားတာနဲ့ တမျိုးတမည်ထင်ပြီး သူ့လူတွေနဲ့ လာဝိုင်းတာပါ။ ကျွန်တော်က အကျိုးအကြောင်းပြောတော့ သူ့လူတွေကို ပြန်လွှတ် လိုက်ပါပြီ”

“ဪ၊ ဒီလိုလား။ ဒီအတိုင်းဆိုရင် သူ့ကိုလည်း အပြစ်မတင်သင့်ပေဘူးပေါ့”

မြေရှင်ချောင်သည် လူတကို အပေါ်ထပ်အခန်းသို့ ဖိတ်၏။ ဦးလေးကျင်းမှာ စားပွဲ များကို ပြန်၍ ပြင်ရင်း စားသောက်ဖွယ်များကို ထပ်မံ ပြင်ဆင်လျက်ရှိလေ၏။ ချောင်က လူတကို စားပွဲထိပ်တွင် ထိုင်ရန် ဖိတ်၏။ လူတက လက်မခံချေ။

“မလုပ်ပါနဲ့ ခင်ဗျာ။ ဒီနေရာမှာပဲ ထိုင်ပါရစေ”

“ဒီလောက်ကလေး ဂုဏ်ပြုရတာ ဘာမှ မပြောပလောက်ပါဘူး ဗိုလ်မှူး။ ဗိုလ်မှူးရဲ့ မဟုတ်မခံစိတ်ရှိပုံကို ကျွန်တော် အများကြီး ကြားဖူးပါတယ်။ ဒီနေ့ တွေ့ ခွင့်ရတာဖြင့် ကျွန်တော်အဖို့ အလွန်ကံကောင်းပါတယ်ခင်ဗျာ”

“ကျွန်တော်ဟာ စိတ်ကြမ်းလူကြမ်း၊ လူသတ်မှုကို ကျူးလွန်လာတဲ့ လူတယောက်ဖြစ် ပေမယ့် နောင်ကြီးက ကျွန်တော့်ကို ခုလို တလေးတစား ဆက်ဆံတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာပါတယ် ခင်ဗျာ။ ကျွန်တော် တတ်နိုင်တာရှိရင် ပြောပါ။ ကူညီဖို့ အဆင် သင့်ပါ”

မြေရှင်ချောင်မှာ များစွာ ကျေနပ်လျက်ရှိလေပြီ။ ဝက်သားသည်ချင်နှင့် ဖြစ်ပျက်ခဲ့ပုံကို သူက မေး၏။ သူတို့နှစ်ယောက်သည် အာလာပသလ္လာပ ပြောဆိုကြ၏။ လက်နက်မျိုးစုံနှင့် သိုင်းပညာအကြောင်းကို ဆွေးနွေးကြရင်း ညဥ့်နက်သည်အထိ အရက်သောက်လျက် ရှိကြလေ၏။ ထို့နောက်တွင် အားလုံး အိပ်ရာသို့ ဝင်ခဲ့ကြလေ၏။ နောက်တနေ့ မနက်တွင် မြေရှင်ချောင်က-

“ဒီမှာနေရတာ သိပ်မလုံခြုံဘူးထင်တယ်။ ခုလောလောဆယ် တောမှာ ရှိတဲ့ ကျွန်တော့် အိမ်ကို လိုက်ခဲ့ပါလား”

“နောင်ကြီးလယ်တောက ဘယ်မှာလဲ”

“ဒီကနေဆိုရင်တော့ ဆယ်လီလောက် ဝေးမှာပေါ့။ ရတနာခုနစ်ပါး ဆိုတဲ့ ရွာကလေး နားမှာပါ”

“ကောင်းပြီလေ။ လိုက်တာပေါ့”

မြေရှင်ချောင်သည် အခိုင်းအစေတယောက်ကို လယ်တောအိမ်သို့ ပြန်လွှတ်ကာ လူတအတွက် မြင်းအပိုတကောင် အယူခိုင်းလိုက်၏။ လူတ၏ ဝန်စည်စလယ်များကိုလည်း သယ်လာရန် ပြောလိုက်ပြီးလျှင် ဗိုလ်မှူးကို မြင်းပေါ်သို့ တက်ခိုင်း၏။ ဗိုလ်မှူးလူတသည် ဦးလေးကျင်းတို့ သားအဖကို နှုတ်ဆက်ပြီးနောက် မြေရှင်ချောင်နှင့်အတူ ထွက်လာခဲ့ လေ၏။

သူတို့နှစ်ယောက်သည် ဘေးချင်းယှဉ်၍ မြင်းစီးရင်း စကားပြောလာခဲ့ရာ မကြာမီ ရတနာခုနစ်ပါးရွာသို့ ရောက်လာကြလေ၏။ ထိုရွာကို လွန်လျှင် လယ်တောအိမ်သို့ ရောက်သဖြင့် မြင်းပေါ်မှ ဆင်းကြ၏။ မြေရှင်ချောင်သည် လူတကို လက်တွဲကာ အိမ်ထဲသို့ ခေါ် သွားပြီး ဧည့်ခန်းတွင် ထိုင်ကြ၏။ သိုးတကောင် ပေါ်ပြီးနောက် အရက်ကို ယူလာရန်လည်း အစေခံများကို ခိုင်းလိုက်၏။

ထိုညဉ့် လူတသည် ဧည့်သည်ဆောင်တွင် အိပ်ရ၏။ နောက်တနေ့တွင်လည်း အိမ်ရှင် သည် သူ့ကို အရက်များ၊ စားသောက်ဖွယ်များဖြင့် ကောင်းစွာ ပြုစုကျွေးမွေး၏။

“နောင်ကြီးဟာ ကျွန်တော့်အပေါ် အလွန်စေတနာကောင်းပါတယ်ခင်ဗျ။ ကျွန်တော် ဖြင့် ဘယ်လိုကျေးဇူးဆပ်ရမယ်လို့ ဆိုတာတောင် မပြောတတ်အောင် ဖြစ်နေပြီ” ဟု လူတက ပြော၏။

“သမုဒ္ဒရာလေးစင်းအတွင်း၌ လူအချင်းချင်းသည် ညီရင်းအစ်ကိုများ ဖြစ်ကြ၏” ဆိုတဲ့ စကား ရှိသားပဲဗျာ။ ဘာဖြစ်လို့ ကျေးဇူးဆပ်စကားတွေ ပြောနေရတာလဲ” အသေးစိတ်များကို မပြောတော့ပြီ။ လူတသည် လယ်တောအိမ်ကလေး၌ နေခဲ့သည် မှာ တလကိုးသီတင်းမျှ ရှိခဲ့လေပြီ။ တနေ့သ၌ သူတို့နှစ်ယောက်သည် ဧည့်ခန်းထဲတွင် စကားပြောလျက်ရှိကြစဉ် ဦးလေးကျင်းသည် ပျာယီးပျာယာဖြင့် ရောက်လာလေ၏။ အနီးအနားတွင် လူသူ ရှိ မရှိကို လှမ်းကြည့်လိုက်ပြီးလျှင် လူတ ဘက်သို့ လှည့်၍-

"အစိုးရိမ်လွန်တယ်လို့တော့ မထင်နဲ့ ကျေးဇူးရှင်ကြီးရေ။ ဗိုလ်မှူး ရောက်တဲ့နေ့ ညက ကျွန်တော်တို့ အရက်သောက်နေတုန်း ကျွန်တော့်သမက်က အထင်မှားပြီး လူတွေနဲ့ လာဝိုင်းကတည်းက ဘေးပတ်ဝန်းကျင်က ကျွန်တော့်အိမ်ကို မသင်္ကာဖြစ်နေတယ်။ ဗိုလ်မှူးရောက်နေတယ်ဆိုတာ သတင်းထွက်သွားတယ်။ မနေ့တုန်းကတော့ ရဲ သုံး လေး ယောက်လာပြီး အိမ်နားနီးချင်းတွေကို မေးမြန်းနေတယ်။ တော်တော်ကြာ သတင်းပေါက် သွားပြီး ဒီကို လာ ရှာလားဖွေလား လုပ်မှာကို ကျွန်တော် စိုးရိမ်တယ်။ ဗိုလ်မှူး တခုခု ဖြစ်ရင် ကျွန်တော်တို့မှာ ဒုက္ခ"

"ဒီလိုဆိုရင်လည်း ကျွန်တော် တနေရာကို သွားမယ်လေ"

"ဟုတ်တယ်။ ဗိုလ်မှူးကို ကျွန်တော် ဖွက်ထားတယ်ဆိုတာ တွေ့သွားရင် အားလုံး ဒုက္ခရောက်ကုန်ကြမှာ"

"ဟုတ်တယ်။ ဗိုလ်မှူး ဒီမှာဆက်နေရင် တခုခုဖြစ်နိုင်တယ်။ ရှောင်နေရင် ကောင်း မယ် ထင်တာပဲ။ ကျွန်တော့်မှာ စိတ်ကူးတခုတော့ ရှိတယ်။ ဒီအတိုင်းလုပ်ရင် ဗိုလ်မှူးလည်း စိတ်အေးလက်အေးနေရမှာ။ အန္တရာယ်လည်း ဘာမှ ရှိတော့မှာမဟုတ်ဘူး။ ဒါပေမဲ့ ဗိုလ်မှူးက ကျွန်တော့်အကြံကို လက်ခံ မခံတော့ မပြောတတ်ဘူးပေါ့"

"ကျွန်တော်က လည်ပင်းမှာ ကြိုးကွင်းတပ် ပြေးနေရတဲ့ လူပါ။ လွတ်မယ်ဆိုရင် လုပ်တန် လုပ်ရမှာပေါ့"

"ဟုတ်ပြီ။ ကျွန်တော်တို့ဆီကနေပြီး လီသုံးဆယ်လောက် ဝေးတဲ့နေရာမှာ ဘုန်းကြီး ကျောင်းတကျောင်း ရှိတယ်။ ဝင်ရှူဗုဒ္ဓအလောင်းအလျာ ကျောင်းထိုင်ခဲ့တဲ့ ဝူတိုင်းတောင်ထိပ် ရှိတယ်။ အဲဒီတောင်ထိပ်ပေါ်မှာ ဘုံကျောင်းတကျောင်းရှိတယ်။ အဲဒီကျောင်းမှာ ဘုန်းကြီးအပါးခုနစ်ရာလောက် သီတင်းသုံးနေကြတယ်။ ကျောင်းထိုင်ဆရာတော်ကြီးက ကျွန်တော် ကိုးကွယ်တဲ့ ဆရာတော်ကြီးပဲ။ ကျွန်တော့်မိဘများကလည်း အဲဒီကျောင်းကို ဆောက်ခဲ့တဲ့ ဒကာ၊ ဒကာမတွေပဲ။ ကျွန်တော် ရဟန်းတပါး ဒကာခံမယ်လို့ ဆရာတော် ကြီးကို ကတိပေးခဲ့တယ်။ ခုထိ သင့်လျော်သူ မတွေ့သေးတာနဲ့ ရဟန်းဒကာ မခံဖြစ်ခဲ့ သေးဘူး။ ဒီတော့ ဗိုလ်မှူး သက်န်းစည်းချင်တယ်ဆိုရင် ကျွန်တော်ပဲ ရဟန်းဒကာခံမယ်လေ။ ဒီတော့ ဗိုလ်မှူးအနေနဲ့ ဦးဆံတွေကို ပယ်ပြီး ရဟန်းဘောင်ကို ဝင်နိုင်ပါ့မလား"

"အင်း၊ ဒီကနေပြီး ထွက်သွားရင် ငါ့မှာ ဘယ်ကိုမှလည်း သွားစရာမရှိဘူး။ သူပေးတဲ့ အကြံလည်း မဆိုးလှပေဘူး"ဟု ဗိုလ်မှူးလူတာ တွေးမိ၏။

"ကောင်းပြီလေ။ နောင်ကြီး ရဟန်းဒကာခံရင် ကျွန်တော် ရဟန်းခံတာပေါ့။

ခုတော့ နောင်ကြီးစီမံတဲ့အတိုင်း လိုက်နာရပေတော့မှာပဲ”

သို့ဖြင့် လူတသည် ရဟန်းခံရန် ဆုံးဖြတ်လိုက်၏။ ထိုည၌ ရဟန်းခံရန်အတွက် သင်္ကန်းပရိက္ခရာတို့ကို အသင့်စီစဉ်ထား၏။ နောက်တနေ့မနက်သို့ ရောက်သော် အိပ်ရာမှ စောစွာထကာ ချောင်နှင့် လူတတို့သည် သံလျင်းကိုယ်စီဖြင့် ဝူတိုင်းတောင်ထိပ်သို့ ထွက်လာခဲ့ကြ၏။ သူတို့နောက်မှ အခိုင်းအစေများသည် သင်္ကန်း၊ ပရိက္ခရာ၊ လှူဖွယ် ပစ္စည်းတို့ကို ထမ်းပိုး၍ လိုက်လာခဲ့ကြ၏။ နေ ထန်းတဖျားခန့်တွင် တောင်ခြေသို့ ရောက် ကြလျှင် ဆရာတော်ထံ မိမိတို့ ရောက်လာပြီဖြစ်ကြောင်းကို အခိုင်းအစေတို့အား လွှတ်၍ လျှောက်တင်ခိုင်း၏။

ကျောင်းဝင်းတံခါးဝတွင် မိမိတို့ကို စောင့်ကြိုနေသော တိုက်အုပ်ဆရာတော်နှင့် ကပ္ပိယတို့ကို တွေ့ရလေ၏။ သူတို့နှစ်ယောက်သည် သံလျင်းပေါ်မှ ဆင်းကြ၍ ဇရပ်ကလေး တဆောင်တွင် နားကြ၏။ ခဏကြာလျှင် ကျောင်းထိုင်ဆရာတော်ကြီး ကြွလာသဖြင့် သူတို့နှစ်ယောက်သည် ထိုင်ရာမှ ထကာ ဝတ်ဖြည့်၏။

“ဒီလောက်ဝေးတဲ့ ခရီးကြီးကို ဒကာကိုယ်တိုင်လာလို့ ဝမ်းသာတယ်”ဟု ဆရာတော် ကြီးက မိန့်၏။

“ဆရာတော်ကို ဒုက္ခပေးရာများ ရောက်မလား မသိဘူး ဘုရား။ ကိစ္စကလေးတခု ရှိလို့ လာခဲ့တာပါ”

“ကဲ ကဲ၊ ကျောင်းပေါ်တက်ပြီး လက်ဖက်ရည်ကလေး ဘာလေး သောက်ကြဦး။ ကျောင်းပေါ်ရောက်မှ ပြောကြတာပေါ့”

လူတသည် ချောင် နောက်မှနေ၍ ကျောင်းပေါ်သို့ တက်လိုက်လာခဲ့၏။ ဆရာတော် ကြီးက သူတို့အား ဧည့်သည်များထိုင်ရာ နေရာတွင် အထိုင်ခိုင်း၏။ လူတမှာ ထိုနေရာတွင် မထိုင်ဘဲ ဆရာတော်ကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်သို့ တက်ထိုင်နေလေ၏။ မြေရှင် ချောင်သည် လူတ အနားသို့ ကပ်ကာ-

“နောင်ကြီး၊ နောင်ကြီးက ရဟန်းခံမယ့် ပုဂ္ဂိုလ်လေ။ ဒီနေရာမှာ မထိုင်ရဘူး၊ အဲဒါက လက်ထောက်ကျောင်းထိုင်ဆရာတော် ထိုင်တဲ့ နေရာ”

“ကျွန်တော် မသိလို့ပါ နောင်ကြီး” ဟု ဆိုကာ လူတသည် ထိုင်ရာမှ ထလာပြီး ချောင် ဘေးတွင် ဝင်ထိုင်၏။

ကျောင်းထိုင်ဆရာတော်၊ လက်ထောက်ကျောင်းထိုင်ဆရာတော်၊ သံဃာများ၊ ကပ္ပိယ များနှင့် ကျောင်းစာရေးများသည် သူတို့အဆင့်အလိုက်

အသီးသီးသော နေရာများတွင် ဝင်ထိုင်ကြလေ၏။

ချောင်၏ တပည့်များသည် သံလျင်းများကို သင့်ရာနေရာတွင် ချထားခဲ့ပြီး မိမိတို့တွင် ပါလာသည့် လှူဖွယ်ဝတ္ထုများကို သယ်လာကြ၏။

"ဘာလဲ ဒကာ၊ ဘာတွေ လာပြီး လှူပြန်တာလဲ။ ဒကာရဲ့ ကောင်းမှုတွေ တော်တော် များနေပြီပဲဗျာ"ဟု ကျောင်းထိုင်ဆရာတော်ကြီးက မိန့်၏။

"နည်းနည်းပါးပါးပါ ဘုရား။ သိပ်မများပါဘူး"

ကိုရင်များနှင့် ကျောင်းသားလေးများသည် လှူဖွယ်ပစ္စည်းများကို ယူသွားကြလေ၏။

မြေရှင်ချောင်သည် ထိုင်ရာမှ ထလိုက်ပြီးလျှင်-

"ဆရာတော်ကြီးကို လျှောက်ထားစရာကလေး တခုရှိလို့ လာခဲ့ပါတယ် ဘုရား။ ဒီကျောင်းမှာ ရဟန်းတပါး ခံပေးဖို့ တပည့်တော် စိတ်ကူးခဲ့တာ ကြာပါပြီ။ ဒါပေမဲ့ အလုပ် တွေများတာနဲ့ အထမမြောက်ခဲ့ပါဘူး ဘုရား။ ဟောဒါက တပည့်တော်ရဲ့ ဝမ်းကွဲအစ်ကို တော်သူ ဖြစ်ပါတယ် ဘုရား။ အရင်တုန်းကတော့ တပ်ထဲမှာ အရာရှိတယောက်အဖြစ် အမှုထမ်းခဲ့ပါတယ်။ ဒါပေမဲ့ အခက်အခဲတွေ၊ ဆင်းရဲဒုက္ခရောက်လွန်းလို့ လောကီကို စွန့်ပြီး ရဟန်းဘောင်ကို ဝင်ချင်တယ်လို့ဆိုပြီး တပည့်တော်ဆီ ရောက်လာပါတယ် ဘုရား။ ဒီတော့ သနားကြင်နာသောအားဖြင့် ဆရာတော်ကြီးရဲ့ ကျောင်းတိုက်မှာ ရဟန်းပြုခွင့် ပေးဖို့ လျှောက်ထားချင်ပါတယ် ဘုရား။ တပည့်တော်ကပဲ ရဟန်းဒကာ ခံမှာ ဖြစ်တဲ့ အတွက် ဆရာတော်ကြီး ခွင့်ပြုတော်မူမယ်ဆိုရင် ဝမ်းသာလို့ မဆုံးတော့ပါဘူး ဘုရား"

"ဘာလက်မခံစရာရှိသလဲဗျာ။ ကျုပ်တို့ကျောင်းတိုက်လည်း ဂုဏ်တက်ပေတာပေါ့။ ကဲ ကဲ၊ လက်ဖက်ရည်သောက်ကြဦး"

ကိုရင်ကလေးတပါးက လက်ဖက်ရည်များကို လိုက်ငှဲ့ပေး၏။ သောက်ပြီးသည့်အခါ တွင် ကိုရင်သည် လက်ဖက်ရည်ပန်းကန်များကို သိမ်းသွား၏။ ဆရာတော်ကြီးသည် ဥပဇ္ဈာယ်လုပ်မည့် ဘုန်းတော်ကြီးနှင့် တိုင်ပင်ပြီးနောက် ကပ္ပိယများနှင့် တိုက်အုပ်ဆရာ တော်အား သက်သတ်လွတ် ဆွမ်း ချက်ပြုတ်ရန် မိန့်၏။

"ဒီလူကို ကြည့်ရတာ ဥပသမ္ပဒ ကံဆောင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဥပဓိရုပ်မျိုး နည်းနည်း ကလေးမှ မရှိဘူး။ ကြည့်ပါဦး ကိုယ်တော်။ မျက်လုံးတွေက တော်တော် ရက်စက်ကြမ်း ကြုတ်တဲ့ မျက်လုံးမျိုး"ဟု ဘုန်းတော်ကြီးတပါးက အနီးရှိ

ဘုန်းတော်ကြီးများကို ပြော၏။

လက်ထောက်ကျောင်းထိုင်ဆရာတော်က ကိုရင်လေးတပါးကို ခေါ်ကာ “ဧည့်သည် တွေကို တခြား ခဏခေါ်သွားစမ်း။ ငါ ဆရာတော်ကြီးကို လျှောက်စရာတခု ရှိလို့” ဟု ပြော သဖြင့် ကိုရင်ကလေးတပါးသည် သူတို့နှစ်ယောက်ကို တနေရာသို့ ခေါ်သွား၏။ သူတို့ ထွက်သွားသည့်အခါတွင် လက်ထောက်ကျောင်းထိုင်ဆရာတော်က ဆရာတော်ကြီးအား-“ခု ရဟန်းခံမယ့် ပုဂ္ဂိုလ်ရဲ့ ဥပဓိရုပ်ဟာ အင်မတန်ကြမ်းတမ်းပါတယ် ဘုရား။ သူ့ကို တပည့်တော်တို့ကျောင်းမှာ ရဟန်းခံခွင့်ပြုရင် ဒုက္ခရောက်နိုင်ပါတယ်”

ကျောင်းထိုင်ဆရာတော်ကြီးက-

“အဲဒီပုဂ္ဂိုလ်က တို့ကျောင်းဒကာချောင်ရဲ့ ဆွေမျိုး ဖြစ်နေတယ်။ ငြင်းလို့ ဘယ် ကောင်းမှာလဲ။ နေပါဦး။ ငါကိုယ်တိုင် စုံစမ်း အကဲခတ်ကြည့်ဦးမယ်”

ကျောင်းထိုင်ဆရာတော်သည် အမွှေးတိုင်တတိုင်ကို ထွန်း၍ ခုံတခုံပေါ်တွင် ထိုင်ကာ အာရုံပြုနေ၏။ အမွှေးတိုင်ကုန်သွားသည့်အခါတွင်မှ အာရုံပြုရာမှ ထလာခဲ့လေပြီ။

“ကဲ၊ သူ့ကို ရဟန်းခံပေးနိုင်ပြီ။ ဒီပုဂ္ဂိုလ်ဟာ ရုပ်လက္ခဏာ ကြမ်းတမ်းသည့်တိုင် ရိုးသားဖြောင့်မတ်တယ်။ သူ့ခမျာ ဒုက္ခသုက္ခတွေ ရောက်လို့ လောကီဘောင်ကို ငြီးငွေ့လို့ သာသနာ့ဘောင်ကို ဝင်တာ။ မငြင်းပယ်ကောင်းဘူး။ ရဟန်းဘဝမှာ ပျော်ပိုက်ပြီး သီလ ဝိသုဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်လာလိမ့်မယ်။ မောင်ပဉ္စင်းတို့တောင် သူ့လောက် သီလ စင်ကြယ်မှာ မဟုတ်ဘူး။ ငါပြောတဲ့ စကားကို မြဲမြဲမှတ်ထားကြ”

ဆရာတော်ကြီး၏ အမိန့်အရ လူတကို ရဟန်းပြုရန် စီစဉ်ကြ၏။ လူတနှင့် မြေရှင် ချောင်တို့ကို ဆွမ်းစားကျောင်းသို့ ဖိတ်ကာ ထမင်း ဟင်းများ ကျွေးမွေး၏။ စားသောက်ပြီး သောအခါတွင် သက်ဆိုင်ရာ ရဟန်းက လူတအတွက် လိုအပ်သည့် ပရိက္ခရာစာရင်းကို ပေးလေ၏။ မြေရှင်ချောင်သည် ပရိက္ခရာရှစ်ပါးအတွက် လိုအပ်သည့် ငွေများကို ထုတ် ပေးကာ ကျောင်းမှ စီစဉ်ပေးပါရန် ပြော၏။

နောက် တရက်၊ နှစ်ရက် ကြာသည့်အခါတွင်မူ အားလုံး အဆင်သင့်ဖြစ်လေပြီ။ ကျောင်းထိုင်ဆရာတော်ကြီးသည် ရဟန်းခံရန် နေ့ကောင်း၊ အချိန်အခါကောင်းကို ရွေး ပေးပြီးလျှင် ရဟန်းခံသည့်အချိန်တွင် ခေါင်းလောင်းများ၊ ကြေးစည်များကို တီးခတ်ရန် မှာထားလေ၏။ အားလုံးမှာ သိမ်ထဲသို့ ရောက်နေကြလေပြီ။

ရဟန်းများသည် စင်မြင့်တွင် ထိုင်နေသည့် ကျောင်းထိုင် ဆရာတော်ကြီးကို လက်အုပ် ချီ၍ ကန်တော့ကြ၏။ ရဟန်းဒကာချောင်သည် လှူဖွယ်ပစ္စည်းတို့ကို ယူလာကာ စင်မြင့် နားသို့ လာပြီး လက်အုပ်ချီနေလေ၏။

ရဟန်းတပါးသည် လူတကို ကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးရာ စင်မြင့်အနီး သို့ ခေါ်လာ၏။ ထို့နောက် သီလခံပြီးလျှင် ခေါင်းမှ ဆံပင်များကို ရိတ်ပေး၏။ ဆံပင်ကလေး အနည်းငယ်မျှသာ ကျန်သည့်အခါတွင် လူတက "ဒီဆံပင်လေးလောက်တော့ ထားခွင့် ပြုပါ ဘုရား" လျှောက်သည်တွင် ရဟန်းတော်ကြီးများမှာ ဘာသာတရားနှင့် ပတ်သက်၍ လူတ ဘာမှ နားမလည်ပုံကို ကြည့်၍ ရယ်ကြလေ၏။ ဆံချပြီးသည့်အခါတွင် ဆရာတော် ကြီးက ရဟန်းဘွဲ့ကို ရွေးပေး၏။ လူဝတ်လဲပြီးသည့် နောက်တွင် ဆရာတော်ကြီးက ရဟန်းတို့ လိုက်နာရမည့် ဝိနည်းသိက္ခာပုဒ်များကို ရွတ်ဆိုပြ၏။

"ဒီနေ့မှစပြီး ကိုရင်ကြီးဟာ ဘုရား၊ တရား၊ သံဃာ စတဲ့ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ရမယ်။ သီလကို စောင့်ရမယ်"ဟု ဆိုကာ ဆရာတော်ကြီးသည် သီလကို ချပေး ၏။ လူတသည် "အာမဘန္တေ" ခံရမည်ကိုပင် မသိဘဲ "မှတ်မိပါတယ် ဘုရား"ဟု လိုက်ပြော သဖြင့် ရဟန်းများသည် ကျိတ်၍ ရယ်နေကြလေ၏။

လူတ၏ ကိုရင်ဘွဲ့ကိုလည်း ရှင်ဥာဏဟု တွင်စေ၏။ မြေရှင်ချောင်သည် သိမ်ဝင်ပွဲ ပြီးသည့်နောက်တွင် ဆွမ်းစားကျောင်းထဲတွင် အသင့်ပြင်ထားသည့် စားပွဲများဆီသို့ ဘုန်းတော်ကြီးများကို ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ကျောင်းရှိ သံဃာတော်များကို တပါးစီ လှူဖွယ်ဝတ္ထုများ လှူဒါန်း၏။ ဥပဇ္ဈာယ်ဆရာတော်သည် ရှင်ဥာဏကို ကျန်သံဃာများနှင့် မိတ်ဖွဲ့ပေးပြီး တရားကျင့်ရမည့် နေရာတို့ကို လိုက်ပြ၏။ ထိုညတွင် ဘာမျှ ထူးထူးခြားခြား ဖြစ်ပျက်ခြင်း မရှိချေ။

နောက်တနေ့တွင် မြေရှင်ချောင်သည် ရွာသို့ ပြန်ရန် စီစဉ်၏။ ကျောင်းထိုင်ဆရာတော် ကြီးက ဆက်လက်နေရန် ပြောသေးသော်လည်း မနေနိုင်တော့ပြီ။ ဆွမ်းစားပြီးသော် ဘုန်းကြီးများသည် မြေရှင်ချောင်ကို ကျောင်းဝင်းဝအထိ လိုက်ပို့ကြ၏။ မြေရှင်ချောင်သည် ဆရာတော်ကြီးကို လက်အုပ်ချီကာ-

"ဆရာတော်ကြီးနဲ့ သံဃာတော်များ ဘုရား။ တပည့်တော်ရဲ့ညီ ရှင်ဥာဏကို ဆုံးမ တော်မူကြပါဘုရား။ ရှင်ဥာဏဟာ စိတ်ထားကြမ်းတမ်းပါတယ်ဘုရား။ အပြောအဆိုလည်း မတတ်ပါဘူး ဘုရား။ ဒါကြောင့် အပြောအဆို အနေအထိုင်မှာ မဟုတ်ရင်၊ ဝိနည်းသိက္ခာ ပုဒ်များကို ဖောက်ဖျက်တာ တွေ့ရင် ဆုံးမတော်မူကြပါ ဘုရား။ တချို့အပြစ်များကိုလည်း တပည့်တော်မျက်နှာကို ထောက်ပြီး

ခွင့်လွှတ်တော်မူကြပါဘုရား”

“စိတ်ချပါ ဒကာကြီး။ ရှင်ဉာဏကို ဝိနည်းသိက္ခာနဲ့အညီ နေထိုင်တတ်အောင်၊ တရား ဘာဝနာ အားထုတ်နိုင်အောင် ကျုပ်တို့က ရှေ့ဆောင်ရမှာပေါ့”

“ကျေးဇူးကြီးလှပါပြီ ဘုရား”ဟု ဆိုကာ မြေရှင်ချောင်သည် ကျောင်းထိုင်ဆရာတော် ကြီးနှင့်တကွ သံဃာတို့ကို ဝတ်ဖြည့်ပြီးလျှင် ရှင်ဉာဏကို တနေရာသို့ ခေါ်ကာ လေသံဖြင့်-

“ကိုရင်ကြီးဟာ လူဝတ်ကို လဲပြီး သာသနာ့ဘောင်ကို ရောက်နေပြီနော်။ ဒီတော့ အစစ အရာရာ သတိနဲ့နေပါ။ စိတ်မတိုပါနဲ့။ ကိုရင်ကြီးကြောင့် တပည့်တော် မျက်နှာ မပျက်ပါရစေနဲ့။ အစစအရာရာ ချုပ်တည်းပါ။ ကိုယ်တော် လိုတာရှိရင်လည်း မှာပါ။ တပည့်တော်လည်း လိုတာကို မကြာမကြာ ပို့ပေးပါမယ်”

“ဒကာကြီးကလည်းဗျာ၊ စိတ်မပူပါနဲ့။ ကျုပ် ကောင်းကောင်းမွန်မွန်နေပါ့မယ်” မြေရှင်ချောင်သည် အားလုံးကို နှုတ်ဆက်ကာ ပြန်လာခဲ့၏။ တပည့်များလည်း လှူဖွယ်ဝတ္ထုပစ္စည်းများ ထည့်သည့် သေတ္တာအလွတ်များကို ထမ်း၍ လိုက်ပါလာကြ၏။ ဆရာတော်ကြီးနှင့် သံဃာများသည်လည်း မိမိတို့ကျောင်းသို့ ပြန်ကြွသွားကြ၏။ ရှင်ဉာဏသည် မိမိအတွက် ရထားသည့် ကျောင်းခန်းရှိ တရားထိုင်ရမည့် နေရာသို့ ရောက်လျှင် အိပ်ရာပေါ်သို့ လှဲချလိုက်ရာ မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်သွား၏။ အနီး တွင် တရားကျင့်နေသည့် သံဃာတပါးက သူ့ကို လှုပ်နှိုးကာ-

“ကိုရင် မအိပ်နဲ့လေ။ ကိုရင်က သင်္ကန်းစည်းထားတဲ့ ပုဂ္ဂိုလ်ဗျ။ ဒီအချိန်မှာ ထိုင်ပြီး တရားကျင့်ရတယ်”

“အိပ်ချင်တာကိုး ဘုရား။ အိပ်တာ ဘာဖြစ်သလဲ”

“အိပ်တာ အပြစ်ရောက်တယ် ငါ့ရှင်”

“ဘယ်က ငါးရှဉ့်ရှမှာလဲ ကိုယ်တော်ရဲ့။ ကျုပ်က လိပ်သားမှ ကြိုက်တာ”

“ဒုက္ခပဲ”

“ဘယ်က ဒုက္ခရမှာလဲ။ လိပ်ဝမ်းဗိုက်သားများ သိပ်ဆူတာ။ ချိုနေတာပဲ။ တယ်ပြီး အရသာရှိ”

အနီးတွင် တရားကျင့်နေသည့် ဦးပဉ္စင်းသည် ဘာမျှ မပြောတော့ချေ။ ရှင်ဉာဏကို ထိုအတိုင်း ကြည့်နေလိုက်ရ၏။

ရှင်ဉာဏသည် ညတိုင်လျှင် တရားအားထုတ်ခြင်းမပြုဘဲ ခုတင်ပေါ်တွင် စန့်စန့်ကြီး အိပ်ကာ တခေါခေါ ဟောက်လျက်ရှိ၏။ တပိုတပါး သွားလိုလျှင်လည်း ကုဋီထိအောင် မသွားဘဲ ကျောင်းနောက်ဖေး နံရံအနီးတွင် စွန့်ပစ်သဖြင့် ထိုနေရာတဝိုက်တွင် အညစ် အကြေးတို့ စုပုံလျက်ရှိ၏။

ဘုန်းတော်ကြီးများသည် ကျောင်းထိုင်ဆရာတော်ကြီးကို လျှောက်သော်လည်း ဆရာတော်ကြီးက "သည်းခံကြ မောင်ပဉ္ဇင်းတို့၊ စရိုက်ကြမ်းသူဆိုတာ ဒီလိုပဲ။ နောက် တော့ တဖြည်းဖြည်း ပြောင်းလဲသွားလိမ့်မယ်"ဟု မိန့်၏။

သို့ဖြင့် ရှင်ဉာဏသည် ဝူတိုင်းတောင်ထိပ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် လေး ငါးလမျှ ကြာသွားသည့်အခါတွင် နေသားကျသွား၏။ စိတ်မှာလည်း အတော်အတန် တည်ငြိမ်သွား ခဲ့လေပြီ။ ဆောင်းဦးပေါက်တွင်မူ အတော်အတန် သမာဓိရလာသည့် ရှင်ဉာဏ၏ စိတ် သည် ပျံ့လွင့်စ ပြုလာပြန်၏။ ရာသီဥတု ကြည်လင်သည့် တနေ့၌ ရှင်ဉာဏသည် သက်န်း တထည်ကို ရုံကာ ကျောင်းမှ ထွက်လာခဲ့၏။

လမ်းတဝက် တောင်စောင်းသို့ ရောက်သည့်အခါ၌ ရှင်ဉာဏသည် ဇရပ်ကလေး တဆောင်ထဲရှိ "ငန်းလည်ပင်း" ထိုင်ခုံတွင် ထိုင်ကာ-

"ဟိုတုန်းကတော့ ငါ့မှာ အသားကို နေ့တိုင်း စားရတယ်။ အရက်ဆိုရင်လည်း နေ့တိုင်း သောက်ရတယ်။ ခု သင်္ကန်းစည်းလိုက်တော့ ငါ့မှာ ဒါတွေကို ရှောင်နေရတယ်။ ငါလည်း တဖြည်းဖြည်း ပိန်ချုံးလာပြီ။ ဒကာချောင်ဆီကလည်း လှူဖွယ်ဝတ္ထုဆိုလို့ မရောက်တာ တော်တော်ကြာနေပြီ။ ခံတွင်းလည်း ပျက်လှပြီ။ ခုနေ စိမ်ရည်ကလေး ဘာလေး သောက် လိုက်ရရင် ဘယ်လောက်ကောင်းမလဲ"ဟု တယောက်တည်း တွေးလျက်ရှိ၏။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် ပုံးနှစ်ပုံးကို ထမ်းပိုးဖြင့် ထမ်းလာသော လူတယောက်ကို မြင်ရလေ၏။ ထိုလူသည် လက်ထဲတွင် မှုတ်တချောင်းကို ကိုင်ကာ သီချင်းကလေး တအေး အေးဖြင့် တောင်ပေါ်သို့ တက်လာ၏။ ရှင်ဉာဏသည် သူ့ကို စောင့်ကြည့်နေ၏။ ထိုလူသည် ဇရပ်ထဲသို့ ဝင်လာကာ ထမ်းလာသည့် ထမ်းပိုးကို အောက်သို့ချ၏။

"ဒကာကြီး၊ ပုံးထဲက ဘာတွေလဲဗျ"

" စိမ်ရည်ပါ ဘုရား"

"တပုံးကို ဘယ်လောက်လဲ"

“ကိုယ်တော်ကလည်း မဟုတ်တာ ပြောရော့မယ်”

“ကျုပ် တကယ်မေးနေတာဗျ”

“ကျောင်းတိုက်ဘေးမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေက မှာထားလို့ လာပို့တာ ကိုယ်တော်။ ဘုန်းတော်ကြီးတွေကို ရောင်းရင် ငါ့ကျောင်းရိပ်ကို မနင်းနဲ့လို့ ဆရာတော် ကြီးက တပည့်တော်ကို ပြောထားတယ် ဘုရား။ ကိုယ်တော့်ကို ရောင်းလို့ မဖြစ်ဘူး”

“တကယ်မရောင်းဘူးလား”

“မရောင်းဘူး ဘုရား။ တပည့်တော်ကို သတ်ချင် သတ်”

“သတ်တော့ မသတ်ပါဘူးဗျာ။ ဒါပေမဲ့ စိမ်ရည်နည်းနည်းလောက် ဝယ်ချင်တယ်”

အခြေအနေမလှတော့ပြီကို ထိုလူ ရိပ်မိသွား၏။ ထိုလူသည် ထမ်းပိုးကို ကောက် ထမ်းကာ ဇရပ်ထဲမှ အပြင်သို့ ခပ်သုတ်သုတ် ထွက်သွားလေ၏။ ရှင်ဉာဏသည် သူ့နောက်မှ ပြေးလိုက်လာကာ ထမ်းပိုးကို ယူလိုက်ပြီးနောက် ထိုလူ၏ ဆီးစပ်ကို တချက် ကန်လိုက်၏။ ထိုလူသည် ဆီးစပ်ကို နှိပ်ကာ ထိုင်ချလိုက်၏။ တော်တော်နှင့် မထနိုင်တော့ချေ။

ရှင်ဉာဏသည် စိမ်ရည်ပုံးနှစ်ပုံးကို ဇရပ်ထဲသို့ ပြန်ယူလာခဲ့လေ၏။ ထို့နောက် ကျနေ သည့် မှုတ်ကို ကောက်ယူကာ အပေါ်မှ အမြှုပ်များကို ဖယ်ရှားပြီးလျှင် တမှုတ်ပြီး တမှုတ် သောက်လျက်ရှိလေရာ ခဏအကြာတွင် ပုံးတပုံး ကုန်သွားခဲ့လေပြီ။

“ဗျို့၊ ဒကာ။ မနက်ဖြန် ကျောင်းကို လာခဲ့။ ဒကာ့ပိုက်ဆံ ကျုပ်ပေးမယ်”

စိမ်ရည်ရောင်းသူမှာ ဒဏ်ရာသက်သာသွားလေပြီ။ ကိုရင်ကြီးတပါးအား စိမ်ရည် ရောင်းသည်ကို ဆရာတော်သိလျှင် ဒုက္ခဟု တွေးကာ စိတ်မသက်မသာ ဖြစ်လျက်ရှိ၏။ ထိုလူသည် ကျန်သည့် စိမ်ရည်တပုံးကို ပုံးနှစ်ပုံးခွဲ၍ ထမ်းကာ တောင်အောက်သို့ ခပ်သုတ် သုတ် ဆင်းသွားလေ၏။

ရှင်ဉာဏသည် ဇရပ်ထဲတွင် ထိုင်နေ၏။ စိမ်ရည်မှာ သွေးကြောထဲသို့ ရောက်လာခဲ့ လေပြီ။ ရှင်ဉာဏသည် ဇရပ်ထဲမှ ထွက်လာခဲ့ကာ အမှုးပြေရန် သစ်ပင်တပင်အောက်တွင် ထိုင်၏။ ထို့နောက် အပေါ်ရုံသင်္ကန်းကို ချွတ်၍ ခါးတွင် ပတ်ကာ တောင်ပေါ်သို့ တက်လာခဲ့၏။ စိမ်ရည်တန်ခိုးမှာ ပြည့်ထက် ပြလာခဲ့လေပြီ။ ကျောင်းစောင့်တို့သည် ဝင်းဝတွင် ထိုင်ကာ ရှင်ဉာဏအခြေအနေကို

အဝေးမှ အကဲခတ်လျက် ရှိကြ၏။ ကျောင်းထဲသို့ ဝင်မည်ပြုသည့်အခါတွင် ကျောင်းစောင့်များက ဝါးရင်းတုတ်များဖြင့် ကာထားလိုက်ပြီး-"ကိုရင်ဟာ ဘုရားသားတော် ဘုရား။ စိမ်ရည်တွေ သောက်ပြီး ကျောင်းထဲလာလို့ ဘယ့်နှယ်လုပ် ဖြစ်မလဲ။ ဝိနည်းသိက္ခာပုဒ်နဲ့အညီ နေရမယ်ဆိုတာ ကိုယ်တော် မသိဘူးလား။ အရက်မူးတဲ့လူ ကျောင်းထဲကို ဝင်ခွင့်ပေးရင် တပည့်တော်တို့ကို ကြိမ်ဒဏ် ဆယ်ချက်စီ ပေးမယ်လို့ ဆရာတော်ကြီးက အမိန့်ထုတ်ထားတယ်။ ဝိနည်းသိက္ခာပုဒ်ကို ဖောက်ဖျက်တဲ့ ကိုယ်တော်ဆိုရင်လည်း ကျောင်းက နှင်ထုတ်တယ်။ ဒီတော့ ကိုယ်တော် ကျောင်းထဲကို မဝင်ပါနဲ့။ ဝင်ရင် ကိုယ်တော့်ကိုပါ ဆရာတော်ကြီးက ကြိမ်နဲ့ ရိုက်နေလိမ့်မယ်"

ရှင်ဥာဏသည် ပင်ကို စိတ်ရိုင်းစိတ်ကြမ်းများ မပျောက်သေးချေ။ ထို့ကြောင့် ဒေါသ ထွက်လာကာ-

"မအေXXXXတွေ။ နင်တို့က ငါ့ကို ရိုက်မယ်ပေါ့ ဟုတ်လား။ လာ စမ်းကြည့်ရအောင်" အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာခဲ့လေပြီ။ ကျောင်းစောင့်တယောက်သည် ကျောင်းဝင်းထဲသို့ ဝင်ပြေးကာ အကျိုးအကြောင်းကို သွားလျှောက်နေစဉ် ကျန် ကျောင်း စောင့်သည် သူ့လက်တွင် ရှိသည့် ဝါးရင်းတုတ်ဖြင့် ရှင်ဥာဏကို တားထား၏။ ရှင်ဥာဏ သည် ကျောင်းစောင့်လက်တွင် ကိုင်ထားသည့် ဝါးရင်းတုတ်ကို ဆွဲယူလွှင့်ပစ်လိုက်ကာ မျက်နှာကို တချက် ရိုက်လိုက်၏။ ကျောင်းစောင့်က ယိုင်သွားရာမှ ခုခံမည်အပြုတွင် နောက်တချက် ပိတ်ထိုးလိုက်ရာ ကျောင်းစောင့်လည်း ညည်းတွားကာ မြေပေါ်သို့ လဲကျ သွားလေ၏။

"ခွေးမသား၊ ဒီတခါတော့ ဒီလောက်နဲ့ပဲ ချမ်းသာပေးလိုက်ဦးမယ်"ဟု ဆိုကာ ရှင်ဥာဏသည် ဒယီးဒယိုင်ဖြင့် ကျောင်းဝင်းထဲသို့ ဝင်သွား၏။

တိုက်အုပ်ဆရာတော်သည် ဆွမ်းချက်သူများ၊ ကျောင်းစောင့်များ၊ သံလျင်းထမ်းသူ များ၊ အမှိုက်လှည်းသူများ၊ ကျောင်းသားများ စသဖြင့် လူသုံးဆယ်လောက်ကို ခေါ်လာကာ အနောက်ဘက်ကျောင်းထဲမှ ထွက်လာ၏။ ထိုလူများလက်ထဲတွင်လည်း ဝါးရင်းတုတ် များကို ကိုင်ထားကြ၏။ စစ်ဗိုလ်လူထွက် ရှင်ဥာဏသည် ဒေါသတကြီးဖြင့် အော်ဟစ်ကာ သူတို့ထံသို့ လာ၏။ သူ့ကို စစ်ဗိုလ်လူထွက်ဖြစ်ကြောင်းကိုမူ မသိကြချေ။ ရှင်ဥာဏသည် ထိုလူအုပ်ထဲသို့ အတင်း ခုန်ဝင်လာသည်တွင် လူအုပ်သည် ဖရိုဖရဲဖြစ်ကာ အာရုံခံ တန်ဆောင်းထဲသို့ ဝင်ပြေးကြပြီး တံခါးကို ပိတ်ထားလေ၏။ ရှင်ဥာဏသည် အုတ် လှေကားကို ခုန်တက်လာကာ လက်သီးတချက်၊ ခြေတချက်ဖြင့် တံခါးကို ချိုး၍ အထဲသို့ ဝင်လာ၏။ အထဲမှ လူများလည်း မရှောင်သာတော့ဘဲ တုတ်များဖြင့် ဆီး၍ ခုခံကြ၏။

ထိုသတင်းကို ကြားသည့်အခါတွင် ကျောင်းထိုင်ဆရာတော်ကြီးလည်း တပည့်ရဟန်း လေး ငါးပါးနှင့်အတူ ရောက်လာ၏။

"ရှင်ဉာဏ၊ ကောင်းကောင်းနေပါဆိုတာ မနေဘူးလား"ဟု ကျောင်းထိုင်ဆရာတော် ကြီးက လှမ်းငေါက်လိုက်၏။

ရှင်ဉာဏသည် စိမ်ရည်မူးနေသည့်တိုင် ကျောင်းထိုင်ဆရာတော်ကြီးကို မှတ်မိ၏။ ရှင်ဉာဏသည် လက်ထဲတွင် ကိုင်ထားသည့် ဝါးရင်းတုတ်ကို လွှင့်ပစ်လိုက်ကာ ကျောင်း ထိုင်ဆရာတော်ကြီးအနားသို့ ရောက်လာ၏။

"တပည့်တော် စိမ်ရည် နည်းနည်း သောက်ခဲ့မိပါတယ် ဘုရား။ သူတို့ကို တပည့်တော် ဘာမှ မလုပ်ပါဘူး ဘုရား။ တပည့်တော်ကို လူအုပ်နဲ့ ဝိုင်းပြီး ရိုက်မလို့ လုပ်ကြပါတယ် ဘုရား"

"ရှင်ဉာဏ ငါ့ကို လေးစားရင် ကိုယ့်အခန်းကို ပြန်ပြီး အိပ်ချေ။ မနက်ဖြန်ကျမှ ဒီကိစ္စ ကို ပြောမယ်"

"ဆရာတော်ကြီး မျက်နှာကြောင့် ဒီကောင်တွေကို ချမ်းသာပေးလိုက်တာ ဘုရား။ နို့မို့ရင်"

ဆရာတော်သည် ဦးပဥ္စင်း လေး ငါးပါးကို ခေါ်ကာ ရှင်ဉာဏကို တွဲ၍ သူ့အခန်းသို့ ပို့စေ၏။ ရှင်ဉာဏသည် ခုတင်ပေါ်သို့ ပစ်လှဲလိုက်ကာ ခဏကြာလျှင် ဟောက်နေလေ၏။ ဘုန်းတော်ကြီးများက ရှင်ဉာဏမှာ စိတ်ကြမ်းလူကြမ်း ဖြစ်ကြောင်း၊ သူ့ကို ကျောင်း တွင် ထား၍ မဖြစ်ကြောင်းဖြင့် ဝိုင်းလျှောက်ကြ၏။

"အင်း၊ စိတ်ကတော့ တကယ်ကြမ်းတဲ့ လူပဲ။ ခုတော့ ဒီကိစ္စကို မပြောကြနဲ့ဦး။ အေးအေးဆေးဆေးကျမှ ငါ ကြည့် ဆုံးမမယ်။ မနက်ဖြန်ကျရင်လည်း သူ့ကို ဒဏ်ပေး ရမယ်"

နောက်တနေ့မနက်တွင် ဆရာတော်ကြီးသည် ဘုန်းတော်ကြီးတပါးကို ခေါ်ကာ ရှင်ဉာဏကို အခေါ်ခိုင်းလိုက်၏။ ရှင်ဉာဏမှာ အိပ်ရာမှ မနိုးသေးချေ။ သွားခေါ်သည့် ဦးပဥ္စင်းသည် သူ နိုးလာကာ သက်န်းရုံပြီးသည်အထိ စောင့်နေရ၏။ သက်န်းရုံနေစဉ် ရှင်ဉာဏသည် ဝုန်းခနဲ ထွက်သွားကာ ကျောင်းနောက်ဖေးတွင် အပေါ့စွန့်နေလေ၏။ ဦးပဥ္စင်းမှာ ကျိတ်၍ ရယ်ရင်း သူ့ကိစ္စပြီးသည်အထိ စောင့်နေပြီးနောက်-

"ကိုရင်ကြီးကို ဆရာတော်ကြီး အခေါ်ခိုင်းလိုက်လို့"

ရှင်ဉာဏသည် သူ ခေါ်ရာသို့ လိုက်လာခဲ့၏။ ဆရာတော်ကြီးက-

"ကိုရင်ကြီးဟာ စစ်ဗိုလ်လူထွက်ဖြစ်ပေမယ့် ဒကာချောင်က သက်န်းစည်းပေးတဲ့ အတွက် ငါ့ကျောင်းမှာ လက်ခံခဲ့တယ်။ သင်္ကန်းဝတ်တို့ရဲ့ ဝိနည်းသိက္ခာနဲ့အညီ နေရမယ် လို့လည်း ငါ ဆုံးမခဲ့ပြီးပြီ။ ဒါပေမဲ့ မနေ့ညနေကတော့ ကိုရင်ကြီးဟာ စိမ်ရည်တွေ သောက် လာပြီး ကျောင်းစောင့်တွေကိုလည်း ရိုက်နှက်တယ်။ အာရုံခံတန်ဆောင်းက တံခါးကို လည်း ချိုးဖျက်ဝင်တယ်။ အလဇ္ဇီစကားတွေကိုလည်း ထွက်တယ်။ ကိုရင်ကြီး အပြစ်ကို သိတယ် မဟုတ်လား"

"မှန်ပါ။ သိပါတယ် ဘုရား။ နောင် တပည့်တော် ဘယ်တော့မှ မလုပ်တော့ပါဘူး ဘုရား"

"သင်္ကန်းဝတ်ဆိုတာ ဝိနည်းသိက္ခာနဲ့အညီ နေရတယ်။ ထုံးစံအတိုင်းဆိုရင် ငါ့ကျောင်း က ထုတ်ပစ်ပြီးပြီ။ ခုတော့ ဒကာချောင်ရဲ့ မျက်နှာကြောင့် တကြောင်း၊ ကိုရင်ကြီးဟာ လူကြမ်း စိတ်ကြမ်း ဘဝက လာတဲ့အတွက်ကြောင့် တကြောင်း ဒီတခါတော့ ချမ်းသာပေး လိုက်မယ်။ နောက်ကို ကျူးလွန်ဦးမှာလား"

"မကျူးလွန်ရဲတော့ပါ ဘုရား"

ဆရာတော်ကြီးသည် သူ့ကို ဆုံးမကာ သူ့ကျောင်းခန်းသို့ ပြန်လွှတ်လိုက်၏။

"အရက်သမားတို့သည် မည်သည့်အခါမျှ အရက်ကို ဝင်အောင် မသောက်သင့်ချေ။ စိမ်ရည်သည် စိတ်ကို ဆူပူသောင်းကျန်းစေ၏။ သို့မဟုတ်လျှင်လည်း အရာရာကို ပျက်စီး စေ၏" ဟူသော စကားတခုရှိ၏။ အရက်သည် ကြောက်တတ်သူတို့ကိုပင် ရဲတင်းလာစေ လျှင် နဂိုက ရဲတင်း၍ စိတ်ဆတ်သူတို့အဖို့မူ အဘယ်မှာလျှင် ဆိုဖွယ်ရာရှိတော့မည်နည်း။

ရှင်ဥာဏသည် ထိုကိစ္စဖြစ်ပြီးနောက် သုံး လေးလမျှ ကျောင်းဝင်းအပြင်သို့ မထွက် ရဲတော့ချေ။ တနေ့တွင်မူ ရာသီဥတုကလည်း သာယာသဖြင့် ရှင်ဥာဏသည် မိမိနေရာ ကျောင်းခန်းမှ ဝင်းဝသို့ ထွက်လာကာ ဝူတိုင်းတောင်ထိပ်ရှိ လှပသာယာသော ရှုမျှော်ခင်း တို့ကို ငေးကြည့်လျက်ရှိ၏။ တောင်ခြေမှ လေညင်းတသုန်သုန် တိုက်ခတ်လျက်ရှိသဖြင့် တောင်အောက်မှ တူထုသံ၊ လူများ အုတ်အုတ်ကျက်ကျက် စကားပြောသံများကိုလည်း ကြားရ၏။ ရှင်ဥာဏသည် ကျောင်းခန်းသို့ ပြန်လာခဲ့ကာ ငွေစအနည်းငယ်ကို ယူပြီးလျှင် သင်းပိုင်ကြားထဲတွင် လိပ်ထည့်ပြီး ထွက်လာခဲ့၏။ တောင်ခြေသို့ ရောက်သည့်အခါတွင် ဝူတိုင်းဟူသော ဆိုင်းဘုတ်နှင့်တကွ အိမ်ခြေခုနစ်ရာခန့်ရှိသော ရွာကြီးတရွာကို တွေ့ရပြီး ဈေးထဲတွင်လည်း အသား၊ ဟင်းသီးဟင်းရွက်၊ အရက်၊ ဂျုံ စသည်တို့ ရောင်းသည့် ဆိုင် များဖြင့် စည်ကားလျက် ရှိ၏။

“အမယ်လေးနော်။ ငါ့နှယ် ဖြစ်မှဖြစ်ရလေ။ ဒီနားမှာ ဒီလောက် ရွာကြီးတရွာ ရှိတယ် ဆိုရင် ဘာဖြစ်လို့ ဟိုအရက်သည်ဆီက စိမ်ရည်ကို သောက်တော့မလဲ။ တောင်အောက် ဆင်းလာရင် ပြီးတာပဲ။ စိမ်ရည်များကလည်း မသောက်ရတာ ကြာလို့လား မသိဘူး၊ သောက်ချင်လိုက်တာ။ ဈေးထဲမှာလည်း ဘာတွေများ ရောင်းပါလိမ့်။ ကြည့်ဦးမှပဲ”

ရှင်ဉာဏသည် ထိုသို့စဉ်းစားနေစဉ် တူထုသံကို ကြားရပြန်၏။ “သားအဖထမင်းဆိုင်’ ဟူသော ဆိုင်းဘုတ်ချိတ်ထားသည့် အဆောက်အအုံတခုဘေးတွင် ပန်းပဲဖိုတခုကို တွေ့ရ လေ၏။ တူထုသံမှာ ပန်းပဲဖိုမှ ပေါ်ထွက်လာခြင်းဖြစ်၏။ ရှင်ဉာဏသည် ပန်းပဲဖိုဆီသို့ လျှောက်ခဲ့ရာ လူ သုံးယောက်သည် ပန်းပဲဖိုထဲတွင် သံတချောင်းကို မီးဆေးလျက် ရှိကြ၏။

“ဗျို့၊ ပန်းပဲဆရာတို့။ သံကောင်းကောင်းများ မရှိကြဘူးလား” ဟု ရှင်ဉာဏက အသက်ကြီးကြီးလူကို လှမ်းမေးလိုက်၏။

ပန်းပဲဆရာသည် မျက်နှာတွင် မုတ်ဆိတ်မွေးတို့ ထိုးထိုးထောင်ထောင်ဖြင့် ရှိသော ရှင်ဉာဏကို မြင်လိုက်သည့်အခါတွင် လန့်သွားဟန်ရှိ၏။ ထိုလူသည် တူကို ဘေးသို့ ချကာ-

“ကြွပါ ကိုယ်တော်။ ဘယ်လို သံမျိုးကို အလိုရှိလို့ပါလဲ”

“ဘုန်းတော်ကြီးတွေ ကိုင်တဲ့ သံတောင်ဝှေးတချောင်းနဲ့ ဓားကောင်းကောင်းတချောင်း လိုချင်တယ်ဗျာ။ သံကောင်းကောင်းရှိရဲ့လား”

“ရှိပါတယ် ကိုယ်တော်။ သံတောင်ဝှေးက ဘယ်လောက်လေးလေး လိုချင်တာလဲ။ ဓားကကော ဘယ်လို ဓားမျိုးလဲ ဘုရား။ ကိုယ်တော် လိုချင်တဲ့ အရွယ်ကို ပြောပါ”

“တောင်ဝှေးကတော့ အလေးချိန် ခွက်သုံးဆယ်လောက်ပေါ့ဗျာ”

ပန်းပဲဆရာက ရယ်လိုက်လျက်-

“ကိုယ်တော့်ဟာက မလေးလွန်းဘူးလား ဘုရား။ လုပ်ပေးရတာက အကြောင်း မဟုတ်ပါဘူး။ ဒီလောက်လေးတဲ့ တောင်ဝှေးကို ကိုယ်တော် ဘယ့်နှယ်လုပ် နိုင်ပါ့မလဲ။ ရှေးတုန်းက စစ်သူကြီး **ကွမ်ကုံ**[18] ကိုင်တဲ့ မိန်းတောင်မှ ခွက်အစိတ်လောက်ပဲ ရှိသတဲ့”

“ကျုပ်လည်း ကွမ်ကုံလို ကိုင်နိုင်လို့ပေါ့ဗျ။ သူလည်း လူ၊ ကျုပ်လည်း လူပဲ” ဟု ရှင်ဉာဏက စိတ်တိုတိုဖြင့် ပြော၏။

"အမှန်ကတော့ ဆယ့်ငါးပိဿာလောက်ဆိုတောင် တော်တော် လေးနေပြီ ဘုရား"

"ဒကာကြီးပဲ ကွမ်ကုံရဲ့ မှိန်းက ခွက်အစိတ်လေးတယ်ဆို။ ဒီလိုဆိုရင် ကျုပ်ကိုလည်း ခွက်အစိတ်လေးတဲ့ တောင်ဝှေး လုပ်ပေးစမ်း"

"သိပ်တုတ်နေမယ် ဘုရား။ ကြည့်လည်း မကောင်းဘူး၊ ထူအမ်းအမ်းနဲ့။ ဒီလိုဆိုရင် ကိုယ်တော်ကို ဆယ့်ငါးပိဿာလေးတဲ့ တောင်ဝှေးတချောင်း လုပ်ပေးလိုက်မယ် ဘုရား။ ဒါတောင် တော်တော်လေးလှပြီ။ နောက်ကျမှသာ လေးတယ်လို့ မပြောနဲ့။ ခုးကတော့ ကိုယ်တော်ကြိုက်တဲ့ အရွယ်အစား လုပ်လို့ ရပါတယ်။ သတ်မှတ်ထားတာ မရှိပါဘူး။ အကောင်းဆုံး သံနဲ့ လုပ်ပေးလိုက်မယ် ဘုရား"

"ဒီနှစ်ခုအတွက် ဘယ်လောက်ကျမလဲ"

"တပည့်တော် ဈေးပိုမပြောပါဘူး ကိုယ်တော်။ အောက်ဆုံးဈေးနဲ့ ပြောလိုက်မယ်။ နှစ်ခုကို ငွေစင်ငါးကျပ်သားပါ"

"ကောင်းပြီ။ ကျုပ် ကျေနပ်ရင် ဒီထက်ပိုပေးမယ်ဗျာ"

"တပည့်တော်တို့ ခုပဲ လုပ်ပေးလိုက်မယ် ဘုရား"

ရှင်ဉာဏသည် မကြာမီ လာယူမည် ဖြစ်ကြောင်း ပြော၍ ထွက်လာခဲ့၏။ အလှမ်း သုံးဆယ်လောက် လှမ်းမိသည့်အခါတွင် ဝါးလုံးထိပ်ဖျားတွင် အလံတလူလူလွှင့်ထားသည့် ဘုံဆိုင်တဆိုင်ကို မြင်ရ၏။ ရှင်ဉာဏသည် ထိုယမကာဆိုင်ထဲသို့ ဝင်ခဲ့ပြီးလျှင် စားပွဲ တလုံးတွင် ထိုင်၍ စားပွဲကို လက်သီးဖြင့် ခပ်ပြင်းပြင်းထုလိုက်၏။

"စိမ်ရည်တအိုး" ဟု မှာလိုက်၏။

"မလုပ်ပါနဲ့ ကိုယ်တော်။ ဝိနည်းသိက္ခာတွေလည်း စောင့်ပါ။ ဆရာတော်ကြီး သိသွား ရင်လည်း တပည့်တော်တို့ ဒုက္ခရောက်ပါလိမ့်မယ်"

ရှင်ဉာဏသည် ရောင်းရန် အတင်းတိုက်တွန်းသော်လည်း ဆိုင်ရှင်သည် ငြင်းမြဲငြင်း လျက် ရှိ၏။ ရှင်ဉာဏသည် ဆိုင်ထဲမှ ထွက်ခဲ့ကာ နောက်ထပ် လေးငါးဆိုင် ဝင်ကြည့် သော်လည်း ဆိုင်တိုင်းပင် ငြင်းလွှတ်ကြလေ၏။

"ဒီအတိုင်းသာဆိုရင်တော့ ငါ့မှာ စိမ်ရည်သောက်ရဖို့ ကိန်းမမြင်တော့ဘူး"ဟု တွေးရင်း ရှင်ဉာဏသည် ဆက်၍ လျှောက်လာခဲ့ရာ အပွင့်တွေ ဝေနေသော မက်မုံပင်များကြားတွင် တဲကလေးတလုံးကို မြင်ရပြီး

တဲခေါင်မိုးတွင်လည်း အလံထိုးထားသည်ကို မြင်ရ၏။ ဘုံဆိုင်ကလေးတဆိုင် ဖြစ်နေသဖြင့် ရှင်ဉာဏသည် ဆိုင်ထဲသို့ဝင်လာခဲ့ကာ ပြတင်းပေါက် တပေါက်အနီးတွင် ထိုင်လိုက်၏။

"ကျုပ်က အာဂန္တု ကိုရင်ကြီးပါဗျာ။ စိမ်ရည်ကလေးတအိုးလောက်များ မရနိုင် ဘူးလား။ ဆေးဝါးအဖြစ် မှီဝဲတာပါ"

တောသားနှင့်တူသည့် ဆိုင်ရှင်သည် သူ့အနီးသို့ ရောက်လာကာ သူ့ကို ကြည့်ရင်း-

"ကိုယ်တော်က ဘယ်ကျောင်းကလဲ ဘုရား"

"အာဂန္တုပါ။ ဆေးဝါးအဖြစ် မှီဝဲပါဆိုလို့"

"ဝူတိုင်းကျောင်းတိုက်က ဆိုရင်တော့ မရောင်းရဲဘူး ဘုရား"

"မဟုတ်ပါဘူးဗျာ။ အာဂန္တုပါ"

ဆိုင်ရှင်သည် သူပြောသည်ကို အဟုတ်မှတ်သွားဟန်ဖြင့်-

"ဘယ်နှခွက်လောက်လဲ ဘုရား"

"တအိုးအပြည့်သာ ယူခဲ့ဗျာ"

ရှင်ဉာဏသည် ဆယ်ခွက်လောက်ကုန်အောင် မော့ပစ်လိုက်၏။

"အသားကြော်ကလေး ဘာလေးများရှိရင် တပန်းကန်လောက် ကပ်ဗျာ"

"စောစောတုန်းကတော့ အမဲသားရှိတယ် ဘုရား။ ခုတော့ ကုန်သွားပြီ"

ရှင်ဉာဏသည် အသားချက်နေသည့် ဟင်းနံ့ရသဖြင့် တဲဘေးသို့ ထွက်လာခဲ့ရာ ဝင်းထရံနားတွင် ခွေးသားပြုတ်နေသည်ကို တွေ့ရ၏။

"ဒကာ့ဆိုင်မှာ အသား မရှိတော့ဘူးဆို။ ဒီမှာ ရှိသားပဲ"

"သက်န်းဝတ်ဆိုတော့ ကိုယ်တော် ဘုန်းပေးမယ် မထင်မိလို့ မပြောတာပါ"

"ကျုပ်မှာ ပိုက်ဆံ ပါပါတယ်ဗျာ။ ခင်ဗျားဟာကို အလကားမစားပါဘူး။ ရော့" ဟု ဆိုကာ ရှင်ဉာဏသည် သင်းပိုင်ထဲတွင် လိပ်လာသည့် ငွေစအချို့ကို ပေးလိုက်၏။

ဆိုင်ရှင်လည်း မည်သို့မျှ မပြောတော့ဘဲ ခွေးသားတဝက်ကို လှီးကာ

ပန်းကန်ပြား ဖြင့် ထည့်လာပြီးလျှင် ကြက်သွန်ဖြူချဉ်တပန်းကန်ကိုလည်း လာချပေး၏။ ရှင်ဉာဏသည် ခွေးသားတုံးကို လက်နှစ်ဖက်ဖြင့် ဖဲ့ကာ အားရပါးရ စားလျက်ရှိလေ၏။ ထိုအချိန်၌ကား နောက်ထပ် စိမ်ရည်ဆယ်ခွက်လည်း ကုန်ခဲ့လေပြီ။ စိမ်ရည်မှာ သောက်၍ ကောင်းသည့် အတွက် ရှင်ဉာဏသည် နောက်ထပ် တောင်းပြန်၏။ ဆိုင်ရှင်မှာ အံ့အားသင့်လျက်-

"တော်လောက်ပြီထင်တယ် ကိုယ်တော်"

"ကျုပ် ပိုက်ဆံပေးသောက်တာဗျ။ အလကားသောက်တာ မဟုတ်ဘူး။ စကား မများနဲ့"

"ဘယ်လောက်ပေးရဦးမှာလဲ"

"တအိုးပေးဦး"

ဆိုင်ရှင်မှာ မနေသာတော့ဘဲ ထုတ်ပေးရလေ၏။ ခဏကြာလျှင် ရှင်ဉာဏသည် ထိုအိုးကိုလည်း ကုန်အောင် သောက်ပစ်လိုက်၏။ မစားနိုင်သဖြင့် ကျန်သည့် ခွေးခြေ တချောင်းကိုမူ ခါးကြားထဲသို့ ထိုးထည့်လာခဲ့၏။ ပြန်ခါနီးတွင်-

"ကျန်တဲ့ ပိုက်ဆံကို ပြန်မအမ်းနဲ့တော့။ မနက်ဖြန်မှ ကျုပ် လာသောက်လှည့်မယ်"

ကြောက်ရွံ့ထိတ်လန့်နေသော ဆိုင်ရှင်သည် ပါးစပ်အဟောင်းသားဖြင့် သူ့ကို ငေး ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ တောင်ခုလတ်သို့ ရောက်သည့်အခါ ရှင်ဉာဏသည် ဇရပ် တဆောင်တွင် ထိုင်၍ နား၏။ စိမ်ရည်မှာ သူ့ခေါင်းထဲတွင် ဇာတိပြလာခဲ့လေပြီ။ "ငါ သက်သက်သာသာ နေခဲ့တာ တော်တော်ကြာပြီ။ ခုဆိုရင် အဆစ်တွေ၊ အရိုးတွေထဲက ချောင်ချင်သလိုလိုတောင် ဖြစ်လာပြီ။ လေ့ကျင့်ခန်းကလေး ဘာလေး လုပ်ဦးမှပဲ" ဟု စိတ်ကူးရ၏။

ရှင်ဉာဏသည် ဇရပ်ကလေးရှေ့သို့ ထွက်ကာ လက်နှစ်ဖက်ကို ဘယ်မှ ညာ၊ ညာမှ ဘယ်၊ အထက်မှ အောက်၊ အောက်မှ အထက် အားရပါးရ လွှဲယမ်းလျက် ရှိ၏။ လက် တဖက်သည် မတော်တဆဖြင့် ဇရပ်တိုင်ကို သွား၍ တိုက်မိရာ တိုင်သည် ဂျိုးဂျိုးဂျွမ်းဂျွမ်း မြည်ကာ ကျိုးကျသွားပြီး ဇရပ်ကလေးမှာလည်း တဝက်ပြိုကျသွားလေ၏။

ကျောင်းစောင့်နှစ်ယောက်သည် ဆူဆူညံညံ ကြားသဖြင့် မြင်ကွင်းကောင်းသော တနေရာမှ တောင်စောင်းသို့ လှမ်းကြည့်လိုက်ရာ ဒယီးဒယိုင်တက်လာသော ရှင်ဉာဏကို မြင်လိုက်သဖြင့် "ဒုက္ခပဲ။ ဟိုကိုယ်တော်တော့ မူးလာပြန်ပြီထင်တယ်" ဟု ဆိုကာ ဝင်း တံခါးကြီးကို

လျှင်မြန်စွာ ပိတ်ထားကြ၏။

ချောင်းကြည့်လိုက်သည့်အခါတွင် ဝင်းတံခါးဆီသို့ လာနေသော ရှင်ဉာဏကို မြင် ရ၏။ ရှင်ဉာဏသည် ထိုတံခါးကို လက်သီးဖြင့် ထု၏။ သို့ရာတွင် ကျောင်းစောင့်များသည် ဖွင့်မပေးရဲကြချေ။ ရှင်ဉာဏသည် တံခါးကို တဗုန်းဗုန်းထုသည့်တိုင် အချည်းနှီးသာ ဖြစ်ပေ၏။ ထိုစဉ် လက်ဝဲဘက်တွင် ထုထားသည့် နတ်ရုပ်ကြီးကို မြင်ရ၏။

“အလကားနတ်။ တံခါးတော့ ကူဖွင့်ပေးဖော်မရဘူး။ လက်သီးကြီးမြှောက်ပြီး ငါ့ကို ခြောက်ဖို့လောက် ပြတတ်တယ်။ ကြောက်မယ့်ကောင်စား မှတ်နေသလား”

ရှင်ဉာဏသည် နတ်ရုပ်တင်ထားသည့် အုတ်ပလ္လင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ကာ ကြက်မွေး၊ ငှက်မွေးကလေးများကို ဆွဲနုတ်လိုက်သကဲ့သို့ ကာထားသည့် သံချောင်းများကို တချောင်းစီ ဆွဲနုတ်ပစ်လိုက်ပြီးလျှင် ကျိုးနေသော သံချောင်းတချောင်းဖြင့် နတ်ရုပ်ကြီး၏ ခြေထောက်ကို ရိုက်ချိုးလိုက်လေ၏။ မြေမှုန့်များ၊ ရွှေမှုန့်များ၊ အင်္ဂတေမှုန့်များသည် အောက်သို့ မိုးသီးမိုးပေါက်များပမာ ကွာကျကုန်ကြ၏။

“ဟာ သောက်ကျိုးနည်း” ဟု ဆိုကာ ကျောင်းစောင့်နှစ်ယောက်သည် ဆရာတော် ကြီးကို ပြေး၍ တိုင်ကြ၏။ ရှင်ဉာဏသည် ဝင်းညာဘက်တွင် ရှိသည့် နတ်ရုပ်ကြီးကို လှမ်းကြည့်ကာ-

“ဒီ နတ်ရုပ်ကကော။ ဘာ ပါးစပ်ကြီး ဖြဲရယ်နေတာပဲ” ဟု ဆိုကာ ပလ္လင်ပေါ်သို့ ခုန်တက်လိုက်ပြီး နတ်ရုပ်ကြီး၏ ခြေထောက်ကို လက်သီးဖြင့် နှစ်ချက် ထိုးချလိုက်ရာ နတ်ရုပ်ကြီးသည် ဗုန်းခနဲ မြေကြီးပေါ်သို့ ပြုတ်ကျသွားလေ၏။

ရှင်ဉာဏသည် ကျိုးသွားသော နတ်ရုပ်ခြေထောက်ကို လက်တွင် ကိုင်ရင်း တဟား ဟားရယ်လျက်ရှိ၏။ ကျောင်းစောင့်တို့က ဆရာတော်ကြီးကို သွားလျှောက်သည့်အခါတွင် ဆရာတော်ကြီးက-

“အသာနေကြ။ သူ့ကို သွားမဆွကြနဲ့။ ဝင်းပေါက်ကို ပြန်ကြ”

ကိုရင်များ၊ ကပ္ပိယများ၊ ကျောင်းသားများနှင့် ကျောင်းစောင့်များသည် စုဝေးကာ-

“ဟို ကိုရင်ကြီးတော့ စိမ်ရည်မူးလာပြန်ပြီ။ ခုလည်း တောင်စောင်းက ဇရပ်ကို ဖြိုပစ်ခဲ့ပြီး ကျောင်းအဝင်ဝက နတ်ရုပ်ကြီးတွေကို ရိုက်ချိုးပစ်လိုက်ပြီ။ တပည့်တော်တို့ ဘယ့်နှယ်လုပ်မလဲ ဘုရား”

ဆရာတော်ကြီးက-

“ဘုရင်ဧကရာဇ်တို့ပင်လျှင် အရက်မူးသမားကို ရှောင်ကွင်းကြ၏” ဆိုတဲ့ စကား ရှိသတဲ့။ ဒီတော့ တို့လည်း သူ့ကို ကြည့်ရှောင်ကြရမှာပဲ။ နတ်ရုပ်တွေ ပျက်စီးသွားတာက တော့ သူ့ဒကာကိုပဲ ပြောရမှာပေါ့။ ခုတော့ သူ့ကို ဘာမှ သွားမပြောကြနဲ့။ ဟိုတနေ့က ဘယ်လောက်သောင်းကျန်းသလဲ ဆိုတာ မင်းတို့လည်း အမြင်သားနဲ့”

“ဟေ့၊ မအေ××××ကျောင်းစောင့်တွေ။ ငါ့ကို ကျောင်းထဲ ဝင်ခွင့်ပေးကွ။ မဖွင့်ပေးရင် ကျောင်းကို မီးရှို့ပစ်မယ်” ဟု ရှင်ဉာဏသည် အပြင်မှ အော်လျက်ရှိ၏။

“ဟဲ့၊ ကျောင်းစောင့်တွေ။ ဖွင့်ပေးလိုက်ကြစမ်း။ တော်တော်ကြာ ဒီကိုယ်တော်က တကယ် မီးရှို့ချင် ရှို့နေမှာ” ဟု ရဟန်းတော်များက ပြောကြ၏။

ကျောင်းစောင့်များသည် ခြေဖျားထောက်၍ သွားကြကာ မင်းတုပ်ကြီးကို ဖြုတ်လိုက် ပြီးလျှင် တနေရာတွင် ပုန်းနေကြ၏။ ဘုန်းတော်ကြီးများလည်း အလျှိုအလျှို ပျောက် ကွယ်သွားကြ၏။

ရှင်ဉာဏသည် တံခါးကို ဆောင့်ဖွင့်လိုက်ရာ ဖြုန်းခနဲ ပွင့်သွားပြီး မှောက်လျားထိုး လဲကျသွား၏။ ရှင်ဉာဏသည် ဖုတ်ဖက်ခါ၍ ထကာ ခေါင်းကို ပွတ်ပြီးလျှင် သူ့ကျောင်းခန်း သို့ သွား၏။ တရားထိုင်နေကြသော ဘုန်းတော်ကြီးများသည် သူ့ကို မြင်လျှင် ခေါင်းငုံ့ထား ကြ၏။ ရှင်ဉာဏသည် သူ တရားထိုင်မည့် နေရာသို့ ရောက်လျှင် ဝေါ့ခနဲ ထိုး၍ အန်၏။ အနံ့မှာ လွန်စွာ ဆိုးရွားလှ၏။

ရှင်ဉာဏသည် သူ့နေရာထိုင်တွင် ထိုင်ပြီးနောက် သင်းပိုင်ကို ဟိုနှိုက် ဒီနှိုက် လုပ် နေရာ သင်းပိုင်သည် ဗြိခနဲ ပြဲသွားပြီး ခွေးခြေထောက်ကြီးသည် ကြမ်းပေါ်သို့ ကျလာ၏။ “ဆာနေတာနဲ့ အတော်ပဲ” ဟု ဆိုကာ ခွေးခြေထောက်ကြီးကို ဝါးလျက် ရှိ၏။ ထို့နောက် ဝဲဘက်ရှိ ရဟန်းတော်တပါးအား လှမ်း၍ “ကိုယ်တော်ကော ဘုဉ်းပေးဦးမလား” ဟု မေးသည်တွင် ထိုရဟန်းသည် ခေါင်းခါ၍ ခပ်သုတ်သုတ် ထသွားလေ၏။ ယာဘက်မှ ဘုန်းတော်ကြီးကိုလည်း အလားတူ မေးရာ ခေါင်းယမ်းသဖြင့် နားရွက်ကို ဆွဲပြီး ပါးစပ် ထဲသို့ အတင်းခွံ့၏။ ထိုအချိန်၌ကား ကျောင်းခန်းတခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်လျက် ရှိလေပြီ။ "

ဘုန်းတော်ကြီးများသည် ခပ်သုတ်သုတ် ထွက်သွားကြ၏။ ကျောင်းစောင့်များ၊ ကိုရင် များသည် သည်းမခံနိုင်ကြတော့သည့်အတွက် ဤတကြိမ်တွင်မူ ကျောင်းထိုင်ဆရာတော် ကြီးကို မလျှောက်တော့ဘဲ ရှင်ဉာဏကို ဝိုင်းတားကြလေ၏။ စုစုပေါင်း အင်အား နှစ်ရာခန့် လောက်သည် တုတ်များ၊

လက်နက်များကို ယူကာ ကျောင်းခန်းဆီသို့ လာခဲ့ကြလေ၏။

ရှင်ဉာဏသည် လူအုပ်ကြီးကို မြင်လျှင် တချက်အော်လိုက်၏။ သူ့တွင် လက်နက်မရှိတော့သဖြင့် ရှင်ဉာဏသည် ကျက်သရေခန်းထဲသို့ ပြေးဝင်ကာ စားသောက်ဖွယ်များ တင် ထားသည့် စားပွဲကို ရိုက်ချိုးပြီး စားပွဲခြေထောက်နှစ်ချောင်းကို ကိုင်၍ ထွက်လာလေ၏။

ရှင်ဉာဏသည် စားပွဲခြေထောက်နှစ်ချောင်းကို ယမ်းကာ တဟုန်ထိုး ဝင်လာသဖြင့် ကျန်လူများသည်လည်း ကျောင်းခန်းများထဲသို့ ဝင်ပြေးကြရ၏။ အချို့ကလည်း ဝိုင်း၍ ဖမ်းရန် ကြိုးစား၏။ ရှင်ဉာဏမှာ ဒေါသထွက်လျက် ရှိလေပြီ။ ရှင်ဉာဏသည် အရှေ့သို့ အယောင်ပြပြီး အနောက်သို့ တိုက်၏။ တောင်သို့ အယောင်ပြပြီး မြောက်ကို ထိုး၏။ လက်လှမ်းမမီသည့် လူများသာလျှင် ကျန်တော့သည်။

သို့ဖြင့် ကျောင်းခန်းတဝိုက်တွင် စစ်ပွဲကြီးခင်းလျက် ရှိလေ၏။ ထိုစဉ် "ရှင်ဉာဏ ရပ်။ ဟဲ့၊ မောင်ပဉ္စင်းတွေလည်း ရပ်ကြ"ဟူသော ကျောင်းထိုင်ဆရာတော်အသံကို ကြားရ လေ၏။

ကျောင်းစောင့်များ အများအပြား ဒဏ်ရာရကြ၏။ ဤတွင် ကျောင်းစောင့်များသည် ဝိုင်း၍ လာကြပြန်၏။ ရှင်ဉာဏသည် စားပွဲခြေထောက်ကို လွှတ်ချလိုက်လျက်-

"ဆရာတော်ဘုရား။ တပည့်တော်ကို ကယ်ပါ ဘုရား"

ထိုအချိန်၌ကား ရှင်ဉာဏမှာ ဆယ်ပုံရှစ်ပုံခန့် အမူးပြေခဲ့လေပြီ။

"ရှင်ဉာဏ။ မင်း ငါ့ကို တယ်ပြီး ဒုက္ခပေးတာကိုး။ ပထမ တကြိမ်တုန်းကလည်း ကျောင်းထဲမှာ ဆူဆူညံညံလုပ်ပြီးပြီ။ ခုတခါလည်း မင်းလုပ်ပြန်ပြီ။ ဇရပ်ကို ဖြိုပြီး နတ်ရုပ် ကိုလည်း ဖျက်ဆီးပစ်ခဲ့ပြီ။ ဒါတွေကတော့ ထားပါတော့။ ဒါပေမဲ့ မင်းဟာ တရားအားထုတ် နေတဲ့ ရဟန်းတွေကို သွားပြီး နှောင့်ယှက်တာကတော့ တော်တော်အပြစ်ကြီးတယ်။ တို့ ကျောင်းတိုက်တည်ရာဟာ ဟိုးရှေးတုန်းက ဝင်ရှူဗုဒ္ဓအလောင်းအလျာ သီတင်းသုံးခဲ့တဲ့ နေရာဖြစ်တယ်။ နှစ်ပေါင်းများစွာကတည်းက ဒီနေရာဟာ အေးချမ်းငြိမ်သက်ပြီး အမွှေးတိုင် တွေရနံ့နဲ့ မွှေးထုံနေတဲ့ နေရာဖြစ်တယ်။ ဒီလိုနေရာမျိုးဟာ ကိလေသာအညစ်အကြေးတွေ များတဲ့ မင်းလိုလူမျိုးနဲ့ မတန်ပေဘူး။ ခုလောလောဆယ်မှာတော့ ငါ့ကျောင်းခန်းထဲမှာ လာနေလှည့်။ မင်း ဘယ်ကို ပြောင်းရလဲဆိုတာ နောက်တော့ ငါ ပြောမယ်"

နောက်တနေ့မနက်တွင် ဆရာတော်ကြီးသည် တိုက်အုပ်နှင့် တိုင်ပင်ကာ ရှင်ဉာဏကို စရိတ်ပေးပြီး နောက်တနေရာသို့ ပို့ရန် ဆုံးဖြတ်၏။ သို့ရာတွင် သင်္ကန်းဒကာဖြစ်သူ မြေရှင် ချောင်ကို အကြောင်းကြားရဦးမည် ဖြစ်သဖြင့် ကျောင်းစောင့်နှစ်ယောက်ကို ချောင်ထံ စာရေး၍ လွှတ်လိုက်၏။ သင်္ကန်းဒကာချောင်သည် ထိုသတင်းကို ကြားရသည့် အခါတွင် စိတ်မကောင်း ဖြစ်လျက်ရှိကာ "ကျောင်းတွင် ပျက်စီးသည့်အတွက် တပည့်တော် လှူဒါန်း ပါမည်။ ရှင်ဉာဏကိုမူ ဆရာတော်ကြိုက်သည့် နေရာသို့သာ လွှတ်ရန် လျှောက်ထားပါသည်" ဟု အကြောင်းပြန်လိုက်၏။

ဆရာတော်သည် ရှင်ဉာဏကို ခေါ်ကာ-

"ကိုရင်ကြီး။ ပထမ တကြိမ်တုန်းက ကိုရင်ကြီး ဘာမှ နားမလည်သေးသူ ဖြစ်တဲ့ အတွက် တို့ ခွင့်လွှတ်ခဲ့တယ်။ သို့သော်လည်း နောက်တကြိမ် မူးလာပြီး ရမ်းကားလာရုံမျှ မက နတ်ရုပ်တွေကိုလည်း ဖျက်ဆီးခဲ့တယ်။ တရားကျင့်နေသူများကိုလည်း နှောင့်ယှက် ခဲ့တယ်။ ဒါကတော့ ကြီးလေးတဲ့အပြစ် ဖြစ်တယ်။ ငါ့ကျောင်းတိုက်ဟာ ငြိမ်းချမ်းတဲ့ နေရာဖြစ်တယ်။ ဒါကြောင့် သင်္ကန်းဒကာကို အကြောင်းကြားပြီး ကိုရင်ကို တနေရာကို ပို့လိုက်မယ်။ မနေ့ညက ငါ အိပ်မက်မက်တာနဲ့ ကိုရင်ကြီးကို အဆောင်အဖြစ် ရွတ်ဖို့ ဂါထာလေးတပုဒ်လည်း ပေးလိုက်မယ်။ သွားပေတော့"

"တပည့်တော် ဘယ်ကို သွားရမှာလဲ ဘုရား၊ အမိန့်ရှိပါ။ ဂါထာဆိုတာကော ဘယ်လို ပါလဲ ဘုရား"

ကျောင်းထိုင်ဆရာတော်ကြီးသည် ရှင်ဉာဏကို ညွှန်ပြ၍ မိန့်တော်မူ၏။ မည်သည့် နေရာသို့ သွားရမည်ကို အမိန့်ချ၏။

ရှင်ဉာဏသည် သံတောင်ဝှေးကို ဝှေ့ယမ်းကာ အာဇာနည်သူရဲကောင်း ဗိုလ်များစွာကို တိုက်ခိုက်ခဲ့၏။ ဒေါသထွက်ထွက်ဖြင့် သူ့ရဲဘော်များကို စိုက်ရင်း သားဆိုးသားမိုက်များနှင့် သစ္စာ မဲ့သော အရာထမ်းများကို ဇီဝိန်ခြွေခဲ့၏။

ရှင်ဉာဏအား ဆရာတော်ကြီး မည်သို့ အမိန့်ရှိသည်ကို သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅

ဘုရင်ငယ်သည် ရွှေခြည်ထိုးကြာခြည်ကို လုပ်ခြင်း

ရှင်ဉာဏကြောင့် မက်မုံပွင့်ရွာ ဒုက္ခရောက်ခြင်း

"ရှင်ဉာဏ။ သင်ဟာ ငါ့ကျောင်းတိုက်မှာ နေလို့ မဖြစ်တော့ပြီ။ အရှေ့နေပြည်တော်မှာ ငါ့နောင်တော်ဖြစ်တဲ့ အေးချမ်းဆရာတော်ဟာ ရှန်းကူကျောင်းတိုက်မှာ ဆရာတော်အဖြစ် သီတင်းသုံးနေတယ်။ ဟောဒီက ငါ့စာကို ယူသွားပြီး အလုပ်ရှာပေးဖို့ ဆရာတော်ကို လျှောက်။ မနေ့ညတုန်းက ငါအိပ်မက်မက်လို့ သင့်ကံကြမ္မာနဲ့ပတ်သက်ပြီး သင် ဆောင်ရန် လေးလုံးဂါထာ တပုဒ်ကို ငါ ပေးလိုက်တယ်။ ငါ့ဂါထာကို အမြဲရွတ်ပါ"

ရှင်ဉာဏသည် ဒူးတုပ်၍ ရှိခိုးကာ-

"ကြားပါရစေ ဘုရား"

"တောထဲမှာ လုပ်၊ တောင်ပေါ်မှာ စီးပွားဖြစ်၊ ရေထဲမှာ ကြီးပွား၊ ဒါပေမဲ့ မြစ်ထဲ ရောက်ရင် ရပ်"

ရှင်ဉာဏသည် ဆရာတော်ကြီးကို ကိုးကြိမ်ဦးချ၏။ ပခုံးတွင် လွယ်အိတ်ကို လွယ်၏။ အထုပ်များကို သင်းပိုင်တွင် ချည်၏။ စာကို အိတ်တအိတ်ထဲတွင် ထည့်၏။ ထို့နောက် အားလုံးကို နှုတ်ဆက်ပြီးသော် ဝူတိုင်းတောင်ပေါ်မှ ဆင်းလာခဲ့ကာ ပန်းပဲဖိုအနီးရှိ တည်းခို ခန်းတွင် တည်းခိုရင်း သူမှာထားသည့် တောင်ဝှေးနှင့် ဓားကို စောင့်၏။ ဘုန်းတော်ကြီး များမှာ ရှင်ဉာဏ ထွက်သွားသည့်အတွက် များစွာ ဝမ်းသာလျက် ရှိကြ၏။ ကျောင်းထိုင် ဆရာတော်ကြီးသည် ပျက်စီးသွားသော ဇရပ်နှင့် နတ်ရုပ်များကို အပြင်ခိုင်း၏။ မြေရှင် ချောင်သည် လိုအပ်သည့် ငွေတို့ ကို လာရောက်လှူဒါန်းကာ အပျက်အစီးများကို ပြင်၏။ ထိုအကြောင်းကိုမူ ဤမျှဖြင့် တော်လောက်ပြီ။

ရှင်ဉာဏသည် တည်းခိုခန်းတွင် ရက်ပေါင်းများစွာ စောင့်နေရသေး၏။ သူ မှာထား သည့် လက်နက်နှစ်ခု ပြီးသည့်အခါတွင် ဓားအိမ် အလုပ်ခိုင်းပြီး တောင်ဝှေးကို ဆေးခြယ်၏။ ပန်းပဲဆရာအား နောက်ထပ် ငွေပေးကာ အထုပ်ကို ထမ်း၊ ဓားကို ချိတ်၊ တောင်ဝှေးကို လက်စွဲပြုကာ အားလုံးကို နှုတ်ဆက်၍ ခရီးထွက်လာခဲ့လေသတည်း။

"ကိုရင်ကြီးကို ကြည့်ရတာ ဥပဓိရုပ် တော်တော်ကြမ်းတယ်နော်"ဟု သူ့ကို မြင်သူ များက အချင်းချင်း ပြောကြ၏။

ရှင်ဉာဏသည် အရှေ့နေပြည်တော်သို့ သွားသည့် ပေတရာကြီးအတိုင်း လိုက်လာခဲ့ရာ တလခွဲခန့် သွားရ၏။ လမ်းတွင် ဘုန်းကြီးကျောင်းများတွင် တည်းခိုခြင်း မပြုဘဲ တည်းခို ခန်းတွင် တည်းကာ ထမင်းဆိုင်တွင် စား၏။

တညနေ ထိုသို့ လျှောက်လာခဲ့စဉ် ရှင်ဉာဏသည် ပတ်ဝန်းကျင်ရှိ တောတောင်များ၊ စမ်းချောင်း စသည့် ရှုခင်းများကို ငေးမော ကြည့်ရှုလာခဲ့၏။ အချိန်နှောင်းနေပြီကိုပင် သတိမပြုမိချေ။ ထိုစဉ် တည်းခိုရမည့် ရွာမှာ တော်တော်ဝေးပြီး လမ်းတွင် အဖော်မပါ တယောက်တည်း ဖြစ်သည်ကို သတိရလာ၏။ ထိုညတွင် မိမိသည် မည်သည့်နေရာတွင် အိပ်ရမည်နည်း။

ရှင်ဉာဏသည် လီနှစ်ဆယ်၊ သုံးဆယ်ခန့် ခပ်သုတ်သုတ် လာခဲ့၏။ သစ်သားတံခါး ကလေးတခုကို ကျော်ဖြတ်လျက်ရှိစဉ် တောက်ပနေသော နေဝင်ချိန်တိမ်များအောက်တွင် သစ်ပင်များကြားတွင် ရှိသော လယ်တောအိမ်တအိမ်ကို လှမ်းမြင်လိုက်ရ၏။ ထိုတဲနောက် တွင်မူ တောင်တန်းကြီးများကို မြင်ရလေ၏။

"ဒီနေ့ညတော့ အဲဒီမှာပဲ အိပ်မှပဲ" ဟု တယောက်တည်း ပြောမိ၏။

အနီးသို့ ရောက်သည့်အခါ၌ လယ်သမားအချို့သည် ပစ္စည်းများကို ထိုမှနေ၍ ရွှေ့ ပြောင်းနေကြသည်ကို တွေ့ရ၏။ လယ်တောအိမ်သို့ ရောက်သည့်အခါတွင် ရှင်ဉာဏကို အခိုင်းအစေအချို့က-

"ညနေမိုးချုပ်ကြီးမှ ဘာကိစ္စရှိလို့ တပည့်တော်တို့ဆီကို ကြွလာလဲ ဘုရား"

"ဒီနားတဝိုက်မှာ တည်းစရာခိုစရာရယ်လို့ မတွေ့လို့ ဒကာတို့ လယ်တောအိမ်ကို လာခဲ့တာပါဗျာ။ တညလောက် တည်းပါရစေ။ မနက်ဖြန်မနက်ဆိုရင် သွားမှာပါ"

"ဒီနေ့ည တပည့်တော်တို့ အလုပ်များနေတယ် ဘုရား။ တည်းလို့ဖြစ်မှာ မဟုတ်ဘူး"

"တညတည်းပါ။ မနက်ဖြန်ဆိုရင် သွားမှာပါ"

" ကိုယ်တော် ကြွမှာ ကြွပါ။ ကိုယ်တော် ပျံတော်မမူချင်သေးရင် ကြွတာကောင်းမယ်"

"ဒကာတို့စကားက ရိုင်းလှချေလားဗျာ။ တညလောက်တည်းတာ ဘာများ

အပန်းကြီး လို့လဲ။ ဘာအန္တရာယ် ဖြစ်မှာမို့လဲ”

“ကိုယ်တော် ကြွပါ။ ကြာကြာနေရင် ဖမ်းပြီး ကြိုးနဲ့ အတုပ်ခံနေရလိမ့်မယ်”

ရှင်ဉာဏမှာ စိတ်တို၍ လာခဲ့လေပြီ။

“ဒကာတို့ တော်တော်ရိုင်းပါကလား ဟင်။ ဘာဖြစ်လို့ ကျုပ်ကို ကြိုးနဲ့ တုပ်မယ်လေး ဘာလေးနဲ့ ခြိမ်းခြောက်နေကြရတာလဲ”

အချို့က သူ့ကို မရိုမသေ ပြောလျက်ရှိကြပြီး အချို့မှာလည်း ရှင်ဉာဏကို ဖျောင်းဖျ နေကြ၏။ ရှင်ဉာဏသည် တောင်ဝှေးကို ကိုင်ကာ သူတို့အထဲသို့ ခုန်ဝင်တော့မည်အပြုတွင် နောက်ဘက်မှ အဘိုးအိုတဦး ထွက်လာသည်ကို မြင်ရ၏။ အဘိုးအိုမှာ အသက်ခြောက် ဆယ်ခန့် ရှိပြီး သူ့ထက်မြင့်သည့် တောင်ဝှေးကြီးတချောင်းကို ကိုင်ထား၏။

“ဘာဖြစ်နေကြတာလဲဟေ့”ဟု အခိုင်းအစေများကို လှမ်းမေးရင်း အဘိုးအိုသည် သူတို့အနီးသို့ ရောက်လာ၏။

“ဒီသင်္ကန်းဝတ်က ကျွန်တော်တို့ကို ရိုက်မလို့ လုပ်နေတယ် ခင်ဗျ”

“ကျုပ်က ဝူတိုင်းတောင်ပေါ်က နေပြီး အရှေ့နေပြည်တော်ကို သွားမလို့ လာတာပါ။ လမ်းမှာ တည်းခိုစရာမရှိတာနဲ့ တညလောက် တည်းခိုခွင့်တောင်းတာပါ။ ခုတော့ ဒီ ခွေးမ သားတွေက ကျုပ်ကို ကြိုးနဲ့ တုပ်မယ်လေး ဘာလေးနဲ့ ပြောနေကြပါတယ်”

“ဩော်၊ ဝူတိုင်းတောင်ပေါ်က လာတာကိုး။ ကဲ၊ ဒီလိုဆိုရင် တပည့်တော်နဲ့ လိုက်ခဲ့ ဘုရား” ဟု ဆိုကာ ခေါ်သွားလေ၏။ ရှင်ဉာဏသည် အဘိုးအိုနောက်မှ လိုက်လာကာ ဧည့်ခန်းထဲသို့ ဝင်လာပြီးနောက် ထိုင်နေ၏။

“တပည့်တွေက ကိုယ်တော်ကို ဝင်ရှူဗုဒ္ဓ စံမြန်းခဲ့ဖူးတဲ့ တောင်ထိပ်က လာတာမှန်း မသိလို့ပါ။ သူတို့ကို စိတ်မဆိုးပါနဲ့။ ကိုယ်တော့်ကို သာမန်ကိုရင်ကြီးလောက်ပဲ ထင်နေကြ လို့ပါ။ တပည့်တော်ဟာ ဘာသာတရားကို ကိုင်းရှိုင်းတတ်သူပါ ဘုရား။ ဒီနေ့ည တပည့် တော်တို့ အလုပ်များနေပေမယ့် ကိစ္စ မရှိပါဘူး။ တည်းနိုင်ပါတယ်”

ရှင်ဉာဏသည် တောင်ဝှေးပြန်ချကာ လေးစားစွာ နှုတ်ဆက်ပြီးနောက်-

“ကျေးဇူးပါပဲ ဒကာကြီးရယ်။ ဒကာကြီးရဲ့ နာမည်ကကော”

“တပည့်တော်က လျူမျိုးရိုးပါ။ ဒီရွာရဲ့ နာမည်က မက်မုံပွင့်ရွာလို့

ခေါ်တဲ့အတွက် ရွာသားတွေက တပည့်တော်ကို မက်မုံ့ပွင့်ရွာက အဘလျှူလို့ ခေါ်ကြပါတယ်။ ကိုယ်တော်ရဲ့ လူအမည်နဲ့ ဘွဲ့အမည်ကကော ဘုရား”

“လူအမည်ကတော့ လူတလို့ ခေါ်ပါတယ်။ ဘွဲ့အမည်ကတော့ ရှင်ဉာဏလို့ခေါ် ပါတယ်”

အဘိုးအိုသည် ရှင်ဉာဏအား ဖျော်ရည်များကို ကပ်ပြီးနောက်-

“ကဲ၊ ကိုယ်တော်လည်း ခရီးပန်းလာရှာမယ်။ အိပ်ချင်ရှာပေါ့။ ညမှာ ဆူဆူညံညံ အသံတို့ ဘာတို့များ ကြားရင်တော့ လုံးဝ ထွက်မလာပါနဲ့။ ကိုယ့်အခန်းထဲမှာ ကိုယ် နေပါ”

“ဒီည ဒီမှာ ဘာလုပ်မလို့လဲ ဒကာကြီး။ မသိရဘူးလား”

“လောကီကို စွန့်ထားတဲ့ ပုဂ္ဂိုလ်တွေကို ဒီအကြောင်းတွေ မပြောချင်ပါဘူး ကိုယ်တော်ရယ်”

“ဘာတွေများ စိတ်သောကရောက်စရာတွေ တွေ့နေလို့လဲ ဒကာကြီး။ ကျုပ် လာ တည်းလို့ များလား”

“တပည့်တော်တို့ဟာ အလှူရေစက် လက်နဲ့မကွာ ဆိုသလို သံဃာတော်တွေကို မကြာခဏ လှူဒါန်းနေကျပါ။ ကိုယ်တော်တပါး လာတည်းခိုတာလောက်ကတော့ ဘာမှ အကြောင်းမဟုတ်ပါဘူး။ ပြဿနာက တခြားမဟုတ်ပါဘူး ကိုယ်တော်။ ဒီနေ့ည တပည့် တော်ရဲ့သမီး လက်ထပ်တဲ့ ည ဖြစ်ပြီး သတို့သားကလည်း ဒီမှာ ပြောင်းတဲ့နေ့ ဖြစ်လို့ပါ”

ရှင်ဉာဏက ရယ်လိုက်၏။

“ဒါတော့ ဒကာကြီးရယ်၊ မိန်းမနဲ့ ယောက်ျား အိမ်ထောင်ပြုတယ်ဆိုတာ လောက ထုံးစံပဲ။ ပြီးတော့ ဒီကိစ္စဟာ လူတိုင်းရဲ့ ဘဝမှာ အရေးကြီးတဲ့ အဖြစ်အပျက်ကြီးတခုပဲ။ ဘာ စိတ်ညစ်စရာရှိသလဲ”

“ကိုယ်တော် နားမလည်ပါဘူး ဘုရား။ ခုကိစ္စက တပည့်တော်တို့ဘက်က သဘော မတူဘဲနဲ့ လက်ထပ်ပေးရတဲ့ ကိစ္စ ဖြစ်နေတယ်”

“ဒကာကြီးနှယ်ဗျာ။ ဖြစ်မှ ဖြစ်ရပလေ။ သဘောမတူရင်လည်း ဘာဖြစ်လို့ လက်ထပ် ပေးရသေးသလဲ”

“တပည့်တော်မှာ သမီးလေးတယောက်တည်းပဲ ရှိပါတယ် ဘုရား။ တပည့်တော်တို့နဲ့ မလှမ်းမကမ်းမှာ မက်မုံ့ပွင့်တောင်လို့ခေါ်တဲ့

တောင်တလုံးရှိပါတယ်။ အဲဒီမှာ တောပုန်းဗိုလ် နှစ်ယောက်ဟာ နောက်လိုက်နောက်ပါ ခြောက်ရာ၊ ခုနစ်ရာလောက်နဲ့ ရောက်လာပြီး စခန်း ချနေပါတယ်။ ရွာတွေဆင်းပြီး မီးရှို့လိုက်၊ လုလိုက်နဲ့ သောင်းကျန်းလိုက်တာလည်း မပြော ပါနဲ့တော့။ ရဲတွေကလည်း ဘာမှ မတတ်နိုင်တော့ဘဲ ဒီအတိုင်းပဲ ကြည့်နေရပါတယ်။ လွန်ခဲ့ တဲ့ရက်များ မကြာမီကတော့ တပည့်တော်အိမ်ကို ဆက်ကြေးလာတောင်းရင်း သမီးလေး ကို တွေ့သွားပါတယ်။ ဒီတင် တောပုန်းဗိုလ်က သဘောကျသွားပြီး ခန်းဝင်ပစ္စည်းအဖြစ် ဖဲနီတအုပ်နဲ့ ရွှေနှစ်ဆယ်သား တင်ပြီး ဒီနေ့ညမှာ လက်ထပ်ဖို့ အခါရွေးသွားတာပါပဲ။ ဒီတော့ တပည့်တော် ဘယ့်နှယ်လုပ် ငြင်းရဲပါတော့မလဲ ဘုရား။ သဘောတူလိုက်ရုံပဲ ရှိတော့တာပေါ့။ ဒါကြောင့် တပည့်တော် စိတ်ညစ်တာပါ။ ကိုယ်တော်နဲ့ ဘာမှမဆိုင်ပါဘူး”

“သြော်၊ ဒီလိုကိုး။ ဒီလိုဆို တောပုန်းဗိုလ်ကို ကျုပ် အကျိုးအကြောင်းပြောပြီး လက်မထပ်ဖို့ တိုက်တွန်းရင်ကော”

“အမယ်လေးလေး။ မလုပ်ပါနဲ့ ကိုယ်တော်။ လူက ကြမ်းတမ်းခက်ထန်ပါဘိသနဲ့။ လူတယောက်ရဲ့ အသက်ကို ပုရွက်ဆိတ်လောက်တောင် အောက်မေ့တာ မဟုတ်ဘူး။ ကိုယ်တော် ဘယ့်နှယ်လုပ်ပြီး သူ စိတ်ပြောင်းအောင် ပြောနိုင်မှာလဲ”

“ဝူတိုင်းတောင်ပေါ်မှာ ကျုပ် စာလိုက်ခဲ့တုန်းက သဂြိုလ်တွေ၊ အဘိဓမ္မာတွေကို သင်ခဲ့ ဖူးပါတယ်။ ဒီတော့ ကျမ်းဂန်အကိုးအကား အထောက်အထားနဲ့ ပြောရင် ဒကာကြီး လူ သံတုံးမို့လို့ ခံနိုင်မှာလား။ ကဲ၊ ဒကာကြီးသမီးကိုသာ ပုန်းနေဖို့ ပြောလိုက်ပါ။ တောပုန်းဗိုလ် လာရင် ကျုပ် သူ့ကို အကျိုးအကြောင်းပြောပြီး ဆွေးနွေးပါ့မယ်။ ရေလည်ပတ်လည် ပြောရင် သူ နားဝင်ရမှာပေါ့”

“ကိုယ်တော် ပြောတာကတော့ လွယ်သနော်။ တော်တော်ကြာ ကျားနှုတ်ခမ်းမွေး သွားဆွဲသလို ဖြစ်မယ်”

“ကျုပ်လည်း မသေချင်သေးပါဘူးဗျာ။ ကဲ၊ ဒကာကြီး။ ဒီကိစ္စကို ကျုပ်တာဝန်သာ ထားလိုက်တော့

“ဒီလိုဆိုလည်း ကျေးဇူးကြီးပါတယ် ကိုယ်တော်ရယ်။ တပည့်တော်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဆင်းလာပြီး မ တယ်လို့ပဲ အောက်မေ့ပါတယ်”

အခိုင်းအစေများမှာထိုအစီအစဉ်ကို ကြားသည့်အခါတွင် ထိတ်လန့်လျက်ရှိကြလေပြီ။

“ကိုယ်တော် အဖျော်ကလေး ဘာလေးများ ဘုဉ်းပေးပါဦးမလား ဘုရား”

“ရရင် စိမ်ရည်လေးနည်းနည်းတော့ သောက်ချင်တယ်ဗျာ”

ရှင်ဉာဏသည် စိမ်ရည်ဆယ့်လေးငါးခွက်လောက် သောက်လိုက်၏။ အခိုင်းအစေ သည် သူ့ အထုပ်အပိုးများကို ဧည့်ခန်းဆောင်သို့ ယူသွားလေ၏။

ရှင်ဉာဏသည် တောင်ဝှေးနှင့် ဓားကိုမူ ယူထားလိုက်၏။

“ဒကာကြီး သမီးကော။ ဝှက်ထားတယ် မဟုတ်လား”

“အိမ်တအိမ်ကို ပို့ထားပါတယ် ဘုရား”

“ကဲ၊ လာဗျာ။ သတို့သမီးအခန်းကို သွားကြရအောင်”

အဘိုးအိုသည် သူ့ကို အခန်းတခန်းသို့ ခေါ်သွားကာ “ဒီအခန်းပဲ ဘုရား”ဟု ပြော၏။

“ကဲ၊ ဒကာကြီးတို့ လုပ်စရာရှိတာကို သွားလုပ်ချေကြ”

အဘိုးအိုလျှူနှင့် အခိုင်းအစေများသည် မင်္ဂလာပွဲအတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ရန် ထွက်သွားကြ၏။ ရှင်ဉာဏသည် အခန်းထဲတွင်ရှိသည့် ကုလားထိုင်များ၊ စားပွဲ များကို ဘေးသို့ ဖယ်ထားလိုက်၏။ သူ့ဓားကို ခုတင်ခေါင်းရင်းတွင် ချထားလိုက်ပြီး တောင်ဝှေးကိုလည်း ခုတင်ဘေးတွင် ထောင်ထားလိုက်၏။ ရွှေခြည်ထိုးကန့်လန့်ကာကို ချထားကာ ကေသီကို ချွတ်လိုက်ပြီးလျှင် အိပ်ရာပေါ်တွင် ထိုင်၏။

မှောင်စပြုလာခဲ့လေပြီ။ အဘိုးအိုလျှူသည် သူ့အခိုင်းအစေများအား အိမ်ရှေ့နှင့် နောက်ဖေးတွင် မီးအိမ်များ ထွန်းညှိခိုင်း၏။ ကောက်နယ်သည့် တလင်းထဲတွင် စားပွဲ ရှည်ကြီးတလုံးကို ခင်း၍ စားပွဲပေါ်တွင် အမွှေးတိုင်များ၊ မီးအိမ်များ၊ ဖယောင်းတိုင်များ ကိုလည်း ထွန်းထား၏။ နွေးထားသည့် အရက်အိုးကြီးတလုံးနှင့် အမဲဟင်းလျာခွက်များ ကိုလည်း စားပွဲပေါ်တွင် အသင့် ပြင်ထားလေ၏။

ညဦးယံသို့အရောက်တွင် တောင်စောင်းမှ ဗုံသံများ၊ မောင်းသံများ ပေါ်ထွက်လာခဲ့ လေပြီ။ အဘိုးအိုလျှူနှင့် အခိုင်းအစေများသည် ရင်တထိတ်ထိတ်ဖြင့် ဝင်းဝသို့ ထွက် လာကာ လမ်းဘက်ဆီသို့ မျှော်ကြည့်နေကြ၏။

အဝေးမှ မီးတုတ် မီးစည်း လေးဆယ်ခန့်တို့၏ အရောင်ထဲတွင်မူ မြင်းဖြင့် တချို့၊ ခြေကျင်တချို့ မိမိတို့ဆီသို့ လာနေသော လူအုပ်တအုပ်ကို မြင်ရ၏။

အဘိုးအိုလျှူသည် အခိုင်းအစေများအား ဝင်းတံခါးကို ဖွင့်ပေးရန် ပြောပြီးနောက် သူတို့ကို ကြိုဆိုရန် လမ်းမသို့ ထွက်လာခဲ့၏။ အိုးစည်ဗုံမောင်းတွေ တီးလာသည့် လူအုပ်သည် ပန်းပွားများ တပ်ထားသည့် ပြောင်လက်သော လက်နက်များကို ကိုင်ဆောင်ထားကြ၏။ အချို့သော နောက်လိုက် ငယ်သားများမှာ ခေါင်းတွင် တောပန်းတွေ ဝေနေအောင် ပန်ထားကြသည်ကို တွေ့ရ၏။ အနီရောင် ဇာမီးအိမ်လေး ငါးလုံး၏ အလင်းရောင်ထဲတွင် ရှေ့ဆုံးမှ မြင်းစီးလာသည့် တောပုန်းဗိုလ်ကြီးကို မြင်ရ၏။ ခေါင်းတွင် အနီရောင်ဖျော့ဖျော့ ဦးထုပ်ပြားကလေးတလုံးကို ဆောင်းလျက်၊ နားနောက်တွင် ပိုးစပန်းပွင့်ကြီးတပွင့်ကို ပန်ထား၏။ တောင့်တင်းကြံ့ခိုင်သည့် ကိုယ်ခန္ဓာပေါ်တွင် ပိုးမွေးနားတွင် ရွှေခြည်ထိုး အစိမ်းရောင်ပိုးဝတ်ရုံကြီးကို ဝတ်ထားပြီး ခါးတွင် ရွှေပြောက်ထိုးထားသည့် အနီရောင်ပိုးခါးစည်းကြိုးကို စည်းထား၏။ ခုံမြင့်သားရေဖိနပ်ရှည်ကြီးကို စီးကာ လည်ဆံမွေးတို့ ဖားလျားကျနေသည့် မြင်းဖြူကြီးကို စီးထား၏။

လယ်တောအိမ်ရှေ့သို့ ရောက်သည့်အခါ၌ တောပုန်းဗိုလ်သည် မြင်းပေါ်မှ ဆင်း၏။ သူ့တပည့်များသည် သူ့ဘေးသို့ ဝိုင်းအုံလာကြကာ သူတို့တောပုန်းဗိုလ်ကြီးကို ဝမ်းသာ အားရ ချီးကျူး နှုတ်ဆက်လျက် ရှိကြ၏။ “ဗိုလ်ကြီးတော့ ဒီနေ့ည အိုရချေသေးရဲ့နော်။ တယ်ပြီး ကြည့်လို့ကောင်းတာပဲ ဗိုလ်ကြီးရာ” ဟု တယောက်တပေါက် ပြောဆိုလျက် ရှိကြ၏။ အဘိုးအိုလျှူသည် ဗန်းထဲတွင် အကောင်းစားအရက်တခွက်ကို ထည့်ကာ ဗိုလ်ကြီး ဆီသို့ ရောက်လာပြီး ဒူးထောက်ထိုင်လိုက်ရာ သူ့အခိုင်းအစေများကလည်း ဒူးထောက်၍ အရိုအသေပေးကြ၏။ တောပုန်းဗိုလ်သည် အဘိုးအိုလျှူကို ထိုင်ရာမှ ထခိုင်းပြီး-“ဦးလေးက ကျွန်တော့်ယောက္ခမ ဖြစ်နေပြီပဲ။ ဒူးထောက်ပြီး အရိုအသေပေးစရာ

မလိုပါဘူး” “ဒီလိုလည်း ဘယ်ဟုတ်မလဲ ဗိုလ်ကြီးရယ်။ ကျုပ်က ဗိုလ်ကြီးရဲ့ နယ်ပယ်က လက် အောက်ခံတယောက်ပဲဟာ”

ထိုအချိန်၌ ဆယ်ပုံရှစ်ပုံခန့် မူးနေပြီ ဖြစ်သည့် တောပုန်းဗိုလ်သည် အားရပါးရ ရယ်လျက်-

“ကျွန်တော့်ကို သမက်တော်ရလို့ ဦးလေး မနစ်နာပါဘူးဗျ။ ရှေ့သွားနောက်လိုက် ညီပါတယ်”

အဘိုးအိုလျှူသည် ထုံးစံအတိုင်း သတို့သားကို မင်္ဂလာအရက်ခွက် ကမ်းပြီးနောက် မီးတွေ ထိန်ထိန်ထွန်းထားသည့် တလင်းထဲရှိ စားသောက်ပွဲဆီသို့ ခေါ်လာခဲ့၏။

“ဦးလေးရယ်၊ ဘာဖြစ်လို့ ဒီလောက် ခမ်းခမ်းနားနား ပြင်ဆင်ထားရတာလဲ။ တော်ရုံ တန်ရုံ လုပ်ပေါ့” ဟု တောပုန်းဗိုလ်က ယဉ်ကျေးစွာ ပြော၏။ တောပုန်းဗိုလ်သည် နောက်ထပ်သုံးခွက် သောက်ကာ မင်္ဂလာခန်းမထဲသို့ ဝင်လာခဲ့၏။ မိမိ၏ နောက်လိုက်များကို ထိုမြင်းများအား မိုးမခပင်များတွင် ချည်ထားကြရန် အမိန့်ပေး လိုက်၏။ တောပုန်းဗိုလ်သည် စားပွဲတွင် ဝင်ထိုင်လိုက်လျက်-

“ဦးလေး၊ သတို့သမီးကော”

“ရှက်နေလို့ အပြင်ကို မထွက်ရဲလို့တဲ့ ဗိုလ်ကြီး”

တောပုန်းဗိုလ်သည် ရယ်လိုက်ကာ-

“ကဲ၊ အရက်ထည့်စမ်းဟေ့။ ဦးလေးကို ပြန်ပြီး ခွက်မြှောက်ဆုတောင်းရဦးမယ်။ ဦးလေးနဲ့ ခွက်မြှောက်ဆုတောင်းပြီး မသောက်ခင် သတို့သမီးကိုတော့ အရင်မြင်ချင်သေး တယ် ခင်ဗျာ”

အဘိုးအိုလျူသည် ရှင်ဥာဏထွက်လာကာ တောပုန်းဗိုလ်ကို နားချစေချင်လှပြီ။

“အခန်းထဲမှာ ရှိပါတယ်။ ကျုပ် ပြပါ့မယ်”ဟု ဆိုကာ အဘိုးအိုလျူသည် ဖယောင်း တိုင်တတိုင်ကို ကိုင်၍ သတို့သမီး၏ အခန်းဝသို့ လိုက်ပို့လေ၏။

“ဟောဒီအခန်းပဲ ခင်ဗျ။ သွားပေတော့”

မိမိတို့အကြံအစည်အတိုင်း ဖြစ်မှဖြစ်ပါလေမည်လောဟု စိုးရိမ်လျက်ရှိသဖြင့် အဘိုးအို လျူမှာ ထိုအနီးတွင် ကြာကြာမနေရဲတော့ဘဲ ဝေးရာသို့ သွားချင်လှပြီ။

တောပုန်းဗိုလ်သည် အခန်းတံခါးကို တွန်းဖွင့်ကာ အထဲသို့ ဝင်လိုက်၏။ အထဲတွင် မှောင်မည်းလျက်။

“အင်း၊ ငါ့ယောက္ခမလောင်းကြီးက တယ်ပြီး ချွေတာတာကိုး။ ကြည့်စမ်းပါဦး။ မီး တောင် မထွန်းဘူး။ သတို့သမီးကို မှောင်ကြီးထဲမှာ ဒီအတိုင်းထားတယ်။ တောင်ပေါ်စခန်းက ရေနံစည် တစည်လောက်တော့ အပို့ခိုင်းလိုက်ဦးမှပဲ”ဟု တယောက်တည်း ပြောနေ၏။ “နှမလေးရေ၊ မောင်ကြီးကို လာပြီး နှုတ်ဆက်ပါဦးကွယ်။ ဘာဖြစ်လို့ ဒီလောက် ရှက် နေရတာလဲ။ မနက်ဖြန်ဆိုရင် ကျုပ်နှမက ကျုပ်တို့စခန်းကြီးရဲ့ အရှင်သခင်မ ဖြစ်တော့ မယ့်ဟာပဲ”

တောပုန်းဗိုလ်သည် အမှောင်ထဲတွင် စမ်း၍ ရှေ့သို့ တိုးလာကာ ရွှေခြည်ထိုးကန့်လန့် ကာကို ဖယ်၍ ခုတင်ပေါ်သို့ စမ်းလိုက်ရာ ရှင်ဥဩဏ၏ ဝမ်းဗိုက်ကို သွားစမ်းမိလေ၏။ ရှင်ဥဩဏသည် တောပုန်းဗိုလ်၏ ခေါင်းကို ဆွဲယူ နှိမ့်လိုက်ပြီးလျှင် အိပ်ရာပေါ်သို့ ဆွဲလှဲ လိုက်လျက်-

"မအေxxxxသူခိုး"ဟု ဆိုကာ မေးကို ပင့်၍ ထိုးလိုက်၏။

"ဘယ်သူလဲ။ ဘာဖြစ်လို့ ငါ့ကို လုပ်တာလဲ" ဟု တောပုန်းဗိုလ်က အော်၏။

"မင်းမယား ဟုတ်၊ မဟုတ် သိပြီးလားကွ ဟင်" ဟု ဆိုကာ ခုတင်ပေါ်မှ ဆွဲချပြီး လက်သီးနှင့် ထိုး၊ ခြေနှင့် ကန်လုပ်နေ၏။

"လာကြပါဦးဗျို့" ဟု တောပုန်းဗိုလ်သည် အသံကုန်အော်၏။

အခန်းထဲတွင် သူတို့နှစ်ယောက် ဆွေးနွေးနေကြလိမ့်မည်ဟု တစောင့်စောင့်ဖြင့် မျှော်နေသည့် အဘိုးအိုလျှူသည် အော်သံကို ကြားသည့်အခါတွင် ထိတ်လန့်တုန်လှုပ်က ကြက်သေသေလျက် ရှိ၏။ အဘိုးအိုသည် မှန်အိမ်တလုံးကို ယူ၍ အခန်းဆီသို့ လာခဲ့ရာ သူ့နောက်မှလည်း တောပုန်းခားပြများ လိုက်ပါလာကြ၏။ တုတ်ခိုင်ကြမ်းတမ်းသော ကိုရင်ကြီးတပါးက ခုတင်ပေါ်တွင် ပက်လက်ကြီးလဲနေသော တောပုန်းဗိုလ်အနီးတွင် ရပ်ကာ ထုနှက်ကန်ကျောက်နေသည်ကို တောပုန်းများ မြင်ရ၏။

"ဟ တို့ဗိုလ်ကြီးကို လုပ်နေပြီ" ဟု တောပုန်းတယောက်က အော်သည့်အခါတွင် ကျန်တောပုန်းများသည် တင်းပုတ်များ၊ လှံရှည်ကြီးများကို ကိုင်၍ ပြေးဝင်လာကြ၏။

ရှင်ဥဩဏသည် တောပုန်းဗိုလ်ကို ဘေးသို့ ကန်ထုတ်လိုက်ပြီး ခုတင်ဘေးတွင် ထောင် ထားသည့် တောင်ဝှေးကို ယူကာ တောပုန်းများကို လိုက်ရိုက်၏။ တောပုန်းများသည် ကြောက်စဖွယ် ထိုးနှက်တိုက်ခိုက်နေသော ရှင်ဥဩဏ၏ ထိုးချက်ကို ရင်မဆိုင်ရဲတော့ဘဲ အော်ဟစ် ထွက်ပြေးကြလေ၏။ အဘိုးအိုလျှူမှာ စိတ်ပျက်လက်ပျက် ဖြစ်လျက်ရှိ၏။ ထိုသို့ ရုန်းရင်းဆန်ခတ် ဖြစ်နေကြစဉ်တောပုန်းဗိုလ်သည် အခန်းထဲမှ လေးဖက်ထောက် ထွက်လာပြီး အိမ်ရှေ့သို့ ပြေးထွက်လာကာ အမှောင်ထဲတွင် ကုန်းနှီးမပါသည့် မြင်း တကောင်ပေါ်သို့ တက်၏။ မိုးမခပင်မှ ကိုင်းတကိုင်းကို ချိုးကာ မြင်းကို သစ်ကိုင်းဖြင့် ရိုက်ရင်း စီးပြေးလေ၏။ သို့ရာတွင် မြင်းသည် နေရာမှ မရွေ့။

ဒုက္ခပဲ။ ဒီမြင်းကလည်း ငါ့ကို ကိုးရိုးကားရား လုပ်နေပြန်ပြီ" ဟု စိတ်ထဲမှ အောက် မေ့ကာ ငုံ့၍ ငုံ့၍ကြည့်လိုက်ရာ ကြောက်အားလန့်အားဖြင့် မိုးမခပင်တွင်

ချည်ထားသော ဇက်ကြိုးကို မဖြုတ်မိဘဲ စီးနေကြောင်း တွေ့ရ၏။ ထို့နောက် တောပုန်းဗိုလ်သည် မြင်းဇက် ကြိုးကို အတင်းဖြုတ်လိုက်ကာ ကုန်းနှီးမပါ ဘာမပါဖြင့် ကဆုန်စိုင်း၍ စီးပြေးလေ၏။

"အဘိုးကြီးတော့ သိကြရောပေါ့ကွာ။ သူ ဒီကနေပြီး ဘယ်ပြေးနိုင်မှာလဲ။ မြေလျှိုးပြီး မိုးပျံနိုင်မှာလား" ဟု အထွက်တွင် ကြိမ်းဝါးသွားကာ မြင်းကို အတင်းရိုက်ပြီး စီးရာ မြင်း မှာလည်း ကြောက်အားလန့်အားနှင့် တောင်ပေါ်သို့ တက်ပြေးလေ၏။

အဘိုးအိုလျှူသည် ရှင်ဉာဏ၏ လက်ကို ဖမ်းဆွဲလိုက်ရင်း-

"ကိုယ်တော် ဘယ်လိုလုပ်လိုက်တာလဲ ဘုရား။ တပည့်တော်တို့ တရွာလုံး ဒုက္ခ ရောက်တော့မှာပဲ" ဟု ညည်းလျက်ရှိ၏။

"ဒကာကြီးရေ၊ စိတ်မရှိနဲ့ဗျာ။ ကဲ၊ ကျုပ် ကေသီတို့ ဘာတို့ကို ယူပေးစမ်းပါဦး။ နောက်တော့ အေးအေးဆေးဆေး ပြောကြတာပေါ့"

အခိုင်းအစေတယောက်က အခန်းထဲတွင် ကျန်ရစ်ခဲ့သည့် ကေသီကို သွားယူပေး၏။ အဘိုးအိုလျှူက-

"ကိုယ်တော်တော့ သူစိတ်ပြောင်းသွားအောင် သူနဲ့ အေးအေးဆေးဆေး ဆွေးနွေး လိမ့်မယ်လို့ ထင်နေတာ။ ဒီလိုလုပ်လိမ့်မယ်လို့ နည်းနည်းလေးမှ မထင်ဘူး။ သူ့စခန်း ရောက်ရင် သူ့လူတွေကို ပြန်ပြောတော့မှာပဲ။ အဲဒီတော့မှ ဆင်းလာပြီး တပည့်တော်တို့ကို ရော၊ တရွာလုံးကိုရော သတ်ပစ်တော့မှာ"

"ဒီလောက်လည်း မကြောက်ပါနဲ့ ဒကာကြီးရာ။ အမှန်ကို ပြောရရင်တော့ ကျုပ်ဟာ ဗိုလ်ချုပ်ချုံကြီးရဲ့ မြို့စောင့်တပ်မှာ ဗိုလ်မှူးတယောက်ပဲဗျ။ လူတယောက်ကို သတ်မိလို့ သင်္ကန်းဝတ်လိုက်တာပဲ။ ဒီကောင်တွေလို အလေနတော တောပုန်းလောက်ကို မပြောပါနဲ့။ မြင်းစီးသူရဲနှစ်ထောင် လာချင်လာစမ်းပါစေ။ ကျုပ် ခုခံနိုင်ပါတယ်။ မယုံရင် အဲဒီ တောင်ဝှေးကို မကြည့်ကြစမ်း"ဟု အခိုင်းအစေများကို အမ ခိုင်းကြည့်၏။

သူတို့အထဲမှ တယောက်မျှ တောင်ဝှေးကို မမ နိုင်ချေ။ ရှင်ဉာဏသည် တောင်ဝှေးကို ကောက်ကာ မီးစာကလေးတမျှင်ကို ကောက်၍ ဝှေ့ယမ်းပြသည့်နှယ် ဝှေ့ယမ်းပြလျက် ရှိ၏။

"ဒီလိုဆို ကိုယ်တော် တပည့်တော်တို့ကို ပစ်မသွားပါနဲ့ ဘုရား။ တပည့်တော်တို့ရွာမှာ ကိုယ်တော့်ကိုပဲ အားကိုးရမှာပါ"

"ပြောစရာမလိုပါဘူးဗျာ။ ကျုပ်အသက်ကလည်း အဲဒီအပေါ်မှာ တည်နေပြီပဲ"

"ကဲ ကဲ။ ကိုယ်တော့်ဖို့ စိမ်ရည်ကလေး ဘာလေး ယူခဲ့ကြစမ်း။ တခုတော့ တောင်းပန် ပါရစေ ကိုယ်တော်။ သိပ်မူးအောင်တော့ မသောက်ပါနဲ့"

"ကျုပ်က ဆယ်ပုံတပုံပဲ သောက်ရင် ကျုပ်အစွမ်းကလည်း ဆယ်ပုံတပုံပဲ ထွက်တယ် ဗျ။ ဆယ်ပုံဆယ်ပုံ သောက်ရင် အကုန်လုံး တန်ခိုးပြတယ်"

"ကဲ၊ ဒီလိုဆိုရင်လည်း သောက်ပါဘုရား။ ကိုယ်တော်ကြိုက်သလောက် သုံးဆောင်ပါ" ထွက်ပြေးသော တောပုန်းဗိုလ်အကြောင်းကို ကောက်ဦးအံ့။ တောပုန်းဗိုလ်သည် တောင်ပေါ်စခန်းသို့ ပြန်ရောက်ပြီး နောက်လိုက်တယောက်ကို ခေါ်ကာ မိမိလူများ မည်သို့ မည်ပုံ အခြေအနေရှိသည်ကို သွားရောက်ကြည့်ရှုရန် ခိုင်းနေစဉ် နောက်လိုက်များသည်–

"ကျွန်တော်တို့တော့ ဒုက္ခရောက်ကုန်ပြီ" ဟု အော်၍ အူယားဖားယား ပြေးလာကြ သည်ကို မြင်ရလေ၏။

"ဟေ့ကောင်တွေ ဘာဖြစ်လာကြတာလဲ။ ဘာဖြစ်လို့ ဒီလောက် အလန့်တကြား ဖြစ်လာတာလဲ"

"ကျွန်တော်တို့ လက်ထောက်ဗိုလ် အရိုက်ခံရလို့ ခင်ဗျ"

တောပုန်းဗိုလ်သည် လှုပ်ရှားသွား၏။ "ဟော ဟော ပြောရင်းဆိုရင်း လက်ထောက် ဗိုလ် ပြန်လာပြီ" ဟူသော အသံများကို ကြားရ၏။

တောပုန်းဗိုလ်သည် အပြင်သို့ လှမ်းကြည့်လိုက်၏။ လက်ထောက်ဗိုလ်တွင် ဆောင်း ထားသည့် ဦးထုပ်နီနီကြီးလည်း မရှိတော့ချေ။ အစိမ်းရောင်ဝတ်ရုံကြီးမှာ ကွဲကာ စုတ် ပြတ်သတ်နေလေပြီ။ လက်ထောက်ဗိုလ်သည် မြင်းပေါ်မှ ဆင်းလာကာ စခန်းထဲအရောက် မူးမေ့လဲကျသွားလေ၏။

"ဗိုလ်ကြီး၊ ကျွန်တော့်ကို ကယ်ပါဦး ဗိုလ်ကြီး"

"ဟေ့ကောင်၊ ဘာဖြစ်လာတာလဲ"

"ကျွန်တော် သတို့သမီးအိမ်ကို ရောက်သွားပြီး သတို့သမီးရဲ့ အခန်းထဲကို ဝင်သွားတယ် ခင်ဗျ။ အထဲရောက်တော့ သတို့သမီးကို တနေရာမှာ ဝှက်ထားပြီး အိပ်ရာပေါ်မှာ ကိုရင် ဝဝတောင့်တောင့်ကြီးတပါး ရောက်နေတယ်ခင်ဗျ။ ကျွန်တော်ကတော့ ဘယ်သိမလဲ ခင်ဗျာ။ ဒါနဲ့ ကျွန်တော်က ကန့်လန့်ကာကို ဖွင့်ပြီး ခုတင်ပေါ်ကို စမ်းကြည့်တယ် ခင်ဗျ။ အဲဒီတင် ကိုရင်ကြီးက ကျွန်တော့်ကို

ကန်သရော၊ ကျောက်သရော၊ ထိုးသရော လုပ်တာ နောက်ဆုံးတော့ ကျွန်တော့်ကို ထိုးလိုက်တာခင်ဗျာ။ လူကို လိမ့်နေတာပဲ။ ဒီတင် ကျွန်တော့်လူတွေ ပြေးဝင်လာတော့ သူက တောင်ဝှေးကြီးကို ကိုင်ပြီး ကျွန်တော်တို့ လူ တွေကို လိုက်ရိုက်တယ်ခင်ဗျ။ သူတို့နောက်ကို လိုက်နေတုန်း ကျွန်တော် ပြေးလာခဲ့ ရတယ် ခင်ဗျ။ နို့မို့ရင် ကျွန်တော် ဘယ်လောက်အထိ ခံနေရမလဲ မသိဘူး။ ဗိုလ်ကြီး ဒီ ကိုရင်ကြီးကို လိုက်နှိမ်နင်းပေးပါဦး ဗိုလ်ကြီး”

“ဩော်၊ ဒီလိုလား။ ကောင်းပြီ။ မင်း သိပ်ပင်ပန်းနေတယ်။ နေရစ်ခဲ့။ အဲဒီ ကိုရင် ကြီးကို ငါကိုယ်တိုင်ဖမ်းပြီး ခေါ်ခဲ့မယ်။ ဟေ့ကောင်တွေ၊ ငါ့မြင်း ပြင်ထားကြစမ်း။ ပြီးတော့ ငါနဲ့ လိုက်ခဲ့ကြ”

တောပုန်းဗိုလ်သည် လှံတချောင်းကို ကောက်ကိုင်ကာ မြင်းပေါ်သို့ တက်ပြီးနောက် နောက်လိုက်နောက်ပါများနှင့်အတူ တောင်အောက်သို့ ဆင်းလာခဲ့၏။ တောပုန်းများသည် ညာသံပေး၍ စီးလာကြ၏။

ရှင်ဉာဏသည် စိမ်ရည်ကို သောက်လျက်ရှိစဉ် အခိုင်းအစေတယောက် လာကာ-

“တောပုန်းဗိုလ်ကြီးကိုယ်တိုင် ဆင်းလာတယ် ဘုရား။ နောက်လိုက်နောက်ပါတွေ လည်း အများကြီးတဲ့”

“မပူပါနဲ့ ဒကာတို့ရာ။ ကျုပ် ဒီကောင်တွေကို ခံချပ်မယ်။ ပြီးရင်သာ ဒကာတို့က ဒီကောင်တွေကို ကြိုးနဲ့ တုပ်၊ မြို့ဝန်ဆီကို သွားပို့ပြီး ဆုတော်ငွေတွေ ထုတ်ယူကြ။ မှန်း ကျုပ်ဓား ပေးစမ်း”

ရှင်ဉာဏသည် သင်းပိုင်ကို ပြင်ဝတ်ကာ ခါးစည်းကြိုးတွင် ဓားလွယ်ကြီးကို ချိတ် လိုက်ပြီး လက်တွင် သံတောင်ဝှေးကြီးကို ကိုင်ကာ တလင်းပြင်သို့ ထွက်လာခဲ့၏။ တောပုန်း ဗိုလ်သည် လှံရှည်ကြီးကို ကိုင်ကာ သူတို့ဆီသို့ မြင်းစီးလာနေသည်ကို မီးတုတ်မီးစည်း များမှ အရောင်တွင် မြင်ရလေ၏။

“ဘယ်မလဲဟေ့၊ ကိုရင်ကြီး။ သတ္တိရှိရင် ထွက်ခဲ့”

“ဟေ့၊ ဓားပြကောင်။ မင်း တွေ့ချင်တဲ့ ကိုရင်ကြီးဟာ ငါပဲကွ။ သေပေတော့” ဟု ဆိုကာ တောင်ဝှေးကြီးကို ယမ်း၍ ဝင်တိုက်လေ၏။ တောပုန်းဗိုလ်သည် တိမ်းရှောင်ရင်း-

“ကိုရင်ကြီး။ ကိုရင်ကြီး။ ခဏနေပါဦး။ ကိုရင်ကြီးအသံကို တပည့်တော် ကြားဖူး ပါတယ်။ ဘယ်သူလဲ”

“ငါ ဗိုလ်ချုပ်ချုံကြီးရဲ့ နယ်ခြားစောင့်တပ်က ဗိုလ်မှူးဟောင်းလူတကွ။ ခု ကိုရင်ကြီး ဝတ်နေတယ်။ ရှင်ဉာဏတဲ့”

တောပုန်းဗိုလ်သည် ရယ်မောကာ မြင်းပေါ်မှ ဆင်းလိုက်ပြီးနောက် လက်နက်ကို လွှတ်ချလိုက်၏။ တောပုန်းဗိုလ်သည် လက်အုပ်ချီရာမှ-

“လက်စသတ်တော့ တပည့်တော်ရဲ့ ဗိုလ်ကို ဆုံးမလွှတ်လိုက်တာ ကိုရင်ကြီးကိုး။ ဖြစ်မှ ဖြစ်ရလေဗျာ။ ကွဲသွားတာ ကြာလှပြီ”

အစသော် ကိုရင်ကြီးရှင်ဉာဏသည် ဥပါယ်တံမျဉ်ဟု ထင်လိုက်မိသေး၏။ ထို့ကြောင့် နောက်သို့ ခုန်ဆုတ်လိုက်ပြီး တောင်ဝှေးကြီးကို မြေတွင် ထောက်ထားလိုက်၏။ သို့ရာတွင် မီးတုတ်မှ မီးရောင်ထဲတွင် သေသေချာချာ ကြည့်လိုက်သောအခါတွင်မူကား ထိုသူမှာ အခြားသူ မဟုတ်။ သိုင်းကစားပြပြီး ဘယဆေးအမျိုးမျိုးကို ရောင်းသည့် ကျားဗိုလ်ချုပ် ခေါ် လီချုံး ဖြစ်ကြောင်းကို သိရ၏။ လီချုံးသည် သူ့လက်မောင်းကို ဖမ်းကိုင်လိုက်ပြီးလျှင်-

“ဘယ်လိုဖြစ်လာတာလဲ ဗိုလ်မှူး၊ ဘာဖြစ်လို့ ကိုရင်ဝတ်တာလဲ”

“အိမ်ထဲရောက်တော့ ပြောပြတာပေါ့”

သူတို့ကို ကြည့်လျက်ရှိသော အဘိုးအိုလျှုသည် စိတ်ပျက်လက်ပျက်ဖြင့် “အင်း၊ လက်စသတ်တော့ ကိုရင်ကြီးကလည်း သူတို့ဂိုဏ်းသားထဲကပါလား” ဟု တွေးလျက်ရှိ၏။ ရှင်ဉာဏခေါ် လူတသည် လီချုံးကို ခေါ်သွား၏။ အိမ်ထဲသို့ရောက်လျှင် ကေသီကို ပြန်၍ ရုံကာ တနေရာတွင် ထိုင်ရင်း ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရန် ဧည့်ခန်း ထဲသို့ ခေါ်သွားလေ၏။ ရှင်ဉာဏသည် ဧည့်ခန်းတွင် ထိုင်၍ အဘိုးအိုလျှုကို လှမ်းခေါ်၏။ သို့ရာတွင် အဘိုးအိုလျှုသည် ကြောက်သဖြင့် အနားသို့ မလာရဲချေ။

“လာပါ ဒကာကြီး။ သူက ကျုပ်ညီပါ”

ဤတွင် အဘိုးလျှုမှာ ပို၍ လန့်သွားကာ ရှေ့အနီးသို့ မလာရဲအောင် ဖြစ်လျက်ရှိလေ၏။ လီချုံးသည် ဒုတိယခုံတွင် ဝင်ထိုင်ရာ အဘိုးလျှုသည်လည်း တတိယခုံတွင် ဝင်ထိုင်လေ၏။

“ဟောဒီက အဘိုးလျှုကိုရော၊ နောင်ကြီး လီချုံးကိုရော ကျုပ်အဖြစ်အပျက်ကို ပြောရဦးမယ်။ ကျုပ်ဟာ အနောက်မင်းလို့ ခေါ်တဲ့ ဝက်သားသည်ချင်ကို သုံးချက်တည်းနဲ့ ထိုးသတ်ပြီးတဲ့နောက် တိုင်ကျို့ပြည်နယ်က ယာမင်းကို ထွက်ပြေးလာခဲ့တယ်ဗျ။ အဲဒီမှာ ကျုပ်ကယ်ခဲ့တဲ့ သားအဖနဲ့ တွေ့ပြီး သူတို့ကို အရှေ့နေပြည်တော်ကို ပြန်ပို့ခဲ့တယ်။ ဒါပေမဲ့ သူတို့သားအဖက

အရှေ့နေပြည်တော်ကို မပြန်ဘဲ သူတို့အသိတယောက်နဲ့ တွေ့လို့ဆိုပြီး ယာမင်းကို ရောက်သွားကြတယ်။ သူ့သမီးကတော့ မြေရှင်ချောင် ဆိုတဲ့ လူနဲ့ ရသွားတယ်။ အဲဒီလူကလည်း ကျုပ် ရောက်သွားတယ်ဆိုရင်ပဲ တလေးတစားနဲ့ ဆက်ဆံပါတယ်။ ဒါနဲ့ ကျုပ်က သူတို့ဆီမှာ ခိုအောင်းနေတယ် ဆိုပါတော့။ ဒါပေမဲ့ ရဲတွေက ကျုပ်နောက်ကို ထက်ကြပ်လိုက်နေတယ် မဟုတ်လား။ ဒါနဲ့ မြေရှင်ချောင် ဝူတိုင်းတောင်ပေါ်က ကျောင်း တိုက်ကို လိုက်ပြီး ရဟန်းခံပေးတယ်။ ဒါပေမဲ့ ကျုပ်ဆိုတဲ့ကောင်က ကိုရင်ဝတ်ကြီးနဲ့ နှစ်ကြိမ်တိုင် မူးပြီး သောင်းကျန်းတော့ တရားအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေအဖို့ အနှောင့်အယှက် ဖြစ်နေတာပေါ့ဗျာ။ ဒီတင် ကျောင်းထိုင်ဆရာတော်ကြီးက စာတစောင်ရေးပြီး အရှေ့နေပြည်တော်က ရှန်းကူကျောင်းတိုက်ကို သွားနေဖို့ လွှတ်လိုက်တယ်ဗျ။ ကျုပ်လည်း အရှေ့နေပြည်တော်ကို ထွက်လာခဲ့တယ်။ မနေ့ညကတော့ တည်းခိုစရာတို့ ဘာတို့လည်း မရှိတာနဲ့ ဟောဒီက ဒကာကြီးတို့ လယ်တောအိမ်ကို ဝင်နားတာပဲ။ ဒကာကြီးကို တွေ့လိမ့် မယ်လို့ နည်းနည်းလေးမှ မမျှော်လင့်ဘူးဗျာ။ နေစမ်းပါဦး။ ကျုပ် ရိုက်နှက်ဆုံးမလိုက်တဲ့ သူက ဘယ်သူလဲ။ ဒကာကကော ဒီကို ဘာကိစ္စ ရောက်လာတာလဲ”

“ဒီလိုလေ။ ကိုယ်တော်ရယ်၊ တပည့်တော်ရယ်၊ ရှိကျင်းရယ် အရက်ဆိုင်မှာ တွေ့ပြီး ခွဲခဲ့ကြတဲ့နောက် ကိုရင် လူသတ်မှုဖြစ်တယ်ဆိုတာ ကြားတယ်။ ဒီတော့ တပည့်တော် လည်း အကျိုးအကြောင်း မေးကြည့်ဦးမယ်ဆိုပြီး ရှိကျင်းဆီကို သွားတယ်ဘုရား။ ဒါပေမဲ့ ဟိုရောက်တော့ ရှိကျင်း မရှိတော့ဘူး။ သူ့ဆရာဆီကို လိုက်သွားပြီတဲ့။ ရဲတွေက ကိုယ်တော့် ကို လိုက်ဖမ်းနေတယ်လို့လည်းကြားရော တပည့်တော်လည်း ထွက်လာခဲ့တယ်။ တနေ့တော့ တောင်ခြေက ရွာကလေးတရွာမှာ နားပြီး ခရီးဆက်လာတုန်း ခု ကိုယ်တော် ရိုက်နှက် ဆုံးမလိုက်တဲ့သူက နောက်လိုက်နောက်ပါတွေနဲ့ တောင်ပေါ်က ဆင်းလာပြီး တပည့်တော် ကို လုတာပေါ့ ဘုရား။ သူ့နာမည်က ချူတုန်းတဲ့ ဘုရား။ ဒီနယ်တဝိုက်မှာတော့ “ဘုရင် ငယ်” ဆိုပြီး တန်ခိုးကြီးတဲ့သူပေါ့။ ဟောဟိုက မြင်ရတဲ့ မက်မုံပွင့်တောင်ရိုးပေါ်မှာ စခန်းချ နေတယ်။ တပည့်တော်က ခံချတော့ သူရှုံးသွားတယ်။ ဒီတင် တပည့်တော်ကို သူတို့ဆီ လိုက်ပြီး ဗိုလ် လုပ်လှည့်ပါ ဆိုပြီး ခေါ်သွားပြီး ဗိုလ်တင်ထားတာပဲ ဘုရား။ အဲဒီနေ့ကစပြီး တပည့်တော်လည်း တောပုန်းကြီးတယောက် ဖြစ်သွားတာပါပဲ ဘုရား”

“ကဲ၊ ဒီတော့ ဒကာက ဗိုလ်ပဲဗျာ။ ဒီတော့ ဟောဒီက အဘိုးလျူရဲ့ သမီးကလေးကိစ္စ ကို ဖျက်သိမ်းပေးပါ။ သူ့ခမျာ သားသမီးဆိုလို့ ဒီသမီးကလေးတယောက်သာ ရှိလေတော့ တသက်လုံး သူ့သမီးကိုပဲ အားကိုးပြီး နေသွားရမှာ။ သမီးလေးကို ခေါ်သွားတယ်ဆိုရင် သူ့ခမျာ အိုကြီးအိုမနဲ့ တယောက်တည်း ကျန်ရစ်ခဲ့မှာ”

အဘိုးအိုလျှမှာ များစွာ ဝမ်းသာလျက် ရှိလေပြီ။ အဘိုးအိုသည် စိမ်ရည်နှင့် စား သောက်ဖွယ်များကို ယူကာ ဧည့်သည်နှစ်ယောက်ကို တည်ခင်း ကျွေးမွေးစေ၏။ နောက် လိုက်ငယ်သားများအားလည်း တယောက်လျှင် ပေါက်စီနှစ်လုံးစီ၊ အသားနှစ်တုံးစီ၊ စိမ်ရည်တအိုးစီကို ဝေငှ၏။ အားလုံး အဝအပြဲ စားကြသောက်ကြလေ၏။ အဘိုးအိုလျှူ ကလည်း သူ ရထားသည့် ဖဲလိပ်များနှင့် ငွေစများကို ပြန်ပေးလေ၏။

"ကဲ၊ ဒကာကြီးရဲ့ ငွေတွေကို ပြန်ယူသွားဗျာ။ ဒီကိစ္စကို ဒကာကြီးပဲ ကြည့်ပြီး ပြေလည်အောင် လုပ်ပေးပါ" ဟု ရှင်ဉာဏက လီချုံးကို ပြောလေ၏။

"ရပါတယ်။ တပည့်တော် ကြည့်ပြီး စီစဉ်ပါ့မယ်။ ကိုယ်တော်လည်း တပည့်တော်တို့ရဲ့ စခန်းကို လိုက်ခဲ့ပါဦး ဘုရား။ ဟောဒီက အဘိုးလျှူလည်း ကျွန်တော်တို့စခန်းကို လိုက်ခဲ့ပါ။ ရောက်ဖူးတာပေါ့"

အဘိုးအိုလျှူသည် အခိုင်းအစေများကို ခေါ်ကာ ရှင်ဉာဏအတွက် သံလျင်းကြီး တစီးကို အပြင်ခိုင်း၏။ အခိုင်းအစေများသည် ရှင်ဉာဏ၏ ပစ္စည်းများနှင့် တောင်ဝှေး၊ ခါး စသည်တို့ကိုပါ တင်ကာ ရှင်ဉာဏကို သံလျင်းဖြင့် ထမ်း၍ ခေါ်လာခဲ့ကြ၏။ လီချုံးက မြင်းဖြင့် လိုက်လာခဲ့၏။ အဘိုးအိုလျှူမှာမူ သံလျင်းခပ်ငယ်ငယ်တစီးဖြင့် လိုက်ပါလာခဲ့ လေ၏။ ထိုအချိန်၌ကား မိုးစင်စင်လင်းခဲ့လေပြီ။

တောင်ပေါ်စခန်းသို့ ရောက်သည့်အခါတွင် ရှင်ဉာဏနှင့် အဘိုးအိုလျှူတို့သည် သံလျင်း များပေါ်မှ ဆင်းကြရာ လီချုံးလည်း မြင်းပေါ်မှ ဆင်းလေ၏။ တောပုန်းဗိုလ် လီချုံးသည် သူတို့ကို တောင်ပေါ်စခန်းရှိ တဲတလုံးထဲသို့ ခေါ်သွားလေ၏။ လီချုံးသည် လက်ထောက် ဗိုလ်ချူတုန်းကို လှမ်းခေါ်လိုက်၏။ ချူတုန်းသည် ရှင်ဉာဏကို မြင်သည့်အခါ၌-

"ဘယ်လိုလဲ ဗိုလ်ကြီး။ ကျွန်တော့်အတွက် လက်စားမချေခဲ့တဲ့အပြင် ဗိုလ်ကြီး ကိုယ်တိုင် ခေါ်လာပြီး သူ့ကို ဗိုလ်တင်တော့မယ်ပေါ့"

"ဒီမှာ ချူတုန်း။ ဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲဆိုတာ မင်း သိရဲ့လား"

"ဘယ်သူလဲဆိုတာ သိရင် ဘယ်မှာ ကျွန်တော် ဒီလို အရှုံးခံခဲ့ပါ့မလဲ ဗိုလ်ကြီး"

လီချုံးက ရယ်လိုက်လျက်-

"အနောက်မင်းလို့ ခေါ်တဲ့ ဝက်သားသည်ချင်ကို လက်သီးသုံးချက်နဲ့ အသေထိုးသတ် လိုက်တဲ့ လူတယောက်အကြောင်းကို မင်းကို ငါ ပြောဖူးတယ်

မဟုတ်လား။ အဲဒါ ဟောဒီ ကိုရင်ကြီးပဲ”

ချူတုန်းသည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်ပြီးလျှင် “သေလိုက်ပါတော့ဗျာ” ဟု အော်၏။ သူသည် ရှေ့သို့ တိုးလာကာ ရှင်ဉာဏကို ဦးချ၏။ ရှင်ဉာဏကလည်း ပြန်၍ နှုတ်ဆက်ကာ “ကျုပ်အပေါ် ဘယ်လိုမှ မအောက်မေ့နဲ့ဗျာ”ဟု ပြော၏။ သူတို့သုံးယောက် သည် နေရာအသီးသီးတွင် ဝင်ထိုင်ကြစဉ် အဘိုးအိုလျှူသည် ခပ်လှမ်းလှမ်းတွင် မတ်တတ်ရပ်လျက်ရှိ၏။ လီချုံးက-

“ဒီမှာ ချူတုန်း။ ဟောဒီက အဘိုးအိုလျှူရဲ့ သမီးနဲ့ လက်ထပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ မင်း မသိတာတွေ အများကြီးရှိတယ်။ အမှန်ကတော့ အဘိုးအိုလျှူရဲ့ သမီးကလေးဟာ ကလေးသာသာပဲ ရှိသေးတယ်။ ဒီတော့ သူတို့မျိုးရိုး မတိမ်ကောအောင် ကလေးမ ကလေးမှာ သူ့အဖေအိုကြီးကို စောင့်ရှောက်သွားရမယ့် ဝတ္တရားရှိနေတယ်။ တကယ်လို့ ကောင်မလေးကို လက်ထပ်ပြီး မင်း ခေါ်သွားလို့ရှိရင် အဘိုးအိုလျှူမှာ ပြုစုစောင့်ရှောက် မယ့်သူ တယောက်မှ ရှိတော့မှာ မဟုတ်ဘူး။ အဘိုးအိုလျှူအနေနဲ့ ကြည့်ရင် မင်းနဲ့ လက်ထပ်ဖို့ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး။ ဒီတော့ ငါ့မျက်နှာကို ထောက် သောအားဖြင့် မင်း ဒီကလေးမလေးကို မယူပါနဲ့ကွာ။ တခြား မင်းကြိုက်ရာ တယောက် ယောက်ကို ရှာယူပါ။ ဟောဒီမှာ မင်း တင်ထားတဲ့ ဖဲလိပ်တွေနဲ့ ရွှေစတွေ။ ဘယ့်နှယ်လဲ မင်း လက်ခံမလား”

“ဗိုလ်ကြီးကိုယ်တိုင်က ပြောနေတော့ ကျွန်တော် လက်မခံစရာ မရှိပါဘူး။ နောင် ဆိုရင် သူတို့အိမ်ရိပ်ကိုတောင် ကျွန်တော် မနင်းတော့ပါဘူး”

“ယောကျ်ားဆိုတာ စကားတည်ရတယ်နော် ဒကာ” ဟု ရှင်ဉာဏက ဝင်ပြော၏။

ချူတုန်းသည် သစ္စာပြုသည့်အနေဖြင့် မြားတချောင်းကို ချိုးပြ၏။ အဘိုးအိုလျှူသည် ကျေးဇူးစကားဆိုကာ တင်တောင်းထားသည့် ဖဲစ၊ ပိုးစ၊ ရွှေစတို့ကို ပြန်ပေးပြီးလျှင် တောင်အောက်ရှိ ရွာသို့ ပြန်သွား၏။

လီချုံးနှင့် ချူတုန်းတို့သည် နွားများ၊ မြင်းများကို ပေါ်စေပြီးနောက် စားသောက်ပွဲကြီး ကျင်းပကြ၏။ ၎င်းတို့သည် ရှင်ဉာဏကို ရက်ပေါင်းများစွာ ညှိခံကျွေးမွေးပြီးလျှင် တောင်ပေါ်တောင်အောက်ရှိ ရှုခင်းများကို လိုက်ပြကြ၏။ မက်မုံပွင့်တောင်တန်းသည် အလွန်ထူးခြားသည့် တောင်တန်းကြီး ဖြစ်၏။ ရုတ်တရက်ကြည့်လျှင် လူသူမရောက် နိုင်သည့် တောမြိုင်ဂနိုင်ကြီးဟု ထင်ရ၏။ ဘေးတွင် မြောင်ကြီးများ ဝန်းရံလျက်ရှိပြီး တောင်ပေါ်သို့ တက်သည့် လူသွားလမ်းကလေးတလမ်းသာ ရှိ၏။

“ဒကာတို့ တောပုန်းတွေ အင်မတန် နေလို့ကောင်းတဲ့နေရာပေါ့ဗျာ”ဟု ရှင်ဉာဏက ပြော၏။

ရက်အနည်းငယ်ကြာသည့်အခါ၌ လီချုံးနှင့် ချူတုန်းတို့သည် မိမိအား ကျွေးမွေးထား ရသည့်အတွက် အနည်းငယ် ငြိုငြင်စပြုလာသည်ကို ရှင်ဉာဏ သတိပြုမိ၏။ ထို့ကြောင့် ပြန်ရန် ဆုံးဖြတ်လိုက်၏။ သူတို့နှစ်ယောက်က ဆက်လက်နေထိုင်ရန် တားကြသေးသော် လည်း ရှင်ဉာဏသည် လက်မခံတော့ပြီ။

“ကျုပ်က သင်္ကန်းဝတ်ကြီးနဲ့ဗျ။ သင်္ကန်းကြီးကို ဝတ်ပြီး တောပုန်းလုပ်ရတယ်ဆိုတာ မတော်ပါဘူးဗျာ”

သူတို့နှစ်ယောက်စလုံးက-

“ကိုယ်တော် ဒီလောက်ပြန်ချင်တယ်ဆိုရင်လည်း ပြန်ပေါ့ဘုရား။ တပည့်တော်တို့ နှစ်ယောက်လည်း တောင်အောက်ကို ဆင်းပို့ပါမယ်။ တပည့်တော်တို့ လုလို့ရသမျှ ရွှေ၊ ငွေ တွေကိုလည်း ကိုယ်တော့်လမ်းစရိတ်အဖြစ် လှူလိုက်ပါ့မယ်”

နောက်တနေ့တွင် ဝက်များ၊ သိုးများကို ပေါ်ပြီးနောက် စခန်းထဲတွင် နှုတ်ဆက် စားသောက်ပွဲကြီး ကျင်းပကြပြန်၏။ ထိုသို့ စားသောက်ပွဲကြီး ကျင်းပမည်ပြုနေစဉ် တောပုန်းနှစ်ယောက်သည် တောင်ပေါ်သို့ ပြေးတက်လာကာ-

“တောင်ခြေမှာ လှည်းကြီးနှစ်စီးနဲ့ လူတကျိပ်ကျော်လောက် တွေ့ခဲ့တယ် ခင်ဗျ။ ခရီးသွားတွေပဲ။ တချို့လောက် လုလိုက်ရင် ကောင်းမယ်ထင်တယ်”ဟု ပြောကြ၏။

လီချုံးနှင့် ချူတုန်းတို့သည် မိမိတို့ နောက်လိုက်နောက်ပါများနှင့်အတူ ထိုလှည်း နှစ်စီးကို လုရန် တောင်အောက်သို့ ဆင်းသွားကြပြီး ရှင်ဉာဏကို ပြုစုစောင့်ရှောက်ရန် ငယ်သားနှစ်ယောက်ကိုသာ ထားပစ်ခဲ့၏။

“ကြည့်စမ်း၊ ဒီကောင်တွေဟာ တော်တော်တွန့်တိုတဲ့ ကောင်တွေပဲ။ ငါ့ကို ခရီးစရိတ် ထောက်ချင်တယ်ဆိုရင် သူတို့မှာ လုထားတဲ့ ရွှေတိုငွေစတွေ တပုံကြီး။ ဒါပေမဲ့ ဒီအထဲက မပေးဘဲ လုပြီးအောင် စောင့်ရမယ်တဲ့။ နောက်ထပ် လုလို့ရတဲ့ ရွှေတိုငွေစတွေနဲ့ ငါ့ကို ခရီး စရိတ်ထောက်ပံ့မယ်တဲ့။ ငါ့သွားဖို့ စရိတ်စကကို သူတို့က အကုန်ခံမှာ မဟုတ်ဘူး။ လမ်း ပေါ်မှာ သွားလာနေတဲ့ ခရီးသည်တွေဆီက လုပေးမှာ။ ခရီးသည်တွေ ဒုက္ခရောက်ကြတော့ မှာပဲ။ ဒီလောက်တောင်ရှိလှတာ ဒီကောင်တွေကိုတော့ ဆုံးမခဲ့ဦးမှပဲ” ဟု ရှင်ဉာဏ တွေး မိ၏။

ရှင်ဉာဏသည် တောပုန်းနှစ်ဦးအား မိမိအတွက် စိမ်ရည်

အကပ်ခိုင်းပြီးသော် နှစ်ခွက် သောက်၏။ ထို့နောက် အလစ်တွင် ရုတ်တရက် ခုန်ထကာ တယောက်ကို တချက်စီ ထိုးပြီး နောက် လဲကျသွားသောအခါတွင် နှစ်ယောက်စလုံးကို သူ ကြိုးဖြင့်တုပ်၍ ပါးစပ်ထဲတွင် ဂုန်လျှော်ကြိုးထုံးများကို ထိုးထည့်ပြီး ထားခဲ့၏။ ထို့နောက် မိမိအိတ်ထဲတွင် လိုသည့် ပစ္စည်းများလောက်ကိုသာ ချန်ထားပြီး ကျန်ပစ္စည်းဟူသမျှကို သွန်ချကာ ရှိသမျှ ရွှေငွေ တို့ကို မိမိအိတ်ထဲသို့ ထိုးသိပ်ထည့်၏။ ကျောင်းထိုင်ဆရာတော်ကြီး ပေးလိုက်သည့် စာကိုမူ ခေါက်၍ ခါးတွင် ကျစ်ကျစ်ပါအောင် လိပ်ထား၏။ နောက်ဆုံး၌ ရှင်ဉာဏသည် ဓားကို ခါးတွင် ချည်၊ လက်မှ တောင်ဝှေးကို ကိုင်ကာ ရွှေထုပ်ကို ခေါင်းတွင် ရွက်ပြီးနောက် တောင်ပေါ်စခန်းမှ ထွက်လာခဲ့လေ၏။

စခန်းအောက်သို့ ရောက်သည့်အခါတွင် နက်စောက်လှသော တောင်ကမ်းပါးကြီးကို ငုံ့ကြည့်၏။ လမ်းဟူ၍ လုံးဝ မရှိချေ။

“အင်း၊ ရှေ့က ဆင်းရင်တော့ ဟိုခွေးမသားတွေနဲ့ ပက်ပင်းတိုးနေမှာပဲ။ မြက်အထူဆုံး နေရာက နေပြီး လျှောဆင်းမှပဲ”

ရှင်ဉာဏသည် အိတ်ဓားလွယ်ကို ပူး၍ ချည်ပြီးလျှင် တောင်ကမ်းပါးအတိုင်း လျှောချလိုက်၏။ ထို့နောက် တောင်ဝှေးကြီးကိုလည်း အလားတူ ချလိုက်၏။ နောက်ဆုံးတွင် ထိပ်တွင် ထိုင်ကာ ကိုယ်ကို အောက်သို့ လိမ့်ချ၏။ ရှင်ဉာဏသည် လဲနေရာက လူးလဲထ ပြီးနောက် ရွှေအိတ်ကို လိုက်ရှာ၏။ ထို့နောက် ခါးတွင် ဓားချိတ်ကာ တောင်ဝှေးကို ကောက်ကိုင်ပြီး လမ်းစကို ရှာတွေ့ကာ အရှေ့နေပြည်တော်သို့ ခရီးဆက်ခဲ့၏။

လီချုံးနှင့် ချူတုန်းတို့အကြောင်းကို ပြန်ကောက်အံ့။ တောင်အောက်သို့ ရောက်သည့် အခါတွင် တောပုန်းများသည် ခရီးသည်တကျိပ်ကျော်ခန့်ကို တွေ့၏။ သူတို့အားလုံးတွင် လည်း လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။ တောပုန်းဗိုလ်လီချုံးသည် လှံကို တည့် တည့်ချိန်ကိုင်ကာ ရှေ့သို့ တက်လာခဲ့ကြသည်တွင် နောက်လိုက်များသည်လည်း သူ့နောက်မှ လိုက်လာခဲ့ကြ၏။

“ဟေ့ကောင်တွေ။ အသက်ချမ်းသာချင်ရင် ရှိသမျှပစ္စည်းကို ထားပစ်ပြီး သွားကြ” ဟု တောပုန်းများက အော်ကြ၏။

ထိုအထဲမှ ခရီးသည်တယောက်ကမူ မိုန်းကြီးကို ဝှေ့ယမ်းကာ လီချုံးဆီသို့ ပြေးဝင် လာ၏။ သူတို့နှစ်ယောက်သည် ဆယ်ချီ တိုက်ခိုက်ကြ၊ သတ်ပုတ်ကြသည့်တိုင် မည်သူ့ မည်သူကိုမျှ မနိုင်ဘဲ ဖြစ်နေကြ၏။ ချူတုန်းသည် စိတ်မရှည်နိုင်တော့ဘဲ ဓားကြီးကို ကိုင်၍ အနားသို့ တက်လာသည်တွင် နောက်လိုက်များလည်း သူ့နောက်မှ လိုက်ပါလာကြလေ၏။ ခရီးသည်များမှာ ထိုမျှ

များပြားသော တောပုန်းတို့ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ ထွက်ပြေး ကြရာ အချို့မှာ တောပုန်းတို့လက်ချက်ဖြင့် အသက်ဆုံးရှုံးကြရ၏။ တောပုန်းများသည် အဖိုးတန် ရွှေ၊ ငွေတို့ကို သိမ်းဆည်းကာ လှည်းနှစ်စီးတွင် တင်၍ သီချင်းတကြော်ကြော်ဖြင့် တောင်ပေါ်စခန်းသို့ တက်လာခဲ့ကြလေ၏။ တောင်ပေါ်စခန်းသို့ ရောက်သည့်အခါ တောပုန်း နှစ်ယောက်ကို တိုင်တွင် ကြိုးဖြင့် တုပ်လျက်သား တွေ့ရ၏။ မိမိတို့၏ ရွှေငွေပစ္စည်းများလည်း မရှိတော့ချေ။ ချူတုန်းသည် တောပုန်းနှစ်ယောက်ကို ကြိုးဖြေပေးပြီးနောက်-

"ရှင်ဉာဏကော"

"ကျွန်တော်တို့နှစ်ယောက်ကို ထိုးကြိတ်ပြီး ကြိုးနဲ့ တုပ်။ ရွှေခွက်၊ ငွေခွက်တွေကို ယူပြီး ထွက်သွားပြီခင်ဗျ"

"ဒီကိုရင်ကြီးဟာ တော်တော်သစ္စာမဲ့တဲ့ ကိုရင်ကြီး။ ကြည့်စမ်း၊ ခုတော့ ကျွန်တော် တို့ကို သစ္စာဖောက်သွားပြီ။ ခု သူ ဘယ်လမ်းက ထွက်သွားသလဲ"

လိုက်၍ ရှာကြသည့်အခါတွင် တောင်နောက်ဘက်မှ ဆင်းသွားသော ခြေရာများကို တွေ့ရ၏။ တောင်ကမ်းပါးတွင်လည်း မြက်ပင်များ ပြားနေသည်ကို တွေ့ရ၏။

"ကြည့်စမ်း။ နောင်ကြီးရဲ့ ကိုရင်ကြီးက အာဂဟာပဲ။ တောင်စောင်းကို လှိမ့်ပြီး ဆင်းသွားတာဗျ"

"ဒီကိုရင်ကြီးကို လိုက်ဖမ်းရအောင်ကွာ။ ဖမ်းပြီးမှ ခပ်စပ်စပ်ကလေး ဆုံးမရမယ်" ဟု လီချုံးက ပြော၏။

"တော်ပါတော့ နောင်ကြီးရာ။ သူခိုးပြေးမှ တံခါးကို သော့တွေ လိုက်ခတ်မနေပါနဲ့ တော့။ သူ့ကိုကော ဘယ်မှာ လိုက်ရှာမှာလဲ။ တွေ့တော့ကော ကျွန်တော်တို့ပစ္စည်းတွေ ပြန်ရဦးမှာတဲ့လား။ ကျွန်တော်တို့နှစ်ယောက်က သူ့လောက် ခားရေး၊ လုံရေး ကျွမ်းကျင် တာလည်း မဟုတ်ဘူး။ တော်တော်ကြာ ထပ်ပြီး အရှက်တကွဲ ဖြစ်နေဦးမယ်။ ဒီကိစ္စကို ဒီမျှနဲ့ပဲ ရပ်လိုက်ပါတော့။ နောင် တွေ့တော့လည်း ဒီအကြောင်းကို မသိချင်ယောင်ဆောင် နေလိုက်တာပဲ ကောင်းပါတယ်။ ကဲ၊ လှည်းပေါ်က အထုပ်တွေကို ချပြီး ကြည့်ကြဦးစို့၊ သုံးပုံ ပုံပြီး နှစ်ပုံကို ကျွန်တော်တို့က တယောက်တပုံစီ၊ ငယ်သားတွေက တပုံ ခွဲတာပေါ့"

"ကိုရင်ကြီးက မင်းပစ္စည်းတွေကိုလည်း ယူသွားတယ်ကွ။ သူ့ကို ခေါ်လာတဲ့ ငါ့မှာ တာဝန်ရှိတယ်။ ဒီတော့ ငါ့ဝေစုကို ငါ မယူတော့ပါဘူး။ မင်းပဲ ယူပါတော့"

"ဗိုလ်ကြီးရာ၊ ကျွန်တော်တို့နှစ်ယောက် သေအတူ ရှင်မကွာ နေလာကြပြီပဲ။

ဒီလောက် အသေးအဖွဲကလေးကို ပြောနေဖို့ မလိုပါဘူး”

အဆွေစာဖတ်သူ။ ထိုအချက်ကို သတိချပ်ပါလေ။ လီချုံးနှင့် ချူတုန်းတို့သည် မက်မုံပွင့် တောင်ရိုးစခန်းမှ နေ၍ လူအများကို လုယက်တိုက်ခိုက်နေကြလေ၏။

ကိုရင်ကြီး ရှင်ဉာဏအကြောင်းကို ပြောဦးအံ့။

တောင်ရိုးစခန်းမှ ထွက်လာသည့်နောက်တွင် ရှင်ဉာဏသည် မိုးလင်းမှ မိုးချုပ်တိုင် မနားမနေ ခရီးသွားရာ တနေ့လျှင် လီ ငါးဆယ် ခြောက်ဆယ်ခန့် ပေါက်လေ၏။ ဆာလောင် သည့်တိုင် လမ်းခရီးတွင် ထမင်းဆိုင်ကိုသော်လည်းကောင်း၊ ရွာကိုသော် လည်းကောင်း မတွေ့ရချေ။

“အင်း၊ ရောက်ချင်ဇောနဲ့ ထွက်လာတာ တနေ့လုံး ငါ ဘာမှ မစားရသေးပါကလား။ ဘယ်မှာများ စားစရာသောက်စရာ ရမလဲ မသိဘူး” ဟု ရှင်ဉာဏ တွေးလာ၏။

ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်တွင် ခေါင်းလောင်းသံ၊ ကြေးစည်သံများကို ကြားရ၏။

“ဟန်ကျပြီ။ ဒီခေါင်းလောင်းသံဟာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက်က အသံ မဟုတ်ဘူး။ တာအိုဘုံကျောင်းက အသံမျိုးပဲ။ ခေါင်းလောင်းတွေကို ကျောင်းတံစက်မြိတ် မှာ ချိတ်ထားတော့ လေတိုက်လို့ မြည်တဲ့အသံပဲ။ တထောက်တော့ ဝင်နားဦးမှပဲ”

ရှင်ဉာဏသည် ထိုဘုံကျောင်းသို့ မရောက်ခဲ့ပါလျှင် ညတွင်းချင်း လူဆယ်ယောက်၏ အသက်လည်း ဆုံးရှုံးမည်မဟုတ်။ တောင်ရိုးပေါ်ရှိ နာမည်ကျော် ဘုံကျောင်းကြီးတဆောင် လည်း မီးတိုက်ခံရမည် မဟုတ်။ ယခုမူ သူ ရောက်သွားသည့်အတွက် နီရဲသော မီးလျှံတို့သည် ရွှေရောင်ဘုံကျောင်း ထဲမှ ဖြာထွက်ကြကုန်၏။ မည်းမှောင်သော မီးခိုးတို့သည် ကျောက်စိမ်းရောင် ဘုံကျောင်းများထဲမှ ထွက်လျက် ရှိကုန်၏။

ရှင်ဉာဏသည် မည်သည့်ဘုံကျောင်းကို ရောက်သွားလေသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၆

နဂါးကိုးကောင်ရှိကျင်းသည် ထင်းရှူးနီတောတွင် လုယက်ခြင်း

ရှင်ဉာဏသည် ဗွာကုန်းဘုံကျောင်းကို မီးတင်ရှို့ခြင်း

တောအသွယ်သွယ် တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးနောက် ရှင်ဉာဏသည် တောင် ပေါ်ရှိ ထင်းရှူးတောကြီးတတောကို ဖြတ်သန်းသွားသော လူသွားလမ်းကလေးတခုကို တွေ့ရ၏။ ထိုလမ်းကလေးအတိုင်း လီတဝက်ခန့် သွားလိုက်မိလျှင် ပြိုလဲနေသော ဘုံကျောင်း ပျက်ကြီးတခုကို တွေ့ရလေ၏။ ဆည်းလည်းသံများမှာ ထိုဘုန်းကြီးကျောင်းပျက်မှ ဆည်း လည်းသံများ ဖြစ်ပေ၏။ ဖျော့တော့နေပြီဖြစ်သော ကြက်သွေးရောင်မုခ်ဦးကြီးပေါ်တွင် "ဗွာကုန်းဘုံကျောင်း" ဟူသော စာတန်းကို ရွှေစာလုံးကြီးများဖြင့် ထိုးထား၏။ နောက်ထပ် ခြေလှမ်း လေး ငါးဆယ်လောက် သွားမိလျှင် ကျောက်တုံးဖြင့် ခင်းထားသည့် တံတား ကလေးကို ဖြတ်ကျော်ကာ ဘုံကျောင်းဝင်းထဲသို့ ရောက်သွားလေ၏။ ရှင်ဉာဏသည် အာဂန္တုများ တည်းခိုသည့် ကျောင်းဆောင်သို့ တိုက်ရိုက်လာခဲ့၏။ ကျောင်းဆောင်တွင် တံခါးမကြီး မရှိတော့ချေ။ နံရံများမှာလည်း ပြိုလဲ အက်ကွဲလျက် ရှိလေပြီ။

"ဒီလောက်ကြီးတဲ့ ဘုံကျောင်းကြီးဟာ ဘာဖြစ်လို့များ ပျက်စီးနေရပါလိမ့်"ဟု ရှင်ဉာဏ တွေးမိ၏။

ရှင်ဉာဏသည် ကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးသည့် ခန်းဆောင်သို့ လာခဲ့၏။ ခန်းဆောင်မှာ ပျံလွှားချေးများ၊ လင်းနို့ချေးများဖြင့် ညစ်ပတ်ပေကျံလျက် ရှိ၏။ တံခါးတွင် တပ်ထားသည့် သော့ခလောက်ကြီးတွင် ပင့်ကူအိမ်တွေ ရစ်ဖွဲ့လျက်ရှိ၏။ ရှင်ဉာဏသည် တံခါးကြမ်းပြင်ကိုတောင်ဝှေးဖြင့် ခေါက်ပြီးလျှင် "အာဂန္တုလာပါတယ် ဘုရား"ဟု ပြော၏။

ရှင်ဉာဏသည် အတန်ကြာမျှ အော်ဟစ်နေသော်လည်း မည်သူမျှ ပေါ်မလာချေ။ စိတ်လည်း တိုလာခဲ့လေပြီ။

ရှင်ဉာဏသည် ဆွမ်းချက်သည့် ကုလားဖုတ်ကျောင်းကလေး ရှိရာသို့ လာခဲ့၏။ အိုးခွက် စသည်တို့ကို မတွေ့ရချေ။ မြေမီးဖိုမှာ ပြိုပျက်လျက် ရှိလေပြီ။ ရှင်ဉာဏသည် မိမိသယ်လာသည့် အထုပ်ကို မီးဖိုစောင့်နတ်ရုပ်ရှေ့တွင် ချ၏။ ထို့နောက် တောင်ဝှေးကို ကောက်ကိုင်ကာ လူသူလေးပါးကို ရှာရန် ကျောင်းပတ်ပတ်လည်ကို လိုက်ကြည့်၏။ ကုလားဖုတ်တဲကျောင်းကလေး

နောက်ဘက် အခန်းတခန်းထဲတွင် မျက်နှာတို့ ဟောက်ပက် ချုံးကျလျက်ရှိသော တာအိုရဟန်းနှစ်ပါးကို တွေ့ရ၏။

"ကိုယ်တော်တို့ ရိုင်းလှချေလား။ ကျုပ် အော်ခေါ်နေတာ ကြာလှပြီ။ တပါးမှ ပြန် မထူးကြဘူး"

တာအိုရဟန်းတပါးက လက်ကို ဝှေ့ယမ်းပြကာ-

"ကိုယ်တော် တိုးတိုးပြောပါ"

"တပည့်တော်က ခရီးသွားအာဂန္တုပါ။ ဆွမ်းကလေး ဘာလေးများ အလှူခံမလို့ပါ။ ကိုယ်တော်တို့ ဘာဖြစ်နေကြတာလဲ"

"ကျုပ်တို့ ကိုရင်အတွက် မပြောနဲ့။ ကျုပ်တို့တောင် ဆွမ်းမစားရတာ သုံးရက်ရှိပြီ"

"တပည့်တော်က ဂူတိုင်းတောင်ထိပ်ဘုံကျောင်းကပါ။ ယာဂုကလေးတခွက်လောက် ရရင် တော်ပါပြီ"

"ကိုရင်က ဝင်ရှူဗုဒ္ဓ သီတင်းသုံးသွားခဲ့ဖူးတဲ့ ဂူတိုင်းတောင်ထိပ်က ကျောင်းတိုက်က ဆိုတော့ ကျုပ်တို့လည်း ကျွေးချင်မွေးချင်ပါတယ်။ ဒါပေမဲ့ ခုတော့ ဘာမှ မတတ်နိုင်ဘူးဗျ။ ကျောင်းမှာ တခြားရဟန်းတော်တွေလည်း မရှိတော့ဘူး။ ကျုပ်တို့မှာလည်း ဆွမ်းဆန်ဆိုလို့ တစေ့မှ မရှိတော့ဘူး။ သုံးရက်လုံးလုံး ဆွမ်းတစေ့မှ မစားရသေးဘူး"

"ဒီလောက်ကြီးတဲ့ ဘုံကျောင်းကြီးမှာ ဆွမ်းဆန်စေ့တစေ့မှ မရှိဘူးဆိုတာတော့ မဖြစ် နိုင်ဘူးဗျာ။ အစိုးရအာဏာပိုင်တွေ ဘာတွေဆီက ထောက်ပံ့တာ မရှိဘူးလား"

"ကိုရင်က ဘာမှ နားမလည်ဘဲကိုးဗျ။ ဒီနေရာဟာ အစိုးရအာဏာပိုင်တွေနဲ့ အလှမ်း ဝေးတဲ့ နေရာဗျ။ ပြီးတော့ ဒီဘက်ကို ဆန်တို့၊ စပါးတို့လည်း မလာဘူးဗျ"

"အစတုန်းကတော့ ကျုပ်တို့ကျောင်းတိုက်က ဆွမ်း ကွမ်း ပေါပါတယ်။ ကျုပ်တို့ ကျောင်းတိုက်ကိုလည်း အာဂန္တုတွေ လာပါတယ်။ ဒီတုန်းမှာ ကျုပ်တို့ကျောင်းကို ရဟန်း နှစ်ပါး ရောက်ပြီး ကြီးစိုးတယ်ဗျ။ သူတို့နှစ်ပါး ကျုပ်တို့ကျောင်းတိုက်ကို လာ ကြီးစိုး ခြယ်လှယ်ကတည်းက ကျုပ်တို့လည်း ဆွမ်း ကွမ်း ရှားပါးလာခဲ့တာပဲ။ ပြီးတော့ ကျုပ်တို့ ကျောင်းရဟန်းတော်တွေကိုလည်း နှင်ထုတ်ကြတယ်ဗျ။ ကျုပ်တို့ရဟန်းအိုကြီးတွေသာ မသွားမလာနိုင်လို့ ကျန်နေရစ်ခဲ့တာ။ အဲဒီကတည်းက ကျုပ်တို့လည်း ငတ်တလှည့်၊ ပြတ် တလှည့်နဲ့

နေခဲ့ရတာပဲ”

“ဒီအကြောင်းကို ကိုယ်တော်တို့က အစိုးရအာဏာပိုင်တွေဆီကို မတင်ဘူးလား”

“ကိုယ်တော်က ဘာမှ နားမလည်ဘဲကိုးဗျ။ကျုပ်တို့က အစိုးရအာဏာပိုင်တွေနဲ့လည်း အလှမ်းဝေးတယ် မဟုတ်လား။ သူတို့ကို စစ်သားတွေ လာပြီးတားတာတောင် မရဘူးဗျ။ ဘုန်းကြီးနှစ်ပါးက အတုတွေပါဗျာ။ လူသတ်ရမယ်ဆိုလည်း ဝန်မလေးဘူး။ မီးရှို့ရမယ် ဆိုရင်လည်း ဝန်မလေးဘူး။ တော်တော်လည်း ရက်စက်ကြမ်းကြုတ်တဲ့ လူတွေ။ ခုတော့ ကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းတိုက်နောက်က အဆောင်မှာ နေ ကြတယ်”

“သူတို့နာမည်တွေနဲ့ ဘွဲ့တွေကကော”

“တပါးက လူအမည်ကတော့ ချွတ်။ သူ့ကို သံဆင်းတုကိုယ်တော်လို့ လည်း နောက် ပြောင်ခေါ်ကြတယ်။ နောက်တပါးကတော့ ရှင်သိဒ္ဓိတဲ့။ လူနာမည်က ချူတဲ့။ သူ့ကိုတော့ ငရဲတမန်လို့ နောက်ပြောင်ခေါ်ကြတယ်။ သူတို့ကို ကြည့်ရတာ လောကကြီးကို စွန့်ထားတဲ့ သူတော်သူမြတ်နဲ့ နည်းနည်းမှ မတူပါဘူးဗျာ။ ဘုရားအရေခြုံထားတဲ့ ခားပြတွေပါ”

ထိုသို့ ဘုန်းတော်ကြီးများနှင့် စကားပြောလျက်ရှိစဉ် မွှေးပျံ့သည့် အနံ့တမျိုးကို ရှင်ဥာဏ ရလိုက်၏။ ရှင်ဥာဏသည် တောင်ဝှေးကို ကောက်ကိုင်ကာ ကျောင်းနောက်ဖေး သို့ ထွက်လာခဲ့၏။ ကျောင်းနောက်ဖေး မီးဖိုတလုံးပေါ်တွင် ဗန်းတခုဖုံးထားသည့် အိုးထဲမှ အငွေ့များသည် တထောင်းထောင်းထွက်လျက် ရှိကြ၏။ ရှင်ဥာဏသည် အဖုံးကို လှန် ကြည့်လိုက်၏။ လူး၊ ဆတ်များ ကျိုထားသည့် အိုးတလုံးကို တွေ့ရသဖြင့် ရဟန်းအိုကြီး များထံ ပြန်လာခဲ့ကာ-

“ကိုယ်တော်တို့ တော်တော်ဆိုးတာပဲ။ ကိုယ်တော်တို့ ပြောတော့ ဆွမ်းမစားရတာ သုံးရက်ရှိပြီဆို။ ဒီမှာတော့ ယာဂုအိုးကြီး ပွက်ပွက်ဆူလို့ပါလား။ ဘယ့်နှယ်ဗျာ။ ရဟန်း ဝတ်ကြီးနဲ့ လိမ်ပြောတာတော့ မကောင်းပါဘူး”

သူတို့ယာဂုအိုးကြီးကို ရှင်ဥာဏ တွေ့သွားသည့်အတွက် ဘုန်းတော်ကြီးများ စိတ်ရှုပ် သွားကြဟန် ရှိ၏။ အချို့သည် အိုးများ၊ ပန်းကန်များ၊ ခွက်ယောက်များ၊ ယောင်းမများကို တခြားသို့ ယူသွားကြလေ၏။ ရှင်ဥာဏမှာမူ သည်းမခံနိုင်လောက်အောင် ဆာလောင် မွတ်သိပ်လျက် ရှိလေပြီ။ ယာဂုများကို မျက်စိဖြင့် တပ်အပ်သေချာစွာ မြင်လိုက်ရပါလျက် မစားရသည့်အခါတွင် ပို၍ စိတ်တိုလာခဲ့လေပြီ။ ထို့ကြောင့် ယာဂုအိုးကို မြင်ပါလျက် စား၍ မရဘဲ ရှိလေ၏။

မီးဖိုအနီးတွင်မူ ဖုန်အလိမ်းလိမ်းတက်နေသော စားပွဲဟောင်းကြီးတလုံး ရှိ၏။ စားပွဲပေါ်တွင် လည်း 'လိုလျှင်ကြံဆ နည်းလမ်းရ" ဟူသော စာတန်းကို ခဲဖြင့် ထွင်း ထားသည်ကို တွေ့ရလေ၏။ ရှင်ဉာဏသည် တောင်ဝှေးကို လက်မှချကာ အနီးတွင် တွေ့ သည့် ကောက်ရိုးတဆုပ်ကို ယူပြီး စားပွဲပေါ်တွင် ရှိနေသည့် ဖုန်များကို သုတ်ပစ်လိုက်၏။ ထို့နောက် ယာဂုအိုးကို မကာ စားပွဲပေါ်သို့ သွန်ချလိုက်လေ၏။

ရဟန်းအိုကြီးများသည် စားပွဲဆီသို့ ပြေးလာကာ ယာဂုများကို ကျုံးယူကြ၏။ သို့ရာတွင် ရှင်ဉာဏသည် သူတို့အားလုံးကို တွန်းဖယ်ပစ်လိုက်၏။ အချို့မှာ လဲကျသွားပြီး အချို့မှာလည်း ထွက်ပြေးကြလေ၏။ ရှင်ဉာဏသည် စားပွဲပေါ်မှ ယာဂုများကို လက်ဖြင့် ကျုံးကာ စားနေလေ၏။ ထိုသို့ စားနေစဉ် ရဟန်းတပါးက-

"ကိုရင်ကြီး။ ကျုပ်တို့ ဆွမ်းမစားရတာ သုံးရက်ရှိပြီ။ ဒီနေ့မှ လူး၊ ဆတ်ကလေး နည်းနည်း အလှူခံရလို့ ပြုတ်ထားတာ။ ကိုရင်ကြီးက စားပစ်လို့ ဘယ်ဖြစ်ပါ့မလဲ"

ရှင်ဉာဏသည် လေး ငါးလုတ်လောက် စားပြီးနောက် ထိုစကားကြောင့် ရပ်တန့် လိုက်၏။

တနေရာမှ လှောင်ပြောင်၍ ရွတ်ဆိုနေသော အသံတသံကို ကြားရ၏။ ရှင်ဉာဏသည် လက်သုတ်ပြီးနောက် တောင်ဝှေးကို ကောက်ကိုင်ကာ အသံလာရာဆီသို့ ထွက်လာခဲ့၏။ အုတ်တံတိုင်းအပြင်ဘက်တနေရာတွင် တာအိုရဟန်းတပါးကို တွေ့ရလေ၏။ ပခုံးတွင် လည်း ကြာဖက်ဖြင့် ထုပ်ထားသည့် ငါးနှင့် အသားအချို့ကို ထမ်းပိုးတချောင်းဖြင့် ထမ်း လာသည်ကို မြင်ရ၏။

အနောက်မှာတဲ့ တယောက်ပါ။

အရှေ့မှာတဲ့ တယောက်ပါ။ မယ်တရွာ မောင်တမြို့ပေမို့

အလှမ်းက ကွာ။

ရဟန်းအိုကြီးများသည် သူ့ထံသို့ ပြေးလာကြကာ-

"အဲဒီ ရဟန်းတုပဲ ကျုပ်တို့ကို နှိပ်စက်နေတာ။ သူ့နာမည်ကို ငရဲတမန်ကိုယ်တော်လို့ ကျုပ်တို့ ပေးထားတယ်"

ရှင်ဉာဏသည် တောင်ဝှေးကို ကောက်ကိုင်ကာ သူ့နောက်မှ လိုက်သွား၏။ ငရဲတမန် သည် သူ့နောက်မှ ရှင်ဉာဏ လိုက်လာသည်ကို မသိဘဲ

ကျောင်းထိုင်ဆရာတော်၏ ကျောင်းတိုက်ဘေးမှ ဝင်းထဲသို့ ဝင်သွားရာ ရှင်ဉာဏသည်လည်း သူ့နောက်မှ လိုက်ပါ သွား၏။ စိမ်းလန်းသော ပိုးစာပင်တပင်အောက် စားပွဲတလုံးပေါ်တွင်မူ ဆွမ်းခဲဖွယ် ဘောဇဉ်များကို ပြင်ဆင်ထားသည်ကို တွေ့ရလေ၏။ တာအိုရဟန်းဝဝကြီးတပါးသည် အလယ်ကုလားထိုင်တွင် ထိုင်လျက်ရှိ၏။ ထိုရဟန်း၏ မျက်နှာမှာ မည်းမှောင်လျက်ရှိပြီး မင်တောင့်ဆိုးထားသည့်နှယ် ကြီးမားတုတ်ခိုင်သော မျက်ခုံးမွေးလည်း ရှိ၏။ သူ့တကိုယ် လုံးမှာ ကြွက်သားများဖြင့် ဖောင်းလျက်ရှိ၏။ ရင်အုပ်ကြီးအောက်တွင်လည်း ညိုမှောင် စူထွက်နေသော ဝမ်းဗိုက်ကြီး ရှိလေ၏။ အနီးတွင် ဒကာမတယောက် ထိုင်လျက်ရှိ၏။ ခပ်စောစောက အပြင်မှ လာသည့် တာအိုရဟန်းသည်လည်း ကုလားထိုင်တလုံးတွင် ဝင်ထိုင်၏။

ရှင်ဉာဏသည် သူတို့ထံ လျှောက်ခဲ့ရာ ထိုင်နေသည့် ရဟန်းသည် လန့်သွားကာ ထိုင်ရာမှ ထလိုက်ပြီးလျှင်-

“လာ၊ ကိုရင်ကြီး ထိုင်။ လက်ဖက်ရည်လေး ဘာလေး သောက်ဦး”

“နေစမ်းပါဦး။ ကိုယ်တော်တို့နှစ်ပါးက ဘာဖြစ်လို့ ဘုံကျောင်းမှာ ထင်တိုင်း အနိုင် ကျင့်နေရတာလဲ” ဟု ရှင်ဉာဏက တောင်ပုဓ်ုးကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း မေး၏။

“နေပါဦးလေ။ ကိုရင်ကြီးကလည်း ကျုပ် ရှင်းပြပါ့မယ်။ ဖြည်းဖြည်းပေါ့”

“ပြောစရာရှိရင်လည်း မြန်မြန်ပြောပါ ကိုယ်တော်” ဟု ရှင်ဉာဏက စိတ်ဆိုးဆိုးဖြင့် သူ့ကို စိုက်ကြည့်နေ၏။

“အမှန်ကတော့ ဒီကျောင်းတိုက်ဟာ တော်တော်လေး ဆွမ်း၊ ကွမ်း ပေါတဲ့ ကျောင်း တိုက်ပဲဗျ။ ကျောင်းပိုင်လယ်ကွင်းကြီးတွေ ဆိုတာလည်း နည်းတာ မဟုတ်ဘူး။ ကျောင်း မှာလည်း ရဟန်းတော်တွေ အများကြီးပဲ။ ဒါပေမဲ့ ဟောဟို ကမ္မဋ္ဌာန်းကျောင်းကလေး တွေမှာ နေတဲ့ ဘုန်းကြီးအိုကြီးတွေဟာ ရဟန်းကျင့်ဝတ်နဲ့အညီ မနေကြဘူးဗျ။ ကောင်း ကောင်းစား၊ ကောင်းကောင်းနေပြီး မာတုဂါမတွေနဲ့လည်း ရှုပ်ရှုပ်ယှက်ယှက် နေတတ် တယ်။ သူတို့ကို ဆရာတော်ကြီးကလည်း မနိုင်ဘူး။နောက်ဆုံးတော့ သူတို့ကပဲ ကျောင်းထိုင် ဆရာတော်ကြီးကို မဟုတ်တရားစွပ်စွဲပြီး ကျောင်းက နှင်ထုတ်လိုက်ကြတယ်။ ဒီတင် ကျောင်းတိုက်ကြီးလည်း တဖြည်းဖြည်း သိက္ခာကျ၊ ကျောင်းပိုင်လယ်တွေလည်း လက်လွတ် ဆုံးရှုံးပြီး ရဟန်းသံဃာတွေလည်း တခြားကို ပြောင်းသွားကြတယ်။ ဒါနဲ့ ကျုပ်နဲ့ ဟောဒီက ကိုယ်တော်က မနေနိုင်တာနဲ့ ဒီကျောင်းကို လာပြီး အုပ်ချုပ်နေရတာ။ ကျုပ်တို့အနေနဲ့ ကျောင်းတိုက်ကြီးကို အရင်ကလိုပဲ စည်စည်ပင်ပင်နဲ့ ရှိစေချင်တယ်။

ကျောင်းတိုက်ကြီး ကိုလည်း ပြန်ပြီး မွမ်းမံချင်တယ်"

"ဒီ ဒကာမက ဘယ်သူလဲ။ သူက ဘာဖြစ်လို့ ဒီမှာ ရောက်နေရတာလဲ"

"ကျုပ် ပြောပါဦးမယ်လေ။ နားထောင်ပါဦး။ ဒီ မာတုဂါမကလေးက တောင်အောက် ရွာက ဝမ်ယုံရှင်းရဲ့ သမီးဗျ။ ကျုပ်တို့ ဒီကျောင်းတိုက်ကြီးရဲ့ ဆွမ်း၊ ကွမ်း ဒကာကြီးပေါ့။ ဒါပေမဲ့ ဒကာကြီးဟာ စီးပွားပျက်ပြီးတော့ လယ်တွေ၊ မြေတွေ၊ ပစ္စည်းတွေကို ရောင်း ပစ်လိုက်ရတယ်။ သူ့သမီးမှာလည်း ဆွေမရှိ မျိုးမရှိနဲ့။ သူ့ယောကျ်ားကလည်း မမာရှာဘူး။ ခု ကျုပ်တို့ဆီ လာပြီး ဆန်ကလေး ဘာလေး လာပြီး တောင်းတာ။ ကျုပ်တို့ကလည်း ဒကာကြီးရဲ့သမီးဖြစ်တော့ ငြင်းလို့ မကောင်းပေဘူးလေ။ အဖြစ်အပျက်ကတော့ ဒါပါပဲဗျာ။ ဟောဟိုက ရဟန်းတုတွေ ပြောတဲ့စကားကို နားမယောင်ပါနဲ့"

ရှင်ဉာဏသည် ထိုဘုန်းကြီးများ၏ စကားကို အဟုတ်ထင်သွား၏။ "ဟုတ်တယ်။ ဘုန်းကြီးအိုကြီးတွေ ငါ့ကို သက်သက် ညာပြောနေတာ ထင်တယ်"ဟု စိတ်တွင် အောက်မေ့ မိ၏။ ရှင်ဉာဏသည် ဆွမ်းချက်ကျောင်းကလေးဆီသို့ ပြန်လာခဲ့၏။ ဘုန်းကြီးများမှာ ယာဂု သောက်ပြီးနောက် သူ့ကို မလှမ်းမကမ်းမှ အကဲခတ်နေကြ၏။ ရှင်ဉာဏသည် သူတို့ကို လက်ညှိုးထိုးကာ စိတ်ဆိုးဆိုးဖြင့်-

"ဒီ ကျောင်းတိုက်ကို ကြီးစိုး ခြယ်လှယ်နေတာက ကိုယ်တော်တို့ မဟုတ်လား။ ကိုယ်တော်တို့ တပည့်တော်ကို ဘာဖြစ်လို့ ညာပြောရတာလဲ"

"သူတို့ပြောတာကို အဟုတ်ထင်မနေနဲ့ ကိုရင်ကြီး။ အဲဒီဘုန်းကြီးက မာတုဂါမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ရယ်ဗျ။ ကိုရင်ကြီးကိုယ်တိုင် မာတုဂါမတယောက်ကို တွေ့ခဲ့ပြီ မဟုတ်လား။ ကိုရင်ကြီးလက်ထဲမှာ ဓားနဲ့ တောင်ဝှေး ရှိပြီး သူ့မှာ လက်မဲ့ဖြစ်နေလို့ ကိုရင်ကြီးနဲ့ ပြိုင်မဖြစ်ရဲလို့ အသာငြိမ်နေတာ။ မယုံရင် ကိုရင်ကြီး ဒီတခေါက် လက်မဲ့ ပြန်သွားကြည့် ပါလား။ သူတို့ ဘယ်လိုဆက်ဆံသလဲဆိုတာ သိရမှာပေါ့။ သူတို့မှာ ဆွမ်းဟင်း ဆိုလည်း အလျှံပယ်။ စိမ်ရည်လည်း သောက်လိုက်သေးတယ်။ မာတုဂါမတွေနဲ့လည်း နေလိုက်သေး တယ်။ ကျုပ်တို့မှာဖြင့် ယာဂုကလေးတခွက်တောင် အနိုင်နိုင်စားနေကြရတာ။ ဒီအထဲမှာ ကိုရင်ကြီးကို မျှဝေပေးချင်တာတောင် ပေးစရာမရှိဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်" ဟု ဆိုကာ ရှင်ဉာဏသည် တောင်ဝှေးကို ကိုင်ကာ ကျောင်းထိုင်ဆရာတော်၏ ကျောင်းတိုက် နောက်ဖေးဝင်းထဲသို့ ဝင်လာခဲ့၏။ အုတ်တံတိုင်း နံရံထောင့်ရှိ မလွယ်ပေါက်ကလေးကို ပိတ်လျက်သား တွေ့ရ၏။ ရှင်ဉာဏသည် တံခါးကို တချက်တည်းဖြင့် ပိတ်ကန် ချိုးဖွင့်လိုက်ပြီးနောက် အထဲသို့ ဝင်လာခဲ့၏။ သံဆင်းတု ကိုယ်တော်လော၊

ရှင်သိဒ္ဓိလော မသိ။ ဘုန်းကြီးတပါးသည် မိုန်းကြီးတလက်ကို ကိုင်လျက် မိမိထံသို့ တဟုန်ထိုး ပြေးဝင်လာသည်ကို မြင်လိုက်ရ၏။ ရှင်ဉာဏသည် တချက်မျှ ညာသံပေးကာ မိုန်းကို ယမ်း၍ သူ့ဆီသို့ ခုန်ဝင်လိုက်၏။

သက်န်းဝတ်နှစ်ပါးသည် ဆယ့်လေးငါးချီမျှ တိုက်ခိုက်သတ်ပုတ်ကြ၏။ ရှင်သိဒ္ဓိမှာ ရှင်ဉာဏလောက် ကျွမ်းကျင်ခြင်း မရှိသည့်အတွက် သူက ထိုးနှက်နိုင်ခြင်းမရှိဘဲ ရှင်ဉာဏ၏ ထိုးနှက်ချက်များကို မနည်းရှောင်တိမ်းနေရ၏။ မောလည်း မောလျက် ရှိလေပြီ။ ရှင်သိဒ္ဓိသည် ထွက်ပြေးရန် ချက်ကောင်းကို စောင့်လျက်ရှိ၏။ မိမိဘက်သား အခြေအနေမလှ သည်ကို မြင်သည့်အခါတွင် သံဆင်းတုကိုယ်တော်သည် မိုန်းတချောင်းကို ကိုင်ကာ ရှင်ဉာဏကို နောက်မှ ဝင်တိုက်ရန် အလစ်ကို စောင့်နေ၏။ ရှင်ဉာဏသည် နောက်မှ ဝင်လာသော သူ့ခြေသံကို ကြားသော်လည်း လှည့်၍ မကြည့်ရဲချေ။ ထိုစဉ် နောက်မှ ကပ်လာသော အရိပ်ကို မြင်လိုက်ရပြီး မိမိအား ခုန်အုပ်လိုက်သည်ကို သိလိုက်၏။

“ကဲ၊ လာလေရော့ကွာ” ဟု ရှင်ဉာဏက အော်လိုက်၏။

ဤတွင် ရှင်သိဒ္ဓိလည်း မိမိအား တိုက်ရန် အချက်ပေးသည်ဟု ထင်ကာ အရှောင်လိုက် တွင် ရှင်ဉာဏသည် နောက်ဘက်သို့ လှည့်လိုက်၏။ သို့ဖြင့် သုံးယောက် တြိဂံပုံ ဆိုင်မိလျက်သားဖြစ်သွားကြ၏။ ရှင်ဉာဏသည် သူတို့နှစ်ဦးနှင့် ဆယ်ချီခန့် သတ်ပုတ်တိုက်ခိုက်၏။ သို့ရာတွင် မိမိမှာ ဆာလည်း ဆာ၊ ခရီးလည်း ပန်းလာသည့်အတွက် သူတို့နှစ်ဦးကို နိုင်အောင် မတိုက်နိုင်ဘဲ ဖြစ်လျက်ရှိလေပြီ။ ရှင်ဉာဏသည် တောင်ဝှေးကို မြေတွင် တရွတ်ဆွဲကာ ပြေးမည့်ဟန် ပြင်၏။ သူတို့နှစ်ဦးသည် မိုန်းကိုယ်စီကိုင်ကာ ကျောင်းဝင်းပြင်သို့ ထွက်လိုက် လာခဲ့ကြ၏။ နောက်ထပ် ဆယ်ချီလောက် တိုက်ပြီးလျှင် ရှင်ဉာဏသည် ဆက်၍ ပြေး၏။ သို့ဖြင့် လိုက်လာကြရာ ကျောက်တုံးတံတားကလေးနားသို့ ရောက်လာခဲ့လေပြီ။ တံတား အနီးသို့ ရောက်သည့်အခါတွင်မူ ဆက်မလိုက်တော့ဘဲ တံတားလက်ရန်းပေါ်တွင် ထိုင်၍ အမောဖြေနေကြလေ၏။

ရှင်ဉာဏမှာ ဆက်လက်၍ ထွက်လာခဲ့၏။ အတန်ကြာသည့်အခါတွင် “ဟင်၊ မီးဖို စောင့် နတ်ရုပ်ကြီးနားမှာ ငါ့အထုပ် ကျန်ရစ်ခဲ့ပါပကော။ ငါ ပြန်ယူလို့ မဖြစ်ဘူး။ သူတို့က နှစ်ဦး၊ ငါက တဦးတည်းရယ်။ အထုပ်ထဲမှာ ရှိတဲ့ပစ္စည်းတွေလည်း ကျန်ရစ်ခဲ့ပြီ။ ငါ့မှာ ပိုက်ဆံဆိုလို့လည်း တပြားမှ မကျန်တော့ဘူး။ ဒုက္ခပဲ” ဟု ညည်းကာ ဆက်လက်လာခဲ့ရာ တောအုပ်တခုအနီးသို့ ရောက်လာလေ၏။ ထိုတောအုပ်မှာ တတောလုံး နီရဲလျက် ရှိလေ၏။ “အင်း၊ တောကို ကြည့်ရတာကတော့ တော်တော် အန္တရာယ်များမယ့် တောပဲ” ဟု အောက်မေ့မိ၏။ ထိုစဉ် သစ်ပင်အကွယ်တကွယ်မှ ချောင်းကြည့်နေသော ခေါင်းတလုံးကို မြင်လိုက်ရ၏။ ထိုလူသည် သူ့ကို ကြည့်နေပြီးနောက် တံတွေးတချက် ထွေးကာ

သစ်ပင် များကြားတွင် ပျောက်ကွယ်သွားလေ၏။

"ကြည့်ရတာကတော့ လူဆိုးဓားပြထင်တာပဲ။ ဒါမှမဟုတ် အလုပ်ကိစ္စရှိလို့ပဲ တောထဲ ရောက်နေတာလား။ ငါ့ကိုမြင်တော့ ကိုရင်ကြီးဖြစ်နေတော့ ဘာမှ ရမှာမဟုတ်ဘူး ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ပြန်ထွက်သွားတာ ထင်တယ်။ အင်း၊ ငါနဲ့တွေ့တာ သူလည်း ကံဆိုး တာပေါ့။ ငါ့မှာ နဂိုက ဒေါသထွက်လာရတဲ့အထဲမှာ ဒီလူတော့ မလွယ်ဘူး။ သူ့အဝတ် အစားတွေကို ယူရောင်းပြီး စရိတ်လုပ်သွားမှပဲ ထင်တယ်"

ရှင်ဉာဏသည် တောင်ဝှေးကို လက်တွင် ကိုင်ကာ တောအုပ်အနားသို့ လာခဲ့ပြီးလျှင်-"ဟေ့၊ တောထဲက ကောင်။ သတ္တိရှိရင် ထွက်ခဲ့လေကွာ"ဟု အော်လေ၏။ ထိုအသံကို တောထဲမှ လူ ကြားလျှင် ရယ်လိုက်လျက် "ဒီကိုရင်ကြီးတော့ ဒုက္ခတွေ့ တော့မှာပဲ။ ငါကတော့ သင်္ကန်းဝတ်ကြီးနဲ့မို့လို့ သူ့ကို ချမ်းသာပေးလိုက်တာ။ ဒီလောက် တောင် ရှိလှတာ သူ့ကိုပဲ တိုက်ရတော့မှာပေါ့"

ထိုလူသည် မှိန်းကို လက်တွင် မြဲမြဲဆုပ်ကိုင်ကာ တောအုပ်ထဲမှ ခုန်ထွက်လာ၏။

"ဘယ်လိုလဲ ကိုရင်ကြီး။ ကောင်းကောင်း မနေချင်ဘူးလား။ ရှောင်ပေးမယ့် မရပါ ကလား"

"အေး၊ ခု တွေ့ပြီမဟုတ်လား။ ငါ ဘယ်သူလဲဆိုတာ သိမှာပေါ့"

ရှင်ဉာဏသည် တောင်ဝှေးကို ခပ်တင်းတင်းကိုင်ကာ ထိုလူကို ဝင်တိုက်၏။ ထိုလူက လည်း မှိန်းကြီးကို ကိုင်ကာ ရှေ့သို့ ပြေးတက်လာ၏။ သို့ရာတွင် စိတ်ထဲတွင်မူ "ဒီအသံကို ငါ ကြားဖူးတယ် ထင်တယ်" ဟု တွေးလာ၏။

"ကိုရင်ကြီးအသံကို တပည့်တော် ကြားဖူးတယ်ထင်တယ်။ ကိုရင်ကြီးက ဘယ်ကလဲ"

"အေး၊ အချီသုံးရာလောက် သတ်ပြီးမှ မင်းကို ငါဘယ်သူလဲဆိုတာ ပြောပြမယ်ဟေ့" ထိုလူသည် စိတ်တိုလာကာ ဝင်၍ တိုက်ရာ မှိန်းနှင့် တောင်ဝှေးတို့ တချွင်ချွင် တိုက်မိသံကို ကြားရလေ၏။ သို့ဖြင့် သူတို့နှစ်ဦးသည် အချီဆယ်ချီလောက် တိုက်ခိုက်နေကြ၏။ "ကိုရင်ကြီး ကြည့်ရတာ တိုက်ရည်ခိုက်ရည် တော်တော်ကျွမ်းကျင်တယ်" ဟု အောက်မေ့ ကာ စိတ်ထဲမှာ ချီးကျူးနေမိ၏။ နောက်ထပ် ငါးချီလောက် ပြီးသည့်အခါ၌ "ခဏနားကြဦးစို့ ကိုရင်ကြီး။ ကိုရင်ကြီးကို တခု ပြောစရာရှိတယ်" ဟု ပြော၏။ သူတို့နှစ်ဦးစလုံးသည် စည်းဝိုင်းအပြင်သို့ ခုန်ထွက်လိုက်ကြ၏။

“ကိုရင်ကြီးနာမည် ဘယ်လိုခေါ်သလဲ။ တပည့်တော် တကယ်မေးတာပါ။ ကိုရင်ကြီး အသံကို ကြားဖူးတယ် ထင်တယ်”

ရှင်ဉာဏက သူ့အမည်ကို ပြောလိုက်သည့်အခါ၌ ထိုလူသည် လက်ထဲတွင် ကိုင်ထား သည့် မှိန်းကို လွှင့်ပစ်လိုက်ကာ ဦးညွှတ် နှုတ်ဆက်ရင်း-

“ကိုရင်ကြီး၊ ရှိကျင်းကို မမှတ်မိဘူးလား”

ရှင်ဉာဏသည် ရယ်လိုက်လျက်-

“ဘာ၊ ဒကာကြီးက ရှိကျင်းလား။ ဝေကျို့မှာ တွေ့ပြီးတဲ့နောက် ဘယ်ရောက်သွား သလဲ”ဟု ဆိုကာ သူတို့နှစ်ဦးသည် သစ်ပင်ရိပ်တရိပ်အောက်တွင် ထိုင်၍ အမောဖြေကြ လေ၏။

“ကိုရင်ကြီးနဲ့ ထမင်းဆိုင်မှာ လမ်းခွဲပြီးတဲ့နောက် ကိုရင်ကြီးဟာ ဝက်သားသည်ချင် ကို သတ်လိုက်တယ်လို့ ကြားရတယ် ဘုရား။ ရဲတွေကလည်း တပည့်တော်က ဦးလေး ကျင်းတို့ သားအဖကို ကူညီလိုက်တယ်ဆိုတာ ရဲတွေက သိသွားတော့ တပည့်တော်လည်း အဲဒီကတည်းက ရှောင်နေတာပဲ။ ဒါနဲ့ တပည့်တော် ယန်ကျို့ကို လိုက်သွားပြီး တပည့် တော်ရဲ့သိုင်းဆရာ ဝမ်ကျင်းကို လိုက်ရှာတယ် ဘုရား။ ဒါပေမဲ့ ရှာလို့ မတွေ့ခဲ့ဘူး။ ဒီတင် တပည့်တော်လည်း ဥတ္တရနေပြည်တော်ကို ထွက်သွားပြီး အဲဒီမှာ တော်တော်ကြာနေခဲ့ သေးတယ်။ ဒါပေမဲ့ တပည့်တော်မှာ စားရေးနေရေး ကျပ်တည်းတာနဲ့ ဒီတောကို လာပြီး ကျက်စားနေရတယ် ဆိုပါတော့ ဘုရား။ ကြည့်စမ်းပါဦး ကိုရင်ကြီးရာ၊ တပည့်တော်တို့ နှစ်ဦး ဒီလိုတွေ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ကိုရင်ကြီးကော ဘယ်လိုက ဘယ်လို သင်္ကန်းဝတ်ဖြစ်သွားတာလဲ”

ရှင်ဉာဏက အဖြစ်အပျက်ကို အစအဆုံး ပြောပြ၏။

“ကိုရင်ကြီး ဆာတယ်ဆိုရင် တပည့်တော်မှာ အသားခြောက်ကလေးနဲ့ လက်ဖက် ခြောက်လေး နည်းနည်းပါးပါးတော့ ပါတယ် ဘုရား။ ကိုရင်ကြီး အထုပ်ကလေးတွေ ကျောင်းမှာ ကျန်ရစ်ခဲ့တယ်ဆိုရင် တပည့်တော်နဲ့ သွားယူကြမယ်လေ။ လွယ်လွယ်နဲ့ မရရင် ရတဲ့နည်းနဲ့ ယူတာပေါ့ ဘုရား”

ရှိကျင်းက သူ့ကို စားသောက်ဖွယ်များ ထုတ်ပေး၏။

“အေး၊ ကောင်းတယ်” ဟု ရှင်ဉာဏက ဆို၏။

ရှင်ဉာဏနှင့် ရှိကျင်းတို့သည် ဗိုက်ပြည့်အောင် စားသောက်ပြီးနောက် လက်နက် များကို ယူကာ ဝှာကုန်းကျောင်းတိုက်သို့ ထွက်လာခဲ့ကြ၏။

ကျောင်းတိုက်အနီးသို့ ရောက် သည့်အခါတွင် သံဆင်းတုကိုယ်တော်နှင့် ရှင်သိဒ္ဓိတို့နှစ်ဦး တံတားလက်ရန်းပေါ်တွင် ထိုင်နေသည်ကို တွေ့ရ၏။

"ဟေ့၊ ဘုန်းကြီးတုတွေ။ လာ အသေသတ်ကြမယ်" ဟု ရှင်ဉာဏက အော်၏။

ခပ်ဝဝဘုန်းကြီးက ရယ်လိုက်လျက်-

"စောစောက ခပ်စပ်စပ်ကလေး ဆုံးမလိုက်တာ မမှတ်သေးဘူးလား"

ရှင်ဉာဏသည် စိတ်တိုလာကာ တောင်ဝှေးကို ဝှေ့ယမ်းရင်း တံတားဆီသို့ ပြေးလာ၏။ သံဆင်းတုကိုယ်တော်သည်လည်း လက်တွင် မိုန်းကြီးကို ကိုင်ကာ တံတားအောက်သို့ ဆင်းလာ၏။

ယခုအချိန်တွင် မိမိတဦးတည်း မဟုတ်တော့ဘဲ ရှိကျင်းပါ ပါလာပြီဖြစ်သည့်အတွက် ရှင်ဉာဏသည် အားတက်နေ၏။ ထို့ပြင် မိမိသည် အစာရေစာကိုလည်း ဗိုက်ပြည့်အောင် ဖြည့်ခဲ့ပြီးပြီ မဟုတ်လော။ ရှင်ဉာဏသည် ခပ်ဝဝ သင်္ကန်းဝတ်နှင့် ရှစ်ကြိမ်၊ ကိုးကြိမ် လောက် တိုက်၏။ တဖြည်းဖြည်းနှင့် သံဆင်းတုကိုယ်တော်မှာ မောပန်းလာပြီ ဖြစ်သည့် အတွက် ပြေးပေါက်ကို ရှာနေ၏။ ရှင်သိဒ္ဓိမှာလည်း မိမိဘက်သား ရှုံးနေပြီကို သတိပြု လိုက်မိ၏။ ထို့ကြောင့် မိုန်းကြီးကို ကိုင်ကာ သံဆင်းတုကို ကူရန် ပြေးလာခဲ့၏။ ဤတွင် ရှိကျင်းသည် သစ်ပင်နောက်ကွယ်မှ ထွက်လာကာ "ဘယ်မှ မပြေးကြနဲ့" ဟု ဆိုကာ ဦးထုပ်ကို ချွတ်၍ ကျောပေါ်သို့ သိုင်းလိုက်ပြီး မိုန်းကြီးကို ကိုင်လျက် ခုန်ဝင်လာလေ၏။

သူတို့လေးဦးသားသည် အပြင်းအထန် သတ်ပုတ်နေကြလေ၏။ ရှင်ဉာဏသည် ရန်သူ၏ တိုက်ကွက်တကွက် လစ်သွားသည်ကို တွေ့လိုက်ကာ "ဟေး" ဟု အော်ပြီး တောင်ဝှေးဖြင့် ရိုက်ချလိုက်ရာ သံဆင်းတုသည် တံတားပေါ်မှ ရေထဲသို့ ကျသွားလေ၏။

"ဒီလို ထွက်ပြေးလို့ ရရိုးလား" ဟု ဆိုကာ ရှိကျင်းသည် နောက်မှ ပြေးလိုက်သွားပြီး အနားရောက်သည်နှင့် မိုန်းဖြင့် ကျောပြင်ကို လှမ်းရိုက်သည်တွင် ရှင်သိဒ္ဓိလည်း လဲကျ သွားလေ၏။

ရှင်ဉာဏနှင့် ရှိကျင်းတို့သည် သူတို့နှစ်ဦး၏ အလောင်းများကို ကြိုးဖြင့် ချည်ပြီးလျှင် ချောက်ထဲသို့ ပစ်ချခဲ့ကြ၏။ ထို့နောက် ကျောင်းတိုက်ထဲသို့ ဝင်ကာ မီးဖိုစောင့်နတ်ရုပ် အနီးမှ ရှင်ဉာဏ၏ အထုပ်အပိုးများကို ပြန်ယူလာခဲ့ကြလေ၏။ သူတို့ အနိုင်ကျင့်ခံရသည့် ဘုန်းကြီးအိုကြီးများမှာ ရှင်ဉာဏ ရှုံး၍ ထွက်ပြေးသည်ကို မြင်သည့်အခါတွင် သံဆင်းတု နှင့် ရှင်သိဒ္ဓိတို့ နှစ်ဦးက သူတို့ကို

နှိပ်စက်မည်စိုးသဖြင့် ပုန်းနေကြလေ၏။ သူတို့နှစ်ယောက် ကျောင်းထဲသို့ ဝင်လာသည့်အခါတွင် စာစာက မာတုဂါမကလေးမှာ ကြောက်သဖြင့် ရေတွင်းထဲသို့ ခုန်ဆင်းကာ အဆုံးစီရင်သွား၏။

သူတို့နှစ်ဦးသည် ကျောင်းခန်း လေး ငါးခန်းထဲသို့ လိုက်ရှာကြသော်လည်း မည်သူ့ ကိုမျှ မတွေ့ရတော့ပြီ။ ခုတင်တလုံးပေါ်တွင်မူ အဝတ်အစားထုပ်တချို့ကို တွေ့ရ၏။ ရိုကျင်းသည် အထုပ်များကို ဖြေလိုက်ရာ အထုပ်ထဲတွင် ရွှေငွေရတနာများ ထွက်လာ သည်ကို တွေ့ရလေ၏။ သူတို့ နှစ်ဦးသည် အဖိုးတန်များကို ရွေးချယ်ပြီးနောက် ထုပ်ကြ၏။ ဆွမ်းချက်ဖိုကလေးထဲတွင် အသား ငါးများကို တွေ့သဖြင့် စားသောက်ကြလေ၏။

ထို့နောက် သူတို့နှစ်ဦးသည် အထုပ်ကိုယ်စီဖြင့် ထမ်း၍ ထွက်ခဲ့ကြ၏။ ကျူရိုးများကို စည်းပြီးနောက် မီးဖိုကိုတင်၍ မီးရှို့ကြ၏။ ကျောင်းတဆောင်ကို မီးရှို့ပြီးနောက် နောက်ထပ် မီးတုတ်စည်းကာ အလယ်ကျောင်းတိုက်ကြီးကို မီးတိုက်ကြပြန်၏။ ထိုစဉ် လေကလည်း တိုက်သဖြင့် မကြာမီ မီးတောက်များသည် အားကောင်းလာကာ ကောင်းကင်သို့ ထိုးတက် လာကြလေ၏။ ရှင်ဉာဏနှင့် ရိုကျင်းတို့သည် အတန်ကြာမျှ စောင့်ကြည့်နေ၏။ ကျောင်း တိုက်ကြီးတခုလုံးမှာ မီးစွဲလောင်လျက် ရှိလေပြီ။

“ဒီနေရာကလေးက လှတော့ လှပါရဲ့။ ဒါပေမဲ့ နေလို့တော့ ကောင်းမယ့် နေရာ မဟုတ်ဘူး”ဟု တယောက်ကို တယောက် ပြောမိကြ၏။

သူတို့နှစ်ဦးသည် ကျောင်းတိုက်မှ ထွက်ခွာလာခဲ့ကာ တညလုံး ခရီးနှင်ခဲ့ကြ၏။ မနက် လင်းခါနီးသည့်အခါ၌ အဆောက်အအုံများကို ရေးရေးမြင်ရသဖြင့် မြို့နယ်လေးတမြို့ ဖြစ်ကြောင်း သိရ၏။ မကြာမီ မြို့တွင်းသို့ ရောက်ခဲ့ကြ၏။ သစ်သားကလေးတချောင်း ထိုး ထားသည့် တံတားကလေးတခုအနီးတွင် ထမင်းဆိုင်ကလေးတဆိုင်ကို သူတို့ သတိပြုမိကြ၏။

ရှင်ဉာဏနှင့် ရိုကျင်းတို့သည် ထမင်းဆိုင်ကလေးထဲသို့ ဝင်ခဲ့ကြကာ နံနက်စာစား ကြ၏။ စားရင်းသောက်ရင်း ကွဲကွာနေသည့် အတောအတွင်း သူတို့ တွေ့ကြုံခဲ့ရသည် များကို ပြန်ပြောင်း ပြောနေကြလေ၏။ စားသောက်ပြီးလျှင် ရှင်ဉာဏက-

“ကဲ၊ ဒကာ။ ဘယ်ကို သွားမလဲ”

“တပည့်တော်အနေနဲ့ကတော့ ရှောက်ဟွာတောင်ရိုးကို ပြန်ပြီး တောပုန်းဗိုလ်သုံးဦးနဲ့ ပြန်ဆက်ရုံပဲ ရှိတော့တာပဲ ဘုရား။ နောက်များမှ ထပ်ပြီး စဉ်းစားရဦးမှာပဲ”

"ဟုတ်ပြီလေ"ဟု ဆိုကာ ရှင်ဉာဏသည် သူ့အထုပ်ထဲမှ ရွှေစအချို့နှင့် ငွေသောက်ရေ ဖလားများကို ထုတ်ပေး၏။ ထို့နောက် သူတို့နှစ်ဦးသည် သူတို့အထုပ်များကို ထုပ်ပိုးကာ ငွေချေပြီးနောက် ထမင်းဆိုင်မှ မြို့ပြင်သို့ လာခဲ့ကြ၏။ ဆယ်လီခန့် သွားမိသည့်အခါတွင် ခက်ရင်းခွ လမ်းဆုံတခုကို တွေ့ရ၏။

"ကဲ၊ ဒကာလေး။ ဒီနေရာက ခွဲကြစို့ရဲ့။ ကျုပ်ကတော့ အရှေ့နေပြည်တော်ကို သွား တော့မယ်။ ကျုပ်ကို လိုက်မပို့ပါနဲ့။ ရပါတယ်။ ဒကာလေးက ဟန်ကျို့ကို သွားမှာ။ ဒီတော့ ဒီလမ်းအတိုင်း သွားပေတော့။ တနေ့တော့ ပြန်တွေ့ကြဦးမှာပဗျာ။ လူကြုံရင်လည်း စာကလေး ဘာကလေး ပါးလိုက်ပေါ့"

ရှိကျင်းလည်း သူ့ကို နှုတ်ဆက်ကန်တော့ကာ လာလမ်းအတိုင်း ဆက်လာခဲ့၏။ သို့ဖြင့် သူတို့နှစ်ဦးသည် ကိုယ့်လမ်းအတိုင်း ဆက်၍ လာခဲ့ကြ၏။

ရှင်ဉာဏအကြောင်းကို ပြောဦးအံ့။

ရှင်ဉာဏသည် ခရီးဆက်လာခဲ့ရာ ရှစ်ရက်၊ ကိုးရက်ခန့် အကြာတွင် အရှေ့နေပြည်တော်ကို မြင်ရလေပြီ။ ရှင်ဉာဏသည် မြို့ထဲသို့ ဝင်ခဲ့၏။ မြို့ထဲတွင် လူတွေ အုတ်အုတ် ကျက်ကျက်ဖြင့် ဆူညံလျက်ရှိ၏။ လမ်းတွင် လူတယောက်နှင့် တွေ့သဖြင့် "ရှန်းကူ ကျောင်းတိုက်ဆိုတာ ဘယ်နားမှာလဲ ဒကာ" ဟု ယဉ်ကျေးစွာ မေး၏။

"ဟောဟိုက မြင်ရတဲ့ ကျောင်းပဲ ဘုရား။ တံတားကလေး အလွန်မှာ"

ရှင်ဉာဏသည် တောင်ဝှေးကို လက်တွင် ကိုင်ကာ ကျောင်းတိုက်ဆီသို့ လာခဲ့၏။ အနီးသို့ ရောက်လျှင် ရှေ့နောက်ဝဲယာကို ကြည့်ပြီးနောက် အာဂန္တုဆောင်သို့ လာခဲ့၏။ ကပ္ပိယတယောက်က သူရောက်လာကြောင်း သွားလျှောက်သဖြင့် တိုက်အုပ်ဆရာတော် ထွက်လာ၏။ ရှင်ဉာဏ၏ ကြမ်းတမ်းခက်ထန်သည့် အသွင်အပြင်၊ လက်တွင် ကိုင်လာ သည့် သံတောင်ဝှေး၊ ခါးတွင် ချပ်လာသည့် ဓားလွယ်ကြီးနှင့် အထုပ်အပိုးတို့ကို မြင်သည့် အခါတွင် တိုက်အုပ်ဆရာတော်သည် လန့်သွားဟန်ရှိ၏။

"ဘယ်ကလဲ ကိုရင်ကြီး"

"တပည့်တော်က ဝူတိုင်းတောင်ထိပ်ကျောင်းတိုက်ကပါ။ ကျောင်းထိုင်ဆရာတော် ကြီးဆီက စာလည်း ပါပါတယ်။ တပည့်တော်ကို ဒီကျောင်းတိုက်မှာ စာသင်ဖို့ အေးချမ်း ဆရာတော်ကြီးဆီကို စာရေးပေးလိုက်ပါတယ်"

"လာ၊ လာ။ ဒါဖြင့် ကျုပ်နဲ့ လိုက်ခဲ့"

ရှင်ဥတ္တမသည် သူ့နောက်မှ ဆရာတော်ကြီး အခန်းထဲအထိ လိုက်လာကာ ကြမ်း ပေါ်တွင် အထုပ်ကို ဖြေ၍ စာကို ထုတ်ပေးလေ၏။

"ကိုရင်ကြီး ကျောင်းတိုက်ထုံးစံကို မသိသေးဘဲကိုး ဗျ။ ဆရာတော်ကြီးက ခဏနေရင် ကြွလာလိမ့်မယ်။ ဆရာတော်ကြီး လာတဲ့အခါမှာ အဆင်သင့်ဖြစ်အောင် သက်န်းကို ရုံထားပါ။ ခေါ်းတွေ၊ တောင်ဝှေးတွေကို တခြားမှာ ထားပစ်ခဲ့ပါ။ ပြီးတော့ နေရာထိုင်ပေါ်မှာ ဒူးတုပ်ထိုင်ပြီး အမွေးတိုင်များနဲ့ ပူဇော်ပါ"

"ကိုယ်တော်က စောစောက မပြောဘဲကိုး ဘုရား" ဟု ဆိုကာ ရှင်ဥတ္တမသည် ခေါ်းကို ချွတ်၏။ အထုပ်ထဲမှ နေရာထိုင်ကို ထုတ်၍ ဖြန့်ခင်းပြီး အမွေးတိုင်ကို ထွန်း၏။ ခဏကြာ လျှင် အေးချမ်းဆရာတော်ကြီး ကြွလာတော်မူ၏။ တိုက်အုပ်ဆရာတော်က ရှေ့တိုးကာ-

"ဝူတိုင်းတောင်ပေါ်ကျောင်းက ကိုရင်ကြီးတပါးပါ ဆရာတော်ကြီး"

"အေး အေး၊ ဟုတ်ပေတယ်။ ဝူတိုင်းဆရာတော်က ငါ့ဆီကို စာရေးထားတာ တော် တော်တောင် ကြာနေပြီ"

"ဗျို့၊ ကိုရင်ကြီး၊ ဦးချလေဗျာ။ ခက်တော့တာပဲ" ဟု တိုက်အုပ်ဆရာတော်က ခပ် တိုးတိုး ပြော၏။ ရှင်ဥတ္တမသည် အမွေးတိုင်များကို မည်သည့်နေရာတွင် ထွန်းရမည် မသိဘဲ ယောင်ကန်းကန်းဖြစ်နေသဖြင့် တိုက်အုပ်က သူ့လက်မှ အမွေးတိုင်များကို ယူကာ ထွန်းခုံတွင် စိုက်ပေးရ၏။ ရှင်ဥတ္တမသည် ကျောင်းထိုင်ဆရာတော်ကြီးကို သုံးကြိမ် ဝတ် ဖြည့်၏။ ထိုစဉ် တိုက်အုပ်က "စာကို ဆရာတော်ကြီးကို ကပ်လိုက်လေ" ဟု ပြော၏။

အေးချမ်းဆရာတော်ကြီးသည် စာကို ဖွင့်၍ ဖတ်လေ၏။ စာထဲတွင် ရှင်ဥတ္တမ ကိုရင် ကြီး ဝတ်ရသည့်အကြောင်းများနှင့်တကွ မည်သည့်အတွက် ရှန်းကူကျောင်းတိုက်ကြီးသို့ လွှတ်လိုက်ရကြောင်း တို့ကိုပါ အပြည့်အစုံ ရေးထား၏။ ဆရာတော်သည် စာကို ဖတ်ပြီး နောက်-

"အင်း၊ ကိုရင်ကြီး ခရီးလည်း ပန်းလှရော့မယ်။ အာဂန္တုဆောင်မှာ ခဏထားလိုက်ဦး။ ဟိုရောက်ရင် ဆွမ်း၊ ကွမ်းတို့ မျှတအောင်လည်း စီစဉ်ပေးလိုက်ကြ"

ကိုရင်ကြီးသည် ကျောင်းထိုင်ဆရာတော်ကြီးကို ဦးချပြီးနောက် အထုပ်၊ တောင်ဝှေး၊ ခေါ်းနှင့် နေရာထိုင်တို့ကို ကောက်သိမ်းကာ တိုက်အုပ်နောက်သို့ လိုက်လာခဲ့၏။ ကိုရင်ကြီး ထွက်သွားလျှင် ကျောင်းထိုင်ဆရာတော်ကြီးသည်

သံဃာတော်များကို ခေါ်ကာ-

"ဝူတိုင်းတောင်ပေါ်ကျောင်းက ဆရာတော်ကြီးဟာ ငါ့ညီတဝမ်းကွဲပဲ။ ဒါပေမဲ့ ဒီ ဆရာတော် တော်တော် ခက်ပါကလားကွယ်ရို့။ ခု သူ လွှတ်လိုက်တဲ့သူက အရင်တုန်းက စစ်တပ်မှာ ဗိုလ်မှူးတဲ့။ လူသတ်မှုဖြစ်တာနဲ့ သင်္ကန်းဝတ်လာတာတဲ့။ ပြီးတော့ ဝူတိုင်း တောင်ပေါ် ကျောင်းတိုက်မှာလည်း သူလုပ်လို့ ဖြောင်းဆန်လို့တဲ့။ သူ ထိန်းမရလို့ ငါ့ဆီ လွှတ်လိုက်တာကိုး။ သူ့ကို လက်မခံပြန်ရင်လည်း အခက်။ လက်ခံရင်လည်း ဝိနည်းတွေကို ဖောက်ဖျက်ပြီး ငါ့ကျောင်းတိုက်မှာ ကိုးရိုးကားရားတွေကို လျှောက်လုပ်မှဖြင့်"

"တင်ပါ့။ တပည့်တော်တို့လည်း ဒါကိုပဲ စဉ်းစားနေပါတယ် ဘုရား။ သင်္ကန်းဝတ်ထား ပေမယ့် သူ့ကို ကြည့်ရတာ နည်းနည်းလေးမှ ဝိနည်းနဲ့ ကိုက်ညီခြင်း မရှိဘူးလို့ ထင်ပါတယ် ဘုရား။ လူပုံကလည်း လောကီကို စွန့်ထားတဲ့ ရဟန်းပုံ မပေါက်ပါဘူး။ တပည့်တော်တို့ လက်ခံလို့ ဖြစ်ပါ့မလား ဘုရား"

တိုက်အုပ်ဆရာတော်က-

"တပည့်တော် အကြံတခုတော့ ရပါတယ် ဘုရား။ တပည့်တော်တို့ကျောင်း စွန်ပလွံ ချဉ်ပင်တံခါးအပြင်ဘက်မှာ ဒဏ်ကျတဲ့ ကိုယ်တော်တွေ လုပ်တဲ့ စိုက်ခင်းရှိပါတယ် ဘုရား။ အဲဒီ စိုက်ခင်းကို အနားမှာ စခန်းချနေတဲ့ တပ်က တပ်သားတွေနဲ့ ရွာက လူမိုက်တွေ ဝင်ဝင်ပြီး မကြာခဏ ဝင် ခူးကြ၊ ဆွတ်ကြပါတယ်။ သိုးတွေ၊ နွားတွေကိုလည်း ဒီ စိုက်ခင်း ထဲမှာပဲ ကျောင်းကြပါတယ်။ အဲဒီစိုက်ခင်းကို ကပ္ပိယကြီးတွေ အစောင့်ခိုင်းထားပေမယ့် သူတို့လည်း မပြောရဲတာနဲ့ ဒီအတိုင်းပဲ ကြည့်နေကြရပါတယ် ဘုရား။ ဒီတော့ သူ့ကို လွှတ်ပြီး အစောင့်ခိုင်းရရင် ကောင်းလိမ့်မယ် ထင်ပါတယ်။ သူရှိရင်တော့ လုပ်ရဲကြမှာ မဟုတ်ဘူး ထင်ပါတယ်"

"အိမ်း၊ ကောင်းတယ်။ ဟဲ့၊ ကိုရင်တပါး။ ကိုရင်ကြီး ဆွမ်းစားပြီးရင် ဆရာတော် ခေါ်နေတယ်လို့ သွားလျှောက်ချေစမ်း"

ခဏကြာလျှင် ရှင်ဉာဏလည်း ကိုရင်ကလေးနှင့်အတူ လိုက်လာလေ၏။

"ဝူတိုင်းတောင်ပေါ်ကျောင်း ဆရာတော်က စာရေးပေးလိုက်လို့ ကိုရင်ကြီးကိုတော့ တို့ကျောင်းတိုက်မှာ လက်ခံလိုက်ပြီ။ ဒီတော့ တို့ကျောင်းအပြင်ဘက်မှာ ကျောင်းပိုင် စိုက်ခင်းတခင်း ရှိတယ်။ ဖြဟ္မသေလာဝတ်ကျောင်းအနီး စွန်ပလွံချဉ်ပင်တံခါးနား အပြင် ဘက်မှာ ရှိတယ်။ အဲဒီစိုက်ခင်းကို ကိုရင်ကြီး ကြီးကြပ်လုပ်စမ်း။ တနေ့ကို ကျောင်းတိုက် သံဃာတော်တွေအတွက် အသီးအရွက် ခွက်တဆယ်လောက် လိုချင်တယ်။

ကျန်တာတော့ ကိုရင်ကြီး ကြိုက်သလို စီစဉ်ပေတော့”

“တပည့်တော် ဒီကိုလာတာဟာ စာဝါလိုက်ဖို့ လာတာပါ ဘုရား။ ကိုရင်ကြီးတပါး အနေနဲ့ စိုက်ခင်းတို့ ဘာတို့ကို ကြီးကြပ်လို့ ဖြစ်ပါ့မလား ဘုရား”

“ကိုရင်က ဘာမှ နားမလည်သေးဘဲကိုး။ ကိုရင်ကြီးပဲ ရှိသေးတယ်။ ရဟန်းတောင် မဖြစ်သေးဘဲနဲ့ ဘယ့်နှယ်လုပ် တိုက်အုပ်တို့၊ ကျောင်းထိုင်တို့ ဖြစ်နိုင်ပါ့ဦးမလဲဟ။ စိုက်ခင်း ကို ကြီးကြပ်ရတာလည်း သိမ်ငယ်တဲ့ အလုပ် မဟုတ်ပါဘူး။ အရေးကြီးပါတယ်”

“မှန်ပါ။ တပည့်တော်သဘောကို လျှောက်ရမယ်ဆိုရင်တော့ တပည့်တော် မလုပ် ချင်ပါ ဘုရား။ တပည့်တော်ကို တိုက်အုပ်တို့ ဘာတို့ တာဝန်ကိုသာ ပေးပါ ဘုရား”

တိုက်အုပ်ဆရာတော်က-

“ဒီကျောင်းတိုက်ကြီးမှာ တာဝန်အမျိုးမျိုး ရှိတယ် ကိုရင်ကြီး။ ဥပမာ-တိုက်အုပ်ဆရာ တော်က စာသင်သားတွေကို အုပ်ချုပ်ရတယ်။ စာချဆရာတော်က စာဝါချရတယ်။ အာဂန္တု တွေကို ဆီးကြိုနေရာချရတဲ့ ဆရာတော် ရှိတယ်။ ဆရာတော်ကြီးရဲ့ လက်ထောက်ကျောင်း ထိုင် ရှိတယ်။ ကျောင်းစာရေး ရှိတယ်။ ကပ္ပိယ ရှိတယ်။ အဲဒီတာဝန်ကို နောက်မှ ယူပေါ့။ ကိုရင်ကြီးက ခုမှ ရောက်လာတဲ့ လူသစ်ပဲ ရှိသေးတာပဲ။ ဒီတော့ ရောက်ရောက်ချင်း အရေး ကြီးတဲ့ တာဝန်တွေကိုတော့ ဘယ်ပေးဦးမှာလဲ။ နောက်တော့ တဖြည်းဖြည်း ပေးမှာပေါ့။

“ပြီးတော့ ကျုပ်တို့ကျောင်းတိုက်မှာ ဆွမ်းစားကျောင်းအုပ်၊ ဆွမ်းချက်ကျောင်းအုပ်၊ သန့်ရှင်းရေးလုပ်တဲ့ တာဝန်ခံ၊ ကုဋီ သန့်ရှင်းတဲ့ တာဝန်ခံ ဆိုပြီး အမျိုးမျိုး ရှိကြတယ်။ သူတို့ကတော့ ဝါနုတဲ့ သံဃာတော်တွေကိုပဲ ခန့်တယ်။ ကိုရင်ကြီးဆိုရင် စိုက်ခင်းကို ကြီးကြပ်ရမယ်။ နောင် တနှစ်လောက်ဆိုရင် ဒီထက်မြင့်တဲ့ နေရာကို ရောက်လာမှာပေါ့”

“ဒီလိုလား ဘုရား။ ဒီလိုဆိုရင်လည်း တပည့်တော် မနက်ဖြန်က စပြီး လုပ်ပါ့မယ် ဘုရား”

နောက်တနေ့မနက်တွင် ကျောင်းထိုင်ဆရာတော်သည် သီလပေးပြီးနောက် ရှင်ဥာဏ အား စိုက်ခင်းတာဝန်ခံအဖြစ် ခန့်အပ်လိုက်ကြောင်းကို သံဃာတော်များ ရှေ့တွင် တရားဝင် ကြေညာ၏။ ရှင်ဥာဏသည် ဆရာတော်ကြီးကို ဦးချကာ သူ့အထုပ်၊ တောင်ဝှေးနှင့် ခေါးလွယ်တို့ကို ယူကာ စိုက်ခင်းသို့ ပြောင်းလာခဲ့လေ၏။

စိုက်ခင်းနှင့် မနီးမဝေးတွင်မူကား ဖဲရိုက်၊ အရက်သောက်လျက် ရှိကြသည့်

လူဆိုး လူမိုက် နှစ်ဆယ်ခန့် ရှိ၏။ ယင်းတို့သည် ကျောင်းစိုက်ခင်းမှ ဟင်းသီးဟင်းရွက်များကို ခိုး၍ ရောင်းကြ၏။ သူတို့ရောက်သွားသည့်အခါတွင် အောက်ပါကြော်ငြာစာကို တွေ့ရလေ၏။

ကျောင်းထိုင်ဆရာတော်ကြီးသည် ရှင်ဉာဏအား စိုက်ခင်းကို အုပ်ချုပ်ရန် တာဝန် ပေးလိုက်ပြီ ဖြစ်ရာ မနက်ဖြန်မှ စ၍ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း။ အကြောင်း မရှိဘဲ စိုက်ခင်းထဲသို့ မည်သူမျှ ဝင်ရောက်ခြင်းမပြုရန် သတိပေးလိုက်ကြောင်း။

လူမိုက်များသည် စုဝေးတိုင်ပင်ကြကာ-

“ရှန်းကူကျောင်းတိုက်က ရှင်ဉာဏဆိုတဲ့ ကိုရင်ကြီးတပါးကို ပို့လိုက်သတဲ့ကွ။ ကိုရင် ကြီးက လူသစ်ဆိုတော့ ဘာမှ သိမှာ မဟုတ်သေးဘူး။ ဒီတော့ ကိုရင်ကြီးကို နည်းနည်း တော့ ဆုံးမထားလိုက်ရင် ကောင်းမယ်ထင်တယ်”

“တခုတော့ ရှိတယ်ကွ။ သူက တို့ကိုမှ မသိတာ။ ရန်ဖြစ်အောင် စလို့ ရချင်ရမှာ။ ဒီတော့ အိမ်သာကျင်းကြီးနားကို ရောက်အောင် မျှားခေါ်ပြီး သူ့ခြေထောက်ကို ရိုက်ချိုး၊ တွင်းထဲ ပစ်ချရရင် မကောင်းဘူးလား။ နည်းနည်းလည်း မှတ်သွားအောင်ပေါ့”

“ကောင်းတယ်၊ ကောင်းတယ်” ဟု တယောက်က ပြောကာ ၎င်းတို့သည် ကိုရင်ကြီး ရှိရာ စိုက်ခင်းဆီသို့ လာခဲ့ကြလေ၏။

ရှင်ဉာဏသည် သူနေမည့် စိုက်ခင်းထဲမှ တဲကလေးသို့ ရောက်လျှင် အထုပ်အပိုးကို ချကာ တောင်ဝှေးကို နံရံတွင် ထောင်ပြီး ခေါးလွယ်ကို ချိတ်၏။ စိုက်ခင်းထဲတွင် အလုပ် လုပ်နေသည့် ကိုရင်များနှင့် ဒဏ်ကျသည့် ဘုန်းကြီးများသည် သူ့ထံသို့ ရောက်လာကာ သေ့ကို ပေးလေ၏။ သူ့ကို လိုက်ပို့သည့် ကိုရင်ကလေးသည်လည်း ကျောင်းသို့ ပြန်သွား လေ၏။

ရှင်ဉာဏသည် စိုက်ခင်းကို လှည့်၍ ကြည့်၏။ ထိုစဉ် သူ့ထံသို့ စားဖွယ်သောက်ဖွယ် များကို ဗန်းဖြင့် ထည့်၍ လာနေသော လူနှစ်ဆယ်၊ သုံးဆယ်ခန့်ကို မြင်ရလေ၏။

“စိုက်ခင်းကို ကိုရင်ကြီး တာဝန်ယူရမယ်လို့ တပည့်တော်တို့ ကြားရတယ် ဘုရား။ ဒါကြောင့်မို့ ကိုရင်ကြီးကို လာကန်တော့တာပါ”

ရှင်ဉာဏသည် သူတို့ရည်ရွယ်ချက်ကို မသိဘဲ အိမ်သာကျင်းနားသို့ လျှောက်လာ ခဲ့လေ၏။ ထိုစဉ် တယောက်သည် သူ့ခြေထောက်ကို ဆွဲကာ နောက်တယောက်က သူ့ လက်ကို ဆွဲပြီးလျှင် အိမ်သာကျင်းထဲသို့

ပစ်ချလိုက်လေ၏။

ထိုသို့လုပ်သည့်အတွက် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုကား ခြေတဖက်ကို ကန်လိုက်ရာ တောင်ပေါ်မှ ကျားကြီးသည် လန့်ဖျပ်သွား၏။ ပင်လယ်မှ နဂါးကြီးသည် ထွက်ပြေးရ၏။ အေးချမ်းသာယာသည့် စိုက်ခင်းကလေးသည် စစ်တလင်းကလေးတခု အဖြစ်သို့ ပြောင်းလဲသွား၏။

လူမိုက်များ၏ အကြံကြောင့် ရှင်ဉာဏ မည်သို့ဖြစ်သည်ကို သိလိုလျှင် နောက်တခန်း ကို ဖတ်ပါလေ။

အခန်း - ၇
ရှင်ဉာဏသည် မိုးမခပင်တပင်ကို အမြစ်မှ ဆွဲနုတ်ပြခြင်း
လင်ချိုးသည် ကျားဖြူဆောင်ထဲသို့ မှား၍ ဝင်မိခြင်း

စွန်ပလွံချဉ်ပင် တံခါး၀ အပြင်ဘက်တွင် နေကြသည့် လူမိုက် သုံးလေးဆယ် အနက် နှစ်ယောက်မှာ ဗိုလ် ဖြစ်၏။ တယောက်မှာ "လမ်းကူးကြွက်ချန်" ဖြစ်ပြီး နောက်တယောက် မှာ "မြက်လျှောမြွေ လီ" ဖြစ်၏။ ထိုနှစ်ယောက်သည် လူမိုက်များကို ခေါင်းဆောင်ကာ ရှင်ဉာဏဆီသို့ လာကြ၏။ ရှင်ဉာဏမှာလည်း ဘုမသိ ဘမသိဖြင့် သူတို့စကားကို အဟုတ် ထင်ကာ သူတို့အနီးသို့ လျှောက်လာခဲ့၏။ လူမိုက်များသည် အိမ်သာကျင်းကြီးနားသို့ ရောက်သည့်အခါတွင် ခဏရပ်ကာ-

"ကိုရင်ကြီးက စိုက်ခင်းကို ကြီးကြပ်သူအသစ် ဆိုတော့ ကိုရင်ကြီးကို ကန်တော့ ရအောင် လာပါတယ်"

"ဒီလိုဆိုရင်လည်း လာဗျ။ အနီးအနားဆိုတော့ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ လာ၊ စိုက်ခင်းထဲ လာထိုင်ကြ"

လမ်းကူးကြွက်ချန်နှင့် မြက်လျှောမြွေလီတို့သည် ပုဆစ်တုပ်၍ ထိုင်ကြ၏။ ကိုရင်ကြီးက လာ၍ သူတို့ကို ထဖို့ လက်ဆွဲခေါ်လျှင် ကိုရင်ကြီးကို ခြေရင်း ခေါင်းရင်း မ ၍ ကျင်းထဲသို့ ပစ်ချရန် ဖြစ်၏။

ရှင်ဉာဏသည် သူတို့ကို ကြည့်လိုက်ရာမှ စိတ်ထဲတွင် သင်္ကာမကင်း ဖြစ်လာ၏။

"ဒီကောင်တွေကို ကြည့်ရတာ တမျိုးပဲ။ လာခဲ့ပါဆိုတော့လည်း မလာဘူး။ ပုဆစ်တုပ် ထိုင်နေကြတယ်။ ငါ့ကိုများ တခုခု လုပ်ချင်လို့လား။ အင်း၊ ဒီကောင်တွေတော့ ကျား နှုတ်ခမ်းမွေး ဆွဲတဲ့ကိန်းနဲ့ ကြုံတော့မှာပဲ။ ကိစ္စမရှိဘူးလေ။ ငါပဲ သူတို့ဆီ သွားလိုက်မယ်။ ဟိုရောက်တော့ ငါ့ခြေထောက်နဲ့ ငါ့လက်တွေ ဘယ်လောက်အသုံးကျတယ်ဆိုတာ ပြလိုက် ရဦးမှာပေါ့။

ရှင်ဉာဏသည် သူတို့အနီးသို့ လျှောက်လာ၏။ လမ်းကူးကြွက်ချန်နှင့် မြက်လျှောမြွေ လီတို့မှာမူ ပုဆစ်တုပ်မြဲ တုပ်နေကြ၏။

"တပည့်တော်တို့ ကိုရင်ကြီးကို ကန်တော့ချင်လို့ပါ ဘုရား"ဟု ဆိုကာ

အနီးသို့ ရောက်သည်နှင့် ရှင်ဥာဏ၏ ခြေထောက်ကို တဖက်စီ ကိုင်လိုက်ကြ၏။

သို့ရာတွင် သူတို့ လက်ဖျားနှင့်မျှ မထိရသေးမီ ရှင်ဥာဏသည် ညာခြေကို မြှောက် ကာ မြက်လှျောမြွေလီကို ကျင်းကြီးထဲသို့ သိမ်းကျုံးကန်ချလိုက်၏။ လမ်းကူးကြွက်ချန်က ထပြေးမည်အပြုတွင် ရှင်ဥာဏသည် ဘယ်ခြေကို မြှောက်၍ ကန်လိုက်ရာ လူအုပ်ထဲသို့ ကျပြီး အလုံးလုံးအထွေးထွေး ဖြစ်လျက်ရှိလေ၏။

ကျန်နောက်လိုက်များသည် ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေရာမှ နောက် သို့ လှည့်၍ ထွက်ပြေးကြလေ၏။

“တကောင်မှ ငါ့အနားမကပ်နဲ့။ လှုပ်တဲ့ကောင် ကျင်းထဲကို ကန်အချပဲ”

နောက်လိုက်များသည် ရှေ့သို့ ဆက်မပြေးရဲဘဲ ရပ်နေကြလေ၏။

ချန်နှင့် လီတို့သည် ကျင်းထဲမှ ခေါင်းပြူပေါ်လာလေ၏။ ၎င်းတို့နှစ်ယောက်စလုံးမှာ လည်း အညစ်အကြေးတွေ ပေကျံလျက် ရှိ၏။ ဆံပင်ထဲတွင်လည်း လောက်တွေ တဖွားဖွား တက်လျက် ရှိလေ၏။ ၎င်းတို့နှစ်ယောက်သည် ဒူးဆစ်ခန့်နက်သည့် ကျင်းထဲတွင် ရပ်ကာ-

“ကိုရင်ကြီး။ တပည့်တော်တို့ကို ခွင့်လွှတ်ပါ ဘုရား”

“ဟေ့ကောင်တွေ။ နင်တို့ ခေါင်းဆောင်နှစ်ယောက်ကို ကျင်းပေါ် တင်လိုက်ကြစမ်း။ ပြီးတော့မှ နင်တို့အားလုံးကို ငါခွင့်လွှတ်မယ်”

နောက်လိုက်များသည် သူတို့ခေါင်းဆောင်နှစ်ယောက်ကို ကျင်းထဲမှ ဆွဲထုတ်ပြီး ဘူးစင်တစင်အောက်သို့ ခေါ်သွားလေ၏။ သူတို့ကိုယ်မှ အညစ်အကြေးနံ့သည် ကောင်းကင် တိုင်အောင် ပျံ့လေ၏။

ရှင်ဥာဏသည် ခွက်ထိုးခွက်လန် ရယ်လိုက်လျက်-

“သွား၊ ကန်ထဲသွားပြီး ဆေးချေကြ။ နောက်တော့မှ နင်တို့အားလုံးနဲ့ ငါ စကား ပြောမယ်”

ခေါင်းဆောင်နှစ်ယောက် ရေချိုးပြီးသည့်အခါတွင် နောက်လိုက်အချို့က မိမိတို့ အဝတ်အစားများကို ချွတ်၍ လဲပေးကြ၏။

“လာခဲ့။ စိုက်ခင်းထဲ လိုက်ခဲ့။ နင်တို့နဲ့ ပြောစရာရှိတယ်”

စိုက်ခင်းထဲသို့ ရောက်လျှင် ရှင်ဥာဏသည် အလယ်တွင် ထိုင်ပြီး ခေါင်းဆောင် နှစ်ယောက်ကို လက်ညှိုးထိုးလိုက်လျက်-

"မင်းတို့ကောင်တွေက ငါ့ကို မင်းတို့လုပ်တိုင်း ခံမယ်လို့ ထင်နေသပေါ့ ဟုတ်လား။ မင်းတို့လိုကောင်တွေ အနိုင်ကျင့်လို့ ရမယ် ထင်နေသပေါ့"

ချန်နှင့် သူ့နောက်လိုက်များသည် ဒူးထောက်၍ ထိုင်လိုက်ကြလျက်-

"တပည့်တော်တို့ ဆွေစဉ်မျိုးဆက်ဟာ ဒီနေရာတဝိုက်မှာ အစဉ်အဆက် နေလာခဲ့ ကြတာပါ ဘုရား။ အဲဒီကတည်းက ဒီနေရာတဝိုက်မှာ တပည့်တော်တို့ဟာ ခိုးဆိုး တိုက်ခိုက်၊ ဒီနေရာတဝိုက် စိုက်ခင်းတွေထဲက ရသမျှပစ္စည်းကို ယူရောင်း၊ တခါတလေမှာလည်း တောင်းစားပြီး နေခဲ့ကြတာပါ ဘုရား။ ကျောင်းတိုက်က တပည့်တော်တို့ကို ဒီဝတ္ထုကံမြေ ထဲက မောင်းနှင်ထုတ်နေတာ ကြာလှပါပြီ ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ကို ဘယ်သူမှ နှင်ထုတ်လို့ မရခဲ့ပါဘူး။ ကိုရင်ကြီးရောက်လာမှ တပည့်တော်တို့မှာ ဒုက္ခရောက်ရပါတယ် ဘုရား။ ကိုရင်ကြီးက ဘယ်ဒေသကပါလဲ ဘုရား။ တယ်ပြီးလည်း ကြောက်စရာကောင်းလှ ပါကလား ဘုရား။ အရင်တုန်းက ကိုရင်ကြီးကို ဒီကျောင်းတိုက်မှာ တခါမှ မမြင်ဖူးပါဘူး ဘုရား။ ခုအချိန်က စပြီး ကိုရင်ကြီး ကြိုက်သလို တပည့်တော်တို့ကို ခိုင်းပါ ဘုရား"

"ငါဟာ ယန်အန်းဇာတိ ဟဲ့။ အဲဒီက မြို့စောင့်တပ်မှာ ဗိုလ်မှူး ဖြစ်ခဲ့ဖူးတယ်။ ငါ လူတွေ အများကြီး သတ်ခဲ့မိတာနဲ့ သင်္ကန်းဝတ်အဖြစ် ရှောင်ပြေးနေတာ။ ဒီကိုမလာခင် တုန်းက ဝူတိုင်းတောင်ပေါ်ကျောင်းတိုက်မှာ နေခဲ့တယ်။ လူနာမည်က လူတ ဖြစ်တယ်။ ကိုရင်ကြီးဝတ်တော့ ငါ့ဘွဲ့က ရှင်ဉာဏတဲ့။ ငါ့ကို ဗိုလ်ခြေတထောင် ဝိုင်းဖမ်းဦးတော့ ငါ သင်းတို့ကို အနိုင်ယူပြီး ဖောက်ထွက်နိုင်သဟဲ့။ နင်တို့လိုကောင် သုံး လေးဆယ်လောက် ကတော့ ဘာအရေးတုံး"

ထိုဘုန်းကြီးကျောင်းတိုက်အနီးတွင် နေကြသည့် လူလေလူလွင့်များသည် ဟုတ်ပါ ပေသည်၊ မှန်ပါပေသည်ဟု ကျယ်လောင်စွာ ထောက်ခံ ပြောဆိုကြ၏။ ၎င်းတို့သည် မိမိတို့အား ချမ်းသာပေးလိုက်သော ရှင်ဉာဏကို ကျေးဇူးတင်ကြောင်း ပြောကြားပြီးနောက် ပြန်သွားကြ၏။ ရှင်ဉာဏသည်လည်း မိမိနေရမည့် တဲကလေးထဲသို့ ဝင်ကာ မောမောဖြင့် အိပ်လေ၏။

နောက်တနေ့မနက်တွင် လူလေလူလွင့်များသည် ပိုက်ဆံစုကာ ဝက်တကောင် ပေါ် ပြီးလျှင် ရှင်ဉာဏကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြ၏။ ရှင်ဉာဏသည် စားပွဲထိပ်တွင် ထိုင် ပြီးသော်-

"ဘာဖြစ်လို့ ဒီလောက် ပိုက်ဆံတွေ အကုန်ခံပြီး လုပ်ရတာတုံးဟဲ့

"ဝမ်းသာလို့ပါ ဘုရား။ ဒီနေ့က စပြီး ကိုရင်ကြီးဟာ တပည့်တော်တို့ရဲ့

ခေါင်းဆောင် အဖြစ် လက်ခံပါ ဘုရား"

ရှင်ဉာဏမှာ ကျေနပ်လျက်ရှိလေပြီ။ ထိုသို့ ဆူညံစွာ စကားပြောဆိုစားသောက်လျက် ရှိကြစဉ် အပြင်ဘက်မှာ ကျီးအာသံများကို ကြားရလေ၏။

ဤတွင် တချို့သူများသည် အံများကို ကြိတ်ပြီး "ကောင်းကင်မှာ မီး၊ ရဲရဲညီး၊ နူတ်ခမ်း နီကြီး ပေါ်လတ္တံ့။ ကမ္ဘာမြေကြီး၊ ထိလုနီး၊ လျှာဖြူဖြူကြီး ပေါ်လတ္တံ့" ဟု ဆိုနေကြ၏။

"ဘာတွေကို တိုးတိုး တိုးတိုးနဲ့ ရွတ်နေကြတာလဲဟဲ့" ဟု ရှင်ဉာဏက မေး၏။

"အပြင်မှာ ကျီးတွေ အာနေပါတယ် ကိုရင်ကြီး။ ကျီးတွေ အာရင် ရန်ဖြစ်တတ်ပါတယ်"

"အလကားစကားတွေပါဟယ်" ဟု ရှင်ဉာဏက ဆို၏။ တယောက်ကမူ-

"ကျောင်းအုတ်တံတိုင်း နံရံနားက မိုးမခပင်ပေါ်မှာ ကျီးသိုက်တသိုက် ရှိတယ်ဗျ။ အဲဒီကျီးသိုက်ဟာ မနက်က စပြီး ညနေမိုးချုပ်အထိ တအာအာ မြည်နေတာပဲ"ဟု ရယ်၍ ပြောလေ၏။

"ဒီလိုဆိုရင်လည်း လှေကားထောင်ပြီး ကျီးသိုက်ကို တက်ဖျက်လေဗျာ"

"ဒီလိုဆိုရင်လည်း ကျုပ်တို့ တက်မယ်ဗျာ" ဟု အများက ဝိုင်းပြောကြ၏။ ရှင်ဉာဏသည် စိမ်ရည်အနည်းငယ် ဝင်နေပြီဖြစ်ရကား လူအချို့ကို ခေါ်၍ မိုးမခပင် ပေါ်မှ ကျီးသိုက်ကို သွားကြည့်လေ၏။ သူတို့ပြောသည့်အတိုင်းပင် မိုးမခပင်ပေါ်တွင် ကျီးသိုက်တခုကို တွေ့ရ၏။

"လှေကားထောင်ပြီး ဖျက်ပစ်စမ်းဗျာ။ ဒီကျီးသိုက်ဟာ တယ်နားညည်းလှတယ်" ဟု အားလုံးက ပြောကြ၏။

"အမယ် ကျုပ် တက်ပြီး ဖျက်ပစ်ပါ့မယ်ဗျာ၊ ဘာလှေကားမှ မလိုပါဘူး"ဟု လီ ဆိုသူက ပြော၏။ ရှင်ဉာဏသည် မိုးမခပင်ကို မော့ကြည့်ပြီးနောက် သင်းပိုင်ကို ခါးတောင်းကျိုက် လေ၏။ ထို့နောက် ရှင်ဉာဏသည် ကုန်းကာ ညာလက်ဖြင့် မိုးမခပင်စည်ကြီးကို ဖက်ကိုင် လိုက်ပြီးနောက် ဘယ်လက်ဖြင့် ပင်စည်အပေါ်ပိုင်းကို ကိုင်ကာ တချက် အားစိုက်၍ နုတ်ချ လိုက်ရာ မိုးမခပင်ကြီးသည် အမြစ်မှ ကျွတ်၍ ပါလာလေ၏။

"အလိုလေးလေး၊ သောက်ကျိုးနည်း အားကောင်းတဲ့ ကိုရင်ကြီးပါလားဗျာ။

လူမှ ဟုတ်ရဲ့လား မသိပါဘူး။ ဘီလူးလား၊ ဂုမ္ဘာန်လားသာ မပြောတတ်တယ်။ လူတော့ မဟုတ် ဘူး။ ပိဿာတထောင်လောက် အားမရှိဘဲနဲ့ ဘယ့်နှယ်လုပ်မှ ဒီသစ်ပင်ကြီးကို ဆွဲနုတ် နိုင်မှာ မဟုတ်ဘူး”

“တနေ့ကျရင် နင်တို့ကို ဓားသိုင်းတို့၊ လှံသိုင်းတို့၊ တုတ်သိုင်းတို့ကိုလည်း သင်ပေး ရမယ်” ဟု ရှင်ဥဇ္ဇကက ပြော၏။

နောက်တနေ့တွင် လူလေလူလွင့်များသည် မနက်လင်းချိန်မှစကာ မြို့ထဲသို့ထွက်၍ တောင်းရမ်းကြပြီးနောက် ၎င်းတို့ရလာသော ပစ္စည်းများဖြင့် ရှင်ဥဇ္ဇကကို လုပ်ကျွေးပြုစု ကြကာ သူတို့အား သိုင်းအတတ်ကို သင်ကြားပေးရန် တောင်းပန်ကြ၏။

ဤသို့ဖြင့် ကာလအနည်းငယ် ကြာသွားသည့်အခါ၌ “ဒီကောင်တွေဟာ ငါ့ကိုချည်းပဲ ကျွေးမွေးနေကြတာပဲ။ ငါကလည်း တလှည့်ပြန်ပြီး ကျွေးမွေးဦးမှပဲ” ဟု အကြံဖြစ်ပေါ်ကာ ကိုရင်ကလေး နှစ်ပါးကို ခေါ်ပြီးလျှင် ဈေးထဲမှ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ စိမ်ရည်နှင့် သိုး ဝက် စသည်တို့ကို အဝယ်လွှတ်လိုက်၏။ အချိန်မှာ စန္ဒမာသလ တတိယလဖြစ်ပေ၏။

“ရာသီဥတုကလည်း အေးလာတော့ အတော်ပဲ” ဟု ဆိုကာ ရှင်ဥဇ္ဇကသည် သစ်ပင် တပင်အောက်တွင် ဖျာများ ခင်း၍ ၎င်းတို့ကို သစ်ရိပ်တွင် ဧည့်ခံကျွေးမွေးရန် စီစဉ်၏။

စိမ်ရည်အိုးကြီးများကို အိုးလိုက် တည်ခင်းထားပြီး အသားတုံးကြီးများကိုလည်း ခပ်ကြီးကြီး တုံးထား၏။ အားလုံး စားသောက်ပြီးကြသည့်အခါတွင် သစ်သီးများနှင့် စိမ်ရည်များကို ထုတ်လာပြန်၏။ အားလုံးမှာလည်း တော်တော်မူးလျက် ရှိကြလေပြီ။

“ကိုရင်ကြီး ဘယ်ကလောက် အားသန်သလဲဆိုတာကို ဟိုတလောက ပြသခဲ့ပါပြီ ဘုရား။ ခု တပည့်တော်တို့ကို လက်နက်အတတ်သင်ပေးမယ်ဆိုတာ ခုတိုင် သင်မပေး သေးပါ ဘုရား။ တပည့်တော်တို့ကို သင်ပြမပေးခင်မှာ ကိုရင်ကြီး လက်နက်အတတ်ကို ဘယ်လောက် ကျွမ်းကျင်တယ်ဆိုတာ တပည့်တော်တို့ ကြည့်ပါရစေ ဘုရား”

“ကောင်းပြီ” ဟု ဆိုကာ ရှင်ဥဇ္ဇကသည် အလျားငါးပေ၊ အချိန်ပိဿာတရာရှိသော သံတောင်ဝှေးကြီးကို ယူလာလေ၏။

ပရိသတ်များသည် လက်နက်ကို ကြည့်၍ တအံ့တဩဖြစ်လျက်ရှိကာ “သောက်ကျိုး နည်းဗျာ။ ရေစိမ်ကျွဲလောက်ကြီး အားကောင်းတဲ့လူမှသာ

ဒီလောက်ကြီးတဲ့ လက်နက် ကြီးကို ကိုင်နိုင်တာ” ဟု ပြောကြ၏။ ရှင်ဉာဏသည် တောင်ဝှေးကြီးကို ကောက်ကိုင်ကာ သက်သက်သာသာပင် ဝှေ့ယမ်းပြလေ၏။ လူလေလူလွင့်များကလည်း သူ့ကို ဝိုင်း၍ ဩဘာပေးကြ၏။

ထိုစဉ် အုတ်တံတိုင်းနံရံပေါက်ကြားမှ ခေါင်းတလုံးပြူထွက်လာကာ “တယ်တော်ပါ့ ကလား” ဟု ပြော၏။ ရှင်ဉာဏသည် လက်တွင် ဝှေ့ယမ်းကစားနေသည့် တောင်ဝှေးကို မြေကြီးတွင် ထောက်လိုက်ပြီးလျှင် အသံကြားရာသို့ လှည့်ကြည့်လိုက်၏။

ထိုလူသည် အဝတ်ဦးထုပ်အနက်ကလေးကို ဆောင်းထားပြီးနောက်မှ အဖျားနှစ်ဖက် ကို စုချည်ထား၏။ နောက်ကျောပေါ်တွင် တွဲလောင်းကျနေသည့် ဆံပင်များကိုလည်း ကျောက်စိမ်းဖြူ ဆံညှပ်ကလေးများဖြင့် ညှပ်၍ စုချည်ထား၏။ အင်္ကျီမှာ မှူးမတ်များ ဝတ်လေ့ရှိသော အစိမ်းရောင်ပန်းရိုက် ပိုးဝတ်ရုံကြီးဖြစ်ပြီး ခါးတွင် ဖျံ့ရေခါးစည်းကြိုး နှစ်ထပ်စည်းလျက် ပိုးစည်းကြိုးခေါင်းမှာ လိပ်ကျောကုန်းပုံ လုပ်ထားသည့် ငွေခေါင်း ဖြစ်လေ၏။ ခြေတွင်မူ အနက်ရောင် ဖိနပ်ရှည်ကြီးကို စီးထား၏။ ထိုလူမှာ အသက်သုံးဆယ့် ငါးနှစ်ခန့် ရှိပြီး ခေါင်းမှာ ကျားသစ်တကောင်၏ ဦးခေါင်း၊ ဝိုင်းစက်သော မျက်လုံး၊ ပျံလွှား ငှက်၏ နှုတ်သီးမျိုး ရှိသည့် ချွန်သော မေးနှင့် ကျားတကောင်၏ နှုတ်ခမ်းမွေးမျိုး ရှိသူဖြစ်ပြီး အရပ်အမောင်း မြင့်မားသူ ဖြစ်၏။ “တော်ပါပေတယ်ဗျာ။ သောက်ကျိုးနည်း အံ့ဩလောက်ပါပေတယ်” ဟု ထိုလူက ထပ်ပြော၏။

“သူကတောင် ချီးမွမ်းရတယ်ဆိုရင်တော့ ကိုရင်ကြီး တကယ်တော်လို့ပဲ ဘုရား” ဟု လူလေလူလွင့်များက ပြောကြ၏။

“အဲဒီလူက ဘယ်သူလဲကွ” ဟု ရှင်ဉာဏက မေး၏။

“ဘုရင့်ရွှေနန်းတော်စောင့်တပ်က သိုင်းဆရာ၊ လက်နက်ဆရာလင်ချုံးရယ် ဘုရား”

“ကဲ၊ ဒီလိုဆို သူ့ကိုလည်း ဖိတ်ကွာ။ ငါ တွေ့ချင်တယ်”

ထိုအသံကို ကြားသည်တွင် လင်ချုံးသည် အုတ်တံတိုင်းနံရံပေါက်မှ ခုန်ဝင်လာ လေ၏။ သူတို့နှစ်ယောက်သည် နှုတ်ဆက်ကြပြီး သစ်ပင်အောက်တွင် ထိုင်ကြ၏။

“ကိုရင်ကြီးက ဘယ်ကလဲ ဘုရား။ ဘွဲ့ကကော ဘယ်လိုခေါ်ပါသလဲ”

“ကျုပ်နာမည်က လူတ တဲ့ဗျ။ အနောက်ဘက်တောင်ကြားမြို့မှာ နေတာ။ လူသတ်မှု တွေ ကျူးလွန်ခဲ့လို့ သင်္ကန်းဝတ်ပြီး တိမ်းရှောင်လာခဲ့တာပဲ။ ကျုပ်လည်း

ငယ်ငယ်တုန်းက အရှေ့နေပြည်တော်မှာ နေခဲ့ဖူးတာပ။ အဲဒီတုန်းကပဲ ခင်ဗျား ခမည်းတော်ကြီး ဗိုလ်မှူး လင်ရဲ့ အကြောင်းကို ကြားခဲ့ဖူးတာပ”

လင်ချုံးသည် ရှင်ဉာဏကို သဘောကျသွားကာ ချက်ချင်းပင် မိမိ၏ ရဲဘော်ရဲဘက် တဦးအဖြစ် စိတ်ထဲမှ အသိအမှတ်ပြုလိုက်၏။

“ဆိုစမ်းပါဦး။ သိုင်းဆရာကကော ဘာကိစ္စနဲ့ ဒီကို ရောက်လာတာလဲ”

“တပည့်တော်တို့ ဇနီးမောင်နှံနှစ်ယောက် ဟောဟိုက မြင်ရတဲ့ မဟာပဗ္ဗတ တောင် ပေါ်က ဘုံကျောင်းကို အမွှေးတိုင်များနဲ့ ဆီမီးများ ပူဇော်ဖို့ လာတာပါ ဘုရား။ တောင် အောက်ကျောင်းတိုက်ဆီက သြဘာသံတွေ ကြားလိုက်လို့ လှမ်းကြည့်လိုက်တော့ ကိုရင် ကြီးရဲ့ အစွမ်းအစကို မြင်ရပြီး သဘောကျတာနဲ့ လာကြည့်တာပါ။ ဒါနဲ့ ဇနီးနဲ့ သူ့အဖော် ကျင်အဲဆိုတဲ့ ကောင်မလေးကို နင်တို့ဘာသာ အမွှေးတိုင်တို့ ဆီမီးတို့ ပူဇော်နှင့်ကြ၊ ငါတော့ ဟောဟိုက ကိုရင်ကြီး သိုင်းကစားပြတာကို သွားကြည့်ဦးမယ်ဆိုပြီး ဆင်းလာခဲ့ တာပါ။ ဒီလို လက်ရုံးရည်နဲ့ ပြည့်စုံတဲ့ ကိုရင်ကြီးကို တွေ့ရလိမ့်မယ်လို့ နည်းနည်းကလေးမှ မမျှော်လင့်ခဲ့ပါဘူး ဘုရား”

“ဒီရောက်တုန်းက ကျုပ်မှာ အသိမိတ်ဆွေဆိုလို့ တယောက်မှ မရှိဘူးဗျ။ နောက် တော့မှ ဟောဒီက ဒကာတွေနဲ့ တွေ့လို့ မိတ်ဖြစ်သွားကြပြီး ဒီနားမှာ နေ့တိုင်း တွေ့နေကြ တာပဲ။ ခု ဒကာကြီးက ကျုပ်ကို ညီနောင်ရင်းလို သဘောထားတယ်ဆိုလို့ ကျုပ် ဝမ်းသာ တယ်ဗျ”

ရှင်ဉာဏသည် စိမ်ရည်အိုးတအိုးကို အယူခိုင်းလိုက်ပြီးလျှင် လင်ချုံးကို ဧည့်ခံလျက် ရှိ၏။ သုံးဝိုင်းခန့် သောက်ပြီးသည့် အချိန်လောက်တွင် အဖော်ပါလာသည့် ကျင်အဲ ဆိုသည့် သူငယ်မကလေးသည် မျက်နှာနီရဲလျက် အူးယားဖားယား ပြေးလာကာ နံရံအပေါက်ကြားမှ ခေါင်းပြူပြီးလျှင် -

“သခင်လေး၊ မြန်မြန်လာပါ။ ဘုံကျောင်းထဲမှာ တွေ့တဲ့ လူတယောက်က သခင်မလေး ကို လိုက်ပြီး နှောင့်ယှက်နေပါတယ်” ဟု ပြော၏။

“ဘယ်နားမှာလဲ”

“ကျွန်မတို့က တောင်ပေါ်ဘုံကျောင်းက ဆင်းလာပြီး တောင်ငါးလုံးဇရပ်ကလေး နားမှာ နားနေကြတယ်ရှင့်။ ဒီတုန်းမှာ ကြမ်းပိုးတေလေလို လူတယောက် ပေါ်လာပြီး ကျွန်မတို့ကို လိုက်နှောင့်ယှက်တယ်ရှင့်”

လင်ချုံးသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ကာ-

"ကဲ၊ ကိုရင်ကြီး။ တပည့်တော် နောက်မှ လာတွေ့ဦးမယ် ဘုရား။ ခွင့်ပြုပါဦး" ဟုဆိုကာ လင်ချိုးသည် အုတ်တံတိုင်းနံရံကြားမှ ခုန်ထွက်ကာ ကျင်အဲ နောက်မှနေ၍ တောင် ပေါ်သို့ လိုက်သွား၏။

တောင်ငါးလုံးဇရပ်ကလေးနားသို့ ရောက်သည့်အခါတွင် ဒူးလေးများ၊ မှုတ်ပြောင်း များကို ကိုင်ထားသည့် လူတစုကို မြင်ရပြီး ဇရပ်လက်ရန်းကလေးအနီးတွင်လည်း အုတ် တိုင်ကျိုးများ စုပုံထားသည်ကို မြင်ရ၏။ ၎င်းတို့တသိုက်သည် တောင်ပေါ်ဘုံကျောင်းသို့ တက်သည့် အုတ်လှေကားထစ်ပေါ်တွင် မိမိတို့ကို ကျောပေးရပ်ရင်း လင်ချိုး၏ မိန်းမကို ပိတ်ဆို့ရပ်နေသော လူငယ်တယောက်ကို ကြည့်လျက် ရှိကြ၏။

"လာပါ။ တောင်ပေါ်ကို လိုက်ခဲ့ပါ။ ခင်ဗျားနဲ့ ကျွန်တော် စကားပြောစရာကလေး ရှိလို့" ဟု ထိုလူရွယ်က ပြော၏။

လင်ချိုး၏ မိန်းမမှာ မျက်နှာနီရဲလျက်ရှိရာမှ-

"ရှင် ကျွန်မကို ဘာလိုက်နှောင့်ယှက်နေတာလဲ။ အမျိုးကောင်းသမီးတယောက်ကို ဒီလိုလုပ်ရသလား။ ဒါဟာ တရားမဲ့ တိုင်းပြည်ကြီး မဟုတ်ဘူးရှင့်"

လင်ချိုးသည် ထိုလူငယ်အနီးသို့ ရောက်သွားကာ ပခုံးကို ဆွဲလှည့်လိုက်ပြီးလျှင်-

"ဟေ့ကောင်၊ မင်း ဘာဖြစ်လို့ သူများသားမယားကို စော်ကားချင်ရတာလဲ" ဟု ဆိုကာ လက်သီးဖြင့် ထိုးမည်ဟု ရွယ်လိုက်စဉ် ရွှေနန်းတော်စောင့်တပ်ရင်းမှ ဗိုလ်ချုပ် ကောက်ကျူ၏ မွေးစားသား ကောက်ကျူလေး ဖြစ်နေသည်ကို တွေ့ရ၏။

ကောက်ကျူသည် ဗိုလ်ချုပ်အရာသို့ ရောက်ရှိသည့်အခါတွင် မိမိ၏ ကိုယ်ရေးကိုယ်တာ များကို ဆောင်ရွက်ရန်အတွက် လူတယောက် လိုသဖြင့် မိမိ၏ ဦးလေးတော်သူတဦး၏ သားကို မွေးစားလိုက်၏။ ကောက်ကျူလေးသည် မိမိနှင့် ညီအစ်ကိုဝမ်းကွဲတော်ရုံမျှသာ မက ယခုအချိန်တွင် မွေးစားသားလည်း ဖြစ်နေပြန်သည့်အတွက် ဗိုလ်ချုပ်ကောက်ကျူ သည် ကောက်ကျူလေးကို များစွာ ချစ်ခင်ယုယကာ အလိုလိုက်ထား၏။

ကောက်ကျူလေးသည် မိမိမွေးစားအဖေ၏ အရှိန်အဝါဖြင့် အရှေ့နေပြည်တော်တွင် ရမ်းကားချင်တိုင်း ရမ်းကားလျက်ရှိ၏။ ကောက်ကျူကလေး၏ ဝါသနာတရပ်မှာ သူတပါး သားမယားများကို ကြာခိုခြင်း ဖြစ်၏။ အရှိန်အဝါ ကြီးလွန်းလှသည့်အတွက် လင်ယောကျ်ား များမှာလည်း

မည်သူ့ကိုမျှ တိုင်တန်းရဲခြင်း မရှိဘဲ ကြိတ်မှိတ်ခံနေကြရ၏။ ကောက်ကျူလေး ကိုလည်း "တဏှာရူး" ဟု ကွယ်ရာတွင် ခေါ်ကြ၏။

ကောက်ကျူလေးမှန်း သိသည့်အခါတွင်ကား လင်ချိုး၌ ရှိသမျှ ခွန်အားတို့သည် ဆုတ်ခွာ ထွက်ပြေးကြလေပြီ။

"ဒီမှာ လင်ချိုး။ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး။ ခင်ဗျား ဘာဖြစ်လို့ ဝင်နှောင့်ယှက် ရတာလဲ"

ယခုအချိန်အထိ လင်ချိုး၏ ဇနီးဖြစ်ကြောင်းကို ကောက်ကျူလေး မသိသေးချေ။ သိခဲ့လျှင်မူ ထိုသို့ နှောင့်ယှက်ချင်မှ နှောင့်ယှက်ပေလိမ့်မည်။ လင်ချိုးက မဝံ့မရဲဖြစ်နေသည်ကို မြင်သည့်အခါတွင် ကောက်ကျူလေးသည် ပို၍ အတင့်ရဲလာကာ ပိုင်စိုးပိုင်နင်း ပြောလျက်ရှိလေ၏။

လှေကားပေါ်တွင် ရုတ်ရုတ်သဲသဲ စကားများနေသည်ကို မြင်သည့်အခါတွင် ကောက် ကျူလေး၏ နောက်လိုက်များလည်း အနီးသို့ ရောက်လာကြကာ လင်ချိုးဘက်သို့ လှည့်၍-"ဆရာလေး။ စိတ်မရှိပါနဲ့ ခင်ဗျာ။ ကျွန်တော်တို့သခင်လေးက ဆရာလေးရဲ့ ဇနီးမှန်း မသိလို့ပါ။ မှားလို့ပါ" ဟု ပြောကြ၏။

လင်ချိုးမှာ ဒေါသမပြေနိုင်သေးဘဲ ကောက်ကျူလေးကို မီးလျှံတောက်သော မျက်လုံး များဖြင့် စိုက်ကြည့်လျက်ရှိ၏။ အချို့မှာ လင်ချိုးကို ဖျောင်းဖျပြောဆိုလျက် ရှိကြပြီး အချို့ ကလည်း ကောက်ကျူလေးကို ဘုံကျောင်းထဲမှ ခေါ်သွားကာ မြင်းပေါ်သို့ တက်၍ ပြန်ရန် ပြောလျက် ရှိကြ၏။

လင်ချိုးသည် မိမိဇနီးသည်နှင့် အဖော် ကျင်အဲတို့ကို ခေါ်ကာ ပြန်တော့မည်ပြုစဉ် ရှင်ဉာဏသည် သံတောင်ဝှေးကြီးကို ကိုင်ကာ ဘုံကျောင်းဝင်းထဲသို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်ရောက်လာ၏။ သူ့နောက်မှလည်း လူလေလူလွင့် သုံးဆယ်ခန့် လိုက်ပါလာကြ၏။

"ကိုရင်ကြီး၊ ဘယ်သွားမလို့တုံး"

"ခင်ဗျားကို ကူဖို့ လာတာဗျ"

"ဒီလူက တပည့်တော်တို့ ရွှေနန်းတော်စောင့် တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးကောက်ကျူရဲ့ မွေးစားသားပါ။ ကျွန်တော့်ဇနီးကို မမှတ်မိလို့ နှောင့်ယှက်တာပါ။ တပည့်တော်က ဒီသတ္တဝါကို ခပ်စပ်စပ်ကလေး ဆုံးမမလို့ စိတ်ကူးပါသေးရဲ့။ ဒါပေမဲ့ ဗိုလ်ချုပ်မျက်နှာကို ထောက်တာနဲ့ အသာနေလိုက်ရတာ။ "ကိုယ့်ကို အုပ်ချုပ်သည့် အရာရှိမှ အပ ဘယ် အရာရှိကိုမှ မကြောက်ပါနဲ့" ဆိုတဲ့

စကားပုံကို ကိုရင်ကြီးလည်း ကြားဖူးသားပဲ။ တပည့် တော်ကလည်း သူ့တပ်က မဟုတ်လား ဘုရား။ ဒီတကြိမ်တော့ ရှိပေစေတော့။ အသာ ငြိမ်ခံနေလိုက်ရဦးမှာပေါ့"

"ဒကာရဲ့ဗိုလ်ချုပ်ကို ဒကာ ကြောက်ချင်ကြောက်ပေါ့ဗျ။ ကျုပ်က ဘာဖြစ်လို့ ကြောက် ရမှာလဲ။ ဒီခွေးမသား သတ္တဝါကလေး ကျုပ်နဲ့ တွေ့ရင် ဟောဒီတောင်ဝှေးနဲ့ အချက်သုံးရာ လောက်တော့ ဆုံးမလွှတ်လိုက်ချင်သေးတယ်"

ကိုရင်ကြီးမှာ စိမ်ရည်တန်ခိုးပြစပြုနေလေပြီ။ ထို့ကြောင့် လင်ချိုးက-

"ကိုရင်ကြီးပြောတာ မှန်ပါတယ်။ ဒါပေမဲ့ တပည့်တော်ရဲ့ လူတွေက ဒီတခါတော့ ရှိပါစေတော့ဆိုလို့ တပည့်တော်လည်း ပြန်လွှတ်လိုက်တာပါ"

"နောက်တခါ အနှောင့်အယှက်တွေ တွေ့ရင် ကျုပ်ကို ပြောပါ။ ကျုပ် ကြည့်ရှင်း ပါ့မယ်" ဟု ရှင်ဉာဏက ပြော၏။

သူ့နောက်တွင် လိုက်ပါလာသည့် လူလေလူလွင့်များသည် ရှင်ဉာဏကို ချိုင်းနှစ်ဖက်မှ တွဲကာ- "ကဲ၊ ပြန်ကြစို့ ကိုရင်ကြီး။ ကောက်ကျူလေးကို နောက်တခါတွေ့ရင် ဆုံးမတာပေါ့ ကိုရင်ကြီးရယ်"

ရှင်ဉာဏသည် သံတောင်ဝှေးကြီးကို ကိုင်ထားလျက်ရှိရာမှ-

"ဒကာမကြီး၊ ကျုပ်ကို ခွင့်လွှတ်ဗျနော်။ ဒကာကြီးလည်း မနက်ဖြန်မှ တွေ့ကြဦးစို့" ဟု ဆိုကာ ရှင်ဉာဏနှင့် လူလေလူလွင့်များသည် ပြန်သွားကြလေ၏။ လင်ချိုး၊ သူ့ဇနီးနှင့် အဖော်ဖြစ်သူ ကျင်အဲတို့လည်း အိမ်သို့ ပြန်လာခဲ့ကြလေ၏။ သိုင်းဆရာဖြစ်သည့် လင်ချိုး သည် စိတ်လည်း ပျက်၊ ဒေါသလည်း ထွက်လျက်ရှိ၏။

ကောက်ကျူလေးသည် သူ့အပေါင်းအဖော်များနှင့်အတူ ဘုံကျောင်းသို့ လာခဲ့ရာတွင် လင်ချိုး၏ ဇနီးကို မြင်ထားကာ စွဲလမ်းတပ်မက်လျက်ရှိ၏။ သို့ရာတွင် လင်ချိုးက သူ့ကို ရိုက်ပုတ်မောင်းထုတ်လိုက်သည့်အခါတွင် မိမိ၏မွေးစားဖခင်ဖြစ်သည့် ဗိုလ်ချုပ်ကောက်ကျူ အိမ်သို့ ပြန်လာခဲ့၏။

ရက်အနည်းငယ်ခန့် ကြာသည့်အခါတွင် သူနှင့် သောက်ဖော်စားဖက်များသည် ကောက်ကျူလေးထံ လာရောက်လည်ပတ်ကြသော်လည်း ကောက်ကျူလေးမှာ ဂနာမငြိမ် ဖြစ်လျက်ရှိသဖြင့် သူ့ကို နှုတ်ဆက်၍ ပြန်သွားကြ၏။ ယင်းတို့အထဲတွင် ဖူးအန်ခေါ် ဘဲခေါင်းခြောက်ဆိုသူလည်း ပါ၏။ ဖူးအန်သည် ကောက်ကျူလေး၏ အခြေအနေကို အကဲ ခတ်မိသဖြင့် အပေါင်းအဖော်များနှင့် ခွဲခွာပြီးသော် ကောက်ကျူလေးထံသို့ တယောက် တည်း ပြန်လာခဲ့သည်တွင် စာကြည့်ခန်းထဲ၌ စိတ်ပျက်လက်ပျက်ဖြင့်

ထိုင်နေသည်ကိုတွေ့ရ၏။ ဖူးအန်သည် အနီးသို့ ရောက်လာကာ-

“ရောင်းရင်းကို ကြည့်ရတာ ခုတလောမှာ မျက်နှာလည်း သိပ်မကောင်းဘူးဗျ။ ဘာ တွေများ စိတ်ညစ်နေလို့လဲ”

“ခင်ဗျားက ဘယ်လိုလုပ် သိသလဲ”

“ဒီလိုပဲ မှန်းကြည့်ရတာပဗျာ”

“ကဲ၊ ဒီလိုဆို မှန်းစမ်းဗျာ။ ဘာကြောင့်လို့ ထင်သလဲ”

“လင်ချုံးရဲ့ မယားချောကလေးအတွက်ကြောင့် မဟုတ်လားဗျာ။ မဟုတ်ဘူးလား”

ကောက်ကျူလေးသည် ရယ်လိုက်ကာ-

“အင်း၊ ခင်ဗျားမှန်းတာ မဆိုးဘူးဗျို့။ ဒီမိန်းမကို ဘယ်လိုကျုံးသွင်းရမယ်ဆိုတာ စဉ်းစားလို့မရအောင် ဖြစ်နေတယ်ဗျာ”

“ဒါက လွယ်ပါတယ်ဗျ။ လင်ချုံးဆိုတဲ့လူက ဗလကလည်း ကောင်း၊ သိုင်းတို့ ဘာတို့ ကလည်း ကျွမ်းကျင်တော့ သူ့ကို ရောင်းရင်း ခပ်ရှိန်ရှိန်ဖြစ်နေတယ် မဟုတ်လား။ ဒါ့ အတွက် ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ဗျ။ လင်ချုံးဆိုတဲ့ လူက ခမည်းတော် ဗိုလ်ချုပ်ကြီး လက်အောက် အမှုထမ်းတယောက်ပဲ။ သူ ဘာလုပ်ရဲမှာလဲ။ သတ္တိရှိရင် ခင်ဗျားကို တခုခု လုပ်ကြည့်စမ်းပါလား။ အနည်းဆုံးက ပြည်နယ်နှင်ဒဏ်။ အများဆုံးက သေဒဏ်ပေါ့။ ခု သူ့မယားကို လိုချင်ရင် ခင်ဗျားလက်ထဲကို ကွီခနဲရောက်လာမယ့် အကြံတခု ကျုပ် ပေးမယ်။ ဘယ့်နှယ်လဲ”

“ကျွန်တော့်တသက်မှာ မိန်းမချော မိန်းမလှတွေ တွေ့ခဲ့ဖူးပေါင်း များလှပါပြီဗျာ။ ဒီမိန်းမကျမှ ဘာဖြစ်လို့များ ဒီလောက် စွဲစွဲလမ်းလမ်း ဖြစ်နေရသလဲ မဆိုနိုင်ဘူး။ ကျွန်တော် တော့ သူ့ပိုက်ကွန်ထဲမှာ ရောက်နေပြီဗျ။ သူ့စိတ်ချည်းပဲ ရှိတော့တယ်။ ကဲ၊ ဆိုစမ်းပါဦး။ ခင်ဗျားပေးတဲ့ အကြံအောင်ရင် ကျေးဇူးကို မမေ့ပါဘူးဗျာ’

“ကျွန်တော်တို့ အပေါင်းအသင်းထဲက ဗိုလ်ကြီးလူကျန့်ဟာ လင်ချုံးရဲ့ မိတ်ဆွေပဲဗျ။ ဒီတော့ မနက်ဖြန်ကျရင် လူကျန့်ရဲ့ အိမ်မှာ စားသောက်ပွဲတခု လုပ်ပါ။ အဲဒီစားသောက်ပွဲမှာ လင်ချုံးကိုလည်း ဖိတ်ပါလို့ လူကျန့်ကို ပြောထားပေါ့။ သူ့ကို မူးအောင် ခပ်များများကလေး တိုက်ပြီး အပေါ်ထပ် အခန်းကလေးတခန်းထဲကို ပို့ထားလိုက်။ ဒီတုန်းမှာ ကျွန်တော် သူ့ မိန်းမဆီကို သွားပြီး ခင်ဗျားယောကျ်ားတော့ ကျွန်တော်နဲ့အတူ စားသောက်နေတုန်းမှာ ရုတ်တရက် မူးမေ့လဲကျသွားတယ်၊

လိုက်ခဲ့ပါလို့ သွားပြောပြီး လူကျန့်အိမ်ကို ခေါ်လာ ခဲ့မယ်။ အဲဒီမှာ စောင့်နေပေါ့။ မိန်းမဆိုတာ ရေလိုပဲ အပြောင်းအလဲမြန်ပါတယ်ဗျ။ သခင် လေးလို ရုပ်လည်း ချော၊ အပြောလည်း ကောင်းတဲ့ လူမျိုးကို တွေ့ရင် ဒီမိန်းမ ဘာသားကို ထုထားတာမို့ ခံနိုင်မှာလဲ။ အဲဒီမှာ သခင်လေးက အပြောချိုချိုနဲ့ ချော့ရင် သူ ပျော့လာ ရမှာပေါ့။ ဘယ့်နှယ်လဲ။ ကျွန်တော့်အကြံ မကောင်းဘူးလား”

“ဟုတ်တယ်။ ကောင်းတယ်။ ဒီလိုဆို ဒီနေ့ပဲ လူကျန့်ကို သွားခေါ်ချေစမ်းဗျာ”

လူကျန့်၏အိမ်မှာ ကောက်ကျူလေး နေသည့် အိမ်နှင့် တပြခန့်သာ ကွာ၏။ လူကျန့် ကလည်း ထိုအကြံကို အလွယ်တကူပင် သဘောတူလိုက်၏။ အခြားလမ်းလည်း မရှိတော့ပြီ။ သခင်လေးကောက်ကျူ ကျေနပ်စေရန်အတွက် မိမိနှင့် မိတ်ဆွေ လင်ချုံး၏ မျက်နှာတို့ကို ထောက်ထားခြင်း မပြုနိုင်တော့ပြီ။

လင်ချုံး၏အကြောင်းကို ပြန်ကောက်ရဦးအံ့။ လင်ချုံးသည် အပြင်သို့ပင် မထွက်ရဲဘဲ အိမ်ထဲတွင် ရက်ပေါင်းများစွာ အောင်းလျက်ရှိရာ တနေ့မနက်တွင် အိမ်ရှေ့မှ နေ၍ “သိုင်း ဆရာလင် မရှိဘူးလား” ဟူသော အသံကို ကြားရ၏။

လင်ချုံးသည် တံခါးကို သွား၍ ဖွင့်ကြည့်ရာ လူကျန့်ကို တွေ့ရလေ၏။

“ဆိုစမ်းပါဦး ဗိုလ်ကြီးလူကျန့်။ ဘာကိစ္စများလဲ” ဟု အလောသုံးဆယ် မေးမိ၏။

“ခုတလောမှာ နောင်ကြီး အပြင်တို့ ဘာတို့ထွက်တာ မတွေ့လို့ ဘာများဖြစ်နေသလဲ လို့ စိုးရိမ်လို့ လာကြည့်တာဗျ”

“ခုတလောမှာ စိတ်ညစ်စရာကလေးတွေ တွေ့နေတယ်ဗျာ။ ဒါနဲ့ ပြင်ပကို မထွက်ချင် ပါဘဲ အိမ်ထဲမှာ အောင်းနေလိုက်တာ”

“ဘာတွေများ စိတ်ညစ်နေရတာလဲ။ လာပါ။ ကျွန်တော်နဲ့ အရက်ကလေး တခွက် တဖလားလောက် လိုက်သောက်လှည့်ပါလား”

“ကဲ၊ ထိုင်ပါဦးဗျာ။ အရက်မသောက်ခင် လက်ဖက်ရည် အဖန်ကလေး ဘာလေး သောက် သွားပါဦး”

၎င်းတို့နှစ်ယောက်သည် လက်ဖက်ရည်သောက်ပြီးနောက် ထိုင်ရာမှ ထကြ၏။ လူကျန့်သည် တဖက်ခန်းတွင် ရှိနေသည့် လင်ချုံး၏ ဇနီးသည်အား လှမ်း၍-

“အစ်မရေ၊ နောင်ကြီးလင်ချုံးကို ကျွန်တော့်အိမ် ခဏခေါ်သွားမယ်ဗျာ။

ဟိုကျရင် အရက်ကလေး ဘာလေး သောက်ရင်း စကားပြောရအောင်”

လင်ချုံး၏ မိန်းမသည် အခန်းထဲမှ အပြင်သို့ ခပ်သုတ်သုတ်ထွက်လာကာ-

“ဟိုကျရင် သူ့ကို အရက်တွေ သိပ်တိုက်မနေနဲ့နော် ဗိုလ်ကြီးလူကျန့်။ ပြီးတော့ အိမ်ကိုလည်း စောစောလေး ပြန်ပို့နော်”

သူတို့နှစ်ယောက်သည် လမ်းလျှောက်လာခဲ့ကြပြီး လမ်းတွင် လူကျန့်က-

“ကဲပါဗျာ။ ကျွန်တော့်အိမ်ကို သွားမနေပါနဲ့တော့။ အေးအေးဆေးဆေး ရွှေယပ်တောင် ထမင်းဆိုင်ကို သွားပြီး သောက်ကြရအောင်”

သူတို့နှစ်ယောက်သည် ရွှေယပ်တောင်ထမင်းဆိုင်သို့ လာခဲ့ကြ၏။ ဆိုင်ထဲရှိ ချောင် ကျသောအခန်းကလေးတခန်းတွင် နေရာယူကြပြီးလျှင် အရက်ကောင်းကောင်းနှစ်ပုလင်း နှင့် မြည်းစရာများကို မှာလိုက်ကြ၏။

အတန်ကြာမျှ ဟိုအကြောင်း သည်အကြောင်းများကို ပြောဆိုလျက် ရှိကြရာမှ လင်ချုံးမှာ သက်ပြင်းကြီးတချက် ချလျက် ရှိလေ၏။

“ဘာဖြစ်လို့လဲ နောင်ကြီးရ” ဟု လူကျန့်က မေး၏။

“အလုပ်လုပ်ရတာ စိတ်ပျက်တယ်ဗျာ။ ခက်တာက ကျွန်တော့်အထက်လူကြီးတွေ ကလည်း ကျွန်တော့်အရည်အချင်းကို အသိအမှတ်မပြုကြဘူး။ ကိုယ့်ထက်ညံ့တဲ့လူတွေက ကိုယ့်အထက်ကနေ ဩဇာပေးနေတော့ ခက်တာပေါ့”

“ရွှေနန်းတော်ကိုယ်ရံတော်တပ်ထဲမှာ လက်နက်ဆရာ၊ သိုင်းဆရာတွေ အများကြီး ရှိပေမယ့် ခင်ဗျားကို မီတဲ့လူ တယောက်မှ မရှိဘူးဗျ။ ဗိုလ်ချုပ်ကလည်း ခင်ဗျားကို သတိပြုမိသားပဲ။ ခင်ဗျားကို ဘယ်သူက ဘာလာပြီး စော်ကားမော်ကား လုပ်ရဲမှာလဲ”

ဤတွင် လင်ချုံးက ရက်များမကြာမီက မိမိနှင့် ကောက်ကျူလေးတို့ ဖြစ်ပျက်ခဲ့သည့် ကိစ္စကို ပြောပြ၏။

“သခင်လေးကောက်ကျူက ခင်ဗျားမိန်းမမှန်း မသိလို့ ဖြစ်မှာပါ။ ဒီလောက် အလေး အနက် ထားမနေပါနဲ့။ မေ့မေ့ပျောက်ပျောက် နေလိုက်စမ်းပါ။ လာ သောက်လိုက်ကြဦးစို့”

လင်ချုံးသည် ရှစ်ခွက် ကိုးခွက်လောက် ဝင်သွားခဲ့လေပြီ။

ခဏကြာလျှင် "ကျွန်တော် လက်ကလေး ဘာလေး ဆေးပြီး သွားတော့မယ်ဗျာ။ ကိစ္စကလေးတခု ရှိလို့" ဟု ဆိုကာ ဆိုင်ထဲမှ ထွက်လာခဲ့၍ ရှေ့လမ်းအကွေ့တွင် မိမိအိမ်မှ အဖော်ဖြစ်သူ ကျင်အဲကို တွေ့ရလေ၏။

"ဟောတော့။ ကျွန်မ အစ်ကိုလေးကို လိုက်ရှာနေတာရှင့်။ အစ်ကိုလေးက ဒီရောက် နေတာကိုး"

"ဘာဖြစ်လို့လဲ" ဟု လင်ချုံးက အလောတကြီး မေး၏။

"အစ်ကိုလေးထွက်သွားပြီး မကြာခင်မှာပဲ အိမ်ကို လူတယောက် ရေးကြီးသုတ်ပျာနဲ့ ရောက်လာပြီး "ကျွန်တော်က ဗိုလ်ကြီးလူကျန့်ရဲ့ အိမ်နားနီးချင်းပါ၊ ဗိုလ်ကြီးလူကျန့်အိမ်မှာ အရက်သောက်နေတုန်း အစ်မရဲ့ ယောက်ျား လင်ချုံး မူးပြီး လဲကျသွားလို့ အမြန်လိုက် ခဲ့ပါ" လို့ လာခေါ်တာနဲ့ အနားမှာရှိတဲ့ ဒေါ်ဝမ်ဆီကို အိမ်ကို ကြည့်ရှုစောင့်ရှောက်ဖို့ မှာပြီး အစ်မလေးနဲ့ ကျွန်မတို့နှစ်ယောက် ဗိုလ်ချုပ်ကောက်ကျူအိမ်နားက အိမ်တအိမ်ကို လိုက် သွားကြပါတယ်။ အဲဒီအိမ်ပေါ်ရောက်တော့ စားပွဲသောက်ပွဲတွေ ပြင်ထားတာ တွေ့ပေမယ့် အစ်ကိုလေးလည်း မတွေ့ရဘူးရှင့်။

"ဒါနဲ့ကျွန်မတို့နှစ်ယောက် ပြန်မယ်လုပ်တုန်းမှာ ဟိုတနေ့က ဘုံကျောင်းမှာ အစ်မလေး ကို လိုက်နှောင့်ယှက်တဲ့လူ ထွက်လာပြီး "ခဏနေပါဦးကွယ်။ မင်းယောက်ျားအစစ်က ဒီမှာ ရှိပါတယ်"လို့ ပြောတယ်ရှင့်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ ထွက်ပြေးလာခဲ့ပါတယ်။ အစ်မလေးကတော့ အော်ဟစ်ပြီး ကျန်ရစ်ခဲ့တယ်။ အစ်ကိုလေးကို လိုက်ရှာတော့လည်း ဘယ်မှာမှ ရှာလို့ မတွေ့ဘူးရှင့်။ ဒါနဲ့ လမ်းမှာ ဆေးဆရာချန်နဲ့ တွေ့လို့ မေးကြည့်တော့ သိုင်းဆရာကလေးနဲ့ လူတယောက် စောစောက ရွှေယပ်တောင်ထမင်းဆိုင်ထဲ ဝင်သွား တယ် ဆိုတာနဲ့ ကျွန်မ လိုက်လာတာရှင့်။ အစ်ကိုလေး မြန်မြန်လိုက်ခဲ့ပါ"

လင်ချုံးသည် ကျင်အဲကိုပင် မစောင့်တော့ဘဲ လူကျန့်၏ အိမ်သို့ အပြေးအလွှား လိုက်လာခဲ့ကာ အပေါ်ထပ်သို့ အပြေးတက်လာခဲ့၏။ တံခါးမှာ သော့ခတ်ထားလေ၏။

"ရှင် သူများသားမယားကို ဘာဖြစ်လို့ လိုက်ဖျက်ဆီးချင်ရတာလဲ။ မင်းမဲ့တိုင်းပြည် မဟုတ်ဘူးရှင့်။ လွှတ်ပါ" ဟု အော်နေသော သူ့မိန်းမ၏ အသံကို ကြားရ၏။ တဆက်တည်း မှာပင် လေချိုကလေးဖြင့် ပြောနေသော ကောက်ကျူလေး၏ အသံကိုလည်း ကြားရလေ၏။

"မောင်ကြီးကို မသနားဘူးလားကွယ်။ ကျောက်ခဲတွေ၊ သံမဏိတွေလို အသည်း နှလုံးမာတဲ့ မိန်းမများတောင် ဒီလောက် မရက်စက်ပါဘူး"

“မိန်းမရေ၊ တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်း” ဟု လင်ချုံးက အပြင်မှ အော်၏။

ယောက်ျား၏အသံကို ကြားလျှင် လင်ချုံး၏ မိန်းမလည်း တံခါးကို ဖွင့်ရန် ပြေးလာ၏။ ကောက်ကျူလေးမှာ ပြတင်းပေါက်မှ ခုန်ဆင်းကာ အုတ်တံတိုင်းကိုကျော်တက်၍ ထွက်ပြေး သွားရာ အိမ်ခန်းထဲသို့ လင်ချုံး မရောက်မီမှာပင် အုတ်တံတိုင်းအပြင်သို့ ရောက်နေလေပြီ။

“ဟို ခွေးသား မင်းကို ဘာလုပ်သေးသလဲ”

“ဘာမှ မလုပ်ပါဘူး”

လင်ချုံးသည် စိတ်ဆိုးဆိုးဖြင့် လူကျန့်၏ အိမ်ထဲရှိ ပရိဘောဂများကို ရိုက်ချိုးဖျက်ဆီး ပစ်ကာ သူ့ဇနီးကို အိမ်အောက်သို့ ခေါ်လာခဲ့၏။ အိမ်နီးနားချင်းများမှာ ဆူဆူညံညံအသံများကြောင့် ကြောက်လန့်ကာ တံခါးများကို ပိတ်ထားကြလေ၏။ အပြင်ဘက်တွင် စောင့် နေသော ကျင်အဲကို တွေ့သဖြင့် သူတို့သုံးယောက်သား အိမ်သို့ ပြန်လာခဲ့ကြ၏။

အိမ်သို့ရောက်လျှင် လင်ချုံးသည် ဓားထက်ထက်တချောင်းကို ဆွဲကာ လူကျန့် ရှိရာ သို့ လိုက်သွား၏။ သို့ရာတွင် သစ္စာမဲ့သော သူ့မိတ်ဆွေ လူကျန့်ကို မတွေ့ရတော့ချေ။ ဤတွင် လင်ချုံးသည် လူကျန့်အိမ်သို့ လိုက်သွားကာ အိမ်အပြင်တွင် တညလုံး ထိုင်စောင့် နေ၏။ လူကျန့်ကား မပေါ်လာတော့ပြီ။ နောက်ဆုံးတွင် လင်ချုံးလည်း အိမ်သို့ ပြန်လာခဲ့၏။ “ကျွန်မကို ဘာမှ လက်ဖျားနဲ့တောင် မထိရသေးပါဘူး မောင်ကြီးရယ်။ သူ့ကို ဘာမှ သွားမလုပ်ပါနဲ့” ဟု လင်ချုံး၏ မိန်းမက တောင်းပန်၏။

“လူကျန့်ဆိုတဲ့ ကောင်ဟာ တော်တော် သစ္စာမဲ့တဲ့ကောင်။ နောင်ကြီး၊ နောင်ကြီးနဲ့ ခေါ်ပြီး ငါ့ကို မကောင်းကြံတဲ့ကောင်။ ဒင်းတော့ သိရောပေါ့ကွာ။ ကောက်ကျူးကို ဘာမှ မလုပ်ရတောင် ဒီကောင့်ကိုတော့ တခုခု လုပ်ရမယ်”

လင်ချုံး၏ မိန်းမသည် သူ့ယောကျ်ားကို အပြင်သို့ မထွက်ဘဲ အိမ်တွင်နေရန် တဖွဖွ တောင်းပန်လျက်ရှိ၏။ ထိုအတောအတွင်း၌ကား လူကျန့်သည် အိမ်သို့ မပြန်ရဲဘဲ ဗိုလ်ချုပ် ကောက်ကျူ၏ အိမ်တွင် ပုန်းလျက်ရှိ၏။ သိုင်းဆရာလင်ချုံးသည် သူ့အိမ်ဝသို့ သွား၍ သုံးရက်တိုင်တိုင် ဆက်တိုက် စောင့်သော်လည်း လူကျန့်မှာ အိမ်သို့ ပြန်မလာရဲတော့ပြီ။ လင်ချုံး၏ အမှုအရာမှာ ကြောက်စရာကောင်းနေသဖြင့် မည်သူကမျှလည်း သူ့ကို သွား၍ မေးလားမြန်းလား မလုပ်ရဲကြတော့ချေ။ လေးရက်မြောက်နေ့တွင်မူ ရှင်ဉာဏသည် လင်ချုံးအိမ်သို့ ရောက်လာ၏။

“ဒကာလေး၊ ခုတလော ဘယ်ပျောက်နေတာလဲ။ ပျောက်ချက်သားကောင်းလှ ချေလား”

“တပည့်တော်မှာ ကိစ္စကလေးတွေ ရှိနေလို့ ကိုရင်ကြီးဆီကိုတောင် မလာဖြစ်ဘူး ဘုရား။ ကိုရင်ကြီးကိုယ်တိုင် တပည့်တော်အိမ်ကို လာတော့ တပည့်တော် ပြုစုချင်ပါတယ် ဘုရား။ ဒါပေမဲ့ အိမ်မှာ ကောင်းကောင်းမွန်မွန် အဆင်သင့် မရှိတဲ့အတွက် ဈေးထဲက ဆိုင်မှာပဲ လိုက်ပြီး ပြုစုပါရစေ ဘုရား”

“ရပါတယ်ဗျာ” ဟု ဆိုသဖြင့် သူတို့နှစ်ဦး ဈေးသို့ ထွက်လာခဲ့ကြပြီး အတန်ကြာမှ လူခွဲ၍ ပြန်ခဲ့ကြ၏။ သို့ဖြင့် လင်ချိုးသည် ရှင်ဉာဏနှင့် နေ့တိုင်းတွေ့ဆုံကာ စကားစမြည် ပြောခြင်းဖြင့် သူ့ကိစ္စကို မေ့ပျောက်ထားလိုက်လေ၏။

ကောက်ကျူလေးမှာ လူကျန့်၏ အိမ်ပေါ်မှ ဆင်းပြေးကာ အုတ်နံရံကို ကျော်၍ ထွက် ပြေးခဲ့ပြီးနောက် အကြောက်လွန်ကာ ဖျား၍ အိပ်ရာထဲတွင် လဲလျက်ရှိလေပြီ။

ဖြစ်ပျက်ခဲ့သည်တို့ကို မွေးစားဖခင်ဖြစ်သူ ကောက်ကျူကိုလည်း ပြောမပြရဲချေ။ လူကျန့်နှင့် ဖူးအန်တို့သူ့အိမ်သို့ ရောက်သွားသည့်အခါတွင် မျက်နှာဖျော့တော့ကာ စိတ်ပျက် အားငယ်လျက်ရှိသည့် ကောက်ကျူလေးကို တွေ့ရလေ၏။

“သခင်လေးကလည်း ဘာဖြစ်လို့ ဒီလောက် စိတ်ညစ်နေရတာလဲဗျာ”ဟု လူကျန့်က....

“ခင်ဗျားတို့ကိုတော့ လိမ်မပြောချင်ပါဘူးဗျာ။ ရှင်းရှင်းပဲ ပြောရတော့မှာပဲ။ လင်ချိုးရဲ့ မိန်းမကို ကြံစည်တာ နှစ်ကြိမ်စလုံး ကျွန်တော် ဆုတ်လာခဲ့ရတယ်။ ဒါတင်မကဘူး၊ သူ့ ယောကျ်ားနဲ့ တွေ့လို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ်။ ဒီတော့ ကျုပ်အခြေအနေ ဘယ် လောက်ဆိုးမလဲဆိုတာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပေတော့။ နောက် တလ နှစ်လ သုံးလ တန်သည် ခြောက်လတန်သည် အတွင်းမှာ ဟောဒီလောကကြီးက ကျုပ် စွန့်လွှတ်သွား ရင်သာ ဘာမှ တအံ့တသြ ဖြစ်မနေကြနဲ့တော့”

“ဒီလောက်လည်း စိတ်မပျက်စမ်းပါနဲ့ သခင်လေးရာ။ ဒီမိန်းမ ချက်ချင်း ကြိုးဆွဲချ သေမသွားဘူးဆိုရင် ကျွန်တော်တို့ ရအောင် ကြံပေးပါ့မယ်။ စိတ်ချစမ်းပါ”

ထိုအချိန်တွင် အတွင်းဝန်က ကောက်ကျူလေးကို လာရောက်ပြုစုသည့်အတွက် လူကျန့်နှင့် ဖူးအန်တို့လည်း အပြင်ဘက်တနေရာသို့

ထွက်လာကာ ထိုကိစ္စနှင့်ပတ်သက်၍ နှစ်ယောက်သား တိုင်ပင်ကြ၏။

တနည်းသာ ရှိတော့သည်ဟု သူတို့နှစ်ယောက် သဘောတူကြ၏။ အခန်းထဲမှ အတွင်းဝန် ထွက်လာသည့်အခါတွင် လူကျန့်နှင့် ဖူးအန်တို့သည် သူ့ကို တနေရာသို့ ခေါ်ကာ သူတို့စိတ်ကူးကို ဖွင့်ပြောကြ၏။

"သခင်လေး နေလို့ထိုင်လို့ ကောင်းဖို့ကတော့ နည်းတနည်းပဲ ရှိတော့တယ် ခင်ဗျ။ ဒီကိစ္စကို ဗိုလ်ချုပ်ကို ဖွင့်ပြောပြီးတော့ လင်ချုံးကို သေဒဏ်ပေးဖို့ပဲ ရှိတော့တယ်။ အဲဒီလို ဆိုရင် သခင်လေးကောက်ကျူလည်း လင်ချုံးရဲ့ မိန်းမကို ရ၊ နေလို့ထိုင်လို့လည်း ကောင်း သွားမှာပဲ။ ဒီလိုမဟုတ်ရင်တော့ သခင်လေးဟာ ဒီစိတ်နဲ့ပဲ သေတော့မှာပဲ"

"ဒါကတော့ လွယ်ပါတယ် မောင်တို့ရာ။ ဒီနေ့ညနေပဲ ဗိုလ်ချုပ်ကို ဖွင့်ပြောလိုက်ရုံပေါ့" ဟု ဗိုလ်ချုပ်၏ အတွင်းဝန်က ပြော၏။

"ကျွန်တော်တို့မှာ အစီအစဉ်ရှိပြီးသားပါ။ ဝန်မင်းဆီက အကျိုးအကြောင်း သိရတယ် ဆိုရင် ကျွန်တော်တို့ ကြည့်လုပ်လိုက်ရုံပါပဲ"

ထိုနေ့ညတွင် အတွင်းဝန်သည် ဗိုလ်ချုပ်ကောက်ကျူအား ထိုအကြောင်းကို ပြောပြ၏။ "သခင်လေးကောက်ကျူ နေထိုင်မကောင်းတဲ့ အကြောင်းရင်းကို ကျွန်တော်သိခဲ့ပါပြီ ဗိုလ်ချုပ်။ အကြောင်းကတော့ တခြားမဟုတ်ပါဘူး။ လင်ချုံးရဲ့ မိန်းမကြောင့်ပါ"

"လင်ချုံးရဲ့ မိန်းမကို သူ ဘယ်တုန်းက တွေ့ဖူးမြင်ဖူးလို့လဲ"

"ဒီလ လကွယ်နေ့မတိုင်မီ အဖိတ်နေ့ကပါ ဗိုလ်ချုပ်။ မဟာပဗ္ဗတတောင်ပေါ်က ဘုံကျောင်းကို သွားတုန်းကပါ။ ခုဆိုရင် တလနီးပါးလောက်တောင် ရှိသွားပါပြီ"ဟု ဆိုကာ အတွင်းဝန်သည် လူကျန့်၏ အစီအစဉ်ကို ပြော၏။

"ဪ၊ ဒီလိုလား။ လင်ချုံးရဲ့ မိန်းမကို သူ စွဲစွဲလမ်းလမ်း ဖြစ်နေပြီ ဆိုပါတော့။

ဒါကြောင့် လင်ချုံးဟာ အတားအဆီး အနှောင့်အယှက် ဖြစ်နေတယ်ဆိုပါတော့။ ကောင်းပြီ လေ။ ကျုပ် စဉ်းစားကြည့်ဦးမယ်။ လင်ချုံးကြောင့်တော့ ကျုပ်သား ဘယ်မှာ အသေခံနိုင် ပါ့မလဲဗျာ"

"လူကျန့်နဲ့ ဖူးအန်တို့မှာတော့ အစီအစဉ်တခု ရှိပါတယ် ဗိုလ်ချုပ်"

အတွင်းဝန်သည် လူကျန့်နှင့် ဖူးအန်တို့ကို ဗိုလ်ချုပ်ကောက်ကျူ၏

အခန်းထဲသို့ အခေါ် လွှတ်လိုက်၏။ သူတို့နှစ်ယောက်သည် ဗိုလ်ချုပ်ကောက်ကျူကို အရိုအသေပေးကြ၏။

"မင်းတို့နှစ်ယောက်မှာ ငါ့သားကို ကယ်နိုင်တဲ့ နည်းလမ်းများ မရှိကြဘူးလား။ ရှိရင် ပြောစမ်း။ မင်းတို့ကို အရာတိုးပေးမယ်"

လူကျန့်သည် ရှေ့သို့ တိုးလာကာ "ဒီလို ဒီလိုရှိပါတယ် ဗိုလ်ချုပ်"

"ကောင်းပြီ။ ဒီအတိုင်းဆိုရင် မနက်ဖြန်မှာ မင်းတို့အစီအစဉ် စကြပေတော့" ဟု ဗိုလ်ချုပ်ကောက်ကျူက ပြော၏။ ထိုအကြောင်းကို ဤတွင် ရပ်ဦးမည်။

လင်ချုံးအကြောင်းကို ပြန်၍ ကောက်ဦးအံ့။ လင်ချုံးသည် စိတ်ညစ်ညစ်ဖြင့် အရက် ကို နေ့တိုင်းသောက်လျက်ရှိလေရာ ထိုကိစ္စကို မေ့ပျောက်သလောက် ရှိနေလေပြီ။

တနေ့သ၌ လင်ချုံးနှင့် ရှင်ဉာဏတို့သည် ဈေးမှ ပြန်လာခဲ့ကြရာ ခေါင်းတွင် အဝတ် ဦးထုပ်ကို ဆောင်းကာ စစ်ဝတ်ရုံကြီးတထည်ကို ဝတ်ထားသည့် အရုပ်အမောင်းကောင်း ကောင်း၊ ဗလကြီးကြီး လူတယောက်သည် လမ်းထောင့်တွင် ရပ်နေသည်ကို တွေ့ရ၏။ ထို လူ၏ လက်ထဲတွင် အလွန်ကောင်းသည့် ဓားလွတ်ကြီးတချောင်းကို ကိုင်ထားပြီး ဓားလွတ် တွင် မြက်တဆုပ်ကို ကြိုးဖြင့် ချည်၍ ထားလေ၏။ သဘောမှာ ထိုဓားကို ရောင်းမည် ဆိုသည့် သဘော ဖြစ်၏။

"ဒီဓား ဘယ်လောက် အဖိုးတန်သလဲဆိုတာ ဘယ်သူမှ မသိဘူး။ ဒီလောက် အဖိုးတန် တဲ့ ဓားကို မသိကြရင်လည်း နေပေါ့"ဟု ထိုလူသည် တယောက်တည်း ပြောဆိုလျက် ရှိ၏။ လင်ချုံးကား သူ့စကားကို သတိမပြုဘဲ ဆက်၍ လျှောက်လာရင်း ရှင်ဉာဏနှင့် စကားပြောလာခဲ့၏။ ထိုလူသည် နောက်မှ လိုက်လာကာ "ဒီလောက်ကောင်းတဲ့ ဓားကို တောင် မသိကြတာကတော့ ရှက်စရာကောင်းလိုက်လေဗျာ" ဟု သူတယောက်တည်း ပြောလာပြန်၏။

လင်ချုံးနှင့် ရှင်ဉာဏတို့နှစ်ယောက်မှာ စကားကောင်းမြဲ ကောင်းလာကြ၏။ ထိုလူ လည်း သူတို့နောက်မှ လိုက်လာ၏။

"အရှေ့နေပြည်တော်မြို့ကြီးမှာတောင် ဒီလောက်ကောင်းတဲ့ ဓားရဲ့တန်ဖိုးကို မသိကြ တော့ဘူးတဲ့လားဟေ့" ဟု တယောက်တည်း အော်၍ လာပြန်၏။

ထိုစကားကြောင့် လင်ချုံးသည် နောက်ပြန်လှည့်ကြည့်လိုက်၏။ ထိုလူသည် ဓားကို ဓားအိမ်ထဲမှ လှစ်ခနဲ ဆွဲထုတ်လိုက်လေရာ ဓားသွားသည် တလက်လက် တောက်ပလျက် ရှိလေ၏။

လင်ချိုးမှာ ကြမ္မာဂြိုဟ်ဆိုး ဝင်နေလေပြီ။ လင်ချိုးသည် ထိုလူအနီးသို့ သွားကာ-

"တဆိတ် ကြည့်ပါရစေဗျာ"

ထိုလူသည် ဓားကို လင်ချိုးသို့ လှမ်းပေးလိုက်၏။

လင်ချိုးသည် ဓားကို ယူ၍ ဆ ကြည့်၏။ ရှင်ဉာဏလည်း ဓားကို ကြည့်နေလေ၏။

လင်ချိုးမှာ ဓားကောင်းတလက်ကို တွေ့ရသဖြင့် အံ့အားသင့်လျက် ရှိရာမှ-

"တော်တော်ကောင်းတဲ့ ဓားပဲဗျာ။ ဆိုဗျာ၊ ဘယ်လောက်နဲ့ ရောင်းမလဲ"

"ပေါက်စျေးကတော့ ငွေသားသုံးထောင်ပဲဗျ။ ဒါပေမဲ့ နောင်ကြီးတို့ လိုချင်တယ် ဆိုရင် နှစ်ထောင်ပဲ ပေးတော့"

"နှစ်ထောင်ကတော့ တန်ပါရဲ့။ ဒါပေမဲ့ ဒီလောက်များများတော့ ဘယ်သူမှ ပေးဝယ် နိုင်မှာ မဟုတ်ဘူးဗျ။ ဒီတော့ ကျုပ်အနေနဲ့ တထောင်ပေးမယ်ဗျာ။ ဘယ့်နှယ်လဲ"

"ကျွန်တော်ကလည်း နည်းနည်း ငွေအသုံးလိုနေတယ်ဗျာ။ ကဲ၊ ငါးရာလျှော့မယ်။ ထောင့်ငါးရာနဲ့ ယူ"

"ကျွန်တော်ကတော့ တထောင်ပဲ တတ်နိုင်တယ်ဗျ"

ထိုလူသည် သက်ပြင်းကြီးတချက်ကို ချလိုက်ကာ-

"အင်း၊ ရွှေကို သံဈေးနဲ့ ရောင်းရတာပါကလားဗျို့။ ကဲ ကဲ ယူပါ။ ဒါပေမဲ့ ကြေးပြား တပြားတော့ အလျှော့မခံနိုင်ဘူးနော်"

"ကဲ၊ ဒီလိုဆိုရင် အိမ်ကို လိုက်ပြီး ပိုက်ဆံယူလှည့်ဗျာ။ ကိုရင်ကြီး၊ တပည့်တော် ခဏ လိုက်သွားဦးမယ်။ လက်ဖက်ရည်ဆိုင်က စောင့်ပေတော့"

"မစောင့်တော့ဘူးဗျာ။ ကျောင်းကို ပြန်ဦးမယ်။ မနက်ဖြန်မှ တွေ့ကြတာပေါ့"

လင်ချိုးသည် ရှင်ဉာဏနှင့် ခွဲခဲ့ပြီးနောက် ဓားရောင်းသူကို သူ့အိမ်သို့ ခေါ်လာခဲ့၏။ အိမ်သို့ရောက်လျှင် ငွေကို ရေတွက်ပြီး ရောင်းသူကို ပေး၏။

"နောင်ကြီး၊ ဒီဓားကို ဘယ်က ရခဲ့တာလဲ"

"ကျုပ်တို့ ဘိုးဘေးအစဉ်အဆက် ကိုင်ခဲ့တဲ့ ဓားပဲဗျ။ ခုတော့ ကျုပ်မှာ နွမ်းပါးတာနဲ့ ဓားကို ချရောင်းရတာ"

"နောင်ကြီးတို့ မျိုးရိုးနာမည်က ဘယ်လိုခေါ်သလဲ"

"မပြောပါရစေနဲ့ဗျာ။ ရှက်လွန်းလို့ပါ"

လင်ချိုးလည်း နောက်ထပ် မမေးတော့ချေ။ ဓားရောင်းသူလည်း ပိုက်ဆံကို ယူပြီး ပြန်သွားလေ၏။ လင်ချိုးသည် ဓားကို ဆကြည့်၏။ အမြီးပြန် ခေါင်းပြန်ကြည့်၏။

"ဓားကတော့ တော်တော်ကောင်းတဲ့ ဓားပဲ။ ဗိုလ်ချုပ်ကောက်ကျူမှာတော့ တော်တော် ကောင်းတဲ့ ဓားတလက်ရှိတယ်လို့ ကြားဖူးတယ်။ ဒါပေမဲ့ သူ့ဓားကို ဘယ်သူ့ကိုမှ မပြဘူး။ ကြည့်ပါရစေလို့ ငါ ခဏခဏ ပြောဖူးတာတောင် တခါမှ မပြဖူးဘူး။ ဒီနေ့တော့ ငါ့မှာ လည်း ဓားကောင်းကောင်းတလက် ရလိုက်ပြီ။ တနေ့ကျမှ သူ့ဓားနဲ့ ယှဉ်ကြည့်ရဦးမယ်"

လင်ချိုးသည် ထိုတညနေလုံး ဓားကို လက်မှ မချတော့ချေ။ အတော်ညဉ့်နက်မှ ဓားကို နံရံတွင် ချိတ်ကာ အိပ်ရာသို့ ဝင်ခဲ့၏။ သို့ရာတွင် မနက်စောစောကြီး နိုးလာပြန်ကာ ဓားကို အပြန်ပြန်အလှန်လှန် ကြည့်နေပြန်၏။

မွန်းတည့်လုနီးတွင် မိမိအိမ်သို့ ဗိုလ်ကလေးနှစ်ယောက် ပေါက်လာကြကာ-"ဆရာလေး၊ ဆရာလေး၊ ဗိုလ်ချုပ်ဆီက အမိန့်ပါတယ်ခင်ဗျ။ ဆရာလေးမှာ ဓား ကောင်းတလက် ရှိတယ်လို့ ကြားလို့ တဲ့။ သူ့ဓားနဲ့ ယှဉ်ကြည့်ချင်လို့ ဓားယူပြီး လိုက်ခဲ့ပါ တဲ့။ ခု အိမ်မှာ စောင့်နေတယ်"

"ဒီသတင်းကို ဒီလောက် မြန်မြန်ရောက်အောင် ဘယ်သူများ သွားပြောသလဲ မသိဘူး" ဟု လင်ချိုး စဉ်းစားလျက်ရှိ၏။

စစ်ဗိုလ်ကလေးနှစ်ဦးသည် လင်ချိုး အဝတ်အစားလဲပြီးအောင် စောင့်နေကြ၏။ လင်ချိုးလည်း ဓားကိုယူကာ သူတို့နှင့်အတူ လိုက်လာခဲ့လေ၏။ လမ်းသို့ရောက်သည့် အခါတွင် လင်ချိုးက-

"ဗိုလ်ကလေးတို့နှစ်ယောက်ကို အရင်တုန်းက ဗိုလ်ချုပ်ရဲ့အိမ်မှာ တခါမှ မတွေ့ဖူးပါဘူး"

"ကျွန်တော်တို့ ပြောင်းလာတာ မကြာသေးပါဘူး" ဟု သူတို့နှစ်ယောက်က ပြော၏။ မကြာမီ ဗိုလ်ချုပ်ကောက်ကျူအိမ်သို့ ရောက်သွားကြ၏။ ဆင်ဝင်ဝသို့ ရောက်လျှင် လင်ချိုးသည် ရပ်လိုက်၏။

"ဗိုလ်ချုပ်က အနောက်ဆောင်ထဲမှာ စောင့်နေတယ် ဆရာလေး"ဟု စစ်ဗိုလ်ကလေး နှစ်ဦးက ပြော၏။

လင်ချိုးသည် သူတို့နှင့်အတူ ကန့်လန့်ကာတခုကို ကွေ့ပတ်ကာ နောက်ဘက်ခန်း ဆောင်ထဲသို့ လိုက်လာခဲ့၏။ သို့ရာတွင် ထိုနေရာ၌လည်း ဗိုလ်ချုပ်ကောက်ကျူကို မတွေ့ ရသေးချေ။ လင်ချိုးသည် ရပ်လိုက်ပြန်၏။

"ဒီမှာမဟုတ်ဘူး ဆရာလေး။ ဗိုလ်ချုပ်က ဟိုနောက်ဘက်ဆုံး အဆောင်မှာ။ ဆရာ လေး လာရင် အဲဒီကို ခေါ်ခဲ့လို့ ကျွန်တော်တို့ကို မှာထားတယ်"

သို့ဖြင့် လင်ချိုးသည် သူတို့နှင့်အတူ ဝင်းတံခါး သုံး လေးခုကို ဖြတ်၍ လိုက်လာခဲ့၏။ နောက်ဆုံး၌ အစိမ်းရောင်လက်ရန်းများ ကာထားသည့် အခန်းဆောင်တခုသို့ ရောက်လာ ခဲ့လေ၏။ စစ်ဗိုလ်ကလေးများသည် သူ့ကို အခန်းဆောင်ကြီးတခုဆီသို့ ခေါ်သွားကာ-

"ဒီမှာ ခဏစောင့်နေဦး ဆရာလေး။ ကျွန်တော်တို့ ဗိုလ်ချုပ်ကို သွားပြီး သတင်းပို့ လိုက်ဦးမယ်။ ခုပဲ ပြန်လာခဲ့မယ်"

လင်ချိုးသည် ခန်းဆောင်ကြီးတခု၏ ဆင်ဝင်တံစက်မြိတ်အောက်တွင် ရပ်နေ၏။ စစ်ဗိုလ်ကလေးနှစ်ယောက် ခန်းဆောင်ထဲသို့ ဝင်သွား၏။ လက်ဖက်ရည်တပန်းကန်စာ လောက် ကုန်သည့်တိုင် စစ်ဗိုလ်ကလေးများသည် ပြန်ထွက်မလာကြသေးချေ။ လင်ချိုးမှာယင်းတို့ကို သင်္ကာမကင်း ဖြစ်လာခဲ့လေပြီ။ လင်ချိုးသည် ကာထားသည့် ယင်းကို တွန်း ဖယ်ကာ အတွင်းသို့ ခေါင်းပြူကြည့်လိုက်၏။ တံခါးပေါ်တွင်မူ "ကျားဖြူခန်းဆောင်"၊ ဟူသော စာလုံးလေးလုံးကို တွေ့ရ၏။

"အလို၊ ဒီနေရာက ထိပ်တန်းစစ်အရာရှိတွေ စည်းဝေးတဲ့ ခန်းဆောင်ပါကလား။ ငါ ဘုမသိ ဘမသိနဲ့ ဝင်လာတာ၊ ငါတော့ ဒုက္ခပဲ" ဟု လင်ချိုး စိတ်တွင် အောက်မေ့လိုက်မိ၏။ လင်ချိုးသည် ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်လှည့်ထွက်လာခဲ့၏။ ထိုစဉ် သူ့ နောက်မှ ခပ်ပြင်းပြင်းနင်းလာသော ဖိနပ်သံများကိုကြားလိုက်ရ၏။ ရင်ပြင်ထဲသို့ နောက်ထပ် လူတယောက် ဝင်လာခြင်းဖြစ်၏။ လင်ချိုးသည် ထိုလူကို လှည့်ကြည့်လိုက်ရာ ထိုလူမှာ အခြားသူ မဟုတ်ဘဲ ဗိုလ်ချုပ်ကောက်ကျူ ဖြစ်နေသည်ကို တွေ့ရလေ၏။ လင်ချိုးသည် ဗိုလ်ချုပ်ကောက်ကျူကို ရိုသေစွာ နှုတ်ခွန်းဆက်ပြီးလျှင် လက်တွင် ကိုင်လာသည့် သူ့ ဓားကို လက်နှစ်ဖက်ဖြင့် ကမ်းပေး၏။

"ဟော့၊ လင်ချိုး။ ဒီထဲကို မင်း ဘာကိစ္စနဲ့ ဝင်လာရတာလဲ။ ငါ့အမိန့်မရှိဘဲ မဝင်ရဘူး ဆိုတာ မသိဘူးလား။ ဒီရင်ပြင်ထဲကို လက်နက်ကိုင်ပြီး မဝင်ရဘူးဆိုတဲ့

ဥပဒေစည်းကမ်း ကို မင်း နားမလည်ဘူးလား။ မင်း ငါ့ကို လုပ်ကြံမလို့ လာတာပေါ့ ဟုတ်လား။ လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်ကလည်း ငါ့အိမ်ရှေ့မှာ မင်း ဓားကြီးနဲ့ စောင့်နေတယ်လို့ သတင်းရတယ်။ မင်း မကောင်းတဲ့ အကြံနဲ့ လာတာပေါ့။ ဟုတ်လား"

လင်ချုံးက ဦးညွတ်လိုက်ကာ -

"မဟုတ်ပါဘူး ဗိုလ်ချုပ်။ ကျွန်တော့်ကို ကိုယ်ရံတော်ဗိုလ်ကလေးနှစ်ယောက် လာ ခေါ်လို့ လိုက်လာတာပါ။ ကျွန်တော့်ဓားနဲ့ ဗိုလ်ချုပ်ရဲ့ ဓားကို ယှဉ်ကြည့်ချင်လို့ ဗိုလ်ချုပ်က အခေါ်ခိုင်းတယ်ဆိုလို့ လာရတာပါ"

"ဒါဖြင့် ခု ဒီကောင်တွေ ဘယ်မလဲ"

"ခန်းဆောင်ထဲကို ဝင်သွားကြပါတယ် ဗိုလ်ချုပ်"

"မင်း သက်သက်လိမ်တာ။ ငါ့ရုံးခန်းထဲကို ဘယ်ကိုယ်ရံတော်မှ မဝင်ရဲဘူးကွ။ ဟေ့၊ အစောင့်တွေ။ ဒီကောင်ကို ဖမ်းချုပ်ထားစမ်း"

ကောက်ကျူ၏ ပါးစပ်မှ စကားမဆုံးမီ ရင်ပြင်တဖက်တချက် အဆောင်များထဲမှ သန်မာတုတ်ခိုင်သည့် လူ သုံး လေးဆယ်ခန့်သည် ပြေးထွက်လာကြကာ လင်ချုံးကို ဝိုင်းဝန်း ထိုးကြိတ်ကြရာ လင်ချုံးလည်း လဲကျသွား၏။

"မင်းဟာ ရွှေနန်းတော်ကိုယ်ရံတော်တပ်က လက်နက်သင်တန်းဆရာကွ။ လက်နက် သင်တန်းဆရာလုပ်ပြီး ဥပဒေကို ဒီလောက်မှ နားမလည်ဘူးလား။ မင်း အတွင်းဆောင် ထဲကို ဓားကြီး ကိုင်ပြီး ဝင်လာတာဟာ ငါ့ကို လုပ်ကြံဖို့မဟုတ်ရင် ဘာလုပ်ဖို့ လာမှာလဲ"

ကောက်ကျူမှာ ဒေါသတကြီးဖြင့် အော်ဟစ်လျက်ရှိ၏။ ကောက်ကျူသည် လင်ချုံးကို ခေါ်ဆောင်သွားရန် အစောင့်များကို အမိန့်ပေးလိုက်၏။ လင်ချုံးသည် အသက်ချမ်းသာရာရပါမည်လော။ ထိုအဖြစ်အပျက်ကြောင့် မြေပြန့်လွင်ပြင်များတွင် ကြီးမားသော အုံ့ကွမှု ကြီးများ ပေါ်ပေါက်ခဲ့ပြီး ရေပြင်တွင် ဆူညံသောင်းကျန်းသော ထကြွမှုကြီးများ ပေါ်ပေါက် ခဲ့ရ၏။ လယ်သမားများသည် ကိုယ်တွင် စစ်ဝတ်ရုံကြီးများကို လွှမ်းခြုံခဲ့ကြကာ တခါ လှေများပေါ်တွင် စစ်တံခွန်များ တလူလူ လွင့်ခဲ့ကြ၏။

လင်ချုံးသည် အသက်ရှင်ပါ၏လော။ သို့တည်းမဟုတ် အသတ်ခံရသလော။

ထိုအကြောင်းကို သိလိုလျှင် နောက်တခန်းကို ဆက်ဖတ်ပါလေ။

အခန်း - ၈

သိုင်းဆရာလင်ချုံးအား နဖူးတွင် သံပူကပ်၍ မြိုင်ရပ်ကို နှင်ခြင်း

ရှင်ဥာဏသည် ဝက်ဝံရိုင်းတောအုပ်ကို ညက်ညက်ကြေအောင် ချေမှုန်းခြင်း

ထိုအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုနေစဉ်၌ ဗိုလ်ချုပ်ကောက်ကျူသည် အစောင့်များကို အော်၍ ခေါ်ကာ လင်ချုံးကို အပြင်သို့ ထုတ်သွားပြီး သတ်ရန် အမိန့်ပေးလိုက်၏။ လင်ချုံး ကလည်း မိမိတွင် ဘာအပြစ်မျှ မရှိကြောင်းဖြင့် အော်ဟစ်ပြောဆိုလေ၏။

"ဒါဖြင့် ဘာဖြစ်လို့ အတွင်းဆောင်ထဲကို ဓားကြီး ကိုင်ပြီး ဝင်လာရတာလဲကွ။ ငါ့ကို လုပ်ကြံမလို့ မဟုတ်လား" ဟု ဗိုလ်ချုပ်ကောက်ကျူက မေး၏။

"ဗိုလ်ချုပ်က ကျွန်တော့်ကို မခေါ်ဘဲနဲ့ ကျွန်တော် ဘယ့်နှယ်လုပ် ဝင်ရဲပါ့မလဲ ခင်ဗျာ။ ခန်းဆောင်ထဲကို ကိုယ်ရံတော်ဗိုလ်ကလေးနှစ်ယောက် ဝင်သွားတယ်လို့ ကျွန်တော် ပြော ခဲ့ပြီပဲ။ သူတို့ ကျွန်တော့်ကို သက်သက်မဲ့ လိမ်ခေါ်တာပဲ ဖြစ်ရမယ်ခင်ဗျာ"

"ဟေ့ကောင်၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့။ ငါ့ဆီမှာ ဘယ်ကိုယ်ရံတော် ဗိုလ် ကလေးမှ မရှိဘူး။ ဒီကောင်ဟာ သက်သက်မဲ့ သူ့အပြစ်ကို ဖုံးနေတာ။ ဟေ့ အစောင့်တွေ။ ကိုက်ဖန်းနယ်ကို ခေါ်သွား။ ဟိုရောက်တော့ ကိုက်ဖန်းရဲဝန်ကို ပြော။ သူ့ကို သေသေချာချာ စစ်ဆေးပြီး စုံစမ်းစရာရှိတာကို စုံစမ်းလို့။ သူ့ကို မှန်ရာ အစစ်ခံအောင် လုပ်။ ပြီးတော့ သတ်ပစ်လိုက်ကြ။ ဓားကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းပြီး ယူသွားကြ"

ဗိုလ်ချုပ်ကောက်ကျူ၏ အမိန့်အရ အစောင့်များသည် လင်ချုံးကို ကိုက်ဖန်းပြည်နယ် သို့ ခေါ်သွားကြ၏။ ထိုအချိန်တွင် ရဲဝန်မှာ အမှုများကို စစ်ဆေးချိန်နှင့် သွား၍ ကြုံကြိုက် နေသဖြင့် အစောင့်များသည် အမှုစစ်ဆေးရာ ရုံးခန်းထဲသို့ တခါတည်း ခေါ်သွားကြ၏။ ဆိုင်ရာအမှုထမ်းသည် ထိုအမှုကို ရဲဝန်အား သတင်းပို့ပြီးနောက် သက်သေခံပစ္စည်းအဖြစ် ယူလာသည့် ဓားကိုလည်း ရဲဝန်ထံ တင်ပြ၏။

"မောင်မင်းလင်ချုံးဟာ ရွှေနန်းတော်ကိုယ်ရံတော်တပ်မှာ လက်နက်သင်တန်းဆရာ ဖြစ်တယ်။ မောင်မင်းဟာ ဥပဒေကို နားလည်ရမယ်။

ဘာဖြစ်လို့ ခေါးကြီးကိုင်ပြီး အတွင်းဆောင်ထဲကို ဝင်သွားရတာလဲ။ ဒီအပြစ်ဟာ သေဒဏ်ထိုက်တဲ့ အပြစ်ဖြစ်တယ် ဆိုတာ မောင်မင်း မသိဘူးလား”

“ရဲဝန်မင်းဟာ အမှန်တရားကို မှန်ကြေးမုံလို ထင်ဟပ်ပြသူ ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော်မျိုး လင်ချုံးဟာ မတရားသဖြင့် အစွပ်စွဲခံရသူ ဖြစ်ပါတယ်။ ကျွန်တော်မျိုးဟာ ကြမ်းတမ်းမိုက်မဲတဲ့ စစ်သားတယောက်ပင် ဖြစ်သည့်တိုင် ဥပဒေလောက်ကိုတော့ နားလည်ပါတယ် ဝန်မင်း ခင်ဗျာ။ ကျွန်တော်မျိုးဟာ အတွင်းဆောင်ကို ကိုယ်တိုင်ကိုယ်ကျ ဝင်ဖို့ မပြောနဲ့၊ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး။ ဝင်ရတဲ့အကြောင်းကတော့ ဒီလိုပါ ရဲဝန်မင်း ခင်ဗျာ။ လွန်ခဲ့တဲ့ လကွယ်မတိုင်မီ အဖိတ်နေ့တုန်းက ကျွန်တော်နဲ့ ကျွန်တော့် ဇနီးသည်တို့ဟာ မဟာပဗ္ဗတတောင်ပေါ် ဘုံကျောင်းကို ဆီမီးနဲ့ အမွှေးတိုင်များ ပူဇော်ဖို့ သွားခဲ့ကြပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်ကောက်ကျူရဲ့ မွေးစားသား ကောက်ကျူလေးဟာ ကျွန်တော်မျိုးရဲ့ ဇနီးသည်ကို ဗလက္ကာရပြုဖို့ ကြိုးစားတာကို သွားတွေ့ရပါတယ် ဝန်မင်း ခင်ဗျာ။ ဒီတင် ကျွန်တော်မျိုးလည်း သူ့ကို ဆဲဆိုကြိမ်းမောင်းပြီး မောင်းထုတ်မိခဲ့ပါတယ်။ နောက်တော့ ကောက်ကျူလေးဟာ လူကျန့်ကို ခေါ်ပြီး ကျွန်တော့်ကို အရက်အတိုက်ခိုင်း ပါတယ်။ ကျွန်တော့်ဇနီးသည်ကို လူကျန့်အိမ်ကို မျှားခေါ်ပြီး ဗလက္ကာရပြုဖို့ ထပ်မံကြိုးစား ပြန်ပါတယ်။ ဒီမှာလည်း ကျွန်တော်မျိုး သိသွားတဲ့အတွက် မအောင်မြင်ခဲ့ပြန်ပါဘူး။ ကောက်ကျူလေးဟာ ကျွန်တော်မျိုးဇနီးသည်ကို နှစ်ကြိမ်တိုင်တိုင် ဗလက္ကာရပြုဖို့ ကြိုးစားခဲ့တာကို မြင်ရတဲ့ မျက်မြင်သက်သေတွေ ရှိပါတယ်။

“မနေ့ကတော့ လမ်းမှာ ကျွန်တော်မျိုး ဒီဓားကို တွေ့လို့ ကြိုက်တာနဲ့ ဝယ်ခဲ့ပါတယ်။ ဒီနေ့တော့ ဗိုလ်ချုပ်ကောက်ကျူက ကိုယ်ရံတော်ဗိုလ်ကလေးနှစ်ယောက်ကို လွှတ်ပြီး ကျွန်တော်မျိုးကို အခေါ်ခိုင်းလိုက်ပါတယ်။ ဗိုလ်ချုပ်က သူ့ဓားနဲ့ ယှဉ်ကြည့်ဖို့ ကျွန်တော့် ဓားကိုလည်း ယူခဲ့ရမယ်လို့ ပြောလိုက်ကြောင်း သူတို့က ပြောပါတယ်။ ဒါကြောင့် ကျွန်တော်မျိုး သူတို့နှစ်ယောက်နဲ့အတူ အတွင်းဆောင်ကို လိုက်သွားခဲ့ပါတယ်။ အတွင်းဆောင်ထဲကို သူတို့ဝင်သွားပြီး မကြာမီမှာပဲ ဗိုလ်ချုပ်ကောက်ကျူ ထွက်လာပြီး ကျွန်တော် မျိုးကို စွပ်စွဲပါတယ် ဝန်မင်း ခင်ဗျာ။ ဒီအကြံဟာ သက်သက်မဲ့ ကျွန်တော့်ကို ဒုက္ခရောက် အောင် လုပ်တဲ့ အကြံအစည် ဖြစ်ပါတယ်။ ကျွန်တော့်ကိုကယ်ပါ ဝန်မင်း ခင်ဗျာ”

လင်ချုံး၏ ပြောစကားကို ကြားနာပြီးနောက် ရဲဝန်မင်းသည် အကျဉ်းသားရရှိကြောင်း ပြေစာကို ထုတ်ပေးစေကာ လင်ချုံးကိုလည်း လည်တွင် သစ်သားထိပ်တုံးခတ်ပြီး ဖမ်းဆီး ချုပ်နှောင်ထားရန် အမိန့်ပေးလိုက်၏။ လင်ချုံး၏ မိသားစုများသည် ထောင်ထဲရှိ လင်ချုံး ထံသို့ ထမင်းဟင်းများ ပို့ပေးကာ

ထောင်ကြပ်များကိုလည်း လာဘ်ထိုးရ၏။ လင်ချုံး၏ ယောက္ခမ ဖြစ်သည့် လက်နက်သင်တန်းဆရာချန်သည်လည်း ထောင်ဝင်စာ လာတွေ့ကာ ထောင်အာဏာပိုင်များကို လာဘ်ထိုး၏။

ထောင်အမှုထမ်းများထဲတွင် ဆွန်တင်းဆိုသော စာရေးတယောက် ရှိ၏။ ထိုစာရေးမှာ သနားကြင်နာတတ်ပြီး လူတဖက်သားကို ကူညီတတ်သည့်အတွက် သူ့ကို ဘုရားဒကာ ဆွန်ဟု ခေါ်ကြ၏။ အကျိုးအကြောင်းကို သိရသည့်အခါတွင် ဘုရားဒကာဆွန်သည် ရဲဝန် ထံသို့ ထွက်သွားကာ အဖြစ်အပျက်ကို သွယ်ဝိုက် ပြောပြ၏။

"လင်ချုံးဟာ မတရားစွပ်စွဲခံရတာပါ ရဲဝန်မင်း။ သူ့ကိုကယ်သင့်တယ်လို့ ထင်ပါတယ်" "ဒါပေမဲ့ ဗိုလ်ချုပ်ကောက်ကျူက လင်ချုံးဟာ ရာဇဝတ်မှုကို ကျူးလွန်တယ်လို့ အသေအချာ ပြောနေတယ်ကွ။ လင်ချုံးဟာ သူ့ကို သတ်ဖို့ အကြံနဲ့ အတွင်းဆောင်ထဲကို ဓားကိုင်ပြီး ဝင်လာတယ်လို့ အခိုင်အမာ ဆိုနေတယ်။ ဒီတော့ ငါ ဘာတတ်နိုင်မှာလဲ"

"ကိုက်ဖန်းပြည်နယ်ဟာ ရွှေနန်းတော်ကြီးကအုပ်ချုပ်တာလား၊ ဗိုလ်ချုပ်ကောက်ကျူ ရဲ့မိသားစုက အုပ်ချုပ်နေတာလား ရဲဝန်မင်း"

"တော်စမ်းပါကွာ။ ဒါတွေ ပြောမနေစမ်းပါနဲ့"

"ဗိုလ်ချုပ်ကောက်ကျူဟာ အာဏာကို သုံးပြီး လူတွေကို အနိုင်ကျင့်နေတယ်ဆိုတာ လူတိုင်းသိပါတယ် ရဲဝန်မင်း။ ဒီလူက ဘာကိုပဲဖြစ်ဖြစ် လုပ်မယ့် လူစားမျိုး။ သူ့စိတ်ထဲမှာ လူတယောက်ကို အမြင်ကတ်ပြီဆိုရင် ကိုက်ဖန်းပြည်နယ်ကို ပို့လိုက်တာပဲ။ သူက လူ တယောက်ကို သတ်စေချင်ရင် ကျွန်တော်တို့မှာ ဘုမသိ ဘမသိနဲ့ သတ်ပစ်လိုက်ရတယ်။ လူတယောက်ကို သူက ရိုက်စေချင်ပြီဆိုရင် ကျွန်တော်တို့က ဝင်ရိုက်ပေးနေရတယ်။ ဘာလိုလိုနဲ့ ကျွန်တော်တို့ ကိုက်ဖန်းပြည်နယ်ဟာလည်း ဗိုလ်ချုပ်ကောက်ကျူရဲ့ မိသားစုပိုင် နယ်ကလေးတနယ် ဖြစ်နေပြီ ရဲဝန်မင်း"

"ဒါဖြင့် လင်ချုံး သက်သာအောင် ငါဘာလုပ်ရမလဲ။ ဘယ်လိုအပြစ်မျိုးကို ပေးသင့် သလဲကွာ"

"လင်ချုံးရဲ့ စကားအတိုင်းဆိုရင်တော့ သူ့မှာ ဘာမှ အပြစ်မရှိဘူး။ ဒါပေမဲ့ သူ့ကို လာ ခေါ်တဲ့ ကိုယ်ရံတော်ဗိုလ်လေးနှစ်ယောက်ကိုတော့ ကျွန်တော်တို့ ရှာလို့ မတွေ့ဘူးပေါ့လေ။ ဒီတော့ လင်ချုံးဟာ အတွင်းဆောင်ထဲကို ဝင်မိပါတယ်၊ ဒါပေမဲ့ ဓားလွတ်ကို ကိုင်ပြီး ဝင်တာမဟုတ်ဘဲ ဓားမှာ ချပ်ပြီး ထုံးစံအတိုင်း ဝင်တာဖြစ်ပါတယ်လို့ အထွက်ခိုင်း။ အဲဒီ ထွက်ချက်လောက်နဲ့ဆိုရင်

ကျွန်တော်တို့က သူ့ကို သက်သာတဲ့အပြစ်ကို ပေးလို့ရတယ်။ ကြိမ်ဒဏ်အချက်နှစ်ဆယ်လောက် ပေးပြီး နဖူးမှာ သံပူကပ်၊ နယ်နှင်ဒဏ် ပေးလိုက်ရုံနဲ့ ကိစ္စပြီးနိုင်တယ်”

ထိုသို့ စဉ်းစားပြီးနောက် ရဲဝန်မင်းသည် ဗိုလ်ချုပ်ကောက်ကျူထံသို့ သွားကာ ထိုသို့ ဖြောင့်ချက်ရလျှင် တော်လောက်ပြီထင်ကြောင်းဖြင့် ပြောပြ၏။ မိမိဘက်မှ ကြောင်းကျိုး ယုတ္တိကင်းမဲ့နေခြင်း၊ ရဲဝန်ကိုယ်တိုင်လည်း မိမိခိုင်းသည့်အတိုင်း လုပ်ရန် ဝန်လေးနေခြင်း တို့ကို တွေ့ရသည့်အခါတွင် ဗိုလ်ချုပ်ကောက်ကျူလည်း အစီအစဉ်ကို သဘောတူလိုက် ရလေ၏။

ထိုနေ့၌ ရဲဝန်သည် ရုံးထိုင်ကာ လင်ချုံးကို ဆင့်ခေါ်ပြီးနောက် ထိပ်တုံးကို ဖြုတ်စေလျက် ကြိမ်ဒဏ်အချက်နှစ်ဆယ် ပြစ်ဒဏ်ပေးလိုက်၏။ ထို့ပြင် ထိုးကွင်းဆရာကို ခေါ်ကာ ရာဇဝတ်ကောင်၏ အမှတ်အသားအဖြစ် ပါးနှင့် နဖူးတွင် သံပူကပ်စေ၏။ ထို့နောက် အကွာအဝေးကို စဉ်းစားကာ လင်ချုံးအား ကွမ်ကျို့ပြည်နယ်သို့ နယ်နှင်ဒဏ် ပေးလိုက်၏။ ရှေ့မှောက်တွင်ပင် လင်ချုံး၏ လည်တွင် ခုနစ်ပိဿာခွဲလေးသည့် ထိပ်တုံးကို ဆွဲစေပြီးလျှင် ထိုထိပ်တုံးကို သော့ခတ်၍ သော့ခလောက်ပေါ်တွင် ရဲဝန်မင်း၏ တံဆိပ်ကို ချိပ်ဖြင့် နှိပ်ပေး လိုက်ကာ အစောင့်နှစ်ယောက်ဖြင့် နယ်ခြားသို့ နှင်လိုက်၏။ လင်ချုံးကို လိုက်ပို့မည့် အစောင့်နှစ်ယောက်တို့၏ အမည်မှာ တုန်ချောနှင့် ဆွေဘတို့ ဖြစ်လေ၏။

အစောင့်နှစ်ယောက်တို့သည် လင်ချုံးကို ရုံးတော်ဝင်း၏ အပြင်သို့ ခေါ်လာခဲ့ကြ၏။ ရုံးဝင်းအပြင်ဘက် တံခါးဝတွင်မူ လင်ချုံး၏ အိမ်နီးနားချင်း မိတ်ဆွေများနှင့် ယောက္ခမ ဖြစ်သူ လက်နက်သင်တန်းဆရာချန်တို့ စောင့်လျက်ရှိကြ၏။ သူတို့အားလုံးသည် ထမင်း ဆိုင်တဆိုင်သို့ သွားကာ လင်ချုံးကို နှုတ်ဆက်သည့်အနေဖြင့် ကျွေးမွေးပြုစုကြ၏။

“ကြိမ်ဒဏ်ကလည်း သိပ်တော့ မပြင်းလှပါဘူး။ ခုလို လမ်းလျှောက်နေနိုင်တာဟာ စာရေးကြီးဆွန်ရဲ့ ကျေးဇူးကြောင့်ပေါ့” ဟု လင်ချုံးက ပြော၏။

ယောက္ခမဖြစ်သူချန်သည် အစောင့်နှစ်ယောက်ကိုလည်း စိမ်ရည်များ၊ သစ်သီးများ ကျွေးမွေး၏။ အစောင့်နှစ်ယောက်တို့မှာ စိမ်ရည်ကို ခွက်ပေါင်းများစွာ သောက်ကြ၏။ ထို့ပြင် ချန်သည် သူတို့နှစ်ယောက်ကို ငွေစများလည်း ပေးလိုက်သေး၏။

လင်ချုံးသည် ယောက္ခမဖြစ်သူချန်ကို လက်အုပ်ချီ၍ ကန်တော့၏။

“အဖေရေ၊ ကျွန်တော့်ကံလို့ပဲ အောက်မေ့ပါတယ်။ ကျွန်တော်က

သခင်လေး ကောက်ကျူနဲ့ သွားပြီး ပြဿနာဖြစ်မိပေတာကိုး။ ခုတော့ ရုံးတော်က ကျွန်တော့်ကို မတရား သက်သက် နယ်နှင်ဒဏ် ပေးလိုက်တာပေါ့။ တခုတော့ ကျွန်တော် ပြောခဲ့ချင်ပါတယ် အဖေ။ အဖေ့သမီးနဲ့ ကျွန်တော် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့တဲ့ သုံးနှစ်အတွင်း မှာ အဖေ့သမီးဟာ ကျွန်တော် ငြိုငြင်စရာဆိုလို့ တခုမှ မလုပ်ခဲ့ဖူးပါဘူး။ ကျွန်တော်တို့မှာ သားသမီး မထွန်းကားခဲ့ပေမယ့် ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကတောက်ကဆ ဖြစ်တာမျိုး၊ တယောက်ကို တယောက် မျက်နှာနီပြီး ကြည့်တာမျိုးတောင် မရှိခဲ့ပါဘူး အဖေ။ ကျွန်တော့်မှာ ကြမ္မာဆိုးဝင်လို့ ရာဇဝတ်ဘေးကို ခံနေရပြီး ပြစ်မှုနဲ့ ကွမ်ကျို့ကို နယ်နှင် ဒဏ်ခံနေရပြီ အဖေ။ သေမလား၊ ရှင်မလားဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး။ ခုတော့ ကျွန်တော့်ဇနီးဟာ အိမ်မှာ ကျန်ရစ်ခဲ့ပြီဆိုတော့ ကျွန်တော် စိတ်ပူမိပါတယ် အဖေ။ သခင်လေးကောက်ကျူရဲ့ ရန်က အေးချင်မှ အေးဦးမှာ။

"အဖေ့သမီးဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိပါသေးတယ် အဖေ။ ဒီတော့ သူ့ကို ကျွန်တော် ဘာမှ အနှောင်အဖွဲ့ မထားချင်ပါဘူး။ ဒါဟာ ဘယ်သူ့ရဲ့ တိုက်တွန်းချက်မှ မဟုတ်ဘဲ ကျွန်တော့်စိတ်ထဲက ပေါ်ထွက်လာတဲ့ ဆန္ဒပါ။ ဒီတော့ ဟောဒီက ကျွန်တော်တို့ အိမ်နား နီးချင်း လူကြီးတွေရဲ့ရှေ့မှောက်မှာ ကျွန်တော် ဖြတ်စာ ရေးပေးခဲ့ပါ့မယ်။ သူနှစ်သက်တဲ့သူရှိရင် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော် ဘာမှ အနှောင့်အယှက် မပေးပါဘူး။ ဒီလိုဆိုရင် ကျွန်တော်လည်း စိတ်ဖြောင့်ဖြောင့် သွားနိုင်ပါတယ်။ သခင်လေးကောက်ကျူ ရန်ကလည်း ဒီနည်းအားဖြင့် ရှောင်လို့ ရနိုင်ပါလိမ့်မယ်"

ယောက္ခမဖြစ်သူချန်က-

"ဘယ်လိုစကားတွေ ပြောနေတာလဲ သားရယ်။ ဒါဟာ မင်းအပြစ်မှ မဟုတ်တာကပဲ။ ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရတယ်ဆိုတာ အဖေသိပါတယ်။ ခုတော့ ကံဇာတာ နိမ့်တုန်းမို့လို့ ကွမ်ကျို့ကို သွားရပေမယ့် တနေ့ကျရင် ဘုရားသခင်ရဲ့ ကရုဏာတော် ကြောင့် ငါ့သား ပြန်လာပြီး ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရမှာပါ။ အဖေ့ မှာလည်း ငွေလေး ကြေးလေး ရှိပါသေးတယ်။ ဒီတော့ သမီးနဲ့ ကျင်အဲကို အဖေ့အိမ်မှာပဲ ပြန်ခေါ်ထားမှာပေါ့။ ဘယ်လိုအခြေအနေကိုပဲ ရောက်ရောက် သူတို့နှစ်ယောက်လောက် ကိုတော့ အဖေ လေး ငါး နှစ်တန်သည် တင်ကျွေးထားနိုင်ပါတယ်။ ငါ့သမီးကိုလည်း အိမ် ထဲက အိမ်ပြင် ဘယ်ကိုမှ မထွက်စေရပါဘူး။ သခင်လေးကောက်ကျူဆိုတာလည်း ငါ့ သမီးကို မြင်ချင်လို့တောင် မြင်ရမှာ မဟုတ်ပါဘူး။ ကွမ်ကျို့ကိုသာ စိတ်ချလက်ချသာ သွားပါ။ အဖေ အခွင့်သင့်တိုင်း စာတို့၊ အဝတ်အစားတို့ ပို့ပေးပါမယ်။ မဟုတ်တာတွေကို မပြောပါနဲ့။ စိတ်အေးအေးသာ ထားသွားပါ"

"အဖေ့စေတနာကို ကျွန်တော် လေးစားပါတယ် အဖေ။ ကျေးဇူးလည်း

တင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကြောင့် ကျွန်တော့်မိန်းမမှာ မျက်နှာငယ်ရတယ် ဆိုတာကိုတော့ ကျွန်တော် နည်းနည်းမှ စိတ်မကောင်းဘူး။ ကျွန်တော့်ကို သနားသောအားဖြင့် ဒါကိုတော့ ခွင့်ပြုပါ အဖေ။ အဖေ ခွင့်မပြုဘူးဆိုရင် ကျွန်တော့်မျက်စိနှစ်လုံး မှိတ်သွားတောင်မှ စိတ်ဖြောင့်မှာ မဟုတ်ပါဘူး”

သို့ရာတွင် ယောက္ခမဖြစ်သူချန်သည် သူ့စကားကို လက်မခံချေ။ အိမ်နားနီးချင်းများ ကလည်း ထိုအချက်ကို ကန့်ကွက်ကြ၏။

“မဟုတ်ဘူး အဖေ။ အဖေ ခွင့်မပြုဘူးဆိုရင်လည်း အကယ်၍ ကျွန်တော် ပြန်လာခဲ့ ရင်တော့ ကျွန်တော့်မိန်းမမျက်နှာကို ကျွန်တော် မကြည့်ရဲတော့ဘူး”

“ကဲ ကဲ၊ ဒီလောက်တောင်ဖြစ်ရင်လည်း ကွာရှင်းကြောင်းစာချုပ်ကို ရေးပြီး လက်မှတ်ထိုးပေးပစ်ခဲ့။ ဒါပေမဲ့ ဘယ်နည်းပဲ ဖြစ်ဖြစ် ငါ့သမီးကိုတော့ နောက်ထပ် လက်ထပ်ခွင့် မပေးတော့ဘူး”

လင်ချုံးသည် လျှောက်လွှာစာရေးကို ခေါ်ကာ စာချုပ်တခုကိုလည်း အဝယ်ခိုင်း၏။ လျှောက်လွှာစာရေးသည် လင်ချုံး ပြောသည့်အတိုင်း လိုက်၍ ရေး၏။

အရှေ့နေပြည်တော်နေ ရွှေနန်းတော်စောင့်တပ်မှ လက်နက်သင်တန်းဆရာ လင်ချုံးသည် ကြီးလေးသည့် ရာဇဝတ်ပြစ်မှုကို ကျူးလွန်သည့်အတွက် ကွမ်ကျိုးသို့ နယ်နှင်ဒဏ် ခံရပါသည်။ လင်ချုံး၏ ကံကြမ္မာသည် နောင်တွင် မည်သို့ရှိ မည်ကို မည်သူမှ ကြိုတင် မပြောနိုင်ပါ။ ဇနီးဖြစ်သူမှာ ငယ်ရွယ်သူဖြစ်သေးသည့်အတွက် မိမိတို့ လက်ထပ်ထိမ်းမြားမှု ဖျက်သိမ်းရန် ဆန္ဒ ရှိပါသည်။ ထို့ကြောင့် နောက်ထပ် အိမ်ထောင်သစ် ထူလိုပါက ထူခွင့် ပြုရန် သဘောတူပြီး နောင်တွင် နှောင့်ယှက်ခြင်းမပြုရန်လည်း ဝန်ခံ လက်မှတ် ရေးထိုး ပါသည်။ ယခုသဘောတူချက်သည် မိမိ၏ ဆန္ဒအလျောက်သာ ဖြစ်ပြီး မည်သူ၏ အတင်း အကျပ် တိုက်တွန်းချက်ကြောင့်မျှ မဟုတ်ပါ။ အကယ်၍ သံသယ ဖြစ်စရာ တွေ့လာပါက လက်မှတ်ရေးထိုးထားသော စာချုပ်သည် သက်သေခံ အထောက်အထား ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

xxxx နှစ်၊ xxxx လ၊ xxxx ရက်နေ့။

စာချုပ်ရေးပြီးသည့်အခါတွင် လင်ချုံးသည် စုတ်တံကို ယူကာ ရက်စွဲအောက်တွင် လက်မှတ်ရေးထိုးပြီး လက်မပုံစံကိုလည်း နှိပ်ပေးလိုက်၏။ လင်ချုံးသည် လက်ထပ် သဘောတူစာချုပ်ကို ယောက္ခမဖြစ်သူထံ ပေးနေစဉ် လင်ချုံး၏ ဇနီးသည် အော်ဟစ် ငိုယိုကာ ထမင်းဆိုင်ထဲသို့ ဝင်လာ၏။ သူ့နောက်တွင်လည်း ကျင်အဲသည် အထုပ်အပိုး များကို ရွက်၍ လိုက်ပါလာသည်ကို တွေ့ရလေ၏။ လင်ချုံးသည် ထိုင်ရာမှ ထကာ သူတို့ကို သွား၍ ကြို၏။

"မိန်းမရေ၊ မင်းကို ပြောစရာတခု ရှိတယ်။ အဖေ့ကိုတော့ ပြောပြပြီးပြီ။ ငါ့မှာ ကံဇာတာနိမ့်နေတော့ ဒုက္ခတွေ ရောက်နေတယ်။ ခု ငါလည်း ကွမ်ကျို့ကို ဒီနေ့ပဲ သွား ရတော့မယ်။ သေမလား၊ ရှင်မလားဆိုတာကို မပြောနိုင်သေးဘူး။ မင်းမှာ အရွယ်ကောင်း တုန်း ရှိသေးတယ်။ ငါ့အတွက် မင်းမှာ အတားအဆီး မဖြစ်စေချင်ဘူး။ ဒါကြောင့်မို့ ကွာရှင်းစာချုပ်ကို ငါ လက်မှတ် ထိုးပေးခဲ့တယ်။ ငါ့ကို စောင့်မနေနဲ့တော့။ မင်း နှစ်သက်သူ ရှိရင် လက်ထပ်လိုက်ပေတော့။ ငါ့အတွက် မင်းပျော်ရွှင်မှုကို မထိခိုက်ပါစေနဲ့"

မိန်းမမှာ ငိုလျက်ရှိရာမှ "မောင်ကြီးရယ်။ ကျွန်မ ဘယ်တုန်းကမှ မောင်ကြီးအပေါ်မှာ သစ္စာမပျက်ခဲ့ပါဘူး။ ဘာဖြစ်လို့ ကျွန်မကို ပစ်သွားရတာလဲ"

"မင်းမှာ အပြစ်ရှိလို့ မဟုတ်ပါဘူးကွာ။ ငါက စေတနာကောင်းနဲ့ လုပ်တာပါ။ ဒီ အတိုင်း ဆက်နေကြရင် တို့နှစ်ယောက်ဟာ တယောက်ကို တယောက် အတားအဆီးတွေ ဖြစ်နေကြလိမ့်မယ်။ မင်းမှာလည်း အန္တရာယ်တွေ များလာလိမ့်မယ်"

အဖေ "ဒီအတွက်တော့ မပူပါနဲ့ သမီးရယ်။ လင်ချိုးက ငါ့သမီးကို ကွာရှင်းပေးထားသည့်တိုင် ဖေက သမီးကို နောက်ထပ် ဘယ်သူနဲ့မှ လက်ထပ်ဖို့ ခွင့်ပြုမှာ မဟုတ်ပါဘူး။ ဒီတော့ သူ စိတ်လက်ချမ်းသာနဲ့ သွားနိုင်အောင် ငါ့သမီးက သဘောတူလိုက်ပါ။ သူ ပြန်မလာတောင်မှ အဖေ့သမီးကို တသက်လုံး ကျွေးမွေးထားပါ့မယ်။ ဒီလိုဆိုရင် ငါ့သမီးလည်း ကိုယ့်ယောကျ်ား အပေါ်မှာ သစ္စာပျက်ရာ မရောက်ပါဘူး"

လင်ချိုး၏ မိန်းမသည် သနားစဖွယ် ငိုကြွေးလျက်ရှိရာ မျက်ရည်များသည် ပါးပြင် ပေါ်သို့ စီးကျလာကြလေ၏။ ကွာရှင်းစာချုပ်ကို မြင်လိုက်သည့်အခါ၌ကား လင်ချိုး၏ မိန်းမသည် မူးမေ့လဲကျသွား၏။ လင်ချိုးနှင့် သူ့အဖေတို့သည် သူ့ကို သွား၍ ပွေ့ကြ၏။ အတန်ကြာမှ သတိရလာလေ၏။ လင်ချိုးက ကွာရှင်းစာချုပ်ကို သူ့ယောက္ခမအား ပေး သည့်အခါတွင်လည်း လင်ချိုးမိန်းမသည် ရှိုက်ကြီးတငင် ငိုယိုလျက်ရှိ၏။ အိမ်နီးနားချင်း အမျိုးသမီးသည် လင်ချိုးမိန်းမကို ဖျောင်းဖျ နှစ်သိမ့်ကြ၏။ ထို့နောက် သူ့ကို တဖက် တချက်မှ တွဲကာ အိမ်သို့ ပြန်ခေါ်သွားကြ၏။

လင်ချိုး၏ ယောက္ခမက-

"ကဲ၊ မင်းလည်း ဟိုရောက်ရင် မြန်မြန်ပြန်လာနိုင်အောင် ကောင်းကောင်းမွန်မွန် နေပေါ့ကွာ။ မနက်ဖြန်ကျရင်တော့ မင်းမိန်းမကို ငါ့အိမ်ကို ပြောင်းခိုင်းပါ့မယ်။ မင်းပြန်လာ သည်အထိလည်း ငါ ဂရုစိုက်စောင့်ရှောက်ပါမယ်။ စိတ်အေးအေးနဲ့သာ သွားပါ။ လူကြုံတို့ ဘာတို့ရှိရင်လည်း စာ မကြာမကြာ

ရေးပေါ့ကွာ”

လင်ချုံးသည် သူ့ယောက္ခမကြီးနှင့်တကွ လာရောက်နှုတ်ဆက်သော အိမ်နားနီးချင်း များကို နှုတ်ဆက်ပြီးနောက် အထုပ်ကို ကျောတွင် ထမ်းကာ အစောင့်များနှင့်အတူ ထွက် လာခဲ့၏။ ယောက္ခမဖြစ်သူချန်နှင့် လာရောက်နှုတ်ဆက်သူများသည် အိမ်သို့ ပြန်သွား ကြ၏။ သူတို့အကြောင်းကို နောက်ထပ် မပြောတော့ပြီ။

လင်ချုံးနှင့် သူ့အစောင့်နှစ်ယောက်အကြောင်းကို ပြောပြဦးအံ့။ တုန်ချောနှင့် ဆွေဘ တို့သည် အကျဉ်းသားလင်ချုံးကို အချုပ်တခုတွင် ထည့်၍ထားကာ မိမိတို့ပစ္စည်းများကို ယူရန်အတွက် အိမ်သို့ ပြန်သွားကြ၏။ တုန်ချောသည် အိမ်တွင် အထုပ်အပိုးပြင်လျက် ရှိစဉ် လမ်းထိပ်ထမင်းဆိုင်မှ စားပွဲထိုးတယောက် ရောက်လာကာ-

“ခင်ဗျားကို တွေ့ချင်လို့တဲ့။ ကျွန်တော်တို့ဆိုင်မှာ လူတယောက် စောင့်နေတယ်”

“ဘယ်သူလဲကွ”

“ဘယ်သူမှန်းတော့ မသိဘူးဗျ။ ကျွန်တော့်ကို အခေါ်လွှတ်လိုက်တာနဲ့ လာခေါ်တာပဲ” တုန်ချောသည် စားပွဲထိုးနှင့်အတူ ထမင်းဆိုင်သို့ လိုက်လာခဲ့ရာ ဦးထုပ်အနက်၊ ဝတ်ရုံအနက်တို့ကို ဝတ်ထားသည့် လူတယောက်သည် ထမင်းဆိုင်ရှိ ချောင်ကျသော အခန်းကလေး တခန်းထဲတွင် ထိုင်နေသည်ကို တွေ့ရလေ၏။ ခြေထောက်တွင်လည်း ဖိနပ်ရှည်ကြီးတရန်ကို စီးထား၏။ အခန်းထဲသို့ တုန်ချော ဝင်သွားသည့်အခါ၌ ထိုလူသည် ထိုင်ရာမှ ထကာ တုန်ချောကို လက်ဆွဲနှုတ်ဆက်၏။

“ကဲ၊ ခဏထိုင်ပါဦးဗျာ”

“အမိန့်ရှိပါ ခင်ဗျာ။ ကျွန်တော် ဘာလုပ်ပေးရမလဲ”

ထိုလူမှာ အရာရှိ အရာခံပုံမျိုး ဖြစ်သဖြင့် တုန်ချောက ရိုသေစွာ ပြော၏။

“ထိုင်ပါဦးဗျာ။ ဖြည်းဖြည်းတော့ ပြောတာပေါ့”

တုန်ချောသည် စားပွဲတဖက် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။ စားပွဲထိုး တယောက်သည် စိမ်ရည်များနှင့် စားသောက်ဖွယ်များကို ယူလာလေ၏။

“ဆွေဘ ဆိုတဲ့ အစောင့်က ဘယ်နားမှာ နေသလဲဗျ”

“ဟောဒီလမ်းကြားလေး ထိပ်မှာဗျ”

ထိုလူသည် စားပွဲထိုးကို ခေါ်ကာ ဆွေဘာ၏ လိပ်စာကို အတိအကျတောင်းပြီးနောက် “သွားကွာ၊ ဆွေဘာကိုလည်း သွားခေါ်ချေစမ်း” ဟု ခိုင်းလိုက်၏။

လက်ဖက်ရည်တပန်းကန်စာလောက် ကုန်သည့်အခါတွင် စားပွဲထိုးသည် ဆွေဘာနှင့် အတူ ပြန်ရောက်လာလေ၏။

“ဟောဒီက မိတ်ဆွေက ကျုပ်တို့နှစ်ယောက်ကို တွေ့ချင်လို့တဲ့” ဟု တုန်ချော က ဆွေဘာကို ပြော၏။

“မိတ်ဆွေရဲ့ အမည်ကို သိပါရစေဗျာ” ဟု ဆွေဘာက ပြော၏။

“နောက်တော့ သိမှာပေါ့ဗျာ။ ခုတော့ နည်းနည်းသောက်ပါဦး” ဟု ထိုလူက ပြော၏။

သူတို့သုံးဦးသား ထိုင်နေကြစဉ် စားပွဲထိုးသည် စိမ်ရည်များကို ယူလာ၏။ ခွက်ပေါင်း များစွာ သောက်ပြီးသည့်အခါ၌ ထိုလူသည် အိတ်ထဲမှ ရွှေတဆယ်သားကို ထုတ်၍ စားပွဲ ပေါ်သို့ တင်လိုက်ပြီး-

“ရော့၊ ဟောဒီမှာ ခင်ဗျားတို့အတွက် တယောက်ကို ငါးကျပ်သားစီ။ ခင်ဗျားတို့နဲ့ ကိစ္စကလေးတခုကို ဆွေးနွေးချင်လို့ဗျာ”

“နေပါဦး ခင်ဗျာ။ ကျွန်တော်တို့က မိတ်ဆွေကို မသိမှ မသိတာ။ ဘာကြောင့် ကျွန်တော်တို့ကို ရွှေစတွေ ပေးနေရတာလဲ”

“ခု ခင်ဗျားတို့ ကွမ်ကျို့ကို သွားကြမလို့ မဟုတ်လား”

“ဟုတ်တယ်ဗျ။ ရဲဝန်ရဲ့အမိန့်အရ လင်ချုံးဆိုတဲ့ တရားခံကို သွားပို့မလို့”ဟု တုန်ချော က ပြော၏။

“ဟန်လိုက်လေဗျာ။ ခု ကျုပ်ကလည်း ခင်ဗျားတို့နှစ်ယောက်ကို အဲဒီကိစ္စနဲ့ပတ်သက် လို့ လာတွေ့တာပဲဗျ။ ကျုပ်က ဗိုလ်ချုပ်ကောက်ကျူရဲ့ လူယုံတော် ကိုယ်ရံတော် ဗိုလ်ကြီး လူကျန့်ပါ”

တုန်ချောနှင့် ဆွေဘာတို့သည် ဗိုလ်ကြီးလူကျန့်ကို ပို၍ ရိုသေလေးစားဟန် ပြလိုက်ကြ၏။ “ကျွန်တော်တို့လို ပါမွှားတွေက ဗိုလ်ကြီးလို ပုဂ္ဂိုလ်မျိုးနဲ့ တစားပွဲတည်း ထိုင်ရတာ တော်တော်လွန်နေပါပြီ”

"ခင်ဗျားတို့ သိတဲ့အတိုင်း လင်ချုံးကို ဗိုလ်ချုပ်ကောက်ကျူက တော်တော်စိတ်ဆိုး နေတယ်။ ဗိုလ်ချုပ်က ခင်ဗျားတို့ကို ဟောဒီ ရွှေတဆယ်သား ပေးလိုက်လို့ ကျုပ်ကို ခိုင်း လိုက်တယ်ဗျ။ ရှင်းရှင်းပြောရရင်တော့ လင်ချုံးကို လမ်းလူရှင်းတဲ့နေရာကို ရောက်ရင် အပျောက်ရှင်းလိုက်စေချင်တယ်ဗျာ။ ဒီကနေ မနီးမဝေးပေါ့။ သိပ်ဝေးဝေးမရောက်ခင် ကိစ္စပြတ်စေချင်တယ်။ ပြီးတော့ အဲဒီဒေသဆိုင်ရာ တာဝန်ခံတွေဆီက လင်ချုံး သေသွားပြီ ဆိုတဲ့ သေစာရင်းလက်မှတ်ကို ရအောင် ယူခဲ့ကြပေါ့။ တကယ်လို့ ကိုက်ဖန်းရဲဝန်က တခုခု အခက်အခဲ ရှိတယ်ဆိုရင်လည်း ဗိုလ်ချုပ်ကိုယ်တိုင် နောက်က ရှိပါတယ်။ ဘာမှ ပူစရာ မလိုပါဘူး"

တုန်ချောက-

"မဖြစ်ဘူးထင်တယ်ခင်ဗျ။ ကျွန်တော်တို့ ရထားတဲ့အမိန့်က လင်ချုံးကို သတ်ပစ်ဖို့ မဟုတ်ဘူး။ သူ့ကို အရှင်သွားပို့ရမှာ။ ပြီးတော့ လင်ချုံးကလည်း အဘိုးအိုကြီး မဟုတ်ဘူး။ ဒီတော့ သေသွားပြီဆိုရင် ဘယ်လိုလုပ်ပြီး အကြောင်းပြမလဲ။ မဖြစ်ဘူးထင်တယ် ခင်ဗျာ။ ကျွန်တော်တို့ ဒုက္ခရောက်လိမ့်မယ်"

ဆွေဘက-

"ဒီမှာ တုန်ချော။ ခင်ဗျားကလည်း တော်တော်ခက်တဲ့လူ။ ဗိုလ်ချုပ်ကောက်ကျူက ကျွန်တော်တို့ကို အသေခိုင်းရင်လည်း သေရမှာပဲဗျ။ ဘာတွေ ညာတွေ သိပ်ပြောမနေနဲ့။ ခု ကျုပ်တို့ကို ဟောဒီက ဗိုလ်ကြီးကို လွှတ်ပြီး ရွှေတဆယ်သား အပေးခိုင်းလိုက်ပြီ။ ဒီတော့ သိပ်ပြောမနေနဲ့။ ဒီရွှေကို ခင်ဗျားနဲ့ ကျုပ် တယောက်တဝက်စီ ခွဲယူလိုက်ရုံပဲ။ ခု သူ ခိုင်းတဲ့ အတိုင်း လုပ်လိုက်ရင် ကျုပ်တို့အဖို့ တက်လမ်းတွေလည်း အများကြီးရှိတယ်။ ကွမ်ကျို့ သွားတဲ့ လမ်းမှာ ထင်းရှူးတောကြီးတခု ရှိတယ်။ တောကလည်း တော်တော် ကြမ်းတယ်။ အဲဒီတောထဲ ရောက်ရင် ရှင်းပစ်လိုက်ရုံပေါ့"

ဆွေဘသည် စားပွဲပေါ်တွင် တင်ထားသည့် ရွှေစကို ယူလိုက်ကာ-

"စိတ်ချပါ ဗိုလ်ကြီး၊ အစောဆုံး ဒုတိယစခန်း၊ နောက်အကျဆုံး ပဉ္စမစခန်းလောက်မှာ ကျွန်တော်တို့ ကိစ္စပြီးပါစေ့မယ်"

လူကျန့်သည် များစွာ ကျေနပ်လျက်-

"ဟုတ်တယ်ဗျာ။ ခင်ဗျားက လူဖြောင့်ဆိုတော့ တည့်တည့်ပဲ ပြောတာ။ ဒါမျိုးကိုပဲ ကြိုက်တယ်။ ကိစ္စပြီးရင် လင်ချုံးရဲ့ မျက်နှာက ရွှေမင်စာကို နှိပ်ယူခဲ့။ ကိစ္စပြီး၊ မပြီး သက်သေခံပေါ့ဗျာ။ ဒီရောက်ရင် ကျုပ် ရွှေတဆယ်သား ထပ်ပေးမယ်

ဟုတ်စ။ ကျုပ် သတင်းကောင်း စောင့်နေမယ်နော်။ သိပ်မကြာစေနဲ့ကွ”

ထိုခေတ်က ရာဇဝတ်သားများ၏ မျက်နှာတွင် သံပူကပ်ထားလေ့ရှိရာ ထိုသံပူရာကို ‘ရွှေမင်စာ” ဟု ယဉ်ကျေးသမှုအနေဖြင့် ခေါ်လေ့ရှိကြ၏။

အရက်သောက်ပြီးသော် လူကျန့်က အရက်ဖိုးရှင်းကာ သူတို့သုံးယောက်သည် မိမိတို့ ခရီးအသီးသီးသို့ ထွက်လာခဲ့ကြ၏။ တုန်ချောနှင့် ဆွေဘာတို့သည် ရွှေကို တဝက်စီ ခွဲယူပြီး နောက် အထုပ်အပိုးများကို ပြင်ဆင်ရန် အိမ်သို့ ပြန်လာခဲ့ကြ၏။ ထို့နောက်တွင် သူတို့ကိုင် ဆောင်ရမည့် လက်နက်များကို ယူကာ အချုပ်တွင်းမှ လင်ချုံးကို ထုတ်ပြီးလျှင် မြို့တံခါးမှ ထွက်လာခဲ့ကြလေ၏။ သူတို့သုံးဦးသည် လီသုံးဆယ်ခန့် သွားပြီးနောက် ခဏ ရပ်နားကြ၏။ ထိုခေတ်က အကျဉ်းသား ပို့သည့် အစောင့်များသည် အဖိုးအခပေးစရာ မလိုဘဲ ထမင်းဆိုင်များတွင် စားသောက်ခွင့် ရကြ၏။ တုန်ချောနှင့် ဆွေဘာတို့သည် လင်ချုံးကို ခေါ်ကာ ထိုညအဖို့ ထမင်းဆိုင်တဆိုင်တွင် နားကြ၏။

နောက်တနေ့မနက် အရုဏ်တက်တွင် အစောင့်နှစ်ယောက်သည် အိပ်ရာမှ ထ၍ မီးဖိုကာ မနက်စာစားပြီးလျှင် ကွမ်ကျို့သို့ ခရီးဆက်ခဲ့ကြပြန်၏။ အချိန်မှာ နွေရာသီလည်း ဖြစ်သည့်အတွက် နေသည် ချစ်ချစ်တောက်ပူလျက်ရှိ၏။ လင်ချုံးသည် ကြိမ်ရိုက်ခံခဲ့ရစဉ် များစွာ နာကျင်ခြင်း မရှိခဲ့သော်လည်း ယခုမူ ခရီးလည်း ပန်း၊ နေကလည်း ပူသဖြင့် သူ့ ဒဏ်ရာများသည် နာကျင်စပြုလာ၏။ ထို့ကြောင့် လင်ချုံးသည် ကောင်းစွာ လမ်း မလျှောက်နိုင်ဘဲ နှေးကွေး လေးကန်လျက်ရှိ၏။

“ဟေ့လူ။ ဒီလောက် နှေးရသလား။ ကွမ်ကျို့ကို လီနှစ်ထောင်လောက် သွားရဦးမှာ။ ဒီအတိုင်းသွားနေရင် ဘယ်အချိန်မှ ရောက်တော့မှာလဲ” ဟု ဆွေဘာက ကြိမ်းမောင်း၏။ “ကျွန်တော့်မှာ ဗိုလ်ချုပ်ကောက်ကျူရဲ့ ဝင်းထဲတုန်းကလည်း ဝိုင်းထိုးကြိတ်တာကို ခံခဲ့ရပါတယ်ဗျာ။ ပြီးတော့ မနေ့ကလည်း ကြိမ်ရိုက်ခံခဲ့ရပါတယ်။ ရာသီဥတုကလည်း ပြင်းတော့ ဒဏ်ရာတွေက နာလို့ပါ။ စိတ်မရှိကြပါနဲ့”

“ကဲ၊ သက်သာသလိုသာ လျှောက်ပါဗျာ။ ဟိုလူပြောတာတွေကို ဖွေယူမနေနဲ့” ဟု တုန်ချောက ပြော၏။

ဆွေဘာသည် တလမ်းလုံး ကြိမ်းမောင်းလိုက်လာခဲ့လေ၏။ “ ဒီလိုသတ္တဝါကို လိုက်ပို့ ရတာ ကျုပ်တို့ကိုက ကံဆိုးလွန်းပါတယ်” ဟုလည်း ညည်းညူလျက် ရှိ၏။

ထိုနေ့ည မိုးချုပ်သည့်အခါတွင် သူတို့သုံးယောက်သည် ရွာကလေးတရွာရှိ ထမင်း ဆိုင်တွင် ဝင်ရောက်နားကြ၏။ ထမင်းဆိုင်ထဲသို့ ဝင်သည့်အခါ၌

အစောင့်နှစ်ယောက်သည် လက်တွင် ကိုင်လာသည့် တုတ်ရှည်ကြီးများကို တံခါးတွင် ထောင်ကာ အထုပ်များကို ကျောပေါ်မှ ချကြ၏။ လင်ချိုးသည် ပါလာသည့် ငွေစအချို့ကို ထုတ်ကာ စိမ်ရည်၊ အသား နှင့် ထမင်းတို့ကို ယူလာရန် စားပွဲထိုးကို ခိုင်းလိုက်၏။ ယူလာသည့်အခါတွင် မိမိနှင့်အတူ စားသောက်ရန် အစောင့်နှစ်ယောက်ကို ဖိတ်ခေါ်၏။

တုန်ချောနှင့် ဆွေဘတို့ကလည်း နောက်ထပ် အရက်များ မှာ၍ တိုက်သဖြင့် နောက် ဆုံးတွင် လင်ချိုးမှာ ထိပ်တုံးကြီးတန်းလန်းဖြင့် လဲနေလေပြီ။ ဆွေဘသည် ရေနွေးတအိုးကို ကျို၏။ ထို့နောက် ပွက်ပွက်ဆူလာသည့်အခါတွင် အင်တုံတတုံထဲသို့ ထည့်ပြီးနောက်-

“ဗျို့၊ လင်ချိုး။ ခင်ဗျားခြေထောက်ကို ရေနွေးနဲ့ ဆေးလိုက်ပါလားဗျ။ အညောင်း ပြေပြီး အိပ်လို့ ကောင်းတာပေါ့”

လင်ချိုးသည် အိပ်နေရာမှ ထကာ ကုန်း၍ ခြေဆေးရန် ကြိုးစားသော်လည်း လည်တွင် ဆွဲထားသည့် ထိပ်တုံးကြီးကြောင့် ကုန်း၍ မရဘဲ ဖြစ်နေ၏။

“ဒီလိုဆိုရင် ကျွန်တော် ဆေးပေးမယ်” ဟု ဆွေဘက ပြော၏။

“မလုပ်ပါနဲ့ဗျာ။ အားနာစရာကြီး”

“ရပါတယ်ဗျာ။ တခရီးတည်းသွားတွေပဲ။ ဒီလောက်ကလေးကတော့ ကူညီရမှာပေါ့”

လင်ချိုးကား သူ့ကို မကောင်းကြံမှန်း မသိသေးချေ။ ခြေနှစ်ဖက်ကို ဆန့်တန်းပေး လိုက်သည်တွင် ဆွေဘသည် ထိုခြေနှစ်ဖက်ကို ပွက်ပွက်ဆူနေသော ရေနွေးထဲသို့ နှစ် လိုက်၏။

“အမယ်လေးဗျာ။ နေပါစေ။ ကျွန်တော့်ဘာသာ လုပ်ပါ့မယ်” ဟု အော်ကာ လင်ချိုး သည် ခြေနှစ်ဖက်ကို အင်တုံထဲမှ ရုပ်လိုက်၏။ ခြေထောက်များမှာ ရေနွေးပူလောင်သဖြင့် နီရဲရောင်ရမ်းလျက် ရှိလေပြီ။ ဆွေဘက-

“အမှန်ကတော့ အချုပ်သားကသာ အစောင့်ကို ပြုစုရတာပဲဗျ။ အစောင့်က အချုပ် သားကို ပြုစုတယ်ဆိုတာ ခင်ဗျား ဘယ်မှာများ ကြားဖူးလို့လဲ။ ခုတော့ ဒီက စေတနာ ကောင်းနဲ့ လုပ်ပေးတာကို ပူသလေး၊ အေးသလေး လုပ်နေသေးတယ်။ စေတနာကို ဝေဒနာဖြစ်အောင် လုပ်တဲ့ကောင်” ဟု ဆိုကာ တညလုံး ဆဲရေးတိုင်းထွာလျက်ရှိ၏။

လင်ချိုးသည် မည်သို့မျှ မပြောရဲတော့ဘဲ ထိပ်တုံးကြီး

လည်တွင်ခတ်လျက်ဖြင့် စောင်းလျက်သား အိပ်နေရ၏။ အစောင့်နှစ်ယောက်သည် ရေနွေးကို သွန်ကာ ရေအေး ထည့်ပြီးနောက် ခြေဆေး၍ အိပ်ကြလေ၏။

သူတို့သည် မိုးသောက်ယံတွင် နိုးလာကြ၏။ ထိုအချိန်၌ကား ထမင်းဆိုင်တဆိုင်လုံး တယောက်မျှ မနိုးကြသေးချေ။ ဆွေဘသည် မျက်နှာသစ်ရန် ရေနွေးကျိုပြီးနောက် မနက်စာကို ချက်ပြုတ်လျက်ရှိ၏။ လင်ချုံးမှာ မူးဝေလျက်ရှိပြီး အစာကိုလည်း ကောင်းစွာ မစားနိုင်တော့ပြီ။ ဆွေဘက တုတ်ဖြင့် ရိုက်မောင်းပုတ်မောင်း လုပ်မည်ပြု၏။ တုန်ချော ကမူ သူ့အိတ်ထဲမှ ကောက်ရိုးဖိနပ်အသစ်တရန်ကို ထုတ်ပေး၏။ ထိုဖိနပ်ကို စီးရန် ပြော၏။ လင်ချုံး၏ ခြေထောက်များမှာ ရေနွေးပူ လောင်သဖြင့် အဖုတွေ ပေါက်လျက် ရှိလေပြီ။ မိ၏ ကောက်ရိုးဖိနပ်များကို စီးချင်သည့်တိုင် ရှာ၍ မတွေ့တော့သဖြင့် တုန်ချော ထုတ်ပေးသည့် ဖိနပ်အသစ်ကိုသာ စီးရတော့သည်။ မိမိ၏စားပွဲထိုးထံတွင် အခကြေးငွေ ရှင်းပြီးနောက် သူတို့သုံးယောက်သား ခရီးဆက်ခဲ့ ကြပြန်၏။ ၏။ ထိုအချိန်ကား မိုးထိန်ထိန်လင်းနေလေပြီ။

နှစ်လီ၊ လီ၊ သုံး သုံးလီခန့် သွားမိသည့်အခါတွင် ရေနွေးပူလောင်ထားသည့်အထဲတွင် ဖိနပ် အသစ်ကို စီးရသ စီးရသဖြင့် ခြေထောက်ဒဏ်ရာများမှ သွေးစိမ်းတို့ ပေါက်ပေါက်စီးကျနေလေပြီ။ လမ်းကောင်းစွာ မလျှောက်နိုင်တော့သဖြင့် လင်ချုံးသည် ညည်းညူလျက် ရှိ၏။

“ဟေ့လူ မြန် မြန်မြန်လျှောက်နော်။ မလျှောက်ရင် ဒီတုတ်နဲ့ ကပွဲလိုက်မယ်။ ဘာမှတ်နေသလဲ” ဟု ဆွေဘက ကြိမ်းမောင်း၏။

“နောင်ကြီး ကြီးရာ၊ ကိုယ်ချင်းစာပါဗျာ။ ကျွန်တော်လည်း မြန်မြန်ရောက်ချင်တာပေါ့။ ဘယ်မှာ ပ်မှာ နှေးနှေးသွားချင်ပါ့မလဲ။ ခြေထောက်တွေက နာလွန်းလို့ပါ”

“ကဲ ကဲ၊ ဒီလိုဆိုရင် ကျုပ် တွဲခေါ်မယ်”ဟု ဆိုကာ တုန်ချောက သူ့ကို တွဲခေါ်သည့်တိုင် လင်ချုံးမှာ ကောင်းစွာ မလျှောက်နိုင်တော့သဖြင့် ခရီးမတွင်လှချေ။

လင်ချုံးမှာ တကယ်ပင် လမ်းမလျှောက်နိုင်တော့သည်မှာ ထင်ရှားနေလေပြီ။ ရှေ့ ခပ်လှမ်းလှမ်း နှင်းမြူထဲတွင်မူ သစ်ပင်တို့ ထူထပ်စွာ ပေါက်လျက်ရှိသော တောအုပ်ကြီး တခုကို မြင်ရ၏။ တောအုပ်မှာ ဝက်ဝံရိုင်းတောဟု ခေါ်ပြီး ကိုက်ဖန်းမှ ကွမ်ကျိုသို့ သွားရာ လမ်းတလျှောက်တွင် သားရဲတို့ ပေါများသည့် ပထမဆုံးနေရာ ဖြစ်၏။

ဆွန်မင်းဆက်ခေတ်က ဆိုလျှင် ထိုနေရာသည် မိမိတို့ မကျေနပ်သော

ရာဇဝတ်ကောင် များကို အပျောက်ရှင်းရန် အစောင့်တို့ကို လာဘ်ထိုး၍ သတ်ပစ်သော နေရာဖြစ်၏။ ထို တောအုပ်ကြီးထဲတွင် ထိုနည်းဖြင့် အသတ်ခံရသူ မည်မျှရှိပြီကို မည်သူမျှ မပြောနိုင်ကြပြီ။ အစောင့်နှစ်ယောက်သည် လင်ချုံးကို ထိုတောအုပ်ဆီသို့ ခေါ်သွားကြ၏။

"တမနက်လုံးသာ လျှောက်လာခဲ့တယ်။ ဆယ်လီတောင် မရောက်သေးပါလားဗျ။ ဒီအတိုင်းဆိုရင်တော့ ကွမ်ကျို့ကို ဘယ်တော့မှ ရောက်မှာ မဟုတ်တော့ဘူး"

"ကျုပ်တော့ မောပြီဗျာ။ ဒီတောအုပ်ထဲမှာ ခဏနားကြဦးစို့"

သူတို့သုံးယောက်သည် တောအုပ်ထဲသို့ ဝင်လာခဲ့ကြကာ သစ်ပင်ကြီးတပင်၏ ခြေရင်း တွင် အထုပ်များကို ချ၍ နားကြ၏။ လင်ချုံးမှာ ညည်းတွားလျက်ရှိ၏။ သစ်ပင်ကို မှီ၍ ထိုင်လိုက်ရာ မြေကြီးပေါ်သို့ လျှောကျသွား၏။

"ခြေတလှမ်းလောက် လှမ်းတိုင်း ခင်ဗျားကို စောင့်နေရတာနဲ့ ကျုပ်တို့လည်း ပင်ပန်း လှပြီဗျာ။ ခဏတော့ အိပ်လိုက်ဦးမယ်။ နိုးမှ ဆက်သွားကြတာပေါ့" ဟု တုန်ချောက ပြော၏။

သူတို့နှစ်ဦးသည် တုတ်ရှည်ကြီးများကို ချကာ သစ်ပင်တပင်ခြေရင်းတွင် လှဲလိုက် ကြ၏။ ထိုသို့လှဲပြီး မကြာမီတွင် အစောင့်နှစ်ယောက်သည် ရုတ်ခနဲ ငုတ်တုတ် ထထိုင် လိုက်ကြ၏။

"နောင်ကြီးတို့ ဘာဖြစ်လို့လဲ" ဟု လင်ချုံးက မေး၏။

"ကျုပ်တို့နှစ်ယောက်စလုံး အိပ်ပျော်သွားလို့ ဘယ်ဖြစ်မလဲ။ ဒီမှာ တံခါးမရှိ ဘာမရှိနဲ့။ ခင်ဗျား တော်တော်ဒုက္ခပေးတဲ့လူဗျာ။ အိပ်ချင်တာတောင် ကောင်းကောင်း မအိပ်ရဘူး"

"ကျွန်တော်ဟာ လူကောင်းသူကောင်းပါဗျာ။ ရာဇဝတ်ပြစ်ဒဏ်ကို ခံရမှတော့ ဘယ် မှာ ထွက်ပြေးပါတော့မလဲ"

တုန်ချောက-

"ခင်ဗျားပြောတိုင်း ယုံရမှာလားဗျ။ မဖြစ်ဘူး။ ခင်ဗျားကို ကြိုးနဲ့ တုပ်ထားမှပဲ"

"ဒါတော့ နောင်ကြီးတို့သဘောပေါ့ဗျာ"

ဆွေဘသည် ကြိုးတချောင်းကို ထုတ်ယူကာ ခြေထောက်တို့ကို တုပ်နှောင်ပြီးသော် သစ်ပင်နှင့် ပူး၍ ချည်ထားလေ၏။ ထို့နောက် သူတို့နှစ်ယောက်သည် ထ၍ ခုန်ကာ တုတ် ကြီးများကို ဝှေ့ယမ်းရင်း သူ့အနားသို့ ကပ်လာကြ၏။

"အစတုန်းကတော့ ခင်ဗျားကို သတ်ဖို့ ကျုပ်တို့မှာ အစီအစဉ် မရှိဘူး။ ဒါပေမဲ့ တနေ့က ဗိုလ်ကြီးလူကျန့် လာပြီး ဗိုလ်ချုပ်ကောက်ကျူက အပြတ်ရှင်းခဲ့ဖို့ မှာလိုက် တယ်လို့ ပြောတာနဲ့ ခုတော့ ခင်ဗျားကို အပြတ်ရှင်းပြီး ခင်ဗျားမျက်နှာပေါ်က ရွှေမင်စာ မှတ်ကို ယူသွားရတော့မယ်ဗျ။ ရှေ့ဆက်သွားနေရင်လည်း တနေရာမဟုတ်ရင် တနေရာမှာ ခင်ဗျားကို သတ်ရတော့မှာပဲ။ ခုလို စောစောစီးစီးလုပ်လိုက်တော့ ကျုပ်တို့လည်း စောစော စီးစီး ပြန်ရတာပေါ့။ ဒီတော့ ကျုပ်တို့ကိုတော့ ဘယ်လိုမှ မအောက်မေ့နဲ့ဗျာ။ ကျုပ်တို့က အမိန့်အတိုင်း လုပ်ရတဲ့လူတွေ။ ကျုပ်တို့မှာ တခြားလမ်း ရွေးစရာမရှိဘူး။ ဒီတော့ ခင်ဗျား မှတ်ထားဖို့က ဒီနေ့က နေပြီး နောက် တနှစ်တင်းတင်းပြည့်တဲ့နေ့ဟာ ခင်ဗျား သေလို့ တနှစ်လည်တဲ့ နေ့ပဲ။ ကျုပ်တို့မှာ အချိန်ကန့်သတ်ချက်ရှိတယ်။ ဒီတော့ ကိစ္စပြီးကြောင်း သတင်းကို မြန်မြန်ပို့ရလိမ့်မယ်"

လင်ချုံးမှာ သူတို့စကားကို ကြားလျှင် မျက်ရည်တွေ ကျလာလေ၏။

"နောင်ကြီးတို့ရာ။ ခင်ဗျားတို့နဲ့ ကျွန်တော်မှာ ဘာရန်ငြိုးမှလည်း ရှိတာ မဟုတ်ပါဘူး။ ကျွန်တော့်အသက်ကို ချမ်းသာပေးရင် ခုဘဝမှာရော နောင်တမလွန်မှာရော ဘယ်တော့မှ ခင်ဗျားတို့ကျေးဇူးကို မမေ့ပါဘူး"

"ဒါတွေ သိပ်ပြောမနေနဲ့ဗျာ။ ကျုပ်တို့လည်း ဘာမှ မတတ်နိုင်ဘူး"

ဆွေဘသည် အစောင့်များ ကိုင်လေ့ရှိသည့် တုတ်ကြီးကို မြှောက်ကာ လင်ချုံး ခေါင်း ကို ရိုက်ချလိုက်၏။

သူရဲကောင်းတယောက်၏ အသက် အိပ်မက်ကဲ့သို့ ရုတ်ခြည်း ပျောက်ကွယ်သွားရ ခြင်းသည် မည်မျှ ရင်နာဖွယ် ကောင်းလေသနည်း။

ငရဲသို့သွားရာ ခရီးရှည်ကြီးတလျှောက်တွင် နားနေစရာ၊ တည်းခိုစရာဆို၍ တခုမှ မရှိ။ လွင့်ပါးနေသော ဝိညာဉ်တခုသည် ညအချိန်မတော်ကြီးတွင် မည်သူ့အိမ်တွင် သွား၍ နားခိုရမည်နည်း။

လင်ချုံး သေသလော။ ရှင်သလော။ ဤသည်ကို သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉

ကျဲ့ကျင်းသည် ရဲရင့်သူများအားလုံးကို ကြိုဆိုခြင်း

လင်ချုံးသည် သိုင်းဆရာဟုန်ကို တိုက်ခိုက် အောင်မြင်ခြင်း

ဆွေဘာသည် တုတ်ရှည်ကြီးကို လက်နှစ်ဖက်ဖြင့် အားပါးတရဆုပ်ကိုင်ကာ လင်ချုံး၏ ခေါင်းကို လွှဲ၍ ရိုက်ချလိုက်၏။ သို့ရာတွင် စကားဖြင့် ပြောပြသည်ထက် လျင်မြန် တိုတောင်းသော အချိန်ကလေးအတွင်းတွင် သစ်ပင်နောက်ကွယ်မှ မိုးချုန်းသကဲ့သို့ အော်လိုက်သော အသံကြီးကို ကြားလိုက်ရပြီးနောက် သံတောင်ဝှေးကြီးတချောင်းသည် ထွက်လာကာ ဆွေဘာ၏ တုတ်ကို ရိုက်ချလိုက်ရာ တုတ်သည် ကောင်းကင်သို့ ပျံတက်သွား လေ၏။ ထို့နောက် ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင် တောင့်တင်းသည့် ကိုရင်ကြီးတပါး ထွက် လာလေ၏။

"နင်တို့ပြောတာတွေကို ငါ အကုန်ကြားသဟဲ့" ဟု ကိုရင်ကြီးက ပြော၏။ ကိုရင်ကြီး မှာ အနက်ရောင်သင်းပိုင်ကြီး ဝတ်ထားပြီး ခါးတွင် ဓားရှည်ကြီးတချောင်းကို ချိတ်ထား ကာ လက်တွင် သံတောင်ဝှေးကြီးကို ကိုင်ရင်း ဝှေ့ယမ်းကာ အစောင့်နှစ်ယောက်ရှေ့သို့ ရောက်လာ၏။

လင်ချုံးသည် ကိုရင်ကြီးကို ချက်ချင်းမှတ်မိလိုက်ကာ-

"ကိုရင်ကြီး ခဏ ဘုရား။ တပည့်တော် ပြောပါဦးမယ်"

ရှင်ဉာဏသည် တောင်ဝှေးကြီးကို မြေတွင် ထောက်ထားလိုက်၏။ အစောင့်နှစ်ယောက် မှာကား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြ၏။ လှုပ်လည်း မလှုပ်ရဲကြတော့ချေ။

"အမှန်ကတော့ သူတို့သဘောနဲ့ လုပ်တာ မဟုတ်ဘူး ဘုရား။ ဗိုလ်ကြီးလူကျန့်က တဆင့် ဗိုလ်ချုပ်ကောက်ကျူက ခိုင်းလိုက်လို့ လုပ်ရတာပါ။ သူတို့လည်း ခိုင်းတော့ မလုပ်ဘဲ မနေရဲဘူးပေါ့။ သူတို့ကို မသတ်ပါနဲ့ ဘုရား"

လင်ချုံးက ပြော၏။

ရှင်ဉာဏသည် ဓားကို ဓားအိမ်မှ ချွတ်ကာ လင်ချုံးအား တုပ်နှောင်ထားသည့် ကြိုး များကို ဖြတ်တောက်ပေးပြီးနောက် တွဲ၍ အထခိုင်း၏။

"ကျုပ်နဲ့ ခွဲသွားပြီး ဓားတလက် ဝယ်သွားတယ်ဆိုကတည်းက ကျုပ်

ဒကာအတွက် စိတ်ပူနေတာ။ ဒကာ ပြစ်ဒဏ်ခံရတယ်ဆိုတော့ ကျုပ်မှာ ကယ်ဖို့ ဝတ္တရားရှိလာပေတာပေါ့။ ဒကာလည်း ကွမ်ကျို့ကို နယ်နှင်ဒဏ်ခံရတယ်လို့ ကြားရော ကျုပ် ကိုက်ဖန်းမှာ လိုက်ရှာ လိုက်တာ နှံ့နေတာပဲဗျ။ ဒါပေမဲ့ ဒကာ့ကို မတွေ့ဘူး။ ဒကာဟာ အချုပ်ထဲမှာ ရောက်နေ တယ်လို့ ကြားရတယ်။ ဒါနဲ့ စားပွဲထိုးတယောက်က အစောင့်တယောက်ကို လွှတ်ပြီး အစောင့်တွေကို အခေါ်ခိုင်းလိုက်တယ်ဆိုတာ ကြားရတော့ ကျုပ် နည်းနည်း သံသယဖြစ် လာတယ်။ ဒီကောင်တွေ လမ်းမှာ ဒကာကြီးကို တခုခုလုပ်ကြတော့မယ်ဆိုတာ ကျုပ် သိတယ်လေ။ ဒါကြောင့် ကျုပ် လိုက်လာခဲ့တာပဲဗျ။

"တနေ့ညက ဒီကောင်နှစ်ကောင် ဒကာကြီးကို ထမင်းဆိုင်ကလေးထဲကို ခေါ်သွား တော့ ကျုပ်လည်း အဲဒီဆိုင်ကလေးထဲမှာပဲ ဝင်တည်းလိုက်တယ်။ သူတို့နှစ်ယောက် ကျိတ်ပြီး မကောင်းကြံနေတာကို ကျုပ် ကြားတယ်။ မနေ့ညက ခင်ဗျားခြေထောက်ကို ရေနွေးပူနဲ့ စိမ်တော့ ကျုပ် ဒီကောင်နှစ်ကောင်ကို အဲဒီနေရာတင် အသေသတ်ချင်လိုက် တာဗျာ။ လက်ကို ယားနေတာပဲ။ ဒါပေမဲ့ ဆိုင်ထဲမှာ လူတွေ ရှိနေတော့ လုပ်လို့ မဖြစ် ဘူးလေ။ ဒီကောင်တွေ ဒကာကြီးကို တခုခု လုပ်မယ်ဆိုတာ တွေးပြီး ကျုပ် တော်တော် စိတ်ပူခဲ့ရတယ်။

"ဒကာကြီးတို့ မိုးသောက်ယံမှာ ထမင်းဆိုင်ထဲက ထွက်ကြတယ်။ ဒါနဲ့ ကျုပ်လည်း တောထဲကို ကြိုသွားနှင့်ပြီး ဒီကောင်နှစ်ကောင်ကို သတ်မလို့ စောင့်နေတာဗျ။ ခု ကျုပ် ထင်တဲ့အတိုင်း ဒီကောင်တွေ ခင်ဗျားကို သတ်ကြတော့မယ်။ ဒီတော့ ဒီကောင်နှစ်ကောင် ကို ကျုပ် လက်နဲ့ သတ်ရမယ်"

"ခု တပည့်တော်ကို ကယ်ခဲ့ပြီပဲ ဘုရား။ ဒီလူတွေကို သတ်စရာ မလိုတော့ပါဘူး" "အလကား ငမိုက်သားတွေ။ ဒကာ တောင်းပန်လို့သာ။ ကျုပ် အလိုအတိုင်းဆိုရင် ဒီကောင်တွေကို နုပ်နုပ်စဉ်းပစ်ချင်တယ် သိလား။ ခွေးမသားတွေ။ သူ တောင်းပန်လို့ နင်တို့ အသက်ချမ်းသာရတာ။ ထ၊ သူ့ကို တွဲခေါ်ပြီး ငါ့နောက်လိုက်ခဲ့" ဟု ဆိုကာ ရှင်ဉာဏ သည် ရှေ့မှ ထွက်သွားလေ၏။

အစောင့်နှစ်ယောက်မှာလည်း မငြင်းရဲကြတော့ပြီ။ "နောင်ကြီးရာ၊ ကျွန်တော်တို့ကို မသတ်အောင် တောင်းပန်ပေးပါဗျာ" ဟု ဆိုကာ လင်ချိုးကို တောင်းပန်ကြ၏။ ထို့နောက် အစောင့်နှစ်ယောက်သည် အထုပ်များကို ထုပ်ပိုးကာ တုတ်များကို ကောက်၍ လိုက်လာ ခဲ့ကြ၏။ သူတို့နှစ်ယောက်သည် တဖက်က အထုပ်ကို ဆွဲကာ တဖက်က လင်ချိုးကို တွဲခေါ်ပြီး ရှင်ဉာဏ ခေါ်ရာအတိုင်း တောအုပ်ထဲမှ ထွက်လာခဲ့ကြ၏။

သုံး လေးလီခန့် လျှောက်လာခဲ့မိသည့်အခါတွင် သူတို့လေးဦးသည် ရွာကလေးတရွာ၏ အဝင်ရှိ ဘုံဆိုင်ကလေးတဆိုင်သို့ ရောက်လာခဲ့ကြ၏။

သူတို့လေးဦးသား စားပွဲ တလုံးတွင် ဝင်ထိုင်ကြပြီးနောက် စားဖွယ်သောက်ဖွယ်များကို မှာလိုက်ရာ စားပွဲထိုးက လာရောက်ပြင်ဆင်ပေး၏။

"မသိလို့မေးပါရစေ ဘုရား။ ကိုရင်ကြီးက ဘယ်ကျောင်းတိုက်မှာ သီတင်းသုံးပါသလဲ" ဟု အစောင့်နှစ်ယောက်က မေးကြ၏။

ရှင်ဉာဏက ရယ်လိုက်ကာ-

"ဘာဖြစ်လို့မေးတာလဲ ခွေးသားတွေ။ ငါနေတဲ့ ကျောင်းတိုက်ကိုသိရင် နင်တို့ ဗိုလ်ချုပ် ကောက်ကျူကို သံတော်ဦးတင်မလို့ မဟုတ်လား။ ဒီပြင့်လူကသာ ကြောက်ချင် ကြောက် မယ်၊ ငါ့ကိုတော့ ကြောက်မယ် မထင်ကြနဲ့။ နင်တို့ကောင်ကို တွေ့ရင် ငါ့တောင်ဝှေးနဲ့ အချက်သုံးရာလောက် ကပ်ပွဲလိုက်ချင်တယ်"

အစောင့်များလည်း နောက်ထပ် မမေးရဲကြတော့ချေ။

သူတို့လေးဦးသည် စားသောက်ပြီးနောက် အခကြေးငွေကို ရှင်းကာ အထုပ်များကို ထမ်း၍ ခရီးဆက်ခဲ့ကြပြန်၏။

"တပည့်တော်တို့ ဘယ်ကို သွားမလို့လဲ ဘုရား" ဟု လင်ချိုးက မေး၏။

"လူတယောက်ကို သတ်ရင် သွေးထွက်ရသတဲ့။ လူတယောက်ကို ကယ်ရင် သူ့ကို လုံခြုံရာရောက်အောင် ပို့ရသတဲ့" စကားပုံ ရှိတယ်ဗျ။ ကျုပ် ဒကာအတွက် စိတ်မချသေး ဘူး။ ဒါကြောင့် ကွမ်ကျို့ကို ရောက်အောင် လိုက်ပို့မလို့"

"ဒုက္ခပါပဲဗျာ။ တို့အကြံအစည်တော့ ပျက်ပါပြီ။ တို့ပြန်သွားရင် ဘယ်လိုလုပ်ပြောရ မယ်တောင် မသိတော့ဘူး" ဟု အစောင့်နှစ်ယောက်သည် ညည်းလျက် ရှိကြ၏။

သို့ရာတွင် သူတို့လည်း ဘာမျှ မတတ်နိုင်တော့။ ကိုရင်ကြီးခိုင်းသည့်အတိုင်း သူ ခေါ်ရာသို့ ခပ်ကုပ်ကုပ် လိုက်လာခဲ့ကြ၏။ ထို့နောက်မှစ၍ သူတို့သည် ရှင်ဉာဏ သွားချင်သည့် အချိန်တွင် သွားရပြီး ရှင်ဉာဏ နားချင်သည့်အချိန်တွင် နားရ၏။

ရှင်ဉာဏကို သူတို့ မည်သို့ ဆန့်ကျင်ရဲပါမည်နည်း။ ရှင်ဉာဏသည် စိတ်ကောင်းဝင် နေလျှင် သူတို့ကို ဆဲရေးတိုင်းထွာရုံသာ လုပ်ပြီး စိတ်ဆိုးဝင်လာလျှင် ရိုက်နှက်တတ်၏။ ကိုရင်ကြီး စိတ်ဆိုးမည်စိုးသည့်အတွက် အစောင့်နှစ်ယောက်သည် တခွန်းမျှ မပြောရဲ ကြချေ။

နောက်စခန်းထောက်နှစ်ခု နားပြီးသည့်အခါတွင် လှည်းတစီး ငှားကြ၏။ လင်ချိုးမှာ လမ်းမလျှောက်နိုင်တော့သည့်အတွက် လှည်းဖြင့် လိုက်ပါလာပြီး သူတို့သုံးယောက်ကမူ ခြေကျင် လိုက်ခဲ့ကြ၏။ အစောင့်နှစ်ယောက်မှာ ကိုယ့်လိပ်ပြာ

ကိုယ်မလုံကြသဖြင့် တလမ်းလုံး ခပ်ကြောက်ကြောက် ဖြင့် လိုက်လာခဲ့ကြကာ တခါတခါတွင် ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့ကြ၏။

လမ်းတလျှောက်တွင် ရှင်ဉာဏသည် စိမ်ရည်နှင့် အသားတို့ကို မကြာခဏဝယ်၍ လင်ချိုးကို ကျွေးမွေး၏။ အစောင့်နှစ်ယောက်ကိုလည်း စားသောက်ခွင့်ပြု၏။ ထမင်းဆိုင် တွေ့၍ နားကြလျှင်လည်း သူတို့သည် စောစော အိပ်ရာသို့ ဝင်ကာ နေမြင့်မှ အိပ်ရာမှ ထကြ၏။ အစောင့်နှစ်ယောက်ကား မီးဖိုခြင်း၊ ချက်ပြုတ်ခြင်း စသည်တို့ကို လုပ်ရ၏။ ကိုရင်ကြီးအမိန့်ကို သူတို့ အဘယ်မှာ ဖီဆန်ရဲပါမည်နည်း။

"ခုတော့ ကျုပ်တို့က အကျဉ်းသားတွေ ဖြစ်နေပြီး ကိုရင်ကြီးက အစောင့်ဖြစ်နေပြီဗျ။ ပြန်ရောက်ရင် ကျုပ်တို့ကိုတော့ ဗိုလ်ချုပ်ကောက်ကျူက အပြစ်ပေးတော့မှာပဲ" ဟု နှစ်ယောက်သား ကျိတ်၍ တိုင်ပင်ကြ၏။ ဆွေဘက-

"ရှန်းကူကျောင်းတိုက်မှာ စိုက်ခင်းတွေကို ကြီးကြပ်ဖို့ အသစ်ရောက်လာတဲ့ ကိုရင် ကြီးတပါးကို ခန့်ထားတယ်လို့ ကြားရတယ်။ အဲဒီ ကိုရင်ကြီးရဲ့ ဘွဲ့က ရှင်ဉာဏတဲ့။ ရှင်ဉာဏဆိုတာ ခု တို့နဲ့ ပါလာတဲ့ ကိုရင်ကြီးပဲ ဖြစ်မှာပဲ။ ပြန်ရောက်ရင်တော့ ဆိုင်ရာကို ဒီအကြောင်းကို ပြောရမယ်။ ခိုင်းလိုက်တဲ့အတိုင်း ဝက်ဝံရိုင်းတောကြီးထဲမှာ အကျဉ်းသား ကို အပြတ်ရှင်းဖို့ လုပ်တဲ့အကြောင်း၊ ကိုရင်ကြီးက လာကယ်ပြီး ကွမ်ကျို့ထိအောင် လိုက် ပို့လို့ ဘာမှလုပ်ခွင့်မရတဲ့အကြောင်း အမှန်အတိုင်း ပြောရတော့မှာပဲ။ ရွှေတဆယ်သား ကိုတော့ ဗိုလ်ကြီးလူကျန့်ကိုပဲ ပြန်ပေးလိုက်ရမှာပေါ့။ ကိုရင်ကြီးနဲ့ သူ့ဘာသာသူ စာရင်း ရှင်းပေ့စေပေါ့ကွာ။ ဒီကိစ္စထဲကို တို့ မပါတာ ကောင်းလိမ့်မယ် ထင်တယ်"

"အေး၊ ငါလည်း သဘောတူတယ်" ဟု တုန်ချောက ပြော၏။ သူတို့နှစ်ဦး ဆွေးနွေးကြသည့်အကြောင်းကို ဤတွင် တော်ဦးမည်။

အတိုချုပ်ရလျှင် သူတို့ထွက်လာသည်မှာ ဆယ့်ခုနစ်ရက်၊ ဆယ့်ရှစ်ရက်ကြာမျှ လာခဲ့ ကြ၏။ လမ်းတလျှောက်တွင် ရှင်ဉာဏသည် သူတို့နှစ်ယောက်ကို တချက်ကလေးမျှ အလစ် မပေးဘဲ စောင့်ကြည့်လာ၏။ အတန်ကြာလျှင် သူတို့သည် ကွမ်ကျို့နှင့် လီခုနစ်ဆယ်သို့ ရောက်လာခဲ့ကြလေပြီ။ ထိုခရီးမှာ လူအသွားအလာများသည့် ခရီးဖြစ်၍ ခရီးလမ်းက လည်း သာယာ၏။ ရှင်ဉာဏသည် ပတ်ဝန်းကျင်အခြေအနေကို စုံစမ်းလေ့လာပြီးနောက် သူတို့အား နားနေရန် ထင်းရှူးတော တတောထဲသို့ ခေါ်သွား၏။

"ဒကာရေ၊ ဒီကနေဆိုရင် ကွမ်ကျို့ကို သိပ်မဝေးတော့ဘူးဗျ။ လမ်းကလည်း လူ အသွားအလာ မပြတ်ဘူး။ ကျုပ် သေသေချာချာ စုံစမ်းပြီးပြီ။ ဒီတော့ ကျုပ် ဒီကပဲ လှည့် ပြန်တော့မယ်။ နောက်များကျရင် တွေ့ကြသေးတာပေါ့"

"ဟုတ်တယ် ကိုရင်ကြီး ပြန်ပေတော့။ ဟိုရောက်ရင်သာ တပည့်တော် ကျန်းကျန်း မာမာ ကောင်းကောင်းမွန်မွန် ရောက်တယ်ဆိုတာ ယောက္ခမကြီးကို ပြောလိုက်ပါတော့။ တပည့်တော် မသေမပျောက်ခဲ့ရင် ခုလို တပည့်တော်ကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ အတွက် ကိုရင်ကြီးကျေးဇူးကို တပည့်တော် ပြန်ဆပ်ပါ့မယ်"

ရှင်ဥတ္တမသည် ပါလာသည့် ငွေစများကို လင်ချိုးသို့ ပေးပြီး တကျပ်သား နှစ်ကျပ် သားခန့်ကိုလည်း အစောင့်နှစ်ယောက်ကို ပေးလိုက်၏။

"ဟေ့ကောင်တွေ၊ အမှန်ကတော့ နင်တို့ကို လမ်းမှာတင် ခေါင်းဖြတ်ပစ်ခဲ့ဖို့ပဲ။ ဒါပေမဲ့ ဟောဒီက ဒကာ တောင်းပန်တာနဲ့ နင်တို့အသက်ကို ချမ်းသာပေးလိုက်တယ်။ ခု ရောက် တော့မယ်။ လမ်းမှာ ကောင်းကောင်းသွားကြ။ အကောက်ကြံရင်တော့ နင်တို့နဲ့ငါနဲ့ အသိပဲ" "မကြံရဲပါဘူး ကိုရင်ကြီးရယ်။ ခုလည်း ဗိုလ်ချုပ်ကောက်ကျူက ခိုင်းလို့ ကျွန်တော်တို့ လုပ်ရတာပါ" ဟု ဆိုကာ ရှင်ဥတ္တမ ပေးသော ငွေစများကို ယူကြ၏။

သူတို့နှင့် ခွဲခါနီးတွင် ရှင်ဥတ္တမသည် သူတို့ကို ကြောက်စဖွယ် ကြည့်လိုက်ပြီးနောက်-

"ဟေ့ကောင်တွေ၊ သတိထားကြနော်။ နင်တို့ခေါင်းဟာ ဟောဒီ ထင်းရှူးပင်လောက် မာရဲ့လားဆိုတာ စဉ်းစားပြီးမှ လုပ်ကြ"

"မမာပါဘူး ကိုရင်ကြီးရယ်။ တပည့်တော်တို့ ခေါင်းဟာ အရေနဲ့ အသား ဆက်ထားတဲ့ ခေါင်းပါ။ အဖေ၊ အမေက အရိုးပေါ်မှာ အရေတပ်ပြီး ပေးလိုက်တဲ့ ခန္ဓာကိုယ်ပါ"

ရှင်ဥတ္တမသည် သံတောင်ဝှေးကြီးကို မြှောက်၍ ထင်းရှူးပင်ကြီးကို တအားရိုက်ခ လိုက်ရာ ထင်းရှူးပင်စည်တွင် နှစ်လက်မခန့်နက်သော အရာကြီး ထင်သွားပြီး ထက်ပိုင်း ကျိုးကျသွား၏။

"ဟေ့ကောင်တွေ၊ မြင်တယ် မဟုတ်လား။ နောက်မှာ နင်တို့ မကောင်းကြံရင် နင်တို့ ခေါင်းတွေကို ဟောဒီ ထင်းရှူးပင်ကို ဖြတ်သလို ဖြတ်ပစ်မယ်။ သိရဲ့လား"

ရှင်ဥတ္တမသည် သံတောင်ဝှေးကြီးကို ဆွဲကာ "ဒကာရေ၊ သတိတော့ ထားသွားပေါ့" ဟု လှမ်းအော်လိုက်၏။ အစောင့်နှစ်ယောက်သည် လျှာကြီးတွေ တစ်လစ်ထုတ်ကာ တအံ့ တသြဖြင့် ကြည့်နေကြလေ၏။ အတန်ကြာမှပင် သတိပြန်ရကာ လျှာကို သိမ်းနိုင်တော့ သည်။ "ကဲ၊ မိတ်ဆွေတို့၊ သွားကြစို့" ဟု

လင်ချိုးက ပြော၏။

"သောက်ကျိုးနည်း ကြောက်စရာကောင်းပါကလားဗျို့။ ထင်းရှူးပင်ကြီးကို ခုတ်ချ လိုက်တာ တချက်တည်းနဲ့ ပြတ်သွားတာပဲ"

"ဒါက ဘာဟုတ်သေးလဲ။ ကျောင်းတုန်းကဆိုရင် မိုးမခပင်ကြီးကို အမြစ်က ကျွတ် ထွက်လာအောင် ဆွဲနုတ်ပြတာ" ဟု လင်ချိုးက ပြော၏။

အစောင့်နှစ်ယောက်သည် ခေါင်းကို ယမ်းနေ၏။ ထိုစကားအရဆိုလျှင် ထိုကိုရင်ကြီး သည် သူတို့ထင်သည့်အတိုင်း ရှန်းကူကျောင်းမှ ကိုရင်ကြီးဖြစ်ကြောင်း သေချာနေလေပြီ။

သူတို့သုံးဦးသည် တောထဲမှ ထွက်လာကာ မွန်းတည့်ချိန်အထိ ခရီးဆက်ခဲ့ကြ၏။ ပေတရာလမ်းမကြီးပေါ်တွင် ထမင်းဆိုင်ကလေးတဆိုင်ကို တွေ့ရ၏။ ထမင်းဆိုင်ထဲသို့ ဝင်ခဲ့ကြရာ လင်ချိုးသည် အစောင့်နှစ်ယောက်ကို စားပွဲထိပ်တွင် ထိုင်ရန် ပြော၏။ အစောင့်နှစ်ယောက်မှာ ထိုနေ့အဖို့ ပထမဆုံးအကြိမ် အပန်းဖြေခွင့်ရကြ၏။ ထမင်းဆိုင် ထဲ၌ စားပွဲ လေး ငါး ခြောက်လုံး ရှိရာ စားပွဲထိုးများသည် ထိုမှ ဤမှ သွားလာကာ စားသောက်ဖွယ်များကို ချပေးလျက်ရှိကြ၏။ လင်ချိုးနှင့် အစောင့်နှစ်ယောက်မှာ တနာရီ ခန့်ကြာအောင် ထိုင်စောင့်သော်လည်း မည်သူမျှ သူတို့အနားသို့ ရောက်မလာကြချေ။

နောက်ဆုံးတွင် လင်ချိုးသည် စိတ်မရှည်နိုင်တော့ဘဲ စားပွဲကို လက်သီးဖြင့် တဗုန်းဗုန်း မြည်အောင် ထုလိုက်လျက်-

"ဗျို့၊ ဆိုင်ရှင်။ ဈေးဝယ်သူကို ခင်ဗျားတို့ ဒီလိုပဲ ပစ်ထားသလားဗျ။ ဘာလဲ၊ ကျုပ်က အကျဉ်းသားဆိုလို့ သောက်ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား။ ခင်ဗျားဆိုင်က စားတာကို ပိုက်ဆံပေးမှာပေါ့ဗျ။ ဒါက ဘာသဘောလဲ"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က စေတနာနဲ့ပါ"

"ဘာစေတနာလဲဗျ။ စေတနာဆိုပြီး ဘာမှ မရောင်းတော့ဘူးလား

"မဟုတ်ပါဘူးဗျာ။ ဒီလိုပါ။ ကျွန်တော်တို့ရွာထဲမှာ ကျဲ့ကျင်း ဆိုတဲ့ လူချမ်းသာ တယောက် ရှိပါတယ်။ ဒီနားတဝိုက်မှာတော့ သခင်ကျဲ့လို့ ခေါ်ပါတယ်။ သတ္တိဗျတ္တိကောင်း တဲ့အတွက် သူ့ကို သခင်လေပွေလို့လည်း ခေါ်ကြပါတယ်။ သူက ချူမင်းဆက်ထဲက မင်းမျိုး မင်းနွယ်တဦးပါ။ နောက်ဆုံး ချူဘုရင် နန်းကျပြီး ဆွန်ဘုရင် နန်းတက်လာတဲ့အခါကျတော့ သူတို့ ကျဲ့မျိုးတွေကို သံမှုန်စားဆိုတဲ့ ဘွဲ့ကို ပေးခဲ့ပါတယ်။ အဲဒီကတည်းက သူတို့အမျိုး တွေကို ဘယ်သူမှ သရော်မော်ကား မလုပ်ရဲခဲ့ကြပါဘူး။

"ကျဲ့ကျင်းဟာ ရဲရင့်တဲ့လူမှန်သမျှကို ကြိုဆိုညှေ့ခံတတ်ပါတယ်။ သူ့အိမ်မှာဆိုရင် အဲဒီလို လေး ငါးဆယ်လောက်ကို အမြဲ တင်ကျွေးထားတာပါ။ သူက ကျွန်တော့်ကို မှာ ထားတဲ့ စကားတခွန်း ရှိပါတယ်။ လမ်းမှာ အကျဉ်းသားတို့ ဘာတို့ ဖြတ်သွားလို့ရှိရင် သူ့အိမ်ကို လွှတ်လိုက်တဲ့။ လိုအပ်တဲ့ ငွေကြေးတို့၊ ရိက္ခာတို့ကို သူထောက်ပံ့မယ်တဲ့။ ခု ကျွန်တော်က စားသောက်ဖွယ်တွေကို ရောင်းလိုက်လို့ နောင်ကြီးကလည်း မျက်နှာတွေ နီရဲနေတာ တွေ့ရင် နောင်ကြီးမှာ ပိုက်ဆံရှိတဲ့အတွက် သူ့အကူအညီကို မယူဘူး၊ သူ့ကို မထီမဲ့မြင်လုပ်တာလို့ ထင်သွားမှာစိုးလို့ ကျွန်တော်က စေတနာနဲ့ မရောင်းဘဲ ထားတာပါ"

လင်ချုံးသည် အစောင့် များဘက်သို့ လှည့်ကာ-

"အရှေ့နေပြည်တော်မှာ ကျုပ် သိုင်းဆရာလုပ်ခဲ့တုန်းက စစ်ဗိုလ်တွေ၊ စစ်သားတွေ၊ သခင်တွေရဲ့အကြောင်းကို မကြာခဏ ပြောသံကြားဖူးတယ်။ လက်စသတ်တော့ သခင် ကျဲ့ဆိုတာ ဒီနယ်ကကိုး။ ကဲ၊ ဒီလိုဆိုရင် ကျုပ်တို့ သူ့အိမ်ကို သွားလည်ရရင် မကောင်း ဘူးလား"

ဆွေဘနှင့် တုန်ချောတို့သည် အတန်ကြာမျှ စဉ်းစားပြီးနောက်-

"ကောင်းသားပဲ။ ရောက်တုန်းရောက်ခိုက် သွားတာပေါ့။ ကျွန်တော်တို့မှာ ဘာအရှုံး ရှိတာ မှတ်လို့"

သူတို့သည် အထုပ်အပိုးများကို ကောက်ထမ်းကာ-

"အဲဒီ သခင်ကျဲရဲ့ အိမ် ဘယ်နားမှာလဲဗျ။ ကျွန်တော်တို့ သွားမလို့" ဟု ဆိုင်ရှင်ကိုမေး၏။

"ဒီကနေပြီး သုံးလီလောက် တည့်တည့်သွား။ သုံးလီလောက်ရောက်ရင် ကျောက်တုံးတံတားကလေး တခု တွေ့လိမ့်မယ်။ အဲဒီကနေ တကွေ့ နှစ်ကွေ့လောက် သွားလိုက်ရင် သူ့အိမ်ပဲ"

လင်ချုံးနှင့် အစောင့်နှစ်ယောက်တို့သည် ထမင်းဆိုင်ရှင်ကို နှုတ်ဆက်ကာ ထွက် လာခဲ့ကြ၏။ သုံးလီခန့် သွားမိသည့်အခါတွင် ဆိုင်ရှင် ပြောလိုက်သည့်အတိုင်း ကျောက်တုံး တံတားတခုကို တွေ့ရ၏။ တံတားတဖက်သို့ ရောက်လျှင် ဖြူးနေသော လမ်းကြီးတလမ်းသို့ ရောက်သွား၏။ အဝေးရှိ မိုးမခပင်အုပ်များကြားတွင် သခင်ကျဲ့၏ အိမ်ကြီးကို ခပ်ရေးရေး မြင်ရလေ၏။ အိမ်ပတ်ပတ်လည် လေးဖက်လေးတန်တွင် ရေစီးလျက်ရှိသော ကျုံးကြီး တခု ရှိပြီး ထိုကျုံးဘေးတွင်လည်း မိုးမခပင်များ တန်းစီပေါက်လျက်ရှိ၏။ ထိုသစ်ပင်များ ကြားမှ အိမ်ဝင်းတံတိုင်းဖြူဖြူကြီးကို မြင်ရလေ၏။

လမ်းကွေ့ နှစ်ကွေ့၊ သုံးကွေ့ ကွေ့လိုက်သည့်အခါတွင် သူတို့သည် ဝင်းဝသို့ ရောက် သွားကြ၏။ ဝင်းဝတွင် အခိုင်းအစေ လေး ငါးယောက်တို့သည် တံတားဘောင်ပေါ်တွင် ထိုင်ကာ လေညင်းခံလျက် ရှိကြ၏။ လင်ချိုးနှင့် အစောင့်နှစ်ယောက်တို့သည် သူတို့အနီးသို့ ရောက်လာကာ ဦးညွှတ်၍ နှုတ်ဆက်ကြ၏။ လင်ချိုးက-

"ဒီမှာဗျာ နောင်ကြီးတို့။ အရှေ့နေပြည်တော်က လင်ချိုးဆိုတဲ့ အကျဉ်းသားတယောက် နယ်နှင်ဒဏ်ခံလာရတာ သခင်ကျဲ့နဲ့ တွေ့ခွင့်ရမလားလို့ မေးပေးပါဗျာ" "ခင်ဗျား ကံဆိုးတာပဲဗျ။ သခင်ကျဲ့ ရှိရင်တော့ ခင်ဗျားမှာ စားစရာ သောက်စရာရော၊ ငွေကြေးရော ဘာမှ မပူရပါဘူး။ ဒါပေမဲ့ သခင်ကျဲ့ အိမ်မှာ မရှိဘူးဗျ။ ဒီနေ့မနက်ပဲ တော လိုက်ထွက်သွားတယ်"

"ဘယ်တော့လောက်များ ပြန်လာမလဲဗျာ"

"မပြောတတ်ဘူးဗျ။ အရှေ့ဘက်နယ်က အိမ်မှာများ နှစ်ရက် သုံးရက်လောက် နားဦး မလား မသိဘူး။ သေသေချာချာတော့ မပြောတတ်ဘူး"

"အင်း၊ ကံဆိုးတာပေါ့လေ။ သခင်ကျဲနဲ့ မတွေ့ရတော့ဘူးပေါ့။ ကဲ၊ နောင်ကြီးတို့ ပြန်ကြစို့"

သူတို့သုံးဦးသည် အခိုင်းအစေများကို နှုတ်ဆက်ကာ လာလမ်းအတိုင်း ပြန်လာခဲ့ ကြ၏။ လင်ချိုးမှာ သခင်ကျဲ့နှင့် မတွေ့ရသဖြင့် စိတ်မကောင်းလှချေ။

သို့ဖြင့် လီတဝက်ခန့် လျှောက်လာခဲ့ကြ၏။ ထိုစဉ် တောအုပ်ထဲမှ မြင်းသမားတသိုက် သည် မြင်းများကို ဒုန်းစီးကာ သခင်ကျဲ့၏ ယာတောဆီသို့ လာနေသည်ကို မြင်ရ၏။ လည်ဆံမွေးဖွားဖွားနှင့် မြင်းဖြူကြီးတကောင်ပေါ်တွင်မူ လူရည်သန့်သန့် လူကြီးတယောက် ကို မြင်ရလေ၏။ ထိုလူကြီးမှာ နဂါးကဲ့သို့ မျက်ခုံးမွေး၊ နတ်ငှက်တကောင်၏ မျက်လုံး၊ ဖြူဖွေးသော သွားနှင့် ပတ္တမြားကဲ့သို့ နီရဲသော နှုတ်ခမ်းများ ရှိ၏။ ရှည်လျားသော နှုတ်ခမ်း မွေးကျင်စွယ်ကြီးသည်လည်း တဖက်တချက်သို့ ကားထွက်လျက်ရှိပြီး မေးတွင်မူ ဆိတ် နှုတ်ခမ်းမွေး တိုနံ့နံ့ကလေးရှိ၏။ အသက်မှာ သုံးဆယ့်ငါးနှစ်ခန့်ရှိပြီး ပန်းရိုက်အနက်ရောင် ပိုးဦးထုပ်ကလေးကို ထောင့်စွန်းလေးဖက်တွင် ချည်၍ ဆောင်းထားလျက် အရုပ်ကြီးများ ရေးထားသည့် မရန်းရောင်ဝတ်ရုံကြီးကို ဝတ်ထား၏။ ခါးတွင်မူ အဖိုးတန် ကျောက်စိမ်းတို့ မြှုပ်ထားသည့် ခါးစည်းကြိုးတခုကို စည်းထား၏။ ခြေတွင်မူ အစိမ်းရောင်အစီးများ ဖော် ထားပြီး ကြိုးများခတ်ထားသည့် အနက်ရောင်ဖိနပ်ရှည်ကြီးကို စီးထားလေ၏။ ထိုလူ၏ လက်ထဲတွင် လေးနှင့် မြားကျည်တောက်တခုကိုလည်း ကိုင်ထား၏။

မြင်းစီးယောကျ်ားတသိုက်သည် ခပ်စောစောက အိမ်ကြီးဆီသို့ စီးလာခဲ့ကြ၏။

ဩခင်ကျဲ့များ ဖြစ်မလားမသိဘူး”ဟု လင်ချိုးစိတ်တွင် ထင်မိသော်လည်း မမေးရဲချေ။ ထိုလူသည် မြင်းအုပ်ထဲမှ ထွက်လာကာ လင်ချိုးဆီသို့ စီးလာ၏။

“လည်ပင်းမှာ ထိပ်တုံးကြီးနဲ့လူက ဘယ်သူလဲ” ဟု သခင်ကျဲ့က မေး၏။ လင်ချိုးသည် ဦးညွတ် အရိုအသေပေးလိုက်လျက်-

“အရှေ့နေပြည်တော် ရွှေနန်းတော်စောင့် ကိုယ်ရံတော်တပ်က သိုင်းဆရာလင်ချိုးပါ ခင်ဗျာ။ ဗိုလ်ချုပ်ကောက်ကျူကို သွားပြီး မချေမငံ ပြုမိတဲ့အတွက် ကျွန်တော့်ကို ကိုက်ဖန်း ကို ပို့ပြီး ကိုက်ဖန်းကမှ တဆင့် ကွမ်ကျို့ကို ပြည်နှင်ဒဏ်ပေးလိုက်ပါတယ်။ ဒီရောက်လို့ ထမင်းဆိုင်မှာ နားကြတော့ အဲဒီကလူတွေက သခင်ကျဲ့ဟာ သတ္တိဗျတ္တိကောင်းတဲ့ လူ များကို ကျွေးမွေးပြုစုတတ်တယ်ဆိုလို့ လာခဲ့တာပါ။ ခုတော့ ကျွန်တော် ကံဆိုးတာပေါ့ ခင်ဗျာ။ သူနဲ့ မတွေ့ခဲ့ရဘူး”

ထိုလူသည် ကုန်းနှီးပေါ်မှ ခုန်ဆင်းကာ လင်ချိုးဆီသို့ ပြေးလာပြီး-

“ကျဲ့ကျင်းဆိုတာ ကျုပ်ပဲဗျ။ အိမ်မှာ မရှိတဲ့အတွက် နောင်ကြီးကို မပြုစုလိုက်ရတာ ကိုတော့ ခွင့်လွှတ်ဗျာ” ဟု ဆိုကာ ဒူးထောက်၍ အရိုအသေပေးလေ၏။

လင်ချိုးကလည်း အလားတူ ဒူးထောက်၍ အရိုအသေပေး၏။ ထိုလူသည် လင်ချိုးကို လက်တွဲခေါ်ကာ အိမ်ဆီသို့ ခေါ်သွား၏။ သူတို့လာသည်ကို မြင်သည့်အခါတွင် အခိုင်း အစေများသည် ထိုင်ရာမှ ထကာ ဝင်းတံခါးကြီးကို ပြေး၍ ဖွင့်ပေးကြ၏။ ကျဲ့ကျင်းသည် လင်ချိုးအား ဘုရားခန်းထဲသို့ ခေါ်သွား၏။ ထိုနေရာတွင်လည်း သူတို့နှစ်ယောက်သည် တယောက်ကို တယောက် အပြန်အလှန် အရိုအသေပြုကြပြန်၏။

ကျဲ့ကျင်းက-

“နောင်ကြီးသတင်းကို ကြားဖူးနေတာတော့ ကြာပြီဗျ။ ကျွန်တော်တို့တောနယ်ကို ဒီလိုရောက်လာလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။ နောင်ကြီးရဲ့တည်ကြည်ခံ့ညားပြီး ယောကျ်ား ပီသတဲ့ မျက်နှာကို မြင်ရတာဟာ ကျွန်တော့်ဘဝမှာ မင်္ဂလာကြီးတခုပါ”

“နောင်ကြီးကိုလည်း နာမည်ကို ကြားရသူတိုင်းက ကြည်ညိုလေးစားပြီးသားပါ ခင်ဗျာ။ ကျွန်တော်လည်း ရာဇဝတ်ပြစ်ဒဏ်သင့်ပြီး ခုလို

တွေ့ရလိမ့်မယ်လို့ မျှော်လင့် မထားပါဘူး ခင်ဗျာ”

ကျဲ့ကျင်းက အတင်းတိုက်တွန်းသဖြင့် လင်ချိုးသည် စားပွဲထိပ်ကုလားထိုင်တွင် ထိုင်ရ၏။ ဆွေဘနှင့် တုန်ချောတို့လည်း ထိုစားပွဲတွင် ထိုင်ကြ၏။ ကျဲ့ကျင်းနှင့်အတူ လိုက် ပါလာသည့် အခြွေအရံများမှာမူ မြင်းများကို ဇေ၀င်းသို့ သွင်းကာ အနားယူလျက် ရှိကြ၏။ သူတို့အကြောင်းကိုမူ မပြောတော့ပြီ။

ကျဲ့ကျင်းသည် သူ့အခိုင်းအစေများအား စိမ်ရည်ယူလာရန် ခိုင်းလိုက်၏။ ခဏကြာလျှင် အသားဟင်းပန်းကန်များ၊ မုန့်များနှင့် ပူပူနွေးနွေးစိမ်ရည်အိုးတအိုးကို ယူလာခဲ့ကြလေ၏။ ထို့နောက် ထမင်းပန်းကန်ကိုယူလာကြပြီး ထမင်းပုံပေါ်တွင် ငွေစင်ဆယ်ထုပ်ကို တင်ထား၏။ “ဒီကောင်တွေဟာ ဧည့်ကောင်းဆောင်ကောင်းမှန်း နားလည်တဲ့ကောင်တွေ မဟုတ်ဘူး။ သိုင်းဆရာလိုလူကို ဒီလိုပဲ ပြုစုရသလားကွ။ ဟေ့ကောင်တွေ၊ ဒါတွေအားလုံး ပြန် ယူသွား။ အကောင်းစား စိမ်ရည်နဲ့ သစ်သီးကောင်းကောင်း ယူခဲ့။ သိုးတကောင်လည်း ပေါ်။ မြန်မြန်လုပ်ခဲ့ကြ”

လင်ချိုးက-

“တော်ပါပြီ နောင်ကြီးခင်ဗျာ။ ဒီလောက်ဆိုရင် လုံလောက်ပါပြီ”

“ဒီလောက်နဲ့ ဘယ်ရမလဲဗျာ။ နောင်ကြီးလို လူကို တွေ့ရတာဟာ ကျွန်တော်တို့ အတွက် အခွင့်အရေးကြီးတခု မဟုတ်လား။ ဒီတော့ ပြုစုဧည့်ခံတာမှာ လစ်ဟင်းလို့ ဘယ် ဖြစ်ပါ့မလဲ”

ခဏကြာလျှင် အခိုင်းအစေများသည် သစ်သီးများနှင့် စိမ်ရည်များကို ယူလာခဲ့ကြ၏။ ကျဲ့ကျင်းသည် ထိုင်ရာမှ ထကာ စိမ်ရည်များကို ခွက်များထဲသို့ ထည့်ပေး၏။ လင်ချိုးက လှမ်းယူကာ ကျေးဇူးတင်စကားပြောပြီးနောက် ခွက်ကို မော့ချလိုက်၏။ ကျန်အစောင့် နှစ်ယောက်တို့သည်လည်း သူတို့ခွက်များကို သောက်လိုက်ကြ၏။

“နောင်ကြီး ခဏကလေး ခင်ဗျာ” ဟု ဆိုကာ ကျဲ့ကျင်းသည် လေးထည့်သည့် အိတ် နှင့် မြားကျည်တောက်တို့ကို ယူကာ အစောင့်များအနီးသို့ သွားပြီး သူနှင့်အတူ ဆုတောင်း အရက်သောက်ရန် ပြော၏။ ကျဲ့ကျင်းသည် အိမ်သည်ကုလားထိုင်တွင် ထိုင်ပြီး လင်ချိုးက အထူးဧည့်သည်နေရာတွင် ထိုင်ရ၏။ အစောင့်နှစ်ယောက်တို့က သူ့ဘေးတွင် ထိုင်ကြ၏။ သူတို့လေးယောက်သည် စွန့်စားခန်းများ၊ လက်နက်များ၊ သိုင်းအတတ်ပညာအကြောင်း များ စသဖြင့် ရောက်တတ်ရာရာ ပြောဆိုလျက် ရှိကြ၏။

ထိုအချိန်၌ကား နေလုံးကြီးသည် အနောက်ဘက်တွင် ကွယ်ခဲ့လေပြီ။

စိမ်ရည်၊ အစား အသောက်၊ သစ်သီးနှင့် ပင်လယ်ရေထွက်စားသောက်ဖွယ်တို့သည် စားပွဲပေါ်သို့ တပန်းကန် ပြီးတပန်းကန် ရောက်လာကြ၏။ တယောက်တလှည့်စီ ဆုတောင်းသောက်ကြ၏။ ကျဲ့ကျင်းမှာ သုံးဝိုင်းမျှ လှည့်ခဲ့ပြီးလေပြီ။

"ကဲ၊ ဟင်းချိုယူခဲ့ကြဟေ့"

ဟင်းချိုသောက်ပြီး၍ စိမ်ရည် နောက်ထပ် လေးငါးခွက်ခန့် သောက်ပြီးသည့်အခါတွင် အခိုင်းအစေတယောက် ရောက်လာကာ "ဆရာကြီး ရောက်လာပါပြီ" ဟု ပြောလေ၏။

"အေး၊ ဟုတ်ပြီ။ အထဲကို လာပြီး ဧည့်သည်တွေနဲ့ သောက်လှည့်ပါဦးလို့ ခေါ်လိုက်။ နောက်ထပ်လည်း စားစရာတွေ ယူခဲ့ဦး"

ဧည့်သည်ရောက်လာသည့်အခါတွင် လင်ချုံးသည် ထိုင်ရာမှထ၍ နှုတ်ဆက်၏။ ထိုလူ မှာ ဦးထုပ်ကို တစောင်းဆောင်းထားပြီး ရင်ကိုကော့ကာ ဆောင့်ကြွားကြွားအမူအရာဖြင့် အခန်းထဲသို့ ဝင်လာ၏။

"ဆရာကြီးလို့ ပြောသွားတော့ ဒီလူက သခင်ကျဲ့ရဲ့ သိုင်းဆရာ ထင်ရဲ့' ဟု လင်ချုံး တွေးမိကာ သူ့ကို ဦးညွှတ်နှုတ်ဆက်ရင်း-

ထိုသူသည် လင်ချုံးကို ဂရုမစိုက်သည့်ဟန်ဖြင့် ပြန်လှန်နှုတ်ခွန်းဆက်ခြင်း မပြုချေ။ လင်ချုံးမှာ ခေါင်းပင် မဖော်ရဲတော့ပြီ။

ကျဲ့ကျင်းက ဟုန် ဟုခေါ်သည့် သိုင်းဆရာဘက်သို့ လှည့်၍-

"ဟောဒါက အရှေ့နေပြည်တော် ရွှေနန်းတော်စောင့် ကိုယ်ရံတော်တပ်က လက်နက် ဆရာလင်ချုံးတဲ့ဗျ။ ဓားသိုင်းတို့၊ လှံသိုင်းတို့၊ တုတ်သိုင်းတို့ကို သင်ရတယ်။ ဆရာတို့ နှစ်ယောက် တယောက်နဲ့ တယောက် သိသင့်တာပေါ့"

လင်ချုံးသည် ဒူးထောင်ထိုင်လိုက်ပြီးလျှင် ဦးညွှတ်၍ အရိုအသေပေး၏။ ဤတွင် လက်နက်သင်တန်းဆရာဟုန်က-

"ထိုင်ပြီး အရိုအသေပေးစရာ မလိုပါဘူးဗျ။ ထပါ"ဟု ခပ်ဆတ်ဆတ် ပြော၏။ သူ ကိုယ်တိုင်မှာလည်း မည်သည့်အခါမျှ ဦးညွှတ်ခြင်း မပြုချေ။

ကျဲ့ကျင်းမှာ အနည်းငယ် စိတ်တိုသွား၏။ လင်ချုံးသည် နှစ်ကြိမ်မျှ အရိုအသေပေးပြီး နောက် ထိုင်ရာမှ ထကာ ဟုန်ကို ထိုင်ရန် ပြော၏။ ဟုန်သည် ကျေးဇူးတင်စကားကလေးကို မျှပင် မပြောဘဲ ဧည့်သည်ထိုင်သည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ကျဲ့ကျင်းမှာ တော် တော် စိတ်တိုနေလေပြီ။ လင်ချုံးသည် အနီးရှိ ကုလားထိုင်တလုံးတွင် ဝင်ထိုင်လိုက်၏။ အစောင့်နှစ်ယောက်တို့ကလည်း သူ့ဘေး

ကပ်ထိုင်ကြ၏။

"သခင်ကျဲ့က ရာဇဝတ်ပြစ်မှုသင့်လာတဲ့ လူတယောက်ကို ဘာဖြစ်လို့ ဒီလောက် အရေးပေးနေရတာလဲကွ"

"ဒီလူဟာ သာမန်မဟုတ်ဘူး ဆရာကြီးရဲ့။ ရွှေနန်းတော်စောင့်တပ်က သိုင်းဆရာ ခင်ဗျ။ ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးတယောက်ကို ဆရာကြီးအနေနဲ့ မထေမဲ့မြင်လုပ်ဖို့ မကောင်း ဘူး ထင်ပါတယ်"

"သခင်ကျဲ့က လက်နက်မျိုးစုံအတတ်ပညာကို ဝါသနာပါတော့ ရာဇဝတ်ကောင်တွေ ဟာ ဒါကို အခွင့်ကောင်းယူပြီး စားသောက်နေကြတယ်။ ဒီတော့ လူတိုင်းက သူတို့ဟာ ဓားသိုင်း၊ လှံသိုင်း တတ်တယ်ဆိုပြီး သခင်ကျဲရဲ့ အိမ်ကို လာပြီး စားသောက်နေကြတာပေါ့။ သခင်ကျဲ့က တယ်ပြီး သဘောကောင်းတာကိုး"

လင်ချုံးမှာ မည်သို့မျှ မပြောချေ။ သို့ရာတွင် သခင်ကျဲ့က-

"လူတယောက်ကို ကြည့်ပြီး အလွယ်တကူ မဆုံးဖြတ်ပါနဲ့လေ။ ဒီလို အထင်သေးလို့ ဘယ်ရမလဲ"

ဤတွင် ဟုန်သည် ဒေါပွသွားကာ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်လျက်-

"ကျွန်တော်တော့ သူ ပြောတိုင်း မယုံဘူးခင်ဗျ။ ကျွန်တော်နဲ့ တချီလောက် သိုင်း ကစားပြပြီးမှ သူ တကယ် သိုင်းဆရာ ဟုတ်၊ မဟုတ်ကို ကျွန်တော် လက်ခံမယ်"

ကျဲ့ကျင်းက ရယ်လိုက်လျက်-

"မှန်ပါတယ်ဗျာ။ ကဲ၊ ဆရာလေး။ ဘယ်လိုသဘောရသလဲ" ဟု ကျဲ့ကျင်းက မေး၏။

"ကျွန်တော် မယှဉ်ပြိုင်ရဲပါဘူး ခင်ဗျာ"

"ဟုတ်ပြီ။ ဒီကောင်ဟာ ဘယ်လို သိုင်းကစားရမယ်ဆိုတာ မသိတာ သေချာတယ်" ဟု ဟုန်၏ စိတ်တွင် အောက်မေ့ကာ နှစ်ယောက်ယှဉ်၍ သိုင်းကစားရန် စိန်ခေါ်လျက်ရှိ၏။ သခင်ကျဲ့မှာမူ လင်ချုံး၏ အရည်အချင်းကိုလည်း သိချင်၏။ ထို့ပြင် မောက်မာ ကြွားဝါသော ဟုန်၏ ပါးစပ်ကိုလည်း ပိတ်သွားအောင် လုပ်စေချင်၏။

"ကဲဗျာ။ သောက်ကြစားကြပါဦး။ လ နည်းနည်းမြင့်လာတော့

နည်းနည်းပါးပါး စမ်းကြည့်ကြတာပေါ့”

စိမ်ရည် လေး ငါးအိုးသောက်ပြီးသည့်အခါ၌ကား လမှာ အတော်မြင့်လာကာ ခန်း ဆောင်တခုလုံးသည် လရောင်ဖြင့် ဝင်းထိန်လျက်ရှိလေပြီ။ ကျဲ့ကျင်းသည် ထိုင်ရာမှ ထ၍-

“ကဲ၊ ဟောဒီက ဆရာလေး။ ကျွန်တော်တို့ကို တပွဲလောက် ပြပါဗျာ” ဟု ပြော၏။

“သိုင်းဆရာဟုန်ဟာ ကျဲ့ကျင်းရဲ့ ဆရာ ဖြစ်တယ်။ ငါ သူ့ကို အနိုင်ယူလိုက်ရင် အိမ်ရှင် မျက်နှာပျက်ရတော့မယ်” ဟု တွေးလျက်ရှိ၏။

ထိုသို့ လင်ချုံး ချီတုံချတုံဖြစ်နေသည်ကို မြင်လျှင် ကျဲ့ကျင်းက-

“ဆရာကြီးဟုန်ဟာ ဒီကိုရောက်တာ သိပ်မကြာလှသေးဘူးဗျ။ သူ့အစွမ်းအစ ကိုလည်း ကျွန်တော်တို့ မမြင်ရသေးဘူး။ ဒီတော့ ဆရာလေးတို့နှစ်ယောက်ရဲ့ အစွမ်းကို ကျွန်တော်တို့ မြင်ပါ ရစေဗျာ”

ကျဲ့ကျင်းသည် ထိုသို့ပြောရင်း ဟုန် ရှုံးသွားလျှင်လည်း မိမိအဖို့ မျက်နှာပျက်စရာ မလိုကြောင်း လင်ချုံး သိအောင် အရိပ်အမြွက်မျှ ပြော၏။

လင်ချုံးသည် ထိုအခါကျမှ စိတ်အေးသွား၏။ ဟုန်က-

“ကဲ ကဲ။ စမ်းမှာဖြင့် လာဗျာ။ ဘာနဲ့ အရင်စမ်းကြည့်မလဲ။ တုတ်သိုင်းလောက်နဲ့ စမ်းတာပေါ့”

အားလုံး အိမ်ရှေ့ကွက်လပ်သို့ ထွက်ခဲ့ကြ၏။ အခိုင်းအစေများသည် တုတ်များကို ယူလာကာ မြေကြီးပေါ်တွင် ပုံထားကြ၏။ ဟုန်သည် ဝတ်ရုံကြီးကို ချွတ်လိုက်ပြီးနောက် ခါးတွင် ကြိုးစည်းလိုက်၏။ ထို့နောက် တုတ်တချောင်းကို ရွေး၍ ယူလိုက်ပြီးလျှင် အသင့် အနေအထားဖြင့် ရပ်နေ၏။

“လာလေ လာလေ”

“ဆရာလေး လင်ချုံးရေ၊ တပွဲလောက်တော့ လုပ်ပါဗျာ” ဟု ကျဲ့ကျင်းက ပြော၏။ လင်ချုံးကလည်း တုတ်တချောင်းကို ရွေးလိုက်ပြီးလျှင်-

“သခင်ကျဲ့ရေ၊ ကျွန်တော် သိုင်းကစားတာ ကိုးရိုးကားရားဖြစ်ရင် ရယ်တော့ မရယ် နဲ့နော်။ ဒီက ဆရာကြီးကလည်း ကျွန်တော့်ကို သင်ပေးပါခင်ဗျာ”

ဟုန်သည် တချက်တည်းဖြင့် ဝါးမျို စားသောက်တော့မည့် ပုံမျိုးဖြင့်

လင်ချိုးကို စူးစိုက်ကြည့်လျက်ရှိ၏။ လင်ချိုးသည် တုတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရှေ့သို့ တက်လာ၏။ ဟုန်သည် မြေကြီးကို တုတ်ဖြင့် ဖြောင်းခနဲမြည်အောင် ရိုက်လိုက်ပြီးနောက် လင်ချိုးဆီသို့ ပြေးဝင်လာ၏။

လရောင်ထဲတွင် လေး ငါးချီလောက် တိုက်ပြီးသည့်အခါ၌ လင်ချိုးသည် စည်းဝိုင်း ထဲမှ ခုန်ထွက်လိုက်ပြီး "တော်ပြီခင်ဗျ။ ရပ်လိုက်ကြစို့" ဟု အော်၏။

"ဆရာလေးကလည်း အစွမ်းအစကလေး ဘာလေး ပြပါဦး" ဟု ကျဲ့ကျင်းက ပြော၏။

"ကျွန်တော် အရှုံးပေးပါပြီ ခင်ဗျာ"

"အလို၊ ဘာဖြစ်လို့ အရှုံးပေးရမှာလဲ။ ပွဲပြီးအောင်မှ မကစားရသေးတာ"ဟု ကျဲ့ကျင်း က ပြော၏။

"ကျွန်တော်က ထိပ်တုံးကြီး လည်ပင်းမှာဆွဲပြီး တိုက်ရတယ်ဆိုကတည်းက ကျွန်တော် ရှုံးနေပြီပဲခင်ဗျာ"

"ဟုတ်သားပဲ။ ဒါပေမဲ့ ဒါက လွယ်ပါတယ်ဗျာ" ဟု ကျဲ့ကျင်းက ပြော၏။ သူ့အခိုင်း အစေများကို ငွေစင်တဆယ်ကျပ်သား အယူခိုင်းလိုက်ပြီးလျှင် အစောင့်နှစ်ယောက်ကို ခေါ်၍-

"ဟောဒီက ဆရာလေးရဲ့ လည်ပင်းက ထိပ်တုံးကြီးကို ခဏလောက် ဖြုတ်ပေးပါလား ဗျာ။ ကွမ်ကျို့အကျဉ်းထောင်ရောက်လို့ ပြဿနာဖြစ်ရင် ကျုပ် တာဝန်ယူပါ့မယ်။ ဒီ ငွေစင် တဆယ်သားကို ခင်ဗျားတို့နှစ်ယောက် ခွဲယူကြပါ"

ကျဲ့ကျင်းက စိတ်ထားကောင်းသူတယောက် ဖြစ်ရုံမက လေးစားဖွယ်လူတယောက် ဖြစ်သည့်အတွက် အစောင့်နှစ်ယောက်မှာလည်း မငြင်းရဲကြတော့ချေ။ ကျဲ့ကျင်း၏ အိမ်တွင် ကောင်းစွာ စားသောက်နေရရုံမျှမက ငွေစင်လည်း လိုချင်ကြသေး၏။ လင်ချိုးမှာ လည်း ထွက်ပြေးမည့် ပုံ မပေါ်သည့်အတွက် ဆွေဘာသည် လင်ချိုး၏ လည်ပင်းမှ ထိပ်တုံး ကြီးကို ဖြုတ်ပေးလိုက်၏။

"ဟုတ်ပြီဗျ။ ကဲ၊ ဆရာတို့နှစ်ယောက် ယှဉ်ပြိုင်နိုင်ပါပြီဗျာ" ဟု ကျဲ့ကျင်းက ဝမ်းသာ အားရပြော၏။ လင်ချိုး၏ တိုက်ကွက်များမှာ ရဲရဲတင်းတင်းမရှိလှဘဲ ခံစစ်သာသာမျှသာ ဖြစ်သည့်အတွက် ဟုန်သည် အထင်သေးလျက် ရှိ၏။ ဟုန်သည် တုတ်ကို ကောက်ကိုင် လိုက်ကာ တိုက်ရန် အသင့် ဖြစ်နေ၏။

"ခဏလေးဗျ"ဟု ဆိုကာ ကျဲ့ကျင်းသည် နှစ်ဆယ့်ငါးကျပ်သားရှိ

ငွေချောင်းတချောင်း ကို အစေခံများအား အယူခိုင်းလိုက်ရာ ချက်ချင်း ရောက်လာလေ၏။

"သိုင်းဆရာနှစ်ယောက်ရဲ့ ပြိုင်ပွဲဟာ သာမန်ပြိုင်ပွဲ မဟုတ်ဘူး ခင်ဗျာ။ ဒီတော့ ဆရာ တို့နှစ်ယောက်အနက် နိုင်တဲ့သူက ဒီငွေချောင်းကို ဆုအဖြစ် လက်ခံပါ" ဟု ဆိုကာ လင်ချုံး တိုက်ချင်ခိုက်ချင်စိတ် ပေါ်လာအောင် ဆွပေးပြီးလျှင် ငွေချောင်းကို စည်းဝိုင်း ထဲသို့ မြှောက်ပစ်လိုက်၏။

လင်ချုံး စည်းဝိုင်းထဲသို့ ဝင်လာသည့်အတွက် ဟုန်မှာ စိတ်ပျက်သွား၏။ ငွေချောင်း ကြီးကလည်း မက်မောစရာဖြစ်နေ၏။ ငွေချောင်းမရသည်က အကြောင်းမဟုတ်။ ရှုံးသည် ဆိုလျှင် သူ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်မည် ဖြစ်၏။ ဟုန်သည် ရင်ကို ကော့ လိုက်ကာ တိုက်တော့မည့် ဟန် ပြင်ထားလိုက်ပြီး "ကောင်းကင်တခွင် မီးတုတ်တင်" ဟု ခေါ်ကြသော ဟန်ဖြင့် တုတ်ကြီးကို မြှောက်၍ မြှောက်၍ ဝှေ့ယမ်းကာ အဖွင့် ဟန်ပြ၏။

"ကျဲ့ကျင်းကတော့ အနိုင်သတ်စေချင်ပုံ ရတယ်" ဟု လင်ချုံးစိတ်တွင် အောက်မေ့ကာ တုတ်ကို ဝါးလုံးတန်းကိုင်၍ တက်လာပြီး "မြက်ဖြဲမြွေရှာ" အကွက်ဖြင့် စ၍ လှုပ်ရှား၏။

"လာလေ။ သတ္တိရှိရင် ဝင်ကြည့်လေ" ဟု ဟုန်က အော်၏။

ဟုန်သည် တုတ်ကို အောက်ပိုင်းတွင် ဝှေ့ယမ်း၍ ဝင်လာ၏။ လင်ချုံးက နောက်သို့ ဆုတ်၏။ ရှောင်၏။ ဟုန်က ရှေ့သို့ တလှမ်းတိုး၏။ ထို့နောက် တုတ်ကို မြှောက်၍ လင်ချုံးကို တအားရိုက်ချလိုက်၏။ ဟုန်၏ ကိုယ်သည် ဟန်ချက်ပျက်သွားကာ ယိုင်သွား၏။ ဤတွင် လင်ချုံးသည် မြေတွင် တရွတ်ဆွဲလာသည့် တုတ်ကို မြှောက်ကာ ပင့်သိမ်း၍ ရိုက်ချလိုက်၏။ ဟုန်သည် ကိုယ်ကို ပြန်၍ မတ်ချိန် မရလိုက်။ ခုန်၍ ရှောင်ရန် ကြိုးစားသေး၏။ သို့ရာတွင် လင်ချုံး၏ တုတ်သည် ဟုန်၏ ညို့သကျည်းကို ရိုက်ချိုးပစ်လိုက်၏။ ဟုန်၏ လက်မှ တုတ် သည် လွတ်ကျသွားကာ လူမှာလည်း မြေကြီးပေါ်သို့ ဗိုင်းခနဲ လဲကျသွား၏။

ကျဲ့ကျင်းသည် အားရဝမ်းသာဖြစ်ကာ စိမ်ရည်အယူခိုင်းလိုက်ပြီးနောက် လင်ချုံးကို ဂုဏ်ပြုသောအားဖြင့် အထူးငွေခွက်ဖြင့် စိမ်ရည်တိုက်၏။ စောင့်ကြည့်သူများသည် ဝိုင်း၍ ရယ်ကြ၏။ ဟုန်သည် ထရန် ကြိုးစားသေးသော်လည်း မထနိုင်တော့ပြီ။ စပ်ဖြဲဖြဲဖြစ်နေသော အခိုင်းအစေများက ပြုံးစေ့စေ့ဖြင့် သူ့ကို တွဲခေါ်သွားကြ၏။ ဟုန်သည် ခပ်ရှက်ရှက်ဖြင့် အိမ်ထဲမှ ထော့ကျိုးထော့ကျိုးဖြင့် ထွက်သွားလေ၏။

ကျဲ့ကျင်းသည် လင်ချုံးကို နောက်ဘက်ခန်းဆောင်ထဲသို့

လက်တွဲခေါ်သွားပြီး စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံပြုစု၏။ ငွေချောင်းပေးရန် အခိုင်းအစေများကို ပြော၏။ လင်ချုံးက အတန်တန် ငြင်းသော်လည်း ကျဲ့ကျင်း တိုက်တွန်းသဖြင့် နောက်ဆုံးတွင် လက်ခံလိုက်ရ၏။

ကျဲ့ကျင်းသည် လင်ချုံးအား အိမ်တွင် ရက်ပေါင်းများစွာ နေခွင့်ပေးကာ နေ့တိုင်း စားကောင်းသောက်ဖွယ်များဖြင့် ကျွေးမွေးပြုစု၏။ ခြောက်ရက် ခုနစ်ရက်ခန့် ကြာသည့်အခါတွင်မူ အစောင့်များကလည်း ခရီးဆက်ရန် လင်ချုံးကို တိုက်တွန်းကြ၏။ ကျဲ့ကျင်း သည် နှုတ်ဆက်စားသောက်ပွဲ ကျင်းပ၏။ ထို့နောက် စာနှစ်စောင်ကို ရေး၍ လင်ချုံး လက် ထဲသို့ ထည့်လိုက်၏။

“ကွမ်ကျို့က မြို့ဝန်ဟာ ကျွန်တော့်မိတ်ဆွေကြီးပဲဗျ။ ပြီးတော့ ထောင်ပိုင်ရော၊ ထောင်မှူးကြီးရော နှစ်ယောက်စလုံးနဲ့လည်း ကျွန်တော် ရင်းနှီးပါတယ်။ ဟောဒီစာကို ပေးလိုက်ပါ။ နောင်ကြီးကို ဂရုစိုက်ကြပါလိမ့်မယ်”

ကျဲ့ကျင်းသည် လင်ချုံးအား နောက်ထပ် အစိတ်သားရှိ ငွေချောင်းတချောင်း၊ အစောင့်တယောက်စီကိုလည်း ငါးကျပ်သားရှိ ငွေချောင်းတချောင်းစီ ပေးကာ တညလုံး ဧည့်ခံကျွေးမွေး၏။

နောက်တနေ့မနက် မနက်စာ စားသောက်ပြီးသည့်အခါတွင် ကျဲ့ကျင်းသည် အခိုင်း အစေများကို ခေါ်ကာ သူတို့အထုပ်အပိုးများကို သယ်၍ လိုက်ပို့ရန် ညွှန်ကြား၏။ ထိပ်တုံး ကိုလည်း လင်ချုံး၏ လည်ပင်းတွင် ပြန်၍ ခတ်၏။ ကျဲ့ကျင်းသည် သူတို့ကို ဝင်းဝ ရောက်အောင် လိုက်ပို့ကာ-

“မကြာခင်မှာ ဆောင်းတွင်းဝတ်ဖို့ အဝတ်အစားတွေလည်း ကျွန်တော် ပို့လိုက်ပါ မယ်”ဟု ပြောလိုက်၏။

“ကျွန်တော်ဖြင့် နောင်ကြီးကို ဘယ်လို ကျေးဇူးတင်ရမယ် ဆိုတာတောင်မှ မပြော တတ်အောင် ဖြစ်နေပြီ ခင်ဗျာ”

အစောင့်များသည်လည်း ကျဲ့ကျင်းကို ကျေးဇူးတင်စကားပြောကာ သူတို့သုံးယောက် သည် ကွမ်ကျို့သို့ ထွက်လာခဲ့ကြ၏။ မွန်းတည့်ချိန်လောက်တွင် ကွမ်ကျို့သို့ ရောက်သဖြင့် အထုပ်အပိုး သယ်လာသူများကို ပြန်လွှတ်လိုက်ကြ၏။ အစောင့်များသည် မြို့ဝန်ရုံးသို့ သွားကာ နယ်နှင်ဒဏ်ခတ်သည့် အမိန့်စာကို သွားပေးရာ တာဝန်ကျအရာရှိတယောက်က လက်ခံယူပြီးလျှင် လင်ချုံးကို မြို့ဝန်ထံသို့ ခေါ်သွား၏။ မြို့ဝန်သည် လင်ချုံးအား အကျဉ်း သားအဖြစ် လက်ခံရရှိကြောင်း ပြေစာကို ရေးပေးပြီးနောက် ထောင်သွင်းအကျဉ်းထားရန် အမိန့်စာကိုလည်း ထုတ်ပေးလိုက်၏။ အစောင့်များသည်လည်း လင်ချုံးကို နှုတ်ဆက်၍ အရှေ့နေပြည်တော်သို့ ပြန်ကြ၏။ သူတို့အကြောင်းကိုမူ

မပြောတော့ပြီ။

ထောင်သွင်းအကျဉ်းခံရသည့် လင်ချိုးအကြောင်းကို ပြောပြပေအံ့။ လင်ချိုးအား အကျဉ်းတိုက်တခုသို့ ခေါ်သွားပြီးလျှင် မှတ်ပုံတင်ရန် အစောင့်ခိုင်းထား၏။ အခြားသော အကျဉ်းသားများသည် လင်ချိုးကို လာ၍ ကြည့်နေကြ၏။

"ဒီက ထောင်ပိုင်နဲ့ ထောင်မှူးကြီးက တော်တော်ဆိုးတယ်ဗျ။ ငွေညှစ်ဖို့လောက်ပဲ စိတ်ကူးနေတာပဲ။ ပိုက်ဆံကောင်းကောင်းပေးရင် ခင်ဗျားကို ကောင်းကောင်းမွန်မွန် ထား မယ်။ မပေးနိုင်ရင် မြေတိုက်ထဲမှာ ထည့်ထားတယ်။ ဒီမှာ ဆုနှစ်မျိုးပဲ တောင်းလို့ ရတယ်။ သေဖို့ ဆုတောင်းချင်တောင်း၊ ဒါမှမဟုတ်ရင်လည်း ရှင်ဖို့ ဆုတောင်း။ ဒါပေမဲ့ ဘယ်ဆုတောင်းမှတော့ ပြည့်မှာ မဟုတ်ဘူး။ ထောင်ကို ရောက်တာနဲ့ ထောင်စည်းကမ်းကို လိုက်နာအောင်ဆိုပြီး ရိုက်တယ်။ အရိုက်မခံချင်ရင် သူတို့လက်ထဲကို ငွေစထည့်လိုက်။ နေမကောင်းလို့ပါလို့ အကြောင်းပြလိုက်ရင် ရိုက်မယ့်ရက်ကို ရွှေ့ထားလိုက်တယ်။ ဒီလိုမှ မဟုတ်ရင်တော့ အချက်တရာ အရိုက်ခံရတယ်။ မသေရုံတမယ် ကျန်တာပါပဲ။

"အကြံပေးတဲ့အတွက် နောင်ကြီးတို့ကို ကျေးဇူးတင်ပါတယ်ဗျာ။ နို့ နေစမ်းပါဦး။ ပိုက်ဆံပေးရင်ကော ဘယ်လောက်လောက် ပေးရလဲ"

"ထောင်ပိုင်ကို ငွေစင်တဆယ်နဲ့ ထောင်မှူးကို ငွေစင်ငါးကျပ်သားလောက် ပေး လိုက်ရင်တော့ လုံလောက်ပါတယ်"

ထိုသို့ စကားပြောဆိုနေကြစဉ် ထောင်မှူး ရောက်လာကာ-

"နောက်ရောက်လာတဲ့ လူသစ်က ဘယ်သူလဲ"

လင်ချိုးက ရှေ့သို့ ထွက်လာကာ-

"ကျွန်တော်ပါ"

လင်ချိုးက ပိုက်ဆံထုတ်မပေးသည့်အခါတွင် ထောင်မှူး၏ မျက်နှာသည် ညို့မှိုင်း သွား၏။ ထောင်မှူးသည် လင်ချိုးကို လက်ညှိုးတထိုးထိုးဖြင့်-

"မင်းလား။ မင်း တော်တော်လူပါးဝတဲ့ကောင်။ ငါဝင်လာတာကို ဘာဖြစ်လို့ အရိုအသေ မပေးဘဲ နေရတာလဲ။ ကိုက်ဖန်းမှာ မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ ငါ အကုန် ကြားပြီးပြီ။ မင်းက ဘာကောင်မို့ ငါ့ကို အရိုအသေမပေးဘဲ နေရတာလဲ။ နဖူးရေဒူးရေ ကြည့်လိုက်ကတည်းက မင်းဟာ ငတ်မယ့်ကောင်ဆိုတာ ငါသိပြီးသား။

ဘယ်တော့မှ ကြီးပွားမယ့်ကောင် မဟုတ်ဘူး။ မင်းကိုတော့ နာနာလေး နှက်ပေးမှ။ ခွေးသူခိုး။ မင်း ငါ့ အကြောင်း သိရောပေါ့ကွာ။ အရိုးနဲ့ အသားတော့ မှုန့်မှုန့်ညက်ညက်ကြေပြီလို့ အောက်မေ့ ပေတော့"

လင်ချုံးက ခေါင်းကို ငုံ့၍ ရပ်လျက်ရှိစဉ် ထောင်မှူးသည် ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်း ထွာလျက် ရှိ၏။ ထောင်မှူး၏ ဆဲသံကို ကြားရသည့်အခါ၌ အခြားသော အကျဉ်းသမား တို့မှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြ၏။

လင်ချုံးသည် သူ ဆဲရေးတိုင်းထွာပြီးသည်အထိ စောင့်ကာ ပြီးသည်နှင့် အိတ်ထဲမှ ငွေစင်ငါးကျပ်သားကို ထုတ်၍ ပေးရင်း-

"နည်းတယ်လို့တော့ သဘောမထားပါနဲ့ ထောင်မှူးကြီးရယ်။ ဒါလေးကိုတော့ လက်ခံပါ"

"ငါတယောက်တည်းလား။ ထောင်ပိုင်ကိုရော ပေးရဦးမှာလား"

"ထောင်မှူးကြီးတယောက်တည်းအတွက်ပါ ခင်ဗျာ။ ထောင်ပိုင်ကြီးအတွက်က ဟောဒီမှာ ငွေစင်တဆယ်သားပါ။ ဒါလေးကိုလည်း...."

ထောင်မှူးသည် ပါးစပ်ကို ဖြဲ၍ ပြုံးလိုက်ရင်း-

"သိုင်းဆရာလင်ချုံးရဲ့ နာမည်ကိုတော့ ကြားဖူးပြီးသားပါ။ ခင်ဗျားဟာ လူကောင်း ဆိုတာ ကျွန်တော်သိပါတယ်။ ဗိုလ်ချုပ်ကောက်ကျူ ခင်ဗျားကို အမှုဆင်လုပ်လိုက်တယ် ဆိုတာလည်း ကျွန်တော် သိပါတယ်။ အေးလေ၊ ခုလောလောဆယ်တော့ အောင့်အည်း သည်းခံဦးပေါ့။ ထောင်ထဲမှာ ခင်ဗျား အနေအထိုင်ကောင်းရင် အမှတ်ရမှာပါ။ ခင်ဗျားလို နာမည်တလုံးနဲ့ အရည်အချင်းရှိတဲ့ လူမျိုးဟာ ဒီလိုချည်းတော့ ကြာရှည်မနေရပါဘူး။ တကွေ့ကွေ့ကျရင် ခင်ဗျားလည်း ကြီးပွားတဲ့ အလှည့်ကို ရောက်ဦးမှာပေါ့"

လင်ချုံးက ရယ်လိုက်လျက်-

"ခုတော့ ထောင်မှူးကြီးတို့ကိုပဲ အားကိုးရမှာပေါ့ ခင်ဗျာ"

"စိတ်ချပါဗျာ"

လင်ချုံးသည် ကျဲ့ကျင်းပေးလိုက်သည့် စာများကို ထုတ်ကာ-

"ဒီစာလေးတွေကိုလည်း ပေးပေးပါ ခင်ဗျာ"

"ဘာလဲ။ သခင်ကျဲ့ဆီက စာလား။ ဘာမှ မပူပါနဲ့တော့ဗျာ။ ဒီစာတွေဟာ

ရွှေချောင်း တချောင်းလောက် အဖိုးတန်ပါတယ်။ ခဏနေရင် ထောင်ပိုင်ကြီးခေါ်ပြီး ခင်ဗျားကို မှတ်ပုံ တင်ပေးလိမ့်မယ်။ ကြိမ်ဒဏ်အချက်တရာပေးဖို့ အမိန့်ချရင် ခရီးပန်းလာတဲ့အတွက် နေထိုင်မကောင်းဖြစ်နေပါတယ်၊ ခုထိ ကောင်းကောင်း မကျန်းမာသေးပါဘူးလို့ ပြော။ ကျွန်တော်လည်း ကြည့်ပြောပေးပါ့မယ်။ ပိပိရိရိတော့ ရှိပေ့စေနော်”

“ကျေးဇူးကြီးလှပါတယ်ခင်ဗျာ”

ထောင်မှူးသည် ငွေစင်များနှင့် စာများကို ယူ၍ ထွက်သွားရာ အခန်းထဲတွင် လင်ချူး တယောက်တည်း ကျန်ရစ်ခဲ့၏။ လင်ချူးသည် သက်ပြင်းကြီးတချက်ကို ချလိုက်ကာ “ငွေ ရှိရင် သိဒ္ဓိမြောက်တယ် ဆိုတဲ့ စကားဟာ တယ်မှန်တာပဲ” ဟု တယောက်တည်း ပြောနေ လေ၏။

ထောင်မှူးသည် ငွေစင်ငါးကျပ်သားကိုသာ ထောင်ပိုင်သို့ ပေးလိုက်၏။

“လင်ချူးဆိုတဲ့လူက သိပ်မဆိုးပါဘူး ထောင်ပိုင်ကြီး။ ပြီးတော့ ဟောဒီမှာ သခင်ကျဲ့ ကလည်း စာပေးလိုက်တယ် ခင်ဗျ။ ကြည့်ရတာကတော့ ဗိုလ်ချုပ်ကောက်ကျူက အမှု ဆင်ပြီး နယ်နှင်ဒဏ် ပေးလိုက်တာနဲ့ တူတာပဲ။ အမှုသွားကို ကြည့်ရတာက ဘာမှ ရေရေ ရာရာရှိတာ မဟုတ်ဘူး”

“သခင်ကျဲ့က စာရေးပေးလိုက်တယ်ဆိုရင်တော့ တို့တတွေကလည်း စောင့်ရှောက် ရမှာပေါ့ကွ”ဟု ထောင်ပိုင်ကြီးက ပြောကာ လင်ချူးကို အခေါ်လွှတ်လိုက်၏။

လင်ချူးအကြောင်းကို ပြန်ကောက်အံ့။

လင်ချူးသည် အကျဉ်းတိုက်ထဲတွင် တယောက်တည်း ထိုင်နေစဉ် ထောင်ကြပ်တယောက် ရောက်လာကာ-

“လူသစ် လင်ချူး။ ထောင်ပိုင်ကြီးအခန်းကို လာပါ။ မှတ်ပုံတင်မယ်” ဟု အော်၏။

လင်ချူးသည် ထောင်ပိုင်ကြီးအခန်းသို့ လိုက်သွား၏။

“မင်းက လူသစ် မဟုတ်လား။ ဆွန်ဘုရင်ကြီးလက်ထက်ကတည်းက တို့ထောင်ထဲမှာ လိုက်နာရမယ့် စည်းကမ်းတွေ ရှိတယ်။ နယ်နှင်ဒဏ်နဲ့ ရောက်လာတဲ့ လူသစ်တိုင်းကို ကြိမ်ဒဏ်တရာ ရိုက်ရမယ်တဲ့။ ဟေ့၊ ထောင်ကြပ်တွေ အဆင်သင့်ပြင်ဟေ့”

“ကျွန်တော်ဟာ လမ်းမှာကတည်းက နေထိုင်မကောင်း ဖြစ်လာခဲ့ပါတယ်

ခင်ဗျာ။ ခုလို ကောင်းကောင်း မကျန်းမာသေးပါဘူး။ ကြိမ်ဒဏ်ကို ရွှေ့ထားဖို့ တောင်းပန်ပါတယ်”

လင်ချုံးက ပြော၏။ ထောင်မှူးကလည်း-

“ဟုတ်ပါတယ် ထောင်ပိုင်ကြီး။ သူ ကောင်းကောင်း မမာသေးပါဘူး။ ငဲ့ညှာသော အားဖြင့် ရွှေ့ထားဖို့ ကောင်းပါတယ်”

“ဟုတ်ပြီလေ။ မင်းကို ကြည့်ရတာကလည်း ကောင်းကောင်းကျန်းမာပုံ မရသေးဘူး။ ဒီတော့ ကြိမ်ဒဏ်ကို လောလောဆယ် ရွှေ့ဆိုင်းထားလိုက်မယ်။ နေကောင်းလာတော့မှ ပေးမယ်"

“ကျွန်တော်တို့ ထောင်တွင်းဘုံကျောင်းမှာ အစောင့်အလှည့်ကျတဲ့ အကျဉ်းသားက ရက်စေ့သွားပြီခင်ဗျ။ ဒီတော့ သူ့ကို ဘုံကျောင်းမှာ အစောင့်တာဝန်ပေးရရင် မကောင်း ဘူးလား ထောင်ပိုင်ကြီး”

ထောင်ပိုင်က အမိန့်ကို ချက်ချင်း ရေးပေးလိုက်သဖြင့် လင်ချုံးသည် အစောင့် တယောက်နှင့်အတူ အကျဉ်းတိုက်အခန်းသို့ ပြန်လာကာ အထုပ်အပိုးများကို ယူပြီးသော် ဘုံကျောင်းကို လာခဲ့၏။

“ဒီမှာ သိုင်းဆရာ။ ခင်ဗျားကို ဒီအလုပ်ကျအောင် ကျုပ် ခက်ခက်ခဲခဲ လုပ်ပေးခဲ့ တာနော်။ ထောင်ထဲမှာတော့ ဒီအလုပ်က အသက်သာဆုံးပဲ။ ဘုံကျောင်းမှာ အမွှေးတိုင် ထွန်း။ မနက် တကြိမ်၊ ညတကြိမ် သန့်ရှင်းရေးလုပ်ရုံလောက်ပဲ ရှိတယ်။ တခြားအကျဉ်း သားဆိုရင် တနေကုန် အလုပ်လုပ်ရတာ။ ဒါကို ခင်ဗျား နောက်တော့ တွေ့လာလိမ့်မယ်။ ပိုက်ဆံမပေးနိုင်တဲ့ အကျဉ်းသားဆိုရင် မြေတိုက်ခန်းထဲ ပိတ်လှောင်ထားလိုက်တာပဲ။ အဲဒီမှာ သေဖို့ ဆုတောင်းချင် တောင်း၊ ရှင်ဖို့ ဆုတောင်းချင်တောင်း။ အလကားပဲ။ ဘာမှ ဆုတောင်းပြည့်မှာ မဟုတ်ဘူး”

လင်ချုံးက ထောင်မှူးကို နောက်ထပ် ငွေစအနည်းငယ်ပေးရင်း-

“စောင့်ရှောက်လို့ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ထောင်မှူးကြီးကို နောက်ထပ် အကူ အညီတခုတော့ တောင်းချင်ပါတယ်။ ဒုက္ခပေးတယ်လို့တော့ မအောက်မေ့ပါနဲ့။ ကျွန်တော့် လည်ပင်းက ထိပ်တုံးကြီးကို ဖြုတ်မပေးနိုင်ဘူးလား ခင်ဗျာ”

ထောင်မှူးသည် ငွေစကို အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် “ကျုပ်တာဝန် ထားပါ လေ” ဟု ဆိုကာ ထောင်ပိုင်ထံသို့ သွား၍ ခွင့်တောင်းပြီး ထိပ်တုံးကို ဖြုတ်ပေးလိုက်၏။

ထိုအချိန်မှစ၍ လင်ချုံးသည် ဘုံကျောင်းထဲတွင် စားပြီး ဘုံကျောင်းထဲတွင် အိပ်ရ၏။

နေ့တိုင်း အမွေးတိုင်ထွန်းခြင်း၊ အမှိုက်လှည်းခြင်း စသည်တို့ကိုလောက်သာ လုပ်ရ၏။ သို့ဖြင့် ထောင်ထဲတွင် ရက်ပေါင်း လေး ငါးဆယ်ခန့် ကုန်လွန်သွား၏။ ထောင်ပိုင်နှင့် ထောင်မှူးတို့မှာလည်း လာဘ်ပေးထားသည့်အတွက် သူ့အပေါ်တွင် ကောင်းမွန်စွာ ဆက်ဆံကြ၏။ ထောင်ထဲတွင် အချုပ်အချယ်မရှိ သွားလိုရာသွားနိုင်၏။ သခင်ကျဲ့ကလည်း ဆောင်းအဝတ်အစားများနှင့် အခြားပစ္စည်း များကို လူလွှတ်၍ ပို့ပေး၏။

ဆောင်းဝင်စ တနေ့သ၌ လင်ချုံးသည် ထောင်ဘူးဝတွင် လမ်းလျှောက်လျက်ရှိ၏။ ထိုစဉ် –ဗျို့၊ လင်ချုံး။ ဒီမှာ ဘာလာလုပ်နေတာလဲ” ဟူသော အသံတသံကို နောက်ဘက်မှ ကြားလိုက်ရလေ၏။

လင်ချုံးသည် နောက်သို့ လှည့်ကြည့်လိုက်၏။

ထိုလူကို လှည့်ကြည့်လိုက်မိသည့်အတွက် ရလိုက်သော ရလဒ်မှာ-

မီးတောက်နှင့် မီးလျှံများကြောင့် သူသည် သေအံ့မူးမူး ဖြစ်ခဲ့ရ၏။ မိုးသက်များ၊ မုန်တိုင်းများကြားထဲတွင် သူသည် သေလောက်သော ဒဏ်ရာကြီးများဖြင့် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရ၏။

လင်ချုံးသည် မည်သူနှင့် တွေ့သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၀

လင်ချုံးသည် နှင်းမုန်တိုင်းကြောင့် တောင်ပေါ်ဘုံကျောင်းတွင် ခိုလှုံရခြင်း

လူကျန့်သည် မြင်းစာသိုလှောင်ရုံကို မီးတင်ရှို့ခြင်း

လင်ချုံးသည် ထောင်ဘူးဝတွင် လမ်းလျှောက်နေစဉ် နောက်မှ ခေါ်သံကို ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ထမင်းဆိုင်တဆိုင်တွင် စားပွဲထိုးလုပ်နေသော လီရှောင်အဲကို တွေ့ရ လေ၏။ အရှေ့နေပြည်တော်တွင် နေခဲ့စဉ်က လင်ချုံးသည် လီရှောင်အဲကို ငွေရေးကြေးရေး ဖြင့် ကြိမ်ဖန်များစွာ ကူညီခဲ့ဖူး၏။ ထို့နောက်တွင် ရှောင်အဲသည် ထမင်းဆိုင်မှ ငွေများ ခိုး သဖြင့် အဖမ်းခံခဲ့ရ၏။ သူ့ကို မြို့ဝန်ထံပို့၍ တရားစွဲမည့်ဆဲဆဲတွင် လင်ချုံးက ကူညီခဲ့သဖြင့် ရုံးတင် စစ်ဆေးခြင်း မခံခဲ့ရတော့ချေ။ လင်ချုံးက သူ့ပိုက်ဆံကို စိုက်လျော်ခဲ့သည့်အတွက် အချုပ်မှလည်း လွတ်လာခဲ့၏။ ရှောင်အဲမှာ နေပြည်တော်တွင် အလုပ်ရှာ မရတော့သည့် တိုင် လင်ချုံးက စရိတ်စက စိုက်ထုတ်ပေးသဖြင့် အခြားသို့ ထွက်လာကာ အလုပ်အကိုင် ရှာဖွေနိုင်ခဲ့၏။ ယခုမူ ကွမ်ကျို့တွင် ရှောင်အဲကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေပြီ။

"ဟော့၊ ရှောင်အဲ။ ဒီမှာ လာပြီး ဘာလုပ်နေတာလဲ"

ရှောင်အဲသည် သူ့ကို ဦးညွတ်နှုတ်ဆက်ပြီးနောက်-

"ဆရာလေးရဲ့ ကျေးဇူးကြီးပါပေတယ်။ ဆရာလေးက ခရီးစရိတ်ပေးတာနဲ့ ကျွန်တော် လိုက်ပြီး အလုပ်ရှာတယ် ခင်ဗျ။ ဒါပေမဲ့ ဘယ်မှာမှ ရှာလို့ မရဘူး။ ဒါနဲ့ ကွမ်ကျို့ကို ရောက် လာတယ်။ ဒီရောက်တော့ ဝမ်ဆိုတဲ့ ထမင်းဆိုင်ရှင်တယောက်ဆီမှာ အလုပ်ရတယ်။ ကျွန်တော်က အလုပ်လည်း ကြိုးစား၊ အချက်အပြုတ်တို့ ဘာတို့ကလည်း ကောင်းတော့ လူတွေက သဘောကျတာနဲ့ ကျွန်တော်တို့ဆိုင်လည်း တော်တော်လေး ကြီးပွားလာတယ် လေ။ ဆိုင်ရှင်မှာ သမီးတယောက်လည်း ရှိတော့ ကျွန်တော့်ကို သူ့သမီးနဲ့ ပေးစားပြီး ဆိုင် မှာပဲ အုပ်ချုပ်ခိုင်းထားတယ်။ ခုတော့ အဘိုးကြီးရော၊ အဘွားကြီးရော မရှိကြတော့ဘူး။ ကျွန်တော်တို့လင်မယားပဲ ကျန်တော့တယ်။ ထောင်နားမှာ ကျွန်တော်တို့ ထမင်းဆိုင် ဖွင့်ထားတယ်ခင်ဗျ။ ခု အကြွေးကလေး ဘာလေးတွေ သွားတောင်းမလို့ ထွက်လာတာ။ ဆရာလေးက ဒီမှာ ဘာလာလုပ်နေတာလဲ"

လင်ချုံးက မျက်နှာတွင် ခတ်ထားသည့် သံပူရာကို ပြကာ-

“ဗိုလ်ချုပ်ကောက်ကျူက ငါ့ကို မကြိုက်တာနဲ့ အမှုဆင်၊ ထောင်ချပြီး ဒီကို နယ်နှင် ဒဏ် ခတ်လိုက်တာလေ။ ခုတော့ ထောင်ထဲက ဘုံကျောင်းကို စောင့်ရတယ်ကွ။ နောင်တော့ ဘာဖြစ်ဦးမယ် မသိသေးဘူး။ မင်းကို တွေ့ရလိမ့်မယ်လို့ နည်းနည်းမှ မမျှော်လင့်ဘူးကွာ” ရှောင်အဲသည် လင်ချုံးကို သူ့အိမ်သို့ ခေါ်သွားကာ နေရာထိုင်ခင်းပေးပြီးလျှင် သူ့ မယားကို လှမ်းခေါ်လိုက်၏။ လင်မယားနှစ်ယောက်စလုံးကပင် ၎င်းတို့၌ ဆွေရင်းမျိုးချာ ဆို၍ တယောက်မျှ မရှိကြောင်း၊ ယခုလို တွေ့ရခြင်းသည် ဘုရားက ပေးသော ရလဒ်ဖြစ် ကြောင်းဖြင့် ပြောဆိုကြ၏။

“ငါက ရာဇဝတ်ကောင်၊ နယ်နှင်ဒဏ် ခံနေရတဲ့လူ။ ဒီတော့ မင်းတို့မှာ ငါနဲ့ ပေါင်းသင်း လို့ နာမည်ပျက်နေပါ့မယ်ကွာ”

“ဘယ် ဒီလိုဟုတ်မလဲ ဆရာလေးရာ။ ဆရာလေးရဲ့ နာမည်ကို လူတိုင်းသိပြီးသား။ လျှော်စရာ ချုပ်စရာ အဝတ်တို့ ဘာတို့ရှိရင် ယူခဲ့ပါ။ ကျွန်တော့်မိန်းမ လုပ်ပေးမှာပေါ့” ရှောင်အဲသည် လင်ချုံးကို စားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံပြုစုပြီးနောက် ညနေသို့ ရောက်လျှင် ထောင်ထဲရှိ ဘုံကျောင်းသို့ ပြန်ပို့၏။ နောက်တနေ့မနက်တွင် ရှောင်အဲ ရောက်လာပြီး သူတို့အိမ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ပြန်၏။

ထို့နောက်မှစ၍ ရှောင်အဲနှင့် လင်ချုံးတို့သည် မကြာခဏ တွေ့ဆုံဖြစ်ကြ၏။ ရှောင်အဲ သည် လက်ဖက်ရည်၊ ဟင်းချို စသည်တို့ကို ထောင်ထဲသို့ မကြာခဏ ပို့ပေးတတ်၏။ သူတို့ စေတနာကို လေးစားသည့်အနေဖြင့် လင်ချုံးကလည်း သူ့တွင် ပါလာသည့် ငွေစတို့ကို အရောင်းအဝယ်တွင် အသုံးပြုနိုင်ရန် မကြာခဏ ပေးလေ့ရှိ၏။

အသေးအဖွဲတို့ကို ချန်လုပ်ခဲ့တော့မည်။ သို့ဖြင့် အချိန်တို့ ကုန်သွားခဲ့၏။ ဆောင်း ရာသီသို့ ရောက်လေပြီ။ လင်ချုံး၏ ဆောင်းဝတ်ဂွမ်းကပ်အင်္ကျီများကို ရှောင်အဲ၏ မိန်းမက ချုပ်ပေးတတ်၏။

တနေ့သ၌ ရှောင်အဲသည် မီးဖိုထဲတွင် ချက်ပြုတ်နေစဉ် ဆိုင်ထဲသို့ လူတယောက် ဝင်လာကာ စားပွဲတလုံးတွင် ဝင်ထိုင်၏။ ထို့နောက် နောက်တယောက် တိတ်တဆိတ် ဝင်လာပြန်၏။ ပထမလူမှာ ဟန်ပန်ကို ကြည့်၍ စစ်ဗိုလ်တယောက် ဖြစ်ပုံရ၏။ ဒုတိယ လူမှာ သူ့တပည့်တယောက် ဖြစ်ဟန်တူ၏။ ထိုလူသည် သုတ်သီးသုတ်ပျာဖြင့် ဝင်လာကာ စားပွဲတွင် ဝင်၍ ထိုင်၏။ ရှောင်အဲသည် သူတို့အနီးသို့ သွားကာ “ဘာသုံးဆောင်မလဲ ခင်ဗျာ” ဟု မေး၏။ ပထမ လူသည် ငွေစအချို့ကို လှမ်းပေးကာ-

“ရှော့၊ ဟောဒီက ငွေစကို ယူထား။ ခု တို့ဖို့ စိမ်ရည်ကောင်းကောင်း သုံး

လေးအိုး လောက် ယူခဲ့။ ညှော့သည်တွေ ရောက်လာရင် စားစရာ၊ သောက်စရာတွေ ယူခဲ့။ ဘာလဲလို့ တို့ကို မမေးနဲ့။ မင်းကြိုက်တာသာ ချက်ပြုတ်ယူခဲ့”

“ညှော့သည်တွေကကော ဖိတ်ပြီးပြီလား ခင်ဗျာ”

“ထောင်ကို သွားပြီး ထောင်ပိုင်နဲ့ ထောင်မှူးကြီးကို ဖိတ်ပေးစမ်းပါကွာ။ တို့ သူတို့နဲ့ နည်းနည်းစကားပြောစရာရှိလို့။ သူတို့က ဘယ်သူလဲလို့ မေးရင် လူတယောက်က ခေါ်လို့ ပါ။ သူက ထောင်ပိုင်ကြီးတို့ကို မျှော်နေပါတယ်၊ နည်းနည်း ဆွေးနွေးစရာကလေးရှိတယ်လို့ ပြောပါတယ်လို့သာ ပြော”

ရှောင်အဲသည် သဘောတူကာ ထောင်ဘက်သို့ ထွက်လာခဲ့၏။ ထောင်မှူးနှင့် တွေ့၍ ထောင်မှူးကို ဖိတ်ကြားပြီးနောက် ထောင်ပိုင်ကို ဆက်၍ ဖိတ်ကြားကာ သူတို့သုံးယောက် သား ဘုံဆိုင်ဘက်သို့ ပြန်လာခဲ့ကြ၏။ ညှော့သည်၊ ထောင်ပိုင်နှင့် ထောင်မှူးတို့သည် တဦးကို တဦး နှုတ်ဆက်ကြ၏။

“ကျွန်တော်တို့အရင်က မတွေ့ဖူးဘူးနော်။ နာမည်ကလေး တဆိတ် သိပါရစေခင်ဗျာ” “ကျွန်တော့်မှာ ထောင်ပိုင်ဆီကို ပေးလိုက်တဲ့ မိတ်ဆက်စာ ပါပါတယ်။ နောက်တော့ ပြတာပေါ့။ ခုတော့ စိမ်ရည်ကလေး နည်းနည်းလောက် သောက်ကြဦးစို့”

ရှောင်အဲသည် စိမ်ရည်အိုးကို ဖွင့်ကာ စိမ်ရည်များကို ငှဲ့ပေးပြီး အစားအသောက် တို့ကို တည်ခင်း၏။ ညှော့သည်က ဆုတောင်းသောက်သည့် ခွက်များ ထည့်သည့် ဗန်း ကလေးကို ယူလာရန် ပြောလိုက်၏။ ထို့နောက် ငှဲ့ထားသော စိမ်ရည်ခွက်များကို လှမ်း ပေးရင်း ထိုင်ရန်ပြော၏။ ရှောင်အဲမှာကား ဝင်ချည်ထွက်ချည်ဖြင့် စားသောက်ဖွယ်များကို တည်ခင်းလျက် ရှိပေ၏။ ညှော့သည်၏ တပည့်က စိမ်ရည်များကို နွေးပေး၏။ အရက်ဝိုင်း လေး ငါးဝိုင်း ပြီးသွားသည့်အခါတွင် အရက်နှင့် သောက်ရန် အမြည်းများကို ထပ်မှာပြန်၏။ ညှော့သည်က-

“ဒီမှာ ဆရာကြီး။ စိမ်ရည်တို့ ဘာတို့ကို ကျွန်တော့်တပည့် နွေးပေးလိမ့်မယ်။ ခင်ဗျား ကျွန်တော်တို့ မခေါ်ရင် ဒီနားကို မလာပါနဲ့။ ကျွန်တော်တို့အချင်းချင်း ကိုယ်ရေးကိုယ်တာ ကလေးတွေ ဆွေးနွေးစရာရှိလို့”

“ကောင်းပါပြီခင်ဗျာ” ဟု ဆိုကာ ရှောင်အဲသည် အပြင်သို့ ထွက်လာခဲ့ပြီးနောက် ဇနီးအား-

“ငါတော့ ဒီလူနှစ်ယောက်ကို တယ်ပြီး မသင်္ကာချင်ဘူးကွာ” ဟု ပြောလေ၏။

“ဘာဖြစ်လို့လဲရှင့်”

“သူတို့စကားပြောတဲ့အသံက အရှေ့နေပြည်တော်က အသံမျိုးကွ။ ခပ်ဝဲဝဲရယ်။ ထောင်ပိုင်နဲ့လည်း အစက မသိဘူးတဲ့။ သူတို့စားပွဲကို အမြည်းသွားချတော့ ထောင်မှူးက ‘ဗိုလ်မှူးကောက်ကျူ’ဆိုတဲ့ စကားတလုံး ကြားလိုက်တယ်။ အဲဒီ ဗိုလ်ချုပ်ကောက်ကျူ ဆိုတာ တို့ဆရာလေး လင်ချိုးကို အမှုဆင်ဖမ်းတဲ့ လူ မဟုတ်လား။ ငါ တံခါးနားက ချောင်းပြီး နားထောင်ကြည့်ဦးမယ်ကွာ။ မင်းက ဟိုတဖက်က နားထောင်ကြည့်စမ်း”

“သေချာအောင် ဆရာလေးလင်ချိုးကို သွားခေါ်ပြီး အကြည့်ခိုင်းစမ်းပါလားရှင့်”

“မင်း နားမလည်ပါဘူးကွာ။ ဆရာလေး လင်ချိုးက ဒေါသခပ်ကြီးကြီးရယ်။ တော် တော်ကြာ လူသတ်မှုဖြစ်နေလို့ ဒုက္ခရောက်နေဦးမယ်။ ပြီးတော့ ခုလာတဲ့လူဟာ တနေ့ကသူပြောတဲ့ ဗိုလ်ကြီးလူကျန့်ဆိုတဲ့ လူ ဖြစ်နေရင် ဒီလူကို အသေသတ်မှာ သေချာတယ်။ ဒီမှာ ပြဿနာဖြစ်ရင် မင်းရော ငါရော အမှုပတ်နေမှာ။ သွား၊ နားထောင်ချေစမ်း။ နောင် ကျမှ အခြေအနေကြည့်ပြီး လုပ်ရမှာပဲ”

“ဟုတ်ပြီလေ” ဟု ဆိုကာ ရှောင်အဲ၏ မိန်းမသည် သွား၍ နားထောင်ပြီးနောက် အတန်ကြာလျှင် ပြန်လာလေ၏။

“လေးယောက်သားတော့ ခေါင်းချင်းဆိုင် တိုင်ပင်နေကြတာပဲရှင့်။ ခပ်တိုးတိုး ဆို တော့ ကောင်းကောင်းမကြားရဘူး။ ဒါပေမဲ့ စစ်ဗိုလ်နဲ့ တူတဲ့လူကတော့ သူ့တပည့်ဆီက အထုပ်တထုပ်ယူပြီး ထောင်ပိုင်ကို လှမ်းပေးလိုက်တာကို မြင်ရတယ်ရှင့်။ ကျွန်မတော့ ငွေထုပ်လို့ ထင်တာပဲ။ ထောင်မှူးက “စိတ်သာချပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ အပြတ်ရှင်းလိုက်ပါ့မယ်”လို့ ပြောသံ ကြားလိုက်တယ်”

ထိုစဉ် အတွင်းခန်းဆီမှ “ဟင်းချိုတပွဲ ပေးဦးဟေ့” အော်သံကြားလိုက်သဖြင့် ရှောင်အဲ သည် အလျှင်အမြန်သွားရောက်၍ ပို့လိုက်၏။ သူ ဝင်သွားသည့်အခါတွင် ထောင်ပိုင်၏ လက်ထဲတွင် စာတစောင် ကိုင်ထားသည်ကို မြင်ရ၏။ ရှောင်အဲသည် စားသောက်ဖွယ်တို့ကို ချပေးပြီးနောက် ပြန်ထွက်လာခဲ့လေ၏။

သူတို့ စားသောက်နေကြသည်မှာ နောက်တနာရီခန့် ကြာသွား၏။ ငွေချေပြီးနောက် ထောင်ပိုင်နှင့် ထောင်မှူးတို့ အရင်ပြန်ကြ၏။ အခြားနှစ်ယောက်မှာမူ ခေါင်းငုံ့ကာ မျက်နှာ ခပ်ဝှက်ဝှက်ဖြင့် ပြန်ထွက်သွားကြ၏။

ခဏကြာလျှင် ဆိုင်ထဲသို့ လင်ချိုး ဝင်လာပြီး-

"ရှောင်အဲတို့ကတော့ တော်တော်အလုပ်ဖြစ်နေပြီ ထင်တယ်ကွ" ဟု ပြော၏။

ရှောင်အဲက အရေးတကြီးဖြင့်-

"အတော်ပဲဗျာ။ လာ၊ ထိုင်ပါဦး။ ကျွန်တော် ဆရာလေးကို အရေးကြီးတဲ့ ကိစ္စတခု ရှိလို့ တွေ့ချင်နေတာ"

"ဘာများလဲကွ"

ရှောင်အဲသည် သူ့ကို အတွင်းခန်းသို့ ခေါ်လာကာ အထိုင်ခိုင်းပြီးလျှင် သူ့ဆိုင်သို့ ရောက်လာသည့် ဧည့်သည်များအကြောင်းကို ပြောပြလေ၏။

"ဘယ်သူတွေလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ။ ဒါပေမဲ့ ဒီလူတွေကို ကျုပ် သိပ်မသင်္ကာဘူး။ ဆရာလေးကို တခုခု အန္တရာယ်ပေးလိမ့်မယ် ထင်တယ်"

"သူ့ပုံပန်းတွေက ဘယ်လိုလဲ"

"တယောက်က အရပ်အမောင်း သင့်သင့်၊ အသားလတ်လတ်၊ နှုတ်ခမ်းမွေးတို့၊ မုတ်ဆိတ်မွေးတို့ မရှိဘူးဗျ။ တယောက်ကလည်း သိပ်အရပ်မမြင့်လှဘူး။ အသားကတော့ ခပ်နီနီရယ်"

လင်ချိုးမှာ အထိတ်တလန့်ဖြစ်သွားကာ-

"အဲဒီ အသက်သုံးဆယ်လောက် လူဆိုတာ ဗိုလ်ကြီးလူကျန့်ပဲကွ။ ဒီကောင်က ဘယ်လောက်များ သတ္တိရှိလို့ ဒီအထိ လိုက်လာရသလဲ မသိဘူး။ တွေ့လိုက်ရင် မှုန့်မှုန့်ညက်ညက် ဖြစ်အောင် ချေပစ်လိုက်စမ်းချင်တယ်"

"ကိုယ့်ဘက်က သတိရှိဖို့ လိုတယ်နော် ဆရာလေး။ "စားရင်လည်း မနင်စေနဲ့။ သွား ရင်လည်း ခလုတ်မတိုက်စေနဲ့" ဆိုတဲ့ စကားပုံလိုပေါ့"

လင်ချိုးသည် ဒေါသအမျက်ခြောင်းခြောင်းဖြင့် ရှောင်အဲ၏ ဆိုင်မှ ထွက်သွားလေ၏။ လမ်းတွင် ခေးမြှောင်ထက်ထက်တချောင်းကိုလည်း ဝယ်သွား၏။ လင်ချိုးသည် ခေးမြှောင် ကို ခါးတွင် ထိုးကာ လူကျန့်ကို လမ်းမတကာတွင် လိုက်ရှာ၏။ ရှောင်အဲတို့လင်မယားမှာ ချွေးစေးတွေ ပြန်နေလေပြီ။

နောက်တနေ့ မနက်လင်းလျှင် လင်ချိုးသည် ကိုယ်လက်သန့်စင်ပြီးနောက်

ခားမြောင် ကို ခါးတွင်ထိုးကာ လမ်းတကာသို့ ထွက်၍ လူကျန့်ကို လိုက်ရှာပြန်၏။ မြို့စွန်၊ မြို့လယ်အနှံ့ လိုက်ရှာသော်လည်း လူကျန့်နှင့် တူသူ ဟူ၍ တယောက်မျှ မတွေ့ရချေ။

လင်ချုံးသည် ရှောင်အဲ၏ ဆိုင်သို့ ပြန်လာကာ-

"ဒီနေ့တော့ ဘာမှ ထူးထူးခြားခြား မတွေ့သေးဘူးကွ"

"ဆရာလေးရေ၊ ဘာမှ ထူးခြားတာ မတွေ့ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ။ ဒါပေမဲ့ သတိဝီရိယကလေးနဲ့တော့ နေနော်"

လင်ချုံးသည် ထောင်ထဲသို့ ပြန်လာကာ ဘုံကျောင်းတွင် ညအိပ်၏။ လေးငါးရက် ဆက်တိုက်ရှာသည့်တိုင် ဘာကိုမျှ မတွေ့ရချေ။ သို့ဖြင့် လင်ချုံးသည် တဖြည်းဖြည်း ဒေါသ ပြေစပြုလာ၏။

ဆဋ္ဌမမြောက်နေ့၌ ထောင်ပိုင်သည် လင်ချုံးကို သူ့အခန်းသို့ ဆင့်ခေါ်ကာ-

"မင်းလည်း ထောင်ထဲရောက်တာ တော်တော်ကြာသွားပြီ။ သခင်ကျဲ့ရဲ့ မျက်နှာကို ထောက်သောအားဖြင့် တို့လည်း မင်းကို ဒီထက်ကောင်းတဲ့နေရာကို ထားချင်တယ်ကွာ။ မြို့အရှေ့တံခါး အပြင်ဘက် ဆယ့်ငါးလီလောက်အကွာမှာ တို့ထောင်က ပိုင်တဲ့ မြင်းစာ လှောင်ရုံကြီးတခု ရှိတယ်။ လစဉ် မြင်းစာ လာသွင်းတဲ့သူတွေ ရှိတယ်။ သူတို့ဆီက လစဉ် အကောက်ကလေး ဘာလေး ရတယ်။ ခုတော့ အဲဒီ မြင်းစာလှောင်ရုံကို စစ်ပြန်ရဲဘော် တယောက် ကြီးကြပ်နေတယ်။ တို့ သူ့နေရာမှာ မင်းကို အစားထိုးခန့်ချင်တယ်။ မင်းလည်း ဝင်ငွေကလေး ဘာလေး နည်းနည်းပါးပါး ရတာပေါ့။ ဒီနေ့ပဲ ထောင်မှူးနဲ့ သွားပြီး အလုပ် လက်ခံချေပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

လင်ချုံးသည် ရှောင်အဲ၏ ဘုံဆိုင်သို့ ရောက်လာကာ ထိုအကြောင်းကို ရှောင်အဲတို့ လင်မယားကို ပြောပြ၏။

"ဒီနေ့ပဲ ထောင်ပိုင်က ငါ့ကို မြင်းစာလှောင်ရုံကို သွားပြီး ကြီးကြပ်ဖို့ ပြောတယ်ကွ။ ကောင်းပါ့မလား"

"ထောင်ထဲက ဘုံကျောင်းထက်တော့ ကောင်းတာပေါ့ ဆရာလေးရာ။ ဝင်ငွေကလေး ဘာလေးလည်း ရတာပေါ့။ ထုံးစံကတော့ ဒီနေရာကို တော်တော့်လူ မရောက်ဘူးဗျ။ လာဘ်ကလေး ဘာလေး ထိုးနိုင်မှ ရတာ"

"ခုတော့ ဒီလူတွေက ငါ့ကို ဒုက္ခမပေးတဲ့အပြင် စောင်မကြည့်ရှုတောင်

နေပါသေး ကလားကွ။ ငါတော့ ဘယ်လို စဉ်းစားရမှန်းမသိအောင် ဖြစ်နေပြီ”

“ဒီလောက်လည်း သက်ာမကင်း ဖြစ်မနေပါနဲ့ ဆရာလေးရာ။ ဘာမှမဖြစ်ရင် ပြီးတာပဲ။ ကျွန်တော်တို့နဲ့ နီးနီးနေရတယ်ဆိုရင် တော်ပြီပေါ့။ ဝေးဝေးနေရမှသာ မကောင်းတာပါ။ အချိန်ရရင် ကျွန်တော်လည်း မကြာမကြာ လာလည်မှာပေါ့” ဟု ဆိုကာ ရှောင်အဲနှင့် လင်ချိုးတို့သည် စိမ်ရည်သောက်ရင်း စကားပြောနေကြ၏။

အတိုချုပ်ပြောရလျှင် သူတို့နှစ်ယောက်သည် လူချင်းခွဲကာ လင်ချိုးမှာလည်း ထောင် ထဲရှိ ဘုံကျောင်းသို့ ပြန်လာခဲ့လေ၏။ လင်ချိုးသည် အထုပ်အပိုးပြင်ကာ ဓားမြှောင်ကို ခါးတွင် ထိုးပြီး လှံတချောင်းကို ကိုင်လျက် ထောင်မှူးနှင့်အတူ မြင်းစာလှောင်ရုံသို့ လာခဲ့၏။ ထိုနေ့မှာ အလွန်အေးသည့် ဆောင်းရာသီ နေ့တနေ့ဖြစ်၏။ ကောင်းကင်တခုလုံးသည် အုံ့မှိုင်းလျက်ရှိကာ နှင်းတို့ တဖွဲဖွဲကျလျက် ရှိပြီး လေပြင်းကြီးတိုက်လျက် ရှိသဖြင့် သူတို့ နှစ်ယောက်သည် ချမ်းချမ်းစီးစီးဖြင့် လာခဲ့ကြ၏။ လမ်းတွင် စားသောက်ဆိုင် ဟူ၍လည်း မရှိသဖြင့် တိုက်ရိုက်လာခဲ့ကြရာ မကြာမီ သူတို့နှစ်ယောက်သည် မြင်းစာလှောင်ရုံသို့ ရောက်သွားကြ၏။

မြင်းစာလှောင်ရုံမှာ ဘေးပတ်ပတ်လည်တွင် အုတ်တံတိုင်းကြီး ကာရံလျက်ရှိပြီး ဝင်းပေါက် နှစ်ပေါက် ဖောက်ထားလေ၏။ သူတို့နှစ်ယောက်သည် တံခါးကို တွန်းဖွင့်ကာ ဝင်းထဲသို့ ဝင်လာခဲ့ကြ၏။ မြင်းစာများ လှောင်သည့်အခန်း ခုနစ်ခန်း၊ ရှစ်ခန်းခန့်ရှိသက်ငယ်တဲကြီးတတဲကို မြင်ရလေ၏။ ဘေးပတ်ပတ်လည်တွင်လည်း ကောက်ရိုးများ၊ မြက်ခြောက်များသည် တောင်ပုံရာပုံ ဖြစ်နေကြ၏။ ဝင်းထောင့်တွင် သက်ငယ်တဲကလေး တတဲ ရှိပြီး တဲထောင့်တွင် စစ်ပြန်ရဲဘော်ဟောင်းကြီးသည် မီးဖိုနား ထင်းခွေလျက် ရှိသည်ကို တွေ့ရလေ၏။

“ဟောဒါက လင်ချိုးတဲ့ဗျ။ ခင်ဗျားနေရာကို အစားဝင်ဖို့ ထောင်ပိုင်က ပို့လိုက်တာ။ ခင်ဗျားကတော့ ထောင်ထဲက ဘုံကျောင်းကို သွားရမယ်။ အလုပ်လွှဲခဲ့ပေတော့” ဟု ထောင်မှူးက ပြောလေလျှင် စစ်ပြန်ရဲဘော်ဟောင်းကြီးက လင်ချိုးသို့ သော့အပ်ရင်း-

“ဟောဒီ ကုန်လှောင်ရုံထဲက မြင်းစာတွေအားလုံးကို လှောင်ပြီး ချိပ်ပိတ်ထားတယ်ဗျ။ အပြင်ဘက်က ကောက်ရိုးပုံတွေကလည်း သူ့နံပါတ်နဲ့ သူရှိတယ်။ အရေအတွက်နဲ့ ထားတာ”

စစ်ပြန်ရဲဘော်ဟောင်းကြီးသည် လင်ချိုးကို ဝင်းထဲသို့ ခေါ်ကာ ကောက်ရိုးပုံများကို အရေအတွက်ဖြင့် အပ်၏။ ထို့နောက် တဲထဲသို့ ပြန်လာကာ အထုပ်အပိုးများကို ပြင်ဆင် လျက်ရှိလေ၏။ ပြီးလျှင်-

"ဟောဒီက ငါ့မီးဖိုရော၊ ငါ့ထမင်းအိုး၊ ဟင်းအိုးတွေရော၊ ပန်းကန်ခွက်ယောက်တွေပါ မင်းပဲ ယူထားလိုက်ပါကွာ"

"ဘုံကျောင်းထဲမှာလည်း ကျွန်တော့်အိုးခွက်တွေ ရှိတယ်။ ဦးကြီး ယူလိုက်ပေါ့ဗျာ" ဟု လင်ချုံးက ပြော၏။ စစ်ပြန်ရဲဘော်ဟောင်းကြီးသည် နံရံတွင် ချိတ်ထားသည့် ဘူး ခြောက်တဘူးကို လက်ညှိုးထိုးပြကာ-

"စိမ့်ရည်ကလေး ဘာလေး သောက်ချင်ရင် နှစ်လီ၊ သုံးလီလောက် ရှိတဲ့နေရာမှာ ဈေးကလေးတဈေး ရှိတယ်။ အဲဒီက သွားဝယ်"ဟုဆိုကာ စစ်ပြန်ရဲဘော်ကြီးနှင့် ထောင်မှူး သည် ပြန်သွားကြ၏။

လင်ချုံးသည် အထုပ်အပိုးများကို အိပ်ရာပေါ်တွင် ချကာ မီးဖိုထဲတွင် မီးမွေးရန် ပြင်၏။ အခန်းထောင့်တွင် မီးသွေးတောင်းတတောင်းကို တွေ့သဖြင့် မီးသွေးကို ယူ၍ မီးတွင် ထည့်၏။ တဲပတ်ပတ်လည်ကို လှည့်ကြည့်သည့်အခါ တဲမှာ အိုမင်းလျက်ရှိပြီး လေတိုက်တိုင်း တသိမ့်သိမ့် လှုပ်လျက် ရှိလေ၏။

"တဆောင်းတွင်းလုံး ဒီတဲကလေးထဲမှာ နေရရင်တော့ ဒုက္ခပဲ။ လေမုန်တိုင်းစဲသွားရင် တော့ မြို့ထဲက ပန်းရန်တယောက်ကို သွားခေါ်ပြီး ပြင်ခိုင်းဦးမှပဲ" ဟု တွေးလျက် ရှိလေ၏။ လင်ချုံးသည် အိတ်ထဲမှ ငွေအနည်းငယ်ကို ယူကာ ဘူးခြောက်ကို လှံဖျားတွင် ချိတ် လိုက်ပြီးနောက် မီးဖိုကို အဖုံးဖုံး၏။ ထို့နောက် အနားပတ်ပြားကြီးကြီး သူ့ဦးထုပ်ကို ဆောင်းကာ တဲကို သော့ခတ်ပြီး ထွက်လာခဲ့၏။ ဝင်းပြင်သို့ ရောက်လျှင် ဝင်းတံခါးကို လည်း သေချာစွာ သော့ခတ်၏။

ထို့နောက် အရှေ့ဘက်ရှိ ဈေးကလေးသို့ ထွက်လာခဲ့၏။ မြေပြင်ပေါ်တွင် နှင်းပွင့်တို့ ကျလျက်ရှိသဖြင့် မြေပြင်သည် ကျောက်စိမ်းဖြူပြားကြီးကို ဖုံးထားသည့်နှယ် ရှိလေ၏။ နှင်းတောထဲတလျှောက် ခရီးနှင်ခဲ့စဉ် မြောက်လေသည် နောက်မှ စွတ်၍ တိုက်လျက် ရှိပေ၏။ နှင်းတို့ကလည်း သိပ်သည်းစွာ ကျလျက်ရှိ၏။

လီတဝက်ခန့် သွားမိသည့်အခါတွင် ပြိုပျက်နေသော ဘုံကျောင်းကလေးတဆောင်ကို တွေ့ရ၏။ လင်ချုံးသည် ခဏမျှရပ်ကာ နှင်းမုန်တိုင်းကြားထဲမှ နေ၍ ဘုံကျောင်းအိုကလေး ကို လှမ်းကြည့်နေ၏။ လင်ချုံးသည် လက်အုပ်ချီပြီးနောက် "ဘုရားကိုယ်တော်မြတ်ကြီး ဘုရား၊ တပည့်တော်ကို မြတ်စွာဘုရား စောင့်ရှောက်တော်မူပါ" ဟု ဆိုကာ တနေ့တွင် လာ၍ ပန်း၊ ဆီမီးများ ပူဇော်ရန် စိတ်ကူးရ၏။

လင်ချုံးသည် ခရီးကို ဆက်လာခဲ့၏။ ရှေ့ခပ်လှမ်းလှမ်းသို့ အရောက်တွင် အိမ်ကလေး တစုကို တွေ့ရ၏။ ပြင်းထန်စွာတိုက်နေသော နှင်းမုန်တိုင်းထဲမှ နေ၍

အိမ်စုစုကို လှမ်း ကြည့်လိုက်၏။ အိမ်ကလေးများကို ခြံစည်းရိုးကာထားပြီး တံမြက်စည်းလုပ်သည့် မြက် များကို ဝါးလုံးတလုံးဖြင့် ထောင်ထားသည့်အတွက် ဘုံဆိုင်မှန်း သိလိုက်၏။ လင်ချိုးသည် အထဲသို့ ဝင်လာခဲ့၏။

"မိတ်ဆွေက ဘယ်ကပါလဲဗျာ" ဟု ဆိုင်ရှင်က မေး၏။

"ဒီဘူးခြောက်ကလေးကို မမှတ်မိဘူးလား"

ထိုလူသည် ဘူးခြောက်ကို သေချာစွာ ကြည့်ကာ-

"ဩော်၊ မြင်းစာလှောင်ရုံကို စောင့်တဲ့ စစ်ပြန်ရဲဘော်ကြီးရဲ့ ဘူးခြောက်ပါလား"

"ဟုတ်တယ်ဗျ"

"ဒါဖြင့် ခင်ဗျားက လူသစ်ပေါ့နော်။ ထိုင်ပါ။ ရာသီဥတုက တော်တော်ကို အေးတာဗျ။ ခင်ဗျားကို ကြိုဆိုတဲ့အနေနဲ့ စိမ်ရည်ပူပူကလေး တိုက်ရတာပ"

ဆိုင်ရှင်သည် အမဲသားစဉ်းကော တပန်းကန်နှင့် စိမ်ရည်ကို နွေးပြီးနောက် လင်ချိုးကို တည်ခင်းဧည့်ခံ၏။ လင်ချိုးသည် အမဲသားစဉ်းကော အနည်းငယ်ဝယ်၍ အရက် အနည်း ငယ်ကို သောက်ပြီးသော် ဘူးခြောက်ထဲတွင် စိမ်ရည်အပြည့်ထည့်၏။ ထို့နောက် အမဲသား နှစ်ထုပ်ကို အထုပ်ခိုင်းကာ ငွေချေ၏။ ဘူးခြောက်ကို လှံဖျားတွင် ချိတ်ကာ အမဲသားထုပ် ကိုလည်း ရင်ဘတ်ကြားထဲသို့ ထိုးထည့်၏။

"ခုလို ဒုက္ခခံပြီး ရောင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ" ဟု ဆိုကာ လင်ချိုးသည် ဘုံဆိုင်ထဲမှ ထွက်ကာ မြောက်လေကို ဆန်၍ မိမိနေရာသို့ ပြန်လာခဲ့၏။ မိုးချုပ်လာသဖြင့် နှင်းတို့သည် ခပ်စောစောကထက် ထူထပ်စွာ ကျလျက်ရှိလေ၏။

ပြင်းထန်စွာ တိုက်နေသော မြောက်လေထဲတွင် နှင်းတောကြီးကို ခက်ခက်ခဲခဲ ဖြတ် သန်းကာ ကုန်လှောင်ရုံသို့ ခပ်သုတ်သုတ် ပြန်လာခဲ့၏။ ဝင်းတံခါးကို ဖွင့်၍ ဝင်းထဲသို့ ရောက်လျှင်ပင် လင်ချိုးသည် စိတ်ပျက်လက်ပျက်ဖြင့် ယောင်ယမ်း၍ အော်လိုက်မိ၏။ အမှန်အားဖြင့် သူတော်ကောင်းတို့ကို ဘုရားသိကြားများ စောင်မကြသဖြင့် လင်ချိုး အသက်မသေခြင်း ဖြစ်ပေ၏။ တဲခေါင်မိုးမှာ နှင်းတို့၏ ဒဏ်ကို မခံနိုင်တော့သဖြင့် ပြိုကျ ပျက်စီးလျက်ရှိလေပြီ။

"ငါ ဘယ်လိုလုပ်ရမလဲ" ဟု လင်ချိုး စဉ်းစား၏။

လင်ချိုးသည် လှံနှင့် ဘူးခြောက်ကို နှင်းပေါ်တွင် ချထားလိုက်၏။

ပြုံကျနေသည့် တဲနံရံကို ဆွဲဖယ်ကာ တဲထဲသို့ ဝင်ပြီး ပတ်ပတ်လည်ကို လက်ဖြင့် စမ်းကြည့်လိုက်၏။ နှင်း တို့ကြောင့် မီးဖိုမှာလည်း ငြိမ်းခဲ့လေပြီ။ လင်ချုံးသည် အိပ်ရာဆီသို့ စမ်းသွားကာ စောင်ကို ယူ၍ ကိုယ်ကို ပတ်လိုက်ပြီးလျှင် အပြင်ဘက် ညအမှောင်ထုထဲသို့ ပြန်ထွက်လာခဲ့၏။

“မီးဖိုစရာနေရာ ခြောက်ခြောက်သွေ့သွေ့ဆိုလို့လည်း မရှိတော့ဘူး။ ငါ ဘာလုပ်ရမလဲ” ဟု စဉ်းစားကာ ခပ်လှမ်းလှမ်းတွင် နေ့လယ်က တွေ့ခဲ့သော ဘုရားဘုံကျောင်းအိုကလေး ရှိသဖြင့် ထိုနေ့ညတွင် ထိုဘုံကျောင်းအိုထဲမှာပင် အိပ်တော့မည်၊ မနက်ဖြန်ကျမှ အခြေ အနေကို ကြည့်ရတော့မည်ဟု အောက်မေ့ကာ ဘုံကျောင်းပျက်ဆီသို့ လာခဲ့လေ၏။

လင်ချုံးသည် အိပ်ရာကို လိပ်၊ ဘူးခြောက်ကို လှံတွင် ချိတ်၊ တံခါးကို သော့ပိတ်ကာ ဘုံကျောင်းဆီသို့ လာခဲ့၏။ ဘုံကျောင်းပျက်ထဲသို့ ရောက်လျှင် တံခါးကို ပိတ်ကာ အနီးတွင်တွေ့သည့် ကျောက်တုံးကြီးတတုံးဖြင့် တံခါးကို ခုထားလိုက်၏။ ဘုံကျောင်းထဲတွင် ဝင်ခဲ့ ရာ တနေရာတွင် တောင်စောင့်နတ်ရုပ်တုတခုနှင့် ထိုနတ်ရုပ်ဘေးတွင် ဆောင့်ကြောင့် ထိုင်နေသော ဘီလူးရုပ်ကြီးနှစ်ရုပ်ကို တွေ့ရ၏။ တနေရာတွင်မူ စွန့်ပစ်ထားသော ပန်းစက္ကူ များကို တွေ့ရ၏။ သို့ရာတွင် ကျောင်းစောင့်ကိုသော် လည်းကောင်း၊ အခြားသူ တဦး တယောက်ကိုသော် လည်းကောင်း မတွေ့ရချေ။ လင်ချုံးသည် လှံနှင့် ဘူးခြောက်ကို စက္ကူပုံပေါ်တွင် တင်လိုက်ပြီး အိပ်ရာ ဖြန့်ခင်း၏။ ထို့နောက် ခေါင်းမှ ဦးထုပ်ကို ချွတ်၊ ကိုယ်တွင် တင်နေသော နှင်းတို့ကို ခါချကာ နှင်းတို့ဖြင့် စိုရွှဲနေသည့် အင်္ကျီကို ချွတ်လိုက် ပြီးလျှင် ကိုယ်တွင် စောင်ကြီးကို ပတ်၍ ခြုံလိုက်၏။ အချမ်းပြေစေရန်အတွက် ဘူးခြောက် ထဲမှ စိမ်ရည်ကို သောက်လိုက်၊ ပါလာသည့် အမဲသားစဉ်းကောကို စားလိုက်ဖြင့် ထိုင်နေ လေ၏။

ထိုစဉ် အပြင်မှ ဝုန်းခနဲ အသံကြီးတသံကို ကြားလိုက်ရ၏။ လင်ချုံးသည် ထိုင်ရာမှ ထခုန်လိုက်ကာ အပေါက်ကြားမှ နေ၍ အပြင်သို့ လှမ်းကြည့်လိုက်ရာ မီးဟုန်းဟုန်းတောက် နေသော မြင်းစာလှောင်ရုံကို မြင်ရ၏။ လင်ချုံးသည် လှံကိုကောက်ကိုင်ကာ ဘုံကျောင်း တံခါးကို ဖွင့်ပြီး အပြင်သို့ ထွက်မည်အပြုတွင် လူသံများကို ကြားရလေ၏။ လင်ချုံးသည် ဘုံကျောင်းတံခါးကို မှီကာ အသံများကို နားထောင်နေ၏။ ဘုံကျောင်းဆီသို့ လာနေသော လူသုံးယောက်၏ ခြေသံများကိုလည်း ကြားရလေ၏။

ထိုလူသုံးယောက်သည် ဘုံကျောင်းတံခါးကို တွန်း၍ ဖွင့်ကြ၏။ သို့ရာတွင် အတွင်းမှ ကျောက်တုံးကြီး ခုပိတ်ထားသည့်အတွက် ဖွင့်၍မရချေ။ ထိုသူများသည် တံစက်မြိတ်တွင် ရပ်ကာ မီးတောက်မီးလျှံများကို ကြည့်နေကြ၏။

"ဒီအကြံမဆိုးဘူးဗျ" ဟု တယောက်က ပြော၏။

"ထောင်မှူးနဲ့ ထောင်ပိုင်ကြီးတို့ကို ကျေးဇူးတင်ရမှာပဲဗျို့။ နေပြည်တော်ပြန်ရောက် လို့ ဒီအကြောင်းကို ဗိုလ်ချုပ်ကို သတင်းပို့ရင် ခင်ဗျားတို့လည်း ရာထူးရာခံ တိုးမှာပါ။ လက်နက်သင်တန်းဆရာလည်း ငြင်းလို့ရတော့မှာ မဟုတ်ပါဘူး"ဟု တယောက်က ပြော၏။ "ဒီတချီတော့ လင်ချိုး ဆိုတဲ့ ကောင်ကို ကောင်းကောင်း ဆုံးမလိုက်ရပြီပေါ့ဗျာ။ သခင်လေးကောက်ကျူလည်း နေသာထိုင်သာ ရှိသွားတော့မှာပေါ့"ဟု နောက်တယောက် က ပြော၏။

"ကျုပ်တို့တတွေ နှစ်ခါ သုံးခါလောက် သွားပြီး ကမ်းလှမ်းကြပြီးပြီဗျ။ ဒါပေမဲ့ ခက် တာက လင်ချိုးရဲ့ ယောက္ခမကြီးချန်ကိုလည်း ခင်ဗျားသမက်တော့ သေပြီလို့ ပြောတာပဲ။ ဒါပေမဲ့ ဒီသတ္တဝါကြီးက မယုံဘူး။ သခင်လေးကောက်ကျူလည်း ဒီစိတ်နဲ့ပဲ တနေ့တခြား ရောဂါဆိုးလာနေတော့တာပဲ။ ဒါနဲ့ ဗိုလ်ချုပ်ကောက်ကျူက ထောင်ပိုင်ကြီးတို့၊ ထောင်မှူး ကြီးတို့ဆီကို အကူအညီတောင်းလိုက်တာပဲဗျ။ ဒီနေ့တော့ ကျွန်တော်တို့ကိစ္စ အောင်ပြီ ပေါ့ဗျာ" ဟု အသံတသံက ပြော၏။

"ကျွန်တော် အုတ်တံတိုင်းပေါ်ကို ကျော်တက်ပြီး ကောက်ရိုးပုံကြီးကို မီးတင်ရှို့လိုက် တာပဲဗျ။ ဒီကောင် ဒီမှာ မရှိတာ ကံကောင်းတယ်"

"မြင်းစာလှောင်ရုံကတော့ လုံးလုံး မီးလောင်သွားမှာပေါ့"

"ဒါပေါ့။ ဒီကောင် အသက်ရှင်လျက် လွတ်သွားရင်လည်းပဲ မသက်သာပါဘူး။ ခု မြင်းစာလှောင်ရုံက စစ်တပ်က ပိုင်တာ။ စစ်တပ်မြင်းစာလှောင်ရုံကို မီးတင်ရှို့တာဟာ ရာဇဝတ်မှုဗျ။ သေဒဏ်စီရင်လို့ ရတယ်"

"ကဲ၊ ဒါဖြင့် မြို့ထဲကို သွားကြစို့"

"ခဏလောက် စောင့်ကြဦးဗျာ။ သူ့အရိုးကို ယူပြီး ဗိုလ်ချုပ်ကောက်ကျူကို သက်သေ ပြနိုင်ရင် ကျွန်တော်တို့ကို ဆုလာဘ်တွေ ဘာတွေ ချီးမြှင့်မှာ။ အမှုထမ်းကောင်းဆိုပြီး မြှောက်စားခံရမှာ"

လင်ချိုးသည် သူတို့၏ အသံများကို မှတ်မိ၏။ တယောက်မှာ ထောင်မှူး ဖြစ်ပြီး နောက် တယောက်၊ နှစ်ယောက်မှာ လူကျန့်နှင့် ဖူးအန်တို့ ဖြစ်၏။ လင်ချိုးသည် တံခါးကို ခုထားသည့် ကျောက်တုံးကြီးကို အသံမကြားအောင် ရွှေ့၏။ ထို့နောက် လှံကို ခပ်တင်းတင်းဆုပ်ကိုင်ကာ တံခါးအပြင်သို့ တဟုန်ထိုး

ထွက်လိုက်၏။

"ဟေ့ကောင်တွေ၊ ဘယ်ကိုများ ရောက်နေတယ်လို့ ထင်ကြလို့လဲကွ" ဟု အော် လိုက်၏။

သူတို့သုံးဦးသည် အံ့ဩလွန်းသဖြင့် ကြက်သေသေလျက် ရှိကြလေ၏။

လင်ချုံးသည် လှံကိုမြှောက်ကာ ထောင်မှူးကို တအားစိုက်ချလိုက်ရာ မြေကြီးပေါ်သို့ လဲကျသွား၏။ လူကျန့်မှာ ကြောက်လွန်းသဖြင့် အသံပင် မထွက်နိုင်တော့ဘဲ ခပ်သဲ့သဲ့ ကလေးဖြင့် "ကျွန်တော့်ကို ချမ်းသာပေးပါဗျာ။ ကျွန်တော့်ကို ချမ်းသာပေးပါ" ဟု တောင်းပန်လျက် ရှိ၏။

ဖူးအန်မှာ ထွက်ပြေးသော်လည်း လေး ငါးလှမ်းလောက်မျှ အရောက်တွင် နောက်မှ လင်ချုံး မီလာပြီး သူ့နောက်ကျောကို လှံဖြင့် တအားစိုက်ချလိုက်ရာ ဖူးအန်လည်း လဲကျ သွားလေ၏။

လင်ချုံးသည် နောက်သို့ လှည့်ကြည့်လိုက်ရာ လူကျန့်သည် ထွက်ပြေးရန် ဟန်ပြင်၏။ သုံးလှမ်းလောက်မှ မလှမ်းရသေးမီ "ဟေ့၊ သူခိုး။ သစ္စာဖောက်။ ရပ်လိုက်" ဟု လင်ချုံးက အော်ပြောလိုက်၏။ လင်ချုံးသည် လူကျန့်ကို အင်္ကျီရင်ဘတ်မှ ဆောင့်ဆွဲလိုက်ကာ နှင်းခဲ ပြင်ပေါ်သို့ ပစ်ချလိုက်ရာ ပက်လက်လန်ကျသွားလေ၏။

လင်ချုံးသည် လှံကို မြေကြီးပေါ်သို့ စိုက်လိုက်ပြီး လူကျန့်၏ ရင်ဘတ်ပေါ်တွင် ခြေတင်ကာ ဓားမြှောင်ကို ထုတ်၍ မျက်နှာကို ချိန်လိုက်၏။

"တော်တော် ယုတ်မာစုတ်ပဲ့တဲ့ကောင်။ မင်းကို ငါ ဘယ်တုန်းကမှ မကောင်းမကြံ ခဲ့ဖူးဘူး။ ခုတော့ မင်း ငါ့ကို သက်သက်မဲ့ လိုက်ပြီး အကောက်ကြံတယ်။ "သတ်တာက လွှတ်လို့ ရသတဲ့။ သစ္စာဖောက်တာကို ဘယ်တော့မှ ခွင့်လွှတ်လို့ မရဘူးတဲ့" ကွ။ စကားပုံ ရှိတယ်"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး။ ခိုင်းလို့၊ ကျွန်တော် မလွန်ဆန်ရဲလို့ လုပ်ရတာပါ"

"သစ္စာဖောက်။ မင်းနဲ့ ငါဟာ ငယ်ငယ်လေးကတည်းက သူငယ်ချင်း။ ခုတော့ မင်း ငါ့ကို သတ်ဖို့လာတယ်ပေါ့ ဟုတ်လား။ မင်း ဘာပြင်းဦးမလဲ။ ဓားမြှောင်အရသာကလေးကို မြည်းကြည့်ပေါ့ကွာ"

လင်ချုံးသည် လူကျန့်၏ အင်္ကျီကို ဆုတ်ဖြဲလိုက်ပြီးနောက် ဓားကို ရင်ဝသို့ စိုက်ချ လိုက်ကာ မွှေပစ်လိုက်ရာ သွေးများသည် ဒလဟော ပန်းထွက်လာ၏။

လင်ချုံးသည် ရင်ကို ခွဲကာ သူ့နှလုံးနှင့် အသည်းကို ထုတ်ယူလိုက်၏။

ထိုစဉ် ထောင်မှူးသည် လဲနေရာမှ ကုန်းထကာ ပြေးရန် ပြင်၏။ လင်ချုံးသည် သူ့ကို လျှပ်တပြက်အတွင်း လှမ်းဆွဲလိုက်၏။

“မင်းလည်း သေပေတော့” ဟု ဆိုကာ ခေါင်းကို ဖြတ်ချလိုက်ပြီး လှံဖျားတွင် ချိတ် လိုက်၏။

လူကျန်နှင့် ဖူးအန်အနီးသို့ သွားကာ သူတို့ခေါင်းများကိုလည်း ဖြတ်ယူလိုက်၏။ ထို့နောက် ဓားကို လွှင့်ပစ်လိုက်ပြီးလျှင် သူတို့သုံးဦးတို့၏ ခေါင်းပြတ်ကြီးများကို ဆံပင်မှ ပူးချည်ကာ တောင်စောင့်နတ်ရှေ့က ပလ္လင်ကြီးပေါ်သို့ တင်ထားလိုက်၏။ လင်ချုံးသည် မိမိ၏ အဖြူရောင်အင်္ကျီကို ဝတ်ကာ ခါးစည်းကို စည်း၍ ဘူးခြောက်ထဲတွင် ကျန်သည့် စိမ်ရည်ကို အကုန်မော့ချလိုက်၏။

လင်ချုံးသည် စောင်နှင့်ပုလင်းကို လွှင့်ပစ်လိုက်ကာလှံကိုကောက်ကိုင်ပြီး ဘုံကျောင်းမှ အရှေ့စူးစူးသို့ ထွက်လာခဲ့၏။ သုံး လေးလီခန့် သွားမိသည့်အခါတွင် အနီးရှိ ရွာမှ ရွာသား အချို့သည် ရေပုံးများ၊ မီးကပ်များကို ကိုင်ကာ မီးသတ်ရန် လာနေသည်ကို မြင်ရလေ၏။ လင်ချုံးက-

“ကဲ၊ မြန်မြန်လေး ဝိုင်းကူပြီး သတ်ကြပါဦးဗျာ။ ကျွန်တော်တော့ အာဏာပိုင်တွေ ဆီကို သွားပြီး အကြောင်းကြားရဦးမယ်”

လင်ချုံးသည် လက်တွင် လှံကိုကိုင်ကာ သူတို့အနီးမှ ခပ်သုတ်သုတ် ထွက်လာခဲ့၏။

နှင်းတို့မှာ ပို၍ ထူထပ်စွာ ကျလာခဲ့လေပြီ။ လင်ချုံးသည် ညဉ့်နှစ်ယံစာမျှ အရှေ့သို့ လာခဲ့၏။ ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်လျက် ရှိလေပြီ။ ယခုအချိန်တွင် မြင်းစာလှောင်ရုံ နှင့်လည်း တော်တော် ဝေးလာခဲ့လေပြီ။ နှင်းခဲပြင်ကြီးထဲရှိ သစ်ပင်အုပ်အုပ်ကလေး ကြားတွင် သက်ငယ်မိုးတဲကလေးတလုံးကို လှမ်းမြင်ရ၏။ အမိုးမှာ နှင်းတို့ဖုံးသဖြင့် ကျွံကျ နေဟန်တူ၏။ အက်ကွဲနေသော နံရံကြားမှ မီးရောင်ကလေး ဖြာထွက်နေသည်ကိုလည်း မြင်ရ၏။

လွှတ်လို့ ရသတဲ့။ သစ္စာဖောက်တာကို ဘယ်တော့မှ ခွင့်လွှတ်လို့ မရဘူးတဲ့” ကွ။ စကားပုံ ရှိတယ်”

“မဟုတ်ပါဘူးဗျာ။ ကျွန်တော် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး။ ခိုင်းလို့၊ ကျွန်တော် မလွန်ဆန်ရဲလို့ လုပ်ရတာပါ”

"သစ္စာဖောက်။ မင်းနဲ့ ငါဟာ ငယ်ငယ်လေးကတည်းက သူငယ်ချင်း။ ခုတော့ မင်း ငါ့ကို သတ်ဖို့လာတယ်ပေါ့ ဟုတ်လား။ မင်း ဘာငြင်းဦးမလဲ။ ဓားမြှောင်အရသာကလေးကို မြည်းကြည့်ပေါ့ကွာ"

လင်ချုံးသည် လူကျန့်၏ အင်္ကျီကို ဆုတ်ဖြဲလိုက်ပြီးနောက် ဓားကို ရင်ဝသို့ စိုက်ချ လိုက်ကာ မွှေပစ်လိုက်ရာ သွေးများသည် ဒလဟော ပန်းထွက်လာ၏။ လင်ချုံးသည် ရင်ကို ခွဲကာ သူ့နှလုံးနှင့် အသည်းကို ထုတ်ယူလိုက်၏။

ထိုစဉ် ထောင်မှူးသည် လဲနေရာမှ ကုန်းထကာ ပြေးရန် ပြင်၏။ လင်ချုံးသည် သူ့ကို လျှပ်တပြက်အတွင်း လှမ်းဆွဲလိုက်၏။

"မင်းလည်း သေပေတော့" ဟု ဆိုကာ ခေါင်းကို ဖြတ်ချလိုက်ပြီး လှံဖျားတွင် ချိတ် လိုက်၏။

လူကျန့်နှင့် ဖူးအန်အနီးသို့ သွားကာ သူတို့ခေါင်းများကိုလည်း ဖြတ်ယူလိုက်၏။ ထို့နောက် ဓားကို လွှင့်ပစ်လိုက်ပြီးလျှင် သူတို့သုံးဦးတို့၏ ခေါင်းပြတ်ကြီးများကို ဆံပင်မှ ပူးချည်ကာ တောင်စောင့်နတ်ရှေ့က ပလ္လင်ကြီးပေါ်သို့ တင်ထားလိုက်၏။ လင်ချုံးသည် မိမိ၏ အဖြူရောင်အင်္ကျီကို ဝတ်ကာ ခါးစည်းကို စည်း၍ ဘူးခြောက်ထဲတွင် ကျန်သည့် စိမ်ရည်ကို အကုန်မော့ချလိုက်၏။

လင်ချုံးသည် စောင်နှင့်ပုလင်းကို လွှင့်ပစ်လိုက်ကာလှံကိုကောက်ကိုင်ပြီး ဘုံကျောင်းမှ အရှေ့စူးစူးသို့ ထွက်လာခဲ့၏။ သုံး လေးလီခန့် သွားမိသည့်အခါတွင် အနီးရှိ ရွာမှ ရွာသား အချို့သည် ရေပုံးများ၊ မီးကပ်များကို ကိုင်ကာ မီးသတ်ရန် လာနေသည်ကို မြင်ရလေ၏။ လင်ချုံးက-

"ကဲ၊ မြန်မြန်လေး ဝိုင်းကူပြီး သတ်ကြပါဦးဗျာ။ ကျွန်တော်တော့ အာဏာပိုင်တွေ ဆီကို သွားပြီး အကြောင်းကြားရဦးမယ်"

လင်ချုံးသည် လက်တွင် လှံကိုကိုင်ကာ သူတို့အနီးမှ ခပ်သုတ်သုတ် ထွက်လာခဲ့၏။

နှင်းတို့မှာ ပို၍ ထူထပ်စွာ ကျလာခဲ့လေပြီ။ လင်ချုံးသည် ညဉ့်နှစ်ယံစာမျှ အရှေ့သို့ လာခဲ့၏။ ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်လျက် ရှိလေပြီ။ ယခုအချိန်တွင် မြင်းစာလှောင်ရုံ နှင့်လည်း တော်တော် ဝေးလာခဲ့လေပြီ။ နှင်းခဲပြင်ကြီးထဲရှိ သစ်ပင်အုပ်အုပ်ကလေး ကြားတွင် သက်ငယ်မိုးတဲကလေးတလုံးကို လှမ်းမြင်ရ၏။ အမိုးမှာ နှင်းတို့ဖုံးသဖြင့် ကျုံ့ကျ နေဟန်တူ၏။ အက်ကွဲနေသော နံရံကြားမှ မီးရောင်ကလေး ဖြာထွက်နေသည်ကိုလည်း မြင်ရ၏။

လင်ချိုးသည် အိမ်ဆီသို့ လာကာ တံခါးကို တွန်းဖွင့်လိုက်၏။ အသက်ခပ်ကြီးကြီး သူရင်းငှားတယောက်နှင့် အသက်ငယ်ငယ် သူရင်းငှား လေးငါးယောက်တို့သည် ဖိုတခု အနီးတွင် ဝိုင်း၍ ထိုင်လျက်ရှိကြ၏။ မီးဖိုထဲမှ ထင်းစများသည် တဟုန်းဟုန်း တောက် လောင်လျက်ရှိကြ၏။ လင်ချိုးသည် သူတို့ဆီသို့ လျှောက်လာခဲ့၏။

“ကျွန်တော်က ထောင်က ကိစ္စတခုနဲ့ လာတာပါဗျာ။ လမ်းမှာ နှင်းတွေကျတာနဲ့ ကျွန်တော့်အဝတ်အစားတွေ စိုရွှဲနေလို့ မီးကင်ပါရစေ”

“လာပါ၊ လာပါ၊ ရပါတယ်” ဟု အသက်ကြီးကြီးလူက ပြော၏။

လင်ချိုးသည် အနည်းငယ်ခြောက်သွေ့လာသည်အထိ အဝတ်အစားများကို မီးကင် ၏။ မီးကျီးခဲပေါ်တွင် စိမ်ရည်အိုးတအိုးတင်၍ နွေးထားသည်ကို မြင်ရပြီး ထိုအိုးမှ စိမ်ရည်နံ့ သည် သင်းလျက်ရှိ၏။

“ကျွန်တော့်မှာ ငွေစနည်းနည်းတော့ ပါပါတယ် ခင်ဗျာ။ အပန်းမကြီးဘူးဆိုရင် စိမ်ရည်ကလေး တခွက်လောက်များ ရနိုင်မလား မသိဘူး”

“တို့က ညတိုင်း စပါးကျီတွေကို စောင့်နေရတယ်။ ခု သန်းခေါင်ကျော်လောက် ရှိနေပြီ။ သိပ်အေးတယ်။ မနက်လင်းသည်အထိ စောင့်ရဦးမှာ။ တို့မှာတောင် လောက်လောက်ငငရှိတာ မဟုတ်ဘူး။ မင်းအတွက်တော့ မပြောနဲ့တော့”

“အချမ်းပြေ နှစ်ခွက်၊ သုံးခွက်လောက်ပါဗျာ”

“တော်တော်လျှာရှည်ပါ့ကလား၊ ကျုပ် မပေးနိုင်ပါဘူးလို့ ပြောနေတာ”

လင်ချိုးမှာ စိမ်ရည်နံ့ကြောင့် ပို၍ ဆာလောင်လာခဲ့လေပြီ။

“မတတ်နိုင်ဘူးဗျာ။ နည်းနည်းတော့ သောက်ရလိမ့်မယ်”

သူတို့အားလုံးသည် လင်ချိုးကို ကြည့်လိုက်ကြ၏။

“ဩော်၊ မင်းကို ကောင်းကောင်းမွန်မွန် လက်ခံပြီး မီးလှုံခွင့်ပေးတာတောင် မင်းက မကျေနပ်သေးဘဲ စိမ်ရည်သောက်ချင်သလေး ဘာလေးနဲ့ လုပ်လာသလား။ ကဲ၊ ကိုယ့်လူ။ ဒီလောက်တောင်ရှိလှတာ သွား၊ ခု အပြင်ထွက်။ မသွားရင် ဖမ်းပြီး ကြိုးနဲ့ တုပ်ထားလိုက် ရမလား”

လင်ချိုးမှာ ဒေါသထွက်လာလေပြီ။

"တော်တော်ရိုင်းတဲ့လူတွေ" ဟု အော်ကာ လင်ချိုးသည် မီးတောက်နေသော ထင်းစ တစကို လှံဖျားဖြင့် ကော်၍ လူခပ်ကြီးကြီး၏ မျက်နှာဆီသို့ ပိတ်ပစ်လိုက်၏။ ထို့နောက် မီးပုံကို လှံဖြင့် မွှေလိုက်ရာ မီးတောက်များသည် ဟုန်းခနဲတောက်လာကာ အသက်ကြီးကြီး လူ၏ မုတ်ဆိတ်များကို မီးစွဲလောင်လေ၏။ သူတို့အားလုံးသည် အလန့်တကြားဖြင့် ထခုန်လိုက်ကြ၏။ လင်ချိုးသည် သူတို့ကို လှံဖြင့် ရိုက်ချလိုက်၏။ အသက်ခပ်ကြီးကြီး လူမှာ ထွက်ပြေးလေပြီ။ ကျန်လူများလည်း ကြောက်လန့်တကြားဖြစ်ကာ ကြက်သေသေလျက် ရှိကြလေ၏။ လင်ချိုးသည် သူတို့အားလုံးကိုလည်း လှံတံဖြင့် သိမ်းကျုံးရိုက်ကာ မောင်းထုတ်ပစ်လိုက်၏။ "သင်းတို့အားလုံး ထွက်ပြေးကုန်ကြပြီ။ စိမ်ရည်ကို ငါတယောက်တည်း အကုန် သောက်ပစ်လိုက်မယ်" ဟု စိတ်ထဲမှ ဆို၏။

ရွှံ့စေးဖြင့် မံထားသည့် စင်ကလေးတခုပေါ်တွင် အုန်းမှုတ်ခွက်နှစ်လုံးကို တွေ့ရ၏။ လင်ချိုးသည် အုန်းမှုတ်ခွက်ဖြင့် စိမ်ရည်များကို မွှေ၍ သောက်ပစ်လိုက်ရာ ခဏကြာလျှင် အိုးတဝက်သာ ကျန်လေပြီ။ လင်ချိုးသည် လှံကိုကောက်ကာ ဒယီးဒယိုင်ဖြင့် အပြင်သို့ ထွက်လာခဲ့၏။

လင်ချိုးသည် ယိုင်တီးယိုင်တိုင်ဖြင့် တလီခန့် လျှောက်လာခဲ့၏။ လှိုဏ်ကလေးတခု အနီးသို့ ရောက်သည့်အခါတွင် လေပြင်းတိုက်သဖြင့် ကိုယ်ကို မဟန်နိုင်တော့ဘဲ လဲကျ သွား၏။ ကြိုးစား၍ ထသော်လည်း မရချေ။ အရက်မူးသူသည် တခါလဲကျလျှင် ထ၍ ရတော့သည် မဟုတ်။ သို့ဖြင့် လင်ချိုးသည် နှင်းခဲပြင်ထဲတွင် မူးလဲလျက်ရှိလေ၏။

သူရင်းငှားများသည် အခြားရွာသားနှစ်ဆယ်ခန့်ကို ခေါ်ကာ တင်းပုတ်များ၊ တုတ်များ ဖြင့် သက်ငယ်တဲကလေးဆီသို့ ပြန်လာကြ၏။ လင်ချိုးကိုကား မတွေ့တော့ချေ။ နှင်းခဲပြင် ထဲတွင် ခြေရာခံ၍ လိုက်လာသည့်အခါ၌ကား လှံတံကို ဘေးတွင် ချကာ မူး၍ လဲနေသော လင်ချိုးကို တွေ့ရ၏။

"ဟော့၊ ဒီမှာ တွေ့ပြီဟေ့"ဟု ဆိုကာ လင်ချိုးကို ကြိုးဖြင့် တုပ်ပြီး ခေါ်လာခဲ့ကြ၏။ မိုးလင်းခါနီးသည့်အခါတွင် နေရာတခုသို့ ရောက်ကြ၏။

လင်ချိုးသည် ထိုနေရာသို့ သွားခဲ့မိ၏။ ရလဒ်မှာ-

ထောင်ပေါင်းများစွာသော လှေများသည် ရွက်တလူလူလွှင့်ကာ အင်းအိုင်များထဲတွင် စစ်ခင်းကြ၏။ ရာပေါင်းများစွာသော သူရဲကောင်းများသည် ကျူတောအလယ်ရှိ ခံတပ် စခန်းကို ဘယ်ညာ ဝိုင်းပတ်၍ ကာကွယ်ခဲ့ကြ၏။

မှန်ပေသည်။ သူတို့တတွေ သတ်ကြ ဖြတ်ကြပုံကို ကြားရသည်မှာ နှလုံးသွေးကို ခဲစေ၍ အရိုးတို့ကို စိမ့်စေ၏။

သူရင်းငှားများသည် လင်ချိုးကို မည်သည့်နေရာသို့ ခေါ်သွားကြလေသနည်း။ သိလို လျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၁

ချူကွိသည် ကန်ဘောဇရပ်မှ နေ၍ မြားလွတ်၍ အချက်ပေးခြင်း

လင်ချုံးသည် နှင်းမုန်တိုင်းကျသော ညတွင် လျှံရှန်းတောင်ရိုးသို့ ရောက်လာခြင်း

ကျားသစ်ခေါင်းဟု နာမည်ကြီးသည့် လင်ချုံးတယောက် နှင်းခဲပြင်ကြီးထဲတွင် အရက်မူး လဲနေစဉ် သူရင်းငှားများသည် သူ့ကို ကြိုးဖြင့် တုပ်ကာ မြေရှင်တဦး၏ အိမ်တအိမ်သို့ ခေါ် သွားကြ၏။ အိမ်သို့ရောက်လျှင် သူရင်းငှားတယောက် ထွက်လာကာ "တို့သခင် အိပ်နေ တုန်း ရှိသေးတယ်။ ဒီကောင့်ကို ဝင်းဝက ထုပ်တန်းမှာ ကြိုးနဲ့ တွဲလောင်းဆွဲထားလိုက်ကြ" ဟု ပြော၏။ အရုဏ်တက်လောက်တွင် လင်ချုံးသည် အမူးပြေလာကာ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ မြေရှင်၏ အိမ်မှာ အတော်ကြီးသည့် အိမ်ကြီးတဆောင် ဖြစ်ပေ၏။ "ဟေ့၊ ငါ့ကို တွဲလောင်းဆွဲထားတာ ဘယ်ကောင်လဲကွ။ ဘယ်လောက်မိုက်လို့ ဒီလို လုပ်တာလဲ" ဟု လင်ချုံးက အော်၏။

ဝင်းဝက တဲကလေးထဲတွင် ထိုင်နေကြသည့် သူရင်းငှားများသည် တုတ်များကို ဆွဲ၍ ထွက်လာကာ-

"အံမယ်၊ ဒီကောင် တယ်လာတဲ့ ကောင်ပါကလား"

မုတ်ဆိတ်မွေးတို့ မီးမြှိုက်ခံရသည့် အသက်ကြီးကြီး သူရင်းငှားက-

"ဒီကောင်ကို သောက်ရေးလုပ်ပြီး ပြောမနေစမ်းပါနဲ့။ ဒီကောင်ကို ဆုံးမထားလိုက် ကြ။ တို့သခင် နိုးလာတော့မှ ဒီကောင်ကို စစ်ရမယ်"

သူရင်းငှားများသည် လင်ချုံးအနီးသို့ ဝိုင်းလာကြကာ တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက် ကြ၏။ လင်ချုံးမှာ ဘာမျှ မတတ်နိုင်တော့ပြီ။

"ဟေ့ကောင်တွေ၊ ရိုက်နှင့်။ အားရအောင် ရိုက်နှင့်။ နောက်တော့မှ နောင်တ မရ ကြနဲ့" ဟု အော်လျက်ရှိ၏။

ထိုစဉ် သူရင်းငှားတယောက် ရောက်လာကာ "သခင်နိုးလာပြီ"ဟု အကြောင်းကြား၏။ အရာရှိအရာခံနှင့်တူသူ လူတယောက်သည် လက်နှစ်ဖက်ကို နောက်တွင်ပစ်ကာ လှေကားမှ ဆင်းလာသည်ကို မြင်ရလေ၏။

"ဟေ့၊ ဘယ်သူ့ကို ရိုက်နေကြတာလဲ" ဟု ထိုလူက မေး၏။

"ဆန်တွေကို လာခိုးတဲ့ သူခိုးခင်ဗျ။ မနေ့ညက ကျွန်တော်တို့ မိထားတာ" ဟု ဖြေကြ၏။

ထိုလူသည် အနီးသို့ လျှောက်လာကာ လင်ချိုးကို ချက်ချင်း မှတ်မိလိုက်သဖြင့် ကြိုး များကို ဖြေခိုင်း၏။

"ဆရာလေး၊ ဘယ်လိုဖြစ်လာတာလဲ" ဟု ထိုလူက မေး၏။

လေ၏။ ထိုစကားကို ကြားသည့်အခါတွင် သူရင်းငှားများသည် နောက်သို့ ဆုတ်သွားကြ လင်ချိုးအရှေ့တွင် လာရပ်သူမှာ အခြားသူ မဟုတ်။ သခင်ကျဲ့ခေါ် ကျဲ့ကျောင်း ဖြစ် သတည်း။

"သခင်ကျဲ့၊ ကျွန်တော့်ကို ကြည့်လုပ်ပါဦး" ဟု လင်ချိုးက ပြော၏။

"ဘာဖြစ်လို့ ခင်ဗျားကို ဝိုင်းရိုက်နေကြတာတဲ့လဲ"

"ပြောရရင်တော့ အရှည်ကြီးပဲ ခင်ဗျ"

သူတို့နှစ်ယောက်သည် အိမ်ထဲသို့ ဝင်လာ၍ ထိုင်ကြ၏။ လင်ချိုးက မြင်းစာလျှောင်ရုံ ကို မီးလောင်သည်မှအစ အဖြစ်အပျက်ကို အသေးစိတ် ပြောပြလေ၏။

"အင်း၊ ဖြစ်မှဖြစ်ရလေ နောင်ကြီးရယ်။ အေးလေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ ခုလို လာတွေ့ရတာကတော့ ဘုရား မ ပေတာပေါ့။ ကဲ၊ ဘာမှ စိတ်သောကရောက်မနေနဲ့။ ဒီနေရာဟာ အရှေ့ဘက်နယ်က ကျွန်တော့်လယ်တောအိမ်ပဲ။ ခဏတဖြုတ် ဒီမှာ နားဦး။ ပြီးတော့မှ ဘာလုပ်မယ်ဆိုတာ စဉ်းစားကြတာပေါ့"

ကျဲ့ကျောင်းသည် သူရင်းငှားများကို ခေါ်ကာ အဝတ်အစားသစ်များကို အယူခိုင်းလိုက်၏။ အဝတ်အစားလဲပြီးသော် နွေးထွေးသည့်အခန်းတခုထဲသို့ခေါ်သွားကာ စိမ်ရည်၊ စားသောက် ဖွယ်တို့ဖြင့် တည်ခင်းကျွေးမွေးလေ၏။ လင်ချိုးသည် အရှေ့လယ်တောအိမ်တွင် ခြောက် ရက် ခုနစ်ရက် နေထိုင်၏။ ထိုအကြောင်းကို ဤတွင် ရပ်ဦးမည်။

ကွမ်ကျို့တွင် ဖြစ်ပျက်နေပုံကို ပြောဦးအံ့။ ကွမ်ကျို့ထောင်ပိုင်သည် ထောင်မှူး၊ လူကျန့် နှင့် ဖူးအန်တို့ကို သတ်မှု၊ မြင်းစာလျှောင်ရုံကို မီးတင်ရှို့မှုဖြင့် လင်ချိုးကို တရားစွဲဆိုခြင်း ပြု၏။ မြို့ဝန်မှာ ထိုသတင်းကြောင့် များစွာ အံ့အားသင့်လျက်ရှိကာ လင်ချိုးကို ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်လေ၏။ မြို့များ၊ ရွာများ၊ ထမင်းဆိုင်များ၊ ဈေးဆိုင်များတွင်လည်း လင်ချိုး၏ ရုပ်ပုံကို ကပ်စေကာ

ငင်းကို မိလျှင် ငွေစင်သုံးထောင်ပေးမည်ဟု ကြော်ငြာ ထုတ်၏။ ရဲများကိုလည်း နေရာအနှံ့ လိုက်လံရှာဖွေစေ၏။ ထိုနယ်ရှိ လူထုမှာ ထိုသတင်း ကြောင့် လှုပ်လှုပ်ရွရွဖြစ်ကာ ထိုအကြောင်းကို ပြောဆိုလျက်ရှိကြလေ၏။

အရှေ့လယ်တောအိမ်တွင် ရောက်နေသည့် လင်ချိုးမှာလည်း ထိုသတင်းကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေလေပြီ။

"နောင်ကြီး။ ကျွန်တော့်ကို ဒီမှာ ကြာကြာထားလို့ မဖြစ်တော့ဘူး။ သူတို့က တအိမ် တက်ဆင်း လိုက်ရှာကြမှာ။ ကျွန်တော့်ကို ဒီမှာ တွေ့သွားရင် နောင်ကြီးပါ အမှုပတ်နေလိမ့် မယ်။ ဒီလိုဆိုရင် မကောင်းဘူး။ ဒီတော့ ဒီလောက်ရက်ရောတဲ့ နောင်ကြီးကို ကျွန်တော် ကျေးဇူးတင်လှပါပြီ။ ကျွန်တော့်ကို ခရီးစရိတ်လေးသာ ထောက်ပံ့လိုက်ပါတော့။ ကျွန်တော် တနေရာကို ရှောင်မှ ဖြစ်တော့မယ်။ ကျွန်တော် အသက်မသေသေးရင်တော့ နောင်ကြီး ကျေးဇူးကို ကျွန်တော် ဆပ်ပါ့မယ်"

ကျဲ့ကျင်းက-

"နောင်ကြီးက ဒီလောက်တောင် သွားချင်နေတယ်ဆိုရင်လည်း သွားတာပေါ့လေ။ ဒီတော့ ကျွန်တော် နေရာတခုကို ညွှန်လိုက်မယ်။ မိတ်ဆက်စာလည်း ရေးပေးလိုက်မယ်။ ဘယ့်နှယ်လဲ"

"နောင်ကြီးဟာ ကြင်နာတတ်ပါပေတယ်ဗျာ။ နို့ အဲဒီနေရာကကော ဘယ်မှာလဲ"

"လျှံရှန်းကျူတောဆိုတဲ့ နေရာဗျ။ ရှန်တောင်ပြည်နယ်၊ ကျီစုခရိုင်ထဲမှာ ရှိတယ်။ အဲဒီ ကျူတောကြီးက နည်းတဲ့ ကျူတောကြီး မဟုတ်ဘူး။ အချင်းက လီရှစ်ရာလောက် ကျယ် တယ်။ ရေခါးပတ်ခံတပ်စခန်းနဲ့ လျောင်အဲမြေနိမ့်စခန်းဆိုတာ အဲဒီ ကျူတောထဲမှာ ရှိတယ်ဗျ။ အဲဒီ မှာ လူစွမ်းကောင်းသုံးယောက်က ခံတပ်ကြီးတခု ဆောက်ထားကြတယ်။ လူစွမ်းကောင်းသုံးယောက်ကတော့ ဝတ်ရုံဖြူသုခမိန်လို့ ခေါ်တဲ့ ဝမ်လုံရယ်၊ အာကာပျံ ဒူရှန်းရယ်၊ တယောက်ကတော့ တိမ်တမန်ဆုံဝမ်ရယ်တဲ့ဗျ။ သူတို့မှာ နောက်လိုက်နောက်ပါ ခြောက်ရာ ခုနစ်ရာလောက် ရှိပြီး အဲဒီနားတဝိုက်မှာ နေကြတယ်။ ရာဇဝတ်ဘေးဒဏ်သင့် လာတဲ့ လူတွေတော့ သူတို့ဆီကိုပဲ ပြေးပြီး ခိုလှုံကြတာပဲ။ ကျွန်တော်က ဒီလူစွမ်းကောင်း သုံးယောက်နဲ့ သင့်မြတ်ပါတယ်။ စာတို့ ဘာတို့လည်း အဆက်အသွယ် ရှိတတ်ပါတယ်။ ဒီတော့ ခင်ဗျားကို သူတို့ဆီကို မိတ်ဆက်စာ ရေးပေးလိုက်မယ်။ ဘယ့်နှယ်လဲ"

"ဟန်ကျလိုက်လေ ခင်ဗျာ။ နောင်ကြီးက သင့်မြတ်တယ်ထင်ရင် ကျွန်တော် ငြင်း စရာ မရှိပါဘူး။ ကျေးဇူးကြီးလှပါပြီ"

"အဲ၊ တခုတော့ ရှိတယ်ဗျ။ ကွမ်ကျို့ပြည်နယ်တဝန်းလုံးမှာ နောင်ကြီးကို ဖမ်းမိရင် ဆုငွေပေးမယ် ဆိုပြီး နောင်ကြီးရဲ့ ပုံတွေကို အနှံ့ဝေထားတယ်။ ခု ကျုပ်တို့ မြို့တံခါးတွေ မှာလည်း စစ်ဗိုလ်တွေ စောင့်ပြီး ခရီးသွားတွေကို စစ်ဆေးနေတယ်။ အဲဒီတံခါးတွေက ဖြတ်သွားရမှာဆိုတော့ ခက်နေတယ်" ဟု ဆိုကာ ကျဲ့ကျင်းသည် ခေါင်းငိုက်စိုက်ချ၍ စဉ်းစားနေလေ၏။ အတန်ကြာမှ ခေါင်းကို မော့ကာ-

"အကြံတော့ ရပြီဗျ။ ကဲ၊ ခင်ဗျားကို ကျွန်တော်ကိုယ်တိုင်ပဲ လိုက်ပို့ပေးလိုက်မယ်"

ကျဲ့ကျင်းသည် သူရင်းငှားတယောက်ကို ခေါ်ကာ လင်ချုံး၏ အထုပ်အပိုးများကို ယူ၍ အရင်သွားခိုင်းလိုက်၏။ မြင်းစီးယောကျ်ား နှစ်ဆယ် သုံးဆယ်ခန့်ကို အစုခိုင်းလိုက်ပြီးလျှင် လေး၊ မြား၊ တိုက်သိမ်းဝတ် စသည်တို့ကိုလည်း အယူခိုင်းလိုက်၏။ အမဲလိုက်ခွေးများကိုလည်း ခေါ်ခဲ့၏။ ထို့နောက်တွင် အမဲလိုက်သွားမည့်ဟန်ဖြင့် ပျော်ပျော်ပါးပါး ထွက်လာ ခဲ့ကာ လင်ချုံးကိုလည်း သူ့လူများအလယ်တွင် မြင်းတစီးဖြင့် လိုက်ပါစေ၏။ စစ်ဗိုလ်များမှာ ယခင်က ကျဲ့ကျင်း၏ အိမ်သို့ ဝင်ဖူးထွက်ဖူးသူများ ဖြစ်သည့်အလျောက် ကျဲ့ကျင်းနှင့် ရင်းနှီးပြီးသူများ ဖြစ်၏။

အမဲလိုက်သူများ မြို့တံခါးအနီးသို့ ရောက်လာသည့်အခါတွင် အစောင့်များသည် တံခါးမျှော်စင်ပေါ်တွင် ထိုင်နေကြရာမှ မတ်တတ်ရပ်ကာ-

"ဘယ်လဲ သခင်ကျဲ့။ အမဲလိုက်ထွက်မလို့လား"

သခင်ကျဲ့သည် ယဉ်ကျေးသမှုအနေဖြင့် မြင်းပေါ်မှ ဆင်းလိုက်လျက်-

"ဗိုလ်မင်းတို့နှစ်ယောက်က ဒီမှာ ဘာလာလုပ်နေကြတာလဲ"

"ရာဇဝတ်ကောင် လင်ချုံးကို ဖမ်းဖို့ မြို့ဝန်က အမိန့်ထုတ်ထားတယ်လေ။ ခု ကျွန်တော် တို့က မြို့တံခါးကနေပြီး ခရီးသွားတွေကို စစ်ဆေးနေတာ"

ကျဲ့ကျင်းက တချက်ရယ်လိုက်လျက်-

"ဒီလိုလား။ ဒီလိုဆို ကျွန်တော့်အဖွဲ့ထဲမှာ လင်ချုံး ပါလာတယ် ခင်ဗျ။ ဗိုလ်မင်းတို့ သူ့ကို မှတ်မိပါ့မလား"

စစ်ဗိုလ်နှစ်ဦးသည် ရယ်လိုက်၏။

"သခင်ကျဲ့ဟာ ဥပဒေကို ရိုသေလေးစားတဲ့ လူတယောက်ပဲ ခင်ဗျာ။ ရာဇဝတ်ကောင် တယောက်ကို ကူညီပါ့မလား။ ကျွန်တော်တို့ ယုံပါတယ်။ ကဲ ကဲ၊ သွားပါ"

ကျဲ့ကျင်းက ပြုံးလိုက်လျက် "ဒီလိုဆို ဗိုလ်မင်းတို့ ကျွန်တော့်ကို ယုံတယ်နော်။ အမဲ လေး ဘာလေးများ ရရင် ဗိုလ်မင်းတို့ကို လက်ဆောင်ပေးရတာပဗျာ" ဟု ဆိုကာ မြင်း ပေါ်သို့ ပြန်တက်၍ စစ်ဗိုလ်များကို နှုတ်ဆက်ပြီးသော် အမဲလိုက်အဖွဲ့သည် မြင်းကိုယ်စီဖြင့် မြို့တံခါးမှ ထွက်လာခဲ့ကြ၏။

သူတို့တသိုက်သည် တဆယ့်ငါးလီခန့် စီးလာခဲ့ကြပြီးနောက် ကြိုတင်လွှတ်ထားသည့် သူရင်းငှား စောင့်သည့်နေရာသို့ ရောက်လာခဲ့ကြ၏။ ကျဲ့ကျင်းသည် လင်ချုံးကို မြင်းပေါ်မှ ဆင်းစေ၍ တောလိုက်ဝတ်ရုံကို ချွတ်ခိုင်းကာ သူရင်းငှား ယူသွားနှင့်သည့် သူ့အဝတ်အစား များကို လဲလှယ်စေ၏။ လင်ချုံးသည် ဓားကို ခါးတွင် ချပ်၏။ ပန်းပွားနီတွေ ဆင်ထားသည့် သူ့ဦးထုပ်ကို ဆောင်း၊ အထုပ်ကို ထမ်း၊ လှံကို ကောက်ကိုင်ကာ ကျဲ့ကျင်းကို ကျေးဇူးတင် ကြောင်း ပြောပြီးနောက် ပေတရာအတိုင်း မြင်းကို စီးလာခဲ့၏။

ကျဲ့ကျင်းနှင့် သူ့လူများသည်လည်း မြင်းများပေါ်သို့ တက်ကာ အမဲလိုက်ထွက်လာ ခဲ့ကြလေ၏။ ညနေ မှောင်ရီပျိုးသည့်အခါတွင်မှ မြို့တံခါးဝဆီသို့ ပြန်ရောက်လာခဲ့ကြကာ မြို့တံခါးတွင် စောင့်နေသည့် အစောင့်များကို ရလာသည့် အမဲများ၊ တောကောင်များ ခွဲဝေ ပေးပြီး အိမ်သို့ ပြန်လာခဲ့ကြ၏။ သူတို့အကြောင်းကို ဤတွင် တော်ဦးမည်။

လင်ချုံးသည် ဆယ်ရက်တိုင်တိုင် ခရီးပြင်းနှင်ခဲ့၏။ ဆယ်ရက်မြောက်ညနေ မှောင်ရီပျိုး ချိန်တွင် မိုးတိမ်တို့သည် ဆောင်းရာသီကောင်းကင်ကြီးတခုလုံးကို အုပ်ဆိုင်းစပြုလာကာ လေပြင်းတိုက်စ ပြုလာလေ၏။ မြောက်လေတိုက်တိုင်းတွင် နှင်းပွင့်တွေ၊ နှင်းဖတ်တွေ တဖွဲဖွဲ ကျနေသည်ကို မြင်ရ၏။ လင်ချုံးသည် ရှေ့သို့ ခရီးဆက်၏။ အေးလည်း အေးလှပြီ။

မိုးစုပ်စုပ်ချုပ်သည့်အခါ၌ကား ရေကန်တကန် ဘေး၊ နှင်းခဲပြင်ထဲတွင် မြုပ်လု မတတ်ဖြစ်နေသော ဘုံဆိုင်ကလေးတဆိုင်ကို အဝေးမှ လှမ်းမြင်ရ၏။ လင်ချုံးသည် ထို ဆိုင်ကလေးဆီသို့ ခပ်သုတ်သုတ် လာခဲ့ကာ ကျူရိုးကန့်လန့်ကာကို မပြီးနောက် အတွင်းသို့ ဝင်ခဲ့၏။ ကိုယ်မှ နှင်းများကို ခွာချလိုက်ပြီး ပတ်ပတ်လည်ကို လှည့်ကြည့်၏။ ဆိုင်ထဲတွင် ထိုင်ခုံအများအပြား ရှိရာ တနေရာကို ရွေးပြီး ဝင်ထိုင်လိုက်၏။ လှံကို နံရံတွင် ထောင်ကာ အထုပ်အပိုးတို့ကို ချပြီးလျှင် ဓားလွယ်နှင့် ဦးထုပ်ကိုလည်း ချွတ်လိုက်၏။ စားပွဲထိုး တယောက် သူ့အနားသို့ ရောက်လာကာ-

"ဘယ်လောက်ပေးရမလဲ နောင်ကြီး"

"နှစ်ခွက်ထည့်ပေးကွာ"

စားပွဲထိုးသည် စည်ထဲမှ ခွက်ခြင်နှစ်ခွက် ခြင်လိုက်ပြီးလျှင် စားပွဲပေါ်သို့ လာချ၏။

"အမြည်းကလေး ဘာလေးကောကွ"

"ရတယ်ခင်ဗျ။ အမဲသားရှိတယ်။ ငန်းရှိတယ်။ ကြက်ကြော်ကြွပ်ကြွပ်ကလေးလည်း ရှိတယ်"

"အမဲသား အစိတ်သားလောက် ထည့်ခဲ့ကွာ"

ခဏကြာလျှင် စားပွဲထိုးသည် အမဲသားတပန်းကန်၊ ဟင်းသီးဟင်းရွက်ကြော်များနှင့် အရက်ခွက်ကို လာချလေ၏။ လင်ချုံးသည် နှစ်ခွက် သုံးခွက်လောက် ဆင့်သောက်လိုက်၏။ လူတယောက်သည် ပြတင်းပေါက်အနီးသို့ ထ လာကာ လက်နှစ်ဖက်ကို နောက်ပစ်ရင်း နှင်းခဲပြင်ကြီးကို ငေးကြည့်လျက်ရှိ၏။

"ဟိုမှာ ထိုင်သောက်နေတာ ဘယ်ကကောင်လဲကွ"ဟု ထိုလူက စားပွဲထိုးကို မေး၏။

ထိုလူသည် ဦးထုပ်ခပ်ထူထူ၊ မွေးကပ်မြွေပါရေအင်္ကျီနှင့် သမင်ရေဖိနပ်ရှည်ကြီးကို စီးထား၏။ ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်၍ အရပ်မြင့်ပြီး မေးရိုးကြီးများသည် လက်သီးဆုပ် ကြီးများကဲ့သို့ ဖုထစ်လျက်ရှိလေ၏။ မုတ်ဆိတ်မွေးဖားဖား၊ ဆိတ်မုတ်ဆိတ်တိုတိုနှင့် ဖြစ်၏။

ထိုလူသည် နှင်းခဲများကို ငေးကြည့်မြဲ ကြည့်လျက်ရှိလေ၏။

လင်ချုံးက စားပွဲထိုးကို ခေါ်ကာ နောက်ထပ် အရက်မှာပြန်၏။

"နောက်တအိုး ယူခဲ့ဦးကွာ" ဟု ဆိုသဖြင့် စားပွဲထိုးလည်း လာချ၏။

"ဒီကနေပြီး လျံ့ရှန်းကျူတောကို ဘယ်လောက် ဝေးသေးသလဲကွ"

"သိပ်မဝေးတော့ပါဘူး။ ဒါပေမဲ့ ကုန်းလမ်းက သွားလို့ မရဘူးဗျ။ ရေလမ်းနဲ့ သွားမှ ရမှာ။ ဒီကနေပြီး လှေစီးသွား"

"ငါ့ကို လှေတစီးလောက် ငှားပေးကွာ"

"နှင်းမုန်တိုင်းတွေကလည်း ကျ၊ ညကြီးမင်းကြီးလည်း ဖြစ်နေတော့ ငှားလို့ရမှာ မဟုတ်ဘူးဗျ"

"ပိုက်ဆံ ကောင်းကောင်းပေးမယ်ကွာ။ ငါ့ကို လှေတစီးရှာပြီး ဟိုဘက်ကမ်းကို လိုက် ပို့ပေးပါလား"

"ဒီနားတဝိုက်မှာတော့ ငှားလို့ရမှာ မဟုတ်ဘူး"

"ရာသီဥတုက သိပ်ဆိုးတာကိုး" ဟု လင်ချိုး တွေးနေ၏။ ထို့နောက် အရက်အနည်းငယ် ထပ်သောက်ပြန်၏။

လင်ချိုးသည် တွေးနေလေ၏။

"ဩော်၊ ငါ့အခြေအနေဟာ တော်တော်ဆိုးပါကလား။ အရင်တုန်းကတော့ နေပြည် တော်က ရွှေနန်းတော်စောင့်တပ်မှာ ငါဟာ သိုင်းဆရာ။ လက်နက်သင်တန်းဆရာ။ ခုတော့ သူခိုးကောက်ကျူကြောင့် ငါ့မှာ ဒုက္ခတွေ့နေရတယ်။ နေပြည်တော်မှာဆိုရင် ဘယ်လမ်းကို သွားသွား၊ ဘယ်ဆိုင်ကိုပဲ ဝင်ဝင် ငါ ကြိုက်သလောက် သောက်လို့စားလို့ ရတယ်။ ခုတော့ ငါ့မှာ ပါးမှာ သံပူကပ်ခံရတဲ့ ရာဇဝတ်ကောင်။ ပြည်နှင်ဒဏ်ခံရလို့ ဒီကို ရောက်နေရပြီ။ အိမ်လည်း ပြန်လို့မဖြစ်။ ဘယ်နေရာသွားသွား ငါ့မှာ လုံခြုံမှုလည်း မရှိပါကလား။ တကောင် ကြွက်ဖြစ်နေပြီ"

လင်ချိုးသည် မင်အိုးနှင့် စာရေးသည့် စုတ်တံတချောင်းကို ယူလာရန် စားပွဲထိုးကို ပြောလိုက်၏။ စိတ်ကလည်း ပျက်၊ အရက်ကလည်း မူးသဖြင့် လင်ချိုးသည် နံရံပေါ်တွင် အောက်ပါ ကဗျာတိုကလေးကို ရေးနေလေ၏။

သစ္စာရှိဆုံး၊ ရဲရင့်ဆုံး

ငါ့နာမည်ဟာ လင်ချိုး။

ရဲသူများအကြား ငါ ထင်ရှား

လူစွမ်းကောင်းများ ခေါင်းဆောင် သွား။

ကြမ္မာရိုင်းပေ ငါကံခေ

တွေ့လိုက်ရတဲ့ အခက်အခဲတွေ။

သို့ပေမဲ့လည်း ငါ အံခဲ

တိုင်းတောင်ကြီးကို ဖြိုမှာပဲ။ ။

လင်ချိုးသည် စုတ်တံကို ပစ်ချလိုက်ပြီးနောက် အရက်သောက်ပြန်၏။ မြွေပါမွေး အင်္ကျီ ဝတ်ထားသူသည် သူ့အနားသို့ လျှောက်လာကာ သူ့ခါးကို လှမ်းဖက်လိုက်ရင်း-

"ခင်ဗျား တော်တော်သတ္တိကောင်းတဲ့လူပါကလား။ ကွမ်ကျို့မှာ

ရာဇဝတ်ပြစ်မှုကြီးကို ကျူးလွန်ခဲ့ပြီး ခု ဒီရောက်နေတယ်ပေါ့။ ခင်ဗျားကို မိရင် ငွေစင်သုံးထောင်ပေးမယ်လို့ ဆုငွေထုတ်ထားတယ်ဗျ။ ခင်ဗျား ငြင်းဦးမလား"

"ရောင်းရင်းက ကျုပ်ကို ဘယ်သူထင်လို့တုံး"

"ဘယ်သူလို့ ထင်ရမလဲဗျ။ လင်ချုံးပေါ့"

"ကျုပ်နာမည်က ချန် တဲ့ဗျ"

ထိုလူသည် ရယ်လိုက်၏

"ကျုပ်ကို ဒါမျိုးတွေ လာလုပ်မနေနဲ့လေ။ ခုပဲ ခင်ဗျားနာမည်ကို ခင်ဗျားကိုယ်တိုင် နံရံပေါ်မှာ ရေးခဲ့ပြီးပြီ။ ခင်ဗျားမျက်နှာပေါ်မှာလည်း ရွှေစာမှတ်ကြီးနဲ့။ ကျုပ်ကို ဒီလိုလိမ် လို့ ဘယ်ရမလဲ"

ထိုလူသည် ရယ်လိုက်ပြန်၏။

"ခင်ဗျားကို ကျုပ်က ဘာလုပ်ဖို့ ဖမ်းပို့မှာလဲ။ လာဗျာ၊ နှစ်ယောက်တည်း အေးအေး ဆေးဆေး စကားပြောရအောင်"

ထိုလူသည် ကန်ကို မျက်နှာပြုနေသော ဆိုင်နောက်မှ အခန်းတခန်းထဲသို့ လင်ချုံးကို ခေါ်သွားပြီး စားပွဲထိုးကို မီးထွန်းခိုင်းလိုက်၏။ လင်ချုံးနှင့် ထိုလူသည် တယောက်ကို တယောက် ဦးညွတ်၍ နှုတ်ဆက်ကာ စားပွဲတလုံးတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။ "လျှံရှန်းကျုံတောကို သွားဖို့ ခင်ဗျား လှေတစီး အရှာခိုင်းနေသံကို ကျုပ် ကြားပါ တယ်ဗျ။ လျှံရှန်းကျုံတောဆိုတာ တောပုန်းတွေ၊ ဝရမ်းပြေးတွေ ခိုအောင်းတဲ့ နေရာပဲဗျ။ ရောင်းရင်းက အဲဒီကို ဘာဖြစ်လို့ သွားချင်တာလဲ"

"ရှင်းရှင်းပဲပြောမယ်ဗျာ။ ကျုပ်နောက်ကို ရဲတွေ လိုက်ဖမ်းနေကြတယ်။ ကျုပ်မှာ ပုန်းစရာ နေရာ မရှိဘူး။ ဒါကြောင့် လျှံရှန်းတောင်ရိုးပေါ်က တောပုန်းတွေဆီကို ထွက်လာ ခဲ့တာပဲ"

"ဒီလိုဆိုရင် မိတ်ဆက်စာကလေး ဘာလေး ပါဖို့ လိုတယ်ဗျ"

"ကွမ်ကျို့ခရိုင်၊ ဟိန်ဟိုင်းတိုက်နယ်က မိတ်ဆွေတယောက်က ရေးပေးလိုက်တဲ့ စာ တော့ ပါတယ်ဗျ"

"လေပွေကျဲကျင်းဆီက မဟုတ်လား"

"ရောင်းရင်းက ဘယ့်နှယ်လုပ် သိနေသလဲ"

"သူက တောင်ပေါ်စခန်းက တောပုန်းခေါင်းဆောင်တွေနဲ့ ရင်းနှီးတယ်ဗျ။ စာတို့ ဘာ တို့လည်း အဆက်အသွယ်ရှိတယ်" ဟု ဆိုကာ ထိုလူသည် တောပုန်းဗိုလ်ဝမ်လုံ ဝရမ်းပြေး နေရစဉ်က သူနှင့် ဒူရှန်းတို့ကို ကျဲ့ကျင်းက ကာကွယ်စောင့်ရှောက်ပေးခဲ့ကြောင်းဖြင့် ပြော ပြ၏။ ထိုစဉ်က တောပုန်းနှစ်ယောက်သည် ကျဲ့ကျင်း၏ အိမ်တွင် အတန်ကြာမျှ ခိုအောင်း နေခဲ့ကြ၏။ ထို့နောက် သူတို့ သွားသည့်အခါတွင်လည်း ကျဲ့ကျင်းက စရိတ်စကများ ထောက်ပံ့လိုက်၏။ ဤတွင် တောပုန်းနှစ်ယောက်သည် ကျဲ့ကျင်း၏ ကျေးဇူး ရှိခဲ့ကြ၏။

"ရောင်းရင်းက သူတို့အထဲက တယောက်ကိုး။ ကျုပ် မသိဘူးဗျာ။ "မျက်စိရှိလျက်နှင့် တိုက်ရှန်းတောင်ကြီးကို မမြင်" ဆိုတဲ့ စကားလို ဖြစ်နေပြီပေါ့။ ဆိုပါဦးဗျာ။ ရောင်းရင်း နာမည်က ဘယ်သူတဲ့လဲ"

လင်ချုံးက ဦးညွှတ်လိုက်၏။ သည်တွင် ထိုလူကလည်း ပြန်၍ ဦးညွှတ်လိုက်၏။

"ကျွန်တော့်နာမည်က ချူကွီပါ။ ခေါင်းဆောင်အဖြစ်နဲ့ ဝမ်လုံရဲ့ ကိုယ်ရံတော် ဆိုပါစို့ ဗျာ။ ကျွန်တော့်ဇာတိက ယီချောင်းခရိုင်၊ ယီရှုတိုက်နယ်ကပါ။ ကျွန်တော်တို့အဖွဲ့ထဲမှာ တော့ ကျွန်တော့်ကို ကုန်းမိကျောင်းလို့ ခေါ်ပါတယ်။ ဒီမှာလာပြီး ဘုံဆိုင်ကလေး ဖွင့်ချင် ယောင်ဆောင်ပြီး ကုန်သည်တွေ၊ ခရီးသည်တွေရဲ့ အသွားအလာကို စုံစမ်း ထောက်လှမ်း နေတာပါ။ သူတို့မှာ အဖိုးတန်ပစ္စည်းတို့ ဘာတို့ ပါလာရင်တော့ ကျွန်တော်တို့ တောင်ပေါ် စခန်းကို သတင်းပို့ရတယ်။ ခပ်စောစောက ခင်ဗျားက လျှံရှန်းကျူတောကို မေးလိုက်တော့ ခင်ဗျားအကြောင်းကို ကျွန်တော် စုံစမ်းဖို့ လိုလာပြီလေ။ ခင်ဗျားနာမည်ကို နံရံပေါ်မှာ ရေးပြ လိုက်တော့ ရွှေမြို့တော်မှာ ခင်ဗျား မဟုတ်မခံ၊ မှန်မှန်ကန်ကန် လုပ်တာတွေနဲ့ပတ်သက်လို့ ကျွန်တော် ကြားဖူးတာတွေကို သတိရလာတယ်။ ခင်ဗျားနဲ့ ဒီလို တွေ့ရလိမ့်မယ်လို့ နည်း နည်းကလေးမှ မထင်ခဲ့ဘူးဗျာ။ ခု သခင်ကျဲ့ကျင်းကလည်း မိတ်ဆက် စာရေးပေးလိုက် ပြန်တော့ ခင်ဗျားလို ကျော်ကြားတဲ့လူတယောက်ကို ခေါင်းဆောင် ဝမ်လုံက လက်ခံမှာပါ" ချူကွီသည် လင်ချုံးအား သားငါးဟင်းလျာများ၊ စိမ်ရည်များနှင့် တည်ခင်းဧည့်ခံခြင်း ပြု၏။ သူတို့နှစ်ယောက်သည် ကန်ဘေးရှိ အခန်းကလေးထဲတွင် ညဥ့်နက်သန်းခေါင်အထိသောက်ရင်း စားရင်း စကားပြောလျက် ရှိကြလေ၏။

"ဟိုဘက်ကမ်းကို ကူးဖို့ ဘယ်မှာများ လှေငှားလို့ ရမလဲ ရောင်းရင်း"

"ဒါအတွက် မပူပါနဲ့ ရောင်းရင်းရာ။ လှေတွေ အများကြီးရှိပါတယ်။ ကဲ၊ အေးအေး ဆေးဆေး နားလိုက်ပါဦး။ မနက်မိုးသောက်ကျရင် ကျွန်တော့်အခန်းကို

ကူးခဲ့ပါ။ ကျွန်တော် လိုက်ပို့မှာပေါ့”

သူတို့နှစ်ယောက်သည် အိပ်ရာသို့ ဝင်ခဲ့ကြ၏။ မနက်မိုးလင်းခါနီးတွင် ချူကွီသည် လင်ချုံးကို လာနှိုး၏။ ကိုယ်လက်သန့်စင်ပြီးသော် စိမ်ရည်အနည်းငယ်နှင့် အသား အနည်း ငယ်ကို စားသောက်ကြ၏။ ကောင်းကင်တွင် အလင်းရောင် မလာသေးချေ။

ချူကွီသည် ရေကန်ဘေးအခန်းမှ ပြတင်းပေါက်ကို ဖွင့်၏။ ထို့နောက် လေးကိုင်းများ တွင် သပိတ်လွယ်ငှက်ရုပ်သဏ္ဍာန် ထုထားသည့် လေးကို ကောက်ကာ လေချွန်သံပြုသော မြားတစင်းကို တပ်လိုက်ပြီးလျှင် မြစ်ကွေ့တဖက်ရှိ ကျူတောများကြားမှ ချောင်းကလေး တချောင်းဆီသို့ မြားကို လွှတ်လိုက်၏။

“ဒါ ဘာလုပ်တာလဲ ရောင်းရင်း”

“တောင်ပေါ်စခန်းကို အချက်ပေးတာလေ။ မကြာခင် လှေရောက်လာတော့မှာပါ”

ခဏကြာလျှင် မျက်နှာချင်းဆိုင် ကျူတောထဲမှ လူ သုံး လေးယောက် လှေလှော်ခတ်လာသော လှေတစီး ပေါ်လာလေ၏။ လှေသည် ရေကန်ဘေးအခန်း ရှေ့တည့်တည့်တွင် လာဆိုက်၏။ လင်ချုံးသည် လက်နက်များနှင့် သူ့ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးလျက် ရှိ၏။ ထို့နောက် ချူကွီသည် သူ့ကို လှေပေါ်သို့ ခေါ်သွားလေ၏။ လှေသမားသည် အင်းကြီး ကိုဖြတ်၍ လှေကို သဲသိဂ်ကမ်းဘက်သို့ လှော်သွား၏။ ထိုနေရာသို့ ရောက်လျှင် လင်ချုံး နှင့် ချူကွီတို့လည်း လှေပေါ်မှ ဆင်းကြ၏။ လှေသမားတယောက် လင်ချုံး၏ အထုပ်အပိုး များကို ထမ်း၍ လိုက်လာ၏။ ကျန်လှေသမားများသည် လှေကို ချောင်းကလေးတခုထဲသို့ လှော်သွားကြလေ၏။

ချူကွီနှင့် လင်ချုံးတို့လည်း တောင်ပေါ်သို့ တက်လာခဲ့ကြ၏။ ပင်စောက်ကြီးများသည် လမ်းဘေးတဖက်တချက်တွင်ပင် ပေါက်လျက်ရှိကြ၏။ တောင်ခုလတ်သို့ ရောက်လျှင် ဇရပ်ကလေးတဆောင်ကို တွေ့ရ၏။ ဇရပ်ကလေးကို လွန်၍ ကွေ့တကွေ့ကို ချိုးလိုက်သော အခါ ခံတပ်တံတိုင်းကြီးများ ရံထားသည့် တောင်ကြားလမ်းတခုကို တွေ့ရ၏။ ထိုခံတပ်အနီး တွင် လှံများ၊ ဓားများ၊ လေးများ၊ မြားများကို စင်ကြီးတခုပေါ်တွင် တင်ထားလေ၏။ ရန်သူ များလာလျှင် တောင်စောင်းမှ လှိမ့်ချရန်အတွက် ကျောက်တုံးကြီးများနှင့် သစ်တုံးကြီးများ ကိုလည်း စုပုံထားသည်ကို မြင်ရ၏။ လမ်းပြများသည် သူတို့ရောက်လာကြောင်းကို သတင်းပို့ရန် ရှေ့မှ ထွက်သွားကြပြီး မကြာမီ သူတို့နှစ်ယောက်လည်း တောင်ကြားထဲသို့ ဝင်မိကြ၏။

တောင်ကြားတဖက်တချက်တွင် တံခွန်များ၊ စစ်အောင်လံများကိုလည်း တန်းစီ စိုက် ထား၏။ သူတို့သည် ကျဉ်းမြောင်းမတ်စောက်သော တောင်ကြားကလေးနှစ်ခုကို ဖြတ်သန်း ခဲ့ပြီးနောက် တောပုန်းများ နေထိုင်ရာ ဗဟိုခံတပ်စခန်းကြီးသို့ ရောက်လာခဲ့ကြ၏။ ခံတပ် ပတ်ပတ်လည်၌ကား မြင့်စောက်သော တောင်တန်းကြီးများ ဝန်းရံလျက်ရှိပြီး ထို တောင်တန်းကြီးများထဲတွင်လည်း လှိုဏ်မြောင်းကြီးများ ပေါ်များလှပေရာ သူတို့နေရာသည် သဘာဝ အလျောက် အခိုင်အမာ စခန်းကြီးတခု ဖြစ်နေ၏။ ထိုတောင်ကြားများ အလယ်တွင်မူ အချင်းပေ လေးရာခန့် ကျယ်ပြန့်သည့် မြေပြန့်လွင်ပြင်ကြီး တခုရှိ၏။ ခံတပ်စခန်း၏ ဗဟို တံခါးပေါက်ကြီးမှာ တောင်ကြားကို မျက်နှာမူထား၏။ အခြားသော အဆောက်အအုံများမှာ ထိုဗဟိုတံခါးပေါက်ကြီး၏ ဝဲယာတွင် အစီအရီ ရှိနေကြ၏။

ချူကွီသည် လင်ချုံးအား သစ္စာညီနောင်ခန်းမဆောင်သို့ ခေါ်သွား၏။ ခန်းဆောင် အလယ်တွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံဟန်ရှိသည့် လူတယောက်သည် ကုလားထိုင်တလုံးဖြင့် ထိုင်လျက် ရှိ၏။ ထိုသူမှာ တောပုန်းဂိုဏ်းခေါင်းဆောင် ဝတ်ရုံဖြူဝမ်လုံ ဖြစ်၏။ သူ့ လက်ဝဲ ဘက်ဘေးတွင် ကုလားထိုင်တလုံးဖြင့် ထိုင်နေသူမှာ အာကာပျံဒူရှန်း ဖြစ်၏။ လက်ဝဲဘက် တွင် ထိုင်နေသူမှာ တိမ်တမန်ဆုံဝမ် ဖြစ်၏။ လင်ချုံးနှင့် ချူကွီတို့သည် သူတို့ရှေ့သို့ ရောက် လာကာ ရိုသေစွာ ဦးညွှတ်၍ အရိုအသေပေးကြလေ၏။ ချူကွီက-

“ဟောဒါက လင်ချုံးလို့ ခေါ်ပါတယ်။ ကျားသစ်ခေါင်းလို့လည်း ခေါ်ကြပါတယ်။ နေပြည်တော် ရွှေနန်းတော်စောင့်တပ်က လက်နက်သင်တန်းဆရာပါ။ ကောက်ကျူက သူ့အပေါ်မှာ အကောက်ကြံတဲ့အတွက် ရာဇဝတ်ကောင်အဖြစ် ပါးမှာ ရွှေစာမှတ်ခံရပြီး ကွမ်ကျို့ကို ပြည်နှင်ဒဏ် အပေးခံခဲ့ရပါတယ်။ အဲဒီရောက်လို့ စစ်တပ်မြင်းစာလှောင်ရုံမှာ တာဝန်ကျတုန်း သူ တာဝန်ကျတဲ့ မြင်းစာလှောင်ရုံဟာ မီးရှို့ခံရပါတယ်။ အဲဒီမှာ ခုခံ ကာကွယ်ရင်းနဲ့ လူသုံးယောက်ကို သတ်ခဲ့မိပါတယ်။ ဒါနဲ့ သခင်ကျဲ့ကျင်းဆီကို ထွက်ပြေး ခိုလှုံရင်း သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်းတွေ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ကို ဝင်ချင်တယ်လို့ သခင်ကျဲ့ကျင်းက မိတ်ဆက်စာ ရေးပေးလိုက်ပါတယ်”

လင်ချုံးက ယူလာသည့် စာကို ထုတ်ပေး၏။ ဝမ်လုံသည် စာကို ဖွင့်၍ ဖတ်ပြီး လင်ချုံး အား စတုတ္ထမြောက်ကုလားထိုင်တွင် ထိုင်ရန် ပြောလေ၏။ ချူကွီမှာ ပဉ္စမနေရာတွင် ဖြစ်၏။ စိမ်ရည် အယူခိုင်းလိုက်ပြီး ရောက်လာသည့်အခါတွင် တယောက်လျှင် သုံးခွက်စီ သောက်ကြ၏။

“သခင်ကျဲ့ကျင်းကော နေထိုင်ကောင်းတယ် မဟုတ်လား”

“တခါတရံမှာ အမဲလိုက်ပြီး ညနေဆိုရင်တော့ မြို့စွန်ကိုသွားပြီး အပန်းဖြေလေ့ ရှိပါတယ်”

ဝမ်လုံသည် အတန်ကြာမျှ တိတ်ဆိတ်နေ၏။

“အင်း၊ ငါဟာ ရွှေနန်းတော်အမှုထမ်း စာပြန်ပွဲမှာ ကျလာတဲ့ သုခမိန်တယောက်ပဲ။ စာပြန်ပွဲကျတာနဲ့ စိတ်ပျက်ပျက်နဲ့ ဒီကို ဒူရှန်းနဲ့အတူ ထွက်လာပြီး တောပုန်းလုပ်ခဲ့တယ်။ နောက်တော့ ဆုံဝမ် ရောက်လာလို့ တို့မှာ အင်အားကောင်းလာခဲ့တယ်။ ငါကလည်း လက်နက်အတတ်ကို ထူးချွန်တာ မဟုတ်ဘူး။ ဒူရှန်းနဲ့ ဆုံဝမ်တို့ကလည်း လက်နက် အတတ်မှာ သာမန်လောက်ပဲ ရှိကြတာ။ ခု ဒီလူကတော့ ရွှေနန်းတော်စောင့်တပ်မှာ လက်နက်သင်တန်းဆရာဆိုတော့ ဟန်ကျတာပဲ။ စစ်ရေးစစ်ရာတွေမှာ ကျွမ်းကျင်မယ့် သူပဲ။ ငါတို့ဂိုဏ်းထဲ သူ့ကို လက်ခံလိုက်ရင် ငါတို့ဟာ လူညံ့ လူဖျင်းတွေဆိုတာ သိသွားပြီး တို့ကိုကျော်တက်ပြီး ဗိုလ်လုပ်သွားမှာပဲ။ ငါတို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။ မဖြစ်ဘူး။ ဒီလူကို ခပ်ပြတ်ပြတ် ဆက်ဆံထားမှ။ ပြီးတော့ အကြောင်းတခုရှာပြီး သူ့ကို ပြန်ပို့ရမယ်။ ဒါမှ ပြဿနာရှင်းမယ်။ ကျဲ့ကျင်းကတော့ စေတနာနဲ့ ပို့လိုက်တာပဲ။ ဒါပေမဲ့ မတတ်နိုင် ဘူးလေ” ဟု တယောက်တည်း တွေးလျက်ရှိ၏။

ဝတ်ရုံဖြူသည် နောက်ထပ် စိမ်ရည်နှင့် အစားအသောက်များကို ထပ်မှာကာ လင်ချုံး အား တည်ခင်းကျွေးမွေး၏။ သူတို့အားလုံး အတူစားသောက်ကြ၏။ စားသောက်ပြီးသည့် အခါတွင် ဝမ်လုံ၏အမိန့်အရ ငွေစင်ငါးဆယ်သားပါသည့် ပန်းကန်ပြားတချပ်နှင့် အကောင်း စား ပိုးအုပ်နှစ်အုပ် ရောက်လာကာ လင်ချုံး၏ ရှေ့သို့ လာ၍ချ၏။ ဝမ်လုံသည် ထိုင်ရာမှ ထ လိုက်၏။

“ဟောဒီက လက်နက်သင်တန်းဆရာကလေးကို ကျုပ်တို့ဂိုဏ်းထဲမှာ လက်ခံဖို့ သခင်ကျဲ့ကျင်းက စာတစောင် ပေးလိုက်တယ်ဗျာ။ ဒါပေမဲ့ ရိက္ခာကလည်း နည်း၊ နေရေးထိုင်ရေးကလည်း ကျပ်တည်းလေတော့ ကျုပ်တို့မှာ အင်အားတော်တော်လေးကို နည်း နေတယ်။ ကျုပ်တို့ဆီမှာ နေမယ်ဆိုရင်တော့ ကြီးပွားစရာ လမ်း မမြင်ဘူး။ ဒီတော့ ဟောဒီက မဖြစ်စလောက် လက်ဆောင်ကလေးကို နည်းတယ်ပါးတယ်လို့ သဘောမထားဘဲ လက်ခံပြီး တခြား တောင့်တင်းတဲ့ ဂိုဏ်းကို သွားပြီး ဆက်သွယ်ပါလို့ တိုက်တွန်းချင်တယ်”

လင်ချုံးက-

“ကျွန်တော့်ကို စကားပြောခွင့်ပြုပါ ခင်ဗျာ။ ကျွန်တော်ဟာ နောင်ကြီးတို့ရဲ့ အုပ်ချုပ် ကွပ်ကဲမှုအောက်မှာ နေမယ်ဆိုပြီး ခရီးဝေးကြီးက လာခဲ့ရပါတယ်။ သခင်ကျဲ့ကျင်းရဲ့ အကူအညီနဲ့ နောင်ကြီးတို့ဂိုဏ်းကို ကျွန်တော် ဝင်ဖို့လာတာပါ။

ကျွန်တော့်မှာ စွမ်းစွမ်း တမံ အရည်အချင်းရယ်လို့ မရှိပေမယ့် နောင်ကြီးတို့အနေနဲ့ ကျွန်တော့်ကို လက်ခံလိမ့် မယ်လို့ မျှော်လင့်ချက်ထားခဲ့ပါတယ်။ ကျွန်တော့်မှာ နောင်ကြီးတို့အတွက် အသက်ကို ပဓာနမထားဘဲ အမှုထမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်မှ အပ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ နောင်ကြီးတို့ဆီမှာ အမှုထမ်းခွင့်ရတယ်ဆိုရင် ကျွန်တော့်အဖို့ ဒီထက် ပျော်စရာ ကောင်းတာ ရှိတော့မှာ မဟုတ်ပါဘူး။ ကျွန်တော် ငွေစင်လည်း မလိုချင်ပါဘူး။ ပိုးထည် အုပ်လည်း မလိုချင်ပါဘူး။ ဒီလောက်ဆိုရင် ကျွန်တော့်သဘောထားကို နောင်ကြီးတို့ နားလည်လိမ့်မယ် ထင်ပါတယ်”

“ကျုပ်တို့နေရာက အလွန် ကျဉ်းမြောင်းပါတယ်ဗျာ။ ခင်ဗျားလို လူတယောက်နဲ့ မတန်ပါဘူး”

ဤတွင် ချူကွီက-

“နောင်ကြီးတို့၊ ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ စခန်းမှာ ရိက္ခာနည်းနေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လိုတဲ့ ရိက္ခာတွေ ကို ဒီ အနီးအနားတဝိုက်မှာ ရှိတဲ့ ရွာတွေ၊ မြို့တွေက ရနိုင်ပါတယ်။ ဟောဒီ တောင်ရိုး တွေနဲ့ စမ်းချောင်းတွေရဲ့ဘေးမှာ သစ်တောတွေ အများကြီး ရှိပါတယ်။ ဒီတော့ ကျွန်တော် တို့အတွက် နေရာထိုင်ခင်း မလုံလောက်ဘူးဆိုရင်လည်း နောက်ထပ် အများကြီး ဆောက် နိုင်ပါတယ်။ ဒီက မိတ်ဆွေဟာ သခင်ကျဲ့ကျင်းရဲ့ မိတ်ဆက်စာနဲ့ လာတာ ဖြစ်လေတော့ ကျွန်တော်တို့အနေနဲ့ ငြင်းလို့မကောင်းဘူးလို့ ထင်ပါတယ်။ ကျွန်တော်တို့က ငြင်းလိုက် တယ်ဆိုရင် ကျွန်တော်တို့ဟာ သခင်ကျဲ့ကျင်းအပေါ်မှာ အများကြီးအားနာဖို့ ကောင်းပါ တယ်။ သခင်ကျဲကျင်းဟာ ကျွန်တော်တို့စခန်းကို အများကြီး ကျေးဇူးပြုခဲ့သူ ဖြစ်ပါတယ်။ ဒါတင်မကဘူး။ လင်ချုံးဟာ လက်နက်အတတ်ပညာမျိုးစုံမှာ ကျွမ်းကျင်သူ ဖြစ်ပါတယ်။ သူရှိရင် ကျွန်တော်တို့မှာ အများကြီး အင်အား တောင့်တင်းသွားနိုင်ပါတယ်”

သူ့စကားကို ဒူရှန်းကလည်း သဘောတူ၏။

“လူတယောက် တိုးလာလို့တော့ မထူးပါဘူးဗျာ။ ပြီးတော့ သူ့ကို ပြန်လွှတ်လိုက်ရင် ကျဲ့ကျင်းလည်း စိတ်ကောင်းမှာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျေးဇူးမသိတတ်ဘူးလို့ ထင်သွားနိုင်တယ်။ သူ့ကျေးဇူးတွေ ကျွန်တော်တို့အပေါ်မှာ အများကြီးရှိတယ်။ သူ စာရေး ပေးလိုက်တဲ့ လူကို ကျွန်တော်တို့ ပြန်လွှတ်လို့ မကောင်းဘူးထင်တာပဲ”

ဆုံဝမ်ကလည်း ဝမ်လုံအနားသို့ ကပ်ကာ-

“သခင်ကျဲ့ကျင်းရဲ့ မျက်နှာကို ထောက်ပြီး လင်ချုံးကို ကျွန်တော်တို့ရဲ့ ဂိုဏ်း ခေါင်းဆောင်တယောက်အဖြစ် လက်ခံဖို့ ကောင်းတယ် ထင်တယ်။ ဒီလိုမဟုတ်ရင် ကျွန်တော်တို့ဟာ ကျေးဇူးမသိတဲ့ ဂိုဏ်းဆိုပြီး တခြားဂိုဏ်းတွေကပါ ကျွန်တော်တို့အပေါ်မှာ အထင်သေးလာလိမ့်မယ်”

ဝမ်လုံက-

“ခင်ဗျားတို့ပြောတော့ ဟုတ်ပါရဲ့။ ဒီလူက ရွှေမြို့တော်မှာ ရာဇဝတ်ပြစ်မှု ကျူးလွန် လာတယ်ဆိုတာလည်း ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျုပ်တို့ ဒီလူအကြောင်း ကို ဘယ်လောက်သိလို့လဲ။ ကျုပ်တို့အထဲကို လာပြီး သူလျှိုလုပ်ရင် ဘယ့်နှယ်လုပ်မလဲ”

လင်ချုံးက-

“ကျွန်တော်ဟာ သေဒဏ်စီရင်ချက် အချခံရလို့ နောင်ကြီးတို့ဆီကို ထွက်ပြေးလာ ပြီပဲ။ ကျွန်တော့်အပေါ်မှာ ဘာ သင်္ကာမကင်းဖြစ်စရာ ရှိသေးသလဲ”

“ကောင်းပြီလေ။ နောင်ကြီးအနေနဲ့ ကျုပ်တို့ဂိုဏ်းကို ဒီလောက် ဝင်ချင်နေတယ်ဆို ရင်တော့ ကျုပ်တို့ ဂိုဏ်းဝင်လက်မှတ်ကိုတော့ တင်ပြရလိမ့်မယ်” ဟု ဝမ်လုံက ပြော၏။

“ကျွန်တော် ရေးတတ်ဖတ်တတ်ပါတယ် ခင်ဗျ။ ကျွန်တော့်ကို စုတ်တံနဲ့ စာရွက် ပေးရင် ကျွန်တော် ရေးတင်ပါ့မယ်”

ချူကွီက ရယ်လိုက်၏။

“နောင်ကြီးက နားမလည်သေးဘဲကိုးဗျ။ ကျွန်တော်တို့ဂိုဏ်းကို ဝင်ချင်တဲ့ လူစွမ်း ကောင်းမှန်သမျှဟာ ကျွန်တော်တို့ဂိုဏ်းကို ဝင်ခွင့်လျှောက်လွှာ တင်ရတယ်။ လျှောက် လွှာက တခြား မဟုတ်ဘူး။ တောင်အောက်ကို ဆင်း၊ လူတယောက်ကို သတ်၊ ခေါင်းကို ဖြတ်ယူပြီး သက်သေပြရတယ်။ ဒါဟာ ကျွန်တော်တို့ဂိုဏ်းဝင် လျှောက်လွှာပဲ”

“ဒါက မခက်လှပါဘူး ခင်ဗျာ။ တောင်အောက်ကို ဆင်းစောင့်ရုံပေါ့။ ဒါပေမဲ့ လူ တယောက်မှ မလာမှာပဲ စိုးတယ်”

ဝမ်လုံက-

“ကဲ၊ ဒီလိုဆို နောင်ကြီးကို သုံးရက် အချိန်ပေးမယ်ဗျာ။ ဒီရက်အတွင်းမှာ ဂိုဏ်းဝင် လျှောက်လွှာ ပြနိုင်ရင်တော့ လက်ခံမယ်။ အဲ၊ မပြနိုင်ရင်တော့ စိတ်မရှိနဲ့”

လင်ချိုးလည်း ဝမ်လုံ၏ စည်းကမ်းချက်များကို သဘောတူလိုက်ရလေ၏။

အစည်းအဝေးပြီးသည့်နောက်တွင် ချူကွီလည်း တောင်အောက်ရှိ သူ့ဘုံဆိုင်သို့ ပြန် သွား၏။ လင်ချိုးမှာမူ အထုပ်အပိုးနှင့် လက်နက်များကို ယူကာ တောပုန်းစားပြတယောက် လိုက်ပြသည့် ဧည့်ဂေဟာသို့ လိုက်သွားပြီး တညအိပ်ရ၏။

လင်ချိုးသည် နောက်တနေ့မနက်တွင် အိပ်ရာမှ စောစော ထ၏။ မနက်စာ စားသောက် ပြီးသော် လင်ချိုးသည် ဓားကို ခါးတွင် ချိတ်ကာ မှိန်းကို ကောက်ကိုင်ပြီး တောပုန်း တယောက် ပြသည့်လမ်းအတိုင်း တောင်အောက်သို့ ဆင်းလာခဲ့၏။ သူတို့နှစ်ယောက်သည် လှေတစီးဖြင့် အင်းငယ်တခုကို ဖြတ်ကာ အသွားအလာပြတ်သည့် တောလမ်းကလေး တလမ်း ဘေးတွင် ပုန်းအောင်းရင်း ခရီးသွားခရီးလာများကို စောင့်နေကြ၏။ တနေ့လုံး စောင့်သော်လည်း ညနေ မိုးစုပ်စုပ်ချုပ်သည်အထိ ခရီးသည် တယောက်မျှ ပေါ်မလာချေ။ လင်ချိုးလည်း စိတ်ပျက်ပျက်ဖြင့် တောပုန်းနှင့်အတူ အင်းကို ဖြတ်ကာ စခန်းသို့ ပြန်လာ ခဲ့၏။

“ဘယ့်နှယ်လဲ၊ ဂိုဏ်းဝင်လျှောက်လွှာ ပါလာပြီလား” ဟု ဝမ်လုံက မေး၏။

“မပါဘူး ခင်ဗျ။ လူတယောက်မှ မတွေ့ခဲ့ဘူး”

“မနက်ဖြန်အထိ ခရီးသွားတယောက်မှ မတွေ့ဘူးဆိုရင်တော့ ဂိုဏ်းဝင်ဖြစ်ဖို့ အခွင့် အရေး တော်တော်နည်းသွားပြီနော်”

လင်ချိုးသည် မည်သို့မျှ မပြောတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် သူ့နေရာသို့ ပြန် သွားကာ စားသောက်ဖွယ်တို့ကို စားသောက်ပြီး ထိုနေ့ညကို လွန်မြောက်ရပြန်၏။ နောက် တနေ့မနက်၌ လင်ချိုးသည် အိပ်ရာမှ စောစွာထကာ တောပုန်းနှင့်အတူ မနက်စာ စား၏။ ထို့နောက် မိမိ၏ လက်နက်များကို ယူဆောင်ကာ တောင်အောက်သို့ ဆင်းခဲ့ပြန်၏။

“ဒီနေ့ တောင်ဘက်တောင်ခြေက လမ်းကို သွားစောင့်ကြည့်ရအောင်ဗျာ”ဟု လမ်းပြ တောပုန်းက ပြော၏။

သူတို့နှစ်ယောက်သည် အင်းကို ဖြတ်ကာ တောအုပ်တခုထဲတွင် စောင့်နေကြ၏။ မည်သူမျှ မပေါ်လာကြချေ။ မွန်းတည့်ချိန်လောက်တွင်မူ လူသုံးရာခန့် ပါသည့် လူအုပ် တအုပ် ဖြတ်သန်းသွား၏။ လင်ချိုးသည် တုတ်တုတ်မျှမလှုပ်ဘဲ သူတို့ကို စောင့်ကြည့်နေ လေ၏။ အချိန်တွေ လင့်ကာ အရိပ်များ ရှည်လျားစ ပြုလာသည့်တိုင် ခရီးသည်တယောက် မျှ မပေါ်လာတော့ပြီ။

“ကံကိုက ဆိုးပါတယ်ကွာ။ နှစ်ရက်လုံးလုံးစောင့်တာတောင်

တယောက်တည်းသွား တဲ့လူ ဆိုလို့ တခါမှ မတွေ့ဘူး။ ဘယ်လိုများ လုပ်ရမလဲ မသိဘူး" ဟု လင်ချိုးက လမ်းပြ တောပုန်းကို ပြော၏။

"စိတ်မပျက်ပါနဲ့ဦး နောင်ကြီးရာ။ မနက်ဖြန်တရက် ကျန်ပါသေးတယ်။ မနက်ဖြန် ကျရင် အရှေ့ဘက်တောင်ခြေရင်းက လမ်းကို ဆင်းကြည့်သေးတာပေါ့" ဟု လမ်းပြ တောပုန်းက အားပေးစကား ပြော၏။

သို့ဖြင့် သူတို့သည် တောင်ပေါ်စခန်းသို့ ပြန်လာခဲ့ကြရပြန်၏။

"ဘယ့်နှယ်လဲ။ ဂိုဏ်းဝင်ခွင့် လျှောက်လွှာပါခဲ့ပြီလား" ဟု ဝမ်လုံက မေး၏။

လင်ချိုးမှာ သက်ပြင်းကိုသာ ချပြ၏။ တောပုန်းခေါင်းဆောင်က ရယ်လျက်-

"လျှောက်လွှာမရခဲ့ပြန်ဘူး မဟုတ်လား။ ခင်ဗျားကို ကျုပ် သုံးရက် အချိန်ပေးထား တယ်နော်။ ခုဆိုရင် နှစ်ရက် ကုန်သွားပြီ။ မနက်ဖြန်မှ မရခဲ့ဘူးဆိုရင်တော့ ကျုပ်တို့ နောက် ထပ်တွေ့စရာ မလိုတော့ဘူးဗျ။ တောင်ပေါ်က ဆင်းပြီး တခြားတနေရာကို သွားပေတော့" လင်ချိုးသည် စိတ်ပျက်လက်ပျက်ဖြင့် သူ့အခန်းသို့ ပြန်လာခဲ့၏။ လင်ချိုးသည် သက်ပြင်းကြီးကို ချလိုက်လျက်-

"ဒီ ကောက်ကျူးဆိုတဲ့ လူယုတ်မာဟာ ငါ့ကို တော်တော်နှိပ်စက်ပါကလား။ ငါ့မှာ ပြေးလို့သာ ပြေးနေရပေမယ့် ပြေးစရာမြေမရှိဆိုသလို ဖြစ်နေပေါ့လား။ ငါဟာ တော်တော် ကံဆိုးတာပဲ" ဟု တွေးနေ၏။

သို့ဖြင့် တည လွန်မြောက်ခဲ့၏။ မနက်လင်းသည့်အခါတွင် လင်ချိုးသည် အိပ်ရာမှ ထကာ စားသောက်ဖွယ်တို့ကို စားသောက်ပြီးနောက် အထုပ်အပိုးတို့ကို ပြင်ကာ အခန်း ထောင့်တွင် စုပုံထား၏။ ထို့နောက် ဓားကို ခါးတွင် ချပ်ကာ မှိန်းကို လက်မှ ကိုင်လျက် လမ်းပြတောပုန်းနှင့်အတူ တောင်အောက်သို့ ဆင်း၍ ချောင်းကို ဖြတ်ကူးပြီးလျှင် အရှေ့ ဘက်တောင်ခြေရင်းသို့ လာခဲ့၏။

"ဒီနေ့မှ ဂိုဏ်းဝင်လျှောက်လွှာ မရခဲ့ရင်တော့ ကျုပ်တော့ တနေရာကို သွားရတော့ မယ်" ဟု လင်ချိုးက ပြော၏။

သူတို့နှစ်ယောက်သည် အရှေ့ဘက်လမ်းရှိ တောအုပ်တခုထဲတွင် ပုန်းအောင်းနေ ကြ၏။ နေမွန်းတည့်ချိန် ရောက်သည်အထိ ခရီးသည်တဦးတယောက်ကိုမျှ မတွေ့ရ သေးချေ။ နှင်းတိမ်တိုက်တို့မှာ လွင့်သွားပြီဖြစ်သဖြင့် ကောင်းကင်သည် ကြည်လင် တောက်ပလျက် ရှိ၏။

"ဒီနေ့လည်း ငါ ကံမကောင်းပြန်ဘူးထင်တယ်။ အချိန်ရှိတုန်း ပြန်ပြီး အထုပ်အပိုး ကလေးတွေကို သွားယူတာပဲ ကောင်းမယ်ထင်တယ်"

ထိုသို့တွေးနေစဉ် လမ်းပြတောပုန်းက လေသံကလေးဖြင့်-

"ဟော ဟော၊ ဟိုမှာ ခရီးသည်တယောက်တော့ လာနေပြီဗျို့"

"တော်သေးတာပေါ့ဗျာ"

တောင်ခြေလမ်းကလေးတလျှောက်တွင် သူတို့ဆီသို့လာနေသော ခရီးသည်တယောက် ကို အဝေးတွင် မြင်ရ၏။ အနီးသို့ ရောက်သည်နှင့် လင်ချိုးသည် မိုန်းကို ဝှေ့ယမ်းကာ စွေ့ခနဲ ခုန်ထွက်လိုက်၏။ ခရီးသည်သည် "အမယ်လေးဗျ" ဟု အော်ကာ ထမ်းလာသော အထုပ်အပိုးတို့ကို ပစ်ချ၍ ပြန်လှည့်ပြေး၏။ လင်ချိုးသည် နောက်မှ လိုက်သော်လည်း ထိုလူမှာ အပြေးသန်လှသဖြင့် လိုက်၍ မမီတော့ပြီ။ ထိုလူသည် သစ်ပင်တပင်နောက်သို့ ဝင်ရောက် ပျောက်ကွယ်သွား၏။

"ကံများ ဆိုးလိုက်တာ မပြောပါနဲ့တော့ဗျာ။ သုံးရက်လုံးလုံးစောင့်တာ လူတယောက် မှ မလာဘူး။ လာပြန်တော့လည်း ဒီလူက လွတ်ထွက်သွားတယ်"

"နောင်ကြီးက လူတယောက်မှ မသတ်နိုင်ခဲ့ပေမယ့် ဒီလူ ပစ်ခဲ့တဲ့ တောင်ဝှေးကို ကောက်သွားပြီး သက်သေပြနိုင်ရင်တော့ နောက်ထပ် အချိန်နည်းနည်းပါးပါး နေခွင့်ရ မှာပါ"

"ကဲ၊ အဲဒီတောင်ဝှေးကို ယူပြီး ခင်ဗျား ပြန်နှင့်ဗျာ။ ကျုပ်တော့ စောင့်လိုက်ဦးမယ်" လမ်းပြတောပုန်းသည် ထိုလူ ချပစ်ခဲ့သည့် ထမ်းပိုးနှင့် ဝန်စည်စလယ်တို့ကို ယူ၍ ပြန်သွား၏။ များမကြာမီ လမ်းကွေ့မှာ ကိုယ်ကာယ ကြံ့ခိုင်တောင့်တင်းသည့် လူတယောက် လာနေသည်ကို မြင်ရ၏။

"အလို၊ လက်ထဲမှာလည်း မိုန်းကြီးကို ကိုင်လို့ပါလား။ လူကို ကြည့်ရတာလည်း တော်တော် ဒေါသထွက်လာပုံရတယ်" ဟု လင်ချိုးတွေးမိ၏။

"ခွေးသားတွေ။ ငါ့အထုပ်အပိုးတွေကို ဘယ်ကို ယူသွားကြသလဲ မသိဘူး။ မိရင် တော့ သိကြရောပေါ့ကွာ။ ကျားနှုတ်ခမ်းမွေး ဆွဲတဲ့ ကောင်တွေကို ဆုံးမလိုက်ရဦးမှာပေါ့" ဟု တယောက်တည်း အော်ဟစ်ဆဲဆိုလျက်ရှိ၏။

ထိုလူသည် ခြေလှမ်းကျဲကြီးများဖြင့် လမ်းကလေးအတိုင်း လျှောက်လာခဲ့ရာ လင်ချိုး သည် ခုန်ထွက်၍ ထိုလူကို ရင်ဆိုင်လိုက်၏။

ထိုလူနှင့် သတ်ပုတ်ခဲ့သည့်အတွက် ရလဒ်မှာ-

လေကို ခွင်းသည့် မျက်ခုံးဖြူ ကျားကြီးတကောင်သည် လျှံရှန်းတောင်ရိုးသို့ ရောက် လာခဲ့၏။ ရွှေရောင်မျက်လုံးရှိ၍ ကမ်းကို ခုန်ကူးသည့်

ထောင်ပေါင်းများစွာသော သားရဲ တိရစ္ဆာန်တို့သည် ရေခါးပတ်စခန်းသို့ ရောက်လာခဲ့ကြ၏။

လင်ချိုးသည် မည်သူနှင့် တွေ့လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၂

လင်ချုံးသည် လျှိုရှန်းကျူတောမှ တောပုန်းများနှင့် ဆက်မိခြင်း

ယန်ချီသည် အရှေ့နေပြည်တော်တွင် မိမိဓားလွတ်ကို ရောင်းခြင်း

ထိုလူသည် နားထိပ်တွင် ပန်းပွားနီကလေးများ တပ်ထားသည့် အနားပတ်ပြာကြီးကြီး ဖန်ယန်း ဦးထုပ်ကြီးကို ဆောင်းထားပြီး ခါးတွင် ပိုးဝတ်ရုံကို စည်းကာ ကွမ်းရိုးစည်းချုပ်ရိုး တွေ ဖော်ထားသည့် ခါးပတ်ကြီးကို စည်းထားလေ၏။ ခြေတွင်မူ အနက်နှင့် အဖြူစီး သမင်ရေခြေပတ်ကို ပတ်ထားပြီး အမွေးပွ နွားရေဖိနပ်ရှည်ကြီးကို စီးထား၏။ မြင့်မား တုတ်ခိုင်သော ကိုယ်လုံး ရှိပြီး မျက်နှာပေါ်တွင် ပြာမွဲမွဲမွေးမှတ်ကြီးတခု ရှိလျက် ခါးတွင် ဓားလွယ်ကြီးကို ချိတ်ကာ လက်တွင် မှိန်းကြီးတချောင်းကို ကိုင်ထားလေ၏။ ကျိုးတိုး ကျဲတဲပေါက်နေသော သူ့နှုတ်ခမ်းမွေးများမှာ နီကြင့်ကြင့်အရောင် ရှိလေ၏။ ဦးထုပ်ပြား ကြီးကို ကုပ်ပေါ်သို့ လှန်ချထားပြီး ခေါင်းတွင် အဖြူနှင့် အနက်ပြောက် ပဝါကြီးတထည်ကို ပေါင်းထားကာ ရင်ဘတ်အင်္ကျီကြယ်သီးများကိုလည်း ဖြုတ်ထား၏။ ထိုလူသည် လင်ချုံး ကို တွေ့သည်နှင့် မှိန်းကြီးကို မြှောက်ကာ-

“ခွေးမသား ဓားပြ။။ သေပေတော့။ ဘယ်မှာလဲ ငါ့ပစ္စည်းတွေ”

လင်ချုံးက မည်သို့မျှ မပြောချေ။ ထိုလူ၏ မျက်လုံးကြီးများသည် စားတော့ဝါးတော့ မည့်ဟန် တောက်ပပြောင်လက်လျက် ရှိပြီး နှုတ်ခမ်းမွေးများမှာလည်း တုန်လျက် ရှိကြ၏။ ထိုလူသည် လင်ချုံးကို သတ်ပုတ်ရန် မှိန်းကြီးကို မြှောက်၍ တဟုန်ထိုး ဝင်လာ၏။ နှင်းတိမ်တိုက်တို့ မရှိတော့သဖြင့် ကောင်းကင်သည် ကြည်လင်လျက်ရှိ၏။ ချောင်းနံဘေး ရေခဲတုံးကလေးများမှာ နှင်းခဲတို့ ဖုံးအုပ်လျက် ရှိသေး၏။ သူတို့နှစ်ယောက်သည် ချောင်း ကမ်းဘေးတွင် တယောက်ကို တယောက် သဲကြီးမဲကြီး သတ်ပုတ်လျက်ရှိကြ၏။ အကြိမ် သုံးဆယ်ခန့် တိုက်ခိုက် သတ်ပုတ်ကြသည့်တိုင် မည်သူ့ မည်သူမျှ အနိုင်မရဘဲ နောက် တဖန် အကြိမ်တဒါဇင်လောက် တိုက်ခိုက်သတ်ပုတ်ရန် ပြန်၍ တာစူကြပြန်၏။ ထိုသို့ သတ်ပုတ်၍ အဆုံးအဖြတ် ရောက်ခါနီးတွင် တောင်စောင်းပေါ်မှ အသံတသံကို ကြားလိုက် ရ၏။

“ဟေ့၊ ရဲရင့်တို့ ရပ်လိုက်ကြ”

လင်ချုံးသည် စည်းဝိုင်းအပြင်သို့ ခုန်ထွက်လိုက်၏။ မိမိရော ရန်သူပါ နှစ်ဦးစလုံးသည် လက်ကို အောက်သို့ ချထားလိုက်ကြ၏။ တောင်စောင်းပေါ်မှ

ဆင်းလာသော ဝတ်ရုံဖြူ သုခမိန် ဝမ်လုံ၊ အာကာပျံဒူရှန်းနှင့် တိမ်တမန်ဆုံဝမ်တို့ကို နောက်လိုက်နောက်ပါများနှင့် အတူ တွေ့ရ၏။ တောင်ခြေရင်းသို့ ရောက်သည့်အခါ သူတို့သည် လှေများပေါ်သို့ တက်ကာ မိမိတို့ကမ်းဘက်သို့ ကူးလာကြ၏။

ဝမ်လုံက-

"နှစ်ယောက်စလုံးရဲ့ နည်းတွေဟာ လှပါပေတယ်ဗျာ။ ဟောဒါက ကျုပ်တို့ရဲ့ ရဲရင့် တဦး ဖြစ်တဲ့ လင်ချုံးတဲ့ဗျ။ ဒီက မျက်နှာမှာ အမှတ်နဲ့ မိတ်ဆွေကြီးကကော။ နာမည်လေး တဆိတ်လောက် သိပါရစေဗျာ"

"ကျုပ်နာမည် ယန်ချီ။ ကျုပ်တို့တမျိုးလုံး ဗိုလ်ချုပ်မျိုးရိုးက ဆင်းသက်လာတဲ့ လူ ချည်းပဲ။ ကျုပ်အဘိုးက နယ်စားကြီး ယန်လင်းကုန်တဲ့။ ခု ကွမ်စီပြည်နယ်ထဲကို ခရီး လျှောက်လည်နေတာ။ ကျုပ် ငယ်ငယ်တုန်းက စစ်သင်တန်းတွေအားလုံးကို အောင်ခဲ့တယ်။ နောက်တော့ ရွှေနန်းတော်ထဲမှာ ကိုယ်ရံတော်ဗိုလ်မှူးအဖြစ် ခစားရတယ်။ အာယု ဒီဃနန်းဆောင်ကို ဆောက်တော့ ဘုန်းတော်ကြီးသောဘုရင်က ကျုပ်တို့ ကိုယ်ရံတော် ဗိုလ်မင်း ဆယ်ယောက်ကို တိုက်ဟူအင်းကြီးထဲက ရောင်စုံကျောက်တုံးတွေနဲ့ သဘာဝ အတိုင်း ဖြစ်နေတဲ့ ကျောက်ဆောင် အခက်အလက်တွေကို ရွှေနန်းဆောင်မှာ အလှအပ အဖြစ် စီချင်တယ်ဆိုလို့ ကျုပ်တို့ သွားယူခဲ့ရတယ်။

"ကျုပ်တသက်မှာ ဒီလောက် ကံဇာတာနိမ့်တဲ့ အချိန်ရယ်လို့ တခါမှ မတွေ့ဖူးသေး ဘူး။ နေပြည်တော်ကို ပြန်လာလို့ မြစ်ဝါမြစ်ကို ကူးကြတော့ ကျုပ် စီးလာတဲ့ လှေဟာ မှောက်ပြီး လှေပေါ်မှာ ပါလာတဲ့ ကျောက်တုံးအလှတွေလည်း ရေမြုပ်ကုန်ကြတယ်။ ဒါနဲ့ ဒီအကြောင်းကို ရွှေနန်းတော်ကြီးမှာ မလျှောက်တင်ရဲတာနဲ့ ကျုပ် ထွက်ပြေးလာခဲ့တာ ပဲဗျ။ တနေ့ကတော့ ဘုန်းတော်ကြီးသောဘုရင်ဟာ ကျုပ်ကို ပြစ်ဒဏ်က လွတ်ငြိမ်း ချမ်းသာခွင့် ပေးလိုက်တယ် သတင်းကြားတာနဲ့ ကျုပ်လည်း အဖိုးထိုက်အဖိုးတန်ပစ္စည်း ကလေးတွေကို ယူပြီး အရှေ့နေပြည်တော်ကို ပြန်လာခဲ့တာပဲ။ နေပြည်တော်ကို ရောက်ရင် ကျုပ်အတွက် ရာထူးကလေး ဘာလေး တိုးအောင် တံစိုးလက်ဆောင်ကလေးများ ထိုးရ မလားဆိုပြီး လာခဲ့တာ။ ခုတော့ ကျုပ်အထမ်းသမားကို ခင်ဗျားတို့လူတွေက လမ်းက ဖြတ်ပြီး လုယူသွားပြီဗျ။ ဒီတော့ ကျုပ်ပစ္စည်းကလေးတွေကို ပြန်ပေးရင် ကောင်းမယ် ထင်တယ်"

"နောင်ကြီးကို ဗိုလ်မှတ်ကျော်လို့လည်း ခေါ်ကြတယ် မဟုတ်လား" ဟု ဝမ်လုံက မေး၏။

"ဟုတ်တယ်"

“ဩော်၊ လက်စသတ်တော့ ဒီလိုကိုး။ ဒီလိုဆိုရင် ကျွန်တော်တို့စခန်းကို လိုက်ပြီး စိမ်ရည်ကလေး တခွက်တဖလားလောက် လိုက်ပြီး သောက်ပါဦးလား။ အဲဒီကိုရောက်ရင် နောင်ကြီးရဲ့ ပစ္စည်းတွေကိုလည်း ပြန်ပေးပါ့မယ်ဗျာ။ ဘာပြောတယ် နောင်ကြီး”

“ခင်ဗျားတို့ ကျုပ်ကို သိရင် စခန်းကို ဖိတ်တာထက် ပစ္စည်းကို ပြန်ပေးလိုက်တာက ပိုကောင်းမယ်ဗျာ”

“များမကြာခင်တုန်းက ကျွန်တော်လည်း အရှေ့နေပြည်တော်ကို အစိုးရစာပြန်ပွဲ သွားဖြေခဲ့ဖူးပါတယ်။ အဲဒီကတည်းက နောင်ကြီးသတင်းကို ကြားနေတာပါ။ နောင်ကြီးနဲ့ တွေ့ရတာ ကံကောင်းတာပေါ့ခင်ဗျာ။ ဒီတော့ နောင်ကြီးကို လက်ချည်းသက်သက်နဲ့ ဘယ်ပြန်လွှတ်နိုင်ပါ့မလဲ ခင်ဗျ။ ဒါကြောင့်မို့ ကျွန်တော်တို့စခန်းကို လိုက်ပြီး အနားယူ ပါဦးလို့ ဖိတ်တာပါ။ ဒီလောက်တော့ တောင်းပန်ပါရစေ”

ယန်ချီခေါ် ဗိုလ်မှတ်ကျော်သည် ဝမ်လုံတို့နှင့်အတူ အင်းကြီးကို ဖြတ်ကာ တောင်ပေါ်ရှိစခန်းသို့ လိုက်သွား၏။ ဗိုလ်မှတ်ကျော်နှင့် တွေ့ဆုံရန် ချူကွီကိုလည်း တောင်ပေါ်စခန်းသို့ ခေါ်ခဲ့၏။ သူတို့အားလုံးသည် သစ္စာညီနောင်ခန်းဆောင်တွင် တွေ့ဆုံကြ၏။ ယာဘက် ကုလားထိုင်များတွင် ဝမ်လုံ၊ ဒူရှန်း၊ ဆုံဝမ်နှင့် ချူကွီတို့ ထိုင်ပြီး ဝဲဘက် ကုလားထိုင် နှစ်လုံးတွင် ဗိုလ်မှတ်ကျော်ခေါ် ယန်ချီနှင့် လင်ချုံးတို့ ထိုင်ကြ၏။ အားလုံး ထိုင်မိကြသည့် အခါ ဝမ်လုံက ဗိုလ်မှတ်ကျော်ကို ဂုဏ်ပြုသောအားဖြင့် သိုးသားကင်များနှင့် စိမ်ရည် များကို တည်ခင်းကျွေးမွေးစေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

အတိုချုပ်၍ပြောရလျှင် အားလုံးစားသောက်ပြီးနောက် ဝမ်လုံ၏ စိတ်တွင် “တို့ဆီမှာ လင်ချုံး တယောက်တည်းကိုသာ နေခွင့်ပြုရင်တော့ တို့အဖို့ အကျိုးဆုတ်ယုတ်ဖို့က ပိုများ တယ်။ ဒီတော့ ဗိုလ်မှတ်ကျော်ကိုလည်း တို့ဆီမှာ ခေါ်ထားရမယ်။ ပြီးတော့ သူတို့နှစ်ယောက် ကို တယောက်နဲ့ တယောက် လှည့်တိုက်ပေးရမယ်” ဟု တွေးမိ၏။

ဝမ်လုံသည် လင်ချုံးနှင့် ဗိုလ်မှတ်ကျော်တို့ကို လက်ညှိုးထိုးပြကာ-

“ဟောဒီ နောင်ကြီးလင်ချုံးက အရှေ့နေပြည်တော် ရွှေနန်းတော်စောင့်တပ်မှာ လက်နက်သင်တန်းဆရာပဲ ခင်ဗျ။ ကျားသစ်ခေါင်းလင်ချုံးလို့ နာမည်ကြီးတယ်။ ဗိုလ်ချုပ် ကောက်ကျူဟာ လူကောင်းမမွေးတတ်ဘူး။ နောင်ကြီးလင်ချုံးကို မတရားအမှုဆင်၊ ပါးမှာ ရွှေစာမှတ်ကပ်ပြီး ကွမ်ကျိုမြို့ရပ်ကို နယ်နှင်ဒဏ်ပေးခတ်လိုက်တယ်ဗျ။ အဲဒီမှာလည်း နေလို့ မဖြစ်တော့တဲ့အတွက် နောင်ကြီးလင်ချုံးဟာ ကျုပ်တို့ဆီကို

ရောက်လာခဲ့တယ်။ နောင်ကြီး နေပြည်တော်ကို ပြန်ပြီး အမှုထမ်းချင်သပဆိုရင်တော့ ကျုပ်တို့အနေနဲ့ ဘာမှ မပြောလိုပါဘူးလေ။ ကျုပ်တို့အဖို့ ပြောရရင်တော့ တခြားနည်းလမ်း ရွေးစရာ မရှိတော့တဲ့ အတွက် တောပုန်းအဖြစ် တောင်ပေါ်ကို တက်လာခဲ့ရတာပဲ။ နောင်ကြီးဟာ တခါက ရာဇဝတ်ပြစ်ဒဏ်သင့်တဲ့အတွက် အခု လွတ်ငြိမ်းချမ်းသာခွင့် ရတယ်လို့ ဆိုပေမယ့် ကောက်ကျစ်ဆိုတဲ့လူက အစစအရာရာ ကြိုးကိုင်နေလေတော့ နောင်ကြီးဟာ အရင်ရာထူးကို ဘယ်နည်းနဲ့မှ ပြန်ရမှာမဟုတ်ဘူး။ ဘယ့်နှယ်လဲ နောင်ကြီး၊ ကောက်ကျစ်ဟာ နောင်ကြီးကို ခွင့်လွှတ်မယ်လို့ ထင်သလား။ အကောင်းဆုံးကတော့ နောင်ကြီးအနေနဲ့ ကျွန်တော်တို့ရဲ့ တောပုန်းစခန်းကလေးမှာပဲ နေပြီး တိုက်လို့ ရတာကလေးကို ဝေမျှ စားနေတာ အကောင်းဆုံးပဲလို့ ထင်တာပဲ။ ဘယ့်နှယ်လဲ နောင်ကြီး။ ကျုပ် ပြောတာ ဘယ်လိုသဘောရလဲ”

“နောင်ကြီးတို့ စေတနာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ အရှေ့နေပြည်တော် မှာ ကျွန်တော့်ကိစ္စနဲ့ပတ်သက်လို့ ဒုက္ခရောက်ပြီး မင်းပြစ်မင်းဒဏ်သင့်ရတဲ့ ဆွေမျိုးတဦး ရှိနေသေးတယ်။ သူ့ကို ကျွန်တော် ပြန်ပြီး ကျေးဇူးမဆပ်ရသေးဘူး။ ဒီတော့ ကျွန်တော် သွားမှ ဖြစ်မယ်။ ကျွန်တော့်ပစ္စည်းတွေကိုသာ ပြန်ပေးစေချင်တယ်ဗျာ။ မပေးဘူးဆိုရင် လည်း ဒီအတိုင်းပဲ သွားရမှာပေါ့လေ”

ဝမ်လုံက ရယ်လိုက်လျက်-

“ဟုတ်ပါပြီလေ။ နောင်ကြီး ဆန္ဒမရှိဘူးဆိုရင်လည်း ကျုပ်တို့က အတင်းအကျပ် မတားပါဘူး။ စိတ်အေးအေးသာ ထားပါ။ တညလောက် နားပြီး မနက်ကျတော့ သွား တာပေါ့”

ဗိုလ်မှတ်ကျော်လည်း ကျေနပ်၍ သွား၏။ သူတို့သည် သက်ကြီးခေါင်းချချိန်လောက် အထိ သောက်စားပြီးနောက် အိပ်ရာသို့ ဝင်ခဲ့ကြ၏။ မနက်မိုးလင်း၍ စားသောက်ပြီးသည့် အခါတွင် ဝမ်လုံသည် ဗိုလ်မှတ်ကျော်၏ ပစ္စည်းများကို ယူလာရန် တောပုန်းတယောက်ကို စေခိုင်းလိုက်၏။ ဗိုလ်မှတ်ကျော်ကိုလည်း တောင်ခြေအထိ လိုက်ပို့ကာ နှုတ်ဆက်၏။ တောပုန်းလမ်းပြသည် သူ့ကို ကူးတို့ဖြင့် တင်၍ ခေါ်ကာ ပေတရာလမ်းမကြီးအရောက် လိုက်ပို့၏။

ဗိုလ်မှတ်ကျော် ပြန်သွားသည့်အခါတွင် တောပုန်းခေါင်းဆောင်များလည်း တောင်ပေါ်သို့ ပြန်တက်သွားကြ၏။

ထို့နောက်မှသာလျှင် ဝမ်လုံသည် လင်ချုံးကို စတုတ္ထကုလားထိုင်တွင် ထိုင်စေပြီး ချူကွီကို ပဉ္စမကုလားထိုင်တွင် ထိုင်ခွင့်ပြုလေ၏။ ထိုအချိန်မှစ၍

လှျံရှုန်းတောင်ရိုးမှ လူစွမ်းကောင်းငါးယောက်တို့သည် လုယက်သောင်းကျန်းကြ၏။ ထိုအကြောင်းများကိုမူ မပြောတော့ပြီ။

ဗိုလ်မှတ်ကျော်သည် ပေတရာလမ်းမကြီးအတိုင်း ခရီးဆက်လာခဲ့ရာ လမ်းတွင် လယ် သမားတယောက်နှင့် တွေ့သဖြင့် သူ့ကို အထုပ်အပိုးများ အထမ်းခိုင်းပြီး တောပုန်းကို ပြန်လွှတ်လိုက်၏။ ရက်အတန်ကြာလျှင် ဗိုလ်မှတ်ကျော်လည်း အရှေ့နေပြည်တော်သို့ ရောက်သွားလေ၏။ တည်းခိုရိပ်သာတခုတွင် တည်းခိုပြီးနောက် အဝတ်အစားလဲကာ လယ်သမားကိုလည်း အခကြေးငွေပေး၍ ပြန်လွှတ်လိုက်၏။ စားသောက်ဖွယ်များကို မှာယူစားသောက်၏။ ရက်အနည်းငယ်အကြာတွင် အဆက်အသွယ်ကို ရှာကာ မိမိအား ကိုယ်ရံတော်ဗိုလ်မှူးအဖြစ် ပြန်လည်ခန့်အပ်ရန်အတွက် သက်ဆိုင်သူများသို့ လာဘ်တံစိုး ပေးရန် လွှတ်လိုက်၏။ ငွေကြေးများစွာ ကုန်ကျသည့်တိုင် နောက်ဆုံးတွင်မူ ဗိုလ်ချုပ် ကောက်ကျူနှင့် တွေ့ခွင့်ရ၏။

ကောက်ကျူသည် သူ့အမှုနှင့်ပတ်သက်သည့် မှတ်စုမှတ်တမ်းများကို ဖတ်ရှုကြည့်၏။ “ကျောက်ပန်းကျောက်ခက်တွေကို ယူဖို့ ကိုယ်ရံတော်ဗိုလ် ဆယ်ယောက်ကို လွှတ် လိုက်တာ မောင်မင်းတယောက်တည်း လှေမှောက်ပြီး ပစ္စည်းတွေ ဆုံးခဲ့တယ်ဆိုတော့ မင်း ညံ့လို့ပေါ့ကွ။ အလကားကောင်။ တကယ်ဆိုရင် လှေမှောက်တဲ့အတွက် ပစ္စည်းတွေ ဆုံးကြောင်းကို မင်း သတင်းပို့ရမယ်။ ခုတော့ မင်းက ရှောင်တိမ်းနေတယ်။ ငါတို့ မင်းကို အချိန်ကုန်ခံပြီး လိုက်မနေနိုင်ဘူးကွ။ ခုမှ အလုပ်ပြန်လိုချင်တယ်ဆိုပြီး လာတယ်ပေါ့။ ဟုတ်လား။ မင်းမှာ လွတ်ငြိမ်းချမ်းသာခွင့် ရတာ မှန်ပေမယ့် ရာဇဝတ်ပြစ်မှုကျူးလွန် ဖူးတယ် ဆိုတဲ့ မှတ်တမ်းက ရှိနေတယ်။ ဒီတော့ မင်းကို ခန့်လို့မဖြစ်ဘူး” ဟု ဆိုကာ ကောက်ကျူသည် ဗိုလ်မှတ်ကျော်၏ လျှောက်လွှာကို ကြက်ခြေခတ်၍ ပစ်လိုက်ပြီး သူ့ကို လည်း ရွှေနန်းတော်စောင့်တပ်ဝင်းအတွင်းမှ မောင်းထုတ်လိုက်၏။

ဗိုလ်မှတ်ကျော်သည် စိတ်ပျက်လက်ပျက်ဖြင့် တည်းခိုရာသို့ ပြန်လာခဲ့လေ၏။

“တောပုန်းဗိုလ်ဝမ်လုံ ပြောလိုက်တဲ့စကားဟာ မှန်သားပဲ။ ငါကတော့ ငါ့မျိုးရိုးနာမည် မပျက်စေချင်လို့ သူတို့အကြံကို လက်မခံခဲ့ဘဲ အမှုထမ်းမယ်ဆိုပြီး ပြန်လာခဲ့တယ်။ ငါက ခေးရှေး၊ လုံရှေးကျွမ်းကျင်တော့ ဒီအတတ်ပညာကလေးနဲ့ နယ်စပ်တခုခုမှာ အမှုထမ်းပြီး ငါ့မိန်းမနဲ့ ငါ့ သားသမီးတွေ လက်ညှိုးထိုးမခံရအောင် အမှုထမ်းမယ်၊ ငါ့ဘိုးဘေးတွေရဲ့ နာမည်ကလေးကို ဆက်လက် ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာ။ ခုလို အပယ်ခံရလိမ့်မယ်လို့ ငါ မမျှော်လင့်ခဲ့ဘူး။ ကောက်ကျူ ဆိုတဲ့ လူဟာ တော်တော် ယုတ်မာပက်စက်တဲ့ လူ” ဟု ဗိုလ်မှတ်ကျော် တွေးလာ၏။

ဗိုလ်မှတ်ကျော်မှာ စိတ်ဓာတ်ကျလျက် ရှိလေပြီ။ ရက်အနည်းငယ် နေလိုက်သည့် အခါတွင် ပါလာသည့် ပိုက်ဆံလေးမှာလည်း ကုန်သွားလေပြီ။

"ငါဘာလုပ်ရမလဲ။ ငါ့ကိုယ်က တသက်လုံး မခွာခဲ့တဲ့ ဘိုးဘေးတွေ ကိုင်ခဲ့တဲ့ ဓားကို ရောင်းပစ်ရတော့မယ်။ တခြားနည်းလမ်း မရှိတော့ဘူး။ ဒီဓားကို ရောင်းရင်တော့ ငွေစင် တထောင်လောက်တော့ ရကောင်းရဲ့လို့ အောက်မေ့ရတာပဲ။ နောက်အလုပ်တခု မရခင် ကြားမှာတော့ ဒီငွေကလေးနဲ့ သုံးလောက်လိမ့်မယ်လို့ ထင်တာပဲ"

ထိုနေ့၌ ဗိုလ်မှတ်ကျော်သည် ရောင်းရန်ဆိုသည့်သဘောဖြင့် ဓားကို မြက်ခြောက် အနည်းငယ် ချည်နှောင်ပြီးနောက် ဈေးသို့ ထွက်လာခဲ့၏။ တမနက်လုံး ဈေးထောင့်တွင် ရပ်၍ ရောင်းသော်လည်း ဝယ်သူဆို၍ တယောက်မျှ မပေါ်လာချေ။ မွန်းတည့်လောက် တွင်မူ မြင်းဈေးတွင် ရောင်း၍ မဟန်သဖြင့် လူစည်ကားရာ တန်ဟန်ချူတံတားဆီသို့ ထွက်လာခဲ့၏။

သူရောက်ပြီး မကြာမီမှာပင် ကွက်လပ်ကြီး တဖက်တချက်ရှိ လူများသည် ထိုမှ ဤမှ ပြေးလွှားကြကာ လမ်းကြားကလေးများထဲသို့ ဆင်း၍ ရှောင်ပုန်းနေကြသည်ကို တွေ့ရ၏။ "ဗျို့လူ၊ ဘာလုပ်နေတာလဲ။ ပုန်းပါတော့လား။ ကျား လာနေတယ်" ဟု အချို့က သူ့ကို အော်ပြောသွားကြ၏။

"ကြံကြီးစည်ရာ။ လူတွေ ဒီလောက်များတဲ့ နေရာကြီးမှာ ကျားက ဘယ့်နှယ်လုပ် ဝင်လာမှာလဲ" ဟု ဗိုလ်မှတ်ကျော် တွေးလိုက်၏။

ဗိုလ်မှတ်ကျော်သည် ထိုနေရာမှာပင် ရပ်နေ၏။ ထိုစဉ် ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်၍ အသားမည်းမည်းနှင့် လူသန်ကြီးတယောက်သည် အရက်မူးလာသည့်ဟန် လေးကွက် သိုင်းနင်းကာ သူ့ဆီလာနေသည်ကို မြင်ရ၏။ ထိုသူမှာ အရှေ့နေပြည်တော်တဝန်းလုံးတွင် နာမည်ကြီးသည့် လူမိုက်ကြီးညူအဲဆိုသူ ဖြစ်ပြီး "မွေးပြောင်ကျား" ဟူ၍လည်း ခေါ်ကြ၏။ ထိုလူမှာ အရက်မူးပြီး လူတိုင်းကို လိုက်၍ မိုက်ကြေးခွဲနေသည့် လူမိုက်ကြီးတယောက် ဖြစ်လျက် ထောင်ထဲသို့ အကြိမ်များစွာ ရောက်ခဲ့သည့်တိုင် မိုက်မြဲ မိုက်လျက် ရှိသဖြင့် အာဏာပိုင်များကလည်း သူ့ကို ထိုအတိုင်း ကြည့်နေရသူဖြစ်၏။ သူ ရောက်လာသည်နှင့် လူအများသည် ဝေးရာသို့ ရှောင်ရှားကြစမြဲ ဖြစ်၏။

"ဟေ့ကောင်၊ ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ကျွန်တော့်ဘိုးစဉ်ဘောင်ဆက် ကိုင်ခဲ့တဲ့ ဓားပါဗျာ။ ငွေစင်သုံးထောင်နဲ့ ရောင်းမှာပါ" "ဘာ၊ သုံးထောင်၊ ဟုတ်လား။ ဒီ သောက်အလကား ဓားကို သုံးထောင်ပေးရမှာ လားကွ။ ကြေးပြားသုံးဆယ်ပေးရင် အသားလှီးဖို့

ခေါးကောင်းကောင်းတချောင်း ဝယ်လို့ ရတယ်။ ခု မင်းခေါးက ဘာများ သောက်သုံးကျလို့လဲ။ ဒါကြီးကို သုံးထောင် ဘယ်သူ ပေးမှာလဲ"

"ဒါက စျေးထဲမှာ ရောင်းနေကြတဲ့ ကြိုတ်သံတွေနဲ့ လုပ်ထားတဲ့ ဓားမျိုးမဟုတ်ပါ ဘူးဗျာ။ အင်မတန်ရှားပါးတဲ့ အဆောင်လက်နက်ပါ။

"ပထမအချက်၊ ကြေးပြားကို တိခနဲဖြတ်နိုင်တယ် ခင်ဗျ။ သံကို ပေါက်ရင် အနား မလိပ်အောင် ဖောက်နိုင်တယ် ခင်ဗျ။ ဒုတိယအချက်၊ ဓားသွားဆီကို ဆံခြည်လွင့်လာရင် ဆံခြည် တိခနဲပြတ်တယ် ခင်ဗျ။ တတိယအချက်၊ လူတယောက်လည်ကို ပိုင်းလိုက်ရင် ဓားသွားမှာ သွေးမပေဘဲ တိခနဲပြတ်တယ် ခင်ဗျ"

"ကြေးပြားကို မင်း တကယ် ဖြတ်ပြနိုင်ပါ့မလား"

"ယူခဲ့ပါလေ။ မပြတ်တော့ ပြောပေါ့"

ညှုအဲသည် တံတားနားရှိ ငရုတ်သီးခြောက်ဆိုင်တဆိုင်သို့ ဝင်သွားကာ ကြေးနီပြား အချို့ကို ယူလာခဲ့ကာ ကြေးနီပြားများကို တံတားလက်ရန်းပေါ်တွင် ထပ်၍ ထားလိုက်၏။ "ဟေ့လူ၊ ငါ့လူ။ ဟောဒီကြေးပြားတွေကို ပြတ်အောင် ဖြတ်နိုင်ရင် ငွေစင်သုံးထောင်ဟေ့"

လူများသည် အနီးသို့ မလာရဲကြသည့်တိုင် အဝေးမှ နေ၍ သူတို့နှစ်ယောက်ကို ကြည့်နေကြ၏။

"ရပါတယ်ဗျာ" ဟု ဆိုကာ ဗိုလ်မှတ်ကျော်သည် အင်္ကျီလက်မောင်းနှစ်ဖက်ကို ပင့် လိုက်ပြီးနောက် ဓားကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်ကာ ချိန်ရွယ်၏။ ထို့နောက် အားဖြင့် ပိုင်းချလိုက်ရာ ကြေးပြားအထပ်သည် တိတိရိရိပြတ်သွား၏။ ကြည့်သူများက ဩဘာ လက်ခုပ်တီးကြ၏။

ညှုအဲက လူများဘက်သို့ လှမ်း၍-

"ဟေ့၊ မအေxxxxတွေ၊ ဒီလောက် ဆူမနေနဲ့၊ တိတ်။ နေဦး ငါ့လူ။ ငါ့လူပြောတဲ့ ဒုတိယအချက်က ဘာလဲ"

"ဆံခြည်တထွေးကို ယူပြီး ဓားသွားဆီ မှုတ်ချလိုက်လို့ ဓားသွားနဲ့ ထိရင် တိခနဲပြတ် ရစေ့မယ် ခင်ဗျ"

"ငါမယုံဘူးကွ။ ရော့ မှုတ်ပြစမ်း" ဟု ဆိုကာ သူ့ခေါင်းမှ ဆံခြည်တထွေးကို ဖြုတ် ခနဲမြည်အောင် နုတ်၍ လှမ်းပေးလိုက်၏။

ဗိုလ်မှတ်ကျော်သည် ဆံခြည်ထွေးများကို လက်ဝဲလက်ထဲတွင် ဆုပ်ထားပြီးနောက် ဓားသွားဆီသို့ ခပ်ပြင်းပြင်းတချက် မှုတ်လိုက်၏။ ဆံပင်များသည် နှစ်ပိုင်းပြတ်ကာ မြေကြီးပေါ်သို့ ကျသွား၏။ ပရိသတ်က ဩဘာပေးပြန်၏။ လူအုပ်မှာလည်း တဖြည်းဖြည်း များသည်ထက် များလာခဲ့လေပြီ။

"ငါ့လူပြောတဲ့ တတိယအချက်က ဘာလဲ"

"လူတယောက်ရဲ့ လည်ကို ပိုင်းရင် သွေးမပေစေရဘူး"

"ဘာဖြစ်လို့ သွေးမပေရမှာလဲ"

"လည်ပင်းသာ တိခနဲပြတ်သွားမယ်။ ဓားသွားက သိပ်ထက်လွန်းတော့ သိပ်သွေး ပေချိန် မရလိုက်ဘူးဗျ။ ဓားက အဲဒီလောက်ကို ထက်တယ်"

"ငါမယုံဘူးကွာ။ လူတယောက်ကို သတ်ပြ"

"မင်းနေပြည်တော် လူပုံလယ်ကြီးမှာဗျာ။ ကျွန်တော် ဘယ်မှာ လုပ်ပြရဲပါ့မလဲ။ နောင်ကြီး မယုံရင် ခွေးတကောင်ကို သတ်ပြမယ်လေ"

"မင်း ပြောတုန်းက လူကို ပြောတာကွ။ ခွေးကို သတ်ပြမယ်ဆိုတာ မပါဘူး"

"ဒီမှာ နောင်ကြီး။ ဓားကို မဝယ်ချင်ရင်လည်း နေပါတော့ဗျာ။ ကျုပ်ကိုတော့ ဒီလောက် နှောင့်ယှက်ဖို့ မကောင်းပါဘူး"

"မင်းစကားအတိုင်း ဟုတ်၊ မဟုတ် ငါ ကြည့်ချင်တယ်"

"နောင်ကြီး၊ တခြားသွားရင် ကောင်းမယ်ဗျာ။ ကျုပ်ကို လိုက်ပြီး ရန်မစပါနဲ့"

"ဒီလိုဆိုရင် မင်း ငါ့ကို သတ်ရဲပါ့မလား"

"နောင်ကြီး ကျုပ်အပေါ်မှာ တခါမှ မတရားမလုပ်ဖူးခဲ့သေးဘူး။ ကျုပ်ရန်သူလည်း မဟုတ်ဘူး။ ဘာကြောင့် သတ်ရမှာလဲ။ ကျုပ်ဓား စွမ်းကြောင်းကို နှစ်ခါသက်သေ ပြခဲ့ပြီးပြီပဲ"

ညှူအဲသည် ဗိုလ်မှတ်ကျော်၏ လက်မောင်းကို ဖမ်းဆုပ်လိုက်လျက်-

"ဒီဓားကို ငါ့ကို ရောင်းရမယ်"

"နောင်ကြီးဝယ်ချင်ရင် နောင်ကြီးမှာ ပိုက်ဆံဘယ်မှာလဲ"

"ငါ့မှာ တပြားမှ မရှိဘူးကွ"

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကို ဆွဲထားတာလဲ"

"မင်းခါးကို ငါလိုချင်တယ်"

"ဘယ်ဖြစ်မလဲဗျ"

"မင်းသတ္တိရှိရင် ငါ့ကို ထိုးသွားလေ"

ဗိုလ်မှတ်ကျော်သည် စိတ်ဆိုးဆိုးဖြင့် သူ့ကို တွန်းပစ်လိုက်ရာ ညှုအဲသည် လဲကျသွား ၏။ ညှုအဲသည် မြေကြီးပေါ်မှ ကုန်းထလာကာ ဗိုလ်မှတ်ကျော်၏ ရင်ဘတ်ကို လက်သီးဖြင့် တချက်ထိုးလိုက်၏။

"ဟောဒီမှာ အရပ်ကတို့၊ ခင်ဗျားတို့အမြင်နော်။ ကျွန်တော် ပိုက်ဆံလိုတဲ့အတွက် ခါးကို ရောင်းနေတာ။ ကျွန်တော့်ဆီက ခါးကို လုနေတယ်။ လုလို့ မရတော့ ကျွန်တော့်ကို ထိုးတယ်"

သို့ရာတွင် လူများမှာ ညှုအဲကို ကြောက်နေကြ၏။ မည်သူမျှ လာရောက်ဖျန်ဖြေရဲခြင်း မရှိကြချေ။

"ထိုးတော့ ဘာဖြစ်သလဲကွ။ ထိုးတယ်ကွာ။ သေအောင်ထိုးတော့ ဘာဖြစ်သလဲ" ဟု ဆိုကာ ညှုအဲသည် ညာလက်သီးဖြင့် တအားလွှဲ၍ ထိုးလိုက်၏။

ဗိုလ်မှတ်ကျော်သည် ဘေးသို့ တိမ်းလိုက်ပြီး ညှုအဲ၏ နဖူးတည့်တည့်ကို လက်ဝါး စောင်းဖြင့် တအားခုတ်ချလိုက်၏။ ညှုအဲမှာ လဲကျသွားလေပြီ။ ဗိုလ်မှတ်ကျော်သည် ညှုအဲ၏ ရင်ကို ခါးဖြင့် နှစ်ချက် စိုက်ချလိုက်၏။ မြင်မကောင်းအောင် သွေးတွေ ဒလဟော ထွက်လာ၏။ ညှုအဲမှာ အသက်မရှိတော့ပြီ။

"ဒီလူကို ကျုပ် သတ်ပစ်လိုက်ပြီနော်။ ခင်ဗျားတို့အမြင်ပဲ။ ကဲ၊ ဒီတော့ မြို့ဝန်ရုံးကို လိုက်ခဲ့ကြဗျာ။ ခင်ဗျားတို့ ဘာမှ အမှုမပတ်စေရပါဘူး။ ခင်ဗျားတို့ကို သက်သေအဖြစ် ခေါ်တာပါ

လူအုပ်သည် ဗိုလ်မှတ်ကျော်အနီးသို့ ရောက်လာကာ သူနှင့်အတူ မြို့ဝန်ရုံးသို့ လိုက် လာခဲ့ကြ၏။ တရားစီရင်ရာ မြို့ဝန်ရုံးသို့ ရောက်သည့်အခါတွင် သူတို့အားလုံး မြို့ဝန် ရှေ့တွင် ဒူးထောက်ထိုင်လိုက်ကြ၏။ ဗိုလ်မှတ်ကျော်က ခါးကို မြို့ဝန်ရှေ့သို့ ချကာ-

"ကျွန်တော်ဟာ တခါတုန်းက ရွှေနန်းတော်ကြီးက ကိုယ်ရံတော် ဗိုလ်မင်းတဦး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျောက်ပန်းကျောက်ခက်တွေ သွားသယ်ရာမှာ လှေမှောက်ပြီး ဆုံးရှုံးခဲ့လို့ အရာကျခဲ့ရပါတယ်။ ခု ကျွန်တော့်မှာ ပိုက်ဆံမရှိတာနဲ့

ဈေးကို သွားပြီး ခားရောင်းပါတယ်။ ညှုအဲဆိုတဲ့လူ ရောက်လာပြီး ကျွန်တော့်ခားကို လုပြီး ကျွန်တော့်ကို ထိုးပါတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်လိုက်မာန်ပါ သတ်လိုက်မိပါတယ်။ ဟောဒီ သက်သေတွေအားလုံး မြင်ပါတယ်”

လူအများကပင် ဗိုလ်မှတ်ကျောက်ဘက်မှ ထောက်ခံပြောဆိုကြ၏။

“မောင်မင်းဟာ အလိုအလျောက် လာပြီး ဖြောင့်ချက်ပေးတဲ့အတွက် ပထမ ကြိမ် ဒဏ်မှ လွတ်ကင်းစေ” ဟု မြို့ဝန်မင်းက အမိန့်ချ၏။ ဗိုလ်မှတ်ကျော်၏ လည်တွင် လေးလံ သည့် သစ်သားထိပ်တုံးကြီးတခုကို စွပ်စေပြီးသော် ရဲအရာရှိနှစ်ဦး၊ ဆေးဘက်ဆိုင်ရာ ပါရဂူတဦးနှင့်အတူ ဗိုလ်မှတ်ကျော်အား တန်ဟန်ချူတံတားသို့ ပြန်လွှတ်လိုက်ကာ ရာဇဝတ်မှုဖြစ်ပွားသည့် နေရာကို စစ်ဆေးစေ၏။ လိုအပ်သည့် စာရွက်စာတမ်းများကို လည်း မြို့အုပ်အား ထုတ်ပေးစေ၏။

သက်သေအသီးသီးအား မိမိတို့ ထွက်ချက်များကို စာဖြင့် ရေး၍ တင်သွင်းစေပြီးလျှင် ၎င်းတို့အား ရုံးတော်မှ လိုအပ်၍ ဆင့်ခေါ်လျှင် လာပါမည်ဟူသော အာမခံချက်ဖြင့် ပြန် လွှတ်လိုက်၏။ ဗိုလ်မှတ်ကျော်ကိုမူ သေဒဏ်စီရင်ခြင်း ခံရသူတို့ နေရသည့် ကြိုးတိုက် ထဲတွင် အကျဉ်းချထားလိုက်လေ၏။

မွေးပြောင်ကျားဟု နာမည်ကြီးသော ညှုအဲကို သတ်ခဲ့သည်ဟု ကြားရသည့်အခါ၌ ထောင်ကြပ်များ၊ ထောင်မှူးများကလည်း ဗိုလ်မှတ်ကျော်ကို ချီးကျူးကာ သူ့ကို ကရုဏာ သက်လျက် သူ့ထံမှ လာဘ်တံစိုး စသည်တို့ကိုလည်း မတောင်းဘဲ ကောင်းစွာ ကျွေးမွေး ထားကြ၏။ တန်ဟန်ချူတံတားတဝိုက်မှ လူများကမူ ဗိုလ်မှတ်ကျော်သည် သူတို့အား ဘေးအန္တရာယ်ကြီးတခုမှ ကယ်တင်သူ ဖြစ်ပါပေသည်ဟု ချီးမွမ်းကြ၏။ ထို့ကြောင့် ဗိုလ် မှတ်ကျော်ကို ထောက်ပံ့ရန် ငွေကြေးကောက်ခံ စုဆောင်းကြ၏။ ဆိုင်ရာထောင်ကြပ်တို့ကို ပိုက်ဆံပေးကာ ဗိုလ်မှတ်ကျော်ထံ စားသောက်ဖွယ်များကို စုဆောင်း၍ ပေးပို့ကြ၏။

လူဆိုးတယောက်ကို ရှင်းပစ်လိုက်ရုံမျှမက မိမိ ကျူးလွန်ကြောင်းကိုလည်း မိမိသဘောအလျောက် ဖြောင့်ချက်ပေးသည့်အတွက် ဗိုလ်မှတ်ကျော်သည် လူကောင်း တယောက်ဟု ခုံမင်းက ယူဆ၏။ ညှုအဲဘက်မှ တရားလိုလုပ်၍ စွဲဆိုပေးမည့်သူ ဆို၍ တယောက်မျှ မရှိချေ။ ထို့ကြောင့် ဗိုလ်မှတ်ကျော်အပေါ်တွင် စွဲဆိုသော စွဲချက်များမှာ ပြင်းထန်ခြင်း မရှိလှချေ။ ဗိုလ်မှတ်ကျော်အား အကြိမ်ပေါင်းများစွာ စစ်ဆေးပြီးနောက် ခိုက်ရန်ဖြစ်ပွားစဉ် ကျူးလွန်မိသည့် လူသေမှုအဖြစ် စီရင်ချက်ချလိုက်၏။

ဗိုလ်မှတ်ကျော်သည် ထောင်ထဲတွင် ရက်ပေါင်းခြောက်ဆယ်မျှ နေခဲ့ရ၏။

တည္ဒေနေ တွင် ခုံမင်း၏ ထောက်ခံချက်ဖြင့် သူ့ကို မြို့ဝန်ရှေ့သို့ ဆင့်ခေါ်ကာ လည်ပင်းတွင် ဆွဲထား သည့် ထိပ်တုံးကို ဖြုတ်စေ၏။ ကြိမ်ဒဏ် အချက်နှစ်ဆယ် ခံစေ၏။ ရာဇဝတ်ကောင်၏ အမှတ်အသားအဖြစ် မျက်နှာတွင် သံပူကပ်ကာ "ရွှေစာမှတ်" ရိုက်ပြီးသော် ဥတ္တာရနေပြည်တော်သို့ နယ်နှင်ဒဏ် ပေးလိုက်လေ၏။ ခေးကိုမူ ရုံးတော်မှ သိမ်းလိုက်လေ၏။ စာရွက် စာတမ်းတို့ကို ရေးနှိပ်ပြီးသော် ဗိုလ်မှတ်ကျော်အား နယ်သို့ လိုက်ပို့ရန် အစောင့် နှစ်ယောက်ကို ခန့်အပ်လိုက်၏။ အစောင့်နှစ်ယောက်တို့မှာ ချန်းလုံနှင့် ချောင်ဟူ ဆိုသူ အစောင့်နှစ်ယောက် ဖြစ်၏။ ဗိုလ်မှတ်ကျော်၏ လည်တွင် အချိန်တဆယ်ကျော်ခန့် ရှိသည့် သစ်သားထိပ်တုံးကြီးကိုလည်း ဆွဲစေ၏။ အစောင့်များအား နောက်ဆုံးညွှန်ကြားချက် တို့ကို ထုတ်ပေးပြီး နောက်တွင် ဗိုလ်မှတ်ကျော်နှင့် အစောင့်နှစ်ယောက်တို့သည် ခရီး ထွက်လာခဲ့ကြ၏။

တန်ဟန်ချူတံတားနားသို့ ရောက်သည့်အခါတွင် ဗိုလ်မှတ်ကျော်အတွက် ထောက်ပံ့ ငွေများ ကောက်ခံပေးခဲ့သည့် ဈေးဆိုင်ရှင်ကြီးများက ကျွေးမွေးပြုစုလိုပါသည်ဟု ဆိုကာ ဘုံဆိုင်တဆိုင်သို့ ဖိတ်၍ စိမ်ရည်များ၊ စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်း ကျွေးမွေးလိုက်ကြ၏။ အစောင့်များကိုလည်း ငွေကြေးထောက်ပံ့လိုက်ကြ၏။ "ဗိုလ်မှတ်ကျော်ဟာ လူကောင်းတယောက်ပါဗျာ။ ကျွန်တော်တို့ကို အနိုင်ကျင့် ဗိုလ် ကျနေတဲ့လူကို သူ ရှင်းပေးသွားခဲ့တာ။ သူ့ကို ဥတ္တာရနေပြည်တော် ရောက်သည်အထိ ကောင်းကောင်းမွန်မွန် ခေါ်သွားကြပါဗျာ" ဟု မှာလိုက်ကြ၏။

"သိပါတယ်ဗျာ။ စိတ်ချပါ။ မပူပါနဲ့" ဟု အစောင့်များက ပြောကြ၏။

ဗိုလ်မှတ်ကျော်သည် ခရီးစရိတ်အဖြစ် သူတို့ပေးလိုက်သော ငွေများကို ယူကာ ကျေးဇူးစကားဆိုပြီးနောက် ထွက်လာခဲ့၏။

ခရီးမဆက်မီ ဗိုလ်မှတ်ကျော်သည် မိမိတည်းခိုရာရိပ်သာသို့ ပြန်လာကာ တည်းခို စားသောက်ခတို့ကို ပေးချေပြီးလျှင် မိမိ၏ ပစ္စည်းများကို သိမ်းဆည်း၏။ အစောင့်များ ကိုလည်း ကောင်းစွာ ကျွေးမွေး၏။ ဆေးဆရာတယောက်ကို ပင့်ဖိတ်ကာ မိမိကြိမ်ရိုက် ခံရသည့် ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်စေပြီးနောက် ဗိုလ်မှတ်ကျော်သည် အစောင့် များနှင့်အတူ ခရီးဆက်ခဲ့လေ၏။

ဥတ္တာရနေပြည်တော်သို့ သွားရာလမ်းတလျှောက်တွင် ငါးလီရောက်တိုင်း အမှတ်တခု မှတ်ပြီး ဆယ်လီရောက်တိုင်း အမှတ်နှစ်ခု မှတ်သားခဲ့၏။ တိုက်နယ်ရှိ ရွာကြီးများ၊ ခရိုင်မြို့ ကြီးများသို့ ရောက်တိုင်းလည်း ဗိုလ်မှတ်ကျော်သည် အစောင့်များဖြစ်သည့် ချန်းလုံနှင့် ချောင်ဟူတို့ကို ကောင်းစွာ ကျွေးမွေး၏။ ညတွင် တည်းခိုရိပ်သာများတွင် အိပ်ပြီး မနက် လင်းသည်နှင့် ခြေကျင်ခရီးဆက်ကြရာ

မကြာမီပင် ဥတ္တရနေပြည်တော်သို့ ရောက်ကာ တည်းခိုရိပ်သာတခုတွင် တည်းခိုကြလေ၏။

ဥတ္တရနေပြည်တော်မြို့တော်ဖြစ်သည့် ထဲ့နင်းမြို့ မြို့ဝန်မှာ စစ်ဘက်အာဏာ၊ နယ်ဘက် အာဏာ နှစ်မျိုးစလုံးကို ရရှိထားသူ ဖြစ်၏။ ဩဇာရှိသူလည်း ဖြစ်၏။ သူ့အမည်မှာ လျှံချုံရှူ ဖြစ်ပြီး အရှေ့နေပြည်တော် နန်းရင်းဝန်ကြီးကေကျင်း၏ သမက်လည်း ဖြစ်၏။ ထိုနေ့မှာ စန္ဒမာသလ ဒုတိယကိုးရက် ဖြစ်၍ မြို့ဝန်လျှံချုံရှူသည် တရားစီရင်ရန် ရုံးထိုင်သည့် နေ့ ဖြစ်၏။ အစောင့်နှစ်ယောက်သည် တရားခံဖြစ်သည့် ဗိုလ်မှတ်ကျော်ကို ရုံးတော် ရှေ့သို့ သွင်းကာ ကိုက်ဖန်းခရိုင်မှ ပေးပို့လိုက်သော စာရွက်စာတမ်းများကို တင်ပြ၏။ လျှံချုံရှူ သည် စာရွက်စာတမ်းများကို ဖတ်ရှု၏။ လျှံချုံရှူသည် အရှေ့နေပြည်တော်တွင် ရှိစဉ် ဗိုလ်မှတ်ကျော်ခေါ် ယန်ချီကို သိခဲ့ကျွမ်းခဲ့ဖူး၏။ လျှံချုံရှူးက သေချာစွာ စစ်ဆေး မေးမြန်း သည့်အခါတွင် ဗိုလ်မှတ်ကျော်က မိမိအား အရာတွင် ပြန်ခန့်အပ်ရန် လျှောက်လွှာကို ကောက်ကျူက ပယ်ချလိုက်ကြောင်း၊ စားရမဲ့ သောက်ရမဲ့ဖြစ်၍ မိမိဓားကို ရောင်းကြောင်း၊ ထိုစဉ် ညှုအဲနှင့် တွေ့ကာ ခိုက်ရန်ဖြစ်ပွားပြီး သတ်ခဲ့မိကြောင်းဖြင့် ပြောဆို၏။ မြို့ဝန် လျှံချုံရှူသည် ဗိုလ်မှတ်ကျော်၏ လည်တွင် ခတ်ထားသည့် ထိပ်တုံးကို ချွတ်စေ၍ ဗိုလ်မှတ် ကျော်အား မိမိထံတွင် အမှုထမ်းအဖြစ် ခန့်အပ်မည် ဖြစ်ကြောင်းဖြင့် ပြော၏။ မြို့ဝန်သည် အကျဉ်းသား လက်ခံရရှိကြောင်း ပြေစာကို လက်မှတ်ရေးထိုးပြီး အစောင့်နှစ်ယောက် ကိုလည်း အရှေ့နေပြည်တော်သို့ ပြန်လွှတ်လိုက်၏။ ထိုအကြောင်းကိုမူ ဤတွင် ရပ် တော့မည်။

ဗိုလ်မှတ်ကျော်သည် မြို့ဝန်၏ အိမ်တွင် မနက်မှ မိုးချုပ်အထိ အမှုထမ်းရ၏။ မြို့ဝန် သည် ဝီရိယကောင်းလှသော ဗိုလ်မှတ်ကျော်ကို နှစ်သက်၏။ ထို့ကြောင့် ဗိုလ်မှတ်ကျော် အား ဗိုလ်မင်းအဖြစ် ခန့်အပ်ကာ လစဉ် လစာထုတ်ပေးလို၏။ သို့ရာတွင် ထိုသို့လုပ်လျှင် အခြားသော စစ်ဗိုလ်များက ကန့်ကွက်မည်ကို စဉ်းစားမိသဖြင့် မြို့အရှေ့တံခါးအပြင်ဘက် စစ်ရေးပြကွင်းထဲတွင် စစ်ဗိုလ်ကြီးငယ်တို့ ပါဝင်ယှဉ်ပြိုင်သည့် စွမ်းရည်ပြိုင်ပွဲကြီးတခုကို ကျင်းပရန် စိတ်ကူးမိလေ၏။

ထိုညတွင် လျှံချုံရှူသည် ဗိုလ်မှတ်ကျော်ကို ခေါ်ကာ-

“ခင်ဗျားကို လစာသတ်မှတ်ပြီး ဗိုလ်မင်းအဖြစ် ခန့်ဖို့ စိတ်ကူးထားတယ်။ လက်နက် တို့ ဘာတို့မှာ ကျွမ်းကျင်ရဲ့လား”

“ကျွန်တော်ဟာ လက်နက်စွမ်းရည် ပြိုင်ပွဲတွေမှာ အနိုင်ရခဲ့တဲ့အတွက် မူလရာထူး ကို ရခဲ့ခြင်း ဖြစ်ပါတယ်။ အရှေ့နေပြည်တော် ရွှေနန်းတော်မှာလည်း

ကိုယ်ရံတော် ဗိုလ်မင်း တဦးအဖြစ် အမှုထမ်းခဲ့ပါတယ်။ အဌာရသလို့ ခေါ်တဲ့ လက်နက်အတတ်ပညာ ဆယ့်ရှစ်ရပ် ကိုလည်း ကျွမ်းကျင်ပါတယ်။ ခု မြို့ဝန်မင်းက ကျွန်တော့်ကို ချီးမြှောက်မယ်လို့ ကြားလိုက် ရတော့ ကျွန်တော့်ဘဝမှာ တိမ်ညိုတွေ ဖုံးနေတာ ကွယ်ပျောက်ပြီး နေရောင်လည်း ထွန်း လင်းလာတာကို မြင်လိုက်ရသလိုပါပဲ။ ဒီအခြေအနေက လွတ်မြောက်ပြီး မြို့ဝန်မင်းရဲ့ အမှုတော်ကို ထမ်းရမယ်ဆိုရင် ဇက်ခွာ ကုန်းတင် မြင်းကောင်နှင်သလို အမှုထမ်းဖို့ အဆင်သင့်ပါ”

လျှံချံ့ရှုသည် များစွာ ကျေနပ်လျက် ဗိုလ်မှတ်ကျော်အား သံချပ်အင်္ကျီတစုံ ပေး၏။ ထိုနေ့ညတွင်မူ နောက်ထပ် ဘာမျှ ထူးထူးခြားခြား မဖြစ်တော့ချေ။

နောက်တနေ့မနက်တွင် လေညင်း တသုန်သုန် တိုက်လျက် ရှိပြီး နေရောင်လည်း နွေးထွေးလျက်ရှိ၏။ အချိန်မှာ စန္ဒမာသလ ဒုတိယလလည်း ဖြစ်၏။ မနက်စာ စားပြီးသည့် အခါတွင် မြို့ဝန်လျှံချံ့ရှုသည် ဗိုလ်မှတ်ကျော်ကို ခေါ်၍ မြင်းစီးအစောင့်များ လိုက်ပါ လာကာ အရှေ့တံခါးမှ မြို့ပြင်သို့ ထွက်လာခဲ့၏။

စစ်ရေးပြကွင်းထဲတွင် မြို့ဝန်အလာကို ဆီးကြိုရန်အတွက် တပ်ဗိုလ်များ၊ တပ်သား များ၊ အရာရှိများသည် စုဝေးလျက်ရှိကြ၏။ ဗိုလ်ရှုခံစင်မြင့်ရှေ့သို့ ရောက်သည့်အခါတွင် မြို့ဝန်သည် မြင်းပေါ်မှ ဆင်းကာ စင်မြင့်ပေါ်ရှိ ငွေခြည်တို့ ခတ်ထား သည့် ကုလားထိုင်တွင် နေရာယူ၏။ တပ်ဗိုလ်များသည် သူ့ဝဲယာတဖက်တချက်တွင် တန်း နှစ်တန်းစီ၍ ရပ်နေ ကြ၏။ ကြောက်စဖွယ် မျက်နှာတင်းမာလျက်ရှိသည့် တပ်မှူးများသည် တပ်များကို ရှေ့နောက်ဝဲယာမှ နေ၍ ကြည့်နေ၏။ အလယ်စင်မြင့်ကြီးပေါ်တွင် နာမည်ကျော် ဗိုလ်ချုပ် နှစ်ဦး ရပ်လျက်ရှိကြ၏။ ယင်းတို့မှာ ဗိုလ်မာဃဟု နာမည်ကြီးသည့် ဗိုလ်ချုပ်လီချမ်းနှင့် ရွှေခါးဗိုလ်ဟု နာမည်ကြီးသည့် ဗိုလ်ချုပ်ဝိန်တတို့ ဖြစ်ကြ၏။ ၎င်းတို့နှစ်ဦးသည် ဗိုလ်ခြေ တသောင်းကို တယောက်တည်းဖြင့် အနိုင်ရအောင် တိုက်နိုင်သည်ဟု နာမည်ကြီး၏။ သူတို့ နှစ်ဦးတွင် စစ်သည်ဗိုလ်ခြေ ထောင်ပေါင်းများစွာ ရှိ၏။ ဗိုလ်မာဃနှင့် ရွှေခါးဗိုလ် တို့သည် ရှေ့သို့ တက်လာကာ မြို့ဝန်လျှံချံ့ရှုကို ရိုသေစွာ အလေးပြုကြ၏

ခဏကြာလျှင် တဖက်တချက်တွင် ရပ်နေသည့် ဗိုလ်မာဃနှင့် ရွှေခါးဗိုလ်တို့ စင်မြင့် များမှ အဝါရောင် တံခွန်ကုက္ကားများ လွင့်လာကာ အောင်စည်ကြီး အလုံးငါးဆယ်မှ မြည်သံများသည် မိုးချုန်းသည့်နှယ် ပေါ်ထွက်လာ၏။ ခရုသင်းသုံးကြိမ်မှုတ်လိုက်သည် တွင် စည်ကြီးများကလည်း သုံးချက်စီ လိုက်၍ မြည်ဟည်းကြ၏။

ထို့နောက် စစ်ရေးပြကွင်းကြီးသည် တိတ်ဆိတ်သွား၏။ ဗိုလ်ချုပ်များ၏ စင်မြင့်မှ အလံဖြူတခုလွင့်လာပြီးလျှင် တပ်ခွဲငါးခုသည် ထိုအလံဖြူရှေ့တွင်

ချီတက်လာကာ ဆိုင်ရာ စုရပ်များတွင် ရပ်လိုက်ကြ၏။ ဗိုလ်ချုပ်များ၏ စင်မြင့်မှ အလံနီတခု လွှင့်တက်လာပြန်သဥ တွင် တိုက်စည် တိုက်မောင်းများ မြည်ဟည်းလာပြန်ကာ တပ်ခွဲ ငါးခုသည် လက်နက်များ ထုတ်၍ တိုက်စစ်ပြုရန် အသင့်အနေအထားတွင် ပြင်လိုက်ကြ၏။

အလံဖြူတချက် ဝှေ့ယမ်းပြလိုက်ပြန်၏။ မြင်းတပ်ခွဲတခွဲသည် စင်မြင့်ရှေ့သို့ သုံးချောင်း ထောက် စီးလာကာ ဗိုလ်ရှုခံစင်မြင့်ရှေ့သို့ အရောက်တွင် ရပ်လိုက်၏။

မြို့ဝန်လျှံချုံရှုသည် ထို မြင်းတပ်ထဲမှ ဗိုလ်မင်းချောင်ကျင်းကို ထွက်လာရန် တယောက်ကို လွှတ်၍ အမိန့်ပေးလိုက်၏။ ဗိုလ်မင်းချောင်ကျင်းသည် လက်ဝဲဘက်တပ်စု ထဲမှ မြင်းကို ဒုံးနှုန်းစီးထွက်လာကာ ဗိုလ်ရှုခံစင်မြင့် ရှေ့တွင် ရပ်လိုက်၏။ ဗိုလ်ရှုခံစင်မြင့် ရှေ့သို့ အရောက်တွင် ဒုန်းပြေးနေသော မြင်းပေါ်မှ ခုန်ဆင်းလိုက်ကာ ကိုင်လာသည့် လှံကို မြေပေါ်သို့ စိုက်လိုက်ပြီးနောက် မြို့ဝန်မင်းကို အရိုအသေပေး၏။

“ဗိုလ်မင်းချောင်ကျင်း ဓားရေးလှံရေး ပြစမ်း” ဟု မြို့ဝန်က အမိန့်ပေး၏။

ချောင်ကျင်းသည် လှံကို မြေမှ ဆွဲနုတ်ကာ ကုန်းနှီးပေါ်သို့ ခုန်တက်၏။ ချောင်ကျင်း သည် မြင်းကို အမျိုးမျိုး စီးပြ၏။ မြင်းဘေးနံပါးဘယ်ညာတွင် တွယ်၍ စီးပြ၏။ ထိုသို့ စီးပြရင်းလည်း အမျိုးမျိုး လှံကစားပြ၏။ ကြည့်သူတို့က ဩဘာပေးကြ၏။

“အရှေ့နေပြည်တော်က ရောက်လာတဲ့ ယန်ချီခေါ် ဗိုလ်မှတ်ကျော်ကို သွင်းစေ”

ဗိုလ်မှတ်ကျော်သည် မြင်းကို ပတ်ချာလှည့်စီးကာ မြို့ဝန်၏ ရှေ့မှောက်သို့ ရောက် လာပြီး အရိုအသေပြု၏။

“မောင်မင်းဟာ အရှေ့နေပြည်တော် ရွှေနန်းတော်မှာ ကိုယ်ရံတော်ဗိုလ်မင်းတဦး ဖြစ်ပြီး ရာဇဝတ်မှုကြောင့် ပြည်နှင်ဒဏ် ခတ်ခံရတယ်လို့ သိရတယ်။ ဒီနေ့ ငါ့ပြည်နယ်မှာ ခိုးသားမုဒိမ်းတို့ အလွန်ပေါများနေတယ်။ ဒီလိုအချိန်မှာ မောင်မင်းလို လူစွမ်းကောင်းတွေ၊ လက်ရုံးရည်နှင့် ပြည့်စုံတဲ့သူတွေ လိုနေတယ်။ မောင်မင်းနဲ့ ချောင်ကျင်းတို့ ဓားသိုင်း ကစားပြီး စီးချင်းထိုးရဲပါ့မလား။ ထိုးရဲလို့ မောင်မင်း နိုင်ရင် သူ့နေရာမှာ မောင်မင်းကို မြှောက်စားမယ်”

“မြို့ဝန်မင်း ခိုင်းသည်ဆိုလျှင် ကျွန်တော် မငြင်းဆန်ဝံ့ကြောင်းပါ”

မြို့ဝန်မင်းက ဗိုလ်မှတ်ကျော်အား စစ်မြင်းတကောင်ကို ပေးရန်နှင့်

လက်နက်တိုက် မှူးကိုလည်း လက်နက်များ ထုတ်ပေးရန် ညွှန်ကြား၏။ ထို့နောက် သံချပ်အင်္ကျီတို့ကို ဝတ်ဆင်၍ မြင်းဖြင့် စီးချင်းထိုးရန် ဗိုလ်မှတ်ကျော်ကို အမိန့်ပေးလိုက်၏။

ဗိုလ်မှတ်ကျော်သည် စင်မြင့်နောက်သို့ လာခဲ့ကာ သံချပ်အင်္ကျီတို့ကို ဝတ်ဆင်၏။ ခါးစည်းတို့ကို တင်းကျပ်စွာ စည်း၏။ ခေါင်းတွင် သံခမောက်ကို ဆောင်း၏။ ထို့နောက် လေး၊ မြား၊ ဓားနှင့် လှံတို့ကို ယူကာ မြင်းပေါ်သို့ တက်ပြီး မြင်းကို အသားကျစီး၍ ထွက်လာခဲ့၏။

"လှံချင်း ပြိုင်ကြစေ" ဟူ၍ အမိန့်ပေးသံ ထွက်လာ၏။

"နယ်နှင်ဒဏ်ခံရတဲ့ ရာဇဝတ်ကောင်ကများ ငါလို ဗိုလ်မင်းကို ရာရာစစ စီးချင်းထိုး ရဲရသလား" ဟု ချောင်ကျင်းသည် ဒေါသအမျက်ချောင်းချောင်း ထွက်လျက် ရှိလေ၏။

ထိုစကားကြောင့် ဗိုလ်မှတ်ကျော် မည်မျှ ခံပြင်းလျက်ရှိကြောင်းကိုမူ ချောင်ကျင်း မသိချေ။

ထိုစီးချင်းထိုးပွဲတွင် ဗိုလ်မှတ်ကျော်သည် ချောင်ကျင်းကို အနိုင်ရလိုက်သဖြင့် တပ်ထဲ တွင် နာမည်ကြီးသွားလေ၏။ သို့ရာတွင် ထိုပြိုင်ပွဲကြောင့် နောက်ထပ် ပေါ်ပေါက်လာသည့် လူစွမ်းကောင်းမှာ မည်သူ ဖြစ်လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဆက်ဖတ် ပါလေ။

အခန်း - ၁၃

ဥတ္တရနေပြည်တော်တွင် ဗိုလ်မှတ်ကျော် စီးချင်းထိုးခြင်း

စီးချင်းထိုးပွဲ၌ ခြေမြန်ရဲခေါင် ယှဉ်ပြိုင်ခြင်း

ချောင်ကျင်းနှင့် ဗိုလ်မှတ်ကျော်တို့သည် စစ်မြင်းကြီးများကို စီး၍ စင်မြင့်ရှေ့တွင် ရပ်လိုက် ကြပြီး စည်းဝိုင်းတွင်းသို့ ဝင်၍ စီးချင်းထိုးရန် လှံများကို ကိုင်၍ အသင့်ပြင်ထားကြ၏။

ထိုစဉ် ရွှေဓားဗိုလ်သည် စင်မြင့်ရှေ့သို့ ထွက်လာကာ "ဟေ့၊ ခဏနေကြဦး" ဟု ဆိုလျက် မြို့ဝန်ရှေ့သို့ ရပ်လိုက်ရင်း-

"မြို့ဝန်မင်းကို တခုလျှောက်ထားပါရစေ။ ယခု စီးချင်းထိုးမည့်သူ နှစ်ယောက်တွင် မည်သူသည် ပို၍ ကျွမ်းကျင်သည်ကို ကျွန်တော်တို့ မသိပါ။ လှံဖျားဆိုသည်မှာ မည်သူ့ ကိုမျှ ချမ်းသာပေးမည် မဟုတ်ပါ။ ထိုလှံသည် လူဆိုးဓားပြ မုဒိမ်းတို့ကို ဖြိုခွင်းရန်သာ ဖြစ်ပါသည်။ ယခု စီးချင်းထိုးမည့် လူစွမ်းကောင်းနှစ်ဦးမှာ ကျွန်တော်တို့ တပ်သားများ ချည်း ဖြစ်ပါသည်။ သူတို့နှစ်ဦး တိုက်ခိုက်ကြလျှင် တဦးဦး နာကျင်ထိခိုက်ရတော့မည်သာ ဖြစ်ပါသည်။ ဒဏ်ရာသေးသေး တချက် ထိလိုက်လျှင် တသက်လုံး လူစဉ်မမီ၊ ဒဏ်ရာ ကြီးကြီးတချက်သည် အသက်ကို ဆုံးရှုံးစေနိုင်ပါသည်။ သို့ဆိုလျှင် ကျွန်တော်တို့တပ်သား များအကြားတွင် စိတ်ဓာတ်အရ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် လှံသွားတို့ကို ချွတ်ပြီး အဖျားတွင် သက္ကလတ်အုပ်၍ ထိုသို့ တိုက်စေလျှင် ကောင်းပါမည်။ သူတို့နှစ်ဦးကို အနက် ရောင်သားရေအင်္ကျီများ ဝတ်စေပြီး အဖြူရောင်အမှတ်များသူက အရှုံးပေးသင့်ပါသည်"

"အိမ်း၊ မှန်ပေတယ်ဗျာ" ဟု ဆိုကာ မြို့ဝန်သည် ထိုအတိုင်း ပြင်ဆင်ရန် အမိန့်ပေး လိုက်၏။ စီးချင်းထိုးမည့်သူနှစ်ဦးတို့သည် စင်မြင့်နောက်သို့ သွားကြကာ သားရေအင်္ကျီ အနက်များကို ဝတ်ဆင်ကြ၏။ လှံဖျားများကို လှံမှ ချွတ်ကြ၏။ ထို့နောက် လှံများတွင် သက္ကလတ်အုပ်စည်းကာ ထိုလှံများကို ထုံးအိုးတွင် နှစ်စေပြီးသော် သူတို့နှစ်ဦးသည် မြင်းကိုယ်စီဖြင့် စည်းဝိုင်းထဲသို့ ဝင်ခဲ့ကြလေ၏။

ချောင်ကျင်းသည် လှံကို ထောင်၍ ကိုင်ကာ မြင်းနံပါးကို ခြေဖြင့် တချက်ဆောင့်ကန် လိုက်ပြီးလျှင် ဗိုလ်မှတ်ကျော်ထံသို့ ဒုန်းစီး၍ ဝင်လာခဲ့၏။ ဗိုလ်မှတ်ကျော်ကမူ မိမိ၏ မြင်းကို လက်ဝါးဖြင့် ရိုက်ပြီး လှံကို စကြာလည်သကဲ့သို့ ရှိအောင် ဝှေ့ယမ်းကာ ရှေ့သို့ တက်လာ၏။ ၎င်းတို့နှစ်ယောက်သည် ဆုတ်ချည်

တက်ချည် ပူးချည် ခွာချည်ဖြင့်၊ တိမ်းချည် ရှောင်ချည် ကွေ့ချည် ဝိုက်ချည်ဖြင့် အတန်ကြာမျှ တိုက်ခိုက်ကြ၏။ တခါတခါတွင် လူချင်း ဝင်တိုက်ကြ၏။ တချီတချီတွင်လည်း မြင်းချင်း ဝင်ဆောင့်ကြ၏။

သို့ဖြင့် အချီ လေး ငါးဆယ်ခန့် တိုက်၍ ပြီးလေပြီ။ ချောင်ကျင်း တကိုယ်လုံးမှာ ထုံးဖတ်တို့ဖြင့် ကြဲပက်ထားသည့်နှယ် နေရာ လေး ငါးဆယ်ခန့်တွင် အဖြူပြောက်တွေ ကွက်ကျားစွန်းလျက်ရှိ၏။ ဗိုလ်မှတ်ကျော်မှာမူကား ပခုံးအထက်နား တနေရာတွင်သာ အဖြူပြောက်တပြောက် စွန်းနေ၏။

မြို့ဝန်လျှံချုံရှုကား ဝမ်းသာ၍ မဆုံးပြီ။ မြို့ဝန်သည် ချောင်ကျင်းကို စင်မြင့်ပေါ်သို့ ဆင့်ခေါ်ကာ-

"ငါ့အရင် မြို့ဝန်သည် မောင်မင်းကို ဗိုလ်မင်းခန့်ခဲ့တယ်။ သို့သော်လည်း အခု သင် တုံးပုံကို ငါ မြင်ရပြီ။ သည်လို အရည်အချင်းမျိုးနှင့်ဆိုလျှင် စစ်ပွဲတွင် ရဲမက်တို့ကို ခေါင်းဆောင်၍ တိုက်နိုင်ဖွယ် ငါ မမြင်။ မောင်မင်းသည် ဗိုလ်မင်းရာထူးနှင့် မထိုက်တန်ပြီ။ မောင်မင်းနေရာတွင် ယန်ချီခေါ် ဗိုလ်မှတ်ကျော်အား ခန့်အပ်စေ"

ထိုစဉ် ဗိုလ်မာဃဟု အမည်တွင်သည့် ဗိုလ်ချုပ်လီချန်းသည် စင်မြင့်ပေါ်သို့ တက် လာကာ "ချောင်ကျင်းဟာ လှံရေးမှာ သိပ်ကျွမ်းကျင်မှု မရှိပါ။ သို့ရာတွင် မြင်းစီး လေးသည် အရာတွင်မူ အထူးကျွမ်းကျင်လှပါသည်။ ထို့ကြောင့် တပွဲတည်းဖြင့် သူ့အား အရာမချ သင့်ပါ။ သို့ဆိုလျှင် တပ်သားတို့ စိတ်ဓာတ်ကို ထိခိုက်စေပါလိမ့်မည်။ ထို့ကြောင့် ဗိုလ်မှတ် ကျော် ခေါ် ယန်ချီနှင့် ချောင်ကျင်းတို့အား လေးအတတ်တွင် ယှဉ်ပြိုင်အစွမ်းပြစေသင့် ပါသည်"

မြို့ဝန်ကလည်း သဘောတူလိုက်၏။

ချောင်ကျင်းနှင့် ဗိုလ်မှတ်ကျော်တို့သည် မိမိတို့၏ လှံများကို မြေကြီးတွင် ထိုးစိုက် လိုက်ပြီးလျှင် လေးနှင့် မြားများကို စွဲကိုင်လိုက်ကြ၏။ ဗိုလ်မှတ်ကျော်သည် လေးကို အိတ် ထဲမှ ဆွဲထုတ်လိုက်ကာ လေးညှို့ကို တင်ပြီးနောက် မြင်းပေါ်သို့ ခုန်တက်၍ စင်မြင့်ဆီသို့ မြင်းကို ဒုန်းစိုင်း၍ စီးလာပြီးနောက် တံ့ခနဲ ရပ်လိုက်၏။ ထို့နောက် ခြေနင်းကွင်းပေါ်တွင် မတ်တတ်ရပ်လိုက်ကာ ဦးညွှတ်လိုက်၏။

"မြို့ဝန်မင်းကို တခု လျှောက်ထားချင်ပါသည်။ လေးညှို့မှ လွှတ်လိုက်သည့် မြားတစင်း သည် မည်သူ့အသက်ကိုမျှ ချမ်းသာပေးလေ့ မရှိပါ။ ထိုသူအား ကြီးစွာသော ဒဏ်ရာကို ဖြစ်စေပါလိမ့်မည်။ ထို့ကြောင့် ညွှန်ကြားချက်များကို တိကျစွာ ထုတ်ပေးပါမည့်အကြောင်း။ စစ်သည်တို့မည်သည် ဒဏ်ရာကို ကြောက်ရွံ့ထုံးစံ မရှိ။ သေလျှင်ပင် အရေး မဟုတ်ပြီ"

ဗိုလ်မှတ်ကျော်သည် စည်းဝိုင်းတွင်းသို့ ပြန်ဝင်လာခဲ့၏။ ရွှေခားဗိုလ်၏ အမိန့်အရ တယောက်လျှင် ဒိုင်းတလက်စီ ထုတ်ပေးထားသဖြင့် လက်မောင်းတွင် ချည်ထားကြ၏။

"ရောင်းရင်းက ကျုပ်ကို မြားသုံးစင်း အရင်လွှတ်ဗျ။ နောက်ကျမှ ကျုပ်က မြား သုံးစင်း ပြန်လွှတ်မယ်" ဟု ဗိုလ်မှတ်ကျော်က ပြော၏။

ချောင်ကျင်းသည် သူ့ကို မြားသုံးစင်း ထိအောင် မလွှတ်လို။ တချက်လောက်နှင့် ကိစ္စ ပြီးစေချင်၏။ သို့ရာတွင် ဗိုလ်မှတ်ကျော်သည်လည်း အတွေ့အကြုံရှိသည့် ဗိုလ်မင်း တယောက် ဖြစ်၏။ ချောင်ကျင်းလောက်ကိုမူ အရေးစိုက်ဖွယ်မရှိဟု ယူဆ၏။

ဗိုလ်ချုပ်များ၏ စင်မြင့်ဆီမှ အလံပြာတချက် ပြလိုက်၏။ ဗိုလ်မှတ်ကျော်သည် မြင်း နံပါးကို လက်ဝါးဖြင့် တချက်ရိုက်လိုက်ပြီး တောင်ဘက်သို့ အပြင်းစီးလာ၏။ ချောင်ကျင်း က သူ့နောက်မှ အပြင်းလိုက်၏။ ချောင်ကျင်းသည် ဇက်ကြိုးကို ကုန်းနှီးထိပ်တွင် ချိတ် လိုက်ပြီး လက်ဝဲလက်ဖြင့် လေးကို ကိုင်ကာ လက်ယာလက်ဖြင့် မြားကို တပ်၏။ ထို့နောက် လေးညို့ကို ဆွဲနိုင်သမျှ အားကုန်ဆွဲကာ ဗိုလ်မှတ်ကျော်၏ ကျောကို ချိန်၍ မြားကို လွှတ် လိုက်၏။ "ဒိုး" ဟူသော မြားလွှတ်သံကြီးကို ကြားလိုက်သည်နှင့် ဗိုလ်မှတ်ကျော်သည် ခြေနင်းကွင်းကို တွယ်ကာ မြင်းနံပါးသို့ ကပ်ထားလိုက်၏။ မြားသည် သူ့အပေါ်မှ ဝိုးခနဲ ကျော်သွား၏။

ချောင်ကျင်းသည် စိတ်ဆိုးဆိုးဖြင့် မြားကျည်တောက်မှ ဒုတိယမြားတစင်းကို ထုတ် ကာ လေးတွင်တပ်ပြီး ဗိုလ်မှတ်ကျော်၏ ကျောကို ချိန်၍ ပစ်လွှတ်လိုက်ပြန်၏။ ဤတကြိမ် တွင် ဗိုလ်မှတ်ကျော် ရှောင်တိမ်းခြင်း မပြု။ လေ၏အဟုန်ဖြင့် လာနေသော မြားကို လေးအဖျားဖြင့် ဆီးခံလိုက်ပြီး မြေကြီးပေါ်သို့ ရိုက်ချလိုက်၏။

ချောင်ကျင်းမှာ ဒေါသထွက်သည်ထက် ထွက်လာခဲ့လေပြီ။ ထိုအချိန်၌ ဗိုလ်မှတ် ကျော်သည် ကွင်းအဆုံးသို့ ရောက်သွားပြီ ဖြစ်၏။ ဗိုလ်မှတ်ကျော်သည် မြင်းကို ချာခနဲ နေအောင် နောက်ပြန်ဆွဲလှည့်လိုက်ပြီးလျှင် စင်မြင့်ဆီသို့ ဒုန်းစိုင်း၍ စီးလာခဲ့၏။ ဤတွင် ချောင်ကျင်းကလည်း သူ့မြင်းကို အရှိန်သတ်၍ ပြန်လှည့်ကာ နောက်မှ လိုက်၏။ ခြေ ရှစ်ချောင်းကျသော ခွာသံရှစ်ခုတို့၏ အသံသည် အရေအတွက် များလှစွာသော စည်ကြီးများကို ပြိုင်တူတီးခတ်နေသည့်နှယ် တဖြောင်းဖြောင်း မြည်လျက်ရှိကာ စိမ်းလန်းသော ကွင်းပြင်ကြီးထဲတွင် လေပွေမုန်တိုင်းကြီး လှည့်ပတ်တိုက်ခတ်နေသကဲ့သို့ ရှိ၏။ ချောင် ကျင်းသည် တတိယမြားကို လေးတွင် တင်ပြန်၏။ ထို့နောက် လေးကြိုးကို အားကုန်ဆွဲကာ

ရှေ့မြင်းပေါ်မှ ဗိုလ်မှတ်ကျော်၏ ကျောပြင်ကို သေချာစွာ ချိန်ရွယ်ပြီးနောက် မြားလွှတ် လိုက်၏။

မြားလွှတ်လိုက်သော အသံကို ကြားသည်နှင့် ဗိုလ်မှတ်ကျော်သည် နောက်သို့လှည့်ကာ လေထဲတွင် ပျံဝဲကာ မိမိအနီးမှ ဖြတ်သန်းသွားသော မြားကို ဆီး၍ ဖမ်းလိုက်၏။ ထို့နောက် စင်မြင့်ဆီသို့ မြင်းကို အသားကျစီးလာခဲ့ကာ ရှေ့သို့ ရောက်သည်နှင့် ချောင်ကျင်း၏ မြား ကို မြေကြီးပေါ်သို့ ပစ်ချလိုက်၏။

မြို့ဝန်လျှံချုံ့ရှုကား များစွာ ကျေနပ်လျက်ရှိ၏။ မြို့ဝန်သည် ဗိုလ်မှတ်ကျော်အလှည့် ရောက်ပြီဖြစ်၍ ချောင်ကျင်းထံ မြားသုံးစီးလွှတ်ရန် အမိန့်ပေး၏။ ဗိုလ်ချုပ်များ၏ စင်မြင့် ဆီမှ အလံပြာဖြင့် အချက်ပြလိုက်၏။ ချောင်ကျင်းသည် လေးနှင့် မြားကို ဘေးတွင် ကပ်ထားလိုက်ပြီးလျှင် ဒိုင်းကို လက်တွင် မြဲမြဲဆုပ်ကိုင်ကာ တောင်ဘက်သို့ စီးသွား၏။ ဗိုလ်မှတ်ကျော်သည် မြင်းကုန်းပေါ်တွင် ခါးမတ်၍ ထိုင်လိုက်ကာ မြင်းကို ဖနောင့်ဖြင့် တွက်လိုက်ပြီးလျှင် ဖြောင်းဖြောင်း မြည်သော ခွာသံကို ပေးလျက် နောက်မှ လိုက်၏။ ဗိုလ်မှတ်ကျော်သည် မြားကို လေးတွင် မတပ်ဘဲ လေးကြိုးကို အသံမြည်အောင် ခပ်တင်းတင်းဆွဲလိုက်၏။ မြားလွှတ်သံကို ကြားသည့်အခါတွင် ချောင်ကျင်းသည် ဆတ်ခနဲ လှည့်ကာ ဒိုင်းကို မြှောက်၍ ကာလိုက်၏။ သို့ရာတွင် မြားတစီးမျှ မလာချေ။

“ဒီလူက လုံသာ ကစားတတ်တာပဲ။ လေးမြားကို ကျွမ်းကျင်ပုံမရဘူး။ ဒုတိယအချီ မှာလည်း ဒီလိုပဲ မြားမလွှတ်ခဲ့ရင် ပြိုင်ပွဲမှာ သူ ရှုံးပြီ၊ အရှုံးပေးပါပြီလို့ အပြောခိုင်းရမယ်။ အဲဒီအခါကျရင် ငါအနိုင်ရပြီ’

ထိုအချိန်၌ ချောင်ကျင်း၏ မြင်းသည် စည်းဝိုင်းတောင်ဘက်စွန်းသို့ ရောက်သွားပြီ ဖြစ်၏။ ထို့ကြောင့် မြင်းကို ပြန်လှည့်ကာ စင်မြင့်ဆီသို့ စီးလာခဲ့၏။ ဗိုလ်မှတ်ကျော်လည်း မြင်းကို သူ့နောက်မှ စီးလိုက်လာရင်း မြားကို လေးတွင် တပ်၏။

“ကျောကို တည့်တည့်ချိန်ပစ်လိုက်ရင်တော့ ဒီလူ သေတော့မှာပဲ။ တကယ်တော့ ဒီလူဟာ ငါ့ရန်သူလည်း မဟုတ်ဘူး။ ဒီတော့ သူ့ပခုံးတနေရာရာမှာ မြားကို ချိတ်ပေး လိုက်မယ်” ဟု ဗိုလ်မှတ်ကျော် တွေးလာ၏။

ဗိုလ်မှတ်ကျော်သည် တိုက်ရှန်းတောင်ကြီးကို မ သည့်နှယ် ဘယ်လက်ကို ဆန့်၍ မြှောက်လိုက်ပြီး ကလေးတယောက်ကို မွေ့သည့်နှယ် ညာလက်ကို ကွေးလိုက်၏။ ထို့ နောက် လေးကိုင်းနှင့် လေးကြိုးကို လပြည့်ဝန်းသဏ္ဍာန် ဝိုင်းသွားအောင် အားကုန် ဆွဲ တင်လိုက်ပြီးနောက် မြားကို လွှတ်လိုက်ရာ ကျွန်ုပ်တို့ ပြောသလောက် မကြာမီ အချိန် ကလေးအတွင်းမှာပင် မြားသည်

ကြယ်တံခွန်ကြီးတစီးလို ပျံသန်းကာ ချောင်ကျင်း၏ ပခုံးတွင် သွား၍ ချိတ်နေလေ၏။ ချောင်ကျင်းလည်း မြားထိသဖြင့် မြင်းပေါ်မှ မြေကြီး ပေါ်သို့ လိမ့်ကျ၏။ မြင်းမှာမူ စင်မြင့်နောက် ဘက်သို့ ကဆုန်စိုင်း ပျောက်ကွယ်သွားခဲ့လေပြီ။ တပ်ဗိုလ်များသည် ချောင်ကျင်းကို ကူညီရန် ကွင်းထဲသို့ ပြေးဆင်းလာကြ၏။

မြို့ဝန်မင်းလျှံချုံရှူမှာ ဝမ်းသာ၍ မဆုံးပြီ။ ချောင်ကျင်း၏ နေရာတွင် ဗိုလ်မှတ်ကျော်ကို ခန့်အပ်ကြောင်း အမိန့်တခုကိုလည်း ချက်ချင်းထုတ်ပြန်စေ၏။ ဗိုလ်မှတ်ကျော် သည် ဝမ်းမြောက်ဝမ်းသာဖြင့် မြင်းပေါ်မှ ဆင်း၍ စင်မြင်ရှေ့တွင် သွားရပ်ကာ မိမိ၏ ခန့်အပ်လွှာကို လက်ခံ၏။ ထိုစဉ် စင်မြင့်လက်ဝဲဘက်မှ လူတယောက်သည် အောက်သို့ ဆင်းလာကာ-

“ဒီမှာ ဗိုလ်ကလူ။ ကျုပ်နဲ့ သိုင်းကစားရဲပါ့မလား” ဟု မေးလေ၏။

ဗိုလ်မှတ်ကျော်သည် ထိုလူကို လှည့်ကြည့်လိုက်လိုက်၏။ ထိုလူမှာ ဝိုင်းစက်သော မျက်နှာ၊ ကြီးမားပြန့်ကားသည့် နားရွက်၊ ထူအမ်းသော နှုတ်ခမ်းများရှိသည့် ပါးစပ်၊ ထိုးထောင်သော နပန်းဆံများ၊ နှုတ်ခမ်းမွေးကျင်စွယ်များနှင့် ကြီးမားတုတ်ခိုင်ကာ မြင့်မားသော အရပ်အမောင်းရှိသူတဦးဖြစ်၏။ ထိုလူသည် မြို့ဝန်ရှေ့သို့ လျှောက်လာကာ ရိုသေစွာ ဦးညွတ်နှုတ်ဆက်ပြီးနောက်-

“ချောင်ကျင်းဟာ မကြာခင်ကမှ မကျန်းမမာဖြစ်ခဲ့တဲ့အတွက် ကောင်းကောင်း နာလန်မထသေးပါဘူး မြို့ဝန်မင်းခင်ဗျာ။ ဒါကြောင့်မို့ ဗိုလ်မှတ်ကျော်ကို ရှုံးတာပါ။ ကျွန်တော်ဟာ လက်နက်အတတ်ကို ကောင်းစွာ မကျွမ်းကျင်သော်လည်း ဟောဒီက ဗိုလ်မှတ်ကျော်နဲ့ ယှဉ်ပြိုင်လိုပါတယ်။ ကျွန်တော့်ကို နိုင်ရင် ကျွန်တော့်ရာထူးကို သူ့ကို ပေးပါ့မယ်။ ဒီလိုပေးတဲ့အတွက် ကျွန်တော် ငြိုငြင်တဲ့ အရိပ်အယောင်ကို တသက်လုံး မပြပါဘူး”

မြို့ဝန်မင်းသည် သူ့ကို လှမ်းကြည့်လိုက်ရာ ထိုလူမှာ ထဲ့နင်းခရိုင် မြို့စောင့်တပ်မှ ဗိုလ်ကြီးစူချောင် ဖြစ်ကြောင်းကို တွေ့ရ၏။ စူချောင်မှာ အလွန်ဒေါသကြီးသူတယောက် ဖြစ်ပြီး မီးတောက်တွင်းသို့ ဆားဖြူးလိုက်သည့်နှယ် ဟုန်းခနဲ ပေါက်ကွဲတတ်သူ တယောက် ဖြစ်၏။ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းလိုသူဖြစ်သည့်အတွက် အရေးရှိလျှင် ရှေ့ဆုံးမှ ထွက်တတ်သူတဦး ဖြစ်၏။ ထို့ကြောင့် စူချောင်ကို ခြေမြန်ရဲခေါင်ဟု အမည် ပေးထားကြ၏။

ထိုစဉ် ဗိုလ်မာဃသည် ဗိုလ်ချုပ်များအတွက် သီးသန့်ထားသည့် စင်မြင့်မှ ဆင်း လာကာ မြို့ဝန်ရှေ့တွင် ရပ်လျက်-

“ဗိုလ်မှတ်ကျော်ဟာ နေပြည်တော် ရွှေနန်းတော်ကိုယ်ရံတော်တပ်မှ ဗိုလ်မင်းတဦး ဖြစ်ပါသည်။ ထို့ကြောင့် လက်နက်မျိုးစုံကို ကျွမ်းကျင်သည်မှာ အံ့သြစရာမဟုတ်ပါ။ ချောင်ကျင်းနှင့် ဗိုလ်မှတ်ကျော်မှာ စင်စစ် ပြိုင်ဘက်မဟုတ်ကြပါ။ ယခု ခြေမြန်ရဲခေါင်မှာမူ ဗိုလ်မှတ်ကျော်ကို ယှဉ်ပြိုင်နိုင်စွမ်းရှိသူ ဖြစ်ပါသည်”

“အင်း၊ ငါကတော့ ဗိုလ်မှတ်ကျော်ကို ငါ့တပ်ထဲမှာ မြှောက်စားမလို့ စိတ်ကူးတာပဲ။ သို့သော်လည်း ငါ့အရာရှိတွေက တယ်ပြီး သဘောကျဟန် မတူကြဘူး။ ခြေမြန်ရဲခေါင်ကို နိုင်ရင်တော့ သူတို့လည်း ဘာမှ ပြောနိုင်ကြတော့မှာ မဟုတ်ဘူး။ အားလုံး အသံတိတ် သွားတော့မှာပဲ” ဟု မြို့ဝန်မင်းသည် တွေးနေလေ၏။ မြို့ဝန်မင်းသည် ဗိုလ်မှတ်ကျော်ကို ဆင့်ခေါ်ကာ-

“ဘယ့်နှယ်လဲ ဗိုလ်မှတ်ကျော်။ စူချောင်နဲ့ သိုင်းယှဉ်ရဲပါ့မလား”

“မြို့ဝန်မင်း အလိုရှိတယ်ဆိုရင် ကျွန်တော် မငြင်းရဲပါ”

“ကောင်းလှပြီ။ ဒီလိုဆိုရင် စင်မြင့်နောက်မှာ အဝတ်အစားလဲပေတော့။ သံချပ် အင်္ကျီကို မြဲမြဲဝတ်”ဟု ဆိုကာ လက်နက်တိုက်မှူးကိုလည်း လက်နက်များ၊ အင်္ကျီများ ထုတ်ပေးစေ၏။

“ငါ့ရဲ့ စစ်မြင်းတကောင်ကို ထုတ်ပေးလိုက်” ဟု လက်နက်တိုက်မှူးကို ပြောပြီးလျှင် ဗိုလ်မှတ်ကျော်ဘက်သို့ လှည့်၍-

“သတိတော့ထားနော်။ ခုပွဲဟာ သာမန်ပွဲမဟုတ်ဘူး”

ဗိုလ်မှတ်ကျော်သည် မြို့ဝန်မင်းကို ကျေးဇူးတင်စကား ပြောပြီးနောက် အဝတ်အစား လဲရန် ထွက်လာခဲ့၏။

ဗိုလ်မာဃသည်လည်း သူ့လူဖြစ်သည့် စူချောင်ကို ညွှန်ကြားချက်များ ပေးလျက်ရှိ၏။ “မောင်မင်းအဖို့ အရေးကြီးတယ်နော်။ ချောင်ကျင်းဟာ မောင်မင်းရဲ့ လက်ရုံး။ အခု သူ ရှုံးသွားပြီ။ ခုတခါ မောင်မင်းကပါ ရှုံးရင် ထာ့နင်းနေပြည်တော်မှာရှိတဲ့ တို့တပ်တွေ အားလုံးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ်။ ခု မောင်မင်းကို ပွဲထိုးဖူးတဲ့ စစ်မြင်းတကောင်နဲ့ သံချပ်အင်္ကျီတစုံ ပေးလိုက်မယ်။ သတိထား။ ကိုယ်တသက်လုံး ထိန်းလာတဲ့ နာမည်ကို အကျမခံနဲ့”

စူချောင်သည် ဗိုလ်မာဃကို ကျေးဇူးတင်စကားပြော၍ ထွက်သွား၏။

မြို့ဝန်လျှံချုံရှုသည် စင်မြင့်လေကားထိပ်သို့ ဆင်းလာခဲ့ရာ အခြွေအရံတို့က ငွေ ဇာမျှင်တို့ ဖုံးအုပ်ထားသည့် ကုလားထိုင်ကို ရွှေ့လာခဲ့ကြပြီး

လသာဆောင်ဝရန်တာအနီး တွင် ချပေးကြ၏။ မြို့ဝန်သည် ကုလားထိုင်တွင် ထိုင်၏။ သူ့လက်ဝဲလက်ယာတွင် အရာရှိများသည် တန်းစီ၍ မတ်တတ်ရပ်နေကြ၏။ အပေါ်တွင် ရွှေဘူးခြောက် အုပ်၍ အဆင့် သုံးဆင့် ရှိသည့် လက်ဖက်ရောင် ပိုးထီးကို မြို့ဝန်မင်း၏ နောက်တွင် မိုးပေးကြ၏။

ဗိုလ်ချုပ်များ၏ စင်မြင့်မှ အချက်ပေးလိုက်သည့်အနေဖြင့် အလံနီတချက် ဝှေ့ယမ်းပြ လိုက်၏။ လက်ဝဲလက်ယာမှ ရွှေစည်ကြီးများသည် မိုးခြိမ်းသကဲ့သို့ မြည်ဟည်းလာကြပြီး စစ်ရေးပြကွင်းရှိ တပ်စုနှစ်စုမှ ပစ်ဖောက်လိုက်သော အမြောက်စိန်ပြောင်းများ၏ အသံ သည် ပေါ်ထွက်လာ၏။ စူချောင်သည် မြင်းကို ကဆုန်စိုင်း၍ ထွက်လာကာ တံခွန်များ၊ ကုက္ကားများ ထိုးထားသည့် ဝင်းတံခါးမှ စောင့်၏။ ဗိုလ်မှတ်ကျော်ခေါ် ယန်ချီသည်လည်း မိမိစုရပ်မှ ထွက်လာကာ မြင်းကို ဒုန်းစီး၍ လာပြီး တံခါးနောက်တွင် မြင်းဇက်ကို သတ်၏။

ဗိုလ်ချုပ်များ၏ စင်မြင့်ဆီမှ အလံဝါတချက် ရိုက်လိုက်သည့်အခါတွင် စည်ကြီးများ သည် မြည်ဟည်းလာကြပြန်၏။ စစ်ရေးပြကွင်းထဲတွင် ချထားသည့် တပ်ဖွဲ့နှစ်ဖွဲ့သည် ကြောက်ဖွယ်အသံကြီးဖြင့် ညာသံပေးလိုက်၏။ ထို့နောက်တွင်မူ ကွင်းကြီးတခုလုံး တိတ်ဆိတ်သွားကာ တိုက်မောင်းသံများ ပေါ်ထွက်လာ၏။ အလံဖြူပြနေလေပြီ။ ကြည့်သူ များအားလုံး အသက်ကိုမျှ ရဲရဲ မရှူရဲကြတော့။ အားလုံး တိတ်ဆိတ်စွာ ရပ်ကြည့်နေကြ၏။

ဗိုလ်ချုပ်များ၏ စင်မြင့်ဆီမှ အလံပြာတလက်သည် တလူလူ လွင့်တက်လာ၏။ တိုက်မောင်းများသည် တတိယအကြိမ် မြည်ဟည်းလာကြပြန်၏။ စူချောင်သည် ချူသံ တချွင်ချွင်ပေးကာ မြင်းကို စီး၍ စည်းဝိုင်းထဲသို့ ဝင်လာပြီးလျှင် သူ့မြင်းကို စစ်ဆေး ကြည့်၏။ လက်နက်များကို ကိုင်ဆောင်ကာ စစ်မြင်းကြီးပေါ်တွင် ထိုင်နေသည့် စူချောင်ကို မြင်ရသည်မှာ တကယ့်အာဇာနည်သူရဲကောင်းကြီးနှင့် တူနေ၏။ မြင်ရသူ ခန့်ညားလောက် သည့် အသွင်ကို ဆောင်နေ၏။ စူချောင်၏ ခေါင်းပေါ်တွင် သံမဏိသားဖြင့် လုပ်ထားသည့် ခြင်္သေ့ခေါင်းပုံ သံခမောက်တလုံးကို ဆောင်းထားပြီး ပန်းပွားနီနီများသည် ဘေးတွင် ဝဲကျနေကြ၏။ သံချပ်အင်္ကျီကြီးကို ဝတ်၍ ခါးတွင် တိရစ္ဆာန် မျက်နှာပါသည့် ရွှေနန်းကြိုး လိမ် ပိုးခါးစည်းကို စည်းထား၏။ ရင်နှင့် ကျောတို့တွင်လည်း ကြေးပြားကြီးတွေ ဖုံးထား၏။ ထိုအပေါ်တွင်မူ စက်ဝိုင်းပုံကလေးတွေပါသည့် ပန်းနုရောင်ဝတ်ရုံကြီးကို ခြုံကာ လည်တွင် အစိမ်းရောင်သိုးမွေးကြိုးဖြင့် ချည်ထား၏။ ခြေထောက်တွင်မူ မှန်ကူကွက်ပုံ ကျအောင် ကြိုးများကို ရစ်သိုင်းချည်နှောင်ထားသည့် သားရေခြေနင်းကို စီးထား၏။ လေးတစီးကို လက်ဝဲဘက်ပခုံးတွင် လွယ်ထားပြီး မြားကျည်တောက်ကို လက်ယာဘက်ပခုံးတွင် သိုင်း ထား၏။ ဗိုလ်မာဃ၏ တိုက်ပွဲဝင် စစ်မြင်းဖြူကြီးကိုယ်ပေါ်တွင် အကျထိုင်ကာ

လက်တွင် ရွှေပုဆိန်ကြီးကို တန်းတန်းကိုင်ထား၏။

ထိုစဉ် လက်ယာလက်အဆွယ်မှ ဝင်းတံခါးသည် ပွင့်လာကာ ချူသံများကို ကြားရပြီး ဗိုလ်မှတ်ကျော်သည် လက်တွင် လှံကို စွဲကိုင်၍ ထွက်လာ၏။ စည်းဝိုင်းထဲသို့ ရောက်သည့် အခါတွင် ဗိုလ်မှတ်ကျော်သည် သူစီးလာသည့် စစ်မြင်းကို စစ်ဆေးပြီး လှံကို ဝါးလုံးထိုး တန်း၍ ပြင်၏။ သူ့ကို ကြည့်ရသည်မှာလည်း နတ်စစ်သည်နှယ်ပင်။ ခေါင်းတွင် ဆောင်း ထားသည့် မောက်လူသည် နေရောင်ခသော နှင်းပွင့်ကဲ့သို့ ပြိုးပြိုးပြက်လျက်ရှိပြီး နောက် တွင် အပြာရောင်ပန်းပွားသည် တွဲလွဲဆိုင်းလျက် ရှိ၏။ ဗိုလ်မှတ်ကျော်ကိုယ်တွင် ပန်းလွှာနှင့် ပန်းရက်သဏ္ဍာန် ဖော်ထားသည့် သံချပ်အင်္ကျီကို ဝတ်ထား၏။ ခါးတွင် သိုးမွေးခါးစည်း စည်းထား၏။ ခါးနှင့် ဝမ်းဗိုက်တို့တွင် တိရစ္ဆာန်မျက်နှာပုံ ကြေးပြားများ ပတ်ထားသည့် အတွက် အကာအကွယ် ကောင်းစွာ ရ၏။ ပခုံးတွင် ပန်းပွင့်များ ရိုက်ထားသည့် ဝတ်ရုံဖြူ ကြီးကို ရုံထားပြီး လည်တွင် မရန်းရောင်သိုးမွေးကြိုးဖြင့် သိုင်းထား၏။ ခြေတွင် ခုံထူ အညိုရောင်သားရေ ခြေနင်းရှည်ကြီးကို စီးထား၏။ လက်ကိုင် သားရေအုပ် လေးကိုင်းနှင့် ချွန်းပုံ ထိပ်ဖူးဖော်ထားသည့် မြားများ ထည့်ထားသော မြားကျည်တောက်တဘူးကို ပခုံးတွင် လွယ်ထား၏။ လက်တွင်မူ သံမဏိမြှုပ်သွန်း သံလှံတချောင်းကို ကိုင်ထားပြီး၊ လေ၏ အဟုန်ကဲ့သို့ လျင်မြန်သော မီးလျှံရောင် စစ်မြင်းကြီးကို စီးလာ၏။

ဘေးတဖက်တချက်မှ တန်းစီ၍ ကြည့်နေသော ဗိုလ်မင်း၊ အကြပ်၊ တပ်သားများမှာ သူတို့ကို ကြည့်၍ တအံ့တသြ ဖြစ်နေကြလေပြီ။ သူတို့၏ စွမ်းရည်ကို မမြင်ရသေးသည့်တိုင် သူတို့နှစ်ဦးကို ကြည့်ရသည်ကပင်လျှင် နတ်စစ်သည်တမျှ ဖြစ်နေလေပြီ။

အလံကိုင်ဗိုလ်တယောက်သည် တောင်ဘက်သို့ မြင်းစီးလာ၏။ လက်ထဲတွင်လည်း “အမိန့်” ဟု ရွှေစာလုံးကြီးဖြင့် ရေးထားသည့် ရွှေနားကွပ်တံခွန်တခုကို ကိုင်ထားကာ သူတို့ အနားသို့ ကဆုန်စိုင်း၍ စီးလာပြီးလျှင် “နှစ်ယောက်စလုံး အကောင်းဆုံးကြိုးစားပြီး တိုက်ရမယ်။ ကရော်ကမည် တိုက်လို့ရှိရင် ပြစ်ဒဏ်ပေးမယ်။ နိုင်သူကို ဆုတော်ငွေများ ချီးမြှင့်မယ်။ မြို့ဝန်မင်း အမိန့်” ဟု ပြော၏။

ယှဉ်ပြိုင်သူနှစ်ယောက်သည် စည်းဝိုင်းအလယ်သို့ စီးသွားကြကာ တဦးနှင့် တဦး မျက်နှာချင်း ဆိုင်လျက် လက်နက်များကို မြှောက်ကိုင်လိုက်ကြ၏။ စူချောင်သည် ပုဆိန်ကို ဝှေ့ယမ်းကာ အတင်းဝင်လာပြီး စတင်တိုက်ခိုက်၏။ ဗိုလ်မှတ်ကျော်ကလည်း သူ့လိုပင် ဖျတ်လတ် သွက်လက်စွာဖြင့် လှံကို ဝှေ့ယမ်းကာ ရှေ့သို့တက်၏။ ဗိုလ်ချုပ်များ၏ စင်မြင့် ရှေ့တည့်တည့် စည်းဝိုင်းအလယ်တွင်

သူတို့နှစ်ယောက် ရင်ဆိုင်မိကာ တိုက်ခိုက် သတ်ပုတ် ကြ၏။ နှစ်ဦးစလုံးပင် အစွမ်းကုန်ကြိုးစား၍ တိုက်ကြ၏။ ဆုတ်ချည် တက်ချည်၊ ခွာချည် ပူးချည်၊ တိမ်းချည် ရှောင်ချည်ဖြင့် လက်လေးချောင်းသည် ဝဲပျံ လှုပ်ရှားနေ၏။ ခွာရစ်ခွာသည် ခုန်ပျံလျက်ရှိ၏။ ငါးကြိမ်ခန့် တိုက်ပြီးသည့်တိုင်တိုင် မည်သူမျှ နိုင်ခြေ မရှိကြသေးချေ။

မြို့ဝန်လျှံချုံရှုသည် လသာဆောင်မှ နေ၍ ပင့်သက်ကိုမျှ ကောင်းစွာ မရှူနိုင် ဖြစ် နေ၏။ ဘေးတဖက်တချက်တွင် ရပ်နေသည့် တပ်ဗိုလ်၊ အကြပ်၊ တပ်သားများကလည်း အသံမစဲ ဩဘာပေးလျက် ရှိကြ၏။ "ကျုပ်တို့တတွေ တပ်ထဲဝင်လာတာ ကြာပြီ။ စစ်ပွဲ တွေလည်း တိုက်ခဲ့ဖူးပေါင်း များလှပြီ။ ဒီလောက်တော်တဲ့ စစ်သူရဲတွေကို မမြင်ဖူးသေးဘူး" ဟု အချင်းချင်း ပြောကြ၏။

ဗိုလ်ချုပ်များ၏ စင်မြင့်ပေါ်တွင် ရပ်နေသည့် ဗိုလ်မာဃနှင့် ရွှေခေါ်းဗိုလ်တို့သည် သူတို့ နှစ်ယောက် တိုက်နေသည်ကို ကြည့်ကာ "ဟုတ်ပြီကွ"၊ "ချလိုက်ကြ" စသဖြင့် အော်ဟစ် လျက် ရှိကြ၏။

ရွှေခေါ်းဗိုလ်မှာ သူတို့နှစ်ယောက် ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်လျက်ရှိသဖြင့် "အမိန့်" ဟု ရွှေစာလုံးဖြင့် ရေးထားသည့် အလံကို ကိုင်ထားသည့် အလံကိုင်ဗိုလ်ကို ခေါ်ကာ သူတို့ကို လူချင်းခွဲစေ၏။ ဗိုလ်ချုပ်များ၏ စင်ပေါ်မှ မောင်းသံ ထွက်ပေါ်လာ၏။ သို့ရာတွင် ဗိုလ်မှတ်ကျော်ခေါ် ယန်ချီနှင့် စူချောင်တို့သည် မရပ်ကြ။ တယောက်ကို တယောက် သဲကြီး မဲကြီး အနိုင်တိုက်နေကြ၏။

"ငါ့ရဲရင့်တို့။ ရပ်။ ခဏရပ်လိုက်။ မြို့ဝန်မင်းက အမိန့်တခုထုတ်မယ်။ ရပ်လိုက်" ဟု အလံကိုင်ဗိုလ်လေးသည် မြင်းကို ဒုန်းစီးရင်း အော်လာ၏။

ထိုအခါကျမှပင် ယှဉ်ပြိုင်သူနှစ်ဦးတို့သည် လက်နက်များကို အောက်သို့ စိုက်ချထား လိုက်ပြီး မြင်းပေါ်တွင် အသာထိုင်လိုက်ကြ၏။ သူတို့နှစ်ဦးသည် မြင်းများကို မူလနေရာသို့ ကဆုန်စိုင်း၍ စီးလာကြကာ မိမိ၏ အလံစိုက်ထူထားရာ တံခါးမအနီးတွင် ရပ်လိုက်ကြရင်း မြို့ဝန်မင်း ရှိရာသို့ မျက်နှာမူကာ အမိန့်ကို စောင့်နေကြ၏။ ဗိုလ်မာဃနှင့် ရွှေခေါ်းဗိုလ် တို့သည် ဗိုလ်ချုပ်များ စင်မြင့်မှ ဆင်းကာ မြို့ဝန်ရှိရာ လသာဆောင်ဆီသို့ လာခဲ့ကြ၏။

"ပြိုင်ဘက်နှစ်ဦးတို့သည် အလွန်လက်ရည်တူပုံ ပြပါသည်။ ထို့ကြောင့် သူတို့နှစ်ဦး၏ စွမ်းရည်ကို အမှုတော်ထမ်းရာတွင် အသုံးချရန် ခွင့်ပြုသင့်ပါသည်" ဟု ပြောကြ၏။

မြို့ဝန်သည် သူတို့စကားကို သဘောတူကာ သတ်ပွဲကို ဆက်လက်

မကျောင်းပရန် အမိန့် ပေးလိုက်၏။ အလံကိုင်ဗိုလ်က ထိုအမိန့်ကို သွားရောက် အကြောင်းကြားသည့်အခါတွင် ဗိုလ်မှတ်ကျော်နှင့် စူချောင်တို့သည် မြို့ဝန်၏ မဏ္ဍာပ်ရှေ့သို့ စီး၍လာကြကာ မြင်းပေါ်မှ ဆင်းသက်၏။ စစ်သားတယောက်က သူတို့လက်နက်များကို လာ၍ ယူသွား၏။ သူတို့ နှစ်ယောက်သည် မဏ္ဍာပ်ထဲသို့ ဝင်လာကာ မြို့ဝန်ကို ဦးညွှတ်၍ အရိုအသေပေးကြ၏။ မြို့ဝန်သည် သူတို့နှစ်ဦးကို ငွေချောင်းတချောင်းစီနှင့် အထည်အုပ်များ ဆုချပြီး နောက် ဗိုလ်မှူးအဆင့်သို့ ရာထူးတိုးပေးလိုက်၏။ ၎င်းတို့အား ရာထူးခန့်ထားကြောင်းကို ထိုနေ့ နေ့စွဲဖြင့် ထုတ်ပြန်ရန်လည်း အမိန့်ချမှတ်လိုက်၏။ စူချောင်နှင့် ယန်ချီခေါ် ဗိုလ်မှတ်ကျော်တို့သည် ကျေးဇူးတင်ကြောင်းကို ပြသော အားဖြင့် ဦးညွှတ်၍ ပြလိုက်ကြ၏။ ၎င်းတို့နှစ်ဦးသည် ဆုလာဘ်လက်ဆောင်များကို သယ်၍ မဏ္ဍာပ်ထဲမှ ထွက်သွားကြကာ အဝတ်အစားများကို လဲလှယ်ကြ၏။ ထို့နောက် မဏ္ဍာပ်သို့ ပြန်လာကာ တပ်ဗိုလ်များ၊ အရာရှိများအား ကျေးဇူးတင်ကြောင်း ပြောကြ၏။ မြို့ဝန်သည် သူတို့နှစ်ယောက်အား တယောက်ကို တယောက် အရိုအသေပေးကြရန် အမိန့်ပေးပြီးနောက် ဗိုလ်မှူးများ တန်းစီရာသို့ ပို့လိုက်၏။

တန်းစီနေသော စစ်သားများသည် တံခွန်များ၊ အလံများ တလူလူဖြင့် အောင်စည် အောင်မောင်းတီး၍ ကွင်းပြင်ထဲမှ ထွက်ခွာသွားကြ၏။ မြို့ဝန်မင်းမှာမူ အရာရှိကြီးငယ် များနှင့်အတူ စားသောက်ပွဲကျင်းပရန် စင်မြင့်တွင် ကျန်ရစ်ခဲ့လေ၏။

အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် နေလုံးကြီး ကွယ်ပျောက်ခါနီးသည့် အချိန်တွင်မှ စားသောက်၍ ပြီးကြလေပြီ။ မြို့ဝန် လျှံချုံရှုသည် မြင်းပေါ်သို့တက်ကာ အသစ်ခန့်အပ်ခြင်း ခံရသည့် ဗိုလ်မှူးနှစ်ယောက်သည် လည်တွင် ပန်းကုံးတွေ ဆွဲလျက် လိုက်ပါလာကြ၏။ လူထုများသည် အရှေ့မြို့တံခါးတိုင်အောင် တန်းစီလျက် သောင်းသောင်းဖြဖြ ဩဘာ ပေးကြ၏။ မြို့ဝန်မင်းက မြင်းစီးလာရင်း “ဘာဖြစ်လို့ ဒီလောက် ပျော်နေကြတာလဲ။

ကျုပ်ကို ရယ်ကြတာလား” ဟု မေး၏။

လူကြီးများက ဒူးထောက်ကာ-

“ကျွန်တော်တို့သည် ထဲ့နင်းမြို့တွင် မွေးပြီး တသက်ပတ်လုံး ထဲ့နင်းမြို့တွင် နေထိုင် ခဲ့ကြပါသည်။ သို့ရာတွင် သည်မျှ ကြည့်၍ကောင်းသော စီးချင်းထိုးပွဲကို ကျွန်တော်တို့ တခါမျှ မမြင်ဖူးကြသေးပါ။ ကျွန်တော်တို့လည်း လူစွမ်းကောင်းနှစ်ဦး၏ စီးချင်းထိုးပွဲကို ကြည့်၍ ပြန်လာခဲ့ကြခြင်း ဖြစ်ပါသည်။ သည်မျှ ကြည့်ကောင်းသော ပွဲမျိုးကို မြင်ခဲ့ရ သဖြင့် ကျွန်တော်တို့ ဝမ်းသာအားရ ဖြစ်ကြပါသည်”

မြို့ဝန်မင်းသည် သူတို့စကားကြောင့် များစွာ ကျေနပ်ခြင်းဖြစ်၏။

မြို့ဝန်သည် စံအိမ်သို့ ပြန်၏။ အရာရှိအသီးသီးသည် အိမ်သို့ ပြန်ကြလေ၏။ စူချောင်၏ မိတ်ဆွေများသည် သူ ရာထူးတိုးသဖြင့် စားသောက်ပွဲကြီး ကျင်းပကြ၏။ အရပ်သားဖြစ်သည့် ဗိုလ်မှတ်ကျော်မှာမူ အပေါင်းအသင်းမိတ်ဆွေ ဟူ၍လည်း မရှိသဖြင့် မိမိတည်းခိုရာသို့ တယောက်တည်း ပြန် လာခဲ့လေ၏။ ထို့နောက်မှ စ၍ ဗိုလ်မှတ်ကျော်သည် မြို့ဝန်လျှံချုံရှူထံတွင် သစ္စာရှိစွာ အမှုထမ်း၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

စကားသိမ်စကားဖျင်းတို့ကို ချန်လှပ်ကာ အတိုချုပ် ပြောပေအံ့။

အရှေ့မြို့တံခါးအနီးရှိ စစ်ရေးပြကွင်းထဲတွင် စီးချင်းထိုးပွဲ ပြီးသည့်နောက်မှစ၍ မြို့ဝန် သည် ဗိုလ်မှတ်ကျော်ကို များစွာ နှစ်သက်အားကိုး၏။ ထို့ကြောင့် သွားလေရာတွင် ဗိုလ်မှတ်ကျော်ကို အမြဲခေါ်လေ့ရှိ၏။ ဗိုလ်မှတ်ကျော်တွင် အပိုထောက်ပံ့ကြေးများလည်း ရ၏။ တဖြည်းဖြည်းနှင့် ထာ့နင်းမြို့တွင် မိတ်ဆွေအပေါင်းအသင်းတွေ များလာခဲ့ကာ စူချောင် နှင့်လည်း ခင်မင်လေးစားသော မိတ်ဆွေများ ဖြစ်လာခဲ့ကြ၏။ သူ့အရည်အချင်းနှင့် လက်ရုံးရည်ကို စူချောင်ကလည်း များစွာ လေးစား၏။

အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးသွားကြ၏။ နွေဦးပေါက်ရာသီ ကုန်ဆုံး၍ နွေရာသီ သို့ ရောက်လာခဲ့လေပြီ။ စန္ဒမာသလ ပဉ္စမငါးရက်နေ့၌ မြို့ဝန်လျှံချုံရှူနှင့် မြို့ဝန်ကတော် ဒေါ်ဆယ်တို့သည် စံအိမ်အနောက်ဆောင်ထဲတွင် ပွဲတော်အဖြစ် ဧည့်သည်များကို ဖိတ်ကျွေး လျက်ရှိ၏။ ဟင်းလျာနှစ်ပွဲ ချပြီးသည့်နောက်တွင် မြို့ဝန်ကတော် ဒေါ်ဆယ်က မေးခွန်းတခု မေး၏။

“မြို့ဝန်ကြီးကတော့ ဒီနေပြည်တော်မှာ စစ်သေနာပတိဆိုလည်း ဟုတ်၊ အကြီးအကဲ ဆိုလည်း မှန်လေတော့ မေးခွန်းတခု မေးရဦးမယ်ရှင့်။ ဂုဏ်သိက္ခာနဲ့ ရာထူးအဆင့်အတန်း ဆိုတာ ဘယ်က ဆင်းသက်လာပါသလဲ”

“ကျုပ် ငယ်ငယ်လေးကတည်းက စာပေကဗျာလင်္ကာတို့၊ ရာဇဝင်သမိုင်းတို့ကို လေ့လာခဲ့တာပဲဗျ။ ဒါပေမဲ့ ကျုပ်က စိတ်ကူးစိတ်သန်းကို အသားပေးတဲ့လူ။ ဘယ်လိုပဲ ဖြစ်ဖြစ် မြို့ဝန်ကတော်ရဲ့ ခမည်းတော်ဟာ ကျုပ်အပေါ်မှာ အလွန်ကျေးဇူးကြီးပါပေတယ်။ သူ့ကျေးဇူးကို ဘယ်လို ဆပ်လို့မှ ကုန်နိုင်ဖွယ် မရှိပါဘူး”

“ဒီလိုဆိုရင် ခမည်းတော်ကြီးရဲ့ မွေးနေ့တို့၊ ဘာတို့ကိုများ ရှင် မှတ်မိသေးရဲ့လားရှင်”

“ဘယ့်နှယ် မမှတ်မိဘဲ ရှိပါ့မလဲဗျာ။ စန္ဒမာသလ ဆယ့်ငါးရက် မဟုတ်လား။ တနေ့ ကပဲ တပည့်များကို ငွေစင်တထောင် ပေးပြီး ခမည်းတော်ကြီးကို

လက်ဆောင်ပေးဖို့ ရွှေ တို့၊ အဖိုးတန်ကျောက်မျက်တို့ကို အဝယ်လွှတ်လိုက်ပါပြီ။ ခုဆိုရင် ကျုပ် လိုချင်တဲ့ ပစ္စည်း ဆယ်ပုံကိုးပုံလောက်ကို ဝယ်ပြီးပါပြီ။ အားလုံး အဆင်သင့် ပြည့်စုံပြီဆိုရင် ခမည်းတော်ကြီး ထံ ပို့ဖို့ပဲ ရှိပါတော့တယ်။

"ဒါပေမဲ့ ကျုပ် ရတက်မအေးဖြစ်နေတာ တခု ရှိတယ်ဗျ။ မနှစ်တုန်းက ကျုပ်ပို့လိုက်တဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားလက်ဆောင်တွေကို လမ်းမှာ လူဆိုးတွေက လုယူလိုက်ကြ တယ်။ ပစ္စည်းတွေ ပါသွားတာ တနှစ်လောက်သာ ရှိရော့မယ်။ ခုထိ လူဆိုးတွေကို ဖမ်းလို့ မမိသေးဘူး။ ဒီတခါပို့ရင်တော့ ဘယ်သူ့ကို အပို့ခိုင်းမလဲ မသိဘူး"

"အမယ်လေးရှင်။ ရှင့်လက်အောက်မှာ ဗိုလ်မင်းတွေ အပုံကြီးပါ။ ကိုယ် စိတ်ချယုံကြည် ရတဲ့ လူတယောက်ကို ရွေးပြီး လွှတ်လိုက်ရုံပေါ့"

"နောက်ထပ် ရက် လေး ငါးရက်လောက် လိုပါသေးတယ်လေ။ အဲဒီအချိန်ရောက်လို့ လက်ဆောင်ပစ္စည်းတွေ စုံပြီဆိုတော့ စဉ်းစားတာပေါ့။ ဒီလောက်လည်း တွေးပူမနေပါနဲ့။ ကျုပ် လုပ်ရမယ့် အလုပ်ကို ကျုပ်သိပါတယ်"

ထို့နောက်တွင် သူတို့သည် သန်းခေါင်ရောက်သည့်တိုင်အောင် ကျွေးမွေးညှော့ခံပြီး နောက် ညှော့သည်များ ပြန်သွားသည်နှင့် အနားယူကြလေ၏။ ထိုအကြောင်းကို အကျယ် မပြောတော့ပြီ။

ရှန်တောင်ပြည်နယ်၊ ကျီစုခရိုင်၊ ယွန်ကျင့်တိုက်နယ်သို့ မြို့အုပ်အသစ်တယောက် ခန့်အပ် လိုက်၏။ မြို့အုပ်၏ ဆွေမျိုးစုအမည်မှာ ရှီ ဖြစ်ပြီး သူ့ကိုယ်ပိုင်အမည်မှာ ဝမ်ပင်း ဖြစ်၏။ တနေ့သ၌ တိုက်သူကြီးဝမ်ပင်းသည် ရုံးထိုင်၍ အမှုများကို စစ်ဆေးလျက်ရှိ၏။ သူ့အနီးတွင် အရာရှိများ ရပ်လျက်ရှိပြီး ရှေ့တွင်လည်း တိုက်ပိုင်နှင့် ရဲမှူးနှစ်ယောက် ရပ်လျက်ရှိ၏။ ရဲနှစ်ယောက်အနက် တယောက်မှာ "ခြေကျင်ရဲ'ဟု ခေါ်ပြီး နောက်တယောက်ကို 'မြင်းစီးရဲ' ဟု ခေါ်ကြ၏။ ပထမ ရဲမှူး၏ လက်အောက်တွင် လှံကိုင်ရဲသား နှစ်ဆယ်နှင့် ခြေကျင် တပ်သား နှစ်ဆယ်တို့ ပါသည့် တပ်စုတခု ရှိ၏။ ဒုတိယရဲမှူး၏ အောက်တွင် မြင်းစီးရဲ နှစ်ဆယ်နှင့် ခြေကျင်တပ်သားနှစ်ဆယ်တို့ ပါသည့် တပ်စုတခု ရှိ၏။

မြင်းစီးရဲမှူးချူတုံမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်၏။ သူ့မျက်နှာသည် သစ်ကြားသီးခွံကဲ့သို့ ညိုမောင်းလျက်ရှိပြီး သူ့မျက်လုံးများသည် (ရှေးပုံပြင်ထဲက သူရဲကောင်း ကွမ်ကုံ၏ မျက်လုံးကဲ့သို့) ကြယ်ပမာ ပြိုးပြက်တောက်ပ၏။ ချူတုံသည် တနယ်လုံးတွင် "မုတ်ဆိတ်" ဟု အသိများကြပြီး မျိုးကောင်းရိုးကောင်းမှ ဆင်းသက်လာသူ ဖြစ်၏။ ချူတုံသည် ရက်ရော ဖော်ရွေ၍ စိတ်သဘောထားကြီးသူ တယောက် ဖြစ်ပြီး ရဲရင့်များ၊ သွေးသောက်များ ကြားတွင် မိတ်ဆွေအပေါင်းအသင်း ပေါများသူ ဖြစ်၏။

လက်နက်မျိုးစုံကိုလည်း ကျွမ်းကျင်သူ ဖြစ်၏။

ခြေကျင်ရဲမှူး၏ အမည်မှာ လွေ့ဟုန်ဖြစ်၏။ အရပ်မြင့်မြင့်၊ အသားနီစပ်စပ် ဖြစ်ပြီး သူ့ နှုတ်ခမ်းမွေးသည် ယပ်တောင်တချောင်းကဲ့သို့ မျက်နှာပေါ်တွင် ဖြန့်မိုးလျက် ရှိ၏။ အလွန် သန်မာ၍ အလွန်ဖျတ်လတ်သူ ဖြစ်၏။ အလျားခုန်ရာတွင် ပေနှစ်ဆယ် သုံးဆယ်ကျော် ရှိသည့် ချောက်တခုကို အသာကလေး ခုန်ကူးနိုင်ပြီး "ကျားပျံ' ဟု အမည်တွင်၏။ မူလက ပန်းပဲဆရာတယောက်ဖြစ်ပြီး နောက်တွင် ဂျုံစက်တလုံး၊ သားသတ်ရုံတရုံနှင့် လောင်း ကစားရုံတခုကို ထောင်ထား၏။ စိတ်ကောင်းနှလုံးကောင်း ရှိသည့်တိုင် အမြင်ကျဉ်းမြောင်း ၏။ သူလည်း လက်နက်မျိုးစုံကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်မြောက်၏။

သူတို့နှစ်ဦး၏ အဓိကတာဝန်မှာ ဓားပြများကို ဖမ်းဆီးရန် ဖြစ်၏။ မြို့အုပ်က သူတို့ကို ဆင့်ခေါ်သည့်အခါတွင် သူတို့နှစ်ယောက်သည် မြို့အုပ်ရှေ့မှောက်သို့ ရောက်လာကြကာ အရိုအသေပေးပြီးလျှင် အမိန့်ကို စောင့်ဆိုင်းနေကြ၏။

"ငါ ဒီတိုက်နယ်ကို ရောက်လာကတည်းက လျှံရှန်းတောင်ရိုးမှာ ရှိတဲ့ တောပုန်းတွေဟာ ဒီနယ်တဝိုက်မှာ လုယက်သောင်းကျန်းပြီး ငါတို့စစ်တပ်များကို တိုက်ခိုက်နေ တယ်လို့ ကြားရတယ်။ လျှံရှန်းတောင်ရိုးဟာ ငါတို့ ကျီစုခရိုင်ထဲမှာ ရေပတ်လည်ဝိုင်း နေတဲ့ မြစ်ဝကျွန်းပေါ်က တောင်ရိုးတခုဖြစ်နေတော့ တို့မှာ တောပုန်းတွေကို နှိမ်နင်းရတာ တော်တော် ခက်ခဲနေတယ်။ တောပုန်းတွေဟာ ရွာတွေကိုလည်း ဝင်ရောက် တိုက်ခိုက်နေ ကြတယ်။ နောက်လိုက်နောက်ပါကလည်း များတယ်လို့ သိရတယ်။ ခု မင်းတို့နှစ်ယောက်ကို ခေါ်ရတဲ့ အကြောင်းကတော့ မင်းတို့နှစ်ဦး ခေါင်းဆောင်ပြီး တောပုန်းတွေကို နှိမ်နင်းဖို့ တာဝန်ပေးချင်လို့ ခေါ်တာပဲ။ တစုက လူသူလက်နက် အပြည့်အစုံနဲ့ အရှေ့တံခါးက ထွက် ရမယ်။ တစုက အရှေ့တံခါးက ထွက်ပြီး ဒီနယ်ထဲကို ပတ္တရောင် လှည့်ရမယ်။ အဲဒီတောင် ရိုးက တောပုန်းစခန်းကို ဝင်စီးပြီး တောပုန်းတွေကို ဖမ်းခဲ့ရမယ်။ ဖမ်းတဲ့အခါမှာ အနီး အနားတဝိုက် ရွာသူရွာသားတွေကို အနှောင့်အယှက် မဖြစ်စေရဘူး။ အရှေ့ကမ်းရွာအလွန် တောင်ကြောကလေးပေါ်မှာ လက်ခုပ်ပင်ကြီးတပင် ရှိတယ်။ လက်ခုပ်ပင်ဆိုလို့ အဲဒီနား တဝိုက်မှာ ဒီတပင်ပဲ ရှိတယ်။ ဒီတော့ မင်းတို့နှစ်ယောက် အဲဒီနားကို ကင်းလှည့် မလှည့် သိရအောင် သက်သေအဖြစ်နဲ့ အဲဒီ လက်ခုပ်ပင်က လက်ခုပ်ပွင့်တွေကို ခူးခဲ့ရမယ်။ လက်ခုပ်ပွင့်မပါဘဲ ပြန်လာခဲ့ရင် မင်းတို့ကို ငါ အရေးယူမယ်"

ရဲမှူးနှစ်ဦးလည်း မိမိတို့စခန်းသို့ ပြန်လာခဲ့ကြကာ လူသူလက်နက်များကို စုဆောင်း ပြီး အသီးသီး ခရီးထွက်ခဲ့ကြ၏။

လွှေ့ဟုန်သည် တပ်သားနှစ်ဆယ်နှင့်အတူ အရှေ့တံခါးမှ ထွက်လာခဲ့၏။ သူတို့အစု သည် ရွာများကို ဝင်ရောက်ရှာဖွေကြ၏။ နောက်ဆုံးတွင် အရှေ့ကမ်းရွာ တဖက်ရှိ လက်ခုပ် ပင်ကြီး ရှိသည့် တောင်ရိုးပေါ်သို့ ရောက်သွားသဖြင့် လက်ခုပ်ပွင့်များကို ခူးလာခဲ့ပြီးလျှင် ရွာဘက်သို့ ပြန်လာခဲ့ကြ၏။ ပြန်လာ၍ နှစ်လီ သုံးလီခန့် ရောက်သည့်အခါတွင် လမ်းဘေး ရှိ လင်ကွမ်း ဘုံကျောင်းဝင်းတံခါးကြီး ပွင့်နေသည်ကို သတိပြုမိကြ၏။ လွှေ့ဟုန်က-

"ဒီဘုံကျောင်းက ကျောင်းစောင့်လည်း မရှိဘဲနဲ့ ဘာဖြစ်လို့ တံခါးကြီးပွင့်နေရသလဲ မသိဘူး။ လူဆိုးတို့ ဘာတို့များ ပုန်းနေသလား မဆိုနိုင်ဘူး။ ဝင်ကြည့်ကြရအောင်"

လွှေ့ဟုန်နှင့် သူ့တပ်သားများသည် မီးတုတ်များကို မီးညှိကာ လင်ကွမ်းဘုံကျောင်း ထဲသို့ ဝင်လာခဲ့ကြ၏။ ဘုံကျောင်းထဲရှိ ဆွမ်းပန်းစွန့်ရာ သင်ပုတ်ပလ္လင်ကြီးတွင်မူ ကိုယ် အထက်ပိုင်း ဗလာဖြင့် လူသန်ကြီးတယောက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိသည်ကို တွေ့ရလေ၏။ ရာသီဥတုပူပြင်းသည့်အတွက် ထိုလူသည် ပါလာသည့် ပန်းရိုက် အင်္ကျီကြီးကို ချွတ်၍ ခေါင်းအုံးအိပ်ရင်း တခေါခေါ ဟောက်လျက် ရှိလေ၏။

လွှေ့ဟုန်က-

"ဟန်ကျလိုက်လေကွာ။ တို့မြို့ပိုင်မှာ အကြားအမြင်များ ရနေသလား မသိဘူး။ အရှေ့ ကမ်းရွာနားမှာ လူဆိုး သူခိုးတွေ ရှိတယ်ဆိုတာ ဟုတ်သားပဲ။ တိုက်တိုက်ဆိုင်ဆိုင်ကို လာတိုးတာပဲ"

လွှေ့ဟုန်သည် သူ့တပ်သားများကို အမိန့်ပေးလိုက်ရာ တပ်သားများသည် ထိုလူကို ဝိုင်းဖမ်းကြ၏။ ထိုလူသည် အပြင်းအထန် ခုခံသည့်တိုင် နောက်ဆုံးတွင် မနိုင်တော့သဖြင့် တပ်သားများက သူ့ကို ချုပ်မိသွားကာ လက်ပြန်ကြိုးတုပ်ထားလိုက်ကြ၏။ တပ်သား များသည် ထိုလူကို ဘုံကျောင်းထဲမှ ဆွဲထုတ်လာခဲ့ကာ တိုက်သူကြီးအိမ်သို့ ခေါ်လာခဲ့ ကြ၏။

ထိုလူကို ဖမ်းဆီးသွားသည့်အတွက် ပေါ်ပေါက်လာသည့် ရလဒ်မှာ-

လူစွမ်းကောင်းသုံးယောက်တို့သည် အရှေ့ကမ်းရွာတွင် တွေ့ဆုံ စည်းဝေးကြကာ ယွန်ကျင့်တိုက်နယ်တွင် ငွေစင်တသိန်းကို ရှာဖွေကြ၏။

မှန်ပေ၏။ ကောင်းကင်မှ နတ်ဆိုးများနှင့် မြေပြင်ရှိ မိစ္ဆာတို့သည် တွေ့ဆုံစည်းဝေးကြ ကုန်၏။ လွှေ့ဟုန်သည် သူတို့ ဖမ်းဆီးရမိသွားသူကို မည်သည့်နေရာသို့ ခေါ်ဆောင်သွား လေသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၄
လင်ကွမ်းဘုံကျောင်း၌ မွေးနီသည် မူးမူးဖြင့် အိပ်ပျော်ခြင်း

ဘုရားဒကာကျောက်ခဲသည် အရှေ့ကမ်းရွာတွင် တူတယောက် မွေးစားခြင်း

လင်ကွမ်းဘုံကျောင်းထဲသို့ ဝင်လာသည့်အခါတွင် ဆွမ်းပန်းစွန့်ရာ သင်ပုတ်ပလ္လင်ကြီး ပေါ်တွင် အိပ်ပျော်နေသော လူသန်ကြီးတယောက်ကို လွေ့ဟုန် တွေ့ရ၏။ တပ်သားများ သည် သူ့ဆီသို့ ပြေးလာကြကာ သူ့ကို ဘုံကျောင်းအပြင်သို့ ဆွဲထုတ်လာခဲ့ကြ၏။ အချိန်မှာ အရုဏ်ကျင်းမျှသာ ရှိသေး၏။ နေမထွက်သေးချေ။ လွေ့ဟုန်က-

“ဒီကောင့်ကို တိုက်သူကြီးကျောက်ရဲ့ အိမ်ကို ခေါ်ခဲ့ဟေ့။ အဲဒီကျမှ မနက်စာလေး ဘာလေး စားကြရအောင်။ စားသောက်ပြီးရင် မြို့ပိုင်ဆီကို ပို့လိုက်ကွာ။ ဟိုရောက်မှ စစ်လိမ့်မယ်”

တပ်သားများသည် တိုက်သူကြီးကျောက်၏ အိမ်သို့ လာခဲ့ကြ၏။

အရှေ့ကမ်းရွာတိုက်သူကြီး၏ ဆွေမျိုးစုအမည်မှာ ကျောက်ဟု ခေါ်ပြီး သူ့ကိုယ်ပိုင် အမည်ရင်းမှာ ခဲဖြစ်၍ သူ့ကို ကျောက်ခဲဟု ခေါ်ကြ၏။ တိုက်သူကြီးကျောက်ခဲသည် ဘိုးဘေးစဉ်ဆက် ထိုနယ်တွင် နေထိုင်လာခဲ့သော လူချမ်းသာမျိုးရိုးမှ ဆင်းသက်လာခဲ့ပြီး တိုက်သူကြီး ဖြစ်သည့်အချိန်မှစ၍ တရားမျှတစွာ အုပ်ချုပ်ကာ မရှိဆင်းရဲသားများကို ကူညီတတ်သူတဦး ဖြစ်၏။ လူစွမ်းကောင်းများကို ကြည်ညိုလေးစားတတ်၏။ မည်သို့ သော အခြေအနေရှိစေ သူ့ထံသို့ ရောက်လာသည့် လူစွမ်းကောင်းများ၊ လက်ရုံးရည်နှင့် ပြည့်ဝသူများကို သူ့အိမ်တွင် တည်းခိုခွင့်ပေးကာ ကောင်းစွာ ကျွေးမွေးပြုစုလေ့ ရှိ၏။ ကျောက်ခဲသည် ကြံ့ခိုင်သန်စွမ်းသူတယောက်ဖြစ်ပြီး ကိုယ်ခံပညာများ၊ လက်နက်အတတ် များကိုလည်း ကောင်းစွာ တတ်ကျွမ်း၏။ ကျောက်ခဲတွင် အိမ်ထောင်ဟူ၍လည်း မရှိဘဲ မနက်မှသည် ညနေမိုးချုပ်အထိ ကိုယ်ခံပညာရပ်များကို လေ့ကျင့်ရင်းဖြင့် အချိန်ကုန် တတ်၏။

ယွန်ကျင့်တိုက်နယ် အရှေ့တံခါးအပြင်ဘက်တွင် ထိုတိုက်နယ်မှ အုပ်ချုပ်ရသည့် ရွာနှစ်ရွာ ရှိ၏။ ထိုရွာနှစ်ရွာ၏ အလယ်တွင် ချောင်းတခု ဖြတ်စီးလျက်ရှိပြီး အရှေ့ဘက် ကမ်းမှ ရွာကို အရှေ့ကမ်းရွာဟု ခေါ်ပြီး အနောက်ဘက်ကမ်းမှ ရွာကို အနောက်ကမ်းရွာဟု ခေါ်၏။ တခါသော် အနောက်ကမ်းရွာတွင် မကောင်းဆိုးဝါးတို့ ဝင်ရောက်နှောင့်ယှက်ကြ၏။

နေ့ခင်းကြောင်တောင်မှာပင် ချောင်းကမ်းစပ်မှနေ၍ လူများကို ခြောက်လှန့်ပြီး ရေထဲသို့ ဆွဲသွားတတ်သည်ဟု အဆိုရှိ၏။ ထိုစဉ် ထိုရွာသို့ ဘုန်းတော်ကြီးတပါး ရောက်လာသဖြင့် ရွာသားများက လျှောက်ကြသည့်အခါတွင် ဘုန်းတော်ကြီးက တနေရာကို ညွှန်ပြကာ ကျောက်တုံးနက်တို့ဖြင့် စေတီတဆူ တည်ခိုင်း၏။ ထိုစေတီတည်ပြီးလျှင် မကောင်းဆိုးဝါး တို့ ရန်မှ ကင်းလိမ့်မည်ဟုလည်း မိန့်၏။ ဤတွင် မကောင်းဆိုးဝါးတို့လည်း အနောက်ကမ်း ရွာမှ ထွက်ပြေးကြကာ အရှေ့ကမ်းရွာကို ဝင်ရောက် နှောင့်ယှက်ကြပြန်၏။

တိုက်သူကြီးကျောက်ခဲသည် ထိုအကြောင်းကို ကြားလျှင် များစွာ ဒေါသဖြစ်၏။ ထို့ကြောင့် ရေထဲသို့ဆင်းကာ အနောက်ကမ်းရွာသားများ တည်ထားသည့် ကျောက်တုံးနက် စေတီကို ပင့်ချီလာပြီးလျှင် အရှေ့ကမ်းရွာ နဖူးတွင် တည်၏။ ထိုအချိန်မှစ၍ တိုက်သူကြီး ကျောက်ခဲကို ဘုရားဒကာကျောက်ခဲဟု ခေါ်ကြ၏။ ထိုအချိန်မှစ၍ ကျောက်ခဲသည် တရွာ လုံး၏ ကြည်ညိုခြင်းကို ခံရပြီး ရပ်နီးရပ်ဝေး လူစွမ်းကောင်းများကြားတွင် ကျော်စော ထင်ရှား၏။

ထိုနေ့မနက်၌ လွှေ့ဟုန်နှင့် သူ့တပ်သားများသည် လူသန်ကြီးကို တိုက်သူကြီးကျောက်ခဲ အိမ်သို့ ခေါ်လာခဲ့ကြပြီး ဝင်းတံခါးကို အဖွင့်ခိုင်းကြ၏။ ရဲမှူးတို့လာကြောင်းကို သိလျှင် အခိုင်းအစေတို့သည် အကျိုးအကြောင်းကို တိုက်သူကြီးကျောက်ခဲထံ သွားပြောကြ၏။ ကျောက်ခဲသည် အိပ်ရာထဲတွင် ရှိနေသည့်တိုင် ရဲမှူးလွှေ့ဟုန် လာသည်ဟု ကြားလျှင် ဝင်းတံခါးကို ချက်ချင်း ဖွင့်ပေးရန် ခိုင်းလိုက်၏။ အခိုင်းအစေများက ဝင်းတံခါးကို ဖွင့်ပေး လိုက်သည့်အခါ၌ တပ်သားများသည် ဝင်းပေါက်ရှိ တဲကလေးထဲတွင် တုတ်ခိုင်သန်မာ သည့် လူကြီးတယောက်ကို ကြိုးဖြင့် တွဲလောင်းဆွဲထားသည်ကို တွေ့ရ၏။ လွှေ့ဟုန်သည် နောက်လိုက်နောက်ပါ ဆယ်ယောက်ခန့်ကို ခေါ်ကာ အိမ်ထဲသို့ ဝင်လာပြီး ဧည့်ခန်းတွင် ဝင်ထိုင်၏။

တိုက်သူကြီးကျောက်ခဲသည် အိပ်ရာမှ ထလာကာ-

"ဆိုစမ်းပါဦး ရဲမှူးကြီးရဲ့။ ဘာကိစ္စများလဲ"

"မြို့ပိုင်ရဲ့ အမိန့်အရ ကျွန်တော်တို့ ကင်းအဖွဲ့ နှစ်ဖွဲ့ ခွဲပြီး တောပုန်းတွေကို ဖမ်းဖို့ ထွက်လာခဲ့ကြတာပါ။ ကျွန်တော်တို့ မောမောနဲ့ နားမယ်လုပ်တုန်းမှာ တိုက်သူကြီးမင်းရဲ့ အိမ်ကို တွေ့လို့ ဝင်လာကြတာပါ။ ကျွန်တော်တို့ လာလို့ အနှောင့်အယှက်များ ဖြစ်နေ မလား မသိဘူး"

"မဖြစ်ပါဘူးဗျာ။ ရပါတယ်။ နို့ နေစမ်းပါဦး။ ကျွန်တော်တို့ရွာထဲက လူဆိုးသူခိုးတို့များကော မိလို့လား" ဟု ဆိုကာ ကျောက်ခဲသည်

အခိုင်းအစေများအား လက်ဖက်ရည်နှင့် စားသောက်ဖွယ်များကို အပြင်ခိုင်းလိုက်၏။

"လင်ကွမ်းဘုံကျောင်းထဲမှာ ပုန်းနေတဲ့ ခပ်ထွားထွားလူတယောက်တော့ မိလာခဲ့ တယ် ခင်ဗျ။ လူကြည့်ရတာကိုက လူကောင်းသူကောင်းနဲ့ မတူဘူး။ အရက်မူးပြီး ဆွမ်းစွန့် တဲ့ သင်ပုတ်ပလ္လင်ပေါ်မှာ အိပ်ပျော်နေတာ တွေ့တာနဲ့ ဖမ်းလာခဲ့တယ်။ သူ့ကို ခုပဲ မြို့ပိုင်ဆီ ခေါ်သွားရမှာပဲ။ ဒါပေမဲ့ စောကလည်း စော၊ တိုက်သူကြီးဆီကိုလည်း အကြောင်းကြား ချင်သေးတာနဲ့ ကျွန်တော်တို့ ဝင်လာခဲ့ကြတာ။ နောင်မှ မြို့ပိုင်က တိုက်သူကြီးကို မေးလာ ရင် ကြိုတင်သိနေအောင်လို့ပါ။ ခုတော့ အကျဉ်းသားကို ဝင်းဝပေါက်က တဲထဲမှာ ချုပ်ထား တယ်ခင်ဗျ"

တိုက်သူကြီးကျောက်ခဲသည် သူပြောသမျှတို့ကို စိတ်ထဲတွင် မှတ်သားထားလိုက်၏။ "ကြိုတင်ပြောတဲ့အတွက် ရဲမှူးကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

အတန်ကြာလျှင် အခိုင်းအစေများသည် လက်ဖက်ရည်များနှင့် စားသောက်ဖွယ်ရာ များကို ယူလာခဲ့ကြ၏။ ကျောက်ခဲက-

"ကဲ၊ ကြွပါခင်ဗျာ။ ဒီနားမှာ စကားပြောရတာ မကောင်းပါဘူး။ အထဲမှာ အေးအေး လူလူ စကားပြောတာပေါ့" ဟု ဆိုကာ အခိုင်းအစေတယောက်ကို မီးထွန်းခိုင်းပြီးလျှင် လွေ့ဟုန်ကို အတွင်းဆောင်ထဲသို့ ခေါ်လာခဲ့၏။

နေရာအသီးသီးတွင် ထိုင်မိကြသည့်အခါတွင် အခိုင်းအစေအချို့က စိမ်ရည်များနှင့် အမြည်းများကို ယူလာခဲ့ကြ၏။ တပ်သားများကိုလည်း စိမ်ရည်တိုက်ရန် ခိုင်းလိုက်၏။ အခိုင်းအစေများသည် တပ်သားများကို တဲကလေးတလုံးထဲသို့ ခေါ်သွားကြကာ အမြည်း များ၊ စိမ်ရည်အိုးများဖြင့် ဧည့်ခံကြရာ တပ်သားများလည်း ဗိုက်ကားအောင် စားသောက် ကြလေ၏။

ထိုသို့ ကျွေးမွေးလျက်ရှိစဉ် ကျောက်ခဲ စိတ်ထဲ၌ "ငါ့ရွာထဲက ဖမ်းမိလာတယ်ဆိုတော့ သူတို့ ဘယ်သူ့ကိုများ ဖမ်းလာကြသလဲ မဆိုနိုင်ဘူး။ သွားတော့ ကြည့်ဦးမှပဲ" ဟု ဆိုကာ ရဲမှူးလွေ့ဟုန်နှင့် စိမ်ရည် လေး ငါးခွက်သောက်ပြီးလျှင် စာရေးတော်ကိုင်ကို ခေါ်၍-

"ရဲမှူးကို ထိုင်ပြီး ဧည့်ခံလိုက်စမ်း။ ငါ တပိုတပါး သွားလိုက်ဦးမယ်။ ချက်ချင်းပြန်လာ ခဲ့မယ်"

စာရေးတော်ကိုင်က လွေ့ဟုန်ကို ဧည့်ခံနေစဉ် တိုက်သူကြီးကျောက်ခဲသည် မှန်အိမ် တလုံးကို ဆွဲကာ ဝင်းဝရှိ တဲကလေးသို့ လာခဲ့၏။ ထိုအနီးတဝိုက်တွင်လည်း

တပ်သား တယောက်တလေကိုမှ မတွေ့ရချေ။ အားလုံးမှာ စိမ်ရည်ဝိုင်းတွင် စုမိနေကြလေပြီ။ ကျောက်ခဲသည် ဝင်းဝတွင် အစောင့်ကျနေသည့် မိမိအခိုင်းအစေအား-

"ဟေ့၊ တပ်သားတွေ ဖမ်းလာတဲ့ လူဆိုးကို ဘယ်နားမှာ ထားသလဲ" ဟု မေး၏။

"ဝင်းဝက တဲထဲမှာ ချုပ်ထားတယ်ခင်ဗျ"

ကျောက်ခဲသည် ဝင်းဝရှိ တဲတံခါးကို တွန်းကာ အထဲသို့ ဝင်ကြည့်ရာ လူဆိုးကို ထုပ်တွင် ကြိုးဖြင့် တွဲလောင်းချည်ထားသည်ကို တွေ့ရ၏။ ထိုလူ၏ ခန္ဓာကိုယ်ကြီးမှာ မည်းမည်းကြုတ်ကြုတ်ရှိသလောက် ကြီးခိုင်ပြီး အောက်သို့ တွဲလောင်းကျနေသော ခြေထောက်ကြီးများမှာလည်း မည်းနက်ကာ အမွေးအမှင်တို့ ဖုံးလျက်ရှိ၏။ နားထင်စပ် တွင်မူ မရန်းရောင် မွေးမှတ်ကြီးတခု ပါရှိပြီး ထိုမွေးမှတ်ကြီးပေါ်တွင် နီကြင်ကြင် ဆံပင် များနှင့် နပန်းဆံများသည် ထူထပ်စွာ ပေါက်လျက် ရှိကြ၏။

"ဟေ့၊ သူငယ်။ မင်းက ဘယ်ကလဲ။ ငါ့ရွာမှာ မင်းကို မတွေ့ဖူးပါကလား"

"ကျွန်တော်က တရပ်တကျေးကပါ ခင်ဗျာ။ ကျွန်တော် ဒီရွာက လူတယောက်ဆီကို အလုပ်လုပ်မလို့ လာခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော့်ကို လူဆိုး ဆိုပြီး ဖမ်းလာခဲ့ကြပါတယ်။ တရားသဖြင့် ဖြစ်အောင် လုပ်ပေးပါ"

"ဒီရွာက ဘယ်သူ့ဆီမှာ အလုပ်လုပ်မှာလဲ"

"လူစွမ်းကောင်းတယောက်ဆီမှာပါ"

"ဘယ်သူလဲ"

"တိုက်သူကြီးကျောက်ခဲလို့ ခေါ်ပါတယ်"

"သူ့ကို ဘာကိစ္စတွေ့ချင်တာလဲ"

"တိုက်သူကြီးကျောက်ခဲဟာ မဟုတ်မခံ၊မှန်ကန်တရားတဲ့လူတယောက်လို့ ကျွန်တော် သိရပါတယ်။ ခု သူ ကောင်းစားဖို့ အခွင့်အရေးတခု ကြုံလို့ အဲဒီအကြောင်းကို ပြောမလို့ လာတာပါ"

"အဲဒီလူကို ရှာမနေပါနဲ့ကွယ်။ မောင် တွေ့ချင်တဲ့ တိုက်သူကြီးကျောက်ခဲ ဆိုတာ ကျုပ်ပဲ။ မောင့်ကို ကယ်စေချင်ရင် ကျုပ်ဟာ မောင့်အမေရဲ့ မောင်လို့ ပြော။ မောင့်ဦးလေး ပေါ့။ ကျုပ်တူလို့ ပြော။ မကြာခင် ကျုပ် ရဲမှူးတွေကို လိုက်ပို့မလို့

ဆင်းလာရင် ကျုပ်ကို မြင်တာနဲ့ ဦးလေးလို့ တန်းခေါ်။ ကျုပ်ကလည်း မောင့်ကို တူမောင်လို့ ခေါ်မယ်။ ဒီရွာက လေး ငါးနှစ်သားလောက်ကတည်းက ထွက်သွားတာ ခုမှ ပြန်တွေ့ရတယ်လို့ ပြော။ ဒါ ကြောင့် ကျုပ်ကို ကောင်းကောင်း မမှတ်မိတော့ဘူး။ ခု ကျုပ်ကို လာရှာတယ်လို့ ပြော”

“ကျွန်တော့်ကို ကယ်တဲ့အတွက် ကျေးဇူးကြီးလှပါတယ် ခင်ဗျာ။ တိုက်သူကြီးမင်း ကျွန်တော့်ကို ကယ်ပါနော်”

တိုက်သူကြီးကျောက်ခဲသည် မှန်အိမ်ကို ဆွဲကာ အပြင်သို့ ထွက်လာခဲ့ပြီး တံခါးကို ပြန်ပိတ်၍ ဧည့်သည်များ ရှိရာ အတွင်းဆောင်ဘက်သို့ ပြန်လာခဲ့၏။

“တပိုတပါး သွားနေလို့နော် ရဲမှူးကြီး။ ခွင့်လွှတ်”

“တိုက်သူကြီးမင်းကို ဒုက္ခပေးသလို ဖြစ်နေပြီဗျာ” ဟု လွေ့ဟုန်က ပြော၏။

သူတို့သည် စိမ်ရည်ကို နောက်ထပ် သောက်ကြ၏။ ခဏကြာလျှင် နေရောင်သည် ပြတင်းပေါက်မှ ဖြာကျလာခဲ့လေပြီ။

“နေတောင် တော်တော်မြင့်လာပြီ ခင်ဗျ။ သွားဦးမှပဲ။ ခရိုင်ရုံးမှာ လက်မှတ်ထိုးအပ် ရဦးမယ်”

“ကျွန်တော်တို့ ရွာကလေးကို ရောက်လာရင် အချိန်မရွေး ဝင်ပါ”

“ဟုတ်ကဲ့ တိုက်သူကြီးမင်း။ နေပါစေ။ ကျွန်တော်တို့ကို လိုက်မပို့ပါနဲ့တော့”

“ဝင်းဝရောက်အောင်တော့ လိုက်ပို့လိုက်ပါမယ်လေ”

ကျောက်ခဲနှင့် ကွေ့ဟုန်တို့သည် အိမ်ထဲမှ ထွက်လာခဲ့ကြ၏။ အစာကို ဝလင်စွာ စားသောက်ပြီးသည့် တပ်သားများသည်လည်း သူတို့လက်နက်များကို ကောက်ကိုင်ကာ ဝင်းဝရှိ တဲကလေးဆီသို့ လာခဲ့ကြ၏။ တဲထဲတွင် တွဲလောင်းချည်ထားသည့် လူရွယ်ကို ဖြုတ်ပြီးသော် လက်ပြန်ကြိုးတုပ်၍ အပြင်သို့ ခေါ်လာကြလေ၏။

“အလို၊ ကိုယ်ပေါက်ကိုယ်ရောက် တော်တော်ကြီးတဲ့ သူငယ်ပါကလား”ဟု ကျောက်ခဲ က မှတ်ချက်ချ၏။

“လင်ကွမ်းဘုံကျောင်းထဲမှာ ပုန်းနေတုန်း ဖမ်းမိလာတဲ့ ကောင်ပေါ့” ဟု လွေ့ဟုန်က ပြော၍ မဆုံးမီ လူရွယ်က တိုက်သူကြီးကျောက်ခဲကို လှမ်း၍-

“ဦးလေး၊ ကျွန်တော့်ကို ကယ်ပါဦး ဦးလေး” ဟု အော်၏။

ကျောက်ခဲသည် ဇဝေဇဝါဖြစ်ဟန်ဖြင့် အတန်ကြာ စိုက်ကြည့်နေပြီးနောက်-

"ဟင်၊ ဝမ်ပါလား" ဟု ပြော၏။

"ဟုတ်ပါတယ် ဦးလေး။ ဝမ်ပါ။ ကျွန်တော့်ကို ကယ်ပါဦး ဦးလေးရယ်"

အားလုံးမှာ အံ့အားသင့်လျက် ရှိလေ၏။ တွေ့ဟုန်က ကျောက်ခဲဘက်သို့ လှည့်၍-

"သူက ဘယ်သူလဲ တိုက်သူကြီးမင်း၊ တိုက်သူကြီးနဲ့ သူနဲ့ ဘယ်လိုလုပ်ပြီး သိနေကြ တာလဲ"

"ကျွန်တော့်အစ်မရဲ့သား ဝမ်ပါ ရဲမှူးကြီးရယ်။ တော်တော်ခက်တဲ့ကောင်ပဲ။ ဒီကောင် ဟာ ဘာဖြစ်လို့များ ဝတ်ကျောင်းထဲ ဝင်အိပ်နေရသလဲ မသိဘူး။ သူ လေးငါးနှစ်သား လောက်အထိ ကျွန်တော်တို့ရွာမှာပဲ နေသွားတာ။ နောက်တော့ သူ့အဖေနဲ့ သူ့အမေလည်း ဒက္ခိဏနေပြည်တော်ကို ပြောင်းသွားကြတယ် ခင်ဗျ။ ကျွန်တော်နဲ့ မတွေ့တာ ဆယ်နှစ် လောက်တောင် ရှိသွားပြီ။ သူ ဆယ်နှစ်သားလောက်တုန်းကတော့ စွန်ပလွံကုန်သည်တွေနဲ့ လိုက်လာလို့ တခါ တွေ့လိုက်ရဲ့။ အဲဒီနောက် တခါမှ မတွေ့ရတော့တာပါလား။ ဒီကောင် လေးဟာ ခပ်ပေပေ ခပ်ဆိုးဆိုးလို့တော့ ပြောသံကြားဖူးပါရဲ့။ ကြည့်စမ်း ခင်ဗျာ၊ ခုတော့ သူ ဘယ်လိုလုပ်ပြီး ဘုံကျောင်းထဲကို ရောက်နေသလဲ မဆိုနိုင်ဘူး။ ကျွန်တော်လည်း သူ့ နားထင်စပ်က မွေးမှတ်ကြီးသာ မရှိရင် သူ့ကို လုံးလုံး မှတ်မိမှာ မဟုတ်ဘူး"

တိုက်သူကြီးကျောက်ခဲသည် သူငယ်ဘက်သို့ လှည့်ကာ-

"ဝမ်၊ မင်း ဘယ်လိုလုပ်တာလဲဟင်။ တကယ်ဆို ငါ့ဆီ လာပါတော့။ ဘာဖြစ်လို့ ရွာထဲမှာ ခိုးဆိုးလုယက်နေရတာလဲ"

"ကျွန်တော် ဘာမှ မခိုးရပါလား ဦးလေးရယ်"

"မင်း ခိုးလို့ ဆိုးလို့ ဒီကို ခေါ်လာတာပေါ့ကွ။ မင်း မခိုးရင် ဘာဖြစ်လို့ ဟောဒီက ရဲမှူးကြီးတို့က မင်းကို ဖမ်းလာကြပါ့မလဲ"

ကျောက်ခဲသည် စိတ်ဆိုးမာန်ဆိုးဖြင့် အော်ကာ တပ်သားတယောက်ထံမှ တုတ်ကို ဆွဲယူပြီးလျှင် လူငယ်၏ ခေါင်းကို ရိုက်လိုက်၏။

"တိုက်သူကြီးမင်း။ မရိုက်ပါနဲ့ဦးလေ။ သူပြောတာကို နားထောင်ပါဦး"ဟု လွေ့ဟုန်နှင့် အဖော်များက ပြောကြ၏။

"ကျွန်တော် ရှင်းပြပါရစေဦး ဦးလေး။ ကျွန်တော် ဒီကိုလာတာ

ဆယ့်ငါးနှစ်သားတုန်း ကဆိုတော့ ခုဆိုရင် ဆယ်နှစ်တောင် ရှိသွားပြီမဟုတ်လား ဦးလေး။ မနေ့ညတုန်းကတော့ လမ်းမှာ မောမောရှိတာနဲ့ စိမ်ရည်ကလေး တအိုး၊ နှစ်အိုး သောက်လာမိတယ် ခင်ဗျ။ အရက်မူးပြီး ဦးလေးဆီကို မလာရဲတာနဲ့ ကျွန်တော် ဘုံကျောင်းထဲကို သွားအိပ်တာပါ။ ခုလို အဖမ်းခံရမယ်ဆိုတာ ဘယ်မှာ သိပါ့မလဲ ဦးလေးရယ်။ ကျွန်တော် မခိုးပါဘူး။ တကယ်ပါ”

ကျောက်ခဲသည် သူ့ကို ရိုက်တော့မည်ဟန် အနားသို့ ကပ်လာရင်း-

“ခွေးတိရစ္ဆာန်။ ငါ့ဆီကိုတော့ တိုက်ရိုက်မလာဘဲ သေရည်တွေကို သောက်တယ်ပေါ့ ဟုတ်လား။ သောက်ချင်ရင် အိမ်မှာ ကောင်းကောင်းမွန်မွန် သောက်ပါလားကွ။ ငါ့ကို သိက္ခာကျအောင် လုပ်တာပေါ့”

လွှေ့ဟုန်က ချောမော့နှစ်သိမ့်သံဖြင့်-

“သိပ်စိတ်ဆိုးမနေပါနဲ့ တိုက်သူကြီးမင်းရယ်။ တိုက်သူကြီးရဲ့ တူဟာ သူခိုးဓားပြ မဟုတ်ပါဘူး။ ဘုံကျောင်းထဲမှာ သူ့လို သန်သန်ထွားထွားကျိုင်းကျိုင်း လူငယ်တယောက် မူးမူးနဲ့ အိပ်နေတာမြင်တော့ မသင်္ကာတာနဲ့ ဖမ်းလာတာပါ။ အရင်တုန်းကလည်း သူ့ကို မတွေ့ဖူးဘူး မဟုတ်လား။ ဒါနဲ့ လူစိမ်းဆိုပြီး ဖမ်းခေါ်လာတာပါ။ တိုက်သူကြီးရဲ့ တူမှန်း သိရင် ကျွန်တော်တို့ ဘယ်ဖမ်းလာပါ့မလဲ”

လွှေ့ဟုန်သည် လူငယ်အား ကြိုးဖြေပေး၍ တိုက်သူကြီးကျောက်ခဲထံ အပ်ရန် သူ့ တပ်သားများကို အမိန့်ပေးလိုက်၏။ တပ်သားများကလည်း ခိုင်းသည့်အတိုင်း ချက်ချင်း လုပ်ကြ၏။

“ဗွေမယူပါနဲ့နော် တိုက်သူကြီး။ တိုက်သူကြီးရဲ့ တူမှန်း သိရင် ကျွန်တော် ဒီလို မလုပ် ပါဘူး။ စိတ်မရှိနဲ့နော် တိုက်သူကြီး။ ကဲ၊ ကျွန်တော်တို့လည်း ပြန်ကြမှ ထင်တယ်”

“ရဲမှူးကြီး။ ခဏလေးဗျာ။ ကျွန်တော် စကားပြောစရာလေး နည်းနည်းရှိလို့”

တိုက်သူကြီးကျောက်ခဲက ပြော၏။

လွှေ့ဟုန်သည် တိုက်သူကြီးနှင့်အတူ အိမ်ထဲသို့ လိုက်လာခဲ့၏။ ကျောက်ခဲက သူ့ကို ငွေစင်တဆယ်သား ပေးပြီးလျှင်-

“နည်းတယ်လို့တော့ မအောက်မေ့ပါနဲ့ ရဲမှူးကြီးရယ်။ ဒါလေးကိုတော့ လက်ခံပါ”

"ဟာ၊ မလုပ်ပါနဲ့ ခင်ဗျာ။ လက်မခံပါရစေနဲ့"

"ရဲမှူးကြီး လက်မခံရင်တော့ ကျွန်တော့်ကို မကျေနပ်လို့ပဲလို့ ယူဆရပါလိမ့်မယ်"

"ခက်တော့တာပဲ ခင်ဗျာ။ ကဲ ကဲ တိုက်သူကြီးမင်းက ဒီလောက်တောင် စေတနာ ထက်သန်မှတော့ လက်ခံရတော့မှာပေါ့"

ကျောက်ခဲသည် ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသည့် လူငယ်ကိုလည်း တွေ့ဟုန် အား အရိုအသေပေးရန် ခိုင်း၏။ ထို့နောက် တပ်သားများအားလည်း ငွေစင်အနည်းငယ်စီ ဝေကာ သူတို့ကို ဝင်းပေါက်ရောက်အောင် လိုက်ပို့လေ၏။ လွှေ့ဟုန်လည်း တိုက်သူကြီး မင်းကို နှုတ်ဆက်ကာ သူ့လူများနှင့်အတူ ပြန်၍ သွားလေ၏။

ကျောက်ခဲသည် လူရွယ်ကို နောက်ဖေးဆောင်သို့ ခေါ်သွားကာ အဝတ်အစားများနှင့် ခမောက်တလုံးကို ပေးလိုက်၏။ အမည်နှင့် မျိုးရိုးဇာတိကိုလည်း စုံစမ်း၏။

"ကျွန်တော့်မျိုးရိုးနာမည်က လျူပါ ခင်ဗျာ။ ကျွန်တော့် ကိုယ်ပိုင်နာမည်ကတော့ ထန်ပါ။ ဒါကြောင့် ကျွန်တော့်ကို လျူထန်လို့ ခေါ်ကြပါတယ်။ ကျွန်တော့် ဇာတိကတော့ လူချောင်းခရိုင် အရှေ့ဘက်ကပါ။ ဟောဒီက ကျွန်တော့် မွေးမှတ်ကြီးပေါ်က အမွေးအမှင် နီကြင်ကြင်တွေကြောင့် ကျွန်တော့်ကို ကလေးကတည်းက မွေးနီလို့ ခေါ်ကြပါတယ်။ ခု လာရတာကလည်း တိုက်သူကြီးမင်း ကောင်းစားဖို့ အခွင့်အရေးတရပ် မြင်လို့ လာပြော တာပါ။ မနေ့ညကတော့ မူးမူးနဲ့ ဘုံကျောင်းထဲ အိပ်ပျော်သွားတုန်း ဒီကောင်တွေ ရောက်လာပြီး ကျွန်တော့်ကို ဖမ်းလာကြတာပါပဲ။ ခုတော့ အခန့်သင့်ဆိုသလို ကျွန်တော်သွားချင် တဲ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပ ခင်ဗျာ။ ကဲ၊ တိုက်သူကြီးမင်း ထိုင်ပါဦး ခင်ဗျာ။ ကျွန်တော် ဦးလေးကြိမ် ချပါရစေဦး"

ဦးချပြီးသည့်အခါတွင် ကျောက်ခဲက-

"မောင်က အခွင့်အရေးကောင်း တွေ့လို့ ပြောဖို့လာတာဆို။ မောင် ပြောသွားတယ် မှတ်တယ်။ ဆိုစမ်းပါဦး"

"ကျွန်တော်ဟာ ကလေးဘဝကတည်းက နယ်တကာအနှံ့ သွားနေတာပါ ခင်ဗျာ။ နယ်မြေအနှံ့၊ ရွာအနှံ့ရောက်ပြီး လူစွမ်းကောင်း တော်တော်များများနဲ့လည်း သိကျွမ်းခဲ့ဖူး ပါတယ်။ တိုက်သူကြီးအကြောင်းကိုတော့ မကြာခဏ ပြောသံကြားခဲ့ပေမယ့် တခါမှ မဆုံခဲ့ပါဘူး။ တိုက်သူကြီးနောက်မှာ အမှုထမ်းခဲ့ဖူးတဲ့

လူတော်တော်များများကို တောင်ရဲ့ အရှေ့ဘက်မှာရော မြစ်တွေရဲ့ မြောက်ဘက်မှာရော တွေ့ခဲ့ဖူးပါပြီ။ ဒါကြောင့်မို့ ကျွန်တော် ပြောချင်လို့လာတာပါ။ ဒီနားတဝိုက်မှာ လူစိမ်းသူစိမ်းများ မရှိဘူးဆိုရင် တိုက်သူကြီးကို ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါတယ်”

“ပွင့်ပွင့်လင်းလင်းသာ ပြောလေ။ ဒီနားမှာ ကျုပ် လူယုံတွေချည်းပါပဲ”

“ဒီလိုပါ ခင်ဗျာ။ ဥတ္တရနေပြည်တော်၊ ထာ့နင်းမြို့ မြို့ဝန်လျှံချုံ့ရှုဟာ အရှေ့နေပြည်တော်က အမတ် နန်းရင်းဝန်ကြီးဆယ် ဆီကို မွေးနေ့လက်ဆောင်အဖြစ် အဖိုးတန်ရတနာ တွေနဲ့ ရှေးဟောင်းပစ္စည်းတွေအပြင် ငွေစင်တသိန်း လက်ဆောင်ပို့မယ်လို့ ကြားရပါတယ်။ မနှစ်ကလည်း အလားတူ အဖိုးထိုက်လက်ဆောင်တွေကို ပို့လိုက်ပါတယ်။ ဒါပေမဲ့ လမ်းမှာ လူဆိုး ဓားပြတွေက လုယူလိုက်ကြပါတယ်။ လူဆိုးတွေကို ဒီနေ့အထိ မိတယ်လို့ မကြား ရသေးပါဘူး။

“ဒီနှစ်မှာလည်း ဒီအတိုင်းပဲ အဖိုးတန်ရတနာတွေနဲ့ ငွေစင်ဆယ်သိန်းကို ပို့တော့မယ် လို့ သိရပါတယ်။ ဘယ်လမ်းက ပို့မယ်ဆိုတာကိုလည်း စီစဉ်ပြီးပါပြီ။ ဒီပစ္စည်းတွေကို ခြောက်လပိုင်း ဆယ့်ငါးရက်နေ့ မတိုင်ခင်မှာကျတဲ့ နန်းရင်းဝန်ကြီးရဲ့မွေးနေ့ မတိုင်မီမှာ အရောက်ပို့ရမယ်လို့ ဆိုပါတယ်။ ကျွန်တော်သိသလောက် ပြောရမယ်ဆိုရင်တော့ ဒီ ပစ္စည်းတွေကို မသန့်ရှင်းတဲ့ ငွေတွေနဲ့ ဝယ်ထားတာပါ။ ဒီပစ္စည်းတွေကို လုယူတဲ့အတွက် ဘာမှ ငရဲမကြီးပါဘူး။ ဒီတော့ ကျွန်တော်တို့အနေနဲ့ လမ်းက ဖြတ်ပြီး လုဖို့ စီစဉ်သင့်ပါ တယ်။ ဒီပစ္စည်းတွေဟာ ဓမ္မိယလဒ္ဓပစ္စည်း မဟုတ်တဲ့အတွက် ကျွန်တော်တို့မှာလည်း ရာဇဝတ်မှုကျူးလွန်ရာလည်း မရောက်ပါဘူး။

“တိုက်သူကြီးမင်းဟာ ယောကျ်ားပီသပြီး လက်နက်အတတ်များကိုလည်း ကျွမ်း ကျင်တဲ့ လူတယောက်လို့ ကျွန်တော် ကြားဖူးပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကျွမ်းကျွမ်းကျင်ကျင်ကြီး မဟုတ်သည့်တိုင် နည်းနည်းပါးပါးတော့ တတ်ပါတယ်။ လူ လေး ငါးယောက်လောက်ကို တယောက်တည်းသတ်နိုင်ပြီး ကျွန်တော့်စိတ်ကြိုက် လုံတချောင်း ကိုသာ ရရင် မြင်းစီးယောကျ်ား နှစ်ထောင် လာပါစေ၊ ကျွန်တော်တယောက်တည်း ခံတိုက် နိုင်ပါတယ်။ ကျွန်တော် ပြောတာကို သဘောတူတယ်ဆိုရင် ကျွန်တော် ကူညီနိုင်ပါတယ် ခင်ဗျာ။ တိုက်သူကြီးမင်း ဘယ်လို သဘော ရပါသလဲ”

“ဟန်လိုက်လေကွာ။ သေသေချာချာတော့ စီမံကိန်းချရမယ်ကွ။ ဒါပေမဲ့ မင်းမှာ ခရီး ကလည်းပန်းလာတယ်။ အရိုက်အနှက်လည်း ခံထားရတယ်။ ဒီတော့ ခဏတဖြုတ်နားဦးပေါ့။ ငါလည်း စဉ်းစားကြည့်ဦးမယ်။ နောက်တော့

အေးအေးဆေးဆေး ပြောကြသေးတာပေါ့”

ကျောက်ခဲသည် အခိုင်းအစေတယောက်ကို ခေါ်ကာ လျှူထန်ကို ဧည့်သည်ဆောင်သို့ လိုက်ပို့ခိုင်းလျက် အခိုင်းအစေလည်း လိုက်ပို့ပြီး ထွက်သွားလေ၏။

လျှူထန်သည် တယောက်တည်း စဉ်းစားနေလေ၏။

“ငါ့မှာ တော်တော် ဒုက္ခရောက်လိုက်ပါ့ကလား။ တိုက်သူကြီးကျောက်ခဲ ကယ်ပေလို့ ပေါ့။ လွေ့ဟုန် ဆိုတဲ့လူဟာ ငါ့ကို သူခိုးလို့ ယိုးပြီး ထုပ်မှာ တညလုံး တွဲလောင်းဆွဲထား လိုက်တာ။ ဒီကောင် ခုလောက်ဆိုရင် ဝေးဝေးရောက်မှာ မဟုတ်သေးဘူး။ လက်နက်ယူပြီး နောက်က လိုက်သွားပြန်ရှော့မယ်။ ဒီကောင်တွေလောက်ကိုတော့ ငါ နိုင်ပါတယ်။ ဒီကောင် တွေဆီက တိုက်သူကြီး ပေးလိုက်တဲ့ ငွေစင်တွေကို ပြန်ယူပြီး တိုက်သူကြီးဆီ ပြန်ပေးရင် ကောင်းမယ် ထင်တယ်”

လျှူထန်သည် ဧည့်သည်ဆောင်မှ ထွက်လာကာ လက်နက်စင်တွင် ထောင်ထားသည့် မိုန်းကြီးတချောင်းကို ဆွဲယူကာ ထွက်လာခဲ့၏။ သို့ သူထွက်လာသည့်အချိန်၌ မိုးစင်စင် လင်းလျက် ရှိလေပြီ။ အတန်ကြာသွားမိလျှင် ရှေ့တွင် တရွေ့ရွေ့သွားနေသော ရဲမှူးလွေ့ဟုန် နှင့် တပ်သားများကို မြင်ရ၏။ လျှူထန်သည် နောက်မှ နေ၍-

“ဗျို့ရဲမှူး။ ခဏနေပါဦးဗျ” ဟု အော်လိုက်၏။

လွေ့ဟုန်သည် လန့်ဖျပ်သွားကာ နောက်သို့ လှည့်ကြည့်လိုက်ရာ မိုန်းကို လက်တွင် ကိုင်လျက် သူ့ထံသို့ ခပ်သုတ်သုတ် လိုက်လာနေသော လျှူထန်ကို မြင်လိုက်ရ၏။ လွေ့ဟုန်သည် တပ်သားတယောက်ထံမှ မိုန်းတချောင်းကို လှမ်းဆွဲလိုက်ရင်း-

“ဘာကိစ္စလဲကွ”

“ကောင်းကောင်းမွန်မွန် နေချင်ရင် ခင်ဗျား ယူသွားတဲ့ ငွေစင်တဆယ်သားကို ပြန် ပေးပါ။ ပြန်ပေးမယ်ဆိုရင် ခင်ဗျားကို ချမ်းသာပေးလိုက်မယ်”

“မင်းဦးလေးကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ ပေးလိုက်တာပဲကွ။ မင်းက ဘာဆိုင်လို့ လဲ။ မင်းဦးလေးမျက်နှာကို ထောက်လို့၊ နို့မဟုတ်ရင် မင်းလိုကောင် ကိစ္စချောတာ ကြာလှပြီ။ မင်းက ဘယ်လောက်မိုက်လို့ ပိုက်ဆံလိုက်တောင်းရတာလဲ”

"ကျုပ် လူဆိုးသူခိုး မဟုတ်ဘူးဗျ။ ခင်ဗျား ကျုပ်ကို တညလုံး ထုပ်မှာ ဆွဲပြီး တွဲ လောင်းချည်ထားခဲ့တယ်။ ပြီးတော့ ကျုပ်ဦးလေးပိုက်ဆံကို တောင်းသွားတယ်။ အဲဒီ ပိုက်ဆံကို ပြန်ပေးပါ။ ပြန်ပေးရင် ခင်ဗျားကို သွားခွင့်ပေးလိုက်မယ်။ မပေးဘူးဆိုရင်တော့ ဒီနေရာမှာ ခင်ဗျား သွေးချောင်းစီးသွားလိမ့်မယ်"

လွေ့ဟုန်သည် ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ-

"ခွေးသား။ ကိုယ့်အမျိုးကို သိက္ခာကျအောင် လုပ်တယ်။ သူခိုး"

"လူထုတွေဆီက ငွေလိုက်ညှစ်နေတဲ့ အယုတ်တမာ။ ခင်ဗျား ဘာဆဲတာလဲ"

"ခေးပြ၊ မင်း တိုက်သူကြီးကျောက်ခဲကိုပါ ဒုက္ခရောက်အောင် လုပ်တဲ့ ကောင်။ ငါ့ကို ဒီလိုလုပ်လို့ရမယ့် ကောင်စားမျိုး မှတ်နေသလား"

"ခင်ဗျားနဲ့ ကျုပ်နဲ့ စာရင်းရှင်းကြတာပေါ့ဗျာ" ဟု ဆိုကာ လျူထန်သည် မိုန်းကြီးကို ဝှေ့ယမ်းကာ ကွေ့ဟုန်ထံသို့ ဝင်လာလေ၏။

လွေ့ဟုန်သည် မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီးနောက် မိုန်းကြီးကို မြှောက်ကိုင်ကာ လျူထန်ကို ထိုးရန် ရှေ့သို့ တက်လာ၏။ သူတို့နှစ်ယောက်သည် လမ်းလယ်ကောင်တွင် ရင်ဆိုင်မိကြကာ အချီ လေး ငါးဆယ်ခန့် သတ်ပုတ်ကြ၏။ သို့ရာတွင် မည်သူမျှ အနိုင် မရဘဲ ဖြစ်နေကြ၏။

လွေ့ဟုန်တယောက်တည်း သတ်ရုံဖြင့် လျူထန်ကို မနိုင်နိုင်ကြောင်း မြင်သည့်အခါ တွင် တပ်သားများသည် လူရွယ်အနီးသို့ ဝိုင်းအုံလာကြ၏။ ထိုစဉ် အနီးရှိ ခြံဝင်းတံခါးသည် ပွင့်လာကာ ကြိုးတချောင်းကို ကိုင်ထားသော လူတယောက် ထွက်လာပြီးလျှင် "ဟေ့၊ လူစွမ်းကောင်းတွေ၊ ရပ်လိုက်ကြ။ ငါ မင်းတို့နှစ်ယောက်ကို စောင့်ကြည့်နေတာ။ ခဏနေ ကြဦး။ ငါပြောစရာတခုရှိတယ်" ဟု အော်၍ ပြော၏။ ထိုသူသည် လက်တွင် ကိုင်လာသည့် ကြိုးကို တိုက်ခိုက်နေသူ နှစ်ယောက်ကြားသို့ ဝှေ့ယမ်း၍ ပစ်လိုက်၏။ နှစ်ဦးစလုံးသည် မိုန်းများကို အောက်သို့ ချလိုက်ကာ စည်းဝိုင်းတွင်းမှ ခုန်ထွက်လာကြ၏။

ထိုလူမှာ ပညာရှိသုခမိန်တယောက်၏ ပုံပန်းမျိုး ရှိ၏။ ခေါင်းတွင် ကန်တော့ပုံ ဦးချွန်း ဦးထုပ်ရှည်တလုံးကို ဆောင်းထားလျက် အနက်အနားကွပ် အဖြူရောင်အင်္ကျီရှည်ကြီးကို ဝတ်ကာ ခါးတွင် လက်ဖက်ရည်ရောင် ခါးစည်းကြိုးကို စည်းထား၏။ ခြေထောက်တွင် အဖြူရောင် ပိုးခြေအိတ်ရှည်ကြီး စွပ်ကာ ခြေတွင် ပိုးဖိနပ်တရန်ကို စီးထားလေ၏။ ခံ့ညား သန့်ရှင်းသော မျက်နှာပေါ်တွင် မုတ်ဆိတ်ရှည်ကြီး တွဲလောင်းကျလျက် ရှိ၏။ ထိုသူမှာ ဝိဇ္ဇာမိုရ်ဂုရုံ ဖြစ်ပြီး သူ့ကို

ကဝိဟူ၍လည်း ခေါ်ကြ၏။ ဝုရုံတို့ မျိုးရိုးစဉ်ဆက်သည် ထိုနေရာ တွင် မွေးဖွားကြီးပြင်းလာခဲ့ကြ၏။

"ဟေ့ သူငယ်။ ခု နေရာမှာ ရပ်နေစမ်း။ ဘာဖြစ်လို့ ရဲမှူးနဲ့ သတ်ပုတ်နေရတာလဲ"

လျူထန်သည် သူ့ကို စိန်းစိန်းကြီး ပြန်ကြည့်လိုက်ရင်း-

"ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျ" ဟု ပြော၏။ လွေ့ဟုန်က-

"ဒီလိုပါ ဆရာကြီးခင်ဗျာ။ မနေ့ညတုန်းက ဒီကြမ်းပိုးသူခိုးဟာ လင်ကွမ်းဘုံကျောင်း ထဲက သင်ပုတ်ပလ္လင်ပေါ်မှာ အိပ်နေတာ တွေ့တာနဲ့ ကျွန်တော်တို့ သူ့ကို ဖမ်းပြီး တိုက် သူကြီးကျောက်ခဲအိမ်ကို ခေါ်လာခဲ့ပါတယ်။ တိုက်သူကြီးကျောက်ခဲရဲ့ တူမှန်း သိတော့ တိုက်သူကြီးမျက်နှာကို ထောက်ပြီး ကျွန်တော်တို့ သူ့ကို လွှတ်ပေးခဲ့ပါတယ်။ တိုက်သူကြီး ကလည်း ကျွန်တော်တို့ကို စားသောက်ဖွယ်တွေ တည်ခင်းကျွေးမွေးပြီး ငွေစင်များလည်း လက်ဆောင်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ပြန်လာတော့ ဒီကြမ်းပိုးသူခိုးဟာ သူ့ဦးလေး မသိအောင် ကျွန်တော်တို့နောက် လိုက်လာပြီး သူ့ဦးလေးပေးလိုက်တဲ့ ငွေကို ပြန်ပေးရ မယ်လို့ အတင်းတောင်းပါတယ်။ အဲဒါသာ ကြည့်ပါတော့ ဆရာကြီးရယ်။ သူလုပ်ပုံကို ဘယ်သူ သည်းခံနိုင်ပါ့မလဲ"

ဝုရုံသည် အတန်ကြာ စဉ်းစားနေ၏။

"ကျောက်ခဲကို ငါ ငယ်ငယ်လေးကတည်းက သိခဲ့တာပဲ။ သူ့အတွင်းရေးတွေ ဘာတွေ ကိုလည်း ငါ့ကို ဖွင့်ဟပြီး တိုင်ပင်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ သူ့မှာ ဆွေမျိုးသားချင်း ရှိတယ်လို့ ငါ မသိခဲ့ဘူး။ သူ့ဆွေမျိုးတွေကိုလည်း ငါ အကုန်သိတာပဲ။ သူ့မှာ ဒီလို တူတယောက် ရှိတယ် လို့တော့ တခါမှ မကြားခဲ့ဖူးဘူး။ ရှိတဲ့တူကလည်း ဒီအရွယ် မဟုတ်ဘူး။ တခုခုတော့ တခုခု ပဲ။ ဒီတော့ ငါ သူတို့ တိုက်ခိုက်နေတာကို ရပ်အောင် လုပ်မှ။ ပြီးတော့မှ မေးစရာရှိတာကို မေးရမယ်" ဟု တွေးနေ၏။

ဝုရုံသည် လျူထန်ဘက်သို့ လှည့်ကာ-

"ပြောတာကို နားထောင်စမ်းပါ သူငယ်။ မောင့်ဦးလေးကျောက်ခဲနဲ့ ကျုပ်ဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ။ ဟောဒီက ရဲမှူးလွေ့ဟုန်နဲ့ မောင့်ဦးလေးဆိုတာလည်း မနိုင်ရင်ကန်တွေပဲ။ သူပေးလိုက်တဲ့ မဖြစ်စလောက် လက်ဆောင်ကလေးကို မောင်က လိုက်ယူတယ်ဆိုတော့ မောင့်ဦးလေးအနေနဲ့ ဘယ်ကောင်းပါ့မလဲ။ ကျုပ်ပြောတာကို နားထောင်စမ်းပါ။ နောက်ကျရင် မောင့်ဦးလေးနဲ့ ကျုပ် ဆွေးနွေးပါ့မယ်"

လျှူထန်က-

"ဆရာကြီးက အကျိုးအကြောင်းကို သေသေချာချာ မသိသေးလို့ ခင်ဗျ။ ကျွန်တော့် ဦးလေးက စေတနာနဲ့ လိုလိုချင်ချင်ပေးလိုက်တာ မဟုတ်ဘူး။ သက်သက်မဲ့ ကျွန်တော့် ဦးလေးဆီက ညှစ်ယူသွားတာ။ ကျွန်တော့်ဦးလေးပစ္စည်းကို ပြန်မပေးရင်တော့ ကျွန်တော် မပြန်ဘူး ခင်ဗျ"

"တိုက်သူကြီးကိုယ်တိုင် တောင်းရင် ပေးမယ်ကွာ။ မင်းကိုတော့ မပေးနိုင်ဘူး" ဟု လွေ့ဟုန်က ပြော၏။

"ခင်ဗျားဟာ ကျုပ်ကို သူခိုးဆိုပြီး မတရားစွပ်စွဲခဲ့တယ်။ ပြီးတော့ ကျုပ်ဦးလေးဆီ ကလည်း ငွေညှစ်သွားတယ်။ ခင်ဗျား ဘာ လူဝါးဝတာလဲ"

"ဟေ့ကောင်၊ မင်းငွေ မဟုတ်ဘူးကွ။ ဒီတော့ မပေးဘူး။ မင်းဘာလုပ်ချင်သလဲ"

"အေး၊ ပေးရမလား၊ မပေးရဘူးလားဆိုတာ ဟောဒီ ကျုပ်လက်ထဲက မိုန်းကို မေးကြည့်ပေါ့"

ဝုရုံက-

"မင်းတို့နှစ်ယောက် သတ်ပုတ်နေကြတာလည်း ကြာလှပြီ။ ဘယ်သူ့ ဘယ်သူမှလည်း နိုင်အောင် မသတ်နိုင်ကြဘူး။ ဘယ်လောက်ကြာကြာများ သတ်နေကြဦးမှာလဲ"

"ကျွန်တော်တောင်းတဲ့ ငွေကို ပြန်မပေးရင်တော့ ကျွန်တော်တို့နှစ်ယောက် တယောက် ယောက်သေမှပဲ ပြီးမှာပဲ ခင်ဗျ" ဟု လျှူထန်က ပြော၏။ လွေ့ဟုန်က-

"ဟေ့ကောင်၊ မင်းလိုကောင်ကို ကြောက်နေရင် ငါ့တပ်သားတယောက်ယောက်ကို အသတ်ခိုင်းလိုက်ရုံပဲကွ။ မင်းလောက်ကောင်ကို ဂရုမစိုက်လောက်လို့ ဒီလောက်သတ် နေတာ။ မင်းကို ငါတယောက်တည်းနဲ့ အသေသတ်မယ်"

လျှူထန်က သူ့ရင်ဘတ်ကြီးကို ဗုန်းခနဲနေအောင် ထုလိုက်ပြီးလျှင်-

"ဒါဖြင့် လာလေ" ဟု ဆိုကာ ရှေ့သို့ တိုးလာလေ၏။

လွေ့ဟုန်သည် လက်နက်ကို ဝှေ့ယမ်းကာ ခြေထောက်များကို အကွက်ကျအောင် နင်းလာရင်း ရှေ့သို့ တိုးလာ၏။ သို့ဖြင့် သူတို့နှစ်ယောက်သည် တယောက်ကို တယောက် အသေသတ်ရန် မျက်နှာချင်းဆိုင်လိုက်ကြ၏။ ဝုရုံက

သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်၍ ဖျောင်းဖျသော်လည်း မရတော့ပြီ။ လျှူထန်သည် မိုန်းကြီးကို ယမ်းကာ ဝင်တိုက်ရန် ချက်ကောင်းကို စောင့်နေ၏။ လွေ့ဟုန်ကလည်း လူငယ်ကို အမျိုးမျိုး ဆဲရေးတိုင်းထွာကာ မိုန်းကြီးကို ကိုင်၍ အသင့်ပြင်ထား၏။

ထိုစဉ် "ဟော ဟော၊ တိုက်သူကြီးကျောက်ခဲ လိုက်လာပြီ" ဟူသော တပ်သားများ၏ အသံကို ကြားရ၏။

လျှူထန်သည် လှည့်ကြည့်လိုက်၏။ အကျီကိုပင် ကောင်းစွာ မဝတ်နိုင်ဘဲ ပခုံးပေါ်တွင် ဖိုးရိုးဖားရားတင်၍ ပြေးလာသော ကျောက်ခဲကို မြင်ရ၏။

"ဟေ့ကောင်လေး။ လွှန်ကုန်မယ်။ နေဦး" ဟု ကျောက်ခဲက အော်၏။

ဝုရုံက ရယ်လိုက်လျက်-

"အင်း၊ တိုက်သူကြီးကျောက်ခဲ လာလို့ တော်ပေသေးတာပေါ့ကွာ။ သူ့စကားမှ နားထောင်တော့မှာ"

ကျောက်ခဲသည် အနားသို့ မောကြီးပန်းကြီးဖြင့် ပြေးလာကာ-

"ဟေ့၊ ဘာဖြစ်လို့ သတ်ပုတ်နေကြတာလဲ"

"ဟောဒီမှာ သူကြီးမင်းရဲ့ တူက ကျွန်တော့်နောက်ကို မိုန်းကြီးနဲ့ လိုက်လာပြီး ငွေစင် တွေကို ပြန်ပေးရမယ်လို့ တောင်းတယ်ခင်ဗျ။ ကျွန်တော်က မပေးနိုင်ဘူး၊ ပေးချင်း ပေးရင် လည်း မင်းကိုတော့ မပေးနိုင်ဘူး၊ မင်းဦးလေး တိုက်သူကြီးကျောက်ခဲကို ပြန်ပေးမယ်လို့ ပြောတယ်။ ဒီတင် သူက တိုက်တာနဲ့ ကျွန်တော်တို့နှစ်ယောက် သတ်တာ အကြိမ်ငါးဆယ် လောက်တော့ ရှိပြီ။ ဟောဒီက ဆရာကြီး ရောက်လာတာနဲ့ ရပ်သွားတာ"

"ဟင်၊ ခွေးတိရစ္ဆာန်။ ငါ ဘာမှ မသိရပါကလားဟင်။ ကဲ၊ ရဲမှူးကြီးတို့ရယ်၊ ဆက် သွားပါ။ ဘာမှ မဖြစ်စေရပါဘူး။ ကျွန်တော် တောင်းပန်ပါတယ်။ နောက်များမှ ကျွန်တော် ကိုယ်တိုင် လာပြီး တောင်းပန်ပါဦးမယ်"

လွေ့ဟုန်က-

"ဒီ ခွေးလေး၊ ကြမ်းပိုးကလေး မဟုတ်တရုတ်တွေ လျှောက်ပြောနေတယ်ဆိုတာ ကျွန်တော်ပဲ သိပါတယ်။ ကိစ္စမရှိပါဘူး။ ကျွန်တော် ဒီကောင်လေးကို ဗွေမယူပါဘူး။ တိုက်သူကြီး အဝေးကြီးက လာရတာကို အားနာတာ တခုပါပဲ" ဟု ဆိုကာ လွေ့ဟုန်တို့ လူသိုက်လည်း နှုတ်ဆက်ပြီးလျှင် ခရီးဆက်သွားကြ၏။ ထိုအကြောင်းကို ဤတွင် ရပ်ဦး မည်။

သူတို့ ထွက်သွားသည့်အခါတွင် ဝုရုံက ကျောက်ခဲကို အနားသို့ ခေါ်ကာ-

"ခင်ဗျားရောက်လာတာ တော်တော် ကံကောင်းတယ်။ နို့မို့ရင် ကိစ္စများကြတော့မှာ။ ခင်ဗျားတူဟာ နှယ်နှယ်ရရကောင် မဟုတ်ဘူး။ တော်တော် တိုက်ရေးခိုက်ရေး ကျွမ်းကျင်တဲ့ ကောင်။ သူတို့နှစ်ယောက် သတ်ပုတ်နေကြတာကို ကျုပ် ခြံထဲက စောင့်ကြည့်နေတာ။ လွေ့ဟုန်ဆိုတဲ့ လူဟာ မိုန်းသိုင်းမှာ နာမည်ကြီးလှကြီးလှနဲ့ ခုတော့ ကောင်လေး အနားကို ကပ်တောင် မကပ်နိုင်ဘူး။ တချိန်လုံး ခံနေရတာချည်းပဲ။ နောက်ထပ် ဆက်သတ်ရင် လွေ့ဟုန် သေတော့မှာ သေချာတယ်။ ဒါကြောင့် ကျုပ်က ကြားဝင်ပြီး ဖျန်ရတာ။ နို့ နေစမ်း ပါဦး။ ခင်ဗျားတူဆိုတာက ဘယ်ကလဲ။ တခါမှ ပြောသံ မကြားဖူးပါကလား"

ကျောက်ခဲက-

"ကျွန်တော်လည်း ခင်ဗျားကို အိမ်ဖိတ်ပြီး စကားစမြည်ကလေး ပြောမယ်လို့ စိတ်ကူး နေတုန်းမှာ လျှူထန်လည်း ပျောက်၊ လက်နက်စင်က မိုန်းတချောင်းလည်း ပျောက်နေတာ ကို သတိပြုလိုက်မိတယ်ဗျ။ နွားကျောင်းသားလေးတယောက်ကလည်း ခပ်ထွားထွား လူတယောက် မိုန်းကြီးကိုင်ပြီး တောင်ဘက်ကို ထွက်သွားတာ မြင်လိုက်တယ်လို့ လာပြော တာနဲ့ ကျွန်တော် ပြေးလိုက်လာတာ။ ခင်ဗျား ဝင်ဖျန်လိုက်ပေလို့ တော်သေးတာပေါ့ဗျာ။ ကဲဗျာ။ ခင်ဗျားကို တိုင်ပင်စရာကလေးလည်း ရှိတယ်။ အိမ်ကို ခဏလောက် လိုက်ခဲ့ ပါလား"

ဝုရုံသည် အိမ်သို့ ပြန်လာခဲ့ကာ လက်တွင် ကိုင်လာသည့် ကြိုးဆက်သိုင်းတုတ်ကို အခန်းထဲတွင် ချိတ်၏။ ထို့နောက် အိမ်ရှင်အား-

"ကျွန်တော့်တပည့်များ စာသင်ရအောင် လာရင် မင်းတို့ဆရာ ဒီနေ့ အလုပ်များနေ တယ်။ တရက်တော့ နားကြဦးလို့ ပြောလိုက်ပါ" ဟု မှာထားခဲ့ပြီးနောက် တံခါးပိတ်၍ သော့ခတ်ကာ ကျောက်ခဲ၊ လျှူထန်တို့နှင့် အတူလိုက်လာခဲ့၏။

ကျောက်ခဲသည်လည်း သူတို့ကို အိမ်နောက်ဘက် အတွင်းဆောင်ထဲသို့ တိုက်ရိုက် ခေါ်လာခဲ့ကာ နေရာထိုင်ခင်း ပေး၏။

"နေစမ်းပါဦး တိုက်သူကြီးရဲ့။ အဲဒီသူငယ်က ဘယ်သူလဲ"

"လူစွမ်းကောင်းတွေထဲက ရဲရင့်တဲ့ လူတယောက် ဆိုပါတော့ဗျာ။ သူ့နာမည်က လျှူထန်တဲ့ဗျ။ သူတို့ဆွေမျိုးများက လူ့ချောင်ခရိုင် အရှေ့ဘက်က။ သူလာတဲ့အကြောင်း ကတော့ ကျွန်တော် ကောင်းစားချမ်းသာမယ့်

အခွင့်အရေးကြီးတခု တွေ့တာနဲ့ အဲဒါကို ပြောဖို့ လာခဲ့တာ။ မနေ့ညတုန်းကတော့ လင်ကွမ်းဘုံကျောင်းထဲမှာ အရက်မူးပြီး အိပ်ပျော် နေတုန်း လွှေ့ဟုန်တို့ လူသိုက်က ဖမ်းပြီး ကျွန်တော့်ဆီကို ခေါ်လာကြတာ။ ကျွန်တော်လည်း ကျွန်တော့်တူပါဆိုပြီး သူ့ကို ကယ်ထားလိုက်ရတာပေါ့။ ဥတ္တရနေပြည်တော် ထဲ့နင်းမြို့ဝန် လျှံချုံရှူဟာ အရှေ့နေပြည်တော်မှာ ရှိတဲ့ သူ့ယောက္ခမ နန်းရင်းဝန်ကြီးဆယ်ထံကို ငွေစင် တသိန်းနဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေ လက်ဆောင်အဖြစ် ပို့မလို့တဲ့ဗျ။ အဲဒီလှည်း တန်းကြီးဟာ ကျွန်တော်တို့ရွာနားက ဖြတ်သွားမှာတဲ့။ ဒီပစ္စည်းတွေဟာ မသန့်ရှင်းတဲ့ ငွေ တွေနဲ့ ဝယ်ထားတာ ဖြစ်လေတော့ လုယူရင်လည်း မတရားလုပ်တာ မမည်ဘူး ဆိုပြီး လာပြီး ပြောတယ်ဗျ။

"သူ့အဆိုက မနေ့ညက ကျွန်တော်မက်တဲ့ အိပ်မက်နဲ့ တူနေတယ်ဗျ။ ကောင်းကင်က ခုနစ်စဉ်ကြယ်ကြီးဟာ ကြွေကျလာပြီး ကျွန်တော့်အိမ်ခေါင်မိုးပေါ် တင်နေသတဲ့ဗျ။ အဲဒီ ခုနစ်စဉ်ကြယ်ထဲမှာ အဖျားက ကြယ်ကလေးတလုံးကတော့ အလင်းရောင်တန်းကြီး ဖြစ်သွားသတဲ့ဗျ။ ဒီတော့ ကိုယ့်အိမ်ခေါင်မိုးပေါ်မှာ ကြယ်တွေ ပိုဝင်းဝင်းတောက်ပြီး နေတာကို မြင်မက်ပုံ ထောက်ရင် ဒီအိပ်မက်ဟာ မင်္ဂလာရှိတဲ့ အိပ်မက်ပဲ။ ဒီတော့ ခင်ဗျားကတော့ ကျမ်းဂန်တို့ ဘာတို့လည်း နှံ့စပ်တော့ ခင်ဗျားကို ဖိတ်ပြီး အတိတ်နိမိတ် ဖတ်ခိုင်းဦးမှာပဲလို့ အောက်မေ့နေတာ။ ကဲ၊ ဒီတော့ ဆရာကြီးရယ်။ အကြံကလေး ဘာလေးများ ပေးစမ်း ပါဦး"

ဝုရုံက ပြုံးလိုက်လျက်-

"လျူထန် ရုတ်တရက် ပေါက်လာကတည်းက ကျုပ်စိတ်ထဲမှာ အခြေအနေ အရပ်ရပ် ကို ဆယ်ပုံရှစ်ပုံလောက်တော့ ခန့်မှန်းလိုက်မိပါရဲ့။ သူပေးတဲ့ အကြံဟာလည်း တော်တော် ကောင်းတဲ့ အကြံပါပဲ။ ဒါပေမဲ့ တခုတော့ရှိတယ် တိုက်သူကြီးရဲ့။ ကျုပ်တို့ ကြံမယ့် ကိစ္စမှာ လူများလွန်း ပြန်ရင်လည်း ပွဲမစည်ဘဲ ဖြစ်တတ်တယ်။ လူနည်းလွန်းပြန်ရင်လည်းပဲ ပွဲပျက်တတ်တယ်။ တိုက်သူကြီးမှာ နောက်လိုက်တပည့်တွေ တော့ ပေါပါရဲ့။ ဒါပေမဲ့ တယောက်မှ စွမ်းစွမ်းတမံ မရှိလှဘူး။ နို့ ဒါဖြင့်ရင် ကျုပ်တို့သုံးယောက်တည်း ကြံလို့ကော မဖြစ်နိုင်ဘူး လားလို့ မေးစရာရှိတယ်။ တိုက်သူကြီးနဲ့ လျူတို့ဟာ လူစွမ်းလူစ ရှိတဲ့လူတွေတော့ ဟုတ် ပါရဲ့။ ဒါပေမဲ့ သုံးယောက်တည်းနဲ့လည်း ဖြစ်မယ်မထင်ဘူးဗျ။ လူစွမ်းကောင်းခုနစ်ယောက်၊ ရှစ်ယောက်လောက်တော့ လိုတယ်။ ဒီထက် များပြန်ရင်လည်း မကောင်းပြန်ဘူး"

"ဒီလိုဆိုရင် ကျုပ်အိပ်မက်ထဲမှာ ပါတဲ့ ကြယ်ပွင့်အရေအတွက်လောက်ပဲပေါ့"

"တိုက်သူကြီးမက်တဲ့ အိပ်မက်ဟာ နှယ်နှယ်ရရ အိပ်မက်မဟုတ်ဘူးဗျ။

နေဦး၊ နေဦး။ ဒီကနေ မြောက်စူးစူးအရပ်မှာ ကျုပ်တို့ကို ကူညီနိုင်တဲ့လူများ ရှိသလား မသိဘူး မှန်း”

ဟူ၍ ဆိုကာ ဝုရုံသည် အတန်ကြာမျှ မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေပြီးနောက်-

“ရှိတယ်ဗျို့။ ရှိတယ်”

“ကျွန်တော်တို့ကို ကူညီနိုင်တဲ့ စိတ်ချရသူများ ရှိရင် လုပ်စမ်းပါဦး ဆရာကြီးရယ်”

ဝုရုံသည် လက်နှစ်ချောင်းကို ထောင်ပြပြီးလျှင် တစုံတရာကို ခပ်တိုတိုပြော၏။

ရလဒ်မှာ အရှေ့ကမ်းရွာမှ မဟုတ်မခံ၊ မှန်ကန်သည့် လူများသည် တောပုန်းများ ဖြစ် လာခဲ့ကြ၏။

ကျောက်တိုင်ရွာမှ တံငါလေှများသည် ရဲလှေများ ဖြစ်လာခဲ့ကြ၏။

မှန်ပေ၏။ သူတို့တပ်မှူးသည် ကောင်းကင်နှင့် မြေကြီးရှိ အရာအားလုံးတို့အကြောင်း ကို ပြောနိုင်၏။ မြစ်များကို မှောက်လှန်၍ ပင်လယ်များကို မွှေနှောက်ပစ်နိုင်၏။ ဝိဇ္ဇာဓိုရ် ဝုရုံသည် မည်သည့်လူများကို ရွေးချယ်လေသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၅

ဝုရုံသည် ဖိုးရုံတို့ ညီအစ်ကိုသုံးဦးအား စည်းရုံးခြင်း

ကုန်ဆွန်သည် သွေးသောက်ခုနစ်ဦးတွင် တဦး ဖြစ်လာခြင်း

"ကျုပ်အာရုံထဲမှာ လူသုံးယောက်ကို သွားမြင်တယ်ဗျ။ သူတို့သုံးယောက်စလုံးဟာ ရဲစွမ်း သတ္တိနဲ့လည်း ပြည့်စုံတယ်။ လက်နက်မျိုးစုံကိုလည်း ကျွမ်းကျင်တယ်။ အခက်အခဲ အမျိုး မျိုးကိုလည်း ကျော်ဖြတ်ရဲတယ်။ သေအတူရှင်မကွာ လုပ်ရဲကိုင်ရဲလည်း ရှိတယ်။ သစ္စာ လည်း ရှိတယ်။ ကျုပ်တို့လုပ်ငန်း အောင်မြင်ချင်ရင် ဒီသုံးယောက် ပါမှ ဖြစ်မယ်"

ဝုရုံက ပြော၏။

တိုက်သူကြီးကျောက်ခဲက-

"ဒီလူသုံးယောက်က ဘာလုပ်သလဲ။ သူတို့နာမည်က ဘယ်သူတွေလဲ။ နေတော့ကော ဘယ်မှာ နေသလဲ"

"သူတို့သုံးယောက်က တအူထုံဆင်း ညီအစ်ကိုတွေဗျ။ ကျီစုခရိုင်၊ လျှံရှန်းတောင်ရိုး နားက ကျောက်တိုင်ရွာသားတွေပဲ။ အလုပ်အကိုင်ကတော့ တံငါတွေပေါ့ဗျာ။ ဒါပေမဲ့ တခါ တလေမှာတော့ ကျူတောထဲမှာ မှောင်ခိုရောင်းဝယ်တာကလေးတွေလည်း လုပ်တယ်။ သူတို့ဆွေမျိုးစုနာမည်က ရုံတဲ့။ ပထမဖိုးရုံက ဘီလူးလို့ ခေါ်တယ်။ ဒုတိယဖိုးရုံကို ယက္ခလို့ ခေါ်တယ်။ တတိယဖိုးရုံကို ကုမ္ဘာန်လို့ ခေါ်တယ်။ ကျုပ်က သူတို့ရွာမှာ နှစ်ပေါင်းတော်တော်ကြာ နေလာခဲ့တော့ သူတို့နဲ့ ရင်းနှီးခဲ့တယ်။ ပညာတို့ ဘာတို့ မတတ်ရှာပေမယ့် မိတ်ဆွေအပေါင်းအသင်းအပေါ်မှာ အလွန်သစ္စာ ရှိတယ်။ စိတ်ထားလည်း ကောင်းတယ်။ သတ္တိလည်း ရှိတယ်။ ဒါနဲ့ ကျုပ်နဲ့ ရင်းနှီးလာကြတယ် ဆိုပါစို့။ ကျုပ်နဲ့ မတွေ့တာတော့ နှစ်နှစ်လောက်ရှိပြီ။ သူတို့သုံးယောက်ကိုသာ ရရင် ကျုပ်တို့လုပ်ငန်းကြီး သေချာပေါက် အောင်မြင်မှာပဲ"

"ဩော်၊ ကျွန်တော်လည်း ကြားတော့ ကြားဖူးတယ်ဗျ။ တွေ့တော့ မတွေ့သေးဘူး။ ကျောက်တိုင်ရွာက ဒီကနေဆိုရင် လီတရာလောက်ပဲ ဝေးတာပဲ။ သူတို့ကို အခေါ်လွှတ်ပြီး တိုင်ပင်ကြည့်ရင် မကောင်းပေဘူးလား"

"သူတို့ကတော့ လာမှာ မဟုတ်ဘူးဗျ။ ကိစ္စမရှိဘူးလေ။ ကျုပ်ကိုယ်တိုင်

သွားတွေ့ ကြည့်မယ်။ ဟိုရောက်လို့ ကျုပ် လျှာသွက်အာသွက်နဲ့ ပြောနိုင်ရင် ကျုပ်တို့အကြံအစည်ကို လက်ခံကောင်းရဲ့လို့ အောက်မေ့တာပဲ”

“ကောင်းလိုက်လေဗျာ။ ဒါဖြင့် ဆရာကြီး ဘယ်တော့သွားမှာလဲ”

“အချိန် သိပ်မရှိဘူးဗျ။ ဒီနေ့ည သန်းခေါင်ကျော်လောက် ထသွားမယ်။ မနက်ဖြန် မွန်းမတည့်ခင် ရောက်မှာပဲ”

“ဟုတ်ပြီဗျ”

တိုက်သူကြီးကျောက်ခဲသည် အခိုင်းအစေအချို့ကိုခေါ်ကာ စိမ်ရည်များနှင့် စားသောက် ဖွယ်တို့ကို အယူခိုင်းလိုက်၏။ ဝုရုံက-

“ကျုပ်လည်း အရှေ့နေပြည်တော်ကိုရော၊ ဥတ္တရနေပြည်တော်ကိုရော ရောက်တော့ ရောက်ဖူးတာပဲ။ ဒါပေမဲ့ လက်ဆောင်ပစ္စည်းတွေကို ဘယ်လိုသယ်မလဲလို့ သေသေချာချာ မသိရတာ ခက်တယ်။ ဒီတော့ လျူထန်ကို ဥတ္တရနေပြည်တော်ကို လွှတ်ပြီး ပစ္စည်းတွေ ဘယ်အချိန်ပို့မလဲ၊ ဘယ်လမ်းက ပို့မလဲဆိုတာကို စူးစမ်းခိုင်းရရင် မကောင်းပေဘူးလား” “ရပါတယ်ခင်ဗျာ။ ဒီနေ့ညပဲ ကျွန်တော် ခရီးထွက်တာပေါ့” ဟု လျူထန်က ပြော၏။ “ဒီလောက်လည်း အလျင်မလိုပါနဲ့ဦးလေ။ မွေးနေ့က အဋ္ဌမလ ဆယ့်ငါးရက် မဟုတ် လား။ ခုမှ ပဥ္စမလ ဆန်းစပဲ ရှိသေးတာကပဲ။ ရက် လေး ငါးဆယ်လောက် အချိန်ရပါသေး တယ်။ ဖိုးရုံတို့ဆီက ကျုပ် ပြန်ရောက်သည်အထိ စောင့်ဦးပေါ့။ ကျုပ် ပြန်လာမှ ထွက်ပေါ့”

“ဟုတ်ပြီလေ။ ဒီလိုဆိုရင် လျူထန် ကျုပ်အိမ်မှာပဲ နေဦးပေါ့”

သို့ရာတွင် စကားသိမ်၊ စကားဖျင်းတို့ကို ချန်ခဲ့တော့မည်။ သူတို့သုံးဦးသည် အချိန် အတန်ကြာမျှ စိမ်ရည်သောက်နေကြ၏။ သန်းခေါင်ကျော်လောက်တွင်မူ ဝုရုံသည် အိပ်ရာမှ ထကာ ကိုယ်လက်သန့်စင်ပြီးနောက် ခရီးထွက်လာခဲ့၏။ ကျောက်ခဲနှင့် လျူထန်တို့က လည်း ဝင်းဝရောက်အောင် လိုက်ပို့ကြ၏။ ဝုရုံသည် တညလုံး ခရီးပြင်းနှင်ခဲ့ရာ နောက် တနေ့ မွန်းမတည့်မီ ကျောက်တိုင်ရွာသို့ ရောက်လေ၏။

ဝုရုံသည် ထိုနေရာတွင် အတန်ကြာ နေဖူးခဲ့သည့်အတွက် ဖိုးရုံတို့အိမ်ကို မေးမြန်းနေ စရာမလိုတော့ဘဲ တိုက်ရိုက်ပင် လာခဲ့၏။ ရေဆိပ်တွင်မူ တံငါလှေများကို ငုတ်တိုင်များတွင် ချည်နှောင်ထားကြ၏။ ခြံစည်းရိုးပေါ်တွင် လှမ်းထားသော ပိုက်စုတ်တဖုံကိုလည်း မြင်ရ၏။ ချောင်းစပ်နှင့် တောင်ခြေကြားရှိ ကုန်းစောင်းကလေးတွင်မူ သက်ယ်တဲ လေး ငါးဆယ် တဲကို မြင်ရလေ၏။ ဝုရုံသည် သူတို့အိမ်ရှေ့သို့ ရောက်လာကာ “ဗျို့၊ အိမ်ရှင် တို့” ဟု အသံ ပြုလိုက်၏။

ဒုတိယဖိုးရုံဟု ခေါ်သည့် ယက္ခသည် မျက်နှာသုတ်ပဝါစုတ်တထည်ကို ခေါင်းတွင် ပေါင်းထားရင်း ထွက်လာ၏။ အဝတ်အစားမှာ ဟောင်းနွမ်း စုတ်ပြတ်လျက်ရှိပြီး ဖိနပ် လည်း မပါချေ။

ဝုရုံကို မြင်သည့်အခါတွင် ဝမ်းသာအားရဖြင့် ဆီးကြိုကာ-

"အမယ်လေး၊ ဆရာကြီးရယ်။ ဘယ်လေများ ပင့်လိုက်လို့ ဒီဘက်ကို ရွက်လွှင့်လာရ တာလဲ"

"လွှင့်ဆို ကိစ္စကလေးတခု ရှိလို့ လာခဲ့တာပဲဗျ"

"ဆိုပါဦး။ ဘာကိစ္စလဲ"

"ကျုပ် ဒီရွာက ထွက်လာတာ နှစ်နှစ်တောင် ရှိသွားပြီ။ ခု ကျုပ် လူချမ်းသာ တယောက် အိမ်မှာ စာပြဆရာ လုပ်နေတယ်။ မကြာခင်မှာ အလှူကြီးတခု လုပ်မလို့ စီစဉ် ထားတော့ ငါးသလောက်ယောက်ဖ အချိန်တဆယ်ကျော်၊ နှစ်ဆယ်လောက် လိုချင်တယ်။ အဲဒါ ခင်ဗျားဆီကို အကူအညီတောင်းချင်လို့"

ယက္ခက ရယ်လိုက်လျက်-

"လာပါလေ။ လက်ဖက်ရည်လေး ဘာလေး သောက်ပါဦး။ အေးအေးဆေးဆေး ပြောကြတာပေါ့"

"သွားလေ"

"တဖက်ကမ်းမှာ ဘုံဆိုင်ကောင်းကောင်း ရှိတယ်ဗျ။ တဖက်ကမ်းကို လှေနဲ့ပဲ သွား ကြရအောင်"

"ပြီးတော့ ခင်ဗျားညီ ကုမ္ဘာန်နဲ့လည်း တွေ့ချင်တယ်ဗျ။ အိမ်မှာများ ရှိသလား"

"သွားကြည့်မယ်လေ"

သူတို့နှစ်ယောက်သည် ကုန်းစောင်းကလေးအတိုင်း ဆင်းလာခဲ့ကြကာ ရေဆိပ်တွင် ချည်ထားသည့် လှေတစီးကို ငုတ်တိုင်မှ ဖြုတ်လိုက်ကြ၏။ ယက္ခသည် ဝုရုံကို လှေပေါ်သို့ ဆွဲတင်ကာ သစ်မြစ်တခုပေါ်တွင် လဲကျနေသည့် တက်တစီးကို ကောက်ယူပြီး လှေကို ထိုကမ်းမှ ထိုးခွာ၍ လှော်ခတ်လာခဲ့၏။

အင်းဘက်သို့ ထွက်ခါနီးတွင် ယက္ခသည် ဘီလူးကို လှမ်း၍ လက်ပြလိုက်ကာ-

"ဗျို့အစ်ကို။ ညီလေးကုမ္ဘာန်များ အိမ်မှာရှိတယ်လို့ ကြားသလား"

ထိုအချိန်၌ကား လှေကလေးသည် ကျူတောထဲမှ ထွက်လာခဲ့လေပြီ။ အစ်ကိုကြီး ဖိုးရုံခေါ် ဘီလူးသည် ကောက်ရိုးဖြင့် ရက်ထားသည့် ခမောက်ကြီးကို ဆောင်းထားကာ ချည်ကြမ်းအင်္ကျီတို့ကို ဝတ်ထား၏။

"ဘာကိစ္စလဲကွ ညီလေးရ"

"ဗျို့ဗိုလ်ဘီလူး၊ ခင်ဗျားတို့ ညီအစ်ကိုတွေဆီကို လာတာဗျ" ဟု ဝုရုံက လှမ်းအော်၏။

"အလို၊ ဆရာလေးပါလား။ မတွေ့တာ ကြာတော့ ကောင်းကောင်းမမှတ်မိဘူး ဆရာ လေးရေ။ ခွင့်လွှတ်နော်"

"လာလေဗျာ။ ကျုပ်နဲ့ ဗိုလ်ယက္ခ စိမ်ရည်ကလေး ဘာလေး သွားသောက်မလို့၊ လိုက်ခဲ့ပါ"

"ဆရာလေးနဲ့ တွေ့ပြီး စိမ်ရည်ကလေး ဘာလေး မသောက်ရတာ ကြာလှပြီလေ။ တခါမှကို မဆုံမိကြဘူး"

လှေနှစ်စီးသည် တစီးနှင့် တစီး ပူးကပ်ကာ အင်းကြီးထဲတွင် လှော်ခတ်လာခဲ့ကြ၏။ ခဏကြာလျှင် လှေနှစ်စီးသည် ရေပတ်လည်ဝိုင်းနေသည့် ကမ်းပါးမြင့်မြင့်နှင့် ကျွန်းကြီး တကျွန်းသို့ ရောက်လာခဲ့ကြ၏။ ကျွန်းပေါ်တွင် အိမ်ခြေ များများစားစား မရှိချေ။ သက်ငယ် မိုး တဲငယ် လေး ငါး ရှစ်လုံးခန့်သာ ရှိ၏။

"အမေရေ၊ ညီလေးကုမ္ဘာန် ရှိသလား"

"အမယ်လေး။ မင်းတို့ညီအကြောင်းတော့ မေးမနေနဲ့။ ဘယ်သွားလို့ သွားမှန်းလည်း မသိဘူး။ ငါးဖမ်းထွက်ပါဆိုလည်း မထွက်ဘူး။ တနေကုန် ကစားဝိုင်းမှာပဲ အချိန်ကုန် တာပဲ။ ရှိသမျှလည်း ပြောင်ပြီ။ ခုလည်း ငါ့ဆံထိုးကလေး ပေးစမ်းပါဆိုပြီး ကစားဝိုင်းကို ထွက်သွားလေရဲ့" ဟု မိန်းမကြီးက ပြော၏။

ယက္ခသည် ရယ်မောရင်း လှေကို ဆက်၍ လှော်ခတ်လာခဲ့၏။ နောက်လှေပေါ် ပါလာသည့် ဗိုလ်ဘီလူးက-

"ဒီကောင်ဟာ ကစားတိုင်း ရှုံးနေတာပဲ။ ကံကို မကောင်းဘူး။ ပြောလို့သာ ပြောရတာ။ သူချည်းရှုံးတာ မဟုတ်ဘူး။ ငါ့မှာလည်း ရှိသမျှ ပြောင်ပြီ"

"အင်း၊ ဒီအတိုင်းဆိုရင်တော့ ငါ့အကြံကို

အကောင်အထည်ဖော်ဖို့အတွက်တော့ ဟန်ကျနေပြီ” ဟု ဝုရုံ တွေးနေ၏။

လှေနှစ်စီးသည် ကျောက်တိုင်ရွာဈေးဆီသို့ လှော်ခတ်လာကြ၏။ တနာရီကျော်ကျော် လှော်မိသည့်အခါတွင် သစ်သားတံတားအိုတခုကို လှမ်းမြင်ရ၏။ တံတားဘေးတွင်မူ လူ တယောက်သည် လက်တွင် လျှော်ကြိုးဖြင့် သီထားသည့် ကြေးပြားတောင့်ကြီး နှစ်တောင့် ကို ကိုင်ကာ လှေတစီးကို တံတားတိုင်တွင် ချည်နေ၏။

“ဟိုမှာ ကုမ္ဘာန်ရယ်” ဟု ဗိုလ်ယက္ခက ပြော၏။

ကုမ္ဘာန်သည် ခေါင်းတွင် ပဝါစုတ်တထည်ကို ဖြစ်ကတတ်ဆန်း ရစ်ထားပြီး နား နောက်တွင် သလဲပွင့်တပွင့်ကို ပန်ထား၏။ အင်္ကျီခပ်ဟောင်းဟောင်းတထည်ကို ဝတ်ထား ပြီး ရင်ဘတ် ဟထားသဖြင့် ရင်တွင် ထိုးထားသည့် ကျားသစ်ရုပ်မင်သေ့ကို ထင်ရှားစွာ မြင်နေရ၏။ ခါးတွင် ပန်းရိုက်မျက်နှာသုတ်ပဝါ တထည်ကိုလည်း စည်း ထား၏။

“ဘယ့်နှယ်လဲ ဗိုလ်ကုမ္ဘာန် နိုင်ရဲ့လား” ဟု ဝုရုံက လှမ်းမေးလိုက်၏။

“ဆရာလေး မဟုတ်လား။ မတွေ့တာ ကြာပြီနော်။ ဆရာလေးတို့ လှေနှစ်စီးကို မြင်လို့ ကျွန်တော် တံတားပေါ်က စောင့်ကြည့်နေတာ”

“မင်းအိမ်ကို ဝင်ခဲ့ပြီဗျ။ အမေက ရွာထဲသွားပြီး ကစားဖို့ ထွက်သွားတယ်လို့ ပြောလို့ လိုက်လာတာ။ ကဲ လာကွာ။ ဆရာလေး ရောက်တုန်းရောက်ခိုက် စိမ်ရည်ကလေး ဘာလေး သောက်ရအောင် ဘုံဆိုင်ကို သွားကြစို့”

ဗိုလ်ယက္ခက ပြော၏။

ဗိုလ်ကုမ္ဘာန်သည် လှေထဲသို့ ခုန်ဆင်းလိုက်ပြီး ကြိုးကို ဖြေလိုက်ကာ တက်ကို ကောက်ကိုင်လိုက်၏။ ထို့နောက် တက်ကို ခပ်ပြင်းပြင်းတချက် ဆွဲလိုက်ကာ လှေနှစ်စီး နောက်မှ လိုက်လာ၏။

ခဏကြာလျှင် သူတို့လှေသုံးစီးသည် ကြာပွင့်တွေ ဝေနေသည့် ကန်ဘေးရှိ အဆောက် အအုံကလေးတခုသို့ ရောက်လာခဲ့ကြ၏။ လှေများကို ကမ်းစပ်တွင် ဆိုက်ပြီးနောက် ဝုရုံကို ကမ်းပေါ်သို့ ဆွဲတင်ပေးကာ ဘုံဆိုင်ထဲသို့ ဝင်လာခဲ့ကြ၏။ ကန်ဘေးရှိ အခန်းတခန်းထဲသို့ ဝင်ကာ ယွန်းစားပွဲအနီများနှင့် ယွန်းကုလားထိုင်အနီများ ခင်းထားသည့် နေရာတွင် ဝင်ထိုင်လိုက်ကြ၏။

“ကျွန်တော်တို့က တောသားဆိုတော့ ခေတ်ယဉ်ကျေးမှုတွေ ဘာတွေ မလုပ်တတ်ဘူး ဆရာလေးရေ။ ခွင့်လွှတ်နော်။ ဆရာလေးက ဧည့်သည်ဆိုတော့

ထိပ်ဆုံးမှာ ထိုင်ပါ” ဟု ဗိုလ်ယက္ခက ပြော၏။

“မလုပ်ပါနဲ့ဗျာ”

“ကဲ၊ ဒီလိုဆို အစ်ကိုကြီးက ထိပ်ဆုံးမှာ ထိုင်ဗျာ။ ဆရာလေးက ဧည့်သည်နေရာမှာ ထိုင်။ ကျွန်တော်တို့နှစ်ယောက် ဒီမှာ ထိုင်မယ်” ဟု ဗိုလ်ကုမ္ဘာန်က ပြော၏။

“ဗိုလ်ကုမ္ဘာန်တို့ကတော့ အရင်တုန်းကလို စိတ်မြန်တုန်းပဲကိုး” ဟု ဝုရုံက ပြော၏။

သူတို့လေးယောက်သည် စားပွဲတွင် ဝိုင်းထိုင်လိုက်ကြကာ စိမ်ရည်အိုးတလုံးကို မှာလိုက်၏။ စားပွဲထိုးတယောက်သည် အရက်ခွက် လေးခွက်၊ တူလေးစုံ၊ ဟင်းရွက်ကြော် လေးပွဲနှင့် စိမ်ရည်အိုးကြီးတအိုးကို လာချ၏။

“မြည်းရအောင် အသားကလေး ဘာလေးများ မရှိဘူးလားကွ” ဟု ကုမ္ဘာန်က မေး၏။

“အမဲသား လတ်လတ်ဆတ်ဆတ် ရှိတယ်ခင်ဗျ။ အသားနုနုကလေးရယ်။ ရေမြှုပ်ကို ဝါး ရသလိုပဲ”

“သွားကွာ၊ အမဲကြော်တဆယ်သားလောက် ထည့်ခဲ့”

ဗိုလ်ယက္ခက-

“ဆရာလေးတို့ဆီမှာလို ခမ်းခမ်းနားနားတော့ မရှိဘူးနော်။ ကျွန်တော်တို့တောက တော့ ဖြစ်သလို ကျွေးရတာပဲ။ ခွင့်လွှတ်နော်”

“ခွင့်လွှတ်ဖို့ တောင်းပန်ရမှာက ကျုပ်ပါဗျာ။ ခင်ဗျားတို့ကို သက်သက်လာပြီး ဒုက္ခ ပေးသလို ဖြစ်နေပြီ”

“ကဲ ကဲ၊ ဒါတွေအသာထားပြီး အရက်လေး ဘာလေး သောက်ပါဦး” ဟု ဗိုလ်ယက္ခက ပြော၏။ အမဲကြော်များ ရောက်လာသည့်အခါတွင် ဖိုးရုံညီအစ်ကိုသုံးယောက်တို့သည် ဆရာလေးအား အမဲကြော်မြည်းကြည့်ရန် တိုက်တွန်းကြ၏။

ဝုရုံသည် အမဲကြော်များကို စားပစ်လိုက်၏။ နောက်ထပ် မစားနိုင်တော့သည့်အခါ တွင်မှ ညီအစ်ကိုသုံးယောက်တို့သည် ကျန်အမဲကြော်များကို ဆာလောင်နေသော ဝံပုလွေ များ၊ ကျားများကဲ့သို့ တက်တက်ပြောင် စားပစ်လိုက်ကြ၏။ အငယ်ဆုံးဖြစ်သည့် ကုမ္ဘာန်က-

“ဆိုပါဦး။ ဆရာလေး ဘာကိစ္စလာတာလဲ”

ဗိုလ်ယက္ခက-

“ဆရာလေးက လူချမ်းသာအိမ် တအိမ်မှာ စာပြနေတယ်ကွ။ အဲဒီမှာ အလှူလုပ်မလို့ ငါးအချိန်နှစ်ဆယ်လောက် လိုချင်တာနဲ့ တို့ဆီကို လာပြီး အကူအညီတောင်းတာ”

“သာမန်ဆိုရင်တော့ ဒီလောက် ငါးကြီးမျိုး အချိန်တဆယ်၊ နှစ်ဆယ် မဟုတ်ပါဘူး ဗျာ။ လေး ငါးဆယ် ရနိုင်ပါတယ်။ ခုတော့ နှစ်ပိဿာ သုံးပိဿာငါး မပြောနဲ့၊ ငါးဆယ်သား ငါးလောက်တောင် မိဖို့ ခပ်ခက်ခက်ရယ်” ဟု ကုမ္ဘာန်က ပြော၏။

“ဆရာလေး ဒီလောက် အဝေးကြီးလာရတာဆိုတော့ နှစ်ပိဿာ၊ သုံးပိဿာငါးကို မရ တောင် တပိဿာငါးလောက်တော့ ရအောင် ရှာပေးရမှာပေါ့” ဟု ဗိုလ်ယက္ခက ပြော၏။ “ကျုပ်မှာ ငွေစ ပါပါတယ်။ ဈေးက အရေးမကြီးပါဘူး။ ဒါပေမဲ့ ငါးလေးကိုတော့ မလိုချင်ဘူးဗျ။ ငါးကြီးကိုပဲ လိုချင်တယ်။ အနည်းဆုံး နှစ်ပိဿာခွဲ သုံးပိဿာ ငါးပေါ့”

ကုမ္ဘာန်က-

“ဒီလောက်ကြီးတဲ့ ငါးတော့ ခုအချိန်မှာ ဘယ်မှာမှ ဖမ်းလို့ရမှာ မဟုတ်ဘူး ဆရာ လေးရ။ ခုတင်က အစ်ကို ပြောသွားတဲ့ ငါးဆယ်သားငါးတောင်မှ မနည်းဖမ်းယူရမှာ။ ဒါတောင် ရက်နည်းနည်းစောင့်မှ ရမှာ။ ခု ကျွန်တော့်လှေထဲမှာ ဟင်းစားအတွက် ငါး ကလေး တပုံးတော့ ပါလာတယ်။ ခု ချက်စားရအောင်”

“ခုလောလောဆယ်တော့ ဆရာလေး လိုချင်တဲ့ ငါးများကို ဘယ့်နှယ်လုပ်မှ ရမှာမဟုတ်ဘူး ဆရာလေးရေ”

ကုမ္ဘာန်သည် လှေထဲသို့ ဆင်းသွားကာ ငါးပုံးကို ဆွဲလာ၏။ စုစုပေါင်း ငါးပိဿာ လောက် ရှိမည်ဖြစ်၏။ ကုမ္ဘာန်သည် ငါးများကို မီးဖိုချောင်ထဲသို့ ယူသွားကာ ကိုယ်တိုင် ချက်ပြုတ်နေ၏။ ကျက်လျှင် ပန်းကန်ပြားဖြင့် ထည့်ကာ စားပွဲသို့ လာချ၏။

“မြည်းကြည့်စမ်းပါဦး ဆရာလေး”

သူတို့လေးယောက်သည် အတန်ကြာမျှ စားသောက်နေကြ၏။ တဖြည်းဖြည်းနှင့် မှောင်စပြုလာခဲ့လေပြီ။

“ဒီဘုံဆိုင်ထဲမှာတော့ ပြောလို့မကောင်းဘူး ထင်တယ်။ အေးအေးဆေးဆေး

တည လောက်နေပြီး အေးအေးဆေးဆေး ပြောမှဖြစ်မယ်။ အဲဒီတော့မှ အခြေအနေကို ကြည့်ရ မှာပဲ” ဟု ဝုရုံ တွေးလျက်ရှိ၏။

“မိုးတောင် တော်တော်ချုပ်နေပြီ ဆရာလေး။ ကျွန်တော့်အိမ်မှာ အိပ်ပါလား။ နက်ဖြန် ကျတော့မှ အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့”ဟု ဗိုလ်ယက္ခက ပြော၏။

“ကျွန်တော့်အဖို့လည်း ဒီကိုလာရတာ သိပ်လွယ်လှတာ မဟုတ်ဘူးဗျ။ ခုလို စုံစုံညီညီ တွေ့ရတော့ ဟန်ကျတာပေါ့ဗျာ။ ခု ကျွန်တော်က ကျသင့်ငွေကို ရှင်းပေးရင် ခင်ဗျားတို့ လက်ခံမှာ မဟုတ်ဘူး။ ကျွန်တော်လည်း ဗိုလ်ကုမ္ဘာန်အိမ်မှာ အိပ်မှာ။ ကျွန်တော့်မှာ ငွေစကလေး နည်းနည်းပါတယ်။ ဒီတော့ အပြန်မှာ ဆိုင်ကနေပြီး စိမ်ရည်တအိုးနဲ့ အမဲ ကြော်ကလေး နည်းနည်းပါးပါး ဝယ်ခဲ့မယ်ဗျာ။ ရွာထဲမှာလည်း ကြက်တို့ ဘာတို့ ဝယ်လို့ ရတယ် မဟုတ်လား။ ဒီနေ့ညတော့ ကောင်းကောင်းသောက်ကြတာပေါ့။ ဘယ့်နှယ်လဲ”

“ဆရာလေး ပိုက်ဆံပေးလို့ ဘယ်ဖြစ်မလဲဗျ။ ကျွန်တော်တို့ ပေးမှာပေါ့။ ကျွန်တော် တို့လည်း ဒီလောက်တော့ တတ်နိုင်ပါသေးတယ်” ဟု ဗိုလ်ယက္ခက ပြော၏။

“မလုပ်ပါနဲ့ဗျာ။ ဒီတခါတော့ ကျုပ်က ကျွေးပါရစေ။ ဒီလိုမှမဟုတ်ရင်တော့ ကျုပ် ပြန်မှာနော်”

“ကောင်းပြီလေ။ ဒီလိုဆိုရင်လည်း ဆရာလေးကပဲ ကျွေးပေါ့။ နောက်တခါဆိုရင်တော့ ကျွန်တော်တို့ကပဲ ကျွေးမှာနော်” ဟု ကုမ္ဘာန်က ပြော၏။ “ဗိုလ်ကုမ္ဘာန်တို့က ရိုးလည်း ရိုးဖြောင့်တယ်။ စကားပြောလည်း ပြတ်တယ်” ဟု ဝုရုံက ပြောကာ ငွေစတစကို ပေးလိုက်ပြီးလျှင် ဆိုင်မှ စိမ်ရည်အိုးတအိုး ငှား၍ ထည့်ခဲ့ရန် မှာလိုက်၏။ လတ်လတ်ဆတ်ဆတ် ငါးတပိဿာနှင့် ခပ်ဆူဆူကြက်တကောင်ကို ဝယ်ခဲ့ရန် လည်း မှာလိုက်၏။

“ရော့၊ ကျုပ်အတွက် ပိုက်ဆံကိုလည်း ဒီအထဲက ယူလိုက်”ဟု ဗိုလ်ယက္ခက ပြော၏။

“ဟုတ်ပြီ၊ ဟုတ်ပြီ” ဟု ဆိုင်ရှင်က ဆို၏။

သူတို့လေးယောက်သည် ဆိုင်ထဲမှ ထွက်လာခဲ့ကြကာ ဝယ်လာသည့် ပစ္စည်းများကို လှေဦးပေါ်သို့ တင်ပြီးနောက် လှေများကို ငုတ်တိုင်များမှ ဖြုတ်ကာ ဗိုလ်ယက္ခ၏ အိမ်သို့ လှော်ခတ်လာခဲ့ကြ၏။ အိမ်ရှေ့သို့ ရောက်လျှင် လှေများကို ငုတ်တိုင်တွင် ချည်ပြီးနောက် ကမ်းပေါ်သို့ တက်လာခဲ့ကြ၏။ အချို့ကလည်း

ပစ္စည်းများကို ယူပြီး နောက်ဖေး မီးဖိုချောင် သို့ သွားကြ၏။ ဗိုလ်ယက္ခက မီးထွန်းခဲ့ရန် သူ့ဇနီးကို လှမ်းပြော၏။ ညီအစ်ကို သုံးယောက် အနက် သူတယောက်သာလျှင် အိမ်ထောင်ရှိသူဖြစ်ပြီး အကြီးနှင့် အငယ်မှာ လူလွတ်များ ဖြစ်ကြ၏။

အိမ်သည်များနှင့် ဧည့်သည်တို့သည် ကန်ဘက်ကို မျက်နှာမူထားသည့် နောက်ဖေး ဆောင်တွင် ထိုင်ကြ၏။ ဗိုလ်ကုမ္ဘာန်သည် ကြက်တကောင်ကို ပေါ်ပြီးလျှင် သူ့မရီးနှင့် သူတို့မွေးစားထားသည့် သူငယ်ကလေးတို့ကို ချက်ပြုတ်ပေးရန် ကမ်းပေးလိုက်၏။ သူငယ် အိပ်စက်ချိန်လောက်သို့ ရောက်သည့်အခါတွင်မူ အားလုံး ချက်ပြုတ်ပြီးစီးကာ အဆင်သင့် ဖြစ်နေလေပြီ။

ဝုရုံ တိုက်တွန်းသည့်အတွက် သူတို့တသိုက်သည် တော်တော်များများ သောက်လိုက် ကြ၏။ ဝုရုံသည် သူ ငါးဝယ်လာသည့် ကိစ္စကို ပြန်ကောက်ပြန်၏။

"ဒီလောက် ကြီးတဲ့ အင်းကြီးထဲမှာတောင် ကျွန်တော် လိုချင်တဲ့ နှစ်ပိဿာခွဲ သုံးပိဿာငါးလောက်ကို ရှာလို့ မရကြတော့ဘူးလားဗျ'

ဗိုလ်ယက္ခက-

"ဆရာလေးပြောတဲ့ နှစ်ပိဿာငါး သုံးပိဿာငါးကိုတော့ လျှံ့ရှန်းတောင်ခြေက ကျူတောတွေထဲမှာပဲ ရမှာပဲဗျ။ ကျွန်တော်တို့ ကျောက်တိုင်အင်းဆိုတာ ဘာရှိတာမှတ်လို့။ အင်း သေးသေးကလေးပဲဟာ။ ဒီလောက်ကြီးတဲ့ ငါးတော့ ရှိမှာ မဟုတ်ဘူး"

"နို့ နေစမ်းပါဦးဗျ။ လျှံ့ရှန်းကျူတောဆိုတာ ဒီအင်းနဲ့ ဆက်နေတာပဲ မဟုတ်လား။ ကျွန်တော်သိသလောက်ဆိုရင်တော့ သိပ်မဝေးပါဘူး။ အဲဒီကို သွားဖမ်းပေါ့ဗျ။ အဲဒီကို သွားပြီး မဖမ်းကြဘူးလား"

"မမေးပါနဲ့ ဆရာလေးရယ်" ဟု ဗိုလ်ယက္ခက ပြော၏။

"အလိုလေးဗျာ။ ဒါများ ဘာဖြစ်လို့ သက်ပြင်းကြီးချနေရတာလဲ"

ဗိုလ်ကုမ္ဘာန်က-

"ဆရာလေး မသိသေးဘဲကိုး။ ကျွန်တော်တို့ တံငါအလုပ်ဟာ လျှံ့ရှန်းကျူတောကြီးကို အမှီပြုနေရတာ ဆိုတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ အဲဒီကိုသွားပြီး ငါး မဖမ်းရဲဘူးဗျ"

"ဒီလောက်ကြီးတဲ့ အင်းကြီးထဲမှာ ငါးခိုးဖမ်းတာလောက်တော့ ဘယ် အင်းသူကြီး၊ ဘယ်မြို့ပိုင်ကမှ သိမှာ မဟုတ်ပါဘူးဗျာ။ သူ တားလို့ကော

ရမှာတဲ့လား”

“ဘာ၊ အင်းသူကြီးနဲ့ မြို့ပိုင် ဟုတ်စ။ သူတို့လောက်မပြောနဲ့၊ ငရဲပြည်က ယမမင်းကြီး လာတားတောင် အရေးမဟုတ်ဘူး။ ခုဟာက”

“နို့ ဘယ်သူ့ကို ကြောက်နေရလို့လဲ”

“ဆရာလေး မကြားသေးဘဲကိုး။ ဒီလိုဆိုရင်လည်း ပြောပြရမှာပေါ့လေ”

“ဟင့်အင်း၊ တခါမှ မကြားဖူးသေးဘူး”

ဗိုလ်ကုမ္ဘာန်က-

“ပြောရမှာတော့ ခပ်ရှက်ရှက်ပဲဗျ။ လျှံရှန်းကျူတောမှာ တောပုန်းတွေ စခန်းချထား တယ်လေ။ ဘယ်တံငါလေ့မှ ကျူတောထဲကို မဝင်ရဘူးဗျ”

“ဩော်၊ ဖြစ်မှဖြစ်ရလေဗျာ။ ကျူတောထဲမှာ တောပုန်းတွေရဲ့ စခန်း ရှိသကိုး။ ကျွန်တော်တို့နယ်ကတော့ ဘာသတင်းမှ မကြားဘူးဗျ”

ဗိုလ်ယက္ခက-

“သူတို့ခေါင်းဆောင်က ဘုရင့်စာပြန်ပွဲမှာ ကျရှုံးလာတဲ့လူဗျ။ သူ့နာမည်က ဝမ်လုံတဲ့။ အဲဒီမှာတော့ ဝတ်ရုံဖြူသုခမိန်လို့လည်း ခေါ်ကြတယ်။ ဒုတိယခေါင်းဆောင်ကတော့ ဒူရှန်းတဲ့ဗျ။ အာကာပျံလို့လည်း ခေါ်တယ်။ တတိယခေါင်းဆောင်ကတော့ ဆုံဝမ်တဲ့ဗျ။ သူ့ကို တိမ်တမန်လို့ ခေါ်တယ်။ သူတို့လက်အောက်မှာ ချူကွီ ဆိုတဲ့ ခေါင်းဆောင်ရှိတယ်။ အဲဒီလူကိုတော့ ကုန်းမိကျောင်းလို့ ခေါ်တယ်။ သူက သတင်းပလင်း စနည်းနာဖို့ တောင်ခြေမှာ မျက်မမြင်ယောင်ဆောင်ပြီး ဘုံဆိုင်ကလေးတဆိုင် ဖွင့်ထားတယ်။ သူတို့ကိုတော့ ဒီလောက်မှုစရာ မဟုတ်သေးပါဘူး။ ခု နောက်ဆုံးရောက်လာတဲ့ တောပုန်းခေါင်းဆောင် ကတော့ အရှေ့နေပြည်တော် ရွှေနန်းတော်စောင့်တပ်ရင်းက လက်နက်သင်တန်းဆရာ လင်ချုံးတဲ့ဗျ။ လူက သတ္တိဗျတ္တိလည်း ကောင်းတယ်။ သူ့နာမည်ကတော့ ကျားသစ်ခေါင်းတဲ့။ လက်နက်မျိုးစုံမှာတော့ တော်တော့်ကို ကျွမ်းကျင်တဲ့ လူပဲဗျာ။ အဲဒီ သူတို့နောက်မှာ နောက်လိုက်နောက်ပါ ခြောက်ရာ ခုနစ်ရာလောက် ရှိပြီး အနီးအနားတဝိုက်က ရွာတွေကို လုယက်နေကြတယ်ဗျ။ ခု ကျုပ်တို့တတွေ ကျူတောထဲကို သွားပြီး ငါးမဖမ်းရတာ တနှစ် ကျော်ကျော်လောက် ရှိပါပေါ့လား။ ကျူတောကြီးကို ပိတ်ထားလိုက်တော့ ကျွန်တော်တို့ တတွေမှာ အလုပ်အကိုင်မရှိတော့ဘဲ စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ကြတော့တာပေါ့။ ဒီအကြောင်းတွေကို မပြောချင်ဘူးဗျာ။ ပြောရင် စိတ်နာလွန်းလို့”

"ကျွန်တော်ဖြင့် ခင်ဗျားတို့ ပြောမှပဲ သိရတော့တယ်။ အာဏာပိုင်တွေကကော သူတို့ကို လာမဖမ်းဘူးလား"

ဗိုလ်ကုမ္ဘာန်က-

"အာဏာပိုင်ဆိုတာ လူထုတွေကို နှောင့်ယှက်ဖို့၊ ဒုက္ခပေးဖို့လောက်ပဲ သိတာပဲဗျာ။ သူတို့တတွေ ရောက်လာတာနဲ့ ကျုပ်တို့ တောသူတောင်သားတွေရဲ့ ကြက်တွေ၊ ဝက်တွေ၊ နွားတွေကို ဖမ်းစားပစ်လိုက်တာပဲ။ ရွာက သူတို့တတွေ မြန်မြန်ထွက်သွားစေချင်ရင် ပိုက်ဆံပေးရသဗျ။ ဒီတော့ ဒီလိုကောင်တွေဟာ ဘယ့်နှယ်လုပ်ပြီး တောပုန်းတွေကို သွား နှိမ်နင်းရဲပါ့မလဲဗျာ။ ရဲ ဆိုတာကလည်း အနားတောင် မသီရဲဘူးဗျ။ အာဏာပိုင်တွေက တောပုန်းတွေကို သွားပြီး အဖမ်းခိုင်းရင် ဆရာလေးရဲ့ ရဲတွေ ကြောက်လွန်းလို့ သေး တောင် ဖြန်းဖြန်းပါလိမ့်ဦးမယ်။ တောပုန်း မြင်ရင် တစ္ဆေသရဲလို လန့်နေတာ"

"ကျွန်တော်တို့မှာ ငါးသာ မဖမ်းရတော့ပေမယ့် အခွန်တို့ ဘာတို့တော့ မဆောင်ရ တော့ဘူးဗျ။ ပြီးတော့ အလုပ်ကြမ်းလိုက်လုပ်ရတာတို့ ဘာတို့လည်း မရှိတော့ဘူး"

ဗိုလ်ကုမ္ဘာန်က ပြော၏။ ဝုရုံက-

"ဒီလိုဆိုရင် ဒီတောပုန်းတွေက တယ်ဟန်ကျပါကလားဗျ"

ဗိုလ်ယက္ခက-

"တောပုန်းတွေက နယ်အာဏာပိုင်တွေကိုလည်း မကြောက်ဘူး။ အစိုးရကိုလည်း မကြောက်ဘူး။ သိကြားမင်းလည်း မကြောက်ဘူး။ ယမမင်းကိုလည်း မကြောက်ဘူး။ သူတို့မှာ ပိုက်ဆံ ကောင်းကောင်း ရှိတယ်။ စိမ်ရည်ကောင်းကောင်းရှိတယ်။ အဝတ်အစား ကောင်းကောင်းရှိတယ်။ အစားအသောက် ကောင်းကောင်း ရှိတယ်။ ဒီတော့ မပျော်စရာ ဘာရှိသေးသလဲ ဆရာလေးရဲ့။ ကျွန်တော်တို့ ညီအစ်ကိုတတွေမှာသာ နေပူစပ်ခါးမရှောင် လုပ်လိုက်ရတာ။ တခါတလေတော့ သူတို့တောပုန်းတွေဆီတောင် သွားနေလိုက်ချင် သေးတယ်"

ဝုရုံမှာ အတွင်းကျိတ် ကျေနပ်လျက်ရှိလေပြီ။ " ဒီအတိုင်းဆိုရင် ငါ့အကြံနဲ့တော့ အံကျနေပြီ" ဟု တွေးကာ ပီတိဖြစ်လျက်ရှိ၏။ ဗိုလ်ဘီလူးက-

"လူမှာလည်း သက်တမ်းအရှိသာ နေရ၏။ မြက်ပင်တို့သည်လည်း ဆောင်းဦးတွင် သေကြရ၏" ဆိုတဲ့ စကားလိုပဲဗျ။ ကျွန်တော်တို့ညီအစ်ကိုတတွေမှာဖြင့် တသက်လုံး တံငါလုပ်လိုက်ရတာ။

တခါတလေတော့ သူတို့လို တနေ့လောက် နေရရင် သေပျော်ပါပြီ”

ဝုရုံက လှောင်ပြောင်သည့်ဟန်ဖြင့်-

“ကြံကြီးစည်ရာဗျာ။ သူတို့လိုတော့ မနေချင်ပါဘူး။ ရာဇဝတ်မှုတွေကို ကျူးလွန် ရတာမျိုးတော့ မလုပ်ပါရစေနဲ့။ တမှုကို ကြိမ်ဒဏ် ကိုးဆယ်၊ တရာလောက် ခံရမယ့် အမှုမျိုးတွေကိုပဲ ကျူးလွန်နေရတာ။ အမှန်ကတော့ သူတို့လက်ရုံးရည်တွေ၊ သတ္တိ ဗျတ္တိတွေကို အလွဲသုံးစား လုပ်နေကြတာဗျ။ သူတို့ကို ဖမ်းမိလို့ အပြစ်ပေးရင် ဘယ်သူကမှ သနားမှာ မဟုတ်ဘူး”

ဗိုလ်ကုမ္ဘာန်က-

“အလကားပါဗျာ။ အစိုးရမင်းများကလည်း ဘာမှ တတ်နိုင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာတော့ နဖူးက ချွေး ခြေမ ကျအောင် လုပ်လိုက်ရတာ။ သူတို့လို တောပုန်း တွေကျတော့ စိတ်ထင်တိုင်း သွားချင်ရာ သွား၊ လုပ်ချင်ရာ လုပ်နေကြတာပဲ။ ကျွန်တော် တို့ကိုသာ ခေါင်းဆောင်မယ့်လူ ရှိရင် သူတို့လို နေလိုက်ချင်စမ်းတယ်ဗျာ”

ဗိုလ်ယက္ခက-

“ကျွန်တော်တို့လည်း အများနည်းတူတော့ လုပ်ရည်ကိုင်ရည် ရှိပါတယ်ဗျ။ ဒီလောက် မညံ့ပါဘူး။ ခုတော့ ကျွန်တော်တို့မှာ အစွမ်းအစကို ပြခွင့်မရဘဲ ဖြစ်နေတယ်”

“ကောင်းပြီဗျာ။ ဒါဖြင့် ကျွန်တော်မေးမယ်။ ခင်ဗျားတို့ကို ခေါင်းဆောင်လမ်းပြပေး မယ့်သူ ရှိရင် ခင်ဗျားတို့ တကယ်သွားမလား”

“ရေကို ဖြတ်ရဖြတ်ရ၊ မီးကိုဖြတ်ရ ဖြတ်ရ သွားမယ်ဗျာ။ တနေ့လောက်သာ ပျော်ပျော် နေလိုက်ရရင် ပြုံးပြုံးနဲ့ သေပြသွားမယ်”

“အင်း၊ သူတို့မှာလည်း တခုခုတော့ အကြံအစည်ရှိမှာပဲ။ တဖြည်းဖြည်း အစ်အောက် ကြည့်မှပဲ” ဟု ဝုရုံ စဉ်းစားကြည့်၏။ ဝုရုံသည် ညီအစ်ကိုသုံးယောက်အား နောက်ထပ် အရက်သောက်ရန် တိုက်တွန်းပြန်၏။

“ခင်ဗျားတို့ ကျူတောထဲကို သွားပြီး တောပုန်းတွေကို ဖမ်းရဲပါ့မလား”

ဗိုလ်ကုမ္ဘာန်က-

“ဖမ်းပေးတော့ကောဗျ၊ ကျွန်တော်တို့ကို ဘယ်သူက ဆုလာဘ်ပေးမှာလဲ။ ပြီးတော့ တတိုင်းပြည်လုံးမှာ ရှိတဲ့ လူစွမ်းကောင်းတွေကလည်း ကျွန်တော်တို့ကို

ကဲ့ရဲ့ကြဦးမယ်”

“ဒီလိုဆိုရင် ခင်ဗျားတို့ကိုယ်တိုင် တောပုန်းဂိုဏ်းထဲ ဝင်ပေါ့ဗျ။ အလုပ်လုပ်လို့ မရဘူးဆိုရင် ဒီနည်းပဲ ရှိတော့တာပဲ”

ဗိုလ်ယက္ခက-

“ကျွန်တော်တို့လည်း စိတ်တော့ ကူးမိပါရဲ့။ ဒါပေမဲ့ တောပုန်းခေါင်းဆောင် ဝတ်ရုံဖြူ ဝမ်လုံဟာ စိတ်ထားသေးနုပ်တယ်တဲ့။ နှမြောတွန့်တိုတယ်တဲ့။ လူကောင်းသူကောင်းတွေ ကို ချီးမြှောက်တာတို့ ဘာတို့ မလုပ်ဘူးလို့ ပြောသံကြားဖူးလို့ဗျ။ အရှေ့နေပြည်တော်က ကျားသစ်ခေါင်းလင်ချုံး ဆိုရင် ရောက်စတုန်းက အင်မတန် အနှိမ်ခံရတယ်တဲ့။ ဝမ်လုံက ဆိုရင် သူ့ကို သိပ်နှိမ်တာပဲတဲ့။ ဂိုဏ်းထဲကို ဝင်ခွင့်ပြုပါမယ့် အကြောင်းကို ဟိုရွှေ့ဒီရွှေ့နဲ့ လုပ်နေသတဲ့။ ဒီတော့ ကျွန်တော်တို့လည်း သူ့အကြောင်း ကြားပြီးကတည်းက တော်တော် စိတ်ပျက်သွားတယ်”

ဗိုလ်ကုမ္ဘာန်က-

“ဆရာလေး ကျွန်တော်တို့ကို ခင်သလို၊ ဆရာလေး သဘောထားကြီးသလို ပုံမျိုး ဆိုရင်တော့ ဟုတ်တာပေါ့”

“ကျုပ်ကို ဒီလောက်လည်း ချီးမြှောက်မနေပါနဲ့ဦးဗျာ”

“ဟုတ်တယ်။ သူသာ ဆရာလေးလိုဆိုရင် ကျွန်တော်တို့ ဒီရွာမှာ မရှိတော့ဘူး။ တောပုန်းလုပ်နေတာ ကြာလှပြီ။ ဒီလိုသာဆိုရင် သူ့အတွက် သေဆိုရင်လည်း ကျွန်တော်တို့ သေမှာပဲ”

“ကျုပ်ကို ဒီလောက်လည်း ချီးမြှောက်မနေကြပါနဲ့ဦးဗျာ။ ကျုပ်က ဒီလောက်လည်း မဟုတ်သေးပါဘူး။သူ့ဆီ မသွားချင်ရင်လည်း ရှန်တောင်ပြည်နယ်တို့၊ ဟိုပေ့ပြည်နယ်တို့မှာ လူစွမ်းကောင်းတွေ၊ ရဲရင့်သူတွေ အများကြီးရှိပါတယ်။ သူတို့ဆီကို သွားချင်တယ်ဆိုရင် လည်း သွားနိုင်သားပဲ”

ဗိုလ်ယက္ခက “ဒါတော့ ဟုတ်တာပေါ့လေ။ ဒါပေမဲ့ ကျွန်တော်တို့က သူတို့နဲ့ အဆက် အသွယ်မှ မရှိတာ၊ ဘယ့်နှယ်လုပ် သွားလို့ဖြစ်မလဲ ဆရာလေးရဲ့”

“ကျောက်ခဲကို သိတယ် မဟုတ်လား။ ယွမ်ချုံးတိုက်နယ်ကလေ။ အရှေ့ဘက်ကမ်း ကပဲ မဟုတ်လား”

“ဘာလဲ၊ တိုက်သူကြီးကျောက်ခဲကို ပြောတာလား။ ဘုရားဒကာကျောက်ခဲလို့လည်း ခေါ်တယ်။ လေပုံလို့လည်း ခေါ်တယ်လေ” ဟု

ဗိုလ်ကုမ္ဘာန်က မေး၏။

"ဟုတ်ပါ့ဗျာ"

ဗိုလ်ကုမ္ဘာန်က-

"သူ့ကိုတော့ သိသားပဲ။ ဒါပေမဲ့ သူ့ရွာနဲ့ ကျွန်တော်တို့ အင်းရွာတွေဆိုတာက လီတရာလောက် ဝေးတော့ တော်တော်နဲ့ မတွေ့ဖြစ်ပါဘူး ဆရာလေးရယ်"

"သူနဲ့ တွေ့ကြည့်ရင်ကော။ လူကတော့ လူဖြောင့်လူမှန်တယောက်ပါပဲ"

"အရှေ့ဘက်ကမ်း ရွာတွေဘက်ဆီကို သွားဖို့ အကြောင်းကိစ္စလည်း တခါမှ မပေါ် ဖူးဘူး" ဟု ဗိုလ်ယက္ခက ပြော၏။

"မကြာခင်တုန်းကပဲ ကျုပ် သူတို့ရွာနားက လူချမ်းသာတယောက်ရဲ့ အိမ်မှာ ကျောင်း ဆရာ ဝင်လုပ်ခဲ့တယ်ဗျ။ အလွန်အဖိုးတန်တဲ့ပစ္စည်းတွေ သယ်လာမယ်လို့ ကြားလို့ သူလည်း အဲဒါကို မျှော်နေတယ်။ အဲဒါကို လမ်းက ဆီးပြီးယူရင်ကော ဘယ့်နှယ်လဲ။ ခင်ဗျားတို့ ပါနိုင်ပါ့မလား"

ဗိုလ်ကုမ္ဘာန်က-

"ဟာ၊ ဘယ်ဖြစ်မလဲ ဆရာလေးရယ်။ တိုက်သူကြီးကျောက်ခဲဆိုတာ အင်မတန် စိတ်သဘောထားမြင့်မြတ်ပြီး ရက်ရောတဲ့ လူပဲ။ သူကြံရွယ်ထားတဲ့ ကိစ္စကို ကျွန်တော် တို့က ဝင်လုပ်လို့ ဘယ်ဖြစ်မလဲ။ ဒီလိုလုပ်တယ်လို့ ကြားရင် တတိုင်းပြည်လုံးမှာ ရှိတဲ့ လူစွမ်းကောင်းတွေက ကျွန်တော်တို့ကို ရယ်ကြမှာပေါ့"

"အင်း၊ ခင်ဗျားတို့ညီအစ်ကိုဟာ တယ်ပြီး သစ္စာရှိကြပါပေတယ်ဗျာ။ ကျွန်တော်ဖြင့် အစက ဒီလောက် မထင်ခဲ့ဘူး။ ခင်ဗျားတို့ စိတ်ဓာတ်ဟာလည်း မြင့်မြတ်ပါပေတယ်။ ခင်ဗျားတို့ ကူညီမယ်ဆိုရင်တော့ အဖြစ်အပျက်အမှန်ကို ဖွင့်ပြီး ပြောရတော့မှာပဲ။ ကျွန်တော်က ခု တိုက်သူကြီးကျောက်ခဲ အိမ်မှာ နေတယ်ဗျ။ ခင်ဗျားတို့သတင်းကို ကြား တာနဲ့ ကျွန်တော့်ကို ခင်ဗျားတို့နဲ့ ဆွေးနွေးဖို့ လွှတ်လိုက်တာပဲ"

"ကျွန်တော်တို့က တောသားဆိုတော့ ရိုးရိုးရှင်းရှင်းပဲဗျ။ ကျွန်တော်တို့ ကူညီနိုင်မယ့် ကိစ္စတခုအတွက် ဆရာလေးကို လွှတ်လိုက်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ ကျွန်တော်တို့ တတ်နိုင်သမျှ ကူညီမယ်။ သေချင်ရင် သေသွားပေ့စေဗျာ။ ကျွန်တော်တို့ တတ်နိုင်တာကို မကူညီလို့ ရှိရင် ဟောဒီ သောက်ထားတဲ့ စိမ်ရည်တွေ အပင်းဖြစ်ရစေရဲ့။ ရောဂါဆိုးနဲ့ သေရစေရဲ့။

ဘေးအမျိုးမျိုးနဲ့ ကြုံရစေရဲ့”

ဗိုလ်ယက္ခက ပြော၏။ ဗိုလ်ဘီလူးနှင့် ဗိုလ်ကုမ္ဘာန်တို့ကလည်း သူတို့ဇက်ပိုးကိုဖြန်းခနဲ ရိုက်ကာ-

“ကျွန်တော်တို့ကို အထင်ကြီး တန်ဖိုးထားလို့ လာပြီး အကူအညီတောင်းတဲ့ လူ အတွက်ဆိုရင် သွေးစိမ်း မြေကျချင်ကျပေ့စေဗျာ။ လုပ်မယ်” ဟု ပြောကြ၏။

ဝုရုံက-

“တခုတော့ ကြိုတင်ပြောထားမယ်ဗျာ။ ခု ခင်ဗျားတို့ကို မကောင်းရာလုပ်ဖို့ ကျွန်တော် သွေးဆောင်ဖြားယောင်းနေတာ မဟုတ်ဘူး။ ဒါကိုတော့ ရှင်းရှင်း သိထားစေချင်တယ်။ ကိစ္စက နည်းနည်းတော့ အရေးကြီးတယ်။ အရှေ့နေပြည်တော်က နန်းရင်းဝန်ဆယ်ဟာ ဆဋ္ဌမလ ဆယ့်ငါးရက်နေ့မှာ မွေးနေ့ပွဲကြီးတခု လုပ်မယ်ဗျာ။ သူ့သမက်ဖြစ်တဲ့ ဥတ္တရ နေပြည်တော်က မြို့တော်ဝန်လျှံချုံရှုကြ သူ့မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေတသိန်းနဲ့ ရွှေငွေ အဖိုးတန်ကျောက် မျက်ရတနာတွေ လက်ဆောင်ပို့လိမ့်မယ်။ လျူထန် ဆိုတဲ့ သတ္တိဗျတ္တိကောင်း သူငယ်ကလေးတယောက်က ကျွန်တော်တို့ဆီကို သတင်းလာပေးတယ်။ အဲဒီပစ္စည်းတွေဟာ မတရား ရထားတဲ့ ပစ္စည်းတွေ။ ဒီတော့ ဒီပစ္စည်းတွေကို လူပြတ်၊ အသွားအလာပြတ်တဲ့ တောင်ကြားတနေရာမှာ ဖြတ်ပြီး ယူချင်တယ်။ ဒါကြောင့် ခင်ဗျား တို့နဲ့ ဆွေးနွေးတိုင်ပင်ချင်လို့ လာခေါ်တာပဲ။ ဒီတချီ ပွလိုက်ရင်တော့ ကျွန်တော်တို့လည်း တသက်ထိုင်စားနိုင်ပြီ။ အမှန်ကတော့ ခင်ဗျားတို့ကို တိုင်ပင်ဖို့ လာခေါ်တာပဲ။ ဒါပေမဲ့ ရိပ်မိသွားရင် မကောင်းဘူး။ ဒါကြောင့် ငါးဝယ်ချင်ယောင်ဆောင်ပြီး လာခဲ့တာ။ ဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်လို သဘောရကြသလဲ”

“နိုပ်လိုက်လေဗျာ။ ကဲ၊ အစ်ကို။ ကျွန်တော် မပြောဘူးလား” ဟု ဗိုလ်ယက္ခက အော်လိုက်၏။

ကုမ္ဘာန်က ထိုင်ရာမှ ထလိုက်လျက်-

“ဒီလို အခွင့်အရေးမျိုးကို မျှော်နေတာဗျာ။ အတော်ပဲ။ ယားနေတုန်း ကုတ်မိတာနဲ့ အတော်ပဲ။ ကဲ၊ ဆို။ ဘယ်တော့ စချင်သလဲ”

“မနက်ဖြန်မနက် လင်းအားကြီး ကျတော့ တိုက်သူကြီးကျောက်ခဲ ရွာကို သွား မယ်လေ”

ညီအစ်ကိုသုံးယောက်မှာ ဝမ်းသာလျက်ရှိကြ၏။

ထိုည လွန်မြောက်ခဲ့၏။ နောက်တနေ့မနက်၌ သူတို့တသိုက်သည် အိပ်ရာမှ ထကာ မနက်စာ စားကြ၏။ အိမ်တွင် ကျန်ရစ်သူတို့အား မှာစရာရှိသည်တို့ကို မှာခဲ့ပြီးနောက် သူတို့တသိုက်သည် အရှေ့ကမ်းရွာသို့ ခရီးထွက်ခဲ့ကြ၏။ တနေ့လုံး ခရီးပြင်းနှင်ခဲ့ကြရာ ညနေမိုးချုပ်စတွင် တိုက်သူကြီးကျော်ခဲ၏ အိမ်ကို မြင်နေရလေပြီ။ တိုက်သူကြီး ကျော်ခဲနှင့် သူငယ်ကလေးလျှူထန်တို့မှာ ပိုးစာပင်တပင်အောက်တွင် လမ်းလျှောက် လျက် ရှိသည်ကို တွေ့ရ၏။ ဝုရုံတို့ ရောက်လာသည့်အခါတွင် ကျော်ခဲနှင့် လျှူထန် တို့သည် ညီအစ်ကိုသုံးယောက်တို့ကို လှိုက်လှဲစွာ နှုတ်ဆက်ကြ၏။

"ဖိုးရုံတို့ ညီအစ်ကိုတတွေကတော့ နာမည်ကြီးပါပေတယ်ဗျာ။ အေးလေ၊ ကြီးမယ် ဆိုရင်လည်း ကြီးထိုက်ပါပေတယ်။ ကဲ၊ အထဲမှာ စကားပြောကြရအောင်"

သူတို့ခြောက်ယောက်သည် နောက်ဖေးရှိ အတွင်းဆောင်ဘက်သို့ ဝင်လာခဲ့ကြကာ အိမ်သည်နှင့် ဧည့်သည်နေရာများတွင် အသီးသီးထိုင်ကြ၏။ ဝုရုံက သူတို့အား ခေါ်လာခဲ့ပုံ ကို ပြောပြ၏။ တိုက်သူကြီးကျော်ခဲမှာ များစွာ ကျေနပ်လျက်ရှိလေပြီ။ တိုက်သူကြီး ကျော်ခဲသည် အခိုင်းအစေများအား ဝက်တကောင်နှင့် သိုးတကောင် အပေါ်ခိုင်းလိုက် ပြီးလျှင် မီးပူဖော်ရန်အတွက် ရွှေစက္ကူများကိုလည်း အပြင်ခိုင်းလိုက်၏။

တိုက်သူကြီးကျော်ခဲမှာ တည်ကြည် ခံ့ညားသော ဥပဓိရုပ် ရှိသည့်အပြင် စကား ပြောရာတွင်လည်း ပွင့်ပွင့်လင်းလင်း ရှိသဖြင့် ညီအစ်ကိုသုံးယောက်မှာ တိုက်သူကြီး ကျော်ခဲကို များစွာ လေးစားသွားကြကာ-

"ကျွန်တော်တို့က ဒီလို သတ္တိဗျတ္တိရှိတဲ့ လူမျိုးကို တွေ့ချင်တာ ခင်ဗျ။ ခုတော့ အတော် ပဲ။ ဆရာလေးဝုရုံသာ ခေါ်မလာရင် ကျွန်တော်တို့ တွေ့ရမှာမဟုတ်ဘူး။ ဝမ်းသာလိုက်တာ ဆရာလေးရယ်" ဟု လှိုက်လှဲစွာ ပြောကြ၏။ သူတို့သုံးယောက်စလုံးမှာလည်း များစွာ ကျေနပ်လျက် ရှိကြလေပြီ။

သူတို့သည် စားသောက်ပြီး သန်းခေါင်ကျော်သည်အထိ စကားပြောနေကြ၏။ နောက် တနေ့မနက် အရုဏ်တက်တွင် အိပ်ရာမှ စောစွာထကာ နောက်ဘက်အတွင်းဆောင်သို့ လာခဲ့ကြ၏။ စားပွဲပေါ်တွင်မူ ရွှေစက္ကူပိုက်ဆံများ၊ စက္ကူအမွှေးတိုင်များ၊ ဖယောင်းတိုင်များ၊ ယမန်နေ့ ညက ချက်ပြုတ်ထားသည့် ဝက်သားနှင့် သိုးသားဟင်းများ၊ ရွှေချောင်းသဏ္ဍာန် လုပ်ထားသည့် ရွှေစက္ကူများ စသည်တို့ကို အသင့်ပြင်ထား၏။ တိုက်သူကြီးကျော်ခဲမှာ ရိုးသားဖြောင့်မတ်သူတဦး ဖြစ်ကြောင်းကို တွေ့ရသည့်အတွက် ညီအစ်ကိုတသိုက်မှာလည်း ဝမ်းသာလျက် ရှိကြ၏။ ထို့နောက် သူတို့သည် အမွှေးတိုင်များကို ထွန်းညှိကာ အောက်ပါ အတိုင်း သစ္စာဆိုကြလေ၏။

"ဥတ္တရနေပြည်တော်မှ မြို့ဝန်လျှံချံ့ရှူသည် ပြည်သူလူထုများကို ဒုက္ခပေးသူ ဖြစ်ပါ သည်။ လျှံချံ့ရှူသည် ပြည်သူများထံမှ မတရားကောက်ခံထားသည့် အခွန်တော်ငွေများ ဖြင့် အရှေ့နေပြည်တော်ရှိ သူ့ယောက္ခမဖြစ်သူဆယ်အား လက်ဆောင်ပဏ္ဏာများ ပေးပို့ နေပါသည်။ ထိုပစ္စည်းများ၊ ထိုငွေများသည် မတရားသဖြင့် ရယူထားသော ပစ္စည်းများနှင့် ငွေများ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ခြောက်ယောက်အနက် တယောက်ယောက်သည် ကိုယ်ကျိုးရှာလိုသော ဆန္ဒရှိပါက ကောင်းကင်နှင့် မြေကြီးသည် ထိုသို့ ကိုယ်ကျိုးကြည့်သူအား ပျက်စီးအောင် ပြုပါစေသတည်း။ ကျွန်ုပ်တို့၏ သစ္စာကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ် များအား သိကြားကြစေသတည်း"

ထိုသို့ သစ္စာဆိုပြီးနောက်တွင် သူတို့သည် စက္ကူအမွှေးတိုင်များကို မီးရှို့ပူဇော်ကြ၏။ ငွေစက္ကူများကိုလည်း မီးရှို့ပူဇော်ကြ၏။

ထိုနောက်တွင် သစ္စာဆိုပြီးသည့် အထိမ်းအမှတ်အဖြစ် စိမ်ရည်များကို သောက်ကြ၏။

ထိုစဉ် တိုက်သူကြီးကျောက်ခဲအိမ်မှ အခိုင်းအစေတယောက် ဝင်လာကာ-

"အိမ်ရှေ့မှာ တာအိုဘုန်းကြီးတပါး ရောက်နေတယ် ခင်ဗျ။ ဆန်လှူတော့ ကိစ္စနဲ့ ပတ်သက်လို့ တိုက်သူကြီးမင်းနဲ့ ဆွေးနွေးချင်လို့ ဆိုပြီး ပြောနေပါတယ်"

တိုက်သူကြီးကျောက်ခဲသည် သူ့တပည့်ကို မာန်နေ၏။

"နင် ဒီလောက်မှ ကြည့်မပြောတတ်ဘူးလားကွ။ ဒီမှာ ဧည့်သည်တွေနဲ့ စိမ်ရည် သောက်နေတာ မတွေ့ဘူးလား။ သွား၊ ဆန် လေး ငါးပြည်လောက် လှူလိုက်။ အလကား ဗျာ၊ သက်သက်မဲ့ လာပြီး ဒုက္ခပေးကြတယ်"

"ကျွန်တော် ဆန်လှူပြီးပြီ ခင်ဗျ။ ဒါပေမဲ့ လှူတာကို လက်မခံဘူး။ သူကြီးမင်းနဲ့ တွေ့ချင်တယ်လို့ပဲ ပြောနေတယ်"

"နည်းတယ်လို့ ထင်လို့ ဖြစ်မှာပေါ့ကွာ။ နောက်ထပ် နှစ်ပြည် သုံးပြည်လောက် ထပ်လှူလိုက်ကွာ။ ပြီးတော့ တိုက်သူကြီး မအားသေးဘူးလို့။ ဧည့်သည်တွေနဲ့ စကားပြော နေတယ်လို့။ အချိန်မရှိဘူးလို့ လျှောက်လိုက်"

အခိုင်းအစေသည် ထွက်သွားကာ ခဏကြာလျှင် ပြန်ရောက်လာပြန်၏။

"နောက်ထပ် ဆန် နှစ်ပြည် သုံးပြည် လှူတယ် ခင်ဗျ။ ဒါပေမဲ့ မသွားသေးဘူး။ အလှူ ခံဖို့ လာတာ မဟုတ်ဘူးတဲ့။ တိုက်သူကြီးနဲ့ တွေ့ချင်လို့ လာတာတဲ့"

“ခက်တာပဲကွာ။ ဒီလောက်မှ ကြည့်မလျှောက်တတ်ဘဲကိုး။ ခု လောလောဆယ် သူကြီး မအားသေးဘူးလို့ ပြောလိုက်။ နောက်တနေ့မှ လာခဲ့ပါလို့ လျှောက်လိုက်” “လျှောက်တယ်ခင်ဗျ။ ဒါပေမဲ့ ငါအလှူခံဖို့ လာတာ မဟုတ်ဘူးတဲ့။ မင်းတို့ တိုက် သူကြီးဟာ သတ္တိဗျတ္တိ ကောင်းတဲ့လူလို့ ကြားလို့ တွေ့ချင်လို့ ငါလာတာတဲ့”

“တော်တော်ခက်တဲ့ ကောင်တွေပါလားကွ။ ဒီလောက်ကလေးကိုမှ ကြည့်ပြီး မရှင်း နိုင်ကြတော့ဘူးလား။ ဒီလောက်နဲ့ မကျေနပ်သေးရင်လည်း သူကျေနပ်သည်အထိ လှူ လိုက်။ ခုလောလောဆယ်တော့ ဧည့်သည်တွေနဲ့ စကားပြောနေတယ်။ မတွေ့နိုင်သေးဘူး။ နောက်ထပ် ငါ့ကို လာမပြောနဲ့တော့”

အခိုင်းအစေထွက်သွား၍ မကြာမီ ဝင်းတံခါးဝဆီမှ အော်သံကြီးတခုကို ကြားလိုက် ရပြီးလျှင် အခိုင်းအစေတယောက် ပြေးဝင်လာလေ၏။

“ဘုန်းကြီးတော့ တော်တော်စိတ်ဆိုးနေပြီ ခင်ဗျ။ ကျွန်တော်တို့လူ ဆယ်ယောက် လောက်ကိုလည်း သူ ထိုးကြိတ်လို့ လဲနေကြပြီ”

ထိုသတင်းကြောင့် ကျောက်ခဲသည် လန့်ဖျပ်ကာ ထိုင်ရာမှ ထလိုက်ပြီးလျှင်-

“ကဲ၊ ရောင်းရင်းတို့။ ခဏနေကြဦးဗျာ။ ကျွန်တော် သွားကြည့်လိုက်ဦးမယ်” ဟု ဆိုကာ အပြင်သို့ ထွက်သွား၏။

စိမ်းလန်းသော ပိုးစာပင်ကြီးတပင်အောက်တွင်မူ ဥပဓိရုပ်ကောင်းကောင်း၊ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်နှင့် တာအိုဘုန်းကြီးတပါးသည် မိမိအား ဝိုင်းဝန်းတိုက်ခိုက် နေသူများကို တယောက်တည်း ခုခံတိုက်ခိုက်လျက်ရှိသည်ကို တွေ့ရ၏။

“ဟေ့ကောင်တွေ။ လူကောင်းလား၊ လူဆိုးလားဆိုတာလောက်ကို မြင်ရုံနဲ့ မခွဲတတ် ဘူးလားကွ” ဟု အော်ဟစ်လျက်ရှိ၏။

ကျောက်ခဲသည် အနီးသို့ ရောက်လာကာ-

“ကိုယ်တော်၊ သတိထားပါ ဘုရား။ အလှူခံဖို့ တိုက်သူကြီးနဲ့ တွေ့ချင်တာ မဟုတ် လား။ ခု ကိုယ်တော်ကို ဆန်တို့ ဘာတို့ လှူပြီးပြီပဲ။ ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးနေရ တာလဲ ဘုရား”

တာအိုဘုန်းကြီးသည် ရယ်လိုက်ကာ–

“ဟေ့၊ ကျုပ်က ဆန်တို့ ပိုက်ဆံတို့ကို လိုချင်တာမဟုတ်ဘူးဗျ။ ငွေတထောင်လှူ တော့ကော ဘာလုပ်မှာလဲ။ ကျုပ် ဒါတွေ မလိုချင်ဘူး။

တိုက်သူကြီးနဲ့ စကားပြောစရာရှိလို့ သူနဲ့ပဲ တွေ့ချင်တယ်။ ဒီကောင်တွေက လူစကား နားမလည်ဘူး။ ကျုပ်ကို သရော် မော်ကားလုပ်ကြတယ်။ ဒါကြောင့် ဒီကောင်တွေကို ဆုံးမနေတာ”

“ကိုယ်တော် တိုက်သူကြီးကို သိသလား”

“ကျုပ် သူ့အကြောင်းကို ကြားဖူးတယ်။ မြင်တော့ မမြင်ဖူးဘူး”

“တပည့်တော်ဟာ တိုက်သူကြီးကျောက်ခဲပါ ဘုရား။ ကိုယ်တော် ဘာအလိုရှိပါသလဲ။ အမိန့်ရှိပါ”

“အို၊ ဟုတ်လား။ ဒီလိုဆို ကျုပ် တောင်းပန်ပါတယ်ဗျာ။ ကျုပ်ကို စိတ်မရှိပါနဲ့”

“ရပါတယ်ဘုရား။ ကိုယ်တော် အိမ်ထဲကို ကြွပါ။ လက်ဖက်ရည်လေး ဘာလေး ကပ်ပါရစေ”

“အိမ်း၊ ကျေးဇူးပါပဲဗျာ”

သူတို့နှစ်ဦးသည် အိမ်ထဲသို့ ဝင်လာခဲ့ကြ၏။ အိမ်ထဲသို့ ဘုန်းကြီးဝင်လာသည့်အခါ တွင် ဝုရုံနှင့် အခြားသူများသည် အသာရှောင်ထွက်သွားကြ၏။

တိုက်သူကြီးကျောက်ခဲသည် ဘုန်းတော်ကြီးကို အတွင်းဆောင်သို့ ပင့်လာကာ လက်ဖက်ရည်ကပ်၏။

“ဒီနေရာက သိပ်စကားပြောလို့ မကောင်းဘူးဗျ။ တခြားနေရာများ မရှိဘူးလား”

တိုက်သူကြီးကျောက်ခဲလည်း ဘုန်းတော်ကြီးကို အခန်းဆောင်တခုထဲသို့ ပင့်လာခဲ့ကာ နေရာထိုင်ခင်းပေးပြီးလျှင်-

“မိန့်တော်မူပါဦး ဘုရား။ ကိုယ်တော်က ဘယ်ကပါလဲ”

“ကျုပ်မျိုးရိုးနာမည်က ကုန်ဆွန်တဲ့ဗျ။ ကိုယ်ပိုင်နာမည်ကတော့ ရှန်းတဲ့။ ရဟန်းဘွဲ့ ကတော့ ရှင်ဝိသုဒ္ဓိလို့ ခေါ်တယ်။ ကျုပ်ဇာတိက ကျီစုနယ်ကပါ။ ကျုပ် ငယ်ငယ်တုန်းက ကျုပ်ကို သိုင်းဆရာကုန်ဆွန်ရှန်းလို့ ခေါ်ခဲ့ကြတယ်။ နောက်တော့ ကျုပ် တာအိုကျမ်းစာ တွေကိုလည်း လေ့လာခဲ့တယ်။ ကျုပ်ဟာ လေတိုက်အောင် လုပ်နိုင်တယ်။ မိုးရွာအောင် လုပ်နိုင်တယ်။ နှင်းတွေကို စိုးမိုးနိုင်တယ်။ တိမ်တွေကို လွင့်အောင် လုပ်နိုင်တယ်။ သတ္တိဗျတ္တိရှိတဲ့ လူစွမ်းကောင်းတွေကြားထဲမှာတော့

ကျူပ်ကို တိမ်နဂါးလို့ ခေါ်ကြတယ်။ အရှေ့ ကမ်းရွာက တိုက်သူကြီးကျောက်ခဲအကြောင်းကိုတော့ မကြာခဏ ကြားဖူးပါတယ်ဗျာ။ လူချင်းသာ မတွေ့ဖူးကြတာ။ ဒီတော့ ဒကာကြီးနဲ့ တွေ့ရတာ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ဒကာကြီးကို ကျူပ် ငွေစင်တသိန်းတန်တဲ့ ကျောက်သံပတ္တမြားတွေနဲ့ ရွှေတွေ လက်ဆောင် ပေးချင်တယ်။ ဒကာကြီး လက်ခံနိုင်ပါ့မလား"

ကျောက်ခဲက ရယ်လိုက်လျက်-

"ဥတ္တရနေပြည်တော်က ပေးတဲ့ ရွှေငွေလက်ဆောင်တွေကို ပြောတာ မဟုတ်လား ဘုရား"

တာအိုဘုန်းကြီးသည် အံ့အားသင့်လျက်ရှိရာမှ–

"ဒကာကြီး ဘယ့်နှယ်လုပ် သိသလဲ"

"တွေးကြည့်ရတာပေါ့ ဘုရား။ ခု တပည့်တော်တို့လည်း ဒီအကြောင်းပဲ ပြောနေ ကြတာ"

"ပစ္စည်းတွေကတော့ အဖိုးထိုက် အဖိုးတန်တွေချည်းပဲဗျ။ ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ဖို့မသင့်ဘူး။ "အခွင့်သာခိုက်မှာ မယူလိုက်ရင် နောင်ကျမှ သံဝေဂမရနဲ့" ဆိုတဲ့ ရှေးစကား ပုံရှိတယ်ဗျ။ ဒီကိစ္စကို ဒကာကြီး ဘယ်လိုသဘောရလဲ"

ထိုစဉ် လူတယောက်သည် အခန်းထဲသို့ တဟုန်ထိုးပြေးဝင်လာကာ တာအိုဘုန်းကြီး၏ သင်္ကန်းကို ဆွဲလိုက်ပြီးနောက်-

"တော်တော် တော်တဲ့ ကိုယ်တော်ပဲဗျာ။ ကိုယ်တော်ဟာ ဘုရင်ကေရာဇ်ရဲ့ဥပဒေကို လည်း ဆန့်ကျင်တယ်။ ဘုရားရဲ့ အလိုတော်ကိုလည်း ဆန့်ကျင်တယ်။ တော်တော် အကြံ ပက်စက်ပါကလား ကိုယ်တော်။ တပည့်တော် တချိန်လုံး ချောင်းပြီး နားထောင်နေတာ။

အကုန်ကြားပြီးပြီ ဘုရား"

ကုန်ဆွန်၏ မျက်နှာမှာ ရွံ့နှစ်ရောင်သို့ ပြောင်းသွားခဲ့လေပြီ။ မှန်ပေ၏။ သူတို့ အကြံ အစည် မအောင်ခင် ပြတင်းဝတွင် ချောင်းမြောင်းနားထောင်နေသူသည် သူတို့အကြံ အစည်ကို အားလုံး သိသွားလေပြီ။ အားလုံး ဒုက္ခရောက်ကြရချေတော့မည်။ ကုန်ဆွန်ကို ဝင်ဆွဲထားသည့်သူသည် မည်သူ ဖြစ်လေသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၆

ဗိုလ်မှတ်ကျော်သည် အဖိုးတန်လက်ဆောင်ပဏ္ဏာများကို စောင့်ကြပ် သယ်ယူလာခြင်း

ဝုရုံသည် ပရိယာယ်ဆင်၍ လက်ဆောင်ပဏ္ဏာများကို သိမ်းယူခြင်း

ကုန်ဆွန်ကို ဖမ်းဆွဲထားလိုက်သူမှာ အခြားသူမဟုတ်။ ဝိဇ္ဇာမိုရ် ဝုရုံ ဖြစ်၏။ တိုက်သူကြီး ကျောက်ခဲက ရယ်လိုက်လျက်-

"ဆရာလေး သူ့ကို သွားပြီး မကျီစားနဲ့ဗျ။ ကဲ ကဲ၊ မိတ်ဆက်ပေးရဦးမယ်" ဟု ဆိုကာ မိတ်ဆက်ပေးသည်တွင် သူတို့နှစ်ဦးသည် တဦးကို တဦး ဦးညွှတ်၍ နှုတ်ဆက်ကြ၏။

ဝုရုံက-

"ဒီနယ်က လူစွမ်းကောင်းတွေကြားမှာ ကုန်ဆွန်ရဲ့အကြောင်းကို မကြာခဏ ပြောသံ ကြားဖူးပါတယ် ဘုရား။ ကိုယ်တော်ကို တွေ့လိမ့်မယ်လို့ နည်းနည်းကလေးမှ မမျှော်လင့် ပါဘူး"

"ဟောဒီ ဆရာလေးကတော့ ဝိဇ္ဇာမိုရ်ဝုရုံလို့ ခေါ်ပါတယ် ဘုရား"

ကုန်ဆွန်က-

"ရဲရင့်သူတွေကြားမှာတော့ ဒကာရဲ့ နာမည်ကို တဖွဖွ ပြောသံကြားရပါတယ်ခင်ဗျာ။ တိုက်သူကြီးအိမ်မှာ တွေ့လိမ့်မယ်လို့ ကျုပ်လည်း နည်းနည်းကလေးမှ မမျှော်လင့်ဘူး။ ခုတော့ တိုက်သူကြီးရဲ့ ရက်ရောမှုနဲ့ လက်ရုံးရည်ကြောင့် လူစွမ်းကောင်းမှန်သမျှဟာ သူ့အိမ်တံခါးဝ ရောက်လာကြရတာချည်းပေါ့"

တိုက်သူကြီးကျောက်ခဲက-

"ကိုယ်တော်နဲ့ မိတ်ဆက်ပေးရမယ့်သူတွေ ကျန်သေးတယ် ဘုရား။ အတွင်းဆောင် ကို ကြွပါဦး"ဟု ဆိုကာ သုံးဦးသား ဝင်လာခဲ့ကြသည်တွင် လျူထန်နှင့် ဖိုးရုံညီအစ်ကို သုံးယောက်တို့ကို တွေ့၏။ သူတို့အားလုံးကပင်-

"ခုတွေ့ရတာဟာ မတော်တဆတွေ့ရတာတော့ မဟုတ်ဘူးခင်ဗျ။ ဒီတော့ နောင်ကြီး ကျောက်ခဲက စားပွဲထိပ် အိမ်ရှင်နေရာမှာ ယူပါ" ဟု ပြောကြ၏။

"မထိုင်ပါရစေနဲ့ဗျာ။ မဟုတ်တာ။ ကျွန်တော်က နောင်ကြီးတို့ကို စားကောင်း သောက်ဖွယ်တွေနဲ့ ဧည့်ခံနိုင်လောက်အောင် တတ်နိုင်တဲ့သူ မဟုတ်ပါဘူး။ ဒီတော့ မထိုင် ပါရစေနဲ့"

"မလုပ်ပါနဲ့ နောင်ကြီးကျောက်ရာ။ ခင်ဗျားက ကျွန်တော်တို့အထဲမှာ အသက် အကြီး ဆုံးပါ။ ဒီတော့ အိမ်ရှင်နေရာမှာ ထိုင်ဖို့ ကျွန်တော် တောင်းပန်ပါတယ်"ဟု ဝုရုံက ပြော၏။ ထိုအခါကျမှပင် ကျောက်ခဲသည် ပထမနေရာတွင် ထိုင်ရန် သဘောတူ၏။ ဝုရုံမှာ ဒုတိယ၊ ကုန်ဆွန်မှာ တတိယ၊ လျူ ထန်မှာ စတုတ္ထ၊ ဗိုလ်ဘီလူးက ပဉ္စမ၊ ဗိုလ်ယက္ခက ဆဋ္ဌမ၊ ဗိုလ်ကုမ္ဘာန်က သတ္တမ စသဖြင့် အသီးသီး ထိုင်ကြလေ၏။ သူတို့ခုနစ်ယောက်သည် စားဖွယ်သောက်ဖွယ်များကို သောက်စားရင်း စကားပြောနေကြ၏။

"ဟောဒီက နောင်ကြီးကျောက်ခဲက အိပ်မက်တခု မက်တယ်ခင်ဗျာ။ ခုနစ်စဉ်ကြယ် ကြီးဟာ မြေကြီးပေါ်ကို ကြွေကျလာပြီး သူ့အိမ်ခေါင်မိုးပေါ်မှာ တင်နေတယ်တဲ့။ အိပ်မက် ပေးတဲ့အတိုင်း ကျွန်တော်တို့ခုနစ်ဦးဟာလည်း တရားမှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ ဒီအိမ်မှာ ခုလို လာပြီး စုဝေးမိကြတာပေါ့။ ဒါဟာ နတ်ကောင်းနတ်မြတ်များက ပေးတဲ့ နိမိတ်ပဲခင်ဗျ။ ဒီတော့ ကျွန်တော်တို့ဟာ လက်ဆောင်ပဏ္ဏာပို့တဲ့ လှည်းတန်းကြီးကို အလွယ်တကူနဲ့ အနိုင် သိမ်းယူနိုင်မယ်လို့ ယူဆရတာပဲ။ လျူထန်က လှည်းတန်းကြီး ဘယ်လမ်းက လာ မလဲ ဆိုတာကို စောင့်ကြည့်ချေဗျာ။ ဒီနေ့ညအဖို့တော့ ညဥ့်နက်သွားပြီ။ မနက်ဖြန်မနက် စောစောထပြီး သွားပေတော့"

ကုန်ဆွန်က-

"အမယ်လေး၊ ကြည့်ဖို့မလိုပါဘူးဗျာ။ ကျုပ် ကြည့်ခဲ့ပြီးပါပြီ။ လှည်းတန်းကြီးဟာ မြေဝါတောင်ကြားက ပေတရာအတိုင်း လာမှာဗျ"

ကျောက်ခဲက-

"ဒီရွာရဲ့ အရှေ့ဘက် ဆယ်လီလောက်မှာ အန်လို့ ဆိုတဲ့ ရွာရှိတယ်ဗျ။ အန်လို့ရွာမှာ အလုပ်အကိုင် အတည်တကျမရှိတဲ့ ပိုက်ရှန်းဆိုတဲ့ လူတယောက်ရှိတယ်။ သူ့ကို ကြွက်ပျင်း လို့လည်း ခေါ်ကြတယ်။ သူ့ကို ကျွန်တော်က ပိုက်ဆံကလေး နည်းနည်းပါးပါး ပေးထား တော့ သူ ဘယ်လမ်းက လာမယ်ဆိုတာကို ကျွန်တော့်ကို သတင်းပို့ပြီးသားပါ"

"ဟုတ်ပြီဗျာ၊ အိပ်မက်နဲ့ ကိုက်ပြီ။ အိပ်မက်ထဲက ခုနစ်စဉ်ကြယ်ဆိုတာလည်း တနလ်ာ နံ။ ကြွက်ဆိုတာလည်း တနလ်ာနံ။ ဟုတ်ပြီ။ ကျုပ်တို့ သူ့ကို အသုံးချနိုင်ပြီ"

လျှူထန်က-

"ဒါပေမဲ့ ခက်တာက မြေဝါတောင်ကြား ပေတရာက ကျွန်တော်တို့နဲ့ အဝေးကြီး ခင်ဗျ။ ဒီတော့ ကျွန်တော်တို့က ဘယ်နေရာက စောင့်တိုက်မလဲ"

"ပိုက်ရှန်းတို့ရွာနားက စောင့်တိုက်မယ်ဗျာ။ အဲဒီကဆိုရင် ပိုက်ရှန်းကိုလည်း ကျွန်တော် တို့ အသုံးချလို့ ရတာပေါ့"

"ကျွန်တော်တို့က ပျော့ပျောင်းတဲ့ နည်းပရိယာယ်ကို သုံးမလား။ မာကျောတဲ့ နည်း ပရိယာယ်ကို သုံးမလား" ဟု တိုက်သူကြီးကျောက်ခဲက မေး၏။

ဝုရုံက ရယ်လိုက်ကာ-

"ကျွန်တော်စဉ်းစားထားတဲ့ နည်းတခုတော့ ရှိတယ်ဗျ။ သူတို့က ဘယ်လိုတုံ့ပြန်မယ် ဆိုတာတော့ မသိဘူးပေါ့လေ။ ကျွန်တော် စဉ်းစားထားတဲ့ နည်းက သူတို့က အင်အားကို သုံးရင် ကျွန်တော်တို့က အင်အားကို သုံးမယ်။ သူတို့က ပရိယာယ်သုံးရင် ကျွန်တော်တို့က လည်း ပရိယာယ်သုံးမယ်။ ကျွန်တော့်မှာ စီမံကိန်းတခု ဆွဲပြီးသားတော့ ရှိတယ်။ ခင်ဗျားတို့ လက်ခံ မခံတော့ မပြောတတ်ဘူး"ဟု ဆိုကာ သူ့စီမံကိန်းကို တင်ပြ၏။

တိုက်သူကြီးကျောက်ခဲသည် ခြေကို ဆောင့်လိုက်၍ ခုန်လိုက်ကာ-

"ဟန်ကျလိုက်လေဗျာ။ ဒါကြောင့်မို့ ဆရာလေးကို ဝိဇ္ဇာခိုရ်လို့ နာမည်ပေးကြတာကိုးဗျ။ နောင်ကြီးဟာ သုံးနိုင်ငံခေတ်က စစ်သူကြီးသူကျိုလျံ့ ထက်တောင် တော်ပါပေတယ်ဗျာ"

ဝုရုံက-

"ကဲ၊ ဒီလိုဆိုရင် ဒီအကြောင်းကို သိပ်မပြောကြနဲ့တော့ဗျ။ "နံရံမှာ နားရွက်တွေ ရှိပြီး လူတွေက ပြတင်းပေါက်နားမှာ ဖြတ်သွားနေကြတယ်" ဆိုတဲ့ စကားပုံရှိတယ်။ ဒီတော့ ဒီသတင်းကို ကျွန်တော်တို့ သိပ်သိပ်သည်းသည်း ထားရလိမ့်မယ်"

တိုက်သူကြီးကျောက်ခဲသည် ဖိုးရှုံညီအစ်ကိုသုံးယောက်ဘက်သို့ လှည့်ကာ-

"ကဲ၊ ဒီလိုဆို နောင်ကြီးတို့ ရွာကို ပြန်ကြတော့။ အချိန်ရောက်ရင်သာ လာခဲ့ကြပေ တော့။ ဆရာလေးကလည်း စာသင်စရာရှိတာကို ဆက်သင်နေပေါ့။ ကိုယ်တော်ကုန်ဆွန်နဲ့ လျှူထန်တို့ကတော့ လောလောဆယ် ကျုပ်အိမ်မှာပဲ နေကြဦး"

သူတို့သည် စားသောက်ပြီးနောက် မိမိတို့အား ပေးထားသော အခန်းအသီးသီးသို့ သွားကာ နားနေအိပ်စက်ကြ၏။

နောက်တနေ့မနက် မိုးသောက်ယံတွင် သူတို့သည် အိပ်ရာမှထကာ နံနက်စာ စား ကြ၏။ တိုက်သူကြီးကျောက်ခဲသည် ဖိုးရုံတို့ ညီအစ်ကိုသုံးယောက်ကို ငွေစင်သုံးဆယ်သား ပေးလိုက်၏။

"လေးစားသမှုအနေနဲ့ လက်ခံပါဗျာ။ သိပ်တော့ မများလှပါဘူး"

ဖိုးရုံတို့ညီအစ်ကိုသည် သူ့ငွေကို လက်မခံချင်ကြ။

သို့ရာတွင် ဝုရုံက-

"မိတ်ဆွေအဖြစ် စေတနာနဲ့ ပေးတာကို မငြင်းကောင်းပါဘူးဗျာ" ဟု ပြောမှ သူတို့ လည်း လက်ခံကြ၏။ သူတို့သည် ဖိုးရုံတို့ ညီအစ်ကိုကို ဝင်းဝရောက်အောင် လိုက်ပို့ကြ၏။ ဝင်းဝသို့ အရောက်တွင် ဝုရုံက လေသံကလေးဖြင့် "အချိန်မီရောက်ဖို့ အရေးကြီးတယ် နော်" ဟု မှာလိုက်၏။

ညီအစ်ကိုသုံးယောက်တို့သည် ကျောက်တိုင်ရွာသို့ ပြန်လာခဲ့ကြ၏။ ကျောက်ခဲသည် ကုန်ဆွန်နှင့် လျူထန်တို့ကို အိမ်မှာပင် တင်၍ ကျွေးမွေးထား၏။ တခါတရံတွင်မူ ဂုရုံ ပေါက်လာကာ သူတို့နှင့် ဆွေးနွေးစရာရှိသည်တို့ကို ဆွေးနွေးတတ်၏။

သို့ရာတွင် အသေးအဖွဲကလေးတို့ကို မပြောလိုတော့ပြီ။ ဥတ္တရနေပြည်တော်ရှိ မြို့တော်ဝန် လျှံချုံရှူအကြောင်းကို ပြန်ကောက်ဦးအံ့။ လျှံချုံရှူသည် ယောက္ခမဖြစ်သူ၏ မွေးနေ့ အတွက် ငွေစင်တသိန်းတန်သည့် အဖိုးထိုက်လက်ဆောင်တို့ကို ဝယ်ယူပြီးနောက် ထိုပစ္စည်း များကို ပို့ရန် ရက်တရက်ကို ရွေးချယ်လိုက်၏။ နောက်တနေ့၌ မိမိ၏ အိမ်အတွင်းဆောင် တွင် ထိုင်လျက်ရှိစဉ် မြို့ဝန်ကတော် ရောက်လာကာ-

"ခမည်းတော်ကြီးအတွက် လက်ဆောင်ပစ္စည်းတွေကို ဘယ်နေ့ ဘယ်ရက်လောက် များ ပို့မယ် စိတ်ကူးသလဲ မြို့ဝန်မင်းရဲ့" ဟု မေး၏။

"မနက်ဖြန် သန်ဘက်လောက်ဆိုရင် ပို့တာပေါ့ကွယ်။ လိုချင်တဲ့ ပစ္စည်းတွေတော့ ဝယ်လို့ စုံသလောက် ဖြစ်နေပါပြီ။ ကျုပ်စိတ်ထဲမှာ တခုပဲ ဘဝင်မကျဖြစ်နေတယ်"

"ဘာများပါလိမ့်ရှင်"

"မနှစ်တုန်းကလည်းပဲ လက်ဆောင်ပစ္စည်း ငွေတသိန်းဖိုးဝယ်ပြီး

အရှေ့နေပြည်တော် ကို ကျူပ် ပို့ခဲ့တာပဲ။ ဒါပေမဲ့ သွားပို့တဲ့သူများက အားမကိုးရလေတော့ အဲဒီပစ္စည်းတွေကို လမ်းမှာတင် တောပုန်းဓားပြတွေက လုယူလိုက်ကြတယ်။ ကျူပ်ပစ္စည်းတွေကို တိုက်ခိုက် ယူလိုက်တဲ့ တောပုန်းတွေကို ဒီနေ့အထိ ဖမ်းလို့မမိသေးဘူး။ အခုအချိန်အထိ ကျူပ်ဖြင့် ဒီပစ္စည်းတွေကို ဘယ်သူကို အပို့ခိုင်းရမလဲဆိုတာ စဉ်းစားလို့မရအောင် ဖြစ်နေတယ်။ အဲဒါကြောင့် ကျူပ်မှာ အဲဒီအတွက်ပဲ သောကရောက်နေရတယ်”

မြို့ဝန်ကတော်သည် လှေကားရင်းတွင် ထိုင်နေသည့် လူတယောက်ကို လက်ညှိုးထိုး ပြလိုက်လျက်-

“အဲဒီလူဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတယ်ဆိုပြီး မြို့ဝန်မင်းပဲ မကြာခဏပြောဖူးတယ် မဟုတ်လား။ ဒီတော့ သူ့ကိုပဲ ကြီးကြပ်အပို့ခိုင်းလိုက်ပါတော့လား။ ဒီလောက်တော့ သူ လည်း တတ်နိုင်မှာပါ”

မြို့ဝန်ကတော် ညွှန်ပြလိုက်သူမှာ ယန်ချီခေါ် ဗိုလ်မှတ်ကျော် ဖြစ်၏။ မြို့ဝန်သည် အားရ ကျေနပ်သွားကာ ဗိုလ်မှတ်ကျော်ကို ခန်းဆောင်ထဲသို့ အခေါ်ခိုင်းလိုက်၏။

“မောင်မင်းကို ငါမေ့နေတယ် ဗိုလ်မှတ်ကျော်။ ဟောဒီ မွေးနေ့လက်ဆောင်တွေကို ဘေးမသီရန်မခ အရောက်ပို့ပေးနိုင်ရင် မောင်မင်းကို ရာထူးတိုးမြှင့်ပေးမယ်”

ဗိုလ်မှတ်ကျော်သည် ရိုသေစွာ လက်အုပ်ချီလျက်-

“မှန်ပါ။ မြို့ဝန်မင်း အလိုရှိတဲ့အတိုင်း ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။ ဘယ်နေ့၊ ဘယ်အချိန်မှာ ထွက်ပြီး ဘယ်လိုသွားရမယ်ဆိုတာသာ အမိန့်ရှိပါ”

“ခု ငါဝန်တင်လှည်းကြီးဆယ်စီးကို ပြည်နယ်အစိုးရဆီက တောင်းထားတယ်။ လှည်းတစီးကို နေပြည်တော်က အစောင့်တယောက်ကျနဲ့ အစောင့်ဆယ်ယောက် ပါမယ်။ လှည်း တစီးစီမှာ ‘နန်းရင်းဝန်ကြီး၏ မွေးနေ့လက်ဆောင်ပို့ ယာဉ်တန်း”လို့ နဖူးစီးစာတန်း ထိုး ထားရမယ်။ ဒါ့အပြင် လှည်းတစီးစီမှာလည်း သန်သန်မာမာရှိတဲ့ စစ်သားတယောက်စီ ထည့်လိုက်မယ်။ မောင်မင်း တာဝန်ယူခေါင်းဆောင်ပြီး နောက်သုံးရက်အတွင်းမှာ ခရီး ထွက်ရမယ်”

“တာဝန်မယူချင်လို့တော့ မဟုတ်ပါဘူး မြို့ဝန်မင်း။ ဒါပေမဲ့ ဒီတာဝန်ကြီးလွန်းတဲ့ အတွက် ကျွန်တော်နဲ့ ထိုက်တန်တယ်လို့ မထင်မိပါဘူး ခင်ဗျာ။ ဒီတော့ ရဲစွမ်းသတ္တိရှိပြီး ဓားရေး လှံရေး ကောင်းတဲ့သူများကို လွှတ်ရင် သင့်မြတ်လိမ့်မယ်လို့ ထင်ပါတယ်”

“မောင်မင်းကို သူကောင်းပြု ချီးမြှောက်လိုတယ် မောင်မင်း။ မွေးနေ့သဝဏ်လွှာ တစောင်အပြင် မောင်မင်းကို ချီးမြှောက်သူကောင်းပြုဖို့ ထောက်ခံချက်တစောင်လည်း နန်းရင်းဝန်ကြီးဆီကို ငါ ရေးပေးလိုက်မယ်။ ပြန်လာရင် မောင်မင်း မြို့အုပ်မြို့ချုပ် ဖြစ်လာ မှာပေါ့။ ဘာကြောင့် မောင်မင်း ငြင်းရသတုံးဟဲ့”

“မနှစ်တုန်းက အဲဒီလက်ဆောင်များကို လမ်းမှာ တောပုန်းတို့က လုယူလိုက်တယ် ဆိုတဲ့ သတင်းကို ကြားရပါတယ် မြို့ဝန်မင်း။ ယခုထက်တိုင် တောပုန်းများကို ဖမ်းဆီး ရမိခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။ ယခုတလော လမ်းပေါ်မှာ တောပုန်းဓားပြ များဟာ ထကြွ သောင်းကျန်းနေကြပါတယ်။ ဒီကနေပြီး အရှေ့နေပြည်တော်ကို သွားဖို့ ရေကြောင်းလမ်း မရှိပါဘူး မြို့ဝန်မင်း။ ဒီတော့ ကုန်းလမ်းနဲ့ပဲ သွားစရာရှိပါတယ်။ အဲဒီ လမ်းအတိုင်းသွားရင် ရွှေမရမ်းတောင်တန်း၊ နဂါးနှစ်ကောင်တောင်တန်း၊ မက်မုံပွင့် တောင်တန်း၊ ထီးမိုးတောင်တန်း၊ မြေဝါတောင်တန်း၊ သဲဖြူတောင်ကြား၊ တိမ်ရိုင်းအင်း၊ ထင်းရှူးနီတော စတဲ့ နေရာတွေကို ကြိုဖြတ်သန်းသွားရပါတယ်။ အဲဒီနေရာများ အားလုံးမှာ တောပုန်းဓားပြတွေ ထကြွသောင်းကျန်းနေကြပါတယ်။ မြို့ဝန်မင်းခင်ဗျာ၊ အဲဒီနေရာတွေကို ဘယ်ကုန်သည်တွေမှ အဖော်အပေါင်း မပါဘဲနဲ့ မသွားရဲကြပါဘူး။ အဖိုးထိုက် အဖိုးတန် ရတနာတွေကို ကျွန်တော်တို့ ယူလာတယ်လို့ ကြားရင် လမ်းကနေပြီး ဆီး လုယက်တိုက်ခိုက်စရာ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ဟာလည်း အသက် ဆုံးရှုံးဖွယ် ရာသာ ရှိပါတယ်။ ဒါကြောင့် သွားနိုင်တဲ့ အရည်အချင်းမရှိဘူးလို့ ပြောရခြင်းဖြစ်ပါတယ် မြို့ဝန်မင်း ခင်ဗျာ”

“ဒီလိုဆိုရင် မောင်မင်းကို စစ်တပ်အစောင့်တွေ အများကြီး ထည့်ပေးလိုက်မယ်”

“မြို့ဝန်မင်းက ဗိုလ်ခြေတသောင်း ထည့်ပေးလိုက်ရင်တောင်မှ သူတို့ရန်က အေးမှာ မဟုတ်ပါဘူး မြို့ဝန်မင်း။ ဗိုလ်ခြေတွေဟာ တောပုန်းတွေ လာတယ် ကြားတာနဲ့ ထွက်ပြေး ကြမှာပါ မြို့ဝန်မင်း”

“ဒါဖြင့် မောင်မင်းက ဒီလက်ဆောင်တွေကို ပို့လို့ မဖြစ်တော့ဘူးလို့ မောင်မင်း ဆိုလို ချင်တာပေါ့”

“ကျွန်တော်တောင်းဆိုတဲ့ အချက်တချက်ကို ပေးသနားရင် ကျွန်တော် သွားနိုင် ပါတယ် မြို့ဝန်မင်း”

“မောင်မင်းကို ငါ ယုံကြည်စိတ်ချပြီးသားပဲ။ ဆိုစမ်း။ ဘာပြောချင်သလဲ”

“ကျွန်တော့်သဘောကို ပြောရမယ်ဆိုရင် အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို လှည်း များဖြင့် တင်ဆောင်သယ်ယူခြင်း မပြုသင့်ဘူးလို့ ထင်ပါတယ်။ ကုန်စည်သယ်ဟန် အတုပ် အပိုးများ၊ သေတ္တာများနဲ့ ထည့်ပြီး ပခုံးထမ်းများနဲ့ သယ်သင့်တယ်လို့ ထင်ပါတယ် မြို့ဝန်မင်း ခင်ဗျာ။ စစ်သားဆယ်ယောက်ကို ပခုံးထမ်းသမားတွေယောင်ဆောင်ပြီး ထည့်သင့်ပါတယ်။ ကျွန်တော်က ကုန်သည်ယောင်ဆောင်သွားရင် ကောင်းမယ် ထင်ပါတယ်။ လူတယောက် ထည့်လိုက်ရင် တော်ပါပြီ။ နွေရောညပါ ခရီးပြင်းနှင်ပြီး ဒီပစ္စည်းတွေကို အရှေ့နေပြည် တော်ကို ဘေးမသီရန်မခ ရောက်အောင် ကျွန်တော် ပို့ပေးပါမယ်။ ဒီအတိုင်း စီစဉ်ပေး နိုင်ရင် ကျွန်တော် သွားပို့ပေးပါ့မယ်”

“ကောင်းပြီ။ ဒီလိုဆိုရင် မောင်မင်းအလိုကျ ဖြစ်စေဗျား။ မောင်မင်းအတွက် ကျုပ် သူကောင်းပြုဖို့ ထောက်ခံစာတစောင် ရေးပေးလိုက်မယ်”

“ခုလို ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ် မြို့ဝန်မင်းခင်ဗျာ”

နောက်တနေ့၌ ဗိုလ်မှတ်ကျော်သည် အထုပ်အပိုးများကို ပြင်ဆင်ကာ သူ ခေါ်သွား ရမည့် စစ်သားများကို ရွေးချယ်၏။ နောက်တနေ့တွင် မြို့ဝန်သည် ဗိုလ်မှတ်ကျော်ကို အိမ်တော်သို့ ဆင့်ခေါ်ကာ-

“ဘယ်အချိန်လောက်မှာ ထွက်ဖို့ အဆင်သင့်ဖြစ်မလဲ မောင်မင်း”

“မနက်ဖြန်မနက်စောစော ထွက်ချင်ပါတယ် မြို့ဝန်မင်း။ ခု မြို့ဝန်မင်းဆီက အမိန့်စာ များကို စောင့်ဆိုင်းနေပါတယ်”

“မြို့ဝန်ကတော်က အရှေ့နေပြည်တော်မှာ ရှိတဲ့ ညီမသားချင်းများကို လက်ဆောင် ပေးချင်သေးသတဲ့ဗျ။ ဒီလက်ဆောင်ပစ္စည်းတွေလည်း မောင်မင်း တခါတည်းယူသွားပါ။ အရှေ့နေပြည်တော်ကို ရောက်လို့ရှိရင် နန်းရင်းဝန်ကြီးရဲ့ ရွှေတိုက်တော်ကို မောင်မင်း သိချင်မှ သိမယ်။ ဒါကြောင့် ငါ့တပည့်ကျော် ရှိန်နဲ့ ကိုယ်ရံတော်နှစ်ယောက်ကိုလည်း ထည့် ပေးလိုက်မယ်”

“ဒီလိုဆိုရင်တော့ ကျွန်တော် သွားမပို့နိုင်တော့ပါဘူး မြို့ဝန်မင်းခင်ဗျာ”

“ဟဲ့ ဘာကြောင့်တုံး”

“လက်ဆောင်ပဏ္ဏာများကို ကျွန်တော် တာဝန်ယူပြီး ယူသွားရမှာ ဖြစ်ပြီး တပ်သား ဆယ်ယောက်ကိုလည်း ကျွန်တော်ပဲ ကြီးကြပ်အုပ်ချုပ်သွားရမှာပါ။ ကျွန်တော်က စောစော သွားဆိုရင် သူတို့သွားရမယ်။ ကျွန်တော်က နောက်ကျမှသွားဆိုရင် နောက်ကျမှ သွားရမယ်။ ကျွန်တော် ညအိပ်ရပ်နားခိုင်းတဲ့ နေရာမှာ သူတို့ရပ်နားပြီး အိပ်ဆိုတဲ့ နေရာမှာ သူတို့ အိပ်ကြရမယ်။ အားလုံး

ကျွန်တော့် တသွေးတသံတမိန့်ချည်း ဖြစ်ပါတယ်။ ခု မြို့ဝန်မင်းက စာရေးတော်ကြီးနဲ့ ကိုယ်ရံတော်ဗိုလ်နှစ်ဦးကို ထည့်လိုက်မယ်ဆိုရင် ကျွန်တော့်မှာ အလုပ် လုပ်ရတာ ခက်ပါလိမ့်မယ်။ စာရေးတော်ကြီးဆိုတာ မြို့ဝန်ကတော်ရဲ့ ကျွန်ယုံတော်ကြီး ဖြစ်ပြီး မြို့ဝန်ကတော်ငယ်စဉ်က နို့ချိုတိုက်ကျွေးခဲ့တဲ့ နို့ထိန်းသည်ရဲ့ ခင်ပွန်းဖြစ်ပါတယ်။ သည်တော့ သူနဲ့ သဘောကွဲရင် ကျွန်တော် ငြင်းခုံရဲမှာ မဟုတ်ပါဘူး။ သို့သော်လည်း ခုကိစ္စ မအောင်မြင်ခဲ့ရင် ပြစ်တင်ခံရမည့်သူမှာ ကျွန်တော်သာလျှင် ဖြစ်ပါတယ် မြို့ဝန်မင်း”

“ဒါက လွယ်ပါတယ်ကွယ်။ သူတို့ကို မောင်မင်းပြောတဲ့အတိုင်းလိုက်နာဖို့မှာလိုက်မယ်”

“ဒီလိုဆိုရင် မြို့ဝန်မင်းရဲ့ ကိစ္စကို ကျွန်တော် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပါမယ်။ မအောင်မြင်ခဲ့ဘူးဆိုရင် ကျွန်တော့်ကို ပေးချင်တဲ့ အပြစ်ကိုသာ ပေးပါတော့”

မြို့ဝန်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်-

“မောင်မင်းကို စောစောစီးစီး သူကောင်းမပြုခဲ့မိတာဟာ ငါ မှားတာပဲ။ ငါ့တပည့်ဟာ ဉာဏ်အမြော်အမြင် ရှိပါပေတယ်” ဟု ပြောပြီးနောက် စာရေးတော်ကြီးနှင့် ကိုယ်ရံတော် ဗိုလ်နှစ်ယောက်တို့ကို ဆင့်ခေါ်ကာ-

“ဗိုလ်မှူးမှတ်ကျော်ဟာ အရှေ့နေပြည်တော်ကို ပေးပို့တဲ့ ရတနာဆယ်စီးနဲ့ ရှေးဟောင်း အနုပညာလက်ရာ လှည်းတစီးတိုက်တို့ကို ကိုယ်တိုင်ကိုယ်ကျ အရောက်ပို့ပေးဖို့ တာဝန် ပေးတာကို လက်ခံလိုက်ပြီ။ အားလုံး သူ တာဝန်ယူ ခေါင်းဆောင်သွားမှာပဲ။ ဒီတော့ မောင်မင်းတို့ သူနဲ့ အတူလိုက်သွားရမယ်။ လမ်းတလျှောက်မှာ ဘယ်အချိန် နားမယ်၊ ဘယ် နေရာမှာ အိပ်ပြီး ဘယ်နေရာမှာ စားမယ်ဆိုတာကို သူ ဆုံးဖြတ်လိမ့်မယ်။ မောင်မင်းတို့ သူ့ကို ဝင်ရောက် စွက်ဖက်ခြင်း မပြုရဘူး။ မြို့ဝန်ကတော်ကြီးကလည်း ဒီကိစ္စကို ချောချော မောမော ဖြစ်စေလိုတယ်။ ဒီတော့ သတိဝီရိယ အမြော်အမြင်ရှိရှိနဲ့ လုပ်ကြ။ မကြာခင် ခရီးထွက်ပြီး ခပ်မြန်မြန် အရောက်ပြန်ခဲ့ကြ။ အားလုံးအဆင်ပြေအောင် လုပ်ခဲ့ကြ”

အသက်ကြီးလှပြီဖြစ်သော စာရေးတော်ကြီးသည် မြို့ဝန်မင်း၏ ညွှန်ကြားချက်အတိုင်း လိုက်နာမည်ဖြစ်ကြောင်းဖြင့် ပြော၏။

နောက်တနေ့မနက် အလင်းသို့ ရောက်သည်နှင့် ယူဆောင်သွားမည့် ပစ္စည်းများ သည် ဆင်ဝင်ခန်းမကြီးထဲတွင် ရောက်ရှိနေလေပြီ။ စာရေးတော်ကြီးနှင့် ကိုယ်ရံတော်ဗိုလ် နှစ်ယောက်တို့က နောက်ထပ် ပစ္စည်းအချို့ ထပ်မံယူလာသည့်အခါတွင် စုစုပေါင်း လှည်း ဆယ့်တစ်စီးတိုက်စာ ပြည့်သွား၏။

သန်မာသည့် တပ်သားဆယ့်တစ်ယောက်တို့ကို ရွေးချယ် ပြီးလျှင် အထမ်းသမား ဟန်ဆောင်စေ၏။ ဗိုလ်မှတ်ကျော်က ခမောက်ကြီးကို ဆောင်းကာ အနက်ရောင်ဝတ်ရုံကြီးကို ဝတ်ထား၏။ ခြေထောက်တွင် လျှော်ဖိနပ်ကို စီးထားပြီး ကြိုးများဖြင့် စည်းနှောင်ထား၏။ ခါးတွင် ခါးလွယ်တချောင်းကို ချိတ်ထားပြီး မိုန်းကြီး တချောင်းကို ကိုင်ထားလေ၏။

စာရေးတော်ကြီးမှာလည်း ကုန်သည်တယောက်ကဲ့သို့ပင် ဝတ်စားထား၏။ ကိုယ်ရံ တော်ဗိုလ် နှစ်ယောက်မှာကား သူတို့၏ တပည့်များကဲ့သို့ ဝတ်စားထားကြ၏။ သူတို့နှစ်ယောက်စလုံးမှာလည်း မိုန်းကိုယ်စီ၊ ကြိမ်တုတ်ကိုယ်စီနှင့် ဖြစ်၏။ မြို့ဝန်လျှံချုံရှုသည် လိုအပ်သည့် စာရွက်စာတမ်းများကို ပေး၏။ သူတို့အားလုံး စားသောက်ပြီးကြသည့်အခါ တွင် ဆင်ဝင်ရှေ့သို့ လာရောက်စုဝေးကြ၏။ မြို့ဝန်သည် ထမ်းပိုးကိုယ်စီဖြင့် ပစ္စည်းများကို ထမ်း၍ ထွက်သွားကြသော စစ်သားများကို ကြည့်နေ၏။ သို့ဖြင့် ဗိုလ်မှတ်ကျော်၊ စာရေး တော်ကြီး၊ ကိုယ်ရံတော်ဗိုလ် နှစ်ယောက်နှင့် အထမ်းသည်တယောက်တို့ အပါအဝင် လူ ဆယ့်ငါးယောက်တို့သည် ခရီးထွက်လာခဲ့ကြ၏။ ဥတ္တရနေပြည်တော်တံခါးမှ ထွက်ကာ အရှေ့နေပြည်တော်သို့ သွားသည့် ပေတရာလမ်းမကြီးအတိုင်း လာခဲ့ကြ၏။

ထိုအချိန်မှာ ပဉ္စမလလယ် ဖြစ်၏။ ကောင်းကင်သည် ကြည်လင်လျက်ရှိသည့်တိုင် နေပူပြင်းလှသဖြင့် ခရီးမတွင်လှချေ။ သို့ရာတွင် လာမည့်လအတွင်းရက်တွင် ကျရောက် သော နန်းရင်းဝန်ကြီး၏ မွေးနေ့ကို အမီရောက်ချင်သည့်အတွက် ဗိုလ်မှတ်ကျော်သည် ခရီးတွင်အောင် တက်သုတ်နှင်၍ လာခဲ့၏။

ခရီးထွက်လာသည့် ပထမအပတ်တွင် သူတို့အဖွဲ့သည် မနက်လင်းသည်နှင့် ခပ် သုတ်သုတ် ခရီးနှင်ကာ နေ့လယ်ပိုင်းတွင် နားကြ၏။

တပတ်ကျော်လာသည့်အခါတွင်မူ လူနေအိမ်ခြေ ကျဲလာကာ ရွာများကို တခါတရံ တွင်သာ တွေ့ရတော့လျက် အသွားအလာလည်း ကျဲစပြုလာသည်ကို တွေ့ရ၏။ ထို့နောက် တွင်မူ တောင်ပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့လေပြီ။ ဗိုလ်မှတ်ကျော်သည် အရုဏ်တက် တွင် ခရီး စထွက်ကာ ညနေစောင်းမှသာ ရပ်နား၏။ ဝန်ထုပ်ဝန်ပိုးတို့ကို ထမ်းလာရသည့် တပ်သား ဆယ့်တစ်ယောက်တို့မှာ ရာသီဥတု ပူပြင်းလှသဖြင့် လွန်စွာ မောပန်း နွမ်းနယ် ကြ၏။ လမ်းပင် ကောင်းကောင်း မလျှောက်နိုင်ကြတော့ပြီ။ အရိပ်ကောင်းသည့် တောအုပ် တွေ့လျှင် နားချင်ကြသော်လည်း ဗိုလ်မှတ်ကျော်သည် ရှေ့သို့သာ အတင်းသွားခိုင်း၏။ မော၍ ရပ်နားလျှင် ဗိုလ်မှတ်ကျော်သည် ဆဲရေးတိုင်းထွာခြင်း ပြု၏။ တခါတရံတွင်လည်း ကြိမ်ဖြင့် ရိုက်ကာ သူတို့ကို အတင်းသွားခိုင်း၏။

ကိုယ်ရံတော်ဗိုလ်နှစ်ယောက်မှာလည်း ဝန်ခပ်ပေါ့ပေါ့ကိုထမ်းလာရသည့်တိုင် မောပန်း လွန်းသဖြင့် နောက်တွင် မကြာခဏ ပြတ်ကျန်ရစ်ခဲ့ကြ၏။ ဗိုလ်မှတ်ကျော်သည် သူတို့ကို လည်း ဆဲရေး တိုင်းထွာခြင်း ပြု၏။ ပြင်းထန်စွာ ဆူပူကြိမ်းမောင်းခြင်း ပြု၏။

“မင်းတို့နှစ်ယောက်က ဒီလောက်မှ နားမလည်ဘူးလားကွ။ ဒီကိစ္စကို အောင်မြင် ချောမောအောင် လုပ်ဖို့ ငါ တာဝန်ယူလာခဲ့ရတာ။ ငါ့ကို ကူညီပြီး အထမ်းသမားတွေကို ခရီးတွင်အောင် လုပ်ပေးရမယ့်အစား မင်းတို့က နောက်ချန်နေရစ်ခဲ့ကြတယ်။ ဒီနေရာမှာ ခပ်ဖြည်းဖြည်း လုပ်နေလို့ မဖြစ်ဘူးကွ။ ဒုက္ခရောက်သွားနိုင်တယ်”

တပ်ဗိုလ်နှစ်ယောက်က-

“မဟုတ်ပါဘူး ဗိုလ်မှူးရယ်။ ကျွန်တော်တို့က ခပ်နှေးနှေးသွားချင်လို့ မဟုတ်ပါဘူး။ ရာသီဥတု ပြင်းလွန်းတော့ ကျွန်တော်တို့လည်း ဒီထက်ပိုပြီး မသွားနိုင်လို့ပါ။ ဟိုတုန်းကဆိုရင် မနက်ပိုင်းမှာသာ ကျွန်တော်တို့ ခရီးသွားခဲ့တယ်။ ခုတော့ နေ့လယ် နေပူကြီးထဲ မှာလည်း သွားကြရတယ် မဟုတ်လား။ ရာသီဥတုပြင်းတာကို ဗိုလ်မှူးလည်း အမြင်ပဲ” “မင်းတို့ကောင်တွေ ခွေးစကားတွေ ပြောနေကြတာကွ။ စကားပြောနေကြတာ မဟုတ်ဘူး။ အရင်ရက်တွေတုန်းက လမ်းပန်းအခြေအနေကောင်းတယ်။ ခု တို့ရောက်နေတဲ့ နေရာက အခြေအနေမကောင်းဘူး။ ဒီတော့ နေ့ခင်း အချိန်ရှိတုန်းမှာ သွားမှ ဖြစ်မှာ။ ည အချိန်မတော်ကြီး ဘယ်သူသွားရဲမလဲ”

တပ်ဗိုလ်များသည် မည်သို့မျှ ပြန်မပြောတော့ချေ။ သို့ရာတွင် သူတို့စိတ်ထဲတွင်မူ “လူယုတ်မာကြီး။ သူ့စိတ်နဲ့ မတွေ့တိုင်း ငါတို့ကို ဆဲရေးတိုင်းထွာနေတော့တာပဲ” ဟု အောက်မေ့မိကြ၏။

ဗိုလ်မှတ်ကျော်သည် လက်တဖက်တွင် ဓားကို ကိုင်ပြီး အခြားလက်တဖက်တွင် မိုန်း ကြိမ်ကို ကိုင်လျက် အထမ်းသမားများအား အတင်းသွားခိုင်း၏။ တပ်ဗိုလ်နှစ်ယောက်သည် သစ်ပင်တပင်အောက်တွင် ထိုင်ကာ နောက်မှ လိုက်လာသည့် စာရေးတော်ကြီးကို စောင့် နေကြ၏။

“ဗိုလ်မှတ်ကျော်ဆိုတဲ့လူက မြို့ဝန်ရဲ့အစောင့်တပ်မှာ ဗိုလ်မှူးအဆင့်ပဲ ရှိတယ် စာရေး တော်ကြီးရဲ့။ သူက ဘာဖြစ်လို့ ဒီလောက်တောင် ကျွန်တော်တို့အပေါ်မှာ နိုင်ထက်စီးနင်း လုပ်နေရတာလဲ”

“သူ့အမိန့်ကို နာခံရမယ်၊ ဝင်ရောက်စွက်ဖက်ခြင်း မပြုရဘူးလို့ မြို့ဝန်မင်းက မှာလိုက် တယ်ဗျ။ ဒါကြောင့်မို့ ကျုပ်လည်း ဘာမှမပြောဘဲ နေတာ။

ခုတလောမှာတော့ ဒီလူလုပ်ပုံက တော်တော်လေး လွန်လွန်းနေပြီ။ မတတ်နိုင်ဘူးလေ၊ ကျိတ်မှိတ်ခံရမှာပဲ”

“မြို့ဝန်က သူတယောက်တည်းကို တာဝန်လွှဲလိုက်တာမှ မဟုတ်ဘဲဗျ။ စာရေးတော် ကြီးက ရာထူးလည်း ကြီး၊ အသက်လည်း ကြီးတာပဲ။ ဘာဖြစ်လို့ စာရေးတော်ကြီး ကိုယ်တိုင် မကြီးကြပ်တာလဲ”

“သည်းခံကြပါ မောင်တို့ရယ်။ သည်းခံကြပါ” ဟု အဘိုးအိုက ပြန်ပြော၏။

ထိုနေ့တွင်လည်း သူတို့သည် တနေ့လုံး မနားရဘဲ ညနေစောင်းသည်အထိ ခရီးဆက် ကြရ၏။ ထမင်းဆိုင်ကလေးတဆိုင်သို့ ရောက်သည့်အခါတွင် နားကြ၏။ ထိုအခါ၌ကား အထမ်းသမား ဆယ့်တစ်ယောက်တို့မှာ ချွေးသီးချွေးပေါက်တွေ ဖြိုင်ဖြိုင်ကျလျက် ရှိလေပြီ။ အထမ်းသမားများကလည်း စာရေးတော်ကြီးကို တိုင်တန်းကြပြန်၏။

“ကျွန်တော်တို့ကတော့ သာမန်စစ်သားဆိုတော့ အမိန့်ပေးတဲ့အတိုင်း လုပ်ရမှာပေါ့ဗျာ။ ဒါပေမဲ့ စာရေးတော်ကြီးပဲ စဉ်းစားကြည့်ပါဗျာ။ လွန်ခဲ့တဲ့ရက်တွေတုန်းက နှစ်ရက်လုံးလုံး နေပူကြီးထဲမှာ ဒီပစ္စည်းကြီးတွေကို တနေကုန် ထမ်းလာခဲ့ရတယ်။ တချက်ကလေးမှ မနား ရဘူး။ ဒီအထဲမှာ သူ စိတ်မထင်ရင် ကြိမ်နဲ့ အရိုက်ခံရသေးတယ်။ ကျွန်တော်တို့လည်း သွေးနဲ့ ကိုယ်သားနဲ့ကိုယ်ဗျ။ ဘာဖြစ်လို့ ကျွန်တော်တို့ကို ဒီလောက် နှိပ်စက်ညှဉ်းပန်းနေရတာလဲ”

“သည်းခံကြပါကွာ။ အရှေ့နေပြည်တော်ကို ရောက်ရင် မင်းတို့ကို ငါ ဆုချပါ့မယ်” ဟု စာရေးတော်ကြီးက ပြော၏။

“ဟုတ်ပါပြီလေ။ စာရေးတော်ကြီးလို ကျွန်တော်တို့ကို စောင့်ရှောက်ကြည့်ရှုမယ့်လူ ပါလာတယ်ဆိုတော့ ကျွန်တော်တို့ ဘာမှ မပြောတော့ပါဘူး”

သို့ဖြင့် တည လွန်မြောက်ခဲ့၏။

နောက်တနေ့မနက်စောစော၌ သူတို့အားလုံးသည် မနက်ပိုင်း နေမပူခင် ခရီးထွက်ရန် အတွက် စောစောစီးစီး အိပ်ရာမှထ၍ ခရီးထွက်ရန် ပြင်ဆင်ကြ၏။ သို့ရာတွင် ဗိုလ်မှုတ် ကျော်သည် အိပ်ရာမှ ခုန်ထလာကာ “ဟေ့ကောင်တွေ၊ မင်းတို့ကို ဘယ်သူက ခရီးဆက် ခိုင်းလို့ ပြင်ရတာတုံး။ သွား၊ အိပ်ရာထဲမှာ ပြန်အိပ်ချေကြဦး။ ခရီးထွက်ခါနီးတော့ ငါ ပြောမယ်။ ငါက ထွက်ဆိုမှ ထွက်” ဟု ဆူပူ ကြိမ်းမောင်း၏။

"စောစောထွက်မယ်ဆိုတော့လည်း မထွက်ရဘူး။ နေ့လယ် နေပူတုန်းကျမှ ထွက်ပြီး မသွားနိုင်တော့ တို့ကို ရိုက်လား၊ ပုတ်လား လုပ်တယ်" ဟု အချင်းချင်းပြောမိကြ၏။

ဗိုလ်မှတ်ကျော်ကမူ သူတို့အားလုံးကို ဆဲရေးတိုင်းထွာကာ-

"ဟေ့၊ နုလပိန်းတုံးတွေ။ မင်းတို့ ဘာနားလည်လို့လဲ" ဟု ဆိုကာ ကြိမ်တုတ်ကြီးဖြင့် ရိုက်မည်တကဲကဲလုပ်သည်တွင် စစ်သားများမှာလည်း မိမိတို့ဒေါသကို ကျိတ်မှိတ်မျိုချကာ အိပ်ရာထဲသို့ ပြန်ဝင်ကြရပြန်၏။

နေထွက်ပြီးနောက် မနက်စာကို စိမ်ပြေနပြေ စားသောက်ပြီးသည့်အခါတွင်မှ သူတို့ အထမ်းသမား လူတန်းကြီးသည် ခရီးဆက်လက်ထွက်ခဲ့ကြ၏။ ဗိုလ်မှတ်ကျော်သည် ရှေ့မှ ခရီးပြင်းနှင်ကာ နောက်မှ လိုက်လာသူများကိုလည်း တချက်ကလေးမှ နားခွင့် မပေးချေ။ အထမ်းသမား ဆယ့်တစ်ယောက်တို့မှာ ညည်းညူကာ စစ်ဗိုလ်နှစ်ယောက်မှာလည်း စာရေးတော်ကြီး၏ အရိပ်အကဲကိုကြည့်၍ လိုက်ပါလာခဲ့ကြ၏။ စာရေးတော်ကြီးမှာလည်း ပါးစပ်က ထုတ်ဖော်ပြောဆိုခြင်း မပြုသည့်တိုင် စိတ်ထဲတွင်မူ ဗိုလ်မှတ်ကျော် လုပ်ပုံကို မကျေမနပ် ဖြစ်လျက် ရှိလေပြီ။

အတိုချုပ်၍ ပြောရလျှင် ဆယ့်ငါးရက် ကျော်လာသည့်အခါ၌ သူတို့အဖွဲ့ထဲတွင် ဗိုလ်မှတ်ကျော်ကို မုန်းတီးခြင်း မရှိသူဆို၍ တယောက်မျှ မရှိတော့ပြီ။ ဆဋ္ဌမလဆန်း လေးရက်နေ့၌ သူတို့တသိုက်သည် အိပ်ရာမှ စောစွာထကာ လမ်းခရီးတွင် စားသောက်ရန် အတွက် ချက်ပြုတ်လျက်ရှိကြ၏။ ထို့နောက် ခရီးထွက်လာခဲ့ကြ၏။ မွန်းမတည့်မီမှာပင် နေသည် ကျဲကျဲတောက် ပူလျက်ရှိလေပြီ။ ယခုအချိန်၌ သူတို့သည် တောင်တက်ခရီးကို သွားလျက်ရှိ၏။ ဘေးပတ်ပတ်လည် မြင့်မားလှသော တောင်ထွတ်များသည် သူတို့ကို ငုံ့ကြည့်နေသကဲ့သို့ ရှိကြ၏။ လီ နှစ်ဆယ်ခန့် သွားမိသည့်အခါ၌ကား ပင်ပန်းလှသဖြင့် အထမ်းသမားများသည် လမ်းဘေးတွင် ရှိသည့် မိုးမခတောထဲတွင် ခဏနားလိုကြ၏။ သို့ရာတွင် ဗိုလ်မှတ်ကျော်သည် သူ့ခါးလွတ်ကြီးကို ဝှေ့ယမ်းကာ-

"ဟေ့ကောင်တွေ၊ တယောက်မှ မနားနဲ့။ ဆက်သွား။ ငါ့အမိန့်မရဘဲ နားတဲ့ကောင် တော့ အသိပဲ။ ဘယ်လိုနားရမယ်ဆိုတာ သိသွားချင်သလား"

အစောင့်များသည် ကောင်းကင်ကို မော့ကြည့်လိုက်၏။ ကောင်းကင်တွင် တိမ်တိုက် ဆို၍ ကြက်မတဝပ်စာကလေးမျှပင် မမြင်ရချေ။ အပူရှိန်ကလည်း မခံမရပ်နိုင်အောင် ပြင်းထန်လှ၏။ ဗိုလ်မှတ်ကျော်သည် တောင်ကမ်းပါးယံတွင် ဖောက်ထားသည့် လူသွားလမ်း ကလေးအတိုင်း အထမ်းသမားများကို နွားခြောက်သလို မောင်းလာ၏။ နေပူပြင်းလှသဖြင့် ကျောက်တုံးများသည်

ချစ်ချစ်တောက်ပူလျက်ရှိကာ အထမ်းသမားတို့၏ ခြေထောက် များကို မီးဖြင့် တို့သည့်နှယ် ပူလောင်စေ၏။ လမ်းလျှောက်ရသည်မှာလည်း များစွာ ပင်ပန်း လှ၏။

"ဒီလောက်တောင် ချစ်ချစ်တောက်ပူနေတဲ့ အချိန်ကြီးမှာ လျှောက်နေရရင် ကျွန်တော် တို့ သေကုန်ရုံပဲ ရှိတော့တယ်ဗျ။ ခင်ဗျား ကျွန်တော်တို့ကို သတ်နေတာလား" ဟု ဗိုလ် နှစ်ယောက်က ပြော၏။

"စကားများမနေနဲ့ကွာ။ သွားမှာ သွား။ ဟိုက မြင်ရတဲ့ တောင်ကြောရှိတယ် မဟုတ် လား။ အဲဒီတောင်ကြောကို ကျော်ပြီးမှ နားသင့်ရင် နားမယ်"ဟု ဗိုလ်မှတ်ကျော်က ဖြေ၏။ ဆယ့်ငါးယောက်ပါသော လူတန်းကြီးသည် တောင်ထိပ်ရောက်သည်အထိ ခရီးပြင်း နှင်ခဲ့ကြ၏။ တောင်ထိပ်သို့ ရောက်သည့်အခါတွင် အထမ်းသမားများသည် ပခုံးထမ်း များကို ချကာ ထင်းရှူးပင်များအောက်တွင် နားကြ၏။

"တော်တော် ဇိမ်ကျနေကြတာပေါ့ ဟုတ်လား၊ ခွေးမသားတွေ။ နားမနေနဲ့။ ခရီးဆက် သွားမယ်" ဟု ဗိုလ်မှတ်ကျော်က အော်၏။

"မသွားနိုင်ဘူးဗျာ။ ကျွန်တော်တို့ကို ဓားနဲ့ ရှစ်စိတ် ပိုင်းချင်ပိုင်း။ ကျွန်တော်တို့တော့ မသွားနိုင်တော့ဘူး" ဟု အထမ်းသမားများက ပြောကြ၏။

ဗိုလ်မှတ်ကျော်သည် ကြိမ်ဖြင့် သူတို့ပခုံးနှင့် ခေါင်းကို တရွှမ်းရွှမ်းရိုက်၏။ သို့ရာတွင် အထမ်းသမားများမှာ မထကြတော့ပြီ။ သူက တယောက်ကို ရိုက်နေစဉ် တယောက်ပြီး တယောက် လဲကျကုန်ကြလေပြီ။ ဗိုလ်မှတ်ကျော်လည်း ဘာမှ မတတ်နိုင်တော့ပြီ။ ထို အချိန်တွင် စာရေးတော်ကြီးနှင့် တပ်ဗိုလ်နှစ်ယောက်တို့သည် တောင်ထိပ်သို့ မောကြီး ပန်းကြီးဖြင့် ရောက်လာကြကာ အသက်ကို အနိုင်နိုင်ရှူရင်း ထင်းရှူးပင်ကြီးတပင်အောက် တွင် အမောဖြေလျက် ရှိကြ၏။ ၏။ ထိုစဉ် စာရေးတော် တော်ကြီးသည် အထမ်းသမားများအား ဗိုလ်မှတ်ကျော်က ရိုက်နှက်နေသည်ကို လှမ်းမြင်လိုက်ရ၏။

"ဗိုလ်မှတ်ကျော်ရယ်။ သူတို့ကို ခွင့်လွှတ်ပါ။ နေက သိပ်ပြင်းတော့ မသွားနိုင်ကြ တော့ဘူး"

"ခင်ဗျား ဘာသိလို့လဲဗျ။ ဒီနေရာဟာ မြေဝါတောင်ကြားဗျ။ တောပုန်းတွေ သိပ် သောင်းကျန်းတဲ့ နေရာ။ တိုင်းပြည်အေးအေးချမ်းချမ်း ရှိစဉ်တုန်းကတောင် ဒီနေရာကနေပြီး နေ့ခင်းကြောင်တောင်ကြီးမှာ ထွက်ထွက်ပြီး ဓားပြတိုက်တာ။ ခုလိုအချိန်မျိုးတော့ မပြောနဲ့တော့"

"တခါလာလည်း တောပုန်းတွေ ပေါ်တယ်ဆိုတဲ့ စကားနဲ့ ကျွန်တော်တို့ကို

လှည့် ခြောက်နေတာပဲဗျ” ဟု ဗိုလ်နှစ်ယောက်က ပြော၏။

“ခဏလောက်တော့ နားပါစေဗျာ။ ညနေစောင်းလောက်ကျတော့ ထွက်တာပေါ့။ ဘယ့်နှယ်လဲ” ဟု စာရေးတော်ကြီးက ပြော၏။

“မဖြစ်ဘူးဗျာ။ ခင်ဗျားစကားကို နားထောင်နေလို့ မဖြစ်ဘူး။ ဒီနားတဝိုက်မှာ လူနေအိမ်ခြေရယ်လို့ ဘယ်မှာ ရှိလို့လဲ။ ဒီလိုနေရာမျိုးမှာ ဘယ့်နှယ်လုပ်ပြီး အေးအေး ဆေးဆေး နား နေလို့ ဖြစ်ပါ့မလဲ”

“ဒီလိုဆိုရင်လည်း ခင်ဗျားဘာသာ ခင်ဗျား အထမ်းတွေနဲ့ ရှေ့က သွားနှင့်တော့ဗျာ။ ကျွန်တော်တို့ကတော့ ခဏနားဦးမယ်”

ဗိုလ်မှတ်ကျော်သည် ကြိမ်တုတ်ကြီးကို ကောက်ကိုင်လိုက်ကာ-

“ကဲ၊ သွားမလား၊ မသွားဘူးလား။ မသွားတဲ့လူ ဒီကြိမ်နဲ့ အချက်နှစ်ဆယ်ရိုက်မယ်” ဤတွင် အထမ်းသမားများမှာလည်း မခံမရပ်နိုင်တော့ဘဲ ဝိုင်းဝန်းကန့်ကွက်ကြ၏။ တယောက်ကမူ-

“ဒီမှာ ဗိုလ်မှတ်ကျော်။ ခင်ဗျားက ဘာမှမပါဘဲ လက်ချည်းသက်သက် လမ်းလျှောက် လိုက်လာရတာဗျ။ ကျွန်တော်တို့က ပိဿာတရာလောက် အလေးကြီးကို ထမ်းလာရတာ။ ခု ခင်ဗျားဟာ ကျွန်တော်တို့ကို လူလိုမခိုင်းဘူး၊ တိရစ္ဆာန်ခိုင်းသလို ခိုင်းတယ်။ မြို့ဝန် ကိုယ်တိုင် လိုက်လာရင်တောင် ခင်ဗျားလောက် ရက်ရက်စက်စက် ခိုင်းမှာ မဟုတ်ဘူး။ ခင်ဗျားမှာ ကိုယ်ချင်းစာတရားဆိုလို့ နည်းနည်းကလေးမှ မရှိဘူး။ တဆိတ်ရှိရင် ဒေါပွပြီး အောက်လက်ငယ်သားများကို ကြိမ်းမောင်းဖို့၊ ရိုက်ဖို့လောက်ပဲ တတ်တယ်”

“ခွေးကောင်၊ မင်းက ဘာစကားများတာလဲ။ မင်းတို့လိုကောင်တွေကို ကြိမ်နဲ့ ရိုက်နှက် ခိုင်းမှ တော်ကာကျတယ်ကွ။ ဒါကြောင့်မို့ ရိုက်တယ်” ဟု ဆိုကာ ဗိုလ်မှတ်ကျော်သည် ထိုအထမ်းသမားကို ကြိမ်တုတ်ဖြင့် အချက်ပေါင်းများစွာ ရိုက်၏။ စာရေးတော်ကြီးက-

“တော်ပါတော့ ဗိုလ်မှတ်ကျော်ရယ်။ ကျုပ်စကားကို နားထောင်စမ်းပါ။ နန်းရင်းဝန် ကြီးရဲ့ ရွှေတိုက်မှာ ကျုပ် အမှုထမ်းခဲ့တုန်းက အရာရှိတွေ အများကြီးကို တွေ့ခဲ့ဖူးတယ်။ ကျုပ်ကို အားလုံးက လေးလေးစားစား ဆက်ဆံကြတာချည်းပဲ။ ကဲ၊ ကျုပ် ရှင်းရှင်းပဲ ပြောမယ်။ ရိုင်းတယ်လို့တော့ မထင်လိုက်နဲ့။ ခင်ဗျားဟာ ရာဇဝတ်မှုနဲ့ ပြစ်ဒဏ်ခံခဲ့ရတဲ့လူ။ ဒီရောက်တော့မှ မြို့ဝန် မြှောက်စားလို့ ဗိုလ်မှူးအဆင့်ကို ရတာ။ တကယ်တော့ ခင်ဗျား ဗိုလ်မှူးအဆင့်ဆိုတဲ့ ရာထူးဟာလည်း မှုန်ညင်းစေ့လောက်ကလေးပဲ ရှိတာပါ။ ဒီတော့ ခင်ဗျား

ဒီလောက်လည်း အောက်လက်ငယ်သားတွေကို မနှိပ်စက်ပါနဲ့။ ကျုပ်ကို စာရေးတော်ကြီးတယောက်အနေနဲ့ သဘောမထားချင် နေပါ။ သာမန်လူတယောက်အနေနဲ့ ကျုပ်ပြောတာကို လက်ခံပါ။ အထမ်းသမားတွေကို ခင်ဗျား ဒီလောက် ရိုက်နှက်နေတာ ဘာသဘောလဲ”

“ဒီမှာ စာရေးတော်ကြီး။ ခင်ဗျားက မြို့မှာ မွေးပြီး မြို့မှာပဲ ကြီးပြင်းလာတာ။ ဒီတော့ တောလမ်းခရီးအကြောင်းကို ဘာမှ နားမလည်ဘူး”

“ကျုပ် နယ်တကာအနှံ့ ရောက်ဖူးပြီ။ ကွမ်တုန်ကိုလည်း ရောက်ဖူးတယ်။ ကွမ်စီ ပြည်နယ်ကိုလည်း ရောက်ဖူးတယ်။ ဆက်ယမ်းပြည်နယ်ကိုလည်း ရောက်ဖူးတယ်။ ဒါပေမဲ့ ခင်ဗျားလို ရက်စက်တဲ့လူမျိုးကို တယောက်မှ မတွေ့ခဲ့ဖူးဘူး”

“ဒီနေ့ခေတ်က ခင်ဗျားတို့ခေတ်ကလို အေးအေးချမ်းချမ်း မဟုတ်ဘူးဗျ”

“အေးအေးချမ်းချမ်း မဟုတ်ရင် ဘယ်လို ဖြစ်နေလို့လဲ။ ခင်ဗျားလို လူရဲ့ ပါးစပ်က ဒီစကားမျိုး ထွက်လာတယ်ဆိုရင် လျှာတောင် ဖြတ်ပစ်ဖို့ ကောင်းတယ်”

ဗိုလ်မှတ်ကျော်သည် တုံ့ပြန်၍ ပြောတော့မည်ပြုစဉ် ခပ်လှမ်းလှမ်းရှိ တောအုပ် အတွင်းမှ လူရိပ်တခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရပြီး မိမိတို့အား ချောင်းမြောင်းကြည့် နေသော ခေါင်းတလုံးကို လှမ်းမြင်လိုက်၏။ “ဟော၊ ကျုပ်မပြောဘူးလား။ ဟောဟိုမှာ လူဆိုး သူခိုး မဟုတ်ရင် ဘာလဲ”ဟု ပြောကာ ဗိုလ်မှတ်ကျော်သည် ကြိမ်တုတ်ကို ပစ်ချကာ မိန်းကြီးကို ကောက်ကိုင်လိုက်ပြီး-

“ဟေ့၊ ဘယ်ကကောင်လဲကွ။ ဘယ်လောက်မိုက်လို့ မင်းက ငါတို့ကို ချောင်းကြည့် ရတာလဲ” ဟု အော်၍ မေးလိုက်၏။

တောအုပ်ထဲသို့ ဝင်သွားသည့်အခါ သစ်ပင်ကြီးတပင်အောက်တွင် လက်တွန်းလှည်း ခြောက်စီးနှင့် အင်္ကျီမပါ အထက်ပိုင်းကိုယ်တုံးလုံးဖြစ်နေသည့် လူသန်ကြီးခြောက်ယောက် ကို တွေ့ရ၏။ ထိုအထဲမှ နားထင်မှ ပါးအထိ မွေးမှတ်ကြီး ကန့်လန့်ဖြတ်လျက် ရှိသူ တယောက်သည် ဗိုလ်မှတ်ကျော်ကို မြင်သည့်အခါတွင် မိန်းကြီးကို ကောက်ကိုင်လိုက်၏။ လူခုနစ်ဦးတို့သည် ညာသံပေးကာ ထိုင်ရာမှ ခုန်ထလိုက်ကြ၏။

“ခင်ဗျားတို့က ဘယ်သူတွေလဲ” ဟု ဗိုလ်မှတ်ကျော်က မေး၏။

“ခင်ဗျားကကော ဘယ်သူလဲ” ဟု သူတို့ခုနစ်ယောက်က မေး၏။

“ဘာလဲ။ ခင်ဗျားတို့က တောပုန်းဓားပြတွေလား”

“ကျုပ်တို့ကလည်း ဒါကို မေးမလို့ပဲ။ ကျုပ်တို့က ကုန်သည်ကလေးတွေပါ။ ကျုပ် တို့မှာ ပိုက်ဆံ များများစားစား မပါဘူးဗျာ”

“သြော်၊ လက်စသတ်တော့ ခင်ဗျားတို့က ကုန်သည်တွေကိုး။ ဒီလိုဆို ကျုပ်က ချမ်းသာတာပေါ့”

“ကျုပ်တို့က ပောက်ကျို့ကပါ။ အရှေ့နေပြည်တော်ကို သွားပြီး စွန်ပလွံသီး သွား ရောင်းကြမလို့ပါ။ အစတုန်းကတော့ ဒီလမ်းက ဖြတ်ဖို့ စိတ်မကူးပါဘူး။ မြေဝါတောင်ကြား ရောက်ရင် တောပုန်းတွေ သိပ်သောင်းကျန်းတယ်ဆိုလို့ တခြားလမ်းက သွားမလို့ပါပဲ။

ဒါပေမဲ့ ကျွန်တော်တို့မှာ စွန်ပလွံသီးပဲ ပါတာပဲ။ ဒီပြင် ဘာအဖိုးတန်ပစ္စည်း ပါတာမှ မဟုတ်ဘဲဆိုပြီး ဒီလမ်းက လာခဲ့ကြတာပါ။ ဒီနေ့တော့ နေကလည်း သိပ်ပြင်းတာနဲ့ ညနေ နေအေးချိန်လောက်ကျမှ သွားတော့မယ်ဆိုပြီး တောအုပ်ထဲ ဝင်နားနေကြတာပါ။ ခင်ဗျား တို့ ဆိုနေသံတွေကို ကြားတော့ တောပုန်းဓားပြတွေလို့ ထင်ပြီး ပုန်းနေရာက ကျုပ်တို့ အထဲက လူတယောက်ကို လွှတ်ပြီး အကြည့် ခိုင်းလိုက်တာပါ”

“သြော်၊ ဒီလိုလား။ ခင်ဗျားတို့က ကုန်သည်တွေကိုး။ သိပါဘူးဗျာ။ ကျုပ်တို့ကလည်း သစ်ပင်အကွယ်က လူတယောက် ချောင်းကြည့်နေတာ မြင်ရတော့ ဧကန္တ တောပုန်းတွေ ဖြစ်မှာပဲဆိုပြီး လာကြည့်တာ”

“ကဲ ကဲ၊ စွန်ပလွံသီးကလေးများ သုံးဆောင်ပါဦးဗျာ” ဟု သူတို့က ပြောကြ၏။ “တော်ပြီဗျ” ဟု ဆိုကာ ဗိုလ်မှတ်ကျော်သည် မှိန်းကို လက်တွင် ကိုင်ကာ သူတို့ နေရာသို့ ပြန်လာခဲ့၏။ သစ်ပင်အောက်တွင် ထိုင်နေသည့် စာရေးတော်ကြီးက-“ဗိုလ်မှတ်ကျော်ရေ၊ ဒီနေရာတဝိုက်မှာ တောပုန်းဓားပြတွေ ပေါတယ်ဗျာ။ ဒီလို ဆိုရင်တော့ ကျုပ်တို့ မြန်မြန်သွားမှ ကောင်းမယ်ထင်တယ်”

“ကျွန်တော်လည်း အစတုန်းကတော့ ဒီလူတွေကို တောပုန်းဓားပြတွေလို့ ထင်နေ တာပဲ။ မဟုတ်ပါဘူး။ စွန်ပလွံကုန်သည်တွေပါ”

“နို့၊ ခင်ဗျားပဲ ဒီနားက လူဆိုးတွေဟာ တဖောက်ကန်း လူဆိုးတွေချည်းပဲ ဆို။ ဒီအတိုင်း ဆို ဒီနားမှာ ကြာကြာနေလို့ ဘယ်ဖြစ်ပါ့မလဲ။ မြန်မြန်သွားရင် ကောင်းမယ် ထင်တယ်”

“အရေးထဲမှာ လာပြီး ကျွန်တော့်ကို အပြစ်တင်မနေနဲ့လေ။ ကျွန်တော်က စိုးရိမ်လို့ ပြောတာပါ။ ခုတော့ ကိစ္စမရှိတော့ပါဘူး။ ညနေ နေအေးမှ သွားကြတာပေါ့”

တပ်ဗိုလ်များသည် ဗိုလ်မှတ်ကျော် စိတ်ပြောင်းသွားပုံကို ကြည့်၍ ပြုံးကြ၏။ ဗိုလ်မှတ် ကျော်သည် မိုန်းကို မြေတွင် စိုက်လိုက်ပြီးနောက် သစ်ပင်တပင်အောက်တွင် ထိုင်၍ အမောဖြေလျက်ရှိ၏။

ထမင်းတပန်းကန် စားပြီးချိန်လောက်တွင် အဝေးမှ လူတယောက် လာနေသည်ကို မြင်ရ၏။ ထိုလူသည် ပုံးနှစ်ပုံးကို ရှေ့နောက်ထမ်းကာ သီချင်းကလေး တအေးအေးဖြင့် တောင်ပေါ်သို့ တက်လာ၏။

"ကြေးရတတ်တွေမှာတော့ စိတ်လက်ချမ်းသာနေတယ်။ လူမွဲတွေမှာတော့ လုပ်ကိုင် စားသောက်ရတယ်။ မသေရုံတမယ် ညှဉ်းပန်းနှိပ်စက်တယ်"

ထိုလူသည် သီချင်းကလေး တအေးအေးဆိုလာပြီးနောက် အထမ်းကိုချကာ ထင်းရှူး ပင်ကြီးတပင်အောက်တွင် နားနေလေ၏။

"ဗျို့ဆရာကြီး။ ပုံးထဲက ဘာတွေလဲဗျ" ဟု အထမ်းသမားများက မေးကြ၏။

"တောအရက်ဗျ"

"ဘယ်ကို သွားရောင်းမလို့လဲ"

"ရွာထဲကို သွားရောင်းမလို့ဗျ"

"တပုံးဘယ်လောက်လဲဗျ"

"ငါးကျပ်ဗျ။ တပြားမှ မလျှော့နိုင်ဘူး"

အထမ်းသမားများမှာ ပူပြင်းသည့်အပြင် ပင်ပန်းလှသည့်အတွက် သက်သာလို သက်သာငြား အရက်သောက်ရန် တိုင်ပင်ကာ အရက်သည်အနီးသို့ ရောက်သွားကြလေ၏။

ဗိုလ်မှတ်ကျော်သည် သူတို့တတွေ ဝိုင်းအုံနေသည်ကို မြင်လျှင်-

"ဟေ့ ကိုယ့်လူတို့။ ဘာလုပ်တာလဲ" ဟု မေး၏။

"ကျွန်တော်တို့ အရက်ဝယ်မလို့ ခင်ဗျ"

ဗိုလ်မှတ်ကျော်သည် သူတို့ကို မိုန်းလက်ကိုင်ရိုးဖြင့် ရိုက်လိုက်ရင်း-

"မင်းတို့က ငါ ခွင့်မပြုဘဲ ဘာဖြစ်လို့ အရက်သောက်ရတာလဲ။ မသောက်ရဘူး"

"ခင်ဗျား နေရာတကာလိုက်ပြီး ချုပ်ချယ်နေတာပဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာ ဘာဖြစ်သလဲဗျ။ ဘာဖြစ်လို့ ကျုပ်တို့ကို အလကား အကြောင်းရှာပြီး ရိုက်နေရတာလဲ"

"မင်းတို့ကောင်တွေ ဘာသိလို့လဲဟင်။ လူအန္တတွေ။ မျိုးဖို့ ဆို့ဖို့လောက်ပဲ နားလည် တယ်။ ဒီလမ်းမှာ တောပုန်းခါးပြတွေဟာ ပရိယာယ်အမျိုးမျိုး ဆင်တတ်တယ်ဆိုတာ မင်းတို့ မသိဘူးလား။ လူကို ဖျက် အရက်တဲ့ကွ။ အရက်သေစာသောက်စားလို့ လူကောင်း တွေ ပျက်စီးသွားတာကို မင်းတို့ မမြင်ဖူးဘူးလား။ သူ့အရက်ထဲ ဆေးခတ်ထားရင် ဘယ့်နှယ်လုပ်မလဲ"

အရက်သည်သည် မိုလ်မှတ်ကျော်ကို ကြည့်ကာ ဖျစ်ညှစ်၍ ရယ်လိုက်လျက်-

"ကုန်သည်နောင်ကြီး ဘာများသိလို့လဲဗျ။ ကျုပ်က ရောင်းချင်လွန်းလို့ ရောင်းတာ မဟုတ်ပါဘူး။ သူတို့ဘာသာ သောက်ချင်လှချေရဲ့ဆိုပြီး လာဝယ်တာပါ။ အရက်မသောက် စေချင်ရင် ကိုယ့်လူကို ရအောင် ထိန်းပေါ့ဗျာ။ အရက်ကိုတော့ မကောင်းမပြောပါနဲ့"

ထိုသို့ အချင်းများလျက်ရှိစဉ် စွန်ပလွံကုန်သည်များသည် တောအုပ်ထဲမှ မှိန်း ကိုယ်စီကိုင်၍ ထွက်လာကာ-

"ဘာဖြစ်နေကြတာလဲဗျ"

"ဟောဒီမှာဗျာ။ ကျွန်တော်က ရွာထဲ သွားရောင်းဖို့ အရက်ပုံးကလေးနှစ်ပုံး ထမ်းပြီး တက်လာတာပါ။ ဒီနားရောက်တော့ မောတာနဲ့ ထိုင်အမောဖြေနေတုန်း သူတို့က သောက် ချင်လှချေရဲ့ ဆိုပြီး အရက်လာဝယ်ပါတယ်။ ကျွန်တော်က ရောင်းတောင် မရောင်းသေး ပါဘူး။ ဒီတင် ဟောဒီက နောင်ကြီး ပေါက်ချလာပြီး ကျွန်တော့်အရက်က မကောင်းဘူး။ ဆေးခတ်ချင် ခတ်ထားမှာလို့ ပြောနေလို့ပါ"

ကုန်သည်ခုနစ်ယောက်တို့က-

"အမယ်လေးဗျာ။ ကျွန်တော်တို့မှာဖြင့် ဓားပြတွေလားလို့ ထိတ်သွားတာပဲ။ လက်စသတ်တော့ ခင်ဗျားတို့က စကားများနေကြတာကိုး။ ကဲဗျာ၊ ခု ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ။ ဘာလဲ။ သူတို့က ခင်ဗျားအရက်ကို မသင်္ကာဖြစ်နေတယ် မဟုတ်လား။ ဒီလိုဆိုရင် ကျုပ်တို့ သောက်မယ်ဗျာ။ ကျုပ်တို့ကို အကုန်ရောင်းခဲ့"

"မဖြစ်ဘူးဗျ။ မရောင်းတော့ဘူး"

"နေပါဦး ကိုယ့်လူရဲ့။ ကျုပ်တို့က ခင်ဗျားအရက်

မကောင်းကြောင်းကိုလည်း ဘာမှ မပြောရသေးပါကလား။ အရက်ဝယ်တယ်ဆိုတာလည်း ခင်ဗျားတို့ရွာထဲက ဈေးအတိုင်း ပေးဝယ်မှာပဲ။ ကျုပ်တို့ကို ရောင်းလို့ကော ကိုယ့်လူမှာ ဘာဖြစ်သွားမှာလဲ။ ခုလို ရောင်း လိုက်ရင် နေပူပူမှာ လက်ဖက်ရည်ကလေး တိုက်လိုက်သလို၊ ဖူးခါးရည်လေး တိုက်သလို ကိုယ့်လူမှာလည်း ကုသိုလ်ရပါတယ်”

“တပုံးတလေ ရောင်းရတာက အကြောင်းမဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ ဟောဒီက ဆရာ တွေက ကျွန်တော့်အရက်ဟာ မကောင်းဘူးတဲ့ဗျ။ ပြီးတော့ ကျွန်တော့်မှာ ခပ်စရာ မှုတ်တို့ ဘာတို့လည်း မပါဘူး”

“ဩော်၊ ကိုယ့်လူကလည်း ဒါကို အရေးတကြီးထား ပြောနေတာကိုး။ ခင်ဗျား အရက်ကို သူတို့က မကောင်းဘူးပြောပေမယ့် ကျုပ်တို့စိတ်က ကောင်းတယ်ထင်လို့ ဝယ်သောက်တာပေါ့။ ပြီးတော့ ကျုပ်တို့မှာလည်း ရေမှုတ်တို့ ဘာတို့ ပါပါတယ်” စွန်ပလွံကုန်သည်နှစ်ယောက်တို့သည် သူတို့လက်တွန်းလှည်းကလေးထဲမှ အုန်းမှုတ် ခွက်ကြီးနှစ်လုံးကို ယူလာပြီး နောက်တယောက်က စွန်ပလွံသီးတဆုပ်ကို ယူလာ၏။ စွန်ပလွံကုန်သည် ခုနစ်ယောက်တို့သည် အရက်ပုံးများအနီးတွင် ဝိုင်းအုံလျက်ရှိကာ ပုံးကို ဖွင့်ပြီး အုန်းမှုတ်ခွက်ဖြင့် တယောက်တလှည့် သောက်ကြ၏။ သောက်ရင်းလည်း စွန်ပလွံ သီးများကို စားကြ၏။ ခဏကြာလျှင် အရက်တပုံး ကုန်သွားခဲ့လေပြီ။

“နေဦးဗျ။ အရက်က ဘယ်လောက်ဖိုးလဲဆိုတာ မမေးရသေးဘူး” ဟု ကုန်သည် ခုနစ်ယောက်က မေး၏။

“ကျွန်တော်က ဘယ်တော့မှ ဈေးမြှင့်မရောင်းရဘူးဗျ။ တပုံးကို ငွေသားငါးကျပ်၊ နှစ်ပုံးဆိုရင် တဆယ်”

“ငါးကျပ်ဆိုရင်လည်း ငါးကျပ်ပေါ့ဗျာ။ ပေးရမှာပေါ့။ ဒါပေမဲ့ နောက်တပုံးက အရက် ကိုတော့ နည်းနည်းမြည်းကြည့်ချင်သေးတယ်ဗျ”

“ဘယ်ဖြစ်မလဲဗျ။ ကျွန်တော့်တခွက် မြည်းရင်လည်း တခွက်ဖိုး ပေးပေါ့”

ကုန်သည်တယောက်က အရက်တပုံးဖိုး ငွေချေနေစဉ်တွင် အခြားကုန်သည်တယောက် သည် ကျန်သော အရက်ပုံးကို ဖွင့်ကာ အုန်းမှုတ်ဖြင့် ခပ်သောက်နေ၏။ အရက်သည်သည် ထိုလူဆီသို့ ခပ်သုတ်သုတ်ပြေးလာ၏။ သို့ရာတွင် ထိုလူမှာ တဝက်ကျန်နေသေးသော အုန်းမှုတ်ခွက်ကို ကိုင်ရင်း ထင်းရှူးတောထဲသို့ ပြေးဝင်သွားခဲ့လေပြီ။ အရက်သည်က သူ့နောက်သို့ ပြေးလိုက်သွားစဉ် နောက်ထပ်ကုန်သည်တယောက်သည် အုန်းမှုတ်ခွက်ကို ကိုင်၍ တောအုပ်ထဲမှ ထွက်လာကာ အရက်ပုံးကို ဖွင့်၍ ခပ်သောက်နေသည်ကို မြင်ရ၏။

အရက်သည်လည်း ထိုလူ့ဆီသို့ ပြေးလာကာ သူ့လက်မှ အုန်းမှုတ်ခွက်ကို ဆွဲယူလိုက် ပြီးလျှင် ကျန်နေသေးသော အရက်များကို ပုံးထဲသို့ ပြန်ထည့်လိုက်၏။ ထို့နောက် အဖုံးကို ပြန်ပိတ်ကာ အုန်းမှုတ်ခွက်ကို မြေကြီးပေါ်သို့ လွှင့်ပစ်လိုက်၏။

"ခင်ဗျားတို့ကြည့်ရတာ လူကောင်းတွေပဲဗျာ။ ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲ။ လိုလုပ်လို့ ဘယ်ကောင်းမလဲ" ဟု အရက်သည်က ပြော၏။

အထမ်းသမားများမှာ ထိုအဖြစ်အပျက်ကို ကြည့်၍ အာခေါင်ခြောက်လျက် ရှိကြ လေပြီ။ တနေကုန် နေပူထဲတွင် လာခဲ့ရသည့်အတွက်လည်း ရေငတ်နေကြလေပြီ။

ဒီ "စာရေးတော်ကြီးရယ်။ ကျွန်တော်တို့ကိုလည်း ရောင်းဖို့ ပြောပေးစမ်းပါဦး။ ခု စွန်ပလွံကုန်သည်တွေ သောက်သွားတာ တပုံးကုန်သွားပြီ။ ကျန်တဲ့ပုံးတော့ ကျွန်တော်တို့ သောက်ပါရစေ။ ရေလည်း ငတ်လှပြီ။ နေကလည်း ပူတယ်။ ဘာမှ သောက်စရာ မရှိဘူး။ တောင်ကြားထဲမှာဆိုတော့ ရေတို့ ဘာတို့လည်း ရှာလို့မရဘူး။ လုပ်ပါ စာရေးတော်ကြီး ရယ်။ ကျွန်တော်တို့ကို ရောင်းဖို့ ပြောပေးစမ်းပါ"

စာရေးတော်ကြီးသည် သူတို့ကို သနားသွား၏။ သူကိုယ်တိုင်လည်း ရေငတ်လာကာ သောက်ချင်လာ၏။ ထို့ကြောင့် ဗိုလ်မှတ်ကျော်နှင့် တိုင်ပင်ကြည့်လေ၏။

"စွန်ပလွံကုန်သည်တွေ သောက်သွားကြတာ အရက်တပုံးတော့ ကုန်သွားပြီ ဗိုလ် မှတ်ကျော်ရဲ့။ တပုံးပဲ ကျန်တော့တယ်။ ဒီတော့ ကျုပ်တို့လည်း တပုံးဝယ်သောက်ကြရင် ကောင်းမယ်ထင်တယ်။ အပူပြေလိုပြေငြားပေါ့ဗျာ။ ရှေ့လျှောက် တောင်ပေါ်ရောက်ရင် ရေလည်း တွေ့မှာ မဟုတ်တော့ဘူးဗျ

"စွန်ပလွံကုန်သည်တွေ သောက်သွားတာ အရက်တပုံးလည်း ကုန်ပြီ။ ဟို တပုံးထဲက လည်း တခွက် ယူသောက်သွားကြသေးတယ်။ အရက်ထဲမှာ ဆေးတို့ ဘာတို့ ခပ်ထားပုံ တော့ မရဘူး။ အထမ်းသမားတွေကိုလည်း ငါ တလမ်းလုံး ရိုက်နှက်လာခဲ့တာ။ ဒီတခါ တော့ တပုံးလောက် သောက်ခွင့်ပေးလိုက်ဦးမှပဲ ထင်တယ်" ဟု ဗိုလ်မှတ်ကျော်တယောက် တည်း တွေးလျက်ရှိ၏။

"ကဲ၊ ဟေ့ကောင်တွေ။ စာရေးတော်ကြီးက ပြောတဲ့အတွက် မင်းတို့ကို အရက် သောက်ခွင့် ပေးလိုက်မယ်။ မြန်မြန်သောက်ကြ။ သောက်ပြီးရင် သွားမယ်"

အထမ်းသမားများသည် အရက်သည်အနီးသို့ ရောက်လာကြကာ အရက်ကို ဈေး ပိုပေး၍ ဝယ်ကြ၏။

သို့ရာတွင် အရက်သည်သည် အကျောက်အကန် ငြင်းဆန်လျက်ရှိကာ "မရောင်း နိုင်ဘူးဗျာ။ မရောင်းနိုင်ဘူး။ ကျွန်တော့်အရက်က ဆေးခတ်ထားတယ်" ဟု ပြော၏။

အထမ်းသမားများသည် မျက်နှာချိုသွေးကာ-

"နောင်ကြီးကလည်း ဒီလိုမလုပ်ပါနဲ့ဗျာ။ ဒီလောက်လည်း ဈေးကိုင်ဖို့ မကောင်း ပါဘူး။ ကျွန်တော်တို့ကို ရောင်းပါ"

"သွားကြဗျာ။ သွားကြ။ မရောင်းနိုင်ဘူး"

ဤတွင် စွန်ပလွံကုန်သည်များက-

"ဗျို့လူ၊ ဘာဖြစ်လို့ ဒီလောက် ဈေးကိုင်နေတာလဲဗျ။ သူတို့က ခင်ဗျားအရက် မကောင်းဘူးလို့ ပြောလို့လား။ အရက်မကောင်းဘူးလို့ ပြောတာ ဟိုလူက ပြောတာပဲ။ သူတို့နဲ့ ဘာဆိုင်တာ မှတ်လို့၊ ခင်ဗျား ကြိုက်ဈေး ပေးနေပြီပဲ။ ရောင်းလိုက်ပေါ့"

"ဘာလဲဗျ။ နောက်တခါ ကျွန်တော့်အပေါ်မှာ အကြောင်းမရှိ အကြောင်းရှာပြီး မသင်္ကာဖြစ်အောင် ခင်ဗျားတို့ လုပ်ပြန်တာလား"

စွန်ပလွံကုန်သည်များသည် အရက်သည်ကို ဘေးသို့ တွန်းပစ်လိုက်ကာ အရက်ပုံးကို အထမ်းသမားများကို ပေးလိုက်၏။ အထမ်းသမားများသည် အဖုံးကို ဖွင့်ကြည့်ရာ ပုံး ထဲတွင် အုန်းမှုတ်ခွက် မရှိသဖြင့် စွန်ပလွံကုန်သည်ထံ အုန်းမှုတ်ခွက် ငှားကြ၏။

"ရပါတယ်ဗျာ။ ရော့ ရော့၊ အရက်နဲ့ စွန်ပလွံသီးကလေးနဲ့ မြည်းလိုက်ဦး" ဟု ဆိုကာ စွန်ပလွံသီးပေးကြ၏။

"နောင်ကြီးတို့မှာ စာနာစိတ်ရှိပါပေတယ်ဗျာ"

"ကိစ္စမရှိပါဘူးဗျာ။ ခရီးသွားဖော်တွေပဲဟာ။ စွန်ပလွံသီးလေး တရာ၊ နှစ်ရာလောက် နဲ့တော့ ဘာမှ ဖြစ်မသွားပါဘူး။ စားသာ စားကြပါ"

အထမ်းသမားများမှာ ကျေးဇူးတင်၍မဆုံး ဖြစ်နေကြ၏။ ပထမခွက်နှစ်ခွက်ကို ဗိုလ်မှတ်ကျော်နှင့် စာရေးတော်ကြီးတို့ကို သောက်စေ၏။ ဗိုလ်မှတ်ကျော်ကမူ မသောက် ချေ။ စာရေးကြီးက သူ့ခွက်ကို ယူသောက်လိုက်၏။ နောက်နှစ်ခွက်ကို တပ်ဗိုလ်နှစ်ယောက် တို့ကို သောက်စေ၏။ ထိုနောက်တွင်မူ အထမ်းသမားများသည် အရက်ပုံးအနီးတွင် ဝိုင်းအုံ ကာ အားရပါးရ သောက်လျက်ရှိကြ၏။ ဗိုလ်မှတ်ကျော်မှာ သံသယစိတ်တွေ ပျောက်စ ပြုလာ၏။

အထမ်းသမားများမှာ အားရပါးရ သောက်ကြသည့်တိုင် ယခုအထိ ဘာမှ မဖြစ်ကြသေးချေ။ ထိုအထဲတွင် နေကလည်း ပူလှသဖြင့် ဗိုလ်မှတ်ကျော်၏ အာခေါင်မှာ ခြောက်သွေ့စ ပြုလေပြီ။ ဗိုလ်မှတ်ကျော်သည် ခွက်တဝက်လောက် ခပ်သောက်လိုက်ပြီး စွန်ပလွံသီးဖြင့် မြည်းနေ၏။

"ခင်ဗျားတို့ သောက်တဲ့ပုံးထဲက စွန်ပလွံသည်တွေက နှစ်ခွက်လောက် သောက်သွား တယ်ဗျ။ ဒီတော့ ကျွန်တော့်ကို လျှော့ပေးပါ"

အထမ်းသမားများက ပိုက်ဆံထုတ်ပေးသည့်အခါတွင် အရက်သည်လည်း ပိုက်ဆံကို ယူကာ အရက်ပုံးလွတ်နှစ်ပုံးကို ထမ်းပြီးနောက် သီချင်းလေးတအေးအေးဖြင့် တောင် အောက်သို့ ပြန်ဆင်းသွား၏။

စွန်ပလွံသည် ခုနစ်ယောက်တို့သည် ထင်းရှူးတောထဲတွင် ရပ်ကာ တောင်စောင်း တွင် ရှိနေကြသည့် လက်ဆောင်ပစ္စည်းပို့သည့် လူဆယ့်ငါးယောက်တို့ကို လှမ်းကြည့်ရင်း "ဟော၊ တယောက်လဲကျသွားပြန်ပြီကွ။ ဟော၊ နောက်တယောက် သွားပြန်ပြီကွ။ သွားပြန်ပြီကွ။ တယောက်ကွ" ဟု ပြောလျက်ရှိကြ၏။ အထမ်းသမားဆယ့်ငါးယောက်တို့မှာ မဟန်နိုင်ကြတော့ဘဲ ဒူးတွေ ညွတ်ကာ ခေါင်းတွေ လေးနေကြ၏။ ထို့နောက်တွင်မူ စွန် ပလွံ ကုန်သည်ခုနစ်ဦးတို့သည် လှည်းပေါ်မှ စွန်ပလွံသီးများ သွန်ချကာ တောင်စောင်းသို့ ဆင်းလာခဲ့ကြပြီးလျှင် ဗိုလ်မှတ်ကျော်တို့ သယ်ဆောင်လာသည့် လက်ဆောင်ပစ္စည်းများ၊ အဖိုးတန်ရတနာများကို လက်တွန်းလှည်းများပေါ်သို့ တင်ကြပြီးနောက် ထိုအပေါ်မှ စွန်ပလွံသီးများကို ထပ်၍ ဖုံးလိုက်ကြ၏။

"ခင်ဗျားတို့ကို ဒုက္ခပေးရတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ" ဟု ဆိုကာ သူတို့ခုနစ်ဦး သည် ပစ္စည်းတင်ထားသော လက်တွန်းလှည်းများကို တွန်းကာ တောင်အောက်သို့ ဆင်း သွားကြ၏။

ဗိုလ်မှတ်ကျော်မှာ အားအင်ကုန်ခန်းလျက်ရှိသည့်အတွက် ကောင်းစွာ မလှုပ်နိုင် တော့ဘဲ စိတ်ထဲမှ ကျိန်ဆဲရုံသာ တတ်နိုင်၏။ ကုန်သည်ခုနစ်ဦးတို့က အဖိုးတန် ကျောက်သံ ပတ္တမြားတို့ကို သယ်ယူနေကြစဉ် အထမ်းသမားများအားလုံး ဘာမှ မတတ်နိုင်တော့ဘဲ မျက်လုံးကြီးတွေ ပြူးကြည့်ရုံသာ တတ်နိုင်တော့သည်။ စကားလည်း မပြောနိုင်တော့။ လှုပ်ရှားခြင်းလည်း မပြုနိုင်တော့ချေ။

သို့ဖြစ်လျှင် ထိုကုန်သည်ခုနစ်ဦးတို့သည် မည်သူတွေနည်း။ ထိုသူများကား အခြား မဟုတ်။ တိုက်သူကြီးကျောက်ခဲ၊ ဝုရုံ၊ ကုန်ဆွန်၊ လျူထန်နှင့် ဖိုးရုံညီအစ်ကိုသုံးဦးတို့ ဖြစ် ပေ၏။ အရက်သည်မှာ အခြားသူမဟုတ်။ ကြွက်ပျောင်းဟု အမည်ရသော ပိုက်ရှုန်း ဖြစ် ပေ၏။ သို့ဖြစ်လျှင် အရက်ပုံးထဲသို့ မည်သို့ ဆေးခတ်သနည်း။ တောင်ပေါ်သို့ သယ်လာ ခဲ့စဉ်က ပုံးထဲမှ

အရက်များသည် အကောင်းပကတိပင် ဖြစ်၏။ တောင်ပေါ်သို့ ရောက် သည့်အခါ ကုန်သည်ခုနစ်ယောက်တို့ တပုံးသောက်ပြီးသည့်အခါတွင် လျှူထန်သည် ဒုတိယပုံးမှ အရက်တို့ကို ဖွင့်ကာ သူတို့ ရှေ့တွင် တခွက်သောက်ပြလိုက်၏။ ဤသို့ဖြင့် လျှူထန်သည် သံသယဖြစ်သူများအား သံသယပျောက်အောင် လုပ်ပြလိုက်၏။ တော ထဲသို့ ရောက်သည့်အခါတွင် လျှူထန်သည် ဝုရုံ၏ ခွက်ထဲသို့ ဆေးခတ်ကာ ပြန်ထွက် လာပြီး သောက်မည့်ဟန် ဆောင်လိုက်၏။ ဤတွင် ပိုက်ရှန်းက မရောင်းနိုင်ဟု ဆိုကာ သူ့လက်မှ ခွက်ကို လုယူပြီး အရက်ကို ပုံးထဲသို့ ပြန်ထည့်လိုက်ခြင်းဖြစ်၏။

ဤပရိယာယ်မှာ ဝုရုံ၏ အကြံအစည်အတိုင်း လက်တွေ့ကျင့်သုံးသည့် ပရိယာယ် ဖြစ်ပြီး "မွေးနေ့လက်ဆောင်များကို ပရိယာယ်ဖြင့် သိမ်းယူခြင်း" နည်းပရိယာယ် ဖြစ်သည် ဟု ခေါ်မည်ဆိုက ခေါ်နိုင်၏။

ဗိုလ်မှတ်ကျော်မှာ အရက်ကို များများသောက်လိုက်သူ မဟုတ်ချေ။ ထို့ကြောင့် ပထမဆုံး သတိပြန်ရ၏။ ဗိုလ်မှတ်ကျော်သည် မြေကြီးတွင် လေးဖက်ထောက်၍ တွား သွားကာ အနိုင်နိုင် မတ်တတ်ရပ်ပြီး အခြားဆယ့်လေးဦးတို့ကို လှမ်းကြည့်လိုက်၏။ သူတို့ပါးစပ်မှ သွားရည်များ စီးကျနေကြ၏။ အားလုံး တယောက်မှ မလှုပ်နိုင်တော့ပြီ။

ဗိုလ်မှတ်ကျော်သည် စိတ်လည်း ပျက်၊ ဒေါသလည်း ထွက်လျက်ရှိရာမှ "မင်းတို့ ကြောင့် ငါ ဘယ်လိုလုပ် မျက်နှာပြရတော့မှာလဲ။ ပေးလိုက်တဲ့ အမိန့်ပြန်တမ်းတွေလည်း ဘာအသုံးကျတော့မှာလဲကွ" ဟု ဆိုကာ စာရွက်စာတမ်းများကို ဆုတ်ဖြဲပစ်၏။

"ငါ့မှာ ပြန်စရာအိမ်လည်း မရှိတော့ဘူး။ တိုင်းပြည်လည်း မရှိတော့ဘူး။ ခု ငါ ဘယ်ကို ပြေးရမလဲ။ ဒီတောင်ရိုးပေါ်မှာ သေသွားတာပဲ ကောင်းတယ်" ဟု တွေးကာ သူ့အင်္ကျီ ရင်ဘတ်ကို ဆုပ်ကိုင်ရင်း တောင်ကမ်းပါးပြတ်မှ ခုန်ချရန် လာခဲ့၏။

မှန်ပေ၏။

မိုးရာသီတွင် ရွာသော မိုးစက်မိုးပေါက်တို့သည် မြေသို့ ကြွေကျနေသော မိုးမခပွင့် တို့ကို အဝေးသို့ တိုက်စားသယ်ဆောင်သွား၏။ မိုးမခပင်မှ နောက်ဆုံးထွက်လာသည့် အဖူးအညွန့်တို့သည်လည်း ဆောင်းဦးနှင်းခါးကြောင့် ပျက်စီးကြရ၏။ ဗိုလ်မှတ်ကျော်သည် မြေဝါတောင်ကြားမှ တောင်ခါးပြတ်ပေါ်တွင် သူ့ကိုယ်သူ အဆုံးစီရင်ရန် ကြံခဲ့၏။ ဗိုလ်မှတ်ကျော် မည်သို့ ဖြစ်သနည်း။ သိလိုလျှင် နောက်တခန်းကို ဆက်၍ ဖတ်ပါလေ။

အခန်း - ၁၇

ရှင်ဥာဏသည် နဂါးနှစ်ကောင်တောင်ကို တယောက်တည်းတိုက်ခိုက်ခြင်း

ဗိုလ်မှတ်ကျော်နှင့်အတူ ပုလဲကျောင်းတိုက်ကို စီးနင်းခြင်း

မြေဝါတောင်ကြားတွင် မွေးနေ့လက်ဆောင်များကို ဆုံးရှုံးခဲ့ရသည့် ဗိုလ်မှတ်ကျော်သည် မြို့ဝန်လျှံချုံရှူကို မည်သို့ မျက်နှာပြရမည်နည်း။ ဗိုလ်မှတ်ကျော်သည် တောင်ခါးပြတ်မှ ခုန်ဆင်းပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ချင်၏။ သို့ရာတွင် ချက်ချင်း သတိကို ပြန်၍ ထိန်းကာ တောင်ခါးပြတ်အနီးသို့ အရောက်တွင် ရပ်လိုက်၏။

"ရပ်ရည်သနားကမားနဲ့ ကိုယ်လုံးကိုယ်ပေါက် လုလုပပ အမေက မွေးပေးခဲ့တာ။ ငါဟာ ငယ်စဉ်ကတည်းက လက်နက်အတတ်ပညာ တဆယ့်ရှစ်မျိုးကိုလည်း တတ်မြောက် ခဲ့တယ်။ ဒီအတိုင်းတော့ အသေမခံနိုင်သေးဘူး။ သူတို့ ငါ့ကို ဖမ်းမမိချင်းတော့ ငါ ဒီအတိုင်းနေဦးမယ်။ ဖမ်းမိလို့ ငါ့ကို ဘယ်လိုပြစ်ဒဏ်မျိုးကို ပေးမယ်ဆိုတာကို ကြည့်ပြီးမှ ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်တော့မယ်"

ယန်ချီခေါ် ဗိုလ်မှတ်ကျော်သည် သူ့အပေါင်းအဖော် ဆယ့်လေးယောက်တို့ကို လှမ်း ကြည့်လိုက်၏။ သူ့အပေါင်းအဖော်များသည် သူ့ကို မျက်လုံးဖြင့်သာ လှမ်းကြည့်နိုင်၏။ ခြေလက်တို့ လှုပ်ရှားနိုင်ခြင်း မရှိတော့ပြီ။

"ခွေးမသားတွေ၊ ငါ့စကားကို နားမထောင်လို့ ဒီလိုဖြစ်တာ။ ခုတော့ ငါပါ ဒုက္ခရောက် တော့မယ်"

ဗိုလ်မှတ်ကျော်သည် ဆဲရေးတိုင်းထွာကာ သစ်ငုတ်တိုအနီးတွင် ကျနေသော မိုန်းကို ကောက်ယူ၍ ခါးလွယ်ကို ခါးတွင် ချပ်ပြီးသော် တောင်အောက်သို့ ဆင်းလာခဲ့၏။

ကျန် ဆယ့်လေးယောက်သော သူတို့မှာမူ နောက်တနေ့ မနက်လင်းအားကြီးအချိန် တွင်မှ ကောင်းစွာ သတိရကြ၏။ သူတို့သည် တယောက်ပြီး တယောက် လဲကျနေရာမှ လူးလဲထကာ ဆဲရေးတိုင်းထွာလျက် ရှိကြ၏။

"မင်းတို့တတွေက ဗိုလ်မှတ်ကျော် ပြောတဲ့စကားမှ နားမထောင်ကြဘဲကိုး။

ခုတော့ ငါပါ ဒုက္ခရောက်တော့မယ်” ဟု စာရေးတော်ကြီးက ပြော၏။

“ပြီးခဲ့တာ ပြီးပြီပဲ စာရေးတော်ကြီးရယ်။ ဒီတော့ ကျွန်တော်တို့ချင်း နားလည်မှုတော့ ယူမှ ဖြစ်မယ်ခင်ဗျ” ဟု တယောက်က ပြော၏။

“ပြောစမ်းပါဦး။ မင်းက ဘယ်လိုစိတ်ကူးများ ရှိလို့တုံး”

“အပြစ်ကတော့ ကျွန်တော်တို့ အပြစ်ပါပဲလေ။ ဒါပေမဲ့ “အဝတ်ကို မီးစွဲရင် မြန်မြန် ငြိမ်း” ရသတဲ့။ “လုံချည်ထဲကို ပျားဝင်ရင် မြန်မြန်ချွတ်” ရသတဲ့။ စကားပုံရှိတယ်။ ဗိုလ် မှတ်ကျော် ရှိနေတုန်းကတော့ ကျွန်တော်တို့တတွေမှာ ဘာမှ ပြောပိုင်ဆိုပိုင်ခွင့် မရှိဘူး။ ခု သူလည်း မရှိတော့ဘူး။ ဒီတော့ သူ့ကြောင့်ဆိုပြီး သူ့အပေါ်ကို လွှဲချရရင် မကောင်းပေ ဘူးလား။ ခုပဲ ကျွန်တော်တို့အားလုံး မြို့ဝန်ဆီကို ပြန်ပြီး လမ်းမှာ ကျွန်တော်တို့ကို ညှဉ်းပန်းနှိပ်စက်တဲ့ အကြောင်း၊ ကျွန်တော်တို့မှာ ပင်ပန်းလွန်းတဲ့အတွက် အားပြတ်ပြီး လဲကျလို့ မသွားနိုင်တော့တဲ့ အကြောင်း၊ ဗိုလ်မှတ်ကျော်ဟာ တောပုန်းတွေနဲ့ ကြံရာပါ ဖြစ်တဲ့အကြောင်း၊ လမ်းမှာ ကျွန်တော်တို့အရက်ထဲ ဆေးခတ်တိုက်ပြီး ရတနာတွေကို ယူသွားတဲ့အကြောင်းကို ပြောရရင် မကောင်းဘူးလား”

“အေး၊ ကောင်းတယ်။ မနက်ဖြန်မနက် လင်းလင်းချင်း ဒီခရိုင်က ရဲကို ဝင်တိုင်မယ်။ ပြီးတော့ ဓားပြတောပုန်းတွေကို ဖမ်းဖို့ တပ်ဗိုလ်နှစ်ယောက်ကို ထားပစ်ခဲ့မယ်။ တို့ကတော့ ဥတ္တရနေပြည်တော်ကို အမြန်ရောက်အောင် သွားမယ်။ ဟိုရောက်တော့ တို့ ခုညှိထားတဲ့ အတိုင်း မြို့ဝန်ကို လျှောက်မယ်။ ပြီးတော့လည်း နန်းရင်းဝန်ကြီးဆီကိုပါ အကျိုးအကြောင်း စာရေးမယ်။ အဲဒီလိုဆိုရင် ဆိုင်ရာကလည်း တောပုန်းဓားပြတွေကို လိုက်ဖမ်းမှာပဲ။ အဲဒါ ကောင်းတယ်”

နောက်တနေ့မနက်တွင် စာရေးတော်ကြီးနှင့် အဖော်များသည် ကျီစုတိုက်နယ်ရှိအာဏာပိုင်များထံ သွားရောက်ကာ အကျိုးအကြောင်းကို တိုင်ကြားခဲ့ကြ၏။ သူတို့ အကြောင်းကို ဤတွင် တော်ဦးမည်။

လက်တွင် မှိန်းကို ကိုင်စွဲကာ စိတ်ပျက်လက်ပျက်ဖြင့် မြေဝါတောင်ခါးပြတ်ပေါ်မှ ဆင်း လာသော ဗိုလ်မှတ်ကျော်အကြောင်းကို ပြောဦးအံ့။ ဗိုလ်မှတ်ကျော် တောင်စူးစူးသို့ လာခဲ့ရာ ညသန်းခေါင်အချိန်လောက်တွင် တောအုပ်တအုပ်သို့ ရောက်သဖြင့် ရပ်နား၏။

“ငါ့မှာ ငွေစဆိုလို့လည်း တပြားတချပ်မှ မရှိဘူး။ ဒီနားမှာလည်း အသိမိတ်ဆွေတို့ ဘာတို့ မရှိဘူး။ ငါ ဘာလုပ်ရမလဲ” ဟု စဉ်းစားလျက်ရှိ၏။

“စိမ်ရည်လေးတခွက် တဖလားလောက်တော့ သောက်ဦးမှ။ နို့မို့ရင် ငါ

ခရီးဆက် သွားနိုင်တော့မှာ မဟုတ်ဘူး”ဟု ဗိုလ်မှတ်ကျော် တွေးမိ၏။ ဗိုလ်မှတ်ကျော်သည် ဆိုင်ထဲသို့ ဝင်လာခဲ့ကာ စားပွဲတလုံးတွင် ဝင်ထိုင်လိုက်၏။ စားပွဲများ၊ ကုလားထိုင်များမှာ ပိုးစာသားဖြင့် လုပ်ထားခြင်းဖြစ်၏။ ဗိုလ်မှတ်ကျော်သည် ကိုင်လာသည့် မှိန်းကို စားပွဲတလုံးတွင် လှမ်းထောင်ထားလိုက်၏။ မီးဖိုအနီးတွင် ထိုင်နေသည့် အမျိုးသမီးတယောက် ထလာကာ သူ့ကို အကျိုးအကြောင်း မေးမြန်းလေ၏။

“ဘာများ သုံးဆောင်ချင်သလဲရှင်”

“အရက်နှစ်လုံးလောက် အရင်ပေးဦးဗျာ။ နောက်တော့ ထမင်းပေးပါ။ အသားဟင်း ကလေး ဘာလေးရှိရင်လည်း ထည့်ခဲ့ပါ။ နောက်တော့ ပေါင်းပြီး ရှင်းတာပေါ့”

အမျိုးသမီးသည် လူငယ်ကလေးတယောက်ကို ခေါ်ကာ အရက်ထည့်ခိုင်း၏။ သူ ကိုယ်တိုင်မှာမူ အသားအနည်းငယ်ကို ယူကြော်ကာ ဗိုလ်မှတ်ကျော်ရှေ့သို့ လာချလေ၏။ စားသောက်ပြီးသည့်အခါ ဗိုလ်မှတ်ကျော်သည် မှိန်းကို ကောက်ကိုင်ကာ အပြင်သို့ ထွက်ရန် ပြင်လိုက်၏။

“နောက်တခေါက် ပြန်လာတော့ ပေးမယ်ဗျာ။ ခု လောလောဆယ်တော့ အကြွေး မှတ်ထားလိုက်ဦး”

သူ့ကို စိမ်ရည်ငှဲ့ပေးသည့် လူငယ်သည် သူ့နောက်သို့ လိုက်လာကာ သူ့လက်မောင်း ကို လှမ်းဆွဲထားလိုက်၏။ ဗိုလ်မှတ်ကျော်သည် ထိုလူငယ်ကို တချက်တည်း ထိုးလိုက်ရာ လူငယ်မှာ မြေကြီးပေါ်သို့ လဲကျသွားလေ၏။ အမျိုးသမီးမှာကား ငိုယိုလျက်ရှိလေပြီ။ ဗိုလ်မှတ်ကျော်သည် ရှေ့သို့ ဆက်လာခဲ့၏။ ခပ်လှမ်းလှမ်းသို့ အရောက်တွင် နောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်၏။

“ဟေ့လူ၊ ဒါက ဘယ်သွားဦးမလို့လဲ”

ဗိုလ်မှတ်ကျော်သည် နောက်သို့ လှည့်ကြည့်လိုက်၏။

အင်္ကျီကိုယ်တုံးလုံးဖြင့် လူတယောက်သည် တောင်ဝှေးကြီးတချောင်းကို ကိုင်၍ သူ့နောက်မှ အပြေးလိုက်လာသည်ကို မြင်ရ၏။

“အင်း၊ ဒီလူ ငါ့နောက်ကို လိုက်လာတာကိုး။ ဖြိုဟ်ဆိုးဝင်ချင်ပြီ ထင်တယ်”

ဗိုလ်မှတ်ကျော်သည် ရပ်၍ စောင့်နေ၏။ ထိုလူ၏ နောက်တွင် အရက်ဆိုင်မှ လူငယ် ကလေးသည် ခက်ရင်းကြီးတချောင်းကို ကိုင်၍ လိုက်လာပြီး သူနှင့်အတူ လူနှစ်ယောက်၊ သုံးယောက်တို့သည်လည်း တင်းပုတ်များကို ကိုင်ကာ သူ့နောက်မှ

အပြေးလိုက်လာကြ သည်ကို မြင်ရ၏။

"ရှေ့ဆုံးက တယောက်ကို အပြတ်ရှင်းလိုက်ရင်တော့ နောက်က ကောင်တွေ အနားကပ် ရဲကြတော့မှာ မဟုတ်တော့ဘူး"ဟု တွေးမိကာ ဗိုလ်မှတ်ကျော်သည် မိုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ထိုလူကို ထိုးရန် အသင့်ပြင်ထားလိုက်၏။

အနားသို့ ရောက်သည်နှင့် ထိုလူသည် တောင်ဝှေးကို မြှောက်နေအောင် ဝှေ့ယမ်း၍ ထိပ်တိုက်ဝင်လာ၏။ သူတို့သည် အချီ နှစ်ဆယ် သုံးဆယ်လောက် တိုက်ခိုက်ကြ၏။ ထိုလူမှာ ဗိုလ်မှတ်ကျော်၏ လက်ရည်ကို မမီချေ။ ဗိုလ်မှတ်ကျော်၏ ထိုးနှက်ချက်များကို ရှောင်တိမ်းကာ ခံစစ်လောက်ကိုသာ အနိုင်နိုင် ထိုးနေရ၏။ ထိုစဉ် နောက်မှ လိုက်လာသည့် လူများက ဝင်၍ တိုက်ခိုက်ကြမည်အပြုတွင် တောင်ဝှေးကိုင်ထားသည့် လူရွယ်သည် စည်းဝိုင်းထဲမှ ခုန်ထွက်လိုက်ကာ-

"ဘယ်သူမှ မလှုပ်ကြနဲ့။ ဗျို့။ မိုန်းကိုင်ထားတဲ့လူ။ ခင်ဗျားနာမည် ဘယ်သူလဲ"

ဗိုလ်မှတ်ကျော် ရင်ကို ကော့လိုက်ပြီးလျှင်-

"ဗိုလ်မှတ်ကျော်ခေါ် ယန်ချီတဲ့ကွ။ ဘယ်တော့မှ နာမည်မပြောင်းဘူး"

"အရှေ့နေပြည်တော် နန်းတော်စောင့်တပ်က ဗိုလ်မှတ်ကျော်လား"

"မင်းက ဘယ့်နှယ်လုပ် သိနေတာတုံး"

လူရွယ်သည် တောင်ဝှေးကို ပစ်ချလိုက်ကာ ဒူးထောက်ထိုင်လိုက်ပြီးလျှင်-

"ကျွန်တော့်မှာ မျက်စိ ရှိပေမယ့် တိုက်ရှန်းတောင်ကြီးကိုတောင် မမြင်ပါလား ဆရာရယ်"

ဗိုလ်မှတ်ကျော်သည် သူ့လက်ကို ဆွဲကာ ထိုင်ရာမှ ဆွဲထူလိုက်ပြီးလျှင်-

"နေစမ်းပါဦး။ မင်း ဘယ်သူလဲ"

"ကျွန်တော်က ကိုက်ဖန်းခရိုင်က လက်နက်သင်တန်းဆရာနဲ့ သိုင်းဆရာလင်ချုံးရဲ့ တပည့်ပါ ဆရာ။ ကျွန်တော့်နာမည်က ကောက်စိန်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့မျိုးရိုးက ဝက်သားသည်ပါ။ ဝက် ဘယ်လိုသတ်ရတယ်၊ ချဉ်ဆီ ဘယ်လိုထုတ်ရတယ်၊ အရိုးဘယ်လို ခုတ်ရတယ်၊ အရေ ဘယ်လို ဆုတ်ရတယ်၊ ဝမ်းတွင်းသားကို ဘယ်လို နုတ်ရတယ်ဆိုတာ ကျွန်တော် သိပါတယ်

ဆရာ။ အဲဒီကိစ္စတွေမှာ ကျွန်တော်ကျွမ်းကျင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို ဝက်လီးလို့ ခေါ်ကြပါတယ်။ ခု ကျွန်တော်တို့နယ်က ကုန်သည်တယောက်က ကျွန်တော့်ကို ငွေငါးထောင် ထုတ်ပေးပြီး ကုန်အကူးခိုင်းလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့် မှာ ကုန်ရှုံးပြီး အရင်းပါ ဆုံးခဲ့လို့ နယ်ကို မပြန်နိုင်တော့ဘဲ ဒီမှာတင် အိမ်ထောင်ကျပြီး ယောက္ခမများနဲ့ အတူနေပါတယ်။ စောစောက ဘုံဆိုင်ထဲမှာ ဆရာတွေ့ခဲ့တဲ့ အမျိုးသမီးဟာ ကျွန်တော့်ဇနီးပါ။ ခက်ရင်းကိုင်ပြီး လိုက်လာတဲ့လူငယ်က ကျွန်တော့်ယောက်ဖအငယ်ပါ။ ခု ဆရာနဲ့ တိုက်ခိုက်ကြလို့ ဆရာ့ရဲ့ ထိုးနှက်ချက်တွေကို ကျွန်တော်တွေ့တော့မှ ဆရာ့ကို ကျွန်တော် မှတ်မိပါတော့တယ်။ ဆရာ့ရဲ့ တိုက်ကွက်တွေကို မြင်တော့မှ ဆရာမှန်း သိပါ တော့တယ်။ ဒီတိုက်ကွက်တွေဟာ ကျွန်တော့်ဆရာလင်ချုံးရဲ့ တိုက်ကွက်တွေနဲ့ အတူတူ ပါပဲ။ ဆရာ့ကို ကျွန်တော် မနိုင်နိုင်ပါဘူး”

“ဩော်၊ လက်စသတ်တော့ ငါ့ညီက လင်ချုံးရဲ့ တပည့်ကိုး။ မင်းတို့ဆရာလည်း ကောက်ကျူကြောင့် တော်တော် အခြေအနေဆိုးသွားတယ်။ ခုတော့ တောပုန်းဖြစ်နေ သတဲ့။ လျှံရှန်းကျူတောကို ရောက်နေတယ်လို့ ကြားတာပဲ”

“ဟုတ်ကဲ့။ ကျွန်တော်လည်း ကြားပါတယ်။ ဘယ်လောက်အထိ မှန် မမှန်တော့ မပြော တတ်ဘူးပေါ့ ခင်ဗျာ။ ဒီလိုဆို ကျွန်တော့်အိမ်လိုက်ပြီး ခဏတဖြုတ် နားပါဦးလား ခင်ဗျာ”

ဗိုလ်မှတ်ကျော်သည် ကောက်စိန်နှင့်အတူ ဘုံဆိုင်သို့ ပြန်လိုက်လာခဲ့၏။ ကောက်စိန် သည် ဗိုလ်မှတ်ကျော်အား နေရာထိုင်ခင်း ပေး၏။ သူ့ဇနီးနှင့် ယောက်ဖတို့ကိုလည်း ဗိုလ်မှတ်ကျော်အား ရိုသေစွာ ဆက်ဆံရန် ပြော၏။ အစားအသောက်နှင့် စိမ်ရည်တို့ ယူလာခဲ့ရန်လည်း ခိုင်းလိုက်၏။

စားသောက်နေစဉ် ကောက်စိန်က-

“နေစမ်းပါဦး ဆရာရယ်။ ဆရာကော ဘယ်နည်းဘယ်ပုံ ဒီအခြေအနေကို ရောက် လာရတာလဲ”

ဗိုလ်မှတ်ကျော်က မြို့ဝန်က အပို့ခိုင်းလိုက်သော မွေးနေ့လက်ဆောင်များ မည်သို့ မည်ပုံ ဆုံးရှုံးခဲ့ရကြောင်းကို ပြောပြ၏။

“ဒီလိုဆိုရင်လည်း ကျွန်တော့်ဆီမှာပဲ ခဏတဖြုတ် နေပါဦးလား။ နောက် အေးအေး ဆေးဆေးရှိတော့မှ ဘာလုပ်မယ်ဆိုတာ ဆွေးနွေးကြသေးတာပေါ့”

“အေး၊ မင်းစေတနာကိုတော့ ကျေးဇူးတင်ပါတယ်ပေါ့။ ဒါပေမဲ့ ငါ့မှာက

အမှုကြီး တန်းလန်းနဲ့ကွ။ ခုလောက်ဆို နေပြည်တော်က ရဲတွေက ငါ့ကို လိုက်ရှာနေကြရော့မယ်။ ဒီတော့ ဒီမှာလည်း ငါ ကြာကြာနေလို့ မဖြစ်သေးဘူး”

“ဒါဖြင့် ဆရာ ဘယ်သွားမှာလဲ”

“လျှံရှန်းတောင်ရိုးကို လိုက်ပြီး မင်းဆရာ လင်ချုံးဆီကို သွားမလားလို့ စိတ်ကူး တာပဲ။ တခါတုန်းက ငါ အဲဒီတောင်ရိုးပေါ်ကို ခရီးဖြတ်သွားတုန်းက မင်းဆရာနဲ့ တခါ တွေ့လိုက်ဖူးတယ်။ တယောက်နဲ့တယောက် ကောင်းကောင်းမမှတ်မိတော့ တို့နှစ်ယောက် တောင် တိုက်ကြခိုက်ကြ ဖြစ်သေးတယ်။ တို့နှစ်ယောက် လက်ရည်တူတာ တွေ့နေတော့ တောပုန်းဗိုလ်ဝမ်လုံက တို့နှစ်ယောက်ကို သူတို့တောင်ပေါ်စခန်း ခေါ်ပြီး ကျွေးလိုက် မွေးလိုက်သေးတယ်ကွ။ မင်းဆရာ လင်ချုံးနဲ့ ငါနဲ့ အဲဒီမှာ စသိတာပဲ။ ဝမ်လုံကတော့ ငါ့ကို သူတို့တောင်ပေါ်စခန်းမှာ နေဖို့ ပြောပါသေးတယ်။ ဒါပေမဲ့ ငါ ဝရမ်းပြေးတောပုန်း မဖြစ် ချင်ဘူးကွာ။ ခုတော့ ရာဇဝတ်မှုကျူးလွန်ခဲ့လို့ မျက်နှာလည်း ရွှေစာမှတ်ကြီးနဲ့။ ဒီတုန်း ကတော့ ငြင်းခဲ့ပြီး ခု ကိုယ် ဒုက္ခရောက်တော့မှ သူတို့ဆီကို လာတယ်ဆိုရင် ယောကျ်ား မပီသရာ ရောက်လိမ့်မယ်။ ဒါကြောင့် ဒီလောက် စဉ်းစားနေတာပေါ့။ ခုထိ ဆုံးဖြတ်လို့ မရသေးဘူး”

“ဒါဖြင့် ဆရာက အဲဒီကို ရောက်ဖူးပြီကိုး။ ကျွန်တော် ကြားတာကတော့ ဝမ်လုံဆိုတဲ့ တောပုန်းဗိုလ်ဟာ တော်တော် သဘောထား သေးသိမ်ကျဉ်းမြောင်းတဲ့လူလို့ ကြားဖူး တာပဲ။ အရည်အချင်းရှိတဲ့ လူတွေကို ဘယ်လို မွေးရမယ်ဆိုတာ နားမလည်ဘူးတဲ့။ ကျွန်တော့်ဆရာ လင်ချုံးဆိုရင် သူတို့စခန်းကို ရောက်ခါစတုန်းက သူ့ အဆဲအဆို၊ အကြိမ်း အမောင်းကိုချည်းပဲ ခံနေရတာဆိုပဲ။ ကျွန်တော့်နေရာမှာ မနေချင်ဘူးဆိုရင် ဒီနဲ့ မနီးမဝေး ချင်ကျိုခရိုင်ထဲမှာ နဂါးနှစ်ကောင်တောင်တန်းဆိုတာ ရှိတယ်ဗျ။ အဲဒီမှာ ပုလဲကျောင်းတိုက်ဆိုတဲ့ ဘုန်းကြီးကျောင်းတကျောင်း ရှိတယ်။ အဲဒီကျောင်းကို သွားရင် တောင်ပေါ် လမ်းကလေး တလမ်းပဲ ရှိတယ်။ အဲဒီကျောင်းတိုက်က ကျောင်းထိုင်ဘုန်းကြီးဟာ ရဟန်း ဘဝက ထွက်ပြီး ဆံရှည်ထား၊ သူ့ ကျောင်းတိုက်က ရဟန်းတွေကလည်း ရဟန်းဘဝကို စွန့်ပြီး အားလုံး တောပုန်းတွေ ဖြစ်ကုန်ကြတယ်လို့ ကြားရတယ်။ အားလုံးပေါင်း ငါးရာလောက် အင်အားရှိသတဲ့။ အဲဒီ တောပုန်းဂိုဏ်းခေါင်းဆောင်ရဲ့ နာမည်က တိန့်လုံ တဲ့။ သူ့ကို ကျားမျက်လုံးလို့လည်း ခေါ်ကြတယ်။ ဆရာလည်း ဝရမ်းပြေးလုပ်ချင်တယ် ဆိုရင် တော့ အဲဒီကို သွားကြည့်ပါလား”

“ဒီလို နေရာလည်း လုံခြုံ၊ လူခံလည်း ကောင်းတယ်ဆိုရင် အဲဒီလိုနေရာမျိုးကိုတော့ သွားချင်သားကွာ”

ဗိုလ်မှတ်ကျော်သည် ထိုည၌ ကောက်စိန်၏ အိမ်၌ အိပ်၏။ မနက်လင်းသော် ခရီး စရိတ် အလို့ငှာ အိမ်ရှင်များထံမှ ငွေအနည်းငယ် ချေးပြီးနောက် မှိန်းကို ကောက်ကိုင်ကာ နဂါးနှစ်ကောင်တောင်တန်းသို့ ထွက်လာခဲ့၏။ ဗိုလ်မှတ်ကျော်သည် တနေ့လုံး ခရီးပြင်း နှင်ခဲ့ရာ ညနေစောင်းတွင် မြင့်မားဝေသီသော နဂါးနှစ်ကောင်တောင်တန်းကြီးကို မြင်နေ ရလေပြီ။ တောင်ခြေတွင် ထင်းရှူးတောကြီး တခုကို တွေ့သဖြင့် ယနေ့ည ဤတောထဲတွင် အိပ်ကာ မနက်ဖြန်မနက်လင်းမှ တောင်ပေါ်သို့ တက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ တောအုပ်ထဲသို့ ဝင်လိုက်သည့်အခါ၌ ဗိုလ်မှတ်ကျော်သည် လန့်သွား၏။ သစ်ပင်ကြီး တပင်အောက်တွင်ကား ကိုယ်ခန္ဓာ ကြီးမားတုတ်ခိုင် ဆူဖြိုးသော သက်န်းဝတ် တပါးသည် ကိုယ်အထက်ပိုင်း ဗလာကျင်းလျက် ထိုင်နေသည်ကို တွေ့ရ၏။ သူ့ကျောပြင်တခုလုံး မှာလည်း ထိုးကွင်းမင်သေ့ရာတို့ဖြင့် ပြည့်လျက်ရှိ၏။ ရဟန်းဝတ်သည် ဗိုလ်မှတ်ကျော်ကို မြင်သည့်အခါတွင် သစ်ပင်တွင် ထောင်ထားသည့် တောင်ဝှေးကြီးတချောင်းကို ကောက်ကိုင်ကာ ခုန်၍ မတ်တတ်ထရပ်လိုက်၏။

"ဟေ့၊ ဒကာ။ မင်းက ဘယ်ကလဲ"

သက်န်းဝတ်၏ အသံမှာ တနယ်သား၏ အသံ ခပ်ဝဲဝဲဖြစ်သည်ကို ဗိုလ်မှတ်ကျော် သတိပြုလိုက်မိ၏။ အသံကို ထောက်လျှင် မိမိနှင့် တနယ်သားတည်း ဖြစ်ကြောင်းကိုလည်း ရိပ်မိလိုက်၏။

"ကိုယ်တော်ကကော ဘယ်ကလဲ" ဟု ဗိုလ်မှတ်ကျော်က မေးလိုက်၏။

သက်န်းဝတ်သည် သူ့အမေးကို မဖြေတော့ဘဲ တောင်ဝှေးကြီးကို စကြာလည်သကဲ့ သို့ တဝီဝီနေအောင် ဝှေ့ယမ်းကာ မိမိအား တိုက်ခိုက်ရန် ဝင်လာ၏။

"တော်တော်ခက်တဲ့ ဘုန်းကြီးပါလား။ လူမှာ နဂိုကမှ ဒုက္ခရောက်လို့ စိတ်တိုလာရတဲ့ အထဲ"ဟု တွေးကာ ဗိုလ်မှတ်ကျော်သည် မှိန်းကြီးမြှောက်ကိုင်ရင်း သူ့ဆီသို့ ခုန်ဝင်လိုက်၏။ သို့ဖြင့် သူတို့နှစ်ဦးသည် လူလူချင်း တိုက်ခိုက်ကြသကဲ့သို့ တယောက်ကို တယောက် အကြိမ်လေးငါးဆယ်ခန့် သဲသဲမဲမဲ တိုက်ခိုက်ကြ၏။ သို့ရာတွင် မည်သူ့မည်သူမှ မနိုင်ကြချေ။

သက်န်းဝတ်သည် ပရိယာယ်ဆင်ကာ နောက်သို့ ဆုတ်လိုက်ပြီး စည်းဝိုင်းအပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

"နားဦးမယ်ဟေ့" ဟု ဆိုသဖြင့် ဗိုလ်မှတ်ကျော်လည်း သူ့မှိန်းကို အောက်သို့ စိုက် ထားလိုက်၏။

"တော်တော်ဆန်းတဲ့ သင်္ကန်းဝတ်ပဲ။ ဒီလို သိုင်းအတတ်၊ လက်နက်အတတ် တတ်တဲ့ သင်္ကန်းဝတ်မျိုးကို ငါ တခါမှ မတွေ့ ဖူးသေးဘူး။ တော်တော်လည်း ကျွမ်းကျင်တယ်။ ငါတော့ သူ့ကို နိုင်အောင် တိုက်နိုင်တော့မှာ မဟုတ်ဘူး ထင်တယ်" ဟု ဗိုလ်မှတ်ကျော် တွေးလျက်ရှိ၏။

"ဟော့၊ မှတ်ကြီး။ မင်းနာမည် ဘယ်သူလဲကွ"

"တပည့်တော်နာမည် ယန်ချီတဲ့။ အရှေ့နေပြည်တော်က နန်းတော်စောင့်တပ်က"

"ဓားလွယ်ကို ရောင်းပြီး လူမိုက်လုပ်နေတဲ့ ညှုအဲကို သတ်ခဲ့တဲ့ ကောင်လား"

"တပည့်တော်မျက်နှာပေါ်မှာ ရွှေစာမှတ်ကို ကိုယ်တော် မြင်တယ် မဟုတ်လား"

သင်္ကန်းဝတ်သည် ရယ်လိုက်၏။

"ကြုံမှ ကြုံရပလေကွာ။ ဒီလို လာတွေ့မယ်လို့ နည်းနည်းကလေးမှ မမျှော်လင့်ဘူး"

"ကိုယ်တော့်နာမည်ကကော ဘယ်သူတုံး။ တပည့်တော် ဓားရောင်းတာ ကိုယ်တော် ဘယ့်နှယ်လုပ် သိနေတာတုံး"

"ငါက ယင်အန်းမြို့စောင့်မှူး ချုံရဲ့ တပ်မှာ ဗိုလ်မှူးကွ။ အနောက်ဘက်မင်းဆိုတဲ့ လူကို သတ်မိလို့ ဝူတိုင်းတောင်ပေါ်ကျောင်းတိုက်မှာ သင်္ကန်းဝတ်အဖြစ် တိမ်းရှောင်နေခဲ့ တာ။ ငါ့ကိုယ်ပေါ်မှာ ဆင်ယင်ထားတဲ့ အဆင်အယင်တွေကြောင့် ငါ့ကို ထိုးကွင်း ကိုရင်ကြီး ရှင်ဥဇ္ဇလို့ ခေါ်ကြတယ်"

ဗိုလ်မှတ်ကျော်သည် ပြုံးလိုက်၏။

"လက်စသတ်တော့ တပည့်တော်နဲ့ ကိုရင်ကြီးက တနယ်သားတွေ ဖြစ်နေကြတာကိုး ဘုရား။ လူစွမ်းကောင်းတွေကြားမှာ ကိုရင်ကြီးအကြောင်း ပြောသံကိုတော့ မကြာခဏ ကြားဖူးပါတယ်။ တပည့်တော်ထင်တာက ကိုရင်ကြီးဟာ ရှန်းကူကျောင်းတိုက်မှာ ရောက် နေတယ် ထင်တာ ဘုရား။ ခု ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ပြောရရင်တော့ အရှည်ကြီးပဲ။ ရှန်းကူကျောင်းတိုက်က ဟင်းသီးဟင်းရွက်ခင်း တွေကို ငါ ကြီးကြပ်နေတုန်းမှာ ကောက်ကျူဆိုတဲ့ ကောင်ဟာ လင်ချုံးကို သတ်ဖို့ ကြံစည် တယ်ကွ။ ငါကလည်း ငါ့ရှေ့မှာ

မတရားလုပ်နေတာကို မြင်ရင် နည်းနည်းမှ ခံချင်တာ မဟုတ်ဘူး။ ဒါနဲ့ ငါ ကွမ်ကျို့ကို လိုက်သွားပြီး လင်ချိုး အသက်ကို ကယ်ခဲ့တယ်။ သူတို့ တတွေ ဝက်ရိုင်းတောထဲမှာ လင်ချိုးကို သတ်ဖို့ ကြံစည်တော့ ရှင်ဉာဏဆိုတဲ့ ကိုရင်ကြီး ဝင်နှောင့်ယှက်တဲ့အတွက် လင်ချိုးကို မသတ်မိလိုက်ဘဲ လွတ်ပြေးသွားတဲ့အကြောင်း ကောက်ကျူကို သွားတိုင်ကြတယ်ကွ။ ဒီတင် မအေ xxx စိတ်ဆိုးတော့တာပေါ့ကွာ။ ငါ့ကို ကျောင်းတိုက်ဆီက ထုတ်ပစ်ဖို့ ဆရာတော်ကြီးကို လျှောက်ပြီး လာဖမ်းကြတယ်။ ဒါပေမဲ့ ဒီသတင်းကို ငါ ကြိုရပြီး ကျောင်းတိုက်က ထွက်ပြေးလာခဲ့တယ်။ ကျောင်းတိုက်က စိုက်ခင်းတွေကို မီးရှို့ပြီး ငါ လမ်းပေါ်မှာ လျှောက်ပြေးနေရတာပဲ။ ခုထိတော့ ခိုလှုံဖို့ နေရာကို မတွေ့သေးဘူး။

“မိန်ကျို့ခရိုင်ထဲ ရောက်တော့ ထမင်းဆိုင်တဆိုင်မှာ ငါ ခဏတည်းနေတယ်ကွ။ အဲဒီမှာ ထမင်းဆိုင်ရှင်က ငါ့ကို အဆိပ်ခတ်သတ်တာ ကံကောင်းလို့ မသေခဲ့တာပေါ့ကွာ။ ဆေးခတ်တော့ ငါလည်း ဆေးမိပြီး တော်တော်နဲ့ မထနိုင်တော့ဘဲ သတိမေ့သွားတယ်။ ဒီတုန်း သူ့ယောကျ်ား အိမ်ပြန်ရောက်လာတော့ ငါ့အဖြစ်ကို မြင်ပြီး ဒီကိုရင်ကြီး ကိစ္စ များရင် မဖြစ်ချေဘူး။ ဒုက္ခရောက်ရချေရဲ့ ဆိုပြီး ငါ့ကို သတိပြန်ရအောင် ဆေးတွေ ဘာတွေ တိုက်တယ်။ ငါက ငါ့နာမည်လည်း ပြောလိုက်တော့ အဲဒီလူက သူ့အိမ်မှာပဲ ငါ့ကို စောင့်ရှောက် ကျွေးမွေးထားပြီး ငါနဲ့ ဆရာဒကာရင်းတွေအဖြစ် သစ္စာဆိုကြတယ်ကွ။ သူရော၊ သူ့မိန်းမရော လူစွမ်းကောင်းတွေကြားထဲမှာတော့ နာမည်ကြီးတွေပါ။ သူ့နာမည် က ဥယျာဉ်မှူးကျန်ချင်းတဲ့။ သူ့မိန်းမနာမည်ကတော့ ကဝေမဆွန်တဲ့။ နှစ်ယောက်စလုံး သတ္တိလည်း ကောင်းတယ်။ စိတ်ရင်းလည်း ကောင်းကြတယ်။

“သူတို့အိမ်မှာ လေး ငါးရက်လောက် နေပြီးတော့ နဂါးနှစ်ကောင် တောင်တန်းပေါ်မှာ ရှိတဲ့ ပုလဲကျောင်းတိုက်ကတော့ လုံခြုံတယ်လို့ ကြားတာနဲ့ ငါလည်း အဲဒီကျောင်းတိုက်မှာ စခန်းချနေတဲ့ တိန်နှလုံတို့အဖွဲ့ကို ဝင်ဖို့ နဂါးနှစ်ကောင်တောင်တန်းကို ထွက်လာခဲ့တယ်။ ဒါပေမဲ့ တော် တော်ယုတ်မာတဲ့ ကောင်ကွာ။ ငါ့ကို လက်မခံဘူး။ ဘယ်လက်ခံမလဲ၊ ငါက တိုက်ရည် ခိုက်ရည်မှာ သူ့ထက် သာနေတာကိုး။ ဒီတင် ငါနဲ့ သူနဲ့ တိုက်ကြတော့ သူ ရှုံးပြီး တောင်ပေါ် တက်ပြေးတယ်ကွ။ တောင်ပေါ် သူ့စခန်းမှာ တံခါးကြီးသုံးထပ် ရှိတယ်။ အဲဒီ တံခါးသုံးထပ်ကို ပိတ်ပြီး အခိုင်အမာ နေတာပဲ။ ငါ သူ့ကို တိုက်ဖို့ အပြင်ကနေ ခေါ်တယ်။ ဒါပေမဲ့ ဒီကောင် ဆင်းမလာဘူး။ ဒါနဲ့ ငါလည်း စိတ်ပျက်ပျက်နဲ့ တောင်အောက်ကို ဆင်းလာတုန်းမှာ မင်းနဲ့ တွေ့တာပဲ”

ဗိုလ်မှတ်ကျော်မှာ ကျေနပ်လျက်ရှိလေပြီ။ သူတို့နှစ်ဦးသည် တောအုပ်ထဲတွင် တည လုံး ထိုင်၍ စကားပြောကြ၏။ တယောက်နှင့် တယောက်

သွေးသောက်၍ သစ္စာဆိုကြ၏။ ဗိုလ်မှတ်ကျော်က သူ့ဘိုးစဉ်ဘေးဆက် ကိုင်လာခဲ့သော ဓားလွယ်ကြီးကို မည်သို့ ရောင်း ခဲ့ရပုံ၊ လူမိုက် ညှုအဲကို မည်သို့ သတ်ခဲ့ပုံ၊ မြို့ဝန်ထံ အမှုထမ်းစဉ် လက်ဆောင်ပစ္စည်းများ အပို့ခိုင်းသဖြင့် သွားပို့ရာ လမ်းတွင် မည်သို့ ဆုံးရှုံးခဲ့ရပုံနှင့် နောက်ဆုံး ကောက်စိန်တို့ လင်မယားထံတွင် ဝင်၍ တည်းခိုခဲ့ပုံများကို အသေးစိတ် ပြောပြ၏။

“အေးလေ၊ ခုတော့ တိန့်လုံက တောင်ပေါ်တက်ပြီး စခန်းကို အလုံပိတ်ထားတော့ တပည့်တော်တို့ ဘယ့်နှယ်လုပ် ဝင်လို့ရတော့မလဲ။ ဒီတော့ ကောက်စိန်တို့ဆီ ပြန်ပြီး အကျိုးအကြောင်း တိုင်ပင်ရရင် မကောင်းပေဘူးလား ကိုရင်ကြီး”

သူတို့နှစ်ဦးသည် တောအုပ်ထဲမှ ထွက်လာခဲ့ကြကာ ကောက်စိန်၏ ဘုံဆိုင်သို့ လာခဲ့ ကြ၏။ ရောက်လျှင် ဗိုလ်မှတ်ကျော်က အိမ်ရှင်အား ရှင်ဉာဏနှင့် မိတ်ဆက်ပေး၏။ ကောက်စိန်သည် သူတို့နှစ်ဦးအား ကျွေးမွေးညှော်ခံပြီးလျှင် သူတို့တသိုက်သည် နဂါး နှစ်ကောင်တောင်တန်းကို မည်သို့ မည်ပုံ တိုက်ခိုက် သိမ်းပိုက်မည့်အကြောင်းကို တိုင်ပင် ကြ၏။ ကောက်စိန်က-

“နဂါးနှစ်ကောင် တောင်ပေါ်စခန်းက တံခါးကြီးတွေကို ပိတ်ထားတယ်ဆိုရင်တော့ ကိုရင်ကြီးတို့နှစ်ဦးတည်း မပြောနဲ့၊ ဗိုလ်ခြေနှစ်ထောင် လာတိုက်တောင်မှ ပွင့်မှာ မဟုတ် ဘူး ဘုရား”

ရှင်ဉာဏက-

“တော်တော်ကောက်ကျစ်တဲ့ ကောင်ကွာ။ သူတို့ဂိုဏ်းကို ဝင်မယ်လို့ ငါသွားတော့ ငါ့ကို စခန်းထဲမှာ အတွေ့မခံဘူးကွ။ စခန်းအပြင်ဘက်ကို ထွက်တွေ့တယ်။ ဒီကောင်ကို ငါ အသေသတ်မလို့ လုပ်တုန်းမှာ သူ့လူတွေ ထွက်လာပြီး သူတို့ခေါင်းဆောင်ကို အတင်း ဆွဲခေါ်သွားပြီး စခန်းတံခါးကြီးတွေကို ပိတ်ထားလိုက်ကြတယ်ကွ။ အပြင်က နေပြီး ခေါ်သေးတယ်။ ဒီကောင် ထွက်ကို မလာတော့ဘူး”

“ဒီနေရာက တော်တော်ကောင်းတဲ့ နေရာပဲ။ ဒီလိုဆိုရင် ကိုရင်ကြီး တပည့်တော်တို့ နှစ်ယောက် သွားတိုက်သိမ်းကြရင် မကောင်းဘူးလား” ဟု ဗိုလ်မှတ်ကျော်က ပြော၏။

“မသွားခင် ကိုယ်က အစီအစဉ်ချသွားမှ ကောင်းမယ်ကွ။ နို့မဟုတ်ရင် တို့တတွေ သွားတာ အချည်းနှီးပဲ ဖြစ်မှာပဲ”

“တပည့်တော်မှာ စိတ်ကူးတခုတော့ ရတယ် ဘုရား။ ဒါပေမဲ့

ကိုရင်ကြီးတို့နှစ်ဦးက လက်ခံမလားတော့ မသိဘူး” ဟု ကောက်စိန်က ပြော၏။

“ပြောစမ်းပါဦး” ဟု ဗိုလ်မှတ်ကျော်က ပြော၏။

“ဗိုလ်မှတ်ကျော်က အဝတ်အစားလဲပြီး လယ်သမားယောင်ဆောင်ဗျာ။ ကျွန်တော်က ဟောဒီ ကိုရင်ကြီးရဲ့ တောင်ဝှေးနဲ့ ခါးလွယ်ကို ဒီမှာ သိမ်းပစ်ခဲ့မယ်။ ပြီးတော့ ကျွန်တော့် မိန်းမရယ်၊ ကျွန်တော့်ယောက်ဖရယ်၊ ကျွန်တော့်တပည့် လေးငါးယောက်ရယ်က တောင်ခြေ သွားပြီး ကိုရင်ကြီးကို ကြိုးတွေ ဘာတွေနဲ့ တုပ်ထားမယ်။ ကြိုးနဲ့ တုပ်ထားတယ်ဆိုပေ မယ့် ရုန်းလို့လွယ်အောင် ကွင်းလျှောချည်ပြီး လုပ်ထားမှာပေါ့။ ပြီးတော့ ကျွန်တော်တို့ တောင်ပေါ်စခန်း တက်ပြီး ဟောဒီမှာ ကျွန်တော့်ဆိုင်ကို ကိုရင်ကြီးတပါး စိမ်ရည်တွေ မူးအောင်သောက်ပြီး ပိုက်ဆံမပေးဘဲ ထားပါတယ်၊ သူ့လူတွေကို စုပြီး ဗိုလ်မင်းတို့စခန်းကို တက်မယ်လို့လည်း အော်နေပါတယ်၊ ဒါနဲ့ သူ မူးနေတုန်းမှာ ကျွန်တော်တို့ ကြိုးနဲ့ ချည်ပြီး ဖမ်းထားပြီး လာပို့ပါတယ်လို့ သွားပြောမယ်။

“ဒီကောင်တွေက ကျွန်တော်တို့လို သာမန်အရပ်သားဆိုရင်တော့ တောင်ပေါ်စခန်း ကို ဝင်ခွင့်ပေးမှာ အမှန်ပဲ။ ကျွန်တော်တို့လည်း စခန်းထဲရောက်လို့ တိန့်လုံနဲ့ တွေ့ရော ကိုရင်ကြီးက ကြိုးတွေကို ဖြေပြီး ဝင်လာခဲ့ပေတော့။ အဲဒီရောက်တော့မှ ကိုယ်တော့် တောင်ဝှေးနဲ့ ခါးလွယ်ကို ပေးလိုက်မယ်။ ကိုရင်ကြီးတို့နှစ်ဦးသာ လက်နက်အပြည့်အစုံနဲ့ ဝင်တိုက်နိုင်ရင် တိန့်လုံ တခါတည်း ကိစ္စချောနိုင်တာပေါ့။ သူ မရှိရင် သူ့တပည့်တွေလည်း ကိုရင်ကြီးတို့ကို ဘယ်မှာ ခံတိုက်ရဲပါ့မလဲ။ ဘယ့်နှယ်လဲ၊ တပည့်တော်ရဲ့ အစီအစဉ်ကို ဘယ်လိုသဘောရလဲ”

“ကောင်းတယ်၊ ကောင်းတယ်” ဟု ဗိုလ်မှတ်ကျော်နှင့် ရှင်ဥာဏတို့က ထောက်ခံကြ၏။ ထိုနေ့ည စားသောက်ပြီးလျှင် မနက်ဖြန်အတွက် ရိက္ခာတို့ကို ပြင်ဆင်ပြီးနောက် အိပ်ရာသို့ စောစောဝင်ခဲ့ကြ၏။ နောက်တနေ့ မနက်လင်းအားကြီးတွင် ထကာ ဝမ်းဗိုက် ပြည့်အောင် ဖြည့်တင်းကြ၏။ ရှင်ဥာဏသည် သူ့အထုပ်အပိုးများကို ကောက်စိန်၏ အိမ် တွင် ထားပစ်ခဲ့၏။ ထို့နောက် သူတို့သုံးဦး၊ ကောက်စိန်၏ ယောက်ဖနှင့် အခြား အဖော် လေး ငါးဦးတို့သည် နဂါးနှစ်ကောင်တောင်တန်းပေါ်သို့ တက်လာခဲ့ကြ၏။ မွန်းလွဲအချိန် လောက်တွင် တောင်ခြေရှိ တောအုပ်သို့ ရောက်ပြီး အဝတ်အစားများကို လဲလှယ်ကြ၏။ ရှင်ဥာဏကိုလည်း လယ်သမားနှစ်ယောက်က ကြိုးများဖြင့် တုပ်နှောင်ကြ၏။ သို့ရာတွင် ကွင်းလျှောချည်ထားခြင်းမျှသာ ဖြစ်၏။ ဗိုလ်မှတ်ကျော်မှာ ခမောက်တလုံးကို ဆောင်းကာ အင်္ကျီစုတ်တထည်ကို ဝတ်ဆင်ထား၏။ မိုန်းကို ကိုင်ထားသော်လည်း အရိုးကို ရှေ့သို့ လှည့်၍ ကိုင်ထား၏။ ကောက်စိန်ကမူ ရှင်ဥာဏ၏ တောင်ဝှေးကို ကိုင်လာ၏။ ရှေ့နောက် ဝဲယာ ခြံရံလိုက်လာသူတို့မှာမူ တင်းပုတ်များကို အသီးသီး ကိုင်ထားကြလေ၏။

ပထမတံခါးအနီးသို့ ရောက်သည့်အခါတွင် သူတို့သည် ရပ်လိုက်ကြ၏။ တံတိုင်းအနီး တွင်မူ လေးမြားများ၊ မောင်းကျောက်များ၊ ဒူးလေးများ စသည်တို့ကို ဆင်ထား၏။ သက်နီး ဝတ်တပါးကို တုပ်နှောင်ဖမ်းဆီးလာသည်ကို အစောင့်များ မြင်သည့်အခါတွင် အစောင့်များသည် တောင်ထိပ်ရှိ ဌာနချုပ်စခန်းသို့ ခြေမြန်ဖြင့် သတင်းပို့လိုက်ကြ၏။ ခဏကြာလျှင် လက်ထောက်တပ်ဗိုလ်တယောက် ဆင်းလာကာ အကျိုးအကြောင်းကို မေးမြန်း၏။

"ဘယ်သူတွေလဲ ဟေ့။ သင်္ကန်းဝတ်က ဘယ်က ခေါ်လာတာလဲ"

ကောက်စိန်က-

"ကျွန်တော်တို့က တောင်ခြေရွာကပါ။ ကျွန်တော်က ဘုံဆိုင်ပိုင်ရှင်ပါ။ ဒီသင်္ကန်းဝတ် ဟာ ဆိုင်ကို ရောက်လာပြီး စိမ်ရည်တွေ မူးအောင် သောက်ပါတယ်။ ပြီးတော့ ပိုက်ဆံမပေး နိုင်ဘူးလို့ ပြောပါတယ်။ မပေးတဲ့အပြင် ငါ့ကို ဘယ်သူထင်လို့လဲ။ လျှံရှုန်းတောင်က လူတွေ တထောင်လောက် သွားခေါ်ပြီး နဂါးနှစ်ကောင်တောင်တန်းက ဂိုဏ်းကိုရော၊ မင်းတို့ရွာကိုရော မျိုးဖြုတ်ပစ်မယ်ကွလို့ ကြိမ်းနေတာနဲ့ ကျွန်တော်လည်း သူ့ကို စိမ်ရည် တွေ မူးအောင် တိုက်၊ သူ မူးတော့မှ ကြိုးနဲ့ ဝိုင်းတုပ်ပြီး ဗိုလ်ကြီးတို့ဆီကို ခေါ်လာခဲ့ပါတယ်။ ခု ဗိုလ်ကြီးတို့ ဂိုဏ်းခေါင်းဆောင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ လာအပ်ပါတယ်။ ဗိုလ်မင်းတို့မှ မကယ်ရင် ကျွန်တော်တို့ရွာ ပျက်ရပါလိမ့်မယ် ခင်ဗျာ"

လက်ထောက်ဂိုဏ်းခေါင်းဆောင်နှစ်ယောက်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွား ကြကာ မိမိတို့အား စော်ကားသွားသည့် သင်္ကန်းဝတ်ကို ဖမ်းဆီးရမိပြီ ဖြစ်ကြောင်း သတင်းပို့ကြ၏။

တိန့်လုံကား ဝမ်းသာ၍ မဆုံးပြီ။

"သွား၊ အဲဒီ သင်္ကန်းဝတ်တို့ကို အခုခေါ်ခဲ့။ ဒီဘုန်းကြီးတုရဲ့ အသည်းနဲ့ နှလုံးကို အရက်နဲ့ မြည်းပစ်မယ်" ဟု ဆိုကာ အခေါ်ခိုင်းလိုက်၏။

အစောင့်များသည် တံခါးကို ဖွင့်ပေးသည့်အခါတွင် ကောက်စိန်တို့ လူတသိုက်လည်း ရှင်ဉာဏကို စခန်းထဲသို့ ခေါ်လာခဲ့ကြ၏။ ဗိုလ်မှတ်ကျော်နှင့် ကောက်စိန်တို့သည် ရှင်ဉာဏကို တဖက်တချက် ညှပ်ကာ တောင်ပေါ်လမ်းကလေးအတိုင်း တက်လာခဲ့ကြ၏။ စခန်းမှာ တောင်ကြားသုံးခုကို ဖြတ်သန်းရပြီး တောင်ကြားတခုစီတွင် တံခါးကြီးများကို အခိုင်အခံ့ တပ်ဆင်ထားသည့်အတွက် တော်တော်တန်တန် အင်အားဖြင့် တိုက်ရန် မလွယ်လှချေ။ တောင်ထွတ်တွေ ပတ်ပတ်လည် ဝန်းရံလျက်ရှိသော

ကုန်းတကုန်းပေါ်တွင်မူ ဘုန်းကြီးကျောင်းတကျောင်း ရှိ၏။ မြင့်မားလှသော တောင်များကြားတွင် လူသွားလမ်း ကလေးတခုတည်းသာ ရှိ၏။ တံခါးသုံးထပ်စီတွင် ဒူးလေးများ၊ လေးမြားများ ကိုင်ထား သည့် အစောင့်တို့ ရှိပြီး မောင်းကျောက်များ၊ သစ်လုံးများ ဆင်ထားကာ ဘေးပတ်ပတ်လည် တွင်လည်း ဩှောင့်များ စိုက်ထူထား၏။

တံခါးသုံးထပ်ကို ဖြတ်သန်းပြီးသည့်နောက်တွင် သူတို့တသိုက်သည် စခန်းဌာနချုပ် လုပ်ထားရာ ပုလဲကျောင်းတိုက်သို့ ရောက်လာကြ၏။ မှန်ကြေးမုံကဲ့သို့ ညီညာသော မြေတလင်းတခုတွင်မူ သစ်သားခြံတိုင်ကြီးများ အခိုင်အခံ့ စိုက်ထူထားသည့် တံခါး သုံးထပ်ရှိ ဘုံကျောင်းကြီးတခု ရှိ၏။ ဘုံကျောင်းသို့ ဝင်သည့် မုခ်ဦးအောက်တွင်မူ အစောင့်ခုနစ်ယောက် စောင့်ကြပ်လျက်ရှိရာ ရှင်ဉာဏကို မြင်သည်နှင့် အခဲမကျေနိုင်ဘဲ ဆဲဆိုကြိမ်းမောင်းကြ၏။

“တို့ခေါင်းဆောင်ကို စိတ်မချမ်းမသာ ဖြစ်သွားအောင် လုပ်သွားတဲ့ ဘုန်းကြီးတု တော့ သိရောပေါ့ကွာ။ တပိုင်းစီ တပိုင်းစီ ဖြစ်အောင် ခုတ်ထစ်ပြီး စားပစ်မယ်” ဟု ကြိမ်းဝါးကြ၏။

ဘုံကျောင်းထဲသို့ ရောက်သည်အထိ ရှင်ဉာဏသည် စကားတခွန်းမျှ မပြောချေ။ ဆင်းတုတင်ထားသည့် ကျောက်ခုံပေါ်တွင် ဆင်းတု မရှိတော့ဘဲ ကျားရေကြီးတချပ်ကို ခင်းထားပြီး ထိုအပေါ်တွင် ကုလားထိုင်ကြီးတလုံးကို ချထားကာ ဘေးတဖက်တချက်တွင် လှံကိုင် အစောင့်တယောက်စီ စောင့်နေ၏။

ခဏကြာလျှင် ခေါင်းဆောင် တိန့်လုံကို အစောင့်များက တွဲခေါ်လာကြကာ ကျားရေ ခင်းထားသည့် ကုလားထိုင်ပေါ်သို့ ထမ်းတင်ကြ၏။ ကောက်စိန်နှင့် ဗိုလ်မှတ်ကျော်တို့က ရှင်ဉာဏကို ကျောက်ခုံခြေရင်းသို့ တွန်းပို့လိုက်ကြ၏။

“ဟင်၊ ဘုန်းကြီးတု။ တနေ့က ကျုပ် ဆီးစပ်ကို ကန်သွားလိုက်တာ ခုထက်ထိ ရောင် နေတုန်းရှိသေးတယ်။ ဒီနေ့တော့ ကျုပ်အလှည့်ပေါ့”

ရှင်ဉာဏသည် သူ့ကို စိန်းစိန်းကြီး စိုက်ကြည့်လိုက်ကာ-

“ခွေးမသား၊ မလှုပ်နဲ့”

ထိုစဉ် ကြိုးကိုင်လာသည့် လယ်သမားနှစ်ယောက်သည် ကြိုးစကို လွှတ်လိုက်ရာ ကွင်းလျှော ချည်ထားသည့် ကြိုးထုံးသည် ပြေသွား၏။ ရှင်ဉာဏသည် ကောက်စိန်လက်မှ တောင်ဝှေးကိုယူကာ လေပွေမွှေ့သည့်နှယ်ရှိအောင် ဝှေ့ယမ်းလိုက်၏။ ဗိုလ်မှတ်ကျော် သည် ဆောင်းလာသည့် ခမောက်ကို နောက်သို့

လှန်ချလိုက်ကာ မှိန်းကို ချာခနဲနေအောင် လှည့်၍ အရိုးမှ ကိုင်ပြီး အသွားကို တိန့်လုံဘက်သို့ ဦးတည်လိုက်၏။ ကောက်စိန်သည် တင်းပုတ်ကြီးကို တဝီဝီမြည်အောင် ဝှေ့ယမ်းလိုက်၏။ သို့ဖြင့် သူတို့တသိုက်သည် တိန့်လုံကို ဝင်ရောက် တိုက်ခိုက်ကြ၏။

တိန့်လုံသည် ထပြေးရန် ကြိုးစားသေး၏။ သို့ရာတွင် ရှင်ဉာဏ၏ တောင်ဝှေးသည် တိန့်လုံ၏ ခေါင်းခွံကို ရိုက်ခွဲလိုက်ရာ အောက်မှ ကျောက်ခုံသည် စိစိညက်ညက် ကြေ သွား၏။ ဗိုလ်မှတ်ကျော်၏ မှိန်းသည် ငယ်သား လေးငါးယောက်ကို တံစို့သီသည့်နှယ် တသီကြီး ထိုးမိသွား၏။

“အားလုံး လက်နက်ချ။ လက်နက်မချရင် တယောက်မကျန် သတ်ပစ်မယ်” ဟု ကောက်စိန်က အော်၏။

ဘုံကျောင်းရှေ့နောက်တွင် ရှိနေကြသော ငယ်သား လေးငါးခြောက်ရာခန့်နှင့် လက် ထောက်ဗိုလ်များသည် ကြောက်သဖြင့် တုတ်တုတ်မျှ မလှုပ်ရဲကြတော့ပြီ။ သူတို့အားလုံး လက်နက်ချ အညံ့ခံကြ၏။ တိန့်လုံ၏အလောင်းကို ဘုံကျောင်းနောက်ဖေးတောင်စောင်း သို့ အသယ်ခိုင်းပြီး မီးရှို့ပစ်လိုက်ကြ၏။ စခန်းတွင်ရှိသည့် စားနပ်ရိက္ခာစာရင်းများကို ကောက်ယူ၏။ အဆောက်အအုံများကို စနစ်ကျအောင် ပြုပြင်ခိုင်း၏။ ထို့နောက် ဘုံကျောင်း နောက်ဖေးတွင် သိုလှောင်ထားသည့် ပစ္စည်းများအားလုံးကို စာရင်းလုပ်စေ၏။ ရှင်ဉာဏနှင့် ဗိုလ်မှတ်ကျော်တို့သည် တောပုန်းဂိုဏ်း ခေါင်းဆောင်များ ဖြစ်လာခဲ့ကြကာ အောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် စားသောက်ပွဲ ကျင်းပကြ၏။ နောက်လိုက်နောက်ပါများနှင့် တကွ လက်ထောက်ဗိုလ်များကိုလည်း သစ္စာရေတိုက်၏။

ကောက်စိန်သည် လူစွမ်းကောင်းနှစ်ဦးကို နှုတ်ဆက်ကာ လယ်သမားများနှင့်အတူ တောင်ခြေရွာကလေးသို့ ပြန်လာခဲ့ကြ၏။ သူတို့အကြောင်းကို မပြောတော့ပြီ။

မွေးနေ့လက်ဆောင်များကို ယူဆောင်လာသည့် စာရေးတော်ကြီးနှင့် အထမ်းသမားများ အကြောင်းကို ပြောဦးအံ့။ သူတို့သည် နေ့စဉ် မနက်မိုးလင်းမှသည် ညနေ မိုးချုပ်အထိ ခရီး ဆက်ခဲ့ကြရာ အတန်ကြာလျှင် ဥတ္တရနေပြည်တော်သို့ ပြန်ရောက်ကြ၏။ မိမိတို့ပစ္စည်းများ လုယက်ခံရသည့်အကြောင်းကိုလည်း မြို့ဝန်ထံ တိုက်ရိုက်ဝင်၍ လျှောက်ကြ၏။ သူတို့ သည် မြို့ဝန်ရှေ့တွင် ဒူးထောက်ဝပ်တွားကာ သူတို့တွင် အပြစ်ရှိကြောင်းဖြင့် ဝန်ခံကြ၏။

“အင်း၊ မောင်မင်းတို့မှာ တော်တော် ပင်ပင်ပန်းပန်း လာခဲ့ကြရတာကိုး။

အိမ်း၊ ကျေးဇူးတင်တယ် စာရေးတော်ကြီး။ နို့ နေစမ်းပါဦး။ ဗိုလ်မှတ်ကျော်ကော”

“ဗိုလ်မှတ်ကျော်အကြောင်းတော့ မပြောပါနဲ့တော့ မြို့ဝန်မင်းခင်ဗျာ။ ဗိုလ်မှတ်ကျော် ဟာ သစ္စာမဲ့သူ၊ ကျေးစွပ်သူ ဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်မှ ထွက်ပြီး လေး ငါး ခြောက်ရက်အကြာမှာ မြေဝါတောင်ကြားကို ရောက်ကြပါတယ်။ အလွန်ပူပြင်းတာနဲ့ ကျွန်တော်တို့ တောအုပ်တခုထဲမှာ ဝင်နားကြပါတယ်။ ဗိုလ်မှတ်ကျော်ဟာ စွန်ပလွံ ကုန်သည် ဟန်ဆောင်ထားတဲ့ တောပုန်းဓားပြတွေရဲ့အတွင်းလူဖြစ်တယ်ဆိုရင် ဘယ်သူမှ ယုံနိုင်ဖွယ်ရာ မရှိပါဘူး မြို့ဝန်မင်း။ ဗိုလ်မှတ်ကျော်ဟာ ကျွန်တော်တို့ကို လမ်းကနေ ဆီး တိုက်ဖို့ သူ့လူတွေကို ချိန်းထားကြတဲ့အတွက် သူတို့က လှည်းခုနစ်စီးနဲ့ စောင့်နေကြပါတယ်။ ပြီးတော့ တောင်ပေါ်လမ်းမှာလည်း အရက်သည်တဦး ဟန်ဆောင်ထားတဲ့ သူတို့ ဂိုဏ်းသားတဦးကို အစောင့်ခိုင်းထားပါတယ်။ မောတာနဲ့ ကျွန်တော်တို့ သူ့ဆီက အရက် ဝယ်သောက်တော့ အရက်ထဲမှာ ဆေးခတ်ထားတဲ့အတွက် ကျွန်တော်တို့လူတွေအားလုံး မူးမေ့လဲကျပြီး သတိမေ့သွားကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို တုပ်နှောင်ပစ်ပြီး ဗိုလ်မှတ်ကျော်နဲ့ သူ့လူများဟာ ရတနာတွေကို လှည်းတွေနဲ့ တင်ယူသွားကြပါတယ် မြို့ဝန် မင်းခင်ဗျာ။ အဖြစ်အပျက်ကို ကျွန်တော်တို့ ကျီစုခရိုင် အာဏာပိုင်များထံ ဝင်တိုင်ခဲ့ပြီး တပ်ဗိုလ်နှစ်ယောက်ကိုလည်း ဓားပြတွေနောက်ကို လိုက်ဖို့ ထားပစ်ခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ မြို့ဝန်မင်းထံ သတင်းပို့ဖို့အတွက် နေ့ရော ညပါ ခရီးပြင်း နှင်ခဲ့ကြပါတယ်”

မြို့ဝန်မင်းသည် ထိုသတင်းကို မယုံနိုင်အောင် ဖြစ်နေ၏။

“ကြည့်စမ်း၊ ကြည့်စမ်း၊ ငါက သူခိုးကို တိုက်စိုးနှင်းမိပေသကိုး။ ဒင်းကို ငါ သနားလို့ သူကောင်းပြုတဲ့အတွက် ငါ့ကို ကျေးဇူးဆပ်တယ်ပေါ့။ တော်တော် သစ္စာမဲ့တဲ့ကောင်။ ဒီကောင်ကို ဖမ်းမိရင် ငါကိုယ်တိုင် နုပ်နုပ်စဉ်းပစ်မယ်”

မြို့ဝန်သည် မြို့စာရေးတယောက်ကို ခေါ်ကာ အမိန့်ပြန်တမ်းတစောင်ကို ရေးပြီး ကျီစုခရိုင်သို့ အပို့ခိုင်းလိုက်၏။ အရှေ့နေပြည်တော်ရှိ ယောက္ခမဖြစ်သူ နန်းရင်းဝန်ထံ သို့လည်း အကျိုးအကြောင်းစာတစောင် ရေးသား၍ အမြန်ဆုံး ပေးပို့လိုက်၏။ ကျီစုသို့ စာသွားပို့သော ခြေမြန်တော်အကြောင်းကို မပြောမူ၍ အရှေ့နေပြည်တော်သို့ စာသွား ပို့သော ခြေမြန်တော်အကြောင်းကို ပြောပြပေအံ့။ နန်းရင်းဝန်ကြီးသည် ခြေမြန်တော်ကို လက်ခံတွေ့ဆုံသည့်အခါတွင် ခြေမြန်တော်လည်း မြို့ဝန် ပေးပို့လိုက်သော စာကို ပေး၏။

“ဒီသူခိုးဓားပြတွေဟာ တယ်လည်း သောင်းကျန်းကြပါကလားဟရို့။ မနှစ်ကလည်း ငါ့သမက် မြို့ဝန်က ပေးပို့လိုက်တဲ့ မွေးနေ့လက်ဆောင်တွေကို

လမ်းက တိုက်ခိုက်လုယူ လိုက်ကြတယ်။ ဒီကောင်တွေကို ဒီနေ့အထိ ဖမ်းလို့ မမိသေးဘူး။ ခုတခါလည်း ဒီကောင်တွေ လုယူလိုက်ကြပြန်ပြီ။ တခုခုတော့ ပြတ်ပြတ်သားသား လုပ်မှဖြစ်မယ်။ နို့မဟုတ်ရင် တိုင်းပြည်မှာ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားရေးကို ဘယ်မှာ ထိန်းသိမ်းနိုင်ပါတော့မလဲ”

နန်းရင်းဝန်ကြီးသည် ညွှန်ကြားချက်တရပ်ကို ထုတ်ပြန်ကာ ကျီစုခရိုင်ရှိ အာဏာပိုင် များထံသို့ ဖြစ်သည့်နည်းဖြင့် အမြန်ဆုံးရောက်အောင် ပို့ရန် စေလွှတ်လိုက်၏။ ထိုညွှန်ကြား ချက်ထဲတွင် ရာဇဝတ်ကောင်များကို အမြန်ဆုံး ဖမ်းဆီးရန် ညွှန်ကြားထားပြီး အကျိုး အကြောင်းကိုလည်း တရားဝင် အစီရင်ခံစာပို့ရန် အမိန့်ထုတ်လိုက်၏။

ကျီစုခရိုင် အုပ်ချုပ်ရေး ရဲဝန်သည် ဥတ္တရနေပြည်တော်မှ ရောက်ရှိလာသော အမိန့်ကို မည်သို့ အကောင်အထည်ဖော်ရမည်နည်းဟု စဉ်းစားမရအောင် ဖြစ်လျက်ရှိ၏။ ထိုစဉ် တံခါးမှူးဝင်လာရာ “အရှေ့နေပြည်တော် နန်းရင်းဝန်ကြီးထံမှ ခြေမြန်တော်တယောက် ရောက်လာပြီး ဝန်မင်းထံ ညွှန်ကြားချက်တစောင် လာပို့ပါတယ်” ဟု အစီရင်ခံ၏။

ရဲဝန်သည် အထိတ်တလန့်ဖြစ်သွား၏။ မွေးနေ့လက်ဆောင်များ ဓားပြတိုက်ခံရသည့် ကိစ္စပင် ဖြစ်ရမည်ဟု တွေးမိကာ ခြေမြန်တော်ကို ဆင့်ခေါ်လိုက်ပြီးလျှင်-

“တနေ့ကပဲ မြို့ဝန်မင်းဆီက ညွှန်ကြားချက်ရောက်လို့ တို့လည်း ရဲတွေကို လွှတ်ပြီး ရာဇဝတ်ကောင်တွေကို လိုက်လံစုံစမ်းနေတာပဲ။ ခုထိတော့ ခြေရာခံလို့ မရသေးဘူး။ နောက်ထပ် ညွှန်ကြားချက်တစောင် ထပ်ရောက်လာလို့ ငါလည်း ရဲတွေကို ထပ်ပြီး စုံစမ်း ခိုင်းတာပဲ။ ဒါပေမဲ့ ဒီနေ့အထိ တယောက်မှ မမိသေးဘူး။ အကြောင်းထူးတာနဲ့ တပြိုင်နက် နန်းရင်းဝန်ကြီးဆီကို ငါ အစီရင်ခံစာ ပို့လိုက်မယ်”

ခြေမြန်တော်က-

“ကျွန်တော်က နန်းရင်းဝန်ကြီးရဲ့ အတွင်းလူပါ။ ရာဇဝတ်ကောင်တွေကို မိအောင် ဖမ်းဖို့ ကျွန်တော့်ကို အထူးတာဝန်နဲ့ လွှတ်လိုက်တာပါ။ ရာဇဝတ်ကောင်တွေထဲက တယောက်ယောက်ကို ဖမ်းမိသည်အထိ ဒီမှာနေရမယ်လို့ ကျွန်တော်ထွက်လာခါနီးလေး တင် ကျွန်တော့်ကို အမိန့်ရှိလိုက်ပါတယ်။ စွန်ပလွံသည် ခုနစ်ဦးကို ဖြစ်ဖြစ်၊ အရက်သည်ကို ဖြစ်ဖြစ်၊ ဗိုလ်မှတ်ကျော် ဆိုတဲ့ ဝရမ်းပြေးကို ဖြစ်ဖြစ် တယောက်ယောက်ကို မိသည်အထိနေရမယ်လို့ ပြောလိုက်ပါတယ်။ ဆယ်ရက်အတွင်းမှာ တရားခံကို ဖမ်းပြီး အရှေ့နေပြည် တော်ကို အရောက်ပို့ရမယ်လို့လည်း ရက်သတ်မှတ်ပေးလိုက်ပါတယ်။ ဒီအမိန့်ကို ရဲဝန်မင်း အကောင်အထည်မဖော်နိုင်ဘူးဆိုရင် ဝန်မင်းလည်း နယ်နှင်ဒဏ်

ခံရပါလိမ့်မယ်။ ကျွန်တော် လည်း နန်းရင်းဝန်ကြီးထံမှောက်ကို ပြန်ဖို့ ခက်သွားပါလိမ့်မယ်။ ရှင်းရှင်းပြောရရင်တော့ ကျွန်တော့်အသက်ကိုတောင် စိုးရိမ်ရပါတယ်။ ဝန်မင်း မယုံလို့ရှိရင် ဟောဒီ ညွှန်ကြားချက် ကိုသာ ဖတ်ကြည့်ပါတော့”

ရဲဝန်သည် အမိန့်စာကို ဖတ်ပြီးသည့်အခါတွင် အကြီးအကျယ် တုန်လှုပ်သွား၏။ ထို့ကြောင့် ရဲမှူးနှစ်ယောက်ကို ခေါ်လိုက်၏။ လူတယောက် ရောက်လာကာ ရဲဝန်မင်းကို အရိုအသေပေး၍ ရပ်နေ၏။

“မင်းက ဘယ်သူလဲ”

“ဒုတိယနယ်မြေက ရဲမှူး ဟိုတောက်ပါ ဝန်မင်း”

“မြေဝါတောင်ကြားမှာ မွေးနေ့လက်ဆောင်တွေကို တိုက်မှုနဲ့ပတ်သက်လို့ မင်း ကိုင်သလား”

“မှန်ပါ ဝန်မင်း၊ ဒီကိစ္စကို ကျွန်တော် နေ့ရော ညပါ ကြိုးစားလိုက်နေပါတယ်။ မျက်စိအလျင်ဆုံး၊ အဖျတ်လတ်ဆုံး ဆိုတဲ့ လူတွေကို မြေဝါတောင်ကြားကို လွှတ်ပြီး စုံစမ်းခိုင်း ထားပါတယ်။ ဒါပေမဲ့ ကျွန်တော် သူတို့ကို ကြိမ်ဖန်များစွာ ရိုက်နှက်သည့်တိုင် တရားခံ တွေရဲ့ ခြေရာကိုတော့ ခံလို့ မရသေးပါဘူး။ အတတ်နိုင်ဆုံး ကြိုးစားသည့်တိုင် မျှော်လင့် ချက်ကတော့ သိပ်မရှိပါဘူး ဝန်မင်း”

“အလကားကောင်တွေ။ “အထက်လူကြီး မတင်းရင် အောက်လူ ပျင်းတယ်” ဆိုတဲ့ စကားဟာ သိပ်မှန်တာပဲ။ ခု ငါ ရဲဝန်ဘဝကို ရောက်လာတာဟာ ရွှေနန်းတော်စာပြန်ပွဲ အောင်လို့ ရောက်လာတာကွ။ ဒီရာထူးကို လွယ်လွယ်နဲ့ ရတာမဟုတ်ဘူး။ ခု အရှေ့ နေပြည်တော် နန်းရင်းဝန်က ငါ့ဆီကို ခြေမြန်တော်တယောက် လွှတ်လိုက်ပြီး ခားပြ တွေကို ဆယ်ရက်အတွင်း မိအောင် ဖမ်းရမယ်တဲ့။ မမိရင် ငါ့ကို နယ်နှင်ဒဏ်ရင်လည်း ပေးမယ်။ ရာထူးရင်လည်း ပြုတ်မယ်။ မင်းတို့ရဲမှူးတွေ အသုံးမကျတော့ ငါ့ခေါင်းပေါ် ချည်းပဲ ရောက်လာတာပေါ့။ ခွေးမသား။ ဒီကောင်တွေကို ဖမ်းမမိဘူးဆိုရင် မင်းကို နယ်ခြားကို ပို့မယ်။ တောင်နန်းတောင် မရောက်တဲ့ နယ်ခြားကို ပို့မယ်”

ရဲဝန်သည် ထိုးကွင်းမင်ကြောင်ထိုးသူတဦးကို ခေါ်ကာ “xxxx ခရိုင်သို့ နယ်နှင်ဒဏ် ပေးလိုက်သည်” ဟူသော စာတန်းကို ဟိုတောက်နဖူးပေါ်တွင် ရေးထိုးစေ၏။ ပို့မည့် ဒေသကို အမည်ကိုမူ ချန်လှပ်ထားလိုက်၏။

“သွား။ မိအောင် ဖမ်းခဲ့။ မမိရင်တော့ မင်းကို ညှာလိမ့်မယ် မထင်နဲ့”

ရဲမှူးဟိုတောက်သည် ရဲဝန်အိမ်မှ ထွက်လာကာ ရဲဌာနသို့ ပြန်လာခဲ့၏။ ရောက်လျှင် ရဲသားများအားလုံးကို ဆင့်ခေါ်ကာ တိုင်ပင်ဆွေးနွေးကြ၏။

ရဲသားများအားလုံးသည် တယောက်မျက်နှာ တယောက်လှမ်းကြည့်ကာ နှုတ်သီး တွင် မြားမှန်သော ငှက်ကဲ့သို့ လည်းကောင်း၊ ပါးဟပ်တွင် ငါးမျှားချိတ်သော ငါးကဲ့သို့ လည်းကောင်း တိတ်ဆိတ်နေကြ၏။

"ခါတိုင်းတော့ ဆူညံနေပြီး ခု ဘာဖြစ်လို့ ငြိမ်နေကြတာလဲကွ။ ဘာလဲ၊ ဒီအမှုကို လိုက်ရတာ ခက်နေလို့လား။ ခက်နေတာက မင်းတို့မဟုတ်ဘူးကွ။ ငါမှ တကယ်ခက်တာ။ ခု ငါ့နဖူးပေါ်က ထိုးကွင်းမင်ကြောင်ကိုပဲ ကြည့်တော့"

"ကျွန်တော်တို့လည်း သစ်တုံးတွေ မဟုတ်ပါဘူး ဆရာရယ်။ ဆရာ့အထက်က အတင်း ခိုင်းနေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ခုကိစ္စကတော့ စွန်ပလွံသည်တွေဟာ တောပုန်းတွေ ဖြစ်နေပြီး တခြားနယ်ထဲမှာ ခိုအောင်းနေကြလို့ ကျွန်တော်တို့ မမိဘဲ ဖြစ်နေတာပါ။ တိုက်ရာပါ ပစ္စည်းတွေကို ရတော့ တနေရာရာကို သွားအောင်းပြီး အောင်သေ အောင်သား စားနေကြမှာပေါ့။ ဒီတော့ ကျွန်တော်တို့ ဘယ့်နှယ်လုပ် ဖမ်းလို့ ရမလဲ။ သူတို့ ခိုအောင်းနေတဲ့ နေရာကို သိသည့်တိုင် ကျွန်တော်တို့မှာ ဝင်မဖမ်းနိုင်ဘဲ အဝေးကပဲ ကြည့် နေရတယ်"

ဟိုတောက်သည် ခပ်စောစောကတည်းက ဆယ်ပုံငါးပုံခန့် စိတ်ဓာတ်ကျဆင်းလျက် ရှိ၏။ သူတို့စကားကို ကြားသည့်အခါတွင်မူ ကျန်သည့် ဆယ်ပုံငါးပုံပင် မရှိတော့ပြီ။ ရဲမှူးဟိုတောက်သည် ဌာနမှ ထွက်လာကာ မြင်းပေါ်သို့တက်ပြီး အိမ်သို့ ပြန်လာခဲ့၏။ အိမ်သို့ရောက်လျှင် မြင်းကို မြင်းစာခွက်တွင် ချည်ကာ စိတ်ပျက်လက်ပျက် ထိုင်နေ၏။

"ရှင် ဘာတွေများ ဒီလောက် စိတ်ပျက်လက်ပျက် ဖြစ်နေရတာလဲ" ဟု သူ့ဇနီးက မေး၏။

"မင်း မသိဘူးကွာ။ တနေ့က ရဲဝန်က အမိန့်တခု ထုတ်တယ်ကွ။ ဥတ္တရနေပြည်တော်က သူ့ယောက္ခမဆီကို ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကို လမ်းမှာ ဓားပြတိုက်တာ အဲဒီ ဓားပြတွေကို မိအောင် ဖမ်းရမယ်တဲ့။ တိုက်တဲ့နေရာက မြေဝါတောင်ကြားမှာ တိုက်တယ်။ ဘယ်သူတွေတိုက်မှန်းလည်း ငါတို့မသိဘူး။ ခုထိလည်း ဖမ်းလို့ မရသေးဘူး။ ဒီနေ့ ဒီအမှုနဲ့ ပတ်သက်လို့ ဘာမှ မထူးသေးဘူးဆိုတာ သွားသတင်းပို့တော့ ရဲဝန်ဆီမှာ အရှေ့နေပြည် တော်က လွှတ်လိုက်တဲ့ ခြေမြန်တော်တယောက် ရောက်နေတယ်။ တရားခံတွေ ဖမ်းဆီး ခေါ်ဆောင်သွားဖို့ စောင့်နေတာတဲ့။ ရဲဝန်က အမှုအကြောင်း မေးလို့ ငါက ဖမ်းမမိသေး ဘူးလို့ ပြောတော့ ငါ့ကို ပို့မယ့်နေရာကို ကွက်လပ်ချန်ပြီး နယ်နှင်ဒဏ်ပေးတဲ့ တံဆိပ် နဖူးမှာ ခတ်လွှတ်လိုက်တယ်။ ငါလည်း

ကြာကြာနေရတော့မှာ မဟုတ်ဘူး ထင်ပါရဲ့”

“အမယ်လေးတော်။ ဒါဖြင့် ရှင် ဘာလုပ်မလဲ။ ရက်စက်လှချေလားရှင်”

ထိုသို့ စကားပြောဆိုနေကြစဉ် ဟိုတောက်၏ ညီငယ် ဟိုချင်း ရောက်လာ၏။

“မင်းဘာကိစ္စ လာပြန်တာလဲ။ မင်းဘာသာမင်း အရပ်တကာလှည့်ပြီး လောင်းကစား နေပါ့လား။ ဘာလာလုပ်တာလဲ”

ဟိုတောက်၏ မိန်းမမှာ အကင်းပါးသူဖြစ်သည့်အလျောက် သူ့အစ်ကိုအား တစုံတရာ ပြန်လည်ပြောဆိုခြင်း မပြုရန် ဟိုချင်းကို မျက်ရိပ်ပြလိုက်ပြီးလျှင်-

“ဟိုချင်းရယ်။ လာစမ်းပါ။ နင်နဲ့ စကားပြောစရာရှိလို့”

ဟိုချင်းသည် မရီးဖြစ်သူနှင့်အတူ မီးဖိုထဲသို့ ရောက်လာကာ တနေရာတွင် ဝင်ထိုင် လိုက်၏။ မရီးဖြစ်သူက စားသောက်ဖွယ်များကို တည်ခင်းကျွေးမွေး၏။ စိမ်ရည်များ ကိုလည်း တိုက်၏။

“အစ်ကိုကလည်းဗျာ။ တဆိတ်ရှိ ဆူဖို့ပဲတတ်တယ်။ ကျွန်တော့်မှာ အပြစ်တို့ ဘာတို့ ရှိချင်ရှိမယ်။ ဒါပေမဲ့ ကိုယ့်သွေးသားဗျ။ ညီအစ်ကိုအရင်းခေါက်ခေါက်ဗျ။ ဘာဖြစ်လို့ ကျွန်တော့်အပေါ်မှာ ဒီလောက် အနိုင်ကျင့်နေရတာလဲ။ ညီအစ်ကို မဟုတ်လို့လား။ တကယ်ဆို ကိုယ့်ညီ အလည်လာတုန်းမှာ စိမ်ရည်ကလေး ဘာလေးသောက်ပြီး ကိုယ့်ညီနဲ့ အေးအေးဆေးဆေး စကားလေး ဘာလေး ပြောပါတော့လား”

“နင့်အစ်ကို ဘယ်လောက် စိတ်ညစ်နေသလဲဆိုတာ နင် သိရဲ့လား”

“အမယ်လေး။ သူ့မှာ ပိုက်ဆံတွေ ရှိတယ်။ စားစရာရှိတယ်။ ဘာများ စိတ်ညစ်စရာ ရှိလို့လဲ။ ကျွန်တော်က သူ့ကို ဘာများ ဒုက္ခပေးလို့လဲ။ ဘာများ စိတ်ညစ်စရာရှိသလဲ”

“နင်မသိပါဘူးဟယ်။ တလောက မြေဝါတောင်ကြားမှာ စွန်ပလွံကုန်သည်ယောင် ဆောင်လာတဲ့ ဓားပြတွေက မြို့တော်ဝန်က သူ့ယောက္ခမနန်းရင်းဝန်ကို ပေးလိုက်တဲ့ မွေးနေ့လက်ဆောင်တွေကို ဓားပြတိုက်လိုက်တယ် မဟုတ်လား။ အဲဒါ တနေ့ကတော့ နန်းရင်းဝန်ကြီးဆီက ခရိုင်ရဲဝန်ဆီကို အမိန့်ရောက်လာတယ်။ ဓားပြတွေကို ဆယ်ရက် အတွင်း မိအောင် ဖမ်းပြီး နေပြည်တော်ကို အရောက်ပို့ပေးရမယ်တဲ့။ ဖမ်းမပို့နိုင်ရင် နယ်နှင်ဒဏ်ပေးမယ် တဲ့။ ဒီတော့ ရဲဝန်က နင့်အစ်ကိုကို အဖမ်းခိုင်းတယ်။

မမိသေးလို့ နင့်အစ်ကို နဖူးမှာ “xxxx သို့ နယ်နှင်ဒဏ်ပေးသည်” ဆိုတဲ့ စာတန်းကို မင်ကြောင်ထိုးထား တာ နင် မတွေ့ဘူးလား။ ပို့မယ့်နေရာကိုတော့ ကွက်လပ်ချန်ထားတယ်။ အဲဒါ နင့်အစ်ကို ဖမ်းလို့မမိရင် သူလည်း ဘယ်ရောက်လို့ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်သေးဘူး။ ဒီတော့ နင့်အစ်ကိုက နင်နဲ့ ဘယ့်နှယ်လုပ်ပြီး အေးအေးဆေးဆေး အရက်သောက်နေနိုင်ပါ့မလဲ။ ဒါကြောင့် နင့်ကို မီးဖိုချောင်ထဲမှာ ခေါ်ပြီး ငါ ကျွေးရမွေးရတာ။ နင့်အစ်ကို တော်တော် စိတ်ညစ်နေတယ် ဟိုချင်း။ သူ့ကို သွား အပြစ်တင်မနေနဲ့။ ပြီး ငါကျွေးရ မွေးရတာ”

“အင်း၊ နန်းရင်းဝန်ဆီပို့တဲ့ မွေးနေ့လက်ဆောင်တွေကို ဓားပြတိုက်သွားတယ်လို့တော့ ကြားမိသား။ နေစမ်းပါဦး။ ဘယ်နားမှာ တိုက်တာတဲ့လဲ”

“မြေဝါတောင်ကြားမှာလို့ ပြောတာပဲ”

“ဓားပြတွေကကော ဘယ်က ဓားပြတွေတဲ့လဲ”

“နင် အရက်မူးနေပြီလား။ ခုတင် ငါပြောတယ် မဟုတ်လား။ စွန်ပလွံကုန်သည်ယောင် ဆောင်လာတဲ့ ဓားပြခုနစ်ဦးတဲ့”

ဟိုချင်းသည် ရယ်လိုက်၏။

“သြော်၊ ဒါလား။ တိုက်တဲ့လူတွေက စွန်ပလွံကုန်သည်တွေလို့ ပြောနေပြီပဲဗျ။ ဘာ စိတ်ညစ်နေစရာ ရှိသေးသလဲ။ သူတို့ကို လိုက်ဖမ်းရုံပဲ ရှိတာပေါ့”

“အေး၊ နင်က ပြောတော့ လွယ်တာပေါ့။ သူတို့ကို ရှာလို့ မတွေ့တာက ခက်တယ်”

ဟိုချင်းသည် ပြုံးလိုက်၏။

“ဒါများ ဒီလောက် စိတ်ညစ်နေရသလားဗျာ။ ဒီမှာ အစ်မ။ ခင်ဗျားယောက်ျားဟာ မိတ်ဆွေသူငယ်ချင်းတွေအပေါ်ကျတော့ သိပ်ကောင်းတာပဲ။ သူ့ကို ညာစားနေတဲ့လူတွေ။ ကိုယ့်ဆွေမျိုးသားချင်းအပေါ်ကျတော့ သိပ်ကတ်သတ်တာပဲ။ သူ ဓားပြတွေကို လိုက်ရှာ နေတယ်။ သူ့လူတွေ မတွေ့ဘူးလို့ ပြောတယ်။ ကျွန်တော်နဲ့သာ မကြာမကြာ အရက်ကလေး ဘာလေး သောက်ဖြစ်ရင် ခုလောက်ဆို ဒီကောင်တွေ ဘယ်မှာရှိတယ်ဆိုတာ သိရုံတင်မကဘူး၊ ဖမ်းတောင် ဖမ်းမိလောက်ပြီ”

“နင်က ဒီကောင်တွေ ဘယ်မှာရှိတယ်ဆိုတာ သိလို့လား”

ဟိုချင်းက ရယ်လိုက်ရင်း-

"အစ်ကို့အခြေအနေကို စောင့်ကြည့်သေးတာပေါ့လေ။ ဒီ့ထက် ဆိုးလာရင် သူ့ကို ဘယ်လို ကယ်ရမယ်ဆိုတာ ကျွန်တော် စဉ်းစားပေးပါ့မယ်"

ဟိုချင်းသည် ထ၍ ပြန်ရန် ပြင်၏။ သူ့မရီးက မပြန်ရန် တားပြီး စိမ်ရည်များကို ထပ်၍ တိုက်၏။ ထိုအတောအတွင်း၌ သူ့မရီးသည် တဖက်ခန်းသို့ ခပ်သုတ်သုတ်ကူးလာကာ သူ့ ယောက်ျားအား အကျိုးအကြောင်းကို ပြောပြ၏။ ဟိုတောက်သည် သူ့ညီကို ချက်ချင်း လှမ်းခေါ်လိုက်၏။ ရောက်လာလျှင် အောက်ကျို့၍ ပြုံးကာ-

"လူဆိုးတွေ ဘယ်သွားတယ်ဆိုတာ မင်းသိတယ်မို့လား။ သိရင် ငါ့ကို ကယ်ပါကွာ။ ပစ်မထားပါနဲ့"

"ဟင့်အင်း၊ ကျွန်တော် ဘာမှ မသိပါဘူး။ အစ်မကို ကျွန်တော် သက်သက်နောက် တာပါ။ ကျွန်တော် ဘယ့်နှယ်လုပ် ကယ်နိုင်ပါ့မလဲ အစ်ကိုရာ"

"ညီလေးရာ၊ အစ်ကို ဆက်ဆံတာနဲ့ ပတ်သက်လို့ ဘယ်လိုမှ မအောက်မေ့ပါနဲ့။ မင်း အပေါ်မှာ အစ်ကို ဘယ်လောက် ကောင်းခဲ့သလဲ၊ အခုသာ အစ်ကို စိတ်ရှုပ်ရှုပ်ရှိလို့ ပြောမိတာပါ။ အစ်ကို့အသက်ကို ကယ်ပါ"

"အစ်ကို့မှာ စုံစမ်းထောက်လှမ်းနိုင်တဲ့ ရဲသားတွေ အများကြီး ရှိတာပဲ။ အစ်ကို့ အောက်မှာတင်ကို ရဲသားသုံးရာကျော်လောက် ရှိတယ်။ သူတို့က ဘာတွေ လုပ်နေသလဲ။ ကျွန်တော်က မလောက်လေးမလောက်စား ကောင်ပဲ။ ဘာတတ်နိုင်တာ မှတ်လို့"

"သူတို့အကြောင်း အသာထားစမ်းပါကွာ။ တခုခုတော့ မင်းသိပါတယ်။ တခြား လူတွေ သူရဲကောင်းအဖြစ်မခံနိုင်ဘူး။ ဓားပြတွေ ဘယ်သွားသလဲဆိုတာ ငါ့ကို ပြော စမ်းပါ။ ငါ မင်းကို ဆုချပါ့မယ်။ စိတ်ချပါရစေ"

"သူတို့ ဘယ်သွားသလဲဆိုတာ ကျွန်တော် ဘယ်သိမလဲ အစ်ကိုရဲ့"

"ငါ့ကိုစိတ်ညစ်အောင် မလုပ်စမ်းပါနဲ့ကွာ။ တို့နှစ်ယောက်ဟာ တအူတုံ့ဆင်း ညီအစ်ကို အရင်းတွေဆိုတာ သတိရပါဦး"

"ကဲ ကဲ၊ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ဗျာ။ တကယ်အရေးကြီးလာရင် ဒီ အသေး အမွှားကောင်တွေကို ကျွန်တော်ကိုယ်တိုင် ထွက်ဖမ်းပါ့မယ်"

ဤတွင် သူ့မရီးက-

"ဟိုချင်းရယ်၊ ဘာပဲဖြစ်ဖြစ် နင့်အစ်ကိုကို နင်ကယ်မှ ဖြစ်မယ်။ ညီတယောက်အနေနဲ့ နင့်မှာ တာဝန်ရှိတယ်။ နန်းရင်းဝန်ကြီးက ဒီလူဆိုးဂိုဏ်းကို အမိဖမ်းရမယ်လို့ အမိန့်ထုတ် လိုက်တယ်။ ကိစ္စက ပေါ့ပေါ့သေးသေး မဟုတ်ဘူး။ ကပျက်ကချော်တွေ မပြောပါနဲ့"

ဟိုချင်းက လှောင်ပြောင်သည့် ဟန်နှင့်-

"ကျွန်တော်က အရက်သောက်၊ ဖဲရိုက်ဖို့ ပိုက်ဆံပဲ တောင်းတတ်တဲ့ကောင်မို့လား။ ကျွန်တော်လာတိုင်း အစ်မယောက်ျားက ဒီလိုပဲ ပြောတယ်မဟုတ်လား။ ကျွန်တော့်ကို ရိုက်မောင်း ပုတ်မောင်းလုပ်သည့်တိုင်အောင် ကျွန်တော် ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။ ကျွေး စရာမွေးစရာရှိတော့ သူများကိုပဲ ကျွေးတာမွေးတာပဲ မဟုတ်လား။ အခုတော့ ကျွန်တော် အသုံးဝင်ပြီဆိုတာ သိပြီ မဟုတ်လား"

ဟိုတောက်သည် သူ့ညီ ဟိုချင်း ဆိုလိုသည့်အဓိပ္ပာယ်ကို ချက်ချင်း ရိပ်မိလိုက်၏။ ထို့ကြောင့် တဆယ်သားခန့်ရှိ ငွေချောင်းတချောင်းကို ယူလာကာ စားပွဲပေါ်သို့ တင် လိုက်ရင်း-

"ရော့၊ ဟောဒီမှာ ငါ့ညီ။ လူဆိုးတွေကို မိရင် မင်းဘာလိုချင်သလဲ။ ရွှေလား၊ ငွေလား၊ ပိုးဖဲကတ္တီပါလား မင်းလိုတာ ပြောပါ"

ဟိုချင်းက ရယ်၍-

"အစ်ကိုလုပ်ပုံက "သဒ္ဓါကြောင့် ဆီမီးပူဇော်တာ မဟုတ်ဘဲ ဘယာကြောင့် ဘုရား ခြေဖက်" ဆိုတာမျိုး ဖြစ်နေပြီ။ အစ်ကို ပေးတဲ့ ငွေကို အခု ကျွန်တော်လက်ခံရင် ကျွန်တော် ငွေညှစ်ယူသလို ဖြစ်နေမှာပေါ့။ မယူပါဘူး။ ပြန်ယူပါ။ ကျွန်တော့်ကို လာဘ် မထိုးပါနဲ့။ ဒီအတိုင်းဆိုရင်တော့ ကျွန်တော် တလုံးမှ မပြောတော့ဘူး။ လင်မယား နှစ်ယောက်စလုံးက ကျွန်တော့်အပေါ်မှာ အထင်အမြင်မှားခဲ့တယ်ဆိုတာ ဝန်ခံပါ။ ဒါမှ ကျွန်တော် ပြောနိုင်မယ်။ အစ်ကို့ငွေကို ကျွန်တော် မလိုချင်ပါဘူး"

"ငါလိုက်ခဲ့တဲ့ အမှုတွေအတွက် ဆုရထားတဲ့ ငွေတွေပါကွာ။ ခုဆိုရင် ငါ့လက်ထဲမှာ လေး ငါးရာလောက် ရှိပါသေးတယ်။ ဒီတော့ ငါပေးတဲ့ ငွေကို လက်ခံပါ။ ပြီးတော့ ဒီကောင်တွေ ဘယ်မှာ ရှိတယ်ဆိုတာ ငါ့ကို ပြောပြပါ"

ဟိုချင်းက ပေါင်ကို ဖျတ်ခနဲ ပုတ်လိုက်ပြီးလျှင်-

"ဒီကောင်တွေ ဒီမှာ ရှိတယ်ဗျ။ ကျွန်တော့်အိတ်ကပ်ထဲမှာ ရှိတယ်"

ဟိုတောက်မှာ အံ့အားသင့်လျက်-

"ဘာပြောတယ်ကွ"

"ထားပါလေ။ အစ်ကို့ငွေတွေလည်း မလိုချင်ပါဘူး။ ကျွန်တော့်ကိုလည်း လာဘ်ထိုး မနေပါနဲ့။ ကျွန်တော့်အပေါ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံရင် တော်ပါပြီ"

ထို့နောက် ဟိုချင်းသည် သူသိသမျှတို့ကို အေးအေးဆေးဆေး ပြောပြ၏။ ရလဒ်မှာ-ထိုသို့ ပြောလိုက်သည့်အတွက် ယွန်ကျင့်နယ်တဝိုက်တွင် ရဲရင့်သည့် လူစွမ်းကောင်း တယောက် ပေါ်ပေါက်လာခဲ့ပြီး လျှံရှန်းတောင်ရိုးတဝိုက်တွင်လည်း မိုးမြေသိမ့်သိမ့်တုန် မျှသော လူစွမ်းကောင်းတသိုက် ပေါ်ပေါက်လာခဲ့၏။ ဟိုချင်း ပြောပြသူများကား မည်သူ များနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၈

စုန်ကျန့်သည် တိုက်သူကြီးကျောက်ခဲကို တိတ်တဆိတ် ကူညီခြင်း

မုတ်ဆိတ်ချူတုံသည် ကျားပျံလွေ့ဟုန်ကို ပရိယာယ်ဆင်၍ လွှတ်ခြင်း

ရဲမှူးဟိုတောက်သည် သိသမျှကို ပြောရန် သူ့ညီဟိုချင်းကို အတင်းပြောနေ၏။ ဟိုချင်းသည် အိတ်ကပ်ထဲတွင် ပါလာသည့် စာပလွေကို ထုတ်ကာ အထဲမှ စာရွက်တရွက်ကို ယူလိုက်ပြီးလျှင်-

"လူဆိုးတွေရဲ့ နာမည်ကို ဒီစာရွက်ပေါ်မှာ ကျွန်တော် မှတ်လာခဲ့တယ်ဗျ"

"ဟုတ်ရဲ့လားကွာ"

"အမှန်ပြောရရင်တော့ တနေ့က ကျွန်တော် ဖဲသွားကစားတာ ဖဲရှုံးလာတယ် အစ်ကိုရ။ ရှုံးဆို အိတ်ထဲမှာ တပြားမှကို မကျန်တော့ဘူး။ ကျွန်တော်နဲ့ ကစားဖော် တယောက်က ကျွန်တော့်ကို မြောက်ဘက် မြို့တံခါးအထွက် ဆယ့်ငါးလီလောက်ဝေးတဲ့ အန်လို့ ဆိုတဲ့ ရွာကို ခေါ်သွားတယ်။ အဲဒီရွာရောက်တော့ ကျွန်တော်တို့နှစ်ယောက် ဝမ် မိသားစု ထမင်းဆိုင်ဝင်ပြီး သူ့မှာပါလာတဲ့ ပိုက်ဆံကလေးတွေကို အကြွေလဲတယ်။ နောက် တနေရာမှာ ကစားကြမလို့ပေါ့လေ။ အဲဒီမှာ အာဏာပိုင်တွေက ထမင်းဆိုင်တိုင်းမှာ လာ တည်းခိုတဲ့လူတွေကို မှတ်ပုံတင်စာရင်း လုပ်ထားရမယ်။ အမည်၊ နေရပ်လိပ်စာ၊ မွေးဇာတိ၊ သွားမယ့်နေရာ၊ အလုပ်အကိုင် စသဖြင့် အကုန်ပါရမယ်ပေါ့လေ။ ပြီးတော့မှ ဒီစာရင်းကို တလတကြိမ် သူကြီးဆီကို သွား ပြရမယ်လို့ အမိန့်ထုတ်ထားတယ်။ ထမင်းဆိုင်ရှင်က ကောင်းကောင်းစာမတတ်တော့ သူ့ကို ကူပါ ဆိုတာနဲ့ ကျွန်တော်က သူ့အစား လိုက်မှတ် ပေးရတယ်။ အဲဒီဆိုင်မှာ ကျွန်တော် တလကိုးသီတင်းလောက် လုပ်ပေးခဲ့တယ်ဆိုပါတော့။

"ဆဋ္ဌမလဆန်း သုံးရက်နေ့ကျတော့ စွန်ပလွံကုန်သည် ခုနစ်ယောက်ဟာ လှည်း ခုနစ်စီးကို တွန်းပြီး ကျွန်တော်တည်းနေတဲ့ ထမင်းဆိုင်ကို ရောက်လာတယ် ခင်ဗျ။ သူတို့ အထဲက တယောက်ကို ကျွန်တော် ကောင်းကောင်းမှတ်မိလိုက်တယ်။ သူက တိုက်သူကြီး ကျောက်ခဲရယ် ခင်ဗျ။ ယွန်ကျင့်တိုက်နယ် အရှေ့ကမ်းရွာက တိုက်သူကြီး။ ကျွန်တော့် မိတ်ဆွေ ကစားဖော်တယောက်နဲ့ ကျွန်တော် သူ့အိမ်မှာ တည အိပ်ဖူးတာပဲ။ မမှတ်မိဘဲရှိပါ့မလား။ ကျွန်တော်က ကလောင်တံကို ကိုင်ပြီး နောင်ကြီးနာမည်က ဘယ်သူလဲဗျာလို့ မေးတော့ သူတို့အထဲက မုတ်ဆိတ်နဲ့ လူရည်သန့်သန့်တယောက်က ကျွန်တော်တို့ အားလုံးရဲ့ နာမည်မှာ လီ ပါတယ်ဗျာ။

ခု ကျွန်တော်တို့ အရှေ့နေပြည်တော်ကို စွန့်ပလွှံသီး သွားရောင်းမလို့။ အားလုံး ဟောက်ကျိူနယ်သားတွေချည်းပဲလို့ အစား ဝင်ဖြေတယ်။

"ကျွန်တော် သူတို့ပြောတဲ့စကားကို သိပ်တော့ အယုံအကြည်မရှိလှပေမယ့် သူတို့ ပြောတဲ့အတိုင်းပဲ မှတ်သားထားလိုက်ပါတယ်။ နောက်တနေ့ကျတော့ သူတို့လည်း ထွက် သွားကြတာပါပဲ။ အိမ်ရှင်က ကျွန်တော့်ကို ရွာထဲမှာ ရှိတဲ့ ကစားဝိုင်းတဝိုင်းကို ခေါ်သွား ပါတယ်။ ရွာလယ်လမ်းဆုံရောက်တော့ သံပုံးတွေကို ဆိုင်းထမ်းနဲ့ ထမ်းလာတဲ့ လူ တယောက်ကို တွေ့ပါ တယ်။ ကျွန်တော် သူ့ကို မသိပါဘူး။ ဒါပေမဲ့ ထမင်းဆိုင်ရှင်ကတော့ သူ့ကို နှုတ်ဆက်ပါ တယ်။ "ဗျို့ ပိုက်ရှန်း။ ဘယ်သွားမလို့လဲဗျ" လို့ နှုတ်ဆက်ပါတယ်။ ဒီတော့ သူက "ရွာက လူချမ်းသာအိမ်ကို သွားမလို့ဗျ။ ဟောဒီက ချဉ်ရည်တွေ ပို့ပေးပါ ဆိုတာနဲ့ သွားပို့မလို့" လို့ ပြောပါတယ်။ သူထွက်သွားတော့ ထမင်းဆိုင်ရှင်က "အဲဒီ လူက ပိုက်ရှန်းဆိုတဲ့ လူပေါ့ဗျ။ ကြွက်ပျင်းလို့လည်း ခေါ်တယ်။ သူလည်း ဖဲကစားတာကို တော် တော်ဝါသနာကြီးတယ်" လို့ ပြောပါတယ်။ ကျွန်တော်လည်း သူပြောတာကို စိတ်ထဲမှာ မှတ်ထားလိုက်တယ်။ နောက်တော့ မြေဝါတောင်ကြားမှာ စွန့်ပလွှံကုန်သည်ယောင်ဆောင် ထားတဲ့ လူဆိုးတွေက နန်းရင်းဝန်ကြီးဆီကို ပို့တဲ့ လက်ဆောင်တွေကို ခားပြတိုက်တဲ့ အခါမှာ တိုက်သူကြီးကျောက်ခဲလည်း ပါနေတယ် ဆိုတာကို ကြားရတာပါပဲ။ ဒီတော့ ပိုက်ရှန်းကို ဖမ်းပြီး စစ်လိုက်ရင် အစ်ကိုသိချင်တာတွေကို အကုန်သိနိုင်ပါတယ်။ ဟောဒီမှာ ကျွန်တော် ကူးထားတဲ့ လူစာရင်း"

ဟိုတောက်မှာ ဝမ်းသာ၍ မဆုံးပြီ။ ဟိုတောက်သည် သူ့ညီကို ရဲဝန်ဆီသို့ ခေါ်သွား၏။

"ဘာထူးသလဲဟေ့" ဟု ရဲဝန်က မေး၏။

"ထူးပါတယ် ရဲဝန်မင်း" ဟု ဟိုတောက်က ဖြေ၏။

ရဲဝန်သည် သူတို့ညီအစ်ကိုနှစ်ယောက်ကို အတွင်းဆောင်သို့ ခေါ်သွားကာ သေချာစွာ မေးမြန်းစုံစမ်း၏။ ဟိုချင်းကလည်း အသေးစိတ် ပြန်ပြောပြ၏။

ထိုညတွင် ညီအစ်ကိုနှစ်ယောက်နှင့် ရဲသားရှစ်ယောက်တို့ကို အန်လို့ရွာသို့ ဝင် ရောက် ရှာဖွေရန် ညွှန်ကြားလိုက်၏။ ရဲသားများသည် ထမင်းဆိုင်ရှင်ကို ခေါ်ကာ ပိုက်ရှန်း ကို လိုက်အပြခိုင်းရာ သန်းခေါင်ကျော်လောက်အချိန်တွင် အရက်သည် ပိုက်ရှန်း၏ အိမ်သို့ ရောက်ကြ၏။ ရဲများ စေခိုင်းသည့်အတွက် ထမင်းဆိုင်ရှင်သည် ပိုက်ရှန်းကို တံခါးဖွင့် ပေးရန် ပြောပြီး မီးခြစ်ကို ခြစ်လိုက်၏။ ပိုက်ရှန်း၏ မိန်းမက သူတို့ကို အိမ်ထဲသို့ ခေါ်သွား လေ၏။ ပိုက်ရှန်းမှာ အိပ်ပျော်ရင်း "အင်း" "အာ" ညည်းလျက်ရှိ၏။ ပိုက်ရှန်းမှာ ဖျားလျက် ရှိကြောင်း၊

ချွေးထုတ်သော်လည်း ချွေးတစက်မှ မထွက်ကြောင်းဖြင့် ပိုက်ရှန်း၏ မိန်းမက ပြောပြ၏။ ရဲများသည် ပိုက်ရှန်းကို အိပ်ရာထဲမှ ဆွဲခေါ်ကာ ကြိုးများဖြင့် တုပ်နှောင်ကြ၏။

ပိုက်ရှန်း၏မျက်နှာမှာ အနီကွက်တွေ ထင်လျက်ရှိပြီး အချို့နေရာများတွင် ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိလေ၏။

"ခွေးမသား။ မြေဝါတောင်ကြားမှာ မင်း ဓားပြတိုက်ခဲ့တာ ခုတော့ မှတ်ပြီ မဟုတ် လား"ဟု ရဲများက ဆဲရေးကြ၏။

ပိုက်ရှန်းမှာ ဘူးကွယ်လျက် ရှိ၏။ သူ့မိန်းမကို ဖမ်း၍ ကြိုးများဖြင့် တုပ်သော်လည်း သူ့မိန်းမက ထိုကိစ္စနှင့်ပတ်သက်၍ သူဘာမှ မသိကြောင်းကို အကျောက်အကန် ငြင်းလျက် ရှိ၏။ ရဲများသည် အိမ်တွင်း အိမ်ပြင် ရှာကြ၏။ အိပ်ရာအောက်ရှိ မြေကြီးမှာ မို့မောက်လျက် ရှိသည်ကိုတွေ့ရသဖြင့် တူးဖော်ကြည့်ကြ၏။ သုံးပေလောက် တူးမိသည့်အခါတွင် တယောက် က ဝမ်းသာအားရ အော်လိုက်၏။ ပိုက်ရှန်း၏ မျက်နှာမှာ ရွှံ့နှစ်ရောင်သို့ ပြောင်းသွားခဲ့ လေပြီ။ ကျင်းထဲတွင်မူ ရွှေငွေများ ထည့်ထားသည့် အိတ်တအိတ်ကို တွေ့ရလေ၏။ ရဲများ သည် ပိုက်ရှန်းကို စောင်များဖြင့် အုပ်ကာ ဇနီးနှင့် တိုက်ရာပါပစ္စည်း များကို ယူ၍ ကျီစုသို့ ပြန်လာခဲ့ကြ၏။

ကျီစုခရိုင် ရဲဝန်ရုံးသို့ ရောက်သည့်အခါတွင် မိုးစင်စင်လင်းလျက် ရှိလေပြီ။ ရဲများ သည် ပိုက်ရှန်းကို ကြိုးများဖြင့် တင်းကျပ်စွာ တုပ်နှောင်ကာ ရဲဝန်ရှေ့သို့ ခေါ်လာပြီး နောက် ထိုဓားပြတိုက်မှု နောက်ကွယ်တွင် မည်သူက အခါပေးဖြစ်ကြောင်းကို စစ်ဆေး မေးမြန်းကြ၏။ ပိုက်ရှန်းကမူ ဘူးကွယ်မြဲ ကွယ်လျက်ရှိကာ မိမိအဖော်များ၏ အမည်များ ကိုလည်း ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။ ရဲများသည် သွေးထွက်သံယိုဖြစ်သည်အထိပိုက်ရှန်းကို ရိုက်နှက်စစ်ဆေးကြ၏။

ရဲဝန်က-

"ဟေ့ကောင်၊တို့ကို ကွယ်မနေနဲ့။ မင်းတို့ကို အခါပေးတဲ့ အရှေ့ကမ်းရွာက တိုက်သူကြီး ကျောက်ခဲဆိုတာ တို့ သိတယ်။ ဘာမှ ကွယ်မနေနဲ့။ နောက် ခြောက်ယောက်က ဘယ်သူလဲ ဆိုတာ ပြော။ ပြောရင် မင်းကို မရိုက်ဘူး"

ပိုက်ရှန်းသည် ဆက်၍ ငြင်းမြဲငြင်းသေး၏။ သို့ရာတွင် ကြာသည့်အခါတွင် မခံနိုင် တော့ပြီ။

"ဟုတ်ပါတယ်။ ခေါင်းဆောင်က တိုက်သူကြီးကျောက်ခဲပါ။

လူခြောက်ယောက်နဲ့ အတူ ကျွန်တော့်ဆီကို ရောက်လာပြီး ကျွန်တော့်ကို အရက်ရောင်းခိုင်းပါတယ်။ ဒါပေမဲ့ အဲဒီခြောက်ယောက်ကိုတော့ ကျွန်တော် လုံးလုံးမသိပါဘူး”

“ကိစ္စမရှိဘူး။ ကျောက်ခဲကို ဖမ်းစစ်လိုက်ရင် ပေါ်လာမှာပဲ။ ကျောက်ခဲကို ဖမ်းမိဖို့ပဲ လိုတယ်”

ပိုက်ရှန်း၏ လည်တွင် ရာဇဝတ်ကောင်များကို ဆွဲလေ့ရှိသည့် အချိန်နှစ်ဆယ်ခန့် ရှိသည့် ထိပ်တုံးကြီးကို ဆွဲထားလိုက်၏။ သူ့မိန်းမကိုလည်း လက်ထိတ်ခတ်ကာ မိန်းမ ထောင်သို့ ပို့လိုက်၏။ ရဲဝန်သည် အရှေ့ကမ်းရွာ တိုက်သူကြီးကျောက်ခဲနှင့် အပေါင်းအပါ ခြောက်ယောက်တို့ကို ဖမ်းရန် အမိန့်ထုတ်ပြန်ကာ ဟိုတောက်ကို လက်ရွေးစင် ရဲသား နှစ်ဆယ်ဖြင့် လွှတ်လိုက်၏။ ယွန်ကျင့်မြို့အုပ်ကိုလည်း လူဆိုးများကို ဖမ်းဆီးရမိရေး အတွက် အတတ်နိုင်ဆုံး ကူညီပါရန် စာရေးပေးလိုက်၏။ မွေးနေ့လက်ဆောင်ပစ္စည်းများကို ပို့ရာတွင် လိုက်ပါလာသည့် တပ်ဗိုလ်နှစ်ယောက်ကိုလည်း တရားခံများကို ဆွဲထုတ်ပြနိုင်ရန် ဟိုတောက်နှင့်အတူ ထည့်လိုက်၏။ သို့ရာတွင် မိမိတို့သည် ရွာကို ဝင်ရှာမည့် သတင်းကို မပေါက်အောင် ထားရမည်ဖြစ်ကြောင်း၊ ရွာကို အလစ်ဝင်၍ စီးနင်းရမည် ဖြစ်ကြောင်းဖြင့် ရဲဝန်က သေချာစွာ သတိပေးလိုက်၏။

ရဲမှူးဟိုတောက်နှင့် အဖွဲ့သည် တညလုံး ယွန်ကျင့်နယ်သို့ လာခဲ့ကြ၏။ ရဲမှူး ဟိုတောက်သည် မိမိအဖွဲ့ကို ထမင်းဆိုင်ကလေးတဆိုင်တွင် တိတ်တဆိတ် တည်းခိုစေ၏။ ထို့နောက် ဟိုတောက်သည် လက်ဖက်ရည်ဆိုင်တဆိုင်တွင် ထိုင်၍ စောင့်နေ၏။ လက်ဖက် ရည်ကျကျ တခွက်ကို ဖိမ်ခံသောက်နေရင်း စားပွဲထိုးကို လှမ်း၍-

“မြို့အုပ်ရုံးမှာ ငြိမ်ချက်သား ကောင်းလှချေလားကွ”

“စာရေးတွေရော၊ အမှုသည်တွေရော မနက်စာ စားချိန်ဆိုတော့ အပြင်ထွက်ပြီး ထမင်းစားနေကြတယ်ခင်ဗျ”

“ဒီနေ့ မြို့အုပ်ရုံးမှာ ဘယ်စာရေး တာဝန်ကျသလဲကွ၊ သိလား”

“ဟော ဟော၊ သူပဲခင်ဗျ” ဟု စားပွဲထိုးက လူတယောက်ကို လက်ညှိုးထိုးပြ၏။

ဟိုတောက် လှမ်းကြည့်လိုက်၏။ ရုံးထဲမှ ထွက်လာသူမှာ စုန်ကျန့် ဆိုသူ ဖြစ်၏။ သူ့ကို စုန်ကျန့်ဟု လည်းကောင်း၊ ကုန်းမင်းဟု လည်းကောင်း ခေါ်ကြ၏။ စုန်မိသားစုရွာတွင် မွေးပြီး တတိယမြောက်သားဖြစ်လျက် အသားမည်း၍

အရပ်ပုသောကြောင့် နက်ပြာ စုန်ကျန့်ဟုလည်း ခေါ်ကြသေး၏။ စုန်ကျန့်သည် သတ္တိကောင်းသူတယောက် ဖြစ်၍ မိဘကို ရိုသေသည့်အပြင် မိတ်ဆွေအပေါင်းအသင်းများကိုလည်း ကူညီတတ်သူတဦး ဖြစ်သည့်အတွက် သူ့ကို ရဲခေါင်နက်ပြာ ဟူ၍လည်း ခေါ်ကြသေး၏။ စုန်ကျန့်၏ မိခင်မှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့သော်လည်း ဖခင်ကြီးမှာ ယခုတိုင် ကျန်းမာစွာ ရှိသေး၏။ သူ့ အောက်တွင် သံယပ်တောင်ခေါ် ညီ စုန်ကျင့် ရှိပြီး သံယပ်တောင်သည် ဖခင်ကြီးနှင့်အတူ မိမိတို့လယ်ကို အတူလုပ်ကိုင်လျက် ရှိ၏။

စုန်ကျန့်သည် ယွန်ကျင့်တိုက်နယ်ရှိ မြို့အုပ်ရုံးတွင် စာရေးတယောက် ဖြစ်၏။ စာ ကောင်းစွာတတ်ပြီး တရားရုံးတို့၏ ကျင့်ထုံးများကိုလည်း ကောင်းစွာ နားလည်ကျွမ်းကျင်၏။ အထူးသဖြင့် လက်နက်အတတ်တို့ကိုလည်း ဝါသနာပါ၍ ကျွမ်းလည်း ကျွမ်းကျင်၏။ စုန်ကျန့်သည် လူစွမ်းကောင်းများနှင့်သာ ပေါင်းသင်းသော်လည်း ယုတ်၊ လတ်၊ မြတ် မရွေး တဖက်သားကို ကူညီလေ့ရှိ၏။ အကူအညီ လာတောင်းသူမှန်သမျှကို တတ်နိုင်သမျှ ကူညီ ပြီး ဧည့်သည်များအား မိမိ၏အိမ်တွင် ကောင်းစွာ ကျွေးမွေး စောင့်ရှောက်၏။ လိုအပ်လျှင် ခရီးစရိတ်က အစ ထောက်ပံ့၏။

သို့ဖြင့် စုန်ကျန့်သည် ရွှေကို သဲမှုန်လို သဘောထားသူဖြစ်၏။ မိမိထံ ပိုက်ဆံလာချေး သူကို မည်သည့်အခါမျှ ငြင်းဆိုခြင်း မပြုတတ်ချေ။ အခက်အခဲရှိသူများကို လွယ်အောင် လုပ်ပေး၏။ ပြဿနာများကို ဖြေရှင်းပေး၏။ ကွဲလွဲချက်များကို ဖျန်ဖြေပေး၏။ သူတပါး အသက်ကို ကယ်ဆယ်တတ်၏။ မကျန်းမာသူများကို ဆေးဝါးမှအစ ကူညီ၏။ မရှိဆင်းရဲ သားများ၏ အသုဘကို ဦးစီး၍ ဆောင်ရွက်ပေး၏။ ဆင်းရဲသူများကို ပေးကမ်းစွန့်ကြဲ တတ်၏။ အရေးရှိလျှင် ကူညီ စောင်မ၏။ အခက်အခဲတွေ့လျှင် ဝင်ရောက်လုပ်ကိုင်ပေး၏။

ထို့ကြောင့် စုန်ကျန့်သည် ရှန်တောင်နှင့် ဟိုပေ့နယ်တဝိုက်တွင် နာမည်ကြီး၏။ ကောင်းကင်မှ ရွာသောမိုးသည် လူအပေါင်းတို့ကို ရွှင်လန်းအေးမြစေသကဲ့သို့ စုန်ကျန့် သည်လည်း လူအပေါင်းတို့ကို ကူညီစောင်မတတ်သဖြင့် သူ့ကို ချိန်မှန်မိုးဟု ခေါ်လေ့ ရှိကြ၏။

စုန်ကျန့်သည် နောက်လိုက်နောက်ပါတယောက်နှင့်အတူ မြို့အုပ်ရုံးမှ ထွက်လာသည့် အခါတွင် ရဲမှူးဟိုတောက်သည် သူနှင့်တွေ့ရန် လမ်းတဖက်သို့ ကူးလာခဲ့၏။

“စာရေးကြီး။ လက်ဖက်ရည်လေးများ သုံးဆောင်ပါဦးခင်ဗျာ”

ဟန်ပန်ကို ကြည့်လိုက်သည်နှင့် ဟိုတောက်သည် ရဲအရာရှိတဦးမှန်း စုန်ကျန့် သိလိုက်၏။

"နောင်ကြီးက ဘယ်ကပါလဲဗျာ" ဟု စုန်ကျန့်က မေး၏။

"လာပါခင်ဗျာ။ လက်ဖက်ရည်ဆိုင်ထဲ ထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့"

"ရပါတယ်ခင်ဗျာ"

သူတို့နှစ်ယောက်သည် လက်ဖက်ရည်ဆိုင်ထဲသို့ဝင်ထိုင်ကြ၏။ စုန်ကျန့်သည် နောက်မှ ပါလာသည့် တပည့်အား အပြင်တွင် စောင့်နေရန် ပြောပြီး ရဲမှူးဟိုတောက်ဘက်သို့ လှည့်၍-

"နောင်ကြီးနာမည်ကကော ခင်ဗျာ"

"ကျွန်တော့်နာမည်က ဟိုတောက်ပါ။ ကျီစုခရိုင်က ရဲမှူးပါ။ နောင်ကြီးရဲ့ နာမည် ကကော ခင်ဗျာ"

"ဩော်၊ နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီ ခင်ဗျာ။ လူနဲ့ နာမည်နဲ့ တွဲမသိလို့ စိတ်မရှိနဲ့နော် ရဲမှူးကြီး။ ကျွန်တော်က ဒီမြို့ဝန်ရုံးက စာရေးကလေး စုန်ကျန့်ပါ ခင်ဗျာ"

ဟိုတောက်သည် ဒူးထောက်၍ ထိုင်ကာ စုန်ကျန့်ကို အရိုအသေပေး၏။

"နောင်ကြီးနာမည်ကို ကြားဖူးနေတာတော့ တော်တော့်ကိုကြာပါပြီ ခင်ဗျာ။ ခုမှပဲ လူချင်း တွေ့ရပေတော့တယ်"

"မလုပ်ပါနဲ့ခင်ဗျာ။ ကျွန်တော့်ကို အရိုအသေပေးစရာ မလိုပါဘူး။ ထပါ"

"တကယ်ပါ ခင်ဗျာ။ ကျွန်တော့်လို ပါမွှားကောင်က နောင်ကြီးလို လူမျိုးနဲ့ တွေ့ရတာ တကယ့်ကို ဂုဏ်ယူစရာကြီးပါ။ နောင်ကြီးနဲ့ တန်းတူရည်တူ စကားပြောဖို့ဆိုတာ အိပ်မက် တောင် မမက်ရဲပါဘူး"

"ဘယ် ဒီလိုဟုတ်မလဲ ရဲမှူးကြီးရယ်။ ရဲမှူးကြီးဟာ ကျွန်တော်တို့အထက်က ပုဂ္ဂိုလ်ပဲ။ ခရိုင်ကလည်း ဖြစ်ပြန်၊ ရပ်ဝေးကလည်း လာရပြန်ဆိုတော့ ကျွန်တော်ဖိတ်ခေါ်တာကို လက်ခံပါ"

သူတို့နှစ်ယောက်သည် အတန်ကြာမျှ ယဉ်ကျေးစွာ ငြင်းခုံနေကြ၏။ ထို့နောက် စုန်ကျန့်က အိမ်သည်နေရာတွင် ဝင်ထိုင်သည့်အခါတွင်မှ ဟိုတောက်လည်း ဧည့်သည် နေရာတွင် ဝင်ထိုင်လေ၏။

"ဟေ့၊ သူငယ်။ လက်ဖက်ရည်နှစ်ခွက်ပေးကွာ" ဟု စုန်ကျန့်က လှမ်းမှာ၏။

အမြည်း များ ရောက်လာသည့်အခါတွင် သူတို့နှစ်ယောက်သည် လက်ဖက်ရည်သောက်ရင်း စကား ပြောနေကြ၏။

“ကျွန်တော်တို့နယ်ကို ဘာကိစ္စနဲ့များ ရောက်လာပါသလဲ ခင်ဗျ။ သိခွင့်ရရင် သိပါရစေ”

“ရှင်းရှင်းပဲ ပြောပါရစေတော့ခင်ဗျ။ ကျွန်တော်ရောက်လာတဲ့ ကိစ္စကတော့ ဒီနယ် မှာရှိတဲ့ အရေးကြီးတဲ့ လူတော်တော်များများနဲ့ သက်ဆိုင်နေတယ်ခင်ဗျ”

“ခားပြမှုနဲ့ ပတ်သက်နေပါသလား ခင်ဗျာ”

“ကျွန်တော့်မှာ ချိပ်ပိတ်ထားတဲ့ အမိန့်တခု ပါလာပါတယ်။ အဲဒါကို အကောင် အထည်ဖော်ဖို့အတွက် နောင်ကြီး ကျွန်တော့်ကို တတ်နိုင်သမျှ ကူညီပါ”

“အထက်က တာဝန်နဲ့ လာတဲ့သူပဲ ခင်ဗျာ။ မကူညီလို့ ဘယ်မှာ ဖြစ်ပါ့မလဲ။ ဘယ် ခားပြမှုနဲ့များ ပတ်သက်နေပါလိမ့်”

“စာရေးကြီးလည်း အစိုးရ အမှုတွဲကိုင် ပုဂ္ဂိုလ်ပဲလေ။ စာရေးကြီးကို ပြောလို့တော့ ဘာမှ အန္တရာယ် မရှိနိုင်ပါဘူး။ ကျွန်တော်တို့အပိုင်ဖြစ်တဲ့ မြေဝါတောင်ကြားမှာ လူ ရှစ်ယောက်ပါတဲ့ ခားပြဂိုဏ်းတဂိုဏ်းက မြို့ဝန်လျှံချုံရှူက နေပြီး နန်းရင်းဝန်ကြီးဆီကို ပို့လိုက်တဲ့ မွေးနေ့လက်ဆောင်တွေကို တိုက်သွားတယ် ခင်ဗျ။ ရွှေငွေပစ္စည်း စုစုပေါင်း တသိန်းဖိုးလောက် ပါသွားတယ်။ အဲဒီထဲက ကြံ့ရာပါတယောက်ဖြစ်တဲ့ ပိုက်ရှန်းဆိုတဲ့ ကောင်ကိုတော့ ဖမ်းမိထားတယ်။ သူ့ထွက်ချက်အရ တခြားခုနစ်ယောက်က ဒီနယ်ထဲက ဆိုတာ သိရတယ်။ ဒါနဲ့ နန်းရင်းဝန်ကြီးဆီက လူဆိုးတွေကို မိအောင် ဖမ်းရမယ်ဆိုတဲ့ အမိန့်ရောက်လာတယ်။ ဒီတော့ စာရေးကြီး ကျွန်တော်တို့ကို အတတ်နိုင်ဆုံး ကူညီပါ ခင်ဗျာ”

“ဟုတ်တာပေါ့ခင်ဗျာ။ ရာဇဝတ်ကောင်တွေကို ဖမ်းမိအောင် လုပ်ရမှာပေါ့”

“နန်းရင်းဝန်ကြီးရဲ့ အမိန့်ကို မပြောပါနဲ့ ခင်ဗျာ။ ရဲမှူးကြီးအမိန့် ဆိုရင်တောင် ကျွန်တော်တို့ လုပ်ရမှာပေါ့။ ပိုက်ရှန်းက ဘယ်သူတွေလို့ ထွက်သလဲ”

“အဓိကခေါင်းဆောင်ကတော့ အရှေ့ကမ်းရွာက တိုက်သူကြီးကျောက်ခဲ ခင်ဗျ။ အမှန်ပြောရရင်တော့ တခြားခြောက်ယောက်ရဲ့ နာမည်ကိုတော့ ကျွန်တော်တို့ မရသေးဘူး ခင်ဗျ။ အဲဒါ စာရေးကြီး ကျွန်တော်တို့ကို တတ်နိုင်သမျှ ကူညီပါ”

စုန်ကျန့်မှာ ထိတ်လန့် တုန်လှုပ်သွား၏။

"အင်း၊ တိုက်သူကြီးကျော်ခဲဆိုတာ ငါနဲ့ ငယ်ပေါင်းကြီးဖော်မိတ်ဆွေကြီးတယောက် ပဲ။ သူကျူးလွန်တဲ့ ပြစ်မှုကလည်း နည်းတဲ့ ပြစ်မှုကြီး မဟုတ်ပါကလား။ မဖြစ်ဘူး၊ ငါ သူ့ကို ကယ်မှပဲ။ သူ့ကို မိရင် သေဒဏ်ပေးတော့မှာပဲ" ဟု စုန်ကျန့်သည် စိတ်ထဲမှ ပြောနေ၏။

စုန်ကျန့်သည် သူ စိုးရိမ်တကြီးဖြစ်နေပုံကို တတ်နိုင်သမျှ ဖုံးကွယ်ကာ-

"အို၊ တော်တော်မိုက်ရိုင်းယုတ်မာတဲ့ လူပါကလား ခင်ဗျာ။ ကျွန်တော်တို့နယ်မှာတော့ သူ့ကို လူတိုင်းက မုန်းကြတာပဲ။ ခုတော့ ဒီလူ ဒုက္ခလှလှကြီး တွေ့ပြီပေါ့။ အေးလေ၊ သူ့ အပြစ်နဲ့ သူ ခံရမှာပေါ့"

"ကျွန်တော်တို့ သူ့ကို ဖမ်းချင်တယ်ဗျာ။ စာရေးကြီး ကူညီပါ"

"မခက်ပါဘူး ခင်ဗျာ။ လွယ်ပါတယ်။ "ခရားထဲက လိပ်ကို ဖမ်းရတာ လွယ်တယ်၊ လက်လှမ်းနှိုက်လိုက်ရုံပဲ" ဆိုတဲ့ စကား အရှိသား မဟုတ်လား။ ဒါပေမဲ့ နောင်ကြီးရဲ့အမိန့် ကိုတော့ မြို့အုပ် ရုံးတက်ရင် သူ့ဆီကို တင်ရလိမ့်ဦးမယ် ထင်တယ် ခင်ဗျာ။ မြို့အုပ်က ဖတ်ပြီး လက်မှတ်ထိုးတော့မှ ကျွန်တော်တို့က ဖမ်းနိုင်မှာ။ ဒီလောက် အရေးကြီးတဲ့ ကိစ္စ ကြီးမှာ ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်လို့တော့ မဖြစ်ဘူး။ မတော်လို့ သတင်း ပေါက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော့်ကို မြို့အုပ်မင်းဆီသာ ခေါ်သွားပါတော့"

"မြို့အုပ်က တမနက်လုံး အလုပ်များနေတော့ နားနေတယ်ခင်ဗျ။ မကြာခင် သူ ရုံးပြန်တက်မှာပါ။ သူ ရုံးပြန်တက်တော့ ရဲမှူးကြီးကို ကျွန်တော် ခေါ်လိုက်ပါမယ်လေ"

"ရပါတယ် ခင်ဗျ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကိစ္စ အောင်မြင်အောင်တော့ စာရေးကြီး ကူညီနော်"

"ပြောစရာမလိုပါဘူး ခင်ဗျ။ ကူညီရမှာပေါ့။ ကျွန်တော့်အိမ်မှာ လုပ်စရာကလေးတခု ရှိသေးလို့ ခဏ ပြန်လိုက်ဦးမယ် ခင်ဗျ။ မကြာခင် ပြန်လာမယ်။ ဒီမှာ ခဏထိုင်ပြီး နားပါဦး"

"သွားပါ ခင်ဗျာ။ ကျွန်တော် ဒီက ထိုင်စောင့်နေပါ့မယ်"

စုန်ကျန့်သည် ဆိုင်မှ ထလာခဲ့၏။

"ဟေ့ သူငယ်။ ဟောဒီက ဦးလေး လက်ဖက်ရည် ကြိုက်သလောက်သောက်ပါစေကွာ။ ပြီးတော့ ငါ ရှင်းမယ်" ဟုလည်း စားပွဲထိုးကို ပြောခဲ့၏။ ဆိုင်မှ ထွက်ခါနီးတွင် အပြင်တွင် စောင့်နေသည့် မိမိတပည့်ကိုလည်း

"မြို့အုပ် ရုံးတက်လာရင် ဆိုင်ထဲက လူဆီကို သွားပြီး ငါ ခုပဲ ပြန်လာခဲ့မယ်။ ခဏစောင့်ပါလို့ ပြော" ဟု မှာခဲ့၏။

အိမ်သို့ရောက်လျှင် စုန်ကျန့်သည် မြင်းကို ကုန်းတင်ကာ နောက်ဖေးဝင်းတံခါးမှ ထွက်လာခဲ့၏။ မြို့ထဲတွင် မြင်းကို ခပ်ဖြည်းဖြည်း စီးလာခဲ့ကာ အရှေ့တံခါးမှ ထွက်သည်နှင့် မြင်းကို ကြိမ်ရိုက်၍ အရှေ့ကမ်းရွာသို့ ဒုန်းစိုင်းစီးလာခဲ့၏။ နာရီဝက်ခန့် အကြာတွင် အရှေ့ ကမ်းရွာရှိ တိုက်သူကြီးကျောက်ခဲ အိမ်သို့ ရောက်လေ၏။ တပည့်တယောက်သည် စုန်ကျန့် လာသည်ကို မြင်လျှင် အထဲသို့ ဝင်သွားကာ သူတို့ဆရာဖြစ်သူ ကျောက်ခဲကို သွား၍ သတင်းပို့၏။

ထိုအချိန်၌ ကျောက်ခဲသည် အိမ်နောက်ဖေး စပျစ်ရုံအောက်တွင် ဝုရုံ၊ ကုန်ဆွန်၊ လျူထန်တို့နှင့်အတူ လက်ဖက်ရည်သောက်ရင်း အေးအေးဆေးဆေး စကားပြောလျက် ရှိ၏။ ဖိုးရုံညီအစ်ကိုသုံးယောက်တို့မှာမူ ပစ္စည်းများကို ခွဲဝေပြီးနောက် သူတို့ရွာဖြစ်သည့် ကျောက်တိုင်ရွာသို့ ပြန်သွားခဲ့ကြလေပြီ။ ကျောက်ခဲ၏ တပည့်က စာရေးကြီးစုန်ကျန့် ရောက်လာကြောင်းဖြင့် ကျောက်ခဲကို ပြော၏။

"သူတယောက်တည်းလား"

"တယောက်တည်းရယ် ခင်ဗျ။ မြင်းကတော့ အမြှုပ်တစီစီ ထွက်နေတာပဲ။ လူကြီး မင်းကို ချက်ချင်း တွေ့ချင်တယ်လို့ ပြောနေပါတယ်"

"အကြောင်းတခုခုရှိလို့ ထင်တယ်"ဟု ဆိုကာ ကျောက်ခဲသည် အိမ်ရှေ့သို့ ခပ်သုတ် သုတ် ထွက်လာခဲ့၏။ စုန်ကျန့်သည် တိုက်သူကြီးကျောက်ခဲကို ရိုသေစွာ နှုတ်ဆက်ပြီး နောက် လက်ကို ဆွဲကာ အနီးရှိ အဆောက်အအုံကလေးတလုံးထဲသို့ ဝင်လာခဲ့၏။

"ဘာတွေများ ရေးကြီးသုတ်ပျာ ဖြစ်လာတာလဲ စာရေးကြီးရဲ့"

"နောင်ကြီးလည်း ကျွန်တော့်သဘောကို သိသားပဲ။ နောင်ကြီးအတွက် ဆိုရင် ကျွန်တော့်အသက်ကို ပေးရမယ်ဆိုရင်လည်း ကျွန်တော်ပေးပါတယ်။ ခု မြေဝါတောင်ကြား ကိစ္စကို ဆိုင်ရာက သိသွားပြီဗျ။ ပိုက်ရှန်းကို ဖမ်းပြီး မိလို့ ကျီစုထောင်ထဲမှာ ရောက်နေပြီ။ ပိုက်ရှန်းက နောင်ကြီးတို့ခုနစ်ယောက် ပါတယ်ဆိုတာကို ဖြောင့်ချက်ပေးပြီးပြီ။ ခု ရဲမှူး ဟိုတောက် ဆိုတဲ့ လူနဲ့ ရဲတွေ ရောက်လာပြီး နောင်ကြီးတို့ကို ဖမ်းဖို့ စီစဉ်နေကြတယ်။ နောင်ကြီးနာမည်က ထိပ်ဆုံးပဲ။ ကျွန်တော့်လက်ထဲ ရောက်လာလို့ တော်ပေသေးတာ ပေါ့ဗျာ။ ဒါနဲ့ မြို့အုပ် အိပ်နေသေးတယ်၊ နေဦးလို့ ရဲမှူးကို လက်ဖက်ရည်ဆိုင်ထဲမှာ

အစောင့်ခိုင်းထားခဲ့ပြီး နောင်ကြီးတို့ဆီကို ပြေးလာတာ။ "အဖြေသုံးဆယ့်ခြောက်ပါးမှာ တိမ်းရှောင်တဲ့ နည်းဟာ အကောင်းဆုံး" ဆိုတဲ့ ရှေးစကား ရှိတယ် မဟုတ်လား။ ဒီတော့ ဆိုင်းမနေနဲ့ဗျ။ မြန်မြန်ရှောင်ပေတော့။ ကျွန်တော်တော့ ရဲမှူးနဲ့ သူ့အမိန့်စာကို မြို့အုပ် မင်းဆီ တင်ဖို့ ရုံးကို ပြန်ရဦးမယ်။ မြို့အုပ်ကလည်း ဒီနေ့ညပဲ အမိန့်ထုတ်ပေးမှာပဲ။ ဒီတော့ မြန်မြန်ရှောင်ရင် ကောင်းမယ်ထင်တယ်။ နောက်ကျသွားရင် ကျွန်တော်လည်း ဘာမှ တတ်နိုင်မှာမဟုတ်ဘူး။ အဲဒီတော့မှ မကယ်ရကောင်းလားလို့ ကျွန်တော့်ကို အပြစ်မဆိုနဲ့"

ကျောက်ခဲမှာ တုန်လှုပ်ချောက်ချားလျက်ရှိရာမှ-

"ကျေးဇူးတင်လိုက်တာ နောင်ကြီးရယ်။ နောင်ကြီးကို ဘယ်လိုကျေးဇူးဆပ်ရမှန်း တောင် မသိတော့ဘူး"

"ကဲ ကဲ။ ဒီစကားတွေ နောက်မှ ပြောဗျ။ ရှောင်ဖို့ ကိစ္စကို စီစဉ်ဦး။ သိပ်အချိန်ဆွဲ မနေနဲ့နော်။ ကျွန်တော်လည်း ပြန်ရဦးမယ်"

"ကျွန်တော်တို့မှာ လူခုနစ်ယောက်ရှိတယ် ခင်ဗျ။ ဖိုးရုံတို့ ညီအစ်ကိုသုံးယောက် ကတော့ သူတို့ဝေစုတွေကို ယူပြီး ကျောက်တိုင်ရွာကို ပြန်သွားကြပြီ။ ကျန်လူသုံးယောက် ကတော့ ဒီမှာ ရှိသေးတယ်။ သူတို့နဲ့လည်း တွေ့သွားပါဦး" ဟု ဆိုကာ ကျောက်ခဲသည် စုန်ကျန့်ကို နောက်ဖေးခြံထဲသို့ ခေါ်သွားကာ ကျန်လူသုံးယောက်နှင့် မိတ်ဆက်ပေး၏။

"ဟောဒါက ဝုရုံနဲ့ ကုန်ဆွန်ရှန်းတဲ့ဗျ။ ကျီစုခရိုင်ကပဲ။ ဟောဒါကတော့ လျူထန်တဲ့။ ကုန်လူခရိုင်က"

စုန်ကျန့်သည် သူတို့ကို နှုတ်ဆက်ပြီးနောက် ပြန်ရန် ပြင်၏။

"ကဲ၊ နောင်ကြီးရေ။ ကြည့်သာ ရှောင်ပေတော့။ ကျွန်တော်လည်း ပြန်ရဦးမယ်" ဟု ဆိုကာ စုန်ကျန့်သည် တံခါးဝတွင် ချည်ထားသည့် မြင်းပေါ်သို့ တက်ကာ ကြိမ်ရိုက်ပြီး နောက် မြို့ဘက်သို့ အပြင်းစီး၍ ထွက်သွားလေ၏။

ကျောက်ခဲက-

"ဘယ်သူလဲဆိုတာ သိကြရဲ့လား" ဟု သူ့လူသုံးယောက်ကို မေး၏။

"ဘယ်သူလဲဗျ။ ဘာဖြစ်လို့ ဒီလောက်တောင် ရေးကြီးသုတ်ပျာ ဖြစ်နေရတာလဲ" ဟု ဝုရုံက မေး၏။

"ခင်ဗျားတို့ကြားရင်တော့ အံ့ဩကောင်း အံ့ဩနေမှာပဲ။ သူသာ

ရောက်မလာရင် ခုလောက်ဆို ကျွန်တော်တို့အားလုံး အလောင်းတွေ ဖြစ်နေပြီဗျ”

“ဘာလဲ။ ကျွန်တော်တို့အကြောင်း သတင်းပေါက်သွားလို့လား”

“အဲဒီလူက ကျွန်တော်တို့ဆီ စွန့်စွန့်စားစားလာပြီး သတင်းပေးသွားတယ်ဗျ။ ပိုက်ရှုန်းကို ဖမ်းမိသွားပြီ။ ကျီစုထောင်ထဲမှာ ရောက်နေပြီတဲ့။ သူက ကျွန်တော့်ရဲ့နာမည်ကို ဖော်လိုက်ပြီတဲ့။ ဒါနဲ့ ကျွန်တော်တို့ကို ဖမ်းဖို့ဆိုပြီး ခရိုင်ရဲဝန်က ဟိုတောက်ဆိုတဲ့ ရဲမှူး တယောက် ခေါင်းဆောင်တဲ့ ရဲတပ်စုတစုကို လွှတ်လိုက်ပြီတဲ့။ ကျွန်တော့်မိတ်ဆွေက ရဲမှူးကို လက်ဖက်ရည်ဆိုင်ထဲမှာ အစောင့်ခိုင်းထားပြီး ကျွန်တော်တို့ဆီကို လာသတင်း ပို့တာ။ မြို့အုပ် ရုံးပြန်တက်တာနဲ့ ကျွန်တော်တို့ကို ဖမ်းဖို့ဆိုပြီး ဝရမ်းထုတ်ပေးလိုက်ရင် ဒီလူတွေ ရောက်လာကြတော့မှာ။ ကဲ၊ ဒီတော့ ကျွန်တော်တို့ ဘာလုပ်မလဲ”

“ဒီလိုဆို သူ လာသတင်းပို့လို့ ကျွန်တော်တို့ အဖမ်းမခံရတာပေါ့။ နို့ နေစမ်းပါဦးဗျ။ သူက ဘယ်သူလဲ” ဟု ဂုရုံက မေး၏။

“မြို့အုပ်ရုံးစာရေး စုန်ကျန့်တဲ့ဗျ။ ရဲရင့်သူတွေကို အမြဲ အကာအကွယ်ပေးတဲ့ လူပေါ့” “နာမည်တော့ကြားဖူးသားဗျ။ အနီးကလေးနေလျက်နဲ့ လူချင်းတော့ မတွေ့ဖူးကြဘူး”

“သူ့ကို ချိန်မှန်မိုးလို့လည်း ခေါ်ကြတယ် မဟုတ်လား” ဟု အခြားနှစ်ယောက်က မေး၏”

ကျောက်ခဲက ခေါင်းညိတ်ပြလိုက်လျက်-

“ဟုတ်တယ်ဗျ။ သူပဲ။ သူနဲ့ ကျွန်တော်နဲ့က အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်း ကြီးတွေကလား။ ဆရာလေးဝုရုံကတော့ သူ့ကို တွေ့ဖူးချင်မှ တွေ့ဖူးမယ်။ ဒါပေမဲ့ နာမည် ကြီးသလောက် သစ္စာရှိတဲ့ လူတယောက်ပါဗျာ။ နာမည်ကြီးမယ်ဆိုရင်လည်း ကြီးထိုက်ပါ ပေတယ်။ သူနဲ့ ကျွန်တော်နဲ့ဆို သွေးသောက်ပြီး သစ္စာဆိုခဲ့တဲ့ သွေးသောက်ညီနောင် လို့လည်း ပြောနိုင်တယ်။ ဒီလိုလူမျိုးနဲ့ သွေးသောက်ဖြစ်ရကတည်းက ကျွန်တော့်ဘဝမှာ လူဖြစ်ရကျိုးနပ်ပြီလို့တောင် အောက်မေ့မိတယ်”

ထို့နောက် ကျောက်ခဲသည် ဝုရုံဘက်သို့ လှည့်၍-“ကဲ၊ ဆရာလေးရေ။ အရေးတော့ ကြီးနေပြီ။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ” “ဘာအထူးအထွေ ပြောစရာရှိသလဲဗျာ။ “အဖြေသုံးဆယ့်ခြောက်မျိုးမှာ တိမ်းရှောင် ခြင်းဟာ အကောင်းဆုံး” ဆိုတဲ့ စကား အရှိသားပဲ” “စုန်ကျန့်ကလည်း ဒီအတိုင်းပဲ ပြောသွားတာပဲဗျ။ ဒီတော့ ကျွန်တော်တို့ ဘယ်ကို သွားမလဲ” “ကျွန်တော်ကတော့

ဒီလိုစဉ်းစားတယ်ဗျ။ အထမ်းသမား လေး ငါး ခြောက်ယောက် လောက်ငှားပြီး ဖိုးရုံတို့ညီအစ်ကိုတတွေရှိရာ ကျောက်တိုင်ရွာကို သွားတာဟာ အကောင်း ဆုံးပဲလို့ ထင်တာပဲ။ လူတယောက်လွှတ်ပြီး ကျွန်တော်တို့ လာမယ့်အကြောင်း သတင်းပို့ ထားရင်တော့ ကောင်းမယ်”

“သူတို့ရွာက တံငါရွာကလေး ခင်ဗျ။ ကျွန်တော်တို့ လူတသိုက်ကြီးကို ဘယ်မှာ သွားထားမလဲ”

“နောင်ကြီးကလည်း စကားပြော တယ်ပြီး လောကြီးတာကိုး။ ကျောက်တိုင်ရွာမှာ မနေနိုင်တော့ကော ဘာအရေးလဲဗျ။ ကျောက်တိုင်ရွာဆိုတာ လှိုဏ်ရှန်းတောင်ရိုးနဲ့ ဘာ ဝေးတာ မှတ်လို့။ လှိုဏ်ရှန်းတောင်ရိုးပေါ်က ခံတပ်စခန်းမှာလည်း လူတွေ စည်စည်ကားကား နဲ့ ရှိနေသတဲ့။ ခင်ဗျားရဲ့တွေ အဲဒီတောင်ရိုးပေါ်ကို လိုက်ရှာဖို့ မပြောနဲ့၊ တောင်ရိုးကိုတောင် မော့မကြည့်ရဲပါဘူး။ တကယ်လို့ ကျွန်တော်တို့ကို အပြင်းအထန် ပိုက်စိပ်တိုက် ရှာလာပြီ ဆိုရင်လည်း တောင်ရိုးပေါ်က တောပုန်းတွေနဲ့ ပေါင်းတန် ပေါင်းရမှာပေါ့”

“ကောင်းလိုက်တဲ့ အကြံဉာဏ်ဗျ။ ဒါပေမဲ့ တောင်ရိုးပေါ်က တောပုန်းတွေက ကျွန်တော်တို့ကို လက်မခံဘူး ဆိုရင်ကော”

“ကျုပ်တို့မှာ ရွှေတွေ၊ ငွေတွေ ရှိပါတယ်ဗျာ။ သူတို့ကို နည်းနည်းပါးပါး လက်ဆောင် ပေးလိုက်ရင် ခင်ဗျားလူတွေ ဘယ်မှာ လက်မခံဘဲ နေပါ့မလဲ”

“ကဲ၊ ဒီလိုဆိုရင် အထမ်းသမားတွေကို ခေါ်ပြီး ဖိုးရုံတို့ဆီကို အရင်သွားနှင့်။ စီစဉ်စရာရှိတာကို စီစဉ်။ ကျွန်တော်တို့လာတော့ အဆင်သင့်ဖြစ်အောင် လုပ်ထား။ ကျွန်တော်နဲ့ ကုန်ဆွန်က ဒီမှာ ရှင်းစရာရှိတာကလေးကို ရှင်းပစ်ခဲ့မယ်။ ပြီးတာနဲ့ တပြိုင်နက် လိုက်လာ ခဲ့မယ်”

ဝုရုံနဲ့ လျူထန်သည် တိုက်ရာပါ ပစ္စည်းများဖြစ်သည့် ရွှေနှင့် ငွေများကို အထုပ်ကြီး ခြောက်ထုပ်ခွဲ၍ ထုပ်ကာ အထမ်းသမားများကိုလည်း ထမင်းစားစေ၏။ ဝုရုံသည် သူ့ လက်နက် ဖြစ်သော ကြေးကြိုးကို လက်မောင်းတွင် ပတ်၏။ လျူထန်က သူ့မှိန်းကို ကိုင်၏။ ထို့နောက် သူတို့တစုသည် အထုပ်အပိုးများကို ထမ်းကာ ကျောက်တိုင်ရွာသို့ ထွက်လာခဲ့ ကြလေ၏။

ကျောက်ခဲနှင့် ကုန်ဆွန်တို့မှာမူ အိမ်တွင် ရှင်းလင်းစရာ ရှိသည်တို့ကို ရှင်းလင်းပြီး နောက် အိမ်ကို ပိတ်ထားခဲ့ကြ၏။ မိမိတို့နှင့် မလိုက်လိုဘဲ ချန်နေခဲ့သည့် အခိုင်းအစေ များကိုလည်း ရွှေစငွေစတို့ပေးကာ နောက် ဆရာသစ်များထံတွင် အလုပ်လုပ်ရန် ပြောခဲ့ ကြ၏။ လိုက်လိုသူများကိုလည်း ပစ္စည်းများကို ထုပ်ပိုး ပြင်ဆင်ခိုင်းလိုက်၏။ သူတို့ အကြောင်းကိုမူ ဤတွင်

တော်ဦးမည်။

မြို့သို့ မြင်းဖြင့် ဒုန်းစိုင်းပြန်လာခဲ့ကာ လက်ဖက်ရည်ဆိုင်သို့ ရောက်လာသည့် စုန်ကျန့် အကြောင်းကို ပြောဦးအံ့။ ရဲမှူးဟိုတောက်သည် လက်ဖက်ရည်ဆိုင်ဝသို့ ထွက်ကာ စုန်ကျန့်ကို တမျှော်မျှော် ဖြစ်လျက်ရှိ၏။

"နောင်ကြီးကို ဒီလောက်ကြာကြာ အစောင့်ခိုင်းထားရတဲ့အတွက် ဝမ်းနည်းပါတယ် ဗျာ။ တောက ကျွန်တော့်ဆွေမျိုးတယောက် ရောက်လာပြီး အိမ်တွင်းရေးကိစ္စကလေး တွေကို တိုင်ပင်နေတာနဲ့ ကြာသွားတယ်" ဟု စုန်ကျန့်က ပြော၏။

"အထဲဝင်ပြောရင် ကောင်းမယ် ထင်တယ် စာရေးကြီး"

"လာလေ၊ ဒီဘက်ကို ဝင်လာပါ"

သူတို့နှစ်ယောက်သည် မြို့အုပ် ရှိစင်ပင်း အမှုစစ်နေရာ မြို့အုပ်ရုံးထဲသို့ ဝင်လာခဲ့ ကြ၏။ စုန်ကျန့်သည် ချိပ်ပိတ်ထားသော အမိန့်စာရွက်ကို ကိုင်ကာ ရဲမှူးဟိုတောက်ကို မြို့အုပ်စားပွဲသို့ ခေါ်သွား၏။

ထို့နောက် ရုံးစေအား "အခွင့်မရှိ မဝင်ရ" ဟူသော ဆိုင်းဘုတ် ကို တံခါးတွင် အချိတ် ခိုင်းလိုက်၏။

စုန်ကျန့်က မြို့အုပ်အနီးသို့ သွားကာ-

"ဓားပြမှုနဲ့ ပတ်သက်ပြီး ခရိုင်ရဲဝန်က အရေးတကြီးလွှတ်လိုက်လို့ ရဲမှူးဟိုတောက် ရောက်လာပါတယ်"

မြို့အုပ် ရှိစင်ပင်းသည် စာအိတ်ကို ဖွင့်ကာ စာရွက်ကို ဖြန့်ဖတ်၏။ မြို့အုပ်သည် အံ့အားသင့်လျက်-

"အလို၊ နန်းရင်းဝန်ကြီးကိုယ်တိုင်က လူတယောက်ကို လွှတ်ပြီး ပို့လိုက်တဲ့ အမိန့် ပါကလား။ မဖြစ်ဘူးဟေ့။ ဓားပြတွေကို ချက်ချင်း ရအောင် ဖမ်းမှ ဖြစ်မယ်"

"မှန်ပါ။ နေ့လယ်ကို ကျွန်တော်တို့တတွေ သွားဝိုင်းရင် သတင်းပေါက်ကြားဖို့ ရှိပါ တယ်။ ဒီတော့ ညပိုင်းမှ ဝင်ဖမ်းရင် ကောင်းမယ် ထင်ပါတယ်။ ကျောက်ခဲကို ဖမ်းမိရင် ကျန်တဲ့ လူခြောက်ယောက်ကိုလည်း ကျွန်တော်တို့ သိရမှာပါ"

"ကျောက်ခဲဟာ အရှေ့ကမ်းရွာသူကြီး မဟုတ်လား။ အရင်တုန်းက သူ့မှာ နာမည် ပျက်လည်း မရှိပါဘူး။ ဒီလို ရာဇဝတ်မှုမျိုးမှာ ကျောက်ခဲ ပါနေတာကို ကျုပ်

နားမလည် နိုင်ဘဲ ဖြစ်နေတယ် စာရေးကြီး”

မြို့အုပ်သည် သူ့လက်အောက်မှ လူဆိုးထိန်းနှင့် ရဲအုပ်နှစ်ယောက်ကို ခေါ်၏။ ရဲအုပ် နှစ်ယောက်မှာ ချူတုံနှင့် လွေ့ဟုန်တို့ ဖြစ်ကြ၏။ သူတို့နှစ်ယောက်စလုံးမှာ ထူးခြားသည့် လူများ ဖြစ်ကြ၏။

အတွင်းခန်းထဲရှိ မြို့အုပ်ထံမှ အမိန့်ရသည့်အခါတွင် သူတို့နှစ်ယောက်နှင့် လူဆိုး ထိန်းတို့သည် မြင်းပေါ်သို့ တက်ကာ စစ်တပ်သို့ သွားပြီးနောက် ခြေလျင်စစ်သားများနှင့် မြင်းစီးလေးသည်တော်များကို ခေါ်လာခဲ့ကြ၏။ မှောင်ရီဖျိုးဖျအချိန်သို့ ရောက်သည်တွင် သူတို့အားလုံးနှင့်တကွ ရဲမှူးဟိုတောက်၊ မွေးနေ့လက်ဆောင်များကို လိုက်ပို့သည့် တပ်ဗိုလ် နှစ်ယောက်တို့သည် ခရီးထွက်ခဲ့ကြ၏။ သူတို့တသိုက်သည် မြို့အရှေ့တံခါးမှ ထွက်လာကာ အရှေ့ကမ်းရွာရှိ တိုက်သူကြီးကျောက်ခဲအိမ်ဆီသို့ လာခဲ့ကြ၏။

ရွာသို့ သူတို့ရောက်သည့်အခါတွင် သူငယ်အိပ်စက်ချိန်မျှသာ ရှိသေး၏။ သူတို့သည် ရွာအပြင်ဘက်ရှိ ကွမ်ယင်းဘုံကျောင်းထဲတွင် စခန်းချရပ်နားကြ၏။ ရဲအုပ်ချူတုံက-

“ဟော ဟို ရှေ့နားက ဟာက တိုက်သူကြီးကျောက်ခဲရဲ့ အိမ်ပဲ ခင်ဗျ။ အိမ်ရှေ့နဲ့ နောက်ဖေးမှာ ဝင်းတံခါးပေါက်တွေ ရှိတယ်။ ကျွန်တော်တို့က အရှေ့က ဝင်တိုက်ရင် သူက အနောက်ပေါက်က ထွက်သွားမှာပဲ။ ကျွန်တော်တို့က အနောက်ပေါက်က ဝင်တိုက်ရင် သူက အရှေ့ပေါက်က ထွက်သွားမှာပဲ။ ပြီးတော့ ကျောက်ခဲဆိုတာ နုယ်နုယ်ရရ မဟုတ် ဘူးခင်ဗျ။ လက်ရုံးရည် တော်တော်စွမ်းတဲ့ ပုဂ္ဂိုလ်ဆိုတာ ကျွန်တော်တို့ သတိထားရမယ်။ နောက်ခြောက်ယောက် ဆိုတာ ဘယ်သူလဲဆိုတာ ကျွန်တော်တို့ မသိပေမယ့် အဲဒီလူတွေ ဟာလည်း ညှာညှာတာတာ လုပ်မယ့် လူစားမျိုးတွေတော့ မဟုတ်ဘူး ခင်ဗျ။ အကုန်လုံး လူဆိုးလူရမ်းတွေချည်းပဲ။ အဖမ်းမခံဘူးဆိုရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဖောက်ထွက် သွားမယ့် လူတွေ ခင်ဗျ။ ကျွန်တော်တို့ ပိတ်လို့ရမှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ လုပ်စရာ နည်းလမ်းတခုပဲ ရှိတယ်။ အဲဒါကတော့ တဖက်က ညာသံပေးပြီး အခြား တဖက်က ဝင်တိုက်။ သူတို့ ရုတ်ရုတ်ရက်ရက် ဖြစ်တုန်းမှာ ကျွန်တော်တို့က အထဲဝင်။

“ကျွန်တော့်သဘောအရဆိုရင်တော့ ကျွန်တော်တို့လူတွေကို နှစ်စု ခွဲလိုက်ချင်တယ်။ တစုကို ကျွန်တော် ခေါင်းဆောင်မယ်။ နောက်တစုကို ရဲသားလွေ့ဟုန် ခေါင်းဆောင်။

ကျွန်တော်တို့အစုက နောက်ဖေးက တိတ်တိတ်ဝင်ပြီး စောင့်နေမယ်။ ကျွန်တော် လေချွန် အချက်ပေးလိုက်တာနဲ့ တပြိုင်နက် လွေ့ဟုန်နဲ့ သူ့လူတွေ

အိမ်ရှေ့ဝင်းတံခါးကြီးကို အတင်း ဝင်တိုက်။ တွေ့သမျှလူကို အကုန်ဖမ်း”

“ခင်ဗျားပြောတဲ့ အကြံက မဆိုးပါဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ ဟောဒီက လူဆိုးထိန်းက နောက်က ချောင်းဝင်းပြီး ခင်ဗျားတို့အစုက ရှေ့ဝင်တိုက်ရင် ပိုမကောင်းပေဘူးလား”

“ခင်ဗျား မသိပါဘူးဗျာ။ ကျောက်ခဲရဲ့ အိမ်မှာ ထွက်ပေါက်သုံးပေါက် ရှိတယ်ဗျ။ ကျွန်တော် ခဏခဏ ကြည့်ဖူးတယ်။ အဲဒီဘက်က မှန်သမျှကို ကျွန်တော် သိတယ်။ မီးတုတ်မပါဘဲနဲ့တောင် အမှောင်ထဲမှာ ကျွန်တော် သူ့ကို လိုက်နိုင်ပါတယ်။ ကျောက်ခဲ ပြေးနိုင်တဲ့ လမ်းတွေကို ခင်ဗျား မသိပါဘူး။ ဒီလို သေသေချာချာ ဖမ်းလို့မှ ကျောက်ခဲ လွတ်သွားတယ်ဆိုရင် ကျုပ်တို့ ညံ့လို့ပေါ့”

ရဲမှူးက “ဟုတ်တယ်။ မင်းပြောတာ မှန်တယ်။ ဒီတော့ မင်း လူတဝက်ကို ခေါ်သွား” “ကျွန်တော် လူများများ မလိုဘူး ခင်ဗျ။ သုံးဆယ်လောက်ပဲ ခေါ်သွားမယ်” ဟု ဆိုကာ ချူတုံသည် လေးသည်ဆယ်ယောက်နှင့် စစ်သားနှစ်ဆယ်ကို ခေါ်သွား၏။

ရဲအုပ်သည် မြင်းပေါ်သို့ တက်လိုက်၏။ ကွေ့ဟုန်သည် သူ့ကို အကာအကွယ်ပေးသည့် အနေဖြင့် မြင်းစီးလေးသည်များ ရံထားလိုက်၏။ ထို့နောက် စစ်သားများကို ရှေ့တွင် တန်းစီထား၏။ မီးတုတ်၊ မီးစည်းများ၏ အရောင်တွင် ဓားသွား၊ လှံသွား၊ မှိန်းသွားတွေ တပြောင်ပြောင်ဖြင့် သူတို့လူစုသည် ကျောက်ခဲအိမ်ဆီသို့ ချီတက်လာခဲ့ကြရာ လီဝက်ခန့် အကွာသို့ ရောက်သည့်အခါတွင် အိမ်မကြီးဆီမှ မီးခိုးများ အလိပ်လိုက် တက်လာပြီး မီးတောက်မီးလျှံများ ကောင်းကင်သို့ ထိုးတက်လာသည်ကို မြင်ကြရ၏။ နောက် ခြေလှမ်း သုံးဆယ်လောက် တက်မိသည့်အခါတွင် အိမ်နောက်ဖေးဆီမှ လည်းကောင်း၊ အိမ်ရှေ့ဆီမှ လည်းကောင်း မီးတောက်များ တက်လာသည်ကို မြင်ရလေ၏။

လွေ့ဟုန်သည် မှိန်းကြီးကို မြှောက်ကာ ရှေ့မှ တက်လာသည်တွင် စစ်သားများလည်း ညာသံပေးကာ အိမ်ရှေ့ဝင်းတံခါးကို အလုံးအရင်းနှင့် ဝင်ရောက်တိုက်ကြ၏။ အိမ်ဝင်း ထဲတွင်ကား မီးတောက်များ၏ အရောင်ကြောင့် နေ့အချိန်ကဲ့သို့ ထိန်လင်းလျက်ရှိ၏။ သို့ရာတွင် လူသူအရိပ်အယောင်ကို လုံးဝ မမြင်ရချေ။ ထိုစဉ် အိမ်နောက် ဝင်းတံခါးဆီမှ ညာသံများ ပေါ်လာကာ “ဖမ်းဟေ့၊ ဖမ်းဟ” ဟူသော အသံများကို ကြားရ၏။

စင်စစ် ချူတုံသည် ကျောက်ခဲ နောက်ဖေးပေါက်မှ ထွက်ပြေးနိုင်ရန်အတွက် သူက နောက်ဖေးပေါက်မှ စောင့်ပြီး ကွေ့ဟုန်ကို အိမ်ရှေ့မှ အတိုက်ခိုင်းခြင်း ဖြစ်၏။ လွေ့ဟုန်က လည်း အကြံတူ ဖြစ်၏။ သူက နောက်ပေါက်စောင့်ပြီး ကျောက်ခဲကို

နောက်ပေါက်မှ လွတ် ထွက်သွားအောင် လမ်းဖွင့်ပေးချင်၏။ ချူတုံက ရှေ့မှ တိုက်ရန် အတင်းပြောနေသည့် အခါတွင် မတတ်သာတော့ပြီ။ သို့ရာတွင် ကွေ့ဟုန်သည် ရှေ့မှ ဟန်ပြလောက်သာ တိုက် ပြပြီး ကျောက်ခဲ မြန်မြန်ထွက်သွားစေနိုင်ရန် ညာသံကို ပို၍ ဆူညံစွာ ပေးနေခြင်းဖြစ်၏။

ချူတုံတို့လူသိုက် နောက်ဖေးဝင်းပေါက်သို့ ရောက်လာသည့်အခါ၌ ကျောက်ခဲမှာ အိမ်ထဲတွင် ကိစ္စများ မပြီးသေးချေ။ တပည့်များသည် ကျောက်ခဲအနီးသို့ ရောက်လာကာ "ဆရာလေးရေ၊ စစ်သားတွေ လာကုန်ပြီ။ ကျွန်တော်တို့ မြန်မြန်ပြေးမှ ဖြစ်မယ်" ဟု ပြောကြ၏။ ကျောက်ခဲသည် အိမ်ကို မီးတင်ရှို့ခိုင်းလိုက်၏။ ကျောက်ခဲ၊ ကုန်ဆွန်၊ လျူထန် နှင့် နောက်လိုက်နောက်ပါများသည် လှံ၊ မှိန်းများကို ဝှေ့ယမ်းကာ နောက်ပေါက်သို့ ပြေးထွက်လာခဲ့ကြ၏။

"မဆိုင်သူ မကပ်နဲ့ဟေ့။ တို့ကို တားတဲ့လူ အသေ၊ တို့ကို လမ်းဖွင့်ပေးတဲ့လူ အရှင်" ဟု ကျောက်ခဲတို့လူသိုက်က အော်ကြ၏။

"တိုက်သူကြီး၊ ကျွန်တော် စောင့်နေတာ ကြာလှပြီ" ဟု ချူတုံက မှောင်ရိပ်ထဲမှ လှမ်း ပြော၏။ သို့ရာတွင် ကျောက်ခဲသည် ထိုအသံကို ဂရုမထားနိုင်ပြီ။ ကျောက်ခဲနှင့် ကုန်ဆွန် တို့သည် မှိန်းကြီးများကို တဝီဝီမြည်အောင် ဝှေ့ယမ်း၍ ထွက်လာကြ၏။ ချူတုံသည် ရှောင်ပေးသည့် သဘောဖြင့် ဝိုင်းထားသူ လူတန်းထဲတွင် အပေါက်ဖွင့်ပေးလိုက်၏။ ကျောက်ခဲသည် ကုန်ဆွန်နှင့် တပည့်များကို အရင်ထွက်စေပြီး သူကိုယ်တိုင်မှာမူ နောက် တွင် ချန်နေရစ်ကာ ဆုတ်ထွက်လာခဲ့၏။

ချူတုံသည် နောက်ဖေးပေါက်တွင် စောင့်နေသည့် ခြေလျင်လေးသည်များကို စုစည်း ကာ "ဟေ့၊ ဟိုမှာ ပြေးကုန်ကြပြီဟေ့။ လိုက် လိုက်" ဟု အော်လိုက်၏။ ရှေ့ပေါက်တွင် ရောက်နေသည့် ကွေ့ဟုန်သည်လည်း ခြေလျင်နှင့် မြင်းစီးလေးသည်များကို အရပ် ရှစ်မျက်နှာသို့ လိုက်ရန် အမိန့်ပေးလိုက်၏။ သူကိုယ်တိုင်လည်း ထွက်ပြေးသူများကို ရှာဖွေသည့် ဟန်ဖြင့် မီးပုံကြားထဲတွင် ဟိုပြေးသည်ပြေး လုပ်နေ၏။

ရဲအုပ်ချူတုံသည် သူ့လူများထံမှ ခွဲထွက်လာခဲ့ကာ လက်တွင် မှိန်းကြီးကို ကိုင်လျက် ကျောက်ခဲနောက်သို့ လိုက်လာခဲ့၏။ ကျောက်ခဲက နောက်ပြန်လှည့်ကြည့်ရင်း-

"ဗျို့၊ ချူတုံ။ ဘာဖြစ်လို့ ကျုပ်နောက်ကို လိုက်လာတာလဲ"

ချူတုံသည် မိမိနောက်တွင် မည်သူမျှ ပါမလာသည်ကို သိသည့်အခါ

စကားကို ရဲရဲ တင်းတင်း ပြောနိုင်၊ ပြောရဲလာ၏။

"တိုက် ဒိုက်သူကြီးအတွက် ကျွန်တော် ဘယ်လိုလုပ်တယ်ဆိုတာ တိုက်သူကြီး မသိပါဘူး။ လွှေ့ဟုန် ဆိုတဲ့လူက ဘုမသိ ဘမသိနဲ့ အရမ်းတွေ လျှောက်လုပ်မှာစိုးလို့။ ဒါကြောင့် သူ့ကို တိုက်သူကြီးရဲ့ အိမ်ရှေ့ပေါက်ကို အတိုက်ခိုင်းပြီး ကျွန်တော်က နောက်ဖေးပေါက်ကို တမင် ရွေးတာ။ ဒါကြောင့် ခင်ဗျား ခုလို လွတ်လွတ်ကျွတ်ကျွတ် ထွက်နိုင်တာပေါ့။ ဒီမှာ တိုက် သူကြီး၊ ခင်ဗျား ဒီနားတဝိုက်မှာ နေလို့မဖြစ်ဘူး။ အကောင်းဆုံးကတော့ လျှံရှုန်းတောင်ရိုး က ကျူတောကို ပြေးတာ စိတ်အချရဆုံးပဲ။ ဒို့ပြင်နေရာကို ပြေးမယ် စိတ်မကူးလေနဲ့"

"ကျွန်တော်တို့ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ထိုစဉ် လွှေ့ဟုန်၏ အော်သံကို နောက်မှ ကြားရ၏။ ချူတုံက-

"မစိုးရိမ်ပါနဲ့။ သူတို့ကို ကျွန်တော် တခြားကို သွားအောင် လုပ်လိုက်မယ်" ဟု ဆိုကာ နောက်သို့ လှည့်၍-

"လိုက်ဟေ့၊ လိုက်ဟ။ လူဆိုးသုံးယောက်က အရှေ့ဘက်ကို ထွက်ပြေးသွားတယ်။ လွှေ့ဟုန်ရေ၊ အဲဒီနောက်ကို လိုက်ဗျို့"

လွှေ့ဟုန်နှင့် ရဲသားများသည် အရှေ့ဘက်သို့ ချိုး၍ လိုက်သွားကြသည်တွင် စစ်သား များလည်း သူတို့နောက်မှ လိုက်သွားကြ၏။ ချူတုံသည် နောက်မှ ပြေးလိုက်ချင်ယောင် ဆောင်ရင်းလည်း တိုက်သူကြီးကျောက်ခဲကို စကားပြောလျက်ရှိ၏။

အမှန်အားဖြင့်မူ ချူတုံသည် တိုက်သူကြီးကို အကာအကွယ်ပေးရင်း လွတ်ရာကျွတ်ရာ သို့ရောက်အောင် လိုက်ပို့နေခြင်းသာ ဖြစ်၏။ နောက်ဆုံး တိုက်သူကြီးကျောက်ခဲသည်လည်း ညအမှောင်ထဲတွင် ပြေးလွှား ပျောက်ကွယ်သွားလေပြီ။ ချူတုံသည် ခလုတ်တိုက် လဲချင်ယောင်ဆောင်ကာ မြေကြီးပေါ်သို့ ဗိုင်းခနဲလဲကျသွား၏။ စစ်သားများသည် သူ့အနီး သို့ ရောက်လာကာ သူ့ကို ထူမ၍ ပေးကြ၏။

"အမှောင်ထဲမှာဆိုတော့ လမ်းကို ကောင်းကောင်း မမြင်ရဘူးဗျာ။ လမ်းဘေးက ကွင်းထဲ ရောက်သွားပြီး ချော်လဲသွားတယ်။ ကျွန်တော့်ညာဘက်ခြေထောက်လည်း ခြေပွတ်တိုင် လည်သွားသလား မသိဘူး"

"အမိက ရာဇဝတ်ကောင်ကတော့ လွတ်ထွက်သွားပြီဗျာ။ ဒုက္ခပဲ" ဟု ရဲကြပ်သည် ညည်းလျက်ရှိ၏။

“ကျွန်တော်လည်း ကြိုးစားပြီး လိုက်တာပဲဗျ။ မှောင်နေတော့ ဘာမှမတတ်နိုင်ဘူး။ စစ်သားတွေကလည်း ဘာမှ ဟန်မကျပါဘူးဗျာ။ ခေးပြနောက်ကို မလိုက်ရဲကြဘူး”

ရဲအုပ်သည် စစ်သားများအား လူဆိုးနောက်သို့ လိုက်ရန် ပြောနေ၏။ သို့ရာတွင် စစ်သားများ စိတ်ထဲတွင်မူ “ရဲသားတွေကလည်း ဘာမှ အသုံးမကျပါဘူး။ ဟိုပြေး သည် ပြေးနဲ့ လိုက်ချင်ယောင်ဆောင်ပြီး မှောင်လို့ ဘာမှ မမြင်ရဘူးလေး ဘာလေးနဲ့ အကြောင်း ပြကြမှာပဲ။ တို့ လိုက်နေလို့လည်း အလကားပဲ ဖြစ်မှာပဲ” ဟု တွေးမိကြ၏။

လွေ့ဟုန်သည် ချူတုံပြောသည့်အတိုင်း အရှေ့ဘက်သို့ ပြေးလိုက်ရင်း “အင်း၊ ချူတုံနဲ့ တိုက်သူကြီးကျောက်ခဲဟာ ငယ်ပေါင်းကြီးဖော်တွေ။ သူကများ လွတ်အောင် လုပ်ပေး လိုက်သလား မသိဘူး။ အေးလေ။ ငါဆိုလည်း ဒီလိုပဲ လုပ်မိမှာပဲ။ ဒီလူကို လွတ်အောင် လုပ်ပေးမိမှာပဲ။ ငါ့စေတနာကို မပြလိုက်ရတဲ့အတွက်တော့ စိတ်မကောင်းဘူး” ဟု တယောက်တည်း တွေးလျက်ရှိ၏။

“ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး လိုက်တာပဲ ခင်ဗျာ။ ဒီကောင်တွေက တော် တော် အပြေးသန်တဲ့ ကောင်တွေ” ဟု လွေ့ဟုန်က ရဲကြပ်ကို ပြော၏။

တိုက်သူကြီးကျောက်ခဲ၏ အိမ်တံခါးဝသို့ ရဲကြပ်ချူတုံနှင့် လွေ့ဟုန်တို့နှစ်ယောက် သား ပြန်ရောက်လာသည့်အခါတွင်မူ သန်းခေါင်ကျော်ခဲ့လေပြီ။ စစ်သားများမှာလည်း တယောက်တကွဲ ဖြစ်နေသည်ကို ရဲမှူးဟိုတောက် မြင်ရ၏။ ထိုညတညလုံး လိုက်လံ ရှာဖွေ ကြသော်လည်း လူဆိုးတို့ကို တယောက်မျှ မတွေ့တော့ပြီ။

“ကျီစုကို ပြန်ရောက်ရင် ရဲဝန်ကို ဘယ်လိုပြောရမယ် မသိဘူး” ဟု ညည်းလျက် ရှိ၏။ နောက်ဆုံး ရဲမှူးဟိုတောက်သည် တိုက်သူကြီးကျောက်ခဲ၏ အိမ်နီးနားချင်းများကို ဖမ်းဆီးရုံမျှသာ တတ်နိုင်တော့သည်။

ယွန်ကျင့်တွင်မူ မြို့အုပ်သည် အိပ်မပျော်နိုင်ဘဲ လူဆိုးဖမ်း သွားသူများ၏ သတင်း ကိုသာ စောင့်မျှော်လျက်ရှိ၏။ လူဆိုးဖမ်း သွားသူများ ပြန်ရောက်လာသည့်အခါတွင် “လူဆိုးတွေကိုတော့ မမိဘူး။ အိမ်နားနီးချင်းတွေကို ဖမ်းလာခဲ့တယ်” ဟူသော သတင်း ကိုသာ ကြားရ၏။ မြို့အုပ်သည် ဖမ်းလာသူများကို ခေါ်ယူစစ်ဆေး၏။

“ကျွန်တော်တို့က တိုက်သူကြီးကျောက်ခဲနဲ့တော့ အိမ်နားနီးချင်းတွေပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့အိမ်နဲ့ သူ့အိမ်ကြားမှာ တဲစုကလေးတွေ ခြားနေသေးတယ်

ခင်ဗျ။ ပြီးတော့ ကွင်းပြင်ကြီးတွေလည်း ရှိနေသေးတယ်။ အနည်းဆုံး သုံးလေးလီလောက်တော့ လှမ်း သေးတယ်။ သူ့ဆီကိုတော့ ကွင်းပြင်ကြီးတွေလည်း ရှိနေပြီး တုတ်သိုင်းတွေ၊ လုံတွေ ကိုင် လာတဲ့ ဧည့်သည်တွေ မကြာခဏ လာတတ်တာပဲ။ ဒါပေမဲ့ သူက သိုင်းကစားဝါသနာ ပါတော့ ဒီလိုပဲ လာပြီး သိုင်းလေ့ကျင့်နေတယ်လို့ ထင်မိတာပဲ”ဟု အိမ်နားနီးချင်းများက ထွက်ဆိုကြ၏။ မြို့အုပ်ကလည်း သဲလွန်စ ရလိုရငြား သူတို့ကို အတင်းဖိမေး၏။ ဤတွင် တယောက်က-

“မြို့အုပ်မင်း သတင်းအမှန်ကို လိုချင်တယ်ဆိုရင် သူ့တပည့်တွေကို မေးကြည့် ပါလား”

“သူ့တပည့်တွေက သူနဲ့အတူတူ ပါသွားတယ် မဟုတ်လား”

“တချို့ ကျန်ရစ်ခဲ့သေးတယ် ခင်ဗျ။ ခုထိ ရှိသေးတယ်”

မြို့အုပ်သည် မင်းချင်းများကို ခေါ်ကာ အရှေ့ကမ်းရွာသို့ လွှတ်ပြီး တိုက်သူကြီး ကျောက်ခဲ၏ တပည့်များကို အဖမ်းခိုင်းလိုက်၏။ နာရီလေးမောင်းလောက် ကြာသည့် အခါတွင် မင်းချင်းများသည် ကျောက်ခဲ၏ တပည့်နှစ်ယောက်ကို ဖမ်းလာခဲ့ကြလေ၏။ အစတွင် ဘူးကွယ်လျက် ရှိသော်လည်း ရိုက်နှက် စစ်ဆေးသည့်အခါတွင် မခံနိုင်တော့ဘဲ ဖြောင့်ချက်ပေးကြ၏။

“တိုက်သူကြီးနဲ့ လာ လာပြီး တိုင်ပင်နေတာကတော့ လူခြောက်ယောက်ပဲ ခင်ဗျ။ ဒါပေမဲ့ ကျွန်တော်တို့ သိတဲ့လူကတော့ ကျွန်တော်တို့ရွာနားက ကျောင်းဆရာဝုရုံ ဆိုတဲ့ လူကိုပဲ သိတယ်။ တခြားလူတွေကတော့ ကုန်ဆွန်တဲ့။ ပြီးတော့ အသားညိုညို ထောင် ထောင်မောင်းမောင်းနဲ့ လူကတော့ လျူထန်တဲ့။ ဒီပြင်သုံးယောက်ကိုတော့ ကျွန်တော်တို့ လုံးလုံးမသိဘူး။ အဲဒီလူတွေကို ဝုရုံခေါ်လာတာပဲ။ ညီအစ်ကိုသုံးယောက်တဲ့။ တံငါသည် တွေတဲ့။ သူတို့နာမည်က ဖိုးရုံလို့ ပြောတာပဲ”

သူတို့ဖြောင့်ချက်ကို ရေးမှတ်ထားပြီးနောက် မြို့အုပ်သည် ကျောက်ခဲ၏ တပည့် နှစ်ယောက်ကို ရဲမှူးဟိုတောက်လက်သို့ အပ်၍ ရဲဝန်ထံ အစီရင်ခံစာ အပြည့်အစုံကို ရေး၏။ စာရေးကြီးစုန်ကျန့်က သူတို့ကို အာမခံသဖြင့် သူတို့ကို ပြန်လွှတ်လိုက်၏။ အလို ရှိလျှင် ခေါ်မည် ဖြစ်ကြောင်းလည်း ပြောလိုက်၏။

ရဲမှူးဟိုတောက်နှင့် ရဲသားများသည် ကျောက်ခဲ၏ တပည့်နှစ်ယောက်ကို ခေါ်ကာ ကျီစုသို့ တညလုံး ခရီးနှင်ခဲ့ကြ၏။ သူတို့ရောက်သည့်အချိန်၌ မြို့ဝန်မင်းမှာ ရုံးထိုင်နေ လေပြီ။ ဟိုတောက်သည် ကျောက်ခဲအား သွားရောက်ဖမ်းဆီးပုံ၊ ကျောက်ခဲမှာ အိမ်ကို မီးတင်၍ ထွက်ပြေးပုံတို့ကို ရဲဝန်ထံ အစီရင်ခံ၏။

ကျောက်ခဲတပည့်များ၏ ဖြောင့်ချက် ကိုလည်း ရဲဝန်ထံ သတင်းပို့၏။

"ဩော်၊ ဒီလိုလား။ ဒီလိုဆိုရင် ပိုက်ရှန်းကို ထုတ်ခဲ့စမ်း"

"ဖိုးရုံညီအစ်ကိုဆိုတာ ဒီကောင်တွေ ပြောသလို ကျောက်တိုင်ရွာမှာ နေသလား" ဟု ပိုက်ရှန်းကို မေး၏။

ယခုအချိန်တွင် ငြင်း၍ အကျိုးမရှိတော့ပြီကို ပိုက်ရှန်း သိလိုက်လေပြီ။

"ဟုတ်ပါတယ်။ ကျောက်တိုင်ရွာမှာ နေပါတယ်။ အကြီးဆုံးက ဗိုလ်ဘီလူးတဲ့။ အလယ်က ဗိုလ်ယက္ခတဲ့။ အငယ်ဆုံးက ဗိုလ်ကုမ္ဘာန်တဲ့"

"ဒီပြင်သုံးယောက်ရဲ့ နာမည်ကကော"

"ဝိဇ္ဇာမိုရ်ဝုရုံ၊ တိမ်နဂါးကုန်ဆွန်နဲ့ မွေးနီလျူထန်လို့ ခေါ်ပါတယ်"

"ဟုတ်ပြီ။ ဒီလိုဆိုရင် သတင်းကို သေသေချာချာ သိရပြီ။ ပိုက်ရှန်းကို အချုပ်ထဲ ပြန်ပို့လိုက်။ သွား။ ဖိုးရုံတို့ ညီအစ်ကိုကို ဖမ်းခဲ့။ ဒီကောင်တွေကို မိရင် တို့အမှု ပြီးတော့မယ်" ဟု ဆိုကာ ရဲဝန်သည် ရဲမှူးဟိုတောက်အား ကျောက်တိုင်ရွာသို့ လွှတ်လိုက်၏။

ရလဒ်မှာ-

ကောင်းကင်မှ နတ်ဆိုးများနှင့် မြေပြင်မှ မိစ္ဆာတို့သည် တိမ်တိုက်များထဲတွင် စုဝေး ကြ၏။ ကျူတောတို့ပတ်လည်ဝိုင်းနေသည့် တောင်စခန်းခံတပ်တွင် စစ်သည်တို့ စုဝေးကြ၏။

ရဲမှူးဟိုတောက် ကျောက်တိုင်ရွာကို စီးနင်း တိုက်ခိုက်သည့်အခါတွင် မည်သို့ ဖြစ်သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၁၉

ရေခါးပတ်ခံတပ်အတွင်း၌ လင်ချိုး ဆူပူသောင်းကျန်းခြင်း

လျှံရှန်းစိမ့်တော၌ ကျောက်ခဲ တိုက်ပွဲတပွဲ နိုင်ခြင်း

မြို့ဝန်၏ အမိန့်ကို ရသည့်အခါတွင် ရဲမှူးဟိုတောက်သည် မိမိ၏ လူများကို ခေါ်၍ အစည်း အဝေးခန်းသို့ ထွက်လာလေ၏။

"ကျောက်တိုင်ရွာဟာ လျှံရှန်းစိမ့်တောကြီးရဲ့ အစွန်းမှာ ရှိတယ်။ ပတ်ပတ်လည် မှာလည်း ရေတွေ ဝန်းရံနေပြီး ကျူတောတွေ၊ ချောင်းတွေချည်းပဲ။ ဒီတော့ ဒီရွာကို ဝိုင်းပြီး ကျွန်တော်တို့လိုချင်တဲ့သူကို ဖမ်းချင်ရင် ကျွန်တော်တို့မှာ လူများများ၊ လှေများများ လိုတယ်။ ဒါတွေ မရှိရင် ဘယ်လိုလုပ်မှ ကျွန်တော်တို့ လိုချင်တဲ့လူကို ဖမ်းလို့ ရမှာ မဟုတ်ဘူး" ဟု ရဲအရာရှိများက ပြောလေ၏။

"သူတို့ပြောတာလည်း ဟုတ်ပေသားပဲ" ဟု ဟိုတောက် စဉ်းစားကာ ရုံးသို့ ပြန်လာ ခဲ့ပြီးလျှင် အကျိုးအကြောင်းကို ရဲဝန်အား ပြောပြလေ၏။

"ကျောက်တိုင်ရွာဟာ ချောင်းတွေ၊ မြောင်းတွေ ဝန်းရံထားတဲ့ ရွာ ဖြစ်ပါတယ် ဝန်မင်း။ အဲဒီမှာလည်း လျှံရှန်းစိမ့်တောကြီး ရှိနေပါတယ်။ အဲဒီနားတဝိုက်မှာလည်း ချောင်းကွေ့၊ မြောင်းကွေ့ အလွန်ပေါပြီး မြက်တောတွေ၊ ကျူတောတွေ ပိတ်နေတတ် ပါတယ်။ ကျောက်တိုင်ရွာဟာ လူဆိုးတွေ အမြဲတမ်း ကိန်းအောင်းတဲ့ ရွာတရွာ ဖြစ်ပါ တယ်။ ခုဆိုရင် လူဆိုးတွေမှာ နောက်ထပ် အင်အားတွေ တိုးနေတယ်လို့ သိရပါတယ်။ ဒီလူဆိုးတွေကို ဖမ်းချင်ရင် ကျွန်တော်တို့မှာ အင်အားကောင်းမှ ဖြစ်ပါလိမ့်မယ်"

"ကောင်းပြီ။ ဒီလိုဆိုရင် မောင်မင်းကို လက်ထောက်ကောင်းကောင်းတယောက်နဲ့ လူငါးရာ ပေးလိုက်မယ်"

ဟိုတောက်သည် အစည်းအဝေးခန်းသို့ ပြန်လာခဲ့ကာ မိမိ၏ ရဲအစောင့်များကို ခေါ်လိုက်ပြီးလျှင် လူငါးရာကို စာရင်းလုပ်ရန်နှင့် ယူသွားမည့် လက်နက်ခဲယမ်းမီးကျောက် များကို ပြင်ဆင်ထားရန် အမိန့်ပေးလိုက်လေ၏။

နောက်တနေ့တွင် သူ့လက်ထောက် ရဲမှူးသည်လည်း ရဲဝန်၏ အမိန့်ကို ယူဆောင်၍ ရောက်လာသဖြင့် တပ်သားငါးရာကို စုဆောင်းကြလေ၏။ တပ်သားငါးရာနှင့် ရဲသားများကို ခေါ်ဆောင်ပြီးနောက် သူတို့အဖွဲ့သည်

ကျောက်တိုင်ရွာဘက်သို့ ချီတက်လာခဲ့ကြ လေ၏။

ထိုအချိန်၌ကား ကျောက်ခဲနှင့် ကုန်ဆွန်ရှုန်းတို့သည်လည်း ရွာကို မီးရှို့ကာ နောက် လိုက်နောက်ပါ တကျိပ်ကျော်ကျော်တို့နှင့်အတူ ကျောက်တိုင်ရွာသို့ ရောက်နေကြလေပြီ။ သူတို့ကို ဖိုးရုံညီအစ်ကိုသုံးယောက် တို့က ကြိုဆိုပြီးနောက် လက်နက်များနှင့်အတူ အစ်ကို ကြီးဖိုးရုံထံသို့ ခေါ်လာခဲ့ကြလေ၏။ ဖိုးရုံကလေးမှာ မိမိ၏ မိခင်၊ ဇနီးသည်နှင့် ကလေးငယ် တို့ကို ကျူတောထဲရှိ လုံခြုံရာတနေရာသို့ ပို့ခဲ့ပြီးဖြစ်လေ၏။ သူတို့ညီအစ်ကိုငါးဦးနှင့် နောက် ရောက်လာသူနှစ်ဦးတို့သည် လျှံရှုန်းတောင်ရိုးပေါ်ရှိ တောပုန်းတို့နှင့် ပေါင်းရန် ဆွေးနွေး တိုင်ပင်ကြလေ၏။

“လီယာချောင်းဝမှာ ထမင်းဆိုင်ကလေးဖွင့်ထားတဲ့ ချူကွီ ဆိုတဲ့သူ တယောက် ရှိတယ်။ သူ့ကို ကုန်းမိကျောင်းလို့လည်း ခေါ်ကြတယ်။ ဒီလူဟာ အရပ်ရှစ်မျက်နှာက ရဲရင့်သူတွေကို အမြဲတမ်း ဆီးကြိုတတ်တယ်။ တောပုန်းတွေနဲ့ ပူးပေါင်းချင်ရင် သူနဲ့ အရင်ဆွေးနွေးရတယ်။ ဒီတော့ ကျုပ်တို့အနေနဲ့ လှေတို့ ဘာတို့ ငှားပြီး ပစ္စည်းတွေတင်၊ သူ့ဆီကို လက်ဆောင်ပို့ပြီး ကမ်းလှမ်းကြည့်ရင် ကောင်းမယ်ထင်တယ်” ဟု ဝုရုံက ပြောလေ၏။

ထိုစဉ် တံငါသည်အချို့ ရောက်လာကြကာ “ကျွန်တော်တို့ ရွာဘက်ကို တပ်သားတွေ ချီလာပြီ။ မြင်းတွေ၊ လူတွေမှ အများကြီးပဲ” ဟု ပြောကြားလေ၏။ ကျောက်ခဲက ထိုင်ရာမှ ထလိုက်လျက်-

“ဒီကောင်တွေ မီလာရင် ကျုပ်တို့ ပြေးလို့ လွတ်မှာမဟုတ်ဘူး”

“ဒီလောက် မစိုးရိမ်ပါနဲ့လေ။ ဒီကောင်တွေအားလုံးကို ရေထဲနှစ်သတ်ပြီး ကျန်တဲ့ ကောင်တွေကို ဓားနဲ့ ပိုင်းပစ်ပါ့မယ်” ဟု ဖိုးရုံက ပြောလေ၏။

ကုန်ဆွန်ရှုန်းကလည်း “ဒီလောက် မစိုးရိမ်ပါနဲ့ဗျာ။ ကျုပ် ရှင်းပါ့မယ်” ဟု ပြောလေ၏။

ဤတွင် ကျောက်ခဲက လျူထန်ဘက်သို့ လှည့်၍-

“ကဲ၊ ဒီလိုဆိုရင် နောင်ကြီးနဲ့ ကျောင်းဆရာက ကျွန်တော်တို့ မိသားစုတွေနဲ့ ပစ္စည်း တွေကို လှေနဲ့ တင်ပြီး လီယာချောင်းဝဘက် ဝဲဘက်တောစပ်က စောင့်။ ကျုပ်တို့တတွေက အခြေအနေကြည့်ပြီး နေရစ်ခဲ့မယ်။ နောက်ကျမှ လိုက်လာခဲ့မယ်”

ဖိုးရုံသည် လှေအချို့ကို ရွေးပြီးနောက် နှစ်စီးကို ယူလိုက်လေ၏။ ထို့နောက် မိခင်၊ ဇနီး သည်နှင့် ကလေးတို့ကို လှေတစီးပေါ်သို့ တင်လေ၏။ ဝုရုံနှင့် လျူထန်တို့က အခြား လှေ တစီးပေါ်သို့ တက်ကြလေ၏။ တံငါသည်

ရှစ်ယောက်ခန့်တို့မှာ သူတို့အား လီယာချောင်းဝမှ ကြိုဆိုရန် လှေများဖြင့် ထွက်ခွာသွားကြလေ၏။ ဖိုးရုံကြီးက သူ့ညီနှစ်ယောက်အား ရန်သူ တို့ကို မည်သို့မည်ပုံ ခုခံတိုက်ခိုက်ရမည့်အကြောင်းကို ရှင်းပြလေ၏။ သူတို့နှစ်ဦးသည် တယောက်ကို လှေတစီးစီဖြင့် သွားရမည် ဖြစ်ကြောင်း။ ဤတွင် ညီငယ် နှစ်ယောက် တို့လည်း လှေတစီးစီဖြင့် ထွက်သွားလေ၏။ ရဲမှူးဟိုတောက်၊ သူ့လက်ထောက်ရဲမှူးနှင့် တပ်သားများသည် တဖြည်းဖြည်းဖြင့် ကျောက်တိုင်ရွာအနီးသို့ ကပ်လာခဲ့ကြလေပြီ။ လမ်းတလျှောက်တွင် တွေ့သမျှ လှေများကိုလည်း သိမ်းယူခဲ့ကြလေ၏။ ထို့နောက် ရေကူး တတ်သည့် တပ်သားမှန်သမျှကို ထိုလှေများပေါ်သို့ တက်၍ လိုက်ရန် အမိန့်ပေးကြလေ၏။ မြင်းတပ်က ကုန်းကြောင်းမှ ချီတက်လျက် ရှိစဉ် ကြည်းတပ်နှင့် ရေတပ်များကလည်း စစ်ကြောင်းအတိုင်း ရင်ပေါင်တန်း၍ ချီတက်လာခဲ့ကြလေ၏။ အိမ်တအိမ်သို့ ရောက်သည့် အခါတွင် တပ်သားများသည် ညာသံပေး၍ ဝင်းထဲသို့ ပြေးဝင်လာခဲ့ကြလေ၏။ သို့ရာတွင် ကြီးမားသည့် အိမ်ထောင်ပရိဘောဂ ပစ္စည်းအချို့မှ အပ အခြား ဘာကိုမျှ မတွေ့ရတော့ဘဲ ဟာလာဟင်းလင်းဖြစ်လျက် ရှိသည်ကို တွေ့ရလေ၏။

"သွား၊ အနားမှာရှိတဲ့ တံငါသည်တွေကို သွားခေါ်ချေစမ်း" ဟု ရဲမှူးဟိုတောက်က အမိန့်ပေးလိုက်လေ၏။ တံငါသည်များကို ခေါ်၍ စစ်ဆေးသည့်အခါ၌ "ဖိုးရုံညီအစ်ကို တသိုက်ကတော့ ကျူတောထဲမှာ နေတယ်လို့ ကြားရတာပဲ။ အဲဒီကို လှေနဲ့ပဲ သွားလို့ ရတယ်"ဟု ပြောကြလေ၏။ ဟိုတောက်သည် အခြေအနေကို လက်ထောက်နှင့် ဆွေးနွေး ပြီးနောက်-

"စိမ့်တောကြီးဟာ ချောင်းတွေ၊ မြောင်းတွေ၊ လမ်းကွေ့တွေ၊ လမ်းကောက်တွေ၊ အင်းတွေ၊ အိုင်တွေနဲ့ ပြည့်နေတဲ့ နေရာပဲ။ တို့တတွေ လူစုကလေးတွေ ခွဲပြီး လိုက်ရှာရင် ဒီကောင်တွေက ထောင်ချောက်ထဲ မျှားပြီး ဖမ်းကြလိမ့်မယ်။ ဒီတော့ ငါ့သဘောပြောရရင် တို့မြင်းတွေအားလုံးကို ရွာထဲမှာ အစောင့်နဲ့ ထားပစ်ခဲ့ပြီး လှေနဲ့ သွားရရင် ကောင်းမယ်လို့ ထင်တယ်"

သို့ဖြင့် ယင်းတို့သည် ထိုအတိုင်း ချီတက်ကြလေ၏။ လှေအစီး တရာကျော်လောက်ကို သိမ်းဆည်းကြလေ၏။ အချို့မှာ ဦးကော့လှေများ ဖြစ်ပြီး အချို့လည်း လှေဝမ်းပြားများ ဖြစ်ကြလေ၏။

ထို့နောက် လှေတပ်ကြီးသည် ဖိုးရုံကလေး ပုန်းအောင်းလျက်ရှိရာ တံငါရွာဘက်သို့ ဆန်တက်လာခဲ့ကြလေ၏။ လေး ငါးလီခန့် လှော်ခတ်လာခဲ့မိသည့်အခါတွင် ကျူတော ထဲမှ တေးဆိုသံ တသံကို ကြားရသည့်အတွက် တပ်သားများသည်လည်း လှော်တက်ကို ချကာ သီချင်းသံကို နားစွင့်လျက် ရှိကြလေ၏။ **သီချင်းသံသည် ရေပြင်ကို ဖြတ်၍ သူတို့ ဆီသို့**

ပျံ့လွင့်လာလေ၏။[19]"

ရဲမှူးဟိုတောက်နှင့် သူ့တပ်သားများသည် ထိုသီချင်းသံကို ကြားရသည့်အခါ၌ လန့်ဖျပ်သွားကြလေ၏။ ထို့နောက် ခပ်ဝေးဝေးတွင် တေးသံရှင်ကို မြင်ရလေ၏။ ထိုလူသည် လှေဝမ်းပြားကလေးတစီးကို လှော်ခတ်လာလေ၏။ တပ်သားတယောက်က ထိုလူကို ချက်ချင်း မှတ်မိကာ "အဲဒါ ဖိုးရုံကလေးပဲ ခင်ဗျ" ဟု ပြောလေ၏။

ရဲမှူးဟိုတောက်သည် အချက်ပြသည့်အနေဖြင့် လက်ကို ဝှေ့ယမ်းပြလိုက်ရာ လက်နက် အပြည့်အစုံ ကိုင်ဆောင်ထားသည့် တပ်သားများ စီးနင်းလိုက်ပါလာသော လှေတပ်ကြီး သည် ထိုလူနောက်သို့ အပြင်းလိုက်လာခဲ့ကြလေ၏။

ဖိုးရုံကလေးသည် တဟားဟား ရယ်လိုက်ရင်း-

"ဟေ့၊ အကျင့်ပျက်တဲ့ အရာရှိတွေ။ မင်းတို့ဟာ သာမန်လက်လုပ်လက်စား ဆင်းရဲ သားတွေကို ဖိနှိပ်အနိုင်ကျင့်တဲ့နေရာမှာ တော်တော်သတ္တိကောင်းကြသားပဲ။ ငါ့နောက်ကို ဘာဖြစ်လို့ လိုက်လာကြတာလဲ။ သတိထားလိုက်ကြနော်။ ကျားနှုတ်ခမ်းမွေးကိုတော့ လာဆွဲမယ် စိတ်မကူးကြနဲ့"

ရဲမှူးဟိုတောက်နောက်မှ လိုက်လာကြသည့် လေးသည်တော်များသည် လေးတင်ကာ မြားများကို အဟုန်ပြင်းစွာဖြင့် လွှတ်လိုက်ကြလေ၏။ ဖိုးရုံကလေးသည် လှော်တက်ကို ကောက်ကိုင်ကာ ရေထဲသို့ ဆင်း၍ ငုပ်သွားလေ၏။ တပ်သားများ ရောက်လာသည့်အခါ တွင် ဖိုးရုံ၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပြီ။

သို့ဖြင့် ဆက်၍ လှော်ခတ်လာခဲ့ကြရာ ချောင်းဝကလေးနှစ်ခုကို လွန်လာသည့်အခါ တွင် ကျူတောထဲမှ လက်ခေါက်မှုတ်သံကို ကြားရပြန်လေ၏။ ဟိုတောက်၏ လှေများသည် တပ်ဖြန့်၍ လှော်လာခဲ့ကြလေ၏။ ရှေ့တွင် လူနှစ်ယောက်လိုက်ပါလာသော လှေငယ် ကလေးတစီးကို မြင်ရလေ၏။ လှေဦးပိုင်းတွင် ရပ်နေသူသည် မြက်ဦးထုပ် အနက်တလုံးကို ဆောင်းထားပြီး ဝတ်ရုံအစိမ်းကြီးကို ခြုံထားလေ၏။ သူ့လက်ထဲတွင်မူ စုတ်တံကဲ့သို့ လုံသားအပြား ကပ်ထားသော လုံကြီးတချောင်းကို ကိုင်ထားလေ၏။ ထိုသူသည် အောက်ပါ **သီချင်း**[20]" ကို ဆိုလျက်ရှိလေ၏။

ဤတွင် ရဲမှူးဟိုတောက်နှင့် သူ့လူများမှာလည်း လန့်ဖျပ်ကြပြန်လေ၏။ လှေ တပ်သားထဲမှ တယောက်က ထိုလူကို မှတ်မိသဖြင့် "အဲဒါ ဖိုးရုံကြီးဗျ" ဟု ပြောလေ၏။

"အားလုံး ဒီကောင်ကို ဝိုင်းဖမ်းကြစမ်း။ မလွှတ်စေနဲ့" ဟု ဟိုတောက်က အမိန့်ပေး လေ၏။ ဖိုးရုံကြီးက တဟားဟားရယ်လိုက်လျက် "တော်တော်နံတဲ့ ကျွန်စုတ်တွေ" ဟုဆိုကာ လှံဦးဖြင့် ချိန်လိုက်ပြီးလျှင် အင်းဘေးရှိ ချောင်းကလေးတချောင်းထဲသို့ လှော်ခတ် သွားလေ၏။

တပ်သားများသည် နောက်မှ ညာသံပေး၍ လိုက်ကြလေ၏။ ဖိုးရုံကြီး၏ လှေကလေး မှာ ရေပြင်တွင် ရှပ်၍ ပျံနေသကဲ့သို့ တရိပ်ရိပ်ဖြင့် ပြေးလျက်ရှိလေ၏။ သူတို့သည် လက် ခေါက်မှုတ်ကာ လှေကလေးကို ပို၍ ကျဉ်းသော ချောင်းကလေးတခုထဲသို့ လှော်ခတ် သွားကြလေ၏။ နောက်က လိုက်လာသော လှေများမှာ ချောင်းကျဉ်းကလေးထဲသို့ မဝင် နိုင်တော့သည့်အတွက် ကျန်ရစ်ခဲ့ကြလေ၏။

"ဟေ့၊ လှေတွေကို ကမ်းမှာ ဆိုက်ထားလိုက်ကြ" ဟု ရဲမှူးဟိုတောက်က အမိန့်ပေး လိုက်လေ၏။ ဟိုတောက်သည် ကမ်းပေါ်သို့ တက်သွားကာ အနီးပတ်ဝန်းကျင်ကို ရှာဖွေ ကြည့်လေ၏။ ဘေးပတ်ပတ်လည်တွင် စိမ့်တောကြီးနှင့် ကျူတောကြီးများကိုသာ တွေ့ရ လေ၏။ လမ်းဆို၍ အရာကိုမျှ မမြင်ရချေ။ ဟိုတောက်သည် ဆုတ်ဆိုင်းလျက်ရှိလေ၏။ ဝေခွဲ၍မရအောင် ဖြစ်လျက် ရှိ၏။ ဟိုတောက်သည် ထိုဒေသသားဖြစ်သည့် တပ်သား တဦးကို ခေါ်၍ လမ်းပြခိုင်းလေ၏။

"ကျွန်တော်က ဒီဇာတိသားဆိုပေမယ့် ကျွန်တော်မသိတဲ့ နေရာတွေလည်း အများ ကြီးပဲ ခင်ဗျ" ဟု ထိုတပ်သားက ပြောလေ၏။

ရဲမှူးဟိုတောက်သည် ရဲသားသုံးဦး လိုက်ပါသော လှေနှစ်စီးကို ခေါ်ကာ ကျူတော ထဲသို့ ဝင်၍ အခြေအနေကို အကဲခတ်ရန် စေလွှတ်လိုက်လေ၏။ နောက် နာရီနှစ်မောင်း ကြာသည့်တိုင်အောင် ထိုသူများမှာ ပြန်ရောက်မလာကြသေးချေ။

"ဒီခွေးကောင်တွေကို ခိုင်းလိုက်ရင် ဘာမှ စိတ်မချရဘူး" ဟု မြည်တွန်တောက်တီး လေ၏။ ထို့နောက် ဟိုတောက်သည် လှေတစီးလျှင် ရဲသားငါးဦးစီပါသော လှေနှစ်စီးကို ထပ်မံ လွှတ်လိုက်ပြန်လေ၏။ နာရီတမောင်းကျော်သွားသည့်အခါတွင် ထိုလူများမှာလည်း ပြန်ရောက်မလာကြချေ။

"ဒီကောင်တွေဟာ ထက်ထက်မြက်မြက်နဲ့ အင်မတန် တိုက်ရေးခိုက်ရေး ကျွမ်းကျင်တဲ့ ကောင်တွေပဲ။ ဘာဖြစ်လို့များ ဒီလောက် ကြာနေကြပါလိမ့်မလဲ။ တကယ်ဆိုရင် လှေတစီး ကို ပြန်လွှတ်လိုက်ပြီး သတင်းတို့ ဘာတို့ ပို့ခိုင်းလိုက်ပေါ့။ ငါ ခေါ်လာတဲ့ တပ်သားတွေ ကိုလည်း အားကိုးရမှာ မဟုတ်တော့ပါဘူး။ ဒီကောင်တွေက အပေါ်နဲ့ အောက်ကိုတောင် ခွဲခြားသိတဲ့ကောင်တွေ မဟုတ်ဘူး"

ထိုအချိန်၌ကား အချိန်အတော်နှောင်းခဲ့လေပြီ။

"ငါ ဒီမှာထိုင်ပြီး စဉ်းစားနေလို့ မဖြစ်ဘူး။ ငါကိုယ်တိုင် သွားကြည့်မှ ဖြစ်တော့မှာပဲ" ဟု ရဲမှူးဟိုတောက် တွေးမိလေ၏။

ရဲမှူးဟိုတောက်သည် အမြန်ဆုံးလှေတစီးကို ရွေးချယ်ပြီးနောက် လက်နက်အပြည့် တပ်ဆင်ထားသည့် လက်ရွေးစင်တပ်သား အမြောက်အမြားကို ခေါ်၍ ထွက်လာခဲ့လေ၏။

ဟိုတောက်သည် လှေဦးတွင် ထိုင်ကာ မျှော်မဆုံးနိုင်သည့် ကျူတောကြီးကို ကြည့်ရှု လိုက် ပါခဲ့ရာ ခတ်တက် ခြောက်စီး လှော်ခတ်သည့် လှေသည်လည်း ချောင်းထဲသို့ ဆန်တက်လာ ခဲ့လေ၏။

ထိုအချိန်၌ကား နေသည် အနောက်ဘက်တွင် ဝင်စပြုနေလေပြီ။ ချောင်းကျဉ်း ကလေးထဲသို့ ငါးလီခန့် ဆန်တက်လာမိသည့်အခါ၌ ကမ်းပေါ်တွင် ပေါက်ပြားတလက်ကို ထမ်း၍ သွားနေသော လူတယောက်ကို မြင်ရလေ၏။

"ဟေ့၊ မောင်မင်း။ မောင်မင်းက ဘယ်သူလဲ။ ဒီချောင်းက ဘာချောင်းလို့ ခေါ်သလဲ"

"ကျွန်တော်က ရွာထဲက လယ်သမားပါဗျာ။ ဒီနေရာက ခေါင်းပြတ်ချောင်းလို့ ခေါ်ပါ တယ်။ ရှေ့ဆက်သွားရင် သွားလို့ မရတော့ပါဘူး"

"ဒီချောင်းအတိုင်း ဆန်သွားတဲ့ လှေနှစ်စီးကိုများ မတွေ့လိုက်ဖူးလား"

"ဖိုးရှုံကြီးတို့ လှေနောက်ကို လိုက်သွားတဲ့ လှေနှစ်စီးကို ပြောတာလားဗျာ"

"နေစမ်းပါဦး။ ဒီလှေနှစ်စီးဟာ ဖိုးရှုံတို့နောက်ကို လိုက်တဲ့ လှေနှစ်စီးလို့ မင်းက ဘာဖြစ်လို့ သိနေတာလဲ"

"အဲ ဟိုက တောအုပ်ထဲမှာ ဖိုးရှုံတို့နဲ့ တွေ့ပြီး တိုက်နေကြတယ်ဗျ"

"အဲဒီတောက ဒီကနေ ဘယ်လောက် ဝေးသလဲ"

"အနီးကလေးရယ်ဗျ။ နည်းနည်းလောက် သွားလိုက်ရင် ရောက်သွားမှာပဲ"

ဟိုတောက်သည် လှေများကို ကမ်းတွင် ဆိုက်ရန် သူ့လူများကို အမိန့်ပေးလိုက် ပြီးလျှင် တိုက်ပွဲဖြစ်ပွားရာသို့ သွားရန် အမိန့်ပေးလိုက်လေ၏။ ဟိုတောက်သည် ချွန်မြ နေသည့် လှံကြီးများကို ကိုင်ထားသည့် တပ်သားနှစ်ယောက်ကို ကမ်းပေါ်သို့ အတက်ခိုင်း လိုက်လေ၏။ ဤတွင်

လယ်သမားသည် ပေါက်ပြားကို မြှောက်၍ နှစ်ချက် ရိုက်ချလိုက်ရာ ရဲသားနှစ်ယောက်မှာ ချောင်းထဲသို့ ကျသွားကြလေ၏။ ဟိုတောက်သည် အံ့အားသင့်သွားကာ ကမ်းပေါ်သို့ သူ့ကို တိုက်ရန် ကုပ်ကပ်၍ တက်လာခဲ့လေ၏။

ထိုစဉ် လှေသည် လှုပ်သွားကာ ရေထဲမှ လူတယောက် ဘွားခနဲပေါ်လာပြီးနောက် ဟိုတောက်၏ခြေထောက်ကို ဆွဲချလိုက်ရာ ဟိုတောက်မှာ ရေထဲသို့ ကျ၍ မြုပ်သွားလေ၏။ အခြားသော ရဲသားများလည်း လှေကို ကမ်းမှခွာ၍ လှော်ပြေးမည်ပြုစဉ် လယ်သမားသည် လှေပေါ်သို့ ခုန်တက်ကာ ရဲသားများ၏ ခေါင်းကို ပေါက်ပြားဖြင့် တချက်ပြီး တချက် ရိုက်ချလိုက်ရာ သူတို့၏ ဦးနှောက်များမှာ အနီးတဝိုက်တွင် ပြန့်ကျဲလျက် ရှိလေ၏။ ရေထဲမှ လူသည် ဟိုတောက်၏ ခြေနှစ်ချောင်းကို ပူးကိုင်ကာ ကမ်းပေါ်သို့ ဆွဲတင်လာပြီးလျှင် သူ့ ခါးစည်းကြိုးဖြင့် တုပ်နှောင်ထားလိုက်လေ၏။ ထိုသူကား အခြားသူ မဟုတ်။ ဖိုးရုံကြီး ဖြစ်လေ၏။ ပေါက်ပြားနှင့် လယ်သမားမှာ ဖိုးရုံကလေး ဖြစ်လေ၏။ သူတို့ညီအစ်ကို နှစ်ယောက်သည် ဟိုတောက်ကို ဆဲဆိုကြိမ်းမောင်းလျက် ရှိကြလေ၏။

"ကျုပ်တို့ ဖိုးရုံညီအစ်ကိုတသိုက်ဟာ အမြဲတမ်း သတ်ချင်ဖြတ်ချင်နေတဲ့ ကောင်တွေဗျ။ အမြဲတမ်း တိုက်ချင်ခိုက်ချင်နေတဲ့ ကောင်တွေ။ ခင်ဗျား ကျုပ်တို့ကို လာပြီး စမ်းတယ်ပေါ့ ဟုတ်လား။ ခင်ဗျားက တပ်သားတွေကို ခေါ်လာပြီး ကျုပ်တို့ကို ဖမ်းဖို့ လာ ရအောင် ဘယ်လောက်များ သတ္တိကောင်းလို့လဲ"

"မဟုတ်ပါဘူး မောင်တို့ရာ။ ကျုပ်က အထက်ကအမိန့်အတိုင်း လုပ်ရတဲ့လူပါ။ မောင် တို့လို ရဲရင့်တဲ့လူတွေရဲ့ နောက်ကို ကျုပ် မလိုက်ရဲပါဘူး။ ကျုပ်အမေကြီးဟာ အသက် ရှစ်ဆယ်ရှိပါပြီဗျာ။ ကျုပ်အမေကြီးကို သနားသောအားဖြင့် ကျုပ်အသက်ကို ချမ်းသာပေး ကြပါ။ အမေကြီးကို ကျုပ်ပဲ ရှာဖွေကျွေးမွေးရတာပါ"

"ဒီလူကို ပေါက်စီထုပ်သလို ထုပ်ထားပြီး လှေဝမ်းထဲ လှောင်ထားလိုက်ကြ" ဟု ပြောလေ၏။

ဖိုးရုံတို့ညီအစ်ကိုနှစ်ယောက်သည် လှေပေါ်တွင်ရှိသည့် အလောင်းများကို ရေထဲသို့ ပစ်ချပြီးနောက် လက်ခေါက်မှုတ်လိုက်လေ၏။ ကျူတောထဲမှ တံငါသည် လေး ငါးယောက် တို့သည် လှေများဖြင့် ထွက်လာကာ သမွန်ပေါ်သို့ တက်လာကြလေ၏။ ဖိုးရုံတို့ ညီအစ်ကို နှစ်ယောက်မှာမူ လှေငယ်တစီးစီကို လှော်လာကြလေ၏။

ထိုအချိန်၌ ဟိုတောက်၏ လက်ထောက်ရဲမှူးနှင့် ရဲသားများ၊ တပ်သားများမှာ ညည်းတွားလျက် ရှိကြလေပြီ။

"ရဲမှူးကြီးတယောက်လုံးက ဒီလို ကိုယ်တိုင်တက်ပြီး အခြေအနေကြည့်ရသတဲ့လား ဗျာ။ ဒီလောက်တော့ သိဖို့ကောင်းတာပေါ့။ ကြာလှပြီ။ ခုထက်ထိ ပြန်မလာနိုင်သေးဘူး"

ထိုအချိန်၌ကား ညဉ့်ဦးယံသို့ ရောက်ခဲ့ပြီဖြစ်သည့်အလျောက် ကောင်းကင်တွင် ကြယ်တို့ ထွက်စပြုလေပြီ။ တပ်သားများသည် လှေထဲတွင် ထိုင်ကာ အေးမြသောအရသာ ကို ခံစားလျက် ရှိကြ၏။ ထိုစဉ် မိမိနောက်မှ လေသည် ပြင်းစွာတိုက်ခတ်လာရာ လှေကြိုး များသည် လှုပ်ယမ်းလျက် ရှိကြလေ၏။ တပ်သားများသည် မျက်နှာကို လက်ဖြင့်အုပ်ကာ ကြောက်လန့်တကြားဖြင့် အော်ဟစ်ကြလေ၏။

ထိုသို့ ခိုကိုးရာမဲ့ဖြစ်နေစဉ် သူတို့နောက်မှ စူးရှသော လက်ခေါက်မှုတ်သံကို ကြား လိုက်ရလေ၏။ ကမ်းပေါ်ရှိ ကျူတောထဲသို့ လှမ်းကြည့်လိုက်ရာ မီးလုံးကြီးတလုံးကို မြင်ရ လေ၏။

"လုပ်ကြပါဦးဗျ။ လုပ်ကြပါဦး" ဟု အော်ကြလေ၏။

ချောင်းထဲ၌ အစိုးရလှေကြီးလှေငယ်ပေါင်း တရာကျော်ခန့် ဆိုက်ကပ်ထားလေ၏။ လေပြင်းတိုက်ခတ်သဖြင့် လှေများသည် ဟိုမှသည်မှ လှုပ်ယမ်းလျက်ရှိရာ ထိန်း၍ မရ တော့ဘဲ တစီးနှင့် တစီး ရိုက်မိကြလေ၏။ ထိုအချိန်၌ မီးလုံးကြီးမှာ သူတို့ခေါင်းပေါ် တည့်တည့်သို့ ရောက်လာခဲ့လေပြီ။ လှေငယ်ကလေးများကို နှစ်စီး ပူးချည်ထားပြီး လှေ ပေါ်တွင် ကျူရိုးခြောက်များ၊ မြက်ခြောက်များကို မီးရှို့လွှတ်လိုက်သည့် မီးလှေများသည် ပြင်းစွာတိုက်ခတ်လျက် ရှိသော လေကြောင်းအတိုင်း သူတို့လှေများဆီသို့ စုန်ဆင်းလာကြလေ၏။ အစိုးရလှေများမှာ ပူးကပ်လျက်ရှိပြီး ချောင်းကလေးကလည်း ကျဉ်းမြောင်း လွန်းလှပေ၏။ သို့ဖြင့် ရဲသားတို့၏ လှေများသည် ချောင်းကျဉ်းကလေးထဲမှ ထွက်၍ မရဘဲ ပိတ်မိနေလေ၏။

ပထမဆုံးမျောလာသော မီးလှေသည် အစိုးရသမ္ဗန်များကို ဝင်တိုက်ကာ မီးစွဲလောင် လေ၏။ ရေထဲမှ လိုက်ပါလာသည့် တောပုန်းများသည်လည်း မီးစွဲလောင်သော လှေကို အတင်း တွန်းလွှတ်ကြလေ၏။ တပ်သားများနှင့် အရာရှိများသည် ကမ်းသို့ ခုန်ချသော် လည်း ကမ်းသို့ မရောက်ကြတော့ဘဲ ခြေချစရာ မြေကြီးမရှိသည့် ကျူတောကြီးများနှင့် စိမ့်တောကြီးများထဲသို့ ကျကုန်ကြလေ၏။ ထိုစဉ် ကမ်းတွင်ရှိသည့် ကျူပင်များမှာလည်း မီးစွဲလောင်သဖြင့် သူတို့အားလုံးမှာ မီးဝိုင်းလျက်ရှိလေ၏။

လေသည် ပြင်းစွာ တိုက်ခတ်လျက်ရှိပြီး မီးကလည်း တဟုန်းဟုန်းတောက်လျက် ရှိလေ၏။ တပ်သားများနှင့် အရာရှိများသည်

နွံတောကြီးထဲတွင် အချင်းချင်း ပြန်၍ လူစု ကြရလေ၏။ ထိုစဉ် မီးတောက်များကြား ချောင်းထဲမှ လှေကလေးတစီးသည် လျင်မြန်စွာ လှော်ခတ်လာကာ လှေပွဲတွင် တာအိုကိုရင်ကြီးတပါး လိုက်ပါလာသည်ကို မြင်ရလေ၏။ ထိုကိုရင်ကြီး၏ လက်ထဲတွင် တလက်လက်တောက်နေသည့် ဓားရှည်ကြီးတချောင်းကို ကိုင်ထားလေ၏။

"ဘယ်ကောင်မှ ပြေးလို့ လွတ်မယ်မထင်နဲ့ဟေ့"ဟု ထိုကိုရင်ကြီးက အော်လေ၏။ နွံထဲတွင်ရောက်နေသည့် တပ်သားများသည် အကြောက်ကြောက်အလန့်လန့်ဖြင့် ကုပ်နေကြလေ၏။ ထိုစဉ် အရှေ့ဘက်ကမ်း ကျူတောထဲမှလည်း လူနှစ်ယောက်နှင့် တံငါ သည် လေး ငါးဦးတို့ ပေါ်လာကြပြန်လေ၏။ ယင်းတို့လက်ထဲတွင်လည်း အရောင်တလက် လက် ထွက်နေသည့် ဓားရှည်ကြီးနှင့် မှိန်းကြီးများကို ကိုင်ထားကြလေ၏။ ရဲရင့်သူလေးဦးနှင့် ၎င်းတို့၏ နောက်လိုက် နောက်ပါတို့သည် အကာအကွယ်မဲ့နေသော ရန်သူတို့ကို အရပ် လေးမျက်နှာမှ ဝိုင်းဝန်း တိုက်ခိုက်ကြလေ၏။ အတန်ကြာလျှင်ကား နွံထဲတွင် တပ်သား များနှင့် အရာရှိများစွာ ကျဆုံးခဲ့ကြလေပြီ။

ကျောက်ခဲနှင့် ဖိုးရုံကြီးတို့သည် အနောက်ဘက်မှ လာခဲ့ကြခြင်း ဖြစ်၏။ ဖိုးရုံကလေးနှင့် ဖိုးရုံငယ်တို့သည် အရှေ့ဘက်မှ လာခဲ့ကြခြင်းဖြစ်၏။ လေကို ခေါ်ဆောင်လာသည့် တာအို ကိုရင်ကြီးမှာ ကုန်ဆွန်ရှန်း ဖြစ်လေ၏။ ထိုရဲရင့်သူငါးဦးတို့သည် တံငါသည်တကျိပ်ကျော်၏ အကူအညီဖြင့် အရာရှိများနှင့် တပ်သားများကို ကျူတောထဲတွင် အပြောက်ရှင်းပစ်ခဲ့ကြ လေ၏။ အသက်မသေကျန်နေသူမှာ ပေါက်စီလိုထုပ်ကာ လှေဝမ်းထဲတွင် ဖမ်းထားသည့် ရဲမှူးဟိုတောက် တယောက်သာ ရှိလေ၏။ ဖိုးရုံကလေးသည် သူ့ကို ကမ်းပေါ်သို့ ခေါ်လာ ခဲ့ကာ စိတ်ဆိုးမာန်ဆိုးဖြင့် ဆူပူကြိမ်းမောင်းလျက် ရှိလေ၏။

"ကဲ၊ ကျွန်စုတ်။ ဘာပြောဦးမလဲ။ ခင်ဗျားဟာ ကျီစုနယ်က လူထုတွေကို ညှဉ်းပန်း နှိပ်စက်ခဲ့တယ်။ သွေးစုပ်ခဲ့တယ်။ စောစောတုန်းကတော့ ခင်ဗျားကို ဓားနဲ့ နုပ်နုပ်စဉ်းပြီး သတ်မလို့ပဲ။ ဒါပေမဲ့ ခုတော့ ခင်ဗျားကို မသတ်တော့ဘူး။ ပြန်လွှတ်လိုက်မယ်။ ဟိုရောက်ရင် ခင်ဗျားတို့ ရဲဝန်ကို ပြောလိုက်။ ကျောက်တိုင်ရွာက ဖိုးရုံတို့ ညီအစ်ကို သူရဲကောင်း သုံးယောက်နဲ့ ရွာသူကြီးကျောက်ခဲကို နှယ်နှယ်ရရ မအောက်မေ့နဲ့လို့။ ကျုပ်တို့လည်း ခင်ဗျားတို့ မြို့ကို လာပြီး ဆန်မတောင်းဘူး။ အဲ၊ ခင်ဗျားတို့လည်း ကျုပ်တို့ရွာ လာပြီး မသေချင်နဲ့။ ခင်ဗျား ရဲဝန်ရဲ့ ခေါင်းထဲမှာ စဉ်းစားဉာဏ်ရယ်လို့ ရှိရင် သူ့လို အနုပ်စုတ် ကုပ်စုတ် ရဲဝန်ကလေး မပြောနဲ့၊ သူတို့နန်းရင်းဝန်ကြီး ဆယ်ကိုတောင် ကျုပ်တို့ ဂရုမစိုက် ဘူးဆိုတာ သူ သိလာလိမ့်မယ်။ သူတို့နန်းရင်းဝန်ကြီးကိုယ်တိုင်

လာရဲရင် လာကြည့်ပေါ့။ ဓားနဲ့ အချက်နှစ်ဆယ်လောက် ထိုးပြီး သူ့ကို အလင်းရောင်ရအောင် လုပ်ပေးလိုက်မယ်။ ခု ခင်ဗျားကို ပြန်ခွင့်ပေးလိုက်မယ်။ နောက် ဘယ်တော့မှ မလာခဲ့နဲ့။ ခင်ဗျားတို့ ရဲဝန်ကို လည်း ပြောလိုက်။ ခေါင်းနဲ့ ကိုယ် အိုးစားမကွဲချင်ရင် ခပ်ဝေးဝေးက ရှောင်လို့။ ဒီတောထဲ မှာ ပေတရာလမ်း မရှိဘူး။ ခင်ဗျားကို ကျုပ်ညီက တောလမ်းကို ရောက်အောင် လိုက်ပို့ လိမ့်မယ်”

ဖိုးရုံကလေးသည် လှေမြန်တစီးဖြင့် ရဲမှူးဟိုတောက်ကို လိုက်ပို့၏။

“ဟောဒီအတိုင်း တည့်တည့်သွားရင် ပေတရာလမ်းမကြီးကို တွေ့လိမ့်မယ်။ ခင်ဗျား လူတွေအားလုံး သေကုန်ပြီ။ ခု ခင်ဗျားကို ဘာမှမလုပ်ဘဲ ပြန်လွှတ်လိုက်ရင် ခင်ဗျား ရဲဝန်က ကျုပ်တို့ ဒီလောက်ညံ့ရသလားဆိုပြီး ကွဲရယ် နွားရယ် ရယ်လိမ့်မယ်။ ဒီတော့ ကျုပ်တို့ ခင်ဗျားကို စတိသဘောနဲ့ ဆုံးမလွှတ်လိုက်တယ်ဆိုတာ သိအောင် တခုတော့ လုပ်လိုက်ရမယ်။ ခင်ဗျား နားနှစ်ဖက်ကို ဒီမှာထားခဲ့”

ဖိုးရုံကလေးသည် ဓားမြှောင်တချောင်းကို ထုတ်ကာ ဟိုတောက်၏ နားရွက်နှစ်ဖက် ကို လှီးလိုက်လေ၏။ သွေးတို့သည် ဒလဟော စီးကျလာလေ၏။ ဖိုးရုံကလေးသည် သူ့ ဓားမြှောင်မှ သွေးများကို သုတ်၍ ဟိုတောက်ကို ချည်ထားသည့် သူ့ခါးစည်းကြိုးကို ဖြေပေးလိုက်ပြီးနောက် ဟိုတောက်ကို ကမ်းပေါ်သို့ ပစ်တင်လိုက်လေ၏။ ဟိုတောက်သည် အသတ်မခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကျီစုပြည်နယ်သို့ သွားသည့် ပေတရာကြီးရှိရာသို့ မှန်းလာခဲ့လေ၏။

ကျောက်ခဲ၊ ကုန်ဆွန်ရှန်း၊ ဖိုးရုံကြီးနှင့် နောက်လိုက်နောက်ပါတို့သည် လှေခြောက်စီး၊ ခုနစ် စီးခန့်ဖြင့် ကျောက်တိုင်ရွာ ကျူတောမှ ထွက်ခွာလာခဲ့ကြလေ၏။ လီယာချောင်းဝသို့ ရောက်လျှင် သူတို့ကို စောင့်နေသည့် လျူထန်နှင့် ဝုရုံတို့ကို တွေ့ရလေ၏။ ဝုရုံသည် သူတို့ တတွေ ရန်သူများအား မည်သို့မည်ပုံ နှိမ်နင်းခဲ့ကြောင်းကို မေးမြန်းရာ ကျောက်ခဲက အသေးစိတ် ပြောပြလေ၏။ ဝုရုံနှင့် အခြားသူများမှာ ဝမ်းသာ၍ မဆုံးပြီ။

သူတို့တသိုက်သည် လှေများကို ကြိုးချည် ဆိုက်ကပ်ပြီးနောက် ချူကွီခေါ် ကုန်း မိကျောင်း၏ ထမင်းဆိုင်ကလေးသို့ လာကြလေ၏။ သူတို့ရောက်သည့်အခါတွင် မိမိတို့သည် တောင်ရိုးပေါ်ရှိ တောပုန်းများနှင့် ဆက်သွယ်လိုကြောင်း ပြောပြကြလေ၏။ ချူကွီ ကလည်း သူတို့ကို ပျာပျာသလဲ ကြိုဆိုခြင်းပြုလေ၏။ ဝုရုံက သူတို့အဖြစ်အပျက်ကို ချူကွီအား ပြောပြလေ၏။ ထမင်းဆိုင်ရှင် ကုန်းမိကျောင်းသည် များစွာ ကျေနပ်အားရလျက် သူတို့ကို တဦးစီ နှုတ်ဆက်လေ၏။ သူတို့အား ဖိတ်ခေါ်၍ နေရာထိုင်ခင်းပေးပြီးနောက် အရက်များ

တည်ခင်းရန် စားပွဲထိုးကို စေခိုင်းလိုက်လေ၏။

ထို့နောက် ချူကွိသည် သားရေကွပ်ထားသည့် လေးတစီးကို ယူကာ မြားတစီးကို တပ်လိုက်ပြီးနောက် တဖက်ကမ်းရှိ ကျူတောဆီသို့ လှမ်းပစ်လိုက်ရာ မြားသည် တရွှီရွှီ မြည်၍ တက်သွားလေ၏။ ခဏကြာလျှင် တောပုန်းတယောက် လှော်ခတ်လာသည့် လှေ ကလေးတစီးသည် ကျူတောများကြား ချောင်းကလေးတခုထဲမှ ထွက်လာလေ၏။ ချူကွိက မိတ်ဆက်စာတစောင် ရေးပေးလိုက်ပြီးလျှင် ထိုတောပုန်းလက်သို့ ပေးလိုက်လေ၏။ စာထဲ၌ လျှို့ရှန်းတောင်ရိုးပေါ်ရှိ တောပုန်းတို့နှင့် ဆက်သွယ်လိုသည့် လူစာရင်း၊ ၎င်းတို့၏ အမည်စာရင်းတို့ကို ရေးထားလေ၏။ ထို့နောက်တွင် ချူကွိသည် သိုးတကောင်ကို ပေါ်ကာ ဧည့်သည်များကို ကျွေးမွေးဧည့်ခံလေ၏။

နောက်တနေ့မနက်၌ ချူကွိသည် လှေကြီးတစီးကို ခေါ်ကာ ရဲရင့်သူများကို လှေပေါ် သို့ တင်ပေးလိုက်လေ၏။ ထိုလှေကြီးသည် ကျောက်ခဲတို့တသိုက် လိုက်ပါလာသော လှေ များနှင့်အတူ တောင်ရိုးပေါ်ရှိ ခံတပ်ဆီသို့ လှော်ခတ်သွားလေ၏။ အချိန်အတော်ကြာ လှော်ခတ်လာခဲ့သည့်နောက် သူတို့သည် ချောင်းကလေးတခုထဲသို့ ကွေ့ဝင်ခဲ့ကြလေ၏။ ကမ်းပေါ်မှ အိုးစည်သံ၊ လင်းကွင်းသံများကို ကြားရလေ၏။ တစီးလျှင် တောပုန်းရှစ်ယောက် ခန့်တို့ လိုက်ပါလာသည့် ကင်းလှေလေးစီး ထွက်လာလေ၏။ တောပုန်းများသည် ကျောက်ခဲ ကို မှတ်မိသည့်အတွက် ရိုသေစွာ နှုတ်ဆက်ပြီးနောက် သူတို့ပုန်းအောင်းနေသည့် ကင်း စခန်းသို့ ပြန်သွားကြလေ၏။

သဲသိဂ်ါကမ်းသို့ ရောက်သည့်အခါတွင် သူတို့လှေများ ဆိုက်ကြလေ၏။ ကျောက်ခဲတို့ တသိုက်သည် မိမိတို့ပစ္စည်းများ၊ သားမယားများနှင့် တံငါသည်များကို လှေပေါ်တွင် အစောင့်ခိုင်းထားခဲ့ကြလေ၏။ တောင်ရိုးပေါ်မှ တောပုန်းများ ဆင်းလာကြပြီးနောက် သူတို့ကို ခံတပ်တံခါးဝသို့ ခေါ်သွားကြလေ၏။ ဝမ်လုံနှင့် အခြားခေါင်းဆောင်များ ဆင်း လာပြီး သူတို့ကို လာရောက် ကြိုဆိုကြလေ၏။ ကျောက်ခဲက သူတို့ကို ယဉ်ကျေးစွာ နှုတ်ဆက်လေ၏။ တောပုန်းခေါင်းဆောင်ကလည်း သူတို့ကို အလားတူ ပြန်လည် နှုတ်ဆက် လေ၏။

"ကျုပ်နာမည်က ဝမ်လုံလို့ ခေါ်ပါတယ်။ အာကာစိုးလို့ နာမည်ကြီးတဲ့ နောင်ကြီး ကျောက်ခဲရဲ့ အမည်ကတော့ ကျုပ်နားထဲမှာ မိုးချုန်းသလို မြည်ဟည်းနေတာ ကြာလှ ပါပြီဗျာ။ ကျွန်တော်တို့ရဲ့ အနုပ်စုတ်ကုပ်စုတ် ခံတပ်ကလေးထဲမှာ နောင်ကြီးတို့ကို ဧည့်ခံ ခွင့်ရတဲ့အတွက် ဝမ်းသာလှပါတယ်"

"ကျွန်တော်က စာမတတ်ပေမတတ် အရိုင်းအစိုင်းပါ ခင်ဗျာ။ နောင်ကြီးတို့ဆီကို သာမန် ခြေလျင်တပ်သားကလေးအဖြစ် လာပြီး ခိုလှုံတာပါ။

ကျွန်တော့်ကို ငြင်းတော့ မငြင်းပါနဲ့”

“ဒီလိုမပြောပါနဲ့ နောင်ကြီးရာ။ ကျွန်တော်တို့ ခံတပ်ကလေးထဲကို လိုက်ခဲ့ကြပါဦး။ ဟိုရောက်တော့မှ တိုင်ပင်ကြသေးတာပေါ့”

သူတို့အားလုံးသည် တောင်ပေါ်သို့ တက်လာခဲ့ကြကာ သစ္စာညီနောင်ခန်းမသို့ ဝင် ရောက်လာခဲ့ကြရာ ဝမ်လုံက သူတို့အား စင်မြင့်ပေါ်တွင် အတင်းထိုင်ခိုင်းလေ၏။ ကျောက်ခဲ နှင့် ရဲရင့်သူ ခြောက်ဦးတို့သည် စင်မြင့် လက်ယာဘက်တွင် ရပ်နေကြပြီး ဝမ်လုံနှင့် တောပုန်းခေါင်းဆောင်တို့မှာ ဝဲဘက်တွင် ရပ်ကြလေ၏။ ပဋိသန္ဓာရစကား ဆိုပြီးနောက် ၎င်းတို့အားလုံးသည် နေရာအသီးသီးတွင် ဧည့်သည်နှင့် အိမ်သည်များ အဖြစ် ထိုင်ကြ လေ၏။ ဝမ်လုံက စင်မြင့်အောက်တွင်ရှိသည့် သူ့လက်ထောက်တယောက်အား ဧည့်သည် များကို ဂါရဝပြုရန် အမိန့်ပေးလိုက်လေ၏။ ဤတွင် ဘေးအခန်းထဲရှိ တူရိယာသည်တို့က တေးသီချင်းများကို တီးမှုတ်ကြလေ၏။ တောပုန်းခေါင်းဆောင်သည် လက်ထောက်ကို ခေါ်ကာ တောင်အောက်တွင် ကျန်ရစ်ခဲ့သည့် ဧည့်သည်များ၏ အခြွေအရံတို့ကို ဧည့်ခံရန် စေခိုင်းလိုက်လေ၏။ ၎င်းတို့ကို တံခါးအောက်ရှိ စခန်းတခုတွင် နေရာချပေးထားလေ၏။

စခန်းတွင် နွားနှစ်ကောင်၊ သိုးရှစ်ကောင်နှင့် ဝက်နှစ်ကောင်တို့ကို ပေါ်ပြီးနောက် ကျွဲချိုများ၊ အိုးစည်များ တီးမှုတ်ကာ စခန်းတခုလုံး စားသောက်ပွဲကြီး ကျင်းပလေ၏။ စားသောက်လျက်ရှိစဉ် ကျောက်ခဲက မိမိတို့အဖြစ်အပျက်ကို တောပုန်းခေါင်းဆောင်အား ပြောပြလေ၏။

ဝမ်လုံသည် စိတ်မသက်မသာဖြင့် နားထောင်လျက်ရှိပြီး တစုံတရာကို လေးနက်စွာ တွေးတောလျက်ရှိကာ စကားပြန်ပြောသည့်အခါတွင် တိုတိုတုတ်တုတ်၊ မယုတ်မလွန် လောက်သာ ပြောလေ၏။ သူတို့သည် ညနေမိုးချုပ်သည့်တိုင် ညစာစားသောက်ကြပြီး နောက် ပြီးသည့်အခါတွင် တောပုန်းခေါင်းဆောင် ဝမ်လုံသည် သူတို့ကို ခံတပ်အပြင်ဘက် အနီးရှိ စခန်းသို့ လိုက်ပို့လေ၏။ ဝမ်လုံသည် သူတို့အား ပါလာသော အခြွေအရံများနှင့် ထားခဲ့ကာ ပြန်သွားလေ၏။ ကျောက်ခဲမှာ များစွာ ကျေနပ်လျက်ရှိလေ၏။

“ခု ကျုပ်တို့ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေဟာ ကြီးလေးတဲ့ ရာဇဝတ်မှုကြီး တွေဗျ။ ဒီတော့ ကျုပ်တို့ ဘယ်မှာများ သွားပြီး ခိုလှုံစရာရှိသေးလို့လဲ။ ခု ကျုပ်တို့ကို တောပုန်းဗိုလ်ဝမ်လုံက သနားညှာတာလို့သာပေါ့။ နို့မဟုတ်ရင် ကျုပ်တို့မှာ တော်တော့်ကို ဒုက္ခရောက်မှာ” ဟု ရဲရင့်သူခြောက်ယောက်တို့ကို ပြောပြလေ၏။ ဝုရုံက မရယ်ချင့် ရယ်ချင် ရယ်လိုက်လေ၏။

“ကျောင်းဆရာက ကျုပ် ပြောတာကို သံသယဖြစ်နေတယ် ထင်တယ်။ ခင်ဗျား သဘောထားကိုလည်း ပြောပြပါဦးလေ”

“နောင်ကြီးကျောက်ခဲဟာ ရဲရင့်ပါတယ်။ ဒါပေမဲ့ ရိုးတော့ ရိုးလွန်းတယ် ထင်သဗျ။ ဝမ်လုံဟာ ကျုပ်တို့ကို လက်ခံလိမ့်မယ်လို့များ ထင်နေသလား။ သူ့သဘောထားကို ခင်ဗျား မရိပ်မိဘူး ထင်တယ်။ သူ့မျက်နှာအမူအရာနဲ့ သူ့အပြုအမူ ကြည့်လိုက်ရင် သိပါတယ်ဗျာ”

“ဘယ်လိုဖြစ်နေလို့လဲ”

“ကျုပ်တို့ စားသောက်ပွဲအစတုန်းက ဝမ်လုံဟာ တော်တော် ဖော်ဖော်ရွေရွေပဲဗျ။ ဒါပေမဲ့ ရဲသားတွေ၊ တပ်သားတွေ၊ အရာရှိတွေကို သတ်ခဲ့ပြီး ဟိုတောက်ကို ပြန်လွှတ် လိုက်တဲ့ အကြောင်း၊ ဖိုးရုံတို့ညီအစ်ကိုဟာ အင်မတန် သတ္တိကောင်းတဲ့ အကြောင်း ပြောလိုက်တဲ့အခါကျတော့ သူ့မျက်နှာအမူအရာ ပြောင်းသွားတယ်ဗျ။ ခင်ဗျားမေးတဲ့ မေးခွန်း တွေကို ယဉ်ယဉ်ကျေးကျေးသာ ဖြေနေပေမယ့် စိတ်ထဲက မပါဘူး။ ကျုပ်တို့ကို သူ့စခန်းမှာ ထားချင်တယ်ဆိုရင် ဘာဖြစ်လို့ သင့်လျော်တဲ့ နေရာထိုင်ခင်းတွေကို မပေးဘဲ ထားရသလဲ။ သင့်လျော်တဲ့ နေရာထိုင်ခင်း ပေးဖို့ ကောင်းတာပေါ့။

“ဒူရှန်းနဲ့ ဆုံဝမ်ဆိုတဲ့ ကောင်နှစ်ကောင်ဟာ အလွန်ရိုင်းစိုင်းတဲ့ ကောင်တွေ။ ဒီတော့ ဒီကောင်တွေဟာ ဧည့်သည်ကို ဘယ်လို ပြုစုဧည့်ခံရမယ်ဆိုတာ ဘယ်နားလည်မလဲ။ လင်ချုံးကတော့ မြို့ကြီးသားဗျ။ ရွှေနန်းတော်ကိုယ်ရံတော်တပ်မှာ သိုင်းဆရာလုပ်ခဲ့တဲ့လူ။ ရည်ရည်မွန်မွန် ရှိတဲ့လူ။ ဒါပေမဲ့ လင်ချုံးကို ခု ဘယ်နေရာမှာ ထားသလဲ။ နံပါတ်လေး နေရာမှာပဲ ထားတယ်။ ဝမ်လုံက ခင်ဗျားမေးခွန်းတွေကို ဖြေတဲ့အခါကျတော့ လင်ချုံးဟာ တော်တော် မကျေမနပ်ဖြစ်နေပုံရတယ်။ တလျှောက်လုံး ဝမ်လုံရဲ့ မျက်နှာကိုပဲ စိုက်ကြည့် နေတယ်။ ကေန္တ လင်ချုံးရဲ့ စိတ်ထဲမှာ တခုခုကို ကြံစည်နေဟန်တူတယ်။ သူ့ကိုကြည့်ရတာ ကျုပ်တို့ကို ကူညီချင်ပေမယ့် မကူညီနိုင်တဲ့ အနေအထားမျိုး ဖြစ်နေပုံပဲ။ ကျုပ်တော့ သူ့ကို အကြံဉာဏ်ပေးပြီး သူတို့နှစ်ယောက်ကို ခွဲလို့ ရ မရ ကြည့်ရဦးမှာပဲ”

“ကျောင်းဆရာရေ၊ ကျုပ်တော့ ခင်ဗျားဦးနှောက်ကိုပဲ အားကိုးရတော့မှာပဲ”ဟု ကျောက်ခဲက ပြောလေ၏။

သူတို့ခုနစ်ယောက်သည် ထိုညအဖို့ နားကြလေ၏။ နောက်တနေ့မနက်တွင် သူတို့ ထံသို့ သိုင်းဆရာလင်ချုံး ရောက်လာကြောင်းဖြင့် လာ၍ အကြောင်းကြားလေ၏။

"ကဲ၊ ကျုပ်တို့ လိုချင်တဲ့အတိုင်းပဲ။ ခင်ဗျားလူ ကျုပ်တို့ဆီကို လာပြီမဟုတ်လား" ဟု ဝုရုံက ကျောက်ခဲကို ပြောလေ၏။

ရဲရင့်သူ ခုနစ်ယောက်တို့သည် ကပျာကယာ ထွက်လာကြကာ ဧည့်သည်ကို ကြိုဆို ပြီးနောက် ဧည့်ခန်းသို့ ခေါ်လာခဲ့ကြလေ၏။""မနေ့ညက ကျွန်တော်တို့ကို ဧည့်ခံတာကတော့ များလွန်းပါတယ် ခင်ဗျ။ ဒါကြောင့် ကျွန်တော်တို့တောင်းပန်ပါတယ်"ဟု ဝုရုံက ပြောလေ၏။ "တောင်းပန်ရမှာက ကျွန်တော်ပါ။ ကျွန်တော်က နောင်ကြီးတို့ကို ဂါရဝပြုချင်နေတာ ကြာပါပြီ။ ဒါပေမဲ့ ကျွန်တော့်မှာ ဒီလိုအခြေအနေမျိုး မဟုတ်တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ကျွန်တော်တို့မှာ အရည်အချင်းတော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ သစ်တုံး တွေတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ နောင်ကြီးရဲ့ ရည်ရွယ်ချက်တွေကို ပိုပြီး သဘောပေါက်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

ကျောက်ခဲသည် အမြင့်ဆုံးသူများ ထိုင်သည့်နေရာတွင် လင်ချုံးကို ထိုင်ရန် ဖိတ်ခေါ် လေ၏။ လင်ချုံးက လက်မခံချေ။ လင်ချုံးသည် ကျောက်ခဲကို ထိုကုလားထိုင်နေရာတွင် အတင်းအထိုင်ခိုင်းပြီးနောက် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လေ၏။ ဝုရုံနှင့် အခြားသူ များက စားပွဲတဖက်တွင် တန်းစီ၍ ထိုင်ကြလေ၏။

ကျောက်ခဲက-

"ကျွန်တော်တို့ဟာ သိုင်းဆရာရဲ့သတင်းကို အစောကြီးကတည်းက ကြားဖူးပါတယ်။ ဒီလို တွေ့ရလိမ့်မယ်လို့ တခါမှ မမျှော်လင့်ခဲ့ပါဘူး"

လင်ချုံးက-

"အရှေ့နေပြည်တော်မှာ ကျွန်တော်နေခဲ့တုန်းက ကျွန်တော့်မိတ်ဆွေများကို ကျွန်တော် အမြဲတမ်း ဂါရဝပြုလေ့ရှိပါတယ်။ ခု နောင်ကြီးတို့နဲ့ အသိအကျွမ်းဖြစ်ရတဲ့အတွက်လည်း ကျွန်တော် ဝမ်းသာလှပါတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်တိုင်းကျ မပြုစုနိုင်တဲ့အတွက်တော့ စိတ်မကောင်းပါဘူး။ ဒါကြောင့် နောင်ကြီးတို့ကို လာပြီး တောင်းပန်တာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"ဟု ကျောက်ခဲက ပြောလေ၏။ ကျောင်းဆရာ ဝုရုံက-

"အရှေ့နေပြည်တော်မှာ သိုင်းဆရာနောင်ကြီးဟာ ဘယ်လောက် သူရသတ္တိရှိတဲ့ အကြောင်းကို ကျွန်တော် ကြားဖူးနေတာ ကြာပါပြီ။ နောင်ကြီးက ကောက်ကျူနဲ့ ဘယ်လို များ ပြဿနာဖြစ်လို့လဲ ခင်ဗျာ။ ဘာကြောင့် နောင်ကြီးကို ကောက်ကျူက ရန်ရှာရတာလဲ။ ကန်စုနယ် တပ်မတော်က မြင်းစာရိက္ခာရုံကို

မီးရှို့တာလည်း ကောက်ကျူပဲ မဟုတ်လား။ ဒီတောင်ရိုးပေါ်က ခံတပ်ကိုကော နောင်ကြီး ဘယ်နည်းဘယ်ပုံများ ရောက်လာတာလဲ” “ဒီ ကောက်ကျူဆိုတဲ့ လူ ညစ်ပတ်ယုတ်မာပုံကို နောင်ကြီးတို့ကြားရင် ဆံပင်မွေးတွေ ထောင်ထလာအောင် စိတ်ဆိုးကြမှာပဲ။ ကျွန်တော် သူ့ကို လက်စားမချေနိုင်ဘူးဗျာ။ ဒီ တောင်ရိုးခံတပ်ကို ရောက်လာတာကတော့ သခင်ကျဲ့ရဲ့ ထောက်ခံချက်နဲ့ ရောက်လာခဲ့တာပါ”

“ကျွန်တော်တို့ ရဲရင့်သူတွေရဲ့ အသိုင်းအဝိုင်းမှာ ဗိုလ်လေပွေလို့ နာမည်ကြီးတဲ့ ကျဲ့ကျင်းတော့ ဟုတ်မယ် မထင်ဘူးနော်”

“သူပါပဲ ခင်ဗျာ”

ကျောက်ခဲက-

“ဟုတ်တယ်ဗျ။ ရဲရင့်သူတွေကို သူ ဘယ်လို အားပေးတယ်၊ သူကိုယ်တိုင်လည်း ဘယ်လောက်ဖြောင့်မတ်ပြီး ဘယ်လောက် ရက်ရော သဘောထားကြီးတယ်ဆိုတာကို ကျွန်တော် ကြားဖူးပါတယ် ခင်ဗျာ။ တချို့က ပြောကြတော့လည်း သခင်ကျဲ့ဟာ ချောင်မင်းမျိုးက ဆင်းသက်လာတဲ့ မဟာသွေး မဟာနွယ်တဦးလို့ ပြောကြတယ်ခင်ဗျ။ သူနဲ့ တွေ့လိုက်ချင်တာ ခင်ဗျာ”

ကျောင်းဆရာဝုရုံကလည်း-

“သခင်ကျဲ့ဟာ တိုင်းပြည်နဲ့အဝန်း ကျော်စောကိတ္တိရှိတဲ့ ပုဂ္ဂိုလ်ပါ ခင်ဗျာ။ နောင်ကြီး ကို ဒီကို လာခွင့်ရအောင် ထောက်ခံလိုက်တာကတော့ နောင်ကြီးရဲ့ လက်နက်စွမ်းရည် ကြောင့်ပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဝမ်လုံဟာ တောပုန်းဗိုလ် မလုပ်တော့ဘဲ နောင်ကြီး ကို လွှဲပေးသင့်တယ်လို့ ပြောရင် ကျွန်တော် မြှောက်ပြောတယ်လို့ မထင်ပါနဲ့ ခင်ဗျာ။ ဒီအတိုင်းသာ ဖြစ်ရင် ကျွန်တော်တို့အားလုံးကလည်း သဘောကျ၊ သခင်ကျဲ့ရဲ့ ထောက်ခံ ချက်နဲ့လည်း ကိုက်ညီမှာပဲ”

“ကျောင်းဆရာက ကျွန်တော့်ကို သိပ်မြှောက်လွန်းတာကိုးဗျ။ ကျွန်တော်က ရာဇဝတ် မကင်းတဲ့ အမှုကို ပြုခဲ့တဲ့အတွက် သခင်ကျဲ့ဆီကို ပြေးပြီး ခိုလှုံရတဲ့သူပါ။ သခင်ကျဲ့လည်း ကျွန်တော့်ကို အတတ်နိုင်ဆုံး ကူညီပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိစ္စထဲမှာ သူ မပါစေချင် ဘူးလေ။ ဒါနဲ့ တောင်ရိုးကို ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် လာခဲ့တာပါ။ ဒီရောက်တော့မှ ကျွန်တော်ဟာ ရှေ့မတိုးသာ နောက်မဆုတ်သာအဖြစ်မျိုးနဲ့ ကြုံရတော့တာပဲ။ ဒီလိုဖြစ် လိမ့်မယ်လို့လည်း မထင်ခဲ့ဘဲကိုး။ ကျွန်တော့်ကို ငယ်သားလောက် သဘောထားတဲ့ အတွက်တော့ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒါပေမဲ့ ဝမ်လုံဟာ တော်တော် ဆက်ဆံရခက်တဲ့ လူဗျ။ သူ့ကိုယ်သူလည်း မယုံဘူး။ ပြီးတော့ သစ္စာလည်း မရှိဘူး”

"ကြည့်ရတာကတော့ ဖော်ဖော်ရွေရွေရှိသားပဲ ခင်ဗျာ။ ဒီလူဟာ ဘာဖြစ်လို့များ ဒီလောက် အမြင်ကျဉ်းမြောင်းရတာလဲ"

"နောင်ကြီးတို့လို ရဲရင့်သူတွေ သူ့ဆီရောက်လာရင် သူ့မှာလည်း အကျိုးရှိတာပေါ့ဗျ။ ပိုးပုဆိုးကို ရွှေခြည်ထိုးသလို၊ ဖူးစပန်းကို မိုးရေဆမ်းသလိုပေါ့။ ဒါပေမဲ့ တောပုန်းဗိုလ် ဝမ်လုံဟာ အရည်အချင်း ရှိပြီး လုပ်ရည်ကိုင်ရည်ကောင်းတဲ့လူတွေကို မနာလိုတတ်ဘူး ခင်ဗျ။ နောင်ကြီးတို့က သူ့လွှမ်းသွားမှာကို စိုးရိမ်နေတယ်။ မနေ့ညတုန်းက တပ်သား တွေနဲ့ အရာရှိတွေကို နောင်ကြီးတို့ ဘယ်လို သတ်ဖြတ်ခဲ့တယ်ဆိုတာ ပြောပြတော့ သူ တော်တော် စိတ်လှုပ်ရှားနေတယ်။ နောင်ကြီးတို့ကို ဒီမှာ လက်မခံချင်တာကတော့ သေချာတယ်။ ဒါကြောင့်မို့ နောင်ကြီးတို့ကို အပြင်စခန်းမှာ ထားတာပေါ့"

"ဒီလိုဆိုရင်လည်း သူက လက်မခံဘူးလို့ ပြောသည်အထိ ကျုပ်တို့ စောင့်စရာမလို တော့ဘူးပေါ့ဗျာ။ တနေရာရာကို သွားရုံပဲ ရှိတော့တာပေါ့" ဟု ကျောင်းဆရာ ဝုရုံက ပြောလေ၏။

"နေပါဦးခင်ဗျာ။ ကျွန်တော် အကြံတခု ပေးပါရစေဦး။ နောင်ကြီးတို့ ဒီလိုတွေးမိပြီး ပြန်သွားကြမှာစိုးလို့ တိုင်ပင်ရအောင် ကျွန်တော် စောစောလာခဲ့တာပါ။ ဝမ်လုံ ဘယ်လို စီစဉ်သလဲဆိုတာ ဒီနေ့ တရက်လောက် စောင့်ကြည့်ရင် မကောင်းပေဘူးလား။ တကယ်လို့ ဒီလူက မနေ့ကလို မဟုတ်ဘဲ အကျိုးနဲ့ အကြောင်းနဲ့ ပြောတယ်ဆိုရင်တော့ နောင်ကျမှ တိုင်ပင်ကြသေးတာပေါ့။ ဒါပေမဲ့ ဒီလိုမဟုတ်ဘဲ သူက မတော်တရော် ပြောလာတယ် ဆိုရင်တော့ ကျွန်တော့်တာဝန် ထားလိုက်ပါ"

"နောင်ကြီး စာနာတတ်ပုံကတော့ဖြင့် ကျွန်တော်တို့နဲ့တောင် မထိုက်တန်ပါဘူး ခင်ဗျာ" ဟု ကျောက်ခဲက ပြောလေ၏။ ဝုရုံက-

"ကျွန်တော်တို့က နောက်မှ တွေ့ရတဲ့ ညီနောင်သစ်တွေပါဗျာ။ ဒီတော့ ညီနောင်သစ် တွေအတွက် ညီနောင်ဟောင်းနဲ့ ဘာဖြစ်လို့ အချင်းများနေတော့မလဲ။ ရှိပါစေတော့။ သူ ခွင့်ပြုရင်လည်း နေရုံပေါ့။ သူ ခွင့်မပြုဘူးဆိုရင်လည်း သွားရုံပေါ့"

လင်ချုံးက-

"ဒီလိုလည်း မဟုတ်သေးပေါ့ ဆရာရယ်။ "ရဲရင့်ထက်မြက်သူတို့ မည်သည် အချင်းချင်း စောင့်ရှောက်တတ်၏" ဆိုတဲ့ ရှေးစကားလိုပေါ့။ ဒီလူဟာ လူယုတ်မာ။ သူဟာ ဘယ်သူ့ အတွက်မှ ကောင်းကျိုးမပေးဘူး။ ကဲ၊ ရဲရင့်သူမိတ်ဆွေများဗျာ၊ အစစအရာရာ ကျွန်တော့် တာဝန်ထားလိုက်ပါ။ နောက်များမှ တွေ့ကြသေးတာပေါ့" ဟု ပြောကာ လင်ချုံးသည် ထ၍ ပြန်သွားလေ၏။

သူတို့သည် လင်ချိုးကို တံခါးဝအထိ လိုက်ပို့ကြရာ လင်ချိုးလည်း တောင်ပေါ်သို့ ပြန်တက်သွားလေ၏။

ခဏကြာလျှင် တောင်ရိုးပေါ်ရှိ ခံတပ်စခန်းထဲမှ တောပုန်းတဦး ရောက်လာကာ-

"ဒီနေ့မနက်မှာ ကျွန်တော်တို့ တောပုန်းဗိုလ်ကြီးက နောင်ကြီးတို့ကို ထမင်းစား ဖိတ်ပါတယ်။ ခံတပ်စခန်းတောင်ဘက် အင်းစပ်က ဇရပ်ကလေးကို ကြွကြပါ"

"ဟုတ်ပြီ။ ကျုပ်တို့ မကြာခင်ပဲ လာခဲ့မယ်လို့ ပြောလိုက်ပါ" ဟု ကျောက်ခဲက ပြောသဖြင့် တောပုန်းလည်း ပြန်ထွက်သွားလေ၏။ ကျောက်ခဲက ဝုရုံဘက်သို့ လှည့်ပြီး-

"ဘယ်လိုသဘောရသလဲ ကျောင်းဆရာ"

ကျောင်းဆရာ ဝုရုံက ပြုံးလိုက်လျက်-

"မစိုးရိမ်ပါနဲ့ နောင်ကြီးရာ။ ဒီခံတပ်ကြီးကို အရှင်သခင်သစ်တွေ လာတော့မှာပါ။

ကျုပ် အထင်ပြောရမယ်ဆိုရင်တော့ လင်ချိုးဟာ ဝမ်လုံနဲ့ စာရင်းရှင်းတော့မယ် ထင်တာပဲ။ တကယ်လို့ သူ လက်နှေးရင်တော့ ကျုပ် လျှာနဲ့ သူ့ကို အပ်ပေါက်သလို ပေါက်ပစ်မှာပေါ့။ လက်နက်တို့ ဘာတို့တော့ ဝှက်ယူခဲ့ကြဗျာ။ ကျုပ်က မုတ်ဆိတ်မွေးကို ပွတ်လိုက်ပြီဆိုတာ နဲ့ သူ့ကို ဝိုင်းကူကြပေတော့"

ကျောက်ခဲနှင့် အခြားသူများက သူ့ကို ထောက်ခံကြလေ၏။

နေအတန်ငယ်မြင့်သည့်အခါတွင်မူ သူတို့ကို လာရောက်ဖိတ်ကြားသည်မှာ လေးကြိမ်မျှ ရှိခဲ့လေပြီ။ နောက်ဆုံး၌ သူတို့ ရဲရင့်သူခုနစ်ဦးသည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ကာ လက်နက်များကို ဝှက်၍ ယူခဲ့ကြပြီးလျှင် စားသောက်ပွဲသို့ လာခဲ့ကြလေ၏။ ဆုံဝမ်သည် လမ်းပြရန်အတွက် သူကိုယ်တိုင် မြင်းစီး၍ ရောက်လာကာ ဧည့်သည်ခုနစ်ဦးအတွက်လည်း သံလျင်းခုနစ်စီးတို့ကို ယူလာခဲ့ကြလေ၏။ တောင်ဘက် တောင်စောင်းတွင် ရှိသည့် ရေကန်ဘေး ဇရပ်သို့ ရောက်လာကြသည့်အခါတွင် ရဲရင့်သူခုနစ်ဦးတို့သည်လည်း သံလျင်း များပေါ်မှ ဆင်းလာကြလေ၏။ တောပုန်းဗိုလ်ဝမ်လုံနှင့် လက်ထောက်တောပုန်းဗိုလ်ဒူရှန်း၊ လင်ချိုးနှင့် ချူကွီတို့သည် သူတို့ကို စောင့်ကြိုကာ ဇရပ်ပေါ်သို့ ခေါ်သွားကြလေ၏။ စင်မြင့် တခုပေါ်တွင် ဧည့်သည်များနှင့် အိမ်သည်များသည် တဖက်တချက်စီ

တန်းစီ၍ နေရာယူကြ လေ၏။

လက်ထောက်ဗိုလ်များက သူတို့ခွက်များထဲသို့ အရက်များကို လိုက်၍ ငှဲ့ပေးကြ လေ၏။ အရက် ခွက်တော်တော်များများ လှည့်ပြီးသွား၍ ဟင်းနှစ်ပွဲ ကုန်သွားသည့်အခါ၌ ကျောက်ခဲက ထ၍ မိမိတို့ခုနစ်ဦး ရဲညီနောင်ဂိုဏ်းသို့ ဝင်ခွင့်ရသည့် အထိမ်းအမှတ်အဖြစ် ခွက်မြှောက်ဆုတောင်း သောက်ရန် ပြောလေ၏။

သို့ရာတွင် တောပုန်းဗိုလ်ဝမ်လုံသည် စကားကို ချက်ချင်း လွှဲပစ်လိုက်လေ၏။ ကျောင်း ဆရာဝုရုံသည် သိုင်းဆရာလင်ချုံးကို အကဲခတ်နေလေ၏။ လင်ချုံးမှာကား ဝမ်လုံကို စိုက် ကြည့်လျက် ရှိလေ၏။

သူတို့သည်မွန်းလွဲချိန်အထိ စားသောက်လျက်ရှိကြလေ၏။ ဤတွင် ဝမ်လုံက “ဟိုဟာ တွေယူခဲ့” ဟု အမိန့်ပေးလိုက်လေ၏။ တောပုန်းသုံးယောက်တို့သည် ထွက်သွားကြပြီး အတန်ကြာလျှင် ပြန်ဝင်လာကြလေ၏။ တယောက်မှာ ပန်းကန်ပြားတချပ်ပေါ်တွင် ငွေ ချောင်းကြီး ငါးချောင်းကို တင်၍ ယူလာလေ၏။ ဝမ်လုံသည် အရက်ခွက်ကို ကိုင်၍ မတ်တတ်ရပ်လိုက်ပြီး ကျောက်ခဲဘက်သို့ လှည့်၍ ပြောလေ၏။

“နောင်တော်သူရဲကောင်းတွေ ကျွန်တော်တို့ဆီကို လာရောက် စုရုံးကြတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာလှပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ခံတပ်ကလေးဟာ ရွှံ့တော၊ စိမ့်တောထဲက ခံတပ်ကလေးတခုသာ ဖြစ်တဲ့အတွက် ဒီလိုအဆင့်အတန်းမြင့်တဲ့ ရဲရင့်သူ များနဲ့ မထိုက်တန်ပါဘူး ခင်ဗျာ။ ခု ကျွန်တော်တို့က လက်ဆောင်ကလေး မဖြစ်စလောက် ပေးလိုက်တဲ့အတွက်လည်း နောင်ကြီးတို့ ရယ်သွမ်းသွေးမှာ မဟုတ်ဘူးလို့ မျှော်လင့် ပါတယ်။ နောင်တော်တို့ကိုယ်တိုင် ဒီထက်ကြီးတဲ့ ခံတပ်ကြီးတခုမှာ အခြေကျသွားရင် ကျွန်တော့်လူတွေကိုလည်း နောင်ကြီးတို့အောက်မှာ အမှုထမ်းဖို့ လွှတ်ပေးပါ့မယ်”

ကျောက်ခဲက-

“ခု ဒီနာမည်ကျော် ခံတပ်ကြီးဟာ တိုက်ရည်ခိုက်ရည်ရှိတဲ့သူများကို အမြဲတမ်း ဆီးကြိုနေတယ်လို့ ကျွန်တော်တို့ ကြားဖူးခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒီကို တန်းတန်းမတ်မတ် လာခဲ့ခြင်း ဖြစ်ပါတယ်။ နောင်ကြီးက လက်မခံတော့ဘူးဆိုရင်လည်း ကျွန်တော်တို့ သွားကြရမှာပ။ နောင်ကြီး ရက်ရောစွာပေးတဲ့ ငွေချောင်းများကိုတော့ ကျွန်တော်တို့ လက်မခံပါရစေနဲ့။ ကျွန်တော်တို့ဟာ ချမ်းသာကြွယ်ဝလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ ခရီးစရိတ် အလုံအလောက် ရှိနေသေးလို့ပါ။ ဒီတော့ နောင်ကြီးရဲ့လက်ဆောင်များကို ပြန်သာယူပါတော့။ ကျွန်တော်တို့ သွားပါတော့မယ်”

“ဘာဖြစ်လို့ ငြင်းပယ်ရတာလဲဗျာ။ ယူမသွားဘူးဆိုရင် ကျွန်တော်တို့ ဘယ်စိတ် ကောင်းပါ့မလဲ။ ခု နောင်ကြီးတို့ကို လက်မခံတာကလည်း ကျွန်တော်တို့မှာ စခန်း အဆောက်အအုံနည်းပြီး ရိက္ခာများ ရှားပါးနေလို့ ဖြစ်ပါတယ်။ ဒီလိုနေရာမျိုးမှာ နေရင် နောင်ကြီးတို့လို သူရဲကောင်းတွေအဖို့လည်း ကျဉ်းကျပ်လှပါတယ်။ နောင်ကြီးတို့ရဲ့ ဂုဏ် သိက္ခာနဲ့လည်း မထိုက်တန်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ဆီမှာ ဆက်နေဖို့ မပြော တာပါ”

ဝမ်လုံ၏ စကားမဆုံးမီမှာပင် လင်ချုံးက ကျယ်လောင်စွာဖြင့်-

“ကျုပ် ဒီကိုလာတုန်းကလည်း ခင်ဗျားမှာ ရိက္ခာနည်းလို့၊ စခန်းနေရာကျဉ်းလို့ ဆိုပြီး ကျုပ်ကို မောင်းထုတ်ခဲ့တာပဲ။ ခု နောင်ကြီးကျောက်ခဲရဲ့ ရဲညီနောင်တွေ လာတော့လည်း ခင်ဗျား ဒီစကားကို ပြောပြန်ပြီ။ ဒါက ဘာသဘောလဲ”

ကျောင်းဆရာ ဝုရုံက-

“စိတ်မဆိုးပါနဲ့ ဗိုလ်ကြီးရယ်။ အမှန်ကတော့ ကျွန်တော်တို့ မလာသင့်ပါဘူး။ ခု ကျွန်တော်တို့ လာလို့ အချင်းချင်း စိတ်ဝမ်းကွဲရတာ။ ဗိုလ်ချုပ်ဝမ်လုံဟာ ကျွန်တော်တို့ကို နှင်ထုတ်နေတာ မဟုတ်ပါဘူး။ ခရီးစရိတ်အလုံအလောက်နဲ့ တခြားကို သွားဖို့ ပြောတာပါ။ အားလုံး ဘယ်လိုမှ မအောက်မေ့ကြပါနဲ့။ ကျွန်တော်တို့ သွားပါတော့မယ်။ ကျွန်တော်တို့ သွားရင် နောင်ကြီးတို့လည်း အကျယ်အကျယ် ဖြစ်စရာ မလိုတော့ဘူးပေါ့”

လင်ချုံးက-

“ဝမ်လုံဆိုတဲ့လူရဲ့ အပြုံးနောက်မှာ ဓားမြှောင် ရှိတယ်ဗျ။ ဒီလူဟာ အပြောမှာ သန့်ရှင်း သလောက် အလုပ်မှာ ညစ်စုတ်တဲ့လူ။ ဒီလူ ဒီအတိုင်းလုပ်နေတာကို ကျုပ် ကြည့်မနေ နိုင်ဘူး”

ဝမ်လုံက-

“ဟေ့ တိရစ္ဆာန်၊ မင်းမမူးသေးဘူး။ မမူးဘဲနဲ့ ငါ့ကို စော်စော်ကားကား ပြောတယ်ပေါ့။ ကိုယ့်အထက်လူကြီးကို ရိုရိုသေသေ မဆက်ဆံဘူးပေါ့ ဟုတ်လား”

“ခင်ဗျားဟာ အစိုးရစာပြန်ပွဲမှာ ကျလာတဲ့ သုခမိန်စုတ်။ မတောက်တခေါက်သာ သိတဲ့ လူ။ ဒီလိုလူကို ဘာဖြစ်လို့ ကျုပ်က ခေါင်းဆောင်တင်ရမှာလဲ”

ဝုရုံက ကျောက်ခဲဘက်သို့ လှည့်၍ “ကဲ၊ ကျွန်တော်တို့ လာလို့ ဒီမှာ

စကားများကုန် ကြပြီဗျာ။ လေ့ရှာပြီး ဒီနေ့ပဲ ထွက်ကြရင် ကောင်းမယ်” ဟု ဆိုကာ ရဲရင့်သူခုနစ်ဦးတို့ သည် ဇရပ်မှ ထွက်မည်ပြုဟန်ဖြင့် ထိုင်ရာမှ ထ လိုက်ကြလေ၏။ “စားသောက်ပွဲပြီး အောင်တော့ နေကြပါဦးဗျာ” ဟု ဝမ်လုံက ပြောလေ၏။

လင်ချုံးသည် ခြေထောက်ကို မြှောက်၍ ထမင်းစားပွဲကို တဖက်သို့ ကန်ချလိုက်ပြီးနောက် ဝတ်ရုံထဲရှိ ဓားရှည်ကို ဆွဲထုတ်လိုက်လေ၏။ ဝုရုံက မုတ်ဆိတ်ကို ပွတ်နေလေ၏။ ကျောက်ခဲနှင့် လျူထန်တို့သည် ဝမ်လုံကို ဆွဲမည့်ဟန်ဖြင့် အနားသို့ ကပ်လာကြလေ၏။

“မဖြစ်ကြပါနဲ့ နောင်ကြီးရာ”

ဝုရုံကလည်း လင်ချုံးကို ဖျောင်းဖျသည့်ဟန်ဖြင့် ပြောနေလေ၏။

“နောင်ကြီး၊ ဒေါသရှေ့မထားနဲ့လေ”

ကုန်ဆွန်ရှုန်းကလည်း “ကျွန်တော်တို့အတွက် စိတ်ဝမ်းကွဲတာမျိုး မဖြစ်ကြပါနဲ့ဗျာ” ဟု ပြောလေ၏။ ဖိုးရုံကြီးသည် ဒူရှုန်း၏ လည်ပင်းကို ဖက်လိုက်လေ၏။ ဖိုးရုံကလေးနှင့် ဖိုးရုံငယ်တို့ကလည်း ဆုံဝမ်နှင့် ချူကွီကို ထိုအတိုင်း လုပ်ကြလေ၏။

အနီးသို့ စုရုံးရောက်ရှိလာသည့် နောက်လိုက်တောပုန်းများသည် အလန့်တကြားဖြင့် သူတို့ကို ကြည့်နေကြလေ၏။ လင်ချုံးကား ဝမ်လုံကို ဆဲရေးတိုင်းထွာလျက်ရှိလေပြီ။

“အလကား တောသုခမိန်ကလေး။ ဒူရှုန်းသာ မရှိရင် ခင်ဗျားလိုလူ ဒီနေရာမျိုးကို တောင် ရောက်မှာ မဟုတ်ဘူး။ ခင်ဗျားကို သခင်ကျဲ့ ထောက်ခံချက်ပေးခဲ့တာ။ သူက စရိတ်စက ထုတ်ပေးခဲ့တာ။ ခင်ဗျားကို မိတ်ဖွဲ့ပေးခဲ့တာ။ သခင်ကျဲ့ကိုယ်တိုင်ရဲ့ ထောက်ခံ ချက်နဲ့ ကျုပ် လာတဲ့အခါကျတော့ ခင်ဗျား ကျုပ်ကို နှင်ထုတ်ဖို့ လုပ်ခဲ့တယ်။ ခု ရဲရင့်သူတွေ လာတော့လည်း ခင်ဗျား ဒီလူတွေကို တောင်အောက်ရောက်အောင် နှင်ထုတ်ခဲ့တယ်။ နေစမ်းပါဦး။ လျှံရှုန်းတောင်ကြီးတတောင်လုံးကို ခင်ဗျားတယောက်တည်းများ ပိုင်တယ်လို့ ထင်နေသလား။ အလကား သူခိုး။ လူစွမ်းကောင်းတွေကို မနာလိုဖြစ်နေတဲ့လူ။ ခင်ဗျား အသက်ရှင်နေလို့ကော ဘာအကျိုးရှိမှာလဲ။ ခင်ဗျားမှာ ဘာအရည်အချင်းမှ မရှိဘူး။ ဒီ ခံတပ်ကို ခေါင်းဆောင်ရအောင် ခင်ဗျားက ဘာကောင်မို့လို့လဲ”

ဒူရှုန်း၊ ဆုံဝမ်နှင့် ချူကွီတို့သည် ဝမ်လုံကို ကူရန် ပြေးလာကြလေ၏။ သို့ရာတွင် ဖိုးရုံ တို့ ညီအစ်ကိုတသိုက်က ချုပ်ထားသဖြင့် ရုန်း၍မရတော့ပြီ။

တောပုန်းဗိုလ်ဝမ်လုံသည် စခန်းသို့ ပြန်ရန် လှည့်လိုက်လေ၏။ ကျောက်ခဲနှင့် လူျထန်တို့က သူ့ကို ရှေ့မှ ပိတ်လိုက် ကြလေ၏။ ဤတွင် ဝမ်လုံသည် သူ့အန္တရာယ်ကို သဘောပေါက်သွားခဲ့လေပြီ။

"ဟေ့၊ ငါ့လူတွေ ဘယ်ရောက်ကုန်ကြသလဲ" ဟု ဝမ်လုံက အော်လိုက်၏။

ဝမ်လုံ၏ နောက်လိုက်နောက်ပါတို့သည် သူတို့ဗိုလ်ကို လာရောက်ကယ်ဆယ်လိုကြ သည့်တိုင် ကြောက်စဖွယ်ကောင်းလှသော လင်ချုံးကို မြင်သဖြင့် အနီးသို့ မကပ်ရဲဘဲ ဖြစ်နေကြလေ၏။

လင်ချုံးသည် တောပုန်းဗိုလ်ဝမ်လုံကို ဆဲရေးတိုင်းထွာကာ ရင်ဝကို ဓားမြှောင်ဖြင့် စိုက်ချလိုက်လေ၏။ ဝမ်လုံမှာ ပုံ၍ လဲကျသွားလေ၏။ ကျောက်ခဲနှင့် အခြားသူများ အသီးသီး တို့လည်း ဓားမြှောင်များကို ထုတ်ထားကြလေ၏။ လင်ချုံးသည် ဝမ်လုံ၏ ခေါင်းကို ဖြတ်လိုက်ပြီးနောက် မြှောက်၍ ပြလေ၏။ ဒူရှန်း၊ ဆုံဝမ်နှင့် ချူကွီတို့မှာ ကြောက်လန့်ကာ ဒူးထောက်ကြလေ၏။

"နောင်ကြီးရာ၊ နောင်ကြီးရဲ့ မြင်းထိန်းကျွဲကျောင်းအဖြစ် နေပါ့မယ်။ ကြာပွတ်ကိုင်၊ ခြေနင်းကွင်းသိမ်းအဖြစ် နေပါ့မယ်"

ကျောက်ခဲက ယဉ်ကျေးစွာဖြင့် သူတို့သုံးဦးကို ထိုင်ရာမှ ဆွဲ၍ အထခိုင်းလေ၏။ ဝုရုံ သည် သွေးတွေ စွန်းပေနေသော တောပုန်းဗိုလ် ထိုင်သည့် ကုလားထိုင်ကို ဆွဲယူလာကာ လင်ချုံးအား ထိုကုလားထိုင်ပေါ်တွင် အတင်းအထိုင်ခိုင်းလေ၏။ ထို့နောက် ဝုရုံက-

"သဘောမတူတဲ့ လူ ရှိသလား။ သဘောမတူရင် ဝမ်လုံနောက်ကို လိုက်သွားကြ။ အခုအချိန်က စပြီး သိုင်းဆရာလင်ချုံးဟာ လျှံရှန်းတောင်ရိုးလို့ ခေါ်တဲ့ မင်းပုန်းတောင်ရဲ့ ဗိုလ်ပဲ"

လင်ချုံးက-

"မလုပ်ပါရစေနဲ့ ကျောင်းဆရာရယ်။ ကျွန်တော် ဒီလူယုတ်မာကို သတ်တာက နောင်ကြီးတို့ လူစွမ်းကောင်းတွေကို သစ္စာရှိတဲ့အနေနဲ့ သတ်လိုက်တာပါ။ ကျွန်တော် ဗိုလ်လုပ်ချင်လို့ မဟုတ်ပါဘူး။ သူ့ကို သတ်ပြီး သူ့ကုလားထိုင်ကို ကျွန်တော် ဝင်ထိုင်တယ် ဆိုရင် လူစွမ်းကောင်း ရဲညီနောင်တွေရဲ့ ကြားမှာ ကျွန်တော်ဟာ လူရယ်စရာ ဖြစ်တော့ မှာပေါ့။ ဒီလိုလုပ်မယ့် အစား ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော် သတ်သေပစ်လိုက်မှာပေါ့။ ဒါပေမဲ့ နောင်ကြီးတို့ကို တခုပြောစရာတော့ ရှိတယ်ဗျာ။ နားထောင်ချင်ကြရဲ့လား မသိဘူး"

"ပြောပါဗျ။ နားထောင်မှာပေါ့။ ဘယ်သူ နားမထောင်ချင်သလဲ၊ ပြော။

ကျုပ်တို့ နားထောင် မယ်”

လင်ချိုး၏ စကားမှာ ခပ်တိုတို ဖြစ်လေ၏။ သို့ရာတွင် သူ့စကားကြောင့် ပေါ်ပေါက် လာသော ရလဒ်မှာ အရေအတွက်များသည့်တိုင် စိတ်ဝမ်းတခုတည်းရှိသော လူတို့သည် ညီညွတ်ရေးဇရပ်၌ စုဝေးကြကုန်၏။ မှန်ကန်တည်ကြည်သော လူစွမ်းကောင်းတို့သည် သစ္စာညီနောင် ခန်းဆောင်တွင် စည်းဝေးကြကုန်၏။ ကောင်းကင်ဘုံ၏ အလိုတော်အတိုင်း ဆောင်ရွက်၍ သဘောထား ကြီးမြတ်သည့် သစ္စာရှိ လူစွမ်းကောင်းသည် မကြာမီ ဆိုက်ရောက်တော့အံ့။

လင်ချိုးသည် ဝုရုံကို မည်သို့ ပြောသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၀

လျှံ့ရှန်းကျူတောမှ တောပုန်းများက ကျောက်ခဲကို ဗိုလ်မြှောက်ခြင်း

လသာသော ည တညဉ့် လျူထန်သည် ယွန်ကျင့်မြို့သို့ ထွက်ခွာသွားခြင်း

ဝမ်လုံကို ထိုးသတ်လိုက်သည့် ဓားမြှောင်ကို လက်တွင် ကိုင်ထားရာမှ လင်ချုံးသည် လာရောက်စုဝေးကြသော တောပုန်းများကို လက်ညှိုးထိုးပြလိုက်ကာ-

"ကျွန်တော်ဟာ ရွှေနန်းတော် ကိုယ်ရံတော်တပ်က တပ်ပြေးတဦး ဖြစ်ပေမယ့် ဒီနေ့ ဒီအချိန်မှာ လူစွမ်းကောင်းတွေနဲ့ အတူရှိနေပါတယ်။ ဝမ်လုံဟာ စိတ်သဘောထား ကျဉ်းမြောင်းတယ်။ လူစွမ်းကောင်းတွေရဲ့ သတ္တိဗျတ္တိကို မနာလိုတိုရှည် ဖြစ်တယ်။ သူတို့ကိုလက်ခံဖို့ ငြင်းပယ်တယ်။ ဒါကြောင့် ကျွန်တော်ဟာ ဝမ်လုံကို ဆန့်ကျင်ခဲ့ရတယ်။ ကျွန်တော့် ကိုယ်ရေးကိုယ်တာအတွက်၊ ကျွန်တော် သူ့နေရာကို ဆက်ခံချင်တဲ့အတွက် ဆန့်ကျင်ခဲ့တာ မဟုတ်ဘူး။ ကျွန်တော်ဟာ အရှင်ဧကရာဇ်အပါးမှာ ဝန်းရံနေတဲ့ မှူးဆိုး မတ်ဆိုးတွေကို ဖျက်ဆီး ဖယ်ရှားနိုင်တဲ့ သတ္တိလည်း မရှိဘူး။ အရည်အချင်းလည်း မရှိဘူး။ ဟောဒီက နောင်ကြီးကျောက်ခဲကတော့ သတ္တိရှိပြီး သဘောထားကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ဉာဏ်ရှိပြီး ရဲရင့်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ နေရာတကာမှာ ကျော်စောပြီး ကြည်ညို လေးစား ခံရသူလည်း ဖြစ်တယ်။ သူ့ရဲ့ ရက်ရောသဘောထားကြီးတဲ့ စိတ်ဓာတ်ကို ဂုဏ်ပြုသော အားဖြင့် ဒီခံတပ်ရဲ့ ခေါင်းဆောင်အဖြစ် တင်မြှောက်ပါတယ်။ ရဲရင့်တို့ ကန့်ကွက်ချင် ကြသေးသလား"

"ကောင်းတယ်" ဟု တောပုန်းများက အော်ကြလေ၏။

ကျောက်ခဲက-

"ဒါကိုတော့ လက်မခံပါရစေနဲ့ဗျာ။ "ညှော့သည်မည်သည် မည်မျှ ခွန်အားကြီးသည် ဖြစ်စေ အိမ်ရှင်ထက် ကြီးကြောင်းကို မပြရာ" ဆိုတဲ့ ရှေးစကားရှိပါတယ်။ ကျွန်တော် ခေါင်းမဆောင်ပါရစေနဲ့"

လင်ချုံးသည် ကျောက်ခဲကို ဆွဲခေါ်လာခဲ့ကာ ခေါင်းဆောင်နေရာတွင် အထိုင်ခိုင်း လေ၏။"အချိန်ရောက်ပြီဗျာ။ မငြင်းနဲ့" ဟု ပြောကာ အခြားသော တောပုန်းများဘက်သို့ လှည့်၍ "သဘောမတူတဲ့လူ ရှိရင် ဝမ်လုံနောက်ကို လိုက်ဖို့ ပြင်ကြ" ဟု အော်၍ ပြော လေ၏။

လင်ချုံးက ကျောက်ခဲအား ထိုနေရာကို လက်ခံရန် ယဉ်ကျေးစွာ ပြောလေ၏။ ဇရပ်သို့ လာရောက်၍ ကျောက်ခဲကို ဂါရဝပြုရန်လည်း တောပုန်းများကို ခေါ်လေ၏။ ထို့နောက် ဝမ်လုံ၏အလောင်းကို ဖယ်ရှားရန် အမိန့်ပေးပြီးနောက် ခံတပ်ထဲတွင် စားသောက်ပွဲ ပြုလုပ်ရန်လည်း စီစဉ်လေ၏။ တောင်၏ ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင် တာဝန်ကျနေသော လက်ထောက်ဗိုလ်များကိုလည်း ခံတပ်စခန်းထဲရှိ အစည်းအဝေးသို့ လာရန် ဆင့်ခေါ်လိုက် လေ၏။

လင်ချုံးနှင့် အခြားသူများသည် ကျောက်ခဲကို သံလျင်းတစီးပေါ်သို့ တင်ကာ သူတို့ မှာမူ မြင်းကိုယ်စီဖြင့် သစ္စာညီနောင်ခန်းဆောင်သို့ လာခဲ့ကြပြီး ခန်းဆောင်သို့ ရောက် သည့်အခါတွင် မြင်းများပေါ်မှ ဆင်းကြလေ၏။ ကျောက်ခဲကိုလည်း စင်မြင့်ရှိ ဗဟိုအကျဆုံး နေရာတွင် အထိုင်ခိုင်းလေ၏။ ခန်းဆောင်အလယ်တွင်လည်း အမွှေးတိုင်အိုးကြီးတအိုးကို ထွန်းညှိစေလေ၏။ လင်ချုံးသည် ရှေ့သို့ တက်လာပြီးလျှင်-

"ကျွန်တော်ဟာ လက်နက်တွေအကြောင်းကို အနည်းအပါးသာ သိတဲ့ လူရိုင်း တယောက် ဖြစ်ပါတယ်။ ကျွန်တော့်မှာ ပညာလည်း မရှိပါဘူး။ အရည်အချင်းလည်း မရှိပါဘူး။ ဉာဏ်လည်း မရှိပါဘူး။ အတတ်လည်း မရှိပါဘူး။ ဒီနေ့တော့ ကျွန်တော်တို့ဟာ ရဲရင့်သူများနဲ့ တွေ့ရတဲ့အတွက် အင်မတန် ကံကောင်းလှပါတယ်။ ကျွန်တော်တို့ရဲ့ မှန်ကန် တဲ့ လုပ်ငန်းစဉ်တွေဟာလည်း ရှင်းလင်းသွားပါပြီ။ ကျွန်တော်တို့မှာ အရင်တုန်းကလို အခွင့်အာဏာကို လက်လွတ်စပယ် သုံးဖို့ မသင့်တော်ပါဘူး။ ဒါကြောင့် ဟောဒီက ကျောင်းဆရာဝုရုံကို ကျွန်တော်တို့ တပ်တွေရဲ့ စစ်ရေးအကြံပေးပုဂ္ဂိုလ်အဖြစ် တင်မြှောက် ပါတယ်။ ကျောင်းဆရာဝုရုံဟာ ဒုတိယနေရာကို ယူစေချင်ပါတယ်"

ဝုရုံက-

"ကျွန်တော်ဟာ တောကျောင်းဆရာကလေးတယောက်ပါ။ ဒီတော့ ကျွန်တော့်မှာ ပညာလည်း သိပ်မတတ်ပါဘူး။ အုပ်ချုပ်တဲ့အတတ်ကိုလည်း နားမလည်ပါဘူး။ ဆွန်ဘုရင် နဲ့ ဝုဘုရင်တို့ ရေးခဲ့တဲ့ စစ်သေနင်္ဂဗျူဟာကျမ်းအချို့ကို ဖတ်ဖူးခဲ့သည့်တိုင် ကျွန်တော်ဟာ အရည်အချင်းဆိုလို့ သဲပွင့်ကလေး တပွင့်လောက်တောင်မှ မရှိပါဘူး။ ဒါကြောင့်မို့ လက်မခံ ပါရစေနဲ့"

လင်ချုံးက "အချိန်ရောက်ပြီဗျာ။ ကိုယ့်ကိုယ်ကိုယ် ဒီလောက်နှိမ့်ချတာတွေ ဘာတွေ လုပ်မနေပါနဲ့။ အချိန်မရှိဘူး" ဟု ပြောလေ၏။ ဝုရုံသည် ဒုတိယနေရာတွင် ထိုင်လေ၏။ လင်ချုံးက "ကဲ၊ နောင်ကြီးကုန်ဆွန်က တတိယနေရာမှာ ထိုင်ပါ ခင်ဗျာ" ဟု ပြောလေ၏။ ဤတွင် ကျောက်ခဲက-

"ဒါတော့ မဖြစ်ဘူးထင်တယ် နောင်ကြီး။ ဒီလိုသာ ဒို့ပြင်လူတွေကို နေရာတွေ လျှောက်ပေးနေရင် ကျွန်တော် နုတ်ထွက်ရလိမ့်မယ်"

"ဒီလိုမပြောပါနဲ့ နောင်ကြီးရာ။ နောင်ကြီးကုန်ဆွန်ဟာ ရဲညီနောင်တွေ အသိုက်အဝန်းမှာ အားလုံးသိကြတဲ့ ပုဂ္ဂိုလ်ပါ။ နောင်ကြီးဟာ အင်မတန်တော်တဲ့ တပ်မှူးကောင်း တယောက်လည်း ဖြစ်တယ်။ နတ်တွေတောင် သူ့စစ်ပရိယာယ် အတိမ်အနက်ကို မသိနိုင်တဲ့ လူ။ နောင်ကြီးကုန်ဆွန်ဟာ လေကိုလည်း ခေါ်နိုင်တယ်၊ မိုးကိုလည်း ခေါ်နိုင်တယ်။ သူ့လိုလူ ဘယ်မှာများ ရှိသေးလို့လဲ"

တာအိုကိုရင်ကြီးဟန် ဝတ်ထားသည့် ကုန်ဆွန်က-

"ဟုတ်ပါတယ်။ ကျုပ်ဟာ ပဉ္စလက်အတတ်အချို့ကို နားလည်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ လောကကြီးကို ကောင်းကျိုးပေးနိုင်တဲ့ အတတ်ပညာရယ်လို့ ကျုပ် ဘာမှ မတတ်ပါဘူး။ ဒီတော့ ကျုပ် ခေါင်းဆောင် မလုပ်ရဲပါဘူး။ အဲဒီနေရာဟာ နောင်ကြီးနဲ့သာ ထိုက်တန်ပါတယ်"

လင်ချုံးက-

"ရန်သူကိုနှိမ်နင်းတဲ့နေရာမှာ နောင်ကြီးဟာ ဘယ်လောက် ဉာဏ်သွားတယ်ဆိုတာကို ဒီနေ့ ကျွန်တော်တို့ မြင်ခဲ့ရပြီ။ သုံးချောင်းထောက် အမွှေးတိုင်အိုးဟာ ခြေထောက် သုံးချောင်း ရှိရလိမ့်မယ်။ နှစ်ချောင်းတည်းနဲ့ ဘယ့်နှယ်လုပ်မှ မရပ်နိုင်ဘူး။ ဒီတော့ ယဉ်ကျေးမှုတွေ လုပ်မနေနဲ့ဗျာ"

ကုန်ဆွန်သည် တတိယနေရာတွင် ယူရလေ၏။ လင်ချုံးသည် အခြားနေရာများကို အခြားသူများအား ပေးလိုသော်လည်း ဤတကြိမ်တွင်မူ ကျောက်ခဲ၊ ဝုရုံနှင့် ကုန်ဆွန်တို့က လက်မခံ တော့ပြီ။

"သုံးချောင်းထောက် အမွှေးတိုင်အိုးဟာ ခြေထောက်သုံးချောင်း ရှိရမယ်လို့ နောင်ကြီး ပြောခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့သုံးယောက် နေရာသုံးနေရာကို လက်ခံခဲ့ကြတယ်။ နောက်ထပ် နောင်ကြီး လက်မခံတော့ဘူးဆိုရင် ကျုပ်တို့လည်း ငြင်းရလိမ့်မယ်" ဟု ဆိုကာ လင်ချုံးကို စတုတ္ထနေရာတွင် အတင်းအထိုင်ခိုင်းလေ၏။ ကျောက်ခဲက-

"ဆုံဝမ်နဲ့ ဒူရှန်းတို့လည်း ထိုင်ကြပါ" ဟု ပြောသော်လည်း ဆုံဝမ်နှင့် ဒူရှန်းတို့က ငြင်းဆန်ကြလေ၏။ သူတို့က ဖိုးရုံညီအစ်ကိုသုံးယောက်နှင့် လျှူထန်တို့ကို ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမနှင့် အဋ္ဌမနေရာ အသီးသီးတွင် ထိုင်ရန် တိုက်တွန်းကြလေ၏။ ထို့နောက် ဆုံဝမ်က နဝမ၊ ဒူရှန်းက ဒသမ၊ ချူကွီက ဧကဒသမ စသဖြင့် နေရာအသီးသီးတွင် ထိုင်ကြလေ၏။

ထိုအချိန်မှစ၍ လူစွမ်းကောင်း ဆယ့်တစ်ယောက်တို့၏ နေရာသည် လျှို့ရှုန်းတောင်ရိုး တွင် ထင်ရှားခဲ့ကြလေ၏။ တောင်အရှေ့နှင့် အနောက်ဘက်တို့ကို ကာကွယ်နေသည့် တောပုန်းရှစ်ရာတို့သည် သူတို့ကို လာရောက် ဂါရဝပြုကြလေ၏။ ကျောက်ခဲက သူတို့ကို နှုတ်ခွန်းဆက်စကား ပြောလေ၏။

"ဒီနေ့မှာ သိုင်းဆရာလင်ချုံးက ကျုပ်ကို ဒီခံတပ်ရဲ့ ခေါင်းဆောင်အဖြစ် တင်မြှောက် လိုက်ပြီး ကျောင်းဆရာဝုရုံကို စစ်အကြံပေးပုဂ္ဂိုလ်အဖြစ် တင်မြှောက်လိုက်တယ်။ ကုန်ဆွန် ကတော့ စစ်ရေးစစ်ရာတွေမှာ အချုပ် ဖြစ်တယ်။ သိုင်းဆရာလင်ချုံးနဲ့ အခြားသူများကတော့ ဒီခံတပ်စခန်းကြီးကို စီမံအုပ်ချုပ်ကြလိမ့်မယ်။ ရဲရင့်တဲ့ လက်ထောက်တပ်ဗိုလ် များဟာ နဂိုမူရင်းနေရာများမှာ ပြန်ပြီး တာဝန်ယူကြရမယ်။ နေ့စဉ်တာဝန်တွေကို ခါတိုင်း လို ထမ်းဆောင်ကြရမယ်။ သစ်တပ်ကို ကာကွယ်ကြရမယ်။ ဘယ်လို အဖြစ်ဆိုးမျိုးကိုမှ မကျရောက်အောင် လုပ်ကြရမယ်။ ကျုပ်တို့အားလုံးဟာ စိတ်ဓာတ်နဲ့ အကျင့်သိက္ခာအရ ညီညွတ်ကြရမယ်"

ထို့နောက် ကျောက်ခဲက သစ်တပ်စခန်းဘေးရှိ အိမ်နှစ်လုံးအား ပြင်ဆင်ရန်၊ မိမိတို့နှင့် ပါလာသည့် မိသားစုများအား နေရာချပေးရန်၊ ရွှေ ငွေ ကျောက်သံပတ္တမြားတို့ စသည့် လမ်းမှ လုယူလာသည့် ဘုရင့်ဘဏ္ဍာတော်များကို ယူဆောင်လာရန် အမိန့်ပေး လေ၏။ ထို့နောက် ထိုပစ္စည်းများထဲမှ တပ်ဗိုလ်များ၊ ငယ်သားများအား ဆုလာဘ်အဖြစ် ခွဲဝေပေးလေ၏။

ကျွဲနွားများကို ပေါ်စေကာ အာကာစိုးနတ်နှင့် ဘုမ္မစိုးနတ်တို့ကို ပူဇော်ပြီးနောက် စားသောက်ပွဲကြီး ကျင်းပကြလေ၏။ တပ်ဗိုလ်များသည် ညဉ့်နက်သည်အထိ သောက်စား နေကြလေ၏။ သို့ဖြင့် သူတို့သည် ရက်ပေါင်းများစွာ အောင်ပွဲကြီး ကျင်းပကြလေ၏။ ထို့နောက် ကျောက်ခဲ၊ ဝုရုံနှင့် အခြားသော တပ်ဗိုလ်များသည် စပါးကျီများကို စစ်ဆေးခြင်း၊ ခံတပ်ကို ပြင်ဆင်ခြင်း၊ လှံ၊ မိန်း၊ လေး၊ မြား၊ သံချပ်၊ သံခမောက် စသည့် လက်နက်များကို ထုတ်လုပ်ခြင်း၊ လှေကြီး လှေငယ်များကို အဆင်သင့်ပြင်ခြင်း၊ တပ်သား များနှင့် လှေသမားများအား လှေကျင့်သင်ကြားပေးခြင်း၊ ရန်သူတို့ လာရောက်တိုက်ခိုက် လျှင် တွန်းလှန်ရန် ပြင်ဆင်ခြင်း စသည့်အလုပ်များဖြင့် အလုပ်များလျက် ရှိကြလေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

တနေ့သ၌ ကျောက်ခဲသည် ခံတပ်စခန်းရှိ မိသားစုများအား ရက်ရောစွာ ပေးကမ်း ထောက်ပံ့သည်ကို ကြည့်၍ လင်ချုံးသည် အရှေ့နေပြည်တော်တွင် ကျန်ရစ်ခဲ့သည့် သူ့ ဇနီးကို များစွာ သတိရလျက်ရှိကာ ယခုဆိုလျှင် အသက်မှ ရှိပါသေး၏လောဟု တွေးတော လျက်ရှိရာ ထိုအကြောင်းကို ကျောက်ခဲအား ဖွင့်၍ ပြောမိလေ၏။

"ကျုပ် ဒီရောက်ကတည်းက ဇနီးသည်ဆီကို လူလွှတ်ပြီး အခေါ်ခိုင်းမလို့ စိတ်ကူးခဲ့ တာ။ ဒါပေမဲ့ ဝမ်လုံဆိုတဲ့လူက စိတ်ထားမကောင်းဘူး။ ပြောရဆိုရတာ သိပ်ခက်တယ်။ ဒါ ကြောင့်မို့ နေ့ရွှေ့ညရွှေ့နဲ့ နေခဲ့ရတာ။ ခု ကျုပ်ဇနီးလည်း ဘယ်လိုများနေမလဲ မသိဘူးဗျာ" "နောင်ကြီးရာ။ ဒီလိုဆိုရင်လည်း တယောက်ယောက်ကို လွှတ်ပြီး အခေါ်ခိုင်းလိုက် ပါလား။ စာတစောင် ရေးပေးလိုက်။ အဲဒီစာကို လူတယောက်လွှတ် ပေးခိုင်းလိုက်ပြီး သူ့ကိုခေါ်လာခဲ့ခိုင်းလိုက်ပေါ့။ ဒီလိုဆိုခင်ဗျားလည်း စိတ်သောက မရောက်ရတော့ဘူးပေါ့"

လင်ချုံးသည် စာတစောင်ရေးကာ စိတ်ချရသည့် တောပုန်းနှစ်ယောက်ကို လွှတ် လိုက်လေ၏။ နောက်နှစ်လမပြည့်မီတွင် ထိုလူနှစ်ယောက်သည် တောပုန်းစခန်းသို့ ပြန် ရောက်လာခဲ့ကြလေ၏။

"အရှေ့နေပြည်တော်ကို ရောက်တော့ ကျွန်တော်တို့ ဗိုလ်ချုပ်ကောက်ကျူရဲ့ အိမ် နားကို တန်းသွားတယ်ဗျ။ အဲဒီနားမှာ ဗိုလ်မင်းရဲ့ ယောက္ခမအိမ်ကို အဆင်သင့်ပဲ တွေ့ရပါ တယ်။ ဗိုလ်ချုပ်ကောက်ကျူက ဗိုလ်မင်းရဲ့ဇနီးကို သူ့သားနဲ့ လက်ထပ်ဖို့ အတင်း အကျပ် ကိုင်နေတယ်လို့ ကြားခဲ့ရပါတယ်။ ဒီတင် သူ့သားကိုတော့ မယူနိုင်ဘူး ဆိုပြီး ဗိုလ်မင်းရဲ့ ဇနီးဟာ ကြိုးဆွဲချ အဆုံးစီရင်သွားတယ်လို့ သိရပါတယ်။ ခုဆိုရင် ခြောက်လလောက် တောင် ရှိပြီတဲ့။ ဒီတင် ဗိုလ်မင်းရဲ့ ယောက္ခမကြီးလည်း စိတ်ထောင်း ကိုယ်ကြေဖြစ်လို့ အိပ်ရာထဲလဲပြီး ကွယ်လွန်သွားပါတယ်။ ခုဆိုရင် ဗိုလ်မင်းတို့အိမ်က အိမ်ဖော်မိန်းကလေး ဖြစ်တဲ့ ကျင်အဲတယောက်ပဲကျန်ပါတော့တယ်။ ခု သူလည်း အိမ်ထောင်ကျပြီး သူ့ယောကျ်ား နဲ့ အတူနေနေပါတယ်။ ဒီတင် ကျွန်တော်တို့ အိမ်နားနီးချင်းတွေဆီ လိုက်စုံစမ်းတော့ သူတို့ကလည်း ဒီအတိုင်းပဲ ပြောလိုက်ကြပါတယ်။ အကျိုးအကြောင်းသိတာနဲ့ တပြိုင်နက် ကျွန်တော်တို့လည်း သတင်းပို့ရအောင် ဆိုပြီး ပြန်လာခဲ့ကြတာပါပဲ"

လင်ချုံးသည် ငိုကြွေးလေ၏။ ထို့နောက်မှ စ၍ လင်ချုံးသည် အိမ်နှင့်တကွ ဆွေမျိုး သားချင်းများ အကြောင်းတို့ကို မစဉ်းစားတော့ပြီ။ ထိုအဖြစ်ကို မြင်သည့်အခါတွင် ကျောက်ခဲသည် သက်ပြင်းချလေ၏။

စခန်းတခုလုံးမှာလည်း နေ့စဉ်နှင့်အမျှ စစ်ရေးလေ့ကျင့်ကာ ရန်သူတို့ လာတိုက်လျှင် ခုခံကာကွယ်ရန် ပြင်ဆင်လျက်ရှိလေ၏။

တနေ့သ၌ သစ္စာညီနောင်ခန်းဆောင်တွင် တပ်ဗိုလ်များ စည်းဝေးလျက်ရှိကြစဉ် တောပုန်း တယောက် တောင်ပေါ်သို့ တက်လာကာ သတင်းပို့လေ၏။

"ကျီစုနယ်က တပ်သားနှစ်ထောင်လောက်ဟာ လှေအစီး လေး ငါးရာနဲ့ ချီတက်လာ နေပါတယ်။ ခုဆိုရင် ကျောက်တိုင်ရွာနားက အင်းကြီးထဲမှာ စခန်းချနေကြပါတယ်"

ကျောက်ခဲက အထိတ်တလန့်ဖြင့် ဝုရုံကို လှမ်းပြောလိုက်လေ၏။

"ဒီလိုဆို မကြာခင်ရောက်လာတော့မှာပေါ့။ ကျုပ်တို့ဘယ်လိုလုပ်ကြမလဲနောင်ကြီး"

ကျောင်းဆရာ ဝုရုံက ရယ်လိုက်လျက်-

"ဒီလောက်လည်း မစိုးရိမ်စမ်းပါနဲ့ နောင်ကြီးရာ။ ကျုပ်မှာ အစီအစဉ်ရှိပါတယ်။ "မြေကြီးသည် ရေစီးကို တန့်အောင် လုပ်နိုင်၏။ စစ်ဗိုလ်ချုပ်ကောင်းတို့သည် ရန်သူတို့ကို တန့်အောင် လုပ်နိုင်၏" ဆိုတဲ့ စကား အရှိသားပဲ" ဟု ဆိုကာ ဖိုးရုံတို့ ညီအစ်ကိုသုံးယောက် အား လုပ်စရာရှိသည်ကို တီးတိုး မှာကြားပြီးနောက် လင်ချုံး၊ လျူထန်၊ ဒူရှန်းနှင့် ချူကွီ တို့ကိုလည်း ညွှန်ကြားချက်များ ပေးလေ၏။

ကျောက်တိုင်ရွာအနီးရှိ အင်းထဲ၌ကား သိမ်းဆည်းထားသည့် လှေများဖြင့် ရောက်လာ ကြသည့် ကျီစုရဲဝန်၏တပ် တထောင်ကျော်ခန့်သည် စခန်းချလျက်ရှိလေ၏။ ထိုတပ်များ ကို ခေါင်းဆောင်လာသူမှာ ခရိုင်တပ်ဖွဲ့မှူး ဟုန်အန့်နှင့် ရဲအရာရှိကြီးတယောက်တို့ ဖြစ်လေ၏။ ထိုတပ်များသည် စစ်ကြောင်းနှစ်ကြောင်းခွဲကာ အင်းကို ဖြတ်၍ ချီတက်လာခဲ့ ကြလေ၏။

ဟုန်အန့်၏ လှေတပ်ကြီးသည် အလံများတလွင့်လွင့်၊ စစ်ချီသံတဝေဝေဖြင့် သဲသိင်္ဂါ ဆိပ်ကမ်းဆီသို့ လျင်မြန်စွာ ချီတက်လာခဲ့လေ၏။ ကမ်းနားသို့ ရောက်သည့်အခါတွင် လွမ်းဆွတ် ကြေကွဲဖွယ်ကောင်းသည့် တေးသံများကို ကြားရလေ၏။

"အဲဒီအသံက ကျွဲချိုမှုတ်သံ မဟုတ်လား" ဟု ဟုန်အန့်က မေးလေ၏။

ဟုန်အန့်သည် လှေများကို ရပ်တန့်ရန် အချက်ပြကာ အဝေးသို့ မျှော်ကြည့်နေလေ၏။ အဝတ်အစား ဆင်တူဝတ်ထားသည့် လူလေးဦးစီ လှော်ခတ်လာသည့် လှေသုံးစီးသည် သူတို့ဆီသို့ လှော်ခတ်လာနေသည်ကို မြင်ရလေ၏။ လှေတစီးပေါ်တွင် ခေါင်းပေါင်းနီ၊ အင်္ကျီနီတို့ကို ဝတ်ဆင်ထားပြီး ချိတ်လှံကြီးတချောင်းကို ကိုင်၍ မတ်တတ်ရပ်လိုက်လာ သည့် လူတယောက်ကို မြင်ရလေ၏။

တပ်သားတယောက်မှာ သူတို့ကို မှတ်မိသဖြင့် - အဲဒါ ဖိုးရုံတို့

ညီအစ်ကိုသုံးယောက် ခင်ဗျ”ဟု ဟုန်အန့်ကို ပြောလေ၏။ “ဒီကောင်တွေကို လိုက်ဖမ်း၊ တယောက်မှ မလွတ် စေနဲ့” ဟု ဟုန်အန့်က အမိန့်ပေးလေ၏။

ဤတွင် စစ်ကြောင်းနှစ်ကြောင်းမှ လှေအစီး လေး ငါးဆယ်ခန့်တို့သည် ညာသံပေးကာ ထိုလှေများနောက်သို့ လိုက်ကြလေ၏။ လှေဆီမှ လက်ခေါက်မှုတ်သံ ပေါ်လာကာ ထိုလှေ များသည် ပြန်လှည့်ပြေးကြလေ၏။ ဟုန်အန့်သည် လှံကြီးကို မြှောက်ကိုင်ကာ ဒီ ခေးပြ တွေကို မိအောင် ဖမ်းခဲ့ကြ။ သတ်ခဲ့ကြ။ မင်းတို့ကို ဆုလာဘ်ကောင်းကောင်းပေးမယ်”ဟု အော်ဟစ်လျက်ရှိလေ၏။

တပ်သားများသည် ရှေ့မှပြေးနေသော လှေသုံးစီးဆီသို့ မြားများကို မိုးသီးမိုးပေါက် ကျသကဲ့သို့ လွှတ်လျက်ရှိကြလေ၏။ ဖိုးရုံတို့ညီအစ်ကိုသည် လှေပေါင်းမိုးထဲမှ မြေခွေး ရေဒိုင်းများကို ထုတ်ကာ မြားများကို ဆီးခံကြလေ၏။ ဟုန်အန့်၏ လှေများသည်လည်း အပြင်းလိုက်လျက် ရှိလေ၏။ သို့ဖြင့် ချောင်းကလေးတခုအတိုင်း သုံး လေးလီခန့် လိုက်လာမိသည့်အခါတွင် နောက်မှ လှေကလေးတစီး ပေါ်လာကာ ထိုလှေပေါ်မှ လူက-

“ရဲဘော်တို့ လိုက်မနေကြနဲ့။ တောပုန်းတွေက ဟိုဘက်စစ်ကြောင်းက ကျုပ်တို့ လှေတပ်သားအားလုံးကို သတ်ပစ်လိုက်ကြပြီ။ ခု ကျုပ်တို့လှေတွေအားလုံးလည်း သူတို့ လက်ထဲမှာ ရောက်နေပြီ” ဟု အော်ပြောလေ၏။

“ရဲဘော်က သူတို့လက်ထဲကို ဘယ်လိုလုပ် ရောက်သွားတာလဲ” ဟု ဟုန်အန့်က မေးလေ၏။

“ကျွန်တော်တို့ လှေနဲ့ တက်လာတော့ ခပ်လှမ်းလှမ်းမှာ လှေကလေးနှစ်စီးကို တွေ့ရ ပါတယ်။ လှေတစီးပေါ်မှာ လူငါးယောက်စီ ပါပါတယ်။ ဒါနဲ့ ကျွန်တော်တို့ အဲဒီလှေနှစ်စီး နောက်ကို လိုက်ကြပါတယ်။ နှစ်လီလောက် လိုက်မိတဲ့အခါကျတော့ ဘေးက ချောင်းကလေးတွေထဲက လှေ ခုနစ်စီး ရှစ်စီးလောက် ထွက်လာပါတယ်။ ပြီးတော့ ကျိုင်းကောင် အုပ်ကျသလို သူတို့မြားတွေ ကျွန်တော်တို့အပေါ်ကို ကျလာတော့တာပါပဲ။ ဒါနဲ့ ကျွန်တော်တို့ ချက်ချင်း ပြန်ဆုတ်လာခဲ့ကြရပါတယ်။ ဒါပေမဲ့ ချောင်းဝကလေးတခုနား ရောက်တော့ ကမ်းတဖက်တချက်က လူ နှစ်ဆယ် သုံးဆယ်လောက်ဟာ ရေပြင်ကို ဖြတ်ပြီး ကြိုးနဲ့ တားထားပါတယ်။ ကျွန်တော်တို့လည်း အနားရောက်ရော ကျွန်တော် တို့ကို ခဲတွေ၊ ရွှံ့တွေ နဲ့ ပိုင်းပေါက်ကြတော့တာပါပဲ။ ဒါနဲ့ ကျွန်တော်တို့လည်း လှေတွေပေါ်က ခုန်ဆင်းပြီး အသက်လု ပြေးခဲ့ကြရပါတယ်။ တချို့လည်း လွတ်သွားကြပါတယ်။ ကျွန်တော်တို့ စခန်းချ ထားခဲ့တဲ့ ကမ်းနားကို ပြန်ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ ထားပစ်ခဲ့တဲ့ မြင်းတွေ လည်း

မရှိတော့ပါဘူး။ တောပုန်းတွေက ယူသွားကြပါပြီ။ အစောင့်တွေကိုတော့ သတ်ပြီး ရေထဲ ပစ်ချခဲ့ကြပါတယ်။ ဒါနဲ့ ကျူတောထဲမှာ လှေလေးတစီး တွေ့တာနဲ့ အဲဒီလှေကို လှော်လာပြီး သတင်းပို့တာပါ”

ဟုန်အန့်သည် ညည်းတွားလျက် ရှိလေ၏။ ထို့နောက် ဟုန်အန့်သည် အလံဖြူကို ဝှေ့ယမ်းကာ လှေများကို ပြန်လှည့်ခဲ့ရန် အမိန့်ပေးလေ၏။ ထိုသို့ လှေများကို ပြန်လှည့် လိုက်စဉ် အခြားလှေကြီးသုံးစီး ခေါင်းဆောင်လျက် တကျိပ်ကျော်မျှ ရှိသည့် လှေကြီးများ သည် သူတို့နောက်မှ လိုက်လာကြသည်ကို မြင်လိုက်ရလေ၏။ ထိုလှေများပေါ်တွင် လူ လေး ငါး ယောက်ခန့်စီ ပါလာသည်ကိုလည်း မြင်ရလေ၏။ ထိုလှေများသည် အလံများကို ဝှေ့ယမ်းကာ လက်ခေါက်မှုတ်သံတညံညံဖြင့် သူတို့လှေများနောက်သို့ လိုက်လာကြ လေ၏။ ဟုန်အန့်သည် မိမိလှေများကို တိုက်ပွဲဝင်အနေအထားသို့ ရောက်အောင် စီစဉ်ခြင်း မပြုရသေးမီမှာပင် ဘေးပတ်ပတ်လည် ကျူတောများထဲမှ အလံများ တလူလူ ပေါ်လာကာ အမြောက်သံများ ပေါ်ထွက်လာလေ၏။ ဟုန်အန့်မှာ ဘာမှ မလုပ်တတ် မကိုင်တတ်အောင် ဖြစ်နေလေပြီ။

အနားသို့ ကပ်လာသော လှေများပေါ်မှ “ဗျို့၊ ဟုန်အန့်။ ခင်ဗျားပြန်ချင်ရင် ပြန်သွား နိုင်တယ်။ ဒါပေမဲ့ ခေါင်းတော့ ထားခဲ့” ဟူသော အသံတသံ ပေါ်ထွက်လာလေ၏။

ဟုန်အန့်သည် ထိုကျူတောမှ အမြန်ဆုံး အပြင်သို့ ရောက်ရန် လှေများကို အတင်း အလှော်ခိုင်းလျက် ရှိလေ၏။ ထိုသို့ လှော်ခတ်နေစဉ် အင်းတဖက်တချက် ကျူတောများ ကြားရှိ ချောင်းကလေးများထဲမှ လှေငယ်ပေါင်း လေး ငါးဆယ်ခန့် ထွက်လာကြကာ ဟုန်အန့်၏ တပ်များကို မြားမိုးရွာချလျက်ရှိလေ၏။ ဟုန်အန့်သည် ငှက်မွေးတပ်ထားသည့် မြားတံများကြားမှ တတ်နိုင်သမျှ လွတ်အောင် ကြိုးစားပါ၏။ သူ့တွင် လှေငယ် သုံး လေးစီး သာလျှင် ကျန်လေ၏။

ဟုန်အန့်သည် ခပ်မြန်မြန်လှော်နိုင်သည့် လှေပြားကလေးထဲသို့ ခုန်ဆင်းလိုက်လေ၏။ သူ့တပ်သားများမှာလည်း ရေထဲသို့ ခုန်ဆင်းနေကြသည်ကို မြင်ရလေ၏။ အချို့ကိုလည်း လှေများပေါ်မှ ဆွဲချသွားသည်ကို မြင်လိုက်ရလေ၏။ ထိုတိုက်ပွဲ၌ အများအပြား ကျဆုံးကုန်ကြလေ၏။ ဟုန်အန့်မှာ လှေမြန်ကလေးတစီးဖြင့် ထွက်ပြေးလာသည်တွင် ကျူတော စပ်ရှိ လှေဦးတွင် ရပ်စောင့်နေသည့် လျူထန်က ကြိုးကွင်းဖြင့် လှမ်းချိတ်လိုက်ပြီး လှေကို ဖမ်းထားလိုက်လေ၏။ လျူထန်သည် လှေပေါ်သို့ ခုန်တက်လာကာ ဟုန်အန့်၏ အကျီ ရင်ဘတ်ကို လှမ်းဆွဲလိုက်ပြီးနောက် “ရုန်းမနေနဲ့တော့။ အချည်းနှီးပဲ” ဟု ပြောလေ၏။

ရေထဲတွင် ကူးပြေးရန် ကြိုးစားသူများမှာ မြားချက်မိ၍ ကျဆုံးကုန်ကြလေ၏။ ရေကြောက်သူများမှာ လှေများပေါ်တွင် အဖမ်းခံကြရလေ၏။

လျူထန်သည် ဟုန်အန်နှ့ကို ကမ်းပေါ်သို့ တရွတ်ဆွဲ၍ ခေါ်လာခဲ့လေ၏။ အဝေးတွင်မူ ကျောက်ခဲနှင့် ကုန်ဆွန်ရှုန်းတို့အား မြင်းကိုယ်စီဖြင့် တောင်ပေါ်မှ ဆင်းလာသည်ကို မြင်ရပြီး လက်တွင် ဓားများကို ကိုင်ထားကြလေ၏။ သူတို့နောက်တွင်လည်း တပ်ကူ လေးငါးခြောက်ဆယ်ခန့် ပါလာပြီး တဝက်ကျော်ကျော်တို့မှာ မြင်းများကို စီးလာကြလေ၏။

ထိုတိုက်ပွဲ၌ စုစုပေါင်း ရန်သူနှစ်ရာခန့်ကို ဖမ်းမိခဲ့လေ၏။ ဖမ်းဆီးရမိသော ရန်သူ လှေများကိုလည်း မြောက်ဘက်တောင်ခြေရင်းတွင် ရှိသည့် အင်းဘေး ခံတပ်အနီးသို့ ရွှေ့ပြောင်းထားလိုက်လေ၏။

တောပုန်းဗိုလ်များနှင့် ယင်းတို့၏ နောက်လိုက်နောက်ပါတို့သည် ခံတပ်စခန်းဆီသို့ ချီတက်လာခဲ့ကြလေ၏။ ကျောက်ခဲသည် မြင်းပေါ်မှ ဆင်းသက်ပြီးသော် သစ္စာညီနောင် ခန်းဆောင်သို့ သွားကာ မိမိ၏နေရာတွင် ထိုင်နေလေ၏။ အခြားသူများမှာလည်း မိမိတို့ ကိုယ်မှ သံချပ်အင်္ကျီများကို ချွတ်ကာ လေးမြားတို့ကို ချပြီးနောက် ကျောက်ခဲကို ဝန်းရံ၍ နေရာယူကြလေ၏။ ဟုန်အန်နှ့ကိုမူ တိုင်တတိုင်တွင် ချည်နှောင်ထားလေ၏။ လက်အောက် ငယ်သားများအားလည်း ဆုလာဘ်အဖြစ် ရွှေ၊ ငွေနှင့် ကျောက်မျက်ရတနာများကို ခွဲဝေ ပေးလေ၏။ တိုက်ပွဲတွင် သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများကိုလည်း စာရင်းပြုလုပ်လေ၏။ မြင်းအကောင် ခြောက်ရာကျော်ကိုလည်း သိမ်းဆည်းရမိခဲ့ကြလေ၏။

ဤသည်တို့မှာ လင်ချုံး၏ အစွမ်းကြောင့် ဖြစ်လေ၏။ ဒူရှုန်းနှင့် ဆုံဝမ်တို့မှာ အင်း အရှေ့ဘက်ကမ်းတိုက်ပွဲတွင် အနိုင်ရခဲ့ပြီး ဖိုးရုံတို့ ညီအစ်ကိုသုံးဦးတို့မှာမူ အနောက်ဘက် ကမ်းတိုက်ပွဲတွင် အနိုင်ရခဲ့ကြလေ၏။ လျူထန်မှာ ရန်သူတပ်မှူးဟုန်အန်နှ့ကို ဖမ်းခဲ့ခြင်း ဖြစ်လေ၏။

တောပုန်းဗိုလ်များသည် များစွာ ကျေနပ်လျက်ရှိကြလေ၏။ နွားများနှင့် မြင်းများကို ပေါ်၍ စားသောက်ပွဲကြီး ကျင်းပကြလေ၏။ တောင်ပေါ်တွင် ချက်သည့် အကောင်းစား ချက်အရက်ကို တည်ခင်း တိုက်လေ၏။ အင်းထဲမှ ထွက်သည့် ငါးများနှင့် လတ်လတ် ဆတ်ဆတ် ကြာရိုးများကို ချက်ပြုတ်ကျွေးလေ၏။ တောင်ပေါ်ရှိခြံများမှ ထွက်သော မက်မုံသီး၊ ပန်းသီး၊ ဆီးသီး၊ သစ်တော်သီး၊ စွန်ပလွံသီး၊ သစ်ကြားသီး၊ ရှောက်ချိုသီး တို့မှာလည်း အလျှံပယ်ဖြစ်လေ၏။ စခန်းတွင် မွေးထားသည့် ကြက်၊ ဘဲ၊ ဝက်၊ ငန်း စသည်တို့ကိုလည်း ချက်ပြုတ်

ကျွေးမွေးလေ၏။

တောပုန်းများသည် တဦးကို တဦး ဝမ်းသာအားရဖြင့် ချီးကျူးလျက် ရှိကြလေ၏။ တောင်ပေါ်သို့ လောလောလတ်လတ် ရောက်ရှိလာသော သူတို့အဖို့ကား ထိုအောင်ပွဲ သည် ကြီးမားသည့် အောင်ပွဲကြီးတပွဲ ဖြစ်လျက်ရှိလေ၏။

ထိုသို့ စားသောက်လျက်ရှိကြစဉ် တောပုန်းတဦး ရောက်လာကာ-

"တောင်အောက်က ချူကွီဆီက သတင်းတခု ရောက်လာပါတယ်" ဟု ပြောလေ၏။ ကျောက်ခဲက သတင်းလာပို့သူကို အခေါ်ခိုင်းလိုက်ပြီး အကျိုးအကြောင်းကို မေးမြန်း ကြည့်လေ၏။

"ဒီနေ့ညမှာ ဒီလမ်းက ကုန်သည်တော်တော်များများ ဖြတ်လိမ့်မယ်လို့ သတင်းပို့ ခိုင်းလိုက်ပါတယ်" ဟု ဆက်သားက ပြောလေ၏။

"အင်း၊ တို့မှာ ရွှေတို့၊ ပိုးတို့ နည်းနေတဲ့ အချိန်နဲ့တော့ အတော်ပဲ။ ဒီတိုက်ပွဲကို ဘယ်သူခေါင်းဆောင်မလဲ" ဟု ကျောက်ခဲက လှမ်းမေးလိုက်လေ၏။

"ကျုပ်တို့ညီအစ်ကိုသုံးယောက် သွားရင်ကော" ဟု ဖိုးရုံကြီးက မေးလေ၏။

"အကောင်းဆုံးပေါ့ဗျာ။ ကဲ၊ ဒါဖြင့် နောင်ကြီးတို့ သတိရှိကြ။ မြန်မြန်သွားကြ။ ချက်ချင်းပြန်ခဲ့ကြ"

ဖိုးရုံညီအစ်ကိုသုံးယောက်သည် ခန်းမထဲမှ ထွက်သွားကြလေ၏။ သူတို့သည် အဝတ် အစားလဲကာ ဓားရှည်များ ချိတ်ကြလေ၏။ ထို့နောက် မှိန်းများ၊ ခက်ရင်းခွများ၊ ချိတ်လုံ့များ စသည်တို့ကို ယူကာ လက်ရွေးစင် လူတရာခန့်ကို ရွေးကြလေ၏။ သူတို့သည် ခန်းဆောင် ထဲရှိ တပ်ဗိုလ်များကို နှုတ်ဆက်ကာ တောင်အောက်သို့ ဆင်းသွားကြလေ၏။ သဲသိဂ်ါ ကမ်းသို့ ရောက်သည့်အခါတွင် လှေများပေါ်သို့ တက်ကြပြီး အင်းတဖက်ကမ်းရှိ ချူကွီ၏ ထမင်းဆိုင်ဆီသို့ လာခဲ့ကြလေ၏။

ကျောက်ခဲမှာ ဖိုးရုံတို့ ညီအစ်ကိုသုံးယောက်တည်းနှင့် ချောမောပါမည်လောဟု စိုးရိမ် လျက် ရှိသဖြင့် လျူထန်ကို လူတရာနှင့် ထပ်၍ လွှတ်လိုက်လေ၏။

သွားခါနီးတွင် ကျောက်ခဲက-

"ကုန်သည်တွေရဲ့ ပိုက်ဆံနဲ့ အဖိုးတန်ပစ္စည်းတွေကိုပဲ ယူနော်။ သူတို့အသက်ကိုတော့ ဘာမှ ရန်မရှာနဲ့" ဟု မှာလိုက်လေ၏။

လျှူထန်လည်း တောင်အောက်သို့ ဆင်းသွားလေ၏။ သန်းခေါင်ကျော်သည့်တိုင် ပြန်ရောက်မလာကြသေးချေ။ ဤတွင် ကျောက်ခဲသည် ဒူရှန်းနှင့် ဆုံဝမ်ကို နောက်ထပ် လူ ငါးဆယ်နှင့် ထပ်၍ လွှတ်လိုက်ပြန်လေ၏။

ကျောက်ခဲ၊ ဝုရုံ၊ ကုန်ဆွန်နှင့် လင်ချုံးတို့မှာ အရက်တက်ခါနီးအထိ သောက်စားနေ ကြလေ၏။ ထိုစဉ် ဆက်သားတယောက် ရောက်လာကာ-

"ချူကွီရဲ့ ကျေးဖူးကြောင့် ရွှေ၊ ငွေနဲ့ ပုလဲ လှည်းအစီးနှစ်ဆယ် ရခဲ့ပါတယ်။ မြည်း၊ လားနဲ့ မြင်းကောင်ရေ ငါးဆယ်ကျော်လည်း သိမ်းဆည်းရမိခဲ့ပါတယ်"

"အသေအပျောက် ရှိသေးသလား" ဟု ကျောက်ခဲက မေးလေ၏။

"ကျွန်တော်တို့လာတာ မြင်တော့ ကုန်သည်တွေလည်း လှည်းတွေရော၊ ပစ္စည်းတွေ ရော၊ ဝန်တင်တိရစ္ဆာန်တွေကိုရော အားလုံးကို ပစ်ပြီး ထွက်ပြေးကြတယ်။ တယောက်မှ အထိအခိုက် မရှိပါဘူး"

ကျောက်ခဲကား ဝမ်းသာ၍ မဆုံးပြီ။

"ကျုပ်တို့တတွေဟာ ခံတပ်စခန်းကို အုပ်ချုပ်တာ ဘယ်လောက်မှ မကြာသေးဘူး။ ဒီတော့ လူထုတွေကို နာကျင်အောင် မလုပ်ရဘူး"

ကျောက်ခဲသည် သတင်းလာပို့သည့် ဆက်သားအား ငွေချောင်းတချောင်း ဆုချလေ၏။ ထို့နောက် အရက်များ၊ သစ်သီးများကို ယူ၍ တောင်အောက်ခြေရှိ သဲသိဂ်ကမ်းသို့ လာခဲ့ လေ၏။ တိုက်ပွဲမှ ပြန်လာကြသော တောပုန်းဗိုလ်များသည် ပစ္စည်းများကို လှည်းများပေါ်မှ ချကာ လှေများပေါ်သို့ တင်ပြီး ခံတပ်စခန်းသို့ ပို့ရန် ပြင်နေကြလေ၏။

ထိုအခါကား ပျော်စရာကောင်းသည့် တွေ့ဆုံပွဲ ဖြစ်လေ၏။ အောင်ပွဲအဖြစ် အရက် အနည်းငယ်သောက်ကြပြီးသော် ချူကွီကို ဂုဏ်ပြု ကျွေးမွေးရန်အတွက် တောင်ရိုးပေါ်ရှိစခန်းသို့ ခေါ်လာခဲ့လေ၏။ ကျောက်ခဲနှင့် အခြားသော တောပုန်းဗိုလ်များလည်း သစ္စာ ညီနောင်ခန်းဆောင်သို့ ရောက်လာကာ ဝိုင်းဖွဲ့၍ ထိုင်ကြလေ၏။ တောပုန်းများသည် တိုက်၍ ရလာသည့် ပစ္စည်းထုပ်ကြီးများကို တထုပ်ပြီး တထုပ် ဖောက်ကာ ပိုးထည်များကို သတ်သတ်တပုံ၊ အခြားသော ပစ္စည်းများကို သတ်သတ်တပုံ ခွဲထားပြီး ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်မျက်များကို အလယ်တွင် ပုံထားလေ၏။

ပစ္စည်းများစွာ ရလိုက်သဖြင့် တောပုန်းဗိုလ်များမှာ များစွာ ဝမ်းမြောက်လျက် ရှိကြ လေ၏။ နောင်တွင် အသုံးပြုရန်အတွက် ပစ္စည်းတဝက်စီကို ကုန်လှောင်ရုံထဲတွင် သိမ်း ဆည်းထားရန် လက်အောက်တပ်ဗိုလ်များကို

အမိန့်ပေးလိုက်လေ၏။ ကျန်ပစ္စည်းတို့ကို နှစ်ပုံ ပုံလိုက်ပြီးလျှင် တပုံကို တပ်ဗိုလ်ဆယ့်တစ်ယောက်တို့အတွက် ခွဲဝေယူကြပြီး ကျန် တပုံကို ငယ်သားများအား ခွဲပေးလိုက်လေ၏။

ဖမ်းမိလာသည့် တပ်သားများ၏ မျက်နှာပေါ်တွင် ထင်ရှားသည့် အမှတ်အသားတခုစီ ရေးထိုးပေးလေ၏။ သန်မာသည့် တပ်သားများအား မြင်းထိန်း၊ ထင်းခွေ စသည့် အလုပ် များကို လုပ်စေပြီး ချည့်နဲ့သူများကိုမူ လှည်းမောင်း၊ မြင်းစာစဉ်း စသည့် အလုပ်များကို လုပ်စေလေ၏။ ဟုန်အန့်ကိုမူ ခံတပ်စခန်းနောက်ဘက်ရှိ အဆောက်အအုံတခုထဲတွင် ချုပ်နှောင်ထားလေ၏။ ကျောက်ခဲက-

"ဒီတောင်ရိုးခံတပ်စခန်းကို ကျုပ်တို့ လာခဲ့ကြတုန်းက ကျုပ်တို့ဟာ ဝမ်လုံရဲ့အောက် မှာ လက်ထောက်ဗိုလ်ကလေးတွေအဖြစ် အမှုထမ်းဖို့ လာခဲ့ကြတာပဲ။ ဒီနောက်တော့ သိုင်းဆရာ လင်ချုံးက သဘောထားကြီးစွာနဲ့ ကျုပ်ကို ခေါင်းဆောင်အဖြစ် လွှဲပေးခဲ့တယ်။ ခု ကျုပ်တို့မှာ မမျှော်လင့်ဘဲ အောင်ပွဲကြီးနှစ်ပွဲ ဆက်တိုက်ရခဲ့ကြတယ်။ ပထမ အောင်ပွဲကတော့ ဟုန်အန့်ရဲ့ တပ်သားတွေကို အနိုင်ရလိုက်ပြီး လူသူလက်နက်၊ မြင်း စတဲ့ ပစ္စည်း တွေအပြင် ဟုန်အန့်ကိုလည်း ဖမ်းဆီးနိုင်ခဲ့တယ်။ နောက်တခါ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားနဲ့ အဖိုးတန်ပစ္စည်းတွေ တော်တော်များများကို ရခဲ့ပြန်တယ်။ ရဲရင့်တို့ရဲ့ အရည် အချင်းတွေကြောင့်သာ ဒီအောင်ပွဲများကို ရခဲ့ခြင်း ဖြစ်တယ်"

"နောင်ကြီးရဲ့ ထက်မြက်တဲ့ ခေါင်းဆောင်မှုမရှိရင် ကျွန်တော်တို့ ဒီအောင်ပွဲတွေကို ရနိုင်မှာ မဟုတ်ပါဘူး" ဟု အခြားသော တပ်ဗိုလ်များက ပြောကြလေ၏။

ကျောက်ခဲက ဝုရုံဘက်သို့ လှည့်၍-

"ကျုပ်တို့ ညီနောင်ခုနစ်ဦး ဒီနေ့အထိ အသက်ရှင်နေသေးတာဟာ စာရေးကြီး စုန်ကျန့်နဲ့ ရဲသားကလေးချူတုံတို့ရဲ့ ကျေးဇူးကြောင့်ပဲဗျ။ "ကြင်နာမှုကို တုံ့ပြန်ကျေးဇူးဆပ် ခြင်း မရှိသူသည် လူ မဟုတ်" ဆိုတဲ့ ရှေးဆိုရိုးစကားရှိတယ်။ ခု ကျုပ်တို့တတွေ ပျော်ပျော် ရွှင်ရွှင်၊ စည်းစိမ်ရှိရှိ နေနိုင်တာဟာ ဘယ်သူ့ကျေးဇူးလဲ။ ဒီတော့ ကျုပ်တို့ အထဲက ရွှေတွေ အချို့ကို ယွန်ကျင့်မြို့ကို ပို့ပေးရမယ်။ ပြီးတော့ ကျုပ်တို့ရဲ့ ညီနောင်တဦးဖြစ်တဲ့ ပိုက်ရှန်း ဟာလည်း ကျီစုက အကျဉ်းထောင်ထဲမှာ ရှိနေသေးတယ်။ သူ့ကိုလည်း ကယ်ဖို့လိုသေး တယ်။ အဲဒါ အရေးကြီးဆုံးပဲ"

ဝုရုံက-

"ဒါအတွက်တော့ ဒီလောက် မစိုးရိမ်ပါနဲ့ နောင်ကြီးရာ။ ကျွန်တော့်မှာ

အကြံတခု ရှိပါတယ်။ စာရေးကြီးစုန်ကျန့်ဟာ စိတ်သဘောထားကြီးသူ ဖြစ်လေတော့ ကျွန်တော်တို့ ဆီက ကျေးဇူးတုံ့ပြန်တာကို မျှော်ကိုးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဘက်ကတော့ လုပ်စရာရှိတာကို လုပ်ရမှာပေါ့။ ဒီမှာ ကျွန်တော်တို့ ဆွေးနွေးလို့ပြီးရင် ကျွန်တော်တို့ အထဲက ညီနောင်တယောက်ကို သူ့ဆီ လွှတ်ရမှာပေါ့။ ပိုက်ရှန်းကို ကယ်ဖို့ကိစ္စကတော့ ကျီစုက လူတွေ မသိတဲ့ ညီနောင်တယောက်ကို လွှတ်၊ ထောင်မှူးတွေကို လာဘ်ထိုး၊ သူ တို့ကို သိမ်းသွင်း၊ အခွင့်သာတာနဲ့ ပိုက်ရှန်းကို ထုတ်လာခဲ့ရမှာပေါ့။ ခု ကျွန်တော်တို့ လောလောဆယ် လုပ်ရမယ့် အလုပ်တွေကတော့ ရိက္ခာတွေကို သိုလှောင်ရမယ်။ လှေတွေ စစ်ရမယ်။ လက်နက်တွေ ထုတ်ရမယ်။ ပြီးတော့ ကျွန်တော်တို့ ခံတပ်စခန်းကို တောင့်တင်း အောင် လုပ်ရမယ်။ လူနေအဆောက်အအုံတွေ ထပ်ဆောက်ရမယ်။ ကျွန်တော်တို့ရဲ့ အဝတ်အစားတွေနဲ့ သံချပ်အင်္ကျီတွေကို စနစ်တကျ သိမ်းရမယ်။ ဓားတွေ၊ လေးတွေ၊ မြား တွေ လုပ်ရမယ်။ ဒီနည်းအားဖြင့် နောက်ထပ် ရန်သူတို့ တိုက်ခိုက်လာရင် အဆင်သင့် ဖြစ်အောင် ပြင်ဆင်ထားရမယ်”

“ဟုတ်ပေတာပေါ့ဗျာ။ ကျုပ်တို့ဟာ နောင်ကြီးဝုရုံရဲ့ အကြံအတိုင်း လိုက်နာကြရ မှာပေါ့” ဟု ကျောက်ခဲက ပြောလေ၏။

ဤတွင် ဝုရုံလည်း တပ်ဗိုလ်အသီးသီးကို တာဝန်များ ခွဲဝေပေးလေ၏။ ထိုအကြောင်း ကိုမူ ဤတွင် တော်ဦးမည်။

လျှံရှန်းတောင်ရိုး ခံတပ်စခန်းတွင် ကျောက်ခဲ ခေါင်းဆောင်သည့်အချိန်မှ စ၍ အခြေ အနေ ကောင်းမွန် တိုးတက်လာသည်ကို ပြောစရာ မလိုတော့ပြီ။ တိုက်ပွဲမှ ထွက်ပြေး လွတ်မြောက်သွားကာ ကျီစုသို့ ပြန်ရောက်လာသည့် တပ်သားများအကြောင်းကို ပြန် ကောက်ဦးအံ့။ တပ်သားများက သူတို့တပ်မှူး ဟုန်အန့်အား တောပုန်းတို့ ဖမ်းဆီးသွား ကြောင်း၊ မိမိတို့တပ်များ အရေးနိမ့်လာခဲ့ကြောင်း၊ တောပုန်းများမှာ လွန်စွာ သတ္တိ ဗျတ္တိကောင်းကြောင်း၊ သူတို့ကို ဖမ်းဆီးရန်အတွက် မည်သူမျှ အနားမကပ်နိုင်ကြောင်းဖြင့် မြို့ဝန်ကို ပြောကြလေ၏။ ထိုဒေသမှာ ချောင်းငယ်၊ မြောင်းငယ်များနှင့် လမ်းသေးလမ်းမြွာ များ ဝင်္ကပါကဲ့သို့ ရှုပ်ထွေးလျက်ရှိကြောင်းဖြင့်လည်း သတင်းပို့ကြလေ၏။ ထိုဒေသတွင် နိုင်အောင် တိုက်ဖို့ ဆိုသည်မှာ မဖြစ်နိုင်ဟုလည်း ဆိုကြလေ၏။

မြို့ဝန်သည် နန်းရင်းဝန်ကြီးထံမှ ရောက်လာသော မင်းချင်းရှေ့တွင် ညည်းညူခြင်း ပြုရုံ မျှသာ တတ်နိုင်လေ၏။

“တောပုန်းတွေဆီကိုလူအင်အားနဲ့ သွားတိုက်တာကတော့ ရဲဝန်ဟိုတောက် ပထမဆုံး သွားတိုက်တာပဲဗျ။ အသက်ရှင်ပြီး ပြန်လာတဲ့သူဆိုလို့ သူတယောက်ပဲ ရှိတယ်။ ဒါပေမဲ့ နားရွက်တွေတော့ မပါလာတော့ဘူးဗျ။ အဲဒီကတည်းက

ဟိုတောက်လည်း အိမ်ထဲက အိမ်ပြင် မထွက်နိုင်တော့ဘဲ အနားယူခဲ့ရတာ။ ခုထိ ကောင်းကောင်း နာလန်မထတော့ဘူး။ သူနဲ့ ပါသွားတဲ့ တပ်သားငါးရာကတော့ တယောက်မှ ပြန်ရောက်မလာကြတော့ဘူး။ ဒါနဲ့ တပ်မှူးဟုန်အန်နဲ့ ရဲအရာရှိတဦးကို နောက်ထပ် လူအင်အားများများနဲ့ လွှတ်လိုက်ပြန် တယ်။ သူတို့လည်း ပြန်မလာကြတော့ဘူး။ ဟုန်အန်ကတော့ တောင်ရိုးက ခံတပ်စခန်း ထဲမှာ အဖမ်းခံထားရတယ်။ ကျန်တဲ့ တပ်သားတွေ၊ အရာရှိတွေကတော့ ဘယ်လောက် ကျဆုံးသလဲ ကျုပ်လည်း မပြောနိုင်ဘူး။ ကျုပ်တို့ဟာ ဒီတောပုန်းတွေကို မနှိမ်နင်းနိုင်ဘဲ ဖြစ်နေတယ်ဗျာ။ ဘယ်လိုများ လုပ်ရမလဲ မသိဘူး”

မြို့ဝန်သည် မကြံတတ် မစည်တတ်ဖြစ်ကာ ဗလောင်ဆူလျက် ရှိလေပြီ။ သို့ရာတွင် အဖြေကိုမူ ရှာ၍ မရသေးချေ။

ထိုစဉ် အရာရှိငယ်တဦး ရောက်လာကာ-

“မြို့ဝန်အသစ် ရောက်လာပါပြီ။ အရှေ့တံခါးက ဧည့်ခံမဏ္ဍပ်မှာ ရောက်နေပါတယ်။ ခု လာပြီး သတင်းပို့ပါတယ်” ဟု ပြောလေ၏။

မြို့ဝန်သည် မြင်းပေါ်သို့ ခပ်သုတ်သုတ်တက်ကာ မြို့အရှေ့တံခါးအပြင်ဘက်ရှိ ဧည့်ခံ မဏ္ဍပ်သို့ လာခဲ့လေ၏။ ထိုနေရာတဝိုက်တွင် ဖုန်တို့ ထောင်းထောင်းထလျက်ရှိသဖြင့် မြို့ဝန်သစ်နှင့် အခြွေအရံများသည် ယခုကလေးတွင်ပင် ရောက်ရှိလာကြောင်း သိနိုင်ပေ၏။ မြို့ဝန်သည် မဏ္ဍပ်ထဲသို့ ဝင်လာခဲ့ကာ နောက်ဆက်ခံမည့် မြို့ဝန်သစ်ကို တွေ့ဆုံလေ၏။ မြို့ဝန်သစ်က အုပ်ချုပ်ရေးအဖွဲ့ တံဆိပ်ရိုက်နှိပ်ထားသည့် မြို့ဝန်သစ်ခန့်အပ်လွှာစာတမ်းကို ပေးလေ၏။ ထိုခန့်အပ်လွှာကို ဖတ်ပြီးနောက် မြို့ဝန်ဟောင်းသည် မြို့ဝန်သစ်အား မြို့ဝန်ရုံးသို့ ခေါ်သွားကာ တံဆိပ်တော်များ၊ ငွေတိုက်မှ ငွေများနှင့် ရိက္ခာများကို လွှဲပြောင်းပေး လေ၏။ ထို့နောက် မြို့ဝန်ဟောင်းသည် မြို့ဝန်သစ်အား စားသောက်ပွဲ ကျင်းပ၍ ဧည့်ခံကာ လျှံရှန်းတောင်ရိုးပေါ်မှ တောပုန်းများကြောင့် မည်မျှ အလုပ်များ ရကြောင်း၊ မိမိတို့တပ် များကို မည်သို့မည်ပုံ တိုက်ခိုက် လွှတ်လိုက်ကြောင်း စသည်တို့ကို ပြောပြလေ၏။

မြို့ဝန်သစ်၏ မျက်နှာမှာ ရွှံ့နှစ်ရောင်သို့ ပြောင်းသွားခဲ့လေပြီ။ “သြော်၊ လက်စသတ် တော့ ဒါကြောင့် နန်းရင်းဝန်ကြီးဆယ်က ငါ့ကို ရာထူးတိုးပေးလိုက်ပေတာကိုး။ သူ ချီးမြှောက်လိုက်တဲ့ ရာထူးကလည်း တော်ပါပေ့။ ကောင်းပါပေ့။ တပ်သားလည်း မရှိ၊ အရည်အချင်း ရှိတဲ့ တပ်မှူးလည်း မရှိ။ ဒီတောပုန်းတွေကို ငါ ဘယ်လိုလုပ်များ နှိမ်နင်း ရပါ့မလဲ။ ဒီခွေးမသားတွေ ငါ့မြို့ကို ရောက်လာပြီး ရိက္ခာတွေ ပေးရမယ်လို့ တောင်းရင် ငါ ဘယ့်နှယ်လုပ်မလဲ” ဟု

တယောက်တည်း တွေးနေလေ၏။

နောက်တနေ့သို့ ရောက်သော် မြို့ဝန်ဟောင်းသည် ပစ္စည်းများကို ထုပ်ပိုးကာ အရှေ့ နေပြည်တော်သို့ ထွက်ခွာသွားလေ၏။ ထိုနေပြည်တော်သို့ ရောက်လျှင် ပြစ်ဒဏ်ခံရတော့ မည် ဖြစ်ပေ၏။ သူ့အကြောင်းကိုမူ ဤတွင် တော်ဦးမည်။

ယွန်ကျင့်မြို့မှ မြို့ဝန်၏ အမိန့်ကို ရသည့်အခါ၌ မြို့အုပ်သည် သူ့စာရေးကြီး စုန်ကျန့်ကို ခေါ်ကာ အဆိုပါအမိန့်ကို ခရိုင်၊ မြို့နယ်များ အသီးသီးသို့ ထပ်ဆင့်ပေးပို့ရန် ညွှန်ကြား လေ၏။ စုန်ကျန့်သည် မြို့ဝန်၏ အမိန့်ကို ဖတ်ပြီးနောက် လန့်ဖျပ်သွားလေ၏။

"အလိုလေး၊ သောက်ကျိုးနည်း။ ကျောင်းဆရာနဲ့ ရွာသူကြီးကျောက်ခဲတို့ တသိုက် ဟာ ဒီလောက်လုပ်လိမ့်မယ်လို့ ငါနည်းနည်းလေးကလေးမှ မထင်ခဲ့ဘူး။ ကြည့်စမ်းပါဦး။ ဘုရင့်ရဲ့ မွေးနေ့လက်ဆောင်ပဏ္ဏာတွေကိုလည်း လုကြသတဲ့။ ရဲသားတွေကိုလည်း သတ် ပစ်လိုက်ကြသတဲ့။ ပြီးတော့ ရဲဝန်ဟိုတောက်ကိုလည်း နားရွက်ဖြတ် လွှတ်လိုက်ကြသတဲ့။ တပ်သားတွေ၊ ရဲသားတွေ၊ မြင်းတွေကိုလည်း သတ်ပစ်လိုက်ကြသတဲ့။ ဟုန်အန်နဲ့ကိုလည်း ခံတပ်စခန်းထဲမှာ ချုပ်ထားကြသတဲ့။ ဒီလောက် ကြီးလေးတဲ့ ရာဇဝတ်မှုကြီးတွေကို ကျူး လွန်ရင်တော့ ဆွေကိုးဆက် မျိုးကိုးဆက်အထိ အသတ်ခံကြရတော့မှာပဲ။ သူတို့ ဒီလို ဖြစ်သွားရတာကတော့ မလွှဲမရှောင်သာလို့ ဖြစ်သွားကြတာ နေမှာပဲ။ ဒါပေမဲ့ ရာဇဝတ်မှု ကတော့ ရာဇဝတ်မှုပဲ။ တရားဥပဒေအရကြည့်ရင် ဘယ့်နှယ်လုပ်မှ ခွင့်မလွှတ်နိုင်ဘူး။ ခြေလှမ်းမှားလိုက်ရင်တော့ သူတို့အားလုံး ဒုက္ခလှလှကြီး တွေ့ကြတော့မှာပဲ"ဟု တယောက် တည်း တွေးလျက် ရှိလေ၏။

ထိုသို့ အတန်ကြာ တွေးနေပြီးနောက် စာရေးစုန်ကျန့်သည် အကူစာရေး ချန်ဝိန် ယွမ်းအား ညွှန်ကြားချက်များ ရေးစေကာ မြို့ဝန်အမိန့်ကို မြို့ရွာကျေးလက်အနှံ့သို့ အရောက်ပို့ရန် စေခိုင်းလိုက်လေ၏။

စုန်ကျန့်သည် ရုံးမှပြန်လာခဲ့လေ၏။ ခြေလှမ်းသုံးဆယ်လောက် မရောက်မီတွင် "စာရေးကြီး စုန်ကျန့်၊ စာရေးကြီး" ဟူသော ခေါ်သံတသံကို ကြားရလေ၏။ လှည့်ကြည့်လိုက်သည့် အခါတွင် မိန်းမတယောက်နှင့် အတူလာနေသော အောင်သွယ် မဝမ်ကို တွေ့ရလေ၏။ မဝမ်သည် အတူပါလာသည့် မိန်းမဘက်သို့ လှည့်၍ "အဲဒါ ကျွန်မတို့ စာရေးကြီးပေါ့။ သိပ်ပြီး သဘောကောင်းတာ" ဟု ပြောလေ၏။

"ဘာကိစ္စပါလိမ့်" ဟု စုန်ကျန့်က မေးလေ၏။

မဝမ်သည် ရှေ့မှ ဆီးပိတ်၍ ရပ်လိုက်ကာ အတူပါလာသူ မိန်းမကို လက်ညှိုးထိုး ပြရင်း-

"ဟောဒီက အဒေါ်ရဲ့ မိဘတွေက အရှေ့နေပြည်တော်ကပါ။ သူတို့က ဒီဇာတိတွေ မဟုတ်ပါဘူး။ သူတို့ဆိုတာက အိမ်သားသုံးယောက်ဆိုပါတော့။ သူရယ်၊ သူ့ယောကျ်ား ရန်ရယ်၊ သူတို့ သမီးလေး ပေါက်စီရယ်။ သူ့ယောကျ်ား ရန်က တခါတုန်းက အဆိုတော်ပါ။ ဒါနဲ့ သူတို့သမီးလေး ပေါက်စီကို အဆိုသင်ပေးပါတယ်။ သမီးလေး ပေါက်စီကတော့ ဆယ့်ရှစ်နှစ် ရှိပါပြီ။ ရုပ်ကလည်း ချောပါတယ်။ သူတို့က သူတို့အသိအကျွမ်းတယောက် ဖြစ်တဲ့ အရာရှိတယောက်ကို ရှာမယ်ဆိုပြီး ရှန်တောင်ကို သွားကြပါတယ်။ ဒါပေမဲ့ ဟိုရောက်တော့ သူတို့အသိကို ရှာလို့ မတွေ့လို့တဲ့။ ဒီလိုနဲ့ တဝဲလည်လည် ဖြစ်နေရင်း နောက်ဆုံးတော့ ယွန်ကျင့်မြို့ကို ရောက်လာကြတာပါ။ ဒါပေမဲ့ ယွန်ကျင့်က လူတွေက သီချင်းတို့၊ ဂီတတို့ကို သိပ်အားပေးတဲ့ မြို့ မဟုတ်ဘူး မဟုတ်လား။ ဒီတော့ သူတို့မှာ နေထိုင်ရေး အခက်အခဲ တွေ့နေကြတာပေါ့။ မနေ့ကတော့ သူ့ယောကျ်ား ရန်ကလည်း ကူးစက်ရောဂါဖြစ်ပြီး ချက်ချင်း ဆုံးသွားပါတယ်။ သူ့မိန်းမမှာ သင်္ဂြိုဟ်စရိတ်ကလေး တောင်မှ မကျန်ရစ်ခဲ့ပါဘူး။ ဒါနဲ့ ကျွန်မဆီ လာပြီး သူ့သမီးလေး ပေါက်စီကို ယူမယ့် သူများ ရှိရင် စပ်ပေးစမ်းပါလို့ လာပြောပါတယ်။ ဒီလိုကာလကြီးထဲမှာ လူကောင်း သူကောင်း ဘယ့်နှယ်လုပ် ရှာတွေ့နိုင်မလဲရှင်လို့ ကျွန်မက ပြောပါသေးတယ်။ ပြီးတော့ သူ့ယောကျ်ားကို သင်္ဂြိုဟ်ဖို့အတွက် ပိုက်ဆံကလေး ဘာလေး ချေးဖို့ ငှားဖို့ လူ ဆိုလို့လည်း တယောက်မှ မမြင်သေးဘူး။ ဒီလိုနဲ့ စိတ်ပူပြီး ထိုင်နေကြတုန်းမှာ စာရေးကြီးကို မြင်တာနဲ့ မရန်ကို ခေါ်ပြီး လိုက်လာခဲ့ကြတာပဲ။ သနားပါတယ် စာရေးကြီးရယ်။ သူ့ခမျာ ခေါင်းဖိုးကလေး တောင် မတတ်နိုင်ရှာဘူး။ တတ်နိုင်သမျှ ကူညီပါ"

စုန်ကျန့်က-

"ဩော်၊ ဒီလိုလား။ လာ၊ ဒီလိုဆိုရင် ကျွန်တော်နဲ့ လိုက်ခဲ့ကြ။ လမ်းထိပ်က ဆိုင် ကလေး ရောက်တော့ စုတ်တံနဲ့ စက္ကူတောင်းပြီး အသုဘခေါင်းဆိုင်ကို ကျွန်တော် စာရေး ပေးလိုက်မယ်။ အသုဘခေါင်းဆိုင်က မြို့အရှေ့ပိုင်းမှာ ရှိတယ်။ နို့ နေစမ်းပါဦး၊ စားဖို့ သောက်ဖို့ စရိတ်များကော ရှိရဲ့လား"

"အသုဘခေါင်းဖိုးတောင် မရှိတာရှင်။ ဘယ်မှာ စားဖို့သောက်ဖို့ စရိတ်ရှိပါ့မလဲ" ဟု မရန်က ပြောလေ၏။

"ကဲ၊ ဒီလိုဆိုရင် ငွေတဆယ်သား ပေးလိုက်မယ်"

"ကျေးဇူးကြီးပါတယ် စာရေးကြီးရယ်။ အဖေရင်း၊ အမေရင်းကို ပြန်တွေ့ရသလိုပါပဲ။ ကျေးဇူးဆပ်တဲ့အနေနဲ့ ဘာခိုင်းခိုင်း လုပ်ပါ့မယ်။ ခိုင်းချင်ရာ

ခိုင်းပါ။ နွားလို၊ ကျွဲလိုလုပ်ပြီး ဆပ်ပါ့မယ်”

“ရပါတယ်ဗျာ။ ဒီလိုမပြောပါနဲ့” ဟု ဆိုကာ စုန်ကျန့်သည် မုဆိုးမ မရန်ကို ငွေချောင်း တချောင်း ပေး၍ ထွက်လာခဲ့လေ၏။

မရန်သည် သူပေးသည့် စာကို ယူကာ အသုဘခေါင်းဆိုင်သို့ လာခဲ့၍ အသုဘခေါင်း တလုံးကို ရွေးယူခဲ့ပြီးနောက် အိမ်သို့ ပြန်လာခဲ့ကာ အသုဘကိစ္စကို စီစဉ်လေ၏။ အသုဘ ကိစ္စ ပြီးသည့်အခါတွင် ငွေငါးကျပ် ခြောက်ကျပ်သားခန့် ကျန်သေးသဖြင့် သမီးလေးနှင့် သူ့အတွက် စားစရိတ် အနည်းငယ်ရလေ၏။ ထိုအကြောင်းကို မပြောတော့ပြီ။

တနေ့သ၌ မရန်သည် စုန်ကျန့်အား ကျေးဇူးတင်စကား ပြောရန်အတွက် ရောက်လာ ရာ စုန်ကျန့်၏ အိမ်တွင် ဇနီး၊ မိန်းမသူ မရှိသည်ကို တွေ့ရလေ၏။ ထို့နောက်တွင် မရန်က အိမ်နီးချင်းဖြစ်သူ မဝမ်အား အကျိုးအကြောင်းကို မေးမြန်းကြည့်လေ၏။

“သူ့မှာ မိန်းမ မရှိဘူးလား မဝမ်ရဲ့”

“သူ့ဇာတိကတော့ စုန်အိမ်ထောင်စုရွာပဲ။ ဒါပေမဲ့ သားမယားရှိတယ်လို့ တခါမှ ပြောသံ မကြားဖူးဘူး။ ဒီမှာ စာရေးလာလုပ်ပြီး သူ အိမ်ကလေးတလုံး ငှားနေတာပဲ။ နာရေးတို့ ဘာတို့ဆိုရင် အလွန် ကူညီတတ်တယ်။ မတတ်နိုင်တဲ့ လူမမာများကိုလည်း ဆေးဖိုးဝါးခတို့ ဘာတို့ ကူညီတယ်။ အထူးသဖြင့် ဆင်းရဲသားတွေကို ကူညီတတ်တယ်။ မိန်းမတော့ မရှိဘူး ထင်တာပဲ”

“ကျွန်မသမီးလေးဟာ ရုပ်လည်း မဆိုးပါဘူး။ အဆိုတို့ ဘာတို့လည်း ကောင်းကောင်း တတ်တယ်။ ပြီးတော့ ပျော်စရာ ဆော့နည်းမျိုးစုံကိုလည်း တတ်တယ်။ ကျွန်မတို့တတွေ အရှေ့နေပြည်တော်မှာ နေကြတုန်းကဆိုရင် ကျွန်မသမီးလေးဟာ ပြည့်တန်ဆာအိမ်တို့ ဘာတို့ နားကို သွားပြီး ကစားလေ့ရှိတယ်။ သမီးလေးက ရုပ်ချောတော့ ပြည့်တန်ဆာခေါင်း တွေက သိပ်သဘောကျကြတာပဲ။ ဒါနဲ့ ကျွန်မတို့ဆီကို ပြည့်တန်ဆာခေါင်းတယောက် နှစ်ယောက် လာပြီး ဝယ်ကြသေးတယ်။ ဒါပေမဲ့ ကျွန်မတို့က မရောင်းလိုက်ပါဘူး။ ကျွန်မ တို့မှာ သားအမိ သားအဖ သုံးယောက်တည်း ရှိတော့ ကျွန်မတို့ အသက်ကြီးလာရင် ဘယ်သူ ပြုစုစောင့်ရှောက်မှာလဲ။ သမီးကလေးကိုလည်း ဒီအဖြစ်မျိုးတော့ မရောက်ချင် ဘူးပေါ့။ တနေ့က စုန်ကျန့်အိမ်ကို ရောက်သွားတော့ သူ့အိမ်မှာ မိန်းမတို့ ဘာတို့ကို မတွေ့ ရဘူး။ တကယ်လို့များ မိန်းမတို့ ဘာတို့ လိုချင်တယ်ဆိုရင် မဝမ်က စပ်ပေးပါလားဟင်။ သူနဲ့သာဆိုရင် ကျွန်မ စိတ်ချပါတယ်။ ရှင့်ကျေးဇူးကြောင့် စုန်ကျန့်ဟာ ကျွန်မအပေါ်မှာ ရက်ရောပါတယ်။ ကျွန်မမှာ ကျေးဇူးဆပ်စရာဆိုလို့ ဒီ့ပြင်နည်းလမ်းလည်း မရှိပါဘူး။ ဒီနည်းပဲ

ရှိပါတယ်”

နောက်တနေ့၌ မဝမ်သည် စုန်ကျန့်ထံသို့ ရောက်လာကာ ထိုအကြောင်းကို စကား စပ်ကြည့်လေ၏။ ပထမသော် စုန်ကျန့်သည် ငြင်းသေး၏။ သို့ရာတွင် စုန်ကျန့်သည် အောင်သွယ် ပွဲစားတို့ကို နိုင်အောင် မပြောနိုင်တော့ပြီ။ ထို့ကြောင့် သဘောတူလိုက် လေ၏။ စုန်ကျန့်သည် နေပြည်တော်၏ အနောက်ပိုင်းတနေရာတွင် အိမ်တလုံးရှာပြီးနောက် အိမ်ထောင်ပရိဘောဂတို့ကို ဝယ်ယူကာ ပေါက်စီတို့ သားအမိကို ခေါ်ထားလိုက်လေ၏။ တလအတွင်း၌ ပေါက်စီမှာ ပိုးနှင့် ဖဲနှင့် ဖြစ်လာခဲ့လေပြီ။ ဆံပင်တွင်လည်း အဖိုးတန် ဆံထိုးတို့ဖြင့် ဖြစ်လာခဲ့လေပြီ။ မကြာမီ ယောက္ခမဖြစ်သူ မရန်မှာလည်း တောက်တောက် ပြောင်ပြောင် ဖြစ်လာခဲ့လေပြီ။ ပေါက်စီသည် စည်းစိမ်တွင် ယစ်မူးလျက် ရှိလေပြီ။

ပထမတွင် စုန်ကျန့်သည် ပေါက်စီနှင့် ညတိုင်းအိပ်လေ၏။ သို့ရာတွင် တဖြည်းဖြည်း ဖြင့် အလာကျဲသွားလေ၏။ အဘယ်ကြောင့်နည်း။ စုန်ကျန့်သည် သူရသတ္တိကောင်းသူ တယောက် ဖြစ်၍ လက်နက်တို့ကို ကိုင်တွယ် လေ့ကျင့်ရာတွင် ဝါသနာထုံသူတဦး ဖြစ် ပေ၏။ ဖိုမကိစ္စကို များစွာ စိတ်ဝင်စားလှသူတဦး မဟုတ်ချေ။ ပေါက်စီမှာ အသက် ဆယ့်ရှစ်နှစ်အရွယ် ပျော်ပါး၍ကောင်းတုန်း အရွယ်တွင်သာ ရှိသေး၏။ ပေါက်စီသည် စုန်ကျန့်နှင့် တင်းတိမ်ခြင်း မရှိချေ။

တနေ့သော် စုန်ကျန့်သည် မိမိ၏ လက်ထောက်စာရေးဖြစ်သည့် ချန်ဝိန်ယွမ်းကို အရက်သောက်ရန် အိမ်သို့ ခေါ်လာခဲ့လေ၏။ ချန်ဝိန်ယွမ်းမှာ နက်မှောင်သော မျက်ခုံး၊ တောက်ပသော မျက်လုံး၊ ဖြူဖွေးသော သွား၊ နီရဲသော နှုတ်ခမ်းတို့ရှိသော လှပခံ့ညားး၊ ချောမောခံ့ညားသော လူရွယ်တယောက် ဖြစ်လေ၏။ အပျော်အပါးအိမ်များတွင် ပျော်မွေ့ လေ့ရှိပြီး မိန်းမကိစ္စတွင်လည်း ဝါသနာကြီးသူတယောက် ဖြစ်လေ၏။ ထို့ပြင် ချန်ဝိန် ယွမ်းသည် တူရိယာဂီတတွင်လည်း ကျွမ်းကျင်သူတယောက်ဖြစ်လျက် ကြိုးတပ်တူရိယာ များနှင့် လေမှုတ်တူရိယာများကိုလည်း ကောင်းစွာ တီးမှုတ်နိုင်သူတဦး ဖြစ်လေ၏။

ဤတွင် အပျော်အပါး၊ အသောက်အစားကို ကြိုက်တတ်သည့် ပေါက်စီသည် ချန်ဝိန်ယွမ်းကို မြင်သည်နှင့် သူ့အပေါ်တွင် တိမ်းညွတ်စ ပြုလာခဲ့လေပြီ။ ပေါက်စီသည် ခံစားချက်ပြင်းသော မျက်လုံးများဖြင့် ချန်ဝိန်ယွမ်းကိုသာ မကြာခဏ ကြည့်လျက်ရှိလေ၏။ အရက်သေစာကို ကြိုက်၍ မိန်းမဝါသနာပါသည့် ချန်ဝိန်ယွမ်းကလည်း ပေါက်စီ၏ အခြေ အနေကို ချက်ချင်းရိပ်စားမိလေ၏။ နောင်တွင် ချန်ဝိန်ယွမ်းသည် စုန်ကျန့်ကို လာရှာသည့် ဟန်ဖြင့် စုန်ကျန့် မရှိသည့်အချိန်တွင် သူတို့အိမ်သို့ ရောက်လာလေ၏။ ပေါက်စီက သူ့ကို လက်ဖက်ရည်သောက်ရန် ဖိတ်လေ၏။ သို့ဖြင့် အာလာပသလ္လာပ ပြောနေကြပြီးနောက် မကြာမီတွင် သူတို့ နှစ်ယောက်သည် ငြိစွန်းမိကြလေ၏။

ထိုအချိန်မှစ၍ ပေါက်စီသည် ချန်ဝိန်ယွမ်းအပေါ်တွင် အစွဲကြီးစွဲလျက် ရှိလေရာ စုန်ကျန့်အပေါ်တွင် မြူမှုန်ကလေးတမှုန်လောက်မျှပင် အချစ်မကျန်တော့ပြီ။ စုန်ကျန့် ရောက်လာသည့်အခါ၌ ပေါက်စီသည် ပြုံးစူစောင်းမြောင်းခြင်း ပြုလေ၏။ သူနှင့်လည်း ပျော်ပါးမြူးထူးခြင်း မရှိတော့ချေ။ စုန်ကျန့်သည် မိန်းမကို များစွာ အလေးမထားသည့် စစ်သားဆန်သော ယောက်ျားတယောက် ဖြစ်လေ၏။ သို့ဖြင့် စုန်ကျန့်သည် ဆယ်ရက်လျှင် တကြိမ်၊ ဆယ့်ငါးရက်လျှင် တကြိမ်လောက်မျှသာ ပေါက်စီထံသို့ ရောက်လာလေ့ ရှိပေ၏။ ချစ်သူနှစ်ဦးတို့ကား ကော်ကပ်၍ ထားသည့်နှယ် တယောက်ကို တယောက် မခွဲနိုင် မခွာနိုင်အောင် ဖြစ်နေကြလေပြီ။ ချန်ဝိန်ယွမ်းသည် ညတိုင်း ရောက်လာပြီး နံနက်မိုးလင်းမှ ပြန်သွားပေ၏။ ထိုအကြောင်းကို အိမ်နီးနားချင်းအားလုံး သိနေကြပြီး နောက်ဆုံး တွင် စုန်ကျန့်၏ နားသို့ ပေါက်သွားခဲ့လေ၏။ စုန်ကျန့်သည် သတင်းတဝက်ကို သာလျှင် ယုံကြည်ခြင်းဖြစ်လေ၏။

"အေးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ပေါက်စီဟာ အဖေ၊ အမေ ပေးစားလို့ ရခဲ့တဲ့ တကယ့် ဇနီးသည်မှ မဟုတ်ပဲ။ သူက ငါ့အပေါ်မှာ စိတ်မဝင်စားတော့ဘူးဆိုရင် ငါကလည်း ဘာဖြစ်လို့ ဂရုစိုက်နေရတော့မှာလဲ"ဟု တွေးမိကာ တလကျော်ကျော်လောက် သူ့ထံသို့ မရောက်ဘဲရှိလေ၏။ ယောက္ခမဖြစ်သူ မရန်က သူ့ကို အခေါ်လွှတ်သည့်တိုင် စုန်ကျန့်သည် မသွားတော့ချေ။ အလုပ်များသည်ဟုသာ အကြောင်းပြနေလေ၏။

အခြားကိစ္စတခုကို ပြောရဦးမည်ဆိုလျှင် တနေ့သ၌ စုန်ကျန့်သည် မြို့အုပ်ရုံးမှ ဆင်းလာကာ လမ်းကို ဖြတ်ကူးပြီးနောက် လက်ဖက်ရည်ဆိုင်တဆိုင်သို့ ဝင်၍ လက်ဖက်ရည် သောက်နေလေ၏။ ချွေးသံတို့ စို့ရွှဲကာ မောကြီးပန်းကြီးဖြစ်နေသည့် တုတ်တုတ်ခိုင်ခိုင် လူတယောက်သည် မြို့အုပ်ရုံးဆီသို့ လှမ်းမျှော်ကြည့်နေသည်ကို မြင်ရလေ၏။ ထိုလူသည် အနားပတ်ပြားကြီးကြီး သက္ကလတ်ဦးထုပ်ကြီးတလုံးကို ဆောင်းထားလျက် အစိမ်းပုပ် ရောင် ပိုးဝတ်ရုံကြီးကို ဝတ်ထားကာ ခြေပတ်ပါစွပ်ထားပြီး လျှော်ဖိနပ်ကြီးကို စီးထား လေ၏။ ခါးတွင် ခါးရှည်တချောင်းကို ချိတ်ထားပြီး ကျောတွင်လည်း အထုပ်ကြီးတခုကို ပိုးထားလေ၏။

ထိုလူသည် တစုံတရာကို ဝေခွဲမရဟန်ဖြင့် ခပ်ဆိုင်းဆိုင်းဖြစ်နေလေ၏။ စုန်ကျန့်သည် ထိုင်ရာမှ ထကာ ထိုလူနောက်သို့ လိုက်လာခဲ့လေ၏။ ထိုလူသည် ခြေလှမ်း သုံးဆယ် လောက် သွားပြီးနောက် ပြန်လှည့်လာကာ စုန်ကျန့်ကို သေသေချာချာ စိုက်ကြည့်လျက် ရှိလေ၏။ ထိုသူက စုန်ကျန့်ကို မမှတ်မိသည့်တိုင် စုန်ကျန့်မှာ ထိုလူကို မြင်ဖူးသည်ဟု စိတ်ထဲတွင် ထင်မိလေ၏။

"ဒီလူကို ငါ ဘယ်မှာ မြင်ဖူးပါလိမ့်မလဲ"ဟု စဉ်းစားသော်လည်း

အစဖော်မရဘဲ ဖြစ်လျက် ရှိလေ၏။

ထိုလူ၏ မျက်လုံးသည် မိမိကို မှတ်မိသွားဟန်ဖြင့် တောက်ပသွားကာ ပြုံးပြက်သွား လေ၏။ ထိုလူသည် ရပ်တန့်ကာ စုန်ကျန့်ကို ကြည့်နေသော်လည်း စကားမပြောရဲဘဲ ဖြစ်နေလေ၏။

"ဒီလူ ဘာများ ဖြစ်နေတာပါလိမ့်မလဲ။ ငါ့ကို ဘာဖြစ်လို့ သေသေချာချာ စိုက်ကြည့်နေရသလဲ မသိ' ဟု စုန်ကျန့် စဉ်းစားလျက်ရှိလေ၏။ စုန်ကျန့်ကိုယ်တိုင်မှာလည်း ထိုလူကို စကားမပြောရဲအောင် ဖြစ်လျက်ရှိလေ၏။

ထိုလူသည် ဆံပင်ညှပ်ဆိုင်တဆိုင်ထဲသို့ ဝင်သွားလေ၏။

"ဒီမှာ နောင်ကြီး၊ ဟောဟို ဆိုင်ရှေ့မှာ ရပ်နေတဲ့ လူက ဘယ်သူလဲဗျာ" ဟု မေးသည် တွင် ဆိုင်ရှင်က "အဲဒါ မြို့အုပ်ရုံးစာရေး စုန်ကျန့်ပေါ့" ဟု ဖြေလေ၏။

ထိုလူသည် ဂါရဝပြုသည့် ထုံးစံအတိုင်း မိုန်းကြီးကို လက်တွင် ကိုင်ကာ စုန်ကျန့် အနီးသို့ ရောက်လာပြီး ရိုသေစွာ နှုတ်ဆက်လေ၏။

"စာရေးကြီး ကျွန်တော့်ကို မမှတ်မိဘူး ထင်တယ်"

"မြင်တော့ မြင်ဖူးသလိုလိုပဲဗျ"

"လမ်းလျှောက်ရင်း စကားနည်းနည်း ပြောကြရအောင်ဗျာ"

စုန်ကျန့်သည် ထိုလူကို လူသူရှင်းသည့်လမ်းကြားကလေးတခုဆီသို့ ခေါ်လာခဲ့လေ၏။ "ဟောဟို ထမင်းဆိုင်ကလေးထဲမှာ စကားပြောရင် ကောင်းမယ်" ဟု ထိုလူက ပြော လေ၏။

သူတို့နှစ်ယောက်သည် ထမင်းဆိုင်အပေါ်ထပ်သို့ တက်လာခဲ့ကြပြီး ချောင်ကျသည့် အခန်းကလေးတခန်းထဲသို့ ဝင်ထိုင်ကြလေ၏။ ထိုလူသည် မိုန်းကြီးကို နံရံတွင် ထောင်၍ အထုပ်ကြီးကို စားပွဲအောက်သို့ ချထားလိုက်လေ၏။ ထို့နောက် ဒူးနှစ်ဖက်ကို ထောက်ကာ စုန်ကျန့်ကို ဂါရဝပြုလေ၏။

စုန်ကျန့်ကလည်း သူ့ကို ပြန်လှန် ဂါရဝပြုပြီးနောက်-

"နောင်ကြီးရဲ့ နာမည်ကလေး တဆိတ် အမိန့်ရှိပါဦးဗျာ"

"ကျေးဇူးရှင်ကြီးရာ။ နောင်ကြီးရဲ့ညီငယ်ကို သတိမရတော့ဘူးထင်တယ်"ဟု ထိုလူက ပြောလေ၏။

"နေပါဦးဗျာ။ ဘယ်သူပါလိမ့်။ မြင်ဖူးတော့ မြင်ဖူးနေသလိုလိုပဲ။ ဒါပေမဲ့

နာမည်ကို တော့ ဖော်လို့မရဘူး”

“ကျွန်တော်က မွေးနီလို့ ခေါ်ကြတဲ့ လျူထန်ပါ။ ရွာသူကြီးကျောက်ခဲရဲ့ အိမ်မှာ နောင်ကြီးနဲ့ ဆုံခဲ့ဖူးတယ်လေ။ ကျွန်တော်တို့အသက်တွေကို နောင်ကြီး ကယ်ခဲ့တာပါဗျာ”

စုန်ကျန့်မှာ လန့်ဖျပ်သွားလေ၏။

“အို၊ နောင်ကြီးက တယ်ပြီး အတင့်ရဲတာကိုးဗျ။ ရဲသားတို့ ဘာတို့နဲ့ မတွေ့တာ တော်သေးတာပေါ့။ တွေ့ရင် ဒုက္ခရောက်မှာ”

“နောင်ကြီးကို ကျေးဇူးဆပ်ဖို့ဆိုရင် အသက် ပေးရ ပေးရ ခင်ဗျ။ ဆပ်ရမှာပေါ့”

“ရွာသူကြီးကျောက်ခဲနဲ့ တခြားသူတွေကော။ ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ”

“နောင်ကြီးကျောက်ခဲကလည်း သူ့အသက်ကို ကယ်လိုက်လို့ နောင်ကြီးကို အလွန် ကျေးဇူးတင်နေပါတယ်။ ဒီတော့ နောင်ကြီးကို ကျေးဇူးဆပ်သင့်တယ်လို့ သူ့စိတ်ထဲမှာ ယူဆနေတယ်လေ။ ခု နောင်ကြီးကျောက်ခဲဟာ လျှံရှန်းတောင်ရိုးက ခံတပ်စခန်းထဲမှာ အကြီးဆုံးဗိုလ်တယောက် ဖြစ်နေပါပြီ။ ဝုရုံကတော့ စစ်ရေးအကြံပေးပုဂ္ဂိုလ် ဖြစ်နေပါ တယ်။ ကုန်ဆွန်ရှန်းကလည်း စစ်ရေးစစ်ရာတွေကို အုပ်ချုပ်ပါတယ်။ ကျွန်တော်တို့ကို လင်ချုံးက ထောက်ခံလို့ ဝမ်လုံကိုလည်း ဖြုတ်ချလိုက်ပါပြီ။ သူရယ်၊ တောင်ရိုးစခန်းမှာ နဂိုက ရှိခဲ့တဲ့ ဒူရှန်းရယ်၊ ဆုံဝမ်ရယ်၊ ချူကွီ ရယ်၊ ကျွန်တော်တို့ ခုနစ်ဦးရယ် ပေါင်းတော့ ကျွန်တော်တို့မှာ ခေါင်းဆောင် ဆယ့်တစ်ဦး ရှိနေပါပြီ။ ကျွန်တော်တို့မှာ လူရှစ်ရာနဲ့ ရိက္ခာ လည်း အပြည့်အစုံ ရှိနေပါပြီ။ နောင်ကြီးကို ကျေးဇူးဆပ်ချင်ပေမယ့် ကျေးဇူးမဆပ်နိုင်ဘဲ ဖြစ်နေပါတယ်။ ခုတော့ နောင်ကြီးကို ကျေးဇူးဆပ်ဖို့ဆိုပြီး စာတစောင်နဲ့ ရွှေတပိဿာ ပေးပြီး ကျွန်တော့်ကို လွှတ်လိုက်ပါတယ်။ ရဲသားချူတုံကိုလည်း ကျေးဇူးဆပ်ရမှာပါ”

လျူထန်သည် အထုပ်ကို ဖြေ၍ စာတစောင်ကို ထုတ်ပေးလေ၏။ စုန်ကျန့်သည် စာကို ဖတ်ပြီးလျှင် ဝတ်ရုံထဲမှ အိတ်တအိတ်ကို ထုတ်လိုက်လေ၏။ လျူထန်ကလည်း အထုပ် ထဲမှ ရွှေများကို ထုတ်ယူပြီးနောက် စားပွဲပေါ်သို့ တင်လိုက်လေ၏။ စုန်ကျန့်သည် ရွှေချောင်း တချောင်းကို ယူကာ စာရွက်နှင့် ထုပ်ပြီးနောက် သားရေအိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် သားရေအိတ်ကို ဝတ်ရုံထဲသို့ ပြန်ထည့်လိုက်လေ၏။

"ကဲ၊ နောင်ကြီး။ နောင်ကြီးရဲ့ ရွှေတွေကို သိမ်းထားလိုက်ဦး" ဟု ဆိုကာ စားပွဲထိုးကို ခေါ်၍ အရက်၊ အသားတပန်းကန်၊ ဟင်းသီးဟင်းရွက်ကြော်များနှင့် သစ်သီးများကို မှာ လိုက်လေ၏။ ထို့နောက် ဧည့်သည်၏ ခွက်ထဲသို့ အရက်ငှဲ့ခိုင်းလေ၏။

လျူထန် သောက်ပြီးသည့်အချိန်မှာ မိုးချုပ်စပြုလေပြီ။ စားပွဲထိုးလည်း အပြင်သို့ ထွက်သွားလေ၏။ လျူထန်က ရွှေထုပ်ကို စားပွဲပေါ်သို့ တင်၍ ဖြေမည်ပြုစဉ် စုန်ကျန့်က တားလေ၏။

"ကျွန်တော်ပြောတာကို နားထောင်ပါဦး နောင်ကြီး။ နောင်ကြီးတို့ ရဲရင့်သူ ခုနစ်ဦး ဟာ တောင်ရိုးစခန်းကို ရောက်သွားကြပြီ။ အဲဒီမှာ နောင်ကြီးတို့ သုံးကြပါ။ ကျွန်တော့်မှာ ကိုယ်ပိုင်ဝင်ငွေလေးရှိတော့ သုံးစရာရှိပါတယ်။ ကျွန်တော့်ကို ပေးချင်တယ်ဆိုရင်လည်း ကျန်တဲ့ ဒီရွှေတွေကို တောင်ရိုးစခန်းမှာပဲ သိမ်းထားလိုက်ကြပါ။ လိုတဲ့အခါများမှာ ကျွန်တော် လာယူပါ့မယ်။ ကျွန်တော် ငြင်းတာ မဟုတ်ပါဘူး။ ရွှေချောင်းတချောင်း ယူပြီး ပါပြီ။ ချူတုံမှာလည်း သူ့ အမွေလေးတွေ ကျန်ပါသေးတယ်။ သူ့ကိုလည်း ဘာမှ ပေးစရာ မလိုပါဘူး။ နောင်ကြီး စေတနာကိုလည်း သူ နားလည်အောင် ကျွန်တော် ပြောလိုက်ပါ့မယ်။ ဒီလောက်ဆို ကျေနပ်ဖို့ ကောင်းပါပြီ။ နောင်ကြီးလည်း ဒီနေ့ည ဒီမှာ မအိပ်စေချင်ဘူး။ နောင်ကြီးကို မှတ်မိသွားရင် ဒုက္ခရောက်ပါလိမ့်မယ်။ ဒီနေ့ည လသာတော့ လရောင်နဲ့ နောင်ကြီး တောင်ရိုးကို ပြန်သွားနိုင်ပါတယ်။ ဒီမှာကြာကြာမနေပါနဲ့။ တပ်မိုလ်များကိုလည်း ပြောပြလိုက်ပါ။ ကျွန်တော်ကိုယ်တိုင်လာပြီး ဂါရဝ မပြုနိုင်တဲ့အတွက်လည်း တောင်းပန် လိုက်ပါ"

"နောင်ကြီးဟာ ကြင်နာတတ်ပါပေတယ်ဗျ။ နောင်ကြီးရဲ့ကြင်နာမှုအတွက် ကျွန်တော် တို့ ဘယ်တော့မှ ကျေးဇူးဆပ်လို့ ကုန်မှာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကို အခုလို စတိလက်ဆောင်ကလေးကို အပေးလွှတ်လိုက်တဲ့အတွက် ဒါလေးကိုတော့ လက်ခံပါ။ ရှာသူကြီးကျောက်ခဲဟာ ကျွန်တော်တို့ တပ်မိုလ်ပါ။ ဝုရုံက စစ်ရေးအကြံပေး ပုဂ္ဂိုလ်ပါ။ ခု သူတို့နှစ်ယောက် ကျွန်တော့်ကို ဒီလက်ဆောင်ကို အပေးခိုင်းလိုက်ပါတယ်။ ကျွန်တော် ပြန်ယူသွားလို့ မဖြစ်ပါဘူး။ ပြန်ယူသွားရင် ကျွန်တော့်ကို ဆူပါလိမ့်မယ်"

"နောင်ကြီးတို့ စည်းကမ်းက ကြီးလေတော့ ကျွန်တော် အကျိုးအကြောင်းသိအောင် စာကလေးတစောင်လောက် ရေးပေးလိုက်ပါ့မယ်။ အဲဒီစာကလေးကိုသာ သူတို့ကို ပေး လိုက်ပါ"

လျူထန်က အတန်တန် တောင်းပန်သည်ကို စုန်ကျန့်သည် လက်ခံခြင်း မပြုချေ။ စုန်ကျန့်သည် စားပွဲထိုးကို ခေါ်၍ စုတ်တံနှင့် စာရွက်တောင်းကာ

စာတစောင်ကို ရေးပြီး သော် လျှူထန်၏ အိတ်ထဲသို့ အထည့်ခိုင်းလေ၏။ လျှူထန်ကလည်း သူ့စာကို အိတ်ထဲသို့ ထည့်လေ၏။ လျှူထန်သည် ရိုးသား၍ အဖြောင့်တွေးတတ်သူတယောက် ဖြစ်လေ၏။ စုန်ကျန့်သည် သူပေးသော ရွှေကို လက်ခံခြင်းမပြုရန် ပိုင်းဖြတ်ထားသည်ကို မြင်သည့် အခါတွင် လျှူထန်သည် နောက်ထပ် မည်သို့မျှ မပြောတော့ဘဲ ရွှေကို အိတ်ထဲသို့ ထည့် လေ၏။

ထိုအချိန်၌ အတော်ပင် ညဥ့်နက်ခဲ့လေပြီ။

"နောင်ကြီးရဲ့ စာကို ကျွန်တော် ခု ညတွင်းချင်း အရောက်ပို့ပေးပါမယ်"

"ကျွန်တော် နောင်ကြီးကို ဘာကြောင့် မတားသလဲဆိုတာတော့ နောင်ကြီး နားလည် ပါတယ်နော်"

လျှူထန်သည် လေးကြိမ်မျှ ဦးညွှတ်၍ အရိုအသေပြုလေ၏။ စုန်ကျန့်က စားပွဲထိုးကို ခေါ်လိုက်လေ၏။

"ဟောဒီက လူကြီးမင်းက မင်းကို ငွေတကျပ်သား ဆုပေးခဲ့တယ်။ ကျသင့်ငွေကို တော့ မနက်ဖြန် ငါ လာပြီး ရှင်းမယ် ဟုတ်လား"

လျှူထန်သည် မိုန်းကို ကောက်ကိုင်ကာ အထုပ်ကို ကျောတွင်ပိုး၍ စုန်ကျန့်နောက်မှ အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ သူတို့နှစ်ယောက်သည် ထမင်းဆိုင်ထဲမှ လမ်းကြား ကလေးထိပ်အထိ အတူလျှောက်လာခဲ့ကြလေ၏။ မှောင်စပြုသည့်အတွက် ကောင်းကင် တွင် ဝိုင်းစက်သော လပြည့်ဝန်းသည် ထွန်းလင်းတောက်ပလျက် ရှိလေ၏။ စုန်ကျန့်သည် လျှူထန်၏ လက်ကို အားရပါးရ ဆုပ်ထားလေ၏။

"နောင်ကြီး၊ သတိထားသွားပါနော်။ နောက်ကို မလာခဲ့ပါနဲ့။ ဒီနားတဝိုက်မှာ ရဲတွေ အများကြီးရှိတယ်။ အန္တရာယ်ကြီးလွန်းပါတယ်။ ကဲ၊ ကျွန်တော် မလိုက်တော့ဘူး။ ဒီမှာပဲ နှုတ်ဆက်လိုက်မယ်"

လျှူထန်သည် အနောက်သို့ မျက်နှာမူကာ လရောင်တွင် လျှောက်လာခဲ့လေ၏။ ထိုနေ့ညမှာပင် သူသည် လျှံရှန်းတောင်ရိုးစခန်းသို့ ရောက်လေ၏။

စုန်ကျန့်သည် မိမိနေအိမ်သို့ ပြန်လာရင်း "ရဲတွေ ဘာတွေ မြင်မသွားတာ တော်တော် ကံကောင်းတာပေါ့။ တွေ့သွားလို့ကတော့ မသက်သာဘူး။ အင်း၊ ကျောက်ခဲလည်း တော ပုန်းမိုလ် ဖြစ်သွားပြီ ဆိုပါ့ကလား။ ခုတော့ ဟန်ကျသွားတာပေါ့လေ" ဟု တယောက်တည်း တွေးလျက် ရှိလေ၏။

သို့ဖြင့် တလမ်းဝင် တလမ်းထွက် လျှောက်လာခဲ့စဉ် နောက်မှ လှမ်းခေါ်လိုက်သော အသံတသံကို ကြားလိုက်ရလေ၏။

“စာရေးကြီး ဘယ်များ သွားနေတာလဲ။ ရှာရတာ နှံ့နေပြီ”

စုန်ကျန့်သည် လှည့်၍ ကြည့်လိုက်ပြီးနောက် အံ့အားသင့်လျက် ရှိလေ၏။

ထိုသူကို မြင်လိုက်ရသည့်အခါတွင် စုန်ကျန့်၏အကြောက်သည် သတ္တိအဖြစ်သို့ ပြောင်း သွားကာ သူ၏ ကြင်နာတတ်သည့် သဘောသည် ရက်စက်သည့် အသွင်သို့ ပြောင်းသွား လေ၏။

စုန်ကျန့်ကို ခေါ်လိုက်သူမှာ မည်သူ ဖြစ်လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၁

အရက်မူးသဖြင့် ပြည့်တန်ဆာခေါင်းသည် ဝေါဏာတန်ကို ရိုက်နှက်ခြင်း

စုန်ကျန့်သည် ဒေါသကြောင့် ပေါက်စီကို သတ်မိခြင်း

လျူထန်နှင့် ခွဲပြီးနောက် လသာသာ၌ မိမိအိမ်သို့ လမ်းလျှောက်ပြန်လာခဲ့စဉ် စုန်ကျန့် သည် ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ နောက်မှလိုက်လာသော မရန်ကို တွေ့ရ လေ၏။

မရန်သည် သူ့ကို အမီလိုက်လာရင်း-

"စာရေးကြီးကို လူတယောက်လွှတ်ပြီး ခပ်စောစောကတည်းက အဖိတ်ခိုင်းလိုက်တာ။ ဒါပေမဲ့ စာရေးကြီးက အရေးကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ တွေ့ခွင့်မရခဲ့ဘူးတဲ့။ ကျွန်မ သမီး ကလေးက စာရေးကြီးကို မလေးမစားများ ပြောမိဆိုမိတယ်ဆိုရင် ကျွန်မမျက်နှာကို ထောက်ပြီး ခွင့်လွှတ်ပါနော်။ ကျွန်မလည်း ကောင်မလေးကို ကြိမ်းမောင်းပြီး စာရေးကြီးကို တောင်းပန်ဖို့ ပြောပြီးပါပြီ။ ဒီနေ့ည စာရေးကြီးနဲ့ တွေ့တာ ကံကောင်းတာပေါ့ရှင်။ ကဲ၊ ကျွန်မနဲ့အတူ လိုက်ခဲ့ပါနော်"

"ဒီနေ့ မြို့အုပ်ရုံးမှာ ကျွန်တော် အလုပ်တွေ များနေတယ်ဗျာ။ အပြင်ထွက်လို့ ဖြစ်မှာ မဟုတ်ဘူး။ နောက်များမှ လာခဲ့ပါမယ်"

"ခဏလေးပါရှင်။ ကောင်မလေးကလည်း စာရေးကြီးကို မျှော်လှပြီ။ မျက်နှာပြရုံ လောက်ပေါ့။ ဒီလောက်တော့ လုပ်ပေးပါရှင်"

"ဒီနေ့တော့ အလုပ်တွေ သိပ်များနေတယ်ဗျာ။ ကဲ၊ မနက်ဖြန်ကျရင် လာဖြစ်အောင် လာခဲ့မယ်"

မရန်သည် သူ့အင်္ကျီလက်ကို လှမ်းဆွဲထားလိုက်ရင်း-

"မဟုတ်ပါဘူးရှင်။ ခုညလိုက်ခဲ့ပါ။ ကောင်မလေးအပေါ်မှာ အထင်လွဲအောင် ဘယ်သူ က ဘာတွေများ ပြောထားလို့လဲဟင်။ ကျွန်မတို့သားအမိဟာ စာရေးကြီးအပေါ်မှာ မှီခိုနေ ရတဲ့သူတွေပါ။ သူများပြောစကားတွေကို မယုံပါနဲ့။ ကိုယ်တိုင်စဉ်းစားပြီးမှ ယုံပါ။ ကျွန်မ သမီး တခုခု အမှားလုပ်မိရင် ကျွန်မ အပြစ်ပါ။ ကဲ၊ ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"

"ကျွန်တော့်ကို အဲဒီလို အတင်းမလုပ်ပါနဲ့ဗျာ။ ကျွန်တော် အလုပ်တွေ

များနေလို့ပါ”

“အလုပ်ကို ခဏလေး ဆိုင်းထားလိုက်ရုံနဲ့တော့ မြို့အုပ်က စာရေးကြီးကို ဘာမှ လုပ်မှာ မဟုတ်ပါဘူးရှင်။ နောင်မှာ စာရေးကြီးကို တွေ့ဖို့ဆိုတာလည်း ခက်ပါတယ်။ ခု လိုက်ခဲ့ပါ။ စာရေးကြီးကိုလည်း ပြောစရာတွေ ရှိလို့ပါ”

စုန်ကျန့်မှာ စိတ်တိုသူတယောက် ဖြစ်ပြီး မရန်ကလည်း သူ့ကို အတင်း တကျည်ကျည် လုပ်နေသဖြင့်-

“ကဲ၊ ကျွန်တော့်လက်ကို မကိုင်နဲ့ဗျာ။ လိုက်ဆိုရင်လည်း လိုက်ခဲ့မယ်”

“ထွက်တော့ မပြေးနဲ့နော် စာရေးကြီး။ ကျွန်မက အသက်ကြီးပြီ။ စာရေးကြီးကို မီအောင် လိုက်နိုင်မှာ မဟုတ်ဘူး”

“ကျုပ်က ဘာဖြစ်လို့ ထွက်ပြေးရမှာလဲဗျ”

သူတို့နှစ်ယောက်သည် ဘေးချင်းယှဉ်၍ လျှောက်လာခဲ့ကြလေ၏။ တံခါးဝသို့ ရောက် သော် စုန်ကျန့်သည် ရပ်နေလေ၏။ မရန်က သူ့ကို အိမ်ထဲသို့ အတင်းဆွဲခေါ်လေ၏။

“ခုလောက်အထိ လိုက်လာပြီးတော့မှ အထဲကို ဘာဖြစ်လို့ မဝင်ရတာလဲရှင်”

စုန်ကျန့်သည် အိမ်ထဲသို့ ဝင်လာကာ ခုံရှည်တလုံးပေါ်တွင် ထိုင်နေလေ၏။ မိန်းမ လည်ကြီးတဦးဖြစ်သည့် မရန်သည် စုန်ကျန့် ထွက်ပြေးမည်စိုးသည့်အတွက် သူ့အနီးတွင်ထိုင်နေလေ၏။

“သမီးရေ၊ ဟောဒီမှာ ညည်းအချစ်တော် လာပြီဟေ့” ဟု အော်၍ ခေါ်လိုက်လေ၏။

ပေါက်စီသည် အိပ်ရာပေါ်တွင် လှဲရင်း မှန်အိမ်မှ မီးရောင်ကို စိုက်ကြည့်နေလေ၏။ ဘာကိုမျှ စဉ်းစားနေခြင်း မဟုတ်ဘဲ ချန်ဝိန်ယွမ်းကို စောင့်မျှော်နေခြင်း ဖြစ်လေ၏။ သူ့ အမေက “ညည်းအချစ် လာပြီ” ဟု ပြောလိုက်သည့်အခါ၌ ဤသည်မှာ ချန်ဝိန်ယွမ်းကို ပြောခြင်းဖြစ်သည်ဟု ထင်မိလေ၏။ ထို့ကြောင့် ပေါက်စီသည် အိပ်ရာမှ လူးလဲထကာ ဆံပင်ကို ပြင်၍ ထုံးနေလေ၏။

“ဒီလူတော့ သိရော့ပေါ့။ ငါ့မှာ စောင့်လိုက်ရတာ လည်ပင်းကို ရှည်လို့။ လာမှ နားရွက်လိမ်ဆွဲရဦးမယ် ဟင်း” ဟု ပါးစပ်မှ ခပ်တိုးတိုးရွတ်နေလေ၏။

ပေါက်စီသည် လှေကားမှ ဆင်းလာကာ ကြက်တူရွေးကွက်များ ဖော်ထားသည့် နံရံ ကြားမှ ချောင်းကြည့်လိုက်လေ၏။ ဧည့်ခန်းထဲမှ ထွန်းထားသည့် မီးအိမ်ရောင်တွင် စုန်ကျူန့် ကို မြင်ရလေ၏။ ပေါက်စီသည် အိမ်ပေါ်သို့ ပြန်တက်လာခဲ့ကာ အိပ်ရာပေါ်တွင် ပြန်လှဲနေ လေ၏။

မရန်သည် အောက်ထပ်သို့ ဆင်းလာပြီး အပေါ်သို့ ပြန်တက်သွားသော သူ့သမီး ပေါက်စီ၏ ခြေသံကို ကြားလိုက်လေ၏။

"ဟဲ့၊ သမီး။ ညည်းအချစ်တော် လာတယ်လေ။ ဘာဖြစ်လို့ ပြန်တက်သွားရတာလဲ"

"ကျွန်မအခန်းက သူ မရောက်နိုင်အောင် ဝေးတဲ့နေရာ မဟုတ်ပါဘူး အမေရဲ့။ သူကလည်း မျက်စိကန်းနေတာ မဟုတ်ပါဘူး။ ကျွန်မ ဆင်းလာတာကို ဘာဖြစ်လို့ စောင့်နေ သေးလဲ။ သူ့ဘာသာ သူ တက်လာခဲ့ပါလား။ ဒီလောက်လည်း မချော့နိုင်ပါဘူး" ဟု အခန်း ထဲမှ အော်၍ ပြောလေ၏။

မရန်က "အဲဒါ သူ့ဆီကို အကြာကြီး မလာဘဲ နေရကောင်းလားဆိုပြီး စာရေးကြီးကို စိတ်ကောက်နေတာ။ ဒါကြောင့်မို့ စကားနာထိုးနေတာ။ ကဲပါ၊ လာပါ။ ကျုပ် လိုက်ပို့ ပါ့မယ်" ဟု ဆိုကာ မရန်က ရယ်ရယ်မောမောဖြင့် ပြောလေ၏။

စုန်ကျူန့်မှာ အိုးတိုးအမ်းတမ်းဖြစ်ကာ အနေရခက်လျက် ရှိလေ၏။ သို့ရာတွင် မရန်က အတင်း တိုက်တွန်းခေါ်လျက်ရှိသဖြင့် သူနှင့်အတူ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ ပေါက်စီ၏ အခန်းမှာ အတန်ကျယ်သော အခန်းတခန်း ဖြစ်လေ၏။ အပြင်ဘက်အခန်းတွင်မူ မှန်တင်ခုံတခုနှင့် ကုလားထိုင်တလုံးတို့ ရှိပေ၏။ အတွင်းခန်းတဖက်တွင် ခေါင်းရင်းနှင့် ခြေရင်းတွင် ပန်းကွတ်ထိုးထားပြီး ကနုတ်နွယ်ခြေထောက်များ တပ်ထားသည့် ခုတင်ကြီးတလုံးရှိလျက် ထိုခုတင်ပေါ်တွင် အနီရောင် မျက်နှာကြက်တခုကို တပ်ထားလေ၏။ ခုတင်ခြေရင်းတွင်မူ အဝတ်နှင့် မျက်နှာသုတ်ပဝါ လှန်းသည့် စင်ကလေးတခု ရှိလျက် အခြားတဖက်တွင်မူ မျက်နှာသစ်သည့် ကြွေဇလုံတခုရှိလေ၏။ ရွှေရေးယွန်းစားပွဲတလုံး ပေါ်တွင် မီးတိုင်တတိုင် ရှိပြီး စားပွဲတဖက်တချက်တွင် ခွေးခြေတလုံးစီ ချထားလေ၏။ နံရံအလယ်ကောင်တွင် ချောမောလှပသည့် မိန်းမပျိုကလေးတဦး၏ ပန်းချီကားကို ချိတ် ထားလေ၏။ အိပ်ရာနှင့် မျက်နှာချင်းဆိုင်နံရံတွင် မတ်တတ် ကုလားထိုင် လေးလုံးကို စီ၍ ချထားလေ၏။

မရန်က ဆွဲခေါ်သွားသဖြင့် စုန်ကျူန့်သည် အခန်းထဲသို့ လိုက်လာခဲ့ကာ ခုတင်အနီးရှိစားပွဲမှ ခွေးခြေတလုံးပေါ်တွင် ထိုင်နေလေ၏။ မိခင်လုပ်သူက ခုတင်နားသို့သွားကာ သမီး ကို ဆွဲ၍ ထူနေလေ၏။

"သမီး၊ စာရေးကြီး ရောက်လာပြီလေ။ ညည်းက စာရေးကြီး စိတ်ဆိုးအောင် ဘာတွေ သွားပြောမှန်းမှ မသိတာ။ ဒီတော့ စာရေးကြီးက ဘယ်လာတော့မလဲ။ စိတ်တော့ ဆိုး တတ်တယ်၊ ဒါပေမဲ့ သူ မလာတော့လည်း ညည်းမှာ တမျှော်မျှော်နဲ့။ သူ့ကို မနည်းလိုက် ရှာပြီး ခေါ်လာခဲ့ရတာ။ ကြည့်စမ်းပါဦး။ လိုက်လာတော့လည်း တောင်းပန်ပါ့လား။ ခုတော့ စိတ်ကောက်နေတယ်"

ပေါက်စီက သူ့အမေ၏ လက်ကို ပုတ်ချလိုက်ကာ-

"အမေက ဘာဖြစ်လို့ ဒီလောက် ဣန္ဒြေမရ ဖြစ်နေရတာလဲ။ ကျွန်မက သူ့ကို ဘာများ အမှားလုပ်မိလို့လဲ။ သူဘာသာသူ မလာတာ ကျွန်မက ဘာတောင်းပန်စရာရှိသလဲ"

စုန်ကျန့်သည် သူတို့သားအမိပြောသည့် စကားများကို နားထောင်နေသော်လည်း စကားတခွန်းမှ မပြောချေ။ မရန်သည် ကုလားထိုင်တလုံးကို စုန်ကျန့်အနီးတွင် လာချကာ သမီး ပေါက်စီကို ဆွဲခေါ်၍ ကုလားထိုင်ပေါ်တွင် အတင်း အထိုင်ခိုင်းနေလေ၏။

"ဒီမှာ လာထိုင်ပေါ့အေ။ မတောင်းပန်ချင်ဘူးဆိုရင်လည်း ကောင်းကောင်းမွန်မွန် တော့ စကားပြောမှပေါ့"

သို့ရာတွင် ပေါက်စီမှာ စုန်ကျန့်၏အနီးတွင် မထိုင်ဟု ငြင်းဆန်လျက်ရှိလေ၏။ ပေါက်စီ သည် ဘေးချင်းယှဉ်မထိုင်ဘဲ ကုလားထိုင်တလုံးကို ယူ၍ ခပ်လှမ်းလှမ်း သွားထိုင်နေလေ ၏။ စုန်ကျန့်မှာကား မျက်လွှာကိုချကာ တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက် ရှိလေ၏။ ပေါက်စီ ကလည်း မျက်နှာကို တဖက်သို့ လွှဲထားလေ၏။ မရန်က-

"ရှေးစကားတခုရှိတယ် သမီးရဲ့။ "အရက်နဲ့ ပဲငါးပိ မရှိဘဲ စားပွဲ ကျင်းပလို့မရဘူး" တဲ့။ အမေ့မှာ အရက်ကောင်း နည်းနည်းပါးပါး ရှိတယ်။ စားစရာကလေး တခုခုရှိရင် အမေတို့ သူ့ကို တောင်းပန်ပွဲကလေးတခု လုပ်လို့ရပြီပေါ့။ သမီးရယ်၊ စာရေးကြီးနဲ့ စကားစမြည် ပြောနေလိုက်နော်။ ရှက်မနေနဲ့။ အမေ ခုပဲ ပြန်လာခဲ့မယ်"

"အဘွားကြီးက ငါ့ကို သူ့သမီးနဲ့ ထားပစ်ခဲ့ပြီ။ သူ မရှိရင် ငါလည်း မနေဘူး။ အောက် ထပ်ကို သွားမယ်" ဟု စုန်ကျန့် တွေးမိလေ၏။

သို့ရာတွင် မရန်မှာ သူ့စိတ်ကူးကို သိပြီးဖြစ်သည့်အတွက် သူ ထွက်သွားသည်နှင့် အိပ်ခန်းတံခါးကို အပြင်ဘက်မှ မင်းတုပ်ထိုး၍ ပိတ်ပစ်ခဲ့လေ၏။

"ဒီခေါင်းမကြီးက ငါ့ထက် သာသွားပြီ" ဟု စုန်ကျန့်စိတ်ထဲမှ

ရွတ်ဆိုမိလေ၏။

မရန်သည် အောက်ထပ်သို့ ဆင်းလာခဲ့ကာ မှန်အိမ်တလုံးကို ထွန်းပြီးနောက် ရေနွေး မြန်မြန်ဆူရန် မီးဖိုထဲသို့ ထင်းထည့်နေလေ၏။ အကြွေအနည်းငယ်ကို ယူပြီး လမ်းထိပ် ဈေးဆိုင်သို့ ပြေးကာ သစ်သီး၊ ငါးခြောက်၊ ကြက်ပေါင်တပေါင်နှင့် ငါးချဉ် အချို့ကို ဝယ်၍ ပြန်လာခဲ့လေ၏။ အိမ်သို့ ပြန်ရောက်သော် စားသောက်ဖွယ်များကို ပန်းကန်ပြားထဲ ထည့် လေ၏။ စိမ်ရည်ကို ခရားထဲသို့ လှယ်ပြီးသည့်အခါ မရန်သည် အချို့ကို မှုတ်ဖြင့် ခတ်၍ ခရားထဲသို့ ထည့်ကာ မီးဖိုပေါ်သို့ တင်မွှေးလေ၏။ ပူနွေးလာသည့် စိမ်ရည်တို့ကို အရက်အိုး ကလေးတလုံးထဲသို့ ထည့်ပြန်လေ၏။ ထို့နောက် ဟင်းအချို့ကို ချက်ပြုတ်ကြော်လှော် ပြီးသော် ခွက်သုံးလုံးနှင့် တူသုံးစုံတို့ကို ယူ၍ ဗန်းကလေးထဲတွင် ထည့်ကာ အပေါ်ထပ်သို့ ယူလာခဲ့လေ၏။

မရန်သည် စားသောက်ဖွယ်များ ထည့်လာသည့် ဗန်းကို မှန်တင်ခုံပေါ်တွင် ချထား လိုက်ပြီး အိပ်ခန်းတံခါးကို ဖွင့်လေ၏။ ထို့နောက် စားဖွယ်သောက်ဖွယ်တို့ကို ရွှေရေး ယွန်း စားပွဲကလေးပေါ်သို့ တင်ထားလေ၏။ စုန်ကျန့်မှာ မျက်နှာကို ငုံ့ကာ ထိုင်မြဲထိုင်နေပြီး ပေါက်စီမှာလည်း မျက်နှာကို တဖက်သို့ လှည့်၍ ထိုင်မြဲ ထိုင်နေလေ၏။

“သမီးရေ၊ စိမ်ရည်ကလေး ဘာလေး ငှဲ့ပေးပါလား”

“သောက်ချင်ရင် အမေတို့နှစ်ယောက်တည်းသောက်။ ကျွန်မတော့ မသောက်ချင်ဘူး”

“ငယ်ငယ်တုန်းက တို့လင်မယားနှစ်ယောက် ညည်းကို ဖျက်ဆီးခဲ့ကြတာ။ ဒါပေမဲ့ တခြားလူရှေ့မှာ ဒီလိုစိတ်ကောက်နေလို့ မဖြစ်ဘူးလေ သမီးရဲ့”

“ကျွန်မက စိမ်ရည် မငှဲ့ပေးတော့လည်း ဘာဖြစ်မှာလဲ အမေရဲ့။ ငှဲ့မပေးတာနဲ့ ကျွန်မ လည်ပင်းကို ဓားနဲ့ ပိုင်းမှာလား”

မရန်က ရယ်လေ၏။

“အမေ့ အပြစ်ပါအေ။ စာရေးကြီးကတော့ လူကြီးလူကောင်းပါ။ ညည်းကို ဗွေယူ နေမှာ မဟုတ်ပါဘူး။ ကဲပါ။ စိမ်ရည် ရှဲ့မပေးချင်လည်း နေပါတော့။ ဒီဘက်လှည့်ပြီး အမေတို့နဲ့ အတူတူတော့ သောက်ပါဦး”

သို့ရာတွင် ပေါက်စီသည် သူတို့ဘက်သို့ လှည့်မကြည့်ချေ။ ဤတွင် မရန်သည် သူ ကိုယ်တိုင် စုန်ကျန့်ကို စိမ်ရည်သောက်ရန် ပြောရလေ၏။ စုန်ကျန့်သည် စိမ်ရည်ခွက်ကို ယူ၍ မသောက်ချင်သောက်ချင် သောက်ရလေ၏။

မရန်က ပြုံးလျက်-

"သူ့ကို ဗွေမယူပါနဲ့ စာရေးကြီးရယ်။ ကျွန်မသမီးနဲ့ပတ်သက်လို့ အမနာပ ပြောကြ တာတွေကို ကျွန်မ သိပါတယ်။ မနက်ဖြန်ကျရင် ကျွန်မ ရှင်းပြပါ့မယ်။ တချို့လူတွေ ကလည်း စာရေးကြီးကို မနာလိုဝန်တို ဖြစ်ကြတယ်ရှင့်။ စာရေးကြီး ဒီလို လာလာနေ တာကို မလိုကြဘူး။ ဒီတော့ တွေ့ရာ လျှောက်ပြောကြတာပေါ့။ အားတိုင်း အီးပေါက် တာကို နားထောင်မနေပါနဲ့။ ကဲ၊ သောက်ပါဦး"

မရန်သည် ခွက်သုံးခွက်ထဲသို့ အရက်ငှဲ့ပြီးနောက် သမီးဘက်သို့ လှည့်ကာ "ဟဲ့၊ ကလေးကလား စိတ်ကောက်မနေနဲ့။ သောက်မှာ သောက်ဦး" ဟု ပြောလေ၏။

"မသောက်ချင်ပါဘူး အမေရဲ့။ အလိုလိုမှ ဗိုက်ပြည့်နေရတဲ့အထဲမှာ။ ဘာမှမသောက် နိုင်တော့ဘူး"

"ကဲပါ သမီးရယ်။ ညည်းအချစ်တော်နဲ့ တခွက်လောက်တော့ သောက်ပါဦး"

"အင်း၊ ငါဟာ ချန်ဝိန်ယွမ်းကို စွဲနေပြီ။ ဒီလူကြီးနဲ့ ဘယ်သူနေချင်မှာတဲ့လဲ။ ဒီလူကြီး မူးမှ ကိစ္စအေးမှာ။ မမူးရင် သူ့လိုဘကို ဖြည့်နေရဦးမှာ" ဟု တွေးလျက် ရှိလေ၏။

ပေါက်စီသည် စိမ်ရည်တဝက်လောက်ကို ကြိတ်မှိတ် သောက်ချလိုက်လေ၏။

မရန်က ရယ်လိုက်လျက် "သမီးက စိတ်ကောက်နေတယ် စာရေးကြီးရဲ့။ အေးအေး ဆေးဆေး နေပါဦး။ သောက်ပြီးတော့ အိပ်ကြတာပေါ့။ စာရေးကြီး သောက်ဦးလေ"

စုန်ကျန့်သည် သူ တိုက်တွန်းသည်ကို လွန်ဆန်ခြင်းငှာ မတတ်နိုင်တော့ပြီ။ စုန်ကျန့် သည် လေး ငါးခွက်ကို ဆက်တိုက် မော့ချလိုက်လေ၏။ မရန်ကိုယ်တိုင်လည်း အနည်းငယ် သောက်လေ၏။ မရန်သည် စိမ်ရည်နွေးရန် အောက်ထပ်သို့ ဆင်းသွားလေ၏။ သမီး ဖြစ်သူက မသောက်ဟု ငြင်းဆန်နေသဖြင့် စိတ်တိုလျက်ရှိလေ၏။ ယခုမူ သမီးဖြစ်သူက စိတ်ပြောင်းကာ စိမ်ရည် အနည်းငယ်ကို သောက်သဖြင့် ကျေနပ်သွားလေ၏။

"ဒီနေ့ည သူ့ကို အိမ်မှာ အိပ်အောင် လုပ်နိုင်ရင်တော့ စိတ်ဆိုးပြေသွားမှာပါပဲ။ ဒါပေမဲ့ အရေးကြီးတာက ဒီမှာ ကြာကြာလေးနေပြီး မူးအောင်တိုက်ဖို့က အရေးကြီးတယ်။ သူ မူးသွားပြီဆိုတော့မှ အခြေအနေကို ကြည့်ရဦးမှာပဲ"ဟု စိတ်ကူးလျက် ရှိလေ၏။

မရန်သည် အောက်ထပ်တွင် စိမ်ရည်နွေးရင်း နောက်ထပ် သုံးခွက်လောက် သောက် ပြန်လေ၏။ ဤတွင် ပို၍ သောက်ချင်လာပြန်ကာ နောက်ထပ်တခွက် ငှဲ့ပြီး မော့ချလိုက် ပြန်လေ၏။ ထို့နောက် မရန်သည် နွေးပြီးသား စိမ်ရည်ကို အိုးထဲသို့ ထည့်ကာ အပေါ်ထပ် သို့ ပြန်တက်လာခဲ့လေ၏။ စုန်ကျုန့်မှာ ခေါင်းကို ငုံ့ပြီး တိတ်ဆိတ်စွာ ထိုင်နေဆဲ ဖြစ်လေ၏။ ပေါက်စီမှာလည်း မျက်နှာကို တဖက်သို့ လွှဲထားကာ သူ့ဝတ်စုံမှ အနားကို လိမ်၍ နေလေ၏။ မရန်က ရယ်လေ၏။

"အမယ်လေး။ ဖြစ်နေလိုက်ကြတာ။ နှစ်ယောက်စလုံး ရွှံ့နဲ့များ လုပ်ထားကြသလား မသိပါဘူးတော်။ ဘာဖြစ်လို့ စကားမပြောတာလဲ စာရေးကြီးရဲ့။ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ။ ကိုယ့် မိန်းမကို ချော့ပြီး တခွန်းနှစ်ခွန်းလောက် ချွဲလိုက်ရင် ပြီးသွားတာပဲ" စုန်ကျုန့်မှာ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေလေ၏။ စကားလည်း တလုံးမှ မပြောချေ။ အိမ်တွင် ဆက်နေရမည်လော၊ သွားရမည်လောဟု ဝေခွဲမရ ဖြစ်လျက်ရှိလေ၏။ "ဟင်း၊ တကတဲ။ လာချင်တဲ့ အချိန်ကျမှ လာပြီးတော့ သူ့ကိုပဲ ပလီပလာနဲ့ ပြန်ချော့ မယ့်အတိုင်းပဲ။ အဝေးကြီး။ ပေါက်စီတို့က ဘယ်တော့မှ မလုပ်ဘူး" ဟု ပေါက်စီ စိတ်ထဲ တွင် တွေးနေလေ၏။

မရန်ကား စိမ်ရည် အတော်ဝင်သွားပြီ ဖြစ်သည့်အလျောက် စကားတွေ ဖောင်လောက် အောင် များနေလေပြီ။ သူတပါးအကြောင်း မကောင်းပြောလိုက်သည်မှာလည်း စုံနေ လေပြီ။

ထိုသို့ ပြောဆိုလျက်ရှိစဉ် ဂေါဏတန်သည် စုန်ကျုန့်ကို တွေ့လိုသဖြင့် ရောက်လာ လေ၏။ တန်မှာ အသားချဉ်၊ မုန်ညင်းချဉ် စသည်တို့ကို အထမ်းရောင်းသူဖြစ်ပြီး ထိုအလုပ် မရှိလျှင်လည်း အခြားအလုပ်များကို ကျပန်းလုပ်နေသူတဦး ဖြစ်လေ၏။

စုန်ကျုန့်သည် တန်ကို ငွေရေးကြေးရေး အခက်အခဲရှိတိုင်း မကြာခဏ ကူညီခဲ့ဖူး လေ၏။ တရားရုံးတွင် ဆိုင်နေရသည့် အမှုများနှင့်ပတ်သက်၍ သတင်းအစအနများ ရလျှင် စုန်ကျုန့်သို့ လာရောက် ပြောပြလေ့ ရှိသဖြင့် စုန်ကျုန့်က သူ့ကို ပိုက်ဆံအနည်းငယ် ပေးလေ့ရှိလေ၏။ စုန်ကျုန့်ကလည်း သူ လိုချင်သည့် သတင်းရှိလျှင် သူ့ကို အစုံစမ်းခိုင်း လေ့ရှိလေ၏။

ထိုနေ့ညဉ့်၌ တန်သည် ကစားဝိုင်းတခုတွင် ရှုံးလာခဲ့ရာ ပိုက်ဆံတောင်းရန် စုန်ကျုန့် ဆီသို့ ထွက်လာခဲ့ခြင်း ဖြစ်လေ၏။ သို့ရာတွင် စုန်ကျုန့်ကို မည်သည့်နေရာတွင်မျှ ရှာ မတွေ့ချေ။

"ဘယ်သူ့ကိုများ ဒီလောက် အရေးတကြီး ရှာနေရတာလဲဗျ" ဟု စုန်ကျုန့်၏ အိမ်နီး ချင်းများက သူ့ကို မေးကြလေ၏။

"ကျွန်တော့်ဆရာ စာရေးကြီးကို ရှာနေတာဗျ။ နှံ့နေပြီဗျာ။ ဘယ်မှာမှ ရှာလို့ မတွေ့ ဘူး။ လူကို ဖတ်ဖတ်မောနေတာပဲ"

"ခင်ဗျားဆရာက ဘယ်သူလဲ"

"ရုံးစာရေးကြီးစုန်ကျန့်ပါ"

"ခပ်စောစောကတင် မရန်နဲ့ ထွက်သွားတာတော့ မြင်လိုက်တာပဲ"

"သူ့သမီးက ခပ်ပျက်ပျက်မဟုတ်လား။ ခုလည်း ချန်ဝိန်ယွမ်းနဲ့ တိတ်တိတ်ပုန်းဖြစ်နေ ကြတယ်လေ။ ကောင်မလေးက စုန်ကျန့်ကို ညာစားနေတာပေါ့။ စုန်ကျန့်ကလည်း ဒါကို ရိပ်မိလို့လား မသိဘူး သိပ်မသွားတော့ဘူး။ ဒီနေ့ညတော့ ခေါင်းမကြီးက လိမ့်ထုတ်သွားပြီ ထင်တယ်။ ငါ့မှာ ပိုက်ဆံဆိုလို့လည်း တပြားမှ မရှိတော့ဘူး။ အာခေါင်လည်း ခြောက်လှပြီ။ သူ့ဆီလိုက်ပြီး ပိုက်ဆံကလေးဘာလေး ချေးပြီး အရက်သောက်ဦးမှပဲ" ဟု တန် တွေးလျက် ရှိလေ၏။

တန်သည် လှေကားကို ခြေဖျားထောက်၍ တက်လာခဲ့ကာ တံခါးကြားမှ ချောင်း ကြည့်လိုက်လေ၏။ စုန်ကျန့်နှင့် ပေါက်စီတို့သည် ခေါင်းကိုငုံ၍ ထိုင်နေကြသည်ကို မြင်ရ လေ၏။ မရန်မှာ စားပွဲထိပ်တွင် ထိုင်ပြီး စကားကို ဗလစ်ဗလစ်မြည်အောင် ပြောလျက် ရှိလေ၏။ တန်သည် အခန်းထဲသို့ ဝင်လာခဲ့ကာ သူတို့အားလုံးကို ရိုသေစွာ နှုတ်ဆက် လေ၏။ တန်သည် အထဲသို့ ဝင်မထိုင်သေးဘဲ တံခါးဝတွင် ရပ်နေလေ၏။

"အတော်ပဲ" ဟု စုန်ကျန့် တွေးမိလေ၏။ စုန်ကျန့်က နှုတ်ခမ်းကို မဲ့၍ အချက်ပေး လိုက်လေ၏။ တန်မှာ အကင်းပါးသူတယောက် ဖြစ်လေ၏။ စုန်ကျန့် အချက်ပြလိုက်သည် ကို သဘောပေါက်လိုက်လေပြီ။

"ကျွန်တော့်မှာဖြင့် ရှာလိုက်ရတာ စာရေးကြီးရယ်။ စာရေးကြီးကတော့ ဒီမှာလာပြီး စိမ်ရည်လေးတမြမြနဲ့ ဇိမ်ကျနေတာပေါ့ ဟုတ်စ"

"ဘာဖြစ်လို့လဲကွ။ ရုံးမှာ ဘာများ အရေးတကြီးကိစ္စ ပေါ်ပြန်ပြီလဲ"

"စာရေးကြီး မေ့နေပြီထင်တယ်။ မနက်က အမှုကိစ္စလေ။ ရုံးမှာ မြို့အုပ်မင်း စိတ်ဆိုး နေပြီ။ ရုံးစေလုလင် လေး ငါးယောက်ကို လွှတ်ပြီး စာရေးကြီးကို အရှာခိုင်းနေတယ်။ မြို့အုပ်မင်း တော်တော်စိတ်ဆိုးနေပြီဗျ။ မြန်မြန်သွားရင် ကောင်းမယ်"

"ဟုတ်တယ်။ အရေးကြီးတယ် ထင်တယ်" ဟု ဆိုကာ စုန်ကျန့်သည်

လှေကားဆီသို့ ထလာခဲ့လေ၏။ မရန်က သူ့ကို လိုက်ဆွဲလေ၏။

"စာရေးကြီးရယ်။ ဒီလိုအကြောင်းမပြပါနဲ့။ ဒီကောင် ညာပြောနေတယ်ဆိုတာ ကျွန်မ သိပါတယ်" ဟု ဆိုကာ မရန်သည် တန်၏ ရှေ့တည့်တည့်တွင် သွားရပ်ပြီးနောက်-

"ဟဲ့၊ တေလေကြမ်းပိုး။ ငါ့ကို ဒီလို လိမ့်လို့ရမယ် အောက်မေ့နေသလားဟင်။ လက်သမားလူပန်ဆီကသာ ဆောက် လိမ်ငှားလို့ရမယ်။ ငါ့ကို လိမ်လို့မရဘူးဟဲ့။ ဒီအချိန် မှာ မြို့အုပ်က ဘယ်မှာ ရုံးတက်ရမှာလဲ။ ဒီလောက်ဆို မှူးပြီး သူ့မယားနဲ့ အိပ်နေပြီဟဲ့။ ညကြီးမင်းကြီးမှာ ဘယ်က ရုံးအလုပ်တက်ရမှာလဲ။ နင့်လုပ်ဇာတ်တွေနဲ့ ငါ့ကို လာပြီးလိမ်မနေနဲ့"

"တကယ်ပါဗျာ။ မြို့အုပ်က အခေါ်ခိုင်းလိုက်လို့ပါ။ ကိစ္စက အရေးကြီးလို့တဲ့။ ကျွန်တော် မလိမ်ပါဘူး"

"ဟင်း၊ ခွေးအီး။ အိုသာအိုပေမယ့် ငါ့မျက်လုံးတွေက နင်တို့ထက်တောင် ရှင်သေး သတဲ့။ စာရေးကြီးက နှုတ်ခမ်းမဲ့ပြီး အချက်ပြလိုက်တော့ နင်က လုပ်ဇာတ်ထွင်တယ် မဟုတ်လား ဟင်။ တကတဲတော်။ တကယ်ဆို နေဖို့ ကူပြောပေးပါ့လား။ ခုတော့ သူကပါ ပင်းပြီး ခေါ်ထုတ်နေတယ်။ "သူတပါးအသက်ကို သတ်တာဟာ ခွင့်လွှတ်လို့ရတယ်၊ လိမ် တာကို ခွင့်လွှတ်လို့ မရဘူး" တဲ့။ ရှေးစကားပုံ ရှိသဟဲ့"

မရန်သည် ထ၍ ခုန်လိုက်ကာ တန်၏ လည်ကို ဆွဲကိုင်ပြီးနောက် လှေကားမှ တရွတ်တိုက်၍ ဆွဲခေါ်သွားလေ၏။

"ကျုပ်လည်ပင်းကို ညှစ်မထားပါနဲ့ဗျ။ လွှတ်ပါ" ဟု တန်က အော်လေ၏။

"တို့ကို လာပြီး အနှောင့်အယှက်ပေးနေတဲ့ ကောင်။ တို့ စားရေးဝတ်ရေးကို လာပြီး ဖျက်ဆီးနေတဲ့ ကောင်။ ဒီလိုလုပ်တာဟာ ကိုယ့်အဖေ၊ အမေကို သတ်တာထက် ဆိုးသတဲ့။ မယားကို သတ်တာထက် ဆိုးသတဲ့။ မလုပ်ကောင်းဘူး သိရဲ့လား။ နင် နောက်ထပ် ပြောရဲ ပြောကြည့်စမ်း။ နင့်ကို ညှစ်သတ်ပစ်မယ်။ ခွေးသူတောင်းစား"

တန်သည် ရှေ့သို့ တိုးလာကာ-

"လုပ်ရဲ လုပ်ကြည့်စမ်းလေ"

မရန်သည် အရက်မူးလျက်ရှိသဖြင့် သွေးကြွနေသည့်အတွက် တန်၏ ပါးကို ရိုက် လိုက်လေ၏။ တန်မှာ နောက်သို့ ယိုင်ကျသွားကာ တံခါးတွင် ကာထားသည့်

ယင်းလိပ် ကြီးကို ကောက်ကိုင်လေ၏။ မရန်သည် ညစ်ညမ်းစွာ ဆဲဆိုကာ ယင်းလိပ်ကို ဆွဲ၍ ယူ လိုက်ပြီးနောက် တံခါးကို ပိတ်လိုက်ကာ အတွင်းမှ မင်းတုပ်ထိုးထားလိုက်လေ၏။

တန်မှာ မပြန်သေးဘဲ အိမ်ရှေ့မှ ရပ်၍ ဆဲဆိုကြိမ်းမောင်းလျက် ရှိလေ၏။

"ဖာသည်မကြီး။ စာရေးကြီးမျက်နှာကို ထောက်လို့ ဒီလောက် သည်းခံနေတာ။ နို့ မဟုတ်ရင် ခင်ဗျားအိမ်ကို ခုနစ်လွှာ လှန်ပစ်ပြီးပြီ။ သိရဲ့လား။ နေနှင့်ဦးပေါ့။ တွေ့ကြဦးမှာ ပေါ့။ ခင်ဗျားကို စုံရက်မှာ မတွေ့ရင် မ ရက်မှာ တွေ့ကြမှာပေါ့။ ခင်ဗျားကို သတ်ပစ်မယ်ဗျ။ ခင်ဗျားကို မသတ်ရရင် ကျုပ်နာမည်ကို တန်လို့ မမှည့်ဘူး၊ သိရဲ့လား"

တန်သည် ရင်ဘတ်ကို တဗုန်းဗုန်းမြည်အောင် ထုရင်း ဆဲဆိုလျက် ရှိလေ၏။

မရန်သည် အပေါ်ထပ်သို့ ပြန်တက်လာခဲ့လေ၏။

စုန်ကျန့်ဘက်သို့ လှည့်၍-

"ဒီခွေးသူတောင်းစား ပြောတာကို အရေးလုပ်မနေပါနဲ့ စာရေးကြီးရယ်။ အရက် သောက်စရာမရှိလို့ စာရေးကြီးဆီကို ပိုက်ဆံလာတောင်းတာ။ ဒီကောင်ဟာ ဒီလိုပဲ။ နေရာ တကာမှာ လိုက်ပြီး နှောင့်ယှက်နေတာပဲ။ ကြံကြီးစည်ရာတော်။ ဒီလိုကောင်စုတ်ကများ အိမ်ပေါ်တက်လာပြီး ဟုတ်တိပတ်တိ လာလိုမ့်နေသေးတယ်။ ဟင်း"

စုန်ကျန့်မှာ ရိုးဖြောင့်သူတယောက် ဖြစ်လေ၏။ ယခု မိမိ အချက်ပြလိုက်သည်ကို မရန် မြင်သွားပြီ ဖြစ်သည့်အတွက် ချက်ချင်း ထပြန်ရန် ခက်နေလေ၏။

"ကျွန်မအပေါ်မှာ ဘယ်လိုမှ မအောက်မေ့နဲ့နော် စာရေးကြီး။ စာရေးကြီးဟာ ကျွန်မ တို့ သားအမိအပေါ်မှာ ဘယ်လိုကောင်းခဲ့တယ်ဆိုတာ ကျွန်မတို့ သိတယ်။ ကဲ၊ သမီး။ ဒီတခွက်ကို စာရေးကြီးနဲ့အတူ သောက်လိုက်။ ညည်းတို့နှစ်ယောက်လည်း မတွေ့ရတာ တော်တော် ကြာပြီ။ ညည်းတို့လည်း အိပ်ချင်လှရော့ပေါ့။ ငါလည်း ဒီပစ္စည်းတွေကို သိမ်း ဆည်းပြီး အိပ်တော့မယ်"

မရန်သည် စုန်ကျန့်နှင့် နောက်ထပ် နှစ်ခွက်သောက်၍ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီးလျှင် အောက်ထပ် မီးဖိုချောင်သို့ ဆင်းသွားလေ၏။

"ဒီကောင်မလေးဟာ ချန်ဝိန်ယွမ်းနဲ့ တိတ်တိတ်ပုန်း ညားနေတယ်လို့ ငါ ကြားတာပဲ။ ဒါပေမဲ့ သေသေချာချာတော့ မဟုတ်ဘူး။ ငါကိုယ်တိုင် တပ်အပ်မြင်ရတာ မဟုတ်တော့ ခက်သားပဲ။ ခုနေ ငါ ပြန်သွားရင် ငါ့ကို တမျိုးထင်တော့မယ်။ ပြီးတော့ ညဥ့်လည်း တော်တော်နက်နေပြီ။ ငါလည်း အိပ်ချင်လှပြီ။ ဒီကောင်မလေး ငါ့အပေါ်မှာ ဘယ်လိုများ သဘောထားသလဲ ကြည့်ဦးမှပဲ" ဟု စုန်ကျန့်စိတ်ထဲမှ တွေးနေလေ၏။

မရန်သည် အပေါ်သို့ တက်လာကာ အပြင်ဘက်မှ နေ၍ "ဟဲ့၊ မအိပ်ကြသေးဘူးလား။ ညဥ့်နက်လှပြီလေ။ နှစ်ယောက်စလုံး အိပ်ကြတော့" ဟု ပြောလေ၏။

"အမေ့ဘာသာ အမေ နေစမ်းပါ။ အိပ်ချင်ရင် အမေ့ဘာသာ အိပ်ပါလား" ဟု ပေါက်စီက ပြန်ပြောလေ၏။

မရန်သည် ရယ်၍ အောက်ထပ်သို့ ဆင်းသွားရင်း "စာရေးကြီး၊ အေးအေးဆေးဆေး အနားယူနော်။ ပျော်သလိုနေ။ မနက် နေမြင့်တော့မှ ထတာပေါ့။ ရပါတယ်" ဟု ပြော၍ သွားလေ၏။ မရန်သည် မီးဖိုထဲမှ ပစ္စည်းများကို သိမ်းဆည်းကာ ခြေလက်တို့ကို ဆေး ကြော၍ မှန်အိမ်ကို ငြှိမ်းပြီးသော် အိပ်ရာသို့ ဝင်ခဲ့လေ၏။

စုန်ကျန့်သည် ခွေးခြေပေါ်တွင် ထိုင်ရင်း ပေါက်စီကို လှမ်းကြည့်ကာ သက်ပြင်းကြီး တချက် ချလေ၏။ အချိန်မှာ သန်းခေါင်ကျော်ခဲ့လေပြီ။ ပေါက်စီမှာလည်း အဝတ်အစားပင် မလဲတော့ဘဲ အိပ်ရာပေါ်တွင် လှဲနေလေပြီ။ ပေါက်စီသည် ပန်းထိုးထားသည့် ခေါင်းအုံး ပေါ်တွင် ခေါင်းတင်ကာ တဖက်သို့ လှိမ့်လိုက်ပြီး နံရံကို မျက်နှာမူထားလေ၏။

"ဒီဖာသည်မဟာ ငါ့ကိုတောင် ဂရုမစိုက်ဘူး။ သူတယောက်တည်းပဲ အိပ်နေတယ်။ သူ့အမေကြီးက ငါ့ကို အတင်းခေါ်လာပြီး ဒီရောက်တော့ အရက်မူးအောင် တိုက်တယ်။ ငါ့မျက်လုံးတွေလည်း ဖွင့်လို့ မရတော့ဘူး။ ညဥ့်လည်း နက်လှပြီ။ ငါလည်း အိပ်တော့မှပဲ" ဟု စုန်ကျန့် စဉ်းစားမိလေ၏။

စုန်ကျန့်သည် ခေါင်းတွင် ပေါင်းထားသည့် ပဝါကို ချွတ်ပြီး စားပွဲပေါ်သို့ တင်ကာ အပေါ်အင်္ကျီကိုလည်း ချွတ်၍ အင်္ကျီလှမ်းသည့် စင်ပေါ်တွင် ဖြန့်ထားလိုက်လေ၏။ သားရေအိတ်နှင့် ခါးမြှောင်တွဲထားသည့် ခါးမှ ခါးစည်းကိုလည်း ချွတ်၍ ခုတင်လက်ရန်းပေါ်တွင် တင်ထားလိုက်လေ၏။ ထို့နောက် ဖိနပ်၊ ခြေအိတ်တို့ကို ချွတ်ကာ ပေါက်စီ၏ ခြေရင်းကို ခေါင်းပြု၍ ခုတင်ပေါ်တွင် လှဲလေ၏။

ခဏကြာလျှင် ပေါက်စီထံမှ ဟောက်သံပေါ်လာလေ၏။ စုန်ကျန့်မှာ ဒေါသထွက်လျက် ရှိလေပြီ။ သူ့မှာမူ အိပ်၍ မရနိုင်သေးချေ။ "ပျော်ပါးမြူးထူးခြင်းသည် ကုန်ဆုံးလွယ်သော ညအတွက် နောင်တရ၏။ ဆင်းရဲခြင်းကား နှေးကွေးသော သူ့ခြေလှမ်းကို စက်ဆုပ် ရွံ့မုန်း၏ ဆိုတဲ့ စကားဟာ တယ်မှန်တာပဲ" ဟု တွေးနေလေ၏။

မနက်လင်းခါနီးသည့်အခါတွင်မူ စုန်ကျန့်မှာ အရက်မူးပြေခဲ့လေပြီ။ အရုဏ်တက် သည့်အခါတွင်မူ စုန်ကျန့်သည် အိပ်ရာမှ ထကာ ဇလုံတွင် ရေအေးဖြင့် မျက်နှာသစ် ပြီးနောက် အဝတ်အစားလဲကာ ခေါင်းကို ပဝါပေါင်းလေ၏။ "အလကားဖာသည်မ" ဟုလည်း ပါးစပ်မှ ရွတ်ဆိုနေလေ၏။ ပေါက်စီသည် သူပြောသည့်စကားကို ကြားလေ၏။ ပေါက်စီလည်း အိပ်မပျော်ချေ။ ပေါက်စီသည် သူ့ဘက်သို့ လှည့်လိုက်ရင်း-

"ရှက်စရာကောင်းတာက ကျွန်မ မဟုတ်ဘူး။ ရှင် ရှင်" ဟု ပြန်ပြောလေ၏။

စုန်ကျန့်သည် ဒေါသကို ချုပ်တည်းကာ အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

သူ့ခြေသံကို မရန် ကြားလျှင် သူ့အိပ်ခန်းထဲမှ လှမ်းပြောလေ၏။

"စာရေးကြီး အိပ်ပါဦးလား။ မနက်လင်းမှ သွားရော့ပေါ့။ ဘာဖြစ်လို့ မိုးမလင်းခင် ပြန်ရတာလဲ"

စုန်ကျန့်သည် မည်သို့မျှ မပြောဘဲ မင်းတုပ်ကို ဖွင့်လေ၏။

"စာရေးကြီးသွားရင် တံခါးကို ပြန်စေ့ခဲ့နော်" ဟု မရန်က မှာလေ၏။

စုန်ကျန့်သည် သူပြောသည့်အတိုင်း တံခါးကို ပြန်စေ့လေ၏။ စုန်ကျန့်သည် စိတ်ထဲတွင် တနုံ့နုံ့ဖြစ်လျက် မိမိအိမ်သို့ ပြန်လာခဲ့လေ၏။ ရုံးအနီးသို့ ရောက်သည့်အခါတွင် လမ်းပေါ်၌ မီးကလေး မှိတ်တုတ်မှိတ်တုတ် လင်းနေသည်ကို မြင်ရလေ၏။ ပရဆေးရည်ပြုတ်ရောင်း သည့် အဘိုးဝမ်သည် မနက်ဈေးထွက်ရန် ရုံးရှေ့ရှိ ကွက်လပ်သို့ ထွက်လာခြင်း ဖြစ်လေ၏။

"အလို၊ စာရေးကြီး။ စောစောစီးစီး ဘယ်က ပြန်လာသလဲ" ဟု ဆေးရည်ပြုတ် ရောင်းသည့် အဘိုးဝမ်က နှုတ်ဆက်လေ၏။

"မနေ့ညက သောက်တာများသွားလို့ အဘရေ။ ဒါနဲ့ မနက်နာရီမောင်းရိုက်တော့ နာရီ မှားရေပြီး ထလာခဲ့တာ"

"မနေ့ညက သောက်တာများသွားရင် ဝမ်း ကသိကအောက်ဖြစ်တတ်တယ် စာရေး ကြီးရဲ့။ ဟောဒီ ဆေးရည်ပြုတ်ကလေး သောက်သွားပါ့လား။ ရော့။

တခွက်တဖလား လောက် သောက်သွားပါဦး”

“ကောင်းသားပဲ အဘ” ဟု ဆိုကာ စုန်ကျန့်သည် ခုံရှည်တခုပေါ်တွင် ထိုင်လေ၏။ အဘဝမ်က ဆေးရည်ပြုတ်တခွက်ကို ထည့်ပြီး သူ့ကို ပေးလေ၏။

“ငါ သူ့ဆီက ဆေးရည်ပြုတ်ကို ခဏခဏသောက်တာပဲ။ သောက်တိုင်း ပိုက်ဆံ မယူ ဘူး။ ငါ့မှာလည်း သူ့ဖို့ အသုဘခေါင်းကလေးတလုံး ဝယ်ပေးမယ်လို့ ကတိပေးထားတာ ခုထက်ထိ မဝယ်ပေးဖြစ်သေးဘူး”ဟု ဆေးရည်ပြုတ်သောက်ရင်း စုန်ကျန့် တွေးနေလေ၏။ စုန်ကျန့်သည် ကျောက်ခဲပေးလိုက်သော ရွှေချောင်းများကို အမှတ်ရကာ ထိုအထဲမှ တချောင်းယူပြီး သူ့သားရေအိတ်ထဲ ထည့်ထားသည်ကို သတိရလေ၏။ “ငါ သူ့ကို ပိုက်ဆံ ပေးလိုက်ဦးမှပဲ။ ဒီလိုဆိုရင် အဘိုးကြီးလည်း ဝမ်းသာရှာမှာပဲ” ဟု တွေးမိလေ၏။

“အဘရေ။ အဘအတွက် ခေါင်းတလုံးဝယ်ပေးဖို့ ကျွန်တော် ကတိပေးထားတာ အဘကို ပိုက်ဆံတပြားမှ မပေးရသေးဘူး။ ဟောဒီမှာ ရွှေချောင်းကလေးတချောင်းတော့ ရှိတယ်။ ခေါင်းကလေးတလုံး ဝယ်ပြီး အဘအိမ်မှာပဲ သိမ်းထားပေတော့။ အဘ အသက် တရာပြည့်လို့ ခေါင်းချ အနားယူရင်လည်း အသုဘစရိတ်တွေကို ကျွန်တော် ခံပါ့မယ်”

“စာရေးကြီးဟာ ကျုပ်အပေါ်မှာ အမြဲတမ်း စောင့်ရှောက်ကူညီတဲ့ ကျေးဇူးရှင်ကြီး ပါဗျာ။ ခုလည်း ကျုပ်အတွက် ခေါင်းကလေးတလုံး ထောက်ပံ့ပြန်ပြီပေါ့။ ဒီဘဝမှာတော့ စာရေးကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်နိုင်တော့မှာ မဟုတ်ပါဘူး ထင်ပါရဲ့။ ဒါပေမဲ့ နောက် ဘဝကျရင်တော့ စာရေးကြီးဆီမှာ မြင်းဘဝ၊ နွားဘဝနဲ့ ပြန်ဆပ်ပါ့မယ်ဗျာ

“ဒီလိုမပြောပါနဲ့ အဘရယ်” ဟု ဆိုကာ စုန်ကျန့်သည် အင်္ကျီကို လှန်ကာ ခါးတွင် ချိတ်ထားသည့် သားရေအိတ်ကို စမ်းကြည့်လေ၏။

စုန်ကျန့်သည် ယောင်၍ အော်လိုက်ကာ “ဟို ကောင်မရဲ့ ခုတင်ခြေရင်းမှာ ကျန်ရစ် ခဲ့ပြီထင်တယ်။ ငါကလည်း စိတ်ဆိုးပြီး ပြန်ချင်ဇောအားကြီးနေတော့ ခုတင်ခြေရင်းက တန်းပေါ်မှာ ခါးစည်း မေ့ကျန်ရစ်ခဲ့ပြီ။ ရွှေချောင်းပျောက်တာက အရေးမကြီးဘူး။ ဒါပေမဲ့ ရွှေချောင်းကို ကျောက်ခဲဆီက ပေးလိုက်တဲ့ စာနဲ့ ထုပ်ထားတယ်။ အမှန်ကတော့ လျူထန် နဲ့ ထမင်းဆိုင်ထဲမှာ တွေ့တုန်းကတည်းက ဒီစာကို မီးရှို့ ဖျက်ဆီးပစ်လိုက်ဖို့ပဲ။ ဒါပေမဲ့ သူ့ရှေ့မှာတင်ဆိုတော့ မကောင်းဘူး မဟုတ်လား။ သူတို့က စေတနာနဲ့ လာပို့တာကို ငါက ရှေ့မှာတင် စာကို မီးရှို့ပစ်တယ် ဆိုတော့ သူတို့စေတနာကို မလေးစားရာ ကျမှာပေါ့။ အိမ်ပြန်ရောက်ရင် မီးရှို့ပစ်မလို့ပဲ။ ဒါပေမဲ့ လမ်းမှာ မရန်က အတင်း ဆွဲခေါ်သွားတော့ မီးရှို့ချိန် မရလိုက်ဘူး။ မနေ့ညကလည်း ဟိုအိမ်မှာရောက်တုန်း

မီးခွက်က မီးတောက်နဲ့ မီးရှို့မလို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ ဟိုကောင်မ မြင်မှာစိုးလို့ ငါ မရှို့ဖြစ်ခဲ့ဘူး။ ဒီနေ့ မနက်ကျတော့လည်း ငါ အစောကြီး ပြန်လာခဲ့တယ်။ ငါ ပြန်လာတော့ ပေါက်စီဟာ သီချင်းစာရွက်ကို ဖတ်နေတယ်။ သူ စာမဖတ်တတ်ဘူးလို့ ပြောတယ်။ ဒီအတိုင်းဆိုရင် ပေါက်စီဟာ စာဖတ်တတ်မှာပဲ။ စာဖတ်တတ်လို့ ကျောက်ခဲက ရေးတဲ့စာကို တွေ့သွားရင် ငါတော့ ဒုက္ခပဲ”

စုန်ကျန့်သည် ခုံရှည်တွင် ထိုင်နေရာမှ ရုတ်ခနဲ ထလိုက်လျက်-

“အဘရေ၊ ခွင့်လွှတ်ဗျာ။ ကျွန်တော့်ကတိကို ကျွန်တော် မဖျက်ပါဘူး။ ရွှေချောင်းက ကျွန်တော့်သားရေအိတ်ထဲမှာ ကျန်ခဲ့တယ်။ ဒီနေ့မနက် ပျာယီးပျာယာ ထွက်လာတော့ သားရေအိတ် ပါမလာခဲ့ဘူး။ ကျွန်တော် ပြန်ယူချေဦးမယ်”

“ကိစ္စမရှိပါဘူး စာရေးကြီးရယ်။ နောင်ကျမှ ပေးလည်း ရတာပါပဲ”

“အဘ မသိဘူး။ ဒီသားရေအိတ်ထဲမှာ အရေးကြီးတဲ့ ပစ္စည်းတခု ရှိလို့။ ပြန်ယူမှ ဖြစ်မှာ” ဟု ဆိုကာ စုန်ကျန့်သည် မရန်တို့ အိမ်ဘက်ဆီသို့ သုတ်သုတ်လာခဲ့လေ၏။

ထိုအတောအတွင်း၌ ပေါက်စီသည် စုန်ကျန့် ပြန်သွားပြီဟု သိသည်နှင့် အိပ်ရာမှ ထလေ၏။ “သေခြင်းဆိုးကြီးကြောင့် ညက ငါ တညလုံး မအိပ်ရဘူး။ မျက်နှာသေကြီးနဲ့။ ငါကများ သူ့ကို တောင်းပန်ခယမယ်လို့များ ထင်နေသလား မသိဘူး။ တော်ပြီ။ ဒီ သေခြင်း ဆိုးကြီးနဲ့ အဆက်ဖြတ်မှ။ ငါနဲ့ ချန်ဝိန်ယွမ်းနဲ့ ပျော်ပျော်ကြီးနေမယ်။ ဒီ သေခြင်းဆိုးကြီးကို အလာမခံတော့ဘူး။ သူ မလာလေ ကောင်းလေပဲ” ဟု တယောက်တည်း ပြောလျက် ရှိလေ၏။

ပေါက်စီသည် စောင်ခြုံကို ခွာလိုက်လျက် အဝတ်အစားတို့ကို ချွတ်ပစ်လိုက်ပြီးနောက် အိပ်ရာမှ ထလာခဲ့လေ၏။ အိပ်ရာဘေးရှိ မှန်အိမ်မှ မီးရောင်ထဲတွင် ခုတင်ခြေရင်း တန်း ပေါ်တွင် တင်ထားသည့် ခါးစည်းကြိုးကို မြင်ရလေ၏။ ပေါက်စီသည် ရယ်လိုက်လေ၏။

“သေခြင်းဆိုးကြီး။ ညက ဘယ်လောက်များ မူးနေသလဲ မသိဘူး။ ခါးစည်းကြိုးတောင် မေ့ကျန်ရစ်ခဲ့ပြီ။ ချန်ဝိန်ယွမ်းကို ဒီ ပိုးခါးစည်းကြိုး ပေးရဦးမယ်”

ခါးစည်းကြိုးမှာ ဓားမြှောင်နှင့် သားရေအိတ်တို့ တွဲထားသည့်အတွက် ထူးထူးခြားခြား လေးလျက်ရှိလေ၏။ ပေါက်စီသည် သားရေအိတ်ကို ဖွင့်ကာ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေ၏။ သားရေအိတ်ထဲမှ ရွှေချောင်းတချောင်းနှင့် စာတစောင် ကျလာလေ ၏။ ပေါက်စီသည် ရွှေချောင်းကို

ကောက်ကိုင်ကြည့်လေ၏။ ရွှေချောင်းမှာ မီးရောင်တွင် တလက်လက် တောက်ပနေလေ၏။ ပေါက်စီသည် သဘောကျ၍ တခစ်ခစ် ရယ်လိုက်ရင်း-

“ဘုရားကပေးတဲ့ လက်ဆောင်ပဲ။ ချန်ဝိန်ယွမ်း တယောက်လည်း ပိန်လှပြီ။ သူ့ကို စားကောင်းသောက်ဖွယ်ကလေးတွေ ကျွေးရဦးမယ်”

ပေါက်စီသည် ရွှေချောင်းကို ချပြီးနောက် စာကို ဖွင့်ဖတ်လေ၏။ စာထဲတွင် ရေး ထားသည့် အကြောင်းအရာများနှင့် ကျောက်ခဲ၏ လက်မှတ်ကို တွေ့ရလေ၏။

“ဟန်ကျပြီ။ ‘ရေပုံးက ရေတွင်းထဲကို ဆင်း’ ရသတဲ့။ ခုတော့ ရေပုံးက တွင်းထဲကို မဆင်းရဘဲ ရေတွင်းက အပေါ်တက်လာပြီ။ ငါနဲ့ ချန်ဝိန်ယွမ်းတို့ ပျော်ပျော်ရွှင်ရွှင် အကြင် လင်မယားအဖြစ် နေချင်ပေမယ့် စုန်ကျန့်က ကန့်လန့်ကန့်လန့် ဖြစ်နေတယ်။ ဒီနေ့တော့ စုန်ကျန့်ဆိုတဲ့ သေခြင်းဆိုး ငါ့လက်ထဲမှာ ရောက်နေပြီ။ လက်စသတ်တော့ စုန်ကျန့် ဆိုတဲ့ လူဟာ လျှံ့ရှန်းကျူတောက တောပုန်းတွေနဲ့ ပေါင်းနေတဲ့ လူပါကလား။ ခု သူ့ကို တောပုန်းတွေက ရွှေတပိဿာတောင် ပေးလိုက်တယ် ဆိုပါကလား။ ဒီ သေခြင်းဆိုးကြီးကို ကွဲခနဲနေအောင် ဖမ်းပြမယ်”

ပေါက်စီသည် ရွှေချောင်းကို စက္ကူနှင့်ပတ်ပြီးနောက် သားရေအိတ်ထဲသို့ ပြန်ထည့် လေ၏။ “ဒီပစ္စည်းကို ဘီလူးငါးကောင်နဲ့ လာလုတောင် မရဘူးမှတ်ပါ” ဟု တယောက် တည်း ပြောနေလေ၏။

ထိုစဉ် အောက်ထပ်မှ ကျွီခနဲ တံခါးသံ ပေါ်လာပြီး “ဘယ်သူလဲ” ဟူသော အိပ်ရာမှ မေးနေသည့် သူ့အမေအသံကို ကြားရလေ၏။

“ကျွန်တော်ပါ” ဟု စုန်ကျန့်က ပြန်ဖြေလေ၏။

“စောပါသေးတယ်လို့ ကျွန်မ ပြောသားပဲ။ စာရေးကြီးက ကျွန်မစကားကို နားမှ မထောင်ဘဲကိုး။ ခုတော့ ပြန်လာရပြီ မဟုတ်လား။ ကဲ၊ ကဲ အပေါ်ထပ်မှာ ပေါက်စီနဲ့ သွားအိပ်ချေဦး။ မိုးလင်းမှ ပြန်ချင်သပဆိုရင်လည်း လင်းတော့မှ ပြန်”

စုန်ကျန့်သည် မည်သို့မှ ပြန်မပြောတော့ဘဲ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ စုန်ကျန့်မှန်း သိသည့်အခါတွင် ပေါက်စီသည် သားရေအိတ်နှင့် ခါးမြှောင်တို့ ချိတ်ထား သော ခါးပတ်ကို အိပ်ရာအောက်သို့ ထိုးထည့်ကာ ဖိထားလိုက်လျက် တဖက်သို့ စောင်းပြီး အိပ်ပျော်ဟန်ဖြင့် ဟောက်နေလေ၏။

စုန်ကျန့်သည် အခန်းထဲသို့ ဝင်လာကာ ခုတင်ခြေရင်းရှိ ပိုးခါးစည်းကြိုး ရှိရာသို့ ဝင်လာလေ၏။ သို့ရာတွင် ခါးစည်းကြိုးမှာ မရှိတော့ချေ။ စုန်ကျန့်သည် အထိတ်တလန့် ဖြစ်သွားလေ၏။ စုန်ကျန့်သည် ယမန်နေ့ညက သူ့ကို

ကသိကအောက် လုပ်ခဲ့သည့်အတွက် ဒေါသဖြစ်လျက်ရှိသော်လည်း တတ်နိုင်သမျှ ချုပ်တည်းကာ ပေါက်စီကို ပခုံးမှ ကိုင်လှုပ်၍ နှိုးလေ၏။

"ဒီမှာ ပေါက်စီ။ နင့်အပေါ်မှာ ငါ တလျှောက်လုံး သည်းခံခဲ့တယ်။ ငါ့သားရေအိတ်ကို ပြန်ပေးပါ"

ပေါက်စီမှာ အိပ်ပျော်ဟန်ဆောင်ဆဲ ဖြစ်လေ၏။ စုန်ကျန့်သည် ပေါက်စီကို ကိုင်လှုပ်၍ နှိုးပြန်လေ၏။

"ငါ့ကို စိတ်မဆိုးပါနဲ့။ နောက်ကျတော့ နင် ကျေနပ်အောင် ငါ တောင်းပန်ပါ့မယ်"

"ဘာလဲရှင့်။ ကောင်းကောင်းအိပ်တာ မအိပ်ရတော့ဘူးလား။ ဘယ်သူလဲ"

"မသိချင်ယောင် ဆောင်မနေပါနဲ့ဟာ။ ငါပြန်လာတာ နင်သိပါတယ်"

"တော်စမ်းပါ။ သေခြင်းဆိုးကြီး ဘာတွေ လာပြောနေမှန်း မသိဘူး" ဟု ဆိုကာ ပေါက်စီသည် တဖက်သို့ လှည့်သွားလေ၏။

"ငါ့သားရေအိတ် ပြန်ပေးပါ"

"ကျွန်မကို ဘယ်တုန်းက ပေးဖူးလို့လဲ။ ဘာဖြစ်လို့ ကျွန်မဆီကို လာတောင်းနေ ရတာလဲ"

"နင့်ခုတင်ခြေရင်းက တန်းပေါ်မှာ ငါ ထားပစ်ခဲ့တာ။ ဒီအခန်းထဲကို ဘယ်သူမှ မလာသေးဘူး။ နင်ပဲ ယူမှာပေါ့"

"ရှင် ဘာဖြစ်လာသလဲ။ ရူးနေသလား"

"ငါ မနေ့ညတုန်းက နင့်ကို ကောင်းကောင်း မဆက်ဆံခဲ့မိဘူး။ နောက်ကျတော့ နင့်ကို တောင်းပန်ပါ့မယ်။ ခု သားရေအိတ်ကို ပြန်ပေးပါ။ မနောက်ပါနဲ့"

"ဘာနောက်ရမှာလဲ။ ရှင့်ပစ္စည်းကို ကျွန်မမှ မယူတာ"

"စောစောတုန်းက နင် အဝတ်အစားတွေ မချွတ်ရသေးဘူး။ စောင်ကြီးလည်း ခြုံ မထားဘူး။ နင် ထတုန်းမှာ တွေ့လို့ ယူပြီး အိပ်ရာအောက် ထိုးထားမှာပေါ့"

ပေါက်စီ၏ ချစ်စဖွယ်ကောင်းသော မျက်ခုံးများသည် အထက်သို့ တက်သွားကြကာ တောက်ပသော မျက်လုံးများသည် ပြူးကျယ်လာကြလေ၏။

“ဟုတ်တယ်။ ကျွန်မ ယူတယ်။ ဒါပေမဲ့ ရှင့်ကို ပြန်မပေးနိုင်ဘူး။ ကျွန်မကို သူခိုးဆိုပြီး ဖမ်းချင်ရင်လည်း ဖမ်းပေါ့”

“နင် ခိုးတယ်လို့ ငါ မပြောပါဘူး”

“ကျွန်မ သူခိုးမဟုတ်ဘူး။ သူခိုး မဟုတ်ဘူး ဆိုတာကို ပြရမယ်”

စုန်ကျန့်မှာ ဒေါသကို မထိန်းနိုင်အောင် ဖြစ်လာခဲ့လေပြီ

“ငါ နင်တို့သားအမိနှစ်ယောက်ကို ကောင်းကောင်း ဆက်ဆံခဲ့တယ်။ ငါ့သားရေအိတ် ကို ပြန်ပေးပါ။ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်”

“ဟင်း ဟင်း။ ကျွန်မဟာ ချန်ဝိန်ယွမ်းနဲ့ တိတ်တိတ်ပုန်း ညားနေတယ်လို့ ရှင် ပြော တယ်ဆို။ ဟင်း၊ ဟိုလူက ရှင်နဲ့ ဘာမှ မယှဉ်သာဘူး။ ရှင့်လို ရာဇဝတ်ကောင်လည်း မဟုတ်ဘူး။ ရှင့်လို တောပုန်းတွေ၊ ခားပြတွေနဲ့လည်း ကြံရာပါမဟုတ်ဘူး”

“တိုးတိုးပြော။ အိမ်နားနီးချင်းတွေ ကြားရင် ဒုက္ခရောက်ကုန်ပါလိမ့်မယ်”

“အိမ်နားနီးချင်းတွေ ကြားမှာ ကြောက်ရင် ရှင် ဒီလိုမလုပ်နဲ့ပေါ့။ ကျွန်မအနေနဲ့ စာကိုတော့ ပြန်မပေးနိုင်ဘူး။ ဒီစာကို ပြန်လိုချင်ရင် ကျွန်မ လိုချင်တာ သုံးခု ပေးရမယ်”

“သုံးခု မဟုတ်ပါဘူး။ သုံးဆယ်ပေးဆိုရင်လည်း ပေးပါ့မယ်”

“နောက်ကျမှ သဘောမတူနိုင်ဘူး ဘာဘူး မလုပ်နဲ့နော်”

“ငါ တတ်နိုင်တာမှန်သမျှ လုပ်ပေးပါ့မယ်။ ငါ လုပ်ပေးနိုင်တာဆိုရင် ပေးပါ့မယ်။ ဘာလုပ်ပေးရမှာလဲ”

“ပထမ၊ ရှင့်ဆီကို ကျွန်မကို ရောင်းထားတဲ့ စာချုပ်ကို ပြန်ပေးပါ။ ပြီးတော့ ကျွန်မကို ချန်ဝိန်ယွမ်းနဲ့ လက်ထပ်တာကို သဘောတူတဲ့ အကြောင်း၊ ဝင်ပြီး နှောင့်ယှက်ခြင်း မပြု ပါဘူး ဆိုတဲ့ အကြောင်း ရေးပေးပါ”

“ရပါတယ်”

“ဒုတိယအချက်။ ကျွန်မတို့အိမ်မှာရှိတဲ့ ပစ္စည်းတွေ၊ ပရိဘောဂတွေ၊ ကျွန်မကိုယ်မှာ ဝတ်စားထားတဲ့ လက်ဝတ်လက်စားတွေနဲ့ အဝတ်အစားတွေဟာ ရှင်ဝယ်ပေးတာတွေ ချည်းပဲ။ ဒါတွေကို ပြန်မယူပါဘူးဆိုတာ ဝန်ခံချက် ရေးပေးပါ”

“ရတယ်”

"တတိယအချက်ကိုတော့ ရှင် လက်ခံပါ့မလား မသိဘူး"

"နှစ်ခုကိုတောင် လက်ခံခဲ့ပြီပဲ။ တတိယတခုကျမှ ဘာဖြစ်လို့ ငြင်းနေဦးမှာလဲ"

"လျှံ့ရှုန်းတောင်ရိုးမှာရှိတဲ့ တောပုန်းကျောက်ခဲက ပေးလိုက်တဲ့ ရွှေတပိဿာကို ကျွန်မ လိုချင်တယ်။ ဒါတွေကို ပေးရင် ရှင့်ရဲ့ ရာဇဝတ်ပြစ်မှုကြီးကို ကျွန်မ ဖုံးထားမယ်။ ပြီးတော့ ရှင့်သားရေအိတ်နဲ့ ပါတဲ့ ပစ္စည်းတွေကို ပြန်ပေးမယ်"

"ပထမနှစ်ချက်ကို ငါ သဘောတူခဲ့ပြီးပြီ။ ငါ့ကို ရွှေတပိဿာ ပို့လိုက်တယ်ဆိုတာ အမှန်ပဲ။ ဒါပေမဲ့ မယူဘူးလို့ ငြင်းပြီး လာပို့တဲ့သူနဲ့တင် ပြန်ပေးလိုက်ပြီးပြီ။ ငါ့လက်ထဲမှာ ရှိတယ်ဆိုရင် ကျေကျေနပ်နပ်ကြီး ပေးပါတယ်"

"အင်း၊ စကားကလေးတွေကတော့ လှပါပေရဲ့။ "ယင်ကောင်တို့သည် သွေးကို ကြိုက် သကဲ့သို့ အရာရှိတို့သည် ပိုက်ဆံကို ကြိုက်ကြကုန်၏" ဆိုတဲ့ စကား ရှိတယ်ရှင့်။ ဘယ့်နှယ် တော်၊ ဟိုက ရွှေတုံးကြီးပို့လိုက်တာ ရှင်က ငြင်းပြီး ပြန်ပို့လိုက်တယ်ဆိုတာ ဖြစ်နိုင်မတဲ့ လား။ "အသားမကြိုက်တဲ့ ကြောင် မရှိ" ဆိုသလို ရွှေမကြိုက်တဲ့ အရာရှိဆိုလို့ ကော ရှိသတဲ့လား။ ငရဲကျလာတဲ့လူကို ငရဲမင်းက ပြန်လွှတ်ရိုးထုံးစံကော ရှိသတဲ့လား။ ရှင် ကျွန်မကို ယီးတီးယားတား ပြောမယ် မကြံနဲ့နော်။ ကဲ၊ ရွှေတောင့်ပေးပါ။ ရှင့်မှာ ဒီရွှေ တောင့်ကြီးကို ဘာအသုံးချမှာလဲ။ ရှင် ကြောက်တယ်ဆိုရင် အဲဒီရွှေတောင့်ကို ခိုးရာပါ ပစ္စည်းများ လုပ်သလို အရည်ကျိုပြီး ပေး"

"ငါ ဘယ်လောက် ရိုးတယ်ဆိုတာ နင်သိပါတယ်ဟာ။ ငါ ဘယ်တုန်းက လိမ်ပြောဖူး လို့လဲ။ နင် ငါ့ကို မယုံရင် ငါ့ကို အချိန် သုံးရက် ပေးပါ။ ငါ့အမွေပစ္စည်းကလေးတွေကို ရောင်းပြီး ရသမျှ နင့်ကို ပေးပါ့မယ်။ ငါ့သားရေအိတ်ကိုတော့ ပြန်ပေးပါ"

ပေါက်စီက ဖျစ်ညှစ်၍ ရယ်လေ၏။

"ဟင်း။ တော်တော်လည်း ဉာဏ်များတဲ့ မျက်ခွက်မည်းကြီး။ ကျွန်မကို သူငယ်နှပ်စား ကလေးများ အောက်မေ့နေသလားဟင်။ ဒီနေ့ ရှင့်သားရေအိတ်နဲ့ စာကို ကျွန်မက ဒီနေ့ ပြန်ပေးလိုက်တော့ ရှင်က သုံးရက်အတွင်းမှာ ရွှေတောင့်ပေးမယ်ဆိုပါတော့။ ဒီလို လုပ်လို့ ရရိုးလားရှင်။ ရော့ ပတ္တမြား ရော့ နဂါးပဲ။ ကျွန်မလက်ထဲကို ရွှေတောင့်ထည့်ရင် ဒို့ပြင် လက်တဖက်နဲ့ ရှင့်သားရေအိတ်ကို ပြန်ပေးမယ်။ ကဲ၊ အချိန် သိပ်မရှိဘူးရှင်။ မြန်မြန်လုပ်"

"ငါ့မှာ ရွှေမရှိပါဘူးလို့ နင့်ကို ပြောပြီးပြီကော"

"ဘာလဲ၊ ဒီနေ့မနက် ရုံးတော်ကို လျှောက်လိုက်ရင်လည်း ရှင် ဒီအတိုင်း ပြောနေဦး မှာလား"

ရုံးတော် ဆိုသည့် အသံကို ကြားလိုက်သည့်အခါ၌ကား စုန်ကျန့်သည် နေမထိထိုင်မသာ ဖြစ်လာခဲ့လေပြီ။ စုန်ကျန့်သည် ပေါက်စီကို စိန်းစိန်းကြီး စိုက်ကြည့်နေလေ၏။

"နင် ပြန်ပေးမလား၊ မပေးဘူးလား"

"အမယ်လေး၊ ကြောက်ပါသတဲ့ရှင်။ မပေးဘဲ မနေရပါဘူး" ဟု ခပ်လှောင်လှောင် ပြောလေ၏။

"တကယ် ပြန်မပေးဘူးလား"

"အကြိမ်တရာမပေးဘူးလို့ အကြိမ်တရာ ပြောမယ်ရှင်။ ရှင့်ကို ပြန်ပေးမယ်ဆိုရင် လည်း ရုံးတော်ကျမှ ပြန်ပေးမယ်"

စုန်ကျန့်သည် ပေါက်စီ၏ ကိုယ်ပေါ်တွင် လွှမ်းထားသည့် စောင်ကို ခွာချပစ်လိုက်၏။ ပေါက်စီမှာ ကိုယ်လုံးတီးဖြစ်နေသည့်တိုင် ရှက်ကြောက်ဟန် မရှိချေ။ သားရေအိတ်ကို လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ရင်ဘတ်ကြားထဲတွင် ဝှက်ထားလေ၏။ စုန်ကျန့် သည် သူ့ခါးစည်းကြိုး အဖျားကို မြင်လိုက်လေ၏။

"ဩော်၊ လက်စသတ်တော့ ဒီမှာ ဝှက်ထားတာကိုး"

စုန်ကျန့်သည် အထုပ်ကို လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်လေ၏။ ပေါက်စီကလည်း အတင်းဆုပ်ထားလေ၏။ စုန်ကျန့်သည် သူ့အသက်ဘေးအတွက် အထုပ်ကို အတင်းလု လေ၏။ ပေါက်စီကလည်း သေခါနီးလူနာ ဆုပ်သလို အတင်းဆုပ်ထားလေ၏။ စုန်ကျန့်က နောက်တချီ ဆောင့်ဆွဲလိုက်သည့်အခါတွင် ဓားမြှောင်သည် ကြမ်းပြင်ပေါ်သို့ ကျသွားလေ ၏။ စုန်ကျန့်သည် ဓားမြှောင်ကို ကောက်ကိုင်လိုက်လေ၏။ ပေါက်စီသည် သူ့လက်ထဲတွင် ကိုင်ထားသည့် ဓားမြှောင်ကို အလန့်တကြားကြည့်ရင်း အလန့်တကြား အော်လေ၏။

"လာကြပါဦးတော့။ လူသတ်နေပါတယ်။ လာကြပါဦး"

ထိုအခါကျမှ စုန်ကျန့်သည် သူ့ကိုသတ်ရန် သတိရလာလေ၏။ သူ့ရင်ထဲတွင် ချုပ်တည်း ထားရသည့် ဒေါသတို့သည် လှိုင်းလုံးကြီးများကဲ့သို့ ခေါင်းထောင်ထလာလေ၏။ ပေါက်စီက နောက်တချီ မအော်မီတွင် စုန်ကျန့်သည် သူ့ကို ဘယ်လက်ဖြင့် လှဲချလိုက်ကာ ညာလက် ဖြင့် သူ့လည်ပင်းကို

လှီးချလိုက်လေ၏။ လတ်ဆတ်သည့် သွေးများသည် ပန်းထွက်လာ ကြလေ၏။ ပေါက်စီသည် စူးစူးဝါးဝါး အော်လျက်ရှိလေ၏။ ဤတချက်ဖြင့် မသေမည် စိုးသဖြင့် စုန်ကျန့်သည် သူ့လည်ကို နောက်တချက် လှီးပြန်လေ၏။ ပေါက်စီ၏ ခေါင်းသည် ခေါင်းအုံးပေါ်တွင် တွဲလောင်းကြီး ဖြစ်နေလေ၏။ စုန်ကျန့်သည် သူ့လက်ထဲတွင် ကိုင်ထား သည့် သားရေအိတ်ကို အတင်းဆွဲထုတ်ယူပြီးနောက် မုန်အိမ်မှ မီးတောက်တွင် မီးတင် ရှို့လိုက်လေ၏။ စုန်ကျန့်သည် ဓါးစည်းကြိုးကို ခါးတွင် စည်းပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

အောက်ထပ်တွင် အိပ်နေသော မရန်သည် သူတို့နှစ်ယောက် ရန်ဖြစ်နေသံကို ကြား သော်လည်း သူ့သမီး၏ အော်သံကို မကြားမီအထိ ငြိမ်နေလေ၏။ ထိုအသံကို ကြားသည့် အခါ၌ မရန်သည် အိပ်ရာပေါ်မှ ခုန်ဆင်းကာ အဝတ်အစားကို ကပျာကယာ ဝတ်ပြီး နောက် အပေါ်ထပ်သို့ တက်လာခဲ့လေရာ အပေါ်ထပ်မှ ဆင်းလာသော စုန်ကျန့်နှင့် လှေကားပေါ်တွင် ဆုံမိကြလေ၏။

"အော်ကျယ်ဟစ်ကျယ်နဲ့ ဘာဖြစ်နေကြတာလဲ" ဟု မရန်က မေးလေ၏။

"ခင်ဗျားသမီးတော့ ကိစ္စချောပြီ။ ကျုပ် သတ်ပစ်ခဲ့ပြီ"

မရန်က ပြုံးလိုက်လျက်-

"စာရေးကြီးက တယ်ပြီး စိတ်တိုတာကိုး။ အရက်မူးလာရင် စာရေးကြီးဟာ ဒီလိုပဲ။ စာရေးကြီးက ဘယ်သူ့ကို သတ်ရမှာလဲ။ ကြံကြီးစည်ရာတော်။ မနောက်စမ်းပါနဲ့"

"မယုံရင် သွားကြည့်ချေဗျာ။ ခင်ဗျားသမီးကို ပွဲချင်းပြီး သတ်ပစ်ခဲ့ပြီ"

"မယုံပါဘူးတော်" ဟု ဆိုကာ မရန်သည် အခန်းတံခါးကို ဖွင့်လိုက်လေ၏။ အခန်း ထဲ၌ကား သူ့သမီးပေါက်စီသည် သွေးအိုင်ထဲတွင် လဲကျနေသည်ကို မြင်ရလေ၏။

"အမယ်လေးတော့်။ ကြောက်စရာကြီး။ ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဟင်"

"ကျုပ်က တရားရှိတဲ့ လူ။ ကျုပ် ထွက်မပြေးဘူး။ ခင်ဗျား ကြိုက်ရာလုပ်နိုင်တယ်" "ဒီကောင်မလေးကလည်း ဒီကောင်မလေးပဲ။ သူလည်း ကောင်းတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မ အသက်ကြီးမှ ဘယ်သူ့ကို သွားအားကိုးရတော့မှာတဲ့လဲ"

"ဒါက အကြောင်းမဟုတ်ပါဘူး။ မစိုးရိမ်ပါနဲ့။ ခင်ဗျား လိုချင်တယ်ဆိုရင်

ကျုပ်မှာ ပစ္စည်း နည်းနည်းပါးပါး ရှိတယ်။ ခင်ဗျားသေသည်အထိ စားဝတ်နေရေးကို တာဝန်ယူ ပါ့မယ်”

“ဒီလိုဆိုရင်လည်း ကောင်းပါလေရဲ့ တော်။ ကျေးဇူးတင်ပါတယ်။ နို့ နေစမ်းပါဦး။ ဒီအလောင်းကြီးကို ကျွန်မတို့ ဘယ်လိုလုပ် သင်္ဂြိုဟ်ရမှာလဲ”

“လွယ်ပါတယ်ဗျာ။ ကျုပ် အသုဘခေါင်းရောင်းတဲ့ ဆိုင်ကို သွားပြီး ခေါင်းတလုံး ဝယ်ခဲ့မယ်။ သူ့ကို ခေါင်းထဲသွင်းပြီး ရဲဘက်နဲ့ စကားပြောမယ်။ အသုဘစရိတ်အတွက် လည်း ကျုပ် ထုတ်ပေးမယ်”

“ဒါဖြင့် မိုးမလင်းခင် ခေါင်းမြန်မြန်ဝယ်မှ ဖြစ်မယ်။ အိမ်နီးနားချင်းတွေ မသိစေ ချင်ဘူး”

“ကောင်းပြီ။ ဒီလိုဆိုရင် စုတ်တံနဲ့ စက္ကူ ယူခဲ့ပါ။ ကျုပ် စာရေးပေးလိုက်မယ်။ အဲဒီ ခေါင်းဆိုင်ကို သွား”

“စာကလေးတစောင် ရေးလိုက်ရုံနဲ့ ပြီးမတဲ့လား စာရေးကြီးရဲ့။ ရှင်ကိုယ်တိုင် မသွားရင် ဘယ်မှာ ခေါင်းပေးလိုက်ပါ့မလဲ”

“ကောင်းပြီ။ ဒီလိုဆိုရင်လည်း ကျုပ် သွားမယ်”

သူတို့နှစ်ယောက်သည် အောက်ထပ်သို့ ဆင်းလာခဲ့ကြလေ၏။ မရန်သည် မီးဖိုမှ သော့နှင့် သော့ခလောက်ကို ယူပြီးနောက် အိမ်ကို သော့ပိတ်ကာ သော့ကို အိတ်ထဲသို့ ထည့်လေ၏။ ထို့နောက် သူတို့နှစ်ယောက်သည် မြို့အုပ်ရုံးဆီသို့ လာခဲ့ကြလေ၏။

မနက် မိုးမလင်းသေးသည့်တိုင် မြို့အုပ်ရုံး တံခါးဝကြီးမှာ ပွင့်နေလေပြီ။ သူတို့ နှစ်ယောက် ရုံးအနီးသို့ ရောက်သည့်အခါတွင် အဘွားကြီးသည် ရုတ်တရက်-

“ဟောဒီမှာ လူသတ်သမားပါတော့” ဟု အော်လေ၏။ စုန်ကျန့်သည် လိပ်ပြာလွင့် သွားမတတ် လန့်ဖျပ်သွားလေ၏။ စုန်ကျန့်က သူ့ပါးစပ်ကို လှမ်းပိတ်လိုက်ရင်း-

“အဘွားကြီး။ ဘာတွေ ပြောနေတာလဲ”

သို့ရာတွင် မရန်သည် အော်မြဲအော်လျက်ရှိလေ၏။ ရဲသားများသည် ပြေးထွက်လာ ကြလေ၏။ အဘွားကြီးသည် စုန်ကျန့်ကို ဆွဲခေါ်နေကြောင်း တွေ့ရလေ၏။

“ဟောဒီမှာတော့ လူသတ်သမားရယ်။ ကျွန်မ ဖမ်းလာပါတယ်။ ရုံးကို

လာပို့ပါ တယ်” ဟု အော်လေ၏။

စုန်ကျန့်သည် တဖက်သားကို ကြင်နာသနားတတ်သူဖြစ်လျက် သူ့ကို အောက်လက် ငယ်သားရော၊ အထက်လူကြီးများပါ ချစ်ခင်လေးစားခြင်း ခံရသူ ဖြစ်လေ၏။ ရဲသားများ နှင့်လည်း ရင်းနှီးသူဖြစ်လေ၏။ ထို့ကြောင့် မည်သည့်ရဲသားကမျှ စုန်ကျန့်ကို ဖမ်းဆီးခြင်း မပြုလိုကြချေ။ ထို့ပြင် မရန် ပြောသည့် စကားကိုလည်း ယုံကြည်ခြင်း မရှိကြချေ။ ထိုစဉ် ဂေါဏတန်သည် ရောက်လာလေ၏။ တန်မှာ ရုံးရှေ့ရှိ မနက်ခင်းဈေးကလေးတွင် ရောင်း ရန်အတွက် ချင်းပေါက် ဆားစိမ်များကို ဗန်းကလေးတခုတွင် ထည့်လာလေ၏။ အနားသို့ ရောက်သည့်အခါတွင် မရန်က စုန်ကျန့်လက်ကို ဆွဲကာ အော်ဟစ်နေသည်ကို မြင်ရလေ၏။ သူ့အော်သံကိုလည်း ကြားရလေ၏။ ဤတွင် တန်သည် ယမန်နေ့ညက သူ့အား ပါးရိုက် လွှတ်လိုက်သည်ကို သတိရလာလေ၏။ တန်သည် ချင်းဗန်းကို ဆေးရည် ပြုတ်သည့် အဘဝမ်၏ ခုံပေါ်တွင် ချထားခဲ့ပြီးနောက် သူတို့ဆီသို့ ပြေးလာခဲ့လေ၏။

“ခေါင်းမကြီး။ ကျုပ်တို့စာရေးကြီးကို ဘာဖြစ်လို့ ဆွဲထားတာလဲ”

“နင် ဝင်မရှုပ်နဲ့နော်။ သူ လွတ်သွားရင် နင်ပါ အသက်ပါသွားမယ်”

တန်မှာ ဒေါသထွက်လျက် ရှိလေ၏။ တန်သည် မရန်၏ ပါးကို ရိုက်လေ၏။ မရန်၏ မျက်လုံးများထဲတွင် မီးတွေ ပွင့်သွားလေ၏။ မရန်သည် မူးဝေသွားသဖြင့် စုန်ကျန့်ကို လွှတ်ပေးလိုက်လေ၏။ စုန်ကျန့်လည်း ဈေးထဲက လူအုပ်ကြားထဲတွင် ပျောက်ကွယ်သွား လေ၏။ မရန်မှာကား တန်ကို အတင်းဆွဲထားလေ၏။

“စုန်ကျန့်က ငါ့သမီးကို သတ်သွားတာဟဲ့။ ခု နင့်ကြောင့် လွတ်သွားပြီ”

“ဒါတော့ ကျုပ် ဘယ်သိမလဲဗျ။ ကျုပ်နဲ့ ဘာဆိုင်တာ မှတ်လို့”

“ရဲသားကြီးတို့တော်ရို့။ လူသတ်သမားကို ဖမ်းကြပါ။ တော်တော်ကြာ ရှင်တို့ပါ အမှု ပတ်နေမယ်” ဟု မရန်က အော်လေ၏။

စုန်ကျန့်မှာ သိက္ခာရှိသည့် လူတယောက်ဖြစ်သည့်အတွက် ရဲသားများသည် သူ့ကို လက်ဖျားနှင့်ပင် မတို့ကြချေ။ သို့ရာတွင် တန်မှာမူကား ထိုသို့သော လူမျိုးမဟုတ်ရကား လက်ပိုက်ကြည့်မနေကြချေ။ ရဲသားများသည် အနားသို့ လျှင်မြန်စွာ ဝိုင်းအုံ လာကြ လေ၏။ တချို့က မရန်ကို ဆွဲခေါ်သွားပြီး ရဲသား သုံး လေးယောက်က တန်ကို ရုံးထဲသို့ တရွတ်တိုက် ခေါ်သွားကြလေ၏။

မှန်ပေ၏။ ဒုက္ခနှင့် သုခတို့သည် အတောင်ပေါက်၍ ပျံလာကြသည် မဟုတ်ချေ။ ထို အရာများကို လူက ယူဆောင်လာခဲ့ခြင်းသာ ဖြစ်ပေ၏။

မီးလောင်ရာသို့ လျှော်အဝတ်ကို ဝတ်၍ မီးကို သွားငြိမ်းလျှင် မီးတောက်တို့ ဝါးမျိုလောင်ကျွမ်းခြင်းကို ခံရမည်သာ ဖြစ် ပေ၏။

အတင်းဆွဲထားသည့် မရန်၏ လက်မှ ဂေါဏာတန် ရုန်းနိုင်ပါမည်လော။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၂

မရန်သည် ရုံးတော်တွင် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ခြင်း

ရဲသားချုပ်တုံသည် သတ္တိရှိစွာဖြင့် စုန်ကျန့်ကို လွတ်မြောက်အောင် ကူညီခြင်း

ရဲသားတို့ ဖမ်းလာသူသည် လူသတ်မှုတခုတွင် ပါဝင်နေကြောင်းကို ကြားရသည့်အခါ၌ မြို့အုပ်သည် အလျင်အမြန် ရောက်လာကာ ရုံးတော်ကို ဆင့်ခေါ်လိုက်လေ၏။ ရဲသား များသည် တန်ကို ထုတ်လာကြလေ၏။ မြို့အုပ်မင်းသည် ရုံးတော်ကို ရောက်လာသူများကို အကဲခတ်လျက် ရှိလေ၏။ လက်ဝဲဘက်တွင် အသက်လတ်ပိုင်း မိန်းမတယောက် ဒူးထောက်ထိုင်လျက်ရှိပြီး လက်ယာဘက်တွင် ရှူးပေါ်ပေါ် လူတယောက် ထိုင်နေသည်ကို တွေ့ရလေ၏။

မရန်က-"လူသတ်မှုဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ" ဟု မြို့အုပ်မင်းက မေးလေ၏။

"ကျွန်မနာမည် မရန်လို့ ခေါ်ပါတယ်။ ကျွန်မမှာ ပေါက်စီဆိုတဲ့ သမီးလေးတယောက် ရှိပါတယ်။ အဲဒီသမီးလေးကို အမြှောင်အဖြစ် ရုံးစာရေးစုန်ကျန့်ကို ရောင်းလိုက်ပါတယ်။ မနေ့ညတုန်းကတောင် ကျွန်မတို့သုံးယောက် အိမ်မှာ သောက်ကြ စားကြပါတယ်။ ဒီတုန်း မှာ တန်ဆိုတဲ့လူ ရောက်လာပြီး ကျွန်မတို့ကို ဝင်ပြီး နှောင့်ယှက်ပါတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ကို ဆဲဆိုပြီး နှင်ထုတ်လိုက်ပါတယ်။ ဒါကို အိမ်နားနီးချင်းတွေ အားလုံး သိပါတယ်။ ဒီနေ့ မနက်ကျတော့ စုန်ကျန့်ဟာ အိမ်က အစောကြီး ပြန်သွားပါတယ်။ ဒါပေမဲ့ ပြန်လာပြီး ကျွန်မသမီးလေးကို သတ်ပါတယ်။ ကျွန်မ စုန်ကျန့်ကို ရုံးတော်ကို ဆွဲခေါ်လာတုန်းမှာ ဟောဒီက တန် ရောက်လာပြီး စုန်ကျန့် လွတ်ပြေးသွားအောင် လုပ်ပေးပါတယ်။ ဒါကြောင့်မို့ သူ့ကို ကျွန်မ စွဲဆိုပါတယ်"

"ရာဇဝတ်ကောင်ကို ထွက်ပြေးအောင် မောင်မင်း ကူညီသလား" ဟု မြို့အုပ်ကမေးလေ၏။

"အဲဒီအကြောင်းတွေကို ကျွန်တော် ဘာမှ မသိပါဘူး။ အရက်သောက်ချင်တာနဲ့ စုန်ကျန့်ဆီ ပိုက်ဆံချေးဖို့ သူတို့အိမ်ကို ရောက်သွားပါတယ်။ ဒီတင် သူက ကျွန်တော့်ကို နှင်ထုတ်လိုက်ပါတယ်။ ဒီနေ့မနက်ကျတော့ ဈေးမှာ ချင်းပေါက်ဆားစိမ်ရောင်းဖို့ ထွက်အလာမှာ မြို့အုပ်မင်းရဲ့ ရုံးတော်ရှေ့မှာ စုန်ကျန့်ကို ဆွဲလား လွဲလား လုပ်နေတာကို ကျွန်တော် တွေ့ပါတယ်။ ကျွန်တော် သူတို့ကို ဖျန်ဖြေဖို့ သွားခဲ့ပါတယ်။ ဒီတင် စုန်ကျန့်လည်း

ထွက်သွားတာပါပဲ။ သူ့သမီးကို သတ်ခဲ့တယ်ဆိုတာ ကျွန်တော် မသိပါဘူး”

မြို့အုပ်မင်းက-

“ဟေ့ကောင်၊ မဟုတ်တာတွေ ပြောမနေနဲ့။ စုန်ကျန့်ဟာ လူရိုးလူကောင်းတယောက်။ ဘယ်တုန်းကမှ လူမသတ်ဖူးဘူး။ လူသတ်ချင်းသတ်ရင် မင်းပဲ သတ်မှာပဲ။ ရုံးတော်က အရာရှိတွေကော ဘယ်မှာလဲ”

ရုံးတော်မှ အရာထမ်းများကို ဆင့်ခေါ်လေ၏။ စုန်ကျန့်သည် မိမိ၏ တိတ်တိတ်ပုန်း မယားဖြစ်သော သူ့သမီးဖြစ်သူ ပေါက်စီကို သတ်ကြောင်းဖြင့် မရန်က စွဲချက်တင်ကြောင်း ကို သိသည့်အခါတွင် ချန်ဝိန်ယွမ်းသည် မရန်အတွက် စွဲချက်တခု ရေးပေးကာ ထိုစွဲချက်ကို ရုံးတော်သို့ တင်ပေးလေ၏။ ထို့နောက် ချန်ဝိန်ယွမ်းသည် ရဲအရာရှိများကို လည်းကောင်း၊ ရပ်ကွက်လူကြီးကို လည်းကောင်း၊ အိမ်နီးနားချင်းများကို လည်းကောင်း ခေါ်ကာ မရန်၏ အိမ်သို့ သွားလေ၏။

အိမ်တွင် အလောင်းကို စစ်ဆေးကြည့်ကြလေ၏။ အလောင်းဘေးတွင် လူသတ်သမား၏ ဓားမြှောင်ကို တွေ့ရလေ၏။ စစ်ဆေးကြည့်သည့်အခါတွင် လည်ပင်းကို ဓားဖြင့် လှီး၍ သတ်ခြင်း ဖြစ်ကြောင်းကို တွေ့ရလေ၏။ အလောင်းကို ခေါင်းသွင်းပြီးသော် သင်္ဂြိုဟ်ရန်အတွက် ဘုန်းကြီးကျောင်းတကျောင်းသို့ ပြောင်းရွှေ့ထားလိုက်ကြလေ၏။ စစ်ဆေးသူ အရာရှိများသည် ရုံးတော်သို့ ပြန်လာခဲ့ကြလေ၏။

မြို့အုပ်မှာ စုန်ကျန့်နှင့် ခင်မင်ရင်းနှီးသူတယောက် ဖြစ်သည့်အတွက် စုန်ကျန့်အပေါ် တွင် အပြစ်လွတ်အောင် လုပ်ချင်လေ၏။ ထို့ကြောင့် မြို့အုပ်သည် တန်ကို မေးခွန်းများ ထပ်တလဲလဲ မေးမြန်းကြည့်လေ၏။ တန်ကလည်း “ကျွန်တော် ဘာမှ မသိဘူး” ဟု ဖြေ လေ၏။

“ဒါဖြင့် မောင်မင်း မနေ့ညက ဘာဖြစ်လို့ သူတို့အိမ်ကို သွားပြီး ဆူဆူညံညံ လုပ်သလဲ။ မောင်မင်းလည်း ပတ်သက်နေမှာပေါ့”

“ကျွန်တော် အရက်သောက်ချင်လို့ ပိုက်ဆံသွားချေးတာပါ”

“ယုတ္တိမရှိဘူး။ ဒီကောင်ကို ကြိမ်ရိုက်စေ”

လက်ပါးစေများသည် ခွေးသေကောင်ကို လင်းတဆွဲသကဲ့သို့ တန်၏ အနားသို့ ဝိုင်းအုံ လာကြကာ တုပ်နှောင်ပြီးလျှင် ကြိမ်ဖြင့် အချက် လေး ငါးဆယ်ခန့် ရိုက်လေ၏။ သို့ရာတွင် တန်သည် ယခင်ကအတိုင်းပင် ထွက်ဆိုလျက် ရှိလေ၏။ ဤတွင် တန်သည် လူသတ်မှုနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်းကို မြို့အုပ်

သိလေပြီ။ တန်ကို ကားစင်တင်၍ ကြိမ်ဒဏ်ရိုက်စေခြင်းမှာ စုန်ကျန့်ကို ကူညီလိုသည့်အတွက်သာ ဖြစ်လေ၏။ ထို့နောက်တွင်မူ တန်၏ လည်တွင် သစ်သားပြားဆွဲစေကာ သူ့ကို ထောင်သို့ပို့ရန် အမိန့်ပေးလိုက်လေ၏။ ချန်ဝိန်ယွမ်းကလည်း မြို့အုပ်ထံ ကြိမ်ဖန်များစွာ ချဉ်းကပ်လျက်-

“သေသူရဲ့ အိမ်မှာ တွေ့ရတဲ့ ခါးမြှောင်ကတော့ စုန်ကျန့်ရဲ့ ခါးမြှောင် ဖြစ်ပါတယ်။ ဒါကြောင့်မို့ စုန်ကျန့်ကို ခေါ်ယူ စစ်ဆေးသင့်တယ်လို့ ထင်ပါတယ်။ အဲဒီအခါကျရင် အမှား အမှန်ကို သိနိုင်ပါလိမ့်မယ်”

ချန်ဝိန်ယွမ်းက အကြိမ်ကြိမ် တိုက်တွန်းလျက် ရှိသည့်အခါတွင် မြို့အုပ်မှာလည်း မငြင်းနိုင်တော့ချေ။ မြို့အုပ်သည် လက်ပါးစေများကို လွှတ်လိုက်၍ စုန်ကျန့်ကို အခေါ်ခိုင်း လိုက်လေ၏။ ထိုအချိန်၌ကား စုန်ကျန့်မှာ ထွက်ပြေးသွားခဲ့လေပြီ။ ရဲများသည် အိမ်နီးချင်း အချို့ကို ခေါ်၍ ပြန်လာခဲ့ကြပြီး “လူသတ်သမားဟာ ထွက်ပြေးသွားပါပြီ။ ဘယ်ကို ထွက်ပြေးသွားတယ်ဆိုတာတော့ ဘယ်သူမှ မသိကြပါဘူး” ဟု ပြောပြလေ၏။

ချန်ဝိန်ယွမ်းက-

“သူ့အဖေ မြေရှင်စုန်နှင့် သူ့ညီ စုန်ကျင့်တို့ဟာ စုန်အိမ်ထောင်စုရွာမှာ ရှိပါတယ်။ စုန်ကျန့်ကို ဖမ်းဆီးရမိသည်အထိ အာမခံအဖြစ် သူတို့ကို ဖမ်းထားသင့်ပါတယ်”

မြို့အုပ်သည် ကာလအတန်ကြာသည်အထိ တန်ကို ဖမ်းဆီးချုပ်နှောင်ထားကာ နှောင် အေးအေးဆေးဆေး ဖြစ်သွားသည့်အခါတွင်မှ လွှတ်ပစ်ရန် စိတ်ကူးလေ၏။ သို့ရာတွင် ချန်ဝိန်ယွမ်းမှာ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားတို့ကို ပြင်ဆင်ပြီး စွဲချက်တင်ရန် မရန်ကို အမျိုးမျိုး သွေးထိုးပေးလျက် ရှိလေ၏။ ထို့ကြောင့် မြို့အုပ်မှာ ရှောင်လွှဲ၍ မရတော့ဘဲ မြေရှင်စုန်နှင့် စုန်ကျင့်တို့ကို ဖမ်းဆီးရန် ဝရမ်းထုတ်ပေးပြီးနောက် ရဲသားများကို လွှတ်လိုက်ရလေ၏။

ရဲသားများသည် စုန်တို့အိမ်သို့ ရောက်လာသည့်အခါတွင် အဘိုးအိုစုန်သည် အိမ်ရှေ့သို့ ထွက်လာကာ သူတို့ကို ဆီးကြိုနှုတ်ဆက်လေ၏။ နေရာတွင် ထိုင်မိကြသည့်အခါ၌ ရဲသားများက ဝရမ်းစာကို ထုတ်ပြရာ အဘိုးအိုသည် ဝရမ်းစာကို ဖတ်ကြည့်လေ၏။

အဘိုးအိုက-

“ရဲသားများကို ကျုပ်တင်ပြပါ့မယ်။ ကျုပ်တို့မိသားစုဟာ

ရှေးဘိုးဘေးများလက်ထက် ကတည်းက လယ်သမားတွေပါ။ ဟောဒီ လယ်မြေနဲ့ ခြံတွေက ထွက်တဲ့ ပစ္စည်းတွေနဲ့ပဲ ကျုပ်တို့ စားသောက်လာခဲ့ကြတာပါ။ ဒါပေမဲ့ စုန်ကျုန့်ကတော့ ကျုပ်တို့ သားသမီးတွေ ထဲမှာ မိဘကို မရိုသေတဲ့ သားတယောက်ပဲ။ စုန်ကျုန့်ဟာ ငယ်ငယ်လေးကတည်းက မိဘစကားကို နားမထောင်ပါဘူး။ တောမှာ အေးအေးချမ်းချမ်း လုပ်ကိုင်စားရတာနဲ့ မတင်းတိမ်လို့ ကျုပ် အတန်တန်တားတဲ့ ကြားထဲကပဲ အမှုထမ်း အရာထမ်းဘဝကို ဝင်ရောက်သွားခဲ့ပါတယ်။ ဒါကြောင့်မို့ လွန်ခဲ့တဲ့နှစ်များ မကြာမီကလည်း အရင် မြို့အုပ်ရဲ့ ရှေ့မှာ သူ့ကို တရားဝင် အမွေပြတ်စဲခဲ့ပါတယ်။ သူ့အမည်ကိုလည်း အိမ်ထောင်စုစာရင်းက ပယ်ဖျက်ပစ်ခဲ့ပြီးပါပြီ။ စုန်ကျုန့်ဟာ ကျုပ်တို့မိသားစုဝင် တယောက် မဟုတ်တော့ပါဘူး။ သူက မြို့မှာ သူ့အိမ်နဲ့ သူနေပြီး ဟောဒီက သားအငယ် စုန်ကျင့်ကိုသာ ကျုပ် လယ်တွေ၊ ခြံတွေကို လုပ်ဖို့ လွှဲခဲ့ရပါတယ်။ စုန်ကျုန့်ဟာ ကျုပ်တို့နဲ့ တအိုးတည်းစားလည်း မဟုတ်တော့ပါဘူး။ ကျုပ်တို့နဲ့ ဘာမှလည်း မသက်ဆိုင်တော့ပါဘူး။ ကျုပ်မှာလည်း ဒီကောင် ဘယ်နေ့မှာ အမှုတခုခု ရောက်လာပြီး ကျုပ်တို့ကိုပါ ပတ်သက်မလားလို့ တထိတ်ထိတ်နဲ့ နေခဲ့ရတာ။ ခု ကျုပ်မှာ မြို့အုပ်ရှေ့မှာ လက်မှတ်ထိုးထားတဲ့ တရားဝင်အမွေပြတ်စာ ရှိပါတယ်။ မောင်ရင်တို့ကို ပြပါ့မယ်”

ထိုအစီအစဉ်သည် စုန်ကျုန့်နှင့် ကင်းရှင်းကြောင်း သက်သေပြရန် ကာလကြာမြင့်စွာ ကတည်းက စီမံထားသည့် အစီအစဉ်ဖြစ်ကြောင်း ရဲသားများ သိသည့်တိုင် စုန်ကျုန့်နှင့် ခင်မင်ရင်းစွဲ ရှိကြသည့်အလျောက် နစ်နာအောင် ပြုလုပ်လိုသော ဆန္ဒ မရှိကြချေ။ “ကောင်းပြီလေ။ ဒီအမွေပြတ်စာကို ကျွန်တော်တို့ ကူးယူသွားပြီး မြို့အုပ်မင်းဆီမှာ တင်ပြပေးပါ့မယ်” ဟု ရဲသားများက ပြောကြလေ၏။ မြေရှင်စုန်သည် ရဲသားများအား ကြက်သား၊ ငန်းသား၊ အရက်တို့ဖြင့် ကောင်းစွာ တည်ခင်းကျွေးမွေးပြီးနောက် ငွေတဆယ်ကျပ်သားကိုလည်း လက်ဆောင်ပေးလိုက်လေ၏။ သို့ဖြင့် ရဲသားများသည် မြေရှင်ထံမှ ပြန်လာခဲ့ကြကာ မြို့အုပ်ရုံးသို့ သွားပြီးနောက် အကျိုးအကြောင်းကို အစီရင်ခံကြလေ၏။

“မြေရှင်စုန်ဟာ သူ့သား စုန်ကျုန့်ကို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကပဲ အမွေ ပြတ်စဲပြီးပါပြီ။ အမွေပြတ်စာကို ကျွန်တော်တို့ ကူးလာခဲ့ပါတယ်။ ဒါကြောင့်မို့ မြေရှင်စုန် ကို ကျွန်တော်တို့ မဖမ်းခဲ့တော့ပါဘူး” ဟု ရဲသားများက ပြောကြလေ၏။

မြို့အုပ်မှာလည်း စုန်ကျုန့်ကို တရားစွဲဆိုခြင်း မပြုလိုသည့်အတွက် အကြောင်းပြချက် ကို ရှာ၍ နေသူ ဖြစ်လေ၏။

“မြေရှင်စုန်က အမွေဖြတ်စာကို တင်ပြထားတယ်။ စုန်ကျုန့်မှာလည်း တခြားနီးစပ်တဲ့ ဆွေမျိုးသားချင်း မရှိတော့ဘူး။ ဒီတော့ ကျုပ်တို့အနေနဲ့ စုန်ကျုန့်ကို

ဖမ်းမိရင် ဆုတော်ငွေတထောင် ပေးမယ်လို့ ကြော်ငြာထုတ်ရုံပဲ ရှိတော့တယ်။ ဒီအတိုင်း ကြော်ငြာထုတ်ပြီး အများပြည်သူဆိုင်ရာ ဌာနများမှာ ကြော်ငြာစာ ကပ်ကြပေတော့”ဟု မြို့အုပ်မင်းက ပြော လေ၏။

ချန်ဝိန်ယွမ်းက သွေးထိုးလှုံ့ဆော်သည့်အတွက် မရန်သည် လွန်စွာ ပူဆွေးသောက ရောက်နေဟန်ဖြင့် ဆံပင်ဖရိုဖရဲဖြင့် ရုံးတော်သို့ ရောက်လာပြန်လေ၏။ “အမှုထဲမှာ စုန်ကျန့် မပါနိုင်အောင် စုန်ကျန့်ကို သူ့ညီ စုန်ကျင့်က တနေရာရာမှာ ဝှက်ထားတယ်လို့ သိရပါတယ်။ တရားမျှတမှု ရအောင် ရုံးတော်က သူ့ကို ဖမ်းဆီး စစ်ဆေး သင့်ပါတယ်” ဟု လျှောက်ပြန်လေ၏။

“သူ့အဖေက သူ့သားအား မိဘဆုံးမတဲ့ စကားကို မနာယူတဲ့အတွက် လွန်ခဲ့တဲ့ သုံးနှစ်လောက် ကတည်းက သူ့ကို ဆွေစာရင်းမျိုးစာရင်းက ပယ်ထုတ်လိုက်ပြီလို့ ပြောနေတယ်။ အမွေ ဖြတ်စာကိုလည်း သက်သေအထောက်အထား အဖြစ် တင်ပြထားတယ်။ ဒီတော့ စုန်ကျန့်အတွက် အာမခံအနေနဲ့ မြေရှင်စုန်နဲ့ သူ့ညီ စုန်ကျင့်တို့ကို ဖမ်းဆီးထားဖို့ ကျုပ်တို့မှာ အကြောင်းမခိုင်လုံဘဲ ဖြစ်နေတယ်”

“စုန်ကျန့်ဟာ မိဘစကားကို ရိုသေနားထောင်ပြီး လိမ္မာရေးခြားရှိတဲ့ သား ဖြစ်တယ်ဆိုတာ လူတိုင်းသိပါတယ်။ ခု အမွေဖြတ်စာဟာ အလိမ် ဖြစ်ပါတယ်။ တရားမျှတစွာ စီရင်ပေးဖို့ ကျွန်မ လျှောက်ထားပါတယ်”

“တော်တော်ခက်တဲ့ မိန်းမကြီးပါလား။ ဒီအမွေဖြတ်စာမှာ ကျုပ်အရင် မြို့အုပ်လုပ် သွားတဲ့ လူရဲ့ တံဆိပ်လက်မှတ် ပါနေတယ်ဗျ။ ဘယ့်နှယ်လုပ် အလိမ်ဖြစ်နိုင်မှာလဲ”

မရန်သည် ငိုကြွေးကာ တတွတ်တွတ် ပြောဆိုလျက်ရှိလေ၏။

“လူ့အသက်တချောင်းဆိုတာ အဆုံးအစမရှိတဲ့ ကောင်းကင်ကြီးလောက် အရေးကြီး လှပါတယ် မြို့အုပ်မင်းဘုရား။ မြို့အုပ်မင်းက တရားမျှတစွာ စီရင်မပေးဘူးဆိုရင် ကျွန်မ အနေနဲ့ မြို့ဝန်ဆီကို တက်ရပါလိမ့်မယ်။ ကျွန်မသမီးလေးဟာ အသေဆိုးနဲ့သေခဲ့ရပါတယ်” ချန်ဝိန်ယွမ်းကလည်း မရန်ကိုယ်စား ရုံးတော်သို့ လျှောက်လေ၏။

“မြို့အုပ်မင်းက စုန်ကျန့်ကို မဖမ်းရင် တရားလိုဟာ မြို့ဝန်ဆီကို ဦးတိုက်လျှောက် ပါလိမ့်မယ်။ ဒီလိုဖြစ်လာရင် မကောင်းပါဘူး။ တကယ်လို့ မြို့ဝန်ရုံးက ဒီအမှုကို စစ်ဆေးလာရင် ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး” ဟု ပြောလေ၏။

ချန်ဝိန်ယွမ်း၏ စကားမှာ ယုတ္တိရှိပေ၏။ မြို့အုပ်သည် လိုအပ်သည့် စာရွက်စာတမ်း များကို ရေးသားပြီးလျှင် ရဲသားချူတုံနှင့် လွေ့ဟုန်တို့ကို ခေါ်လိုက်လေ၏။

“စုန်အိမ်ထောင်စုရွာက မြေရှင် စုန်တို့ အိမ်ကို သွား။ ပြီးတော့ တရားခံ စုန်ကျန့်ကို ဖမ်းခဲ့ကြ” ဟု အမိန့်ပေးလိုက်လေ၏။ စာဖြင့် ရေးထားသည့် အမိန့်ကို ရရှိသည့်အခါတွင် ရဲသားများသည် တပ်သား လေးဆယ်ခန့်တို့ကို ခေါ်ဆောင်ကာ မြေရှင်စုန်၏ အိမ်သို့ လာခဲ့ ကြလေ၏။ မြေရှင်စုန်သည် လျင်မြန်စွာ ထွက်လာကာ သူတို့ကို ဆီးကြိုလေ၏။

“ကျွန်တော်တို့ကို ဘယ်လိုမှ မအောက်မေ့နဲ့နော် ဦးကြီး။ အထက်အမိန့်အရ လုပ်ရတာ။ ကျွန်တော်တို့မှာ တခြားလုပ်စရာ မရှိတော့ဘူး။ ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်ဘူး။ ခု ဦးကြီးရဲ့သား ဘယ်မှာလဲ။ စာရေးကြီးစုန်ကျန့် ဘယ်မှာလဲ”

“စုန်ကျန့်ဟာ မိဘစကားကို နားမထောင်တဲ့ သားပါကွယ်။ ဦးကြီးတို့နဲ့ ဘာမှ မပတ်သက်တော့ပါဘူး။ အရင် မြို့အုပ်မင်းလက်ထက်ကတည်းက သူ့ကို အမွေပြတ်ကြော်ငြာ ပြီးပြီပဲ။ အဲဒီအမွေပြတ်စာကိုလည်း ရုံးတော်မှာ တင်ပြီးပါပြီ။ သူ့ကိုလည်း လွန်ခဲ့တဲ့ သုံးနှစ် လောက်ကတည်းက ဆွေစာရင်းမျိုးစာရင်းက ဖျက်လိုက်ပြီးပါပြီ။ သူ ဒီမှာလည်း မနေ တော့ပါဘူး။ လာလည်း မလာတော့ပါဘူး”

ချူတုံက-

“ကျွန်တော်တို့မှာ ဖမ်းဖို့ အမိန့်ပါလာတယ် ဦးကြီး။ ဦးကြီးစကားကို ကျွန်တော်တို့ လက်ခံဖို့ခက်ပါတယ်။ ကျွန်တော်တို့ ရှာရပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် အထက်လူကြီးများက ကျွန်တော်တို့ကို ကျေနပ်မှာ မဟုတ်ပါဘူး”

ချူတုံသည် တပ်သားများအား အိမ်ကို ဝိုင်းထားရန် အမိန့်ပေးပြီးနောက် လွေ့ဟုန် ဘက်သို့ လှည့်၍-

“ငါက ရှေ့တံခါးဝက စောင့်မယ်။ မင်းက အထဲဝင်ရှာပေတော့”

လွေ့ဟုန်သည် အိမ်ထဲသို့ ဝင်လာကာ အနှံ့အပြားရှာလေ၏။ နောက်ဆုံးတွင် ရှေ့ဝင်းဝသို့ ပြန်လာခဲ့လေ၏။

“ဟုတ်တယ်ဗျ။ အိမ်ထဲမှာတော့ မရှိဘူး” ဟု ချူတုံကို ပြောလေ၏။

“ဒီလိုဆိုရင် ငါကိုယ်တိုင် ဝင်ရှာမယ်ကွာ။ မင်းနဲ့ တခြားလူတွေက ဝင်းပေါက်စောင့်ကြ။ ငါကိုယ်တိုင် သေသေချာချာ ဝင်ရှာမှ ဖြစ်တော့မယ်”

“ကျုပ်ဟာ တရားဥပဒေကို ရိုသေလေးစားတဲ့ လူတယောက်ပါဗျာ။

ကျုပ်အိမ်ထဲမှာ ဘယ်သူ့ကိုမှ ဗုက်မထားပါဘူး” ဟု မြေရှင်စုန်က ပြောလေ၏။

“ခုကိစ္စက လူသတ်မှု ဦးကြီးရဲ့။ ဒီတော့ ကျွန်တော်တို့ကို ခွင့်လွှတ်ပေတော့” ဟု ချူတုံက ပြောလေ၏။

“ဒီလိုဆိုရင်လည်း ရှာပါ မောင်ရာ။ ကျေနပ်အောင် ရှာကြပါ”

“ဟော့၊ လွေ့ဟုန်။ အိမ်ရှေ့ကွက်လပ်ကို သေသေချာချာ စောင့်ကြည့်နော်။ မလွတ်စေနဲ့”

ချူတုံသည် အိမ်ထဲသို့ ဝင်လာကာ မိမိ၏ မိုန်းကြီးကို နံရံတွင် ထောင်ပြီးနောက် ဝင်းတံခါးကို ပိတ်လျက် ဝင်းထဲရှိ မိသားစု ဘုရားပူဇော်သည့် ဝတ်ကျောင်းသို့ လာခဲ့လေ၏။ ချူတုံသည် ဘုရားစင်တင်ထားသည့် စားပွဲကိုတဖက်သို့ရွှေ့ကာ အံဗုက်ကိုဖွင့်၍ အောက်သို့ တွဲလောင်းချထားသော ကြိုးကလေးတချောင်းကို ဆွဲလိုက်လေ၏။ အောက်မှ ခေါင်းလောင်းသံ မြည်သံကို ကြားရလေ၏။ ခဏကြာလျှင် စုန်ကျန့် ထွက်လာလေ၏။ စုန်ကျန့်သည် ချူတုံကို မြင်သည့်အခါတွင် အံ့အားသင့်လျက် ရှိလေ၏။

“နောင်ကြီးကို လာဖမ်းရတဲ့အတွက် ကျွန်တော့်ကို ဘယ်လိုမှ သဘောမထားပါနဲ့နော်။ နောင်ကြီးဟာ ကျွန်တော့်အပေါ်မှာ အမြဲတမ်းကောင်းခဲ့သူပါ။ ကျွန်တော်တို့ အချင်းချင်း ကြားမှာ သိုဗုက်ထားတာရယ်လို့ ဘာမှ မရှိခဲ့ကြဘူး။ တနေ့မှာ ခင်ဗျားနဲ့ ကျွန်တော် အရက်သောက်ကြတော့ ခင်ဗျား ကျွန်တော့်ကို ပြောခဲ့ဖူးတယ်လေ။ ခင်ဗျားတို့အိမ်ဝင်းထဲက ဆွေမျိုးစု ပူဇော်တဲ့ ဝတ်ကျောင်းထဲက ဘုရားစင်အောက်မှာ အံဗုက် ရှိတယ်။ အဲဒီအံဗုက် ကို ဖွင့်လိုက်ရင် အောက်မှာ မြေတိုက်ရှိတယ်။ မင်း ပုန်းစရာရှိရင် ငါ့ဆီကို လာခဲ့လို့ ခင်ဗျား ပြောခဲ့တယ်လေ။ ဒီစကားကို ကျွန်တော် သွားသတိရတယ်။ ဒါနဲ့ ဒီနေ့တော့ ခင်ဗျားကို ဖမ်းဖို့ မြို့အုပ်ရုံးက ဝရမ်းထုတ်လိုက်တော့ ကျွန်တော်နဲ့ လွေ့ဟုန်တို့ လာခဲ့ကြရတယ်။ လာတော့ မလာချင်ဘူးပေါ့ဗျာ။ ခင်ဗျား ပုန်းဖို့ တနေရာရာတော့ ကျွန်တော် ရှာပေးပါ့မယ်။ မြို့အုပ်ကလည်း ခင်ဗျားကို ကူညီချင်ပါတယ်။ ဒါပေမဲ့ ချန်ဝိန်ယွမ်းနဲ့ မရန်တို့က ဒီအမှုကို မကိုင်ရင် မြို့ဝန်ကို တက်တိုင်မယ်လို့ ခြိမ်းခြောက်ထားကြတဲ့အတွက် မြို့အုပ်လည်း ကျွန်တော်နဲ့ လွေ့ဟုန်ကို ခေါ်ပြီး ခင်ဗျားကို အရှာခိုင်းလိုက်ရတာပါ။ လွေ့ဟုန်သာ ခင်ဗျားကို တွေ့သွားရင် သူက အမိန့်အတိုင်း တိတိကျကျ လုပ်မှာဆိုတော့ ခင်ဗျားအဖို့ ရှောင်လို့ တိမ်းလို့ မရဘဲ ဖြစ်လိမ့်မယ်။ ဒါကြောင့် သူ့ကို အပြင်ဘက်ဝင်းတံခါးမှာ ထားပစ်ခဲ့ပြီး ကျွန်တော်ကိုယ်တိုင် ခင်ဗျားဆီကို တန်းလာခဲ့တာပဲ။ ခုပုန်းတဲ့နေရာဟာ သိပ်တော့ မဆိုးလှပါဘူး။ ဒါပေမဲ့ စိတ်မချရသေးဘူး။ တယောက်ယောက်က ဒီမြေတိုက်ရှိမှန်း

သိသွားလို့ ဝင်ရှာရင် ခင်ဗျား ဘယ့်နှယ်လုပ်မလဲ”

စုန်ကျန့်က-

“ငါလည်း အဲဒါကို စဉ်းစားနေတာပဲကွာ။ မင်းသာ ငါ့အပေါ်မှာ ရက်စက်ရင် ခုလောက်ဆို ငါ ထောင်ထဲရောက်နေလောက်ပြီ”

“ဒါတွေမပြောပါနဲ့တော့ဗျာ။ အရေးကြီးတာက စိတ်ချရတဲ့နေရာ ခင်ဗျားမှာ ရှိသလား”

“စဉ်းစားထားတာ သုံးနေရာတော့ ရှိတယ်ကွ။ တနေရာကတော့ ဟိန်ဟိုင်းတိုက်နယ် က သခင်ကျဲ့ခေါ် လေပွေရဲ့ အိမ်။ တနေရာကတော့ ချင်ကျို့နယ်က ဟွရုံခေါ် လီကွမ်ရဲ့ အိမ်။ သူ့နေရာကို လေသာတောင်ခံတပ်လို့ ခေါ်တယ်။ နောက်တနေရာကတော့ ကျားဖြူတောင် ပေါ်မှာ ရှိတဲ့ မြေရှင်ကုန်ရဲ့ အိမ်။ သူ့မှာ သားနှစ်ယောက် ရှိတယ်။ သားအကြီး ကုန်မင်းကို ကြယ်တံခွန်လို့ ခေါ်တယ်။ သားအငယ် ကုန်လျန်ကိုတော့ မီးရှူးကြယ်လို့ ခေါ်တယ်။ သူတို့ နဲ့တော့ ငါ မကြာခဏ တွေ့ပြီး ဆွေးနွေးပြီးပြီ။ ဒါပေမဲ့ ဒီနေရာသုံးနေရာအနက် ဘယ်နေရာက အကောင်းဆုံးလဲ ဆိုတာ ငါ ဆုံးဖြတ်လို့မရဘဲ ဖြစ်နေတယ်”

“မြန်မြန်ဆုံးဖြတ်ပြီး မြန်မြန်ပြောင်းမှဖြစ်မယ် နောင်ကြီးစုန်ကျန့်။ ပြောင်းဆို ဒီနေ့ ညပဲ ပြောင်းတာ ကောင်းတယ်။ အချိန်သိပ်မရှိဘူး”

“အထက်အောက် အရာရှိတွေတော့ မင်းပဲ ကြည့်ကောင်းအောင် ပြောလိုက်ပေတော့ကွာ။ ငွေကြေး အသုံးလိုချင်ရင်လည်း တို့အိမ်ကို အချိန်မရွေးလာခဲ့ပါ”

“ဒါတွေ တွေးပူမနေပါနဲ့ဗျာ။ ကျွန်တော် အားလုံး ကြည့်စီစဉ်ပါ့မယ်။ အရေးကြီးတာက မြန်မြန်ပြောင်းဖို့ပဲ”

စုန်ကျန့်သည် ချူတုံကို ကျေးဇူးစကားဆိုပြီးနောက် မြေတိုက်ထဲသို့ ပြန်ဝင်လာခဲ့ လေ၏။ ချူတုံလည်း အံဝှက်ကို ပြန်ပိတ်ကာ ဘုရားစင်ကို ပြန်ရွှေ့ထားလိုက်လေ၏။ ထို့နောက် တံခါးကို ဖွင့်ကာ မိုန်းကို ကောက်ယူပြီးလျှင် အပြင်သို့ ထွက်လာခဲ့လေ၏။ ချူတုံက-

“အိမ်ထဲမှာ မရှိတာတော့ သေချာတယ်ကွ။ လွေ့ဟုန်ရေ၊ တို့ မြေရှင်စုန်ကိုပဲ ဖမ်းသွား ရရင် ဘယ့်နှယ်နေမလဲ” ဟု မေးလေ၏။

ချူတုံဟာ စုန်ကျန့်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ လူတယောက်ပဲ။ ဘာဖြစ်လို့ စုန်ကျန့်ရဲ့အဖေကြီးကို ဖမ်းချင်ရသလဲ မသိဘူး။ အမှန်ကတော့

ဖမ်းချင်ဟန် မတူဘူး။ နောက်တခါ ပြောရင်တော့ ငါကလည်း ငါ့နည်းနဲ့ ငါ မြေရှင်စုန်တို့ကို ကူညီရမှာပဲ” ဟု လွေ့ဟုန် တွေးလျက် ရှိလေ၏။

သူတို့နှစ်ယောက်သည် တပ်သားများကို ပြန်၍ ခေါ်ကာ အိမ်ရှေ့ခန်းသို့ ဝင်လာကြလေ၏။ မြေရှင်စုန်သည် သူတို့အားလုံးကို အရက်ဖြင့် ဧည့်ခံလေ၏။

ချူတုံက-

“အရက်က အရေးမကြီးပါဘူးဗျာ။ ကျွန်တော်တို့ ဦးကြီးစုန်နဲ့ ဦးကြီးစုန်ရဲ့ သားငယ် စုန်ကျင့်တို့ကို မြို့ကို ခေါ်သွားရလိမ့်မယ်”

“စုန်ကျင့်ကိုတော့ မတွေ့ပါလား” ဟု လွေ့ဟုန်က ပြောလေ၏။

“လယ်ထွန်ကိရိယာ ပစ္စည်းကလေးတွေ လုပ်ဖို့ ဟိုဘက်ရွာကို လွှတ်လိုက်တယ်။ အိမ်မှာ မရှိဘူး။ သားဆိုးသားမိုက် စုန်ကျန့်ကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သူ့ကို အမွေပြတ် စွန့်လွှတ်ခဲ့ပြီးပြီ။ သူ့ကို အမွေဖြတ်တဲ့ တရားဝင်ကြော်ငြာစာရွက်လည်း ကျုပ်ဆီမှာ ရှိပါတယ်”

“ဒါတွေ ပြောမနေပါနဲ့ဗျာ။ ဦးကြီးနဲ့ သားအငယ်စုန်ကျင့်ကို ခေါ်လာဖို့ မြို့အုပ်ရုံးက ဝရမ်း ပါတယ်” ဟု ချူတုံက ပြောလေ၏။

လွေ့ဟုန်က-

“နောင်ကြီးချူတုံရာ။ ကျွန်တော် ပြောတာကို နားထောင်စမ်းပါဦး။ စာရေးကြီးစုန်ကျန့် ဟာ ရာဇဝတ်မှု ကျူးလွန်တယ်ဆိုရင် သူ့မှာ အကြောင်းရှိပါလိမ့်မယ်။ ကြီးလေးတဲ့ ရာဇဝတ် မှုကြီးလည်း မဖြစ်နိုင်ပါဘူး။ ပြီးတော့ ဦးကြီးစုန်မှာလည်း အမွေပြတ်ကြော်ငြာ ရှိပြီးသား။ ဒါဟာလည်း အတု မဟုတ်နိုင်ဘူး။ စာရေးကြီးစုန်ကျန့်ဟာ ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့လူ။ ပြီးတော့ ကျွန်တော်တို့အပေါ်မှာ တလျှောက်လုံး ကူညီခဲ့တဲ့လူ။ သက်သက်ညှာညှာ စဉ်းစားပါ။ ဒီတော့ အမွေပြတ် ကြော်ငြာမိတ္တူတခုကို ယူသွားရင် ဒီကိစ္စဟာ ပြီးသွား လိမ့်မယ် ထင်ပါတယ်"

“အင်း၊ ငါကတော့ လွေ့ဟုန် ငါ့အပေါ်မှာ သံသယဖြစ်မှာစိုးလို့ တမင်ပြောနေတာ” ဟု တွေးကာ ခပ်ကျယ်ကျယ်ဖြင့်-

“အေးလေ။ မင်း ဒီလို သဘောပေါက်တယ်ဆိုရင် ငါကလည်း လူကြမ်းကြီး ဘယ်လုပ် ချင်ပါ့မလဲ”

“မောင်တို့နှစ်ယောက်ကို တကယ် ကျေးဇူးတင်ပါတယ်ဗျာ”ဟု မြေရှင်စုန်က ပြောကာ အားလုံးကို အရက်ဖြင့် တည်ခင်း ကျွေးမွေးပြီးနောက်

ရဲသားနှစ်ယောက်ကိုလည်း တယောက်လျှင် ငွေနှစ်ဆယ်သားစီ ပေးလိုက်လေ၏။ ချူတုံနှင့် လွေ့ဟုန်တို့သည် သူတို့ရသည့် ပိုက်ဆံတို့ကို နောက်လိုက်နောက်ပါ လေးဆယ်တို့ကို ခွဲဝေပေးလိုက်လေ၏။

သူတို့သည် အမွေပြတ်ကြော်ငြာမိတ္တူကို ကူးယူပြီးနောက် မြေရှင်စုန်ကို နှုတ်ဆက်ကာ မြို့သို့ ပြန်လာခဲ့ကြလေ၏။

သူတို့နှစ်ယောက်သည် ရုံးထိုင်လျက်ရှိသော မြို့အုပ်ထံသို့ သွားကြလေ၏။ မြို့အုပ်က သူတို့ထံ အစီရင်ခံစာ အပြည့်အစုံကို တောင်းလေ၏။

"မြေရှင်စုန်ရဲ့ အိမ်နဲ့တကွ ဝင်းထဲမှာရှိတဲ့ အဆောက်အအုံအားလုံးကို ကျွန်တော်တို့ အနှံ့ရှာကြပါတယ်။ ဒါပေမဲ့ စုန်ကျန့်ကို မတွေ့ရပါဘူး။ မြေရှင်စုန်ကလည်း မကျန်းမမာ ဖြစ်ပြီး အိပ်ရာထဲမှာ လှုပ်တောင် မလှုပ်နိုင်ပါဘူး။ တော်တော်စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်နေပါတယ်။ တော်တော် အသည်းအသန် ဖြစ်နေပါတယ်။ စုန်ကျင့်ကလည်း အရင်လ ကတည်းက အလုပ်ကိစ္စနဲ့ ထွက်သွားတာ အခုထိ အိမ်ပြန်မရောက်လာသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အမွေပြတ် ကြော်ငြာမိတ္တူကိုပဲ ကူးလာခဲ့ပါတယ်" ဟု သူတို့က ပြောကြလေ၏။

"ဒီလိုဆိုရင်" ဟု ဆိုကာ မြို့အုပ်သည် မြို့ဝန်ထံ အစီရင်ခံစာတစောင် ရေးပြီးလျှင် စုန်ကျန့်ကို ဖမ်းရန် ဝရမ်းစာကိုလည်း ထုတ်ပြန်လိုက်လေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။ မြို့အုပ်ရုံးတွင် ရှိသည့် စုန်ကျန့်ကို ချစ်ခင်သူများက ချန်ဝိန်ယွမ်းကို ဖျောင်းဖျကြလေ၏။

ချန်ဝိန်ယွမ်းမှာ ထိုသူများကို အားနာလျက်ရှိလေ၏။ ထို့ပြင် ပေါက်စီလည်း အသက်ပြန် ရှင်လာနိုင်မည် မဟုတ်တော့ချေ။ သူကိုယ်တိုင်မှာလည်း စုန်ကျန့်၏ ကျေးဇူးခံ ကျေးဇူးစား တယောက် ဖြစ်ခဲ့ဖူးသည် မဟုတ်လော။ ထို့ကြောင့် ချန်ဝိန်ယွမ်းသည် ထိုကိစ္စကို လက်လျှော့လိုက်လေ၏။

ချူတုံသည် မရန်ကို ပိုက်ဆံအနည်းငယ် ပေးလိုက်လေ၏။ မြို့ဝန်ရုံးသို့ မသွားရန်လည်း ပြောလေ၏။ မရန်မှာ လျော်ကြေးကို လက်ခံလိုက်ပြီ ဖြစ်သည့်အတွက် ထိုအချက်ကို သဘောတူရန်မှအပ အခြားလမ်း မရှိတော့ပြီ။ မြို့အုပ်ထံမှ အစီရင်ခံစာရောက်လျှင် မြို့ဝန်ရုံးမှ နောက်ထပ် အရေးယူခြင်း မပြုရန်အတွက်လည်း လူတယောက်ကိုလွှတ်၍ ငွေအပေး ခိုင်းလိုက်လေ၏။

မြို့အုပ်သည် စုန်ကျန့်အား ဖမ်းဆီးရမိလျှင် ဆုငွေတထောင်ပေးမည်ဟူသော ကြော်ငြာ ထုတ်ပြန်လိုက်လေ၏။ တန်မှာမူ "ရာဇဝတ်ကောင်တယောက်ကို ထွက်ပြေးအောင် လုပ်ပေးမိသည်" ဟု ဆိုကာ ကြိမ်အချက်နှစ်ဆယ် ရိုက်စေပြီးနောက် ပါးတွင် ကြက်ခြေခတ်ကာ လီငါးရာခန့်

ဝေးသည့် နယ်တနယ်သို့ နယ်နှင်ဒဏ် ပေးလိုက်လေ၏။ သက်သေအဖြစ် ဖမ်းဆီးထားခြင်းခံရသူတို့ကိုလည်း အာမခံဖြင့် လွှတ်ပေးကာ အိမ်သို့ ပြန်ပို့လိုက်လေ၏။

စုန်ကျန့်၏ ဆွေမျိုးများသည် လယ်သမားများ ဖြစ်ကြလေ၏။ သို့ဖြစ်လျှင် အဘယ်ကြောင့် သူတို့အိမ်တွင် လူပုန်းရန် မြေတိုက်ဆောက်ထားရလေသနည်း။

ဆွန်မင်းဆက်ခေတ်တွင် အရာရှိကြီးများ ဖြစ်လျှင် ဇိမ်ရှိသလောက် အရာရှိကလေး များမှာမူ ဒုက္ခရောက်ကြရလေ၏။ အဘယ်ကြောင့် ထိုသို့ ကျွန်ုပ်တို့ ပြောရသနည်း။ ရွှေနန်းတော်ကြီးထဲတွင် ဆိုးယုတ်သော မှူးမတ်တို့ တွင်ကျယ်ကြသောကြောင့် ဖြစ်လေ၏။ သူတို့သည် မိမိတို့ ရင်းနှီးသူများ၊ ဆွေမျိုးများကိုသာ ချီးမြှောက်ကြပြီး ပြည်သူလူထုထံမှ ရသမျှပိုက်ဆံကို ခြစ်ခြုတ်ယူကြလေ၏။ အရာရှိကလေး ဖြစ်လျှင် အဘယ်ကြောင့် ဒုက္ခ ရောက်ရသနည်း။ အရာရှိငယ်ကလေး ဖြစ်လျှင် သာမန်အပြစ်ကလေးကို ကျူးလွန်မိသည့်တိုင် နဖူးတွင် ကြက်ခြေခတ်ကာ ဝေးလံသော နယ်စွန်နယ်ဖျားသို့ ပို့သောကြောင့် ဖြစ်လေ၏။ အကယ်၍ ဥပဒေအရ အတိအကျ အပြစ်ပေးခံရသည် ဆိုလျှင် ရှိသမျှပစ္စည်းကို မင်းဘဏ္ဍာအဖြစ် သိမ်းယူကာ လူကို ကွပ်မျက်သောကြောင့် ဖြစ်လေ၏။ ထို့ကြောင့် ထိုခေတ်က အမှုထမ်းများမှာ ပုန်းစရာ ခိုစရာကို အဆင်သင့် ပြင်ဆင်ထားကြရခြင်း ဖြစ် လေ၏။

စုန်ကျန့်သည် သူ့အမှုတွင် မိဘဆွေမျိုးတို့ အကျုံးဝင်နေမည် စိုးသည့်အတွက် သူ့ကို သားဆိုးသားမိုက်အဖြစ် ကြေညာကာ ဆွေမျိုးစာရင်းမှ အဖျက်ခိုင်းခဲ့ခြင်း ဖြစ်လေ၏။ သက်သေ အထောက်အထားအဖြစ် တရားဝင်ထောက်ခံချက် လက်မှတ်တစောင်ကိုလည်း ရအောင် ယူခဲ့လေ၏။ ထို့ကြောင့် စုန်ကျန့်သည် သူ့မိဘဆွေမျိုးများနှင့် မနေဘဲ တဦးတည်း နေထိုင်ကာ အဆက်အသွယ် ဖြတ်တောက်ထားပြီးလျှင် လုပ်စရာရှိသည့် အိမ်ကိစ္စအဝဝ တို့ကို အဝေးမှသာ လုပ်ပေးခဲ့လေ၏။ ဆွန်မင်းဆက်ခေတ်တွင် အရာထမ်းကလေးများ သည် ထိုအစီအစဉ်အတိုင်း နေခဲ့ကြရလေ၏။

စုန်ကျန့်အကြောင်းကို ပြန်၍ ကောက်ဦးအံ့။ စုန်ကျန့်သည် မြေတိုက်ထဲမှ ထွက်လာ ခဲ့ပြီးနောက် ပြဿနာကို ဖခင်ဖြစ်သူ၊ ညီဖြစ်သူနှင့် ဆွေးနွေးလေ၏။

“ချူတုံသာ မကယ်လို့ရှိရင် ကျွန်တော် အဖမ်းခံရပြီး တရားစွဲခံနေရလောက်ပြီ။ ချူတုံရဲ့ ကျေးဇူးကို ကျွန်တော်တို့ ပြန်ဆပ်ရမယ်။ ကဲ၊ အဖေ။ ကျွန်တော်နဲ့ ညီလေးတို့ ပြေးကြတော့မှ ဖြစ်မယ်။ ဘုရားသခင်က သနားပြီးတော့ လွှတ်ငြိမ်းချမ်းသာခွင့်တို့ ဘာတို့ ကြေညာလို့ရှိရင်တော့ ကျွန်တော်တို့ အိမ်ပြန်ရောက်လာကြမှာ ပေါ့လေ။ ချူတုံဆီကို ပိုက်ဆံ ပို့လိုက်နော်

အဖေ။ ပြီးတော့ အထက်အောက် ပေးသင့်တဲ့ လူများကိုလည်း ကြည့်ပေး လိုက်ပါလို့ ပြောပါ။ မရန်ကိုလည်း မြို့ဝန်ဆီကို ထပ်ပြီး အမှုမတင်အောင် ပိုက်ဆံပေးသင့် သလောက် ပေးလိုက်ပါလို့လည်း ပြောပါ”

ညီအစ်ကိုနှစ်ယောက်တို့သည် ထိုနေ့ညတွင် သူတို့ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ကြ လေ၏။ မိုးသောက်ခါနီးတွင်မူ သူတို့နှစ်ယောက်သည် အိပ်ရာမှ ထ၊ ကိုယ်လက်သန့်စင်၍ မနက်စာ စားသောက်ကာ ခရီးထွက်ရန် အဆင်သင့် ဖြစ်နေကြလေပြီ။ စုန်ကျန့်မှာ အနားပတ်ပြားကြီးကြီး အဖြူရောင် သက္ကလတ်ဦးထုပ်၊ အဖြူရောင်ပိုးဝတ်ရုံ၊ ဆီးသီးနီရောင် ခါးစည်းကြိုး၊ ခြေပတ်နှင့် လျှော်ဖိနပ်တို့ကို ဝတ်ဆင်ထားလေ၏။ စုန်ကျင့်မှာ အစေခံသဖွယ် ဝတ်ဆင်ထားပြီး အထုပ်များကို ထမ်း၍ လာလေ၏။ ညီအစ်ကိုနှစ်ယောက် တို့သည် ဖခင်ကြီးကို ဦးချနှုတ်ဆက်ကြလေ၏။ သူတို့သုံးယောက်စလုံး မျက်ရည်မဆည်နိုင် ကြတော့ပြီ။

“ရှေ့ခရီးက ဝေးသေးတယ် ငါ့သားတို့။ သတိဝီရိယနဲ့သာ သွားကြပေတော့” ဟု မြေရှင်စုန်က ပြောလေ၏။ ညီအစ်ကိုနှစ်ယောက်တို့သည် စာရင်းငှားများအား မိမိတို့အိမ်ကို စောင့်ရှောက်ရန်၊ အဘိုးအိုကိုလည်း ကြည့်ရှုရန်၊ ရိက္ခာများကိုလည်း လိုလေသေး မရှိ စုဆောင်းထားရန် ပြောကြလေ၏။ ထို့နောက် သူတို့နှစ်ယောက်သည် ဓားလွယ်ကို ခါးတွင် ချိတ်၍ မှိန်းကြီးများကို ကောက်ကိုင်ပြီးနောက် စုန်အိမ်ထောင်စုရွာမှ ထွက်လာခဲ့ကြလေ၏။

အချိန်မှာ နွေနှောင်းရာသီနှင့် ဆောင်းအကူးကာလ ဖြစ်လေ၏။ ညီအစ်ကိုနှစ်ယောက် တို့သည် ခရီးကို ခပ်သွက်သွက်နှင်ခဲ့ကြလေ၏။ ခရီးအဆင့်ဆင့်ကို လာခဲ့ရာတွင် လမ်းတလျှောက်၌လည်း သူတို့ကံကြမ္မာသည် မည်သို့ ရှိလေမည်နည်းဟု တွေးတောလာခဲ့ကြလေ၏။ စုန်ကျန့်က-

“ကန်စုနယ်၊ ဟိန်ဟိုင်းတိုက်နယ်မှာတော့ ရဲညီနောင်တဦးဖြစ်တဲ့ သခင်ကျဲ့ဆိုတဲ့ လူတယောက် ရှိတယ်လို့ ကြားဖူးတာပဲကွ။ အဲဒီသခင်ကျဲ့ဟာ ချောင်မင်းဆက်က တိုက်ရိုက် ဆင်းလာတဲ့ မဟာသွေး မဟာနွယ် မြို့စားတဦးလို့ ဆိုတာပဲ။ ငါ သူ့ကို တခါမှတော့ မတွေ့ ဖူးဘူး။ သူ့ဆီကို သွားပြီး အကူအညီတောင်းရရင် မကောင်းပေဘူးလား။ အဲဒီလူဟာ ရက်ရောသဘောထားကြီးတယ်၊ သတ္တိရှိတယ်လို့ ပြောကြတာပဲ။ ရဲရင့်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကူညီပြီး မင်းဒဏ်သင့်သူများကိုလည်း ကူညီတတ်သတဲ့။ ရှေးတုန်းက ဒေ့ဝတ်ကျေပွန်တဲ့ မိကျန်းယုံ ဝင်စားတယ်လို့တောင် ပြောကြတယ်။ ငါတို့ သူ့ဆီသွား ရရင် မကောင်းဘူးလား”

စုန်ကျင့်က-

“ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ အစ်ကိုရ။ ကျွန်တော်နဲ့

လူချင်း မတွေ့ဖူးပေမယ့် စာချင်းတော့ အဆက်အသွယ်ရှိပါတယ်”

ညီအစ်ကိုနှစ်ယောက်တို့သည် တောင်များကိုကျော်ကာ စမ်းချောင်းများကို ဖြတ်ခဲ့ကြလေ၏။ မြို့ကလေးများနှင့် မြို့ကြီးများကို လွန်ခဲ့ကြလေ၏။ ထို့နောက် ကန်စုပြည်နယ် ဘက်သို့ ရှေးရှုလာခဲ့ကြလေ၏။ ထမင်းဆိုင်တွင် တည်းခိုသူတို့သည် အရာနှစ်ခုကိုမူ ရှောင်ကြဉ်အပ်ပေ၏။ ယင်းတို့မှာ ရောဂါပိုးမွှား ရှိနေသည့် ပန်းကန်ခွက်ယောက်များနှင့် လူသေဖူးသည့် အိပ်ရာတို့ ဖြစ်လေ၏။

သို့ရာတွင် ဇာတ်လမ်းကို ပြန်ကောက်ဦးအံ့။ ရက်ပေါင်းများစွာကြာသော် ညီအစ်ကို နှစ်ဦးတို့သည် ကျီစုနယ်စပ်သို့ ရောက်လာခဲ့ကြလေ၏။ မေးမြန်း၍ လာခဲ့ကြရာ သခင်ကျဲ့ ၏ အိမ်ကို တွေ့သဖြင့် အစေခံတို့ကို မေးမြန်းကြည့်လေ၏။

“သခင်ကျဲ့များ အိမ်မှာ ရှိသလားကွယ်”

“မရှိဘူးဗျ။ နွေသီးစားခ ကောက်ဖို့ အရှေ့လယ်တောကို သွားတယ်”

“ဒီကနေ ဘယ်လောက်များ ဝေးသလဲကွာ” ဟု စုန်ကျန့်က မေးလေ၏။

“လီလေးဆယ်လောက် ဝေးတယ်ဗျ”

“ဘယ်လိုသွားရသလဲကွ”

“နောင်ကြီးတို့က ဘယ်သူတွေလဲဗျာ။ နာမည်ကလေး သိပါရစေ”

“ယွန်ကျင့်တိုက်နယ်က စုန်ကျန့်ပါ”

“ချိန်မှန်မိုးလို့ခေါ်တဲ့ စာရေးကြီးစုန်ကျန့်လားဗျာ”

“ဟုတ်ပါတယ်”

“သခင်ကျဲ့ကတော့ နောင်ကြီးအကြောင်းကို ခဏခဏ ပြောပါတယ်ဗျာ။ နောင်ကြီးနဲ့ မတွေ့ဖူးလို့ စိတ်မကောင်းဘူးတဲ့။ လာပါ ခင်ဗျာ။ ကျွန်တော် လမ်းပြပါမယ်”

တပည့်လုပ်သူသည် စုန်ကျန့်တို့ ညီအစ်ကိုနှစ်ဦးကို အရှေ့လယ်တောသို့ လိုက်၍ ပြလေ၏။ သုံးမောင်းကျော်ကျော်လောက် မြင်းစီးမိသည့်အခါတွင် အရှေ့လယ်တောသို့ ရောက်သွားကြလေ၏။

“နောင်ကြီးတို့ ဒီအဆောင်ကလေးထဲက စောင့်နေရစ်ခဲ့ကြပါ ခင်ဗျာ။ ကျွန်တော် သခင်ကျဲ့ကို သွားပြီး အကြောင်းကြားပေးပါ့မယ်”

"အေး အေး" ဟု စုန်ကျန့်က ပြောလေ၏။

စုန်ကျန့်နှင့် သူ့ညီ စုန်ကျင့်တို့သည် တောင်စောင်းရှိ ဇရပ်ကလေးတဆောင်ထဲသို့ ဝင်၍ မိုန်းများကို ချ၊ ခေါးရှည်များကို ချွတ်ကာ အထုပ်အပိုးများကို ချ၍ နားနေကြလေ၏။ တပည့် ထွက်သွားပြီး မကြာမီမှာပင် လယ်တောအိမ်ဝင်းတံခါးသည် ပွင့်လာကာ သခင်ကျဲ့ သည် နောက်လိုက်နောက်ပါ လေး ငါး ခြောက်ယောက်တို့နှင့်အတူ သူတို့ဆီသို့ ပြေးလာလေ၏။ သခင်ကျဲ့သည် ဇရပ်ပေါ်သို့ တက်လာကာ စုန်ကျန့်အား ဒူးထောက်၍ အရိုအသေ ပေးလေ၏။

"နောင်ကြီးနဲ့ တွေ့ချင်နေတာ ကြာလှပြီ ခင်ဗျာ။ ဘယ်နည်းဘယ်ပုံများ ဒီကို ရောက်လာရတာလဲ။ ကျွန်တော့်တသက်မှာ အတွေ့ချင်ဆုံးလူနဲ့ လာတွေ့ရတာ ဝမ်းသာလိုက်တာ ခင်ဗျာ။ ကံကောင်းတယ်လို့ ပြောရမှာပေါ့"

စုန်ကျန့်ကလည်း ဒူးထောက်ထိုင်၍ အရိုအသေပြုလေ၏။

"ကျွန်တော်ဟာ ဘာမဟုတ်တဲ့ အရာထမ်းကလေးတယောက် ဖြစ်ပေမယ့် နောင်ကြီး ကို တွေ့ချင်လွန်းလို့ လာခဲ့တာပါပဲ ခင်ဗျာ"

သခင်ကျဲ့က သူ့ကို လက်ဆွဲ၍ ထူပေးကာ-

"မနေ့ညက မှန်အိမ်က မီးစာသေးတယ် ခင်ဗျာ။ ဒီနေ့မနက်ကျတော့လည်း ကျီးသာတယ် ခင်ဗျာ။ လက်စသတ်တော့ နောင်ကြီးရောက်မှာမို့လို့ နိမိတ်ပြနေတာကိုး ခင်ဗျ"

သခင်ကျဲ၏ မျက်နှာမှာ ပြုံးလျက်ရှိလေ၏။ စုန်ကျန့်မှာလည်း သူက ဝမ်းသာအားရ ကြိုဆိုသည့်အတွက် ကျေနပ်လျက်ရှိလေ၏။ စုန်ကျန့်သည် သူ့ညီကိုလည်း မိတ်ဆက်ပေး လေ၏။

သခင်ကျဲ့က အစေခံများဘက်သို့ လှည့်၍-

"ဟဲ့၊ စာရေးကြီးစုန်ကျန့်ရဲ့ ပစ္စည်းတွေကို သယ်ခဲ့ကြ။ အနောက်ဘက်ဆောင် အနောက်ခန်းမှာ နေရာချပေး" ဟု ဆိုကာ စုန်ကျန့်၏ လက်ကို ဆွဲ၍ ဧည့်ခန်းထဲသို့ ခေါ်လာပြီးလျှင် အိမ်သည်နှင့် ဧည့်သည်နေရာတွင် အသီးသီး ထိုင်ကြလေ၏။

"မသိလို့ မေးရဦးမယ်နော် နောင်ကြီး။ စိတ်တော့ မရှိပါနဲ့။ နောင်ကြီးမှာ ရုံးအလုပ်တွေ ဒီလောက် များရတဲ့အထဲမှာ ဘာဖြစ်လို့များ ရွာငယ်ဇနပုဒ်ကလေးကို ရောက်လာရတာလဲ ခင်ဗျာ"

"နောင်ကြီးရဲ့နာမည်ဟာ မိုးချုန်းသံလို ကျွန်တော့်နားထဲမှာ

မြည်ဟည်းနေတာတော့ ကြာလှပါပြီ။ နောင်ကြီးရဲ့ စာများကို မကြာခဏ ရရှိပေမယ့် ကျွန်တော့်မှာ ရုံးအလုပ်တွေနဲ့ ဆိုတော့ နောင်ကြီးကို တွေ့ဖို့ အခွင့်ကို မသာခဲ့ပါဘူး။ ကျွန်တော်ဟာ အရည်အချင်း မရှိတဲ့ လူတယောက်ပါ။ ခုတော့ ကျွန်တော့်မှာ မိုက်မဲတဲ့ ကိစ္စတခုကို လုပ်ခဲ့မိလို့ နောင်ကြီးဆီကို ခိုလှုံဖို့ ပြေးလာခဲ့တာပါပဲ။ နောင်ကြီးရဲ့ သဘောထားကြီးမှု၊ ရက်ရောမှုတွေကို ကျွန်တော်တို့ သတိရပြီး နောင်ကြီးဆီ လာခဲ့တာပါ”

သခင်ကျဲ့က ပြုံးလေ၏။

“မစိုးရိမ်ပါနဲ့ နောင်ကြီးရာ။ နောင်ကြီးဟာ အကြီးလေးဆုံး ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့ဦး၊ ကျွန်တော့်ဆီမှာနေရင် စိတ်ချရပါတယ်။ ကျွန်တော် ကြွားဝါပြောတာ မဟုတ်ပါဘူး။ ကျွန်တော့်လယ်တောအိမ် ကို မျက်စောင်းထိုးရဲတဲ့ တပ်ဗိုလ်တို့၊ ရဲအရာရှိတို့ဆိုလို့ ဒီနယ်မှာ တယောက်မှ မရှိပါဘူး”

စုန်ကျန့်က ပေါက်စီကို သတ်ခဲ့သည့်ကိစ္စကို အသေးစိတ် ပြောပြလေ၏။ သခင်ကျဲ့က ပြုံးလျက်-

“ဒါတွေ မေ့ထားလိုက်စမ်းပါ နောင်ကြီးရာ။ နောင်ကြီးဟာ ဘုရင့်နန်းတော်ကြီးက ခန့်အပ်ထားတဲ့ အရာရှိတယောက်ကို သတ်ခဲ့မိရင်ကော ဘာအရေးလဲ။ ဘုရင့်ဘဏ္ဍာတော်ကို လုယူလာတယ်ဆိုရင်ကော ဘာအရေးလဲ။ နောင်ကြီးကို ဂုဏ်ထားရတဲ့အတွက် ကျွန်တော့်မှာ ဝန်မလေးပါဘူး”

သခင်ကျဲ့သည် ညီအစ်ကိုနှစ်ယောက်အား ရေမိုးချိုး ကိုယ်လက်သန့်စင်စေလေ၏။ အဝတ်အစားသစ်၊ ဖိနပ်သစ်၊ ခြေအိတ်သစ် စသည်တို့ကို ထုတ်ပေးလေ၏။ သူတို့က ရေချိုး အဝတ်အစားလဲနေစဉ် အစေခံတယောက်သည် သူတို့၏ အဝတ်အစားများကို သူတို့တည်းခိုမည့် အဆောင်သို့ ယူသွားလေ၏။ သခင်ကျဲ့သည် အရက်နှင့် အမြည်းတို့ ပြင်ဆင်ထားရာ နောက်ဖေးဆောင်သို့ သူတို့ကို ဖိတ်ခေါ်သွားလေ၏။

သခင်ကျဲ့သည် စုန်ကျန့်အား စားပွဲထိပ်တွင် ထိုင်စေကာ သူကိုယ်တိုင်မှာမူ မျက်နှာချင်းဆိုင်တွင် ထိုင်လေ၏။ စုန်ကျင့်က ဘေးမှ ထိုင်လေ၏။ အစေခံများနှင့် အလုပ်သမား များကိုလည်း ထိုစားသောက်ပွဲသို့ ခေါ်လေ၏။ ဧည့်သည်များနှင့် အိမ်ခံလူများသည် တယောက်တလှည့် ခွက်မြှောက်ဆုတောင်း ပျော်ပါး သောက်စားလျက် ရှိကြလေ၏။ သခင်ကျဲ့က ဧည့်သည်များအား ချုပ်တည်းခြင်းမပြုဘဲ စိတ်တိုင်းကျ သောက်ရန် ပြောလေ၏။ စုန်ကျန့်မှာ သူ့ကို ကျေးဇူးတင်၍ မဆုံး ဖြစ်လျက်ရှိလေ၏။ အရက်အတော်ကုန်သွား သည့်အခါတွင်မူ သူတို့သုံးယောက်မှာ တယောက်ကို တယောက် လေးစားကြည်ညိုသည့် မိတ်ဆွေ ရောင်းရင်းကြီးများသဖွယ် ဖြစ်သွားခဲ့ကြလေပြီ။

မိုးလင်းခါနီးပြီဖြစ်သော်လည်း မှန်အိမ်များကို ထပ်၍ အထွန်းခိုင်းလေ၏။ “အရက် ကတော့ တော်လောက်ပါပြီ နောင်ကြီးရာ” ဟု စုန်ကျုန့်က တောင်းပန်လေ၏။ သို့ရာတွင် သခင်ကျဲ့က လက်မခံချေ။ သို့ဖြင့် သူတို့သည် မိုးလင်းခါနီးအထိ သောက်လျက် ရှိကြလေ၏။ စုန်ကျုန့်သည် အပေါ့အပါးသွားရန် ထလေ၏။ ဤတွင် သခင်ကျဲ့က မှန်အိမ်ယူပြီး အနောက်ဘက် ဝရန်တာဘက်သို့ လိုက်ပို့ရန် အစေခံတယောက်ကို ခိုင်းလေ၏။

“ဒီတခါ ခွက်လှည့်တော့ ကျွန်တော့်ကို မစောင့်နဲ့တော့ ခင်ဗျ။ ခွက်ကျော်လိုက်ကြပေတော့”

စုန်ကျုန့်သည် ကွေ့ပတ်ကာ ဆင်ဝင်သို့ ထွက်လာခဲ့ပြီး တလင်းပြင်ကို ဖြတ်၍ အရှေ့ ဘက်ဝရန်တာဆီသို့ လာခဲ့လေ၏။

ထိုအချိန်၌ စုန်ကျုန့်မှာ ဆယ်ပုံရှစ်ပုံခန့် မူးနေလေပြီ။ စုန်ကျုန့်သည် မူးမူးဖြင့် ဝရန်တာကို ကျော်တက်လာခဲ့လေ၏။ ကိုယ်လုံးကိုယ်ပေါက် ကြမ်းတမ်းတုတ်ခိုင်သည့် လူကြီးတယောက်သည် ငှက်ဖျားရောဂါကြောင့် တဟီးဟီး တုန်လျက်ရှိရာမှ မီးကျီးခဲများကို ဂေါ်ပြားကြီးတခုထဲတွင် ထည့်ကာ ထိုဂေါ်ပြားကြီးဘေးတွင် ခွေလျက် ရှိလေ၏။ စုန်ကျုန့် မှာ မူးနေပြီ ဖြစ်သည့်အလျောက် ဂေါ်ပြားလက်ကိုင်ကို တက်နင်းမိလေရာ ဂေါ်ပြားထဲတွင် ထည့်ထားသည့် မီးကျီးခဲများသည် ကော်၍ ပက်လိုက်သကဲ့သို့ ထိုလူကြီး မျက်နှာပေါ်သို့ လွင့်စဉ်ကျလေ၏။ ထိုလူကြီးသည် လန့်ဖျပ်သွားကာ ဆဲရေးတိုင်းထွာခြင်း ပြုလေ၏။ ထိုလူသည် ဒေါသတကြီးဖြင့် အိပ်ရာမှ ထလာကာ စုန်ကျုန့်၏ အင်္ကျီရင်ဘတ်ကို ဆွဲထားလေ၏။

“ဟော့၊ ခွေးမသား။ မင်းက ဘယ်ကကောင်လဲဟင်။ ငါ့ကို နောက်စရာ ထင်နေလို့လား” စုန်ကျုန့်မှာ အံ့အားသင့်ကာ စကားမပြောနိုင်ဘဲ ဖြစ်လျက် ရှိလေ၏။ သို့ရာတွင် မှန်အိမ်ကို ကိုင်လိုက်လာသည့် အစေခံက-

“ဗျို့၊ ဗလကြီး။ မလုပ်နဲ့လေ။ ဒီလူက ကျွန်တော်တို့သခင်ရဲ့ အထူးဧည့်သည်တော်ဗျ”

“ဘာဧည့်သည်လဲကွ။ နားမလည်ဘူး။ ငါလည်း ဒီရောက်တုန်းက ဧည့်သည်ပဲ။ ဧည့်သည်မှ အထူးဧည့်သည်။ ဒါပေမဲ့ သခင်ကျဲ့က သူ့တပည့်တွေ လိမ်ပြောတာကိုပဲ အဟုတ် ထင်နေတယ်။ ခု ငါ့ကို ဂရုတောင် မစိုက်တော့ဘူး။ “မိတ်ဆွေဆိုတာ ဘယ်တော့မှ ကြာရှည်မခံ” ဆိုတဲ့ စကားအတိုင်းပဲ”

ထိုလူသည် စုန်ကျုန့်ကို ထိုးရန် လက်သီးကို မြှောက်၍ ရွယ်လိုက်လေ၏။ အစေခံသည် မှန်အိမ်ကို ချကာ သူတို့နှစ်ယောက်ကို ဖျန်ဖြေရန် ပြေးလာလေ၏။

သို့ရာတွင် သူသည် ထိုလူနှစ်ယောက်ကို ဆွဲငင်ခြင်း မပြုနိုင်ပြီ။ မှန်အိမ်ကလေးသုံးလုံးသည် လှုပ်ယမ်း၍ ပြေးလာသည်ကို မြင်ရလေ၏။

“စာရေးကြီးက ဒီရောက်နေတာကိုး။ ဘာဖြစ်တာလဲဟင်”ဟု သခင်ကျဲ့က မေးလေ၏။ အစေခံက ဂေါ်ပြားကို ခလုတ်တိုက်မိသည့်အကြောင်းကို ပြောပြလေ၏။ သခင်ကျဲ့က ပြုံးလေ၏။

“မင်း နာမည်ကျော် စာရေးကြီးကို မသိဘူးလား” ဟု သခင်ကျဲ့က မေးလေ၏။

“ဘာ နာမည်ကျော်လဲ။ အလကားလူ။ သူ နာမည်ကျော်တာက ယွန်ကျင့်က စာရေးကြီး စုန်ကျန့်လောက် နာမည်ကျော်ဦးမှာလား”

သခင်ကျဲ့ ရယ်လေ၏။

“မင်း စာရေးကြီး စုန်ကျန့်ကို မြင်ဖူးရဲ့လား”

“ကျွန်တော်တော့ မမြင်ဖူးပါဘူး။ ဒါပေမဲ့ ရဲညီနောင်အသိုက်အဝန်းတွေ ကြားမှာတော့ ချိန်မှန်မိုးစုန်ကျန့်လို့ နာမည်ကျော်တာပဲ။ ကမ္ဘာမှာတောင် ကျော်တယ်ဗျာ”

“ဘာကြောင့် နာမည်ကျော်တာတဲ့လဲကွ”

“ဘာကြောင့် နာမည်ကျော်တယ်ဆိုတာ ပြောရရင်တော့ အရှည်ကြီးပဲဗျ။ ဒါပေမဲ့ သူကမှ တကယ့် လူစွမ်းကောင်းဗျ။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် လုပ်တဲ့ လူမျိုး။ ကျွန်တော် ဟောဒီရောဂါ ပျောက်ရင် စာရေးကြီးဆီကို သွားမလို့”

“ဟ ဗလကြီးရ။ အဲဒီလူဟာ မင်းနဲ့ လီပေါင်း တသိန်းရှစ်သောင်း ဝေးတယ်ဆိုရင်လည်း ဟုတ်သဟ။ လက်တကမ်းမှာဆိုရင်လည်း ဟုတ်သဟ။ ဟောဒါ ချိန်မှန်မိုးလို့ ခေါ်တဲ့ စာရေးကြီးစုန်ကျန့်ပဲ” ဟု ဆိုကာ လက်ညှိုးထိုး၍ ပြလေ၏။

“တကယ်ပြောတာလား”

“ဟုတ်ပါတယ်။ ကျုပ်ဟာ စုန်ကျန့်ပါ”

ဗလကြီးသည် သူ့ကို ပြူးပြူးကြီး စိုက်ကြည့်နေပြီးနောက် ဒူးထောက် အရိုအသေ ပေးလိုက်လျက်-

“နောင်ကြီးကို ဒီလိုတွေ့ရလိမ့်မယ်လို့ လုံးလုံး မမျှော်လင့်ဘူးဗျာ”

"ကျုပ်ကို ဒီလောက်လည်း ဂါရဝမပြုပါနဲ့ဗျာ။ ဒီလောက် ဂါရဝပြုထိုက်တဲ့လူ မဟုတ်ပါဘူး"

"ဟုတ်တယ်ဗျာ။ ကျုပ် သိပ်ရိုင်းသွားတယ်။ ခွင့်လွှတ်ပါဗျာ။ ကျုပ်က မျက်စိသာ ရှိပြီး တိုက်ရှန်းတောင်ကြီးကို မမြင်မိဘဲကိုးဗျ"

ဗလကြီးသည် ဒူးထောက်မြဲ ထောက်လျက် ရှိလေ၏။

စုန်ကျန့်သည် ဗလကြီးကို လက်မှ ဆွဲ၍ ထူလိုက်ကာ-

"နောင်ကြီးရဲ့ နာမည်ကကော ဘယ်လိုခေါ်ပါသလဲဗျာ"

သခင်ကျဲ့က ဗလကြီး၏ အမည်ကို ပြောပြကာ သူ့အိမ်သို့ မည်သို့မည်ပုံ ရောက်လာကြောင်းကို ပြောပြလေ၏။ မှန်ပေ၏။ တောင်ပေါ်တွင် ကျားကို တွေ့ရခြင်း၊ တောထဲတွင် တောပုန်းတို့ကို တွေ့ရခြင်းသည် ခရီးသွားတို့ကို ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်စေ၏။ သို့ရာတွင် ထိုလူ၏ ကြောက်ဖွယ်အမည်ကား ကြယ်များကို အရောင်မှိန်စေ၍ မြစ်များကို နောက်ပြန်စီးစေပေ၏။

သို့ဖြစ်လျှင် သခင်ကျဲ့ ပြောသည့် ထိုလူသည် မည်သူပေနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၂၃

ဟိန်ဟိုင်းတိုက်နယ်တွင် သခင်ကျဲ့သည် ဧည့်သည်များကို ကြိုဆိုခြင်း

ကျင့်ယန်ခင်တန်းတွင် ဝုဆုန်သည် ကျားတကောင်ကို သတ်ခြင်း

သခင်ကျဲ့က ရှင်းပြလေ၏။

"သူ့နာမည်က ဝုဆုန်တဲ့ဗျ။ သူ့ဇာတိက ကျင်ဟဲတိုက်နယ်က ဖြစ်ပြီး မွေးချင်းတွေထဲမှာ သူက ဒုတိယသားဗျ။ သူ ဒီကို ရောက်လာတာကတော့ တနှစ်လောက် ရှိပြီ"

"ရဲညီနောင်တွေရဲ့ အသိုက်အဝန်းမှာ ဒီနာမည်ကို ကြားဖူးနေတာကတော့ ကြာလှပါပြီ ခင်ဗျာ။ ကျွန်တော် သူ့ကို တွေ့ရလိမ့်မယ်လို့ နည်းနည်းကလေးမှ မမျှော်လင့်ခဲ့ဘူး။ ကံကောင်းလိုက်တာခင်ဗျာ"

"ရဲရင့်သူတွေ တွေ့ဆုံတဲ့အချိန်ဟာ တယ်ပြီး မင်္ဂလာရှိတဲ့ အချိန်ပေါ့ဗျာ။ ကဲ၊ လာကြဗျာ။ အထဲမှာထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြရအောင်" ဟု သခင်ကျဲ့က ခေါ်လေ၏။

စုန်ကျန့်သည် ဝုဆုန်ကို လက်ဆွဲ၍ ခေါ်လာကာ အနောက်ဘက်ဆောင်သို့ ဝင်လာခဲ့ပြီးလျှင် သူ့ညီ စုန်ကျင့်နှင့် မိတ်ဆက်ပေးလေ၏။ သခင်ကျဲခေါ် ကျဲ့ကျင်းကလည်း ဝုဆုန်ကို ထိုင်ရန် ပြောလေ၏။ စုန်ကျန့်က ဝုဆုန်ကို စားပွဲထိပ်တွင် ထိုင်ရန် ပြောသော်လည်း ဝုဆုန်က လက်မခံချေ။ အတန်ကြာ ယဉ်ကျေးစွာ ငြင်းခုံပြီးသည့်နောက်မှ ဝုဆုန်သည် တတိယနေရာတွင် ဝင်ထိုင်လေ၏။ သခင်ကျဲ့က အရက် ထပ်ယူခဲ့ရန် ခိုင်းလိုက်ပြီးနောက် ဧည့်သည်သုံးယောက်တို့ စိတ်တိုင်းကျ သုံးဆောင်ရန် ပြောလေ၏။ မှန်အိမ်မှ မီးရောင်တွင် စုန်ကျန့်သည် တောင့်တင်းသန်မာသော ဝုဆုန်၏ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်၍ အားရ ကျေနပ်လျက် ရှိလေ၏။

"နို့ နေစမ်းပါဦး။ ဒီကို ဘယ်လိုလုပ်ပြီးများ ရောက်လာပါသလဲ" ဟု စုန်ကျန့်က မေးလေ၏။

"ကျင်ဟဲတိုက်နယ်မှာ နေတုန်းက တနေ့မှာ အရက်မူးပြီး ကျွန်တော်တို့တိုက်နယ်မှာ ရှိတဲ့ မော်ကွန်းရုံးက မော်ကွန်းထိန်းနဲ့ ရန်ဖြစ်မိတယ်ဗျ။ ကျွန်တော်လည်း စိတ်ဆိုးဆိုးနဲ့ လက်သီးနဲ့ တချက်တည်း ကျုံးထည့်လိုက်တာ

သူလည်း သတိလစ်ပြီး မြေကြီးပေါ် ပုံကျ သွားတာပဲ။ ဒါနဲ့ ကျွန်တော် သူသေသွားတယ် ထင်လို့ ထွက်ပြေးလာပြီး ဟောဒီက သခင်ကျဲ့ဆီကို လာပြီး ပုန်းနေတာပဲ။ အဲဒါ လွန်ခဲ့တဲ့ တနှစ်လောက်က ဆိုပါစို့ဗျာ။ နောက်တော့ အဲဒီလူဟာ မသေဘူးဆိုတာကို သိရတယ်ဗျ။ ဒါနဲ့ ကျွန်တော်လည်း ရွာမှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော့်အစ်ကိုကြီးဆီကို ပြန်မယ်လို့ စိတ်ကူးနေတုန်းမှာ ဟောဒီ ငှက်ဖျား ရောဂါကြောင့် မပြန်နိုင်တော့ဘဲ သောင်တင်နေတာပါပဲ။ ကျွန်တော် ငှက်ဖျားတက်လို့ ချမ်းတာနဲ့ ဂေါ်ပြားထဲ မီးကျီးခဲတွေ ထည့်ပြီး မီးလှုံနေတုန်း နောင်ကြီး ရောက်လာပြီး ဂေါ်ပြားလက်ကိုင်ကို တက်နင်းတာပဲ။ နောင်ကြီးကြောင့် ကျွန်တော်လည်း လန့်သွားပြီး ဆဲမိဆဲရာ ဆဲလိုက်မိပါတယ်ဗျာ။ အမယ်၊ ဆဲလိုက်တော့ ကျွန်တော့်ရောဂါ ပျောက်သွား သလားလို့တောင် အောက်မေ့ရတယ် ခင်ဗျ”

စုန်ကျန့်မှာ ဝမ်းသာလျက်ရှိကာ သူတို့လေးယောက်သည် လင်းခါနီးအထိ သောက်စား၍ နေကြလေ၏။ စုန်ကျန့်က အနောက်ဘက်ဆောင်တွင် သူတို့ညီအစ်ကိုနှင့် လာရောက်နေထိုင်ရန် ဝုဆုန်ကို ခေါ်လေ၏။ နောက်တနေ့သို့ ရောက်သည့်အခါတွင် သခင်ကျဲ့သည် သိုးတကောင်နှင့် ဝက်တကောင်ကို ပေါ်စေကာ စုန်ကျန့်အတွက် စားသောက်ပွဲ ကြီးတခု ကျင်းပလေ၏။ ထိုအကြောင်းကိုမူ အကျယ်မပြောတော့ပြီ။

ရက်ပေါင်းများစွာ ကြာသည့်အခါ၌ စုန်ကျန့်သည် အဝတ်အစားအသစ် ဝယ်ရန် ဝုဆုန်ကို ပိုက်ဆံထုတ်၍ ပေးလေ၏။ ထိုအကြောင်းကို သခင်ကျဲ့ သိသည့်အခါတွင် စုန်ကျန့်အား ပိုက်ဆံထုတ်ခွင့်မပြု။ သူက စိုက်ထုတ်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။ သခင်ကျဲ့သည် သူ့ကုန်လှောင်ရုံထဲမှ အကောင်းဆုံး ပိုးအုပ်များကို ရွေးပြီးနောက် သူ့ စက်ချုပ်ဆရာထံတွင် သူတို့သုံးယောက်အတွက် ဝတ်ရုံများ ချုပ်ရန် အပ်လေ၏။

သခင်ကျဲ့သည် ဝုဆုန်အပေါ်တွင် အဘယ်ကြောင့် လှိုက်လှဲပျူငှာမှု လျော့ပါးသွားရလေသနည်း။ ရောက်စတွင် သခင်ကျဲ့သည် ဝုဆုန်ကို အခြားသော ဧည့်သည်များနည်းတူ လှိုက်လှဲပျူငှာစွာ ပြုစု ဧည့်ခံခဲ့လေ၏။ သို့ရာတွင် ဝုဆုန်မှာ မကြာခဏ အရက်မူးပြီး ရမ်းကားလေ့ ရှိပေ၏။ အစေခံများ တစုံတခု လစ်ဟင်းလျှင် အစေခံများကို ရိုက်နှက်တတ်လေ၏။ ဤတွင် အစေခံများကလည်း သူ့အကြောင်းကို မကောင်းပြောကြကာ သခင်ကျဲ့ကို တိုင်ကြားကြလေ၏။ သခင်ကျဲ့သည် သူ့ကိုမူ နှင်ထုတ်ခြင်း မပြုသော်လည်း ခပ်စိမ်းစိမ်း၊ ခပ်မှန်မှန်သာ ဆက်ဆံလေ၏။ ထို့နောက်တွင်မူ သခင်ကျဲ့သည် ဝုဆုန်ကို သူကိုယ်တိုင် ဆက်ဆံကာ သူနှင့် နေ့တိုင်း အရက်သောက်လေ၏။ ထို့နောက်တွင်မူ ဝုဆုန်သည် မူးယစ် ရမ်းကားခြင်း မပြုတော့ချေ။

သူတို့နှစ်ယောက်သည် ညနေတိုင်း အရက်အတူ သောက်လေ့ရှိကြ၏။ သို့ရာတွင် ဝုဆုန်မှာ အိမ်သို့ ပြန်ချင်လှလေပြီ။ အိမ်သို့ ပြန်၍ သူ့အစ်ကိုကြီးကို တွေ့ချင်လှလေပြီ။ သခင်ကျဲ့နှင့် စုန်ကျန့်တို့က ဖြည်းဖြည်းမှ ပြန်ရန် ပြောလေ၏။ သို့ရာတွင် ဝုဆုန်က-

"ကျွန်တော့်အစ်ကိုကြီးအတွက် စိတ်ပူတယ် ခင်ဗျာ။ သူ့အကြောင်းလည်း ဘာမှ မကြားရတော့ဘူး။ ပြန်မှ ဖြစ်မယ်"

"အေးလေ။ ခင်ဗျား ဒီလောက်သွားချင်ရင်လည်း ကျုပ်တော့ မတားတော့ပါဘူး။ ကြုံလို့ ရှိရင်တော့ ကျုပ်တို့ဆီကို လာခဲ့ပါဦးဗျာ" ဟု ပြောလေ၏။

ဝုဆုန်က ကျေးဇူးတင်ကြောင်း ပြောလေ၏။ သခင်ကျဲ့လည်း သူ့ကို ပိုက်ဆံ ထုတ်ပေး လေ၏။

"နောင်ကြီးလည်း ကျွန်တော့်အတွက် ဒုက္ခများလှပြီဗျာ" ဟု ဝုဆုန်က သခင်ကျဲ့ကို ပြောလေ၏။

ဝုဆုန်သည် သူ့ပစ္စည်းများကို ထုပ်ပိုးကာ တောင်ဝှေးကို ကိုင်ပြီးနောက် သွားရန် ပြင်လေ၏။ သခင်ကျဲ့က သူ့ကို နှုတ်ဆက်စားသောက်ပွဲ ကျင်းပကျွေးမွေးလေ၏။ ဝုဆုန်သည် အနီရောင်ပိုးဝတ်ရုံ၊ အဖြူရောင်အနားပတ်ပြားကြီးကြီး သက္ကလတ်ဦးထုပ်တို့ကို ဆင်ယင် ထားလေ၏။ ဝုဆုန်သည် အထုပ်ကို ထမ်းကာ တောင်ဝှေးကို ကောက်ကိုင်ပြီးနောက် နှုတ်ဆက်၍ ထွက်ခွာသွားလေ၏။ စုန်ကျန့်က-

"နောင်ကြီး ခဏလေးဗျာ" ဟု ဆိုကာ သူ့အခန်းထဲသို့ ပြန်သွားကာ ငွေစအချို့ကို ယူလာခဲ့ပြီးလျှင် "ကျွန်တော်တို့လည်း ခင်ဗျားကို ခပ်လှမ်းလှမ်းရောက်အောင် လိုက်ပို့ လိုက်မယ်" ဟု ပြောလေ၏။

စုန်ကျန့်၊ ဝုဆုန်နှင့် ညီဖြစ်သူ စုန်ကျင့်တို့သည် သခင်ကျဲ့ကို နှုတ်ဆက်ကြလေ၏။ "ကျွန်တော် မကြာခင် ပြန်လာခဲ့မယ် နောင်ကြီး" ဟု ဆိုကာ သူတို့သုံးယောက်သည် သခင်ကျဲ့ အိမ်မှ ထွက်လာခဲ့ကြလေ၏။

လီပေါင်း ခြောက်လီခန့် ရောက်သည့်အခါတွင် ဝုဆုန်က-

"နောင်ကြီးတို့ နေရစ်ခဲ့ကြတော့လေ။ တော်တော်တောင် လှမ်းနေပြီ။ သခင်ကျဲ့ မျှော်နေလိမ့်မယ်" ဟု ပြောလေ၏။

"ရှေ့နား နည်းနည်းလေးတင်ပါ" ဟု စုန်ကျန့်က ပြောလေ၏။

သူတို့သုံးယောက်သည် စကားတပြောပြောဖြင့် လာခဲ့ကြရာ နောက်ထပ်သုံးလီခန့် ရောက်လာခဲ့ကြသည် တွင် ဝုဆုန်က စုန်ကျန့်၏ လက်ကို ဆွဲကာ-

"ကဲ၊ နေရစ်ခဲ့ကြတော့ဗျ။ ရှေ့ဆက်မလိုက်ခဲ့ကြနဲ့တော့။ "မိတ်ဆွေတယောက်ကို လီပေါင်းတထောင် ရောက်အောင် လိုက်ပို့ပေမယ့် အနေးနဲ့ အမြန်တော့ ခွဲခွာကြရမှာပဲ" တဲ့။ စကားပုံရှိတယ် မဟုတ်လား"

"နောက်ထပ် လေးငါးဆယ်လှမ်းပေါ့ဗျာ။ ဟောဟိုရှေ့နားက ပေတရာပေါ်ရောက်ရင် ဘုံဆိုင်ကလေး တဆိုင် ရှိတယ်။ အဲဒီမှာ တခွက်တဖလား မော့ပြီး ခွဲကြတာပေါ့"

သူတို့သုံးယောက်သည် ထမင်းဆိုင်ကလေးထဲသို့ ဝင်လာခဲ့ကြပြီးလျှင် စုန်ကျန့်က စားပွဲထိပ်တွင် ထိုင်လေ၏။ ဝုဆုန်က တောင်ဝှေးကို ထောင်ပြီး မျက်နှာချင်းဆိုင်တွင် ထိုင်လေ၏။ စုန်ကျင့်က ဘေးတွင် ထိုင်လေ၏။ အရက်တော်တော်များများ သောက်ပြီး သည့်အခါတွင် နေလုံးမှာလည်း အနောက်တောင်စွယ်ပေါ်သို့ မေးတင်လျက်ရှိလေ၏။ "တော်တော်တောင် မိုးချုပ်သွားပြီဗျ။ ခင်ဗျားတို့ ကျွန်တော့်ကို အထင်မသေးဘူး ဆိုရင် ကျွန်တော် လေးကြိမ် ဂါရဝပြုတာကို လက်ခံကြပါဗျာ။ ပြီးတော့ ကျွန်တော့်ကိုလည်း သွေးချင်းညီနောင်တဦးလို သဘောထားပါ" ဟု ဝုဆုန်က ပြောလေ၏။

စုန်ကျန့်မှာ ဝမ်းသာ၍မဆုံးပြီ။ ဝုဆုန်က သူတို့ကို လေးကြိမ် ဂါရဝပြုလေ၏။

စုန်ကျန့်က ဝုဆုန်ကို ငွေတဆယ်ကျပ်သား ပေးရန် သူ့ညီ စုန်ကျင့်ကို ပြောလေ၏။ ဝုဆုန်က ငြင်းဆန်လေ၏။

"နောင်ကြီးတို့မှာ အသုံးလိုနေလိမ့်မယ်။ မယူပါရစေနဲ့"

"ဒါတွေ မတွေးပါနဲ့လေ။ နောင်ကြီး လက်မခံဘူးဆိုရင်တော့ နောင်ကြီးကို ညီနောင်ရယ်လို့ အသိအမှတ်ပြုမှာ မဟုတ်ဘူးနော်"

ဝုဆုန်မှာ ကျေးဇူးတင်စွာ လက်ခံရန်မှအပ အခြားလမ်း မရှိတော့ပြီ။ ဝုဆုန်သည် ပိုက်ဆံကို သားရေအိတ်ထဲသို့ ထည့်လေ၏။ စုန်ကျန့်က ကျသင့်ငွေကို ပေးချေလေ၏။ ဝုဆုန်က တောင်ဝှေးကို ကောက်ကိုင်ပြီးလျှင် သူတို့သုံးယောက်သည် ဘုံဆိုင်ထဲမှ ထွက်လာခဲ့ကြလေ၏။ သူတို့ ခွဲခွာသည့်အခါ၌ ဝုဆုန်၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲလျက် ရှိလေ၏။ စုန်ကျန့်နှင့် စုန်ကျင့်တို့သည် ဘုံဆိုင်ဝတွင် ရပ်ကာ ဝုဆုန်ကို မျက်စိတဆုံး မျှော်ကြည့်

ကျန်ရစ်ခဲ့ကြပြီးနောက် ပြန်လာခဲ့ကြလေ၏။

လမ်းတွင် မြင်းတစီးကို စီးကာ မြင်းပိုနှစ်စီးကို ယူ၍ လာကြိုသော သခင်ကျဲ့နှင့် တွေ့လေ၏။ သူတို့သည် မြင်းပေါ်သို့ တက်ကာ အတူ ပြန်လာခဲ့ကြလေ၏။ သခင်ကျဲ့က နောက်ဖေးဆောင်တွင် အရက်သောက်ရန် သူတို့ကို ဖိတ်ခေါ်လေ၏။ ထို့နောက်တွင် သူတို့ ညီအစ်ကိုနှစ်ယောက်သည် သခင်ကျဲ့၏ အိမ်မှာပင် နေကြလေ၏။

ဤနေရာတွင် ကျွန်ုပ်တို့ဇာတ်လမ်းကို နှစ်ပိုင်းခွဲလိုက်ပြီး စုန်ကျန့်တို့နှင့် ခွဲခွာလာသည့် ဝုဆုန်၏အကြောင်းကို ပြောရပေဦးမည်။ ထိုနေ့ည၌ ဝုဆုန်သည် ထမင်းဆိုင်ကလေး တဆိုင်တွင် ညအိပ် တည်းခိုလေ၏။ နောက်တနေ့မနက်၌ ဝုဆုန်သည် အိပ်ရာမှထ၍ မနက်စာ စားသောက်ပြီးလျှင် ကျသင့်ငွေကို ပေးချေကာ အထုပ်အပိုးတို့ကို ပြင်၍ တောင်ဝှေးကို ကောက်ကိုင်လျက် ခရီးဆက်ခဲ့လေ၏။

“ရဲညီနောင်တွေရဲ့ အသိုက်အဝန်းမှာ စုန်ကျန့်ဟာ ချိန်မှန်မိုးလို့ နာမည်ကြီးပေတယ်။ ချိန်မှန်မိုးဆိုတဲ့ နာမည်နဲ့ လိုက်လည်း လိုက်ဖက်ပါပေတယ်။ ရထိုက်ပါပေတယ်။ ဒီလို ညီနောင်မျိုးနဲ့ မိတ်ဆွေရောင်းရင်း ဖြစ်ရတာဟာ အကျိုးရှိပါပေတယ်” ဟု တွေး၍ လာခဲ့လေ၏။

ဝုဆုန်သည် ရက်ပေါင်းများစွာ လာခဲ့သည့်အခါတွင် ယန်ကူတိုက်နယ်သို့ ရောက်လာခဲ့လေ၏။ အချိန်မှာ မွန်းတည့်ချိန်ဖြစ်လျက် ခရိုင်မြို့သို့ ရောက်ရန်လည်း ကွာလှမ်းနေသေး၏။ လမ်းလျှောက်ခဲ့ရသဖြင့် ဆာလည်းဆာ၊ ရေလည်း ငတ်လှလေပြီ။ ခပ်လှမ်းလှမ်းတွင် ဘုံဆိုင်ကလေးတဆိုင်ကို မြင်ရလေ၏။ ဘုံဆိုင်တံခါးဝတွင်မူ “သုံးခွက်သောက် ပြီးလျှင် ဤခင်တန်းတောင်ကြောကို မကျော်ရ” ဟု အဝတ်စတစပေါ်တွင် ရေးထားသည့် စာတန်းတခုကို မြင်ရလေ၏။

ဝုဆုန်သည် ဘုံဆိုင်ကလေးထဲသို့ ဝင်လာကာ ဝင်ထိုင်လိုက်ပြီးနောက် တောင်ဝှေးကို ထောင်ထား လိုက်လေ၏။

“ဗျို့၊ ဆိုင်ရှင်။ စိမ်ရည်ပေးပါဗျို့” ဟုလည်း အော်လိုက်လေ၏။

ဘုံဆိုင်ပိုင်ရှင်သည် စိမ်ရည်သုံးခွက်၊ အမြည်းတပန်းကန်နှင့် တူတစုံတို့ကို ယူလာပြီး နောက် စားပွဲပေါ်သို့ လာချလေ၏။ ထို့နောက် ခွက်တခွက်တွင် စိမ်ရည်ကို အပြည့်ထည့် ပေးလေ၏။ ဝုဆုန်သည် ခွက်ကို ကောက်ကိုင်ကာ တချက်တည်းဖြင့် ကုန်အောင် သောက် ပစ်လိုက်လေ၏။

“ဒီစိမ်ရည်က တော်တော်ပြင်းပါလား။ စိမ်ရည်နဲ့ မြည်းရအောင် စားစရာကလေး ဘာလေးများ မရှိဘူးလား ဆိုင်ရှင်ကြီး”

"အမဲသားပြုတ်တော့ ရှိပါတယ်"

"အသား ကောင်းကောင်းကလေးထဲက နှစ်ဆယ်သား၊ သုံးဆယ်သားလောက် လှီးခဲ့ဗျာ"

ဆိုင်ရှင်သည် အထဲသို့ ဝင်သွားကာ အမဲသားပြုတ်နှစ်ဆယ်သားခန့်ကို လှီး၍ ပန်းကန်ပြားတချပ်ဖြင့် ထည့်လာပြီးနောက် ဝုဆုန်ရှေ့တွင် လာ၍ ချလေ၏။ ထို့နောက် စိမ်ရည် တခွက်ကို ထပ်၍ ငှဲ့ပေးရလေ၏။ ဝုဆုန်ကလည်း သောက်လေ၏။

"ကောင်းလိုက်တဲ့ စိမ်ရည်ဗျာ" ဟု ပြောကာ နောက်တခွက်ကို ထပ်၍ သောက်ပြန်လေ၏။ ထိုခွက်ပါနှင့်ဆိုလျှင် သုံးခွက်ရှိ၍ သွားလေပြီ။ ဆိုင်ရှင်သည် နောက်ထပ် ငှဲ့မပေးတော့ပြီ။ ဝုဆုန်က စားပွဲကို လက်ဖြင့် ပုတ်လိုက်လျက်-

"ဗျို့၊ ဆိုင်ရှင်ကြီး။ စိမ်ရည်ပေးပါဦး"

"အမဲသားပြုတ်လား ခင်ဗျ။ ရပါတယ် ဆရာကြီး။ လာပါပြီ"

"အမဲသားရော၊ စိမ်ရည်ရော နှစ်ခုစလုံး လိုချင်တယ်"

"ဆရာကြီးအတွက် အမဲသားတော့ ရပါတယ် ခင်ဗျ။ ဒါပေမဲ့ စိမ်ရည်ကတော့ နောက်ထပ် မပေးနိုင်တော့ပါဘူး"

"ဟော ငါxxxတဲ့မှပဲ။ ဘာဖြစ်လို့ မရနိုင်ရမှာလဲ"

"တံခါးဝမှာ ချိတ်ထားတဲ့ စာတန်းကို ဆရာကြီး မြင်တယ်မဟုတ်လား။ "သုံးခွက် သောက်ပြီးလျှင် ဤခင်တန်းတောင်ကြောကို မကျော်ရ" လို့ ရေးထားတယ်လေ"

"ဘာအဓိပ္ပာယ်လဲဗျ"

"ကျွန်တော်တို့ဆိုင်က စိမ်ရည်ဟာ တောမှာ စိမ်တဲ့ စိမ်ရည်ဖြစ်ပေမယ့် နှစ်ရှည်လများ သိုလှောင်ထားတဲ့ အရက်များလိုပဲ မွှေးပါတယ်။ အဲဒီ စိမ်ရည်သုံးခွက်ကို သောက်ပြီးတဲ့ ခရီးသွားများဟာ မူးယစ်သွားတဲ့အတွက် ဒီခင်တန်းတောင်ကြောကို မကျော်နိုင်တော့ပါဘူး။ ဒါကို အစွဲပြုပြီး ဒီခင်တန်းတောင်ကြောကို ကျင့်ယန်ခင်တန်းလို့ ခေါ်ပါတယ်။ ကျွန်တော့်ဘုံဆိုင်မှာ လာသောက်တဲ့ ခရီးသည်များဟာ သုံးခွက်ထက် ပိုပြီး မသောက်ကြပါဘူး"

ဝုဆုန်သည် ပြုံးလေ၏။

"ဪ၊ ဒါကြောင့်လား။ ခု ကျုပ် သုံးခွက်သောက်ပြီးပြီ။ ဘာဖြစ်လို့ ထပ်မသောက်ရမှာလဲ"

"ကျွန်တော့် စိမ်ရည်ဟာ ဘူးဆို့ကို ဖောက်ထွင်းပြီး မွှေးတဲ့အတွက် "ဘူးဆို့မွှေး"လို့ ခေါ်ပါတယ်။ သုံးခွက်သောက်ပြီး ဆိုင်ထဲကထွက်ရင် လဲအောင်မူးတဲ့အတွက် "ဆိုင်ထွက်ကျွမ်း" လို့လည်း ခေါ်ပါတယ်။ သောက်စတော့ ဘာမှမဖြစ်ပါဘူး။ အဲ၊ နည်းနည်းကြာ သွားလေလေ မူးလေလေပါပဲ"

"သောက်ကြွားပဲကွ။ ဟော့၊ ဒီမှာ ကျုပ် ပိုက်ဆံပေးသောက်တာဗျ။ နောက်ထပ် သုံးခွက်ပေးဦး"

ဝုဆုန်မှာ များစွာ မူးယစ်ခြင်း မရှိသေးသည်ကို မြင်သည့်အတွက် ဆိုင်ရှင်လည်း နောက်ထပ်သုံးခွက် ငှဲ့၍ ပေးလေ၏။ ဗလကြီးဝုဆုန်သည် ထိုသုံးခွက်ကိုလည်း ချက်ချင်း သောက်ပစ်လိုက်လေ၏။

"ကောင်းလိုက်တဲ့ စိမ်ရည်ဗျာ။ ဒီမှာ ဆိုင်ရှင်ကြီး။ ကျုပ် တခွက်ထည့်တိုင်း ငွေချေမယ်။ ထည့်သာပေး"

"ဖြည်းဖြည်းသောက်ပါ ဆရာကြီး။ ဒီစိမ်ရည်ကိုသောက်ရင် လူတွေ ကျွမ်းဆောင့်အောင် မူးကုန်တာချည်းပါပဲ။ အမူးပြေအောင် လုပ်နိုင်တဲ့ ဆေး မရှိပါဘူး"

"သောက်စကား မများစမ်းနဲ့။ ခင်ဗျားပြောတိုင်း ယုံရမှာလား။ ကျုပ်ဘာသာ ကျုပ် သိတယ်"

ဘုံဆိုင်ပိုင်ရှင်သည် အကျိုးအကြောင်းပြောသည့်တိုင် ဝုဆုန် သဘောပေါက်အောင် မပြောနိုင်တော့ပြီ။ သို့ဖြင့် နောက်ထပ် သုံးခွက်ငှဲ့၍ ပေးပြန်လေ၏။

"နောက်ထပ် အမဲသားပြုတ်နှစ်ဆယ်သား ထည့်ခဲ့ဦး"

ဆိုင်ရှင်သည် အမဲသားများကို လှီးကာ နောက်ထပ် စိမ်ရည်သုံးခွက် ထည့်ပေးလေ၏။ ဝုဆုန်မှာ ခံတွင်းပို၍ တွေ့လာလေ၏။ ဝုဆုန်သည် ငွေစအချို့ကို စားပွဲပေါ်သို့ တင်လိုက် လေ၏။

"ဟောဒီမှာ တွေ့လား။ ဒီလောက်ဆိုရင် စိမ်ရည်ဖိုးနဲ့ အမဲသားဖိုး မလောက်သေး ဖူးလား"

"လောက်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတောင် ပြန်အမ်းရဦးမှာပါ"ဟု ဘုံဆိုင်ပိုင်ရှင် က ပြောလေ၏။

“ခင်ဗျားပြန်အမ်းတာကို မလိုချင်ဘူး။ အရက်ပဲ လိုချင်တယ်”

“ဆိုင်မှာ လေး ငါး ခြောက်ခွက်လောက်ပဲ ကျန်တော့တယ် ခင်ဗျ။ ဆရာကြီးလည်း သောက်နိုင်တော့မှာ မဟုတ်ဘူး ထင်တယ်”

“လေး ငါး ခြောက်ခွက်လည်း ယူခဲ့။ ကျန်တာလည်း အကုန်ယူခဲ့။ သောက်ပြမယ်”

“နောင်ကြီးက အလုံးအထည်ကလည်း သိပ်ကြီးတာပဲ။ ဆရာကြီး မူးပြီးလဲရင် ကျွန်တော် ဘယ့်နှယ်လုပ် ထူနိုင်မှာလဲ”

“ခင်ဗျား ထူမှ ထရမယ်ဆိုရင် ကျုပ် ယောက်ျားမဟုတ်တော့ဘူးဗျ” ဆိုင်ရှင်မှာ တားလျက်ရှိလေ၏။ ဝုဆုန်မှာ စိတ်ဆိုး၍ လာခဲ့လေပြီ။

“ဒီမှာ ကျုပ် ပိုက်ဆံပေးပြီး သောက်နေတာဗျ။ ကျုပ် စိတ်ဆိုးအောင် မလုပ်နဲ့။ ကျုပ် စိတ်ဆိုးရင် ခင်ဗျားဆိုင်ကို မှောက်လှန်ပြီး မီးရှို့ပစ်မယ်”

“ဒီလူတော့ မူးနေပြီ။ လူကလည်း ကြမ်းတမ်းပါဘိသနဲ့။ သူ့ကို စိတ်တိုအောင် လုပ်လို့ မဖြစ်ဘူး” ဟု ဆိုင်ရှင် တွေးနေလေ၏။ ဆိုင်ရှင်သည် ဝုဆုန်ကို နောက်ထပ် ခြောက်ခွက် ငှဲ့ပေးလေရာ စုစုပေါင်း ဆယ့်ရှစ်ခွက် ရှိသွားလေပြီ။ ဝုဆုန်သည် တောင်ဝှေးကို ကောက် ကိုင်၍ ထိုင်ရာမှ ထလေ၏။ တံခါးမှ အပြင်သို့ ထွက်သွားရင်း-

“ကျုပ် ဘယ်မှာ မူးလို့လဲဗျ။ “သုံးခွက်ကျော်ရင် တောင်မကျော်နိုင်ဘူး” လို့ ဘယ်သူ ပြောသလဲ” ဟု ဆိုကာ ဝုဆုန်သည် ခရီးကို ဆက်လာခဲ့လေ၏။ ဘုံဆိုင်ပိုင်ရှင်သည် သူ့နောက်မှ ပြေးလိုက်လာရင်း-

“ဆရာကြီး ဆရာကြီး။ ဘယ်ကို သွားမလို့လဲ”

ဝုဆုန်သည် ရပ်နေလေ၏။

“ဘာကိစ္စ ခေါ်တာလဲ။ ခင်ဗျားကို ကျုပ် ပိုက်ဆံအကျေပေးပြီးပြီပဲ။ ဘာဖြစ်လို့ နောက်က လိုက်အော်နေတာလဲ”

“ကျွန်တော်က စေတနာနဲ့ ခေါ်တာပါ။ ဆရာကြီး ပြန်လာခဲ့ပါ။ ဆရာကြီးကို အစိုးရ ကြော်ငြာတခု ကျွန်တော်ပြပါ့မယ်”

“ဘာကြော်ငြာလဲ”

“ကျင့်ယန်ခင်တန်းမှာ ထိပ်ကွက်ဖြူကြီးနဲ့ လူသားစား ကျားကြီးတကောင်

သောင်းကျန်းနေတယ်ဗျ။ ညညမှာ ထွက်လာပြီး လူတွေကို ကိုက်သတ်စားနေတာ ခု ဆိုရင် လူသန်ကြီးတွေ သုံးဆယ်ကျော်လောက် ရှိနေပြီ။ အစိုးရမင်းများက အဲဒီကျားကြီးကို ဖမ်းဖို့ မုဆိုးတွေကိုလည်း ရိုက်နှက်ခိုင်းထားတယ်။ ခင်တန်းတောင်ကြောပေါ်ကို တက်တဲ့လမ်း အဝင်လမ်းတိုင်းမှာလည်း ကြော်ငြာစာတွေ ကပ်ထားတယ်။ ခရီးသွားတွေဟာ ဒီခင်တန်းကို ဖြတ်ရင် အစုလိုက် အုပ်နဲ့ ဖြတ်ရမယ်တဲ့။ မွန်းမတိမ်းမီနဲ့ မွန်းတိမ်းပြီးချိန် လောက်မှာ ဖြတ်ရမယ်တဲ့။ ကျန်တဲ့အချိန်တွေမှာဆိုရင် ခင်တန်းတောင်ကြောပေါ် တက်တဲ့ လမ်းတွေအားလုံးကို ပိတ်ထားတယ်။ ဘယ်သူ့ကိုမှ တယောက်တည်း သွားခွင့်မပေးဘူး။ ခု နေလည်း တော်တော်နည်းသွားပြီ။ ဆရာကြီးကလည်း ဘာမပြော ညာမပြောနဲ့ ထွက်သွားတယ်။ ဆရာကြီး တခုခုဖြစ်တာကို ကျွန်တော် မကြည့်ချင်ဘူးဗျာ။ ဒီနေ့ည ကျွန်တော့် ဆိုင်မှာပဲ အိပ်ပါလား။ မနက်ဖြန်မနက်ကျတော့မှ ခရီးသွား နှစ်ဆယ် သုံးဆယ် စုပြီး သွားရင် စိတ်ချရတာပေါ့”

ဝုဆုန်က ရယ်လေ၏။

“ဒီမှာ ဆိုင်ရှင်ကြီး။ ကျုပ်က ကျင်ဟဲနယ်သားဗျ။ ဒီခင်တန်းကြောကို ဖြတ်ခဲ့တာ အကြိမ်နှစ်ဆယ် မကတော့ဘူး။ ဘယ် ကျားတကောင်မှလည်း မတွေ့ဖူးဘူး။ ဒါမျိုးနဲ့ ခြောက်လို့တော့ ဘယ်ရမလဲ ကိုယ့်လူရာ။ ကျားရှိတော့ကော ဘာဖြစ်သလဲ။ ကျုပ်က ကြောက်ရမှာလား”

“ဆရာကြီးကို စေတနာနဲ့ ပြောတာပါ။ ဆရာကြီးမယုံရင် ကြော်ငြာစာရွက်ကို လိုက်ဖတ်ကြည့်ပေါ့”

“ဘယ်ကျားမှ မကြောက်ဘူးကွ။ ×××× ထင်တယ်။ ဘာလဲ။ ကျုပ်ကို ခင်ဗျားဆိုင်မှာ အအိပ်ခိုင်းပြီး ညကျမှ ကျုပ်ပစ္စည်းကို ယူပြီး လူကို သတ်မလို့ မဟုတ်လား။ ဒါကြောင့်မို့ ကျားရှိသလေး ဘာလေးနဲ့ ပြောပြီး ကျုပ်ကို ခြောက်နေတာ မဟုတ်လား”

“ကောင်းပြီလေ။ ဆရာကြီးက ကျုပ်ရဲ့ စေတနာကို ဝေဒနာထင်တာကိုး။ ဒါကြောင့် ဒီစကားမျိုး ပြောတာပေါ့။ မယုံလည်း နေပေါ့ဗျ။ သွားပေါ့”

ဘုံဆိုင်ပိုင်ရှင်သည် ခေါင်းကို ယမ်း၍ ဆိုင်ထဲသို့ ပြန်ဝင်သွားလေ၏။ ဝုဆုန်သည် တောင်ဝှေးကို လက်တွင်ကိုင်ကာ ကျင့်ယန်ခင်တန်းဆီသို့ လာခဲ့လေ၏။

လေး ငါးလီခန့် လျှောက်မိသည့်အခါတွင် တောင်ကြောခြေရင်းသို့ ရောက်လာခဲ့လေ၏။ သစ်ပင်ကြီးတပင်မှ သစ်ခေါက်ကို ခွာထားပြီးစလျှင် ပင်စည်ဖြူဖြူပေါ်တွင် စာများကို ထွင်းထားသည်ကို တွေ့ရလေ၏။ ဝုဆုန်မှာ

စာတတ်သူတယောက် ဖြစ်သည့်အလျောက် ထွင်းထားသည့် စာကို ဖတ်ကြည့်ရာ "ယခုတလော ကျင့်ယန်ခင်တန်းမှ ကျားဆိုးကြီး တကောင်သည် လူများကို ကိုက်စားလျက် ရှိသည်။ ခရီးသွားများသည် မွန်းတည့်ခါနီးနှင့် မွန်းတိမ်းအချိန်များတွင်သာ အုပ်စုနှင့် သွားလာကြပါ။ တယောက်တည်း မသွားပါနှင့်" ဟု ရေးထားသည်ကို တွေ့ရလေ၏။

ဝုဆုန်သည် ပြုံးလေ၏။

"ဘုံဆိုင်ပိုင်ရှင်ဟာ တော်တော်ဉာဏ်များတဲ့ ကောင်ပဲ။ သူ့ဆိုင်မှာ ခရီးသွားတွေ ညအိပ်အောင် ခြောက်တာ။ ငါ့ကို ခြောက်လို့ ဘယ်ရမလဲကွာ"

ဝုဆုန်သည် တောင်ဝှေးကို အလျားလိုက်ကိုင်ကာ တောင်ကြောခင်တန်းပေါ်သို့ တက်လာခဲ့လေ၏။ အချိန်မှာ ညနေစောင်းဖြစ်ရာ နေလုံးသည် အနောက်ဘက်တောင်စွယ်ပေါ်တွင် မေးတင်လျက် ရှိလေ၏။ ဝုဆုန်မှာ စိမ်ရည်ကို သောက်လာခဲ့သည့်အတွက် ပေါ့ပါးလန်းဆန်းလျက် ရှိသည့် အလျောက် တောင်ကြောခင်တန်းပေါ်သို့ ဆက်၍ တက်လာခဲ့လေ၏။ လီတဝက်ခန့် သွားမိသည့်အခါတွင် ပျက်စီးနေသည့် နတ်ကွန်းကလေး တခုကို တွေ့ရလေ၏။ နတ်ကွန်းတံခါးတွင် ကြော်ငြာစာရွက်တရွက်ကို ကပ်ထားလေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

> **ယန်ကူခရိုင်ကြော်ငြာစာ ။ ။ ကျင့်ယန်ခင်တန်း တောင်ကြောပေါ်တွင် ကျားဆိုးကြီး တကောင်သည် လူအများကို သတ်ဖြတ်ကိုက်စားလျက် ရှိသည်။ မြို့အာဏာပိုင်များ၊ ရွာသူကြီးများနှင့် မုဆိုးများအား ထိုကျားဆိုးကြီးကို ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ထားသော်လည်း ယခုတိုင် ဖမ်းဆီး၍ မရဘဲ ဖြစ်နေသည်။ ခရီးသွားများသည် မွန်းမတည့်မီနှင့် မွန်းတည့်ပြီးစ အချိန်များတွင်သာ ဤ ခင်တန်းမှ ဖြတ်သန်းခွင့်ပြုသည်။ ထိုသို့ ဖြတ်သန်း ရာတွင် လူစုလူဝေးဖြင့်သာ ဖြတ်သန်းရမည်။ အခြား အချိန်များတွင်မူ ကျားဆိုး၏ ရန်ကို စိုးရိမ်ရသည့်အတွက် ဖြတ်သန်းခွင့် မပြု။ တဦးချင်း ခရီးသွားများကိုမူ မည်သည့် အချိန် တွင်မှ ဖြတ်သန်းခွင့်ပြုမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။**

ထိုအတိုင်းဆိုလျှင် ထိုနေရာတဝိုက်တွင် ကျားရှိနေသည်မှာ သေချာနေလေပြီ။ အစိုးရ တံဆိပ်ခတ်နှိပ်ထားသော ကြော်ငြာစာရွက်သည် ထိုအချက်ကို အတည်ပြုလျက် ရှိလေပြီ။ ဝုဆုန်သည် ဘုံဆိုင်သို့ ပြန်သွားရမည်လောဟု စဉ်းစားမိသေး၏။ "ပြန်သွားလို့ ရှိရင်တော့ ဘုံဆိုင်ပိုင်ရှင်က ငါ့ကို သူရဲဘောကြောင်တဲ့လူဆိုပြီး ရယ်တော့မှာပဲ။ ပြန်သွားလို့မဖြစ်ဘူး" ဟု စိတ်ကူးမိလေ၏။ ခဏမျှ စဉ်းစားပြီးနောက် "အို၊ ဘာကြောက်စရာ ရှိသလဲ။ တွေ့ရင်လည်း တွေ့ပေါ့။ ဒီအတိုင်းပဲ ဆက်သွားတော့မယ်" ဟု တယောက်တည်း

ပြောလေ၏။

ဝုဆုန်သည် ဆက်၍ လျှောက်လာခဲ့လေ၏။ အရက်ရှိန်ကြောင့် တကိုယ်လုံး အိုက်စပ်စပ်ဖြစ်လာသဖြင့် သက္ကလတ်ဦးထုပ်ပြားကြီးကို ပခုံးပေါ် လန်ကျသည်အထိ နောက်သို့ လှန်၍ ထားလိုက်လေ၏။ ဝုဆုန်သည် တောင်ဝှေးကို ချိုင်းကြားတွင် ညှပ်ကာ တောင်ကြောခင်တန်းပေါ်သို့ တက်လာခဲ့လေ၏။ နေလုံးကို ကြည့်လိုက်သည့်အခါတွင်မူ လုံးဝ မမြင်ရတော့ပြီ။ နွေနှောင်းတွင် နေ့တာက တိုပြီး ညတာကလည်း ရှည်လျားလှ၏။ အချိန် အစောကြီး ရှိသေးသည့်တိုင် မှောင်နေလေပြီ။

"ဘယ်မှာ ကျားရှိလို့လဲ။ လူတွေက အလကားကြောက်ပြီး တောင်ကြောပေါ်ကို မတက်ရဲဘဲ ဖြစ်နေကြတာ" ဟု တယောက်တည်း ပြောလာလေ၏။

သောက်ထားသည့် အရက်မှာ တဖြည်းဖြည်း တန်ခိုးပြစပြုလေပြီ။ တကိုယ်လုံး အိုက်စပ်လျက် ရှိလေပြီ။ ဝုဆုန်သည် တောင်ဝှေးကို လက်တဖက်က ကိုင်ရင်း အခြား လက်တဖက်ဖြင့် အင်္ကျီကြယ်သီးများကို ဖြုတ်လေ၏။ ထိုအချိန်၌ ဝုဆုန်မှာ အရက်ရှိန် ကြောင့် သိုင်းကွက်နင်းသကဲ့သို့ ဖြစ်ကာ ချုံတချုံကြားထဲသို့ လဲကျသွားလေ၏။ သူ့ရှေ့တွင် ကြီးမားချောမွေ့သည့် ကျောက်ဆောင်ကြီးတခု ရှိလေ၏။ ဝုဆုန်သည် သူ့တောင်ဝှေးကို ကျောက်ဆောင်တွင် ထောင်ထားလိုက်ကာ မျက်နှာပြင်ညီနေသည့် ကျောက်ဆောင်ကြီး ပေါ်သို့ တက်လာခဲ့ပြီး အိပ်ရန် ပြင်ဆင်လေ၏။

ထိုစဉ် လေပြင်းတချက် တိုက်ခတ်လာကာ လေငြိမ်သွားသည်နှင့် ချုံနောက်မှ ဟိန်းသံကြီးတခု ပေါ်လာကာ ကြီးမားသော ကျားကြီးတကောင် ခုန်ထွက်လာသည်ကို မြင်လိုက်ရလေ၏။ ကြီးမားသော ထိပ်ဖြူကွက်ကြီးအောက်မှ မျက်လုံးကြီးနှစ်လုံးသည် တောက်ပပြောင်လက်လျက် ရှိလေ၏။

"အမယ်လေးဗျ" ဟု အော်ကာ ဝုဆုန်သည် ကျောက်ဆောင်ကြီးပေါ်မှ ခုန်ချ၍ သူ့ တောင်ဝှေးကို ကောက်ယူပြီးလျှင် ကျောက်ဆောင်ကြီးနောက်တွင် ပုန်းနေလေ၏။

ကျားကြီးမှာ ရေလည်း ဆာ၊ အစာလည်း ဆာလှပြီဖြစ်သဖြင့် မြေကြီးကို ရှေ့ လက်သည်းများဖြင့် နှစ်ကြိမ် သုံးကြိမ်မျှ ယက်နေပြီးနောက် မြှောက်ခုန်ခုန်တက်သွား ပြီးလျှင် ရှေ့သို့ ခုန်အုပ်လိုက်လေ၏။ ဝုဆုန်၏ ကိုယ်တွင်းမှ အရက်တို့သည် ချွေးအဖြစ် ထွက်လာကြလေပြီ။ ယခုပြောနေသည်ထက်ပင် လျင်မြန်သောအရှိန်ဖြင့် ဝုဆုန်သည် ဘေးသို့ ရှောင်လိုက်ရာ ကျားကြီးသည် သူ့ကို လွန်၍ ကျသွားလေ၏။ ကျားများသည် နောက်ပြန်လှည့်၍ရသော သတ္တဝါမျိုး

မဟုတ်သည့်အတွက် မြေကြီးပေါ်သို့ ရှေ့လက် နှစ်ချောင်း ကျသွားသည်နှင့် ဝုဆုန်ကို သူ့ကိုယ်လုံးဖြင့် ဘေးချင်းတိုက်ပစ်ရန် ကြိုးစား လေ၏။ ဤတကြိမ်တွင်လည်း ဝုဆုန် ရှောင်လိုက်သဖြင့် ကိုယ်လုံးနှင့် မတိုက်မိချေ။ ကျားကြီးသည် တတောလုံး တတောင်လုံး တုန်သွားအောင် ကြောက်စဖွယ် ဟိန်းလိုက် ပြီးလျှင် သံကြိုးကြီးကဲ့သို့ မာကျောသော သူ့အမြီးဖြင့် ဝုဆုန်ကို လှမ်းရိုက်လိုက်ပြန် လေ၏။ ဤတချီတွင်လည်း ဝုဆုန်သည် ခုန်၍ ရှောင်လိုက်လေ၏။

ယခုအချိန်၌ ကျားသည် သူ့သားကောင်ကို ဖမ်းရန် နည်းသုံးနည်းဖြင့် ကြိုးစားနေ လေပြီ။ ထိုနည်းများမှာ ခုန်အုပ်ခြင်း၊ ကိုယ်လုံးဖြင့် တိုက်ခြင်းနှင့် အမြီးဖြင့် ရိုက်ခြင်း စသည့် နည်းသုံးနည်း ဖြစ်လေ၏။ ထိုသုံးနည်းစလုံးဖြင့် မရသည့်အခါ၌ တောကောင်ကြီးသည် တဝက်ခန့် စိတ်ဓာတ်ကျသွားခဲ့လေပြီ။ ဤတွင် တောကောင်ကြီးသည် ဟိန်းကာ ဝုဆုန်ကို နောက်တကြိမ် ခုန်အုပ်လိုက်ပြန်လေ၏။

ဝုဆုန်သည် တောင်ဝှေးကြီးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကာ တအားကုန် လွှဲရိုက်ချလိုက်လေ၏။ ဖျောင်းခနဲမြည်သံကြီးနှင့်အတူ သစ်ရွက်များနှင့်တကွ သစ်ကိုင်းကြီးတကိုင်းသည် သူ့ရှေ့သို့ ကျိုးကျလာလေ၏။ ဝုဆုန်သည် ကြောက်ကြောက် လန့်လန့်ဖြင့် ကျားကြီးကို မရိုက်မိဘဲ သစ်ပင်အိုကြီးတပင်ကို ရိုက်မိပြီး တောင်ဝှေးမှာ လည်း ထက်ပိုင်းကျိုးသွားသဖြင့် သူ့လက်ထဲတွင် တပိုင်းသာ ကျန်လေ၏။

တောကောင်ကြီးသည် ဒေါသတကြီးဖြင့် ဟိန်းကာ သူ့ကို နောက်တကြိမ် ခုန်အုပ် လိုက်ပြန်လေ၏။ ဝုဆုန်သည် နောက်သို့ ဆယ်လှမ်းခန့် ဆုတ်လိုက်ပြီးလျှင် ကျားကြီးသည် သူ့ရှေ့တွင် ဝုန်းခနဲ ကျလာလေ၏။ ဝုဆုန်သည် လက်ထဲမှ တောင်ဝှေးအကျိုးကို လွှတ်ချလိုက်ပြီးနောက် ကျားကြီး၏ လည်ကုပ်ကို ဆွဲကိုင်ကာ အတင်းဖိထားလေ၏။ ကျားကြီးကလည်း အတင်းရုန်းလေ၏။ သို့ရာတွင် ဝုဆုန်သည် ရှိသမျှခွန်အားကို ဖျစ်ညှစ် ထုတ်ကာ ကျားကြီးကို ခေါင်းမထောင်နိုင်အောင် အတင်းဖိထားလေ၏။ ဝုဆုန်သည် ကျားကြီးမျက်လုံးနှင့် မျက်နှာကို အချက်ပေါင်းများစွာ ကန်လေ၏။ ကျားကြီးမှာ ဟိန်းဟောက်လျက်ရှိပြီး ရှေ့လက်သည်းများဖြင့် မြေကြီးများကို ယက်နေလေရာ ခဏ ကြာလျှင် သူ့ရှေ့တွင် ကျင်းကြီး ဖြစ်လာလေ၏။ ဝုဆုန်သည် ကျားကြီး၏ နှုတ်သီးကို ကျင်းထဲသို့ ရောက်အောင် အတင်းဖိထားခြင်းဖြင့် ကျားကြီးကို အားနည်းလာအောင် လုပ်လေ၏။ ဝုဆုန်သည် ကျားကြီး၏ လည်ကုပ်ကို ဘယ်လက်ဖြင့် အတင်းဖိထားရင်း သံလက်ရိုက်ကြီးတမျှကြီးသော သူ့ညာဘက်လက်သီးဆုပ်ဖြင့် ကျားကြီးကို အချက်ပေါင်း များစွာ တအားထိုးလျက်ရှိလေ၏။

အချက် ခြောက်ဆယ် ခုနစ်ဆယ်ခန့် ထိုးမိသည့် အခါ၌ကား ကျားကြီး၏ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက် စသည်တို့မှ သွေးတွေ စီးကျလာကာ ကျားကြီးမှာလည်း အားကုန်မောပန်းကာ အသက်ကို ပြင်းစွာရှူလျက်ရှိရင်း မလှုပ်မရှားနိုင်အောင် ဖြစ်လျက်ရှိလေပြီ။ ဝုဆုန်သည် ထိုင်ရာမှ ထကာ သစ်ပင်အောက်တွင် ကျန်ရစ်ခဲ့သည့် သူ့တောင်ဝှေး အကျိုးကို လိုက်ရှာလေ၏။ ထိုတောင်ဝှေးအကျိုးဖြင့် ဝုဆုန်သည် ကျားကြီးကို သေသည် အထိ ရိုက်သတ်လေ၏။ ထို့နောက်တွင် ဝုဆုန်သည် တောင်ဝှေးအကျိုးကို ဘေးသို့ ချထားလိုက်လေ၏။

“ဒီကျားသေကြီးကို တောင်အောက်ကို ဆွဲသွားရင် ကောင်းမယ်” ဟု စိတ်ကူးမိလေ၏။ ထို့ကြောင့် သွေးအိုင်ထဲတွင် လဲနေသည့် ကျားသေကြီးကို ဆွဲလေ၏။ သို့ရာတွင် ကျားသေ ကြီးမှာ နေရာမှ မရွေ့ချေ။ ထိုအချိန်၌ ဝုဆုန်မှာလည်း ခြေလက်တို့ မသယ်ချင်လောက် အောင် မောပန်းလျက်ရှိလေပြီ။

ဝုဆုန်သည် ကျောက်ဆောင်ပေါ်သို့ တက်ထိုင်ကာ အပန်းဖြေလေ၏။

“တော်တော်လည်း မှောင်နေပြီ။ နောက်ထပ် ကျားတကောင် ပေါ်လာရင် ငါ့မှာလည်း အားအင်မရှိတော့ဘူး။ ဒီခင်တန်းတောင်ကြောပေါ်က မြန်မြန်ဆင်းမှ ဖြစ်တော့မယ်။ မနက်ဖြန်မနက်ကျမှပဲ ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ရတော့မှာပဲ”ဟု တွေးလေ၏။

ဝုဆုန်သည် ကျောက်ဆောင်ဘေးတွင် ချထားသည့် နားပတ်ပြားကြီးကြီး သက္ကလတ် ဦးထုပ်ကို ကောက်ယူကာ ချုံကို ကွေ့ပတ်ပြီးနောက် တောင်ကြောခင်တန်းပေါ်မှ ဆင်းခဲ့ လေ၏။ လီတဝက်ခန့်လောက် သွားမိလျှင် ကိုင်းတောထဲမှ ကျားနှစ်ကောင် ခုန်ထွက် လာသည်ကို မြင်လိုက်ရလေ၏။

“အမယ်လေးဗျ။ ဒီတခါတော့ သေပါပြီ” ဟု ပါးစပ်မှ အော်လိုက်မိလေ၏။

အမှောင်ထဲတွင် ကျားနှစ်ကောင်သည် မတ်မတ်ကြီးရပ်နေသည်ကို မြင်လိုက်ရ လေ၏။ သေသေချာချာ ကြည့်လိုက်သည့်အခါတွင် ကျားရေကို ချုပ်၍ ဝတ်ထားသည့် လူနှစ်ယောက်ဖြစ်နေကြောင်း တွေ့ရလေ၏။ သူတို့လက်ထဲတွင်လည်း အသွားငါးချောင်း ရှိသည့် ခက်ရင်းကြီးများကို ကိုင်ထားကြလေ၏။ သူတို့နှစ်ယောက်သည် ဝုဆုန်ကို တအံ့တသြဖြင့် ကြည့်နေကြလေ၏။

“ကိုယ့်လူက ဒီလောက် သတ္တိကောင်းရအောင် မိကျောင်းအသည်းကို စားခဲ့လို့လား။ ကျားသည်းခြေကို စားခဲ့လို့လား။ ဒါမှမဟုတ်ရင် ခြင်္သေ့ဒူးရိုးကို စားခဲ့လို့လား။ ဒီခင်တန်း တောင်ကြောပေါ်မှာ ညနေမိုးချုပ်မှ လက်နက်မပါ

ဘာမပါနဲ့ ဒီခင်တန်းတောင်ကြောကို ဖြတ်ရသလား။ အတင့်ရဲလှချေလား။ ကိုယ့်လူက လူလား၊ ဘီလူးလား”

“ခင်ဗျားတို့နှစ်ယောက်ကကော ဘယ်သူတွေလဲ”ဟု ဝုဆုန်က မေးလေ၏။

“ကျုပ်တို့က ဒီအရပ်က မုဆိုးတွေ”

“ခင်ဗျားတို့ကကော ဒီခင်တန်းတောင်ကြောပေါ်မှာ ဘာလာလုပ်ကြတာလဲ”

“ကိုယ့်လူ မသိဘူးလား။ ဒီ ခင်တန်းတောင်ကြောပေါ်မှာ ကျားဆိုးကြီးတကောင် ရှိတယ်။ ညအချိန်မှာ ထွက်ထွက်လာပြီး လူတွေကို ကိုက်သတ်စားနေတယ်။ ကျားကုတ် ခံရတာ ကျုပ်တို့ မုဆိုးထဲကချည်း ရှစ်ယောက်၊ ကိုးယောက်လောက် ရှိနေပြီ။ ခရီးသွား တွေကတော့ ရေတောင် မရေနိုင်တော့ဘူး။ ခု ဒီကျားကြီးကို ဖမ်းဖို့ မြို့ဝန်က မြို့အုပ်တွေ၊ သူကြီးတွေ၊ မုဆိုးတွေကို အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ ကျားကြီး သောင်းကျန်းလွန်း တော့ ဘယ်သူမှ အနားမကပ်ရဲကြဘူး။ ကျုပ်တို့လည်း မကြာခဏဖမ်းဖို့ ကြိုးစားခဲ့ကြ တာပဲ။ ဒါပေမဲ့ ခုထိ ဖမ်းလို့မရသေးဘူး။ ခုညတော့ ကျုပ်တို့အလှည့်ကျတာနဲ့ ကျားကြီးကို ချောင်းနေတာ။ ကျုပ်တို့နဲ့အတူ ရွာသားတကျိပ်ကျော်လောက်လည်း ပါလာတယ်။ ပြီးတော့ ဆိပ်လူးမြားတွေ တပ်ထားတဲ့ ညှပ်တွေလည်း နေရာအနှံ့အပြားမှာ ချထားတယ်။ ခု ကျုပ်တို့ ဒီနေရာမှာ ချောင်းနေကြတုန်း တောင်ကြောပေါ်က တလှုပ်လှုပ်နဲ့ ဆင်းလာ တာမြင်လို့ ကျုပ်တို့ စောင့်ကြည့်နေကြတာ။ ခင်ဗျားကို မြင်တော့ ကျုပ်တို့မှာ လန့်သွား တာပဲ။ နေစမ်းပါဦး၊ ကိုယ့်လူက ဘယ်သူလဲ။ ကျားနဲ့ကော မတွေ့ခဲ့ဘူးလား”

“ကျုပ်က ကျင်ဟဲနယ်သားပါ။ ကျုပ်နာမည်က ဝုဆုန်လို့ ခေါ်ပါတယ်။ ကျုပ် ခပ်စောစောက ချုံပုတ်ကြီးတခုနားမှာ ကျားနဲ့ တွေ့ခဲ့လို့ အဲဒီကျားကို ကျုပ် လက်သီးနဲ့ ထိုး၊ ခြေထောက်နဲ့ ပိတ်ကန်ပြီး သတ်ပစ်ခဲ့ပြီးပါပြီ”

“ကိုယ့်လူ နောက်နေတာလား” ဟု မုဆိုးများက တအံ့တသြ မေးကြလေ၏။

“မယုံရင် ကျုပ်ကိုယ်ပေါ်က သွေးတွေကို ကြည့်ပေါ့”

“ဘယ်လိုဖြစ်တာလဲဗျာ”

ဝုဆုန်သည် သူတို့ကို အသေးစိတ်ပြောပြလေ၏။ မုဆိုးနှစ်ယောက်သည် တအံ့တသြ နားထောင်လျက်ရှိပြီးနောက် သူတို့ရွာသားများကို အော်၍ ခေါ်လိုက်လေ၏။ ခဏကြာလျှင် ခက်ရင်းများ၊ ထောင်ချောက်များ၊ ဓားများ၊ လှံများကို ကိုင်ထားသည့် ရွာသားများ စုရုံး ရောက်ရှိလာကြလေ၏။

"သူတို့က ခင်ဗျားတို့နဲ့ ဘာဖြစ်လို့ လိုက်မလာကြတာလဲ" ဟု ဝုဆုန်က မေးလေ၏။ "ကျားကြီးက သိပ်သောင်းကျန်းတယ် မဟုတ်လား။ ဒီတော့ ကျုပ်တို့နဲ့အတူ မလိုက်ရဲကြဘူးပေါ့"ဟု ဆိုကာ မုဆိုးနှစ်ယောက်က ဝုဆုန် ပြောပြသည့် အဖြစ်အပျက်ကို ရွာသား များအား ပြောပြကြလေ၏။ မည်သူကမျှ မယုံကြချေ။

"ဒါဖြင့် ကျုပ်နဲ့ လိုက်ခဲ့။ ခင်ဗျားတို့ကိုယ်တိုင် ကြည့်ပေါ့" ဟု ဝုဆုန်က ပြောလေ၏။ သူတို့တွင် မီးခတ်ကျောက်နှင့် သံစ ပါလာသဖြင့် မီးမွှေးကာ မီးတုတ် ခြောက်ခု၊ ခုနစ်ခု လုပ်ကြလေ၏။ မုဆိုးများနှင့် ရွာသားများသည် ဝုဆုန်နှင့်အတူ ခင်တန်းတောင်ကြော ပေါ်သို့ လိုက်လာခဲ့ကြကာ ကျားကြီးသေဆုံးနေသည့် နေရာသို့ ရောက်လာကြလေ၏။ ရွာသားများအားလုံးမှာ ဝမ်းသာလျက်ရှိကြလေ၏။ ရွာသားတယောက်ကို လွှတ်ပြီး ရွာသူကြီးနှင့် ရွာလူကြီးတို့အား ထိုအကြောင်းကို အပြောခိုင်းလိုက်လေ၏။ လယ်သမား ငါးယောက် ခြောက်ယောက်ခန့်တို့သည် ကျားကြီးကို ခြေလက်တို့ ပူးချည်ကာ ဝါးလုံးတလုံးတွင် လျှိုထမ်းပြီး ခင်တန်းတောင်ကြော အောက်သို့ သယ်လာခဲ့ကြလေ၏။

ခင်တန်းတောင်ကြောအောက်သို့ ရောက်လျှင် ဝမ်းသာအားရ ကြိုဆိုနေကြသော လူ ခုနစ်ဆယ် ရှစ်ဆယ်ခန့်ကို တွေ့ရလေ၏။ ရွာသားများသည် ကျားသေကြီးကို ရှေ့ဆုံးမှ ထမ်းကာ ထို့နောက်မှ ဝုဆုန်အား ထမ်းစင်ပေါ်သို့ တင်၍ ရွာလူကြီးအိမ်သို့ ခေါ်လာခဲ့ကြ လေ၏။ ရွာအဝင်ဝတွင် ရွာသူကြီးနှင့် ရွာလူကြီးများသည် ဝုဆုန်ကို ကြိုဆိုလျက်ရှိလေ၏။ ကျားသေကြီးကို ရွာလယ်ဇရပ် ရှေ့တွင် ချထားလေ၏။ အခြားမုဆိုးများနှင့် ရွာလူကြီးများ ကလည်း ဝုဆုန်ကို ချီးကျူးဂုဏ်ပြုကြလေ၏။

"နေစမ်းပါဦး လူသန်ကြီးရဲ့။ မောင်ရင့်နာမည်က ဘယ်သူတဲ့လဲ။ ဘယ်အရပ်ကလဲ" ဟု မေးကြလေ၏။

"ကျွန်တော်က ဟိုဘက်နားက ကျင်ဟဲနယ်ကပါ။ ကျွန်တော့်နာမည်က ဝုဆုန်လို့ ခေါ် ပါတယ်။ ကျွန်တော်က ဒုတိယသားပါ။ မနေ့ညနေက ကန်စုက ပြန်လာတော့ ကျွန်တော်လည်း လမ်းမှာ ဘုံဆိုင်ကလေးတဆိုင် တွေ့တာနဲ့ စိမ်ရည်ဝင်သောက်ပါတယ်။ သောက်ပြီး ခင်တန်းတောင်ကြောပေါ် တက်လာတော့ ကျားကြီးနဲ့ တွေ့တော့တာပါပဲ"

ဝုဆုန်က သူ့လက်၊ သူ့ခြေများဖြင့် ကျားကြီးကို မည်သို့ သတ်ခဲ့ကြောင်းကို အသေး စိတ် ပြောပြလေ၏။ "သောက်ကျိုးနည်း စွမ်းတဲ့လူပါဗျာ" ဟု ပြောကြလေ၏။

မုဆိုးများက သူ့ကို ဂုဏ်ပြုကာ စိမ်ရည်တိုက်ကြလေ၏။ ဝုဆုန်မှာကား

ကျားနှင့် သတ်ခဲ့ရသဖြင့် မောပန်းအားကုန်လျက်ရှိကာ အိပ်ချင်နေလေပြီ။ ရွာလူကြီးသည် ဝုဆုန် အပန်းဖြေနားနေရန်အတွက် သူ့အိမ်တွင် အခန်းတခန်းကို သီးခြားအပြင်ခိုင်းလိုက်လေ၏။ နောက်တနေ့မနက်တွင်လည်း ခရိုင်မြို့သို့ အကြောင်းကြားလိုက်ကာ ကျားသေကြီးကို သယ်ဆောင်ရန် ထမ်းစင်တခုကို အမြန်လုပ်ခိုင်းလေ၏။

မနက်လင်းသော် ဝုဆုန်သည် မျက်နှာသစ်၍ ပါးစပ်ကို ကျင်းလေ၏။ အိမ်သားများနှင့် ရွာသားများက သူ့အတွက် သိုးသားကြော်နှင့် စိမ်ရည်နှစ်ပုံးကို အိမ်ရှေ့တွင် အသင့်ပြင် ထားလေ၏။ ဝုဆုန်သည် အဝတ်အစားလဲ၍ ခေါင်းပေါင်းကို ပြင်ပေါင်းကာ အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ ရွာသားများက သူတို့စိမ်ရည်ခွက်များကို မြှောက်ကာ သူ့အတွက် ဆုတောင်းကြလေ၏။

“အဲဒီကျားကြီးဟာ လူတွေကို ကိုက်စားလာခဲ့တာ များလှပြီ။ ဒါကြောင့် မုဆိုးတွေ လည်း ကြိမ်ဒဏ်ပေးခံရတာ များလှပြီ။ ခု လူသန်ကြီး လာတော့ ကျုပ်တို့မှာ ဒီဘေးဆိုးကြီးက လွတ်မြောက်သွားပြီ။ ကျုပ်တို့လည်း ကံကောင်းပြီး ခရီးသည်တွေလည်း သွားရ လာရတာ လုံခြုံစိတ်ချရပြီ။ ဒါဟာ ခင်ဗျားကျေးဇူးကြောင့်ပါပဲ”

“ကျွန်တော့်မှာ အရည်အချင်းမရှိပါဘူး ခင်ဗျာ။ ခုလို ကျားကြီးကို သတ်နိုင်ခဲ့တာ ဟာလည်း နောင်ကြီးတို့ ကံကြောင့်ပါ”

အားလုံးကပင် ဝုဆုန်ကို ဝိုင်းဝန်းချီးကျူးကာ တမနက်လုံး စိမ်ရည်သောက်ကြလေ ၏။ ကျားသေကြီးကိုလည်း ထမ်းစင်ပေါ်သို့ တင်လေ၏။ ရွာလူကြီးများ၏ မိသားစုများက ဝုဆုန်အား ပိုးဝတ်ရုံများ၊ ပန်းကုံးများဖြင့် ဆင်ယင်ပေးကြလေ၏။ သူ့ပစ္စည်းများကိုလည်း သိမ်းဆည်းပေးကာ ရွာသားများသည် သူ့ကို ရွာတံခါးဝသို့ လိုက်ပို့ကြလေ၏။ မြို့ဝန်ထံမှ ရောက်ရှိလာသူများသည် ဝုဆုန်နှင့် ကျားသေကြီးကို ယန်ကူခရိုင်သို့ ခေါ်သွားရန် ရွာတံခါးတွင် စောင့်နေကြလေ၏။ မင်းချင်းများသည် ဝုဆုန်ကို နှုတ်ဆက်ကာ ဝုဆုန်အား လူလေးယောက်ထမ်းသည့် သံလျင်းပေါ်သို့ တက်စေလေ၏။ ယန်ကူခရိုင်သို့ လာခဲ့ရာတွင် ရှေ့မှ ကျားသေကြီးကို စင်ဖြင့် ထမ်းပြီး ဝုဆုန်က ပိုးဝတ်ရုံများ၊ ပန်းကုံးများ ဆင်ယင်လျက် နောက်မှ သံလျင်းဖြင့် လိုက်ပါလာခဲ့လေ၏။

ရဲစွမ်းသတ္တိရှိသည့် လူသန်ကြီးတယောက်က ကျင့်ယန်ခင်တန်းတွင် ရှိသည့် ကျားဆိုး ကြီးတကောင်ကို သတ်ခဲ့ကြောင်း သိရသည့်အခါ၌ မြို့သူမြို့သားများသည် ဝမ်းသာအားရ ပြောဆိုကြကာ မြို့ဝန်ရုံးသို့ လာရောက် ကြည့်ရှုကြလေ၏။ သံလျင်းပေါ်မှာ စီးနင်း လိုက်ပါ လာသည့် ဝုဆုန်သည် လမ်းသေးလမ်းမြွာများ၊

လမ်းမကြီးများတွင် ကြိတ်ကြိတ်တိုးနေ ကြသော လူအုပ်များကို ကြည့်နေလေ၏။ လူများသည် ကျားသေကြီးကို ကြည့်ချင်နေကြ လေ၏။ မြို့ဝန်မှာ မြို့ဝန်ရုံးဝင်းထဲရှိ အဆောင်တခုထဲတွင် စောင့်လျက်ရှိလေ၏။

ဝုဆုန်သည် သံလျင်းပေါ်မှ ဆင်းလာခဲ့ကာ ကျားသေကောင်ကြီးကို ပခုံးတွင် ထမ်းလာခဲ့၍ ခန်းဆောင်ရှေ့သို့ လျှောက်လာခဲ့ပြီးလျှင် ကျားသေကြီးကို လှေကားအနီး၌ ချထားလိုက်လေ၏။ မြို့ဝန်သည် သန်မာတောင့်တင်းလှသည့် ဝုဆုန်ကို တလှည့်၊ ကျား သေကြီးကို တလှည့် ကြည့်နေပြီးနောက် 'ဒီကျားကြီးကို ဘယ်သူမှ သတ်နိုင်မှာမဟုတ်ဘူး" ဟု စဉ်းစားနေလေ၏။ မြို့ဝန်သည် ဝုဆုန်ကို ခန်းဆောင်ထဲသို့ ဖိတ်ခေါ်၏။ ဝုဆုန်ကလည်း သူ့ကို ရိုသေစွာ နှုတ်ဆက်လေ၏။

"ဒီကျားကြီးကို မောင်မင်း ဘယ်လိုလုပ်များ သတ်ခဲ့တာလဲ"ဟု မြို့ဝန်က မေးလေ၏။ ဝုဆုန်က အဖြစ်အပျက်ကို ပြန်ပြောလေ၏။ အားလုံးမှာ တအံ့တသြဖြင့် နားထောင် ကြလေ၏။ မြို့ဝန်သည် သူ့ကို စိမ်ရည်ခွက်ပေါင်းများစွာ တိုက်ပြီးနောက် မြို့သူမြို့သားများ လှူဒါန်းသည့် ငွေသားတထောင်ကို ဆုချလေ၏။

"ဒီကျားကြီးကို ကျွန်တော်သတ်နိုင်ခဲ့တာဟာ မြို့ဝန်မင်းရဲ့ ဘုန်းရိပ်ကံရိပ်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်ပိုင် အရည်အချင်းကြောင့် မဟုတ်ပါဘူး။ ဒါကြောင့် ဒီဆုတော်ငွေကို ကျွန်တော် လက်ခံလို့ မဖြစ်ပါဘူး။ အဲဒီ ကျားကြီးကြောင့် မြို့ဝန်မင်းဟာ မုဆိုးများ ကို အကြိမ်ပေါင်းများစွာ ပြစ်ဒဏ်ပေးခဲ့တယ်လို့ သိရပါတယ်။ ခု ဆုတော်ငွေတထောင်ကို သူတို့ကို ခွဲဝေပေးချင်ပါတယ်"

"မောင်မင်း ပေးချင်ရင် မောင်မင်း သဘောအတိုင်း လုပ်နိုင်ပါတယ်"

ဝုဆုန်သည် သူရသည့် ဆုငွေအားလုံးကို မုဆိုးများအား ချက်ချင်း ခွဲဝေပေးလေ၏။ မြို့ဝန်မင်းသည် ဝုဆုန်၏ ရက်ရောမှုနှင့် ရိုးသားမှုတို့ကို မြင်သည့်အခါတွင် သူ့ကို ရဲသား ရာထူးပေးရန် ချက်ချင်း ဆုံးဖြတ်လိုက်လေ၏။

"မောင်မင်းဟာ ကျင်ဟဲနယ်သားဖြစ်ပေမယ့် အဲဒီတိုက်နယ်ဟာ တို့ ယန်ကူနယ်နဲ့ ကပ်လျက် နယ်တခုပဲ။ မောင်မင်းကို ဒီမှာ ရဲသားအဖြစ် ခန့်အပ်ဖို့ စိတ်ကူးထားတယ်။ မောင်မင်း ဘယ်လိုသဘောရသလဲ"

ဝုဆုန်သည် ဒူးထောက်လိုက်လျက်-

"မြို့ဝန်မင်း စောင်မတယ်ဆိုရင် ကျွန်တော့်တသက်လုံး ကျေးဇူးတင်လို့ ဆုံးမှာ မဟုတ်တော့ပါဘူး"

ထိုနေ့မှာပင် မြို့ဝန်မင်းသည် ဝုဆုန်အား ရဲသားအဖြစ်

ခန့်အပ်ရေးနှင့်ပတ်သက်၍ လိုအပ်သော စာရွက်စာတမ်းများကို ပြင်ဆင်ရန် စာရေးများကို အမိန့်ပေးလိုက်လေ၏။ တမြို့လုံးရှိလူကြီးများ၊ ၎င်းတို့၏ သားသမီးများသည်လည်း ဝုဆုန်ကို လာရောက် နှုတ်ဆက်ကြကာ လေးငါးရက်ခန့် ဆက်တိုက် ပျော်ပွဲရွှင်ပွဲကြီးများ ကျင်းပကြလေ၏။

"ကျင်ဟဲနယ်ကို ပြန်ပြီး ငါ့အစ်ကိုကြီးကို တွေ့စရာရှိသေးတယ်။ ယန်ကူမှာ ငါ ရဲသား ဖြစ်နေတာကို အစ်ကိုကြီးလည်း သိမှာ မဟုတ်သေးဘူး" ဟု ဝုဆုန် တွေးနေလေ၏။ ထို့နောက်တွင် ဝုဆုန်သည် အထက်လူကြီးများ၏ ချစ်ခြင်းကို ခံရကာ တနယ်လုံးတွင် ကျော်ကြားသူတဦး ဖြစ်လာခဲ့လေ၏။ နှစ်ရက် သုံးရက်ခန့် ကြာသည့်အခါတွင် ဝုဆုန်သည် ပျင်းသဖြင့် မြို့ဝန်ရုံးမှ ထွက်လာစဉ် တနေရာမှ ခေါ်လိုက်သော အသံတသံကို ကြားလိုက် ရလေ၏။

"ဝုဆုန်တို့ကတော့ ရဲသားကြီးဖြစ်လို့ ငါ့ကိုတောင် မသိတော့ဘူး ထင်ပါရဲ့ကွာ"

ဝုဆုန်သည် နောက်သို့ လှည့်ကြည့်လိုက်လေ၏။

"အမယ်လေး။ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲဗျာ" ဟု အော်လိုက်မိလေ၏။ အကယ်၍သာ ဝုဆုန်သည် ထိုလူကို ယန်ကူမြို့တွင် မတွေ့ခဲ့လျှင် ယန်ကူမြို့တွင် သွေး အလိမ်းလိမ်းပေနေသည့် အလောင်းများ ပြန့်ကျဲနေမည် မဟုတ်ပေ။ ယခုမူ ထိုသူနှင့် တွေ့လိုက်သည့်အတွက် ရလဒ်အဖြစ် သံမဏိဓားသွားချင်း ထိပွတ်သဖြင့် ခေါင်းများသည် လိမ့်ကာ ဓားကောင်းများမှ ဓားရောင်ဖွေးဖွေး ပြောင်လက်သည့်အတွက် ပူနွေးသော သွေးများသည် စီးဆင်းခဲ့ကြရလေပြီ။

ဝုဆုန်ကို နောက်မှ လှမ်းခေါ်လိုက်သူမှာ မည်သူဖြစ်သနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၂၄

မဝမ်သည် ငွေကြေးအတွက် မြူဆွယ် ဖြားယောင်းခြင်း

ယုန်ဂီသည် ဒေါသကြောင့် လက်ဖက်ရည်ဆိုင်ထဲတွင် ရန်ဖြစ်ခြင်း

ထိုသူမှာ မိမိ အစ်ကိုကြီးဝူ ဖြစ်ကြောင်း တွေ့ရသည့်အခါ၌ ဝုဆုန်သည် ဒူးထောက်၍ အရိုအသေပေးလေ၏။

"အစ်ကိုကြီးနဲ့မတွေ့ရတာ တနှစ်တောင် ကျော်သွားပြီနော်။ အစ်ကိုကြီး ဒီမှာ ဘာလာ လုပ်နေတာလဲဟင်"

"မင်းကလည်း သွားတာ ကြာလှချေကလားကွာ။ စာကလေးတောင် တစောင်မှ ရေးဖော်မရဘူး။ စိတ်ထဲကတော့ မင်းကို အပြစ်ဆိုမိသား။ ဒါပေမဲ့ သတိတော့ ရနေတာပဲ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့"

"ကျင်ဟဲမှာ နေတုန်းက အရက်မူးပြီး ရန်ဖြစ်တိုင်း ရုံးပြင်ကနား ရောက်ခဲ့တယ်လေ။ ငါ့မှာဖြင့် ဒီကောင် ဘာဖြစ်မလဲဟဲ့ ဘာဖြစ်မလဲဟဲ့နဲ့ ပူလိုက်ပင်လိုက်ရတာ။ နည်းနည်းလေးမှ အေးအေး မနေရဘူး။ အဲဒါကို တွေးမိတိုင်း မင်းကို ငါအပြစ်တင်တယ်။ ဒါပေမဲ့ တလောကတော့ ငါ့မှာ အိမ်ထောင်ကျတယ်ကွ။ ကျင်ဟဲနယ်က ကောင်တွေက ခပ်မိုက် မိုက်တွေ မဟုတ်လား။ ဒီတော့ မိန်းမကို စော်ကားချင်ကြတာပေါ့ကွာ။ အဲဒီအခါမျိုးမှာ ငါ့မှာ အကာအကွယ်ပေးမယ့်သူဆိုလို့ တယောက်မှ မရှိဘူး။ မင်းသာ ရှိရင် ဒီကောင်တွေ စော်ကားဖို့ မပြောနဲ့၊ အီးတောင်ပေါက်ရဲမှာ မဟုတ်ဘူး။ ဒါနဲ့ အဲဒီမှာ နေလို့မဖြစ်တော့ဘူး ဆိုပြီး ယန်ကူကို ပြောင်းလာခဲ့ရတာ။ ခု ဒီမှာ အိမ်ခန်းကလေးတခန်း ငှားနေတယ်။ ဒါကြောင့် မင်းကို သိပ်သတိရတယ်လို့ ပြောတာ"

ယင်းတို့နှစ်ယောက်မှာ တမအေတည်းမှ မွေးလာသူ ညီနောင်ရင်းများ ဖြစ်ကြလေ၏။ သို့ရာတွင် ဝုဆုန်မှာ အရပ်အမောင်းကောင်း၍ ချောမောခံ့ညားပြီး ကာယဗလ ကောင်းသူ ဖြစ်လေ၏။ သို့မဟုတ်လျှင်လည်း ကျားဆိုးကြီးကို မည်သို့ သတ်နိုင်ပါမည်နည်း။ အစ်ကိုကြီးဝူမှာ အရပ်ပုပု၊ အလွန်အရုပ်ဆိုးလျက် ရယ်စရာကောင်းလောက်အောင် ခေါင်းကြီးကြီးနှင့် ဖြစ်လေ၏။ ထို့ကြောင့် သုံးလက်မပိုးစာခေါက်ဟု သူ့ကို ကျင်ဟဲတွင် ခေါ်ကြ လေ၏။

တခါသော် ကျင်ဟဲမြို့မှ လူချမ်းသာမိသားစုတခုတွင် ယင်လင်းဟု ခေါ်သည့် အစေခံ မိန်းမပျိုကလေးတယောက် ရှိလေ၏။ ထိုမိန်းကလေးမှာ အသက်နှစ်ဆယ်တွင်းဖြစ်ပြီး လွန်စွာ ရုပ်ချောသည့်အတွက် အိမ်ရှင်ယောက်ျားသည် ထိုမိန်းကလေးကို ကြံစည်ရန် အမျိုးမျိုး အားထုတ်လျက်ရှိလေ၏။ ယင်လင်းခေါ် ရွှေကြာသည် ထိုလူကို နှစ်မြို့ခြင်း မရှိသည့်အတွက် သူ့ကို ကြံစည်နေကြောင်း သူ့မယားအား သွား၍ တိုင်လေ၏။ ဤတွင် ထိုလူသည် ယင်လင်းကို မုန်းသွားကာ သူကိုယ်တိုင် ခန်းဝင်လက်ဖွဲ့ပစ္စည်းများ ပေးလိုက်ပြီး ဝူနှင့် ပေးစားလိုက်လေ၏။

ကျင်ဟဲနယ်မှ လူရမ်းကားများသည် ဝူ၏ အိမ်သို့ မကြာခဏ ရောက်လာကာ သရော်မော်ကား ပြောဆိုကြလေ၏။ သူ့ယောက်ျားဖြစ်သူ ဝူမှာ အရုပ်ပုပု၊ အရုပ်ဆိုးဆိုး၊ တစက်မျှ ကြည့်ပျော်ရှုပျော် မရှိသည့်အလျောက် ရွှေကြာသည် ယောက်ျားလေးတယောက် နှင့် တိတ်တိတ်ပုန်း ချစ်ကြိုက်လေ၏။ ဤတွင် လူပျိုကာလသား ခပ်ရမ်းရမ်းများသည် အိမ်ရှေ့သို့လာကာ “ခွေးပါးစပ်ထဲ ရောက်တဲ့ အသားတုံးကြီးကတော့ အိနေတာပဲကွာ” စသဖြင့် ကြောက်တတ်သော ဝူ၏ ရှေ့တွင် မကြားနိုးနား ပြောကြလေ၏။

သူတို့လင်မယားသည် ကျင်ဟဲမြို့တွင် ဆက်လက် နေထိုင်ရန် မဖြစ်တော့ပြီ။ ဝူနှင့် ရွှေကြာတို့သည် ယန်ကူမြို့သို့ပြောင်းလာခဲ့ကြကာ ပတ္တမြားလမ်းတွင် အိမ်ကလေးတဆောင် ငှား၍ နေကြလေ၏။ ဝူသည် နေ့တိုင်း အပြင်သို့ ထွက်ကာ မုန့်များကို အထမ်းဖြင့် ရောင်းလေ၏။ ထိုသို့ ရောင်းနေစဉ် မြို့ဝန်ရုံးရှေ့တွင် ဝုဆုန်နှင့် တွေ့ခြင်း ဖြစ်လေ၏။ “တနေ့တုန်းက ကျင့်ယန်ခင်တန်းမှာ ဝုဆုန်ဆိုတဲ့ လူတယောက်က ကျားဆိုးကြီးကို သတ်လာတယ်ဆိုပြီး လမ်းမှာ လူတွေ အုတ်အော်သောင်းတင်း ပြောနေသံကို ငါ ကြားတယ်ကွ။ သူ့ကိုလည်း မြို့ဝန်က ရဲသားခန့်လိုက်တယ်လို့ ပြောနေကြတယ်။ ဒီတော့ မင်းပဲ ဆိုတာ ငါ သိလိုက်တာပေါ့။ ခုတော့ မင်းနဲ့ တွေ့ရပြီ။ ငါလည်း ဒီနေ့က စပြီး မုန့်ထမ်းလှည်း မရောင်းရတော့ဘူးပေါ့ကွာ။ မင်း တို့အိမ်ကို လိုက်ခဲ့ပါဦး”

“အစ်ကိုကြီးတို့အိမ်က ဘယ်မှာလဲ”

“ဟောဟိုက ပတ္တမြားလမ်းထဲမှာ” ဟု ဆိုကာ လက်ညှိုးညွှန်၍ ပြလေ၏။

ဝုဆုန်သည် အစ်ကို၏ ဆိုင်းထမ်းများနှင့် တောင်းများကို ကောက်ကိုင်ကာ သူ့နောက်သို့ လိုက်လာခဲ့လေ၏။ လမ်းများကို ကွေ့ကောက် ဖြတ်သန်းလာခဲ့ပြီးနောက် ပတ္တမြားလမ်းသို့ ရောက်လာကြလေ၏။

သူတို့အိမ်မှာ လက်ဖက်ရည်ဆိုင်တဆိုင်နှင့် ကပ်လျက်ရှိလေ၏။

“မိန်းမရေ၊ တံခါးဖွင့်ပါဦး” ဟု ဝူက အော်လေ၏။

ယင်းလိပ်တလိပ် ပွင့်သွားပြီးနောက် မိန်းမတယောက် ပေါ်လာလေ၏။

"ဟင်၊ ဘာဖြစ်လို့ အစောကြီး ပြန်လာတာလဲ"

"ဟောဒီမှာလေ၊ မင်း မတ်တော်မောင်လေ။ မင်းနဲ့တွေ့ရအောင် ခေါ်လာတာ" ဟု ဆိုကာ ဝူသည် ထမ်းပိုးနှင့် တောင်းများကို အခန်းထဲသို့ သွားသိမ်းဆည်းပြီးနောက် ပြန်ထွက် လာခဲ့လေ၏။

"လာလေကွာ ညီလေး။ ဟောဒီက မင်းမရီးကို နှုတ်ဆက်ပါဦး"

ဝုဆုန်သည် ယင်းလိပ်ကို မကာ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

"ဟောဒါ ငါ့ညီပဲ။ ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို သတ်ခဲ့လို့ ခု ရဲသားရာထူး အဖြစ် ရနေပြီလေ" ဟု ဝူက ပြောလေ၏။

ရွှေကြာက လက်ခုပ်လက်ဝါးတီးလိုက်ရင်း-

"ဩော်၊ မောင်လေး ကံကောင်းပါစေတော်" ဟု ပြောလေ၏။

"အစ်မ ထိုင်ပါခင်ဗျာ။ ရပါတယ်"ဟု ဆိုကာ ဝုဆုန်သည် ကျောက်စိမ်းတိုင်ကြီး တတိုင် လဲသည့်နှယ် ဒူးထောက်၍ နှုတ်ဆက်လေ၏။ ရွှေကြာက သူ့ကို ဆွဲထူလိုက်ပြီး-

"မလုပ်ပါနဲ့ မောင်လေးရယ်၊ ငရဲကြီးပါ့မယ်"

"ကျွန်တော် အစ်မကို ဂါရဝပြုတာပါ အစ်မရယ်"

"ဟိုရက်က မဝမ်ကတော့ အပြောသား။ ကျားဆိုးကြီးတကောင် သတ်ခဲ့တဲ့ လူစွမ်းကောင်းတယောက်ကို မြို့ဝန်ရုံးမှာ ဂုဏ်ပြုပွဲ လုပ်နေတယ်တဲ့။ အစ်မလည်း သွားကြည့်ချင် တာနဲ့ အတော်ပဲ။ ဒါပေမဲ့ အစ်မတို့က နောက်ကျသွားတော့ ဘယ်မြင်ခဲ့ရတော့မလဲ။ လက်စသတ်တော့ ကိုယ့်မတ်တော်မောင် ဖြစ်နေတာကိုး။ ကဲ၊ လာလေ မောင်လေး။ အပေါ် တက်ထိုင်ပါ"

သူတို့သုံးဦးသည် အပေါ်ထပ်သို့ တက်လာခဲ့၍ ထိုင်ကြလေ၏။ ရွှေကြာက သူ့ယောက်ျားကို လှမ်းကြည့်လိုက်ပြီး-

"ကျွန်မ ရှင့်ညီလေးနဲ့ စကားပြောနေလိုက်မယ်လေ။ ကိုက သွားပြီး စားစရာ တခုခု လုပ်ချေပါလား။ သူ့ကို ဧည့်ခံရတာပေါ့"

"အေး၊ ကောင်းသားပဲ။ ညီလေး ခဏ နေရစ်ခဲ့ဦးနော်။ ငါ ချက်ချင်းပြန်လာခဲ့မယ်" ဟု ဆိုကာ အောက်ထပ်သို့ ဆင်းသွားလေ၏။

ရွှေကြာသည် ဝုဆုန်၏ တောင့်တင်းသည့် ခန္ဓာကိုယ်ကို စိုက်ကြည့်နေလေ၏။ “တော် တော် သန်မာထွားကျိုင်းတဲ့လူပဲ။ တမအေတည်းက မွေးတဲ့သားလို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး။ ဒီလိုလူမျိုးနဲ့သာ ရရင် သေပျော်ပါတယ်။ ခု ငါရနေတဲ့ ယောကျ်ားကတော့ ငါ့မှာ ဝဋ်ခံနေရတာနဲ့ အတူတူပဲ။ သူ့ကို သုံးလက်မပိုးစာပင်ခေါက် တဲ့။ ဆယ်ပုံမှာ သုံးပုံက လူ။ ခုနစ်ပုံက ဘီလူးပါကလား။ ငါဟာ တော်တော်ကံဆိုးတာပဲ။ ဝုဆုန်ဟာ ကျားဆိုးကြီး ကိုတောင် သတ်ခဲ့တဲ့လူဆိုတော့ တော်တော်သန်မှာပဲ။ ပြီးတော့ သူက လူပျို ဆိုပါကလား။ တို့အိမ်ကို ပြောင်းပြီး အနေခိုင်းရရင် ကောင်းမှာပဲ။ ခုတော့ ငါ့မှာ နဖူးစာ ရှိလို့ သူနဲ့ လာဆုံ ရတာ”ဟု တယောက်တည်း တွေးလျက်ရှိလေ၏။ ရွှေကြာသည် မျက်နှာတွင် အပြုံးတွေ ဝေနေရာမှ-

“မောင်လေး မြို့ကို ရောက်တာ ဘယ်လောက် ကြာသွားပြီလဲ”

“ဆယ်ရက်ကျော်ကျော်လောက် ရှိပါပြီ”

“ဘယ်မှာ တည်းနေသလဲ”

“လောလောဆယ်တော့ မြို့ဝန်ရဲ့ ရုံးဝင်းထဲမှာပါ”

“နေရတာ ဘယ်အဆင်ပြေမလဲ”

“ကျွန်တော်က တယောက်တည်းသမား ဆိုတော့ ဖြစ်ပါတယ်။ သိပ်မလိုပါဘူး။ ပြီးတော့ ကျွန်တော့်ကိုလည်း အစေခံတယောက် ပေးထားပါတယ်”

“အို၊ သူတို့ပေးထားတဲ့ အစေခံက ဘာလုပ်တတ်မှာလဲ။ အစ်မတို့အိမ် ပြောင်းလာပါ့လား။ မောင်လေး စားချင်သောက်ချင်တာရှိရင်လည်း အစ်မ ချက်ပြုတ်ကျွေးမှာပေါ့။ ညစ်ညစ်ပတ်ပတ် အစေခံထက်တော့ အများကြီး သာပါတယ်။ အစ်မတို့အိမ် လာနေတော့ ရေပဲ သောက်ရဦး၊ ရေကောင်းရေသန့်ကို သောက်ရတာပေါ့”

“ကျေးဇူးတင်ပါတယ် အစ်မရယ်”

“မောင်လေးမှာ ဇနီးတို့ ဘာတို့ကော ရှိသလား။ အစ်မတို့ဆီ ခေါ်ခဲ့ပါလား”

“ကျွန်တော်က လူပျိုပါ”

“အသက်ကော ဘယ်လောက်ရှိပြီလဲ”

“နှစ်ဆယ့်ငါးနှစ်ပါ”

"အို၊ ဒီလိုဆိုရင် အစ်မထက် သုံးနှစ်တောင် ကြီးတာပဲ။ ဒီမြို့ကို မလာခင်တုန်းက မောင်လေးက ဘယ်မှာနေခဲ့တာလဲ"

"ကန်စုမှာ နေခဲ့ပါတယ်။ တနှစ်လောက် ကြာခဲ့ပါတယ်။ အစ်ကိုကတော့ ကျင်ဟဲ မှာပဲလို့ အောက်မေ့နေတာ။ ဒီကိုရောက်နေတာကို လုံးလုံးမသိဘူး"

"ပြောပဲ မပြောချင်ပါဘူး မောင်လေးရယ်။ မောင်လေးတို့အစ်ကို သိပ်ရိုးလွန်းတာ ကလား။ အစ်မနဲ့ လက်ထပ်ပြီးကတည်းက သူ့ကို စောင့်ကြည့်ခဲ့တာ။ ရိုးလိုက်တာတော့ မပြောပါနဲ့တော့။ သူက က ရိုးလွန်းတော့ လူတွေက သူ့အပေါ်မှာ အခွင့်အရေးယူကြတာပေါ့။ ဒီတော့ အစ်မ ကျင်ဟဲမှာ နေလို့မဖြစ်တော့ဘူးလေ။ ဒါနဲ့ ဒီကို ပြောင်းလာခဲ့ကြတာ။ မောင်လေးတို့လို မားမားမတ်မတ်ရပ်မယ့်လူ ရှိတော့ အစ်မတို့ကို ဘယ်သူမှ မစော်ကားရဲ တော့ဘူးပေါ့ကွယ်"

"အစ်ကိုက ကောင်းကောင်းမွန်မွန်၊ အေးအေးဆေးဆေး နေတတ်တဲ့ လူပါ။ ကျွန်တော့် လို ရမ်းရမ်းကားကားထဲက မဟုတ်ပါဘူး"

"အမယ်လေး။ ပြောင်းပြန်တွေ ပြောမနေပါနဲ့ မောင်လေးရယ်။ "ကျောရိုးတောင့်မှ လုံခြုံတယ်" ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ အစ်မကတော့ ဆုံးဖြတ်စရာရှိရင်လည်း မြန်မြန်ဆုံးဖြတ်၊ လုပ်စရာရှိရင်လည်း မြန်မြန်လုပ်လိုက်တာပဲ။ ဝေ့လည်ကြောင်ပတ်နဲ့ ဟိုရှောင် ဒီရှောင် လုပ်နေတဲ့ လူမျိုးဆိုရင် အစ်မက သိပ်မုန်းတာ"

"အစ်ကို့ကြောင့်တော့ အစ်မ စိတ်ညစ်ရတာတို့ ဘာတို့ မရှိဘူး မဟုတ်လား"

ထိုသို့ စကားပြောနေစဉ် ဝူသည် ဝယ်လာသည့် စားစရာသောက်စရာများကို ယူ၍ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။

လှေကားရင်းသို့ ရောက်သည့်အခါတွင် "မိန်းမရေ၊ လာပြီး ပြင်လှည့်ပါဦးကွာ"ဟု အော်ခေါ်လေ၏။

"ရှင်ဟာ အလိုက်ကန်းဆိုးကို မသိတတ်ပါကလား။ မောင်လေးကို တယောက်တည်း ထားပစ်ခဲ့လို့ ဖြစ်မလားရှင့်" ဟု ပြောလေ၏။

"ရပါတယ်။ ကျွန်တော့်အတွက် အားမနာပါနဲ့" ဟု ဝုဆုန်က ပြောလေ၏။

"တဖက်အိမ်က မဝမ်ကို ခေါ်ပြီး ခိုင်းလိုက်ပါလား။ ရှင်ဟာ ဒီလောက် အသေးအဖွဲ ကလေးတွေမှာတောင် မစီမံတတ်ဘူးနော်"

ဝူသည် တဖက်အိမ်မှ မဝမ်ကို လှမ်းခေါ်လိုက်လေ၏။

ပြင်ဆင်ပြီးသည့်အခါတွင် အပေါ်သို့ ယူလာကာ စားပွဲပေါ်သို့ ချလေ၏။ ငါး၊ အသား၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက် များအပြင် နွေးထားသည့် စိမ်ရည်လည်း ပါလေ၏။ ဝူသည် သူ့ဇနီးကို စားပွဲထိပ်တွင် အထိုင်ခိုင်းပြီး သူ့ညီ ဝုဆုန်ကို မျက်နှာချင်းဆိုင်တွင် အထိုင်ခိုင်းလေ၏။ သူကိုယ်တိုင်မှာ ဘေးတွင် ထိုင်ပြီး စိမ်ရည်ကို ငှဲ့ပေးလေ၏။ ရွှေကြာသည် ခွက်ကို မြှောက်လေ၏။

"ရှိတာလေးနဲ့ ကျွေးရတာကို ဘယ်လိုမှ မအောက်မေ့နဲ့နော်။ လာ၊ ဟောဒီမှာ အစ်မနဲ့ တခွက်လောက် ဆုတောင်း သောက်လိုက်ပါဦး"

"ရပါတယ် အစ်မရယ်။ ကြိုက်သလိုသောက်ပါ။ ကျွန်တော့်ကို အထူးဧည့်ခံမနေပါနဲ့" အစ်ကိုကြီးဝူမှာ စိမ်ရည်ကို နွေးခြင်း၊ ခွက်ထဲသို့ ငှဲ့ပေးခြင်းဖြင့် အလုပ်များလျက် ရှိသဖြင့် ဘာကိုမျှ လုပ်ချိန်မရချေ။ ရွှေကြာကား တပြုံးပြုံး ဖြစ်နေလေပြီ။

"မောင်လေးက အသားတို့၊ ငါးတို့ကိုလည်း မတို့ပါကလား"ဟု ဆိုကာ အကောင်းဆုံး တို့ကို ရွေး၍ ဝုဆုန်၏ ပန်းကန်ထဲသို့ ထည့်ပေးလေ၏။

ဝုဆုန်သည် ရိုးသားဖြောင့်မတ်သူတဦး ဖြစ်သည့်အတွက် ရွှေကြာကို မရီးတယောက် အဖြစ် သဘောထားလေ၏။ ရွှေကြာကား ငယ်ငယ်လေးကတည်းက သူတပါးအိမ်တွင် အိမ်စေလုပ်ခဲ့ဖူးသူ ဖြစ်သည့်အတိုင်း လူများကို ကျေနပ်အောင် နည်းအမျိုးမျိုးဖြင့် လုပ်တတ်သူ ဖြစ်လေ၏။ အစ်ကိုကြီးဝူ မှာ ရှက်တတ်ကြောက်တတ်သူ ဖြစ်သည့်အတွက် ဧည့်သည်များအား မည်သို့ ဧည့်ခံရမည်ကို နားမလည်ချေ။

စိမ်ရည်အတော်များများ သောက်ပြီးသွားသည့်အခါ၌ ရွှေကြာသည် ဝုဆုန်၏ တကိုယ်လုံးကို သိမ်းကျုံးကာ ပြောင်ပြောင်တင်းတင်းပင် ကြည့်နေတတ်လေ၏။ ဝုဆုန် မှာကား ရှက်သဖြင့် သူနှင့် မျက်လုံးချင်းမဆုံမိအောင် ခေါင်းကို ငုံ့ထားလေ၏။ တယောက်လျှင် ဆယ်ခွက်ကျော်ခန့်စီ သောက်ပြီးသွားသည့်အခါ၌ ဝုဆုန်သည် ထိုင်ရာမှ ထလေ၏။

"နောက်ထပ် သောက်ပါဦးကွ" ဟု အစ်ကိုကြီးဝူက ပြောလေ၏။

"တော်လောက်ပြီထင်တယ် အစ်ကိုကြီး။ နောက်များမှ လာဦးမယ်"

အစ်ကိုကြီးလင်မယား နှစ်ယောက်တို့သည် သူ့ကို အောက်ထပ်သို့ လိုက်ပို့ကြလေ၏။ ရွှေကြာက-

"မောင်လေး၊ အစ်မတို့အိမ်ကို ပြောင်းလာခဲ့နော်။ ကိုယ့်အစ်ကိုရင်း ရှိလျက်သားနဲ့ တခြားမှာနေရင် အစ်မတို့မှာ လူပြောစရာ ဖြစ်နေလိမ့်မယ်။

အစ်ကိုအရင်းပဲ ဘာအားနာ စရာရှိသလဲ” ဟု ပြောကာ သူ့ယောက်ျားဘက်သို့ လှည့်၍-

“ကျွန်မတို့အိမ်ကို ပြောင်းလာပေ့စေ အစ်ကိုကြီးရယ်။ သူ့အတွက် အခန်းတခန်း ရှင်းပေးလိုက်တာပေါ့။ နို့မို့ရင် ကျွန်မတို့မှာ လူပြောသူပြော ခံနေရလိမ့်မယ်”

“အေး၊ ကောင်းတယ်။ မင်းပြောင်းလာတော့ အစ်ကိုတို့လည်း လူရှိသေတာပေါ့ကွာ” ဟု အစ်ကိုကြီးဝူက ပြောလေ၏။

“ကဲ၊ အစ်ကိုတို့ ဒီလောက်တောင် ပြောနေကြရင်လည်း ကျွန်တော့်ပစ္စည်းတွေကို ဒီနေ့ညပဲ ကျွန်တော် ပြောင်းထားလိုက်မယ်လေ”

“မမေ့နဲ့နော်။ အစ်မ မျှော်နေမယ်”ဟု ရွှေကြာက ပြောလေ၏။

ဝုဆုန်သည် သူတို့ကို နှုတ်ဆက်ကာ ပတ္တမြားလမ်းမှ မြို့ဝန်ရုံးသို့ ပြန်လာခဲ့လေ၏။ မြို့ဝန်ကို ရုံးတွင် အဆင်သင့်တွေ့ရသဖြင့် ဝုဆုန်က ပြောင်းရွှေ့ခွင့်တောင်းလေ၏။

“ပတ္တမြားလမ်းမှာ ကျွန်တော့်အစ်ကိုတော် ရှိပါတယ် မြို့ဝန်မင်း။ သူတို့အိမ်ကို ကျွန်တော် ပြောင်းအိပ်မလို့ပါ။ ကျန်တဲ့အချိန်တွေမှာတော့ ကျွန်တော် ရုံးမှာပဲ ရှိပါ့မယ်။ မြို့ဝန်မင်းရဲ့ အမိန့်မရဘဲ မပြောင်းချင်တာနဲ့ ကျွန်တော် ခွင့်တောင်းတာပါ”

“အေးလေ၊ မင်းတို့ညီအစ်ကိုချင်း ချစ်ခင်ကြတာကို ငါ မတားလိုပါဘူး။ မနက်တိုင်း တော့ ရုံးကို စောစောရောက်အောင် လာခဲ့ကွာ”

ဝုဆုန်သည် မြို့ဝန်ကို ကျေးဇူးတင်စကား ပြောကာ သူ့အထုပ်အပိုးများ၊ သူ့အဝတ် အစားသစ်များနှင့် ဆုငွေရသည့် ပိုက်ဆံတို့ကို သိမ်းဆည်းနေလေ၏။ အကူတယောက် ကိုလည်း သူ့အထုပ်အပိုး အသယ်ခိုင်းခဲ့လေ၏။ ရွှေကြာမှာ ပြုံးချိုသော မျက်နှာဖြင့် ဆီးကြို လျက်ရှိလေရာ သူ့ကို မြင်လိုက်ရသည်မှာ ညတွင်းချင်း ရွှေအိုးကြီးကို ကောက်ရသူတဦးနှင့် တူနေလေ၏။

အစ်ကိုကြီးဝူသည် လက်သမားတယောက်ကို ခေါ်ကာ အောက်ထပ်တွင် အခန်းတခန်း ကာခိုင်းပြီး ခုတင်တလုံး၊ ခွေးခြေနှစ်လုံး၊ စားပွဲတလုံးနှင့် မီးသွေးမီးဖိုတခုကို ပြင်ထားလေ၏။

ဝုဆုန်လည်း သူ့ပစ္စည်းများကို နေရာချပြီးနောက် အကူလိုက်လာသူကို ပြန်လွှတ် လိုက်လေ၏။ ညတွင် ကောင်းစွာ အိပ်ပြီးနောက် မနက်လင်းလျှင်

အိပ်ရာမှ ထလေ၏။ ရွှေကြာသည် လျင်မြန်စွာ ထလာကာ သူ့အတွက် မျက်နှာသစ်ရေ စသည်တို့ကို ယူလာ ပေးလေ၏။ ဝုဆုန်သည် ကိုယ်လက်သန့်စင်ပြီးနောက် ခေါင်းပေါင်းပေါင်းကာ မြို့ဝန်ရုံးသို့ ထွက်လာခဲ့လေ၏။

“မောင်လေး၊ နေ့လယ်စာစားရအောင် စောစောပြန်လာခဲ့နော်။ တခြား ဘယ်မှ မစားခဲ့နဲ့နော်” ဟု မှာလိုက်လေ၏။

“ကျွန်တော် မကြာခင်ပဲ ပြန်လာခဲ့မယ် အစ်မ”ဟု ဝုဆုန်က ပြောလေ၏။ ဝုဆုန်သည် ခုံရုံးတွင် လုပ်စရာရှိသည်တို့ကို လုပ်ပြီးနောက် အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုအချိန်၌ကား ရွှေကြာသည် လက်များကို စင်ကြယ်စွာ ဆေးကြောကာ လက်သည်း တို့ကို ပြင်ဆင် အလှခြယ်ထားပြီးလေပြီ။ ရွှေကြာသည် သန့်ရှင်းသပ်ရပ်လျက် ရှိလေ၏။ သူကိုယ်တိုင် အစားအသောက်များကို တည်ခင်းကာ သူတို့သုံးယောက်စလုံး တစားပွဲ တည်းတွင် အတူထိုင်၍ စားကြလေ၏။ စားသောက်ပြီးလျှင် ရွှေကြာက လက်ဖက်ရည် ခွက်ကို လက်နှစ်ဖက်ဖြင့် ယဉ်ကျေးစွာ ကမ်းပေးလေ၏။

“အစ်မတို့လည်း ကျွန်တော့်အတွက် ဒုက္ခများနေပြီဗျာ။ ဒီလိုလုပ်လို့ မဟုတ်သေး ပါဘူး။ ရုံးက အကူတယောက် ကျွန်တော် ခေါ်ခဲ့မှ ဖြစ်မှာပါ”

ရွှေကြာက-

“မောင်လေးကလည်း အစ်မတို့ကို သူစိမ်းလို ဆက်ဆံနေတာကိုး။ မောင်လေးက တခြားသူမှ မဟုတ်တာ။ ကိုယ့်သွေးကိုယ့်သားပဲ မဟုတ်လား။ အကူတို့ ဘာတို့ကို ခေါ်လာရင် မီးဖိုချောင်မှာ ညစ်ပတ်နေမှာပေါ့။ ပြီးတော့ သူများတွေလာပြီး မီးဖိုထဲမှာ ညစ်ညစ် ပတ်ပတ် လုပ်တာလည်း အစ်မက မကြိုက်ဘူး”

“ဒီလိုဆိုရင်လည်း အစ်မရဲ့ သဘောပေါ့လေ”

အသိမ်အဖျင်းတို့ကို ဤတွင် ရပ်ဦးအံ့။ ထိုအိမ်သို့ ပြောင်းလာပြီးသည့်နောက် ဝုဆုန် သည် သူ့အစ်ကိုအား ငွေစတို့ ပေးပြီး လက်ဖက်ခြောက်၊ အမြည်း စသည်တို့ကို အဝယ်ခိုင်း လေ၏။ အိမ်နားနီးချင်းများကိုလည်း အဖိတ်ခိုင်းလေ၏။ အိမ်နားနီးချင်းများကလည်း လက်ဆောင်များ ပေးလေ၏။ ဤတွင် အစ်ကိုကြီးဝူမှာလည်း အိမ်နားနီးချင်းများကို ဖိတ်၍ ကျွေးရပြန်လေ၏။ ဤသည်တို့မှာ ထုံးစံဖြစ်လေ၏။ ရက်အနည်းငယ် ကြာသည့်အခါတွင် ဝုဆုန်သည် သူ့မရီးအတွက် အသွေးအရောင်လှသည့် ပိုးစတစကို အင်္ကျီချုပ်ဝတ်ရန် ဝယ်ပေးလေ၏။ ရွှေကြာမှာ မြူး၍ မဆုံးတော့ပြီ။

"အလကား ဒုက္ခရှာလို့ မောင်လေးရယ်။ ဘာဖြစ်လို့ ဝယ်ပေးနေရပြန်တာလဲ။ မောင်လေးက ပေးမှတော့လည်း ငြင်းလို့ ဘယ်ကောင်းပါတော့မလဲ။ လက်ခံရတော့မှာပေါ့"

ထိုအချိန်မှစ၍ ဝုဆုန်သည် သူ့အစ်ကိုအိမ်တွင် နေထိုင်ခဲ့လေ၏။ အစ်ကိုကြီးဝူမှာကား အထမ်းမုန့်ရောင်း ထွက်မြဲထွက်လေ၏။ ဝုဆုန်သည် မနက်လင်းသည်နှင့် မြို့ဝန်ရုံးသို့ သွားကာ သူ့တာဝန်များကို လုပ်ဆောင်လေ၏။ စော၍ ပြန်သည် ဖြစ်စေ၊ နောက်ကျ၍ ပြန်သည် ဖြစ်စေ အိမ်ကို ပြန်လာသည့် အခါတိုင်းလည်း ရွှေကြာသည် စားသောက်ဖွယ် တို့ကို အသင့်ပြင်ဆင်ထားနှင့်လေ၏။ ရွှေကြာသည် သူ့အား ဤသို့ ပြုစုကျွေးမွေးရသည်ကို များစွာ ပျော်ရွှင်လျက်ရှိလေ၏။

ထို့ကြောင့် ဝုဆုန်မှာ အနေရခက်လျက်ရှိလေ၏။ ရွှေကြာကလည်း သူ့ကို လွန်စွာ အရေးပေးကာ စောင်းပါးရိပ်ခြည် အချက်ပြတတ်လေ၏။ သို့ရာတွင် ဝုဆုန်သည် အကျင့် သီလမြဲသူ ဖြစ်သည့်အတွက် ထိုအချက်များကို ဂရုမထားချေ။

အတိုချုပ်ရလျှင် ထိုအိမ်သို့ ဝုဆုန်လာရောက်နေထိုင်သည်မှာ တလကျော်မျှ ကြာမြင့်ခဲ့ပြီး ဆောင်းတွင်းသို့ ရောက်လာခဲ့လေပြီ။ လေသည် ပြင်းထန်စွာတိုက်ကာ မည်းမှောင်သော တိမ်တိုက်များသည် အုံ့ဆိုင်းနေတတ်၏။ တနေ့မနက်တွင်မူ နှင်းပွင့်များ ထူထပ်စွာ ကျလာသည်ကို တွေ့ရလေ၏။ နှင်းပွင့်များမှာ ထိုနေ့ ညဦးယံအချိန်အထိ မစဲသေးချေ။ နောက်တနေ့မနက်စောစော၌ ဝုဆုန်သည် ရုံးသို့ ထွက်သွားလေ၏။ မွန်းတည့်ချိန် အထိပြန်မလာသေးချေ။ ရွှေကြာသည် သူ့ယောကျ်ားကို မုန့်ထမ်းထွက်ရန် ပြောပြီးနောက် အိမ်နီးချင်းဖြစ်သူ မဝမ်ကိုလည်း သူ့အတွက် စိမ်ရည်နှင့် အသားများ အဝယ်ခိုင်းလိုက်လေ၏။ ရွှေကြာသည် ဝုဆုန်အခန်းထဲရှိ မီးသွေးမီးဖိုကိုလည်း မီးထည့်ထားလေ၏။

"ဒီနေ့တော့ ဒီလူကို မြူပြလိုက်ဦးမယ်။ ဒီလူ ဘာသားမို့လို့ ခံနိုင်မှာလဲ"ဟု တွေးလေ၏။ ရွှေကြာသည် တံခါးအနီးရှိ ယင်းလိပ်နားတွင် ရပ်လျက် နှင်းပွင့်များကို ငေးကြည့်နေလေ၏။ ထိုစဉ် ပယင်းဖြူများကဲ့သို့ တဖွဲဖွဲကျနေသည့် နှင်းပွင့်များကြားထဲတွင် အိမ်ဘက် သို့ ပြန်လာနေသော ဝုဆုန်ကို မြင်ရလေ၏။ ရွှေကြာသည် ယင်းလိပ်ကို မပြီးနောက် သူ့ကို အပြုံးဖြင့် နှုတ်ဆက်လေ၏။

"မောင်လေး တော်တော်ချမ်းလာသလားဟင်"

"အစ်မကလည်းဗျာ၊ ကျွန်တော့်အတွက် တယ်စိုးရိမ်တတ်တာကိုး" ဟု ဆိုကာ ဝုဆုန် သည် ခေါင်းမှ ဦးထုပ်ကို ချွတ်လေ၏။ ရွှေကြာက လက်နှစ်ဖက်ကမ်း၍ တရိုတသေ လှမ်းယူလေ၏။

“နေပါစေ အစ်မရယ်။ ရပါတယ်” ဟု ဆိုကာ ဝုဆုန်သည် ဦးထုပ်ကို မပေးတော့ဘဲ နှင်းပွင့်များကို ခါချကာ နံရံပေါ်တွင် ချိတ်ထားလိုက်လေ၏။ ဝုဆုန်သည် ခါးမှ ခါးစည်းကြိုး ကို ဖြုတ်ပြီးနောက် ကြက်တူရွေးစိမ်းရောင် ပိုးဝတ်ရုံကို ချွတ်၍ အခန်းထဲသို့ ဝင်လာကာ တိုင်တွင် ချိတ်လေ၏။

“မောင်လေးကို အစ်မ တမနက်လုံး မျှော်လိုက်ရတာ။ ဘာဖြစ်လို့ နေ့လယ်စာ ပြန်မစားတာလဲဟင်”

“ခရိုင်ရုံးက လူတယောက်က ဖိတ်ထားလို့ပါ။ ခုတောင် တယောက်က စိမ်ရည်သွား သောက်ရအောင်လို့ ပြောနေသေးတယ်။ မသောက်ချင်တော့ဘူးဗျာလို့ ပြောပြီး အိမ်ကို တန်းပြန်လာခဲ့တာ”

“မောင်လေး ချမ်းရင် မီးလှုံလိုက်ဦးလေ”

“ဟုတ်ကဲ့”ဟု ဆိုကာ ဝုဆုန်သည် မိုးရေခံဖိနပ်ရှည်ကြီးကို ချွတ်၍ ခြေအိတ်အခြောက် တစုံကို ဝတ်ကာ ဖိနပ်အသစ်တရန်ကို ကောက်စီးနေလေ၏။ ထို့နောက် ခွေးခြေတလုံးကို မီးဖိုနားသို့ ဆွဲလာ၍ ထိုင်လေ၏။ ရွှေကြာသည် အိမ်ရှေ့တံခါးမကြီးနှင့် နောက်ဖေးတံခါးမကြီးတို့ကို မင်းတုပ်ထိုးကာ စိမ်ရည်နှင့် အမြည်းများကို အနီးရှိ စားပွဲပေါ်သို့ လာ၍ ချလေ၏။

“အစ်ကိုကြီးကော ပြန်မရောက်သေးဘူးလား။ ဘယ်တွေကိုများ သွားနေပါလိမ့်” ဟု ဝုဆုန်က မေးလေ၏။

“ခါတိုင်းလိုပဲ မုန့်ရောင်းထွက်တာပေါ့။ အစ်မနဲ့ မောင်လေးတို့ နှစ်ယောက်တည်း စိမ်ရည်လေး ဘာလေး သောက်ရအောင်လေ”

“သူပြန်လာအောင် စောင့်ရင် ကောင်းမယ်ထင်တယ်”

“အို၊ သူ့ကို ဘာဖြစ်လို့ စောင့်နေတော့မှာလဲ” ဟု ဆိုကာ ရွှေကြာသည် အရက် နွေးသည့် ခရားလေးကို လှမ်းယူလိုက်လေ၏။

“နေပါစေ အစ်မရ။ ကျွန်တော် လုပ်ပါ့မယ်”

“ရပါတယ် မောင်လေးရယ်” ဟု ဆိုကာ ရွှေကြာသည် ခွေးခြေတလုံးကို ဆွဲယူကာ မီးဖိုအနီးတွင် ထိုင်လေ၏။ မီးဖိုအနီးရှိ စားပွဲပေါ်တွင်မူ အရက်ခွက်များ ထည့်ထားသည့် ဗန်းတချပ် ရှိလေ၏။ ရွှေကြာသည် အရက်တခွက်ကို လှမ်းယူလိုက်ပြီးနောက် ဝုဆုန်ကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေလေ၏။

“သောက်လေ မောင်လေး”

ဝုဆုန်သည် စိမ်ရည်ခွက်ကို လှမ်းယူလိုက်၍ သောက်လိုက်လေ၏။ ရွှေကြာက ထပ်ငှဲ့ ပေးပြီး-

"နှစ်ခွက်လောက် ဆင့်သောက်လိုက်လေ မောင်လေး။ ဒီနေ့ တော်တော်အေးတယ်"

"ရပါတယ်"ဟု ပြောကာ ဝုဆုန်သည် နောက်တခွက်ကိုလည်း သောက်ပစ်လိုက်လေ ၏။ ဝုဆုန်သည် စိမ်ရည်တခွက်ကို ငှဲ့ပြီးနောက် ရွှေကြာကို လှမ်းပေးလေ၏။ ရွှေကြာက တခွက်ကုန်အောင် မော့လိုက်ပြီးလျှင် နွေးထားသည့် ခရားထဲမှ တခွက် ထပ်ငှဲ့ပြီး သူ့ ရှေ့တွင် ချပေးလေ၏။

ရွှေကြာ၏ မို့မောက်သော ရင်အုံမှာ မလုံ့တလုံ ဖြစ်လျက်ရှိပြီး ဆံနွယ်ကလေးများမှာ လည်း တိမ်လွှာကလေးတခုသဖွယ် မျက်နှာပေါ်သို့ ဝဲကျနေလေ၏။ ရွှေကြာက စွဲမက် စဖွယ် ပြုံးလိုက်လျက်-

"အရှေ့ပိုင်းမှာ သီချင်းဆိုတဲ့ အဆိုတော်ကလေးတယောက်ကို တိတ်တိတ်ပုန်းထားတယ်လို့ ကြားတယ်နော်။ အဲဒါ တကယ်ဟုတ်သလား"

"အလကား ပြောနေကြတာပါ အစ်မရယ်။ ဘေးစကားတွေကို မယုံစမ်းပါနဲ့။ ကျွန်တော်ကလည်း ဒီလိုကောင်မျိုး မဟုတ်ပါဘူး"

"အမယ်၊ အစ်မကို မညာပါနဲ့။ မယုံပါဘူး။ မောင်လေးတို့က ပြောတော့ တမျိုး၊ လုပ်တော့ တမျိုး"

"အစ်မ မယုံရင် အစ်ကိုကြီးကို မေးကြည့်ပါလား"

"သူ ဘာသိမှာလဲ။ ဒါမျိုးတွေကို သူနားလည်ရင် ခုလို ဘယ်မှာ မုန့်ထမ်းပြီး ရောင်းနေရပါ့မလဲ။ နောက်တခွက်လောက် သောက်လိုက်ဦးလေ မောင်လေး"

ရွှေကြာသည် ဝုဆုန်ကို နောက်ထပ် သုံး လေးခွက်လောက် ဆက်တိုက်ငှဲ့ပေးလေ၏။ သူကိုယ်တိုင်လည်း သုံး လေးခွက်လောက် ဆင့်၍ သောက်လေ၏။ ထိုအချိန်၌ကား ရွှေကြာသည် ရမ္မက်ရိုန် တက်စပြုလာခဲ့ကာ စကားကို အဆင်အခြင်မရှိ ပြောနေလေပြီ။ ဝုဆုန်မှာ ထိုအချက်ကို သတိပြုမိသဖြင့် မျက်လွှာကို ချထားလေ၏။

ရွှေကြာသည် စိမ်ရည်ယူရန် အပြင်သို့ ထွက်သွားလေ၏။ သူ ပြန်လာသည့်အခါ၌ ဝုဆုန်မှာ မီးဖိုထဲမှ မီးကို ဆွနေလေ၏။ ရွှေကြာသည် အရက်ထည့်ထားသည့် ခရားကို လက်တဖက်ဖြင့် ကိုင်ထားရင်း အခြားလက်တဖက်ဖြင့် ဝုဆုန်၏ပခုံးကို ကိုင်၍ ညှစ်လိုက်လေ၏။

“ဆောင်းတွင်းမှာလည်း ဒီအဝတ်အစားလောက်ပဲ ရှိသလား”

ဝုဆုန်သည် စိတ်ညစ်လျက်ရှိသဖြင့် မည်သို့မျှ ပြန်မပြောတော့ချေ။ ရွှေကြာသည် သူ့လက်ထဲမှ မီးဆွသည့် သံကောက်ကို ယူလိုက်ပြီး-

“မောင်လေးက မီးကိုတောင် ဘယ်လို ဆွရတယ်ဆိုတာကို မသိသေးဘဲကိုး။ အစ်မ ပြမယ်။ အရေးကြီးတာက မီးတောက်လာပြီး အရှိန်ကောင်းလာဖို့ အရေးကြီးတယ် မဟုတ် လား”

ဝုဆုန်မှာ ရှက်လွန်းသဖြင့် အနေရခက်လျက် ရှိလေပြီ။ စကားလည်း တခွန်းမျှ မပြောတော့ချေ။ သို့ရာတွင် ရွှေကြာမှာ ရမ္မက်ဇော ကြွလျက်ရှိသဖြင့် ထိုအချက်ကို သတိမထားမိချေ။ ရွှေကြာသည် သံကောက်ကို ချကာ နောက်ထပ်တခွက် ထပ်ငှဲ့သောက်လိုက်ပြီး ဝုဆုန်ကိုလည်း တခွက် လှမ်းပေးလေ၏။

“မောင်လေး၊ အစ်မကို ချစ်ရင် တခွက်လောက် ထပ်သောက်ရမယ်နော်”

ဝုဆုန်သည် ဖန်ခွက်ကို လှမ်းယူလိုက်ကာ စိမ်ရည်များကို သွန်ပစ်လိုက်လေ၏။

“ခင်ဗျား တော်တော် အရှက်မရှိတဲ့ မိန်းမပဲ” ဟု ဆိုကာ ဝုဆုန်သည် ရွှေကြာကို ကြမ်းတမ်းစွာ တွန်းဖယ်လိုက်ရာ ရွှေကြာမှာ လဲတော့မည်ကဲ့သို့ ဖြစ်သွားလေ၏။ ဝုဆုန် သည် ရွှေကြာကို စိန်းစိန်းကြီး ကြည့်နေလေ၏။

“ကျုပ်ဟာ ရိုးရိုးဖြောင့်ဖြောင့် နေချင်တဲ့ကောင်ဗျ။ အကျင့်သီလ မရှိတဲ့ လူယုတ်မာ မဟုတ်ဘူး။ ဒီလို အောက်တန်းကျတဲ့ အပြုအမူတွေကို ရပ်တန်းက ရပ်ပါ။ ခင်ဗျားနဲ့ ပတ်သက်လို့ မကောင်းသတင်းတွေ မကြားပါရစေနဲ့။ သတိထားနေပါ။ အဲဒီလိုသာ ဖြစ်လာရင် မျက်လုံးကသာ ခင်ဗျားကို မရီးအဖြစ်နဲ့ လေးစားမယ်။ လက်သီးကတော့ ခင်ဗျား ကို လေးစားမှာ မဟုတ်ဘူး။ ကျုပ်ကိုလည်း ပြည်တည်တည် လာလုပ်မနေနဲ့။ ရပ်”

ရွှေကြာသည် မျက်နှာနီရဲလျက်ရှိရာမှ သူ့ခွေးခြေကို ဘေးသို့ ဆွဲယူလိုက်ကာ-

“ဒီက ချစ်လို့ ကျီစားတာကို ဒီလောက် စိတ်ဆိုးစရာ မဟုတ်ပါဘူး။ မရီးတယောက် လုံးကိုတောင် မလေးစားတော့ဘူးလား”

ရွှေကြာသည် စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များကို သိမ်း၍ ဆင်းသွားရာ ဝုဆုန် မှာ အခန်းထဲတွင် ရှူးရှူးရှဲရှဲဖြစ်၍ ကျန်ရစ်လေ၏။

ညနေစောင်းသော် အစ်ကိုကြီး ဝူသည် မုန့်ထမ်းကို ထမ်း၍ ပြန်လာလေ၏။ အစ်ကိုကြီး ဝူသည် သော့ခတ်ထားသည့် တံခါးကို တွန်းဖွင့်ကြည့်၏။ ဤတွင် ရွှေကြာက ခပ်သုတ်သုတ် လာ၍ ဖွင့်ပေးလေ၏။ အစ်ကိုကြီးဝူသည် ပစ္စည်းများကို ချထားခဲ့ပြီးလျှင် မီးဖိုထဲသို့ လိုက်လာခဲ့လေ၏။ ရွှေကြာ၏ မျက်လုံးများမှာ ငိုထားသည့်အတွက် နီရဲ ရောင်ရမ်းလျက် ရှိလေ၏။

"ဘယ်သူနဲ့ ရန်ဖြစ်လို့လဲ"

"ရှင်ညံ့လို့ ဒီလိုဖြစ်ရတာ။ ခုတော့ ကျွန်မကိုပါ စော်ကားကုန်ကြပြီပေါ့"

"ဘယ်သူက စော်ကားသလဲ"

"ဘယ်သူရမှာလဲ။ ရှင့်ညီ လူယုတ်မာပေါ့။ နှင်းတွေထဲ ပြန်လာလို့ အိမ်ရောက်တော့ ကျွန်မက စိမ်ရည်တိုက်ပြီး ကောင်းကောင်းမွန်မွန် ပြုစုတယ်။ အိမ်မှာ ဘယ်သူမှ မရှိတာ မြင်တော့ ကျွန်မကို နသားပါးယား လုပ်တာပေါ့"

"ငါ့ညီဟာ ဒီလိုလူမျိုး မဟုတ်ဘူး။ ငါ့ညီဟာ ကောင်းကောင်းမွန်မွန်နေတဲ့ ကောင်။ တိုးတိုးပြောပါ။ အိမ်နားနီးချင်းတွေ ကြားရင် ပြောစရာ ဖြစ်နေလိမ့်မယ်"

အစ်ကိုကြီးဝူသည် သူ့ဇနီးအနားမှ ထလာခဲ့ကာ ညီဖြစ်သူ ဝုဆုန်၏ အခန်းသို့ လာခဲ့လေ၏။

"ညီလေး၊ မင်း ဘာမှ မစားရသေးဘူး ထင်တယ်။ အတူတူ စားကြရအောင်လေ"

ဝုဆုန်ကား မည်သို့မျှ မပြောချေ။ ဝုဆုန်သည် အတန်ကြာ စဉ်းစားလျက် ရှိနေရာမှ ဖိနပ်နှင့် ခြေအိတ်တို့ကို ချွတ်ကာ မိုးရေခံဖိနပ်၊ ခါးစည်းကြိုး၊ ဝတ်ရုံ၊ သက္ကလတ်ဦးထုပ် တို့ကို ဆင်ယင်ပြီးနောက် အပြင်သို့ ထွက်လာခဲ့လေ၏။

"ဘယ်သွားဦးမလို့လဲ"ဟု အစ်ကိုကြီးဝူက မေးသော်လည်း ဝုဆုန်သည် ဘာမျှမဖြေဘဲ တံခါးဆီသို့ သွားလေ၏။ အစ်ကိုကြီးဝူသည် မီးဖိုထဲသို့ ပြန်လာခဲ့ကာ-

"ငါ့ကိုလည်းစကားတခွန်းမှ မပြောဘူး။ ခုလည်း အိမ်က ထွက်သွားပြီ။ ဘာဖြစ်တာလဲ"

"ရှင် လူအ။ ရှက်ပြီး ရှင်နဲ့ မျက်နှာချင်းမဆိုင်ရဲလို့ ထွက်သွားတာ ဖြစ်မှာပေါ့။ နောက် ဒီလိုလူမျိုးကို အိမ်မှာ လက်မခံပါနဲ့"

"သူ ထွက်သွားရင် တို့ကို လူပြောစရာ ဖြစ်မှာပေါ့"

"ရှင် တော်တော် နွားကျပါလား။ သူက ကျွန်မကို စော်ကားနေတော့ကော ကျွန်မတို့ကို ဘေးက မပြောကြတော့ဘူးတဲ့လား။ ရှင် နေချင်တယ်ဆိုရင် သူနဲ့အတူ ရှင့်ဘာသာ ရှင် နေပါ။ ကျွန်မကတော့ ဒီလို အစော်ကားခံတဲ့ မိန်းမမျိုး မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မ ကွာရှင်းစာချုပ်ကိုသာ လက်မှတ်ထိုးပါ။ ပြီးရင် သူနဲ့ နေပေါ့"

အစ်ကိုကြီးဝူသည် ဘာမှ မပြောရဲတော့ပြီ။

ထိုစဉ်ဝုဆုန်သည် တပ်သားအကူတယောက်နှင့် ပြန်ရောက်လာကာ ထမ်းပိုးတချောင်း ကိုလည်း ကိုင်ထားလေ၏။ ဝုဆုန်သည် သူ့အခန်းထဲသို့ ဝင်ကာ ပစ္စည်းများကို သိမ်းဆည်း ပြီးနောက် ပြန်ထွက်သွားလေ၏။ အစ်ကိုကြီးဝူသည် သူ့နောက်သို့ ပြေးလိုက်သွားကာ-

"ညီလေး၊ ဘာဖြစ်လို့ ပြောင်းတာလဲဟင်"

"ကျွန်တော့်ကို မမေးပါနဲ့ အစ်ကိုကြီး။ ကျွန်တော်ပြောရင် အစ်ကို့အိမ်မှာ ဘာကုန် ရောင်းတယ်ဆိုတာကို ဆိုင်းဘုတ်တပ် ကြော်ငြာပေးသလို ဖြစ်နေပါလိမ့်မယ်။ ကျွန်တော် သွားပါရစေ"

အစ်ကိုကြီးဝူသည် မည်သို့မျှ မပြောနိုင်တော့ချေ။ ဝုဆုန် ထွက်သွားသည့်အခါတွင် ရွှေကြာသည် ဆဲဆို ကျန်ရစ်ခဲ့လေ၏။

"မြန်မြန်ကွာတော်မူပါ။ အများကတော့ ညီ ရဲသားရှိလို့ အစ်ကိုနဲ့ မရီး ဟန်ကျနေပြီလို့ ထင်နေကြတာ။ သစ္စာမရှိတဲ့ ကောင်ဆိုတာ ဘယ်သူမှ သိကြတာ မဟုတ်ဘူး။ "အလုံးလှတဲ့ သဘော်သီးအတွင်းက ပောင်းလောင်း" ဆိုတာ တကယ် မှန်တာပဲ။ ခု မောင်မင်းကြီးသား ကွဲသွားတာ ကျေးဇူးတင်လိုက်တာ။ ခုတော့ အိမ်မှာ ရန်သူမရှိတော့ဘူးပေါ့"

ရွှေကြာသည် အဘယ်ကြောင့် ထိုမျှ ဒေါသထွက်နေခြင်း ဖြစ်ကြောင်းကို အစ်ကိုကြီး ဝူ နားမလည်နိုင်အောင် ဖြစ်နေလေ၏။ အစ်ကိုကြီးဝူသည် ထိုအဖြစ်ကို ကြည့်လျက် စိတ်မချမ်းမသာ ဖြစ်နေလေ၏။

ထို့နောက်မှစ၍ ဝုဆုန်သည်လည်း မြို့ဝန်ရုံးဝင်းထဲမှာပင် နေလေ၏။ အစ်ကိုကြီး မှာကား ခါတိုင်းကဲ့သို့ပင် အထမ်းဖြင့် မုန့်ရောင်း ထွက်မြဲထွက်လျက် ရှိလေ၏။ အစ်ကိုကြီး သည် ဝုဆုန်နှင့် တွေ့ချင်သည့်တိုင် ဇနီးဖြစ်သူက အရောမဝင်ရဟု ပြောထားသည့်အတွက် မတွေ့ရဲတော့ချေ။

အချိန်တို့ ကုန်လွန်ခဲ့ကာ နှင်းပျောက်သည့် ရာသီသို့ ရောက်လာခဲ့ပြန်လေ၏။ သို့ဖြင့် ဆယ်ရက်ခန့် ကြာသွားခဲ့လေ၏။ မြို့ဝန်သည် ဤမြို့သို့ ရောက်လာသည့် နှစ်နှစ်ခွဲခန့် အတွင်း၌ ရွှေငွေအမြောက်အမြားကို

စုမိလေ၏။ သူ့အတွက် ထို့ထက်မြင့်သော ရာထူးကို ဝယ်ယူရန် ထိုငွေများကို အရှေ့နေပြည်တော်ရှိ မိသားစုများထံ ပို့ရန်ကိစ္စ ပေါ်လာလေ၏။ သို့ရာတွင် လမ်း၌ စိတ်ချသည့် လူယုံတယောက်ကို ရှာလျက် ရှိလေ၏။ ဤတွင် ဝုဆုန်ကို ပြေး၍ သတိရမိလေ၏။

"ဟုတ်တယ်၊ ဝုဆုန်ကို လွှတ်မှပဲ။ ဒီကောင်ကမှ တကယ့် လူစွမ်းကောင်း"

မြို့ဝန်သည် ဝုဆုန်ကို ဆင့်ခေါ်လိုက်လျက်-

"အရှေ့နေပြည်တော်ကို စာတစောင်နဲ့ ပစ္စည်းတွေ ပို့ချင်တယ်။ ဒါပေမဲ့ လမ်းမှာ အနှောင့်အယှက်တွေ့မှာကို စိုးရိမ်လို့ အရည်အချင်းရှိတဲ့ လူတယောက်ကို လွှတ်ချင် တယ်။ ဒီတော့ ငါ့အတွက် လုပ်ပေးပါ။ အခက်အခဲကို ဘာမှ မစိုးရိမ်ပါနဲ့။ မင်း ပြန်လာရင် ငါ မင်းကို ဆုလာဘ်ပေးမယ်"

"မြို့ဝန်မင်း စောင်မခဲ့တဲ့အတွက် ကျွန်တော့်မှာ အရာရခဲ့ပါတယ်။ မြို့ဝန်မင်း ခိုင်းတယ်ဆိုရင် ကျွန်တော် မငြင်းဆန်ရဲပါဘူး။ သွားပါ့မယ်။ ကျွန်တော်ကလည်း အရှေ့ နေပြည်တော်ကို တခေါက်မှ မရောက်ဖူးသေးပါဘူး။ ဒါကြောင့် ရောက်ဖူးချင်နေတာနဲ့ အတော်ပါပဲ။ မြို့ဝန်မင်း အဆင်သင့်ဖြစ်တယ်ဆိုရင် မနက်ဖြန်မှာပဲ သွားပါ့မယ်"

မြို့ဝန်မှာ များစွာ ကျေနပ်သွားလေ၏။ ဝုဆုန်ကိုလည်း စိမ်ရည်သုံးခွက် တိုက်လေ၏။ ထိုအကြောင်းကို တော်ဦးမည်။

ဝုဆုန်သည် မိမိ၏အိမ်သို့ ပြန်လာခဲ့ကာ ငွေစအနည်းငယ်ကို ယူ၍ တပ်သားတယောက် ကို ခေါ်ပြီးလျှင် စိမ်ရည်တပုလင်း၊ စားစရာများနှင့် အမြည်းများကို ဝယ်၍ ပတ္တမြားလမ်းရှိအစ်ကိုကြီးဝူအိမ်သို့ လာခဲ့လေ၏။ အစ်ကိုကြီးဝူသည် မုန့်ရောင်းရာမှ ပြန်လာသည့်အခါတွင် အိမ်ရှေ့၌ ထိုင်နေသော ဝုဆုန်ကို တွေ့ရလေ၏။ အစ်ကိုကြီးဝူသည် တပ်သားအား မီးဖိုချောင်ထဲသို့ သွားကာ စားစရာများကို ချက်ပြုတ်ခိုင်းလိုက်လေ၏။

ရွှေကြာမှာကား ဝုဆုန်အပေါ်တွင် စွဲလမ်းလျက်ရှိဆဲ ဖြစ်လေ၏။ စားဖွယ်သောက်ဖွယ် များကို ယူလာ၍ ရောက်လာသည့် ဝုဆုန်ကို မြင်သည့်အခါတွင် "ဒီလူ ငါ့အပေါ်မှာ စွဲလမ်းတုန်းပဲ ဖြစ်ရမယ်။ ဒါကြောင့်မို့ ပြန်လာတာပေါ့။ ငါကလည်း သူ့ကို စွဲလမ်းနေတုန်းပဲ။ အကျိုးအကြောင်း တဖြည်းဖြည်း သိတော့ သူ့စိတ်သဘောထားကို စမ်းကြည့်ဦးမှပဲ" ဟု တွေးမိလေ၏။ ရွှေကြာသည် အပေါ်ထပ်သို့ တက်လာခဲ့ကာ မျက်နှာကို ထပ်မံ လိမ်းခြယ်၍ ဆံပင်ကို ပြင်ဆင်ထုံးဖွဲ့လျက် ပို၍ စွဲမက်စဖွယ်ကောင်းသော အဆင်အပြင် တို့ကို လဲလှယ်ပြီးလျှင် အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

"မောင်လေး အစ်မတို့ကို စိတ်ဆိုးသွားသလားဟင်။ မောင်လေးတို့များ ထွက်သွားကတည်းက မပေါ်လာတော့ဘူးနော်။ အစ်မလည်း မောင်လေးအစ်ကိုကြီးကို ပြောပါတယ်။ မြို့ဝန်ရုံးကို လိုက်သွားပြီး မောင်လေးကို တောင်းပန်ချေပါလို့ ပြောနေတာပဲ။ ဒါပေမဲ့ မောင်လေးအစ်ကိုက မသွားဘူးလေ။ ခု မောင်လေး ရောက်လာတော့ အားလုံး စိတ်ချမ်းသာသွားရတာပေါ့။ ဒါပေမဲ့ မောင်လေးရယ်၊ နောက်မှာ ပိုက်ဆံကုန်ခံပြီး ဟိုဟာ ဒီဟာတွေ ဝယ် ဝယ်မလာပါနဲ့"

"ကျွန်တော် ပြောစရာကလေးတခုရှိလို့ လာတာပါ။ အထူးသဖြင့် အစ်ကိုကြီးနဲ့ အစ်မတို့နှစ်ယောက်ကို ပြောစရာရှိလို့ပါ"

"ဒီလိုဆိုရင်လည်း အပေါ်ကို တက်ပါဦး။ အေးအေးဆေးဆေး ပြောကြတာပေါ့"

သူတို့သုံးယောက်သည် အပေါ်ထပ်သို့ တက်လာခဲ့ကာ ဧည့်ခန်းတွင် ထိုင်ကြလေ၏။ ဝုဆုန်၏ တိုက်တွန်းချက်အရ အစ်ကိုနှင့် မရီးတို့က စားပွဲထိပ်မှ ထိုင်ကြရလေ၏။ သူ ကိုယ်တိုင်မှာမူ ခွေးခြေတလုံးကို ယူလာပြီး ဘေးတွင် ထိုင်လေ၏။ တပ်သားက စိမ်ရည်နှင့် အမြည်းများကို ယူလာလေ၏။ ဝုဆုန်က အစ်ကိုနှင့် မရီးတို့အား စိမ်ရည်သောက်ရန် တိုက်တွန်းလေ၏။ ရွှေကြာမှာ မကြာခဏဆိုသလို ဝုဆုန်ကို ခိုးကြောင်ခိုးဝှက်အကြည့်ဖြင့် ကြည့်လျက် ရှိသော်လည်း ဝုဆုန်မှာ စိမ်ရည်ကိုသာ သောက်လျက် ရှိလေ၏။ ငါးခွက် လောက်စီ လှည့်ပြီးသည့်အခါတွင် ဝုဆုန်သည် တပ်သားအား သစ္စာရေခွက်ထဲတွင် စိမ်ရည်ထည့်လာရန် ပြောလိုက်လေ၏။ ဝုဆုန်သည် သစ္စာရေခွက်ကို ကိုင်ကာ အစ်ကို ဘက်သို့ လှည့်၍-

"ကျွန်တော် မြို့ဝန်က ခိုင်းလို့ အရှေ့နေပြည်တော်ကို တာဝန်တခုနဲ့ သွားစရာရှိတယ်။ မနက်ဖြန် သွားရမှာပဲ။ ရက် လေး ငါးဆယ် ဒါမှမဟုတ် နှစ်လလောက်တော့ ကြာလိမ့်မယ်။ ကျွန်တော်ပြောချင်တာ တခုရှိတယ်။ အစ်ကိုက စိတ်ပျော့ပြီး ရက်တတ် ကြောက်တတ်တယ်။ ကျွန်တော်မရှိတုန်းမှာ လူတွေက ဒါကိုကြည့်ပြီး အခွင့်ကောင်းယူချင် ယူကြလိမ့်မယ်။ ခါတိုင်း မုန့်ဆယ်ဗန်းကုန်ရင် မနက်ဖြန်က စပြီး ဆယ်ဗန်းကုန်အောင် မရောင်းပါနဲ့တော့။ ငါးဗန်းလောက်ပဲ ကုန်အောင် ရောင်းပါ။ အိမ်က နေမြင့်မှ ထွက်ပြီး အိမ်ကို စောစောပြန်ပါ။ ဘယ်သူနဲ့မှလည်း အရက်တို့ ဘာတို့ မသောက်ပါနဲ့။ အိမ်ပြန်ရောက် ရင်လည်း ယင်းလိပ်ကို ချပြီး တံခါးကို မင်းတုပ် ချထားပါ။ ဒီလိုနေလိုက်ရင် ဘယ်သူနဲ့မှလည်း သိပ်စကားများများ မပြောရတော့ဘူးပေါ့။ တယောက်ယောက်က စော်ကားလာရင်လည်း ရန်မဖြစ်ပါနဲ့။ ကျွန်တော်ပြန်လာတော့မှ စာရင်းရှင်းပါ့မယ်။ ဒီတော့ ကျွန်တော် ပြောတဲ့အတိုင်း လုပ်ပါမယ်လို့ သစ္စာဆိုပြီး ဟောဒီ သစ္စာရေကို သောက်ပါ"

အစ်ကိုကြီးဝူသည် အရက်ခွက်ကို ဝုဆုန့်ထံမှ လှမ်းယူလိုက်ပြီးလျှင်-

"ဟုတ်တယ်။ မင်း ပြောတာ မှန်တယ်" ဟု ဆိုကာ စိမ်ရည်ကို သောက်လေ၏။

ဝုဆုန့်သည် ဒုတိယတခွက်ကို ငှဲ့ပြီးနောက် မရီးလုပ်သူ ရွှေကြာဘက်သို့ လှည့်၍-

"အစ်မကတော့ ပါးနပ်ပါတယ်။ အစ်မကို ထူးထူးထွေထွေ ကျွန်တော် ပြောနေစရာ မလိုပါဘူး။ ကျွန်တော့်အစ်ကိုဟာ ခပ်ရိုးရိုး ခပ်အအရယ်။ သူ့ကို အစ်မ ကြည့်ရှုစောင့်ရှောက်ပေးပါ။ "အတွင်းခေတ်အားသည် အပြင်ခွန်အားထက် အားကြီးသည်" ဆိုတဲ့ ရှေးစကား လည်း ရှိပါတယ်။ အစ်မက အိမ်ကို ကောင်းကောင်း စီမံအုပ်ချုပ်တယ်ဆိုရင် အစ်ကို့ အတွက် ဘာမှလည်း စိုးရိမ်စရာ မလိုတော့ပါဘူး။ ခြံလုံရင် ခွေး မဝင်နိုင်ဘူး" ဆိုတဲ့ ရှေး လူကြီးများ ပြောခဲ့တဲ့ စကားလိုပေါ့"

ရွှေကြာမှာ နားရွက်တို့ နီရဲလာပြီးနောက် မျက်နှာတခုလုံး နီမြန်းသွားလေ၏။ ရွှေကြာသည် သူ့ယောက်ျားကို လက်ညှိုးထောင်၍ ပြလိုက်ရင်း-

ကျွန်မ "ရှင် တော်တော်ဆိုးတယ်နော်။ ကျွန်မနဲ့ပတ်သက်လို့ ဘာတွေများ မကောင်းပြောထားလဲ မသိဘူး။ ကျွန်မလည်း ယောကျ်ားကြီးတယောက်လို လုပ်ရဲကိုင်ရဲပါတယ်။ ကျွန်မ လက်သီးပေါ်မှာ ယောကျ်ားတယောက် ကောင်းကောင်း ရပ်နိုင်ပြီး ကျွန်မ လက်ရုံးပေါ်မှာ မြင်းတကောင် ဒုန်းစိုင်းနိုင်ပါတယ်။ ဘယ်နေရာမှာမဆို မျက်နှာကို ရဲရဲပြရဲပါတယ်။ ရှင့်ကို အရှက်ရအောင် လုပ်မယ့် မိန်းမစား မဟုတ်ပါဘူး။ ကျွန်မနဲ့ ညားပြီးကတည်းက ရှင့်အိမ် ပေါ်ကို ပုရွက်ဆိတ်တကောင်တောင် အတက်ခံလို့လား။ ခြံမလုံဘဲ ခွေးတွေ ဝင်တယ်လို့ ပြောရအောင် ဘာများဖြစ်လို့လဲ။ ဒီစကားမျိုးကို လျှောက်ပြောရင် အထောက်အထား အခိုင်အမာရှိမှ ပြောပါ။ အုတ်ခဲကျိုး၊ အုတ်ကြွပ်ကျိုးဟာ မြေကြီးပေါ်ကို ကျရတာချည်းပဲ"

ဝုဆုန့်က ပြုံးလိုက်လျက်-

"အစ်မက ဒီလိုသဘောပေါက်တယ်ဆိုရင် ကျွန်တော် ဝမ်းသာပါတယ်။ အလုပ်တခြား အပြောတခြားသာ မဖြစ်ပါစေနဲ့။ အစ်မစကားကို ကျွန်တော် မြဲမြဲမှတ်ထားပါ့မယ်။ ဒီတော့ အစ်မလည်း ဒီသစ္စာရေကို သောက်ပါ"

ရွှေကြာသည် ရေခွက်ကို ဘေးသို့ တွန်းဖယ်လိုက်ပြီးနောက် အခန်းထဲမှ ထွက်သွားလေ၏။ လှေကားတဝက်အရောက်၌-

"တော်တော်လည်း ပါးတယ်နော်။ "အစ်ကို့မယားကို အမေလို ရိုသေရတယ်" ဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား။ ရှင့်အစ်ကိုကို လက်ထပ်ယူခဲ့တုန်းက ရှင့်နာမည်ကို ကြားတောင် မကြားခဲ့ဖူးသေးဘူး။ ရှင့်ကို သိလည်း မသိခဲ့ဖူးဘူး။ ခုမှ ပေါက်လာပြီး ယောက္ခမကြီးလို ဆုံးမဩဝါဒ ပေးနေသတဲ့လား။ ငါ့ကိုက ဒါမျိုးတွေနဲ့ လာတွေ့ရတာ ငါ့ကံကိုက ဆိုးပါတယ်"

ရွှေကြာသည် ဘာမျှအပြစ်မရှိဘဲ အပြောခံရသည့် ဟန်မျိုးဖြင့် ငိုယိုကာ လှေကားမှ ဆင်းသွားလေ၏။

ညီအစ်ကိုနှစ်ယောက်တို့သည် နောက်ထပ် စိမ်ရည်များကို သောက်ကြပြီးနောက် ဝုဆုန်လည်း ပြန်ရန် ပြင်လေ၏။ အစ်ကိုကြီးဝူက-

"မြန်မြန်တော့ ပြန်လာခဲ့ကွ။ မင်းကို တွေ့ချင်သေးတယ်" ဟု ပြောလေ၏။ သူ့ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်ကို ဝုဆုန် မြင်ရလေ၏။

"မုန့်ရောင်းတို့ ဘာတို့လည်း ထွက်မနေပါနဲ့တော့ဗျာ။ အိမ်မှာပဲ နေပါ။ အစ်ကိုကြီး အတွက် ကျွန်တော် ပိုက်ဆံပို့ပေးပါ့မယ်"

အစ်ကိုကြီးဝူသည် ဝုဆုန်ကို အောက်ထပ်တံခါးဝသို့ လိုက်ပို့လေ၏။

"အစ်ကိုကြီး။ ကျွန်တော်ပြောတာကို မမေ့နဲ့နော်" ဟု ဝုဆုန်က ပြောလေ၏။

ဝုဆုန်သည် မြို့ဝန်ရုံးဝင်းထဲသို့ ပြန်လာခဲ့ကာ ခရီးထွက်ရန် ပြင်ဆင်လေ၏။ နောက် တနေ့ မနက်စောစောတွင် အထုပ်အပိုးတို့ကို ထုပ်ပိုးကာ မြို့ဝန်ထံသို့ ထွက်လာခဲ့လေ၏။ ပစ္စည်းအားလုံးမှာ လှည်းများပေါ်သို့ တင်ပြီးလေပြီ။ မြို့ဝန်သည် ဝုဆုန်နှင့်အတူ ခရီးသွားရန် သန်မာ၍ အကင်း ပါးသည့် တပ်သားနှစ်ဦးနှင့် စိတ်ချရသည့် အစေခံနှစ်ဦးတို့ကိုလည်း ထည့်လိုက်လေ၏။ ထို့နောက် မှာစရာရှိသည်တို့ကို မှာကြားလေ၏။ သူတို့အားလုံး မြို့ဝန်ကို နှုတ်ဆက်ကြလေ၏။ ဝုဆုန်သည် သူ့သံချပ်အင်္ကျီကို ဝတ်ပြီးနောက် မိုန်းကို ကိုင်ထား လေ၏။ သို့ဖြင့် သူတို့ငါးဦးသည် လှည်းကို စောင့်ရှောက်ကာ ယန်ကူမှ အရှေ့နေပြည် တော်သို့ ခရီးထွက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့၏ဇာတ်လမ်းကို နှစ်ပိုင်းခွဲ၍ ပြောရတော့မည်။ ယခု ကျွန်ုပ်တို့သည် အစ်ကိုကြီး ဝူ၏ အကြောင်းကို ပြောပြပါအံ့။ ဝုဆုန် လာပြီးသည့်နောက် လေးရက်လုံးလုံး သူ့မယား သည် အစ်ကိုကြီးဝူကို ဆူပူ ကြိမ်းမောင်းလေ၏။ အစ်ကိုကြီးဝူသည် သူ့မယား ဆဲဆို မြည်တွန်သမျှကို ဘာမျှ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ သူ့ညီ ပြောသွားသည့် စကားများကိုသာ

သတိရလျက်ရှိလေ၏။ အစ်ကိုကြီးသည် ယခင်ကထက် မုန့်တဝက်မျှကိုသာ ရောင်းပြီးလျှင် အိမ်သို့ အစောကြီး ပြန်လာတတ်လေ၏။ အိမ်ရောက်၍ အထမ်းချပြီးသည်နှင့် ယင်းလိပ်ကို ချကာ တံခါးကို မင်းတုပ်ထိုးပြီး အိမ်ထဲမှာပင် နေလေ၏။ ရွှေကြာကား စိတ်ဆိုး၍ မဆုံးတော့ပြီ။ ရွှေကြာသည် သူ့ယောက်ျားကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်ထောင်လေ၏။

"အလကားလူ၊ နွား။ ညနေ မစောင်းသေးဘူး၊ အိမ်တံခါးကို မင်းတုပ်ချ ပိတ်တဲ့ အိမ်ရယ်လို့ တခါမှ မတွေ့ဖူးဘူး။ ခုတော့ ကျုပ်တို့ကို သရဲတစ္ဆေ ကြောက်တယ်ဆိုပြီး ကဲ့ရဲ့ ကြတော့မှာပေါ့။ ရှင့်ညီ ပါးစပ်ပုပ်ကြီးနဲ့ ပြောတဲ့ စကားကိုပဲ နားထောင်တော့တာပေါ့ ဟုတ်လား။ တခြားလူတွေ ရယ်ကြမှာကိုတော့ ဂရုမစိုက် တော့ဘူးပေါ့ ဟုတ်လား"

"ရယ်ချင် ရယ်ပေ့စေပေါ့ကွာ။ ပြောချင်တာ ပြောကြပေ့စေပေါ့။ ငါ့ညီလေးပြောတဲ့ အကြံကောင်းတယ်။ သူပြောတဲ့အတိုင်း လုပ်ရင် တို့မှာ အန္တရာယ်ကင်းတယ်"

"လူအ။ ရှင်ဟာ လူ ရှင်ရဲ့၊ လူ။ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ပါတော့လား။ သူများပြော စကားကို ဒီလိုပဲ နားထောင်နေရသလား"

အစ်ကိုကြီးမှာ သူပြောသည့် စကားများကို ဂရုမစိုက်တော့ပြီ။

"ငါ့ညီပြောတဲ့အတိုင်းပဲ လုပ်တော့မယ်။ သူပြောတဲ့စကားက တန်ဖိုးရှိတယ်" ဟုပြောလေ၏။

နောက်နှစ်ပတ်လုံးလုံး ရွှေကြာသည် ညီပြောသည့်အတိုင်းလုပ်နေသည့် သူ့ယောက်ျား နှင့် တကျက်ကျက် ရန်ဖြစ်နေကြလေ၏။ ထို့နောက်တွင်မူ ရွှေကြာသည် ထိုဇယားအတိုင်း နေသားကျလာခဲ့လေ၏။ သူ့ယောက်ျား အိမ်ပြန်ရောက်ခါနီးသည်နှင့် ယင်းလိပ်ကို ချကာ တံခါးကိုလည်း သူကိုယ်တိုင် မင်းတုပ်ချ ထားတတ်လေ၏။ အစ်ကိုကြီးမှာလည်း ထိုအခါ ကျမှ စိတ်သက်သာရလေ၏။ "သူ့နည်းကလည်း ဟုတ်တုတ်တုတ်ပဲ" ဟု အောက်မေ့မိလေ၏။

နောက်နှစ်ရက်၊ သုံးရက် လွန်လာခဲ့လေ၏။ ဆောင်းရာသီမှာလည်း ကုန်လုနီးလေပြီ။ နေရောင်ပြူထွက်စပြုလာကာ ရာသီဥတုမှာလည်း ပူနွေးစပြုလာလေ၏။ မကြာမီ သူ့ ယောက်ျား ပြန်လာတော့မည် ဖြစ်သဖြင့် ရွှေကြာသည်လည်း တံခါးအပေါက်မှ ယင်းလိပ် ကို ချရန် ဝါးလုံးခွတချောင်းဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။

ထိုစဉ် အဖြစ်အပျက်တခု ပေါ်ပေါက်လာခဲ့လေ၏။ အိမ်ရှေ့မှ လူတယောက် ဖြတ်သွားလေ၏။ "တိုက်ဆိုင်မှုမရှိဘဲနှင့်ဇာတ်လမ်းဟူ၍ မရှိနိုင်" ဆိုသည့် ရှေးစကားအတိုင်းပင်။

ရွှေကြာကိုင်ထားသည့် ဝါးလုံးသည် လက်မှ လွတ်ကျသွားကာ အောက်မှ ဖြတ်လျှောက် သွားသူ၏ ခေါင်းပေါ်သို့ တည့်တည့်ကျလေ၏။ ထိုလူသည် စိတ်ဆိုးမာန်ဆိုးဖြင့် အပေါ်သို့ မော့၍ ကြည့်လိုက်လေ၏။ သို့ရာတွင် တံခါးတွင် ကိုယ်လုံးကိုယ်ပေါက်သွယ်သွယ်နှင့် ရပ်နေသည့် မိန်းမပျိုကို မြင်လိုက်သည့်အခါတွင် ထိုလူမှာ ဒေါသတို့ ပြေပျောက်သွားခဲ့လေပြီ။ သူ့ဒေါသတို့သည် တိုင်းတပါးသို့ ရောက်သွားကြလေပြီ။ ထိုလူသည် ပြုံးလေ၏။

မိန်းမပျိုက လက်နှစ်ဖက်ကို ချီကာ တောင်းပန်လေ၏။

"ကျွန်မ ပေါ့တာပါရှင်။ မောင်ကြီး တော်တော်နာသွားသလားဟင်"

ထိုလူက ခေါင်းပေါင်းကို ပြင်ပေါင်းလိုက်ကာ-

"ကိစ္စမရှိပါဘူးဗျာ။ ရပါတယ်။ စနိုးစနောင့် မဖြစ်ပါနဲ့"

အိမ်နီးချင်းဖြစ်သူ မဝမ်သည် သူ့လက်ဖက်ရည်ဆိုင်တံခါးကြားမှ နေ၍ ထိုအခြင်းအရာအားလုံးကို မြင်လိုက်လေ၏။ မဝမ်က ရယ်လိုက်ကာ-

"အိမ်နဲ့ ဝေးဝေးမှ မလျှောက်ဘဲကိုးကွယ့်။ တံစက်မြိတ်အောက် ဝင်လျှောက်တော့ ခိုက်မိတာပေါ့"

ထိုလူက ပြုံးလိုက်လျက်-

"ကျွန်တော့်အပြစ်ပါဗျာ။ကျွန်တော်က ဝင်တိုက်မိတာပါ။ ကျွန်တော့်ကို ခွင့်လွှတ်နော်"

ရွှေကြာကလည်း ပြုံးကာ-

"မောင်ကြီး စိတ်မဆိုးဘူးနော်"

ထိုလူက ရယ်လေ၏။ ထို့နောက် ခေါင်းညွှတ်၍ အရိုအသေပြုလေ၏။

"မဆိုးရဲပါဘူး ခင်ဗျာ"

သူ့မျက်လုံးများသည် ရွှေကြာ၏ တကိုယ်လုံးကို သိမ်းကျုံးကြည့်လျက် ရှိလေ၏။ ထို့နောက် ခြေလှမ်းမှန်မှန်ဖြင့် ထွက်သွားလေ၏။

ရွှေကြာလည်း ယင်းလိပ်ကို ချကာ ဝါးလုံးကို အိမ်ထဲတွင် သိမ်းပြီးလျှင် တံခါးကို မင်းတုပ်ချ၍ ယောက်ျားပြန်အလာကို စောင့်မျှော်လျက်ရှိလေ၏။

ထိုသူသည် မည်သူဖြစ်သနည်း။ မည်သည့်အရပ်တွင် နေသနည်း။ ထိုလူမှာ ယန်ကူမြို့မှ လူချမ်းသာတဦး၏ သားဖြစ်ပြီး မြို့ဝန်ရုံးရှေ့တွင် ပရဆေးဆိုင်တဆိုင် ဖွင့်နေသူ ဖြစ်လေ၏။ ထိုသူသည် နှုတ်ချိုသလောက် စိတ်ထားကောက်သူတယောက်ဖြစ်၍ လက်ဝှေ့ အတတ်နှင့် သိုင်းအတတ်တို့တွင် ကျွမ်းကျင်သူတဦး ဖြစ်လေ၏။ မကြာမီက ထိုလူသည် ပြန်၍ စီးပွား ဖြစ်လာခဲ့ကာ အမှုပွဲစားလုပ်ခြင်း၊ မရိုးဖြောင့်သော အလုပ်များကို လုပ်ခြင်း၊ ငွေချေးခြင်း၊ အရာရှိများကို လာဘ်ထိုးခြင်းဖြင့် ပြန်၍ ကြီးပွားလာခဲ့လေ၏။ တခရိုင်လုံးကပင် သူ့ကို လေးစားစွာ ဆက်ဆံကြလေ၏။ သူ့အမျိုး၏ အမည်မှာ ဆီမန် ဖြစ်ပြီး သူ့ငယ်နာမည်မှာ ချင်း ဖြစ်လေ၏။ သားအကြီးဆုံး ဖြစ်သည့်အတွက် သူ့ကို ဆီမန်ချင်းဟု ခေါ်ကြပြီး ထို့နောက်တွင် ပြန်၍ ချမ်းသာလာသည့်အခါတွင် ဂုဏ်သရေရှိ ဆီမန်ဟု ခေါ်ကြလေ၏။

ဆီမန်သည် ရွှေကြာနှင့် တွေ့ဆုံပြီးနောက် မဝမ်၏ လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ ယင်းလိပ်အနီးတွင် ထိုင်နေလေ၏။

"တကတဲတော်။ ဆီမန်တို့ ဦးညွှတ်ပြီး အရိုအသေ ပေးနေလိုက်ပုံများ" ဟု မဝမ်က ပြုံး၍ ပြောလေ၏။

"အဲဒီအမျိုးသမီးက ဘယ်သူလဲဗျ ဟင်"

"သူက ငရဲမင်းကြီးရဲ့ နှမတော်လေးတော့။ ငရဲဗိုလ်ချုပ်ကြီးရဲ့ သမီးတော်လေး။ ဘာဖြစ်လို့ မေးတာလဲ"

"တကယ်ပြောတာပါ အဒေါ်ရဲ့။ နောက်မနေစမ်းပါနဲ့"

"သူ့ယောက်ျားကို မောင်ရင် မသိဘူးပေါ့။ နေ့တိုင်း မြို့ဝန်ရုံး ရှေ့မှာ အထမ်းနဲ့ မုန့်ရောင်းတဲ့ လူလေ"

"ဩော်၊ စွန်ပလွံ့ယိုရောင်းတဲ့ စုဆန်လား"

မဝမ်က လက်ကို ယမ်းပြလိုက်ကာ-

"မဟုတ်ပါဘူးကွယ်။ သူတို့လင်မယားက ရှေ့သွားနောက်လိုက် ညီပါတယ်။ မှန်းကြည့်ပေါ့"

"ငွေထည်ကလေးတွေ ရောင်းတဲ့ လီအဲလားဗျာ"

“မဟုတ်ပါဘူး။ သူတို့လင်မယားကလည်း ကြည့်လို့ လိုက်ဖက်ပါတယ်”

“ဒါဖြင့် လက်မောင်းမှာ ထိုးကွင်းထိုးထားတဲ့လူ ရှောက်ယီလား”

မဝမ်က ရယ်လိုက်လျက်-

“အမယ်လေး။ သူတို့လင်မယားကလည်း ကြည့်လို့ ကောင်းပါတယ်ကွယ်။ ကဲ၊ မှန်းကြည့်ပါဦး။ ဘယ်သူလို့ ထင်သလဲ”

“ကျွန်တော်တော့ စဉ်းစားလို့ မရတော့ဘူး”

မဝမ်က ရယ်လိုက်လျက်-

“သေတော့မှာပဲ။ သူ့ယောကျ်ားက မုန့်ကို အထမ်းနဲ့ ရောင်းတဲ့ ဝူလေ”

ဆီမန်သည် သဘောကျသဖြင့် တဟားဟား ရယ်နေလေ၏။

“သုံးလက်မပိုးစာပင်ခေါက်ကို ပြောတာလား”

“ဟုတ်ပါ့တော်”

“သောက်ကျိုးနည်းဗျာ။ အိနေတဲ့ အသားတုံး ခွေးပါးစပ်ထဲ ရောက်နေတာကိုးဗျ”

“ဟုတ်တာပေါ့။ ဒါပေမဲ့ လောကမှာ ဒီအတိုင်းပဲ ဖြစ်နေကြတာပဲလေ။ “မြင်းကောင်း ဟာ မြင်းစီးသမားညံ့ညံ့ ရတတ်တယ်။ မယားချောချောဟာ လင်ဖျင်းနဲ့ အိပ်ရတတ်တယ်” လို့ ရှေးစကား ရှိတယ်မဟုတ်လား။ ဖူးစာရေးနတ်ကလည်း စိတ်ရှုးပေါက်ပြီး ဆွဲပေးလိုက် တယ် ထင်ပါရဲ့ကွယ်”

“လက်ဖက်ရည်ဖိုး ဘယ်လောက်ကျသလဲ အဒေါ်”

“သိပ်မကျပါဘူးကွယ်။ နောက်တော့မှ ပေးပါ”

“အဒေါ့်သားကော ဘယ်မှာများ အလုပ်လုပ်နေသလဲ”

“ပြောပဲ မပြောချင်ပါဘူးကွယ်။ ဟွာဟေမြစ်ညာကို ကုန်သည်တယောက်ရဲ့ နဝလီ လှေနဲ့ လိုက်သွားတာ ခုထက်ထိ ပြန်မလာသေးဘူး။ သေသလား၊ ရှင်သလားတောင် မသိရဘူး”

“ကျွန်တော့်ဆိုင်မှာ အလုပ်လုပ်ပါစေလား”

မဝမ်က ပြုံးလိုက်လျက်-

“ဒီလို စောင့်ရှောက်ကြည့်ရှုတယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့ကွယ်”

“သူ ပြန်လာပါစေဦးလေ။ သူ ပြန်လာတော့ ကြည့်ကြသေးတာပေါ့”

သူတို့နှစ်ယောက်သည် အတန်ကြာမျှ စကားပြောနေကြလေ၏။ ဆီမန်လည်း မဝမ်ကို ကျေးဇူးစကားဆိုကာ ပြန်သွားလေ၏။ ညဦးပိုင်းသို့ ရောက်သည့်အခါတွင် ဆီမန်သည် မဝမ်၏ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ရွှေကြာတို့အိမ်ဘက်သို့ လှမ်းကြည့်နေသည်ကို တွေ့ရပြန်လေ၏။ ခဏအကြာတွင် မဝမ်သည် ဆိုင်နောက်မှ ထွက်လာကာ-

“မောင်ရင်လေး။ ဆီးအရက်ကလေး သောက်ကြည့်ပါလား”

“သိပ်ကောင်းတာပေါ့ အဒေါ်ရယ်။ ချဉ်ချဉ်ကလေး တခွက်လောက် လုပ်စမ်းပါဦး” ခဏကြာလျှင် မဝမ်သည် ဆီးစိမ်ရည်ကို ယူလာကာ လက်နှစ်ဖက်ဖြင့် တရိုတသေ ပေးလေ၏။ ဆီမန်သည် ဆီးစိမ်ရည်ကိုမြည်းစမ်းကြည့်ပြီးနောက် စားပွဲပေါ်သို့ ချထားလေ၏။

“အဒေါ်က ဆီးအရက်စိမ်တာ တော်တော်ကောင်းတာပဲနော်။ စိမ်ပြီးသား များများ ရှိသလား”

မဝမ်က ရယ်လိုက်လျက်-

“မကောင်းဘဲ ရှိမလားကွယ်။ အဒေါ်က တသက်လုံး ဒီအရက်မျိုးကို စိမ်ထားတာပဲ။ ဒါပေမဲ့ အိမ်မှာတော့ များများမရှိပါဘူး”

“အဒေါ်ကတော့ လုပ်ပြီ။ ကျွန်တော်က ဆီးအရက်အကြောင်း ပြောနေတာ။ အဒေါ် က ဘာဖြစ်လို့ အောင်သွယ်ကိစ္စကို ပြောနေရတာလဲ။ တခြားစီပါဗျာ။ ဘာမှမဆိုင်ပါဘူး”

“မသိပါဘူးတော်။ ကျုပ်က အဒေါ်က အောင်သွယ်ကောင်း ဟုတ်မဟုတ်များ မောင်ရင် သိချင်သလားလို့ပါ”

“ဒါဖြင့် အဒေါ့်အလုပ်က အောင်သွယ်ဆိုတော့ ကျွန်တော်ကလည်း အောင်သွယ်လုပ် ခိုင်းရတော့မှာပေါ့။ အဒေါ့်မှာ ကျွန်တော့်ဖို့ ကြည့်ထားတာလေး ဘာလေးများ မရှိဘူးလား။ အကောင်းစားထဲကပေါ့။ ကျေးဇူးမမေ့ပါဘူးဗျာ။ ကျေးဇူးဆပ်ပါ့မယ်”

“အမယ်လေး လုပ်ပါနဲ့တော်။ မောင်ရင့်အိမ်က ဇနီး ကြားရင် အဒေါ့်ကို လာရန်ထောင်ပြီး နားရွက် လာလိမ်ဆွဲနေပါလိမ့်မယ်”

"ကျွန်တော့်မိန်းမက သဘောကောင်းပါတယ် အဒေါ်ရဲ့။ အိမ်မှာတင်ကို ကျွန်တော့်မှာ အမြှောင်တွေ ပြောင်ပြောင်ထားတာပဲ။ ဒါပေမဲ့ တယောက်မှ ကျွန်တော် သဘောမကျပါဘူး အဒေါ်ရယ်။ သင့်လျော်တာများ တွေ့ထားရင် ပြောစမ်းပါ။ ကျွန်တော် သဘောကျ တာဆိုရင် အအိုပဲဖြစ်ဖြစ်ပေါ့။ ရပါတယ်"

"တနေ့တုန်းကတော့ ကောင်းကောင်းလေးတယောက် တွေ့ထားတာပဲ။ ဒါပေမဲ့ မောင်ရင်က သဘောကျချင်မှ ကျမှာပါ"

"တကယ်ကောင်းတယ်ဆိုရင် ဘာသဘောမကျစရာ ရှိသလဲ အဒေါ်ရဲ့။ ကျွန်တော့်ကို စီစဉ်ပေးပါ့လား။ အဒေါ်ကို ကျေးဇူးဆပ်ပါ့မယ်"

"သိပ်ချောတယ်။ ဒါပေမဲ့ နည်းနည်းတော့ အတွေ့အကြုံရှိပြီးသား"

"အသက်ကလေး မဆိုစလောက် ကွာတာကတော့ အရေးမကြီးပါဘူးဗျာ"

"သူက ဗျူဠနှစ်မှာ မွေးတာ။ ရှေ့နှစ်သစ်ကူးဆိုရင် ကိုးဆယ့်သုံးနှစ် ပြည့်တော့မယ်"

ဆီမန်က ရယ်လိုက်လျက်-

"အဒေါ်ကလည်း သိပ်နောက်တာပဲဗျာ"

ဆီမန်သည် ရယ်မောလျက် ထွက်လာခဲ့လေ၏။ ထိုအချိန်၌ မိုးချုပ်စပြုလေပြီ။ မဝမ် သည် မီးအိမ်ကို ထွန်းကာ ညရောက်၍ အိမ်တံခါးများ ပိတ်ရန် ပြင်ဆင်နေစဉ် ဆီမန်သည် ရောက်လာပြန်ကာ ယင်းလိပ်ချထားသည့် တံခါးအနီးတွင် ထိုင်လျက် ရွှေကြာတို့ အိမ် ဘက်သို့ လှည့်၍ ကြည့်နေပြန်လေ၏။

"စိမ်ရည်လေး နည်းနည်းပါးပါး သောက်ဦးမလား။ မိတ်ဖြစ်ဆွေဖြစ် သဘောလောက် ကလေးပေါ့"

"ကောင်းသားပဲ။ ဒီတခါတော့ ချိုချိုကလေးလုပ်ဗျာ"

မဝမ်သည် စိမ်ရည်ခွက်ကို ယူလာပြီး ပေးလေ၏။ အတန်ကြာသောက်ပြီးနောက် ထိုင်ရာမှ ထလေ၏။

"ကျွန်တော့်စာရင်းထဲ မှတ်ထားလိုက်နော် အဒေါ်။ မနက်ဖြန်ကျမှ ပေးမယ်"

"ဒီလောက် အလျင် မလိုပါဘူးကွယ်။ အေးအေးဆေးဆေးသာ နေပါ။ ကြုံတော့ လည်း ဝင်ခဲ့ဦးပေါ့"

ဆီမန်က ရယ်လေ၏။ ထိုညတွင် ဘာမျှ ထူးထူးခြားခြားမဖြစ်ချေ။

နောက်တနေ့မနက် မိုးသောက်၍ မဝမ်က ဆိုင်တံခါးကို ဖွင့်လိုက်သည့်အခါတွင် ဆိုင်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ဆီမန်ကို တွေ့ရပြန်လေ၏။

"အင်း၊ မြင်းကတော့ မြန်လာပြီ။ ပါးစပ်နားကို သကြားကလေး နည်းနည်းတော့ ဖြူးပေးထားလိုက်ဦးမှပဲ။ လျှာနဲ့ လျက်လို့လည်း မရအောင် မမီမကမ်းကလေးမှာ ထားရမယ်။ သူက မြို့ဝန်ရုံးကို ဝင်နိုင်ထွက်နိုင်တဲ့လူ မဟုတ်လား။ ငါ့ဆီက လွယ်လွယ်နဲ့ မရဘူး ဆိုတာ သိအောင် ပညာတော့ ပြထားရမယ်" ဟု မဝမ် တွေးလျက်ရှိလေ၏။

မဝမ်သည် တံခါးများကို ဖွင့်ကာ မီးဖိုပြီး ရေနွေးတည်လေ၏။ ဆီမန်သည် ဆိုင်တွင်း သို့ ဝင်လာကာ ယင်းလိပ်အနီးတွင် ထိုင်ရင်း ရွှေကြာတို့အိမ်ဘက်သို့သာ ကြည့်နေလေ၏။ မဝမ်သည် မသိချင်ယောင်ပြုကာ မီးဖိုထဲတွင် မီးခတ်လျက်ရှိလေ၏။

"အဒေါ်ရေ၊ လက်ဖက်ရည်နှစ်ခွက်ဗျာ"

"သြော်၊ လက်စသတ်တော့ မောင်ရင်ပါလား။ မတွေ့ရတာ ကြာပြီနော်။ ထိုင်လေ"

မဝမ်သည် ချင်းရည်သတ်ထားသည့် လက်ဖက်ရည်ကျကျနှစ်ခွက်ကို စားပွဲပေါ်သို့ လာချလေ၏။

"လာလေ။ လက်ဖက်ရည် လာသောက်လှည့်ပါလား"

"အမယ်လေးတော်။ ကျုပ်တို့က အချစ်တော် မဟုတ်ပါဘူး" ဟု မဝမ်က စလေ၏။

ဆီမန်က ရယ်လိုက်ရင်း-

"ဒါထက် နေပါဦး အဒေါ်ရဲ့။ ဟိုဘက်အိမ်က ဘာရောင်းတာလဲ"

"ပူပူနွေးနွေး၊ စိုစိုရွှဲရွှဲ၊ လတ်လတ်ဆတ်ဆတ်၊ မွှေးမွှေးကြိုင်ကြိုင်၊ ချိုချိုဆိမ့်ဆိမ့် ပစ္စည်းကလေးတွေ ရောင်းတာလေ"

ဆီမန်က ရယ်လိုက်ရင်း-

"အဒေါ်ဟာ တော်တော်နောက်တယ်ဗျာ"

"နောက်တာ မဟုတ်ဘူးတော့။ ဒါပေမဲ့ ခက်တာက သူ့မှာ လင်ကြီးနဲ့" ဟု မဝမ်က ရယ်၍ ပြောလေ၏။

"တကယ်ပြောတာပါဗျ။ သူတို့မုန့်က တော်တော်ကောင်းတယ်ဆို။ ကျွန်တော် အခု လေးငါးဆယ်လောက် မှာချင်လို့ပါ။ ခု သူ့ယောကျ်ား အိမ်မှာ ရှိသလား"

"မောင်ရင် လိုချင်တာက မုန့်လား။ မုန့်ဆိုရင်တော့ သူ့ယောကျ်ားပြန်လာအောင် စောင့်ဦး။ သူ့အိမ်ကို သွားလို့ အလကားပဲ"

"ဟုတ်တာပေါ့" ဟု ဆိုကာ ဆီမန်သည် လက်ဖက်ရည်ကို ဆက်သောက်နေလေ၏။

ထို့နောက် ထိုင်ရာမှ ထကာ-

"ကဲ၊ အဒေါ်။ လက်ဖက်ရည်ဖိုး ရှင်းရအောင်"

"ရပါတယ်ကွယ်။ နောက်များမှ ရှင်းတာပေါ့"

ဆီမန်သည် ပြုံး၍ ပြန်လာခဲ့လေ၏။ ခဏကြာလျှင် မဝမ်သည် ဆိုင်ထဲတွင် လုပ်စရာ ရှိသည်တို့ကို လုပ်နေရာမှ အပြင်သို့ လှမ်းကြည့်လိုက်ရာ ဆိုင်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ဆီမန်ကို မြင်ရပြန်လေ၏။ ဆီမန်သည် အရှေ့ဘက်သို့ လျှောက်သွားပြီးလျှင် ရွှေကြာတို့အိမ် အပေါ်ထပ်သို့ လှမ်းကြည့်နေလေ၏။ တဖန် အနောက်သို့ လျှောက်သွားပြီး အပေါ်ထပ်ကို လှမ်းကြည့်ပြန်လေ၏။ ထိုသို့ ရှစ်ခေါက် ကိုးခေါက် လျှောက်ပြီးသည့်အခါတွင် ဆိုင်ထဲသို့ ဝင်လာပြန်လေ၏။

"မောင်ရင် မပေါ်လာတာ တော်တော်ကြာပြီနော်" ဟု မဝမ်က နှုတ်ဆက်လေ၏။ ဆီမန်က ပြုံး၍ ကုလားထိုင်တွင် ဝင်ထိုင်ပြီးနောက် အိတ်ထဲမှ ငွေစတစကို ထုတ်ကာ-

"ဟောဒီမှာ အဒေါ် လက်ဖက်ရည်ဖိုး" ဟု ပြောလေ၏။

"လက်ဖက်ရည်ဖိုးက များလှချေလားကွယ်။ ဒီလောက်မကျပါဘူး"

"ယူထားလိုက်ပါလေ"

"ငနဲတော့ မိပြီ" ဟု မဝမ်စိတ်ထဲတွင် ကျိတ်၍ ကျေနပ်နေလေပြီ။ မဝမ်သည် ပိုက်ဆံ ကို သိမ်းပြီးနောက် "မောင်ရင့်ကို ကြည့်ရတာ တော်တော် ရေငတ်နေတယ် ထင်တယ်။ ရွက်သစ်လက်ဖက်ခြောက် ကောင်းကောင်း ကျကျ

တခွက်လောက်တော့ သောက်လိုက်ပါလား။ ဘယ့်နှယ်လဲ”

“အဒေါ်ဘယ်လိုလုပ် သိသလဲ”

“လွယ်ပါတယ်တော်။ မောင်ရင့် မျက်နှာရိပ် မျက်နှာကဲ ကြည့်လိုက်ရင် သိတာပဲ။ “လူတယောက် စည်းစိမ်ရှိနေသလား၊ ဆင်းရဲနေသလား ဆိုတာကို သိချင်ရင် မျက်နှာကို ကြည့်” ဆိုတဲ့ စကားရှိတယ် မဟုတ်လား မောင်ရင်ရဲ့။ မိဝမ်တို့က ဒါမျိုးတွေကို နှောကျေ နေပါပြီကွယ်”

“ခုလေးတင် ကျွန်တော့်စိတ်ထဲမှာ တွေးနေတာ တခု ရှိတယ်ဗျာ။ အဒေါ် ဖော်နိုင် ပါ့မလား။ ဖော်နိုင်ရင် ငါးကျပ်သား ပေးမယ်”

မဝမ်က ပြုံးဖြဲဖြဲဖြင့် “နှစ်ခါသုံးခါမစဉ်းစားရပါဘူးတော်။ တချက်တည်း စဉ်းစားလိုက် ရုံနဲ့ သိပါတယ်။ လာ၊ ကျုပ် တိုးတိုးလေး ပြောမယ် နားထောင်။ ခု တရက်၊ နှစ်ရက်အတွင်း မောင်ရင် လမ်းသလားနေတာဟာ ဟိုဘက်အိမ်က ဟာမကြောင့် မဟုတ်လား။ ပြောစမ်း” ဆီမန်က ပြုံးလိုက်ရင်း “အဒေါ်ဟာ တော်တော်လျင်တယ်နော်။ အမှန်ကို ပြောရရင်တော့ ကျွန်တော့်အပေါ်ကို ဝါးလုံးကျတဲ့နေ့၊ ကျွန်တော် သူ့ကို မြင်ရတဲ့နေ့က စပြီး ကျွန်တော်တော့ သူ့ကို စွဲနေတာပဲ အဒေါ်ရေ။ ကျွန်တော် သူ့ကို ရအောင် ဘယ်လိုများ လုပ်ရမလဲ မသိဘူး။ အကြံကလေး ဘာလေးများ ပေးစမ်းပါဦး”

မဝမ်သည် အားရပါးရ ရယ်လေ၏။

“ကောင်းပါပြီတော်။ ဒီလိုဆိုရင်လည်း အကြံပေးရတာပေါ့။ အမှန်ကတော့ အဒေါ်ရဲ့ လက်ဖက်ရည်ဆိုင်ဟာ ဟန်ပြပဲကွယ့်။ “သရဲက ညစောင့်လုပ်” ဆိုပါစို့ကွယ်။ လွန်ခဲ့တဲ့ သုံးနှစ် ဆောင်းတွင်း တမနက်မှာ ဒီဆိုင်ကို စဖွင့်တဲ့ အချိန်ကစပြီး အဒေါ် ဆိုင်မှာ ဘာမှ ဟုတ်တိပတ်တိ ရောင်းတာမဟုတ်ဘူး။ အဒေါ်ရဲ့ အလုပ်က “ကုန်မျိုးစုံ” ရောင်းတာ”

“ကုန်မျိုးစုံ” ဆိုတာ ဘာလဲ အဒေါ်ရဲ့”

“အဓိကကတော့ အောင်သွယ်ပေါ့ကွယ်။ ပြီးတော့ လူပွဲစားလည်း လုပ်တယ်။ ကိုယ်ဝန်လည်း ဖျက်ပေးတယ်။ ကြာခိုတဲ့ ကိစ္စတွေမှာလည်း အဆက်အသွယ် လုပ်ပေးတယ်။ ပြီးတော့ ခေါင်းလည်း လုပ်တယ်”

“ဒီလိုဆိုရင် ကျွန်တော့်ကို ကူညီပါ အဒေါ်ရယ်။ သူ့ကို ရအောင်သာ လုပ်ပေးနိုင်ရင် အဒေါ်ရဲ့ အသုဘခေါင်းဖိုးအတွက် ကျွန်တော် ငွေတဆယ်သား ကန်တော့ပါ့မယ်”

“တခုတော့ရှိတယ်ကွယ့်။ သူတပါးသားမယားကို ဖြားယောင်း သွေးဆောင်ရတယ် ဆိုတာ အခက်ဆုံးအလုပ်ပဲ။ သူတပါးသားမယားကို သွေးဆောင် ဖြားယောင်းချင်တယ် ဆိုရင် အရည်အချင်းကြီး ငါးခု ရှိရမယ်။ တစ်က ကိုယ်ဟာ ပန်အန်းမင်းသားလို ရုပ် ချောရမယ်။ နှစ်အချက်က ကိုယ့်မှာ လားရဲ့ လက်နက်လောက် ကြီးတဲ့ လက်နက်ပစ္စည်းလည်း ရှိရမယ်။ သုံးအချက်က တိန့်တုန်သူကြွယ်လိုလည်း ကျိကျိတက်ချမ်းသာရမယ်။ လေးအချက်က သိုးမွေးထည်ကြားမှာ သွားတဲ့ အပ်ဖျားလိုလည်း စိတ်ရှည်ရမယ်။ ငါးအချက်က ကိုယ့်မှာ အချိန် အများကြီးရှိရမယ်။ အဲဒီ အရည်အချင်း ငါးခုရှိမှ ကိုယ့် သွေးဆောင်မှုဟာ အောင်နိုင်မယ်”

“ရိုးရိုးပြောရရင်တော့ ကျွန်တော့်မှာ အဲဒီအရည်အချင်းတွေ ရှိတယ်ထင်တာပဲဗျ။ ပထမ ပန်အန်းမင်းသားလောက် ရုပ်မချောပေမယ့်လည်း ရုပ်အသင့်အတင့်တော့ ရှိပါတယ်။ ဒုတိယအားဖြင့် လက်နက်ပစ္စည်းဆိုတာကလည်း ငယ်ငယ်ကတည်းက ကျွန်တော့် လက်နက်က သူများနဲ့တူတာ မဟုတ်ဘူး။ တတိယအချက်အနေနဲ့ ပြောရရင် ကျွန်တော့် မိဘများလည်း ခု တော်တော်ကို ချောင်လည်လာကြပါပြီ။ ဒါကြောင့် တိန့်တုန်သူကြွယ် လောက် မချမ်းသာပေမယ့် အတန်အသင့်တော့ ရှိပါတယ်။ စတုတ္ထအချက်၊ သည်းခံတာတော့ မပြောနဲ့။ သူများက ကျွန်တော့်ကို အချက်လေးရာ ရိုက်ဦး၊ ကျွန်တော် မတုံ့ပြန်ဘူး။ ပဉ္စမအချက် အချိန်တွေလည်း အများကြီးရှိတယ်။ အချိန်တွေ အများကြီးမရှိရင် ကျွန်တော် ဘယ့်နှယ်လုပ်ပြီး ဒီနားမှာ လာ ရစ်ဝဲရစ်ဝဲ လုပ်နေနိုင်ပါ့မလဲ။ ကျွန်တော့်ကို ကူညီပါ အဒေါ်ရာ။ အောင်မြင်ရင် အဒေါ်ကို ကျွန်တော် ကောင်းကောင်း ကျေးဇူးဆပ်ပါ့မယ်”

“ရပါတယ်တော်။ ဒါပေမဲ့ မောင်ရင့်မှာ အရည်အချင်းငါးရပ် ပြည့်စုံတယ်ဆိုပေမယ့် အတားအဆီးကြီးတခု ကျန်သေးတယ်ကွယ့်”

“ဘာများလဲဗျာ”

“ရှင်းရှင်းပဲ ပြောရတော့မှာပဲ။ သူများသားမယားကို သွေးဆောင် ဖြားယောင်းတယ် ဆိုတာ အင်မတန် ပရိယာယ်ကြွယ်ရတယ်ကွယ့်။ ပိုက်ဆံကို ရေလို သုံးရတယ်။ ဒါပေမဲ့ မောင်ရင့်ကို ကြည့်ရတာက တယ်ပြီး ကပ်စေးနှဲတာပဲ။ မင်းက ပိုက်ဆံနဲ့ ပတ်သက်လာရင် တယ်ပြီး လက်ခက်တာကိုးကွယ့်။ ခု တို့ကိစ္စမှာ အဲဒါကြောင့် အဖုအထစ် ဖြစ်နေတာပေါ့”

“ဒီကိစ္စကတော့ လွယ်ပါတယ်ဗျာ။ အဒေါ်ပြောတဲ့အတိုင်း ဖြစ်စေရမှာပေါ့”

“မင်း ပိုက်ဆံ အကုန်အကျ ခံနိုင်တယ်ဆိုရင် သူနဲ့ မင်းနဲ့ တွေ့ပေးဖို့ ငါစီစဉ်ပေးမယ်လေ။ ဒါပေမဲ့ အဒေါ်ကို ကတိတခုတော့ ပေးရလိမ့်မယ်”

"ပေးပါတယ် အဒေါ်ရယ်။ အဒေါ့်စိတ်ကူးကို ပြောစမ်းပါဦး"

"ဒီနေ့တော့ မိုးချုပ်သွားပြီ။ နောက် သုံးလလောက်၊ ဒါမှမဟုတ် ခြောက်လလောက် ရှိရင် အဒေါ်ဆီကို လာခဲ့ပေါ့"

ဆီမန်သည် သူ့ခြေရင်းတွင် ဒူးထောက်ထိုင်ချလိုက်ကာ-

"မနောက်ပါနဲ့ အဒေါ်ရယ်။ ရှိကြီးခိုးပါရဲ့။ ကျွန်တော့်ကို ကူညီမှဖြစ်မယ် အဒေါ်" မဝမ်က တခစ်ခစ်ရယ်လိုက်ရင်း-

"ငါ့တူက တယ်ပြီး လောကြီးတာကိုးကွယ့်။ ငါ့မှာ စိတ်ကူးတခုရှိပါတယ်။ ဘယ်လောက် ကောင်းသလဲတော့ မမေးနဲ့။ ငါ အာမခံတယ်။ ကိုးဆယ်ရာနှုန်း သေချာရမယ်။ ငါ့စိတ်ကူးက ဒီလိုလေ။ ဒီကောင်မလေးက ချမ်းသာတဲ့ ကျင်ဟဲမိသားစုက မွေးစားသမီး။ ပြီးတော့ အပ်ချုပ်တို့ ဘာတို့လည်း အလွန်ကောင်းတယ်။ ဒီတော့ မင်းက အကောင်းစား ဖဲအဖြူတအုပ်ရယ်၊ အပြာတအုပ်ရယ် ဝယ်လာခဲ့။ ပြီးတော့ ပိုးဇာအဖြူတအုပ်ရယ်၊ အကောင်းစား ပိုးချည်ထွေး တလိပ်လောက်ရယ် ယူပြီး ဒီကို လာအပ်လှည့်။ ငါက ကောင်မလေးဆီ သွားပြီး လက်ဖက်ရည်လေး ဘာလေး သောက်ရင်း စကားပြောနေမယ်။ ပြီးတော့ ငါက ငါ့မှာ သူဌေးလေးတယောက်က အသုဘမှာ သုံးဖို့ အထည်စတွေ လာအပ် ထားတာ ရှိတယ်။ အပ်ချုပ်သည်ကောင်းကောင်း ငှားလို့ကောင်းတဲ့ နေ့ကောင်းရက် ကောင်းကို ညည်းတို့ ဘုတ်အုပ်ထဲမှာ ကြည့်ပေးစမ်းပါလို့ ပြောမယ်။ ဘာမှ ပြန်မပြောဘူး ဆိုရင်တော့ တို့ အခြေအနေ မကောင်းဘူး။ ဒီလိုမဟုတ်ဘဲ ကြည့်ပေးမယ်လေလို့ ဆိုရင် တော့ တို့အခြေအနေက တဆင့် တက်လာပြီ။ ဒီတော့ ငါ့အိမ် လိုက်ပြီး အထည်စတွေ ကြည့်ဖို့ ခေါ်မယ်။ မလိုက်ဘူးဆိုရင်တော့ တို့အခြေအနေ မကောင်းဘူး။ လိုက်ကြည့်တယ် ဆိုရင်တော့ တို့ နောက်တဆင့် တက်လာပြီပေါ့။

"ပထမနေ့ သူလာကြည့်ရင် ငါက စိမ်ရည်ကလေးနဲ့ အမြည်းကလေးနဲ့ ဧည့်ခံမယ်။ မင်း မလာနဲ့ဦး။ သူက ကျွန်မအိမ်မှာပဲ ယူချုပ်မယ်လေ ဆိုပြီး နောက်တနေ့ မလာရင် တို့ အခြေအနေ မကောင်းပြန်ဘူး။ နောက်တနေ့လည်း ဆက်တိုက် လာတယ်ဆိုရင် တို့ တတိယအဆင့်ကို ရောက်ပြီ။ အဲဒီနေ့မှာလည်း မင်း မလာနဲ့ဦး။

"တတိယနေ့ မွန်းတည့်လောက်ကျမှ မင်း လာခဲ့။ လာတဲ့အခါမှာ သပ်သပ်ရပ်ရပ် ဝတ်စားလာခဲ့နော်။ အိမ်ထဲမဝင်သေးဘဲ အိမ်ပြင်မှာ ရပ်ပြီး အချက်ပေးတဲ့အနေနဲ့ ချောင်း တချက်ဆိုးပြလိုက်။ "အဒေါ်တို့များ မတွေ့ရတာ ကြာလှပြီ" လို့ ပြော။ ဒီတော့ ငါက အိမ်ထဲကို ခေါ်မယ်။ မင်း လာလို့ သူ အိမ်ကို ပြန်သွားတယ်၊ ငါတားတာလည်း မရဘူးဆိုရင်တော့ တို့အခြေအနေ မဟန်သေးဘူး။

သူက မပြန်ဘဲ ဆက်နေရင် တို့ စတုတ္ထအဆင့် အောင်ပြီ။

"မင်းက အိမ်ထဲမှာ ထိုင်။ ငါက ကောင်မလေးကို ပြောမယ်။ "အထည်စတွေကို အပ်တာ ဟောဒီက သူဌေးလေးပေါ့အေ။ ငါ့ကျေးဇူးရှင်ကြီးပေါ့" လို့ ပြောမယ်။ ပြီးတော့ မင်းအရည်အချင်းတွေကိုလည်း ပြောပြရမှာပေါ့။ မင်းကလည်း ကောင်မလေး ဘယ်လောက် အပ်ချုပ်တော်တဲ့ အကြောင်းကို ပြော။ သူက ဘာမှ ပြန်မပြောဘူးဆိုရင် တို့ ရှုံးပြန်ပြီ။ သူက ပြန်ပြီး ပြောရင် တို့ ပဉ္စမအဆင့် အောင်ပြန်ပြီ။

"ပြီးတော့ ငါက မင်းဘက်ကို လှည့်ပြီး ပြောမယ်။ "အထည်စတွေကို ချုပ်ပေးမယ် ဆိုတာ ဟောဒီ သူငယ်မကလေးပဲ။ အပ်တဲ့သူကလည်း အပ်၊ ချုပ်ပေးတဲ့သူကလည်း ချုပ် ပေးတော့ ငါ့မှာ ဟန်ကျတာပေါ့ကွယ်။ နှစ်ယောက်လုံး ငါ့ကျေးဇူးရှင်တွေချည်းပေါ့။ တယောက်က ပိုက်ဆံပေးတယ်။ တယောက်က လက်မှုပညာစိုက်တယ်။ ဒီက သူငယ်မက တော်တော်တန်တန် ပစ္စည်းကို ချုပ်ပေးတာ မဟုတ်ဘူး။ ငါ့မို့လို့ ချုပ်ပေးတာပဲ။ သူဌေးလေးကလည်း ကျေးဇူးတင်စကားလေး ဘာလေး ပြောပါဦးလေ" လို့ ပြောမယ်။

"ဒီတော့ မင်းက ငါ့ကို ငွေစထုတ်ပေးပြီး သူ့ဖို့ ပစ္စည်းတို့ ဘာတို့ အဝယ်ခိုင်းမယ်။ သူက လက်မခံဘဲ ပြန်သွားလို့ ငါ တားလို့လည်း မရတော့ဘူးဆိုရင် တို့ ရှုံးပြန်ပြီ။ သူက ပြန်မသွားဘူးဆိုရင် တို့ ဆဋ္ဌမအဆင့် အောင်ပြီ။

"မင်း ပိုက်ဆံထုတ်ပေးတော့ ငါက ပိုက်ဆံကိုင်ပြီး အပြင်ကို သွားမယ်။ "တူမရေ၊ ဟောဒီက သူဌေးကလေးကို ဧည့်ခံစကား ပြောနှင့်ပါဦးကွယ်" လို့ ပြောမယ်။ သူက သူ လည်း ပြန်မယ်ဆိုရင်တော့ ငါလည်း ဘာမှ မတတ်နိုင်တော့ဘူး။ ကိစ္စပြတ်ပြီ။ သူက မပြန်ဘဲ မင်းနဲ့ နေရစ်ခဲ့တယ်ဆိုရင် တို့ နိုင်ပြီ။ သတ္တမအဆင့် အောင်ပြီပေါ့။

"ငါက ပစ္စည်းတွေ ဝယ်ပြန်လာပြီး ပစ္စည်းတွေကို စားပွဲပေါ်မှာ ချပြီးတော့ "တူမရယ်၊ ခဏနေပါဦး။ ဟောဒီက သူဌေးကလေးက ကျွေးချင် မွေးချင်လို့ပါတဲ့။ မငြင်းပါနဲ့" လို့ ပြောမယ်။ တကယ်လို့ သူက မင်းနဲ့အတူ စိမ်ရည်တို့ ဘာတို့ မသောက်ဘဲ ပြန်သွားမယ် ဆိုရင်တော့ တို့ ရှုံးပြန်ပြီ။ ဒါပေမဲ့ ပြန်မယ်လို့ ပြောပြီး မပြန်သေးရင်တော့ တို့ နိုင်ပြန်ပြီ။ အဋ္ဌမအောင်ပွဲပေါ့။

"အဲ၊ သူလည်း စိမ်ရည် တော်တော်သောက်ပြီးရော မောင်ရင်ကလည်း စကားလေး ဘာလေး ပြောပေတော့။ ငါ့အိမ်မှာ စိမ်ရည်တော့ မရှိတော့ဘူးလို့ ငါက ပြောမယ်။ ဒီတော့ မောင်ရင်က ပိုက်ဆံထုတ်ပြီး ငါ့ကို အဝယ်ခိုင်း။ ငါက တံခါးပိတ်ပြီး သွားချင်ဟန်ဆောင်မယ်။ အိမ်မှာ မင်းတို့နှစ်ယောက်ထဲ ထားခဲ့မယ်။ ဒီတုန်းမှာ သူ စိတ်ဆိုးပြီး အိမ်ကို ပြန်ပြေးရင်တော့ ကိစ္စပြတ်ပြီ။ ဒါပေမဲ့ ငါ

တံခါးပိတ်သည်အထိ သူကလည်း မပြန်ဘူး၊ ထိုင်မြဲ ထိုင်နေသေးတယ်ဆိုရင် အောင်ပွဲရဖို့ တို့ တမှတ်ပဲ လိုတော့တယ်။

"ဒါပေမဲ့ အဲဒီအဆင့်ကတော့ အခက်ဆုံးပဲ ငါ့တူရေ။ သူ့ကို ချိုချိုသာသာ စကားပြောရမယ်။ လောကြီးပြီး နသားပါးယားလုပ်လို့ ပြဿနာဖြစ်ကုန်ရင်တော့ ငါလည်း ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး။ စားရင်းသောက်ရင်း စားပွဲပေါ်က တူတစုံကို အကျီ လက်ဖျားနဲ့ တိုက်ချလိုက်။ တူကို စားပွဲအောက်မှာ ကုန်းကောက်သလိုလိုနဲ့ သူ့ခြေထောက် ကို ဆိတ်လိုက်။ သူက အော်ရင် ငါ ပြေးဝင်လာခဲ့မယ်။ ရှုံးတော့ ရှုံးပြီပေါ့။ ဒါပေမဲ့ သူက ဘာသံမှ မပေးဘူးဆိုရင်တော့ နောက်ဆုံးအောင်ပွဲကြီးကို ရပြီပေါ့ကွယ်။ မောင့်သဘောကျ နေတော့။ မောင် ပိုင်ပြီပေါ့။ ဘယ့်နှယ်လဲ။ အဒေါ့်စီမံကိန်း မကောင်းဘူးလား"

ဆီမန်မှာ များစွာ ဝမ်းသာလျက် ရှိလေ၏။

"ကောင်းလိုက်လေ အဒေါ်ရယ်။ ဧကရာဇ်မင်းစည်းစိမ်ကိုရမယ့် စီမံကိန်း မဟုတ်ပေမယ့် ကျွန်တော့်အဖို့တော့ အတိုင်းထက်အလွန်ပေါ့"

"ငါ့ကို ငွေစတဆယ်သား ပေးဖို့တော့ မမေ့နဲ့နော်"

" "တုန်တင်းကန်ထဲမှာ ပေါက်တဲ့ အလွန်မွှေးကြိုင်တဲ့ ကြာစွယ်ကို စားနေတုန်းမှာ တုန်တင်းကန်ကြီးကို ဘယ့်နှယ်လုပ် မေ့ထားလို့ရမှာလဲ" အဒေါ်ရယ်။ နို့ နေစမ်းပါဦး။ ကျွန်တော်တို့ စီမံကိန်းကို ဘယ်တော့လောက် စတင်အကောင်အထည်ဖော်မှာလဲ"

"ဒီနေ့ည မင်းဆီကို အကြောင်းပြန်မယ်လေ။ သူ့ယောက်ျားဝူ ပြန်မလာခင် ကောင်မလေးဆီကို တခေါက်လောက် ငါ သွားလည်လိုက်ပြီး အခြေအနေကို အကဲခတ်လိုက်ဦးမယ်။ မင်းကသာ ငါ ပြောတဲ့ အထည်အုပ်တွေကို ပို့ထားနှင့်ပေတော့"

"ဒါက ကျွန်တော့်တာဝန်ထားပါ အဒေါ်ရယ်။ စိတ်ချစမ်းပါ"

ဆီမန်သည် မဝမ်ကို နှုတ်ဆက်ပြီးသော် ဈေးသို့ လာခဲ့၍ ဖဲစ၊ ပိုးစ၊ ပိုးဇာစနှင့် ပိုးချည်ထွေး တဆယ်သားတို့ကို ဝယ်လေ၏။ ထိုပစ္စည်းများကို သေချာစွာ ထုပ်ပိုးစေပြီးနောက် အိမ်စေတယောက်ကို မဝမ်၏ လက်ဖက်ရည်ဆိုင်သို့ အပို့ခိုင်းလိုက်လေ၏။ ငွေစ ငါးကျပ်သားကိုလည်း ပေးလိုက်လေ၏။ မဝမ်သည် ပိုးစများနှင့် ငွေစတို့ကို ယူ၍ အိမ်စေကို ပြန်လွှတ်လိုက်၏။ ထို့နောက် နောက်ဖေးပေါက်မှ ထွက်ကာ ရွှေကြာတို့အိမ်သို့ လာခဲ့လေ၏။ ရွှေကြာက သူ့ကို အပေါ်ထပ်သို့ ဖိတ်ခေါ်သွားလေ၏။

"တို့များအိမ်ဘက် ကူးလာပြီး လက်ဖက်ရည်လေး ဘာလေး သောက်လှည့်ပါဦးလား" ဟု မဝမ်က ပြော၏။

"ခုတလောမှာ နေလို့ ထိုင်လို့ သိပ်မကောင်းချင်ဘူး အဒေါ်ရယ်။ အားမရှိသလိုဘဲ" ဟု ရွှေကြာက ပြောလေ၏။

"တူမမှာ နှစ်ချုပ်ပြက္ခဒိန်တို့ ဘာတို့များ မရှိဘူးလားအေ။ စက်ချုပ်သည်တယောက် ငှားဖို့ နေ့ကောင်းရက်သာ ရွေးချင်လို့"

"အဒေါ်က ဘာအထည်ချုပ်မှာလဲ"

"ခုတလောမှာ ငါလည်း အသက်ကြီးလာတော့ ဟိုက ကိုက်ချင်သလို၊ ဒီက ခဲချင် သလိုလို ဖြစ်နေတယ်။ ဒီတော့ ခုလို တတ်နိုင်တုန်းမှာ ငါ့အသုဘအတွက် ချုပ်ထည် ကလေးတွေများ အပ်ထားရမလားလို့ စိတ်ကျနေတာ။ ကံအားလျော်စွာပဲ ငါ့အသိ သူဌေး ကလေးတယောက်က ပိုးစ၊ ဖဲစတွေ ပို့လိုက်တာ အိမ်မှာ သိမ်းထားတာ တနှစ်လောက် ရှိပြီ။ ခုထက်ထိ မချုပ်ရသေးဘူး။ ခုတလောကတော့ စိတ်ကလည်း သိပ်မကြည်ဘူး။ ဒီနှစ်က ဝါထပ်တဲ့ နှစ်ဆိုတော့ အဲဒီ ဝါထပ်လမှာ ဒီအထည်ကလေးတွေကို ချုပ်ထားလိုက် ချင်တယ်။ ဒါပေမဲ့ ငါ့ အပ်ချုပ်သည်က နေ့ရွှေ့ ညရွှေ့နဲ့ လုပ်နေတယ်။ အလုပ်များလို့ မလာနိုင်သေးဘူးတဲ့။ စိတ်ညစ်လိုက်တာအေ"

ရွှေကြာက ရယ်လိုက်၏။

"ကျွန်မလက်ရာကို အဒေါ်ကြိုက်၊ မကြိုက်တော့ မပြောတတ်ဘူး။ ကျွန်မကို အပ်ရင်တော့ ကျွန်မ ချုပ်ပေးနိုင်ပါတယ်"

မဝမ်၏ မျက်နှာသည် ပြုံးလျက်ရှိလေ၏။

"အမယ်လေးတော်၊ ဘယ့်နှယ်ပြောပါလိမ့်။ ညည်း ချုပ်ပေးမယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့။ သေရင်တောင် အသေဖြောင့်ပါပြီ။ ညည်းလက်ရာ ကောင်းတယ် ဆိုတာလည်း ငါ သိပါတယ်။ ဒါပေမဲ့ မပြောရဲတာနဲ့ ညည်းကို မပြောတာ"

"ဘာမပြောရဲစရာ ရှိသလဲ အဒေါ်ရဲ့။ ခု ကျွန်မ ချုပ်ပေးမယ်လို့ ပြောနေပြီပဲ။ တယောက်ယောက်ကို သွားပြီး နေ့ကောင်းရက်သာ ရွေးခိုင်းကြည့်လေ။ နေ့ရွေးပြီးရင် ချုပ်တာပေါ့"

"ညည်းဟာ ငါ့အတွက်တော့ လာဘ်ကောင်းတဲ့သူပဲအေ။ ဒီတော့ ညည်းကိုယ်တိုင် ချုပ်ပေးမယ်ဆိုမှတော့ ဘယ်သူ့ဆီသွားပြီး နေ့ရွေးနေစရာ

လိုသေးသလဲ။ ဪ၊ ဟုတ်ပြီ။ တလောကတော့ လူတယောက်နဲ့ တွေ့လို့ နေ့ကောင်းရက်သာကို မေးကြည့်တယ်။ သူ ကတော့ မနက်ဖြန်ဆိုရင် ရက်ရာဇာပဲတဲ့။ အထည်ကိုက်ဖို့၊ ညှပ်ဖို့ကကော နေ့ကောင်း ရက်သာ ရွေးစရာ လိုသေးသလား အေး။ ငါဖြင့် မေ့တောင်နေပြီ”

“လိုတာပေါ့ အဒေါ်ရယ်။ အသုဘအတွက် ချုပ်ထားမယ့် အဝတ်အစားဆိုတော့ လိုတာပေါ့”

“ဒီလိုဆိုရင် အတော်ပဲအေ။ မနက်ဖြန်မှာ အထည်ကိုက်တာပေါ့။ ငါ့အိမ်ဘက်ကို ကူးလာရင် ညည်းမှာ ဒုက္ခတွေ ပိုနေမလား မသိဘူး”

“လာဖို့ မလိုပါဘူး အဒေါ်ရဲ့။ အထည်စတွေ ကျွန်မဆီ ပို့လိုက်ပေါ့”

“ဒါပေမဲ့ ညည်း လုပ်တာကိုင်တာကို ကြည့်ချင်တယ်အေ့။ ပြီးတော့ ငါ့ဆိုင်မှာလည်း လူစောင့်ထားဖို့ မရှိဘူး”

“ဒါဖြင့်လည်း မနက်ဖြန် မနက်ခင်း ထမင်းစားပြီးလောက်မှာ ကျွန်မ ကူးလာခဲ့ မယ်လေ”

မဝမ်သည် ရွှေကြာကို ကျေးဇူးစကားဆိုကာ ပြန်လာခဲ့လေ၏။ နောက်တနေ့တွင် မဝမ်သည် ဆီမန်အား အကျိုးအကြောင်းကို ပြောပြပြီးလျှင် သန်ဘက်ခါတွင် သူ့ထံ လာရန် မှာလိုက်လေ၏။

ထိုနေ့ညတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်ချေ။ နောက်တနေ့မနက်တွင် မဝမ်သည် သူ့အိမ်ကို အမှိုက်လှဲပြီးနောက် ရေနွေးအိုးတလုံးတည်ကာ အပ်ချည်များနှင့် အထည်စများကို အသင့်ထုတ်ပြီး ရွှေကြာအလာကို စောင့်ဆိုင်းလျက် ရှိလေ၏။

ဝူမှာမူ မနက်စာ စားသောက်ပြီးသည်နှင့် သူ့ပေါင်မုန့်ခြင်းနှင့် ထမ်းပိုးတို့ကို ကောက်ကာ အပြင်သို့ ဈေးရောင်းထွက်သွားလေ၏။ ရွှေကြာသည် အိမ်ရှေ့ကန့်လန့်ကာကို ဆွဲချကာ နောက်ဖေးပေါက်မှ နေ၍ မဝမ် အိမ်သို့ ထွက်လာခဲ့လေ၏။

မဝမ်သည် မချုပ်တည်းနိုင်လောက်အောင် ဝမ်းသာသော အမူအရာဖြင့် ရွှေကြာကို ဆီးကြိုလေ၏။ မဝမ်သည် ရွှေကြာအား နောက်ဖေးဘက်သို့ ခေါ်သွားကာ လက်ဖက်ရည်ကျကျကို ငှဲ့ပေးပြီးလျှင် ထင်းရှူးသီးလှော်၊ သစ်ချသီးလှော်တို့ဖြင့် ဧည့်ခံလေ၏။ အစားအသောက်တို့ကို စားရန်လည်း တိုက်တွန်းလေ၏။ မဝမ်သည် စားပွဲကို လှဲကျင်းပြီးနောက် ပိုးစကို ဖြန့်ပြလေ၏။ ရွှေကြာသည် တိုင်းထွာပြီးနောက် လိုအပ်သည့် အတိုင်းအထွာတို့ကို

ဖြတ်တောက်ကာ အပ်ချုပ်လျက် ရှိလေ၏။

"ကောင်းလိုက်တဲ့ လက်ရာအေ။ ငါ့အသက် ခုနစ်ဆယ် ရှိတော့မယ်။ ဒီလောက် ကောင်းတဲ့လက်ရာကို တခါမှ မတွေ့ဖူးသေးဘူး"

ရွှေကြာသည် မွန်းတည့်ချိန်အထိ ထိုင်၍ အပ်ချုပ်လျက် ရှိလေ၏။ မဝမ်က သူ့ကို စိမ်ရည်များ၊ ခေါက်ဆွဲများဖြင့် ဧည့်ခံလေ၏။ ရွှေကြာသည် ညနေမိုးချုပ်အထိ ထိုင်၍ ချုပ်နေပြီးနောက် အပ်ချုပ်ပစ္စည်းများကို သိမ်းဆည်းကာ အိမ်သို့ ပြန်သွားလေ၏။ ထိုအချိန် တွင် သူ့ယောက်ျားဖြစ်သူ ဝူမှာလည်း ခြင်းတောင်းနှင့် ထမ်းပိုးတို့ကို ကိုင်ကာ ဈေးရောင်းရာမှ ပြန်လာခဲ့လေပြီ။ ရွှေကြာသည် သူ့ကို တံခါးဖွင့်ပေးပြီးနောက် ကန့်လန့်ကာကို ချထားလိုက်လေ၏။ အခန်းထဲသို့ ရောက်သည့်အခါတွင် သူ့မိန်းမ ရွှေကြာ၏ မျက်နှာ နီရဲလျက်ရှိသည်ကို သတိပြုမိလေ၏။

"နင် ဒီနေ့ စိမ်ရည်သောက်လို့လား"

"ဒီနေ့ ဟိုဘက်အိမ်က ဒေါ်ဝမ်က သူ့အသုဘချုပ်ထည်ကလေး လာချုပ်ပေးပါဆိုလို့ သွားချုပ်ပေးတာ။ ချုပ်ပေးရင်း သူက ဧည့်ခံလိုက်လို့"

"မဟုတ်တာကွာ။ သူကျွေးတာ စားလို့ ဘယ်ကောင်းပါ့မလဲ။ တနေ့မှာ တို့များ သူ့ဆီက အကူအညီ တောင်းချင်တောင်းရဦးမှာ။ စားချိန်ကျရင် အိမ်ပြန်စားလိုက်ပေါ့။ သူ့ကို ဒုက္ခမပေးပါနဲ့။ မနက်ဖြန်ကျရင် ကိုယ်က ပိုက်ဆံ နည်းနည်းယူသွားပြီး သူ့ကို ပြန်ပြီး တလှည့်တိုက်ပါဦး။ "အိမ်နီးချင်းဆိုတာ ဝေးတဲ့ ဆွေမျိုးထက် အရေးကြီးတယ်" ဆိုတဲ့ စကားပုံရှိတယ်။ ပြီးတော့ ဆက်ဆံရင်လည်း ရိုရိုသေသေ ဆက်ဆံပါကွာ။ တကယ်လို့ သူက မင်း ကျွေးမွေးပြုစုတာကို လက်မခံဘူးဆိုရင် သူ့အိမ်မှာ သွားမလုပ်ပါနဲ့။ ပစ္စည်းတွေကို ကိုယ့်အိမ်ယူလာပြီး ကိုယ့်အိမ်မှာပဲ ချုပ်ပေါ့"

ရွှေကြာသည် သူ့ယောက်ျား၏ စကားကို နားထောင်နေလေ၏။ ထိုအကြောင်းကို နောက်ထပ် မပြောဖြစ်ကြတော့ချေ။

မဝမ်မှာကား ရွှေကြာကို သူ့အိမ်သို့ လာအောင် မျှားခေါ်ရန် အစီအစဉ်အားလုံး ချပြီး လေပြီ။ နောက်တနေ့မနက် ဝူက မုန့်ရောင်းရန် အထမ်းဖြင့် ထွက်သွားသည်နှင့် မဝမ်သည် ရွှေကြာထံသို့ ရောက်လာလေ၏။ မဝမ်သည် အထည်စများကို ထုတ်လာသည့်အခါတွင် ရွှေကြာလည်း ထိုအထည်များကို ထိုင်ချုပ်နေလေ၏။ မဝမ်က လက်ဖက်ရည်တိုက်လေ၏။ ထိုအကြောင်းကိုမူ မပြောတော့ပြီ။

မွန်းတည့်ချိန်သို့ ရောက်သည့်အခါတွင် ရွှေကြာက ငွေစအနည်းငယ်ကို ထုတ်ပေးကာ-

"အဒေါ်ရေ၊ စိမ်ရည်လေး ဘာလေး သောက်ကြရအောင်"

"အမယ်လေးတော်။ မလုပ်ပါနဲ့။ ဒါမျိုး ဘယ်မှာ ကြားဖူးလို့လဲ။ ညည်းမှာ ဒီကိုလာပြီး ငါ့အတွက်လည်း ချုပ်ပေးရသေးရဲ့၊ ညည်းကလည်း ပိုက်ဆံထုတ်ရသေးရဲ့ဆိုတော့ ဘယ် ဖြစ်ပါ့မလဲ"

"ကျွန်မ အိမ်ကလူက ပြောလိုက်တယ် အဒေါ်ရဲ့။ အဒေါ်က ငြင်းရင် သူ့အိမ်မှာ သွားပြီး မချုပ်နဲ့တော့တဲ့။ ကိုယ့်အိမ်ကို ယူလာပြီး ကိုယ့်အိမ်မှာပဲ ချုပ်တော့တဲ့"

မဝမ်က-

"ညည်းယောကျ်ားကတော့ တကယ့်လူအေး သဘောကောင်းကြီးပါအေ။ ဒီတော့ သူပြောတယ်ဆိုရင် ငါကလည်း လက်ခံရတော့မှာပေါ့"

မဝမ်သည် သူ့အကြံအစည် ပျက်ပြားသွားမည်ကို စိုးရိမ်လျက်ရှိပေ၏။

မဝမ်သည် သူ့အိတ်ထဲမှာ ပိုက်ဆံထပ်၍ ဖြည့်ကာ အကောင်းစားစိမ်ရည်၊ အမြည်းနှင့် ရှားပါးသစ်သီးတို့ကို ဝယ်ကာ ရွှေကြာကို ကောင်းစွာ ပြုစု ကျွေးမွေးလေ၏။ ဤတွင် အဆွေစာဖတ်သူတို့ စဉ်းစားကြည့်ပါလေ။ မည်မျှ ဣန္ဒြေသိက္ခာ ရှိစေ၊ မိန်းမဆယ်ယောက် တွင် ကိုးယောက်တို့သည် အမြှောက်အပင့်ကို ကြိုက်ကြကုန်၏။ အရေးပေးသည်ကို သဘောကျကြကုန်၏။

ရွှေကြာသည် စိမ်ရည်နှင့် အမြည်းတို့ကို စားသောက်ရင်း ထိုင်၍ အပ်ချုပ်နေလေ၏။ မိုးချုပ်သည့်အခါတွင်မှ အိမ်ရှင်ကို ကျေးဇူးစကားဆိုကာ အိမ်သို့ ပြန်လာခဲ့လေ၏။

စကားအသိမ်အဖျင်းတို့ကို ချန်လှပ်ခဲ့တော့မည်။ တတိယနေ့ မနက်သို့ ရောက်၍ သူ့ယောကျ်ား မုန့်ရောင်းထွက်သွားသည်နှင့် မဝမ်သည် တဖက်အိမ်သို့ ကူးလာကာ-

"တူမကြီးရေ၊ နှောင့်ယှက်တယ်လို့တော့ မအောက်မေ့နဲ့။ အထည်ကလေး လက်စသတ် ..."

"ကျွန်မလည်း ခုတင် လာမလို့ ပြင်နေတာ အဒေါ်ရေ"

သူတို့နှစ်ယောက်သည် မဝမ်၏ နောက်ဖေးခန်းသို့ ဝင်လာခဲ့ကြပြီး

ပစ္စည်းများကို ထုတ်ယူ လာခဲ့ကြလေ၏။ ရွှေကြာက အထည်ကို ဆက်ချုပ်နေလေ၏။ မဝမ်က လက်ဖက်ရည်ကို ငှဲ့ပေးသဖြင့် သူတို့နှစ်ယောက်သည် လက်ဖက်ရည်သောက်နေကြလေ၏။

အချိန်မှာ မွန်းတည့်ချိန် ရှိလေပြီ။ ဆီမန်သည် နောက်တနေ့ကို မစောင့်နိုင်တော့ဘဲ ပတ္တမြားလမ်းရှိ မဝမ်၏ လက်ဖက်ရည်ဆိုင်သို့ ရောက်လာခဲ့လေ၏။ ဆီမန်သည် ခေါင်းတွင် ပဝါသစ်တထည်ကို ပေါင်းထားပြီး အဝတ်အစားများကိုလည်း သပ်ရပ်စွာ ဝတ်ထားလေ၏။ လက်ထဲတွင်လည်း ငွေစလေး ငါးကျပ်သားကို ကိုင်လာလေ၏။ ဆီမန်သည် ချောင်းဟန့် လိုက်ရင်း-

"အဒေါ်တို့များ ခုတလော မတွေ့ရတာ ကြာလှပြီ။ ဘယ်များ သွားနေသလဲ မသိဘူး"

"ဟဲ့၊ အိမ်ရှေ့က ဘယ်သူတုံး"ဟုဆိုကာ မဝမ်သည် အပြင်သို့ လှမ်းကြည့်လိုက်လေ၏။

"ကျွန်တော်ပါ အဒေါ်ရဲ့"

မဝမ်သည် လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်သွားလေ၏။ ထို့နောက် ပြုံးလိုက်ရင်း-"အလို၊ လက်စသတ်တော့ ငါ့တူကြီးပါလား။ အဒေါ်မှာ ဘယ်သူများလဲလို့၊ မောင်ရင် လာတာ အတော်ပဲ။ အထဲကို ဝင်ပါဦးလား။ မောင်ရင့်ကို ပြစရာကလေး တခုရှိလို့"

မဝမ်သည် ဆီမန်ကို အင်္ကျီလက်ဖျားမှ ဆွဲခေါ်ကာ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။ ထို့နောက် ရွှေကြာဘက်သို့ လှည့်၍-

"ဟောဒါ အဒေါ် ပြောပြောနေတဲ့ သူဌေးကလေးပေါ့ တူမကြီးရဲ့။ အဒေါ့်ကို အထည်စတွေ လက်ဆောင်ပေးတဲ့သူလေ"

ဆီမန်က ရွှေကြာကို ရိုသေစွာ နှုတ်ဆက်သဖြင့် ရွှေကြာမှာလည်း ချုပ်လက်စအထည် များကို ဘေးသို့ချကာ သူ့ကို ရိုသေစွာ ပြန်၍ နှုတ်ဆက်လေ၏။

"တူမောင် ကန်တော့ထားတဲ့ အထည်စတွေလေ။ ကန်တော့ထားတာ တနှစ်လောက် ရှိပြီ။ ဒါပေမဲ့ ချုပ်ချိန်ကို မရလို့ မချုပ်ရပါဘူးကွယ်။ ခု ဟောဒီက တူမကြီး လာချုပ်ပေး တော့မှပဲ အဆင်ပြေတော့တယ်။ တူမကြီးက သိပ်လက်ရာကောင်းတာ။ တော့်တော့် စက်ချုပ်ဟာ သူ့လက်ချုပ်ကို ဘယ်မီလိမ့်မလဲ။ ချုပ်ရိုးက ညီလည်း ညီ၊ ဖြောင့်လည်း ဖြောင့်။ တော့်တော့်ကို ကောင်းတဲ့ လက်ရာ။ ငါ့တူကြီး ကြည့်ပါလား"

ဆီမန်သည် ချုပ်လက်စ အထည်များကို ကောက်ကိုင်ကာ များစွာ နှစ်သက်ဟန်ဖြင့် ကြည့်နေလေ၏။

"ဟုတ်တာပေါ့ ခင်ဗျ။ တော်တော်ကောင်းတဲ့ လက်ရာပဲ"

ရွှေကြာက ပြုံးလိုက်ကာ-

"ဒီက အစ်ကိုက ကျွန်မကို မြှောက်နေပြန်ပြီ"

"မေးစမ်းပါရစေဦး ခင်ဗျာ။ ဘယ်သူ့ဇနီးများပါလိမ့်"

"မှန်းကြည့်လေကွယ်"

"ကျွန်တော် ဘယ်မှာ မှန်းကြည့်တတ်ပါ့မလဲ အဒေါ်ရဲ့"

မဝမ်က ရယ်လိုက်လျက်-

"ဟိုဘက်အိမ်က ဝူရဲ့ ဇနီးလေကွယ်။ ဟိုတနေ့ကတောင် မင်း ခေါင်းကို ဝါးလုံးနဲ့ ဆောင့်မိပါသေးကော။ မေ့နေပြီထင်တယ်"

ရွှေကြာမှာ မျက်နှာနီရဲသွားကာ-

"မတော်လို့ ချော်ကျသွားတာပါ အစ်ကိုရယ်။ စိတ်မရှိပါနဲ့နော်"

"မရှိပါဘူးဗျာ။ မရှိပါဘူး"

"ငါ့တူကြီးက သဘောကောင်းပါတယ်ကွယ့်။ စိတ်ဆိုးတတ်တဲ့ လူမျိုး မဟုတ်ပါဘူး။ လူကောင်းပါ"

"အဲဒီနေ့ကလည်း ကျွန်တော်တို့ တယောက်နဲ့ တယောက် မတွေ့လိုက်ကြဘဲကိုး။ လက်စသတ်တော့ ဒီက ညီမက ဝူရဲ့ ဇနီးကိုး။ အစ်ကို သူ့ကို သိတာပေါ့။ အလုပ်အကိုင်မှာ တော်တော်စေ့စပ်တဲ့လူပဲ။ လမ်းမမှာ ဈေးလျှောက်ရောင်းပေမယ့် လူတိုင်းနဲ့ သင့်မြတ်တယ်။ ကလေးနဲ့ရော၊ လူကြီးနဲ့ရော အားလုံးနဲ့ သင့်အောင် ပေါင်းတတ်တယ်။ လူက ပိုက်ဆံလည်း အရှာကောင်း၊ စိတ်နေစိတ်ထားလည်း ကောင်းဆိုတော့ ရှာမှ ရှားပါတယ်ဗျာ"

"ငါ့တူက ယောကျ်ားအကြောင်းကိုပဲ ပြောနေတာကိုးကွယ့်။ သူ့ဇနီးကကော။ မယားတွေထဲမှာ မယားဝတ်အကျေဆုံး မယား"

"ကျွန်မယောကျ်ားက စာမဖွဲ့လောက်ပါဘူးရှင်။ အစ်ကိုတို့က ကျွန်မတို့ကို လှောင်နေတာ ထင်ပါရဲ့"

"မဟုတ်ရပါဘူးဗျာ။ တကယ်ပြောတာပါ။ "လောကတွင် ပျော့ပျောင်းသူတို့သည် အမြင့်သို့ ရောက်ကြ၍ မာကျောသူတို့မှာကား ပျက်စီးခြင်းနှင့် ကြုံရတတ်၏" ဆိုတဲ့ ရှေးစကား ရှိတယ်ဗျ။ ညီမရဲ့ ခင်ပွန်းလိုလူကတော့ ဘယ်အခါမှာ ဖြစ်ဖြစ် မတိမ်ကောပါဘူး။ ရေထုတွေ အသင်္ချေအနန္တထဲမှာတောင် ရေတပေါက်ဆုံးရှုံးမယ့် လူစားမျိုး မဟုတ်ပါဘူး"

"မှန်လိုက်လေကွယ်" ဟု မဝမ်ကလည်း ဘေးတီးပေးလေ၏။

ဆီမန်သည် ချိုသာစွာ ခွင့်တောင်းကာ ရွှေကြာနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လေ၏။

"ဟောဒီက ငါ့တူ ဘယ်သူလဲဆိုတာ သိရဲ့လား တူမကြီး"

"မသိသေးပါဘူးရှင်"

"တို့နယ်မှာတော့ အချမ်းသာဆုံး သူဌေးကလေးတယောက်ပေါ့အေ။ မြို့ဝန်နဲ့ဆိုရင် လည်း တကယ်ရင်းနှီးတဲ့ မိတ်ဆွေတွေကလား။ သူဌေးလေးဆီမန်တဲ့တော်။ မှတ်ထား။ ချမ်းသာလိုက်တာတော့ မပြောနဲ့။ မြို့ဝန်ရုံးနဲ့ မျက်နှာချင်းဆိုင်မှာ ပရဆေးဆိုင်တဆိုင် ရှိတယ်လေ။ ပိုက်ဆံတွေကလည်း ပုံလိုက်ရင် ခုနစ်စဉ်ကြယ်တောင် ထိလိမ့်မယ် ထင်တယ်။ စပါးဆိုတာ ကျီတွေထဲမှာ ပုပ်သိုးတောင်ကုန်တယ်။ သူ့မှာရှိသမျှ ဝါဝါတိုင်းဟာ ရွှေချည်းပဲ။ ရှိသမျှဖြူဖြူတိုင်းဟာ ငွေချည်းပဲ။ ရှိသမျှ ဝိုင်းဝိုင်းတိုင်းဟာ ပုလဲတွေချည်းပဲ။ ရှိသမျှ ပြိုးပြိုးပြောင်ပြောင်တိုင်းဟာ ကျောက်မျက်ရတနာတွေချည်းပဲ။ အိမ်မှာလည်း ချိုကြီးတွေ၊ ဆင်စွယ်ကြီးတွေ ဆိုတာ...."

မဝမ်သည် ဆီမန်ကို အလွန်အကျူး မြှောက်ပင့်ပြောဆိုလျက် ရှိလေ၏။ ရွှေကြာမှာမူ ခေါင်းငုံ့အပ်ချုပ်ရင်း သူ့စကားများကို နားထောင်လျက်ရှိလေ၏။ ဆီမန်မှာ ရွှေကြာကို စိုက်ကြည့်ရင်း ရမ္မက်စိတ်တို့ ပြင်းထန်စပြုလာလေပြီ။ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည် အထိ မစောင့်ဆိုင်းနိုင်တော့ပြီ။ မဝမ်က လက်ဖက်ရည်ကို ငှဲ့ပြီး သူတို့ရှေ့တွင် ချပေးလေ၏။

"သူဌေးလေးနဲ့ လက်ဖက်ရည်လေး ဘာလေး သောက်ပါဦး တူမရဲ့" ဟု ရွှေကြာကို ပြောလေ၏။ ရွှေကြာ၏ အကြည့်ထဲတွင်လည်း မြူဆွယ်သောအကြည့်မျိုး ပေါ်နေလေ၏။ မဝမ်သည် ဆီမန်ကို အဓိပ္ပာယ်ပါပါဖြင့် ကြည့်လိုက်ကာ မျက်နှာရှေ့တွင် လက်ငါးချောင်း ထောင်ပြလိုက်လေ၏။ ဆီမန်ကလည်း ထိုသဘောကို နားလည်လိုက်လေ၏။ ဆယ်ပုံငါးပုံ အောင်ပြီဆိုသည့် သဘော ဖြစ်ပေ၏။ မဝမ်က ဆီမန်ဘက်သို့ လှည့်၍-

"ငါ့တူကြီးလာတာ အတော်ပဲ။ မလာရင် လာပြီး ခေါ်မလို့တောင် စိတ်ကူးနေတာ။ ခုတော့ ကံကောင်းတယ်လို့ ပြောရမှာပဲ။ "လူတယောက်မှာ သခင်နှစ်ယောက်ကို မခစား နိုင်"ဆိုတဲ့ စကားရှိပေမယ့် အဒေါ်အဖို့တော့ ဒီလိုမဟုတ်ဘူးကွယ့်။ ကျေးဇူးရှင်နှစ်ယောက်နဲ့ တွေ့တာပဲ။ ခု အဒေါ်ကို မောင်ရင်က အထည်စ ဝယ်ပေးတယ်။ ဟောဒီက တူမကြီးက အထည်ချုပ်ပေးတယ်။ ငါ့တူကြီးကိုတော့ နောက်ထပ် အပူမကပ်ချင်တော့ပါဘူး။ ဒါပေမဲ့ ဟောဒီက တူမကြီးက အိမ်ကို လာပြီး တကူးတက ချုပ်ပေးတော့ ငါ့တူအနေနဲ့ အဒေါ့် ကိုယ်စား သူ့ကို တခုခု မကျွေးသင့်ပေဘူးလား"

"ရပါတယ် ခင်ဗျာ။ လက်မနှေးပါဘူး။ ဟောဒီမှာ ပိုက်ဆံ" ဟု ဆိုကာ ဆီမန်သည် လက်ကိုင်ပဝါတထည်ဖြင့် ထုပ်ထားသည့် ငွေစအချို့ကို မဝမ်လက်ထဲသို့ ထည့်လိုက် လေ၏။

"မလုပ်ပါနဲ့ရှင်။ အားနာစရာကြီး" ဟု ရွှေကြာက ပြောလေ၏။ သို့ရာတွင် ထိုင်ရာမှ မထချေ။

မဝမ်သည် ပိုက်ဆံကို ယူကာ အိမ်ပြင်သို့ ထွက်သွားလေ၏။ တံခါးဝအရောက်တွင် "တူမကြီး၊ သူဌေးလေးနဲ့ စကားလေး ဘာလေး ပြောနေရစ်ခဲ့ကြဦးနော်"ဟု ပြောလေ၏။ "အလကား ဒုက္ခရှာတယ် အဒေါ်ရယ်" ဟု ရွှေကြာက ပြောလေ၏။ သို့ရာတွင် ရွှေကြာသည် နေရာမှ မရွေ့ချေ။

ဆီမန်နှင့် ရွှေကြာတို့သည် တယောက်ကို တယောက် စွဲလမ်းနေကြလေပြီ။ ဆီမန် သည် ရွှေကြာကို ခပ်ပြောင်ပြောင်ပင် စူးစိုက်ကြည့်လျက် ရှိလေ၏။ ရွှေကြာကလည်း တခါ တခါတွင် မျက်လွှာကို ပင့်၍ ကြည့်ရင်း ဆီမန်မှာ ရုပ်ရည်ချောမောသော ယောကျ်ား တယောက် ဖြစ်သည့်အတွက် မဆွတ်ခင်ပင်လျှင် ညွတ်ချင်နေလေပြီ။ သို့ရာတွင် ခေါင်းကို ငုံ့ကာ အပ်ချုပ်မြဲ ချုပ်လျက်ရှိလေ၏။ ခဏကြာလျှင် မဝမ်သည် ပြုတ်ပြီးသား ငန်းဆူဆူ ကြီးတကောင်၊ အသားကြော်နှင့် အခြားမြည်းစရာများကို ဝယ်၍ ပြန်လာခဲ့လေ၏။ မဝမ် သည် စားသောက်ဖွယ်များကို ပန်းကန်ပြားအသီးသီးထဲတွင် ထည့်လာပြီး စားပွဲပေါ်သို့ တည်ခင်းလေ၏။

"အပ်ချုပ်တာကို ခဏ နားလိုက်ပါဦးလား တူမရဲ့။ လာပါ။ နည်းနည်းပါးပါး စားလိုက် သောက်လိုက်ပါဦး"

"အဒေါ်တို့သာ စားနှင့်ကြပါ။ အစ်ကိုနဲ့ ဝင်စားလို့ ဘယ်ကောင်းပါ့မလဲ" ဟု ရွှေကြာ က ပြောလေ၏။ သို့ရာတွင် ထိုင်ရာမှ မထချေ။

"မလုပ်ပါနဲ့တော်။ ခုကျွေးတာက တူမကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့

ကျွေးတာ။ တူမကြီး ပါမှ ဖြစ်မှာပေါ့” ဟု ဆိုကာ မဝမ်သည် စားသောက်ဖွယ်များကို သူ့ရှေ့သို့ ချပေးလေ၏။ သူတို့သုံးယောက်သည် ဝိုင်းထိုင်ကြလေ၏။ မဝမ်က စိမ်ရည်ကို ငှဲ့ပေးလေ၏။ ဆီမန်က ခွက်ကို မြှောက်လိုက်လျက်-

“ကဲ၊ ညီမ။ အားရပါးရသောက်နော်။ ဘာမှ အားမနာနဲ့”ဟု ရွှေကြာကို ပြောလေ၏။

“ကျေးဇူးတင်ပါတယ် အစ်ကိုရယ်”ဟု ရွှေကြာက ပြုံး၍ ပြောလေ၏။

“ဟောဒီက တူမကြီးက တော်တော်သောက်နိုင်တယ်။ နည်းနည်းလေးမှ မျက်နှာတို့ ဘာတို့ ရှုံ့နေတာ မဟုတ်ဘူး” ဟု မဝမ်က ပြောလေ၏။

ဆီမန်က တူတစုံကို ကောက်ယူလိုက်ရင်း-

“အဒေါ်၊ ကျွန်တော့်ကိုယ်စား အဒေါ်ကပဲ မြည်းစရာလေးတွေ လာထည့်ပေးပါ”

မဝမ်သည် အစားအသောက်များကို တူဖြင့် ညှပ်ကာ ရွှေကြာ၏ ပန်းကန်ထဲသို့ ထည့်ပေးလေ၏။ မဝမ်သည် ရွှေကြာကို သုံးခွက်ဆက်တိုက် ငှဲ့ပေးပြီးနောက် ကျန်စိမ်ရည် များကို နွေးရန် မီးဖိုဘက်သို့ ထွက်သွားလေ၏။

“ညီမက အသက်ဘယ်လောက် ရှိပြီလဲဟင်” ဟု ဆီမန်က ရွှေကြာကို မေးလေ၏။

“နှစ်ဆယ့်သုံးနှစ်ပါ”

“အို၊ ဒီလိုဆိုရင် အစ်ကို့ထက် ငါးနှစ်တောင် ငယ်တာပဲ”

“မြေကြီးကို ကောင်းကင်နဲ့ မနှိုင်းကောင်းပါဘူး အစ်ကိုရယ်” ဟု ရွှေကြာက ယဉ်ကျေးစွာ ပြောလေ၏။

မဝမ်သည် အခန်းထဲသို့ ပြန်ဝင်လာလေ၏။

“ငါ့တူမကို နှယ်နှယ် မအောက်မေ့နဲ့နော်။ အပ်လည်း ကောင်းကောင်းချုပ်တတ်တယ်။ ရှေးကျမ်းဂန်တွေ ကိုလည်း နှံ့စပ်တယ်”

“ခုခေတ်မှာ ဒီလိုမိန်းကလေးမျိုး ရှားပါတယ်ဗျာ။ ဝူကတော့ ကံကောင်းပါပေတယ်”

မဝမ်က-

"ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်။ ပြောတော့ ပြောလိုက်ရဦးမယ်။ ငါ့တူရဲ့ အိမ်မှာ ရှိတဲ့ မိန်းမတွေနဲ့တော့ တယောက်မှ ယှဉ်လို့မရဘူး"

"တကယ်ပဲ အဒေါ်ရေ။ ကျွန်တော့်အဖြစ်ကိုတော့ ပြောတောင် မပြောချင်တော့ ပါဘူး။ အင်း၊ ကံဆိုးလို့ပဲလို့ အောက်မေ့ရတော့မှာပေါ့လေ။ ကျွန်တော့်တသက်မှာ မိန်းမကောင်းနဲ့ တခါမှကို မတွေ့ခဲ့ဖူးဘူး"

"ငါ့တူရဲ့ ပထမဇနီးကတော့ သိပ်မဆိုးပါဘူးကွယ့်"

"မဆိုးဘူးလို့ပဲ ပြောရမှာပေါ့လေ။ သူသာ ရှိရင်တော့ ကျွန်တော့်အိမ်ထောင်လည်း ဒီလိုနေမှာ မဟုတ်ပါဘူး။ ခုရှိနေတဲ့ မိန်းမတွေကတော့ အလကားပါပဲ အဒေါ်ရယ်။ ထမင်း ကျွေးဖို့ ပါးစပ်ပေါက် တိုးလာရုံပဲ ရှိတာပါ။ အိမ်ထောင်ထိန်းသိမ်းမှုကို ဘာမှ ဂရုစိုက်တဲ့ မိန်းမတွေ မဟုတ်ပါဘူး"

"အစ်ကို့ရဲ့ ဇနီးက ဘယ်တုန်းက ဆုံးသွားတာလဲရှင်" ဟု ရွှေကြာက မေးလေ၏။

"ပြောရရင်တော့ စိတ်မကောင်းပါဘူးကွယ်။ အစ်ကို့ရဲ့ ပထမဇနီးဟာ ဆင်းရဲသား မိသားစုထဲကပေမယ့် အိမ်တွင်းမှုမှာတော့ တကယ့်ကို တော်တဲ့ မိန်းမပါ။ အစစအရာရာ စိတ်ချရတယ်။ ခု သူဆုံးတာ သုံးနှစ်ကျော်သွားပြီ။ အဲဒီကတည်းက အစ်ကို့အိမ်မှာလည်း ဖြစ်ချင်တိုင်းဖြစ်နေတာပဲ။ ဒါကြောင့် အိမ်မှာမနေဘဲ အပြင်မှာချည်းပဲ အချိန်ကုန်နေတာပေါ့။ အိမ်မှာနေရင် စိတ်ဆင်းရဲလွန်းလို့"

"ပြောင်ပြောင်ပဲ မေးရဦးမယ်ကွယ်။ စိတ်တော့မရှိပါနဲ့။ ငါ့တူကြီးရဲ့ ပထမဇနီးက အချုပ်အလုပ်တို့ ဘာတို့မှာတော့ ဟောဒီက ငါ့တူမလောက် တော်မယ် မထင်ဘူး"

"အဒေါ့်တူမလောက်လည်း ရုပ်မချောဘူး ခင်ဗျ"

မဝမ်က ရယ်လိုက်လေ၏။

"အမယ်၊ အဒေါ်တို့ကို သိုဝှက်မနေပါနဲ့ကွယ့်။ အရှေ့လမ်းက အိမ်ကို အဒေါ်ကို ဘာဖြစ်လို့ လက်ဖက်ရည်သောက် မဖိတ်တာလဲ။ မသိဘူးများ အောက်မေ့နေလို့လား"

"ဪ၊ ဟို ဇာတ်မင်းသမီး ချန်စီစီကို ကျွန်တော် ငှားပေးထားတဲ့ အိမ်ကိုလား။ သူတို့ကတော့ ဇာတ်သမပဲ အဒေါ်ရယ်။ ဇာတ်သမကို ဇာတ်သမလိုပဲ ထားရတာပေါ့"

"ဟုတ်တယ်။ သူ့ကိုတော့ အိမ်မှာပဲ ထားတယ်။ သူသာ ဟောဒီက အဒေါ်တူမလောက် တော်ရင် တရားဝင်ဇနီးအဖြစ် လက်ထပ်ယူတာ ကြာလှပြီ"

"ခုလောလောဆယ်တော့ အိမ်မှာ လီကျန်ကျောက်ဆိုတဲ့ ကောင်မလေးပဲ ရှိတာပေါ့"

"အဲဒီလို မိန်းကလေး တွေ့လို့ အိမ်ခေါ်သွားရင်ကော ဖြစ်မှာတဲ့လား ငါ့တူရယ်။ တော်တော်ကြာ ပြဿနာတွေ တက်ကုန်ပါဦးမယ်"

"ကျွန်တော့်မှာ မိဘနှစ်ပါးစလုံး မရှိတော့ပါဘူး။ ကျွန်တော့်စိတ်နဲ့ ကျွန်တော့် ကိုယ်ပါ။ ကျွန်တော့်ကို ဘယ်သူက ဘာပြောရဲမှာလဲ"

"နောက်တာပါကွယ်။ တကယ်ကတော့ ငါ့တူကြိုက်တဲ့ မိန်းမမျိုးလည်း လောကမှာ ရှိမှာ မဟုတ်ပါဘူး"

"ဒါကတော့ ဘယ်ပြောနိုင်မလဲ အဒေါ်ရယ်။ ကျွန်တော်က ကျွန်တော့်အိမ်ထောင်ရေး ကံမကောင်းတဲ့အကြောင်းကို ပြောတာပါ။ ကျွန်တော်နဲ့ လိုက်တဲ့ မိန်းမကို မတွေ့သေး တာပဲ ရှိပါတယ်"

ဆီမန်နှင့် မဝမ်တို့သည် ထိုအကြောင်းတို့ကို အတန်ကြာမျှ ပြောဆိုနေကြလေ၏။ ထို့နောက် မဝမ်က-

"ဟောတော့၊ စကားကောင်းနေလိုက်တာ။ စိမ်ရည်တွေ နွေးထားတာတောင် ခန်းကုန် ပြီလား မသိဘူး။ ကုန်ခါနီးနေပြီ။ နောက်တပုလင်းလောက် သွားဆွဲလိုက်ဦးမယ်လေ"

"ကျွန်တော့်အိတ်ထဲမှာ ငွေစ ငါးကျပ်သားလောက်ရှိတယ် အဒေါ်။ အားလုံးသာ ယူသွားပါ။ အဒေါ်ဝယ်ချင်တာ ဝယ်ခဲ့။ ပိုရင်လည်း အကြွေကို အဒေါ်ပဲ သိမ်းထားလိုက်ပါတော့"

မဝမ်သည် ကျေးဇူးတင်ကြောင်းပြောကာ ထိုင်ရာမှ ထလိုက်ပြီးနောက် ရွှေကြာကို တချက် လှမ်းကြည့်လိုက်လေ၏။ ရွှေကြာမှာ စိမ်ရည်သောက်ထားသဖြင့် မူးစပြုလာကာ ရမ္မက် အရှိန်သည်လည်း တက်လာခဲ့လေပြီ။ သူတို့နှစ်ယောက်သည် ရောက်တတ်ရာရာ စကားများကို ပြောဆိုကျန်ရစ်ခဲ့ကြလေ၏။ နှစ်ယောက်စလုံးမှာ ထက်သန်လာခဲ့ကြလေပြီ။ ရွှေကြာသည် ခေါင်းကို ငုံ့ထားသည့်တိုင် အိမ်သို့ မပြန်သေးချေ။ မဝမ်က ရွှေကြာဘက်သို့ လှည့်၍-

"တူမရေ၊ အဒေါ် စိမ်ရည်တပုလင်းလောက် သွားဆွဲလိုက်ဦးမယ်နော်။ ဟောဒီက ညည်းအစ်ကိုနဲ့ စကားပြောနေရစ်ခဲ့ကြဦး။ ခွင်ပေါ်မှာ နွေးထားတဲ့

စိမ်ရည်လည်း နည်းနည်း ကျန်သေးတယ်။ သောက်ချင်ရင် ကိုယ့်ခွက်ကိုယ် ယူပြီးသာ သောက်ကြပေတော့။ အဒေါ် တော့ ရုံးရှေ့က စိမ်ရည်ဆိုင်အထိ သွားလိုက်ဦးမယ်။ အဲဒီစိမ်ရည်ဆိုင်ကမှ ကောင်းကောင်း ရတာ။ နည်းနည်းတော့ ကြာမယ်နော်”

“စိတ်ချလက်ချသွားပါ အဒေါ်ရယ်”ဟု ရွှေကြာက ပြောလေ၏။ ရွှေကြာမှာ သူ့နေရာတွင် ထိုင်မြဲထိုင်လျက်ရှိလေ၏။ မဝမ်သည် အပြင်သို့ ထွက်လာခဲ့ကာ နောက်ဖေးခန်းတံခါး ကို အပြင်မှနေ၍ ကန့်လန့်ထိုး၍ပိတ်လိုက်ပြီးလျှင် သူကိုယ်တိုင် အနီးတွင် စောင့်နေလေ၏။ ဆီမန်က ရွှေကြာကို စိမ်ရည် ငှဲ့ပေးလေ၏။ ထိုသို့ ငှဲ့ပေးစဉ် ဆီမန်သည် အင်္ကျီလက်ဖျားဖြင့် တူတစုံကို တိုက်ချလိုက်ရာ တူနှစ်ချောင်းသည် စားပွဲအောက်သို့ ကျသွားလေ၏။ ကံကြမ္မာသည် အပျော်အပါးကို လိုက်ရှာနေသည့် ဆီမန်ဘက်သို့ ချိန်ခွင်လျှာ ကဲပေး လိုက်သည်ဟု ဆိုရပေလိမ့်မည်။ တူနှစ်ချောင်းသည် ရွှေကြာ၏ ခြေရင်းတွင် ရောက်နေ ကြလေ၏။ ဆီမန်သည် တူကို ကောက်မည့်ဟန်ဖြင့် စားပွဲအောက်သို့ ကုန်းလိုက်ကာ ရွှေခြည်ထိုးဖဲဖိနပ် စီးထားသည့် ရွှေကြာ၏ ခြေထောက်ကို လှမ်း၍ ဖျစ်ညှစ်လိုက်လေ၏။ ရွှေကြာသည် ရယ်နေလေ၏။

“ဟင့်၊ အစ်ကိုကလည်း ဒီလိုမလုပ်နဲ့လေ။ ဘာလဲ။ ရွှေကြာကို ရိသဲ့သဲ့ လုပ်တာလား”

ဆီမန်သည် သူ့ဘေးတွင် ဒူးထောက်ထိုင်ချလိုက်လျက်-

“ဟုတ်တယ်။ အစ်ကို ရွှေကြာကို ချစ်နေပြီ”

ရွှေကြာသည် သူ့ကို ဆွဲထူလိုက်ကာ ဆီမန်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေ၏။ မဝမ်၏ အခန်းထဲတွင် သူတို့နှစ်ယောက်သည် အဝတ်အစားများကို လျင်မြန်စွာ ချွတ်နေ ကြလေ၏။ ခေါင်းအုံးတလုံးတည်းတွင် အတူအုံးကာ ချစ်ရေအလျှဉ်ကြောတွင် မျောနေ ကြလေ၏။

သူတို့ရင်ထဲတွင် ရှိသည့် တိမ်တိုက်များကို မိုးပေါက်များအဖြစ် ရွာသွန်းစေပြီးနောက် ရွှေကြာနှင့် ဆီမန်တို့သည် အဝတ်အစားများကို ပြန်၍ ဝတ်နေကြလေ၏။ ထိုစဉ် မဝမ် သည် တံခါးကို တွန်းဖွင့်ကာ အထဲသို့ ဝင်လာလေ၏။ လွန်စွာ စိတ်ဆိုးဟန်ကိုလည်း ဆောင်ထားလေ၏။

“တော်ကြပါပေရဲ့နော်။ လုပ်ရက်ကြပါပေရဲ့။ ကျုပ်ကတော့ ညည်းကို အထည်ချုပ်ဖို့ အိမ်ကို ခေါ်တာ။ ခုတော့ ဒီမှာလာပြီး အကြည်ဆိုက်နေကြတာပေါ့ ဟုတ်စ။ တကယ်လို့ များ ဝူ သိသွားရင် ငါ့ကို ဘယ်လောက် ပြောလိုက်မလဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကစိပတ် အတင်မခံနိုင်ဘူး။ ညည်း ယောကျ်ားကို

ပြောရလိမ့်မယ်”

သူတို့နှစ်ဦးမှာ လန့်နေကြလေပြီ။ မဝမ်သည် အပြင်သို့ ထွက်ဟန်ပြုလေ၏။ ရွှေကြာက နောက်မှ လိုက်ဆွဲရင်း-

“မလုပ်ပါနဲ့ အဒေါ်ရယ်။ ရှိကြီးခိုးပါရဲ့။ ကျွန်မကို သနားပါဦး”

“အဒေါ်ရယ်၊ တိုးတိုးတိတ်တိတ် ပြောပါ” ဟု ဆီမန်က ပြောလေ၏။

မဝမ်က ရယ်လိုက်လျက်-

“ဒီလိုဆိုရင် ညည်းတို့နှစ်ယောက်စလုံး ငါပြောတာကို နားထောင်ရမယ်”

“တခုမကပါဘူး အဒေါ်ရယ်။ ဆယ်ခုဆိုလည်း လိုက်နာပါ့မယ်” ဟု ရွှေကြာက ပြောလေ၏။

“ဒီနေ့က စပြီး ညည်း ယောကျ်ားကြီး မသိအောင် ဒီမှာ လာလာပြီး ဟောဒီက သူဌေး ကလေးကို ဧည့်ခံရမယ်။ ဒီလိုဆိုရင် ငါ အသာနေလိုက်မယ်။ ဒီလိုမှမဟုတ်ဘဲ တရက်တလေ ပျက်တာနဲ့ တပြိုင်နက် ညည်းလင်ကြီးကို ဖွင့်ပြောလိုက်မှာပဲ”

“အဒေါ်ပြောတဲ့အတိုင်း လိုက်နာပါ့မယ် အဒေါ်ရယ်”

“သူဌေးကလေးကတော့ ကျူပ် လိုချင်တာကို သိပါတယ်။ ခု အောင်မြင်ပြီ မဟုတ်လား။ ဒီတော့ မောင်ရင့်ကတိကိုသာ မမေ့ပါနဲ့။ မေ့တယ်ဆိုရင်လည်း သူ့ယောကျ်ားကို ဖွင့်ပြောလိုက်ရုံပေါ့”

“မမေ့ပါဘူး အဒေါ်ရယ်။ ဘာဖြစ်လို့ မေ့ရမှာလဲ”

သူတို့သုံးယောက်သည် ညနေမိုးချုပ်အထိ စိမ်ရည်သောက်နေကြလေ၏။ ရွှေကြာ သည် ထိုင်ရာမှ ထကာ–

“ခုလောက်ဆိုရင် အိမ်က လူကြီး ပြန်ရောက်တော့မယ်။ ကျွန်မ ပြန်ဦးမှပဲ”

ရွှေကြာသည် နောက်ဖေးပေါက်မှ ပြန်ထွက်သွားကာ သူ့ယောကျ်ားဝူ ပြန်ရောက်လာသည်နှင့် အိမ်ရှေ့ကန့်လန့်ကာကို ချထားလိုက်လေ၏။ ထိုအချိန်၌ မဝမ်က ဆီမန်အား-

“ဘယ့်နှယ်လဲကွယ့်။ အဒေါ့်စီမံကိန်းက မကောင်းဘူးလား”

“ကောင်းတာတော့ မပြောပါနဲ့တော့ အဒေါ်ရယ်။

အိမ်ပြန်ရောက်ရောက်ချင်း အဒေါ် ဆီကို ငွေချောင်းတချောင်း အပို့လွှတ်လိုက်ပါ့မယ်။ ကျွန်တော် ကတိပေးထားတာတွေ အားလုံးလည်း ဖြစ်ရပါစေ့မယ်”

“ “မျက်လုံးတွေက ဘုရင့်ဆုတံဆိပ် အောင်လံတော်ကို ကြည့်ပြီး နားက မင်္ဂလာ သတင်းကို စွင့်နေပါ” သတဲ့တော်။ မောင်ရင့်စကားကို မဖျက်ပါနဲ့။ နောက်တော့သာ ကျုပ်မှာ အသုဘပြီးမှ ပိုက်ဆံလိုက်တောင်းရတဲ့ ငိုချင်းသည် မဖြစ်ပါရစေနဲ့”

ဆီမန်သည် ရယ်မော၍ ပြန်သွားလေ၏။ ထိုအကြောင်းကို ပြောဖွယ်မလိုတော့ပြီ။

ထိုနေ့မှစ၍ ရွှေကြာသည် မဝမ်၏ အိမ်သို့ လှစ်ခနဲပေါက်လာကာ နေ့တိုင်း ဆီမန်နှင့် ချိန်း၍ တွေ့နေကြလေ၏။ သူတို့နှစ်ဦးသည် ယွန်းချပ်ကဲ့သို့ တသားတည်းဖြစ်ကာ ကော်စေး ကဲ့သို့ တထပ်တည်း ဖြစ်နေကြလေ၏။ သို့ရာတွင် “ကောင်းသတင်းသည် ဘယ်တော့မျှ တံခါးဝ အပြင်သို့ မရောက်သော်လည်း မကောင်းသတင်းကိုမူကား လီပေါင်းတထောင် အဝေးမှပင် ကြားရတတ်၏”ဆိုသည့် စကားရှိပေ၏။ တလမပြည့်မီမှာပင် သူတို့အကြောင်း ကို အိမ်နီးနားချင်းတို့ သိနေလေပြီ။ ယောက်ျားဖြစ်သူ ဝူတယောက်သာလျှင် ဘာမှမသိဘဲ ရှိလေ၏။

ထိုမြို့ကလေးတွင် အသက် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်အရွယ် သူငယ်ကလေး တယောက် ရှိလေ၏။ ထိုသူငယ်ကလေးမှာ ယုန်ကျို့တိုက်နယ်မှ စစ်ဗိုလ်တဦးထံတွင် အစေခံ လုပ်ရသဖြင့် သူ့အမည်ကို ယုန်ဂီဟု ခေါ်ကြလေ၏။ ယုန်ဂီတွင် ဖခင်အိုကြီးမှအပ အခြား ဆွေမျိုးသားချင်းဟူ၍ မရှိတော့ချေ။ ယုန်ဂီသည် မိဘကို လုပ်ကျွေးနေသည့် သူငယ် ကလေးတဦး ဖြစ်သည့်အလျောက် ရုံးရှေ့ရှိ ဘုံဆိုင်များတွင် သစ်သီးများကို ရောင်းခြင်း ဖြင့် အသက်မွေးသူတယောက် ဖြစ်လေ၏။ တခါတရံတွင် ဆီမန်သည် ယုန်ဂီကို ပိုက်ဆံ ပေးလေ့ ရှိပေ၏။ တနေ့သ၌ ယုန်ဂီသည် သစ်တော်သီးများကို လမ်းမတွင် လျှောက်ရောင်းရင်း ဆီမန်ကို လိုက်ရှာနေလေ၏။

“သူ သွားတတ်တဲ့ နေရာတခုတော့ ငါသိတယ်ကွ” ဟု တယောက်က ပြောလေ၏။

“ဒီလိုဆိုရင်လည်း ကျွန်တော့်ကို ပြောပါ ဦးလေးရယ်။ သူနဲ့ တွေ့ရင် ကျွန်တော့်မှာ ပြားလေးငါးဆယ်ဖိုး တော့ ရောင်းရမှာ”

“သူက ဝူရဲ့ မိန်းမနဲ့ တိတ်တိတ်ပုန်း ဖြစ်နေကြတာကွ။ နေ့တိုင်း ပတ္တမြားလမ်းက မဝမ်ရဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းချိန်းတွေ့နေကြတာ။ အဲဒီကို

သွားရှာပေါ့။ ဆိုင်ထဲ ကိုသာ တန်းဝင်သွားကွာ။ ကလေးပဲ”

ယုန်ဂီသည် ထိုလူကို ကျေးဇူးတင်စကားပြောပြီးနောက် ပတ္တမြားလမ်းရှိ မဝမ်၏ လက်ဖက်ရည်ဆိုင်သို့ လာခဲ့လေ၏။ မဝမ်မှာ ဆိုင်ရှေ့ ခွေးခြေကလေးတလုံးပေါ်တွင် ထိုင်ရင်း ဂုန်လျှော်များကို ဖိုင်းငင်လျက်ရှိလေ၏။ ယုန်ဂီသည် သစ်သီးခြင်းတောင်းကို ချလိုက်ပြီးနောက် မဝမ်ကို နှုတ်ဆက်လေ၏။

“အဒေါ်ရေ”

“ဘာများလဲဟဲ့ ယုန်ဂီရဲ့”

“အစ်ကိုတယောက်များ မလာဘူးလား။ အဖေ့အတွက် ဆေးဖိုးဝါးခကလေးများ ရအောင် သူ့ဆီမှာ သစ်သီးလေး ဘာလေး နည်းနည်းပါးပါး အယူခိုင်းမလို့”

“ဘယ်အစ်ကိုလဲဟဲ့”

“ကျွန်တော်ပြောတဲ့ အစ်ကို အဒေါ် သိပါတယ်ဗျာ”

“အစ်ကိုလို့ ပြောပြီး နာမည်မှ မပြောတာ။ ငါက ဘယ့်နှယ်လုပ် သိမှာလဲဟဲ့”

“နာမည်နှစ်လုံးပါတယ်ဗျာ”

“ဘာတဲ့လဲ”

“အဒေါ်ကလည်းဗျာ။ နောက်မနေစမ်းပါနဲ့။ အစ်ကိုဆီမန်ကို ပြောတာ။ ကျွန်တော် သူနဲ့ တွေ့ချင်တယ်ဗျာ”

ယုန်ဂီသည် ဆိုင်ခန်းနောက်ထဲသို့ ဝင်မည်ပြုလေ၏။ မဝမ်ကသူ့ကိုဆွဲထားလိုက်ရင်း-

“ဟဲ့၊ တေလေကြမ်းပိုးကလေး။ ဘယ်ကို သွားမလို့တုံး။ သူများအိမ်ထဲကို ဒီလိုပဲ အတင်းဝင်ရသလား”

“အစ်ကိုနဲ့ တမိနစ်လောက် တွေ့ရုံကလေးပါ”

“တော်တော် အပြောရခက်တဲ့ ကောင်လေးပါလား။ ဒီအခန်းထဲမှာ ဆီမန် ရှိတယ်လို့ နင့်ကို ဘယ်သူပြောလို့လဲ”

“အဒေါ်ကလည်းဗျာ။ ခင်ဗျားတယောက်တည်း

လက်ဝါးကြီးအုပ်မထားချင်ပါနဲ့။ ကျွန်တော်လည်း သူ့ဆီက နည်းနည်းပါးပါး စားခွင့်ပေးပါ။ ကျွန်တော် မသိဘူး အောက်မေ့ လို့လား”

“တိရစ္ဆာန်ကလေး။ နင်က ဘာသိရမှာလဲ”

“အခေါ်ကလည်းဗျာ။ ဟင်းရွက်ကို ယောက်မပေါ်တင်ပြီး မြင်းခွာလှီးတဲ့ ဓားနဲ့ လှီးသလို ကတ်သီးကတ်သတ် မလုပ်စမ်းပါနဲ့။ ခင်ဗျား ကတ်သီးကတ်သတ်လုပ်လို့ ကျွန်တော် လျှောက်ပြောရင် မုန့်ရောင်းတဲ့လူကြီး သိပြီး ပြဿနာတွေ ဖြစ်ကုန်လိမ့်မယ်”

ယုန်ဂီ၏စကားမှာ ချက်ကောင်းကို ထိသွားသည့်အတွက် မဝမ်သည် ဆတ်ဆတ်ခါနာသွားကာ-

“ဟဲ့၊ တေလေကြမ်းပိုး။ နင် ငါ့ဆိုင်ထဲလာပြီး ဘာတွေ လျှောက်ပြောနေတာလဲဟင်”

“တေလေကြမ်းပိုးက ခေါင်းမ ထက်တော့ တော်သေးတာပေါ့ဗျာ”

မဝမ်သည် ယုန်ဂီကို ဆွဲကာ ပါးကို နှစ်ချက်ဆင့် ရိုက်လိုက်လေ၏။

“ခင်ဗျားကြီး ဘာဖြစ်လို့ ကျွန်တော့်ကို ရိုက်ရတာလဲဗျ”

“ခွေးသူခိုးလေး။ အော်ကျယ်အော်ကျယ် လုပ်မနေနဲ့။ နောက်တချက် အရိုက်ခံချင် ပြန်ပြီလား”

“ဖာခေါင်းမကြီး။ ကျွန်တော့်ကို အလကားသက်သက် ရိုက်တယ်”

မဝမ်သည် ယုန်ဂီ၏ လည်ကုပ်ကို လက်ဝဲဘက်လက်ဖြင့် ဖမ်းဆုပ်ကာ လက်ယာလက်ဖြင့် ခေါင်းကို ထုပြီးနောက် ဆိုင်ပြင်သို့ ဆွဲထုတ်သွားလေ၏။ သစ်သီးခြင်းကိုလည်း လွှင့်ပစ်လိုက်ရာ သစ်သီးများမှာ လမ်းပေါ်တွင် ပြန့်ကျဲလျက်ရှိလေ၏။

သူငယ်ကလေးမှာ သူ့ကို မနိုင်ချေ။ ယုန်ဂီသည် သစ်သီးများကို လိုက်ကောက်ကာ ငိုလျက်ရှိလေ၏။ ထို့နောက် သူ့ကို လက်ညှိုးထိုးကာ-

“ခေါင်းမကြီး။ ခင်ဗျားတော့ နေနှင့်ဦးပေါ့ဗျာ။ ခင်ဗျား ခေါင်းလုပ်တဲ့အကြောင်းကို သူ့ယောကျ်ားကို သွားတိုင်မယ်။ ကြည့်နေပါ”

ယုန်ဂီသည် သစ်သီးတောင်းကို ပိုက်၍ ထွက်သွားလေ၏။

ဆိုခဲ့သည့် အဖြစ်အပျက်များကြောင့် ကြမ္မာဆိုးတို့သည် တခုပြီးတခု

ပေါ်ပေါက်လာကြလေပြီ။ ထိုကြမ္မာဆိုးတို့ကြောင့် မြေခွေးနှင့် ယုန်တို့၏ ဝပ်ကျင်းများမှ မြက်ပင်များသည် ဖရိုဖရဲဖြစ်ကာ သဲသောင်ကမ်းစပ်ရှိ ချစ်တင်းနှောနေသော ဟသ်ာမောင်နှံတို့သည် လည်း လန့်၍ ပျံပြေးကြလေပြီ။

ယုန်ကို လိုက်ရှာနေသူမှာ မည်သူ ဖြစ်လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၅

မဝမ်သည် ဆီမန်ကို သွေးထိုးမြှောက်ပင့်ပေးခြင်း

ဖောက်ပြန်သော မယားသည် ယောကျ်ားကို အဆိပ်ခတ်ခြင်း

မကျေမနပ်ဖြစ်နေသော ယုန်ဂီသည် သစ်သီးခြင်းကို ပိုက်ကာ မုန့်သည် ဝူကို လိုက်ရှာလေ ၏။ လမ်းအနည်းငယ် ကျော်မိသည့်အခါတွင် မုန့်တောင်းနှစ်လုံးကို ရှေ့နောက် ထမ်းကာ မိမိနှင့် မျက်နှာချင်းဆိုင်မှ လာနေသည့် ဂင်တိုတိုနှင့် လူတယောက်ကို တွေ့ရလေ၏။

ယုန်ဂီက သူ့ကို လှမ်းခေါ်ပြီးနောက်-

"ဦးလေးနဲ့ မနေ့တနေ့ကတင် တွေ့သေးတာပဲ။ ခု တရက်၊ နှစ်ရက်အတွင်း ဦးလေး ကြည့်ရတာ ဝလို့ဖြိုးလို့ပါလား။ ဘာတွေများ ဒီလောက် စားထားလို့လဲ"

"ဟာ၊ ဒီအတိုင်းပါပဲကွ။ ဘယ်မှာ ဝလို့လဲ"

"တနေ့က ဖွဲမှုန့်ကလေး နည်းနည်းလိုချင်လို့ လိုက်ရှာလိုက်တာဗျာ။ ဘယ်ဆိုင်မှာမှ ရှာလို့မတွေ့ဘူး။ ဦးလေးအိမ်မှာ ရောင်းတယ်ဆိုလို့ အိမ်ကိုတောင် သွားဝယ်သေးတယ်"

"ငါ့မှာ ဘဲတို့၊ ငန်းတို့မှ မမွေးတာ။ ငါ့အိမ်မှာ ဘယ့်နှယ်လုပ် ဖွဲရှိမလဲကွ"

"မသိပါဘူးဗျာ။ ဦးလေးကို ကြည့်ရတာ ဝအစ်ပြီး အရေတွေကို ထူအမ်းနေတာပဲ။ အရေထူလိုက်သမှ ခြေနှစ်ချောင်းကနေ ဖောက်ထိုးဆွဲပြီး ပေါင်းချောင်ထဲ ထည့်ပေါင်းတောင် ကိုယ်က အငွေ့ထွက်မှာ မဟုတ်ဘူး ထင်တယ်"

"ခွေးသူတောင်းစားကလေး။ ငါ့ကို ဘဲထီးအနဲ့ နှိုင်းရအောင် ငါ့မိန်းမက ဘယ်ယောကျ်ားတွေနဲ့များ လင်ငယ်နေလို့လဲကွ"

"ဘယ်ယောကျ်ားတွေနဲ့မှတော့ လင်ငယ်နေတာ မဟုတ်ဘူးဗျ။ ယောကျ်ားတယောက် နဲ့ လင်ငယ်နေတာ"

ဝူသည် ယုန်ဂီ၏ လည်ကုပ်ကို ဆုပ်ထားလိုက်လေ၏။

"ဘယ်သူနဲ့ နေသလဲ ပြောစမ်း"

ယုန်ဂီက ရယ်လိုက်လျက်-

"ဦးလေးက ကျွန်တော့်ကိုသာ နိုင်တာပါ။ သတ္တိရှိရင် အဲဒီ အချောင်နှိုက်တဲ့လူကို သွားစမ်းကြည့်ပါလား"

"ဘယ်သူလဲကွာ။ ငါ့ကို ပြောစမ်း။ မင်းကို မုန့်ဆယ်ခု ပေးမယ်"

"ဦးလေးမုန့်တွေကို မလိုချင်ပါဘူးဗျာ။ အဲ၊ စိမ်ရည်သုံးခွက်လောက် တိုက်ရင်တော့ ပြောမယ်"

"လာပါ။ မင်းသောက်ချင်တယ်ဆိုရင် တိုက်ပါ့မယ်"

ဝူသည် မုန့်တောင်းကို ကောက်ထမ်းကာ ယုန်ဂီကို အနီးရှိ ဘုံဆိုင်တဆိုင်သို့ ခေါ်လာ ခဲ့လေ၏။

ဝူသည် မုန့်ဗန်းကိုချကာ ဗန်းထဲမှ မုန့်အနည်းငယ် ယူခဲ့ပြီး အသားကြော် တပန်းကန် ကို မှာလိုက်လေ၏။

ထို့နောက် စိမ်ရည်ခွက်ကို သူ့ရှေ့သို့ ထိုးပေးလေ၏။

"စိမ်ရည်ကတော့ တော်ပါပြီဗျာ။ အသားကလေး နည်းနည်းလောက်သာ မှာပါ"

"ပြောမှာ ပြောစမ်းပါကွာ"

"လက်သီးလက်မောင်းသာ တန်းထားပေတော့။ စားပြီးရင် ကျွန်တော် အေးအေး ဆေးဆေး ပြောပြမယ်။ ကျွန်တော်လည်း ကူညီပြီး ဝိုင်းဖမ်းပေးမယ်"

ဝူသည် ယုန်ဂီ စားသောက်ပြီးအောင် စောင့်နေရလေ၏။

"ကဲ၊ ပြောလေကွာ"

"ကျွန်တော် ဘယ်လိုသိခဲ့တယ်ဆိုတာ ဟောဒီ ကျွန်တော့်ခေါင်းက ဒဏ်ရာတွေ ကိုသာ စမ်းကြည့်ပေတော့"

"ပြောပါ။ ဘယ်လိုလုပ်ပြီး သိလာခဲ့တာလဲ"

"ဒီနေ့ ကျွန်တော် သစ်သီးနည်းနည်းရောင်းချင်တာနဲ့ ဆီမန်ကို လိုက်ရှာတယ်ဗျာ။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ လမ်းမှာ တွေ့တဲ့ လူတယောက်က မဝမ်ရဲ့ဆိုင်မှာ ခင်ဗျား မိန်းမနဲ့ နေ့တိုင်း ချိန်းချိန်းတွေ့နေတယ်တဲ့။ အဲဒီကို လိုက်သွားလို့ ပြောတာနဲ့ ကျွန်တော် လိုက်သွားတယ်။ ဟိုရောက်တော့

အဲဒီမိန်းမကြီးက ကျွန်တော့်ကို ဝင်ခွင့်မပြုဘူးဗျ။ ကျွန်တော့် ခေါင်းကို ရိုက်ပြီး ဆိုင်ထဲက ဆွဲထုတ်လိုက်တယ်။ ဒါကြောင့် ဦးလေးကို ကျွန်တော် လိုက်ရှာနေတာ။ စောစောက ဦးလေးကို စတာကတော့ ကျွန်တော် အပြောရ ခက်နေလို့ပါဗျာ။ ဦးလေးက မမေးတော့ ကျွန်တော့်အနေနဲ့ ဘယ့်နှယ်လုပ်ပြောမှာလဲ"

"ဟော့ကောင်လေး သေချာရဲ့လား"

"မယုံရင် ဦးလေးကိုယ်တိုင် သွားကြည့်လေ။ သူတို့နှစ်ယောက် အကြည်ဆိုက်လို့။ ဦးလေး အိမ်ကထွက်တာနဲ့ တပြိုင်နက် သူတို့နှစ်ယောက် အဲဒီဆိုင်ထဲ ရောက်နေကြတော့တာပဲ။ ဒီလောက် ဖြစ်နေတာတောင် ဦးလေးက ဟုတ်မှ ဟုတ်ရဲ့လား မေးနေရသေးသလားဗျာ"

"ဟုတ်တယ်ကွာ။ ရှင်းရှင်းပြောရရင်တော့ ငါလည်း မသင်္ကာဖြစ်နေတာ ကြာပြီ။ ငါ့မိန်းမက အပ်ချုပ်ရအောင်ဆိုပြီး အဲဒီမိန်းမကြီးဆိုင်ကို နေ့တိုင်းသွားတယ်။ သူ ပြန်လာရင် မျက်နှာက အမြဲလိုလို နီရဲနေတာကို ငါသတိထားမိသား။ လက်စသတ်တော့ ဒီလိုကိုး။ ရှုပ်တယ်ကွာ။ ဒီ ခြင်းတွေ၊ မုန့်ဗန်းတွေ ထားပစ်ခဲ့ပြီး ခုသွားဖမ်းရင် ကောင်းမယ် ထင်တယ်။ ဘယ့်နှယ်လဲ"

"ဦးလေးကလည်း တော်တော် ခက်ပါလား။ ဦးလေးတယောက်တည်း ဖမ်းလို့ ဘယ့်နှယ်လုပ် မိမှာလဲဗျ။ မဝမ်ဆိုတဲ့ မိန်းမကြီးက အလွန်လည်တဲ့ မိန်းမကြီး။ ဦးလေး သူ့ ဉာဏ်ကို ဘယ်မီအောင် လိုက်နိုင်မှာလဲ။ သူတို့သုံးယောက်ကြားမှာ အချိန်းအချက်တွေ ရှိမှာပေါ့။ ဦးလေးကို ရိပ်ခနဲ မြင်လိုက်တာနဲ့ ပုန်းနေကြမှာပေါ့။ ဆီမန် ဆိုတဲ့လူကလည်း ပါးလိုက်သမှ လှစ်နေတာပဲ။ ဦးလေးလိုလူ အယောက်နှစ်ဆယ်လောက်တော့ အပျော့ပေါ့။ ဦးလေးမိန်းမကို မတွေ့တဲ့အပြင် အရိုက်မခံရရင် ကံကောင်း။ သူက ပိုက်ဆံလည်း ရှိတယ်၊ ဩဇာလည်း ရှိတယ်။ အသရေဖျက်မှုနဲ့ ဦးလေးကို ရုံးမှာ တရားစွဲရင် ဘယ့်နှယ်လုပ်မလဲ။ ဦးလေးမှာ ကျောထောက်နောက်ခံမရှိ ဘာမရှိနဲ့။ ဦးလေး ဒုက္ခရောက်သွားမှာပေါ့"

"အင်း၊ မင်းပြောတာလည်း ဟုတ်တာပဲ။ သူတို့နှစ်ယောက်ကို မိအောင် ဘယ်လို ဖမ်းရမလဲ မသိဘူးကွာ"

"ဒီမိန်းမကြီး ကျွန်တော့်ကို ဆော်လွှတ်လိုက်တာ။ ခု ကျွန်တော်ကလည်း ဒီမိန်းမကြီးကို ပြန်တော့ ဆော်ရမှာပဲဗျ။ ဒီလိုလုပ်လေ။ ဒီနေ့ည အိမ်ပြန်ရောက်တော့ ဦးလေး ဘာမှ မသိချင်ယောင် ဆောင်နေ။ ခါတိုင်းလို ဟန်မပျက် နေလိုက်ပေါ့ဗျာ။ မနက်ဖြန်ကျရင် မုန့်ကို များများ ယူမသွားနဲ့။ နည်းနည်းပဲ ယူသွား။ ကျွန်တော်က ပတ္တမြားလမ်း ထဲမှာ စောင့်ကြည့်နေမယ်။ ဆီမန်ရောက်လာတာနဲ့ တပြိုင်နက် ဦးလေးကို ကျွန်တော် လာခေါ်မယ်။ ဦးလေးက

မုန့်ခြင်းကလေးနှစ်လုံးကို အသာထမ်းပြီးသာ လိုက်လာခဲ့။ ပြီးတော့ တနေရာက စောင့်နေ။ ကျွန်တော်က မဝမ်ဆိုတဲ့ မိန်းမကြီး ဆိုင်ထဲကို သွားမယ်။ အဘွားကြီးက ကျွန်တော့်ကို ရိုက်ပုတ်နှင်ထုတ်မှာ သေချာတယ်။ ကျွန်တော်က ဆိုင်ထဲ ကနေပြီး ကျွန်တော့်သစ်သီးတောင်းကို လမ်းပေါ်ကို ပစ်ချလိုက်မယ်။ အဲ၊ တောင်းပစ်လိုက်တာနဲ့ ဦးလေး ဆိုင်ထဲကို အတင်းဝင်ပေတော့။ ကျွန်တော်က မိန်းမကြီးကို ဖမ်းချုပ်ထားမယ်။ ဦးလေးက နောက်အခန်းထဲ ပြေးဝင်ပြီး ဖမ်းပေတော့။ ဘယ့်နှယ်လဲ”

“ကောင်းပြီလေ။ ဒီအတိုင်းလုပ်မယ်။ ဒါပေမဲ့ ကြားထဲက မင်းက အချောင် အနာခံရမယ့်ပုံ ဖြစ်နေပြီ။ မင်းကို ဆီဖိုး၊ ဆန်ဖိုးကလေး ငါပေးပါ့မယ်။ မနက်ဖြန် မနက်ကျရင်သာ လမ်းထိပ်က စောင့်ပေတော့”

ယုန်ဂီသည် ပိုက်ဆံနှင့် ပူပူနွေးနွေး ပေါင်မုန့်တို့ကို ယူ၍ ပြန်လာခဲ့လေ၏။ ဝူမှာလည်း မုန့်တောင်းကို ထမ်းကာ ထွက်သွားလေ၏။

ရွှေကြာသည် သူ့ယောက်ျားကို အမြဲတမ်းလိုလိုပင် ဆဲရေးတိုင်းထွာကာ အနိုင်ကျင့် လေ့ရှိပေ၏။ သို့ရာတွင် မိမိလွန်ရာရောက်သဖြင့် နောက်ပိုင်းတွင်မူ ကောင်းမွန်စွာ ဆက်ဆံ လာခဲ့လေ၏။ ထိုနေ့ညနေက အိမ်သို့ ပြန်ရောက်လာသည့်အခါ ၌ဝူသည် ခါတိုင်းကဲ့သို့ပင် နေပြီး မသိချင်ယောင်ပြုနေလေ၏။

“ရှင် သောက်လာသလား”

“ဟုတ်တယ်။ ငါ့သူငယ်ချင်းတယောက်နဲ့ တွေ့လို့ နည်းနည်းသောက်လာတယ်”

ရွှေကြာသည် စားသောက်ဖွယ်တို့ကို တည်ခင်းကာ နှစ်ယောက်အတူ ထမင်းစားကြ လေ၏။ ထိုနေ့ညတွင် ထူးထူးခြားခြား ဘာမျှ မဖြစ်ချေ။

နောက်တနေ့ မနက်စာ စားပြီးသည့်အခါ၌ ဝူသည် သူ့မုန့်ခြင်းထဲတွင် မုန့်နှစ်ဗန်း၊ သုံးဗန်းလောက်ကိုသာ ထည့်လေ၏။ ရွှေကြာမှာ ဆီမန်ဆီသို့သာ စိတ်ရောက်လျက်ရှိသဖြင့် သူ့ယောက်ျား ပြင်ဆင်နေသည်ကို သတိမပြုမိချေ။ ဝူသည် ထမ်းပိုးကို ကောက်ထမ်းကာ ဈေးရောင်းထွက်လာခဲ့လေ၏။ သူ ထွက်သွားသည်နှင့် ရွှေကြာသည်လည်း မဝမ်၏ ဆိုင်ဘက်သို့ ကူးလာခဲ့ကာ ဆီမန်ကို စောင့်မျှော်လျက်ရှိလေ၏။ ပတ္တမြားလမ်း ထိပ်သို့ ဝူ ရောက်လာသည့်အခါ၌ သစ်သီးခြင်းကို ပိုက်ထားသော ယုန်ဂီကို တွေ့ရလေ၏။

“ဘာထူးသလဲဟေ့”

“နည်းနည်း စောသေးတယ်ဗျ။ တခေါက်လောက် လျှောက်ရောင်းချေဦး။ ဦးလေး လူလာမှာ သေချာပါတယ်ဗျ။ သိပ်တော့ ဝေးဝေးမသွားနဲ့”

ဝူသည် လေဖော့လိုက်သည့် တိမ်တိုက်တခုလို ချာခနဲ လှည့်ထွက်သွားလေ၏။

“ကျွန်တော့်သစ်သီးခြင်းကို စောင့်ကြည့်နေနော်။ ဟိုလူ ရောက်လာတာနဲ့ ကျွန်တော် တောင်းကို အပြင်ကို ပစ်ချလိုက်မယ်။ ဦးလေး ဝင်ခဲ့ပေတော့”

ဝူသည် သူ့မုန့်တောင်းနှင့် ထမ်းပိုးကို တနေရာတွင် သွားထားလေ၏။

ထိုအကြောင်းကို မပြောတော့ပြီ။

သစ်သီးခြင်းကို ပိုက်၍ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည့် ယုန်ဂီအကြောင်းကိုပြောရဦးမည်။

“ဒီမှာ အဘွားကြီး။ မနေ့က ကျွန်တော့်ကို ဘာဖြစ်လို့ ရိုက်တာလဲ”

မဝမ်မှာ ယုန်ဂိုအပေါ်တွင် စိတ်ဆိုးမပြေသေးချေ။ မဝမ်သည် ထိုင်ရာမှ ထထိုင်လျက်-“ဟဲ့၊ ခွေးသူခိုးကလေး။ နင်နဲ့ ငါနဲ့ ဘာမှ စကားပြောစရာ အကြောင်းမရှိဘူး။ ဘာဖြစ်လို့ ငါ့ဆိုင်ထဲ ဝင်လာပြီး အော်ကျယ်ဟစ်ကျယ် လုပ်နေရတာလဲ”

“လုပ်တယ်ဗျာ။ လုပ်တော့ ဘာဖြစ်သလဲ ခင်ဗျားဟာ ခေါင်းမကြီး။ လူကုန်ကူးနေတဲ့ မိန်းမကြီး။ ကဲ၊ ပြောတော့ ဘာဖြစ်သလဲ”

မဝမ်သည် ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ ယုန်ဂီကို ကုပ်မှ ဖမ်းဆွဲပြီးနောက် ပါးကို ရိုက်လေ၏။

“ရိုက်ပါ။ ခင်ဗျား နိုင်တုန်း ရိုက်ပေါ့” ဟု ဆိုကာ ယုန်ဂီသည် သစ်သီးခြင်းတောင်းကို အပြင်သို့ ပစ်လိုက်လေ၏။ ထို့နောက် ယုန်ဂီသည် မဝမ်၏ ခါးကို ကိုင်ပြီးလျှင် ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးလေ၏။ မဝမ်သည် နောက်ပြန်လဲကျသွားကာ နံရံဘေးတွင် လဲနေလေ၏။ ယုန်ဂီကလည်း မဝမ်၏ ဗိုက်ကို ခေါင်းဖြင့် ဆောင့်လေ၏။

ဝူသည် ဝတ်ရုံကြီးကို မကာ ဆိုင်ထဲသို့ ဝင်လာလေ၏။ မဝမ်သည် ဝူကို တားဆီးရန် ကြိုးစားသေးသော်လည်း ယုန်ဂီက သူ့ကို နံရံဖြင့် ဖိညှပ်ထားသည့်အတွက် ဘာမျှ မလုပ်နိုင်တော့ပြီ။

“ဟောဒီမှာ ဝူ လာတယ်ဟေ့” ဟု မဝမ်က အော်လေ၏။

နောက်ဖေးခန်းထဲတွင် ရှိနေသည့် ရွှေကြာမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ လေပြီ။ ရွှေကြာသည် အပေါက်ဝဆီသို့ ပြေးလာကာ တံခါးကို ကိုယ်လုံးဖြင့် တွန်းထားလေ၏။ ဆီမန်မှာ ခုတင်အောက်သို့ ဝင်ပုန်းနေလေ၏။ ဝူသည် တံခါးကို အတင်းတွန်း သော်လည်း မရချေ။

"ဟဲ့၊ ကောင်မ။ ထွက်ခဲ့။ လင်ငယ်နဲ့ ပလူးနေတာပေါ့ ဟုတ်လား" ဟု အော်လေ၏။ ရွှေကြာကလည်း ကြောက်ကြောက်ဖြင့် တံခါးကို ကိုယ်လုံးဖြင့် အတင်းဖိထားလေ၏။ "ပါးစပ်က ပြောတော့ သတ္တိကောင်းလှချေရဲ့ဆို။ အရေးထဲကျတော့ ဘာမှ အသုံးမကျဘူး။ အလကားလူ။ စက္ကူကျားကိုတောင် ကြောက်မယ့်လူ" ဟုလည်း ဆီမန်ကို ကြိမ်းမောင်း ဆူပူလျက်ရှိလေ၏။

ထိုစကားသည် ဝူကို ရိုက်နှက်ပြီး ထွက်ပြေးရန် ပြောင်ပြောင်တင်းတင်း အချက်ပြလိုက်ခြင်း ဖြစ်လေ၏။ ခုတင်အောက်တွင် ကြောက်ကြောက်လန့်လန့်ဖြင့် ပုန်းနေသော ဆီမန်သည် ထိုစကားများကြောင့် အားတက်လာကာ ခုတင်အောက်မှ လေးဖက်ထောက် ထွက်လာခဲ့လေ၏။ ဆီမန်သည် တံခါးကို ဖွင့်လိုက်ကာ "ဟေ့လူ၊ အရမ်းမလုပ်နဲ့" ဟု အော်လေ၏။

ဝူသည် ဆီမန်ကို ဖမ်းရန် ကြိုးစားသေး၏။ သို့ရာတွင် ဆီမန်သည် ဂင်တိုတို၊ အရပ်ပုပု ဝူ၏ ရင်ဘတ်ကို ညာခြေဖြင့် ဆောင့်ကန်လိုက်သည်တွင် ဝူမှာ ကြမ်းပြင်ပေါ်သို့ ပက်လက်လန် လဲကျသွားလေ၏။ ထိုစဉ် ဆီမန်လည်း ထွက်ပြေးလေ၏။ အခြေအနေ မဟန်တော့ ပြီကို ရိပ်မိလိုက်သည့် ယုန်ဂီသည် မဝမ်ကို လွှတ်ကာ ဆီမန်နောက်သို့ ပြေးလိုက်လေ၏။ အိမ်နီးနားချင်းတို့မှာလည်း ဆီမန်အကြောင်းကို သိနေကြသဖြင့် လိုက်၍ မဖမ်းရဲကြချေ။

မဝမ်သည် ဝူကို သွား၍ ထူပေးလေ၏။ ဝူ၏ ပါးစပ်မှ သွေးတို့ စီးကျလျက်ရှိပြီး မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိလေ၏။ မဝမ်က ရွှေကြာကို လှမ်းခေါ်လိုက်လေ၏။ ရွှေကြာသည် အခန်းထဲမှ ထွက်လာခဲ့ပြီး ရေတဖလားကို ခပ်ကာ ဝူကို သတိပြန် ရအောင် လုပ်ယူရလေ၏။ ရွှေကြာနှင့် မဝမ်တို့သည် ဝူကို တွဲ၍ထူကာ နောက်ဖေးမှ ထွက်၍ သူ့အိမ် အပေါ်ထပ်သို့ ခေါ်လာခဲ့ကြပြီးလျှင် အိပ်ရာပေါ်တွင် လှဲပေးကြလေ၏။ ထိုနေ့ညတွင် နောက်ထပ် မည်သို့မျှ ထူးထူးခြားခြား မဖြစ်တော့ချေ။

နောက်တနေ့၌ ဆီမန်သည် အကျိုးအကြောင်းကို စုံစမ်းရာ သူ့ယောက်ျားက မည်သို့မျှ ရိုက်နှက်ခြင်း မရှိသည်ဟု သိရသည့်အတွက် ခါတိုင်းကဲ့သို့ပင် မဝမ်၏ လက်ဖက်ရည်ဆိုင် တွင် ရွှေကြာနှင့် တွေ့ပြန်လေ၏။ ဝူမှာ ဒဏ်ရာကြောင့် သေလိမ့်မည်ဟု သူတို့နှစ်ယောက်စလုံးက ထင်လျက်ရှိလေ၏။ ဝူမှာ ငါးရက်ခန့် အိပ်ရာမှ မထနိုင်တော့ချေ။ အိပ်ရာထဲတွင် လဲနေစဉ် ရွှေကြာသည် သူ့ကို

ဆေးပေးမီးယူ စသည့် အလုပ်တို့ကိုလည်း လုပ်မပေးတော့ချေ။ ဝူက ခေါ်လျှင်လည်း ပြန်၍ မထူးတော့ချေ။ မနက်လင်းသည်နှင့် ကြော့နေအောင် ပြင်ဆင်ဖြီးလိမ်းကာ တနေကုန် ထွက်သွားတတ်ပြီး ညနေမိုးချုပ်မှ နီရဲလျှက်ရှိသော မျက်နှာဖြင့် ပြန်ရောက်လာတတ်လေ၏။ ဝူမှာ ဒေါသ ထွက်လွန်းသဖြင့် မကြာခဏ တက်တော့မည်ကဲ့သို့ ဖြစ်နေသည့်တိုင် ရွှေကြာကမူ သူ့ကို လုံးဝ ဂရုမစိုက်တော့ပြီ။ ဝူသည် ရွှေကြာကို အနီးသို့ ခေါ်ကာ-

"နင်တို့နှစ်ယောက်ကို လက်ပူးလက်ကြပ် မိနေမှတော့ ငါ နင်တို့အခြေအနေကို ငါ ကောင်းကောင်းသိပါပြီ။ ခုလည်း ကြည့်။ နင်က နင့်လင်ငယ်ကို ငါ့ကို အကန်ခိုင်းလို့ ငါ့မှာ မသေရုံတမယ်ဘဲ ကျန်တော့တယ်။ ဒါတောင်မှ နင်တို့နှစ်ယောက်က ပျော်လို့ ကောင်းတုန်းပဲ။ ဟုတ်ပါတယ်။ ငါဟာ နင်နဲ့ မတန်ပါဘူး။ ငါ သေတာပဲ ကောင်းပါတယ်။ ဒါပေမဲ့ ငါ့ညီ ဝုဆုန်ကိုတော့ နင် သတိထားပါ။ ဝုဆုန်အကြောင်းကို နင် သိတယ် မဟုတ်လား။ မကြာခင် သူ ပြန်ရောက်လာတော့မှာ။ သူရောက်လာရင် ဒီအတိုင်း လက်ပိုက်ကြည့်နေမယ် လို့ ထင်သလား။ ဒီတော့ ငါ့ကို ပစ်မထားပါနဲ့။ ငါ မြန်မြန် နေကောင်းလာအောင် လုပ်ပေးပါ။ သူ ပြန်လာရင် နင်တို့အကြောင်းကို ငါ တခွန်းမှ ပြန်မပြောပါဘူး။ ငါ့ကို ကောင်းကောင်း မွန်မွန် မပြုစုရင်တော့ နင်တို့နှစ်ယောက် မသက်သာဘူးသာ အောက်မေ့ပေတော့"

ရွှေကြာသည် မည်သို့မျှ ပြန်မပြောချေ။ သို့ရာတွင် နောက်တနေ့ရောက်သည်တွင် ရွှေကြာသည် မဝမ်နှင့် ဆီမန်တို့အား သူ့ယောက်ျား ပြောပြသည့် စကားများကို ပြောပြလေ၏။ ဆီမန်မှာ တကိုယ်လုံး အေးစက်သွားသည်ဟု ထင်လိုက်ရလေ၏။ ဆီမန်သည် ညည်းညူလျှက်ရှိလေ၏။

"သူ့ညီ ဝုဆုန်ဆိုတာ ကျင့်ယန်ခင်တန်းမှာ ကျားဆိုးကြီးကို သတ်ခဲ့တဲ့လူဗျ။ ကျင်ဟဲ တနယ်လုံးမှာတော့ သတ္တိအကောင်းဆုံးလူပဲ။ ခုဆိုရင် ကျွန်တော်တို့နှစ်ယောက် ချစ်နေကြတာ ကြာလှပြီ။ တယောက်နဲ့ တယောက်လည်း မခွဲနိုင်အောင် ဖြစ်နေပြီ။ အစတုန်းက သူ့ယောက်ျားရဲ့ ညီကို ထည့်မစဉ်းစားမိခဲ့ကြဘူး။ ခု ဘာလုပ်ကြမလဲဟင်။ အခြေအနေ ကတော့ တော်တော် ဆိုးနေပြီ"

မဝမ်က ရယ်လိုက်လျှက်-

"အမယ်လေး၊ ဒီလိုဟာမျိုးကို တခါမှ မကြုံဖူးပေါင်တော်။ ခု ဒီကိစ္စမှာ မင်းက တက်မကိုင်၊ တို့က ခရီးသည်တွေ။ ခု တို့က စိတ်မပူရဘူး။ မင်းက ပူနေတယ်"

"ပြောရင်လည်း ခံရတော့မှာပဲ အဒေါ်ရယ်။ ကျွန်တော်တော့ ဘယ်လိုမှ

မကြုံတတ်အောင် ဖြစ်နေပြီ။ ကျွန်တော်တို့နှစ်ယောက်ကို အကြံဉာဏ်ကလေး ဘာလေးများ မပေး နိုင်တော့ဘူးလား”

“မင်းတို့နှစ်ယောက် ရေတို ပေါင်းချင်ကြသလား။ ရေရှည် ပေါင်းချင်ကြသလား”

“အဒေါ်ပြောတာ မရှင်းဘူး”

“ရေတို ပေါင်းချင်ကြတယ်ဆိုရင်တော့ ဒီနေ့က စပြီး အဆက်ဖြတ်လိုက်ကြတော့။ ဝူ နေထိုင်ကောင်းလာရင် သူ့ကို တောင်းပန်လိုက်ကြ။ အဲဒီလိုဆိုရင် သူကလည်း သူ့ညီ ပြန်လာရင် ဘာမှ ပြောတော့မှာ မဟုတ်ဘူး။ အဲ၊ သူ့ညီ အလုပ်ကိစ္စနဲ့ တခြားကို ပြန်ထွက် သွားတော့မှ မင်းတို့နှစ်ယောက် ခုလို ပြန်တွေ့ကြ။ တကယ်လို့ ရေရှည်ပေါင်းပြီး ဘယ်သူ့ ကိုမှ မကြောက်ရ မလန့်ရဘဲ ပျော်ပျော်နေချင်ကြတယ် ဆိုရင်တော့ ငါ့မှာ စိတ်ကူးတခု ရှိတယ်။ မင်းတို့အနေနဲ့ လုပ်ရဲဖို့ပဲ လိုတယ်”

“ဒီလိုဆိုရင်လည်း ပြောစမ်းပါဦး အဒေါ်ရယ်။ ကျွန်တော်တို့နှစ်ယောက်ကတော့ ရေရှည် ပေါင်းချင်ကြတာပေါ့”

“ဒီစိတ်ကူးကို အကောင်အထည်ဖော်ဖို့ လိုတဲ့အရာကတော့ တခြားသူတွေမှာ မရှိဘူး။ ဒါပေမဲ့ ဘုရားမ တဲ့အတွက် မင်းတို့မှာ ရှိတယ်”

“ဘာများလဲ အဒေါ်ရယ်။ မျက်လုံးကို လိုတယ်ဆိုရင်တောင် ကျွန်တော် ထုတ်ပေးပါ့မယ်။ ပြောမှာသာ ပြောစမ်းပါ”

“ခု ဟိုလူကြီးဟာ ကောင်းကောင်း မကျန်းမာဘူး။ ဒီတော့ ခုလို မမာနေတုန်းမှာ သူ့ကိုအပြတ်ရှင်းပစ်ဖို့ အချိန်ကောင်းပဲ။ မောင်ရင့်ပရဆေးဆိုင်မှာ စိန်ရှိတယ် မဟုတ်လား။ ဟောဒီက ငါ့တူမကြီးက နှလုံးရောဂါသက်သာတဲ့ ဆေးသွားဝယ်။ ပြီးတော့ အဲဒီ ဆေးထဲကို စိန်ထည့်ပြီး တိုက်လိုက်။ ကိစ္စပြတ်ကရောပေါ့။ ပြီးတော့ ငါ့တူမက သူ့ကို မီးသင်္ဂြိုဟ်ပစ်လိုက်။ ဒီတော့ အစအနလည်း ရှာမရတော့ဘူးပေါ့။ ဝုဆုန် ပြန်လာတော့ကော သူ ဘာတတ်နိုင်ဦးမှာတဲ့လဲ။ “မရီးနဲ့ မတ်ဆိုတာ ခပ်ကင်းကင်း နေရတယ်” ဆိုတဲ့ စကားပုံ ရှိတယ်။ ပြီးတော့ “ပထမယောကျ်ားကို မိဘက ရွေးပေးတယ်။ ဒုတိယယောကျ်ားကိုတော့ မုဆိုးမက ကိုယ့်ဘာသာကိုယ် ရွေးတယ်” ဆိုတဲ့ စကားပုံ ရှိတယ်။ မတ်ဆိုတာ မရီးကိစ္စကို ဘာမှ ဝင်စွက်လို့ရတာ မဟုတ်ဘူး။ ဒီတော့ သူ့လင်ကြီး သေပြီးလို့ ခြောက်လလောက် ရှိတဲ့အခါကျတော့ အတိအလင်း လက်ထပ်ယူလိုက်ကြပေါ့။ အဲဒီတော့ မောင်ရင်တို့တတွေလည်း ရေရှည်ပေါင်းကြရပြီး အသက်ထက်ဆုံး ပျော်ပျော်ကြီး နေနိုင်သွားကြမှာပေါ့။

အဒေါ့်အကြံ ဘယ့်နှယ်လဲ”

“အကြံကတော့ ရာဇဝတ်မှု ရောက်နိုင်တဲ့ အကြံပဲ အဒေါ်ရေ။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ လုပ်ရတော့မှာပေါ့။ လုပ်ပြီဆိုရင်လည်း ထိထိရောက်ရောက် လုပ်မှ ရတော့မှာပဲ”

“ဟုတ်တယ်လေ။ အဲဒါပဲ ကောင်းတယ်။ လုပ်ပြီဆိုရင်လည်း နောင်မှာ ပြန်မပေါက် အောင် အမြစ်ကပါ ဆွဲနုတ်ပစ်ရမှာပေါ့။ အမြစ်ကျန်နေသေးရင် တော်တော်ကြာ အညှောင့် ပေါက်ပြီး အပင်ပြန်ထွက်လာဦးမှာ။ ကဲ၊ ငါ့တူကြီးကသာ စိန်ကို ယူခဲ့ပေတော့။ ဘယ်လို ဖော်စပ်ရတယ် ဆိုတာကိုတော့ ငါ့တူမကို အဒေါ်ပြလိုက်မယ်။ အေး၊ ကိစ္စပြီးရင်သာ ငါ့ကို မမေ့ကြပါနဲ့”

“မမေ့ပါဘူး အဒေါ်ရယ်။ ဘယ့်နှယ်လုပ် မေ့လို့ဖြစ်မှာလဲ”

ခဏကြာလျှင် ဆီမန်သည် စိန်ကို ယူ၍ ပြန်ရောက်လာကာ မဝမ်ကို ပေးလေ၏။ မဝမ် သည် ရွှေကြာကို လှမ်းကြည့်လိုက်ရင်း-

“ဟောဒီ စိန်ကို ဆေးထဲမှာ ဘယ်လို ထည့်စပ်ရမယ်ဆိုတာ အဒေါ်ပြမယ်။ ညည်း ယောကျ်ားက သူ့ကို ဆေးကောင်းဝါးကောင်း တိုက်စမ်းပါ၊ မြန်မြန်ပျောက်ချင်လှပြီလို့ ပြောပြောနေတယ် မဟုတ်လား။ ခုတလောမှာတော့ အချိုသတ်ထားဦး။ ဒီတော့ သူက သူ့နှလုံးရောဂါအတွက် ဆေးကောင်းဝါးကောင်းရှာပေးဖို့ ပြောလိမ့်မယ်။ အဲဒီဆေးထဲမှာ စိန်ကို ထည့်တိုက်ပေတော့။ ညတရေးနိုးလို့ ဆေးတောင်းရင် အဲဒီဆေးကို ပါးစပ်ထဲသာ လောင်းထည့်လိုက်။ ပြီးတော့ ခပ်ဝေးဝေးရှောင်နေ။ ဗိုက်ထဲကို ရောက်သွားတာနဲ့ သူ့ အူတွေ စုတ်ပြတ်ပြီး မခံမရပ်နိုင်ဖြစ်လို့ အော်လိမ့်မယ်။ အဲဒီတော့မှ သူ့အော်သံကို မကြား ရအောင် မွေ့ရာနဲ့ ပါးစပ်ကို ပိတ်။ ဘယ်သူမှ မကြားပေ့စေနဲ့နော်။ အနားမှာ ရေနွေးအိုး တလုံး တည်ထား။ အဝတ်စုတ်ကို ရေနွေးနဲ့ ဆွတ်ထား။ ဒွါရခုနစ်ပေါက်က သွေးတွေ ကျ လာလိမ့်မယ်။ နာလွန်းလို့ နှုတ်ခမ်းတွေ ဘာတွေကို ကိုက်လိမ့်မယ်။ အသက်ထွက်သွားတော့မှ မွေ့ရာတို့ ဘာတို့ကိုဖယ်၊ သွေးတွေ ဘာတွေကို အဝတ်နဲ့သုတ်။ ပြီးတော့ ခေါင်းသွင်းပြီး သုသာန်ကို ယူသွားပြီး မီးသင်္ဂြိုဟ်လိုက်ရော။ ကဲ၊ ဘယ်သူက ဘာသိဦးမှာလဲ”

ရွှေကြာက-

“အဒေါ်ပြောတဲ့ အကြံကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မက သနားနေလို့ လုပ်မှ လုပ်ရဲပါ့မလား မသိဘူး။ ဒီအလောင်းကြီးကိုကော ကျွန်မတယောက်တည်း ဘယ့်နှယ်လုပ်နိုင်မှာလဲ အဒေါ်ရဲ့”

"အမယ်လေး။ မပူပါနဲ့။ ငါ့ဘက်နံရံကိုသာ အသာခေါက်လိုက်။ ငါ ကူးလာပြီး ကူညီ လုပ်ပေးမှာပေါ့"

"လုပ်ရင်တော့ သေသေသပ်သပ် လုပ်ကြနော်။ အခြေအနေကို သိရအောင် မနက်ဖြန် မနက်ကျရင် ကျွန်တော် စောစော လာခဲ့မယ်" ဟု ဆီမန်က ပြောလေ၏။

ထို့နောက် ဆီမန်သည် ထိုင်ရာမှ ထကာ အိမ်သို့ ပြန်သွားလေ၏။ မဝမ်သည် စိန်ခဲ ကလေးများကို အမှုန့်ဖြစ်အောင် လက်နှင့် ခြေပြီးနောက် သိမ်းထားရန် ရွှေကြာကို ပေး လိုက်လေ၏။

ရွှေကြာမှာလည်း အိမ်ဘက်သို့ ပြန်ကူးလာကာ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ ဝူမှာ အသက်ကို အနိုင်နိုင် ရှူနေရလေ၏။ သူ့ကို ကြည့်ရသည်မှာ သေခါနီး လူမမာကဲ့သို့ ဖြစ်နေလေ၏။ ရွှေကြာသည် ခုတင်စွန်းတွင် ဝင်ထိုင်ကာ ငိုချင်ယောင် ပြုနေလေ၏။

"ဘာဖြစ်လို့ ငိုနေတာလဲ"

ရွှေကြာသည် မျက်ရည်များကို သုတ်လိုက်လျက်-

"ကျွန်မ မှားမိပါတယ်။ ဒီကောင်ကလည်း ကျွန်မကို ဖြားယောင်း သွေးဆောင်တော့ ကျွန်မလည်း စိတ်ပါမိပါတယ်။ ပြီးတော့ ဒီလို ရက်ရက်စက်စက်လည်း လုပ်မယ် မထင်မိဘူး။ ဆေးကောင်းဝါးကောင်းတမျိုး ရှိတယ်ကြားလို့ ကျွန်မ ဝယ်မယ်လို့တော့ စိတ်ကူးပါသေးတယ်။ ဒါပေမဲ့ ရှင်က ကျွန်မကို ယုံချင်မှ ယုံမှာဆိုတော့ ဝယ်ပြီး မတိုက်ရဲဘူး"

"ငါ့ကို ကယ်ပါကွာ။ ပြီးခဲ့တာတွေအားလုံးကို ငါ မေ့ထားလိုက်ပါ့မယ်။ မင်းအပေါ်မှာ လည်း ငါ ဗွေမယူတော့ပါဘူး။ ငါ့ညီ ဝုဆုန်ကိုလည်း ဘာမှ ပြန်မပြောတော့ပါဘူး။ အဲဒီ ဆေးသာ မြန်မြန် သွားဝယ်စမ်းပါ။ ငါ့ကို ပစ်မထားပါနဲ့"

ရွှေကြာသည် ပိုက်ဆံကို ယူကာ မဝမ်အိမ်ဘက်သို့ ကူးသွားပြီး မဝမ်ကို ဆေးအဝယ် ခိုင်းလိုက်လေ၏။ ထို့နောက် ဆေးထုပ်ကို ယူ၍ ပြန်လာကာ ဝူကို ပြလေ၏။

"ဟောဒီမှာ ဝယ်လာခဲ့ပြီ။ ဆေးဆိုင်က သမားတော်က ပြောလိုက်တော့ အဲဒါက နှလုံးဆေး တဲ့။ ဒီဆေးကို ညသန်းခေါင်လောက်မှာ သောက်ပြီး စောင်နှစ်ထပ်လောက် ခြုံထားလိုက်တဲ့။ ဒါမှ ချွေးထွက်မယ်တဲ့။ မနက်ဖြန်မနက်ဆိုရင် ရောဂါ သက်သာသွားလိမ့်မယ်တဲ့"

"ဟန်ကျလိုက်တာကွာ။ ညကြီးသန်းခေါင် ထပြီး ဆေးတိုက်ရမှာဆိုတော့

မင်းလည်း ဒုက္ခတော့ များမှာပဲနော်”

“ဒါတွေ တွေးပူမနေပါနဲ့ရှင်။ အိပ်မှာသာ အိပ်ပါ။ ကျွန်မ စောင့်နေပါ့မယ်”

နေ့ကုန်ဆုံး၍ အမှောင်တို့ ဖုံးစပြုလေပြီ။ ရွှေကြာသည် မှန်အိမ်တလုံးကို ထွန်းလေ၏။ ထို့နောက် မီးဖိုချောင်သို့ ဆင်းလာခဲ့ကာ မီးဖိုပေါ်တွင် ရေနွေးအိုးတလုံး တည်ပြီးလျှင် အဝတ်စုတ်ကို ထည့်၍ ပြုတ်လေ၏။ သန်းခေါင်မောင်းရိုက်သံကို ကြားသည့်အခါတွင် စိန်မှုန့်ကို ခွက်ထဲသို့ လောင်းထည့်ပြီး၊ အခြား ခွက်တခွက်ထဲတွင်လည်း ရေနွေးကို လောင်း ထည့်၍ ယူခဲ့လေ၏။ ရွှေကြာသည် သူ့ယောက်ျားကို နှိုးလေ၏။

“ဆေးထုပ် ဘယ်နားမှာ သိမ်းထားလိုက်သလဲ”

“ခေါင်းအုံးအောက်က ဖျာကြားထဲမှာ။ မြန်မြန်တိုက်စမ်းပါဟာ”

ရွှေကြာသည် ဆေးမှုန့်ထုပ်ကိုယူကာ စိန်မှုန့်များကို မမြင်ရအောင် အပေါ်မှ ဖြူးလေ၏။ ထို့နောက် ရေနွေးလောင်းထည့်ပြီးလျှင် ခေါင်းတွင် ထိုးထားသည့် ငွေဆံထိုးကလေးဖြင့် မွှေလေ၏။ ရွှေကြာသည် ဝူကို လက်ဝဲဘက်လက်ဖြင့် ပွေ့ထူပြီးနောက် လက်ယာဘက်လက်ဖြင့် ဆေးခွက်ကို သူ့နှုတ်ခမ်းဆီသို့ တေ့ပေးလေ၏။

“နင့်ဆေးက ခါးလိုက်တာဟာ” ဟု ဝူက ပထမတကျိုက် သောက်ပြီး ပြောလေ၏။

“အို၊ ရောဂါပျောက်ဖို့က အရေးကြီးတယ်။ ခါးတာက အရေးမကြီးဘူး”

ဝူသည် နောက်တကျိုက်သောက်ရန် ပါးစပ်ကို ဟပေးလေ၏။ ရွှေကြာသည် ခွက်ကိုစောင်းကာ တခွက်လုံး သူ့ပါးစပ်ထဲသို့ လောင်းချလိုက်လေ၏။ ထို့နောက် ဝူကို အိပ်ရာပေါ်သို့ လှဲပေးကာ အိပ်ခန်းထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။

“အမယ်လေးဗျ။ ကယ်ကြပါဦးဗျ။ ဗိုက်ထဲက နာလှချေရဲ့ဗျ။ လုပ်ကြပါဦးဗျ” ဟု ဝူသည် အော်ဟစ်လျက်ရှိလေ၏။ ရွှေကြာသည် ခြေရင်းတွင် ပုံထားသည့် စောင်နှစ်ထည်ကို သူ့ခေါင်းပေါ်သို့ ထပ်ခြုံထားလေ၏။

“အသက်ရှူလို့ မရဘူး။ မွန်းတယ်” ဟု ဝူက အော်လေ၏။

“သမားတော်က ပြောလိုက်တယ်။ ချွေးထွက်အောင် လုပ်ရမယ်တဲ့။ ချွေးထွက်ရင် ကောင်းသွားမှာပေါ့”

ဝူက မည်သို့မျှ မပြောမီ စောင်များကို ခွာချမည်စိုးသည့်အတွက်

ရွှေကြာသည် ခုတင်ပေါ်သို့ တက်ကာ ကိုယ်ပေါ်သို့ တက်၍ ကားရားခွပြီးလျှင် စောင်စွန်းနှစ်ဖက်ကို လက်ဖြင့် ဖိထားလေ၏။ ဝူသည် ပြင်းစွာ အသက်ရှူလျက်ရှိရာ မကြာမီ သူ့အူများမှာ စုတ်ပြတ်ကုန်ကြလေပြီ။ နောက်ဆုံး၌ကား ဝူသည် ထွက်သက်ကို မှုတ်ထုတ်လိုက်ပြီး နောက် ငြိမ်ကျသွားလေ၏။

ရွှေကြာသည် စောင်များကို ခွာလိုက်လေ၏။ နှုတ်ခမ်းမှာ သွားဖြင့် ကိုက်ထားသဖြင့် စုတ်ပြတ်လျက်ရှိလေပြီ။ ဒွါရတို့မှ သွေးတွေ ယိုစီးလျက် ရှိလေပြီ။ ရွှေကြာသည် ထိတ်လန့်တကြားဖြင့် အိပ်ရာပေါ်မှ ခုန်ဆင်းကာ တဖက်နံရံကို ခေါက်လေ၏။ မဝမ်သည် အချက်ပေးသံကို ကြားသဖြင့် နောက်ဖေးဘက်သို့ ထွက်လာခဲ့ကာ တဟွတ်ဟွတ် ချောင်း ဆိုးနေလေ၏။ ရွှေကြာက အောက်ထပ်သို့ ဆင်းလာခဲ့ကာ တံခါးကို ဖွင့်ပေးလေ၏။

"ဘယ့်နှယ်လဲ။ ကိစ္စပြီးပြီလား" ဟု မဝမ်က မေးလေ၏။

"ချောချောမောမော ပြီးသွားတာပဲ။ ဒါပေမဲ့ ကျွန်မ အားကုန်လိုက်တာ အဒေါ်ရယ်။ ဘာမှ မလုပ်နိုင် မကိုင်နိုင်တော့ဘူး"

"ကိစ္စမရှိပါဘူးအေ။ ငါ ရှိပါတယ်"

မဝမ်သည် အင်္ကျီလက်မောင်းများကို ပင့်ကာ ရေပုံးတပုံးထဲတွင် ရေနွေးကို ထည့်လေ၏။ ထိုရေနွေးပုံးထဲတွင် အဝတ်စုတ်တစုတ်ကို ထည့်ကာ အပေါ်ထပ်သို့ တက်လာခဲ့ လေ၏။ အပေါ်သို့ရောက်လျှင် စောင်များကို ခွာကာ ပါးစပ်တွင် စီးကျနေသော သွေးများကို လည်းကောင်း၊ ဒွါရခုနစ်ပေါက်မှ ထွက်သော သွေးများကို လည်းကောင်း သုတ်သင်ဆေးကြောကာ အဝတ်အစားတို့ကို လဲပေးလေ၏။ သူတို့နှစ်ယောက်သည် အလောင်းကြီးကို လှေကားမှ ခက်ခက်ခဲခဲ အောက်သို့ ချလာခဲ့ကြလေ၏။ အောက်ထပ်တွင် တံခါးဟောင်း တချပ်ကို တွေ့သဖြင့် သူ့ကို ထိုတံခါးချပ်ပေါ်တွင် တင်ထားကြလေ၏။ သူတို့နှစ်ယောက် သည် ဝူ၏ ခေါင်းမှ ဆံပင်တို့ကို ဖြီးပေးကြ၏။ ခေါင်းတွင် ပဝါတထည်ကို စည်းပေးကြ၏။ အင်္ကျီနှင့် ဘောင်းဘီ၊ ခြေအိတ်တို့ကို ဝတ်ဆင်ပေးကြ၏။ မျက်နှာပေါ်တွင် အကောင်းစား သိုးစတစကို ဖုံးပေးကြ၏။ သန့်ရှင်းသည့် စောင်တထည်ဖြင့် ကိုယ်ကို ဖုံးလွှမ်းပေးကြ၏။ ထို့နောက် အပေါ်ထပ်သို့ ပြန်တက်လာခဲ့ကြပြန်ကာ အိမ်ခန်းထဲတွင် နေသားတကျ ဖြစ်အောင် ပြန်၍ ပြင်ဆင်ပြီးနောက် မဝမ်လည်း သူ့အိမ်သို့ ပြန်သွားလေ၏။

ရွှေကြာကား သူ့ကို ထောက်ပံ့ကျွေးမွေးနေသည့် လင်သားမရှိတော့ပြီဟု ဆိုကာ တစာစာ ငိုကြွေးနေလေပြီ။ လောကတွင် အမျိုးသမီးတို့၏ ငိုကြွေးခြင်း သုံးမျိုးရှိသည်ကို မှတ်သားစေလိုပါသည်။ အသံလည်း ထွက်၍ မျက်ရည်လည်း ထွက်အောင် ငိုခြင်းကို ငိုကြွေးခြင်းဟု ခေါ်၏။ မျက်ရည်သာထွက်ပြီး

အသံမထွက်သော ငိုခြင်းကို ငိုရှိုက်ခြင်းဟု ခေါ်၏။ မျက်ရည်လည်း မထွက်၊ အသံလည်း မထွက်သော ငိုခြင်းကို ငိုယိုမြည်တမ်းခြင်းဟု ခေါ်၏။ ထိုသုံးမျိုးတွင် ရွှေကြာမှာ ငိုယိုမြည်တမ်းလျက် ရှိလေ၏။ ထိုအချိန်၌ကား နံနက် မိုးသောက် အလင်းသို့ ရောက်ခါနီးခဲ့လေပြီ။

အခြေအနေကို စုံစမ်းရန် ဆီမန် ရောက်လာသောအချိန်၌ မိုးပင် စင်စင်မလင်းသေး ချေ။ မဝမ်က သူ့ကို အကျိုးအကြောင်းစုံကို အသေးစိတ် ပြောပြလေ၏။ ဆီမန်သည် အသုဘခေါင်း ဝယ်ရန်နှင့် အခြား အသုဘကိစ္စများကို ဆောင်ရွက်ရန်အတွက် ပိုက်ဆံ ထုတ်ပေးလေ၏။ ရွှေကြာကိုလည်း အခေါ် ခိုင်းလိုက်လေ၏။ ခဏနေလျှင် ရွှေကြာလည်း

လက်ဖက်ရည်ဆိုင်ဘက်သို့ ကူးလာလေ၏။

“ကျွန်မယောကျ်ားတော့ သေပြီ။ အစ်ကိုပဲ ကျွန်မကို ထောက်ပံ့ရတော့မှာနော်”

“ဒါကတော့ ပြောဖို့တောင် မလိုပါဘူးကွယ်”

ဤတွင် မဝမ်က-

“အခက်အခဲတခုတော့ ရှိတယ်။ တို့မြို့က ရဲမှူးဟိုဟာ တော်တော်ပါးတဲ့လူ။ ခေါင်းသွင်းဖို့ကိစ္စမှာ အခက်အခဲများ တွေ့နေဦးမလား မသိဘူး”

ဆီမန်က-

“ဒါအတွက်တော့ မပူပါနဲ့လေ။ ကျွန်တော် သူနဲ့ တွေ့ပြီး စကားပြောကြည့်ပါဦးမယ်။ ဒီလူ ကျွန်တော့်ကို မလွန်ဆန်ရဲပါဘူး”

“ဒါဖြင့်လည်း ပြောကြည့်လေကွယ်။ အချိန်ဆွဲမနေနဲ့နော်” ဟု မဝမ်က ပြောလေ၏။

ဆီမန်လည်း ပြန်သွားလေ၏။

နေထွက်ချိန်သို့ ရောက်သည့်အချိန်တွင် မဝမ်သည် အသုဘခေါင်းကို ဝယ်လာခဲ့လေပြီ။ ဖယောင်းတိုင်များ၊ ပိုက်ဆံစက္ကူစများ၊ လိုအပ်သည့် ပစ္စည်းများကိုလည်း ဝယ်လာခဲ့လေပြီ။ အိမ်သို့ ရောက်သည့်အခါတွင် ရွှေကြာအတွက် ထမင်း၊ ဟင်းများကို ချက်ပြုတ် ပေးလေ၏။ သူတို့နှစ်ယောက်သည် အသုဘမုန်အိမ်ကို ထွန်းကာ အလောင်းဘေးတွင် ချထားကြလေ၏။ အိမ်နီးနားချင်းများသည်လည်း အသုဘမေးရန် ရောက်လာကြလေ၏။ ရွှေကြာကား နံ့သာလိမ်းထားသော မျက်နှာကို အုပ်ကာ ငိုချင်ယောင်ဆောင်လျက် ရှိလေ၏။

"ဘာရောဂါနဲ့ ဆုံးတာလဲ" ဟု အိမ်နီးနားချင်းများက မေးမြန်းကြလေ၏။

"နှလုံးက အောင့်တယ်လို့ ပြောတာပဲ။ ရောဂါက တနေ့တခြား ဆိုးလာတာပဲ။ ကျွန်မလည်း လက်လျှော့ထားလိုက်ပါပြီ။ မနေ့ည သန်းခေါင်ကျော်လောက်ကျတော့ ဆုံးတာ ပါပဲ" ဟု ရွှေကြာသည် ငိုရှိုက်လျက် ရှိလေ၏။

အိမ်နီးနားချင်းများမှာ ဝူ သေသည့်ကိစ္စနှင့် ပတ်သက်၍ စိတ်ထဲတွင် အနည်းငယ် မသင်္ကာ ဖြစ်လျက်ရှိကြလေ၏။ သို့ရာတွင် စပ်စုခြင်း မပြုရဲကြချေ။ "အေးလေ၊ သေတဲ့ လူက သေပြီပဲ။ ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့တော့။ ကျန်းမာအောင် နေဖေတော့" စသည့် ထုံးစံစကားများကို ပြောဆိုကြလေ၏။ ရွှေကြာသည် သူတို့ကို ဟန်ဆောင် ပန်ဆောင် ကျေးဇူးစကား ဆိုရလေ၏။ အိမ်နီးနားချင်းများလည်း ပြန်သွားကြလေ၏။

ခေါင်းသွင်းပြီးသည့်အခါ၌ မဝမ်သည် ရဲမှူးဟိုကို အခေါ်ခိုင်းလိုက်လေ၏။ အသုဘ အတွက်လိုအပ်သည့် ပစ္စည်းများနှင့် အိမ်တွင် ဧည့်ခံရန်အတွက် လိုအပ်သည့် ပစ္စည်းများကို ဝယ်၍ ပြီးလေပြီ။ အသုဘအနီးတွင် တရားစာများကို ရွတ်ဖတ်ရန် ဘုန်းတော်ကြီး နှစ်ပါး ကိုလည်း ပင့်ပြီးလေပြီ။

ရဲမှူးဟိုသည် လုပ်စရာရှိသည်တို့ကို လုပ်နှင့်ရန် သူ့လူများကို အသုဘသို့ လွှတ်လိုက်လေ၏။ အဆင်သင့်ဖြစ်သည့်အခါတွင် ရဲမှူးဟိုသည် အသုဘအိမ်သို့ ထွက်လာခဲ့ရာ ပတ္တမြားလမ်းထိပ်သို့အရောက်တွင် သူ့ကို ကြိုနေသော ဆီမန်ကို တွေ့ရလေ၏။

"ဘယ်သွားမလို့လဲ ရဲမှူးကြီး"

"မုန့်အထမ်းသည် ဝူရဲ့ အသုဘကို သွားပြီး စစ်မလို့ပါ"

"ရဲမှူးကြီးနဲ့ စကားကလေး တခွန်း၊ နှစ်ခွန်း ပြောချင်လို့ပါ"

ရဲမှူးဟိုသည် ဆီမန်နှင့်အတူ လမ်းကြားကလေးတခုထဲရှိ ဘုံဆိုင်ကလေး တဆိုင် ထဲသို့ ဝင်လာခဲ့လေ၏။

"ရဲမှူးကြီးက စားပွဲထိပ်က ထိုင်ပါ" ဟု ဆီမန်က ပြောလေ၏။

"မလုပ်ပါနဲ့ဗျာ။ သူဌေးကလေးလို ပုဂ္ဂိုလ်မျိုးက ကျွန်တော့်ကို ဒီလောက် အရေး ပေးစရာ မလိုပါဘူး"

"အချင်းချင်းတွေပဲ ရဲမှူးကြီးရယ်။ ထိပ်ဆုံးမှာသာ ထိုင်ပါ"

သူတို့နှစ်ယောက် ထိုင်မိကြသည့်အခါ၌ ဆီမန်သည် အကောင်းစား စိမ်ရည်တပုလင်း ကို မှာလိုက်လေ၏။ စားပွဲထိုးသည် ပုလင်းနှင့် အမြည်းများကို လာချကာ ဖန်ခွက်ထဲသို့ ငှဲ့ပေးလေ၏။ ရဲမှူးဟိုဂ်၏ စိတ်ထဲတွင်မူ အနည်းငယ် ထူးဆန်းလျက်ရှိလေ၏။ 'ဆီမန်ဟာ ငါနဲ့ တခါမှ အရက်မသောက်ဖူးဘူး၊ မေးထူးခေါ်ပြော လောက်ပဲ ရှိတယ်။ ခုတော့ နည်းနည်း ထူးဆန်းတယ်" ဟု တွေးနေလေ၏။ သူတို့နှစ်ယောက်သည် နာရီတမောင်းခန့်မျှ စိမ်ရည် သောက်နေကြပြီးနောက် ဆီမန်က အိတ်ထဲမှာ တဆယ်သားခန့်ရှိ ငွေချောင်းတချောင်းကို ထုတ်၍ စားပွဲပေါ်သို့ တင်လိုက်ပြီးလျှင်-

"ဒါလေးတော့ လက်ခံပါ ရဲမှူးကြီးရာ။ နည်းတယ်လို့ မအောက်မေ့ပါနဲ့။ နောက်တော့ ထပ်ပေးပါဦးမယ်" ဟု ပြောလေ၏။

"အို၊ မလုပ်ပါနဲ့ သူဌေးကလေးရယ်။ ကျွန်တော့်ကို ဘာဖြစ်လို့ ပေးရမှာလဲ။ သူဌေး လေးရဲ့ ငွေကို ကျွန်တော် ဘယ်လက်ခံလို့ ကောင်းပါ့မလဲ။ ကျွန်တော်က တခုခု လုပ်ပေးသည့်တိုင်အောင် ကျွန်တော် မလိုပါဘူး"

"အချင်းချင်းတွေပဲဗျာ။ ငြင်းမနေပါနဲ့။ လက်ခံပါ။ အကျိုးအကြောင်းကို ကျွန်တော် ပြောပြပါ့မယ်"

"ဒီလိုဆိုရင်လည်း ပြောပြပါ ခင်ဗျာ။ နားထောင်ရတာပေါ့"

"အဖြစ်ကတော့ ဒီလိုပါ ရဲမှူးကြီးရာ။ ရဲမှူးကြီး ခု အသုဘအိမ်ကို သွားပြီး စစ်ဆေးတော့မှာ မဟုတ်လား။ ဟိုကျရင်လည်း ရဲမှူးကြီးကို ပိုက်ဆံပေးကြပါလိမ့်ဦးမယ်။ ဟို ရောက်လို့ ဝူရဲ့အလောင်းကို စစ်ဆေးပြီး မှန်ကန်ကြောင်း သေစာရင်း ထုတ်ပေးလိုက်ဖို့ပါ။ ရွှေခြည်ထိုးစောင်ကလေးတထည် လွှမ်းပေးလိုက်ရုံပါပဲ။ ဒီလောက်ပဲ ကျွန်တော် ပြောချင် တာပါ"

"အလိုဗျာ။ ဘာဖြစ်လို့ သေစာရင်း ထုတ်မပေးရမှာလဲ။ ဒါက လုပ်ရိုးလုပ်စဉ်ကိစ္စပဲ။ ဒီကိစ္စကလေးအတွက် ကျွန်တော့်ကို ပိုက်ဆံပေးစရာ မလိုပါဘူး"

"ရဲမှူးကြီးက ကျွန်တော်ပေးတဲ့ ငွေချောင်းကလေးကို လက်မခံဘူး ဆိုရင်တော့ ကျွန်တော် အကူအညီတောင်းတာကို ငြင်းရာ ရောက်နေပါလိမ့်မယ်"

ဆီမန်မှာ မြို့နယ်အုပ်ချုပ်ရေး အရာရှိများအပေါ်တွင် ဩဇာညောင်းသူတယောက် ဖြစ်ပြီး လုပ်စရာရှိလျှင် ရက်ရက်စက်စက် လုပ်တတ်သည့် လူတယောက်မှန်း သိသည့် အတွက် ရဲမှူးဟိုသည် သူ့ကို ကြောက်နေလေ၏။ ရဲမှူးဟိုသည် ငွေချောင်းကို လက်ခံရုံမှ အပ ဘာမျှ

မတတ်နိုင်တော့ပြီ။ သူတို့နှစ်ယောက်သည် နောက်ထပ် ခွက်ပေါင်းများစွာ ဆက်သောက်နေကြလေ၏။ ဆီမန်သည် စားပွဲထိုးကို ခေါ်ကာ သူ့စာရင်းထဲတွင် မှတ် လိုက်ရန် ပြောပြီး မနက်ဖြန်တွင် အိမ်သို့လာ၍ ပိုက်ဆံယူရန် ပြောခဲ့လေ၏။ သူတို့နှစ်ယောက် သည် လှေကားမှ ဆင်းကာ ဘုံဆိုင်မှ ထွက်လာခဲ့ကြလေ၏။

"ကျွန်တော်ပြောတာ မမေ့နဲ့နော်။ အဆင်ပြေအောင် ကြည့်လုပ်လိုက်ပါ။ ကျေးဇူး ဆပ်ပါ့မယ်" ဟု ပြောကာ ဆီမန်သည် ပြန်သွားလေ၏။

ရဲမှူးဟိုမှာကား ပို၍ သင်္ကာမကင်း ဖြစ်လာခဲ့လေပြီ။ "တော်တော်တော့ ဆန်းတာပဲ။ ငါက ဝူရဲ့အလောင်းကို သွားပြီး စစ်ဆေးမယ်လုပ်တုန်းမှာ ဘာဖြစ်လို့ ငါ့ကို ပိုက်ဆံပေး ရသလဲ။ အကြောင်းတော့ ရှိရမယ်" ဟု တွေးလာလေ၏။

အသုဘအိမ်ရှေ့သို့ အရောက်တွင် သူ့ကိုစောင့်နေသည့် သူ့ရဲသားများကို တွေ့ရလေ၏။

"ဘာဖြစ်လို့ သေတာတဲ့လဲ ဟေ့"

"နှလုံးက အောင့်တယ်လို့ ပြောပြီး သေသွားတာပဲလို့ သူ့မိန်းမက ပြောတယ် ဆရာ" ဟု ရဲသားများက ဖြေကြလေ၏။

ရဲမှူးဟိုသည် တံခါးမှ ကန့်လန့်ကာကို မကာ အထဲသို့ ဝင်ခဲ့လေ၏။ မဝမ်က သူ့ကို ဆီးကြိုလေ၏။

"ရဲမှူးကြီးကို စောင့်နေကြတာ"

"လမ်းမှာ ကိစ္စလေးတခုရှိလို့ ကြာသွားတယ်ဗျာ"

ရွှေကြာသည် အဝတ်အစား ခပ်နွမ်းနွမ်းကို ဝတ်ကာ ငိုနေသည့်ဟန်ဖြင့် အိမ်ခန်းထဲမှ ထွက်လာလေ၏။

"စိတ်ကို ဖြေမှပေါ့ကွယ်။ စိတ်တော့ မကောင်းစရာပေါ့။ ဒါပေမဲ့ မင်းယောကျ်ား ကောင်းရာသုဂတိကို လားမှာပါ"

ရွှေကြာက မျက်ရည်များကို သုတ်လိုက်လျက်-

"ရဲမှူးကြီးတို့ကတော့ အဖြစ်အပျက် အကုန်မှ မသိဘဲကိုး။ လွန်ခဲ့တဲ့ လေးငါးရက် လောက်ကတင် အကောင်းပကတိကြီးပါရှင်။ နှလုံးအောင့်တယ်လို့ ပြောပြီး ဘာမှ မကြာဘူး။ ကျွန်မအဖြစ်ကိုက ဆိုးပါတယ်ရှင်"

ရဲမှူးဟိုသည် ရွှေကြာကို သိမ်းကျုံး အကဲခတ်လိုက်လေ၏။ "ဝူရဲ့မိန်းမ

အကြောင်းကိုတော့ ငါ ကြားဖူးသား။ ဒါပေမဲ့ တခါမှ မမြင်ဖူးဘူး။ အင်း၊ ဒီမိန်းမကြည့်ရတာ သိပ်တော့မဟန်ဘူး။ ဆီမန်က ငါ့ကို ငွေတဆယ်သားပေးတာ ဒီကိစ္စနဲ့များ ပတ်သက်နေမလား မသိဘူး” ဟု ရဲမှူးဟို တွေးနေလေ၏။

ရဲမှူးဟိုသည် အလောင်းပြင်ထားရာသို့ လျှောက်လာခဲ့ပြီး စောင်ကို ခွာကာ မျက်နှာ တွင် အုပ်ထားသည့် ပိုးစကို ဖယ်လိုက်လေ၏။ ရဲမှူးဟိုမှာ သိမ်းငှက်မျက်လုံးမျိုး ရှိသူ ဖြစ်သည့်အတွက် ပါးစပ်မှ စီးကျနေသည့် သွေးတို့ကို မြင်လိုက်သည့်အခါတွင် နောက်သို့ လဲကျသွားကာ ပါးစပ်မှ သွေးတွေ စီးကျလာလေ၏။ သူ့လက်သည်းများမှာ ပြာနှမ်းလျက် ရှိပြီး သူ့နှုတ်ခမ်းများမှာလည်း မည်းနက်သွားလေ၏။ သူ့အသားသည် ဝါဖျော့သွားကာ မျက်လုံးများမှာလည်း အရောင်မရှိတော့ချေ။

မှန်ပေ၏။ ရဲမှူးဟို၏ ခန္ဓာကိုယ်သည် သန်းခေါင်ယံတွင် တောင်ထိပ်တို့ ဝါးမျိုခြင်းကို ခံလိုက်ရသော ဝင်လုဆဲ လ ကဲ့သို့ဖြစ်ကာ သူ့အသက်သည်လည်း သန်းခေါင်ယံတွင် ငြိမ်းလုဆဲ မီးတောက်ကဲ့သို့ မှိုင်းမှိုင်းမှိုသာ ရှိလေ၏။

ရဲမှူးဟိုသည် သေမည်လော။ သို့မဟုတ် ရှင်မည်လော။

အကြောင်းကို သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၆

ရဲမှူးဟိုသည် အလောင်းစင်မှ အရိုးများကို ခိုးယူခြင်း

ဝုဆုန်သည် အောက်မေ့ပူဇော်ပွဲတွင် ခေါင်းများကို နတ်တင်ခြင်း

ရဲမှူးဟို လဲကျသွားသည့်အခါတွင် သူ့လူများသည် သူ့ကို လာ၍ ပွေ့ထူကြလေ၏။

မဝမ်က-

"အပမှီလာတာ။ ရေတခွက် မြန်မြန်ခပ်ခဲ့ကြပါ" ဟု ဆိုကာ ပါးစပ်တွင် ရေငုံပြီး မျက်နှာပေါ်သို့ မှုတ်ပေးလေ၏။ ရဲမှူးဟိုမှာ လှုးလွန့်လာကာ သတိလည်လာလေ၏။

" ကဲ ကဲ၊ အိမ်ကို မြန်မြန်ခေါ်သွားကြ။ ဟိုကျမှ ဆရာတို့ ဘာတို့ ပင့်ပြီး ကု"

ရဲသားနှစ်ယောက်တို့သည် တံခါးအဟောင်းတချပ်ကို ထမ်းစင်အဖြစ် အသုံးပြုကာ ရဲမှူးဟိုကို ထမ်းခေါ်သွားကြလေ၏။ အိမ်ရောက်လျှင် အိမ်သူအိမ်သားများက ကြိုဆိုကာ အိပ်ရာပေါ်သို့ တင်ပေးထားကြလေ၏။ သူ့ဇနီးမှာ ငိုနေလေပြီ။

"ထွက်သွားတုန်းက ပြုံးပြုံးရွှင်ရွှင်ပါပဲရှင်။ ခုတော့ ကြည့်ပါဦး။ ထမ်းစင်ကြီးနဲ့ ပြန်လာရတာ မြင်လို့မှ ကောင်းသေးရဲ့လား။ အပမှီမယ်လို့ ဘယ်သူက ထင်ပါ့မလဲ" ဟု ဆိုကာ ခုတင်စွန်းတွင် ထိုင်လျက် ငိုနေလေ၏။

သူ့တပည့်များ ထွက်သွားပြီး သူတို့လင်မယားနှစ်ယောက်တည်း ကျန်ခဲ့သည်ကို မြင်လျှင် ရဲမှူးဟိုသည် သူ့မိန်းမကို ခြေထောက်ဖြင့် လှမ်းတို့ကာ-

"ငါ ဘာမှ မဖြစ်ပါဘူး။ စိတ်မပူပါနဲ့။ ဝူရဲ့ အလောင်းကို ကြည့်ဖို့အသွားမှာ လမ်းထိပ်ရောက်တော့ ဆီမန်နဲ့ တွေ့တယ်။ မြို့ဝန်ရုံးရှေ့က ပရဆေးဆိုင်ပိုင်ရှင်ရယ်လေ။ သူက ငါ့ကို စိမ်ရည်တိုက်ပြီး ငွေတဆယ်သား ပေးလိုက်တယ်။ အလောင်းကို စစ်ဆေး ကြည့်ရှု တုန်းမှာ အလောင်းပေါ်ကို စောင်အုပ်ထားပါလို့ ငါ့ကို မှာလိုက်တယ်။ အသုဘအိမ် ရောက် တော့ ဝူရဲ့ မိန်းမနဲ့ တွေ့တယ်။ ဒီမိန်းမကို ကြည့်ရတာ ငါ သိပ်အကဲမရဘူး။ ဒါနဲ့ ငါ သံသယ ဖြစ်လာတာနဲ့ အလောင်းကို ဖွင့်ကြည့်လိုက်တယ်။ ဝူရဲ့ မျက်နှာတခုလုံး မည်းနေတာပဲ။ ပြီးတော့ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နား စတဲ့ ဒွါရခုနစ်ပေါက်လည်း

သွေးတွေ ထွက်နေတယ်။ သေတော့ နှုတ်ခမ်းကိုလည်း ကိုက်ထားတယ်။ မဟုတ်မှ လွဲရော၊ အဆိပ်မိတယ်လို့ ထင်တာပဲ။ ဒါနဲ့ ငါက အဆိပ်မိကြောင်း ပြောမလို့ လုပ်တုန်းမှာ ဝူဘက်မှာ ရပ်မယ့်လူဆိုလို့ တယောက်မှ မရှိတာကို ငါ သွားတွေးမိလိုက်တယ်။ ပြီးတော့ ဆီမန်ကို မထိတထိ သွားလုပ်မိရင် ပတူအုံကို တုတ်နဲ့ ထိုးတာထက် ပိုဆိုးမှာ။ ဒါနဲ့ ငါက ဘာမှ မပြောတော့ဘဲ အလောင်းကို ခေါင်းသွင်းခွင့် ပြုလိုက်တယ်။ ဒါပေမဲ့ ဝူမှာ ဝုဆုန်ဆိုတဲ့ ညီတယောက် ရှိတာကို ငါ သတိရလိုက်တယ်။ အဲဒီလူက ကျင့်ယန် ခင်တန်းက ကျားဆိုးကြီးကို သတ်ခဲ့တဲ့လူ။ ဒီလူက လူတယောက်ကို ပုရွက်ဆိတ်ကလေးတကောင် သတ်သလို သတ်ရဲတဲ့လူ။ မကြာခင် အသုဘကို ရောက်လာတော့မှာပဲ။ အကျိုးအကြောင်းသိရင် အားလုံး ဒုက္ခ ရောက်ကုန်ကြမှာ”

ဤတွင် ရဲမှူးဟို၏ ဇနီးကလည်း-

“ဟိုတနေ့က နောက်ဖေးလမ်းကြားမှာ နေတဲ့ ယုန်ဂီဆိုတဲ့ ကောင်ကလေးနဲ့ ဝူတို့ ပတ္တမြားလမ်းကို သွားပြီး လင်ငယ်နေတာ ချောင်းဖမ်းကြတယ်လို့ အရပ်ထဲမှာ ပြောနေကြတယ်။ လက်ဖက်ရည်ဆိုင်ထဲမှာလည်း ရန်ဖြစ်သတဲ့။ တန်တော့ ဒီကိစ္စအဆက်ပဲ ထင်တယ်။ ခေါင်းသွင်းတာကို ကြည့်ဖို့ အောက်က ရဲသားကလေးတွေ ဘာတွေကို လွှတ်လိုက်ပေါ့။ ပြီးတော့ အသုဘ ဘယ်တော့ချမလဲ ဆိုတာလည်း အမေးခိုင်းလိုက်။ အသုဘကို ဝုဆုန် ပြန်လာသည်အထိ စောင့်ပြီး မြေမြှုပ်တယ်ဆိုရင် ဘာမှမဖြစ်လို့ပေါ့။ ခုလော လောဆယ် မြေမြှုပ် သင်္ဂြိုဟ်ချင်တယ်ဆိုရင်လည်း ခွင့်ပြုလိုက်ရုံပေါ့။ တကယ်လို့ အလောင်း ကို မီးသင်္ဂြိုဟ်တယ်ဆိုရင်တော့ တခုခုဖြစ်လို့ပဲ။ ဒီတော့ ရှင်ကလည်း အသုဘ မီးသင်္ဂြိုဟ်တာကို လိုက်ပို့ပြီး လူအလစ်မှာ အရိုးတချောင်း၊ နှစ်ချောင်းလောက် ယူခဲ့ပေါ့။ အရိုးရယ်၊ ငွေချောင်းရယ် ပြနိုင်ပြီဆိုရင် ကိုယ့်မှာ အရှုပ်အရှင်း မရှိနိုင်တော့ဘူးပေါ့။ တကယ်လို့ ဝုဆုန်က ဘာမှ မပြောဘူးဆိုရင်လည်း အသာမှိန်းနေလိုက်ရုံပေါ့။ ဆီမန်ကို ဘာသွား အမှု ရှာစရာ လိုသေးသလဲ။ သူပေးတဲ့ ငွေကလေးနဲ့ အေးအေးဆေးဆေး ဒူးနှန့်နေလိုက်ရုံပေါ့”

“အမယ်လေး။ တော်တော်ဉာဏ်ရှိတဲ့ မိန်းမကွာ။ တော်ပါပေတယ်။ တော်ပါပေတယ်” ရဲမှူးဟိုသည် အိပ်ရာမှ ထကာ ရဲသားများကို ခေါ်၍ ညွှန်ကြားလေ၏။

“ငါတော့ နေမကောင်းလို့ အသုဘကို လိုက်မကြည့်နိုင်တော့ဘူး။ ဒီတော့ ခေါင်းသွင်းတာကို မင်းတို့ပဲ လိုက်ကြည့်ချေကြ။ အသုဘ ဘယ်နေ့ချမလဲ ဆိုတာကိုလည်း သေသေချာချာ မေးခဲ့ပြီး ငါ့ကို လာပြောလှည့်ကြ။ တကယ်လို့ သူတို့ကများ ပိုက်ဆံတို့ ဘာတို့ ပေးခဲ့ရင် ယူပြီး မင်းတို့ အချင်းချင်း ခွဲယူကြပေတော့။ ငါ့အတွက် ပိုက်ဆံတို့ ဘာတို့ ပေးရင် လက်မခံခဲ့ကြနဲ့”

ရဲသားများသည် ဝူ၏ အလောင်း ခေါင်းသွင်းသည်ကို စောင့်ကြည့်ကြလေ၏။ အသုဘ ခေါင်းကို စီစဉ်ပြီး၍ အောက်မေ့ဖွယ်စာတန်းတို့ကို ရေးပြီးသည့်အခါတွင်မူ ရဲသား များသည် ရဲမှူးဟိုထံသို့ လာ၍ သတင်းပို့ကြလေ၏။

"အသုဘကို သုံးရက်ပဲ ထားမယ်တဲ့။ မြို့ပြင်ဘက်သင်္ချိုင်းမှာ မီးသင်္ဂြိုဟ်မယ်တဲ့။ သူ့မိန်းမက ပြောလိုက်တယ် ဆရာ"

ရဲသားများသည် အသုဘမှ ပေးလိုက်သော ပိုက်ဆံတို့ကို သူတို့အချင်းချင်း ခွဲဝေယူ ကြပြီးနောက် ပြန်သွားကြလေ၏။

"တို့ တွက်ထားတဲ့အတိုင်းပဲ။ ငါ အသုဘလိုက်ပို့ပြီး အရိုးကိုတော့ ကောက်ခဲ့မှ ဖြစ်မယ်"ဟု ပြောလေ၏။

ရွှေကြာသည် မဝမ်၏ အကြံပေးချက်အရ အသုဘခေါင်းနားတွင် တညလုံး ထိုင်စောင့် နေလေ၏။ နောက်တနေ့တွင် တရားစာများကို ရွတ်ရန် ဘုန်းကြီးလေးပါးကို ပင့်လေ၏။ အသုဘချမည့်နေ့ မနက်တွင် ခေါင်းကို ထမ်းရန်အတွက် ရဲသားများ ရောက်လာကြလေ၏။ အိမ်နီးနားချင်းတို့ကလည်း အသုဘကို လိုက်ပို့ကြလေ၏။ ရွှေကြာမှာကား အသုဘရှင် အဝတ်အစားများကို ဝတ်ဆင်ကာ မိမိအိမ်ထောင်ဦးစီး ဆုံးလေပြီဟု တလမ်းလုံး အော်ဟစ်ငိုကြွေး၍ လိုက်လာလေ၏။ သုသာန်သို့ရောက်လျှင် အလောင်းကို မီးသင်္ဂြိုဟ် ရန် စီစဉ်လေ၏။ ရဲမှူးဟိုသည် ပိုက်ဆံစက္ကူများကို ယူလာကာ အသုဘသို့ လိုက်ပို့ရာ ရွှေကြာနှင့် မဝမ်တို့က ဧည့်ခံကြလေ၏။

"ရဲမှူးကြီး ပြန်ပြီး နေကောင်းသွားလို့ ဝမ်းသာလိုက်တာရှင်"

"ကျွန်တော့်ကို မုန့်ရောင်းနေကျ။ တခါတလေမှာ အပိုတွေ ပေးပေးသွားတတ်သေးတယ်။ ဒီတော့ ကျွန်တော်လည်း သူ့ကို အမှုအတန်းဝေရာမှာ ကုသိုလ်ပါချင်တယ်ဗျာ"

"ရဲမှူးကြီးက သိပ်ရိုးသားတဲ့လူ" ဟု မဝမ်က ပြောလေ၏။

ရဲမှူးဟိုသည် သူ ယူလာသည့် ပိုက်ဆံစက္ကူများကို မီးညှိကာ အသုဘခေါင်းကို မီးရှို့ရာတွင် ဝင်၍ ရှို့ပေးလေသည်။

"ကျေးဇူးပါပဲရှင်။ အသုဘပြီးရင် အိမ်ကိုလည်း ကြွခဲ့ပါဦးနော် ရဲမှူးကြီး။ ဧည့်ခံပါရစေဦး"

"ကျွန်တော်တတ်နိုင်သလောက် ပါဝင်ကူညီတာပါဗျာ။ ဒါ့အတွက် အထူးကျေးဇူး တင်မနေပါနဲ့။ ဇရပ်ပေါ်မှာ တခြားသူတွေကိုသာ သွားပြီး

ညော့်ခံချေကြပါ။ ဒီမှာ ကျွန်တော် ရှိပါတယ်”

ရဲမှူးဟိုက ထိုသို့ပြောသဖြင့် အမျိုးသမီးနှစ်ယောက်သည် အလောင်းစင်အနီးမှ ထွက်သွားကြလေ၏။ ရဲမှူးဟိုသည် ပြာပုံကို တုတ်ဖြင့် ထိုးဆွကာ အရိုးစနှစ်ခုကို ကောက်ယူလိုက်ပြီးလျှင် သုသာန်များတွင် အရိုးဆေးရန် ထားသည့် ကန်ကလေးထဲသို့ နှစ်ပြီး နောက် အိတ်ထဲသို့ ထည့်လိုက်ကာ ဇရပ်ဘက်သို့ လျှောက်လာခဲ့လေ၏။ ခဏကြာသည့် အခါတွင်မူ အလောင်းမှာ ပြာကျသွားခဲ့လေပြီ။ မီးတောက်များမှာလည်း ငြိမ်းစပြုကာ အရိုးတို့ကို ကန်ထဲသို့ နှစ်ပြီးလေပြီ။ အသုဘပို့သူများလည်း ပြန်ကုန်ကြသဖြင့် ရဲမှူးဟို သည်လည်း သူ ယူလာသည့် အရိုးနှစ်စဖြင့် အိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်လျှင် ရဲမှူးဟိုသည် နေ့စွဲနှင့် မီးသင်္ဂြိုဟ်ရာသို့ လာရောက်သူများ၏ စာရင်းကို စာရွက်လွတ်တရွက်ပေါ်တွင် ရေးမှတ်ထားလိုက်လေ၏။ ထို့နောက် ထိုစာရွက်ကို ငွေချောင်းတွင် ပတ်ထားလိုက်ပြီး အိတ်တလုံးတွင် ထည့်ကာ တနေရာတွင် ဝှက်ထား လိုက်လေ၏။

ရွှေကြာသည် အိမ်သို့ ပြန်ရောက်သည့်အခါတွင် အောက်မေ့သတိရခြင်း စာတန်းကို အိမ်အောက်ထပ် ညော့်ခန်းနံရံတွင် ထောင်ထားလေ၏။ စာတန်းတွင် “ချစ်လှ လှစွာသော ခင်ပွန်း ဝူအား အောက်မေ့သတိရခြင်း အထိမ်းအမှတ်” ဟု ရေးထားလေ၏။ ထိုစာတန်း ရှေ့တွင် မှန်အိမ်တလုံးကို ထွန်းထားလေ၏။ အခန်းထဲတွင်လည်း တရားစာများ၊ ကောက်နုတ်ချက်များ၊ ကုက္ကားများ၊ ပိုက်ဆံစက္ကူများ၊ ရွှေချောင်းစက္ကူများနှင့် အသုဘသုံး ပန်းစက္ကူများကို ဆင်ယင်ထားလေ၏။

သို့ရာတွင် အိမ်အပေါ်ထပ်တွင်မူ ရွှေကြာသည် ဆီမန်နှင့် နေ့စဉ်နှင့်အမျှ ပလူးလျက် ရှိလေ၏။ ထိုနေရာမှာ သူတို့ ယခင်က ချိန်းတွေ့ခဲ့ရသည့် မဝမ်၏ လက်ဖက်ရည်ဆိုင်မှာ ထက်ပင် လုံခြုံလျက်ရှိပြီး သူတို့ကို မည်သူမျှ မမြင်နိုင်သဖြင့် တညလုံး စိတ်တိုင်းကျ ပျော်ပါးနိုင်ပေ၏။

သူတို့အကြောင်းကို ပတ္တမြားလမ်းရှိ အိမ်နီးနားချင်းများ အားလုံးကလည်း သိကြ လေ၏။ သို့ရာတွင် ဆီမန်ကို ကြောက်သဖြင့် မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုရဲ ကြချေ။

“ပျော်ရွှင်ခြင်းသည် ပူဆွေးခြင်းကို ဖြစ်စေပြီး ဆင်းရဲခြင်းထဲမှ စည်းစိမ်ဥစ္စာတို့ ပေါ်ထွက် လာတတ်၏” ဟူသော ဆိုရိုးစကား ရှိပေ၏။ အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးခဲ့ကြ လေ၏။ ယခု ဆိုလျှင် ရက်လေးဆယ်ခန့် ကြာခဲ့လေပြီ။ ဝုဆုန်သည် မိမိအား မြို့ဝန်က ပေးအပ်လိုက်သည့် တာဝန်ကို ထမ်းဆောင်ခဲ့လျက် အရှေ့နေပြည်တော်ရှိ မြို့ဝန်၏ ဆွေမျိုးတယောက်ထံသို့

လှည်းတစီးကို စောင့်ကြပ် လိုက်ပို့ပေးခဲ့ကာ စာနှင့် သေတ္တာကြီး များကို ပို့ပေးခဲ့လေ၏။ ဝုဆုန်သည် အရှေ့နေပြည်တော်တွင် ပြန်စာကို စောင့်ရင်း ရက်အနည်းငယ်ခန့် လည်ပတ်ခဲ့ကာ သူ့လူများနှင့်အတူ ယန်ကူတိုက်နယ်သို့ ပြန်လာခဲ့လေ၏။

ဝုဆုန် ယန်ကူမှ ထွက်သွားသည့်အခါတွင် ဆောင်းကျွတ်လုပြီဖြစ်၍ ပြန်ရောက်လာ သည့်အခါတွင်မူ စန္ဒမာသပြက္ခဒိန် အလိုအားဖြင့် တတိယလသို့ ရောက်ခဲ့လေပြီ။ ခရီးလမ်းတွင် ဝုဆုန်သည် စိတ်လေးလျက်ရှိကာ သူ့အစ်ကိုကို သတိရလျက် ရှိလေ၏။ ဝုဆုန် သည် ယန်ကူသို့ ပြန်ရောက်သည့်အခါတွင် မြို့ဝန်အိမ်သို့ ပထမ သွားရောက်ပြီး ပြန်စာကို ပေးပို့လေ၏။

မြို့ဝန်မှာ များစွာ ကျေနပ်လျက်ရှိလေ၏။ ပစ္စည်းများကို ကောင်းစွာရရှိကြောင်း ပြန်ကြားစာကို ဖတ်ပြီးသည့်အခါ၌ မြို့ဝန်သည် ငွေချောင်းကြီးတချောင်းကို ဆုချကာ ထိုညတွင် စိမ်ရည်၊ ထမင်း၊ ဟင်း စသည်တို့ကို ကျွေးမွေးလေ၏။ ထိုအကြောင်းကို ပြောစရာ မလိုတော့ပြီ။

ဝုဆုန်သည် မိမိနေထိုင်ရာ တန်းလျားသို့ ပြန်လာကာ အဝတ်အစားလဲ၊ ခေါင်းမှ ပဝါကို အသစ်ပြင်ပေါင်းပြီးနောက် ပတ္တမြားလမ်းရှိ သူ့အစ်ကိုအိမ်သို့ ထွက်လာခဲ့လေ၏။ သူ့ကို မြင်သည့်အခါတွင် အိမ်နားနီးချင်းများသည် ချွေးပြန်လျက်ရှိကာ "ဒုက္ခတော့ ဖြစ်ကြတော့မယ် ထင်တယ်။ သူ့ညီက လူကြမ်း စိတ်ကြမ်းရယ်။ ဒီကိစ္စကို ဒီအတိုင်းတော့ ခံနေမှာမဟုတ်ဘူး။ ဆိုးဆိုးဝါးဝါး တခုခုတော့ ဖြစ်တော့မှာပဲ" ဟု အချင်းချင်း တီးတိုး ပြောကြလေ၏။

ဝုဆုန်သည် တံခါးကန့်လန့်ကာကို မ ကာ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။ အိမ်ထဲရောက် လျှင် "ချစ်လှစွာသော ခင်ပွန်း ဝူအား အောက်မေ့သတိရခြင်း အထိမ်းအမှတ်" ဟူသော စာတန်းကို မြင်လိုက်ရလေ၏။ ဝုဆုန်သည် ကြက်သေသေလျက်ရှိကာ ထို စာတန်းကို စိုက်ကြည့်နေမိလေ၏။

"ငါ့မျက်စိတွေများ မှားနေလို့လား" ဟု ဝုဆုန် တွေးမိကာ "အစ်မရေ၊ ကျွန်တော် ပြန်လာပြီ။ ကျွန်တော် ဝုဆုန်ပါ" ဟု လှမ်း၍ အသံပြုလေ၏။

ထိုအချိန်ကား ဆီမန်နှင့် ရွှေကြာတို့သည် အပေါ်ထပ်အခန်းထဲတွင် ပျော်ပါးမြူးထူးလျက် ရှိကြလေ၏။ အောက်ထပ်မှ ဝုဆုန်၏ အသံကို ကြားသည့်အခါတွင် ဆီမန်မှာ ကြောက်အီးပါကာ ဘောင်းဘီထဲတွင် သေးတွေ ပါကုန်လေပြီ။ ဆီမန်သည် နောက်ဖေး တံခါးမှ အသာထွက်လာကာ မဝမ်၏ လက်ဖက်ရည်ဆိုင်ထဲမှ ဖြတ်၍ ပြန်လာခဲ့လေ၏။ "အောက်မှာ ခဏထိုင်ဦး မောင်လေး။ အစ်မ ခုပဲ ဆင်းလာခဲ့မယ်" ဟု ရွှေကြာက လှမ်း၍ ပြောလေ၏။ ရွှေကြာသည် လင်ကို အဆိပ်ခတ် သတ်ပြီးသည့်နောက်တွင် အသုဘာ

အဝတ်အစားတို့ကိုပင် ဝတ်ဆင်ခြင်း မပြုတော့ဘဲ ကြော့နေအောင် အလှပြင်ကာ နောက်လူနှင့် ပျော်ပါး မြူးထူးရင်း အချိန်ကုန်လျက် ရှိလေ၏။

ရွှေကြာသည် မျက်နှာတွင် လိမ်းကျံထားသည့် နံ့သာမှုန်တို့ကို လျင်မြန်စွာ ဖျက်လေ၏။ ဆံပင်မှ ဆံထိုးတို့ကို ဖြုတ်လေ၏။ နဖူးပေါ်တွင် ချထားသည့် ဆံယဉ်အကွေ့အကောက် တို့ကို ဖြေကာ ဆံပင်ကို ဣန္ဒြေရရ နောက်တွဲထုံးလိုက်ပြီးလျှင် အနီရောင်ဝတ်စုံနှင့် ကိုယ်လုံးအလှကို ထင်ရှားအောင် ချပ်ချပ်ရပ်ရပ် ချုပ်ထားသော အဝတ်အစားတို့ကို ချွတ်ကာ အသုဘာရှင် အဝတ်အစားဖြစ်သော အရောင်မှိုင်းမှိုင်း အကျီအဝတ်အစားတို့ကို လဲကာ ငိုရှိုက်လျက် လှေကားမှ ဆင်းလာခဲ့လေ၏။

"မငိုပါနဲ့ အစ်မရယ်။ အစ်ကိုက ဘယ်နေ့က ဆုံးတာလဲ။ ဘာရောဂါနဲ့ ဆုံးတာလဲ။ ဆေးတွေကကော ဘာဆေးတွေ သောက်သလဲ"

ရွှေကြာက ငိုရှိုက်လျက် ရှိရာမှ-

"မောင်လေးသွားပြီးလို့ ရက်နှစ်ဆယ်လောက်လည်း ရှိရော၊ ရင်ထဲက အောင့်တယ် လို့ ပြောတာပဲ။ ဘာကြာလိုက်သလဲ။ ရှစ်ရက်၊ ကိုးရက်ပဲ ခံလိုက်တာပဲ။ အစ်မလည်း ဘုရားကိုလည်း ဆုတောင်း၊ ဆေးဆရာညွှန်တဲ့ ဆေးမှန်သမျှကို တိုက်တာပဲ။ ဒါပေမဲ့ ဆုံးသာ ဆုံးသွားရော၊ ရောဂါအခြေအနေက ဘာမှ ထူးမလာတော့ပါဘူး။ ခုတော့ အစ်မ တယောက်တည်း ဒုက္ခရောက်ပြီပေါ့ မောင်လေးရယ်"

ထိုသို့ သူတို့နှစ်ယောက် ပြောဆိုနေသံများကို တဖက်ခန်းတွင် နေသည့် မဝမ် ကြားလေ၏။ ရွှေကြာ စကားမှားမည်ကို စိုးရိမ်သည့်အတွက် မဝမ်သည် ကူညီပြောပေးရန် သူတို့အခန်းဘက်သို့ ကူးလာခဲ့လေ၏။

"ကျွန်တော့်အစ်ကိုဟာ အရင်တုန်းက ဒီရောဂါ မရှိခဲ့ဖူးပါဘူး။ ဘာဖြစ်လို့ ဒီရောဂါနဲ့ သေရသလဲ မသိဘူး"

ဤတွင် မဝမ်က-

"ဒါကတော့ ဒီလိုရှိပါတယ် ငါ့တူရယ်။ "ကောင်းကင်က လေနဲ့ တိမ်ကို ဘယ်သူမှ ခန့်မှန်းလို့ မရ" ဆိုတဲ့ စကားပုံတို့၊ "လူတယောက်ရဲ့ ကံဆိုတာ မျက်စိတမှိတ်အတွင်း ပြောင်းသွားနိုင်တယ်" ဆိုတဲ့ စကားပုံတို့ကို ငါ့တူ ကြားလည်း ကြားဖူးသားကပဲ။ ကြမ္မာ ဂြိုဟ်ဆိုးကို ဘယ်သူ တားလို့ ရမလဲကွယ်"

"ဟောဒီက အဒေါ် ရှိပေလို့သာ အစ်မဒုက္ခမရောက်တာပေါ့။ အိမ်နားနီးချင်းထဲက အရေးရှိရင် ကူဖော်လောင်ဖက်ဆိုလို့ ဒီအဒေါ်တယောက်ပဲ

ရှိတယ်” ဟု ရွှေကြာက ပြောလေ၏။

“အစ်ကို့ကိုရော ဘယ်မှာ မြှုပ်သလဲ”

“အစ်မမှာ တယောက်တည်း မဟုတ်လား။ ဒီတော့ မြေနေရာတို့ ဘာတို့ ဘယ်ရှာ နေနိုင်တော့မှာလဲ။ ဒီတော့ အစ်မလည်း ဘာမှ မတတ်နိုင်တော့ဘူးလေ။ သုံးရက်ထားပြီး မီးသင်္ဂြိုဟ်လိုက်တယ်”

“သူ ဆုံးတာကကော ဘယ်နှေ့လဲ”

“နောက်နှစ်ရက်ဆိုရင် လေးဆယ့်ကိုးရက် ပြည့်တော့မယ်”

ဝုဆုန်သည် အတန်ကြာမျှ တိတ်ဆိတ်လျက်ရှိလေ၏။ ထို့နောက် ဝုဆုန်လည်း သူ့ အိမ်သို့ ပြန်သွားလေ၏။ ဝုဆုန်သည် တံခါးကို ဖွင့်ကာ ခပ်နွမ်းနွမ်း အဝတ်အစားများကို လဲလေ၏။ သူ့တပည့် တယောက်အား လျှော်ကြိုးတချောင်းကို အကျစ်ခိုင်းပြီးလျှင် ထို လျှော်ကြိုးကို ခါးတွင် ဂုက်၍ စည်းလာကာ အနှောင့်ထူထူ၊ အသွားထက်ထက် ဓား တချောင်းကိုလည်း ဂုက်၍ ယူလာခဲ့လေ၏။ ထို့နောက် သူ့တပည့်အား တံခါးပိတ်ပစ်ခဲ့ရန် ပြောပြီး ထွက်လာခဲ့လေ၏။ မြို့ဝန်ရုံးရှေ့ရှိ ဈေးဆိုင်တန်းသို့ ရောက်သော် ဆန်၊ ဂျုံ၊ အမွှေးအကြိုင်၊ ဖယောင်းတိုင်၊ ရွှေချောင်းနှင့် ငွေချောင်းသဏ္ဍာန် လုပ်ထားသော ပိုက်ဆံ စက္ကူတို့ကို ဝယ်လေ၏။ ညနေပိုင်းသို့ရောက်လျှင် ဝုဆုန်သည် သူ့အစ်ကိုအိမ်သို့ သွားကာ တံခါးကို ခေါက်လေ၏။ ရွှေကြာက တံခါးကို ဖွင့်ပေးလေ၏။ ဝုဆုန်သည် သူ့တပည့်အား နတ်ပသရန် ထမင်း၊ ဟင်း ပန်းကန်များကို အပြင်ခိုင်းလေ၏။ အောက်မေ့ဖွယ်စာတန်း ရှေ့တွင် ဖယောင်းတိုင်တို့ကို ထွန်းညှိကာ စိမ်ရည်နှင့် အမြည်းများကိုလည်း ချလေ၏။

သူငယ်အိပ်ချိန်သို့ ရောက်သည့်အခါတွင် အားလုံး အဆင်သင့်ဖြစ်လေပြီ။ ဝုဆုန်သည် ဒူးထောက်၍ ဝတ်ပြုလေ၏။

“အစ်ကိုကြီးရဲ့ ဝိညာဉ်ကို ခေါ်ပါတယ်ဗျာ။ အစ်ကိုကြီးဟာ အသက်ထင်ရှားရှိစဉ် တုန်းက ကြောက်တတ်ရွံ့တတ်တယ်။ အားနာတတ်တယ်။ အစ်ကိုကြီး ဘာကြောင့် သေရတယ်ဆိုတာကိုလည်း ကျွန်တော် ခုထိ မရှင်းသေးဘူး။ အကယ်၍ အစ်ကိုကြီးဟာ သူတပါး လက်ချက်ကြောင့် သေရတယ်ဆိုရင် ကျွန်တော့်ကို အိပ်မက်ပေးပါဗျာ။ အစ်ကိုကြီး အတွက် ကျွန်တော် လက်စားချေပါ့မယ်”

ဝုဆုန်သည် စိမ်ရည်တို့ကို မြေကြီးပေါ်သို့ ပက်ဖျန်းကာ ပိုက်ဆံစက္ကူတို့ကိုလည်း မီးရှို့၍ ပူဇော်လေ၏။ ဝုဆုန်သည် သည်းထန်စွာ

ငိုကြွေးလေရာ အိမ်နီးနားချင်းများမှာ သူ့ဖြစ်ပုံကို ကြည့်၍ စိတ်မကောင်းဖြစ်နေကြလေ၏။ အခန်းထဲတွင်မူ ရွှေကြာသည်လည်း ငိုပှန်ဆောင်၍ နေလေ၏။ နောက်ဆုံးတွင် ဂုဆုန်သည် နတ်တင်ထားသည့် စိမ်ရည်နှင့် ထမင်း၊ ဟင်းတို့ကို သူ့တပည့်အား စားရန် ပေးလေ၏။ ဂုဆုန်သည် ဖျာနှစ်ချပ်ကို ယူလာပြီးလျှင် အတွင်းဆောင်နှင့် အပြင်ဆောင်ကြားတွင် သူ့တပည့်ကို အိပ်စေလေ၏။ သူ ကိုယ်တိုင်မှာကား အောက်မေ့ဖွယ်စာတန်းရှေ့တွင် ဖျာတချပ် ခင်း၍ အိပ်လေ၏။ ရွှေကြာသည် အပေါ်ထပ်သို့ တက်လာကာ လှေကားတံခါးမကြီးကို မင်းတုပ်ချ၍ ပိတ်ခဲ့ပြီးနောက် အိပ်ရာသို့ ဝင်ခဲ့လေ၏။

ဂုဆုန်မှာ တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်မပျော်နိုင်သေးချေ။ သို့ဖြင့် သန်းခေါင်ကျော်၍ လာခဲ့လေပြီ။ သူ့တပည့်ကို လှမ်းကြည့်လိုက်သည့်အခါတွင် တခေါခေါ ဟောက်နေသည်ကို တွေ့ရလေ၏။ ဂုဆုန်သည် ငုတ်တုတ်ထထိုင်ကာ အောက်မေ့ဖွယ်စာတန်းရှေ့တွင် ထွန်းထားသည့် မှန်အိမ်ကို ငေးစိုက်ကြည့်နေလေ၏။ ညစောင့်၏ နာရီမောင်း သုံးမောင်း ခေါက်သံနှင့် ကုလားတက်သုံးချက်ခေါက်သံကို ကြားရလေ၏။ ဂုဆုန်သည် သက်ပြင်းကြီးကို ချလိုက်လေ၏။

“ငါ့အစ်ကိုကြီးဟာ တသက်လုံး စိတ်ပျော့ခဲ့တဲ့လူ။ သူ ဘာကြောင့်များ သေရပါလိမ့်မလဲ” ဟု သူ့ဘာသာသူ တွေးလျက်ရှိလေ၏။

ထိုသို့ ပြော၍မှ မဆုံးမီ နတ်ပသထားသည့် စားပွဲအောက်မှ အေးစက်သော အငွေ့ တွေ ထလာပြီးနောက် မှောင်ထဲတွင် လွင့်သွားသည်ကို မြင်လိုက်ရလေ၏။ စာတန်းရှေ့တွင် ထွန်းညှိထားသည့် မှန်အိမ်သည် ငြိမ်းသွားကာ စားပွဲပေါ်တွင် နတ်တင်ထားသည့် စက္ကူ ပိုက်ဆံများသည် တဖျပ်ဖျပ် လွင့်နေကြလေ၏။

ဂုဆုန်၏ ဆံပင်များသည် ထောင်ထလာသည်ဟု ထင်ရလေ၏။ ဂုဆုန်သည် စိုက် ကြည့်နေလေ၏။ နတ်တင်သည့် စားပွဲအောက်တွင် သဏ္ဌာန်တခု ခပ်ရေးရေးပေါ်လာပြီး “ငါတော့ အသေဆိုးနဲ့ သေရတာပဲ ညီလေးရာ” ဟု ပြောသံကို ကြားရလေ၏။

ဂုဆုန်သည် သဲကွဲစွာ မကြားလိုက်ချေ။ ထို့ကြောင့် ဂုဆုန်သည် ရှေ့သို့ တိုးလာခဲ့လေ၏။ သို့ရာတွင် အေးစက်သောအငွေ့သည် ပျောက်သွားသည်နှင့်အတူ ထိုသဏ္ဌာန် သည်လည်း ပျောက်ကွယ်သွားခဲ့လေပြီ။ ဂုဆုန်သည် သူ့ဖျာပေါ်တွင် ပြန်ထိုင်ချလိုက်လေ၏။ ထိုအရာသည် အိပ်မက်တခုပေလော။ ဂုဆုန်သည် သူ့တပည့်ကို လှမ်းကြည့် လိုက်လေ၏။ သူ့တပည့်မှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိလေ၏။

“အစ်ကိုကြီးသေတာဟာ သွေးရိုးသားရိုးတော့ ဟုတ်ပုံမရဘူး။ ခု ငါ့ကို

ကိုယ်ထင် ပြပြီး လာပြောတာလား မသိဘူး။ ဒါပေမဲ့ လူ့ဘုန်းက ရှိတော့ အနားကို မကပ်နိုင်ဘူး ထင်တယ်” ဟု တွေးလျက်ရှိလေ၏။

ဝုဆုန်သည် မနက်ကျမှ အကျိုးအကြောင်းကို ပြောရန် ဆုံးဖြတ်လိုက်လေ၏။ တဖြည်းဖြည်းနှင့် လင်းရောင်ပျို့လာခဲ့လေပြီ။ သူ့တပည့်သည် အိပ်ရာမှထ၍ ရေနွေးကျိုလေ၏။ ဝုဆုန်သည် ပါးစပ်ကို ကျင်းကာ မျက်နှာသစ်လေ၏။ ရွှေကြာလည်း အိမ်ပေါ်မှ ဆင်းလာ လေ၏။

“မောင်လေး မနေ့ညက ကောင်းကောင်း အိပ်မပျော်ဘူးထင်တယ်”

“အစ်မရေ။ ကျွန်တော့်ကို သေသေချာချာ ပြောစမ်းပါဗျာ အစ်ကိုကြီး ဘာဖြစ်လို့ သေရတာလဲ”

“မောင်လေးကလည်း မေ့တတ်ရန်ကော။ မနေ့ညနေကတင် အစ်မ ပြောပြီးပါပကော။ သူ့နှလုံးက အောင့်တယ်ဆိုပြီး သေသွားတာလေ”

“ဘာဆေးတိုက်တာလဲ”

“အစ်မမှာ တိုက်တဲ့ ဆေးညွှန်း ရှိပါတယ်”

“အသုဘခေါင်းကိုကော ဘယ်သူဝယ်တာလဲ”

“ဟိုဘက်အိမ်က အဒေါ်မဝမ်ကို အဝယ်ခိုင်းတာ”

“ခေါင်းထမ်းတာကကော ဘယ်သူတွေလဲ”

“ရဲမှူးကြီးဟိုရဲ့ ရဲသားတွေလေ။ သူပဲ အစစအရာရာ စီမံပေးတာပဲ”

“ဟုတ်လား။ ကျွန်တော်လည်း လက်မှတ်ထိုးဖို့ ရုံးကို ပြန်ရဦးမယ်”

ဝုဆုန်သည် သူ့တပည့်နှင့်အတူ ရုံးသို့ ပြန်လာခဲ့လေ၏။ ပတ္တမြားလမ်းထိပ်သို့ ရောက် သည့်အခါတွင် ဝုဆုန်က-

“ရဲမှူးကြီးဟို ဆိုတဲ့လူကို မင်းသိသလား” ဟု မေးလေ၏။

“ဆရာ မမှတ်မိဘူးလား။ ဆရာ ရာထူးရတော့ ဆရာ့ကိုတောင် လာပြီး ချီးကျူးစကား ပြောသေးတယ်လေ။ သူက သီဟလမ်း ဟိုဘက်က လမ်းကြားကလေးထဲမှာ နေတယ်”

“ဒါဖြင့် ငါ့ကို လိုက်ပို့စမ်းကွာ”

တပည့်သည် သူ့ကို ရဲမှူးဟို၏ အိမ်သို့ လိုက်ပို့လေ၏။ “အေး၊

မင်းပြန်တော့” ဟု ဆိုကာ တပည့်ကို ပြန်လွှတ်လိုက်ပြီးလျှင် ဝုဆုန်သည် အိမ်ရှေ့တံခါးမကြီးမှ ကန့်လန့်ကာ ကို မ၍ ဝင်လာခဲ့လေ၏။

“ရဲမှူးဟိုများ ရှိပါသလားဗျာ” ဟု ဝုဆုန်က လှမ်း၍ ခေါ်လေ၏။

ထိုအချိန်၌ ရဲမှူးဟိုမှာ အိပ်ရာထခါစ ရှိသေး၏။ ဝုဆုန်၏ အသံကို ကြားသည့်အခါ တွင် ရဲမှူးဟိုသည် တကိုယ်လုံး တုန်ယင်လျက်ရှိလေပြီ။ ခေါင်းမှ ခေါင်းပေါင်းကိုပင် ဖြောင့်ဖြောင့်တန်းတန်း မပေါင်းနိုင်တော့ပြီ။ ရဲမှူးဟိုသည် ငွေချောင်းနှင့် အရိုးနှစ်ခုကို လျင်မြန်စွာ ထုတ်ယူကာ အိတ်ထဲတွင် ထည့်လိုက်ပြီးနောက် အပြင်သို့ ထွက်လာ၍ ဝုဆုန် ကို ဆီးကြို နှုတ်ဆက်လေ၏။

“အလို၊ ဝုဆုန်ပါလား။ ဘယ်တုန်းက ပြန်ရောက်သလဲ”

“မနေ့ညကပဲ ပြန်ရောက်တယ်ခင်ဗျ။ ရဲမှူးကြီးနဲ့ စကားကလေး တခွန်း နှစ်ခွန်း ပြောချင်တယ်ဗျာ။ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား”

“လိုက်တာပေါ့။ မသွားခင် လက်ဖက်ရည်ကလေး ဘာလေး သောက်ပါဦး”

သူတို့နှစ်ယောက်သည် လမ်းထိပ်ရှိ ဘုံဆိုင်သို့ လာခဲ့ကြ၏။ ဝုဆုန်က စိမ်ရည် နှစ်ပိဿာ မှာလိုက်လေ၏။ ရဲမှူးဟိုက ယဉ်ကျေးစွာ ထိုင်ရာမှ ထရပ်လိုက်ပြီး-

“ဒီလို ဘယ်ဟုတ်မလဲဗျာ။ ကျုပ်က ခင်ဗျားကို ဧည့်ခံကြိုဆိုတဲ့အနေနဲ့ တိုက်ရမှာပါ။ ကျုပ်ကို ဧည့်ဝတ်ပြုစရာ မလိုပါဘူး”

“ထိုင်စမ်းပါဗျာ” ဟု ဝုဆုန်က ခပ်မာမာ ပြောလိုက်လေ၏။

ဝုဆုန်၏ အခြေအနေကို ရဲမှူးဟို ရိပ်မိလိုက်လေပြီ။ စားပွဲထိုးက စိမ်ရည်များကို လာငှဲ့ ပေးလေ၏။ ဝုဆုန်သည် စိမ်ရည်ကို တိတ်ဆိတ်စွာ သောက်နေလေ၏။ ရဲမှူးဟိုမှာ ချွေးပြန်စ ပြုလာလေပြီ။ ဟိုသည် စကားမရှိ စကားရှာ၍ ပြောနေသော်လည်း ဝုဆုန်ကမူ တလုံး တခွန်းမျှ ပြန်မပြောချေ။

သူတို့နှစ်ယောက်သည် စိမ်ရည် ခွက်ပေါင်းများစွာ သောက်ပြီးလေပြီ။ ဝုဆုန်သည် အိတ်ထဲမှ ဓားမြှောင်ကြီးကို ဆွဲထုတ်လိုက်ကာ စားပွဲပေါ်သို့ စိုက်ချလိုက်လေ၏။ စားပွဲထိုး မှာ မျက်လုံး မျက်ဆန်ပြူးလျက် လှမ်းကြည့်နေလေ၏။ သို့ရာတွင် သူတို့အနီးသို့ကား မည်သူမျှ မလာရဲကြချေ။ ရဲမှူးဟိုမှာ မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြူရော်လျက် ရှိလေ၏။ အသက်ကိုလည်း ပြင်းပြင်း မရှူရဲတော့ပြီ။

ဝုဆုန်သည် အင်္ကျီလက်ကို ပင့်လိုက်ပြီးနောက် ဓားမြှောင်အနှောင့်ကို

ဆုပ်ကိုင်လိုက်လေ၏။

"ကျုပ်ကတော့ ခပ်ပြတ်ပြတ်ပဲဗျ။ ပြစ်မှုကျူးလွန်သူဟာ ပြစ်ဒဏ်ကို ခံရမယ်။ ကြွေးယူသူဟာ ကြွေးကို ပြန်ဆပ်ရမယ်ဆိုတာပဲ ကျုပ်သိတယ်။ ကျုပ်ကို မှန်မှန်ပြောပါ။ ကျုပ် အစ်ကို ဘယ်လိုသေရတယ်ဆိုတာကို ကျုပ် သိချင်တယ်။ ခင်ဗျားကို မဲ့တပေါက် မစွန်းစေရဘူး။ ခင်ဗျားကို ထိခိုက်အောင် လုပ်ရင် ကျုပ် ဘယ်မှာ ယောကျ်ားဟုတ်တော့မလဲ။ ဒါပေမဲ့ ကျုပ်ကို လိမ်ပြောမယ်တော့ မကြံနဲ့။ လိမ်ပြောတယ်ဆိုရင်တော့ ကျုပ် ဓားမြှောင်က ခင်ဗျားကိုယ်ထဲမှာ နေရာပေါင်း လေးရာလောက်မှာ အလင်းရောင်တွေ ပစ်သွင်းလိုက်လိမ့်မယ်။ ကဲ၊ ပြောဗျာ။ ကျုပ်အစ်ကိုအလောင်းကို ခင်ဗျား သွားစစ်တော့ ဘယ်လိုတွေ့ရသလဲ"

ဝုဆုန်သည် လက်နှစ်ဖက်ကို ဒူးပေါ်တွင် တင်ထားကာ ရဲမှူးဟိုကို လောင်ကျွမ်း မတတ်ရှိသော မျက်လုံးများဖြင့် စိုက်ကြည့်နေလေ၏။ ရဲမှူးဟိုသည် အိမ်ထဲမှ အဝတ် အိတ်ကလေးတလုံးကို ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်လေ၏။

"ဒေါသမကြီးပါနဲ့ နောင်ကြီး။ အရေးကြီးတဲ့ သက်သေခံပစ္စည်းတွေ ဒီအိတ်ထဲမှာ ရှိပါတယ်"

ဝုဆုန်သည် အိတ်ကို ဖွင့်၍ ကြည့်လိုက်ရာ မည်းနက်နေသော အရိုးနှစ်ချောင်းနှင့် တဆယ်သားအချိန်ရှိ ငွေချောင်းတချောင်းကို တွေ့ရလေ၏။

"ဘာဖြစ်လို့ အရေးကြီးတာလဲ"

"ဒီအရင်နဲ့ ဒီနောက်မှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ လ နှစ်ဆယ့်နှစ်ရက်နေ့ကတော့ လက်ဖက်ရည်ဆိုင်ဖွင့်နေတဲ့ မဝမ် ကျွန်တော့်အိမ် ရောက်လာပြီး ဝူရဲ့အလောင်းကို လာပြီး စစ်ဆေးဖို့ လာပြောတယ်။ ဒါနဲ့ အသုဘအိမ်ကို လာတော့ ရုံးရှေ့မှာ ပရဆေးဆိုင်ဖွင့်နေတဲ့ ဆီမန်နဲ့ ပတ္တမြားလမ်းထိပ်မှာ တွေ့တယ်။ စိမ်ရည်ကလေး ဘာလေး သွားသောက်ရအောင် ဆိုတာနဲ့ သူနဲ့ ဘုံဆိုင်ကို လာခဲ့ကြတယ်။ ဆိုင်ထဲရောက်လို့ စိမ်ရည်သောက်ကြတော့ သူက ဟောဒီငွေချောင်းကို ထုတ်ပေးပြီး အလောင်းကို စစ်ဆေးတဲ့အခါမှာ အားလုံးအဆင်ပြေအောင် လုပ်ပေးပါဗျာလို့ ပြောတယ်။ ဒီလူကတော့ ခပ်အအ ပါပဲ။ ဒါပေမဲ့ သူ အတင်းပေးနေတော့ ကျွန်တော်လည်း မငြင်းသာတော့ဘူးပေါ့။ ဒါနဲ့ သူနဲ့ စိမ်ရည်သောက်၊ ငွေချောင်းကို ယူပြီး ဝူတို့ အိမ်ကို သွားတယ်။ အလောင်းကို လွှမ်းထားတဲ့ အဝတ်ကို လှန်ကြည့်လိုက်တော့ ခင်ဗျားအစ်ကိုရဲ့ ပါးစပ်နဲ့ နားထဲမှာ သွေးခြောက်တွေကို တွေ့ရတယ်။ နှုတ်ခမ်းကလည်း ကိုက်ထားလို့ စုတ်ပြတ်သတ်နေတာပဲ။ အဆိပ်မိတဲ့ လက္ခဏာတွေပဲ။ ကျွန်တော်လည်း ဒီကိစ္စကို ဖွင့်ပြော ချင်တယ်။ ဒါပေမဲ့ သူ့ဘက်က

ရပ်မယ့်လူ တယောက် မှ မရှိဘူး။ သူ့ မိန်းမကလည်း နှလုံး အောင့်လို့ သေသွားတယ်လို့ပဲ ပြောနေတာကိုး။ ဒါနဲ့ ကျွန်တော်လည်း ဘယ်သူ့ကိုမှ မပြောတော့ဘူး။ ကိုယ့်လျှာကိုယ် သွေးထွက်အောင် ကိုက်၊ အပမှီတဲ့ဟန် ဆောင်ပြီး အိမ်ကို ထမ်းစင်နဲ့ ပြန်လာခဲ့ရတယ်။

"ပြီးတော့ ကျွန်တော့်တပည့်တွေကို ခေါ်ပြီး ခေါင်းသွင်းခွင့်ပြုဖို့ ခိုင်းလိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် ပိုက်ဆံပေးရင် တပြားမှ လက်မခံခဲ့နဲ့လို့လည်း မှာလိုက်တယ်။ သုံးရက်မြောက်တဲ့နေ့ကျတော့ အသုဘကို မီးသင်္ဂြိုဟ်ဖို့ လုပ်ကြတယ်။ ပိုက်ဆံစက္ကူတချို့ ဝယ်ပြီး အသုဘ လိုက်ပို့တယ်။ အလောင်းကို မီးသင်္ဂြိုဟ်တော့ ခင်ဗျား မရီးနဲ့ မဝမ်ကို တခြားကို လွှတ်ပြီး သူတို့အလစ်မှာ အရိုးနှစ်ချောင်းကို ကျွန်တော် ကောက်လာခဲ့တယ်။ အရိုးက မည်းနက်ပြီး အပေါ်မှာ အညိုတက်နေတယ်။ ဒါကိုကြည့်ရင် အဆိပ်မိတဲ့သဘော ဆိုတာ ထင်ရှားတယ်။ ဟောဒီ စာရွက်ပေါ်မှာ သင်္ဂြိုဟ်တဲ့နေ့စွဲနဲ့ သင်္ဂြိုဟ်ရာကို လိုက် လာတဲ့ လူတွေရဲ့ စာရင်းကို မှတ်ထားတယ်။ ဒါ ကျွန်တော်သိသလောက် အဖြစ်အပျက်ပဲ။ ခင်ဗျား စစ်ဆေးကြည့်ပေါ့"

"ကြာခိုတဲ့ကောင်က ဘယ်သူလဲ"

"ဒါတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော်သိသလောက် ပြောရရင် သစ်သီး ရောင်းတဲ့ ယုန်ဂီဆိုတဲ့ ကောင်လေးနဲ့ ခင်ဗျားအစ်ကိုတို့ နှစ်ယောက် မဝမ်ရဲ့ ဆိုင်ထဲကို ဝင်ပြီး ဖမ်းကြတယ် ပြောတာပဲ။ ဒါကို တလမ်းလုံး သိတယ်။ အသေးစိတ် သိချင်ရင်တော့ ယုန်ဂီကို ခေါ်မေးကြည့်ပေါ့"

"ကောင်းပြီ။ ဒီလိုဆိုရင် အဲဒီကောင်လေးဆီကို ခင်ဗျားနဲ့ ကျုပ် နှစ်ယောက် သွား မေးမယ်"

ဝုဆုန်သည် ဓားကို ဓားအိမ်သို့ သွင်း၍ ပိုက်ဆံရှင်းပြီးနောက် ရဲမှူးဟိုနှင့်အတူ ယုန်ဂီ အိမ်သို့ လာခဲ့လေ၏။ သူ့အိမ်ရှေ့သို့ရောက်လျှင် မိုးမခ ခြင်းတောင်းတလုံးကို လက်တွင် ပိုက်လာသော ယုန်ဂီကို တွေ့ရလေ၏။ ဆန်ဝယ်၍ ပြန်လာခြင်း ဖြစ်ပေ၏။

"ဟောဒီက နောင်ကြီးကို မင်း သိသလား" ဟု ရဲမှူးဟိုက ယုန်ဂီကို မေးလေ၏။

"သိတာပေါ့ဗျာ။ ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို သတ်ခဲ့တဲ့သူပဲ။ ခင်ဗျားတို့ နှစ်ယောက်က ကျွန်တော့်ဆီ ဘာကိစ္စ လာကြတာလဲ" ဟု မေးပြီး အခြေအနေကို ရိပ်မိ လိုက်သဖြင့် ဆက်၍-

"ကိစ္စတခုကြောင့် လာတာပဲ ဖြစ်ရမယ်။ ကျွန်တော့်အဖေကြီးက အသက်ခြောက်ဆယ် ကျော်ပြီဗျာ။ ထောက်ပံ့မယ်သူဆိုလို့ ကျွန်တော်တယောက်ပဲ ရှိတယ်။ ဒီတော့ ရုံးပြင် ကနားတွေ ဘာတွေ ကျွန်တော် မရောက်ချင်ဘူး"

ဝုဆုန်က အိတ်ထဲမှ ငွေငါးကျပ်သားကို ထုတ်ပေးကာ-

"ဒီမှာ ညီလေး။ ဒီငွေစကို မင်းအဖေကြီးကို ပေးခဲ့။ မင်းနဲ့ စကားကလေး တခွန်း၊ နှစ်ခွန်း ပြောစရာရှိလို့ အစ်ကိုနဲ့ လိုက်ခဲ့ပါ"

"အင်း၊ ဒီငွေစလောက်ဆိုရင် ငါ့အဖေ လေး ငါးရက်စာတော့ ဖူလုံပြီ။ ရုံးပြင်ကနား ရောက်ချင်လည်း ရောက်ပေါ့လေ။ ဘယ်တတ်နိုင်မလဲ" ဟု ယုန်ဂီ စဉ်းစားမိလေ၏။

ယုန်ဂီသည် ဆန်တောင်းနှင့် ငွေချောင်းကို အဖေကြီးအား ပေးခဲ့ပြီးလျှင် လာခေါ်သူ များနှင့်အတူ တဖက်လမ်းရှိ ဘုံဆိုင်တဆိုင်သို့ လိုက်လာခဲ့လေ၏။ သူတို့သုံးယောက်သည် အပေါ်ထပ်သို့ တက်လာခဲ့ကြပြီး၍ ဝုဆုန်က သုံးယောက်စာ အစားအသောက်များကို

မှာလိုက်ပြီး ယုန်ဂီဘက်သို့ လှည့်၍-

"ငါ့ညီလေးက အသက်သာ ငယ်ပေမယ့် မိဘကို လုပ်ကျွေးတဲ့ သားလိမ္မာတယောက် ပဲကွာ။ ခုပေးလိုက်တဲ့ ငွေစက လောလောဆယ် သုံးဖို့ပါ။ မင်းအကူအညီကို ငါ လိုချင် တယ်။ ကိစ္စပြီးလို့ရှိရင် မင်းကို နောက်ထပ် ငွေတဆယ်၊ ဆယ့်ငါးကျပ်သားလောက် ပေးပါဦးမယ်။ မင်းတို့ ရင်းနှီး လုပ်ကိုင်စားနိုင်တာပေါ့။ ငါ့ကို အသေးစိတ် ပြောပြစမ်းပါ။ မင်းနဲ့ ငါ့အစ်ကို လက်ဖက်ရည်ဆိုင်ထဲ ဝင်ပြီး ကြာခိုတဲ့ စုံတွဲကို ဘယ်လိုဖမ်းကြသလဲ"

"ပြောဆိုရင်လည်း ပြောတာပေါ့ အစ်ကိုရာ။ ဒါပေမဲ့ အစ်ကို ဒေါသတော့ မကြီးနဲ့ နော်။ လွန်ခဲ့တဲ့ လဆန်းဆယ့်သုံးရက်နေ့က ကျွန်တော် ပိုက်ဆံလိုတာနဲ့ သစ်တော်သီး တွေကို ရောင်းဖို့ ဆိုပြီး ဆီမန်ကို လိုက်ရှာတယ်ဗျ။ ဒါပေမဲ့ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ မေးကြည့်တော့ ပတ္တမြားလမ်းက မဝမ်ရဲ့ လက်ဖက်ရည်ဆိုင်မှာ မုန့်ထမ်းရောင်းတဲ့ ဝူရဲ့ မယားနဲ့ တိတ်တိတ်ပုန်း ချိန်းတွေ့နေကြတယ်တဲ့။ တွေ့ချင်ရင် အဲဒီကို လိုက်သွားလို့ ပြောတာနဲ့ ကျွန်တော် အဲဒီကို လိုက်သွားတယ်။ ဟိုရောက်တော့ မိန်းမကြီးက ကျွန်တော့်ကို ဆိုင်ထဲ ဝင်ခွင့်မပေးဘူး။ ခင်ဗျား ဘာဖြစ်လို့ ဝင်ခွင့် မပေးသလဲဆိုတာ ကျွန်တော်သိတယ် လို့ ပြောတော့ မိန်းမကြီးက ကျွန်တော့်ကို ပါးရိုက်ပြီး ကျွန်တော့်သစ်သီးတောင်းကို လမ်းကို လွှင့်ပစ်လိုက်တယ်။ ကျွန်တော့်ကိုလည်း ဆိုင်ထဲက ဆွဲထုတ်လိုက်တယ်။ ဒီတော့ ကျွန်တော်လည်း စိတ်ဆိုးတာပေါ့ဗျာ။ ဒါနဲ့ ခင်ဗျားအစ်ကိုဆီ သွားပြီး

အကျိုးအကြောင်းကို ပြောပြလိုက်တယ်။ သူက ချက်ချင်းသွားဖမ်းမလို့ လုပ်တယ်။ ကျွန်တော်က ဒီလိုလုပ်လို့ မိမှာမဟုတ်ဘူး။ ဆီမန် ဆိုတဲ့လူက အထိုးအသတ်တို့ ဘာတို့လည်း ကောင်းတယ်။ ပြီးတော့ လက်ပူးလက်ကြပ် မမိဘဲနဲ့ သွားစွပ်စွဲရင် ခင်ဗျားလည်း ရုံးပြင်ကနား ရောက်ပြီး တရားစွဲ ခံနေရလိမ့်မယ်။ မနက်ဖြန်မနက်ကျရင် ဒီလမ်းထိပ်က စောင့်နေ၊ အဲဒီနေ့မှာ မုန့်လည်း များများ မယူခဲ့နဲ့၊ လက်ဖက်ရည်ဆိုင်ကို ဆီမန် ရောက်လာတာ မြင်လိုက်ရင် ကျွန်တော် နောက်က လိုက်သွားမယ်။ ခင်ဗျားက ခင်ဗျားပစ္စည်းတွေကို သိမ်းပြီး စောင့်နေ၊ ကျွန်တော်က ဆိုင်ထဲကနေပြီး ကျွန်တော့်သစ်သီးတောင်းကို လမ်းမပေါ်ကို ပစ်ချလိုက်တာ မြင်တာနဲ့ ဆိုင်ထဲဝင်လာပြီး သူတို့စုံတွဲကို ဝင်ဖမ်းလို့ ကျွန်တော်က ပြောတယ်။”

“နောက်တနေ့ကျတော့ ကျွန်တော်လည်း သစ်သီးတောင်းကို ပိုက်ပြီး ဆိုင်ထဲကို ဝင်ပြီး မိန်းမကြီးကို ကျွန်တော်က ဆဲတယ်။ ဒီတော့ ကျွန်တော့်ကို ဆိုင်ထဲက ဆွဲထုတ် တယ်။ ဒီတင် ကျွန်တော်က သစ်သီးတောင်းကို လမ်းမကို လွှင့်ပစ်၊ မိန်းမကြီးဗိုက်ကို ခေါင်းနဲ့ ဝင်ဆောင့်ပြီး နံရံနဲ့ ညှပ်ထားတယ်။ ဒီတုန်းမှာ ခင်ဗျားအစ်ကို ဝင်လာတော့ အဘွားကြီး တားလို့ မရတော့ဘူး။ ကျွန်တော်က နံရံနဲ့ ညှပ်ထားတာကိုး။ ဒီတင် အဘွား ကြီးက ဝူ လာနေတယ်လို့ လှမ်းအော်လိုက်တယ်ဗျ။ အခန်းထဲက နှစ်ယောက် တံခါးကို အတွင်းကနေ ပိတ်ထားကြတယ်။ အပြင်ကလည်း တဝုန်းဝုန်းထုပြီး တံခါးကို အဖွင့်ခိုင်း တယ်။ ဒီတုန်းမှာ တံခါးပွင့်လာပြီး ဆီမန် ထွက်လာတယ်။ ဝူကို တွေ့တော့ ပြေးပြီး ဆောင့်ကန်လိုက်တာ ဝူလည်း ကြမ်းပြင်ပေါ်မှာ လဲကျသွားတယ်။ ဒီတော့ သူ့မိန်းမက ထွက်လာပြီး ဝူကို သွားပြီး ထူတယ်။ ဒါပေမဲ့ သူတယောက်တည်း ဘယ်နိုင်မလဲ။ ဒီလို ဖြစ်နေတုန်း ကျွန်တော်လည်း ပြန်လာခဲ့တယ်။ နောက် တပတ်လောက်ကြာရော ဝူ သေတယ်လို့ ကြားရတာပဲ။ ဘယ်လိုသေတယ် ဆိုတာတော့ ကျွန်တော် မသိဘူး”

“မင်း အမှန်ပြောနေတာနော်။ ငါ့ကိုတော့ မလိမ်နဲ့နော်”

“ရုံးတော်ကို ရောက်ရင်လည်း ဒီအတိုင်းပဲ ပြောမှာပဲဗျ”

“ဟုတ်ပြီနော် ညီလေး”

သူတို့သုံးယောက်သား စားသောက်ကြ၏။ ဝုဆုန်က ငွေရှင်းပေးလေ၏။ သူတို့သည် လမ်းမသို့ ထွက်လာခဲ့ကြလေ၏။

“ကျွန်တော် ပြန်ဦးမှပဲဗျ” ဟု ရဲမှူးဟိုက ပြောလေ၏။

“နေပါဦးဗျာ။ သက်သေအဖြစ် ခင်ဗျားတို့နှစ်ယောက် လိုက်ခဲ့ပါ”

သူတို့သုံးယောက်သည် မြို့ဝန်မင်း ရုံးထိုင်လျက်ရှိရာ မြို့ဝန်ရုံးသို့ လာခဲ့ကြလေ၏။ ဝုဆုန်ကို မြင်သည့်အခါတွင် မြို့ဝန်က "ဘာများ လျှောက်စရာ ထားစရာ ရှိလို့လဲကွ" ဟု မေးလေ၏။

"ကျွန်တော့်အစ်ကို ဝူကို သူ့ဇနီးနဲ့ ဆီမန်တို့က အဆိပ်ခတ်သတ်ပါတယ် မြို့ဝန်မင်း။ သူတို့ နှစ်ယောက်ဟာ တိတ်တိတ်ပုန်း ဖောက်ပြားနေကြတာပါ။ ဟောဒီမှာ သက်သေ နှစ်ယောက် ရှိပါတယ်။ မြို့ဝန်မင်းက တရားသဖြင့် ဆုံးဖြတ်ပေးပါ"

မြို့ဝန်သည် ဟိုနှင့် ယုန်ဂီတို့ကို စစ်ဆေးပြီးနောက် စာရေးများ၊ အခြားအရာရှိများနှင့် အတူ အမှုအကြောင်းကို တံခါးပိတ် ဆွေးနွေးလေ၏။ မြို့ဝန်အပါအဝင် ထိုအရာရှိများ အားလုံးတို့မှာ ဆီမန်နှင့် အဆက်အသွယ်ရှိသူများ ဖြစ်ကြလေ၏။ ထို့ကြောင့် ထိုအမှုကို ပလပ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ကြလေ၏။

တရားခွင်သို့ ပြန်တက်သည့်အခါတွင် မြို့ဝန်က ဝုဆုန်ကို ပြောလေ၏။

"မောင်မင်းဟာ ဒီနယ်ထဲမှာ ရဲသားတဦး ဖြစ်တယ်။ မောင်မင်းဟာ တရားဥပဒေကို သိသင့်တယ်။ ရှေးပဝေသဏီကတည်းက ပြဋ္ဌာန်းခဲ့တဲ့ သက်သေခံဥပဒေမှာ "သူတပါး မယား ဖောက်ပြားမှုဖြစ်လျှင် စုံတွဲကို ဖမ်းပြစေ၊ လုယက်မှုဖြစ်လျှင် တိုက်ရာပါပစ္စည်းကို တင်ပြစေ၊ လူသတ်မှုဖြစ်လျှင် အလောင်းကို ဖော်ထုတ်စေ"လို့ အဆိုရှိတယ်။ ယခုကိစ္စမှာ မောင်မင်း အစ်ကိုရဲ့ အလောင်းဟာ မရှိတော့ဘူး။ ဖောက်ပြားသူစုံတွဲကိုလည်း လက်ပူး လက်ကြပ် မပြနိုင်ဘူး။ ဒီလူ နှစ်ယောက်ရဲ့ အစစ်ခံချက်ကို ရရုံနဲ့ လူသတ်မှု မမြောက်နိုင်ဘူး။ ဒါကြောင့် စွဲချက်မတင်နိုင်ဘူး။ အလောတကြီး မလုပ်ပါနဲ့။ သေသေချာချာ စဉ်းစားပါ။ ရုံးတော်ကတော့ တရားဥပဒေနဲ့ ညီမှသာ စွဲချက်ကို လက်ခံနိုင်လိမ့်မယ်"

ဝုဆုန်သည် သူ့ဝတ်ရုံတွင်းတွင် ထည့်လာသည့် အရိုးနှစ်ချောင်း၊ ငွေချောင်းတချောင်း နှင့် စက္ကူစတို့ကို ထုတ်ပြကာ-

"ဒီသက်သေခံပစ္စည်းများဟာ လီဆယ်ပြီး တင်ပြတဲ့ ပစ္စည်းများ ဟုတ်၊ မဟုတ် ရုံးတော်က စစ်ဆေးပေးပါ" ဟု ပြောလေ၏။

မြို့ဝန်သည် သူတို့ကို သေချာစွာ စူးစိုက်ကြည့်ပြီးလျှင်-

"ကောင်းပြီ။ မောင်မင်းတို့ ပြန်နိုင်ပြီ။ ဒီကိစ္စကို ဆိုင်ရာများနဲ့ ဆွေးနွေးရမယ်။ နောက်မှ ရုံးတော်က မောင်မင်းတို့ကို အကြောင်းကြားမယ်။ တရားဥပဒေနဲ့ ညီလို့ရှိရင် သူတို့ကို ခေါ်ယူ စစ်ဆေးမယ်"

ဟိုနှင့် ယုန်ဂီတို့သည် ဝုဆုန်၏ အိမ်သို့ လိုက်လာခဲ့ကြလေ၏။ ထိုနေ့မှာပင် ဆီမန် သည် အဖြစ်အပျက်ကို သိရလေ၏။ ထို့ကြောင့် ဆီမန်သည် တပည့်လူယုံတယောက်ကို လွှတ်ကာ မြို့ဝန်နှင့်တကွ အရာရှိများထံသို့ ငွေချောင်းများ ပို့လိုက်လေ၏။

နောက်တနေ့မနက်တွင် ဝုဆုန်သည် ရုံးတော်သို့ ပေါက်လာပြန်ကာ ထိုအမှုကို စုံစမ်း စစ်ဆေးရန် လျှောက်ထားပြန်လေ၏။ သို့ရာတွင် မြို့ဝန်မှာ လာဘ်ကို မက်မောသူ ဖြစ်လေ၏။ မြို့ဝန်း ရှုံ့ဝန်သည် အရိုးများနှင့် ငွေချောင်းကို ဝုဆုန်သို့ ပြန်ပေးကာ-

“ဝုဆုန်၊ ဆီမန်ကို တရားစွဲဖို့ သူများတွေ မြှောက်ပင့်ပေးတာကို အဟုတ်ထင်မနေနဲ့။ အမှုက ဘာမှ မထင်ရှားဘူး။ ဒီတော့ တို့အနေနဲ့ လက်ခံဖို့ခက်တယ်။ “ကိုယ့်မျက်စိနဲ့ တပ်အပ်မြင် ရတာတောင် မှားတတ်သေးရင် မျက်ကွယ်ရာမှာ ပြောတဲ့စကားကို မယုံ ကြည့်ရာ” ”ဆိုတဲ့ ရှေးပညာရှိတွေရဲ့ဆိုရိုးစကားလည်း ရှိတယ်။ ဒီလောက် လောမကြီးပါနဲ့”

ထိုအချိန်တွင် အနီး၌ ထောင်မှူးကြီးလည်း ရှိသဖြင့် သူက-

“လူသတ်မှုစွဲချင်ရင် အချက်ငါးချက်နဲ့ ပြည့်စုံရတယ် နောင်ကြီးရဲ့။ အလောင်းရယ်၊ ဒဏ်ရာရယ်၊ အနာရောဂါရယ်၊ လက်နက်ရယ်၊ အနားမှာ တရားခံရှိနေတယ် ဆိုတဲ့ အထောက်အထားရယ်။ ဒါတွေအားလုံး ပြည့်စုံမှ ကျုပ်တို့က စုံစမ်းလို့ရတယ်”

ဝုဆုန်က-

“မြို့ဝန်မင်းတို့က ကျွန်တော့်စွဲချက်ကို လက်မခံဘူးဆိုရင်လည်း တနည်းတဖုံ စဉ်းစား ရတော့မှာပေါ့ ခင်ဗျာ”ဟုဆိုကာ အရိုးနှစ်ချောင်းနှင့်ငွေချောင်းကို မိမိကိုယ်စား သိမ်းဆည်းထားရန် ရဲမှူးဟိုကို ပေးလေ၏။ ထို့နောက် ဝုဆုန်သည် သူတို့နှစ်ယောက်နှင့်အတူ သူ့ တန်းလျားသို့ ပြန်လာခဲ့ကာ မိမိ၏ တပည့်အား ဧည့်သည်များကို ကျွေးမွေးရန် ချက်ပြုတ် ခိုင်းလိုက်လေ၏။

“နောင်ကြီးတို့ ဒီမှာ ခဏကလေး နေရစ်ခဲ့ကြဦးဗျာ။ ကျွန်တော် ချက်ချင်းပြန်လာ ခဲ့မယ်”

ဝုဆုန်သည် မင်နှင့် စုတ်တံတချောင်းကို ယူကာ တပည့်သုံးယောက်ကို ခေါ်၍ မြို့ဝန် ရုံးဝင်းထဲမှ ထွက်သွားလေ၏။ ထို့နောက် စာရွက် လေး ငါးရွက်ကို ဝယ်ကာ မိမိဝတ်ရုံထဲ တွင် ဝှက်၍ ယူလာခဲ့လေ၏။ တပည့်နှစ်ယောက်အား

ဝက်ခေါင်းတလုံး၊ ငန်းတကောင်၊ ကြက်တကောင်၊ အရက်နှစ်ပုံးနှင့် သစ်သီးအချို့ကို ဝယ်၍ သူ့အစ်ကိုအိမ်သို့ ယူလာခဲ့ရန် လွှတ်လိုက်လေ၏။ နေထန်းတဖျားခန့်အရောက်တွင် ဝုဆုန်သည် တပည့်တယောက် နှင့်အတူ သူ့အစ်ကိုအိမ်သို့ ရောက်လာလေ၏။ ထိုအချိန် ရွှေကြာမှာ ဝုဆုန်၏ စွဲချက်ရှုံးသွားပြီကို သိပြီး ဖြစ်နေသည့်အလျောက် သူ့ကို ကြောက်လန့်ခြင်း မရှိတော့ချေ။ ရွှေကြာ သည် ခပ်တည်တည် ရပ်၍ ဝုဆုန်ကို လှမ်းကြည့်နေလေ၏။

"အစ်မ၊ ခဏကလေး အောက်ဆင်းခဲ့ပါဗျာ။ စကားကလေးတခွန်း ပြောစရာရှိလို့"

ရွှေကြာသည် ခပ်အေးအေးပင် အောက်သို့ ဆင်းလာကာ-

"ဘာလဲ"

"မနက်ဖြန်ကျရင် အစ်ကိုကြီး ဆုံးလို့ လေးဆယ့်ကိုးရက်ပြည့်တော့မယ်လေ။ အိမ်နားနီးချင်းတွေက ကူညီဝိုင်းဝန်း လုပ်ပေးကြတယ် မဟုတ်လား။ သူတို့ကို ကျွေးဖို့ မွေးဖို့ ကျွန်တော် ပစ္စည်းတွေ ဝယ်လာခဲ့တယ်"

"သူတို့ကို တကူးတကန့် ဘာကျွေးနေစရာ လိုသေးလို့လဲ" ဟု ရွှေကြာက ခပ်နောက်နောက် လှမ်းမေးလိုက်လေ၏။

"ထုံးစံအတိုင်းတော့ လုပ်ရမှာပေါ့ဗျာ"

သူ့ စေခိုင်းချက်အရ တပည့်နှစ်ယောက်တို့သည် နတ်တင်သည့် စားပွဲရှေ့တွင် ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းကြလေ၏။ အမွှေးတိုင်အိုးတွင် အမွှေးတိုင် ထည့်ကြလေ၏။ ပိုက်ဆံစက္ကူအချို့ကို ချိတ်ဆွဲကာ နတ်တင်ရန် စားသောက်ဖွယ်တို့ကိုလည်း ပြင်ဆင်ကြလေ၏။ ဧည့်သည်များအတွက်လည်း စားသောက်ဖွယ်များနှင့် စိမ်ရည်တို့ကို ပြင်ဆင်လေ၏။ ဝုဆုန်သည် တပည့်တယောက်အား စိမ်ရည်အနွေးခိုင်းပြီး အခြား နှစ်ယောက်ကို စားပွဲများ အပြင်ခိုင်းလေ၏။ အပြင်ခန်းတွင်လည်း ခုံရှည်များကို ချထားကာ တပည့်နှစ်ယောက်အား အိမ်ရှေ့တံခါးမကြီးနှင့် နောက်ဖေးအပေါက်တို့ကို အစောင့် ခိုင်းထားလေ၏။ ဝုဆုန်က-

"အစ်မရေ၊ ဧည့်သည်တွေကို ဧည့်ခံနှင့်။ ကျွန်တော် သွားဖိတ်လိုက်မယ်" ဟု ဆိုကာ မဝမ်၏ လက်ဖက်ရည်ဆိုင်ဘက်သို့ ဝင်သွားကာ မဝမ်ကို ဖိတ်လေ၏။

"ကိစ္စမရှိပါဘူးကွယ်။ အဒေါ်ကို ကျေးဇူးတင်စရာ မလိုပါဘူး" ဟု မဝမ်က ပြောလေ၏။

“ဒီလို ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော်တို့ကြောင့် အဒေါ်တို့မှာ ပင်ပန်းခဲ့ရတယ် မဟုတ်လား။ ခု ကျွေးမွေးတယ်ဆိုတာကလည်း စိမ်ရည်နဲ့ အမြည်းကလေးလောက်ပါ။ မငြင်းပါနဲ့”

မဝမ်သည် လက်ဖက်ရည်ဆိုင်ဖွင့်ချိန် ဆိုင်းဘုတ်ကို ဖြုတ်ကာ တံခါးကို သော့ခတ် ပိတ်ပြီးနောက် နောက်ဖေးပေါက်မှ ထွက်လာခဲ့လေ၏။

“အစ်မက စားပွဲထိပ်က ထိုင်ပါ။ အဒေါ်ကတော့ မျက်နှာချင်းဆိုင်က ထိုင်” ဟု ဝုဆုန်က ပြောလေ၏။ မဝမ်နှင့် ရွှေကြာတို့သည် ဆီမန်ထံမှ အကျိုးအကြောင်းကို ကြားပြီး ဖြစ်သည့်အတွက် စိမ်ရည်ကို ခပ်အေးအေး သောက်လျက်ရှိရင်း “သူ ဘာများ လုပ်မလို့ ပါလိမ့်” ဟု တွေးလျက် ရှိကြလေ၏။

ဝုဆုန်သည် တဖက်ခန်းတွင် ရွှေပန်းထိမ် ဖွင့်ထားသည့် ယောင်ဝင်ချင်းကိုလည်း သွား၍ ဖိတ်လေ၏။

“ကျွန်တော် မအားလို့ပါ။ မလာတော့ပါဘူး”

ဝုဆုန်သည် သူ့ကို အတင်းဆွဲခေါ်ကာ-

“စိမ်ရည်ကလေး နည်းနည်းပါးပါး လာသုံးဆောင်ပါဗျာ။ သိပ်မကြာပါဘူး။ ဟိုဘက် ခန်းတင်ပါ”

ယောင်ဝင်ချင်းမှာလည်း မငြင်းသာတော့ချေ။ ဝုဆုန်သည် သူ့ကို မဝမ်၏ ဘေးတွင် နေရာချပေးလေ၏။ ဝုဆုန်သည် လမ်းတဖက်ရှိ ဆိုင်နှစ်ဆိုင်ကိုလည်း သွား၍ ဖိတ်လေ၏။ တဆိုင်မှာ အသုဘများတွင် မီးရှို့ရန် စက္ကူမြင်းရုပ်များ ရောင်းသည့် ကျောက်ကျုံမင်း၏ ဆိုင် ဖြစ်လေ၏။

“ကျွန်တော်က ဆိုင်က ခွာလို့ ဖြစ်မှာ မဟုတ်ဘူး။ မလာတော့ပါဘူး”ဟု ပြောလေ၏။

“ဒီလိုမလုပ်ပါနဲ့ဗျာ။ ဒီပြင် အိမ်နားနီးချင်းတွေအားလုံးလည်း လာကြပါတယ်။ ပြီးတော့ ကျွန်တော်တို့အဖေ နဲ့မှ သက်တူရွယ်တူဆိုတော့ ဒီလိုလူကြီးတွေလည်း လာစေ ချင်လို့ပါ”ဟု ဆိုကာ ဝုဆုန်သည် သူ့ကိုလည်း ဆွဲခေါ်လာခဲ့လေ၏။ ဝုဆုန်သည် ကျောက်ကျုံမင်းကို ရွှေကြာအနီးတွင် နေရာချပေးလေ၏။

ထို့နောက် ဝုဆုန်သည် လမ်းတဖက်ရှိ အအေးစိမ် စိမ်ရည်ရောင်းသော ဟူကျန်ချင်း ကိုလည်း သွား၍ ဖိတ်လေ၏။ ဟူကျန်ချင်းမှာ တခါက အစိုးရဘက်တွင် အမှုထမ်းခဲ့သူ တယောက် ဖြစ်သည့်အတွက် တခုခု ပြဿနာဖြစ်မည်ကို ရိပ်မိသဖြင့်

အသုဘအိမ်သို့ မလာချင်လှချေ။ သို့ရာတွင် ဝုဆုန်သည် သူ ငြင်းနေသည်ကို ဂရုမစိုက်ဘဲ သူ့ကိုလည်း ဆွဲခေါ်လာကာ ကျောက်ကျုံမင်းအနီးတွင် နေရာချပေးလေ၏။

"အဒေါ်ရဲ့ ဟိုဘက်ခန်းက ဆိုင်မှာ ဘယ်သူနေသလဲ"

"အဘချန်လေ။ ခေါက်ဆွဲရောင်းတယ်" ဟု မဝမ်က ဖြေလေ၏။

ချန်မှာ အိမ်တွင် ရှိနေလေ၏။ ဝုဆုန်ကို မြင်သည့်အခါတွင် အဘချန်သည် လန့်သွားလေ၏။

"ဘာတွေလုပ်မလို့များ စိတ်ကူးနေပြန်တာလဲကွာ" ဟု အဘချန်က မေးလေ၏။

"ကျွန်တော့်အစ်ကိုမိသားစုနဲ့ အိမ်နားနီးချင်း ဖြစ်ခဲ့ကြရတဲ့အတွက် အဘတို့မှာ ဒုက္ခ ရောက်ခဲ့ကြတယ် မဟုတ်လား။ ဒီတော့ ကျွန်တော်တို့နဲ့ လာပြီး စိမ်ရည်ကလေး နည်းနည်း ပါးပါး သောက်ဖို့ လာဖိတ်တာပါ"

"အမယ်လေးကွယ်။ မင်းအစ်ကိုကို ငါ ဘာမှ ကူညီခဲ့ဖူးတာ မဟုတ်ပါဘူး။ ဘာဖြစ်လို့ ငါ့ကိုများ လာဖိတ်နေရသေးတာတုံး"

"ကျွန်တော်တို့ ကျွေးတာက ဘာမှ ဖြစ်လောက်တာ မဟုတ်ပါဘူး အဘရယ်။ လာ ဖြစ်အောင်တော့ လာပါ"

ဝုဆုန်သည် သူ့ကို လက်ဆွဲခေါ်လာခဲ့ကာ ငွေပန်းထိမ်ဆရာ ယောင်ဝင်ချင်းအနီးတွင် နေရာ ချပေးလေ၏။

စောစောက ရောက်နေသည့်သူများသည် အဘယ်ကြောင့် ပြန်မသွားကြသနည်းဟု မေးဖွယ်ရှိ၏။ အကြောင်းမူ အိမ်ရှေ့ပေါက်နှင့် နောက်ဖေးပေါက်တို့တွင် ဝုဆုန်၏ တပည့်တပ်သားများ စောင့်နေကြသောကြောင့် ဖြစ်လေ၏။

ဝုဆုန်သည် အိမ်နီးချင်းလေးယောက်ကိုဖိတ်ပြီးလေပြီ။ မဝမ်နှင့် ရွှေကြာတို့ ပေါင်းလျှင် စုစုပေါင်း ခြောက်ယောက်ရှိလေ၏။ ဝုဆုန်သည် ခွေးခြေတလုံးကို ဆွဲလာကာ စားပွဲအစွန်း တွင် ထိုင်လိုက်ပြီးနောက် ရှေ့တံခါးနှင့် နောက်တံခါးများကို ပိတ်ရန် သူ့တပည့်များကို ခိုင်းလိုက်လေ၏။ တပ်သားများသည် ဝင်လာကြကာ စားပွဲပေါ်ရှိ စိမ်ရည်တို့ကို ငှဲ့ပေး လေ၏။ ဝုဆုန်က ရောက်လာသည့် ဧည့်သည်များကိုလည်း ယဉ်ကျေးစွာ နှုတ်ခွန်းဆက် လေ၏။

"အိမ်နီးချင်းများ ခင်ဗျာ၊ တကယ်လို့ ကျွန်တော့်အပြုအမူဟာ

ရှိုင်းရာရောက်တယ် ဆိုရင် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။ ကဲ၊ ကျွန်တော်နဲ့အတူ စိမ်ရည် နည်းနည်း သုံးဆောင် ကြပါ”

“ခင်ဗျား ခရီးထွက်တာက အပြန်မှာ ကျွန်တော်တို့က ဘာမှ မပြုစုရဘဲ ခုတော့ ခင်ဗျားက ပြန်ပြီး ပြုစုတယ်ဆိုတော့ အားနာစရာကြီးဗျာ”ဟု ဧည့်သည်များက ပြောကြ လေ၏။ ဝုဆုန်က ပြုံးလိုက်လျက်-

“ဒါက ဘာမှ မပြောပလောက်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ ကျွေးမွေးတာ ဖြစ်သလို စီမံရတဲ့အတွက် ခွင့်လွှတ်ကြပါ”

တပ်သားများက စိမ်ရည်များကို တခွက်ပြီး တခွက် ငှဲ့ပေးနေကြသည့်အတွက် တခုခု တော့ ထူးခြားလေပြီဟု ဧည့်သည်များ သိကြသော်လည်း မည်သို့လုပ်ရမည်ကို စဉ်းစား၍ မရဘဲ ဖြစ်နေကြလေ၏။ သုံးခွက်သောက်ပြီးသည့်အခါတွင် အအေးစိမ် စိမ်ရည်ရောင်းသူ ဟူကျန်ချင်းသည် ထိုင်ရာမှ ထလေ၏။

“ကျွန်တော် ကိစ္စကလေး နည်းနည်းရှိလို့ ...”

“ဒီရောက်မှတော့ ပြန်လို့ မရတော့ဘူးဗျ။ ဘယ်လောက်ပဲ အလုပ်များများ နေရ လိမ့်မယ်” ဟု ဝုဆုန်က ပြောလေ၏။

ဟူကျန်ချင်း၏ နှလုံးသည် ရေတွင်းတတွင်းထဲတွင် ရောက်နေသည့် ရေပုံး ဆယ့်ငါးလုံးကဲ့သို့ ရိုက်ခတ်လျက်ရှိလေ၏။

“ငါ့ကို စိမ်ရည်သောက် ဖိတ်ပြီး ဒီလို ဘာဖြစ်လို့ လုပ်တာလဲ။ ငါ့ကို ဘာဖြစ်လို့ သွားခွင့်မပေးဘဲ အတင်းတားနေတာလဲ” ဟု တွေးနေလေ၏။ သို့ရာတွင် ဟူကျန်ချင်းသည် သူ့နေရာတွင် သူ ပြန်ထိုင်နေလေ၏။

“နောက်တခွက်စီ လှည့်ဦးဟေ့” ဟု ဝုဆုန်က တပ်သားတယောက်ကို ခိုင်းလေ၏။

တပ်သားသည် စတုတ္ထခွက်ကို ငှဲ့ပေးလေ၏။ ခုနစ်ခွက် လှည့်ပြီးသည့်အခါတွင်မူကား ဧည့်သည်များသည် ထိတ်လန့်စပြုလာခဲ့ကြလေပြီ။

“ကဲ၊ ခွက်တွေကို သိမ်းလိုက်တော့ဟေ့။ နောက်မှ သောက်မယ်” ဟု ဝုဆုန်က တပ်သားများကို ခိုင်းလိုက်လေ၏။ ဝုဆုန်သည် စားပွဲကို သုတ်လေ၏။ ဧည့်သည်များမှာ လည်း ပြန်ရန် ပြင်ကြလေ၏။ ဝုဆုန်က လက်ကို ဖြန့်၍ တားလိုက်လေ၏။

“ကဲ၊ စကားကလေး နည်းနည်းပြောချင်တယ်ဗျာ။ ဟောဒီက

ဧည့်သည်တွေထဲမှာ စာရေးတတ်တဲ့သူများ မပါကြဘူးလား”

“ဟူကျန်ချင်းကတော့ ကောင်းကောင်း ရေးတတ်တာပဲ” ဟု ပန်းထိမ်ဆရာ ယောင်ဝင်ချင်းက ပြောလေ၏။

ဝုဆုန်သည် ဟူကျန်ချင်းဘက်သို့ လှည့်လိုက်ကာ-

“နောင်ကြီးကိုပဲ ဒုက္ခပေးရတော့မှာပဲ ခင်ဗျာ” ဟု ဆိုကာ အင်္ကျီလက်ကို ပင့်တင် လိုက်ပြီးလျှင် ဝတ်ရုံထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်လေ၏။ ဝုဆုန်သည် လက်လေးချောင်းဖြင့် အရိုးကို ဆုပ်ထားပြီး လက်မဖြင့် သူ့ရင်ဘတ်ကို ထိုးပြလေ၏။ သူ့ မျက်လုံး များမှာ ဝင်းဝင်းတောက်ကာ ကြောက်စရာအသွင်ကို ဆောင်လျက် ရှိလေ၏။

“အပြစ်ကျူးလွန်သူဟာ သူ့ပြစ်မှုကို ပေးလျော်ရမယ်။ ကြွေးယူသူဟာ ကြွေးကို ပြန်ဆပ်ရမယ် ခင်ဗျ။ ဒီတော့ မိတ်ဆွေတို့ကို ကျွန်တော် သက်သေထားပါတယ်”

ဝုဆုန်သည် လက်ဝဲဘက်လက်ဖြင့် သူ့မရီး ရွှေကြာကို ဖမ်းချုပ်လိုက်ပြီး လက်ယာ ဘက်လက်ဖြင့် မဝမ်ကို လက်ညှိုးထိုးပြလေ၏။ အိမ်နီးချင်း လေးဦးတို့သည် ပါးစပ် အဟောင်းသားဖြင့် ငေးကြည့် နေကြလေ၏။ ထို့နောက် ဘာလုပ်ရမည် မသိဘဲ တယောက် ကို တယောက် လှည့်ကြည့်လေ၏။ မည်သူမျှ အသံမထွက်ရဲကြတော့ပြီ။ ဝုဆုန်က-

“ကျွန်တော့်ကို အပြစ်မတင်ကြပါနဲ့ ခင်ဗျာ။ ကြောက်လည်း မကြောက်ကြပါနဲ့။ ကျွန်တော်ဟာ ခပ်ရိုင်းရိုင်းကောင် ဖြစ်ပေမယ့် မကြောက်တတ်ပါဘူး။ ကျွန်တော့် ဆောင်ပုဒ်ကတော့ “မျက်လုံးတလုံးကို မျက်လုံးတလုံးနဲ့ အစားလျော်ရမယ်။ သွားတချောင်းကို သွားတချောင်းနဲ့ အစားလျော်ရမယ်” ဆိုတဲ့ ဆောင်ပုဒ် ဖြစ်ပါတယ်။ မိတ်ဆွေတို့ကို ဘာမှ အန္တရာယ်မဖြစ်စေရပါဘူး။ သက်သေအဖြစ် ကြည့်ဖို့ တောင်းပန်ပါတယ်။ ဒါပေမဲ့ ဒီအထဲက တယောက်မှတော့ ထမသွားကြပါနဲ့။ ထ သွားလို့ရှိရင် ကျွန်တော့်လေသံ ပြောင်းသွားပြီး ထသွားတဲ့လူကို ခြောက်ချက်လောက်တော့ ရိုက်ရပါလိမ့်မယ်။ ဒီလောက်နဲ့မှ မရသေးရင် ကျုပ်အသက်ကို ပေးပြီး အဲဒီလူရဲ့ အသက်ကိုပါ ယူရပါလိမ့်မယ်”

ဧည့်သည်များသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေကြလေပြီ။

ဝုဆုန်သည် မဝမ်ကို စူးစူးရဲရဲကြီး စိုက်ကြည့်လိုက်ပြီးနောက်-

“ဒီမှာ အဘွားကြီး။ ခင်ဗျား သေသေချာချာ နားထောင်။ ကျုပ်အစ်ကို

သေရတဲ့ ကိစ္စမှာ ခင်ဗျားတာဝန် မကင်းဘူး။ ကျုပ် မေးတာတွေကို ကောင်းကောင်းဖြေပါ”

ဝုဆုန်သည် ရွှေကြာဘက်သို့ လှည့်လိုက်ကာ-

“ဖာသည်မ။ ကျုပ်အစ်ကိုကို ဘယ်လိုလုပ် သတ်ခဲ့သလဲ။ အမှန်ကိုပြောရင် ခင်ဗျား အသက်ကို ချမ်းသာပေးမယ်”

“ရှင် တော်တော် ရိုင်းစိုင်းပါကလားဟင်။ ရှင့်အစ်ကိုဟာ နှလုံးအောင့်ပြီး သေသွား တာပဲ။ ကျွန်မနဲ့ ဘာဆိုင်လို့လဲ”

သူပြော၍ မဆုံးမီ ဝုဆုန်သည် ဓားမြှောင်ကို စားပွဲပေါ်သို့ ပစ်စိုက်လိုက်လျက် သူ့ ဆံပင်ကို လက်ဝဲလက်ဖြင့် ဆွဲကာ သူ့အင်္ကျီကို လက်ယာဘက်လက်ဖြင့် ဆွဲထားလိုက် လေ၏။ ထို့နောက် စားပွဲကို ခြေထောက်ဖြင့် ကန်၍ ထားလိုက်ပြီးလျှင် ရွှေကြာကို အသာမြှောက်၍ မလိုက်လျက် နတ်တင်သည့် စားပွဲရှေ့တွင် ပက်လက်လှန်ချကာ အပေါ်မှ မိုး၍ ရပ်လေ၏။ ဝုဆုန်သည် ဓားမြှောင်ကို လက်ယာဘက်လက်ဖြင့် ပြန်ကောက်လိုက်ပြီး မဝမ်ဘက်သို့ ညွှန်ပြကာ “မှန်မှန်ပြောစမ်း အဘွားကြီး။ အမှန်ကို ပြော”

မဝမ်သည် ရှောင်တိမ်း၍ ရတော့မည် မဟုတ်ကြောင်းကို သိလေပြီ။

“ဒီလောက်လည်း ဒေါသမကြီးပါနဲ့ ငါ့တူရယ်။ ပြောပါ့မယ်”

ဝုဆုန်သည် စာရွက်၊ စုတ်တံနှင့် မင်တို့ကို ယူလာရန် တပ်သားတယောက်ကို ခိုင်း လိုက်ပြီးလျှင် စားပွဲပေါ်သို့ အချခိုင်းလေ၏။ ဝုဆုန်သည် ဓားမြှောင်ဖြင့် ဟူကျန်ချင်းကို ညွှန်လိုက်ပြီး-

“ဒီမှာ နောင်ကြီး။ သူ ပြောတာကို တလုံးမကျန် လိုက်ရေးပါ”

ဟူကျန်ချင်းသည် အကြောက်ကြောက် အလန့်လန့်ဖြင့် သူပြောသည့်အတိုင်း လုပ်ပါမည်ဟု ပြောလေ၏။ ဟူသည် မင်တောင့်ကို သွေး၍ ရေဆွတ်ပြီးလျှင် စုတ်တံကို ကောက်ကိုင်ကာ စက္ကူကို ဖြန့်လေ၏။

“ကဲ၊ မဝမ် ပြောလေ။ ဘာရေးရမှာလဲ”

“အလိုတော်။ ကျုပ်နဲ့ ဘာဆိုင်တာ မှတ်လို့။ ကျုပ်က ဘာပြောရမှာလဲ”

“အဘွားကြီး၊ ကျုပ် အကုန်သိပြီးပြီ။ ကိုယ်လွတ်ရုန်း ပြေးလို့ရမယ် ထင်သလား။ ခင်ဗျား မပြောရင် ဟောဒီဖာသည်မကို ဓားနဲ့ လှီးပစ်မယ်။ ပြီးတော့မှ ခင်ဗျားကို သတ်မယ်”

ဝုဆုန်သည် ရွှေကြာ့မျက်နှာအနီးသို့ ဓားကြီးတဝဲဝဲ လုပ်ပြနေသဖြင့် ရွှေကြာမှာ ကြောက်လန့် တုန်လှုပ်လျက် ရှိလေပြီ။

"မောင်လေးရယ်။ အစ်မအသက်ကို ချမ်းသာပေးပါ။ ပြောပါတော့မယ်"

ဝုဆုန်သည် သူ့ကို နတ်စင်ရှေ့သို့ ခေါ်လာပြီး အထိုင်ခိုင်းလေ၏။

"ဒါဖြင့် ပြော။ မြန်မြန်ပြော"

ရွှေကြာမှာ လိမ်ညာ၍ မပြောရဲတော့ပြီ။ ထို့ကြောင့် ယင်းလိပ်တုတ် ပြုတ်ကျသည့် အချိန်မှ စ၍ ဆီမန်နှင့် မည်သို့မည်ပုံ တွေ့ခဲ့ပုံ၊ မဝမ်၏ အထည်ချုပ်သည့် ကိစ္စကို အကြောင်း ပြကာ သူတို့နှစ်ယောက် တိတ်တိတ်ပုန်း ချိန်းတွေ့ခဲ့ကြပုံ၊ ဆီမန်က ဝူကို မည်သို့ မည်ပုံ ကန်ကျောက်ပုံ၊ ဝူကို အဆိပ်ခတ်သတ်ရန် မည်သို့ ကြံစည်ခဲ့ကြပုံ၊ မဝမ်က မည်သို့ အကူ အညီ ပေးခဲ့ပုံ စသည်တို့ကို အစမှ အဆုံးတိုင် အသေးစိတ် ပြောပြလေ၏။ ဝုဆုန်သည် ဟူ လိုက်၍ ရေးနိုင်စေရန် စကားတခွန်းပြီးတိုင်းလည်း အရပ်ခိုင်းလေ၏။

"ဟဲ့၊ မြွေပှောက်မ။ နင်က အကုန်ပြောတော့ ငါကလည်း ဘာမပြောနိုင်စရာ ရှိသလဲဟဲ့။ ပြောလိုက်ရုံပေါ့" ဟု မဝမ်က အော်လေ၏။ မဝမ်ကလည်း အားလုံး ဖွင့်ဟ ပြောဆိုသည့်အခါတွင် သူ့စကားများကိုလည်း ရေးမှတ်ခိုင်းလေ၏။ ထို့နောက် ထိုပြောပြချက်များအောက်တွင် သူတို့လက်ဗွေရာများကို နှိပ်လေ၏။ အိမ်နီးချင်း လေးဦးတို့က လည်း လက်ဗွေပုံစံ နှိပ်ပြီးလျှင် သူတို့အမည်များကို လက်မှတ် ရေးထိုးစေလေ၏။

ဝုဆုန်သည် တပည့်တယောက်ကို ခေါ်ကာ သူ့ခါးစည်းကြိုးဖြင့် မဝမ်ကို လက်ပြန်ကြိုး အတုပ်ခိုင်းလေ၏။ သူတို့ဖြောင့်ချက်များကို ရေးမှတ်ထားသည့် စာရွက်များကို လိပ်ပြီး လျှင် ဝတ်ရုံထဲသို့ ထည့်လေ၏။ ဝုဆုန်သည် သူ့တပည့်တယောက်အား စိမ်ရည်တခွက်ကို နတ်တင်စေ၍ အမျိုးသမီးနှစ်ယောက် ကိုလည်း အောက်မေ့ဖွယ်စာတန်းရှေ့တွင် ဒူးထောက် အထိုင်ခိုင်းလေ၏။

"အစ်ကိုကြီးရေ။ ရောက်ရာဘဝက နားထောင်ပေတော့။ ကျွန်တော်တော့ ခင်ဗျား အတွက် လက်စားချေတော့မယ်"

ဝုဆုန်သည် ပိုက်ဆံစက္ကူများကို တပ်သားတယောက်အား မီးရှို့ခိုင်းလေ၏။ ရွှေကြာ ကား သူ့ကံကြမ္မာကို ရိပ်မိလေပြီ။ ဝုဆုန်သည် ရွှေကြာကို ခေါင်းမှလှန်၍ နောက်သို့ လှဲချလိုက်ပြီးလျှင် လက်မောင်းတဖက်စီကို ခြေတဖက်စီဖြင့် နင်းထားပြီး အတွင်းခံအင်္ကျီကို ဆွဲဆုတ်ပစ်လိုက်လေ၏။ ထို့နောက် ယခု ပြောနေသည်ထက် လျင်မြန်တိုတောင်းသော အချိန်ကလေးအတွင်းတွင် ရွှေကြာ၏ ရင်ဝသို့

ခားမြှောင်ကို စိုက်ချလိုက်ပြီး ရင်ကို ခွဲလိုက် လေ၏။ ထို့နောက် ခားမြှောင်ကို ပါးစပ်ဖြင့် ကိုက်ကာ လက်နှစ်ဖက်ဖြင့် ရင်ကို ဖွင့်လိုက် ပြီးနောက် ရွှေကြာ၏ နှလုံး၊ အသည်းနှင့် အူတို့ကို ထုတ်ယူလိုက်ကာ နတ်တင်သည့် စားပွဲပေါ်သို့ တင်ထားလိုက်လေ၏။ နောက်တဖန် ခားဖြင့် ရွှေကြာ၏ ခေါင်းကို ဖြတ်လိုက်လေ၏။ ကြမ်းပြင်ပေါ်တွင် သွေးတွေ ခြင်းခြင်းနီလျက် ရှိလေပြီ။

ကြည့်နေကြသော အိမ်နီးနားချင်းများသည် မျက်နှာကို လက်ဖြင့် အုပ်ထားကြလေ၏။ ၎င်းတို့အားလုံးသည် ဝုဆုန်၏ ရက်စက်မှုကို မြင်သည်တွင် ကြောက်လန့်လျက် ရှိကာ ခိုင်းရာကိုလုပ်ရန် အသင့်ဖြစ်နေကြလေ၏။ ဝုဆုန်သည် တပ်သားတယောက်ကို အပေါ်ထပ်သို့ တက်၍ စောင်တထည် အယူခိုင်းလိုက်ပြီးလျှင် ရွှေကြာ၏ ခေါင်းကို စောင်ဖြင့် ထုပ်လေ၏။ ခားကို သုတ်၍ ဖိနပ်ရှည်ကြားထဲတွင် ထိုးကာ လက်ကို ဆေးပြီး နောက် အိမ်နီးနားချင်းများကို ရိုသေစွာ စကားပြောလေ၏။

“စိတ်တော့ မရှိကြပါနဲ့ ခင်ဗျာ။ တဆိတ် အိမ်ပေါ်ထပ်ကို တက်ပေးပြီး ခဏစောင့် နေကြပါ။ ကျွန်တော် မကြာခင် ပြန်လာခဲ့ပါ့မယ်”

အိမ်နီးနားချင်းများသည် တယောက်ကို တယောက် လှမ်းကြည့်ကြလေ၏။ ငြင်းပယ်ခြင်း မပြုရဲကြချေ။ သူတို့သည် အိမ်ပေါ်သို့ တက်ထိုင်နေကြလေ၏။ ဝုဆုန်သည် ဝမ်ကို အိမ်ပေါ်သို့ ခေါ်သွားပြီး စောင့်ကြည့်နေရန် တပ်သားတယောက်ကို ခိုင်းလိုက်လေ၏။ အိမ်ရှေ့တံခါးကို သော့ခတ်ပိတ်ပြီးလျှင် တပ်သားနှစ်ယောက်ကိုလည်း အိမ် ပေါက်ဝတွင် စောင့်ကြည့်နေရန် မှာထားခဲ့လေ၏။

ဝုဆုန်သည် ရွှေကြာ၏ ခေါင်းပြတ်ကို စောင်ဖြင့် ထုပ်ကာ ဆီမန်၏ ပရဆေးဆိုင်သို့ တန်း၍ လာခဲ့လေ၏။ ဆိုင်သို့ရောက်လျှင် ဆိုင်ထိုင်ကို လှမ်းမေးလေ၏။

“သူဌေးလေး ရှိသလား”

“ခုလေးတင် အပြင်ထွက်သွားတယ်ဗျ”

“ဒီလိုဆို ကျုပ်နဲ့အတူ ခဏလိုက်ခဲ့ပါဗျာ။ စကားလေး နည်းနည်း ပြောစရာရှိလို့ပါ”

ဆိုင်ထိုင်သည် ဝုဆုန်ကို မှတ်မိသည့်အလျောက် ငြင်းဆန်ခြင်း မပြုရဲချေ။ ဝုဆုန် သည် ဆိုင်ထိုင်ကို လူရှင်းသည့် လမ်းကြားကလေးတခုထဲသို့ ခေါ်လာလေ၏။ ဝုဆုန်၏ မျက်နှာသည် ရုတ်ခြည်း တင်းမာ ခက်ထန်သွားလေ၏။

"ခင်ဗျား သေချင်သလား၊ ရှင်ချင်သလား"

"နောင်ကြီးရယ်။ ခင်ဗျားကို ကျွန်တော် ဘာမှ ထိခိုက်အောင် မလုပ်...."

"ခင်ဗျား သေချင်တယ်ဆိုရင် ဆီမန် ဘယ်သွားတယ်ဆိုတာကို မပြောနဲ့။ ရှင်ချင်တယ် ဆိုရင် သူ ဘယ်သွားတယ်ဆိုတာကို မှန်မှန်ပြောပါ"

"ခုလေးတင် မိတ်ဆွေတယောက်နဲ့ ဟို ဟို သီဟတံတားခြေရင်းက ဘုံဆိုင်ကို ထွက်သွားတယ် ခင်ဗျ"

ဝုဆုန်သည် ချာခနဲလှည့်ကာ ထွက်လာခဲ့လေ၏။ ဆိုင်ထိုင်မှာ ကြောက်လွန်းသဖြင့် ထိုနေရာတွင် မလှုပ်ရှားနိုင်ဘဲ ငူငူကြီး ရပ်၍ ကျန်ရစ်ခဲ့လေ၏။ မိနစ်အတန်ကြာမှပင် ဆိုင်သို့ ဒယီးဒယိုင်ဖြင့် ပြန်ရောက်လာခဲ့လေ၏။

သီဟတံတားသို့ ရောက်သည့်အခါတွင် ဝုဆုန်သည် ဆီမန် ရှိ မရှိကို စားပွဲထိုး တယောက်အား မေးလေ၏။

"သူဌေးကလေးဆီမန် ဘယ်သူနဲ့ အရက်သောက်နေသလဲကွ"

"မိတ်ဆွေတယောက်နဲ့ သောက်နေတယ်ဗျ။ အပေါ်ထပ်မှာ"

ဝုဆုန်သည် လှေကားကို ခုန်တက်လာခဲ့လေ၏။ အပေါ်ထပ်ရောက်၍ ကြက်တူရွေးကွက် ခန်းဆီးများကြားမှ အထဲသို့ လှမ်းကြည့်လိုက်သည့်အခါတွင် ဆီမန်သည် အိမ်သည် နေရာတွင် ထိုင်နေလေ၏။ သူ့မိတ်ဆွေမှာ မျက်နှာချင်းဆိုင်တွင် ထိုင်နေလေ၏။ အဆိုတော် မိန်းကလေးနှစ်ယောက်တို့သည် သူတို့ဘေးတွင် အသီးသီးထိုင်နေကြလေ၏။

ဝုဆုန်သည် စောင်ကို ဖြေကာ သွေးအလိမ်းလိမ်း ပေကျံနေသည့် ခေါင်းပြတ်ကြီးကို လှမ့်ချလိုက်လေ၏။ ဝုဆုန်သည် ခေါင်းပြတ်ကြီးကို လက်ဝဲဘက်လက်ဖြင့် ကောက်ကိုင် ကာ လက်ယာလက်ဖြင့် ဓားမြှောင်ကို ကိုင်ပြီးနောက် ခန်းဆီးကန့်လန့်ကာကို ဘေးသို့ ဆွဲဖယ်၍ အခန်းထဲသို့ ရောက်လျှင် ဆီမန်၏ မျက်နှာကို ခေါင်းပြတ်ကြီးဖြင့် ပေါက်လိုက်လေ၏။

ဆီမန်သည် ဝုဆုန်မှန်း သိလိုက်သဖြင့် "အမယ်လေးဗျ" ဟု အော်လေ၏။ ဆီမန် သည် ခုံပေါ်တွင် မတ်တတ်ရပ်လိုက်လျက် ခုန်ချထွက်ပြေးရန် ပြတင်းပေါက်ဘောင်ပေါ်သို့ ခြေတဖက် လှမ်းလိုက်လေ၏။ သို့ရာတွင် မြင့်လွန်းသဖြင့် ခုန်မချရဲတော့ဘဲ ထိတ်လန့် တုန်လှုပ်လျက် ရှိလေ၏။

ယခု ပြောနေသည်ထက်ပင် လျင်မြန်လှသော အချိန်ကလေးအတွင်း၌ ဝုဆုန်သည် စားပွဲပေါ်သို့ ခုန်တက်လိုက်ကာ စားပွဲပေါ်တွင် ရှိသည့်

ပန်းကန်ခွက်ယောက်များကို ကန်ချလိုက်လေ၏။ အဆိုတော်မိန်းကလေး နှစ်ယောက်တို့မှာလည်း ကြောက်လန့်လျက် ရှိကြလေ၏။ ဆီမန်၏ မိတ်ဆွေဖြစ်သော သူဌေးကလေးမှာ ကြောက်အားလန့်အားဖြင့် ထွက်ပြေးရာ ခလုတ်တိုက်ပြီး ကြမ်းပေါ်သို့ လဲကျသွားလေ၏။

ဝုဆုန်က သူ့ထံသို့ ဒေါသတကြီးဖြင့် ပြေးဝင်လာသည့်အတွက် ဆီမန်သည် လက်ဖြင့် ခုခံမည်ဟန်ပြကာ ညာခြေဖြင့် သိမ်းကျုံး ကန်ချလိုက်လေ၏။ ဝုဆုန်က ရှောင်လိုက်သော်လည်း ညာဘက်လက်ကို ခတ်မိသွားသည်တွင် လက်ထဲ၌ ကိုင်ထားသည့် ဓားမြှောင်သည် လွတ်ထွက်သွားကာ ပြတင်းပေါက်မှတဆင့် အောက်လမ်းပေါ်သို့ ကျသွားလေ၏။ ဆီမန် မှာ အားတက်လာခဲ့လေပြီ။ ဆီမန်သည် လက်ယာလက်ဖြင့် ထိုးမည်ဟန်ပြကာ လက်ဝဲလက်ဖြင့် ဝုဆုန်၏ ရင်ဘတ်ကို ခပ်သွက်သွက် ထိုးချလိုက်လေ၏။ ဝုဆုန်သည် ခေါင်းငုံ့၍ တိမ်းလိုက်ပြီးနောက် လက်ဝဲလက်ဖြင့် ဆီမန်၏ လည်ကုပ်ကို ဖမ်းဆုပ်၍ လက်ယာ လက်ဖြင့် ဆီမန်၏ ညာလက်ကို ဆုပ်ကိုင်ကာ "ကဲ၊ သွားရော့ကွာ" ဟု မြှောက်ကိုင်၍ အောက်သို့ လမ်းမပေါ် ပစ်ချလိုက်လေ၏။

ဆီမန်အဖို့သော်မူကား ပထမအားဖြင့် သေသူ ဝူ၏ ဝိညာဉ် ခြောက်လှန့်ခြင်းကို ခံနေရသူ ဖြစ်လေ၏။ ဒုတိယအားဖြင့် တရားအလိုတော်နှင့် ဆန့်ကျင်ကာ ကာမေသုမိစ္ဆာစာရ ကံကို ကျူးလွန်သူ ဖြစ်လေ၏။ တတိယအချက်အားဖြင့် ဝုဆုန်၏ လူလွန်မသား အားခွန် ဗလကို မတုပနိုင်ချေ။ ဆီမန်သည် ဇောက်ထိုးမိုးမျှော်ဖြင့် အောက်သို့ ကျသွားကာ မြေကြီး ပေါ်တွင် စန့်စန့်ကြီး သတိမေ့လျက်ရှိသည်တွင် လမ်းသွားလမ်းလာများမှာ အလန့်တကြား ဖြစ်ကြလေ၏။

ဝုဆုန်သည် ခွေးခြေတလုံးအောက်တွင် ရောက်နေသည့် ရွှေကြာ၏ ခေါင်းပြတ်ကို ကောက်ယူလျက် ပြတင်းမှ နေ၍ လမ်းမသို့ ခုန်ချလိုက်ပြီးလျှင် ဓားမြှောင်ကို ကောက် ယူကာ သူ့ရန်သူအနီးသို့ ချဉ်းကပ်လာခဲ့လေ၏။ ဆီမန်မှာ စန့်စန့်ကြီး လဲကျလျက် ရှိလေပြီ။ မျက်လုံးများသာလျှင် လှုပ်ရှားလျက် ရှိလေ၏။ ဝုဆုန်သည် သူ့ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ကာ တချက်တည်းဖြင့် သူ့ခေါင်းကို ဖြတ်ချလိုက်လေ၏။

ဝုဆုန်သည် ခေါင်းပြတ်နှစ်ခုကို ဆံပင်ဖြင့် ပူးချည်ကာ လက်တဖက်က ကိုင်လျက် အခြားတဖက်တွင် ဓားမြှောင်ကို ကိုင်ပြီး ပတ္တမြားလမ်းသို့ ခပ်သုတ်သုတ် ပြန်လာခဲ့ပြီး တံခါးဖွင့်ပေးရန် သူ့တပည့်များကို အော်ခေါ်လေ၏။ ဝုဆုန်သည် အောက်မေ့ဖွယ်စာတန်း ရှေ့တွင် ခေါင်းနှစ်လုံးကို နတ်ပူဇော်သည့် ဟန် ချထားလိုက်ပြီး ထုံးစံအရ စိမ်ရည်တခွက် ကို ကြမ်းပေါ်သို့ သွန်ချလိုက်လေ၏။

ဝုဆုန်သည် ငိုယိုကာ-

“အစ်ကိုကြီးရေ၊ ရောက်ရာအရပ်က အမျှယူပေတော့။ အစ်ကိုကြီးအတွက် လက်စား ချေခဲ့ပြီးပြီ။ ဖောက်ပြားတဲ့ အကောင်နဲ့ ကောင်မကို ကျွန်တော် သတ်ခဲ့ပြီးပြီ။ ကဲ၊ အစ်ကို ကြီးကို အမျှအတမ်းဝေတဲ့ သဘောနဲ့ အစ်ကိုကြီးရဲ့ အောက်မေ့ဖွယ်စာတန်းကို ကျွန်တော် မီးပူဇော်တော့မယ်”

ဝုဆုန်သည် တပည့် တပ်သားတယောက်ကို ခေါ်၍ အပေါ်ထပ်ရှိ ဧည့်သည်များအား အောက်ထပ်သို့ ဆင်းလာရန်နှင့် မဝမ်ကို ခေါ်လာခဲ့ရန် ခိုင်းလိုက်လေ၏။ ထို့နောက် ဝုဆုန်သည် ခေါင်းပြတ်နှစ်လုံးနှင့် ဓားမြှောင်ကို ကိုင်ကာ ဧည့်သည်များဘက်သို့ လှည့် မျက်နှာမူလိုက်လျက်-

“ကျေးဇူးပြုပြီး တဆိတ်နားထောင်ကြပါဗျာ။ ပြောစရာကလေး ရှိသေးလို့”

အိမ်နီးချင်းလေးယောက်တို့သည် နားထင်များကို လက်ဖြင့် အုပ်ကာ “ပြောပါ နောင်ကြီး။ ကျုပ်တို့ နားထောင်နေပါတယ်” ဟု ပြောကြလေ၏။

ဝုဆုန်က စကားအနည်းငယ် ပြောလေ၏။ ထိုသို့ ပြောခြင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်မှာ ကျင့်ယန်ခင်တန်းမှ လူစွမ်းကောင်းသည် ထောင်ထဲတွင် အကျဉ်းသား တယောက်အဖြစ်သို့ ရောက်ခဲ့ရလေ၏။ ယန်ကူတိုက်နယ်မှ ရဲမှူးသည် ဒေသအနှံ့ ခရီး ဖြန့်သော ရဟန်းတပါးအသွင်သို့ ပြောင်းခဲ့ရလေ၏။

ဝုဆုန်က မည်သို့ ပြောလေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၇

မိန်ကျို့ပေတရာလမ်းမှ စုန်းမသည် မူးယစ်ဆေးခတ်သည့် စိမ်ရည်ကို ရောင်းခြင်း

ဝုဆုန်သည် လမ်းခွဆုံကမူတွင် ကျန်ချင်းနှင့် တွေ့ဆုံခြင်း

ဝုဆုန်သည် အိမ်နီးချင်းများကို ဤသို့ ပြောလေ၏။

"ကျွန်တော့်အစ်ကိုကြီးအတွက် လက်စားချေတဲ့အနေနဲ့ ကျွန်တော်ကျူးလွန်တဲ့ ရာဇဝတ်မှုဟာ မှန်ကန်သင့်မြတ်တယ်။ ဒီပြစ်မှုကို ကျူးလွန်တဲ့အတွက် ကျွန်တော် သေဒဏ်ခံရမှာ ဖြစ်ပေမယ့် ကျွန်တော် နောင်တမရဘူး။ ခင်ဗျားတို့အားလုံးကို အထိတ်တလန့်ဖြစ်အောင် လုပ်မိတဲ့အတွက်တော့ ကျွန်တော် စိတ်မကောင်းပါဘူး။ ခုပဲ ကျွန်တော် အာဏာပိုင်တွေဆီကို သွားပြီး ကျွန်တော် အဖမ်းခံတော့မယ်။ သေမလား၊ ရှင်မလား ဆိုတာတော့ ကျွန်တော်မသိဘူး။ မသွားခင်မှာ ကျွန်တော့်အစ်ကိုကြီးရဲ့ အောက်မေ့ဖွယ် စာတန်းကို မီးပူဇော်ခဲ့ရဦးမယ်။ ကျွန်တော့်ပစ္စည်းကလေးတွေကို ရောင်းချပြီး ကျွန်တော့် အမှုအတွက် အသုံးပြုပေးကြပါ။ ဒီနေ့ပဲ မြို့ဝန်ဆီကို ကျွန်တော် သွားအဖမ်းခံမှာပဲ။ ခင်ဗျားတို့ အားလုံးက အမှန်အတိုင်း သက်သေထွက်ဖို့ ကျွန်တော် တောင်းပန်ချင်တယ်။ ဘာမှ မစိုးရိမ်ကြပါနဲ့"

ဝုဆုန်သည် အောက်မေ့ဖွယ်စာတန်းနှင့် ပိုက်ဆံစက္ကူများကို မီးရှို့၍ ပူဇော်လေ၏။ ထို့နောက် အိမ်ပေါ်ထပ်မှ သေတ္တာကြီးနှစ်လုံးကို ချလာကာ အထဲမှ ပစ္စည်းများကို အိမ်နီး ချင်းများထံ အပ်လေ၏။ ထို့နောက်တွင် ဝုဆုန်သည် ခေါင်းပြတ်ကြီးနှစ်လုံးကို ဆွဲကာ မဝမ်ကို ခေါ်၍ မြို့ဝန်ရုံးသို့ လာခဲ့လေ၏။ ထိုအချိန်၌ကား တမြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြလေပြီ။ လမ်းဘေးတွင် တန်းစီ၍ ကြည့်နေသူများမှာ မရေတွက်နိုင်တော့ပြီ။

အကျိုးအကြောင်းကို သိသည့်အခါတွင် မြို့ဝန်မှာလည်း တုန်လှုပ်ချောက်ချားလျက် ရှိလေ၏။ မြို့ဝန်မင်းသည် တရားခွင်သို့ တက်၍ တရားသူကြီးတို့ကို ဆင့်လေ၏။ ဝုဆုန် သည် မဝမ်ကို ခေါ်လာကာ ရှေ့သို့ရောက်လျှင် ဒူးထောက်လေ၏။ ခေါင်းပြတ်နှစ်လုံးနှင့် ဓားမြှောင်ကိုလည်း တရားခွင်သို့ တင်လေ၏။ ဝုဆုန်သည် လက်ဝဲဘက်တွင် ဒူးထောက် ထိုင်ပြီး မဝမ်မှာ အလယ်တွင် ဒူးထောက်ထိုင်လျက် အိမ်နီးချင်းများမှာ လက်ယာဘက်တွင် ဒူးထောက်ထိုင်ကြလေ၏။ ဝုဆုန်သည် ရေးမှတ်ထားသည့် သက်သေ ထွက်ချက်များကို အစအဆုံး ဖတ်ပြလေ၏။

မြို့ဝန်သည် ရှေ့ဖတ်စာရေးကို ဆင့်ခေါ်ကာ မဝမ်ကို မေးမြန်းစေလေ၏။ မဝမ်၏ အဖြေများမှာ ရေးမှတ်ထားသည့် ဖြောင့်ချက်နှင့် တညီတညွတ်တည်း ဖြစ်နေလေ၏။ အိမ်နီးချင်းလေးယောက်တို့သည်လည်း တညီတညွတ်တည်း ထွက်ဆိုကြလေ၏။ ရဲမှူး ဟိုနှင့် ယုန်ဂီတို့ ကိုလည်း ဆင့်ခေါ်လေ၏။ သူတို့ကလည်း ထင်ရှားစွာ ထွက်ဆိုကြလေ၏။

မြို့ဝန်ရုံးအရာရှိတဦးနှင့် လက်ထောက်ရဲမှူးတို့ စောင့်ကြပ်လျက် အမှုတွင် အကျုံး ဝင်နေသူများအားလုံးကို ပတ္တမြားလမ်းရှိ အိမ်သို့ ခေါ်လာကာ ရွှေကြာ၏ အလောင်းကို စစ်ဆေးလေ၏။ ထို့နောက် သီဟတံတားဘုံဆိုင်သို့ လာခဲ့ကာ ဆီမန်၏ အလောင်းကို စစ်ဆေးကြည့်ရှုပြန်လေ၏။ အချင်းဖြစ်ပွားမှုနှင့် ပတ်သက်သည့် အခြေအနေအရပ်ရပ် မှန်ကန်ကြောင်း ပုံစံ စာရွက်များကို ဖြည့်ကာ သူတို့အားလုံး မြို့ဝန်ရုံးသို့ ပြန်လာခဲ့ကြပြီး ပုံစံများကို တရားခွင်သို့ တင်ပြလေ၏။ ဝုဆုန်နှင့် မဝမ်တို့၏ လည်တွင် သစ်သားပြားကြီး များ ဆွဲချိတ်ပြီး ထောင်သို့ ပို့ရန် မြို့ဝန်က အမိန့်ချလေ၏။ သက်သေများကိုမူ သက်သေရုံ တွင် ထားလေ၏။

ဝုဆုန်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ ဖြောင့်မတ်မှန်ကန်သူတဦး ဖြစ်ကြောင်းကို မြို့ဝန် စဉ်းစားမိလေ၏။ အရှေ့မြို့တော်သို့ မိမိကိုယ်ရေးကိုယ်တာကိစ္စဖြင့် စေလွှတ်လိုက်ရာတွင် သစ္စာရှိစွာ ဆောင်ရွက်ခဲ့ပုံနှင့်တကွ အခြားသော အရည်အချင်းကောင်းများကို လည်း မြို့ဝန် သတိရလေ၏။ မြို့ဝန်သည် ဝုဆုန်ကို ကူညီလိုသောဆန္ဒ ရှိလေ၏။ မြို့ဝန် သည် တရားသူကြီးများကို ခေါ်ကာ-

"ဝုဆုန်ဆိုတဲ့လူဟာ သစ္စာရှိတဲ့ လူတယောက်ပဲ။ ဒီတော့ စီရင်ချက်ကို ဒီလိုရေးရရင် မကောင်းပေဘူးလား။ "တရားခံ ဝုဆုန်သည် ကွယ်လွန်သူ အစ်ကိုကြီးအတွက် နတ်တင် ရန် ပြုလုပ်သည်တွင် မရီးလုပ်သူက တားမြစ်သဖြင့် မရီးနှင့် ရန်ဖြစ်ကြကြောင်း၊ မရီး လုပ်သူက အောက်မေ့ဖွယ်ပူဇော်စာတန်းကို ဖျက်ဆီးရန် ကြိုးစားကြောင်း၊ ဤတွင် ဝုဆုန်က စာတန်းကို လုရာမှ အချင်းများကြပြီး မရီးလုပ်သူကို သတ်မိကြောင်း၊ သူတို့ ရန်ဖြစ်စဉ် မရီး၏ တိတ်တိတ်ပုန်းညားနေသူ ဆီမန်က ဝင်ရောက်စွက်ဖက်ကြောင်း၊ သူတို့ နှစ်ဦးမှာ ခွန်အားချင်း ညီမျှကာ ရန်ဖြစ်ရင်း ဆိုင်သို့ ရောက်သွားကြကြောင်း၊ ဤတွင် ဆီမန်မှာ အသတ်ခံရကြောင်း" လို့ ရေးရင် ဘယ့်နှယ်လဲ"

ထိုစီရင်ချက်ကို ဝုဆုန်နှင့် အမှုတွင် အကျုံးဝင်သူများအား ဖတ်ပြလေ၏။ မြို့ဝန်သည် အမှုတွင် အကျုံးဝင်သူများအားလုံးကို ဆိုင်ရာရဲဝန်က အရေးယူရန်အတွက် အစောင့်ဖြင့် တုန်ပင်းခရိုင်သို့ ပို့ရန် အမိန့်စာတစောင် ရေးပေးလိုက်လေ၏။

ယန်ကူသည် တိုက်နယ်ကလေးတခုမျှသာ ဖြစ်သည့်တိုင် ရက်ရောသဘောထားကြီးခြင်းကို တန်ဖိုးထားသည့် နယ်ကလေးတနယ် ဖြစ်လေ၏။ မြို့ကလေးရှိ လူချမ်းသာ များသည် ဝုဆုန်အတွက် ငွေစများ ထည့်ဝင်ကြလေ၏။ အချို့ကလည်း စိမ်ရည်၊ အဝတ် အစား၊ စားသောက်ဖွယ်ပစ္စည်း၊ ပိုက်ဆံနှင့် ဆန်များ ပေးပို့ကြလေ၏။ ဝုဆုန်သည် သူ့ တန်းလျားကလေးသို့ ပြန်လာခဲ့ကာ အဝတ်အစားများ၊ ပစ္စည်းများကို သိမ်းဆည်း ထုပ်ပိုး ပြီးလျှင် မိမိတပည့်တဦးထံ အပ်နှံထားခဲ့လေ၏။ ယုန်ဂီအားလည်း သူ့ဖခင်အိုကြီးအား ထောက်ပံ့ရန်အတွက် ငွေစအစိတ်သား၊ သုံးဆယ်သားခန့်ကို ပေးခဲ့လေ၏။ သူတို့ တပ်စုမှ တပ်သား တဝက်ကျော်ခန့်တို့ကလည်း ဝုဆုန်အား အသားများ၊ စိမ်ရည်များ ပို့ပေးလေ၏။

သက်ဆိုင်ရာအရာရှိသည် တရားခံများအား နယ်ပြောင်းမိန့်နှင့်တကွ ရဲမှူးဟို ရေးမှတ် သည့် သင်္ကြိုဟ်စာရင်းကို လည်းကောင်း၊ ဆီမန်က ရဲမှူးဟိုအား ပေးသည့် ငွေချောင်းနှင့် အရိုးနှစ်ချောင်းကို လည်းကောင်း၊ ဖြောင့်ချက်များကို လည်းကောင်း၊ လူသတ်လက်နက် ကို လည်းကောင်း ယူဆောင်ခဲ့ကာ တုန်ပင်းခရိုင်သို့ ထွက်လာခဲ့လေ၏။ ခရိုင်ရုံးသို့ ရောက် သည့်အခါတွင် ဆူညံစွာ လာရောက်ကြည့်ရှုနေကြသော လူအုပ်ကြီးကို မြို့တံခါးဝတွင် တွေ့ရလေ၏။

ရဲဝန်ချန်ဝိန်ကျောက်သည် တရားခံများ ရောက်လာသည်ကို ကြားသည့်အခါတွင် တရားခွင်ကို ဆင့်ခေါ်လေ၏။ ချန်ဝိန်ကျောက်သည် ထက်မြက်သော အရာရှိတဦးပီပီ ထိုအမှုအကြောင်းကို ကြားသိပြီး ဖြစ်လေ၏။ ချန်ဝိန်ကျောက်သည် တရားခံများကို ရှေ့မှောက်သို့ ဆင့်ခေါ်ပြီးနောက် ယန်ကူတိုက်နယ်မှ ပေးပို့လိုက်သည့် အစီရင်ခံစာကို ဖတ်ပြလေ၏။ ထို့နောက် ရဲဝန်သည် သက်သေထွက်ချက်များကို ဖတ်ရှုပြီးနောက် သက်သေအသီးသီးကို မေးမြန်းစစ်ဆေးလေ၏။ ရဲဝန်သည် ပစ္စည်းထိန်းကိုခေါ်ကာ သက်သေခံပစ္စည်းများ အားလုံးနှင့် လူသတ်လက်နက်တို့ကို သိမ်းဆည်းထားရန် အမိန့်ပေး လေ၏။ ဝုဆုန်၏ လည်တွင် ချိတ်ဆွဲထားသည့် သစ်သားပြားကြီးကို ခပ်သေးသေး တခုဖြင့် ပြောင်းလဲတပ်စေပြီးလျှင် ဝုဆုန်ကို ထောင်ထဲတွင် ချုပ်ထားရန် အမိန့်ပေးလေ၏။ မဝမ်၏ လည်ပင်းတွင်မူ ပို၍ လေးသည့် သစ်သားပြားကြီးတချပ်ကို ဆွဲကာ သံမှို မြဲစွာ ရိုက်စွဲခိုင်း ထားလေ၏။ မဝမ်ကို သေဒဏ်စီရင်ချက် ချမှတ်ခံရသူတို့ ထားရာ အကျဉ်းတိုက်ထဲတွင် အကျဉ်းချထားလေ၏။

ရဲဝန်သည် တိုက်နယ်မှ အရာရှိများကိုလည်း ပြန်လွှတ်လိုက်လေ၏။ ထို့နောက် ရဲမှူး ဟို၊ ယုန်ဂီနှင့် အိမ်နီးချင်းလေးယောက်တို့နှင့် ပတ်သက်၍မူ သူတို့ကို အိမ်ပြန်လွှတ်လိုက်ကာ "ရုံးတော်က ဆင့်ခေါ်မှ လာခဲ့ကြ" ဟု မှာလိုက်လေ၏။ "ဆီမန်ရဲ့ မိန်းမကတော့ ဒီမှာပဲ နေရစ်ခဲ့ဦး။ အထက်လွှတ်ရုံးတော်က ညွှန်ကြားချက်ရမှ စီရင်ချက်ချမယ်"ဟု ပြောလေ၏။

တိုက်နယ်အရာရှိများနှင့် သက်သေခြောက်ယောက်တို့လည်း ယန်ကူသို့ ပြန်လာခဲ့ ကြလေ၏။ ဝုဆုန်မှာ ထောင်ထဲတွင် နေရလေ၏။ တပ်သားများသည် သူ့ကို စားစရာများ လာပို့ကြလေ၏။

ရဲဝန်ချုန်ဝိန်ကျောက်သည် ဝုဆုန်အတွက် စိတ်မကောင်းဖြစ်လျက်ရှိကာ ဝုဆုန်သည် ရဲစွမ်းသတ္တိရှိ၍ စိတ်သဘောထားကြီးသူတယောက်ဟု ယူဆလေ၏။ သူ့တပည့်များကို လွှတ်၍ ဝုဆုန်၏ အခြေအနေကိုလည်း အကြည့်ခိုင်းလေ၏။ ထို့ကြောင့် ထောင်မှူးများ ကလည်း သူ့ထံမှ ငွေညှစ်ခြင်း မပြုကြတော့သည့်အပြင် သူ့ကို စားစရာများနှင့် စိမ်ရည်များ လာ၍ ပေးလေ့ရှိကြလေ၏။ ချုန်ဝိန်ကျောက်သည် ဝုဆုန်၏ အမှုကို သက်သာအောင် အစီရင်ခံစာ ရေးပြီးနောက် ဘုရင့်အစိုးရ တရားရုံးချုပ် လွှတ်တော်ချုပ်သို့ ပို့လိုက်လေ၏။ ထို့ပြင် အတွင်းလူယုံများဖြင့်လည်း ရာဇဝတ်ရုံးတော်ရှိ မိတ်ဆွေများထံသို့ လျှို့ဝှက်စာ တစောင် ရေးပေးလိုက်လေ၏။

ရာဇဝတ်တရားရုံးချုပ်တွင် ထိုအကြောင်းအချက်များကို စဉ်းစားဆွေးနွေးကြ ပြီးနောက်-

> မဝမ်ခေါ်ဒေါ်ဝမ်သည် တဏှာရာဂစိတ်များနှင့် လော်လီဖောက်ပြားလိုစိတ်များ ပေါ်ပေါက် လာစေရန် လှုံ့ဆော်သည်လည်း တကြောင်း၊ လင်ယောကျ်ားအား အဆိပ်ခတ်ရန် ဇနီး ဖြစ်သူကို သွေးထိုးပေးသည်လည်း တကြောင်း၊ မိမိအစ်ကိုအား အောက်မေ့ရည်စူး၍ နတ်တင်သည့် ဝုဆုန်ကို တားဆီး နှောင့်ယှက်ရန် မရီးဖြစ်သူကို တိုက်တွန်းသည်လည်း တကြောင်း၊ ထိုမိန်းမနှင့် ထို ယောကျ်ားတို့အား မသင့်လျော်သော အပြုအမူများကို ပြုလုပ်ရန် အားပေးအားမြှောက်ပြုသည်လည်း တကြောင်း၊ ထိုအကြောင်းများကြောင့် မဝမ်အား သေစားသေစေ စီရင်ရန် ရုံးတော်မှ အမိန့်ချမှတ်လိုက်သည်။ ဝုဆုန်သည် မိမိအစ်ကိုကြီးအတွက် လက်စားချေသောအားဖြင့် ကြာခိုသူ ဆီမန်အား သတ်ဖြတ်၍ မိမိကိုယ် ကိုယ်မိမိ လာရောက် အဖမ်းခံသည့်တိုင် ၎င်းအားလည်း ပြစ်ဒဏ်မှ လုံးဝ လွတ်ငြိမ်းခွင့် မပြုနိုင်ချေ။ ထို့ကြောင့် ၎င်းအား ကျောတွင် ကြိမ်ဒဏ်လေးဆယ် ရိုက်နှက်၍ ရာဇဝတ် ကောင် အမှတ်အသားကို နဖူးတွင် ထိုးစေကာ လီနှစ်ထောင်ဝေးသော ဒေသသို့ နယ်နှင် ဒဏ်ခတ်ရန် ဆုံးဖြတ်လိုက်သည်။ လော်လီဖောက်ပြားသူ နှစ်ဦးတို့မှာ ပြစ်မှုကြီးများကို အဓိကကျူးလွန်သူများ ဖြစ်ကြသည့်တိုင် ၎င်းတို့နှစ်ဦးမှာ သေလွန်ပြီးသည့်အတွက် ဘာမျှ အပြစ်ပေးစရာ မလိုတော့ပြီ။ အမှုတွင် ပါဝင်သည့် အခြားသူတို့မှာ မိမိတို့နေထိုင်ရာ အရပ်သို့ လွတ်လပ်စွာ ပြန်နိုင်ပြီ ဖြစ်ကြောင်း၊ ယခုအမိန့်ကို ရရှိလျှင် ရရှိချင်း ချက်ချင်း အကောင်အထည် ဖော်ရမည် ဖြစ်ကြောင်း။

ရဲဝန်သည် အထက်ရုံးမှ ထိုအမိန့်စာကို ရရှိသည့်အခါ၌ ရဲမှူးဟို၊ ယုန်ဂီ၊

အိမ်နီးချင်း လေးယောက်တို့နှင့် ဆီမန်၏ ဇနီးသည်တို့ကို ရှေ့တော်သို့ ဆင့်ခေါ်ကာ ဝုဆုန်ကိုလည်း ထောင်ထဲမှ အထုတ်ခိုင်းလေ၏။ အထက်ရုံးတော်၏ အမိန့်ကို ဖတ်ပြလေ၏။ လည်တွင် ဆွဲထားသည့် ထိပ်တုံးကို ဖြုတ်ကာ ဝုဆုန်ကို ကြိမ်ဒဏ် အချက်လေးဆယ် ပေးလေ၏။

ထောင်မှူးများသည် သူ့ကျောကို ဒဏ်ရာ တကယ်ထိအောင် လေးငါးချက်သာ ရိုက်စေလေ၏။ အလေးချိန် ဆယ်ပိဿာကျော်သည့် ထိပ်တုံးပြားကြီးကိုလည်း လည်ပင်းမှ ချွတ်ပေးလေ၏။ မျက်နှာတွင်လည်း ရာဇဝတ်ကောင် အထိမ်းအမှတ်အဖြစ် မျက်နှာတွင် အမှတ်နှစ်မှတ်ကို ထိုးပေးလေ၏။ ရဲဝန်သည် သူ့ကို အချုပ်ဖြင့် မိန်ကျိုမြို့သို့ နယ်နှင် လိုက်လေ၏။ အခြားသူများကိုမူ အမိန့်အရ မိမိတို့နေရပ်သို့ ပြန်လွှတ်လိုက်လေ၏။

မဝမ်ကိုလည်း အကျဉ်းတိုက်ထဲမှ ထုတ်လာကာ အထက်ရုံးတော်အမိန့်ကို ဖတ်ပြလေ၏။ သေစားစီရင်ရသည့်အကြောင်းကို စာရွက်တခုပေါ်တွင် ရေးပြီး သေဒဏ်ကျ သူအား သိရှိကြောင်း လက်မှတ်အထိုးခိုင်းလေ၏။

ဝုဆုန်မှာမူ အစောင့်နှစ်ယောက်နှင့်အတူ မိန်ကျိုသို့ ထွက်လာခဲ့လေ၏။ ဝုဆုန်၏ တပည့်သည် သူ သိမ်းဆည်းထားသော ဝုဆုန်၏ ပစ္စည်းများကို လာရောက်ပေးအပ်ပြီးလျှင် ယန်ကူသို့ ပြန်သွားလေ၏။ ဝုဆုန်နှင့် အစောင့်နှစ်ယောက်တို့သည် တုန်ပင်းမြို့မှ ထွက်လာခဲ့ကာ ကွေ့ကောက်လျက်ရှိသော လမ်းအတိုင်း မိန်ကျိုမြို့သို့ ခပ်ဖြည်းဖြည်း လာခဲ့ကြလေ၏။ ဝုဆုန်မှာ ရက်ရော သဘောထားကြီးသူတဦး ဖြစ်မှန်း သိသည့်အတွက် အစောင့် များသည် သူ့ကို လေးစားစွာ ဆက်ဆံကြလေ၏။ ထိုအကြောင်းကို ဝုဆုန် သတိပြုမိသည့် အခါတွင် သူကလည်း အစောင့်များကို သူ့အိတ်ထဲမှ ပိုက်ဆံဖြင့် ကောင်းစွာ ကျွေးမွေးပြုစု လေ၏။

အသိမ်အဖျင်းတို့ကို ကျော်လွှားခဲ့တော့မည်။ ဝုဆုန်သည် တတိယလတွင် လူသတ်မှု ဖြစ်ခဲ့ပြီး ထောင်ထဲတွင် နှစ်လကြာမျှ နေထိုင်ခဲ့ကာ ယခုအချိန်တွင်မူ မိန်ကျိုမြို့သို့ သွားသည့် လမ်းခရီးတွင် ရောက်နေလေပြီ။ အချိန်မှာ နှစ်ဝက်ကျိုးလုချိန် ဖြစ်လေ၏။ နေသည် ကျဲကျဲတောက်ပူလျက်ရှိလေရာ ကျောက်ဆောင်များ အက်ကွဲ၍ သတ္တုများ အရည်ပျော် တော့မည်လောဟုပင် မှတ်ထင်ရလေ၏။ သူတို့သုံးယောက်သည် မနက်ပိုင်း အပူချိန်ချိန် တွင်သာ ခရီးသွားနိုင်ကြလေ၏။

သို့ဖြင့် ရက်သတ္တသုံးပတ်ခန့် လာခဲ့ကြသည့်အခါတွင် သူတို့သည် ပေတရာလမ်းမကြီး တခုပေါ်သို့ ရောက်လာကြလေ၏။ တောင်ကုန်းထိပ်တခုနားသို့ အရောက်တွင် သူတို့ သုံးယောက်သည် နားနေကြလေ၏။ အချိန်မှာ

နေထန်းတဖျားခန့် ရှိလေပြီ။

"ဒီထိပ်မှာ ခဏနားကြဦးစို့ရဲ့ဗျာ။ အောက်ချိုင့်ထဲ ရောက်ရင်တော့ နားစရာ၊ စားစရာ တွေ့လိမ့်မယ် ထင်ပါရဲ့"ဟု ဝုဆုန်က ပြောလေ၏။ "ကောင်းတယ်" ဟု အစောင့်များ ကလည်း ပြောကြလေ၏။ တောင်ထိပ်သို့ တက်လာခဲ့ကြပြီး အောက်သို့ ငုံ့ကြည့်လိုက်ကြလေ၏။ အဝေး တောင်အောက်တွင် သက်ငယ်တဲကလေး တလုံးကို မြင်ရလေ၏။ အလံတခု လွှင့်ထားသည်ကို ထောက်၍ ထိုတဲကလေးမှာ ဘုံဆိုင်တဆိုင်မှန်း သိနိုင်ပေ၏။ ဝုဆုန်က လက်ညှိုးထိုးပြလိုက်လျက်-

"ဟောဟိုမှာ ဘုံဆိုင်ကလေးတဆိုင်တော့ တွေ့ပြီဗျို့"

သူတို့သုံးယောက်သည် တောင်အောက်သို့ ခပ်သုတ်သုတ် ဆင်းလာခဲ့ကြလေ၏။ တောင်ကမ်းပါးယံအကွေ့တခုတွင် ထင်းတစည်းကို ထမ်းလာသည့် ထင်းသည်တဦးကို တွေ့ရလေ၏။ ဝုဆုန်က သူ့ကို နှုတ်ဆက်လေ၏။

"ဒီနေရာက ဘာခေါ်သလဲဗျာ" ဟု မေးလေ၏။

"ဒီတောင်က မိန်ကျို့တောင်လို့ ခေါ်တယ်ဗျ။ ဟောဟိုက သစ်ပင်အုပ်အုပ်နဲ့ နေရာကတော့ လမ်းခွဆုံကမူလို့ ခေါ်တယ်ဗျ"

ဝုဆုန်နှင့် အစောင့်များသည် ခရီးဆက်လာခဲ့ကြလေ၏။ လမ်းခွဆုံကမူသို့ အရောက် တွင် သူတို့သည် ကြီးမားသော အပင်ကြီးတပင်ကို မြင်ရလေ၏။ ထိုသစ်ပင်ကြီးမှာ လူ လေးငါးယောက်ဖက်စာမျှ ရှိလေ၏။ သစ်ကိုင်းများတွင် ခြောက်သွေ့နေသည့် နွယ်ကြီးများ ပတ်လျက်ရှိသည်ကို တွေ့ရလေ၏။ သစ်ပင်ကြီးနား တဖက်တွင် တောင်ကုန်းပေါ်မှ မြင်ခဲ့ ရသော ဘုံဆိုင်ကလေးကို တွေ့ရလေ၏။

ပြတင်းပေါက်အနီး တဲအပြင်ဘက်တွင် အမျိုးသမီးတယောက် ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုမိန်းမမှာ အစိမ်းရောင်ပိုးအင်္ကျီတို့ကို ဝတ်ထားလေ၏။ ခေါင်းတွင် တောက်ပသော ရွှေဆံထိုးများ စိုက်ထားပြီး တောပန်းရိုင်းများ ပန်ထားလေ၏။ ဝုဆုန်နှင့် အစောင့်နှစ်ယောက်တို့ကို မြင်သည့်အခါတွင် ထိုအမျိုးသမီးသည် ထိုင်ရာမှ ထကာ သူတို့ကို ခရီးဦးကြိုပြုလေ၏။ ထိုမိန်းမသည် ခါးတွင် မရန်းရောင် ပိုးဝတ်စုံတထည်ကို ဝတ်ထားပြီး နံ့သာကို မှုန်နေအောင် လိမ်းခြယ်ထားကာ ပါးနှင့် နှုတ်ခမ်းတို့ကိုလည်း ဆေးနီတို့ဖြင့် ခြယ်ထားလေ၏။ ထိုမိန်းမမှာ အပေါ်အင်္ကျီကြယ်သီးများကို ဖြုတ်ထားသည့်အတွက် ရွှေကြယ်သီးများ တပ်ထားသည့် မက်မုံသီးရောင် အတွင်းခံပိုးအင်္ကျီကို မြင်နေရလေ၏။

"ဒီမှာ ခဏတဖြုတ် နားကြပါဦးလားရှင်။ ကျွန်မတို့ဆိုင်မှာ အသားကြော်ကောင်းကောင်းနဲ့ စိမ်ရည်ကောင်းကောင်းတွေ ရနိုင်ပါတယ်။ တခြား စားစရာ စားချင်ရင်လည်း ကျွန်မတို့ဆိုင်မှာ ပေါက်စီ ကောင်းကောင်း ရပါတယ်"

သူတို့သုံးယောက်သည် ဆိုင်ထဲသို့ ဝင်လာခဲ့ကြလေ၏။ အစောင့်များသည် သူတို့ တောင်ဝှေးကြီးများကို နံရံတွင် ထောင်ထားလိုက်ကြပြီး ခါးပတ်များကို ဖြုတ်ကာ နေရာတွင် ဝင်ထိုင်ကြလေ၏။ ဝုဆုန်ကလည်း ကျောတွင် ပိုးထားသည့် အိတ်ကြီးကို ဖြုတ်ကာ စားပွဲပေါ်သို့ တင်ထားလိုက်လေ၏။ ထို့နောက် ခါးစည်းကြိုးကို ဖြုတ်ပြီးလျှင် ရှပ်အင်္ကျီကို ချွတ်လေ၏။

"ဒီမှာ ဘယ်သူမှ မြင်မှာ မဟုတ်ဘူးဗျာ။ ခင်ဗျားလည်ပင်းမှာ ချိတ်ထားတဲ့ ထိပ်တုံး ကြီးကို ကျွန်တော်တို့ တာဝန်ယူပြီး ဖြုတ်ပေးပါ့မယ်။ စိမ်ရည်အိုးကလေး တအိုး၊ နှစ်အိုး အေးအေးဆေးဆေး သောက်နိုင်တာပေါ့" ဟု အစောင့်များက ပြောကြလေ၏။

အစောင့်များသည် တံဆိပ်များကို ခွာကာ ထိပ်တုံးကို ဖြုတ်ပြီးလျှင် စားပွဲဘေးကြမ်းပြင်ပေါ်သို့ ချထားကြလေ၏။ သူတို့သုံးယောက်စလုံး အင်္ကျီများကို ချွတ်ကာ ပြတင်းပေါက်ဘောင် ပေါ်တွင် တင်ထားကြလေ၏။ ဆိုင်ရှင်မိန်းမသည် ပြုံးချိုစွာဖြင့် သူတို့အနီးသို့ ရောက်လာလေ၏။

"စိမ်ရည် ဘယ်နှအိုး ချရမလဲရှင်"

ဝုဆုန်က-

"ကိစ္စမရှိဘူး။ ကျုပ်တို့ကိုသာ ရှိတဲ့ စိမ်ရည်အိုးကို နွေးပြီး မပြတ်ချပေးပါ။ ပြီးတော့ အမဲသား ငါးဆယ်သားလောက်လည်း လှီးခဲ့ဗျာ။ နောက်ကျတော့ ရှင်းတာပေါ့"

ဆိုင်ရှင်မိန်းမသည် တခစ်ခစ်ရယ်ကာ နောက်ဘက်သို့ ဝင်သွားပြီး ကြီးမားသည့် စိမ်ရည်အိုးကြီး သုံးလုံးကို လာချပြီးနောက် တူသုံးစုံကိုလည်း လာချလေ၏။ အမဲသားများ ကိုလည်း လှီး၍ ပန်းကန်ပြားနှစ်ချပ်ဖြင့် လာချလေ၏။ အရက် လေး ငါးခွက်စီ လှည့်ပြီး လောက်ချိန်တွင် ဆိုင်ရှင်မိန်းမသည် ပေါင်းဖိုထဲမှ အငွေ့တထောင်းထောင်း ထလျက် ရှိသော ပေါက်စီဗန်းတဗန်းကို ယူလာလေ၏။ အစောင့်များသည် ပေါက်စီများကို ကောက် ၍ စားကြလေ၏။

ဝုဆုန်သည် ပေါက်စီတလုံးကို ကောက်ယူ၍ ဖဲ့ကြည့်လိုက်ပြီးလျှင်-

"အထဲက အသားက ဘာသားလဲ။ လူသားလား၊ ခွေးသားလား"

ဆိုင်ရှင်မိန်းမက တခစ်ခစ်ရယ်လိုက်လျက်-

"အစ်ကိုကြီးကလည်း နောက်နေပြန်ပြီ။ ခုလို တိုင်းပြည် ငြိမ်းချမ်းတုန်းမှာ ဒါမျိုးတွေ မရှိတော့ပါဘူး အစ်ကိုကြီးရဲ့။ ကျွန်မတို့ ဘိုးဘွားမိဘ လက်ထက်ကတည်းက ပေါက်စီ ရောင်းလာခဲ့တာပဲ။ ကျွန်မတို့ အမဲသားကိုပဲ သုံးတာပါ"

"ရဲညီနောင်တွေ အသိုက်အဝန်းမှာ ကျုပ် နေခဲ့ဖူးတုန်းက ပြောသံကြားဖူးလို့ဗျ။ လမ်းခွဆုံကမူနားက သစ်ပင်ကြီးနားမှာ ဘယ်ခရီးသည်မှ မနားရဲဘူးတဲ့။ လူဝကြီးတွေ ဆိုရင် ပေါက်စီထဲမှာ အစာသွပ်ခံရတယ်တဲ့။ လူပိန်ကလေးတွေဆိုရင် ချောင်းထဲမှာ အမျှောခံရတယ်တဲ့"

"ကြံကြီးစည်ရာ အစ်ကိုကြီးရယ်။ အစ်ကိုကြီးကို ဘယ်သူကများ ဘာတွေ ပြောလိုက်သလဲ မသိဘူး"

"ပေါက်စီထဲမှာ အမွေးတွေ တွေ့တယ်ဗျ။ အမွေးတွေက ဆံပင်မွေးတွေနဲ့ တူတာပဲ။ ဒါကြောင့် ကျုပ်စိတ်ထဲမှာ မရှင်းလို့ မေးတာ။ နို့ နေစမ်းပါဦး။ နှမကြီးရဲ့ ခင်ပွန်းကရော ဘယ်ကိုများ သွားနေသလဲ"

"အရောင်းအဝယ်ကိစ္စနဲ့ ခရီးသွားနေတယ်ရှင့်"

"ဒါဖြင့် ဒီမှာ ကျုပ်နှမကြီး တယောက်တည်းပဲ နေတာပေါ့"

ဆိုင်ရှင်မိန်းမသည် ပြုံးလျက်-

"ဒီရာဇဝတ်သားကတော့ ငါ့ကိုလာပြီး ပညာစမ်းနေပြီထင်တယ်။ သေချင်ပြီထင်တယ်။ "ပိုးဖလံမျိုး မီးကို တိုး" ဆိုတာမျိုး ဖြစ်နေပြီ။ အေးလေ၊ သူက လာတိုးတာ ဘယ်တတ်နိုင် ပါ့မလဲ။ ပညာတော့ ပြလိုက်ဦးမှပဲ" ဟု တွေးနေလေ၏။ ထို့နောက်-

"အစ်ကိုကြီးက သိပ်နောက်တာပဲ။ စိမ်ရည်ကလေး ဘာလေးသောက်ပြီး ဟောဟိုက အပင်ကြီးအောက်မှာ အေးအေးလူလူ နားနေပါဦး။ ဒါမှမဟုတ်ရင်လည်း ဒီဆိုင်ထဲမှာ ကိုယ့်အိမ်လို သဘောထားပြီး နားနေနိုင်ပါတယ်"

"တခုခုတော့ တခုခုပဲ။ ငါ စမ်းကြည့်ဦးမှပဲ" ဟု ဝုဆုန် တွေးနေလေ၏။

"ဒီစိမ်ရည်က သိပ်မပြင်းဘူး ကျုပ် နှမကြီးရဲ့။ ပျော့နေတယ်။ ခပ်ပြင်းပြင်းလေးရှိရင် ပေးစမ်းပါဦး"

"အလွန်ကောင်းတဲ့ စိမ်ရည်ပြင်းပြင်းတော့ ရှိတယ်ရှင့်။ ဒါပေမဲ့ အရည်က

နည်းနည်း နောက်နေလို့ ချမပေးတာ”

“ဟန်ကျလိုက်လေဗျာ။ စိမ်ရည်ဆိုတာ နောက်လေ ကောင်းလေပေါ့”

ဆိုင်ရှင်မိန်းမသည် ကျိတ်၍ ပြုံးကာ ဆိုင်နောက်ခန်းထဲသို့ ဝင်သွားပြီးလျှင် နောက်ကျိနေသော စိမ်ရည်တအိုးကို ယူလာလေ၏။

ဝုဆုန်သည် စိမ်ရည်ကို ကြည့်လိုက်ပြီးနောက်--

“သိပ်ကောင်းတဲ့ စိမ်ရည်ပဲ။ နွေးလိုက်ရင် ပိုကောင်းမယ်”

“အစ်ကိုကြီးက စိမ်ရည်အကြောင်း ကောင်းကောင်းသိတာပဲ။ ဒါဖြင့် ကျွန်မ သွား နွေးလိုက်ဦးမယ်နော်” ဟု ပြောကာ၊ “ဒီရာဇဝတ်သားကတော့ သေချင်ပြီ ထင်တယ်။ ဒီစိမ်ရည်ကို နွေးလိုက်ရင် မူးယစ်ဆေးတန်ခိုးက ပိုပြီး ပြင်းလာတော့မှာပဲ။ ဒီလူတော့ ငါ့လက်ခုပ်ထဲကို ရောက်ပြီ” ဟု တွေးလေ၏။

ဆိုင်ရှင်မိန်းမသည် စိမ်ရည်ကို နွေးလာခဲ့ပြီးလျှင် သူတို့ခွက်များထဲသို့ ထည့်ပေး ပြီးနောက် “ကဲ၊ မြည်းကြည့်ကြပါဦးရှင်” ဟု ပြောလေ၏။

အစောင့်နှစ်ယောက်တို့မှာ မအောင့်နိုင်ကြတော့ဘဲ စိမ်ရည်ခွက်ကို ကောက်၍ သောက်ကြလေ၏။ ဝုဆုန်က-

“ကျုပ်ကတော့ စိမ်ရည်သောက်ရင် အမြည်းကလေးနဲ့မှ သောက်လို့ရတယ်ဗျ။ နောက်ထပ် အမဲသားထည့်ပါဦး’

ဆိုင်ရှင်မိန်းမ အတွင်းခန်းသို့ ဝင်သွားသည်နှင့် ဝုဆုန်သည် စိမ်ရည်ခွက်ကို အမှောင် ရိပ်ကျသည့် အခန်းတဲထောင့်ထဲသို့ လှမ်းသွန်လိုက်ကာ နှုတ်ခမ်းများကို တပျတ်ပျတ် လျက်လျက် ရှိလေ၏။

“ကောင်းလိုက်တဲ့ စိမ်ရည်ဗျာ။ ထူပူသွားတာပဲ”

ဆိုင်ရှင်မိန်းမသည် အထဲသို့ ဝင်၍ အမဲသားယူဟန်ဆောင်ပြီးလျှင် ချက်ချင်းပြန် ထွက်လာလေ၏။ ထို့နောက် လက်ခုပ်တီးပြီးလျှင် “လဲကျစမ်း၊ လဲကျစမ်း” ဟု အော် လျက် ရှိလေ၏။

အစောင့်နှစ်ယောက်မှာမူကား ကောင်းကင်ကြီးတခုလုံး ချာချာလည်နေသည်ဟု ထင်ရလေ၏။ သူတို့နှစ်ယောက်သည် ကြက်သေသေကာ နောက်သို့ လဲကျသွားကြလေ၏။ ဝုဆုန်သည်လည်း မျက်စိများကို မှိတ်ကာ ခွေးခြေဘေးတွင် ပက်လက်လန်၍ လှဲချလိုက် လေ၏။

ဆိုင်ရှင်မိန်းမသည် ရယ်လိုက်ကာ-

"ငါ့ကို ပညာစမ်းတာ မှတ်ပြီးလားဟဲ့။ လူမိုက်တတွေ၊ လဲကျစေ၊ ငါ့ခြေဆေးရေကို သောက်၊ သင်းတို့ အသက်ပျောက်" ဟု ဆိုကာ-

"ဟဲ့ကောင်တွေ၊ မြန်မြန်လာကြစမ်းဟေ့" ဟု ခေါ်လိုက်လေ၏။

ကြီးမားတုတ်ခိုင်သော နပန်းသမားကြီး နှစ်ယောက်သည် အခန်းထဲသို့ ဝင်လာကြ ကာ ဆိုင်ရှင်မိန်းမ၏ အမိန့်အရ အစောင့်နှစ်ယောက်ကို သယ်သွားကြလေ၏။ သူတို့ နှစ်ယောက်သည် ဝုဆုန်ကို သယ်ရန် ရောက်လာကြလေ၏။ သို့ရာတွင် ဝုဆုန်ကို မ ၍ မရချေ။ ဝုဆုန်သည် အားထည့်ကာ တောင့်ထားလေ၏။ သူ့ခန္ဓာကိုယ်ကြီးသည် ပိဿာ တထောင် လေးသည်ဟု ထင်ရလေ၏။

"အလကားကောင်တွေ။ စားဖို့လောက်ပဲ သိတယ်။ ဘာမှ အသုံးမကျဘူး။ ဖယ်စမ်း။ ငါကိုယ်တိုင် မ မယ်" ဟု ဆိုင်ရှင်မိန်းမက ငေါက်လေ၏။

ဆိုင်ရှင်မိန်းမသည် အဝတ်အစားများကို ချွတ်လိုက်လေ၏။ ထို့နောက် ဝုဆုန်ကို အသာပွေ့ချီ၍ မ လိုက်လေ၏။ ဝုဆုန်သည် ထိုမိန်းမကို သူ့ရင်ခွင်ထဲသို့ ကပ်ထားလိုက်ကာ သူ့ခြေထောက်နှစ်ချောင်းဖြင့် ထိုမိန်းမ၏ ပေါင်ကို ကတ်ကြေးညှပ်သကဲ့သို့ ညပ်ထား လေ၏။ ထို မိန်းမသည် မှိန်းနှင့် ထိုးခံရသည့် ဝက်တကောင်ကဲ့သို့ အော်သည်တွင် နပန်းသမား နှစ်ယောက်သည် သူတို့ဆီသို့ ပြေးလာကြလေ၏။ ဝုဆုန်က သူတို့ကို ကြောက်စဖွယ် အော်ဟစ် ဟိန်းဟောက်လိုက်သည့်အခါတွင် နပန်းသမားနှစ်ယောက်တို့သည် လန့်ဖျပ်ကာ လမ်းခုလတ်တွင် ရပ်နေကြလေ၏။ ဝုဆုန်သည် ဆိုင်ရှင်မိန်းမကို ကြမ်းပြင်တွင် ချ၍ ကိုယ်လုံးဖြင့် ဖိထားလေ၏။

"အစ်ကိုကြီးရယ်။ ကျွန်မကို ချမ်းသာပေးပါ" ဟု တောင်းပန်လေ၏။ ဆိုင်ရှင်မိန်းမ သည် ရုန်းကန်ခြင်း မပြုရဲတော့ပြီ။

ထိုစဉ် ဘုံဆိုင်အဝတွင် လူတယောက် ရောက်လာကာ ထင်းစည်းကို ပစ်ချလေ၏။ ဆိုင်ရှင်မိန်းမကို ဝုဆုန်က ကြမ်းပေါ်တွင် ဖိခြေနေသည်ကို မြင်သည့်အခါတွင် ထိုလူသည် ခြေလှမ်းကြဲကြီးဖြင့် ခုန်ဝင်လာကာ-

"ဒီမှာ နောင်ကြီး။ သူ့ကို ဘာမှ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် ရှင်းပြပါ့မယ်" ဟု ပြော လေ၏။

ဝုဆုန်သည် ထရပ်လိုက်ပြီးနောက် လဲကျနေသည့် မိန်းမကို လက်ဝဲဘက်ခြေထောက် ဖြင့် နင်းထားပြီး လက်သီးနှစ်ဖက်ဆုပ်၍ ထိုလူကို

ရင်ဆိုင်လိုက်လေ၏။ ထိုလူသည်အနက်ရောင်ပဝါကို ခေါင်းတွင် စည်းထားပြီး အဖြူရောင်ဝတ်စုံ၊ အဖြူရောင်ခြေပတ်တို့ ဝတ်ဆင်ထားကာ ရှစ်မြှောင့်လှော်ဖိနပ်ကို စီးထားလျက် ခါးတွင် ခါးစည်းကြိုးတခုကို စည်းထားလေ၏။ ထိုလူ၏ နဖူးမှာ မောက်ပြီး မေးရိုးများမှာ ထင်းထင်းကြီး ပေါ်နေကြ လေ၏။ မေးတွင်လည်း မုတ်ဆိတ်ကျိုးကျဲတို့ ပေါက်လျက်ရှိလေ၏။ အသက်မှာ သုံးဆယ့်ငါး သုံးဆယ့်ခြောက်နှစ်ခန့် ရှိလေပြီ။ ထိုလူသည် လက်အုပ်ချီလိုက်ပြီး-

"နောင်ကြီးရဲ့ နာမည်ကို သိပါရစေဗျာ"

"ခရီးပဲ သွားသွား၊ နားပဲနေနေ ကျုပ်မှာ နာမည်တခုပဲ ရှိတယ်။ ကျုပ်နာမည် ဝုဆုန်"

"ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို သတ်ခဲ့တဲ့ ဝုဆုန်လားဗျာ"

"ဟုတ်တယ်။ ကျုပ်ပဲ"

ထိုလူသည် ဒူးထောက်ကာ သူ့ကို ဦးညွှတ် အရိုအသေပေးလေ၏။

"နောင်ကြီးရဲ့ ဂုဏ်သတင်းကို ကြားဖူးတာတော့ ကြာလှပါပြီဗျ။ ဒီနေ့ နောင်ကြီးကို တွေ့ရတာ ကံကောင်းတယ်လို့ ဆိုရတော့မှာပါပဲ"

"ခင်ဗျားက သူ့ယောကျ်ားလား"

"ဟုတ်ပါတယ်။ ကျွန်တော့်မိန်းမပါ။ သူ့မှာ မျက်လုံးရှိပေမယ့် တိုက်ရှန်းတောင်ကြီး ကို မမြင်ဘူးလေ နောင်ကြီးရဲ့။ နောင်ကြီးကို ဘယ်လိုများ သွားလုပ်လို့လဲဗျာ။ ကျွန်တော့် ကို ငဲ့သောအားဖြင့် ခွင့်လွှတ်ပါဗျာ"

ဝုဆုန်သည် ထိုမိန်းမကို ဆွဲထူလိုက်ကာ-

"ခင်ဗျားတို့ လင်မယားနှစ်ယောက်ဟာ သာမန်တော့ မဟုတ်ဘူး။ ခင်ဗျားတို့က ဘယ်သူတွေလဲ"

ထိုလူသည် သူ့မိန်းမကို အဝတ်အစား အဝတ်ခိုင်းပြီးနောက် ဝုဆုန်ကို ဦးညွှတ်ခိုင်းလေ၏။

"ကျုပ် နှမကြီးကို နည်းနည်း ဆုံးမလိုက်မိတယ်ဗျာ။ ကျုပ်ကို ခွင့်လွှတ်ပါ"

"ကျွန်မက လူကောင်းသူကောင်းကို မခွဲခြားတတ်သလို ဖြစ်သွားတယ်ရှင်။ မှားသွား ပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ။ ဧည့်ခန်းထဲမှာ ထိုင်ပါဦး"

"ခင်ဗျားတို့နှစ်ယောက် ဘယ်သူတွေလဲ။ ဘယ့်နှယ်လုပ်ပြီး ကျုပ်နာမည်ကို

သိနေကြရတာလဲ”

ယောက်ျားလုပ်သူက-

“ကျွန်တော့်နာမည်က ကျန်ချင်းလို့ခေါ်ပါတယ်။ ကျွန်တော်က အရင်တုန်းက ကွမ်မင်း ဘုန်းကြီးကျောင်းတိုက်မှာ ဥယျာဉ်စိုက်ခဲ့ဖူးပါတယ်။ နောက် အဲဒီမှာ အလုပ်လုပ်ရင်း အသေးအဖွဲ့ကိစ္စကလေး တခုအတွက် ဘုန်းကြီးတွေနဲ့ စကားများပြီး ဘုန်းကြီးတွေကို ရိုက်၊ ကျောင်းကို မီးနဲ့ ရှို့ပစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှ မဖြစ်ခဲ့ပါဘူး။ ရဲကလည်း ကျွန်တော့် ကို အရေးမယူပါဘူး။ ဒါနဲ့ ကျွန်တော် ခေါးပြတယောက်ဖြစ်ပြီး ဒီကမူနားက သစ်ပင်ကြီး နားမှာ စခန်းချပါတယ်။ တနေ့တော့ ထမ်းပိုးတချောင်းမှာ အထုပ်တထုပ် ထမ်းပြီး လာတဲ့ အဘိုးအိုတယောက်နဲ့ တွေ့ပါတယ်။ အဘိုးကြီးဆိုတော့ သူ့ကို အလွယ်နဲ့ အနိုင်ရလိမ့်မယ် လို့ ကျွန်တော် ထင်ခဲ့ပါတယ်။ ဒါနဲ့ သူ့ပစ္စည်းတွေကို သွားလုတော့ သူက ပြန်ပြီး ခုခံ ပါတယ်။ အချီနှစ်ဆယ်လောက် သတ်ရာမှာ ကျွန်တော့်ကို သူ့ထမ်းပိုးနဲ့ အနိုင်ယူသွား ပါတယ်။”

“အဲဒီ အဘိုးကြီးဟာ သူ ငယ်ငယ်တုန်းက ခေါးပြဗိုလ်ကြီးတဦး ဖြစ်ခဲ့တယ်ဆိုတာ နောက်ကျတော့မှ ကျွန်တော် သိရပါတယ်။ ကျွန်တော် အသတ်အပုတ်ကောင်းတာ၊ အခုန်အပျံကောင်းတာကို မြင်တော့ ကျွန်တော့်ကို မြို့ကို ခေါ်သွားပါတယ်။ ကျွန်တော့်ကို ကိုယ်ခံပညာရပ်တွေ သင်ပေးပြီး သူ့သမီးနဲ့ ပေးစားလိုက်ပါတယ်။ ဒါပေမဲ့ မြို့မှာ နေရတာ မပျော်ပိုက်တာနဲ့ ဒီနေရာကလေးကို ပြန်လာပြီး ဘုံဆိုင်ကလေးတဆိုင် ဖွင့်နေပါတယ်။

“အမှန်ကတော့ ဒီနေရာကို ဖြတ်သန်းသွားလာတဲ့ ခရီးသည်တွေကို လုယက်တာ ပါပဲ။ ကျွန်တော့်မှာလည်း ရဲညီနောင် အသိုက်အဝန်းတွေ ရှိပါတယ်။ ဥယျာဉ်မှူး ကျန်ချင်း ဆိုရင် သူတို့ သိကြပါတယ်။ ကျွန်တော့်ဇနီးရဲ့ ဆွေမျိုးနာမည်က ဆွန်လို့ ခေါ်ပါတယ်။ ကျွန်တော့်ဇနီးဟာ ဖခင်ဆီက ကိုယ်ခံပညာတွေကို သင်ကြားတတ်မြောက်ခဲ့ပါတယ်။ သူ့ကို စုန်းမဆွန်လို့ ခေါ်ကြပါတယ်။

“ခုကျွန်တော် အိမ်ကို ပြန်လာတော့ ကျွန်တော့်မိန်းမ အော်ဟစ်နေသံကို ကျွန်တော် ကြားလိုက်ပါတယ်။ နောင်ကြီးနဲ့ တွေ့လိမ့်မယ်လို့ ကျွန်တော် နည်းနည်းလေးမှ မထင်ခဲ့ပါဘူး။ ကျွန်တော် သူ့ကို မကြာခဏ ပြောခဲ့ဖူးပါတယ်။ “လောကမှာ အန္တရာယ်မပြုအပ်တဲ့ သူ သုံးမျိုးရှိတယ်။ ပထမတမျိုးကတော့ ဒေသအနှံ့ လှည့်လည်နေတဲ့ ရဟန်းတော်များ ဖြစ်တယ်။ ရဟန်းတော်များဟာ ခြိုးခြံနေထိုင်ပြီး လောကီကို စွန့်သူများ ဖြစ်တယ်” လို့ ကျွန်တော် ပြောဖူးပါတယ်။ ဒီလို ပြောထားပါလျက်နဲ့ အင်မတန်ထူးခြားတဲ့ လူတယောက် ကို သူ သတ်မိမလို

ဖြစ်ခဲ့ပါသေးတယ်။ အဲဒီလူကတော့ ယူနန်နယ်က ဗိုလ်ချုပ်ချုံကြီးရဲ့ တပ်က ဗိုလ်မှူးတယောက် ဖြစ်တဲ့ လူတာ ဆိုတဲ့ လူပါ။ အဲဒီလူဟာ အနောက်မင်း လို့ ခေါ်တဲ့ လူတယောက်ကို လက်သီးနဲ့ သုံးချက် ထိုးသတ်ခဲ့ဖူးလို့ ဝူတိုင်းတောင်ကို ပြေးလာပြီး သက်န်းစည်းနေခဲ့ပါတယ်။ သူ့ကျောကုန်းမှာ မင်သေ့တွေ ထိုးထားလို့ သူ့ကို ရဲညီနောင် အသိုက်အဝန်းမှာ မင်သေ့ကိုယ်တော်လို့လည်း ခေါ်ကြပါတယ်။ ရှင်ဉာဏလို့လည်း ခေါ် ကြပါတယ်။ ရှင်ဉာဏဟာ ခရီးသွားရင် အချိန်တဆယ်လောက်ရှိတဲ့ သံတောင်ဝှေးကြီးကို အမြဲကိုင်လေ့ ရှိပါတယ်။ တခါတော့ ရှင်ဉာဏဟာ ဒီကို ရောက်လာပြီး မူးယစ်ဆေး ထည့်ထားတဲ့ စိမ်ရည်ကို သောက်မိပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြန်လာလို့ သူ့သံတောင်ဝှေးကြီးကို မြင်တော့ ဒီကိုရင်ကြီးဟာ သာမညတော့ မဟုတ်ဘူးဆိုတာ သိတာနဲ့ သူ့ကို သတိရအောင် ဖြေဆေးတွေ တိုက်ပြီး နောက်တော့ ကျွန်တော်တို့နှစ်ဦးဟာ သွေးညီနောင်များအဖြစ် သစ္စာဆိုခဲ့ကြပါတယ်။ နောင်တော့ ရှင်ဉာဏဟာ နဂါးနှစ်ကောင်တောင်ရိုး ပေါ်က ပုလဲကျောင်းတိုက်ကို သိမ်းပြီး ဗိုလ်မှတ်ကျော်ဆိုတဲ့ လူနဲ့ အတူ တောပုန်း ဖြစ်သွား တယ်လို့ ကြားရပါတယ်။ သူက ကျွန်တော့်ကို ခေါ်နေတာ ကြာလှပါပြီ။ ဒါပေမဲ့ ကျွန်တော် မသွားဖြစ်ပါဘူး”

“သူတို့နှစ်ယောက်စလုံးကတော့ ရဲညီနောင်အသိုက်အဝန်းမှာ နာမည်ကျော်တာပဲဗျ”

“နောက်တယောက်ကတော့ အရပ်မြင့်မြင့်၊ ကိုယ်ခန္ဓာကြီးခိုင်တဲ့ ကိုရင်ကြီးတပါး ပါပဲ။ ကျွန်တော့်ဇနီးက ဆေးခတ်ပြီး သတ်ပစ်လိုက်ပါတယ်။ ကျွန်တော် ပြန်ရောက်တာ နောက်ကျတဲ့အတွက် သူ့ကိုတော့ ကျွန်တော် မကယ်နိုင်တော့ပါဘူး။ သူ့ကိုတော့ ခြေလက်ကို ဖြတ်ပြီး သတ်ပစ်လိုက်ပါတယ်။ အရေးကြီးတဲ့ အမှတ်တရပစ္စည်းဆိုလို့ ဒီနှစ်ခုပဲ ရှိပါတော့တယ်။ တခုကတော့ အရိုးလူခေါင်းရိုးနဲ့ လုပ်ထားတဲ့ ပုတီးတကုံးရယ်၊ နောက် တခုကတော့ သိပ်ကောင်းတဲ့ သံနဲ့ လုပ်ထားတဲ့ ဓားတချောင်းရယ်ပဲ ကျန်ပါတော့တယ်။ ဒီဓားနဲ့ လူတွေ ဘယ်လောက် သတ်ခဲ့သလဲတော့ မပြောတတ်ဘူး။ ညည ဆိုရင် ဓားက ညည်းသံကိုတောင် ကြားရပါတယ်။ သူ့ကို မကယ်လိုက်နိုင်တဲ့အတွက် ကျွန်တော် နည်းနည်းမှ စိတ်မကောင်းပါဘူး။ ခုထိ ကျွန်တော် သူ့ကို သတိရနေပါတယ်။ အန္တရာယ်မပြု အပ်တဲ့ ဒုတိယတမျိုးက “အရပ်တကာလှည့်ပြီး ကပြနေရတဲ့ သဘင်သည် မိန်းကလေး တွေပဲ”လို့ ကျွန်တော့်မိန်းမကို ကျွန်တော် ပြောပါတယ်။ သဘင်သည် ဆိုတာဟာ အရပ် တကာလှည့်၊ သူများ ကချိကချောက် လုပ်တာကို အလိုလိုက်ပြီး သူများ ကျေနပ်အောင် ကပြသီဆိုပြီး အသက်မွေးရတဲ့သူတွေ။ သူတို့ကို သတ်မိရင် သူတို့က ဒီအကြောင်းကို ဇာတ်စင်ပေါ်မှာ တေးဖွဲ့ပြီး ဆိုပြတာနဲ့ ကျွန်တော့်အကြောင်းကို လူတွေ မသိချင်အဆုံး ဖြစ်ကုန်မယ်။ ရဲညီနောင်အသိုက်အဝန်းမှာ ဒီလို အပြုအမူမျိုးဟာ သဘောထားသေးရာ၊

ယောက်ျားမပီသရာ ရောက်တဲ့ အပြုအမူမျိုးလို့ ပြောပြပါတယ်။

"နောက် အန္တရာယ်မပြုအပ်တဲ့ အမျိုးအစားကတော့ "ရာဇဝတ်ဒဏ်ကို ခံရသူများ" ဖြစ်တယ်။ သူတို့အထဲမှာ လူစွမ်းကောင်းတွေ အများကြီးရှိတယ်။ သူတို့ကို အန္တရာယ် မပြုသင့်ဘူးလို့ ကျွန်တော့်မိန်းမကို အတန်တန် ပြောဖူးပါတယ်။ ကျွန်တော့်မိန်းမဟာ ကျွန်တော့်စကားကို အမြဲ နားထောင်ပါတယ်။ ဒီနေ့တော့ နောင်ကြီးကို အနှောင့်အယှက် ပေးမိတဲ့အတွက် ခွင့်လွှတ်ပါဗျာ။ ကျွန်တော် စောစော ရောက်လာပေလို့ပေါ့။ ငါ့မိန်းမနှယ် ဘယ်လို လုပ်လိုက်တာလဲကွာ"

"အစတုန်းကတော့ ကျွန်မ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ သူ့အထုပ်ကြီးက ကြီးလည်း ကြီး၊ လေးလည်း လေးဆိုတော့ စိတ်ကူးပေါက်လာတာနဲ့ ဒီလို လုပ်မိတာပါ"

ဝုဆုန်က-

"ကျွန်တော်က တရားရှိတဲ့လူပါဗျာ။ လူစွမ်းကောင်း မိန်းမတယောက်ကို ကျွန်တော် အရမ်း မလုပ်ပါဘူး။ ဒါပေမဲ့ ကျုပ်နှမကြီးက ကျုပ်အထုပ်ကိုပဲ ကြည့်ကြည့်နေတော့ ကျုပ်စိတ်ထဲမှာ နည်းနည်း သံသယ ဖြစ်လာတယ်။ ဒါနဲ့ ကျုပ်နှမကြီး အစွမ်းအစကို သိရအောင် ကျုပ်ပဲ အကဲစမ်းကြည့်တာပါ။ ကျုပ်နှမကြီး ပေးတဲ့ စိမ်ရည်ကို ကျုပ် သွန်ပစ်လိုက်ပြီး ဆေးမိချင်ယောင် ဆောင်နေလိုက်တာပေါ့။ ကျုပ်နှမကြီးက ကျုပ်ကိုလည်း မ လိုက်ရော သူ့ကို အတင်းညှပ်ပြီး အောက်ကို ချအောင် လုပ်တာပေါ့။ ခွင့်လွှတ်ပါ ကျုပ် နှမကြီး"

ကျန်ချင်းသည် ဟက်ဟက်ပက်ပက် ရယ်မောကာ ဝုဆုန်အား နောက်ဖေးရှိ ဧည့်ခန်း ဆောင်သို့ ဖိတ်လေ၏။ ထိုင်မိသည့်အခါတွင် ကျန်ချင်းက-

"နို့ နေစမ်းပါဦး။ နောင်ကြီးရဲ့ ပြစ်မှုက ဘာပြစ်မှုလဲ။ ဘာဖြစ်လို့ နယ်နှင်ခံရတာလဲ"

ဝုဆုန်က ဆီမန်နှင့် မိမိ၏ မရီးကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်းကို အသေးစိတ် ပြောပြလေ၏။ ဘုံဆိုင်ပိုင်ရှင် လင်မယားသည် သူပြောပြသည့် အဖြစ်အပျက်ကို ဝမ်းသာ အားရစွာဖြင့် နားထောင်ကြလေ၏။ ဩဘာပေးကြလေ၏။

ကျန်ချင်းက-

"နောင်ကြီးကို ပြောစရာတခုတော့ ရှိတယ်ဗျ။ နောင်ကြီး နားထောင်မလား"

"ပြောပါ နောင်ကြီးရ။ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

ကျန်ချင်းသည် အေးဆေးငြိမ်သက်စွာဖြင့် စကားအနည်းငယ် ပြောလေ၏။ ထိုစကားကြောင့် ဝုဆုန်သည် မိန်ကျို့မြို့တွင် ကသောင်းကနင်း ဖြစ်စေခဲ့ပြီး အန်ပင်းခံတပ်သစ် တပ်ကို ဖရိုဖရဲ ဖြစ်စေခဲ့လေ၏။ နွားထီးတကောင်၊ သို့မဟုတ် ဆင်ပြောင်ကြီးတကောင်ကို အသာအယာ ဆွဲယူနိုင်သည့် လူအား ကျွမ်းထိုး မှောက်ခုံ ဖြစ်စေခဲ့ပြီးနောက် နဂါး တကောင်၊ သို့မဟုတ် ကျားတကောင်ကို ဖမ်းနိုင်သူအား အလဲထိုးခဲ့လေ၏။

ကျန်ချင်းသည် ဝုဆုန်ကို မည်သည့်စကားကို ပြောလိုက်လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၈

ဝုဆုန်၏ ဂုဏ်သတင်းကြောင့် အန်ပင်းသစ်တပ် သိမ့်သိမ့်တုန်ခြင်း

မဟာမြိုင်တောကို ရှိအန် ပြန်လည် သိမ်းပိုက်ခြင်း

ကျန်ချင်းက-

"ကျွန်တော်ဟာ ကောက်ကျစ်ယုတ်မာတဲ့ လူတယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာဖြစ်လို့ ထောင်ထဲမှာ ဆင်းဆင်းရဲရဲ နေတော့မှာလဲဗျာ။ ဒီအစောင့်နှစ်ယောက်ကို ရိုက်ပြီး ထွက်ပြေးပါလား။ အဲဒါက ခင်ဗျားအတွက် ပိုမကောင်းပေဘူးလား။ ခင်ဗျား သွားချင်တယ်ဆိုရင် နဂါးနှစ်ကောင်တောင်ရိုးက ပုလဲကျောင်းတိုက်ကို ကျွန်တော် လိုက်ပို့ ပေးမယ်။ အဲဒီမှာ ရှင်ဉာဏတို့ ဂိုဏ်းထဲ ဝင်ပေါ့။ ဘယ့်နှယ်လဲ"

"အင်း၊ နောင်ကြီးကတော့ စေတနာနဲ့ ပြောတာပါပဲ။ ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ကျွန်တော့်အပေါ်ကို မတရားလုပ်တဲ့ လူဆိုးတွေကိုမှ ကျွန်တော် ချခဲ့တာ။ ခု အစောင့် နှစ်ယောက်ကတော့ ကျွန်တော့်ကို တလမ်းလုံး ကြင်ကြင်နာနာနဲ့ ကူညီခဲ့သူတွေ။ ဒီတော့ သူတို့ကို သတ်ရင် ဘုရားက ကျွန်တော့်ကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော့်ကို လေးစားခင်မင်တယ်ဆိုရင် သူတို့နှစ်ယောက်ရဲ့ အသက်ကိုတော့ ကယ်ပေးပါဗျာ။ ပြီးတော့ သူတို့ကို ဘာမှ အန္တရာယ်မပေးပါနဲ့"

"ကောင်းပြီလေ။ နောင်ကြီးက ရက်ရောသဘောထားကြီးသူ ဖြစ်လေတော့ သူတို့ကို ကျွန်တော် သတိပြန်ရအောင် လုပ်ပေးပါ့မယ်"

ကျန်ချင်းသည် သူ့တပည့်များကို ခေါ်ကာ အစောင့်နှစ်ယောက်အား လူသတ်သည့် စဉ်းနှီးတုံးများပေါ်မှ အောက်သို့ ချပေးရန် ခိုင်းလေ၏။ သူ့ဇနီးက သတိပြန်လည်လာစေရန် ဆေးတဖုံကို စပ်နေ၏။ ကျန်ချင်းသည် သတိမေ့နေသော အစောင့်နှစ်ယောက်၏ နားရွက်ကို ဆွဲကာ ဆေးရည်များကို ပါးစပ်ထဲသို့ လောင်းထည့်၏။ မကြာမီ သူတို့နှစ်ယောက်သည် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ သတိပြန်ရလာကာ လေးဖက်ထောက် ထလာကြလေ၏။ သူတို့နှစ်ယောက်သည် ဝုဆုန်ကို လှမ်းကြည့်နေကြ၏။

ဝုဆုန်က ရယ်လျက်ရှိပြီး ကျန်ချင်းတို့ လင်မယားနှစ်ယောက်မှာ တခွီခွီ ဖြစ်နေကြလေ၏။ အစောင့်နှစ်ယောက်တို့မှာကား ကြောင်တက်တက်

ဖြစ်နေကြလေ၏။

ကျန်ချင်း၏ တပည့်နှစ်ယောက်တို့သည် ကြက်များ၊ ငန်းများကို သတ်ကာ ချက်ပြုတ် ပြီးနောက် စားပွဲပေါ်တွင် စိမ်ရည်ခွက်များ၊ ပန်းကန်များကို လာချကြလေ၏။ ကျန်ချင်းက တဲနောက်ဖေးရှိ စပျစ်ရုံကြီးအောက်တွင် စားပွဲပြင်ရန် ပြောလိုက်ပြီး ဝုဆုန်နှင့် အစောင့် နှစ်ယောက်တို့ကို ဖိတ်လေ၏။ ဝုဆုန်သည် အစောင့်နှစ်ယောက်တို့ကို စားပွဲထိပ်တွင် ထိုင်စေပြီး သူနှင့် ကျန်ချင်းတို့က မျက်နှာချင်းဆိုင်တွင် ထိုင်ကြ၏။ တပည့်များက စိမ်ရည်များကို ငှဲ့ပေးကြပြီး စားသောက်ဖွယ်ပန်းကန်တို့ကို လာချကြ၏။ ကျန်ချင်းသည် မှောင်သည်အထိ ဝုဆုန်နှင့် စိမ်ရည် သောက်နေလေ၏။ ကျန်ချင်းသည် ဝုဆုန်အား သားလှီးဓား တစုံကို ပြလေ၏။ ထိုဓားများမှာ အလွန်ကောင်းသည့် ဓားများ ဖြစ်ပြီး တနေ့တည်းတွင် အပြီးလုပ်သော ဓားများ မဟုတ်ချေ။ သူတို့နှစ်ယောက်သည် ရဲညီနောင်အသိုက်အဝန်းမှ ရဲဝံ့သူများ၏ စွမ်းဆောင်ချက်များအကြောင်းကို အတန်ကြာမျှ ပြောဆိုနေကြ၏။

“ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်ဆိုတဲ့လူကဖြင့် တော်တော်သစ္စာရှိပြီး တော်တော်လည်း ရက်ရော သဘောထားကြီးတဲ့လူပဲဗျာ။ သတ္တိကောင်းလိုက်ပုံကလည်း မပြောနဲ့တော့။ သူလည်း ပြဿနာတခုပေါ်လို့ ထွက်ပြေးတိမ်းရှောင်ပြီး သခင်ကျဲ့ရဲ့ လယ်တောမှာ ပုန်းနေတယ်လို့ ကြားရတယ်” ဟု ဝုဆုန်က ပြောလေ၏။

အစောင့်များသည် သူတို့ခေါ်ဆောင်လာသော အကျဉ်းသား၏ မိတ်ဆွေများအကြောင်း ကို ကြားရသည့်အခါ၌ ထိတ်လန့်ကြောက်ရွံ့ကာ ဒူးထောက်လျက် သူတို့ကို အရိုအသေပေးကြလေ၏။

“ဟုတ်တယ်ကွာ။ မင်းတို့နှစ်ယောက်မှာ ငါ့ကြောင့် ဒီခရီးကြီးကို စောင့်ကြပ်လိုက်ပို့ ရတာ တော်တော် ဒုက္ခရောက်လှပြီ။ မင်းတို့ကို သတ်ဖို့ စိတ်ကူးရင် ဒီလိုနေပါ့မလား။ တို့တတွေ ရဲညီနောင် အသိုင်းအဝိုင်းအကြောင်းကို ပြောရင် မကြောက်ပါနဲ့။ ငါ့တသက်မှာ လူကောင်းတယောက်ကို ဘယ်တော့မှ အန္တရာယ်မပေးခဲ့ဖူးပါဘူး။ အေးအေးဆေးဆေး စိမ်ရည်သောက်ကြပါ။ မနက်ဖြန် မိန်ကျို့မြို့ကို ရောက်လို့ရှိရင် မင်းတို့ နှစ်ယောက်ကို ငါ ကျေးဇူးဆပ်ပါ့မယ်”

ထိုညတွင် သူတို့သည် ကျန်ချင်း၏ အိမ်တွင် တည်းခိုကြ၏။

နောက်တနေ့တွင် ဝုဆုန်မှာ ခရီးဆက်ချင်လှလေပြီ။ သို့ရာတွင် ကျန်ချင်းက လက်မခံချေ။ ကျန်ချင်းသည် ဝုဆုန်ကို သုံးရက်ဆက်၍ ဧည့်ခံကျွေးမွေး၏။ ဝုဆုန်သည် သူ့ကို များစွာ ကျေးဇူးတင်လျက်ရှိ၏။ သူတို့နှစ်ယောက်သည် သွေးညီနောင်များအဖြစ် သစ္စာဆိုကြ၏။ ကျန်ချင်းမှာ ဝုဆုန်ထက်

ကိုးနှစ်ကြီးသောကြောင့် ဝုဆုန်က ညီအငယ်အဖြစ် သစ္စာဆို၏။

ထို့နောက်တွင် ဝုဆုန်သည် ခရီးဆက်လာခဲ့လေ၏။ ကျန်ချင်းက သူ့ကို နှုတ်ဆက် ဧည့်ခံပွဲ ကျင်းပကာ သူ့အထုပ်အပိုးများနှင့် သူ့သားရေအိတ်ကို ပြန်ပေးပြီးလျှင် ငွေ တဆယ်ကျပ်သားလည်း ပေးလိုက်လေ၏။ အစောင့်နှစ်ယောက်ကိုလည်း ငွေသုံးကျပ်သား စီ ပေးလိုက်၏။ ဝုဆုန်က သူ ရသည့် ငွေတဆယ်သားကို အစောင့်များအား ပေး၏။ ထို့နောက် ဝုဆုန်သည် သူ့ထိပ်တုံးကို လည်တွင် ပြန်ဆွဲပြီး ချိပ်ပိတ်၍ တံဆိပ်ရိုက်နှိပ်ခိုင်း၏။

ကျန်ချင်းတို့ ဇနီးမောင်နှံက သူတို့ကို ဝင်းဝရောက်အောင် လိုက်ပို့၏။ ဝုဆုန်သည် မျက်ရည် ဝေ့လျက်ရှိသော မျက်လုံးများဖြင့် သူတို့ကို နှုတ်ဆက်ကာ မိန်ကျို့မြို့သို့ ခရီးဆက်ခဲ့လေ၏။

မွန်းမတည့်မီမှာပင် ဝုဆုန်နှင့် အစောင့်နှစ်ယောက်တို့သည် မိန်ကျို့မြို့သို့ ရောက်လာခဲ့ကြ၏။ သူတို့သည် ဆိုင်ရာ ရဲဝန်ရုံးသို့ သွားကာ တုန်ပင်းရဲဝန်ထံမှ ပေးပို့လိုက်သည့် စာရွက်စာတမ်းများကို အပ်နှံကြ၏။ ရဲဝန်သည် စာရွက်စာတမ်းများကို ဖတ်ကာ ဝုဆုန် အား ရာဇဝတ်သားအဖြစ် လက်ခံရယူပြီးနောက် လက်ခံရရှိကြောင်း ပြေစာကို အစောင့်များအား ပေး၍ အပြန်ခိုင်း၏။ သူတို့အကြောင်းကိုမူ နောက်ထပ် မပြောတော့ပြီ။

ဝုဆုန်ကို ထောင်ကြီးသို့ ပို့လိုက်၏။ ထောင်ဘူးဝတွင် “အန်ပင်းထောင်” ဟု စာတန်း ရေးထားသည့် ဆိုင်းဘုတ်တခု ချိတ်ထား၏။ ထောင်ကြပ်များသည် သူ့ကို အခန်းတခန်းထဲသို့ ခေါ်သွားကြကာ သူနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုကြ၏။ ထိုအကြောင်းကို နောက်ထပ် မပြောတော့ပြီ။ အကျဉ်းသားတကျိပ်ကျော်ခန့် တို့သည် ဝုဆုန်အနီးသို့ ရောက်လာကြ၏။

“ဒီမှာ မိတ်ဆွေကြီး။ ခင်ဗျားမှာ မိတ်ဆက်စာ ဖြစ်ဖြစ်၊ ငွေစ ဖြစ်ဖြစ် ပါလာလို့ရှိရင် ထောင်မှူးလာတဲ့ အခါကျတော့ ထောင်မှူးကို ပေးလိုက်။ ဒီလိုဆိုရင် စိတ်ခတ်နှိမ်ရိုက်ပွဲမှာ ခင်ဗျားကို သက်သက်ညှာညှာ ရိုက်လိမ့်မယ်။ လက်ဆောင်တို့ ဘာတို့ ပါမလာဘူး ဆိုရင် တော့ ခင်ဗျား မသက်သာဘူး မှတ်ပါ။ ကျွန်တော်တို့က ခင်ဗျားလို သာမန်ရာဇဝတ်သားတွေပဲ။ ဒါကြောင့် ခင်ဗျားကို အသိပေးရတာ။ “ယုန်သေရင် မြေခွေးလည်း ငိုရတာပဲ။ အားလုံး ဘဝတူတွေချည်းပဲ” ဆိုတဲ့ စကားလိုပေါ့ဗျာ။ ခင်ဗျားကတော့ ဒီမှာ လူသစ်ပဲ ရှိသေးတယ်။ ခင်ဗျား မသိမှာစိုးလို့ ကြိုတင်ပြောထားရတာ”

“အေးဗျာ။ ခုလို အသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မှာ ပေးစရာ ကလေး နည်းနည်းပါးပါးတော့ ပါပါတယ်။ ကောင်းကောင်းမွန်မွန် တောင်းရင်လည်း ပေးရတာပေါ့။ ကျွန်တော့်ကို ဗိုလ်ကျလို့တော့ တပြားမှ မပေးဘူး”

“ဒီလိုလည်း မပြောနဲ့လေ ရဲဘော်ကြီး။ “အရာမရှိတဲ့အချိန် မဟုတ်ရင် အရာရှိကို မကြောက်နဲ့” ဆိုတဲ့ စကားတွေ၊ “တံစက်မြိတ်နိမ့်တဲ့ အမိုးအောက်မှာ မည်သူမှ ခေါင်း မမော်ရဲ” ဆိုတဲ့ စကားတွေ ရှိတယ် မဟုတ်လား။ သတိထားရင် ကောင်းတာပေါ့ဗျာ”

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် “ဟော၊ ထောင်မှူးကြီး လာပြီ” ဟု ဆိုကာ အကျဉ်း သားများသည် အလျှိုလျှို ထွက်သွားကြ၏။ ဝုဆုန်သည် သူ့အထုပ်ကို ဖြေကာ အခန်း ထဲတွင် ထိုင်စောင့်နေ၏။ ထောင်မှူးကြီး သည် အခန်းထဲသို့ ဝင်လာကာ-

“လူသစ်ရောက်တယ်ဆိုတာ ဘယ်သူလဲဟေ့”

“ကျွန်တော်ပါ ခင်ဗျာ” ဟု ဝုဆုန်က ဖြေလေ၏။

“မင်းမှာ မျက်စိမပါဘူးလားဟင်။ ငါ မေးတာကို ဘာဖြစ်လို့ စောင့်နေရတာလဲ။ ကျင့်ယန်ခင်တန်းမှာ ကျားတကောင်ကို သတ်ခဲ့ပြီး ယန်ကူမှာ ရဲသားလုပ်ခဲ့တယ်ဆိုတာ မင်းလား။ ဒီလောက်တော့ ဝတ္တရားနားလည်မှပေါ့ကွ။ ဒီလောက် အလိုက်ကန်းဆိုး မသိဘူးလား။ ဒါက ငါ့နယ်ဆိုတာ မင်းမှတ်ထားပါ။ မင်း ဒီမှာ ကောင်းကောင်းနေပါ။ ကြောင် တကောင်လောက်တောင် အမြီးမလှုပ်ပါနဲ့”

“ထောင်မှူးကြီးက ကျွန်တော့်ကို ဒီလိုပြောတာ လက်ဆောင်တို့ ဘာတို့ ပေးစေချင်လို့ ထင်တယ်။ ဒီလိုပြောလို့တော့ တပြား ရလိမ့်မယ် မထင်နဲ့ဗျ။ လက်ဆောင်အစား ဟောဒီက လက်သီးပဲ ရမယ်။ ကျုပ်မှာ ပိုက်ဆံရှိသင့်သလောက် ရှိတယ်။ ဒါပေမဲ့ ခင်ဗျားကို မပေးနိုင်ဘူး။ ကျုပ်အတွက် စိမ်ရည်ဖိုးလေး ဘာလေး ချန်ရဦးမယ်။ ဒီတော့ ခင်ဗျား ဘာလုပ်ချင်သလဲ။ ယန်ကူတိုက်နယ်ကို ပြန်ပို့ချင်သလား”

ထောင်မှူးကြီးမှာကား စိတ်ဆိုး၍ မဆုံးတော့ပြီ။ ဤတွင် အခြားအကျဉ်းသားများ သည် သူ့အနီးသို့ ရောက်လာကြကာ-

“နောင်ကြီး။ ဒီလိုမပြောနဲ့လေ။ ခင်ဗျားတော့ ဒုက္ခရောက်တော့မှာပဲ။ သူက ထောင်ကြပ်ကို အမိန့်ပေးလိုက်ရင် ခင်ဗျား အသတ်ခံရတော့မှာပဲ”

“မကြောက်ပါဘူးဗျာ။ သူကြိုက်သလို လုပ်စမ်းပါစေ။ သူက ယဉ်ကျေးရင် ကိုယ်ကလည်း ယဉ်ကျေးမယ်၊ သူက ရိုင်းရင် ကိုယ်ကလည်း ရိုင်းမှာပဲ”

ထိုစဉ် ထောင်ကြပ် နှစ်ယောက် သုံးယောက် ဝင်လာကာ အကျဉ်းသားသစ်ကို အော်၍ ခေါ်လျက် ရှိလေ၏။

"ဟေ့ကောင်တွေ၊ မင်းတို့သခင် ဒီမှာကွ။ ငါ ထွက်မပြေးဘူး။ ဘာဖြစ်လို့ ဒီလောက် အော်ခေါ်နေရတာလဲ"

အစောင့်များသည် သူ့ကို ထောင်မှူးရုံးသို့ ခေါ်သွားကြ၏။ အခန်းဝသို့ ရောက်သည့် အခါတွင် အစောင့်တကျိပ် တဝက်ခန့်တို့သည် ဝုဆုန်ကို အခန်းထဲသို့ တွန်းလွှတ်လိုက်ကြ၏။ ထောင်မှူးက ဝုဆုန်၏ လည်ပင်းတွင် စွပ်ထားသည့် ထိပ်တုံးကြီးကို အဖြုတ်ခိုင်းလေ၏။

"မောင်မင်း သိစေရမယ်။ စိတ်ခေတ်ဦးချိုးတဲ့အနေနဲ့ အသစ်ရောက်လာတဲ့ အကျဉ်းသားတိုင်းကို ကြိမ်ဒဏ်တရာ ရိုက်ရမယ်လို့ ဆွန်မင်းဆက် ပထမကေရာဇ် ဘုရင်မင်း ဖြစ်တဲ့ သေနင်္ဂဗျူဟာ ဓမ္မရာဇာဓိပတိမင်းကြီး အမိန့်တော်ထားခဲ့တယ်။ ဟဲ့၊ ထောင်စောင့် တွေ။ ရာဇဝတ်ကောင်ကို လှဲထားကြ"

"ဗျို့လူတွေ၊ တယောက်မှ မလှုပ်ကြနဲ့။ ခင်ဗျားတို့ရိုက်ချင်ရင် ရိုက်ကြစမ်း။ ကျုပ်ကို တယောက်မှ ကိုင်ပေးစရာ မလိုဘူး။ တချက်တွန့်ရင် ကျုပ် ယောကျ်ား မဟုတ်ဘူး။ တစ် ကနေ ရေပြီး ရိုက်ကြစမ်း။ ကျုပ် တချက်အော်ရင် ယန်ကူနယ်သား ယောကျ်ားကောင်း မဟုတ်ဘူး"

ကြည့်နေသူများအားလုံးသည် ဝိုင်း၍ ရယ်ကြ၏။

"ဒီသောက်ရူးတော့ သေချင်ပြီထင်တယ်။ ဘယ်လောက် ခံနိုင်သလဲဆိုတာ စမ်းကြည့် ရသေးတာပေါ့ကွာ"

"ခင်ဗျားတို့ လက်စွမ်းရှိသလောက် ရိုက်ကြစမ်းပါ။ ညှာရိုက်ရင် ကျုပ်မှာ အနှောင့် အယှက်တောင် ဖြစ်သေးတယ်"

ထိုစကားကို ကြားသည့်အခါတွင် အခန်းထဲရှိ လူများမှာ ပို၍ပင် ကျယ်လောင်စွာ ရယ်ကြ၏။ ထိုစဉ် ထောင်မှူးအနီးတွင် ရှိသည့် လူငယ်တယောက်သည် အနီးသို့ ကပ်၍ တစုံတရာကို တီးတိုးပြောလိုက်၏။ ထိုလူငယ်မှာ အရပ်အမောင်း ခပ်သင့်သင့်၊ အသား ဖြူဖြူနှင့် ဖြစ်ပြီး အသက်အစိတ်လောက်ဖြစ်၍ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်တို့နှင့် ဖြစ်၏။ သူ့ခေါင်းတွင် ပဝါဖြူတထည်ကို ပေါင်းထားပြီး ဝတ်စုံအနက်ကို ဝတ်ထား၏။ လက် တဖက်ကိုလည်း ပိုးစဖြင့် သိုင်း၍ ထားလေ၏။ ပတ်တီးစည်းထားလေ၏။ ထောင်မှူးသည် ဝုဆုန်ကို ကြည့်၍-

"ခင်ဗျား လမ်းမှာ နေထိုင်မကောင်း ဖြစ်လာသလား"

"မဖြစ်ဘူးဗျ။ စိမ်ရည်သောက်တယ်။ ထမင်းစားတယ်။ အမဲသားစားတယ်။ ခြေလှမ်း တလှမ်း မပျက်ခဲ့ဘူး"

ထောင်မှူးက-

"ရာဇဝတ်သားဟာ လမ်းခရီးမှာ မကျန်းမမာ ဖြစ်လာပုံရတယ်။ သူ့အသားအရေ ကလည်း မကောင်းဘူး။ ခုမှ နာလန်ထစနဲ့ တူတယ်။ ဒါကြောင့် သူ့ကို ချက်ချင်း ကြိမ် မရိုက်သေးဘဲ ခဏ ဆိုင်းထားလိုက်ဦးမယ်"

ဝုဆုန်၏ အနီးတွင် ရပ်နေသည့် ကြိမ်ရိုက်သမားတို့က နားနားသို့ ကပ်၍-

"ဗျို့လူ။ လမ်းမှာ နေထိုင်မကောင်း ဖြစ်လာတယ်လို့ ပြောလိုက်လေဗျာ။ ထောင်မှူး က ခင်ဗျားကို ထွက်ပေါက်ပေးနေတာ။ ဒီတခွန်းပြောလိုက်ရင် ခင်ဗျား အရိုက်ခံရတော့မှာ မဟုတ်ဘူး"

"ကျုပ် နေကောင်းတယ်။ ခုလည်း ကောင်းတယ်။ ရိုက်မှာဖြင့် ရိုက်ပါ။ ဘာဖြစ်လို့ ဆိုင်းထားဦးမှာလဲ။ ကျုပ်က အကြွေးဆို သိပ်ထားချင်တဲ့ ကောင် မဟုတ်ဘူး။ အကြွေး ထားရင် ခင်ဗျားတို့ စိတ်မထင်တိုင်း လာလာ တောင်းနေတာမျိုးကို ကျုပ် မခံနိုင်ဘူး"

ဘေးမှ ရပ်ကြည့်နေသူများသည် ရယ်ကြပြန်၏။ ထောင်မှူးလည်း ရော၍ရယ်လေ၏။

"ဒီရာဇဝတ်သားဟာ နေထိုင်မကောင်းဖြစ်ရုံတင် မကဘူး။ ခုလည်း ငန်းဖမ်းပြီး ကယောင်ကတမ်းတွေကို ပြောနေတယ်ကွ။ သူပြောတာကို အရေးစိုက်နေလို့ မဖြစ်ဘူး။ ကဲ၊ အစောင့်တွေ၊ သူ့ကို တယောက်ခန်းထဲကို ပို့လိုက်ကြတော့"

အစောင့်သုံးယောက်တို့သည် ဝုဆုန်ကို အခန်းသို့ ပြန်ပို့ကြ၏။ အကျဉ်းသားများ သည် သူ့အနီးသို့ ဝိုင်းအုံလာကြပြန်ကာ-

"နောင်ကြီးမှာ ထောင်မှူး၊ ထောင်ကြပ်ရဲ့ မိတ်ဆွေဆီက စာတို့ ဘာတို့များ ပါသလား" ဟု မေးမြန်းကြ၏။

"ဘယ်က ပါရမှာလဲဗျာ"

"ဒီလိုဆိုရင်တော့ ရွှေ့ဆိုင်းထားတာဟာ ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူးဗျ။ ခင်ဗျားကို ဒီနေ့ညမှာပဲ အပျောက်ရှင်းပစ်လိမ့်မယ် ထင်တယ်"

"ဘယ်လိုရှင်းမှာလဲ"

"ညနေကျရင် ခင်ဗျားကို လုံးတီးဆန် နှစ်ပန်းကန် ယူလာလိမ့်မယ်။ စားသောက် ပြီးရင် ခင်ဗျားကို ကြိုးနဲ့တုပ်ပြီး မြေတိုက်ထဲကို ခေါ်သွားလိမ့်မယ်။

ပြီးတော့ ခင်ဗျားကို ဖျာနဲ့ လိပ်၊ ဒွါရခုနစ်ပေါက်ကို ပိတ်ပြီး နံရံမှာ ဇောက်ထိုး ထောင်ထားလိမ့်မယ်။ အဲ၊ သန်းခေါင်ကျော်လောက်လည်း ရောက်ရော ခင်ဗျားလည်း သေရော။ အဲဒီနည်းကို "ဇောက်ထိုးကန်တော့နည်း" လို့ ခေါ်သဗျ"

"နောက်တနည်းကတော့ ကြိုးနဲ့တုပ်ပြီး ခင်ဗျားကိုယ်ပေါ်မှာ သဲအိတ်ကြီး တင်ထားလိမ့်မယ်။ အဲ၊ နောက် တမောင်းလောက်လည်း ရောက်ရော အသက်မရှူနိုင်တော့ဘဲ သေရော။ အဲဒီနည်းကတော့ "သဲအိတ်နည်း" တဲ့ဗျ"

"ဒီပြင်ကော"

"ဒီနည်းနှစ်နည်းကတော့ ကြောက်စရာအကောင်းဆုံးပဲ။ ဒို့ပြင် နည်းတွေကတော့ ဒီလောက် မဆိုးပါဘူး"

ထိုစဉ် အစောင့်တယောက်သည် ဗန်းတခုကို ကိုင်၍ ဝင်လာကာ-

"အကျဉ်းသားသစ် ဝုဆုန် ဘယ်မှာလဲ"

"ကျုပ်ပဲ။ ဘာကိစ္စရှိလို့လဲ"

"ခင်ဗျားအတွက် ထောင်မှူးက အစားအသောက် အပို့ခိုင်းလိုက်လို့"

ဝုဆုန်သည် ဗန်းထဲသို့ လှမ်းကြည့်လိုက်၏။ စိမ်ရည်တခွက်၊ အသားတပန်းကန်၊ ခေါက်ဆွဲတပန်းကန်နှင့် ဟင်းချိုတပန်းကန်တို့ကို တွေ့ရ၏။

"အင်း၊ ထောင်သားတွေ ပြောသလို ငါ့ကို ဒီအစာတွေ ကျွေးပြီး သတ်တော့မယ် ထင်တယ်။ ကိစ္စမရှိဘူးလေ။ အရင်စား လိုက်ဦးမယ်။ ကျန်တာတွေ နောက်မှ စဉ်းစားမယ်"

ဟု တွေးနေ၏။

ဝုဆုန်သည် စိမ်ရည်ကို တကျိုက်တည်း မော့ချလိုက်ပြီးနောက် အမဲသားနှင့် ခေါက်ဆွဲ တို့ကို စား၏။ အစောင့်သည် ပန်းကန်ပြားများကို သိမ်း၍ ပြန်သွား၏။ ဝုဆုန်သည် အခန်း ထဲတွင် ထိုင်၍ စဉ်းစားနေလေ၏။ ထို့နောက် ရယ်လိုက်လျက် "အေးလေ၊ ဘာလုပ်မလဲ ဆိုတာ ကြည့်ရဦးမှာပေါ့" ဟု တွေးမိကာ ဖျစ်ညှစ်၍ ရယ်လေ၏။

ညနေမိုးချုပ်တွင် အစောင့်သည် ဗန်းကို ကိုင်၍ ရောက်လာပြန်၏။

"ဘာကိစ္စလဲဗျ"

"ခင်ဗျားကို ညနေစာ အပို့ခိုင်းလိုက်လို့"

အစောင့်သည် ဟင်းသီးဟင်းရွက်ကြော် ပန်းကန်များ၊ စိမ်ရည်တခွက်၊ အသားကြော် တပန်းကန်၊ ငါးရေချိုဟင်းတခွက်နှင့် ထမင်းပန်းကန်မောက်မောက် တပန်းကန်တို့ကို ချပေး၏။

"အင်း၊ ဒါတွေကို စားပြီးတာနဲ့ ငါ့ကို သတ်ကြတော့မှာပဲ။ သတ်ချင်လည်း သတ်ပေါ့ လေ။ ငါလည်း ထမင်းကောင်းကောင်းဝတဲ့ တစ္ဆေ ဖြစ်တာပေါ့။ အရင်စားပြီး ဘာလုပ်မလဲဆိုတာ နောက်မှ ဆုံးဖြတ်ရတော့မှာပဲ" ဟု ဝုဆုန် တွေးမိ၏။

ဝုဆုန်သည် စားသောက်ဖွယ်များအားလုံးကို ပြောင်အောင် စားပစ်လိုက်၏။ အစောင့်လည်း ပန်းကန်များကို သိမ်းဆည်းပြီး ပြန်သွား၏။ ခဏကြာလျှင် အစောင့်သည် အဖော်တယောက်နှင့်အတူ ပြန်ရောက်လာ၏။ တယောက်က ရေချိုးသည့် စည်ပိုင်းတလုံးကို ယူလာပြီး အခြားတယောက်က ရေနွေးတပုံး ကို ယူလာ၏။

"ဗျို့၊ ရဲဘော်ကြီး။ ရေချိုးနိုင်ပြီ" ဟု ပြောလေ၏။

"ရေချိုးပြီးရင် ငါ့ကို ရိုက်ကြတော့မယ် ထင်တယ်။ အို၊ ရိုက်ချင်လည်း ရိုက်ပေါ့ကွာ။ ရေတော့ ချိုးလိုက်ဦးမယ်"ဟု ဝုဆုန် တွေးနေ၏။

အစောင့်တို့က ရေနွေးကို စည်ပိုင်းထဲသို့ လောင်းထည့်ပေး၏။ ဝုဆုန်သည် စည်ပိုင်း ထဲသို့ ဆင်းပြီး ကိုယ်ကို ပွတ်တိုက်၏။ ရေချိုးပြီးသော် အစောင့်တို့က မျက်နှာသုတ်ပဝါ ကြီးတထည်ကို ပေး၏။ ဝုဆုန်သည် ရေကို စင်အောင်သုတ်ပြီး အဝတ်အစားလဲ၏။ အစောင့်တယောက်သည် ရေကိုသွန်ပစ်ကာ စည်ပိုင်းကို ယူ၍ ပြန်သွားလေ၏။ အခြား တယောက်က သူ့ကို ခြင်ထောင်ထောင်ပေးပြီး အိပ်ရာပေါ်တွင် သင်ဖြူးတချပ်နှင့် ဝါး ခေါင်းအုံးတလုံးကို ချပေး၏။ အစောင့်သည် သူ့ကို နှုတ်ဆက်၍ ပြန်သွားလေ၏။

ဝုဆုန်သည် သူ့အခန်းတံခါးကို ပိတ်ကာ မင်းတုပ်ချလိုက်ပြီးလျှင် "ဘာတွေလုပ်နေသလဲတော့ မပြောတတ်ဘူး။ သူတို့သဘောပေါ့လေ။ အချိန်တန်တော့ သိရမှာပေါ့" ဟု တယောက်တည်း တွေးနေ၏။ ဝုဆုန်သည် အိပ်ရာပေါ်သို့ လှဲချလိုက်ရာ အိပ်ပျော်သွား၏။ ထိုနေ့ညတွင် ဘာမျှ မဖြစ်ချေ။

ဝုဆုန်သည် အရုဏ်တက်ချိန်လောက်တွင် အိပ်ရာမှ ထကာ တံခါးကို ဖွင့်၏။ မနေ့ညက လာသော အစောင့်သည် ရေနွေးပုံးတပုံးဖြင့် ရောက်လာပြန်၏။ ဝုဆုန်က ပါးစပ်ကို ကျင်း၍ မျက်နှာသစ်ပြီးသည့်အခါတွင် အစောင့်တယောက် ရောက်လာပြန်ကာ ဘီးစိတ်ကလေးဖြင့် သူ့ခေါင်းကို ဖြီးပေးပြီး ဆံကျစ်ကို သေသပ်စွာ ထုံးပေးကာ ပဝါတထည်ကို စည်းပေး၏။ အခြားအစောင့်တယောက်

ဗန်းတချပ်ဖြင့် ရောက်လာသည်တွင် ဝုဆုန်သည် ဗန်းထဲမှ အသားကြော်တပန်းကန်၊ ဟင်းသီးဟင်းရွက်ကြော် တပန်းကန်၊ အသားပြုတ် တပန်းကန်နှင့် ထမင်းမောက်မောက် တပန်းကန်တို့ကို ယူ၍ စား၏။ "ကျွေးသရွေ့တော့ စားရမှာပဲ" ဟု ဝုဆုန် တွေးမိလေ၏။

စားသောက်ပြီးသည့်အခါတွင် အစောင့်တို့က လက်ဖက်ရည်တခွက် ပေး၏။ အားလုံး စားသောက်ပြီးသည့်အခါတွင်မှ စားသောက်ဖွယ်တို့ကို ယူလာသည့် အစောင့်က ပြော၏။

"ဒီနေရာမှာ နေရထိုင်ရတာက မကောင်းပါဘူးဗျာ။ အဲဟိုဘက်ကို ရွှေ့ရင် ရဲဘော်ကြီးကို ကျွန်တော်တို့ ကောင်းကောင်းပြုစုနိုင်တာပေါ့"

"စလုံးရေ စပြီကွ။ အေးလေ၊ သူတို့နဲ့ လိုက်သွားပြီး အခြေအနေကို ကြည့်ရဦးမှာပေါ့" ဟု ဝုဆုန် တွေးလိုက်မိ၏။

အစောင့်တယောက်က ဝုဆုန်၏ ပစ္စည်းများနှင့် အိပ်ရာတို့ကို သိမ်းပေး၏။ အခြား တယောက်က ရှေ့ပိုင်းရှိ အခန်းတခန်းဆီသို့ ခေါ်သွားကာ တံခါးကို တွန်းဖွင့်လိုက်လေ၏။ အခန်းထဲတွင် ဖြူဖွေးနေသည့် အိပ်ရာတခုနှင့် လောလောလတ်လတ် ချထားသော စားပွဲ တလုံးနှင့် ခွေးခြေတလုံးတို့ကို တွေ့ရလေ၏။ ဝုဆုန်သည် အခန်းထဲသို့ ဝင်လာခဲ့၏။

"ငါ့ကို မြေတိုက်ထဲ ခေါ်သွားပြီ အောက်မေ့နေတာ။ ခုတော့ ဒီကို ခေါ်လာကြပြန်ပြီ။ ဒီအခန်းက အရင်အခန်းထက်တော့ အများကြီး ကောင်းနေတာပဲ" ဟု ဝုဆုန် တွေးနေ၏။

ဝုဆုန်သည် မွန်းတည့်ချိန်အထိ တယောက်တည်း ထိုင်နေ၏။ ထို့နောက်တွင် အစောင့် ပေါ်လာပြန်ကာ ဗန်းတချပ်တွင် စိမ်ရည်အိုးတလုံးကို ယူလာ၏။ ခြင်းထဲမှ သစ်သီးလေးမျိုး၊ ကြက်ကြော်တကောင်နှင့် ပေါက်စီများကို ထုတ်၏။ ထို့နောက် ကြက်သားနုနုကို လှီး၍ စိမ်ရည်ကို ငှဲ့ပေးပြီးလျှင် ဝုဆုန်ကို စားရန် ခေါ်၏။

"ဘာတွေဖြစ်နေသလဲတော့ မသိဘူး" ဟု ဝုဆုန် တွေးနေ၏။

ညနေစောင်းတွင် ထိုသို့ စားကောင်းသောက်ဖွယ် အပြည့်အစုံကို ကျွေးပြီးနောက် ရေမိုးချိုး သန့်စင်ခွင့်နှင့် လေကောင်းလေသန့်ကို ရှူခွင့်ပေးပြန်၏။ "ငါ့ကို ဘာကြောင့် ဒီလောက် ကောင်းကောင်းမွန်မွန် ပြုစုနေသလဲ မသိဘူး"ဟု ဝုဆုန် စဉ်းစားနေမိပြန်လေ၏။ တတိယမြောက်နေ့တွင် အစားအသောက်နှင့် စိမ်ရည်ကို ခါတိုင်းကဲ့သို့ ပေးပြန်၏။ မနက်စာ စားသောက်ပြီးသည့်အခါတွင်

ဝုဆုန်သည် ထောင်ပတ်ပတ်လည် ကို လျှောက်၍ ကြည့်၏။ အကျဉ်းသားများမှာ ကွင်းပြင်ထဲတွင် ထင်းခွေလျက် အချို့၊ ရေခပ်လျက် အချို့၊ မီးဖိုလျက် အချို့ စသဖြင့် ဆိုင်ရာလုပ်ငန်း အသီးသီးတို့ကို လုပ်နေကြသည်ကို မြင်ရ၏။ နွေရာသီဖြစ်သည့်တိုင် နားခိုစရာ အရိပ်ဟူ၍ မရှိဘဲ ကွင်းခေါင်ခေါင်ကြီးထဲတွင် အလုပ် လုပ်နေရခြင်း ဖြစ်၏။

ဝုဆုန်က လက်နှစ်ဖက်ကို နောက်ပစ်ထားရင်း-

"ဒီလောက် နေကျဲကျဲတောက်အောင် ပူနေရတဲ့အထဲမှာ ဘာဖြစ်လို့ လုပ်နေကြတာလဲဗျာ" ဟု မေးလေ၏။

အကျဉ်းသားများက စိတ်မပါ့တပါ ရယ်လိုက်လျက်-

"ကျုပ်တို့အဖို့တော့ ခုလိုနေရတာဟာ နိဗ္ဗာန်ကို ရောက်တာနဲ့ အတူတူပဲဗျို့။ ဘယ်သူ အရိပ်ထဲ သွားနားပြီး အေးအေးလူလူ အိပ်နေရဲပါ့မလဲ။ ထောင်မှူးတို့၊ ထောင်ပိုင်တို့ကို လာဘ် မထိုးနိုင်တဲ့ အကျဉ်းသားတွေ ရှိသေးတယ်။ သူတို့ကျတော့ မြေတိုက်ထဲမှာ သံခြေ ချင်းကြီးတွေနဲ့ နေရတာ။ သေတာနဲ့ ဘာထူးသေးသလဲဗျာ"

ဝုဆုန်သည် ထောင်ထဲရှိ ဝတ်ကျောင်းနားသို့ ရောက်သွား၏။ မီးရှို့ပူဇော်သည့် ပြာအိုး တလုံးအနီးတွင် အလယ်၌ အပေါက်တခု ဖောက်ထားသည့် ကျောက်တုံးတတုံးကို တွေ့ရ၏။ ထိုအပေါက်မှာ တခါတရံတွင် အလံတိုင်စိုက်ရန် ဖောက်ထားခြင်း ဖြစ်၏။ ဝုဆုန်သည် ထိုကျောက်တုံးပေါ်တွင် အတန်ကြာမျှ ထိုင်နေပြီးနောက် သူ့အခန်းသို့ ပြန်လာခဲ့၏။ အခန်းသို့ ရောက်၍ တယောက်တည်း ထိုင်၍ စဉ်းစားနေစဉ် အစောင့်သည် စားသောက် ဖွယ်ရာများနှင့် စိမ်ရည်များကို ယူ၍ ရောက်လာပြန်၏။

စကားအသိမ်အဖျင်းတို့ကို တော်ဦးမည်။

ထိုနေရာသစ်သို့ ဝုဆုန် ရောက်လာခဲ့သည်မှာ ရက်အတန်ကြာခဲ့လေပြီ။ ထိုအတောအတွင်း၌ သူ့ကို ကောင်းစွာ ကျွေးမွေးထားပြီး သူ့အား နှိပ်စက်ညှဉ်းပန်းမည့် အရိပ် အယောင်ဆို၍ လုံးဝ မတွေ့ရချေ။ ဝုဆုန်သည် မစဉ်းစားတတ်အောင် ဖြစ်လျက်ရှိ၏။ ထိုနေ့ မွန်းတည့်ချိန်ရောက်၍ အစောင့်က စားသောက်ဖွယ်ရာများကို ယူလာသည့်အခါတွင် မူကား ဝုဆုန်သည် ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ချေ။ ဝုဆုန်သည် ခြင်းတောင်းကို လှမ်းယူလိုက်ရင်း-

"နေစမ်းပါဦး ကိုယ့်လူ။ ခင်ဗျားက ဘယ်အိမ်ကလဲ။ ဘာဖြစ်လို့ ကျုပ်ကို

ဒီလောက် ကောင်းကောင်းမွန်မွန် ပြုစု ကျွေးမွေးနေရတာလဲ”

“တနေ့က ရဲဘော်ကြီးကို ပြောပြီးပြီလေ။ ကျွန်တော်က ထောင်မှူးကြီးရဲ့ အိမ်က လူယုံတော် တယောက်ပဲ”

“ခင်ဗျားကို ဒီ စားကောင်းသောက်ဖွယ်တွေကို ဘယ်သူက အပို့ခိုင်းနေတာလဲ။ ကျုပ်ကို ဘာခိုင်းမလို့ ဒီလောက် ကျွေးမွေးနေရတာလဲ”

“ထောင်မှူးကြီး သားရဲ့ အမိန့်အတိုင်း ပို့ပေးနေရတာပဲဗျ”

“ကျုပ်က အကျဉ်းသား။ ရာဇဝတ်ကောင်။ သူ့ကောင်းကျိုးအတွက် ကျုပ်လည်း ဘာမှ မလုပ်ခဲ့ဖူးပါ လား”

“ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူးလေ။ ကျွန်တော့်ကို အမိန့်ပေးထားတာ ကတော့ အစားအသောက်တွေကို ပို့ပေးဖို့နဲ့ သုံးလကနေ ခြောက်လအတွင်း စကား မပြောရဘူးလို့ အမိန့်ပေးထားတာပဲ”

“တော်တော်တော့ ထူးဆန်းတယ်ဗျာ။ ဘာလဲ။ ခင်ဗျားတို့ ကျုပ်ကို ဝ အစ်လာပြီး စိတ်ပျော့သွားတော့မှ အပြတ်ရှင်းမယ်ဆိုတဲ့ သဘောနဲ့ လုပ်နေကြတာလား။ ကျုပ်တော့ ဘယ်လိုမှ စဉ်းစားလို့မရနိုင်အောင် ဖြစ်နေပြီ။ ဘာရည်ရွယ်ချက်နဲ့ ဒီအစားအသောက် တွေကို ပို့ပေးနေတယ် ဆိုတာကို မသိရမချင်း ကျုပ်တော့ ဒါတွေကို ဖြောင့်ဖြောင့်စားနိုင် တော့မှာ မဟုတ်တော့ဘူး။ အဲဒီထောင်မှူးရဲ့သား ဆိုတာကကော ဘယ်လိုလူမျိုးလဲဗျ။ ကျုပ်ကို ဘယ်မှာ တွေ့ဖူးလို့တဲ့လဲ။ ခင်ဗျား မပြောဘူးဆိုရင်တော့ ကျုပ်လည်း ဒါတွေကို မစားတော့ဘူး”

“ခင်ဗျား ထောင်ထဲကို စရောက်တဲ့နေ့က ထောင်မှူးကြီးရဲ့ ရုံးခန်းမှာ ပဝါဖြူ ပေါင်းထားပြီး လက်ကို ပိုးပတ်တီးစ သိုင်းထားတဲ့ လူတယောက်ကို သတိထားမိတယ် မဟုတ် လား။ အဲဒါ ထောင်မှူးကြီးရဲ့ သားပဲဗျ”

“အနက်ရောင်ဝတ်စုံကို ဝတ်ပြီး ထောင်မှူးကြီးရဲ့ ဘေးမှာ ရပ်နေတဲ့လူလား”

“ဟုတ်တယ်”

“ဒါဖြင့် ကျုပ်ကို စိတ်ခတ်နှိမ် ကြိမ်ရိုက်ပွဲနဲ့ မတွေ့ရအောင် ကယ်လိုက်တဲ့လူပေါ့”

“ဟုတ်တယ်”

"တော်တော်တော့ ထူးဆန်းတယ်ဗျာ။ ကျုပ်က ကျင်ဟဲနယ်သား။ သူက မိန်ကျို့ နယ်သား။ အရင်ကလည်း တခါမှ မတွေ့ဖူး၊ မမြင်ဖူးဘူး။ ဘာဖြစ်လို့ ကျုပ်ကို ဒီလောက် ကျွေးမွေး ပြုစုနေရသလဲ မသိဘူး။ အကြောင်းတော့ ရှိရမယ်။ မေးပါရစေဗျာ။ သူ့နာမည် ကကော"

"ရှိအန်တဲ့ဗျ။ နပန်းအတတ်၊ သိုင်းအတတ်မှာ ကျွမ်းကျင်တယ်။ သူ့ကို လူတိုင်းက ရွှေမျက်လုံးရှင် ကျားကလေးလို့ ခေါ်ကြတယ်"

"အင်း၊ ကြည့်ရတာကတော့ လူကောင်းတယောက်နဲ့ တူတာပဲ။ ကျုပ်ဆီကို အလည်လာဖို့ ပြောပေးပါလားဗျာ။ သူ လာချင်တယ်ဆိုရင်ပေါ့လေ။ ပြောမပေးဘူး ဆိုရင်တော့ ခင်ဗျား စားစရာတွေကို ကျုပ် လက်ဖျားနဲ့တောင် မတို့တော့ဘူး"

"ခင်ဗျားကို ဘာမှမပြောနဲ့။ သုံးလနဲ့ ခြောက်လကြားမှာ တွေ့ဖို့လည်း မပြောနဲ့လို့ မှာထားတယ်ဗျ"

"ဘာဆိုင်သလဲဗျာ။ သူ့ကို ကျုပ်ဆီ လာဖို့ကိုသာ ပြောပေးစမ်းပါဗျာ"

အစောင့်မှာ ထိတ်လန့်ကာ ဝန်လေးလျက်ရှိလေပြီ။

သို့ရာတွင် ဝုဆုန်မှာ စိတ်ဆိုးလာသည့်အတွက် အစောင့်ကလည်း ပြောပေးရန် သဘောတူလိုက်၏။

ရှိအန်သည် သူ့ထံသို့ ချက်ချင်း ရောက်လာ၏။ ဝုဆုန်၏ ခြေရင်းတွင် ဒူးထောက်ထိုင် ကာ ဦးညွှတ်၏။ ဝုဆုန်ကလည်း အလားတူ ပြန်၍ အရိုအသေပေး၏။

"ကျုပ်က ညီမောင်ရဲ့ အုပ်ချုပ်မှုအောက်မှာ နေရတဲ့ အကျဉ်းသားပါဗျာ။ ညီမောင့်ကို လည်း တခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ ညီမောင်က ကျုပ်ကို အရိုက်မခံရအောင် ကယ်လိုက် ရုံတင်မကဘူး၊ စားကောင်းသောက်ဖွယ်တွေကိုလည်း ပို့ပေးနေတယ်ဆိုတော့ မကောင်းပါဘူးဗျာ။ ပြီးတော့ ဒီလို ကျွေးမွေးပြုစုတဲ့အတွက် ကျုပ်ဆီက ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါလို့ တောင်းဆိုခြင်း မပြုဘူး။ ကျုပ်နဲ့ မထိုက်တန်တဲ့ ကူညီစောင်မမှုမျိုးအတွက်ကြောင့် ကျုပ်မှာလည်း အိပ်လို့ မပျော်ဘူး။ စားလို့လည်း မဖြောင့်ဘူး"

"နောင်ကြီးရဲ့ ဂုဏ်သတင်းကတော့ ကျွန်တော့်နားထဲမှာ မိုးချုန်းသံလို ဟိန်းနေတာ ကြာလှပါပြီ။ တွေ့ချင်နေတာလည်း ကြာလှပါပြီ။ ဒီနေ့မှပဲ တွေ့ရတော့တယ်။ စောစော ကတည်းက နောင်ကြီးကို လာပြီး ဂါရဝပြုချင်နေတာ။ ဒါပေမဲ့ ကျွန်တော့်မှာ သင့်လျော်တဲ့ လက်ဆောင် မရှိသေးတာနဲ့ ရှက်လို့

မလာဖြစ်ခဲ့ဘူး”

“ကျုပ်ညီက ကျုပ်ကို သုံးလကနေ ခြောက်လအတွင်းမှာ စကားမပြောချင်သေးဘူးလို့ ကျုပ်ညီရဲ့ တပည့်ဆီက သိရတယ်။ ဘာများ ပြောစရာရှိလို့ပါလိမ့်ဗျာ’

“ဟာ၊ ဒီကောင်တွေ ဘာမှ နားလည်တဲ့ကောင်တွေ မဟုတ်ဘူး။ ဘာမှ မပြောပါနဲ့လို့ ပြောထားလျက်သားနဲ့”

“ကျုပ်ကိုပြောမှာဖြင့် အဆောင်အယောင် အခမ်းအနားတွေ မလိုပါဘူးဗျာ။ အချိန် မရွေး ပြောလို့ရပါတယ်။ ကျုပ်ကတော့ တော်တော်လေးကို သိချင်နေတယ်။ ကျုပ် ဘာလုပ်ပေးရမလဲသာ ပြောပါ”

“အင်း၊ ကျွန်တော့်တပည့်က ပြောပြီးပြီဆိုတော့ ပြောရတော့မှာပေါ့လေ။ နောင်ကြီး ဟာ ယောကျ်ားကောင် းတယောက်ဆိုတော့ နောင်ကြီးကို တခု တောင်းပန်ချင်တယ်ဗျာ။ လုပ်ပေးနိုင်မယ့်လူ ဆိုလို့လည်း နောင်ကြီးတယောက်ပဲ ရှိတယ်။ နောင်ကြီးမှာ ခရီးပန်းလာတော့ ချက်ချင်း အကူအညီ မတောင်းချင်သေးလို့ ကျွန်တော် မပြောတာပါ။ နောင်ကြီးမှာ ခွန်အားပြည့်ပြီး ကျန်းကျန်းမာမာ ဖြစ်လာတော့မှ ပြောမလို့ပဲ”

ဝုဆုန်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်လျက်-

“မနှစ်တုန်းက ကျုပ် ငှက်ဖျားမိပြီး အိပ်ရာထဲ လဲနေတာ သုံးလလောက်တောင် ကြာတယ်ခင်ဗျ။ ဒါတောင် ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို လက်သီးသုံးချက်ထိုး၊ ခြေနဲ့ နှစ်ချက်ကန်ပြီး အနိုင်သတ်ခဲ့သေးတာပဲဗျာ။ ခုလိုအခြေအနေမျိုးမှာ ဘာမလုပ်နိုင် စရာရှိသလဲ”

“ခုတော့ ပြောဖို့ မသင့်သေးဘူး ထင်ပါတယ် နောင်ကြီးရာ။ နောင်ကြီး အားပြည့် လာအောင် အေးအေးဆေးဆေး အနားယူပါဦး။ နောင်ကြီး လုံးဝ ကျန်းမာလာတော့မှ အဖြစ်အပျက်အားလုံးကို ပြောပြပါ့မယ်”

“ဒါဖြင့် ကျုပ်ညီက ကျုပ်မှာ ခွန်အားမရှိသေးဘူးလို့ ဆိုချင်တာပေါ့။ ကဲ၊ ကောင်းပြီ ဗျာ။ ဟောဟို ဝတ်ကျောင်းရှေ့က အလံတိုင်စိုက်တဲ့ ကျောက်တုံးဟာ အချိန်ဘယ်လောက် ရှိမယ် ထင်သလဲ”

“အချိန်တရာ၊ တရာ့ငါးဆယ်တော့ အနည်းဆုံး ရှိမှာပေါ့”

“ဒီလိုဆို သွားကြည့်ရအောင်ဗျာ။ မလို့ ရလိမ့်မယ် ထင်ပါရဲ့”

“စိမ်ရည်ကလေး ဘာလေး သောက်လိုက်ပါဦးလား”

"ပြန်လာတော့ သောက်တာပေါ့ဗျာ"

သူတို့နှစ်ယောက်သည် ဝတ်ကျောင်းဆီသို့ လာခဲ့ကြ၏။ ကွက်လပ်ထဲရှိ အကျဉ်းသားများက သူတို့နှစ်ယောက်ကို ရိုသေစွာ ဦးညွတ်၍ အရိုအသေပေးကြ၏။ ဝုဆုန်သည် ကျောက်တုံးကြီးကို အသာကိုင်လှုပ်ကြည့်၏။ ဝုဆုန်သည် ရယ်၏။

"အင်း၊ ကျုပ်က ဇိမ်နဲ့နေရတာ ကြာသွားတော့ မ နိုင်တော့မှာ မဟုတ်တော့ဘူး ထင်တယ်ဗျ"

"ပေါ့သေးသေးတော့ မအောက်မေ့နဲ့နော် နောင်ကြီး။ ဒီကျောက်တုံးက အချိန်တရာ ကျော်လောက်တော့ အသာကလေးရယ်"

ဝုဆုန်က ပြုံးလိုက်၍ "ကျုပ်ညီက ကျုပ်ကို မ မ နိုင်ဘူးလို့ ထင်နေပုံရတယ်။ ကဲ၊ ကိုယ့်လူတို့။ နောက်နား နည်းနည်းဆုတ်ကြဗျ"

"ဝုဆုန်သည် ညံ အင်္ကျီကို ချွတ်လိုက်ပြီးနောက် ခါးတွင် စည်းလိုက်၏။ ထို့နောက် ကျောက်တုံးကို အသာမချီပြီး ခပ်လှမ်းလှမ်းသို့ ပစ်ချလိုက်၏။ ကျောက်တုံးသည် မြေကြီး ပေါ်သို့ ကျသွားကာ တပေခန့်အနက်တွင် မြုပ်နေ၏။ အကျဉ်းသားများမှာ အံ့ဩသဖြင့် ငေးကြည့်နေကြ၏။ ဝုဆုန်သည် ကျောက်တုံးကို ညာဘက်လက်ဖြင့် ကောက်ပြီး မြှောက်လိုက်၏။ ထို့နောက် ကိုယ်ကို အရှိန်ယူ၍ အထက်သို့ ပစ်မြှောက်လိုက်ရာ ကျောက်တုံးသည် ဆယ်ပေအမြင့်သို့ ရောက်သွား၏။ ပြန်ကျလာသည့်အခါတွင် ဝုဆုန်သည် ကျောက်တုံးကို လက်နှစ်ဖက်ဖြင့် အသာ ဆီးဖမ်းလိုက်ပြီးလျှင် သူ့နဂိုနေရာတွင် ပြန်ထားလိုက်၏။ ဝုဆုန် သည် ရှီအန် နှင့် အကျဉ်းသားများကို လှည့်ကြည့်၏။ မျက်နှာနီရဲခြင်း မရှိ။ အသက်ရှူ မြန်ခြင်း မရှိချေ။ သူ့နှလုံးမှာ ပုံမှန်ခုန်လျက်ပင် ရှိ၏။

ရှီအန်သည် ဝုဆုန်ကို ပွေ့ဖက်ပြီးနောက် လက်အုပ်ချီ၍ အရိုအသေပေး၏။

"အံ့ဩလောက်ပါပေတယ်ဗျာ။ တကယ့်ကို နတ်သိကြားပါပဲ" ဟု ပြော၏။

အကျဉ်းသားများကလည်း ဒူးထောက်၍ အရိုအသေပေးကြ၏။

ရှီအန်သည် ဝုဆုန်ကို သူ့အိမ်သို့ ခေါ်သွားကာ နေရာထိုင်ခင်းပေး၏။

"ကဲ၊ ကျုပ် ညီကို ဘာလုပ်ပေးရမလဲသာ ပြောပေတော့" ဟု ဝုဆုန်က ပြောလေ၏။

"ခဏထိုင်ပါဦး နောင်ကြီး။ ကျွန်တော့်အဖေ ရောက်လာပါလိမ့်မယ်။ သူလာတော့ ပြောတာပေါ့"

"ကျုပ်ညီက လူတယောက်ဆီက အကူအညီကို လိုချင်တယ်ဆိုရင် ဝေ့လည်ကြောင်ပတ်တော့ လုပ်မနေနဲ့ဗျ။ ဒီလိုဆိုရင် ဘယ်တော့မှ ကိစ္စပြီးမှာ မဟုတ်ဘူး။ ကျုပ်ညီ ဘာလုပ်စေချင်သလဲ။ ခေါးနဲ့ ထိုးစေချင်သလား၊ ဒါမှမဟုတ် ခေါးနဲ့ ခုတ်စေချင်သလား။ ကျုပ်လုပ်မယ်။ ကျုပ် ကြွားဝါပြောနေရင် ကျုပ် ယောက်ျားမဟုတ်ဘူး"

ရှိအန်သည် လက်အုပ်ချီလိုက်၍ အရိုအသေပေးလိုက်ပြီးလျှင် သူ့အဖြစ်အပျက်ကို အသေးစိတ်ပြောပြ၏။ ထိုသို့ ပြောပြသည့်အတွက် ဝုဆုန်သည် သူ၏ ကျွမ်းကျင်မှုနှင့် ကျား သတ်စွမ်းရည်တို့ကို ပြသခဲ့၏။ မှန်ပေ၏။ သူ့လက်သီးနှစ်လုံးသည် မိုးကြိုးကဲ့သို့ ထစ်ချုန်း၍ သူ့ ခုန်ပျံ ကန်ကျောက်မှုသည် မိုးသက်နှင့် လေပြင်းတို့ကိုပင် ထိတ်လန့်စေပေ၏။

သို့ဖြစ်လျှင် ရှိအန်သည် ဝုဆုန်အား မည်သည့်အကြောင်းကို ပြောဆိုသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၂၉
ဝုဆုန်သည် အရက်မူး၍ ဗိုလ်ယကွ္ခကို ရိုက်နှက်ခြင်း
ရှီအန်သည် မိန်ကျို့မြို့ကို နောက်တကြိမ် အုပ်စိုး လွှမ်းမိုးနိုင်ခြင်း

"ထိုင်ပါဦး နောင်ကြီးရယ်။ ဒီလိုဆိုရင်လည်း ကျွန်တော် ပြောပြပါ့မယ်" ဟု ရှီအန်က ပြော၏။

"ဝေ့လည်ကြောင်ပတ်တွေ သိပ်ပြောမနေနဲ့ ကျုပ်ညီရာ။ လိုရင်းကိုသာ ပြော"

"ကျွန်တော်ဟာ ငယ်ငယ်လေးကတည်းက ရဲညီနောင်အသိုက်အဝန်းမှာ ဓားသိုင်း၊ လှံသိုင်းတို့ကို သင်ကြား တတ်မြောက်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို မိန်ကျို့မှာ ရွှေမျက်လုံးရှင်ကျားကလေးလို့ အမည်တွင်ခဲ့ပါတယ်။ ဟောဒီမြို့ အရှေ့တံခါးအထွက်မှာ မဟာမြိုင်တောလို့ ခေါ်တဲ့ ဈေးရွာကလေးတရွာ ရှိပါတယ်။ ဟိုပေ့နဲ့ ရှန်တောင်က ကုန်သည်တွေဟာ အဲဒီဈေးရွာကလေးကို မကြာခဏ ရောက်လာတတ်ကြပါတယ်။ အဲဒီ ရွာကလေးမှာ ထမင်းဆိုင်ကြီးတွေကလည်း တရာကျော်လောက်တောင် ရှိပါတယ်။

"ပြီးတော့ ကစားဝိုင်းနဲ့ ပိုက်ဆံလဲတဲ့ ဆိုင်တွေကလည်း နှစ်ဆယ်၊ သုံးဆယ်လောက် ရှိပါတယ်။ ကျွန်တော်က သိုင်းကောင်းကောင်း တတ်လေတော့ အကျဉ်းသား ရှစ်ဆယ် ကိုးဆယ်လောက်ကို ခေါ်ပြီး အဲဒီဈေးရွာကလေးမှာ ဘုံဆိုင်တဆိုင် သွားဖွင့်ခဲ့ပါတယ်။ ကစားဝိုင်းတွေ ဘာတွေကလည်း ကျွန်တော့်ကို ဆက်ကြေး ပေးကြပါတယ်။ ဒို့ပြင် မပြောနဲ့၊ ဇာတ်သမကလေး ဆိုရင်လည်း ကျွန်တော့်ဆီကို ရောက်လာပြီး ဆက်ကြေးပေးပြီးမှ သူတို့လုပ်ငန်းကို လုပ်လေ့ရှိကြပါတယ်။ အဲဒီတုန်းက စီးပွားကလည်း သိပ်ဖြစ်တာပေါ့ဗျာ။ တလ တလဆိုရင် ကျွန်တော့်မှာ ငွေနှစ်ပိဿာ၊ သုံးပိဿာလောက်တော့ အသာကလေး ဝင်တာပဲ။

"ဒီလိုနေတုန်းမှာ အဲဒီရွာကလေးကို ချန် ဆိုတဲ့ စစ်ဗိုလ်တယောက် ရောက်လာတယ်ဗျ။ သူ့မှာ ကျန်းချုံဆိုတဲ့ လူတယောက်လည်း ပါလာတယ်။ ကျန်းချုံက ကိုယ်လုံး ကိုယ်ပေါက် ကြီးမားထွားကျိုင်း လေတော့ ရဲညီနောင်အသိုက်အဝန်းမှာ သူ့ကို တံခါးစောင့် ဗိုလ်ယကွ္ခလို့ လူသိများကြပါတယ်။ ဒီလူက ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းရုံတင် မကဘူး။ နပန်းအတတ်၊ သိုင်းအတတ်မှာလည်း တဖက်ကမ်းခတ်ပါတယ်။ "တိုက်ရှန်းတောင် ပေါ်မှာ

သုံးနှစ်လုံးလုံး နေလာခဲ့ပြီကွ။ ငါ့ကို ငြိမယ့်လူဆိုလို့ တယောက်မှ ရှာမတွေ့ခဲ့ သေးဘူး။ ဇမ္ဗူမှာ ငါ့လိုလူ တယောက်မှ မရှိသေးဘူး” လို့ ကြွားလေ့ရှိပါတယ်။ ဒါနဲ့ ကျွန်တော့်နယ်ထဲကို သူ ရောက်လာပြီး ကျွန်တော့်နယ်ကို လက်ဝါးကြီး အုပ်လိုက်တော့ တာပေါ့ ခင်ဗျ။ ကျွန်တော်က သူ့ကို သွားတားတော့ ကျွန်တော့်ကို ဆော်လွှတ်လိုက်တာ အိပ်ရာထဲမှာ နှစ်လလောက် နေလိုက်ရတယ်။ တလောက ကျွန်တော့်ခေါင်းနဲ့ လက်မှာ ပတ်တီးစည်းထားတာကိုပဲ ကြည့်ပေတော့။ ခုထိတောင် ကောင်းကောင်း မပျောက်ချင် သေးဘူး။

“အစတုန်းကတော့ ကျွန်တော်လည်း လူစုပြီး ကိုယ့်လူတွေနဲ့ ပြန်ချမယ်လို့ စိတ်ကူး ပါသေးတယ်။ ဒါပေမဲ့ သူ့မှာ ကျောထောက်နောက်ခံ ရှိနေတယ် မဟုတ်လား။ ကျွန်တော်နဲ့ သူနဲ့ ပြဿနာဖြစ်ရင် ဒီမှာရှိတဲ့ မြို့စောင့်တပ်ဗိုလ်မှူးနဲ့ပါ ကျွန်တော်နဲ့ ပြဿနာဖြစ်ရတော့မယ်။ ဒီတော့ ကျွန်တော့်မှာ သူ့ကို လက်စားချေချင်လျက်နဲ့ ကြိတ်မှိတ်နေရတော့တာပေါ့ ခင်ဗျာ။ နောင်ကြီးကတော့ အသတ်အပုတ်မှာလည်း ကျွမ်းကျင်၊ မတရားတာကိုလည်း မခံတဲ့ လူတယောက်ဆိုတာ ကျွန်တော် အစောကြီးကတည်းက ကြားဖူးနေတာပါ။ ဒီကောင်ကို ကျွန်တော် ပြန်ချနိုင်ရင် သေတောင်မှ ကျွန်တော် အသေဖြောင့်ပါပြီ နောင်ကြီး ရာ။ ဒါပေမဲ့ နောင်ကြီးက ခရီးပန်းလာတော့ ကျွန်တော် မပြောရက်ဘူး။ နောင်ကြီး အားပြည့်လာမှ ပြောပြပြီး အကူအညီတောင်းမယ်လို့ စိတ်ကူးထားခဲ့တယ်။ ခုတော့ ကျွန်တော့်တပည့်က အာချောင်ပြီး သွားပြောမိပြီကိုး။ အဖြစ်အပျက်ကတော့ ဒါပါပဲ နောင်ကြီးရာ”

ဝုဆုန်က ရယ်လိုက်ရင်း-

“နေစမ်းပါဦးဗျ။ အဲဒီ တံခါးစောင့်ဗိုလ်ယက္ခဆိုတာက ခေါင်းဘယ်နှလုံး ရှိပြီး လက် ဘယ်နှချောင်း ရှိသလဲ”

“ခေါင်းတလုံးနဲ့ လက်နှစ်ချောင်းပါပဲ နောင်ကြီးရာ။ ဒီထက် ဘာပိုနိုင်မှာလဲ”

“နေဇာဘီလူးလို ခေါင်းသုံးလုံးနဲ့ လက်ခြောက်ချောင်း ရှိတယ်ဆိုရင်တော့ ကျုပ် သတိထားရမှာပေါ့ဗျာ။ ဒါပေမဲ့ ခေါင်းတလုံးနဲ့ လက်နှစ်ချောင်းသာ ရှိတယ်ဆိုရင်တော့ သူ့ကို ကျုပ်က ဘာဖြစ်လို့ ကြောက်နေရမှာလဲ”

“ကျွန်တော်က သူ့လောက် လက်နက်လည်း မကျွမ်းကျင်၊ သူ့လောက်လည်း ကိုယ်လုံးကိုယ်ပေါက် မထွားကျိုင်းတော့ ခက်နေတာပေါ့”

“ကြွားတယ်လို့တော့ မထင်နဲ့ဗျာ။ ကျုပ်တသက်မှာ သူများအပေါ်မှာ ဗိုလ်ကျတဲ့ ကောင်တွေနဲ့ အကျင့်သီလမရှိတဲ့ လူမိုက်တွေကို ဆုံးမခဲ့ပေါင်း များပါပြီ။ ခင်ဗျား ပြောတဲ့အတိုင်းသာ မှန်ရင် ဘာဖြစ်လို့ အချိန်ဆွဲနေတော့မှာလဲ။

ပြောနေကြတယ်။ စိမ်ရည် ယူခဲ့။ ခင်ဗျားနဲ့ ကျုပ် လမ်းမှာ သောက်သွားကြမယ်။ ကျင့်ယန်ခင်တန်းက ကျားဆိုးကို သတ်သလို ကျုပ် သူ့ကို ဘယ်လို သတ်သလဲဆိုတာ ခင်ဗျား စောင့်ကြည့်ပေါ့။ ကျုပ် လုပ်လိုက်တာ များသွားလို့ ဒီလူသေသွားရင်လည်း ကိစ္စမရှိပါဘူး။ ကျုပ် ခံမှာပေါ့”

“ခဏကလေး စောင့်ပါဦး နောင်ကြီးရာ။ ကျွန်တော့်အဖေကလည်း နောင်ကြီးကို တွေ့ချင်နေတာပါ။ အချိန်တန်တော့ သွားကြတာပေါ့။ လောမကြီးပါနဲ့။ မနက်ဖြန်မှာ လူတယောက် လွှတ်ပြီး အခြေအနေကို အကဲခတ်ခိုင်းလိုက်မယ်။ အဲဒီလူ အိမ်မှာရှိတယ် ဆိုရင် သန်ဘက်ခါကျတော့ သွားကြတောပေါ့။ မရှိဘူးဆိုရင် ဘာလုပ်မလဲဆိုတာ ဆွေးနွေး ကြသေးတာပေါ့။ အလောတကြီး တောနင်းရင် မြက်ကြေပြီး မြွေလန့်ရုံ လုပ်သလို ဖြစ်နေ လိမ့်မယ်။ သူက အကောက်ကြံရင် ကျွန်တော်တို့အတွက် သိပ်မကောင်းဘူး”

“ဒီကောင်က ကျုပ်ညီကို အနိုင်ယူသွားတာ ဘာမှ အံ့သြစရာ မရှိဘူးဗျ။ ကျုပ်ညီက ယောက်ျားလိုမှ မလုပ်ဘဲကိုး။ သွားမှာဖြင့် ခုပဲ သွားကြမှ ဖြစ်မယ်ဗျ။ မနက်ဖြန်၊ သန်ဘက်ခါ ရွှေးမနေနဲ့။ ကျုပ်တို့ လာမှာ သိလို့ ကြိုပြင်ထားတော့ကော ဘာအရေးလဲ”

ထိုစဉ် ထောင်မှူးကြီးသည် ခန်းဆီးတခုကို ကွေ့ပတ်၍ ဝင်လာ၏။ ထောင်မှူးကြီးသည် ဝုဆုန်ဘက်သို့ လှည့်၍-

“မောင်ပြောတာတွေကို ကျုပ် ကြားပြီးပါပြီဗျာ။ မောင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျုပ်သားအဖို့တော့ မောင်ဟာ တိမ်တိုက်တွေကြားထဲက ထွက်လာတဲ့ နေမင်းကြီးအတိုင်း ပါပဲ။ ကျုပ်နဲ့ နောက်ဘက်ခန်းထဲ ခဏလိုက်ခဲ့ပါဦး”

ဝုဆုန်သည် သူ့နောက်သို့ ထလိုက်လာခဲ့ရာ ထောင်မှူးကြီးက သူ့ကို ထိုင်ခင်းပေး၏။

“ကျွန်တော်က အကျဉ်းသားပါ ခင်ဗျာ။ ထောင်မှူးကြီးရှေ့မှာ မထိုင်ရဲပါဘူး”

“ဒီလို မပြောပါနဲ့ မောင်ရယ်။ ကျုပ် သားအဖို့တော့ မောင်နဲ့ တွေ့ရတာ သိပ်ကံကောင်းပါတယ်။ ကျုပ်တို့ကို ဒီလောက် ယဉ်ကျေးသမှု ပြုစရာ မလိုပါဘူး”

“ဒီလိုဆိုရင် ကန်တော့ခင်ဗျာ” ဟု ဆိုကာ ဝုဆုန်သည် ကုလားထိုင်တွင် ဝင်ထိုင်၏။ ရှီအန်မှာ သူတို့အနီးတွင် ရပ်နေ၏။

“ကျုပ်ညီက ဘာဖြစ်လို့ ရပ်နေတာလဲ”

“နောင်ကြီးကို ကျွန်တော့်အဖေက ညွှန့်ခံနေလို့ပါ။ နောင်ကြီး

သက်သာသလိုနေပါ”

“ကျုပ်ညီက လောကဝတ်တွေ သိပ်ပြနေတော့ ကျုပ်မှာ နေရထိုင်ရတာ သက်သောင့် သက်သာ မရှိဘူးဗျာ”

“ကဲ ကဲ၊ မောင်က ဒီလောက် တိုက်တွန်းနေမှတော့ ထိုင်ပါ။ အနားမှာ လူစိမ်းသူစိမ်း လည်း ရှိတာမှမဟုတ်ဘဲ” ဟု ထောင်မှူးကြီးက ပြောကာ သူ့သားကို ထိုင်ရန် အချက်ပြ၏။

အစေခံတယောက်က စိမ်ရည်နှင့် အမြည်းများကို ယူလာ၏။ ထောင်မှူးကြီးသည် သူကိုယ်တိုင် စိမ်ရည်ခွက်ကို လှမ်းပေးပြီးနောက်-

“မောင်ရဲ့ ရဲစွမ်းသတ္တိကို လူတိုင်းက လေးစားကြပါတယ်။ ကျုပ်သားဟာ မဟာမြိုင်ရွာမှာ အရောင်းအဝယ် လုပ်နေတယ်ဆိုတာကလည်း လောဘဇောတိုက်လို့ မဟုတ်ပါဘူး။

ကျုပ်တို့ခရိုင်ရဲ့ တိုးတက်သာယာရေးအတွက် လုပ်နေတာပါ။ ဒီတင် ဗိုလ်ယက္ခက တပ်မှူး ရဲ့ ကျောထောက်နောက်ခံနဲ့ အတင်းဝင်လာပြီး ကျုပ်တို့ကို မောင်းထုတ်လိုက်တော့တာ ပါပဲ။ မောင့်လို လူစွမ်းကောင်းမှသာလျှင် သူ့ကို လက်စားချေနိုင်မှာပါပဲ။ ကဲ၊ ငါ့သားက လည်း မငြင်းနဲ့။ စိမ်ရည်ကုန်အောင် သောက်ပြီး ဟောဒီက နောင်ကြီး လေးကြိမ် ဦးညွှတ် တာကို လက်ခံလိုက်။ ကဲ၊ ကျုပ်တူကြီး မငြင်းပါနဲ့။ စိမ်ရည်ကို ကုန်အောင်သောက်ပြီးတော့ ဒီက ကျုပ်သား လေးကြိမ်ဦးညွှတ်တာကို လက်ခံလိုက်ပါ။ မောင့်ကို လေးစားတဲ့အနေနဲ့ တသွေးတည်းဆင်းတဲ့ ညီနောင်ရင်းလို့ ခေါ်တာကို လက်ခံပါ”

“ကျွန်တော်က ဘာအရည်အချင်းမှ မရှိတဲ့လူပဲ အဖေရယ်။ ကျွန်တော့်ကိုယ်ကျွန်တော် သိပ်အထင်ကြီးရာ ရောက်နေမှာပေါ့”

သို့ရာတွင် ဝုဆုန်မှာ စိမ်ရည်ကို မော့ချလိုက်ပြီး ရှိအန်ကလည်း သူ့ကို လေးကြိမ် ဦးညွှတ်၍ အရိုအသေပေးလေ၏။ ဝုဆုန်ကလည်း ပြန်၍ အရိုအသေပေး၏။ သူတို့ နှစ်ယောက်သည် သွေးညီနောင်ရင်းများပမာ သစ္စာဆိုကြ၏။ ဝုဆုန်ကား စိတ်ရှိလက်ရှိသောက်နေ၏။ အလွန်မူးသဖြင့် ထောင်သို့ပင် မပြန်နိုင်တော့ဘဲ သူ့ကို ထမ်း၍ ပို့ကြရ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

နောက်တနေ့တွင် ရှိအန်တို့သားအဖသည် တိုင်ပင်ကြ၏။

“ခုလောက်ဆိုရင် မနေ့ညက အရက်ရှိန်ကြောင့် ဒီလူ တော်တော်နဲ့ ထနိုင်မှာ မဟုတ် သေးဘူး။ ဒီနေ့ သွားခိုင်းလို့ မဖြစ်သေးဘူး။ ဗိုလ်ယက္ခ အိမ်မှာ ရှိ

မရှိ စုံစမ်းခိုင်း ထားတယ်။ မနက်ဖြန်မှ သွားဖို့ ပြောရမှာပဲ” ဟု ထောင်မှူးကြီးက ပြော၏။

ဝုဆုန်နှင့် တွေ့သည့်အခါတွင် ရှိအန်သည် ထိုအတိုင်း ပြောပြီးနောက်-

“မနက်ဖြန်မနက် မနက်စာစားပြီးမှ ထွက်ကြတာပေါ့ နောင်ကြီး” ဟု ပြော၏။

“ကောင်းပြီလေ။ ဒီလိုဆိုရင်လည်း ကျုပ်ဒေါသကို တရက် မျိုသိပ်ထားရဦးမှာပေါ့” ဟု ဝုဆုန်က ပြော၏။

သူတို့နှစ်ယောက်သည် မနက်စာနှင့် လက်ဖက်ရည်ကို စားသောက်ပြီးလျှင် ထောင် အပြင်ဘက်ကို လမ်းလျှောက်ကြ၏။ ပြန်လာသည့်အခါတွင် ဧည့်ခန်းထဲတွင် ထိုင်ရင်း လှံသိုင်းကစားနည်းများကို ပြောဆိုနေကြပြီးနောက် တုတ်သိုင်းနှင့် တုတ်သိုင်းလေ့ကျင့် ခန်း၊ နပန်းလေ့ကျင့်ခန်း အနည်းငယ်တို့ကို ပြုလုပ်ကြလေ၏။

မွန်းတည့်အချိန်၌ ရှိအန်သည် ဝုဆုန်ကို သူတို့အိမ်သို့ ဖိတ်ကြားကာ သောက်စား နေကြ၏။ ဝုဆုန်မှာ စိမ်ရည်ကို ဆက်သောက်ချင်သေးသော်လည်း ရှိအန်က သူ့ကို အစာ ပို၍ စားရန် တိုက်တွန်းသည်ကို သတိပြုမိ၏။ ဝုဆုန်မှာ မကျေမနပ်နှင့် ပြန်လာခဲ့၏။ မိမိအကျဉ်းခန်းသို့ ရောက်၍ ချိုးရေ လာပို့သည့်အခါတွင် ဝုဆုန်က ရှိအန်၏ တပည့်များအား မကျေမနပ်ဖြင့် မေး၏။

“မင်းတို့သခင်လေးက ငါ့ကို အရက် ဆက်မတိုက်ဘဲ ဘာဖြစ်လို့ အစားတွေချည်း ဇိကျွေးနေသလဲ မသိဘူး”

“အမှန်ပြောရရင်တော့ သူတို့သားအဖနှစ်ယောက် တိုင်ပင်ပြီးသားပဲ ခင်ဗျ။ နောင်ကြီး ကို ဒီနေ့ပဲ မဟာမြိုင်ရွာကို လွှတ်ဖို့ စီစဉ်ထားတာပဲ။ ဒါပေမဲ့ နောင်ကြီးက မနေ့ညက သောက်တာများသွားတော့ စိတ်မချတာနဲ့ မလွှတ်တာ။ နေထိုင်ကောင်းသွားပြီး မနက်ဖြန် မှ လွှတ်မလို့တဲ့”

“ငါက အရက်မူးတော့ နေထိုင်မကောင်း ဖြစ်နေတယ်လို့ ထင်ပါရဲ့”

“ဟုတ်တယ်ခင်ဗျ”

ဝုဆုန်သည် မနက်လင်းအောင်ပင် မစောင့်နိုင်တော့ပြီ။ မနက်စောစော အိပ်ရာမှ ထကာ ပါးစပ်ကို ကျင်း၍ မျက်နှာသစ်၏။ ခေါင်းတွင် ပဝါတထည်ကို ပေါင်းကာ နောက်တွင် စကြာပုံ ထုံး၏။ မြေကြီးရောင်အင်္ကျီနှင့် ဘောင်းဘီ၊ ခါးစည်းကြိုးအနီ၊ ဒူးဆစ်ထိရှည်သော ပတ်တီးများနှင့် ရှစ်မြှောင့် လျှော်ဖိနပ်တို့ကို ဝတ်ဆင်၏။ ပါးပြင်တွင် ထိုးထား သည့် ရာဇဝတ်သားအမှတ် မင်သေ့ကို

အဝတ်စဖြင့် အုပ်၏။ ရှီအန် ရောက်လာကာ သူတို့

အိမ်သို့ လာ၍ မနက်စာ စားရန် ဖိတ်၏။

ဝုဆုန် စားသောက်ပြီးသည့်အခါ၌ ရှီအန်က-

“မြင်းဇောင်းထဲမှာ မြင်းတွေကိုတော့ ကုန်းပြင်ပြီးပြီ နောင်ကြီး။ သွားဖို့အသင့်ပဲ”

“ကျုပ်အတွက်တော့ မြင်းမလိုပါဘူးဗျာ။ ကျုပ်ခြေထောက်က အကြီးကြီးပါ။ ကျုပ် တောင်းဆိုချင်တာ တခုပဲ ရှိတယ်”

“ပြောပါ နောင်ကြီး”

“ဒီမြို့က ထွက်တာနဲ့ တပြိုင်နက် “သုံးမပါဘဲနဲ့ တစ်မကျော်ရ” ဆိုတဲ့ စည်းကမ်း ကလေးတခုကိုတော့ နှစ်ယောက်သဘောတူ ချမှတ်ထားချင်တယ်ဗျ”

“နောင်ကြီးဆိုလိုတာ ဘာလဲခင်ဗျာ။ ကျွန်တော် နားမလည်ဘူး”

ဝုဆုန်က ရယ်လိုက်လျက်-

“ဗိုလ်ယက္ခနဲ့ တိုက်ရာမှာ ကျုပ် နိုင်စေချင်ရင် ကျုပ်ညီက ကျုပ်တို့ဖြတ်သွားတဲ့ ဘုံဆိုင်တိုင်းမှာ ကျုပ်ကို စိမ်ရည် သုံးခွက် သုံးခွက် တိုက်သွားရမယ်ဗျ”

“အင်း၊ မိန်ကျို့အရှေ့တံခါးကနေပြီး မဟာမြိုင်ရွာကို ဆယ့်ငါးလီလောက်ပဲ ဝေးလို့ တော်သေးတာပေါ့။ လမ်းမှာဆိုရင် ဘုံဆိုင်ပေါင်းကလည်း တကျိပ်ကျော်ကျော်လောက် ရှိမယ် ထင်တယ်။ ဘုံဆိုင်တိုင်းမှာ သုံးခွက်စီပဲ သောက်သွားဦး။ မဟာမြိုင်ရွာကို ရောက်ရင် အခွက် သုံး လေးဆယ်လောက်တော့ ရှိတော့မှာပဲ။ ဒီအတိုင်းဆိုရင်တော့ သူလည်း တော်တော်မူးနေပြီ။ ဒီအတိုင်းတော့ဆိုရင် တို့ ရှုံးဖို့ပဲ ရှိတော့တယ်” ဟု ရှီအန် တွေးလျက် ရှိ၏။

ဝုဆုန်က ရယ်ပြန်၏။

“ဘာလဲ ကျုပ်ညီ။ ဗိုလ်ယက္ခကို ကျုပ် မသတ်နိုင်ဘူးလို့ ထင်လို့လား။ ကျုပ်ဟာ သိပ်တော့ သောက်နိုင်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမဲ့ အရက်များများ သောက်လေလေ ပိုပြီး နေလို့ထိုင်လို့ ကောင်းလေလေပဲဗျ။ အရက်မူးပြီဆိုတော့မှ ကျုပ်မှာ ခွန်အားတွေ ပြည့်လာတာ။ အရက်သောက်ပြီး သတ္တိတွေ၊ ခွန်အားတွေ တိုးလာလို့ ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို ကျုပ် သတ်နိုင်ခဲ့တာပေါ့။ ကျုပ်က တိုက်တော့မယ်ဆိုရင် နည်းနည်းတော့ သောက်လိုက်ရမှဗျ။ အဲဒီတော့မှ

စိတ်ရောကိုယ်ရော ခွန်အားပြည့်လာတတ်တယ်”

“ဒီလိုမှန်း မသိဘူး နောင်ကြီးရာ။ အိမ်မှာဆိုရင် အရက်ကောင်းကောင်းတွေ အများကြီးပဲ။ အသောက်များသွားရင် နောင်ကြီးမှာ ထိခိုက်မယ်ထင်လို့ မနေ့ညက ကောင်း ကောင်းတောင် မတိုက်လိုက်ဘူး။ ကောင်းပြီလေ။ ဒီလိုဆိုရင်လည်း ကျွန်တော့်တပည့် တယောက်ယောက်ကို စိမ်ရည်ကောင်းကောင်း၊ အမြည်းကောင်းကောင်းနဲ့ ကြို့လွှတ်ပြီး အစောင့်ခိုင်းထားမယ်။ အေးအေးဆေးဆေး သောက်စားသွားကြတာပေါ့”

“အတိုင်းထက်အလွန်ပေါ့ဗျာ။ ဒီအတိုင်း သောက်သွားရင် ဗိုလ်ယက္ခနဲ့လည်း တိုက်ချိန်ရောက်ရော၊ ရေချိန်လည်း ကိုက်ရောပေါ့။ ကျုပ်က အရက်မသောက်ရင် တိုက်ကွက် သိပ်မကောင်းဘူးဗျ။ ရေချိန်မှန်နေရင်တော့ ခင်ဗျားလူအများရှေ့မှာ ရယ်စရာဖြစ်တော့ မပေါ့”

ရှိအန်သည် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်၏။ အစေခံနှစ်ယောက်ကို ခြင်းတောင်းများဖြင့် အရက်နှင့် အမြည်းတို့ ထည့်ပြီး ရှေ့မှ ကြိုသွားနှင့်ရန် လွှတ်လိုက်၏။ ထောင်မှူးကလည်း အရေးကိစ္စကြုံလျှင် အကူအညီပေးနိုင်ရန် လူနှစ်ယောက်ကို ဝုဆုန် မသိအောင် ရှေ့မှ တိတ်တိတ်ပုန်း ကြို၍ လွှတ်လိုက်၏။

ရှိအန်နှင့် ဝုဆုန်တို့သည် အန်ပင်းအကျဉ်းထောင်မှ ထွက်ကာ အရှေ့တံခါးမှ နေ၍ မိန်ကျို့မြို့မှ ခရီးထွက်လာခဲ့ကြ၏။ အလှမ်းငါးရာခန့်မျှ မသွားရသေးမီ ရှေ့တွင် အလံထိုး ထားသည့် ဘုံဆိုင်ကလေးတဆိုင်ကို တွေ့ရ၏။ အစေခံနှစ်ယောက်တို့မှာ စိမ်ရည်များနှင့် အမြည်းများကို ယူကာ ဆိုင်ထဲသို့ ရောက်နှင့်နေကြလေပြီ။ ရှိအန်နှင့် ဝုဆုန်တို့သည် ဆိုင်ထဲတွင် ထိုင်ကြ၏။ အစေခံများက စိမ်ရည်များနှင့် အမြည်းများကို တည်ခင်းကြ၏။

“ကျုပ်ကို ခွက်သေးသေး မပေးပါနဲ့ဗျာ။ ခွက်ကြီးကြီးပေးပါ။ သာမန် သုံးခွက်ဝင်ခွက် တခွက် ပေးပါ”

အစေခံတယောက်က သူ့ရှေ့တွင် ခွက်ကြီးတလုံးကို လာ၍ ချ၏။ ဝုဆုန်သည် ဘာမျှ မပြောတော့ဘဲ ထိုခွက်ကြီးသုံးခွက် ဆင့်၍ ဆက်တိုက် မော့ချလိုက်၏။ အစေခံများက ပစ္စည်းများကို သိမ်းကာ ရှေ့မှ ဆက်သွားကြ၏။ ဝုဆုန်က ရယ်လိုက်ရင်း-

“ခုမှ နေလို့ထိုင်လို့ ကောင်းပြီး ခံတွင်းရှင်းသွားတယ်ဗျာ။ ကဲ၊ သွားကြစို့”

သူတို့သည် ဘုံဆိုင်ကလေးမှ ထွက်လာခဲ့ကြ၏။ အချိန်မှာ ဆောင်းဦးပေါက် လေကလေး တိုက်စပြုသည့်တိုင် အပူရှိန် မကျသေးသည့်အတွက်

သူတို့နှစ်ယောက်သည် အကျိုမှ ကြယ်သီးများကို ဖြုတ်ကြ၏။ နောက် တလီကျော်ကျော်ခန့် သွားမိသည့်အခါတွင် သူတို့သည် ရွာလည်း မမည်၊ ဇနပုဒ်လည်း မမည်သော နေရာကလေးတခုသို့ ရောက်ကြ၏။ သို့ရာတွင် သစ်ပင်တပင်ပေါ်တွင် လွှင့်တင်ထားသည့် ဘုံဆိုင်အလံကလေးတခုကို မြင်ရ၏။ လမ်းဘေးတောအုပ်တခုထဲတွင်မူ ထိုဒေသတွင် ချက်သည့် တောအရက်ဆိုင်ကလေး တဆိုင် တွေ့ရ၏။ ရှိအန် က ရပ်လိုက်၏။

“ဒီမှာတော့ ဒေသမှာ ချက်တဲ့ ကစော်လောက်ပဲ ရမယ်ထင်တယ် နောင်ကြီး။ ဘုံဆိုင် စာရင်းထဲ မဝင်ဘူး ထင်တယ်”

“တိုင်ထိပ်မှာ ဘုံဆိုင်အလံ ထူထားတာပဲ ကျုပ်ညီရဲ့။ ဒီတော့ “သုံးမပါဘဲနဲ့ တစ် မကျော်ရ” ဆိုတဲ့ စည်းကမ်းထဲမှာ အကျုံးဝင်တယ်”

သူတို့နှစ်ယောက်သည် ဘုံဆိုင်ကလေးထဲသို့ ဝင်လာခဲ့ကြပြီး ထိုင်ကြ၏။ အစေခံများက စိမ်ရည်အိုးများ၊ ခွက်များနှင့် အမြည်းများကို ချပေးကြ၏။ ဝုဆုန်သည် သုံးခွက် ဆက်တိုက် မော့ပြီးနောက် ထိုင်ရာမှ ထ၏။ အစေခံများသည် ပစ္စည်းများကို သိမ်းကာ ရှေ့မှ သွားနှင့်ကြ၏။ ရှိအန်နှင့် ဝုဆုန်တို့သည်လည်း ဘုံဆိုင်ထဲမှ ထွက်ခဲ့ကြ၏။ နှစ်လီခန့် မရောက်မီတွင် နောက်ထပ် ဘုံဆိုင်တဆိုင်ကို တွေ့ပြန်၏။ ဝုဆုန်သည် သုံးခွက်သောက် ပြီးနောက် ခရီးကို ဆက်လာခဲ့လေ၏။

အတိုချုပ်ရလျှင် ဝုဆုန်သည် တွေ့သမျှ ဘုံဆိုင်တိုင်း၌ သုံးခွက်စီ သောက်ခဲ့၏။ သို့ရာတွင် ဆယ်ကြိမ်၊ ဆယ့်ငါးကြိမ်ခန့် ရပ်နားပြီးသည့်တိုင် ဝုဆုန်မှာ မူးဟန်မတူသေးချေ။

“မဟာမြိုင်ရွာကို ရောက်ဖို့ ဘယ်လောက်လိုသေးလဲ ကျုပ်ညီ—

“သိပ်မလိုတော့ပါဘူး၊ ရှေ့နားလေးတင်ပါ။ ဟောဟိုက သစ်ပင်အုပ်အုပ်နဲ့ဟာ မဟာမြိုင် ရွာပဲ”

“ဟိုရောက်လို့ရှိရင် ကျုပ်ညီက တနေရာရာ သွားပြီး စောင့်နေဗျာ။ ကျုပ်ကိုယ်တိုင် ဒီလူကို လိုက်ရှာမယ်”

“သတိတော့ထားနော် နောင်ကြီး။ ကိုယ့်ရန်သူကို အထင်မသေးနဲ့”

“ကိစ္စမရှိပါဘူးဗျာ။ အဲ၊ ကျုပ်နဲ့တော့ အစေခံတွေ ထည့်ပေးလိုက်ဦးဗျ။ လမ်းမှာ ဘုံဆိုင်တွေ့ရင် သောက်ရဦးမယ်”

ရှိအန်သည် အစေခံများကို သူနှင့် ထည့်ပေးလိုက်ပြီးနောက် ပြန်လာခဲ့၏။

နောက်ထပ် သုံး လေးလီခန့် ခရီးအတွင်း၌ ဝုဆုန်သည်

စိမ်ရည်ဆယ်ခွက်ကျော်မျှ ထပ်၍ သောက်ပြန်၏။ ထိုအချိန်မှာ မွန်းတည့်ချိန်ဖြစ်ပြီး လေပြည်ကလေးတိုက်နေသည့် တိုင် ပူလောင်အိုက်စပ်လျက် ရှိ၏။ ဝုဆုန့်တကိုယ်လုံးမှာ အရက်ရှိန်ကြောင့် အိုက်စပ်စပ် ဖြစ်လျက် ရှိလေပြီ။ ဝုဆုန်သည် အင်္ကျီရင်ဘတ်ကို ဟထားလိုက်၏။ အမှန်အားဖြင့် ဝုဆုန် သည် တဝက်ခန့်လောက်သာ မူးသေးသည့်တိုင် အရက်အတော်မူးနေဟန်ဖြင့် ဒယီးဒယိုင် လျှောက်လာခဲ့၏။ ရွာအနီးသို့ ရောက်လာသည့်အခါ အစေခံတယောက်က-

"အဲဒီ ခက်ရင်းသုံးချောင်းခွ လမ်းဆုံက ဆိုင်ဟာ ဗိုလ်ယက္ခရဲ့ ဘုံဆိုင်ပဲ ခင်ဗျ"

"ဟုတ်ပြီ။ မင်းတို့ ခပ်ဝေးဝေးက နေကြ။ ဒီကောင်ကို အလဲထိုးပြီးတော့မှ ငါ့ဆီ လာခဲ့ကြ"

ဝုဆုန်သည် သစ်ပင်အုပ်ကလေးနောက်ဘက်သို့ ဝင်လာခဲ့၏။ ပိုးစာပင်တပင်အောက် ၌ကား ဝတ်စုံအဖြူကို ဝတ်ကာ ယင်ခြောက်သည့် ယပ်တခုကို ကိုင်ထားသည့် တုတ်ခိုင် ထွားကျိုင်းသည့် လူတယောက်သည် ပက်လက်ကုလားထိုင် တလုံးပေါ်တွင် ထိုင်လျက် ရှိ၏။ ဝုဆုန်သည် အရက်မူးဟန်ဆောင်လျက်ရှိရာမှ ထိုလူကို လှမ်းကြည့်လိုက်၏။

"တံခါးမှူး ဗိုလ်ယက္ခဆိုတာ ဒီလူပဲ ဖြစ်မှာပဲ" ဟု ဝုဆုန်တွေးမိ၏။

ဝုဆုန်သည် ဘုံဆိုင်နောက်သို့ ကွေ့လျှောက်လာခဲ့၏။ အလှမ်း လေးငါးဆယ်လောက် လျှောက်မိသည်တွင် ဘုံဆိုင် တံစက်မြိတ်အောက်ရှိ ဝါးလုံးတန်းတွင် ချိတ်ထားသည့် အလံကို မြင်ရပြီး ထိုအလံပေါ်တွင် 'ဆိပ်ကမ်းသာ ဘုံဆိုင်" ဟု ရေးထားသည်ကို တွေ့ရ၏။ တံခါးမကြီး ရှေ့ အစိမ်းရောင်လွင်လွင် ဆေးခြယ်ထားသည့် ဝရန်တာလက်ရန်းတခုပေါ် တွင်မူ ရွှေစာလုံးကြီးများဖြင့် ရေးထားသည့် နဖူးစည်းနှစ်ခုကို တွေ့ရလေ၏။ တခုပေါ်၌ "အရက်မူးနေသည့်အချိန်၌ စကြဝဠာကြီးသည် ကျယ်ပြောလှပေ၏"ဟု ရေးထားပြီးနောက် နဖူးစည်းတခုပေါ်တွင်မူ "စိမ်ရည်အိုးထဲ၌ နေ့တာများ ရှည်လှပေ၏" ဟု ရေးထားလေ၏။

ဘုံဆိုင်ဘေး ကနားဖျင်းထဲတွင်မူ သားသတ်သည့် စင်တခု၊ စဉ်းနီးတုံးတတုံး၊ ဓား များနှင့် မှိန်းများကို တွေ့ရ၏။ အခြားတဖက်ရှိ ကနားဖျင်းထဲတွင်မူ ပေါက်စီပေါင်းသည့် ပေါင်းဖိုတခုနှင့် ခြင်းတောင်းများကို တွေ့ရ၏။

ထို့ပြင် မြေကြီးထဲတွင် တပိုင်းမြှုပ်ထားသည့် ရာဝင် စိမ်ရည်အိုးကြီး သုံးလုံးကိုလည်း တွေ့ရ၏။ ရာဝင်အိုးထဲတွင် စိမ်ရည်တဝက်ကျော်ခန့် ရှိ၏။

ဘုံဆိုင်အလယ်ရှိ ငွေသိမ်း စားပွဲတွင် မိန်းမပျိုတဦး ထိုင်လျက် ရှိ၏။ ထိုမိန်းမပျိုမှာ မိန့်ကျို့မြို့သူဖြစ်၍ ဗိုလ်ယက္ခ၏ အမြှောင်မယားတဦးဖြစ်၏။ နာမည်ကျော် ဇာတ်သမတဦးဖြစ်ပြီး နောက်ပိုင်းတွင် မြို့ အနောက်ပိုင်းရှိ ပြည့်တန်ဆာအိမ်များတွင် နာမည်ကြီးခဲ့သူတဦး ဖြစ်လေ၏။

ဝုဆုန်သည် ရီဝေသောမျက်လုံးများဖြင့် တချက်အကဲခတ်လိုက်ပြီးလျှင် ဘုံဆိုင်ထဲသို့ ဝင်လာခဲ့ကာ ငွေသိမ်းစားပွဲနှင့် မျက်နှာချင်းဆိုင် စားပွဲတလုံးတွင် ဝင်၍ ထိုင်လိုက်၏။ ဝုဆုန်သည် လက်နှစ်ဖက်ကို စားပွဲပေါ်သို့ တင်ထားရင်း မိန်းမပျိုကို စူးစိုက် ကြည့်နေ၏။ မိန်းမပျိုမှာ သူ့ကို စိုက်ကြည့်နေမှန်းသိသဖြင့် မျက်နှာကို တခြားသို့လွှဲကာ ဟိုဟိုသည်သည် ကို ကြည့်နေ၏။

ထိုစဉ် စားပွဲထိုးရောက်လာကာ-

"စိမ်ရည် ဘယ်လောက်ယူမလဲ ခင်ဗျာ"

"နှစ်ခွက်ပေး။ ကောင်း၊ မကောင်း မြည်းကြည့်ဦးမယ်"

စားပွဲထိုးက ငွေသိမ်းစားပွဲနောက်ဘက်ရှိ မိန်းမပျိုထံသို့ လှမ်း၍ နှစ်ခွက်ထည့်ပေးရန် ပြော၏။ မိန်းမပျိုသည် စိမ်ရည်ပုံးထဲမှ ခပ်ကာ နှစ်ခွက်ကို နွေးပေး၏။ စားပွဲထိုးက စိမ်ရည် နှစ်ခွက်ကို သူ့ရှေ့သို့ လာချကာ-

"မြည်းကြည့်ပါ ခင်ဗျာ"

ဝုဆုန်က နမ်းကြည့်လိုက်ပြီး ခေါင်းယမ်းလိုက်လျက်-

"မကောင်းဘူး။ နောက်တမျိုး လဲပေးပါ"

ဝုဆုန် မူးနေကြောင်းကို စားပွဲထိုး သတိပြုလိုက်မိ၏။ စားပွဲထိုးသည် ငွေသိမ်းစားပွဲ ဆီသို့ လျှောက်သွားကာ-

"အစ်မရေ၊ သိပ်တော့မလွယ်ဘူး။ နောက်တမျိုး လဲပေးတဲ့"

မိန်းမပျိုသည် ဝုဆုန်ပြန်ပေးလိုက်သည့်စိမ်ရည်ကို ပုံးထဲသို့ပြန်ထည့်ကာ အကောင်းစား စိမ်ရည်တမျိုးကို ထုတ်ပေးလိုက်၏။ စားပွဲထိုးက တခွက်ကို နွေးလာပြီး စားပွဲသို့ လာချ ပြန်၏။ ဝုဆုန်က မြည်းကြည့်လိုက်ရင်း-

"ဒါလည်း မကောင်းသေးဘူး။ ငါ စိတ်မဆိုးခင် မြန်မြန်လဲပေးနော်"

သူ့လို အရက်မူးသမားနှင့် အချေအတင်ပြောနေ၍ အကျိုးမထူးတော့ပြီ။ စားပွဲထိုးသည် စိတ်ကို ချုပ်တည်းကာ ငွေသိမ်းစားပွဲသို့ ပြန်လာခဲ့ပြီး-

"ဒါလည်း မဟုတ်သေးဘူးတဲ့။ လဲပေးဦးတဲ့။ သူ့လိုဟာမျိုးနဲ့ ငြင်းခုံနေရင်လည်း အလကားပဲ။ အရက်မူးပြီး ရမ်းကားချင်နေတယ် ထင်တယ်။ အကောင်းဆုံးဟာကို ပေး လိုက်စမ်းပါ အစ်မရယ်"

မိန်းမပျိုက အကောင်းဆုံးစိမ်ရည်ကို ခပ်ပေးလိုက်၏။ စားပွဲထိုးသည် စိမ်ရည်ကို သွားမွှေးကာ စားပွဲသို့ လာချပြန်၏။ ဝုဆုန်က မြည်းကြည့်၏။

"အင်း၊ ဒါကတော့ သိပ်မဆိုးဘူး။ နေပါဦး။ ဆိုင်ရှင်က ဘယ်သူလဲ"

"ကျန်းတဲ့ဗျ"

"ဘာဖြစ်လို့ လီလို့ မမှည့်တာလဲ"

ထိုစကားကို ကြားသည့်အခါတွင် မိန်းမပျိုက ခပ်တိုးတိုးဖြင့်-

"ဒီလူကြီး ဘယ်ကများ မူးလာသလဲ မသိဘူး။ ဘယ်သူကများ မြှောက်ပေးလိုက်လို့ ဒီကို လာရမ်းနေသလဲ မသိဘူး"

"အလကားလူ ထင်ပါရဲ့ အစ်မရယ်။ ဒါကြောင့်မို့ တောင်ပြောမြောက်ပြော ပြောနေတာပေါ့"

"ဘာတွေ ပြောနေကြတာလဲကွ" ဟု ဝုဆုန်က မေး၏။

"ကျွန်တော်တို့ဘာသာ ပြောနေကြတာပါ။ နောင်ကြီး သောက်မှာ သောက်ပါဗျာ။ ကိုယ့်အလုပ် ကိုယ်လုပ်တာ ကောင်းပါတယ်"

"ဟေ့၊ စားပွဲထိုး။ ငွေသိမ်းတဲ့ အမျိုးသမီးကို ပြောလိုက်ကွာ။ ငါနဲ့ လာပြီး တခွက် တဖလားလောက် သောက်ပါလို့"

"နောင်ကြီး၊ တိုးတိုးဗျ။ သူက ဆိုင်ရှင်ရဲ့ မိန်းမ"

"ဆိုင်ရှင့်မိန်းမဖြစ်တော့ ဘာဖြစ်သလဲကွ။ ငါနဲ့ လာပြီး တခွက်တဖလား သောက်တာ ဘာဖြစ်သလဲ"

မိန်းမပျိုမှာ စိတ်ဆိုးနေလေပြီ။

"သေခြင်းဆိုးကြီး။ ရှင် သေသွားချင်ပြီ ထင်တယ်" ဟု ဆိုကာ ဝုဆုန်ကို ရိုက်ရန် စားပွဲနောက်မှ ထွက်လာလေ၏။

ဝုဆုန်သည် မြေကြီးရောင် အင်္ကျီကို ချွတ်ပြီး ခါးစည်းကြားထဲသို့ ညှပ်လိုက်လေ၏။ ထို့နောက် စိမ်ရည်အိုးကို မြှောက်ကာ စိမ်ရည်များကို

ကြမ်းပေါ်သို့ သွန်ချလိုက်လေ၏။ ဝုဆုန်သည် ငွေသိမ်းစားပွဲနောက်သို့ ဝင်လာရာ ထွက်လာသော မိန်းမပျိုနှင့် ဝင်တိုက်မိ၏။ မိန်းမပျိုမှာ ဝုဆုန်နှင့် မယှဉ်နိုင်ပြီ။ ဝုဆုန်သည် မိန်းမပျို၏ ခါးကို လက်တဖက်ဖြင့် ကိုင်လိုက်ပြီး အခြားတဖက်ဖြင့် ကျကျနန ထုံးထားသည့် ဆံပင်ကို ဆွဲလိုက်၏။ ထို့နောက် မိန်းမပျိုကို မြှောက်ကာ စားပွဲပေါ်မှ ကျော်၍ ရာဝင်အိုးကြီးထဲသို့ ပစ်ချလိုက်ရာ မိန်းမပျိုမှာ ရာဝင်အိုးထဲသို့ ခွက်ခနဲ ကျသွား၏။

ဝုဆုန်သည် ငွေသိမ်းစားပွဲနောက်မှ ချက်ချင်းထွက်လာခဲ့၏။ ဤတွင် သွက်လက် ဖျတ်လတ်သည့် စားပွဲထိုးများ ပြေးလာကြ၏။ ဝုဆုန်သည် သူတို့အထဲမှ တယောက်ကို ကောက်ယူကာ နောက်စိမ်ရည်အိုးတလုံးထဲသို့ ပစ်ချလိုက်၏။ နောက်တယောက်ကိုလည်း ကျန်သည့် စိမ်ရည်အိုးကြီးထဲသို့ ပစ်ချလိုက်ပြန်၏။ နှစ်ယောက်ကိုမူ တယောက်ကို တချက် ထိုးလိုက်ပြီး တယောက်ကို တချက် ကန်လိုက်သည်တွင် စားပွဲထိုးနှစ်ယောက်မှာ လဲနေလေပြီ။ သုံးယောက်မှာ စိမ်ရည်အိုးထဲမှ မတက်နိုင်ဘဲ နှစ်ယောက်မှာ ကြမ်းပြင် ပေါ်တွင် စန့်စန့်ကြီးတွေ လဲနေသည်ကို တွေ့သည့်အခါ၌ ကျန်တယောက်မှာ ကြောက်သေး၊ ကြောက်အီးပါကာ ထွက်ပြေးလေ၏။

"ဒီသတ္တဝါဟာ သူတို့ဆရာ ဗိုလ်ယက္ခဆီကို သွားပြောတာ ဖြစ်မှာပဲ။ ကိစ္စမရှိဘူး။ ငါ လိုက်သွားမယ်။ လမ်းလယ်ကောင်မှာ ဒီလူကို နိုင်ရင် သူ့ကို လူတွေ ဝိုင်းရယ်ခံရပြီပေါ့" ဟု ဝုဆုန် တွေးမိ၏။

သူထင်သည့်အတိုင်းပင် စားပွဲထိုးသည် သူ့ဆရာထံ သွား၍ ပြောခြင်းဖြစ်၏။ သူ့ဆရာ ဗိုလ်ယက္ခမှာ အံ့အားသင့်လျက် ရှိ၏။ ဗိုလ်ယက္ခသည် ပက်လက်ကုလားထိုင်ကို ခြေဖြင့် ကန်ထုတ်လိုက်ကာ ခြင်ရိုက်ကို ပစ်ချလိုက်ပြီးနောက် ပြေးလာခဲ့ရာ ဆိုင်အထွက်တွင် ဝုဆုန်နှင့် ပက်ပင်းတိုးနေ၏။ ဗိုလ်ယက္ခသည် သန်မာထွားကျိုင်းသူတယောက် ဖြစ်သည့် တိုင် အရက်အလွန်အကျူးသောက်ခြင်း၊ အပျော်အပါး လိုက်စားခြင်းတို့ကြောင့် အားအင် ကုန်ခန်းလျက် ရှိသည့်ပြင် မမျှော်လင့်သော သတင်းကြောင့်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်လျက်ရှိ၏။ ကျားတကောင်ကဲ့သို့ သန်မာ၍ သူ့ကို အနိုင်သတ်ရန် ပိုင်းဖြတ်ထားသည့် ဝုဆုန်ကို အသို့လျှင် ယှဉ်ပြိုင်နိုင်ပါမည်နည်း။

သို့ရာတွင် ဗိုလ်ယက္ခသည် သူ့ရန်သူကို အထင်သေးရုံမျှမက အရက်မူးနေသည်ဟု ထင်သဖြင့် ရှေ့သို့ အလောတကြီး ဝင်လာခဲ့၏။ ရေးပြသည်ထက် တိုတောင်းသော အချိန်ကလေးအတွင်းတွင် ဝုဆုန်သည် ဗိုလ်ယက္ခ၏ မျက်နှာဆီသို့ လက်သီးတချက် ပစ်သွင်းလိုက်ကာ နောက်သို့လှည့်၍ ထွက်ပြေးလာခဲ့၏။ ဗိုလ်ယက္ခက ဒေါသထွက်ကာ နောက်မှ ပြေးလိုက်၏။ ဝုဆုန်သည် နောက်သို့ ချာခနဲလှည့်လိုက်ကာ လက်ဝဲခြေထောက်ကို ဆန့်ထုတ်၍

သူ့ဆီးစပ်ကို ကန်ချလိုက်၏။ ဗိုလ်ယက္ခသည် ဆီးစပ်ကို ပိုက်၍ နှိပ်နေစဉ် ဝုဆုန်သည် ချာခနဲလှည့်၍ ခုန်လိုက်ပြီး ညာခြေဖြင့် ထိပ်ကို ခတ်ချလိုက်ရာ ဗိုလ်ယက္ခသည် နောက်ပြန်လဲကျသွား၏။ ဝုဆုန်သည် သူ့ရင်ဘတ်ပေါ်သို့ ခြေတဖက်တင်ကာ ရေနွေးခရားလောက်ရှိသည့် လက်သီးကြီးများဖြင့် ဗိုလ်ယက္ခ၏ ခေါင်းကို အချက်ပေါင်းများစွာ ထိုး၏။

ထိုသို့ လက်သီးကို ပစ်သွင်းခြင်း၊ နောက်ပြန်လှည့်ခြင်း၊ ဘယ်ခြေဖြင့် နောက်ပြန်ကန် ထုတ်လိုက်ခြင်း၊ ပြန်လှည့်၍ ညာခြေဖြင့် ခတ်ခြင်း စသည့် တိုက်ကွက်တို့ကို "ဟသ်ာ မောင်နှံ ခြေထောက်ဖြင့် ကျောက်စိမ်းလက်စွပ်ကွင်းနည်း" ဟု ခေါ်၏။ ထို တိုက်ကွက်မှာ ဝုဆုန်၏ အကျွမ်းကျင်ဆုံးသော တိုက်ကွက်တမျိုးဖြစ်ပြီး ထူးခြားသော နည်းပရိယာယ်တမျိုး ဖြစ်၏။

မြေကြီးပေါ်တွင် လဲနေသော ဗိုလ်ယက္ခသည် သူ့ကို ချမ်းသာပေးရန် တောင်းပန်၏။

"ကိုယ့်လူ အသက်မသေချင်ရင် ကျုပ်ကို ကတိသုံးခု ပေးရမယ်"ဟု ဝုဆုန်က ပြော၏။

"အသက်ကို ချမ်းသာပေးမယ်ဆိုရင် သုံးခုမကပါဘူးဗျာ။ သုံးရာ ပေးပါတယ်"

ဝုဆုန်က သူ့ကို လက်ညှိုးထိုးကာ တောင်းဆိုချက်များကို တောင်းလေ၏။ ထို တောင်းဆိုချက်ကြောင့် ပေါ်ပေါက်လာသည့် ရလဒ်မှာ အနေအထားတို့သည် ပြောင်းလဲသွားကာ ဘဝသစ်တခုကို ရွေးချယ်ရ၏။ ဆံပင်တို့ အဖြတ်ခံရ၍ လူတယောက်သည် သတ်ရန် ထွက်သွားရလေ၏။

ဝုဆုန် တောင်းသည့် တောင်းဆိုချက် သုံးချက်တို့မှာ မည်သည့် တောင်းဆိုချက်များ ဖြစ်လေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၀

ရှီအန်သည် ကြိုးတိုက်ထဲသို့ သုံးကြိမ်တိုင် ရောက်ခြင်း

ဝုဆုန်သည် တိမ်ပျံအင်းတွင် ဆူပူ သောင်းကျန်းခြင်း

ဝုဆုန်က-

"ပထမအချက်အနေနဲ့ ခင်ဗျား မဟာမြိုင်ရွာက ထွက်သွားပြီး ပစ္စည်းတွေကို သူ့မူလ ပိုင်ရှင်ဖြစ်တဲ့ ရွှေမျက်လုံးရှင်ကျားကလေးကို ပြန်ပေးရမယ်။ ဘာဖြစ်လို့ သူများပစ္စည်းကို ခင်ဗျား ယူရတာလဲ"

"ကတိပေးပါတယ်ဗျာ။ ကတိပေးပါတယ်" ဟု ဗိုလ်ယက္ခက ပြောလေ၏။

"ဒုတိယအချက်။ ခင်ဗျားအသက်ကို ကျုပ် ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ မဟာမြိုင်ရွာက ခင်ဗျား လူမိုက်ဂိုဏ်းခေါင်းဆောင်တွေကို ခေါ်ပြီး ခင်ဗျားကိုယ်စား ရှီအန်ကို တောင်းပန်ခိုင်းရမယ်"

"ကတိပေးပါတယ်"

"ဒီကကိစ္စတွေ ရှင်းပြီးတဲ့အခါမှာ ခင်ဗျား မဟာမြိုင်ရွာမှာ မနေဘဲ ကိုယ့်ဇာတိကို ပြန်ပါ။ မိန်ကျို့နယ်ထဲမှာ မနေပါနဲ့။ တကယ်လို့ ခင်ဗျား ထွက်မသွားဘူးဆိုရင် ကျုပ်နဲ့ တွေ့တိုင်း ခင်ဗျား မသက်သာဘူး မှတ်ပါ။ အသာအယာ ဆုံးမရင် ခင်ဗျား လူစဉ်မမီဘဲ ဖြစ်မယ်။ ကျုပ် ထင်တိုင်း ဆုံးမရင် ခင်ဗျား အသက်ထွက်မယ်။ ဘယ့်နှယ်လဲ"

ဗိုလ်ယက္ခမှာ အသက်သေမည်ကို စိုးရိမ်လှသဖြင့်-

"ကောင်းပါပြီဗျာ။ ကျွန်တော် အားလုံး လိုက်နာပါ့မယ်" ဟု ပြော၏။

ဝုဆုန်သည် ဗိုလ်ယက္ခကို ဆွဲထူလိုက်၏။ ဗိုလ်ယက္ခ၏ မျက်နှာမှာ မည်းနက်ပြာနှမ်း လျက်ရှိ၍ နှုတ်ခမ်းတို့မှာလည်း ဖူးဖူးရောင်လျက်ရှိ၏။ လည်ကုပ်မှာ စောင်းလျက်ရှိပြီး နဖူးဒဏ်ရာမှ သွေးတို့သည် စီးကျလျက်ရှိ၏။ ဝုဆုန်သည် ဗိုလ်ယက္ခကို လက်ညှိုးထိုးကာ-

"ဒီမှာ ကိုယ့်လူ။ ကျုပ်ဟာ ကျင့်ယန်ခင်တန်းက ကျားကို လက်သီးသုံးချက် ထိုးပြီး ခြေနှစ်ချက်နဲ့ ကန်သတ်ခဲ့တဲ့လူဗျ။ ခင်ဗျားလို လူလောက်ကို စာရင်းထဲ မထည့်ဘူး မှတ်ပါ။ ရှီအန်ရဲ့ ပစ္စည်းတွေကို ချက်ချင်း ပြန်ပေးလိုက်ပါ။ မြန်မြန်

ပြန်မပေးဘူးဆိုရင် ခင်ဗျားအသက်ကို ဖက်နဲ့ ထုပ်ထားနှင့်”

သူ့ရန်သူသည် ဝုဆုန် ဖြစ်ကြောင်း သိသည့်အခါ၌ ဗိုလ်ယက္ခသည် သူ့အသက်ကို ချမ်းသာပေးရန်ကိုသာ တဖွဖွ တောင်းပန်လျက်ရှိလေ၏။

ထိုအချိန်တွင် ရှိအန်နှင့် လက်ရွေးစင် တပည့်နှစ်ဆယ်ကျော် သုံးဆယ်ခန့်တို့သည် စစ်ကူရန်အတွက် ရောက်လာကြပြန်၏။ သို့ရာတွင် ဗိုလ်ယက္ခမှာ အရေးနိမ့်သွားပြီကို သိသည့်အခါတွင် သူတို့သည် ဝုဆုန်အနီးတွင် ဝိုင်းအုံနေကြလေ၏။

ဝုဆုန်က-

“ဟောဒီမှာ ပိုင်ရှင်အစစ်လာပြီ။ သွား၊ တခြားလူတွေကို ခေါ်ပြီး အတောင်းပန်ခိုင်းဦး”

“ဆိုင်ထဲမှာ ခဏလောက် ထိုင်ပါဦးခင်ဗျာ” ဟု ဗိုလ်ယက္ခက ပြောလေ၏။

ဝုဆုန်သည် သူ့လူများနှင့်အတူ ဆိုင်ထဲသို့ ဝင်လာခဲ့၏။ ကြမ်းပေါ်တွင် အရက်တွေ ချောင်းစီးလျက်ရှိလေပြီ။ ခြေချစရာပင် မရှိတော့ချေ။ ဗိုလ်ယက္ခ၏ တပည့်နှစ်ဦးတို့မှာ ယခုတိုင် ရာဝင်အိုးကြီးများထဲမှ မတက်နိုင်ကြသေးချေ။ ဗိုလ်ယက္ခ၏ မိန်းမမှာမူ ရာဝင်အိုး အပြင်သို့ ရောက်နေလေပြီ။ မျက်နှာမှာ ဒဏ်ရာတို့ဖြင့် မည်းလျက်ရှိပြီး သူ့ဝတ်စုံမှ အရက်တွေ တစက်စက်ကျနေ၏။ စားပွဲထိုးများမှာ ထွက်ပြေးကြလေပြီ။

ဝုဆုန်နှင့် အဖွဲ့သားများသည် ဆိုင်ထဲတွင် ဝင်ထိုင်ကြ၏။

“ဒီနေရာကို ဆေးပစ်လိုက်ဦး” ဟု အော်၏။

ဗိုလ်ယက္ခသည် လှည်းတစီးကို ခေါ်ကာ သူ့မိန်းမနှင့်တကွ ပစ္စည်းများကို လှည်းပေါ်သို့ တင်ပြီး တခြားသို့ ပို့လိုက်၏။ ထို့နောက် ဒဏ်ရာမရသည့် စားပွဲထိုးများကို တွေ့သဖြင့် သူတို့ကို ခေါ်ကာ ဝုဆုန်နှင့် ဧည့်သည်များကို ဧည့်ခံခိုင်းပြီး ရှိအန်ကို တောင်းပန်ခိုင်း၏။ စားပွဲထိုးများသည် ဗိုလ်ယက္ခကိုယ်စား ရှိအန်ကို တောင်းပန်ကြ၏။ ဗိုလ်ယက္ခသည် စားပွဲကို ခင်းကာ အကောင်းဆုံး စိမ်ရည်တို့ကို ထုတ်လာပြီးနောက် ဧည့်သည်များကို ထိုင်ရန် ပြော၏။ ဝုဆုန်သည် ရှိအန်အား စားပွဲထိပ်တွင် အထိုင်ခိုင်း၏။ အရက်အိုးကြီး တလုံးကို ချလာပြီး ဧည့်သည်တိုင်း ရှေ့တွင် အရက်ခွက်ကြီးတလုံးစီကို ချပေးပြီးလျှင် အရက်တို့ကို ငှဲ့ပေးရာ အားလုံး ခွက်ပေါင်းများစွာ သောက်ကြ၏။ ထို့နောက် ဝုဆုန်က ရောက်လာသည့် ဧည့်သည်များကို စကားပြော၏။

"လေးစားအပ်တဲ့ အိမ်နားနီးချင်းများ ခင်ဗျာ။ ကျွန်တော်ဟာ ယန်ကူမှာ လူသတ်မှု ကို ကျူးလွန်ခဲ့တဲ့အတွက် ဒီနေရာကို နယ်နှင်ဒဏ်နဲ့ ရောက်လာခဲ့ရသူ ဖြစ်ပါတယ်။ ဒီရောက်တော့ ဒီဘုံဆိုင်ကို ဗိုလ်ယက္ခက ရှီအန်လက်ထဲက လုယူခဲ့တဲ့အတွက် ရှီအန်မှာ အလုပ်အကိုင်မရှိဘဲ ဖြစ်နေတယ်ဆိုတာကို သိရပါတယ်။ ရှီအန်ဟာ ကျွန်တော့်သခင်လို့ မထင်လိုက်ကြပါနဲ့။ ကျွန်တော်တို့နှစ်ဦးကြားမှာ ဘာမှ ကျေးဇူးစား ကျေးဇူးခံ မရှိခဲ့ပါဘူး။ ကျွန်တော့် ဘဝမှာ ဆိုးယုတ် ကောက်ကျစ်သူတွေနဲ့ချည်းပဲ တွေ့လာခဲ့ရတာပါ။ ဒါကြောင့် လမ်းမှာ မတရားမှုကို တွေ့ရင် ကျွန်တော်ဟာ ဓားကို ချွတ် တိုက်ခဲ့တာချည်းပါပဲ။ ကိုယ့် အသက်ကိုတောင် ကိုယ် မနှမြောခဲ့ပါဘူး။ ဒီနေ့လည်း ကျွန်တော်ဟာ ဒီနယ်တဝိုက်မှာ သူ ဗိုလ်ကျနေတာတွေကို အပြတ်ရှင်းဖို့ လာခဲ့တာပါပဲ။ ဒါပေမဲ့ လေးစားအပ်တဲ့ အိမ်နား နီးချင်းတွေရဲ့ မျက်နှာကို ထောက်သောအားဖြင့် သူ့အသက်ကို ချမ်းသာပေးလိုက်ပါတယ်။ ဒီနေ့ညပဲ ဒီနယ်ထဲက ထွက်သွားဖို့ သူ့ကို ကျွန်တော် ပြောပြီးပါပြီ။ မသွားသေးဘဲ နောက် တခါ တွေ့ရဦးမယ်ဆိုရင်တော့ ကျင့်ယန်ခင်တန်းက ကျားဆိုးကို သတ်ခဲ့သလို သူ့ကိုလည်း ကျွန်တော် ဆုံးမရပါလိမ့်မယ်"

ဝုဆုန်သည် ကျင့်ယန်ခင်တန်းမှာ ကျားဆိုးကြီးကို သတ်ခဲ့သည့် လူစွမ်းကောင်း ဖြစ်သည်ကို သိရသည့်အခါ၌ အိမ်နားနီးချင်းများသည် ထ၍-

"ဒေါသရှေ့မထားပါနဲ့ နောင်ကြီးရယ်။ ဘုံဆိုင်ကို မူလပိုင်ရှင်ကို ပြန်ပေးပြီး သူ့ကို ထွက်သွားခွင့်ပေးလိုက်ပါ" ဟု တောင်းပန်ကြ၏။

ဗိုလ်ယက္ခမှာကား ကြောက်လွန်းသဖြင့် စကားပင် မပြောနိုင်တော့ပြီ။ ရှီအန်သည် ပစ္စည်းများကို စစ်ဆေးပြီးနောက် ဆိုင်ကို လွှဲယူလိုက်၏။ ဗိုလ်ယက္ခသည် ခပ်ရှက်ရှက်ဖြင့် အားလုံးကို နှုတ်ဆက်ကာ ပစ္စည်းများကို လှည်းပေါ်သို့ တင်၍ ထွက်ခွာသွား၏။ ဝုဆုန် သည် အိမ်နားနီးချင်းများအား မူးသည်အထိ အရက်များဖြင့် ဧည့်ခံ၏။ ညနေစောင်းသည့် အခါတွင် ဧည့်သည်များလည်း ပြန်သွားကြ၏။ ဝုဆုန်မှာ ထိုအချိန်က စ၍ အိပ်ပျော်သွား လေရာ နောက်တနေ့မနက် မိုးသောက်ရောက်မှ နိုးလာ၏။

မဟာမြိုင်ရွာမှ ဘုံဆိုင်ကို ရှီအန် ပြန်လည်ရရှိပြီဟု ကြားရသည့်အခါ၌ ထောင်မှူးကြီးသည် ဝုဆုန်ကို ကျေးဇူးတင်စကားပြောရန် မြင်းတစီးဖြင့် ထွက်လာခဲ့၏။ ထောင်မှူးကြီးသည် ရက်ပေါင်းများစွာ နေထိုင်ကာ ဧည့်သည်များကို ဧည့်ခံကျွေးမွေး၏။ ရွာနီး ချုပ်စပ်မှ လူများသည် ဝုဆုန်၏ သတင်းကို ကြားရသည့်အခါတွင် ဝမ်းမြောက်ဝမ်းသာ လာရောက်၍ အရိုအသေ ပေးကြ၏။ ရှီအန်သည် ဘုံဆိုင်ကို ပြန်လည်မွမ်းမံပြီးနောက် ပြန်လည်၍ ဖွင့်လှစ်၏။ ထောင်မှူးကြီးမှာလည်း အန်ပင်းထောင်သို့ ပြန်သွား၏။ ဗိုလ်ယက္ခ နှင့်

သူ့အမြှောင်မယားတို့မှာ မည်သည့်ဒေသသို့ ထွက်သွားသည်ကို မည်သူမျှ မသိကြတော့ပြီ။ ရှိအန်သည် မိမိ၏ ရန်သူဟောင်းအကြောင်းကို မတွေးတော့ဘဲ အလုပ်ကိုသာ ကြိုးစား၍ လုပ်၏။ ဝုဆုန်မှာလည်း သူနှင့်အတူ နေထိုင်လျက်ရှိ၏။ အမြတ်မှာ ယခင်ကထက် သုံး လေးဆယ်ရာခိုင်နှုန်း ပိုလာ၏။ ကစားဝိုင်းဒိုင်များ၊ ထမင်းဆိုင်များ၊ ငွေလဲသည့် ဆိုင်များကလည်း ရှိအန်ကို ဆက်ကြေးများ ပေးကြသဖြင့် ရှိအန်မှာ ဝုဆုန်ကို များစွာ ကျေးဇူးတင်လျက် ရှိ၏။ သို့ဖြင့် ရှိအန်သည် မဟာမြိုင်ရွာတဝိုက်တွင် ဩဇာကြီးလာခဲ့၏။

ထိုအကြောင်းကို မပြောတော့ပြီ။

အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးသွားကြ၏။ သို့ဖြင့် တလမျှ ကြာခဲ့လေပြီ။ အပူရှိန် သည် တဖြည်းဖြည်းလျော့စပြုကာ ကောက်စိမ်းပမာ နှင်းပွင့်တို့ ကျစပြုလေပြီ။ ရွှေရောင်လေသည် နွေရာသီကုန်ဆုံး၍ ဆောင်းဦးပေါက်သို့ ရောက်ပြီဖြစ်ကြောင်း ပြနေလေပြီ။ အတိုချုပ်ရသော်၊ တနေ့သ၌ ရှိအန်သည် ဆိုင်ထဲတွင် ထိုင်ကာ ဝုဆုန်နှင့်အတူ နပန်းအတတ်၊ ဓားသိုင်း၊ လှံသိုင်းအတတ် အကြောင်းတို့ကို ပြောဆိုလျက်ရှိစဉ် စစ်သား သုံးယောက်သည် မြင်းတကောင်ကို ဆွဲကာ ဝင်းထဲသို့ ဝင်လာကြ၏။ ဆိုင်ထဲသို့ ရောက်သည့်အခါတွင်-

“ကျင့်ယန်ခင်တန်းက ကျားကို သတ်ခဲ့တဲ့ ဝုဆုန်ဆိုတာ ဘယ်သူလဲဗျ” ဟု မေး၏။

ရှိအန်သည် သူတို့ကို ချက်ချင်းမှတ်မိလိုက်၏။ မိန်ကျို့မြို့စောင့်တပ်မှူး ဖြစ်သည့် ဗိုလ်ချုပ်ချန်မိန်ဖန်း၏ တပ်ရေးများ ဖြစ်ကြ၏။ ရှိအန်က သူတို့ထံသို့ ထ သွားကာ-

“ဘာကိစ္စရှိလို့လဲဗျာ”

“ကျွန်တော်တို့ ဗိုလ်ချုပ်က သူ့စွမ်းရည်သတ္တိကို ကြားတဲ့အတွက် သူ့ကို မြင်းတစီးနဲ့ အခေါ်ခိုင်းလိုက်လို့ပါ။ ဗိုလ်ချုပ်က ဖိတ်တာပါ။ ဟောဒီမှာ ဖိတ်စာပါပါတယ်”

ရှိအန်သည် ဖိတ်စာကို ဖတ်ကြည့်၏။

“ဗိုလ်ချုပ်ချန်မိန်ဖန်းဆိုတာ ငါ့အဖေ အထက်က လူကြီးပဲ။ ငါ့အဖေလည်း သူ့ကို လွန်ဆန်ရဲမှာ မဟုတ်ဘူး။ ပြီးတော့ ဝုဆုန်ကလည်း နယ်နှင်ခံထားရတဲ့ ရာဇဝတ်သား ဆိုတော့ သွားမှ ကောင်းမယ်ထင်တယ်” ဟု တွေးနေ၏။

ရှိအန်က ဝုဆုန်ဘက်သို့ လှည့်၍-

"ဟောဒီက ဗိုလ်တွေက ဗိုလ်ချုပ်ချန်က လွှတ်လိုက်တာတဲ့။ နောင်ကြီးကို အခေါ်ခိုင်း လိုက်လို့။ မြင်းတကောင်လည်း ယူလာတယ်။ နောင်ကြီး ဘယ်လိုသဘောရသလဲ"

ဝုဆုန်မှာ ပရိယာယ်ဝေဝုစ်တို့ကို မလုပ်တတ်ဘဲ ပွင့်ပွင့်လင်းလင်း ပြောတတ်သူပီပီ-

"ကျုပ်ကို တွေ့ချင်လို့ လာခေါ်တယ်ဆိုရင် လိုက်သွားရမှာပေါ့။ ဘာကိစ္စများရှိလို့လဲ မပြောတတ်ဘူး"

ဝုဆုန်သည် အဝတ်အစားလဲ၊ ပဝါတထည်ကို ပေါင်းကာ အစေခံတယောက်ကို ခေါ်၍ မြင်းပေါ်သို့တက်ပြီး သူတို့နှင့်အတူ မိန်ကျို့သို့ လိုက်လာခဲ့၏။ ဗိုလ်ချုပ်၏ အိမ်ရှေ့သို့ ရောက်သည့်အခါ ဝုဆုန်သည် မြင်းပေါ်မှ ဆင်းကာ ဗိုလ်ချုပ်ချန် စောင့်နေရာ ဧည့်ခန်းထဲသို့ တပ်ဗိုလ်များနှင့်အတူ ဝင်လာခဲ့လေ၏။

ဗိုလ်ချုပ်မှာ ဖော်ဖော်ရွေရွေ ရှိ၏။

"ဒီကို ခေါ်ခဲ့ဟေ့။ သူနဲ့ တွေ့ချင်တယ်" ဟု အော်ပြော၏။

ဝုဆုန်သည် ရှေ့သို့ တိုးလာကာ ဗိုလ်ချုပ်ချန်ကို အရိုအသေပေးပြီးနောက် လက်အုပ် ချီ၍ ရပ်နေ၏။

"မင်းဟာ လူကောင်းတယောက်လို့ ငါကြားရတယ်။ အရှင်သခင် မရှိတဲ့ လူစွမ်းကောင်း တဦး၊ မိတ်ဆွေကို အသက်စွန့်ပြီး ကူညီတဲ့ သတ္တိဗျတ္တိကောင်းတဲ့ လူတယောက်ဆိုတာလည်း ငါ သိရတယ်။ ငါ့မှာ မင်းလို လက်ရုံးရည်ရှိတဲ့ လူတွေ လိုချင်တယ်။ ငါ့လက်အောက် မှာ တပ်ရေးဗိုလ်အဖြစ် အမှုထမ်းမလား"

ဝုဆုန်သည် ဒူးထောက်၍ ထိုင်လျက်-

"ကျွန်တော်ဟာ နယ်နှင်ဒဏ် ခံနေရတဲ့ အကျဉ်းသားတဦးပါ။ ကျွန်တော့်ကို သနားသောအားဖြင့် ဗိုလ်ချုပ် စောင်မကြည့်ရှုချင်တယ်ဆိုရင်ဖြင့် ဗိုလ်ချုပ်ရဲ့ ကြာပွတ်ကို ကိုင်ပြီး ခြေနင်းကွင် ကွင်းဘေးက ပြေးလိုက်တဲ့ မြင်းထိန်းအဖြစ် အမှုထမ်းပါ့မယ်"

ဗိုလ်ချုပ်ချန်သည် ကျေနပ်သွားကာ စိမ်ရည်များနှင့် အမြည်းများကို အယူခိုင်းပြီး ဝုဆုန်ကို ဧည့်ခံ၏။ ဝုဆုန်ကို မူးအောင်တိုက်ပြီးနောက် သူ့ကို အခန်းတခုထဲတွင် အနား ယူစေ၏။

နောက်တနေ့မနက်တွင် လူတယောက်ကို ရှိအန်ထံ စေလွှတ်၍ ဝုဆုန်၏

ပစ္စည်းများကို အယူခိုင်းလိုက်၏။ ထို့ကြောင့် ဝုဆုန်မှာ ဗိုလ်ချုပ်ချန်၏ အိမ်တွင် နေထိုင်ရ၏။ ဗိုလ်ချုပ်ချန်သည် သူ့ကို အတွင်းဆောင်ထဲသို့ ခေါ်ကာ အရက်များ၊ စားသောက်ဖွယ်များနှင့် မကြာခဏ ဧည့်ခံလေ့ရှိ၏။ အိမ်ရှိ အခန်းတိုင်းကို ဝင်ထွက်ခွင့်ပေးကာ အိမ်သား တယောက်ကဲ့သို့ ဆက်ဆံ၏။ အပ်ချုပ်သည်တယောက်ကို ခေါ်ကာ ဆောင်းရာသီအတွက် အဝတ်အစားသစ်များကိုလည်း ချုပ်လုပ်ပေးလေ၏။ ဝုဆုန်မှာ ပျော်ရွှင်လျက်ရှိလေပြီ။ "အင်း၊ ဗိုလ်ချုပ်ချန်ကတော့ ငါ့ကို တော်တော်အရေးပေးတာပဲ။ ဒီရောက်တဲ့နေ့က စပြီး သူ့အနားမှာချည်းပဲ အမြဲထားတာပဲ။ မဟာမြိုင်ရွာကို သွားပြီး ရှီအန်နဲ့တောင် တွေ့ ခွင့်မရတော့ဘူး။ ရှီအန်က လူတွေ လွှတ်ပြီး ငါ့အကြောင်းကို စုံစမ်းခိုင်းတော့လည်း အိမ်ထဲတောင် ဝင်ခွင့်မပြုတော့ဘူး" ဟု ဝုဆုန် တွေးနေ၏။

ဗိုလ်ချုပ်ချန်သည် ဝုဆုန်ကို များစွာ မျက်နှာသာပေး၏။ ဝုဆုန်၏ အကူအညီကို လို၍ လာလျှင် ဗိုလ်ချုပ်ချန်ထံ အရင်ခွင့်တောင်းရ၏။ မိတ်ဆွေများက ဝုဆုန်အား ပိုးအုပ်၊ ဖဲအုပ် နှင့် ငွေစများကို ပေးကြလေရာ ဝုဆုန်သည် သေတ္တာတလုံးကို ဝယ်ပြီး ထိုပစ္စည်းများကို သော့ခတ်သိမ်းဆည်းထားရ၏။ သို့ရာတွင် ထိုအကြောင်းတို့ကို ပြောဖို့ မလိုတော့ပြီ။ မကြာမီ စန္ဒမာသ အဌမလသို့ ရောက်လာခဲ့၏။ ဗိုလ်ချုပ်ချန်သည် ဟသ်ာမောင်နံ့ ဥယျာဉ်တွင် ဆောင်းဦးပွဲတော် ကျင်းပ၏။ ဝုဆုန်ကိုလည်း ဖိတ်ကြား၏။ ထိုပွဲတော်သို့ ဗိုလ်ချုပ်၏ ဇနီးနှင့် အိမ်ရှိ အခြား အမျိုးသမီးများ လာကြသည်ကို မြင်သည့်အခါတွင် ဝုဆုန်သည် အရက်တခွက်ကို သောက်ပြီး ပြန်မည်ပြုလေ၏။

"ဟေ့၊ ဘယ်ကို သွားမလို့လဲ" ဟု ဗိုလ်ချုပ်ချန်က မေး၏။

"ဒီမှာ အမျိုးသမီးတွေ ရှိတော့ ကျွန်တော် ပြန်မှ ကောင်းမယ်ထင်ပါတယ် ဗိုလ်ချုပ်"

ဗိုလ်ချုပ်ချန်က ရယ်လိုက်လျက်-

"မဟုတ်တာကွာ၊ ဘာဆိုင်သလဲ။ မင်းဟာ တည်ကြည်ဖြောင့်မတ်တဲ့ လူပဲ။ ဒါကြောင့်မို့ တို့အိမ်သားလို ငါ ဆက်ဆံတာပေါ့။ ဘာဖြစ်လို့ သွားရမှာလဲ" ဟု ဆိုကာ ဝုဆုန်ကို အထိုင် ခိုင်းထားလေ၏။

"ကျွန်တော်က အကျဉ်းသမားပါ ခင်ဗျာ။ ဗိုလ်ချုပ်နဲ့ တစားပွဲတည်း မထိုင်ထိုက်ပါဘူး"

"မင်းကလည်း သူစိမ်းလို လုပ်မနေစမ်းပါနဲ့ကွာ။ ဒီမှာ အိမ်သားတွေချည်းပဲ ရှိတာပါ။ အပြင်လူ ဘယ်သူမှ မရှိပါဘူး။ ဒီအတိုင်း နေစမ်းပါ"

ဂုဆုန်သည် ယဉ်ကျေးစွာ ထ၍ ပြန်ရန် မကြာခဏ အကြောင်းရှာ၍ ကြိုးစားသေး၏။ သို့ရာတွင် ဗိုလ်ချုပ်ချန်က ခွင့်မပြုချေ။ သူတို့နှင့်အတူ စားသောက်ရမည်ဟု အတင်း ပြော နေ၏။ နောက်ဆုံး ဂုဆုန်သည် သင့်လျော်သည့် အကြောင်းပြချက်တခုကို ရှာကာ ဗိုလ်ချုပ်ချန်နှင့် မနီးမဝေးတွင် သွား၍ ထိုင်ကာ ဗိုလ်ချုပ်ချန်နှင့် မျက်နှာချင်းဆိုင် မထိုင်မိစေရန် ကုလားထိုင်ကို ဘေးသို့ စောင်းထား၏။ ဗိုလ်ချုပ်ချန်က ငွေဝယ်ကျွန် မိန်းကလေးများအား ဂုဆုန်ခွက်ထဲသို့ အရက်များ ထည့်ပေးရန် ခိုင်း၏။ လေး ငါးခွက် သောက်ပြီးသည့်အခါ၌ ဗိုလ်ချုပ်ချန်သည် သူ့ကို အမြည်းများ စားခိုင်းပြန်၏။ ထို့နောက် ဟင်းလျာနှစ်ပွဲကို ချကျွေးပြန် ၏။ ဗိုလ်ချုပ်ချန်သည် တုတ်သိုင်းကစားနည်းနှင့် ပတ်သက်၍ ဂုဆုန်ကို မေးမြန်းလျက်ရှိ၏။

"မင်းလို သစ္စာရှိတဲ့လူတယောက်ဟာ ဒီလိုခွက်မျိုးနဲ့ အရက်သောက်လို့ ဘယ်ဖြစ်မလဲကွာ။ ငွေခွက်နဲ့ သောက်မှပေါ့" ဟု ဆိုကာ ငွေခွက်ကြီးကို အယူခိုင်းလိုက်၏။

ဗိုလ်ချုပ်ချန်သည် မြားတို့ ပစ်လွှတ်သကဲ့သို့ ဂုဆုန်ကို အရက်တွေ တခွက်ပြီး တခွက် တိုက်လျက်ရှိ၏။ ဂုဆုန်မှာ ဖလားပေါင်းများစွာ သောက်၍ ပြီးခဲ့လေပြီ။ ပြတင်းပေါက်မှ လရောင်ဖြာကျလာသည့်အချိန်၌ ဂုဆုန်မှာ တဝက်မူးနေလေပြီ။ ဂုဆုန်သည် ယဉ်ကျေးမှု ထုံးစံတို့ကို မေ့လျော့ကာ တခွက်ပြီးတခွက် ဆက်၍ သောက်လျက်ရှိ၏။ ဗိုလ်ချုပ်ချန်သည် ကျောက်စိမ်းသဇင် ဆိုသည့် ငွေဝယ်ကျွန် ပျော်တော်ဆက်တယောက်ကို အခေါ်ခိုင်းပြီး သီချင်းတပုဒ်ကို အဆိုခိုင်း၏။

"ဒီမှာ အပြင်လူတယောက်မှ မရှိဘူး။ ငါ့လူယုံတော် ဂုဆုန်တယောက်ပဲ ရှိတယ်။ ဆောင်းဦးပေါက် လသာတဲ့အကြောင်း သီချင်းတပုဒ် ဆိုစမ်း။ နားထောင်ရအောင်"

ကျောက်စိမ်းသဇင်သည် ဆင်စွယ်ဂျပ်ကလေးကို ယူကာ ရှေ့သို့ ထွက်လာပြီး သူတို့ အားလုံးကို အရိုအသေပြု၏။ ထို့နောက် စာဆိုကြီး စူထုန်ပို စပ်ဆိုသည့် ဆောင်းဘွဲ့သီချင်း တပုဒ်ကို ဆို၏။

> မှုန်ပြာရီဆိုင်း တိမ်နှိုင်းပန်းချီ XXX လဝန်းရွှန်းခဲ့ ပြာလဲ့မှာ ဇချဲ့တော့သည် XXX နတ်ဘုံ တက်ဖျား ဝေယံဆီ XXX ဘယ်လို ချိန်ကာလမျိုး သိနိုင်ပါပြီ XXX လေယာဉ်ဟုန်စီးလို့ ကောင်းကင်ခရီးကို သွားချင်သည် XXX ကျောက်စိမ်းဘုံနန်း အချမ်းဓာတ်လည်း လွန်းလှ သည် XXX မယ့်ရင်အုံ မလုံပန်းတယ် ချမ်းတုန်လို့ အေးတော့သည် XXX ပုလဲမြိတ်စုံ ဇခြည်ကို မတော့ XXX ပြတင်းဝဆီ ထိုးကျလာတဲ့ လရောင်ရည် XXX စက်လည်းငယ် ပျော်ပါနိုင်တော့သည် XXX ချစ်သူနဲ့ခွဲခါနီးမှာ

လဝန်း ဘာကြောင့် ရွှန်းရွှန်းစက်စက်သာနိုင် အားသည် XXX အလွမ်းနှင့် အချစ်တွေ ဘာကြောင့် ရှိရသလဲလို့ မေးလိုက်ချင်သည် XXX

သီချင်းဆုံးသွားသည့်အခါ၌ ကျောက်စိမ်းသဇင်သည် ဆင်စွယ်ဂျပ်ကလေးကို ချလိုက် ပြီးလျှင် ပရိသတ်ကို အရိုအသေပြုပြီးနောက် ဘေးတွင် ရပ်နေ၏။

"ဟဲ့၊ ဟောဒီက ဧည့်သည်တွေကို စိမ်ရည်တခွက်စီ လိုက်ငှဲ့ပေးစမ်း"

ဗိုလ်ချုပ်ချန်က ခိုင်းသည့်အခါ၌ ကျောက်စိမ်းသဇင်သည် ခွက်များ တင်ထားသည့် လင်ဗန်းတချပ်ကို ကိုင်၍ ဗိုလ်ချုပ်ချန်ကို တခွက်၊ ဗိုလ်ချုပ်ချန်၏ ဇနီးကို တခွက်၊ ဝုဆုန်ကို တခွက် လိုက်ချပေး၏။ ခွက်များထဲသို့ အပြည့်ငှဲ့ပေးရန် ပြောသည့်အတွက် ကျောက်စိမ်း သဇင်က အပြည့်ငှဲ့ပေး၏။

ဝုဆုန်သည် ခေါင်းငုံ့ကာ စိမ်ရည်ခွက်ကို လှမ်းယူ၍ ကျောက်စိမ်းသဇင်နှင့် ဝေးနိုင် သမျှ ဝေးဝေးရပ်၍ ခေါင်းငုံ့ရင်း အရက်ခွက်ကို လှမ်းယူ၏။ ဝုဆုန်သည် ဗိုလ်ချုပ်တို့ ဇနီး မောင်နှံ နှစ်ယောက်အတွက် ဆုတောင်းကာ အရက်ခွက်ကို တကျိုက်တည်း မော့ချလိုက် ပြီးလျှင် ခွက်ကို ဗန်းထဲသို့ ပြန်ထည့်လိုက်၏။

ဗိုလ်ချုပ်ချန်က ကျောက်စိမ်းသဇင်ကို လက်ညှိုးထိုးပြလိုက်ရင်း ဝုဆုန်ဘက်သို့ လှည့်၍-

"ကောင်မလေးက လိမ္မာရေးခြားလည်း ရှိတယ်။ သီချင်းလည်း ကောင်းကောင်းဆို တတ်တယ်။ အချုပ်အလုပ်လည်း တော်တယ်။ ဆင်းရဲသားမျိုးရိုး ဖြစ်တာကလေးတခုပဲ။ မင်း သဘောကျတယ်ဆိုရင် နေ့ကောင်းရက်သာ ရွေးလိုက်မယ်။ ဘယ့်နှယ်လဲ"

ဝုဆုန်သည် ထိုင်ရာမှ ထ၍ ဦးညွှတ်လိုက်လျက်-

"ကျွန်တော့်လို အညတရလူတယောက်က ဗိုလ်ချုပ်တို့ အိမ်ထောင်စုမှာ ကြီးပြင်း ခဲ့ရတဲ့ မိန်းကလေးတယောက်နဲ့ မတန်ပါဘူး ခင်ဗျာ။ ကျွန်တော့်ကို ဇိကုပ် နတ်ပြည်တင် တာနဲ့ တူနေမှာပေါ့"

ဗိုလ်ချုပ်ချန်က ရယ်လိုက်လျက်-

"ငါ့ပါးစပ်က ထွက်ပြီးသားစကားဆိုရင် အကောင်အထည်မဖော်ဘဲ နေလို့ မရတော့ဘူးကွ။ မင်း ရှောင်ဖို့ တိမ်းဖို့တော့ စိတ်မကူးနဲ့တော့။ ငါပေးထားတဲ့ ကတိအတိုင်း လုပ်ရမှာပဲ"

ဝုဆုန်သည် နောက်ထပ် ဆယ်ခွက်ကျော်ကျော်လောက် သောက်၏။

အရက်မူးနေ သည့်အတွက် စကားများမည်စိုးသဖြင့် ဝုဆုန်သည် ထိုင်ရာမှ ထကာ မိုလ်ချုပ်ချန်တို့ ဇနီး မောင်နှံအား ကျေးဇူးစကားဆို၍ ညှော့ခန်းကို ဖြတ်လျက် တောင်ပံအဆွယ်ရှိ မိမိအခန်းသို့ ပြန်လာခဲ့၏။ ပြတင်းတံခါးကို ဖွင့်လိုက်သည့်အခါတွင် အတော်မူးနေပြီ ဖြစ်ကြောင်း သူ့ကိုယ်သူ သတိထားမိ၏။ အိပ်ပျော်နိုင်ဦးမည် မဟုတ်သည့်အတွက် ဝုဆုန်သည် အဝတ်အစားနှင့် ခေါင်းပေါင်းကို လဲကာ တောင်ဝှေးကို ယူ၍ ဥယျာဉ်ထဲသို့ ဆင်းလာခဲ့ပြီးလျှင် ခေါင်းပေါ်တွင် တောင်ဝှေးကိုလှည့်ကာ လေ့ကျင့်ခန်း လုပ်နေလေ၏။ ကောင်းကင်ကို မော့ကြည့်လိုက်သည့်အခါတွင် သန်းခေါင်ကျော်လောက်ရှိပြီဟု ခန့်မှန်းရ၏။

အခန်းသို့ ပြန်လာ၍ မိမိအဝတ်အစားများကို လဲနေစဉ် နောက်ဖေးဝင်းဘက်ဆီမှ "သူခိုး သူခိုး" ဟူသော အော်သံများကို ကြားလိုက်ရ၏။ "မိုလ်ချုပ်ချန်ဟာ ငါ့အပေါ်မှာ ကောင်းကောင်း ပြုစုထားတယ်။ ဒီတော့ အိမ်ထဲမှာ သူခိုးဝင်နေတယ်။ ငါတိုက်ပေးမှ ကောင်းမယ်" ဟု ဝုဆုန် တွေးမိ၏။

ဝုဆုန်သည် တောင်ဝှေးကို ကောက်ကိုင်ကာ နောက်ဖေးဝင်းဆီသို့ ပြေးလာခဲ့၏။ ကျောက်စိမ်းသဇင်သည် သူ့ဆီသို့ ပြေးလာကာ "သူခိုး သူခိုး၊ ဥယျာဉ်ထဲကို ထွက်ပြေးပြီ" ဟု ပြော၏။ ဝုဆုန်သည် ပန်းချုံများသို့ လိုက်ရှာ၏။ ဘာကိုမျှ မတွေ့ရချေ။ အပြင်သို့ ပြန် ထွက်လာခဲ့စဉ် အမှောင်ရိပ်ထဲမှ လူတယောက်သည် သူ့ရှေ့သို့ ခွေးခြေတလုံးကို ပစ်သွင်း လိုက်၏။ ဝုဆုန်မှာ ခွေးခြေနှင့် တိုက်မိပြီး လဲကျသွား၏။ ဤတွင် တပ်သား လေး ငါးယောက် တို့ ဝိုင်းလာကြကာ "သူခိုး သူခိုး မိပြီ" ဟု ဆိုကာ ဝုဆုန်ကို ဝိုင်းဖမ်းကြ၏။

"သူခိုး မဟုတ်ပါဘူး။ ကျုပ်ပါ" ဟု ဝုဆုန်က ပြောသော်လည်း သူ့စကားများကို လက်မခံကြချေ။ ညှော့ခန်းထဲတွင် မှန်အိမ်များ လင်းလာကာ မိုလ်ချုပ်ချန် ထိုင်နေသည်ကို တွေ့ရ၏။

"သူခိုးကို ဒီခေါ်ခဲ့စမ်း" ဟု မိုလ်ချုပ်ချန်က ပြော၏။

တပ်သားများသည် ဝုဆုန်ကို တင်းပုတ်များဖြင့် ရိုက်နှက်၍ ခေါ်လာကြ၏။

"ကျွန်တော် သူခိုးမဟုတ်ပါဘူး။ ဝုဆုန်ပါ"

မိုလ်ချုပ်ချန်မှာ ဒေါသထွက်ကာ မျက်နှာကြီး မည်းနေလေပြီ။

"ဟဲ့ ရာဇဝတ်ကောင်၊ နင့် ကောက်ကျစ်ယုတ်မာတဲ့ စိတ်ထားဟာ ဘယ်တော့မှ မပြောင်းပါလားဟင်။ ငါဟာ နင့်ကို လူကောင်းသူကောင်းဖြစ်အောင် ချီးမြှင့်မြှောက်စားခဲ့တယ်။ နင့်ကို ဘာမှ အန္တရာယ်မပေးခဲ့ဘူး။ ငါသောက်တဲ့

စိမ်ရည်ကို တည်၊ ငါ့စားပွဲမှာ ထိုင်ပြီး အတူတူတောင် သောက်ခွင့်ပေးခဲ့တယ်။ နင့်ကို သူကောင်းပြု ချီးမြှင့်မြှောက်စားဖို့ စိတ်ကူးထားခဲ့တယ်။ ခုတော့ နင့်လုပ်ပုံဟာ ကောင်းသလားဟင်"

"ကျွန်တော်မဟုတ်ပါဘူး ဗိုလ်ချုပ်ကြီးခင်ဗျာ။ ကျွန်တော်ဟာ သူခိုးဖမ်းပေးဖို့ လာတာပါ။ ခု ကျွန်တော့်ကို ရာဇဝတ်ကောင် သူခိုးအဖြစ် ဘာဖြစ်လို့ ဖမ်းသလဲဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်ဟာ ဘာပစ္စည်းကိုမှ မခိုးခဲ့ပါဘူး။ ကျွန်တော်ဟာ လူကောင်းပါ"

"နင် ငြင်းမနေနဲ့။ သွား၊ သူ့အခန်းကို ခေါ်သွားပြီး ရှာကြစမ်း။ ခိုးရာပါပစ္စည်း ရှိ မရှိတွေ့ရမှာပေါ့"

တပ်သားများသည် သူ့ကို တန်းလျားသို့ ခေါ်သွားကြကာ ဝုဆုန်၏ မိုးမခသား သေတ္တာ ကြီးကို ဖွင့်ကြ၏။ အဝတ်အစားများအောက်တွင် ငွေအရက်ခွက်များနှင့်တကွ ရွှေနှစ်ပိဿာ ခန့်ကို တွေ့ရလေ၏။ ဝုဆုန်သည် ပါးစပ်အဟောင်းသားဖြစ်လျက် ရှိ၏။ မိမိအား ထောင်၍ ဖမ်းသည်ကို သိလိုက်လေပြီ။ တပ်သားများသည် သေတ္တာကြီးကို ဗိုလ်ချုပ်ချန်ထံသို့ သယ်သွားကြ၏။ ဗိုလ်ချုပ်ချန်က သေတ္တာကို ဖွင့်၍ အစစ်ဆေးခိုင်း၏။

"တော်တော်အရှက်နည်းတဲ့ ရာဇဝတ်ကောင်။ ဒီမှာ ခိုးထုပ်ခိုးထည်နဲ့ မိပြီ မဟုတ်လား။ နင် ဘာငြင်းနိုင်သေးသလဲဟင်။ "တိရစ္ဆာန်ဟာ လူ့ဘဝကို ရောက်ချင်ရောက်မယ်။ လူ့ရဲ့ ဗီဇကတော့ ပြောင်းဖို့ ခက်တယ်" ဆိုတဲ့ စကားအတိုင်းပဲ။ မင်းကို ကြည့်တော့ လူ ကောင်းလိုလို ဘာလိုလိုနဲ့၊ ဒါပေမဲ့ မင်းဟာ ပြင်လို့ မရတော့တဲ့ ရာဇဝတ်ကောင်တယောက် ပါလား။ မင်း ဘာပြောပြော မင်းအပြစ်ရှိတယ်ဆိုတာ ထင်ရှားနေပြီ""

ဗိုလ်ချုပ်ချန်သည် ခိုးရာပါပစ္စည်းတို့ကို ချိပ်ပိတ်စေ၍-

"ဒီနေ့ည သူ့ကို အခန်းတခန်းထဲမှာ ပိတ်လှောင်ထားလိုက်ဦး။ မနက်ကျမှ ဒီသတ္တဝါ ကို ဆုံးမရမယ်" ဟု ပြော၏။

မိမိသည် မတရား အစွပ်စွဲခံရခြင်း ဖြစ်ကြောင်းဖြင့် ဝုဆုန်က တိုင်တန်း ပြောဆိုပါ သေး၏။ သို့ရာတွင် သူ့စကားများကို မည်သူ နားထောင်မည်နည်း။

တပ်သားများသည် အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ဝုဆုန်အား ပြတင်းပေါက် မရှိသော အခန်းကလေးတခုထဲတွင် ပိတ်လှောင်ထားလိုက်ကြ၏။ ထိုနေ့ညတွင် ဗိုလ်ချုပ်ချန်သည် မြို့ဝန်ရုံးသို့ အကြောင်းကြားကာ မှတ်တမ်းရေးသူများကိုလည်း ငွေကြေး အမြောက်အမြား

ပေးထား၏။

နောက်တနေ့မနက် မြို့ဝန် ရုံးတက်သည်နှင့် ရဲအရာရှိများသည် ဝုဆုန်ကို ရုံးသို့ ထုတ်လာကြကာ ခိုးရာပါပစ္စည်းများကိုလည်း သက်သေခံအဖြစ် တင်ပြကြ၏။ မိမိပစ္စည်းများ မည်သို့မည်ပုံ ခိုးယူခံရကြောင်းကို ဖော်ပြထားသည့် ဗိုလ်ချုပ်ချန်၏ စာကို လူယုံတော် တယောက်က ယူလာကာ မြို့ဝန်မင်းကို ပေး၏။ မြို့ဝန်သည် ဝုဆုန်အား တုပ်နှောင်ထားရန် လက်ပါးစေများကို အမိန့်ပေး၏။ ထောင်မှူးများနှင့် ပစ္စည်းထိန်း စာရေးများသည် ကျမ်းထုပ်ကို ဝုဆုန်၏ ရှေ့တွင် လာ၍ ချထားကြ၏။ ဝုဆုန်က မည်သို့မျှ မပြောရသေးမီ မြို့ဝန် မင်းက-

"မောင်မင်းက နယ်နှင်ဒဏ်ခံထားရတဲ့ ရာဇဝတ်ကောင်တဦး ဖြစ်တယ်။ သို့တိုင်အောင် မောင်မင်းဟာ ခိုးမှုကို ထပ်မံကျူးလွန်ပြန်ပြီ။ မောင်မင်းဟာ ခိုးယူဖို့ အခွင့်အရေးကို မြင်တာနဲ့ မချုပ်တည်းနိုင်တော့ဘူး။ ခု ဒီမှာ သက်သေခံ အထောက်အထားတွေကို တင်ပြထားပြီး ဖြစ်တဲ့အတွက် မောင်မင်းရဲ့ မုသားထွက်ဆိုချက်များကို စဉ်းစားစရာ အကြောင်း မရှိတော့ဘူး။ ဒါကြောင့် ရာဇဝတ်ကောင်အား ပြင်းထန်စွာ ရိုက်နှက်စေ"

ထောင်မှူးများသည် ကြိမ်တုတ်များကို ယူလာကြကာ လဲလျောင်းလျက်ရှိသည့် အကျဉ်းသားကို ပြင်းထန်စွာ ရိုက်နှက်ကြ၏။ မိမိအဖို့ မျှော်လင့်ချက်မရှိကြောင်းကို ဝုဆုန် သိလေပြီ။ သူတို့အလိုကျအတိုင်း ဖြောင့်ချက်ပေးရန်မှတပါး အခြားလမ်း မရှိတော့ပြီ။

"ယခုလဆန်း ဆယ့်ငါးရက်နေ့က ကျွန်တော်မျိုးသည် ဗိုလ်ချုပ်ချန်၏အိမ်မှ ငွေအရက် ခရားများကို ခိုးယူခဲ့မိပါသည်။ မြင်သည့်အခါတွင် ကျွန်တော်မျိုးလောဘကို မသိမ်းနိုင် ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ထိုနေ့ညတွင် ထိုပစ္စည်းများကို မသမာသောနည်းများဖြင့် ဉာဏ်ဆင်၍ ခိုးယူခဲ့ပြီးလျှင် ကျွန်ုပ်အကျိုးအတွက် ယူဆောင်လာခဲ့မိပါသည်"

"ဒီရာဇဝတ်ကောင်ဟာ ပစ္စည်းတွေကို မြင်တော့ စိတ်မထိန်းနိုင်တော့ဘဲ ခိုးမှု ကျူးလွန်ခဲ့တယ်။ ဒီအချက်ဟာ ဘာမှ သံသယဖြစ်စရာမလိုဘူး။ ဒါ့ကြောင့် သူ့လည်မှာ ထိပ်တုံးခတ် စေပြီး ရာဇဝတ်ကောင်ကို သေဒဏ်စီရင်သူများ ထားရာ အကျဉ်းတိုက်တွင် ချုပ်နှောင် ထားစေ" ဟု မြို့ဝန်က အမိန့်ချမှတ်၏။

"ဗိုလ်ချုပ်ချန်ဟာ ငါ့ကို သက်သက်မဲ့ ထောင်ဖမ်းတာပဲ။ ငါ မသေသေးလို့ အပြင် ရောက်ရင်တော့ သင်းကို ငါ စာရင်းရှင်းရဦးမှာပေါ့" ဟု ဝုဆုန် တွေးလျက်ရှိ၏။

သို့ရာတွင် ဝုဆုန်၏ ခြေထောက်ကို သံခြေကျင်းကြီးများ

နေ့ညမပြတ်ခတ်ထားပြီး သူ့လက်များကိုလည်း သစ်သားထိပ်တုံးကြီးများ ခတ်ထား၏။ အနည်းငယ်မျှပင် လွတ်လပ် ခြင်း မရှိတော့ပြီ။

ရှိအန်သည် ဝုဆုန်၏ အမှုအကြောင်းကို အမြဲ သတင်းနားစွင့်လျက်ရှိပြီး သတင်းစုံကို ကြားရသည်နှင့် ဖခင်ဖြစ်သူ ထောင်မှူးကြီးအိမ်သို့ အမြန်ရောက်လာခဲ့လေ၏။

“ဗိုလ်ယက္ခက လက်စားချေချင်တဲ့အတွက် ဒီကိစ္စနောက်မှာ ဗိုလ်ချုပ်ချန်ရဲ့ လက်ရာ ပါရမယ်။ ဗိုလ်ယက္ခက ဗိုလ်ချုပ်ချန်ကို လာဘ်ထိုးပြီး ထောင်ခြောက်ဆင် အဖမ်းခိုင်း၊ ဒီလိုအဖြစ်ကို ရောက်အောင် အထက်အောက် အရာရှိတွေကိုလည်း လာဘ်ပေးပြီး ခိုင်းတာပဲ ဖြစ်ရမယ်။ ဝုဆုန်ကို အသေသတ်ဖို့ ကြိုးစားမှာပဲ။ ဒါပေမဲ့ ဒီကိစ္စကို အဖေလည်း စဉ်းစားထားပါတယ်ကွယ်။ အမှန်က ဝုဆုန်ရဲ့အမှုဟာ သေဒဏ်စီရင်နိုင်တဲ့ အမှုမျိုး မဟုတ်ဘူး။ ဒီတော့ ခုလောလောဆယ် တို့လုပ်နိုင်တာက သူ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် နေနိုင်အောင် ထောင်မှူးတွေ၊ ထောင်ကြပ်တွေကို လာဘ်ထိုးထားဖို့ပဲ။ ပြီးတော့မှ နောက် တဆင့် ဘာလုပ်မယ်ဆိုတာ စဉ်းစားရမှာပဲ”

“ခုထောင်စာရေးကြီးက ကန်ဆိုတဲ့ လူပဲ။ ကျွန်တော်နဲ့ တော်တော်ရင်းနှီးတဲ့ မိတ်ဆွေ တွေပဲ။ ဒီတော့ သူ့ကို ချဉ်းကပ်ပြီး အကူအညီတောင်းရရင် မကောင်းပေဘူးလား”

ရှိအန်က ပြောလေ၏။

“ခုလို ဝုဆုန် ဒုက္ခရောက်ရတာ။ တရားစွဲခံရတာဟာ မင်းကိစ္စကြောင့် ဖြစ်ရတာပဲ။ သူ့ကို ကူညီမယ်ဆိုရင် ခုထက် ကောင်းတဲ့အချိန် မရှိတော့ဘူး” ဟု ထောင်မှူးကြီးက ပြောလေ၏။

ရှိအန်သည် ရွှေတပိဿကို ယူ၍ ထောင်စာရေးကြီး ကန်၏ အိမ်သို့ လာခဲ့ရာ ကန်မှာ အိမ်ပြန်မရောက်သေးချေ။ အိမ်သားတယောက်က ရှိအန် ရောက်လာကြောင်း သွားခေါ်သဖြင့် ထောင်စာရေးကြီး ကန်သည် ပြန်၍ ရောက်လာခဲ့သဖြင့် မိတ်ဆွေနှစ်ဦးတို့သည် တွေ့ဆုံကြ၏။ ရှိအန်က အဖြစ်အပျက်ကို အသေးစိတ် ပြောပြလေ၏။ ထောင်စာရေးကြီး

ကန်က-

“ကျုပ်ညီကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ။ ခုကိစ္စက မြို့စောင့်တပ်မှူးချန်နဲ့ ဗိုလ်ချုပ်ချန်တို့ နှစ်ယောက်ပေါင်းပြီး လုပ်တဲ့ကိစ္စပဲ။ ဗိုလ်ယက္ခဟာ မြို့စောင့်တပ်မှူး အိမ်မှာ ပုန်းနေတယ်။ မြို့စောင့်တပ်မှူးကို

ဗိုလ်ချုပ်ကြီးကို လာဘ်ထိုးဖို့ပြောတယ်။ ဒီတင် သူတို့နှစ်ယောက် ခုကိစ္စကို အကွက်ချပြီး လုပ်တာပဲ။ လက်အောက်က လူတွေကိုတော့ ဗိုလ်ယက္ခက ထိုက်သင့်တဲ့ တံစိုးလက်ဆောင်တို့ ဘာတို့ ပေးတာပေါ့။ ဒီတော့ လူတိုင်း ကိုယ့်ဝေစုနဲ့ကိုယ် ရကြတယ် ဆိုပါစို့။ ဒီအထဲမှာ မြို့ဝန်လည်း ပါတယ်။ သူတို့အားလုံး ပေါင်းပြီး ဝုဆုန်ကို သတ်ကြမှာပဲ”

“ဝုဆုန်ကို တရားဥပဒေအရ သေဒဏ်ပေးလို့ မဖြစ်ပါဘူး။ စာရေးတော်ကြီးယဲ့က သေဒဏ်ပေးဖို့ကိစ္စကို ကန့်ကွက်နေတယ်။ စာရေးတော်ကြီးယဲ့ဟာ သီလသမာဓိရှိတဲ့ ပုဂ္ဂိုလ်၊ ရိုးသားဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်၊ အပြစ်မရှိတဲ့ ဆင်းရဲသားတွေကို ဖိနှိပ် ကွပ်ညှပ်တာကို အမြဲ ဆန့်ကျင်တယ်။ ဒါကြောင့် ဝုဆုန် ခုလောက်အထိ ဘာမှ မဖြစ်သေးတာ။ ခုတော့ ကျုပ်ညီကို ပြောပြီးပြီလေ။ ကျုပ်လည်း သူ့ကို ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် ကြည့်ရှုစောင့်ရှောက်ပါ့မယ်။ ကောင်းကောင်းမွန်မွန် ထား မထား၊ နှိပ်စက်ညှဉ်းပန်းခြင်း ရှိမရှိ ဆိုတာ စောင့်ကြည့်ပါ့မယ်။ ကျုပ် အကြံပေးချင်တာကတော့ စာရေးတော်ကြီးယဲ့ဆီကို လူလွှတ်ပြီး စီရင်ချက်ကို မြန်မြန်ချနိုင်အောင် ပြင်ဆင်ခိုင်းပါ။ ဝုဆုန်ကို ကယ်ဖို့ကတော့ ဒီတနည်းပဲ ရှိတော့တယ်”

ရှီအန်သည် ထောင်စာရေးကြီးအား ငွေစင်တပိဿာ ပေး၏။ ထောင်စာရေးကြီး ကန်သည် အတန်တန် ငြင်းသည့်တိုင် နောက်ဆုံးတွင် ငြင်း၍ မရတော့သဖြင့် လက်ခံရ၏။

သူနှင့် ခွဲပြီးသည့်အခါတွင် ရှီအန်သည် မိမိနေထိုင်ရာ အကျဉ်းထောင်ဘူးဝရှိ နေအိမ် သို့ ပြန်လာခဲ့၏။ စာရေးတော်ကြီးယဲ့နှင့် ခင်မင်ရင်းနှီးသူတယောက်ကို ရှာကာ ဝုဆုန်အား စွဲဆိုထားသည့် အမှုကို အမြန်စီရင်ချက်ချနိုင်အောင် လုပ်ပေးရန် ပြောဆိုပြီး ငွေစင် တပိဿာကိုလည်း ပေးလိုက်၏။ ဝုဆုန်သည် ယောက်ျားပီသ၍ စိတ်သဘောထားကြီးသူ တယောက် ဖြစ်ကြောင်းကို စာရေးတော်ကြီးယဲ့ ကောင်းစွာသိ၏။ စာရေးတော်ကြီးသည် သူ့ကို ကူညီချင်၏။ အမှန်အားဖြင့် ဝုဆုန်၏ အမှုကို သံသယဖြစ်ဖွယ်ကောင်းသော အမှု တခုအဖြစ်ပင် ရေးမှတ်ထားပြီးလေပြီ။ သို့ရာတွင် ဗိုလ်ချုပ်ချန်ထံမှ လာဘ်ယူထားသည့် မြို့ဝန်မှာ ဝုဆုန်အား သက်ညှာခွင့် မပေးလိုချေ။

သို့တိုင်အောင် ခိုးဝှက်မှုမှာ သေဒဏ်ပေးနိုင်သည့် ပြစ်မှု မဟုတ်သည့်အလျောက် အမှုမှာ တာရှည်လျက်ရှိ၏။ ဤတွင် အကောက်ကြံသူများသည် ဝုဆုန်ကို ထောင်ထဲတွင်ပင် သတ်ပစ်ရန် စီမံကြ၏။ စာရေးတော်ကြီးယဲ့မှာ ရှီအန်ထံမှ ငွေစင်တထောင်ကို ရရှိပြီးသည့် အပြင် ဝုဆုန်ကို အမှုဆင်၍ ဖမ်းခြင်းဖြစ်ကြောင်း သိပြီးဖြစ်သည့်အလျောက် စီရင်ချက် ထဲတွင်

စွဲဆိုချက်တို့ကို လျှော့ပေါ့ရေးသားကာ စုံစမ်းစစ်ဆေးမှုများ ပြီးသည်နှင့် ဝုဆုန်ကို ထောင်မှ ထွက်နိုင်အောင် စီရင်ချက် ရေးပေးမည်ဟု ကတိပြုလိုက်၏။

နောက်တနေ့၌ ရှီအန်သည် စိမ်ရည်များ၊ စားသောက်ဖွယ်များကို ပြင်ဆင်ကာ မိမိအား ဝုဆုန်ရှိရာ အကျဉ်းထောင်ထဲသို့ ခေါ်သွားရန် ထောင်စာရေးကြီးကန်ကို ပြော၏။

သူတို့နှစ်ယောက်သည် ဝုဆုန်ကို ချုပ်နှောင်ထားရာ ဗဟိုထောင်ကြီးဆီသို့ တိုက်ရိုက်လာ ခဲ့ကြ၏။ စာရေးကြီးကန်က ကြည့်ရှုထားသဖြင့် အချို့သော အချုပ်အနှောင်တို့ မရှိတော့ဘဲ ဖြုတ်ထားသည်ကို တွေ့ရ၏။ ရှီအန်သည် အစောင့်များကို ငွေနှစ်ဆယ်သား သုံးဆယ်သား စသဖြင့် ပေးကာ ဝုဆုန်အား အစား အသောက်များကို ကျွေးမွေး၏။

ရှီအန်က ဝုဆုန်အနီးသို့ ကပ်၍-

“ခု ဗိုလ်ယကျွကိစ္စအတွက် လက်စားစေချင်တာနဲ့ နောင်ကြီးကို ဗိုလ်ချုပ်ချန်က အမှုဆင်ပြီး ဖမ်းတာဗျ။ ဒါပေမဲ့ စိတ်မပူပါနဲ့။ နောင်ကြီးကိစ္စကို ကယ်ဆယ်ဖို့ ကျွန်တော် စာရေးတော်ကြီးယဲ့နဲ့ တိုင်ပင်ပြီးပါပြီ။ အမှုစစ်ပြီးလို့ ပြစ်ဒဏ်ချတာနဲ့ နောင်ကြီးကို ထောင်က လွတ်အောင်လုပ်ဖို့ စီစဉ်ထားပါတယ်။ နောက်တော့ အခြေအနေကို စောင့် ကြည့်သေးတာပေါ့”

ဝုဆုန်မှာ သူ့သံခြေချင်းများ မရှိတော့သည့်အတွက် ထောင်ကိုဖောက်၊ ထွက်ပြေးရန် ကြံစည် စိတ်ကူးလျက်ရှိ၏။ သို့ရာတွင် ရှီအန်၏ အစီအစဉ်ကို ကြားရသည့်အတွက် သူ့ အကြံကို စွန့်လွှတ်လိုက်၏။ ဝုဆုန်ကို အားပေးနှစ်သိမ့်ပြီးနောက် ရှီအန်သည်လည်း ထောင်ဘူးဝရှိ သစ်တပ်သို့ ပြန်လာခဲ့၏။

နောက်နှစ်ရက်ကြာသည့်အခါတွင် ရှီအန်သည် ထိုထက်များသော စားသောက်ဖွယ်ရာများ၊ စိမ်ရည်များနှင့် ငွေကြေးတို့ကို ယူဆောင်၍ ထောင်ထဲသို့ ရောက်လာခဲ့ပြန်၏။ ယခုတကြိမ်တွင်လည်း ထောင်စာရေးကြီးကန်က ခေါ်လာခြင်းဖြစ်၏။ စားသောက်ဖွယ် တို့ကို ဝုဆုန်ကို ပေးပြီး ပိုက်ဆံငွေကြေးတို့ကိုမူ ထောင်စောင့်များကို ခွဲဝေ၍ ပေး၏။ အိမ်သို့ ပြန်လာသည့်အခါတွင်လည်း အထက်အောက်အရာရှိများထံ တံစိုးလက်ဆောင်များ ပေးပို့ကာ ထိုအမှုကို အမြန် စီရင်ချက်ချအောင် လုပ်ရန် တိုက်တွန်း၏။ စာရေးကြီး ကန်၏ ခေါ်ဆောင်ချက်ဖြင့် နောက်တကြိမ် ထောင်ထဲသို့ ရောက်သွားသည့်အခါ၌ ရှီအန် သည် အဝတ်အစားများ၊ စားဖွယ်သောက်ဖွယ်များကို ယူလာပြီး ဝုဆုန်အပေါ်တွင် ကောင်းမွန်စွာ ဆက်ဆံစေရန်အတွက် အစောင့်များကို ခေါ်၍ တည်ခင်းကျွေးမွေး၏။ ဝုဆုန်အားလည်း အဝတ်အစားသစ်များကိုအလဲခိုင်းကာ

စားသောက်ဖွယ်တို့ကို လာရောက် စားသောက်ရန် ခေါ်၏။

ယခုအချိန်၌ ရှိအန်သည် ထောင်ထဲတွင် နေရထိုင်ရသည့် အကြောင်းတို့ကို အတော် အတန် သိခဲ့လေပြီ။ ရက်အနည်းငယ်အတွင်း၌ ရှိအန်သည် အကျဉ်းထောင်ထဲသို့ သုံးကြိမ်တိုင် ရောက်ခဲ့ပြီးဖြစ်၏။ ရှိအန် ထောင်ထဲသို့ လာသည်ကို တပ်မှူးချုန်၏ လူယုံတော် တယောက် မြင်သွားသည့်အခါတွင် ထိုအကြောင်းကို သူ့သခင်ထံ သွား၍ သတင်းပို့၏။ တပ်မှူးက ဗိုလ်ချုပ်ချုန်ထံ သတင်းပို့ပြီး ဗိုလ်ချုပ်ချုန်က လက်ဆောင်ပဏ္ဏာများနှင့်အတူ ထိုသတင်းကို မြို့ဝန်ထံသို့ ပို့လိုက်၏။ လောဘကြီးသည့် မြို့ဝန်သည် လာဘ်လာဘနှင့် ထိုက်တန်အောင် ဆောင်ရွက်လိုသည့်အတိုင်း သူလျှိုတယောက်အား အကျဉ်းထောင် အနီးသို့ သွားရောက် စောင့်ကြပ်နေစေပြီး အကျဉ်းထောင်နှင့် မဆိုင်သူ မည်သူ့ကိုမဆို လာခွင့်မပြုရန် မှာလိုက်၏။

ထိုအကြောင်းကို ရှိအန် ကြားသည့်အခါတွင် အကျဉ်းထောင်ထဲသို့ အရဲစွန့်သွားခြင်း မပြုရန် ဆုံးဖြတ်လိုက်၏။ ထောင်စာရေးကြီးနှင့် အစောင့်များသည် ဝုဆုန်ကို အကျဉ်းထောင်ထဲတွင် ဆက်လက်စောင့်ရှောက်ကြ၏။ ရှိအန်မှာ ထောင်စာရေးကြီးကန်၏ အိမ်သို့ မကြာခဏ သွားရောက်ကာ ဝုဆုန်၏ သတင်းများကို စုံစမ်းလျက်ရှိလေ၏။

ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

နောက်နှစ်လအတောအတွင်း၌ကား စာရေးတော်ကြီးယဲ့သည် မြို့ဝန်ကို အတတ်နိုင်ဆုံး နားသွင်းပြီးလေပြီ။ ထိုအခါတွင် မြို့စောင့်တပ်မှူးချုန်သည် ဗိုလ်ယကွ်ထံမှ လာဘ်ငွေ အမြောက်အမြားကို ရရှိခဲ့သည့်အတွက် ဗိုလ်ချုပ်ချုန်နှင့် ပေါင်းပြီး ဝုဆုန်ကို အမှုဆင် ကြောင်းကို ဆိုင်ရာတို့က တွေ့ရှိလာကြ၏။

“အင်း၊ ခင်ဗျားတို့ကတော့ ပိုက်ဆံကောင်းကောင်းယူကြပြီး လုပ်စရာရှိတော့ ကျုပ်ကို ခိုင်းကြတာပေါ့”

ဟု မြို့ဝန်သည် တယောက်တည်းတွေးကာ ဒေါပွလျက်ရှိ၏။ မြို့ဝန်သည် ဝုဆုန်၏ အမှုကိစ္စကို ဆက်လက်လုပ်ဆောင်ရန် စိတ်အားထက်သန်ခြင်း မရှိတော့ပြီ။ ခြောက်ရက် ကြာသည့်အခါတွင်မူ မြို့ဝန်သည် ဝုဆုန်ကို ရုံးတော်သို့ ခေါ်ထုတ်စေကာ သူ့ခြေတွင် ခတ်ထားသည့် အချုပ်အနှောင်၊ သံခြေချင်းတို့ကို ချွတ်လိုက်၏။ စာရေး ကြီးယဲ့က ဝုဆုန် ကျူးလွန်သည့် အမှုကို ဖော်ပြသည့် စီရင်ချက်ကို ဖတ်ပြ၏။ မြို့ဝန်သည် ဝုဆုန်အား ကြိမ်ဒဏ်အချက်နှစ်ဆယ် ပေးရန်နှင့် အန်ကျိုမြို့ရှိ အကျဉ်းထောင်သို့ နယ်နှင်ရန် အမိန့်ချလိုက်၏။ ခိုးရာပါ ပစ္စည်းတို့ကိုလည်း မူလပိုင်ရှင်သို့ ပြန်၍ အပ်၏။ ဗိုလ်ချုပ် ချုန်မှာ သူ့ အိမ်သားတဦးကို စေလွှတ်ကာ ထိုပစ္စည်းများကို လက်ခံရုံမှတပါး အခြားလမ်း

မရှိတော့ပြီ။

ဝုဆုန်မှာ ကြိမ်ဒဏ်အချက်နှစ်ဆယ် အပေးခံရပြီး နဖူးတွင် ရာဇဝတ်သားများ ထိုးရသော ရွှေမင်စာကို ရေးထိုးခံရ၏။ သူ့လည်ပင်းတွင် အချိန် ခုနစ်ပိဿာခွဲရှိ ထိပ်တုံးကြီးကို တပ်ဆင်၍ လိုအပ်သည့် စာရွက်စာတမ်းတို့ကို ရေးမှတ်ပြီးသော် သန်မာထွားကျိုင်းသည့် ရဲသားနှစ်ယောက်ကို အစောင့်အဖြစ် ထည့်လိုက်လျက် နယ်နှင်ဒဏ် သတ်မှတ်သည့် မြို့သို့ ထွက်ခွာရန် အချိန်ကိုလည်း သတ်မှတ်ပေးလိုက်၏။ မကြာမီပင် အကျဉ်းသား နှင့် အစောင့်တို့ သည်လည်း ခရီးဆက်ခဲ့ကြ၏။

ထောင်မှူးကြီးက များစွာ ငွေကြေးကုန်ကျ ခံထားသည့်အတွက်ကြောင့် တကြောင်း၊ စာရေးကြီးယဲ့ကလည်း များစွာ ဂရုစိုက်သည့်အတွက်ကြောင့် တကြောင်း၊ မြို့ဝန် ကိုယ်တိုင် ကလည်း ယခုကိစ္စမှာ အမှုဆင်ဖမ်းခြင်း ဖြစ်သည်ကို သိသည့်အတွက်ကြောင့် တကြောင်း ဝုဆုန်မှာ ပြင်းထန်စွာ ရိုက်နှက်ခြင်း မခံရချေ။ ဝုဆုန်သည် ဒေါသကို ချုပ်တည်းကာ ထိပ်တုံးကို လည်တွင်ဆွဲကာ အစောင့်နှစ်ယောက်နှင့်အတူ ထိုမြို့မှ ထွက်လာခဲ့၏။ တလီလောက် သွားမိသည့်အခါ၌ ပေတရာ လမ်းမကြီးပေါ်ရှိ ဘုံဆိုင်ကလေးတဆိုင်ထဲမှ ထွက်လာသော ရှိအန်ကို တွေ့ရ၏။

"ကျွန်တော် နောင်ကြီးကို လာစောင့်နေတာ ခင်ဗျ" ဟု ရှိအန်၏ ပြော၏။ သူ၏ ခေါင်းနှင့် လက်တို့တွင်လည်း ပတ်တီးများ စည်းထားသည်ကို တွေ့ရပြန်၏။

"မတွေ့ရတာ တော်တော်တောင် ကြာသွားပြီဗျ။ ကျုပ်ညီက ဘာဖြစ်လို့လဲ"

"ကျွန်တော် ထောင်ထဲလာပြီး နောင်ကြီးဆီကို လာတွေ့နေတာကို မြို့ဝန်က သိသွားတယ်ဗျ။ ဒါနဲ့ ထောင်နားမှာ အစောင့်ချထားပြီး ကျွန်တော့်ကို စောင့်ကြည့်နေတယ်။ မိုလ်ချုပ်ချန်ကလည်း ထောင်ဘူးဝမှာ သူ့လူတွေကို အစောင့်ချထားတယ်။ ဒါကြောင့် နောင်ကြီးဆီကို ကျွန်တော် မလာနိုင်တော့ဘဲ ထောင်စာရေးကြီးကန်အိမ်ကိုပဲ သွားသွားပြီး သတင်းမေးနေရတယ်။ လွန်ခဲ့တဲ့ တလလောက်တော့ မိုလ်ယက္ခဟာ သူ့လူတွေနဲ့ မဟာမြိုင်ရွာကို ရောက်လာပြီး ကျွန်တော့်ကို ရိုက်နှက်ပြီး ဘုံဆိုင်ကလေးက ပြန်ပြီး နှင်ထုတ် လိုက်ကြတယ်။ အဲဒီကတည်းက ကျွန်တော်လည်း အိပ်ရာပေါ်က ကောင်းကောင်း မထနိုင် တော့တာပဲ။ ဒီနေ့တော့ နောင်ကြီး အန်ကျို့ကို ထွက်မယ်ကြားလို့ လမ်းမှာ နောင်ကြီး ဝတ်သွားဖို့ ဂွမ်းကပ်အနွေးထည် ကလေးနှစ်စုံ လာပေးတာ။ ပြီးတော့ လမ်းမှာ ဆာရင် စားဖို့ ဒိန်ခဲတောင့်တတောင့်လည်း ပါတယ်"

ရှိအန်က အစောင့်များအား စိမ်ရည်သောက်ရန် ဖိတ်ခေါ်သော်လည်း အစောင့်များက ငြင်းကြ၏။

"ဝုဆုန်ဆိုတဲ့ ငနဲက အင်မတန် ဉာဏ်များတဲ့လူဗျ။ ခင်ဗျား တိုက်လိုက်တဲ့ စိမ်ရည်ကို ကျွန်တော်တို့ သောက်လိုက်ရင် မနက်ဖြန် မြို့မှာ ပြောလို့ဆုံးမှာ မဟုတ်တော့ဘူး။ တခြား မှာ ဝေးဝေးနေရင် ကောင်းမယ်ဗျာ။ နို့မို့ရင် ခင်ဗျားပါ အရိုက်ခံနေရလိမ့်မယ်"

သူတို့နှင့် ငြင်းခုံနေရန် အချိန် မဟုတ်တော့ပြီ။ ရှိအန်သည် အစောင့်နှစ်ယောက်အား ငွေစင်တဆယ်ကျပ်သားစီ ပေးပြန်၏။ သို့ရာတွင် အစောင့်များက မယူကြချေ။ ဝုဆုန်ကိုသာ သွားရန် လောဆော်လျက် ရှိကြလေ၏။ ရှိအန်သည် ဝုဆုန်အား စိမ်ရည်နှစ်ခွက် တိုက်ပြီးသော် ခါးတွင် အထုပ်တထုပ်ကို ချည်ပေးလိုက်၏။ ငန်းသားကင်ကိုလည်း လည်တွင် ဆွဲချိတ်ပေးလိုက်၏။

"အထုပ်ထဲမှာ ဂွမ်းကပ်နှစ်ထည်ပါတယ် နောင်ကြီးရေ။ ငွေစကလေးလည်း နည်းနည်း ပါတယ်။ ခရီးသွားရင် ငွေနည်းနည်းပါးပါးတော့ လိုမှာပဲ။ ပြီးတော့ ဂုန်လျှော်ဖိနပ် နှစ်ရန်လည်း ပါတယ်။ အစစအရာရာ သတိဝီရိယနဲ့ သွားပါဗျာ။ ဒီကောင်တွေကို ကြည့်ရတာ သိပ်မဟုန်ဘူး"ဟု ရှိအန်က ခပ်တိုးတိုး ပြော၏။ ဝုဆုန်က ခေါင်းညိတ်ပြလိုက်လျက်-

"ပြောဖို့မလိုပါဘူးဗျာ။ ကျုပ် သိပါတယ်။ ဒီကောင်နှစ်ယောက်မကလို့ နောက်ထပ် နှစ်ယောက်လောက် ပါလာရင်လည်း ကျုပ် မကြောက်ပါဘူး။ အိမ်ပြန်ပြီး အေးအေး ဆေးဆေးသာ အနားယူပါ။ မစိုးရိမ်ပါနဲ့။ ကျုပ်မှာ စိတ်ကူးရှိပြီးသားပါ"

ရှိအန်သည် ဂါရဝပြုကာ ငိုယိုလျက် ပြန်သွား၏။ ထိုအကြောင်းကို မပြောတော့ပြီ။ အကျဉ်းသားဝုဆုန်နှင့် အစောင့်နှစ်ယောက်တို့သည် ပေတရာလမ်းမကြီးအတိုင်း လာခဲ့ကြ၏။ နောက်ထပ် လီအနည်းငယ် သွားမိသည့်အခါ၌ အစောင့်တယောက်က သူ့အဖော်အနီးသို့ ကပ်ကာ "နောက်ထပ် နှစ်ယောက်လည်း မလာသေးပါကလား" ဟု ခပ်တိုးတိုး ပြော၏။

ထိုစကားကို ဝုဆုန် ကြားလျှင် ရယ်၍ "အင်း၊ ငါ့ကို နှိပ်စက်ကြမလို့ နောက်ထပ် လူမိုက်နှစ်ယောက် လာဦးမယ်ဆိုတဲ့ သဘောပေါ့။ စောစောစီးစီး ဝမ်းမသာကြနဲ့ဦးဟေ့" ဟု စိတ်ထဲမှ ရွတ်ဆိုမိ၏။

ဝုဆုန်၏ လက်ယာဘက်မှာ ထိပ်တုံးထဲတွင် ထားသည့်တိုင် လက်ဝဲဘက်မှာ လွတ်လပ်လျက်ရှိလေ၏။ ဝုဆုန်သည် ဝဲဘက်လက်ဖြင့် ငန်းကင်တကောင်ကို ကိုက်စား လျက်ရှိ၏။ အစောင့်များကို ဂရုပင် မစိုက်ချေ။ လေး ငါးလီခန့် လျှောက်မိသည့်အခါတွင် နောက် ငန်းတကောင်လည်း ကုန်သွားပြန်လေ၏။

သူတို့သွားရမည့်နေရာသို့ မရောက်မီ ကိုးလီခန့်အလိုတွင် ရှေ့လမ်းမပေါ်၌

ခေးများ၊ မှိန်းများကို ကိုင်၍ သူတို့ကို စောင့်နေကြသော လူနှစ်ယောက်ကို မြင်ရ၏။ အနီးသို့ ရောက်သော် သူတို့လည်း အစောင့်များနှင့်အတူ လိုက်ပါလာပြီး ခရီးဆက်လာခဲ့ကြ၏။ အစောင့်များသည် နောက်ရောက်လာသည့် လူနှစ်ယောက်နှင့် အပြန်အလှန် အကြည့်ချင်း ဖလှယ်နေကြသည်ကို ဝုဆုန် သတိပြုမိ၏။ ဤတွင် ဝုဆုန်သည် အခြေအနေ ဆယ်ပုံ ရှစ်ပုံကို နားလည်လိုက်လေပြီ။ သို့ရာတွင် ဝုဆုန်သည် ဘာမှ မသိချင်ယောင် ပြုနေလိုက်၏။

ရှေ့သို့ ဆက်၍ လာခဲ့ကြသည့်အခါတွင် မြစ်၊ ချောင်း စသည်တို့နှင့် ဆက်ထားသည့် ငါးကန်များရှိရာ နေရာတခုသို့ ရောက်လာခဲ့ကြ၏။ သူတို့ငါးယောက်သည် သစ်သားပြား ကြီးတခု ခင်းထားသည့် တံတားတခုကို ဖြတ်လာခဲ့ကြ၏။ ထိုတံတားထိပ်တွင် "တိမ်ပျံ အင်း" ဟု ဆိုင်းဘုတ်ရေးထား၏။

"ဒီနေရာက ဘာခေါ်သလဲဗျ" ဟု ဝုဆုန်က တမင်မေးလိုက်၏။

"ဟိုမှာ ဆိုင်းဘုတ်ကြီး ရေးထားတာ မမြင်ဘူးလား။ မျက်စိကန်းနေသလား" ဟု အစောင့်တယောက်က ပြော၏။

ဝုဆုန်က ခဏရပ်ကာ "အပေါ့သွားချင်တယ်ဗျာ" ဟု ပြော၏။ မှိန်းကိုင်ထားသည့် အစောင့်နှစ်ယောက်က သူ့နောက်မှ ကပ်လိုက်လာကြကာ "ကဲ၊ သွား"ဟု ဆိုပြောကာ အနီးမှ ကပ်လိုက်လာ၏။ ဤတွင် "သွားလေရော့ကွာ" ဟု အော်ကာ ကန်ချလိုက်ရာ အစောင့်တယောက်မှာ တံတားအောက်ရှိ အင်းထဲသို့ ကျသွား၏။ ဤတွင် နောက်တယောက်က သူ့ဆီသို့ ပြန်အလှည့်တွင် ဝုဆုန်သည် သူ့ကိုလည်း ဆီး၍ ကန်ချလိုက်ရာ ထိုသူမှာလည်း သူ့အဖော်နောက်သို့ လိုက်သွားရပြန်၏။ ကျန် အစောင့်နှစ်ယောက်တို့သည် ကြောက်အားလန့်အားဖြင့် တံတားပေါ်မှ ထွက်ပြေးကြ၏။

"ပြေးလို့ လွတ်မယ် ထင်သလားကွ" ဟု အော်ကာ ဝုဆုန်သည် ထိပ်တုံးကြီးကို လက်ဖြင့် ဆွဲ၍ လိမ်ဖြုတ်လိုက်ကာ သစ်သားစနှစ်ခုကို ရိုက်၍ ဖြုတ်လိုက်၏။ ပြီးနောက် အစောင့်နှစ်ယောက်နောက်သို့ ပြေးလိုက်သွား၏။ တယောက်မှာ ကြောက်လန့်ကာ မေ့လဲကျသွား၏။ ဝုဆုန်သည် နောက်လူတယောက်ကို မီလာကာ ထိုလူနောက်ကျောကို လက်သီးဖြင့် ပိတ်ထိုးလိုက်ရာ ထိုလူမှာလည်း မြေကြီးပေါ်သို့ ဗိုင်းခနဲ လဲကျသွား၏။ ဝုဆုန်သည် ရေစပ်မှ မှိန်းကြီးကို ကောက်ယူလာခဲ့ပြီး ထိုလူကို နှစ်ချက်၊ သုံးချက် ထိုးလိုက်သည်တွင် ထိုသူမှာလည်း အသက်ထွက်သွား၏။ ကြောက်လန့်ကာ မလှုပ်နိုင် မရှားနိုင် ဖြစ်နေသော အခြား အစောင့်တယောက်ကိုလည်း ထိုနည်းအတိုင်း စီရင်ခဲ့၏။

အင်းထဲသို့ ကျသွားသူနှစ်ယောက်တို့မှာ ကမ်းသို့ ကူးလာကြပြီး ဆက်လက်

ထွက်ပြေးကြ၏။ ဝုဆုန်သည် သူတို့နောက်သို့ လိုက်လာကာ တယောက်ကို ခုတ်သတ်ပစ်လိုက်ပြီး ကျန်တယောက်ကို ဖမ်းထား၏။

"ဟေ့ကောင်၊ ငါ့ကို မှန်မှန်ပြောရင် အသက်ကို ချမ်းသာပေးမယ်။ ပြောစမ်း"

"ကျွန်တော်တို့က ဗိုလ်ယကျွရဲ့ လက်ထောက်တွေပါဗျာ။ တပ်မှူးချုန်က သူ့တပ်ဖွဲ့ ထဲကို ဝင်ခဲ့၊ ပြီးတော့ နောင်ကြီးကို လိုက်ပို့ရင်း လမ်းမှာ သတ်ခဲ့လို့ မှာလိုက်ပါတယ်"

"ခု မင်းတို့ဆရာ ဗိုလ်ယကျွ ဘယ်မှာလဲ"

"ကျွန်တော် ထွက်လာတုန်းကတော့ ဗိုလ်ယကျွဟာ ဆိုင်နောက်ဖေး ကွက်လပ်ထဲက ဟာသံမောင်နှံ ပန်းပေါင်းကူးအောက်မှာ မြို့စောင့်တပ်မှူးချုန်၊ ဗိုလ်ချုပ်ချန်တို့နဲ့အတူ အရက်သောက် ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ကိစ္စပြီးလို့ ရှိရင် အဲဒီကို ပြန်သွားရ မှာပေါ့"

"ဩော်၊ ဒီလိုလား။ ဒီလိုဆိုရင် မင်းကိုလည်း ဘယ်မှာ ချမ်းသာပေးလို့ ဖြစ်မလဲကွာ" ဝုဆုန်၏ လက်သည် အထက်သို့ မြှောက်တက်သွားကာ ဓားသွားသည် အောက်သို့ ကျလာ၏။

ဝုဆုန်သည် ထိုလူကို သတ်လိုက်ပြီးနောက် သူ့ခါးမှ ဓားရှည်ကို ချွတ်၏။ သူ့အတွက် သူတို့အထဲမှ အကောင်းဆုံး ဓားတလက်ကို ရွေးလိုက်၏။ ထို့နောက် အလောင်းများကို အင်းထဲသို့ ပစ်ချလိုက်၏။ သူတို့ သေ မသေ သေချာအောင် အလောင်းများကိုလည်း မှိန်းဖြင့် လေး ငါးချက်စီ ထိုးကြည့်၏။ ထို့နောက် ဝုဆုန်သည် တံတားပေါ်တွင် ရပ်ကာ သူ့ရန်သူများ၏ အလောင်းများကို ကြည့်နေ၏။

"အင်း၊ လက်ပါးစေလူမိုက်တွေကို ရှင်းပြီးပေမယ့် ဟိုဆရာသုံးယောက်ကို မရှင်းရမချင်း ငါ ဒေါသပြေမှာ မဟုတ်သေးဘူး"

ဝုဆုန်သည် မှိန်းကို ကိုင်ကာ တွေးနေ၏။ ထို့နောက် မိန်ကျို့သို့ ပြန်သွားကာ ဆရာ သုံးယောက်ကို စာရင်းရှင်းရန် ဆုံးဖြတ်လိုက်၏။

ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုကား ဝုဆုန်သည် လောဘကြီးသူတို့ကို ဖျက်ဆီးခဲ့ပြီး အသက်ကို ကောင်းစွာ ရှုနိုင်လာခဲ့၏။ မှန်ပေ၏။ အလှအပတို့ဖြင့် ဆင်ထားသည့် ခန်းဆောင်ထဲတွင် အလောင်းတို့ ပြန့်ကျဲလျက်ရှိပြီး ပွဲတော်ဖယောင်းတိုင်မှ မီးတောက်များသည် သွေးအိုင်ထွန်းနေသော ကြမ်းပေါ်သို့ ထိုးကျလျက် ရှိပေ၏။

မိန်ကျို့သို့ ပြန်လာသည့်အခါ မည်သို့ ဖြစ်သည်ကို သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၁

ဟသ်ာမောင်နှံ့ဥယျာဉ်တွင် ဗိုလ်ချုပ်ချန်၏သွေး မြေကျခြင်း

ညအချိန်၌ ဘုရားဖူးဝုဆုန်သည် ကင်းခြေများတံတားကို ဖြတ်၍ လာခဲ့ခြင်း

မိန်ကျို့မြို့ထဲသို့ သူ ဝင်လာသည့်အခါတွင် မှောင်ရီပျိုးစ ပြုနေလေပြီ။ ဝုဆုန်သည် ဗိုလ်ချုပ်ချန်၏ ဥယျာဉ်နံရံကို ကပ်၍ ဆောက်ထားသည့် မြင်းဇောင်းတခုဆီသို့ တန်းတန်း မတ်မတ် လာခဲ့ကာ မှောင်ရိပ်တွင် ပုန်းကွယ်နေလိုက်၏။ မြင်းထိန်းမှာ ဥယျာဉ်ထဲမှာပင် ရှိနေပြီး မြင်းဇောင်းသို့ ပြန်မလာသေးချေ။

မကြာမီတွင် တံတိုင်းထောင့်နားရှိ တံခါးပေါက်ကလေးတခုသည် အသာပွင့်လာ၏။ မြင်းထိန်းသည် လက်တွင် မှန်အိမ်တလုံးကို ကိုင်၍ ထွက်လာ၏။ တံတိုင်းအတွင်းဘက်မှ တယောက်က ပိတ်လိုက်၏။ အမှောင်ထဲတွင် ပုန်းကွယ်ရင်း ဝုဆုန်သည် အစောင့်၏ နာရီမောင်းခေါက်သံကို နားထောင်နေ၏။ အချိန်မှာ ပထမညဉ့်ဦးယံ၏ လေးမောင်း ဖြစ်၏။ မြင်းထိန်းသည် မြင်းကို အစာကျွေးပြီးနောက် မှန်အိမ်ကို ချိတ်၏။ အိပ်ရာကို ခင်း၍ အဝတ်အစားတို့ကို ချွတ်ကာ အိပ်ရာသို့ ဝင်လေ၏။ ဝုဆုန်သည် မြင်းဇောင်းတံခါးကို အပြင်မှ ထု၏။

"ဟေ့၊ အခုပဲ အိပ်ရာထဲ ရောက်ကာရှိသေးတယ်ကွ။ ငါ့ပစ္စည်းတွေကို ခိုးချင်ရင် ဒီလောက် စောစော မလာနဲ့ဦး" ဟု မြင်းထိန်းက အော်၏။

ဝုဆုန်သည် မိမိ၏ မိုန်းကို တံခါးအနီးတွင် ထောင်လိုက်ကာ ဓားရှည်ကို လက်တွင် ကိုင်ထားပြီး တံခါးကို လှုပ်၏။ မြင်းထိန်းမှာ ဒေါသထွက်၍ လာလေပြီ။ မြင်းထိန်းသည် ကိုယ်တုံးလုံးဖြင့် အိပ်ရာမှ ဝုန်းခနဲ ထလာကာ ဝါးလုံးတလုံးကို ကောက်ကိုင်ပြီးနောက် တံခါးမင်းတုပ်ကို ဖြုတ်၍ ဖွင့်၏။ ဝုဆုန်သည် မြင်းဇောင်းထဲသို့ တရှိန်ထိုး ဝင်လာခဲ့ကာ မြင်းထိန်းကို ဖမ်းချုပ်ထားလိုက်၏။ မြင်းထိန်းသည် အော်ရန် ပါးစပ်ကို ဟ လိုက်၏။ သို့ရာတွင် မီးရောင်တွင် ပြောင်လက်နေသည့် ဓားကြီးကို မြင်လိုက်သည်နှင့် သူ့အရိုးများသည် တို့ဟူးဖတ်များအဖြစ်သို့ ပြောင်းသွားခဲ့လေပြီ။

"ကျွန်တော့်ကို ချမ်းသာပေးပါဗျာ" ဟု မြင်းထိန်းက တောင်းပန်၏။

"မင်း ငါ့ကို သိလို့လား"

မြင်းထိန်းမှာ သူ့အသံကို မှတ်မိသွားကာ-

“နောင်ကြီးရယ်။ အဲဒီကိစ္စတွေက ကျွန်တော်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော့် အသက်ကို ချမ်းသာပေးပါ”

“ဒါဖြင့် မှန်မှန်ပြော။ ဗိုလ်ချုပ်ချန် ဘယ်မှာလဲ”

“တပ်မှူးချန်တို့၊ ဗိုလ်ယကွတို့နဲ့အတူ ဟာသ်ာမောင်နှံဥယျာဉ်ထဲမှာ တနေ့လုံး အရက် သောက်နေကြပါတယ်ဗျာ”

“အမှန်ကိုပြောတာ ဟုတ်ရဲ့လား”

“လိမ်ပြောလို့ရှိရင် အနာစိမ်းကြီးတွေ ပေါက်ပြီး သေရပါစေရဲ့ဗျာ”

“ဒီလိုဆိုရင် မင်းကိုလည်း ငါ ချမ်းသာမပေးနိုင်ဘူးကွ” ဟု ဆိုကာ ဝုဆုန်သည် မြင်းထိန်းကို ဓားဖြင့် တချက်တည်း ထိုးသတ်လိုက်၏။ ဝုဆုန်သည် မြင်းဇောင်းကို ပြန်ပိတ်ကာ ဓားကိုလည်း ဓားအိမ်ထဲသို့ ပြန်ထည့်၏။

ဝုဆုန်သည် ခါးတွင် လွယ်ထားသည့် အထုပ်ထဲမှ ရှီအန်ပေးလိုက်သော အဝတ်အစားများကို ထုတ်ယူပြီးလျှင် ဝတ်လာသည့် အဝတ်အစားများနှင့် လဲပြီးနောက် အဝတ်အစား များကို ပြန်၍ ခပ်ကျစ်ကျစ်ထုပ်၏။ ထို့နောက် သူ့ခါးစည်းကြိုးတွင် ဓားရှည်ကို ဆွဲလိုက်၏။ သူ့တွင် ပါလာသည့် ငွေစတို့ကိုလည်း မြင်းထိန်း၏ အိပ်ရာပေါ်တွင် တွေ့သည့် အဝတ်စတစ ဖြင့် ထုပ်ကာ လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး လွယ်အိတ်ကို မြင်းဇောင်း အဝင်ဝတွင် ချိတ်ထားလိုက်၏။ ထို့နောက် လေးလံလှသည့် မြင်းဇောင်းတံခါးရွက်ကြီး တရွက်ကိုလည်း ပတ္တာကွင်းမှ ဖြုတ်လိုက်ပြီး ဥယျာဉ်တံတိုင်းကို မှီ၍ ထောင်ထားလိုက်၏။ တဖန် ပြန်ဝင် သွားကာ မှန်အိမ်ကို ငြှိမ်းပြီးနောက် ပြန်ထွက်လာခဲ့၏။ ဝုဆုန်သည် မှိန်းကို ကောက်ကိုင် ပြီးလျှင် ထောင်ထားသည့် တံခါးပေါ်မှ တက်၍ ဥယျာဉ်တံတိုင်းပေါ်သို့ တက်လာခဲ့၏။ လရောင်သည် ခပ်မှိန်မှိန် ဖြာကျလျက်ရှိ၏။ ဝုဆုန်သည် ဥယျာဉ်ထဲသို့ ခုန်ချလိုက်ပြီးနောက် တံတိုင်းမှ မလွယ်တံခါးကလေးတခုကို ဖွင့်ပြီး အပြင်သို့ ပြန်ထွက်လာခဲ့ပြန်ကာ မြင်းဇောင်းမှ တံခါးကို နေရာတကျ ပြန်တပ်၍ ဥယျာဉ်ထဲသို့ ပြန်ဝင်လာခဲ့ပြီးမှ မလွယ်ပေါက် တံခါးကလေးကို ပြန်စေ့ထားခဲ့၏။ သို့ရာတွင် မင်းတုပ်မထိုးခဲ့ချေ။

အနီးရှိ အဆောက်အအုံတခုထဲတွင်မူ မှန်အိမ်တအိမ် လင်းလျက်ရှိ၏။ ထိုနေရာမှာ မီးဖို ဖြစ်၏။ အစေတော် မိန်းကလေးနှစ်ယောက်တို့သည် ရေနွေးကျိုရင်း ညည်းညူလျက် ရှိ၏။

“တကတဲတော် တနေ့လုံး လုပ်ကိုင်ပေးနေရတာ ခုထက်ထိ

မပြီးနိုင်ကြသေးဘူး။ ခုလည်း လက်ဖက်ရည် သောက်ချင်သေးသတဲ့။ ညော့သည်နှစ်ယောက်ကလည်း မူးလိုက်တာ ဒေါင်ချာကို စိုင်းနေတာပဲ။ သူတို့မို့လို့ မရှက်ပလေ။ ဒီလောက်ဆို တော်လောက်ရောပေါ့။ ပြောလိုက်တဲ့ စကားတွေကလည်း ပြောလို့ မပြီးနိုင်တော့ဘူး။ ဒီလောက်တောင် စကားများရသတဲ့လား" ဟု တယောက်က ပြော၏။

ဝုဆုန်သည် မိန်းကြီးကို တံခါးဝတွင် ထောင်လိုက်ပြီးနောက် သွေးတို့ စွန်းပေနေသော ဓားရှည်ကို ထုတ်ကာ မီးဖိုထဲသို့ ပြန်းခနဲဝင်လာပြီးလျှင် အစေတော်မိန်းကလေးကို ဆံပင်မှဆွဲလိုက်ပြီးဓားဖြင့် တချက်တည်း ထိုးသတ်လိုက်၏။ အခြားအစေတော်တယောက် မှာ ထွက်ပြေးရန် ကြိုးစားသေးသော်လည်း သူ့ခြေထောက်သည် ကြမ်းပြင်တွင် သံနှင့် စွဲထားသည့်နှယ် လှုပ်၍ မရတော့ပြီ။ ပါးစပ်ဟ၍ အော်မည်ပြုသည့်တိုင် အသံလည်း မထွက်တော့ပြီ။ အစေတော်မိန်းကလေးမှာ ကြောက်လွန်းသဖြင့် မလှုပ်ရှားနိုင်တော့ပြီ။ (မိန်းကလေး မပြောနှင့်။ ဤစာကို ရေးနေသည့် ကျွန်ုပ်ပင်လျှင် အသံမထွက်ရဲတော့ချေ။) ဝုဆုန်သည် ဤမိန်းကလေးကိုလည်း ဓားဖြင့် ထိုးသတ်လိုက်၏။

ဝုဆုန်သည် သူတို့အလောင်းများကို မီးဖိုနားသို့ ဆွဲလာကာ မီးဖိုထဲမှ မှန်အိမ်ကို ငြိမ်းပစ်လိုက်၏။ လရောင်မှုန်မှုန်တွင် ဝုဆုန်သည် ဗိုလ်ယက္ခတို့ စားသောက်နေသည့် ခန်းဆောင်သို့ အသာကူးလာခဲ့၏။ ဝုဆုန်သည် ထိုအိမ်ထဲတွင် သွားလာနေကျ လူတဦး ကဲ့သို့ အဆောင်များကို ဖြတ်သန်းခဲ့ပြီးနောက် အဆုံးတွင် ဟသ်ာမောင်နှံခန်းဆောင်နားသို့ ရောက်လာခဲ့၏။ ဝုဆုန်သည် ခြေဖျားထောက်ကာ ခန်းဆောင်ပေါ်သို့ တက်လာခဲ့၏။

ထိုအချိန်၌ အခိုင်းအစေတို့မှာလည်း ပင်ပန်းစိတ်တိုလျက်ရှိပြီ ဖြစ်သည့်အလျောက် တနေရာသို့ ရောက်နေကြလေပြီ။ ဝုဆုန်သည် ဗိုလ်ယက္ခတို့သုံးယောက်၏ စကားပြောသံ တို့ကို ကြားနေ၏။ ဗိုလ်ယက္ခမှ ဗိုလ်ချုပ်ချန်ကို ချီးကျူးပြောဆိုလျက် ရှိ၏။

"ဒီကောင်ကို လက်စားချေနိုင်အောင် ကူညီလို့ ကျေးဇူးတင်လိုက်တာ ခင်ဗျာ။ နောင်မှာ ဗိုလ်ချုပ်ကို ဒီထက်မက ကျေးဇူးဆပ်ပါဦးမယ်"

"ဟောဒီက မြို့စောင့်တပ်မှူးရဲ့ မျက်နှာကြောင့် လုပ်ပေးတာ။ နို့မို့ရင် ကျုပ် ဒါမျိုးကို ဘယ်တော့မှ မလုပ်ဘူး။ ပိုက်ဆံနည်းနည်းပါးပါးတော့ ကုန်ပေမယ့် အားလုံး အဆင်ပြေ သွားတာပေါ့ဗျာ။ ခုလောက်ဆို ကိစ္စပြီးနေလောက်ပြီ။ ဒီကောင် ဒီလောက်ဆို သေတော် ခေါ်နေပြီပေါ့။ တိမ်ပျံအင်း ရောက်ရင် ကိစ္စပြတ်အောင် လုပ်ခဲ့ကြလို့ အစောင့်တွေကို ကျုပ် မှာလိုက်တာ။ မနက်လင်းလို့ သူတို့လေးယောက်

ပြန်လာကြရင်တော့ စုံစုံလင်လင် သိရမှာ ပေါ့လေ”

မြို့စောင့်တပ်မှူးက-

“လေးယောက်နဲ့ တယောက်ပဲဗျာ။ ခင်ဗျားလူ ကြောင်လို အသက် လေးငါးသက် ရှိတောင်မှ ခုလောက်ဆိုရင် တသက်မှ ကျန်တော့မှာ မဟုတ်ပါဘူး”

“တိမ်ပုံအင်းကို ရောက်ရင် ကိစ္စပြတ်ရှင်းပစ်လို့ ကျွန်တော်တပည့်တွေကိုလည်း မှာလိုက်ပါတယ်။ မနက် သူတို့ရောက်လာရင် သိရတော့မှာပါ” ဟု ဗိုလ်ယက္ခက ပြော၏။

ထိုအချိန်၌ကား ဝုဆုန်၏ ရင်ထဲတွင် ဒေါသမီးသည် တဟုန်းဟုန်း တောက်လောင် လာခဲ့ကာ မည်းမှောင်သော ကောင်းကင်ကို ထိုးဖောက်သွားခဲ့လေပြီ။ သူ့လက်ချောင်း များသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိကာ ဝဲဘက်လက်ချောင်းများသည် ဖြန့်ကား တောင့်တင်းသွားကြ၏။ ဝုဆုန်သည် အခန်းထဲသို့ ပြေးဝင်လာခဲ့၏။ ကြီးမားသော ပန်းဖယောင်းတိုင်ကြီး ငါးတိုင်မှ အလင်းရောင်နှင့် ပြတင်းပေါက်နှစ်ပေါက်မှ ထိုးကျနေသော လရောင်ကြောင့် အခန်းထဲတွင် လင်းလျက် ရှိ၏။ စိမ်ရည်အိုးများနှင့် စိမ်ရည်ခွက် များမှာ စားပွဲပေါ်တွင် ဖရိုဖရဲ ဖြစ်နေကြ၏။

လက်တင်ကုလားထိုင် တလုံးပေါ်တွင် ထိုင်နေရာမှ ဝုဆုန်ကို ပထမဆုံး မြင်လိုက် ရသည့် ဗိုလ်ယက္ခသည် များစွာ ထိတ်လန့်ချောက်ချားသွားကာ သူ့နှလုံးသည် တိမ်တွေ ဆီသို့ ခုန်တက်သွားပြီဟု မှတ်ထင်လိုက်မိ၏။ ဗိုလ်ယက္ခသည် ထိုင်ရာမှ ထလိုက်သော်လည်း မမီလိုက်တော့ပြီ။ ယခုပြောနေသည့် အချိန်ထက် တိုတောင်းလျင်မြန်သော အချိန်ကလေး အတွင်း၌ ဝုဆုန်သည် သူ့မျက်နှာကို လှီးချလိုက်ရာ အရှိန်ပြင်းလှသည့်အတွက် အောက်မှ ကုလားထိုင်အထိ ထက်ခြမ်း ပြတ်သွား၏။ ဝုဆုန်သည် ဓားကြီးကို ဝှေ့ယမ်းကာ ဗိုလ်ချုပ် ချန်ဆီသို့ လာခဲ့၏။ ဝုဆုန်သည် ဓားကို မြှောက်၍ သူ့နားရွက်အောက်နားသို့ ခုတ်ချလိုက်ရာ လည်ပင်းသည် တိခနဲ ပြတ်ကျသွားကာ သူ့ကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ဗိုင်းခနဲ လဲကျသွား၏။ လဲကျနေသူနှစ်ယောက်သည် ရုန်းကန်၍ ဆန့်ငင်ဆန့်ငင် ဖြစ်နေကြ၏။

တပ်မှူးချန်မှာ လေ့ကျင့်သားရပြီးသည့် စစ်သားတယောက် ဖြစ်၏။ အရက်မူးနေသည့်တိုင် လူပျော့တယောက် မဟုတ်ချေ။ အခြားနှစ်ယောက် လဲကျသွားသည်ကို မြင်သည့်အခါ၌ မိမိအဖို့လည်း ထွက်ပြေးစရာလမ်း မရှိတော့သည်ကို သိလိုက်လေပြီ။ တပ်မှူး ချန်သည် ကုလားထိုင်တလုံးကို ကောက်ကိုင်၍ အထက်သို့ မြှောက်လိုက်၏။ ဝုဆုန် ကလည်း ရင်ဆိုင်ရန် ရှေ့သို့ တိုးလာခဲ့ပြီး သူ့ကို တွန်းပစ်လိုက်၏။ အရက်မမူးလျှင်လည်း ချန်သည် ဝုဆုန်၏

ခွန်အားဗလကို ရင်ဆိုင်နိုင်မည် မဟုတ်ချေ။ ချန်သည် နောက်သို့ ပက်လက်လန် လဲကျသွား၏။ ဝုဆုန်က ရှေ့သို့ တက်လာကာ တချက်တည်းဖြင့် သူ့ လည်ပင်းကို ဖြတ်ချလိုက်၏။

ခွန်အားဗလတောင့်သည့် ဗိုလ်ယက္ခသည် ကုန်း၍ ထရန် ကြိုးစားသေး၏။ ဝုဆုန်က ဘယ်ခြေဖြင့် သိမ်း၍ ကန်ချလိုက်၏။ ဝုဆုန်သည် လဲကျသွားသော သူ့အနီးတွင် ရပ်ကာ ခေါင်းကို ဖြတ်လိုက်၏။ ထို့နောက်သို့ တဖန် ပြန်လှည့်လိုက်ပြီး အခြားတယောက်ကိုလည်း ထိုနည်းတူ ခေါင်းဖြတ်ပစ်လိုက်၏။ စားပွဲပေါ်တွင်မူ စိမ်ရည်များနှင့် စားသောက်ဖွယ်များသည် နေရာမယွင်း ရှိနေကြ၏။ ဝုဆုန်သည် ခရားတခုကို ယူ၍ မော့ချလိုက်၏။ နောက်ထပ် ခရားနှစ်လုံးထဲမှ စိမ်ရည်များကိုလည်း မော့သောက်လိုက်၏။ ဝုဆုန်သည် သေနေသူတဦး ၏ ကိုယ်မှ အဝတ်ပိုင်းတပိုင်းကို ဖြတ်ယူလိုက်ပြီးနောက် သွေးထဲနှစ်ကာ ဖြူဖွေးနေသည့် နံရံပေါ်တွင် “ကျားသတ်သမားဝုဆုန်” ဟု ရေးလိုက်၏။

ဝုဆုန်သည် ငွေအရက်ခွက်များကို ခြေထောက်ဖြင့် နင်းချေပစ်လိုက်ပြီးလျှင် ငွေပြားများကို သူ့အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ အိမ်ထဲမှ ပြန်ထွက်မည်အပြုတွင် အောက်ထပ် မှ အစေခံများကို လှမ်းပြောနေသော ချန်၏ဇနီး အသံကို ကြားရ၏။

“ဟဲ့၊ အပေါ်ထပ်မှာ နင်တို့ဆရာတွေ တော်တော် မူးနေကြပြီ ထင်တယ်။ သွားပြီး တွဲချေကြဦး”

လှေကားမှ လူနှစ်ယောက် တက်လာ၏။ ဝုဆုန်သည် အကွယ်တွင် ပုန်း၍ စောင့်နေ၏။ ထိုလူနှစ်ယောက်မှာ ဗိုလ်ချုပ်ချန်၏ တပည့်များဖြစ်ပြီး မနေ့က မိမိကို ဖမ်းခဲ့ရာတွင် ပါသူများ ဖြစ်၏။ ဝုဆုန်သည် သူတို့ အပေါ်ထပ်ရောက်လာအောင် စောင့်နေပြီးနောက် သူတို့ လွန်သွားသည်နှင့် လှေကားထိပ်တွင် ဆီးပိတ်ရပ်နေလိုက်၏။ အခန်းထဲသို့ ရောက်၍ သွေးအိုင်ထဲတွင် လဲကျ သေဆုံးနေသည့် သူတို့ဆရာသုံးဦးတို့ကို မြင်သည့်အခါတွင် သူတို့ နှစ်ယောက်သည် ကြက်သေသေ၍ ရပ်ကာ တယောက်ကို တယောက် အလန့်တကြား ကြည့်နေကြ၏။ သူတို့ခေါင်းခွံသည် ရှစ်စိတ်ကွဲသွားကာ ခေါင်းထဲသို့ ရေခဲရေတွေ လောင်းထည့်လိုက်သကဲ့သို့ ထင်လိုက်ရ၏။

လှည့်၍ ပြေးမည်အပြု၌ ဝုဆုန်သည် တယောက်ကို ဓားဖြင့် လှမ်းစိုက်လိုက်ရာ လဲကျသွား၏။ အခြားတယောက်မှာ ဒူးထောက်၍ အသက်ကို ချမ်းသာပေးရန် တောင်းပန်လျက်ရှိ၏။ “မင်းကိုလည်း ချမ်းသာမပေးနိုင်ဘူး” ဟု ဝုဆုန်က ပြော၏။ ဝုဆုန်သည် ထိုလူကို ဖမ်းချုပ်၍ ဓားဖြင့် ထိုးချလိုက်၏။ အလှအပတို့ ဆင်ယင်ထားသည့် ခန်းဆောင်ထဲတွင် သွေးတို့ စိုရွှဲလျက် ရှိလေပြီ။ မှန်အိမ်မှ မီးရောင်များသည် ပြန့်ကျဲလျက် ရှိသော အလောင်း များပေါ်သို့

ထိုးကျလျက်ရှိ၏။

"ဒီတခါတော့ အားလုံးကို အပြတ်ရှင်းပစ်ခဲ့မှပဲ။ လူဘယ်လောက်ပဲ သတ်သတ် ငါ့ကို တခါအပြင် သူတို့မသတ်နိုင်ဘူး" ဟု တွေးကာ ဝုဆုန်သည် ဓားလွတ်ကို ကိုင်ရင်း အောက် ထပ်သို့ ဆင်းလာခဲ့၏။

"အပေါ်က ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဘာဖြစ်နေကြတာလဲ" ဟု ချန်၏ ဇနီးက လှမ်းမေး၏။ ဝုဆုန်သည် အိမ်ရှေ့သို့ ထွက်လာခဲ့၏။ အထဲမှ သန်မာတုတ်ခိုင်သော ဝုဆုန် ထွက်လာသည်ကို မြင်သည့်အခါတွင် "ဟင်၊ ဘယ်သူများပါလိမ့်" ဟု ချန်၏ ဇနီး တွေးမိ၏။ ဝုဆုန်၏ ဓားသည် ချန်၏ ဇနီး နဖူးပြင်ကို ခုတ်ချလိုက်ရာ အမျိုးသမီးကြီးသည် အော်ဟစ် လဲကျသွား၏။ ဝုဆုန်သည် သူ့ကို လှဲချကာ ဓားဖြင့် လည်ပင်းကို ခုတ်၏။ ခေါင်းကို ဖြတ်ရန် ကြိုးစား၏။ သို့ရာတွင် ဓားမှာ တုံးခဲ့လေပြီ။ ဝုဆုန်သည် လရောင်တွင် ဓားကို ထောင်ကြည့် လိုက်၏။

"ဩော်၊ ဒါကြောင့်ကိုး" ဟု တွေးမိသဖြင့် ဝုဆုန်သည် မီးဖိုထဲသို့ ပြန်လာခဲ့ကာ မှိန်းကို ယူလာခဲ့၏။ ထိုစဉ် မိမိကို သီချင်းဆိုပြခဲ့သည့် ကျောက်စိမ်းသဇင်သည် ကလေးနှစ်ယောက် ကို ခေါ်လာကာ ကြမ်းပေါ်တွင် လဲကျသေဆုံးနေသည့် သခင်မကို မြင်လျှင် အလန့်တကြား အော်၏။ ဝုဆုန်သည် ကျောက်စိမ်းသဇင်၏ ရင်ညွန့်ကို မှိန်းဖြင့် စိုက်လိုက်၏။ ကလေး နှစ်ယောက်ကိုလည်း အလားတူ စိုက်လိုက်၏။ တယောက်လျှင် တချက် စိုက်ရုံမျှဖြင့် လုံလောက်လေပြီ။

ဝုဆုန်သည် ထိုနေရာမှ နေ၍ ဧည့်ခန်းဆောင်ထဲသို့ လာခဲ့ပြီးလျှင် အိမ်ဝင်းတံခါးကြီးကို မင်းတုပ်ထိုး၍ ပိတ်လိုက်၏။ ပြန်လာသည့်အခါတွင် မိန်းမအစေခံ သုံး လေးယောက်ကို တွေ့ရာ သူတို့အားလုံးကိုလည်း မှိန်းဖြင့် ထိုး၍ သတ်ပစ်လိုက်၏။

"ကဲ၊ ဒီလောက်ဆိုရင် ကျေနပ်ပြီ။ ငါ သွားမယ်"

ဝုဆုန်သည် ဓားအိမ်ကို လွှင့်ပစ်ခဲ့ကာ မှိန်းကို ကိုင်၍ တံတိုင်းမလွယ်ပေါက်မှ ထွက်လာခဲ့၏။ မြင်းဇောင်းသို့ ရောက်သည့်အခါ၌ ဝုဆုန်သည် သူ့ကျောပိုးအိတ်ကို ယူ၍ ပြားနေသည့် ငွေခွက်များကို အိတ်ထဲသို့ ထည့်ကာ အိတ်ကို ခါးတွင် စည်းလိုက်၏။ ထို့နောက် ဝုဆုန်သည် မှိန်းကို လက်တွင် ကိုင်၍ ထွက်လာခဲ့လေ၏။ မြို့တံတိုင်းနားသို့ ရောက်လျှင် ဝုဆုန်သည် ဤသို့ တွေးမိ၏။

"မြို့တံခါးတွေ ဖွင့်တဲ့ မနက်လင်းချိန်ရောက်အောင် စောင့်ရင် ငါ အဖမ်းခံရတော့မှာပဲ။ မှောင်နေတုန်းမှာ မြို့ရိုးကို ကျော်ထွက်ရင် ကောင်းမယ်" ဟု

တွေးမိ၏။ ဝုဆုန်သည် မြို့ရိုး ထိပ်သို့ တက်၏။ မိန်ကျို့မြို့မှာ မြို့ငယ်ကလေးတမြို့သာ ဖြစ်သည့်အလျောက် မြို့ရိုးမှာ လည်း များစွာ မမြင့်လှချေ။ မြို့ရိုးပေါ်မှ နေ၍ ဝုဆုန်သည် သူ့မိုန်းဖြင့် မှန်း၍ မြေကြီးကို ထောက်ကြည့်လိုက်ရာ မိုန်းလက်တံသည် မြေကြီးကို သွား၍ ထိနေ၏။ ဝုဆုန်သည် မိုန်းကို ကိုင်၍ မြေကြီးသို့ ခုန်ချလိုက်၏။

ဝုဆုန်သည် ကျုံးတဖက်ကမ်းသို့ ရောက်သွား၏။ လရောင်ထဲတွင် ကြည့်လိုက်သည့် အခါ ကျုံးရေမှာ တပေ၊ နှစ်ပေခန့်သာ နက်သည်ကို တွေ့ရ၏။ ရာသီမှာ ဆယ်လရာသီ ဖြစ်သည့်အတွက် ရေအနည်းဆုံးအချိန် ဖြစ်၏။ ဝုဆုန်သည် ဖိနပ်၊ ခြေပတ် စသည်တို့ကို ချွတ်ကာ ဝတ်စုံကို ခါးတွင် မ တင်ပြီးနောက် ဒူးဆစ်သာသာရှိ ရေထဲတွင် ဖြတ်လာခဲ့၏။ တဖက်ကမ်းသို့ ရောက်လျှင် ရှိအန် ပေးလိုက်သည့် လျှော်ဖိနပ်များကို သတိရသဖြင့် အိတ် ထဲမှ ထုတ်၍ စီး၏။

မြို့ထဲမှ နာရီမောင်းရိုက်သံကို ကြားရ၏။ စတုတ္ထယံ တတိယမောင်း ဖြစ်၏။

“မကောင်းတဲ့ ဒေါသတွေကို ငါ့ကိုယ်ထဲက ထုတ်ပစ်ခဲ့ပြီးပြီ။ ဒီနားတဝိုက်မှာ နေလို့ အကျိုးမထူးတော့ဘူး” ဟု ဝုဆုန် တွေး၏။ ဝုဆုန်သည် လက်တွင် မိုန်းကို ကိုင်ရင်း အရှေ့ ဘက်သို့ သွားသည့် လမ်းကလေးတခုအတိုင်း လိုက်လာခဲ့၏။ ပဉ္စမယံသို့ ရောက်သည့်အခါ တွင်မူ အမှောင်သည် တဖြည်းဖြည်း မှိန်၍ လာလေပြီ။ သို့ရာတွင် မိုးစင်စင်မလင်းသေးချေ။

မနေ့ညက တညလုံး များစွာ ပင်ပန်းခဲ့၏။ အရိုက်ခံရသည့် ဒဏ်ရာများကလည်း နာကျင်လှလေပြီ။ ဝုဆုန်သည် ဆက်မသွားနိုင်တော့ချေ။ ဝုဆုန်သည် တောအုပ်ကလေး တခုထဲတွင် ရှိသည့် ဘုံကျောင်းကလေး တဆောင်ကို တွေ့လေ၏။ ဝုဆုန်သည် ဘုံကျောင်း ထဲသို့ ဝင်လာခဲ့ကာ မိုန်းကို ထောင်ထားပြီး အထုပ်ကို ချ၏။ ထို့နောက် အထုပ်ကို ခေါင်းအုံး ကာ ကျောကို ဆန့်၏။

မျက်လုံးကို မှိတ်၍ အိပ်တော့မည်ပြုစဉ်တွင် ထိပ်တွင် သံချိတ်ကြီးတွေ တပ်ထားသည့် ဝါးလုံးရှည်ကြီးနှစ်ချောင်းသည် အနီးသို့ ရောက်လာကာ သူ့ကို ထောက်ထားလိုက်၏။ အပြင်မှ လူနှစ်ယောက်လည်း ပြေးလာကာ သူ့ကို ဖမ်းချုပ်၍ ကြိုးများဖြင့် ချည်နှောင် ထားလိုက်ကြ၏။

“အကောင်ကြီးက ဝဝတုတ်တုတ်၊ သန်သန်မာမာကြီးကွ။ တို့ဆရာကြီးကတော့ သိပ်သဘောကျမှာပဲ” ဟု တယောက်က ပြော၏။

ဝုဆုန်သည် ရုန်းကန်ခြင်းပြုသည့်တိုင် မလှုပ်နိုင်တော့ပြီ။ သူတို့လေးယောက်သည် သူ့အထုပ်ကလေးနှင့် မိုန်းကြီးကို ယူကာ သူ့ကိုလည်း

သိုးကလေးတကောင်ကို ဆွဲသကဲ့သို့ အတင်းဆွဲသွားကြရာ ဝုဆုန်မှာ ခြေနှင့် မြေကြီးပင် မထိတော့ဘဲ တရွတ်တိုက် ပါသွား၏။ သူတို့သည် ဝုဆုန်ကို ရွာတရွာဆီသို့ ခေါ်သွားကြ၏။

လမ်းတွင် သူတို့သည် ဝုဆုန်အကြောင်းကို အချင်းချင်း ပြောသွားကြ၏။

"သူ့တကိုယ်လုံးလည်း သွေးတွေ ပေလို့ကွ။ လုယက်ပြီး ပြေးလာတာနဲ့ တူတယ်"

ဝုဆုန်သည် မည်သို့မျှ မပြောဘဲ သူတို့စကားများကို နားထောင်၍သာ လိုက်လာခဲ့၏။ လေး ငါးလီခန့် သွားမိသည့်အခါတွင် သက်ငယ်မိုးထားသည့် တဲကလေးတတဲသို့ ရောက်လာခဲ့ကြ၏။ သူတို့သည် ဝုဆုန်ကို တဲထဲသို့ တွန်းပို့လိုက်ကြ၏။ တဲထဲတွင် မီးအိမ်တလုံး လင်းနေသည်ကို မြင်လိုက်ရလေ၏။ လူဆိုးလေးယောက်တို့သည် သူတို့ အဝတ်အစားများကို ချွတ်ကာ သူ့ကို တိုင်တတိုင်တွင် ချည်ထားလိုက်ကြ၏။

မီးဖိုအနီးရှိ ထုပ်တခုပေါ်မှ တွဲလောင်းကျနေသော ခြေထောက်နှစ်စုံကို ဝုဆုန် လှမ်း မြင်လိုက်ရ၏။

"ငါတော့ လူသတ်ဓားပြတွေ လက်ထဲကို ရောက်နေပြီ။ ခုနေ ဒီမှာ ငါ့ကို သတ်လိုက်ရင် ဘယ်သူမှမသိဘဲနဲ့ သေသွားတော့မှာပဲ။ ဒီလိုဖြစ်မယ်ဆိုရင် အစကတည်းက မိန်ကျို့မြို့မှာ အဖမ်းခံခဲ့ရရင် အကောင်းသား။ ငါ့မှာ ဓားနဲ့ တချက်တည်း သေခဲ့ရပေမယ့် နောင်လာ နောင်သားတွေက ငါ့ကို ဂုဏ်ပြုကြမှာ" ဟု ဝုဆုန် တွေးလျက်ရှိ၏။

လူဆိုးလေးယောက်တို့သည် သူ့အထုပ်ကို ဖြေနေကြရာမှ-

"ဆရာကြီးတို့၊ ဆရာကတော်တို့ လာကြပါဦး။ ကျွန်တော်တို့မှာ ပစ္စည်းကောင်းကလေး ရလာတယ်" ဟု လှမ်း၍ ခေါ်လိုက်၏။

"ခုပဲ လာမယ်ဟေ့။ ခဏနေကြဦး။ ဘာမှ မလုပ်ကြနဲ့ဦး။ အဲဒီကောင်ကို ငါကိုယ်တိုင် လီးသတ်မယ်"ဟု အသံတသံက ပြန်ဖြေ၏။

လက်ဖက်ရည်တခွက် မကုန်ခင် အချိန်ကလေးအတွင်း၌ မိန်းမတယောက်သည် ကြီးမားတုတ်ခိုင်သော ယောကျ်ားကြီးတဦးနောက်မှ လိုက်ပါလျက် အခန်းထဲမှ ထွက်လာ၏။ သူတို့နှစ်ယောက်သည် ဝုဆုန်ကို စိုက်ကြည့်နေကြလေ၏။

"ဟင်၊ မောင်ကြီး မဟုတ်လား" ဟု မိန်းမက မေး၏။

"အလို၊ ဟုတ်ပါ့ဗျာ။ ငါ့နောင်ကြီးပါလား"

ဝုဆုန်သည် သူတို့ကို လှမ်းကြည့်လိုက်၏။ သူတို့နှစ်ယောက်မှာ ဥယျာဉ်မှူးကျန်ချင်း နှင့် သူ့မိန်းမ ကဝေမဆွန်တို့ ဖြစ်ကြ၏။ လူမိုက်လေးယောက်တို့သည် တအံ့တသြ ဖြစ်လျက်ရှိကာ ဝုဆုန်ကို ကြိုးဖြေ၍ ပေးကြပြီး အဝတ်အစားများကိုလည်း ပြန်ပေးကြ၏။ ခေါင်းပေါင်းပဝါမှာ စုတ်ပြတ်လျက်ရှိသဖြင့် သူ့ကို အနားပြားခပ်ကြီးကြီး ဦးထုပ်တလုံး ထုတ်ပေးကြ၏။ ကျန်ချင်းသည် လမ်းလေးခွဆုံကမူ တဝိုက်တွင်သာ မကဘဲ နေရာများစွာ တွင် သူ့လုပ်ငန်းဌာနများ ရှိပုံရ၏။ ဝုဆုန်ကား ထိုအကြောင်းကို ဘာမျှ မသိ။

ကျန်ချင်းသည် သူ့ကို အိမ်ရှေ့ခန်းသို့ ခေါ်သွားလေရာ မိတ်ဆွေနှစ်ယောက်တို့သည် တယောက်ကို တယောက် အပြန်အလှန် ဂါရဝပြု နှုတ်ဆက်ကြ၏။ ကျန်ချင်းမှာ ဝုဆုန် ဖြစ်ပျက်လာပုံကို ကြည့်၍ အံ့အားသင့်လျက် ရှိလေ၏။

"ဘယ်လိုများ ဖြစ်လာတာလဲ နောင်ကြီးရယ်၊ ဆိုစမ်းပါဦး"

ဝုဆုန်က မိမိအား ဗိုလ်ယက္ခ၏ လူများက ရိုက်နှက်လိုက်ကြပုံ၊ တပ်မှူးချန်နှင့် ဗိုလ်ချုပ် ချန်တို့က မိမိအား အမှုဆင်၍ ဖမ်းပုံ၊ သူတို့ကို လက်စားချေပြီးနောက် ထွက်လာစဉ် ဘုံကျောင်းထဲတွင် အဖမ်းခံခဲ့ရပုံ စသည်တို့ကို အသေးစိတ်ပြောပြ၏။

လူမိုက်လေးယောက်တို့သည် သူ့ရှေ့သို့ လာ၍ ဒူးထောက်ထိုင်ကာ ဂါရဝပြုကြလျက်-

"ကျွန်တော်တို့က နောင်ကြီးကျန်ချင်းရဲ့ တပည့်တွေပါ ခင်ဗျာ။ တလောကတော့ ကျွန်တော်တို့တတွေ လောင်းကစားရှုံးခဲ့လို့ အလုပ်ကလေး ဘာလေး ဖြစ်မလားလို့ တောထဲကို လာခဲ့ကြပါတယ်။ နောင်ကြီးတကိုယ်လုံး သွေးတွေပေပြီး ဘုံကျောင်းထဲကို ဝင်သွားတာကို မြင်လိုက်ပါတယ်။ နောင်ကြီးကို ဘယ်သူမှန်း မသိပါဘူး။ ကျွန်တော်တို့ နောင်ကြီး ကျန်ချင်းက ခုတလော ဖမ်းမိတဲ့ လူတွေကို ငါ့ဆီ အရှင်ခေါ်လာရမယ်လို့ အမိန့်ထုတ်ထား ပါတယ်။ ဒါကြောင့်မို့ ဝါးလုံးချွန် နဲ့ ထောက်ပြီး ဖမ်းလာခဲ့တာပါ။ နို့မို့ရင် နောင်ကြီးကို ကျွန်တော်တို့ အဲဒီနေရာမှာတင် သတ်ခဲ့ပြီးပြီ။ လက်စသတ်တော့ ကျွန်တော်တို့မှာ "မျက်စိရှိပေမယ့် တိုက်ရှန်းတောင်ကြီးကို မမြင်မှ မမြင်ကြဘဲကိုး" ခင်ဗျ။ လူမှားပြီး နောင်ကြီးကို ကျွန်တော်တို့ ရိုက်ခဲ့မိပါတယ်။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ"

ကျန်ချင်းနှင့် သူ့ဇနီးတို့က ရယ်ကြ၏။

"ကျွန်တော်တို့လည်း စိတ်ညစ်လှပြီဗျာ။ ဒါကြောင့်မို့ သက်ရှိပစ္စည်းကိုပဲ ယူခဲ့ကြလို့ ပြောထားရတာ။ ဒီကောင်တွေဟာ ဘာမှ စဉ်းစားဉာဏ်ရှိတဲ့ကောင်တွေ မဟုတ်ဘူး။ နောင်ကြီး ပင်ပန်းနေတုန်းမို့ တော်သေးတာပေါ့။ နောင်ကြီးသာ မပင်ပန်းဘူးဆိုရင် ဒီ လူမိုက်လေးယောက်လောက်ကို မပြောနဲ့၊ လူမိုက်လေးဆယ်တောင် အသာကလေးရယ်"

တပည့်လေးယောက်တို့က သူ့ကို ဒူးထောက်၍ အရိုအသေပေးကြပြန်၏။ ဝုဆုန်က သူတို့ကို မတ်တတ်ရပ်ခိုင်းပြီးနောက်-

"ငါ့လူတို့ လောင်းကစားရှုံးလာလို့ ပိုက်ဆံကြေးငွေ မရှိဘူးဆိုရင် ငါ ပေးပါ့မယ်ကွာ" ဝုဆုန်သည် အထုပ်ကို ဖြေကာ သူတို့လေးယောက်ကို ငွေစင်တဆယ်ကျပ်သားစီ ပေး၏။ သူတို့တသိုက်မှာ ဝုဆုန်ကို များစွာ ကျေးဇူးတင်လျက် ရှိကြ၏။ ကျန်ချင်းကလည်း သူတို့ကို ငွေနှစ်ကျပ်သား၊ သုံးကျပ်သားစီ ပေးလိုက်သေး၏။ တပည့်လေးယောက်တို့သည် ပိုက်ဆံကို ဝေယူရန် ထွက်သွားကြ၏။

ကျန်ချင်းက-

"နောင်ကြီးအတွက် ကျွန်တော် စိတ်ပူနေတာ။ နောင်ကြီးလည်း ထွက်သွားရော လမ်းမှာ တခုခုဖြစ်တော့မှာပဲ၊ ဖြစ်ရင် ဒီလမ်းကပဲ ပြန်လာမှာပဲဆိုတာ ကျွန်တော်သိတယ်။ ဒါကြောင့်မို့ ဒီကောင်လေးယောက်ကို သက်ရှိပစ္စည်းပဲ ယူခဲ့လို့ ကျွန်တော် တမင်မှာလိုက်တာ။ လူပျော့ဆိုရင်တော့ ဒီကောင်တွေက အရှင်ဖမ်းလာတတ်ပါတယ်။ ဒါပေမဲ့ သူတို့ ကြောက်ရမယ့် လူမျိုးဆိုရင် ဒီကောင်တွေက အရှင်ထားတာ မဟုတ်ဘူး။ လမ်းမှာတင် သတ်ပစ်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော် သူတို့ကို ဓားတို့ ဘာတို့တောင် မပေးလိုက်ဘူး။ သံချိတ်နဲ့ ကြိုးပဲ ယူသွားကြလို့ မှာလိုက်တယ်။ ကျွန်တော့်ကို ခေါ်လိုက်တော့ ကျွန်တော့်စိတ် ထဲမှာ ထင့်ခနဲဖြစ်သွားတယ်။ဒါကြောင့်မို့ ဘာမှမလုပ်နဲ့ဦး၊ ငါလာအောင် စောင့်ဦးလို့ အခန်း ထဲက လှမ်းပြောလိုက်တာ။ ဒါပေမဲ့ နောင်ကြီး ဖြစ်မယ်လို့တော့ ဘယ်ထင်မိမလဲဗျာ"

သူ့မိန်းမကလည်း-

"ဗိုလ်ယကျွကို မောင်ကြီး ဆုံးမလိုက်တယ်၊ ဆုံးမတုန်းက မောင်ကြီးကလည်း အရက် တော်တော်မူးနေတယ်ဆိုတာ ကြားရတော့ ကြားတဲ့သူတိုင်းက အံ့အားသင့်နေကြတယ်လေ။ ဒီအကြောင်းကို မဟာမြိုင်ရွာကို အရောင်းအဝယ်သွားတဲ့ ကုန်သည်တွေဆီက ကျွန်မတို့ ကြားပြီးသားပါ။ နောက်တော့သာ မောင်ကြီးသတင်းကို မကြားရတာ။ မောင်ကြီး လည်း မောလှပြီ။ အနားယူပါဦး။ နောက်တော့မှ ဘာလုပ်မယ်ဆိုတာ တိုင်ပင်ကြသေးတာပေါ့"

ကျန်ချင်းသည် ဝုဆုန်ကို ညော့သည်များအခန်းသို့ ခေါ်သွားရာ ဝုဆုန်လည်း ချက်ချင်း အိပ်ပျော်သွား၏။ သူတို့လင်မယားနှစ်ယောက်မှာမူ ဝုဆုန် နိုးလာလျှင် ကျွေးမွေးပြုစုရန် အတွက် စားသောက်ဖွယ်များ၊ စိမ်ရည်များကို မီးဖိုထဲတွင် ပြင်ဆင်နေကြ၏။ ခဏကြာ လျှင် အားလုံး အဆင်သင့် ဖြစ်လေပြီ။

မိန်ကျို့မြို့ရှိ ချန်၏ အိမ်ထဲတွင် ပုန်းနေသူများသည် မိုးမလင်းခင်အချိန်အထိ ထွက်မလာ ရဲကြချေ။ သူတို့၏ ငိုကြွေးသံများကို ကြားသည့်အခါတွင်မှ အစေခံများ၊ လက်ပါးစေ များသည် စစ်သည် တပ်သားများကို သွား၍ ခေါ်ကာ အိမ်ပြင်ကို ဝိုင်းထားကြ၏။ အိမ်ထဲ ရောက်၍ မြင်ကွင်းကို တွေ့သည့်အခါတွင် သူတို့သည် ကြောက်လန့်တကြားဖြင့် အော်ဟစ် ကြ၏။ အိမ်နီးချင်းများမှာလည်း အပြင်သို့ မထွက်ရဲကြဘဲ အိမ်ထဲတွင် ကုပ်နေကြ၏။

မိုးလင်းသည့်အခါကျမှ အဖြစ်အပျက်အားလုံးကို မိန်ကျိုရှိ အာဏာပိုင်များထံ သတင်း ပို့ကြရ၏။ ထိတ်လန့်လျက်ရှိသော မြို့ဝန်သည် သူ့လူများကို စေလွှတ်ကာ အလောင်းများကို ရေတွက်စေ၏။ လူသတ်သမား မည်သို့ဝင်လာပြီး မည်သို့ ထွက်သွားသည်ကို စစ်ဆေးကြည့်၏။ ရာဇဝတ်မှု ဖြစ်ပွားသည့် နေရာကို ပုံဆွဲစေ၏။ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးပြီး ပြန်လာသည့်အခါတွင် အောက်ပါအစီရင်ခံစာကို တင်လိုက်၏။

တရားခံသည် မြင်းဇောင်းမှ ဝင်လာခဲ့ကာ မြင်းထိန်းကို သတ်ခဲ့ပြီးနောက် ၎င်း၏ ကိုယ်ပိုင် ပစ္စည်း နှစ်ထုပ်ကို ထားပစ်ခဲ့ကြောင်း။ မီးဖိုထဲသို့ ရောက်သည့်အခါတွင် အစေခံနှစ်ဦး ကိုလည်း သတ်ပစ်ခဲ့ကြောင်း။ မီးဖိုတံခါးအနီးတွင် လူသတ်လက်နက် ဖြစ်သည့် အသွား တုံးနေသော ဓားရှည် တချောင်းကို တွေ့ရကြောင်း။ အပေါ်ထပ်သို့ ရောက်သည့်အခါ၌ ဗိုလ်ချုပ်ချန်နှင့် သူ့တပည့် နှစ်ယောက်ကိုလည်း သတ်ခဲ့ကြောင်း။ ထို့ပြင် ညော့သည်နှစ်ဦး ဖြစ်သည့် ဗိုလ်ယကျွနှင့် တပ်မှူးချန်တို့လည်း အသတ်ခံခဲ့ကြရကြောင်း။ နံရံပေါ်တွင် "ကျားသတ်သမားဝုဆုန်" ဟူသော စာတန်းကို သွေးဖြင့် ရေးထားသည်ကို တွေ့ရကြောင်း။ အောက်ထပ်သို့ ရောက်သည့်အခါတွင် ချန်၏ ဇနီးနှင့် ကျောက်စိမ်းသဇင်တို့အပြင် ကလေးနှစ်ယောက်တို့ကိုပါ သတ်ခဲ့ကြောင်း။ ကလေးထိန်း နှစ်ယောက်နှင့် ကလေး သုံးယောက်ကိုပါ သတ်ခဲ့ပြန်ကြောင်း။ တရားခံ သတ်ခဲ့သူများမှာ အားလုံး ဆယ့်ငါးယောက် နှင်နှင်ရှိကြောင်း။ ရွှေ၊ ရွှေခွက်နှင့် ငွေခွက်ဆယ့်ခြောက်ခွက်တို့ကိုလည်း ခိုးယူသွားကြောင်း။

မြို့တော်ဝန်သည် မြို့တံခါးလေးခုကို ပိတ်၍ တရားခံကို တအိမ်တက်ဆင်း လိုက်လံ ရှာဖွေခြင်းပြုရန် တပ်သားများနှင့် ရဲများကို အမိန့်ထုတ်လိုက်၏။ နောက်တနေ့တွင် တိမ်ပျံအင်းသို့ လွှတ်လိုက်သည့် အရာရှိများလည်း ပြန်ရောက်လာခဲ့ကြ၏။

"အင်းထဲမှာ အလောင်းလေးလောင်းကို တွေ့ရပါတယ်။ တံတားပေါ်မှာလည်း သွေးကွက်တွေကို တွေ့ရပါတယ်" ဟု ပြောကာ အစီရင်ခံစာကို ရေး၍ တင်ပြကြ၏။

ရဲဌာနမှ မြို့ဝန်၏ အမိန့်အရ ရဲဝန်သည် တိမ်ပျံအင်းသို့ ကိုယ်တိုင်သွားရောက်ကာ အလောင်း များကို ဆယ်ယူ၍ စစ်ဆေးကြည့်၏။ ယင်းတို့အနက် နှစ်လောင်းမှာ တိုက်နယ်ရဲဌာန ရဲအမှုထမ်းများ ဖြစ်၏။ သက်ဆိုင်ရာ ဆွေမျိုးသားချင်းများက အလောင်းတို့ကို ခေါင်းသွင်း မီးသဂြိုဟ်ပြီးနောက် တရားခံအား အသက်နှင့် လျော်ကြေး ပေးပါမည့်အကြောင်း တရားဝင် တိုင်ကြားခြင်း ပြုကြ၏။

မိန်ကျို့မြို့တံခါးများကို သုံးရက်တိုင်တိုင် ပိတ်ထားလေ၏။ မြို့ထဲရှိ အိမ်များကိုလည်း တအိမ်တက်ဆင်း ရှာဖွေကြ၏။ သို့ရာတွင် အချည်းနှီးသာဖြစ်၏။ မြို့ဝန်သည် မိမိခရိုင် လက်အောက်ရှိ မြို့နယ်ခွဲများအားလုံးသို့ တရားခံကို ရှာဖွေဖမ်းဆီးခြင်းပြုရန် အမိန့်စာများ ထုတ်ပြန်၏။ ဝုဆုန်၏ ဇာတိ၊ အသက်၊ ပုံပန်းသဏ္ဌာန်တို့နှင့်တကွ ဝုဆုန်၏ ပုံကို ရေးဆွဲ စေပြီးနောက် ကြော်ငြာစာများ ဝေငှကာ ဖမ်းမိသူအား ဆုတော်ငွေ အသပြာ သုံးထောင်ထုပ် ပေးသနားမည်ဖြစ်ကြောင့်ဖြင့်လည်း ဆုငွေထုတ်၏။ ဝုဆုန်အား သိုဝှက်ပေးထားသူ၊ ခိုလှုံခွင့် ပေးထားသူတို့ကိုလည်း ရာဇဝတ်ကောင်ကဲ့သို့ပင် အပြစ်ရှိသည်ဟု ယူဆမည်ဖြစ်ကြောင်း ဖြင့် ကြေညာ၏။ အမိန့်ကြော်ငြာစာကို အနီးရှိ ခရိုင်မြို့ရွာများ အားလုံးသို့လည်း ပေးပို့ လေ၏။

ကျန်ချင်း၏ အိမ်တွင် လေး ငါးရက်ခန့် ဝင်ရောက်နားနေသည့် ဝုဆုန်၏ အကြောင်း ကို ပြောဦးအံ့။ ဝုဆုန်အား လိုက်လံရှာဖွေခြင်းမှာ ဘီးစိပ်နှင့် တိုက်သည်ကဲ့သို့ ရှိလေ၏။ ရဲများသည် ရွာများ၊ ရွာသိမ်ငယ်များအထိ လိုက်လံရှာဖွေကြ၏။ ထိုသတင်းကို ကြားသည့် အခါတွင် ကျန်ချင်းသည် ဝုဆုန်ကို ခေါ်၍-

"နောင်ကြီးကို ကျွန်တော့်ဆီမှာ ထားတာကို ကျွန်တော် ကြောက်တော့ မကြောက်ပါဘူး။ ဒါပေမဲ့ ရဲတွေက တအိမ်တက်ဆင်း အပူတပြင်း လိုက်ရှာနေကြတယ်။ မတော်လို့ တစုံတခုများ ဖြစ်သွားရင် နောင်ကြီးက ကျုပ်တို့လင်မယားကို တမျိုးတမည် ထင်သွားမှာ စိုးတယ်။ နောင်ကြီး ရှောင်တိမ်းဖို့အတွက် နေရာတခုရှိတယ်။ အဲဒီနေရာကို နောင်ကြီးကို ပြောလည်း ပြောပြီးပြီ။ ဒီတော့ နောင်ကြီးဆန္ဒ ဘယ်လိုရှိလဲ"

"ကျွန်တော်လည်း စဉ်းစားနေပါတယ်။ ပြဿနာကတော့ ပေါ်တော့မှာပဲ။ ဒီမှာ နေရတာက မလုံခြုံဘူး။ ကျွန်တော့်မှာ အစ်ကိုတယောက်တော့ ရှိတယ်။

ဒါပေမဲ့ ခုတော့ ကျွန်တော့်မရီးသတ်လို့ သူလည်း မရှိတော့ဘူး။ မိန်ကျို့ကို ကျွန်တော်ရောက်တာ ဘာမှ မကြာသေးဘူး။ ဒါပေမဲ့ ဒီရောက်တော့လည်း ကျွန်တော့်ကို အမှုဆင်ပြီး ဖမ်းကြတယ်။ ကျွန်တော့်မှာ အိုးအိမ်လည်း မရှိတော့ဘူး။ ဆွေမျိုးသားချင်းလည်း မရှိတော့ဘူး။ လုံခြုံတဲ့ နေရာကို နောင်ကြီး ပြောရင် ကျွန်တော် ဘာဖြစ်လို့ မသွားရမှာလဲ။ ဘယ်နေရာလဲ ဆိုတာ ကိုသာ ပြောပါ”

“နေရာကတော့ ကျင်ကျို့ခရိုင်ထဲမှာဗျ။ အဲဒီက နဂါးနှစ်ကောင် တောင်တန်းပေါ်မှာ ပုလဲကျောင်းတိုက် ဆိုတာ ရှိတယ်။ အဲဒီမှာ မင်သေ့ကိုယ်တော် လို့ခေါ်တဲ့ ရှင်ဉာဏဆိုတဲ့ ကိုရင်ကြီးတပါးရယ်၊ ဗိုလ်မှတ်ကျော် လို့ခေါ်တဲ့ ယန်ချီဆိုတဲ့ လူစွမ်းကောင်းတဦးရယ် ရှိတယ်။ သူတို့လည်း တောပုန်းဖြစ်ပြီး အဲဒီမှာ စခန်းချ နေကြတယ်။ အဲဒီတဝိုက်က သူတို့ နယ်ပဲ။ ကျင်ကျိုက တပ်နဲ့ ရဲဟာ အဲဒီအရပ်ကို လှည့်တောင် မကြည့်ရဲကြဘူး။ နောင်ကြီး အဖို့တော့ အဲဒီနေရာဟာ အကောင်းဆုံးပဲ။ တခြားကို သွားရင် အနေးနဲ့ အမြန်ဆိုသလို အဖမ်းခံရမှာပဲ။ ရှင်ဉာဏက ကျွန်တော့်ကို လာဖို့ခေါ်နေတာ ကြာလှပြီ။ ကျွန်တော်ကတော့ ဒီနေရာမှာ သံယောဇဉ် ဖြစ်နေတာနဲ့ မသွားဖြစ်ခဲ့ဘူး။ နောင်ကြီး အကြောင်းကို ကျွန်တော် အစုံအလင် စာရေးပေးလိုက်မယ်လေ။ နောင်ကြီးကို လက်ခံကြမှာပါ”

“အင်း၊ နောင်ကြီးပြောတာ ဟုတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ဆီကို သွားမလို့ စဉ်းစားနေတာ။ အခြေအနေ မပေးသေးတာနဲ့၊ အချိန်မကျသေးတာနဲ့ မသွား ဖြစ်ခဲ့တာ။ ခုတော့ ကျွန်တော် လူတွေ ကိုလည်း သတ်ခဲ့မိပြီ။ ကျွန်တော့်နောက်ကိုလည်း လိုက်ဖမ်းနေကြပြီ။ ကျွန်တော့်မှာ တခြားရွေးစရာ လည်း မရှိတော့ဘူး။ ဒီတော့ နောင်ကြီး ပြောတဲ့အကြံဟာ အလွန်ကောင်းပါတယ်။ ကျွန်တော့်အတွက် စာတစောင်သာ ရေးပေးပါ။ သွားဆို ဒီနေ့ပဲ သွားတော့မယ်”

ကျန်ချင်းသည် စက္ကူကို ယူလာကာ မိတ်ဆက်စာတစောင် ရေးပေးပြီးနောက် ဝုဆုန် ကို ပေးလိုက်၏။ ထို့နောက် သွားခါနီး နှုတ်ဆက်စားသောက်ပွဲ ကျင်းပရန် ပြင်ဆင်လျက် ရှိ၏။ ကျန်ချင်း၏ ဇနီးက သူ့ကို အပြစ်တင်သည့် ဟန်ဖြင့် လက်ညှိုးထောင်ပြကာ-

“ရှင့်နောင်ကြီးကို ဒီအတိုင်းလွှတ်လို့ ဖြစ်မတဲ့လားရှင့်။ ဒီအတိုင်းဆိုရင် အဖမ်းခံ ရတော့မှာပေါ့”

“ကျုပ်နှမကြီးက ပြောတာ ဘာသဘောပါလိမ့်ဗျာ”

“မောင်ကြီးရဲ့ ရုပ်ပုံနဲ့အတူ မောင်ကြီးကို မိရင် ဆုတော်ငွေ သုံးထောင်ပေးမယ်ဆိုတဲ့ ကြော်ငြာစာတွေ နေရာအနှံ့အပြားမှာ ကပ်ထားတယ်ရှင့်။ မောင်ကြီးရဲ့ ရုပ်ပုံလည်း ပါတယ်။ ပြီးတော့ မောင်ကြီးမျက်နှာမှာလည်း

ရွှေမင်စာကြီးတွေက အထင်းသား မဟုတ်လား။ လမ်းမှာ မောင်ကြီးကို ရပ်တန့် စစ်ဆေးကြမယ်ဆိုရင် ဘယ့်နှယ်လုပ် လွတ်တော့မှာလဲ”

“ရွှေမင်စာတွေကို အနာကပ်တဲ့ ဆေးဖယောင်းချက် ကပ်ထားမှာပေါ့ကွ”

ကျန်ချင်း၏ မိန်းမက သူ့ကို လှောင်ပြုံးဖြင့် လှမ်းကြည့်လိုက်၏။

“ရှင်ဟာ ပါးမလိုလိုနဲ့ တော်တော်ထူပါ့ကလား။ ဒီလို ဆေးဖယောင်းချက်ကလေး ကပ်လိုက်တော့ ရဲတွေက သူ့ကို မသိကြတော့ဘူးတဲ့လား။ ကျွန်မမှာ စိတ်ကူးတခုတော့ ရှိတယ်။ ဟောဒီက မောင်ကြီးက လက်မှ ခံပါ့မလား မသိဘူး”

“ဘာဖြစ်လို့ လက်မခံရမှာလဲဗျာ။ ကျုပ်က ရာဇဝတ်ဘေးက တိမ်းရှောင်နေသူပဲ”

“လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒီကို ရောက်လာတဲ့ ရသေ့တပါးဆီက ချွတ်ယူ ထားလိုက်တဲ့ သင်္ကန်းတစုံတော့ ရှိတယ်ရှင့်။ အဲဒီရသေ့ကြီးဝတ်တဲ့ သင်းပိုင်တစုံ၊ ဧကသီ တစုံ၊ သပိတ်တလုံး၊ စာပြန်ပွဲလက်မှတ်တစောင်၊ တရာ့ရှစ်လုံးပါတဲ့ အရိုးပုတီးစေ့တကုံး၊ ငါးမန်းရေ အိမ်နဲ့ ထားတဲ့ သင်တုန်းဓား၊ ပြီးတော့ ငါးမန်းရေအိမ်နဲ့ ထည့်ထားတဲ့ အလွန် ကောင်းတဲ့ ဓားရှည်ကြီးတချောင်းလည်း ရှိတယ်။ အဲဒီဓားဟာ သံအလွန်ကောင်းပြီး ဓား သွားပေါ်မှာ နှင်းဖတ်တွေ ပုံသဏ္ဍာန် သွန်းထားတယ်။ ညဆိုရင် အဲဒီ ဓားက ညည်းသံ ကြားရတယ်။ မောင်ကြီးကိုယ်တိုင် ဒီဓားကို မြင်ဖူးသားပဲ။ ဒီနေ့ဆိုရင် မောင်ကြီးလည်း ရှောင်ရ တိမ်းရတော့မယ်။ ဒီတော့ ခုပဲ မောင်ကြီးဆံပင်တွေကို ဖြတ်ပေးပြီး မောင်ကြီး မျက်နှာပေါ်က ရွှေစာမှတ်တွေကို ဖျက်ပေးလိုက်မယ်။ မောင်ကြီး သူ့ရဲ့ စာပြန်လက်မှတ်ကို ယူသွား။ မောင်ကြီးရုပ်၊ မောင်ကြီးအသက်လောက်ပဲ ရှိဦးမယ်။ ကံကောင်းတယ်လို့ပဲ ဆိုရ တော့မှာပေါ့။ လမ်းမှာ မောင်ကြီးသူ့ဘွဲ့ကို ခံသွား။ ဘယ်သူမှ ဒီလောက်စစ်စစ်ပေါက်ပေါက် စစ်ဆေးနေမှာ မဟုတ်ဘူး။ ဘယ်လိုသဘောရသလဲ မောင်ကြီး”

ကျန်ချင်းက လက်ခုပ်လက်ဝါးတီးလျက်-

“ဟုတ်တာပေါ့။ ကျုပ် မေ့နေတယ်ဗျာ။ ဘယ့်နှယ်လဲ နောင်ကြီး”

“ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်က လောကီကို စွန့်တဲ့ ရဟန်းနဲ့ မတူတာ ခက်တယ်”

“ဒါတော့ ကျွန်တော်တို့ ပြင်ဆင်ပေးလိုက်မှာပေါ့” ဟု ကျန်ချင်းက ပြော၏။

သူ့ဇနီးသည် အခန်းတခုထဲသို့ ဝင်သွားပြီးလျှင် အထုပ်တထုပ်ကို ယူလာလေ၏။ အထုပ်တထုပ်ကို ဖြေ၍ အဝတ်အစားတချို့ကို ထုတ်၏။ ဝုဆုန်အား ထိုအဝတ်များကို လဲ၍ ဝတ်ဆင်ရန် ပြော၏။ ဝုဆုန်သည် ဘုန်းကြီးဝတ်သည့် သင်္ကန်းများကို ကြည့်နေ၏။

"အတော်ပဲဗျ။ တိုင်းရက်ထားတဲ့အတိုင်းပဲ"ဟု ဆိုကာ ဝုဆုန်သည် သင်္ကန်း၊ သင်းပိုင် ကို လဲ၏။ ခါးစည်းကြိုး၊ ခါးပန်းကြိုးကို လဲ၏။ ခေါင်းမှ ဦးထုပ်ကို ချွတ်၍ ဒေါက်ချာကို ဆောင်း၏။ ထို့နောက် စိတ်ပုတီးကို လည်တွင် ဆွဲ၏။

ကျန်ချင်းနှင့် သူ့မိန်းမတို့က သူ့ကို သဘောကျဟန်ဖြင့် ကြည့်နေကြရင်း"အရင်ဘဝ တုန်းကများ ရသေ့ဝတ်ခဲ့သလား မသိဘူး။ ရသေ့နဲ့ သိပ်တူတာပဲ"ဟု ပြောကြ၏။ ဝုဆုန် သည် သူ့ကိုယ်သူ မှန်ထဲသို့ ကြည့်ပြီးနောက် အားရပါးရ ရှယ်လျက် ရှိလေ၏။

"ဘာများ ဒီလောက် သဘောကျနေရတာလဲဗျ"

"အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ။ ရယ်ချင်လွန်းလို့ပါဗျာ။ ဘုန်းကြီးရသေ့ယောင် ဆောင်ရတယ်ဆိုတော့ တော်တော် ကျုပ်နဲ့ ပြဒါးတလမ်း သံတလမ်းမို့လို့ပါ။ ကဲ၊ ကျုပ် ခေါင်းကို ရိတ်ပေးကြပေတော့"

ကျန်ချင်းက ကတ်ကြေးတလက်ဖြင့် သူ့ခေါင်းကို ရိတ်၊ ဆံပင်တို့ကို ဖြတ်ပေး၏။ အချိန် သိပ်မရှိတော့သဖြင့် ဝုဆုန်သည် သူ့ပစ္စည်းများကို ထုပ်ပိုးကာ ခရီးဆက်ရန် ပြင်၏။

ကျန်ချင်းက-

"နောင်ကြီးကို ပြောရဦးမယ်။ ကျွန်တော့်အကျိုးအတွက် ပြောတာမဟုတ်ဘူးနော်။ နောင်ကြီး ဗိုလ်ချုပ်ချန်အိမ်က ယူလာတဲ့ ငွေအရက်ခွက်တွေနဲ့ ရွှေအရက်ခွက်တွေကိုတော့ ထားပစ်ခဲ့တာ ကောင်းမယ်ထင်တယ်။ နောင်ကြီး ဒါတွေအစား နောင်ကြီးကို ကျွန်တော် ငွေစတွေ ပေးလိုက်မယ်။ အဲဒါတွေက လမ်းမှာ ယူသွားလို့ရတယ်။ နောင်ကြီးအတွက်လည်း လုံခြုံတယ်"

"နောင်ကြီး အမြော်အမြင်ရှိပါပေတယ်ဗျာ" ဟု ဆိုကာ ဝုဆုန်သည် အပြားခတ်ထား သည့် ရွှေခွက်နှင့် ငွေခွက်များကို ထုတ်ပေးပြီး ငွေစတအိတ်ကို ယူ၏။ ထိုငွေစများကို သူ့သားရေအိတ်ထဲတွင် ထည့်ပြီးလျှင် ခါးတွင် စည်းထားလိုက်၏။

သူတို့သည် အရက်သောက်ရင်း ထမင်းစားသောက်နေကြ၏။ ထို့နောက်

ဝုဆုန်သည် ကျန်ချင်းနှင့် သူ့ဇနီးတို့ကို နှုတ်ဆက်၏။ ခေါးနှစ်စီးကိုလည်း ခါးတွင် ချိတ်၏။ ညနေခင်း ရောက်လေပြီ။ အားလုံး အဆင်သင့်ဖြစ်လေပြီ။ ကျန်ချင်း၏ ဇနီးက စာပြန်လက်မှတ် ထည့်ရန် ကတ္တီပါအိတ်တအိတ် ချုပ်ပေးပြီး ထိုအိတ်ကို ဆွဲထားရန် ပြော၏။ ကျန်ချင်း ကလည်း လမ်းတွင် ဂရုစိုက်သွားရန် မှာ၏။

"လမ်းကျရင် အစစအရာရာ သတိထားပါနော် နောင်ကြီး။ အရှုပ်အရှင်းတွေထဲမှာ ဝင်မပါပါနဲ့။ အရက်တို့ ဘာတို့လည်း မသောက်ပါနဲ့။ ရန်လည်း မဖြစ်ပါနဲ့။ ရသေ့တပါးလို ပြောဆို နေထိုင်ပါ။ ဘာကိုဖြစ်ဖြစ် ဂရုမစိုက်ပါနဲ့။ စိတ်ကိုလည်း တည်တည်ငြိမ်ငြိမ် ထားပါ။ ကိုယ့်အခြေအနေကို လူမသိစေချင်ဘူး မဟုတ်လား။ နဂါးနှစ်ကောင်တောင်ရိုးကို ရောက်တဲ့အခါကျမှသာ ကျွန်တော့်ဆီ အကျိုးအကြောင်း စာရေးပါတော့။ ကျွန်တော်လည်း ဒီနေရာမှာ ကြာကြာနေမှာ မဟုတ်ဘူး။ မကြာခင် ကျွန်တော်တို့လည်း ကိစ္စဝိစ္စကလေးတွေ ရှင်းပြီး တောင်ရိုးကို လိုက်လာကြမှာပဲ။ အစစအရာရာ ဂရုစိုက်ပါ။ ရှင်ဉာဏနဲ့ ဗိုလ်မှတ်ကျော်တို့ကိုလည်း ကျွန်တော်တို့က နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ"

ဝင်းတံခါးဝသို့ ရောက်လျှင် ဝုဆုန်သည် သက်န်းကို ပခုံးတွင်တင်ကာ တည်ကြည်သော ခြေလှမ်းများဖြင့် ထွက်ခွာခဲ့လေ၏။ ကျန်ချင်းနှင့် ဇနီးတို့သည်လည်း သူ့ကို ငေးမျှော် ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

"ခုလိုကျတော့လည်း တကယ့် ရသေ့ကြီးတပါးလိုပဲနော်"

လမ်းလေးခွဆုံကမူသို့ ရောက်လျှင် ဝုဆုန်သည် သစ်ပင်ကြီးကို ကျော်၍ လာခဲ့၏။ အချိန်မှာ ဒသမလ ဖြစ်၏။ နေ့တာကလည်း တိုလှ၏။ မကြာခင် အမှောင်သမ်းလာ၏။ လီ ငါးဆယ်လောက် ခရီးပေါက်လာသည့်အခါ၌ ရှေ့တွင် တောင်ကုန်းတခုကို မြင်ရ၏။ လရောင်ဖွေးဖွေးရှိသဖြင့် ဝုဆုန်လည်း တောင်ထိပ်သို့ တက်လာခဲ့၏။ ထိုအချိန်၌ကား ပထမယံလောက် ရှိပြီဟု ခန့်မှန်းရ၏။

တောင်ထိပ်သို့ ရောက်လျှင် ဝုဆုန်သည် ရပ်တန့်ကာ ပတ်ဝန်းကျင်ကို လှမ်းမျှော် ကြည့်နေ၏။ အရှေ့ဘက်မှ ပြူထွက်သော လရောင်သည် ချုံနွယ်များ၊ သစ်ပင်များ၊ မြက်ပင် များပေါ်သို့ ဖြာကျလာလေ၏။ ထိုစဉ် အရှေ့ဘက်ရှိ တောအုပ်ထဲမှ ရယ်သံကြီးတခုကို ကြားလိုက်ရ၏။

"ထူးဆန်းလှချေကလား။ ဒီလောက် တိတ်ဆိတ်နေတဲ့ညမှာ ဘာဖြစ်လို့များ ရယ်နေ တာပါလိမ့်" ဟု ဝုဆုန် တွေးမိလေ၏။

ဝုဆုန်သည် တောအုပ်ထဲသို့ ဝင်လာခဲ့၏။ တောအုပ်ထဲတွင် သင်္ချိုင်းဇရပ်ပျက်ကလေး တဆောင်ကို တွေ့ရ၏။ ဝုဆုန်သည် အနားသို့ ကပ်လာကာ ပြတင်းပေါက်ကလေးမှ အထဲသို့ ချောင်းကြည့်လိုက်၏။

သက်န်းဝတ်တပါးသည် အခြားတဖက်ရှိ ပြတင်းပေါက်တပေါက် အနီးတွင် မိန်းကလေးတယောက်နှင့် ပွေ့ဖက်ကျီစယ်နေသည်ကို မြင်လိုက်ရ၏။

ဝုဆုန်သည် ရင်ထဲတွင် ဒေါသတွေ အလိပ်လိုက် ပေါ်လာ၏။

"ကြည့်စမ်းပါဦး။ ကြောင်သူတော်တွေ။ သစ်တပင်ရင်း ဝါးတပင်အောက်မှာ နေရတဲ့ ရသေ့ ရဟန်းတို့ရဲ့ အလုပ်လား" ဟု ဆိုကာ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်၏။ ဓားသွားသည် လရောင်ထဲတွင် တလက်လက်တောက်လျှက်ရှိ၏။

"ဓားသွားကတော့ တော်တော်ကောင်းတဲ့ ဓားသွားပဲ။ ဒါပေမဲ့ တခါမှ သွေးသောက် ဖူးဟန် မတူဘူး။ ဓားကို စမ်းကြည့်ဦးမှ"ဟု ဝုဆုန် တွေးမိ၏။

ဝုဆုန်သည် ဓားတချောင်းကို ခါးကြားထဲတွင် ချိတ်၍ အခြားတချောင်းကို လက်ထဲရှိဓားအိမ်တွင် ပြန်ထားကာ သင်္ကန်းကို ရုံ၍ တံခါးကို သွားခေါက်၏။ တံခါးခေါက်သံကို ကြားသည့်အခါတွင် ရဟန်းတုသည် ပြတင်းပေါက်ကို ပိတ်၍ သော့ခတ်လိုက်၏။ ဝုဆုန် သည် ကျောက်ခဲတလုံးကို ကောက်၍ တံခါးကို ထု၏။ ဘေးတံခါးတချပ် ပွင့်လာပြီးလျှင် ကပ္ပိယတဦး ထွက်၍ လာ၏။

"ဘယ်သူလဲ။ ဒီအချိန်ကြီး ဘာကိစ္စ လာတာလဲ။ ဘာဖြစ်လို့ တံခါးကို တဒုန်းဒုန်း ထုနေရတာလဲ" ဟု ကပ္ပိယက မေး၏။

ဝုဆုန်သည် ကပ္ပိယကို စိန်းစိန်းကြီး ကြည့်လိုက်ပြီးလျှင်-

"ဟောဒီက ငါ့ဓားကို မာတုဂါမနဲ့ ပလူးနေတဲ့ ရဟန်းတုကို လှူချင်လို့" ဟု ဆိုကာ ဓားကို ယမ်းလိုက်သည်တွင် ဒုတ်ခနဲ မြည်သံကြီးနှင့်အတူ ကပ္ပိယ၏ခေါင်းသည် လည်ပင်း မှ ပြုတ်ထွက်သွားကာ ကြမ်းပေါ်သို့ ကျသွား၏။

ထိုစဉ် အခန်းထဲမှ "ဟေ့၊ ငါ့ကပ္ပိယကို သတ်တဲ့ကောင် ဘယ်ကောင်လဲကွ" ဟု ဆိုကာ လက်တဖက်တချက်တွင် ဓားရှည်တချောင်းစီကို ကိုင်ကာ သူ့ဆီသို့ ပြေးလာသော သင်္ကန်းဝတ်ကို မြင်လိုက်ရ၏။

ဝုဆုန်က ရယ်လိုက်လျှက်-

"ငါ့ဓားသိုင်းအတတ်ကို သေတ္တာထဲထည့်ပြီး သော့ခတ်မသိမ်းခဲ့မိလို့ တော်သေးတာပေါ့ကွာ။ ယားနေတုန်း ကုတ်ပေးမယ့်သူ ပေါ်လာတော့ အတော်ပဲ"ဟု ဆိုကာ ဝုဆုန်သည် နောက် ဓားတလက်ကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်ကာ ဓားနှစ်လက်ကို ဝှေ့ယမ်းလျှက် ရှေ့သို့ ဝင်လာလေ၏။

သို့ဖြင့် သူတို့နှစ်ဦးသည် ပူးတုံ့ခွာတုံ၊ တက်တုံဆုတ်တုံဖြင့် လရောင်ထဲတွင် တိုက်ခိုက် နေကြ၏။ သူတို့ဓား ပတ်ပတ်လည်တွင် အငွေ့များသည်

ထောင်းထောင်းထလျက် ရှိ၏။ ဆယ်ကြိမ်ခန့် တိုက်ခိုက်ပြီးသည့်အခါ၌ကား သူတို့နှစ်ဦး၏ တိုက်ခိုက်မှုသည် ပြင်းထန် သည်ထက် ပြင်းထန်လာခဲ့လေပြီ။

သူတို့အထဲမှ တယောက်ယောက်သည် သေပွဲဝင်ရတော့မည်သာ ဖြစ်၏။ အေးစိမ့် နေသော အရဏ်ဦးနှင့် မှေးမှိန်သော အရိပ်များထဲတွင် ခေါင်းတလုံးသည် လိမ့်ဆင်းသွား ရတော့မည်သာ ဖြစ်၏။ သတ်ပွဲကြီးတွင် သွေးမိုးတို့ ရွာချတော့မည်သာ ဖြစ်၏။

သူတို့နှစ်ယောက်အနက် မည်သူသည် သေပွဲဝင်မည်နည်း။ သိလိုလျှင် နောက်တခန်း ကို ဖတ်ပါလေ။

အခန်း - ၃၂

ဝုဆုန်သည် အရက်မူးလျက် ကုန်လျန်နှင့် တိုက်ခိုက်ခြင်း

ဗိုလ်ကျားသစ်သည် သဘောထားကြီးစွာဖြင့် စုန်ကျန့်ကို လွှတ်လိုက်ခြင်း

ဝုဆုန်က ဓားနှစ်လက်ကို ချဲပေးလိုက်ကာ လစ်ဟာသွားသည့် ပုံမျိုး လုပ်ပြလိုက်၏။ ဤတွင် ရဟန်းတုသည် ဓားနှစ်လက်ကို ယမ်း၍ ထိုအကွက်ထဲသို့ ဝင်လာ၏။ ဝုဆုန်သည် လေပွေ မွှေလိုက်သကဲ့သို့ ချာခနဲလှည့်ကာ ချိန်၍ ခုတ်ချလိုက်၏။ ခေါင်းသည် တိခနဲ ပြတ်ကာ တခြားသို့ လိမ့်သွားပြီး ကိုယ်ခန္ဓာကြီးသည် ကျောက်တုံးကြမ်းပြင်ပေါ်တွင် ဗိုင်းခနဲ လဲကျ သွား၏။

"ဟေ့၊ ဇရပ်ပျက်ထဲက ကောင်မ။ ထွက်ခဲ့စမ်း။ နင့်ကို ငါ ဘာမှမလုပ်ဘူး။ မေးချင် တာရှိလို့"

ဝုဆုန်က အော်လိုက်၏။ မိန်းကလေးသည် ဇရပ်ထဲမှ ထွက်လာကာ ဝုဆုန်ရှေ့တွင် ဒူးထောက်ထိုင်ကာ အရိုအသေပြု၏။

"ငါ့ကို အရိုအသေပေးဖို့ မလိုဘူး။ ဒီနေရာကို ဘာခေါ်သလဲ။ အဲဒီ ရဟန်းတုနဲ့ နင်နဲ့ ကော ဘာတော်သလဲ"

"ကျွန်မက ဟောဒီ တောင်ခြေရွာက မြေရှင်ချန်ရဲ့ သမီးပါ။ ဒီဇရပ်ကလေး ဆောက် ထားတဲ့ နေရာက ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက် မြှုပ်နှံခဲ့တဲ့ သင်္ချိုင်းမြေပါ။ တနေ့တော့ အဲဒီသက်န်းဝတ် ကျွန်မတို့အိမ်ကို ရောက်လာပြီး တည တည်းပါတယ်။ သူ ဘယ်ဇာတိလဲ ဆိုတာ ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့ သူက ရှေ့ဖြစ်ဟောတတ်တယ်၊ ဗေဒင်အတတ်ကို လည်း တတ်တယ်လို့ ပြောပါတယ်။ ကျွန်မမိဘများကတော့ သူ့ကို အိမ်မှာ မတည်းစေချင် ပါဘူး။ ဒါကြောင့် သူ့ဂန္ဓာရီ အတတ်တွေကို လေ့လာချင်ရင် ကျွန်မတို့ ဘိုးဘေး အစဉ် အဆက် မြှုပ်နှံခဲ့တဲ့ သုသာန်ဇရပ်ရှိတယ်၊ အဲဒီမှာ သီတင်းသုံးပါလို့ ပြောပါတယ်။ ဒီတော့ သက်န်းဝတ်ကလည်း သူ ဒီမှာ သိပ်ကြာကြာ မနေပါဘူး၊ ခဏတဖြုတ်လောက်ပဲ နေမှာပါ၊ ဒါကြောင့် အိမ်မှာပဲ နေပါရစေလို့ ပြောပါတယ်။ ဒီတုန်းမှာ ကျွန်မကိုလည်း မြင်သွားရော သက်န်းဝတ်ဟာ အိမ်က မခွာတော့ပါဘူး။ ကျွန်မတို့အိမ်မှာ နှစ်လ သုံးလ နေသွားခဲ့ ပါတယ်။ ဘုန်းကြီးတုဟာ ကျွန်မမိဘတွေကိုရော၊ ကျွန်မ အစ်ကိုနဲ့ ယောင်းမကိုရော သတ်ပြီး ကျွန်မကို သူနဲ့ ဒီဘိုးဘွားသင်္ချိုင်းဇရပ်မှာ လိုက်နေဖို့ ခေါ်ပါတယ်။ သူနဲ့ အတူနေတဲ့ ကပ္ပိယကလည်း ရွာတရွာက သူ ပြန်ပေးဆွဲ ခေါ်လာတာပါ။ ဒီနေရာကို ကင်းခြေများတောင် လို့ ခေါ်ပါတယ်။

ဘုန်းကြီးတုကတော့ ဝမ်လို့ ခေါ်ပါတယ်။ ဒီနေရာဟာ သူ့အတွက် နေရာကောင်းတယ်၊ သူ့ကိုယ်သူလည်း ကင်းခြေများပျံလို့ ခေါ်ပါတယ်”

“နင့်မှာ ဆွေမျိုးသားချင်း မရှိတော့ဘူးလား”

“ရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံး လယ်သမားတွေချည်းပါပဲ။ ဘယ်သူမှ သူ့ကို အာမခံရဲကြပါဘူး”

“ဒီရဟန်းတုမှာ ပစ္စည်းတွေ ဘာတွေကော ရှိသလား”

“သက်န်းအရေခြုံပြီး ရွှေတွေငွေတွေကို စုလာတာ စုစုပေါင်း ရွှေငွေနှစ်ပိဿာလောက် ရှိပါလိမ့်မယ်”

“ဒါဖြင့် အဲဒါတွေ မြန်မြန်သွားယူချေ။ ငါ ဇရပ်ကို မီးနဲ့ ရှို့တော့မလို့”

“စိမ်ရည်နဲ့ စားစရာကလေးများ စားပါဦးလား”

“အေး၊ ရှိရင်တော့ နည်းနည်း စားချင်သောက်ချင်တယ်”

“ဒီလိုဆိုရင် ဘုံကျောင်းထဲကို လိုက်ခဲ့ပါရှင်”

“နင် ဘုံကျောင်းထဲ မျှားခေါ်ပြီး ငါ့ကို သတ်ခိုင်းမလို့လား”

“ကျွန်မ မလှည့်စားရဲပါဘူးရှင်။ လှည့်စားရင် ကျွန်မ တဆွေလုံးတမျိုးလုံး ခေါင်းပြတ် ကုန်မှာပေါ့”

ဝုဆုန်သည် မိန်းမပျိုနောက်မှ လိုက်လာကာ ဘုံကျောင်းထဲသို့ လိုက်လာခဲ့၏။ ပြတင်းပေါက် တပေါက်အနီးတွင်မူ စိမ်ရည်နှင့် အသားကြော်တို့ တင်ထားသည့် စားပွဲကလေး တလုံး ရှိ၏။ ဝုဆုန်သည် ခွက်ကြီးတခွက်ထဲသို့ ငှဲ့ကာ စိမ်ရည်ကို သောက်၏။ မိန်းမပျိုက ဘုန်းကြီးတုပိုင် ရွှေတိုငွေစများကို ထုတ်ပေး၏။ ဝုဆုန်သည် ဘုံကျောင်းကို မီးတိုက်၏။ မိန်းမပျိုကလည်း ငွေစများကို ထုတ်ပေး၏။

“ငါ မလိုပါဘူး။ နင်ယူပေါ့။ နင် ရှေ့လျှောက် အသက်ရှင်နေရဦးမှာ။ ကဲ၊ သွား သွား။ ဒီက မြန်မြန်ထွက်သွားရင် ကောင်းမယ်”

မိန်းမပျိုသည် ဝုဆုန်ကို ကျေးဇူးစကားဆိုပြီးနောက် ကန်တော့ကာ တောင်အောက်သို့ ဆင်းသွား၏။ ဝုဆုန်သည် အလောင်းနှစ်လောင်းကို မီးပုံထဲသို့ ဆွဲ၍ ပစ်ချလိုက်ကာ ဓားများကိုလည်း ဓားအိမ်ထဲသို့ ပြန်ထည့်၏။ ထိုညဉ့် ဝုဆုန်သည် တောင်ကို ကျော်ကာ ကွေ့ကောက်နေသော လမ်းကလေးအဆုံးအတိုင်း ကျင်ကျို့ခရိုင်သို့ လာခဲ့လေ၏။

ဆယ့်တစ်လမြောက် ဖြစ်သည့်အတွက် ရာသီဥတုမှာ အေးမြစ ပြုလာခဲ့လေပြီ။ ဝုဆုန် သည် မကြာမခဏ ရပ်နားကာ အစားအသောက်တို့ကို စားသောက်သော်လည်း အချမ်း မလုံနိုင်ဘဲ ခိုက်ခိုက်တုန်လျက်ရှိ၏။ ဝုဆုန်သည် လမ်းကလေးအတိုင်း တောင်တလုံးပေါ်သို့ တက်လာခဲ့စဉ် ရှေ့တွင် ချောက်ကမ်းပါးတို့ ထူထပ်သည့် တောင်ကြီးတလုံးကို မြင်ရ၏။ မန်သည် တောင်ပေါ်မှ ဆင်းလာခဲ့ကာ မြေပြန့်တွင် လေး ငါးလီခန့် လျှောက်လာခဲ့၏။ ကြည်လင်သည့် စမ်းချောင်းကလေးတခု ဘေးတွင် ဘုံဆိုင်တဆိုင်ကို တွေ့ရ၏။ ထို စမ်းချောင်းကလေးနောက်တွင်မူ ကျောက်ဆောင်ထူထပ်သည့် တောင်ကမ်းပါးယံကြီးကို မြင်ရ၏။ ဘုံဆိုင်မှာ တဲကုပ်ကလေးမျှသာ ဖြစ်၏။ ဝုဆုန်သည် ဆိုင်ထဲသို့ ဝင်လာပြီး ထိုင်လိုက်၏။

“ဆိုင်ရှင်ကြီး၊ စိမ်ရည်နှစ်ခွက်လောက် ယူခဲ့ဗျာ။ အသားကလေး ဘာလေး ရှိရင် လည်း ယူခဲ့”

“ကျွန်တော်တို့ဆိုင်မှာ အိမ်မှာ စိမ်တဲ့ စိမ်ရည်ပဲ ရှိတယ်ဗျ။ အသားကလည်း ကုန်နေတယ်”

“ရှိတာပဲ ယူခဲ့ပေါ့ဗျာ။ အချမ်းပြေပေါ့”

ဆိုင်ရှင်သည် စိမ်ရည်နှစ်ခွက်ကို ခြင်ပြီးလျှင် ခွက်ကြီးတလုံးတွင် ထည့်၍ ယူလာ၏။ ထို့ပြင် မြည်းရန်အတွက် ဟင်းသီးဟင်းရွက်ကြော်တပွဲကိုလည်း ယူလာ၏။ ဝုဆုန်သည် စိမ်ရည်နှစ်ခွက်ကို သောက်ချလိုက်ပြီးလျှင် နောက်နှစ်ခွက် ထပ်ပေးရန် ပြော၏။ ဆိုင်ရှင် ကလည်း နှစ်ခွက် ခြင်ပေးကာ ခွက်ကြီးတလုံးဖြင့် လာချပြန်၏။ ဝုဆုန်သည် ဆက်၍ သောက်နေပြန်၏။ လမ်းတွင် ခရီးပန်းလာခဲ့သဖြင့် အတော်ပင် မူးလာလေပြီ။ ထို့ပြင် ယခု အချိန်တွင် ဆိုလျှင် ဝုဆုန်သည် နောက်ထပ်လေးခွက် ဆက်တိုက် သောက်ချလိုက်ပြီး လေအေးတိုက်သည့်အခါ၌ အရက်ရှိန်သည် သူ့ခေါင်းထဲသို့ ရောက်လာခဲ့လေပြီ။

“ခင်ဗျားတို့ဆိုင်မှာ စားစရာ ဘာမှ မရှိတော့ဘူးလားဗျ။ ဒါဖြင့် ခင်ဗျားတို့ စားဖို့ ချန်ထားတဲ့ အသားထဲက နည်းနည်းရောင်းဗျာ။ ကျုပ်ကို ရောင်းဗျာ။ ငွေသားနဲ့ ဝယ်ပါ့မယ်”

ဆိုင်ရှင်သည် ဝုဆုန်ကို ကြည့်၍ ရယ်လိုက်လျက်-

“ကိုယ်တော့်လို ရသေ့မျိုးကို တခါမှ မတွေ့ဖူးဘူး ဘုရား။ သက်န်းဝတ်ကြီး အသားတွေ စားပြီး အရက်တွေ သောက်နေတာကတော့ မကောင်းပါဘူး။ ရသေ့ပြောတဲ့ အသားလည်း မရှိပါဘူး”

"ခင်ဗျားပစ္စည်းကို ကျုပ် အလကားစားတာ မဟုတ်ဘူးနော်။ ပိုက်ဆံပေး စားတာ ဘာဖြစ်လို့ မရောင်းတာလဲ"

"ပြောပြီပါပကော။ တပည့်တော်တို့မှာ ဒီစိမ်ရည်အဖြူပဲ ရှိတယ်။ တခြား ဘာမှ မရှိဘူးလို့"

သူတို့နှစ်ယောက် အချီအချပြောနေစဉ် ကြီးမားတုတ်ခိုင်သော လူကြီးတယောက်နှင့် သူ့နောက်လိုက်နောက်ပါ လေးယောက်တို့သည် ဆိုင်ထဲသို့ ရောက်လာကြ၏။ ဆိုင်ရှင် သည် သူတို့ကို ပြုံး၍ နှုတ်ဆက်ကာ ပျာပျာသလဲ နှုတ်ဆက်ခြင်းပြု၏။

"ထိုင်ပါ ခင်ဗျာ၊ ထိုင်ပါ"

"ဘယ့်နှယ်လဲဗျို့။ မှာထားတဲ့အတိုင်း အားလုံး အဆင်သင့်ဖြစ်ပြီလား"

"ကြက်နဲ့ အမဲတွေကတော့ ချက်ပြုတ်ပြီးပါပြီ။ ဆရာတို့ကို စောင့်နေတာ"

"ပြီးတော့ ပန်းကရားစိမ်ရည်ကော"

"ရပါတယ်"

ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်သောလူနှင့် သူ့တပည့်လေးယောက်တို့သည် ဝုဆုန်၏ စားပွဲနှင့် မျက်နှာချင်းဆိုင် စားပွဲတလုံးတွင် ဝင်ထိုင်ကြ၏။ ဆိုင်ရှင်သည် ပန်းပွင့်ပုံ ဖော်ထားသည့် စိမ်ရည်ခရားတခုကို ယူလာပြီးလျှင် မြေဖြင့် ပြုလုပ်ထားသည့် အဖုံးကို ဖွင့်လိုက်ကာ စိမ်ရည်ကို ကြီးမားဖြူဖွေးသည့် ဇလုံကြီးတလုံးထဲသို့ လောင်းထည့်လိုက်၏။ ထို စိမ်ရည်မှာ နှစ်ရှည်လများ သိုလှောင်ထားသည့် စိမ်ရည်ဖြစ်ပြီး စိမ်ရည်စည်ထဲမှ ဖောက်လာ ခဲ့ခြင်းဖြစ်ကြောင်းကို ဝုဆုန် သိလိုက်၏။ ထိုစားပွဲမှ စားသောက်ဖွယ်ရာတို့သည် သူ့နှာဝကို လာ၍မြူနေကြ၏။ မွှေးပျံ့သည့်ဟင်းနံ့တို့ကိုသူသည်းမခံနိုင်တော့ပြီ။ ဝုဆုန်၏လည်ချောင်း သည် ယားလာခဲ့လေပြီ။ ထိုအစာတို့ ကို လုယူစားသောက်ခြင်း မပြုမိရန် သတိထားနေ ရလေပြီ။

ဆိုင်ရှင်သည် မီးဖိုထဲသို့ ဝင်သွားပြီးလျှင် ကြက်ပြုတ်နှစ်ကောင်ကို ဗန်းတခုထဲတွင် ထည့်ပြီး အမဲသားပြုတ်များကိုလည်း ပန်းကန်ပြားတချပ်တွင် ထည့်၍ ယူလာ၏။ ဆိုင်ရှင်သည် ထိုစားသောက်ဖွယ်များကို ဟင်းသီးဟင်းရွက်ပန်းကန်များနှင့်အတူ ဆရာလေး ဆိုသူ ရှေ့တွင် ချထားလိုက်ကာ စိမ်ရည်ကို ယောက်မဖြင့် မွှေ၍ မီးဖိုပေါ်သို့ တင်နွေးလျက် ရှိ၏။

ဝုဆုန်သည် မိမိရှေ့တွင် ရှိသည့် ဟင်းရွက်ကြော်ပန်းကန်ကလေးကို

ကြည့်လိုက်ရာမှ ဒေါသထွက်လာ၏။ ထိုသို့လုပ်ပုံမျိုးမှာ "မျက်စိက အရသာခံပြီး ဗိုက်က ငတ်နေရသည့် ကိန်း" ဖြစ်၏။ စိမ်ရည်သည် သူ့သွေးကြောများထဲတွင် အလုပ်လုပ်စ ပြုနေလေပြီ။ ဝုဆုန် သည် တဖက်စားပွဲတခုလုံးကို မှုန့်မှုန့်ညက်ညက်ကြေအောင် လုပ်ပစ်လိုက်ချင်၏။

"ဟေ့၊ ဆိုင်ရှင်။ ဒီကိုလာစမ်း။ ခင်ဗျား ကိုယ့်ဈေးဆိုင်လာပြီး ဈေးလာဝယ်တဲ့ လူတွေ ကို ဒီလိုပဲ လိမ်ရသလား"

ဆိုင်ရှင်သည် သူ့ထံ ခပ်သုတ်သုတ်လျှောက်လာခဲ့ကာ-

"စိတ်မရှိပါနဲ့ ကိုယ်တော်။ ကိုယ်တော် ဘာလိုချင်သလဲ။ စိမ်ရည်လိုချင်သလား။ ပြောပါ။ ရပါစေမယ်"

"ငါ့ကိုတော့ ဘာဖြစ်လို့ ပန်းခရားစိမ်ရည်နဲ့ ကြက်သား မရောင်းတာလဲ။ မင်းကို ငါ ငွေစပေးပါ့မယ်လို့ ပြောပြီးပြီ မဟုတ်လား"

"စိမ်ရည်တို့၊ အမြည်းတို့က သူ့အိမ်က သူ အပို့ခိုင်းတာပါ။ ကျွန်တော့်နေရာမှာ လာချက်ပြုတ်စားသောက်တဲ့ သဘောပေါ့"

ဝုဆုန်မှာ စားသောက်ချင်သည့် အာသာငမ်းလျက်ရှိသည့်အတွက် ဆင်ခြင်စဉ်းစား ခြင်း မပြုနိုင်တော့ပြီ။

"အလကားကောင်။ လူလိမ်"

"ကိုယ်တော်ရယ်။ သက်န်းဝတ်ကြီးနဲ့ ဒီလို ရိုင်းစိုင်းတာကတော့ မတော်ပါဘူး"

ဝုဆုန်သည် ဝုန်းခနဲ ထ၍ ခုန်ကာ သူ့မျက်နှာကို ရိုက်ချလိုက်သည်တွင် ဆိုင်ရှင်မှာ အခန် အခန်းထောင့်သို့ လွင့်သွားလေ၏။ မျက်နှာမှာလည်း ဖူးဖူးရောင်သွား၏။ ဆိုင်ရှင်သည် အတန်ကြာသည်အထိ ထိုင်ရာမှ မထနိုင်သေးချေ။ ထိုစဉ် ဆရာလေးသည် ဒေါသ အမျက်ချောင်းချောင်းဖြင့် ထလာကာ ဝုဆုန်ကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်၏။

"ဒီမှာ ရသေ့တု။ တရားမျှတတဲ့ စိတ်တို့ ဘာတို့ကော ရှိသေးရဲ့လား။ ဘာဖြစ်လို့ ခွန်အားနည်းတဲ့ လူတယောက်ကို ကန်လားကျောက်လား လုပ်ချင်ရတာလဲ။ "လောကီကို စွန့်သူတို့ မည်သည် မိမိတို့၏ စိတ်ကို ထိန်းသိမ်းရာ၏" ဆိုတဲ့ စကားကို ခင်ဗျား မကြားဖူး ဘူးလား"

"ကျုပ်ဘာသာ ကျုပ် ရိုက်တာ ကိုရင်နဲ့ ဘာဆိုင်လို့လဲ"

“ကိုယ်တော့်ကို ကောင်းကောင်းပြောနေတာနော်။ ရိုင်းမယ် မကြံနဲ့”

ဝုဆုန်သည် သူ့ရှေ့မှ စားပွဲကို တွန်းပစ်လိုက်ကာ ထိုလူ့အနီးသို့ လျှောက်လာခဲ့ပြီးလျှင်-

“ခု မင်းက ငါ့ကို ပြောနေတာလား”

တုတ်တုတ်ခိုင်ခိုင်လူက ရယ်လိုက်လျက်-

“ဘယ်လိုလဲ ရဟန်းတုရဲ့။ ခင်ဗျားက ကျုပ်နဲ့ သတ်ချင်လို့လား ဟုတ်စ။ ကိုယ့် ခေါင်းကို ကျားပါးစပ်ထဲ ထိုးပေးသလို နေမှာပေါ့ဗျာ။ ကဲပါဗျာ၊ အပြင်ထွက်ခဲ့ပါ။ ခင်ဗျားနဲ့ စကားလေး နည်းနည်း ပြောချင်လို့ပါ” ဟု သူ့ကို လက်ယပ်၍ ခေါ်လေ၏။

“ဘာလဲ။ မင်းနဲ့ မသတ်ရဲဘူးလို့များ ထင်နေသလား”ဟု ဝုဆုန်က အော်၏။ ဝုဆုန် သည် တံခါးဆီသို့ ပြေးလာခဲ့ရာ လူထွားကြီးက ရှေ့မှ ထွက်သွားသဖြင့် သူ့နောက်မှ လိုက်လာခဲ့၏။ လူထွားကြီးသည် ကြီးမားတုတ်ခိုင်သော ဝုဆုန်၏ ခန္ဓာကိုယ်ကို တချက်ကြည့် လိုက်ပြီးနောက် အနည်းငယ် ရှိန်သွား၏။ လူထွားကြီးသည် ခုခံမည့် အနေအထားတွင် ရပ်ကာ ဝုဆုန်ကို စောင့်နေ၏။

ဝုဆုန်သည် ရှေ့သို့ တိုးလာကာ သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်၏။ လူထွားကြီးက ဝုဆုန်ကို ခွာချရန် ကြိုးစား၏။ သို့ရာတွင် ထိုမျှလောက် ဗလကောင်းသူတယောက်ကို မည်သို့ ခွာထုတ်၍ ရမည်နည်း။ ဝုဆုန်သည် ကိုယ်ကို ချာခနဲလှည့်လိုက်ကာ လူထွားကြီးကို သူ့ရင်ဘတ်ဆီသို့ ဆွဲယူလိုက်၏။ ထို့နောက် ကလေးငယ်ကို မြေကြီးပေါ်တွင် တွန်းလှဲလိုက် သည့်နှယ် လူထွားကြီးကို ဆောင့်တွန်းလိုက်ကာ မြေကြီးပေါ်သို့ လှဲချလိုက်၏။ လူထွားကြီးမှာ သူ့ကိုယ်သူ ကာကွယ်ရန် လက်ချောင်းကလေးတချောင်းကိုမျှ မလှုပ်နိုင်တော့ဘဲ မြေကြီးသို့ လဲကျနေလေပြီ။

သူနှင့်အတူပါလာသူ တပည့်လေးယောက်တို့မှာ ကူညီခြင်း မပြုရဲဘဲ ဒူးတုန်လျက်ရှိကြလေပြီ။ ဝုဆုန်သည် မြေကြီးပေါ်တွင် လဲကျနေသော သူ့ရန်သူ၏ ကိုယ်ပေါ်တွင် ခြေတဖက်တင်ကာ အနာဆုံးနေရာကို လက်သီးဖြင့် အချက်နှစ်ဆယ်၊ သုံးဆယ်ခန့် ထိုးပြီးနောက် ထိုလူထွားကြီးကို မ ယူကာ ချောင်းထဲသို့ မျှောချလိုက်၏။ တပည့်များမှာ ကြောက်လန့်သဖြင့် အော်ဟစ် တောင်းပန်ကာ အာမေဋိတ်သံပြုလျက် ရှိကြ၏။ တပည့်များသည် ချောင်းထဲသို့ ဆင်းသွားကာ သူတို့ဆရာကို လိုက်၍ ဆယ်ကြ၏။ ထို့နောက် သူတို့ဆရာကို တွဲခေါ်ကာ တောင်ဘက်သို့ ထွက်သွားကြ၏။ ဆိုင်ရှင်မှာလည်း ပါးကို အရိုက်ခံထားရသည့်အတွက် မျက်နှာတခြမ်း သေသွားကာ လမ်းကိုပင်

ကောင်းကောင်း မလျှောက်နိုင်တော့ပြီ။ ဆိုင်ရှင်သည် နောက်ဖေးခန်းထဲတွင် ပုန်းလျက် ရှိလေ၏။

"ခွေးမသားတွေ။ အကုန်ပြေးကုန်ကြပြီ မဟုတ်လား။ ခုမှ ငါ့မှာ အေးအေးဆေးဆေး စားနိုင်သောက်နိုင်တော့တယ်"

ဝုဆုန်သည် စိမ်ရည်များ ထည့်ထားသည့် အိုးကြီးတလုံးထဲမှ နေ၍ စိမ်ရည်ကို ခွက် ကြီးတခွက်ဖြင့် ခပ်လိုက်၏။ ကြက်နှစ်ကောင်နှင့် အမဲသားကြော်များမှာ တို့ပင် မတို့ရသေးချေ။ ဝုဆုန်သည် စားသောက်ဖွယ်များကို လက်နှစ်ဖက်ဖြင့် ကိုင်၍ အားရပါးရ စားနေလေရာ နာရီ တစိတ်ခန့်အတွင်း၌ကား စားဖွယ်သောက်ဖွယ် ဆယ်ပုံရှစ်ပုံခန့်ကို စားပြီးခဲ့ လေပြီ။

ဝုဆုန်သည် အစာလည်း ဝလေပြီ။ အရက်လည်း ဝလေပြီ။ ဝုဆုန်သည် တွဲလောင်းကျနေသော အင်္ကျီလက်နှစ်ဖက်ကို ခါးနောက်တွင် ချည်ပြီးနောက် ချောင်းဘေးတွင် တွေ့ရသည့် လမ်းကလေးအတိုင်း ခရီးဆက်လာခဲ့၏။ အေးမြသည့် မြောက်လေသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသဖြင့် ဝုဆုန်မှာ ခရီးမတွင်လှချေ။ ဘုံဆိုင်ကလေးမှ ငါးလီခန့်အကွာသို့ ရောက်သည့်အခါ၌ ခွေးဝါတကောင်သည် တံတိုင်းတခုထဲမှ ထွက်လာကာ သူ့ကို ဟောင်နေသည်ကို တွေ့ရ၏။ ဝုဆုန်မှာ အရက်မူးနေသဖြင့် စိတ်တိုနေလေပြီ။ ခွေးဝါစုတ်သည် အဘယ်ကြောင့် သူ့နောက်သို့ လိုက်၍ ဟောင်နေရသနည်း။

ဝုဆုန်သည် လက်ဝဲလက်ဖြင့် ဓားကို ဓားအိမ်မှ ချွတ်ကာ ခွေးနောက်သို့ ပြေးလိုက်၏။ ခွေးက ကမ်းပေါ်သို့ ပြေးတက်၍ ဟောင်၏။ ဝုဆုန်သည် ခွေးကို အရှိန်ဖြင့် လိုက်သည်တွင် ကိုယ်ကို မဟန်နိုင်တော့ဘဲ ချောင်းထဲသို့ လိမ့်ကျသွားရာ မူးနေသည့်အလျောက် တော်တော်နှင့် မထနိုင်တော့ပြီ။ ခွေးသည် ကမ်းပါးပေါ်မှ ရပ်ကာ သူ့ကို ဟောင်မြဲ ဟောင်နေ၏။

အချိန်မှာ ဆောင်းလယ်ဖြစ်၏။ ချောင်းထဲတွင် ရေနှစ်ပေ၊ သုံးပေခန့်သာ ရှိသည့်တိုင် ရေခဲတမျှ အေးစက်လျက်ရှိ၏။ နောက်ဆုံး၌ ဝုဆုန်သည် တကိုယ်လုံး ရေတွေ စိုရွှဲလျက် ရေထဲမှ အနိုင်နိုင် တက်လာခဲ့၏။ ချောင်းထဲတွင် ကျကျန်ရစ်ခဲ့သည့် သူ့ဓားရှည်မှာ ပြောင်လက်နေသည်ကို လှမ်းမြင်လိုက်ရ၏။ ဝုဆုန်သည် ဓားကို ကုန်း၍ ကောက်လိုက်ရာ မဟန်နိုင်တော့ဘဲ လဲကျသွားလေ၏။ ဝုဆုန်သည် ချောင်းရေစီးထဲတွင် ပြန်မထနိုင် တော့ဘဲ လိမ့်နေ၏။

ထိုစဉ် ကမ်းပေါ်ရှိ တံတိုင်းနောက်မှ လူတသိုက် ပေါ်လာကာ သူ့ကို လှမ်းကြည့်နေ ကြ၏။ ထိုလူတသိုက်ကို ခေါင်းဆောင်လာသူမှာ ကိုယ်လုံးကိုယ်ပေါက် ကြီးထွားကြံ့ခိုင် သည့် လူတယောက် ဖြစ်၏။ ထိုလူသည် သက္ကလတ်ဦးထုပ်ပြားကြီးကို ဆောင်းထားပြီး ကိုယ်တွင်

အဝါရောင်ဂွမ်းကပ်အင်္ကျီကို ဝတ်ထား၏။ လက်ထဲတွင်လည်း တောင်ဝှေးကြီး တချောင်းကို ကိုင်ထားလေ၏။ သူ့နောက်တွင် လိုက်ပါလာသည့် တကျိပ်ကျော်ခန့်ရှိ လူ များမှာလည်း ကောက်ဆွကြီးများ၊ တင်းပုတ်ကြီးများကို ကိုင်ထားကြ၏။ သူတို့အားလုံး သည် ခွေးဟောင်သံကို ကြားနေရ၏။ တယောက်က ဝုဆုန်ကို လက်ညှိုးထိုးပြကာ-

"ကျွန်တော်တို့ ဆရာလေးကို လုပ်လွှတ်လိုက်တာ အဲဒီချောင်းထဲက လူပဲ။ သူ ဆရာကြီးကို လိုက်ရှာတာ မတွေ့လို့ လူနှစ်ဆယ်လောက်ခေါ်ပြီး ဘုံဆိုင်ဘက်ကို ထွက်သွားတာ။ လက်စသတ်တော့ ဒီလူက ဒီမှာ ရောက်နေတာကိုး"

ထိုသို့ ပြောဆိုလျက်ရှိစဉ် ဝုဆုန် ရိုက်နှက်ပစ်ခဲ့သည့် ဆရာလေးသည် တဖက်ကမ်းမှ ပေါ်လာသည်ကို မြင်ရ၏။ ဆရာလေးမှာ ယခုအချိန်တွင် အဝတ်အစားများကို လဲပြီးနောက် မိုန်းကြီးတလက်ကိုလည်း ကိုင်ထား၏။ သူ့နောက်တွင် လှံများ၊ တုတ်များကို ကိုင်ထားသည့် နောက်လိုက်နောက်ပါ နှစ်ဆယ်ကျော် သုံးဆယ်ခန့်တို့ကို မြင်ရ၏။ သူတို့ တသိုက်သည် တယောက်နှင့် တယောက် လေချွန်အချက်ပေးကာ ဝုဆုန်ကို လိုက်ရှာနေ ကြ၏။ ကမ်းပါးရှိ တံတိုင်းနားသို့ ရောက်လာသည့်အခါတွင် ဝုဆုန်ကို မြင်သွားကြလေပြီ။

"ဟောဟိုမှာ ကျွန်တော့်ကို ရိုက်သွားတဲ့ကောင်ကို တွေ့ပြီ အစ်ကိုကြီး" ဟု ညီဖြစ်သူ က ပြော၏။

"ဒီကောင်ကို တို့အိမ်ကို ခေါ်လာခဲ့။ ဟိုရောက်မှ နာနာဆုံးမရမယ်" ဟု အစ်ကိုကြီး လုပ်သူက ပြောလေ၏။

"သွား၊ ဒီကောင်ကို ဖမ်းခဲ့ကြ" ဟု ညီဖြစ်သူက အမိန့်ပေးလိုက်၏။

တပည့် နှစ်ဆယ် သုံးဆယ်ခန့်တို့သည် ချောင်းထဲသို့ ဆင်းလာကြ၏။ အရက်မူးနေသည့် ဝုဆုန်မှာ သူတို့ကို အန်တုနိုင်ခြင်း မရှိတော့ပြီ။ ဝုဆုန်သည် ထိုချောင်းထဲတွင် လဲကျ နေရာမှ ထရန် ကြိုးစားသေး၏။ သို့ရာတွင် သူတို့အားလုံးက သူ့ကို ဝိုင်းဝန်း ဖမ်းဆီးကာ ခြေထောက်နှစ်ချောင်းကို ဆွဲပြီး ကမ်းပေါ်သို့ ခေါ်လာကြ၏။ ထို့နောက် ကမ်းပေါ်ရှိ တံတိုင်း ထဲသို့ ခေါ်လာခဲ့ကြ၏။ ကမ်းပေါ်တွင်မူ ဆေးဖြူသုတ်ထားသည့် တံတိုင်းမြင့်မြင့်ကြီး ကာထားသော တောအိမ်ကြီးတလုံး ရှိ၏။ ထိုအိမ်ကြီးပတ်ပတ်လည်တွင် မိုးမခပင်များနှင့် ထင်းရှူးပင်များ အုပ်ဆိုင်းလျက်ရှိ၏။

တပည့်များသည် ဝုဆုန်ကို ဝင်းထဲသို့ တွန်းလွှတ်လိုက်ကြပြီး အဝတ်အစားများကို ချွတ်၍ ဓားများကို သိမ်းဆည်းကာ ဝုဆုန်ကို မိုးမခပင်တပင်တွင် ချည်နှောင်ထားကြ၏။ "ကြိမ်တွေ ယူပြီး ဒီကောင်ကြီးကို

ချကြစမ်းဟေ့” တယောက်တပေါက် အော်လျက် ရှိ၏။ လေး ငါးချီလောက် ရိုက်ပြီးသည့်အခါတွင် အိမ်ထဲမှ လူတယောက် ထွက်လာပြီးလျှင် “ဟေ့၊ ဘယ်သူ့ကို ရိုက်နေကြတာလဲ” ဟု မေး၏။ ဤတွင် ကိုယ်လုံးကိုယ်ပေါက် တောင့် တင်းသည့် ညီအစ်ကိုနှစ်ယောက်တို့သည် ထိုလူကို ရိုသေစွာ လက်အုပ်ချီကာ-

“ဒီနေ့ ညီလေးက သူ့တပည့် သုံး လေးယောက်နဲ့အတူ နည်းနည်းပါးပါးသောက်မလို့ ဆိုပြီး ဘုံဆိုင်ကို ထွက်သွားကြတယ် ခင်ဗျ။ ဘုံဆိုင်ရောက်တော့ အဲဒီကောင်နဲ့ ရန်ဖြစ်ပြီး အစ်ကိုလေးကို ချောင်းထဲကို ပစ်ချတယ် ခင်ဗျ။ ဒီကောင် ချောင်းထဲပစ်ချလို့ ညီလေး မျက်နှာမှာရော၊ ခေါင်းမှာရော ပေါက်ပြဲစုတ်ပြတ်သွားတယ်။ သူ့တပည့်တွေက ဆယ်လာ ပေလို့ပေါ့။ နို့မို့ရင် ဒီလောက်ဆိုရင် ညီလေး အအေးမိပြီး သေလောက်နေပြီ။ ဒီတင် ညီလေးလည်း အိမ်ပြန်လာ၊ အဝတ်အစား လဲ၊ လူတွေ ခေါ်ပြီး အဲဒီကောင်နောက်ကို လိုက်ရှာကြတယ် ခင်ဗျ။ ဒီကောင်ကြီးက ကျန်တဲ့ အရက်တွေနဲ့ မြည်းစရာတွေကို သူ တယောက်တည်း စားသောက်ပြီးလို့ တော်တော့်ကို မူးနေပြီ။ ခုတော့ ကျွန်တော်တို့ ဝင်းတံခါးရှေ့က ချောင်းထဲမှာ မူးပြီး လိမ့်ကျနေတာကို တွေ့လို့ ခေါ်လာတာ။ သက်န်းကို အရေခြုံလာတဲ့ ကြောင်သူတော် ခင်ဗျ၊ အစစ်မဟုတ်ဘူး။ ခု ကျွန်တော်တို့ သူ့ကိုရိုက်မလို့။ မျက်နှာပေါ်မှာလည်း ရာဇဝတ်ကောင် အမှတ်ထိုးထားတဲ့ အမှတ်နှစ်ခုပါတယ် ခင်ဗျ။ အဲဒီ အမှတ်တွေကို ဆံပင်နဲ့ ဖုံးထားတယ်။ ထွက်ပြေးလာတဲ့ အကျဉ်းသမားလို့ ထင်တာပဲ။ ကျွန်တော်တို့ သူ့ကို ရိုက်စစ်ပြီး အာဏာပိုင်တွေဆီကို ပို့မလို့”

အရိုက်ခံရသည့် ညီလုပ်သူက “ဘာဖြစ်လို့ စစ်ဆေးနေဦးမှာလဲ။ ဒီကောင် ကျွန်တော့် ကို ရိုက်ပြီးပြီ။ နှစ်လနဲ့ အိပ်ရာက ထနိုင်ရင် ကံကောင်း။ ဒီကောင်ကို ည အသေရိုက်သတ် ပစ်ရမယ်။ ပြီးတော့ မီးရှို့ပစ်ရမယ်။ ဒါမှ ကျွန်တော် အသက်ရှူဖြောင့်မယ်” ဟု ဆိုကာ ကြိမ်တုတ်ကြီးကို မြှောက်၍ ရိုက်ရန် ရွယ်၏။

ဆရာဟု သူတို့နှစ်ယောက်က ခေါ်သည့် လူက-

“နေပါဦး ညီလေးရာ။ ဒီလူကို ငါ ကြည့်ပါဦးမယ်။ လူကို ကြည့်ရတာကတော့ သတ္တိကောင်းတဲ့ လူတယောက်နဲ့ တူတာပဲ”

ထိုအချိန်၌ ဝုဆုန်မှာ အမူးပြေစပြုလေပြီ။ အနီးတွင် ပြောဆိုနေသည့် အသံများကို သူ ကြားသည့်တိုင် မျက်လုံးများကို ပိတ်မြဲပိတ်ထားလေ၏။ ဝုဆုန်သည် သူ့အား ရိုက်နှက်သည်ကို တချက်ကလေးမျှ ညည်းညူခြင်းမပြုဘဲ ကျိတ်မှိတ်ခံနေလေ၏။ ဆရာဟု ခေါ်ဆို သူသည် ဝုဆုန်၏ ကျောကို ကြည့်လိုက်၏။

“တော်တော်တော့ ထူးဆန်းတာပဲ။ ကျောမှာ မှတ်ထားတဲ့ အမှတ်တွေကတော့ လွတ်လိုက်တဲ့ အကျဉ်းသမားတယောက်ရဲ့ ကျောပြင်မှာ

ရိုက်ပေးလိုက်တဲ့ အမှတ်မျိုးပဲ’ ဟု တွေးနေလေ၏။ ထိုလူသည် နောက်မှ ကွေ့ကာ ရှေ့သို့ လာပြီး ဝုဆုန်၏ ခေါင်းမှ ဆံပင် တို့ကို ဆွဲကာ ခေါင်းကို မော့ကြည့်လိုက်၏။

“အလို၊ လက်စသတ်တော့ ငါ့ညီပါကလား”

ဝုဆုန်သည် မျက်လုံးများကို ဖွင့်၍ ကြည့်လိုက်ကာ “ဟင်၊ အစ်ကိုကြီး”ဟုခေါ်လိုက်၏။

“ဟေ့ကောင်တွေ၊ ကြိုးဖြေပေးလိုက်ကြစမ်း။ ငါ့ညီကွ”

အဝါရောင်ဝတ်ရုံကြီးကို ဝတ်ထားသည့် အစ်ကိုဖြစ်သူနှင့် ဝုဆုန်၏ အရိုက်ကို ခံခဲ့ ရသည့် ညီဖြစ်သူတို့မှာ အံ့အားသင့်လျက် ရှိကြ၏။

“ဘာ၊ ဒီလူက ဆရာ့ရဲ့ညီ ဟုတ်စ”

“ဟုတ်တယ်။ မင်းတို့ကို ငါ ခဏခဏ ပြောနေတဲ့ ငါ့ညီ။ ကျင့်ယန်ခင်တန်းက ကျားဆိုးကြီးကို သတ်တဲ့ ဝုဆုန်ဆိုတာ သူပဲ။ နို့ နေစမ်းပါဦး။ သက်န်းတွေကို ခြုံပြီး ဘယ်လို ဖြစ်လာတာလဲ”

ညီအစ်ကိုနှစ်ယောက်တို့သည် ဝုဆုန်ကို လျင်မြန်စွာ ကြိုးဖြေပေးကြ၏။ ထို့နောက် ဝုဆုန်အား ခြောက်သွေ့သည့် အဝတ်အစားများကို လဲပေးကာ အိမ်ကြီးထဲသို့ ခေါ်လာခဲ့ ကြ၏။ ဝုဆုန်ကလည်း ဒူးထောက်၍ အရိုအသေပေး၏။ ဆရာအခေါ်ခံသူမှာ အံ့အားသင့် နေရာမှ သူ့ကို အရိုအသေပေးခြင်း မပြုရန် တားမြစ်၏။

“ငါ့ညီက အမူးမပြေသေးဘူး ထင်တယ်။ ထိုင်ပြီး အေးအေးဆေးဆေး စကားပြော စမ်းပါဦး”

ဝုဆုန်မှာ ထိုသူနှင့် တွေ့ရသဖြင့် များစွာ ဝမ်းမြောက်လျက်ရှိလေပြီ။ မကြာမီမှာပင် တဝက်ခန့် အမူးပြေသွားလေပြီ။ ကိုယ်လက်သန့်စင်ရန်နှင့် ပါးစပ်ကို ကျင်းရန်အတွက် ရေနွေးအယူခိုင်းလိုက်၏။ ထို့ပြင် အမူးပြေစေရန်အတွက် ဆေးရည်တမျိုးကိုလည်း တိုက်၏။ ထို့နောက်တွင် ဝုဆုန်သည် ထိုလူကို အရိုအသေပေးပြန်လေ၏။ ဝုဆုန်ကို ကြိုဆို နှုတ်ဆက်သူမှာ အခြားသူ မဟုတ်။ ချိန်မှန်မိုးဟု ခေါ်ကြသော စုန်ကျန့် ဖြစ်၏။

“နောင်ကြီးက သခင်ရဲ့အိမ်မှာပဲလို့ အောက်မေ့နေတာ။ ဒီကိုလာပြီး ဘာလာလုပ် နေတာလဲ။ နောင်ကြီးကို အိပ်မက်ထဲမှာတောင် မမြင်ရတာ ကြာလှပြီ ခင်ဗျ”

“ခင်ဗျားပြန်သွားပြီးတဲ့နောက် ကျုပ်လည်း သခင်ရဲ့အိမ်မှာ

ခြောက်လလောက် ကြာသေးတယ်ဗျ။ အဖေလည်း စိတ်ပူနေလိမ့်မယ်ဆိုပြီး ကျုပ်ညီ စုန်ကျင့်ကိုတော့ အိမ်ကို ပြန်လွှတ်လိုက်တယ်။ နောက် မကြာခင်မှာပဲ သူတို့ဆီက စာတစောင် ရောက်လာတယ်။ ရဲသားချူနဲ့ ရဲသားကွေ့တို့ ကောင်းမှုကြောင့် အိမ်ကို လာပြီး စစ်လားဆေးလား မလုပ်တော့ ပါဘူးတဲ့။ ကျုပ်ကို တွေ့ရာနေရာမှာ ဖမ်းရမယ်လို့တော့ ကြော်ငြာတွေ ထုတ်ထားတယ်တဲ့။ ဒါပေမဲ့ အပူတပြင်း ရှာတာမျိုးတော့ မရှိတော့ဘူးတဲ့။ ဟောဒီက မြေရှင်ကုန်က ကျုပ် အိမ်ကို မကြာခဏ လူလွှတ်ပြီး အခြေအနေ ဘယ်လိုနေသလဲ၊ ဘာလဲလို့ မေးတယ်လေ။ ဒါနဲ့ ကျုပ်ညီ စုန်ကျင့်က ကျုပ် သခင်ကျဲ့တို့အိမ်မှာ ပုန်းနေတယ် ဆိုတာကို ပြောလိုက် တယ်။ ဒီတင် ကျုပ်ကို လူတယောက် လွှတ်ပြီး အခေါ်ခိုင်းလိုက်တယ်။ ဒီနေရာတဝိုက်ကို ကျားဖြူတောင်လို့ ခေါ်တယ်ဗျ။ အိမ်ကတော့ မြေရှင်ကုန် ပိုင်တဲ့ အိမ်ပဲ။ ခင်ဗျား ရိုက်လွှတ် လိုက်တဲ့သူကတော့ သူ့သားငယ်ပဲ။ ကုန်လျန်တဲ့။ ဒေါသလည်း ကြီး၊ ရန်လည်း ဖြစ်တတ်လို့ သူ့ကို မီးရှူးကြယ်လို့ နာမည်ပေးထားကြတယ်။ ဟောဟို ဝတ်ရုံအဝါကြီးကို ဝတ်ထားတဲ့ သူကတော့ သူ့သားအကြီး။ နာမည်က ကုန်မင်းတဲ့။ သူ့ကိုတော့ ကြယ်တံခွန်လို့ နာမည်ပေး ထားကြတယ်။ နှစ်ယောက်စလုံး ဓားအတတ်၊ လှံအတတ်ကို ဝါသနာပါကြတယ်။ သူတို့ကို သင်ပေးခဲ့ရတာပါပဲ။ ဒါကြောင့် ကျုပ်ကို ဆရာလို့ ခေါ်ကြတာပေါ့။ ခုဆိုရင် ကျုပ် ဒီကို ရောက်နေတာ ခြောက်လကျော်ကျော်လောက် ရှိသွားပြီ။ ခုတလောမှာ ကျုပ်လည်း လေသာတောင်စခန်းကို သွားရမလားလို့ စိတ်ကူးနေတယ်။ ခု သွားမလို့ ပြင်ဆင်နေတုန်း ခင်ဗျား ရောက်လာတာပဲ။ သခင်ရဲ့အိမ်မှာ ကျုပ် ရောက်နေတုန်းကတော့ ကျင့်ယန် ခင်တန်းမှာ သောင်းကျန်းနေတဲ့ ကျားဆိုးကြီးကို ခင်ဗျား ဘယ်လို နှိမ်နင်းခဲ့တယ်ဆိုတာ သတင်းတွေ ကြားရပါတယ်။ ဒါကြောင့်မို့ ခင်ဗျားကို ယန်ကူတိုက်နယ်မှာ ရဲသား ခန့်လိုက်တယ် ဆိုတာကိုလည်း ကြားတယ်။ ပြီးတော့ ဆီမန်ချင်းနဲ့ ဓားချင်းခုတ်ပြီး ဆီမန်ချင်းကို သတ်လိုက်လို့ နယ်နှင်ခံရတယ်ဆိုတာကိုလည်း ကြားတယ်။ ဒါပေမဲ့ ခုလို သက်နန်းကြီးနဲ့ ဘယ်လို ဖြစ်လာပုံကိုတော့ ကျုပ် ကောင်းကောင်း မသိဘူးဗျ”

“ကျွန်တော်လည်း နောင်ကြီးနဲ့ ခွဲပြီး သခင်ရဲ့အိမ်က ထွက်လာတော့ ကျင့်ယန် ခင်တန်းက ကျားဆိုးကြီးကို သတ်ပြီး ယန်ကူခရိုင်ကို သွားအပ်လိုက်တယ်။ ဒီတွင် မြို့ဝန်က ကျွန်တော့်ကို ရဲသားခန့်လိုက်တယ်။ နောက်တော့ အရှက်မရှိတဲ့ ကျွန်တော့်မရီးဟာ ဆီမန်ချင်းနဲ့ ဖောက်ပြားကြပြီး ကျွန်တော့်အစ်ကိုကို အဆိပ်ခတ်သတ်ခဲ့တယ်။ ကျွန်တော် လည်း သူတို့နှစ်ယောက်စလုံးကို သတ်ပြီး မြို့ဝန်ဆီကို သွားပြီး အဖမ်းခံလိုက်တယ်။ မြို့ဝန်က ကျုပ်ကို တုန်ပင်းရဲဝန်ဆီကို အပ်လိုက် တယ်ဗျ။ တုန်ပင်းရဲဝန်ကလည်း ကျုပ် အပေါ်မှာ သက်ညှာပါတယ်။ ကျုပ်ကို မိန်ကျို့မြို့ကို နယ်နှင်ဒဏ် ပေးလိုက်တယ်”

ဝုဆုန်က ကျန်ချင်းတို့လင်မယားနှင့် လမ်းခွဆုံကမူတွင် မည်သို့ တွေ့ခဲ့ပုံ၊ ရှိအန်နှင့် တွေ့၍ ဗိုလ်ယကွနှင့် မည်သို့ တိုက်ခိုက်ခဲ့ပုံ၊ ဗိုလ်ချုပ်ချန်နှင့် လူဆယ့်လေးယောက်ကို သတ်ခဲ့ပြီး ကျန်ချင်းတို့ လင်မယားထံ ပြန်လာခဲ့ပုံ၊ ကဝေမဆွန်က သူ့ကို မည်သို့ ရုပ်ဖျက် ပေး၍ လွှတ်လိုက်ပုံ၊ ကင်းခြေများတောင်ကုန်းတွင် ရဟန်းတုဝမ်နှင့် တွေ့ခဲ့ပုံ၊ ထိုမှ ထွက်အလာ ဘုံဆိုင်တွင် မီးရှူးကြယ်ကုန်လျှန်နှင့် တွေ့၍ မည်သို့ ခိုက်ရန် ဖြစ်ပွားခဲ့ပုံ စသည် တို့ကို စုန်ကျန့်အား အသေးစိတ် ပြောပြ၏။

မြေရှင်ကုန်၏ သားနှစ်ယောက်တို့သည် သူ့စကားများကို တအံ့တသြဖြင့် နားထောင် နေကြ၏။ ထို့နောက် သူတို့နှစ်ယောက်သည် ကြမ်းပြင်တွင် ဒူးထောက်ထိုင်၍ ဝုဆုန်ကို အရိုအသေပေးကြရာ ဝုဆုန်ကလည်း ပြန်၍ ဂါရဝပြု၏။

"ကျွန်တော်ဆက်ဆံတာ ရိုင်းသွားတယ်ဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ"

""ကျွန်တော်တို့မှာ မျက်စိပါပေမယ့် တိုက်ရှန်းတောင်ကြီးကို မမြင်ပါလား"ဗျာ။ ရပါတယ်။ ကျွန်တော်တို့က တောင်းပန်ရမှာပါ"

"ကျုပ်ညီတို့ဟာ ကြင်နာကြပါပေတယ်ဗျာ။ ကျုပ် ဘုန်းကြီးစာပြန်ပွဲ အောင် လက်မှတ်ရယ်၊ ပစ္စည်းတွေရယ်တော့ ခြောက်အောင် လုပ်ပေးကြပါ။ ကျုပ် ဓားနှစ်လက်နဲ့ စိတ်ပုတီးကိုလည်း မပျောက်ပါစေနဲ့"

ကုန်မင်းက-

"ဒီလောက်လည်း စိတ်မပူပါနဲ့ နောင်ကြီးရာ။ နောင်ကြီးပစ္စည်းတွေ ဘာမှ မဖြစ်စေရပါဘူး။ ကျွန်တော့်လူတွေကို ခိုင်းထားပြီးပါပြီ။ ခဏနေရင် နောင်ကြီးပစ္စည်းတွေ ပြန်ပေး မှာပါ"

ဝုဆုန်က သူ့ကို ကျေးဇူးတင်ကြောင်း ပြော၏။ စုန်ကျန့်က ခေါ်သဖြင့် မြေရှင်ကုန် လည်း ဝုဆုန်ကို လာရောက်တွေ့ဆုံ၏။ မြေရှင်ကလည်း ဝုဆုန်ကို စားသောက်ပွဲ တည်ခင်းလေ၏။ ထိုအကြောင်းကို မပြောတော့ပြီ။

ထိုည၌ စုန်ကျန့်သည် ဝုဆုန်အား သူ့အခန်းတွင် အတူအိပ်ရန် ပြော၏။ သူတို့ နှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို အတန်ကြာမျှ ပြောဆိုနေကြ၏။ စုန်ကျန့် မှာ သူ့စကားများကို နားထောင်၍ များစွာ ကျေနပ်လျက် ရှိ၏။ နောက်တနေ့မနက် မိုးသောက်သည်နှင့် ဝုဆုန်သည် အိပ်ရာမှ ထကာ ပါးစပ်ကို ကျင်း၍ ကိုယ်လက်သန့်စင် ပြီးနောက် ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့ကာ မနက်စာ စားသောက်၏။ ကုန်မင်းက သူ့ကို ဧည့်ခံ၏။ မြေရှင်ကုန်မှာ အသက်ကြီး၍ အကိုက်အခဲရောဂါ ရှိသည့်တိုင် မနက်စာကို သူတို့ နှင့်အတူ လာ၍ စားသောက်၏။

ကုန်လျှန်သည် သိုးများ၊ ဝက်များကို ပေါ်စေကာ သူ့ကို စားသောက်ပွဲ ခင်းကျင်းကျွေးမွေးလေ၏။

ကုန်လျှန်တို့မိသားစု ထုံးစံအရ ရွာနီးချုပ်စပ်မှ ဆွေမျိုးသားချင်းများ၊ တပည့်များ လည်း ရောက်လာကြကာ ဧည့်ခံကျွေးမွေးကြ၏။ စုန်ကျန့်မှာ သူ့မိတ်ဆွေအား ဤသို့ ကောင်းစွာ ဧည့်ခံကျွေးမွေးကြသဖြင့် ကျေနပ်အားရလျက်ရှိ၏။ စားသောက်ပွဲပြီး၍ ဧည့်သည်များ ပြန်သွားသည့်အခါတွင် စုန်ကျန့်က ဝုဆုန်ကို ပြော၏။

"နောင်ကြီး ဘယ်မှာ အခြေချဖို့များ စိတ်ကူးသလဲ"

"မနေ့ညက နောင်ကြီးကို ပြောခဲ့တဲ့အတိုင်း ကျွန်တော့်မှာ ဥယျာဉ်မှူးကျန်ချင်းက မိတ်ဆက်စာရေးပေးလိုက်တဲ့ မိတ်ဆက်စာတစောင် ပါပါတယ်။ လောလောဆယ်မှာတော့ နဂါးနှစ်ကောင် တောင်ရိုးမှာ ရှိတဲ့ ပုလဲကျောင်းတိုက်က ကိုရင်ကြီး ရှင်ဉာဏတို့ ဂိုဏ်းကို သွားမယ်လို့ စိတ်ကူးထားတာပဲ။ သူကိုယ်တိုင်လည်း မကြာခင် အဲဒီကို လာမယ်လို့ ကျုပ် ကို ပြောလိုက်တယ်"

"ကောင်းတာပေါ့ဗျ။ ကျုပ်ဆီကိုလည်း လေသာတောင်ခံတပ်မှာ ရှိတဲ့ ဟွရုံဆီက စာတစောင် ရောက်လာတယ်။ ကျုပ် မရန်[21] ကို သတ်ပြီး ထွက်ပြေးလာတာကို သူ ကြားရတယ်တဲ့။ ဒါကြောင့် သူ့ဆီကို လာနေချင်ရင် လာခဲ့ပါလို့ ရေးလိုက်တယ်။ လေသာ တောင်ခံတပ်က ဒီနဲ့ သိပ်မဝေးလှတော့ပါဘူး။ ကျုပ်လည်း အဲဒီကို သွားမလို့။ ရာသီဥတု မကောင်းသေးတာနဲ့ စောင့်နေတာ။ ကျုပ်နဲ့အတူ လိုက်ရင် လိုက်ခဲ့ပါလား"

"ကျွန်တော် လိုက်လို့မသင့်ဘူးထင်တယ် နောင်ကြီး။ ကျွန်တော့်မှာက ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေက များလှပြီ။ လွတ်ငြိမ်းချမ်းသာခွင့်ပေးရင်တောင် ကျွန်တော့်ကိစ္စတွေက ပြီးမှာမဟုတ်ဘူး။ ဒါကြောင့်မို့ နဂါးနှစ်ကောင်တောင်ရိုးကို သွားပြီး တောပုန်းအဖြစ်နဲ့ပဲ အရိုးထုတ်တော့မယ် စိတ်ကူးထားတယ်။ ပြီးတော့ ကျွန်တော့်မှာက သင်္ကန်းဝတ်ကြီးနဲ့။ ဒီတော့ အတူသွားဖို့ သိပ်မကောင်းဘူး ထင်တယ်။ လူတွေက သင်္ကာမကင်း ဖြစ်ကြလိမ့် မယ်။ ပြဿနာပေါ်လာရင် နောင်ကြီးပါ ကန့်လန့်ကန့်လန့်နဲ့ ပါနေလိမ့်မယ်။ ကျွန်တော့်အဖို့ တော့ နဂါးနှစ်ကောင်တောင်ရိုးကို သွားပြီး ဇာတ်မြုပ်နေတာ ကောင်းမယ် ထင်တာပဲ။ တကယ်လို့ ဘုရားက သနားလည်း သနားတယ်၊ ကျွန်တော်လည်း မသေမပျောက်ရှိပြီး လွတ်ငြိမ်းချမ်းသာခွင့် ရမယ်ဆိုရင်တော့ နောင်ကြီးနဲ့ တွေ့ရဦးမှာပေါ့"

"နောင်ကြီးဟာ ဘုရင်ကေရာဇ်ကို သစ္စာရှိသေးတယ်ဆိုရင် ဘုရားသခင်က

ကြည့် မနေပါဘူးဗျာ။ စောင့်ရှောက်မှာပေါ့။ ဒါပေမဲ့ နောင်ကြီးက ဆုံးဖြတ်ပြီးတယ် ဆိုရင်တော့ လည်း ကျုပ် မတားတော့ပါဘူးလေ။ ဒါပေမဲ့ ဒီမှာတော့ ကျုပ်နဲ့ နေပါဦးဗျာ။ ဖြည်းဖြည်း တော့ သွားတာပေါ့”

သူတို့နှစ်ယောက်သည် မြေရှင်ကုန်၏ အိမ်တွင် ဆယ်ရက်ကျော်ခန့် နေထိုင်ပြီးနောက် သွားတော့မည်ဖြစ်ကြောင်း အိမ်ရှင်ကို ပြောလေ၏။ မြေရှင်ကုန်က သူတို့ကို သွားခွင့်မပေး သေးဘဲ နောက်ထပ် လေး ငါးရက် အနေခိုင်းလေ၏။ သို့ရာတွင် စုန်ကျန့်မှာ သွားရန် ဆုံးဖြတ်ပြီးလေပြီ။ ထို့ကြောင့် နောက်ထပ်မတားတော့ဘဲ နှုတ်ဆက်စားသောက်ပွဲတပွဲကို တည်ခင်းလေ၏။

နောက်တနေ့မနက်တွင် ဝုဆုန်အား သင်္ကန်းအသစ်တစုံကို ပေးလေ၏။ စာပြန်ပွဲ အောင်လက်မှတ်၊ မိတ်ဆက်စာ၊ ဒေါက်ချာ၊ စိတ်ပုတီးနှင့် ဓားနှစ်လက်၊ ရွှေ ငွေ စသည် တို့ကိုလည်း ပြန်ပေးလေ၏။ ထို့ပြင် လမ်းတွင် သုံးရန်အတွက် သူနှင့် စုန်ကျန့်တို့ကို ငွေစင် ငါးဆယ်သားစီလည်း ပေးလိုက်၏။ စုန်ကျန့် ငြင်းသေးသော်လည်း မြေရှင်ကုန်နှင့် သား နှစ်ယောက်တို့က လက်မခံဘဲ ငွေစများကို သူတို့အထုပ်ထဲသို့ ထည့်ပေးလိုက်လေ၏။

စုန်ကျန့်၏ ဝတ်ရုံနှင့် လက်နက်များလည်း အဆင်သင့်ပြင်ပြီးလေပြီ။ ဝုဆုန်မှာလည်း သင်္ကန်းကို ရုံ၊ ဒေါက်ချာကို ဆောင်းကာ စိတ်ပုတီးကို လည်တွင် ဆွဲပြီး ဓားနှစ်လက် ကိုလည်း ခါးတွင် ချပ်ပြီးလေပြီ။ ဝုဆုန်သည် သူ့အထုပ်ကို ကောက်ကာ ခါးတွင် စည်းထား လေ၏။

စုန်ကျန့်သည်လည်း သူ့မှိန်းကို ကောက်ကိုင်ကာ ဓားလွယ်ကို ခါးတွင် ချပ်၍ သက္ကလတ်ဦးထုပ်ပြားကြီးကို ဆောင်းကာ မြေရှင်ကုန်ကို နှုတ်ဆက်လေ၏။ မြေရှင်ကုန်၏ သားနှစ်ယောက်တို့သည် သူတို့အထုပ်အပိုးများကို သူတို့တပည့်များအား သယ်ခိုင်းလေ၏။

သူတို့နှစ်ယောက် ကိုယ်တိုင်လည်း လီနှစ်ဆယ်ခန့် ရောက်အောင် လိုက်၍ ပို့လိုက်ကြ လေ၏။

စုန်ကျန့်သည် သူ့အိတ်ကို မှိန်းတွင် လျှိုထမ်းလိုက်ပြီးနောက်-

“ကဲ၊ ကျုပ်တို့အထုပ်တွေကို လိုက်ပို့စရာ မလိုတော့ဘူးဗျ။ ကျုပ်နဲ့ ဟောဒီက နောင်ကြီးဝုဆုန်တို့ ကိုယ့်အထုပ် ကိုယ် ထမ်းသွားတော့မယ်”

မြေရှင်ကုန်၏ သားနှစ်ယောက်တို့သည် သူတို့ကို နှုတ်ဆက်ပြီးနောက် တပည့်များနှင့် အတူ ပြန်ကြလေ၏။ ထိုအကြောင်းကို တော်ဦးမည်။

စုန်ကျန့်နှင့် ဝုဆုန်တို့သည် စကားတပြောပြောဖြင့် လာခဲ့ကြရာ ညနေ

မိုးချုပ်သည့်အခါ၌ နားကြ၏။ နောက်တနေ့ မနက်လင်းသည်နှင့် မနက်စာ စားသောက်ပြီး ခရီးဆက်ခဲ့ကြသည်တွင် လီ လေး ငါးဆယ်ခန့် ရောက်လာခဲ့မိကြရာ နဂါးကံကောင်းအမည်ရှိ ဈေးမြို့ တမြို့သို့ ရောက်လာခဲ့ကြ၏။ ထိုနေရာမှာ လမ်းဆုံလမ်းခွ ဖြစ်သည့်အတွက် စုန်ကျန့်က ရပ်၍ "နဂါးနှစ်ကောင်တောင်ရိုးနဲ့ လေသာတောင်ခံမြို့ကို ဘယ်လိုလမ်းက သွားရသလဲ ဗျာ" ဟု လူတယောက်ကို မေး၏။

"လမ်းချင်း မတူဘူးဗျ။ အနောက်ဘက်လမ်းအတိုင်း လိုက်သွားရင် နဂါးနှစ်ကောင် တောင်ရိုးကို ရောက်တယ်။ အရှေ့ဘက်လမ်းကို လိုက်သွားရင် လေသာတောင်ခံမြို့ကို ရောက်သွားတယ်"

စုန်ကျန့်က ဝုဆုန်ဘက်သို့ လှည့်၍-

"ကဲ၊ နောင်ကြီးရေ။ ခင်ဗျားနဲ့ ကျုပ် ဒီကပဲ လမ်းခွဲရတော့မှာပဲ။ မခွဲခင် နှုတ်ဆက်တဲ့ အနေနဲ့ သုံးခွက်စီလောက် ချလိုက်ကြဦးစို့"

"နောင်ကြီးနဲ့အတူ ခပ်လှမ်းလှမ်းအထိ လိုက်ခဲ့ဦးမယ်လေ"

"မလိုက်ပါနဲ့ဗျာ။ ရပါတယ်။ "မိတ်ဆွေတယောက်ကို ခရီးတိုင်တသောင်းအထိ လိုက် ပို့ပေမယ့် တနေရာရောက်ရင်တော့ ခွဲရမှာပဲ"ဆိုတဲ့ စကားအရှိသား မဟုတ်လား။ နောင်ကြီး ရဲ့ခရီးက ရှည်တယ်။ ဒီတော့ နောင်ကြီးခရီးကိုပဲ အာရုံပြုပါ။ လိုရာခရီးကို မြန်မြန်ရောက်ပါစေလို့ လည်း ဆုတောင်းပါတယ်။ ဂိုဏ်းထဲရောက်ရင် အရက်တွေကိုလည်း သိပ်သောက်မနေနဲ့နော်။ ဘုရင်ကေရာဇ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးရင် ဗိုလ်မှတ်ကျော်နဲ့ ရှင်ဉာဏ တို့ကိုလည်း လက်နက်ချဖို့ တိုက်တွန်းပါဗျာ။ တနေ့ကျရင် နယ်စပ်က ရန်သူတွေကို တိုက်ချင် တိုက်နေရဦးမှာ။ အဲဒီအခါကျရင် ခင်ဗျားရဲ့ သားမယားတွေအတွက် ဂုဏ်ယူတဲ့ အလုပ်မျိုးကို လုပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ သေတဲ့အခါမှာလည်း နာမည်ကောင်း ကျန်ရစ်ခဲ့ပါစေ။ အချည်းနှီး အသက်မရှင်ပါနဲ့။ ကျုပ်ကတော့ အရည်အချင်း သိပ်ရှိလှတဲ့ လူတယောက် မဟုတ်ပါဘူး။ ကျုပ်ဟာ ဘုရင်ကေရာဇ်ကို သစ္စာရှိသူတယောက် ဖြစ်ပေမယ့် ကြီးပွားစရာလမ်း မရှိတော့ပါဘူး။ နောင်ကြီးကတော့ ရဲရင့်သူတယောက် ဖြစ်တဲ့ အတွက် ကြီးကျယ်တဲ့အလုပ်တွေကို လုပ်နိုင်မှာပါ။ ဉာဏ်မရှိ၊ ပညာမရှိတဲ့ ကျုပ် ပြောလိုက်တဲ့ စကားကလေးတွေကိုတော့ သတိရပါနော်။ တနေ့တော့ ပြန်တွေ့ကြဦးများပေါ့။"

ဝုဆုန်သည် သူ့စကားများကို နားထောင်နေ၏။ သူတို့နှစ်ယောက်သည် ဘုံဆိုင် တဆိုင်သို့ ဝင်၍ သောက်စားပြီးနောက် ကျသင့်ငွေကို ရှင်းကာ မြို့အစွန်ရှိ လမ်းခွဆုံ ရောက်လျှင် ခွဲခွာလာခဲ့ကြ၏။ ဝုဆုန်က လေးကြိမ်မျှ ဂါရဝပြု၏။

စုန်ကျန့်၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေ၏။

"ကျုပ် ပြောတာကို မမေ့နဲ့နော်။ အရက်သိပ်မသောက်ပါနဲ့။ ကိုယ့်ကိုယ်ကိုယ် ဂရု စိုက်ပါ"

ဝုဆုန်သည် အနောက်ဘက်သို့ သွားသည့် လမ်းအတိုင်း လိုက်လာခဲ့၏။ ဝုဆုန်သည် နဂါးနှစ်ကောင်တောင်တန်းရှိ ဗိုလ်မှတ်ကျော်နှင့် ရှင်ဉာဏတို့ ဂိုဏ်းသို့ ဝင်ရန် လာခဲ့ခြင်း ဖြစ်ကြောင်းကို သတိပြုပါလေ။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

စုန်ကျန့်သည် အရှေ့ဘက်လမ်းအတိုင်း လိုက်ခဲ့ကာ လေသာတောင်ဆီသို့ လာခဲ့၏။ သူ့ စိတ်ထဲတွင် ဝုဆုန်အကြောင်းကိုသာ တွေးလာခဲ့၏။ ရက်အတန်ကြာ လာခဲ့မိသည့်အခါတွင် အဝေး၌ တောင်တန်းကြီးများကို မြင်ရလေပြီ။ တောင်တန်းကြီးများမှာ ပုံမကျ ပန်းမကျ သောအသွင်ကို ဆောင်လျက် တတောင်လုံး သစ်ပင်တို့ ထူထပ်စွာ ပေါက်လျက် ရှိ၏။ စုန်ကျန့်သည် ထိုတောင်တန်းကြီးများကို အတန်ကြာ နှစ်ခြိုက်စွာ ငေးကြည့်နေ၏။ ထို့နောက် စုန်ကျန့်သည် ထိုတောင်ပေါ်သို့ ရောက်ချင်ဇောဖြင့် နားနေခြင်းပင် မပြုတော့ဘဲ ခရီးကို ဆက်ခဲ့လေ၏။

မိုးချုပ်မှန်းမသိဘဲ မိုးချုပ်လာခဲ့သည်တွင် စုန်ကျန့်သည် ကြောက်လန့်တကြားဖြင့် ပတ်ဝန်းကျင် ကြည့်၏။ "နွေရာသီဆိုရင် တောထဲမှာ အိပ်လို့ ဖြစ်မှာပါပဲ။ ဒါပေမဲ့ ဆောင်းလယ်ကြီးဆိုတော့ နှင်းခါးတွေ ရောက်ပြီး လေကလည်း တော်တော်ကို စိမ့်နေအောင် တိုက်နေတယ်။ ညဆိုရင်တော့ တော်တော်အေးမှာပဲ။ ပြီးတော့ ကျားတို့၊ ကျားသစ်တို့ ဆိုတဲ့ သားရဲတိရစ္ဆာန်တွေလည်း ရှိမှာပဲ။ ဒီသားရဲတွေကို ရင်မဆိုင်နိုင်ရင် ငါ့အသက် ဆုံးရှုံးဖို့ပဲ ရှိတော့တယ်" ဟု တွေးနေ၏။

သို့ဖြင့် စုန်ကျန့်သည် အရှေ့စူးစူးသို့ နာရီတစိတ်လောက် ဆက်၍ လာခဲ့ရာ ရှေ့သို့ တိုးလာသည်နှင့်အမျှ စိုးရိမ်စိတ်တို့သည်လည်း များသည်ထက် များလာခဲ့လေပြီ။ စုန်ကျန့် သည် မှောင်ကြီးထဲတွင် ဆက်၍ လာခဲ့ရာ လမ်းတွင် တားထားသည့် ကြိုးတချောင်းကို ဝင်တိုက်မိ၏။ ထိုကြိုးကို တိုက်မိသည်နှင့် တောထဲမှ ခေါင်းလောင်းမြည်သံ ပေါ်လာ၏။ ဓားပြနှစ်ကျိပ်ခန့်တို့သည် ကြောက်လန့်စဖွယ် အော်ဟစ်ကာ ပြေးလာကြ၏။ ဓားပြ များသည် စုန်ကျန့်ကို ဖမ်းဆီး တုပ်နှောင်ပြီးနောက် သူ့မှိန်းနှင့် အထုပ်အပိုးကို ယူကြ၏။ မီးတုတ်များကို မီးညှိပြီးနောက် ဓားပြများသည် စုန်ကျန့်ကို တောင်ပေါ်သို့ ခေါ်သွားကြ၏။

စုန်ကျန့်သည် သူ့ကံကြမ္မာကိုသာ အားကိုးရတော့မည်ဟု ညည်းတွားခြင်း ပြုရုံသာ တတ် နိုင်၏။ ခဏကြာလျှင် လူဆိုးများ၏ ခံတပ်သို့ ရောက်သွားကြလေ၏။

မီးတုတ်များမှ အရောင်ကြောင့် သစ်သားတန်းများကို ရိုက်ထားသည့် ခြံဝင်းတခုရှိပြီး အလယ်တွင် ခန်းဆောင်တခုကိုလည်း မြင်ရ၏။ ခန်းဆောင်ထဲတွင် ကျားရေခင်းထား သည့် ကုလားထိုင် သုံးလုံး ရှိ၏။ ထိုခန်းဆောင်ကြီး၏ နောက်တွင်မူ သက်ငယ်တဲ တရာ လောက် ရှိ၏။ တောပုန်းများသည် စုန်ကျန့်ကို ပေါက်စီလုံးကဲ့သို့ ဖြစ်အောင် တင်းကျပ်စွာ တုပ်နှောင်ကာ တိုင်တတိုင်တွင် ချည်ထားကြ၏။

ခန်းဆောင်ထဲတွင် ရှိသည့် တာဝန်ကျသူတယောက်က-

"ဆရာကြီးတော့ အိပ်ရာထဲ ရောက်နေပြီ။ ခုသွားပြီး သတင်းမပို့နဲ့ဦး။ တရေးနိုးလို့ အမူးပြေတော့မှ ဆရာကို ဖိတ်ပြီး ဒီနွားရဲ့ အသည်းနှလုံးနဲ့ အသည်းကို ပြုတ်ထားတဲ့ ဟင်းချိုကလေး တိုက်ရမယ်။ တို့လည်း အသားလတ်လတ်ဆတ်ဆတ် စားရတာပေါ့"

"ဩော်၊ ငါ့ကံနှယ် ဆိုးလိုက်တာ။ ဘာမဟုတ်တဲ့ ပြည့်တန်ဆာမတယောက်ကို သတ်ခဲ့မိလို့ ခုတော့ ငါ့မှာ ဒီအဖြစ်မျိုး ကြုံရပြီ။ ငါတော့ အရိုးတွေကို ဒီမှာပဲ ထားပစ်ခဲ့ရတော့ မှာ ထင်ပါရဲ့" ဟု စုန်ကျန့် တွေးလျက်ရှိ၏။

လူဆိုးများသည် မီးအိမ်များ၊ ဖယောင်းတိုင်များကို ထွန်းညှိလိုက်လေရာ ခန်းဆောင် တခုလုံး လင်းထိန်လျက်ရှိ၏။ စုန်ကျန့်မှာလည်း တကိုယ်လုံး အေးစက်သွားကာ မလှုပ်မရှားနိုင်ဘဲ တောင့်တောင့်ကြီး ဖြစ်နေ၏။ စုန်ကျန့်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက် ပြီးနောက် ခေါင်းကို ငုံ့ကာ သက်ပြင်းကြီးကို ချနေ၏။

သန်းခေါင်ကျော်လောက်တွင်မူ ခန်းဆောင်နောက်ဖေးဘက်ဆီမှ လူဆိုး လေး ငါးဦး ထွက်လာ၏။ "ဆရာကြီး နိုးလာပြီဟေ့" ဟု ဆိုကာ မီးအိမ်များ၊ ဖယောင်းတိုင်များကို ပို၍ လင်းအောင် ထွန်းလိုက်ကြ၏။ စုန်ကျန့်သည် သူတို့နောက်မှ ပေါ်လာသော လူကို တိတ်တိတ်ခိုး၍ ကြည့်လိုက်၏။ ထိုလူမှာ ခေါင်းတွင် ပဝါနီကြီးတထည်ကို ပေါင်းထားပြီး စွန်ပလွံ့ သီးရောင် နီရဲသော ဂွမ်းကပ်အင်္ကျီကြီးတထည်ကို ဝတ်ထား၏။ ခေါင်းဆောင်သည် အလယ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ထိုလူစွမ်းကောင်းမှာ ရှန်တောင်ပြည်နယ်၊ လိုင်ကျို့ခရိုင်မှ ဖြစ်၏။ သူ့အမည်မှာ ယန်ရှွင့် ဖြစ်ပြီး ဗိုလ်ကျားသစ်ဟု အမည်တွင်၏။ မူလက သူသည် သိုးနှင့် မြင်းကုန်သည် ဖြစ်၏။ ထို့နောက် စီးပွားပျက်သွားကာ တောပုန်း ဖြစ်လာခဲ့၏။ အလယ်ကုလားထိုင်တွင် ထိုင်လျက်ရှိသည့် ဗိုလ်ကျားသစ်မှာ ယခုအချိန်တွင် အမူးပြေလျက် ရှိလေပြီ။

“ဟေ့ကောင်တွေ။ ဒီနွားထီးကို ဘယ်က ဖမ်းမိခဲ့တာလဲ”

“ကျွန်တော်တို့က တောင်စွယ်နောက်မှာ ပုန်းနေကြတုန်း တောထဲက ခေါင်းလောင်း မြည်သံကြားလို့ သွားကြည့်တော့ ဒီနွားထီးဟာ အထုပ်ကလေးထမ်းပြီး လာနေတာ တွေ့ရပါတယ် ဗိုလ်ကြီး။ လမ်းမှာ ကျွန်တော်တို့ ထောင်ထားတဲ့ ခလုတ်ကြိုးကို တက်နင်းမိတာနဲ့ ခေါ်လာတာပါ။ ဗိုလ်ကြီး အမူးပြေ ဟင်းချိုကလေး ဘာလေး သောက်ရအောင်ဆိုပြီး ခေါ်လာခဲ့တာပါ”

“ကောင်းတယ်၊ ကောင်းတယ်။ တခြားဗိုလ်နှစ်ယောက်လည်း သွားခေါ်ချေဦးကွာ” တပည့်အချို့ ထွက်သွားပြီးနောက် အတန်ကြာလျှင် လွန်စွာ ထီမထင်သော အသွင် ဖြင့် ဝင်ရောက်လာသည့် အခြား တောပုန်းဗိုလ်နှစ်ယောက်ကို မြင်ရ၏။ လက်ဝဲဘက်မှ လူမှာ အရပ်ပုပုဖြစ်ပြီး လွန်စွာ တောက်ပသော မျက်လုံးများ ရှိ၏။ ထိုလူမှာ ဟွေဟယ် မြစ်ဝှမ်းသားဖြစ်ပြီး အမည်မှာ ဝမ်ယင့်ဟု ခေါ်ပြီး ဗိုလ်ကျားပုဟု အမည်တွင်၏။ လှည်းသမားတယောက် ဖြစ်ခဲ့ပြီး လမ်းတွင် လောဘဇောတိုက်ကာ ကုန်သည်တယောက်ကို လုယူခဲ့၏။ ထို့နောက် ထောင်ကို ဖောက်၍ ထွက်ပြေးလာကာ လေသာတောင်စခန်းသို့ ရောက်လာခဲ့၏။ သူနှင့် ယန်ရှွင့်တို့သည် တောပုန်းများ ဖြစ်လာခဲ့ကြကာ တောတောင် များထဲသို့ ရောက်လာကြခြင်းဖြစ်၏။

လက်ယာဘက်မှ လူမှာ အသားဖြူဖြူ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့အပြင် မေးတွင်လည်း မုတ်ဆိတ်ကလေးနှင့် ဖြစ်၏။ ထိုသူမှာ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ပခုံးကျယ်ကျယ်နှင့် ရုပ်ရည်ချောမော ခံ့ညားသူတယောက် ဖြစ်၏။ သူ့ခေါင်းတွင် ပဝါနီကြီးတထည် ကိုလည်း စည်းထား၏။ သူသည် ဆူကျို့နယ်သား ဖြစ်ပြီး သူ့အမည်မှာ ချန်တန်ရှူ ဖြစ်လေ၏။ ဥပဓိရုပ်ကောင်းသည်ကို အစွဲပြု၍ သူ့ကို ဗိုလ်ရုပ်ချောဟု ခေါ်ကြ၏။ ဗိုလ်ရုပ်ချောသည် ငယ်စဉ်ကတည်းက ပန်းတိမ်လုပ်ခဲ့သူ ဖြစ်ပြီး လှံအတတ်နှင့် သိုင်းအတတ်တို့တွင် ဝါသနာ ထုံသူ ဖြစ်၏။ တဖြည်းဖြည်းနှင့် ဗိုလ်ရုပ်ချောသည် ရဲညီနောင်အသိုက်အဝန်းထဲသို့ ရောက်လာခဲ့၏။ လေသာတောင်သို့ အဖြတ်တွင် ဗိုလ်ကျားပုနှင့် တွေ့ပြီး အချီ လေး ငါးဆယ်ခန့် တိုက်ခိုက်ကြသည်တွင် တယောက်နှင့် တယောက် နိုင်အောင် မတိုက်နိုင်ကြဘဲ ဖြစ်နေကြ၏။ ဤတွင် ဗိုလ်ကျားပုက သူ့ကို သဘောကျသွားကာ သူတို့စခန်းတွင် တတိယဗိုလ် အဖြစ် လုပ်ရန် ခေါ်လာခဲ့ခြင်း ဖြစ်၏။

တောပုန်းဗိုလ် သုံးယောက်စလုံးသည် နေရာယူပြီးကြလေပြီ။ ဗိုလ်ကျားပုက-

“ကဲ၊ ဟေ့ကောင်တွေ။ စကြစို့ဟေ့။ အဲဒီနွားထီးရဲ့ နှလုံးနဲ့ အသားကို လှီးပြီး

ငရုတ်ကောင်း စပ်စပ်ချဉ်ချဉ်ကလေးနဲ့ အမူးပြေ ဟင်းချိုရည်ကလေး သောက်ကြရအောင်”

တပည့်တယောက်သည် ရေအပြည့်ထည့်ထားသည့် ကြေးဇလုံကြီးတလုံးကို ယူလာ ကာ စုန်ကျုန့်၏ ရှေ့သို့ လာ၍ချ၏။ အခြားတယောက်မှာ အင်္ကျီလက်ကို ပင့်တင်ကာ အသားလှီးသည့် ဓားကြီးကို ကိုင်ထား၏။ ပထမလူသည် ကြေးဇလုံကြီးထဲမှ ရေကို လက်ခုပ်ဖြင့် ခပ်လိုက်ပြီးလျှင် စုန်ကျုန့်၏ ရင်ဘတ်ကို ဆေးကြောပွတ်တိုက်နေ၏။ ရေအေးဖြင့် ပွတ်တိုက်လိုက်သဖြင့် သွေးတို့သည် ကျဲသွားကာ နှလုံးနှင့် အသည်းတို့ကို လှီးထုတ်ယူလိုက်သည့်အခါတွင် ခပ်ဆတ်ဆတ်ဖြစ်နေပြီး အရသာရှိသော ဟူ၏။

ထို့နောက် ထိုလူက စုန်ကျုန့်၏ မျက်နှာကို ရေဖြင့် ပက်လိုက်၏။

“တောက်၊ စုန်ကျုန့်လိုလူ ဒီမှာ လာသေရတာ နာလိုက်တာကွာ” ဟု စုန်ကျုန့်က တယောက်တည်း ပြောရင်း သက်ပြင်းချလိုက်၏။

မိုလ်ကျားပုက ထိုစကားကို ကြားလိုက်သဖြင့် သူ့လူများဘက်သို့ လှမ်း၍ လက်ကာ ပြကာ-

“ဟေ့၊ နေဦး နေဦး။ စုန်ကျုန့်ဆိုတဲ့ ပြောသံ ကြားလိုက်တယ်”

“ဟုတ်ပါတယ်။ စုန်ကျုန့်လိုလူ ဒီမှာလာပြီး သေရတာ နာလိုက်တာကွာလို့ ပြောပါ တယ်”

မိုလ်ကျားပုသည် ထိုင်ရာမှ ထလာကာ-

“ဗျို့လူ။ ခင်ဗျား စုန်ကျုန့်ဆိုတဲ့ လူကို သိသလား”

“စုန်ကျုန့်ဆိုတာ ကျုပ်ပဲ”

မိုလ်ကျားပုသည် အနီးသို့ ထပ်၍ တိုးလာကာ-

“ခင်ဗျားက ဘယ် စုန်ကျုန့်လဲ”

“စုချောင်နယ်က စုန်ကျုန့်ဗျ။ ယွန်ကျင့်နယ် မြို့ဝန်ရုံးက စာရေးလုပ်တယ်”

“ရှန်တောင်ပြည်နယ်က ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျုန့် မဟုတ်လား။ မရန်ကို သတ်ပြီး ရှောင်တိမ်းနေတဲ့ လူလေ။ ရဲညီနောင်အသိုက်အဝန်းက စုန်ကျုန့်လေ”

“ဟုတ်တယ်။ ကျုပ်ပဲ။ ခင်ဗျားက ဘယ့်နှယ်လုပ် သိနေသလဲ”

ဗိုလ်ကျားပုသည် အံ့အားသင့်လျက်ရှိကာ တပည့်ထံမှ ဓားကို ဆွဲယူလိုက်ပြီးနောက် စုန်ကျန့်ကို ချည်ထားသည့် ကြိုးများကို ဖြတ်တောက်ပေး၏။ ထို့နောက် သူ့ပခုံးပေါ်တွင် ခြုံထားသည့် စွန်ပလွံသီး အနီရောင်ဝတ်ရုံကြီးကို စုန်ကျန့်၏ ပခုံးပေါ်သို့ ခြုံပေးကာ အလယ် ကုလားထိုင်သို့ ခေါ်သွားပြီး ကျကျနန အထိုင်ခိုင်း၏။ ဗိုလ်ကျားပုသည် ယန်ရွှင့်နှင့် ချန်တန်ရှုတို့နှင့်တကွ ကျန်အောက်လက်ငယ်သားများကိုလည်း ဒူးထောက်၍ အရိုအသေ ပေးရန် ပြော၏။ စုန်ကျန့်က သူတို့ကို ပြန်၍ ဂါရဝပြု၏။

"နောင်ကြီးတို့ ကျုပ်ကို မသတ်တဲ့အပြင် ခုလို ဂုဏ်ပြုတာက ဘာသဘောလဲဗျာ"ဟု စုန်ကျန့်က မေး၏။

သူတို့သုံးယောက်သည် ဒူးထောက်ထိုင်နေရာမှ ဗိုလ်ကျားပုက-

"ကျွန်တော့်မျက်လုံးကို ဒီဓားနဲ့ ထိုးဖောက်ပစ်လိုက်ဖို့ပဲ ကောင်းတော့တယ်ဗျာ။ ကြည့်စမ်းပါဦး။ လူကောင်းတယောက်ကို ဒီလောက်တောင် မမှတ်မိရကောင်းလား။ နောင်ကြီးကိုသာ ကျွန်တော် မမေးလိုက်ရင် တကယ့်သူရဲကောင်းတယောက် ဆုံးရှုံးရတော့မှာပါလား။ ခု နောင်ကြီးက ထုတ်ပြောလို့ ကျွန်တော် သိရတာပါကလား။ နို့မို့ရင် ဘယ်တော့မှ သိမှာ မဟုတ်တော့ဘူး။ ကျွန်တော် တောထဲရောက်တဲ့ ဆယ်နှစ်အတော အတွင်းမှာ နောင်ကြီးဟာ ဘယ်လောက် သဘောထားကြီးပြီး ဘယ်လောက် သမာသမတ် ရှိတယ်ဆိုတာ သူရဲကောင်းတွေ မကြာခဏ ပြောတာကို ကျွန်တော် ကြားခဲ့ပေါင်း များလှပြီ။ နောင်ကြီးဟာ အခက်အခဲ တွေ့တဲ့လူတွေကို ကူညီတယ်၊ ဒုက္ခရောက်တဲ့ လူတွေကို ကယ်ဆယ်ခဲ့တယ်ဆိုတာကို ကျွန်တော် မကြာခဏ ကြားခဲ့ဖူးပြီ။ ဒီလိုလူမျိုးကို မတွေ့ရတာ ငါ့ကံခေလို့ပဲလို့ အောက်မေ့ခဲ့မိဖူးတယ်။ ဒီနေ့တော့ ဘုရားအလိုတော်အရ ကျွန်တော် တွေ့ခွင့်ရပြီ။ ကျွန်တော် အူလှိုက်သည်းလှိုက် ပျော်တယ်ဗျာ"

"ကျွန်တော့်အပေါ်မှာ ဒီလောက် ညှာတာ သနားရလောက်အောင် ကျွန်တော့်မှာ ဘယ်လို အရည်အချင်းကောင်းတွေ ရှိလို့လဲဗျာ။ ဘာမှ မရှိပါဘူး"

"နောင်ကြီးဟာ အရည်အချင်းရှိတဲ့ လူတွေအပေါ်မှာ ထောက်ထားတယ်။ ညှာတာ သနားတတ်တယ်။ နောင်ကြီးဟာ သတ္တိရှိတဲ့ လူစွမ်းကောင်းတွေရဲ့ အဖော်ဖြစ်တယ်။ ဒါကြောင့် နောင်ကြီးရဲ့အမည်ဟာ နီးဝေးအနှံ့ ကျော်ကြားတယ်။ ဒီလို ပုဂ္ဂိုလ်တယောက်ကို မလေးစားတဲ့လူ ဘယ်သူ ရှိမှာလဲ။ လျှံရှန်းတောင်ရိုးက ခံတပ်ဟာ အားကောင်းနေတယ်။ ဒါကို အားလုံးအသိပဲ။ ဒါဟာ နောင်ကြီးရဲ့ ကျေးဇူးကြောင့်ပါ။ နို့ နေစမ်းပါဦး။ ခု ဘာဖြစ်လို့ ဒီကို တယောက်တည်း ရောက်လာတာလဲ"

စုန်ကျန့်က ကျောက်ခဲအား မည်သို့ ကယ်ဆယ်ခဲ့ပုံ၊ မရန်ကို မည်သို့ သတ်ခဲ့ပုံ၊ သခင် ကျဲ့နှင့် မြေရှင်ကုန်၏ အိမ်တွင် မည်မျှ ကြာကြာနေထိုင်ခဲ့ပုံ၊ ယနေ့ လေသာတောင်စခန်း တွင် ရှိသည့် ဟွရုံတို့ဆီ လာခဲ့ပုံတို့ကို ပြောပြ၏။ တောပုန်းဗိုလ်သုံးယောက်တို့သည် သူ့ စကားများကို ဝမ်းမြောက်ဝမ်းသာ နားထောင်ကြ၏။ ထို့နောက် စုန်ကျန့်အား အဝတ်အစားများ ပေးကာ သိုးများနှင့် မြင်းများကို ပေါ်စေပြီးလျှင် ထိုညတွင် စားသောက်ပွဲကြီး တည်ခင်းကြ၏။ မိုးလင်းခါနီးအထိ စားသောက်ကြပြီးလျှင် တပည့်များက စုန်ကျန့်အား အိပ်ရာသို့ လိုက်ပို့ကြ၏။

နောက်တနေ့မနက်၌ စုန်ကျန့်သည် အိပ်ရာစောစွာထကာ လမ်းတွင် တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြ၏။ ထို့ပြင် ဝုဆုန်၏အကြောင်းကို ပြောပြသည့်အခါတွင် တောပုန်းဗိုလ် သုံးယောက်တို့က ပေါင်ကို ဖျတ်ခနဲ ပုတ်ကာ-

“ဒီလိုလူမျိုးနဲ့ မတွေ့ရတာ ကျွန်တော်တို့ ကံဆိုးတာပဲဗျာ။ ဒီကိုလာရင် သိပ်ကောင်းမှာ”

စကားသိမ် စကားဖျင်းတို့ကို မပြောတော့ပြီ။ စုန်ကျန့်သည် တောင်ရိုးပေါ်တွင် ခုနစ် ရက်ခန့် နေ၏။ တောပုန်းဗိုလ်များကလည်း သူ့ကို စားကောင်းသောက်ဖွယ်တို့ဖြင့် ကောင်းစွာ ဧည့်ခံကြ၏။ ထိုအကြောင်းတို့ကို မပြောတော့ပြီ။

အချိန်မှာ နှစ်ကုန် နောက်ဆုံးလ ဖြစ်သည့်အတွက် ရှန်တောင်နယ်သူနယ်သား များသည် သူတို့ ဘိုးဘွားမိဘများ၏ သင်္ချိုင်းသို့ လာရောက်ကန်တော့ကြသည့် လ ဖြစ်၏။ “လမ်းပေါ်မှာ သံလျင်တစီး လာနေတယ်။ နောက်ကလည်း လူတကျိပ်လောက် သေတ္တာတွေကို ထမ်းလာကြတယ်။ ဘိုးဘွားတွေရဲ့ သင်္ချိုင်းကို လာပြီး ပိုက်ဆံစက္ကူ ကန်တော့တာ ထင်တယ်” ဟု အစောင့်ကျနေသည့် တောပုန်းတယောက် သတင်းပို့၏။

ဗိုလ်ကျားပုမှာ အလိုရမ္မက်ကြီးသူတဦး ဖြစ်၏။ သံလျင်ဖြင့် လာသူမှာ အမျိုးသမီး တဦး ဖြစ်ရမည်ဟု ယူဆ၏။ ထို့ကြောင့် ဗိုလ်ကျားပုသည် သူနှင့်အတူ နောက်လိုက်နောက်ပါ လေးဆယ်ခန့်ကို ခေါ်၍ တောင်အောက်သို့ ဆင်းသွား၏။ စုန်ကျန့်နှင့် ယန်ရွှင့်တို့က တားသည်ကိုပင် လက်မခံချေ။ သူတို့တသိုက်သည် မောင်းများ တီးကာ လှံများ၊ ဓားများကို ဝှေ့ယမ်းသွားကြ၏။ စုန်ကျန့်နှင့် ကျန်တောပုန်းဗိုလ် နှစ်ယောက်တို့မှာ စခန်းတွင် အရက် သောက်၍ ကျန်ရစ်ခဲ့ကြ၏။ ဗိုလ်ကျားပုတောင်အောက်သို့ဆင်းသွားသည်မှာ နာရီနှစ်မောင်း သုံးမောင်းခန့် ကြာသွားလေပြီ။ ထိုစဉ် ကင်းထောက်တယောက် ပြန်ရောက်လာကာ-

“ဗိုလ်ကြီးတော့ ဟိုလူသိုက်ကို မီသွားပြီ ခင်ဗျ။ အစောင့်လိုက်လာတဲ့

တပ်သားတွေ လည်း ပြန်ပြေးကြပြီ။ သင်္ချိုင်းပေါ်မှာ ပါလာတဲ့ အမျိုးသမီးတယောက်ကို ဖမ်းထားတယ်။ အဖိုးတန်ပစ္စည်းဆိုလို့ ငွေအမွှေးတိုင်အိုးတလုံးပဲ ပါတယ်”

“အမျိုးသမီးကို ဘယ်ခေါ်သွားသလဲ”

“တောင်စောင်းမှာရှိတဲ့ သူ့တဲကို ခေါ်သွားတယ်ခင်ဗျ”

ယန်ရှင့်က ရယ်လိုက်သည်။

“နောင်ကြီးကျားပုက တယ်ပြီးတော့လည်း မိန်းမဝါသနာပါတာကိုး။ ရဲရင့်တဲ့လူ ဆိုတာ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲဗျာ” ဟု စုန်ကျန့်က ပြောလေ၏။

“ဒို့ပြင် နေရာတွေမှာတော့ ဒီလူက သဘောထားကြီးပါတယ်။ ဒါပေမဲ့ မိန်းမနဲ့ ပတ်သက်လာရင် အားနည်းတယ်ဗျ”ဟု ယန်ရှင့်က ဝန်ခံ၏။

“ဒီလိုဆိုရင် သူနဲ့ စကားနည်းနည်း ပြောချင်တယ်ဗျာ။ နောင်ကြီးတို့နှစ်ယောက် လိုက်ခဲ့ကြပါလား”

ချန်တန်ရှူနှင့် ယန်ရှင့်တို့သည် စုန်ကျန့်နှင့်အတူ တောင်စောင်းရှိ ဗိုလ်ကျားပု၏ တဲစခန်းသို့ လာ၏။ သူတို့သည် တံခါးကို ဖွင့်ဝင်ခဲ့ကြ၏။ ဗိုလ်ကျားပုမှာ အမျိုးသမီးကို ပွေ့ဖက်ကာ တောင်းပန်လျက်ရှိသည်။ သူတို့သုံးယောက်ကို မြင်သည့်အခါ၌ ဗိုလ်ကျားပု သည် အမျိုးသမီးအား ဘေးသို့ ဖယ်လိုက်ကာ သူတို့သုံးယောက်ကို နေရာထိုင်ခင်းပေး၏။

စုန်ကျန့်သည် အမျိုးသမီးဘက်သို့ လှည့်၍-

“ကျုပ်နှမကြီးရဲ့ မိသားစုများ ဘယ်ကလဲ။ ဘာကိစ္စ ဒီနေရာကို လာရတာလဲ။ ဘာများ အရေးတကြီးကိစ္စ ရှိလို့လဲ”

အမျိုးသမီးသည် ရှက်ရွံ့ဟန်ဖြင့် ရှေ့သို့ တိုးလာကာ သူတို့သုံးယောက်ကို ဂါရဝပြုရင်း-

“ကျွန်မက လေသာတောင်ခံမြို့က တပ်ဗိုလ်ရဲ့ ဇနီးပါရှင်။ ကျွန်မအမေဆုံးတာ တနှစ် ပြည့်တဲ့နေ့ပါ။ ဒါကြောင့် အမေ့ရဲ့ ဂူကို သွားပြီး ကန်တော့မလို့ လာခဲ့တာပါ။ ကျွန်မ ဒီလို ဘယ်တော့မှ ဝေးဝေးမသွားဖူးပါဘူး။ ကျွန်မအသက်ကို ကယ်ကြပါ ဗိုလ်ကြီးတို့ရယ်”

စုန်ကျန့်မှာ အံ့အားသင့်လျက်ရှိ၏။

“ငါလည်း လေသာတောင်ခံမြို့ကို သွားမလို့ ထွက်လာခဲ့တာပဲ။ လေသာတောင် ဗိုလ်ဟွရုံရဲ့ ဇနီးများ ဖြစ်နေမလားမသိဘူး။ ငါ သူ့ကို ဘယ်လိုလုပ်ပြီး ကယ်ရပါ့မလဲ” ဟု စုန်ကျန့် တွေးနေ၏။

“လေသာတောင်ခံမြို့က ဗိုလ်ဟွရုံရဲ့ ဇနီး ဆိုရင် ကျုပ်နှမကြီးရဲ့ ခင်ပွန်းကကော ဘာဖြစ်လို့ လိုက်မလာတာလဲ”

“ကျွန်မက လေသာတောင်ခံမြို့က ဗိုလ်ဟွရုံရဲ့ ဇနီး မဟုတ်ပါဘူးရှင်”

“နို့ ကျုပ်နှမကြီးပဲ လေသာတောင်ဗိုလ်ရဲ့ ဇနီးဆို”

“လေသာတောင်ခံမြို့မှာ တပ်ဗိုလ်နှစ်ယောက် ရှိပါတယ်။ တယောက်က အုပ်ချုပ်ရေးဗိုလ်ပါ။ တယောက်က တိုက်ခိုက်ရေးဗိုလ်ပါ။ ကျွန်မယောကျ်ားက အုပ်ချုပ်ရေးဗိုလ် လျူကောက်ပါ”

“အင်း၊ ငါ့သွေးသောက် ဟွရုံရဲ့ လုပ်ဖော်ကိုင်ဖက်ရဲ့ ဇနီးဆိုပါလား။ ငါ မကယ်ရင် ဟိုရောက်ရင် ငါ ဘယ်လိုလုပ်ပြီး မျက်နှာပြရမလဲ”ဟု စုန်ကျန့် တွေးလျက်ရှိ၏။

စုန်ကျန့်သည် ဗိုလ်ကျားပုဘက်သို့ လှည့်၍-

“နောင်ကြီးကို အကြံတခုတော့ ပေးချင်တယ်ဗျာ။ နောင်ကြီးများ လက်ခံနိုင်မလား မသိဘူး”

“နောင်ကြီးပြောတာကို နားထောင်ဖို့ အဆင်သင့်ပါ”

“ကျုပ်တို့ ရဲညီနောင်အသိုင်းအဝိုင်းမှာ “ခြင်ဆီကို ဖြန်းတီး” တဲ့ လူများဟာ လူပြောစရာ ဖြစ်ပါတယ်ခင်ဗျာ။ အမျိုးသမီးဟာ ဘုရင်ဧကရာဇ်ရဲ့ အမိန့်နဲ့ မြှောက်စားခံရတဲ့ အမျိုးသမီးပါ။ ဒီတော့ ကျွန်တော့်မျက်နှာနဲ့ ရဲညီနောင်အသိုက်အဝန်းရဲ့ မျက်နှာကိုထောက်ပြီး ဒီအမျိုးသမီးကို သူ့ယောကျ်ားဆီ ပြန်ခွင့်ပေးလိုက်ပါ။ နောင်ကြီး ဘယ်လို သဘောရသလဲ”

“ဒီလိုဆိုရင် နောင်ကြီးကို ပြောရဦးမယ်။ ဒီစခန်းမှာ ကျွန်တော့်မှာ မိန်းမဆိုလို့ မူးလို့တောင် ရှူစရာမရှိဘူးဗျ။ ပြီးတော့ ဒီအရာရှိကြီးဆိုတဲ့ လူတွေဟာ လောကကြီးကို ဒုက္ခ ပေးနေကြတဲ့လူတွေ။ သူ့ယောကျ်ားကို ဘာဖြစ်လို့ စကားထဲ ထည့်ပြောနေရဦးမှာလဲ။ ဒီတခါတော့ ကျွန်တော့်ဆန္ဒကို လိုက်လျောပါဗျာ”

စုန်ကျန့်က ဒူးထောက်ထိုင်လိုက်လျက်-

“နောင်ကြီး မယားတယောက် လိုချင်တယ်ဆိုလို့ရှိရင်

မယားကောင်းတယောက်ကို ကျွန်တော် ရှာပေးပါ့မယ်။ မင်္ဂလာစရိတ်ကိုလည်း ကျွန်တော်ကပဲ အကုန်အကျခံပြီး နောင်ကြီးကို ပြုစုမယ့် မိန်းကလေးတယောက်ကို ရှာပေးပါ့မယ်။ ဒါပေမဲ့ ဒီအမျိုးသမီးကတော့ ကျွန်တော့်မိတ်ဆွေ တယောက်ဖြစ်တဲ့ အရာရှိတယောက်ရဲ့ ဇနီး ဖြစ်နေပါတယ်။ စိတ်ကောင်းစေတနာကို ပြတဲ့သဘောနဲ့ ပြန်လွှတ် လိုက်စေချင်တယ်ဗျာ'

ယန်ရှင့်နှင့် ချန်တန်ရှုတို့က စုန်ကျန့်ကို ဒူးထောက်ထိုင်ရာမှ အတင်း ဆွဲထူကြ၏။

"ကဲ၊ ထပါ နောင်ကြီးရာ။ ပြဿနာမရှိပါဘူး"

"ဒီလိုဆိုရင်တော့ တကယ့်ကို ကျေးဇူးတင်ပါတယ်ဗျာ"

စုန်ကျန့်သည် ထိုအမျိုးသမီးအား ကယ်ဆယ်ရန် ဆုံးဖြတ်ပြီးကြောင်းကို ယန်ရှင့်တို့ ကောင်းကောင်းသိကြ၏။ ထို့ကြောင့် ယန်ရှင့်သည် ဗိုလ်ကျားပု၏ အခြေအနေကို ဂရု မစိုက်နိုင်ဘဲ သံလျင်းထမ်းသူများကို အော်၍ ခေါ်၏။ အမျိုးသမီးမှာ စုန်ကျန့်ကို ရိုသေစွာ ရှိခိုးခြင်းပြု၏။

"ကျေးဇူးတင်လိုက်တာ ဗိုလ်ကြီးရယ်"

"ကျုပ်က ဒီမှာ ဗိုလ်ကြီး မဟုတ်ဘူးဗျ။ ယွန်ကျင့်နယ်က သာမန်ခရီးသွားတယောက် ပါ။ ကျုပ်ကို ဘာမှ ကျေးဇူးတင်မနေနဲ့" ဟု စုန်ကျန့်က ပြော၏။

အမျိုးသမီးသည် သံလျင်းထမ်းနှစ်ယောက် ထမ်းသည့် သံလျင်းပေါ်သို့ တက်ကာ ခံတပ်မှ ပြန်သွား၏။ မိမိတို့ အသက်ဘေးမှ လွတ်လာခဲ့သည့်အတွက် သံလျင်းထမ်း နှစ်ယောက်တို့သည်လည်း တောင်စောင်းသို့ ရောက်သည်နှင့် ခြေကုန်သုတ်၍ လာခဲ့ကြ၏။ မိမိတို့တွင် မွေးကတည်းက နောက်ထပ် ခြေနှစ်ချောင်း အပိုပါလာလျှင် ကောင်းလေစွဟုပင် တောင့်တမိကြသေး၏။

ဗိုလ်ကျားပုမှာ ရှက်အမ်းအမ်းဖြင့် မျက်နှာကြီးမှုန်ကာ တိတ်ဆိတ်လျက်ရှိလေ၏။ စုန်ကျန့်သည် သူ့ကို အိမ်ရှေ့ခန်းသို့ ဆွဲခေါ်လာခဲ့ကာ-

"နောင်ကြီး၊ ကျွန်တော့်အပေါ်ကို ဘယ်လိုမှ သဘောမထားနဲ့နော်။ ဘာပဲဖြစ်ဖြစ် နောင်ကြီးကို ပျော်ရွှင်မှုပေးနိုင်မယ့် မိန်းကလေးတယောက်ကို ကျွန်တော် မရအရ ရှာပေးပါ့မယ်။ စိတ်ချပါ။ ကျွန်တော် ကတိတလုံးကို မဖျက်ပါဘူး"

ယန်ရှင့်နှင့် ချန်တန်ရှုတို့က ရယ်နေကြ၏။ ဗိုလ်ကျားပုမှာ စိတ်မကျေမနပ်

ဖြစ်နေသည့်တိုင် ထုတ်ဖော်ပြ၍ မကောင်းပြီ။ စုန်ကျန့်သည် သူ့ကို ရက်ရောသဘောထားကြီးမှုဖြင့် ချည်နှောင်ထားလိုက်လေပြီ။ ဗိုလ်ကျားပုသည် ယင်ဦကျေးစွာပြုံးကာ စားသောက်ပွဲ ကျင်းပလျက်ရှိရာ ခံတပ်စခန်းအလယ်ကောင်သို့ လိုက်လာခဲ့၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

သံလျင်းကို တိုက်ခိုက်ယူ၍ ခေါ်ဆောင်သွားသည့်အခါ၌ အစောင့် လိုက်ပါလာသော တပ်သားများသည် လေသာတောင်ခံမြို့သို့ ပြေးလာခဲ့ကြကာ တပ်မှူးဖြစ်သူ လျူထံသို့ လာ၍ သတင်းပေးကြ၏။

"ဗိုလ်မှူးကတော်ကို လေသာတောင်မှာရှိတဲ့ တောပုန်းတွေက ဖမ်းသွားကြပြီ ခင်ဗျ"

"ခွေးမသားတွေ။ ငါ့မိန်းမကို ဒီအတိုင်းထားပြီး ထွက်ပြေးခဲ့ကြတယ်ပေါ့" ဟု ဆိုကာ တပ်မှူးလျူသည် တပ်သားများကို တင်းပုတ်ကြီးဖြင့် ရိုက်နှက်၏။

"ကျွန်တော်တို့မှာ တပ်သားခြောက်ယောက်တည်းရယ် ခင်ဗျ။ သူတို့ဘက်က တပ်သား သုံး လေးဆယ်လောက် ရှိတယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်မှ ခုခံနိုင်မှာ မဟုတ်ဘူး"

"ခွေးသားတွေ။ သွား၊ ငါ့မိန်းမကို ပြန်ခေါ်ချေကြ။ ခေါ်လို့မရရင် မင်းတို့အားလုံးကို ထောင်ထဲ ထည့်ပစ်မယ်"

သူတို့အဖို့ ရွေးစရာလမ်း မရှိတော့ပြီ။

ဤတွင် အစောင့်လိုက်ပါသွားသူတို့က သူတို့အား နောက်ထပ် တပ်သားခြောက်ဆယ် ခုနစ်ဆယ်ခန့် ထည့်ပေးရန် တောင်းကြ၏။ တပ်သားများသည် ဓားများ၊ လှံများ စသည့် လက်နက်များကို ကိုင်ဆောင်ကာ ထွက်သွားကြ၏။ လမ်းတဝက်သို့ ရောက်သည့်အခါတွင် မိမိတို့ဆီသို့ အပြေးလာနေသော သံလျင်းကို မြင်ရလေ၏။

"ဗိုလ်မှူးကတော် ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ ခင်ဗျ" ဟု သူတို့က ဗိုလ်မှူး လျူ၏ဇနီးကို မေးကြ၏။

"ငါဘယ်သူလဲဆိုတာ ပြောလိုက်တော့ သူတို့အားလုံး ဖိန့်ဖိန့်တုန်အောင် လန့်သွား ကြတယ်။ ဒီတင် ငါ့ကို အရိုအသေပေးပြီး သံလျင်းသမားတွေကို ပြန်ထမ်းသွားဖို့ ပြောတော့တာပဲ"

"ဗိုလ်မှူးကတော်ရယ်၊ ကျွန်တော်တို့ကို သနားပါ ခင်ဗျာ။ ဟိုရောက်လို့ရှိရင် ကျွန်တော်တို့က တိုက်ခိုက်ပြီး ကယ်လာရတယ်လို့ ဗိုလ်မှူးကို ပြောပေးပါ။

ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ အားလုံး အရိုက်ခံရပါလိမ့်မယ်”

“ငါ သိပါတယ်။ ဒီလောက်လည်း ကြောက်မနေကြပါနဲ့”

တပ်သားများသည် ဗိုလ်မှူးကတော်အား ကျေးဇူးတင်လျက်ရှိကာ သံလျင်းဘေး ပတ်ပတ်လည်တွင် ဝိုင်းအုံကာ စောင့်ကြပ်လိုက်ပါလာကြ၏။ အပြန်ခရီးတွင် အထမ်းသမားတို့ ခြေသွက်လျက်ရှိသဖြင့် သူတို့ကိုယ်တိုင်ပင် အံ့သြနေကြ၏။

“ဟေ့ကောင်တွေ။ မြို့ထဲမှာ သံလျင်းထမ်းလာတယ်ဆိုရင် မင်းတို့နှစ်ယောက်ဟာ ဘဲသွားသလိုပဲ၊ ကွတကွတနဲ့။ ဒီနေ့ ဘာဖြစ်လို့ ဒီလောက် သွက်နေရတာလဲ”

“အမှန်ကတော့ ကျွန်တော်လည်း တော်တော်လေးတော့ မောနေပြီ ခင်ဗျ။ ဒါပေမဲ့ ခေါင်းက နောက်စေ့က ကျွန်တော်တို့ကို အတင်းမောင်းလွှတ်နေတယ်”

တပ်သားများက ရယ်လိုက်ကြ၏။

“ဟေ့ကောင်တွေရ။ တစ္ဆေသရဲတို့ ဘာတို့များ တွေ့လာလို့လား။ မင်းတို့နောက်မှာ ဘယ်သူမှ လိုက်မလာပါဘူး”

ထိုအခါမှပင် အထမ်းသမားနှစ်ယောက်သည် နောက်သို့ လှည့်ကြည့်ကာ

“အမယ်လေးဗျာ။ သေပါတော့” ဟု အော်မိကြ၏။

“ကျွန်တော်တို့က တရကြမ်းပြေးလာခဲ့တာ လက်စသတ်တော့ နောက်စေ့ကို ဖနောင့် နဲ့ ရိုက်မိတာ ခင်ဗျ”

တပ်သားများမှာ သဘောကျ၍ ရယ်ကြလေ၏။ သူတို့သည် သံလျင်းကို ခံတပ်ထဲသို့ စောင့်ကြပ်ခေါ်ဆောင်လာခဲ့ကြရာ ဗိုလ်မှူးလျှူမှာ ဝမ်းသာလျက်ရှိပေ၏။

“ကဲ၊ ခေါင်းဆောင်ပြီး ကယ်လာခဲ့တာ ဘယ်သူလဲ ပြောစမ်း” ဟု ဇနီးသည်ကို မေး၏။

“အယုတ်တမာကောင်တွေ ကျွန်မကို ဖမ်းသွားတော့ ကျွန်မကလည်း ဘယ်အညှံခံ မလဲရှင်။ ဒီတင် ကျွန်မကို သတ်မလို့ လုပ်ကြတော့တာပါပဲ။ ကျွန်မက ဗိုလ်မှူးလျှူရဲ့ မိန်းမလို့လည်း ပြောလိုက်ရော ဒီကောင်တွေ ကျွန်မကို လက်ဖျားနဲ့တောင် မတို့ရဲတော့ဘဲ ပျာပျာသလဲ ဦးညွှတ်ကြတော့တာပဲ။ ဒီတုန်းမှာ ကျွန်မတို့လူတွေ ရောက်လာလို့ သူတို့ကို တိုက်ခိုက်ပြီး ကျွန်မကို ကယ်လာခဲ့တာပဲ”

ဗိုလ်မှူးလျူသည် တပ်သား ခုနစ်ဆယ် ရှစ်ဆယ်တို့အား အရက်နှင့် ဝက်ကြီးကြီး တကောင်ကို အပေါ်ခိုင်းကာ အရက်များဖြင့် စားသောက်ပွဲ တည်ခင်းကျွေးမွေး၏။

ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

စုန်ကျန့်သည် လေသာတောင်စခန်းတွင် နောက်ထပ် ခြောက်ရက် ခုနစ်ရက် ဆက်လက် နေထိုင်၏။ သို့ရာတွင် ဟွရုံထံသို့ ရောက်ချင်လှလေပြီ။ တောပုန်းဗိုလ် သုံးဦးတို့သည်လည်း စုန်ကျန့်ကို ဆက်လက် နေထိုင်ခြင်းပြုရန် တားဆီးခြင်း မပြုနိုင်ကြတော့ပြီ။ တောပုန်းဗိုလ်များသည် စုန်ကျန့်အတွက် နှုတ်ဆက်စားသောက်ပွဲ ကျင်းပပြီးနောက် သူ့ကို ရွှေများ၊ ငွေများ ပေးလိုက်ကြ၏။ စုန်ကျန့်သည် ထိုရွှေတိုငွေစများကို သူ့အထုပ်ထဲသို့ ထည့်၏။

ခရီးထွက်မည့်နေ့၌ သူတို့သည် မနက်စောစော အိပ်ရာမှ ထကာ ကိုယ်လက်သန့်စင် ကြ၏။ ပါးစပ်ကို ဆေးကြောကြ၏။ မနက်စာ စားသောက်ကြ၏။ ထို့နောက် အထုပ်အပိုးများကို ပြင်ဆင်ကာ စုန်ကျန့်သည် တောပုန်းဗိုလ် သုံးယောက်တို့ကို နှုတ်ဆက်၏။ တောပုန်းဗိုလ်များသည် စိမ်ရည်များနှင့် အမြည်းများကို ယူလာခဲ့ကြကာ တောင်ခြေ လီနှစ်ဆယ် သုံးဆယ်အထိ တောင်အောက်သို့ ဆင်း၍ လိုက်ပို့ကြလေ၏။ ပေတရာ လမ်းမကြီးပေါ်သို့ ရောက်လျှင် နောက်ဆုံး ခွက်မြှောက် ဆုတောင်းရန်အတွက် စိမ်ရည်တို့ကို ခွက်ကြီးများ ထဲသို့ အပြည့်ထည့်ကြ၏။ တောပုန်းဗိုလ်များသည် စုန်ကျန့်နှင့် ခွဲရမည်ကို စိတ်မကောင်း ဖြစ်နေကြ၏။

"ခံမြို့က ပြန်လာတယ်ဆိုရင် ကျွန်တော်တို့ဆီကို ဝင်ခဲ့ပါဦးဗျာ"

စုန်ကျန့်သည် အထုပ်ကို ကောက်၊ ကျောတွင် ပိုးကာ မှိန်းကို ကောက်ကိုင်၏။

"တနေ့တော့ တွေ့ကြဦးမှာပေါ့ဗျာ"ဟု ပြောကာ သူတို့ကို ယဉ်ကျေးစွာ နှုတ်ဆက်၏။

ယခု စာရေးသူသည် ထိုစဉ်ကသာ အသက်ရှင်နေခဲ့ပါလျှင် ကျွန်ုပ်သည် သူ့ကို ခါးမှ ဆွဲထားကာ စခန်းသို့ အတင်းပြန်ခေါ်မည်ဖြစ်၏။ ဟွရုံတို့စခန်းသို့ မသွားရန် အကြောင်းများလည်း ရှိနေ၏။ သင်္ဂြိုဟ်စရာ နေရာကလေးမှပင် မရလိုက်ဘဲ ဟွရုံတို့ စခန်းတွင် သေမည့် ကိန်းနှင့်လည်း ကြုံခဲ့ရ၏။

မှန်ပေ၏။ ကျွန်ုပ်တို့ လျှောက်နေရသည့် လမ်းခရီးကြမ်းသည် ဘုရားရှင်၏ အလိုတော် တစိတ်တပိုင်းသာ ဖြစ်ပေ၏။ ကျွန်ုပ်တို့ တွေ့နေရသော လေပြင်းများနှင့်

မုန်တိုင်း များသည် မတော်တဆ တွေ့ရသည့် ကိစ္စများ ဖြစ်နိုင်ပါသလော။ ဗိုလ်မှူးဟွရ်ုတို့ ခံတပ်ထဲသို့ ရောက်သည့်အခါတွင် စုန်ကျန့်သည် မည်သူ့ကို တွေ့ရသနည်း။ သိလိုလျှင် နောက်တခန်းကို ဆက်ဖတ်ပါလေ။

အခန်း - ၃၃

ညအချိန်တွင် စုန်ကျန့်သည် မီးပုံးတောင်ကို မျှော်ကြည့်ခြင်း

ဟွရုံသည် လေသာတောင်ခံမြို့ကို ဖရိုဖရဲဖြစ်အောင် လုပ်ခြင်း

လေသာတောင်တန်းသည် ချင်ကျိုမြို့နှင့် များစွာ မဝေးလှချေ။ အလွန်ဆုံး ဝေးလျှင် လီတရာခန့်မျှသာ ရှိပေလိမ့်မည်။ ခံတပ်မှာ လေသာမြို့တွင် ရှိပြီး ထိုမြို့မှ ထွက်သော လမ်းခွ သုံးခုရှိရာ ထိုလမ်းတိုင်းသည် တောပုန်းတို့၏ ခံတပ်သုံးခုသို့ ဦးတည်နေသည့် လမ်းများ ဖြစ်ကြ၏။ အိမ်ခြေ လေး ငါးထောင်ခန့် ရှိသည့် လေသာမြို့သည် လေသာတောင် ကြောကြီးနှင့် မြင်းတပြေးအကွာခန့်တွင် ရှိ၏။

ထိုနေ့က တောပုန်းဗိုလ်သုံးဦးတို့သည် မိမိတို့၏ စခန်းသို့ နောက်ကျ၍ ပြန်လာခဲ့ကြ၏။ စုန်ကျန့်မှာ အထုပ်ကို ကျောတွင် ပိုးကာ လေသာတောင်ခံမြို့သို့ သွားသည့် လမ်းကလေး အတိုင်း တယောက်တည်း လျှောက်လာခဲ့၏။ လေသာမြို့သို့ ရောက်လျှင် ဗိုလ်မှူးဟွရုံ၏ အိမ်ကို မေး၏။

"စခန်းဌာနချုပ်ကတော့ မြို့လယ်မှာ ရှိတယ်ဗျ။ မြို့အုပ်ချုပ်ရေးဗိုလ်လျူကတော့ တောင်ပိုင်းမှာ သူ့ဝင်း၊ သူ့ခြံနဲ့ သီးခြားနေတယ်။ စစ်အုပ်ချုပ်ရေးဗိုလ်မှူးဟွရုံကတော့ မြောက်ပိုင်းမှာ နေတယ်"

စုန်ကျန့်သည် သူ့ကို ကျေးဇူးစကားဆိုကာ မြောက်ပိုင်းသို့ လာခဲ့၏။ ဝင်းဝတွင် အစောင့်ကျနေသည့် တပ်သားများက သူ့အမည်ကို မေးပြီးနောက် သတင်းပို့ရန် အထဲသို့ ဝင်သွားကြ၏။ ခဏကြာလျှင် တပ်ဗိုလ်ကလေးတယောက် ထွက်လာ၏။ တပ်ဗိုလ်ကလေး က သူ့ကို အထဲသို့ ဝင်ရန် လှိုက်လှဲစွာ ဖိတ်ခေါ်၏။ အစောင့်များအားလည်း သူ့အထုပ် အပိုးများကို သယ်လာခဲ့ရန် အော်ဟစ်အမိန့်ပေးလိုက်၏။ ထို့နောက် သူ့ကို ခန်းဆောင် ထဲသို့ ခေါ်သွားကာ အေးမြသည့် ဝါးကွပ်ပျစ်ကလေးပေါ်တွင် နေရာချပေး၏။ တပ်ဗိုလ် ကလေးသည် ဒူးထောက်ကာ သူ့ကို လေးကြိမ် အရိုအသေပေးပြီးနောက် ထလိုက်၏။

"ကျွန်တော်တို့ ခွဲခွာလာတဲ့ လေး ငါး ခြောက်နှစ်အတွင်းမှာ နောင်ကြီးကို မကြာခဏ သတိရတယ်ဗျာ။ နောင်ကြီးလည်း နောင်ကြီးဇနီးကို သတ်ပစ်ခဲ့တယ်ဆို။ နောင်ကြီးကိုဖမ်းမိရင် ဆုငွေပေးမယ် ဆိုပြီး ကြော်ငြာတွေ ကပ်ထားလိုက်တာ ပြည့်လို့ပါကလား။ ကျွန်တော်လည်း ဒုက္ခရောက်လာတယ်ဗျာ။ နောင်ကြီးဆီကို လာချင်လို့ စာရေးစုံစမ်းတာ ကိုက အကြိမ်ပေါင်း မနည်းတော့ဘူး။ စာတွေကော ရရဲ့လား။ ဒီနေ့တော့ ဘုရားသခင်က သနားတော်မူလို့ ကျွန်တော်တို့ ပြန်တွေ့ရပြီ။

ဝမ်းသာလိုက်တာဗျာ။ တသက်မှာ ဒီလောက် တခါမှ ဝမ်းမသာဖူးဘူး”

ဤတွင် ဟွရုံက ဂါရဝပြုပြန်၏။ စုန်ကျန့်ကလည်း ဂါရဝပြု၏။ စုန်ကျန့်က သူ့ကို ဆွဲထူလိုက်၏။

“ကျွန်တော့်ကို ဒီလောက်လည်း အရိုအသေပေးမနေပါနဲ့ နောင်ကြီးရာ။ ကုလားထိုင် ပေါ်မှာ ထိုင်စမ်းပါ။ ကျွန်တော့်အကြောင်းကို ကျွန်တော် ပြောပြပါမယ်”

ဟွရုံသည် အနီးရှိ ထိုင်ခုံတလုံးတွင် ရိုသေစွာ ဝင်ထိုင်လေရာ စုန်ကျန့်ကလည်း မရှန်ကို မည်သို့ သတ်ခဲ့ပုံ၊ သခင်ကျဲ့၏ အိမ်တွင် ခိုအောင်းနေပုံ၊ ထိုစဉ် ဝုဆုန်နှင့် တွေ့ပုံ၊ ထို့နောက် မြေရှင်ကုန်၏ အိမ်သို့ ရောက်လာခဲ့ပုံ၊ လေသာတောင်သို့ အလာတွင် မည်သို့ မည်ပုံ အဖမ်းခံခဲ့ရပုံတို့ကို အသေးစိတ်ပြောပြ၏။ နောက်ဆုံးတွင် ယန်ရှွင့်နှင့် တွေ့ပုံတို့ကို အသေးစိတ်ပြောပြ၏။

“အင်း၊ နောင်ကြီးမှာလည်း အခက်အခဲတွေကို အများကြီး ဖြတ်သန်းခဲ့ရပေတာပဲ နော်။ ဒီ ရောက်လာတာ ကံကောင်းလို့ပဲလို့ အောက်မေ့ပါတော့ နောင်ကြီး။ ဒီမှာ နောင်ကြီး တနှစ်တန်သည်၊ နှစ်နှစ်တန်သည် နေပြီးတော့ အခြေအနေကို စောင့်ကြည့်သေးတာပေါ့” “ကျုပ်ညီ စုန်ကျင့်က မြေရှင်ကုန်အိမ်ကို သွားဖို့ စာရေးပေးလိုက်လို့ လမ်းမှာ ဒီလောက် ကြာသွားတာ။ နို့မို့ရင် နောင်ကြီးတို့ဆီကို တိုက်ရိုက်ရောက်လာဖို့ပဲ”

ဟွရုံသည် စုန်ကျန့်ကို နောက်ဖေးအတွင်းခန်းသို့ ခေါ်သွားကာ စုန်ကျန့်အား ဂါရဝပြု နှုတ်ဆက်ရန် သူ့ဇနီးနှင့် ညီမတို့ကို အခေါ်ခိုင်းလိုက်၏။ ဟွရုံသည် ဧည့်သည်ကို အဝတ် အစားသစ်များ၊ ခြေအိတ်သစ်များ၊ ဖိနပ်သစ်များ ပေးကာ ရေမွှေးဖြင့် ရေချိုး သန့်စင်ပြီးလျှင် စားသောက်ပွဲကြီးဖြင့် တည်ခင်းလေ၏။ စားသောက်နေကြစဉ် စုန်ကျန့်က ဤတပ်စခန်း မြို့မှ အုပ်ချုပ်ရေးမှူးလျူ၏ ဇနီးကို မည်သို့မည်ပုံ ကယ်ဆယ်ခဲ့ရကြောင်းကို ပြော၏။

ဟွရုံက မျက်မှောင်ကုတ်ပြီး-

“ဒီမိန်းမကို ဘာဖြစ်လို့များ ကယ်ခဲ့ရတာလဲ နောင်ကြီးရာ။ ဒီမိန်းမပါးစပ်ပေါက် မြန်မြန်ပိတ်သွားရင် ကောင်းတာပဲ”

“အလို၊ ဘာဖြစ်လို့လဲ နောင်ကြီး။ ကျုပ်ကတော့ နောင်ကြီးရဲ့ လုပ်ဖော်ကိုင်ဖက်ရဲ့ ဇနီးဆိုပြီး ကယ်ဆယ်ခဲ့တာပါ။ ဒီလို ကယ်ရမလားလို့ ဗိုလ်ကျားပုကတောင် သိပ်ကျေနပ် တာ မဟုတ်ဘူး။ ဒီမိန်းမကို ခင်ဗျား လက်ဖျားနဲ့ မတို့ပါနဲ့လို့ မနည်းပြောယူရတာ။ ကျုပ် သဘောမပေါက်ဘူးဗျာ”

"ကျွန်တော် သူများအတင်းကို မပြောချင်ဘူး နောင်ကြီး။ ဟောဒီ လေသာတောင် ခံတပ် စခန်းမြို့ဟာ ချင်ကျို့နယ်ထဲမှာတော့ အချက်အချာအကျဆုံး နေရာပဲ။ ကျွန်တော်သာ ဒီနယ်စခန်းမှာ စစ်အုပ်ချုပ်ရေးမှူးဆိုရင် တောပုန်းတွေ ဒီလောက် အတင့်ရဲသောင်းကျန်း ရဲမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်ပြောရဲတယ်။ ဒါပေမဲ့ လောဘကြီးပြီး စက်ဆုပ်စရာ ကောင်းတဲ့ လူူက ကျွန်တော့်အထက်လူကြီး လာဖြစ်နေတယ်ဗျာ။ ပြီးတော့ သူက အုပ်ချုပ်ရေးအရာရှိ သက်သက်ပဲဗျ။ အရည်အချင်းကလည်း မရှိဘူး။ သူရောက်လာတဲ့ အချိန်က စပြီး တောက ပစ္စည်းနည်းနည်းပါးပါး ရှိတဲ့လူတွေကို လိုက်ပြီး နှိပ်စက်ညှဉ်းပန်း နေတာပဲ။ ဥပဒေကို ရိုသေတာလည်း မဟုတ်ဘူး။ သူ မလုပ်တဲ့အရာဆိုလို့ ဘာမှ မရှိဘူး။ ကျွန်တော်က တပ်မှူးပေမယ့် သူ့လက်အောက်မှာ နေရတာ။ ဒီလူအကြောင်းကို တွေး တိုင်း ကျွန်တော် ဒေါသထွက်တယ်ဗျာ။ တနေ့နေ့တော့ ဒီတိရစ္ဆာန်ကို သတ်မိတော့မှာပဲ။ ဒီလိုကောင်မျိုးရဲ့ ဇနီးကို နောင်ကြီး ဘာဖြစ်လို့ သွားကယ်ရတာလဲ။ ဒီမိန်းမကလည်း မကောင်းဘူး။ ယောကျာ်းကို မဟုတ်တရုတ်လုပ်အောင် နောက်ကနေ သူပဲ မြှောက်ထိုး ပင့်ကော် လုပ်ပေးနေတာ။ လူတွေကို နှိပ်စက်အောင်၊ လာဘ်စားအောင် သူပဲ နောက်ကနေ အားပေးအားမြှောက် လုပ်နေတာ။ သူ့ကို စော်ကားတော့ ဘာဖြစ်သလဲ။ စော်ကားပေ့ စေပေါ့။ နောင်ကြီးတော့ မိန်းမဆိုးတယောက်ကို ကယ်ခဲ့မိတာပဲ"

"ဒီလိုတော့လည်း မဟုတ်ဘူးလေဗျာ။ "အမုန်းကြိုးထုံးကို ကျစ်အောင် မလုပ်ရာ။ ပြေအောင်သာ လုပ်ရာ၏" ဆိုတဲ့ ရှေးစကားလည်း ရှိသားပဲ။ ဘာပြောပြော သူဟာ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်။ သူ့မှာ ချို့ယွင်းချက်တွေ ရှိချင်ရှိမယ်၊ ဒါပေမဲ့ သူမကောင်းတဲ့ အချက် တွေကို ခွင့်လွှတ်ပြီး ကောင်းကွက်တွေကို ချီးကျူးရပေမှာပေါ့။ ကိုယ်က စိတ် သဘောထား ကျဉ်းမြောင်းလို့ ဘယ်ဖြစ်မလဲ"

"နောင်ကြီးဟာ အမြင် ရှင်းရှင်းလင်းလင်း မြင်တတ်ပါပေတယ်ဗျာ။ မနက်ဖြန်မနက် ရုံးမှာ သူနဲ့တွေ့ရင် သူ့မိန်းမကို နောင်ကြီး ကယ်လိုက်တဲ့အကြောင်းကို ပြောရဦးမယ်"

"ကိုယ့်ဘက်က ဒီလိုအမှုအရာမျိုး ပြရင် ကိုယ့်စိတ်ထား ဘယ်လောက်မြင့်မြတ်တယ် ဆိုတာ အထောက်အထားပေါ့ဗျာ"

ထိုနေ့တနေ့လုံး ဟွရုံ၏ မိသားစုများသည် စုန်ကျန့်ကို ကောင်းစွာ တည်ခင်း ကျွေးမွေး ကြ၏။ ညပိုင်းတွင် အတွင်းဆောင်တွင် ခုတင်တလုံးကို အိပ်ရန် ပြင်ဆင်ပေး၏။ နောက် တနေ့တွင်လည်း ဟွရုံမိသားစုသည် စုန်ကျန့်အား စားကောင်းသောက်ဖွယ်တို့ဖြင့် တည်ခင်းကျွေးမွေးခြင်းပြုပြန်၏။ အတိုချုပ်ပြောရလျှင် ဟွရုံတို့မိသားစုသည် ထိုသို့ လေး ငါး ခြောက် ရက်မျှ

နေ့စဉ်ရက်ဆက် ကျွေးမွေးပြုစုကြ၏။ နေ့စဉ်နေ့တိုင်းလည်း လူတယောက်ကို ထည့်ပေးကာ စုန်ကျုန့်အား မြို့ဈေးကွက်သို့ လည်းကောင်း၊ မြို့စွန်ရှိ ကျောင်းကန်ဘုရားများ၊ ဘုန်းကြီးကျောင်းများသို့ လည်းကောင်း လိုက်၍ ပို့စေ၏။ ကုန်ကျသည့်ငွေကိုလည်း ဟွရုံက စိုက်ထုတ်၏။

ဈေးကွက်အနီးတဝိုက်တွင် ပြည့်တန်ဆာအိမ်၊ လက်ဖက်ရည်ဆိုင်နှင့် အရက်ဆိုင်တို့ ရှိကြောင်းကိုမူ ပြောဖို့လိုမည် မဟုတ်ချေ။ စုန်ကျုန့်နှင့် လမ်းပြတို့သည် ပြည့်တန်ဆာအိမ် များသို့လည်း အပျင်းပြေ သွားရောက်ပြီးနောက် မြို့စွန်ရှိ ဘုံကျောင်းများသို့လည်း သွား ရောက်၏။ ထို့ နောက်တွင် မြို့ထဲရှိ စိမ်ရည်ဆိုင်တဆိုင်တွင် အပန်းဖြေရင်း စိမ်ရည်သောက် ကြ၏။ လမ်းပြက ပိုက်ဆံထုတ်ပေးသော်လည်း စုန်ကျုန့်သည် အပေးမခံဘဲ သူ့အိတ်ထဲမှ စိုက်ထုတ်၍ ရှင်း၏။ ထိုအကြောင်းကို ဟွရုံကို မပြောချေ။ သူ့လမ်းပြမှာ ကျေနပ်နေလေပြီ။ ပို၍လျှံသည့် လမ်းစရိတ်စကတို့ကို ဟွရုံသို့ ပြန်မပေးဘဲ မိမိအတွက် သုံးစွဲနိုင်သဖြင့် ဝမ်းသာ လျက်ရှိ၏။ စုန်ကျုန့်သည် အခြားသော လမ်းပြများကိုလည်း ထိုအတိုင်းပင် သူတို့ အိတ် ထဲမှ ပိုက်ဆံကို အထုတ်မခံဘဲ မိမိအိတ်ထဲမှပင် စိုက်ထုတ်ပေးခြင်း ပြု၏။ သို့ကြောင့် ခံတပ်စခန်းမြို့တွင် စုန်ကျုန့်ကို လူတိုင်းက သဘောကျကြလေ၏။

တလခန့် ကြာသွား၏။ ဆောင်းရာသီကုန်ခါနီး၍ နှစ်သစ်ကူးချိန်သို့ ရောက်လာခဲ့ လေပြီ။ ထို့နောက်တွင် မီးပုံးပွဲတော်ချိန်သို့ ရောက်လာခဲ့ပြန်၏။

မြို့သူမြို့သားများမှာ မီးပုံးပွဲတော်တွင် မိမိတို့ မည်သို့ မည်ပုံ ကျင်းပမည်ကို ပြောဆို လျက် ရှိကြ၏။ မြို့သူမြို့သားများသည် ထိုကိစ္စဖြင့် အလုပ်များလျက်ရှိကြ၏။ မြေစောင့် နတ်၏ ဝတ်ကျောင်းသို့ သွားကြ၏။ ဝတ်ကျောင်းရှေ့တွင် လိပ်ခုံးပုံသဏ္ဌာန် တောင်ကုန်း တခုကို ပြုလုပ်ပြီးနောက် ထိုတောင်ကုန်းပေါ်တွင် ရောင်စုံမီးပုံး ခြောက်ရာကျော် ခုနစ်ရာ ခန့်ကို ချိတ်ဆွဲကြ၏။ ထိုမီးပုံးများအပေါ်တွင် တံခွန်များ၊ ကုက္ကားများ လွှင့်ထူကြ၏။ ဘုံကျောင်းဝင်းအတွင်းတွင်လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပကြ၏။ အရပ်ထဲရှိ အိမ်များ တွင်လည်း ကြိုးများသွယ်တန်းကာ မီးပုံးများကို အလှချိတ်ဆွဲကြ၏။ ဈေးပိုင်းရှိ ဆိုင်များ တွင်လည်း ပျော်ရွှင်ဖွယ်မျိုးစုံ၊ စားသောက်ဖွယ်မျိုးစုံတို့ တည်ခင်း ရောင်းချကြ၏။ မင်းနေပြည်တော်ကြီးမှ ပွဲတော်ကဲ့သို့ ခမ်းနားကြီးကျယ်ခြင်း မရှိသည့်တိုင် သူ့နေရာနှင့် သူ ခမ်းနားစည်ကားသိုက်မြိုက်သဖြင့် ထိုပွဲတော်သည် မြေကြီးပေါ်မှ ကောင်းကင်ဘုံတခုနှင့်တူနေ၏။

စန္ဒမာသ ပထမလ ဆယ့်ငါးရက်နေ့သည် မီးပုံးပွဲတော်နေ့ ဖြစ်၏။ စုန်ကျုန့်သည် ဟွရုံ နှင့်အတူ တပ်စခန်းထဲတွင် စိမ်ရည်သောက်လျက်ရှိ၏။ ရာသီဥတုမှာ သာယာ ကြည်လင် လျက် ရှိ၏။ မနက် နေအတန်မြင့်သည့်အခါတွင် ဟွရုံသည် မြင်းတစီးဖြင့် တပ်စခန်းဌာန ချုပ်သို့ ထွက်သွားကာ

တပ်သားရာပေါင်းများစွာကို ခေါ်၏။ ထို့နောက် ငြိမ်သက်စွာရှိရန် မြို့ထဲတွင် အစောင့်ချထား၏။ ထို့ပြင် ခံတပ်ဝကို စောင့်ရန်လည်း လက်ရွေးစင်တပ်သား များကို ချထားလိုက်၏။

နေ့လယ်ပိုင်းတွင် ဟွရုံသည် အိမ်သို့ ပြန်လာခဲ့ပြီးနောက် စုန်ကျန့်အား နေ့လယ်စာ စားရန် ခေါ်၏။

"ဒီနေ့ည မြို့ထဲမှာ မီးပုံအလှထွန်းမယ်လို့ ကြားတယ်။ ကျွန်တော် သွားကြည့်ဦးမှပဲ"

စုန်ကျန့်က ပြော၏။

"ကျွန်တော်တောင် လိုက်ကြည့်ချင်တာဗျ။ ဒါပေမဲ့ ကျွန်တော့်မှာ အလုပ်တွေ များနေ လို့ မလိုက်တော့ဘူး။ ကျွန်တော် နောင်ကြီးကို အဖော်နှစ်ယောက် သုံးယောက်လောက် ထည့်ပေးလိုက်မယ်လေ။ စောစောတော့ ပြန်ဗျို့။ မီးပုံးပွဲတော်အထိမ်းအမှတ်အဖြစ် စိမ်ရည် ကလေး ဘာလေး သောက်ရအောင်။ ကျွန်တော် စောင့်နေမယ်"

"ဟုတ်ပြီခင်ဗျာ"

ညနေမိုးချုပ်သည်နှင့် ဝိုင်းစက်သော လပြည့်ဝန်းကြီးသည် အရှေ့ဘက်တခွင်မှ တငြိမ့်ငြိမ့် ထွက်လာလေ၏။ စုန်ကျန့်သည် အဖော်သုံးယောက်နှင့်အတူ မီးပုံးပွဲတော်ကို လျှောက်ကြည့်ရန် ထွက်လာခဲ့၏။ အိမ်တိုင်း တံခါးဝတွင် မီးပုံးအလှကလေးများ ချိတ်ဆွဲ ထားသည်ကို တွေ့ရ၏။ အချို့ မီးပုံးများတွင်လည်း ဇာတ်လမ်းရုပ်ပြများ ရေးဆွဲထား၏။ အချို့ မီးပုံးများမှာလည်း ကြာပန်း၊ ထပ်တရာပန်း၊ ဂန္ဓမာပန်း စသည့် ပုံချိုး၍ အလှထွန်း ထားကြ၏။

စုန်ကျန့်သည် သူ့အဖော်နှင့် လူချင်း ကွဲမသွားစေရန် လက်ချင်းတွဲ၍ လူအုပ်ထဲမှ ဖြတ်လာခဲ့ပြီးနောက် မြေစောင့်နတ်ဘုံကျောင်းသို့ ရောက်လာကာ မီးပုံးတောင်ကုန်းကို ကြည့်ရှုပြီးလျှင် ကွေ့ကောက်နေသော လမ်းမြောင်ကလေးများအတိုင်း မီးပုံးများကို လျှောက်ကြည့်၏။ အလှမ်း ခြောက်ရာ ခုနစ်ရာခန့် သွားမိသည့်အခါတွင် နံရံအမြင့်ကြီး ကာထားသည့် ဝင်းတံခါးကြီးတခု ရှေ့တွင် ထိန်ထိန်ဝေအောင် ထွန်းထားသည့် မီးပုံးလှလှ များနှင့် ဟေးလားဝါးလား ပျော်ရွှင်လျက်ရှိသော လူအုပ်များကို တွေ့ရ၏။ မောင်းသံများက မြည်ဟည်းလျက်။ ဂီတသံများက ဆူညံလျက်။ လူသံများက ဆူညံလျက်။ ရယ်ရွှင်ဖွယ် မျက်နှာဖုံးတို့ကို တပ်ဆင်ထားသည့် ကချေသည်တသိုက်ကို ကြည့်နေကြခြင်းဖြစ်၏။

စုန်ကျန့်မှာ အရပ်ပုသူဖြစ်၍ ရှေ့မှ ခေါင်းတွေ ကွယ်နေသဖြင့်

မမြင်ရတော့ချေ။ အဖော်များမှာ ကချေသည်များနှင့် သိကျွမ်းသဖြင့် ဘေးမှ ပွဲကြည့်ပရိသတ်ကို ခဏ အဖယ် ခိုင်းပြီး စုန်ကျန့်ကို ရှေ့သို့ ခေါ်လာကြ၏။ အဖွဲ့ခေါင်းဆောင်က တောသားလမ်းလျှောက် ပုံကို လုပ်ပြသဖြင့် စုန်ကျန့်မှာ သဘောကျကာ အားရပါးရ ရယ်နေလေ၏။ ဖွင့်ထားသော ဝင်းတံခါးကွယ်ထဲတွင်မူ အုပ်ချုပ်ရေးမှူးလျူ၊ သူ့ဇနီးနှင့်အခြားအမျိုးသမီးများသည်လည်း ထိုပွဲကို ကြည့်လျက် ရှိကြ၏။ စုန်ကျန့်ရယ်သံကို ကြားသည့်အခါ၌ လျူ၏ ဇနီးသည် လှမ်း ကြည့်လိုက်ရာ မီးပုံးများမှ အလင်းရောင်ထဲတွင် စုန်ကျန့်ကို ချက်ချင်း မှတ်မိလိုက်၏။ လျူ၏ ဇနီးသည် သူ့ယောက်ျားဘက်သို့ လှည့်ကာ စုန်ကျန့်ကို လက်ညှိုးထိုးပြ၏။

"အလို၊ ကျွန်မကို ဖမ်းသွားတဲ့ လေသာတောင်စခန်းက လူဆိုးဗိုလ်ပါလား။ အသား ညိုညို၊ အရပ်ပုပုနဲ့ ရယ်နေတဲ့လူလေ"

လျူသည် လန့်ဖျပ်သွားကာ သူ့တပည့်ခြောက်ယောက် ခုနစ်ယောက်တို့ကို ခေါ်၍ အသားညိုညို၊ အရပ်ပုပုနှင့် ရယ်နေသည့် လူကို ဖမ်းလာရန် အမိန့်ပေး၏။ စုန်ကျန့်သည် ထိုသို့ အော်ဟစ်အမိန့်ပေးသံကို ကြားလိုက်သဖြင့် ပွဲခင်းထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့၏။ သို့ရာတွင် အိမ်တကျိပ်ကျော်လောက်ကို လွန်မိလျှင် တပ်သားများသည် သူ့ကို မီလာ ကြကာ ဖမ်းဆီးပြီးနောက် ကြိုးများဖြင့် တုပ်နှောင်ကာ ဝင်းကြီးထဲသို့ ခေါ်သွားကြ၏။ စုန်ကျန့်နှင့် လိုက်ပါလာသည့် အဖော်သုံးဦးတို့သည် စုန်ကျန့်ကို ဖမ်းသွားကြောင်း တွေ့သိသည့်အခါတွင် ပြန်ပြေးလာကြကာ အကျိုးအကြောင်းကို ဟွာရုံအား ပြောပြ၏။

အုပ်ချုပ်ရေးမှူးလျူသည် ခန်းဆောင်ထဲတွင် ထိုင်ကာ အကျဉ်းသမားကို ခေါ်လာရန် အမိန့်ပေးလိုက်၏။ အစောင့်များသည် စုန်ကျန့်ကို တရွတ်တိုက် ဆွဲခေါ်လာကြကာ ဒူးထောက်၍ အရိုအသေ ပြုခိုင်းကြ၏။

"ဟေ့ကောင်။ မင်းက လေသာတောင်စခန်းက သူခိုးဗိုလ်လား။ ဟုတ်လား။ မင်းက ဘယ်လောက်သတ္တိရှိလို့ မီးပုံးပွဲတော်ကို လာကြည့်တာလဲဟင်။ ခု မင်းကို မိပြီ။ မင်း ဘာ ပြောချင်သေးသလဲ"

"ကျွန်တော့်နာမည်က ချန်စမ်းပါ။ ယွန်ကျင့်မှာ ကုန်သည်လုပ်ပါတယ်။ တပ်မှူးဟွာရုံရဲ့ မိတ်ဆွေဟောင်းတယောက်ပါ။ ကျွန်တော် ဒီကိုရောက်တာ သုံး လေးရက်ပဲ ရှိပါသေးတယ်။ လေသာဆောင်စခန်းမှာ တောပုန်းလည်း မလုပ်ဖူးပါဘူး"

လျူ၏မိန်းမသည် လိုက်ကာနောက်မှ ထွက်လာကာ အသံစူးစူးဖြင့်-

"ရှင် ဘာလိမ်ပြောတာလဲဟင်။ ရှင်ပဲ ဗိုလ်ကြီးလို့ ခေါ်ရမယ်ဆိုပြီး ကျွန်မကို

အတင်း အခေါ်ခိုင်းနေတယ် မဟုတ်လား”

“အစ်မကြီးမှားနေလို့ ဖြစ်ပါလိမ့်မယ်ဗျာ။ ကျွန်တော်ဟာ ယွန်ကျင့်နယ်က ကုန်သည် တယောက်ပါလို့ အစ်မကြီးကို ပြောခဲ့ပါတယ်။ ကျွန်တော်လည်း တောပုန်းတွေ အဖမ်းခံ ရလို့ ခုတိုင် စခန်းထဲက မလွတ်သေးဘူးလို့ အစ်မကြီးကို ကျွန်တော် ပြောခဲ့တာပါ”

“ဒါဖြင့် မင်းက ဒီကို ဘာလာလုပ်ပြီး မီးပုံးပွဲတော်ကို ဘာလုပ်အောင် လာကြည့် တာလဲ”

လျူ၏ဇနီးကမူ အလျှော့မပေးသေးဘဲ-

“အဲဒီ စခန်းတုန်းက ရှင်က အလယ်က ကုလားထိုင်မှာ မိန့်မိန့်ကြီး ထိုင်လို့လေ။ ကျွန်မက ဗိုလ်ကြီးလို့ ခေါ်တာတောင် ရှင် မကျေနပ်လို့ ကျွန်မ တောင်းပန်တာ မရဘူး မဟုတ်လား”

“အစ်မကြီး မေ့လို့ ဖြစ်ပါလိမ့်မယ် ခင်ဗျာ။ အစ်မကြီးကို ကျွန်တော် ကယ်ခဲ့တာပါ။ အစ်မကြီးကို အလွတ်ခိုင်းခဲ့တာ ကျွန်တော်ပါ။ ခုတော့ အစ်မကြီးက ကျွန်တော့်ကို တောပုန်း ဆိုပြီး စွပ်စွဲနေတာကတော့ မကောင်းပါဘူး ခင်ဗျာ”

အမျိုးသမီးသည် ဒေါသအမျက်ဖြင့် စုန်ကျန့်ကို လက်ညှိုးထိုးပြလိုက်လျက်-

“ဒီလိုလူမျိုးတွေကို နာနာလုပ်ပေးမှ ရမှာ။ ဒီလိုမဟုတ်ရင် ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး”

သူ့ယောက်ျား လျူက-

“ဟုတ်တယ်။ ဟုတ်တယ်။ ပေဟော့ကောင်တွေ၊ ကြိမ်တုတ်ယူပြီး ဒီကောင်ကို ခပ်ဆတ် ဆတ် ရိုက်စမ်း”

စုန်ကျန့်မှာ နှစ်ချီ ပြင်းထန်စွာ အရိုက်ခံရလေ၏။ စုတ်ပြဲနေသော ဒဏ်ရာများမှ သွေးများသည် ယိုစီးကြလျက် ရှိကြ၏။ အုပ်ချုပ်ရေးမှူး လျူက-

“ဒီကောင်ကို လက်ထိပ်ခြေထိပ် ခတ်။ မနက်ဖြန်ကျရင် လှောင်အိမ်လှည်းပေါ်ကို တင်ပြီး မြို့ထဲကို လှည့်ပြရမယ်”

စုန်ကျန့်နှင့် အဖော်လိုက်သူသည် အိမ်သို့ ပြန်ပြေးလာကာ အကျိုးအကြောင်းကို ပြောပြသည့်အခါတွင် ဟွာရုံမှာ အံ့အားသင့်လျက်ရှိ၏။ ဟွာရုံသည် အမှာစာတစောင်ကို လျင်မြန်စွာ ရေးပြီးနောက် စိတ်ချယုံကြည်ရသော တပ်ဗိုလ်နှစ်ယောက်ကို ခေါ်၍ စာကို လျူထံ အပို့လွှတ်လိုက်၏။ အစောင့်က

အထဲသို့ ဝင်၍ အကျိုးအကြောင်း သတင်းပို့နေစဉ် တပ်ဗိုလ်နှစ်ယောက်သည် ဝင်းတံခါးတဲထဲတွင် စောင့်နေကြရ၏။

လျူက တပ်ဗိုလ်နှစ်ယောက်ကို အထဲသို့ခေါ်လာရန် အမိန့်ပေးလိုက်၏။ ဆက်သား နှစ်ယောက်တို့က ပါလာသည့် အမှာစာကို ပေးကြ၏။ လျူသည် စာအိတ်ကို ဖွင့်၍ စာကို ဖောက်ဖတ်လိုက်၏။

လုပ်ဖော်ကိုင်ဖက်နှင့် နောင်ကြီးဖြစ်သူထံ ကျွန်တော် ဟွရုံ လေးစားစွာ စာရေးလိုက်ပါသည်။ ကျီစုမှာ ကျွန်တော်၏ ဆင်းရဲနွမ်းပါးသော ဆွေမျိုးတဦးဖြစ်သူ လျူချန်းသည် မီးပုံးပွဲတော်ကို လျှောက်ကြည့်ရင်း နောင်ကြီးအား မထေမဲ့မြင် ပြုမိပါသည်။ သည်းခံ၍ နောင်ကြီး၏ ဒေါသအမျက်ကို ချုပ်တည်းကာ သူ့ကို လွှတ်ပေးပါရန် ကျွန်တော် မေတ္တာ ရပ်ခံပါသည်။ နောင်ကြီးအား များစွာ ကျေးဇူးတင်မည် ဖြစ်ပါသည်။ စာအရေးအသား ညံ့ဖျင်းမှုအတွက် ခွင့်လွှတ်စေလိုပါသည်။

လျူသည် စိတ်ဆိုးဆိုးဖြင့် စာရွက်ကို အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်ပစ်လိုက်၏။

"ဒီ ဟွရုံဆိုတဲ့လူဟာ တော်တော် မိုက်ရိုင်းတဲ့လူပါလားဟင်။ သူဟာ ဘုရင်ကေရာဇ်ရဲ့ နန်းတော်က ခန့်ထားတဲ့ အမှုထမ်းတယောက်။ ဒါပေမဲ့ ခုတော့ ကြည့်စမ်း။ တောပုန်းဓားပြ တွေနဲ့ ပေါင်းနေတယ်။ ပြီးတော့ ငါ့ကို သက်သက်လှည့်စားနေတယ်။ အကျဉ်းသမားက ပြော တော့ သူဟာ ယွန်ကျင့်နယ်၊ ချန်စန်းဆိုတဲ့လူတဲ့။ ခု ဟွရုံက ပြောတော့ ကျီစုနယ်က လျူချန်း ဆိုတဲ့ လူတဲ့။ ငါ့လိုကောင်ကို လိမ်လို့ မရဘူးကွ။ ဒီလောက် သူ မသိတော့ဘူးလား။ ငါ့ ဆွေမျိုးစုနာမည်မျိုးပါတာနဲ့ ငါက ဒီလူကို လွှတ်ပေးလိမ့်မယ်လို့များ ထင်နေသလားမသိဘူး"

လျူသည် ဟွရုံ လွှတ်လိုက်သည့် တပ်ဗိုလ်များကို နှင်ထုတ်လိုက်ရန် အမိန့်ပေး၏။ ဤတွင် တပ်ဗိုလ်များမှာလည်း ဝင်းဝသို့ ဒရောသောပါးဖြင့် ထွက်လာရ၏။ တပ်ဗိုလ်နှစ်ဦး တို့သည် ဟွရုံထံသို့ ချက်ချင်း ပြန်လာကြကာ သတင်းပို့ကြ၏။

ဟွရုံသည် သူ့မြင်းကို ချက်ချင်း အပြင်ခိုင်း၏။

"ငါ့နောင်တော် စုန်ကျန့်နှယ် ဖြစ်မှ ဖြစ်ရလေကွာ။ ကဲ၊ ငါ့မြင်းကို ချက်ချင်းပြင် စမ်းကွာ"

ဟွရုံသည် သံချပ်အင်္ကျီကို ဝတ်ကာ မြင်းပေါ်သို့ တက်၏။ လေးနှင့် မြားအိမ်ကို ခါးတွင် ချည်၏။ ထို့နောက် လက်တွင် လှံကို ဆွဲကာ မြင်းပေါ်သို့

တက်၏။ လှံများ၊ သိုင်းတုတ်များကို ကိုင်ဆောင်ထားသည့် နောက်လိုက်နောက်ပါလေး ငါးဆယ်ခန့်နှင့် အတူ ဟွရုံသည် လျူကောက်၏ ဝင်းသို့ တိုက်ရိုက်တန်းလာခဲ့၏။

ဝင်းဝတွင် စောင့်နေကြသော အစောင့်များမှာ မတားရဲကြချေ။ ကြောက်စဖွယ် တင်းမာလျက်ရှိသော ဟွရုံ၏ မျက်နှာထားကို မြင်သည့်အခါ၌ အစောင့်များသည် ကြောက် လန့်ကာ ထွက်ပြေးကြ၏။ ဟွရုံသည် ဆင်ဝင်တည့်တည့်ရှေ့တွင် မြင်းကို ရပ်လိုက်ပြီးနောက် မြင်းပေါ်မှ ဆင်းပြီး၍ ရပ်လျက်တွင် လှံကို မြဲမြဲကိုင်ကာ ရပ်လိုက်၏။ သူ့တပ်သားများ ကလည်း သူ့နောက်တွင် ရပ်နေကြ၏။

"အုပ်ချုပ်ရေးမှူးလျူ ခင်ဗျာ။ ခဏကြွပါ။ ခင်ဗျားနဲ့ စကားနည်းနည်း ပြောစရာ ရှိလို့ပါ"

လျူကောက်မှာ လန့်နေလေပြီ။ ဟွရုံသည် စစ်ဘက်မှ လူတယောက်ဖြစ်၏။ လျူ ကောက်သည် ဟွရုံကို မျက်နှာချင်းမဆိုင်ရဲချေ။ အချိန်အတန်ကြာသည်အထိ လျူကောက် ပေါ်မလာသည့်အခါ၌ ဟွရုံသည် အတန်ကြာမျှ စဉ်းစားပြီးနောက် ဝင်းဘေးတဖက်တချက် ရှိ နေရာများကို ရှာဖွေရန် သူ့လူများကို အမိန့်ပေးလိုက်၏။ ဟွရုံ၏ လူများသည် လူဖြန့်၍ ရှာကြရာ ခဏအတွင်း ဘေးရှိ အခန်းကလေးတခန်းထဲတွင် ပိတ်လှောင်ထားသည့် စုန်ကျန့် ကို တွေ့ရ၏။ စုန်ကျန့်ကို ခြေထိပ်၊ လက်ထိပ်ခတ်ထားပြီး ထုပ်မှနေ၍ တွဲလောင်းဆွဲထား ခြင်းဖြစ်၏။ ခြေထောက်များမှာလည်း ပေါက်ပြဲကာ ရိုက်ထားသည့် ဒဏ်ချက်ကြောင့် အနာတွေ ဖြစ်လျက် ရှိ၏။ ဟွရုံ၏ လူများသည် ထုပ်တွင် တွဲလောင်းချည်ထားသည့် ကြိုးကို ဖြတ်ကာ လက်ထိပ်၊ ခြေထိပ်တို့ကိုလည်း ဖြုတ်ပစ်ကြပြီးနောက် စုန်ကျန့်ကို ဟွရုံထံသို့ ခေါ်လာခဲ့၏။ ဟွရုံက စုန်ကျန့်ကို အိမ်သို့ ပြန်ခေါ်သွားရန် အမိန့်ပေးလိုက်၏။

ဟွရုံသည် မြင်းပေါ်သို့ ပြန်တက်ကာ လှံကို ကိုင်ထားရင်း-

"အုပ်ချုပ်ရေးမှူးလျူ ခင်ဗျာ။ ခင်ဗျားဟာ ဒီနယ်မှာ အကြီးဆုံးအရာရှိ ဖြစ်ပေမယ့် ကျွန်တော့်ကို ဒီလို ဆက်ဆံပိုင်ခွင့်တော့ မရှိဘူး ထင်တယ်ဗျ။ လောကမှာ ဆွေမျိုးသား ချင်း မရှိတဲ့လူဆိုလို့ တယောက်မှ မရှိဘူးဗျ။ ဘာဖြစ်လို့ ကျွန်တော့်ဆွေမျိုးတယောက်ကို ဖမ်းပြီး ချုပ်ထားရတာလဲ။ ဘာဖြစ်လို့ သူ့ကို တောပုန်းလို့ စွပ်စွဲရတာလဲ။ ဒီကိစ္စကို ခင်ဗျားနဲ့ နောက်ကျရင်တော့ ရှင်းရလိမ့်မယ်"

ဟွရုံသည် တပ်သားများနှင့်အတူ အိမ်သို့ ပြန်လာခဲ့ပြီး စုန်ကျန့်၏ အခြေအနေကို သွားကြည့်၏။

လျှုကောက်သည် တပ်သားနှစ်ရာခန့်ကို စုကာ ဟွရုံအိမ်သို့ သွား၍ စုန်ကျန့်ကို ခေါ် လာခဲ့ရန် အမိန့်ပေးလိုက်၏။ ထိုအထဲတွင် ဗိုလ်ကြီးနှစ်ယောက်လည်း ပါ၏။ ၎င်းတို့ နှစ်ယောက်မှာ လက်နက်အတတ်တွင် ကျွမ်းကျင်သူများ ဖြစ်သော်လည်း ဟွရုံကို ယှဉ် ပြိုင်ခြင်း မပြုနိုင်ချေ။ သို့ရာတွင် သူတို့မှာလည်း လျှုကောက်၏အမိန့်ကို ဖီဆန်ခြင်း မပြု နိုင်ပြီ။

ထို့ကြောင့် တပ်ဗိုလ်နှစ်ယောက်တို့သည် တပ်သားများနှင့်အတူ ဟွရုံ၏ အိမ်ဝင်း ဆီသို့ လာခဲ့ကြ၏။ ဟွရုံ၏အိမ်ဝင်းတွင် အစောင့်ကျနေသော တပ်သားများက လျှုကောက် ၏ တပ်သားများ ရောက်လာကြောင်းကို သွား၍ သတင်းပို့ကြ၏။ အချိန်မှာ နံနက်စောစော အချိန်ဖြစ်၏။ တပ်သားနှစ်ရာတို့သည် ဝင်းထဲသို့ မဝင်ရဲကြဘဲ ဝင်းအပြင်တွင် စောင့်နေ ကြ၏။ သူတို့အားလုံးသည် ဟွရုံကို ကြောက်လန့်နေကြ၏။

မိုးစင်စင်လင်းသည့်အခါ၌ ဝင်းတံခါးကြီးနှစ်ထပ်သည် ပွင့်လာကာ လက်တဖက်တွင် လေးနှင့် လက်တဖက်တွင် မြားကို ကိုင်ကာ ဆင်ဝင်ခန်းတွင် ထိုင်နေသော ဟွရုံကို တွေ့ ရ၏။ လျှုကောက်၏ လူများသည် အထဲသို့ဝင်ရန် ဝင်းဝသို့ စုပြုံချီတက်လာကြ၏။ ဟွရုံက လေးကို တင်လိုက်၏။

"ဟေ့ကောင်တွေ။ "ရာဇဝတ်ကောင်ဟာ သူ့အပြစ်ကို ပေးဆပ်ရ၏။ ကြွေးယူသူဟာ သူ့ကြွေးကို ပေးဆပ်ရ၏" ဆိုတဲ့ စကားကို မင်းတို့ ကြားဖူးကြတယ် မဟုတ်လား။ ခု မင်းတို့ လျှုကောက်က လွှတ်လိုက်တယ်ဆိုရင် လျှုကောက်အတွက် မင်းတို့လည်းပင်း အပြတ်ခံ ကြမှာလား။ မင်းတို့ တပ်ဗိုလ်နှစ်ယောက်ဟာ လူသစ်တွေ။ မင်းတို့ ငါ့အကြောင်းကို ကောင်းကောင်း မသိကြသေးဘူး။ ငါ့လက်နက်အတတ်ကို မင်းတို့ သိအောင် လေးနဲ့ မြားကို ဘယ်လိုပစ်ရတယ်ဆိုတာ မင်းတို့ကို ငါ ပြမယ်။ ငါ့လေးအတတ်ကို ကြည့်ပြီးတော့မှ မင်းတို့အထဲက လျှုကောက်ရဲ့ အမှုတော်ကို ထမ်းချင်ပါသေးတယ်ဆိုရင် အဲဒီကောင် ထွက်ခဲ့။ ဟောဒီမှာ ဝင်းတံခါးရွက်ကြီးပေါ်မှာ ရှိတဲ့ ပန်းပုထုထားတဲ့ တံခါးစောင့်နတ်ရုပ် ကြီးကို မြင်တယ် မဟုတ်လား။ အဲဒီ တံခါးစောင့်နတ်ရုပ် လက်ထဲမှာ ကိုင်ထားတဲ့ တင်းပုတ်ဆီကို ငါ မြားတစင်း စိုက်ပြမယ်"

ဟွရုံသည် မြားကို လေးတွင် ညှို့ကာ တချက်မျှ အော်ပြီးနောက် မြားကို လွှတ်လိုက်၏။ မြားသည် တင်းပုတ်ထိပ်ရှိ ဘုကလေးတွင် သွားစိုက်နေ၏။ လျှုကောက်၏ တပ်သားနှစ်ရာ တို့မှာ အံ့အားသင့်လျက် ရှိကြ၏။ ဟွရုံသည် ဒုတိယမြားတစီးကို လွှတ်ရန် ပြင်ပြန်၏။

"ဟေ့ကောင်တွေ ကြည့်ထားကြ။ ဒီတခါမှာ လက်ယာဘက်က တံခါးစောင့်နတ်ရုပ်ရဲ့ မောက်လူက ပန်းပွားကို ပစ်မယ်"

မြားသည် ရှီခနဲမြည်ကာ ပန်းပွားဆီသို့ ထွက်သွားပြီးနောက် တည့်တည့်ကြီး မှန်သွား ၏။ မြားနှစ်စီးစလုံးသည် ဖွင့်ထားသော နှစ်ထပ်တံခါးရွက်ကြီးတွင် စိုက်လျက် ရှိ၏။ ဟွရုံသည် မြားကျည်တောက်ထဲမှ တတိယမြားတစီးကို ဆွဲထုတ်လိုက်၏။

"ဟောဒီ မြားကတော့ အဖြူရောင်ဝတ်ထားတဲ့ တပ်ဗိုလ်ရဲ့ နှလုံးတည့်တည့်ကို ပစ်မယ်ဟေ့"

တပ်ဗိုလ်သည် "အမယ်လေးဗျ" ဟု အော်လိုက်၏။ ထို့နောက် နောက်သို့လှည့်ကာ ချာခနဲ လှည့်၍ ပြေး၏။ ကျန်တပ်သားများသည်လည်း ကြောက်လန့်တကြား အော်ဟစ် ထွက်ပြေးကြ၏။

ဟွရုံသည် ဝင်းတံခါးကြီးကို ပြန်ပိတ်ရန် အမိန့်ပေးလိုက်ပြီးနောက် အတွင်းဆောင် ဘက်ရှိ စုန်ကျန့်ထံသို့ ပြန်လာခဲ့၏။

"ကျွန်တော် လာခေါ်တာ နောက်ကျသွားတယ် နောင်ကြီးရာ။ တောင်းပန်ပါတယ်။ ကျွန်တော်အလာနောက်ကျတော့ ဒီကောင်တွေ နောင်ကြီးကို နှိပ်စက်ချိန် ရသွားတာပေါ့"

"ကိစ္စမရှိပါဘူး နောင်ကြီးရာ။ ဒါပေမဲ့ ကျုပ်စိတ်ပူနေတာ တခုရှိတယ်ဗျ။ လျူကောက် ဟာ နောင်ကြီးကို ပြန်ပြီး လက်စားချေဖို့ လုပ်လိမ့်မယ်ထင်တယ်။ ဒီတော့ ကိုယ့်ဘက် ကလည်း ပြန်ပြီး အစီအစဉ်လုပ်ထားဖို့ လိုမယ်"

"အလုပ်က ပြုတ်သွားလည်း ကျွန်တော် ဂရုမစိုက်ပါဘူးဗျာ။ ဒီကောင်ကိုတော့ ကျွန်တော် စာရင်းကို ရှင်းရမှ ဖြစ်မယ်"

"ဒီမိန်းမဟာ စေတနာကို ဒီလို မကောင်းတဲ့စိတ်နဲ့ တုံ့ပြန်လိမ့်မယ်လို့ နည်းနည်းမှ မမျှော်လင့်ဘူးဗျာ။ ခုတော့ ကြည့်စမ်းပါဦး။ သူ့ကို ကယ်ဆယ်ခဲ့တဲ့လူကို အရိုက်ခိုင်းသတဲ့။ အစတုန်းကတော့ ကျွန်တော့်အမည်မှန်ကို ပြောမလို့ စိတ်ကူးပါသေးတယ်။ ဒါပေမဲ့ မရန်ကို သတ်ခဲ့တဲ့ကိစ္စကလည်း ရှိတယ် မဟုတ်လား။ ဒါကြောင့် ကျွန်တော်က ယုန်ကျင့် နယ်က ကုန်သည် ချန်စမ်းလို့ ပြောလိုက်တယ်။ လျူကောက်ဆိုတာကလည်း တောပုန်း ဗိုလ်ချန်စမ်းဆိုတဲ့ ကောင်ကို မိလာပြီဆိုပြီး ကျွန်တော့်ကို လှောင်အိမ်လှည်းကြီးပေါ် တင်၊ မြို့လယ်ကို လျှောက်ပြပြီး လေသာတောင်စခန်းက တောပုန်းဗိုလ်ဆိုပြီး သတ်မလို့ စီစဉ် နေတာဗျ။ နောင်ကြီး လာကယ်ပေလို့ပေါ့ဗျာ။ နောင်ကြီးသာ လာမကယ်ရင် ကျုပ် နှုတ်ခမ်းက ကြေးနှုတ်ခမ်းဖြစ်ပြီး လျှာက သံလျှာဖြစ်ရင်တောင် ခုလောက်ဆိုရင် ဒီလူ့ အကြောင်းကို ပြောနိုင်တော့မှာ မဟုတ်ဘူး"

“ဒီလူက စာပေကလေး ဘာလေး လိုက်စားတော့ သူ့လိုနာမည်မျိုး ရှိရင် သက်သက် ညှာညှာ စဉ်းစားချင်စဉ်းစားမှာဆိုပြီး နောင်ကြီးရဲ့ နာမည်ဟာ လျှုချန်းလို့ ရေးပေးလိုက် တာဗျ။ ဒီလောက်တော့ မရိုင်းတန်ဘူးလို့ အောက်မေ့ခဲ့မိတာကိုး။ ကဲ၊ ခုတော့ နောင်ကြီးကို ကယ်ပြီး ဒီကို ရောက်ခဲ့လာပြီပေါ့ဗျာ။ သူ ဘာလုပ်မလဲဆိုတာတော့ စောင့်ကြည့်ရဦးမှာပဲ”

“နောင်ကြီးပြောတဲ့စကားဟာ မှားနေပြီဗျ။ နောင်ကြီးရဲ့ စစ်အတတ်ကျွမ်းကျင်မှုနဲ့ ကျုပ်ကို ကယ်ဆယ်ခဲ့တယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ “စားနေတုန်းမှာ ကြို့ထိုး တာကို သတိထားပါ။ သွားနေတုန်းမှာ ခလုတ်ကန်သင်းကို သတိထားပါ” လို့ ရှေးလူကြီး များ ပြောခဲ့တာ ရှိတယ်။ ခု နောင်ကြီးဟာ ရာဇဝတ်ကောင်တယောက်ကို သူ့ဆီက ပြောင်ပြောင်တင်းတင်း ကယ်ခဲ့တာဗျ။ တခါ ကျုပ်ကို လာခေါ်တဲ့ သူ့လူတွေကိုလည်း နောင်ကြီး ခြောက်လှန့် မောင်းထုတ်ခဲ့တယ်။ ဒါကို လျှုကောက်ဟာ ဒီအတိုင်း ကြည့်နေမယ်လို့ ထင်သလား။ ဧကန္တ အထက်ကို စာတင်မှာပဲဗျ။ ဒီတော့ ကျုပ်လည်း ဒီနေ့ညပဲ လေသာတောင်စခန်းမှာ သွားပြီး ခိုလှုံရင် ကောင်းမယ်လို့ ထင်တယ်။ မနက်ဖြန်မနက် နောင်ကြီးကို ဆိုင်ရာက စစ်လားဆေးလားလုပ်ရင် ကျုပ်နဲ့ပတ်သက်လို့ ဘာမှ မသိဘူး ဆိုတာ ငြင်းပေတော့။ ဒီအတိုင်းဆိုရင် မြို့ပြနဲ့ စစ်ဘက်အုပ်ချုပ်ရေးဆိုင်ရာတို့ မသင့် မမြတ်ဖြစ်လို့ အချင်းချင်း ဖြစ်ကြတာလို့ ထင်သွားကြမှာပဲ။ တကယ်လို့ ကျွန်တော့်ကို မိသွားတယ်ဆိုရင်တော့ ခင်ဗျားမှာ ရပ်စရာ ခြေထောက်တောင် ရှိတော့မှာ မဟုတ် တော့ဘူး”

“ကျွန်တော်ကတော့ ရိုးရိုးပဲ တွေးပြီး လက်ရုံးရည်ပဲ ရှိတဲ့ကောင်။ နောင်ကြီးလို နှလုံးရည် အမြော်အမြင်ရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ နောင်ကြီးမှာ ဒဏ်ရာတွေနဲ့ဆိုတော့ ခရီးသွားနိုင်ပါ့မလား”

“ရပါတယ်။ အရေးမကြီးပါဘူး။ ကျွန်တော့်မှာ အချိန်သိပ်မရှိတော့ဘူး။ တောင်ခြေ ရင်းကို ရောက်သွားပြီဆိုရင်တော့ ကျွန်တော့်အဖို့ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး”

စုန်ကျန့်၏ ကိုယ်မှ ဒဏ်ရာများကို လိမ်းဆေးများဖြင့် လိမ်းပေးကြ၏။ စုန်ကျန့်သည် အသားနှင့် စိမ်ရည်တို့ကို စားသောက်ခြင်းပြု၏။ မိမိတွင် ပါလာသည့် အထုပ်အပိုးတို့ကိုမူ ဟွရုံထံတွင် အပ်နှံခဲ့၏။ ညနေမိုးချုပ်တွင်မူ ဟွရုံ၏ အစီအစဉ်အရ တပ်သားနှစ်ယောက် တို့က တပ်စခန်းဝင်း တံခါးအရောက် လိုက်ပို့ပေးကြ၏။ ထိုနေရာမှစ၍ စုန်ကျန့်သည် ညကြီးမင်းကြီးတွင် တယောက်တည်း ခရီးဆက်လာခဲ့လေ၏။ ထိုအကြောင်းတို့ကိုမူ မပြောတော့ပြီ။

လျှုကောက်၏ တပ်သားများသည် ကြောက်အားလန့်အားဖြင့်

ပြန်ပြေးလာခဲ့ကြ၏။

"ဟွရုံဆိုတဲ့လူက သတ္တိလည်းကောင်း၊ လေးမြားအတတ်ဆိုရင်လည်း သိပ်ကျွမ်းကျင် တာပဲ။ သူ့လေးတပစ်အကွာမှာ ကျွန်တော်တို့ တယောက်မှ မဝင်ရဲကြဘူး" ဟု တပ်သား များက ပြောကြ၏။ တပ်ဗိုလ်နှစ်ယောက်တို့ကလည်း သူ့မြားတစင်း ထိလိုက်လို့ကတော့ ကိုယ်ထဲမှာ နေမင်းကြီး ဝင်လာတယ်လို့တောင် အောက်မေ့ရလိမ့်မယ်။ ကျွန်တော်တို့ လည်း သူ့အနားကို မကပ်နိုင်ကြဘူး ခင်ဗျ"ဟု ပြောကြ၏။

သို့ရာတွင် စဉ်းစားဉာဏ်မရှိသည့် လျူကောက်မှာ မြို့ပြအုပ်ချုပ်ရေး အရာရှိတဦးသာ ဖြစ်၏။ ကောက်ကျစ်စဉ်းလဲတတ်၏။ ပါးလည်း ပါးနပ်သူတယောက် ဖြစ်၏။

"သူ့အိမ်ကို လာပြီး စုန်ကျန့်ကို လာဖမ်းတဲ့အတွက် ဟွရုံဟာ စုန်ကျန့်ကို အိမ်မှာ ထား တော့မှာ မဟုတ်ဘူး။ ဒီနေ့ ညတွင်းချင်းပဲ လေသာတောင်စခန်းကို လွှတ်လိုက်လိမ့်မယ်။ မနက်ဖြန်ကျရင် ဒီကိစ္စကို သူ ဘာမှမသိပါဘူးလို့ ငြင်းမှာပဲ။ ငါက အထက်လူကြီးတွေကို တိုင်ရင်လည်း ဒီကိစ္စဟာ မြို့ပြဘက်နဲ့ စစ်ဘက် စကားများလို့ အချင်းချင်း တယောက်ကို တယောက် အပြစ်ဖို့ ချောက်တွန်းနေကြတာလို့ ထင်မှာပဲ။ ဒီလူကို ဘယ်လိုများ နိုင်အောင် လုပ်ရပါ့မလဲ။ စစ်သား သုံး လေးဆယ်လောက်ကို လမ်းမှာ ကြိုလွှတ်ထားပြီး စုန်ကျန့်ကို ဆီးဖမ်းရရင် ကောင်းမယ်ထင်တယ်။ ကံကောင်းလို့ စုန်ကျန့်ကို မိရင်တော့ ဒီကောင်ကို ငါ့ဆီမှာ အသာကလေး ချုပ်ထား။ ပြီးတော့ အထက် အာဏာပိုင်တွေဆီ ချက်ချင်း သတင်း ပို့။ တပ်မှူးကိုယ်တိုင် လာရောက်ခေါ်သွားဖို့ အကြောင်းကြားရင် ကောင်းမယ်။ ဒီလိုဆိုရင် ဟွရုံကို ဖမ်းပြီး နှစ်ယောက်စလုံးကို သတ်ပစ်မှာပဲ။ ဒီလိုဆိုရင် ဒီလေသာတောင် စခန်းမြို့ ကလေးကို ငါတယောက်တည်း စိတ်တိုင်းကျ အုပ်ချုပ်ရတော့မှာပဲ။ ဒီကောင်တွေနဲ့ ပတ်သက်စရာ မလိုတော့ဘူး" ဟု လျူကောက် တယောက်တည်း တွေးတောလျက်ရှိ၏။ လျူကောက်သည် လူနှစ်ဆယ်ခန့်ကို ရွေး၍ လှံများ၊ တုတ်များကို ကိုင်စွဲစေကာ စုန်ကျန့်ကို စောင့်၍ ဖမ်းရန် ညတွင်းချင်း လွှတ်လိုက်၏။ သန်းခေါင်ကျော်လောက်တွင်မူ တပ်သားများသည် စုန်ကျန့်ကို ဖမ်းဆီးကာ လက်ပြန်ကြိုးတုပ်၍ ခေါ်လာကြ၏။ လျူ ကောက်မှာ ဝမ်းသာ၍ မဆုံးပြီ။

"ငါ ထင်တဲ့အတိုင်းပဲ မဟုတ်လား။ ဒီကောင်ကို နောက်ဖေးခန်းထဲမှာ ချုပ်ပြီး သော့ ပိတ်ထားလိုက်ကြ။ ဘယ်သူမှ မသိပေ့စေနဲ့"

လျူကောက်သည် တရားဝင် စွဲချက်တရပ်ကို ရေးပြီးနောက် စိတ်ချရသည့် လူ နှစ်ယောက်ကို ခေါ်ကာ စာကို ချင်ကျို့ရဲဝန်ထံသို့ အပို့လွှတ်လိုက်၏။

တပည့်နှစ်ယောက် တို့လည်း ညတွင်းချင်းပင် အလျင်အမြန်သွား၍ ပို့ကြလေ၏။

နောက်တနေ့၌ ဟွရုံမှာ လေသာတောင်စခန်းသို့ စုန်ကျန့် ရောက်ပြီ အထင်ဖြင့် စိတ်အေးလက်အေး ထိုင်ရင်း-

"ဒီလောက်ဆိုရင် ဒီကောင် ဘာတတ်နိုင်တော့မှာလဲ" ဟု တွေးလျက်ရှိ၏။ ဟွရုံသည် မည်သို့မျှလည်း စုံစမ်းခြင်းမပြုချေ။ လျူကောက်ကလည်း ဘာမျှ မသိဟန်ဆောင်လျက် ရှိ၏။ သူတို့နှစ်ယောက်သည် ထိုအကြောင်းနှင့်ပတ်သက်၍ ဘာမျှ ပြောဆိုခြင်း မပြုကြချေ။

ချင်ကျို့မြို့ ရဲဝန်သည် အစည်းအဝေး ကျင်းပလျက်ရှိ၏။ သူ့မိသားစုအမည်မှာ မုရုံ ဖြစ်ပြီး သူ့အမည်ရင်းမှာ ယန်တ ဖြစ်၏။ သူ့ညီမအငယ်မှာ ဘုရင်ကေရာဇ်၏ မောင်းမတဦး ဖြစ်၏။ ထိုကျောထောက်နောက်ခံဖြင့် ရဲဝန်သည် ချင်ကျို့နယ်တွင် ထင်တိုင်းကြဲလျက် ရှိကာ လူထုများကို နှိပ်စက်တတ်၏။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို နိုင်ထက်ကလူ ပြုလေ့ရှိ၏။ သို့ဖြင့် ရဲဝန်သည် သူ့စိတ်တိုင်းကျ လုပ်လျက်ရှိလေ၏။ ရဲဝန် မနက်စာ စားရန် အတွက် အစည်းအဝေးကို ရွှေ့ဆိုင်းရပ်နားတော့မည် ပြုစဉ် ရဲအရာရှိတဦး ရောက်လာကာ တောပုန်းခားပြတို့၏ လုပ်ရှားမှုနှင့်ပတ်သက်၍ လျူကောက်ထံမှ ပို့လိုက်သော အစီရင်ခံ စာတစောင်ကို လာ၍ ပေးလေ၏။ ရဲဝန်သည် ထိတ်လန့်သွား၏။

"ဟွရုံဟာ တိုင်းပြည်အကျိုးကို သစ္စာရှိစွာ ထမ်းရွက်ခဲ့တဲ့ တပ်မှူးကြီးတဦးရဲ့ သားပဲ။

ဒီလိုလူတယောက်ဟာ လေသာတောင်စခန်းမှာ ရှိတဲ့ တောပုန်းတွေနဲ့ ဘယ်လိုလုပ်ပြီး ပူးပေါင်းနိုင်မှာလဲ။ ဒီလိုလုပ်တာဟာ အင်မတန် ကြီးလေးတဲ့ ပြစ်မှုကြီးတခုပဲ။ ဟွရုံဟာ ဒီလို ပြစ်မှုမျိုးကို ကျူးလွန်တယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား" ဟု တွေးလျက်ရှိ၏။

ရဲဝန်သည် သူ့နယ်ရှိ ရဲတပ်မှူးကို ခေါ်ကာ ထိုကိစ္စကို သွားရောက်စုံစမ်းခြင်းပြုရန် စေလွှတ်လိုက်၏။ တပ်မှူးဖြစ်သည့် ဟုန်ဆင့်သည် လက်နက်အတတ်တို့တွင် ကျွမ်းကျင်သူ တဦးဖြစ်၍ ချင်ကျို့နယ်ရှိ လူထုများ၏ လေးစားချစ်ခင်ခြင်းကို ခံရသူတယောက် ဖြစ်သည့် အပြင် "တောင်သုံးလုံးဗိုလ်' ဟူသော အမည်ကို ရရှိထားသူဖြစ်၏။ ချင်ကျို့နယ်ထဲတွင် ကြောက်စရာ ကောင်းသော တောင်စခန်းကြီး သုံးခုရှိ၏။ ယင်းတို့မှာ လေသာတောင်တန်း၊ နဂါးနှစ်ကောင်တောင်တန်းနှင့် မက်မုံပွင့်တောင်တန်းတို့ ဖြစ်၏။ ထို တောင်ရိုးသုံးခုစလုံး သည် တောပုန်းများဖြင့် ပြည့်နှက်လျက်ရှိ၏။ ဟုန်ဆင့်သည် ထို တောင်ရိုးသုံးခုစလုံးမှ တောပုန်းခားပြများကို တယောက်မကျန် ဖမ်းဆီးပြမည်ဟု ကြုံးဝါးလေ့ရှိသဖြင့် သူ့ကို "တောင်သုံးလုံးဗိုလ်" ဟု လှောင်ပြောင်ခေါ်ကြခြင်း

ဖြစ်၏။

ရဲဝန်ထံမှ ညွှန်ကြားချက်ကို ရသည်နှင့် ဟုန်ဆင့်သည် အားကောင်းမောင်းသန် လူ ငါးဆယ်ကို ရွေးကာ သံချပ်အင်္ကျီကို ဝတ်ဆင်ပြီးနောက် ထက်နေသည့် ကြောက်ဖွယ် ဓားကြီးကို ကိုင်ကာ မြင်းပေါ်သို့ တက်၏။ ဟုန်ဆင့်နှင့် သူ့လူများသည် လေသာတောင် ခံတပ်စခန်းမြို့သို့ ညတွင်းချင်း ရောက်ရှိသွားကြကာ တပ်မှူးလျူကောက်၏ ဝင်းဆီသို့ လာခဲ့ကြ၏။ ဟုန်ဆင့်သည် မြင်းပေါ်မှ ဆင်းလာရာ ဆီးကြိုပြီးနောက် အတွင်းဆောင် ဘက်သို့ ခေါ်လာခဲ့၏။ နှစ်ယောက်သား ယဉ်ကျေးစွာ နှုတ်ဆက်ကြပြီးနောက် အိမ်ရှင် လျူကောက်က တပ်မှူးဖြစ်သူ ဟုန်ဆင့်အား စားသောက်ဖွယ်များ၊ စိမ်ရည်များဖြင့် တည်ခင်း ကျွေးမွေးလေ၏။ သူနှင့် အတူပါလာသူများကိုလည်း ကောင်းစွာ ကျွေးမွေး၏။ ထို့နောက်တွင် တပ်မှူး စစ်ဆေးရန်အတွက် စုန်ကျန့်ကို ခေါ်လာရန် အမိန့်ပေးလိုက်၏။

"သူ့ကို ဘယ်လိုစီရင်မလဲ" ဟု လျူကောက်က မေး၏။

"မေးစရာမလိုတော့ပါဘူးဗျာ။ လှောင်အိမ်လှည်းတခု လုပ်ပြီး ဒီကောင်ကို လှောင် အိမ်ထဲ ထည့်လိုက်ပေါ့" ဟု ဟုန်ဆင့်က ပြော၏။

စုန်ကျန့်၏ ခေါင်းတွင် ခေါင်းပေါင်းကို ပေါင်းစေပြီးနောက် "လေသာတောင်တောပုန်း စခန်းမှ တောပုန်းခေါင်းဆောင် ဗိုလ်ချုန်စမ်း' ဟူသော အမည်ကိုလည်း စက္ကူပေါ်တွင် ရေးထိုး၍ ချိတ်ဆွဲထားစေ၏။ စုန်ကျန့်က မိမိသည် တောပုန်းဗိုလ် မဟုတ်ကြောင်း ငြင်းသည့်တိုင် မည်သူကမျှ သူ့စကားကို လက်မခံကြချေ။ သို့ဖြင့် စုန်ကျန့်သည် သူတို့ စိတ်တိုင်းကျလုပ်သည့်အတိုင်း ခံနေရ၏။

"ချုန်စမ်းကို ဖမ်းမိတယ်ဆိုတာ ဒီက တပ်မှူးဟွရုံကော သိသလား" ဟု ဟုန်ဆင့်က လျူကောက်ကို မေး၏။

"ကျွန်တော်တို့က သူ့ကို သန်းခေါင်ကျော်လောက်မှ ဖမ်းမိတာ ခင်ဗျ။ ဖမ်းလာကတည်းက လူမသိအောင် ဒီမှာပဲ ချုပ်ထားလိုက်တာ။ ဟွရုံကတော့ ဒီကောင် ထွက်ပြေး ပြီလို့ အောက်မေ့မှာပေါ့။ သူက အိမ်မှာ ဇိမ်နဲ့ ထိုင်နေတာကိုး"

"ဒီလိုဆိုရင်တော့ လွယ်ပါတယ်။ မနက်ဖြန်မနက်ကျရင် ခံတပ်စခန်းမြို့က ခန်းမမှာ စားသောက်ပွဲတပွဲ ကျင်းပပါ။ အဲဒီ ခန်းမနောက်မှာ လူ လေး ငါးဆယ်လောက်ကို ပုန်းပြီး အစောင့်ခိုင်းထားပါ။ ကျွန်တော်ကိုယ်တိုင် တပ်မှူးဟွရုံကို ဖိတ်မယ်။ ရဲဝန်မှူးရုံက မှာ လိုက်တယ်၊ ဒီမှာ စစ်ဘက်နဲ့ အုပ်ချုပ်ရေးဘက် မသင့်မတင့်ဖြစ်နေတယ်လို့ ကြားလို့ ခင်ဗျားတို့ကို စေ့စပ်ပေးဖို့

ကျုပ်ကို လွှတ်လိုက်တာလို့ ပြောမယ်။ ဒီနည်းနဲ့ သူ့ကို ကျုပ် ခန်းမထဲရောက်အောင် ခေါ်မယ်။ ကျုပ်က လက်ထဲက အရက်ခွက်ကို ပစ်ချလိုက်မယ်။ အဲဒီလို ပစ်ချလိုက်ပြီဆိုတာနဲ့ အချက်ပေးတာပဲလို့ အောက်မေ့လိုက်ပေတော့။ သူနဲ့ စုန်ကျန့် နှစ်ယောက်စလုံးကို ချင်ကျို့ကို ခေါ်သွားမယ်။ ဘယ့်နှယ်လဲ”

“သိပ်ကောင်းတာပေါ့ ခင်ဗျာ။ ဗိုလ်မှူးလုပ်ပုံကတော့ “ခရားထဲက လိပ်ကို ဖမ်းရ သလို တယ်ပြီး လွယ်ကူပါကလား”

ထိုည သူတို့သည် ထိုစီမံကိန်းကို အတည်ပြုလိုက်ကြ၏။ နောက်တနေ့ မိုးမသောက် မီတွင် ခန်းမနောက် ဝဲယာတို့တွင်ရှိ တဲများထဲတွင် တပ်သားများကို ဝှက်ထားပြီးနောက် စားသောက်ပွဲ တည်ခင်းရန် ပြင်ဆင်ကြ၏။ မနက်စာ စားသောက်ပြီးသည့်အခါ ဟုန်ဆင့် သည် နောက်လိုက် နောက်ပါ နှစ်ယောက် သုံးယောက်ကို ခေါ်၍ မြင်းပေါ်သို့ တက်ကာ ဟွကျုံဆီသို့ လာခဲ့၏။ ဝင်းဝတွင် တာဝန်ကျသည့် အစောင့်က ဟုန်ဆင့် ရောက်လာကြောင်းသွား၍ သတင်းပို့၏။

“ဘာကိစ္စလဲဟေ့”

“တပ်မှူးဟုန်ဆင့်လာတယ်လို့သာ သွားပြောချေလို့ ကျွန်တော့်ကို ပြောလိုက်ပါတယ်” ဟွကျုံသည် အပြင်သို့ ထွက်လာကာ ခရိုင်တပ်မှူးဟုန်ဆင့်ကို ကြိုဆိုနှုတ်ဆက်ခြင်း ပြုကြ၏။ ဟုန်ဆင့်သည် မြင်းပေါ်မှ ဆင်းလေ၏။ ဟွကျုံက အထဲသို့ဝင်ရန် ဖိတ်ခေါ်ပြီးနောက် တယောက်နှင့် တယောက် အပြန်အလှန် ယဉ်ကျေးစွာ နှုတ်ဆက်ကြ၏။

“တပ်မှူးကြီး ဘာကိစ္စများရှိလို့ ရောက်လာတာပါလိမ့် ခင်ဗျာ”

“ခရိုင်ရဲဝန်ဆီက အမိန့်ပါတယ် ခင်ဗျ။ နောင်ကြီးနဲ့ အုပ်ချုပ်ရေးအရာရှိ လျူကောက် တို့ အဆင်မပြေကြဘူးလို့ ကြားတယ်တဲ့။ ဘာကြောင့်မှန်းလည်း မသိရဘူးတဲ့။ ကိုယ်ရေး ကိုယ်တာကိစ္စကြောင့် တယောက်နဲ့ တယောက် မသင့်မြတ်ရင် အများပြည်သူကိစ္စတွေကို ဆောင်ရွက်ရာမှာ အခက်အခဲတွေ တွေ့နိုင်တယ်တဲ့။ ဒါကြောင့်မို့ မင်းသွားပြီး စုံစမ်းချေ ဆိုလို့ ကျွန်တော် ဆင်းလာခဲ့ရတာပဲ။ ဒီတော့ ခင်ဗျားတို့နှစ်ယောက် တွေ့ပြီး စကားပြော နိုင်အောင် ကျွန်တော် စားသောက်ပွဲတခု စီစဉ်ထားတယ်။ စခန်းမြို့လယ်ကောင်က ခန်းမ မှာ လုပ်မယ်။ အဲဒါ ခင်ဗျားကို ကျွန်တော် လာဖိတ်တာပဲ”

“ကျွန်တော်က လျူကောက်အပေါ်မှာ ရိုင်းရိုင်းပျပျ ဘယ်လုပ်ပါ့မလဲ ခင်ဗျာ။ တကယ်တော့ သူက ကျွန်တော့်အထက်က လူကြီးပဲ။ ကျွန်တော့်ကို သက်သက်မဲ့ အပြစ်ရှာနေ တာပါ။ ဒီကိစ္စက ရဲဝန်ဆီထိအောင်လည်း ရောက်စရာမလိုပါဘူး။ ပြီးတော့ ဒီရောက်တော့ လည်း တပ်မှူးကိုယ်တိုင်

ကျွန်တော့်ဆီ လာရတာဆိုတော့ အားနာစရာကောင်းနေပါပြီ။ ကျွန်တော်ဖြင့် ဘယ်လို တောင်းပန်ရမှန်းတောင် မသိတော့ဘူး”

ဟုန်ဆင့်သည် ရှေ့သို့ အနည်းငယ်တိုးလာကာ လေသံကလေးဖြင့်-

“ရဲဝန်က ခင်ဗျားဘက်မှာ ရှိတယ်ဗျ။ တကယ်လို့ စစ်တပ်တွေကို ခေါင်းဆောင်ပြီး တိုက်စရာ ခိုက်စရာ ရှိလာတယ်ဆိုရင် လျူကောက် ခေါင်းဆောင်လို့ ဘာအရာရောက်မှာ လဲဗျ။ သူက မြို့ပြအုပ်ချုပ်ရေးအရာရှိတယောက်ပဲ။ ဘာလုပ်တတ်မှာလဲ။ ကျွန်တော်နဲ့ စိတ်ချလက်ချသာ လိုက်ခဲ့ပါ”

“ကျွန်တော့်အတွက် ဂရုစိုက်လို့ ကျေးဇူးတင်ပါတယ် တပ်မှူးကြီးခင်ဗျာ”

ဟုန်ဆင့်က မြင်းပေါ်သို့တက်၍ သူနှင့် အတူလိုက်ခဲ့ရန် ခေါ်၏။ ဟွစ်ရုံက တပ်မှူး ဟုန်ဆင့်အား စိမ်ရည်နှင့် စားသောက်ဖွယ်များကို သုံးဆောင်သွားရန် ဖိတ်ခေါ်၏။

“ရှင်းစရာကလေးတွေ ရှင်းပြီးတော့ အေးအေးဆေးဆေး စိတ်တိုင်းကျ သောက်ကြ သေးတာပေါ့ဗျာ” ဟု ဟုန်ဆင့်က ပြော၏။

ဟွစ်ရုံသည် သူ့စစ်မြင်းကြီးကို အပြင်ခိုင်းပြီးနောက် သူတို့နှစ်ယောက်သည် ဘေးချင်း ယှဉ်၍ စီးလာခဲ့ကြ၏။ ခံတပ်သို့ ရောက်သည့်အခါတွင် သူတို့သည် မြင်းပေါ်မှ ဆင်းကြ၏။ ဟုန်ဆင့်က ဟွစ်ရုံကို လက်တွဲ၍ ခေါ်သဖြင့် သူတို့နှစ်ယောက်သည် ခန်းမထဲသို့ အတူ ဝင်လာခဲ့ကြလေ၏။ လျူကောက်မှာ စောင့်လျက်ရှိလေပြီ။

သူတို့သုံးယောက် တွေ့ဆုံပြီးနောက် လျူကောက်က စိမ်ရည်များ တည်ခင်းရန် ပြော လိုက်လေ၏။ အစောင့်များသည် ဟွစ်ရုံ၏ မြင်းကို တခြားသို့ ဆွဲသွားကြကာ ခံတပ်တံခါး များကိုလည်း ပိတ်ထားလိုက်ကြ၏။

ဟွစ်ရုံသည် မိမိအား မကောင်းကြံစည်နေမှန်းကို ကောင်းစွာ မသိသေးချေ။ ဟုန်ဆင့် သည် တိကျသော စစ်အရာရှိတယောက် ဖြစ်သည်ဟု ယူဆကာ ထိုသို့ မကောင်းကြံလိမ့် မည်ဟု အနည်းငယ်မျှ သံသယမဖြစ်မိချေ။ တပ်မှူးဟုန်ဆင့်သည် အရက်ခွက်ကို ကောက် ကိုင်လိုက်ကာ လျူကောက်ဘက်သို့ လှည့်လိုက်၏။

“ခင်ဗျားတို့နှစ်ယောက်ကြားမှာ စိတ်သဘောကွဲလွဲတာကလေးတွေ ရှိနေတယ်လို့ ရဲဝန်ကြီးက ကြားနေတယ်ဗျ။ ဒါကြောင့် စိတ်ပူလို့ ခင်ဗျားတို့နှစ်ယောက် ပြေလည်အောင် ကျွန်တော့်ကို လွှတ်လိုက်တာ။ ကိုယ်ရေးကိုယ်တာတွေထက် အရှင်ကေရာဇ်ရဲ့ အကျိုး တော်ကို

ကြည့်ကြလိမ့်မယ်လို့ ရဲဝန်ကြီး ယူဆတယ်ဗျာ။ နောင် ခင်ဗျားတို့နှစ်ယောက် ကြားမှာ ပြဿနာတို့ ဘာတို့ ရှိလာရင်လည်း အေးအေးဆေးဆေး ဆွေးနွေး ဖြေရှင်းစေချင် တယ်ဗျာ”

လျူကောက်က-

“ကျွန်တော်ကတော့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေကို သိပ်နားလည်တဲ့လူတယောက် မဟုတ်ပါဘူး ခင်ဗျာ။ အရည်အချင်းလည်း သိပ်ရှိတဲ့ လူတယောက် မဟုတ်ပါဘူး။ ကျွန်တော်တို့ကိစ္စအတွက် ရဲဝန်ကြီး စိတ်ထိခိုက်တယ် ဆိုတာကတော့ စိတ်မကောင်းစရာ ပေါ့။ ခုတော့ ကျွန်တော်တို့ကြားမှာ ပဋိပက္ခရယ်လို့ မရှိပါဘူး။ ကောလာဟလစကားတွေ ဖြစ်ပါလိမ့်မယ်”

ဟုန်ဆင့် ရယ်လိုက်ရင်း-

“ဒီလိုဆိုရင်တော့ သိပ်ကောင်းတာပေါ့ဗျာ”

ဟုန်ဆင့်သည် ခွက်ထဲမှ အရက်ကို သောက်လိုက်၏။ ဟုန်ဆင့်သည် ဒုတိယခွက် ငှဲ့လိုက်ပြီးနောက် ဟွရုံဘက်သို့ ကမ်းလိုက်၏။

“ကဲ၊ တပ်မှူးကြီး။ လျူကောက်ပြောတာ ကြားပြီ မဟုတ်လား။ အလကား ပြောနေ ကြတာတွေပါဗျာ။ ကဲ၊ နောက်တဝိုင်းလောက် ထည့်လိုက်ပါဦး”

ဟွရုံသည် သူ့ခွက်ထဲမှ စိမ်ရည်ကို မော့သောက်လိုက်၏။ လျူကောက်က ဟုန်ဆင့်၏ အရက်ခွက်ထဲသို့ အရက်ငှဲ့ပေး၏။

“ကျွန်တော်တို့ နေရာကလေးကို လာလည်တဲ့အတွက် ကျေးဇူးတင်တဲ့ အထိမ်း အမှတ်နဲ့ တခွက်လောက် သောက်လိုက်ပါဦး ခင်ဗျ”

ဟုန်ဆင့်သည် သူကမ်းပေးသည့် အရက်ခွက်ကို လှမ်းယူလိုက်၏။ အရက်ခွက်ကို လက်တွင်ကိုင်၍ ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ တပ်သားတကျိပ်ကျော်ခန့်သည် ခန်းဆောင်ထဲသို့ ဝင်လာကြ၏။ ဟုန်ဆင့်သည် အရက်ခွက်ကို ကြမ်းပြင်ပေါ်သို့ ကိုင်ပေါက် ချလိုက်၏။ နောက်ဘက်ဆီမှလည်း ဝုန်းခနဲမြည်သော အသံကြီးတသံကို ကြားလိုက်ရ၏။ ခန်းဆောင် တဖက်တချက်မှ တပ်သား လေး ငါးဆယ်ခန့်တို့ ပေါ်ထွက်လာကာ ဟွရုံဆီသို့ ပြေးလာကြပြီးလျှင် သူ့ကို ဖမ်းချုပ်၍ မြေကြီးပေါ်သို့ လှဲချလိုက်၏။

“ကြိုးနဲ့ တုပ်လိုက်” ဟု ဟုန်ဆင့်က အမိန့်ပေး၏။

“ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ”

ဟုန်ဆင့်က ရယ်လိုက်လျက်-

"မင်းကများ မေးရတယ် ရှိသေးသလား။ မင်းဟာ ဘုရင့်သစ္စာကို ဖောက်ပြီး လေသာ တောင်က လူဆိုးခါးပြတွေနဲ့ ပေါင်းနေတာ မဟုတ်လား။ ဒါ မင်းပြစ်မှုပေါ့။ မင်း အရင် တုန်းက အမှုတော်ထမ်းခဲ့တဲ့ ဂုဏ်သိက္ခာကလေးကို ထောက်ထားပြီး မင်း မိန်းမနဲ့ သား သမီးတွေကို မဖမ်းဘဲ ချမ်းသာပေးလိုက်တာ"

"ခင်ဗျားမှာ ဘာသက်သေအထောက်အထား ရှိလို့လဲ"

"အေး၊ မင်းကို ပြမယ်။ မင်းတို့ လုထားတဲ့ ပစ္စည်းတွေနဲ့ မင်းတို့ခေါင်းဆောင် တောပုန်း။ ဗိုလ်ကို ပြမယ်။ မင်းကို ဘယ်သူကမှ မတရားလုပ်တာ မဟုတ်ဘူး။ ဟော့၊ အစောင့်တွေ။ လူဆိုးခေါင်းဆောင်ကို ခေါ်ခဲ့ကြစမ်း"

ခေါင်းတွင် ပဝါနီကို ပေါင်းထားပြီး စက္ကူအလံတခု စိုက်ထားသည့် လူတယောက်ကို လှောင်ထားသည့် လှောင်အိမ်လှည်းကြီးတစီးကို တွန်းလာကြ၏။ ထိုသူမှာ စုန်ကျန့် ဖြစ်၏။ ဟွရုံမှာ တအံ့တသြဖြစ်လျက် ရှိ၏။ သူတို့နှစ်ယောက်သည် စကားတခွန်းမျှ မပြော နိုင်ကြဘဲ တယောက်ကို တယောက် ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြ၏။

"ခုကိစ္စက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူးနော်။ ခုကိစ္စက တပ်မှူးရဲ့ အမိန့်အရ လုပ်ရ တာပဲ"

ဟွရုံက-

"ဘယ်သူ့အမိန့်နဲ့ပဲလုပ်လုပ် အတူတူပါပဲ။ ဒီလူဟာ ယန်ကျင့်မြို့က ကျုပ်ဆွေမျိုး တဦးပဲ။ သူ တောပုန်းခါးပြလို့ဆိုရင် ခင်ဗျားတို့ ရုံးတော်မှာ တင်ပေါ့။ အဲဒီတော့ ကျုပ်တို့ ရုံးတော်မှာ ခုခံလျှောက်လဲမှာပေါ့"

"ကောင်းပြီ။ ဒီလိုဆိုရင် မင်းတို့ကို မြို့ဝန်ရုံးကို ခေါ်သွားရမယ်။ ဟိုရောက်တော့ ကိုယ့် ဘာသာကိုယ် လျှောက်လဲကြည့်ကြပေါ့"

တပ်မှူးက သူတို့နှစ်ဦးအား တပ်သားတရာခန့်ဖြင့် မြို့ဝန်ထံသို့ ပို့ရန် လျူကောက်ကို ခိုင်းလိုက်၏။ ဟွရုံက တပ်မှူးဟုန်ဆင့်ဘက်သို့ လှည့်လိုက်လျက်-

"ခင်ဗျား ကျုပ်ကို ဖြားယောင်းပြီး ခေါ်တာပေါ့။ ခု ခင်ဗျား ကျုပ်တို့ကို ဖမ်းထား ပေးမယ့် ရုံးတော်ရောက်ရင် ကျုပ်တို့ ခုခံလျှောက်လဲမယ်။ ကျုပ်တို့နှစ်ယောက်စလုံးဟာ တပ်ဗိုလ်တွေပဲ။ ဒီတော့ ကျုပ်အဝတ်အစားတွေကို မချွတ်ပါနဲ့။ ကျုပ်ကိုလည်း လှောင်အိမ် လှည်းပေါ်တင်ပါ"

"ဒါက လွယ်ပါတယ်။ ခင်ဗျားဆန္ဒအတိုင်း ဖြစ်ရပါစေမယ်။ ခု

ကျုပ်တို့နဲ့အတူ မြို့ဝန် ဆီကို လိုက်ခဲ့ဖို့ လျူကောက်ကိုလည်း ခေါ်ခဲ့ရမယ်။ ဟိုရောက်ရင် ကိစ္စဝိစ္စတွေကို တခါ တည်း ရှင်းနိုင်တာပေါ့။ လူတယောက်ကို အကြောင်းမဲ့ မသတ်စေချင်ပါဘူး”

ဟုန်ဆင့်နှင့် လျူကောက်တို့သည် သူတို့မြင်းများပေါ်သို့ အသီးသီး တက်ကြ၏။ သူတို့သည် တပ်သားငါးဆယ်ခန့်နှင့် ခံတပ်ထဲမှ တပ်သားတရာခန့်တို့ကို ခေါ်ဆောင်ကာ အကျဉ်းလှောင်အိမ် လှည်းနှစ်စီးကို ချင်ကျို့မြို့သို့ ခေါ်လာခဲ့ကြ၏။

ထိုသို့ ခေါ်ဆောင်လာခဲ့သဖြင့် တဟုန်းဟုန်းတောက်သော မီးတောက်မီးလျှံတို့သည် အိုးအိမ်ပေါင်းများစွာတို့ကို လောင်ကျွမ်းခဲ့၏။ ခေးလွတ်များ၊ ရဲတင်းများသည် လူပေါင်း နှစ်ထောင်နီးပါးကို သတ်ဖြတ်ခဲ့ကြ၏။ အသက်ပေါင်းနှစ်ထောင်ခန့်ကို ဇီဝိန်ခြွေခဲ့ကြ၏။ မှန်ပေ၏။ ရန်စမှုများသည် ရန်စသူများကို ဒုက္ခများစေခဲ့၏။ ဒဏ်ရာအနာတရ ဖြစ်ခြင်း သည် ဒဏ်ရာအနာတရ ဖြစ်စေသူကို ပြန်၍ သက်ရောက်စေခဲ့၏။

စုန်ကျန့်သည် မည်သို့ လွတ်မြောက်သွားလေသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၄

တောင်သုံးလုံးကို နှိမ်နင်းသူသည် ချင်ကျို့မြို့ကို မှောက်လှန်ပစ်ခြင်း

မိုးကြိုးသွားသည် ညအချိန်၌ မီးလောင်ပြင်ကို ဖြတ်သန်းခြင်း

မြင်းပေါ်တွင် ထိုင်လိုက်လာသည့် ဟုန်ဆင့်သည် ဓားလွယ်ကြီးကို ကိုင်လာ၏။ မြင်းဖြင့် လိုက်လာသည့် လျူကောက်မှာလည်း သံချပ်အင်္ကျီကို ဝတ်ထားသည့်အပြင် လက်ထဲတွင် ခက်ရင်းခွကြီးတခုကို ကိုင်လာ၏။ တရာ့ငါးဆယ်မျှသော သူတို့၏ နောက်လိုက်နောက်ပါတို့ သည်လည်း တင်းပုတ်ကြီးများ၊ သိုင်းတုတ်ကြီးများ၊ ပန်းပွားတပ် လှံကြီးများကို အသီးသီး ကိုင်ဆောင်လာကြကာ ခါးတွင်လည်း ဓားကောက်များ၊ ဓားလွယ်များ ချိတ်ထားကြ၏။ စည်နှစ်ချက်တီး၍ မောင်းတချက် တီးလိုက်သည်နှင့် ဟွရုံနှင့် စုန်ကျန့်တို့သည် လေသာ တောင်စခန်းမြို့မှ ထွက်လာခဲ့ကြကာ ချင်ကျို့မြို့ဆီသို့ လာခဲ့ကြ၏။

ခရီးလီပေါင်း လေးဆယ်ခန့် သွားမိသည့်အခါတွင် ရှေ့၌ တောအုပ်တခုကို တွေ့ရ၏။ တောင်ကြားကလေးတခုသို့ ရောက်သည့်အခါ၌ လေသာခံတပ်စခန်းမှ ကင်းထောက်တဦး က တောအုပ်ဆီသို့ လက်ညှိုးညွှန်ပြကာ-

"ဟောဟိုက သစ်ပင်တွေကြားမှာ လူတွေ ခင်ဗျ။ ကျွန်တော်တို့ကို ချောင်းကြည့်နေ ကြတယ်" ဟု ပြော၏။

အကျဉ်းသားနှစ်ဦးကို ခေါ်ဆောင်လာသည့် တပ်သားတန်းကြီးသည် ရပ်တန့်လိုက်၏။

"ဟေ့၊ ဘာဖြစ်လို့ ရပ်နေရတာလဲကွ" ဟု ဟုန်ဆင့်က မြင်းပေါ်မှ လှမ်း၍ မေး၏။

"ရှေ့က တောအုပ်ထဲမှာ လူတွေ ကျွန်တော်တို့ကို ချောင်းကြည့်နေကြတယ် ခင်ဗျ"

"ဘာဖြစ်ဖြစ်၊ ဆက်သွားကွာ"

သို့ဖြင့် သူတို့သည် တောအုပ်အနီးသို့ ရောက်လာခဲ့ကြ၏။ ထိုစဉ် မောင်း သုံး လေးဆယ် ခန့်တို့၏ အသံသည် ချက်ချင်း ဆူညံစွာ မြည်ဟည်းထွက်ပေါ်လာ၏။ ခံတပ်မှ လိုက်ပါ လာသော အစောင့်တပ်သားတို့သည် ကြောက်အားလန့်အားဖြင့်

လှည့်ပြေးမည် ပြုကြ၏။ "ဟေ့ကောင်တွေ။ ဒီနေရာမှာပဲ ရပ်နေ။ ပြီးတော့ လူဖြန့်ပြီး ဝိုင်းထား"ဟု ဟုန်ဆင့် က ပြောကာ လျှူကောက်ဘက်သို့ လှည့်ပြီး "အကျဉ်းလှောင်အိမ်တင်ထားတဲ့ အကျဉ်း လှည်းတွေကို စောင့်နေဗျို့" ဟု ပြောလိုက်၏။

လျှူကောက်မှာ ကြောက်လွန်းသဖြင့် စကားပင် မပြောနိုင်တော့ပြီ။ ပြောသည့်အခါ တွင်လည်း အထစ်ထစ်အငေါ့ငေါ့ ဖြစ်လျက်ရှိ၏။

"အမယ်လေးဗျ။ ကျွန်တော့်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ ဘုရား။ ဂုဏ်တော်တထောင်ကို ရွတ်ဆိုပါတယ် ဘုရား။ ဝတ်ပြုခြင်းသုံးဆယ်နဲ့ ဝတ်ပြု ပါတယ် ဘုရား။ တပည့်တော်ကို ကယ်တော်မူပါ ဘုရား"

သူ့မျက်နှာသည် မှည့်နေသော ဖရဲသီးတလုံးကဲ့သို့ ဝါထိန်လျက် ရှိလေပြီ။

ဟုန်ဆင့်မှာကား စစ်ဗိုလ်တယောက် ဖြစ်သည့်အလျောက် သတ္တိနည်းသူတယောက် မဟုတ်ချေ။ ဟုန်ဆင့်သည် မြင်းဖြင့် ရှေ့သို့ အသော့စီးလာခဲ့ကာ အကျိုးအကြောင်းကို စုံစမ်းကြည့်၏။ သစ်တော၏ လေးဖက်လေးတန်ပတ်လည်တွင် ငါးရာခန့်ရှိသော တောပုန်း တို့သည် တန်းစီ၍ ဝိုင်းပတ်ထားကြ၏။ သူတို့အားလုံးမှာ ကြောက်ဖွယ်မျက်နှာထားကို ဆောင်ထားကြသည့် လူကြမ်းကြီးတွေ ဖြစ်၏။ သူတို့ခေါင်းတွင် ပဝါနီကို ပေါင်းစည်းထား ကြပြီးလျှင် ကိုယ်တွင် ဂွမ်းကပ်အင်္ကျီကြီးများကို ဝတ်ကာ ခါးတွင် ဓားများကို ချိတ်ဆွဲ ထားကြ၏။ လက်ထဲတွင်လည်း လှံရှည်ကြီးများကို ကိုင်ထားကြ၏။ သူတို့လူတန်းကြီး တခုလုံးကို ဝိုင်းရံထားကြလေပြီ။

တောအုပ်ထဲမှ အတင့်ရဲသူ သုံးယောက်တို့သည် လမ်းမပေါ်သို့ ခုန်ထွက်လာကြ၏။ တယောက်မှာ အနက်ရောင်၊ တယောက်မှာ အနီရောင်၊ တယောက်မှာ အစိမ်းရောင်တို့ကို အသီးသီးဝတ်ထား၏။ သူတို့သုံးဦးစလုံးမှာ ခေါင်းတွင် စကြာတံဆိပ်ရိုက် ရွှေချည်ထိုး ပဝါများကို စည်းထားကြပြီး ခါးတွင်လည်း ဓားလွယ်များကို လွယ်ထားကြ၏။ သူတို့သည် လက်တွင် မှိန်းများကို ကိုင်ထားကာ ရှေ့မှ ဆီးပိတ်၍ ရပ်နေကြ၏။ အလယ်က လူမှာ ကျားသစ်ဗိုလ်ယန်ရွှင့် ဖြစ်၏။ ယာဘက်က လူမှာ ဗိုလ်ကျားပုခေါ် ဝမ်ယင့် ဖြစ်၏။ ဝဲဘက် က လူမှာ ဗိုလ်ရုပ်ချောခေါ် ချန်တန်ရှု ဖြစ်၏။ သူတို့က ဟုန်ဆင့်ကို လှမ်း၍ အော်ကြ၏။

"ခရီးသည်တွေ အားလုံး ရပ်လိုက်။ ရွှေစင်ပိဿာသုံးဆယ် ပေးရမယ်။ မပေးရင် တယောက်မှ ဒီနေရာက မရွေ့ကြနဲ့"

ဟုန်ဆင့်က သူ့မြင်းပေါ်မှ လှမ်း၍ ပြန်အော်၏။

"ဟေ့လူတွေ၊ မင်းတို့မှာ ဒီလောက်မှ ယဉ်ကျေးမှု မရှိတော့ဘူးလား။ ငါ့ကို ဘယ်သူ ထင်တုံး။ ငါ တောင်သုံးလုံးကို နှိမ်နင်းတဲ့ ဗိုလ်ကွ"

သူတို့သုံးယောက်ကလည်း ပြန်အော်၏။

"မင်းဘာသာမင်း တောင်သုံးလုံးဗိုလ် မကလို့ ဘယ်သူပဲဖြစ်ဖြစ် တို့ ဂရုမစိုက်ဘူး။ ရွှေစင်ပိသာသုံးဆယ် ပေးရင် ပေး၊ မပေးရင် မသွားရဘူး"

"ငါ ဘုရင်အစိုးရကိစ္စနဲ့ လာတဲ့ မြို့ဝန်ရဲ့ တပ်မှူးကွ။ မင်းတို့ကို ဘာဖြစ်လို့ ဆက်ကြေး ပေးရမှာလဲ"

တောပုန်းသုံးယောက်သည် ရယ်လိုက်ကြ၏။

"ရွှေစင်ပိသာသုံးဆယ် မပေးရင် ဒီလမ်းကို ဘုရင်လည်း ဖြတ်လို့ မရဘူးကွ။ မင်း တို့မှာ ခု ပါမလာရင် အကျဉ်းသားတွေကို အာမခံအဖြစ် ထားပစ်ခဲ့။ ရွှေယူလာခဲ့ရင် အကျဉ်းသားတွေကို ပြန်ပေးလိုက်မယ်"

ဟုန်ဆင့်မှာ ဒေါသထွက်လာခဲ့လေပြီ။

"ငါ့လိုကောင်ကို မင်းတို့က စော်ကားမော်ကား ပြောလုချည်လားဟင် လူမိုက်တွေ" ဟုန်ဆင့်သည် မောင်းများနှင့် စည်များကို တီးရန် အမိန့်ပေးလိုက်ပြီးလျှင် မြင်းကို ပုတ်လိုက်ပြီးနောက် ဓားကို ဝှေ့ယမ်းလျက် ဗိုလ်ကျားသစ်ဆီသို့ မြင်းကို တည့်တည့်ကြီး ဒုန်းစိုင်းစီးလာခဲ့လေ၏။

တောပုန်းဗိုလ် သုံးယောက်တို့သည် မှိန်းကြီးများကို မြှောက်ကိုင်၍ ဟုန်ဆင့်ကို ဝင်ရောက် တိုက်ခိုက်ကြ၏။ တပ်မှူးဟုန်ဆင့်သည် ဆယ်ကြိမ်မျှ ခုခံတိုက်ခိုက်ခြင်းပြု၏။ သို့ရာတွင် သုံးယောက်နှင့် တယောက်ဖြစ်၍ အားချင်းမမျှချေ။ လျှိုကောက်ကား ကြောက် လွန်းသဖြင့် တုန်ရီလျက်ရှိကာ ရှေ့သို့ မတိုးရဲတော့ပြီ။ ဟုန်ဆင့်၏ အခြေအနေကို မြင် သည့်အခါတွင် လျှိုကောက်သည် ပြန်လှည့်၍ ပြေးရန် ပြင်နေ၏။ ဟုန်ဆင့်မှာ မိမိအား တောပုန်းဗိုလ် သုံးယောက်တို့က ဖမ်းဆီးသွားခဲ့လျှင် မိမိဂုဏ်သိက္ခာ ကျတော့မည်ကို သိသဖြင့် မြင်းဇက်ကို ဆွဲ၍ လှည့်ကာ နောက်သို့ ဒုန်းစိုင်း၍ ပြေးလာခဲ့၏။ တောပုန်းဗိုလ် သုံးယောက်တို့သည်လည်း သူ့နောက်မှ မှိန်းကြီးများကို ကိုင်၍ လိုက်လာခဲ့ကြ၏။ ဟုန်ဆင့် သည် သူ ကွပ်ကဲလာသည့် တပ်သားများကိုပင် သတိမရတော့ဘဲ လေအဟုန်ကဲ့သို့ လျင်စွာပြေးလျက်ရှိသော မြင်းကို ဒုန်းစီးကာ လေသာတောင်ခံတပ်စခန်းမြို့သို့ ပြန်လာ ခဲ့၏။

မိမိတို့ဗိုလ် ထွက်ပြေးသည်ကို မြင်သည့်အခါ၌ တပ်သားများမှာလည်း စိတ်ပျက် အော်ဟစ်၍ ကျန်ရစ်ခဲ့ကြ၏။ သူတို့သည် အကျဉ်းလှောင်အိမ်တင်

လှည်းများကို ပစ်၍ ပြေးလာခဲ့ကြ၏။ လျူကောက်ကား မြင်းဇက်ကို အတင်းဆုပ်ကိုင်ကာ မြင်းကို ခါတိုင်းထက် သုံးဆမျှ ပိုကြိမ်သွင်း၍ စီးလာခဲ့၏။ မြင်းသည် အားကုန်ပြေးလာခဲ့ရာ လမ်းတွင် တားထား သော ကြိုးနှင့် တိုက်မိပြီး လူရော မြင်းပါ တလိမ့်ခေါက်ကွေး လဲကျသွားကြ၏။ တောပုန်း တို့၏ တပည့်တဦးက လျူကောက်နှင့်တကွ လှောင်အိမ်လှည်းများကို ဖမ်းဆီးလိုက်၏။

လှောင်အိမ်ကို ချိုးဖျက်ရန် တလမ်းလုံး ကြိုးစားလာခဲ့သည့် ဟွရုံသည် ထိုအချိန်၌ လှောင်အိမ်ကို အောင်မြင်စွာ ချိုးဖျက်ထွက်လာနိုင်ခဲ့လေပြီ။ ဟွရုံသည် လှောင်အိမ်ထဲမှ ခုန်ထွက်လိုက်ကာ မိမိလက်တွင် ချည်နှောင်ထားသည့် လက်ထိပ်များကို ရိုက်ချိုးပစ် လိုက်၏။ ဟွရုံသည် အခြား အကျဉ်းလှောင်အိမ်တလုံးကိုလည်း ချိုးဖျက်ပြီးနောက် စုန်ကျန့် ကို ကယ်လိုက်၏။ တောပုန်းများသည် လျူကောက်ကို ဖမ်းဆီးကာ လက်ပြန်ကြိုးတုပ်ထား ကြ၏။ သူစီးလာသည့် မြင်းနှင့် အခြား မြင်း သုံး လေးကောင်ကိုလည်း ဖမ်းထားလိုက် ကြ၏။ သူတို့သည် လျူကောက်၏ ကိုယ်မှ အဝတ်အစားများကို ချွတ်ယူကာ ကိုယ်လုံးတီးဖြစ်နေသော စုန်ကျန့်ကို ဝတ်ဆင်ပေးကြ၏။ ဖမ်းဆီးရမိသည့် မြင်းများကို တောင်ပေါ်သို့ ခေါ်သွားကြ၏။ တောပုန်းဗိုလ်သုံးဦး၊ ဟွရုံနှင့်အခြားသော တောပုန်းများသည် ကိုယ်လုံးတီး ဖြင့် လက်ပြန်ကြိုးတုပ်ထားသော လျူကောက်ကို ခံတပ်စခန်းသို့ ခေါ်လာခဲ့ကြ၏။

တောပုန်းဗိုလ်များသည် ထွက်ပြေးလွတ်မြောက်သွားသော စုန်ကျန့်အကြောင်းကို ဘာမှမသိရသည့်အတွက် မိမိတို့ တောပုန်းတပည့်များအား လေသာတောင်ခံတပ်မြို့ထဲသို့ လွှတ်ကာ အခြေအနေကို စနည်းနာခိုင်းလိုက်ကြ၏။ ဤတွင် ဟွရုံနှင့် စုန်ကျန့်တို့ကို အကျဉ်းလှည်းထဲတွင် ထည့်၍ ဟုန်ဆင့်ကိုယ်တိုင် ကြီးကြပ်ကာ ချင်ကျို့မြို့သို့ ပို့မည် ဖြစ်ကြောင်း သိခဲ့ရ၏။

ထိုသတင်းကို ကြားသည့်အခါ၌ တောပုန်းများသည် တောင်အောက်သို့ ဆင်းလာခဲ့ ကြကာ အကျဉ်းသားပို့သည့် တပ်သားတန်းကြီးကို ဝိုင်းဝန်း တိုက်ခိုက်ကြခြင်း ဖြစ်၏။ သို့ဖြင့် ဟွရုံနှင့် စုန်ကျန့်တို့ လွတ်မြောက်လာခဲ့ကာ လျူကောက်ကို ဖမ်းမိခဲ့ခြင်းဖြစ်၏။ တောပုန်းများသည် တောင်ပေါ်ရှိ သူတို့စခန်းသို့ ပြန်လာခဲ့ကြ၏။

ထိုနေ့ည သန်းခေါင်လောက်အချိန်၌ အိမ်သည်များနှင့် ဧည့်သည်များသည် တောပုန်း စခန်းရှိ သစ္စာခန်းမဆောင်တွင် စုဝေးကြ၏။ စုန်ကျန့်နှင့် ဟွရုံတို့ အလယ်ကောင်တွင် ထိုင် မိသည့်အခါ၌ တောပုန်းဗိုလ် သုံးယောက်တို့သည် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ ဧည့်သည်များအား စားသောက်ဖွယ်များနှင့် ဧည့်ခံရန် ပြင်ဆင်ကြ၏။

"ဟော့၊ တပည့်တို့။ မင်းတို့လည်း ဒီနေ့ည သောက်ပြီး ပျော်ပျော်နေကြ"ဟု ယန်ရှင့်က သူ့လူများကို ပြော၏။

ဟွရုံက တောပုန်းဗိုလ်သုံးဦးတို့အား ကျေးဇူးတင်စကား ပြော၏။

"ကျွန်တော်နဲ့ ကျွန်တော့်နောင်ကြီးတို့ နှစ်ယောက်ကို ကယ်ဆယ်ခဲ့ပြီး ကျွန်တော်တို့ အတွက် လက်စားချေခဲ့တဲ့အတွက် နောင်ကြီးတို့ရဲ့ ကျေးဇူးဟာ ဘယ်တော့မှ ဆပ်လို့ကုန် မှာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ညီမလေးအတွက် ကျွန်တော် စိတ်မချဘူး။ သူတို့တတွေက လေသာတောင်ခံတပ်မြို့ထဲမှာ ကျန်ရစ်ခဲ့တယ်။ ဟုန်ဆင့်ဟာ သူတို့ကို ဖမ်းတော့မှာပဲ။ ကျွန်တော် သူတို့ကို ဘယ်လိုများ ကယ်ရမလဲ မသိဘူး"

ယန်ရှင့်က-

"ဒါအတွက် ဒီလောက် မပူပါနဲ့ ရဲရင့်ရာ။ ဟုန်ဆင့်ဟာ ခင်ဗျားဇနီးနဲ့ ညီမကို ဖမ်းရဲမှာ မဟုတ်ပါဘူး။ ဖမ်းခဲ့လို့ရှိရင်လည်း မြို့ကိုအပြန်မှာ ဒီလမ်းကို ဖြတ်ရမှာပါ။ မနက်ဖြန်ကျရင် ကျုပ်တို့ညီနောင်သုံးဦး တောင်အောက်ကို ဆင်းပြီး ခင်ဗျားဇနီးနဲ့ ညီမကို ကျုပ်တို့ ခေါ်ပေး ပါမယ်"

ယန်ရှင့်သည် တပည့်တယောက်ကို ခေါ်ကာ ခံတပ်မြို့တွင်းသို့ သွား၍ သတင်းယူရန် လွှတ်လိုက်၏။

"ကျေးဇူးကြီးပါပေတယ်ဗျာ" ဟု ဟွရုံက ပြော၏။

"ဟော့၊ တပည့်တွေ။ ဟိုခွေးသား လျူကောက်ကို ခေါ်ခဲ့စမ်း"ဟု ယန်ရှင့်က အခေါ်ခိုင်း လိုက်၏။

"ဟို လျူကောက်ဆိုတဲ့ ခွေးသားကို အခေါ်ခိုင်းလိုက်စမ်းပါဗျာ"ဟု စုန်ကျန့်က ပြော၏။

"သူ့ကို ကြိုးနဲ့ တုပ်ပြီး တိုင်မှာ ချည်ထားတယ်။ ဒီကောင့်နှလုံးကို ထုတ်ပြီး နောင်ကြီး ကို လက်ဆောင်ပေးရမယ်" ဟု ယန်ရှင့်က ပြော၏။

"ကျွန်တော်ကိုယ်တိုင် ဒီကောင့်ရင်ကို လှီးဖွင့်ချင်တယ်ဗျာ" ဟု ဟွရုံက ပြော၏။

"ဟော့၊ လျူကောက်။ မင်းနဲ့ ငါဟာ ရန်သူမဟုတ်ဘူးကွ။ ခုတော့ မင်းက မင်းမယား မိန်းမယုတ်ရဲ့ စကားကို နားထောင်ပြီး ငါ့ကို ဒုက္ခပေးတယ်။ ခု မင်းကို ဖမ်းမိပြီ။ မင်း ဘာပြောချင်သေးသလဲ" စုန်ကျန့်က ပြော၏။ ဟွရုံက-

“ဘာဖြစ်လို့ ဒီကောင်နဲ့ စကားပြောနေရသေးတာလဲဗျာ” ဟု ဆိုကာ လျှုကောက်၏ ရင်အုံကို ဓားဖြင့် ထိုးစိုက်လိုက်ပြီးနောက် လှီးလိုက်ကာ နှလုံးကို ဆွဲထုတ်ပြီး စုန်ကျန့်၏ ရှေ့သို့ ချပေးလိုက်၏။ တောပုန်းများသည် လျှုကောက်၏ အလောင်းကို တနေရာသို့ ဆွဲသွားကြ၏။

“အယုတ်တမာကောင်ကိုတော့ သတ်ပြီးပြီ။ ဒါပေမဲ့ သင်းမိန်းမ ဖာသည်မ ကျန် သေးတယ်။ ဒီကောင်မကို လက်စားမချေရသေးဘူး”ဟု စုန်ကျန့်က ပြော၏။

ဗိုလ်ကျားပုက-

“စိတ်အေးအေးထားစမ်းပါ နောင်ကြီးရာ။ မနက်ဖြန်ကျရင် ဒီကောင်မကို ကျုပ် ဖမ်း လာခဲ့ပါ့မယ်။ ဒီတခါတော့ ကျွန်တော့်အလှည့်ဗျ။ သူကတော့ ကျွန်တော့်အတွက် ထားရ လိမ့်မယ်ဗျ”

အားလုံးက ရယ်လိုက်ကြ၏။ သူတို့သည် စားသောက်ပြီးနောက် အိပ်ရာသို့ဝင်ခဲ့ကြ၏။ နောက်တနေ့မနက် အိပ်ရာမှ ထသည့်အခါတွင် သူတို့သည် လေသာတောင်ခံတပ်မြို့ကို တိုက်ခိုက်ရန် အစီအစဉ်တို့ကို ဆွေးနွေးကြ၏။ ယန်ရှင့်က-

“မနေ့က ကျုပ်တို့တပည့်ကောင်လေးတွေ တော်တော်ပင်ပန်းသွားကြတယ်ဗျာ။ ဒီတော့ သူတို့ နားပါစေ။ မနက်ဖြန်မနက်ကျတော့မှ ဆင်းကြတာပေါ့။ ဒီလောက်ဆိုရင် အချိန်ရပါသေးတယ်”

“ဟုတ်တယ်ဗျ။ လူတွေရော မြင်းတွေရော တော်တော် ပင်ပန်းနေကြပြီ။ နားပါစေဦး။ ဒီလောက် အလျင်မလိုပါနဲ့” ဟု စုန်ကျန့်ကလည်း ပြောလေ၏။

လေသာတောင်ခံတပ်သို့ ပြန်ရောက်လာသည့်အခါ၌ ဟုန်ဆင့်သည် ခံတပ်ထဲသို့ သွားကာ တပ်သားများ၊ မြင်းများကို စုစည်း၍ တံခါးလေးပေါက်တို့တွင်လည်း အစောင့် များ ထူထပ်စွာ ချထားလိုက်၏။ ထို့နောက် တပ်ဗိုလ်နှစ်ယောက်ကို ခေါ်ကာ မြို့ဝန်မုရုံ ထံသို့ စာနှစ်စောင် အပို့ခိုင်းလိုက်၏။

လေသာတောင်ခံတပ်မြို့မှ သတင်းကို ရရှိပြီးနောက် အခြေအနေကို သိရသည့်အခါတွင် မြို့ဝန်သည် ချက်ချင်း အစည်းအဝေးခေါ်လိုက်၏။ မြို့ဝန်သည် ဟုန်ဆင့်၏ အစီရင်ခံစာကို ရသည့်အခါတွင် များစွာ ထိတ်လန့်လျက် ရှိ၏။ ဟုန်ဆင့်ထံမှ ပေးပို့သည့် အစီရင်ခံစာ ထဲတွင် “ဟွရုံသည် ပုန်ကန်ထကြွကာ လေသာတောင်စခန်းရှိ တောပုန်းများနှင့် သွား ရောက် ပူးပေါင်းလျက် ရှိပါသည်။ လေသာတောင်တပ်ခံတပ်မြို့အဖို့ မည်သည့် အာမခံ ချက်မျှ မရှိပါ။ အခြေအနေမှာ လွန်စွာ စိုးရိမ်ရသော အခြေအနေတွင် ရှိပါသည်။ ထို နယ်မြေကို

ထိန်းသိမ်းရန်အတွက် အကောင်းဆုံးသော တပ်ဗိုလ်ချုပ်များကို လွှတ်လိုက် လျှင် သင့်မည် ထင်ပါသည်” ဟု ပါရှိ၏။

မြို့ဝန်သည် ထိုနယ်ရှိ တပ်များ၏ ဗိုလ်ချုပ်ဖြစ်သူ ဗိုလ်ချုပ်ချင်ကို စစ်ရေးကိစ္စ အရေးပေါ်အစည်းအဝေး ကျင်းပရန် အမြန်ဆုံး အခေါ်ခိုင်းလိုက်၏။ ဗိုလ်ချုပ်ချင်မှာ ဒေါသကြီးသလောက် အသံကျယ်သူတယောက် ဖြစ်သည့်အတွက် သူ့ကို မိုးကြိုးသွားဟု ခေါ်ကြ၏။ မိုးကြိုးသွားသည် ဘိုးဘေးအစဉ်အဆက် ဆင်းသက်လာသည့် စစ်သားကြီး တဦး ဖြစ်၏။ သူ့လက်နက်မှာ ဝံပုလွေ အစွယ်တပ်ထားသည့် တင်းပုတ်ဖြစ်၏။ မိုးကြိုးသွား ဦးဆောင်၍ တိုက်လျှင် စစ်သည်တသောင်းပင် ညက်ညက်ကြေရသည်ဟု အဆို ရှိ၏။ မိုးကြိုးသွားသည် မြို့ဝန်ထံသို့ ရောက်လာသည့်အခါ သူတို့နှစ်ဦးသည် တယောက်ကို တယောက် ရိုသေစွာ ဦးညွှတ် နှုတ်ဆက်ကြ၏။ မြို့ဝန်မုရုံသည် ဟုန်ဆင့် ရေးပို့လိုက်သည့် စာကို မိုးကြိုးသွားအား ပြ၏။ မိုးကြိုးသွားသည် စာကို ဖတ်ပြီးနောက်-

“ဒီတောပုန်းကောင်တွေက တယ်လည်း အတင့်ရဲပါကလား။ ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မြို့ဝန်မင်း။ ကျွန်တော့်တပ်တွေကို အပြင်ခိုင်းလိုက်ပါမယ်။ တောပုန်းတွေကို ဖမ်းမမိဘူးဆိုရင် နောင် ကျွန်တော့်မျက်နှာကို ဘယ်တော့မှ မြို့ဝန်မင်း မမြင်စေရပါဘူး” “မြန်မြန်သွားမှ ဖြစ်မယ်။ ဒီကောင်တွေက လေသာတောင်ခံမြို့ကို တိုက်မှာ စိုးရတယ်” “မကြာစေရပါဘူး။ ဒီနေ့ညမှာ ကျွန်တော့်တပ်တွေကို အပြင်ခိုင်းပြီး မနက်ဖြန်မနက် အစောကြီးမှာ ထွက်မှာပါ”

မြို့ဝန်သည် များစွာ ကျေနပ်အားရကာ နောက်တနေ့ စစ်ထွက်လျှင် တပ်များအတွက် စိမ်ရည်၊ အသားနှင့် ရိက္ခာခြောက်များကို အဆင်သင့် ပြုလုပ်ထား၍ မြို့ရိုးအပြင်ဘက်မှ ကမ်းလှမ်းရန် စီစဉ်ခိုင်းလိုက်၏။ မိုးကြိုးသွားမှာ ဟွရုံ ပုန်ကန်သွားသည်ဟု ကြားသည့် အတွက် များစွာ စိတ်ဆိုးလျက်ရှိ၏။ မိုးကြိုးသွားသည် မြင်းပေါ်သို့ တက်ကာ မိမိဌာနချုပ် သို့ ပြန်လာခဲ့၏။ တပ်သို့ ရောက်လျှင် မြင်းသည်တရာနှင့် ခြေလျင်စစ်သည် လေးရာတို့ကို အဆင်သင့် ပြင်ခိုင်းထားလိုက်၏။ ယင်းတို့အား မြို့ရိုးအပြင်ဘက်သို့ သွား၍ စစ်ချီရန် အသင့်ဖြစ်အောင် အမိန့်ပေးလိုက်၏။

နောက်တနေ့မနက်၌ မြို့ဝန်မုရုံသည် မြို့ပြင်ရှိ ဘုန်းကြီးကျောင်းဝင်းတဝင်းထဲ၌ ပေါက်စီများကို ပြုလုပ်၍ စိမ်ရည်များကိုလည်း စည်ကြီးများဖြင့် ထည့်ကာ စစ်ထွက်သူများအား ကြိုဆိုရန် ပြင်ဆင်လျက်ရှိ၏။ တပ်သားတယောက်လျှင် စိမ်ရည် သုံးခွက်၊ ပေါက်စီနှစ်လုံးနှင့် အသားပြုတ် တဆယ်သားစီ ဝေငှပေးရန် ဖြစ်၏။ မြို့ရိုးထဲမှ တပ်များ ထွက်လာသည့်အခါတွင်မူ ရိက္ခာများမှာ အဆင်သင့် ဖြစ်နေလေပြီ။ ရှေ့မှာ အနီရောင်

နဖူးစီးစာတန်းကြီးပေါ်တွင် “ဗိုလ်ချုပ်ချင်၊ မြင်းတပ်နှင့် ခြေလျင်တပ်မှူးကြီး” ဟူသော စာတန်း ရေးထားသည်ကို တွေ့ရ၏။

သံချပ်အကျီတို့ကို ဝတ်ဆင်ထားသည့် မိုးကြိုးသွားခေါ် ဗိုလ်ချုပ်ချင်ကို မြင်ရသည် မှာလည်း တကယ်ပင် ကြည့်၍ ကောင်းလှ၏။ မိမိတို့အား နှုတ်ဆက်ရန် စောင့်ကြိုနေသည့် မြို့ဝန်မုရုံကို မြင်သည့်အခါ၌ မိုးကြိုးသွားသည် လက်တွင် ကိုင်ထားသည့် လက်နက်ကို တပ်သားတယောက် လက်သို့ အပ်လိုက်ပြီးနောက် မြင်းပေါ်မှ ဆင်းလိုက်၏။ မြို့ဝန်နှင့် မိုးကြိုးသွားတို့သည် တယောက်နှင့်တယောက် အပြန်အလှန် ယဉ်ကျေးစွာ နှုတ်ဆက် ကြ၏။ မြို့ဝန်က မိုးကြိုးသွားဘက်သို့ လှည့်လိုက်ပြီးလျှင် အသင့်ပြင်ထားသည့် စိမ်ရည် ခွက်ကို လှမ်းပေးလိုက်၏။

“အစစအရာရာ ချောမော အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ”

တပ်သားများအား အစားအသောက်တို့ ဝေငှပြီးသည့်နောက်တွင် အမြောက်ဖောက် ၍ အချက်ပေးလိုက်၏။ မိုးကြိုးသွားလည်း မြို့ဝန်ကို နှုတ်ဆက်ပြီးနောက် မြင်းပေါ်သို့ ပြန်တက်လေ၏။ မိုးကြိုးသွားသည် တပ်များကို ဖြန့်၍ ချီတက်ခိုင်း၏။ တပ်သားများသည် မိုန်းများ၊ ရဲတင်းများကို ကိုင်ဆောင်ကာ လေသာတောင်ခံမြို့ဆီသို့ ချီတက်လာခဲ့ကြ၏၊ လေသာတောင်ခံမြို့သည် ချင်ကျိုမြို့၏ အရှေ့တောင်အရပ်တွင် ရှိသည့်တိုင် တောင်စူးစူး သို့ တိုက်ရိုက်သွားလျှင် လေသာတောင်ခြေရင်းသို့ တည့်တည့်ကြီး ဆိုက်ရောက်သွား၏ ခဏအကြာတွင် သူတို့တပ်များသည် မြောက်ဘက် တောင်ခြေရင်းရှိ လမ်းကလေးတခု ပေါ်သို့ ရောက်နေကြလေပြီ။

တောင်ခြေရင်းတွင် ကင်းစောင့်နေသည့် တောပုန်းကင်းများသည် သူတို့ချီတက်လာ ကြောင်းကို တောင်ပေါ်သို့ သတင်းပို့လိုက်ကြ၏။ ထိုသတင်းကို ကြားသည့်အချိန်၌ တောပုန်းများသည် လေသာတောင်ခံမြို့ကို စီးနင်းတိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိကြ၏။ “မိုးကြိုးသွားတော့ ဒီလမ်းအတိုင်း တပ်တွေနဲ့ ချီလာပြီတဲ့” ဟု တောပုန်းဗိုလ်များ သည် အချင်းချင်းပြောကာ တယောက်ကို တယောက် အလန့်တကြားဖြင့် ကြည့်နေကြ၏။ ဟွရုံက-

“ဒီလောက်လည်း စိုးရိမ်မနေကြပါနဲ့ဗျာ။ “အလျင်အမြန် ချီလာသည့် ရန်သူကို လမ်းတွင် တားဆီးရာ၏” ဆိုတဲ့ စကား ရှိသားပဲ။ တပ်သားတွေကို အရက်တို့၊ စားသောက် စရာတွေကို ပေးပြီး ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်ကြစမ်းပါ။ ကျွန်တော်တို့အနေနဲ့ ပထမအဆင့်မှာ အင်အားကို သုံးမယ်၊ ဒုတိယအဆင့်မှာ ဥပါယ်တံမျဉ်ကို သုံးမယ်” ဟု ဆိုကာ သူ့အစီအစဉ်ကို ပြောပြပြီးနောက်-

“ဘယ်လို သဘောရကြသလဲ”

"ကောင်းတယ်။ ဒီအတိုင်းပဲ လုပ်ရမှာပဲ" ဟု စုန်ကျန့်က ပြော၏။

ဟွရုံနှင့် စုန်ကျန့်တို့သည် အသေးစိတ် အချက်အလက်များကို ပြင်ဆင်ကြစဉ် တောပုန်းဗိုလ်အသီးသီးတို့သည် မိမိတို့ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်လျက်ရှိလေ၏။ ဟွရုံသည် မြင်းကောင်းကောင်းတစီးနှင့် သံချပ်အင်္ကျီတို့ကို ရွေးကာ လေး၊ မြားနှင့် လှံကြီးကို အဆင်သင့်ပြင်ထားလေ၏။

ထိုည၌ မိုးကြိုးသွားနှင့် သူ့တပ်များသည် တောင်ခြေမှ လီဆယ်လီအကွာ နေရာ တခုတွင် စခန်းချ ရပ်နားကြ၏။ နောက်တနေ့မနက် အရုဏ်တက်တွင် အိပ်ရာမှ ထကာ မနက်စာ စားသောက်၏။ ထို့နောက် အချက်ပေးအမြောက်တချက်ကို ပစ်ဖောက်ပြီးလျှင် သူတို့တပ်များသည် တောင်ပေါ်သို့ စတင်ချီတက်လာခဲ့ကြ၏။ မိုးကြိုးသွားသည် ကျယ် ပြန့်သည့် ကွက်လပ်တခုကို ရွေးချယ်ပြီးလျှင် သူ့တပ်များကို တိုက်ပွဲဝင်ရန် နေရာချထား၏။ ထို့နောက် စည်မောင်းသံများ ပေါ်ထွက်လာ၏။

ထိုစဉ်မှာပင် တောင်ပေါ်မှာလည်း မိုးချုန်းသကဲ့သို့ မြည်ဟည်းသော မောင်းသံများ ပြန်လည် ထွက်ပေါ်လာကာ တောပုန်းတပ်ကြီးတတပ်သည် တောင်အောက်သို့ လျင်မြန်စွာ ဆင်းလာ၏။ မိုးကြိုးသွားသည် မြင်းကို ရှေ့ဆုံးမှ စီး၍ တက်လာခဲ့၏။ ကိုယ်တွင်လည်း ဝံပုလွေစွယ် တပ်ထားသည့် တင်းပုတ် ချိတ်ထား၏။ လှမ်းကြည့်လိုက်သည့်အခါ၌ တော ပုန်းတို့ ခြံရံ၍ ချီတက်လာသော ဟွရုံကို မြင်ရ၏။ တောပုန်းများသည် တောင်ခုလတ်ရှိမြေကွက်တကွက်သို့ ရောက်သည့်အခါတွင် စည်များ၊ မောင်းများကို တီးခတ်ကာ တိုက်ပွဲ ဝင်ရန် တပ်များကို အသင့်ပြင်နေကြ၏။ ဟွရုံသည် လက်ထဲတွင် သံမဏိလှံကြီးကို ကိုင်ထားရာမှ မြင်းပေါ်မှ နေ၍ မိုးကြိုးသွားကို ရိုသေစွာ နှုတ်ဆက်၏။ မိုးကြိုးသွားက ဟွရုံသို့ လှမ်း၍ အော်၏။

"ဗျို့၊ ဟွရုံ။ ခင်ဗျားတို့ ဘိုးဘေးအစဉ်အဆက်ဟာ ဘုရင်ရဲ့ ရွှေနန်းတော်က ခန့်အပ် လိုက်တဲ့ တပ်မှူးတွေချည်းပဲ။ ခင်ဗျား ဆိုရင်လည်း လေသာတောင်ခံမြို့ရဲ့ တပ်မှူး တယောက်။ နယ်မြေဒေသကြီးတခုကို အုပ်ချုပ်ရပြီး ဘုရင့်အစိုးရက လခရိက္ခာ ထောက်ပံ့ ခြင်းခံရသူ ဖြစ်တယ်။ ခင်ဗျား ထိုက်တန်တဲ့ လစာကို ဘယ်မှာ မပေးဘဲ နေဖူးလို့လဲ။ ခုတော့ ခင်ဗျားဟာ တောပုန်းတွေနဲ့ ပေါင်းပြီး ဘုရင်ကေရာဇ်ကို ပုန်ကန်နေပြီ။ ခု ခင်ဗျား ကို ဖမ်းဖို့ ကျုပ်လာတာပဲ။ ခင်ဗျားမှာ အသိဉာဏ်ရှိရင် မြင်းပေါ်က ဆင်းပြီး လက်နက်ချပါ။ ကျုပ်လက်တွေကို ခင်ဗျားသွေး မပေချင်ဘူး။ ခင်ဗျားသွေးနဲ့ ကျုပ် ခြေထောက်ကို မဆေး ချင်ဘူး"

ဟွရုံက တောင်းပန်သည့် အပြုံးကို ပြုံးလိုက်လျက်-

"ဗိုလ်ချုပ် နားထောင်ပါ။ ကျွန်တော်ဟာ ဘုရင်ကေရာဇ်ကို ဘယ်တော့မှ

ပုန်ကန် ချင်သူ မဟုတ်ဘူး။ ခုကိစ္စဟာ လူယုတ်မာ လျူကောက်က သူ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး ကျွန်တော့်အပေါ်မှာ မကျေနပ်လို့ လက်စားချေချင်တဲ့အတွက် ကျွန်တော့်ကို နှိပ်စက်ကလူပြုတဲ့အတွက် ထွက်လာခဲ့ရတာ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်ဟာ အိမ်ကို ကျောပေးပြီး တောဆီကို ထွက်ခွာလာရတာ ဖြစ်တယ်။ မယုံရင် ဗိုလ်ချုပ် စုံစမ်းကြည့်ပြီး ဒီကိစ္စကို ဖြေရှင်းကြည့်ပါ”

“ဟေ့၊ ဟွရုံ။ မြင်းပေါ်က ဆင်းပြီး အဖမ်းခံပါ။ မင်းအတွက် ဘာမှ မျှော်လင့်ချက် မရှိဘူး။ သက်သက်မဲ့ ငါ့တပ်သားတွေကို နားယောင်အောင် မင်း လုပ်ကြံပြောနေတာ” မိုးကြိုးသွားသည် ဘယ်တောင်ပံနှင့် ညာတောင်ပံတွင် ရှိသည့် တိုက်စည် တိုက် မောင်းများကို တီးရန် အချက်ပေးလိုက်ပြီးနောက် သူကိုယ်တိုင်မှာလည်း ဝံပုလွေစွယ် တင်းပုတ်ကို ကိုင်လျက် ရှေ့သို့ အတင်းတက်၍ တိုက်၏။ ဟွရုံက ရယ်၏။

“ကျုပ်က စေတနာကောင်းနဲ့ ခင်ဗျားကို သက်ညှာခွင့်ပေးတာကို ခင်ဗျား မသိဘူး။ ခင်ဗျားဟာ အထက်အရာရှိ ဖြစ်တဲ့အတွက် ကျုပ်က ရိုရိုသေသေ၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေတာကို ခင်ဗျားက ကြောက်တယ်လို့ ထင်နေတယ်” ဟု ဆိုကာ ဟွရုံသည် လှံကို ဝါးလုံးထိုးကိုင်ကာ မြင်းဖြင့် ရှေ့သို့တက်၍ တိုက်၏။

သူတို့နှစ်ဦးသည် အကြိမ်ငါးဆယ်မျှ တိုက်ခိုက်ကြသော်လည်း မည်သူ့ကိုမျှ နိုင် အောင် မတိုက်နိုင်ဘဲ ဖြစ်နေကြ၏။ ဟွရုံသည် ဥပါယ်တံမျဉ်သုံးကာ မြင်းကို နောက်သို့ ပြန်လှည့်ပြီး တောင်ခြေရင်းရှိ သူတို့တောပုန်းတပ်များ ရှိရာသို့ ဦးတည်၍ စီး၏။ မိုးကြိုး သွားက ဒေါသတကြီးဖြင့် နောက်မှ လိုက်၏။ ဟွရုံသည် လက်တွင် ကိုင်ထားသည့် လှံကို ခြေနင်းကွင်းကြားထဲသို့ ထိုးထည့်ထားလိုက်ပြီးနောက် မြင်းကို ဇက်လွှတ်၍ စီး၏၊ ထို့နောက် လေးကို ထုတ်၍ မြားတပ်ကာ လေးကို တင်းနိုင်သမျှ တင်းအောင် ဆွဲပြီး မြားကို လွှတ်လိုက်၏။ မြားသည် မိုးကြိုးသွား ဆောင်းထားသည့် သံခမောက်ပန်းပွားလုံး နီနီကို ထိမှန်ကာ ပန်းပွားလုံးသည် ပြတ်ကျသွား၏။ သူ့အကြီးအကဲဖြစ်သူ မိုးကြိုးသွားကို သတိပေးသည့်အနေဖြင့် ပန်းပွားကို မှန်ရုံ မြားလွှတ်ခြင်း ဖြစ်၏။

မိုးကြိုးသွားသည် လန့်သွားကာ မြင်းဇက်ကို ဆွဲ၍ ရပ်၏။ ဟွရုံနောက်သို့ ဆက်လိုက် မည်ပြုစဉ် တောပုန်းများသည် တောင်ပေါ်သို့ တက်သွားကြလေပြီ။ ဟွရုံကလည်း အခြား လမ်းမှ နေ၍ တောင်ပေါ်ခံတပ်စခန်းသို့ တက်သွားလေပြီ။

“ဒီကောင် တော်တော်ရိုင်းတဲ့ကောင်”

မိုးကြိုးသွားမှာ စိတ်ဆိုးလျက်ရှိလေပြီ။ ဤတွင် မိုးကြိုးသွားသည် တိုက်စည်တိုက် မောင်းများကို တီးခတ်စေကာ တောင်စောင်းအတိုင်း

ဟွရုံတို့နောက်သို့ လိုက်၏။

တပ်သားများသည် မိုးကြိုးသွားနောက်မှနေ၍ အော်ဟစ်ကာ တောင်ပေါ်သို့ တက် လာခဲ့ကြ၏။ တောင်ကြော နှစ်ခု သုံးခုကို ကျော်ခဲ့ပြီးနောက် တောင်ကြားတခုသို့အရောက် တွင် အပေါ်မှ သစ်တုံးများ၊ ကျောက်တုံးများ၊ ပုလင်းများနှင့် ကျိုထားသော သံရည် များသည် သူတို့အပေါ်သို့ မိုးသီးမိုးပေါက်များပမာ ကျရောက်လာကြ၏။ ရှေ့ဆုံးမှ တက်လာသော တပ်သားများမှာ လမ်းကြားကလေးထဲတွင် ဖြစ်သဖြင့် ပိတ်မိကာ အတုံးအရုံး ကျဆုံးကြ၏။ ကျန် တပ်သားတို့မှာလည်း ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးကြ၏။

မိုးကြိုးသွားသည် အကြီးအကျယ်စိတ်ဆိုးကာ မြင်းကို တောင်ကမ်းပါးဆင်ခြေလျှော အတိုင်း လျှောဆင်းလိုက်ပြီးနောက် တောင်ထိပ်သို့ တက်သည့် လမ်းတလမ်းကို လိုက် ရှာ၏။ ထိုသို့ရှာရင်း မွန်းတည့်ချိန်လောက် ရောက်သည့်အခါတွင် မောင်းသံများကို ကြားရ ပြီးနောက် သစ်ပင်များကြားမှ အလံနီများ ပေါ်လာလေ၏။ မိုးကြိုးသွားသည် သူ့တပ်သား များကို ခေါင်းဆောင်၍ ရန်သူတို့ကို အတင်းဝင်ရောက်တိုက်ခိုက်၏။ သို့ရာတွင် မောင်းသံ များသည် တိတ်ဆိတ်သွားကြကာ အလံနီများသည်လည်း ပျောက်ကွယ်သွားကြ၏။ မိမိရန်သူများ လာသည့် လမ်းမှာ တကယ့်လမ်း မဟုတ်ဘဲ သစ်ခုတ်သမားတို့၏ လူသွားလမ်း ကလေးများ ဖြစ်ပြီး လမ်းတလျှောက်တွင်လည်း သစ်ပင်များကို ခုတ်လှဲ ပိတ်ဆို့ထားသည် ကို တွေ့ရ၏။

လမ်းတွင် ပိတ်ဆို့ထားသော သစ်ပင်များကို တပ်သားများအား ဖယ်ရှားရှင်းလင်းရန် အမိန့်ပေးနေစဉ် တပ်သားတယောက်က “အရှေ့ဘက်က မောင်းသံတွေ ပေါ်လာပြီး အလံ နီတွေ လွှင့်ပြီး တက်လာတဲ့ ရန်သူတွေကို မြင်ရတယ်”ဟု သတင်းပို့၏။

ဤတွင် မိုးကြိုးသွားသည် သူ့တပ်သားများကို ခေါင်းဆောင်ကာ အရှေ့ဘက်တောင် ကြောသို့ မြင်းကို အပြင်းနှင်လာခဲ့၏။ အနီးသို့ ရောက်သည့်အခါတွင် မောင်းသံများ တိတ်ဆိတ်သွားကာ အလံများလည်း ပျောက်ကွယ်သွားကြပြန်၏။ မိုးကြိုးသွားသည် တောင်ထိပ်သို့ တက်ရန် နောက်ထပ် လမ်းတလမ်းကို ရှာပြန်၏။ သို့ရာတွင် လမ်းမှာ သစ်ပင်များ ခုတ်လှဲပိတ်ဆို့ထားသည်ကို တွေ့ရပြန်၏။

ထိုစဉ် ကင်းတပ်သားတဦးက “အနောက်ဘက်တောင်ကြောက မောင်းသံတွေ ကြား ရတယ် ခင်ဗျ။ အလံနဲ့ လူတွေလည်း မြင်ရတယ်” ဟု သတင်းပို့ပြန်၏။

မိုးကြိုးသွားသည် သူ့မြင်းကြီးကို ပုတ်လိုက်ကာ

အနောက်ဘက်တောင်ကြောသို့ စီးလာခဲ့ပြန်၏။ အနီးသို့ ရောက်သည့်အခါတွင် ရှေးနည်းအတူ ရန်သူများသည် ပျောက် ကွယ်သွားကြကာ အလံများ၊ မောင်းသံများလည်း ပျောက်သွားပြန်၏။

မိုးကြိုးသွားသည် သူ့သွားများကို အမှန့်ဖြစ်တော့မတတ် အံကို ကြိတ်လိုက်၏။ ယခု အချိန်၌ အတော်လည်း စိတ်ဆိုးလျက်ရှိလေပြီ။ ထိုစဉ် အရှေ့ဘက်မှ မောင်းသံများ ပေါ် ထွက်လာပြန်၏။ ဤတွင် မိုးကြိုးသွားသည် တပ်သားများနှင့် ထိုအရပ်ဆီသို့ ချီတက် တိုက်ခိုက်ပြန်၏။ တဖန် ရန်သူများပျောက်ကာ မောင်းသံများလည်း တိတ်ဆိတ်သွားကြ ပြန်၏။

မိုးကြိုးသွားသည် အသက်ကို ပြင်းစွာရှုရင်း သူ့တပ်သားများအား တောင်ပေါ်သို့ တက်သည့် လမ်းတလမ်းကို အရှာခိုင်းလိုက်၏။ အနောက်ဘက်မှ မောင်းသံများ ပေါ်ထွက် လာပြန်၏။ မိုးကြိုးသွားသည် သူ့တပ်သားများနှင့် အနောက်ဘက်သို့ ထပ်လာခဲ့ပြန်၏။

ထိုနေရာသို့အရောက်တွင် အသံများသည် တိတ်ဆိတ်သွားကြကာ တောပုန်းဆို၍လည်း တယောက်ကိုမျှ မတွေ့ရချေ။ မိုးကြိုးသွားသည် တောင်ခြေ တဖက်တချက်တွင် ရှိသမျှ လမ်းများကို အရှာခိုင်းပြီးနောက် တောင်ပေါ်သို့ တက်၏။

တပ်သားတယောက်က-

“ဒီလမ်းတွေဟာ တကယ့်လမ်းတွေ မဟုတ်ဘူးထင်တယ် ခင်ဗျ။ အရှေ့တောင်ဘက် မှာတော့ တောင်ပေါ်ကို တက်တဲ့ လမ်းကောင်းကောင်းတလမ်း ရှိတယ်။ အဲဒီလမ်းအတိုင်း တက်ရင်တော့ ကျွန်တော်တို့ဘက်က အကျအဆုံး များနိုင်တယ်”

“လမ်းရှိရင် ဒီနေ့ည တောင်ပေါ်ရောက်ရမှာပေါ့ကွာ” ဟု ဆိုကာ မိုးကြိုးသွားသည် သူ့တပ်သားများကို ခေါ်ကာ အရှေ့တောင်ဘက်သို့ လာခဲ့၏။

ထိုအချိန်၌ အလင်းရောင်မှာ မှေးမှိန်စပြုလေပြီ။ လူများနှင့် မြင်းများမှာလည်း မောပန်းနေကြလေပြီ။ တပ်သားများသည် မိမိတို့စခန်းသို့ ရောက်အောင် ချီတက်ကာ နားနေလိုလေပြီ။ သို့ရာတွင် တောင်ထိပ်ပေါ်သို့ လှမ်းကြည့်လိုက်သည့်အခါ၌ ရွှေ့လျား နေကြသော မီးတုတ်များနှင့် ဆူညံစွာ မြည်ဟည်းနေကြသော တိုက်စည်တိုက်မောင်းသံ များကို ကြားနေရ၏။ မိုးကြိုးသွားသည် လက်ရွေးစင် မြင်းတပ်သားငါးဆယ်တို့ကို ခေါ်ကာ တောင်ပေါ်သို့ တက်လာခဲ့၏။ ထိုစဉ် သစ်ပင်များကြားမှ မြားများသည် မိုးသီးမိုးပေါက်များ ကဲ့သို့ သူတို့အပေါ်သို့ ကျရောက်လာကြ၏။ တပ်သားအများအပြား ဒဏ်ရာရကြ၏။

ဤတွင် မိုးကြိုးသွားသည်လည်း ကျန်သည့် တပ်သားများကို ခေါ်ကာ တောင်အောက်သို့ ဆုတ်ခွာလာခဲ့ရ၏။

မိုးကြိုးသွားသည် စိတ်မပျက်ရန် သူ့တပ်သားများကို အားပေးကာ အစားအသောက် စားစေ၏။ သူတို့တတွေ မီးဖိုနေကြစဉ် တောပုန်းရှစ်ဆယ်၊ ကိုးဆယ်ခန့်တို့သည် မီးတုတ် များကို ကိုင်ကာ တောင်ပေါ်မှ ဆင်းလာသည်ကို မြင်ရ၏။ မိုးကြိုးသွားသည် သူတို့ နောက်သို့ အပြင်းလိုက်လာခဲ့၏။ ထိုစဉ် မီးတုတ်မှ အရောင်များသည် ပျောက်ကွယ်သွား ကြ၏။ ထိုအချိန်၌ ကောင်းကင်တွင် လသာလျက်ရှိသည့်တိုင် တိမ်တို့ ဖုံးကွယ်လျက် ရှိသဖြင့် တောထဲတွင် လမ်းကို ကောင်းစွာ မမြင်ရချေ။

မိုးကြိုးသွားမှာ ချုပ်တည်းခြင်းငှာ မစွမ်းနိုင်လောက်အောင် စိတ်ဆိုးလျက်ရှိလေပြီ။ ဤတွင် သူ့တပ်သားများအား မီးတုတ်များကို မီးညှိ၍ တောကို မီးရှို့ရန် အမိန့်ပေးလိုက်၏။ ထိုစဉ် တောင်ပေါ်မှ ပလွေသံ၊ မောင်းသံ၊ စည်သံများကို ကြားရပြန်၏။ မိုးကြိုးသွားသည် မြင်းကို အပြင်းစီးလာခဲ့ကာ တောင်ကြားသို့ လှမ်း၍ ကြည့်လိုက်၏။ တောင်ကုန်းတခု ပေါ်ရှိ တကျိပ်ကျော်ခန့်မျှသော မီးတုတ်များမှ မီးရောင်ထဲတွင် စိမ်ရည်သောက်နေသော ဟွစ်ရုံနှင့် စုန်ကျန့်တို့ကို မြင်ရလေ၏။ မိုးကြိုးသွားသည် ထိုတောင်ကြောပေါ်သို့ ရောက် အောင် မတက်နိုင်တော့သဖြင့် မြင်းဇက်ကို လွှတ်ကာ သူတို့ကို အော်ဟစ်ဆဲရေးရုံမျှသာ တတ်နိုင်လေ၏။ ဟွစ်ရုံက ရယ်လျက်-

"စိတ်အေးအေးထားမှပေါ့ဗျာ။ ဒီနေ့ညတော့ အေးအေးဆေးဆေး နားလိုက်ပါဦး။ မကျေနပ်ဘူးဆိုရင် မနက်ဖြန်ကျတော့ ခင်ဗျားနဲ့ ကျုပ် တယောက်ချင်း အသေတိုက် တာပေါ့"

"ဟေ့၊ တောပုန်းခေါးပြကောင်။ သတ္တိရှိရင် ဆင်းခဲ့။ မင်းနဲ့ ငါနဲ့ ခု အချီသုံးရာ တိုက် မယ်"ဟု မိုးကြိုးသွားက အော်၏။

"ဗိုလ်ချုပ်မိုးကြိုးသွား ခင်ဗျာ၊ ခင်ဗျား တော်တော်မောနေပါပြီ။ ဒီနေ့ည တိုက်ရင် ခင်ဗျားကို အလွယ်တကူနဲ့ အနိုင်ရမှာပေါ့။ မနက်ဖြန်ကျမှ လာခဲ့ပါ"

မိုးကြိုးသွားမှာ ရှူးသွပ်လုမတတ် ဒေါသထွက်နေလေပြီ။ တောင်ပေါ်လမ်းတလမ်းကို ရှာ၍ တောင်ကြောပေါ်သို့ တက်တိုက်ချင်လှလေပြီ။ သို့ရာတွင် ဟွစ်ရုံသည် လေးမြား အတတ်တွင် ကျွမ်းကျင်ကြောင်းကို သူ ကောင်းစွာ သိ၏။ အော်ဟစ်ဆဲရေးရုံသာ တတ်နိုင် တော့သည်။ ထိုစဉ် တောင်အောက်တပ်သားများဆီမှ ဆူဆူညံညံအသံများကို ကြားလိုက် ရ၏။ ထို့ကြောင့် တောင်အောက်သို့ မြင်းကို အသော့စီးလာခဲ့၏။ မျက်နှာချင်းဆိုင် တောင် ကြောပေါ်မှ ပစ်ခတ်လိုက်သော မီးတောက်နေသည့်

အမြောက်ကျည်ဆန်လုံးကြီးများနှင့် မီးစွဲနေသော မြားများသည် သူ့တပ်သားများထဲသို့ ကျလာသည်ကို တွေ့ရ၏။ မှောင်ရိပ်မှ တောပုန်း သုံးလေးဆယ်ခန့်က သူတို့ကို ပစ်ခတ်နေခြင်းဖြစ်၏။ ဤတွင် စစ်သားများသည် ကြောက်လန့်တကြားအော်ဟစ်ကာ မြင်းများကလည်း လန့်၍ ဟီကြသည့်အတွက် သူတို့ သည် လျှိုကြားတခုထဲသို့ ဆင်း၍ ပြေးကြရ၏။

ထိုအချိန်၌ကား သန်းခေါင်ကျော်ခဲ့လေပြီ။ တပ်သားများမှာလည်း ဆူညံစွာ ညည်းညူ လျက်ရှိကြလေပြီ။ ထိုစဉ် ထိုလျှိုမြောင်ထဲသို့ ရေလုံးကြီးတွေ ဒလဟောကျလာသဖြင့် မြင့်ရာသို့ တက်ပြေးကြရပြန်၏။ တောင်ပေါ်သို့ တွားသွား၍ တက်လာကြစဉ် သံချိတ်ကြီး များ တပ်ထားသည့် ဝါးလုံးများဖြင့် သူတို့ကို ထိုးစိုက်ကာ တောင်ပေါ်သို့ ဆွဲတင်ကြလေ၏။ လျှိုရိုးပေါ်မှ တက်မပြေးနိုင်သူတို့မှာလည်း အဟုန်ပြင်းစွာ ကျလာသည့် ချောင်းရေထဲတွင် မျောပါ၍ ရေနစ်ကုန်ကြလေ၏။

မိုးကြိုးသွား၏ ဦးနှောက်မှာ ဒေါသကြောင့် အရည်ပျော်ကာ ဆူပွက်မတတ် ဖြစ်နေ လေပြီ။ မြင်းဖြင့် ဆုတ်လာစဉ် လမ်းကြားကလေးတခုကို တွေ့သဖြင့် သူတယောက်တည်း တက်လာခဲ့၏။ ရှေ့အလှမ်းငါးဆယ်လောက် သွားမိသည့်အခါတွင် လူရော မြင်းပါ ကျင်းကြီး တခုထဲသို့ ကျသွား၏။ ဤတွင် ပုန်းကွယ်နေသော တောပုန်းငါးဆယ်တို့က သူ့ကို သံချိတ် တပ်ထားသည့် ဝါးလုံးကြီးများဖြင့် ချိတ်ဆွဲကာ အပေါ်သို့ ဆွဲတင်လိုက်ကြ၏။ တောပုန်း တို့သည် သံချပ်အင်္ကျီ၊ အဝတ်အစားနှင့် သံခမောက်တို့ကို ချွတ်ယူကာ ကြိုးများဖြင့် တုပ်နှောင်ကြ၏။ ထို့နောက် မြင်းကိုလည်း ဆွဲတင်ကာ လက်ရပစ္စည်းများကို တောင်ပေါ်သို့ ယူလာခဲ့ကြ၏။

ထိုတိုက်ပွဲတခုလုံးကို ဟွရုံနှင့် စုန်ကျန့်တို့ အစီအစဉ်ဖြင့် တိုက်ခိုက်ခြင်းဖြစ်၏။ ပထမတွင် သူတို့သည် မိုးကြိုးသွားအား ရှေ့မှ နောက်၊ နောက်မှ ရှေ့သို့ လိုက်အောင် မြူ၏။ အရှေ့မှ အနောက်၊ အနောက်မှ အရှေ့သို့ ယောက်ယက်ခတ်ပြေးအောင် လုပ်၏။ သို့ဖြင့် တပ်သားများအားလုံးကို မောပန်းစေကာ မည်သို့လုပ်ရမည် မသိအောင် ဖြစ်စေ၏။ ထို့ နောက် ချောင်းနှစ်ချောင်းကို သဲအိတ်များ ပိတ်၍ ဆယ်၏။ ထို့နောက် တပ်သားများနှင့် မြင်းများ လျှိုမြောင်ထဲသို့ ဝင်၍ အကာအကွယ်ယူကြစဉ် ပိတ်ထားသည့် ချောင်းများကို ဖောက်ချလိုက်ပြီး ရန်သူအားလုံးကို ရေထဲတွင် နှစ်၏။ သို့ဖြင့် မိုးကြိုးသွား၏ တပ်သား ငါးရာအနက် တဝက်ကျော်တို့သည် ရေနစ်၍ သေခဲ့ကြရ၏။ ကျန် တပ်သား တရာကျော်၊ နှစ်ရာခန့်မှာ သူတို့ မြင်းများနှင့်အတူ အရှင် ဖမ်းဆီးခံခဲ့ကြရ၏။ တပ်သားတယောက်မျှ လွတ်ထွက်အောင် မပြေးနိုင်ကြတော့ပြီ။ နောက်ဆုံး၌ သူတို့သည် မိုးကြိုးသွားနှင့် သူ့ မြင်းကို မျှားခေါ်ကာ ကျင်းကြီးထဲတွင်

ဝိုင်းပိတ်၍ ဖမ်းခဲ့ကြခြင်း ဖြစ်၏။

မိုးကြိုးသွားကို တောင်ပေါ်စခန်းသို့ ခေါ်လာသည့် အချိန်၌ကား အလင်းရောင်ပျို့စ ပြုနေလေပြီ။ သစ္စာခန်းဆောင်တွင် ထိုင်နေသော ရဲညီနောင်ငါးဖော်တို့သည် သူတို့ တပ်သားများ လက်ပြန်ကြိုးတုပ်၍ ခေါ်လာသော သုံ့ပန်းများကို ကြည့်နေကြ၏။ တောပုန်း များသည် မိုးကြိုးသွားကို ကြိုးဖြင့် တုပ်ကာ တနေရာတွင် ချုပ်နှောင်ထားကြ၏။ ဟွရုံသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ခပ်သုတ်သုတ်ထလာကာ မိုးကြိုးသွားကို ခန်းဆောင် ထဲသို့ တွဲခေါ်လာခဲ့၏။ ခန်းဆောင်ထဲသို့ ရောက်သည့်အခါတွင် မိုးကြိုးသွားကို အရိုအသေ ပေး၏။ မိုးကြိုးသွားကလည်း အပြန်အလှန် အရိုအသေပေး၏။

"ငါက မင်း အကျဉ်းသားပဲ။ မင်း ငါ့ကို သတ်ချင်ရင် သတ်နိုင်တယ်။ ဘာဖြစ်လို့ ငါ့ကို အရိုအသေ ပေးနေရတာလဲ"ဟု မိုးကြိုးသွားက မေး၏။ ဟွရုံက ဒူးထောက်လျက်ရှိနေရာမှ-

"ကျွန်တော်တို့လူတွေက ဗိုလ်ချုပ်မှန်း မသိလို့ မထီလေးစား လုပ်မိတာပါ။ ကျွန်တော် တို့ကို ခွင့်လွှတ်ပါ" ဟု ဆိုကာ ဟွရုံသည် မိုးကြိုးသွား ဝတ်ဆင်ရန် ပိုးဖဲအင်္ကျီများကို ထုတ် ပေး၏။ မိုးကြိုးသွားလည်း သူ ထုတ်ပေးသည့် အဝတ်အစားများကို ဝတ်ဆင်၏။

"သတ္တိကောင်းတဲ့ တောပုန်းခေါင်းဆောင်တွေက ဘယ်သူတွေလဲကွ"

"ဟောဒါက ကျွန်တော့်သွေးညီနောင် စုန်ကျန့်ပါ။ အရင်တုန်းက ယွန်ကျင့်မြို့ဝန်ရုံးမှာ စာရေးတော်ကြီး လုပ်ခဲ့ပါတယ်။ ဟောဒီ သုံးယောက်ကတော့ တောပုန်းဗိုလ်များပါ။ ယန်ရှင့်ရယ်၊ ဝမ်ယင့်ရယ်၊ ချန်တန်ရှူတို့ရယ် ဖြစ်ပါတယ်"

"အင်း၊ သူတို့သုံးယောက်အကြောင်းကိုတော့ ကြားဖူးပါတယ်။ နို့၊ နေစမ်းပါဦး။ စာရေး ကြီးစုန်ကျန့်ဆိုတာ တို့ ရှန်တောင်နယ်မှာ ချိန်မှုန်မိုးလို့ နာမည်ကြီးတဲ့လူ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ။ ကျွန်တော့်နာမည်ပါပဲ" ဟု စုန်ကျန့်က ရိုသေစွာ ပြော၏။ မိုးကြိုးသွားသည် လျှင်မြန်စွာ ဒူးထောက်၍ အရိုအသေပေး၏။

"နောင်ကြီးရဲ့ နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီဗျာ။ နောင်ကြီးလို ပုဂ္ဂိုလ် မျိုးနဲ့ တွေ့ရလိမ့်မယ်လို့ နည်းနည်းမှ မမျှော်လင့်ခဲ့ပါဘူး"

စုန်ကျန့်ကလည်း ပြန်၍ အရိုအသေပေး၏။ စုန်ကျန့်၏ ခြေထောက်များ လှုပ်ရှားပုံမှာ တမျိုး ဖြစ်နေသည်ကို မိုးကြိုးသွား သတိပြုလိုက်မိ၏။

"နေစမ်းပါဦး။ နောင်ကြီး ခြေထောက်က ဘာဖြစ်လို့ပါလိမ့်" ဟု မိုးကြိုးသွားက မေး၏။

စုန်ကျန့်က ယွန်ကျင့်မြို့မှ သူ ထွက်ပြေးလာခဲ့ရပုံ၊ လျူကောက်က သူ့ကို ဖမ်းဆီး ရိုက်နှက်ပုံတို့ကို ပြောပြ၏။ မိုးကြိုးသွားသည် ခေါင်းကို ယမ်းနေ၏။

"အင်း၊ ကျုပ်တို့က တဖက်စကားကို နားယောင်ပြီး လုပ်ခဲ့မိတာကိုး။ မှားကုန်တာပေါ့။ ကျုပ် ပြန်သွားပြီး မြို့ဝန်မှုရုံကို ဒီအကြောင်းတွေ ပြန်ပြောချင်တယ်ဗျာ"

ယန်ရှင့်က သူတို့နှင့်အတူ ရက်အနည်းငယ် နေထိုင်ရန် တောင်းပန်ကာ သိုးများ၊ မြင်း များကို ပေါ်၍ မိုးကြိုးသွားအား ကောင်းစွာ ဧည့်ခံကျွေးမွေး၏။ ဖမ်းဆီးရမိသည့် တပ်သား များကိုလည်း အခြားတောင်ရိုးတခုပေါ်တွင် ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ထား၏။ မိုးကြိုးသွားသည် အရက် တခွက် နှစ်ခွက် သောက်ပြီးနောက် ထိုင်ရာမှ ထလိုက်၏။ "ကျုပ်ကို မသတ်တဲ့အတွက် နောင်ကြီးတို့ဟာ စိတ်နှလုံးကောင်း ရှိကြပါပေတယ်။ ဒီတော့ ကျုပ်ရဲ့ သံချပ်အကျီတို့၊ မြင်းတို့၊ လက်နက်တို့ကို ပြန်ပေးစေချင်တယ်ဗျာ။ အကျိုး အကြောင်း မြို့ဝန်မှုရုံကို ပြန်ပြောချင်တယ်"

ယန်ရှင့်က-

"ဒီလိုလုပ်ရင်တော့ နောင်ကြီး မှားလိမ့်မယ် ထင်တယ်။ နောင်ကြီးမှာ ပါလာတဲ့ တပ်သားငါးရာလည်း ကျဆုံးကုန်ကြပြီ။ နောင်ကြီး ဘယ်လိုလုပ် ပြန်မလဲ။ ပြန်ရင် နောင်ကြီးကို မြို့ဝန်က ရာဇဝတ်ကောင်အဖြစ် ဖမ်းမှာပေါ့။ ခု လောလောဆယ်တော့ ကျွန်တော်တို့ တောင်ပေါ်စခန်းမှာ နေတာ ကောင်းမယ် ထင်တယ်။ ဇိမ်တော့ မရှိဘူးပေါ့ ခင်ဗျာ။ ကျွန်တော်တို့နဲ့ နေရတာ နောင်ကြီး ဂုဏ်သိက္ခာနဲ့တော့ မတန်ပါဘူး။ ဒါပေမဲ့ အကောင်းဆုံးကတော့ ကျွန်တော်တို့နဲ့ အတူလက်တွဲတာဟာ အကောင်းဆုံးပဲလို့ ထင် တာပဲ။ ကျွန်တော်တို့ရတဲ့ ရွှေငွေတွေကိုလည်း အားလုံး အညီ အမျှ ခွဲပေးပါ့မယ်။ အဝတ် အစားများလည်း အပြည့်အစုံ ပေးပါ့မယ်။ ဒီတော့ မောက်မာတဲ့ အရာရှိတွေရဲ့ အသတ်ခံ ရတာထက် ဒီမှာ နေရတာက ပိုပြီး မကောင်းပေဘူးလား"

မိုးကြိုးသွားသည် ခန်းဆောင်အဝဆီသို့ သွားကာ-

"ကျုပ်ဟာ ဆွန်ဧကရာဇ်ထံမှာ အမှုတော်ထမ်းနေတဲ့ လူတယောက်ဗျ။ သေသွား ရင်လည်း တစ္ဆေဘဝနဲ့ပဲ ဘုရင့်အမှုတော်ကို ထမ်းမှာပဲ။ ဘုရင်က ကျုပ်ကို ဗိုလ်ချုပ်အဖြစ် ခန့်ပြီး ခြေလျင်တပ်နဲ့ မြင်းတပ်မှူးအဖြစ် ခန့်ခဲ့တယ်။ ကျုပ်ကို ကောင်းစွာ ချီးမြှင့် မြှောက်စားခဲ့တယ်။ ကျုပ်ကျေးဇူးရှင်ကို ကျုပ် ဘယ့်နှယ်လုပ်

ထောင်ထားခြားနားနိုင်မလဲ။ ဒီတော့ ကျုပ်ကို ဘာမှ ပြောမနေကြပါနဲ့။ သတ်ပစ်လိုက်ကြပါ။ ဒါက ပိုကောင်းပါတယ်”

ဟွရုံက သူ့နောက်သို့ လိုက်သွားကာ လက်ကို ဖမ်းဆွဲထားလိုက်၏။

“စိတ်မဆိုးပါနဲ့ နောင်ကြီး။ ကျွန်တော်ပြောတာကို နားထောင်ပါဦး။ ကျွန်တော် ကိုယ်တိုင်လည်း မှူးမတ်ကြီးတဦးရဲ့ သား ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ရွေးစရာ လမ်း မရှိတော့လို့ ဒီလို လုပ်ရတာပါ။ နောင်ကြီးက ကျွန်တော်တို့နဲ့ မနေချင်ဘူးဆိုရင် လည်း နောင်ကြီးကို အတင်းအဓမ္မ မတိုက်တွန်းတော့ပါဘူး။ ခဏတော့ ထိုင်ပါဦး။ စားသောက်ပြီးရင် နောင်ကြီးရဲ့ သံချပ်အင်္ကျီတို့၊ မြင်းတို့၊ လက်နက်တို့ကို ပြန်ပေးပါ့မယ်” မိုးကြိုးသွားမှာ ပြန်မည်ဟု အတင်းပြောလျက်ရှိသဖြင့် ဟွရုံက တောင်းပန်လျက်ရှိ၏။ “နောင်ကြီးမှာ တနေ့လုံး တညလုံး စိတ်ပန်းလူပန်း ဖြစ်ခဲ့ရပါပြီ။ ဒီလောက်ဆိုရင် တော်တော်ပင်ပန်းရော့ပေါ့။ နောင်ကြီးမြင်းလည်းပဲ အစာရေစာကျွေးပြီး အနားမခိုင်းရင် ဘယ့်နှယ်လုပ်ပြီး ခရီးသွားနိုင်ပါ့မလဲ”

“အင်း၊ ဒါတော့ ဟုတ်ပေတယ်” ဟု ဆိုကာ မိုးကြိုးသွားသည် ခန်းဆောင်ထဲသို့ ပြန်လာကာ စားသောက်ဖွယ်များကို ဆက်လက် စားသောက်လျက်ရှိ၏။ ရဲညီနောင် တော ပုန်းခေါင်းဆောင်ငါးဦးတို့သည် သူ့ကို တောင်းပန်ကာ တယောက်တလှည့်စီ ခွက်မြှောက် ဆုတောင်း သောက်ကြ၏။

မိုးကြိုးသွားမှာ တကယ် ပင်ပန်းနွမ်းနယ်လှလေပြီ။ ထို့ပြင် အိမ်သည်များက သူ့ကို ကောင်းစွာ ပြုစုဆက်ဆံကြသည့် အတွက်ကြောင့်လည်း တင်းမာခြင်း မရှိတော့ပြီ။ မိုးကြိုး သွားသည် စိတ်ကို လျှော့လိုက်ကာ အရက်ကို ဆက်သောက်လျက်ရှိရာ မျက်လုံးများ ရီဝေ၍ လာခဲ့လေပြီ။ မူးသည့်အခါတွင် သူ့ကို အိပ်ရာထဲသို့ လိုက်ပို့ကြသဖြင့် မိုးကြိုးသွားလည်း နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။ အခြားသူများမှာမူ သူတို့အလုပ်များကို ဆက်လက် လုပ်နေ ကြလေ၏။ ထိုအကြောင်းကိုမူ မပြောတော့ပြီ။

မိုးကြိုးသွားသည် နှစ်ခြိုက်စွာ အိပ်ပျော်သွားရာ နောက်တနေ့မနက် နေအတော် မြင့်မှ နိုးလာခဲ့၏။ မိုးကြိုးသွားသည် အိပ်ရာမှ ဖျတ်ခနဲ ထ ကာ ပါးစပ်ကို ဆေးကြော သန့်စင်ပြီးနောက် ပြန်မည်ဟု ပြော၏။

“မနက်စာ စားပြီးမှ ပြန်ပါ။ တောင်အောက်ရောက်အောင် ကျွန်တော်တို့ လိုက်ပို့ ပါမယ်” ဟု အိမ်သည်များက ပြောသော်လည်း စိတ်မရှည်သည့် မိုးကြိုးသွားသည် ယခု ချက်ချင်းပြန်မည်ဟု ပြောဆိုလျက်ရှိ၏။ ထို့ကြောင့် မိုးကြိုးသွားအား မနက်စာကို ချက်ချင်း ကျွေးမွေးကြ၏။ မိုးကြိုးသွားသည် သံချပ်အင်္ကျီနှင့် သံခမောက်တို့ကို ဝတ်ဆင်၏။ သူ့မြင်း နှင့် ဝံပုလွေစွယ်

တပ်ထားသည့် သူ့တင်းပုတ်ကိုလည်း ယူလာကြ၏။ တောင်အောက်တွင် သူ့ကို ပြုစုရန် လူများကိုလည်း ကြိုတင်လွှတ်လိုက်၏။

ရဲညီနောင် တောပုန်းငါးဦးတို့သည် သူ့ကို တောင်အောက်အထိ လိုက်ပို့၍ နှုတ်ဆက် ကြ၏။ မိုးကြိုးသွား၏ မြင်းနှင့် လက်နက်များကိုလည်း ပြန်ပေးလိုက်၏။ မိုးကြိုးသွားသည် မြင်းပေါ်သို့ တက်၍ လက်တွင် ဝံပုလွေတပ် တင်းပုတ်ကို ကိုင်ကာ နေ့ခင်းကြောင်တောင် တွင် လေသာတောင်စခန်းမှ ချင်ကျို့မြို့သို့ ထွက်ခွာလာခဲ့၏။

မြို့နှင့် ဆယ်လီခန့်အကွာသို့ ရောက်သည့်အချိန်တွင် (အချိန်မှာ မနက်ပိုင်းဖြစ်၏။) အဝေးတွင် မီးခိုးများကို မြင်ရ၏။ သို့ရာတွင် လမ်းတွင် ခရီးသွားတယောက်ကိုမျှ မတွေ့ ရချေ။ သူ့ စိတ်ထဲတွင် သံသယကြီးစွာ ပေါ်ပေါက်လာခဲ့လေပြီ။ မကြာမီတွင် မိုးကြိုးသွား သည် မြို့စွန်သို့ ရောက်လာခဲ့၏။ ထိုနေရာမှာ တခါက အရပ်သူအရပ်သားများ နေထိုင်သည့် ရပ်ကွက်တခု ဖြစ်၏။ သို့ရာတွင် ထိုရပ်ကွက်မှာ မီးလောင်ပြင် ဖြစ်နေလေပြီ။ ကြည့်လေ ရာရာတွင် အပျက်အစီးပုံများကို မြင်ရ၏။ မီးလောင်ကျွမ်း၍ သေဆုံးနေသော မိန်းမ၊ ယောကျ်ားတို့၏ အလောင်းများမှာလည်း မြင်မကောင်းအောင် ပြန့်ကျဲလျက်ရှိ၏။

မိုးကြိုးသွားသည် ထိတ်လန့်ကာ မီးလောင်ပြင်ကို ဖြတ်၍ မြို့ရိုးနားသို့ မြင်းကို အသော့စီးလာခဲ့၏။ အနီးသို့ ရောက်လျှင် တံခါးစောင့်များအား မြို့တံခါးကို ဖွင့်ပေးရန် အော်ဟစ်ပြော၏။ ကျုံးကို ကူးထားသည့် တံတားကို ဆွဲတင်ထားကြပြီး မြို့ရိုးပေါ်တွင် လည်း တပ်သားများ၊ အလံများ၊ သစ်တုံးများ၊ အမြောက်ကျည်များ တင်ထားသည်ကို တွေ့ရ၏။ မိုးကြိုးသွားသည် သူ့မြင်းဇက်ကို ဆွဲလိုက်၏။

“ဟေ့၊ တံတားချပေးပါ။ ငါ အထဲကို ဝင်ချင်လို့” ဟု အော်၏။ မြို့ရိုးပေါ်တွင် ရှိနေ ကြသည့် တပ်သားများသည် သူ့ကို အဝေးကတည်းက မြင်ပြီးသား ဖြစ်၏။ အနီးသို့ ရောက် သည့်အခါတွင် တိုက်စည်တိုက်မောင်းများကို တီးကာ အော်ဟစ်ကြ၏။

“ဟေ့၊ မင်းမြင်းကိုရော၊ မင်းလက်နက်ကိုရော၊ မင်းသံချပ်အင်္ကျီကိုရော ငါသိပြီးသား ကွ။ မနေ့ညက ခေါင်းပေါင်းနီပေါင်းထားတဲ့ တောပုန်းတွေကို လူသတ် မီးတိုက်ဖို့ မင်း ညွှန်ကြားနေတာကို လူတိုင်း မြင်ရတယ်။ ဘာငြင်းဦးမလို့လဲ။ မင်း အဖမ်းခံရတယ်ဆိုရင် မင်း တပ်သားငါးရာထဲက တယောက်ယောက် ပြန်လာပြီး သတင်းပို့မှာပေါ့။ ခု မင်းတို့ကို ပရိယာယ်နဲ့ မြို့တံခါးကို အဖွင့်ခိုင်းပြီး မင်းသားမယားတွေကို ခေါ်သွားမလို့ လာတာ မဟုတ်လား။ မင်းမိန်းမကို ခုမနက်ပဲ သတ်ပစ်လိုက်ပြီ။ မယုံရင် ဟောဒီမှာ ကြည့်”

တပ်သားတယောက်က လှံရှည်ကြီးတစီးကို မြှောက်ပြ၏။ လှံဖျားတွင် မိုးကြိုးသွား ဇနီးသည်၏ ခေါင်းကို တွဲလွဲချိတ်ထား၏။ မိုးကြိုးသွားသည်

သွေးဆူသူတယောက် ဖြစ်၏။ သူ့ရင်ထဲတွင် ဒေါသသည် အလိပ်လိုက် တက်လာ၏။ မိုးကြိုးသွားသည် စကားတလုံးမျှ မပြောနိုင်တော့ဘဲ သည်းထန်စွာ ငိုကြွေး၏။ မြို့ရိုးပေါ်မှ မြားများသည် မိုးရွာသကဲ့သို့ သူ့ အပေါ်သို့ ကျလာကြ၏။ မိုးကြိုးသွားသည် ပြန်၍ ဆုတ်ခဲ့ရလေပြီ။ မိုးကြိုးသွားသည် မီးလောင်ထားသည့် အိုးအိမ်များကို ငေးကြည့်နေ၏။ အချို့နေရာများတွင်မူ သစ်ပင်များ ကို မီးလောင်နေဆဲ ဖြစ်၏။

မိုးကြိုးသွားသည် မီးလောင်ပြင်ကို ဖြတ်၍ မြင်းစီးလာရင်း သူ့ကိုယ်သူ သတ်သေ ရမည်လောဟု စိတ်ကူးမိ၏။ သို့ရာတွင် အတန်ကြာမျှ စဉ်းစားပြီးနောက် မိုးကြိုးသွား သည် မြင်းကို ပြန်၍ စီးလာခဲ့၏။ ဆယ်လီခန့် စီးလာမိသည့်အခါတွင် တောအုပ်တခုထဲမှ သူ့ထံသို့ မြင်းစီးလာနေကြသော လူတစုကို မြင်ရ၏။ ထိုသူများမှာ စုန်ကျန့်၊ ဟွရုံ၊ ယန်ရှင့်၊ ဝမ်ယင့်နှင့် ချန်တန်ရှုတို့ ဖြစ်ကြ၏။ သူတို့နောက် တောပုန်းနှစ်ရာခန့် လိုက်ပါလာကြ၏။ စုန်ကျန့် က မြင်းပေါ်မှ သူ့ကို ဦးညွတ် နှုတ်ဆက်၏။

"တပ်မှူးကြီး ချင်ကျို့ကို မပြန်ဘူးလား။ တယောက်တည်း ဘယ်ကိုသွားမလို့ ထွက် လာတာလဲ"

"ကောင်းကင်နဲ့ မြေကြီးက ပယ်ထားတဲ့ လူယုတ်မာတွေက ကျုပ်အယောင်ဆောင်ပြီး ချင်ကျို့မြို့ကို ဝင်တိုက်ပြီး လူတွေ သတ်၊ အိမ်တွေ မီးရှို့ပစ်ခဲ့တယ်ဗျာ။ ဒီကောင်တွေကို တွေ့ရင် ကျုပ် နုပ်နုပ်ပါအောင် စဉ်းသတ်ချင်တယ်။ ဒါကြောင့် ကျုပ် သားမယားတွေ အားလုံးကိုလည်း သတ်ပစ်လိုက်ကြပြီ။ ကျုပ်မှာ ဘယ်မှ သွားစရာ မရှိ တော့ဘူး။ ကျုပ် အယောင်ဆောင်ထားတဲ့ လူယုတ်မာကို တွေ့ရင် ဟောဒီတင်းပုတ်နဲ့ မှုန့်မှုန့်ညက်ညက် ကြေသည်အထိ ဒီကောင်ကို သတ်ပစ်ချင်တယ်"

"စိတ်အေးအေးထားပါ တပ်မှူးကြီး။ ကျွန်တော် အကြံတခု ပေးချင်ပါတယ်။ ဒါပေမဲ့ ဒီနားမှာ စကားပြောလို့ မကောင်းပါဘူး။ ကျွန်တော်တို့ ခံတပ်စခန်းကို လိုက်ခဲ့ပါ။ ဟိုကျမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့။ နောင်ကြီး သဘောတူတယ်ဆိုရင် ခုလိုက်ခဲ့ ပါလား"

မိုးကြိုးသွားမှာ သူတို့အကြံကို လက်ခံရန်မှ အပ အခြားနည်းလမ်း မရှိတော့ပြီ။ ထို့ကြောင့် သူတို့အားလုံးသည် လေသာတောင်စခန်းသို့ ပြန်လာခဲ့ကြ၏။

လမ်းတလျှောက်တွင် မည်သူမျှ စကားမပြောကြချေ။ သူတို့စခန်းအဝသို့ ရောက်လျှင် သူတို့သည် မြင်းပေါ်မှ ဆင်းလာခဲ့ကြကာ ခံတပ်စခန်းထဲသို့ ခြေကျင်လျှောက်လာခဲ့ကြ၏။ တောပုန်းများသည် သစ္စာခန်းဆောင်ထဲတွင်

သူတို့အတွက် စိမ်ရည်များ၊ အမြည်းများကို ပြင်ဆင်နေကြ၏။ ရဲညီနောင်ငါးဦးတို့သည် မိုးကြိုးသွားကို ဖိတ်ကြားကာ အလယ်နေရာ တွင် ထိုင်ဖို့ ပြောကြ၏။ ထို့နောက် သူတို့သည် ဒူးထောက်၍ မိုးကြိုးသွားကို အရိုအသေပြု ကြ၏။ မိုးကြိုးသွားကလည်း ပြန်၍ အရိုအသေပြု၏။ စုန်ကျန့်က ပထမဆုံး စ၍ ပြော၏။

"ကျွန်တော်တို့ကို အပြစ်မတင်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ် နောင်ကြီး။ ကျွန်တော်တို့ဟာ ဒီမှာ နောင်ကြီးနေဖို့ မနေ့က တနေ့လုံး နောင်ကြီးကို တောင်းပန်ခဲ့ ပေမယ့် နောင်ကြီး အတန်တန် ငြင်းခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်တို့ အကြံတခု ရပါတယ်။ ကျွန်တော်တို့အထဲက လူတယောက်ကို နောင်ကြီးရဲ့ သံချပ်အကျီကို အဝတ်ခိုင်း၊ နောင်ကြီး မြင်းကို ယူ၊ ပြီးတော့ နောင်ကြီး ကိုင်တဲ့ ဝံပုလွေစွယ်တင်းပုတ်ကို အကိုင်ခိုင်းပြီး ချင်ကျို့ မြို့ကို သွားအတိုက်ခိုင်းပြီး လူတွေကို အသတ်ခိုင်းခဲ့ပါတယ်။ ဒီတုန်းမှာ ဗိုလ်ကျားသစ်နဲ့ ဗိုလ်ကျားပုတို့က လူငါးဆယ်နဲ့ သွားပြီး နောင်ကြီးရဲ့ မိသားစုတွေကို ကယ်ချင်ယောင် ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်ခဲ့တာကတော့ နောင်ကြီးကို ကျွန်တော်တို့ဆီမှာ နေစေချင်လို့ လုပ်တာပါပဲ။ နောင်ကြီး ပြန်လို့မရအောင် လုပ်တယ် ဆိုပါတော့။ ဒီတော့ ကျွန်တော်တို့မှာ အပြစ်ရှိပါတယ်။ နောင်ကြီးပေးတဲ့ အပြစ်ကို ခံဖို့ အသင့်ပါ"

မိုးကြိုးသွားမှာ များစွာ ဒေါသထွက်လျက်ရှိ၏။ စုန်ကျန့်ကို ခုန်အုပ်သတ်ပစ်လိုက် ချင်၏။ သို့ရာတွင် မိမိဘဝမှာ သူတို့လက်ခုပ်တွင်းတွင် ရောက်နေပြီကို မိုးကြိုးသွား သတိပြုမိ၏။ ဒုတိယအချက်အားဖြင့် သူတို့က အောက်ကျို့ တောင်းပန်နေသည့်ကြားထဲက မိမိက တင်းနေလျှင် မကောင်းဟု ယူဆ၏။ တတိယ မိမိတဦးတည်းဖြင့် သူတို့အားလုံးကို နိုင်အောင် မည်သည့်နည်းနှင့်မျှ သတ်ပုတ်နိုင်ခြင်း မရှိသောကြောင့် ဖြစ်၏။ မိုးကြိုးသွား သည် သူ့ဒေါသတို့ကို မျိုသိပ်ထားလိုက်ရလေ၏။

"နောင်ကြီးတို့ဟာ စေတနာတော့ ကောင်းပါတယ်ဗျာ။ ဒါပေမဲ့ နောင်ကြီးတို့ကြောင့် ကျွန်တော့်မှာတော့ အကြီးအကျယ် ထိခိုက်နစ်နာခဲ့ရပြီ။ နောင်ကြီးတို့ကြောင့် ကျွန်တော့် မိသားစုတခုလုံး အသတ်ခံခဲ့ရပြီ"

စုန်ကျန့်က-

"နောင်ကြီးက ကျွန်တော်တို့တောင်းပန်တာကိုမှလက်မခံဘဲကိုးဗျ။ ဒီတော့ ကျွန်တော် တို့ကလည်း မရရတဲ့နည်းနဲ့ လုပ်ရတော့တာပေါ့။ ဟွရုံမှာ ညီမတယောက်တော့ ရှိတယ်ဗျ။ အကျင့်သိက္ခာနဲ့လည်း ပြည့်စုံတယ်။ လိမ္မာလည်း လိမ္မာတယ်။ သူဟာ ဇနီးကောင်း တယောက်တော့ ဖြစ်မှာပဲ။ ဒီတော့ ကျွန်တော်ကပဲ

ခင်ဗျားတို့နှစ်ယောက်ကို နေရာချပေး ချင်တယ်။ လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း ကျွန်တော်ကပဲ ထောက်ပံ့ပါမယ်။ ဘယ်လို သဘောရလဲ”

သူတို့၏ ချစ်ခင်လေးစားမှုကြောင့် မိုးကြိုးသွားမှာ များစွာ စိတ်ထိခိုက်သွားသဖြင့် သဘောတူလိုက်၏။ စုန်ကျန့်အား မိုးကြိုးသွားနှင့်အတူ အလယ်နေရာတွင် ထိုင်ရန် အားလုံးက တိုက်တွန်းကြ၏။ ဟွရုံနှင့် အခြားရဲညီနောင် တောပုန်းသုံးဦးတို့မှာမူ သူတို့ထက် အဆင့်နိမ့်သောနေရာတွင် ထိုင်ကြ၏။ ထို့နောက် သူတို့သည် ပျော်ရွှင်စွာ သောက်စား ကြကာ လေသာတောင်ခံမြို့ကို မည်သို့မည်ပုံ တိုက်ရန် တိုင်ပင်လျက်ရှိကြ၏။

မိုးကြိုးသွားက-

“ဒါက လွယ်ပါတယ်ဗျာ။ နောင်ကြီးတို့ ဘာမှ ဒီလောက် သောကရောက်စရာ မလို ပါဘူး။ ဟုန်ဆင့်ဆိုတဲ့ လူက ကျွန်တော့်လက်ထောက်ပါ။ သူ လက်နက်ကျွမ်းတယ် ဆိုတာ ကလည်း ကျွန်တော် သင်ပေးခဲ့တာပါ။ ပြီးတော့ ကျွန်တော်နဲ့ ဆိုတာလည်း အဆင်ပြေ နေတဲ့ လူတယောက်ပါ။ မနက်ဖြန်မှာ ကျွန်တော်တယောက်တည်း ခံတပ်စခန်းကို သွား မယ်။ တံခါးအဖွင့်ခိုင်းပြီး ဟုန်ဆင့်နဲ့ တွေ့ပြီး ကျွန်တော်တို့ အထဲကို ဝင်ဖို့ သူ့ကို ဆွေးနွေး မယ်။ ဟွရုံရဲ့ မိသားစုတွေကိုရော၊ လျူကောက်ရဲ့ ဖာသည်မမိန်းမကိုရော ခေါ်ခဲ့မယ်။ ဒီရောက်တော့ ခင်ဗျားတို့ ကြိုက်သလို လက်စားချေပေါ့။ ဒါဟာ ခင်ဗျားတို့ ဂိုဏ်းထဲကို ဝင်ခွင့်ရအောင် ပေးတဲ့ ကျွန်တော့် ဝင်ကြေး ဆိုပါတော့။ ဘယ့်နှယ် သဘောရသလဲ”

“ဒီလို ရက်ရော သဘောထားကြီးတဲ့ လူတယောက်နဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ရတာကို ကျွန်တော်တို့ ဂုဏ်ယူပါတယ်ဗျာ” ဟု စုန်ကျန့်က ပြော၏။

စားသောက်ပြီးသည့်နောက်တွင် သူတို့အားလုံး အနားယူကြ၏။ နောက်တနေ့မနက် တွင် အိပ်ရာမှ စောစီးစွာ ထကာ စားသောက်ပြီးနောက် ထွက်ခွာရန် အသင့်ပြင်ကြ၏။ မိုးကြိုးသွားသည်လည်း မြင်းပေါ်သို့ တက်ကာ တောင်အောက်သို့ လိုက်လာခဲ့၏။ မိုးကြိုး သွားသည် ဝံပုလွေစွယ်တပ် တင်းပုတ်ကို ကိုင်ကာ လေသာတောင်ခံမြို့သို့ မြင်းကို အပြင်း စီးလာခဲ့၏။

မိန်ကျို့မြို့သို့ ရောက်လာသည့်အချိန်မှ စ၍ ဟုန်ဆင့်သည် တပ်သားများနှင့် မြို့လူထု ကို စနစ်တကျ စည်းရုံးကာ ခံမြို့ထဲတွင် တပ်များကို အဆင်သင့်ပြင်ထားပြီး သတိဝီရိယဖြင့် စောင့်စေ၏။ သို့ရာတွင် အပြင်သို့ ထွက်တိုက်ရန်ကား မဝံ့ချေ။ ချင်ကျို့မြို့သို့ စေလွှတ်ကာ အခြေအနေကို မကြာခဏ စုံစမ်းခိုင်းသည့်တိုင် မြို့ဝန်ထံမှ စစ်ကူ ရောက်လာမည့် အရိပ် အယောင်ကို မတွေ့ရချေ။

ထိုစဉ် လူတယောက် ရောက်လာကာ-

"ဗိုလ်ချုပ်ချင်မင်း တယောက်တည်း မြင်းနဲ့ ဒုန်းစိုင်းပြီး ရောက်လာတယ် ခင်ဗျ။ မြို့ထဲကို ဝင်ချင်လို့ မြို့တံခါးကို ဖွင့်ပေးပါလို့ ပြောနေတယ်"

ဟုန်ဆင့်သည် မြင်းပေါ်သို့ တက်ကာ မြင်းကို မြို့တံခါးဆီသို့ ဒုန်းစီး၍ လာခဲ့၏။ မြင်းစီး ယောကျ်ားတယောက်ကိုသာ တွေ့ရ၏။ ဟုန်ဆင့်သည် သူ့အစောင့်များအား မြို့တံခါးကို ဖွင့်ပေး၍ ကျုံးတံတားကို ချပေးရန် အမိန့်ပေးလိုက်၏။ ဟုန်ဆင့်သည် မိုးကြိုးသွားကို ဆီးကြိုကာ မြို့လယ်ခန်းမဆီသို့ ဖိတ်ခေါ်လာခဲ့၏။ သူတို့နှစ်ယောက်သည် မြို့လယ်ခန်းမ ရှေ့သို့ ရောက်လျှင် မြင်းပေါ်မှ ဆင်းကြ၏။

"ဗိုလ်ချုပ်တယောက်တည်း ဘာကိစ္စများ ပေါ်လို့ လာရတာတုံး" ဟု ဟုန်ဆင့်က မေး၏။

မိုးကြိုးသွားက သူနှင့်တကွ သူ့တပ်သားများ မည်သို့မည်ပုံ အဖမ်းခံရကြောင်းကို ပြောပြ၏။

"ရှန်တောင်နယ်က ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်ဟာ ရက်ရောသဘောထားကြီးတဲ့ လူတယောက်ပဲဗျ။ လူကောင်းသူကောင်းမှန်သမျှနဲ့ ချစ်ခင်စွာ နေပြီး လူတိုင်းက လေးစား ကြရတဲ့ ပုဂ္ဂိုလ်တယောက်ပဲ။ ဒီနေ့ သူ လေသာတောင်စခန်းမှာ ရောက်နေတယ်။ ကျုပ် လည်း အဲဒီဂိုဏ်းထဲကို ဝင်လိုက်ပြီ။ ခင်ဗျားက သားမယားလည်း မရှိတဲ့ လူလွတ်ဆိုတော့ ခင်ဗျားလည်း သူတို့နဲ့ ပေါင်းလိုက်ရင် ကောင်းမယ်ထင်တယ်။ မြို့ပြအရာရှိတွေ ညှဉ်းဆဲ တာကို ခံနေရတာထက်တော့ အများကြီးကောင်းတယ်"

"ဗိုလ်ချုပ်ကိုယ်တိုင် အဲဒီကို ရောက်နေပြီဆိုရင် ကျွန်တော်လည်း ဘယ်မှာ ငြင်းလို့ ဖြစ်ပါ့မလဲ ဗိုလ်ချုပ်။ ချိန်မှန်မိုးဟာ လေသာတောင်စခန်းမှာ ရောက်နေတယ်ဆိုတာ ကျွန်တော် လုံးလုံးမသိဘူး။ အဲဒီကို ဘယ်ပုံဘယ်နည်း ရောက်သွားတာလဲ"

မိုးကြိုးသွားက ရယ်လိုက်လျက်-

"တခြားလူ မဟုတ်ဘူးလေ။ ခင်ဗျားကိုယ်တိုင် မြို့ဝန်ဆီကို ဖမ်းခေါ်လာခဲ့တဲ့ ယွန်ကျင့် မြို့က ချန်စမ်းဆိုတဲ့လူဟာ သူပေါ့။ သူ့မှာ အမှုတခု ကျူးလွန်ထားခဲ့မိလို့ နာမည်ရင်းကို မပေးဘဲ နာမည်ပြောင်းထားတာ"

ဟုန်ဆင့်သည် ဖနောင့်ကို ဆောင့်လိုက်လျက်-

"သေပါတော့ဗျာ။ စုန်ကျန့်မှန်းသာ သိရင် လမ်းမှာကတည်းက ကျွန်တော် လွှတ်ပေး ခဲ့တာပေါ့။ ကျွန်တော်က သူ့အကြောင်းကိုလည်း မသိဘူး။ သိသမျှကလည်း လျူကောက် ပြောတာလောက်ကို အဟုတ်မှတ်နေမိခဲ့တာကိုး။ ကံကောင်းလို့၊ သူ့ကို ကျွန်တော် သတ်မိတော့မလို့"

သူတို့နှစ်ယောက် တိုင်ပင်လျက်ရှိကြစဉ် တပ်သားတယောက် ရောက်လာ၏။

"ခြေလျင်တပ်နှင့် မြင်းတပ်တတပ် စစ်ကြောင်းနှစ်ကြောင်း ခွဲပြီး ကျွန်တော်တို့မြို့ ဆီကို ချီတက်လာနေပါတယ်။ တိုက်စည်တိုက်မောင်းတွေလည်း တီးလာပါတယ်"

မိုးကြိုးသွားနှင့် ဟုန်ဆင့်တို့သည် ရန်သူတို့ကို ရင်ဆိုင်ရန် မြို့ရိုးဆီသို့ ထွက်လာခဲ့ကြ၏။ မြို့တံခါးဝမှ လှမ်းကြည့်လိုက်ရာ နေလုံးကြီးကွယ်အောင် ဖုန်တို့ ထောင်းထောင်း ထလျက် ရှိသည့်ကြားမှ မိမိတို့ဆီသို့ ချီတက်လာနေသော စစ်တပ်တတပ်ကို မြင်ရ၏။ ၎င်းတို့၏ ကိုယ်မှထွက်သော ပြိုးပြိုးပြောင်ပြောင်အရောင်၊ ဓားရောင်၊ လှံရောင်တို့သည် ကောင်းကင် ကြီးကိုပင် မှုန်မှိုင်းသွားစေ၏။

စစ်ကြောင်းနှစ်ကြောင်းသည် မြို့ကို ညှပ်ဝိုင်း၍ ရောက်လာခဲ့လေပြီ။ ရဲညီနောင် လေးဦးတို့သည် တောင်ပေါ်မှ ဆင်းလာခဲ့ကြလေပြီ။

မိုးကြိုးသွားနှင့် ဟုန်ဆင့်တို့သည် ရန်သူတို့ကို မည်သို့ ရင်ဆိုင်ကြလေသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၅

ကျေးရွာ ဘုံဆိုင်တဆိုင်တွင် ရှိယုံ စာတစောင် ပေးခဲ့ခြင်း

လျှံရှုန်းတောင်ရိုးတွင် ဟွရုံ ငန်းရိုင်းတကောင် ပစ်ခြင်း

သို့ရာတွင် ဟုန်ဆင့်နှင့် မိုးကြိုးသွားတို့ မြို့ပြင်သို့ ထွက်၍ မိမိတို့ဆီသို့ ချီတက်လာ နေသည့် တပ်များကို သေသေချာချာ ကြည့်သည့်အခါ၌ ၎င်းစစ်တပ်များအနက် စစ်ကြောင်း တကြောင်းမှာ စုန်ကျန့်နှင့် ဟွရုံတို့ ခေါင်းဆောင်လာသော စစ်ကြောင်းဖြစ်ပြီး နောက် စစ်ကြောင်းတကြောင်းမှာ ဗိုလ်ကျားသစ်နှင့် ဗိုလ်ကျားပုတို့ ခေါင်းဆောင်လာသော စစ်ကြောင်းဖြစ်နေသည်ကို တွေ့ရပြီး စစ်ကြောင်းတကြောင်းစီတွင် တပ်သားတရာ့ငါးဆယ် ခန့် ပါသည်ကို တွေ့ရ၏။ ဟုန်ဆင့်က တပ်သားများအား ကျုံးတံတားကို အောက်သို့ ချပေး ရန် အမိန့်ပေးလိုက်၏။ သူကိုယ်တိုင်လည်း ၎င်းတို့ထံသို့ သွားရောက် နှုတ်ခွန်းဆက်ပြီး သူတို့ကို မြို့ထဲသို့ ခေါ်လာခဲ့၏။

မြို့ထဲရှိ အရပ်သားများကို လည်းကောင်း၊ တပ်သားများကို လည်းကောင်း တစုံတရာ မည်သို့မျှ အန္တရာယ်မပေးရန် စုန်ကျန့်သည် သူ့လူများကို ညွှန်ကြားပြီးဖြစ်၏။ ထို့နောက် သူတို့သည် ခံမြို့တောင်ပိုင်းကို စီးနင်းတိုက်ခိုက်ပြီးနောက် လျူကောက်၏ သားမယား များကိုလည်း သတ်ပစ်လိုက်ကြ၏။ သူ့ဇနီးကိုကား သတ်ဖြတ်ခြင်းမပြုချေ။ လျူကောက်၏ ဇနီးကို ဗိုလ်ကျားပုက ဖမ်းလာခဲ့၏။ တောပုန်းများသည် လျူကောက် ပိုင်သည့် ရွှေ၊ ငွေနှင့် အဖိုးတန်ပစ္စည်းများကို သိမ်းယူကာ လှည်းများပေါ်သို့ တင်ကြ၏။ လျူကောက်တွင် မြင်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် သိုးများလည်း ရှိရာ ယင်းတို့ကိုလည်း ဖမ်း၍ လာခဲ့ ကြ၏။

ဟွရုံသည် သူ့ဝင်းထဲသို့ ပြန်လာကာ သူပိုင်ပစ္စည်းဥစ္စာများကို လှည်းများပေါ်သို့ တင်ပြီး ဇနီးနှင့် သားသမီးများကို လည်းကောင်း၊ သူ့ညီမငယ်ကို လည်းကောင်း ခေါ်လာ ခဲ့၏။ မိမိအိမ်တွင် အလုပ်လုပ်သည့် အစေခံများကိုလည်း သူတို့အိမ်အသီးသီးသို့ ပြန်လွှတ် လိုက်၏။

အားလုံးပြီးစီးသည့်အခါ၌ ရဲညီနောင်တောပုန်းတို့သည် မြို့မှ ထွက်ခွာလာခဲ့ကြပြီး မိမိတို့ တောင်ပေါ်စခန်းသို့ ပြန်လာခဲ့ကြ၏။

တောပုန်းဗိုလ်ချုပ်တန်ရှူက နောက်ထပ် ရောက်လာသည့်သူများကို သစ္စာခန်းဆောင် တွင် ဧည့်ခံကျွေးမွေး၏။ ဟုန်ဆင့်သည် သူတို့ကို

လာရောက်ကြိုဆိုသည့် ရဲညီနောင် တောပုန်းတို့ကို နှုတ်ဆက်ပြီးလျှင် ဟွရုံ၏ အောက်တွင် ထိုင်၏။ စုန်ကျန့်သည် ဟွရုံ၏ သားမယားများကို နားနေရန်အတွက် နေရာချပေးရန် တပည့်များကို စေခိုင်းလိုက်၏။ လျူကောက်၏ ပစ္စည်းများကိုလည်း တောပုန်းများအား ခွဲဝေပေး၏။ ဗိုလ်ကျားပုမှာမူ သူ ခေါ်လာသည့် လျူကောက်၏ မိန်းမကို သူ့အဆောင်တွင် ဝှက်ထား၏။

ယန်ရှင့်ခေါ် ဗိုလ်ကျားသစ်က-

"လျူကောက်ရဲ့ မိန်းမကော"

"ဒီတကြိမ်တော့ ကျွန်တော့်မယားအဖြစ် ထားခွင့်ပြုပါဗျာ"ဟု ဗိုလ်ကျားပုက ပြော၏။

"ခင်ဗျားသဘောပေါ့လေ။ ဒါပေမဲ့ သူ့ကို ခေါ်ခဲ့စမ်းပါဦးဗျ။ စကားပြောစရာကလေး ရှိလို့" ဟု ဗိုလ်ကျားသစ်က ပြော၏။

"ကျွန်တော်လည်း မေးစရာကလေး ရှိတယ်" ဟု စုန်ကျန့်က ပြော၏။

ဗိုလ်ကျားပုသည် ထိုအမျိုးသမီးကို ခန်းဆောင်ထဲသို့ ခေါ်လာ၏။ အမျိုးသမီးမှာ အသက်ကို ချမ်းသာပေးရန် တောင်းပန်ရင်း ငိုယိုလိုက်ပါလာ၏။

"ခင်ဗျားကို ကျုပ် ကယ်ခဲ့တယ်။ ခင်ဗျား ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ကျုပ် လုပ် ပေးခဲ့တယ်။ ခင်ဗျားကို တကယ့်အရာရှိကတော်အဖြစ် ကျုပ် ဆက်ဆံခဲ့တယ်။ ခင်ဗျား ကျုပ်နောက်ကျောကို ဘာဖြစ်လို့ ဓားနဲ့ ထိုးရတာလဲ။ ခု ခင်ဗျားကို ကျုပ်တို့ ဖမ်းထားပြီ။ ခင်ဗျား ဘာပြောချင်သလဲ"

ယန်ရှင့်ခေါ် ဗိုလ်ကျားသစ်သည် ကုလားထိုင်မှ ဝုန်းခနဲထကာ-

"ဒီလိုကောင်မမျိုးကို ဘာဖြစ်လို့ ဒီလို ပြောနေရသေးတာလဲဗျာ" ဟု ဆိုကာ ဓားကို ဆွဲထုတ်လိုက်ပြီးနောက် နှစ်ပိုင်းပြတ်အောင် ခုတ်သတ်လိုက်၏။

ဗိုလ်ကျားပုသည် အကြီးအကျယ် စိတ်ဆိုးကာ လက်ထဲမှ မှိန်းကြီးကို ကိုင်ပြီး ဗိုလ် ကျားသစ်ဆီသို့ ဝင်လာ၏။ စုန်ကျန့်က ထိုင်ရာမှ လျင်မြန်စွာ ထကာ-

"ဒီမိန်းမကို သတ်လိုက်တာ ဗိုလ်ကျားသစ် မှန်တယ် နောင်ကြီး။ ခင်ဗျားမြင်တဲ့အတိုင်း ဒီမိန်းမကို ကျုပ် ခံတပ်တောင်ပေါ်စခန်းကနေ ကယ်ဆယ်ပြီး သူ့ယောကျ်ားဆီကို ရောက် အောင် ပြန်ပို့ခဲ့တယ်။ ဒါပေမဲ့ ဒီမိန်းမဟာ ဒီကျေးဇူးကိုတောင် မထောက်ဘဲ ကျုပ်ကို ဒုက္ခရောက်အောင် လုပ်ခဲ့တယ်။ ဒီမိန်းမကို ခင်ဗျားအနားမှာ ထားရင် တနေ့မှာ ဒုက္ခ ပေးမှာ သေချာတယ် နောင်ကြီး။ နောင်ကြီး စိတ်တိုင်းကျ မယားတယောက်ကို ကျုပ် ရှာပေးပါ့မယ်"

ဗိုလ်ကျားသစ်က-

"ကျုပ်လည်း ခင်ဗျားကို မိန်းမတယောက် ရှာပေးမလို့ စိတ်ကူးပြီးသားပါ။ ဒီကောင်မ ကိုသာ ထားရင်တော့ ကျုပ်တို့အားလုံး ဒုက္ခရောက်မှာ"

အခြားသူများကလည်း ဗိုလ်ကျားပုအား ဖျောင်းဖျနှစ်သိမ့်ကြ၏။ ဗိုလ်ကျားပုသည် တိတ်ဆိတ်စွာ နားထောင်လျက်ရှိ၏။ ဗိုလ်ကျားသစ်က အလောင်းကို ယူသွားရန်နှင့် သွေး များကို ဆေးကြောပစ်လိုက်ရန်၊ ထို့နောက် အောင်ပွဲအဖြစ် စားသောက်ပွဲကျင်းပရန် အမိန့် ပေးလိုက်၏။

နောက်တနေ့၌ စုန်ကျန့်နှင့် ဟုန်ဆင့်တို့က လူကြီးအဖြစ်ဆောင်ရွက်ကာ ဗိုလ်ကျားသစ်၊ ဗိုလ်ကျားပုနှင့် ချန်တန်ရှုတို့က သက်သေအဖြစ် ဆောင်ရွက်ပြီးနောက် မိုးကြိုးသွားအား ဟွရုံ၏ ညီမနှင့် မင်္ဂလာဆောင်နှင်းပေးလိုက်ကြ၏။ မင်္ဂလာလက်ဖွဲ့ အားလုံးကိုလည်း စုန်ကျန့်နှင့် ဗိုလ်ကျားသစ်တို့က စုဆောင်းပေးလိုက်ကြ၏။ မင်္ဂလာဧည့်ခံပွဲကို လေး ငါး ရက်ကြာမျှ ဧည့်ခံကျွေးမွေး၏။ သူတို့မင်္ဂလာဆောင်ပြီး တပတ်ခန့်အကြာတွင် တောင် အောက်မှ ကင်းထောက်တဦး ရောက်လာ၏။

"ဟွရုံ၊ ဗိုလ်ချုပ်ချင်နဲ့ ဟုန်ဆင့်တို့ ပုန်ကန်သွားကြတဲ့အတွက် စစ်တပ်များ လွှတ် ပေးဖို့ မြို့ဝန်မုရုံက အထက်ကို အစီရင်ခံထားပါတယ်"

"ဒီစခန်းကလေးထဲက နေပြီး ကြာရှည်ခုခံနေလို့တော့ မဖြစ်ဘူး။ စစ်သည်တပ်သား အများကြီးနဲ့ ဝိုင်းထားရင် ကျုပ်တို့အားလုံး ဒုက္ခရောက်နိုင်တယ်" ဟု တပ်ဗိုလ်အားလုံး ကပင် စဉ်းစားမိကြ၏။

"ကျုပ် စိတ်ကူးတခုရှိတယ်ဗျ။ ဒါပေမဲ့ နောင်ကြီးတော့ သဘောတူ၊ မတူ မပြော တတ်ဘူး" ဟု စုန်ကျန့်က ပြော၏။

"ဆိုစမ်းပါဦးဗျာ။ ကြားရအောင်"

"ဒီက တောင်စူးစူးမှာ လျှံ့ရှန်းတောင်ရိုးဆိုတာ ရှိတယ်။ အဲဒီနယ်အကျယ်အဝန်းဟာ လီရှစ်ရာလောက် ရှိတယ်။ ဘေးပတ်ပတ်လည်မှာလည်း ခါးပတ်ချောင်းနဲ့ လျှောင်အဲစိမ့် တောကြီး ဝန်းရံနေတယ်။ အဲဒီမှာ သူကြီးကျောက်ခဲက လူငါးထောင်လောက်နဲ့ ခံတပ် အခိုင်အမာ လုပ်ထားတယ်။ အဲဒီတနယ်လုံးကို သူတို့ပဲ အုပ်ထားတာပဲ။ တပ်တွေ လာရင် အဲဒီအနားကို သီတောင် မသီရဲကြဘူး။ ဒီတော့ ကျုပ်တို့ အဲဒီကို ရွှေ့ရင် မကောင်းပေ ဘူးလား"

မိုးကြိုးသွားက-

"ဒီလို နေရာကောင်းရှိရင်တော့ သိပ်ကောင်းတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့ကို ဘယ်သူ က အဲဒီလိုက်ပို့မှာလဲ။ ပြီးတော့ သူတို့ကလည်း ကျုပ်တို့ လာပူးပေါင်းတာကို လက်ခံပါ့ မလား"

စုန်ကျန့်က ရယ်လိုက်၏။ ဘုရင့်လက်ဆောင် ဘဏ္ဍာတော်များကို မည်သို့မည်ပုံ တိုက်ခိုက်ယူလိုက်ကြောင်း၊ လျူထန်က ကျောက်ခဲ၏ စာကို ယူဆောင်ကာ မိမိထံသို့ ရွှေများ လာပို့ခဲ့ဖူးကြောင်း၊ ထို့ကြောင့် မိမိသည် မရန်ကို သတ်ကာ ရဲညီနောင်များနှင့် လာရောက် ပူးပေါင်းရခြင်း ဖြစ်ကြောင်းတို့ကို ပြောပြ၏။

မိုးကြိုးသွားမှာ များစွာ ဝမ်းသာသွားကာ-

"ဒါဖြင့် နောင်ကြီးက သူတို့ ကျေးဇူးရှင်ပေါ့။ ကဲ၊ ဒီလိုဆိုရင် ကြာကြာဆိုင်းနေလို့ မဖြစ်ဘူးဗျ။ ပစ္စည်းတွေ သိမ်းပြီး မြန်မြန်သွားရင် ကောင်းမယ်"

ထိုနေ့မှာပင် လျှံရှန်းတောင်ရိုးသို့ ပြောင်းရန် နောက်ဆုံးအစီအစဉ်များကို ရေးဆွဲ ကြ၏။ လှည်းတဒါဇင်ကျော်ကျော်ပေါ်သို့ အမျိုးသမီးများ၊ ကလေးများ၊ ရွှေငွေ ပစ္စည်းနှင့် အဖိုးတန်ရတနာများ၊ အဝတ်အစားများကို တင်ပြီးလျှင် မြင်းအကောင် သုံးရာကျော် ကိုလည်း အဆင်သင့် ပြင်ထားကြ၏။ မိမိတို့နှင့် မလိုက်လိုသော နောက်လိုက်ယ်သား များကို ရွှေ၊ ငွေများ ပေး၍ တောင်အောက်သို့ ဆင်းကာ မိမိတို့နှစ်သက်ရာ ဂိုဏ်းသို့ ဝင်နိုင်ကြောင်း ပြော၍ ပြန်လွှတ်လိုက်ကြ၏။ ကျန်တောပုန်းများမှာ မိုးကြိုးသွားနှင့် ပါလာ သည့် တပ်သားများနှင့် ပေါင်းလျှင် စုစုပေါင်း လူငါးရာခန့် ရှိ၏။ သူတို့အားလုံး အစုသုံးစု ခွဲ၍ ပြောင်းရွှေ့ရန် စုန်ကျန့်က အမိန့်ပေး၏။

ပစ္စည်းများကို လှည်းများပေါ်သို့ တင်ပြီးနောက်တွင် တောပုန်းများသည် သူတို့ စခန်းကို မီးရှို့ပစ်ခဲ့ကြ၏။ ထို့နောက်တွင် သူတို့သည် အစုသုံးစု ခွဲပြီး တောင်အောက်သို့ ဆင်းလာခဲ့ကြ၏။ စုန်ကျန့်နှင့် ဟွာရုံတို့ ခေါင်းဆောင်သည့် အစုတွင် လူငါးဆယ်ခန့် ပါပြီး မြင်းစီးတောပုန်းလည်း ငါးဆယ်ခန့် ပါ၏။ သူတို့တပ်စုသည် အမျိုးသမီးများနှင့် ကလေး များ၊ ပစ္စည်းများကို တင်ဆောင်လာသည့် လှည်းများကို စောင့်ကြပ် လိုက်ပါလာပြီး ရှေ့ဆုံးမှ ထွက်ကြ၏။ မိုးကြိုးသွားနှင့် ဟုန်ဆင့်တို့ ခေါင်းဆောင်သည့် အစုတွင် မြင်းစီး တပ်သား ကိုးဆယ်ခန့် ပါပြီး ရိက္ခာလှည်းများကို စောင့်ကြပ် လိုက်ပါလာကြ၏။ နောက်ဆုံး တပ်စုတွင် ဗိုလ်ကျားသစ်၊ ဗိုလ်ကျားပုနှင့် ချန်တန်ရှူတို့ ခေါင်းဆောင်ပြီး မြင်းအစီး ငါးဆယ်ခန့်နှင့် ခြေလျင်တပ်သား နှစ်ရာခန့် လိုက်ပါလာကြ၏။ သူတို့အားလုံးသည် လျှံရှန်းတောင်ရိုးဆီသို့ ထွက်ခွာလာခဲ့ကြ၏။ သူတို့ရှေ့တွင် "ဘုရင့်အစိုးရ တောပုန်း နှိမ်နင်းရေးအဖွဲ့" ဟူသော စာတန်းကြီးကို

မြင်သည့်အခါတွင် လူအများကလည်း တပ်သား များဟု အထင်ရှိကာ နှောင့်ယှက်ခြင်း မပြုရဲကြတော့ပြီ။ တပတ်ခန့် ကြာသည့်အခါ တွင်ကား သူတို့သည် ချင်ကျိုနယ်ထဲမှ အတန်ငယ် ဝေးကွာလာခဲ့ပြီ။

စုန်ကျန့်နှင့် ဟွရုံတို့ ခေါင်းဆောင်သည့် ရှေ့ဆုံးတပ်ဦးသည် နောက်မှ တပ်များနှင့် လီနှစ်ဆယ်ခန့်အကွာသို့ ရောက်လာကြ၏။ သူတို့တပ်စုသည် အမြွာညီနောင်တောင်ဟု ခေါ်သည့် နေရာတခုသို့ ရောက်လာခဲ့ကြ၏။ ထိုတောင်နှစ်လုံးမှာ တလုံးနှင့် တလုံး ဆင်တူ ဖြစ်ပြီး စာပို့မြင်းများ သွားသည့်လမ်းသည် ထိုတောင်နှစ်လုံးကြားမှ ဖြတ်သွား၏။ ထိုစဉ် တောင်ထိပ်မှာ စည်သံမောင်းသံများကို ကြားရ၏။

"ခားပြတွေ ထင်တယ်"ဟု ဆိုကာ ဟွရုံသည် လှံကို ကုန်းနှီးတွင် ပူးချည်လိုက်ပြီး နောက် လေးနှင့် မြားတို့ကို ထုတ်၍ စစ်ဆေးကြည့်၏။ ထို့နောက် လေးကို သူ့ငါးပျံအိမ် ထဲသို့ ပြန်ထည့်လိုက်၏။ နောက်မှ လိုက်လာသော စစ်ကြောင်းများကို အမြန်လိုက်လာရန် မြင်းတပ်သားများကို အခေါ်လွှတ်လိုက်ပြီးနောက် ဟွရုံသည် ပါလာသည့် လှည်းများ၊ တပ်သားများကို တနေရာတည်းတွင် စုစည်းထားလိုက်၏။ ထို့နောက် ဟွရုံနှင့် စုန်ကျန့် တို့သည် မြင်းအစီး နှစ်ဆယ်နှင့်အတူ ကင်းထောက်ရန် ရှေ့သို့ ခရီး ဆက်လာခဲ့ကြ၏။

လီတဝက်ခန့် စီးလာမိသည့်အခါ၌ ရှေ့တွင် ခေါင်းပေါင်းနီ၊ အကျႌနီနှင့် သံချပ်အကျႌ တို့ကို ဝတ်ထားသည့် မြင်းအစီးတရာခန့်ကို မြင်ရ၏။ သူတို့အလယ်တွင် တကိုယ်လုံး အနီ ဝတ်ထားသည့် စစ်သည်သူရဲတဦး လိုက်ပါလာသည်ကိုလည်း မြင်ရ၏။ ထိုသူသည် လက် ထဲတွင် လှံကို မြှောက်ကိုင်ထားပြီး တောင်စောင်းတွင် မြင်းကို ဒုန်းစိုင်း၍ စီးလာကာ "ဒီနေ့ မင်းနဲ့ အပြတ်တိုက်မယ့် နေ့ပဲကွ။ တယောက်နိုင်ရင် တယောက်ရှုံးရမှာပေါ့ကွာ" ဟု အော်လာ၏။

ထိုစဉ် တောင်ကွေ့တကွေ့မှ အလားတူ မြင်းအစီးတရာခန့် ထွက်လာသည်ကိုလည်း မြင်လိုက်ရပြန်၏။ သူတို့အားလုံးမှာ အဖြူရောင်ကို ဝတ်ထားကြပြီး အလယ်တွင်လည်း စစ်သူရဲတဦး လိုက်ပါလာသည်ကို မြင်ရ၏။ ထိုသူသည် လက်တွင် လခြမ်းပုံအဖျားရှိသည့် လှံကောက်ကြီးကို ကိုင်ထား၏။ ထိုတပ်မှာ အဖြူရောင်အလံများ ကိုင်ထားပြီး အခြား တပ်မှာ အနီရောင်အလံများ ကိုင်ထားကြ၏။

ထို့နောက် အလံများ ဝှေ့ယမ်းသည်ကို မြင်ရကာ စည်သံများ မြေတုန်ဟည်းမတတ် ပေါ်ထွက်လာ၏။ စစ်သည်သူရဲနှစ်ဦးတို့သည် နောက်ထပ် တယောက်ကို တယောက် လှမ်း၍ စကား မပြောတော့ပြီ။ သူတို့နှစ်ဦးသည်

လှံများကို ကိုင်ကာ တောင်ကြားလမ်း ထဲတွင် အချီသုံးဆယ်မျှ တိုက်ခိုက်ကြ၏။ သို့ရာတွင် မည်သူ့ကိုမျှ နိုင်အောင် မတိုက်နိုင် ကြချေ။ ဟွရုံနှင့် စုန်ကျန့်တို့သည် မြင်းပေါ်မှ ထိုင်၍ သူတို့နှစ်ယောက် တိုက်ပွဲကို ကြည့်၍ သဘောကျနေကြ၏။ ဟွရုံသည် မြင်းကို တို့ကာ ရှေ့သို့ တလှမ်းချင်း စီးလာခဲ့၏။ စစ် သူရဲတဦး ကိုင်သည့် လှံဖျားတွင်မူ ရွှေပြားများကို ကြိုးဖြင့် သီထား၏။ နှစ်ယောက်သား စီးချင်းတိုက်ခိုက်နေကြစဉ် လှံများတွင် တပ်ဆင်ထားသည့် ပန်းပွားများသည် အချင်းချင်း ငြိကုန်သဖြင့် လှံများကို ရုတ်တရက် ဆွဲ၍ မရဘဲ ဖြစ်နေကြ၏။

ဟွရုံသည် သူ့ငါးပုံရုပ် လေးအိမ်ထဲမှ လေးကို ဝဲလက်ဖြင့် ဆွဲထုတ်ကာ ကျားသစ် ခေါင်းပုံ မြားကျည်တောက်ထဲမှ မြားတစီးကို ယာလက်ဖြင့် ဆွဲထုတ်လိုက်ပြီးနောက် လေးညှို့ကို အားကုန် တင်လိုက်ပြီးလျှင် အထွေးထွေး ဖြစ်နေသည့် ကျားသစ်မြီးနှင့် ပန်းပွားကြိုးများဆီသို့ မြားကို လွှတ်လိုက်၏။ သူ လွှတ်လိုက်သည့် မြားသည် ပန်းပွား ကြိုးကို တိခနဲ ထိမှန်ကာ တိုက်ခိုက်သူ နှစ်ဦးတို့၏ လှံနှစ်စင်းသည် ကွာသွား၏။ ဘေးမှ ကြည့်နေသူ မြင်းစီးယောက်ျား နှစ်ရာခန့်တို့က ကောင်းချီးသြဘာ ပေးကြ၏။

တိုက်ခိုက်နေသူနှစ်ဦးသည် သူတို့သတ်ပွဲကို ရပ်ကာ စုန်ကျန့်နှင့် ဟွရုံတို့ထံသို့ မြင်းကို အပြေးစီးလာကြပြီးလျှင် ဦးညွှတ်နှုတ်ဆက်ကြ၏။

“မြားနဲ့ လှမ်းပစ်လိုက်တဲ့ တပ်ဗိုလ်ရဲ့ နာမည်ကို သိပါရစေခင်ဗျာ”

“ဟောဒီက ရဲညီနောင်ကတော့ ရှန်တောင်နယ်၊ ယွန်ကျင့်မြို့အုပ်ရုံးမှာ စာရေးကြီး အဖြစ် အမှုထမ်းခဲ့တဲ့ စုန်ကျန့်တဲ့ဗျ။ ချိန်မှန်မိုးလို့လည်း ခေါ်တယ်။ ကျုပ်ကတော့ လေသာ တောင်ခံမြို့တပ်မှူး ဟွရုံတဲ့” ဟု ဟွရုံက ပြော၏။

စစ်သည်သူရဲနှစ်ဦးတို့သည် လှံများကို မြေကြီးတွင် စိုက်လိုက်ကြ၏။ ထို့နောက် မြင်းပေါ်မှ ဆင်းကာ လဲကျသွားသော ရွှေတောင်ကြီး နှစ်လုံးကဲ့သို့ လည်းကောင်း၊ ပြိုကျ သွားသော ကျောက်စိမ်းတိုင်ကြီး နှစ်တိုင်ကဲ့သို့ လည်းကောင်း သူတို့ကို ဝပ်တွား အရို အသေ ပေးကြ၏။

“နောင်ကြီးတို့နှစ်ယောက်စလုံးရဲ့ သတင်းကို ကျွန်တော်တို့ ကြားပြီးသားပါ ခင်ဗျာ” စုန်ကျန့်နှင့် ဟွရုံတို့သည် မြင်းပေါ်မှ ဆင်းလိုက်ကြပြီး လူငယ်နှစ်ယောက်ကို ဆွဲထူ ပေးကြ၏။

“ကျုပ်ညီတို့နှစ်ယောက်ရဲ့ နာမည်ကိုလည်း ပြောကြပါဦး” အနီရောင်သံချပ်အင်္ကျီကို ဝတ်ထားသည့် လူငယ်က-

“ကျွန်တော့်နာမည်က လူ့ဖန်ပါ ခင်ဗျာ။ ကျွန်တော်မိဘများက

တန်ကျို့ကပါ။ ကျွန်တော်က ရှေးရာဇဝင်မှာ ရှိခဲ့တဲ့ မြို့စားကြီးလူပုလို လုံချိတ်ကောက်ကို ကျင်လည်စွာ သုံးတတ်တဲ့အတွက် ကျွန်တော့်ကို မြို့နယ်စားလေးလို့ ခေါ်ကြပါတယ်။ ကျွန်တော်က ရှန်တောင်မှာ ပရဆေး ကုန်ကူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ကုန်ရှုံးခဲ့လို့ အိမ်ကို မပြန် ရဲပါဘူး။ ဒါကြောင့် အမြွာညီနောင်တောင်ရိုးမှာ ကျွန်တော် ဓားပြ ဖြစ်နေပါတယ်။ တလော ကတော့ ဟောဒီက စစ်သူရဲက ကျွန်တော့်စခန်းကို လာပြီး တိုက်ပါတယ်။ ကျွန်တော်က ဒီတောင်နှစ်လုံးကို တယောက်တလုံးစီ အုပ်ချုပ်ကြတာပေါ့လို့ ပြောပါသေးတယ်။ ဒါပေမဲ့ သူက လက်မခံပါဘူး။ သူနဲ့ ကျွန်တော် နေ့တိုင်း ဆင်းပြီး ဒီလိုပဲ တိုက်နေကျပါ။ ဒီနေ့မှာ သခင်များကို တွေ့ရလိမ့်မယ်လို့ ကျွန်တော် လုံးလုံး မမျှော်လင့်ခဲ့ ပါဘူး”

ထိုအခါ စုန်ကျန့်က အဖြူရောင်သံချပ်အင်္ကျီကို ဝတ်ထားသည့် စစ်သည်သူရဲကို မေးမြန်းကြည့်၏။ ထိုသူက-

“ကျွန်တော်က ဆီချွန်နယ်၊ ကြာလင်းခရိုင် ဇာတိပါ။ ကျွန်တော့်နာမည်က ကောက်ရှိန်း လို့ ခေါ်ပါတယ်။ ကျွန်တော်က ပြဒါးအရောင်းအဝယ် လုပ်ပါတယ်။ ဒါပေမဲ့ မြစ်ဝါမြစ်ကို ဖြတ်တုန်းမှာ မုန်တိုင်းမိလို့ လှေမှောက်ပြီး ကုန်တွေအားလုံး ဆုံးရှုံးခဲ့ပါတယ်။ ဒီတင် ကျွန်တော်လည်း အိမ်ကို မပြန်နိုင်တော့ပါဘူး။ လုံကောက်ကစားတဲ့ အတတ်ကိုတော့ ကြာလင်းမှာရှိစဉ်က ဗိုလ်မှူးချန်ဆီက သင်ခဲ့တာပါ။ နောက်တော့ ကျွန်တော်လည်း လုံကောက်အတတ်မှာ ကျွမ်းကျင်လာခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို ရာဇဝင်မှာ ရှိတဲ့ စစ်သူကြီးရောင်ကွေ့ကို အစွဲပြုပြီး ကျွန်တော့်ကို ရောင်ကွေ့ငယ်လို့ ခေါ်ကြပါတယ်။ ဒီတုန်း မှာ အမြွာညီနောင်တောင်ရိုးမှာ ကျွန်တော့်လိုပဲ လက်နက်ကျွမ်းကျင်တဲ့ တောပုန်းဓားပြ ဗိုလ်တဦး ရှိတယ်လို့ ကြားတာနဲ့ သူနဲ့ လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ရောက်လာခြင်းဖြစ်ပါတယ်။ ခု ကျွန်တော်တို့ ချိန်းပြီး တိုက်နေတာ ဆယ်ရက်လောက် ရှိပါပြီ။ ဒါပေမဲ့ ဘယ်သူကမှ အနိုင်မရကြသေးပါဘူး။ ဒီနေ့ နောင်ကြီးတို့နှစ်ယောက်နဲ့ တွေ့ရတာကတော့ ကျွန်တော်တို့ကို ဘုရား မ လိုက်တာနဲ့ အတူတူပါပဲ”

စုန်ကျန့်က သူတို့ စောစောက ဖြစ်ခဲ့သည့် အဖြစ်အပျက်များကို ပြောပြကာ-

“အင်း၊ ကျုပ်တို့လည်း ကိုရင်တို့နဲ့ တွေ့ရတာ ကံကောင်းတယ်လို့ ဆိုရပေမှာပေါ့လေ။ ဒီတော့ ကျုပ်တို့အနေနဲ့ ကိုရင်တို့နှစ်ယောက်ကို စေ့စပ်ကျေအေးအောင် လုပ်ပေးချင် တယ်။ ဘယ့်နှယ်လဲ”

သူတို့နှစ်ဦးက ဝမ်းမြောက်ဝမ်းသာ လက်ခံကြ၏။ ထိုအချိန်၌ နောက်က တပ်များ လည်း ရောက်လာကြသဖြင့် ရဲညီနောင်များကို အသီးသီး မိတ်ဆက်ပေး၏။

အားလုံးကပင် သူတို့စခန်းအသီးသီးသို့ ဖိတ်ကြားကာ မြင်းများ၊ သိုးများကို ပေါ်စေ၍ တည်ခင်း ကျွေးမွေး ကြ၏။ ကောက်ရှိန်းကလည်း နောက်တနေ့တွင် သူတို့အားလုံးကို အပြန်အလှန် တည်ခင်း ကျွေးမွေး၏။ စုန်ကျန့်က မိမိတို့အားလုံး လျှံရှုန်းတောင်ရိုးသို့ သွားကာ ကျောက်ခဲတို့နှင့် သွားရောက်ပူးပေါင်းရန် အကြံပေး၏။

သူတို့နှစ်ယောက်လည်း ထိုအကြံကို လက်ခံကြ၏။ သို့ဖြင့် သူတို့သည် သူတို့အဖိုးတန် ပစ္စည်းများကို သိမ်းဆည်းကာ လူသူဗိုလ်ပါတို့ကို စုဆောင်းကြပြီးနောက် လျှံရှုန်း တောင်ရိုးသို့ ထွက်ခွာလာခဲ့ကြ၏။

ဤတွင် စုန်ကျန့်က-

“ဒီလောက် အလောတကြီးလည်း မလုပ်ကြနဲ့ဦးဗျ။ လျှံရှုန်းတောင်ရိုးကို ဒီလို လူ ငါးရာ၊ မြင်းငါးရာနဲ့ တအုပ်ကြီး သွားလို့ရှိရင် ကျုပ်တို့ကို ကင်းတွေက မြင်ပြီး ရန်သူတွေလို့ အထင်လွဲနေလိမ့်မယ်။ ဒီတော့ ကျုပ်နဲ့ ဟောဒီက ဗိုလ်ကျားသစ်တို့က ရှေ့က အရင်သွား နှင့်ပြီး သူတို့ လူတွေနဲ့ ဆွေးနွေးကြည့်ဦးမယ်။ ပြီးတော့ သူတို့ဆီကို သွားရင်လည်း တစု တည်း မသွားဘဲ ခုလို စစ်ကြောင်းသုံးကြောင်း ခွဲပြီးသွားရင် ကောင်းမယ် ထင်တယ်”

ဟွရုံနှင့် မိုးကြိုးသွားတို့က-

“နောင်ကြီးဟာ အမြော်အမြင် ရှိပါပေတယ်ဗျာ။ ကျုပ်တို့လည်း နောင်ကြီးအစီအစဉ် ကိုလိုက်နာပါ့မယ်။ ဒီတော့ နောင်ကြီးတို့နှစ်ယောက်က နေ့ဝက်စောပြီး ထွက်နှင့်ပါ။ ကျုပ် တို့က ဒီပစ္စည်းတွေ၊ လူတွေကို စောင့်ရှောက်ပြီး နောက်က ဖြည်းဖြည်းလိုက်လာခဲ့ပါ့မယ်”

စုန်ကျန့်သည် ဗိုလ်ကျားသစ်နှင့် ခြေလျင် လူတကျိပ်ခန့်တို့ကို ခေါ်ဆောင်ကာ လျှံရှုန်းတောင်ရိုးဆီသို့ ထွက်ခွာလာခဲ့၏။ ဒုတိယနေ့ မွန်းတည့်အချိန်လောက်တွင်မူ သူတို့ တသိုက်သည် ပေတရာလမ်းမကြီးပေါ်သို့ ရောက်လာခဲ့ကြလေပြီ။ ရှေ့တွင် ဘုံဆိုင်ကြီး တဆိုင်ကို မြင်ရ၏။

“မင်းတို့တတွေလည်း တော်တော်ပင်ပန်းလှပြီ။ ဒီတော့ ရှေ့က ဘုံဆိုင်မှာ နားပြီး စိမ်ရည်ကလေး ဘာလေး သောက်ကြသေးတာပေါ့”

စုန်ကျန့်နှင့် ဗိုလ်ကျားသစ်တို့သည် မြင်းများပေါ်မှ ဆင်းကြ၏။ မိမိတို့လူများကိုလည်း မြင်းဝမ်းပတ်များကို လျှော့ရန် ပြောဆိုပြီးနောက် သူတို့အားလုံး ဘုံဆိုင်ထဲသို့ ဝင်လာ ခဲ့ကြ၏။ ဆိုင်ထဲတွင် စားပွဲကြီးသုံးလုံးနှင့် စားပွဲငယ်အချို့သာ ရှိ၏။ လူတယောက်သည် စားပွဲကြီးတလုံးတွင်

တယောက်တည်း ထိုင်လျက်ရှိ၏။ ထိုလူသည် ခေါင်းတွင် ပဝါကို ဝက်နှုတ်သီးပုံစည်း၍ ချည်ထားပြီး တိုက်ယွမ်မှ လုပ်သည့် အဖိုးတန် ကြေးကွင်းကလေး များကိုလည်း နောက်တွင် ချိတ်ဆွဲထား၏။ အင်္ကျီနှင့် ဘောင်းဘီမှာ အနက်ရောင်ဖဲစဖြစ်ပြီး ခါးတွင် ခါးပတ်ပြားအဖြူကြီးကို စည်းထား၏။ ခြေတွင်လည်း ဒူးဆစ်အထိ ရှည်သည့် ခြေအိတ်ကြီးကို စွပ်ထား၏။ ခြေထောက်တွင်မူ ဈေးဖိနပ်ကို စီးထား၏။ သူ့ဘေးတွင် ခပ်တိုတို တောင်ဝှေးတချောင်းကို ချထားပြီး စားပွဲအစွန်တွင်မူ အထုပ်တထုပ်ကို ချထား ၏။ ထိုလူမှာ အရပ်မြင့်မြင့်၊ အသားခပ်ဖျော့ဖျော့၊ မုတ်ဆိတ်တို့ စင်ကြယ်စွာ ရိတ်ထားပြီး မေးရိုးကားကြီးများနှင့် တောက်ပသော မျက်လုံးများရှိ၏။ စုန်ကျန့်က စားပွဲထိုးတယောက် ကို လှမ်းခေါ်လိုက်၏။

"ငါတို့မှာ လူတွေ များတယ်ဟေ့။ ငါနဲ့ ဟောဒီက ငါ့မိတ်ဆွေက အတွင်းဘက်မှာ နေမယ်။ ဟောဒီက မိတ်ဆွေကို စားပွဲကလေးကို အပြောင်းခိုင်းပေးပါလားကွာ။ တို့လူ တွေ စားပွဲကြီးမှာ ထိုင်နိုင်တာပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

စုန်ကျန့်နှင့် ဗိုလ်ကျားသစ်တို့သည် အထဲသို့ ဝင်လာခဲ့ကြပြီးနောက် စားပွဲထိုးကို လှမ်း၍ မှာလိုက်၏။

"ပထမဆုံး ငါတို့ကို အရက်စိမ်ရည်အိုး အကြီးသုံးလုံးနဲ့ အသားအမြည်းပေးကွာ။ ပြီးတော့ ဒီကို ယူလာခဲ့"

ဘုံဆိုင်ကလေးထဲတွင် သူတို့လူများဖြင့် ပြည့်လျက်ရှိလေပြီ။ စားပွဲထိုးက တယောက် တည်း ထိုင်နေသည့်သူအား စားပွဲပြောင်းပေးရန် သွားပြော၏။ ထိုသူမှာ ရဲအရာရှိတဦး ဖြစ်ဟန်တူ၏။

"ရဲကြပ်ကြီး ခင်ဗျာ။ ရဲကြပ်ကြီးရဲ့ စားပွဲကို အထဲက လူနှစ်ယောက်ရဲ့ လူတွေကို ပေးလိုက်ပါလား"

ထိုလူသည် သူ့ကို ဤသို့ပြောသည့်အတွက် အနည်းငယ် စိတ်ဆိုးသွားပုံရ၏။

"ငါက အရင်ရောက်တဲ့လူပဲကွ။ ဘာဖြစ်လို့ ရွှေ့ရမှာလဲ"

"ကိုယ့်လူက တော်တော်ရိုင်းတဲ့ လူပါလားဗျ" ဟု ဗိုလ်ကျားသစ်က စုန်ကျန့်ကို လှမ်းပြောလိုက်၏။ "နေစမ်းပါဗျာ။ ဒီလိုကောင်မျိုးတွေနဲ့ အဖက်လုပ်ပြီး ဖြစ်မနေစမ်းပါနဲ့" ဟု ဆိုကာ စုန်ကျန့်က ဗိုလ်ကျားသစ်ကို အထိုင်ခိုင်းလိုက်၏။

ထိုလူသည် စုန်ကျန့်ကို လှမ်းကြည့်လိုက်ပြီးနောက် မထိတထိ ရယ်နေ၏။ စားပွဲထိုး ကလည်း စားပွဲပြောင်းပေးရန် ထိုလူကို ပြောလျက်ရှိ၏။

"ကျွန်တော်တို့ကို ကူညီပါ ရဲကြပ်ကြီးရာ။ စားပွဲပြောင်းတာလောက်ကတော့ ရဲကြပ် ကြီးမှာလည်း ဘာမှ အပန်းမကြီးပါဘူး"

ထိုလူသည် စိတ်ဆိုးမာန်ဆိုးဖြင့် စားပွဲကို လက်သီးဖြင့် ဝုန်းခနဲ ထုလိုက်ပြီးလျှင်-

"ခွေးသား။ ငါ့ကို ဘယ်လိုကောင်မျိုး အောက်မေ့လို့လဲဟင်။ တယောက်တည်းလာ တဲ့ကောင် ဆိုပြီး ငါ့ကို ယီးတီးယားတားတော့ မလုပ်နဲ့။ ဘုရင်ကိုယ်တိုင် လာဦး။ ငါ့နေရာက ဖယ်မပေးဘူး။ နောက်တခါ ထပ်ပြောရင် မင်းကို လက်သီးစာ အမြည်းကျွေးလိုက်မယ်"

"ကျွန်တော်က တောင်းပန်တာပါဗျာ။ နောင်ကြီး ရဲကြပ်ကြီးကို စော်ကားမော်ကား ဘာမှ မပြောပါဘူး"

"ပြောရဲပြောကြည့်ပေါ့ကွ"

ဗိုလ်ကျားသစ်မှာ သည်းမခံနိုင်တော့ပြီ။

"ကိုယ့်လူ။ ဒီလောက်မရိုင်းပါနဲ့။ မဖယ်ချင်ရင်လည်း အေးအေးဆေးဆေးနေပါ။ ဘာဖြစ်လို့ အနိုင်ကျင့်ချင်ရတာလဲ"

ထိုလူသည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်ပြီးနောက် သူ့တောင်ဝှေးကို ကောက်ကိုင် လိုက်၏။

"ကျုပ်ဘာသာ ကျုပ် ပြောတာ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ။ လောကမှာ ကျုပ် လေးစားတဲ့ လူနှစ်ယောက်ပဲ ရှိတယ်။ ကျန်တဲ့ကောင်က ကျုပ်ခြေဖဝါးအောက်က ဖုန်မှုန့် ချည်းပဲ"

ဗိုလ်ကျားသစ်သည် စိတ်ဆိုးကာ ခွေးခြေကို ကောက်ကိုင်ပြီး ထိုလူဆီသို့ ပြေးဝင် လာ၏။ သို့ရာတွင် စုန်ကျန့်မှာ ထိုလူ ပြောလိုက်သည့်စကားကို ရိပ်မိလိုက်သည့်အတွက် သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်လိုက်၏။

"ကဲ ကဲ၊ တော်ကြပါတော့ဗျာ။ နေစမ်းပါဦး။ လောကမှာ လူလို့ထင်တဲ့လူ နှစ်ယောက် ပဲ ရှိတယ်လို့ ပြောတာ ဘယ်သူနဲ့ ဘယ်သူ့ကို ပြောတာလဲ"

"ကျုပ်ပြောလိုက်ရင် ခင်ဗျားတို့ လန့်ပြီး ဖျားသွားမယ်"

“ဘယ်သူတွေလဲ”

“တယောက်က ကျန်းစုတိုက်နယ်၊ ဟုန်စေရွာက ကျဲ့ဆွေမျိုးစုက ဆင်းလာတဲ့လူ။ သခင်ကျဲ့လို့လည်း ခေါ်တယ်။ လေပွေလို့လည်း ခေါ်တယ်”

စုန်ကျန့်က တိတ်ဆိတ်စွာ ခေါင်းညိတ်နေရာမှ-

“နောက်တယောက်ကကော”

“တယောက်က ရှန်တောင်နယ်၊ ယွန်ကျင့်တိုက်နယ်က မြို့အုပ်ရုံးစာရေး။ စုန်ကျန့် လို့လည်း ခေါ်တယ်။ ချိန်မှန်မိုးလို့လည်း ခေါ်တယ်”

စုန်ကျန့်သည် ဗိုလ်ကျားသစ်ကို လှမ်းကြည့်၍ ပြုံးပြလိုက်၏။ ထိုအချိန်၌ကား ဗိုလ်ကျားသစ်၏ လက်ထဲတွင် ခွေးခြေ မရှိတော့ပြီ။

“အဲဒီလူနှစ်ယောက်ကိုပဲ ကျုပ်လေးစားတယ်။ ကျန်တဲ့လူဆိုရင် ဆွန်ဘုရင်ကိုတောင် ကျုပ်က ကြောက်တဲ့ လူစား မဟုတ်ဘူး”

စုန်ကျန့်က-

“ဟုတ်ပါပြီလေ။ အဲဒီလူနှစ်ယောက်ကို ကျုပ် သိပါတယ်။ မေးပါရစေဦး။ သူတို့ကို ခင်ဗျား ဘယ်မှာ တွေ့ဖူးလို့လဲ”

“ခင်ဗျားသိတယ်ဆိုရင် ကျုပ် အမှန်အတိုင်းပဲ ပြောမယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက် တုန်းက သခင်ကျဲရဲ့ အိမ်မှာ ကျုပ် လေးလလောက် နေခဲ့ဖူးတယ်။ ဒါပေမဲ့ စုန်ကျန့်နဲ့တော့ မတွေ့ခဲ့ရဘူး”

“တွေ့ကော တွေ့ချင်လို့လား”

“ကျုပ် သူ့ကို လိုက်ရှာနေတာပဲ”

“ဘာဖြစ်လို့ လိုက်ရှာတာလဲ”

“သူ့ညီ သံယပ်တောင်လို့ခေါ်တဲ့ စုန်ကျင့်က စာတစောင် အပေးခိုင်းလိုက်လို့”

စုန်ကျန့်သည် ပြုံးလျက် ထိုလူ၏ လက်ကို ဆွဲကိုင်လိုက်ကာ-

“ကံပေးလို့ရှိရင် လီပေါင်းတသောင်း ဝေးဦး၊ တယောက်နဲ့ တယောက် တွေ့ကြ ရတယ်” တဲ့။ “ကံမပေးရင် မျက်နှာချင်းဆိုင်နေဦး၊ တယောက်နဲ့ တယောက် မတွေ့ကြရ ဘူး” တဲ့၊ ရှေးစကားရှိသဗျ။ ခင်ဗျားလိုက်ရှာနေတဲ့

စုန်ကျန့်ဆိုတဲ့ လူဟာ ကျုပ်ပဲ”

ထိုလူသည် စုန်ကျန့်ကို စိုက်ကြည့်နေပြီးနောက် ဒူးထောက်၍ လက်အုပ်ချီ အရိုအသေ ပြု၏။

“နောင်ကြီးနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့တာကတော့ ဘုရား မ တာပါပဲဗျာ။ ကျွန်တော်က မြေရှင်ကုန်ရဲ့ အိမ်မှာ သွားရှာရကောင်းမလားလို့ စဉ်းစားနေတာ”

စုန်ကျန့်က သူ့ကို အတွင်းခန်းဘက်သို့ ဆွဲခေါ်လာကာ-

“အိမ်မှာ ဘာများဖြစ်လို့လဲဗျ”

“ကျွန်တော် ပြောပါ့မယ် နောင်ကြီး။ ကျွန်တော့်နာမည်က ရှိယုံလို့ ခေါ်ပါတယ်။ တာမင်းနယ်ကပါ။ အဲဒီမှာ ကျွန်တော်က ကစားဝိုင်း ထောင်ပါတယ်။ အရပ်က လူတွေ ကတော့ ကျွန်တော့်ကို “ဗိုလ်ဂျင်” လို့ ခေါ်ကြပါတယ်။ ဒီလိုနဲ့ ကစားဝိုင်းမှာ ရန်ဖြစ်ပြီး လူတယောက်ကို ကျွန်တော် သတ်လိုက်မိပါတယ်။ လက်သီးနဲ့ တချက်ထိုးလိုက်တာ သေ သွားပါတယ်။ ကျွန်တော်လည်း ထွက်ပြေးပြီး သခင်ရဲ့အိမ်မှာ သွားနေပါတယ်။ အဲဒီမှာ နေရင်း ရဲညီနောင်အသိုင်းအဝိုင်းမှာ နောင်ကြီးနာမည်ကို ကြားဖူးခဲ့တာပါပဲ။ ဒါနဲ့ ကျွန်တော် နောင်ကြီးနဲ့ တွေ့ချင်တာနဲ့ ယွန်ကျင့်ကို လိုက်သွားပါတယ်။ ဒါပေမဲ့ မတွေ့ တော့ပါဘူး။ နောင်ကြီးက ထွက်သွားပါပြီ။ ဒီတင် နောင်ကြီးရဲ့ညီ စုန်ကျင့်နဲ့ တွေ့တော့ သူက နောင်ကြီးဟာ ကျားဖြူတောင်ပေါ်က မြေရှင်ကုန်ဆီမှာ ရောက်နေတယ်လို့ ပြော လိုက်ပါတယ်။ အဲဒီကို လိုက်သွားမယ်လို့ ပြောတော့ ဒီလိုဆိုရင် သူ စာကလေး တစောင်လောက် ပါးလိုက်ချင်တယ်လို့ ပြောပြီး စာတစောင် ပေးလိုက်ပါတယ်။ တွေ့လို့ရှိရင် အိမ်ကို အမြန်ဆုံး ပြန်ခဲ့ပါလို့ မှာလိုက်တယ်ဆိုတာ ပြောပြပါလို့လည်း နှုတ်က မှာလိုက် ပါတယ်"

စုန်ကျန့်မှာ စိတ်ပူလျက်ရှိလေပြီ။

“ဒါဖြင့် ခင်ဗျား ကျုပ်တို့အိမ်မှာ ဘယ်နှရက်လောက် နေခဲ့သလဲ။ ကျုပ်အဖေကြီး ကိုကော တွေ့ခဲ့သလား”

“ကျွန်တော်လည်း တညပဲ တည်းခဲ့ပါတယ်။ အဘိုးကြီးကိုတော့ မမြင်ခဲ့မိဘူး” စုန်ကျန့်က မိမိတို့ လျှံရှန်းတောင်ရိုးသို့ သွားမည့်အကြောင်းကို ပြောပြသည်တွင် ရှိယုံက-

“သခင်ရဲ့ အိမ်က ထွက်လာတဲ့နောက်မှာလည်း ရဲညီနောင်အသိုက်အဝန်းမှာ နောင်ကြီးရဲ့နာမည်ကို မကြာခဏ ပြောသံကြားရပါတယ်။ နောင်ကြီးဟာ

ဘယ်လောက် ရက်ရောတဲ့အကြောင်း၊ ဘယ်လောက် သဘောထားကြီးတဲ့အကြောင်း၊ ဘယ်လောက် ရဲစွမ်းသတ္တိရှိတဲ့ အကြောင်း၊ ဘေးဒုက္ခရောက်သူ၊ အခက်အခဲတွေ့သူတွေကို ဘယ်လို ကယ်ဆယ်တတ်တဲ့ အကြောင်းကို မကြာခဏ ပြောသံကြားခဲ့ရပါတယ်။ နောင်ကြီးတို့များ လျှို့ရှန်းတောင်ရိုးကို သွားရင် ကျွန်တော်လည်း လိုက်ချင်ပါတယ်"

"ရပါတယ်ဗျာ။ လူတယောက်ကို ခေါ်ရတဲ့အတွက် ကျွန်တော်တို့မှာ ဘာမှ ထူးပြီး တာဝန်မကြီးပါဘူး။ ကဲ၊ လာ။ ဗိုလ်ကျားသစ်နဲ့လည်း တွေ့လိုက်ပါဦး"

စုန်ကျန့်က စားပွဲထိုးကို ခေါ်ကာ နောက်ထပ် အရက်တခွက် ငှဲ့ပေးရန် ပြော၏။ သူတို့ သုံးယောက်သည် သောက်စားကြပြီးနောက် ရှိယုံက စာကို ထုတ်ပေး၏။ စုန်ကျန့်သည် စာကို ယူကြည့်လိုက်၏။

စာအိတ်မှာ ထုံးစံအတိုင်းမဟုတ်ဘဲ ပြောင်းပြန် ချိပ်ပိတ်ထားသည်ကို တွေ့ရ၏။ ထို့ပြင် အခါတိုင်းရေးနေကျ "အားလုံးအဆင်ပြေသည်" ဆိုသည့် စကားလုံးကိုလည်း မတွေ့ရချေ။ စုန်ကျန့် သည် စိတ်ပူစပြုလာ၏။ စာအိတ်ကို ဆုတ်၍ စာကို ဖွင့်ဖတ်လိုက်ရာ စာထဲတွင် အောက်ပါအတိုင်း တွေ့ရ၏။

ပထမလဦးပိုင်းတွင် ဖခင်ကြီးမှာ ရောဂါဖြင့် ဆုံးသွားခဲ့ပါသည်။ ယခုတိုင် ခေါင်းသွင်းထားပြီး ယခုတိုင် အိမ်တွင် ထားပါသေးသည်။ ဖခင်ကြီး ကိစ္စကို ဆောင်ရွက်ရန်အတွက် အစ်ကို့ကို စောင့်နေကြပါသည်။ ချက်ချင်း ပြန်လာခဲ့စေလိုပါသည်။ အချိန်မဆိုင်းပါနှင့်။

ညီမောင် စုန်ကျင့်

စုန်ကျန့်သည် စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်ပြီးနောက် ရင်ဘတ်ကို ထု၏။ "ကျုပ်ဟာ မိဘအပေါ်မှာ တာဝန်ကျေတဲ့ကောင် မဟုတ်ဘူး။ ကျုပ် မိုက်တယ်။

ခုတော့ ကျုပ်အဖေကြီးလည်း မရှိတော့ဘူး။ သားတယောက်အနေနဲ့ ဘာမှတောင် မပြုစု လိုက်ရဘူး။ ကျွန်တော်ဟာ တိရစ္ဆာန်တကောင်နဲ့ ဘာထူးသေးသလဲ" စုန်ကျန့်သည် နံရံကို ခေါင်းနှင့် ဆောင့်၍ ငိုနေ၏။ ဗိုလ်ကျားသစ်နှင့် ရှိယုံတို့က သူ့ကို အတင်းဆွဲထားရ၏။ စုန်ကျန့်သည် သညာကင်းလွတ်သည်အထိ အားရပါးရ ငို၏။ အတန်ကြာ ငိုပြီးနောက်မှ သတိပြန်ဝင်လာ၏။

"ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ဗျာ"ဟု သူတို့နှစ်ယောက်က ဖျောင်းဖျကြ၏။

"ကျွန်တော့်လူတွေအပေါ်မှာ ကျွန်တော် သံယောဇဉ်မရှိလို့တော့

မဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော့်အဖေကိုတော့ ကျွန်တော် အချစ်ဆုံးပဲ။ ခုတော့ အဖေ မရှိတော့ဘူး။ ဒီနေ့ညပဲ ကျွန်တော်ပြန်မှ ဖြစ်မယ်။ ဒီတော့ လျှံရှန်းတောင်ရိုးကို သူတို့ဘာသာပဲ သူတို့ ဆက်သွားကြတော့လို့ ညီနောင်တွေကို ပြောလိုက်ပါ”

ဗိုလ်ကျားသစ်က-

“နောင်ကြီးရဲ့အဖေလည်း မရှိတော့ပါဘူးဗျာ။ ခင်ဗျား ပြန်သွားတော့ကော သူက အသက်ပြန်ရှင်လာတော့မှာမှ မဟုတ်တာ။ မိဘတိုင်း သူ့မိဘ ကိုယ့်မိဘ သေရတာချည်း ပါပဲ။ အရှည်ကို ကြည့်ပါ။ ဒီလူတွေကိုတော့ တောင်ရိုးပေါ်ကို ရောက်အောင် ခေါ်သွားပါဦး။ ဟိုရောက်လို့ သူတို့ကို နေရာချပြီးရင် ခင်ဗျားနဲ့အတူ ကျွန်တော် လိုက်ခဲ့ပါ့မယ်။ မိနိုင် ပါတယ်။ ခု ခင်ဗျား မရှိတော့ဘူးဆိုတော့ ဘယ့်နှယ်လုပ်မလဲ။ ခင်ဗျား မပါရင် သူတို့ ကလည်း လက်ခံမှ မဟုတ်ဘူး”

“ဒီလိုဆိုရင် သိပ်နောက်ကျသွားလိမ့်မယ်ဗျာ။ ကျွန်တော် မလိုက်တော့ဘူး။ ကျွန်တော် သူတို့ဆီကို အကျိုးအကြောင်း အပြည့်အစုံ စာရေးပေးလိုက်မယ်။ ရှိယုံကိုလည်း ခေါ် သွားပါ။ တခြား တပ်စုတွေ ရောက်လာရင် ခင်ဗျားတို့ချည်းပဲ သွားကြပါတော့။ ကျွန်တော့် အဖေဆုံးတာကို မသိဘူးဆိုရင်တော့လည်း လိုက်လို့ဖြစ်တာပေါ့။ ဒါပေမဲ့ ဘုရားအလို တော်ကျ ခုလိုသိရပြီဆိုတော့ ကျွန်တော့်အဖို့ တနေ့ဟာ တနှစ်နဲ့ အတူတူပဲ။ ကျွန်တော် လည်း ပြန်ချင်တယ်။ ကျွန်တော့်မြင်းကိုလည်း ယူမသွားပါဘူး။ ဘယ်သူ့ကိုမှလည်း ခေါ် မသွားပါဘူး။ ဒီနေ့ ညတွင်းချင်း သွားရင် မနက်ဖြန်ဆိုရင် အိမ်ကို ရောက်မှာပဲ”

ဗိုလ်ကျားသစ်နှင့် ရှိယုံတို့က အမျိုးမျိုး တားကြသေးသော်လည်း စုန်ကျန့်၏ စိတ်ကို ပြောင်းလဲအောင် မတတ်နိုင်ကြတော့ပြီ။ စုန်ကျန့်သည် စားပွဲထိုးထံမှ မင်တံနှင့် စက္ကူ တို့ကို တောင်းကာ ငိုလျက်ဖြင့် မိမိဆန္ဒအတိုင်း ယခုလာသူများကို လက်ခံပါမည့်အကြောင်း တောပုန်းခေါင်းဆောင်များထံ စာရေး၏။ ထို့နောက် စာကို ချိပ်မပိတ်ဘဲ ဗိုလ်ကျားသစ် လက်ထဲသို့ ထည့်လိုက်၏။ စုန်ကျန့်သည် ရှိယုံ၏ လျှော်ဖိနပ်ကို ငှား၍ စီးကာ အိတ်တွင် ငွေအနည်းငယ်ကို ထည့်၏။ ခါးတွင် ဓားလွယ်တချောင်းကို ချိတ်၍ ရှိယုံ လက်ကိုင်ထား သည့် တင်းပုတ်တိုကလေးကို တောင်း၏။ စုန်ကျန့်သည် နောက်ထပ် စားသောက်ခြင်းပင် မပြုတော့ဘဲ အပြင်သို့ ထွက်လာခဲ့၏။

“နောင်ကြီးရာ။ ဗိုလ်ကျားပုတို့၊ မိုးကြိုးသွားတို့ လာအောင် စောင့်ပါဦးလား။ အချိန် ပါသေးတယ်” ဟု ဗိုလ်ကျားသစ်က တောင်းပန်၏။

“မစောင့်တော့ပါဘူးဗျာ။ ကျွန်တော့်စာကိုသာ ပေးလိုက်ပါ။ အစစ အဆင်ပြေမှာပါ။ နိယုံကလည်း ကျွန်တော့်အဖေ သေတဲ့အကြောင်းကို သူတို့ကို

ရှင်းပြလိုက်ပါဗျာ။ ခုလို ဖြုန်းစားကြီး ထွက်သွားရတဲ့အတွက်လည်း တောင်းပန်လိုက်ပါ”

စုန်ကျန့်သည် အိမ်သို့ အချိန်မီ မရောက်မည်ကိုသာ စိုးရိမ်လျက်ရှိ၏။ စုန်ကျန့်သည် တောင်အောက်သို့ ခပ်သုတ်သုတ် ဆင်းလာခဲ့၏။

ဗိုလ်ကျားသစ်နှင့် ရှိယုံတို့သည် အရက်အနည်းငယ် သောက်ကြ၏။ အမြည်း အနည်း ငယ် စားကြ၏။ ထို့နောက် ကျသင့်ငွေကို ရှင်းကြ၏။ ရှိယုံသည် စုန်ကျန့်၏ မြင်းကို ဆက် စီး၍ ခရီးဆက်လာခဲ့၏။ နောက် လေး ငါးလီခန့် သွားမိသည့်အခါတွင် အတော်ကြီးသည့် ဘုံဆိုင်ကြီးတဆိုင်သို့ ရောက်ကြပြန်၏။ သူတို့သည် ထိုနေရာမှာပင် စခန်းချကြ၏။

နောက်တနေ့ နေမြင့်သည့်အချိန်တွင် နောက်ထပ် လူများ ရောက်လာကြ၏။ ဗိုလ် ကျားသစ်နှင့် ရှိယုံတို့က စုန်ကျန့်မှာ ဖခင်အသုဘအတွက် အရေးတကြီး ပြန်သွားကြောင်း ဖြင့် ပြောပြကြ၏။ အခြားခေါင်းဆောင်များက ဗိုလ်ကျားသစ်ကို အပြစ်တင်ကြ၏။

“ခဏကလေးလောက် စောင့်ခိုင်းရောပေါ့ဗျာ”

ရှိယုံက-

“သူ့အဖေဆုံးတယ်လို့ ကြားတော့ သူ့ကိုယ်သူတောင် သတ်သေမလားလို့ ထင်ရ တယ်ဗျ။ ဘယ်သူ တားလို့မှ မရဘူး။ ချက်ချင်း သွားမယ်ဆိုပြီး သွားတော့တာပဲ။ မိတ်ဆက်စာတစောင် ရေးပစ်ခဲ့တယ်။ ကျွန်တော်တို့ဘာသာ ရှေ့က သွားနှင့်ကြပါတဲ့။ စာကို ပြလိုက်ရင် အဆင်ပြေမှာပါတဲ့”

ဟွရုံနှင့် မိုးကြိုးသွားတို့က စုန်ကျန့်ရေးပေးခဲ့သည့် စာကို ဖတ်ကြည့်ကြ၏။

“ခက်တာပဲဗျာ။ ခရီးသွားတုန်း တိုးလိုးတန်းလန်းကြီးမှာ ဒီလိုဖြစ်တာ သိပ်ဆိုးတာပဲ။ ဆက်သွားရမလား၊ ပြန်ဆုတ်ရမလားဆိုတာတောင် မစဉ်းစားတတ်အောင် ဖြစ်နေပြီ။ ပြန်ဆုတ်လို့လည်း မဖြစ်ဘူး။ လူစုခွဲလို့လည်း မဖြစ်ဘူး။ ဆက်သွားဖို့ တလမ်းပဲ ရှိတော့ တယ်။ ဒီတော့ ဒီစာကို ချိပ်ပိတ်ပြီး ပေးမယ်ဗျာ။ သူတို့လက်မခံဘူး ဆိုတော့မှ နောက် တမျိုး စဉ်းစားကြသေးတာပေါ့”

ရဲညီနောင်ကိုးဦးတို့သည် လူပေါင်းငါးရာ၊ မြင်းပေါင်းငါးရာတို့ကို ခေါင်းဆောင်ကာ ထိုည တညလုံး လျှံရှန်းတောင်ရိုးပေါ်သို့ ချီတက်လာခဲ့ကြ၏။ ဘေးတွင် ကျူတောတို့ ဝိုင်းရံ လျက်ရှိသည့် လမ်းကျယ်ကြီးတခုအတိုင်း ချီတက်လာကြစဉ် ချောင်း၊ မြောင်းများထဲမှာ စည်များ၊ မောင်းများ တီးခတ်သံတို့ကို ကြားရ၏။ ထို့နောက် ဘေးပတ်ပတ်လည်ရှိ တောင် စောင်းများပေါ်တွင် အလံများ၊

တံခွန်များကို မြင်ကြရ၏။ အင်းထဲမှ လှေကြီးနှစ်စီးသည် သူတို့ရှိရာသို့ လှော်ခတ်လာနေသည်ကို မြင်ရ၏။ ပထမလှေပေါ်တွင် လူ လေး ငါးဆယ်ခန့် လှော်ခတ်လာကြ၏။ လှေဦးတွင်မူ တောပုန်းဗိုလ် ဖြစ်သည့် လင်ချုံး လိုက်ပါလာ၏။ ဒုတိယလှေမှာလည်း အလားတူပင် လူ လေး ငါးဆယ်ခန့် လှော်ခတ်လာကြပြီး လှေဦးတွင် တောပုန်းဗိုလ်တဦးဖြစ်သူ ဗိုလ်မွေးနီ ခေါ် လျူထန် လိုက်ပါလာ၏။ လင်ချုံးက သူတို့ကို လှမ်းအော်လိုက်၏။

"ဟေ့၊ ကုန်းပေါ်က ကောင်တွေ ဘယ်က ကောင်တွေလဲကွ။ ဘယ်သူ့တပ်လဲ။ တို့ကို ဖမ်းလို့ ရမယ်လို့ ထင်နေသလား။ မင်းတို့အားလုံးကို တယောက်မကျန် သတ်ပစ်မယ် သိရဲ့လား။ လျှံရှန်းတောင်ရိုးအကြောင်းကို မင်းတို့ သိသွားရမှာပေါ့"

ဟွရုံနှင့် မိုးကြိုးသွားတို့သည် မြင်းများပေါ်မှ ဆင်းကာ ကမ်းပေါ်တွင် ရပ်နေကြ၏။

"ကျုပ်တို့က တပ်တွေ မဟုတ်ပါဘူး။ ကျုပ်တို့မှာ ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်ရဲ့စာ ပါပါတယ်။ ခင်ဗျားတို့နဲ့ ပူးပေါင်းဖို့ လာတာပါ"

"စုန်ကျန့်ဆီက စာပါတယ်ဆိုရင် ချူကွီရဲ့ ဘုံဆိုင်ကို သွားနှင့်ကြပြီး စာကို သူ့ကို ပြခဲ့။ ဒီတော့မှ တို့နဲ့ တွေ့ဖို့ စီစဉ်မယ်"

လင်ချုံး၏ လှေပေါ်မှ အလံနက်တခု ဝှေ့ယမ်းပြလိုက်သည့်အခါတွင် ကျူတောထဲမှ တံငါသည်သုံးဦး လှော်ခတ်သည့် လှေကလေးတစီး ထွက်လာပြီး တံငါသည်နှစ်ယောက် သည် ကမ်းပေါ်သို့ တက်လာကြ၏။ "ဗိုလ်လုပ်တဲ့လူ လိုက်ခဲ့" ဟု သူတို့က ခေါ်ကြ၏။

လှေကြီးနှစ်စီးပေါ်မှ အလံဖြူ ဝှေ့ယမ်းပြပြီးနောက် လှေကြီးနှစ်စီးသည် စည်သံ မောင်းသံ တညံညံဖြင့် အဝေးသို့ လှော်ခတ်သွားကြ၏။ နောက်ရောက်လာသည့် လူသစ် များသည် ပတ်ဝန်းကျင်ကို ကြည့်၍ တအံ့တသြ ဖြစ်နေကြ၏။ "အင်း၊ ရန်သူတွေ ဘယ် လာနိုင်ပါ့မလဲ။ တို့တောင်ရိုးက ခံတပ်နဲ့တောင် ကွာလိုက်တာ"ဟု အချင်းချင်း ပြောမိကြ၏။

တံငါသည်နှစ်ယောက် နောက်သို့ လိုက်လာခဲ့ကြရာ နောက်ဆုံး၌ သူတို့သည် ကုန်းမိကျောင်း ချူကွီ၏ ဘုံဆိုင်သို့ ရောက်လာခဲ့ကြ၏။ ချူကွီက ၎င်းတို့ကို ကြိုဆို နှုတ်ဆက်ကာ နွားနှစ်ကောင်ကို ပေါ်စေပြီးနောက် စိမ်ရည်များ၊ စားသောက်ဖွယ်များဖြင့် ဧည့်ခံ၏။ ချူကွီသည် စာကို ဖတ်ပြီးနောက် ရေစပ်မှ ဇရပ်ကလေးတခုဆီသို့ ခေါ်သွားကာ ဇရပ်ထဲမှ နေ၍ မျက်နှာချင်းဆိုင် တဖက်ကမ်းရှိ ကျူတောဆီသို့ မြားတစင်းကို လွှတ် လိုက်ရာ မြားသည် တရှိုးရှိုး

မြည်သော အသံကို ပြုလျက် တက်သွား၏။ ခဏကြာလျှင် လှေကလေးတစီး ကျူတောထဲမှ တက်လာ၏။ ချူကွီသည် စာကို လှေသမားများအား ပေးလိုက်ပြီး တောပုန်းခေါင်းဆောင်များသို့ ပေးရန် မှာလိုက်၏။ ထို့နောက် တောပုန်း ခေါင်းဆောင် ကိုးဦးတို့အား ဝက်သား၊ သိုးသားတို့ဖြင့် ကျွေးမွေး ညှေ့ခံ၏။ မြင်းများ၊ လူများအတွက်လည်း နေရာထိုင်ခင်းများ ပေးသဖြင့် သူတို့အားလုံး နားကြ၏။

နောက်တနေ့မနက်တွင် တောပုန်းတို့၏ စစ်ခေါင်းဆောင်ဝုရုံသည် ဘုံဆိုင်ကလေးသို့ ရောက်လာခဲ့၏။ အားလုံး မိတ်ဆက်ကြပြီးနောက် တဦးကို တဦး အပြန်အလှန် အရိုအသေ ပေးကြ၏။ ဝုရုံက သူတို့အားလုံးကို သေချာမေးမြန်း၏။ ထို့နောက် လှေကြီးအစီး သုံးဆယ်ခန့် ရောက်လာလေ၏။ ဝုရုံနှင့် ချူကွီတို့က တောပုန်းဗိုလ်ကိုးဦးတို့ကို လှေပေါ်သို့ တက်ရန် ဖိတ်ကြား၏။ အမျိုးသမီးများ၊ ကလေးများ၊ လှည်းများ၊ မြင်းများ၊ နောက်လိုက်နောက်ပါ များကိုလည်း လှေကြီးအသီးသီးပေါ်သို့ တင်ကြ၏။

လှေများသည် သဲသိဂ်ါကမ်းသို့ လှော်ခတ်လာခဲ့ကြကာ တနေရာသို့ ရောက်လျှင် အားလုံး လှေများပေါ်မှ ဆင်းကြ၏။ တောအုပ်များထဲမှ ကျောက်ခဲ ခေါင်းဆောင်သည့် တောပုန်းများသည် စည်များ၊ မောင်းများကို တီး၍ သူတို့ကို ကြိုဆိုကြ၏။ ခေါင်းဆောင် ကိုးယောက်တို့ကို မြင်းများ၊ သံလျင်းများဖြင့် တင်ကာ တောင်ရိုးပေါ်ရှိ ခံတပ်ထဲမှ သစ္စာ ညီနောင်ခန်းဆောင်သို့ ခေါ်သွားကြ၏။ ခန်းဆောင်ထဲသို့ ရောက်သည့်အခါတွင် အိမ်ရှင် များနှင့် ဧည့်သည်များကို မျက်နှာချင်းဆိုင် နေရာချပေး၏။

လက်ဝဲဘက်ရှိ ကုလားထိုင်များပေါ်တွင် ကျောက်ခဲ၊ ဝုရုံ၊ ကုန်ဆွန်ရှန်း၊ လင်ချုံး၊ လျူထန်၊ ဖိုးရုံကြီး၊ ဖိုးရုံကလေး၊ ဖိုးရုံငယ်၊ ဒူရှန်း၊ ဆုံဝမ်၊ ချူကွီနှင့် ကြွက်ဝမ်းဖြူဟု ခေါ်သော ပိုက်ရှန်းတို့ ထိုင်ကြ၏။ (ပိုက်ရှန်းမှာ လွန်ခဲ့သည့် ခုနစ်လလောက်က ကျီစု အကျဉ်းထောင်မှ ထွက်ပြေးလာခဲ့ပြီး လျှံရှန်းတောင်ရိုးသို့ ရောက်လာခဲ့သူ ဖြစ်၏။ ဝုရုံက ထောင်မှူးတို့ကို လာဘ်ပေး၍ သူ့ကို ထုတ်ခဲ့ခြင်း ဖြစ်၏။)

လက်ယာဘက်ရှိ ကုလားထိုင်များတွင် ဟွရုံ၊ မိုးကြိုးသွား၊ ဟုန်ဆင့်၊ ဗိုလ်ကျားသစ်၊ ဗိုလ်ကျားပု၊ ချန်တန်ရှူ၊ လူ့ဖန်၊ ကောက်ရှိန်းနှင့် ရှိယုံတို့ ထိုင်ကြ၏။

အလယ်ကောင်တွင် အမွှေးတိုင်အိုးတလုံးကို ထွန်းထားပြီး နှစ်ဖက်သော ဂိုဏ်းမှ ခေါင်းဆောင်များသည် သစ္စာဆိုကြ၏။ ထိုနေ့က စခန်းတခုလုံးတွင် ပျော်ပွဲကျင်းပကြ၏။ သမင်များ၊ မြင်းများကို သတ်စေပြီးနောက် စားသောက်ပွဲကြီးများ ကျင်းပကြ၏။ ဂိုဏ်း သစ်မှ လိုက်ပါလာသူများသည် တောပုန်းဂိုဏ်းခေါင်းဆောင်များကို ဂါရဝပြုနှုတ်ဆက် ပြီးနောက်

မိမိတို့ငယ်သားများနှင့်အတူ အောင်ပွဲ ကျင်းပကြ၏။ စခန်းနောက်ဖေးရှိ လူနေအိမ်များ၌ အမျိုးသမီးများနှင့် ကလေးများအတွက်လည်း နေရာထိုင်ခင်းများ စီစဉ်ပေး၏။

ထမင်းစားပွဲတွင် မိုးကြိုးသွားနှင့် ဟွရုံတို့က စုန်ကျန့်၏ စွမ်းရည်သတ္တိအဖြာဖြာတို့ကို ချီးကျူးပြောဆိုပြီးနောက် လေသာတောင်ခံမြို့တွင် သူ့အတွက် လက်စားချေခဲ့ကြပုံကို ပြောပြ၏။ ခေါင်းဆောင်များမှာ ထိုသတင်းကို ကြားရသဖြင့် ဝမ်းသာလျက် ရှိကြ၏။ ထို့နောက် လူ့ဖန်နှင့် ကောက်ရှိန်းတို့ အမြွာညီနောင်တောင်ကုန်းတွင် တိုက်ကြပုံ၊ ဟွရုံက လုံချင်း၊ ပန်းပွားချင်း ငြိနေသော ကြိုးကို မြားဖြင့်ပစ်၍ ဖြတ်ပေးခဲ့ပုံတို့ကို ပြောပြကြ၏။

ကျောက်ခဲမှာ မယုံနိုင်သေးဘဲ-

“ဒီလောက်တောင်ပဲ လက်တည့်သလားဗျာ။ တနေ့တော့ ခင်ဗျားလက်စွမ်းကို ကြည့် ရဦးမယ်”

အားလုံးမှာ တဝက်ခန့် မူးသည်အထိ သောက်ကြပြီးနောက် တည်ခင်းသည့် စား သောက်ဖွယ်တို့ကို စားကြ၏။

“လာဗျာ။ တောင်စောင်းကို တပတ်လောက် လျှောက်ကြည့်ကြသေးတာပေါ့။ အပြန် မှ တချီ စားကြဦးစို့ရဲ့” ဟု အိမ်ရှင်များက ခေါ်၏။

အိမ်ရှင်နှင့် ဧည့်သည်များသည် ယဉ်ကျေးသမှုအနေဖြင့် တယောက်ကို တယောက် ရှေ့က အတင်းသွားခိုင်းကြပြီးလျှင် တောင်ရိုးကို လှည့်၍ ရှုမျှော်ခင်းများကို ကြည့်ကြ၏။ သူတို့တသိုက် တောင်ရိုးခံတပ်စခန်းမှ တတိယတံခါးသို့ ရောက်ကြသည့်အခါတွင်မူ ငန်းရိုင်းတအုပ်သည် သူတို့ခေါင်းပေါ်မှ တဂီဂီ အော်မြည်ပျံသန်းသွားကြ၏။

“ကျောက်ခဲက ငြိနေတဲ့ ပန်းပွားကြိုးနှစ်ချောင်းကို ငါ မြားနဲ့ပစ်တာကို သိပ်မယုံဘူး။ ငါ့အစွမ်းကို မပြရင် နောင်မှာ ငါ့ကိုအရိုအသေ တန်ချင်တန်ကြတော့မှာ”ဟု ဟွရုံ တွေးမိ၏။ ဟွရုံသည် ဘေးဘီကို လှည့်ကြည့်လိုက်၏။ မိမိတို့နှင့် လိုက်ပါလာသည့် အစောင့် တယောက်တွင် လေးနှင့်မြား ပါလာသည်ကို မြင်ရ၏။ ဟွရုံက သူ့လေးကို ခဏငှား၏။ လေးမှာ လက်ကိုင်နေရာတွင် ရွှေကွပ်ထားပြီး ရွှေပြားပေါ်တွင် ငှက်ရုပ်ကလေးများ ထွင်းထုထားလျက် တော်တော်ကောင်းသည့် လေး ဖြစ်၏။ လက်တွင် ဆကြည့်လိုက်ရာ သူ့လက်နှင့် အတော်ဖြစ်နေ၏။ ဟွရုံသည် မြားကောင်းကောင်းတစီးကို ချက်ချင်း ရွေးနှုတ် လိုက်၏။

ဟွရုံက ကျောက်ခဲဘက်သို့ လှည့်၍-

"ကျွန်တော် ပန်းပွားကြိုးနှစ်ချောင်း ငြိနေတာကို လေးနဲ့ ပစ်ပြီး ဖြတ်လိုက်တယ် ဆိုတာကို နောင်ကြီးတို့အထဲက တချို့လူတွေက မယုံဘူး ထင်တယ်ဗျ။ ဟောဟိုမှာ မြင်ရဲ့လား။ ငန်းရိုင်းတအုပ် ဒီဘက်ကို ပျံလာနေပြီ။ ကျွန်တော် ကြွားတော့ မကြွားချင်ပါ ဘူးဗျာ။ ဒါပေမဲ့ ဟောဒီ မြားကို ငန်းအုပ်ထဲက တတိယအကောင်ရဲ့ ခေါင်းထဲကို ပစ်စိုက် ပြမယ်။ လွဲရင်တော့ မရယ်ကြနဲ့ဗျာ"

ဟွရုံသည် မြားကို လေးတွင် တပ်လိုက်ပြီးနောက် လေးညှို့ကို တအားဆွဲတင်လိုက်၏။ ထို့နောက် ငှက်တောင်တပ်ထားသည့် မြားကို ကောင်းကင်သို့ လွှတ်လိုက်၏။ မြားသည် တတိယ ငန်းကို သွားထိကာ အောက်တောင်စောင်းပေါ်သို့ စိုက်ကျသွား၏။ မြားသည် ငန်းဦးခေါင်းအလယ်တည့်တည့်တွင် စိုက်နေလေပြီ။

ကျောက်ခဲနှင့် တောပုန်းဗိုလ်များသည် တအံ့တသြဖြစ်နေကြ၏။ ထိုနေ့မှစ၍ ဟွရုံ အား နတ်မြားရှင်ဟု ခေါ်ကြလေ၏။

ထိုနေ့မှစ၍ ဟွရုံမှာ လျှံရှန်းတောင်ရိုးပေါ်တွင် အားလုံးက လေးစားခံရသူ ဖြစ်လာ ခဲ့၏။ ထို့နောက် သူတို့သည် ခန်းဆောင်သို့ ပြန်လာခဲ့ကြကာ သောက်စားကြပြီးနောက် အသီးသီး အနားယူကြလေ၏။

နောက်တနေ့တွင် စားသောက်ပွဲကြီး ကျင်းပပြန်၏။ ထိုစားသောက်ပွဲကြီးတွင် ကြီးစဉ် ငယ်လိုက် နေရာချယူရန် ဆုံးဖြတ်လိုက်၏။ ယခင်က မိုးကြိုးသွားသည် ဟွရုံထက် အသက် ကြီးသူ ဖြစ်၏။ သို့ရာတွင် မိုးကြိုးသွားသည် ဟွရုံ၏ ညီမငယ်ကို လက်ထပ်ခဲ့သည့်အတွက် သူ့အောက်သို့ ရောက်သွားကာ နံပါတ်ခြောက်နေရာသို့ ရောက်သွား၏။ ဟွရုံမှာ နံပါတ်ငါး ဖြစ်ပြီး လင်ချုံးအောက် ဖြစ်၏။ လျူထန်မှာ နံပါတ်ခုနစ် ဖြစ်၏။ ဟုန်ဆင့်မှာ နံပါတ်ရှစ်၊ ဖိုးရုံတို့ ညီအစ်ကိုသုံးယောက်မှာ သူ့နောက်မှဖြစ်ပြီး သူတို့နောက်မှ ဗိုလ်ကျားသစ်၊ ဗိုလ်ကျားပု၊ လူ့ဖန်၊ ကောက်ရှိန်း၊ ချန်တန်ရှူ၊ ရှိယုံ၊ ဒူရှန်း၊ ဆုံဝမ်၊ ချူကွီနှင့် ပိုက်ရှန်းတို့ စသဖြင့် ခေါင်းဆောင်နှစ်ဆယ့်တစ်ယောက်တို့သည် အဆင့်ဆင့် ခွဲခြားထားလိုက်ကြ၏။

စားသောက်ပွဲကျင်းပပြီးသည့်နောက်တွင် စခန်းထဲ၌ လှေကြီးများကို ထပ်မံဆင်ပြီး လှည်းများကို ထပ်၍ ဆင်ကြ၏။ လုံများနှင့် လက်နက်များကို ထပ်၍ လုပ်ကြ၏။ သံချပ် အင်္ကျီနှင့် သံခမောက်များကို ထပ်၍ လုပ်ကြ၏။ အလံများ၊ အဝတ်အစားများ၊ လေးများ၊ မြားများကို ထပ်၍ လုပ်ကြ၏။ လျှံရှန်းတောင်ရိုးမှ တောပုန်းတို့သည် ရန်သူတို့ကို တွန်း လှန်ရန် ပြင်ဆင်လျက် ရှိကြ၏။ ထိုအကြောင်းကိုမူ နောက်ထပ် မပြောတော့ပြီ။

စုန်ကျန့်သည် ဘုံဆိုင်ကလေးမှ ထွက်လာခဲ့ပြီးနောက် တညလုံး ခရီးပြင်းနှင်လာခဲ့၏။ နောက်တနေ့ မွန်းလွဲပိုင်းတွင် သူ့ရွာကလေးသို့ ရောက်လာခဲ့၏။ မိမိတို့မိသားစုနှင့် ရင်းနှီးသော ချန်၏ ဘုံဆိုင်ကလေးသို့ ရောက်သည့်အခါတွင် ခဏနား၏။ ချန်သည် စုန်ကျန့်၏ ဝမ်းနည်းပက်လက် ဖြစ်လျက်ရှိသော မျက်နှာနှင့် မျက်ရည်တို့ ပြည့်လျှမ်းသော မျက်လုံးများကို မြင်သည့်အခါတွင်-

"မင်းသွားတာ တနှစ်ကျော်လောက် ရှိရော့မယ်။ ဒီနေ့ မင်းရောက်လာတာ ကံကောင်း တာပဲ။ ဘာဖြစ်လို့ ဒီလောက် ဝမ်းနည်းပက်လက် ဖြစ်နေရတာလဲ။ ပျော်ပျော်နေစမ်းပါ။ ဘုရင်က လွတ်ငြိမ်းချမ်းသာခွင့်အမိန့်လည်း ထုတ်ပြန်လိုက်ပြီ။ မင်းလည်း အပြစ် လွတ် ငြိမ်းခွင့် ရပြီပေါ့"

"ဒါတော့ ဟုတ်ပါတယ် ဦးလေးရယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့ ဒါက ဒီလောက် အရေး မကြီးပါဘူး။ ကျွန်တော့်မှာ အဖေ ဆုံးတော့ ဝမ်းနည်းတာ တခုပါပဲ"

ချန်က ရယ်လိုက်လျက်-

"မင်းနှယ်ကွယ်၊ နောက်စရာ ဒီလောက် ရှားလို့လား။ မင်းအဖေ စောစောကပဲ ငါ့ ဆိုင်က စိမ်ရည်တခွက် သောက်သွားသေးတာပဲ။ ခုလေးတင် ပြန်သွားတာ ဘာကြာဦး မလဲ။ ဒီကောင် ဘာတွေ လျှောက်ပြောနေသလဲ မသိဘူး"

စုန်ကျန့်က သူ့ညီပေးသော စာကို ထုတ်ပြကာ-

"ဦးလေးကလည်း မနောက်ပါနဲ့ဗျာ။ ဟောဒီမှာ စုန်ကျင့်က သေသေချာချာကြီးကို ရေးလိုက်တာ မြင်တယ် မဟုတ်လား။ ပထမလဦးပိုင်းက ဆုံးတယ်တဲ့။ ဒါကြောင့် အိမ်ကို ပြန်လာပြီး အသုဘကိစ္စ ဆောင်ရွက်ရအောင် အိမ်ကို အမြန်ပြန်လာခဲ့ပါတဲ့"

"မဖြစ်နိုင်တာကွာ။ မွန်းမတည့်ခင်ကလေးကတင်ပဲ အရှေ့ရွာက မြေရှင်ဝမ်နဲ့အတူ ငါ့ဆိုင်မှာ စိမ်ရည်သောက်သွားသေးတာပဲ"

စုန်ကျန့်သည် မည်သို့ပြောရမှန်း မသိတော့ပြီ။ သူ့စိတ်သည် သံသယဖြင့် ထွေးနေ၏။ သူသည် အတန်ကြာမျှ စဉ်းစားနေ၏။ မှောင်လာသည့်အခါတွင် စုန်ကျန့်သည် သူ့ကို နှုတ်ဆက်ကာ အိမ်သို့ ထွက်လာခဲ့၏။ စုန်ကျန့်သည် အိမ်ဝင်းထဲ တံခါးဝသို့ ရောက်လာ၏။ အိမ်တဝင်းလုံးမှာ အေးဆေးငြိမ်သက်လျက်ရှိ၏။ အစေအပါးများကလည်း သူ့ကို ရိုသေစွာ နှုတ်ဆက် ဆီးကြိုကြ၏။

"အဖေနဲ့ ညီလေးကော ရှိရဲ့လားဟေ့"

“အဖေကြီးကတော့ ဆရာ့ကို မျှော်နေတာပဲ ခင်ဗျ။ ဆရာ ကံကောင်းလိုက်တာ ခင်ဗျာ။ အဖေကြီးလည်း ခုလေးတင်ပဲ အိမ်ကို ပြန်ရောက်တယ်။ အရှေ့ရွာက မြေရှင်ဝမ်နဲ့ ချန်ရဲ့ ဘုံဆိုင်ကို စိမ်ရည်သွားသောက်လို့ ပြန်ခါစပဲ ရှိသေးတယ်။ ခုတော့ အိပ်ပျော်နေ သလား မသိဘူး”

စုန်ကျန့်သည် အံ့အားသင့်လျက် ရှိ၏။ စုန်ကျန့်သည် တင်းပုတ်ကို ချပြီးနောက် သက်ယေ်မိုး အိမ်ထဲသို့ ဝင်လာခဲ့၏။ ညီငယ်ဖြစ်သူ စုန်ကျင့်က သူ့ကို မြင်သည့်အခါတွင် ဒူးထောက် လက်အုပ်ချီ၏။ သူ့ကို ကြည့်ရသည်မှာလည်း ဝမ်းနည်းသည့် အထိမ်းအမှတ် အဖြစ် ဝတ်စားထားခြင်း မရှိချေ။ စုန်ကျန့်သည် အကြီးအကျယ် ဒေါပွသွား၏။

“မင်း တော်တော်စော်ကားတဲ့ ကောင်ပဲဟင်။ အဖေက ကျန်းကျန်းမာမာပဲ။ ဘာဖြစ် လို့ ငါ့ကို လိမ်ပြီး စာရေးရသလဲ။ ဒီစာကို ရတော့ ကံကောင်းလို့ ငါ့ကိုယ်ငါတောင် သတ် သေတော့မလို့။ မင်း သစ္စာမရှိတဲ့ သား”

စုန်ကျင့်က မည်သို့မျှ မပြောရသေးမီ မြေရှင်စုန်သည် အခန်းထဲမှ ထွက်လာကာ-

“ငါ့သား ဒီလောက် စိတ်မဆိုးပါနဲ့။ ဒါ သူ့အပြစ် မဟုတ်ပါဘူး။ ငါ့သားကို ငါ နေ့တိုင်း သတိရနေတာ။ ဒါနဲ့ ငါ သေပြီဆိုပြီး စာရေးပါလို့ ငါ ခိုင်းတာပါ။ ဒီလိုရေးလိုက်ရင် မင်း ပြန်လာမယ်ဆိုတာ အဖေ သိလို့ ဒီလို ခိုင်းမိတာပါ။ ကျားဖြူတောင်ပေါ်မှာ တောပုန်းတွေ အများကြီးရှိတယ်လို့ ကြားရတယ်။ ဒီတော့ ငါ့သားလည်း တောပုန်းတွေနဲ့ ပေါင်းမိသွား မှာကို အဖေ စိုးရိမ်တယ်။ ဒါကြောင့်မို့ အဖေ ငါ့သားဆီကို စာအရေးခိုင်းလိုက်တာပဲ။ သခင်ရဲ့အိမ်က ရှိယုံ ပြန်လာတာ တွေ့တာနဲ့ သူ့ကို စာပေးလိုက်တာ။ ဒီအကြံဟာ အဖေ့ အကြံပါ သားရယ်။ မင်းညီအကြံ မဟုတ်ပါဘူး။ ဒီတော့ မင်းညီကို အပြစ်မတင်ပါနဲ့။ အဖေ ခုတင် ချန်ရဲ့ ဘုံဆိုင်က ပြန်လာပြီး အခန်းထဲမှာ လှဲနေတုန်း သားပြန်လာတာကို ကြားရ တာပဲ”

စုန်ကျန့်သည် စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းတို့ ရောပြွမ်းလျက်ရှိရာမှ အဖေစုန်ကို လက်အုပ်ချီကန်တော့၏။

“ကျွန်တော့်အမှုအကြောင်းကိုကော ဘာကြားသေးသလဲ အဖေ။ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးတယ်ဆိုရင် ကျွန်တော့်အပြစ်လည်း လျှော့တော့မှာပေါ့။ သူကြီးကလည်း ဒီအတိုင်း ပဲပြောလိုက်တာပဲ”

“မင်းညီ စုန်ကျင့် အိမ်ကို ပြန်မလာခင်မှာ ရဲသားချူတုံနဲ့ တွေ့ဟုန်တို့က အများကြီး အကူအညီပေးကြပါတယ်။ မင်းကို ဝရမ်းစာကြော်ငြာကပ်တော့လည်း

ငါ့ကို ဘာမှ လာပြီး အနှောင့်အယှက် မပေးကြပါဘူး။ ဒါကြောင့် ငါ့သားကို ခေါ်တာပါ။ ဘုရင်ဧကရာဇ်က ထီးမွေနန်းမွေ ဆက်ခံဖို့ နန်းလျာကို ကြေညာပြီးပြီ။ ဒါကြောင့် အဲဒီအထိမ်းအမှတ်နဲ့ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာတော့မယ်။ ရာဇဝတ်သားအားလုံးကို တဆင့် လျှော့ပေါ့ လိုက်တယ်။ ခုဆိုရင် အဲဒီအမိန့်တော်တောင် ထုတ်ပြန်ပြီးပြီ။ ခုနေ တရားသူကြီးတယောက် ယောက်ရှေ့မှာ သွားပြီး လက်မှတ်ထိုးလိုက်ရင် အလွန်ဆုံးခံရ နယ်နှင်ဒဏ်လောက်ပဲ ခံရတော့မှာ။ သေဒဏ်တော့ ဘယ်နည်းနဲ့မှ မခံရတော့ဘူး။ နယ်နှင်ဒဏ်ခတ်လို့တော့ ခတ်ပါစေကွယ်။ နောက်ကျမှ အဖေတို့ နည်းလမ်းရှာမှာပေါ့"

"ရဲသားချူတုံနဲ့ လွေ့ဟုန်တို့ကော ကျွန်တော်တို့အိမ်ကို လာသေးသလား"

"ခုတော့ မရှိဘူး။ အလုပ်ကိစ္စနဲ့ နယ်ထွက်သွားကြတယ်လို့ ကြားတယ်။ ချူတုံ ကတော့ အရှေ့နေပြည်တော်ကို သွားသတဲ့။ လွေ့ဟုန်ကတော့ ဘယ်ကို ထွက်တယ်ဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမဲ့ သူတို့နေရာမှာ အရာရှိနှစ်ယောက် အစားရောက်လာတယ်။ သူတို့နှစ်ယောက်စလုံးက နာမည်တူတွေ။ နှစ်ယောက်စလုံး ကျောက် တဲ့"

"ငါ့သားမှာ ခရီးပန်းလာရှာ့ပေါ့ကွယ်။ ဒီတော့ အခန်းပြန်ပြီး အေးအေးဆေးဆေး နားလိုက်ပါဦး"ဟု အဘိုးအိုစုန်က ပြော၏။ ထိုအခါ သားအဖတတွေ ပြန်လည်ဆုံတွေ့ ကြသည့် မင်္ဂလာအချိန် ဖြစ်၏။ ထိုအကြောင်းကိုမူ အကျယ်မပြောတော့ပြီ။

မိုးချုပ်သည့်အခါတွင် ကျောက်စိမ်းယုန်ရုပ်လကြီးသည် အရှေ့မှ ထွက်ပေါ်လာ၏။ နာရီတမောင်းအတွင်းမှာပင် တအိမ်လုံး အိပ်ပျော်သွားကြလေပြီ။

ထိုစဉ် ရှေ့ဝင်းတံခါးနှင့် နောက်ဖေးတံခါးဆီမှာ ဆူဆူညံညံအသံများကို ကြားရ၏။ အိမ်ဝင်းဘေးပတ်ပတ်လည်တွင်လည်း မီးတုတ်များ ကိုင်ဆောင်ထားသည့် လူများ ဝိုင်းရံ လျက်ရှိသည်ကို တွေ့ရ၏။ "စုန်ကျန့်ကို အမိဖမ်းဟေ့၊ မလွတ်ပေ့စေနဲ့" ဆိုသော အသံ များကိုလည်း ကြားရ၏။

ထိုအသံများကို ကြားသည့်အခါတွင် အဘိုးအိုစုန်သည် ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိ၏။

ထို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုကား ရဲရင့်သော သူရဲကောင်းတို့ သည် မြစ်တမြစ်၏ ကမ်းပါးတွင် စုဝေးကြကုန်၏။ ဈေးကွက်တခု၌ သစ္စာရှိခြင်းနှင့် သတ္တိတို့သည် ထင်ရှားစွာ သက်သေတည်ကြကုန်၏။

စုန်ကျန့်သည် အိမ်ထဲမှ မည်သို့ လွတ်မြောက်သွားလေသနည်း။ သိလိုလျှင်

နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၃၆

လျှို့ရှုန်းတောင်ရိုးတွင် ဝုရှံသည် ထိုက်ချုံထံ စာရေးခြင်း

ကျိုယန်ခင်တန်းတွင် စုန်ကျန့်သည် လီကွျမ်းနှင့် တွေ့ဆုံခြင်း

အဘိုးအိုစုန်သည် နံရံတွင် လှေကားတစီးကို ထောင်ပြီးနောက် အပေါ်သို့ တက်လာခဲ့ကာ အပြင်သို့ လှမ်းကြည့်လိုက်၏။ မီးတုတ်၊ မီးစည်းများကို ကိုင်ထားသည့် လူတရာခန့်ကို မြင်ရ၏။ သူတို့ရှေ့တွင်မူ အသစ်ရောက်လာသည့် ရဲမှူးနှစ်ယောက်ဖြစ်သော ကျောက် နန်နှင့် ကျောက်တေ့တို့ကို မြင်ရ၏။

"ဗျို့၊ အဘိုးကြီး။ ခင်ဗျား ဒုက္ခမရောက်ချင်ရင် ခင်ဗျားသား စုန်ကျန့်ကို ထုတ်ပေးပါ။ ကျုပ်တို့နဲ့ ဆွေးနွေးစရာရှိတယ်။ ခင်ဗျားသားကို အဖမ်းခံဖို့ ပြောပေးရင် ပေး၊ မပေးရင် ခင်ဗျားတို့ နှစ်ယောက်စလုံးကိုပါ ဖမ်းရလိမ့်မယ်" ဟု သူတို့နှစ်ယောက်က လှမ်းအော် ကြ၏။

"စုန်ကျန့် အိမ်မှာ မရှိပါဘူးကွယ်"

ကျောက်နန်က-

"အဘိုးကြီး၊ ခင်ဗျား ဘာလိမ်ပြောတာလဲ။ သူကြီးချန်အိမ်မှာ စောစောကပဲ စိမ်ရည် သောက်သွားသေးတယ်။ ကျုပ်တို့ နောက်ယောင်ခံပြီး လိုက်ကြည့်နေတာ။ ဘာမှ ငြင်း မနေနဲ့"

စုန်ကျန့်က လှေကားအောက်တွင် ရပ်နေရာမှ-

"အဖေ၊ သူတို့နဲ့ ပြိုင်ငြင်းမနေနဲ့တော့ အဖေ။ ကျွန်တော် သွားပြီး အဖမ်းခံလိုက်တော့မယ်။ ခရိုင်မြို့ဝန်ရုံးက လူတွေအားလုံး ကျွန်တော့်အသိတွေချည်းပါ။ ပြီးတော့ လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်လည်း ထုတ်ပြန်ပြီးပြီပဲ။ ကျွန်တော့်ပြစ်ဒဏ်လည်း လျှော့ပေါ့ခံရမှာပါ။ ဒီကောင်တွေနဲ့ သွားငြင်းနေလို့ ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး။ ဒီ ကျောက်နန်တို့ ညီအစ်ကိုဟာ လူဆိုးတွေ။ ဒီကောင်တွေဟာ ရဲမှူးသာ ဖြစ်လာတယ်၊ ယောက်ျားကောင်း ပီသတဲ့ စိတ်မျိုး ဘာမှ ရှိတဲ့ကောင်မျိုးတွေ မဟုတ်ဘူး။ ကျွန်တော့်အသိမိတ်ဆွေလည်း မဟုတ်ဘူး။ သူတို့နဲ့ ငြင်းခုံနေရင် အချိန်ကုန်ရုံပဲ နေမှာပဲ"

"ငါ့ကြောင့် ငါ့သား ဒုက္ခရောက်ရပါပေါ့လား" ဟု ဆိုကာ အဘိုးအိုစုန်သည် ငိုလျက်။

"စိတ်အေးအေးထားစမ်းပါ အဖေရယ်။ တရားရုံးကို တင်ပြီး စစ်တယ်ဆိုတာ ကောင်း ပါတယ်။ ဒီလို မစစ်ရင် ကျွန်တော် တောထဲရောက်ပြီး လူဆိုးဓားပြတွေနဲ့ ပေါင်းမိသွားမှာ။ အဲဒီအချိန်ကျမှ ဖမ်းမိတယ်ဆိုရင် ကျွန်တော်လည်း အဖေ့မျက်နှာကို ကြည့်ရဲတော့မှာ မဟုတ်ဘူး။ ခုအတိုင်းဆိုရင် ကျွန်တော် အလွန်ဆုံးခံရရင် နယ်နှင်ဒဏ် ခံရရုံလောက်ပဲ ရှိမှာပေါ့။ ပြီးတော့ နယ်နှင်ဒဏ် ခံရတယ်ဆိုတာလည်း အချိန်အကန့်အသတ်နဲ့ ခံရမှာပါ။ သွားတဲ့နေ့ရှိရင် ပြန်တဲ့ နေ့လည်း ရှိမှာပေါ့။ ပြန်လာရင် အဖေ့ကို ကျွန်တော် လုပ်ကျွေး မှာပေါ့"

"ကောင်းပြီလေ။ အဲဒီတော့မှ အဖေလည်း အထက်လူ၊ အောက်လူတွေကို ငွေစ ပေးပြီး မင်း လွတ်အောင် ပြန်လုပ်ယူရမှာပေါ့"

စုန်ကျန့်သည် လှေကားပေါ်သို့ တက်လာခဲ့ကာ-

"ဗျို့လူတွေ၊ ခဏငြိမ်ကြပါဦး။ ကျုပ်အမှုနဲ့ပတ်သက်လို့ သက်ညှာစွာ စဉ်းစားမယ် ဆိုတာ ကြေညာပြီးပြီ။ သေဒဏ်ပေးနိုင်တဲ့ အပြစ်မျိုး မဟုတ်တော့ဘူး။ ဒီတော့ ခင်ဗျားတို့ ရဲမှူးနှစ်ယောက် စိမ်ရည်ကလေး ဘာလေး လာသောက်လှည့်ကြပါ။ အပြန်ကျရင် မြို့ဝန် ရုံးကို ခင်ဗျားတို့နဲ့ အတူလိုက်ခဲ့ပါ့မယ်"

"ဟော့၊ မင်း ငါတို့ကို ပရိယာယ်နဲ့ မျှားပြီး ခေါ်နေတာ မဟုတ်လား"ဟု ကျောက်နန်က ပြန်အော်၏။

"ကျွန်တော့်အဖေနဲ့ ကျွန်တော့်ညီပါ ဒုက္ခရောက်အောင် ကျွန်တော် လုပ်ပါ့မလား။ ဒီလောက်လည်း စိတ်မပူပါနဲ့။ လာခဲ့ကြပါ"

စုန်ကျန့်သည် လှေကားပေါ်မှ ဆင်းလာကာ ဝင်းတံခါးကို ဖွင့်ပေးလိုက်ပြီးလျှင် ရဲမှူး နှစ်ဦးတို့ကို ဆင်ဝင်ခန်းထဲသို့ ဖိတ်ခေါ်၏။ သူတို့ကို စိမ်ရည်များတိုက်ပြီး ငန်းကင်များ၊ ကြက်ကင်များဖြင့် တည်ခင်းဧည့်ခံ၏။ နှစ်ယောက်စလုံးကိုလည်း ငွေကြေးပေး၏။ သူတို့ ညှာတာထောက်ထားမှုကို ကျေးဇူးတင်သည့်အနေဖြင့် သူတို့နှစ်ဦးစလုံးကို ကျပ် နှစ်ဆယ် သားစီရှိသော ငွေချောင်းများ ပေး၏။

ရဲမှူးနှစ်ယောက်တို့သည် ထိုညတွင် စုန်ကျန့်တို့အိမ်၌ အိပ်ပြီးနောက် မနက်လင်းလျှင် စုန်ကျန့်ကို ခေါ်ကာ မြို့ဝန်ရုံးသို့ လာခဲ့ကြ၏။ နေထွက်သည့်အခါတွင် ရဲမှူးနှစ်ယောက် တို့သည် မြို့ဝန်ရှိဝမ်ပင်း ရုံးထိုင်သည့် ရုံးသို့ စုန်ကျန့်ကို ခေါ်လာခဲ့ကြ၏။ မြို့ဝန်မှာ များစွာ ဝမ်းသာလျက်ရှိ၏။ မြို့ဝန်သည် စုန်ကျန့်ကို ဖြောင့်ချက်ရေးခိုင်းရာ စုန်ကျန့်ကလည်း မင်တံနှင့် စာရွက်ကို ယူ၍ ဖြောင့်ချက် ရေးပေးလိုက်၏။

ကျွန်တော်မျိုးသည် ရန်ပေါက်စီကို အမြောင်အဖြစ် ဝယ်ယူခဲ့မိသဖြင့် ယမန်နှစ် ဆောင်းဦးပေါက်က ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ ရန်ပေါက်စီမှာ အကျင့်မကောင်းသူ ဖြစ်ပါသည်။ သူနှင့် ရန်ဖြစ်သဖြင့် ကျွန်တော်လည်း အရက်မူးမူးဖြင့် သူ့ကို သတ်လိုက်မိပါသည်။ ထို့နောက် ပြစ်ဒဏ်ခံရမည် စိုးသဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ ယနေ့ အဖမ်းခံရပြီးနောက် ရုံးတော်သို့ ရောက်လာသည့်အခါ၌ ရုံးတော်မှ ပေးသော မည်သည့် အပြစ်ဒဏ်ကို မဆို နာခံမည် ဖြစ်ပါသည်။

မြို့ဝန်သည် စုန်ကျန့်၏ ဖြောင့်ချက်ကို ဖတ်ပြီးနောက် သူ့ကို ဖမ်းဆီး ချုပ်နှောင်ထားရန် အမိန့်ပေးလိုက်၏။ စုန်ကျန့် အဖမ်းခံရသည်ဟု ကြားကြသည့်အခါတွင် သူ့အား သနား ကရုဏာ မဖြစ်သူဆို၍ တယောက်မျှ မရှိချေ။ စုန်ကျန့်သည် သာမန်အားဖြင့် အလွန် ဖြောင့်မတ်သည့် လူကောင်းတယောက် ဖြစ်ကြောင်း ပြောဆိုကာ ခွင့်လွှတ်ရန် မြို့ဝန်အား တောင်းပန်ကြ၏။ မြို့ဝန်ကလည်း စုန်ကျန့်အား အပြစ်မှ လွှတ်လို၏။ မြို့ဝန်သည် စုန်ကျန့် ၏ဖြောင့်ချက်ကို တရားဝင် လက်ခံကြားနာပြီးလျှင် စုန်ကျန့်အား အကျဉ်းထောင်တွင် ချုပ်နှောင်ထားသော်လည်း သံခြေချင်းများ ခတ်ထားခြင်း မပြုရန် အမိန့်ပေးလိုက်၏။

အဘိုးအိုစုန်သည် အထက်အောက်အရာရှိများကို ရက်ရောစွာ ပေးကမ်း၏။ မရန်မှာ လည်း ယမန်နှစ်က ကွယ်လွန်ခဲ့ပြီ ဖြစ်သည့်အလျောက် တရားလိုဘက်မှ ကိုယ်စား ရပ်ပေးမည့် သူ မရှိတော့ပြီ။ ချန်ဝိန်ယွမ်းမှာ သူ့အမြောင် ဆုံးရှုံးသွားပြီ ဖြစ်သည့်တိုင် စုန်ကျန့်နှင့် တုပြိုင်၍ တရား မဖြစ်လိုတော့ပြီ။ မြို့ဝန်သည် အမှုကို ကြားနာ စစ်ဆေး ပြီးနောက် ရက်ပေါင်း ခြောက်ဆယ် ချုပ်ပြီးသည့်အခါ၌ စီရင်ချက်ချရန် ကျီစုခရိုင်ဝန်ထံသို့ လွှဲပြောင်းပေးလိုက်၏။

ကျီစုခရိုင်ဝန်သည် ထုတ်ပြန်ထားသော လွှတ်ငြိမ်းချမ်းသာခွင့်ကို အခြေခံ၍ စုန်ကျန့် ၏အမှုကို ပြင်ဆင်သုံးသပ်၏။ ထို့နောက် စုန်ကျန့်အား ကြိမ်ဒဏ်အချက်နှစ်ဆယ်ပေးကာ ကျန်းကျို့ခရိုင်သို့ နယ်နှင်ဒဏ်ပေးရန် စီရင်ချက်ချလိုက်၏။

ထိုခရိုင်မှ အရာရှိများ၊ အမှုထမ်းများမှာ စုန်ကျန့်၏ အသိအကျွမ်းများ ဖြစ်သည့်အပြင် စုန်ကျန့်ကလည်း ၎င်းတို့ကို ငွေစများစွာ ပေးကမ်းထားပြီး ဖြစ်၏။ ထို့ကြောင့် သူ့ကို ကြိမ် ဒဏ်ပေးသည် ဆိုရုံမျှ ပေးလိုက် ကြကာ နဖူးတွင် ရာဇဝတ်ကောင်အမှတ်အဖြစ် ရွှေမင် ရိုက်ပေးလိုက်ကြ၏။

ထိုစဉ်က တရားလိုဘက်မှ ကိုယ်စားပြုသူလည်း မရှိသည့်အတွက် အားလုံးကပင် သူ့ကို သက်သက်ညှာညှာ ကြိမ်ဒဏ်ရိုက်ကြ၏။ မြို့ဝန်တရားခွင်မှာပင် စုန်ကျန့်၏ လည် တွင် ထိပ်တုံး ဆွဲပေးလိုက်ပြီးနောက်

နယ်ပြောင်းခွင့်အမိန့်ကိုလည်း ထိပ်တုံးတွင် ကပ်ပေး လိုက်ကြ၏။ သူ့ကို စောင့်ကြပ်ရန် ချန်နှင့် လီဆိုသည့် အစောင့်နှစ်ယောက်ကိုလည်း ထည့် ပေးလိုက်၏။

အစောင့်နှစ်ယောက်သည် လိုအပ်သည့် စာရွက်စာတမ်းများကို ရရှိသည့်အခါ၌ အကျဉ်းသားကို ခေါ်ကာ ခရီးထွက်ခဲ့ကြ၏။ စုန်ကျန့်၏ အဖေ အဘိုးအိုစုန်နှင့် ညီဖြစ်သူ စုန်ကျင့်တို့သည် ခရိုင်ဝန်ရုံးအပြင်ဘက် ဝင်းထဲတွင် စောင့်ဆိုင်းလျက်ရှိကြ၏။ အစောင့် များအား စိမ်ရည်တိုက်ပြီး ငွေစများ ပေးကြ၏။ စုန်ကျန့်အတွက်လည်း အဝတ်အစားများ အပြင် အထုပ်တထုပ်နှင့် လမ်းတွင် စီးရန် လျှော်ဖိနပ်တရန်တို့ကို ပေးလိုက်၏။ အဘိုးအို စုန်သည် စုန်ကျန့်ကို အနီးသို့ ခေါ်ကာ တိုးတိတ်ညင်သာစွာဖြင့်-

"ကျန်းကျို့မြို့နယ်ဟာ နေလို့ထိုင်လို့ ကောင်းတယ်။ အသား ငါးတို့၊ ဆန်ရေစပါး တို့လည်း ပေါတယ်။ ဒီနယ်ကို ပို့အောင် ဆိုင်ရာတွေကို တံစိုးလက်ဆောင်ပေးပြီး ဝယ်ခဲ့ ရတာ။ ဒီတော့ ငါ့သား၊ ပြစ်ဒဏ်စေ့သည်အထိ သည်းခံပြီး ကောင်းကောင်းမွန်မွန်နေပါ။ မင်းဆီကိုလည်း စုန်ကျင့် မကြာခဏ လာပြီး တွေ့ပါလိမ့်မယ်။ လူကြုံကောင်းကောင်း တွေ့ ရင်လည်း သုံးဖို့စွဲဖို့ ငွေပို့ပေးမယ်။ အဲဒီနယ်ကိုသွားရင် လျံရှန်းတောင်ရိုးကိုတော့ ဖြတ် သွားရလိမ့်မယ်။ တောပုန်းတွေက ဆင်းလာပြီး ငါ့သားကို လာကယ်ရင်၊ သူတို့နဲ့ လိုက်ဖို့ ခေါ်ရင် မလိုက်ပါနဲ့။ လိုက်သွားရင် သစ္စာမရှိသူ၊ မိဘစကားကို နားမထောင်သူလို့ ပြောစရာ ဖြစ်လိမ့်မယ်။ အဖေပြောတဲ့စကားတွေကို မမေ့ပါလေနဲ့။ ငါ့သား လမ်းခရီးမှာ ချောချော မောမော ဖြစ်ပါစေ။ အဖေနဲ့ ညီလေးနဲ့ ပြန်တွေ့ရအောင် ဘုရား မ ပါစေလို့ပဲ အဖေ ဆုတောင်းပါတယ်"

စုန်ကျန့်သည် မျက်လုံးတွင် မျက်ရည်တို့ဝဲလျက် ဖခင်ကို လက်အုပ်ချီ ကန်တော့ ပြီးနောက် ထွက်လာခဲ့၏။ ညီဖြစ်သူ စုန်ကျင့်က သူ့ကို ခရီးတဝက် ရောက်သည်အထိလိုက်ပို့၏။ ခွဲခါနီးတွင် စုန်ကျန့်က-

"ငါ့အတွက် ဒီလောက်လည်း စိုးရိမ်သောက ရောက်မနေကြပါနဲ့ကွာ။ အဖေ အသက် ကြီးမှ သူ့ကို ဘာမှ မပြုစုနိုင်ဘဲ အမှုလာဖြစ်ရတာကိုပဲ ငါ စိတ်မကောင်းဖြစ်တယ်။ အဖေ့ကို ပစ်ပြီး၊ တယောက်တည်းထားခဲ့ပြီး ငါ့ဆီကိုလည်း လာလာတွေ့မနေနဲ့။ အဖေ့ကို ဂရုစိုက်ပါ။ ရဲညီနောင် အသိုက်အဝန်းမှာ မိတ်ဆွေတွေ အများကြီးပါ။ ငွေကြေးတို့ ဘာတို့ လိုရင်လည်း အကူအညီပေးမယ့်လူတွေ တပုံကြီး။ ဘုရား မ ရင်တော့ တနေ့ အိမ်ပြန် ရောက်မှာပေါ့"

စုန်ကျန့်သည် အစောင့်နှစ်ယောက်နှင့်အတူ ခရီးဆက်လာခဲ့၏။ စုန်ကျန့်က ပိုက်ဆံ ပေးထားသည့်အတွက်ကြောင့် လည်းကောင်း၊ စုန်ကျန့်သည် ရဲရင့်၍

ယောက်ျားပီသသူ တဦး ဖြစ်ကြောင်း သိသည့်အတွက် လည်းကောင်း အစောင့်နှစ်ယောက်သည် သူ့ကို တလမ်းလုံး ဂရုတစိုက် ခေါ်လာခဲ့ကြ၏။ သူတို့သုံးဦးသည် တနေကုန် ခရီးပြင်းနှင်ခဲ့ကြ၏။ ညမိုးချုပ်တွင် ထမင်းဆိုင်တဆိုင်တွင် စခန်းချပြီး မီးဖို၍ ထမင်းချက်ပြုတ်ကြ၏။ စုန်ကျန့်က အစောင့်နှစ်ယောက်ကို စိမ်ရည်နှင့် အသားများ ဝယ်၍ ကျွေး၏။ စုန်ကျန့်က-

"နောင်ကြီးတို့ကို ကျုပ် တခုတော့ ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ။ ရှေ့မှာ လျှံရှန်း တောင်ခြေက ဖြတ်သွားရတော့မယ်။ တောင်ရိုးပေါ်မှာ ကျုပ်နာမည်ကို သိတဲ့ သတ္တိကောင်းတဲ့ တောပုန်းတွေ အများကြီးရှိတယ်။ သူတို့တတွေ ဆင်းလာကြပြီး ကျုပ်ကို ကယ်မယ် ဆိုရင် ကယ်နိုင်တယ်။ ခင်ဗျားတို့နှစ်ယောက်ကိုလည်း အန္တရာယ်ပေးနိုင်တယ်။ ဒီတော့ ကျုပ်တို့ မနက်စောစောထပြီး တောင်ခြေက ကွေ့ပတ်သွားရင် ကောင်းမယ် ထင်တာပဲ။ ခရီးက နည်းနည်းတော့ ပိုဝေးသွားတာပေါ့"

အစောင့်နှစ်ယောက်က-

"ကျွန်တော်တို့တော့ စာရေးကြီး ပြောမှပဲ သိတော့တယ်ဗျာ။ ကျွန်တော်တို့ သိတဲ့ လူသွားလမ်းကလေးတွေလည်း ရှိပါတယ်။ ဒီလမ်းကလေးတွေအတိုင်း လိုက်သွားရင်တော့ သူတို့နဲ့ တွေ့မှာ မဟုတ်ပါဘူး"

ထိုနေ့ညတွင် သူတို့သုံးယောက်သည် သူတို့ခရီးစဉ်ကို ရေးဆွဲကြ၏။

နောက်တနေ့ ဝေလီဝေလင်းတွင် သူတို့သုံးယောက်သည် အိပ်ရာမှထ၍ မနက်စာ စားကြ၏။ သူတို့သုံးဦးသည် ထမင်းဆိုင်မှ ထွက်လာခဲ့ကြကာ တောလမ်းကလေးအတိုင်း လီသုံးဆယ်ခန့် လာခဲ့ကြ၏။ ထိုစဉ် တောင်ကွေ့တကွေ့မှ လူတသိုက်ပေါ်လာကာ သူတို့ ဆီသို့ လာနေသည်ကို မြင်လိုက်ရ၏။

စုန်ကျန့်သည် အလန့်တကြားအော်လိုက်မိ၏။ လူ သုံး လေးဆယ်ခန့်ကို ခေါင်းဆောင် လာသူမှာ အခြားမဟုတ်။ မွေးနီခေါ် လျူထန်ဖြစ်၏။ သူတို့သည် အစောင့်နှစ်ယောက်ကို သတ်ဖြတ်ကြတော့မည် ဖြစ်၏။ အစောင့်နှစ်ယောက်ဖြစ်သည့် ချန်နှင့် လီတို့သည် ဒူးတွေ ပျော့ခွေ၍ လဲကျသွားကြ၏။

"နောင်ကြီးတို့ ဘယ်သူ့ကို သတ်ချင်တာလဲ"

"ဒီခွေးကောင်နှစ်ကောင်ကို သတ်ချင်တာပေါ့ဗျ။ ဘယ်သူ့ကို သတ်ချင်ရဦးမှာလဲ" ဟု လျူထန်က ပြော၏။

"ဒီလိုဆိုရင်လည်း ခင်ဗျားတို့လက်ကို ဘာဖြစ်လို့ သွေးစွန်းခံတော့မှာလဲဗျာ။ ကျုပ် ကိုယ်တိုင် သတ်မှာပေါ့။ ဓားသာ ပေးပါ"

အစောင့်နှစ်ယောက်တို့မှာ ငိုယိုနေကြလေပြီ။ လျူထန်က ဓားကို ကမ်းပေးလိုက်၏။ "နေစမ်းပါဦး။ သူတို့နှစ်ယောက်ကို ဘာဖြစ်လို့ သတ်ချင်ကြတာလဲ" ဟု စုန်ကျန့်ကမေး၏။

"တောင်ရိုးမှာရှိတဲ့ ကျုပ်တို့ညီနောင်တွေက ခင်ဗျားအမှုအကြောင်းကို စုံစမ်းဖို့ ယွန်ကျင့်မြို့ကို လူတွေ လွှတ်လိုက်တယ်။ ပထမတုန်းကတော့ ထောင်ကို ဝင်စီးပြီး ခင်ဗျား ကို လုမလို့ပဲ။ ဒါပေမဲ့ ခင်ဗျားအခြေအနေ သိပ်မဆိုးဘူးလို့ ကြားရတယ်။ နောက်တော့ ခင်ဗျားကို ကျန်းကျို့မြို့ကို ပို့မယ်လို့ သိရတယ်။ ဒါနဲ့ ခင်ဗျားကို မရအရ ကယ်မယ် ဆိုပြီး ကျုပ်တို့အားလုံး လမ်းမှာ ဆီးပြီး စောင့်နေကြတယ်။ ခု ခင်ဗျားကို လာကြိုပြီး တောင်ပေါ်ကို ပြန်လိုက်ဖို့ လာခေါ်တာပဲ။ ဒီတော့ ဒီအစောင့်နှစ်ယောက်ကိုလည်း သတ်ပစ်ခဲ့ရမှာပေါ့"

"ဒီလိုလုပ်တာဟာ ကျုပ်ကို ဂုဏ်ပြုရာမရောက်ဘဲ ကျုပ်သိက္ခာကို ဖျက်ဆီးသလို ဖြစ်နေတယ်ဗျာ။ ဒီလိုလုပ်ရင် ကျုပ်ဟာ သစ္စာမဲ့ရာလည်း ကျမယ်။ မိဘစကားကို ပယ် လှန်ရာလည်း ရောက်မယ်။ ခင်ဗျားတို့ ကျုပ်ကို ဒီလိုအလုပ်ခိုင်းရင်တော့ ကျုပ်ကိုယ် ကျုပ် သတ်သေဖို့ပဲရှိတော့တယ်" ဟု ဆိုကာ စုန်ကျန့်သည် ဓားသွားကို သူ့လည်ပင်းပေါ်သို့ တင်လိုက်၏။

လျူထန်က သူ့လက်ကို လှမ်းဆွဲလိုက်လျက်-

"နေပါဦးလေ၊ နောင်ကြီးကလည်း၊ အေးအေးဆေးဆေး ဆွေးနွေးသေးတာပေါ့"

လျူထန်သည် စုန်ကျန့်လက်မှ ဓားကို ပြန်ယူထားလိုက်၏။

"ကျွန်တော့်ကို သနားပါ နောင်ကြီး။ ကျွန်တော် ကျန်းကျို့ကို လိုက်သွားပါရစေ။ ကျွန်တော် နှစ်စေ့လို့ လွတ်လာရင် ခင်ဗျားတို့ဆီကို ပြန်လာပါ့မယ်။ အဲဒီတော့ တွေ့ကြ တာပေါ့"

လျူထန်က-

"ဒါကတော့ ကျွန်တော်တယောက်တည်း ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ ရှေ့မှာ ဝုရုံနဲ့ ဟွာရုံတို့ ခင်ဗျားကို နှုတ်ဆက်ဖို့ ဆိုပြီး စောင့်နေကြတယ်။ ခင်ဗျား ခွင့်ပြုတယ်ဆိုရင် သူတို့ကို တိုင်ပင်ဖို့ သူတို့ကို သွားပြီး ခေါ်လိုက်မယ်"

"အေးလေ၊ ခင်ဗျားတို့ တိုင်ပင်ချင်တယ်ဆိုရင်လည်း တိုင်ပင်ပေါ့။

ကျွန်တော် ဘာမှ မပြောလိုတော့ပါဘူး”

လျှူထန်သည် တပည့်တယောက်ကို သတင်းအပို့ခိုင်းလိုက်၏။ ခဏကြာလျှင် မိမိတို့ဆီသို့ မြင်းကို ဒုန်းစီးလာနေသည့် ဝုရုံနှင့် ဟွရုံတို့ကို မြင်ရ၏။ သူတို့နောက်မှလည်း မြင်း ကိုယ်စီဖြင့် လူတကျိပ်ကျော်ခန့် လိုက်ပါလာ၏။ သူတို့နှစ်ယောက်သည် မြင်းများပေါ်မှ ဆင်းကာ ဦးညွတ် အရိုအသေပြုကြ၏။

“လည်ပင်းက ထိပ်တုံးကြီးကို ဘာဖြစ်လို့ မဖြုတ်သေးတာလဲဗျ” ဟု ဝုရုံက မေး၏။

“အင်း၊ ပြောရတာတော့ ခပ်ခက်ခက်ပဲဗျ။ ဒါက တရားဥပဒေအတိုင်း စွပ်ထားရတာ ကိုးဗျ။ ဘယ်သူ လက်ဖျားနဲ့ တို့ရဲပါ့မလဲ” ဟု စုန်ကျန့်က ပြော၏။

ဟွရုံက ရယ်လိုက်လျက်-

“ဩော်၊ လက်စသတ်တော့ ဒီလိုကိုး။ ခင်ဗျားသဘောကို ကျွန်တော် သိပါပြီလေ။ ဒီလိုဆိုရင်လည်း ခင်ဗျားကို ကျုပ်တို့ တောင်ပေါ်စခန်းမှာ နေဖို့ အတင်းမတိုက်တွန်းတော့ ပါဘူး။ ဒါပေမဲ့ ကျောက်ခဲကတော့ ခင်ဗျားနဲ့ မတွေ့ရတာ ကြာလို့ တွေ့ချင်နေတယ်ဗျ။ ပြီးတော့ ခင်ဗျားနဲ့ နှစ်ယောက်ချင်း စကားပြောစရာကလေးတွေလည်း ရှိသတဲ့။ ဒီတော့ ကျုပ်တို့နဲ့ ခဏလောက်တော့ နေလိုက်ပါဦးဗျာ။ ပြီးတော့ ခင်ဗျားကို ပြန်ပို့ပါ့မယ်”

“အင်း၊ ရောင်းရင်းကတော့ နားလည်လိမ့်မယ် ထင်တာပဲဗျာ။ ကဲ ကဲ၊ ထကြ။ မင်းတို့ နှစ်ယောက်ကို အန္တရာယ် အဖြစ်မခံပါဘူးကွ။ မင်းတို့နှစ်ယောက် အန္တရာယ် ဖြစ်ရင် ငါ ရှေ့ဆုံးက အသေခံပါ့မယ်”ဟု ဆိုကာ စုန်ကျန့်က အစောင့်နှစ်ယောက်ကို ဆွဲထူပေး၏။

“ကျွန်တော်တို့အသက်ကတော့ စာရေးကြီးရဲ့ လက်ထဲမှာပဲ ရှိပါတော့တယ် ခင်ဗျာ” ဟု ဆိုကာ အစောင့်နှစ်ယောက်သည် ငိုနေကြ၏။

သူတို့တသိုက်သည် လမ်းပေါ်မှ ဆင်းကာ တောလမ်းများကို ဖြတ်လာခဲ့ကြရာ နောက် ဆုံးတွင် ကမ်းစပ်တခုအနီးရှိ ကျူတောကြီးထဲသို့ ရောက်လာခဲ့ကြ၏။ အင်းထဲတွင် လှေများ အဆင်သင့် ဆိုက်ထား၏။ လှေပေါ်သို့ တက်၍ အင်းကို ဖြတ်ခဲ့ပြီးနောက် တဖက်ကမ်းသို့ ရောက်လျှင် သံလျင်းများပေါ်သို့ တက်စီးကာ ခရီးဆက်ခဲ့ကြပြန်၏။ တောင်ရိုးပေါ်သို့ ရောက်လျှင် ညီညွတ်ရေးခန်းဆောင်တွင် နားကြပြီးလျှင် လက်အောက်တပ်မိုလ်များအား လာရောက်စုဝေးကြရန် ဆင့်ခေါ်လိုက်၏။ ထို့နောက် သူတို့အားလုံးသည် တောင်ထိပ်ရှိသစ္စာခန်းဆောင်သို့ ဆက်လက်လာခဲ့ကြ၏။ ကျောက်ခဲက ဆီးကြိုကာ

စုန်ကျန့်အား ကျေးဇူးတင်ကြောင်း ပြောဆို၏။

"နောင်ကြီးဟာ ယွန်ကျင့်မြို့မှာ ကျွန်တော်တို့ကို ကယ်ပြီး ဒီကို အတူတူရောက်ခဲ့ကြ တယ်ဗျ။ အဲဒီကတည်းက နောင်ကြီးရဲ့ စာနာရိုင်းပင်းမှုကို ကျွန်တော်တို့ တရက်မှ မမေ့ခဲ့ ကြပါဘူး။ ဒါ့အပြင် ခင်ဗျားဟာ ကျွန်တော်တို့ရဲ့ တောပုန်းစခန်းကလေးဆီ သတ္တိကောင်းတဲ့ လူစွမ်းကောင်း အမြောက်အမြားကို သိမ်းသွင်းခေါ်လာနိုင်ခဲ့တယ်။ ဒါကြောင့် နောင်ကြီး ကျေးဇူးကို ကျွန်တော်တို့ ဘယ်တော့မှ မမေ့ပါဘူး"

"ဒီစခန်းက ထွက်သွားပြီးတဲ့နောက် ကျွန်တော်ဟာ သစ္စာမဲ့တဲ့ မိန်းမတယောက်ကို သတ်ခဲ့ပြီး တနှစ်ကျော်ကျော်လောက် ရှောင်တိမ်းနေခဲ့ရတယ်ဗျ။ နောင်ကြီးဆီကို လာ မယ်လို့ စိတ်ကူးနေတုန်းမှာ ထမင်းဆိုင်တဆိုင်ထဲမှာ ရှိယုံနဲ့ သွားတွေ့တယ်။ သူနဲ့တွေ့တော့ သူက အိမ်က ပေးလိုက်တဲ့ စာတစောင်ကို ထုတ်ပေးတယ်။ စာထဲမှာ အဖေ သေပြီလို့ ပါတယ်။ အမှန်ကတော့ အဖေ မသေပါဘူး။ ခင်ဗျားတို့ဂိုဏ်းနဲ့ သွားပြီး ဆက်သွားမှာကို စိုးရိမ်နေတယ်။ ဒါကြောင့် ကျွန်တော်ပြန်လာအောင်ဆိုပြီး ပရိယာယ်သုံးပြီး ရေးလိုက်တာ။ ကျွန်တော့်ကို ရုံးတင်စစ်ဆေးပေးမယ့် အထက်အောက်အရာရှိများကို ထောက်ပံ့ထားတဲ့ အတွက် ကျွန်တော့်ကို သိပ်ပြီး ရက်ရက်စက်စက် မလုပ်ကြပါဘူး။ အားလုံးကပဲ ညှာညှာ တာတာ ဆက်ဆံကြပါတယ်။ ခု ကျွန်တော့်ကို ကျန်းကျို့ကို နယ်နှင်ဒဏ်ပေးလိုက်လို့ ထွက်လာတာပဲ။ ကျန်းကျို့ဆိုတဲ့ နေရာကလည်း သိပ်မဆိုးလှပါဘူး။ ကောင်းပါတယ်။ ခု နောင်ကြီးက ခေါ်တယ်ဆိုတော့ ကျွန်တော် လိုက်လာရတာပေါ့။ လူချင်း တွေ့ရပြီ မဟုတ် လား။ ဒါပေမဲ့ ခရီးသွားရတယ်ဆိုတာ အချိန်အကန့် အသတ် ရှိတယ်ဗျ။ ဒီတော့ ကျွန်တော် ဒီမှာ ကြာကြာဆိုင်းနေလို့ မဖြစ်ဘူး။ နောင်ကြီးကို နှုတ်ဆက်ပြီး သွားမှဖြစ်မယ်"

" ဒီလောက်လည်း အလျင်မလိုပါနဲ့ဗျာ။ ခဏတဖြုတ် ထိုင်စမ်းပါဦး"

သူတို့နှစ်ယောက်သည် ခန်းဆောင်အလယ်ရှိ ကုလားထိုင်တွင် ထိုင်ကြ၏။ စုန်ကျန့် သည် အစောင့်နှစ်ယောက်ကိုလည်း သူ့ကုလားထိုင်နောက်တွင် ထိုင်ရန် ပြော၏။ သူ့အနီး တွင် အမြဲရှိနေရန်လည်း ပြော၏။

ကျောက်ခဲသည် သူ့တပ်ဗိုလ်များကို ခေါ်ကာ စုန်ကျန့်အား အရိုအသေပေးရန် ပြော၏။ သူတို့ကိုလည်း နှစ်တန်းခွဲ၍ ထိုင်စေ၏။ လက်ထောက်များက စိမ်ရည်များကို ငှဲ့ပေးကြ၏။ ကျောက်ခဲက ပထမသောက်ပြီး စုန်ကျန့်က ဒုတိယ သောက်၏။ ထို့နောက် ဝုရုံ၊ ကုန်ဆွန် ရှန်း၊ ပိုက်ရှန်း စသူတို့ တယောက်ပြီး တယောက် သောက်ကြ၏။ စုန်ကျန့်သည် စိမ်ရည် အနည်းငယ် သောက်ပြီးနောက် ထိုင်ရာမှ ထလိုက်၏။

"နောင်ကြီးတို့ ကျွန်တော့်ကို ဒီလို ဂရုစိုက်တဲ့အတွက် အများကြီး ဝမ်းသာတယ်ဗျာ။ ကျွန်တော်က ရာဇဝတ်ကောင် အကျဉ်းသား။ ဒီတော့ ဒီမှာ ကြာကြာဆက်မနေရဲဘူး။ ခုပဲ သွားတော့မယ်"

ကျောက်ခဲက-

"ကျုပ်တို့အတွက်တော့ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ ကျုပ်တို့ကြောင့် ဒီ အစောင့်နှစ်ယောက် ဒုက္ခမရောက်စေချင်ရင် သူတို့ကို ပိုက်ဆံကြေးငွေပေးပြီး ပြန်လွှတ် လိုက်တာပေါ့။ ဟိုရောက်တော့ လျှံရှန်းတောင်ရိုးက တောပုန်းတွေက ခင်ဗျားကို အတင်း ခေါ်သွားတယ်လို့ ပြောလိုက်ပေါ့။ ဒီလိုဆိုရင် သူတို့မှာလည်း အပြစ်မရှိတော့ပါဘူး"

"ကျွန်တော် လက်မခံပါရစေနဲ့ဗျာ။ ခင်ဗျားတို့ဟာ ကျွန်တော့်ကို ဂုဏ်ပြုရာ မရောက် ဘဲ အန္တရာယ်ပေးသလို ဖြစ်နေတယ်။ ဒီအတိုင်းဆိုရင် ကျွန်တော်ဟာ အဖေ့စကားကို တရက်ပြည့်အောင်တောင် နားမထောင်တဲ့ သားမိုက်ဖြစ်နေမှာပေါ့။ ကျွန်တော် သူ့စကား ကို ဘယ့်နှယ်လုပ် ပယ်လို့ဖြစ်မလဲ။ သူ့ကို ဒုက္ခရောက်အောင် ဘယ့်နှယ်လုပ်လို့ ဖြစ်မလဲ။ အရင်တုန်းကတော့ ကျွန်တော်လည်း ခင်ဗျားတို့ဂိုဏ်းထဲ ဝင်ချင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဘုရား သခင်က ဖန်တီးလိုက်တဲ့အတိုင်း ရှိယုံက စာကို ယူလာခဲ့တယ်။ သူနဲ့ ကျွန်တော် ထမင်း ဆိုင်ကလေးတဆိုင်မှာ သွားတွေ့ရာက ကျွန်တော့်မှာ အိမ်ပြန်ဖို့အကြောင်း ပေါ်လာခဲ့တယ်။ အိမ်ရောက်တော့ ကျွန်တော့်အဖေက အမှုကို ရင်ဆိုင်သင့်တဲ့အကြောင်း နားချတယ်။ ကျွန်တော့်ကို နယ်နှင်ဒဏ်ပေးလို့ လာခါနီးကျတော့လည်း ကိုယ်စိတ်ချမ်းသာတာကို မကြည့်ဘဲ မိသားစုရဲ့အကျိုးကို ကြည့်ဖို့၊ အသက်ကြီးမှ သူ့ကို ဒုက္ခမပေးဖို့ တဖွဖွ မှာလိုက် တယ်။ "ပေါ့ပေါ့လွယ်လွယ် လမ်းကို မလိုက်လေနဲ့။ အဲဒီလမ်းဟာ ဘုရားအလိုတော်နဲ့ရော အဖေ့ဩဝါဒနဲ့ရော တခြားစီ" လို့ ကျုပ်ကို တဖွဖွ ပြောလိုက်တယ်။ သစ္စာမရှိရင်၊ မိဘ အပေါ်မှာ တာဝန်မကျေရင် လောကကြီးမှာ ကျွန်တော့်အတွက် အသက်ရှင်နေရတာဟာ ဘာတန်ဖိုးရှိဦးမှာလဲ။ ခင်ဗျားတို့ ကျုပ်ကို ပြန်မလွှတ်ဘူးဆိုရင်လည်း ကျုပ်ကို သတ်လိုက် ကြပါ။ ခင်ဗျားလက်ထဲမှာပဲ အသေခံတော့မယ်"

စုန်ကျန့်၏ မျက်ရည်ပေါက်များသည် မိုးပေါက်များကဲ့သို့ ဖြိုင်ဖြိုင်စီးကျလာကြ၏။ စုန်ကျန့်သည် ဒူးထောက်၍ ထိုင်လိုက်၏။ ကျောက်ခဲ၊ ဝုရုံနှင့် ကုန်ဆွန်ရှန်းတို့က သူ့ကို ဆွဲထူကြ၏။

"ကဲ၊ နောင်ကြီးက ကျန်းကျို့ကို သွားဖို့ ဆုံးဖြတ်ပြီး ဖြစ်နေလေတော့ မတားတော့ပါဘူး။ ကျွန်တော်တို့နဲ့ အေးအေးဆေးဆေး တနေ့တော့ နေသွားပါဦး။ မနက်ဖြန်မနက် ကျရင် ကျွန်တော်တို့ တောင်အောက်ရောက်အောင် လိုက်ပို့ပါ့မယ်"

သူတို့ အတန်တန် တိုက်တွန်းသဖြင့် နောက်ဆုံး၌ စုန်ကျုန့်သည် စိမ်ရည်သောက်၏။ သို့ရာတွင် လည်ပင်းတွင် ဆွဲထားသည့် ထိပ်တုံးကိုမူ ဖြုတ်ရန် ငြင်းဆန်၏။ အစောင့် နှစ်ယောက်လည်း သူ့အနီးတွင် နေကြ၏။ စုန်ကျုန့်သည် ထိုညက တောင်ပေါ်တွင် အိပ်သော် လည်း မနက်အစောကြီး ထကာ သွားတော့မည်ဖြစ်ကြောင်းဖြင့် သူတို့ကို ပြော၏။ ဝုရုံက-"ကျန်းကျို့မှာ ရှိတဲ့ ထောင်နှစ်ခုက ထောင်ပိုင်တွေဟာ ကျွန်တော်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေ တွေပဲ။ တယောက်က ထိုက်ချုံတဲ့။ သူ့ကို ထောင်ပိုင်ထိုက်လို့လည်း ခေါ်တယ်။ သူက တာအိုဂန္ဓာရီ ပညာတွေကိုလည်း တတ်တယ်။ တနေ့ကို လီပေါင်းရှစ်ရာလောက် လမ်း လျှောက်နိုင်တယ်။ ဒါကြောင့် သူ့ကို တချို့က နတ်ခြေမြန်တော်လို့လည်း ခေါ်ကြတယ်။ သဘောထားကြီးပြီး ရက်ရောမှုလည်း ရှိတယ်။ သူ့ဆီကို မိတ်ဆက်စာကိုလည်း မနေ့ည ကပဲ ရေးထားတယ်။ နောင်ကြီးတို့နှစ်ယောက် ခင်သွားကြမှာပါ။ အကူအညီ လိုရင်လည်း ကျွန်တော်တို့ဆီကို အကြောင်းကြားလိုက်ပါ"

တောပုန်းဗိုလ်များသည် စုန်ကျုန့်ကို တားဆီးခြင်းငှာ မတတ်နိုင်ကြတော့ပြီ။ ထို့ကြောင့် သူ့ကို နှုတ်ဆက်စားသောက်ပွဲ ကျင်းပပြီး ရွှေ၊ ငွေများကို ပေးလိုက်၏။ အစောင့်များကို လည်း တယောက်လျှင် ငွေစင်နှစ်ဆယ်သားစီ ပေးလိုက်၏။ သူတို့သည် စုန်ကျုန့်၏ အထုပ် ကို လူတယောက်အား ထမ်းစေကာ တောင်အောက်ရောက်အောင် လိုက်ပို့ကြ၏။ တောင် အောက်သို့ ရောက်သော် သူတို့သည် လမ်းခွဲခဲ့ကြ၏။ ဝုရုံနှင့် ဟွာရုံတို့က အင်းတဖက်ကမ်း၊ ပေတရာလမ်းမကြီးပေါ်တွင် လီနှစ်ဆယ်ခန့် ရောက်အောင် လိုက်ပို့လိုက်ကြ၏။ ထို့နောက် သူတို့လည်း တောင်ပေါ်စခန်းသို့ ပြန်လာခဲ့ကြ၏။

စုန်ကျုန့်နှင့် အစောင့်နှစ်ယောက်တို့သည် ကျန်းကျို့သို့ ခရီးဆက်ခဲ့ကြ၏။ တောင် ပေါ်စခန်းတွင် တောပုန်းအင်အား မည်မျှရှိ၍ ရှိသည့် တောပုန်းတို့ကလည်း စုန်ကျုန့်အား မည်မျှ ရိုသေလေးစားကြကြောင်းကို အစောင့်နှစ်ယောက်တို့ မြင်ခဲ့ကြ၏။ ထို့ပြင် သူတို့ ကိုယ်တိုင်လည်း တောပုန်းတို့က ရွှေစငွေစများ ပေးလိုက်သည် မဟုတ်လော။ ထို့ကြောင့် အစောင့်များသည် ခရီးတလျှောက်တွင် စုန်ကျုန့်အား များစွာ ဂရုစိုက်ကြ၏။

ခရီးတဝက်ခန့် ရောက်သည့်အခါ၌ သူတို့သည် ရှေ့တွင် မြင့်မားသော တောင်ကြီးများ ကာဆီးလျက်ရှိသည့် ဒေသတခုသို့ ရောက်ကြ၏။

"ဟန်ကျုပြီဗျို့။ ကျီယန်ခင်တန်းကို ရောက်တော့မယ်။ ဒီခင်တန်းနဲ့ တောင်ကြောကို ကျော်လိုက်ရင် ရွှင့်ယန်မြစ်ကို ရောက်တော့မယ်။ အဲဒီရောက်ရင် ကျန်းကျို့ကို လှေနဲ့ သွားလို့ရပြီ။ သိပ်မဝေးတော့ဘူး"

"ဒီနေ့ တော်တော်ပူမယ်ဗျို့။ နေမပူခင် တောင်ကြောခင်တန်းပေါ် အရောက်တက်ပြီး နေ့လယ်မှာ နားနေရင် ကောင်းမယ်" ဟု စုန်ကျန့်က ပြော၏။

"သိပ်ကောင်းတာပေါ့ဗျာ" ဟု အစောင့်များကလည်း ပြောကြ၏။

သူတို့သုံးယောက်သည် ခပ်သုတ်သုတ် လာခဲ့ကြ၏။ အတန်ကြာ တက်လာခဲ့ကြ ပြီးလျှင် တောင်စွယ်တခုကို ကျော်ခဲ့ကြ၏။ အောက်တောင်စောင်းပေါ်တွင် ကမ်းပါးတခုကို မှေးတင်၍ ဖွင့်ထားသည့် ထမင်းဆိုင်ကလေးတဆိုင်ကို မြင်ရ၏။ ဆိုင်တံခါးရှေ့တွင် ထူးဆန်းသည့် ပုံသဏ္ဍာန်ကို ဆောင်သည့် သစ်ပင်တပင် ပေါက်လျက်ရှိ၏။ ထိုထမင်းဆိုင် ရှေ့နှင့် နောက်ဘက်တွင်မူ သက်ငယ်တဲကလေးများကို တွေ့ရ၏။ သစ်ပင်အောက်တွင် လွှင့်တင်ထားသည့် ဘုံဆိုင်အလံကလေးကို မြင်လိုက်သည့်အခါ၌ စုန်ကျန့်မှာ များစွာ ဝမ်းသာသွား၏။

"ဟန်ကျလိုက်လေဗျာ။ ကျွန်တော်တို့မှာ ထမင်းလည်း ဆာ၊ ရေလည်း ငတ်လာတုန်း မှာ စိမ်ရည်ပါရောင်းတဲ့ ထမင်းဆိုင်ကလေးကို လာတွေ့ရတာ အတော်ပဲ။ မသွားခင် နည်းနည်းပါးပါးတော့ သောက်သွားရဦးမယ်"

အတန်ကြာလျှင် သူတို့သည် ထမင်းဆိုင်ကလေးထဲသို့ ဝင်လာခဲ့ကြ၏။ အစောင့်များ သည် ကျောတွင် ပိုးလာသည့် အထုပ်တို့ကို ချပြီးနောက် တာဝန်အရ ကိုင်ဆောင်ရသော သိုင်းတုတ်တို့ကို နံရံတွင် ထောင်ထားလိုက်ကြ၏။ စုန်ကျန့်သည် သူတို့ နှစ်ယောက်ကို စားပွဲထိပ်တွင် ထိုင်စေကာ သူကိုယ်တိုင်မှာမူ စားပွဲအဖျားခြေရင်းတွင် ထိုင်၏။ တနာရီခန့် ကြာသည်အထိ မည်သူမျှ ပေါ်မလာကြချေ။

"ဗျို့၊ ဆိုင်ရှင်တို့ မရှိကြဘူးလား" ဟု စုန်ကျန့်က အော်၍ မေးလိုက်၏။

"လာပြီဗျို့၊ လာပြီ" ဟု ဆိုကာ အနီးရှိ အခန်းတခန်းထဲမှ ကြီးမားထွားကျိုင်းသည့် လူကြီးတယောက် ထွက်လာ၏။ ထိုလူ၏ မုတ်ဆိတ်မွေးတို့မှာ နီရဲလျက်ရှိပြီး မျက်လုံးများ မှာလည်း ကျားမျက်လုံးကဲ့သို့ နီလျက်ရှိ၏။ ခေါင်းတွင် ခပ်စုတ်စုတ် ပဝါတထည်ကို ပေါင်း ထားပြီး လက်မောင်းကြီးများသည် အင်္ကျီလက်ဖျားထဲမှ ရုန်းထွက်လျက် ရှိကြ၏။ ခါးတွင် လည်း အဝတ်တထည်ကို စည်းထား၏။ ထိုလူသည် သူတို့ကို ရိုသေစွာ နှုတ်ဆက်၏။

"အရက် ဘယ်လောက်များ ယူမှာလဲဗျာ"

"ကျွန်တော်တို့ ခရီးပန်းလာတော့ ဆာလည်း ဆာလှပြီဗျာ။

အသားထဲကရော ဘာ အသားများ ရသလဲ” ဟု စုန်ကျန့်က မေး၏။

“အမဲသားပြုတ်နဲ့ စိမ်ရည်အဖြူပဲ ရမယ် ခင်ဗျ”

“နိပ်ပြီဗျို့။ ဒါဖြင့် အမဲသားနှစ်ဆယ်သားလောက် လှီးပြီး ယူခဲ့ဗျာ။ စိမ်ရည်ကလည်း တအိုးလောက်ပေါ့”

“စိတ်တော့ မရှိပါနဲ့ ခင်ဗျာ။ ဒီတောင်ကြောပေါ်က ထုံးစံကတော့ မစားခင် ပိုက်ဆံကို ကြိုပေးရပါတယ်”

“ဩော်၊ ပိုက်ဆံအရင်ပေးရမယ်လား။ ရပါတယ်ဗျာ။ ရပါတယ်။ ခဏကလေးနော်” စုန်ကျန့်သည် အထုပ်ကို ဖြေ၍ ငွေစများကို ထုတ်ယူနေစဉ် ဆိုင်ရှင်သည် မသိမသာလှမ်းကြည့်နေ၏။ အထုပ်မှာ လေးလံလျက်ရှိသဖြင့် ထိုအထဲတွင် အဖိုးထိုက်အဖိုးတန်ပစ္စည်း များစွာ ပါမည်ဟု ထင်လိုက်၏။ ဆိုင်ရှင်သည် များစွာကျေနပ်သွားကာ ပိုက်ဆံကို ယူ၍ ဆိုင် နောက်ဘက်သို့ ဝင်သွားပြီးလျှင် အသားတို့ကို လှီး၍ စိမ်ရည်ကို ခြင်တွယ်၏။ ထို့နောက် ပြန်ထွက်လာကာ ခွက်ကြီးသုံးလုံးနှင့် တူသုံးစုံကို စားပွဲပေါ်သို့ လာချပြီးနောက် အရက်ငှဲ့ ပေး၏။ ခရီးသည်သုံးဦးတို့သည် စားသောက်ရင်း စကားပြောနေကြ၏။ တယောက်က-

“ခုခေတ်မှာ မကောင်းတဲ့လူတွေကလည်း သိပ်ပေါတာပဲနော်။ လူကောင်းတွေကို တော်တော် ဒုက္ခပေးကြတယ်။ တချို့ကျတော့လည်း စိမ်ရည်ထဲမှာ၊ အစားအသောက် ထဲမှာ ဆေးခတ်ကြသတဲ့။ အဲဒီလူကို ဆေးခတ်သတ်ပြီး အဖိုးတန်လက်ဝတ်လက်စား တွေကို ယူ၊ အသားကိုလည်း ပေါက်စီထဲမှာ ထည့်ကြသတဲ့။ ကျွန်တော်ဖြင့် ယုံတောင် မယုံ နိုင်ဘူးဗျာ။ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်”

ဆိုင်ရှင်က ရယ်လိုက်လျက်-

“ခင်ဗျားတို့ပြောမှပဲ ကြားဖူးတော့တယ်ဗျာ။ ဒီလိုဆိုရင်လည်း မစားကြနဲ့လေ။ ကျွန်တော့် အစားအသောက်တွေနဲ့ အရက်ထဲမှာ ဆေးခတ်ထားရင် ဘယ့်နှယ်လုပ်မလဲ”

စုန်ကျန့်က ပြုံးလိုက်လျက်-

“ဟော၊ ကျုပ်တို့ပြောတာကို နောင်ကြီး ကြားသွားလို့ ကျုပ်တို့ကို နောက်နေပြီဗျ”

“နောင်ကြီးရေ၊ ကျုပ်တို့ဖို့ စိမ်ရည်လေး တအိုးလောက် နွှေးပေးပါလားဗျာ”

ဟုအစောင့်တယောက်က မှာလိုက်၏။

"ရပါတယ်ခင်ဗျာ" ဟု ဆိုကာ ဆိုင်ရှင်သည် စိမ်ရည်ကို မွှေးပေးပြီးနောက် သူတို့ ခွက်ထဲသို့ ထည့်ပေး၏။

ခရီးသည်များမှာ ဆာလည်း ဆာ၊ ရေလည်း ငတ်နေရသည့်အထဲတွင် ရှေ့တွင် စားသောက်ဖွယ်များ ရောက်နေလေပြီ။ အဘယ်ကြောင့် ချုပ်တည်းနေကြရဦးမည်နည်း။ သို့ဖြင့် သူတို့သည် အားရပါးရ စားသောက်လိုက်ကြ၏။ ထို့နောက်တွင်မူ အစောင့်တို့၏ မျက်လုံးများသည် ပြူးထွက်လာကြကာ ပါးစပ်သည်လည်း ရွဲ့၍ လာခဲ့လေပြီ။ သူတို့သည် တယောက်ကို တယောက် လှမ်းကြည့်ရင်း နောက်ပြန်လဲကျသွားကြ၏။

စုန်ကျန့်သည် ထိုင်ရာမှ ထလိုက်ကာ-

"ကိုယ့်လူတို့ကလည်း အရက်ကလေး တဖလားသောက်ပြီး ဘယ့်နှယ် ဒီလောက် မူးနေရတာလဲ" ဟု ဆိုကာ သူတို့နှစ်ယောက်ကို ထူပေးရန် ထသွားစဉ် သူကိုယ်တိုင်မှာ လည်း တရိပ်ရိပ် မူးစပြုလာကာ မျက်လုံးတွေ ပြာဝေလာပြီးနောက် ကြမ်းပြင်ပေါ်သို့ လဲကျ သွားလေ၏။ သူတို့သုံးယောက်သည် လှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ တယောက်ကို တယောက် မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်နေကြ၏။ ဆိုင်ရှင်က-

"ကံကောင်းလိုက်တာဗျာ။ အလုပ်မဖြစ်တာ ကြာလှပြီ။ ခုတော့ ဘုရားက ကျုပ်ဆီကို ဒီပစ္စည်းသုံးခု ပို့လိုက်လို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေတယ်"

ဆိုင်ရှင်သည် စုန်ကျန့်ကို တောင်ကမ်းပါးယံတွင် ရှိသည့် သားသတ်ရုံထဲသို့ ကရွတ် တိုက်ဆွဲခေါ်သွားကာ အရေခွံနွှာသည့် ခုံပေါ်တွင် တင်ထား၏။ နောက်နှစ်ယောက်ကိုလည်း အလားတူ တရွတ်တိုက် ဆွဲလာခဲ့ပြန်၏။ ထို့နောက် ဆိုင်ထဲသို့ ပြန်လာခဲ့ကာ စုန်ကျန့်၏ အထုပ်ကို အခန်းထဲသို့ ယူလာပြီး ဖြေကြည့်၏။ အထုပ်ထဲတွင် ရွှေစငွေစများကို တွေ့ရ၏။

"ဒီနားမှာ ဆိုင်ဖွင့်ရောင်းလာတာ ကြာလှပြီ။ ဒီလို အကျဉ်းသားမျိုးကို ဒီတခါပဲ တွေ့ဖူးသေးတယ်။ ဒီပိုက်ဆံတွေကို ဘယ်ကများ ရလာသလဲ မသိဘူး။ ငါ့အဖို့တော့ ကောင်းကင်က ကျလာတာနဲ့ အတူတူပေါ့"

ဆိုင်ရှင်သည် အထုပ်ကို သိမ်းပြီးနောက် တဲပြင်သို့ ထွက်လာကာ မိမိနှင့်အတူ သား သတ်မည့်သူများအလာကို စောင့်မျှော်လျက်ရှိ၏။

ဆိုင်ရှင်သည် တံခါးပေါက်တွင် အတန်ကြာရပ်နေသည့်တိုင် သူ့အဖော်များ၏ အရိပ် အယောင်ကိုမျှ မမြင်ရသေးချေ။ ထိုစဉ်

တောင်စောင်းပေါ်တွင် သူ့ထံသို့ ခပ်သုတ်သုတ် လာနေသော လူသုံးယောက်ကို လှမ်းမြင်လိုက်ရ၏။ သူတို့အထဲမှ တယောက်ကို မှတ်မိသဖြင့် ဆိုင်ရှင်သည် သူတို့ဆီသို့ ခပ်သုတ်သုတ် ဆင်းလာခဲ့၏။

"နောင်ကြီးတို့ ဘယ်သွားမလို့လဲ"

ကိုယ်လုံးကိုယ်ပေါက် ခပ်ထွားထွားလူတယောက်က-

"လူတယောက်ကို လိုက်ရှာနေတာဗျ။ သူ ခုလောက်ဆို ဒီလမ်းက လာမှာပဲ။ ဒီ တောင်ခြေရင်းကနေပြီး သူ့ကို စောင့်နေတာ ကြာလှပြီဗျာ။ ပေါ်မလာဘူး။ ဘာများဖြစ်လို့ ဒီလောက် ကြာနေသလဲ မသိဘူး"

"သူ့နာမည်က ဘယ်သူလဲဗျ"

"အင်မတန် ထူးခြားတဲ့ လူတယောက်ဗျာ။ သတ္တိလည်း ကောင်းတယ်"

"သူက ဘယ်သူလဲ"

"ယွန်ကျင့်တိုက်နယ် မြို့အုပ်ရုံးက စာရေး စုန်ကျန့်ဆိုတဲ့ လူဗျ။ သူ့အကြောင်းကိုများ ခင်ဗျား ကြားသလား"

"ရှန်တောင်နယ်က စုန်ကျန့် ဆိုတဲ့လူ မဟုတ်လား။ ချိန်မှန်မိုးလို့လည်း ခေါ်ကြ တယ်လေ"

"ဟုတ်တာပေါ့ဗျာ"

"သူက ဘာဖြစ်လို့ ဒီကို လာမှာတဲ့လဲ"

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူးဗျ။ တလောက ကျုပ်မိတ်ဆွေတယောက်နဲ့ တွေ့တော့ စုန်ကျန့်မှာလည်း ပြဿနာဖြစ်နေတယ် တဲ့။ ကျန်းကျို့နယ် အကျဉ်းထောင်ကို နယ်နှင်ခံရတယ် တဲ့။ ဒီလမ်းက သွားမှာပဲ တဲ့။ တခြားလမ်း သွားစရာမရှိဘူး တဲ့။ အစ တုန်းကတော့ ကျွန်တော်လည်း ယွန်ကျင့်ကို လိုက်ပြီး တွေ့ဦးမယ်လို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ ဒီလမ်းက လာမယ်လို့ ကြားတော့ ယွန်ကျင့်ကို လိုက်မတွေ့တော့ဘဲ ဒီကို လာစောင့်နေတာ။ တောင်ခြေမှာ ကျွန်တော် စောင့်နေတာ လေး ငါးရက်ဆက်တိုက်ပဲ။ ဒါပေမဲ့ အကျဉ်းသားတယောက်မှ မတွေ့ဘူး။ ဒီနေ့တော့ တွေ့လိုတွေ့ငြား ဆိုပြီး ဟောဒီက နောင်ကြီးနှစ်ယောက်နဲ့ တောင်ကြောပေါ် တက်ကြည့်တာ။ ခင်ဗျားကိုလည်း တွေ့ရင်း စိမ်ရည်ကလေး ဘာလေးလည်း သောက်ရင်း ဆိုပါတော့ဗျာ။ ဘယ့်နှယ်လဲ။ အရောင်း အဝယ်ကော ကောင်းရဲ့လား"

"အင်း၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ရောင်းလို့ဝယ်လို့ မကောင်းတာ ကြာပါပြီ ဗျာ။ လချီ ရှိရော့မယ်။ ဒီနေ့တော့ ကံအားလျော်စွာ ပစ္စည်းသုံးခု ရောက်လာတယ်ဗျ။ အဖိုးထိုက် အဖိုးတန်တွေကလည်း အများကြီးပဲ"

"ဘယ်က လူတွေလဲဗျ" ဟု ခရီးသည်က ရှေ့လောတကြီးမေး၏။

"နှစ်ယောက်က အစောင့်တွေဗျ။ တယောက်ကတော့ အကျဉ်းသားပဲ"

"အကျဉ်းသားက အသားညိုညို၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နဲ့ မဟုတ် လား" ဟု လူထွားကို အလန့်တကြား မေးလိုက်၏။

"ဟုတ်တယ်။ အရပ်တော့ သိပ်မရှည်ဘူး။ အသားကတော့ ခပ်ညိုညိုပဲ"

"ဒါဖြင့် သူ့ကို ဘာမှ မလုပ်ရသေးဘူးနော်"ဟု တယောက်က ရှေ့လောတကြီး မေး၏။

"စောစောကတင် သားသတ်ရုံထဲကို ဆွဲသွင်းထားခဲ့တယ်။ ကျွန်တော့်လူတွေ လာမှ အလုပ်လုပ်လို့ ရမှာကိုး"

"အဲဒီလူကို ကျွန်တော် ကြည့်ချင်တယ်ဗျာ"

သူတို့လေးယောက်သည် တောင်ကမ်းပါးစောက်ဘေးရှိ သားသတ်ရုံထဲသို့ ဝင်လာခဲ့ ကြ၏။ စုန်ကျန့်နှင့် အစောင့်နှစ်ယောက်တို့မှာ အရေခွံခွာသည့် စင်ကြီးပေါ်တွင် စန့်စန့် ကြီးတွေ ဖြစ်နေကြကာ သူတို့ခေါင်းများမှာလည်း မြေကြီးပေါ်သို့ စိုက်ကျနေကြ၏။ လူထွားကြီးမှာ စုန်ကျန့်ကို မမြင်ဖူးချေ။ ပါးတွင် ရိုက်ထားသည့် ရာဇဝတ်ကောင် အမှတ် အသားကို ကြည့်သော်လည်း သဲကွဲစွာ မမြင်ရချေ။ လူထွားကြီးသည် အကြံရခက်နေ၏။ ထိုစဉ် စိတ်ကူးတခု ပေါ်လာ၏။

"သွားဗျာ။ အစောင့်တွေရဲ့ အထုပ်တွေကို ယူချေစမ်း။ အဲဒီအထဲမှာ စာရွက်စာတမ်း တို့ ဘာတို့များ ပါမလား မသိဘူး"

"လာ လာ" ဟု ဆိုကာ အိမ်ရှင်သည် သူတို့ကို တဲထဲသို့ ခေါ်သွား၏။ အစောင့်များ၏ အထုပ်ကို ဖြေကြည့်ကြ၏။ အထုပ်ထဲတွင် ငွေတောင့်ကြီးတတောင့်နှင့် စာရွက်စာတမ်းများ ထည့်ထားသော ကျည်တောက်တခုကို တွေ့ရ၏။ သူတို့သည် စာရွက်စာတမ်းများကို သေချာစွာ ကြည့်ရှုကြ၏။

"ကံကောင်းလို့ဗျို့" ဟု လေးယောက်စလုံး ပြိုင်တူအော်လိုက်ကြ၏။

"ဒီနေ့ ကျွန်တော့်ကို ဘုရားသခင်ပို့လိုက်လို့ ဒီတောင်ကြောပေါ်

ရောက်လာတယ် လို့ပဲ အောက်မေ့ရတော့မှာပဲ။ ကျွန်တော်တို့သာ နည်းနည်း အရောက်နောက်ကျသွားရင် ကျွန်တော့်အစ်ကိုကို ကိစ္စတုံးပစ်လောက်ပြီပေါ့။ လုပ်စမ်းပါဗျာ။ သတိရအောင် လုပ်ကြ စမ်းပါဦး” ဟု လူထွားကြီးက ပြော၏။

ဆိုင်ရှင်သည် ဆေးမြစ်များ ထောင်းထားသည့် အမှုန့်များကို လျင်မြန်စွာ ဖျော်၏။ ထို့နောက် ဆိုင်ရှင်နှင့် လူထွားကြီးသည် သားသတ်ရုံသို့ ပြန်လာခဲ့ကာ စုန်ကျန့်၏ လည်ပင်းမှ ထိပ်တုံးကြီးကို ဖြုတ်ကာ ကိုယ်ကို ထူပေးပြီးလျှင် ဆေးရည်တို့ကို ပါးစပ်ထဲသို့ လောင်းထည့်၏။

ထို့နောက် သူတို့လေးယောက်သည် စုန်ကျန့်ကို ထမင်းဆိုင်ရှိ ဧည့်သည်များထားရန် အခန်းသို့ ရွှေ့လာခဲ့ကြ၏။ လူထွားကြီးက ပွေ့ထူထားစဉ် စုန်ကျန့်သည် သတိပြန်လည်ကာ မျက်လုံးများကို ဖွင့်ကြည့်၏။ သူ့ရှေ့တွင် ရပ်နေသူများကို တယောက်မှ မမှတ်မိချေ။ လူထွားကြီးသည် သူ့အဖော်နှစ်ယောက်အား စုန်ကျန့်ကို ထူထားစေပြီး ဒူးထောက်ထိုင်ပြီး လက်အုပ်ချီ ဂါရဝပြု၏။

“ခင်ဗျားက ဘယ်သူလဲ။ ကျုပ် အိပ်မက်မက်နေတယ် ထင်တယ်။ ခု ကျုပ် ဘယ် ရောက်နေတာလဲ။ နောင်ကြီးတို့ နာမည်တွေကကော ဘယ်သူတွေလဲ” ဟု စုန်ကျန့်က မေးစဉ် ဆိုင်ရှင်ကလည်း ဒူးထောက်အရိုအသေပေး၏။ လူထွားကြီးက-

“ကျွန်တော်က လူကျို့နယ်ကပါ။ ကျွန်တော့်နာမည်က လီကျွမ်းလို့ ခေါ်ပါတယ်။ ကျွန်တော်က ယန်စီမြစ်ထဲမှာ လှေသူကြီး လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော်က ရေကူးကောင်း တဲ့အတွက် ကျွန်တော့်ကို ရေနဂါးလို့လည်း ခေါ်ကြပါတယ်။ ဟောဒီက ဆိုင်ရှင်ကြီးကတော့ ကျီယန်တောင်ကြောကပါ။ သူက မှောင်ခိုအရောင်းအဝယ် လုပ်ပါတယ်။ သူ့နာမည်က လီလီပါ။ ဒါပေမဲ့ လူတွေကတော့ သူ့ကို ဗိုလ်ငရဲလို့ ခေါ်ပါတယ်။ ဟောဒီက မိတ်ဆွေ နှစ်ယောက်ကတော့ ရှင့်ယန်မြစ်ကမ်းကပါ။ သူတို့က ဆားမှောင်ခိုသမားတွေပါ။ လော လောဆယ်တော့ ကျွန်တော်နဲ့ အတူနေကြပါတယ်။ သူတို့ကလည်း ညီအစ်ကိုတော်ပြီး ယန်စီမြစ်တလျှောက်မှာ လှေထိုးသား လုပ်ခဲ့ကြဖူးပါတယ်။ တယောက်က တုန်ဝေ့လို့ ခေါ်ပြီး လိုဏ်ဂူနဂါးလို့လည်း ခေါ်ကြပါတယ်။ သူကတော့ တုန်မင်းလို့ ခေါ်ပြီး မြစ်မွှေတုတ် လို့လည်း ခေါ်ကြပါတယ်”

ညီအစ်ကိုနှစ်ယောက်တို့က လေးကြိမ်စီ ဒူးထောက်နှုတ်ဆက်ကြ၏။

“ကျုပ်က ဆေးမိလို့ မူးမေ့လဲကျသွားတာ။ ခင်ဗျားတို့ ကျုပ်ကို ဘယ့်နှယ်လုပ် သိနေ ကြတာလဲ”

လီကျွမ်းက-

"ကျီစုက ကျွန်တော့်မိတ်ဆွေတယောက်ဆီက နေပြီး နောင်ကြီးအကြောင်းကို ကြား ရပါတယ်။ နောင်ကြီးကို လာပြီး ဂါရဝပြုချင်နေတာတော့ ကြာလှပါပြီ။ ဒါပေမဲ့ အခွင့်ကို မကြုံခဲ့ပါဘူး။ ကျိန်းကျို့ကို သွားတယ်လို့ ကြားရတော့ ဒီလမ်းက လာမှာပဲလို့ တွေးပြီး လာစောင့်နေတာပါ။ တပတ်လောက်ရှိပါပြီ။ မတွေ့ရပါဘူး။ ဒါနဲ့ ဒီနေ့တော့ ကျွန်တော်တို့သုံးယောက်ကို ဘုရားက ဒီတောင်ကြောပေါ် ပို့လိုက်တဲ့အတွက် နောင်ကြီးနဲ့ လာတွေ့ တာပါ။ ကျွန်တော်တို့က စိမ်ရည်သောက်ပြီး လီလီနဲ့ စကားပြောစပ်မိကြပါတယ်။ သူ့ဆီက သတင်းကြားရတာနဲ့ ကျွန်တော့်စိတ်ထဲမှာ မသင်္ကာလို့ သားသတ်ရုံကို လိုက်ကြည့်တော့ နောင်ကြီးကို တွေ့ရတာပါပဲ။ နောင်ကြီးကို မမြင်ဖူးတော့ ဇဝေဇဝါ ဖြစ်နေပါတယ်။ ဒါနဲ့ နောင်ကြီးရဲ့ စာရွက်စာတမ်းတွေကို ရှာကြည့်တော့ နောင်ကြီး ဖြစ်နေတယ်ဆိုတာ သိရ တော့တာပါပဲ။ မသိလို့ မေးစမ်းပါရစေဦး ခင်ဗျာ။ ယွန်ကျင့်မြို့အုပ်ရုံး စာရေးကြီးဟာ ဘာဖြစ်လို့များ အကျဉ်းသားအဖြစ်နဲ့ ကျိန်းကျို့မြို့ကို အပို့ခံရတာပါလိမ့်"

စုန်ကျန့်က ရန်ပေါက်စီကို သတ်ခဲ့သည်မှ အစ၊ ရှီယုံနှင့် တွေ့ ၍ စာတစောင်ရသည့် ကိစ္စ အလယ်၊ အိမ်ပြန်ရောက်၍ အမှုစစ်ပြီး နယ်နှင်ခံရသည်အထိ အဖြစ်အပျက်အလုံး စုံကို အသေးစိတ် ပြန်ပြော၏။ နားထောင်နေသူလေးဦးတို့မှာ သက်ပြင်းကြီးတွေ ချလျက် ရှိလေ၏။

"ဒီလိုဆိုရင်လည်း ကျွန်တော်တို့ဆီမှာ နေပါတော့လားဗျာ။ ဘာဖြစ်လို့ ထောင်ထဲ သွားပြီး ဒုက္ခခံနေဦးမှာလဲ"

"လျှံရှန်းတောင်ရိုးက သူပုန်တွေကလည်း ကျုပ်ကို သူတို့နဲ့နေဖို့ အတင်းတားကြ တာပဲ။ ဒါပေမဲ့ ကျုပ်အဖေကြီး ဒုက္ခရောက်မှာစိုးလို့ ကျုပ် ငြင်းခဲ့တယ်။ ဒီတော့ ခင်ဗျား တို့နဲ့လည်း ဘယ်မှာနေလို့ ဖြစ်မလဲဗျာ" ဟု စုန်ကျန့်က တောင်ပေါ်တွင် တွေ့ခဲ့ရသည် တို့ကို ပြောပြ၏။

လီကျွမ်းက ဆိုင်ရှင်ဘက်သို့ လှည့်၍-

"ကျုပ်တို့ နောင်ကြီးဟာ ကတိသစ္စာကို စောင့်တဲ့လူဗျ။ ဘယ်တော့မှ မတရားတာကို မလုပ်ဘူး။ ကဲ၊ အစောင့်တွေကိုလည်း သတိရအောင် လုပ်ကြပါဦး"

ထိုအချိန်၌ လီလီ၏ လူများလည်း ရောက်လာပြီဖြစ်သဖြင့် အစောင့်များကို ထမင်း ဆိုင်ထဲသို့ သယ်လာရန် ခိုင်းလိုက်၏။ ထို့နောက် ဖြေဆေးများ တိုက်သဖြင့် အစောင့် နှစ်ယောက်တို့သည်လည်း ပြန်သတိရလာကြ၏။ အစောင့်နှစ်ယောက်သည် ဇဝေဇဝါဖြင့် တယောက်ကို တယောက် ကြည့်နေကြ၏။

"ခရီးပန်းလာလို့လား မသိဘူး။ မူးလိုက်တာဗျာ။ မပြောပါနဲ့တော့"

အခြားသူများက ရယ်ကြ၏။ ထိုညတွင် ဆိုင်ရှင်က သူတို့ကို စားသောက်ပွဲတည်ခင်း သဖြင့် စားသောက်ကြပြီးနောက် ထမင်းဆိုင်မှာပင် အိပ်ကြ၏။ နောက်တနေ့တွင်လည်း ဆိုင်ရှင်က သူတို့ကို ကောင်းစွာ ကျွေးမွေးပြုစု၏။ စုန်ကျန့်နှင့် အစောင့်များကိုလည်း သူတို့ အထုပ်များကို ပြန်၍ပေး၏။ လီကျွမ်းနှင့် အဖော်နှစ်ယောက်တို့က သူတို့ကို တောင်အောက် သို့ ရောက်အောင် လိုက်ပို့ကြ၏။ တောင်ခြေရှိ လီကျွမ်း၏ အိမ်သို့ရောက်၍ နားကြလျှင် လီကျွမ်းက သူတို့ကို ကောင်းစွာ ပြုစုကျွေးမွေးပြန်၏။ လီကျွမ်းသည် စုန်ကျန့်ကို ကောင်းစွာ ပြုစုကာ သွေးညီနောင်အဖြစ် သစ္စာဆိုကြလေ၏။

ရက်အတန်ကြာနေပြီးနောက် စုန်ကျန့်သည် လီကျွမ်းက တားသည့်တိုင် မနေတော့ ဘဲ ခရီးကို ဆက်ရန် ပြင်ဆင်၏။ အစောင့်များကိုလည်း ရွှေငွေများ ပေးလိုက်၏။ စုန်ကျန့် သည် လည်တွင် ထိပ်တုံးကို ပြန်၍ စွပ်ကာ အထုပ်အပိုးများကို ယူ၍ နှုတ်ဆက်ထွက်လာ ခဲ့၏။ ကျီယန်တောင်ကြောမှ ဆင်းသက်ခဲ့ပြီးနောက် သူတို့သုံးယောက်သည် ကျန်းကျို့မြို့ ဆီသို့ ဦးတည်လာခဲ့ကြ၏။

သူတို့သည် တနေကုန် ခရီးပြင်းနှင်ခဲ့ကြရာ မွန်းလွဲလောက်တွင် စည်ကားသော ဈေးမြို့တမြို့သို့ ရောက်လာခဲ့ကြ၏။ ဈေးနားတွင် လူတွေ ဝိုင်းအုံကြည့်နေကြသည့် အရာ တခုကို တွေ့သဖြင့် စုန်ကျန့်သည် လူအုပ်ကြားထဲမှ တိုးဝှေ့၍ ကြည့်လိုက်ရာ ဓားကို ကစားပြပြီးနောက် ဆေးရောင်းနေသည့် ပရဆေးသည်တဦးကို တွေ့ရ၏။ အစောင့်များ သည်လည်း ရှေ့သို့ တိုးလာကာ ဓားသိုင်းကစားသည်ကို ကြည့်နေကြ၏။ ပရဆေးသည် သည် ဓားသိုင်းကစားပြ၏။ ထို့နောက် ဓားကို ချကာ လက်နက်မဲ့ သိုင်းကစားပြ၏။

"တယ်ဟုတ်တဲ့ လူပဲဗျာ" ဟု စုန်ကျန့်က ချီးမွမ်း၏။

ထိုလူသည် ရှေ့တွင်ရှိသည့် ဗန်းတချပ်ကို ကောက်၍ ပရိသတ်ဘက်သို့ လှည့်လိုက် လျက်-

"ခရီးဝေးက လာပြီး ဆေးမြစ်များ ရောင်းပါတယ်ခင်ဗျာ။ ကျွန်တော့်သိုင်းအတတ်က ဘာမှ မပြောပလောက်ပါဘူး။ နောင်ကြီးတို့ စေတနာနဲ့ ချီးမြှင့်အားပေးကြတာကိုပဲ ကျွန်တော် အလေးထားပါတယ်။ တခြားအရပ်တွေမှာ ကျွန်တော့်ကို သိုင်းအတတ် ကျွမ်းကျင်တယ်လို့ ပြောကြပေမယ့် အမှန်ကတော့ ဒီလောက် မကျွမ်းကျင်ပါဘူး။ ကျွန်တော့်အတတ်ပညာဟာ မျက်လှည့်ပြသလောက်ပဲ ရှိပါတယ်။ ခု အရိုးကိုက်၊ အဆစ် လွဲ၊ အကြောထုံး စတဲ့ ရောဂါများအတွက် ဆေးပတ်တီးကလေးတွေ ရောင်းပါတယ်ခင်ဗျာ။ ချီးမြှင့် အားပေးတော်မူကြပါ။ တကယ်လို့ နောင်ကြီးတို့မှာ ဆေးပတ်တီးများ မလိုဘူး

ဆိုရင်လည်း ဒါနပြုတဲ့သဘောနဲ့ နည်းနည်းပါးပါး လှူဒါန်းတော်မူကြပါ။ ဒါမှ ကျွန်တော့်မှာ ခရီးစရိတ်ကလေး ပြည့်စုံမှာမို့လို့ပါ”

ထိုလူသည် ဗန်းကလေးကို ကိုင်၍ ရောက်နေသော ပရိသတ်ရှေ့တွင် ထိုးခံ၏။ သို့ရာ တွင် မည်သူကမျှ တပြားတချပ် မထည့်ကြချေ။

“နောင်ကြီးတို့ခင်ဗျာ။ လှူဒါန်းတော်မူကြပါ”ဟုဆိုကာဗန်းကို ကိုင်၍ နောက်တကျော့ လှည့်ပြန်၏။ ဤတွင်လည်း မည်သူကမျှ မထည့်ကြချေ။ သူ့ကိုသာ ကြည့်နေကြ၏။

ထိုလူသည် အနည်းငယ် စိတ်တိုသွားသည်ကို စုန်ကျန့် သတိပြုလိုက်မိ၏။ စုန်ကျန့် သည် ရှေ့သို့တိုးကာ-

“သိုင်းဆရာကြီး။ ကျွန်တော်ဟာ အကျဉ်းသားတယောက်ပါ။ ဒါကြောင့် များများ စားစားတော့ မလှူနိုင်ပါဘူး။ ဒါပေမဲ့ နောင်ကြီးရဲ့ပညာကို ပူဇော်တဲ့အနေနဲ့ ဒီ ငွေဒင်္ဂါး လေး ငါးပြားကိုတော့ လက်ခံပါဗျာ။ နည်းတယ်လို့တော့ မအောက်မေ့ပါနဲ့”

ထိုလူသည် ငွေစများကို လက်ကမ်းယူလိုက်ပြီးနောက်-

“ကျီယန်မြို့ဟာ လူစွမ်းကောင်းတွေကို အားပေးချီးမြှောက်တယ်လို့ နာမည်ကြီး ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်ပညာကို အသိအမှတ်ပြုတဲ့လူဆိုလို့ တယောက်မှ မတွေ့ ရတာကတော့ ဝမ်းနည်းစရာပဲ။ ဟောဒီက ပြစ်မှုကြောင့် ဒဏ်ခံလာရတဲ့ အကျဉ်းသမား နောင်ကြီးတယောက်ပဲ လှူဒါန်းဖော် ရပါပေတယ်။ ဒါကြောင့် –

“သန်းကြွယ်သူဌေး၊ ကျန့်ယုံ ဟေးသို့၊ ကိုလုံဥစ္စာ၊ များလှစွာလည်း၊ မျိုးမှာ မမြတ်၊ စိတ်မမြတ်တည့်” လို့ ရှေးက စာဆိုခဲ့ကြတာ ထင်တယ်ခင်ဗျ။ ဒီငွေစကလေးငါးပြားဟာ ကျွန်တော့်အဖို့ တော့ ငါးဆယ်ထက် တန်ဖိုးရှိပါတယ် ခင်ဗျာ။ နောင်ကြီးကို ကျွန်တော် ဂါရဝပြုပါတယ်။ နောင်ကြီးအကြောင်းကို ရောက်လေရာမှာ ပြောရအောင် နာမည် ကလေး တဆိတ်သိပါရစေ။

“ဒီငွေစကလေးဟာ ဘာမှ မဖြစ်လောက်ပါဘူး သိုင်းဆရာကြီးရယ်။ ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး”

ထိုသို့ စကားပြောဆိုလျက်ရှိကြစဉ် သန်မာထွားကျိုင်းသည့် လူကြီးတယောက်သည် လူအုပ်ကြားထဲမှ သူတို့ဆီသို့ အတင်းတိုးဝှေ့ ရောက်လာကာ-

"ဟော့၊ ကျီယန်မြို့မှာ လာပြီး ငါ့ဂုဏ်သိက္ခာကို လာဖျက်နေတဲ့ ဒီရာဇဝတ်ကောင်က ဘယ်က ကောင်လဲကွ" ဟု ဆိုကာ လက်နှစ်ဖက်ကို မြှောက်လျက် စုန်ကျုန့်အနီးသို့ ကပ်လာ၏။ ထိုသို့ ပြေးကပ်လာသည့်အတွက် သတ်ပွဲတပွဲ ပေါ်ပေါက်လာခဲ့၏။ အကျိုး သက်ရောက်မှုအဖြစ် နဂါးတို့သည် ရှင့်ယန်မြစ်ထဲတွင် လှိုင်းတံပိုးတို့ကို ထကြွစေခဲ့၏။ ကြမ်းကြုတ်သော ကျားတို့သည် လျှံရှုန်းတောင်ရိုးသို့ တက်ကြ၏။

စုန်ကျုန့်ကို ဝင်ရောက် တိုက်ခိုက်သူသည် မည်သူ ဖြစ်သနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၃၇

မူသည် ဒေါသတကြီးဖြင့် စုန်ကျန့်ကို လိုက်လံဖမ်းဆီးခြင်း

ရွှင့်ယန်မြစ်ထဲတွင် ညအချိန်၌ လေ့ထိုးသားတို့ ထကြွ ဆူပူခြင်း

"လုံကလေးတချောင်း ဟိုမြောက် ဒီမြောက် လုပ်ပြရုံနဲ့ မင်းကိုယ်မင်း လူစွမ်းကောင်းကြီး ထင်နေသလားကွ။ သူ့ကို ဂရုမစိုက်ဖို့ လူတွေအားလုံးကို ငါပြောထားတာ။ မင်းက ဘာ လူဝါးဝပြီး သူ့ကို ပိုက်ဆံပေးနေရတာလဲ။ ဘာလဲ၊ မင်းကိုယ်မင်း ပိုက်ဆံပေါတယ်ဆိုတာ ပြချင်လို့လား။ ဒီမြို့ထဲလာပြီး မင်း ငါ့ကို လာအန်တုတာပေါ့ ဟုတ်လား"

ထို သန်မာထွားကျိုင်းသော လူကြီးသည် ကြောက်ဖွယ်အသံကြီးဖြင့် ဟိန်းလိုက်၏။ "ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော် ပေးတာပဲဗျာ။ နောင်ကြီးမှာ ဘာထိခိုက်လို့လဲ"

ထိုလူသည် စုန်ကျန့်ကို ဖျစ်ညှစ်လိုက်ပြီးနောက်-

"ဟေ့၊ ရာဇဝတ်ကောင်သူခိုး။ မင်းက ငါ့ကို အာခံရဲတယ်ပေါ့"

"ဘာဖြစ်လို့ အာမခံရဲရမှာလဲဗျာ"

ထိုလူကြီးသည် စုန်ကျန့်၏ မျက်နှာဆီသို့ လက်သီးနှစ်လုံး ပစ်သွင်းလိုက်၏။ စုန်ကျန့် က ခေါင်းငုံ့၍ ရှောင်လိုက်၏။ ထိုလူကြီးသည် ထပ်၍ ထိုးပြန်၏။ စုန်ကျန့်ကလည်း တိမ်း လိုက်ပြန်၏။ ထိုစဉ် သိုင်းဆရာသည် လူအုပ်ကြားထဲမှ တိုးဝှေ့လာကာ ထိုလူကြီး၏ ပဝါစ နှင့် ခါးကို ဖမ်းဆုပ်လိုက်ပြီးနောက် နံရိုးဆီသို့ တချက်ပိတ်ထိုးလိုက်ကာ ချာချာလှည့်ပြီး မြေကြီးပေါ်သို့ ပစ်ချလိုက်၏။ ထိုလူကြီးသည် မြေကြီးပေါ်မှ ထရန် ကြိုးစား၏။ သိုင်း ဆရာက ခုန်၍ တချက်ကန်လိုက်သည်တွင် ဗိုင်းခနဲ လဲကျသွားပြန်၏။ အစောင့်နှစ်ယောက် တို့က ဆေးမြစ်သည်ကို ဝင်၍ ဆွဲကြ၏။ လူကြီးသည် ထလာကာ စုန်ကျန့်နှင့် သိုင်းဆရာ တို့ကို ကြည့်လျက်-

"မင်းတို့ကောင်တွေ နေနှင့်ကြဦးပေါ့။ ပြေးနိုင်ရင် ပြေးကြပေါ့"ဟု ဆိုကာ တောင်ဘက် ဆီသို့ ခပ်သုတ်သုတ် ထွက်သွား၏။

"နောင်ကြီးရဲ့ ဇာတိနဲ့ နာမည်ကို သိပါရစေဗျာ" ဟု စုန်ကျန့်က ဆေးမြစ်သည်ကို မေး၏။

"ကျွန်တော့်ဇာတိက ဟေနန်ပြည်နယ်၊ လို့ယန်းခရိုင်ကပါ။ ကျွန်တော့်နာမည်ကို စွေ့ယုံလို့ ခေါ်ပါတယ်။ အဖေ့ဘက်က ကျွန်တော့်အဘိုးက ဗိုလ်ချုပ်ချုံကြီးရဲ့ တပ်မှာ တပ်ဗိုလ်ကလေးပါ။ ဒါပေမဲ့ အဘိုးက သူ့အထက်က အရာရှိဆိုးတွေကို ဆန့်ကျင်တဲ့အတွက် ရာထူးမတက်တော့ပါဘူး။ ဒါနဲ့ သူ့သားတွေ၊ မြေးတွေဟာ သိုင်းကစားပြ၊ ဆေးမြစ်လှည့် ရောင်းပြီး အသက်မွေးရပါတယ်။ ရဲညီနောင် အသိုက်အဝန်းမှာတော့ ကျွန်တော့်ကို ကျားနာလို့ ခေါ်ကြပါတယ်။ နောင်ကြီးရဲ့ နာမည်ကိုလည်း သိပါရစေဗျာ"

"ကျွန်တော့်နာမည်က စုန်ကျန့်ပါ။ ချိန်မှန်မိုးလို့လည်း ခေါ်ကြပါတယ်။ ဇာတိကတော့ ယွန်ကျင့်နယ်ကပါ"

"အလို၊ နေစမ်းပါဦး။ ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်လား ခင်ဗျာ"

"ဟုတ်ပါတယ်"

စွေ့ယုံသည် ဒူးထောက်၍ သူ့ကို လက်အုပ်ချီ၏။ စုန်ကျန့်က သူ့ကို လျင်မြန်စွာ ဆွဲထူ လိုက်လျက် "လာပါဗျာ။ တခွက်တဖလားစီလောက် သောက်ကြရအောင်။ သောက်မယ် မဟုတ်လား"

"ရပါတယ်ခင်ဗျာ။ ကျွန်တော် နောင်ကြီးနဲ့ တွေ့ချင်နေတာ ကြာလှပြီ။ အခွင့်မကြုံ ခဲ့ဘူး"

သိုင်းဆရာသည် သူ့လက်နက်များနှင့် ဆေးမြစ်များကို ထုပ်ပိုးကာ စုန်ကျန့်နှင့်အတူ အနီးရှိ ဘုံဆိုင်တဆိုင်သို့ လိုက်လာခဲ့၏။

"အရက်နဲ့ အမြည်းတော့ ရှိပါတယ်။ ဒါပေမဲ့ နောင်ကြီးတို့ကို ကျွန်တော် မရောင်း ရဲဘူး ခင်ဗျာ" ဟု ဆိုင်ရှင်က ပြော၏။

"ဘာဖြစ်လို့လဲဗျာ"

"စောစောက နောင်ကြီးတို့နဲ့ ရန်ဖြစ်တဲ့လူကြီးက နောင်ကြီးတို့ကို ဘာမှ မရောင်း ရဘူး။ ရောင်းရင် ကျွန်တော့်ဆိုင်ကို တစစီဖြစ်အောင် ဖျက်ပစ်မယ်လို့ ပြောသွားပါတယ်။ သူ့ကို မလွန်ဆန်ရဲပါဘူး။ ဒီမြို့မှာ သူက ဗိုလ်ပါ။ ဘယ်သူမှ သူနဲ့ မယှဉ်ဝံ့ပါဘူး"

"ကဲ ကဲ၊ ဒါဖြင့် သွားကြစို့။ ကေန္တ ကျုပ်တို့ကို ရန်ရှာဖို့ အကွက်ကောင်းကို စောင့် နေတယ် ထင်တယ်"

"ဒါဖြင့် နောင်ကြီးတို့ပဲ သွားနှင့်ပါတော့ ခင်ဗျာ။ ကျွန်တော့်မှာတော့ ထမင်းဆိုင်ကို ပြန်ပြီး တည်းခိုခကလေးတွေ ရှင်းစရာရှိပါသေးတယ်။

နောက်တရက်၊ နှစ်ရက်လောက် ဆိုရင် ကျုန်းကျို့မြို့မှာ တွေ့ကြတာပေါ့” ဟု စွေ့ယုံက ပြော၏။

စုန်ကျန့်သည် သူ့ကို ငွေစနှစ်ဆယ်ပေးကာ ထွက်ခွာလာခဲ့၏။ စုန်ကျန့်နှင့် အစောင့် နှစ်ယောက်တို့သည် နောက်ထပ် ဘုံဆိုင်တဆိုင်အနီးသို့ ရောက်လာခဲ့ကြ၏။

“ကျွန်တော်တို့ဆရာက မရောင်းရဘူးလို့ ပြောထားပါတယ်ဗျာ။ မရောင်းပါရစေနဲ့။ ခင်ဗျားတို့ တောင်းပန်လို့လည်း အချည်းနှီးပဲ နေမှာပဲ”

စုန်ကျန့်နှင့် အစောင့်နှစ်ယောက်တို့သည် မည်သို့မျှ မပြောနိုင်တော့ပြီ။ နောက်ထပ် ဘုံဆိုင်များသို့ ဝင်သည့်တိုင် ထိုအဖြေကိုသာ ရခဲ့ကြ၏။ မြို့စွန်တွင် တဲသိုက်ကလေး ရှိသဖြင့် စုန်ကျန့်နှင့် အစောင့်နှစ်ယောက်တို့သည် ထိုတဲသိုက်တွင် ညအိပ်ရပ်နားကြ၏။ သို့ရာတွင် သူတို့ကို မည်သည့် ရိပ်သာမျှ လက်မခံကြချေ။ စုန်ကျန့်က အကျိုးအကြောင်း မေးသည့်အခါတွင် သခင်လေးအမိန့်ဟုသာ ပြောကြ၏။

သူတို့ကို ပြောနေ၍ အကြောင်းမထူးတော့ပြီ။ ထို့ကြောင့် သူတို့သည် ပေတရာလမ်းမ ကြီးဆီသို့ ခရီးဆက်ခဲ့ကြ၏။ နီရဲသော နေလုံးကြီးသည် ကောင်းကင်တွင် နိမ့်လျှော ကျဆင်းလျက် ရှိပြီး မိုးချုပ်စ ပြုလာ၏။ ခရီးသည်သုံးဦးတို့သည် စိတ်ပူစ ပြုလာကြ၏။ “သိုင်းကစားတာလေးကို သွားကြည့်မိတာနဲ့ သူ့ကို စော်ကားတယ်ဆိုပြီး ဒုက္ခရောက် ရတယ်ဗျာ။ ခုတော့ အနားမှာ ရွာလည်း မရှိ၊ ထမင်းဆိုင်လည်း မရှိနဲ့။ ဘယ်မှာ သွားအိပ် ရမှန်းတောင် မသိတော့ဘူး” ဟု အချင်းချင်း ပြောမိကြ၏။

လူသွားလမ်းကလေးတခုအဆုံးရှိ တောအုပ်ထဲမှ မီးရောင်တလက်လက်ကို မြင်ရ၏။

“မီးရောင်ကလေး လက်နေတော့ လူတော့ ရှိမှာပဲဗျ။ ဟိုရောက်မှ တညလောက် တည်းဖို့ တောင်းပန်ပြီး မနက်ကျမှ ခရီးဆက်ကြတာပေါ့” ဟု စုန်ကျန့်က ပြော၏။

“မီးရောင်က လမ်းမကြီးနဲ့ တော်တော်ဝေးတယ်ဗျ”

“ဝေးလည်း မတတ်နိုင်ဘူးလေ။ မနက်ဖြန် မနက်ကျရင် နှစ်လီ သုံးလီလောက် ပိုလျှောက်ရရုံပေါ့”

သူတို့သည် နှစ်လီခန့် လာခဲ့ကြရာ တောအုပ်ထဲတွင် အတော်အတန်ကြီးသော တော မြေပိုင်ရှင်တို့ အိမ်ကြီးတလုံးကို တွေ့ရ၏။

ဝင်းတံခါးကို ခေါက်လိုက်သည့်အခါတွင် အစေခံ တယောက်က လာ၍ ဖွင့်ပေး၏။

"ညကြီးမင်းကြီးမှာ တံခါးလာခေါက်တာ ဘယ်သူတွေလဲ"

စုန်ကျန့်က တောင်းပန်သည့် လေသံဖြင့်-

ကျန်းကျို့မြို့ကို သွားမယ့် အကျဉ်းသားပါ ခင်ဗျာ။ လမ်းမှာ နားစရာများ တွေ့မလား လို့ ဆက်လာလိုက်တာ ဘာမှမတွေ့ရလို့ ဒီကိုလာတာပါ။ ကျွန်တော်တို့ကို တညလောက် တည်းခွင့်ပေးပါ ခင်ဗျာ။ ထုံးစံအတိုင်း ပေးဆိုရင်လည်း ပေးပါ့မယ်"

"ဒီမှာနေဦး။ ကျုပ် မြေရှင်ကို သွားမေးဦးမယ်"

အစေခံသည် အထဲသို့ ဝင်သွား၏။ အတန်ကြာလျှင် ပြန်ထွက်လာ၏။

"လာ လာ" ဟု ဆိုကာ အစေခံသည် သူတို့သုံးယောက်အား သက်ငယ်မိုးထားသည့် တဲတလုံးဆီသို့ ခေါ်သွား၏။

မြေရှင်က ခရီးသည်များအား ဝင်းဝအစောင့်တဲတွင် ထားပြီး သူတို့ကို ညစာကျွေးရန် ခိုင်းလိုက်၏။ ဂိတ်စောင့်တဲမှာလည်း သက်ငယ်မိုးပင် ဖြစ်၏။ အစေခံသည် သူတို့ကို မီးထွန်းပေးကာ နားနေရန် ပြော၏။ ထို့နောက် ထမင်းသုံးပန်းကန်၊ ဟင်းသီးဟင်းရွက်နှင့် ဟင်းချိုတို့ကို ယူလာကာ သူတို့ကို ကျွေး၏။ စားသောက်ပြီးသည့်အခါတွင် အစေခံသည် စားပွဲကို ရှင်းလင်းကာ ပစ္စည်းများကို သိမ်းပြီး ပြန်သွား၏။

"စာရေးကြီးရေ၊ ဒီအထဲမှာ ကျွန်တော်တို့ချည်းပဲဆိုတော့ စာရေးကြီးရဲ့ လည်ပင်းက ထိပ်တုံးကြီးကို ဖြုတ်ရအောင်ဗျာ။ စာရေးကြီးလည်း သက်သက်သာသာ အိပ်ရတာပေါ့။ မနက် ခရီးထွက်တော့မှ ပြန်တပ်တာပေါ့"

"ကောင်းတာပေါ့ဗျာ"

လည်တွင် ဆွဲထားသည့် ထိပ်တုံးကို ဖြုတ်ပြီးနောက် စုန်ကျန့်နှင့် အစောင့်နှစ်ယောက် တို့သည် အပေါ့အပါးသွားရန် အပြင်သို့ ထွက်ခဲ့ကြ၏။ စုန်ကျန့်သည် ကြယ်တို့ ပြည့်လျှက် ရှိသော ကောင်းကင်ကြီးနှင့် တလင်းအစွန်ရှိ တောလမ်းကလေးကို လှမ်းကြည့်ကာ ထို နေရာများကို စိတ်ထဲတွင် မှတ်သားထားလိုက်၏။ သူတို့သည် ဝင်းစောင့်တဲဆီသို့ ပြန်လာ ခဲ့ကြကာ မင်းတုပ်ထိုးပြီးနောက် အိပ်စက်ကြ၏။ မြေရှင်၏ သနားမှုကြောင့် တည်းခိုခွင့် ရပေသည်ဟု အောက်မေ့မိကြ၏။ ထိုစဉ် တလင်းဘက်ဆီမှ အသံများကို ကြားရ၏။ စုန်ကျန့်သည် တံခါးပေါက်ကြားမှ ချောင်းကြည့်လိုက်၏။ မြေရှင်နှင့်

အစေခံသုံးယောက် တို့သည် မီးတုတ်များကို ကိုင်ကာ ဝင်းထဲသို့ လှည့်လည်စစ်ဆေးလျက် ရှိကြ၏။

"ကျုပ်အဖေလိုပဲဗျ။ ညအိပ်ခါနီးဆိုရင် သူကိုယ်တိုင် ဝင်းထဲကို လှည့်ကြည့်ပြီးမှ အိပ်တယ်"

ထိုစဉ် ဝင်းအပြင်ဘက်မှ "တံခါးဖွင့်ကြစမ်းဟေ့" ဟူသော အော်သံကို ကြားရ၏။ အစေခံများသည် ဝင်းတံခါးကြီးကို သွားဖွင့်ပေးကြ၏။ ဝင်းထဲသို့ လူ ခြောက်ယောက် ခုနစ် ယောက်ခန့် ဝင်လာကြ၏။ ရှေ့ဆုံးမှ လူ၏ လက်ထဲတွင် မိုန်းကြီးတလက်ကို ကိုင်ထားပြီး နောက်လိုက်များ လက်ထဲတွင်လည်း တင်းပုတ်များ၊ ခက်ရင်းခွများကို ကိုင်ထားကြ၏။ လရောင်ကြောင့် စုန်ကျန့်သည် သူတို့ကို သဲကွဲစွာ မြင်နေရ၏။

"အလို၊ မိုန်းကြီးကို ကိုင်ထားတဲ့လူက မြို့ထဲမှာ ကျုပ်တို့နဲ့ ရန်ဖြစ်ခဲ့တဲ့ လူပါကလား"

ထို့နောက် မြေရှင်၏အသံကို ကြားရ၏။

"ဟင်၊ ငါ့သား။ ဘယ်က လာတာလဲ။ ဘယ်သူနဲ့ ရန်ဖြစ်လာပြန်ပြီလဲ။ လက်ထဲ မှာလည်း လက်နက်တွေနဲ့"

"အဖေ မသိပါဘူးဗျာ။ အစ်ကိုကြီးကော ဘယ်မလဲ"

"မူးပြီး နောက်ဖေးဆောင်ဘက်မှာ အိပ်ပျော်နေလေရဲ့"

"သူ့သွားနှိုးရမယ်ဗျ။ အစ်ကို့ကို ခေါ်ပြီး အဲဒီကောင်နောက်ကို လိုက်ရမယ်"

"အင်း၊ ရန်ဖြစ်လာပြန်ပြီကိုး။ မင်းအစ်ကိုပါလာရင် ခြေလွန်လက်လွန်တွေ ဖြစ်ကုန် တော့မှာပဲ။ ဘာဖြစ်လာတာလဲကွာ။ ပြောစမ်းပါဦး"

"ဒီနေ့ မြို့ထဲကို သိုင်းကစားပြပြီး ဆေးမြစ်ရောင်းတဲ့ လူတယောက် ရောက်လာတယ် အဖေရ။ မြို့ထဲရောက်တော့ ကျွန်တော်နဲ့ အစ်ကို့ဆီကိုလည်း ခွင့်ပြုချက်မတောင်းဘဲနဲ့ သိုင်းကစားပြတယ်။ ဒီတော့ ကျွန်တော်က ဒီကောင်ကို ပိုက်ဆံတပြားမှ မထည့်ကြနဲ့လို့ ပရိသတ်ကို ပြောထားတယ်။ ဒီတုန်းမှာ အကျဉ်းသားတယောက် ရောက်လာပြီး ကြွား ချင်တာနဲ့ အဲဒီသိုင်းသမားကို ငွေငါးကျပ် ပေးလိုက်တယ်။ ဒါ သက်သက် ကျွန်တော်တို့ကို စော်ကားတာ။ ဒါနဲ့ ကျွန်တော်က အကျဉ်းသားကို ဆုံးမ မလို့သွားတော့ အဲဒီ ဆေးမြစ် ရောင်းတဲ့ ကောင်က ကျွန်တော့်ကို ကိုင်ပေါက်ပြီး တချက်ကန်သွားတယ်။ ကျွန်တော့် နံဘေးမှာ ခုထိ အောင့်နေတုန်းရှိသေးတယ်။ ဒါနဲ့ ကျွန်တော်က တပည့်တွေကို

အရက် ဆိုင်တွေနဲ့ ထမင်းဆိုင်တွေ လွှတ်ပြီး ဒီကောင်တွေကို မရောင်းဖို့၊ တည်းခိုခွင့် မပေးဖို့ ပိတ်ထားလိုက်တယ်။ ဒီနေ့ညတော့ ဒီကောင်တွေ ဘယ်မှာမှ အိပ်စရာ မရှိတော့ဘူး။ ကျွန်တော်လည်း ကစားဝိုင်းက လူတွေကို စုပြီး ဆေးမြစ်သည် တည်းနေတဲ့ ထမင်းဆိုင်ကို လိုက်သွားပြီး ဖမ်းလာတယ်။ ခု ဒီကောင် ကျွန်တော်တို့သိုင်းဆရာကြီး အိမ်မှာ ကြိုးနဲ့ တုပ်ထားပစ်ခဲ့တယ်။ မနက်ဖြန်ကျရင်တော့ ဒီကောင်ကို ခြေတွေ၊ လက်တွေ ကြိုးနဲ့ တုပ်ပြီး မြစ်ထဲကို ပစ်ချရမယ်။ ဒါမှ ဒီကောင် ကိစ္စအေးမယ်။ ဒါပေမဲ့ အကျဉ်းသားနဲ့ အစောင့်နှစ်ယောက်ကို ရှာလို့မတွေ့သေးဘူး။ ရွာမှာ သူတို့ တည်းစရာ ထမင်းဆိုင်တို့၊ ဘာတို့လည်း မရှိတော့ဘူး။ ဒီကောင် ဒီနေ့ည ဘယ်များ ဝင်ခိုနေသလဲ မသိဘူး။ အစ်ကိုနဲ့ ကျွန်တော် နှစ်စုခွဲပြီး ဒီကောင့်နောက်ကို လိုက်ရှာရမယ်”

“မမိုက်ပါနဲ့ သားရယ်။ ဆေးမြစ်သည်ကို သူ့ဘာသာသူ ပိုက်ဆံပေးတာ မင်းနဲ့ ဘာ ဆိုင်တာမှတ်လို့။ မင်း ဘာဖြစ်လို့ သူ့ကို သွားလုပ်သလဲ။ သူ့လုပ်တော့ မင်းကို ပြန်လုပ် လိုက်ပြီ မဟုတ်လား။ သားမှာ ဒီလောက်လည်း ထိခိုက်သွားတာ မဟုတ်ပါဘူး။ မင်း အစ်ကိုကို သွားတိုင်ရင် နောက်ထပ် တယောက်ယောက်ကို သတ်လာပြန်ဦးတော့မယ်။ အဖေ့စကားကို နားထောင်စမ်းပါ။ အိမ်ထဲမှာ သွားပြီး အိပ်ချေတော့။ ညကြီးသန်းခေါင် သူများအိမ်တံခါးကို လည်ခေါက်နေတယ် ဆိုတာ မကောင်းပါဘူး။ တော်တော်ကြာ ရွာ လန့်ကုန်လိမ့်မယ်။ ကုသိုလ်ကလေး ဘာလေး ပွားစမ်းပါ”

ထွားကျိုင်းသန်မာသည့် ထိုလူသည် ထိုစကားကို နားမထောင်ချေ။ မှိန်းကို ကောက် ကိုင်ကာ အိမ်ထဲသို့ ဝင်သွားသဖြင့် ဖခင်လုပ်သူမှာ နောက်မှ လိုက်လာရ၏။

စုန်ကျန့်က အစောင့်များသို့ လှည့်၍-

“တိုက်တိုက်ဆိုင်ဆိုင်လာပြီး ဖြစ်ရလေတယ်ဗျာ။ ကံနှယ် ဆိုးလိုက်တာ။ သူ့အိမ်ကိုမှ လာပြီး တည်းခိုမိလျက်သား ဖြစ်နေတယ်။ ကဲ၊ သွားကြတာပဲ ကောင်းတယ်။ ကျုပ်တို့ကို တွေ့သွားရင် သတ်နေလိမ့်မယ်။ အဖေလုပ်သူက ဘာမှမပြောသည့်တိုင် အစေခံတွေက မပြောဘဲ နေရဲမှာ မဟုတ်ဘူး”

“စာရေးကြီးပြောတာ မှန်တယ်ဗျို့။ သွားတာပဲ ကောင်းတယ်”

“ရှေ့တံခါးပေါက်တော့ မသွားကြနဲ့ဗျာ။ အိမ်နောက်က နေပြီး နောက်ဖေးပေါက်ရှာ ထွက်ကြစို့”

အစောင့်များသည် သူတို့အထုပ်များကို သယ်ကာ စုန်ကျန့်မှာလည်း သူ့ထိပ်တုံးကို လည်တွင်ဆွဲပြီးနောက် သူတို့သုံးယောက်သည် အိမ်နောက်ဖေးသို့

ကွေ့ပတ်လာခဲ့ကြကာ ဝင်းတံတိုင်း အောက်မှနေ၍ မြေကြီးကို တူးကြ၏။ ထို့နောက် သူတို့သည် ကြယ်ရောင် အောက်မှ လူသွားလမ်းကလေးအတိုင်း တောအုပ်ဆီသို့ လာခဲ့ကြ၏။ သူတို့သုံးယောက် သည် တမောင်းကြာမျှ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြင့် သွားနေကြရ၏။" (**ဤနေရာတွင် စာဆက်ပြတ်နေသည်။ . . . . စုန်ကျန့်နှင့် အစောင့်နှစ်ယောက်သည် အမှောင်ထဲတွင် ဆက်၍ လျှောက် လာကြပြီးနောက် ရှင့်ယန်မြစ်ကမ်းပါးသို့ ရောက်လာသည်။ ထိုစဉ် လှေတစ်စင်း မြစ်ထဲမှာ ပေါ်လာသည်။ စုန်ကျန့်တို့က အကျိုး အကြောင်း ပြောပြပြီး သူတို့ကို ခေါ်သွားဖို့ တောင်းပန်သည်။ ငွေစများ ပေးမည်ဟုလည်း ပြောသည်။ ကူးတို့သမားက သူတို့ သုံးဦးအား ခေါ်တင်သွားသည်။ ကူးတို့သမားမှာ ချန်ဟင်း ဖြစ်လေသည်။**

ထိုစဉ် ကမ်းတစ်ဖက်ဆီမှ ကူးတို့သမားအား ကမ်းဆီ ပြန်လှော်လာခဲ့ရန် ခေါ်သံကြားသည်။ စုန်ကျန့်တို့ကလည်း လှေ သမားအား ပြန်မလှော်ဖို့ တောင်းပန်ပြန်သည်။ ခေါ်သူမှာ မူညီအစ်ကို ဖြစ်ပြီး ကူးတို့သမားက ဂရုမစိုက်ဘဲ ဆက်လက် လှော်ခတ်နေသဖြင့် သူတို့ပြောသည်ကို မကြားဘူးလားဟု ပြန်မေးစဉ် ကူးတို့သမားက "ဟေ့၊ ငါ မကန်းဘူးကွ" ဟူ၍ ပြန် ပြောခြင်းဖြစ်သည်။ – တိုးမြစ်)

"ဟေ့၊ ငါမကန်းဘူးကွ"

"ဒါဖြင့် ပြန်လာခဲ့ပါ။ စကားပြောစရာရှိလို့ပါ"

"ပြောစရာရှိရင် မနက်ဖြန်မှ ပြော။ ငါ့ခရီးသည်တွေက အလျင်လိုနေလို့"

"ခင်ဗျားလှေပေါ်မှာ လိုက်လာတဲ့ လူသုံးယောက်ဟာ ကျုပ်တို့ညီအစ်ကို လိုက်ရှာ နေတဲ့ လူတွေဗျ"

"ဟေ့၊ အဲဒါ ငါ့ဆွေမျိုးသားချင်းတွေကွ။ သူတို့ဟာ ငါ့အဖို့ အစားအစာဆိုလည်း ဟုတ်တယ်။ အဝတ်အထည်ဆိုလည်း ဟုတ်တယ်။ ငါ သူတို့ကို "ခေါက်ဆွဲ" ကျွေးဖို့ ခေါ်လာတာ"

"ဗျို့လူ။ ပြန်လှည့်ခဲ့ပါ။ ကျုပ်တို့ ပြောစရာရှိလို့ပါ"

"ဘာလဲ။ ငါ့အစာနဲ့ အဝတ်အစားကို မင်းတို့ကို ပေးရမယ်လား။ အဝေးကြီးကွ။ ဘယ်တော့မှ မပေးဘူး"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့က အကျဉ်းသားကို ရရင် တော်ပါပြီ။ ခေါ်ခဲ့စမ်းပါ"

ကူးတို့သမားသည် ခတ်တက်ကို ဆက်၍ လှော်ခတ်နေ၏။

"ငါ့မှာ ခရီးသည် မရတာ ကြာလှပြီကွ။ ဒီတော့ မင်းတို့ဆီကို ပြန်မပို့နိုင်ဘူး။

နောက် များမှ တွေ့မယ်”

စုန်ကျန့်သည် သူပြောသည့် အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ချေ။ ထို့ကြောင့် အစောင့်များကို ကပ်၍-

“ကျုပ်တို့ ဒီကူးတို့သမားနဲ့ တွေ့တာ သိပ်ကံကောင်းတာပဲဗျ။ ကျုပ်တို့ဘက်က လိုက်ပေးလို့ တော်သေးတာပေါ့။ မောင်မင်းကြီးသား ကျေးဇူးကို မမေ့ပါဘူးဗျာ။ သူသာ ကျုပ်တို့ကို မပို့ရင် ခုလောက်ဆို ကျုပ်တို့ အသက်နဲ့ ကိုယ် အိုးစားကွဲလောက်ပြီ”

ကူးတို့သမားသည် လှေကို ဆက်၍ လှော်လာခဲ့၏။ အတန်ကြာလျှင် သူတို့လှေကလေး သည် ကမ်းနှင့် တော်တော် ဝေးလာခဲ့လေပြီ။ ကျူတောထဲတွင် တလက်လက် ကျန်ရစ် ခဲ့သော မီးတုတ်များကိုသာ တလက်လက် မြင်ရ၏။

စုန်ကျန့်က-

“ကံကောင်းလိုက်တာဗျာ။ ‘သူတော်ကောင်းအချင်းချင်း တွေ့ရင် သူယုတ်မာတို့ အဝေးက ရှဲ့ကြရ၏” ဆိုတဲ့ စကားဟာ တယ်မှန်ပေတာပဲ။ ခုတော့ ကျွန်တော်တို့ အသက် ဘေးက လွတ်လာခဲ့ပြီပေါ့"

ကူးတို့သမားသည် လှေကို လှော်ခတ်လာရင်း **သီချင်းတပုဒ်**22”ကို ညည်းလာ၏။

စုန်ကျန့်နှင့် အဖော်များသည် ထိတ်လန့်သွားကာ အရိုးတွေ ပျော့ခွေသွားသည်ဟု မှတ်လိုက်ရ၏။ “တို့ကို နောက်ပြောနေတာ ထင်ပါရဲ့” ဟု စုန်ကျန့် တွေးမိသေး၏။ သူတို့ သုံးယောက်သည် အခြေအနေကို အကဲခတ်၍ တိုင်ပင်နေကြစဉ် ကူးတို့သမားသည် လှေလှော်ရာမှ ရပ်လိုက်ပြီး ခတ်တက်ကို ဘေးသို့ ချလိုက်၏။

“ဟေ့၊ ရာဇဝတ်ကောင်နဲ့ ရဲနှစ်ယောက်။ ငါတို့ မှောင်ခိုလုပ်ငန်းကို အနှောင့်အယှက် ပေးနေသူတွေဟာ မင်းတို့လိုကောင်တွေပဲ မဟုတ်လား။ ဒီနေ့ မင်းတို့ ငါ့လက်ထဲ ရောက်ပြီ မဟုတ်လား။ ကဲ၊ မင်းတို့ ဘာစားမလဲ။ “ခေါက်ဆွဲ’ ကြိုက်သလား။ “ဟင်းချိုထဲက ပေါက်စီ ကို ကြိုက်သလား”

“နောင်ကြီးရယ်။ မနောက်ပါနဲ့ဗျာ။ ခင်ဗျားပြောတာတွေကို ကျွန်တော်တို့ နားမလည် ပါလား”

ကူးတို့သမားက သူ့ကို ကြောက်ဖွယ် စိုက်ကြည့်လိုက်လျက်-

“နောက်နေတာ မဟုတ်ဘူးကွ။ အတည်ပြောနေတာ။ “ခေါက်ဆွဲ” ကို

စားချင် တယ်ဆိုရင် ငါ့လှေအကန့်ထဲမှာ လေကိုတောင် ပြတ်အောင် ခုတ်နိုင်တဲ့ ဓားပါတယ်။ မင်းတို့ သုံးယောက်ကို သုံးချက်တောင် မခုတ်ရဘူး။ တချက်တည်းခုတ်ရုံနဲ့ သုံးယောက်လုံး ရေထဲမှာကျတယ်။ "ဟင်းချို ပေါက်စီ" ကို စားချင်တယ်ဆိုရင် ဝတ်လာတဲ့ အဝတ်အစား တွေကို အကုန်ချွတ်၊ ကိုယ်တုံးလုံး ရေထဲ ခုန်ဆင်းပြီး ရေနစ်သေကြ"

စုန်ကျန့်သည် အစောင့်လက်ကို ဆုပ်ကိုင်လိုက်ကာ-

"ကျုပ်ကို ကံဆိုးပါတယ်ဗျာ။ "သုခချမ်းသာများဟာ တခေါက်သာ လာပြီး ဒုက္ခ ဆင်းရဲတွေသာ အုပ်လိုက်ချီလာတတ်တယ်" ဆိုတဲ့ စကားဟာ တယ်မှန်တာပဲ"

"ကဲ၊ ဘယ်ဟာကို ကြိုက်သလဲဟေ့။ မြန်မြန်ပြောကြ"ဟု ကူးတို့သမားက ငေါက်၏။

စုန်ကျန့်က-

"ကျွန်တော်တို့ဟာ ဒီကို လာချင်လို့ လာတာ မဟုတ်ပါဘူးခင်ဗျာ။ ကျီယန်တောင် ကြောပေါ်မှာ နယ်နှင်ခံရတုန်း ကျွန်တော်ဟာ ရာဇဝတ်မှုတခုကို ကျူးလွန်ခဲ့ပါတယ်။ ကျွန်တော့်ကို သနားပါ။ ပြီးတော့ အစောင့်နှစ်ယောက်ကိုလည်း ချမ်းသာပေးပါ။

"လေကုန်ရုံပဲ ရှိမယ်ကွာ။ ငါ့နာမည် ခွေးဘီလူးချန်လို့ ခေါ်တယ်။ မှတ်ထားကြ။ ငါက အဖေလည်း ဂရုမစိုက်ဘူး။ အမေလည်း ဂရုမစိုက်ဘူး။ မင်းတို့ သောက်ပါးစပ်တွေကို ပိတ်ပြီး ရေထဲကို ဆင်းကြ"

"ကျွန်တော်တို့မှာ ရွှေတွေ၊ ငွေတွေ၊ အဝတ်အစားတွေ ပါလာပါတယ် ခင်ဗျာ။ အားလုံး ယူလိုက်ပါ။ အသက်ကိုတော့ ချမ်းသာပေးပါ"

ကူးတို့သမားသည် ရောကို ဖုံးထားသည့် ပျဉ်ပြားအောက်မှ နေ၍ တလက်လက် တောက်နေသည့် ဓားမြှောင်ကြီးတလက်ကို ထုတ်ယူလိုက်၏။ "ဟေ့ကောင်တွေ၊ ကြိုက် တာရွေးကြ"ဟု အော်၏။

စုန်ကျန့်သည် ကောင်းကင်ကို မော့ကြည့်၍ သက်ပြင်းချ၏။

"ကျုပ်မှာ ဘုရားတရားကို မရိုသေခဲ့မိလို့၊ မိဘကို မရိုသေခဲ့မိလို့ ဒုက္ခတွေ တွေ့ရတာ။ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့လို့ ဒုက္ခတွေ့ရတာ။ ခုတော့ ခင်ဗျားတို့နှစ်ယောက်တောင် အဆစ်ပါရတော့မယ်"

အစောင့်နှစ်ယောက်က သူ့လက်ကို ဖမ်းဆွဲကာ-

“ဒီလိုမပြောပါနဲ့ နောင်ကြီးရယ်။ ကျွန်တော်တို့ အတူတူလာခဲ့ကြတာ။ ဆိုးအတူ ကောင်းအတူပေါ့”

“ဟေ့ကောင်တွေ၊ အဝတ်အစားတွေကို အကုန်ချွတ်ပြီး ခုန်ဆင်းကြ။ မဆင်းရင် ငါ ဓားနဲ့ ပိုင်းပစ်လိုက်မယ်”

သူတို့သုံးယောက်သည် ကုတ်ကုတ်ကလေးတွေ ထိုင်ကာ ရေပြင်ကြီးကို စိုက်ကြည့် နေကြ၏။ ခတ်တက်များ၏ တကျွီကျွီမြည်သံကို ကြားရ၏။ ကူးတို့သမားသည် ဘေး ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ သူတို့ဆီသို့ အပြင်းလှော်ခတ်လာသော လှေငယ် ကလေးတစီးကို မြင်ရ၏။ ကြီးမားတုတ်ခိုင်သည့် လူကြီးတယောက်သည် လက်တွင် သုံးခွ ခက်ရင်းကြီးကို ကိုင်၍ လှေဦးတွင် မတ်တတ်ရပ်လျက် လိုက်ပါလာ၏။ တပည့်နှစ်ဦးမှာ တက်နှစ်စီးဖြင့် လှေကို အပြင်းလှော်လာကြ၏။ လရောင်အောက်တွင် လှေကလေးသည် ဝေးရာမှ တဖြည်းဖြည်း နီးလာခဲ့လေပြီ။

“ဟေ့၊ ဘယ်သူလဲ။ တို့ပိုင်တဲ့ ရေပြင်ထဲမှာ ဘယ်ကောင်တွေ ဘာလာလုပ်နေတာလဲ။ လှေပေါ်မှာ ပါလာတဲ့ ပစ္စည်းကို တို့လည်း တဝက်ဆိုင်တယ်”

ကူးတို့သမားက-

"ဩော်၊ နောင်ကြီးလီတို့လား။ ကျွန်တော်က ဘယ်သူတွေများလဲလို့။ နောင်ကြီးတို့ အလုပ်ရှိလို့ ထွက်လာကြတာလား။ ကျွန်တော်ကော မလိုက်ရဘူးလား”

"ဩော်၊ ချန်လားဟေ့။ ဒီနေ့ည ဘာတွေများ ရလာသလဲ”

“ဘာတွေ ရလာသလဲလို့တော့ မမေးနဲ့ နောင်ကြီးရေ။ နောင်ကြီးတို့ ကြားရင် ရယ် မယ်။ ဒီနေ့ ဘာအလုပ်မှ မဖြစ်ဘူး။ အလုပ်မဖြစ်ရတဲ့အထဲမှာ ကစားဝိုင်းမှာ ရှုံးလာသေး တယ်။ အိတ်ထဲမှာ တပြားမှတောင် မကျန်ဘူး။ ဒါနဲ့ ကျွန်တော်လည်း စိတ်ပျက်ပျက်နဲ့ ကမ်းစပ်မှာ ထိုင်နေတုန်း လူတသိုက်က ခြောက်တင်လိုက်လို့ ပစ္စည်းသုံးခု ကျွန်တော့် လှေပေါ် ရောက်လာတယ်ဗျ။ အစောင့်နှစ်ယောက်နဲ့ ကိုယ်လုံးကိုယ်ပေါက်ထွားထွား၊ အသားညိုညို အကျဉ်းသမားတယောက်ရယ်။ ကျွန်တော်တော့ ဘယ်သူမှန်း မသိဘူး။ သူကတော့ ကျန်းကျိုမြို့ကို နယ်နှင်ခံရတဲ့ အကျဉ်းသမားလို့ ပြောတယ်။ ဒါပေမဲ့ လည်ပင်း မှာ ထိပ်တုံးဆွဲထားတာ မတွေ့ရဘူး။ သူတို့နောက်က လိုက်လာတဲ့ ဂိုဏ်းကတော့ နောင်ကြီးတို့နယ်က မူညီအစ်ကိုတွေပဲ။ သူတို့ကတော့ ဒီလူကို တော်တော်လိုချင်နေကြ တယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း

ဘယ်လွယ်လွယ်ပေးနိုင်မလဲ။ ဒီလူဆီမှာ ပစ္စည်းတွေ တော်တော်များများ ပါလာတာ။ ယူချင်းယူရင် ကိုယ်ပဲ ယူမှာပေါ့”

“ဟေ၊ ဟုတ်လား။ ငါ့နောင်တော် စုန်ကျန့်များ ဖြစ်နေမလား မသိဘူး”

ထိုအသံကို သူ ကြားဖူးသည်ဟု စုန်ကျန့် ထင်၏။ ထို့ကြောင့် လှေထဲမှနေ၍ ထိုလူကို လှမ်း၍ အရိုအသေပြုလိုက်၏။

“နောင်ကြီးက ဘယ်သူများပါလိမ့်ဗျာ။ ဟုတ်ပါတယ်။ ကျွန်တော် စုန်ကျန့်ပါ။ ကျွန်တော့်ကို ကယ်ပါ ခင်ဗျာ”

“ဟုတ်တာပေါ့။ စုန်ကျန့်ရဲ့ အသံပဲ။ ဘာဖြစ်လို့စောစောက မပြောတာလဲ”ဟု ထိုလူက လှမ်းမေး၏။

စုန်ကျန့်သည် လှေဝမ်းထဲတွင် ဝပ်နေရာမှ ရောကြမ်းပြင်ပေါ်သို့ တက်၍ ရပ်လိုက်၏။ ကြယ်ရောင် လင်းထိန်လျက် ရှိသည့်အလျောက် အခြားလှေပေါ်မှ ပါလာသူများကို ကောင်းစွာ မြင်ရ၏။ လှေဦးတွင် ရပ်နေသူမှာ ရေနဂါးဟု ခေါ်သည့် လီကျွမ်း ဖြစ်၏။ နောက်ပိုင်းတွင် ထိုင်၍ ပဲ့ကိုင်လာသူမှာ လိုဏ်ဂူနဂါးဟု ခေါ်ကြသော တုန်ဝေ့ ဖြစ်၏။ နောက်တယောက်မှာ မြစ်မွှေတုတ်ဟု အမည်တွင်သော တုန်မင်း ဖြစ်၏။ လီကျွမ်းက သူတို့လှေပေါ်သို့ ခုန်ကူးလိုက်လာကာ-

“နောင်ကြီး တော်တော်စိုးရိမ်နေတယ် ထင်တယ်။ ဟုတ်တာပေါ့။ ကျွန်တော်တို့ လာတာ နည်းနည်းနောက်ကျသွားရင် နောင်ကြီး ကိစ္စချောလောက်ပြီ။ ဒီညတော့ အိမ်မှာ နေရတာ ပျင်းပျင်းရှိတာနဲ့ မှောင်ခိုပစ္စည်းကလေး ဘာလေး ထုတ်ရရင် ကောင်းမှာဆိုပြီး ထွက်လာခဲ့မိတာ ကံကောင်းတာပေါ့။ နောင်ကြီးကို ဒီလိုတွေ့ရလိမ့်မယ်လို့ နည်းနည်း လေးမှ မမျှော်လင့်ဘူးဗျာ”

ကူးတို့သမားမှာ စကားပင် မပြောနိုင်တော့ဘဲ ကြက်သေသေလျက်ရှိ၏။

“နေစမ်းပါဦး နောင်ကြီးလီရဲ့။ စုန်ကျန့်ဆိုတာ ဒီလူလား။ ရှန်တောင်နယ်က ချိန်မှန် မိုးလို့ ခေါ်တဲ့ စုန်ကျန့်လေ”

“ဟုတ်ပါတယ်”

ကူးတို့သမားသည် ဒူးထောက်ထိုင်ချလိုက်ပြီးနောက် လက်အုပ်ချီ၍ ကန်တော့၏။

“နောင်ကြီးနှယ်ဗျာ။ နာမည်ကလေးကိုပဲ ထုတ်ပြောလိုက်ရောပေါ့။ နာမည်ပြော လိုက်ရင် ဘယ်မှာ ဒီလိုလုပ်ပါ့မလဲ။ ခုတော့ ကံကောင်းလို့

အသက်တောင် သတ်မိတော့ မလို့ သီသီကလေး လိုတော့တယ်”

စုန်ကျန့်က လီကျွမ်းဘက်သို့ လှည့်၍-

“အဲဒီကူးတို့သမားက ဘယ်ကလဲဗျာ။ သူ့နာမည်က ဘယ်သူတဲ့လဲ”

“ကျုပ်ရဲ့ သွေးညီနောင်တဦးလို့ ဆိုပါတော့။ နေတာကတော့ အထီးကျန်တောင်မှာ ပါ။ သူ့နာမည်က ချန်ဟင်းတဲ့။ သူ့ကို လှေမီးလျှံလို့လည်း ခေါ်ကြတယ်။ အဲ၊ သူ့အလုပ်က တော့ ရှင့်ယန်မြစ်ထဲမှာ အေးအေးဆေးဆေး သိက္ခာရှိတဲ့ အလုပ် ဆိုပါစို့”

စုန်ကျန့်နှင့် အစောင့်နှစ်ယောက်တို့သည် ရယ်လိုက်ကြ၏။ လှေနှစ်စီးတို့သည် ကမ်းသို့ လှော်ခတ်လာခဲ့ကြပြီးလျှင် ကမ်းသို့ရောက်သည်နှင့် ဆိုက်လိုက်ကြ၏။ စုန်ကျန့်နှင့် အစောင့် နှစ်ယောက်တို့သည်လည်း လှေပေါ်မှ ဆင်းကြ၏။

လီကျွမ်းက ချန်ဟင်းဘက်သို့ လှည့်၍-

“ကောင်းကင်မှာရှိတဲ့ ရဲညီနောင်တွေအနက် ဟောဒီက စာရေးကြီးစုန်ကျန့်လို မျှတ တဲ့ လူ ဆိုလို့ တယောက်မှ မရှိဘူးလို့ ကျွန်တော် ခင်ဗျားကို မကြာမကြာ ပြောဖူးတယ် မဟုတ်လား။ ကဲ၊ ဒီနေ့ ခင်ဗျား သူ့ကို သေသေချာချာ အကဲခတ်နိုင်ပါပြီ”

ချန်ဟင်းသည် မီးခတ်ကျောက်ကို ခတ်လိုက်ပြီးနောက် မှန်အိမ်တလုံးကို ထွန်းကာ စုန်ကျန့်ကို သေချာစွာ ကြည့်၏။ ချန်ဟင်းသည် သဲပြင်ပေါ်တွင် နောက်တကြိမ် ဒူးထောက် လိုက်လျက် စုန်ကျန့်ကို လက်အုပ်ချီ၍ ဂါရဝပြုပြန်၏။

“နောင်ကြီး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်။ ပြီးတော့ ဒီနေရာကို ဘာဖြစ်လို့ နယ်နှင် ခံရတာလဲ”

လီကျွမ်းက စုန်ကျန့် ကျူးလွန်ခဲ့သည့် အမှုကို ပြောပြပြီးနောက်-

“ခု ကျန်းကျို့မြို့ကို နယ်နှင်ခံရတာ”

ချန်ဟင်းက စုန်ကျန့်သို့ လှည့်၍-

“နောင်ကြီးကို တခု ပြောလိုက်ရဦးမယ်။ ကျွန်တော်တို့အမေက သားနှစ်ယောက် မွေးပါတယ်။ ကျွန်တော်ရယ်၊ ကျွန်တော့်ညီ ချန်ရွှန်းရယ်ပါ။ ချန်ရွှန်းဟာ တော်တော် ထူးခြားတဲ့ သူငယ်ပါ။ သူ့အသားကလည်း ဖြူလိုက်တာ ဆွတ်ဆွတ်ဖြူနေတာပဲ။ ချန်ရွှန်း ဟာ ရေပေါ်မှာ ကူးရင် လီ လေး ငါးဆယ်လောက်

ရေကူးနိုင်ပါတယ်။ ရေငုပ်ရင်လည်း ခုနစ်ရက်နဲ့ ခုနစ်ညလုံးလုံး ငုပ်နိုင်ပါတယ်။ ချန်ရွှန်းဟာ ရေထဲမှာ ကူးသွားရင် အဖြူစီး တခုနဲ့ တူတယ်။ ပြီးတော့ လက်နက်အတတ်တို့ ဘာတို့မှာလည်း ကျွမ်းကျင်တဲ့အတွက် သူ့ကို ဒီလိုင်းဖြူလို့ ခေါ်ကြပါတယ်။ တခါတုန်းကဆိုရင်တော့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် ယန်စီမြစ်ရိုးတလျှောက်မှာ ကျက်စားခဲ့ကြတာပေါ့ဗျာ”

“ကြားရအောင်ဗျာ။ ပြောပြပါလား”

“ကျွန်တော်တို့ ကစားဝိုင်းမှာ ရှုံးလာပြီဆိုတာနဲ့ လူရှင်းတဲ့ ဆိပ်ကမ်းတခုကို လှေနဲ့ သွားပြီး အဲဒီက ခရီးသည်တွေကို ကူးတို့ပို့ပေးတယ်။ ပိုက်ဆံလည်း အကုန်သက်သာ ချင်တယ်၊ ဟိုဘက်ကမ်းကိုလည်း မြန်မြန် ရောက်ချင်တယ် ဆိုတဲ့ ခရီးသည်တွေက ကျွန်တော့်ကူးတို့လှေကို ငှားကြတယ်လေ။ တခါတလေတော့ ကျွန်တော့်ညီ ချန်ရွှန်း ကလည်း အထုပ်အပိုးတွေနဲ့ ခရီးသည်ယောင်ဆောင်ပြီး လှေပေါ်ကို တက်လိုက်လာတယ်။ မြစ်လယ်ကောင်ရောက်တော့မှ လှေကို ကျောက်ချပြီး ကျွန်တော်တို့ပါလာတဲ့ ဓားမြှောင် တွေကို ထုတ်၊ ပိုက်ဆံတောင်းတာပဲ။ ကျွန်တော့်ကူးတို့ခက ကြေးပြားငါးရာလောက်ဆိုရင် သုံးထောင်လောက် တောင်းပစ်လိုက်တယ်။ ပထမဆုံး ခရီးသည် ဟန်ဆောင်လိုက်လာတဲ့ ကျွန်တော့်ညီဆီကို တောင်းတယ်။ ဒီတော့ သူကလည်း မပေးနိုင်ဘူး ဘာဘူးဆိုပြီး ဟန်ဆောင်ပန်ဆောင် ငြင်းတယ်။ ဒီတင် ကျွန်တော်ကလည်း သူ့ကို ခါးက ကိုင်ပြီး ရေထဲ ကို ပစ်ချလိုက်တယ်။ ပြီးတော့ ခရီးသည်တွေဆီကို ပိုက်ဆံလိုက်တောင်းတယ်။ သူတို့ အားလုံးလည်း ကြောက်နေကြပြီလေ။ ဒီတင် သူတို့လည်း ထုတ်ပေးသွားကြတော့တာပဲ။ ဒီတော့မှ ကျွန်တော်လည်း တဖက်ကမ်း လူရှင်းတဲ့နေရာမှ လှေကိုဆိုက်ပြီး သူတို့ကို ချပစ်ခဲ့တယ်။ ကျွန်တော့်ညီကတော့ ရေထဲကနေပြီး ငုပ်သွားတာ ဒီအချိန်လောက်ဆိုရင် ကမ်းကို ရောက်နေပြီလေ။ ခရီးသည်တွေ ထွက်သွားတော့ သူလည်း ကျွန်တော့်ဆီ ရောက်လာတာပေါ့။ သူရောက်လာတော့ ကျွန်တော်တို့ နှစ်ယောက် ပိုက်ဆံခွဲပြီး ကစား ဝိုင်းကို သွားကြပြန်ရော။ ဒါကတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဘယ်လို အသက်မွေးဝမ်းကျောင်းနေကြတယ် ဆိုတာပါပဲ” “ဒီလိုဆိုရင် မြစ်ရိုးတလျှောက်မှာ ခင်ဗျားတို့ကူးတို့ကို စီးချင်တဲ့ ခရီးသည်တွေ တော်တော်များမှာပဲ” ဟု စုန်ကျန့်က ပြော၏။

ဤတွင် လီကျွမ်းနှင့် အခြားသူများက ရယ်ကြ၏။

“ခုတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က လုပ်ငန်းချင်း မတူတော့ပါဘူး။ အဲဒီ လုပ်ငန်းကို မလုပ်တော့ပါဘူး။ ခုတော့ ရွှင့်ယန်မြစ်ရိုးတလျှောက်မှာ မှောင်ခိုလုပ်ငန်း လုပ်ကြပါတယ်။ ဒီနေ့ဆိုရင် ကျွန်တော့်ညီ ချန်ရွှန်းလည်း ပစ္စည်းရောင်းဖို့ ဒီနေ့ပဲ ကျန်းကျိုး ကို ထွက်သွားတယ်။

ဟိုရောက်ရင် ကျွန်တော့်ညီကို ကြည့်လိုက်စမ်းပါ နောင်ကြီးရာ။ အမှန်ကတော့ ကျွန်တော် စာကလေးတစောင် လောက်တောင် ရေးဖို့ ကောင်းတာ။ ဒါပေမဲ့ စာမရေးတတ်တော့ ခက်တာပေါ့”

“ရွာထဲရောက်တော့ စာရေးတို့ ဘာတို့ ရှိမှာပေါ့ဗျာ”ဟု ဆိုကာ လီကျွမ်းက တုန်မင်း တို့ ညီအစ်ကိုနှစ်ယောက်အား လှေစောင့်ထားခဲ့ပြီး ရွာထဲသို့ လာခဲ့ကြ၏။ သူတို့တသိုက် သည် မှန်အိမ်ကို ထွန်း၍ လာခဲ့ကြရာ လီတဝက်ခန့် ရောက်သည့်တိုင် တဖက်ကမ်းမှ မီးတုတ်များမှာ ပျောက်မသွားကြသေးဘဲ ကမ်းစပ်တွင် ရှိနေသေးသည်ကို တွေ့ရ၏။

“ဟိုညီအစ်ကိုနှစ်ယောက်တော့ မပြန်ကြသေးဘူး ထင်တယ်”ဟု ချန်ဟင်းက ပြော၏။

“ဘယ်သူ့ကိုပြောတာလဲ” ဟု လီကျွမ်းက မေး၏။

“ကျွန်တော်တို့မြို့က မူညီအစ်ကိုရယ်လေ”

“ဒါဖြင့် ဟောဒီက နောင်ကြီးစုန်ကျန့်ကို ဂါရဝပြုရအောင် သွားခေါ်ချေဗျာ”

စုန်ကျန့်က ကပျာကယာဖြင့်-

“အမယ်လေး၊ မခေါ်ပါနဲ့ ခင်ဗျာ။ ကျွန်တော့်ကို သတ်မလို့လိုက်တာ သူတို့တတွေပဲဗျ”

လီကျွမ်းက-

“စိတ်မပူပါနဲ့။ နောင်ကြီးမှန်း မသိလို့ပါ။ ကျွန်တော်တို့နဲ့ အတူတူပါပဲ” ဟု ဆိုကာ လက်တဖက်ကို မြှောက်ကာ လက်ခေါက်တချက် မှုတ်လိုက်၏။

မီးတုတ်ကိုင်ထားသည့် လူများသည် သူတို့ဆီသို့ ပြေးလာခဲ့ကြ၏။ မူညီအစ်ကိုတို့သည် စုန်ကျန့်အား တရိုတသေ စကားပြောနေသော လီကျွမ်းနှင့် ချန်ဟင်းတို့ကို မြင်သည့်အခါ တွင် အံ့အားသင့်ကာ ရှေ့သို့မတိုးဘဲ ရပ်ကြည့်နေကြ၏။

“နောင်ကြီးတို့က အဲဒီလူသုံးယောက်ကို သိလို့လား”ဟု သူတို့က မေးကြ၏။

လီကျွမ်းက ရယ်လိုက်လျက်-

“သူ ဘယ်သူတုံးဆိုတာကော သိကြရဲ့လား”

“မသိဘူးခင်ဗျ။ ဒီလူက မြို့ပေါ်မှ ကျွန်တော်တို့ဩဇာကို ဖီဆန်ပြီး

ဆေးမြစ်သည်ကို ပိုက်ဆံတွေ ပေးသွားတယ်။ ဒီတော့ ကျွန်တော်တို့မှာ သိက္ခာတွေ ကျတာပေါ့။ ဒီတင် ဒီလူကို ဖမ်းဖို့ ကျွန်တော်တို့ နောက်က လိုက်ဖမ်းတာ”

“ခင်ဗျားတို့ကို ကျွန်တော် မကြာခဏ ပြောဖူးတဲ့ ရှန်တောင်နယ်၊ ယွန်ကျင့်တိုက် နယ်က မြို့အုပ်ရုံးစာရေးကြီးလေ။ ချိန်မှန်မိုးခေါ် စုန်ကျန့်ဆိုတာ သူပေါ့”

မူညီအစ်ကိုနှစ်ယောက်သည် လက်တွင် ကိုင်ထားသည့် မိုန်းကြီးများကို ပစ်ချကာ ဒူးထောက်၍ အရိုအသေပေးကြ၏။

“နောင်ကြီးရဲ့ အမည်ကို ကြားဖူးတာတော့ ကြာပါပြီ ခင်ဗျာ။ ဒီလို တွေ့ရလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။ ကျွန်တော်တို့တတွေ မစဉ်းမစားနဲ့ နောင်ကြီးကို ဒုက္ခရောက်အောင် လုပ်ခဲ့မိတယ် ခင်ဗျာ။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါနော်”

စုန်ကျန့်က သူတို့နှစ်ယောက်ကို ဆွဲထူလိုက်လျက် “နောင်ကြီးတို့အကြောင်းကို ပြောပြပါဦးဗျာ” ဟု ပြော၏။ လီကျွမ်းက-

“သူတို့ညီအစ်ကိုနှစ်ယောက်က လူချမ်းသာမိသားစုက လာတဲ့သူတွေဗျ။ အကြီးက မူဟုန်တဲ့။ သူက ဒေါသကြီးလွန်းလို့ သူ့ကို ဒေါနကြီးလို့ ခေါ်တယ်ဗျ။ အငယ်ကတော့ မူချွန်း။ သူကလည်း အစ်ကိုလောက် ဒေါသမကြီးပေမယ့် ဒေါသကြီးလို့ သူ့ကိုတော့ ဒေါန ကလေးလို့ ခေါ်တယ်ဗျ။ ကျီယန်မြို့ကို သူတို့ညီအစ်ကိုနှစ်ယောက်ပဲ အုပ်စိုးနေတယ် ပြောပါတော့။ ခင်ဗျားကတော့ သိချင်မှ သိမယ်။ ဒါပေမဲ့ ဒီနယ်တဝိုက်မှာ အာဏာသုံးခု ရှိတယ်ဗျ။ ကျီယန်တောင်ကြောနဲ့ တောင်ခြေမှာ ကျုပ်နဲ့ လီလီတို့ညီအစ်ကိုက အုပ်စိုးတယ်။ ကျီယန်မြို့ထဲမှာတော့ မူညီအစ်ကို အုပ်စိုးတယ်။ ရှင့်ယန်မြစ်ရိုးမှာတော့ ချန်ဟင်းနဲ့ ချန်ရှွန်း တို့ညီအစ်ကို အုပ်စိုးတယ်။ ဒါကို ကျွန်တော်တို့က “မင်းသုံးမင်း”လို့ ခေါ်ကြတယ်။

စုန်ကျန့်က-

“ဪ၊ ဟုတ်လား။ မသိပါဘူး ခင်ဗျာ။ ကျွန်တော်တို့အချင်းချင်း ညီနောင်တွေ ချည်းဆိုတော့ ဓွေ့ယုံကို လွှတ်ပေးလိုက်ဖို့ ကျွန်တော် တောင်းပန်ပါရစေဗျာ’

မူဟုန်က ပြုံးလိုက်လျက်-

“လုံသိုင်းသမားကိုလား။ ပြဿနာမရှိပါဘူး။ ကဲ၊ သူ့ကို သွားခေါ်ပြီး ဒီက နောင်ကြီး လက်ကို အပ်လိုက်ပါကွာ” ဟု ဆိုကာ သူ့ညီဘက်သို့ လှည့်ပြောလိုက်၏။

ထို့နောက်

စုန်ကျန့်ဘက်သို့ လှည့်၍-

"ကျွန်တော်တို့ ဂါရဝပြုတာကို ခံဖို့နဲ့ ကျွန်တော်တို့ တောင်းပန်တာကို လက်ခံဖို့ အတွက် ကျွန်တော်တို့အိမ်ကို ကြွခဲ့ပါဦးနော် နောင်ကြီး"

"ကောင်းပါပြီဗျာ။ ကဲ၊ ကျွန်တော်တို့လည်း သွားတော့မယ်" ဟု စုန်ကျန့်က ပြော၏။

မူဟုန်သည် တပည့်နှစ်ယောက်ကို ခေါ်လိုက်ပြီးလျှင် လှေကို အစောင့်ခိုင်းထားရန် ပြောလိုက်၏။ တုန်ညီအစ်ကိုနှစ်ယောက်ကိုလည်း သူတို့အိမ်သို့ လိုက်လာရန် ဖိတ်ခေါ်၏။ နောက် တပည့်တယောက်ကို ခေါ်ပြီးနောက် အိမ်သို့သွားပြီး ညှော့ခံပွဲအတွက် ပြင်ဆင် ထားရန်ကိုလည်း အကြောင်းကြားခိုင်းလိုက်၏။ သိုးတကောင်၊ ဝက်တကောင်ကို ပေါ်စေ ကာ စိမ်ရည်နှင့် အမြည်းများကို ပြင်ဆင်ခိုင်းလိုက်၏။ တုန်ဝေ့နှင့် တုန်မင်းတို့ ရောက်လာ ကြသည့်အခါတွင် သူတို့အားလုံး ခြေကျင်လျှောက်လာခဲ့ကြ၏။ မနက်လင်းအားကြီး လောက်တွင် မူဟုန်တို့ညီအစ်ကို၏ အိမ်သို့ ရောက်ကြ၏။ သားများသည် ညှော့သည်များ အား ကြိုဆိုနှုတ်ဆက်ရန် သူတို့ဖခင် မြေရှင်မူကို သွားပြောကြ၏။ ထို့နောက် သက်ငယ် တဲထဲတွင် အိမ်သည်များနှင့် ညှော့သည်များသည် အတူထိုင်ကြ၏။ စုန်ကျန့်မှာ အိမ်ရှင် အဘိုးအို မူ ဖြစ်သူနှင့် မျက်နှာချင်းဆိုင် ထိုင်ရ၏။

စကားပြောဆိုကြစဉ်မှာပင် ကောင်းကင်မှာ တဖြည်းဖြည်း ထိန်လင်း၍ လာခဲ့လေပြီ။ မူချွန်းသည် ကျားနာ ခေါ် စွေ့ယုံကို ခေါ်၍ ပြန်ရောက်လာ၏။ စွေ့ယုံကို ညှော့ခံပွဲရှိ လူများ အားလုံးနှင့်လည်း မိတ်ဆက်ပေး၏။ မူဟုန်သည် စုန်ကျန့်နှင့် ညှော့သည်များကို ညနေ မိုးချုပ်တိုင်အောင် ညှော့ခံကျွေးမွေး၏။ ညနေရောက်သည့်အခါတွင် သူတို့အားလုံး အသီးသီး အနားယူကြလေ၏။

နောက်တနေ့တွင် စုန်ကျန့်မှာ ခရီးဆက်ချင်လှလေပြီ။ သို့ရာတွင် မူဟုန်က လက် မခံဘဲ ဆက်လက်နေရန် အတင်းတိုက်တွန်းလျက်ရှိ၏။ မူဟုန်သည် စုန်ကျန့်အား မြို့တွင်း နှင့်တကွ အနီးပတ်လည်ရှိ ရွာများကို လှည့်လည်ပြသ၏။

တတိယမြောက်နေ့တွင်ကား မိမိသည် အကျဉ်းထောင်သို့ ရောက်ရမည့်ရက်ထက် နောက်ကျမည်ကို စုန်ကျန့် စိုးရိမ်စပြုလာသဖြင့် ခရီးဆက်ရန် ဆုံးဖြတ်လိုက်၏။ မူဟုန်နှင့် အခြားသူများက တားဆီးကြသည့်တိုင် တား၍မရတော့ပြီကို သိသည့်အခါတွင် စုန်ကျန့် အတွက် နှုတ်ဆက်စားသောက်ပွဲ ကျင်းပကြ၏။ နောက်တနေ့မနက်၌ စုန်ကျန့်သည် မြေရှင်အဘိုးအိုနှင့်တကွ

ရဲညီနောင်များကို နှုတ်ဆက်၏။

"ဒီမှာ မူဟုန်တို့နဲ့ အတူနေခဲ့ပါ။ ပြီးတော့မှ ကျန်းကျို့ကို လိုက်လာခဲ့ပါ။ ဟိုရောက် တော့ တွေ့ကြတာပေါ့" ဟု စုန်ကျန့်က စွေ့ယုံကို ပြော၏။ မူဟုန်က-

"သူ့အတွက် စိတ်ချပါ နောင်ကြီးရာ။ ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်" ဟု ဆိုကာ စုန်ကျန့်အတွက် ရွှေစငွေစတို့ကို ပန်းကန်ပြားတချပ်တွင် ထည့်ပေးပြီး အစောင့်များကို လည်း ငွေစများ ပေးလိုက်၏။

ချန်ဟင်းသည် ရွာထဲရှိ စာရေးတယောက်ကို ခေါ်၍ စာအရေးခိုင်းပြီးလျှင် ထိုစာကို သူ့ညီ ချန်ရွှန်းသို့ ပေးရန် စုန်ကျန့်ကို ပေးလိုက်၏။ စုန်ကျန့်က စာကို အိတ်ထဲသို့ ထည့်၏။ အားလုံးကပင် စုန်ကျန့်ကို ရှင့်ယန်မြစ်ကမ်းအရောက် လိုက်ပို့ကြ၏။ မြစ်ဆိပ်သို့ ရောက် လျှင် မူဟုန်က လှေတစီးကို ခေါ်၍ စုန်ကျန့်၏ အဝတ်အစားများနှင့် ထိပ်တုံးကို လှေပေါ်သို့ တင်ပေးလိုက်၏။ ခွဲခွာခါနီးတွင် အရက်အနည်းငယ် သောက်ကြ၏။ သူတို့အားလုံးမှာ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေကြ၏။ လီကျွမ်း၊ ချန်ဟင်း၊ မူဟုန်၊ မူချွန်း၊ စွေ့ယုံ၊ တုန်ဝေ့နှင့် တုန်မင်းတို့လည်း သူတို့အိမ်သို့ အသီးသီး ပြန်လာခဲ့ကြ၏။ ထိုအကြောင်းကို တော်ဦးမည်။

စုန်ကျန့်နှင့် အစောင့်နှစ်ယောက်တို့သည် ကျန်းကျို့မြို့သို့ ထွက်လာခဲ့ကြ၏။ ယခု ကူးတို့သမားမှာ သူတို့ ယခင် ကူးတို့သမားနှင့် မတူချေ။ လှေသမားသည် ရွက်ကို လွှင့် တင်ကာ သူတို့ကို လိုရာခရီးသို့ အရောက်လိုက်ပို့၏။ စုန်ကျန့်မှာလည်း လည်ပင်းတွင် ထိပ်တုံးကို ပြန်၍ ဆွဲထားရလေပြီ။ အစောင့်များသည် သက်ဆိုင်သည့် စာရွက်စာတမ်း များနှင့် အထုပ်အပိုးတို့ကို ယူကာ စုန်ကျန့်နှင့်အတူ မြို့ဝန်ရုံးစိုက်ရာသို့ လာခဲ့ကြ၏။

မြို့ဝန်မှာ ရုံးတွင် တရားစစ်ဆေးလျက်ရှိ၏။ မြို့ဝန်အမည်မှာ ဆယ်တေ့ချန် ဖြစ်ပြီး နန်းရင်းဝန်ကြီးဆယ်ကျင့်၏ နဝမမြောက်သား ဖြစ်၏။ ထို့ကြောင့် သူ့ကို မြို့ဝန် နဝမ မြောက် ဆယ်ဟု ကျန်းကျို့တွင် ခေါ်ဝေါ်ကြ၏။ မြို့ဝန်သည် လောဘကြီးသူတယောက် ဖြစ်ပြီး ဟိတ်ဟန်များသလောက်လည်း ရိုင်းပျသူတယောက် ဖြစ်၏။ ကျန်းကျို့မြို့မှာ လူဦးရေထူထပ်၍ ချမ်းသာသော မြို့ကြီးတမြို့ ဖြစ်သည့်အတွက် နန်းရင်းဝန်ကြီးသည် သူ့သားအား ထိုမြို့သို့ မြို့ဝန်အဖြစ် ခန့်အောင် လုပ်ပေးလိုက်၏။

အစောင့်များက စာရွက်စာတမ်းများကို ထုတ်ပြပြီးနောက် စုန်ကျန့်ကို အပ်ကြ၏။ အကျဉ်းသားမှာ အညတရတယောက် မဟုတ်ကြောင်းကို မြို့ဝန် သိလိုက်လေပြီ။

"ဟဲ့၊ ထိပ်တုံးပေါ်မှာ ပို့လိုက်တဲ့ မြို့ဝန်ရဲ့ ချိတ်တံဆိပ်လည်း

မပါလာပါကလား” ဟု မြို့ဝန် က မေး၏။

“လမ်းမှာ မိုးတွေမိလို့ ချိတ်တွေ ကွာကုန်ပါတယ်” ဟု အစောင့်များက ရှင်းပြ၏။ “ဒါဖြင့် အဲဒီအကြောင်းကို အစီရင်ခံစာရေး။ ပြီးတော့ အကျဉ်းသားကို မြို့ပြင်က အကျဉ်းထောင်ကို သွားပို့ချေ။ မင်းတို့နဲ့အတူ ငါ အစောင့်တွေ ထည့်ပေးလိုက်မယ်”

မြို့ဝန်သည် လူနှစ်ယောက် ထည့်ပေးလိုက်၏။ ထိုလူနှစ်ယောက်က အစောင့်များထံမှ စာရွက်စာတမ်းများကို လက်ခံယူ၏။ သူတို့ငါးယောက်သည် မြို့ဝန်ရုံး အပြင်ဘက်သို့ ရောက်သည့်အခါ၌ စိမ်ရည်ဆိုင်တဆိုင်တွင် ဝင်၍ အမောပြေ စိမ်ရည်သောက်ကြ၏။ စုန်ကျန့်က နောက်ထပ် လိုက်ပါလာသော အစောင့်နှစ်ယောက်တို့ကို ငွေသုံးကျပ်သားစီ ပေး၏။ အစောင့်များသည် စုန်ကျန့်ကို ထောင်သို့အပ်ပြီးနောက် ရရှိကြောင်း လက်မှတ်ကို ရယူကာ စုန်ကျန့်ကို အကျဉ်းတိုက်တခုထဲသို့ သွင်း၏။ ထို့နောက် သူတို့သည် ထောင်မှူး အား ကောင်းစွာ ပြုစုစောင့်ရှောက်ရန် ပြောဆိုမှာကြားပြီးလျှင် မြို့ဝန်ရုံးသို့ ပြန်သွားကြ၏။ မူလက လိုက်ပါလာသော အစောင့်နှစ်ယောက်တို့သည်လည်း စုန်ကျန့်၏ အထုပ်အပိုးများကို အပ်ပြီးလျှင် မြို့သို့ ပြန်ကြ၏။ “ကျွန်တော်တို့မှာ အထိတ်ထိတ် အလန့်လန့်နဲ့ လိုက်ပို့ရပေမယ့် ငွေစတော်တော်များများ ရလိုက်ပါတယ်” ဟု အစောင့်နှစ်ယောက်တို့က ပြောကြ၏။ အစောင့်တို့သည် ကျန်းကျို့မြို့ဝန်ရုံးသို့ သတင်းပို့ပြီးနောက် တရားဝင် ပြန်စာ ကို ရယူကာ ကျီစုသို့ ပြန်လာခဲ့ကြ၏။

စုန်ကျန့်သည် ထောင်ကြပ်ကို သူ့အကျဉ်းတိုက်သို့ ခေါ်ကာ သူ့ကို ငွေတဆယ်သား ပေး၏။ ထို့နောက် ထောင်မှူးကိုလည်း ငွေတဆယ်သားနှင့် လက်ဆောင်ပစ္စည်းများ ပေး၏။ အခြားသော အစောင့်များအားလည်း သူ့အဆင့်အလိုက် လက်ဆောင်များ၊ ငွေစ များ ပေး၏။ အားလုံးမှာ လက်ဖက်ရည်ဖိုး အသီးသီး ရရှိကြ၏။ ထို့ကြောင့် သူတို့ အားလုံး ကပင် ခင်မင်ကြ၏။

မကြာမီမှာပင် သူ့ကို ထောင်ဘူးဝရှိ မှတ်ပုံတင်ရုံးသို့ ခေါ်ကာ လည်တွင် ဆွဲထားသည့် ထိပ်တုံးကို ဖြုတ်ပေးလိုက်၏။ စုန်ကျန့်ထံမှ တံစိုးလက်ဆောင်ရသည့် ထောင်မှူးက-

“ခင်ဗျားက လူသစ်ဆိုတော့ တခုတော့ ပြောထားရဦးမယ်။ ဘုရင်ကေရာဇ်လူတွေက အမိန့်တော် ထုတ်ပြန်ထားတယ်ဗျ။ အသစ်ရောက်လာတဲ့ အကျဉ်းသားတိုင်းကို ဦးကျိုး အောင် ကြိမ်ဒဏ်တရာ ပေးရမယ်လို့ ကြေညာထားတယ်။ သဘောလောက်တော့ ပြုရ လိမ့်မယ်။ ကဲ၊ ဒီမှာဟေ့။ သူ့ကို မှောက်ထားကြစမ်းဟေ့"

“ကျွန်တော် လမ်းမှာ အအေးမိလို့ ဖျားလာပါတယ် ထောင်မှူးကြီး ခင်ဗျာ။

ခုတောင် ကောင်းကောင်း မကျန်းမာချင်သေးပါဘူး”

ထောင်မှူးက ခေါင်းညိတ်လိုက်လျက်-

“အကျဉ်းသားကို ကြည့်ရတာ တကယ်နေထိုင်မကောင်း ဖြစ်နေပုံရတယ်။ မျက်နှာ က ဖြူဖပ်ဖြူရော်ဖြစ်ပြီး ခန္ဓာကိုယ်ကလည်း ပိန်ချုံးနေတယ်။ သူ့ကို နောက်မှ ရိုက်တာ ပေါ့။ စာအုပ်ထဲမှာ အကြွေးမှတ်ထားလိုက်။ ပြီးတော့ အလုပ်အကိုင်ကလည်း မြို့အုပ်ရုံးက စာရေးကြီးပဲ။ ဒီတော့ သူ့ကို ထောင်မှာ ထောင်စာရေးတာဝန် ချပေးလိုက်ပါ”

ထိုသဘောအတိုင်း စာဖြင့် အမိန့်ထွက်လာသည့်အတွက် စုန်ကျန့်သည် ထောင်မှူး ကို များစွာ ကျေးဇူးတင်၏။ စုန်ကျန့်သည် အထုပ်အပိုးများကို ပြင်ဆင်ကာ အကျဉ်းတိုက် ထဲမှ နေ၍ ထောင်စာရေး နေသည့် တန်းလျားသို့ ပြောင်းလာခဲ့၏။ အခြားသော အကျဉ်း သားများသည် စုန်ကျန့် အထူးအခွင့်အရေး ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ စိမ်ရည်ပုလင်းတို့ကို ယူလာကြပြီး သူ့အတွက် ဂုဏ်ပြုပွဲကလေးတခု လုပ်ကြ၏။ နောက် တနေ့တွင် စုန်ကျန့်ကလည်း သူတို့ကို ပြန်၍ ဧည့်ခံပွဲတခု ပြုလုပ်၏။ စုန်ကျန့်သည် မကြာခဏဆိုသလို ထောင်မှူးများ၊ ထောင်ကြပ်များကို ခေါ်၍ ဧည့်ခံ ကျွေးမွေးပြီး ထောင်ပိုင်ထံသို့လည်း အခါအားလျော်စွာ လက်ဆောင်များ ပို့ပေးလေ့ရှိ၏။ စုန်ကျန့်တွင် ရွှေငွေတို့အပြင် အဖိုးတန်ပစ္စည်းများ ရှိသည့်အတွက် လူအများနှင့် ဆက်ဆံ ရာတွင် များစွာ အခက်အခဲ မရှိလှချေ။ တလမပြည့်မီမှာပင် အကျဉ်းထောင်တခုလုံးတွင် စုန်ကျန့်အား မနှစ်သက်သူ ဆို၍ တယောက်မျှ မရှိတော့ပြီ။

“သင့်အပြုအမူတို့ကို အာဏာရှိသူတို့၏ စိတ်သဘောထားဖြင့် ဦးဆောင်ပါလေ။ လူတယောက်ကို သူ့အဆင့်အတန်းနှင့်အညီ ဆက်ဆံပါလေ” ဆိုသည့် ရှေးစကားရှိ၏။ တနေ့၌ စုန်ကျန့်သည် ထောင်မှူးတယောက်နှင့်အတူ မှတ်ပုံတင်ရုံးခန်းတွင် စိမ်ရည် သောက်လျက် ရှိ၏။

“နောင်ကြီးကို ကျုပ် မကြာခဏ ပြောဖူးသားပဲ။ ဒီထောင်ကို ရောက်ရင် ထောင်ပိုင် ကြီးကို လက်ဆောင်တို့ ဘာတို့ ပေးရတာဟာ ထုံးစံတခုပဲလို့။ ခုထက်ထိ နောင်ကြီး ဘာဖြစ်လို့ လက်ဆောင်မပေးသေးတာလဲ။ ခုဆို ဆယ်ရက်တောင် ရှိသွားပြီ။ ထောင်ပိုင် ကြီး ထောင်စစ်ဝင်လာရင် တော်တော် ကသိကအောက်ဖြစ်မှာ”ဟု ထောင်မှူးက ပြော၏။ “နေပေ့စေဗျာ။ သူက ပိုက်ဆံကိုမှ လိုချင်တဲ့လူဗျ။ နောင်ကြီးတို့ လိုတယ်ဆိုရင် ကျွန်တော့်ကို အချိန်မရွေးပြောပါ။ ပေးပါမယ်။ ဒါပေမဲ့ ထောင်ပိုင်ကိုတော့ တပြားမှ မပေးဘူးဗျာ။ သူ လာရင်လည်း ကျွန်တော့်မှာ ပြောစရာကလေးတွေ ရှိတယ်”

"နောင်ကြီး သူ့ကို သွားမစမ်းနဲ့နော်။ တော်တော် ရက်စက်တဲ့လူကြီး။ နောက်တော့ သာ မပြောမရှိနဲ့"

"သူကြိုက်သလို လုပ်စမ်းပါစေဗျာ။ မပူပါနဲ့။ ကျွန်တော် သူ့ကို ကိုင်တတ်ပါတယ်။ ကျွန်တော်ကပဲ ပေးရမလား ဘာလားဆိုတာ ကြည့်ကြသေးတာပေါ့။ ကျွန်တော့်ဆီ ကကော တောင်းရဲပါ့မလား မသိဘူး။ ကြည့်ရဦးမှာပဲ"

သူတို့နှစ်ယောက် ထိုသို့ ပြောဆိုနေကြစဉ် အစောင့်တယောက် ဝင်လာကာ-

"ထောင်ပိုင်ကြီး ရုံးခန်းထဲရောက်ပြီး ဆဲဆိုနေတယ်ဗျ။ အကျဉ်းသားသစ်က သူ့ဆီကို ထုံးစံအတိုင်း ဘာဖြစ်လို့ ပိုက်ဆံမပေးတာလဲဆိုပြီး အော်ဟစ်ကြိမ်းမောင်းနေတယ်"

"ကဲ၊ ကျွန်တော် မပြောဘူးလား။ သူ လာရင် ကျွန်တော်တို့တောင် လန့်နေရတယ်" ဟု ထောင်မှူးက ပြော၏။ စုန်ကျန့်က ပြုံးလိုက်လျက်-

"နောင်ကြီးရေ၊ ခွင့်လွှတ်ဗျာ။ ခင်ဗျားနဲ့အတူ ဆက်မသောက်နိုင်သေးဘူး။ နောက် နေ့မှ သောက်ကြသေးတာပေါ့။ ကျွန်တော် ထောင်ပိုင်ကြီးနဲ့ စကားပြောစရာကလေး ရှိသေးလို့ သွားလိုက် ဦးမယ်"

ထောင်မှူးက ထိုင်ရာမှ ထကာ "ကျွန်တော်တို့တော့ သူနဲ့ မတွေ့ချင်ဘူးဗျာ" ဟု ပြော၏။

စုန်ကျန့်သည် သူတို့ကို နှုတ်ဆက်ကာ သူတို့အလုပ်လုပ်ရာ ရုံးခန်းမှနေ၍ ထောင်ပိုင် ကြီးရှိရာ ရုံးခန်းဘက်သို့ ထွက်လာခဲ့၏။

သူတို့နှစ်ယောက် တွေ့ဆုံကြသည့်အတွက် ကျန်းကျိုးမြို့သည် ကျားရဲတွင်းကြီးတခု အဖြစ်သို့ ပြောင်းလဲသွားပြီး ဝံပုလွေသိုက်ကြီးတခု ဖြစ်လာခဲ့၏။ လမ်းထောင့်များသည် အလောင်းတောင်ကြီးနှင့် သွေးပင်လယ်ကြီး ဖြစ်လာခဲ့၏။ ကောင်းကင်မှ ဆန်ခါတို့သည် ကျိုးပျက်ကာ မြေကြီးမှ ပိုက်ကွန်တို့သည်လည်း စုတ်ပြတ်ကြကုန်၏။ ထိုသူတို့သည်လည်း လျှိုရှန်းတောင်ရိုးသို့ ပြန်သွားကြကုန်၏။

စုန်ကျန့်နှင့် ထောင်ပိုင်တို့ တွေ့သည့်အခါတွင် မည်သို့ ဖြစ်သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၈

ချိန်မှန်မိုးသည် နတ်ခြေမြန်နှင့် တွေ့ခြင်း

လေပွေနက်သည် ဒီလှိုင်းဖြူကို တိုက်ခိုက်ခြင်း

ထောင်ပိုင်၏ ရုံးခန်းရှိ ခုံရှည်ပေါ်တွင် ထိုင်မိသည့်အခါ၌ “ဟေ့၊ နယ်နှင်ခံရတဲ့ အကျဉ်း သားသစ် ဘယ်မှာလဲဟေ့” ဟူသော ထောင်ပိုင်၏ အသံကို ကြားရ၏။

“ဒီမှာပါ ခင်ဗျ” ဟု အစောင့်က စုန်ကျန့်ကို လက်ညှိုးထိုးပြ၏။ ထောင်ပိုင်သည် စုန်ကျန့်ကို ဒေါသတကြီးဖြင့် ကြည့်လိုက်လျက်-

“ဟင်း။ လူပုံက မည်းမည်းနဲ့။ ပါးကွက်သားတွေ သိပ်ကြိုက်မယ့် ငါးစာမျိုး။ နေစမ်း ပါဦး။ မင်းက ဘယ်သူ့အားကိုးနဲ့ ငါ့ကို ပိုက်ဆံမပေးတာလဲ”

“လက်ဆောင်ဆိုတာ စေတနာရှိမှ ပေးလို့ရတဲ့ ပစ္စည်းဗျ။ အတင်းတောင်းလို့ ရတာမျိုး မဟုတ်ဘူး။ ခင်ဗျား တော်တော်သေးသိမ်တဲ့လူ” ဟု စုန်ကျန့်က ပြော၏။

သူ့ဘေးတွင် ရပ်နေသူနှစ်ဦးတို့မှာ သူ့စကားကို ကြားသည့်အခါတွင် ကြောက်လွန်း သဖြင့် အေးစက်သော ချွေးပေါက်ကြီးတွေ ကျလာ၏။ ထောင်ပိုင်မှာ ဒေါသထွက်လျက် ရှိလေပြီ။

“ခွေးသူခိုး။ ငါ့ကို သေးသိမ်တယ်လို့ ပြောတယ်ပေါ့ ဟုတ်လား။ ဟေ့၊ အစောင့်တွေ။ ဒီကောင်ကို ခေါ်သွားပြီး သံဆူးတောင်ဝှေးနဲ့ အချက်တရာ ရိုက်စမ်း”

အကျဉ်းထောင်ထဲရှိ အမှုထမ်းများနှင့် အကျဉ်းသားအားလုံးတို့မှာ စုန်ကျန့်နှင့် ခင်မင်ရင်းနှီးသူများ ဖြစ်ကြ၏။ ထောင်ပိုင်က ထိုသို့ အမိန့်ပေးလိုက်သည့်အခါ၌ အကျဉ်း အမှုထမ်းများသည် အနီးမှ ခပ်သုတ်သုတ် ထွက်ခွာသွားကြရာ ရုံးခန်းထဲတွင် ထောင်ပိုင်နှင့် စုန်ကျန့်တို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြ၏။ ထောင်ပိုင်သည် ဒေါသထွက်လာကာ သံဆူးတောင်ဝှေးကို ကောက်ကိုင်ပြီးနောက် စုန်ကျန့်ဆီသို့ တဟုန်ထိုး ပြေးလာခဲ့၏။

“ကျုပ်မှာ ဘာအပြစ်ရှိလို့ ရိုက်ရမှာလဲ” ဟု စုန်ကျန့်က မေး၏။

“ခွေးသူခိုး။ မင်း ငါ့လက်ထဲမှာ ရောက်နေပြီ။ မင်း ချောင်းဆိုးတာကိုတောင်

အပြစ် ပေးလို့ရတယ် သိရဲ့လား”

“ဒါတော့ ခင်ဗျား သက်သက် အပြစ်လိုက်ရှာနေတာပဲ။ ခုထိ ကြီးလေးတဲ့အပြစ်ဆိုလို့ တခုမှ မကျူးလွန်သေးဘူး”

“ဘာဖြစ်လို့ မကျူးလွန်ရမှာလဲ။ ဟော့ကောင်၊ မင်းကို သတ်ချင်တယ်ဆိုရင် ယင်ကလေး တကောင်ကို သတ်သလို သတ်ပစ်နိုင်တယ်ကွ။ သိရဲ့လား”

စုန်ကျန့်က ခပ်အေးအေး ရယ်လိုက်၏။

“ဘာလဲ။ ခင်ဗျားကို ပိုက်ဆံမပေးတဲ့အတွက် ကျုပ်ကို သတ်မယ်ဆိုတဲ့ သဘောလား။ ဒီလိုဆိုရင် လျှံရှုန်းတောင်ရိုးက ဝုရုံနဲ့ ပေါင်းမိတဲ့ လူတယောက်ကိုကော ခင်ဗျား ဘယ်လို လုပ်မလဲ”

ထောင်ပိုင်သည် လက်တွင် ကိုင်ထားသည့် သံဆူးတောင်ဝှေးကို လွှတ်ချလိုက်၏။

“ခင်ဗျား ဘာပြောတာလဲ”

“ကျုပ်က စစ်ဗိုလ်မှူးဝုရုံရဲ့ မိတ်ဆွေအကြောင်းကို ပြောနေတာပါ။ ခင်ဗျားက ဘာဖြစ်လို့ မေးတာလဲ”

ထောင်ပိုင်သည် စုန်ကျန့်ကို အနီးသို့ ဆွဲခေါ်ကာ-

“နေစမ်းပါဦး။ ခင်ဗျား ဘယ်သူလဲ။ ဒီအကြောင်းတွေကို ခင်ဗျား ဘယ့်နှယ်လုပ် သိတာလဲ”

စုန်ကျန့်က ပြုံးလိုက်၏။

“ကျွန်တော်က ရှန်တောင်ပြည်နယ်၊ ယွန်ကျင့်တိုက်နယ်ကပါ။ ကျွန်တော့်နာမည်က စုန်ကျန့်ပါ”

ထောင်ပိုင်သည် အလန့်တကြားဖြစ်သွားကာ လက်နှစ်ဖက်ဖြင့် ယှက်၍ အရိုအသေ ပေးရင်း-

“ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်လားဗျာ”

“ဒီနာမည်နဲ့ မတန်ပါဘူးဗျာ”

“ဒီမှာ နောင်ကြီး။ ဒီနေရာက စကားပြောလို့ မကောင်းဘူး။ ဒီနေရာမှာဆိုရင် နောင်ကြီးကို အရိုအသေပေးလို့လည်း မဖြစ်ဘူး။ မြို့ထဲမှာဆိုရင်

လွတ်လွတ်လပ်လပ် စကားပြောလို့ ရတယ်။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ”

“ကောင်းတာပေါ့ ခင်ဗျာ။ ခဏနေရင် ကျွန်တော် လာခဲ့မယ်။ ခု ကျွန်တော် တံခါး ပိတ်ခဲ့ဦးမယ်”

စုန်ကျန့်သည် သူ့အခန်းသို့ ပြန်လာခဲ့ကာ ဝုရုံ၏ စာနှင့် ငွေစအနည်းငယ်တို့ကို ယူပြီး နောက် တံခါးကို ပိတ်၍ သူ့အခန်းကို ကြည့်ထားရန် အစောင့်များအား မှာပစ်ခဲ့၏။ ထို့နောက် စုန်ကျန့်နှင့် ထောင်ပိုင်တို့သည် အကျဉ်းထောင်မှ ထွက်လာခဲ့ကာ ကျန်းကျို့ မြို့ထဲသို့ လာခဲ့ကြ၏။ သူတို့နှစ်ယောက်သည် ဘုံဆိုင်တဆိုင်အပေါ်ထပ်သို့ တက်လာခဲ့ကာ အခန်းတခုထဲတွင် ဝင်ထိုင်လိုက်ကြ၏။

“ဝုရုံကို နောင်ကြီး ဘယ်မှာ တွေ့ခဲ့တာလဲ” ဟု ထောင်ပိုင်က မေး၏။

စုန်ကျန့်က အင်္ကျီအိတ်ထဲတွင် ပါလာသည့် စာကို ထုတ်ယူပြီး ထောင်ပိုင်ကို ပေးလိုက်၏။ ထောင်ပိုင်သည် စာအိတ်ကို ဖွင့်၍ ဖတ်ပြီးသော် စာကို အင်္ကျီလက်မောင်းကြား တွင် ဝှက်လိုက်လျက် ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် အရိုအသေပေးလေ၏။

စုန်ကျန့်ကလည်း သူ့နည်းတူ ပြန်၍ အရိုအသေပေး၏။

“နောင်ကြီးကို ရိုင်းရိုင်းပျပျ ပြောမိတယ်ဗျာ။ ခွင့်လွှတ်ပါ”

“ကျွန်တော်သိတာကလည်း စုန်ဆိုတဲ့ အကျဉ်းသားတယောက် ရောက်လာလိမ့်မယ် လို့ပဲ သိထားတာကိုး။ ကျွန်တော်တို့ဆီမှာ အကျဉ်းသားသစ်တယောက် ရောက်လာတယ် ဆိုရင် ငွေစင် ငါးကျပ်သား ပေးရတယ်။ ဒါဟာ ထုံးစံလို ဖြစ်နေပြီ။ ခု အကျဉ်းသားသစ် ရောက်လာတာ နှစ်ရက် ကျော်ပြီ။ လက်ဆောင်ဆိုလို့လည်း တပြားမှ ရောက်မလာဘူး။ ဒီနေ့တော့ ကျွန်တော်လည်း အလုပ်ပါးတာနဲ့ ကျွန်တော်ကိုယ်တိုင် ရစရာရှိတဲ့ ပိုက်ဆံ တွေကို ဆင်းယူတာ။ နောင်ကြီး ဖြစ်မယ်လို့ ဘယ်ထင်ပါ့မလဲ။ အကျဉ်းထောင်ထဲမှာ နောင်ကြီးအပေါ် စော်ကားမော်ကား ပြောမိတာရှိရင် ခွင့်လွှတ်နော် နောင်ကြီး”

“ထောင်မှူးကြီးက နောင်ကြီးအကြောင်းကိုတော့ မကြာခဏ ပြောသားခင်ဗျ။ ဒါနဲ့ ကျွန်တော်လည်း နောင်ကြီးဆီကို လာပြီး ဂါရဝပြုမယ်လို့ စိတ်ကူးတော့ ထားသား။ ဒါပေမဲ့ နောင်ကြီးကလည်း ဘယ်မှာနေမှန်း မသိ၊ ပြီးတော့ ကျွန်တော့်မှာလည်း မြို့ထဲကို လာချိန်မရ ဖြစ်နေတာနဲ့ မလာဖြစ်တာ။ နောင်ကြီးလာမှာပဲဆိုပြီး မျှော်နေတာ။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် အတွေ့နောက်ကျသွားကြတာပါ။ ကျွန်တော့်အဖို့ ငွေစင်ငါးကျပ် သား ပေးရတာက

အကြောင်း မဟုတ်ပါဘူး ခင်ဗျာ။ ဒီငွေကို မပေးဘဲနေရင် နောင်ကြီး ကိုယ်တိုင် လာယူမှာပဲလို့ ကျွန်တော့် စိတ်ထဲမှာ ထင်တာနဲ့ တမင်မပေးဘဲ ထားတာပါ။ ဒီနေ့ နောင်ကြီးကိုယ်တိုင် ဆင်းလာတော့ ကျွန်တော့်အထင် မှန်သွားတာပေါ့ ခင်ဗျာ”

ထောင်ပိုင် မည်သူနည်း။ ထောင်ပိုင်မှာ အခြားသူ မဟုတ်။ ဝုရုံက မိတ်ဆက်စာရေး ပေးလိုက်သော ကျန်းကျိုးမြို့ အကျဉ်းထောင်နှစ်ခုကို ကြီးကြပ်ရသည့် ထိုက်ချုံ ဖြစ်၏။ ဆွန်မင်းဆက်ခေတ်တုန်းက ကျင်လင်းနယ်တွင် အကျဉ်းထောင်အုပ်ချုပ်သူ အကြီးအကဲ ကို “သခင်” ဟု ခေါ်ရပြီး ဟူနယ်ပြည်နယ်တွင်မူ ထောင်ပိုင်ဟု ခေါ်ကြ၏။ ထိုက်ချုံတွင် အံ့ဩစရာကောင်းသည့် အရည်အချင်းတခု ရှိ၏။ ထိုက်ချုံသည် အရေးကိစ္စကြုံ၍ ခြေကျင် သွားစရာရှိလျှင် ဆေးနီရုပ်တရုပ်စီကို ပေါင်တွင် ချည်၍ သွားလေ့ရှိရာ ထိုအခါမျိုးတွင် ထိုက်ချုံကို မည်သူမျှ မီအောင် မလိုက်နိုင်ချေ။ ထိုအခါမျိုး၌ ထိုက်ချုံသည် တနေ့ကို လီ ငါးရာတိုင်အောင် ခရီးသွားနိုင်သော ဟူ၏။ အကယ်၍ ဆေးနီရုပ်နှစ်ရုပ် ချည်လျှင် တနေ့ကို လီပေါင်းရှစ်ရာ သွားနိုင်သော ဟူ၏။ ထို့ကြောင့် ထိုက်ချုံကို နတ်ခြေမြန်ဟု ခေါ်ကြ၏။

သူတို့နှစ်ယောက်သည် မိမိတို့၏ ခံစားချက်များနှင့် ရည်ရွယ်ချက်များကို ဖွင့်ဟ ပြောဆိုလိုက်ကြရသဖြင့် ကျေနပ်သွားကြ၏။ သူတို့နှစ်ယောက်သည် အခန်းထောင့် ကလေးထဲတွင် ထိုင်ကာ စားပွဲထိုးကို ခေါ်ပြီးလျှင် စိမ်ရည်၊ မြည်းစရာများနှင့် အစိမ်းကြော်များကို မှာလိုက်ကြ၏။ စိမ်ရည်သောက်ရင်း စုန်ကျန့်က လမ်းတွင် သူ တွေ့ခဲ့ရသည့် ရဲညီနောင်များအကြောင်းကို ပြောပြ၏။ ထိုက်ချုံကလည်း သူနှင့် ဝုရုံတို့ မည်သို့ အဆက် အသွယ်ရှိကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြ၏။

သို့ဖြင့် သူတို့နှစ်ဦးသည် အတန်ကြာမျှ စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိကြ၏။ စိမ်ရည်နှစ်ခွက် မကုန်ခင်ကလေးတွင် အောက်ထပ်ဆီမှ ဆူဆူညံညံအသံများကို ကြား လိုက်ရ၏။ စားပွဲထိုးသည် သူတို့အခန်းထဲသို့ ပျာယီးပျာယာဖြင့် ရောက်လာ၏။

“ထောင်ပိုင်ကြီး ခင်ဗျာ။ ဒီလူကို ထောင်ပိုင်ကြီးတယောက်ပဲ ကိုင်တွယ်လို့ ရမှာပါ။ တခြား ဘယ်သူပြောလို့မှ မရပါဘူး။ တဆိတ်၊ အောက်ကို ဆင်းကြည့်ပြီး ဖြေရှင်းပေးပါဦး”

“ဘယ်သူလဲကွ”

“ထောင်ပိုင်ကြီးနဲ့ မကြာမကြာ လိုက်လိုက်လာတတ်တဲ့ လီဆိုတဲ့ လူပါ ခင်ဗျာ။ သူ့ကို သံဂေါဏလို့လည်း ခေါ်ကြပါတယ်။ ခု သူ့ကို ပိုက်ဆံချေးရမယ်ဆိုပြီး ဆိုင်ရှင်ကို အတင်း အကျပ်ကိုင်နေပါတယ်”

ထိုက်ချုံက ရယ်လိုက်လျက်-

"ဒီကောင် သောင်းကျန်းနေပြန်ပြီ ထင်တယ်။ နောင်ကြီး တွေ့ရင်တော့ ဒီကောင်ကို ဘယ်လိုထင်မလဲ မသိဘူး။ ဒီကောင် မဖြစ်နိုင်ဘူးထင်တယ်။ ကဲ၊ နောင်ကြီး။ ခွင့်လွှတ်ဗျာ။ ဒီကောင်ကို ကျွန်တော် သွားခေါ်လိုက်ဦးမယ်"

ထိုက်ချုံသည် လှေကားမှ အောက်ထပ်သို့ ဆင်းသွားပြီး မကြာမီတွင် အသားညိုညို၊ အလုံးအဖန်ကြီးကြီး လူတယောက်နှင့် အတူပြန်ရောက်လာလေ၏။

"အဲဒီနောင်ကြီးက ဘယ်သူပါလိမ့် ခင်ဗျာ"ဟု စုန်ကျန့်က ထောင်ပိုင်ကို လှမ်းမေး လိုက်၏။

"ကျွန်တော့်ထောင်က ထောင်ကြပ်ပါဗျာ။ ဒီကောင်က ပိုက်ရှန်းရွာသားဗျ။ သူ့ နာမည်ရင်းက လီကွေ့တဲ့။ တချို့ကတော့ သူ့ကို လေပွေနက်လို့လည်း ခေါ်ကြတယ်။ သူ့ရွာ မှာတော့ သူ့ကို သံဂေါဇာလို့လည်း ခေါ်ကြသေးတယ်။ သူက လူတယောက်ကို ရိုက်သတ် မိလို့ အိမ်က ထွက်ပြေးလာခဲ့ရတဲ့ ဝရမ်းပြေးဗျ။ ဒီလိုနဲ့ ထွက်ပြေးရင်း ကျန်းကျို့ရောက် တော့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်တာနဲ့ ကြုံနေတယ်။ မူးရင် ရမ်းကားလေ့ ရှိတော့ သူ့ကို လူတွေက ကြောက်ကြတယ်။ စစ်ပုဆိန်ကြီးနှစ်လက်ကို ဝှေ့ယမ်းနိုင်ပြီး လက်ဝှေ့အတတ်နဲ့ တင်းပုတ်အတတ်မှာလည်း ကျွမ်းကျင်တယ်။ ခုတော့ ကျွန်တော်တို့ ထောင်မှာ အမှုထမ်းနေတယ်"

လီကွေ့လည်း စုန်ကျန့်ကို လှမ်းကြည့်လိုက်ပြီးလျှင် "အသားမည်းမည်းနဲ့ ကောင်က ဘယ်သူလဲ ထောင်ပိုင်ကြီး" ဟု မေး၏။ ထောင်ပိုင်ကြီးက ပြုံးလျက်-

"စာရေးကြီးရေ၊ ဘယ်လောက်ရိုင်းတဲ့ ကောင်လဲဆိုတာ အဲဒါသာ ကြည့်ပေတော့။ ယဉ်ကျေးသမှုဆိုလို့ ဘာမှ မရှိဘူး"

"ကျွန်တော်က မသိလို့ မေးတာပဲဗျာ။ ဘာများ ရိုင်းလို့လဲ" ဟု လီကွေ့က ပြော၏။

"မင်း မေးပုံလည်း ကြည့်ဦးလေ။ အသားမည်းမည်းနဲ့ ကောင်က ဘယ်ကလဲတဲ့။ တကယ်ဆို အဲဒီမိတ်ဆွေက ဘယ်ကလဲ စသဖြင့် မေးပါလား။ ဒါမှ မရိုင်းဘူးဆိုရင်လည်း ဘာရိုင်းဦးမှာလဲ။ ဒါဖြင့် သူ ဘယ်သူလဲဆိုတာ မင်းကို ငါပြောပြမယ်။ အဲဒီလူဟာ မင်း တွေ့ချင်တယ်လို့ မကြာခဏ ပြောနေတဲ့လူပဲဗျ"

"ရှန်တောင်နယ်က ချိန်မှန်မိုးလို့ ခေါ်တဲ့ ငမည်း စုန်ကျန့်မဟုတ်လား"

ထိုက်ချုံက-

"ဟော့ကောင်၊ မင်း တော်တော်ရိုင်းပါ့ကလားဟင်။ ဒီလိုပဲ ပြောရသလား။ သွား၊ ခု ဂါရဝပြုလိုက်"

"စုန်ကျန့်သာ ဟုတ်ရိုးမှန်ရင်တော့ ဂါရဝပြုဖို့ ဝန်မလေးပါဘူး ခင်ဗျာ။ အဲ၊ စုန်ကျန့် မဟုတ်ဘဲ အလေနတောကောင်မျိုး ဆိုရင်တော့ လေပွေနက်နဲ့ တွေ့ပြီလို့သာ အောက်မေ့ လိုက်ပေတော့။ နောင်ကြီး ကျွန်တော့်ကိုတော့ မနောက်နဲ့ဗျနော်။ နောင်ကြီး ဘယ်သူလဲ"

"ကျုပ်က ရှန်တောင်နယ်က ငမည်း စုန်ကျန့်အစစ်ပါ" ဟု စုန်ကျန့်က ပြော၏။

လီကွေ့သည် လက်ခုပ်လက်ဝါးတီးကာ-

"အမယ်လေးဗျာ။ တွေ့ရတာ ဝမ်းသာလိုက်တာ။ စောစောက ပြောပါတော့လား။ နောင်ကြီးနဲ့ တွေ့ရလို့ သံဝေဇတို့ ဝမ်းသာလိုက်တာ ခင်ဗျာ" ဟု ဆိုကာ လီကွေ့သည် မြေကြီးတွင်ပြားပြားဝပ်၍ ဂါရဝပြု၏။စုန်ကျန့်ကလည်း သူ့ကို ချက်ချင်း ပြန်၍ ဂါရဝပြုကာ-

"ကဲ၊ ရဲညီနောင်။ ထိုင်ပါဗျာ"

"လာကွာ။ ငါ့အနားမှာ လာထိုင်ပြီး စိမ်ရည်ကလေး ဘာလေး သောက်စမ်းပါ" ဟု ထိုက်ချုံက ခေါ်၏။

"သောက်ဆိုလည်း သောက်တာပေါ့ ထောင်ပိုင်ကြီးရာ။ ဒါပေမဲ့ ကျွန်တော့်ကို ဒီ မစို့မပို့ ခွက်ကလေးတွေနဲ့တော့ မတိုက်နဲ့ဗျာ။ တိုက်ရင် ခွက်ကြီးကြီးနဲ့ တိုက်ပါ"

"အောက်ထပ်မှာ ဘာတွေများ ဒေါပွနေတာလဲဗျ" ဟု စုန်ကျန့်က မေး၏။

"ကျွန်တော့်မှာ ငွေချောင်းကြီးတချောင်း ရှိတယ် ခင်ဗျ။ အဲဒီငွေချောင်းကို ငွေစင် တဆယ်ကျပ်သားနဲ့ ပေါင်ထားတယ်။ ဒါနဲ့ အဲဒီငွေချောင်းကို ပြန်ရွေးဖို့နဲ့ ကျွန်တော်သုံးဖို့ ငွေလည်း နည်းနည်းလိုတာနဲ့ ဆိုင်ရှင်ဆီကို ကျွန်တော် ချေးတယ်။ ဒါပေမဲ့ ဆိုင်ရှင် ကောင်က ကျွန်တော့်ကို တပြားမှ မချေးဘူးခင်ဗျ။ ဒီတင် ကျွန်တော်က ဒီကောင့်ဆိုင်ကို ဖျက်မယ်လုပ်တုန်းမှာ ဟောဒီက နောင်ကြီးထိုက်ချုံ လာခေါ်တာ"

"ခင်ဗျားက ငွေချောင်းရွေးဖို့ ငွေစင်တဆယ်ကျပ်သားပဲ လိုတာမဟုတ်လား။ အတိုး တို့ ဘာတို့ ပေးရဦးမှာလား"

"ကျွန်တော့်မှာ အတိုးပေးဖို့တော့ ရှိပါတယ်။ တဆယ်သားလောက်ပဲ

လိုတာပါ”

စုန်ကျန့်က ငွေတဆယ်သားကို ထုတ်၍ ပေး၏။

“ကဲ၊ ခင်ဗျား ငွေချောင်းကို သွားရွေးချေ”

ထိုက်ချုံသည် တစုံတရာ ဝင်၍ ပြောမည် ပြုသေးသော်လည်း စုန်ကျန့်မှာ ငွေကို ပေးပြီးသား ဖြစ်နေလေပြီ။

“ကျေးဇူးပါပဲဗျာ။ ကဲ၊ နောင်ကြီးတို့ ဒီမှာ ခဏစောင့်နေကြဦး။ ကျွန်တော့်ငွေချောင်း ကို ပြန်ရွေးပြီးတာနဲ့ တပြိုင်နက် နောင်ကြီး ငွေကို ပြန်ဆပ်ပါ့မယ်။ နောင်ကြီးစုန်ကျန့် ကိုလည်း မြို့ပြင်ဖိတ်ပြီး ကျွေးမွေးညှော့ခံပါဦးမယ်”

“ခဏနေပါဦးဗျာ။ သွားမရွေးခင် စိမ်ရည်ကလေး ဘာလေး သောက်သွားပါဦး” ဟု စုန်ကျန့်က ပြော၏။

“ခုပဲ ပြန်လာခဲ့မယ်”ဟု ဆိုကာ လီကွေ့သည် တံခါးခန်းဆီးကို မကာ အောက်ထပ်သို့ ဆင်းသွား၏။

“နောင်ကြီးက ဘာဖြစ်လို့ ပိုက်ဆံသွားချေးရတာလဲ။ ကျွန်တော် တားမလို့ လုပ်နေ တုန်း နောင်ကြီးက သွားချေးလိုက်တာကိုး” ဟု ထိုက်ချုံက ပြော၏။

“ဘာဖြစ်လို့လဲ”

“လီကွေ့ဟာ ရိုးတော့ရိုးပါတယ်။ ဒါပေမဲ့ အရက်ကလည်း သောက်၊ လောင်းကစား ကလည်း လုပ်တော့ ခက်တာပေါ့။ ခုလည်း ငွေချောင်း သွားရွေးမယ်ဆိုတာ အလကား ပြောတာ။ နောင်ကြီးကို လိမ်ပြောသွားတာ။ နောင်ကြီးက အဟုတ်မှတ်တာကိုး။ ခု နောင်ကြီးပေးလိုက်တဲ့ ပိုက်ဆံနဲ့ လောင်းကစားလုပ်မလို့ သွားတာဗျ။ ဒါကြောင့် မအောင့် နိုင်ဘဲ ဆင်းသွားတာပေါ့။ သူ နိုင်ရင်တော့ ပြန်ပေးမှာပါပဲ။ အဲ၊ သူရှုံးရင်တော့ နောင်ကြီး ပိုက်ဆံကို တပြားမှ ပြန်မြင်ရတော့မှာ မဟုတ်ဘူး။ ကျွန်တော်နဲ့ပတ်သက်ပြီး ဒီလိုဖြစ်ရတဲ့ အတွက် စိတ်မကောင်းဘူးဗျာ”

စုန်ကျန့်က ရယ်လိုက်၏။

“ကျွန်တော့်ကို သူစိမ်းလို မဆက်ဆံပါနဲ့ဗျာ။ ဒီလောက်ငွေက ဘာမှ ပြောလောက် တဲ့ကိစ္စ မဟုတ်ပါဘူး။ ရှုံးချင်လည်း ရှုံးပေါ့။ လူကြည့်ရတာကတော့ သစ္စာရှိပြီး ရိုးဖြောင့်တဲ့ လူနဲ့ တူတာပဲ”

"သူ့မှာ ကောင်းတာတွေလည်း ရှိပါတယ်။ ရိုင်းပြီး တဇောက်ကန်း လုပ်တတ်တာ တခုပါပဲ။ ကျုန်းကျို့ထောင်ထဲမှာ သူ အရက်မူးပြီဆိုရင် ဘယ်ထောင်သားကိုမှလည်း ဂရု မစိုက်တော့ဘူး။ အကြမ်းဆုံးဆိုတဲ့ အစောင့်ကိုလည်း ရိုက်ပစ်တာပဲ။ မတရားတာဆိုရင် လည်း နည်းနည်းကလေးမှ သည်းမခံဘူး။ မိုလ်ကျနေတဲ့ကောင်တွေ ဆိုရင်လည်း အရေ ဆုတ်ပစ်တာပဲ။ ကျုန်းကျို့တမြို့လုံးကတော့ သူ့ကို ကြောက်ကြတာပဲ"

"ကဲ၊ တခွက်၊ နှစ်ခွက်လောက်သောက်ပြီး မြို့ထဲ လျှောက်လည်ကြရအောင်ဗျာ"

"အို၊ ဟုတ်သားပဲ။ ကျွန်တော် မေ့သွားတယ်။ ခင်ဗျားကို မြစ်ကမ်းနားတလျှောက်ကို လိုက်ပြရဦးမယ်"

"ကောင်းတာပေါ့ ခင်ဗျာ။ ကျုန်းကျို့မြို့ရဲ့ အလှကို မြင်ရပေတာပေါ့" ပိုက်ဆံရလာသည့် လီကွေ့သည် အပြင်သို့ ထွက်လာခဲ့၏။

"ငါကံကောင်းတာပဲ။ နောင်ကြီးစုန်ကျန့်ကို ငါ တခါမှ မတွေ့ဖူးသေးဘူး။ ကြည့်စမ်း။ ခုဆိုရင် ငါ့ကို ငွေသားတဆယ်တောင် ချေးလိုက်သေးတယ်။ မှန်ကန်တယ်၊ ရက်ရောတယ်လို့ နာမည်ကြီးတာဟာ ကြီးထိုက်ပါပေတယ်။ ခုတလော ကစားဝိုင်းမှာ ရှုံး ရှုံးနေ တာဟာ ရက်စရာ ကောင်းလိုက်တာ။ ငါ့မှာ သူ့ကိုပြုစုဖို့ ပိုက်ဆံလည်း တပြားမှ မရှိဘူး။ သူပေးလိုက်တဲ့ ပိုက်ဆံကလေးနဲ့ ကစားလိုက်ဦးမှပဲ ထင်တယ်။ နိုင်ရင် သူ့ကို စိမ်ရည် ကလေး ဘာလေး တိုက်ပြီး ဧည့်ခံနိုင်တာပေါ့။ ဒါမှ ငါ့ဘက်က ဧည့်ဝတ်ကျေမှာ"

လီကွေ့သည် ထိုသို့တွေးကာ မြို့ပြင်ဘက်ရှိ ချန်ယီကလေး ဆိုသူ ဖွင့်ထားသည့် ကစားဝိုင်းတခုသို့ လာခဲ့၏။ ကစားဝိုင်းသို့ ရောက်လျှင် လီကွေ့သည် ငွေတဆယ်သားကို ရှေ့သို့ ချလိုက်ကာ-

"ခေါင်းပန်း မြှောက်ချင်တယ်ကွာ။ ဒိုးပြားပေးစမ်း"

ချန်ယီမှာ လီကွေ့ ရိုးသားစွာ ကစားလေ့ရှိကြောင်းကို သိသဖြင့်-

"နောင်ကြီး ဒီတဝိုင်း စောင့်လိုက်ဦးဗျ။ နောက်ဝိုင်းကျမှ ဝင်"

"မလိုချင်ဘူးကွာ။ ခုဝိုင်းကို ဝင်ချင်တယ်"

"ဒါဖြင့် ဘေးက လောင်းပေါ့"

"ဘေးကလည်း မလောင်းချင်ဘူးကွာ။ ငါကိုယ်တိုင် မြှောက်ချင်တယ်။ ငါ ငွေငါးကျပ် သား လောင်းမယ်" ဟုဆိုကာ လီကွေ့သည် အခြားသူတယောက်ထံမှ

ခေါင်းပန်းလှန်သည့်ဒိုးပြားများကို ဆွဲယူလိုက်ပြီးလျှင်-

"ကဲ၊ ငါနဲ့ ဘယ်သူလောင်းမလဲ"

"ကျုပ်လောင်းမယ်ဗျာ" ဟု ချန်ယီက ပြော၏။

"ငါက ပန်းကွာ" ဟု ဆိုကာ လီကွေ့သည် ပိုက်ဆံပြားများကို မြှောက်လိုက်ရာ ခေါင်းကျ၏။ ချန်ယီက လောင်းထားသည့် ပိုက်ဆံများကို သိမ်းလိုက်၏။

"ငါ့မှာ ငွေတဆယ်သားနဲ့ လာတာကွ" ဟု လီကွေ့က ပြော၏။

"ဒီလိုဆို နောက်တခါ လောင်းဦးလေ။ နောက်တခါ ခင်ဗျား ပန်းကျရင် ခင်ဗျားငွေ ငါးကျပ်သား ပြန်ယူပေါ့"

လီကွေ့က ပိုက်ဆံများကို ယူ၍ မြှောက်လိုက်ရင်း "ငါက ပန်းကွ" ဟု အော်၏။ ယခု တကြိမ်တွင်လည်း ခေါင်းကျပြန်၏။ ချန်ယီက ပြုံးလိုက်ရင်း-

"နောက်တဝိုင်း စောင့်ပါလို့ ခင်ဗျားကို ပြောသားပဲ။ ခင်ဗျားမှ နားမထောင်ဘဲကိုး။ ခုတော့ ဆက်တိုက် ခေါင်းနှစ်ခါ ကျနေပြီ"

"ပိုက်ဆံက ငါ့ပိုက်ဆံ မဟုတ်ဘူးကွ"

"ဘယ်သူ့ပိုက်ဆံဖြစ်ဖြစ် အကြောင်းမဟုတ်ဘူးလေ။ ရှုံးတာကတော့ ရှုံးတာပဲ"

"ဒါဖြင့် ငါ့ကို ပိုက်ဆံနည်းနည်းချေးကွာ။ မနက်ဖြန်ကျရင် ငါ ပြန်ပေးပါ့မယ်"

"ကြံကြီးစည်ရာဗျာ။ ရှေးက စကားပုံကို ခင်ဗျား မကြားဖူးဘူးလား။ "လောင်းကစား ရာမှာ မသနားရဘူး" တဲ့။ ခင်ဗျား ရှုံးပြီးပြီ။ ရှုံးပြီးတော့မှ ဘာဖြစ်လို့ ဒီလောက် မနေနိုင် မထိုင်နိုင် ဖြစ်နေရတာလဲ"

လီကွေ့သည် ဝတ်ရုံရှေ့ပိုင်းကို စု၍ ခါးတွင် ချည်လိုက်ပြီးနောက်-

"ကဲ၊ အဲဒီပိုက်ဆံကို ပြန်ပေးမလား၊ မပေးဘူးလား"

"နောင်ကြီးလီရာ။ ခါတိုင်းဆိုရင် ခင်ဗျား ရိုးရိုးသားသား ကစားတဲ့လူတယောက်ပါ။ ဒီနေ့မှ ဘာဖြစ်လာတာလဲ"

လီကွေ့သည် မည်သို့မျှ မပြောဘဲ ဝိုင်းထဲတွင်ရှိသည့် သူ့ငွေစများကို

ကောက်ယူ လိုက်ပြီးနောက် အခြားကစားသမားတဦး၏ ငွေတဆယ်သားကိုလည်း ကောက်ယူကာ အိတ်ထဲသို့ ထည့်လိုက်၏။

"ဟုတ်တယ်။ ခါတိုင်းတော့ ငါ ရိုးရိုးသားသား ကစားတာပဲ။ ဒီနေ့ကတော့ ခွင်းချက် ပေါ့"

ချန်ယီသည် ပိုက်ဆံကို လုရန် သူ့နောက်မှ ပြေးလိုက်သွား၏။ လီကွေ့က ဘေးသို့ တိမ်းလိုက်ပြီး ချန်ယီကို မြေကြီးပေါ်သို့ ကိုင်ပေါက်လိုက်၏။ ကစားသမား တကျိပ်ကျော် တို့သည် ကြီးမားတုတ်ခိုင်သော လီကွေ့ကို ဝိုင်း၍ ထိုးနှက်ကြ၏။ လီကွေ့သည် အရှေ့ဘက် သို့ ထိုးဟန်ပြပြီး အနောက်ဘက်သို့ ထိုး၏။ တောင်ဘက်သို့ ထိုးဟန်ပြပြီးမှ မြောက် ဘက်သို့ ထိုး၏။ လီကွေ့သည် သူတို့အားလုံးကို ထိုးနှက်ပြီးနောက် တံခါးဆီသို့ ထွက်လာ ခဲ့၏။

"ဟေ့ သူငယ်။ ဘယ်သွားမလို့လဲ" ဟု ဝင်းစောင့်က မေး၏။

လီကွေ့သည် တံခါးစောင့်ကို တွန်းဖယ်ကာ တံခါးကို ခြေနှင့်ကန်၍ ဖွင့်ပြီးနောက် အပြင်သို့ ထွက်လာခဲ့ရာ ကစားသမားအချို့လည်း နောက်မှ လိုက်လာကြလေ၏။

"ဗျို့၊ နောင်ကြီးလီကွေ့။ ဘာဖြစ်လို့ ကျွန်တော်တို့ ပိုက်ဆံတွေကို ယူသွားတာလဲ။ ပြန်ပေးခဲ့ပါ" ဟု လှမ်းအော်နေကြ၏။ သို့ရာတွင် အနားသို့ကား မကပ်ရဲကြချေ။

လီကွေ့သည် လျှောက်လာခဲ့စဉ် သူ့နောက်မှ လူတယောက် ပြေးလိုက်လာကာ သူ့ လက်မောင်းကို ဖမ်းဆွဲလိုက်ပြီးလျှင် "ဘာဖြစ်လို့ သူများပစ္စည်းကို ယူသွားတာလဲ" ဟု မေးလေ၏။

"ယူတော့ကော မင်းနဲ့ ဘာဆိုင်လို့လဲ"ဟု ဆိုကာ လီကွေ့သည် နောက်သို့ လှည့်ကြည့် လိုက်ရာ ထိုက်ချုံနှင့် သူ့အနီးတွင် ရပ်နေသော စုန်ကျန့်ကို တွေ့ရ၏။ လီကွေ့မှာ သူ တို့ကို မြင်သည့်အခါတွင် ရှက်သည့်အမူအရာ ပေါ်လျက်ရှိ၏။

"စိတ်မရှိပါနဲ့ နောင်ကြီးရာ။ သံဂေါဏှာ လောင်းကစားရင် ဘယ်တော့မှ မတရား မလုပ်ဘဲ ရိုးရိုးသားသား ကစားပါတယ်။ ဒီနေ့တော့ နောင်ကြီးတို့ဆီက ချေးလာတဲ့ပိုက်ဆံကလေးလည်း ကုန်သွားတော့ နောင်ကြီးတို့ကို ဧည့်ခံပြုစုဖို့ မတတ်နိုင်ဘဲ ဖြစ်သွား တယ်။ ဒါနဲ့ စိတ်ညစ်ညစ်နဲ့ ကျွန်တော် လုပ်မိလုပ်ရာ လုပ်လိုက်မိတယ်"

စုန်ကျန့်က ရယ်လိုက်လျက်-

"အမယ်လေး။ နောင်မှာ ငွေလိုရင် ကျွန်တော့်ကိုပြောပါ နောင်ကြီးရာ။ ခုခင်ဗျား ရှုံးလာခဲ့ပြီပဲ။ သူတို့ပိုက်ဆံတွေကို ပြန်ပေးလိုက်ပါ"

လီကွေ့သည် အခြားလမ်း ရွေးစရာ မရှိတော့သည့်အတွက် အိတ်ထဲမှ ငွေများကို နှိုက်ယူပြီးနောက် စုန်ကျန့်ကို လှမ်းပေးလိုက်၏။ စုန်ကျန့်သည် ချန်ယီကို လှမ်းခေါ်လိုက် ပြီးလျှင် သူတို့ ပိုက်ဆံများကို ပြန်ပေးလိုက်၏။

"ကျွန်တော့်ပိုက်ဆံကိုပဲ ကျွန်တော် ပြန်ယူပါ့မယ်။ နောင်ကြီး ရှုံးသွားတဲ့ ငွေတဆယ် သားကိုတော့ ကျွန်တော် ပြန်မယူတော့ပါဘူး။ နောင် ရှိတော့မှ ပေးတာပေါ့"

စုန်ကျန့်က-

"ယူသာ ယူသွားပါ ငါ့ညီရာ။ ဒါအတွက် စိတ်မပူပါနဲ့။ ငါ့ညီတို့မှာ ထိခိုက်ဒဏ်ရာရတာကော ရှိသေးသလား"

"ပိုက်ဆံသိမ်းတဲ့လူရယ်၊ ဒိုင်ရယ်၊ ဂိတ်စောင့်ရယ်၊ သူတို့သုံးယောက်ကိုတော့ ထိုးကြိတ် ပစ်ခဲ့တာပဲဗျ"

"ကဲ၊ ဒီလိုဆိုရင် ငါ့ညီက လက်မခံဘူးဆိုရင်လည်း အဲဒီပိုက်ဆံတွေဟာ သူတို့ အတွက် လျော်ကြေးပေးတယ်လို့ပဲ သဘောထားလိုက်ပါ။ ဒါကိုလည်း ငါ့ညီက လက်မခံ ဘူးဆိုရင်တော့ ငါကိုယ်တိုင် သူတို့ကို လိုက်ပေးရလိမ့်မယ်"

ချန်ယီသည် ငွေစကို လှမ်းယူပြီးနောက် စုန်ကျန့်ကို ကျေးဇူးစကားဆိုကာ ထွက်ခွာ သွားလေ၏။

"ကဲ၊ နောင်ကြီးလီနဲ့ စိမ်ရည်ကလေး ဘာလေး သောက်ကြဦးစို့ဗျာ" ဟု စုန်ကျန့်က ပြော၏။

ထိုက်ချုံသည် စားပွဲထိုးကို ခေါ်ပြီးနောက် ငရုတ်ကောင်းခတ်သည့် ငါးရေချိုကို မှာလိုက်၏။ ခဏကြာလျှင် ငါးရေချို ရောက်လာလေ၏။ စုန်ကျန့်က-

"ပန်းကန်ခွက်ယောက်လှလှနဲ့ စားရတာဟာ အရသာရှိတဲ့ အစားအသောက်ကို စားရ တာထက် အာသာပြေစေတယ်"ဆိုတဲ့ ရှေးစကားရှိသဗျ။ တောထမင်းဆိုင်ကလေး၊ တော ဘုံဆိုင်ကလေးပေမယ့် အထင်မသေးနဲ့ဗျို့။ ပန်းကန်ခွက်ယောက်တွေက အကောင်းစားတွေ"

စုန်ကျန့်သည် တူတစုံကို ကောက်ကိုင်လိုက်၏။ ထိုက်ချုံနှင့် လီကွေ့တို့ကိုလည်း စားရန် ပြောပြီးနောက် စုန်ကျန့်သည် ငါးကို ဖွဲ၍ စားကာ ဟင်းချိုရည်ကို သောက်လျက် ရှိလေ၏။

လီကွေ့မှာမူ တူကိုပင် မကိုင်တော့ချေ။ လီကွေ့သည် ပန်းကန်ထဲမှ ငါးကို လက်ဖြင့် လှမ်းယူကာ အရိုးတွေရော အသားပါ ဝါးလျက်ရှိလေ၏။ စုန်ကျန့်မှာ ရယ်၍ မဆုံးနိုင်တော့ပြီ။ စုန်ကျန့်သည် ဟင်းချိုရည် နှစ်ခါ၊ သုံးခါလောက် သောက်ပြီးနောက် တူများ ကိုချကာ အစားရပ်လိုက်၏။

"အရက်ကလေး နည်းနည်းသောက်ပြီးလို့ရှိရင် ငါးလတ်လတ်ဆတ်ဆတ်ကို ပြုတ် ထားတဲ့ ငါးဟင်းချိုရည်ကလေးကို သောက်လိုက်ရတာဟာ သိပ်အရသာရှိတာပဲဗျ။ ခုတော့ သူ့ငါးက ငါးစိမ်း မဟုတ်တော့ သိပ်မကောင်းဘူး"

"ကျွန်တော်ကလည်း ငါးဆားနယ်တို့ ဘာတို့ဆိုရင် သိပ်မကြိုက်ဘူး"

လီကွေ့ကမူ သူ့ဟင်းချိုရည်ပန်းကန်ကို ကုန်အောင် သောက်လိုက်ပြီးနောက်-"နောင်ကြီးတို့ မကုန်ရင် ကျွန်တော် သောက်ပစ်လိုက်မယ်လေ" ဟု ဆိုကာ လီကွေ့ သည် စုန်ကျန့်၏ ပန်းကန်ထဲတွင် ကျန်သည့် ငါးကို လက်ဖြင့် ဆယ်၍ စားလိုက်ပြီးနောက် ထိုက်ချုံ၏ ပန်းကန်ထဲတွင် ကျန်သည့် ငါးကိုလည်း အလားတူ စားလေ၏။ လီကွေ့ကြောင့် စားပွဲတခုလုံးမှာလည်း ဟင်းချိုရည်တွေ စွန်းထင်းလျက် ရှိလေ၏။

စုန်ကျန့်သည် အရိုးပါမကျန် ဟင်းချိုပန်းကန်သုံးပန်းကန် ကုန်အောင် စားသောက် ပစ်သော လီကွေ့ကို ကြည့်နေ၏။ ထို့နောက် စားပွဲထိုးကို လှမ်းခေါ်လိုက်၏။

"ဟောဒီက ငါ့နောင်ကြီးဟာ ခုထက်ထိ အဆာမပြေသေးဘူးထင်တယ်။ နောက်ထပ် အမဲသားနှစ်ဆယ်သားလောက် လှီးပြီး ယူခဲ့ဦး။ ပြီးတော့ ငါအားလုံးရှင်းမယ်"

"ကျွန်တော်တို့ဆိုင်မှာ အမဲသား မရှိတော့ဘူး ခင်ဗျ။ သိုးသားပဲ ရှိတော့တယ်။ သိုးသားကတော့ ကြိုက်သလောက် ရမယ်"

လီကွေ့သည် လက်တွင် ကိုင်ထားသည့် ဟင်းချိုရည်ပန်းကန်ထဲမှ ဟင်းချိုရည် များဖြင့် စားပွဲထိုး၏ မျက်နှာကို ပက်ချလိုက်၏။ စားပွဲထိုး၏ အဝတ်အစားများမှာ အားလုံး စိုရွှဲကုန်ကြ၏။

"ဟေ့၊ လီကွေ့။ ဘာလုပ်တာလဲ"ဟု ထိုက်ချုံက မေးလိုက်၏။

"အလကားကောင်။ ကျွန်တော့်ကို အမဲသားလောက်ပဲ စားတတ်တဲ့ ကောင်လို့ ထင်ပြီး သိုးသားရှိလျက်သားနဲ့ မပေးဘူး"

"ကျွန်တော်က မပေးဘူးလို့ ဘယ်မှာ ပြောသေးလို့လဲ။ သိုးသား

စားမလားလို့ပဲ မေးတာပဲ”

“သွားကွာ။ ရှိတာယူခဲ့။ ငါ ရှင်းမယ်” ဟု စုန်ကျန့်က ပြော၏။

စားပွဲထိုးသည် ဒေါသကို ချုပ်တည်းကာ သိုးသားနှစ်ဆယ်သားကို လှီး၍ ပန်းကန်ပြား တချပ်ဖြင့် ထည့်လာ၏။ လီကွေ့မှာ ဟန်မဆောင်နိုင်တော့ပြီ။ လီကွေ့သည် သိုးသားနှစ်ဆယ် သားကို ယူကာ လက်ဖျစ်တချက်တီး အချိန်ကလေးအတွင်းမှာပင် ဝါးစားပစ်လိုက်၏။

“ကျုပ်ညီကတော့ တကယ့်လူပဲဗျို့” ဟု စုန်ကျန့်က ပြော၏။

“ကျွန်တော့်စိတ်သဘောထားကို နောင်ကြီးစုန်ကျန့်တယောက်ပဲ နားလည်တယ်။ အမဲသားကတော့ ငါးထက် အများကြီး ကောင်းတာပဲဗျို့”

ထိုက်ချုံသည် စားပွဲထိုးကို လှမ်းခေါ်လိုက်ကာ-

“ငါးဟင်းချို ထည့်ပေးတဲ့ ပန်းကန်ပြားတွေကတော့ တကယ်ကောင်းတာပဲကွာ။ ဒါပေမဲ့ ငါးကတော့ ဆားငန်လှတယ်။ တို့ အရက်ရှိန်ကလေး လျော့သွားအောင် ငါးပြုတ် ရည်ကောင်းကောင်းလေး သောက်ချင်တယ်။ ဒီနားတဝိုက်မှာ ငါး လတ်လတ်ဆတ်ဆတ် များ မရနိုင်ဘူးလား”

“အမှန်ပြောရရင်တော့ စောစောက ပြုတ်ပေးတဲ့ ငါးဟာ မနေ့ညက ငါးတွေပဲ ခင်ဗျ။ ဒီနေ့ ဖမ်းလို့ရတဲ့ ငါးတွေက ရောက်မလာသေးဘူး။ လှေပေါ်မှာပဲ ရှိသေးတယ်။ အဲဒီ ငါးတွေက ပိုက်သူကြီးရောက်လာမှ ဝယ်လို့ရမှာ။ဒါကြောင့်မို့ ကျွန်တော်တို့မှာ ငါးလတ်လတ် ဆတ်ဆတ် မရသေးဘူး”

လီကွေ့က ထ၍ ခုန်လိုက်ကာ-

“နောင်ကြီးဖို့ ကျွန်တော် နှစ်ကောင်၊ သုံးကောင်လောက် သွားဆွဲချေမယ်ဗျာ”

“မသွားပါနဲ့။ စားပွဲထိုးကို အဝယ်ခိုင်းလိုက်မှာပေါ့” ဟု ထိုက်ချုံက ပြော၏။

“တံငါသည်တွေက ကျွန်တော်ဝယ်ရင် မငြင်းရဲပါဘူး။ ဒါလောက်ကတော့ အကြောင်း မဟုတ်ပါဘူး”

ထောင်ပိုင်သည် လီကွေ့ကို မတားနိုင်တော့ချေ။ လီကွေ့လည်း ထွက်သွားလေ၏။

ထိုက်ချုံက-

"နောင်ကြီးရေ၊နောင်ကြီးကိုဒီလိုလူမျိုးနဲ့ မိတ်ဖွဲ့ပေးတဲ့အတွက်ဘယ်လိုမှ မအောက်မေ့ ပါနဲ့ဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဒီကောင်က ယဉ်ကျေးမှုဆိုလို့ ဘာမှ နားလည်တဲ့ ကောင် မဟုတ်ဘူး။ ကျွန်တော် အားနာလိုက်တာ"

"ဒါကတော့ သူ့စရိုက်ကိုးဗျ။ ဘယ့်နှယ်လုပ် ပြောင်းလို့ရမလဲ။ ဒါပေမဲ့ သူ့ရိုးသားမှု ကိုတော့ ကျွန်တော် လေးစားပါတယ်"

ရှိကြ၏။ သူတို့နှစ်ယောက်သည် ပန်းစံပယ်ရိပ်သာထဲတွင် ထိုင်၍ နောက်ပြောင်ပြောဆိုလျက် လီကွေ့သည် မြစ်ဆိပ်သို့ ဆင်းလာခဲ့၏။ မြစ်ဆိပ်တလျှောက်တွင်မူ တံငါလှေပေါင်း ရှစ်ဆယ်၊ ကိုးဆယ်ခန့်တို့သည် မိုးမခပင်များကို ချည်၍ တန်းစီဆိုက်ထားကြ၏။ တံငါ သည်အချို့မှာ လှေပဲ့ပိုင်းတွင် ပိုးလိုးပက်လက် အိပ်ပျော်လျက်ရှိကြပြီး အချို့မှာလည်း ဦးပိုင်းတွင် ပိုက်များကို ဖာလျက်ရှိကြ၏။ အချို့မှာလည်း ရေချိုးလျက် ရှိကြ၏။ အချိန်မှာ စန္ဒမာသ ပဉ္စမလ ဖြစ်၏။ နေလုံးကြီးသည် မြစ်အနောက်ဘက်သို့ ဝင်လုဆဲဆဲ ဖြစ်နေလေပြီ။ ထိုအချိန်အထိ ပိုက်သူကြီး ရောက်မလာသေးသဖြင့် ငါးများကိုလည်း မရောင်းရသေးချေ။

"ဗျို့၊ ခင်ဗျားတို့ လှေတွေပေါ်မှာ ငါး လတ်လတ်ဆတ်ဆတ် ရှိတယ် မဟုတ်လား။ ကျုပ်ကို နှစ်ကောင်လောက် ရောင်းပါဗျာ" ဟု လီကွေ့က အော်၏။

"ပိုက်သူကြီး ရောက်မလာသေးလို့ လှေဝမ်းကို ဖွင့်လို့မရသေးဘူးဗျ။ သူလာမှ ဖွင့်လို့ရမှာ။ ငါးသည်တွေတောင် ငါး မရသေးလို့ ကမ်းပေါ်မှာ တန်းစီစောင့်နေကြတယ်။ မမြင်ခဲ့ ဘူးလား"

"ခင်ဗျားတို့ ပိုက်သူကြီး လာလာ၊ မလာလာဗျာ။ သောက် ဂရုစိုက်လို့။ ကျုပ် ငါး နှစ်ကောင်လောက် လိုချင်တယ်"

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့တောင် နတ်တို့ ဘာတို့ မတင်ရသေးဘူး။ ခင်ဗျားကို ပေးလို့ ဘယ်ဖြစ်ပါ့မလဲ"

လီကွေ့သည် အနီးရှိ လှေတစီးပေါ်သို့ ခုန်တက်လိုက်ရာ တံငါသည်များမှာ တားချိန်ပင် မရလိုက်ကြချေ။ လီကွေ့သည် တံငါလှေများအကြောင်းကို ဘာမျှ နားလည်သူ မဟုတ်ချေ။ လီကွေ့သည် လှေထဲတွင် ကန့်ထားသည့် ယင်းကို ဆွဲတင်လိုက်၏။ "ဗျို့လူ။ ယင်းလိပ်ကို ဆွဲမတင်နဲ့လေ" ဟု ကမ်းပေါ်မှ တံငါသည်များက အော်ကြ၏။

လီကွေ့သည် ရေထဲသို့ စမ်းကြည့်လိုက်၏။ သို့ရာတွင် ငါးတကောင်မျှ မတွေ့ရချေ။ တံငါလှေများမှာ ပဲ့ပိုင်းတွင် ဖွင့်၍ ရေသွင်းလိုက်၏။ ထို့နောက်

ထိုအပေါက်များကို ယင်း များဖြင့် ပိတ်ထားလိုက်သည့်အခါတွင် ငါးများ ပြန်မထွက်နိုင်တော့ပြီ။ ထိုနည်းဖြင့် ကျန်းကျို့ မြို့တွင် လတ်ဆတ်သော ငါးများကို ရရှိနေခြင်းဖြစ်၏။ ယခု လီကွေ့က ယင်းလိပ်ကို ဆွဲတင် လိုက်သောအခါ၌ကား ငါးများမှာ ပြန်လွတ်သွားကြလေပြီ။ လီကွေ့သည် နောက်လှေတစီး ပေါ်သို့ ခုန်ကူးသွားကာ ထိုလှေပေါ်မှ ယင်းလိပ်ကိုလည်း ဆွဲတင်လိုက်ပြန်၏။

ဤတွင် တံငါသည် ခုနစ်ဆယ် ရှစ်ဆယ်ခန့်တို့သည် လှေများပေါ်သို့ ပြေးဆင်းလာ ကြကာ လီကွေ့ကို ထိုးဝါးများဖြင့် ဝိုင်းဝန်းရိုက်နှက်ကြ၏။ ဤတွင် လီကွေ့သည် အကြီး အကျယ် ဒေါသထွက်လျက် သူ့ကိုယ်တွင် ဝတ်ထားသည့် ဝတ်ရုံကြီးကို ချွတ်ပစ်လိုက် ပြီးနောက် ကိုယ်အောက်ပိုင်းကို ပန်းပြောက် လက်ကိုင်ပဝါကြီးတထည်ဖြင့် စည်း၍ ရပ်နေ၏။ လီကွေ့သည် သူ့ကို လာရောက် ထိုးနေသည့် ဝါးလုံးပေါင်း တဒါဇင်ခန့်ကို ဆွဲယူလိုက်ပြီးလျှင် ကြက်သွန်မြိတ်ကလေးကို ချိုးဖွဲ့သကဲ့သို့ ချိုးပစ်လိုက်၏။ ဤတွင် တံငါသည်များမှာလည်း ကြောက်လန့်ကုန်ကြကာ ချည်တိုင်တွင် ချည်ထားသည့် လှေ များကို ဖြုတ်၍ လှော်ခတ်ထွက်ပြေးကြ၏။

လီကွေ့သည် ဇီးကွက်တကောင်နှယ် ကိုယ်လုံးတီးဖြစ်လျက် ရှိရာမှ ထိုးဝါး ထက်ပိုင်း ကျိုးတချောင်းကို ကောက်ယူလိုက်ကာ တံငါသည်များကို ရိုက်ရန် ကမ်းပေါ်သို့ ခုန်တက် လာခဲ့၏။ ငါးသည်များလည်း ထမ်းပိုးများကို ထမ်းကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြ၏။

ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်လျက်ရှိစဉ် လူသွားလမ်းကလေးအတိုင်း မိမိတို့ဘက်သို့ လာနေသော လူတယောက်ကို မြင်ရ၏။

“ဆရာကြီးရေ၊ မြန်မြန်လာပါ။ ဆရာကြီးက သိပ်နောက်ကျတာကိုး။ ဟောဟို အသားမည်းမည်း တုတ်တုတ်ကောင်ရယ် ကျွန်တော်တို့ ငါးတွေကို လုနေတယ်။ လှေတွေ အားလုံးကိုလည်း မောင်းထုတ်နေတယ်”

“မည်းမည်းတုတ်တုတ်ကောင်က ဘယ်က ကောင်လဲ။ ဒီကောင်က ဘာမို့လို့ လာပြီး ရမ်းကားနေတာလဲ”

“ဟောဟိုကမ်းပေါ်မှာ ခင်ဗျ။ လူတွေကို လိုက်ရိုက်နေတဲ့ လူပဲ”

ထိုလူသည် လီကွေ့ဆီသို့ ပြေးလာခဲ့ကာ ပါးစပ်ကလည်း အော်ဟစ်လျက် ရှိ၏။

“ဟေ့ကောင်။ မင်းက ဘာဆိုင်လို့ ငါ့အလုပ်ကို ဖျက်လိုဖျက်ဆီး လုပ်နေတာလဲ။ မင်းက ဒီလောက်တောင် ရဲတင်းရအောင် ကျားသစ်အသည်းကို

စားထားလို့လား။ ဒါမှ မဟုတ် ကျားသည်းခြေ စားထားလို့လား”

လီကွေ့သည် ထိုလူကို လှည့်ကြည့်လိုက်၏။ ထိုလူမှာ အရပ်ခြောက်ပေခန့် ရှိပြီး အသက်မှာ သုံးဆယ့်နှစ်နှစ်ခန့်လောက်ဟု ခန့်မှန်းရ၏။ ထိုလူ၏ မေးပေါ်တွင် ဆိတ် မုတ်ဆိတ် တွဲလောင်းကျလျက်ရှိပြီး မုတ်ဆိတ်မွေးများမှာလည်း မည်းနက်လျက် ရှိ၏။ ထိုလူသည် ခေါင်းတွင် စကြာတံဆိပ် ရိုက်ထားသည့် အပြာရောင် ပိုးလက်ကိုင်ပဝါကြီး တထည်ကို ခေါင်းပေါင်းထားပြီး ခေါင်းပေါင်းထဲမှ ထိုးထွက်နေသည့် ဆံပင်ရှည်ကြီးကို အသည်းကွဲရောင် နီရဲရဲကြိုးတချောင်းဖြင့် စည်းထား၏။ အဖြူရောင်ဝတ်ရုံကြီးကို ဝတ် ထားပြီး ခါးတွင် အနီရောင် ပိုးခါးစည်းကြိုးတချောင်းကိုလည်း စည်းထား၏။ ခြေတွင်မူ ငှက်ခြေထောက်ပုံအနက်နှင့် အဖြူဖော်ထားသည့် လျှော်ဖိနပ်ကြီးကို စီးထား၏။ လက် တဖက်တွင်လည်း ချိန်ခွင်ကြိုးတခုကို ကိုင်ထားလေ၏။

ထိုလူသည် ငါးရောင်းရန် လာခဲ့ခြင်းဖြစ်၏။ သို့ရာတွင် လီကွေ့က လူများကို လိုက်ရိုက် နေသည်ကို မြင်ရသည့်အခါ၌ လက်တွင် ကိုင်လာသည့် ချိန်ခွင်ကြိုးကို အနီးရှိ ငါးသည် တယောက်အား လှမ်းပေးလိုက်ကာ လီကွေ့ထံသို့ ပြေးလာ၏။

“ဟေ့ကောင်၊ မင်း ဘယ်သူ့ကို ရိုက်ချင်သေးသလဲဟင်”

လီကွေ့သည် စကားတလုံးမျှ မပြောဘဲ လက်တွင် ကိုင်ထားသည့် ထိုးဝါးကို ဇွေ့ယမ်း အားယူပြီးနောက် လွှဲ၍ ရိုက်ချလိုက်၏။ ထိုလူက ဘေးသို့ တိမ်းပေးလိုက်ပြီး ဝါးလုံးကို ဖမ်းဆုပ်လိုက်၏။ လီကွေ့က ထိုလူ၏ ဆံပင်ကို ဖမ်းဆွဲထားလိုက်၏။ ထိုလူသည် လီကွေ့၏ ခြေထောက်ကို ဖမ်းကိုင်ပြီး သူ့ကို ကိုင်ပေါက်ရန် ကြိုးစား၏။ သို့ရာတွင် လီကွေ့မှာ နွား တကောင်ကဲ့သို့ သန်မာသူဖြစ်ရာ ထိုလူ အနားသို့ ကပ်လာတိုင်း ထိုလူကို ခတ်ထုတ် လိုက်ပြီး ခြေထောက်ကို အကိုင်မခံဘဲ ရှောင်၏။ ထိုလူသည် လီကွေ့၏ နံရိုးကို လက်သီး ဖြင့် ထိုး၏။ သို့ရာတွင် လီကွေ့ကား မဖြုံ။ ထိုလူက သူ့ကိုလှမ်းကန်လျက် ရှိသည့်အခါတွင်မူ လီကွေ့သည် ထိုလူ၏ ခေါင်းကို ဆီး၍ နှိမ်ပစ်လိုက်ကာ သူ့ကျောကုန်းကို စည်တီးသကဲ့သို့ ရှိအောင် သံမဏိလို မာကျောသော လက်သီးများဖြင့် တဗုန်းဗုန်း ထု၏။ ထိုလူမှာ ရုန်း၍ မရတော့ပြီ။ ထိုစဉ် သူ့အနီးသို့ လူတယောက် ပြေးလာကာ သူ့ကို နောက်မှ ဝင်ဖက် လိုက်ရင်း “မလုပ်နဲ့လေ။ မလုပ်နဲ့” ဟု အော်လျက်ရှိ၏။ အခြားလူတယောက်ကလည်း သူ့ကို ဝင်ဖက်ထား၏။

လီကွေ့သည် နောက်သို့ လှည့်ကြည့်လိုက်ရာ ထိုက်ချုံနှင့် စုန်ကျန်းတို့ကို တွေ့ရ လေ၏။ ထိုအခါကျမှ လီကွေ့သည် လက်ထဲတွင် မိနေသည့် ထိုလူကို လွှတ်ပေးလိုက်ရာ ထိုလူသည် မီးခိုးတန်းတတန်းကဲ့သို့ လျင်မြန်စွာ ပြေးလွှားပျောက်ကွယ်သွား၏။

ထိုက်ချုံက-

“ငါးသွားပြီး မရှာပါနဲ့လို့ မင်းကို ငါ ပြောထားသားပဲကွာ။ ခုတော့ ဒီလာပြီး သတ်ပုတ်နေပြန်ပြီ။ မင်း သတ်လို့ သေသွားရင် မင်း တသက်လုံး ထောင်ထဲမှာ နေရမှာ” “ခင်ဗျားတို့ပါ အမှုပတ်မှာ စိုးနေသလား။ မပူပါနဲ့ဗျ။ ကျုပ်ဘာသာကျုပ် ခံမှာပါ” “ဒီလိုမပြောပါနဲ့ ကျုပ်ညီရာ။ ကဲ၊ အဝတ်အစားတွေ ဘာတွေ ဝတ်စမ်းပါဦး။ စိမ်ရည် ကလေး ဘာလေး သောက်ကြဦးစို့”

လီကွေ့သည် မိုးမခကိုင်းတကိုင်းတွင် ချိတ်ထားသည့် သူ့ဝတ်ရုံကို လှမ်းယူကာ လက်မောင်းတွင် တင်လာပြီးနောက် ထိုက်ချုံ၊ စုန်ကျန့်တို့နှင့် အတူပြန်လာခဲ့၏။ ဆယ် လှမ်းလောက် သွားမိလျှင် “ဟော့၊ အသားမည်းမည်းကောင်။ သတ္တိရှိလာခဲ့ကွ”ဟု အော်သံ ကို ကြားလိုက်ရ၏။

လီကွေ့သည် နောက်သို့ လှည့်ကြည့်လိုက်၏။ ခါးတောင်းကျိုက်ထားသည့် အစမှ အပ တကိုယ်လုံး ဗလာဖြစ်နေသဖြင့် ပိုက်သူကြီး၏အသားသည် နှင်းပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူ လျက် ရှိ၏။ ထိုလူသည် ခေါင်းတွင် ရစ်ထားသည့် အပြာရောင်ခေါင်းစည်းကို ချွတ်လိုက် သဖြင့် အသည်းကွဲရောင်ပိုးကြိုးဖြင့် ချည်ထားသည့် သျှောင်သည် ထင်ရှားစွာ ပေါ်လာ၏။ ထိုလူသည် ဝါးလုံးတချောင်းဖြင့် လှေကို ကမ်းဆီသို့ လှော်ခတ်လာ၏။

“ဟော့၊ လူမိုက်။ မင်းကို နုပ်နုပ်စဉ်းပစ်ဖို့ ကောင်းတယ် သိရဲ့လား။ မင်းလိုကောင်ကို ကြောက်နေရင် ငါ ယောကျ်ားမဟုတ်ဘူး။ ထွက်ပြေးတဲ့ကောင်ဟာ သတ္တိနည်းလို့ ထွက် ပြေးတာ”

လီကွေ့မှာ ဒေါသကြောင့် ရှူးရှူးရှားရှား ဖြစ်လျက်ရှိလေပြီ။ လီကွေ့သည် ဝတ်ရုံကို ချကာ ရန်သူကို ရင်ဆိုင်ရန် ပြေးဆင်းသွား၏။ လှေပေါ်မှ လူသည်လည်း သူ့လှေကို ကမ်းသို့ ရောက်အောင် ထိုးဝါးဖြင့် လှော်လာကာ ဆဲရေးလျက်ရှိ၏။

“ဟော့ကောင်၊ ယောကျ်ားဆိုရင် လာလေကွာ”

ပိုက်သူကြီးသည် လီကွေ့၏ခြေထောက်ကို ဝါးလုံးဖြင့် လှမ်းထိုး၏။ လီကွေ့သည် ဒေါသထွက်ကာ လှေပေါ်သို့ ခုန်တက်လိုက်၏။ ပြောသည်ထက် တိုတောင်းလှသည့် အချိန် ကလေးအတွင်းတွင် ပိုက်သူကြီးသည် ထိုးဝါးဖြင့် တချက် နှစ်ချက် ဆောင့်ထိုးလိုက်ကာ လှေကို မြစ်လယ်သို့ လှော်ခတ်သွားရာ လှေကလေးသည် မြားတစီးလို လျင်မြန်စွာ ပြေး နေ၏။ လီကွေ့သည် ရေကူးတတ်သည့်တိုင် များစွာကျင်လည်ခြင်း မရှိချေ။ လီကွေ့သည် အနည်းငယ် ထိတ်လန့်စ ပြုလာ၏။ ပိုက်သူကြီးသည် ဆဲဆိုနေရာမှ ရပ်လိုက်ကာ ဝါးလုံးကို လက်မှ ချလိုက်၏။

“ကဲ၊ လာလေ ကိုယ့်လူ။ ဘယ်သူနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့။ ကိုယ့်လူကို သတ်ပုတ်မနေချင်တော့ပါဘူး။ ရေဝဝကလေး တိုက်ချင်တာတခုပါပဲ”

ထိုလူသည် လီကွေ့၏ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်၏။ ထို့နောက် လှေနံရံ တဖက်ကို ခြေထောက်ဖြင့် ဖိနင်းလိုက်ပြီး လှေကို မှောက်ပစ်လိုက်၏။ လှေသည် မှောက် သွားကာ သူတို့နှစ်ယောက်စလုံး ရေထဲသို့ ဝုန်းခနဲ ကျသွားကြ၏။

ကမ်းစပ်သို့ ပြန်လာကြသော ထိုက်ချုံနှင့် စုန်ကျန့်တို့သည် လန့်၍ အော်လိုက်ကြ၏။ လူငါးရာခန့်တို့သည်လည်း မိုးမခပင်များအောက်မှ ရပ်ကြည့်နေကြ၏။

“အသားမည်းကောင်ကို မှူးခေါ်သွားတာ။ ရေကူးပြီး ထွက်ပြေးနိုင်တယ်ထား။ သူ့ ဗိုက်ထဲမှာ ရေတွေချည်း နေမှာပဲ” ဟု သူတို့အချင်းချင်း ပြောနေကြ၏။

ထိုစဉ် ရေပြင်မှ လီကွေ့၏ ခေါင်းပေါ်လာကာ ခဏနေလျှင် ထိုခေါင်းသည် ပြန်၍ မြုပ်သွားပြန်၏။ သူတို့နှစ်ဦးသည် ကျောက်စိမ်းလှိုင်းလုံးများ ကြားထဲတွင် တယောက်ကို တယောက် သတ်ပုတ်လျက်ရှိကြ၏။ တယောက်မှာ မှောင်နေအောင် မည်းလျက်ရှိပြီး တယောက်မှာ နှင်းပွင့်ကဲ့သို့ ဖြူဖွေးလျက်ရှိ၏။ သူတို့နှစ်ယောက်သည် တယောက်ကို တယောက် မလွှတ်ဘဲ လုံးထွေး သတ်ပုတ်လျက် ရှိကြရာ ကမ်းပေါ်မှ လူများကလည်း ကောင်းချီးသြဘာပေးလျက် ရှိကြလေ၏။

လီကွေ့မှာ ရေထဲသို့ မကြာခဏ ဆွဲ၍ အနှစ်ခံနေရသဖြင့် သူ့မျက်လုံးများမှာ ဖြူလျက် ရှိလေပြီ။ ပိုက်သူကြီးသည် သူ့ကို ရေပေါ်သို့ ဖော်လိုက်၊ အောက်သို့ ဆွဲနှစ်လိုက်ဖြင့် လုပ် ချင်တိုင်း လုပ်နေ၏။ ထိုအတိုင်းသာဆိုလျှင် လီကွေ့သည် ကြာကြာခံနိုင်ဖွယ် မရှိတော့ပြီ။ ဤတွင် လီကွေ့ကို ကယ်ဖို့ လူများကို ပြောရန် စုန်ကျန့်က ထိုက်ချုံကို ပြော၏။

“အဲဒီ အသားဖြူဖြူနဲ့ လူထွားထွားက ဘယ်သူလဲ” ဟု ထိုက်ချုံက မေး၏။

“ကျုပ်တို့ ပိုက်သူကြီးဗျ။ ချန်ရွှန်းလို့ ခေါ်တယ်”

ထိုအမည်ကို ကြားသည့်အခါတွင် စုန်ကျန့်က-

“အလို၊ ဒီလှိုင်းဖြူဆိုတဲ့ လူလား” ဟု မေးလေ၏။

“ဟုတ်တယ်ဗျ။ သူပဲ”

“ဟန်လိုက်လေဗျာ။ သူ့အစ်ကို ချန်ဟင်းက ပေးလိုက်တဲ့ စာတစောင်

ပါလာတာနဲ့ အတော်ပဲ” ဟု စုန်ကျန့်က ထောင်ပိုင်ကို ပြော၏။ ထောင်ပိုင်ထိုက်ချုံသည် မြစ်ကမ်းစပ် သို့ သွားကာ-

“ဗျို့၊ ချန်ရွှန်း။ သတ်ပုတ်မနေနဲ့တော့လေ။ ခင်ဗျားအစ်ကိုကြီး ချန်ဟင်းက ပေးလိုက် တဲ့ စာတစောင် ပါလာတယ်။ အသားမည်းမည်းနဲ့ လူကလည်း ကျုပ်တို့ မိတ်ဆွေပါ။ ကမ်း ပေါ်ကို တက်ခဲ့ပါဦး။ စကားလေး ဘာလေး ပြောရအောင်”

ချန်ရွှန်းသည် ထောင်ပိုင်ကို မှတ်မိလိုက်၏။ ချန်ရွှန်းသည် လီကွေ့ကို လွှတ်ပေးလိုက် ပြီးလျှင် ကမ်းသို့ ကူးလာခဲ့ကာ အပေါ်သို့ ရောက်လျှင် ထိုက်ချုံကို ရိုသေစွာ နှုတ်ဆက်၏။

“ကျွန်တော့်အပြုအမူ ရိုင်းသွားတဲ့အတွက် ခွင့်လွှတ်ပါ ထောင်ပိုင်ကြီး”

“ကဲ။ ဟောဟိုက ကျုပ်မိတ်ဆွေကို ရေထဲက ဆယ်ပေးပါဦးဗျာ။ ကျုပ်တောင်းပန် ပါတယ်။ ခင်ဗျားကိုလည်း လူတယောက်နဲ့ တွေ့ပေးချင်လို့ပါ” ဟု ထောင်ပိုင်က ပြော၏။

ချန်ရွှန်းသည် ရေထဲသို့ ခုန်ဆင်းသွားကာ ရေလယ်ကောင်တွင် ယက်ကန်ယက်ကန် ဖြစ်နေသော လီကွေ့ရှိရာသို့ သွား၍ အနီးသို့ရောက်သည်နှင့် လက်ကို ဖမ်းဆွဲလိုက်၏။ ချန်ရွှန်းသည် ရေထဲတွင် အားရပါးရ လျှောက်လာခဲ့ရာ သူ့ကို ကြည့်ရသည်မှာ ရေထဲတွင် လျှောက်နေသည်နှင့် မတူဘဲ ကုန်းပေါ်တွင် လျှောက်နေသည့်နှယ်ရှိ၏။ လှိုင်းများသည် မြင့်တက်လာသော်လည်း ချန်ရွှန်း၏ ချက်သို့ ရောက်ရုံမျှသာရှိ၏။ ချန်ရွှန်းသည် လီကွေ့ကို လက်တဖက်တည်းဖြင့် ကမ်းသို့ရောက်အောင် ဆွဲခေါ်လာ၏။ ကမ်းပေါ်ရှိ ပရိသတ်တို့သည် လက်ခုပ်သြဘာပေးကြ၏။ စုန်ကျန့်မှာကား အံ့သြလွန်းသဖြင့် စကားပင် တလုံးမျှ မပြော နိုင်တော့ပြီ။ အတန်ကြာလျှင် သူတို့နှစ်ယောက်လည်း ကမ်းသို့ ရောက်လာကြ၏။ လီကွေ့ မှာ ရေတွေချည်း အန်နေ၏။

“ကျုပ်တို့နဲ့ ပန်းစံပယ်ရိပ်သာကို လိုက်ခဲ့ပါလား။ ဟိုမှာ စကားလေး ဘာလေး ပြောရ တာပေါ့” ဟု ထိုက်ချုံက ခေါ်၏။

ချန်ရွှန်းသည် သူ့ဝတ်ရုံကို ကောက်ဝတ်၏။ လီကွေ့ကလည်း သူ့ဝတ်ရုံကို ဝတ်၏။ ထို့နောက် သူတို့လေးယောက်သည် ပန်းစံပယ်ရိပ်သာဆီသို့ လာခဲ့ကြ၏။

“နောင်ကြီးက ကျုပ်ကို သိသလား” ဟု ထိုက်ချုံက ချန်ရွှန်းကို မေး၏။

“သိပါသော်ကော ထောင်ပိုင်ကြီးရာ။ ဒါပေမဲ့ ကျွန်တော့်ကံက မကောင်းလေတော့ ထောင်ပိုင်ကြီးနဲ့ တွေ့ ခွင့်မကြုံခဲ့ဘူး”

ထိုက်ချံုက လီကွေ့ကို လက်ညှိုးထိုးပြလိုက်လျက်-

"သူ့ကိုကော အရင်တုန်းက သိသလား။ ဒီနေ့ ခင်ဗျားနဲ့ သတ်ပုတ်ခဲ့ကြတယ်လေ"

"သိပါတယ် ခင်ဗျာ။ ဒါပေမဲ့ အားပြိုင်ဖူးတာကတော့ ဒီတခါပဲ ရှိပါသေးတယ်"

"နောင်ကြီးက ကျွန်တော့်ကို ရေထဲကို ဆွဲနှစ်လိုက်တာဗျာ။ အကြိမ်ပေါင်း မရေနိုင် တော့ဘူး"

"နောင်ကြီးကလည်း ထိုးလိုက်တာဗျာ။ လက်သီးချက်ပြင်းတာတော့ မပြောပါနဲ့ တော့။ ဆုံထဲ ထည့်ထောင်းနေသလားတောင် အောက်မေ့ရတယ်"

"ကဲ၊ ခု ခင်ဗျားတို့နှစ်ယောက် သတ်ပုတ်ပြီးကြလို့ ရဲညီနောင်တွေ ဖြစ်သွားကြပြီ။ "ရန်ဖြစ်ဖူးမှ လူတယောက်အကြောင်းကို သိတယ်" ဆိုတဲ့ စကားပုံလိုပေါ့ဗျာ"

"နောင်ကျရင် ကျုပ်နဲ့ ကုန်းပေါ်မှာ ဘယ်တော့မှ ရန်ဖြစ်ဖို့ စိတ်မကူးနဲ့နော် ရောင်းရင်း" ဟု လီကွေ့က ပြော၏။

"မဖြစ်ပါဘူးဗျာ။ ကျုပ်က ရေထဲက စောင့်နေရုံပေါ့" ဟု ချန်ရှွန်းက ပြော၏။ သူတို့လေးယောက်သည် ရယ်လိုက်ပြီးနောက် တယောက်အပေါ် တယောက် ရိုင်းပျမိသည့်အတွက် ခွင့်လွှတ်ရန် အပြန်အလှန် တောင်းပန်ကြ၏။ ထိုက်ချံုသည် စုန်ကျန့်ကို လက်ညှိုးထိုးပြကာ ချန်ရှွန်းဘက်သို့ လှည့်၍-

"နောင်ကြီး သူ့ကို မှတ်မိသလား" ဟု မေး၏။

"နောင်ကြီးကို အရင်တုန်းက ကျွန်တော် တခါမှ မမြင်ဖူးဘူးခင်ဗျ"

လီကွေ့က ထိုင်ရာမှ ထခုန်လိုက်ကာ-

"အသားမည်း စုန်ကျန့်လေဗျာ"

"ရှန်တောင်နယ်က ချိန်မှန်မိုးလို့ခေါ်တဲ့ စာရေးကြီးစုန်ကျန့်လား"

"ဟုတ်ပါ့ဗျာ။ နောင်ကြီးစုန်ကျန့်ပါပဲ" ဟု ထိုက်ချံုက ပြော၏။

ချန်ရှွန်းက ချက်ချင်း ဂါရဝပြုလေ၏။

"နောင်ကြီးရဲ့ ဂုဏ်သတင်းကိုတော့ ကြားဖူးနေတာ ကြာပါပြီ။ ဒါပေမဲ့

ဒီနေ့လာပြီး တွေ့ရလိမ့်မယ်လို့တော့ နည်းနည်းမှ မမျှော်လင့်ဘူး။ နောင်ကြီးရဲ့ သူရသတ္တိရှိပုံတွေ၊ အန္တရာယ်ရောက်သူ တွေကို နောင်ကြီး ဘယ်လို ကယ်ခဲ့ပုံတွေ၊ လိုတဲ့သူများကို နောင်ကြီး ဘယ်လိုကူညီခဲ့ပုံတွေ၊ နောင်ကြီး ဘယ်လိုမှန်ကန်ပြီး ဘယ်လိုရက်ရောပုံတွေကို ရဲညီနောင် အသိုက်အဝန်းက နောင်တော်၊ ညီတော်တွေ ပြောလို့ မကြာခဏ ကြားဖူးပါတယ်”

“အလကား အကျယ်ချဲ့ ပြောနေကြတာတွေပါဗျာ။ လွန်ခဲ့တဲ့ရက်များ မကြာမီတုန်း က ကျွန်တော်ဟာ မြစ်နဂါးလို့ခေါ်တဲ့ လီကျွမ်းရဲ့အိမ်မှာ ရက်အတန်ကြာ တည်းခဲ့ဖူးတယ်။ ကျီယန်ခင်တန်း တောင်ကြောအောက်နားက အိမ်မှာ ဆိုပါတော့။ ကျွန်တော်က ရှွင့်ယန် မြစ်ထဲမှာလည်း မူဟုန်တို့ညီအစ်ကိုနဲ့ သိခဲ့ ကျွမ်းခဲ့ဖူးတော့ ခင်ဗျား နောင်တော် ချန်ဟင်း နဲ့လည်း တွေ့ခဲ့ရတယ်ဗျ။ သူက ခင်ဗျားကို တွေ့ရင် ပေးပေးပါဆိုပြီး စာတစောင် ရေးပေး လိုက်တယ်။ အဲဒီစာက ထောင်ထဲမှာ ကျန်ရစ်ခဲ့တယ်။ ဒီနေ့တော့ ထောင်ပိုင် နောင်ကြီး ထိုက်ချုံရယ်၊ နောင်ကြီးလီကွေ့ရယ်၊ ကျွန်တော်ရယ် ပန်းစံပယ်ရိပ်သာမှာ လာပြီး မြစ် ရှုခင်းလည်း ကြည့်ရင်း၊ စိမ်ရည်ကလေး ဘာလေးလည်း သောက်ရင်းဆိုပြီး ထွက်လာ ခဲ့တာ။ သောက်ရင်းစားရင်းနဲ့ အမူးပြေ ငါးဟင်းချိုရည်ကလေး သောက်ရရင် ကောင်းမှာ လို့ ပြောမိတာနဲ့ နောင်ကြီးလီကွေ့က သူ သွားရှာမယ် ဆိုပြီး ငါးရှာ ထွက်သွားတာ။ ကျွန်တော်တို့ တားတာလည်း မရဘူး။ ခဏကြာတော့ ကမ်းပါးအောက် မြစ်ဆိပ်မှာ ရန်ဖြစ် နေတယ်ကြားလို့ စားပွဲထိုးကလေးကို အကြည့်ခိုင်းလိုက်တယ်။ ဒီတော့ သူက အသား မည်းမည်းနဲ့ တုတ်တုတ်ခိုင်ခိုင်လူက လူတွေကို လိုက်ရိုက်နေတယ်လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း တားရအောင်ဆိုပြီး အောက်ကို ပြေးဆင်းလာခဲ့ကြတာပေါ့။ နောင်ကြီးနဲ့ တွေ့မယ်လို့ ဘယ်ထင်ပါ့မလဲ။ ဒီနေ့တော့ ကျွန်တော့်မှာ ဘုရားက ကောင်းချီး ပေးလိုက်တာပဲဗျာ။ တနေ့တည်းမှာတင် ရဲညီနောင်သုံးယောက်နဲ့ အသိအကျွမ်းဖြစ်ရ တယ်။ ကဲ၊ ဝမ်းသာတဲ့ အထိမ်းအမှတ်အနေနဲ့ ထိုင်ပြီး စိမ်ရည်ကလေး ဘာလေး သောက် ကြဦးစို့”

သူတို့သည် စားပွဲထိုးကို ခေါ်ကာ စားပွဲခင်းပြီး စိမ်ရည်များ၊ အမြည်းများကို မှာ လိုက်၏။

“နောင်ကြီး၊ ငါး စားချင်သေးသလား။ စားချင်ရင် ကျွန်တော် သွားယူလိုက်မယ်လေ” ဟု ချန်ရှွန်းက ပြော၏။

“ကောင်းတာပေါ့ဗျာ”

“ကျွန်တော်ပါ လိုက်မယ်” ဟု လီကွေ့က ပြော၏။

“လိုက်မသွားနဲ့ဦးလေ။ ရေသောက်ရတာ မဝသေးဘူးလား” ဟု ထိုက်ချုံက မေး၏။

ချန်ရွှန်းက ရယ်မောကာ လီကွေ့၏ လက်ကို ဆုပ်ကိုင်လိုက်၏။

"လာပါဗျာ။ ကျုပ်တို့နှစ်ယောက် အတူသွားပြီး ငါးရှာကြရအောင်။ နှစ်ယောက်ပေါင်း ရှာတော့ ဘယ်လိုဖြစ်မလဲဆိုတာ သိရတာပေါ့"

သူတို့နှစ်ယောက်သည် ဆိုင်ကလေးထဲမှ အောက်မြစ်ကမ်းစပ်သို့ ဆင်းလာခဲ့ကြ၏။ ချန်ရွှန်းက လက်ခေါက်မှုတ်လိုက်သည့်အခါတွင် အင်းထဲမှ တံငါလှေများသည် အသံ ကြားရာဆီသို့ လှော်ခတ်လာကြ၏။

"ဘယ်သူ ငါးကြင်း မိသလဲဟေ့" ဟု ချန်ရွှန်းက မေးလိုက်၏။

"ကျွန်တော့်မှာ ရှိတယ်" ဟု တယောက်က အော်၏။

"ကျွန်တော့်မှာလည်း ရှိတယ်" ဟု အချို့က အော်ကြ၏။

တခဏချင်းအတွင်းမှာပင် ငါးကြင်းအကောင် တဒါဇင်ခန့် ရလာ၏။ ချန်ရွှန်းသည် ထိုအထဲမှ အကြီးဆုံးငါးလေးကောင်ကို ရွေးကာ မိုးမခနွယ်ဖြင့် သီ၍ ဆွဲလာခဲ့၏။ ထို့နောက် လီကွေ့သို့ ပေးကာ ဆိုင်သို့ ယူသွားပြီး ချက်ပြုတ်ခိုင်းထားနှင့်ရန် ပြော၏။ သူကိုယ်တိုင်မှာမူ ငါးသည်များကို ရေတွက်ကာ ငါးများကို ချိန်တွယ်၍ အရောင်းခိုင်းနေလေ၏။ ထို့နောက် ချန်ရွှန်းလည်း ပန်းစံပယ်ရိပ်သာသို့ ပြန်ရောက်လာကာ စုန်ကျန့်တို့ထံသို့ ပြန်လာခဲ့၏။

"ဘာဖြစ်လို့ အများကြီး ယူလာရတာလဲဗျာ။ တကောင်ဆို တော်ပြီပေါ့" ဟု စုန်ကျန့် က ပြော၏။

"ဘာမှ မဖြစ်လောက်တဲ့ လက်ဆောင်ကလေးပါဗျာ။ စကားထဲ ထည့်မပြောလောက် ပါဘူး။ ဒီမှာ ကုန်အောင် မစားနိုင်ရင်လည်း တည်းခိုတဲ့ဆီကို ယူသွားပေါ့။ ဟို ရောက်တော့ မြည်းရတာပေါ့"

သူတို့သည် ကြီးစဉ်ငယ်လိုက်အတိုင်း ထိုင်ကြ၏။ လီကွေ့မှာ အသက်ကြီးသူဖြစ် တတိယနေရာတွင် ထိုင်ပြီး ချန်ရွှန်းမှာ စတုတ္ထနေရာတွင် ထိုင်၏။ စားပွဲထိုးအား"ကျောက် စိမ်းပုလင်းထဲက နွေဦးအရက်" အကောင်းစားကို ယူလာခဲ့ရန် မှာလိုက်၏။ ချန်ရွှန်းက ငရုတ်ကောင်းများများနှင့် ငါးရည်ကျိုချက်ပေးရန် ခိုင်းလိုက်၏။ အခြားငါးတကောင်ကိုမူ အရက်နှင့် ပေါင်းပြီးနောက် ဓားဖြင့် မွှန်း၍ ငရုတ်၊ ကြက်သွန် စသည်တို့ဖြင့် ဆီသတ်ပြီး ကြော်ခဲ့ရန် ခိုင်းလိုက်၏။

သူတို့လေးယောက်သည် အရက်သောက်ရင်း လွတ်လပ်စွာ စကားပြောလျက် ရှိကြ ၏။ ထိုသို့ စကားပြောဆိုလျက်ရှိစဉ်

အသက်ဆယ့်ခြောက်နှစ်အရွယ် မိန်းမပျိုကလေး တယောက်သည် သူတို့အခန်းထဲသို့ ဝင်လာ၏။ မိန်းမပျိုသည် သူတို့လေးယောက်အား ရိုသေစွာနှုတ်ဆက်လျက် သီချင်းဆိုပြ၏။ လီကွေ့က သူ့စွန့်စားခန်းများအကြောင်းကို ကြွားဝါ ပြောဆိုနေသည့်အခါတွင် ထို မိန်းကလေးက ကြားဖြတ်၍ သီချင်းဆိုပြ၏။ ထို အခါတွင် အခြား သုံးဦးတို့ကလည်း မိန်းမပျို သီချင်းဆိုသည်ကိုသာ နားစိုက်ထောင်နေ ကြ၏။

လီကွေ့သည် ခုန်ထလိုက်ကာ မိန်းကလေး၏ နဖူးပြင်ကို လက်ချောင်းနှစ်ချောင်းဖြင့် ထိုးချလိုက်၏။ မိန်းမပျိုသည် ကြောက်လန့်တကြားအော်ကာ နောက်သို့ လဲကျသွား၏။ ဤတွင် ဆိုင်ထဲမှ လူများလည်း ဝိုင်းအုံလာကြ၏။ ပုလဲကဲ့သို့ ဖြူဖွေးသော မိန်းမပျို၏ အသားမှာ မြေကြီးကဲ့သို့ ညိုမည်းနေလေပြီ။ နှုတ်ခမ်းများမှာလည်း လှုပ်၍ မရတော့ပြီ။ မိန်းမပျိုသည် မလှုပ်နိုင်တော့ဘဲ စန့်စန့်ကြီး ဖြစ်နေ၏။ ဆိုင်ရှင်က သူတို့လေးယောက်ကို ဖမ်းချုပ်ပြီး ဆိုင်ရာအာဏာပိုင်များထံသို့ အပ်ချင်၏။

မှန်ပေ၏။ ယဉ်ကျေးဖွယ်ရာခြင်းလည်း မရှိ၊ မွေးပျံ့သော ကျောက်စိမ်းအလှကိုလည်း ခံစားတတ်ခြင်း မရှိသည့် ထိုလူသည် အန္တရာယ်များသော ပြဿနာတရပ်ကို ဖန်တီးခဲ့၏။ စုန်ကျန့်နှင့် အခြားသုံးယောက်တို့သည် ဘုံဆိုင်ထဲမှ မည်သို့ ထွက်ပြေး လွတ်မြောက်လာခဲ့ ကြသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၃၉

ရွှင့်ယန်ရိပ်သာ၌ စုန်ကျန့် ပုန်ကန်ဖီဆန်သော ကဗျာတပုဒ် ရွတ်ခြင်း

လျှံရှန်းတောင်ရိုးမှ နေ၍ ထိုက်ချုံ စာအတုတစောင် ရေးခြင်း

ဆိုင်ရှင်သည် သူတို့လေးယောက်ကို တားရင်း "ခင်ဗျားတို့ ဘယ်လိုလုပ်ကြတာလဲ" ဟု အော်ဟစ်ကာ စားပွဲထိုးများကို ခေါ်၍ မိန်းကလေးအား သတိရအောင် အလုပ်ခိုင်းနေ၏။ စားပွဲထိုးများသည် မိန်းမပျိုကို ရေဖြင့် ဖျန်းပေးသည့်အခါ၌ မိန်းမပျိုသည် မျက်လုံး ဖွင့်လာ၏။ စားပွဲထိုးများသည် မိန်းမပျိုကို ထူပေးကြ၏။ နဖူးမှာ အနည်းငယ် ပွန်းပဲ့သွားသည်ကို တွေ့ရ၏။ မိန်းမပျိုမှာ ထိုဒဏ်ချက်ကြောင့် မူးမေ့လဲကျသွားခြင်းမျှသာ ဖြစ်၏။ ထိုအခါကျမှ အခြားသူများလည်း အနည်းငယ် စိတ်သက်သာရာ ရသွားကြ၏။

သူတို့သမီးကို ရိုက်နှက်သွားသူမှာ လေပွေနက်ဖြစ်သည်ဟု မိဘများ ကြားသည့် အခါတွင် မိန်းမပျို၏ မိဘများသည် အံ့အားသင့်လျက်ရှိကြ၏။ ကန့်ကွက်ပြောဆိုခြင်း လည်း မပြုရဲတော့ပြီ။ အမေသည် မိန်းမပျို၏ ခေါင်းကို လက်ကိုင်ပဝါဖြင့် စည်းပေးပြီး မိန်းမပျို၏ ဆံထိုးများနှင့် လက်ဝတ်လက်စားများကို သိမ်းဆည်းလျက်ရှိ၏။

"အစ်မကြီးနာမည်က ဘယ်သူပါလဲဗျာ။ ဘယ်မှာ နေပါသလဲ"ဟု စုန်ကျန့်က မေး၏။

"ကျွန်မတို့အမျိုးက စုန်မျိုးလို့ ခေါ်ပါတယ်ရှင်။ ကျွန်မတို့က နေပြည်တော်ကပါ။ ဟောဒီ ကျောက်စိမ်းကြာပွင့်ဆိုတဲ့ ကလေးမကတော့ ကျွန်မတို့ရဲ့ တဦးတည်းသော သမီး ကလေးပါ။ သူ ငယ်ငယ်တုန်းက သူ့အဖေက သီချင်းကြီးတို့ ဘာတို့ကို သင်ပေးခဲ့ပါတယ်။ ခု သူ့အဖေက အလုပ်သွင်းပေးလို့ ပန်းစံပယ်ရိပ်သာ စားသောက်ဆိုင်မှာ အဆိုတော်လုပ် ပါတယ်။ ဒါပေမဲ့ ကလေးမကလေးက စိတ်ကလည်း တို၊ အသိပညာကလည်း ခေါင်းပါး လေတော့ လူကြီးတွေ စကားပြောနေတာကို နားမလည်ဘဲ သီချင်းတွေချည်းပဲ အော်ဆို နေပါတယ်။ ဒီတင် မောင်ကြီးတို့အထဲက လူကြီးလူကောင်းတယောက်က လက်ကို လှုပ် လိုက်မိလို့ နည်းနည်းပါးပါး ထိခိုက်သွားတာပါ။ သက်ဆိုင်ရာတို့ ဘာတို့ကိုလည်း တိုင်တာ တောတာတွေ မလုပ်ပါဘူး။ မောင်ကြီးတို့ကိုလည်း ရှုပ်ရှုပ်ယှက်ယှက်တွေထဲ မပါစေရ ပါဘူး"

မိန်းမပျို၏ အမေသည် သူ့နေရာ၊ သူ့အဆင့်အတန်းနှင့် ညီအောင်

ပြောဆိုတတ်သည့် အတွက် စုန်ကျန့်သည် လွန်စွာ ကျေနပ်သွား၏။

“ကျွန်တော်နဲ့အတူ တယောက်ယောက်ကို ထောင်ထဲ ခဏ ထည့်လိုက်ပါလား။ ကလေးမကလေး ဆေးဖိုးဝါးခအတွက် ငွေစင်နှစ်ဆယ်ကျပ်သားလောက် ပေးချင်လို့ပါ။ ပြီးတော့ ကလေးမလေးအတွက်လည်း လူကောင်းသူကောင်းရှာပြီး အိမ်ထောင်ရက်သား ချပေးလိုက်ပါ။ ဘုံဆိုင်မှာ လာပြီး သီချင်းဆို အသက်မွေးရတာထက်စာရင် အများကြီး ကောင်းပါတယ်”

မိန်းမပျို၏ အဖေနှင့် မိဘနှစ်ပါးတို့သည် စုန်ကျန့်အား ဂါရဝပြုကြ၏။

“ငွေစင်နှစ်ဆယ်သားဆိုတာ များလှပါတယ် ခင်ဗျာ”

“ကျွန်တော့်စကားဟာ ပဋိညာဉ်စာချုပ်နဲ့ အတူတူပါပဲ။ ဘယ်တော့မှ မလိမ်ပါဘူး။ ခင်ဗျားယောကျ်ားကို ကျွန်တော်နဲ့ ထည့်လိုက်ရင် အပြန်မှာ ပေးလိုက်ပါ့မယ်”

“မောင်ကြီး အကူအညီပေးတဲ့အတွက် အများကြီး ကျေးဇူးကြီးပါတယ်ရှင်” ဟုပြော၏။

“လူတွေကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ။ ခုကြည့်စမ်း။ မင်းအတွက် နောင်ကြီး စုန်ကျန့် မှာ ပိုက်ဆံကုန်နေရပြီ” ဟု ထိုက်ချုံက လီကွေ့ကို မာန်မဲလျက်ရှိ၏။

“ကျွန်တော် သူ့ကို လက်ဖျားကလေးနဲ့ ထိရုံတင် ထိလိုက်တာပဲ ခင်ဗျ။ ဒီတင် လဲကျ သွားတာပဲ။ ဒီလောက်နုတဲ့ ကောင်မမျိုးကို ကျွန်တော် တခါမှ မတွေ့ဖူးသေးဘူး။ ဘာဖြစ် လို့များ ဒီလောက် နူးညံ့နေရသလဲ မသိဘူး။ ကျွန်တော့်ကျတော့လည်း ထောင်ပိုင်ကြီးက မျက်နှာကို လက်သီးနဲ့ အချက်တရာ ထိုးဦး။ ဘာဖြစ်လို့ ခံနိုင်သလဲ မသိဘူး”

စုန်ကျန့်နှင့် အခြားသူများက ရယ်လိုက်ကြ၏။ ချန်ရွှန်းက စားပွဲထိုးကို ခေါ်ကာ-

“ငါ့စာရင်းထဲ မှတ်ထားဟေ့”

“ကိစ္စမရှိပါဘူး ခင်ဗျာ။ ရပါတယ်” ဟု ပြော၏။

စုန်ကျန့်သည် ချန်ရွှန်း ငွေရှင်းနေသည်ကို လက်မခံချေ။

“မဟုတ်တာဗျာ။ ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော် ဖိတ်လာတာပဲ။

ဘာဖြစ်လို့ ခင်ဗျားတို့က ပေးရမှာလဲ”

ချန်ရွှန်းကလည်း လက်မခံချေ။

“နောင်ကြီးတို့နဲ့ အသိအကျွမ်း ဖြစ်ရတယ်ဆိုတာ အလွန်ရခဲတဲ့ အခွင့်အရေးကြီး တခုပါ ခင်ဗျာ။ ရှန်တောင်မှာ ရှိစဉ်ကတည်းက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က နောင်ကြီးကို လာတွေ့မလို့ပါ။ ခုတွေ့ရတော့ အင်မတန်ကို ကံကောင်းလွန်းလို့ တွေ့ရတာ ပါ။ ဒီ မဖြစ်စလောက်ကလေးကိုတော့ ကျွန်တော် ကျခံပါရစေ။ အသေးအဖွဲကလေးပါ”

“ကဲ ကဲ၊ နောင်ကြီးချန်ရွှန်းက ခင်ဗျားကို ဒီလောက် လေးစားနေမှတော့ သူ ပြုစုတာ ကို လက်ခံသင့်ပါတယ်” ဟု ထိုက်ချုံက ဝင်ပြော၏။

“ကောင်းပြီ။ ဒီလိုဆိုရင် ကျုပ်က တနေ့မှာ ကျုပ်ပြုစုတာကိုလည်း လက်ခံမယ်လို့ ကတိပေးရင် သဘောတူမယ်” ဟု စုန်ကျန့်က ပြော၏။

ချန်ရွှန်းမှာ လွန်စွာ ဝမ်းမြောက်လျက်ရှိ၏။ ကျန်သည့် ငါးကြင်းနှစ်ကောင်ကို ယူခဲ့ပြီး နောက် ချန်ရွှန်း၊ ထိုက်ချုံ၊ လီကွေ့နှင့် မိန်းမပျို၏ အဖေတို့သည် ပန်းစံပယ်စားရိပ်သာမှ ထွက်လာခဲ့ပြီးလျှင် စုန်ကျန့်ကို အကျဉ်းထောင်သို့ လိုက်ပို့ကြ၏။ သူတို့အားလုံး စာရေး များအခန်းတွင် ထိုင်လျက်ရှိစဉ် စုန်ကျန့်သည် ငွေစင်နှစ်ဆယ်သားပါသော အိတ်ငယ် ကလေးနှစ်အိတ်ကို ယူလာကာ မိန်းမပျို၏ ဖခင်အား ပေး၏။ မိန်းမပျို၏ ဖခင်လည်း သူ့ကို ကျေးဇူးတင်စကား ပြော၍ ပြန်သွား၏။ ထိုအကြောင်းကိုမူ နောက်ထပ် မပြောတော့ပြီ။ မှောင်၍ လာခဲ့လေပြီ။ ချန်ရွှန်းက ငါးပေးသည့်အခါတွင် စုန်ကျန့်ကလည်း သူ့တွင် ပါလာသည့် သူ့အစ်ကို၏ စာကို ထုတ်ပေး၏။ ထို့နောက် သူတို့နှစ်ယောက်သည် နှုတ်ဆက် ခွဲခွာခဲ့ကြ၏။ စုန်ကျန့်သည် လီကွေ့ကိုလည်း ငွေစင်ငါးဆယ်သားရှိ ငွေချောင်းကြီးတချောင်း ကို ပေးလိုက်၏။ “နောင်ကြီးအတွက် အသုံးလိုချင်လိုမှာ” ဟု စုန်ကျန့်က ပြော၏။

ထိုက်ချုံလည်း နှုတ်ဆက်၏။ ထိုက်ချုံနှင့် လီကွေ့တို့သည် မြို့ထဲသို့ ခပ်သုတ်သုတ် ပြန်လာခဲ့ကြ၏။

စုန်ကျန့်သည် ငါးအချို့ကို ထောင်မှူးကြီး အိမ်သို့ ပို့ပြီး အချို့ကို သူ့ဘာသာသူ ချက်ပြုတ် စားသောက်၏။ ငါးမှာ လတ်ဆတ်၍ အရသာရှိလှသဖြင့် စုန်ကျန့်သည် စား ကောင်းကောင်းနှင့် အားရပါးရ လိုသည်ထက် ပို၍ စားလိုက်ရာ ညသန်းခေါင်လောက်တွင် အပြင်းအထန် ဗိုက်နာလာ၏။ အရုဏ်တက်အချိန်လောက်သို့ ရောက်သည့်အခါတွင်မူ ဝမ်းသွားသည်မှာ အခါနှစ်ဆယ်လောက် ရှိနေလေပြီ။ စုန်ကျန့်သည် အခန်းထဲတွင် မြော့နေလေပြီ။

စုန်ကျန့်သည် လူတိုင်းအပေါ်တွင် စေတနာကောင်း ထားသူတယောက် ဖြစ်သည့်အတွက် ထောင်ထဲရှိ အကျဉ်းသမားများက သူ့အား ဆန်ပြုတ်များ၊ ဟင်းချိုရည်များ တိုက်ကျွေးကာ ဝိုင်းဝန်းပြုစုကြ၏။

နောက်တနေ့၌ သူ့အစ်ကို၏ စာကို ယူဆောင်လာသည့်အတွက် ကျေးဇူးတင်သော အားဖြင့် ချန်ရွှန်းသည် ငါး ကြိုက်သည့် စုန်ကျန့် စားရန် ငါးကြင်းကြီးနှစ်ကောင်ကို ယူလာ ပြန်၏။ စုန်ကျန့်မှာ နေထိုင်မကောင်းသဖြင့် အကျဉ်းသားများက ဝိုင်းဝန်း ပြုစုနေကြသည် ကို တွေ့ရ၏။ ချန်ရွှန်းက သမားတော်တဦးကို ခေါ်ချင်၏။

“ငါးက စားကောင်းတော့ မနေ့ညက တော်တော်များများ စားလိုက်မိတယ်ဗျာ။ ကျွန်တော့်ကို ဝမ်းရပ်ဆေးသာ ဝယ်ပေးပါ။ ကောင်းသွားမှာပါ” ဟု စုန်ကျန့်က ပြော၏။

ချန်ရွှန်းသည် ငါးတကောင်ကို ထောင်မှူးဝမ်သို့ ပေးပြီး နောက်တကောင်ကို ထောင် ကြပ်ချောသို့ ပေးကာ စုန်ကျန့်အတွက် ဆေးဝယ်ပေးပြီးနောက် ပြန်သွား၏။ ထိုအကြောင်း ကိုမူ နောက်ထပ် ပြောစရာမလိုတော့ပြီ။ အကျဉ်းသမားများက ဆေးကျိုပေးကာ စုန်ကျန့် ကို ကြည့်ရှု စောင့်ရှောက်ကြ၏။

နောက်တနေ့၌ ထိုက်ချုံနှင့် လီကွေ့တို့သည်လည်း စားစရာအသားများနှင့် စိမ်ရည် တို့ကို ယူလာကာ စုန်ကျန့်နှင့် တွေ့ဆုံရန် ထောင်ဘူးဝသို့ ရောက်လာကြ၏။ ဝမ်းရပ်သွားပြီ ဖြစ်သည့်တိုင် အသားနှင့် စိမ်ရည်ကိုကား စားသောက်ခြင်း မပြုနိုင်သေးချေ။ ဤတွင် သူတို့နှစ်ယောက်သည် ပါလာသော အသားများနှင့် စိမ်ရည်တို့ကို သောင်ပြင်တွင် သူတို့ နှစ်ယောက်တည်း သောက်စားပစ်လိုက်ကြ၏။ သူတို့နှစ်ယောက်သည် စုန်ကျန့်နှင့် တနေကုန် လာရောက် စကားပြောဆိုပြီး နောက် နှုတ်ဆက်ပြန်သွားကြ၏။ ထိုအကြောင်းကိုလည်း နောက်ထပ် ပြောစရာ မလိုတော့ပြီ။

ခြောက်ရက် ခုနစ်ရက်ခန့် အနားယူပြီးသည့်နောက် စုန်ကျန့်မှာ ကောင်းစွာ ပြန်လည် ကျန်းမာ၍ လာခဲ့လေပြီ။ မြို့ထဲရှိ ထိုက်ချုံထံ သွားလည်ရန် စိတ်ကူးမိ၏။ နောက်တနေ့ တွင်လည်း ထောင်ပိုင်ထိုက်ချုံသည် သူ့ထံ ရောက်လာခြင်း မရှိချေ။ နောက်တနေ့ မနက် စောစော မနက် လက်ဖက်ရည်သောက်ပြီးသည့်အခါ၌ စုန်ကျန့်သည် ငွေအနည်းငယ်ကို ယူကာ အခန်းတံခါးကို ပိတ်ခဲ့ပြီးနောက် မြို့ထဲသို့ ထွက်လာခဲ့၏။ ထောင်ဝင်းအပြင်ဘက်သို့ ရောက်သည့်အခါ၌ ထောင်ပိုင်ထိုက်ချုံ မည်သည့်နေရာတွင် နေကြောင်းကို မေးမြန်း စုံစမ်း၏။

“ထောင်ပိုင်က သားမယားလည်း မရှိဘူးဗျ။ မြို့လယ်ဘုံကျောင်းနားက ကွမ်ယင်း ဘုန်းကြီးကျောင်းမှာ နေတယ်” ဟု တယောက်က ပြောလိုက်၏။

စုန်ကျန့်သည် ထိုနေရာသို့ လိုက်သွားသော်လည်း တံခါးပိတ်ထားသည်ကိုသာ တွေ့ ရ၏။ ထိုက်ချုံမှာ အပြင်သို့ ထွက်သွားနှင့်လေပြီ။

ဤတွင် စုန်ကျန့်သည် လေပွေနက်ခေါ် လီကွေ့ထံသို့ လာခဲ့ပြန်၏။

"အမယ်လေး။ ဒီလူကတော့ ခေါင်းမပါတဲ့ တစ္ဆေဗျ။ သူက ထောင်ထဲမှာပဲ နေတာ။ အိမ်ရယ်လို့ ဘယ်မှာ ရှိလို့လဲ။ နေတော့ထိုင်တော့လည်း စည်းမရှိကမ်းမရှိ။ နေချင်တဲ့ နေရာမှာ နေတာ။ ဒီနေရာမှာ နှစ်ရက် နေလိုက်၊ ဟိုနေရာမှာ သုံးရက် နေလိုက်နဲ့။ သူ ဘယ် နေလို့ နေမှန်း သိရတာ မဟုတ်ဘူး"

ဤတွင် စုန်ကျန့်လည်း ပိုက်သူကြီးချန်ရွှန်းကို လိုက်ရှာပြန်၏။

"မြို့ပြင်ဘက်က ရွာကလေးတရွာမှာ နေတာပဲ။ သူကလည်း တချိန်လုံး ကမ်းနားမှာ ငါးရောင်းနေတာနဲ့ အချိန်ကုန်တာပဲ။ ပိုက်ဆံတို့၊ အကြွေးတို့ ဘာတို့ ရစရာရှိတော့မှ မြို့ထဲ ကို လာတာ" ဟု ပြောလိုက်၏။

စုန်ကျန့်သည် လှေသူကြီးချန်ရွှန်းကို ရှာရန် မြို့ထဲမှ ထွက်လာခဲ့၏။ သို့ရာတွင် မည်သူ့ ကိုမျှ မေး၍ မရချေ။ စုန်ကျန့်သည် စိတ်ပျက်ပျက်ဖြင့် တယောက်တည်း လျှောက်လာခဲ့၏။ မကြာမီ လှပသည့် မြစ်ကမ်းစပ်ကလေးတခုသို့ ရောက်လာသည့်အတွက် ထိုနေရာကလေး တွင် ထိုင်၍ ရှုခင်းကို ငေးကြည့်နေ၏။ ရှေ့တွင် အဆောင်အထပ်ထပ်ရှိသော ဘုံဆိုင် တဆိုင်ကို မြင်ရ၏။ ဘုံဆိုင်ဘေးတွင်မူ ဝါးလုံးဖြင့် ဆွဲထားသည့် တံခွန်တခုကို တွေ့ရပြီ။

ထိုတံခွန်ပေါ်တွင် 'ရွှင့်ယန်မြစ်အနီးမှ အကောင်းဆုံး ယစ်ရွှေရည်ဆိုင်၊ ရွှင့်ယန်ရိပ်သာ" ဟူသော စာတန်းကို ရွှေစာလုံးကြီးများ ရေးထားသည်ကို တွေ့ရ၏။ ရွှင့်ယန်ရိပ်သာ ဟူသော ဆိုင်၏ အမည်ကိုလည်း တံစက်မြိတ်ရှိ ဆိုင်းဘုတ်ပေါ်တွင် ကဗျာစာဆိုကြီး စုထျန်ပို၏ လက်ရေးပန်းချီစာလုံးမျိုးဖြင့် ရေးထား၏။

"အင်း၊ ငါနေတဲ့ ယွန်ကျင့်မြို့မှာတုန်းက ကျန်းကျို့မြို့က ရွှင့်ယန်ရိပ်သာအကြောင်း ကိုတော့ ပြောသံကြားဖူးတာပဲ။ ခုမှပဲ ကိုယ်တိုင်မြင်ဖူးပေတော့တယ်။ တယောက်တည်း ပေမယ့် ဒီလိုနေရာမျိုးကို ရောက်တဲ့အခိုက် တခွက်တဖလားတော့ သောက်လိုက်ဦးမှပဲ။ အပေါ်ထပ်သွားပြီး အေးအေးဆေးဆေး သောက်လိုက်ဦးမယ်" ဟု စုန်ကျန့် တွေးမိ၏။ တံခါးမကြီး တဖက်တချက်ရှိ ဟင်္သာပြဒါးသုတ် တိုင်လုံးကြီးနှစ်လုံး၏ ထိပ်တွင်မူ အဖြူရောင်နဖူးစည်းကြီးတခု တပ်ထားပြီး ထိုနဖူးစည်းပေါ်တွင် 'ပြိုင်စံရှားအရက်" ဟူ၍ လည်းကောင်း၊ "ကမ္ဘာကျော်စားတော်ဆက်"ဟူ၍လည်းကောင်း စာတန်းများ ရေးထား၏။ စုန်ကျန့်သည် ဆိုင်ထဲသို့ ဝင်လာခဲ့ကာ လှေကားအတိုင်း တက်လာခဲ့ပြီးလျှင် မြစ် ဘက်သို့ မျက်နှာမူနေသည့် အခန်းကလေး တခန်းထဲတွင်

ထိုင်နေ၏။ စုန်ကျုန့်သည် ဝရန်တာလက်ရန်းကို မှီကာ ပတ်ဝန်းကျင်ကို ငေးကြည့်ရင်း သဘောကျလျက်ရှိ၏။

ထိုစဉ် စားပွဲထိုးတယောက် ဝင်လာကာ "တခြားမိတ်ဆွေတွေ လာဦးမှာလား။ ဆရာ တယောက်တည်းလား ခင်ဗျာ" ဟု မေး၏။

"ငါ ညှော့သည်နှစ်ယောက်ကို စောင့်နေတာကွ။ ဒါပေမဲ့ မပေါ်လာကြဘူး။ စိမ်ရည် အကောင်းစားထဲက တအိုးယူခဲ့စမ်းကွာ။ ပြီးတော့ အစိမ်းကြော်ရယ်၊ အသားရယ် ယူခဲ့။ ငါး မလိုချင်ဘူး"

စားပွဲထိုးသည် အောက်ထပ်သို့ ဆင်းသွားပြီးနောက် "ချစ်သူတံတားပေါ်မှ လရောင် ခြည် လေညင်း" အမည်ရှိ အရက်တအိုးကို ယူလာ၏။ အစိမ်းကြော်များနှင့် မြည်းစရာ အမြည်းလည်း ယူလာခဲ့၏။ ထို့နောက် သိုးသား၊ ကြက်ကွပ်ကြော်၊ ငန်းသားကြော်နှင့် အမဲသားများကို ယူလာ၏။ ယင်းတို့အားလုံးကို လှပသည့် ဟသ်ာပြဒါးသုတ် ကြွေပန်းကန် များဖြင့် ထည့်လာ၏။ စုန်ကျုန့်မှာ များစွာ ကျေနပ်လျက်ရှိ၏။

"စားကောင်းသောက်ဖွယ်ဆိုတာ ကောင်းမွန်တဲ့ ပန်းကန်ခွက်ယောက်တွေထဲမှာ ထည့်ထားမယ်။ ငါဟာ ဒီကို နယ်နှင်ဒဏ်ပေးခံရလို့ ရောက်လာပေမယ့် ရှုခင်းမြင်ကွင်းတွေ ကို ကြည့်ပြီး ဇိမ်နဲ့ နေနိုင်သေးတာပဲ။ ငါတို့နယ်မှာလည်း လှပတဲ့ ရှုခင်းတွေနဲ့ ရှေးဟောင်း ပစ္စည်းတွေတော့ ရှိပါသေးရဲ့။ ဒါပေမဲ့ ဒီကျန်းကျို့နယ်မှာလောက် မလှဘူး" ဟု စုန်ကျုန့် တွေးလျက်ရှိလေ၏။

စုန်ကျုန့်သည် ဝရန်တာဘေးတွင် ထိုင်ကာ အရက်ကို ဇိမ်ခံ၍ ခပ်ဖြည်းဖြည်း သောက် လျက် ရှိ၏။ သို့ဖြင့် တဖြည်းဖြည်း သောက်နေလေရာ စုန်ကျုန့်သည် မူးမှန်းမသိ မူးလာခဲ့ လေပြီ။

"ငါဟာ ရှန်တောင်နယ်မှာ မွေးပြီး ယွန်ကျင့်မြို့မှာ ကြီးပြင်း လူလားမြောက်ခဲ့ရတယ်။ ငါဟာ စာရေးကလေးအဖြစ် အသက်မွေးခဲ့ရပြီး ရဲညီနောင်အသိုက်အဝန်းတွေထဲမှာ လူတော်တော်များများကို သိခဲ့ပြီး ငါကိုယ်တိုင်လည်း အထိုက်အလျောက် ဂုဏ်သတင်း ကျော်ကြားခဲ့တယ်။ ဒါပေမဲ့ ငါဟာ အသက်သုံးဆယ်သာ ကျော်လာခဲ့တယ်။ စွမ်းစွမ်းတမံ အလုပ်မျိုးဆိုလို့ ဘာမှ မလုပ်ရသေးဘူး။ ငါ့ပါးပေါ်မှာ ရာဇဝတ်ကောင်အမှတ် မင်ကြောင် ကြီး အရေးခံရပြီး နယ်နှင်ခံနေရတယ်။ ငါ့ အဖေအိုကြီးနဲ့ ငါ့ညီကိုလည်း တွေ့ရပါတော့ မလား မသိဘူး"

စုန်ကျုန့်သည် ထိုသို့တွေးလျက်ရှိ၏။ ထိုအချိန်၌ စုန်ကျုန့်မှာ အနည်းငယ် အရက်မူး လာသဖြင့် ဝမ်းနည်းကာ မျက်ရည်တွေ ကျလာလေ၏။ စုန်ကျုန့်သည်

ကဗျာတပုဒ် ရေးရန် ရုတ်တရက် စိတ်ကူးရလာသဖြင့် စားပွဲထိုးကို ခေါ်ကာ စုတ်တံနှင့် မင်ခုံကို တောင်းပြီး နောက် နံရံပေါ်တွင် အခြားသူများ ရေးသွားသည့် ကဗျာများကို ဖတ်ကြည့်နေ၏။

စုန်ကျန့်သည် အရက်လည်း မူးနေပြီဖြစ်သဖြင့် မင်တောင့်တတောင့်ကို ခပ်ပျစ်ပျစ် သွေးလိုက်ပြီးလျှင် စုတ်တံကို မင်ခွက်ထဲသို့ နှစ်၍ ဖြူဖွေးသောနံရံပေါ်တွင် ကဗျာစပ်နေ၏။

ကလေးဘဝ၊ ငယ်ငယ်ကလျှင်

ကဗျာဗန္ဓတ်၊ တေးထပ်သံပိုင်း

သမိုင်း ကျောက်စာ၊ အဖြာဖြာကို

ငါလျှင် တတ်ပွန်။

ယနေ့မူကား၊ ငါလျှင် ကျားတည့်

စုံပြားတောခွင်၊ ငါဘုရင်တည့်။

စွယ်ရင် ရဲရဲ၊ လက်သည်း ချွန်ထုတ်

ခုန်အုပ်မည့်ဟန်၊ နယ်နှင်ဒဏ်ခတ်

ရာဇဝတ်ကောင်တံဆိပ်၊ ပါးတွင် နှိပ်၍

လက်ထိပ်တုံးခတ်၊ မပြတ်ချည်နှောင်။

နှောင်တနေ့တွင်၊ တွေ့ကြုံကေန်

အမှန်မသွေ၊ လက်စားချေအံ့။

ရှင့်ယန်မြစ်လည်း၊ ရေမရှိဘဲ

ရဲရဲနီမောင်း၊ သွေးချောင်းစီးအံ့။

တပြေရပ်ခြား၊ ရောက်သော်ငြားလည်း

စိတ်ကား မရှိ၊ ကိုယ့်ဇာတိမြေ

ကျန်ရစ်လေ၍၊ ငါ့ရည်ရွယ်ချက်

ကြီးကျယ် မြင့်မြတ်။

အဆုံးသတ်မူ၊ ငါ့လိုလူလျှင်

ဇမ္ဗူ မရှိ၊ မည်သည့် တောပုန်း

ပြိုင်လာနှုန်းလည်း၊ ရှုံးမည်သာပင်။

ကဗျာအောက်တွင် "ယွန်ကျင့်မြို့မှ စုန်ကျန့်" ဟု စာလုံးခပ်ကြီးကြီးဖြင့် ရေးလိုက်ပြီး နောက် စုတ်တံကို စားပွဲသို့ ပစ်ချလိုက်၏။ စုန်ကျန့်သည် ကဗျာကို အသံထွက်၍ ရွတ်ဆို နေပြီးနောက် အရက်ထပ်သောက်ပြန်၏။ ထိုအချိန်၌ကား စုန်ကျန့်မှာ အတော်မူးနေလေပြီ။ စုန်ကျန့်သည် ကျသင့်ငွေစာရင်းကို တောင်းပြီးနောက် ငွေချေ၏။ ပိုသည့် ငွေအကြွေကို ယူထားရန် စားပွဲထိုးကို ပြော၏။ စုန်ကျန့်သည် တွန့်ကြေနေသည့် အင်္ကျီလက်ရှည်ကို သပ်ရပ်အောင် ပြုပြင်ပြီးနောက် ယိုင်တီးယိုင်တိုင်ဖြင့် လှေကားမှ ဆင်းလာခဲ့ကာ အကျဉ်းထောင်သို့ ပြန်လာခဲ့၏။ စုန်ကျန့်သည် တံခါးကို ဖွင့်ကာ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်၏။

စုန်ကျန့်သည် နောက်တနေ့ အရုဏ်တက်သည်အထိ တချိုးတည်း အိပ်ပျော်သွား၏။ အိပ်ရာမှ နိုးသည့်အခါတွင်မူကား ရှင့်ယန်ရိပ်သာတွင် ကဗျာတပုဒ် ရေးခဲ့သည်ကို သူလုံးဝ သတိမရတော့ပြီ။ ခေါင်းကိုက်လျက်ရှိသဖြင့် စုန်ကျန့်သည် တနေ့လုံး အိပ်ရာပေါ်တွင် လှဲနေလိုက်၏။ ထိုအကြောင်းကို နောက်ထပ် ပြောစရာမလိုတော့ပြီ။

ကျန်းကျို့မြို့နှင့် မျက်နှာချင်းဆိုင် တဖက်ကမ်းတွင် ဝုဝေကျန်းအမည်ရှိ ခြောက်သွေ့သော မြို့တမြို့ရှိ၏။ ထိုမြို့တွင် ယခင်က ရဲဝန်လုပ်ခဲ့ဖူးသည့် ဟုန်ဝမ်ပင်းဆိုသူ တယောက်ရှိ၏။ ဟုန်ဝမ်ပင်းသည် ရှေးဟောင်းစာပေကျမ်းဂန်တို့ကို အထိုက်အလျောက် လေ့လာလိုက်စား သူတဦး ဖြစ်သည့်တိုင် စိတ်ထားကျဉ်းမြောင်းသည့် လူတယောက်ဖြစ်ပြီး အရည်အချင်း၊ အစွမ်းအစရှိသူများကို မနာလိုတတ်သူဖြစ်၏။ သူ့ထက် အရည်အချင်းသာသူများကို ဒုက္ခ ရောက်အောင် လုပ်တတ်ပြီး သူ့ထက် အရည်အချင်းမရှိသူများကို လှောင်ပြောင်တတ်၏။ သူ အထူးကျွမ်းကျင်သည့်အလုပ်မှာ မြို့နယ်ထဲရှိ လူအပေါင်းတို့ကို ချောက်တွန်း၍ ဒုက္ခ ရောက်အောင် လုပ်ခြင်း ဖြစ်၏။

သူတို့နယ်တွင် ရောက်နေသည့် မြို့ဝန်ဆယ်မှာ နန်းရင်းဝန်ကြီး၏ သားမှန်း သိသည့် အတွက် ဟုန်ဝမ်ပင်းသည် မြစ်တဖက်သို့ မကြာခဏ ကူးလာကာ မြို့ဝန်ဆယ်ကို ကပ်ရပ် ခစားလေ့ရှိ၏။ ထိုသို့ ကပ်ရပ်နေခြင်းမှာ အရာရှိအဖြစ် တနေရာတွင် ပြန်ရရန် ဖြစ်၏။ စုန်ကျန့်မှာ ထိုလူကို သွား၍ စိတ်ဆိုးအောင် လုပ်မိပြီး သူနှင့် ရန်ဘက် သွားဖြစ်မိလေရာ ကံဆိုးသည်ဟုပင် ပြောရပေတော့မည်။

ထိုနေ့က ဟုန်ဝမ်ပင်းသည် အိမ်တွင် အပျင်းထူလျက်ရှိ၏။ ဟုန်ဝမ်ပင်းသည် အစေခံ နှစ်ယောက်ကို ခေါ်၍ နှစ်သက်စဖွယ် လက်ဆောင်များကို ယူခိုင်းပြီးလျှင် သူ့ကိုယ်ပိုင် လှေဖြင့် မြစ်တဖက်ကမ်းသို့ ကူးလာခဲ့ကာ မြို့ဝန်ဆယ်ကို တွေ့ရန် လာခဲ့၏။ သို့ရာတွင် မြို့ဝန်ဆယ်မှာ အရာရှိများကို ကျွေးမွေးဧည့်ခံလျက် ရှိသည့်အတွက် ဟုန်ဝမ်ပင်းသည် အိမ်ထဲသို့ မဝင်ရဲဘဲ ဖြစ်နေ၏။ ထို့ကြောင့် ဟုန်သည် သူ့တပည့်များ လှေဆိုက်ထားရာသို့ ပြန်လာခဲ့၏။ သူ့လှေမှာ ရွှင့်ယန်ရိပ်သာအောက်နားရှိ ကမ်းစပ်တွင် ဆိုက်ထားမိလျက်သား ဖြစ်နေ၏။

ထိုနေ့မှာ ပူပြင်းသောနေ့ ဖြစ်သဖြင့် ဟုန်သည် ဘုံဆိုင်ကလေးဘက်သို့ ထွက်လာခဲ့ပြီး အောက်ထပ်ရှိ အရက်စည်ကြီးများ သို့လှောင်ခန်းကို ကြည့်ရှုပြီးနောက် အပေါ်ထပ် လသာ ဆောင်ဘက်သို့ တက်လာခဲ့၏။ နံရံပေါ်တွင် ရေးထားသည့် ကဗျာများကိုလည်း ဖတ်လာ၏။ အချို့မှာ ကဗျာကောင်းများ ဖြစ်သော်လည်း အချို့မှာ တောရမ်းပယ်ဘွဲ့တွေကို ရေးထား သည့် ကဗျာများ ဖြစ်သည့်အတွက် ဟုန်သည် တယောက်တည်း ပြုံးလာခဲ့၏။

တနေရာသို့အရောက်တွင် ဟုန်သည် စုန်ကျန့်၏ ကဗျာကို သွားတွေ့လေ၏။ "အလို၊ တော်တော် ဖီဆန်ပုန်ကန်တဲ့ စာပါကလား။ ဘယ်သူများ ရေးသလဲ မသိဘူး" ဟု ပြောရင်း ကဗျာအောက်တွင် ထိုးထားသည့် လက်မှတ်ကို ကြည့်လိုက်ရာ "ယွန်ကျင့် မြို့မှ စုန်ကျန့်" ဟူသော အမည်ကို တွေ့ရ၏။

ဟုန်သည် ကဗျာကို နောက်တခါ ထပ်၍ ဖတ်ပြန်၏။ "ကလေးဘဝ၊ ငယ်ငယ်ကလျှင်၊ ကဗျာဗန္ဒတ်၊ တေးထပ်သံပိုင်း၊ သမိုင်းကျောက်စာ၊ အဖြာဖြာကို၊ ငါလျှင် တတ်ပွန်" ဟု ရေးထားသည်ကို တွေ့ရသဖြင့် ရယ်လိုက်မိကာ "တော်တော်ဘဝင်မြင့်တဲ့ ကောင်ပါလား" ဟု ဆိုမိ၏။

ဆက်၍ ဖတ်ကြည့်သည့်အခါတွင် "ယနေ့မူကား၊ ငါလျှင်ကျားတည့်၊ စုံပြားတောခွင်၊ ငါဘုရင်တည့်၊ စွယ်ရင်ရဲရဲ၊ လက်သည်းချွန်ထုတ်၊ ခုန်အုပ်မည့်ဟန်" ဟူသော စာပိုဒ်ကို ဖတ်ပြီးနောက် မျက်နှာကို တဖက်သို့ လှည့်လိုက်ကာ "ဒီကောင်ဟာ အားခွန်ဗလအကြောင်း ကို ဘာမှ သိဟန်မတူဘူး" ဟု မှတ်ချက်ချ၏။

ဟုန်သည် ဆက်၍ ဖတ်၏။ "နယ်နှင်ဒဏ်ခတ်၊ ရာဇဝတ်ကောင်တံဆိပ်၊ ပါးတွင်နှိပ်၍၊ လက်ထိပ်တုံးခတ်၊ မပြတ်ချည်နှောင်" ဆိုသည့် စာသားများကို မြင်ရ၏။ "အလို၊ လက် စသတ်တော့ စာပေပညာရှိ မဟုတ်ဘဲ နယ်နှင်ခံရတဲ့ ရာဇဝတ်ကောင်ပါလား" ဟု ဆိုကာ ဟုန်သည် ရယ်နေ၏။ ဟုန်သည် ဆက်၍ ဖတ်ပြန်၏။

"နောင်တနေ့တွင်၊ တွေ့ကြုံကြေနပ်၊ အမှန်မသွေ၊ လက်စားချေအံ့။

ရွှင့်ယန်မြစ်လည်း၊ ရေမရှိဘဲ၊ ရဲရဲနီမောင်း၊ သွေးချောင်းစီးအံ့”ဆိုသည့် စာပိုဒ်ကို တွေ့သည့်အခါတွင် ဟုန်သည် ခေါင်းယမ်း၏။ “ဒီလူမိုက်ဟာ ဘယ်သူ့ကိုများ လက်စားချေချင်နေတာပါလိမ့်။ ဘာဖြစ်လို့ ဒီကို ရောက်လာပါလိမ့်။ သူက ပြည်နှင်ဒဏ်ခံနေရတဲ့ လူတယောက်ပဲ။ သူ ဘာများ လုပ်နိုင် လို့လဲ” ဟု တွေးလျက်ရှိလေ၏။

“တပြေရပ်ခြား၊ ရောက်သော်ငြားလည်း။ စိတ်ကား မရှို၊ ကိုယ့်ဇာတိမြေ၊ ကျန်ရစ် လေ၍”ဆိုသော စာပိုဒ်ကို ဖတ်ကြည့်ပြီးနောက် “အင်း၊ ဒါကမှ အဓိပ္ပာယ်ရှိသေးရဲ့’ဟု ပြော၏။

“ငါ့ရည်ရွယ်ချက်၊ ကြီးကျယ်မြင့်မြတ်။ အဆုံးသတ်မူ၊ ငါ့လိုလူလျှင်၊ ဇမ္ဗူမရှိ၊ မည်သည့် တောပုန်း၊ ပြိုင်လာနှုန်းလည်း၊ ရှုံးမည်သာပင်” ဆိုသည့် စာကြောင်းကို ဖတ်မိသည့်အခါ၌ ဟုန်သည် လျှာတစ်လစ်ထုတ်ကာ ခေါင်းယမ်းလျက်ရှိ၏။

“လက်စသတ်တော့ ဒီကောင်ဟာ တောပုန်းဗိုလ်ပါလား။ ဒီစာတန်းသာ ဖီဆန် တော်လှန်တာမဟုတ်ရင် ဘာလို့ ပြောဦးမှာလဲ”ဟု ဆိုကာ ဟုန်သည် ကဗျာအောက်တွင် ထိုး ထားသည့်လက်မှတ်ကို ကြည့်လိုက်ရာ “ယွန်ကျင့်မြို့မှ စုန်ကျန့်”ဟူသော အမည်ကို တွေ့ရ၏။

“ဒီနာမည်ကို ငါ ကြားဖူးသလိုလိုပဲ။ မြို့တမြို့က အရာရှိကလေးရဲ့ နာမည်လိုလို ဘာလို လိုပဲ” ဟုလည်း စဉ်းစားနေ၏။

ဟုန်သည် စားပွဲထိုးကို ခေါ်ကာ-

“ဒီကဗျာကို ဘယ်သူရေးတာလဲကွ”

“မနေ့ညက လာတဲ့လူ ရေးသွားတာပဲ ခင်ဗျ။ မနေ့ညက သူ့တယောက်တည်း အရက် တအိုးလုံး ကုန်အောင် သောက်သွားတယ်”

“သူ့ပုံသဏ္ဌာန်ကကော”

“ပါးပေါ်မှာ မင်ကြောင် အမှတ်စည်းကြီးနှစ်စီးနဲ့ ခင်ဗျ။ ထောင်ထဲက အကျဉ်းသမား တယောက်လို့ ထင်ရတာပဲ။ လူက အသားမည်းမည်း၊ အရပ်ပုပု၊ ခပ်ဝဝရယ်”

“ဟုတ်လား” ဟု ဆိုကာ ဟုန်သည် စုတ်တံနှင့် မင်တောင့်ကို တောင်းပြီးနောက် ကဗျာကို ကူးရေး၏။ ထို့နောက် ကဗျာစာရွက်ကို အင်္ကျီလက်ထဲသို့ ခေါက်ထည့်လိုက်ကာ “ဒီကဗျာကို ဖျက်မပစ်နဲ့၊ ဒီအတိုင်းထား” ဟု ပြော၏။

ဟုန်သည် ဘုံဆိုင်ပေါ်မှ ဆင်းလာကာ မြစ်ဆိပ်တွင် ဆိုက်ထားသည့် သူ့လှေသို့ ပြန် လာခဲ့ကာ ထိုည၌ လှေထဲမှာပင် အိပ်၏။ နောက်တနေ့မနက် လက်ဖက်ရည်သောက်ပြီး သည်နှင့် အစေခံများအား လက်ဆောင်များ သယ်ယူစေ၍ မြို့ဝန်အိမ်သို့ လာခဲ့၏။ မြို့ဝန် ဆယ်မှာ မနက်ရုံးဆင်းပြီးနောက် အိမ်သို့ ပြန်ရောက်ခါစ ရှိသေး၏။ အစောင့်တယောက်က ဟုန် ရောက်လာကြောင်း သွား၍ သတင်းပို့ပြီး မကြာမီ ထိုလူ ပြန်ထွက်လာကာ ဟုန်ကို အနောက်ဘက်မှ အဆောင်ထဲသို့ ခေါ်သွား၏။ ထို့နောက် မြို့ဝန်ဆယ်လည်း ရောက်လာ၏။ နှုတ်ဆက်စကားပြောဆိုကာ လက်ဆောင်များ ပေးပြီးသည့် နောက်တွင် သူတို့နှစ်ယောက် သည် နေရာအသီးသီးတွင် ဝင်ထိုင်ကြ၏။

"မြို့ဝန်မင်းကို ဂါရဝပြုဖို့ မနေ့ညကတည်းက ဟိုဘက်ကမ်းက ကူးလာခဲ့တာ ခင်ဗျ။ ဒါပေမဲ့ မြို့ဝန်မင်းက ဧည့်သည်တွေကို ညစာစားပွဲ တည်ခင်းနေတာနဲ့ ကျွန်တော် မလာ တော့ဘဲ ဒီနေ့မနက်မှပဲ လာခဲ့တာ"

"ကိုယ့်အချင်းချင်းတွေပဲဗျာ။ မနေ့ညကတည်းက လာခဲ့ရောပေါ့။ စောစောတွေ့ရ တာပေါ့" ဟု ဆိုကာ မြို့ဝန်ဆယ်သည် လက်ဖက်ရည်မှာလိုက်၏။

လက်ဖက်ရည် တကျိုက်၊ နှစ်ကျိုက်လောက် သောက်ပြီးသည့်အခါတွင် ဟုန်က-

"မေးပါရစေဦး ခင်ဗျာ။ ခမည်းတော် နန်းရင်းဝန်ကြီးဆီက စာလေး ဘာလေးများ လာရဲ့လား"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းကပဲ စာတစောင် ရတယ်ဗျ"

"ရွှေမြို့တော်မှာ ဘာသတင်းများ ထူးပါသလဲ ခင်ဗျာ"

"ဘုန်းတော်ကြီးသောဘုရားရဲ့ ဗေဒင်ဟူးရားများရဲ့ အလိုအရ ကျုပ်တို့ ဝူပြည်နယ် ပေါ်မှာ ပါပဂြိုဟ်များ ထွန်းလိမ့်မယ်တဲ့။ သူပုန်သူကန်များ ထောင်ထား ခြားနားကြလိမ့်မယ် တဲ့။ သင်းတို့ကိုလည်း ချေမှုန်း သုတ်သင်ရမယ် တဲ့။ ပြီးတော့ ကလေးများ ပါးစပ်မှာလည်း တဘောင်ပေါ်သတဲ့။ တဘောင်က "အိုးအိမ်ပင်စည်၊ အချိန်မီ၊ တိုင်းပြည်ဖျက်လိမ့်မည်။ ရေနှင့် အလုပ်၊ လွန်ကြိုးကုတ်၊ အားထုတ် တို့စစ်သည်။ ရှေ့နောက်တန်းစီ၊ ညီအောင်စီ၊ အမည်သုံးဆယ်ခြောက်။ ကျွက်ကျွက်ညံစီ၊ ရှန်တောင်ပြည်၊ တိုင်းပြည်ပျက်အောင်ခြောက်" လို့ ပါသတဲ့ဗျ"

ဟုန်သည် အတန်ကြာမျှ စဉ်းစားပြီးနောက် ပြုံးလိုက်၏။

"သိပ်တော့ အံ့ဩစရာမရှိပါဘူး ခင်ဗျာ။ ဒီလို တဘောင်တွေ ပေါ်မှာပေါ့။ ပေါ်ရမယ့် ကိန်းခန်းက ရှိနေတာကိုး" ဟု ဆိုကာ အိတ်ထဲတွင် ကူးယူ၍

ထည့်လာသော ကဗျာ စာရွက်ကို အိတ်ထဲမှ ထုတ်ပေး၏။

မြို့ဝန်သည် ထိုကဗျာကို ဖတ်ကြည့်ကာ-

"အလို၊ ကဗျာက ဆူပူအောင် လှုံ့ဆော်တဲ့ကဗျာပါလား။ ဘယ်မှာ တွေ့လာခဲ့တာလဲ"

"မနေ့ညက မြို့ဝန်မင်းရဲ့ ညစာစားပွဲကို မဝင်ရဲတာနဲ့ ကျွန်တော် မြစ်ဆိပ်ဘက်ကို ပြန်သွားတယ်ခင်ဗျ။ ဘာမှလုပ်စရာမရှိတာနဲ့ ကျွန်တော်လည်း ရွှင့်ယန်ရိပ်သာထဲကို ဝင်ပြီး အေးအေးဆေးဆေး နေခိုနေမိတယ်။ နံရံပေါ်မှာ လက်ကမြင်းပြီး ရေးသွားကြတဲ့ ကဗျာတွေကို လျှောက်ဖတ်ရင်း အဲဒီကဗျာကို သွားတွေ့တာပါပဲ"

"ကဗျာရေးတဲ့လူက ဘယ်လိုလူလဲ"

"အောက်မှာ ယွန်ကျင့်မြို့က စုန်ကျန့်လို့ အမည်ထိုးထားပါတယ်"

"သူက ဘယ်သူလဲ"

"သူ့အကြောင်းကို ကဗျာထဲမှာတော့ ပါတာပဲ ခင်ဗျ။ "ရာဇဝတ်ကောင်တံဆိပ်၊ ပါးတွင် နှိပ်၍၊ လက်ထိပ်တုံးခတ်၊ မပြတ်ချည်နှောင်"ဆိုတဲ့ စာကို ထောက်ရင် နယ်နှင်ဒဏ် ခံရလို့ အကျဉ်းထောင်ထဲမှာ ရောက်နေတဲ့ ရာဇဝတ်သားတယောက်ပဲ ဖြစ်မှာပေါ့"

"ရာဇဝတ်ကောင်က ဘာများ တတ်နိုင်မှာလဲဗျာ"

"အထင်တော့ မသေးသင့်ဘူးခင်ဗျ။ ခမည်းတော် နန်းရင်းဝန်ကြီးရဲ့ စာထဲမှာ ပါတဲ့ ရွှေမြို့တော်က ကလေးတွေ ရွတ်တဲ့ တဘောင်နဲ့ ညီနေတယ်"

"ဘယ်လိုများ ညီလို့လဲဗျ"

""အိုးအိမ်ပင်စည်၊ အချိန်မီ၊ တိုင်းပြည်ဖျက်လိမ့်မည်" ဆိုတဲ့ စာအရ အိုးအိမ်ဆိုတဲ့ အက္ခရာစာလုံးကို "သစ်ပင်" ဆိုတဲ့ အက္ခရာစာလုံးအပေါ်ကို တင်လိုက်ရင် "စုန်" ဆိုတဲ့ အက္ခရာ ရတယ် ခင်ဗျ။ အဲဒီ စုန်ဆိုတဲ့လူဟာ ကျွန်တော်တို့တိုင်းပြည်ကို ကသောင်းကနင်း ဖြစ်အောင် လုပ်မယ့်လူ ပဲ။ နောက် 'ရေနှင့် အလုပ်၊ လွန်ကြိုးကုတ်၊ အားထုတ်တို့စစ်သည်" ဆိုတဲ့ စာလိုက်လာတယ် ခင်ဗျ။ "ရေ" ဆိုတဲ့ အက္ခရာကို "အလုပ်" ဆိုတဲ့ အက္ခရာနဲ့ ကပ်ပြီး ပူးထားလိုက်ရင် "ကျန့်" ဆိုတဲ့ အက္ခရာ ရတယ်ခင်ဗျ။ အဲဒီလူဟာ တိုင်းပြည်မှာ သူပုန် စစ်သည်တို့ကို စုပြီး ပုန်ကန်ဖို့ အားထုတ်မယ်ဆိုတဲ့ သဘောပဲ။ ပြီးတော့ အဲဒီကဗျာကို ရေးတဲ့လူရဲ့ နာမည်ကလည်း 'စုန်ကျန့်' ဖြစ်နေတယ် ခင်ဗျ။ အဲဒါ ကျွန်တော်တို့အတွက်

နတ်သိကြားများ မနေနိုင်လို့ သတိပေး နှိုးဆော်လိုက်တာပဲ တိုင်းပြည်အတွက် ကံကောင်း ပေတာပေါ့ ခင်ဗျာ”

“နို့ နေစမ်းပါဦး။ “ရှေ့နောက် တန်းစီ၊ ညံအောင်စီ၊ အမည် သုံးဆယ့်ခြောက်၊ ကျွက်ကျွက်ညံစီ၊ ရှန်တောင်ပြည်၊ တိုင်းပြည်ပျက်အောင် ခြောက်” ဆိုတဲ့ စကားကကော” “သုံးဆယ့်ခြောက်” ဆိုတာ တစုံတခုရဲ့ အရေအတွက်ရင်လည်း ဖြစ်မယ်။ ဒါမှ မဟုတ်ရင်လည်း ဘုန်းတော်ကြီးသောဘုရင်ရဲ့ နန်းစံနှစ်ကို ပြောတာရင်လည်း ဖြစ်မယ်။ ‘ကျွက်ကျွက်ညံစီ၊ ရှန်တောင်ပြည်၊ တိုင်းပြည်ပျက်အောင် ခြောက်” ဆိုတာကတော့ ယွန်ကျင့်မြို့နယ်ဟာ ရှန်တောင်ပြည်နယ်ထဲမှာ ပါတယ် ခင်ဗျ။ ဒီတော့ ကျွန်တော်တို့အဖို့ လုပ်စရာတခုပဲ ကျန်တော့တယ်”

“အဲဒီ ရာဇဝတ်ကောင်ကော ဒီမှာ ရှိသေးသလား”

“မနေ့ညက စားပွဲထိုးကို ကျွန်တော်မေးခဲ့တော့ အဲဒီလူဟာ ကဗျာကို တမြန်နေ့ ညက လာရေးသွားတာတဲ့။ ဒါက လွယ်ပါတယ် မြို့ဝန်မင်း။ အကျဉ်းထောင်မှတ်ပုံတင်ကို စစ်ကြည့်လိုက်ရင် ပြီးတာပဲ”

“သိပ်ကောင်းတဲ့ အကြံပဲဗျာ” ဟု ဆိုကာ မြို့ဝန်ဆယ်သည် မှတ်တမ်းရုံးသို့ သွား၍ ထောင်မှတ်ပုံတင်စာရင်းစာအုပ်ကို အယူခိုင်းလိုက်၏။ မြို့ဝန်ဆယ်သည် ထောင်မှတ်ပုံတင် ကို သူကိုယ်တိုင် စစ်ဆေးကြည့်၏။ ထင်သည့်အတိုင်းပင် တန်း၍ တွေ့ရ၏။

“ပဥ္စမလမှာ နယ်နှင်ဒဏ်နဲ့ ရောက်လာသူ တယောက်ရှိတယ်ဗျ။ ယွန်ကျင့်နယ်က စုန်ကျန့် ဆိုတဲ့လူ”

“အဲဒီလူပေါ့ မြို့ဝန်ကြီးရာ။ သိပ်အရေးကြီးတာပေါ့။ အချိန်ဆွဲနေရင် ကျွန်တော်တို့ သူ့ကို ဖမ်းမယ်ဆိုတဲ့ သတင်းပေါက်သွားနိုင်တယ်။ ခုချက်ချင်း ကောက်ဖမ်းပြီး ချုပ်ထား နိုင်ရင် ပိုကောင်း တယ်။ ဘာလုပ်မယ်ဆိုတာတော့ နောက်မှ ဆွေးနွေးတာပေါ့”

“ဟုတ်တယ်” ဟု မြို့ဝန်က ပြော၏။ မြို့ဝန်သည် အစည်းအဝေးခေါ်ကာ မြို့ရှိ အကျဉ်း ထောင်နှစ်ခုကို တာဝန်ယူရသည့် ထောင်ပိုင်ကို ဆင့်ခေါ်လိုက်၏။ ထောင်ပိုင်ထိုက်ချုံသည် သူ ကိုယ်တိုင် ရောက်လာကာ မြို့ဝန်ကို ရိုသေစွာ နှုတ်ဆက်၏။

“ရဲတချို့ကို ခေါ်ပြီး ထောင်ထဲမှာရှိတဲ့ ယွန်ကျင့်မြို့က စုန်ကျန့်ဆိုတဲ့လူကို ခေါ်ထုတ်ခဲ့။

ဒီကောင် ရှင့်ယန်ရိပ်သာမှာ ဖီဆန်ပုန်ကန်တဲ့ ကဗျာတွေကို ရေးသွားတယ်။ ဒီတော့ ဒီလူ ကို ကျုပ် ကြာကြာဆိုင်းမထားဘဲ ချက်ချင်း ဖမ်းချင်တယ်”

ထိုက်ချုံသည် အံ့အားသင့်စွာဖြင့် စကားတခွန်းမျှ မပြောတော့ဘဲ မြို့ဝန်ရုံးမှ ထွက် လာခဲ့၏။ ထိုက်ချုံသည် ထောင်အစောင့်အချို့ကို ခေါ်ကာ “အိမ်ပြန်ပြီး မင်းတို့လက်နက် တွေယူခဲ့။ ပြီးတော့ မြို့လယ်ဘုံကျောင်းဘေးမှာ ရှိတဲ့ ငါ့အိမ်မှာ စောင့်နေ”ဟု မှာလိုက်၏။ ထောင်အစောင့်များလည်း ပြန်သွားကြ၏။ ထိုက်ချုံသည် ပေါင်တွင် ဆေးနီရုပ်ချည်၍ ခြေမြန်တော်နည်းကို သုံးကာ ထောင်သို့ လာခဲ့ပြီး စုန်ကျန့်၏ တံခါးကို ဖွင့်၍ အခန်းထဲသို့ ဝင်လာခဲ့ရာ စုန်ကျန့်ကို သူ့အခန်းတွင် အခန့်သင့်ပင် တွေ့ရ၏။ စုန်ကျန့်သည် သူ့ မိတ်ဆွေ ထိုက်ချုံကို မြင်သည့်အခါတွင် ဝမ်းသာအားရဖြင့် ဆီးကြို၏။

“တနေ့က မြို့ထဲရောက်လို့ နောင်ကြီးကိုတောင် လိုက်ရှာသေးတယ်ဗျာ။ ဘယ်မှာမှ ရှာလို့ မတွေ့ဘူး။ ဒါနဲ့ ပျင်းပျင်းရှိတာနဲ့ ရှင့်ယန်ရိပ်သာကို သွားပြီး တယောက်တည်း ထိုင် သောက်နေတာ။ ခုထက်ထိတောင် အမူးမပြေချင်သေးဘူး” ဟု စုန်ကျန့်က ပြော၏။

“နောင်ကြီးရေ၊ အဲဒီရိပ်သာနံရံပေါ်မှာ ခင်ဗျား ဘယ်လိုကဗျာတွေများ ရေးခဲ့မိသလဲ” “ဘာတွေမှန်းတော့ မသိဘူးဗျ။ ကျွန်တော် မူးနေတယ်”

“ခုတင် ကျွန်တော့်ကို မြို့ဝန်က ခေါ်ပြီး အမိန့်တခု ပေးလိုက်တယ်။ ရှင့်ယန်ရိပ်သာက နံရံပေါ်မှာ ဖီဆန်ပုန်ကန်တဲ့ ကဗျာတွေကို ရေးလို့ ခင်ဗျားကို ဖမ်းရမယ်တဲ့။ ကျွန်တော် လည်း တော်တော် စိတ်ထိခိုက်သွားတယ်ဗျာ။ ဒါနဲ့ ခင်ဗျားကို အရင် အသိပေးဦးမယ် ဆိုပြီး အစောင့်တွေကို မြို့လယ်က ဘုံကျောင်းနားမှာ အစောင့်ခိုင်းပစ်ခဲ့တယ်။ ဒီတော့ နောင်ကြီး၊ ကျွန်တော်တို့ ဘာလုပ်ရင် ကောင်းမယ် ထင်သလဲ။ ခင်ဗျား ဒီကိစ္စက လွတ် အောင် ဘယ်လိုလုပ်မလဲ”

စုန်ကျန့်သည် ခေါင်းကို ကုတ်ကာ “ကျွန်တော်လည်း မကြံတတ်တော့ဘူးဗျာ” ဟု ညည်းနေ၏။

“နည်းတနည်းတော့ ရှိတယ်ဗျ။ အောင်မြင်မလားတော့ မပြောတတ်ဘူး။ ကျွန်တော့် အနေနဲ့လည်း အချိန်ဆွဲနေလို့ မဖြစ်ဘူး။ ရဲတွေကို ခေါ်ပြီး ရောင်းရင်းကို ဖမ်းရတော့မယ်။ ဒီတော့ ဒီလိုလုပ်ဗျာ။ ခင်ဗျားခေါင်းကို ရှုပ်ပွေနေအောင် ဖွထား။ ကြမ်းပြင်ပေါ်မှာ အညစ် အကြေးတွေ စွန့်ထား။ ပြီးတော့ အဲဒီအထဲမှာ လူးလှိမ့်နေ။ ရူးချင်ယောင်ဆောင်။ စကားပြော ရင်လည်း ကိုးရိုးကားရားတွေကို ပြော။ သတိလက်လွတ်ဖြစ်နေတဲ့ ပုံမျိုးလုပ်။ ကျွန်တော်က မြို့ဝန်ဆီကို ပြန်သွားပြီး ခင်ဗျား ရူးနေတယ်လို့ သတင်းပို့မယ်”

“ကျေးဇူးပဲ နောင်ကြီးရာ။ ကျွန်တော့်ကို ကယ်ပါဦး” ဟု စုန်ကျန့်က ပြော၏။

ထိုက်ချုံသည် သူ့ကို လျင်မြန်စွာ နှုတ်ဆက်ပြီးနောက် မြို့ထဲသို့ ပြန်လာခဲ့၏။ မြို့လယ် ဘုံကျောင်းသို့ ရောက်လျှင် ရဲများကို စုကာ အကျဉ်းထောင်သို့ အလျင်အမြန် လာခဲ့၏။

“ဟေ့၊ နယ်နှင်ဒဏ်ခတ်လို့ ရောက်လာတဲ့ စုန်ကျန့်ဆိုတဲ့ အကျဉ်းသား ဘယ်မှာလဲကွ” ဟု တမင်လုပ်ထားသော ကြောက်ဖွယ်အသံဖြင့် မေး၏။ ထို့နောက် စာကူးခန်း အနီးရှိ စုန်ကျန့်၏ အခန်းကိုလည်း အစောင့်များ လွှတ်လိုက်၏။ အခန်းထဲတွင် ဆံပင်တို့ ရှိဖရဲဖြင့် အညစ်အကြေးတွေထဲတွင် လူးလိမ့်နေသော စုန်ကျန့်ကို တွေ့ရလေ၏။

“ဟေ့၊ ဘယ်ကကောင်တွေလဲကွ” ဟု စုန်ကျန့်က မေး၏။

“အဲဒီအကောင်ကို ဖမ်းချုပ်” ဟု ထိုက်ချုံက အော်၏။

စုန်ကျန့်သည် ပြူးကျယ်သော မျက်လုံးကြီးများဖြင့် သူတို့ကို ကြည့်ရင်း အပြင်းအထန် ခုခံ၏။

“ဟေ့ကောင်တွေ၊ ငါ့ကို ဘယ်လိုကောင် အောက်မေ့လို့လဲ။ ငါက ကျောက်စိမ်း ဧကရာဇ်ဘုရင် သိကြားမင်းရဲ့ သမက်တော်ကွ။ ကျန်းကျိုမြို့က လူတွေအားလုံးကို သတ် ပစ်ဖို့ ငါ့ကို ဗိုလ်ခြေတသိန်းနဲ့ လွှတ်လိုက်တာ။ ငါ့တပ်ဦးမှာ ကွပ်ကဲတဲ့ ဗိုလ်ချုပ်က အသူရကာယ်ဘုရင်ကွ။ ငါ့တပ်ဖျားမှာ ကွပ်ကဲတဲ့ ဗိုလ်ချုပ်က ဗိုလ်ချုပ်ဂုမ္ဘာန်တဲ့ကွ။ သိကြားမင်းက ငါ့ကို အချိန်တဆယ်ရှိတဲ့ ရွှေတံဆိပ်ကို ပေးလိုက်ပြီကွ။ မင်းတို့ကောင်တွေ အားလုံးကို သတ်ပစ်မယ်”

“ရူးနေတယ် ထင်တယ်။ အရူးကို ဖမ်းလို့ ဘာအကျိုးရှိမှာလဲ” ဟု ရဲများက ပြော၏။ “ဟုတ်တယ်။ ပြန်ပြီး အကျိုးအကြောင်း ပြောချေကြဦးစို့။ သူ့ကို ဖမ်းချင်တယ်ဆိုရင် လည်း နောက်တခါ ပြန်လာတာပေါ့”

သူတို့သည် မြို့ဝန်ရုံးသို့ ပြန်လာခဲ့ကြရာ သူတို့ကို စောင့်နေသည့် မြို့ဝန်ဆယ်ကို တွေ့ရ၏။

“စုန်ကျန့်ဟာ စိတ်ဖောက်ပြန်နေပါတယ် မြို့ဝန်မင်း။ အညစ်အကြေးတွေထဲမှာ လူးလိမ့်ပြီး ပါးစပ်ကလည်း တွေ့ကရာတွေ လျှောက်ပြောနေပါတယ်။ တကိုယ်လုံး နံ့စော် နေတော့ ကျွန်တော်တို့ သူ့ကို ဒီကိုတောင် ခေါ်မလာရဲပါဘူး”

မြို့ဝန်ဆယ်သည် တစုံတရာကို မေးမြန်းမည်အပြုတွင် ကန့်လန့်ကာနောက်ကွယ်မှ ဟုန်ဝမ်ပင်း ထွက်လာကာ "သူတို့ပြောတာကို မယုံပါနဲ့ မြို့ဝန်မင်း။ စုန်ကျန့် ရေးတဲ့ ကဗျာ ဟာ အရူးတယောက်က ရေးတဲ့ ကဗျာမျိုး မဟုတ်ပါဘူး။ ဒီလူတွေဟာ တခုခုကို ကျိတ်ကြံ နေတယ် ထင်ပါတယ်။ စုန်ကျန့်ကို အဖမ်းခိုင်းလိုက်ပါ။ လမ်းမလျှောက်နိုင်ဘူးဆိုရင်လည်း ထမ်းစင်နဲ့ အခေါ်ခိုင်းလိုက်ပါ"

"ဟုတ်တယ်။ ခင်ဗျားပြောတာ မှန်တယ်။ သွား။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်ကို ခေါ်လာခဲ့" ဟု ထောင်ပိုင်ကို အမိန့်ပေးလိုက်၏။

အမိန့်သည် အမိန့်ဖြစ်၏။ ထိုက်ချုံသည် ရဲများကို ခေါ်ကာ ထောင်သို့ နောက်တခေါက် ပြန်လာခဲ့၏။ ထောင်သို့ ရောက်လျှင် စုန်ကျန့်အား ခပ်တိုးတိုးဖြင့်-

"အခြေအနေတော့ သိပ်မဟန်ဘူးထင်တယ် နောင်ကြီးရေ။ ခင်ဗျားကိုတော့ ခေါ်သွား ရတော့မယ်"

ထောင်ပိုင်နှင့် ရဲသားများသည် စုန်ကျန့်အား ဝါးလှောင်အိမ်ကြီးတခုထဲသို့ ထည့်ကာ မြို့ဝန်ရုံးသို့ လှည်းဖြင့်တင်၍ ခေါ်လာခဲ့၏။

"အဲဒီကောင်ကို ရုံးတော်ကို ထုတ်ခဲ့" ဟု မြို့ဝန်က အမိန့်ပေး၏။

အစောင့်များသည် စုန်ကျန့်အား တရားခွင်ဆီသို့ ခေါ်လာခဲ့ကြ၏။ သို့ရာတွင် စုန်ကျန့် သည် ဒူးထောက်ထိုင်ရန် ငြင်းဆိုလျက်ရှိ၏။

စုန်ကျန့်သည် မြို့ဝန်ကို စိန်းစိန်းကြီး စိုက်ကြည့်ကာ-

"ခင်ဗျားက ဘာမို့လို့ ကျုပ်ကို မေးခွန်းတွေ မေးနေရတာလဲ။ ကျုပ်က သိကြားမင်းရဲ့ သမက်ဗျ။ ကျန်းကျို့မြို့က လူတွေကို သတ်ဖို့ ကျုပ်ကို စစ်သည်တသိန်းနဲ့ လွှတ်လိုက်တာ။ ကျုပ်ရဲ့တပ်ဦးမှာ အသူရကာယ်ဘုရင်က ကွပ်ကဲလာတယ်။ ကျုပ်ရဲ့တပ်ဖျားမှာ ဗိုလ်ချုပ် ဂုမ္ဘာန် ကွပ်ကဲလာတယ်။ သိကြားမင်းက ကျုပ်ကို အချိန်တဆယ်ရှိတဲ့ ရွှေတံဆိပ် ပေး လိုက်ပြီးပြီ။ ခင်ဗျားတို့နေ်တွေ ကျုပ် မလာခင် လွတ်အောင် ရှောင်ကြ"

မြို့ဝန်မင်းမှာ အကြံခက်လျက် ရှိ၏။ ဤတွင် ဟုန်ဝမ်ပင်းက အကြံပေးပြန်၏။

"ထောင်ကြပ်တွေနဲ့ ထောင်မှူးကို ဆင့်ခေါ်ပြီး ထောင်ထဲ ရောက်လာတုန်းက ရူးလာ တာလား၊ ဒါမှမဟုတ်ရင်လည်း မကြာသေးမီက ရူးတာလားဆိုတာကို စစ်ဆေးကြည့်ပါဦး မြို့ဝန်မင်း။ ရောက်စကတည်းက

ရှူးသွပ်လာတယ်ဆိုရင်တော့ အမှန် ဖြစ်နိုင်ပါတယ်။ မကြာသေးမီကမှ ရှူးတယ်ဆိုရင်တော့ ဒါဟာ သက်သက်လိမ်တာပါ”

“မှန်ပေတယ်ဗျာ” ဟု ဆိုကာ မြို့ဝန်မင်းသည် ထောင်မှူးနှင့် ထောင်ကြပ်များကို ခေါ်၍ စစ်ဆေးရာ ၎င်းတို့မှာလည်း လိမ်လည်ပြောဆို၍ မဖြစ်တော့ပြီ။

“ရောက်စတုန်းကတော့ ခုလို ရှူးသွပ်တဲ့ လက္ခဏာ မတွေ့ရပါဘူး။ ခုလို ဖြစ်လာတာ ကတော့ မကြာသေးပါဘူး” ဟု ဝန်ခံကြ၏။

မြို့ဝန်ဆယ်သည် များစွာ ဒေါသထွက်ကာ စုန်ကျန့်အား ကားစင်တင်စေပြီး ကြိမ်ဒဏ် အချက်ငါးဆယ် ရိုက်စေ၏။ သို့ဖြင့် စုန်ကျန့်အား ရိုက်သည်မှာ မြေ့မြေ့သာ ကျန်တော့ သည်။ အရေတို့မှာ စုတ်ပြတ်လျက်ရှိပြီး အသားမှလည်း သွေးတွေ ယိုစီးလျက်ရှိ၏။ ထိုက်ချုံသည် သူ့အခြေအနေကို မြင်သဖြင့် များစွာ စိတ်ထိခိုက်သော်လည်း ဘာမျှ မတတ် နိုင်တော့ပြီ။

ပထမသော် စုန်ကျန့်သည် စိတ်မနှံ့သူတယောက်ကဲ့သို့ တွေ့ကရာတို့ကို ပြောဆိုလျက် ရှိ၏။ သို့ရာတွင် ကြာသော် မခံနိုင်တော့ပြီ။ “ဟုတ်ပါတယ်ခင်ဗျ။ ကျွန်တော် ဖီဆန်ပုန်ကန် တဲ့ ကဗျာတပုဒ် ရေးမိပါတယ်။ မူးနေတုန်းမို့လို့ ရေးတာပါ။ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး” ဟု ဝန်ခံ၏။

မြို့ဝန်သည် စုန်ကျန့်ထံမှ ဖြောင့်ချက်ကို ရယူပြီးနောက် ကြီးလေးသော ရာဇဝတ်မှု များကို ကျူးလွန်သူများအား ဆွဲစေသည့် အချိန်တဆယ်ရှိသည့် ထိပ်တုံးကြီးတခုကို အကျဉ်းသား၏လည်တွင် ဆွဲပြီးလျှင် ထောင်ကြီးတခုထဲတွင် ချုပ်နှောင်ထားရန် အမိန့်ပေးလိုက်၏။ စုန်ကျန့်မှာ ပြင်းထန်စွာ အရိုက်ခံထားရသည့်အတွက် လမ်းပင် ကောင်းကောင်း မလျှောက်နိုင်တော့ပြီ။ ထိပ်တုံးကြီးကို လည်တွင် ခိုင်မြဲစွာ တပ်ပြီးနောက် သူ့အား ကြိုးမိန့် ကျသူများ ထားရာ အကျဉ်းတိုက်ထဲသို့ သွတ်သွင်းထားလိုက်ကြ၏။ ထိုက်ချုံသည် သူ့အား ကောင်းစွာ ပြုစုစောင့်ရှောက်ရန် အစောင့်များအား တိုးတိုးတိတ်တိတ် မှာကြားပစ်ခဲ့၏။ အစားအသောက်များ ပို့ပေးရန်လည်း စီစဉ်ခဲ့၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

မြို့ဝန်မင်းဆယ်သည် အမှုစစ်ဆေးခြင်းကို ရပ်နားပြီးလျှင် ဟုန်ဝမ်ပင်းကို နောက်ခန်း ထဲသို့ ခေါ်လိုက်၏။

“နောင်ကြီး အမြော်အမြင်ရှိပေလို့သာပေါ့ဗျာ။ နို့မို့ရင် ဒီခွေးကောင် လိမ်တာကို ကျွန်တော် အဟုတ်ထင်နေမှာ”

“ကိစ္စက အရေးကြီးပါတယ် မြို့ဝန်မင်း။ ရွှေမြို့တော်က နောင်ကြီးရဲ့ ခမည်းတော်ကြီး ဆီကို စိတ်ချရတဲ့လူနဲ့ စာတစောင်ပို့ပေးရင် ကောင်းမယ် ထင်ပါတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့ ကိစ္စကြီးတခုမှာ နောင်ကြီး ဘယ်လို ဆောင်ရွက်နေတယ် ဆိုတာကိုလည်း စာထဲမှာ ထည့်ရေးလိုက်ရင် ကောင်းမယ် ထင်ပါတယ်။ ဒီလူကို အရှင်လိုချင်တယ်ဆိုရင် လှောင်အိမ်လှည်းနဲ့ ရွှေမြို့တော်ကို အရောက်ပို့ပေးမယ် ဆိုတာကိုလည်း စာရေးလိုက်ရင် ကောင်းမယ်ထင်ပါတယ်။ တကယ်လို့ ခမည်းတော်ကြီးက သူ့ကို မလိုချင်ဘူးဆိုရင် ဒီကောင် ထွက်ပြေးမှာစိုးတဲ့အတွက် ဒီမှာတင်ပဲ သူ့ကို သတ်ပစ်ရတော့မယ့် အကြောင်း ကိုလည်း ရေးလိုက်ပါ။ ဒီလို သတ်လိုက်ရင် အန္တရာယ်ကြီးတခု ရှင်းသွားမယ့် အကြောင်း ကိုလည်း ရေးသင့်ပါတယ်။ ဒီသတင်းကို ဘုရင်ကေရာဇ် ကြားရင်တော့ တော်တော် အားရ တော်မူမှာပဲ”

“အင်း၊ နောင်ကြီးပြောတာလည်း စဉ်းစားစရာပါပဲ။ ကျွန်တော်လည်း ရွှေမြို့တော်က ခမည်းတော်ကြီးဆီကို လူလွှတ်ပြီး လက်ဆောင်ပဏ္ဏာပေးဖို့ စိတ်ကူးထားတာနဲ့ အတော်ပဲ။ နောင်ကြီး အကူအညီပေးတဲ့ အကြောင်းကိုလည်း စာထဲမှာ ထည့်ရေးလိုက်ပါ့မယ်။ ပြီးတော့ နောင်ကြီးကို စီးပွားဥစ္စာပေါတဲ့ မြို့တမြို့မှာ မြို့ဝန်ခန့်ဖို့ ဘုရင်ကို လျှောက်ထား ဖို့လည်း ကျွန်တော့်ခမည်းတော်ကြီးဆီကို စာရေးလိုက်ပါ့မယ်။ ဒီလိုဆိုရင် နောင်ကြီး လည်း မြန်မြန် ချမ်းသာပြီး အကျော်ဇေယျ ဖြစ်လာမှာပေါ့ဗျာ”

“ကောင်းပါပေတယ် ခင်ဗျာ။ ကျွန်တော့်တသက်မှာ မြို့ဝန်မင်းရဲ့ ကျေးဇူးကို ဘယ် တော့မှ မေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး။ မြင်းထိန်းများလို မြို့ဝန်မင်းအပါးမှာ ကျိုးနွံစွာ အမှုထမ်းပါ့မယ်”

မြို့ဝန်ဆယ်သည် စာတစောင်ကို ရေးပြီးသော ထိုစာပေါ်တွင် မြို့ဝန်မင်းတံဆိပ်ကို ခတ်နှိပ်၏။

“စာပို့ဖို့ လူယုံတော်အဖြစ် ဘယ်သူ့ကိုများ ရွေးချယ်ထားပါသလဲ ခင်ဗျာ” ဟု ဟုန် ဝမ်ပင်းက မေး၏။

“ကျုပ်တို့ အကျဉ်းထောင်နှစ်ခုအနက် ထောင်တခုက ထောင်မှူးထိုက်ချုံဆိုတဲ့လူ ရှိတယ်။ ဒီလူက တနေ့ကို လီရှစ်ရာ ခရီးပေါက်အောင် သွားနိုင်တဲ့ အဆောင်လက်ဖွဲ့ ရှိတယ်။ ဒီတော့ ဒီကိစ္စမှာ သူ့ကိုပဲ လွှတ်ရတော့မှာပဲ။ သူ သွားရင် အသွားအပြန် ဆယ်ရက်ပဲ ကြာမယ်”

“ဒီလောက် မြန်မြန်သွားနိုင်ရင်တော့ သိပ်ကောင်းတာပေါ့ ခင်ဗျာ”

မြို့ဝန်ဆယ်သည် အနောက်ဆောင်ထဲတွင် ဟုန်အား စိမ်ရည်များဖြင့်

တည်ခင်း ညှော်ခံ၏။ နောက်တနေ့၌ ဟုန်လည်း မြို့ဝန်ကို နှုတ်ဆက်ကာ ဝုဝေကျန်းမြို့သို့ ပြန်လာခဲ့၏။ မြို့ဝန်ဆယ်သည် ရွှေ၊ ကျောက်မျက်ရတနာများနှင့် ပစ္စည်းများကို ခြင်းတောင်း နှစ်တောင်းတွင် အပြည့်ထည့်၍ သေချာစွာ ပိတ်ကာ ချိပ်နှိပ်၏။ နောက်တနေ့မနက်၌ မြို့ဝန်ဆယ်သည် ထိုက်ချုံကို နောက်ဘက်ခန်းဆောင်ထဲသို့ ခေါ်၍-

"အရှေ့နေပြည်တော်မှာ နန်းရင်းဝန်အဖြစ် အမှုထမ်းနေတဲ့ ငါ့ခမည်းတော်ကြီးဆီကို သူ့မွေးနေ့မတိုင်မီမှာ ဟောဒီ လက်ဆောင်ပစ္စည်းတွေနဲ့ စာကို အရောက်ပို့ချင်တယ်။ ဆဋ္ဌမလ လပြည့်နေ့ဆိုရင် ငါ့ခမည်းတော်ကြီးရဲ့ မွေးနေ့ပဲ။ သိပ်မဝေးတော့ဘူး။ ဒီတော့ ဒီရက်အတွင်း အရှေ့နေပြည်တော်ကို အမီရောက်အောင် သွားနိုင်တဲ့သူ ဆိုလို့ မင်း တယောက်ပဲ ရှိတယ်။ အခက်အခဲတွေအကြောင်း ငါ့ကို မပြောနဲ့။ နေ့ရော ညပါ ခရီးပြင်း နှင်ပြီး ခမည်းတော်ကြီးဆီက ပြန်စာတစောင်ကို ယူခဲ့။ မင်းကို ကောင်းကောင်း ဆု ချီးမြှင့်မယ်။ မင်း သွားရမယ့် ခရီးစဉ်တွေကို ငါ စဉ်းစားပြီးပြီ။ မင်းရဲ့ခြေမြန်နည်းတွေ အသုံးပြုရင် ဘယ်လောက် ကြာမယ်ဆိုတာကိုလည်း ငါ တွက်ချက်လို့ ပြီးပြီ။ ဒီတော့ မင်း ပြန်ရောက် မယ့် အချိန်ကို ငါ စောင့်နေတယ်။ လမ်းမှာ ခရီးဖင့်မနေပါစေနဲ့။ နှောင့်နှေးလို့မဖြစ်ဘူး"

ထောင်မှူးထိုက်ချုံသည် ငြင်းပယ်၍ မရနိုင်တော့ပြီ။ ထိုက်ချုံသည် ရတနာခြင်းနှင့် စာတို့ကို ယူပြီးနောက် မြို့ဝန်ကို နှုတ်ဆက်ကာ ခရီးသွားရန် ပြင်ဆင်၏။ ထို့နောက် အကျဉ်းတိုက်ထဲရှိ စုန်ကျန့်ထံ သွား၍-

"နောင်ကြီးရေ၊ အေးအေးဆေးဆေး နေနော်။ ကျုပ်ကတော့ မြို့ဝန်က ခိုင်းလိုက်လို့ အရှေ့နေပြည်တော်ကို သွားစရာလေး ရှိနေတယ်။ အချိန်ကလည်း ဆယ်ရက်ပဲ ပေးထား တယ်။ ရွှေမြို့တော်ရောက်လို့ နန်းရင်းဝန်ကြီးရဲ့ ရုံးကို ရောက်ရင်တော့ နောင်ကြီးကို အချုပ်အနှောင်က လွတ်အောင် လုပ်နိုင်လိမ့်မယ်လို့ ထင်တာပဲ။ ကျုပ် မရှိတုန်းမှာတော့ နောင်ကြီး စားသောက်ဖို့ အစားအသောက်တွေကို လီကွေ့က နေ့စဉ် လာပေးလိမ့်မယ်။ နည်းနည်းတော့ စိတ်ရှည်ရှည်ထားဦးဗျာ"

"ကျုပ်အသက်ကို နောင်ကြီးတော့ ကယ်နိုင်မယ် ထင်တာပဲဗျာ"

ထောင်မှူးထိုက်ချုံသည် လီကွေ့ကို ခေါ်၍ ပြောသည်မှာ-

"ဟောဒီက တို့နောင်ကြီးဟာ ပုန်ကန်ဖီဆန်တဲ့ ကဗျာတပုဒ်ကို ရေးမိလို့ ထောင်သွင်း အကျဉ်းချခံနေရတယ်။ သူ့ကိစ္စဟာ နောင်မှာ ဘယ်လိုဖြစ်လာမယ်ဆိုတာ တို့မသိရသေးဘူး။ ငါလည်း ကိစ္စရှိလို့ ဒီနေ့ပဲ အရှေ့နေပြည်တော်ကို သွားရမယ်။ မကြာခင် ပြန်လာ ခဲ့မယ်။ သူ့ကို နေ့တိုင်း

မှန်မှန်စားရအောင် မင်းပဲ ကြည့်ပြီး စောင့်ရှောက်လိုက်ပေတော့”

“ဩော်၊ ဒီက နောင်ကြီးက ပုန်ကန်ဖီဆန်တဲ့ စာကဗျာကို ရေးတဲ့သူလား။ ဒါများ သာရေးကြီးခွင်ကျယ် လုပ်နေရသေးတာလဲဗျာ။ ဒီလိုပဲ အရင်တုန်းက သူပုန်ဖြစ်ခဲ့ပြီး ခု အရာရှိဖြစ်လို့ ကောင်းစားနေကြတဲ့သူတွေ ထောင်သောင်းချီပြီး ရှိနေတာပဲ။ ဒီတော့ ထောင်မှူးကြီး ရွှေမြို့တော်ကို သွားစရာရှိရင် စိတ်ချလက်ချသာ သွားပါ။ ဒီကိစ္စအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ ထောင်ထဲမှာ သူ့ကို ဘယ်သူမှ လက်ဖျားနဲ့ မတို့စေရပါဘူး။ ကျွန်တော်က စေတနာကို စေတနာနဲ့ တုံ့ပြန်တတ်တဲ့ ကောင်ပါ။ ကျွန်တော့်ကို ယီးတီးယားတားလာ လုပ်ရင်တော့ ကျွန်တော့် စစ်ပုဆိန်ကြီးနဲ့ အဲဒီကောင်ရဲ့ ခေါင်းကို ဖြတ်အပစ်ပဲ”

“သတိဝီရိယနဲ့လည်း နေပါကွာ။ မင်းက အရက်မူးနေရင် ငါ့လူမှာ အစာငတ်၊ ရေငတ် ဖြစ်နေပါ့မယ်”

“ကျွန်တော့်ကို ဒီလောက်တောင် စိတ်မချရင် ထောင်မှူး ခရီးထွက်တဲ့နေ့က စပြီး ကျွန်တော် အရက်တစက်မှ မသောက်တော့ပါဘူး။ အချိန်ရှိသရွေ့ ဟောဒီက နောင်ကြီး စုန်ကျန့်ကို စောင့်ရှောက်ပါ့မယ်။ သူ့အနားက တဖဝါးမှတောင် မခွာပါဘူး”

ထိုက်ချုံသည် သူ့စခန်းသို့ ပြန်လာခဲ့ကာ ခြေပတ်တို့ကို စည်း၏။ လျှော်ဖိနပ်ကို ဝတ်ဆင်၏။ ထို့နောက် ဆီးတော်သီးမှည့်ရောင် ဝတ်ရုံကို ခြုံကာ အပေါ်မှ ခါးစည်းကို စည်းပြီးလျှင် ခါးကြားထဲတွင် သူ့အမည်၊ ရာထူးတို့ကို ဖော်ပြသည့် တံဆိပ်တို့ကို ဆင်ယင် ၏။ ထိုက်ချုံသည် လက်ကိုင်ပဝါကို လဲ၍ ခေါင်းစည်းပြီးလျှင် စာကို သားရေအိတ်ထဲသို့ ထည့်၏။ လမ်းတွင် သုံးစွဲရန် ပိုက်ဆံ အနည်းငယ်ကိုလည်း ထည့်လေ၏။ ထို့နောက် ရတနာခြင်းတောင်း နှစ်တောင်းကို ထမ်းပိုး တဖက်တချက်တွင် ထမ်း၍ ခရီးထွက်လာခဲ့၏။

မြို့ပြင်သို့ ရောက်လျှင် ထိုက်ချုံသည် ခြေဖွဲ့နှစ်ခုကို ခြေနှစ်ဖက်တွင် စည်း၏။ ဂါထာ တို့ကို ပါးစပ်မှ ရွတ်၍ ခရီးဆက်လာခဲ့၏။ တနေ့လုံး ခရီးပြင်း နှင်ခဲ့ပြီးနောက် ညနေ မိုးချုပ်သို့ ရောက်လျှင် ထမင်းဆိုင်ကလေးတဆိုင်တွင် တည်းခို၏။ ခြေဖွဲ့များကို ချွတ်ပြီး လျှင် စက္ကူရွှေချောင်းတို့ကို မီးရှို့၍ နတ်သိကြားတို့ကို ပူဇော်ပြီးနောက် အိပ်ရာသို့ ဝင်ခဲ့၏။

နောက်တနေ့မနက်တွင် အိပ်ရာမှ စောစွာ ထ၍ အစားအသောက်တို့ကို စားသောက် ပြီးသော် ထမင်းဆိုင်မှ ထွက်လာခဲ့၏။ သူသည် ခြေလက်တို့တွင် လက်ဖွဲ့လေးခုကို ဆင်ယင် ပြီးလျှင် ခြင်းတောင်းနှစ်လုံးကို ပခုံးတွင် ထမ်း၍ ခရီးပြင်းနှင်ခဲ့ရာ မိုးစက်များ ကျသံနှင့် လေတိုက်သံတို့သည် နားထဲတွင် တရှိန်ရှိန် မြည်၍ ကျန်ရစ်ခဲ့ပြီး ခြေထောက်မှာလည်း မြေကြီးကိုပင် ထိသည်

မထင်ရတော့ချေ။ သူသည် လမ်းတွင် အစာစားရန်အတွက် ခရီး တကြိမ်၊ နှစ်ကြိမ်သာ နားခဲ့၏။

ညနေမိုးချုပ်သို့ ရောက်လျှင် ထိုက်ချုံသည် ထမင်းဆိုင်တဆိုင်တွင် တည်းခိုပြန်၏။ နောက်တနေ့မနက် မိုးသောက်တွင် သူသည် နေအေးချိန်တွင် ခရီးသွားရန်အတွက် မနက်စောစော အိပ်ရာမှ ထ၏။ လက်ဖွဲ့တို့ကို ဆင်ယင်ပြီးနောက် ခြင်းတောင်းနှစ်လုံးကို ပခုံးတွင် ထမ်း၏။ မနက် နေထန်းတဖျားခန့် အရောက်တွင်ကား သူသည် လီပေါင်းသုံးရာခန့် ခရီးရောက်ခဲ့လေပြီ။ လမ်းတွင် သန့်ရှင်းသည့် ထမင်းဆိုင်ဆို၍ တဆိုင်မျှ မတွေ့ခဲ့သေးချေ။

ထိုနေ့မှာ ပူပြင်းသည့် နေ့ ဖြစ်သည့်အလျောက် မနက်ခင်းဖြစ်သည့်တိုင် အတော်ပင် ပူလျက်ရှိလေပြီ။ ထိုက်ချုံ၏ တကိုယ်လုံးမှာလည်း ချွေးတို့ဖြင့် နစ်လျက်ရှိ၏။ နေပူပြင်း လွန်းသဖြင့် လဲကျတော့မည်ဟုပင် မှတ်ထင်ရ၏။ ဆာလည်း ဆာ၊ ရေလည်း ငတ်လျက် ရှိစဉ် ခပ်လှမ်းလှမ်းတွင် ထမင်းဆိုင်တဆိုင်ကို လှမ်းမြင်လိုက်ရ၏။ ထမင်းဆိုင်မှာ ကန် တကန်၏ ဘေး တောအုပ်ကလေးတခု၏ အစွန်တွင် ရှိ၏။ ထိုက်ချုံသည် လက်ဖျစ်တချက် တီးအတွင်းမှာပင် ထိုနေရာသို့ ရောက်သွား၏။ ထမင်းဆိုင်မှာ လွန်စွာ သန့်ရှင်း၏။ ဆိုင် ထဲတွင် ယွန်းစားပွဲနီကြီး ဆယ့်နှစ်လုံး ခင်းထားပြီး ပြတင်းပေါက်များအနီးတွင်လည်း ခုံရှည်ကြီးများကို ချထား၏။

ထိုက်ချုံသည် ထမင်းဆိုင်ထဲသို့ ဝင်လာခဲ့ကာ ချောင်ကျသည့် စားပွဲတလုံးကို ရွေး လိုက်၏။ ခြင်းတောင်းများကို ပခုံးမှ ချ၍ ခါးစည်းနှင့် ဝတ်ရုံတို့ကို ချွတ်၏။ ဝတ်ရုံကို ရေအနည်းငယ် ဖြန်းပြီးနောက် ထမင်းဆိုင် ဝရန်တာတခုပေါ်တွင် ဖြန့်၍ လှန်းထားလိုက် ၏။ စားပွဲတွင် ထိုင်လိုက်စဉ် အနီးသို့ စားပွဲထိုးရောက်လာကာ-

“စိမ်ရည် ဘယ်လောက် လိုချင်လို့လဲ ခင်ဗျာ။ အသားတို့ ဘာတို့ကော ယူဦးမလား။ ဝက်သား၊ သိုးသားနဲ့ အမဲသားရပါတယ်”

“စိမ်ရည် အရင်ယူခဲ့ကွာ။ ပြီးတော့ ထမင်းလည်း ယူခဲ့”

“စိမ်ရည်အပြင် ပေါက်စီနဲ့ ကြာဆန်ပြုတ်လည်း ရတယ် ခင်ဗျ”

“အသားမလိုချင်ဘူးကွာ။ ဟင်းရွက်ကြော်တို့ ဘာတို့ မရှိဘူးလား”

“ငရုတ်သီးတို့ဟူးကြော် ယူမလား ခင်ဗျာ”

“အေး၊ ကောင်းတယ်”

အတန်ကြာလျှင် စားပွဲထိုးသည် တို့ဟူးကြော်၊ ဟင်းသီးဟင်းရွက်ကြော် နှစ်ပွဲ၊ စိမ်ရည် အိုး သုံးအိုးကို ယူ၍ ရောက်လာ၏။ ထိုက်ချုံသည် စိမ်ရည်နှင့် တို့ဟူးကြော်ကို ခပ်သုတ် သုတ် စားသောက်ပစ်လိုက်၏။ ထမင်းကို စောင့်နေစဉ် ကောင်းကင်နှင့် မြေကြီးသည် ပတ်ချာလည်သွားသည်ဟု ထင်လိုက်ရ၏။ မျက်လုံးများမှာလည်း ပြာစပြ၍ လာ၏။

ထို့နောက် ထိုက်ချုံသည် ထိုင်ခုံပေါ်မှ နောက်ပြန်ကျသွား၏။

"ဟိုလူတော့ လဲသွားပြီဗျို့" ဟု စားပွဲထိုးက လှမ်းအော်လိုက်၏။

ထမင်းဆိုင်ထဲမှ လူတယောက် ထွက်လာ၏။ ထိုသူမှာ လျှံရှန်းတောင်ရိုး သူပုန်များ ခံတပ်စခန်းမှ ကုန်းမိကျောင်းချူကွီ ဖြစ်၏။

"သူ့တောင်းကို ဆိုင်နောက်ခန်းထဲ ရွှေ့ထားလိုက်။ ပြီးတော့ သူ့ကိုယ်ပေါ်မှာ ဘာပါ သေးသလဲလို့ ရှာကြည့်စမ်း"

တပည့်နှစ်ယောက်တို့က ထိုက်ချုံ၏ ကိုယ်ပေါ်တွင် ရှာကြည့်ရာ စက္ကူထုပ်ကလေး တထုပ်ကို တွေ့ရ၏။ သူတို့သည် စက္ကူထုပ်ကို ချူကွီကို ပေးလိုက်ကြ၏။ ချူကွီသည် စက္ကူထုပ်ကို ဖြေလိုက်ရာ အထဲတွင် 'မြို့ဝန်ဆယ်ထံမှ ခမည်းတော်ကြီးထံသို့ မိသားစု မေတ္တာစာ"ဟူသော စာရေးထားသည့် စာအိတ်တအိတ်ကို တွေ့ရ၏။ ချူကွီသည် စာအိတ် ကို ဆုတ်ဖြဲပစ်လိုက်ကာ စာထဲတွင် ပါသည့် သဝဏ်လွှာကို ဖတ်ကြည့်၏။

ပုန်ကန်ဗီဆန်သည့် စာများကို ရေးသည့် တရားခံအား ကျွန်တော်တို့ ယနေ့တွင်ပင် ဖမ်းဆီးရမိပါသည်။ ထိုလူမှာ ရှန်တောင်နယ်မှ စုန်ကျန့် ဆိုသူ ဖြစ်ပြီး ယခု သူ့ကို ထောင်သွင်း အကျဉ်းချထားပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ခမည်းတော်ကြီးထံမှ အမိန့်ကို စောင့်ဆိုင်းလျက် ရှိပါသည်။

ချူကွီမှာ အလွန်အမင်း အံ့အားသင့်သွား၏။ တပည့်နှစ်ယောက်တို့သည် ထိုက်ချုံ၏ ခန္ဓာကိုယ်ကြီးကို သားသတ်ရုံထဲသို့ သယ်လျက်ရှိစဉ် ခုံရှည်ပေါ်တွင် ကျန်ရစ်ခဲ့သည့် ခါး စည်းကြိုးမှ အနီရောင်နှင့် အစိမ်းရောင်ရောနေသည့် ပစ္စည်းတခုကို ချူကွီ သတိပြုလိုက် မိ၏။ ချူကွီသည် ထိုပစ္စည်းကို ကောက်ယူလိုက်၏။ ထိုပစ္စည်းမှာ တရားဝင် ရာထူးအမှတ် အသား ဖြစ်၏။ ထိုပစ္စည်းပေါ်တွင် "ထိုက်ချုံ၊ အကျဉ်းထောင်မှူး၊ ကျန်းကျို့မြို့' ဟု ငွေဖြင့် ခတ်ထားသော စာတန်းကို မြင်ရ၏။ ချူကွီက သူ့တပည့်များအား လှမ်း၍-

"ဟော့၊ နေကြဦး။ ကျန်းကျို့ပြည်နယ်က ခြေမြန်တော်ထိုက်ချုံ အကြောင်းကို ငါ့ မိတ်ဆွေတွေ မကြာခဏ ပြောသံကြားဖူးတယ်။

ခုတို့ဖမ်းထားတဲ့သူဟာ အဲဒီလူများ ဖြစ်နေ မလား မသိဘူး။ ဒါပေမဲ့ စုန်ကျန့်ကို ဒုက္ခပေးဖို့ စာကို ဒီလူ ဘာဖြစ်လို့ ယူလာရတာလဲ။ တို့လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကတော့ ဘုရား မ တာပဲ။ ဒီလူကို သတိရအောင် ဖြေဆေးတိုက်လိုက်စမ်း။ ပြီးတော့ ငါ့ဆီကို ခေါ်ခဲ့။ သူ့ကို မေးစရာ ရှိတယ်"

တပည့်များသည် ဆေးကို ရေနှင့် ဖျော်ကာ ထိုက်ချုံကို ပွေ့ထူပြီးနောက် တိုက်လေ၏။ ခဏကြာလျှင် ထိုက်ချုံသည် မျက်စိပွင့်လာကာ ထိုင်ရာမှ မတ်တတ်ထလိုက်၏။ လက် ထဲတွင် စာကို ကိုင်ထားသည့် ချူကွီကို မြင်ရ၏။ ထိုက်ချုံက-

"ခင်ဗျားက ဘယ်သူလဲ။ ခင်ဗျားက ကျုပ်ကို ဆေးခတ်ရအောင် ဘယ်လောက်များ သတ္တိရှိလို့လဲ။ ခင်ဗျားက ဘာမို့လို့ နန်းရင်းဝန်ကြီးဆီကို ပေးတဲ့ စာကို ဖွင့်ဖတ်ရတာလဲ။ ဘယ်လောက် သတ္တိရှိလို့လဲ။ ကြီးလေးတဲ့ ရာဇဝတ်မှုကြီး ဖြစ်တယ်ဆိုတာ ခင်ဗျား မသိဘူးလား"

ချူကွီက ရယ်လိုက်၏။

"ဩော်၊ ဒီလိုလား။ နေစမ်းပါဦးဗျ။ ဆွန်ကေရာဇ်ကိုတောင် ပုန်ကန်ခြားနားနေတဲ့ လူတယောက်အဖို့ နန်းရင်းဝန်ရဲ့ စာကို ဖတ်တာ ဘာအရေးလဲ"

ထိုက်ချုံသည် အံ့အားသင့်လျက်-

"ခင်ဗျား ရဲတင်းလှချေကလား။ ခင်ဗျားက ဘယ်သူလဲ။ ခင်ဗျားနာမည်ကကော"

"ကျုပ်က ချူကွီတဲ့ဗျ။ ကျောက်မိကျောင်းလို့လည်း ခေါ်တယ်။ လျှံရှန်းတောင်ရိုးမှာ နေတဲ့ ရဲညီနောင်တွေထဲက တယောက်ဆိုပါတော့"

"ခင်ဗျားက တောပုန်းခေါင်းဆောင် တယောက်ဆိုရင် ဝုရုံကို သိသလား"

"ဝုရုံက ကျုပ်တို့ စစ်အကြံပေးတာဝန်ခံဗျ။ ကျုပ်တို့ စစ်ဆင်ရေးတွေအားလုံးကို သူပဲ ကြီးကြပ်တာပဲ။ ခင်ဗျားက သူ့ကို ဘယ့်နှယ်လုပ် သိနေတာလဲ"

"ကျုပ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်းကြီးပါ"

"ဒါဖြင့် ခင်ဗျားက ခြေမြန်တော်ထောင်မှူးထိုက်ချုံ မဟုတ်လား။ ခင်ဗျားအကြောင်း ကို မကြာခဏ ပြောဖူးတယ်"

“ဟုတ်ပါတယ်။ ကျွန်တော် ထိုက်ချုံပါ”

“စုန်ကျန့်ဟာ နယ်နှင်ခံရလို့ ကျန်ကျိုမြို့ကို အသွားမှာ ကျုပ်တို့စခန်းမှာ တည်း သွားတယ်။ ဒီတုန်းမှာ ဝုရုံကတောင် ခင်ဗျားဆီကို စာတစောင် ပါးလိုက်သေးတယ်။ ခု စုန်ကျန့်ကို သတ်ဖို့ ကိစ္စမှာ ခင်ဗျားက ဘာဖြစ်လို့ ဝင်ပြီး အကူအညီ ပေးနေရတာလဲ” “စုန်ကျန့်နဲ့ ကျွန်တော်ဟာ ညီရင်းအစ်ကိုတွေလိုပါပဲ။ သူက ပုန်ကန်ဖီဆန်တဲ့ ကဗျာ တပုဒ်ကို ရေးတော့ ကျွန်တော့်မှာလည်း ဝတ္တရားရှိတဲ့အတိုင်း သူ့ကို ဖမ်းရဆီးရပါတယ်။ ခု ကျွန်တော် သူ့ကို ကယ်တင်ဖို့ နည်းလမ်းရှာဖို့အတွက် နေပြည်တော်ကို ထွက်လာခဲ့ တာပါ။ ကျွန်တော်ဟာ စုန်ကျန့် ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ပါဘူး”

“ခင်ဗျား ကျွန်တော့်ကို မယုံဘူးလား။ ဒီမှာလည်း ကြည့်စမ်းပါဦး”

ထိုက်ချုံသည် မြို့ဝန်ဆယ် ရေးပေးလိုက်သည့် စာကို ဖတ်ကြည့်၏။ ထိုက်ချုံသည် အံ့အားသင့်လျက်ရှိ၏။ ဝုရုံထံမှ စာကို စုန်ကျန့် မည်သို့ လာပို့ကြောင်း၊ သူနှင့် စုန်ကျန့်တို့ မည်သို့မည်ပုံ တွေ့ဆုံခဲ့ကြကြောင်းကို ထိုက်ချုံက ပြောပြ၏။ ထို့နောက် စုန်ကျန့်သည် အရက်မူးပြီး ရှွင့်ယန်ရိပ်သာတွင် ပုန်ကန်ဖီဆန်သည့် ကဗျာကို မည်သို့ရေးပုံ စသည်တို့ကို လည်း ပြောပြလေ၏။

“ဒီလိုဆိုရင် ကျွန်တော်နဲ့အတူ စခန်းကို လိုက်ပြီး ကျွန်တော်တို့ ခေါင်းဆောင်တွေကို ပြောပြပါဦး။ ကျွန်တော်တို့အနေနဲ့တော့ စုန်ကျန့်ကို ကယ်ရလိမ့်မယ်”

ချူကွီသည် ထိုက်ချုံအား စိမ်ရည်များ တိုက်ပြီးနောက် အစားအသောက်များ ကျွေးမွေး၏။ ထို့နောက် ကန်ဘက်သို့ မျက်နှာမူနေသော ခန်းဆောင်ဘက်သို့ သွားကာ တရွှီရွှီမြည်သော မြားတစင်းကို တဖက်ကမ်းဆီသို့ လွှတ်လိုက်၏။ ချက်ချင်းဆိုသလိုပင် တောပုန်းတယောက်သည် လှေတစီးဖြင့် သူတို့ဆီသို့ လှော်ခတ်လာသည်ကို မြင်ရလေ၏။ ချူကွီက ထိုက်ချုံနှင့် သူ့ခြင်းတောင်းများကို လှေပေါ်သို့ ကူ၍ တင်ပေး၏။ သဲသိဂ်ါကမ်းသို့ ရောက်လျှင် သူတို့သည် လှေပေါ်မှ ဆင်းကာ စခန်းဆီသို့ တက်လာခဲ့ကြ၏။ သူတို့တတွေ တံခါးမကြီးဂိတ်ဝသို့ ရောက်ပြီဟု သတင်းပို့လိုက်သည့်အခါတွင် ဝုရုံသည် သူတို့ကို ကြိုဆိုရန် ကိုယ်တိုင် ရောက်လာလေ၏။

“အလို၊ မတွေ့ရတာ ကြာလှပြီဗျို့။ ဘယ်လိုလေမျိုး တိုက်လို့ ဒီကို ရောက်လာရ တာလဲ။ ကဲ၊ လာ လာ။ စခန်းရောက်မှ စကားလေး ဘာလေး ပြောကြရအောင်”

ဝုရုံက သူ့ကို အခြားသော ခေါင်းဆောင်များနှင့် မိတ်ဆက်ပေး၏။ ချူကွီက

ထိုက်ချုံ ရောက်လာသည့်အကြောင်းကို ရှင်းပြကာ စုန်ကျန့်တယောက်တော့ အကျဉ်းခံနေရပြီဟု ပြောလေ၏။

ကျောက်ခဲက ထိုက်ချုံကို နေရာထိုင်ခင်းပေးပြီးလျှင် မည်သို့မည်ပုံ ရောက်လာ ကြောင်းကို မေးမြန်း၏။ ထိုက်ချုံက စုန်ကျန့်၏ အကြောင်းကို အသေးစိတ်ပြောပြကာ ပုန်ကန်ဖီဆန်သည့် ကဗျာရေးသည့် အကြောင်းကိုလည်း ပြောပြ၏။ ကျောက်ခဲမှာ လွန်စွာ ထိတ်လန့်လျက်ရှိလေပြီ။ ကျောက်ခဲသည် မိမိတို့စခန်းမှ လူသူလက်နက်များ၊ မြင်းများကို ချက်ချင်းပြင်ဆင်ရန်နှင့် ကျန်းကျို့မြို့ကို စီးနင်းတိုက်ခိုက်ကာ စုန်ကျန့်ကို ကယ်ဆယ်ရန် အခြားသော ခေါင်းဆောင်များကို ပြောပြ၏။

ဝုရုံက-

"ဒီလို အရမ်းလုပ်လို့ မဖြစ်သေးဘူးဗျ။ ကျန်းကျို့မြို့က တော်တော် ဝေးသေးတယ်။ မြင်းတွေ၊ လူတွေ အများကြီး လွှတ်လိုက်ရင် ကျွန်တော်တို့ ဒုက္ခရောက်နိုင်တယ်။ "မြွက် ဖုတ်ကို သွားဆွရင် မြွေကို အသင့်ဖြစ်အောင် သတိပေးသလို ဖြစ်နေလိမ့်မယ်" ဆိုတဲ့ စကားရှိတယ်။ ကျုပ်တို့က ဒီလို ထုကြီးထည်ကြီးနဲ့ သွားရင် စုန်ကျန့်ရဲ့ အသက်အန္တရာယ် စိုးရိမ်ရတယ်။ ဒီတော့ ဒီနေရာမှာ ကျုပ်တို့က ပရိယာယ်နဲ့ပဲ အောင်မြင်အောင် လုပ်ရ လိမ့်မယ်။ အင်အားကို သုံးဖို့ မလိုဘူး။ ကျွန်တော်ဟာ သိပ်တော့ ပရိယာယ်ကျွမ်းကျင်တဲ့ လူ မဟုတ်ပါဘူး။ ဒါပေမဲ့ စုန်ကျန့်ကို ကယ်ဖို့ စိတ်ကူးကလေးတခုတော့ ရှိတယ်။ ဟောဒီက ထောင်မှူးကြီးထိုက်ချုံ ကူညီရင်တော့ အတိုင်းထက်အလွန်ပဲ"

"ကြားကြရအောင်ဗျာ။ ပြောပြပါ"

"ထိုက်ချုံက အရှေ့နေပြည်တော်က မြို့ဝန်ဆယ်ဆီကို ပေးလိုက်တဲ့ ပြန်စာတခုကို ယူသွားဗျာ။ ကျုပ်တို့က ပြန်စာအတုတစောင်ကို ရေးပေးလိုက်မယ်။ ဒီပြန်စာပေါ်မှာ ကြည့်ပြီး အလုပ်လုပ်ကြရမှာပဲ။ အဲဒီပြန်စာထဲမှာ "စုန်ကျန့်ကို ဘာမှ အရေးမယူပါနဲ့။ အစောင့်အရှောက် လုံလောက်စွာနဲ့ သူ့ကို နေပြည်တော်ကို ပို့ပေးပါ။ သူ့ကို သေချာစွာ စစ်ဆေးပြီးမှ သတ်ပစ်မယ်။ ပြီးတော့မှ သူ့ခေါင်းကို ဖြတ်ပြီး လူမြင်ကွင်းမှာ ပြသထား မယ်" လို့ ရေးလိုက်မယ်။ စုန်ကျန့်ကို ကျုပ်တို့နယ်ထဲကို ဖြတ်ခေါ်လာတော့မှ ကျုပ်တို့လူ တွေက သူ့ကို ဝင်လုယူမယ်။ ဘယ့်နှယ်လဲ"

"တကယ်လို့ သူ့ကို ဒီလမ်းက မပို့ဘဲ တခြားလမ်းက ပို့ရင်ကော။ ကျွန်တော်တို့ အခွင့်အရေး လက်လွတ်မသွားနိုင်ဘူးလား" ဟု ကျောက်ခဲက မေး၏။

ကုန်ဆွန်ရှန်းက-

"ဒါကတော့ အကြောင်းမဟုတ်ပါဘူး။ ဘယ်လမ်းက ပို့သလဲ သိရအောင် ကျွန်တော် တို့က ကင်းတွေ အနှံ့အပြား လွှတ်ထားမှာပေါ့။ ဘယ်လမ်းကပဲ သွားသွားဗျာ။ စောင့်မယ်။ ဘယ်လမ်းဖြစ်ဖြစ် ကျုပ်တို့ စောင့်ဖမ်းရင် ရပါတယ်။ အဲ၊ သူ့ကို နေပြည်တော်ကို မပို့ဘဲ ဟိုမှာတင် ကိစ္စတုံးပစ်မှာ တခုပဲ စိုးရိမ်တယ်"

"ကောင်းတဲ့ အကြံပါပဲဗျာ။ ဒါပေမဲ့ နန်းရင်းဝန်ရဲ့ ပြန်စာကို ဘယ်သူရေးမလဲ" ဟု ကျောက်ခဲ က မေး၏။ ဝုရုံက-

"ကျွန်တော် ဒီလိုစဉ်းစားထားတယ်ဗျ။ ဒီနေ့ခေတ်စားနေတဲ့ စာရေးနည်းလေးမျိုး ရှိတယ်။ အဲဒီလေးမျိုးကတော့ စူထျန်ပိုရဲ့ ရေးနည်း၊ ဟုန်လူရှီရဲ့ ရေးနည်း၊ မိယုန်ချန်းရဲ့ ရေးနည်းနဲ့ နန်းရင်းဝန်ဆယ်ချင်းရဲ့ ရေးနည်းတို့ပဲဗျ။ ဒီရေးနည်းလေးမျိုးဟာ အကောင်း ဆုံးလို့ ယူဆထားကြတာပဲ။ ကျုပ်မှာ ရှောင်ရန်းဆိုတဲ့ ပညာရှိ မိတ်ဆွေတယောက် ရှိတယ်။ စာလုံးပန်းချီတို့ ဘာတို့မှာ အရေးကောင်းလွန်းလို့ သူ့ကို လက်မြောက်သူ လို့တောင် ခေါ်ကြတယ်။ အဲဒီလူက လှံအတတ်၊ ဓားအတတ်၊ တုတ်သိုင်းအတတ် တို့ကို လည်း ကျွမ်းတယ်။ နန်းရင်းဝန်ဆယ်ချင်းရဲ့ လက်ရေးပန်းချီမျိုးနဲ့လည်း စာရေးတတ် တယ်။ ဒီတော့ ဟောဒီက ထောင်မှူးထိုက်ချုံကို သူ့ဆီ လွှတ်၊ "တိုက်အန်နယ်က ကွေ့ ဘုရားကျောင်းက ရုပ်တုတခုမှာ စာတန်းထိုးချင်လို့ လိုက်ပြီး စာတန်းထိုးပေးပါ၊ နောင်ကြီး မရှိတုန်းမှာ မိသားစုများ သုံးစွဲဖို့အတွက် ဉာဏ်ပူဇော်ခအဖြစ်လည်း ငွေစင် ခြောက်ဆယ် ကျပ်သား ပေးပါ့မယ်" လို့ ပြော။ ထိုက်ချုံက သူ့ကို ဒီကို ခေါ်လာခဲ့။ နောက်တော့ သူ့ဇနီး သားမယားတွေကိုလည်း ကျုပ်တို့က ဥပါယ်တံမျဉ်နဲ့ ဒီတောင်ရိုးကို ရောက်အောင် သွား ခေါ်မယ်။ ဒီလိုဆိုရင် ရှောင်ရန်းဟာ ကျုပ်တို့ တောပုန်းအဖွဲ့ထဲ ရောက်လာမှာပေါ့။ ဘယ့်နှယ်လဲ"

"စာရေးတာကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့မှာ နန်းရင်းဝန်ရဲ့တံဆိပ် မရှိသေးဘူး" ဟု ကျောက်ခဲက ပြော၏။

"ဒီကိစ္စအတွက်လည်း အသုံးချဖို့ လူတယောက်ရှိပါတယ်။ ကျွန်တော် စဉ်းစားပြီး သားပါ။ တံဆိပ်လုပ်တဲ့နေရာမှာတော့ ဒီနယ်တဝိုက်မှာ အတော်ဆုံးပဲ။ သူက ကျီစုမှာ နေတယ်။ သူ့နာမည်က ကျင်တာကျန်းတဲ့။ ကျောက်ဆစ်ပညာမှာလည်း ကျွမ်းကျင်တယ်။ အထူးသဖြင့် ကျောက်စိမ်းတံဆိပ်တွေကို ထုရာမှာ ပိုပြီး ကျွမ်းကျင်တယ်။ ပြီးတော့ လှံသိုင်းတို့၊ ဓားသိုင်းတို့မှာလည်း တဖက်ကမ်းခတ်တယ်။ ကျောက်စိမ်းကို ဆစ်တဲ့ နေရာ မှာ တော်လွန်းလို့ သူ့ကို ကျောက်စိမ်းလက်သခင်လို့တောင် ခေါ်ကြတယ်။ ထိုက်ချုံက သူ့ကို ဘုရားကျောင်းမှာ ကျောက်စိမ်းထုစာတန်း ထွင်းချင်လို့ပါဆိုပြီး ငွေစင်ငါးဆယ်ကျပ် သားပေးပြီး ခေါ်ခဲ့။ လမ်းကျတော့ သူ့ကို ကျုပ်တို့ ဖမ်းထားလိုက်မယ်။ ကျုပ်တို့ တောင်ရိုး စခန်းမှာ ကျင်တာကျန်းလို၊ ရှောင်ရန်းလို

လူတွေ လိုတယ်။ သူတို့ကို အသုံးချနိုင်တာပေါ့”

“ကောင်းတယ်ဗျာ” ဟု ကျောက်ခဲက သဘောတူ၏။

ထိုနေ့၌ သူတို့သည် ထိုက်ချုံအတွက် ပွဲတော်ကြီး တည်ခင်းပြီးနောက် ညတွင် ကောင်းစွာ အိပ်စက်အနားယူကြ၏။ နောက်တနေ့မနက် မနက်စာ စားသောက်ပြီးလျှင် ထိုက်ချုံအား ကပ္ပိယတယောက်အသွင် ရုပ်ဖျက်ဝတ်ဆင်စေကာ ငွေစင်နှစ်ပိဿာကို လည်း ပေးလိုက်၏။ ထိုက်ချုံ သည် ခြေတွင် ခြေဖွဲ့တို့ ချည်နှောင်ကာ တောင်အောက်သို့ ဆင်းလာခဲ့ပြီး သဲသိဂ္ဂါကမ်းတဖက်မှ လှေဖြင့် ကူးလာခဲ့၏။ ထိုမှတဖန် ကျီစုနယ်သို့ လာ ခဲ့ရာ မကြာမီ ကျီစုသို့ ရောက်လာခဲ့၏။ ကျီစုသို့ ရောက်လျှင် ရှောင်ရန်းနှင့် ကျောက်စိမ်းလက်သခင်တို့ အကြောင်းကို မေးမြန်းစုံစမ်း၏။

“မြို့ဝန်ရုံး အရှေ့ဘက်က ကွန်ဖြူဇီဘုရားကျောင်းထဲမှာ နေတယ်ဗျ” ဟု ပြောလိုက် ကြ၏။

ထိုက်ချုံသည် ရှောင်ရန်း နေထိုင်ရာ ကျောင်းသို့သွားကာ တံခါးကို ခေါက်ပြီးနောက်-

“ရှောင်ရန်း ရှိပါသလားဗျာ” ဟု မေးလေ၏။

ကျောင်းထဲမှ ပညာရှိတယောက် ထွက်လာကာ ထိုက်ချုံကို ကြည့်၏။ ထိုက်ချုံကို တခါမျှ သူ မမြင်ဖူးချေ။

“ကပ္ပိယကြီး။ ဘာများ အကူအညီလိုချင်လို့တုံး” ထိုက်ချုံက သူ့အား ရိုသေစွာ နှုတ်ခွန်းဆက်လျက်-

“ကျွန်တော်က ယေဘုရားကျောင်းက ကပ္ပိယပါ။ အဲဒီဘုရားကျောင်းက တောင် ငါးလုံးကျောင်းကို ပြင်နေပါတယ်။ ဒါယကာတဦးက အဲဒီကျောင်းမှာ ကမ္ပည်းတခု ထိုးချင် လို့ပါ။ ဆရာကြီး ကျွန်တော်တို့ကျောင်းကို လိုက်အလုပ်လုပ်တုန်းမှာ မိသားစု စားနိုင် အောင်ဆိုပြီး ဉာဏ်ပူဇော်ခအဖြစ် ငွေစင်ငါးဆယ်ကျပ်သားလည်း ကန်တော့ပါတယ်။ ဆရာကြီးကတော့ ကမ္ပည်းစာတန်းထိုးဖို့ ကျောင်းကို လိုက်လာခဲ့ရုံပါပဲ။ ရေစက်ချမယ့် နေ့က သတ်မှတ်ပြီးတော့ နောက်ထပ် မဆိုင်းဘဲ ချက်ချင်းပဲ လိုက်ခဲ့စေချင်ပါတယ်”

“ကျုပ်က ကျောက်ဆစ်ပညာလောက်ပဲ တတ်တာဗျ။ ကပ္ပိယကြီးတို့ အလျှင်လိုရင် တော့ ကျုပ်တယောက်တည်း လုပ်နိုင်မှာ မဟုတ်ဘူး။ စာလုံးပန်းချီတို့ ဘာတို့ ရေးနိုင်တဲ့ ပန်းပုဆရာလည်း ခေါ်ဖို့ လိုလိမ့်မယ်”

"ကျွန်တော့်မှာ နောက်ထပ် ငွေစင်ငါးဆယ်ကျပ်သား ကျန်ပါသေးတယ်။ ကျောက် စိမ်းလက်သခင်လို့ ခေါ်တဲ့ ကျင်တာကျုန်းကို သွားပြီး ခေါ်မှာပါ။ ရေစက်ချဖို့ အခါရွေးပြီး ပါပြီ ခင်ဗျာ။ ဒါကြောင့်မို့ ကျွန်တော်တို့ကို ကူညီပါ။ ကျင်တာကျုန်းကို ခေါ်ပြီး ကျွန်တော် တို့ အတူသွားကြတာပေါ့"

ရှောင်ရန်းသည် သူပေးသည့် ငွေစင်ကို လက်ခံယူကာ သူ့ကို ကျောက်စိမ်းလက်သခင် ကျင်တာကျုန်းထံ ခေါ်သွား၏။ ကွန်ဖြူဇီဘုရားကျောင်း အလွန်သို့ရောက်လျှင် ရှောင်ရန်း က "ဟောဟိုက လူဟာ ကျင်တာကျုန်းပဲ" ဟု ပြ၏။

ရှောင်ရန်းသည် သူ့ကို နှုတ်ဆက် ကြိုဆိုပြီးနောက် ထိုက်ချုံနှင့် မိတ်ဆက်ပေး၏။ ထိုက်ချုံ လာသည့် ကိစ္စကိုလည်း ပြောပြ၏။

"ဟောဒီက ကပ္ပိယကြီးက သူနဲ့ လိုက်ခဲ့ရင် ကျုပ်တို့ကို ငွေစင်ငါးဆယ်ကျပ်သားစီ ပေးမယ်တဲ့ဗျ" ဟု ပြော၏။

ကျင်တာကျုန်းမှာ ငွေစကားကို ကြားရသည့်အခါတွင် ကျေနပ်နေလေပြီ။ ကျင်တာ ကျုန်းနှင့် ရှောင်ရန်းတို့သည် ထိုက်ချုံအား အနီးရှိ ဘုံဆိုင်တဆိုင်သို့ ဖိတ်ခေါ်ကာ စိမ်ရည် များ၊ အစားအသောက်များဖြင့် တည်ခင်း ကျွေးမွေးကြ၏။ ထိုက်ချုံက သူ့ကို ငွေစင် ငါးဆယ်ကျပ်သား ပေးလေ၏။

"ဗေဒင်ဆရာက ရက်ရွေးပေးထားတယ် ခင်ဗျ။ ဒီတော့ ဆရာတို့နှစ်ယောက်စလုံး ကျွန်တော်နဲ့ တခါတည်း လိုက်ခဲ့ကြပါလား"

ရှောင်ရန်းက-

"ဒီနေ့တော့ သိပ်ပူတယ်ဗျာ။ ဒီအချိန်မှ သွားရင် ခရီးလည်း သိပ်ပေါက်တော့မှာ မဟုတ်တော့ပါဘူး။ မိုးချုပ်ရင်လည်း တည်းခိုစရာမရှိဘဲ လမ်းခုလတ်မှာ ရောက်နေမှာ။ မနက်ဖြန်မနက် မိုးသောက်ကျမှ သွားပါလား။ အဲဒီတော့ ကျုပ်တို့ကို ဝင်ခေါ်ပေါ့"

"အဲဒါကောင်းတယ်ဗျ" ဟု ကျင်တာကျုန်းကလည်း သဘောတူ၏။ သူတို့သည် နောက်တနေ့မနက် ထွက်ရန် သဘောတူကြပြီးနောက် ခရီးအတွက် ပြင်ဆင်ရန် အိမ်သို့ ပြန်သွားကြ၏။ ထိုက်ချုံမှာ ရှောင်ရန်း၏ ဖိတ်ကြားချက်အရ သူ့အိမ် မှာပင် တည်းခို၏။

နောက်တနေ့မနက် အရုဏ်တက်တွင် ကျင်တာကျုန်းသည် အထုပ်အပိုးကို သယ်ကာ ရှောင်ရန်းနှင့် ထိုက်ချုံတို့ကို ခေါ်၍ ခရီးထွက်ခဲ့ကြ၏။ ဆယ်လီခန့်သို့ မရောက်မီတွင်

ထိုက်ချုံက စ၍-

"ဆရာတို့နှစ်ယောက် ဖြည်းဖြည်းသာ လိုက်ခဲ့ကြပေတော့။ ကျွန်တော်တော့ ကြိုသွား နှင့်ပြီး ဆရာတို့ကို ကြိုဆိုဖို့ လူကြီးတွေကို သွားပြောနှင့်မယ်"

ထိုက်ချုံသည် ခြေလှမ်းခပ်ကျဲကျဲဖြင့် ခရီးပြင်းနှင်လာခဲ့၏။ ပညာသည်နှစ်ယောက်မှာ အထုပ်အပိုးများကို ထမ်းကာ ခပ်ဖြည်းဖြည်းပင် လိုက်လာခဲ့ကြ၏။ မွန်းလတ်ချိန်သို့ ရောက်သည့်အခါတွင် လီရှစ်ဆယ်ခန့် ခရီးပေါက်ခဲ့လေပြီ။ ထိုစဉ် လက်ခေါက်မှုတ်သံ တချက် ကြားလိုက်ရပြီးနောက် လူလေး ငါးဆယ်ခန့်တို့သည် ပုန်းကွယ်နေရာ တောင်ကုန်း တခုနောက်မှ ခုန်ဆင်းထွက်လာကြ၏။ ရှေ့ဆုံးမှ လူမှာ လေသာတောင်စခန်းမှ ဗိုလ်ကျားပုဖြစ်၏။

"ခင်ဗျားတို့နှစ်ယောက်က ဘယ်သူတွေလဲ။ ဘယ်သွားမလို့လဲ။ ဟော့၊ တပည့်တို့။ ဒီ နှစ်ယောက်ကို ခေါ်သွားစမ်း။ သူတို့ရဲ့နှလုံးတွေကို အရက်နဲ့ မြည်းရမယ်"ဟု ဗိုလ်ကျားပုက အော်လိုက်၏။

"ကျွန်တော်တို့က တိုက်အန်ဘုရားကျောင်းမှာ သွားအလုပ်လုပ်မယ့် ကျောက်ဆစ် သမားတွေပါဗျာ။ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှလည်း မပါပါဘူး။ အဝတ်အစားကလေး နည်းနည်းပဲ ပါပါတယ်" ဟု ရှောင်ရန်းက ပြော၏။

"ခင်ဗျားတို့ အဖိုးတန်ပစ္စည်းလည်း မလိုချင်ဘူး။ အဝတ်အစားလည်း မလိုချင်ဘူး။ ကျုပ်တို့လိုချင်တာက ခင်ဗျားတို့ နှလုံးနဲ့ အသည်းကိုပဲ လိုချင်တယ်။ ကျုပ်တို့ အရက် သောက်မလို့ အမြည်းလိုက်ရှာနေတာ အတော်ပဲ" ဟု ဗိုလ်ကျားပုက ပြော၏။

ရှောင်ရန်းနှင့် ကျင်တာကျန်းတို့သည် သူတို့ အစွမ်းအစရှိသလောက် လက်နက် အတတ်ပညာဖြင့် ခုခံကြ၏။ သူတို့နှစ်ယောက်သည် တောင်ဝှေးကြီးများကို မြှောက်ကာ ဗိုလ်ကျားပုကို ဝင်ရောက်ရိုက်နှက်ကြ၏။ ဗိုလ်ကျားပုက သူတို့ကို မှိန်းဖြင့် တိုက်ခိုက်၏။ သူတို့သုံးယောက်သည် ဆယ်ကြိမ်ခန့် တိုက်ခိုက်ရာ နောက်ဆုံးတွင် ဗိုလ်ကျားပုမှာ သူတို့နှစ်ယောက်ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ ထွက်ပြေးလေ၏။ ပညာသည်နှစ်ယောက်တို့ သည် ဗိုလ်ကျားပုအား လိုက်လံ တိုက်ခိုက်မည်ပြုစဉ် တောင်ကုန်းပေါ်မှ စည်မောင်းသံ များကို ကြားလိုက်ရ၏။ လက်ဝဲဘက်မှ တိမ်တမန်အမည်ရှိ ဆုံဝမ် ပေါ်ထွက်လာပြီး လက်ယာဘက်မှ အာကာပျံအမည်ရှိ ဒူရှန်း ပေါ်လာ၏။ ၎င်းတို့နောက်မှလည်း ဗိုလ်ရုပ်ချော အမည်ခံ ချုန်တန်ရှူနှင့် နောက်လိုက်နောက်ပါ သုံးဆယ်ခန့် ပေါ်လာကြလေ၏။ သူတို့သည် ရှောင်ရန်းနှင့် ကျင်တာကျန်းတို့ကို တောထဲသို့ ဆွဲခေါ်သွားကြ၏။

“စိတ်မပူပါနဲ့။ ခင်ဗျားတို့ကို ကျုပ်တို့ခေါင်းဆောင် ဗိုလ်ကျောက်ခဲက အခေါ်ခိုင်း လို့ပါ။ ကျုပ်တို့စခန်းမှာ လာနေပါတဲ့”

ရှောင်ရန်းက-

“ခင်ဗျားတို့စခန်းကို ကျွန်တော်တို့ လိုက်နေလို့ ဘာအကျိုးရှိမှာလဲ။ ကျွန်တော်တို့က ကြက်ကလေးနှစ်ကောင် လည်လိမ်ချိုးဖို့တောင် ခွန်အားရှိတာ မဟုတ်ဘူး။ ကျွန်တော်တို့ စားဖို့လောက်သာ အသုံးဝင်တာ” ဟု ရှောင်ရန်းက ပြော၏။

“ပထမအချက်ကတော့ ကျွန်တော်တို့ စစ်ခေါင်းဆောင်ဝုရုံဟာ နောင်ကြီးတို့ရဲ့ မိတ်ဆွေကြီးတယောက်ဗျ။ နောက်တချက်ကတော့ နောင်ကြီးတို့ဟာလည်း ဓားရေး၊ လှံရေးမှာ ကျွမ်းကျင်တဲ့သူတွေဆိုတာ ကျွန်တော်တို့ သိပြီးသားပါ။ ဒါကြောင့် ထိုက်ချျူကို လွှတ်ပြီး နောင်ကြီးတို့ကို အဖိတ်ခိုင်းရတာပါ” ဟု ဒူရှန်းက ပြော၏။

ရှောင်ရန်းနှင့် ကျင်တာကျန်းတို့သည် စကားမပြောနိုင်ကြတော့ဘဲ တယောက်ကို တယောက် ကြည့်နေကြ၏။ သူတို့အားလုံးသည် ကုန်းမိကျောင်း ခေါ်ချူကွီ၏ ဘုံဆိုင် ကလေးသို့ လာခဲ့ကြ၏။ ဘုံဆိုင်သို့ ရောက်လျှင် စားသောက်ဖွယ်များကို စားကြ သောက် ကြ၏။ သူတို့သည် ထိုနေ့ညမှာပင် လှေတစီးကို ခေါ်ကာ လျှံရှုန်းတောင်ရိုးစခန်းသို့ ကူးလာ ခဲ့ကြ၏။

တောင်ရိုးစခန်းသို့ ရောက်သည့်အခါတွင် ကျောက်ခဲ၊ ဝုရုံနှင့် အခြားသော ခေါင်းဆောင်များက သူတို့ကို ဆီးကြိုကြ၏။ သူတို့သည် ပညာသည်နှစ်ဦးကို ကောင်းစွာ ကျွေးမွေး ဧည့်ခံကြပြီးလျှင် နန်းရင်းဝန်ကြီးဆယ်ချင်း၏ စာကို အတုရေးပေးရန် ပြောကြ၏။ “ဒါကြောင့် ခင်ဗျားတို့ကို ကျွန်တော်တို့နဲ့ အတူလာရောက်ပူးပေါင်းဖို့ ဖိတ်ခေါ် တာပဲဗျ။ ကျွန်တော်တို့ရဲ့ မှန်ကန်တရားတဲ့ ရဲညီနောင်ဂိုဏ်းသားတွေ ဆိုပါတော့ဗျာ” ဟု တောပုန်းခေါင်းဆောင်များက ပြောကြ၏။ ပညာသည်နှစ်ဦးသည် ဝုရုံကို စိုးရိမ်တကြီးဖြင့် လှမ်းဖက်လိုက်ပြီးနောက်-

“နောင်ကြီးတို့ ဂိုဏ်းထဲကို သွတ်သွင်းတာနဲ့ ပတ်သက်လို့ ဘာမှတော့ ကန့်ကွက်စရာ မရှိပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ သားမယားတွေ ဘယ့်နှယ်လုပ်မလဲ။ ဒီသတင်းကို အာဏာပိုင်တွေ ကြားရင် ကျွန်တော်တို့ သားမယားတွေကို အန္တရာယ်ပြုတော့မှာပဲ”

“စိတ်အေးအေးထားကြပါ။ မနက်ဖြန်မနက်ဆိုရင် ခင်ဗျားတို့ သိလာပါလိမ့်မယ်” ဟု ဝုရုံက ပြော၏။

ထိုနေ့ညသို့ သူတို့သည် သောက်စားပြီးနောက် အိပ်ရာသို့ ဝင်ခဲ့ကြ၏။

မနက်လင်းသည့်အခါတွင် တောပုန်းတယောက် ရောက်လာကာ "နောင်ကြီးတို့ သားမယားတွေ ရောက်လာပါပြီ" ဟု သတင်းပို့၏။

ဝုရုံက-

"ကဲ၊ ခင်ဗျားတို့ သားမယားတွေကို သွားပြီး ကြိုဆို နှုတ်ဆက်ပါဦး" ဟု ရှောင်ရန်း နှင့် ကျင်တာကျန်းတို့ကို ပြော၏။

သူတို့နှစ်ယောက်သည် ဝုရုံ၏ စကားကို မယုံနိုင်အောင် ဖြစ်နေကြ၏။ တောင်ခုလတ်သို့ ရောက်သည့်အခါတွင် ဝေါများကို စီးနင်းလိုက်ပါလာကြသော သူတို့သားမယားများကို တွေ့ရ၏။ သူတို့နှစ်ယောက်သည် တအံ့တသြဖြင့် အကျိုးအကြောင်းကို မေးမြန်းကြ၏။ "ရှင်တို့သွားပြီး မကြာခင်မှာပဲ ဝေါထမ်းတဲ့လူတွေ ရောက်လာပြီး အစ်မတို့ယောကျ်ား တွေ အပူရုပ်လို့ ဖျားပြီး မြို့ပြင်ဘက်က ထမင်းဆိုင်ကလေးတဆိုင်ထဲမှာ လဲနေကြတယ် တဲ့။ ဒါကြောင့်မို့ ကလေးတွေရော အားလုံးခေါ်ပြီး လိုက်ကြည့်လှည့်ကြပါ တဲ့။ ဒါပေမဲ့ မြို့ပြင်ဘက်လည်း ရောက်ရော ကျွန်မတို့ကို ဝေါတွေပေါ်က ဆင်းခွင့် မပြုတော့ဘဲ ဒီကို တန်းခေါ်လာကြတော့တာပါပဲ" ဟု သူတို့ဇနီးများက ပြောပြကြ၏။

သူတို့နှစ်ယောက်စလုံးမှာ မိသားစုနှင့် ပြန်လည်တွေ့ဆုံရလေပြီ။ ရှောင်ရန်းနှင့် ကျင်တာကျန်းတို့ နှစ်ယောက်မှာ ဘာမှ မပြောသာတော့ပြီ။ သူတို့သည် အိမ်သို့ ပြန်ရန် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ကာ သားမယားများနှင့်အတူ တောင်ရိုးပေါ်ရှိ တောပုန်း စခန်းသို့ ပြန်လာခဲ့ကြ၏။

မိသားစုများကို နေရာချထားပြီးသည့်အခါတွင် ဝုရုံက နန်းရင်းဝန်ဆယ်ချင်း၏ ပြန်စာ အတုကို ရေးရန် ရှောင်ရန်းနှင့် တိုင်ပင်၏။ တံဆိပ်တု လုပ်ရန်အတွက်မူ ကျင်တာကျန်းက "နန်းရင်းဝန်ကြီးဆယ်ချင်းရဲ့ တံဆိပ်မှန်သမျှကို ကျွန်တော်ပဲ လုပ်ပေးခဲ့ရတာပဲ။ သူ့ရဲ့တရားဝင်နာမည်ကိုရော၊ ကိုယ်ပိုင်တံဆိပ်ကိုရော ကျွန်တော် ကောင်းကောင်း လုပ်တတ် ပါတယ်" ဟု ပြော၏။

သူတို့နှစ်ယောက်သည် လုပ်စရာရှိသည်တို့ကို လုပ်ကြရာ မကြာမီအတွင်းမှာပင် ပြီးသွား၏။ သူတို့သည် ထိုက်ချုံအတွက် ညစာစားပွဲကြီးတခု တည်ခင်းကာ ထိုက်ချုံအား လိုအပ်သည့် ညွှန်ကြားချက်များကို ပေးကြ၏။ ထိုက်ချုံသည် သူတို့အား နှုတ်ဆက်ပြီး နောက် တောင်အောက်သို့ ဆင်းလာခဲ့လေ၏။ သဲသိဂီဆိပ်ကမ်းသို့ ရောက်သည့်အခါတွင် တောပုန်းတဦးက ချူကွီ၏ ဘုံဆိုင်သို့ ကူးတို့ဖြင့် လိုက်ပို့လေ၏။ ထိုက်ချုံသည် ခြေတွင် ခြေဖွဲ့တို့ကို

ဆင်ယင်ပြီးနောက် ချူကွီကို နှုတ်ဆက်ကာ မြောက်ဘက်သို့ ခရီးနှင်ခဲ့၏။

ဝုရုံနှင့် အခြားတောပုန်းခေါင်းဆောင်များသည် ထိုက်ချုံကို မြစ်ဆိပ်အရောက် လိုက် ပို့ပေးပြီးလျှင် စခန်းသို့ ပြန်လာကြကာ စားသောက်ပွဲ ကျင်းပကြ၏။ သောက်စားနေကြစဉ် ဝုရုံက အလန့်တကြား ရပ်လိုက်သဖြင့် အခြားသူများမှာလည်း အံ့အားသင့်လျက် ရှိကြ လေ၏။

"ဗျို့၊ ရှောင်းရင်း။ ဘာဖြစ်လို့လဲ"

"ထိုက်ချုံကို ကျုပ် ပေးလိုက်တဲ့ စာဟာ ထိုက်ချုံနဲ့ စုန်ကျန့်ကို သေမိန့်ပေးဖို့ ရေးပေး လိုက်တဲ့ စာ ဖြစ်နေတယ်ဗျ"

"ဟင်၊ ဘယ်လိုဖြစ်တာလဲဗျာ" ဟု တောပုန်းခေါင်းဆောင်များက အလန့်တကြား မေးကြ၏။

"ကျုပ်က တခုတည်းကိုသာ သတိရနေပြီး တခြားတခုကို မေ့နေတာကိုးဗျ။ စာထဲမှာ မှားသွားပြီဗျို့"

"ကျွန်တော်ကတော့ နန်းရင်းဝန်ကြီးဆယ်ချင်းရဲ့ ပုံစံအတိုင်း ရေးပေးလိုက်တာပဲ။ တလုံးမှ မမှားပါဘူး။ ဘာများ မှားသလဲခင်ဗျာ၊ ပြောစမ်းပါဦး" ဟု ရှောင်ရန်းက ပြော၏။

"ကျွန်တော် ထွင်းပေးလိုက်တဲ့ တံဆိပ်ကလည်း နန်းရင်းဝန်ကြီးဆယ်ချင်းရဲ့ တံဆိပ် အတိုင်းပါပဲဗျာ။ တချက်ကလေးမှ မလွဲပါဘူး။ ဘယ်နေရာမှာ ဘာဖြစ်လို့လဲ" ဟု ကျင်တာ ကျန်းက ပြော၏။

ဝုရုံက လက်နှစ်ချောင်းကို ထောင်ပြပြီးနောက် စာထဲတွင် ပါသွားသည့် အမှားကို ပြောပြ၏။ ထို့ကြောင့် ဖြစ်ပေါ်လာသော ရလဒ်ကား ရဲညီနောင်တို့သည် ကျန်းကျို့မြို့တွင် သောင်းကျန်းဖျက်ဆီးခြင်း အမှုကို ပြုကြကုန်၏။ နဂါးဖြူဘုံကျောင်းသည် ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ မြားမိုးစက်များအောက်၌ လူတို့သည် အသက်ဘေးအတွက် ထွက်ပြေးကြကုန်၏။ လက်နက်တောကြီး အတွင်း၌ သူရဲကောင်းတို့သည် အသက်ချမ်းသာ ရာ ရကြကုန်၏။

ဝုရုံပြောပြသည့် အမှားသည် မည်သည့်အမှား ဖြစ်လေသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၄၀

လျှံရှန်းတောင်ရိုးမှ ရဲညီနောင်တို့သည် သူသတ်ကုန်းကို စီးနင်း တိုက်ခိုက်ခြင်း

ရဲညီနောင်သူရဲကောင်းတို့ နဂါးဖြူဘုံကျောင်းတွင် တွေ့ဆုံကြခြင်း

ဝုရုံက စာထဲတွင် ပါသွားသည့် အမှားကို ရှင်းပြ၏။

"ကျွန်တော် သတိလက်လွတ် ဖြစ်သွားတယ်ဗျာ။ တံဆိပ်တုံးထဲမှာ "ဆယ်ချင်း၊ ဟန်လင်း ပညာတံခွန်အသင်းဝင်လူကြီး" လို့ ပါသွားတယ်။ ဒီအတိုင်းဆိုရင်တော့ ထိုက်ချုံ ဟာ ခုံရုံးကို အတင်ခံရတော့မှာပဲ"

"ဒါပေမဲ့ နန်းရင်းဝန်ဆယ်ချင်းဟာ ဆောင်းပါးတို့၊ စာတို့ ရေးတဲ့အခါမှာ ဒီလိုပဲ အမြဲ ရေးတယ် မဟုတ်လား။ ကျွန်တော်လုပ်ပေးလိုက်တဲ့ တံဆိပ်တုံးမှာလည်း ဒီအတိုင်းပါပဲ။ ဘာမှ အမှားမပါဘူး" ဟု ရှောင်ရန်းက ပြော၏။

"အဖေတယောက်အနေနဲ့ သားဆီကို ရေးတဲ့ စာတစောင်ထဲမှာ ဒီလို ရုံးသုံးမင်းသုံး ဘွဲ့မျိုးကို ဘယ်သုံးမလဲဗျာ။ ဒါကို ကျွန်တော် မေ့သွားတယ်။ ကျန်းကျိုမြို့ကို ရောက်သွားရင် ထိုက်ချုံကို စစ်လားဆေးလား လုပ်တော့မှာပဲဗျို။ ပေါ်သွားရင်တော့ ဒုက္ခလှလှကြီး ရောက် တော့မှာပဲ"

"ဒီလိုဆိုရင်လည်း ထိုက်ချုံနောက်ကို လူတယောက် မြန်မြန်လွှတ်ပြီး ပြန်အခေါ်ခိုင်း လိုက်ဗျာ။ နောက်ထပ် စာတစောင် ပြင်ရေးရတာပေါ့" ဟု ကျောက်ခဲက ပြော၏။

"သူ့ကို လိုက်လို့ မီမှာ မဟုတ်တော့ဘူးဗျ။ ထိုက်ချုံက ခြေဖွဲ့တွေကို ဆင်ပြီး ခရီး သွားတာ။ ခုလောက်ဆိုရင် လီပေါင်းငါးရာလောက် ရောက်လောက်ပြီ။ အေးလေ၊ ဘာပဲ ဖြစ်ဖြစ် အချိန်ဆွဲနေလို့ မဖြစ်ဘူး။ ထိုက်ချုံနဲ့ စုန်ကျန့်တို့ အသက်ကို ကယ်ရလိမ့်မယ်"

"ဘယ်လိုလုပ်ပြီး ကယ်မှာလဲ။ ခင်ဗျား ဘယ်လို စိတ်ကူးရလို့လဲ" ဟု ကျောက်ခဲက မေး၏။

ဝုရုံက ကျောက်ခဲ၏ နားနားသို့ ကပ်၍ အတန်ကြာ တီးတိုးပြောဆိုကာ နောက်ဆုံးတွင်-

"ဒီတော့ ကျုပ်တို့လူတွေကို တိတ်တိတ်ကလေး အမိန့်ထုတ်ထားလိုက်ဗျာ။

ပြီးတော့ သူတို့ကို ဘယ်လိုလုပ်ရမယ်ဆိုတာလည်း ပြောပြလိုက်။ ခုချက်ချင်း စပြီး လုပ်ပါလို့လည်း ညွှန်ကြားလိုက်”

ရဲညီနောင်များသည် သူ့ညွှန်ကြားချက်ကို ရသည့်အခါတွင် သူတို့လက်နက်များကို ပြင်ဆင်ကာ ထိုညမှာပင် တောင်ရိုးစခန်းမှ ထွက်ခွာသွားကြ၏။

ထို့နောက် သူတို့သည် ကျန်းကျို့မြို့ဆီသို့ ထွက်ခွာသွားလေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

ထိုက်ချိုသည် ကျန်းကျို့မြို့သို့ ပြန်ရောက်လာကာ ကန့်သတ်ထားသော အချိန်အတွင်းတွင် ပြန်စာနှင့်အတူ မြို့ဝန်ရုံးသို့ သွား၍ သတင်းပို့၏။ မြို့ဝန်ဆယ်မှာ လွန်စွာ ကျေနပ်လျက် ရှိ၏။ မြို့ဝန်သည် ထိုက်ချိုအား အလုပြအရက်အိုးသုံးလုံး ဆုချ၏။ ထို့နောက် ခမည်းတော် နန်းရင်းဝန်ကြီးထံမှ ပြန်စာကို ယူ၏။

“နန်းရင်းဝန်ကြီးကိုကော တွေ့ခဲ့သေးသလား”

“မတွေ့ခဲ့ဘူး ခင်ဗျ။ တညပဲ အိပ်ပြီး နောက်တနေ့ကျတော့ ပြန်လာခဲ့တာပဲ”

မြို့ဝန်သည် စာအိတ်ကို ဖွင့်၍ စာကို ဖတ်လေ၏။

သားမောင် ပို့လိုက်သည့် လက်ဆောင်များကို ချောမောစွာ ရရှိသည်။ ရာဇဝတ်ကောင် စုန်ကျန့်နှင့် ပတ်သက်၍မူ ဘုရင်ကေရာဇ်ကိုယ်တော်တိုင် စုန်ကျန့်ကို တွေ့လိုသည်။ သင်းကို အကျဉ်းလှောင်အိမ်လှည်းတွင် ထည့်၍ စိတ်ချရသော အစောင့်များဖြင့် နေပြည်တော်သို့ ပို့ပေးပါလေ။ လမ်းတွင် ထွက်မပြေးနိုင်ရန် အစစအရာရာ ဂရုစိုက်ပါ။ ဟုန်ဝမ်ပင်း၏ အကြောင်းကိုလည်း ဘုရင့်ထံ လျှောက်တင်ပြီး ဖြစ်သည်။ ၎င်းအား ထိုက်သင့်သော ရာထူးဌာနန္တရ ချီးမြှင့်လိမ့်မည်။

မြို့ဝန်ဆယ်သည် လွန်စွာ ဝမ်းမြောက်၏။ ထို့နောက် ထိုက်ချိုအား ပန်းတံဆိပ်ရိုက် ထားသည့် အစိတ်သားရှိ ငွေချောင်းတချောင်း ထပ်မံချီးမြှင့်ပြန်၏။ အကျဉ်းလှောင်အိမ် လှည်းတစီးကို အလျင်အမြန် ဆောက်လုပ်စေ၍ စိတ်ချရသော အစောင့်များကိုလည်း ရွေးချယ်၏။ ထိုက်ချို သည် မြို့ဝန်ကို ကျေးဇူးစကားဆိုပြီးလျှင် မိမိအခန်းသို့ ပြန်လာခဲ့၏။ ထို့နောက် အရက်နှင့် အသားတို့ကို ဝယ်ပြီးလျှင် အကျဉ်းထောင်ထဲရှိ စုန်ကျန့်ထံသို့ လာခဲ့ လေ၏။ ထိုအကြောင်းကို မပြောတော့ပြီ။

မြို့ဝန်ဆယ်သည် အကျဉ်းလှောင်အိမ်လှည်းကို လက်သမားများအား အမြန်ဆောက် လုပ်ရန် စေခိုင်း၏။ တရက်၊ နှစ်ရက်အတွင်း၌ အကျဉ်းသားအား

အရှေ့နေပြည်တော်သို့ ဆောင်ယူသွားရန် အဆင်သင့် ဖြစ်နေလေပြီ။ ထိုစဉ် တံခါးစောင့်ရောက်လာကာ ဝမ် ဟုန်ပင်း ရောက်လာကြောင်းဖြင့် သတင်းပို့၏။ မြို့ဝန်ဆယ်သည် ဟုန်ဝမ်ပင်းကို နောက် ဘက်ခန်းဆောင်ထဲတွင် လက်ခံတွေ့ဆုံ၏။ စိမ်ရည်နှင့် သစ်သီးတို့လည်း ယူလာခဲ့၏။

"ခင်ဗျားက တယ်ပြီး တာဝန်ကျေတာကိုးဗျ။ ဒီလောက်လည်း ဒုက္ခမရှာပါနဲ့ဗျာ"

"ကျေးတောက ပို့တဲ့ မပြောလောက် မဖြစ်စလောက် လက်ဆောင်ကလေးပါ ခင်ဗျာ။

"မကြာခင်ရတော့မယ့် ဘွဲ့ထူး ဂုဏ်ထူးတွေအတွက် ချီးကျူးပါတယ်ဗျာ"

"မြို့ဝန်ကြီး ဘာကို ပြောလိုတာပါလဲ ခင်ဗျာ"

"မနေ့ကတင် အရှေ့နေပြည်တော်က စာတစောင် ရတယ်ဗျ။ မသမာသူ စုန်ကျန့် ကိုတော့ အရှေ့နေပြည်တော်ကို ပို့ရတော့မယ်။ ခင်ဗျား ကူညီဆောင်ရွက်ချက်ကိုလည်း ဘုရင်ထံ လျှောက်တင်ပြီးပြီ။ ခင်ဗျားကို ရာထူးတိုးပေးတော့မယ်လို့ ကျုပ်ခမည်းတော်ကြီး ဆီက စာထဲမှာ ပါတယ်"

"မြို့ဝန်ကြီး စောင်မတဲ့အတွက် ကျေးဇူးကြီးလှပါတယ် ခင်ဗျာ။ မြို့ဝန်ကြီးရဲ့ ခြေမြန် တော်ကတော့ တော်တော်အံ့ဩဖို့ ကောင်းတဲ့သူပါပဲ"

"ခင်ဗျားမယုံရင် ဟောဒီစာကို ဖတ်ကြည့်လေ"

"သားနဲ့ အဖ ကိုယ်ရေးကိုယ်တာ ပေးတဲ့စာကို ကျွန်တော် မဖတ်ရဲပါဘူး ခင်ဗျာ။ ဒါပေမဲ့ မြို့ဝန်ကြီးက ဖတ်ခွင့်ပြုတယ် ဆိုရင်တော့"

"ကိုယ့်အချင်းချင်းတွေပဲဗျာ။ ဘာဖြစ်လို့ မဖတ်ရဲ ဖြစ်နေရဦးမှာလဲ"

ဟုန်ဝမ်ပင်းသည် စာကို အစမှ အဆုံးတိုင် ဖတ်၏။ ထို့နောက် စာကို သေချာစွာ လှန်လှောကာ စာရွက်ပေါ်မှ တံဆိပ်ကို ကြည့်၏။ တံဆိပ်မှာ အသစ်ထွင်းထားသော တံဆိပ်ဖြစ်ကြောင်း တွေ့ရ၏။ ဟုန်ဝမ်ပင်းသည် ခေါင်းကို ယမ်းလိုက်၏။

"ဒီစာဟာ အတုကြီး ခင်ဗျ"

"မဟုတ်တာဗျာ။ ကျုပ်ခမည်းတော်ကြီးရဲ့ လက်ရေးအစစ်ပဲ။ ဘာဖြစ်လို့ အတုဖြစ် ရမှာလဲ"

"သူ့စာရေးဟန်က အတုခိုးလို့ အင်မတန်လွယ်တယ် ခင်ဗျ။ နို့ နေစမ်းပါဦး။ အရင်က မြို့ဝန်မင်းဆီကို ရေးတဲ့ စာတွေမှာကော ဒီလိုပဲ တံဆိပ်ရိုက်လေ့ ရှိသလား"

"ဟုတ်တယ်ဗျ။ တံဆိပ်တော့ မရိုက်ဖူးဘူး။ အလွတ်ပဲ ရေးလေ့ရှိတယ်။ အနား မှာတင် တံဆိပ်တုံးရှိတာနဲ့ ကောက်ရိုက်လိုက်မိသလားမှ မသိတာ"

"ကျွန်တော့်ကို စပ်စုတယ်လို့တော့ မထင်ပါနဲ့ ခင်ဗျာ။ မဟုတ်ကာမှ လွဲရော၊ ဒီစာဟာ အတုလို့ ထင်တာပဲ။ ခုခေတ်မှာ စူရဲ့ ရေးဟန်၊ ဟုန်ရဲ့ ရေးဟန်၊ မိရဲ့ ရေးဟန်နဲ့ ဆယ်ရဲ့ ရေးဟန်တို့ဟာ သိပ်ခေတ်စားနေတယ် ခင်ဗျ။ လူတိုင်း သူတို့လို အတုခိုးပြီး ရေးနေ ကြတယ်။ ဟောဒီတံဆိပ်ဟာ မြို့ဝန်မင်းရဲ့ ခမည်းတော်ကြီး ဟန်လင်းပညာတံခွန်အသင်း လူကြီးဖြစ်မှ လုပ်တဲ့ တံဆိပ်ပဲ။ သူ့ဆောင်းပါးတွေ၊ စာတွေမှာ အမြဲသုံးလေ့ ရှိတယ်။ ဒါပေမဲ့ ခု နန်းရင်းဝန်ကြီးဖြစ်မှ ဒီတံဆိပ်ကို ဘာဖြစ်လို့ သုံးနေသေးသလဲ။ ပြီးတော့ ဒီစာဟာ ဖခင်တယောက်က သားတယောက်ထံ ရေးတဲ့စာ ခင်ဗျ။ ဒီလို စာထဲမှာ ဘာဖြစ်လို့ ရုံးသုံး မင်းသုံးတံဆိပ်ကို ထည့်ပြီး ရိုက်မလဲ ခင်ဗျာ။ နန်းရင်းဝန်ကြီးဟာ ပညာဉာဏ်အရာမှာ ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးပေပဲ။ ဒီလိုအမှားမျိုးကိုတော့ လုပ်မယ် မထင်ပါ ဘူး။ ကျွန်တော် ပြောတာကို မြို့ဝန်မင်း မယုံရင် စာပို့သွားတဲ့ ခြေမြန်တော်ကို သေသေချာချာ မေးကြည့်ပါ ခင်ဗျာ။ နန်းရင်းဝန်ကြီးရဲ့ အိမ်တော်မှာ ဘယ်သူတွေကို တွေ့ခဲ့ သလဲလို့ မေးကြည့်ပါ။ သူ ဖြေတာ မမှန်ဘူးဆိုရင်တော့ ဒီစာဟာ အတုပဲ ခင်ဗျ။ ဒီလို ပြောတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ။ မြို့ဝန်မင်း သနားကြင်နာတဲ့အတွက် ကျွန်တော် ဒီလို ပြောရဲတာပါ" "ဒါက လွယ်ပါတယ်ဗျာ။ ခြေမြန်တော်က အရှေ့နေပြည်တော်ကို တခေါက်မှ ရောက် ဖူးတာ မဟုတ်ပါဘူး။ ဒီတော့ သူ့ကို မေးလိုက်ရင် လိမ်တာလား ဘာလားဆိုတာ ချက်ချင်း သိမှာပါ"

မြို့ဝန်က ဟုန်ဝမ်ပင်းအား လိုက်ကာတခုနောက်ကွယ်တွင် ပုန်းနေရန် ပြောပြီးနောက် ရုံးတော်ကို ဆင့်ခေါ်လိုက်၏။ ထို့နောက် ခြေမြန်များကို လွှတ်ကာ ထိုက်ချုံကို အရှာခိုင်း လိုက်၏။ မြို့ဝန်က တွေ့လိုကြောင်း၊ ထို့ကြောင့် အမြန်လာရောက် တွေ့ဆုံစေလိုကြောင်း ဖြင့် ထိုက်ချုံကို ပြောရန်လည်း မှာကြားလိုက်၏။

ပြန်ရောက်သည့်နေ့၌ ထိုက်ချုံသည် အကျဉ်းထောင်သို့ သွားရောက်ကာ စုန်ကျုန့်ကို တွေ့၏။ သူတို့လုပ်ခဲ့သည့် အစီအစဉ်ကိုလည်း ပြောပြလေရာ စုန်ကျုန့်မှာ ဝမ်းသာလျက် ရှိလေ၏။ နောက်တနေ့၌ ထိုက်ချုံသည် မိတ်ဆွေတယောက် တည်ခင်းသဖြင့် ဘုံဆိုင်တွင် စိမ်ရည်သောက် လျက်ရှိစဉ် သူ့ကို လိုက်ရှာနေသူနှင့် တွေ့လေ၏။ ထိုလူက သူ့ကို မြို့ဝန် ရုံးသို့ ခေါ်သွားလေ၏။

"မင်းကို လွှတ်လိုက်တဲ့ကိစ္စမှာ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်လို့ ကျေးဇူး တင်တယ် ထိုက်ချုံ။ မင်းကို ထိုက်တန်တဲ့ ဆုတော်လာဘ်တော် မပေးရသေးဘူး" ဟု မြို့ဝန်က ပြော၏။

"မြို့ဝန်မင်းက ခိုင်းလိုက်တဲ့ တာဝန်ဆိုရင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး ထမ်းရွက်မှာပါ ခင်ဗျာ"

"တလောက ငါ သိပ်အလုပ်များနေတယ်ကွယ်။ ဒီတော့ မင်းကို အသေးစိတ်အကြောင်း ကို ခုမှ မေးရဦးမယ်။ နေပြည်တော်ထဲကို ဝင်တော့ မင်း ဘယ်တံခါးက ဝင်သလဲ"

"ကျွန်တော်ရောက်တော့ တော်တော် မိုးချုပ်နေပါပြီ မြို့ဝန်မင်း။ ကျွန်တော် မမှတ်မိတော့ပါဘူး"

"ခမည်းတော်ကြီးရဲ့ ဝင်းတံခါးကို ရောက်တော့ မင်းကို ဘယ်သူက ဆီးကြိုကြသလဲ။ ပြီးတော့ မင်း ဘယ်မှာ တည်းရသလဲ"

"မြို့ဝန်မင်းရဲ့စာကို တံခါးမှူးတယောက် ယူသွားပါတယ်။ ခဏကြာတော့ သူ ပြန် ထွက်လာပြီး မြို့ဝန်မင်းပေးလိုက်တဲ့ ခြင်းတောင်းများကို လက်ခံပါတယ်။ ဒီနေ့ညတော့ ထမင်းဆိုင်တဆိုင်မှာပဲ တည်းဆိုလို့ ထမင်းဆိုင်မှာပဲ သွားတည်းရပါတယ်။ နောက်တနေ့ အရုဏ်တက်ကျတော့ ကျွန်တော် အိမ်တော်ကို ပြန်သွားပါတယ်။ ဝင်းပေါက်ရောက်တော့ တံခါးစောင့်က ဒီ ပြန်စာကို ပေးပါတယ်။ ကျွန်တော်လည်း ကျန်းကျို့ကို ပြန်ရောက်ချင် ဇောနဲ့ သူတို့ကို ဘာမှ မမေးတော့ဘဲ ဒီစာကို ယူပြီး အမြန် ပြန်လာခဲ့ပါတယ်"

"တံခါးစောင့်က အသက်ဘယ်လောက်ရှိပြီလဲ။ ပိန်ပိန်မည်းမည်းလား၊ ဒါမှမဟုတ် ဖြူဖြူဝဝလား၊ အရပ်ရှည်ရှည်လား၊ ပုပုလား၊ ဒါမှမဟုတ် မုတ်ဆိတ်တို့ ဘာတို့ကော ရှိသေးသလား"

"ကျွန်တော်ရောက်သွားတော့ တော်တော်မှောင်နေပါပြီ။ နောက်တနေ့မနက် ရောက် သွားတော့လည်း အလင်းရောင်ကောင်းကောင်း မလာသေးပါဘူး။ ဒါကြောင့် ကျွန်တော် သဲသဲကွဲကွဲ မမြင်ခဲ့ရပါဘူး။ ကျွန်တော့်အထင်ကို ပြောရမယ်ဆိုရင်တော့ အရပ် မနိမ့်မမြင့်၊ မုတ်ဆိတ် နည်းနည်းပါးပါး ရှိတယ်လို့ ထင်ပါတယ်"

"ဟေ့ကောင်တွေ၊ ဒီကောင်ကို ရုံးတော်ကို ခေါ်သွား"ဟု မြို့ဝန်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်၏။ တကျိပ်ကျော်ခန့်ရှိသည့် ထောင်အစောင့်များသည် နောက်ကွယ်မှ ထွက် လာကြကာ ထိုက်ချုံကို

တရားခွင်ဆီသို့ ဆွဲခေါ်သွားကြ၏။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ" ဟု ထိုက်ချုံက အော်၏။

"သေဒဏ်ထိုက်တဲ့ အကောင်။ ငါတို့အိမ်က တံခါးစောင့်ကြီး ဝမ် သေတာ ကြာလှ ပြီကွ။ သူ့နေရာကို ဝင်လုပ်တဲ့ သားက အသက်ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ မုတ်ဆိတ် တို့ ဘာတို့လည်း မရှိဘူး။ ပြီးတော့ တံခါးစောင့်ဆိုတာ အိမ်တော်ထဲကိုလည်း ဝင်ခွင့် ရှိတာ မဟုတ်ဘူး။ စာတို့ ဘာတို့ လာရင် စာရေးချုန်ကို ပေးရတယ်။ စာရေးချုန်ကမှ တဆင့် အိမ်တော်စေ လီကို ပေးရတယ်။ လီသာ အိမ်တော်ထဲကို အကြောင်းကြားပြီး လက်ဆောင် တို့ ဘာတို့ကို လက်ခံရတယ်။ ပြန်စာတို့ ဘာတို့ ပေးမယ်ဆိုလို့ရှိရင် သုံးရက် စောင့်ရတယ်။ ကျွန်ယုံမဟုတ်တဲ့ လူတယောက်ကို သေသေချာချာ စုံစမ်း စစ်ဆေးခြင်း မပြုဘဲ ငါ ပေးလိုက်တဲ့ လက်ဆောင်ပဏ္ဏာတွေကို ဘယ်မှာ အလွယ်တကူ လက်ခံပါ့မလဲ။ မနေ့တုန်း ကတော့ ငါကလည်း သေသေချာချာ မစဉ်းစားလိုက်မိတော့ မင်း ငါ့ကို တပတ်ရိုက်သွား တာပေါ့။ ကဲ၊ ဆိုစမ်း။ မင်း ဒီစာကို ဘယ်က ယူလာတာလဲ"

"ကျွန်တော် ဒါတွေကို မသိဘူးခင်ဗျ။ ကျွန်တော်မှာ ပြန်ချင်ဇောအားကြီးနေတော့ ဒါတွေကိုလည်း မတွေးမိဘူး"

"မင်းလိမ်နေတာ။ ခွေးသူခိုး။ မင်းတို့က နာနာလေးရိုက်မှ ဖြောင့်ချက်ပေးတဲ့ကောင် မျိုးတွေ။ ဟေ့၊ အစောင့်တွေ။ ဒီကောင်ကို ခပ်နာနာကလေး ရိုက်လိုက်ကြစမ်း"

မြို့ဝန်မင်း၏ စကားကြောင့် သူတို့ထောင်မှူးကို ကယ်၍ မရတော့ကြောင်းကို အစောင့်များ သိကြလေပြီ။ အစောင့်များသည် ထောင်မှူး၏ သိက္ခာကို စောင့်စည်းမနေ နိုင်ကြတော့ချေ။ သူတို့သည် ထောင်မှူးထိုက်ချုံကို ကြိုးများဖြင့် တုပ်နှောင်ပြီးနောက် အလုံခိုင်း၏။ ထို့နောက် အသားအရေတို့ စုတ်ပြဲကာ အသားမှ သွေးစိမ်းရှင်ရှင်တို့ ယိုစီး သည်အထိ ရိုက်နှက်ကြ၏။ ထိုက်ချုံသည် မခံနိုင်တော့ပြီ။

"ဟုတ်ပါတယ် ခင်ဗျ။ ဒီစာဟာ အတုပါ"

"ဒါဖြင့် ဒီစာကို ဘယ်က ယူလာတာလဲ" ဟု မြို့ဝန်က မေး၏။

"လျှံရှန်းတောင်ရိုးနားကို ကျွန်တော် ဖြတ်တော့ တောထဲက တောပုန်းတသိုက် ထွက် လာပြီး ကျွန်တော့်ကို ဖမ်းသွားကြပါတယ်။ ပြီးတော့ ကျွန်တော့်ကို ကြိုးနဲ့ တုပ်ပြီး ကျွန်တော့်နှလုံးကို လှီးထုတ်ဖို့ဆိုပြီး တောင်ပေါ်ကို ခေါ်သွားပါတယ်။ ကျွန်တော့်ကိုယ်ကို ရှာတော့ မြို့ဝန်မင်းရဲ့ စာကို

တွေ့သွားကြပါတယ်။ သူတို့က မြို့ဝန်မင်းရဲ့ ရတနာခြင်း တောင်းတွေကို ယူပြီး ကျွန်တော့်ကို ပြန်လွှတ်မယ်လို့ လုပ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီအတိုင်း ပြန်မလာရဲပါဘူး။ ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ စိတ်ကူးပါတယ်။ ဒီတင် သူတို့က ကျွန်တော် အပြစ်သက်သာအောင်ဆိုပြီး ဒီစာအတုကို ရေးပြီး ပေးလိုက်ကြပါတယ်။ ကျွန်တော်လည်း မြို့ဝန်မင်းက အပြစ်ဒဏ်ပေးမှာကို ကြောက်တာနဲ့ ဒီစာကို ယူလာခဲ့မိပါတယ်”

“မင်းပြောတာ မှန်သင့်သလောက် မှန်မယ်။ ဒါပေမဲ့ အများအားဖြင့်တော့ လုပ်ကြံ ထားတဲ့ ထွင်လုံးတွေ။ မင်းလည်း လျှံရှုန်းတောင်ရိုးက တောပုန်းခေးပြတွေနဲ့ တကျိတ်တည်း တဉာဏ်တည်း ဖြစ်မှာပဲ။ မင်းဟာ သူတို့နဲ့ ပေါင်းပြီး ငါပေးလိုက်တဲ့ ကျောက်မျက်ရတနာ တွေကို ခိုးတဲ့ ကောင်။ ခု ငါ့ကို လိမ်ပြောနေတာ။ ပော့ကောင်တွေ၊ ထပ်ပြီး ရိုက်ကြစမ်း” သို့ရာတွင် သူ့ကို ရိုက်နှက် ညှဉ်းပန်းသည့်တိုင်အောင် ထိုက်ချုံသည် လျှံရှုန်းတောင်ရိုး တောပုန်းများနှင့် သူတို့ မည်သို့ အဆက်အသွယ် လုပ်ခဲ့ပုံကို ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။ ဤတွင် မြို့ဝန်ကလည်း ထိုက်ချုံကို အရိုက်ခိုင်းပြန်၏။ ထိုက်ချုံလည်း ထိုစကားကိုသာ ထပ်တလဲလဲ ပြော၏။

“တော်ပြီ။ သူ့လည်မှာ ထိပ်တုံးကြီးကြီး ခတ်ပြီး သူ့ကို ထောင်ထဲ ထည့်ထားလိုက်” ဟု မြို့ဝန်က ဆို၏။

မြို့ဝန်သည် ရုံးမှ ပြန်လာခဲ့ကာ ဟုန်ဝမ်ပင်းကို ခေါ်ပြန်၏။

“နောင်ကြီး သိလိုက်ပေလို့ဗျာ။ နို့မို့ရင် ကျွန်တော် အမှားလုပ်မိတော့မလို့” ဟု ကျေးဇူး တင်ကြောင်း ပြောလေ၏။ ဟုန်ဝမ်ပင်းက-

“ထိုက်ချုံဟာ လျှံရှုန်းတောင်ရိုး တောပုန်းတွေနဲ့ ပေါင်းတာတော့ သေချာတယ် ခင်ဗျာ။ ဒီကောင်တွေဟာ ဘုရင်ကို ပုန်ကန်ဖို့ ကြံစည်နေကြတာ။ ဒီတော့ ဒီကောင်တွေကို စောစောစီးစီး ဖမ်းဖို့လိုတယ်။ နို့မို့ရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်”

“ကျွန်တော် ထိုက်ချုံနဲ့ စုန်ကျန့်ဆီက ဖြောင့်ချက်ရအောင်လုပ်ပြီး သူတို့ကို စွဲချက် တင်မယ်။ ဒီကောင်နှစ်ကောင်ကို ဈေးလယ်ကောင်ကွက်လပ်မှာ လက်၊ ခြေကို ဖြတ်ပြီး အထက်အာဏာပိုင်တွေဆီကို အစီရင်ခံရမယ်”

“သိပ်ကောင်းတာပေါ့ မြို့ဝန်မင်းရာ။ ဒီလိုဆိုရင် ဘုရင်ရဲ့ လွှတ်တော်ကလည်း အလွန်ကျေနပ်ပြီး ဒီအမှုကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ခဲ့တဲ့အတွက် မြို့ဝန်မင်းလည်း နာမည်ကောင်း ရတာပေါ့။ လျှံရှုန်းတောပုန်းတွေလည်း အကျဉ်းထောင်ကို လာစီးဖို့ တားဆီးပြီးသား

ဖြစ်ရောပေါ့”

“နောင်ကြီးဟာ အမြင်ကျယ်ပါပေတယ်ဗျာ။ နောင်ကြီး ရာထူးဌာနန္တရ တိုးတက်ရေး အတွက် အထက်အာဏာပိုင်များကို ကျွန်တော် ထောက်ခံစာ ရေးလိုက်ပါ့မယ်”

မြို့ဝန်ဆယ်သည် ဟုန်ဝမ်ပင်းကို ကျွေးမွေးဧည့်ခံပြီးနောက် မြို့ဝန်၏ အိမ်တော်ဝင်း အရောက် သူ့ကို လိုက်ပို့၏။

ဟုန်ဝမ်ပင်းလည်း ဝုဝေကျန်းမြို့သို့ ပြန်လေ၏။

နောက်တနေ့၌ မြို့ဝန်ဆယ်သည် ရုံးသို့ စောစွာ ရောက်လာကာ စာရေးကို ဆင့်ခေါ် ပြီးလျှင်-

“စုန်ကျန်နဲ့ ထိုက်ချုံတို့ အမှုတွဲ ထွက်ချက်တွေကို ပြင်ထားစမ်း။ ပြီးတော့ အဲဒီ အမှု တွဲထဲမှာ သူတို့ဖြောင့်ချက်တွေကိုလည်း ထပ်ထည့်။ ဈေးလယ်ကောင်က ကွက်လပ်မှာ သူတို့ ခေါင်းဖြတ်သတ်မယ့် နေ့ရောက်ရင် ရာဇဝတ်ဥပဒေအရ ကျခံရမယ့် ပြစ်ဒဏ်တွေ ကိုလည်း ထည့်ရေး။ ပုန်ကန်သူများကို ရှေးတုန်းကတည်းက ချက်ချင်း ပြစ်ဒဏ် စီရင်လေ့ ရှိတယ်။ ဒီကောင်နှစ်ကောင်ကို ခေါင်းဖြတ်သတ်ပြလိုက်ရင် နောင်မှာ ဆူဆူပူပူ လုပ်ရဲကြ တော့မှာ မဟုတ်ဘူး”

စာရေးကြီးသည် ထောင်မှူးထိုက်ချုံနှင့် ခင်မင်ရင်းနှီးသူတယောက် ဖြစ်၏။ သို့ရာတွင် ယခုကိစ္စတွင်မူ သူလည်း ဘာမျှ မတတ်နိုင်တော့ပြီ။ ထို့ကြောင့် စိတ်ပျက်လက်ပျက် ဖြစ်လျက်ရှိ၏။

“မနက်ဖြန်ဆိုရင် တပြည်လုံး ဝမ်းနည်းတဲ့၊ ပူဆွေးတဲ့ နေ့ ဖြစ်ပါတယ်။ သန်ဘက်ခါ ဆိုရင်လည်း တစ္ဆေကြီး ပူဇော်တဲ့နေ့ပါ။ အဲဒီနေ့တွေမှာ ပြစ်ဒဏ်စီရင်လို့ မရပါဘူး။ နောက် တနေ့ဆိုရင်လည်း အားလပ်ရက်ပါ။ ဒီတော့ သူတို့ကို ငါးရက်နေ့ကျော်မှ ပြစ်ဒဏ်ပေးလို့ ရမှာပါ မြို့ဝန်မင်း”

စာရေးကြီးအဖို့ ထိုက်ချုံတို့အား သေဒဏ်စီရင်မည့် နေ့ကို အနည်းငယ်ရွှေ့ဆိုင်း အောင် လုပ်နိုင်ရန်မှအပ အခြား ဘာမျှ မတတ်နိုင်တော့ပြီ။ စာရေးကြီးသည် သေဒဏ် စီရင်ချက်ကျသူများအတွက် သူ တတ်နိုင်သည့်အခါတိုင်း ထိုသို့ ရွှေ့ဆိုင်းအောင် လုပ်ပေး ခဲ့၏။ မြို့ဝန်လည်း သူ့စကားကို လက်ခံကာ သေဒဏ်စီရင်ရန် ကိစ္စကို ခြောက်ရက်နေ့ အထိ ရွှေ့ဆိုင်းလိုက်၏။

ထိုနေ့သို့ ရောက်သည့်အခါ၌ လမ်းလေးခွဆုံတွင် လူသတ်ကွင်းလုပ်ရန်အတွက် အမှိုက်သရိုက်တို့ကို လှဲကျင်းထား၏။ မနက်စာ စားသောက်ပြီးသည်နှင့် စစ်သားများနှင့် ပါးကွက်အာဏာသားများသည်

ကွက်လပ်သို့ စုဝေးကာ အကျဉ်းထောင်တံခါးဝသို့ ရောက်လာခဲ့ကြ၏။ ယင်းတို့မှာ အားလုံးပေါင်း တရာနီးနီး ရှိပေလိမ့်မည်။

နေ ထန်းတဖျားခန့် ရောက်သည့်အခါ ထောင်ပိုင်သည် မြို့ဝန်ထံသို့ ရောက်လာကာ လူသတ်ပွဲကို ကိုယ်တိုင် လာရောက်ကြီးကြပ်ရန် ထုံးစံအတိုင်း သတင်းသွားပို့၏။ စာရေး ကြီးမှာ ပြစ်ဒဏ်ကို ရေး၍ ထုတ်ပြန်ရန်မှတပါး အခြားလမ်း မရှိတော့ပြီ။ စာရေးကြီးသည် စာရွက်တိုင်းတွင် “ခေါင်းဖြတ်သတ်ရန်” ဟု ရေးထိုးပြီး ထိုကြေ်ငြာစာများကို ကျူထရံ တချပ်ပေါ်တွင် ကပ်ထား၏။

ထောင်ထဲရှိ ထောင်မှူးကြီးနှင့် အခြားအစောင့်များသည်လည်း ထိုက်ချို၊ စုန်ကျန့် စသူတို့နှင့် ရင်းနှီးသောမိတ်ဆွေများ ဖြစ်သည့်တိုင် သူတို့လည်း ဘာမျှ မတတ်နိုင်တော့ချေ။ ကံကိုသာ ယိုးမယ်ဖွဲ့ရတော့သည်။

အားလုံး အဆင်သင့်ဖြစ်နေလေပြီ။ အကျဉ်းသားနှစ်ဦး၏ လက်တို့ကို တုပ်နှောင်ပြီး လေပြီ။ သူတို့ခေါင်းမှ ဆံပင်များကိုလည်း ကော်ရည်တို့ သုတ်လိမ်းပြီးနောက် သစ်တော် သီးပုံ ဖြစ်အောင် စုစည်းကာ ထိုအထက်တွင် စက္ကူပန်းနီနီတပွင့်စီကို ပန်ထားပြီးလေပြီ။ သူတို့နှစ်ယောက်အား နောက်မှ ဘီလူးရုပ်ကြီး ခံထားသည့် အကျဉ်းလှည်းတစီးပေါ်တွင် တင်လာခဲ့လေပြီ။ သူတို့အား ‘ထာဝရနားနေမှု ထမင်း” နှင့် “ထာဝစဉ်ခွဲခွာမှု အရက်ချို’ တို့ကိုလည်း တိုက်ကျွေးပြီးလေပြီ။ သူတို့လည်ပင်းတွင်လည်း ထိပ်တုံးကြီးများကို ဆွဲပြီး လေပြီ။ သူတို့အနီးတွင် အစောင့် ခြောက်ဆယ် ခုနစ်ဆယ်ခန့်တို့လည်း လိုက်ပါစောင့်ကြပ် လျက် ရှိလေပြီ။

စုန်ကျန့်နှင့် ထိုက်ချိုတို့သည် အကျဉ်းထောင်မှ ထွက်လာခဲ့ကြ၏။ သူတို့နှစ်ယောက် သည် တယောက်ကိုတယောက် လှမ်းကြည့်ကြသည့်တိုင် စကားတခွန်း မပြောနိုင်ကြချေ။ စုန်ကျန့်သည် စိတ်ပျက်လက်ပျက်ဖြင့် လျှောက်လာခဲ့ပြီး ထိုက်ချိုမှာလည်း သက်ပြင်း ချကာ ခေါင်းငုံ့၍ လိုက်လာခဲ့၏။

ဈေးလယ်ကွက်လပ်တွင်မူ လူနှစ်ထောင်ခန့်တို့သည် လူသတ်ပွဲကို လာရောက်ကြည့်ရှု ရန် အဆင်သင့် စောင့်နေကြ၏။ လမ်းတလျှောက်တွင်လည်း လှံများ၊ တုတ်ရှည်ကြီးများကို ကိုင်ထားသည့် တပ်သားတွေ စောင့်ကြပ်လျက်ရှိ၏။ စုန်ကျန့်အား တောင်ဘက်သို့ လည်း ကောင်း၊ ထိုက်ချိုအား မြောက်ဘက်သို့ လည်းကောင်း မျက်နှာမူ၍ အထိုင်ခိုင်းပြီးလျှင် ပရိသတ်များသည် မွန်းယိမ်းချိန်ကိုသာ စောင့်လျက်ရှိကြ၏။ မွန်းယိမ်းသည်နှင့် မြို့ဝန် ရောက်လာကာ လူသတ်ပွဲ စတင်တော့မည်။

ပရိသတ်များသည် ကြေ်ငြာစာနှင့် စီရင်ချက်ကို ဝိုင်းအုံဖတ်ရှုလျက် ရှိကြ၏။ ကြေ်ငြာစာတွင် အောက်ပါအတိုင်း ပါရှိ၏။

ကျန်းကျို့ခရိုင်။ တရားခံ စုန်ကျန့်သည် ပုန်ကန်ဗီဆန်သော စာများကို ရေးခြင်း၊ ကောလာ ဟလများကို ဖြန့်ဖြူးခြင်း၊ ပုန်ကန်ရန် အကြံဖြင့် လျှံ့ရှန်းတောင်ရိုး တောပုန်းများနှင့် ပူးပေါင်းခြင်း စသည်တို့ကြောင့် ၎င်းအား ခေါင်းဖြတ်သတ်ရန် အမိန့်ချမှတ်လိုက်သည်။ တရားခံ ထိုက်ချုံသည် စုန်ကျန့်အား ကူညီခြင်း၊ စာတစောင်ကို လျှို့ဝှက်ယူဆောင်လာခြင်း၊ လျှံ့ရှန်းတောင်ရိုး တောပုန်းများနှင့် ပူးပေါင်းခြင်း၊ ယင်းတို့နှင့်အတူ ပုန်ကန်ရန် ကြံစည်ခြင်းတို့ကြောင့် ၎င်းအား ခေါင်းဖြတ်သတ်ရန် အမိန့်ချမှတ်လိုက်သည်။

လူသတ်ပွဲကြီးကြပ်သူ

ကျန်းကျို့မြို့ဝန်ဆယ်ချင်း။

မြို့ဝန်ဆယ်သည် မြင်းဇက်ကို သတ်လိုက်ပြီးနောက် ထိုင်၍ စောင့်နေ၏။ ထိုစဉ် ဈေး အရှေ့ဘက်မှ အလမ္မာယ်သမားတသိုက်သည် ပရိသတ်ထဲသို့ တိုးဝင်ကာ ရှေ့သို့ ရောက် လာကြ၏။ တပ်သားများက သူတို့ကို မောင်းနှင်ထုတ်သော်လည်း အတင်းသာ တိုးလျှက်ရှိကြ၏။ ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်တွင် လက်နက်အတတ်တို့ကို ပြသ၍ ဘယဆေး ရောင်းသူတသိုက်သည် အနောက်ဘက်မှ နေ၍ လူအုပ်ထဲသို့ အတင်းတိုးဝှေ့ ဝင်လာကြ ပြန်၏။

"ဟေ့ကောင်တွေ၊ မင်းတို့က ဘာကောင်တွေမို့လို့ ဒီအထဲကို အတင်းတိုးဝင်နေရ တာလဲ" ဟု တပ်သားများက အော်ဟစ်ကြ၏။

"ကျွန်တော်တို့က တောက လူတွေပါ။ ကျွန်တော်တို့ ခရီးအဝေးကြီးက လာခဲ့ရတာပါ။ ဘယ်နေရာမှာမှ ဒီလို တားဆီးတာကို မခံခဲ့ရပါဘူး။ အရှေ့နေပြည်တော်မှာ ဘုရင်ကိုယ် တိုင် လူသတ်ပွဲလုပ်ရင်တောင် လူတိုင်း ကြည့်ခွင့်ရကြပါတယ်။ ခုလည်း တိုင်းပြည်ကြီး ချောက်ချားအောင် လုပ်မယ်ဆိုတဲ့ လူတွေကို သတ်မယ်ဆိုလို့ ကျွန်တော်တို့ လာကြည့် တာပါ။ ဘာဖြစ်လို့ ကျွန်တော်တို့ကို တားနေရတာလဲ"

"ဒီကောင်တွေကို နောက်ကို အဆုတ်ခိုင်းစမ်း။ ရှေ့ကို မတိုးပေ့စေနဲ့" ဟု မြို့ဝန်က အမိန့်ပေး၏။ ထိုစဉ် ပစ္စည်းများကို ဝါးလုံးဖြင့် ထမ်းလာသည့် အထမ်းသမားများသည် တောင်ဘက်မှ ရောက်လာကြပြန်၏။

"ဟေ့ကောင်တွေ၊ ဒီနားမှာ ခေါင်းဖြတ်မလို့။ တခြားလမ်းက သွားကြ" ဟု တပ်သား များက အော်ကြ၏။

"ကျုပ်တို့က ခင်ဗျားတို့ မြို့ဝန်ရဲ့ ပစ္စည်းတွေကို လာပို့တဲ့ သူတွေဗျ။ ဘာဖြစ်လို့ နှင်ထုတ်ရတာလဲ"

"ဘယ်က ကောင်တွေပဲဖြစ်ဖြစ်ကွာ။ မြို့ဝန်ရုံးက အရာရှိတွေ ဖြစ်ပေ့စေ၊

တခြား လမ်းက သွားကြ”

အထမ်းသမားများသည် ဝန်စည်များကို ချကာ ထမ်းပိုးကြီးများကို ကိုင်၍ ပရိသတ် များကြားထဲတွင် ရပ်နေကြ၏။ ထိုစဉ် မြောက်ဘက်မှ ကုန်သည်တစုသည် လှည်းနှစ်စီးကို တွန်း၍ ဝင်လာကြပြန်၏။ ထိုကုန်သည်များက လူသတ်ကွင်းကို ဖြတ်၍ သူတို့လှည်းများကို တွန်းမည်ဟု ပြောနေကြ၏။

“ခင်ဗျားတို့က ဘယ်လိုလူတွေမို့ ဒီလမ်းက သွားမှာလဲ”ဟု တပ်သားများက မေးကြ၏။

“ဘယ်လိုလူတွေဖြစ်ဖြစ်ဗျာ။ အရေးကြီးတယ်။ ကျုပ်တို့ ဒီထဲက ဖြတ်ရလိမ့်မယ်”

“မဖြတ်ရဘူး။ ဒီမှာ ရာဇဝတ်ကောင်တွေကို သတ်မလို့။ အရေးကြီးရင် တခြား လမ်းက သွား”

ကုန်သည်များက ရယ်ကြ၏။

“ခင်ဗျားတို့ ပြောတာကတော့ အလွယ်ကလေးပဲ။ ကျုပ်တို့က နေပြည်တော်က လာတာဗျ။ တခြားလမ်းကို ကျုပ်တို့မသိဘူး။ ဒီလမ်းမကြီးကပဲ ဖြတ်ရလိမ့်မယ်

စစ်သားများက ဖြတ်ခွင့်မပြုကြချေ။ ကုန်သည်များကလည်း ဝိုင်းအုံလာကာ ဤ လမ်းမှ ဖြတ်မည်ဟု အတင်းပြောနေကြ၏။ သို့ဖြင့် လမ်းဆုံလေးဖက်လေးတန်တွင် တပ်သားများနှင့် ထိုလူများသည် ငြင်းခုံလျက်ရှိကြ၏။ မြို့ဝန်ဆယ်က ငြိမ်အောင် ပြောသော် လည်း မရတော့ချေ။ ကုန်သည်များသည် လှည်းများပေါ်သို့ တက်ကာ လူသတ်ကွင်းကို ကြည့်နေကြ၏။

ခဏကြာလျှင် တပ်သားများသည် ဘေးသို့ ရှဲသွားကြကာ လူတယောက် ကွင်းလယ် ကောင်သို့ ထွက်လာပြီး “မွန်းယိမ်းပြီ” ဟု အော်လိုက်၏။

“ခေါင်းဖြတ်သတ်စေ” ဟု မြို့ဝန်က အမိန့်ပေးလိုက်၏။

တပ်သားများသည် အကျဉ်းသားနှစ်ယောက်၏ လည်မှ ထိပ်တုံးကြီးများကို ဖြုတ် လိုက်ကြ၏။ ပါးကွက်အာဏာသားနှစ်ယောက်သည် ဓားကြီးများကို ကိုင်၍ အဆင်သင့် ရပ်နေကြ၏။ ထိုစဉ် ပြောသလောက်မျှ မကြာမီ ရုန်းရင်းဆန်ခတ်ဖြစ်လေ၏။ ကုန်သည် တယောက်က သူ့အင်္ကျီအိတ်ထဲမှ မောင်းကလေးတလုံးကို ထုတ်လိုက်၏။ ကုန်သည်သည် လှည်းပေါ်တွင် ရပ်ကာ မောင်းကို သုံးချက် ခပ်ပြင်းပြင်း ထုလိုက်၏။ မောင်းသံ ပေါ်လာ သည်နှင့်

တပြိုင်နက် ဘေးပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေပြီ။

လမ်းဘေး လက်ဖက်ရည်ဆိုင်တဆိုင် အပေါ်ထပ်မှ အသားညိုညို၊ ကျားသစ်ကိုယ်လုံး ကဲ့သို့ ကျစ်လျစ်သော ခန္ဓာကိုယ်ရှိ၍ အကျီဗလာဖြစ်နေသော လူတယောက်သည် လက် တွင် ကိုင်ထားသည့် စစ်ပုဆိန်ကြီးကို မွှေ့ယမ်းကာ ကြောက်ဖွယ်အော်ဟစ်လိုက်ပြီးနောက် ပါးကွက်အာဏာသားနှစ်ယောက်ကို တချက်တည်း ခုတ်ပိုင်းပစ်လိုက်ကာ မြင်းပေါ်တွင် ထိုင်နေသည့် မြို့ဝန်ထံသို့ ရောက်သွား၏။ တပ်သားများက သူ့ကို လှံများဖြင့် ဝိုင်းထိုးကြ သော်လည်း ထိုလူသည် မြို့ဝန်ဆီသို့သာ အတင်းသွားလျက်ရှိ၏။ ဤတွင် တပ်သားများ သည် မြို့ဝန်အနီးသို့ ဝိုင်းအုံလာကြက မြို့ဝန်ကို လုံခြုံဘေးကင်းရာသို့ ခေါ်သွားကြ၏။

အရှေ့ဘက်တွင် ရှိသည့် အလမ္ဘာယ်သမားများ၏ လက်ထဲတွင် ဓားမြှောင်တွေ အဖွေးသား ပေါ်လာကြပြီးနောက် တပ်သားများကို သတ်ဖြတ်ကြ၏။ အနောက်ဘက်တွင် ရှိသည့် ဘယဆေးရောင်းသူများကလည်း လှံများ၊ တုတ်များကို ကိုင်ကာ အော်ဟစ်၍ တပ်သားများနှင့် အစောင့်များကို ဘယ်ပြန်ညာပြန် ထိုးရိုက်ကြ၏။ တောင်ဘက်တွင် ရောက်နေသည့် အထမ်းသမားများသည်လည်း လက်တွင် ကိုင်ထားသည့် ထမ်းပိုးများဖြင့် တပ်သားများ၊ ကြည့်ရှုသူများကို မရွေးတော့ဘဲ မြင်မြင်သမျှကို ဝင်ရိုက်ကြ၏။ မြောက် ဘက်တွင် ရှိသည့် ကုန်သည်များကလည်း လှည်းများပေါ်မှ ခုန်ဆင်းကာ တပ်သားများကို ဝင်လုံးကြလေရာ လမ်းမှာ ပိတ်ဆို့သွား၏။ ထိုသို့ ရုန်းရင်းဆန်ခတ် ဖြစ်နေသည့်ကြားထဲမှ ကုန်သည်နှစ်ယောက်သည် စုန်ကျန့်နှင့် ထိုက်ချုံတို့ကို ပိုးခေါ်လာကြ၏။ ကျန် လူများက လည်း ပါလာသည့် လေးမြားများဖြင့် တပ်သားများကို ပစ်ခတ်ကြလေ၏။ အချို့ကလည်း ဝှက်ယူလာသည့် ခဲများဖြင့် ပစ်ခတ်ကြ၏။ အချို့က တံခွန်များ၊ ချည်ထားသည့် လှံများကို ထောင်ပြကြ၏။

အမှန်အားဖြင့် ကုန်သည်ယောင်ဆောင်လာသူများမှာ ကျောက်ခဲ၊ ဟွရုံ၊ ဟုန်ဆင့်၊ လူ့ဖန်နှင့် ကောက်ရှိန်းတို့ ဖြစ်၏။ ဆေးရောင်းသူများမှာ ယန်ရှင့်၊ လျူထန်၊ ဒူရှန်းနှင့် ဆုံဝမ်တို့ ဖြစ်ကြ၏။ အထမ်းသမားယောင်ဆောင်လာသူများမှာ ချူကွီ၊ ဗိုလ်ကျားပုဝမ်၊ ချန်တန်ရှုနှင့် ရှိယုံတို့ ဖြစ်ကြ၏။ အလမ္ဘာယ်သမားများမှာ ဖိုးရုံတို့ညီအစ်ကိုသုံးယောက် နှင့် ပိုက်ရှန်းတို့ ဖြစ်ကြ၏။ အယောင်ဆောင်များသည် နောက်လိုက်နောက်ပါ တရာကျော် တို့ဖြင့် ရောက်လာကာ အတင်းဝင်ရောက် တိုက်ခိုက်ကြခြင်းဖြစ်၏။

အသားညိုညို၊ ဗလကောင်းကောင်းလူသည် အနီးရှိသူမှန်သမျှကို စစ်ပုဆိန်ကြီးဖြင့် ခုတ်လျက်ရှိ၏။ ကျောက်ခဲသည် ထိုလူကို ကောင်းစွာ မမှတ်မိချေ။ ထိုလူသည် ပထမဆုံး စတင် တိုက်ခိုက်သူဖြစ်ပြီး ရန်သူများစွာကိုလည်း တယောက်တည်းဖြင့် သတ်ဖြတ်ခဲ့သူ ဖြစ်၏။ မည်သူမျှ သူ့လောက်

ရန်သူအများအပြားကို မသတ်နိုင်ကြချေ။

"စုန်ကျန့်မှာ လေပွေနက်လို့ခေါ်တဲ့ လီကွေ့ဆိုတဲ့ မိတ်ဆွေတယောက်ရှိတယ်လို့ ပြောသံ ကြားဖူးတယ်။ အဲဒီလူဟာ အလွန်လည်း ရဲသတဲ့" ဟု တွေးမိသဖြင့် ကျောက်ခဲသည် ထိုလူကို လှမ်း၍ "ဗျို့၊ တိုက်ရဲသူ။ ခင်ဗျားက လေပွေနက်လား"ဟု လှမ်းမေးလိုက်၏။

သို့ရာတွင် လီကွေ့သည် သူ့ကို ဂရုမထားနိုင်ဘဲ အလျှံညီးညီး တောက်လောင်လျက် ရှိသော မီးဖိုကြီးကဲ့သို့ မြင်မြင်သမျှကို သူ့စစ်ပုဆိန်ကြီးဖြင့် ခုတ်ပိုင်းလျက်ရှိ၏။ ကျောက်ခဲ သည် စုန်ကျန့်နှင့် ထိုက်ချုံတို့ကို ထမ်းလာသူများအား ထိုအသားညိုညိုလူ နောက်သို့ လိုက်သွားရန် အမိန့်ပေးလိုက်၏။

ထိုအချိန်၌ကား လမ်းဆုံတွင် တပ်သားများ၊ အရပ်သားများ အလောင်းတို့ဖြင့် ပြန့်ကျဲ လျက် ရှိပြီး မြေပြင်တွင်လည်း သွေးချောင်းစီးလျက် ရှိလေပြီ။ နောက်ထပ်လည်း လူပေါင်း များစွာ ဒဏ်ရာရကာ လဲကျနေသူများမှာလည်း မရေတွက်နိုင်တော့ပြီ။ လျှံရှုန်းတောင်ရိုးမှ တောပုန်းများသည် လှည်းများနှင့် သူတို့ပစ္စည်းများကို စွန့်ပစ်ကာ အသားညိုညိုလူ နောက်မှ လိုက်၍ မြို့ပြင်သို့ ထွက်လာခဲ့ကြ၏။ ဟွရုံ၊ ဟုန်ဆင့်၊ လူ့ဖန်နှင့် ကောက်ရှိန်းတို့မှာ နောက်ချန်နေရစ်ခဲ့ပြီး လိုက်လာသည့် ရန်သူများကို မြားများဖြင့် တရစပ် ပစ်ခတ်လျက် ရှိ၏။ တပ်သားများနှင့် ကျန်းကျို့မြို့သားတို့သည် အနားသို့ပင် မကပ်ရဲကြတော့ချေ။

လေပွေနက်ခေါ် လီကွေ့ကား မြို့ပြင်ချောင်းစပ်အနီးသို့ ရောက်အောင်ပင် ရန်သူများကို လိုက်လံသတ်ဖြတ်လျက်ရှိ၏။ သူ့တကိုယ်လုံးမှာလည်း သွေးတွေ ပေကျံလျက်ရှိလေ၏။ ကျောက်ခဲက လက်တွင် မိုန်းကို ကိုင်ထားလျက်မှ "ဗျို့၊ ရဲညီနောင်။ သာမန် အရပ်သားတွေကို မသတ်ပါနဲ့။ သူတို့နဲ့ ဘာမှ မဆိုင်ပါဘူး" ဟု အော်၍ ပြော၏။ သို့ရာတွင် ထိုလူထွားကြီးသည် သူ့စကားကို နားထောင်ခြင်း မပြုချေ။ လူများကို တယောက်ပြီး တယောက်သာ လိုက်လံသတ်ဖြတ်လျက်ရှိ၏။

သူတို့သည် ချောင်းဘေးအတိုင်း လျှောက်လာခဲ့ကြရာ လေး ငါးလီခန့်သို့ အရောက်၌ ရှေ့တွင် မြစ်ပြင်ကျယ်ကြီးတခုကို တွေ့ရ၏။ ထိုနေရာ၌ကား လမ်းအားလုံးသည် အဆုံးသို့ ရောက်လေပြီ။ ကျောက်ခဲမှာ များစွာ စိတ်ညစ်နေလေပြီ။ ထိုအခါကျမှပင် လေပွေနက် သည် စတင် စကားပြောဆိုခြင်းပြု၏။

"စိတ်မပျက်ပါနဲ့ ရဲညီနောင်ရေ။ ကဲ၊ ဟောဒီက ညီနောင်နှစ်ယောက်ကို ဘုံကျောင်း ထဲကို သယ်သွားကြ"

မြစ်ကမ်းဘေးတွင် ကြီးမားသော ဘုံကျောင်းကြီးတဆောင် ရှိပြီး တံခါးနှစ်ထပ်ကို သော့ခလောက်ကြီးများ ခတ်ထား၏။ လေပွေနက်သည် သူ့လက်ထဲတွင် ရှိသည့် ပုဆိန်ဖြင့် တံခါးကို ရိုက်ချိုးဖွင့်လိုက်သဖြင့် သူတို့အားလုံးသည် ဘုံကျောင်းဝင်းထဲသို့ ဝင်လာခဲ့ကြ၏။ ဝင်းထဲတွင် သစ်ပင်အိုကြီးများ၊ ထင်းရှူးပင်အိုကြီးများ ပေါက်လျက် ရှိသဖြင့် နေပြောက် ပင် မထိုးနိုင်ချေ။ တံခါးပေါ်ရှိ ကြေးပြားတပြားပေါ်တွင် "နဂါးဖြူဘုံကျောင်း" ဟူသော စာတန်း ထွင်းထား၏။

စုန်ကျန့်နှင့် ထိုက်ချုံတို့ကို ဘုံကျောင်းတွင်းသို့ သယ်လာခဲ့ကြပြီး မြေပေါ်တွင် ချထား ကြ၏။ စုန်ကျန့်သည် မျက်လုံးကို ဖွင့်၍ ကြည့်လိုက်ရာ ကျောက်ခဲနှင့် အခြားရဲညီနောင် များကို မြင်ရ၏။ စုန်ကျန့်က ငိုယိုလျက် "အိပ်မက်ဆိုး မက်သလိုပဲဗျာ" ဟု ပြော၏။

"ခင်ဗျားက ကျုပ်တို့ တောင်ရိုးပေါ်မှာမှ မနေချင်ဘဲကိုး။ ဒီတော့ ဒုက္ခတွေ့တာပေါ့။ နို့ နေစမ်းပါဦးဗျ။ အတိုက်အခိုက်ကျွမ်းတဲ့ အသားညိုညိုနဲ့ လူထွားကြီးက ဘယ်သူလဲ" ဟု ကျောက်ခဲ က မေး၏။

"လေပွေနက်လို့ ခေါ်တဲ့ လီကွေ့ပေါ့ဗျာ။ သူက သူတယောက်တည်း ကျွန်တော့်ကို အကျဉ်းထောင်ထဲက ကယ်ထုတ်မလို့ဗျ။ ဒါပေမဲ့ မဖြစ်နိုင်ဘူးထင်တာနဲ့ ကျွန်တော်က ငြင်းလိုက်တယ်"

"ဗျို့၊ လူတွေ။ ဟောဒီက ရဲညီနောင်နှစ်ယောက်အတွက် အဝတ်အစားသစ်တွေ ယူခဲ့ ပါဦး" ဟု ဟွရုံက ပြော၏။

သူတို့ အဝတ်အစားလဲနေကြစဉ် လေပွေနက်သည် လက်တွင် စစ်ပုဆိန်ကြီး နှစ်လက် ကို ကိုင်ရင်း အပြင်သို့ ထွက်သွား၏။ စုန်ကျန့်က လှမ်းမြင်လိုက်သဖြင့် "ဗျို့၊ ရဲညီနောင်၊ ဘယ်သွားဦးမလို့လဲ" ဟု မေးလိုက်၏။

"ဒီကျောင်းက ကျောင်းစောင့်တွေကို လိုက်ရှာပြီး သတ်မလို့ဗျ။ ဒီသတ္တဝါတွေဟာ ကျွန်တော်တို့ကို ဆီးကြိုဖော်မရတဲ့အပြင် ဝင်းတံခါးကြီးကိုတောင် ပိတ်ထားလိုက်သေး တယ်။ ဒီတော့ ဒီဝင်းတံခါးကြီးတွေရှေ့မှာ သူတို့ကို ယဇ်ပူဇော်တဲ့အနေနဲ့ သတ်မလို့"

"ဒီကိုလာပါဦးဗျ။ ခင်ဗျားကို ကျုပ်တို့ တောပုန်းခေါင်းဆောင် ရဲညီနောင်နဲ့ မိတ်ဆက် ပေးစမ်းပါရစေဦး"

လေပွေနက်သည် စစ်ပုဆိန်ကြီးနှစ်လက်ကို ဘေးသို့ ကပ်လိုက်ကာ ဒူးထောက်ထိုင်လိုက်လျက်-

"သံဂေါဇာရဲ့ရိုင်းပျမှုကို ခွင့်လွှတ်ပါဗျာ" ဟု ပြော၏။ သူ့အား အခြားသူများနှင့်လည်း မိတ်ဆက်ပေးရာ လေပွေနက်နှင့် ချူကွီမှာ တနယ်တည်းသား ဖြစ်ကြောင်း တွေ့ရ၏။

သူတို့နှစ်ယောက်မှာ များစွာ ကျေနပ်လျက်ရှိကြ၏။

ဟွရုံက ကျောက်ခဲဘက်သို့ လှည့်၍-

"ကဲ၊ နောင်ကြီး။ လေပွေနက်က နောက်က လိုက်ခဲ့လို့ ပြောလို့ ကျွန်တော်တို့ လိုက် လာခဲ့တာ ခုတော့ ရှေ့မှာ မြစ်ကြီးဆီးနေပြီ။ မြစ်ကို ဖြတ်ကူးဖို့ လှေလည်း တစီးမှ မတွေ့ ရဘူး။ ခုနေ နောက်က တပ်သားတွေ လိုက်လို့မီလာရင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ"

"မပူပါနဲ့ဗျာ။ ဒီလိုဆိုရင် ဒီကောင်တွေကို သတ်ပြီး မြို့ထဲကိုပြန်ဝင်သွားမယ်။ ဟိုရောက် ရင် မြို့ဝန်ရော ဘာရော အကုန်နုပ်နုပ်စဉ်း သတ်ပစ်မှာပေါ့" ဟု လေပွေနက်က ပြော၏။

ထိုအချိန်၌ ထိုက်ချုံမှာလည်း ပြန်၍ သတိရလာလေပြီ။

"နောင်ကြီးရေ၊ သိပ်လည်း အတင့်မရဲနဲ့ဗျို။ မြို့ထဲမှာ တပ်သား ခုနစ်ထောင်၊ ရှစ်ထောင် လောက် ချထားတယ်။ မြို့ထဲကို ပြန်ဝင်ရင် နောင်ကြီး အသက်ဆုံးရုံပဲ ရှိမှာ"

ဖိုးရုံကလေးက-

"ဟောဟိုဘက်ကမ်းမှာ လှေတချို့ ဆိုက်ထားတာတော့ တွေ့ရတယ်ဗျို။ ကျွန်တော်တို့ ညီအစ်ကို ဖြတ်ကူးသွားပြီး ယူလာခဲ့မယ်။ ဘယ့်နှယ်လဲ"

"ကောင်းတာပေါ့ဗျာ" ဟု ကျောက်ခဲက ပြော၏။

ဖိုးရုံညီအစ်ကိုနှစ်ယောက်သည် အဝတ်အစားများကို ချွတ်ကာ ဓားမြှောင်များကို ခါးတွင် ချည်ပြီးနောက် မြစ်ထဲသို့ ခုန်ဆင်းသွားကြ၏။ ၎င်းတို့နှစ်ယောက် လီတဝက်ခန့်သို့ အရောက်တွင် မြစ်ထဲမှ ဦးမော့နေသော လှေသုံးစီးသည် လေ၏ အဟုန်ဖြင့် လှော်ခတ် လာကြ၏။ လှေပေါ်တွင်လည်း လက်နက်များကို ကိုင်ဆောင်ထားသည့် လူတကျိပ်ကျော် ခန့်စီ ပါလာကြ၏။

မြစ်ကမ်းပေါ်တွင် ကျန်ရစ်ခဲ့သူတို့မှာ စိုးရိမ်နေကြလေပြီ။ လှေများ ဖိုးရုံအနီးသို့ ရောက်လာသည်ကို မြင်လျှင် စုန်ကျန့်သည် စိတ်ကို မထိန်းနိုင်တော့ဘဲ "ကျွန်တော့် ကြောင့် ဖြစ်ရတာပါဗျာ" ဟု ပြော၏။ ဖိုးရုံသည် ဘုံကျောင်းထဲမှ ထွက်ကာ ကမ်းနားသို့ ပြေးဆင်းကြည့်ရာ ရှေ့ဆုံးမှ လှေကြီးပေါ်တွင်

ငါးခွခက်ရင်းကြီးတချောင်းကို ကိုင်ထားသည့် လူထွားကြီးတယောက်ကို မြင်ရ၏။ ထိုလူသည် ဆံပင်ကို ခေါင်းပေါ်တွင် စုထားပြီး ကြိုးနီတချောင်းဖြင့် စည်းထား၏။ ကိုယ်တွင်လည်း အဖြူရောင် အသားကပ် ဘောင်းဘီတို့ကို ဝတ်ဆင်ထားကာ လက်ခေါက်မှုတ်လျက် ရှိလေ၏။

ထိုသူမှာ အခြားသူမဟုတ်။ ချန်ရွှန်း ဖြစ်၏။ စုန်ကျန့်သည် ထိုလူကို လက်ဝှေ့ယမ်း ပြကာ “နောင်ကြီးရေ၊ ကျွန်တော့်ကို ကယ်ပါဦး” ဟု လှမ်းအော်၏။

ချန်ရွှန်းနှင့် သူ့လူများသည် စုန်ကျန့်ကို မှတ်မိသွားကာ “လာမယ်၊ လာမယ်” ဟု လှမ်းအော်ကြ၏။

သူတို့၏လှေများသည် ကမ်းဆီသို့ အပြင်းလှော်ခတ်လာကြ၏။ ဖိုးရုံတို့ ညီအစ်ကို နှစ်ယောက်လည်း ပြန်လှည့်ကာ ကမ်းဆီသို့ ကူးလာကြလေ၏။ သူတို့အားလုံးသည် ဘုံကျောင်းရှိရာ ကမ်းစပ်ဆီသို့ ကူးခတ်လာကြလေ၏။

ချန်ရွှန်းနောက်တွင် ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသန်မာသည့် လူတကျိပ်ခန့် ပါလာ၏။ ဒုတိယလှေတွင် ချန်ဟင်း ပါလာပြီး သူနှင့်အတူ မူဟုန်၊ မူချွန်းနှင့် စွေ့ယုံတို့ လိုက်ပါလာကြ၏။ တတိယလှေပေါ်တွင် လီကျွမ်း ပါလာပြီး သူနှင့်အတူ လီလီ၊ တုန်ဝေ့၊ တုန်မင်းနှင့် ဆားခိုးထုတ်သူများ ပါလာကြ၏။ လက်နက်များ ကိုင်ဆောင်ထားကြသော သူတို့တသိုက်သည် လှေကို ကမ်းတွင် ထိုးဆိုက်လိုက်ပြီး ကမ်းပေါ်သို့ တက်လာကြ၏။

ချန်ရွှန်းအဖို့သော်မူ စုန်ကျန့်ကို မြင်လိုက်ရသည်မှာ ကောင်းကင်ဘုံမှ လက်ဆောင်ကို ရလိုက်သည့်နှယ်ဖြစ်၏။ ချန်ရွှန်းသည် ဒူးထောက်ထိုင်လိုက်ကာ ငိုယိုလျက်-

“နောင်ကြီးကို ရုံးတင် စစ်ဆေးတယ်လို့ ကြားရတော့ ကျွန်တော် နေလို့ထိုင်လို့ မရဘူး ခင်ဗျာ။ ဒါပေမဲ့ ဘယ်လိုလာပြီး ကယ်ရမယ်ဆိုတာလည်း စဉ်းစားလို့မရဘူး။ ပြီးတော့ ထောင်မှူးထိုက်ချုံလည်း အဖမ်းခံရတယ်၊ နောင်ကြီးလေပွေနက်လည်း ပျောက် သွားတယ် ဆိုတာကို ကျွန်တော် ကြားလိုက်ရတယ်။ ဒါနဲ့ ကျွန်တော့်အစ်ကို ချန်ဟင်း ဆီကို သွား၊ မြေရှင်မူရဲ့ အိမ်ကို သွားပြီး ကျွန်တော့်လူကို သွားခေါ်တယ်။ ဒီနေ့တော့ ကျန်းကျို့မြို့ထဲကို တိုက်ဝင်ပြီး နောင်ကြီးကို ထောင်ထဲက ထုတ်မယ်ဆိုပြီး လာခဲ့တာ။ ဟောဒီက ရဲညီနောင်တွေက နောင်ကြီးကို ကယ်ပြီး ဒီကို ခေါ်လာလိမ့်မယ်လို့ နည်းနည်း ကလေးမှ မထင်ခဲ့ဘူး။ ဒီအထဲက လျှံရှန်းတောင်ရိုးက တောပုန်းခေါင်းဆောင် ကျောက်ခဲ ဆိုတာ ဘယ်သူလဲဆိုတာ သိပါရစေဗျာ”

စုန်ကျန့်က ရှေ့တန်းတွင် ရပ်နေသူတယောက်ကို လက်ညှိုးထိုးပြလျက်-

"ဟောဒါ နောင်ကြီးကျောက်ခဲပါပဲဗျာ။ ကဲ၊ လာဗျာ။ ဘုံကျောင်းထဲသွားပြီး သေသေ ချာချာ မိတ်ဆက်ကြရအောင်"

ချန်ရှွန်းနှင့် အတူပါလာသည့် ခေါင်းဆောင် ကိုးယောက်၊ ကျောက်ခဲနှင့် ပါလာသည့် ခေါင်းဆောင်ဆယ့်ခုနစ်ယောက်နှင့် စုန်ကျန့်၊ ထိုက်ချုံနှင့် လေပွေနက် စသဖြင့် အားလုံး ပေါင်း ရဲညီနောင် နှစ်ဆယ့်ကိုးယောက်တို့သည် နဂါးဖြူဘုံကျောင်းထဲသို့ ဝင်လာခဲ့ကြ၏။ သူတို့တွေ့ဆုံပွဲကို နောင်တွင် "နဂါးဖြူဘုံကျောင်း တွေ့ဆုံပွဲ" ဟု ခေါ်စမှတ်ပြုကြ၏။

သူတို့နှစ်ဆယ့်ကိုးယောက် ဘုံကျောင်းထဲတွင် အခမ်းအနားဖြင့် မိတ်ဆက်ပေးပြီး နောက် မကြာမီတွင် နောက်လိုက် တောပုန်းတယောက်သည် အူယားဖားယားဖြင့် ပြေးဝင်လာကာ-

"ကျန်းကျို့မြို့မှာ တိုက်စည်တိုက်မောင်းတွေ တီး၊ လူစုပြီး ကျွန်တော်တို့ဆီကို ချီတက် လာနေပါပြီ။ လှမ်းကြည့်ရင် မြင်ရပါတယ်။ အလံတွေကလည်း တလူလူနဲ့။ ခေါင်းရောင်တွေ ကလည်း ဖွေးလို့ ခင်ဗျ။ ရှေ့ဆုံးမှာ သံချပ်ဝတ်ရုံတွေ ခြုံထားတဲ့ မြင်းတွေ ချီလာပါတယ်။ နောက်မှာ လှံကိုင်တပ်သားတွေ လိုက်လာပါတယ်။ လက်မှာ ဓားတွေ၊ လှံတွေ ကိုင်ပြီး နဂါးဖြူဘုံကျောင်းဘက်ကို အပြင်းချီလာနေကြပါတယ်" ဟု သတင်းပို့၏။

"ကျွန်တော်တယောက်တည်း ရှင်းပါရစေဗျာ"ဟုဆိုကာ လေပွေနက်သည် စစ်ပုဆိန် ကြီးနှစ်လက်ကို ကိုင်၍ ဘုံကျောင်းထဲမှ ပြေးထွက်သွား၏။ ကျောက်ခဲက-

"တို့က တိုက်တယ်ဆိုရင်အပြီးသတ်အောင် တိုက်တယ်ကွ။ ရဲညီနောင်တို့၊ ငါ့နောက်က လိုက်ခဲ့ကြ။ ကျန်းကျို့မြို့က စစ်သည်အားလုံးကို သတ်ပြီးမှ လျှံရှန်းတောင်ရိုးကို ပြန်မယ်"

"ညီစေဟေ့" ဟု နောက်မှ လူများက အော်ကြ၏။

လူပေါင်းတရာ့ငါးဆယ်တို့သည် ညာသံပေးကာ မြစ်ကမ်းဆီသို့ ဆင်းလာပြီး တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ကြ၏။

အကျိုးသက်ရောက်မှုအဖြစ်ကား လှိုင်းလုံးတို့သည် နီမြန်းသောအဆင်းကို ဆောင် ကြကုန်၍ အလောင်းတို့သည် တောင်လို ပုံကြကုန်၏။ လှိုင်းတံပိုးတို့ကို ထကြွစေသော နဂါးတို့သည် အဆိပ်ပြင်းသော မီးလျှံတို့ကို မှုတ်ထုတ်ကြ၍ တောင်ခုန်သော ကျားတို့သည် ကောင်းကင်ယံတွင် ညာသံ မုန်တိုင်းတို့ကို ဆင်ကြကုန်၏။

ကျောက်ခဲနှင့် သူ့ရဲညီနောင်သည် မည်သို့

လွတ်မြောက်သွားကြလေသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄၁

စုန်ကျန့်သည် ဝုဝေကျန်းမြို့ကို ပရိယာယ်ဖြင့် သိမ်းခြင်း

ချန်ရှန်းသည် ဟုန်ဝမ်ပင်းကို ဖမ်းဆီးရမိခြင်း

လျူထန်နှင့် လီကွေ့ခေါ် လေပွေနက်တို့သည် စုန်ကျန့်နှင့် ထိုက်ချုံတို့အား မြင်းများဖြင့် လိုက်ပို့ကြ၏။ လီကျွမ်း၊ ချန်ရှန်းနှင့် ဖိုးရုံတို့ ညီအစ်ကိုတသိုက်က လေးမြားကို ပြင်ဆင် ကြ၏။ မြစ်ကမ်းစပ်မှ လှမ်းကြည့်လျှင် မြို့ထဲမှ ထွက်လာသော အစိုးရတပ်များကို မြင် နေရ၏။ တပ်များမှာ တပ်သား ခုနစ်ထောင်၊ ရှစ်ထောင်ခန့် ရှိပေလိမ့်မည်။ ရှေ့ဆုံးမှ ချီတက်လာသော မြင်းတပ်သားများမှာ သံခမောက်များ၊ သံချပ်အင်္ကျီများကို ဝတ်ဆင် ထားကြ၏။ လေးမြားများနှင့် လှံများကိုလည်း ကိုင်စွဲထားကြ၏။ ၎င်းတို့နောက်မှ လိုက်ပါ လာသော ခြေလျင်စစ်သားများသည် သီချင်းများ သီဆိုကာ တံခွန်များကို ဝှေ့ယမ်းလျက် ရှေ့သို့ တရကြမ်း ချီတက်လာခဲ့ကြ၏။

အထက်ပိုင်း ဗလာကျင်းလျက်ရှိသော လေပွေနက်သည် သူ၏ စစ်ပုဆိန်ကြီးနှစ်လက် ကို ဝှေ့ယမ်းကာ ရှေ့သို့ အတင်းတက်သွား၏။ သူ့နောက်မှ ဟွရုံ၊ ဟုန်ဆင့်၊ လူ့ဖန်နှင့် ကောက်ရှိန်းတို့ လိုက်ပါလာကြ၏။ ပြိုးပြိုးပြောင်ပြောင်၊ ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိနေသော ရန်သူတို့၏ လှံများကို မြင်ရသည့်အခါ၌ ဟွရုံသည် လေပွေနက်၏ အသက် ဘေးအတွက် စိုးရိမ်သွား၏။ ဟွရုံသည် မြားတစီးကို တပ်လိုက်ပြီး လေးကြိုးကို တင်းနေ အောင် အားကုန်ဆွဲကာ မြင်းတပ်ဦးတွင် ပါလာသည့် ရန်သူဗိုလ်ဆီသို့ မြားတစီး လွှတ် လိုက်၏။ မြားသည် တရှိန်ထိုး မြည်၍ ဖြတ်သန်းသွားကာ ရန်သူဗိုလ်ကို ထိမှန်လေရာ ရန်သူဗိုလ်သည် မြင်းပေါ်မှ အောက်သို့ လိမ့်ကျသွား၏။ ဤတွင် မြင်းတပ်များသည် လန့်ဖျပ်ကာ မြင်းကိုနောက်သို့ လှည့်၍ စီးပြေးကြသဖြင့် နောက်မှ လိုက်လာသော ခြေလျင် တပ်သားများကို တက်နင်းမိကာ ဖရိုဖရဲဖြစ်လျက် ရှိ၏။

ရန်သူတို့ နောက်သို့ လှည့်ပြေးသည်နှင့် ရဲညီနောင်တို့သည်လည်း ရှေ့သို့ အတင်း လိုက်၍ တိုက်ကြ၏။ ၎င်းတို့သည် ရန်သူများကို ထိုးခုတ် သတ်ဖြတ်ကြသည့်တွင် မြေပြင် သည် အလောင်းတို့ဖြင့် ပြန့်ကြဲလျက်ရှိပြီး မြစ်ရေသည်လည်း သွေးတို့ဖြင့် ခြင်းခြင်းနီလျက်ရှိလေ၏။ ရဲညီနောင်တို့သည် ရန်သူတို့ကို ကျန်းကျို့မြို့ရိုး ခြေရင်းအထိ လိုက်လံ တိုက်ခိုက် ကြ၏။ ရန်သူတို့သည် မြို့ရိုးပေါ်မှနေ၍ ရဲညီနောင်တို့ကို သစ်တုံးကြီးများ၊ ကျောက်ခဲများ၊ လောက်လွှဲများဖြင့် ပစ်ခတ်ကြ၏။ နောက်ဆုံးတွင် ရန်သူတို့သည် မခံနိုင်တော့ဘဲ

မြို့တွင်း သို့ ဝင်ပြေးကြ၏။ ထို့နောက် ရန်သူတို့သည် မြို့တံခါးများကို အလုံပိတ်ထားကြ၏။ ရက် အတန်ကြာသည်အထိ မြို့ပြင်သို့ ထွက်ရဲသူဆို၍ တယောက်မျှ မရှိတော့ပြီ။

ရဲညီနောင်တို့သည် ရှေ့မှ အတင်းတိုက်နေသော လေပွေနက်ကို ဆွဲခေါ်ကာ နဂါးဖြူ ဘုံကျောင်းအနီး မြစ်ဆိပ်တွင် ဆိုက်ထားသည့် လှေများရှိရာသို့ ပြန်လာခဲ့ကြ၏။ ကျောက်ခဲ သည် သူ့လူများကို စုစည်းကာ အားလုံး လှေပေါ်သို့ အတက်ခိုင်း၏။ လှေသုံးစီးသည် ကမ်းမှ ထွက်ခွာလာခဲ့၏။ လေလှည့်သင့်သည့်အခါတွင် ရွက်တိုက်နိုင်ရန်အတွက် ရွက် များကို လွှင့်ထူထားကြ၏။ ဗိုလ်များ၊ တပ်သားများကို တင်လာသည့် လှေများသည် မြေရှင်မူ၏ အိမ်ရှိရာ ကမ်းစပ်သို့ မှန်း၍ ရွက်တိုက်လာခဲ့ကြ၏။ ထိုကမ်းစပ်သို့ ချောမောစွာ ရောက်ရှိကြသည့်အခါတွင် တပ်ဗိုလ် တပ်သား အသီးသီးတို့သည်လည်း လှေပေါ်မှ ဆင်း ကြလေ၏။

မူဟုန်က သူတို့ကို အတွင်းဆောင်ဘက်တွင် နေရာချပေး၏။ ခဏကြာလျှင် မြေရှင်မူ ပေါ်လာကာ စုန်ကျန့်နှင့် သူ့ရဲညီနောင်များကို နှုတ်ဆက်၏။

"တပ်ဗိုလ်တွေ တိုက်ပွဲတိုက်ရလို့ တော်တော် ပင်ပန်းလာတယ် ထင်သဗျ။ ကျုပ် အိမ်မှာ ဗိုလ်မင်းတို့ ကြိုက်သလိုနေပြီး အနားယူကြပါ" ဟု အဘိုးအို မြေရှင်မူက ပြော၏။ တပ်ဗိုလ်တပ်သားများသည် သူတို့အား ပေးထားသော အခန်းများထဲတွင် နေရာယူ ပြီးနောက် စုတ်ပြဲနေသော အဝတ်အစားများကို ဖာထေးကြ၏။ မူရုံက သူ့တပည့်များကို ခေါ်၍ နွားဝါတကောင်၊ ဝက်၊ သိုး၊ ကြက်၊ ငန်း၊ ဘဲ၊ ငါး စသည်တို့ကို ချက်ပြုတ်စေကာ ဧည့်သည်တို့အား အရသာရှိသော စားသောက်ဖွယ်များဖြင့် ဧည့်ခံ၏။

စိမ်ရည်သောက်ကြရင်း သူတို့သည် အဖြစ်အပျက်များကို ပြန်ပြောင်း ပြောဆိုနေ ကြ၏။ ကျောက်ခဲက မူရုံတို့ ညီအစ်ကိုဘက်သို့ လှည့်၍-

"နောင်ကြီးတို့တတွေ လှေနဲ့ ရောက်လာပေလို့သာပေါ့ဗျာ။ နို့မို့ရင် ကျုပ်တို့တတွေ သူတို့ ပိုက်ကွန်ထဲမှာ အစင်းသားမိနေမှာ"

"နေစမ်းပါဦး။ နောင်ကြီးတို့က မြို့က ထွက်လာတော့ ဒီလမ်းကို ဘာဖြစ်လို့ ရွေးလာ တာလဲ"

"ဒီလမ်းကို စထွက်လာတာက ကျွန်တော်ဗျ။ ကျွန်တော်က လူများများရှိတဲ့ နေရာ ကိုမှ တိုက်ချင်တာ။ သူတို့က ကျွန်တော့်နောက်ကို လိုက်လာကြတာ။ ကျွန်တော်က မလိုက်ခဲ့နဲ့လို့ ပြောပါတယ်ဗျာ"ဟု လေပွေနက်က ပြောသဖြင့် အားလုံး ဝိုင်း၍ ရယ်ကြ၏။

စုန်ကျန့်က ထိုင်ရာမှ ထ၍ ရဲညီနောင်များကို နှုတ်ဆက်စကားပြော၏။

"ရဲညီနောင်တို့သာ လာမကယ်ဘူးဆိုရင် ကျွန်တော်နဲ့ ဟောဒီက ထောင်မှူးထိုက်ချုံတို့ဟာ ခုလောက်ဆိုရင် သေလောက်ပြီ ခင်ဗျ။ နောင်ကြီးတို့ရဲ့ ကျေးဇူးဟာ ကျွန်တော်တို့ အပေါ်မှာ ပင်လယ်ကြီးလောက် များပါတယ်။ ဘယ်လို ကျေးဇူးတင်ရမယ် ဆိုတာတောင် ကျွန်တော်တို့ မပြောတတ်တော့ပါဘူး။ ကျွန်တော်ကတော့ ဟုန်ဝမ်ပင်းဆိုတဲ့ ကောင်ကို သိပ်မုန်းတယ်ဗျာ။ ဒီကောင်ဟာ သူများကို အပြစ်ရှာပြီး မဟုတ်တရုတ်တွေကို လျှောက် ပြောဖို့လောက်ပဲ တတ်တယ်။ ဒီကောင်ဟာ ကျွန်တော်တို့နှစ်ယောက်ကို ဒုက္ခရောက် အောင် လုပ်ခဲ့တယ်။ ဒါကြောင့် ဒီကောင်ကိုတော့ လက်စားချေရလိမ့်မယ်။ ဒီတော့ ရဲညီနောင်တွေကို ကျွန်တော် တောင်းပန်ချင်တာက ဝုဝေကျန်းမြို့ကို တိုက်ပြီး ဟုန်ဝမ်ပင်း ကို လက်စားချေပေးစေချင်တယ်။ ဘယ်လိုသဘောရသလဲ"

ကျောက်ခဲက-

"ခုလောလောဆယ် သွားတိုက်လို့တော့ မရသေးဘူးဗျ။ ခုလောက်ဆိုရင် ဒီကောင် တွေက အသင့်ပြင်နေကြမှာ။ ကျွန်တော့်သဘောကတော့ တောင်ရိုးကို ပြန်ပြီး အင်အား ပြန်စုချင်သေးတယ်။ ဝုရုံတို့၊ ကုန်ဆွန်တို့၊ ချင်မင်းတို့ကို ခေါ်ချင်သေးတယ်။ အချိန်လည်း ရှိပါသေးတယ်"

စုန်ကျန့်က-

"တောင်ရိုးကို ပြန်သွားရင် တော်တော်နဲ့ ပြန်ဆင်းနိုင်မှာ မဟုတ်တော့ဘူး ခင်ဗျ။ ပထမအချက်က တောင်ရိုးစခန်းဟာ ခရီးလှမ်းလွန်းတယ်။ ဒုတိယအချက်က ဒီအချိန် အတွင်းမှာ ကျန်းကျို့တနယ်လုံးမှာ တပ်တွေ အသင့်ပြင်ထားဖို့ သူတို့ဘက်က အချိန် ရသွားနိုင်တယ်။ ဒီတော့ သူတို့အဆင်သင့်မဖြစ်ခင် ကျွန်တော်တို့က ချက်ချင်း ဝင်တိုက် သင့်တယ်လို့ ထင်တယ်"

ဟွရုံက-

"ခင်ဗျားပြောတာ မှန်တယ်။ ဒါပေမဲ့ ပြဿနာက ကျွန်တော်တို့မှာ အဲဒီနယ်မြေအနေ အထားကို ကျွမ်းကျင်တဲ့သူဆိုလို့ တယောက်မှ မရှိဘူး။ ဒီတော့ ကင်းထောက်အနေနဲ့ ဝုဝေကျန်းမြို့ထဲကို လူတယောက်လောက် လွှတ်ရင် ကောင်းမယ်။ ဒီမြို့ထဲကို ဘယ်လို ဝင်ပြီး ဘယ်လို ထွက်မလဲဆိုတာရယ်၊ ဝမ်ဟုန်ပင်း ဘယ်နေရာမှာ နေတယ်ဆိုတာရယ်ကို သေသေချာချာ သိဖို့ လိုတယ်။ ဒီလို သိပြီဆိုရင် ကျွန်တော်တို့ တိုက်လို့ရပြီ"

စွေ့ယုံသည် ထိုင်ရာမှ ထလိုက်၏။

“အဲဒီကို ကျွန်တော် ရောက်ဖူးပါတယ်။ ဝုဝေကျန်းမြို့အကြောင်းကို ခင်ဗျားတို့ထက် ကျွန်တော် သိပါတယ်။ ဒီတော့ အဲဒီကို ကျွန်တော် သွားကြည့်ပါရစေ”

“ခင်ဗျား သွားမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့” ဟု စုန်ကျန့်က ပြော၏။

စွေ့ယုံသည် ထိုနေ့မှာပင် သူတို့ကို နှုတ်ဆက်၍ ထွက်ခွာသွား၏။ စုန်ကျန့်နှင့် တောပုန်းခေါင်းဆောင်တို့မှာ မူဟုန်၏ ကျေးတောအိမ်တွင် ကျန်ရစ်ခဲ့ကြပြီး ဝုဝေကျန်း မြို့ကို တိုက်ခိုက်ရေးနှင့်ပတ်သက်၍ ဆွေးနွေး ကျန်ရစ်ခဲ့ကြလေ၏။ သူတို့သည် ဓားနှင့်လှံများကို သွေးကြ၏။ လေးနှင့် မြားတို့ကို ပြင်ကြ၏။ လှေကြီးလှေငယ်တို့ကို ထေးကြ၏။ ပြင်ဆင်မှုများကို လုပ်ကြ၏။ နောက်နှစ်ရက်အကြာတွင် စွေ့ယုံသည် ပြန်ရောက်လာခဲ့ကာ လူတယောက်ကို စုန်ကျန့်ထံသို့ ခေါ်လာခဲ့၏။

“ဒီရဲညီနောင်က ဘယ်သူလဲဗျ” ဟု စုန်ကျန့်က မေး၏။

“သူ့နာမည်က ဟိုဂျန်တဲ့ဗျ။ ဇာတိက ဟုန်တူမြို့။ အပ်ချုပ်တဲ့ပညာမှာတော့ အလွန် တော်တဲ့ လူပဲ။ သူ့လက်ထဲကို ရောက်ရင် အပ်နဲ့ အပ်ချည်ဟာ အတောင်ပေါက်ပြီး ပျံနေ သလား အောက်မေ့ရတယ်။ ဓားလှံအတတ်နဲ့ သိုင်းအတတ်မှာလည်း ကျွမ်းကျင်သဗျ။ အဲဒီအတတ်တွေကိုတော့ ကျွန်တော် သင်ပေးခဲ့တယ် ဆိုပါတော့။ လူက အသားညိုညို၊ ပိန်ပိန်ပါးပါး၊ ပိန်သလောက် သွက်လက်ဖျတ်လတ်လို့ သူ့ကို မျောက်လွှဲကျော်လို့ ခေါ်ကြ သဗျ။ ခု လောလောဆယ်မှာ သူဟာ ဝုဝေကျန်းက ဟုန်ဝမ်ပင်းရဲ့ အိမ်မှာ အပ်ချုပ် နေတယ်။ အခန့်သင့် တွေ့တာနဲ့ သူ့ကို ခေါ်လာခဲ့တာ”

စုန်ကျန့်မှာ များစွာ ကျေနပ်လျက်ရှိ၏။ စုန်ကျန့်သည် ထိုလူကို နေရာထိုင်ခင်းပေး၏။ ဟိုဂျန်သည် ဇမ္ဗူတွင် ရှားသည့် လူမျိုးဖြစ်၏။ ထိုလူနှင့် စုန်ကျန့်သည် ချက်ချင်းဆိုသလို ပင် ခင်မင်ရင်းနှီးသွားကြ၏။ စုန်ကျန့်က ကျန်းကျို့မြို့အကြောင်းနှင့်၊ ဝုဝေကျန်းမြို့အနီး တဝိုက်ရှိ သတင်းများနှင့် ဝုဝေကျန်းအနီးရှိ မြေပြင်အနေအထား အကြောင်းတို့ကို မေးမြန်း၏။

“မြို့ဝန်ဆယ်က စစ်သားတွေကိုရော၊ နယ်ဘက်က လူတွေကိုရော စုဆောင်းနေ တယ်ခင်ဗျ။ ခု နောင်ကြီးတို့နဲ့ တိုက်တဲ့ တိုက်ပွဲမှာ လူငါးရာကျခဲ့ပြီး မြားထိလာတဲ့သူ တွေက မရေနိုင်အောင်ပဲ။ ဒီအကြောင်းကို နေပြည်တော်ကို လူလွှတ်ပြီး သတင်းပို့ခိုင်း လိုက်တယ်ဗျ။ ကျန်းကျို့မြို့တံခါးကိုလည်း မွန်းတည့်တာနဲ့ တပြိုင်နက် ပိတ်လိုက်တော့ တာပဲ။ မြို့ထဲကို ဝင်တဲ့ ထွက်တဲ့ သူ မှန်သမျှကိုလည်း သေသေချာချာ မေးမြန်းတယ်။ မြို့ဝန်ဆယ်က နောင်ကြီးတို့ကို နှိပ်စက်တာကတော့ သူ့အပြစ်မဟုတ်ဘူး ခင်ဗျ။ ဟုန်ဝမ် ပင်းဆိုတဲ့လူက

မြှောက်ပေးနေတာ။ နောင်ကြီးတို့ က လူသတ်ကွင်းကို ဝင်တိုက်သွား ကတည်းက ကျွန်းကျိုမြို့မှာ ကျီးလန့်စာစား ဖြစ်နေကြတယ်။ ပတ္တရောင်တွေ ဆိုတာ လည်း နေ့ရောညရော ပြတ်တယ်လို့ကို မရှိဘူး။ ကျွန်တော်က ဝုဝေကျန်းကို သွားပြီး စနည်းနာတုန်းမှာ ဟောဒီရဲညီနောင်က ထမင်းစားထွက်လာတာနဲ့ သွားတိုးတာပဲ။ သူ့ဆီက အသေးစိတ်တွေ အားလုံးသိခဲ့ရတယ်” ဟု စွေ့ယုံက ပြော၏။

“ရဲညီနောင်ဟိုဂျန်ကကော ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိတာလဲ” ဟု စုန်ကျန့်က မေး၏။

“ကျွန်တော်က ငယ်ငယ်တုန်းကတည်းက လုံသိုင်းတို့၊ တုတ်သိုင်းတို့ ကစားတာကို ဝါသနာ ပါပါတယ်။ ကျွန်တော် ဒီအတတ်တွေမှာ ကျွမ်းကျင်လာတာကတော့ ဟောဒီက ကျွန်တော့်ဆရာ စွေ့ယုံရဲ့ ကျေးဇူးကြောင့်ပါ။ ဆရာ့ရဲ့ကျေးဇူးကို ကျွန်တော် တသက်မှာဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး။ မကြာမီကတော့ ကျွန်တော်ဟာ ဟုန်ဝမ်ပင်းရဲ့ အိမ်မှာ အဝတ်တွေကို သွားချုပ်ရပါတယ်။ အဲဒီက အထွက်မှာ ဆရာနဲ့ သွားတွေ့တာပါ။ ဆရာက နောင်ကြီးရဲ့ နာမည်ကို ပြောပြပြီး အခြေအနေကို ပြောပြပါတယ်။ နောင်ကြီးရဲ့ အမည်ကို ကြားဖူးနေတာတော့ ကြာပါပြီ။ ခုတော့ လူချင်းတွေ့ချင်တာနဲ့ လိုက်လာပြီး အကျိုးအကြောင်းကို သတင်းလာပို့တာပါ။

“ဟုန်ဝမ်ပင်းမှာ အစ်ကိုတယောက် ရှိပါတယ်။ ဟုန်ဝမ်ယီလို့ ခေါ်ပါတယ်။ သူတို့ နှစ်ယောက်ဟာ တမအေတည်းက မွေးတဲ့ သားတွေပါ။ ဒါပေမဲ့ အစ်ကိုကြီး ဟုန်ဝမ်ယီ ကတော့ လူကောင်းပါ။ တံတားတွေ ဆောက်တယ်။ လမ်းတွေ ခင်းတယ်။ ဘုရားတွေ တည်တယ်။ ဘုန်းတော်ကြီးတွေကို လှူဒါန်းထောက်ပံ့တယ်။ ဒုက္ခရောက်တဲ့သူတွေကို ကူညီတယ်။ ဆင်းရဲသားတွေကို ပေးကမ်းစွန့်ကြဲတယ်။ ဒါကြောင့်မို့ သူ့ကို ဝုဝေကျန်းမြို့မှာ ဘုရားလောင်းဝမ်လို့ ခေါ်ကြပါတယ်။ ဒါပေမဲ့ ညီဖြစ်တဲ့ ဟုန်ဝမ်ပင်းကတော့ တခါတုန်းက လက်ထောက်မြို့ဝန် ဖြစ်ခဲ့ဖူးပေမယ့် စိတ်ထားယုတ်ညံ့ပြီး ရက်စက်ပါတယ်။ ဒါကြောင့် သူ့ကို ဝုဝေကျန်းမြို့မှာ လောက်ကောင်ဝမ်လို့ ခေါ်ကြပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက် က မြို့မြောက်နားမှာ ကိုယ့်ဝင်းနဲ့ ကိုယ် သီးသန့် နေကြပါတယ်။ ဒါပေမဲ့ အိမ်ဝင်းပေါက် ကတော့ လမ်းကြားကလေး တလမ်းထဲမှာ အတူတူပါပဲ။ ဟုန်ဝမ်ပင်းရဲ့ ဝိုင်းက ညာဘက် မှာ ရှိပါတယ်။ မြို့ရိုးနဲ့ ကပ်လို့ပါ။ ဟုန်ဝမ်ယီရဲ့ အိမ်ကတော့ တောင်ဘက်မှာပါ။ လမ်းမ ကြီးနဲ့ ကပ်လျက်ပါ။

“အဲဒီမှာ ကျွန်တော်သွားပြီး အပ်ချုပ်နေတုန်း ဟုန်ဝမ်ပင်းဟာ အိမ်ကို ပြန်လာပြီး ဒီကောင်တွေဟာ မြို့ဝန်ဆယ်ကို လိမ်တဲ့ကောင်တွေ၊ ဒါကြောင့်မို့ သူတို့လိမ်တာကို ငါက ထောက်ပြပြီး ဒီကောင်တွေကို ခေါင်းဖြတ်သတ်၊ ပြီးတော့မှ ဘုရင်ကေရာဇ်ရဲ့ လွှတ် တော်ကို အစီရင်ခံလို့ ငါပြောခဲ့ပြီလို့ ပြောသံကြားရပါတယ်။

သူ့အစ်ကိုဟုန်ဝမ်ယီကတော့ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲကွာ၊ သူနဲ့ ဘာဆိုင်တာမှတ်လို့၊ ဒီကောင်ဟာ ဘာဖြစ်လို့ သူများကို ဒုက္ခရောက်အောင် လုပ်ချင်ရသလဲ မသိဘူး၊ တရားကို နတ်စောင့်တယ်ဆိုတဲ့ စကား ရှိသားပဲ၊ ဒီတော့ မကောင်းလုပ်တဲ့လူကို မကောင်းဒဏ် ပြန်တွေ့မှာပေါ့၊ ဒီကောင် ဟာ သူ့ကိုယ်သူ ဒုက္ခရောက်အောင် လုပ်နေတာလို့ ပြောပါတယ်။ လူသတ်ကွင်းကို ခင်ဗျားတို့ ဝင်ပြီးစီးတယ်လို့ ကြားတော့ လောက်ကောင်ဝမ်ဟာ တော်တော်လေးကို လန့်နေပါတယ်။ မနေ့ညကတော့ ကျန်းကျိုမြို့ကို သွားပြီး မြို့ဝန်နဲ့ တိုင်ပင်ရအောင်ဆိုပြီး ထွက်သွားပါတယ်။ ခုထက်ထိ ပြန်မရောက်သေးပါဘူး”

“ဒီ လောက်ကောင်အိမ်နဲ့ သူ့အစ်ကိုအိမ်က ဘယ်လောက်ဝေးသလဲ” ဟု စုန်ကျန့်ကမေး၏။

“အစတုန်းကတော့ တဝင်းတည်းပါပဲ။ ခုတော့ နှစ်ပိုင်း ပိုင်းလိုက်ပါတယ်။ အလယ်မှာ စိုက်ခင်းတခု ရှိပါတယ်”

“လောက်ကောင်ဝမ်ရဲ့အိမ်မှာ လူဘယ်လောက်လောက် ရှိသလဲ။ အိမ်သူအိမ်သား ကကော ဘယ်နှယောက်လောက် ရှိသလဲ”

“ယောက်ျား၊ မိန်းမ စုစုပေါင်း လေး ငါးဆယ်လောက် ရှိမယ် ထင်ပါတယ်”

“အင်း၊ လက်စားချေဖို့ ကံတရားက စီမံလာတဲ့အတွက် ဒီလူ ကျုပ်ဆီ ရောက်လာ တာပဲ။ ကဲ၊ ရောင်းရင်းတို့၊ ခင်ဗျားတို့ ကျုပ်ကို ကူညီနိုင်မယ် မဟုတ်လား” ဟု စုန်ကျန့်က တောပုန်းများကို မေးလိုက်၏။

“သေလည်း အကြောင်း မဟုတ်ဘူးဗျာ။ ဒီအယုတ်တမာကောင်ကို ကျုပ်တို့ ချေမှုန်း ပစ်ရမယ်။ ခင်ဗျားသင်ပုန်းပေါ်မှာ ရေးထားတဲ့ လက်စားချေစကားလုံးကို ဖျက်ပစ်ရမယ်” “ကျွန်တော် မုန်းတာက ဟုန်ဝမ်ပင်း တယောက်တည်းကို မုန်းတာ။ ဝုဝေကျန်းက လူတွေနဲ့ ဘာမှမဆိုင်ဘူး။ ပြီးတော့ သူ့အစ်ကိုဟာလည်း သူတော်ကောင်း ဖြစ်လေတော့ သူ့ကို ဘာမှ အန္တရာယ် မပြုရဘူး။ လူကောင်းကို အန္တရာယ်ပြုရင် ကျွန်တော်တို့ကို လူတွေ မုန်းလိမ့်မယ်။ ပြီးတော့ မြို့သူမြို့သားတွေကိုလည်း တယောက်မှ မဲ့တပေါက် မစွန်း စေရဘူး။ ကျွန်တော့်မှာ အကြံတခု ရှိတယ်။ ဒီတော့ ကျွန်တော့်ကို ကူညီလိမ့်မယ်လို့ မျှော်လင့်တယ်”

“ပြောပါ။ နောင်ကြီး ညွှန်ကြားတဲ့အတိုင်း ကျွန်တော်တို့ လုပ်ပါ့မယ်”

“ဒီလိုဆိုရင် နောင်ကြီးမှုကို အကူအညီတခု တောင်းချင်တယ်ဗျာ။ ကျွန်တော်တို့ကို ထင်းစည်းနည်းနည်းရယ်၊ ဂုန်နီအိတ်တရာလောက်ရယ်၊ ကျူရိုး အစည်းတရာလောက် ရှာပေးပါ။ ပြီးတော့ လှေကြီးငါးစီးနဲ့

လှေငယ်နှစ်စီးလောက်လည်း ရှာပေးပါ။ ချန်ရှွန်းနှင့် လီကျွမ်းတို့က လှေငယ်နှစ်စီးနဲ့ လိုက်ခဲ့ကြပါ။ ဖိုးရုံညီအစ်ကိုသုံးယောက်ရယ်၊ ချန်ဟင်း ရယ်၊ တုန်ဝေ့ရယ်တို့က လှေကြီးငါးစီးနဲ့ လိုက်ကြပါ။ အဲဒီ လှေကြီးတွေပေါ်မှာ ရေကူး ကျွမ်းကျင်တဲ့ လူတွေကို ခေါ်ခဲ့ကြပါ။ အဲဒါတွေကတော့ မရှိရင် မဖြစ်ဘူး”

“ရပါတယ် ခင်ဗျာ။ ကျုပ်တို့ဆီမှာ ကျူရိုးအစည်းတွေလည်း အများကြီးရှိပါတယ်။ ရေနံစိမ်ထားတဲ့ ထင်းစည်းတွေလည်း ရှိပါတယ်။ ဂုန်နီအိတ်ဆိုတာကလည်း ကြိုက် သလောက်ပါ။ ဟောဒီ ကျုပ်အိမ်မှာဆိုရင်လည်း တပည့်တွေအားလုံး ရေကူးကျင်လည်ပြီး ကောင်းကောင်း လှေလှော်တတ်တဲ့ လူတွေချည်းပါပဲ။ ခင်ဗျား လုပ်ချင်တာသာ ပြောပါ” ဟု မူရုံက ပြော၏။

“ဟောဒီက ဟိုဂျန်က စွေ့ယုံနဲ့ ပိုက်ရှန်းတို့ကို ဝုဝေကျွန်းမြို့ထဲကို အရင်ခေါ်သွားပြီး တနေရာရာမှာ ဝှက်ထားဗျာ။ နောက်တနေ့ အရုဏ်တက်လို့ နှစ်မောင်းတီးချိန်မှာ ခိုမှာ ဆွဲထားတဲ့ ချူသံကို နားထောင်နေကြ။ ကျုပ်တို့က မြို့တံခါးအပြင်ဘက်ကို အဲဒီခိုကို လွှတ်ပေးလိုက်မယ်။ ပိုက်ရှန်းက မြို့ရိုးပေါ်ကို တက်လာပြီး အလံဖြူတခုကို လောက် ကောင်ဝမ်ရဲ့ အိမ်နားမှာ ထောင်ပြလိုက်။ အဲဒီနေရာကနေပြီး ကျုပ်တို့တတွေက မြို့ရိုး ပေါ်ကို တက်လာခဲ့မယ်"

စုန်ကျန့်က ဆက်ပြော၏။

“သူတောင်းစားယောင် ဆောင်ထားတဲ့ ရှိယုံနဲ့ ဒူရှန်းတို့က မြို့တံခါးနားမှာ စောင့် နေကြ။ မီးတောက်တွေ တက်လာတာမြင်တာနဲ့ မြို့တံခါးက အစောင့်တွေကို ဝင်လုံးပြီး သတ်ကြလိမ့်မယ်။ လီကျွမ်းနဲ့ ချန်ရှွန်းတို့က မြစ်ထဲမှာ လှေကလေးတွေနဲ့ အသင့်စောင့် နေကြ”

စုန်ကျန့်သည် သူ့အစီအစဉ်ကို ပြောပြလေရာ စွေ့ယုံ၊ ပိုက်ရှန်းနှင့် ဟိုဂျန်တို့သည် သူတို့တာဝန်များကို ဆောင်ရွက်ရန် ထွက်သွားကြ၏။ ရှိယုံနှင့် ဒူရှန်းတို့သည်လည်း သူတောင်းစားများအသွင် ဝတ်ဆင်ကာ သူ့ကိုယ်ပေါ်တွင် ခားမြှောင်တို့ကို ဝှက်၍ ယူ ဆောင်ပြီးနောက် ထွက်သွားကြပြန်၏။ လှေကြီးများပေါ်တွင်မူ သဲအိတ်များ၊ ကျူရိုးစည်း များနှင့် ရေနံဆွတ်ထားသည့် ထင်းစည်းများကို တင်ထားကြ၏။ အချိန်စေ့သည့်အခါတွင် ရဲညီနောင်တို့သည် မိမိတို့ ဝတ်ရုံကြီးများကို အသီးသီးဝတ်ဆင်ကြပြီးနောက် လက်နက် အသီးသီးတို့ကိုလည်း ယူဆောင်၍ လှေကြီးများပေါ်သို့ တက်လာကြ၏။ လက်နက်ကိုင် တို့မှာမူ လှေဝမ်းထဲတွင် ဝပ်၍ လိုက်လာခဲ့ကြ၏။

ထို့နောက် တောပုန်းဗိုလ်တို့သည် လှေများပေါ်သို့ တက်လာကြ၏။ ကျောက်ခဲ၊ စုန်ကျန့်နှင့် ဟွရုံတို့သည် တုန်ဝေ့၏ လှေပေါ်တွင် လိုက်ပါလာခဲ့ကြ၏။ ယန်ရှင့်၊ ဗိုလ်ကျားပု နှင့် ချန်တန်ရှူတို့မှာ ချန်ဟင်း၏ လှေပေါ်တွင်

လိုက်ပါလာခဲ့ကြ၏။ ထိုက်ချုံ၊ လျူထန်နှင့် ဟုန်ဆင့်တို့မှာ ဖိုးရုံညီအလတ်၏ လှေပေါ်တွင် လိုက်ပါလာခဲ့ကြ၏။ လူ့ဖန်၊ ကောက်ရှိန်းနှင့် လီကွေ့တို့မှာ ဖိုးရုံကလေး၏ လှေပေါ်တွင် လည်းကောင်း၊ မူဟုန်၊ မူချွန်းနှင့် လေပွေနက် လီကွေ့တို့မှာ ဖိုးရုံကြီး၏ လှေပေါ်တွင် လည်းကောင်း လိုက်ပါလာခဲ့ကြ၏။ မြေရှင်မူ၏ အိမ်တွင် ကျောက်ခဲနှင့် ဆုံဝမ်တို့သာလျှင် ကျန်ရစ်ခဲ့၏။ စုန်ကျန့်မှာ ကျန်းကျို့မြို့မှ အခြေ အနေကို စောင့်ကြည့်ရန် ဖြစ်၏။ တုန်မင်းမှာ လှေငယ်တစီးဖြင့် မြစ်တွင်း စုန်ဆန်ကာ မြို့အခြေအနေကို လှည့်ပတ် ကင်းထောက်ရန် ဖြစ်၏။

တောပုန်းဗိုလ်များနှင့် တပ်သားများသည် လေ လှေဝမ်းထဲတွင် ဝပ်၍ လိုက်ပါလာခဲ့ကြ၏။ လယ်သမားများ၊ အိမ်စေများနှင့် လှေသမားများက လှေများကို လှော်ခတ်လာခဲ့ကြလေ၏။ သို့ဖြင့် သူတို့ လှေသိုက်သည် အမှောင်ကို ခိုကာ ဝုဝေကျန်းမြို့ဘက်သို့ ချဉ်းကပ်လာခဲ့ ကြ၏။

အချိန်မှာ သတ္တမလဖြစ်ပြီး လေတိတ်သည့် ညတညဖြစ်၏။ လရောင်သည် ကြည်လင် သော မြစ်ပြင်ပေါ်တွင် ဖြာလျက်ရှိ၍ စိမ်းညိုသော တောင်ရိပ်များသည် ကျောက်စိမ်းရောင် မြစ်ပြင်ပေါ်တွင် အရိပ်ထင်လျက် ရှိကြ၏။ ညသန်းခေါင်လောက်တွင် သူတို့လှေများ အားလုံးသည် ဝုဝေမြစ်ထဲသို့ ရောက်ရှိလာခဲ့ကြပြီး လှေများကို ကျူတောများကြားထဲတွင် တန်းစီ၍ ဆိုက်ထားခဲ့ကြ၏။ မြစ်ပြင်တွင် ကင်းလှည့်နေသည့် တုန်မင်းသည် သူ့လှေ ကလေးဖြင့် သူတို့အနီးသို့ ပြန်ရောက်လာ၏။

"မြို့ထဲမှာတော့ အားလုံး တိတ်ဆိတ်နေတာပဲဗျ"

စုန်ကျန့်က သဲအိတ်များ၊ ကျူရိုးစည်းများနှင့် ခြောက်သွေ့စပြုနေသော လွှစာမှုန့် အိတ်များကို ကမ်းပေါ်သို့ အတင်ခိုင်း၏။ စုန်ကျန့်သည် မြို့ရိုးကို သေချာစွာ ကြည့်ရှု၏။ အစောင့်က သန်းခေါင်ယံမောင်း တီးပြီးသည့်အခါတွင် စုန်ကျန့်သည် သဲအိတ်များ၊ ကျူရိုး စည်းများနှင့် လွှစာအိတ်များကို မြို့ရိုးခြေရင်းသို့ အသယ်ခိုင်း၏။ ရဲညီနောင်အားလုံး တို့သည် သူတို့လက်နက်များကို အသင့်ပြင်ထားကြ၏။ ချန်ဟင်း၊ ဖိုးရုံတို့ညီအစ်ကို တသိုက်နှင့် တုန်ညီအစ်ကိုတို့ သာလျှင် လှေများကို စောင့်ရန် ကျန်ရစ်ခဲ့ကြပြီး ကျန် ရဲညီနောင်တို့သည် မြို့ရိုးဆီသို့ ချဉ်းကပ်လာခဲ့ကြ၏။

မြို့ရိုးမှ လီဝက်ခန့်အကွာသို့ ရောက်လျှင် စုန်ကျန့်က ချူဆွဲထားသည့် ခိုတကောင် အလွှတ်ခိုင်းလိုက်၏။ မရှေးမနှောင်းဆိုသလိုပင် မြို့ရိုးတနေရာပေါ်သို့ ဝါးလုံးဖြင့် ထူထား သည့် အလံတခုသည် တလူလူတက်လာကာ လေထဲတွင် တဖျပ်ဖျပ် လွင့်လျက်ရှိ၏။ စုန်ကျန့်သည် သဲအိတ်များကို အလံတိုင်အနီးရှိ

မြို့ရိုးခြေရင်းတွင် အဆင့်ခိုင်း၏။ ထို့ နောက် ကျူရိုးစည်းများနှင့် ရေနံဆီ ဆွတ်ထားသည့် ထင်းစည်းများကို အယူခိုင်း၍ မြို့ရိုး ပေါ်သို့ တက်စေ၏။ မြို့ရိုးပေါ်တွင် သူတို့ကို စောင့်နေသည့် ပိုက်ရှုန်းနှင့် တွေ့သည်တွင် ပိုက်ရှုန်းက မြို့တွင်းရှိ တနေရာကို ညွှန်ပြလေ၏။

"လောက်ကောင်ဝမ်ရဲ့ အိမ်က အဲဒီလမ်းကြားထဲမှာဗျ"

"စွေ့ယုံနဲ့ ဟိုဂျန်တို့ကော ဘယ်မှာလဲကွ" ဟု စုန်ကျန့်က မေး၏။

"လောက်ကောင်ဝမ်ရဲ့ အိမ်ထဲမှာ ပုန်းနေကြပြီ။ နောင်ကြီးကို စောင့်နေကြတယ်"

"ရှိယုံနဲ့ ဒူရှုန်းတို့ကကော"

"သူတို့လည်း မြို့ရိုးတံခါးနားမှာ ရောက်ပြီး ပုန်းနေကြတယ်"

စုန်ကျန့်သည် သူ့လူများကို ခေါင်းဆောင်ကာ မြို့ရိုးပေါ်မှ နေ၍ မြို့ထဲသို့ ဆင်းလာ ခဲ့၏။ ထို့နောက် လောက်ကောင်ဝမ်၏ အိမ်ဆီသို့ လျှောက်လာခဲ့ရာ အမှောင်ရိပ်တံစက် မြိတ်အစွန်းတွင် စောင့်နေသော ဟိုဂျန်ကို တွေ့ရလေ၏။ စုန်ကျန့်က သူ့အနီးသို့ လှမ်း ခေါ်ကာ-

"စိုက်ခင်းတံခါးကို အသာဖွင့်။ ကျုပ်နဲ့ ပါလာတဲ့လူတွေက ကျူရိုးစည်းတွေနဲ့ ရေနံ ဆွတ်ထားတဲ့ ထင်းစည်းတွေကို စုပုံထားလိမ့်မယ်။ ပြီးတော့ စွေ့ယုံက မီးတင်ရှို့ပြီး လောက်ကောင်ဝမ်ရဲ့ တံခါးကို သွားထု။ ခင်ဗျားအိမ်နီးနားချင်းမှာ မီးလောင်နေပြီ၊ သူ့ ပစ္စည်းတွေကို ဒီမှာ လာထားချင်လို့ပါလို့ ပြော။ သူတို့တံခါးပွင့်လာရင် ဘာလုပ်ရမယ် ဆိုတာ ကျုပ်ဘာသာ ကျုပ် ကြည့်စီစဉ်မယ်"

စုန်ကျန့်သည် အစုနှစ်စုခွဲကာ လမ်းကြား တဖက်တချက်ကို အပိတ်ခိုင်းထားလိုက်၏။ ဟိုဂျန်သည် စိုက်ခင်းတံခါးကို ဖွင့်လေရာ အချို့က ကျူရိုးစည်းများ၊ ရေနံဆွတ်ထားသည့် ထင်းစည်းများကို ယူလာကာ စိုက်ခင်းအလယ်တွင် စုပုံထားလိုက်ကြ၏။ ထို့နောက် စွေ့ယုံကို မီးခတ် လှမ်းပေးလိုက်သည်တွင် စွေ့ယုံက ကျူရိုးစည်းများကို စတင်၍ မီးရှို့ လေ၏။ ထို့နောက် ဟိုဂျန်သည် လောက်ကောင်ဝမ်၏ အိမ်တံခါးကို တဗုန်းဗုန်း မြည်အောင် ထုကာ-

"ခင်ဗျားအိမ်နားမှာ မီးလောင်နေတယ်။ ပစ္စည်းတွေကို ထားချင်လို့ပါ။ တံခါးဖွင့်ပေး စမ်းပါ"

အိမ်ထဲတွင် ရှိသူများသည် တဖက်ဝင်းထဲမှ မီးတောက်များကို

မြင်နေရသဖြင့် တံခါးကို အမြန်ဖွင့်ပေးကြ၏။ စုန်ကျန့်၊ ကျောက်ခဲနှင့် အခြားသူတို့သည် ကြောက်စဖွယ် အော်ဟစ်ကာ အိမ်ထဲသို့ ပြေးဝင်သွားကြ၏။ သူတို့သည် တွေ့သမျှလူများကို ထိုးခုတ် သတ်ဖြတ်ကြရာ စုစုပေါင်း လူကြီးလူငယ် ငါးဆယ်ခန့် သေဆုံးကုန်ကြ၏။ တယောက်မျှ အရှင်မထားကြချေ။ သို့ရာတွင် လောက်ကောင်ဝမ်မှာ အိမ်တွင် မရှိချေ။

ရဲညီနောင်များသည် သူဆင်းရဲများထံမှ လောက်ကောင်ဝမ် ညှစ်ယူထားသော ငွေများ၊ အဖိုးတန်ပစ္စည်းများအားလုံးကို ယူခဲ့ကြ၏။ လောက်ကောင်ဝမ်၏ အိမ်မှ သေတ္တာများ၊ အဖိုးတန်ပစ္စည်းများကို ခြင်းတောင်းများတွင် ထမ်းပိုးလျှိုထမ်းပြီးနောက် မြို့ရိုးပေါ်သို့ တက်ပြေးကြ၏။

မြို့တံခါးတွင် သူတောင်းစားယောင်ဆောင်၍ စောင့်နေကြသော ရှိယုံနှင့် ဒူရှန်းတို့ သည် မြို့ထဲမှ မီးတောက်များကို မြင်သည့်အခါတွင် ခါးကြားထဲတွင် ဝှက်ထားသည့် ဓားမြှောင်များကို ထုတ်ကာ တံခါးစောင့်များကို သတ်ပစ်လိုက်ကြ၏။ အိမ်နီးနားချင်းများ သည် လှေကားများ၊ ရေပုံးများကို ယူ၍ မီးသတ်ရန် ပြေးလာကြလေ၏။ ရှိယုံနှင့် ဒူရှန်း တို့က-

"ဗျို့လူတွေ၊ ရှေ့မတိုးနဲ့။ ကျုပ်တို့ လျှံရှန်းတောင်ရိုးက တောပုန်းတွေ မြို့ထဲကို ရောက် နေကြပြီ။ ခု ကျုပ်တို့ လောက်ကောင်ဝမ်ကို လာပြီး လက်စားချေတာ။ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်အိမ်ထဲမှာ ကိုယ်နေကြ။ ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်ကြနဲ့"

အချို့သူများမှာ သူတို့စကားကို သဘောမပေါက်ကြသေးဘဲ ရပ်၍ ကြည့်နေကြ၏။ သို့ရာတွင် လေပွေနက်က စစ်ပုဆိန်ကြီးနှစ်လက်ကို ဝှေ့ယမ်းကာ သူတို့ဆီသို့ ပြေးလာ သည့်အခါတွင် လူများသည် ကြောက်အားလန့်အားဖြင့် အော်ဟစ်ကာ ရေပုံးများ၊ လှေကားများကို ကိုင်၍ ထွက်ပြေးကြ၏။

နောက်ဘက်လမ်းကြားထဲတွင် မြို့တံခါးကို စောင့်နေသည့် တပ်သားအချို့ ရှိနေ ကြ၏။ အချို့တပ်သားများသည် မီးချိတ်များ၊ ဂုန်အိတ်များကို ကိုင်၍ မီးသတ်ရန် ပြေးလာ ကြ၏။ ဟွာရုံက လေးတွင် မြားတပ်လိုက်ပြီးနောက် ထိပ်ဆုံးမှ တက်လာသော တပ်သားကို ပစ်ချလိုက်၏။ ထိုလူသည် မြေကြီးပေါ်သို့ လဲကျသွား၏။

"သေချင်တဲ့ကောင်တွေ လာပြီး မီးသတ်ကြဟေ့" ဟု ဟွာရုံက အော်၏။ တပ်သားများသည် နောက်သို့ ပြန်ဆုတ်သွားကြလေ၏။

စွေ့ယုံက လောက်ကောင်ဝမ်၏ အိမ်ထဲမှ ပစ္စည်းဟူသမျှကို မီးတင်၍ရှို့၏။ ခဏ ကြာလျှင် မီးတောက်များသည် တဟုန်းဟုန်းတောက်လောင်နေလေပြီ။

ထိုအချိန်၌ကား လေပွေနက်သည် မြို့တံခါးတွင် ခတ်ထားသည့် သော့ကို ရိုက်ချိုးကာ တံခါးကို ဖွင့်ပြီးလေပြီ။ တပ်သားအချို့မှာ ထိုမြို့တံခါးမှ နေ၍ ထွက်ပြေးကြ၏။ သို့ရာတွင် ပြေး၍ မလွတ်ပြီ။ အပြင်တွင် စောင့်နေသည့် ဖိုးရုံညီအစ်ကိုတသိုက်၊ ချန်ဟင်းနှင့် တုန် ညီအစ်ကိုတသိုက်တို့က သူတို့ကို ဆီး၍ ခုတ်ကြ၏။ လောက်ကောင်ဝမ်၏ အိမ်မှ ရသည့် သေတ္တာများနှင့် ခြင်းတောင်းများကို လှေများပေါ်သို့ တင်ကြ၏။ ထိုအချိန်၌ကား လျှံရှုန်း တောင်ရိုးမှ တောပုန်းများသည် ကျန်းကျို့မြို့ လူသတ်ကွင်းမှ အသတ်ခံရမည့်သူများကို လုယူကာ ခုခံသူမှန်သမျှကို သတ်ပစ်ခဲ့ကြောင်း ဝုဝေကျန်းတမြို့လုံး သိနေလေပြီ။

သူတို့ကို မည်သူ လိုက်လံ တိုက်ခိုက်ရဲတော့မည်နည်း။ အားလုံးပင် ခပ်ဝေးဝေးတွင် ရှောင်နေကြ၏။

လောက်ကောင်ဝမ်ကို ဖမ်းဆီးရမိခဲ့ခြင်း မရှိသည့်အတွက် စိတ်ပျက်လက်ပျက် ဖြစ်လျက် စုန်ကျန့်နှင့် ရဲရင့်သူတသိုက်သည် လှေများပေါ်သို့ တက်ကာ မြေရှင်မူ၏ အိမ်သို့ ပြန်လာခဲ့ကြလေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

ကောင်းကင်တခုလုံး နီရဲနေအောင် လောင်နေသော ဝုဝေကျန်းမြို့မှ မီးတောက်များကို မြင်သည့်အခါ၌ ကျန်းကျို့တမြို့လုံးမှာ အုတ်အော်သောင်းတင်း ဖြစ်လျက်ရှိ၏။ ထိုအကြောင်း သည် မြို့ဝန်ထံသို့ သတင်းရောက်ရှိလာ၏။ မြို့ဝန်ရုံးတွင် ရောက်နေသော လောက်ကောင် ဝမ်သည် ထိုသတင်းကို ကြားသည့်အခါတွင် များစွာ စိတ်ဒုက္ခရောက်လျက် ရှိ၏။

"ကျွန်တော့်မြို့မှာ မီးလောင်နေတယ်လို့ ကြားတယ်။ ကျွန်တော် အခြေအနေကို ပြန်ကြည့်ဦးမှ ထင်တယ်"

မြို့ဝန်ဆယ်သည် မြို့တံခါးဖွင့်ပေးကာ လောက်ကောင်ဝမ်အား ပြန်ခွင့်ပြုလိုက်၏။ လောက်ကောင်ဝမ်သည်လည်း လှေဖြင့် တဖက်ကမ်းသို့ ကူးရန်အတွက် မြို့ဝန်ကို ကျေးဇူး စကားဆိုကာ ထွက်လာခဲ့၏။ လောက်ကောင်ဝမ်သည် အခြွေအရံတယောက်နှင့် အတူ လှေပေါ်သို့ တက်လာခဲ့ပြီး တဖက်ကမ်းသို့ ကူးလာခဲ့၏။ ကမ်းစပ်သို့ ရောက်လျှင် မြို့ထဲတွင် လောင်နေသော မီးတောက်များကြောင့် မြစ်ပြင်တခုလုံးမှာ ရောင်ပြန်ဟပ်ကာ နီရဲလျက် ရှိသည်ကို တွေ့ရ၏။

"မြို့ရိုးမြောက်ဘက် တံခါးနားမှာ လောင်နေတာ ခင်ဗျ" ဟု လှေသမားတယောက်က ပြော၏။

လောင်ကောင်ဝမ်မှာ ပို၍ ဂနာမငြိမ် ဖြစ်လာခဲ့လေပြီ။ မြစ်လယ်သို့

ရောက်သည့်အခါ တွင် လှေငယ်တစီးသည် သူတို့အနီးမှ ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ ခဏအကြာတွင် နောက်ထပ် လှေငယ်တစီးကိုလည်း မြင်လိုက်ရပြန်၏။ ထိုလှေငယ်သည် သူတို့ကို ဖြတ် ကျော်မသွားဘဲ သူတို့လှေဆီသို့ တည့်တည့်ကြီး လာနေ၏။

"ဟေ့၊ ဘယ်က လှေလဲ။ ဘေးဖယ်" ဟု အခြွေအရံက အော်လိုက်၏။

လှေဝမ်းထဲမှ လူထွားကြီးတယောက် လှေနံရံပေါ်သို့ ခုန်တက်လာ၏။ သူ့လက်ထဲ တွင်လည်း မိုန်းကြီးတလက်ကို ကိုင်ထား၏။

"ဝုဝေကျွန်း မီးလောင်တဲ့ သတင်းကို ကျန်းကျို့ကို သွားပြီး သတင်းပို့မလို့ပါ"

လောက်ကောင်ဝမ်သည် လှေဝမ်းပေါင်းမိုးထဲမှ ခေါင်းပြူကာ-

"ဘယ်နားမှာ လောင်တာလဲဟေ့"

"မြောက်ဘက်တံခါးနားမှာဗျ။ ဟုန်ဝမ်ပင်းရဲ့ အိမ်သူအိမ်သားတွေကိုလည်း လျှံ့ရှန်း တောင်ရိုး၊ တောပုန်းတွေ သတ်သွားကြလို့ တယောက်မှ မကျန်တော့ဘူး။ ပစ္စည်းတွေ ကိုလည်း အကုန်ယူပြီး အိမ်ကိုလည်း မီးရှို့သွားကြတယ်"

လောက်ကောင်ဝမ်သည် တချက်ညည်းလိုက်၏။ ခေါင်းမှာလည်း မူးဝေလျက်ရှိလေပြီ။ လှေပေါ်မှ လူထွားကြီးသည် မိုန်းကောက်ကြီးဖြင့် လှေနံရံကို ဖမ်းချိတ်လိုက်ပြီး လှေကြီး ပေါ်သို့ ခုန်တက်လာ၏။ လောက်ကောင်ဝမ်သည် အကင်းပါးသူတယောက် ဖြစ်၏။ တခုခု ပြဿနာဖြစ်ပြီဟု သိလိုက်၏။ လောက်ကောင်ဝမ်သည် ပဲ့ပိုင်းဆီသို့ ပြေးသွားကာ မြစ်ထဲ သို့ ခုန်ချလိုက်၏။

သို့ရာတွင် အခြားလှေငယ်တစီးပေါ်မှ လူတယောက်သည် ရေထဲမှနေ၍ သူ့ကို စောင့် နေ၏။ ထိုလူသည် လောက်ကောင်ဝမ်ကို ခါးမှ ဖမ်းဆွဲထားလိုက်ပြီး လှေကြီးပေါ်သို့ ဆွဲတင်လာခဲ့၏။ လှေကြီးပေါ်တွင် ရောက်နေသည့် လူထွားကြီးက သူ့ကို လှေပေါ်သို့ ဆွဲတင်လိုက်ပြီး ကြိုးတချောင်းဖြင့် အုပ်လိုက်၏။ ဒီလှိုင်းဖြူချန်ရှွန်းက ရေထဲမှ ဆွဲဖမ်း လိုက်ခြင်း ဖြစ်ပေ၏။ မိုန်းကောက်ကြီးကို ကိုင်ထားသည့် လူထွားကြီးမှာ ရေနဂါးဘွဲ့ခံ လီကျွမ်း ဖြစ်၏။ ယခုအချိန်၌ သူတို့နှစ်ယောက်စလုံးသည် မြို့ဝန်၏ လှေကြီးပေါ်တွင် ရောက်နေကြလေပြီ။ မြို့ဝန်၏ လှေသမားများသည် ကြောက်ကြောက်ဖြင့် သူတို့ကို ထိုင်၍ ရှိခိုးကြ၏။ လီကျွမ်းက-

"မင်းတို့ကို မသတ်ပါဘူး။ တို့ လိုချင်တာက ဟောဒီက လူယုတ်မာ လောက်ကောင် ဝမ် ကိုသာ လိုချင်တာပါ။ လျှံ့ရှန်းတောင်ရိုးက တောပုန်းတွေဟာ

သူ့ခေါင်းကို ဒီအတိုင်း ထားဦးမယ်လို့ မြို့ဝန်စုတ်ကို သွားပြောချေကြ။ အေး၊ သူ့ခေါင်းကို နောက်မှ လာဖြတ် မယ်လို့၊ ထမင်းဝဝ စားထားလို့ ပြောလိုက်”

“ဟုတ်ကဲ့၊ သွားပြောပါ့မယ် ခင်ဗျာ” ဟု လှေသမားများက တုန်တုန်ယင်ယင်ဖြင့် ပြောကြ၏။

ချန်ရွှန်းသည် လောက်ကောင်ဝမ်ကို မိမိလှေပေါ်သို့ အပြောင်းခိုင်းပြီးနောက် မြို့ဝန်၏ လှေကြီးကို ပြန်လွှတ်လိုက်၏။ ရဲညီနောင်နှစ်ယောက်တို့သည် သူတို့လှေကလေးကို မြေရှင် မူရုံ၏ အိမ်ရှိရာ ကမ်းဆီသို့ ခပ်သုတ်သုတ် လှော်လာခဲ့ကြ၏။ ကမ်းပေါ်တွင်မူ လောက် ကောင်ဝမ်၏ အိမ်မှ ယူလာသော ပစ္စည်းများကို လှေများပေါ်မှ ချကာ သူတို့ကို စောင့်ကြိုနေသည့် တောပုန်းဗိုလ်များကို တွေ့ရ၏။ လောက်ကောင်ဝမ်အား ဖမ်းမိလာသည်ကို မြင်ရသည့်အခါ၌ စုန်ကျန့်မှာ ပြောမပြနိုင်လောက်အောင် ဝမ်းသာလျက် ရှိလေပြီ။

“ကျုပ်တို့ လိုချင်နေတဲ့လူ ရောက်လာပြီ” ဟု တောပုန်းဗိုလ်များက အော်ကြ၏။ လီကျွမ်းနှင့် ချန်ရွှန်းတို့သည် လောက်ကောင်ဝမ်ကို ကမ်းပေါ်သို့ ခေါ်လာ၏။ တောပုန်းဗိုလ်များသည် လောက်ကောင်ဝမ်ကို မြေရှင်မူ၏ အိမ်သို့ ခေါ်သွားကြ၏။ ချူကွီ နှင့် ဆုံဝမ်တို့က ပြန်ရောက်လာသော တောပုန်းဗိုလ်များကို ဆီးကြိုကြ၏။ သူတို့အားလုံး သည် သက်ငယ်မိုးထားသည့် ခန်းဆောင်ထဲသို့ ဝင်သွားကာ နေရာအသီးသီးတွင် ထိုင်လိုက်ကြ၏။

စုန်ကျန့်သည် လောက်ကောင်ဝမ်၏ စိုရွှဲနေသော အဝတ်အစားများကို လဲစေပြီး နောက် သူ့ကို မိုးမခပင်တပင်တွင် ကြိုးဖြင့် ချည်ထားပြီး တောပုန်းဗိုလ်များအား ဝိုင်း၍ ထိုင်ရန် ခေါ်လိုက်၏။ ထို့နောက် စိမ်ရည်အိုးတအိုးနှင့် ခွက်များကိုလည်း အယူခိုင်းလိုက်၏။ ကျောက်ခဲမှ အောက်ဆုံးအဆင့် ပိုက်ရှန်းအထိ စုစုပေါင်း ရဲညီနောင်သုံးဆယ်ခန့် ရှိပေ၏။ အရက်များကို ခွက်များထဲသို့ ထည့်ပြီးသည့်အခါတွင် စုန်ကျန့်က လောက်ကောင်ဝမ်ဘက်သို့ လှည့်၍-

“ခင်ဗျား တော်တော်မိုက်လုံးကြီးတဲ့ လူပဲ ဟင်။ ခင်ဗျားကို ဒုက္ခရောက်အောင် ကျုပ် တခါမှ မလုပ်ခဲ့ဖူးဘူး။ ဒါနဲ့တောင် ကျုပ်ကို ဘာဖြစ်လို့ ဒုက္ခရောက်အောင် လုပ်ရတာလဲ။ ကျုပ်ကို သတ်ဖို့ မြို့ဝန်ဆယ်ကို ခင်ဗျား မြှောက်ပေးခဲ့တာ လေး ငါး ခြောက်ခါ ရှိပြီ။ ခင်ဗျားဟာ စာပေကျမ်းဂန်တွေကို တတ်တဲ့လူ။ ဒါနဲ့တောင် ဘာဖြစ်လို့ ဒီလောက် စိတ်ထား ယုတ်ညံ့ရသလဲ။ ခင်ဗျားနဲ့ ကျုပ်ကြားထဲမှာ သွေးကြွေးလည်း မရှိခဲ့ဘူး။ ဘာဖြစ် လို့ ကျုပ်အပေါ်မှာ မကောင်းကြံရတာလဲ။ ခင်ဗျားအစ်ကို ဟုန်ဝမ်ယီဟာ ခင်ဗျားနဲ့ တမအေတည်းက မွေးခဲ့တာပဲ။ ဒါပေမဲ့ ဟိုလူက ကြင်နာသနားတတ်တယ်။ ဒါကြောင့် သူ့ကို ဘုရားလောင်းဝမ်လို့ ခေါ်ခဲ့ကြတယ်။ မနေ့ညတုန်းက သူ့ကို ဘာမှ အန္တရာယ်မဖြစ်

စေနဲ့လို့ ကျုပ်တို့လူတွေကို မှာလိုက်တယ်။ ခင်ဗျားကတော့ လူတိုင်းကို လိုက်ပြီး ဒုက္ခပေး နေတဲ့လူ။ ခင်ဗျားဟာ အာဏာရှိသူတွေနဲ့ ပေါင်း၊ အရာရှိတွေကို အောက်ကျို့ပြီး အပြစ် မဲ့တဲ့လူတွေကို ဒုက္ခပေးခဲ့တယ်။ ဒါကြောင့် ဝုဝေကျန်းမြို့မှာ ခင်ဗျားကို လောက်ကောင်ဝမ် လို့ ခေါ်ခဲ့ကြတယ်။ ကဲ၊ ဒီနေ့တော့ ခင်ဗျားမှာရှိတဲ့ အစွယ်ကို ထုတ်ပစ်ရတော့မှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်ဟာ မကောင်းတာတွေကို လုပ်ခဲ့ပါတယ်။ ကျွန်တော့် ကို သတ်မယ်ဆိုရင်လည်း မြန်မြန် သေအောင် သတ်ပစ်လိုက်ကြပါ"

ကျောက်ခဲက-

"ဟော့၊ မြည်းသူခိုး။ ဘာ ခုမှ ကြောက်ပါပြီလဲ။ ကြောက်ရင် ဘာဖြစ်လို့ အစက မကောင်းမှုတွေကို လုပ်ခဲ့သေးသလဲ"

"ကဲ၊ ရဲညီနောင်တို့။ ကျုပ်အတွက် ဘယ်သူ လက်စားချေချင်သလဲ" ဟု စုန်ကျန့်က မေးလိုက်၏။ လေပွေနက် ခေါ် လီကွေ့သည် ရှေ့သို့ ခုန်ထွက်လာခဲ့ကာ-

"နောင်ကြီးအစား ဒီကောင့်ရဲ့ အသားကို ကျွန်တော် လှီးချင်တယ်ဗျာ"

လေပွေနက်သည် အသွားထက်လှသော ဓားကြီးတချောင်းကို ယူလာပြီး လောက် ကောင် ဝမ်ကို ကြည့်၍ ရယ်လိုက်၏။

"မြို့ဝန်ဆယ်ရဲ့ ခန်းဆောင်ထဲမှာတုန်းကတော့ မင်းဟာ သူများကို ချောက်တွန်းခဲ့ တယ်။ မြို့ဝန်ကို မြှောက်ထိုးပင့်ကော် လုပ်ပေးခဲ့တယ်။ ကုန်းချောခဲ့တယ်။ လိမ်ခဲ့တယ်။ ဘာ အခုမှမြန်မြန်သေချင်နေရတာလဲ။ မင်းကိုတဖြည်းဖြည်း ညှဉ်းသတ်မယ်ကွ၊ သိရဲ့လား" လေပွေနက်သည် လောက်ကောင်ဝမ်၏ ခြေထောက်များကို စ၍ လှီးလေ၏။ ခဏ ကြာလျှင် လောက်ကောင်ဝမ်၏ ခန္ဓာကိုယ်သည် ဖဲကြိုးများကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေလေပြီ။ ထိုအခါကျမှ လေပွေနက်သည် လောက်ကောင်ဝမ်၏ ရင်ကို ခွဲကာ နှလုံးကို ထုတ်ယူလိုက်ပြီး ဝိုင်းကြည့်နေကြသည့် ရဲညီနောင်များဘက်သို့ မြှောက်ပြ၏။ ရဲညီနောင် များသည် သက်ယယ်မိုး ခန်းဆောင်ထဲသို့ ပြန်ဝင်လာခဲ့ကြကာ စုန်ကျန့်ကို ချီးကျူးကြ၏။

စုန်ကျန့်သည် ချက်ချင်းပင် ကြမ်းပြင်ပေါ်သို့ ဒူးထောက် ထိုင်ချလိုက်သဖြင့် သူတို့ အားလုံး အံ့အားသင့်လျက် ရှိကြ၏။ သူတို့ အားလုံးသည်လည်း စုန်ကျန့်ကဲ့သို့ပင် ကြမ်း ပေါ်သို့ ဒူးထောက် ထိုင်ချလိုက်ကြ၏။

"ဘာဖြစ်လို့လဲဗျ။ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ကျွန်တော် နားထောင်ချင်ပါတယ်"

"ကျွန်တော်ဟာ အရည်အချင်း မရှိတဲ့ စာရေးကလေးတယောက်ပါဗျာ။ ဒါပေမဲ့ ကျွန်တော်ဟာ လူတွေအားလုံးအပေါ်မှာ ကောင်းတာတွေကို လုပ်ခဲ့ပြီး ရဲညီနောင်တွေကို အမြဲလေးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ နှလုံးရည်၊ လက်ရုံးရည် ညံ့ဖျင်းလေတော့ သူတို့ကို ထိုက်တန်အောင် မပြုစုနိုင်ခဲ့သေးပါဘူး။ ကျွန်တော် သူတို့ကို ပြုစုချင်နေတာ ကြာလှပါပြီ။ ကျွန်တော့်ကို ကျန်းကျိုးမြို့ကို ပို့ခဲ့တုန်းက ကျောက်ခဲနဲ့ အခြားသော တပ်ဖိုလ် များက သူတို့နဲ့ အတူနေဖို့ ကျွန်တော့်ကို ပြောခဲ့ကြဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဖခင် ကြီးက သေသေချာချာ မှာလိုက်တဲ့အတွက် ကျွန်တော် မနေနိုင်ခဲ့ဘူး။ ရှင့်ယန်မြစ်ထဲ ရောက်တော့ ကျွန်တော့်မှာ ဘုရား မ လိုက်လို့ အခြားသော ရဲညီနောင်များနဲ့ ထပ်မံ တွေ့ဆုံခဲ့ရပြန်တယ်။ ကျွန်တော်ဟာ မသိ မိုက်မဲတဲ့အတွက် အရက်မူးပြီး ပုန်ကန်ဖီဆန်တဲ့ စာတွေကို ရေးခဲ့မိလို့ ထောင်ထဲ ရောက်၊ ထောင်ထဲရောက်တော့လည်း ဟောဒီက ထောင်မှူးထိုက်ချုံဟာ ကျွန်တော့်အတွက် ဒုက္ခရောက်ခဲ့ရပြန်တယ်။ ပြီးတော့ နောင်တော် တို့ဟာ အန္တရာယ်ကို ပဓာန မထားဘဲ ကျွန်တော့်ကို ကျားရဲတွင်းထဲက ကယ်ထုတ်ခဲ့ကြ တယ်။ နဂါးသိုက်ထဲက ကျွန်တော့်ကို ဆွဲထုတ်ပြီး အသက်ကို ကယ်ခဲ့ကြတယ်။ ခုတခါ နောင်တော်လီဟာ ကျွန်တော့်အတွက် ဂုဏ်ရှိစွာ လက်စားချေခဲ့ကြပြန်တယ်။

"ဒါပေမဲ့ ကျွန်တော်တို့တွေဟာ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့ကြပြီ။ ခရိုင်မြို့ကြီးနှစ်မြို့ကို ကသောင်းကနင်းဖြစ်အောင် လုပ်ခဲ့ကြပြီ။ ဒီသတင်းဟာ ဘုရင်ကေရာဇ်ရဲ့ နားကို ရောက်မှာ အမှန်ပဲ။ ဒီတော့ ကျွန်တော့်အဖို့မှာ လျှံရှန်းတောင်ရိုးက နောင်တော်တို့တတွေ ဆီကို လိုက်ဖို့မှအပ တခြားလမ်း မရှိတော့ပါဘူး။ နောင်တော်တို့ကော ကျွန်တော့်လိုပဲ ယူဆရင် အထုပ်အပိုးကို ပြင်ပြီး လိုက်ခဲ့ကြပေတော့။ မသွားချင်တဲ့လူ ရှိရင် ပြောပါ။ ကျွန်တော် နောင်တော်တို့စကားကို နားထောင်ပါ့မယ်။ ကျွန်တော် ခုလို ပြောရတာဟာ လည်း နောင်တော်တို့အထဲမှာ သဘောမတူတဲ့ သူများ ရှိလိုရှိငြားဆိုပြီး......"

"တူတယ်ဗျို့။ သွားမယ်။ လိုက်မယ်။ မလိုက်ချင်တဲ့လူ ရှိရင် ဟောဒီက ပုဆိန်ကို ကြည့်။ နှစ်ပိုင်းပြတ်သွားမယ်" ဟု လေပွေနက်က ပြောလေ၏။

"ဒီလိုမပြောပါနဲ့ နောင်ကြီးရာ။ ကိုယ့်သဘောနဲ့ ကိုယ် ဆုံးဖြတ်ပါစေ" သူတို့လူများသည် အချင်းချင်း တိုင်ပင်ကြလေ၏။

"ကျွန်တော်တို့ဟာ အရာရှိတွေကိုလည်း သတ်ပစ်ခဲ့ပြီ။ မြို့နှစ်မြို့ကိုလည်း ကသောင်း ကနင်း ဖြစ်အောင် လုပ်ပစ်ခဲ့ပြီ။ မြို့ဝန်က ဘုရင်ဆီကို လျှောက်ရင် ကျုပ်တို့ကို စစ်တပ်နဲ့ လိုက်ဖမ်းမှာ အမှန်ပဲ။ ဒီတော့ ကျွန်တော်တို့အဖို့ နောင်တော်စုန်ကျန်နဲ့ သေအတူ ရှင် မကွာ လိုက်ရင်လည်း လိုက်၊ မလိုက်ရင် ဘယ်ကို သွားစရာရှိသေးလို့လဲ"

စုန်ကျန့်သည် ကျေနပ်သွားကာ သူတို့အားလုံးကို ကျေးဇူးတင်ကြောင်း ပြော၏။ ထိုနေ့တွင် သူတို့သည် တောင်ရိုးသို့ အကြောင်းကြားရန် ချူကွီနှင့် ဆုံဝမ်တို့ကို ရှေ့ပြေး အဖြစ် လွှတ်လိုက်ကြ၏။

သူတို့အစုကို ငါးစုခွဲ၍ လိုက်ကြ၏။ ပထမအစုတွင် ကျောက်ခဲ၊ စုန်ကျန့်၊ ဟွရုံ၊ ထိုက်ချုံနှင့် လီကွေ့တို့ ပါကြ၏။ ဒုတိယအစုတွင် လျူထန်၊ ဒူရှန်း၊ ရှိယုံ၊ စွေ့ယုံနှင့် ဟိုဂျန်တို့ ပါကြ၏။ တတိယအစုတွင် လီကျွမ်း၊ လီလီ၊ လူ့ဖန်၊ တုန်မင်းနှင့် တုန်ဝေ့တို့ ပါကြ၏။ စတုတ္ထအစုတွင် ဟုန်ဆင့်၊ ချန်ရွှန်း၊ ချန်ဟင်းနှင့် ဖိုးရုံညီအစ်ကိုတသိုက်တို့ ပါကြ၏။ ပဥ္စမအစုတွင် မူဟုန်၊ မူချွန်း၊ ယန်ရှင့်၊ ဗိုလ်ကျားပုဝမ်၊ ချန်တန်ရှူနှင့် ပိုက်ရှန်းတို့ ပါကြ၏။ နှစ်ဆယ့်ရှစ်ယောက်သော ထိုလူများနှင့် သူတို့၏ နောက်လိုက်များသည် လောက်ကောင် ဝမ်၏ အိမ်မှ ယူလာသော ပစ္စည်းများကို ခွဲဝေယူကာ လှည်းများပေါ်သို့ တင်ကြ၏။

မြေရှင်မူနှင့် မိသားစုများကို လည်းကောင်း၊ ပစ္စည်းများကို လည်းကောင်း လှည်းပေါ် သို့ တင်ကြ၏။ တောင်ရိုးသို့ လိုက်ပါလိုခြင်းမရှိသော တပည့်တပန်းများအား ငွေစင်များ ပေးပြီးနောက် သခင်သစ်များထံတွင် အလုပ်ရှာရန် ပြောခဲ့ကြ၏။ လိုက်လိုသူများကမူ အတူလိုက်ပါလာခဲ့ကြ၏။ ပထမအစုလေးစုသည် ရှေ့မှ ထွက်ခွာနှင့်ကြ၏။ မူဟုန်သည် မီးတုတ် ဆယ်ချောင်းကို ထုတ်ယူလာကာ သူတို့အိမ်ကို မီးတင်၍ ရှို့ပစ်ခဲ့၏။ ထို့နောက် လယ်ယာများကို ခွဲခွာကာ လျှံရှန်းတောင်ရိုးဆီသို့ ဦးတည်ထွက်လာခဲ့လေ၏။

သူတို့အစုများသည် တစုနှင့် တစု လီနှစ်ဆယ်အကွာ ထား၍ ရှေ့နောက် ချီတက်လာ ခဲ့ကြ၏။ ယခု ပထမအစုအကြောင်းကို ပြောပြပေအံ့။

ထိုအစုတွင် ကျောက်ခဲ၊ စုန်ကျန့်၊ ဟွရုံ၊ ထိုက်ချုံနှင့် လီကွေ့တို့ ပါဝင်ပြီး သူတို့ အားလုံး မြင်းကိုယ်စီ စီးလာခဲ့ကြ၏။ နောက်လိုက်နောက်ပါများမှာ ခြေကျင်အချို့၊ လှည်းဖြင့် အချို့ လိုက်ပါလာခဲ့ကြ၏။ တတိယမြောက်နေ့တွင် သူတို့အစုသည် တံခါးဝတောင်ရိုးဟု ခေါ်သည့် နေရာသို့ ရောက်လာခဲ့ကြ၏။ စုန်ကျန့်က ကျောက်ခဲဘက်သို့ လှည့်၍-“တောင်ရိုးကြီးကို ကြည့်ရတာကိုက ကြောက်စရာကြီးနော်။ ကြည့်ရတာ တောပုန်း တွေ ပြည့်နေမှာပဲ။ ကျွန်တော်တို့ ဒီတောင်ရိုးပေါ် မတက်ခင် နောက်က လိုက်လာတဲ့ တပ်စုတွေကို အမီလိုက်လာဖို့ အခေါ်ခိုင်းလိုက်ရရင် မကောင်းဘူးလား”

ထိုသို့ပြော၍မှ မဆုံးသေးမီ တောင်ကြားတနေရာဆီမှ မောင်းသံများနှင့် စည်သံများ ကို ကြားရ၏။

“ကဲ၊ ကျွန်တော် မပြောဘူးလား။ ဒီနေရာမှာတင် ရပ်နေရင် ကောင်းမယ်ထင်တယ်။ ကျွန်တော်တို့လူတွေ မီလာတော့မှ ဒီကောင်တွေကို

တိုက်ရအောင်”

ဟွရုံသည် သူ့လေးတွင် မြားကို တပ်လိုက်၏။ ကျောက်ခဲနှင့် ထိုက်ချုံတို့က သူတို့ မိုန်းကြီးများကို ကောက်ကိုင်လိုက်ကြ၏။ လီကွေ့က သူ့ပုဆိန်ကြီးနှစ်လက်ကို ဆုပ်ထား လိုက်၏။ သူတို့သည် စုန်ကျန့်အနီးတွင် ဝန်းရံပြီးနောက် မြင်းများဖြင့် ရှေ့သို့ တက်လာခဲ့ ကြ၏။ တောပုန်း လေး ငါးရာခန့်တို့သည် တောင်ပေါ်မှ တောင်အောက်သို့ မြင်းများဖြင့် ဒုန်းစိုင်းဆင်းလာကြ၏။ သူတို့ရှေ့တွင် ခေါင်းဆောင်တပ်ဗိုလ် လေးယောက်တို့သည် လက်နက်များကို ကိုင်ဆောင်၍ လာကြ၏။

“ဗျို့လူ၊ ခင်ဗျားဟာ ကျန်းကျို့မြို့ကိုလည်း တိုက်ခဲ့ပြီးပြီ။ ဝုဝေကျန်းမြို့ကိုလည်း မီးတိုက်ခဲ့ပြီးပြီ။ အစိုးရတပ်ဗိုလ်တွေနဲ့ တပ်သားတွေကိုလည်း သတ်ခဲ့ပြီးပြီ။ ဒါတောင် လျှံရှန်းတောင်ရိုးကို ပြန်ချင်သေးသလား။ ကျုပ်တို့ ခင်ဗျားကို စောင့်နေတာ ကြာလှပြီ။ ဗျို့ လူတွေ၊ ဦးနှောက်ရှိသေးတယ်ဆိုရင် စုန်ကျန့်ကို ထားပစ်ခဲ့ကြ။ သူ့ကို ထားခဲ့ရင် ခင်ဗျားတို့ အသက်ကို ချမ်းသာပေးလိုက်မယ်” ဟု တပ်ဗိုလ်လေးယောက်တို့က အော်ကြ၏။

စုန်ကျန့်သည် မြင်းပေါ်မှ ဆင်းကာ မြေပြင်တွင် ဒူးထောက်ထိုင်လိုက်ပြီးလျှင်-

“ကျွန်တော် စုန်ကျန့်ကို အနိုင်အထက် လုပ်ခဲ့တဲ့သူများ ရှိခဲ့ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် သူတို့ကို ဘာမှ မလုပ်နိုင်ခဲ့ပါဘူး။ ဟောဒီက ရဲညီနောင်တွေဟာ သူတို့ကို လက်စားချေနိုင်ပြီး ကျွန်တော့်ကို ကယ်လာခဲ့တဲ့သူတွေပါ။ ခု နောင်တော်တို့ သူရဲကောင်း လေးယောက်ကို ကျွန်တော် ဘာများ အမှားလုပ်မိပါသလဲဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပြီး ချမ်းသာပေးကြပါ”

တောပုန်းဗိုလ်လေးဦးတို့သည် မြင်းပေါ်မှ လျှောဆင်းလာကြကာ လက်နက်များ ချလိုက်ပြီးနောက် ရှေ့သို့ တိုးလာပြီး သူ့ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ကြ၏။

“ရှန်တောင်နယ်က ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်အကြောင်းကို ကျွန်တော်တို့ ကြားဖူး နေတာ ကြာပြီဗျာ။ ကျွန်တော်တို့ နောင်ကြီးကို တွေ့ချင်နေပေမယ့် အခွင့်အရေးကို မရခဲ့သေးဘူး။ နောက်တော့ နောင်ကြီးတယောက် ကျန်းကျို့ထောင်ထဲမှာ ရှိတယ် ကြားလို့ အကျဉ်းထောင်ကို ဝင်စီးဖို့ စိတ်ကူးကြပါသေးတယ်။ ဒါပေမဲ့ ခိုင်လုံတဲ့သတင်းကို မရလို့ ဘာမှမတတ်နိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ တနေ့ကတော့ ကျွန်တော်တို့ တယောက်ကို လွှတ်ပြီး မြို့ထဲကို သတင်းစုံစမ်းခိုင်းလိုက်ပါတယ်။ ရဲရင့်တစုက ကျန်းကျို့မြို့ကို ဝင်စီးပြီး လူသတ် ကွင်းကနေ စုန်ကျန့်ကို ကယ်သွားတယ်လို့ သူက ပြောပါတယ်။

စုန်ကျန့်ကို ကျီယန်မြို့ကို ခေါ်သွားတယ်လို့လည်း ကြားခဲ့ပါတယ်။ ပြီးတော့ ဝုဝေကျန်းမြို့ကိုလည်း မီးတင်ရှို့ပြီး လောက်ကောင်ဝမ်အိမ်ကို လုယက်ဖျက်ဆီးသွားတယ်လို့လည်း ကြားရပါတယ်။ ဒါနဲ့ နောင်ကြီးတော့ ဒီလမ်းကို ဖြတ်မှာပဲလို့ တွက်ပြီး ကျွန်တော်တို့ ကင်းထောက်တွေကို လွှတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ ခုလူတွေဟာ နောင်ကြီးကို ကယ်လာခဲ့တဲ့သူတွေ ဟုတ် မဟုတ် မသေချာတာနဲ့ ကျွန်တော်တို့အနေနဲ့ နည်းနည်း အားပြကြည့်တာပါ။ နောင်တော် ကို အထိတ်တလန့်ဖြစ်အောင် လုပ်မိတယ်ဆိုရင် ခွင့်လွှတ်ပါဗျာ။ ဒီနေ့တော့ ကျွန်တော်တို့ တွေ့ချင်နေတဲ့သူကို တွေ့ရပြီပေါ့။ ကျွန်တော်တို့ ခံတပ်ကလေးထဲမှာ ကျွေးမွေးဧည့်ခံပွဲ ကလေးတခု ရတတ်သမျှနဲ့ လုပ်ဖို့ စီစဉ်ထားပါတယ်။ နောင်ကြီးနဲ့ နောင်ကြီးရဲ့ ရဲညီနောင် တွေ ခဏတဖြုတ်လောက် အချိန်မပေးနိုင်ဘူးလား”

စုန်ကျန့်သည် များစွာ ကျေနပ်သွား၏။ တပ်မိုလ်လေးယောက်တို့အား လက်ဆွဲ၍ အထခိုင်းပြီးလျှင် သူတို့အမည်များကို မေးမြန်း၏။ ခေါင်းဆောင်မှာ အိုပင်း ဖြစ်ပြီး ဟန်ကျို့ နယ်သားဖြစ်သည်။ သူသည် တခါက ယန်စီမြစ်ပေါ်တွင် တပ်မိုလ်တဦး ဖြစ်ခဲ့ဖူး၏။ သို့ရာတွင် အထက်လူကြီးကို အာခံခဲ့သဖြင့် သူသည် ထွက်ပြေးလာကာ တောပုန်း ဖြစ်လာ ခဲ့ခြင်းဖြစ်၏။ သူ့အမည်မှာ တိမ်ညွန့်စားသည့် ရွှေတောင်ပံဟု အမည်တွင်၏။

နောက်တယောက်မှာ ဟူနန်နယ်သားဖြစ်သည့် ကျန်ကျင်း ဖြစ်၏။ အစတွင် သူသည် အစိုးရစာတော်ပြန်ပွဲများတွင် ဝင်ရောက်ဖြေဆိုခဲ့ဖူး၏။ သို့ရာတွင် စာမေးပွဲကျသည့်အခါ၌ သူသည် ကလောင်ကို စွန့်ကာ ဓားကို ကောက်ကိုင်ခဲ့၏။ ကျန်ကျင်းသည် ဉာဏ်ထက်မြက် သူဖြစ်ပြီး သင်္ချာပညာတွင် ကျွမ်းကျင်၏။ သောင်းဂဏန်းချီ၍ တွက်ရာတွင် တချက် ကလေးမျှ မမှားသူဖြစ်၏။ ကျန်ကျင်းသည် ဓားရေးနှင့် တုတ်သိုင်းအတတ်ပညာတို့တွင် ကျွမ်းကျင်ပြီး စစ်ပွဲများတွင် နည်းပရိယာယ်ကိုလည်း ပိုင်နိုင်သူဖြစ်၏။ သူ့ကို စေတလုံး သင်္ချာဝိဇ္ဇာဟုလည်း ခေါ်ကြ၏။

တတိယတယောက်မှာ ကျန်ကန်းခရိုင်မှ မာလင်းဆိုသူ ဖြစ်၏။ သူသည် အစက မွေ့ ဆရာ ဖြစ်၏။ သို့ရာတွင် သူ့ဓားမြှောင်ကို ထုတ်ပြီဆိုသည်နှင့် အနားသို့ လူတရာ မကပ်ရဲ တော့ပြီ။ သူ့အမည်မှာ မှင်စာပလွေဆရာဟု အမည်တွင်၏။

စတုတ္ထတယောက်မှာ ကွမ်ကျို့ပြည်နယ်မှ တောက်ချုံဝမ်း အမည်ရှိသူ ဖြစ်၏။ သူ့မိဘ များသည် သူရင်းငှားများ ဖြစ်ကြ၏။ သူသည် ဓားရေး၊ လှံရေးတွင်လည်း ကျွမ်းကျင်၏။ သူ့အမည်ကို လိပ်ပွေးညှပ်မီးဟုလည်း ခေါ်ကြ၏။

ရဲညီနောင်လေးဦးတို့သည် စုန်ကျန့်ကို ဆီးကြိုလေရာ သူတို့နောက်လိုက်များသည် စားသောက်ဖွယ်များ၊ အမြည်းများကို ယူလာကြ၏။

စိမ်ရည်အိုးကြီးတလုံး၊ အသား ပန်းကန် နှစ်ပန်းကန်တို့ကို ယူလာကာ စိမ်ရည်တို့ကို ငှဲ့ပေးကြ၏။ ခွက်များကို ကျောက်ခဲ၊ စုန်ကျန့်၊ ဟွရုံ၊ ထိုက်ချုံနှင့် လီကွေ့တို့အား အစဉ်အလိုက် ကမ်းပေး၏။ ကျန်တပ်သားများ ကလည်း မိတ်ဆက်ပေးရာ သူတို့ကိုလည်း ကျွေးမွေး ဧည့်ခံကြလေ၏။

နာရီနှစ်မောင်းလောက်အကြာတွင် ဒုတိယတပ်စု ရောက်လာ၏။ တပ်ဗိုလ်များကို လည်း မိတ်ဆက်ပေးကြ၏။ စားသောက်ပြီးသည့်အခါတွင် သူတို့အား တောင်ရိုးပေါ်သို့ ဖိတ်သဖြင့် ဗိုလ်ဆယ်ယောက်တို့သည် တံခါးဝါတောင်ရိုးစခန်းပေါ်သို့ လိုက်လာခဲ့ကြ၏။ တပ်ဗိုလ်လေးယောက်တို့သည် မြင်းများ၊ နွားများကို ပေါ်စေကာ ဧည့်သည်များအား ဧည့်ခံ ကျွေးမွေးကြပြန်၏။ နောက်ထပ် တပ်စုသုံးစု ရောက်လာသည့်အခါတွင်လည်း တောပုန်း များကို တောင်အောက်သို့ လွှတ်ကာ ဆီးကြိုခိုင်းပြီး ကျွေးမွေးဧည့်ခံခြင်း ပြုပြန်၏။

သူတို့တတွေ စားသောက်နေကြစဉ် စုန်ကျန့်က တပ်ဗိုလ်လေးယောက်တို့အား ပြော သည်မှာ-

"ကျွန်တော်က လျှံရှန်းတောင်ရိုးမှာ ရှိတဲ့ နောင်ကြီးကျောက်ခဲတို့ဆီကို လိုက်လာ တာပါ။ ဒီတော့ နောင်တော်တို့ကော ဒီတောင်ရိုးစခန်းကို စွန့်ပြီး လျှံရှန်းတောင်ရိုးကို လိုက်ချင်ကြသလား"

"နောင်ကြီးတို့ ရဲညီနောင်နှစ်ယောက်က ကျွန်တော်တို့ကို အထင်မသေးဘူးဆိုရင် ကျွန်တော်တို့လည်း နောင်ကြီးတို့အပါးမှာ မြင်းထိန်းအဖြစ်နဲ့ပဲ ဖြစ်စေ လိုက်ပါတယ်ဗျာ"

"ကဲ၊ ဒီလိုဆိုရင် လိုက်ဖို့ အဆင်သင့်ပြင်ကြပေတော့" ဟု ကျောက်ခဲနှင့် စုန်ကျန့် တို့က ဝမ်းမြောက်ဝမ်းသာ ပြောကြ၏။

တပ်ဗိုလ်အားလုံးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် ထိုညတွင် ထိုတောင်ရိုးစခန်း မှာပင် အိပ်စက်ကြလေ၏။

နောက်တနေ့တွင် ကျောက်ခဲနှင့် စုန်ကျန့်တို့သည် တောင်အောက်သို့ ဆင်းသွားကာ ယခင်ကကဲ့သို့ပင် တပ်စုနှင့် ထွက်သွားကြ၏။ အခြားတပ်စုများသည် လီနှစ်ဆယ်စီ ခွာ၍ နောက်မှ တံခါးဝါတောင်ရိုးရှိ တောပုန်းဗိုလ်လေးဦးနှင့် သူတို့၏ နောက်လိုက်နောက်ပါ လေး ငါးရာခန့်တို့သည်လည်း အဖိုးတန်ပစ္စည်းများကို ယူကာ စခန်းကို မီးရှို့ဖျက်ဆီးခဲ့ပြီး နောက်ဆုံးမှ ချီတက် လိုက်ပါလာခဲ့ကြ၏။ သူတို့ လိုက်ပါလာသည့်အတွက် စုန်ကျန့်သည် ပျော်နေ၏။ စုန်ကျန့်သည် မြင်းစီး၍ လိုက်ပါလာရင်း ကျောက်ခဲဘက်သို့ လှည့်၍-"ကျွန်တော် ဝရမ်းပြေးဖြစ်ခဲ့ကတည်းက တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ ကြောက်

စရာကောင်းပေမယ့် လူကောင်းတွေ တော်တော်များများကို သိကျွမ်းခဲ့ရတယ်ဗျာ။ ဒီတော့ ကျွန်တော်လည်း နောင်ကြီးတို့နဲ့ တောပုန်းစခန်းကို လိုက်ခဲ့တော့မယ်။ ကျွန်တော့် စိတ်ကို ဒုန်းဒုန်းချပြီးပါပြီ။ ကျွန်တော်တို့တတွေ သေအတူ ရှင်အတူပေါ့”

သူတို့သည် လမ်းတလျှောက်လုံးတွင် စကားတပြောပြောဖြင့် လိုက်ပါလာခဲ့ကြ၏။ ချူကွိ၏ ထမင်းဆိုင်ကလေးသို့ ရောက်လာမှန်းပင် မသိလိုက်ကြချေ။

တောပုန်းစခန်းကို စောင့်ရှောက်ကျန်ရစ်ခဲ့ကြသည့် ဝုရုံ၊ ကုန်ဆွန်ရှန်း၊ လင်ချုံး၊ ချင်မင်းတို့အပြင် နောက်ထပ် ရောက်လာကြသော ရှောင်ရန်းနှင့် ကျင်တာကျန်းတို့ကို လည်း ချူကွိနှင့် ဆုံဝမ်တို့က မိတ်ဆက်ပေးကြ၏။ ကျန်စခန်းတွင် ကျန်ခဲ့သူများသည် တိုက်စည်တိုက်မောင်းများ၊ ပလွေများ ဆီးမှုတ်ကာ သူတို့ကို ဆီးကြိုကြ၏။ တောပုန်းဗိုလ် များသည်လည်း မြင်းများ၊ ဝေါ်များကို စီး၍ တောင်ပေါ်သို့ တက်လာခဲ့ကြ၏။

တောင်ကြားသို့ ရောက်သည့်အခါတွင် ဝုရုံနှင့် အခြားသောဗိုလ်များက သူတို့ကို စိမ်ရည်များဖြင့် ဧည့်ခံကြပြန်၏။ ထို့နောက် သူတို့သည် ရဲညီနောင်ခန်းဆောင်တွင် စုဝေး ကြ၏။ ခန်းဆောင်ထဲတွင်လည်း အမွှေးတိုင်များ ထွန်းညှိထား၏။ ကျောက်ခဲက စုန်ကျန့် အား စားပွဲထိပ်နေရာတွင် အထိုင်ခိုင်းသော်လည်း စုန်ကျန့်က လက်ခံခြင်းမပြုချေ။

“ဒီလိုမလုပ်ပါနဲ့ ခင်ဗျာ။ နောင်ကြီးတို့ ရဲညီနောင်တွေရဲ့ ကျေးဇူးကြောင့် ကျွန်တော် အသက်ရှင်ခဲ့ရတာပါ။ ဒီတော့ ဒီစခန်းမှာ နောင်ကြီးတို့သာလျှင် ခေါင်းဆောင် ဖြစ်ပါ တယ်။ ကျွန်တော့်လို အရည်အချင်းမရှိတဲ့ လူတယောက်ကို ဘာဖြစ်လို့ နေရာဖယ်ပေးရ မှာလဲ။ ခေါင်းဆောင်နေရာနဲ့ ကျွန်တော်နဲ့ မတန်ပါဘူး။ ခေါင်းဆောင်နေရာကို ယူမယ့် အစား သေတာက ကောင်းပါသေးတယ်”

ကျောက်ခဲက-

“ဒီလိုမပြောပါနဲ့ နောင်ကြီးရာ။ နောင်ကြီးဟာ သွေးပင်လယ်ထဲကို ဖြတ်သန်းပြီး ကျွန်တော်တို့ကို ဒီတောင်ရိုးရောက်အောင် ကူညီကယ်တင်ခြင်း မပြုခဲ့ဘူးဆိုရင် ကျွန်တော် တို့ တောပုန်းဗိုလ်ခုနစ်ယောက်ဟာ ဒီနေရာကိုတောင် ရောက်လာကြတော့မှာ မဟုတ် တော့ပါဘူး။ တကယ်ကတော့ ခင်ဗျားသာ အမြော်အမြင်ကြီးတဲ့ ခေါင်းဆောင်နေရာနဲ့ ထိုက်တန်တဲ့လူပါ။ ဒီနေရာမှာ ထိုင်သင့်တဲ့သူ ဆိုလို့ ခင်ဗျားထက် သင့်တော်တဲ့ လူ မရှိတော့ပါဘူး”

“ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျာ။ နောင်ကြီးဟာ ကျွန်တော့်ထက် အသက်လည်း ကြီးပါ တယ်။ နောင်ကြီးဟာ အသက်ခြောက်ဆယ်ပြည့်ပြီ” ဟု ဆိုကာ

စုန်ကျန့်သည် ကျောက်ခဲ အား ပထမဆုံး ကုလားထိုင်တွင် အတင်းဆွဲ၍ အထိုင်ခိုင်း၏။ သူကိုယ်တိုင်မှာမူ ဒုတိယ ကုလားထိုင်တွင် ထိုင်၏။ ဝုရုံက တတိယကုလားထိုင်တွင် ထိုင်ပြီး ကုန်ဆွန်ရှန်းက စတုတ္ထကုလားထိုင်တွင် ထိုင်လေ၏။

"ကဲ၊ ဒီလိုဆိုရင် ခေါင်းဆောင်ဟောင်းတွေက အိမ်သည်တွေအဖြစ် လက်ယာဘက် မှာ ထိုင်ဗျာ။ ခေါင်းဆောင်သစ်တွေက ဧည့်သည်အဖြစ် လက်ဝဲဘက်မှာ ထိုင်ကြမယ်။ အဆင့်အတန်းတွေ ဘာတွေ ခွဲမနေပါနဲ့တော့။ နောင် တိုက်ပွဲတွေကျမှ အရည်အချင်းကို ကြည့်ပြီး ဗိုလ် ရွေးကြတာပေါ့" ဟု စုန်ကျန့်က ပြော၏။

"ကောင်းပါပြီဗျာ" ဟု အခြားသူများက သဘောတူကြလေ၏။

ခရုသင်းသံများနှင့် စည်မောင်းသံများ ပေါ်ထွက်လာသည်နှင့် တောပုန်းဗိုလ်လေးဆယ် တို့သည် စားသောက်ပွဲကြီး ကျင်းပကြ၏။ စုန်ကျန့်က မြို့ဝန်ဆယ်က သူ့အား လုပ်ကြံပုံကို ပြောပြ၏။

"ဒီလိုနဲ့ ကျွန်တော် အဖမ်းခံခဲ့ရပြီးတဲ့နောက်မှာ ဟောဒီက ထောင်မှူးထိုက်ချုံက စာအတုကို ယူပြီး ပြန်လာခဲ့တယ် ခင်ဗျ။ အစတုန်းကတော့ မြို့ဝန်က မသိဘူး။ ဒါပေမဲ့ လောက်ကောင်ဝမ်က ပြောတော့မှ သိပြီး သူ့ရဲ့ အကြံပေးချက်နဲ့ ကျွန်တော်တို့နှစ်ယောက် ကို ခေါင်းဖြတ်သတ်ဖို့ စီစဉ်ကြတယ်။ နောင်တော်တို့သာ လာပြီး မကယ်ရင် ကျွန်တော် တို့တွေ ဒီကို ရောက်လာမှာတောင် မဟုတ်တော့ဘူး"

လေပွေနက်လီကွေ့က ထိုင်ရာမှ ထလိုက်ပြီးလျှင်-

"ကောင်းလိုက်လေ ခင်ဗျာ။ ရဲညီနောင်ကတော့ ဘုရားသိကြားများရဲ့ အလိုအတိုင်း ဖြစ်ရတာပါပဲ။ ရဲညီနောင်ဟာ လောက်ကောင်ဝမ်ကြောင့် ဒုက္ခဆင်းရဲတွေ ရောက်ခဲ့ပေ မယ့် ဒီကောင့်အသားကို တလွှာစီ ကျွန်တော် လှီးတာကို မြင်လိုက်ရတယ် မဟုတ်လား။ ကျွန်တော်တို့မှာ လူတွေ၊ မြင်းတွေ အများကြီးရှိသားပဲ။ ဒီတော့ ကျွန်တော်တို့ဟာ ဘုရင်ကို ပုန်ကန်ကြရမယ်ဗျ။ ဘာကို ကြောက်နေကြရမှာလဲ။ ဟောဒီက နောင်ကြီးကျောက်ခဲဟာ ဆွန်ဧကရာဇ်ဘွဲ့ကို ခံ၊ ဟောဒီက နောင်ကြီးစုန်ကျန့်က ဆွန်ဘုရင်ငယ်လို့ ခံ။ ဝုရုံက နန်းရင်းဝန်ကြီး လုပ်။ ကုန်ဆွန်က စစ်ဗိုလ်ချုပ်ကြီး လုပ်။ ကျွန်တော်တို့တွေက စစ် ဗိုလ်မှူးတွေ လုပ်ကြမယ်။ ဘယ့်နှယ်လဲ။ ကျွန်တော်တို့တွေ အရှေ့နေပြည်တော်ကို လုသတ်ပြီး တိုက်သိမ်းသွားမယ်။ ဟိုရောက်ရင် ရာဇပလ္လင်ကို သိမ်း။ အောင်ပွဲခံ။ ကဲ၊ ဘယ်လောက် ဟန်ကျသလဲဗျာ။ ဒီစိမ့်တောကြီးထဲ နေရတာထက် ဘယ်လောက် ဟန်ကျ သလဲ"

“ဗျို့၊ သံဂေါဇာ။ ခင်ဗျားဟာ တော်တော် အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ပြောတတ် တယ်။ ကျန်းကျို့မြို့မှာ နေခဲ့တုန်းကလို ဒီမှာ ပေါ့ပေါ့တန်တန် နေလို့မဖြစ်ဘူးဗျ။ ဟော ဒီမှာ ကျွန်တော်တို့ တပ်ဗိုလ်ခေါင်းဆောင်နှစ်ယောက် ရှိတယ်။ တခုခုလုပ်ချင်ရင် သူတို့ အမိန့်ကို နာခံရလိမ့်မယ်။ ကိုယ်ထင်ရာတွေကို ပြောနေလို့ မဖြစ်ဘူး။ ခင်ဗျား ဒီအတိုင်း ဆက်လုပ်နေရင် တခြားသူတွေကို သင်ခန်းစာပေးတဲ့အနေနဲ့ ခင်ဗျားခေါင်းကို ဖြတ်ပစ် ရလိမ့်မယ်”

“အမယ်လေး၊ မလုပ်ပါနဲ့ကွာ။ ခင်ဗျားတို့ ဖြတ်လိုက်ရင် နောက်ထပ်တခေါင်း တော် တော်နဲ့ ပေါက်မလာဘဲ အကြာကြီး စောင့်ရပါလိမ့်မယ်။ ကဲပါဗျာ။ ကျွန်တော် မပြောတော့ ပါဘူး။ အရက်ပဲ သောက်ပါတော့မယ်” ဟု လေပွေနက်က ပြော၏။

ဤတွင် အားလုံးက ရယ်ကြ၏။ စုန်ကျန့်က သူတို့နှင့် အစိုးရတပ်များ ဖြစ်ပွားသည့် ပထမဆုံးတိုက်ပွဲအကြောင်းကို ပြောပြ၏။

“သူတို့တတွေ နောင်ကြီးနောက်ကို လိုက်တိုက်နေတယ်လို့ ကြားတော့ ကျွန်တော် စိုးရိမ်လိုက်တာဗျာ။ နောက်တခါဆိုရင် ကျွန်တော့်အလှည့်ကို ရောက်မှာ မဟုတ်လား” ဟု စုန်ကျန့်က ပြော၏။

“ဒီတော့ နောင်ကြီးစုန်ကျန့်လည်း ကျွန်တော်တို့ ပြောတဲ့အတိုင်း ဒီတောင်ရိုးမှာပဲ နေဗျာ။ ဒီမှာနေတယ်ဆိုရင် နောင်ကြီးအတွက် လုံခြုံစိတ်ချရပါတယ်။ အေးလေ၊ ဒါက တော့ ဘုရားအလိုတော်ကျအတိုင်း ဖြစ်ကြရတာ မဟုတ်လား။ ကျွန်တော် အတင်း တိုက်တွန်းနေလို့လည်း ခင်ဗျားက နေချင်မှ နေမှာပါ” ဟု ဝုရုံက ပြော၏။

“နေစမ်းပါဦးဗျ။ ဒီနေ့ ဟုန်အန့်တယောက်ကော မမြင်ပါကလား”

“မမာပြီးနောက် နှစ်လ၊ သုံးလလောက်ရှိတော့ ဆုံးသွားတာပဲဗျ”

စုန်ကျန့်သည် သက်ပြင်းချ၏။ ထိုနေ့တနေ့လုံး သူတို့သည် စားသောက်ပျော်ပါးလျက် ရှိကြ၏။

ထို့နောက် ကျောက်ခဲသည် မြေရှင်မူဟုန်၏ မိသားစုများအား လောက်ကောင်ဝမ်၏ ပစ္စည်းများကို ခွဲဝေပေးခြင်း ရှိ မရှိ၊ သူတို့တတွေ နေသားတကျ ရှိ မရှိကို လည်းကောင်း၊ ထိုက်ချုံမှာ ရွှေမြို့တော်သို့ သူသွားရောက်ပို့ဆောင်ရသည့် မြို့ဝန်ဆယ်၏ ရွှေငွေရတနာ ပစ္စည်းများ ရရှိခြင်း ရှိ မရှိကို လည်းကောင်း လိုက်လံစစ်ဆေးကြည့်ရှု၏။ ထိုက်ချုံက ထိုပစ္စည်းများကို မယူလိုဟု ငြင်း၏။ ထိုပစ္စည်းများကို တောပုန်းတို့၏ ဘုံပစ္စည်းအဖြစ် ငွေတိုက်တွင်

သိမ်းဆည်းထားရန် ထိုက်ချူက ပြော၏။

ကျောက်ခဲသည် လီကျွမ်းနှင့် အခြားခေါင်းဆောင်သစ်တို့ကိုလည်း နောက်လိုက် ငယ်သားများနှင့် မိတ်ဆက်ပေးလေရာ နောက်လိုက်များကလည်း သူတို့ကို လှိုက်လှဲစွာ ဆီးကြိုကြ၏။ နွားနှင့် မြင်းများကို နေ့စဉ်ရက်ဆက်ပေါ်၍ ပွဲတော်ကြီးကိုလည်း ရက်ဆက် ကျင်းပလေ၏။ ထိုအကြောင်းကိုမူ ဤတွင် တော်ဦးမည်။

ကျောက်ခဲ၏ အမိန့်အရ တောင်စောင်းပတ်ပတ်လည်တွင် အိုးသစ်အိမ်သစ်များကို တည်ဆောက်ကြ၏။ အဆောက်အအုံအသစ်များကိုလည်း ဆောက်လုပ်ကြ၏။ ခံတပ်များ ကိုလည်း အခိုင်အမာ ပြင်ဆင်ကြ၏။ ပွဲတော် တတိယမြောက်နေ့တွင် စုန်ကျန့်သည် ထိုင်ရာမှ ထကာ ခေါင်းဆောင်သစ်တို့ကို နှုတ်ဆက်စကား ပြော၏။

“ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတခု ရှိနေပါတယ် ခင်ဗျ။ ဒီတော့ ရဲညီနောင်များက ကျွန်တော့်ကို ခွင့်ရက်အနည်းငယ် ပေးစေချင်ပါတယ်”

ကျောက်ခဲက-

“ဘာကိစ္စများလဲဗျ။ ဘယ်ကိုသွားမလို့ စိတ်ကူးလို့လဲ”

စုန်ကျန့်က တည်ငြိမ်စွာ အဖြေပေး၏။ ထိုအဖြေ၏ အကျိုးသက်ရောက်မှုအဖြစ် စုန်ကျန့်သည် ဓားလွတ်တောကြီးထဲကို ဖြတ်၍ သူ့အသက်ကို လွတ်အောင် ပြေးခဲ့ရ၏။ တောင်စောင်းတခုပေါ်တွင် အမတဘုံကို တွေ့ခဲ့ရ၏။

မှန်ပေ၏။ နတ်သမီးသည် သူ့အား ကျမ်းသုံးကျမ်းကို ပေးခဲ့၏။ သို့ဖြင့် သူသည် ရာဇဝင်စာမျက်နှာများတွင် ဂုဏ်ရောင်ပြောင်သော စာမျက်နှာများကို ရေးနိုင်ခဲ့ပေ၏။

စုန်ကျန့်သည် မည်သည့်အရပ်သို့ သွားလိုသနည်း။ သိလိုလျှင် နောက်တခန်းကိုဖတ်ပါလေ။

အခန်း - ၄၂

စုန်ကျန့်သည် နဝမမြောက်ဘုံမှ ဂမ္ဘီရမယ်တော်ကို တွေ့ခဲ့ခြင်း

စုန်ကျန့်သည် ပတ်လည်ရွာတွင် ကျမ်းသုံးကျမ်းကို ရခဲ့ခြင်း

"နောင်တော်တို့ဟာ ကျွန်တော့်ကို ဒီတောင်ရိုးကို ခေါ်လာခဲ့ပြီး ရက်ပေါင်းများစွာ ကျွေးမွေး ပြုစုခဲ့ကြတယ်။ ကျွန်တော်လည်း ပျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ အဖေအိုကြီးကိုပဲ သတိရနေတယ်။ ကျန်းကျို့မြို့က သတင်းကို ဘုရင့် လွှတ်တော် ရောက်သွားရင် ဘုရင့်လွှတ်တော်ကနေပြီး ကျွန်တော့်ကို ဖမ်းဆီးရအောင် ကျွန်တော့်မိသားစုကို အကျပ်ကိုင်မှာ အမှန်ပဲ။ ဒီတော့ ကျွန်တော့်အဖေအိုကြီးမှာ မလုံ မခြုံနဲ့ နေရမှာ သေချာတယ်။ ကျွန်တော့်ဖခင်အိုကြီးကို ဒီတောင်ရိုးမှာ ခေါ်ထားဖို့ ကျွန်တော် စိတ်ကူးတယ်။ ဒီလိုဆိုရင် ကျွန်တော့်အတွက် နောက်ဆံတင်းစရာအကြောင်း လည်း မရှိတော့ဘူး။ ဒါကြောင့်မို့ ရဲညီနောင်များက ကျွန်တော့်ကို သွားခွင့်ပြုစေချင် ပါတယ်" ဟု စုန်ကျန့်က ပြော၏။

ကျောက်ခဲက-

"ဒီလိုကိစ္စမျိုးဟာ လူတိုင်းအတွက် အရေးကြီးပါတယ်။ နောင်တော်ရဲ့ ဖခင်ကြီးက အိမ်မှာ ဒုက္ခသုက္ခတွေနဲ့ တွေ့နေချိန်မှာ ခင်ဗျားကို ဒီမှာ သောက်စားပျော်ပါးနေဖို့ ကျွန်တော် တို့က တား မထားသင့်ပေဘူးပေါ့။ ကောင်းပါပြီလေ။ နောင်ကြီးကို ကျွန်တော်တို့ သွားခွင့် ပြုလိုက်ပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရဲညီနောင်တွေမှာ ရက်ပေါင်းများစွာ အလုပ်များ လာခဲ့ကြလို့ စခန်းထဲမှာ နေသားတကျ ဖြစ်အောင် အစီအစဉ်တွေ ဘာမှ မလုပ်ကြရသေး ဘူး။ ဒီတော့ စခန်းမှာ နေသားတကျဖြစ်အောင် လုပ်ဖို့ တရက်၊ နှစ်ရက်လောက်တော့ အချိန်ပေးပါ။ အဲဒီအခါကျတော့ ကျွန်တော်ပါ လိုက်ပါ့မယ်"

"စောင့်တာကတော့ စောင့်နိုင်ပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေက အိမ်ကို ဒုက္ခ ပေးနေမလားလို့တော့ စိုးရိမ်မိတယ် ခင်ဗျ။ ဒီတော့ အချိန်မဆိုင်းတာက ကောင်းလိမ့်မယ် ထင်တယ်။ ပြီးတော့ ကျွန်တော်နဲ့အတူ လူများများလည်း ခေါ်သွားဖို့ မလိုပါဘူး။ အကောင်းဆုံးကတော့ ကျွန်တော်တယောက်တည်း လျှို့ဝှက်သွားနိုင်ရင် အကောင်းဆုံးပဲ။

ဟိုမှာ ကျွန်တော့်ညီ စုန်ကျင့်လည်း ရှိလေတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အဖေကြီးကို ညတွင်းချင်း တောင်ပေါ်

ခေါ်လာရင် ဖြစ်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ လူလား၊ သရဲလားဆိုတာ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး။ တကယ်လို့ လူစုလူဝေးနဲ့ သွား ရင် အာဏာပိုင်တွေ ကြိုတင်သိသွားပြီး ဒုက္ခပေးလာလိမ့်မယ်”

“တကယ်လို့ တခုခု အဆင်မပြေဖြစ်ရင် ခင်ဗျားကို ဘယ်သူမှ မကယ်နိုင်ဘဲ ဖြစ်မှာ စိုးလို့ပါ”

“ကျွန်တော့်အဖေဘေးမှာ ကျွန်တော် ရဲရဲကြီး အသေခံသွားရမှာပေါ့”

စုန်ကျန့်သည် ချက်ချင်း သွားခွင့်ပြုရန်ကိုသာ တောင်းဆိုလျက်ရှိ၏။ စုန်ကျန့်သည် ခမောက်ကြီးတလုံးကို ဆောင်းကာ လက်တွင် တင်းပုတ်ကြီးတချောင်းကို ကိုင်ပြီး ခါးတွင် ဓားမြှောင်တလက်ကို ထိုးလိုက်၏။ စုန်ကျန့်သည် တောင်အောက်ရောက်အောင် တောပုန်း ဗိုလ်များနှင့်အတူ ဆင်းလာခဲ့၏။ တောပုန်းဗိုလ်များလည်း သူ့ကို သဲသိဂေါ်ကမ်းစပ်သို့ ရောက်အောင် ပို့ပြီးနောက် ပြန်လာခဲ့ကြ၏။

စုန်ကျန့်သည် အင်းတဖက်ကမ်းရှိ ချူကွီ၏ ထမင်းဆိုင်ကလေးသို့ ကူးတို့ဖြင့် ကူး လာခဲ့၏။ ထို့နောက် ကျန်းကျို့သို့ သွားသည့် ပေတရာလမ်းမကြီးအတိုင်း တယောက်တည်း ထွက်လာခဲ့လေ၏။ စုန်ကျန့်သည် အစာစားရုံနှင့် ညအိပ်ရုံ ရပ်နားကာ မရပ်မနား ခရီးပြင်း နှင်လာခဲ့၏။

ရွာအနီးသို့ ရောက်သည့်အခါတွင် အတော်မှောင်နေလေပြီ။ အိမ်ထဲသို့ဝင်ရန် မဖြစ် တော့ပြီ။ ထို့ကြောင့် စုန်ကျန့်သည် ထိုနေ့ညတွင် ထမင်းဆိုင်ကလေးတဆိုင်တွင် ဝင်အိပ် ပြီး နောက်တနေ့မနက်တွင်မှ ရွာသို့ ခရီးဆက်လာခဲ့၏။ သို့ရာတွင် စုန်မိသားစုရွာအနီးသို့ ရောက်လျှင် စောလွန်းနေသေးသဖြင့် စုန်ကျန့်သည် ရွာအပြင်ဘက်ရှိ တောအုပ်ထဲတွင် ပုန်းနေ၏။ ညနေ မှောင်စပျိုးသည့် အခါတွင်မှ ရွာနားသို့ ကပ်လာခဲ့ကာ သူတို့အိမ် နောက်ဖေးဝင်းတံခါးကို အသာခေါက်၏။ စုန်ကျင့်က လာ၍ တံခါးဖွင့်ပေး၏။ စုန်ကျန့်ကို မြင်သည့်အခါတွင် စုန်ကျင့်သည် အံ့အားသင့်လျက်ရှိ၏။

“ဟင်၊ အစ်ကို။ ဘာဖြစ်လို့ ပြန်လာတာလဲ”

“အဖေနဲ့ ငါ့ညီကို တွေ့ဖို့ ပြန်လာတာ”

“ကျန်းကျို့မြို့မှာ ဖြစ်ခဲ့တဲ့ သတင်းကို ဒီရွာက အားလုံးသိပြီးကြပြီ။ ခရိုင်ရုံးက ရဲသား နှစ်ယောက် နေ့တိုင်းလာပြီး အိမ်ကို စောင့်ကြည့်နေကြတယ်။ ကျွန်တော်တို့ကိုလည်း ဘယ်ကိုမှ ထွက်ခွင့်မပေးဘူး။ ကျန်းကျို့က ဝရမ်းစာရောက်လာရင် အဖေ့ကိုလည်း ဖမ်းကြတော့မှာပဲ။ အစ်ကို့ကို မမိမချင်း

ထောင်ထဲ ထည့်ထားမယ် ထင်တယ်။ ပြီးတော့ ရွာနားတဝိုက်မှာလည်း တပ်သားနှစ်ရာလောက် နေ့ရော ညပါ ကင်းလှည့်နေကြတယ်။ ဒီတော့ အစ်ကို တမိနစ်မှ မဆိုင်းပါနဲ့။ ညတွင်းချင်းပဲ လှိုင်ရှုန်းတောင်ရိုးကို ပြန်၊ တောပုန်း တွေကို ခေါ်ပြီး တိုက်လှည့်ပါ”

ညအချိန်ဖြစ်၏။ မှုန်ရီဝေဝါးသော လသည် ခပ်ဖျော့ဖျော့သာ လင်းနိုင်၏။ စုန်ကျုန့် သည် အသွားအလာပြတ်သော တောလမ်းကလေးများကို ရွေးလာခဲ့၏။ နာရီတမောင်း ကျော်ခန့် သွားမိလျှင်ပင် သူ့နောက်မှ လူများ အော်သံကို ကြားရ၏။ စုန်ကျုန့်သည် နောက် သို့ လှည့်ကြည့်လိုက်၏။ တလီခန့်အကွာတွင် မီးတုတ်များကို ကိုင်၍ လာနေကြသူများကို မြင်လိုက်ရ၏။ “ဟေ့၊ စုန်ကျုန့်။ ခုရောက်နေတဲ့ နေရာမှာ ရပ်လိုက်” ဟု နောက်မှ လူ များက အော်၏။ စုန်ကျုန့်သည် ခပ်သုတ်သုတ် လာခဲ့၏။ “ကျောက်ခဲစကားကို နားမထောင် ခဲ့တာ ငါတော့ ဒုက္ခရောက်ပြီ၊ ဘုရားသိကြားများ ကယ်တော်မူကြပါဗျာ” ဟု စုန်ကျုန့် စိတ်ထဲမှ ရွတ်ဆိုမိ၏။

ရှေ့တွင် ရွာလိုလို တဲသိုက်တခုကို တွေ့သဖြင့် ထိုနေရာသို့ ခပ်သုတ်သုတ်လာခဲ့၏။ ထိုစဉ် လေတိုက်သဖြင့် တိမ်တိုက်များ လွင့်စဉ်သွားသည်တွင် ထိန်လင်းသော လရောင် အောက်၌ ထိုနေရာကို သဲကွဲစွာ မြင်ရ၏။ စုန်ကျုန့်သည် ပါးစပ်မှ ယောင်၍ အော်လိုက်မိ၏။ မိမိသည် ဆိုးရွားသော အခြေအနေတွင် ရောက်နေလေပြီ။ ထိုနေရာမှာ ပတ်လည်ရွာဖြစ် ကြောင်း စုန်ကျုန့် သိလိုက်၏။ ထိုနေရာတဝိုက်တွင် တောင်များ ပတ်လည်ဝိုင်းလျက်ရှိပြီး တောင်ခြေတွင်လည်း ချောင်းကြီးတခု စီးဆင်းလျက်ရှိရာ တခြားကို ရှောင်လွှဲသွားရန်မှာ လည်း မဖြစ်နိုင်တော့ချေ။ ထိုရွာမှာ ယာဘက်သို့ သွားသည်ဖြစ်စေ၊ ဝဲဘက်သို့ သွားသည် ဖြစ်စေ ရွာလမ်းများသည် ထိုနေရာသို့ပင် ပြန်ရောက်နေတတ်၏။

စုန်ကျုန့်သည် နောက်သို့ ပြန်ဆုတ်၏။ သို့ရာတွင် နောက်မှ လိုက်လာသူများသည် လမ်းကို ပိတ်ထားကြလေပြီ။ မီးတုတ်များမှ မီးရောင်များကြောင့် နေ့ခင်းသဖွယ် ထိန်လင်း လျက်ရှိ၏။

စုန်ကျုန့်သည် ရွာထဲသို့ စွတ်ဝင်လာခဲ့ကာ ခိုလှုံရာကို ရှာကြည့်၏။ သစ်ပင်အုပ်တခု ထဲတွင် ရှေးဟောင်းဘုံကျောင်းတဆောင်ကို တွေ့လိုက်ရ၏။ စုန်ကျုန့်သည် ဝင်းတံခါးကြီး များကို လက်နှစ်ဖက်ဖြင့် တွန်းလိုက်ပြီးနောက် ဘုံကျောင်းထဲသို့ ဝင်လာခဲ့၏။ ဘုံကျောင်း ထဲတွင် ရှေ့ အဆောင်တဆောင်နှင့် နောက်ဘက် အဆောင်တဆောင်တို့ ရှိသည်ကို လရောင်တွင် မြင်လိုက်ရ၏။ စုန်ကျုန့်သည် ထိုအဆောင်များထဲသို့ ဝင်၍ ပုန်းစရာရှာ၏။ သို့ရာတွင် ပုန်းစရာတခုမျှ မတွေ့ချေ။ စုန်ကျုန့်သည် အရူးမီးဝိုင်းသည့်နှယ် ဖြစ်နေလေပြီ။ “ဘုံကျောင်းထဲကို ဝင်သွားတယ်။ ဘုံကျောင်းထဲမှာ” ဟု အပြင်မှ ပြောသံ များကို

ကြား နေရ၏။

ထိုအသံသည် ရဲသားကျောက်နန်၏ အသံဖြစ်ကြောင်း စုန်ကျန့် သိလိုက်၏။ မိမိသည် ဘယ်နေရာတွင် ပုန်းရမည်နည်း။ ရှေ့တွင် ရုပ်ပွားတော်ကြီးတဆူတည်းသာ ထီးတည်း ရှိနေ၏။ စုန်ကျန့်သည် ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ကာ ဆင်းတုတော်ကြီးပေါ်သို့ တက် လာကာ လက်တွင် ကိုင်ထားသည့် တင်းပုတ်ကြီးကို ချလိုက်ပြီး ဆင်းတုတော်နောက် တနေရာတွင် အသာဝပ်နေလိုက်၏။ အသက်ကိုပင် ပြင်းပြင်း မရှုဝံ့တော့ပြီ။

ကျောင်းဝင်းထဲသို့ ဝင်လာသံများနှင့် မီးတုတ်မှ မီးရောင်များကို မြင်ရ၏။ ကျောက် နန်နှင့် ကျောက်တေ့တို့သည် လူ လေး ငါးဆယ်ခန့်နှင့်အတူ ဘုံကျောင်းထဲတွင် လိုက်ရှာ နေကြ၏။

“ငါတော့ ချောင်ပိတ်မိနေပြီ။ ဘုရားသိကြားများ ကယ်တော်မူကြပါဗျာ” ဟု စုန်ကျန့် သည် စိတ်ထဲမှ ရွတ်ဆိုနေမိ၏။

နတ်သိကြားများ မှိုင်းမသည်ဟု ဆိုရပေလိမ့်မည်။ နောက်မှ လိုက်လာသူများသည် ဆင်းတုတော်ကြီး၏ နောက်သို့ ရှာဖွေခြင်း မပြုကြဘဲ သူ့အနီးမှ ဖြတ်သွားကြ၏။

“ဘုရား မ လို့ တော်ပေသေးတာပေါ့” ဟု စုန်ကျန့် ဆိုမိ၏။

ထိုစဉ် ကျောက်တေ့သည် မီးတုတ်ကြီးဖြင့် ဆင်းတုတော်အနီးသို့ ရောက်လာ၏။ မိမိပုန်းနေသည်ကို သိသွားကြလေပြီဟု စုန်ကျန့် ယူဆလိုက်၏။ ရဲသားကျောက်တေ့သည် လက်ထဲတွင် ကိုင်လာသည့် မှိန်းဖြင့် ကန့်လန့်ကာကို မ လိုက်ပြီးနောက် မီးတုတ်ကြီးကို အထက်အောက် မြှောက်ကာ ဟိုဟိုသည်သည်ကို ကြည့်၏။ ထိုစဉ် မီးတုတ်မှိုင်း တက်လာ ကာ ကြပ်ခိုးဖတ်တဖတ်သည် ကျောက်တေ့၏ မျက်လုံးပေါ်သို့ ကျသွားရာ ကျောက်တေ့ မှာ အတန်ကြာ ဘာကိုမျှ မမြင်ရဘဲ ဖြစ်သွား၏။ ကျောက်တေ့သည် မီးတုတ်ကို ကြမ်းပြင် ပေါ်တွင် ချ၍ ခြေထောက်ဖြင့် မီးကို ငြှိမ်းသတ်၏။ ကျောက်တေ့သည် အပြင်သို့ ထွက် သွားကာ သူ့လူများကို လှမ်း၍-

“တိရစ္ဆာန်ကောင်တော့ ဆင်းတုတော်နောက်မှာလည်း မရှိဘူး။ တခြား သွားစရာ လမ်းလည်း မရှိဘူး။ ဒီကောင် ဘယ်များ ပျောက်သွားသလဲ မသိဘူး”

“ရွာလယ်ကောင်က တောအုပ်လေးထဲများ ရောက်နေသလား မသိဘူး။ ဒီကောင် ဝေးဝေးတော့ မပြေးနိုင်သေးဘူး ရဲသားကြီးရ။ ဒီရွာက ပတ်လည်ရွာလို့ ခေါ်တယ်။ ဝင်တဲ့ ထွက်တဲ့ လမ်း ဆိုလို့ တလမ်းပဲ ရှိတယ်။ ဘေးပတ်ပတ်လည်မှာ

တောတွေ၊ တောင်တွေနဲ့ ချည်းပဲ။ ရွာကို ဝိုင်းပိတ်ထားဗျာ။ ဒီကောင် အတောင်ပေါက်လို့ ပျံနိုင်မှာလား။ မနက်လင်း တော့ သေသေချာချာ ရှာပြီး ဖမ်းကြတာပေါ့”

“ကောင်းပြီလေ” ဟု ဆိုကာ ရဲသားနှစ်ယောက်တို့သည် တပ်သားများကို ခေါ်၍ ဘုံကျောင်းထဲမှ ထွက်သွားကြ၏။

“ကေဗ္ဗ ငါ့ကို နတ်သိကြားများက မှိုင်းမတာပဲ။ ငါ့အသက်နဲ့ ကိုယ် အိုးစားမကွဲသေး ရင်တော့ ဘုံကျောင်းကို ပြင်ဆောက်ပြီး မိသားစုကိုးကွယ်ဖို့ ကျောင်းတကျောင်းလည်း ထပ်ဆောက်ရမယ်။ ဘုရား သိကြားများ ဘုရား၊ တပည့်တော်ကို ကာကွယ်စောင့်ရှောက် ပေးတော်မူကြပါ ဘုရား”

ထိုသို့ပြောဆို၍မှ မဆုံးမီ “ဗျို့၊ ရဲသားကြီးတွေ။ လာဗျို့၊ လာ၊ ဒီကောင်ကို မိပြီ” ဟူသော အသံများကို ဘုံကျောင်းတံခါး အပြင်ဘက်မှ ကြားရ၏။ ဤတွင် ကျောက်နန်၊ ကျောက်တေ့နှင့် ရဲသားများလည်း ပြန်လှည့်လာကြပြန်လေ၏။

“အင်း၊ ဒီတချီတော့ သွားပြီထင်တယ်။ ငါတော့ မိတော့မှာပဲ”

“ဘယ်မှာလဲ” ဟု ကျောက်နန်က မေး၏။

“ဟောဒီမှာဗျ။ တံခါးရွက်ပေါ်မှာ ကြည့်စမ်း။ လက်ရာကြီးတွေ တွေ့ရတယ်။ ဒီတံခါး ကို တွန်းဖွင့်ပြီး အထဲဝင်သွားတာပဲ ဖြစ်ရမယ်”

“အေး၊ ဟုတ်တယ်ကွ။ ဟေ့ကောင်တွေ၊ ကျောင်းထဲကို ဝင်ပြီး သေသေချာချာ ရှာ ကြစမ်း”

“ငါ့ကံကိုက မကောင်းပါဘူး။ ဒီတခါတော့ မိတော့မှာပဲ” ဟု စုန်ကျန့် တွေးမိ၏။

တပ်သားများသည် ဘုရားကျောင်းဆောင် နှစ်ဆောင်ထဲသို့ ဝင်၍ သေချာစွာ ရှာဖွေကြ၏။ လမ်းခင်းထားသော အုတ်ခဲများကို လှန်၍ မရှာရုံတမယ်သာ ကျန်တော့သည်။ ဘုံကျောင်းဆောင် နှစ်ခုထဲတွင်မူ သူတို့မီးတုတ်များမှ မီးရောင်များဖြင့် ထိန်လင်းလျက်ရှိ၏။ “ဒီကောင်ဟာ ဟောဒီ ဆင်းတုတော်ထားတဲ့ အဆောင်ထဲမှာပဲ ရှိရမယ်ကွ။ မင်း သေသေချာချာ မကြည့်ခဲ့ဘူး ထင်တယ်။ မှန်းစမ်း၊ ငါကိုယ်တိုင် ဝင်ရှာကြည့်စမ်းမယ်”

တပ်သားတယောက်က ကျောက်နန်လက်မှ မီးတုတ်ကို လှမ်းယူလိုက်၏။ ကျောက် ငြိမ်းက ကန့်လန့်ကာကို ဆွဲမလိုက်ရာ တပ်သားခြောက်ဦးက အထဲသို့ ခေါင်းပြူ၍ ကြည့် ကြ၏။ သူတို့သာ ခေါင်းပြူ၍ မကြည့်လျှင် ဘာမျှဖြစ်မည်

မဟုတ်ချေ။ သို့ရာတွင် သူတို့ တတွေ ခေါင်းပြူကြည့်လိုက်သဖြင့် ကျောင်းခန်းထဲမှ လေတချက် ပင့်တိုက်လိုက်ပြီး မီးတုတ်များသည် ငြိမ်းသွားကာ ကျောင်းခန်းတခန်းလုံး မှောင်ကျသွား၏။ အထဲတွင် ဘာကိုမျှ မမြင်ရတော့ပြီ။ ကျောက်နန်က-

“တော်တော်တော့ ဆန်းတယ်ကွ။ ဒီလေက အထဲက ဘာဖြစ်လို့ ပင့်တိုက်လိုက်ရ တာလဲ။ အထဲမှာ နတ်တို့ ဘာတို့ ရှိတယ် ထင်တယ်။ နတ်က မီးတုတ်ကို မကြိုက်လို့ ငြိမ်းပစ်လိုက်တာ ဖြစ်နိုင်တယ်။ ကဲ၊ လာ သွားကြစို့။ ရွာထဲ လျှောက်ကြည့်ပြီး မနက်လင်း တော့မှ ကျောင်းထဲကို ရှာကြည့်ကြသေးတာပေါ့”

“ခုလောလောဆယ်တော့ ဘာမှ မြင်ရမှာ မဟုတ်ဘူး။ လုံတွေနဲ့ လျှောက်ထိုးကြည့် စမ်း” ဟု ကျောက်တော့က ပြော၏။

“အေး၊ ဟုတ်တယ်” ဟု ကျောက်နန်က ပြော၏။

သူတို့နှစ်ယောက်သည် လှံများဖြင့် ယမ်း၍ ရှေ့သို့ တိုးလာခဲ့ကြရာ ကျောင်းဆောင် ထဲမှ လေပွေကြီးတိုက်သကဲ့သို့ ပြင်းထန်သော လေတချက် တိုက်လာ၏။ သဲမှုန့်များ၊ ကျောက်ခဲလုံးများသည် မိုးရွာချလိုက်သကဲ့သို့ ကျလာကြ၏။ ကျောင်းဆောင်ကြီးတခု လုံးသည် အောက်ခြေမှ ကိုင်လှုပ်လိုက်သကဲ့သို့ လှုပ်ယမ်းယိမ်းထိုးလျက်ရှိ၏။ မည်းနက် သော မီးခိုးလုံးကြီးသည် ပေါ်ထွက်လာကာ သူတို့တကိုယ်လုံးသည် ကြက်သီးတွေ ဖြန်းဖြန်း ထလာပြီး သူတို့ ဆံပင်များသည် ထောင်လာကြ၏။ ကျောက်နန်ကား အန္တရာယ်ကို သိလိုက်လေပြီ။

“မဖြစ်ဘူးဟေ့။ မြန်မြန်ပြန်ထွက်။ နတ် စိတ်ဆိုးနေပြီ’

သူတို့အားလုံးသည် အကြောက်ကြောက် အလန့်လန့်ဖြင့် အပြင်သို့ ပြေးထွက်လာ ကြ၏။ အချို့မှာ လဲကျ၊ အချို့မှာလည်း ခြေထောက်ချင်းတိုက်မိ၍ ကျွမ်းထိုးမှောက်ခုန် ဖြစ်ကုန်ကြ၏။ သို့ရာတွင် လဲလျက်ကပင် တွားသွားကာ ဘုံကျောင်းတံခါးဆီသို့ ပြေးလာ ခဲ့ကြ၏။

“ကယ်တော်မူကြပါဗျို့” ဟု အထဲမှ တယောက်က အော်၏။ ကျောက်နန်သည် ဝင်းထဲသို့ ထွက်လာ၏။ တပ်သားနှစ်ယောက်၊ သုံးယောက်တို့မှာ လဲကျသွားပြီး သူတို့ အဝတ်အစားများသည် သစ်မြစ်ကြီးနှင့် ငြိနေကြ၏။ အတင်းရုန်းသော်လည်း မရချေ။ သူတို့သည် မှိန်းကြီးများကို ချကာ သစ်မြစ်များနှင့် ငြိနေသော အဝတ်အစားများကို ဖြုတ် နေကြ၏။ ဘုံကျောင်းရပ်ပွားတော်နောက်တွင် ပုန်းနေသည့် စုန်ကျန့်ကား မရယ်ဘဲ မနေ နိုင်တော့ပြီ။

ကျောက်နန်သည် သူတို့အဝတ်အစားများကို ကူ၍ ဖြုတ်ပေးပြီး သူတို့ကို အပြင်သို့ ခေါ်လာခဲ့၏။

"တော်တော်နတ်ကြီးတဲ့ နေရာပဲဗျာ။ ကျွန်တော်တို့က သူတို့နေရာကို သွားပြီး နှောင့် ယှက်မိတာကိုး။ ဒီတော့ နတ်က တန်ခိုးပြတော့တာပေါ့။ ရွာပေါက်ဝက သွားပြီး စောင့်နေ တာ ကောင်းပါတယ်ဗျာ။ စုန်ကျန့်ဆိုတဲ့ ကောင် အတောင်ပေါက်လို့ ပျံနိုင်မှာလား"

"အေး၊ ဟုတ်တယ်။ ရွာပေါက်ဝက စောင့်နေရင် ဒီကောင်ကို မိရမှာပေါ့"ဟု ရဲသားက ပြော၏။

သူတို့တသိုက်သည် ရွာတံခါးပေါက်ဆီသို့ လာခဲ့ကြလေ၏။

"ဒီကောင်တွေ ငါ့ကို ဖမ်းလို့ မမိပေမယ့် ဒီဘုံကျောင်းထဲက နေပြီး ငါ ဘယ့်နှယ်လုပ် ထွက်ရမလဲ" ဟု ဘုံကျောင်းထဲတွင် ကျန်ရစ်ခဲ့သည့် စုန်ကျန့် တွေးလျက်ရှိ၏။ ထိုသို့ တွေးလျက် ရှိစဉ် မိမိနောက်ဘက် အဆောင်ထဲမှ ခြေသံတရှပ်ရှပ်ကို ကြားရ၏။ "ဒုက္ခပဲ။ ငါ့နှယ် ဘာဖြစ်လို့ စောစောစီးစီး ဘုံကျောင်းထဲက ထွက်မသွားမိတာပါလိမ့်"ဟု ညည်းမိ၏။

အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသည့် သူငယ်ကလေးနှစ်ယောက်သည် ဆင်းတုကြီး ဆီသို့ လာနေကြ၏။

"တို့ကေရီသခင်မက တာရာနတ်မင်းကို ဆင့်ခေါ်ထားတယ်ကွ" ဟု သူငယ်တယောက် က ပြော၏။ စုန်ကျန့်ကား စကားတခွန်းမျှ မဟရဲတော့ပြီ။

"အို၊ တာရာနတ်မင်း။ ကြွတော်မူပါ။ ကျွန်တော်တို့ ကေရီသခင်မက ဖိတ်ပါတယ်"

စုန်ကျန့်ကား စကားမဟရဲတော့ချေ။ သူငယ်နှစ်ယောက်ကမူ ထိုစကားကို အဖန် တလဲလဲ ရွတ်နေကြ၏။

"တာရာနတ်မင်းစုန် ခင်ဗျား။ ကျွန်တော်တို့ ကေရီသခင်မက ဖိတ်ကြားပါတယ်" ထိုစဉ် ကျေးငှက်တို့ မြည်ကျူးသံကဲ့သို့သော အသံမျိုးကို စုန်ကျန့် ကြားရ၏။

ထိုအသံမှာ သူငယ်ကလေးနှစ်ယောက်၏ အသံ မဟုတ်ချေ။ ဆင်းတုတော်၏ ပလ္လင် အောက်မှ အစိမ်းရောင်ဝတ်ထားသော သူငယ်မကလေး နှစ်ယောက်တို့သည် ပေါ်လာ ကြကာ ကြမ်းပြင်ပေါ်တွင် ရပ်နေကြ၏။

စုန်ကျန့်သည် အံ့အားသင့်နေ၏။ ထိုမိန်းကလေးများမှာ

နတ်သမီးကလေးများ ဖြစ်၏။ "တာရာနတ်မင်းစုန်ရှင့်၊ ကျွန်မတို့ ကေရီသခင်မက ဖိတ်ပါတယ်" ဟု ပြောသံကို ကြားရ ပြန်၏။ စုန်ကျန့်သည် အရဲစွန့်ကာ ကန့်လန့်ကာနောက်မှ ထွက်လာခဲ့ရာ သူငယ်မကလေး နှစ်ယောက်က ခါးညွတ်၍ သူတို့ လက်အုပ်ချီ ဂါရဝပြုကြ၏။

"အသင်နတ်သမီးတို့။ ဘယ်က လာကြသနည်း" ဟု စုန်ကျန့်က မေး၏။

"ကျွန်မတို့ ကေရီသခင်မက တာရာနတ်မင်းစုန်ကို ဖိတ်ကြားလိုက်သဖြင့် လာရခြင်း ဖြစ်ပါသည်"

"အသင်တို့ လူမှားနေပြီ။ ကျွန်ုပ်၏နာမည်မှာ စုန်ကျန့် ဖြစ်၏။ ကျွန်ုပ်သည် တာရာ နတ်မင်း မဟုတ်ပါ"

"ကျွန်မတို့မှာလည်း နတ်သမီးများ မဟုတ်ကြပါ။ တာရာနတ်မင်း၊ ကျွန်မတို့နှင့် လိုက်ခဲ့ပါ။ ကေရီသခင်မ စောင့်နေပါသည်"

"ဘယ်က ကေရီသခင်မလဲ။ ကျွန်ုပ်တခါမျှ မကြားဖူးပါ။ မလိုက်ရဲပါ"

"ထိုနေရာသို့ ရောက်လျှင် သိပါလိမ့်မည်။ စကားသိပ်မပြောပါနှင့်တော့"

"ဘယ်နေရာမှာလဲ"

"နောက်ဆောင်ရှိ နန်းတော်ထဲတွင် ရှိပါသည်"

အစိမ်းရောင်သူငယ်မကလေး နှစ်ယောက်သည် စုန်ကျန့်ကို ခေါ်သွားကြ၏။ စုန်ကျန့် သည် သူတို့နောက်မှ အပြင်သို့ ထွက်လိုက်လာခဲ့၏။ ဘုံကျောင်းဝင်းတံခါးထောင့်အရောက် တွင် သူတို့သည် တံခါးပေါက်တခုထဲသို့ ဝင်သွားကြ၏။

စုန်ကျန့်သည် ကွင်းပြင်ဆီသို့ ရောက်သွား၏။ ကောင်းကင်တွင် လသည် ထိန်ထိန်သာ လျက် ရှိပြီး ကြယ်တို့ အစုံအညီ ထွက်နေကြ၏။ မွှေးပျံ့သောလေညင်းသည် အနီးပတ်ဝန်း ကျင်ရှိ ဝါးရွက်များနှင့် သစ်ရွက်များကြားတွင် တသုန်သုန် တိုက်ခတ်နေ၏။

"ဒီ ဘုံကျောင်းနောက်မှာ ဒီလို နေရာမျိုး ရှိတယ်ဆိုတာ တခါမှ မသိခဲ့ပါကလား။ စောစောက သိခဲ့ရင် ဒီနေရာကို လာပြီး မပုန်းရပါကလား" ဟု စုန်ကျန့် တွေးနေ၏။

သူလာခဲ့ရာ နံရံကြီး တဖက်တချက် ကာထားပြီး ဘေးတွင်လည်း လက်နှစ်ဖက်မမီ သည့်သစ်ပင် ပေါက်လျက်ရှိ၏။ လမ်းမှာ ကျယ်ပြန့်ပြီး

လိပ်ကျောကုန်းကဲ့သို့ ချောပြောင် လျက်ရှိ၏။

“ဒီဘုံကျောင်းကြီးရဲ့ နောက်မှာ ဒီလောက် ကောင်းတဲ့လမ်း ရှိမယ်လို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး” ဟု စုန်ကျန့် တွေးမိသေး၏။

တလီခန့်သွားမိလျှင် တသွင်သွင်စီးနေသော ရေစီးသံများကို ကြားရ၏။ ကျောင်းပေါ်တွင် မရန်းရောင် လက်ရန်းနီနီကလေးတွေ ကပ်ထားသည့် အပြာရောင်ကျောက်တုံး တံတားခုံးကလေးတခုကို တွေ့ရ၏။ ချောင်းကမ်းဘေးတလျှောက်တွင်လည်း အထူးထူး သော ပန်းပွင့်များ၊ ထူးဆန်းသည့် မြက်တောများ၊ ထင်းရှူးပင်များနှင့် ဝါးရုံတောများ၊ မိုးမခပင်များနှင့် နှစ်သက်စဖွယ် မက်မုံပင်များကို တွေ့ရ၏။ ကျောက်စက်များကြားမှ စီးဆင်းလာသည့် စမ်းချောင်းကလေးသည် တံတားခုံးကလေးအောက်တွင် ငွေရည်တို့ကို သွန်ချလိုက်သည်နှင့် တူ၏။ နှင်းခဲတို့ အရည်ပျော်ကျလာသည်နှင့်လည်း တူ၏။

သူတို့သည် တဖက်ကမ်းသို့ ကူးလာခဲ့ကြ၏။ အိုမင်းသော သစ်ပင်ကြီးနှစ်ပင်အလွန် တွင်ကား မရန်းရောင်ကျောက်ထုပ်ကြီးများ တပ်ဆင်ထားကာ ကြယ်ပွင့်ပုံ ရေးထားသော ဝင်းတံခါးကြီးတခုကို တွေ့ရ၏။ ထိုတံခါးကို လွန်သည့်အခါ၌ ရှေ့တွင် နန်းဆောင် တဆောင်ကို စုန်ကျန့် မြင်ရ၏။ “ယွန်ကျင့်နယ်မှာ ငါ မွေးခဲ့ပေမယ့် ဒီနေရာမျိုး ရှိတယ် ဆိုတာ တခါမှလည်း မကြားဖူးပါကလား” ဟု ရပ်၍ တွေးနေသေး၏။

သူ့ကို စောင့်ကြပ်ခေါ်လာသည့် အစိမ်းရောင် သူငယ်မကလေးနှစ်ယောက်က “တာရာ နတ်မင်း ကြွပါ”ဟု ခေါ်ကြ၏။ ရှေ့တွင် ဝင်းကျယ်ကြီးတခု ရှိပြီး ထိုဝင်းကြီး၏ တဖက် တချက်တွင် ဟင်္သာပြဒါးသုတ် တိုင်လုံးကြီးများဖြင့် ဆောက်ထားသည့် လမ်းသွယ်တခုရှိလျက် ရွှေချည်ထိုးကန့်လန့်ကာကြီးများ ဖုံးထား၏။ သူ့ရှေ့တည့်တည့်တွင်မူ ဖယောင်းတိုင်များ၊ မီးအိမ်များ ထိန်နေအောင် ထွန်းထားသည့် ခန်းဆောင်ကြီးတခုကို လှမ်းမြင်လိုက်ရ၏။

“ကန့်လန့်ကာကို မလိုက်လေ” ဟု အထဲမှ အသံတသံက ပြော၏။

သူငယ်ကလေး လေးယောက်တို့သည် ပုလဲလုံးကလေးတွေ စီထားသည့် ကန့်လန့် ကာကို မတင်လိုက်ပြီး ရွှေချိတ်တချိတ်ဖြင့် ချိတ်ထားလိုက်၏။

“ကျွန်ုပ်တို့ နောက်ဆုံး တွေ့ကြပြီးသည့်နောက်တွင် သင် ကျန်းမာပကတိ ရှိပါ၏ လော”ဟု သခင်မက မေး၏။

စုန်ကျန့်သည် ထိုင်ရာမှထ၍ အရိုအသေပြုလိုက်ပြီး-

"လူသားဖြစ်သည့် ကျွန်ုပ်သည် သခင်မ၏ မျက်နှာကို မော်၍ မကြည့်ရဲပါ" ဟု ဖြေ၏။

"ဒီနေရာ ရောက်နေပြီးတဲ့နောက်မှာ ကျွန်ုပ်အား အထူးတလည် ယဉ်ကျေးသိမ်မွေ့ နေဖို့ မလိုတော့ပါဘူး" ဟု သခင်မက ပြော၏။

ထိုအခါကျမှ စုန်ကျန့်သည် မော့၍ သခင်မ၏ မျက်နှာကို ကြည့်လိုက်၏။ ခန်းဆောင် ကြီးတခုလုံးသည် ရွှေရောင်၊ ကျောက်စိမ်းရောင်တို့ဖြင့် တောက်ပလျက်ရှိပြီး နဂါးရုပ် မီးအိမ်ကြီးများ၊ နတ်ငှက်ရုပ်ဖယောင်းတိုင်ကြီးများ မီးရောင်ဖြင့် လင်းထိန်လျက် ရှိ၏။ ဘေးတဖက်တချက်တွင်ရပ်နေသည့် သူငယ်ကလေးများ၊သူငယ်မကလေးများသည်လည်း ကျောက်စိမ်းတောင်ဝှေးများ၊ တံခွန်များကို ကိုင်ထားကြပြီး အချို့ကလည်း ယပ်တောင် ကြီးများကို ခတ်လျက်ရှိကြ၏။ ကျောက်မျက်ရတနာတို့ စီခြယ်ထားသည့် ထိုင်ခုံကြီး ပေါ်တွင်မူ ကေရီသခင်မသည် ထိုင်လျက်ရှိ၏။ ကေရီသခင်မသည် ပါးလွှာသည့် ရွှေပိုးမျှင်ဝတ်ရုံကြီးကို ဝတ်ထားပြီး ကျောက်စိမ်းသန်လျက် တစီးကို ကိုင်ထား၏။ မျက်လုံးတို့သည် ချစ်စဖွယ်ကောင်း၍ မျက်နှာသည် ကျက်သရေရှိလှ၏။

"ရှေ့တိုးပါ တာရာသခင်" ဟု သခင်မက ပြောပြီးလျှင် အရက်ချိုတို့ကို တိုက်ရန် အမိန့်ပေးလိုက်၏။

အစိမ်းရောင်ဝတ်ရုံ ဝတ်ထားသည့် သူငယ်မကလေးနှစ်ဦးက ကနုတ်ပန်းနွယ်များ သဏ္ဌာန် ပြုလုပ်ထားသည့် ရွှေခရားထဲမှ နေ၍ ကျောက်စိမ်းခွက်ထဲသို့ အရက်ချိုများကို ထည့်ပေး၏။ တယောက်က ကျောက်စိမ်းခွက်ကို ကမ်းပေးလိုက်ရာ စုန်ကျန့်သည် မငြင်း သာတော့ဘဲ ထ၍ ယူလိုက်၏။ ထို့နောက် စုန်ကျန့်သည် သခင်မနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၍ အရက်ချိုကို သောက်၏။ ချိုမွှေးသော အရက်ချိုသည် နတ်သုဒ္ဓါရည်ကဲ့သို့ သူ့ ဦးနှောက်တွင်းသို့ ရောက်သွားကာ နှင်းရည်ကဲ့သို့ သူ့နှလုံးသားထဲသို့ စိမ့်ဝင်သွား၏။

နောက် သူငယ်မကလေးတယောက်က သူ့အား နတ်သုဒ္ဓါစွန်ပလွံသီးများကို ပေး ပြန်၏။ စုန်ကျန့်သည် ညစ်ပတ်ပေကျံကုန်မည် စိုးသည့်နှယ် သစ်သီးတလုံးကို လက်ဖျား ကလေးများဖြင့် အသာကလေး ကောက်ယူလိုက်ပြီး စားကြည့်၏။ သူငယ်မကလေး တယောက်က အရက်ချိုများကို ငှဲ့ပေးပြန်၏။ စုန်ကျန့်ကလည်း တကျိုက်တည်းဖြင့် အကုန်သောက်ချလိုက်၏။ သခင်မက နောက်တခွက်ငှဲ့ပေးရန် အချက်ပြ၏။ ငှဲ့ပေးသည့် အခါတွင် စုန်ကျန့်ကလည်း တကျိုက်တည်း မော့လိုက်ပြန်၏။

သူငယ်မကလေးတဦးက စွန်ပလွံသီးများကို ပေးပြန်၏။ စုန်ကျန့်ကလည်း တလုံး၊ နှစ်လုံး စားလိုက်ပြန်၏။ ထိုအချိန်၌ကား စုန်ကျန့်သည်

နတ်သုဒ္ဓါရည်သုံးခွက်နှင့် နတ် သစ်သီးသုံးလုံးတို့ကို စားသောက်ပြီးခဲ့လေပြီ။ အနည်းငယ် မူးယစ်လာသည့်အတွက် တစုံတရာ မဖွယ်မရာ ပြောဆို ပြုမူမိမည်ကို စိုးရိမ်နေ၏။

"ကျွန်ုပ် နောက်ထပ် မသောက်နိုင်တော့ပါ။ နောက်ထပ် မသောက်နိုင်သည့်အတွက် သခင်မက ခွင့်လွှတ်လိမ့်မည် ထင်ပါသည်"

"တာရာသခင်ဟာ အရက်ကြိုက်တတ်သူ မဟုတ်တဲ့အတွက် ဒီလောက်ဆိုလျှင် တော် လောက်ပြီ။ နတ်ကျမ်းသုံးကျမ်းကို ယူပြီး တာရာသခင်ကို လက်ဆောင်ပေးလိုက်ကြ"

သူငယ်ကလေးတယောက်သည် ကန့်လန့်ကာနောက်သို့ ဝင်သွားကာ ကျောက်စိမ်း ဗန်းတခုထဲတွင် ထည့်၍ ယူလာ၏။ ရွှေပိုးမျှင်တို့ဖြင့် ပတ်ထားသော နတ်ကျမ်းသုံးကျမ်းကို ယူလာပြီး စုန်ကျန့်ကို ပေး၏။ ကျမ်းထုပ်မှာ အလျား ငါးလက်မ၊ အနံ သုံးလက်မ၊ အထူ သုံးလက်မခန့် ရှိ၏။ စုန်ကျန့်သည် ထိုကျမ်းစာအုပ်များကို မဖွင့်ရဲဘဲ ဖြစ်နေ၏။ စုန်ကျန့်သည် အရိုအသေပေးကာ ကျမ်းစာအုပ်သုံးအုပ်ကို လှမ်းယူလိုက်ပြီး အင်္ကျီထဲသို့ ထည့်လိုက်၏။

"အို၊ တာရာသခင်။ ကျွန်ုပ်တို့သည် အသင့်အား နတ်ကျမ်းသုံးကျမ်းကို ပေးခဲ့ပြီး လေပြီ။ အသင်သည် ကျမ်းအဆုံးအမကို လိုက်နာ၍ ဘုရင်ကေရာဇ်အပေါ်တွင် သစ္စာ စောင့်သိပါလေ။ သင်သည် မှူးမတ်ဖြစ်လာသည့်အခါတွင် တိုင်းပြည်ကို ကာကွယ်၍ ပြည်သူတို့အား ငြိမ်းချမ်းရေး ပေးပါလေ။ မကောင်းမှုကို တားမြစ်၍ တရားကို ကျင့်သုံးပါလေ။ သည်အချက်ကို မမေ့ပါနှင့်"

စုန်ကျန့်က ကတိပေးပြီးနောက် အရိုအသေပေး၏။ သခင်မက ဆက်ပြော၏။

"အသင်၏ နှလုံးသားသည် စင်ကြယ်ခြင်း မရှိသေးဘဲ တာဝန်ဝတ္တရားများလည်း မပြီးဆုံးသေးသည့်အတွက် ကျောက်စိမ်းသခင် သိကြားမင်းသည် သင့်အား လူ့ပြည်သို့ ခေတ္တ ပြည်နှင်ဒဏ်ပေးခဲ့၏။ မကြာမီ အသင်သည် နတ်ဘုံရှိ ဟင်္သာပြဒါးနန်းတော်ကြီးသို့ ပြန်လာရပေတော့မည်။ ထို့ကြောင့် အားဝီရိယကို မလျှော့လေနှင့်။ နောက်ထပ်ပြစ်မှုများ ကို ကျူးလွန်မိ၍ သင့်အား ငရဲပြည်သို့ ပို့ခဲ့လျှင် ကျွန်ုပ်လည်း ကယ်နိုင်တော့မည် မဟုတ်။ ကျမ်းသုံးကျမ်းကို ကျေအောင်ဖတ်ပါလေ။ ထိုကျမ်းသုံးကျမ်းတို့သည် သင့်အား ဂန္ဓာရီ အတတ်တို့ကို သင်ကြားပေးပေအံ့။ ထိုကျမ်းသုံးကျမ်းကို ကျေပြီးသည့်အခါတွင် ကျမ်းတို့ကို မီးရှို့ဖျက်ဆီးခဲ့ပါလေ။ ထိုကျမ်းများကို လူ့ပြည်တွင် ထားမပစ်ခဲ့ပါလေနှင့်။ ကျွန်ုပ်ပြောသည့် စကားကို မြဲမြဲနားထောင်ပါ။

ကျွန်ုပ်သည် နတ်ဘုံသား ဖြစ်၍ သင်ကား လူ့ပြည်သားသာ ဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦးသည် အတူတကွ နေ၍ မဖြစ်။ ယခုပင် လူ့ပြည်သို့ ပြန်လေတော့”

ဧကရီသခင်မသည် နတ်သမီးများအား သူ့ကို လမ်းပြရန် အမိန့်ပေးလိုက်၏။

“ကျွန်ုပ်တို့သည် နတ်ဘုံမှာ ရွှေနှင့် ကျောက်စိမ်းမျှော်စင်တွင် ထပ်မံတွေ့ဆုံကြဦးအံ့” စုန်ကျန့်သည် ကျေးဇူးစကားဆိုပြီးနောက် အစိမ်းရောင်ဝတ်ထားသည့် နတ်သမီးများ နောက်မှလိုက်ကာ ခန်းဆောင်အပြင်သို့ ထွက်လာခဲ့၏။ နတ်သမီးများသည် သူ့ကို ကြယ်ပွင့် ပုံတံခါးကြီးမှ ခေါ်သွားကြကာ ကျောက်တုံးတံတားကလေးနား အရောက်လိုက်ပို့ကြ၏။ “အသင်သည် မကြာခင် ရန်သူများနှင့် တွေ့ခဲ့ရ၏။ ကျွန်ုပ်တို့ အရှင်သခင်မကသာ မကယ်လျှင် အသင်သည် အဖမ်းခံရလောက်ပေပြီ။ မနက်ဖြန်မနက် မိုးသောက်သည်နှင့် သင်သည် ဘေးကင်းရာသို့ ရောက်ပေတော့မည်။ အို၊ တာရာသခင်။ ကြည့်စမ်းပါ့။ နဂါး နှစ်ကောင် ရေထဲတွင် ပျော်မြူးလျက် ရှိကြကုန်၏”

စုန်ကျန့်သည် တံတားလက်ရန်းမှ နေ၍ ချောင်းထဲသို့ ငုံ့ကြည့်လိုက်၏။ နတ်သမီး နှစ်ယောက်သည် အလစ်တွင် သူ့ကို ရေထဲသို့ တွန်းချလိုက်ကြ၏။ စုန်ကျန့်သည် ယောင် ယမ်း၍ အော်လိုက်ကာ ဆင်းတုတော်ပေါ်မှ လိမ့်ကျသွားလေ၏။

စုန်ကျန့်တယောက် အိပ်မက် မက်နေခြင်းပေတည်း။

စုန်ကျန့်သည် လဲကျရာမှ ထကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ လမှာ မွန်းတည့် နေလေပြီ။ သန်းခေါင်ကျော်လောက် ရှိပြီဟု စုန်ကျန့် ခန့်မှန်းကြည့်၏။ သူ့လက်ထဲတွင် စွန်ပလွံသီးသုံးလုံးကို တွေ့ရ၏။ အိတ်ထဲတွင်လည်း ပိုးသားဖြင့် ထုပ်ထားသည့် ကျမ်း စာထုပ်ကို တွေ့ရပြန်၏။ သူသည် ကျမ်းစာအုပ်များကို လှန်ကြည့်လိုက်၏။ ထိုကျမ်းစာအုပ် များသည် နတ်ကျမ်းများ ဖြစ်သည်မှာ သေချာ၏။ သူ့ပါးစပ်ထဲတွင်လည်း နတ်သုဒ္ဓါရည် သည် ချိုမွှေးလျက် ရှိနေသေးသည်ဟု ထင်၏။

“တော်တော်ဆန်းတဲ့ အိပ်မက်ပဲ။ အိပ်မက်နဲ့တောင် မတူဘဲ တကယ့်အဖြစ်လို့ ထင်ရ တယ်။ ဒါပေမဲ့ အိပ်မက်ဆိုရင်လည်း ငါ့အိတ်ထဲမှာ ဘာဖြစ်လို့ ကျမ်းစာအုပ်သုံးအုပ် ရောက် နေရတာလဲ။ ပြီးတော့ ဘာဖြစ်လို့ စကားတွေအားလုံးကို မှတ်မိနေရသလဲ။ အိပ်မက် မဟုတ်ခဲ့ရင်လည်း ဘာဖြစ်လို့ ပလ္လင်ပေါ်က လိမ့်ကျရသလဲ။ အဖြေက ရှင်းပါတယ်။ ဘုံကျောင်းက နတ်ဟာ တော်တော် တန်ခိုးကြီးပုံရတယ်။ ဘယ်နတ်မျိုးပါလိမ့်”

စုန်ကျန့်သည် အလင်းရောင်ရရန် ကန့်လန့်ကာကို မလိုက်၏။

နဂါးကိုးကောင်ခံသည့် ပလ္လင်ပေါ်တွင် လှပသည့် နတ်သမီးရုပ်တရုပ်ကို မြင်ရ၏။ သူ တွေ့ခဲ့ရသည့် ဧကရီသခင်မနှင့် တထေရာတည်း တူနေ၏။

"ငါ့ကို တာရာသခင်တဲ့။ တန်တော့ ငါဟာ အရင်ဘဝတုန်းက သာမန်လူ မဟုတ်ခဲ့ဘူး ထင်တယ်။ သခင်မ ပေးလိုက်တဲ့ ကျမ်းသုံးကျမ်းဟာ အသုံးဝင်ပုံရတယ်။ ဟုတ်တယ်။ သခင်မ ပြောလိုက်တဲ့ စကားတွေကို ငါ မေ့လို့မဖြစ်ဘူး။ မနက်ဖြန် မိုးသောက် အလင်း ရောက်ရင် ငါ ဘေးကင်းရာကို ရောက်မယ်လို့ ချပ်ဝတ်တန်ဆာအစိမ်းတွေကို ဝတ်ထားတဲ့ နတ်သမီးကလေးတွေက ပြောလိုက်တယ်။ ခုတောင် မိုးလင်းတော့မယ်။ ငါ ဒီနေရာက သွားမှဖြစ်မယ်"

စုန်ကျန့်သည် မှုန်ရီရီအလင်းရောင်ထဲတွင် သူ့တင်းပုတ်ကြီးကို စမ်း၍ ရှာ၏။ ထို့ နောက် အဝတ်အစားမှ ဖုန်များကို ခါပြီးလျှင် သတိကြီးစွာဖြင့် ဘုံကျောင်းထဲမှ ထွက်လာ ခဲ့၏။ လက်ဝဲဘက် လမ်းကလေးအတိုင်း လိုက်လာခဲ့ရာ မကြာမီ ဘုံကျောင်းအပြင်သို့ ရောက်လာခဲ့၏။ ဘုံကျောင်း အပြင်ဘက်တွင် ချိတ်ထားသည့် ဆိုင်းဘုတ်ကြီးကို မော့ ကြည့်လိုက်ရာ "ဂန္ဓာရီမယ်တော် ဘုံကျောင်း" ဟု စာတန်းထိုးထားသည်ကို တွေ့ရ၏။

စုန်ကျန့်သည် လက်အုပ်ချီ၍ ဆိုင်းဘုတ်ကို ကန်တော့၏။

"ငါ တော်တော်ကံကောင်းတယ်။ နဂါးကိုးကောင်ဘုံကျောင်းက ဂန္ဓာရီမယ်တော်က ငါ့ကို ကျမ်းသုံးကျမ်း ပေးလိုက်တယ်။ ငါ့အသက်ကိုလည်း ကယ်လိုက်တယ်။ မယ်တော်နဲ့ နောက်တခါ တွေ့ရရင်တော့ ဒီဘုံကျောင်းကို ပြင်ဆောက်ပြီး နောက်ထပ် ကျောင်းသစ် တွေ၊ ဇရပ်တွေလည်း ဆောက်ဦးမှပဲ။ အို၊ မယ်တော်ဘုရား။ ကျွန်ုပ်သည် သင့်အား ပူဇော် ပါ၏။ ကျွန်ုပ်အား မှိုင်းမ စောင့်ရှောက်တော်မူပါ"

စုန်ကျန့်သည် ရွာအဝင်တံခါးဆီသို့ သတိကြီးစွာထား၍ လာခဲ့၏။ အဝေးမှ ဆူညံစွာ အော်ဟစ်သံများကို သူ မကြားမိချေ။ အတန်ကြာလျှင် အဝေးမှ ဆူညံစွာ အော်ဟစ်နေသံ များကို ကြားလိုက်ရ၏။

"အန္တရာယ်တော့ တွေ့ဦးမယ်ထင်တယ်။ ဒီရွာထဲက ထွက်လို့ ရပါဦးမလား မသိဘူး။ ငါ့ကို တွေ့သွားရင်တော့ လိုက်ဖမ်းကြတော့မှာပဲ။ ဟောဒီ လမ်းဘေးက ချုံတွေထဲမှာ ပုန်း နေရင် ကောင်းမယ်"

ချုံထဲသို့ သူရောက်သွားသည်နှင့် တပြိုင်နက် ဓား၊ လှံတို့ကို ကိုင်ထားသည့် တပ်သားများသည် သူ့ဆီသို့ မောကြီးပန်းကြီး ပြေးလာကြသည်ကို မြင်ရ၏။ "ဂန္ဓာရီမယ်တော် ဘုရား၊ တပည့်တော်တို့ကို ကယ်တော်မူပါ" ဟု အော်လာကြ၏။

"တော်တော်ထူးဆန်းတာပဲ။ ငါ့ကို ဖမ်းဖို့ စောင့်နေတဲ့ တပ်သားတွေဟာ ဘာဖြစ်ကုန် ကြပြန်သလဲ"

ခဏကြာလျှင် ရဲသားကျောက်နန်သည် လမ်းအတိုင်း ပြေးလာကာ "ဂန္ဓာရီ မယ်တော်၊ ကျွန်တော်တို့ကို ကယ်ပါ" ဟု အော်လာလေ၏။

"ဒီရဲသား ဘာဖြစ်လာသလဲ မသိဘူး" ဟု စုန်ကျန့် တွေးနေ၏။

ထိုစဉ် သူ့နောက်မှ လိုက်လာသူကို မြင်ရ၏။ ထိုသူမှာ လူထွားကြီးတယောက် ဖြစ်ပြီး ကိုယ်အထက်ပိုင်း ဗလာကျင်းလျက်ရှိရာ ဖုထစ်နေသော သူ့ကြွက်သားကြီးများကို အတိုင်း သား မြင်နေရ၏။ သူ့လက်ထဲတွင် စစ်ပုဆိန်ကြီးနှစ်လက် ကိုင်လာသည်။

"ဟေ့ကောင်တွေ၊ ရပ်လိုက်" ဟု ထိုလူက အော်၏။

အနီးသို့ ရောက်လာသည့်အခါတွင် စုန်ကျန့်သည် ထိုလူကို မှတ်မိလိုက်လေပြီ။ ထိုလူ မှာ အခြားသူမဟုတ်။ လီကွေ့ခေါ် လေပွေနက် ဖြစ်၏။

စုန်ကျန့်သည် အိပ်မက်မက်နေသကဲ့သို့ ဖြစ်လျက်ရှိကာ ချုံထဲမှ ထွက်မလာရဲသေးချေ။ ဘုံကျောင်းရှေ့သို့ ရောက်သည့်အခါ၌ ကျောက်နန်သည် မြေကြီးပေါ်တွင် ထွက်နေ သည့် သစ်မြစ်ကြီးတမြစ်ကို တိုက်မိပြီး လဲကျသွား၏။ လီကွေ့သည် သူ့ကို မီလာကာ လဲကျ နေသော ကျောက်နန်ကို ခြေတဖက်ဖြင့် နင်းထားလိုက်ပြီး ပုဆိန်ကြီးကို မြှောက်လိုက်၏။ ထိုစဉ် ခမောက်များကို နောက်ကျောတွင် လှန်ချထားသည့် ရဲညီနောင်နှစ်ယောက်တို့သည် လည်း အနီးသို့ ရောက်လာကြ၏။ သူတို့သည် မိုန်းကြီးများကို ကိုင်ထားကြ၏။ တယောက် မှာ အိုပင်းဖြစ်ပြီး နောက်တယောက်မှာ တောက်ချုံဝမ်း ဖြစ်၏။ လီကွေ့သည် သူတို့ နှစ်ယောက်က ဝင်သတ်မည်စိုးသည့်အတွက် စောင့်ဆိုင်းမနေတော့ဘဲ လဲကျနေသော ကျောက်နန်ကို ခေါင်းမှ ရင်အထိ ပုဆိန်ကြီးဖြင့် ခုတ်ချလိုက်၏။ ထို့နောက် လီကွေ့သည် ထွက်ပြေးသွားသော တပ်သားများနောက်သို့ လိုက်ကာ ပုဆိန် ဖြင့် ဘယ်ညာ လွှဲ၍ ခုတ် သတ်ပစ်လေ၏။

စုန်ကျန့်သည် တော်တော်နှင့် ချုံမှ ထွက်မလာရဲသေးဘဲ နောက်ထပ် ရဲညီနောင် သုံးယောက် ရောက်လာမှ အပြင်သို့ ထွက်လာခဲ့၏။ တယောက်မှာ မွေးနီလျှူထန် ဖြစ်၍ နောက်တယောက်မှာ ရှီယုံ ဖြစ်ပြီး နောက်တယောက်မှာ ငရဲသားလီလီတို့ ဖြစ်ကြ၏။ သူတို့ခြောက်ယောက်သည် တိုင်ပင်နေကြ၏။

"ခွေးသားတွေ အကုန်လုံးကိုတော့ သတ်ခဲ့ပြီးပြီ။ ကျုပ်တို့နောင်တော် စုန်ကျန့် ကိုလည်း မတွေ့ရသေးပါကလား။ ဒုက္ခပါပဲဗျာ"

"ဟောဟို ထင်းရှူးပင်ကြီးနောက်မှာတော့ လူတယောက် မြင်တယ်ဗျ"

ထိုအခါကျမှပင် စုန်ကျန့်သည် အပြင်သို့ ထွက်လာခဲ့၏။

"ကျွန်တော့်ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ် နောင်ကြီးတို့ရာ။ နောင်ကြီး တို့ကို ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"ဟောဒီမှာ နောင်ကြီးစုန်ကျန့်ကို တွေ့ပြီဗျို့။ ကျုပ်တို့ဗိုလ် ကျောက်ခဲဆီကို ချက်ချင်း သတင်းပို့ဦး"

ရှိယုံနှင့် လီလီတို့သည် သတင်းပို့ရန် ချက်ချင်း ထွက်ခွာသွားကြလေ၏။

"ကျွန်တော် ဒီမှာ ရောက်နေတယ်ဆိုတာ နောင်ကြီးတို့ ဘယ်လိုလုပ်ပြီး သိသလဲ" ဟု စုန်ကျန့်က မေး၏။

"တောင်ရိုးစခန်းက နောင်ကြီးထွက်သွားတော့ ကျောက်ခဲနဲ့ ဝုရုံတို့က နောင်ကြီးကို နည်းနည်းလေးမှ စိတ်မချကြဘူးဗျ။ ဒါနဲ့ ထောင်မှူးထိုက်ချုံကို လွှတ်ပြီး နောင်ကြီးရဲ့ အခြေအနေကို လိုက်ပြီး အကြည့်ခိုင်းလိုက်တယ်။ ဒါပေမဲ့ သူ့တယောက်တည်း လွှတ်လိုက် ရတာကိုလည်း စိတ်မချဘူး။ ဒါနဲ့ ကျွန်တော်ရယ်၊ တပ်ခွဲတခွဲလောက်ကို ခေါ်ပြီး စစ်ကူ အဖြစ် လိုက်လာခဲ့ကြတာ။ ခင်ဗျားတို့ ဒုက္ခရောက်မှာကို စိုးရိမ်တယ်လေ။ လမ်းကျတော့ ထိုက်ချုံနဲ့ တွေ့တာပဲ။ နောင်ကြီးကို ဖမ်းဖို့ ရဲသားနှစ်ယောက် လိုက်လာတယ်လို့ သူ့ဆီက ကြားရတယ်။ ကျောက်ခဲလည်း သိပ်စိတ်ဆိုးသွားတယ်။ ဒီတင် ထိုက်ချုံကို စခန်းကို ပြန် လွှတ်ပြီး ကုန်ဆွန်ရှုန်းရယ်၊ ဝုရုံရယ်၊ တခြားလူနည်းနည်းပဲ စခန်းကို အစောင့်အဖြစ် နေရစ် ခဲ့၊ ကျန်တဲ့လူတွေ လိုက်လာခဲ့လို့ မှာလိုက်တယ်။ ကျန်တဲ့သူတွေ အားလုံး နောင်ကြီးကို ရှာဖို့ လိုက်ခဲ့ကြလို့လည်း ပြောလိုက်တယ်။

"လမ်းကျတော့ ဒီလိုပဲ စုန်ကျန့်ကို ပတ်လည်ရွာကို ရောက်အောင် ဝိုင်းခြောက်ပြီး အဲဒီမှာ ပိတ်ဖမ်းမယ်ဆိုတာ ကြားရတော့တာပါပဲ။ ဒီတင် ကျွန်တော်တို့ ရွာကို ဝိုင်းပြီး တွေ့သမျှအစောင့်တွေကို သတ်ပစ်ခဲ့တယ်။ ကျန်တဲ့လူတွေကတော့ ရွာထဲကို ဝင်ပြေးကြ တယ်။ လီကွေ့က သူတို့ကို ပုဆိန်နဲ့ လိုက်ခုတ်တော့ ကျွန်တော်တို့လည်း သူ့နောက်က လိုက်လာခဲ့ကြတယ်။ နောင်ကြီးကို ဒီမှာတွေ့မယ်လို့ လုံးလုံး မမျှော်လင့်ဘူးဗျာ"

ထိုသို့ပြောဆိုနေစဉ် အခြားသူများလည်း ရောက်လာကြ၏။ အားလုံး လူစုံသည့် အခါတွင် စုန်ကျန့်သည် သူတို့အားလုံးကို ကျေးဇူးတင်ကြောင်း ပြော၏။

"တောင်အောက်ကို မဆင်းပါနဲ့လို့ ကျွန်တော် ပြောသားပဲ။ နောင်ကြီးက ဆင်းချင် တာကိုး။ ခုတော့ ကံကောင်းလို့ အသက်သီသီကလေး လွတ်တယ်"ဟု

ကျောက်ခဲက ပြော၏။

"ကျွန်တော့်အဖေကြီးအတွက် တချက်မှ စိတ်မအေးဘူးဗျာ။ ကျွန်တော် သူ့ကို သွား တွေ့ချင်တယ်"

"ဟုတ်ပါပြီလေ။ ခင်ဗျား စိတ်အေးရအောင်ဆိုပြီး ထိုက်ချုံနဲ့ လူတချို့ကို လွှတ်ပြီး ခင်ဗျားအဖေကြီးနဲ့ ညီကို အခေါ်ခိုင်းလိုက်လို့ ခုဆိုရင် စခန်းမှာ ရောက်နေပါပြီ"

စုန်ကျန့်မှာ များစွာ ဝမ်းသာသွား၏။ စုန်ကျန့်သည် ကျောက်ခဲကို အရိုအသေပေးကာ-"ဒီလို သဘောထားကြီးမှုမျိုးအတွက်ဆိုရင် ကျွန်တော် သေဖို့ အဆင်သင့်ပါပဲဗျာ"

သူတို့သည် မြင်းများပေါ်သို့ တက်ကာ ပတ်လည်ရွာမှ ထွက်လာခဲ့ကြ၏။ စုန်ကျန့်သည် နဖူးတွင် လက်ထိကာ ကောင်းကင်သို့ မော့ကြည့်ပြီး သူ့အသက်ကို ကယ်လိုက်သည့် ဂန္ဓာရီသခင်မကို ကျေးဇူးတင်မိ၏။ တနေ့တွင် ကျေးဇူးပြန်ဆပ်ရန်လည်း ဆုံးဖြတ်လိုက်၏။ သူတို့စစ်ကြောင်းသည် လျှံရှန်းတောင်ရိုးဆီသို့ ချီတက်လာခဲ့ကြ၏။ စခန်းကို စောင့် လျက်ရှိသည့် ဝုရုံနှင့် အခြားတပ်ဗိုလ်များသည် သဲသိင်္ဂါဆိပ်ကမ်းသို့ အရောက်ဆင်းလာ ကာ သူတို့ကို ကြိုဆိုကြ၏။ သူတို့သည် ရဲညီနောင်ခန်းဆောင်ဆီသို့ လာခဲ့ကြ၏။

"ကျွန်တော့်အဖေကြီးရော" ဟု စုန်ကျန့်က စိုးရိမ်တကြီး မေး၏။

ကျောက်ခဲသည် လူတယောက်ကို လွှတ်၍ မြေရှင်အဘိုးအိုစုန်ကို အခေါ်ခိုင်းလိုက်၏။ ခဏအကြာတွင် အဘိုးအိုစုန်သည် ဝေါတစီးဖြင့် ရောက်လာ၏။ သူ့ညီဖြစ်သူ သံယပ် တောင်ခေါ်စုန်ကျင့်လည်း အတူလိုက်ပါလာ၏။ အားလုံးက အဘိုးအိုကို ဝေါပေါ်မှ ဝိုင်းဝန်း ချပေးကာ ရဲညီနောင်ခန်းဆောင်ဆီသို့ ခေါ်လာကြ၏။ စုန်ကျန့်ကား ဝမ်းသာ၍ မဆုံးပြီ။ စုန်ကျန့်သည် ဖခင်ကို ကန်တော့ကာ-

"အဖေ့ကို အထိတ်တလန့်ဖြစ်အောင် လုပ်ခဲ့တဲ့ ဝတ္တရားမကျေတဲ့ သားကို ခွင့်လွှတ် ပါ အဖေ"

"ရဲသားနှစ်ယောက်က လူတွေကို လွှတ်ပြီး အဖေတို့အိမ်ကို နေ့တိုင်း စောင့်အကြည့် ခိုင်းသကွယ့်။ အဖေနဲ့ မင်းညီကို ဖမ်းဖို့ ဝရမ်းကို စောင့်နေကြတာ။ ကျန်းကျို့က ဝရမ်း လာရင် အဖေတို့ကို ဖမ်းတော့မလို့။ အိမ်နောက်ဖေး ဝင်းတံခါးကို မင်းရောက်လာတယ်လို့ ကြားတော့ အိမ်ရှေ့က သက်ငယ်တဲထဲမှာ တပ်သား လေး ငါးဆယ်ယောက် ရှိတယ်။ ဒီတုန်းမှာ သူတို့ ချက်ချင်း

ပျောက်သွားကြတယ်။ ဘယ်ရောက်သွားကြမှန်း အဖေတို့ မသိလိုက်ဘူး။ သန်းခေါင်ကျော်လောက်လည်း ရောက်ရော တပ်သားနှစ်ရာလောက် လာပြီး အဖေတို့အိမ်ကို ဝိုင်းတော့တာပါပဲ။ ပြီးတော့ အဖေ့ကို ထမ်းစင်ပေါ် အတက်ခိုင်း၊ မင်း ညီ ကိုလည်း အဖိုးတန်ပစ္စည်းတွေကို အသိမ်းခိုင်းပြီး အိမ်ကို မီးတင်ရှို့လိုက်ကြတယ်။ ဘာ ဖြစ်လို့ ဒီလိုခေါ်သလဲဆိုတာ မေးချိန်တောင် မရလိုက်ပါဘူးကွယ်”

“ခု ကျွန်တော်တို့ သားအဖတတွေ ပြန်ဆုံရတာဟာ ဒီနောင်တော်တွေရဲ့ ကျေးဇူး ကြောင့်ပဲ အဖေ”

စုန်ကျန့်က တပ်ဗိုလ်များအား အရိုအသေပေး၍ ကျေးဇူးတင်စကား ပြောရန် စုန်ကျင့် ကို ပြော၏။ စုန်ကျင့်ကလည်း အရိုအသေပေးကာ ကျေးဇူးစကား ပြောလေ၏။ ကျောက်ခဲနှင့် အခြားသော တပ်ဗိုလ်များကလည်း မြေရှင်အဘိုးအိုစုန်ကို အရိုအသေပေးကြ၏။ သူတို့ သားအဖတတွေ ပြန်လည်တွေ့ဆုံသည့် အထိမ်းအမှတ်အဖြစ် နွားများ၊ မြင်းများကိုပေါ်ကာ စားသောက်ပွဲကြီး ကျင်းပကြ၏။ ထိုနေ့တနေ့လုံး ပျော်ပွဲရွှင်ပွဲများဖြင့် အချိန်ကုန်လျက်ရှိ၏။ နောက်တနေ့တွင်လည်း စားသောက်ပွဲကြီးတခု ကျင်းပပြန်ရာ တောပုန်းဗိုလ် ကြီး ငယ် တို့သည် ထိုပွဲတွင် ဝင်ရောက်စားသောက်ကြ၏။

တတိယမြောက်နေ့တွင်လည်း ကျောက်ခဲက စားသောက်ပွဲကြီးတခု တည်ခင်းပြန်၏။ ထိုစဉ် ကုန်ဆွန်ရှန်းသည် ကျီစုတွင် ကျန်ရစ်ခဲ့သည့် မိခင်အိုကြီးကို သတိရမိ၏။ မိခင် ကြီးနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သည့်အတွက် မိခင်ကြီး၏ အခြေအနေတို့ကို တွေး၍ စိတ်ပူမိ၏။ စားသောက်နေစဉ် ကုန်ဆွန်ရှန်းသည် ထိုင်ရာမှ ထကာ တောပုန်းဗိုလ်များအား-

“ကျွန်တော့်ကို ကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့ကြတဲ့အတွက် ဟောဒီက နောင်ကြီး တွေကို ကျေးဇူးအထူးတင်ပါတယ်။ သွေးရင်းသားရင်းတွေတောင်မှ ဒီလောက် မကောင်း နိုင်ပါဘူး။ ဟောဒီ တောင်ရိုးပေါ် ရောက်ပြီး ကျွန်တော်တို့ တပ်ဗိုလ်ကျောက်ခဲရဲ့ နောက်ကို လိုက်ခဲ့တဲ့အတွက်လည်း အင်မတန် ပျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အမေအိုကြီးကို ကျွန်တော် တခါမှ မမေ့ရသေးပါဘူး။ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဆရာကြီးကိုလည်း ကျွန်တော် တွေ့ချင်ပါတယ်။ ဒီတော့ သူတို့ ကို သွားရောက်ကန်တော့ဖို့ ကျွန်တော့်ကို လေး ငါးလ လောက်တော့ ခွင့်ပေးစေချင်ပါတယ်။ ဒီလိုခွင့်ပေးရင် ကျွန်တော့်အဖို့ ဝမ်းလည်း သာရပြီး အမေအိုကြီးအတွက်လည်း ဘာမှ ပူပန်ကြောင့်ကြရတော့မှာ မဟုတ်တော့ပါဘူး”

ကျောက်ခဲက-

“ခင်ဗျားမရှိရင် ခင်ဗျားအမေကြီးမှာ ပြုစုစောင့်ရှောက်မယ့်သူ ရှိတော့မှာ

မဟုတ် ဘူးလို့ ခင်ဗျား မကြာခဏ ပြောတာကို ကျွန်တော် သတိရပါတယ်။ ခုလို နောင်ကြီးက ခွင့်တောင်းလာရင် ကျွန်တော်တို့လည်း မငြင်းပယ်ရက်ပါဘူး။ ခွဲတော့ ခွဲနေကြရဦးမှာ ပေါ့လေ။ ကျွန်တော်တို့ ဘယ်တားလို့ကောင်းမလဲ။ ဒီတော့ နောင်ကြီး အဆင်သင့်ဖြစ်တဲ့ နေ့ကိုသာ ပြောပါ။ ကျွန်တော်တို့ လိုက်ပို့ကြရမှာပေါ့”

ကုန်ဆွန်ရှန်းက ကျေးဇူးတင်ကြောင်းပြောပြီးလျှင် သူတို့သည် ထိုနေ့တနေ့လုံး စားသောက်နေကြပြီးနောက် ညသို့ ရောက်သည်နှင့် မိမိတို့စခန်းများသို့ အသီးသီးပြန်လာ ခဲ့ကြ၏။ နောက်တနေ့မနက်တွင် ကုန်ဆွန်ရှန်းအတွက် နှုတ်ဆက်စားသောက်ပွဲကြီးတခုကိုကျင်းပကြ၏။

ကုန်ဆွန်ရှန်းသည် တာအိုရဟန်းများ ဝတ်ဆင်လေ့ရှိသော သူ့ဝတ်ရုံကို ပြန်ဝတ်ပြီး လျှင် ခေါင်းတွင် အိတ်တအိတ်၊ အလယ်တွင် အိတ်တအိတ်ကို ချည်လျက် ကျောတွင် ဓားလွယ်နှစ်ချောင်းကို လွယ်ထား၏။ ပခုံးတွင်လည်း တာအိုရဟန်းများ ဆောင်းသည့် ဒေါက်ချာကို ချိတ်ထားကာ လက်ထဲတွင် လိပ်ခွံတခုကို ကိုင်ထား၏။ တောပုန်းဗိုလ်များ လည်း သူနှင့်အတူ တောင်အောက်သို့ လိုက်လာခဲ့ကြလေ၏။ တောင်ကြားသို့ ရောက်သည့် အခါတွင် စားသောက်ပွဲကြီး ကျင်းပပြန်ကာ နှုတ်ဆက်ပွဲ ကျင်းပကြပြန်၏။ ကျောက်ခဲက-

“တပည့်တော်တို့အနေနဲ့ အရှင်ဘုရားကို တားထားလို့ မကောင်းပါဘူး ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ကို စိတ်ပျက်အောင်တော့ မလုပ်ပါနဲ့ ဘုရား။ တပည့်တော်တို့ဟာ အရှင်ဘုရားကို မသွားစေချင်ပေမယ့် မိခင်ရဲ့ကိစ္စ ဖြစ်နေတော့ တပည့်တော်တို့အနေ နဲ့လည်း ဘာမှ မတားလိုပါဘူး ဘုရား။ ဒါပေမဲ့ ရက်ပေါင်းတရာလောက်အတွင်းတော့ ရောက်အောင် ပြန်ခဲ့ပါ ဘုရား။ ကိုယ်တော်ပြောတဲ့ စကားအတိုင်း ရောက်အောင် ပြန်ခဲ့ စေချင်ပါတယ်” ဟု ကျောက်ခဲက ပြော၏။

“ရောက်အောင် ပြန်ခဲ့ပါ့မယ်ဗျာ။ စိတ်ချပါ။ ဘုန်းကြီးလည်း မနေနိုင်ပါဘူး။ ကိုယ့် အပေါ်မှာ ဒီလောက် ကျေးဇူးပြုထားတဲ့လူတွေနဲ့ ကြာကြာခွဲမနေနိုင်ပါဘူး။ ရွာကိုပြန် ရောက်ရင် ကျွန်တော့်ဘုန်းတော်ကြီးကို ဝင်ဖူး။ အမေအိုကြီးရဲ့ အခြေအနေကို သိပြီးရင် ပြန်လာခဲ့မှာပါ”

စုန်ကျန့်က-

“ရောင်းရင်း နောက်လိုက်နောက်ပါ နည်းနည်းခေါ်သွားပါ့လား။ သူတို့ပါလာရင် အမေကြီးကို ခေါ်လာနိုင်တာပေါ့။ အမေကြီး ဒီမှာရောက်တယ်ဆိုရင် နောင်ကြီးလည်း ဘာမှ ပူစရာမလိုတော့ဘူး”

“ကျွန်တော့်အမေကြီးက အေးအေးဆေးဆေး နေတတ်တယ်ဗျ။ ဆူဆူပူပူ

စိတ် လှုပ်ရှားစရာတွေကို တွေ့ရင် သူ နေတတ်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ဒီကို ခေါ်လာလို့ ဖြစ်မယ် မထင်ဘူး။ ကျွန်တော်တို့မှာ လယ်ကလေး ဘာလေး နည်းနည်းပါးပါး ရှိတယ်။ ဒီလယ်ကလေးကို အမေ ဦးစီးပြီး လုပ်နိုင်ပါတယ်။ အမေကြီး နေထိုင်ကောင်းရဲ့လားဆိုတာ ကြည့်ရုံကလေးပါ။ နောက်ပြီးရင် ကျွန်တော် ပြန်လာမှာပါ”

“ဒီလိုဆိုရင်လည်း ရှိပါစေတော့ဗျာ။ နောင်ကြီး စောစောပြန်လာဖို့ကိုပဲ မျှော်ရတော့ မှာပေါ့” ဟု စုန်ကျန့်က ပြော၏။

လမ်းခရီးတွင် သုံးစွဲသွားရန်အတွက် ကျောက်ခဲက ပန်းကန်ပြားထဲ ထည့်၍ ရွှေနှင့် ငွေတို့ကို ကုန်ဆွန်ရှန်းအား ပေးလိုက်၏။

“ဒီလောက်မလိုဘူးဗျ။ လမ်းခရီးစရိတ်လောက်ဆိုရင် တော်ပြီ”

သို့ရာတွင် ကျောက်ခဲက အတင်းလက်ခံရန် တိုက်တွန်း၏။ ကုန်ဆွန်သည် တချို့ တဝက်ကိုသာ ယူ၍ အိတ်ထဲသို့ ထည့်ပြီးနောက် လက်အုပ်ချီကာ တောပုန်းဗိုလ်တို့ကို နှုတ်ဆက်၏။ သဲသိဂ်ါမြစ်ကမ်းကို ဖြတ်ကူးပြီးသော် ကုန်ဆွန်သည် ကျီစုသို့ ရှေးရှု ခရီး ဆက်ခဲ့၏။

တောင်ပေါ်သို့ ပြန်တက်ခါနီးတွင် လီကွေ့မှာ မျက်ရည်တို့ ဖြိုင်ဖြိုင်ကျအောင် ငိုနေ သည်ကို တွေ့သဖြင့် သူတို့အားလုံး အံ့အားသင့်နေကြ၏။

“ဟင်၊ နောင်ကြီး။ ဘာဖြစ်လို့လဲ”

“ကောင်းကြပါပေရဲ့ဗျာ။ တယောက်ကတော့ အဖေကို သွားတွေ့သတဲ့။ နောက် တယောက်ကလည်း အမေကို သွားတွေ့သတဲ့။ သံဂေါဏတို့ကျတော့ ဘယ်သူ့ကိုမှ တွေ့စရာ မရှိတော့ဘူး”

“ဒါဖြင့် ခင်ဗျားက ဘယ်သူ့ကို တွေ့ချင်သေးလို့တုံး”

“ကျွန်တော့် အမေအိုကြီးလည်း အိမ်မှာ တယောက်တည်း ကျန်ရစ်ခဲ့တာပဲဗျ။

ကျွန်တော့်အစ်ကိုဆိုတာကလည်း သူများဆီမှာ သူရင်းငှားလုပ်ရတယ်။ ဒီတော့ အမေ ကြီးကို ထောက်ပံ့မယ့်သူဆိုလို့ ဘယ်သူမှ မရှိဘူး။ ဒီတော့ အမေအိုကြီး မသေခင် အေးအေး ချမ်းချမ်း နေသွားရအောင် ဒီကို ခေါ်ထားချင်တယ်ဗျာ”

“ဟုတ်တာပေါ့ဗျာ။ ဒီလိုဆိုလည်း လူတချို့ခေါ်ပြီး အမေကြီးကို သွားခေါ်ချေပါ့လား” ဟု ကျောက်ခဲက ပြော၏။ စုန်ကျန့်က-

"ဟာ၊ နောင်ကြီးသွားလို့ မဖြစ်ပါဘူး။ နောင်ကြီးက ထစ်ခနဲဆိုရင် ခံချင်တဲ့လူမျိုး မဟုတ်ဘူး။ ရွာကို ပြန်ရောက်တာနဲ့ ပြဿနာဖြစ်မှာ။ ကျွန်တော်တို့ဆီက လူတွေ ထည့် လိုက်ရင်လည်း ဘာမှ ထူးမှာမဟုတ်ဘူး။ နောင်ကြီးလီကွေ့က အင်မတန် စိတ်မြန်တဲ့သူ။ လမ်းမှာတင် ရန်ဖြစ်မှာ။ ပြီးတော့လည်း နောင်ကြီးလီကွေ့ဟာ ကျန်းကျို့မှာ လူတွေ အများကြီးကို သတ်ခဲ့ပြီးပြီ။ အဲဒီနယ်မှာ သူ့ကို လေပွေနက်ဆိုပြီး လူတိုင်း သိနေကြတယ်။ ဒီတော့ သူ့ကို ဖမ်းဖို့ ကြော်ငြာစာတွေ ကပ်ထားမှာ အမှန်ပဲ။ သူ့ရွာကိုလည်း သူလာရင် ဝိုင်းဖမ်းဖို့ ပြောထားမှာပဲ။ နောင်ကြီးလီကွေ့ကလည်း လူမြင်ရုံနဲ့ ကြောက်စရာကြီး။ သူ့ရွာကလည်း အဝေးကြီး။ တခုခုဖြစ်ရင်တောင်မှ ကျွန်တော်တို့ လိုက်ဖို့ မလွယ်ဘူး။ ဒီတော့ အေးအေးဆေးဆေး ဖြစ်အောင် ခဏစောင့်ပါဦး နောင်ကြီးရာ။ အချိန်တွေ ရှိပါ သေးတယ်"

လီကွေ့က စိတ်ဆိုးမာန်ဆိုးဖြင့်-

"ဒါကတော့ နောင်ကြီး ဘယ်တရားမလဲဗျာ။ ခင်ဗျားကတော့ ခင်ဗျားအဖေကို ခေါ်ခဲ့ ပြီးပြီဆိုတော့ အေးအေးဆေးဆေး နေနိုင်တာပေါ့။ ကျွန်တော့် အမေအိုကြီးကိုတော့ ရွာမှာ တယောက်တည်း ဒီအတိုင်း ပစ်ထားရတော့မှာလား။ သံဂေါဏရဲ့ ဗိုက်ထဲမှာ ဒေါသတွေ အလိပ်လိုက်တက်ပြီး ရင်ကွဲသေတာကို မြင်ချင်လို့လား"

"ကောင်းပါပြီလေ။ ဒီလိုဆိုရင်လည်း ခင်ဗျားကို သွားခွင့်ပြုပါ့မယ်။ ဒါပေမဲ့ စည်းကမ်း ချက် သုံးချက်ကိုတော့ တောင်းရလိမ့်မယ်"

"ဘာစည်းကမ်းချက်တွေလဲဗျ"

စုန်ကျန့်က စည်းကမ်းချက်များကို လက်ချိုး၍ ရေတွက်ရင်း ပြောပြ၏။

အကျိုးဆက်ကား ကမ္ဘာမြေတုန်ဟည်း၍ ကောင်းကင်ကြီး လှုပ်ခါစေသော လီကွေ့ သည် တောင်တို့ကို ခုန်တက်၍ ချောက်ကမ်းပါးတို့ကို လွှားသော ကျားတို့ကို တိုက်ခိုက် သတ်ပုတ်ခဲ့ရ၏။

လီကွေ့ထံမှာ စုန်ကျန့် တောင်းဆိုသည့် စည်းကမ်းချက် သုံးချက်တို့ကား အဘယ် တို့နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄၃

လီကွေ့အတုသည် လမ်းတွင် ခရီးသွားတယောက်ကို လုယက်ခြင်း

လေပွေနက်သည် ယီလင်းတောင်ရိုးတွင် ကျားလေးကောင်ကို သတ်ခဲ့ခြင်း

"နောင်ကြီးဟာ အမေအိုကြီးကို တွေ့ဖို့ ယီစုတိုက်နယ်ကို သွားရတော့မယ်။ ဒီတော့ နောင်ကြီးဆီက စည်းကမ်းသုံးချက်ကို လိုက်နာပါမယ်ဆိုတဲ့ ကတိကိုတော့ တောင်းချင် တယ်ဗျ။ ပထမတချက်က နောင်ကြီးဟာလမ်းမှာ အရက်သောက်မသွားရဘူး။ နောင်ကြီးက စိတ်ဆတ်သူဖြစ်လေတော့ လမ်းမှာ ဘယ်သူနဲ့မှ တည့်မှာ မဟုတ်ဘူး။ ဒုတိယအချက် ကတော့ နောင်ကြီးတယောက်တည်းသွားပြီး အမေအိုကြီးကို တိတ်တဆိတ် ခေါ်လာခဲ့ ရမယ်။ တတိယအချက်ကတော့ နောင်ကြီး ကိုင်တဲ့ စစ်ပုဆိန်ကြီးနှစ်လက်ကို ဒီမှာ ထားခဲ့ ရမယ်။ လမ်းမှာ အစစအရာရာ သတိထားသွားပါ။ မြန်မြန်သွားပြီး မြန်မြန် ပြန်လာခဲ့ပါ" "နောင်ကြီးတောင်းတဲ့ စည်းကမ်းချက်တွေကို လိုက်လျောပါတယ်ဗျာ။ ဘာမှ စိတ် မပူပါနဲ့။ ကျွန်တော် ဒီနေ့ပဲ ထွက်မယ်။ အိမ်မှာလည်း ကြာကြာမနေဘဲ ချက်ချင်းပြန်ခဲ့ ပါ့မယ်"

လီကွေ့သည် သူ့ပစ္စည်းကလေးများကို ထုပ်ပိုးကာ ခါးတွင် ဓားမြှောင်တချောင်းကို ထိုး၍ မိုန်းကြီးတလက်ကိုသာ ယူပြီးသော် ရွှေချောင်းနှင့် ငွေချောင်း သုံး လေးချောင်းကို ယူ၏။ နှုတ်ဆက်သည့်အနေဖြင့် စိမ်ရည်အနည်းငယ်ကို သောက်ကာ ရဲညီနောင်တို့ကို နှုတ်ဆက်ပြီးသော် တောင်အောက်သို့ ဆင်းလာခဲ့၏။

ကျောက်ခဲနှင့် စုန်ကျန့်တို့သည် သူ့ကို တောင်အောက်သို့ လိုက်ပို့ပြီးလျှင် တောင် ပေါ်သို့ ပြန်တက်လာကာ ရဲညီနောင်ခန်းဆောင်တွင် ထိုင်နေကြ၏။ စုန်ကျန့်စိတ်ထဲတွင်မူ တထင့်ထင့် ဖြစ်လျက်ရှိလေ၏။

"နောင်ကြီးလီကွေ့ဟာ တခုခုတော့ ဖြစ်လာလိမ့်မယ် ထင်တာပဲ။ သူ့နယ်က လူ တွေများ ကျွန်တော်တို့စခန်းမှာ မရှိဘူးလား။ နောက်က လိုက်ကြည့်ရင် ကောင်းမယ် ထင်တယ်"

"ချူကွီကလည်း သူတို့နယ်ကပဲ" ဟု ဒူရှန်းက ပြော၏။ စုန်ကျန့်က-

"အလို၊ ဟုတ်သားပဲဗျို့။ ကျွန်တော် မေ့နေတယ်။ ကျွန်တော်တို့တတွေ နဂါးဖြူ ဘုံကျောင်းထဲမှာ တွေ့ကြတုန်းက လီကွေ့က သူ့ကို

ကျွန်တော်တို့ဇာတိပါဗျာလို့ ပြောဖူး သားပဲ”

စုန်ကျန့်သည် ချူကွီကို အခေါ်လွှတ်လိုက်၏။ နောက်လိုက်တယောက်သည် တောင် အောက်သို့ ပြေးဆင်းသွားကာ ထမင်းဆိုင်မှ ချူကွီကို ခေါ်လာခဲ့၏။

“နောင်ကြီးလီကွေ့ကတော့ အမေကြီးကို ခေါ်ဖို့ဆိုပြီး ရွာကို ပြန်သွားပြီဗျ။ သူက မူးရင် ရန်ဖြစ်ချင်တဲ့ လူမျိုးဆိုတော့ ဘယ်သူမှ မထည့်လိုက်ဘူး။ ဒါပေမဲ့ လမ်းမှာ သူ တခုခုဖြစ်မှာကို ကျွန်တော်တို့ စိုးရိမ်တယ်ဗျာ။ ခင်ဗျားကတော့ သူနဲ့ တနယ်တည်းသားလို့ သိရတယ်။ ဒီတော့ ခင်ဗျား သူ့နောက်ကို လိုက်ကြည့်ပေးစမ်းပါ”

“ဟုတ်ပါတယ်။ ကျွန်တော်က သူနဲ့ တနယ်တည်းသားပါ။ ကျွန်တော့်အစ်ကို ချူဖူဟာ မြို့အနောက်တံခါးဝမှာ ထမင်းဆိုင် ဖွင့်ထားပါတယ်။ လီကွေ့က ပိုက်ခြံရွာသားပါ။ သူ့မှာ လီတဆိုတဲ့ အစ်ကိုတယောက် ရှိပါတယ်။ လီကွေ့ဆိုတဲ့လူဟာ စရိုက်က ခပ်ကြမ်းကြမ်းရယ်။ သူက ရွာက လူတယောက်ကို သတ်မိလို့ ရွာက ထွက်ပြေးလာရတာ။ အဲဒီကတည်းက ထစ်ခနဲရှိလျှင် သတ်ပစ်လိုက်တော့တာပဲ။ ရွာကိုလည်း ပြန်လို့ မရတော့ဘူး။ ကျွန်တော် လိုက်ကြည့်ပေးပါဆိုရင် လိုက်ကြည့်လို့ရပါတယ်။ ဒါပေမဲ့ ထမင်းဆိုင်မှာတော့ ဘယ်သူမှ မရှိဘူး။ ကျွန်တော်လည်း ရွာ ပြန်မရောက်တာ အတော်ကြာပြီ။ ခုလိုဆိုရင် ကျွန်တော့် အစ်ကိုနဲ့လည်း တွေ့ရတာပေါ့”

“ထမင်းဆိုင်အတွက်ကတော့ မပူပါနဲ့။ ခင်ဗျားမရှိတုန်းမှာ ဟိုဂျန်နဲ့ ရှိယုံကို အကြည့် ခိုင်းထားပါ့မယ်”

ချူကွီသည် တောပုန်းဗိုလ်များကို နှုတ်ဆက်ကာ တောင်အောက်သို့ ဆင်းသွား၏။ အထုပ်အပိုးများ ပြင်ဆင်ကာ ထမင်းဆိုင်ကို ရှိယုံနှင့် ဟိုဂျန်တို့ကို အပ်ခဲ့ပြီးနောက် ယီချောင်ရွာသို့ ထွက်လာခဲ့၏။

စုန်ကျန့်မှာကား ခံတပ်တွင် ကျောက်ခဲတို့တသိုက်နှင့် သောက်လိုက်စားလိုက်ဖြင့် အချိန်ကုန်နေပြီး ညတွင် အင်းဝိဇ္ဇာ ဝုရုံနှင့်အတူ ကျမ်းသုံးကျမ်းကို လေ့လာလျက်ရှိ၏။ ထိုအကြောင်းကို မပြောတော့ပြီ။

လီကွေ့သည် တောင်ရိုးမှဆင်းကာ ယီချောင်ရွာထဲသို့ တယောက်တည်း ထွက်လာခဲ့၏။ ကတိပေးခဲ့သည့်အတိုင်း အရက်ကို တစက်မျှ မသောက်သည့်အတွက် လမ်းတွင် ပြဿနာ တစုံတရာ မရှိခဲ့ချေ။ လမ်းခရီးအကြောင်း ပြောစရာ ထူးထူးထွေထွေ မရှိတော့ပြီ။ သူတို့နယ် မြို့တံခါးသို့ ရောက်လျှင် လူတသိုက်သည် နံရံတွင် ကပ်ထားသည့် ကြော်ငြာစာ တခုကို ဝိုင်းအုံ

ဖတ်ရှုနေကြသည်ကို တွေ့ရ၏။ လီကွေ့သည် လူအုပ်ထဲမှ ရှေ့သို့ တိုးဝှေ့ လာခဲ့ရာ လူတယောက်က ကြော်ငြာကို အသံထွက်ဖတ်နေသံကို ကြားရ၏။

"… ပထမဆုံးသူမှာ ယွန်ကျင့်နယ်မှ စုန်ကျန့်ဆိုသည့် တရားခံဖြစ်သည်။ ဒုတိယ တရားခံမှာ ကျန်းကျို့အကျဉ်းထောင်နှစ်ထောင်တွင် ထောင်မှူးအဖြစ် အမှုထမ်းနေသည့် ထိုက်ချုံ ဖြစ်သည်။ တတိယတရားခံမှာ ယီချောင်နယ်မှ လီကွေ့ ဖြစ်သည်"

လီကွေ့သည် ဒေါသတွေ အလိပ်လိုက်ထလာကာ ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ပြီ။ ထိုစဉ် လူတယောက်သည် နောက်မှ ရောက်လာကာ သူ့ကို အတင်းဝင် ဖိကပ်လိုက်ပြီး "နောင်ကြီးချန် ဒီကို ဘာလာလုပ်နေတာလဲ" ဟု ထိုလူ့အသံကို ကြားရ၏။

လေပွေနက် ခေါ် လီကွေ့သည် နောက်သို့ လှည့်ကြည့်လိုက်၏။ ထိုသူမှာ အခြား မဟုတ်။ ကုန်းမိကျောင်း ခေါ် ချူကွီ ဖြစ်နေသည်ကို တွေ့ရ၏။

"ခင်ဗျားကကော ဒီကို ဘာလာလုပ်တာလဲ"

"လာလေဗျာ။ ကျွန်တော် ပြောမယ်"

သူတို့နှစ်ယောက်သည် မြို့အနောက်တံခါးအပြင်ဘက်ရှိ ဘုံဆိုင်ကလေးတဆိုင်ထဲသို့ ဝင်လာခဲ့ကြပြီး နောက်ဘက်ရှိ လူရှင်းသည့် ထောင့်ကလေးတခုတွင် ထိုင်လိုက်ကြ၏။ ချူကွီက လီကွေ့ခေါ် လေပွေနက်ကို လက်ညှိုးထိုးလိုက်ကာ-

"ခင်ဗျား တော်တော်အတင့်ရဲတဲ့လူပဲ။ ကြော်ငြာစာက ခင်ဗျားတို့ကို ဖမ်းဖို့ ဆုငွေ ထုတ်ထားတဲ့ ကြော်ငြာဗျ။ စုန်ကျန့်ကို ဖမ်းမိရင် ငွေစင်တသောင်း၊ ထိုက်ချုံကို ဖမ်းမိရင် ငွေငါးထောင်၊ ခင်ဗျားကို ဖမ်းမိရင် ငွေသုံးထောင်ပေးမယ်လို့ ကြေညာထားတယ်။ ခုတော့ ကြည့်စမ်းပါဦး၊ ခင်ဗျားက ကြော်ငြာစာကိုတောင် သွားဖတ်နေလိုက်သေးတယ်။ မျက်စိရှင်တဲ့ လူတယောက်က ခင်ဗျားကို တွေ့သွားပြီး အာဏာပိုင်တွေဆီ သွားအပ်ရင် ဘယ့်နှယ် လုပ်မလဲ။ ခင်ဗျားက ရန်ဖြစ်တတ်မှန်းသိလို့ နောင်ကြီးစုန်ကျန့်က ခင်ဗျားကို အဖော် မထည့်ဘဲ တယောက်တည်း လွှတ်လိုက်တာ။ ဒါပေမဲ့ ခင်ဗျားကို နည်းနည်းလေးမှ စိတ်ချ တာ မဟုတ်ဘူး။ ဒါနဲ့ ခင်ဗျားနောက်ကို လိုက်ပြီး ကြည့်ဖို့ ကျွန်တော့်ကို လွှတ်လိုက်တာ။ ခင်ဗျား ထွက်ပြီး နောက်တနေ့မှ ထွက်လာပေမယ့် ခင်ဗျားထက် အရင် တရက် စော ရောက်နေတယ်။ ဘယ်ကို ဝင်နေလို့လဲ"

"သူတို့က ကျွန်တော့်ကို အရက်မသောက်ရဘူးလို့ ပြောလိုက်တယ်

မဟုတ်လား။ ဒီတော့ ကျွန်တော် မြန်မြန် မသွားနိုင်ဘူးဗျ။ ဒီဘုံဆိုင်ကို ခင်ဗျား ဘယ်လိုလုပ် သိနေ သလဲ။ အရင်တုန်းက ဒီကို ရောက်ဖူးလို့လား။ ခင်ဗျားအိမ်ကကော”

“ဒီဘုံဆိုင်က ကျွန်တော့်အစ်ကို ချူဖူပိုင်တဲ့ ဘုံဆိုင်လေ။ ကျွန်တော်က ဒီမှာ နေလာခဲ့ တာပဲ။ ဟိုတုန်းကတော့ အရပ်တကာလှည့်သွားနေတဲ့ ကုန်သည်ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော် ကုန်ရှုံးပြီး မွဲသွားတာနဲ့ လျှံရှန်းတောင်ရိုးကို ရောက်လာခဲ့တာ။ ခု ကျွန်တော် ပထမဆုံး အိမ်ကို ပြန်ရောက်တာပဲ”

ချူကွီက လီကွေ့အား သူ့အစ်ကိုနှင့် မိတ်ဆက်ပေးလေရာ သူ့အစ်ကိုက သူတို့ နှစ်ယောက်အား စိမ်ရည်များဖြင့် ဧည့်ခံ၏။

“နောင်ကြီးစုန်ကျန့်က ကျွန်တော့်ကို အရက်မသောက်ရဘူးတဲ့။ ဒါပေမဲ့ ခုတော့ ရွာကို ပြန်ရောက်ပြီပဲဗျာ။ တခွက်တဖလား သောက်လို့တော့ ရပါတယ်”

ချူကွီသည်လည်း သူ့ကို အရက်မသောက်ရန် မပြောရဲချေ။ သို့ဖြင့် သူတို့နှစ်ယောက် သည် ညနေစောင်းသည်အထိ အရက်သောက်နေကြ၏။ အစားအသောက်များ ရောက် လာသဖြင့် လီကွေ့သည် မြိန်ရေရှက်ရေ စားသောက်၏။ မိုးသောက်ရောက်သည့်အခါတွင် လရောင်လည်း မှိန်၍ ကြယ်ရောင်တို့လည်း မှိန်ခဲ့လေပြီ။ ကောင်းကင်တွင် အလင်းရောင် ပျို့လာသည့်အခါတွင်မှ လီကွေ့သည် ရွာသို့ ခရီးဆက်ခဲ့၏။ ချူကွီက-

“လမ်းကျဉ်းကလေးကို မလိုက်နဲ့ဗျ။ ဟော ဟို ဝက်သစ်ချပင်အိုကြီး ရှိတဲ့ ပေတရာ လမ်းမကြီးအတိုင်း သွား။ အဲဒီကဆိုရင် ခင်ဗျားရွာကို တန်းနေတာပဲ။ အမေကြီးကို မြန်မြန် ခေါ်ပြီး တောင်ရိုးကို မြန်မြန်ပြန်လာခဲ့နော်”

“လမ်းကျဉ်းကလေးအတိုင်း သွားရတာက နီးတယ်ဗျ။ ပေတရာလမ်းမကြီးအတိုင်း သွားရင် တကွေ့တပတ်ကြီး သွားနေရမှာ”

“အဲဒီတောလမ်းက ဆိုရင် ကျားလည်း ပေါပြီးတော့ လူဆိုးသူခိုးနဲ့ တွေ့လို့ ခင်ဗျား ပါတာကလေးကိုလည်း လုယူလိုက်လိမ့်ဦးမယ်”

“ရပါတယ်ဗျာ။ အကြောင်းမဟုတ်ပါဘူး” ဟု ဆိုကာ လီကွေ့သည် ခမောက်ကြီးကို ဆောင်းကာ မိန်းကြီးကို ကောက်ကိုင်၍ ခါးမြှောင်ကို ချိတ်ပြီးသော် ချူကွီကို နှုတ်ဆက် ထွက်လာခဲ့၏။

ဆယ့်နှစ်လီခန့် သွားမိသည့်အခါ၌ကား မိုးစင်စင်လင်းလေပြီ။ ယုန်ကလေးတကောင် သည် နှင်းရည်တို့ကို စိုစွတ်လျက်ရှိသည့် မြက်တောထဲမှ ထွက်လာကာ သူ့ရှေ့တွင် ခုန်ဆွခုန်ဆွ လုပ်နေ၏။ လီကွေ့သည် ယုန်ကလေးကို

လိုက်ဖမ်းလေ၏။

ရှေ့တွင်မူ သစ်ပင်စောက်ကြီး လေး ငါးဆယ်ခန့် ပေါက်နေသည့် တောအုပ်ကလေး တခု ရှိ၏။ ဆောင်းနှောင်းရာသီဖြစ်၍ သစ်ရွက်တို့သည် နီကြင်သောအဆင်းကို ဆောင် လျက်ရှိကြ၏။ တောစပ်သို့အရောက်တွင် တောအုပ်ထဲမှ သန်မာထွားကျိုင်းသည့် လူကြီး တယောက် ထွက်လာ၏။

“ဟေ့၊ ကိုယ့်အသက်ကို နှမြောတယ် မဟုတ်လား။ ရှိတဲ့ပစ္စည်း ပေးခဲ့။ ဒါမှမဟုတ် ရင်လည်း အထုပ်ကို ချပစ်ခဲ့” ဟု ထိုလူက အော်၏။

လီကွေ့သည် ထိုလူကို လှမ်းကြည့်လိုက်၏။

ထိုလူမှာ ခေါင်းတွင် အနီရောင် ပိုးလက်ကိုင်ပဝါတထည်ကို စည်းထားပြီး ဖျင်ကြမ်း အင်္ကျီကြီးတထည်ကို ဝတ်ထား၏။ သူ့လက်ထဲတွင်လည်း ပုဆိန်ကြီးနှစ်လက်ကို ကိုင် ထား၏။ မျက်နှာကိုလည်း အိုးမည်းတွေ သုတ်ထား၏။

“ကိုယ့်လူက ဘယ်သူမို့ ဒီနေရာမှာလာပြီး ဓားပြတိုက်တမ်း ကစားနေတာလဲ” ဟု လီကွေ့က မေးလိုက်၏။

“ကိုယ့်လူ ကျုပ်နာမည်ကို ကြားရင် တုန်သွားမယ်။ လီကွေ့လို့ ခေါ်တဲ့ လေပွေနက် ဆိုတာ ကျုပ်ပဲ။ ကိုယ့်လူ အထုပ်နဲ့ ပါလာတဲ့ ပိုက်ဆံကို ထားပစ်ခဲ့ရင် အသက်ကို ချမ်းသာ ပေးလိုက်မယ်”

လီကွေ့က ရယ်၏။

“တော်တော်ရူးတဲ့လူပါလား။ ကိုယ့်လူက ဘယ်က တေလေကြမ်းပိုးလဲ။ ကိုယ့်လူက ကျုပ်နာမည်ကို သုံးပြီး ဒီမှာ လုယက်သောင်းကျန်းရအောင် ဘယ်လောက် သတ္တိရှိလို့လဲ” လီကွေ့သည် လက်ထဲတွင် ပါလာသည့် မှိန်းကြီးဖြင့် ဝင်ထိုး၏။ ထိုလူသည် သူ့ ပြိုင်ဘက်ကို တွေ့သဖြင့် ရင်မဆိုင်ရဲတော့ဘဲ ထွက်ပြေးလေ၏။ လီကွေ့သည် ထိုလူ၏ ပေါင်ကို မှိန်းဖြင့် ထိုးလိုက်ရာ ထိုလူသည် လဲကျသွား၏။ လီကွေ့သည် သူ့ရင်ဘတ်ပေါ်တွင် ခြေတဖက် တင်ထားရင်း-

“ကဲ၊ မင်း ငါ့ကို မှတ်မိပြီမဟုတ်လား”

“ဆရာရယ်။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါဗျာ”

“လေပွေနက်လီကွေ့ဆိုတာငါပဲကွ။ ရဲညီနောင်တွေထဲက တယောက်ပဲ။ မင်းငါ့နာမည်ကို ဖျက်တဲ့ ကောင်”

“ကျွန်တော့် မျိုးရိုးနာမည်ကလည်း လီပါပဲဗျာ။ ဒါပေမဲ့ ကျွန်တော်က

လေပွေနက် တော့ မဟုတ်ပါဘူး။ နောင်ကြီးဟာ ရဲညီနောင်တွေထဲက တယောက်ဆိုတာ သိပါတယ်။ နောင်ကြီးနာမည်ကို ကြားရုံနဲ့ တစ္ဆေသရဲတွေကတောင် လန့်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမှာ ခားပြတိုက်တော့ ဒီနာမည်ကို သုံးမိပါတယ်။ ကျွန်တော်ကလည်း တယောက်တည်း လာတဲ့ ခရီးသွားတွေကိုပဲ ခားပြတိုက်တာပါ။ လေပွေနက်ဆိုတဲ့ နာမည်ကိုလည်း ကြား လိုက်ရော အထုပ်အပိုးတွေ ချပြီး ထွက်ပြေးတာချည်းပါပဲ။ ဒီလိုနဲ့ ဒီနားတဝိုက်မှာ ကျွန်တော် ခားပြတိုက် စားနေခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူ့အသက်ကိုမှ မသတ်ခဲ့ဖူးသေး ပါဘူး။ ကျွန်တော့်နာမည်ရင်းကလည်း လီကွေ့ပါပဲ။ ဟော ဟိုနားက ရွာမှာ နေပါတယ်”

“တော်တော်လာတဲ့ ကောင်ပါကလား။ ဒါဖြင့် မင်း ငါ့နာမည်ကို အလွဲသုံးစားလုပ်ပြီး ခားပြတိုက်စားနေတာပေါ့ ဟုတ်စ။ ဒါတင်မကဘူး၊ ငါ ကိုင်သလို ပုဆိန်ကြီးနှစ်လက် ကိုတောင် ကိုင်ထားလိုက်သေးတယ်။ ကဲ၊ ဒီလိုဆိုရင် မင်းကို ပုဆိန်စာ အမြည်းကလေး ကျွေးရဦးမှာပေါ့”

လီကွေ့ခေါ် လေပွေနက်သည် ပုဆိန်ကြီးကို မြှောက်လိုက်၏။

“နောင်ကြီး ကျွန်တော့်ကို သတ်ရင် နှစ်ယောက်ကို သတ်သလို ဖြစ်နေမှာပေါ့ဗျာ”

လီကွေ့သည် ပုဆိန်ကြီးကို ပြန်ချလိုက်ကာ-

“ဘာဖြစ်လို့လဲ”

“ကျွန်တော် လူဆိုးသူခိုးဖြစ်ချင်လို့ ဖြစ်ရတာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ အသက် ကိုးဆယ်အရွယ် အမေအိုကြီး ရှိပါတယ်။ အမေကြီးကို ထောက်ပံ့မယ့်သူဆိုလို့ ကျွန်တော်တယောက်ပဲ ရှိပါတယ်။ ဒါကြောင့်မို့ နောင်ကြီးနာမည်ကို ကြားရင် လူတွေက ကြောက် ကြလို့ နောင်ကြီးနာမည်ကို သုံးပြီး လုယက် စားသောက်နေခဲ့တာပါ။ ဒီလိုနဲ့ ကျွန်တော့် အမေအိုကြီးကို လုပ်ကျွေးခဲ့မိပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ အန္တရာယ် မပြုဖူးသေးပါဘူး။ နောင်ကြီး ကျွန်တော့်ကို သတ်ရင် ကျွန်တော့်အမေကြီး ငတ်သေရုံသာ ရှိပါတော့တယ်”

လီကွေ့သည် မျက်တောင်တချက်မျှ မခတ်ဘဲ လူတယောက်အသက်ကို အလွယ်တကူ သတ်ရဲသည့် လူကြမ်းကြီးတဦး ဖြစ်၏။ သို့ရာတွင် ထိုစကားများကို ကြားလိုက်သည့်အခါ ၌ကား လီကွေ့သည် လက်တွန့်သွား၏။

“ငါရွာကို ပြန်လာတာဟာ အမေအိုကြီးကို ခေါ်ဖို့ ပြန်လာတာ။ ခု ဒီလူကို

သတ်လိုက် ရင် အမေအိုတယောက်ကို လုပ်ကျွေးနေတဲ့ လူတယောက်ကို သတ်သလို ဖြစ်နေတော့ မယ်။ ကောင်းကင်ကရော၊ ငရဲကရော ငါ့ကို ခွင့်လွှတ်မှာ မဟုတ်တော့ဘူး”ဟု တွေးမိ၏။ “ကောင်းပြီ။ ဒီလိုဆိုရင် ကိုယ့်လူ ထ” လီကွေ့သည် ထိုလူကို မတ်တတ်ရပ်ခိုင်း၏။ လီကွေ့အတုသည် ဒူးထောက်၍ သူ့ကို အရိုအသေပေး၏။

“လေပွေနက်အစစ်ဟာ ငါပဲဆိုတာ မင်း ကောင်းကောင်းမှတ်ထားပါ။ နောက်တခါ ငါ့နာမည်ကို မဖျက်ပါနဲ့”

“ဒီနေ့ ကျွန်တော့်အသက်ကို ချမ်းသာပေးလိုက်တဲ့အတွက် ဒီတခေါက် အိမ်ကို ပြန်ရောက်ရင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါတော့မယ် ခင်ဗျာ။ နောင်မှာလည်း နောင်ကြီး နာမည်ကို အသုံးပြုပြီး လုယက်ခြင်း မပြုတော့ပါဘူး” “မင်းဟာ မိဘကျေးဇူးကို သိတတ်တဲ့လူ။ ရော့၊ ဟောဒီ ငွေစင်တဆယ်သား ယူသွား။ ရင်းနှီးလုပ်ကိုင်စား”

လီကွေ့သည် သူ့ကို ငွေစင်တဆယ်သား အချိန်ရှိသော ငွေချောင်းတချောင်းကို ပေး၏။ လီကွေ့အတုသည် ကျေးဇူးစကားဆိုကာ ပြန်သွားလေ၏။ လီကွေ့ခေါ် လေပွေနက်သည် တယောက်တည်း ရယ်၍ ကျန်ရစ်ခဲ့၏။

“ဒီကောင်ဟာ မိဘကျေးဇူးကို သိတတ်တဲ့ကောင်။ ဒီကောင်နှယ် ငါနဲ့မှ ပက်ပင်းလာ တိုးရသေးတယ်နော်။ အေးလေ၊ သူက မိဘကျေးဇူး သိတတ်တဲ့သားဆိုတော့ သူ ကောင်း ရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါစေ။ သူ့ကို သတ်မိရင် ကောင်းကင်ကရော၊ ငရဲကရော ငါ့ကို ခွင့်လွှတ်တော့မှာ မဟုတ်ဘူး။ လွှတ်ပေးလိုက်တာ ကောင်းပါတယ်” လေပွေနက်သည် မိုန်းကို ကိုင်ကာ တောင်ပေါ်လမ်းကလေးအတိုင်း တက်လာခဲ့၏။ နေ ထန်းတဖျားခန့်သို့ ရောက်သည့်အခါတွင် အစာရေစာ မွတ်သိပ်လာခဲ့လေပြီ။ အနီး တဝိုက်တွင် လူသွားလမ်းကလေးများ ရှုပ်ယှက်ခတ်နေသည့်တိုင် ဘုံဆိုင်၊ ထမင်းဆိုင် စသည်တို့ကိုမူ မတွေ့ရချေ။

ထို့နောက်တွင်မူ လျှိုတခုထဲတွင် သက်ငယ်တဲကလေးတသိုက်ကို မြင်ရ၏။ တဲ တလုံးဆီသို့ လာခဲ့သည်တွင် တဲနောက်ဘက်မှ ထွက်လာသော အမျိုးသမီးတယောက်ကို မြင်လိုက်ရ၏။ ထိုမိန်းမမှာ ခေါင်းတွင် တောပန်းတပွင့်ကို ပန်ထားပြီး နှံ့သာတို့ လိမ်း ခြယ်ထား၏။ လီကွေ့သည် မိုန်းလက်ကိုင်ကို အားပြု၍ ထောက်လိုက်ရင်း-

“ကျုပ်ညီမကြီးရယ်၊ ကျုပ်က ခရီးသွားပါ။ ထမင်းကလည်း ဆာလာတော့ ဒီနားမှာ ထမင်းဆိုင်ရယ်လို့လည်း ရှာလို့မတွေ့ဘူး။ ထမင်းကလေးနဲ့

စိမ်ရည်ကလေးများရှိရင် မှာပါ။ ထိုက်သင့်တဲ့ အဖိုးအခ ပေးပါ့မယ်"

အမျိုးသမီးမှာ ကိုယ်လက်ကြမ်းတမ်းသည့်လီကွေ့ကိုမြင်သဖြင့် ပြင်းဆန်ရဲခြင်း မရှိချေ။ "ကျွန်မတို့မှာ စိမ်ရည်တို့ ဘာတို့တော့ မရှိဘူးရှင့်။ ထမင်းတော့ ချက်ပြုတ်ကျွေးနိုင် ပါတယ်"

"ရပါတယ်ဗျာ။ ကျုပ်က ဆာနေတော့ များများလေးတော့ ချက်ပေးပါနော်"

"တစ်စလယ်လောက် ဆိုရင်ကော"

"သုံးလုံးလောက်ချက်ပါလား ကျုပ်ညီမကြီးရယ်"

အမျိုးသမီးသည် မီးဖိုတွင် မီးမွေး၍ ချောင်းထဲတွင် ဆန်ဆေးပြီးလျှင် ထမင်းချက် နေ၏။ လီကွေ့သည် အပေါ့အပါးသွားရန် တဲနောက်ဖေး တောင်စောင်းဆီသို့ ဆင်းလာ ခဲ့၏။ ထိုစဉ် တောင်ခါးပန်းအကွေ့မှာ လူတယောက် သူ့ထံသို့ တိတ်တဆိတ်လာနေသည်ကို မြင်လိုက်ရ၏။ လီကွေ့သည် အိမ်ဆီသို့ ပြန်လာခဲ့၏။ အမျိုးသမီးသည် ဟင်းရွက်ခူးရန် နောက်ဖေးဘက်သို့ ဆင်းလာစဉ် ထိုလူကို မြင်၏။

"ဟင်၊ အစ်ကို။ ခြေထောက် ဘာဖြစ်လာတာလဲ"

"လိမ့်ကျတာဟေ့။ ကံကောင်းလို့ တောင်စောင်းကနေ ချောက်ထဲကို လိမ့်ကျမသွား တာပေါ့ကွာ။ ငါ အလုပ်အကိုင်မကောင်းတာ တလလောက်ရှိပြီ။ ဒါကြောင့်မို့ တယောက် တည်းလာတဲ့ ခရီးသွားတွေကို စောင့်နေတာ။ ဒီနေ့တော့ ခရီးသည်တယောက်နဲ့ တွေ့ တယ်။ ဒါပေမဲ့ ဘယ်သူမှတ်သလဲ။ လေပွေနက်အစစ်နဲ့ သွားတွေ့တယ်ဟေ့။ ဒီ မြည်းသား ကို လုတာပေါ့ကွာ။ ဒါပေမဲ့ ငါ ဘယ်နိုင်မလဲကွာ။ ငါ့ပေါင်ကို မိုန်းကြီးနဲ့ စိုက်ပြီး ငါ့ကို သတ်မလို့ လုပ်တော့တာပဲ။ ဒါနဲ့ ငါကလည်း လုပ်ဇာတ်ခင်းပြီး နောင်ကြီး ကျွန်တော့်ကို သတ်ရင် နှစ်ယောက်ကို သတ်တာနဲ့ အတူတူပါပဲဗျာလို့ ပြောလိုက်တယ်။ ဒီတော့ ဘာဖြစ် လို့လဲလို့ သူက မေးတယ်။ ကျွန်တော့်မှာ အသက်ကိုးဆယ်အရွယ် အမေအိုကြီးတယောက် ရှိပါတယ်။ သူ့ကို ကျွန်တော်ပဲ ထောက်ပံ့နေရတော့ ကျွန်တော်မရှိရင် ငတ်သေဖို့သာ ရှိပါ တော့တယ်လို့ ပြောတာပေါ့။ ဒီတင် ဒီမြည်းသား ငါပြောတာကို အဟုတ်ထင်သွားတယ်ကွ။ ငါ့ကို မသတ်ရုံတင်မကဘူး၊ ငွေချောင်းတချောင်း ထုတ်ပေးပြီး ကောင်းရောင်း ကောင်း ဝယ် ရင်းနှီးစားဆိုပြီး ပြန်လွှတ်လိုက်တယ်။ ဒီမြည်းသား ငါ့နောက်ကို လိုက်ကြည့်မှာစိုးလို့ ငါလည်း တခြားလမ်းက လာပြီး တောင်ခါးပန်းတခုမှာ တရေးအိပ်ပြီးမှ ထလာခဲ့တာ"

အမျိုးသမီးက-

"တိုးတိုးတော် တိုးတိုး။ အိမ်မှာ အသားညိုညို၊ ဗလကောင်းကောင်း လူကြီး တယောက် ရောက်နေတယ်။ ပိုက်ဆံပေးပါ့မယ်၊ ထမင်းချက်ကျွေးပါဆိုလို့ ထမင်းချက် နေတာ။ တန်တော့၊ ဒီလူပဲ ထင်တာပဲ။ အိမ်ရှေ့မှာ ထိုင်နေလေရဲ့။ အသာသွားကြည့် ချေစမ်း။ အဲဒီလူဆိုရင်တော့ ကျွန်မကို ဆေးနည်းနည်းရှာပေး။ ထမင်းထဲမှာ ဆေးခတ် ပစ်လိုက်မယ်။ သူ သတိမေ့သွားရင် သူ့ကို တနေရာမှာ ဖျောက်ပြီး ပါလာတဲ့ ရွှေတွေ၊ ငွေတွေကို ယူလိုက်တာပေါ့။ ပြီးတော့ မြို့သွားပြီး ရင်နှီးစားကြတာပေါ့။ တောထဲမှာ လုယက်စားနေရတာနဲ့ စာရင် ပိုကောင်းတာပေါ့"

လီကွေ့သည် ထိုစကားများကို တလုံးမကျန် ကြားလိုက်၏။ "အင်း၊ ခွေးသား။ ငါကတော့ သူ့အသက်ကို ချမ်းသာပေးရုံတင် မကဘူး၊ ငွေချောင်း တချောင်းတောင် ပေးလိုက်သေးတယ်။ ခုတော့ သင်းက ငါ့ကိုတော့ သတ်ဖို့တောင် ကြံစည်နေပြန်ပြီ" ဟု တွေးမိလေ၏။

လီကွေ့သည် နောက်ဖေးခန်းသို့ ဝင်လာခဲ့ရာ လီကွေ့အတုက ထွက်ပြေးမည်အပြုတွင် သူ့ဆံပင်ကို ဖမ်းဆွဲထားလိုက်၏။ အမျိုးသမီးမှာ အိမ်ရှေ့ခန်းဆီသို့ ထွက်ပြေးသွား၏။ လီကွေ့သည် ထိုလူကို မြေကြီးပေါ်သို့ ကိုင်ပေါက်လိုက်ပြီး ခါးကြားထဲမှ ဓားမြှောင်ကို ထုတ်ကာ လည်ကို ဖြတ်လိုက်၏။ လီကွေ့သည် ဓားမြှောင်ကို ကိုင်ကာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့ပြီး အမျိုးသမီးကို လိုက်ရှာ၏။ သို့ရာတွင် အမျိုးသမီးကို ရှာ၍ မတွေ့တော့ပြီ။ လီကွေ့သည် အိမ်ထဲသို့ ဝင်ကာ မွှေနှောက်ရှာကြည့်၏။ ဖာတလုံးထဲတွင် အဝတ်အစား များ၊ ရွှေငွေများနှင့် အဖိုးတန်ဆံထိုးများကို တွေ့ရ၏။ လီကွေ့သည် ထိုပစ္စည်းများကို ယူပြီး နောက် လီကွေ့အတုထံမှ သူပေးလိုက်သော ငွေချောင်းကိုလည်း ပြန်ယူကာ အထုပ်ထဲသို့ထည့်၏။

မီးဖိုပေါ်မှ ထမင်းအိုးမှာ ဆူပွက်နေလေပြီ။ သို့ရာတွင် ထမင်းနှင့် စားစရာ ဟင်းသီး ဟင်းရွက်ကလေးမျှပင် မရှိချေ။ လီကွေ့သည် ထမင်းကို ပန်းကန်ပြားတချပ်ထဲသို့ ထည့်၍ အားရပါးရ စားလေ၏။ စားသောက်ပြီးလျှင် လီကွေ့သည် မိုန်းကို ကောက်ကိုင်ပြီး တောင် အောက်သို့ ဆင်းလာခဲ့၏။ တုန်ကျန်အရှေ့ရွာသို့ သူရောက်သွားသည့်အခါတွင် နေမှာ အတော်စောင်းခဲ့လေပြီ။ လီကွေ့သည် သူ့အိမ်သို့ တန်းလာခဲ့ကာ အိမ်ရှေ့တံခါးကို အသာဖွင့်လိုက်၏။

"ဟဲ့၊ ဘယ်သူလဲ" ဟု အမေက မေး၏။ အမေမှာ မျက်စိကွယ်နေလေပြီ။ အမေသည် အိပ်ရာပေါ်တွင် ထိုင်ပြီး တရားစာများကို ရွတ်ဖတ်လျက်ရှိ၏။ "ကျွန်တော် လီကွေ့ပါ အမေရဲ့" ဟု လီကွေ့က ဖြေ၏။

"ပေါ်လာသေးသကိုး။ နှစ်ရှည်လများ ဘယ်ကိုများ သွားနေရတာလဲ။ နင့်အစ်ကိုတော့ သူရင်းငှား လုပ်နေလေရဲ့။ လုပ်သာ လုပ်ရတယ်၊ သူ့ဖို့တောင်

အနိုင်နိုင်ရယ်။ ငါ့ကိုမထောက်နိုင်ပါဘူး။ ငါကတော့ နေ့ရှိသရွေ့ နင့်ကိုပဲ မျှော်နေတာ။ ငိုရလွန်းလို့ မျက်ရည် တွေလည်း ခန်းကုန်ပြီ။ ဒါကြောင့် ငါ မျက်စိကွယ်သွားတာ ဖြစ်မှာပဲ။ နင်ကော ဘာ တွေများ လုပ်ကိုင် စားသောက်နေသလဲ”

'အင်း၊ လျှံရှန်းတောင်ရိုးမှာ တောပုန်း လုပ်နေတယ်လို့ ပြောရင်တော့ အမေဟာ ငါ ခေါ်ရာကို လိုက်မှာမဟုတ်ဘူး။ ဒီတော့ ညာပြောမှပဲ” ဟု တွေးမိ၏။

“ခု ကျွန်တော် တပ်ထဲမှာ ဗိုလ်ဖြစ်နေပြီ အမေရဲ့။ အမေ့ကို လာခေါ်တာ”

“ဟာ၊ ဟန်ကျလိုက်တာ။ နင်က ငါ့ကို ဘယ်လိုလုပ်ခေါ်မှာလဲ”

“ဒီကနေ ပေတရာ ရောက်အောင်တော့ အမေ့ကို ကျွန်တော် ထမ်းခေါ်ရမှာပေါ့။ ပေတရာ ရောက်တော့မှ လှည်းတို့ ဘာတို့ ငှားရမှာပေါ့”

“နင့်အစ်ကိုလာအောင် စောင့်ဦးလေ။ နင့်အစ်ကိုနဲ့ တိုင်ပင်ကြည့်ဦးပေါ့”

“ဘာဖြစ်လို့ စောင့်နေတော့မှာလဲ အမေရာ။ ခုပဲ သွားကြတာပေါ့”

သူတို့သားအမိ သွားရန် ပြင်ဆင်နေစဉ် အစ်ကိုကြီး လီတသည် ဆန်တခွက်ကို ယူ၍ ရောက်လာ၏။ လီကွေ့က သူ့အစ်ကိုကြီးကို ရိုသေစွာ နှုတ်ဆက်၏။

“အစ်ကိုကြီးပါလား”

“ခွေးကောင်၊ ဘာဖြစ်လို့ ပြန်လာသေးသလဲ။ တို့ကို ဒုက္ခပေးဦးမလို့လား”

“လီကွေ့ တပ်ဗိုလ်ကြီး ဖြစ်နေပြီဟဲ့။ ခု ငါ့ကို လာခေါ်တာ”

“အမေ၊ ဒီကောင် ပြောတဲ့ အလကား စကားတွေကို ယုံမနေနဲ့။ ဒီကောင် လူ တယောက် သတ်သွားတုန်းက ကျွန်တော်ပဲ သံခြေချင်းအခတ်ခံရ၊ ထိပ်တုံးအခတ်ခံရနဲ့ ဒုက္ခရောက်ခဲ့ရတာ။ ခုတလောမှာလည်း လျှံရှန်းတောင်ရိုးက တောပုန်းတွေနဲ့ ပေါင်းနေ သတဲ့။ ကျွန်တော် ကြားပြီးသား။ လူသတ်ကွင်းက ရာဇဝတ်ကောင်တယောက်ကို အတင်း ဆွဲထုတ်ပြီး ကျန်းကျို့မြို့မှာ သူ သောင်းကျန်းသွားလိုက်တာ ဘာပြောကောင်းမလဲ။ ခုလည်း လျှံရှန်းတောင်ရိုးက တောပုန်းတွေဆီမှာ ရောက်နေသတဲ့။ ဘာကြာသေးလို့လဲ။ ကျန်းကျို့အာဏာပိုင်တွေက သူ့ကို ဖမ်းမိရင် ဆုငွေပေးမယ်ဆိုပြီး ကြော်ငြာထုတ်ထား တယ်။ အာမခံဆိုပြီး ကျွန်တော့်ကိုတောင် ဖမ်းထားမလို့ လုပ်သေးတယ်။ ကျွန်တော့် မြေရှင်က တောင်းပန်ထားလို့ပေါ့။ လီကွေ့ဟာ ဒီနယ်က ထွက်သွားတာ ကြာလှပါပြီ၊ လူလည်း သိမှာ မဟုတ်ပါဘူး၊ ဒီနယ်တဝိုက်မှာ

သောင်းကျန်းနေတဲ့ လီကွေ့ဆိုတာလည်း သူမဟုတ်ပါဘူးလို့ အာဏာပိုင်တွေကို ပြောပြီး လာဘ်ထိုးထားလို့ပေါ့။ နို့မို့ရင် ကျွန်တော် သူ့ကို သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ လိုက်ရှာပေးနေရတော့မှာ။ သူ့ကို ဖမ်းမိရင် ဆုငွေသုံးထောင် ပေးမယ်လို့ ကြေညာထားပြီးပြီ။ မင်းသေသွားရင်လည်း အကောင်းသား ကွာ။ ခုတော့ အိမ်ကို ပြန်လာပြီး အမေ့ကို မဟုတ်တရုတ်တွေ ပြောနေပြန်ပြီ”

“အစ်ကိုရာ၊ ဒီလောက်လည်း စိတ်တိုမနေပါနဲ့။ ကျွန်တော်တို့အားလုံး တောင်ရိုးကို သွားပြီး စုစုဝေးဝေးနေကြတာပေါ့။ တောင်ရိုးပေါ်မှာလည်း ဒီလောက်မဆိုးပါဘူး”

အစ်ကိုလီတသည် ညီကို ရိုက်ပစ်လိုက်ချင်၏။ သို့ရာတွင် ညီနှင့် ဖက်ပြိုင်၍ ရန်ဖြစ် လျှင် သူရှုံးမည်ကို သိသဖြင့် ဘာမျှ မလုပ်ရဲတော့ချေ။ လီတသည် ဆန်အိုးကို ကြမ်းပေါ်သို့ ဆောင့်ချပြီး ထွက်သွား၏။

“အစ်ကိုကတော့ အာဏာပိုင်တွေကို သွားတိုင်ပြီး ငါ့ကို အဖမ်းခိုင်းတော့မယ် ထင် တယ်။ မဖြစ်သေးဘူး။ ငါ ဒီနေရာက မြန်မြန်သွားမှ ဖြစ်မယ်။ ငါ့အစ်ကိုဟာ သူ့တသက်မှာ ရွှေချောင်းတို့၊ ငွေချောင်းတို့ကို တခါမှ မြင်ဖူးတာမဟုတ်ဘူး။ ငါ့မှာပါတဲ့ ငါးဆယ်သားရှိတဲ့ ငွေချောင်းကို သူ့အိပ်ရာပေါ်မှာ ထားပစ်ခဲ့တော့မယ်။ ပြန်လာလို့ ဒီငွေချောင်းကို တွေ့ရင် ငါ့ကို လိုက်ဖမ်းတော့မှာ မဟုတ်ပါဘူး”ဟု လီကွေ့ တွေး၏။

လီကွေ့သည် အိတ်ထဲမှ ငွေချောင်းကြီးတချောင်းကို ထုတ်၍ အိပ်ရာပေါ်တွင် တင်၏။ “ကဲ၊ အမေ၊ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ အမေ့ကို ကျွန်တော် ကျောပိုးပြီး ပေတရာကို ခေါ်သွားမယ်”

“ဘယ်ကို ခေါ်သွားမှာလဲ”

“ဘယ်ကိုလို့ မေးမနေနဲ့ အမေ။ လိုက်သာ လိုက်ခဲ့ပေတော့။ ဟိုရောက်ရင် အမေ စိတ်ချမ်းသာရစေ့မယ်။ ကောင်းကောင်းစားရစေ့မယ်”

လီကွေ့သည် အမေကို ကျောပိုးကာ မှိန်းကို ကောက်ကိုင်ပြီးလျှင် လူရှင်းသည့် လမ်းကလေးတခုဆီသို့ ထွက်လာခဲ့၏။

လီတသည် မြေရှင်ထံ သွား၍ အကျိုးအကြောင်းကို ပြောပြီးလျှင် နောက်လိုက် နောက်ပါ တကျိပ်ခန့်နှင့်အတူ အိမ်သို့ အမြန်ပြန်လာခဲ့၏။ အိမ်တွင် အမေကို မတွေ့ရ တော့ပြီ။ အိပ်ရာပေါ်တွင် တင်ထားသည့် ငွေချောင်းကြီးတချောင်းကိုသာ တွေ့ရ၏။ “ငါ့အတွက် ငွေချောင်းတချောင်း ထားပစ်ခဲ့တာ ထင်တယ်။ ဒါပေမဲ့ အမေ့ကို ဘယ် များ ခေါ်သွားသလဲ မသိဘူး။

သူနှင့်အတူ လျှို့ရှုန်းတောင်ရိုးက တောပုန်းတွေလည်း ပါလာ မှာပဲ။ ငါ လိုက်သွားရင် တောင်ရိုးမှာ ငါလည်း ကောင်းကောင်းမွန်မွန် နေရမှာပဲ” ဟု တွေး နေ၏။

လီကွေ့ကို မတွေ့ရသည့်အခါတွင် နောက်လိုက်နောက်ပါများသည်လည်း မည်သို့ လုပ်မည် မသိဘဲ ဖြစ်နေကြ၏။

“လီကွေ့တော့ အမေ့ကို ခေါ်သွားပြီ။ ဒါပေမဲ့ သူ ဘယ်လမ်းက ထွက်သလဲဆိုတာ ငါလည်း မသိဘူး” ဟု လီတာက ပြော၏။

လီတာသည် မည်သို့လုပ်ရမည် မသိဘဲ ဖြစ်နေ၏။ မြေရှင်၏ တပည့်များသည်လည်း အတန်ကြာလျှင် အိမ်သို့ ပြန်သွားကြလေ၏။ ထိုအကြောင်းကို တော်ဦးမည်။

လီကွေ့သည် အမေကို ကျောပိုးကာ လူသွားလမ်းကလေးတခုအတိုင်း တောင်ရိုးဆီသို့ လာခဲ့၏။ တောင်ခြေရင်းတခုသို့ ရောက်သည့်အခါတွင် မှောင်စပျိုးနေလေပြီ။ အမေမှာကား မျက်စိကွယ်နေသဖြင့် နေ့လော ညလောဆိုသည်ကို ကောင်းစွာ မသိချေ။ ရှေ့တွင် သူတို့ မြင်နေရသည့် တောင်ရိုးမှာ ယီလင်းတောင်ရိုး ဖြစ်ကြောင်းကို လီကွေ့ သိ၏။ တောင်ရိုးတဖက်သို့ ရောက်မှသာလျှင် လူနေအိမ်ခြေ ရှိ၏။ ကြယ်ရောင်ဝိုးတဝါးထဲ၌ လီကွေ့သည် အမေကို ကျောပိုးကာ တောင်ရိုးပေါ်သို့ တက်လာခဲ့၏။

“လူလေးရေ၊ ဒီနားမှာ ရေတို့ ဘာတို့ မရှိဘူးလား။ အမေ ရေငတ်လိုက်တာ”

“ခဏနေဦး အမေ။ ဒီတောင်ရိုးကို ကျော်လိုက်ရင် တဲသိုက်တို့ ဘာတို့ တွေ့မှာ။ အဲဒီ ရောက်တော့မှ ထမင်းစားသောက်ပြီး နားကြတာပေါ့”

“အမေ့မှာ နေ့လယ်က ထမင်းခြောက်ကလေးပဲ စားခဲ့ရတယ်။ ရေကလည်း သိပ် ငတ်တယ်”

“ကျွန်တော်လည်း အာခေါင်တွေ ခြောက်လှပြီ။ တောင်ပေါ်ရောက်ရင် အမေ့ကို ခဏချပြီး ကျွန်တော် ရေရှာပေးပါ့မယ်”

“လူလေးရေ၊ အမေတော့ မလိုက်နိုင်တော့ဘူး ထင်တယ်။ ရေငတ်လှပြီ”

“ကျွန်တော်လည်း မောလှပြီ အမေ”

လီကွေ့သည် တောင်ပေါ်သို့ တအိအိ တက်လာခဲ့၏။ ထင်းရှူးပင်အိုကြီးတပင် အနီး တွင် ကျောက်ဖျာကြီးတခုကို တွေ့သဖြင့် လီကွေ့သည် အမေ့ကို ကျောက်ဖျာပေါ်သို့ ချကာ မိုန်းကိုလည်း အနီးရှိ မြေကြီးပေါ်တွင် စိုက်ထားလိုက်၏။

"ကဲ၊ အမေ။ ခဏစောင့်နေဘ်။ ကျွန်တော် ရေသွားရှာလိုက်ဦးမယ်"

လီကွေ့သည် ခပ်လှမ်းလှမ်းမှ ရေစီးသံကြားသည့်အတွက် ထိုနေရာသို့ မှန်းလာခဲ့၏။ တောင်ကြောကလေး နှစ်ခု၊ သုံးခုကို ကျော်ပြီးသည့်အခါတွင် စမ်းချောင်းကို တွေ့ရ၏။ လီကွေ့သည် ရေကို အဝသောက်ပစ်လိုက်၏။

လီကွေ့သည် ရေကို မည်သို့ ခပ်သွားရမည်နည်းဟု စဉ်းစားရင်း အနီးတွင် ရပ်၍ ဟိုဟို သည်သည်ကို မျှော်ကြည့်၏။ အထက်တောင်ကြောပေါ်တွင် ဝတ်ကျောင်းတခုကို လှမ်းမြင် လိုက်ရ၏။ လီကွေ့သည် ကမ်းပါးတွင် ကျနေသော နွယ်များကို တွယ်တက်ကာ ကမ်းပါး ထိပ်ရှိ ဘုံကျောင်းဆီသို့ တက်လာခဲ့၏။ အနီးသို့ရောက်လျှင် ဘုံကျောင်းတံခါးကို တွန်းဖွင့် လိုက်ပြီးနောက် ဝင်းထဲသို့ ဝင်လာခဲ့၏။ ထိုဘုံကျောင်းမှာ ဆီဇူကိုယ်တော်ကို ရည်စူး၍ တည်ထားသည့် ဒါယကာတဦးပိုင် ဘုံကျောင်းဖြစ်၏။ ဘုံကျောင်းရှေ့တွင် အမွှေးတိုင် ထည့်၍ ထွန်းသည့် ကျောက်ခွက်ကြီးတလုံးကို တွေ့ရ၏။

လီကွေ့သည် ကျောက်ခွက်ကြီးကို မ ကြည့်၏။ သို့ရာတွင် ကျောက်ခွက်ကြီးမှာ ကျောက်ဆောင်ကို ထွင်း၍ ထုထားသည့် ခွက်ဖြစ်သဖြင့် မ ၍ မရချေ။ မည်မျှ ကြိုးစား အားထုတ်သည့်တိုင် တုတ်တုတ်မျှ မလှုပ်ချေ။ လီကွေ့ စိတ်တို၍ လာလေပြီ။ လီကွေ့သည် အောက်မှ ကျောက်တုံးကြီးကိုပါ မ ချီကာ မြေကြီးပေါ်သို့ ရိုက်ခွဲချလိုက်ရာ ကျောက်တုံးနှင့် ကျောက်ခွက်သည် တခြားစီ ဖြစ်သွား၏။ လီကွေ့သည် ကျောက်ခွက်ကို စမ်းချောင်းသို့ ယူလာခဲ့ပြီး မြက်ခြောက်များနှင့် တိုက်ကာ သန့်ရှင်းအောင် ဆေးကြော၏။ ထို့နောက် ကျောက်ခွက်ဖြင့် ရေတဝက်ခပ်ပြီးလျှင် လက်နှစ်ဖက်ဖြင့် မ ချီ၍ တောင်ထိပ်သို့ ပြန်လာ ခဲ့၏။

ထင်းရှူးပင်အိုကြီးအောက်ရှိ ကျောက်ဖျာသို့ ပြန်ရောက်သည့်အခါတွင် အနားတွင် မှိန်းကြီးကို စိုက်လျက်သား တွေ့ရသော်လည်း အမေ့ကိုမူ မတွေ့ရတော့ချေ။ လီကွေ့သည် အမေ့ကို အော်၍ ခေါ်၏။ သို့ရာတွင် အဘွားအို၏ အရိပ်အယောင်ကိုပင် မတွေ့တော့ချေ။ လီကွေ့သည် အမေ့ကို အကြိမ်ပေါင်းများစွာ အော်ဟစ်ခေါ်သည့်တိုင် ထူးသံ မကြားရ တော့ပြီ။

လီကွေ့သည် စိုးရိမ်စပြုလာ၏။ လက်တွင် ကိုင်လာသည့် ကျောက်ခွက်ကို ချကာ အနီးပတ်ဝန်းကျင်ကို ကြည့်၏။ အမေ့ကို မတွေ့ရတော့ချေ။

ကျောက်ဖျာကြီးနှင့် အလှမ်းသုံးလေးဆယ်အကွာ မြက်ခင်းပေါ်တွင် သွေးစသွေးန များကို မြင်လိုက်သည့်အခါတွင် လီကွေ့သည် ထိတ်သွား၏။ သို့ဖြင့် သွေးစက်များကို ခြေရာခံ၍ လိုက်လာခဲ့ရာ ဂူကြီးတခုအနီးသို့ ရောက်လာခဲ့၏။ ဂူအပြင်ဘက်တွင် ကျား ပေါက်ကလေးနှစ်ကောင်သည် လူရိုးတခုကို

ယက်လျက်ရှိကြ၏။ လီကွေ့သည် တကိုယ်လုံး တုန်ယင်စပြုလာ၏။

"ငါဟာ အမေကြီးကိုခေါ်ဖို့ လျှို့ရှုန်းတောင်ရိုးက ဆင်းလာခဲ့ရတာ။ အခက်အခဲတွေကို ကျော်ပြီး အမေ့ကို သယ်ပိုးလာခဲ့ရတာ။ ခုတော့ ကျားစားခံရဖို့ သယ်လာသလို ဖြစ်နေပြီ။ အမေ့ကို ဒီကို ချီလာဟန်တူတယ်။ ဒီခြေထောက်ရိုးဟာ အမေ့ခြေထောက်ပဲ ဖြစ်မှာပဲ" ဟု လီကွေ့ တွေးနေ၏။

လီကွေ့သည် ဒေါသထွက်လာ၏။ တုန်ယင်နေရာမှ အကုန်ပျောက်သွားကာ နီကြင့် သော သူ့နှုတ်ခမ်းမွေးများသည် ထောင်စပြုလာ၏။ လီကွေ့သည် လက်တွင် ပါလာသည့် မိုန်းကြီးဖြင့် ကျားပေါက်ကလေးနှစ်ကောင်ကို ထိုးလိုက်၏။ ကျားပေါက်ကလေးများသည် တဝေါင်းဝေါင်းဟိန်းကာ လက်သည်းကြီးများထုတ်၍ သူ့ကို ခုန်အုပ်၏။ လီကွေ့သည် ကျားကလေးတကောင်ကို မိုန်းဖြင့် ထိုးသတ်လိုက်ရာ ကျန်တကောင်မှာ ဂူထဲသို့ ဝင်ပြေး လေ၏။ လီကွေ့သည် ဂူထဲသို့ ဝင်လိုက်သွားကာ ထိုကျားပေါက်ကိုလည်း သတ်ပစ်လိုက်၏။ လီကွေ့သည် ဂူထောင့်တွင် ဝပ်နေရာမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ ကျားမကြီးသည် သားရဲတွင်းဆီသို့ ပြန်လာနေသည်ကို မြင်လိုက်ရ၏။

"ငါ့အမေကို ကိုက်တဲ့ ကျားမ" ဟု ကြုံးဝါးရင်း လီကွေ့သည် လက်မှ မိုန်းကို ချလိုက် ပြီး ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။

ကျားမကြီးသည် ဂူဝတွင် ထိုင်ကာ အပြင်ဘက်သို့ ခေါင်းပေးထားပြီး အမြီးကို ယမ်းနေ၏။ လီကွေ့သည် နောက်မှနေ၍ ကျားမကြီးကို သေချာစွာ အကဲခတ်နေ၏။ ထို့နောက် ဓားမြှောင်ဖြင့် နံကြားဆီသို့ အားကုန်စိုက်သွင်းချလိုက်သည်တွင် ဓားမြှောင်သည် လက်ကိုင်ရိုးအထိ ကျားမကြီး၏ ဝမ်းဗိုက်ထဲသို့ စိုက်ဝင်သွား၏။ ကျားမကြီးသည် ကြောက်စဖွယ် အော်ဟစ်ကာ တဖက် ချောက်ကို ခုန်ကူးသွား၏။ ဓားမြှောင်မှာ ကျားမ ကြီး၏ ဗိုက်ထဲတွင် ပါသွားလေပြီ။ လီကွေ့သည် မိုန်းကို ကောက်ကိုင်ကာ ကျားမကြီး နောက်သို့ လိုက်မည်ပြု၏။ ကျားမကြီးမှာ လွန်စွာနာကျင်သော ဝေဒနာကို ခံစားရင်း တောင်ကမ်းပါးစောက်အောက်သို့ ခုန်ဆင်း ပျောက်ကွယ်သွားလေ၏။

လီကွေ့သည် ကမ်းပါးစောက်အောက်သို့ ဆင်းလိုက်မည်ပြုပြန်၏။ ထိုစဉ် သစ်ပင် များကြားမှ လေပြင်းတချက် တိုက်လိုက်ပြီးနောက် သစ်ရွက်တွေ ကြွေကျလာသည်ကို မြင်လိုက်ရ၏။

`တိမ်တို့သည် နဂါး၏ တမန်ဖြစ်ပြီး လေပြင်းတို့သည် ကျား၏ ရှေ့ပြေးဖြစ်၏"ဆိုသည့် စကား ရှိ၏။ လေပြင်းတိုက်သည့် နေရာတဝိုက်မှာ ကျားကြီးတကောင်သည် ဟိန်း၍ ခုန်ထွက်လာ၏။ ကျားကြီး၏ မျက်လုံးသည် အထက်သို့ တက်နေပြီး ထိပ်ကွက်အဖြူကြီး နှင့် ဖြစ်၏။ ကျားကြီးသည် လီကွေ့ကို

ခုန်အုပ်လိုက်၏။

လီကွေ့ခေါ် လေပွေနက်သည် တည်ငြိမ်စွာဖြင့် မိမိကို ခုန်အုပ်လိုက်သော ကျားကြီး၏ လည်ပင်းကို မှိန်းဖြင့် စိုက်ချလိုက်၏။ မှိန်းသည် လည်မျိုကို တည့်တည့် စိုက်မိသွားသည် တွင် ကျားကြီးသည် တုံ့ခနဲရပ်သွားကာ နောက်ဘက် လေးငါးဆယ်လှမ်းအကွာတွင် ကျွမ်းပြန်ကျသွား၏။ ထို့နောက် တောင်ကြီးတလုံး ပြိုကျသွားသကဲ့သို့ အုန်းခနဲမြည်ကာ စန့်စန့်ကြီး အသက်ထွက်သွား၏။ လီကွေ့သည် နောက်ထပ် ကျားဂူထဲသို့ဝင်ပြီး ကျား များကို ရှာကြည့်သေး၏။ သို့ရာတွင် တကောင်မျှ မတွေ့ရတော့ချေ။ လီကွေ့သည် မောပန်းနွမ်းနယ်လျက်ရှိပြီ ဖြစ်သည့်အလျောက် သူနေထိုင်ရာ ဘုံကျောင်းသို့ ပြန်လာ ခဲ့ကာ မိုးလင်းသည်အထိ အိပ်ပစ်လိုက်၏။

နောက်တနေ့တွင် သူသည် စောစွာ အိပ်ရာမှ နိုးလာခဲ့ကာ အမေ၏ ခြေထောက်ရိုး နှင့် အခြားတွေ့သမျှသော အပိုင်းအစများကို ကောက်ယူ၍ သူ့ဝတ်ရုံဖြင့် ထုပ်ကာ ဘုံကျောင်းအနီးတွင် သူကိုယ်တိုင် ကျင်းကလေးတကျင်း တူးပြီး မြှုပ်လိုက်၏။ ရှိုက်ကြီး တငင်လည်း ငိုမိ၏။ ထို့နောက်တွင်ကား ပင်ပန်းဆာလောင်လှပြီ ဖြစ်သည့်အတွက် သူ့ အထုပ်ကို ယူ၍ မှိန်းကို ကောက်ကိုင်ကာ တောင်ကြောပေါ်မှ လေးကန်စွာ ဆင်းလာခဲ့၏။

လမ်းတွင် လေးမြားတို့ကို ကိုင်ထားသည့် မုဆိုးတသိုက်နှင့် တွေ့၏။ သွေးသံအလိမ်း လိမ်းဖြင့် တောင်ပေါ်မှ ဆင်းလာသည့် လီကွေ့ကို တွေ့သည့်အခါတွင် သူတို့သည် အထိတ် တလန့် ဖြစ်လျက်ရှိ၏။

"ဗျို့၊ ခရီးသည်ကြီး။ ခင်ဗျားက တောင်စောင့်နတ်လားဟင်။ ဒီတောင်ကြောကို ခင်ဗျားမို့လို့ တယောက်တည်း ဖြတ်လာရဲတယ်ဗျာ" ဟု သူတို့က ဆိုကြ၏။

"ငါ ဘယ်သူလဲဆိုတာ ဖွင့်ပြောလိုက်ရင်တော့ သူတို့ကို ဆုငွေသုံးထောင်ရအောင် လုပ်ပေးလိုက်သလို ဖြစ်နေတော့မှာပဲ" ဟု တွေးမိသဖြင့် လီကွေ့က-

"ကျွန်တော်က ခရီးသည်ပါ။ မနေ့ညတုန်းက ကျွန်တော်တို့ သားအမိနှစ်ယောက် ဒီတောင်ကြောကို ဖြတ်လာခဲ့ကြတယ်ဗျ။ ဒီတုန်းမှာ အမေက ရေဆာလို့ ရေသွားရှာနေ တုန်းမှာ အမေ့ကို ကျားဆွဲသွားတယ်ဗျ။ ဒါနဲ့ ကျွန်တော်လိုက်ရှာတော့ ကျားအောင်းနေတဲ့ ဂူကို တွေ့ပြီး ပထမကျားကလေးနှစ်ကောင်ကို သတ်ပစ်ခဲ့တယ်ဗျ။ ကျားကြီးနှစ်ကောင် ကိုလည်း သတ်ပစ်ခဲ့တယ်။ နောက်တော့ ကျွန်တော်လည်း ဆီဇူဘုံကျောင်းထဲမှာ မောမော နဲ့ အိပ်ပျော်သွားတာပဲ။ မနက်လင်းတော့ ဘုံကျောင်းက ထပြီး ဆင်းလာခဲ့တာ"

"ဗျာ၊ ဘာဖြစ်တယ်။ ခင်ဗျားတယောက်တည်း ကျားလေးကောင်ကို သတ်ပစ်ခဲ့တယ် ဟုတ်စ။ ရှေးတုန်းက ပုံပြင်ထဲမှာ ပါတဲ့ သူရဲကောင်း လီချွန်ရှောက်နဲ့ ချီလူတို့တောင် ကျားတကောင်စီပဲ သတ်နိုင်ခဲ့တယ်။ ကျားကလေးနှစ်ကောင်ကို သတ်ခဲ့တယ်ဆိုတာတော့ ဟုတ်ချင် ဟုတ်မှာပါပဲ။ ဒါပေမဲ့ ကျားကြီးနှစ်ကောင်ကို ခင်ဗျားတယောက်တည်း သတ်ခဲ့တယ်ဆိုတာကတော့ မဖြစ်နိုင်ဘူးဗျာ။ ကျုပ်တို့တောင် ဒီကျားဆိုးနှစ်ကောင်ကို မသတ် နိုင်လို့ မကြာခဏ ကြိမ်ဒဏ်အပေးခံရတာ အကြိမ်ပေါင်း မရေနိုင်တော့ဘူး။ ဒီကျားဆိုး နှစ်ကောင် ယီလင်းတောင်ရိုးပေါ်ကို လွှန်ခဲ့တဲ့ သုံး လေးလလောက်က ရောက်လာခဲ့ ကတည်းက ဒီတောင်ကြောပေါ်ကို ဘယ်သူမှ မဖြတ်ရဲကြဘူး။ မယုံဘူးဗျာ။ ခင်ဗျား သက်သက် ညာပြောနေတာ"

"ကျွန်တော်က ဒီနယ်က မဟုတ်ပါဘူး။ ဘာဖြစ်လို့ ခင်ဗျားတို့ကို ညာပြောနေရမှာလဲ။ မယုံရင် ခင်ဗျားတို့ လိုက်ကြည့်လှည့်ကြပေါ့။ ပြီးတော့ ကျားသေတွေကို ထမ်းဖို့ လူတွေ လည်း ခေါ်ခဲ့"

"တကယ်မှန်ရင်တော့ ကျေးဇူးပေါ့ဗျာ။ အံ့ဩစရာပဲ"

မုဆိုးများက လက်ခေါက်မှုတ်လိုက်သည့်အခါတွင် လှံများ၊ တင်းပုတ်များကို ကိုင် ထားသည့် လူ လေး ငါးဆယ်ခန့်တို့ ပေါ်ထွက်လာကာ လီကွေ့နှင့်အတူ တောင်ပေါ်သို့ တက်ခဲ့ကြ၏။ တောင်ထိပ်သို့ ရောက်သည့်အခါတွင်ကား မိုးစင်စင်လင်းခဲ့လေပြီ။ သူ ပြောသည့် အတိုင်းပင် ဂူဝတွင် တကောင်၊ ဂူထဲတွင် တကောင် အစန့်သားသေနေသော ကျားပေါက်နှစ်ကောင်ကို တွေ့ရ၏။ တောင်စောင်းခြေရင်းတွင် ကျားမ အသေကြီးကို တွေ့ရပြီး ဆီဗူဘုံကျောင်းဘက်သို့ သွားသည့် လမ်းနားတွင် ကျားထီး အသေကို တွေ့ရ၏။

မုဆိုးများသည် ဝမ်းမြောက်ဝမ်းသာဖြင့် ကျားသေကြီးများကို လက်၊ ခြေတို့ ပူးချည် ကာ ဝါးလုံးများဖြင့် ထမ်းပြီး တောင်အောက်သို့ ဆင်းလာခဲ့ကြ၏။ လီကွေ့ကိုလည်း ကျားများကို အသေသတ်နိုင်သည့်အတွက် ဆုငွေထုတ်ယူရန် ပြောပြီး ရွာသို့ လူကြို လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်ကြ၏။ ရွာရှိ လူများအားလုံးကပင် လီကွေ့ကို ကြိုဆို ကြပြီး မြေရှင်ကောက်၏ အိမ်သို့ ခေါ်လာကြ၏။ မြေရှင်ကောက်မှာ အငြိမ်းစား အစိုးရ အမှုထမ်းတဦး ဖြစ်ပြီး စိတ်နှလုံးကောက်ကျစ်သူတယောက် ဖြစ်၏။ မြေရှင်ကောက်သည် မတရားသော နည်းလမ်းများဖြင့် ချမ်းသာလာခဲ့သူလည်း ဖြစ်လေ၏။

မြေရှင်ကောက်သည် လီကွေ့အား သက်ငယ်မိုးတဲကလေးတလုံးထဲတွင် ဖိတ်ခေါ် ပြီးနောက် ကျားများကို မည်သို့မည်ပုံ သတ်ဖြတ်ခဲ့ကြောင်းကို မေးမြန်းလျက်ရှိ၏။ လီကွေ့ ကလည်း အကျိုးအကြောင်းကို ပြန်ပြော၏။

အားလုံးမှာ ပါးစပ်အဟောင်းသားဖြင့် နားထောင်လျက် ရှိကြလေ၏။

"ဒီစစ်သည်တော်ကြီးရဲ့ အမည်က ဘယ်လို ခေါ်ပါသလဲဗျာ" ဟု မြေရှင်ကောက်ကမေး၏"

"ကျွန်တော့်ဆွေမျိုးနာမည်က ချန်လို့ ခေါ်ပါတယ်။ ကျွန်တော့်ငယ်နာမည်တော့ မရှိပါဘူး။ ကျွန်တော့်ကိုတော့ ရဲချန်လို့ပဲ ခေါ်ကြပါတယ်"

"အင်း၊ ရဲချန်ဆိုတဲ့ နာမည်နဲ့လိုက်အောင် ရဲပါပေတယ်ဗျာ။ အေးလေ၊ မရဲရင် ကျား လေးကောင်ကို ဘယ်လိုလုပ် သတ်နိုင်ပါ့မလဲ"ဟု ဆိုကာ မြေရှင်ကောက်က လီကွေ့အား စားသောက်ပွဲ ကျင်းပဧည့်ခံခြင်း ပြု၏။

ထိုအကြောင်းမှု အကျယ်မပြောတော့ပြီ။

ယီလင်းတောင်ရိုးပေါ်မှာ ကျားလေးကောင်ကို သတ်ကာ မြေရှင်ကောက်၏ အိမ်သို့ ယူဆောင်လာကြောင်းကို သိရသည့်အခါတွင် တရွာလုံး အုတ်အော်သောင်းနင်း ဖြစ်သွား ၏။ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်ဟူသမျှတို့သည် စုဝေးကာ ကျားသေကြီးများကို လာရောက်ကြည့်ရှုကြ၏။ ကောက်၏ အိမ်တွင် အောင်ပွဲခံနေသော သူရဲကောင်းလီကွေ့ကိုလည်း လာရောက်ကြည့်ရှုကြ၏။

လာရောက်ကြည့်ရှုသူများထဲတွင် လီကွေ့အတု၏ ဇနီးသည်လည်း ပါ၏။ လီကွေ့ အတု၏ ဇနီးသည်မှာ ခင်ပွန်းမရှိသည့်နောက်တွင် ဤနေရာသို့လာ၍ မိဘများနှင့်အတူ နေထိုင်လျက်ရှိလေ၏။ ကျားသေများကို သွားရောက်ကြည့်ရှုသည့်အခါတွင် လီကွေ့ကို မြင်သွားကာ မိဘများထံ ပြန်ပြေးလာပြီး အကျိုးအကြောင်းကို ပြောပြလေ၏။

မိဘများက ချက်ချင်းပင် ရွာသူကြီးကို အကြောင်းကြားလိုက်၏။

"ဒီ လေပွေနက်ဆိုတဲ့လူသာ မှန်ရင်တော့ ဒီကောင်ဟာ လီကွေ့ပဲ။ ပိုက်ခြံရွာက လူတယောက်ကို သတ်ပြီး ကျန်းကျို့ကို ထွက်ပြေးတဲ့ကောင်ပဲ။ အဲဒီမှာလည်း ပြဿနာ ဖြစ်ခဲ့သတဲ့။ ဒီကောင်ကိုတွေ့ရင် ချက်ချင်းဖမ်းရမယ်လို့ ဆိုင်ရာက အမိန့်ထုတ်ထားတယ်။ သူ့ကို ဖမ်းမိရင် ဆုငွေသုံးထောင်တောင် ရမှာပါကလား။ ခုတော့ ဒီကောင် ငါ့လက်ထဲ ရောက်လာပြီ" ဟု ရွာသူကြီးသည် တွေးလျက်ရှိ၏။

ရွာသူကြီးသည် မြေရှင်ကောက်ထံ လူတယောက်ကို လွှတ်လိုက်၏။ ကောက်သည် အဝတ်အစားလဲဦးမည်ဟု ဆိုကာ ရွာသူကြီးအိမ်သို့ လိုက်လာခဲ့၏။

“ကျားကို သတ်ခဲ့တဲ့ကောင်ဟာ လေပွေနက်လို့ခေါ်တဲ့ လီကွေ့ပဲဗျ။ ဟိုဘက်တောင် က ပိုက်ခြံရွာမှာ လူသတ်ခဲ့လို့ သူ့ကို ဆုငွေ ထုတ်ထားတယ်။ သူ့ကိုဖမ်းမိရင် ဆုငွေပေး မယ်လို့ ကြေ်ငြာထုတ်ထားတယ်”

မြေရှင်ကောက်က-

“သေသေချာချာတော့ ကြည့်ပါဦး သူကြီးရာ။ မဟုတ်ရင် ဒုက္ခရောက်နေပါ့မယ်။ ဟုတ်ရင်တော့ အကြောင်းမဟုတ်ပါဘူး။ အလွယ်ကလေးနဲ့ ဖမ်းလို့ရပါတယ်။ မဟုတ် ရင်တော့ ကျွန်တော်တို့ အားလုံး ဒုက္ခရောက်မှာနော်”

“လီကွေ့အတုရဲ့ မိန်းမကိုယ်တိုင်က သူပါလို့ ပြောတာပဲဗျ။ ဒီကောင်ဟာ သူတို့ အိမ်ရှေ့မှာ ရပ်ပြီး ထမင်းတောင် စားသွားသေးသတဲ့”

“ကောင်းပြီလေ။ ဒီလိုဆိုရင် ဒီကောင်ကို အရက်တိုက်ပြီး ကျားတွေ သတ်တဲ့အတွက် မြို့သွား ဆုငွေထုတ်မလား၊ ဒါမှမဟုတ် ဒီမှာတင် ရတဲ့ဆုကလေးကို ယူသွားမလားလို့ မေးကြည့်မယ်။ တကယ်လို့ မြို့ကို မသွားချင်ဘူးဆိုရင်တော့ ဒီကောင်ဟာ လေပွေနက်ခေါ် လီကွေ့ပဲ ဖြစ်ရမှာပဲ။ ဒီတော့ ခင်ဗျားနဲ့ ကျုပ်က တယောက်တလှည့်စီ ခွက်မြှောက်ပြီး ဒီကောင်ကို မူးအောင် တိုက်ရအောင်။ မူးပြီဆိုတော့မှ ဒီကောင်ကို ကြိုးနဲ့တုပ်။ မြို့ကို အကြောင်းကြား။ ရဲကိုခေါ်ပြီး အဖမ်းခိုင်း။ ဒီလိုဆိုရင် ဒီကောင် ဘာတတ်နိုင်မှာလဲ”

“ဟန်လိုက်လေဗျာ””

မြေရှင်ကောက်သည် လီကွေ့ကို ဖြားယောင်းရန် အိမ်သို့ ပြန်လာခဲ့၏။ အိမ်သို့ ရောက် လျှင် အရက်ကို တခွက်ပြီး တခွက် ငှဲ့ပေးရင်း-

“နောင်ကြီးရေ၊ မြို့ပြင်ကို ကိစ္စကလေးတခုရှိလို့ သွားတာ စိတ်မရှိနဲ့နော်။ ခင်ဗျား ခါးက အိတ်ကြီးတွေကိုလည်း ချထားစမ်းပါဦး။ လက်ကလည်း မှိန်းကြီးကို တကိုင်ကိုင်နဲ့။ အေးအေးဆေးဆေး သောက်စမ်းပါ”

“ရပါတယ်ဗျာ။ ကျွန်တော့်ခါးမြှောင်တော့ ကျားမကြီးရဲ့ ဗိုက်ထဲကို ပါသွားပြီဗျ။ ဒီရောက်လို့ ကျားမကြီးကို ဖျက်ရင် ကျုပ် ခါးမြှောင်ကလေးတော့ ပြန်ပေးကြပါဗျာ”

“အမယ်လေး။ ဒီလောက်လည်း ပူမနေပါနဲ့ဗျာ။ ဒီထက်ကောင်းတဲ့ ခါးမြှောင်တွေ အပုံကြီး ရှိပါတယ်။ ခင်ဗျားလိုချင်ရင် ရပါတယ်”

လီကွေ့သည် ခါးမြှောင်ထည့်သည့် အိတ်နှင့် အခြားအိတ်များကို မြေရှင်ကောက်၏ တပည့်များအား သိမ်းထားရန် ပေးလိုက်၏။

လက်တွင်ကိုင်ထားသည့် မိုန်းကြီးကိုလည်း နံရံတွင် ထောင်လိုက်၏။ မြေရှင်ကောက်သည် အသားတပန်းကန်နှင့် စိမ်ရည်အိုးကြီးကြီး တလုံးကို အယူခိုင်းလိုက်၏။ မြေရှင်၊ သူကြီးနှင့် မုဆိုးများသည် တယောက်ပြီး တယောက် ခွက်မြှောက်၍ ဆုတောင်းကာ အရက်သောက်ကြ၏။ လီကွေ့ကိုမူ ခွက်ကြီးကြီးဖြင့် ထည့် ပေးလေ၏။

"ကျားတွေကို သတ်တဲ့အတွက် နောင်ကြီး မြို့ကိုသွားပြီး ဆုတော်ငွေ ထုတ်မလား။ ဒါမှမဟုတ် ကျုပ်တို့ရွာက ထောက်ပံ့ကြေးကိုပဲ ယူမလား"

"ကျွန်တော်က ခရီးသည်ဗျာ။ ဒီတော့ မြို့ကို သွားထုတ်ယူနေဖို့ အချိန်မရှိဘူး ထင်တယ်။ ပြီးတော့ ကျားကို ကြုံလို့ သတ်လာခဲ့တာပဲဗျာ။ မြို့တက်ပြီးတော့ ဆုငွေတွေဘာတွေကိုလည်း ထုတ်မနေချင်တော့ပါဘူး။ ထောက်ပံ့ကြေးကလေးကိုသာ ရွာက စုပေး လိုက်ကြပါတော့။ အခက်အခဲ ရှိတယ်ဆိုရင်လည်း ဖြစ်ပါတယ်"

"ဟာ၊ ဒီလောက် သေးသေးဖွဲဖွဲကလေးနဲ့တော့ မလုပ်ပါရစေနဲ့ဗျာ။ ကျွန်တော်တို့ ယီလင်းရွာက ခင်ဗျားအတွက် စုဆောင်းပေးလိုက်ပါ့မယ်။ ကျားသေတွေကိုတော့ မြို့ကို ကျွန်တော်တို့ပဲ သွားပို့လိုက်မယ်"

"ကျွန်တော့်မှာ အဝတ်အစားလဲစရာ မပါဘူးဗျာ။ ဖြစ်နိုင်ရင် ဖျင်ကြမ်းဝတ်စုံ တစုံ လောက်တော့ လိုချင်တယ်"

"ရပါတယ်ဗျာ" ဟု ဆိုကာ ဝတ်စုံနက်တစုံကို ထုတ်ပေးသဖြင့် လီကွေ့မှာ သွေးစွန်း နေသော အဝတ်အစားများကိုလည်း ချွတ်၍ အဝတ်အစားသစ်များကို ဝတ်၏။

လီကွေ့အား ထိုသို့ အစားအသောက်များဖြင့် ဧည့်ခံနေစဉ် မြေရှင်ကောက်၏ အနီး တဝိုက်တွင် အိုးစည်ဗုံမောင်းများ၊ အတီးအမှုတ်များဖြင့်လည်း ဧည့်ခံကြ၏။ လီကွေ့သည် သူ့အား ထောင်ဖမ်းနေသည်ကို မသိဘဲ အရက်ကို စိတ်တိုင်းကျသောက်၏။ စုန်ကျန့်က အရက်မသောက်ရန် မှာလိုက်သည်ကိုလည်း မေ့လျော့သွားလေပြီ။ သန်းခေါင်ကျော်သည့် အခါတွင်မူ လီကွေ့သည် အရက်မူးလွန်ကာ မထနိုင်တော့ပြီ။ လီကွေ့အား အခန်းတခန်း ထဲသို့ တွဲပို့ပေးကာ ခုံရှည်တလုံးပေါ်တွင် သိပ်ထားကြ၏။ သူ့ကို ကြိုးနှစ်ချောင်းဖြင့် ခုံရှည် တွင် ခိုင်မြဲစွာ ပူး၍လည်း ချည်ထားလိုက်ကြ၏။ မြေရှင်ကောက်သည် မြို့မှ အာဏာပိုင် များထံ သွား၍ သတင်းပို့ရန် ရွာသူကြီးကို ခိုင်းလိုက်၏။ ထို့ပြင် လီကွေ့အတု၏ ဇနီး ကိုလည်း တရားဝင်စွဲချက်တင်ရန် ခေါ်လိုက်၏။

ထိုသတင်းကို ကြားသည့်အခါတွင် ယီရှူးနယ် ရုံးတော်တခုလုံးသည် အုတ်အုတ် ကျက်ကျက် ဖြစ်လျက် ရှိ၏။ တအံ့တဩဖြစ်နေသော တရားသူကြီးသည် ရုံးတော်ကို ချက်ချင်း ဆင့်ခေါ်၏။

"လေပွေနက်ဆိုတဲ့ ကောင်ကို ဘယ်မှာ ချုပ်ထားသလဲ။ ဒီကောင်ဟာ သူပုန်။ ဒီကောင် လွတ်သွားလို့ မဖြစ်ဘူး"

"မြေရှင်ကောက်ရဲ့ အိမ်မှာ ကြိုးနဲ့ တုပ်ထားပါတယ်။ ဒါပေမဲ့ သူ့ကို ဘယ်သူမှ ကြာကြာ ဖမ်းမထားနိုင်ပါဘူး။ သူ့ကို ဒီခေါ်လာရင် လမ်းမှာ ထွက်ပြေးသွားမှာစိုးလို့ ကျွန်တော်တို့လည်း ဒီကို ခေါ်မလာရဲပါဘူး" ဟု မုဆိုးများနှင့် တရားလိုက ပြော၏။

ခုံမင်းသည် ရဲသားလီယွမ်းကို ခေါ်ကာ-

"ယီလင်းတိုက်နယ်က မြေရှင်ကောက်ရဲ့ အိမ်မှာ လီကွေ့ခေါ် လေပွေနက်ဆိုတဲ့ ကောင်ကို ဖမ်းချုပ်ထားတယ်။ လူအင်အားကောင်းကောင်း ခေါ်ပြီး ဒီကောင်ကို ဒီကို တိတ်တိတ်ခေါ်လာခဲ့။ လမ်းမှာ လွတ်သွားမှာလည်း စိုးရသေးတယ်"

ရဲသားလီယွမ်းသည် တပ်သားသုံးဆယ်ကို ခေါ်သွား၏။ သူတို့တသိုက်သည် လက်နက် အပြည့်အစုံဖြင့် ယီလင်းတိုက်နယ်ရှိ မြေရှင်ကောက်၏ အိမ်သို့ လာခဲ့ကြ၏။ ယီရှူးမြို့ကလေးမှာ မြို့ငယ်ကလေးဖြစ်သဖြင့် ထိုသတင်းကို ဖုံးဖိ၍ မရချေ။ ထိုသတင်းသည် ဈေးထဲတွင် ဟိုးလေးတကျော် ဖြစ်လျက်ရှိ၏။

"ကျန်းကျို့မြို့ထဲမှာ ဝင်သောင်းကျန်းသွားတဲ့ လေပွေနက်ဆိုတဲ့လူကို မိထားပြီတဲ့။ ခု သူ့ကို ရဲသားလီယွမ်းကို သွားပြီး အခေါ်ခိုင်းလိုက်ပြီတဲ့" ဆိုသော စကားကို သူ့ အစ်ကို အိမ်တွင် ရောက်နေသော ချူကွီ ကြားလာခဲ့သည့်အခါ ချူကွီသည် နောက်ဖေးဆောင်ရှိ သူ့အစ်ကိုရှိရာသို့ ရောက်လာကာ-

"ဒီလူတော့ ရမ်းပြန်ပြီထင်တယ်။ ကျွန်တော် သူ့ကို ဘယ်လိုလုပ် ကယ်ရမလဲ မသိဘူး။ စုန်ကျန့်က သူတယောက်တည်း လွှတ်လိုက်တာကို စိတ်မချလို့ ကျွန်တော့်ကို နောက် က လိုက်အကြည့်ခိုင်းလိုက်တာ။ ခုတော့ အဖမ်းခံနေရပြီ။ ကျွန်တော် သူ့ကို မကယ်နိုင်ရင် စခန်းမှာ ရှိတဲ့ ရဲညီနောင်တွေကို ကျွန်တော် ဘယ့်နှယ်လုပ် မျက်နှာပြရတော့မလဲ"

သူ့အစ်ကို ချူဖူက-

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ။ ရဲသားလီယွမ်းဟာ လက်နက်အတတ်မှာ ကျွမ်းကျင်တဲ့ လူပါ။ သူ့နောက်မှာပါလာတဲ့ လူ လေး

ငါးဆယ်လောက်ကိုတော့ အသာ ကလေးနဲ့ နိုင်အောင် တိုက်နိုင်ပါတယ်။ အရေးကြီးတာက တို့မှာ အခွင့်ကောင်း ရဖို့ လိုတယ်။ ခုကိစ္စမှာ အရေးကြီးတာက လက်ရုံးရည်မဟုတ်ဘူးကွ။ နှလုံးရည်။ လီယွမ်းဟာ ငါနဲ့ သိပ်ခင်တယ်။ သူပဲ ငါ့ကို လက်နက်အတတ်တွေ သင်ပေးခဲ့တာပဲ။ သူ့ကို ငါ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ အေး၊ တခုတော့ရှိတယ်။ သူ့လက်က အကျဉ်းသားကို လုပြီးရင်တော့ ငါလည်း ဒီမှာ နေလို့ ဖြစ်မှာမဟုတ်တော့ဘူး။ ငါတို့ ဒီနေ့ည အမဲသား အချိန်တဆယ်လောက် ဝယ်၊ အတုံး ကြီးကြီးတုံးပြီး နှပ်။ ပြီးတော့ စိမ်ရည်ပုလင်းလည်း များများထား။ အဲဒီထဲမှာ အိပ်ဆေးခတ်။ မနက်မိုးမလင်းခင်မှာ တို့ ညီအစ်ကိုနှစ်ယောက်နဲ့ တပည့်တွေက အရက်အိုးနဲ့ အမြည်းတွေကို တနေရာကို ယူ သွားမယ်။ လီယွမ်းနဲ့ သူ့လူတွေ လာတဲ့အခါကျတော့ သူတို့ကို လမ်းကနေ ဆီးပြီး အရက် တိုက်မယ်။ သူတို့တတွေ မူးပြီး သတိမေ့နေတုန်းမှာ လီကွေ့ကို တို့ ခေါ်ထုတ်သွားမယ်။ ဘယ်လိုသဘောရလဲ”

“ကောင်းတယ်ဗျာ။ ဒီလိုဆို အချိန်ဆိုင်းနေလို့ မဖြစ်ဘူး အစ်ကို။ အရက်အိုးတွေ၊ အမြည်းတွေ လုပ်တော့။ စောစောထွက်မယ်”

“ဒါပေမဲ့ ခက်တာက လီယွမ်း ဆိုတဲ့လူက အရက်ကို သိပ်သောက်တာ မဟုတ်ဘူး။ အရက်မူးသွားရင်တောင် ချက်ချင်းပြေတတ်တဲ့ လူမျိုး။ နောက်တချက်က ဒီကိစ္စမှာ ငါ့လက်ချက်ပါတယ်လို့ သိသွားရင် ငါ ဒီမှာနေလို့ ဖြစ်မှာ မဟုတ်တော့ဘူး”

“အစ်ကို့ဘုံဆိုင်အလုပ်ကလည်း သိပ်ကောင်းတာမှ မဟုတ်ဘဲဗျာ။ ဒီတော့ သား မယားတွေရော ခေါ်ပြီး ကျွန်တော်တို့စခန်းကို လိုက်ခဲ့ပေါ့။ ဟိုမှာဆိုရင် ရွှေငွေကအစ အကုန်လုံး ကျွန်တော်တို့ ခွဲဝေသုံးလို့ရပါတယ်။ အဝတ်အစားဆိုလည်း လိုလေသေးမရှိပါဘူး။ အစ်ကိုလည်း ပျော်မှာပါ။ ဒီတော့ အစ်ကို့တပည့်နှစ်ယောက်ကို ခေါ်ပြီး ဒီနေ့ညပဲ လှည်းအငှားခိုင်းလိုက်။ ပြီးတော့ သားမယားနဲ့ အဖိုးတန်ပစ္စည်းတွေကို လှည်းနဲ့ ရှေ့က လွှတ်လိုက်ပေါ့။ သူတို့ကို ရှီလီပိုင်ရွာမှာ အစောင့်ခိုင်းထား။ ကျွန်တော်တို့ရောက်လာတော့ စခန်းကို အတူတူသွားကြမယ်။ ကျွန်တော့်အိတ်ထဲမှာ ဆေးပါတယ်။ ရဲသားလီယွမ်းက အရက်မသောက်ရင် အမဲသားနှပ်ထဲကို အမှုန့်ကလေးနည်းနည်းဖြူးပြီး ကျွေးလိုက်တာ ပေါ့။ သူလည်း ဘာမှိုလို့ ခံနိုင်မှာတုံး။ သူ မေ့သွားတော့ ကျွန်တော်တို့ လီကွေ့ကို ကယ်ပြီး တောင်ရိုးစခန်းကို အတူတူသွားကြမယ်။ ဘယ့်နှယ်လဲ”

“ကောင်းပြီလေ။ ဒီနည်းပဲ ရှိတော့တာပဲ”

ချူဖူသည် တပည့်နှစ်ယောက်ကို ခေါ်ပြီးလျှင် လှည်းအပြင်ခိုင်းကာ

ပစ္စည်းများကို အတင်ခိုင်းလိုက်၏။ ထို့နောက် သားမယားများကို လှည်းပေါ်သို့ အတက်ခိုင်းကာ တပည့် နှစ်ယောက်ကိုအစောင့်ထည့်၍လွှတ်လိုက်ပြီး သူနှင့် ချူကွိတို့ကမူ ရွာတွင် ကျန်ရစ်ခဲ့ကြ၏။ ထိုနေ့ညဉ့် ညီအစ်ကိုနှစ်ယောက်တို့သည် အမဲသားများကို တုံး၍ နှပ်ကာ အပေါ်မှ ဆေးမှုန့်ဖြူး၏။ အရက်အိုးများနှင့် အမြည်းအိုးများကို သူတို့ညီအစ်ကိုနှစ်ယောက် ထမ်းပိုး တချောင်းစီနှင့် ရှေ့အိုးနောက်အိုး ထမ်းမ၍ သယ်လာခဲ့ကြ၏။ ထို့ပြင် အမဲသား မစားသူများအတွက်လည်း အစိမ်းကြော်များကို ကြော်ကာ ဆေးမှုန့်ဖြူးပြီး အရက်သောက်ရန် အရက်ခွက် သုံး လေးဆယ်ကိုလည်း အသင့်ထည့်ယူလာခဲ့၏။ ထိုပစ္စည်းများကို တပည့် နှစ်ယောက်တို့ ထမ်းလာခဲ့ကြ၏။ ကြက်ဦးတွန်ချိန်လောက်၌ သူတို့သည် လူရှင်းသော တောင်ပေါ်လမ်းဆုံကလေးတခုတွင် စောင့်ဆိုင်းလျက်ရှိကြ၏။ မိုးလင်းချိန်လောက်တွင်မူ အဝေးမှ စည်သံ၊ မောင်းသံများကို ကြားကြရ၏။ ချူကွိက လမ်းဆုံသို့ သွား၍ ရပ်၏။

ယီလင်းရွာထဲတွင်မူ တပ်သားသုံးဆယ်ခန့်တို့သည် တညလုံး စိမ်ရည်များကို သောက် နေကြ၏။ မိုးလင်းချိန်လောက်တွင် သူတို့သည် လီကွေ့ကို လက်ပြန်ကြိုးတုပ်၍ ခရီးဆက် လာခဲ့ကြ၏။ ရဲသား လီယွမ်းမှာ နောက်မှ မြင်းစီး၍ လိုက်ပါလာ၏။ ခရီးအတန်ငယ် လာမိသည့်အခါတွင် လမ်းဆုံမှ ထွက်လာသော ချူဖူကို တွေ့ရ၏။

“ဆရာပါလား။ ဒီနားမှာ နားပါဦးလား” ဟု ချူဖူက နှုတ်ဆက်၏။

ချူဖူသည် စိမ်ရည်များကို ခွက်ကြီးကြီးတခွက်ထဲသို့ ငှဲ့ပေးကာ ရဲသားလီယွမ်းကို လှမ်းပေး၏။ ချူကွိက အမဲသားနှပ်တပန်းကန်ကို လှမ်းပေး၏။ တပည့်များကလည်း အမြည်းပန်းကန်များ ကမ်းပေးကြ၏။ ရဲသားလီယွမ်းသည် မြင်းပေါ်မှ ဆင်းလာခဲ့ကာ သူတို့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။

“ငါ့ညီ၊ ဒီကို ဘာလုပ်လာတာလဲကွာ။ ပင်ပန်းလှတယ်”ဟု ရဲသားလီယွမ်းက ပြော၏။ “နောင်ကြီး လာမယ်ဆိုလို့ စိမ်ရည်များ၊ အမြည်းများနဲ့ လာကြိုဆိုတာပါ”

လီယွမ်းသည် အရက်ခွက်ကို လှမ်းယူလိုက်၏။ လီယွမ်းသည် အရက်ခွက်ကို နှုတ်ခမ်း တွင် တေ့ထားလိုက်သော်လည်း မသောက်ချေ။ ချူဖူက သူ့ရှေ့တွင် ဒူးထောက်လိုက်၏။

“ဆရာ သိပ်မသောက်တတ်ဘူးဆိုတာ ကျွန်တော် သိပါတယ် ဆရာ။ ဒါပေမဲ့ ဒီတခါတော့ အောင်ပွဲအထိမ်းအမှတ်ပေါ့။ တခွက်လောက်တော့ ချီးမြှင့်ပါ ဆရာ”

ရဲသားလီယွမ်းသည် မငြင်းနိုင်တော့ချေ။ သူသည် တကျိုက်၊ နှစ်ကျိုက်

သောက် လိုက်၏။

"ဆရာ သိပ်မသောက်ချင်ဘူးဆိုရင်လည်း အမဲနှပ်ကလေးတော့ မြည်းပါဦး ဆရာ" "မနေ့ညက တညလုံး စားလာတာကွ။ ဗိုက်ပြည့်နေပြီ"

"ခရီးက အဝေးကြီး ဆရာ။ ဒီလောက်ဆိုရင် ဆာရောပေါ့။ ဆန်းဆန်းပြားပြားတော့ မဟုတ်ပါဘူး ဆရာ။ အမဲသားကလေး နှပ်လာတာပါ။ ဆရာ မစားရင် ကျွန်တော် မျက်နှာ ပျက်တော့မှာနော်"

ချူဖူသည် အမဲသားနှစ်တုံးကို ရွေး၍ ပေးလိုက်၏။ အတင်းကျွေးနေသည့်အခါတွင် ရဲသားလီယွမ်းမှာလည်း ငြင်းပယ်ခြင်းအား မတတ်နိုင်တော့ပြီ။ ချူဖူသည် မြေရှင်ကောက်ကို လည်းကောင်း၊ ရွာသူကြီးကို လည်းကောင်း၊ မုဆိုးများကို လည်းကောင်း အရက်များကို ဖိ၍ တိုက်လေ၏။

ချူကွီကလည်း တပ်သားများနှင့် အထမ်းသမားများကို ခေါ်၍ အရက်နှင့် အမြည်း များကို ကျွေး၏။ ထိုသူများမှာမူ ချေးများ မနေကြတော့ပြီ။ ပူသည်၊ အေးသည်၊ ကောင်း သည်၊ မကောင်းသည်ကိုပင် မရွေးကြတော့ဘဲ ပလုတ်ပလောင်း စားကြလေ၏။ သို့ဖြင့် စားသောက်ဖွယ်များသည် စမ်းချောင်းထဲသို့ ကြွေကျသော ပန်းပွင့်များကဲ့သို့ လည်း ကောင်း၊ လေတိုက်ရာသို့ လွင့်ပါးသွားသော တိမ်တိုက်များကဲ့သို့ လည်းကောင်း ချက်ချင်း ပျောက်ကွယ်သွားကြ၏။

လီကွေ့သည် တောက်ပသော မျက်လုံးများဖြင့် သူတို့ကို ကြည့်နေ၏။ ချူကွီနှင့် သူ့ အစ်ကိုတို့ကို မြင်လိုက်သည့်အခါတွင်ကား ပရိယာယ်မှန်း သိလိုက်လေပြီ။

"ကျွန်တော့်ကိုရော စားစရာကလေးများ မပေးကြတော့ဘူးလားဗျာ" ဟု လီကွေ့က တမင် ပြောလိုက်၏။

ချူကွီက-

"အောင်မာ၊ မင်းလိုကောင်က ဒါမျိုးနဲ့ တန်လို့လား။ မင်းကို သတ်မလို့ ပါးကွက်သား တွေ အဆင်သင့် ဖြစ်နေပြီကွ။ ပါးစပ်ပိတ်လိုက်စမ်း"

ရဲသားလီယွမ်းက သူ့တပ်သားများဘက်သို့ လှည့်လိုက်ပြီး "ဟေ့ကောင်တွေ၊ သွား မယ်" ဟု အမိန့်ပေးလိုက်၏။

သို့ရာတွင် သူ့တပ်သားများသည် တယောက်မျက်နှာကို တယောက်ကြည့်နေကြ၏။ လှုပ်ရှားခြင်း မပြုနိုင်ကြတော့ပြီ။ နှုတ်ခမ်းတွေ တုန်ယင်လာကာ ခြေထောက်တို့ ပျော့ခွေ ပြီးနောက် တယောက်ပြီး တယောက်

လဲကျသွားကြ၏။

"ဒါ ငါ့ကို သက်သက်ထောင်ဖမ်းတာပေါ့" ဟု လီယွမ်းက အော်ပြီး အတင်းထွက်ပြေး၏။ သို့ရာတွင် သူ့ခေါင်းသည် လေးလံလာကာ သူ့ခြေထောက်များသည်လည်း အားကုန်သွားကြပြီးနောက် သူသည်လည်း ဗိုင်းခနဲ လဲကျကာ သတိလစ်သွား၏။

ချူကွီနှင့် သူ့အစ်ကိုသည် မိုန်းကြီးများကို ကောက်ကိုင်လိုက်ကြ၏။ "ဟော့ကောင် တွေ၊ ပြေးမယ်မကြံနဲ့" ဟု ဆိုကာ စားသောက်ခြင်း မပြုရသေးသော တပည့်များဆီသို့ ပြေးဝင်၍ သတ်ကြ၏။ အပြေးမြန်သူတို့မှာ လွတ်မြောက်သွားကြပြီး နှေးကွေးသူတို့မှာ အသတ်ခံကြရ၏။

လီကွေ့ခေါ် လေပွေနက်သည် တချက်အော်လိုက်ပြီးနောက် ကိုယ်တွင် ချည်ထား သည့်နှောင်ကြိုးတို့မှ ရုန်းထွက်လိုက်၏။ လီကွေ့သည် မိုန်းကြီးကို ကိုင်ကာ လဲကျနေသော ရဲသားလီယွမ်းကို ထိုးသတ်ရန် ပြေးလာ၏။ သို့ရာတွင် ချူဖူက ရှေ့မှ ဆီးပိတ်ရပ်လိုက်ကာ-"နောင်ကြီး သတိထားလေဗျာ။ သူက ကျွန်တော့်ဆရာဗျ။ လူကောင်းပါ။ နောင်ကြီးပြေးမှာသာ ပြေးပါ"

လီကွေ့ သူ့တားမြစ်ချက်ကို လက်ခံ၏။

"ဒါပေမဲ့ ဟိုအယုတ်တမာကောင် မြေရှင်ကောက်ကိုတော့ သတ်ချင်တယ်ဗျာ။ ဒီကောင်ကို မသတ်ရရင် ကျွန်တော့်ကိုယ်ထဲက သွေးတွေ ပေါက်ကွဲကုန်လိမ့်မယ်"

လီကွေ့သည် မြေရှင်ကောက်ကို ဖမ်းကာ မိုန်းဖြင့် ထိုးချလိုက်၏။ လီကွေ့အတု၏ မိန်းမနှင့် ရွာသူကြီးကိုလည်း သတ်ပစ်လိုက်၏။ ထိုအချိန်၌ လီကွေ့မှာ သွေးဆူလာပြီ ဖြစ်သည့်အလျောက် မုဆိုးတသိုက်နှင့် တပ်သားသုံးဆယ်ကိုလည်း သတ်ပစ်လိုက်၏။ ကျန် နောက်လိုက်များမှာ ခြေထောက်နှစ်ချောင်းတည်းသာ ပေးထားသည့် သူတို့မိဘ များကို စိတ်နာကာ တောနက်ထဲသို့ ထွက်ပြေးကြ၏။ လီကွေ့ကလည်း နောက်မှ လိုက်၏။ ချူကွီက-

"ဗျို့၊ရှောင်းရင်း။ ဒီကိစ္စက သူတို့နဲ့ဘာမှမဆိုင်ဘူးဗျ။ သူတို့က သာမန်အရပ်သားတွေ" ထိုအခါကျမှပင် လီကွေ့သည် အလိုက်ရပ်၏။ လီကွေ့သည် သူ့ကိုယ်မှ အဝတ်အစား တို့ကို ချွတ်ကာ သေဆုံးနေသည့် တပ်သားများကိုယ်မှ အဝတ်တို့ကို ဝတ်၏။ လီကွေ့နှင့် ချူကွီတို့ ရဲညီနောင်နှစ်ယောက်သည် မိုန်းကိုယ်စီ ကိုင်၍ ခရီးဆက်လာခဲ့ကြ၏။ ချူဖူက-

"ကောင်းတော့ မကောင်းဘူးဗျာ။ ကျွန်တော့်ဆရာအပေါ်မှာ ပြစ်မှားမိပြီ။

သူ သတိပြန်ရလာရင် ဖြစ်တဲ့အကြောင်းတွေကို ခုံမင်းကို ပြန်ပြောမှာပါ။ ခုံမင်းကလည်း လူတွေ လွှတ်ပြီး ကျွန်တော်တို့ကို လိုက်ဖမ်းမှာပဲ။ ဒီတော့ ခင်ဗျားတို့နှစ်ယောက်သာ သွားကြတော့။

ကျွန်တော်ကတော့ ကျွန်တော့်ဆရာအနားမှာ စောင့်နေရစ်ခဲ့မယ်။ ကျွန်တော့်ဆရာဟာ ကျွန်တော့်အပေါ်မှာ အင်မတန်ကောင်းတဲ့လူ။ မိတ်ဆွေအပေါင်းအသင်းကိုလည်း အင်မတန် ခင်တတ်တဲ့လူ။ ဒီတော့ သူ သတိရရင် တောင်ရိုးစခန်းကို လိုက်ခဲ့ဖို့ ခေါ်ခဲ့မယ်။ ကျွန်တော့်အပေါ်မှာ သူ့ ကျေးဇူးရှိတယ်။ ဒီအတိုင်း သူ မြို့ကို ပြန်သွားရင် သူ ဒုက္ခရောက်မှာပဲ”

ချူကွီက-

“ဟုတ်တယ်။ အစ်ကိုပြောတာ မှန်တယ်။ ကျွန်တော် လှည်းနဲ့ လိုက်သွားနှင့်မယ်။ လီကွေ့ကတော့ အစ်ကို့ကို ကူညီဖို့ နေရစ်ခဲ့လိမ့်မယ်။ လီယွမ်း သတိမြန်မြန်မရရင်တော့ သူ သတိရအောင် စောင့်မနေနဲ့တော့။ အစ်ကိုတို့နှစ်ယောက်သာ လိုက်ခဲ့ကြတော့”

“အေး၊ ကောင်းတယ်”

ချူကွီသည် တယောက်တည်း ခရီးဆက်လာခဲ့၏။

ချူဖူနှင့် လီကွေ့တို့သည် လမ်းဘေးတွင် ထိုင်ကျန်ရစ်ခဲ့ကြလေ၏။ ခဏကြာလျှင် ရဲသားလီယွမ်းသည် မှိန်းကြီးကိုင်ကာ လမ်းတလျှောက်အတိုင်း ပြေးလာ၏။

“ဟေ့၊ ဓားပြတွေ။ ဘယ်မှ မပြေးနဲ့” ဟု ဆိုကာ လီယွမ်းသည် ကြောက်စဖွယ် အော်ဟစ်၍ သူတို့အနီးသို့ ရောက်လာခဲ့၏။

လီကွေ့သည် ချူဖူ ထိခိုက်မည် စိုး၏။ ထို့ကြောင့် လီကွေ့သည် ထခုန်လိုက်ကာ မှိန်းကို ဝါးလုံးထိုးကိုင်လျက် ရှေ့သို့ တက်လာခဲ့၏။

အကျိုးသက်ရောက်မှုအဖြစ် လျှံရှန်းတောင်ရိုးပေါ်သို့ နောက်ထပ် ကျားနှစ်ကောင် ရောက်လာခဲ့ပြီး ရဲညီနောင်ခန်းမသို့ ရဲလေးဖော်တို့ နောက်ထပ်ရောက်လာကြကုန်၏။ လေပွေနက်နှင့် ကျားမျက်လုံးတို့ တိုက်ခိုက်ကြရာတွင် မည်သူသည် အနိုင်ရသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄၄

မိုလ်ကျားသစ်သည် ထိုက်ချုံကို လမ်းမြောင်ကလေးတခုပေါ်တွင် တွေ့ခြင်း

ရန်စုံသည် ရှိဇူကို လမ်းမတခုပေါ်တွင် တွေ့ဆုံခြင်း

လီကွေ့နှင့် လီယွမ်းတို့သည် ခြောက်ကြိမ် ခုနစ်ကြိမ်ခန့် တိုက်ခိုက်ကြသည့်တိုင် တယောက် ကို တယောက် အနိုင်မရကြချေ။ ဤတွင် ချူဖူက သူတို့နှစ်ယောက်ကြားသို့ ရပ်ကာ-

"တော်ကြပါတော့ဗျာ။ ကျွန်တော်ပြောတာကို နားထောင်စမ်းပါဦး" ဟု ပြောသဖြင့် ရန်သူနှစ်ယောက်တို့သည် ရပ်နားကြ၏။

"ဆရာ ကျွန်တော်ပြောတာကို နားထောင်ပါဦး။ ဆရာဟာ ကျွန်တော် ထိုက်တန် သည်ထက် ကျွန်တော့်အပေါ်မှာ သနားကြင်နာတတ်သူ ဖြစ်ပါတယ် ဆရာ။ ဓားသိုင်း အတတ်နဲ့ တုတ်သိုင်းအတတ်ကိုလည်း ကျွန်တော့်ကို သင်ပေးခဲ့ပါတယ်။ ဆရာ့ကို ကျေးဇူး လည်း တင်ပါတယ်။ ပြဿနာက ကျွန်တော့်ကြောင့် ဖြစ်ရတာပါ။ ကျွန်တော့်ညီ ချူကွီဟာ လျှံရှန်းတောင်ရိုးမှာ တောပုန်း ဖြစ်နေပါတယ်။ သူ့ကို ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်က ဟောဒီက နောင်တော်လီကွေ့ကို စောင့်ရှောက်ခိုင်းလိုက်ပါတယ်။ ဆရာက လီကွေ့ကို မြို့က အာဏာပိုင်ဆီကို သွားပို့တယ်။ ဒီတော့ လီကွေ့ကို ဒီအတိုင်း ကြည့်လို့ရှိရင် ကျွန်တော့် ညီ ချူကွီဟာ စုန်ကျန့်ကို ဘယ်လို လုပ်ပြီး ပြန်မျက်နှာပြရတော့မှာလဲ ဆရာ။

"ဒါကြောင့်မို့ ကျွန်တော်တို့ ဆရာ့ကို ဥပါယ်တံမျဉ် ဆင်ရတာပါ။ နောင်ကြီးလီကွေ့ ကတော့ ဆရာ့ကို ကိစ္စတုံးလုပ်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ခွင့်မပြုတဲ့အတွက် တပ်သားတွေကိုသာ သတ်ပစ်ခဲ့ပါတယ်။ ကျွန်တော်တို့မှာ ခရီးသွားရဦးမှာ ဖြစ်ပေမယ့် ဒီအတိုင်းဆိုရင် ဆရာဟာ မြို့ကို ပြန်လို့ မဖြစ်တော့ဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့နောက်ကို လိုက်ဖို့ပဲ ရှိပါတော့တယ်။ ဆရာဟာ ကျွန်တော့်အပေါ်မှာ ကျေးဇူး ပြုခဲ့ဖူးတဲ့အတွက် ဆရာ့ကို ဒီအတိုင်း မထားချင်လို့ ဆရာ သတိပြန်ရအောင် စောင့်နေ တာပါ။ ဆရာဟာ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ပါ။ ဆရာ မသိတာရယ်လို့ မရှိသလောက်ပါပဲ။

ဒီနေ့ဆိုရင် လူတော်တော်များများ အသတ်ခံရပြီး လေပွေနက်ဟာလည်း လွတ်သွားပါပြီ။ ဒီတော့ ဒီအကြောင်းကို ဆရာ မြို့က ခုံမင်းဆီကို ဘယ့်နှယ်လုပ် သတင်းပို့လို့ ဖြစ်တော့ မှာလဲ။ ဆရာကိုယ်တိုင် ရုံးတင်ခံရတော့မှာ သေချာပါတယ်။

ဆရာ့ကို ဘယ်သူမှလည်း ကယ်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီတော့ ဆရာ့အဖို့ ကျွန်တော်တို့နဲ့အတူ လွှံ့ရှန်းတောင်ရိုး ကို လိုက်ပြီး စုန်ကျန့်ရဲ့ ဂိုဏ်းထဲဝင်ရင် မကောင်းပေဘူးလား ဆရာ။ ဆရာ ဘယ်လို သဘောရသလဲ"

လီယွမ်းသည် အတန်ကြာသည့်တိုင်အောင် စဉ်းစားနေ၏။

"တကယ်လို့ သူတို့က ကျုပ်ကို လက်မခံဘူး ဆိုရင်ကော"

ချူဖူက ရယ်၏။

"ရှန်တောင်နယ်က ချိန်မှန်မိုးအကြောင်းကို ဆရာ ကြားဖူးတယ် မဟုတ်လား။ သူဟာ အရပ်လေးမျက်နှာက ရဲရင့်သူတွေကို အမြဲကြိုဆိုနေတဲ့သူပါ ဆရာ"

လီယွမ်းသည် သက်ပြင်းကိုချ၏။

"ကျုပ်ဟာ အိုးအိမ်မရှိ၊ တိုင်းပြည်မရှိတဲ့ လူတယောက် ဖြစ်သွားပြီဗျာ။ ဓားစားခံ အဖြစ် အာဏာပိုင်တွေက ဖမ်းဖို့ သားမယားမရှိလို့ တော်သေးတာပေါ့။ ဟုတ်ပါတယ် လေ။ ကျုပ်လည်း ခင်ဗျားတို့နဲ့ တလှေတည်းစီး၊ တခရီးတည်းသွားပဲ လုပ်ရတော့မှာပါ"

လီကွေ့ ရယ်လိုက်၏။

"နောင်ကြီးရာ၊ ဒီလိုဆိုရင်လည်း စောစောစီးစီး ပြောရော့ပေါ့ဗျာ"ဟု ဆိုကာ လီယွမ်း ကို ဦးညွှတ်၍ အရိုအသေပေးလိုက်၏။

လီယွမ်းတွင် ဥစ္စာပစ္စည်းဟူ၍ လည်းကောင်း၊ သားမယားဟူ၍ လည်းကောင်း မရှိသည့်အတွက် သူတို့သုံးယောက်သည် လှည်းနောက်မှ ခြေကျင်လိုက်ပါလာခဲ့ကြ၏။ လမ်း တဝက်တွင် ချူကွီကို မီလာကြသဖြင့် ချူကွီမှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိလေ၏။ သူတို့ခရီးမှာ ချောချောမောမောပင် ဖြစ်၏။ လွှံ့ရှန်းတောင်ရိုးအနီးသို့ ရောက် သည့်အခါတွင် သူတို့ကို မာလင်းနှင့် ချန်တန်ရှူတို့က ဆီးကြိုကြ၏။

"ခင်ဗျားတို့အကြောင်းကို စုံစမ်းခိုင်းလိုက်လို့ တောင်အောက်ကို ဆင်းလာခဲ့တာဗျ။ ခု ခင်ဗျားတို့ ရောက်ပြီဆိုတော့ ကျွန်တော်တို့ပါ တောင်ပေါ် ပြန်လိုက်ခဲ့တော့မယ်" ဟု ဆိုကာ ကင်းထောက်နှစ်ယောက်ကို ရှေ့မှ လွှတ်လိုက်၏။

နောက်တနေ့တွင် ချူဖူ၏ မိသားစုများနှင့်အတူ ရဲညီနောင်လေးယောက်တို့သည် လွှံ့ရှန်းတောင်ရိုးပေါ်ရှိ ရဲညီနောင်ခန်းဆောင်သို့ ရောက်လာခဲ့ကြ၏။ ချူကွီသည် ရှေ့ဆုံးမှ ရောက်လာကာ လီယွမ်းအား ကျောက်ခဲ၊

စုန်ကျန့် စသူတို့နှင့် မိတ်ဆက်ပေး၏။

"ဟောဒါက ယီရှုတိုက်နယ်က ရဲသားလီယွမ်း ခင်ဗျ။ ဟောဒါက ကျွန်တော့်အစ်ကို ချူဖူပါ။ သူ့ကို ကျားမျက်လုံးလို့လည်း ခေါ်ကြပါတယ်"

လီကွေ့သည် စုန်ကျန့်အား ဦးညွှတ်အရိုအသေပြု၏။ သူ့ပုဆိန်နှစ်လက်ကိုလည်း သူ့ကို ပြန်ပေးလိုက်ကြ၏။ သူ့အမေကို ယီလင်းရွာမှ မည်သို့ ခေါ်လာခဲ့ကြောင်း၊ တောင်ပေါ် သို့ အရောက်တွင် သူ့အမေ ကျားကိုက်ခံရကြောင်း၊ ထို့ကြောင့် ကျားလေးကောင်ကို သတ်ပစ်ခဲ့ကြောင်းဖြင့် လီကွေ့က ပြောပြ၏။ ထိုအဖြစ်အပျက်များကို ပြောပြစဉ်တွင် လီကွေ့မျက်လုံးတွင် မျက်ရည်တွေ ဝဲလျက်ရှိ၏။ သို့ရာတွင် သူ့နာမည်ကို သုံးကာ အယောင်ဆောင်နေသော ဓားပြကို သတ်ခဲ့ကြောင်း ပြောပြသည့်အခါတွင်မူ အားလုံး ကပင် သဘောကျ၍ ရယ်ကြ၏။ ကျောက်ခဲနှင့် စုန်ကျန့်က ပြုံးလျက်-

"နောင်ကြီးက ကျားလေးကောင်ကို သတ်ခဲ့တယ်ဆိုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ဒီနေ့တော့ ကျားအရှင်နှစ်ကောင်ကို တောင်ပေါ်ကို ခေါ်လာပါကောလား။ ကဲ၊ အောင်ပွဲ အဖြစ်ပေါ့ဗျာ"

ရဲညီနောင်အားလုံးသည် ပျော်နေကြ၏။ သူတို့သည် နွားများ၊ မြင်းများကို ပေါ်စေကာ စားသောက်ပွဲကြီးတခု ကျင်းပကြ၏။ ကျောက်ခဲက နောက်ထပ်ရောက်လာသည့် တောပုန်း ဗိုလ်နှစ်ဦးတို့အား ပိုက်ရှန်း၏ ဘေး၊ သူ့ဘယ်ဘက်တွင် နေရာပေး၏။

ဝုရုံက-

"ကျွန်တော်တို့စခန်းဟာ ခုတလောမှာ တော်တော်လေး ဟန်ကျလာတယ်။ အရပ် လေးမျက်နှာက ရဲညီနောင်တွေလည်း တသုတ်ပြီး တသုတ် ရောက်လာကြတယ်။ ဒါဟာ နောင်ကြီးကျောက်ခဲနဲ့ နောင်ကြီးစုန်ကျန့်တို့ရဲ့ ဂုဏ်သတင်းနဲ့ ကျွန်တော်တို့ အားလုံးရဲ့ ကံကြောင့်ပဲ။ ကဲ၊ ဒီတော့ ချောင်းဘေးမှာရှိတဲ့ ဘုံဆိုင်ကို ချူကွီပဲ ပြန်အုပ်ချုပ်ပြီး ဟိုဂျန်နဲ့ ရှိယုံတို့ကို ပြန်လွှတ်လိုက်တော့။ ချူဖူနဲ့ သူ့မိသားစုကိုလည်း သူတို့နေဖို့ တဲတလုံးတော့ ဖန်တီးပေးကြဦး။ ခု ကျွန်တော်တို့ တောင်ပေါ်စခန်းကြီးဟာ နည်းနည်းကြီးလာပြီဗျို့။ အရင်တုန်းကလို မဟုတ်တော့ဘူး။ ကျွန်တော်တို့လည်း ဘုံဆိုင် သုံးခုလောက် ထပ်ဖွင့် ရမယ်။ အဲဒီဆိုင်တွေကနေပြီး အပြင်က သတင်းတွေ စုံစမ်းပြီး သတင်းပို့ပေးလိမ့်မယ်။ ပြီးတော့ တောင်ပေါ်တောင်အောက် သွားကြလာကြတဲ့ တိုက်ပွဲဝင် ရဲညီနောင်တွေကို လည်း ကူညီလိမ့်မယ်။ ဘုရင့်ရဲ့ တောပုန်းနှိမ်နင်းရေးတပ်တွေ လာရင်လည်း သူတို့ဆီက ကျွန်တော်တို့ကို သတင်းပို့ပေးရမယ်။ ဒီလမ်းအတိုင်းလာရင် ကျွန်တော်တို့အဖို့လည်း

ပြင်ဆင်ချိန်ရတာပေါ့။

"ဒီတောင်ရိုးရဲ့ အနောက်ဘက်မှာ လွင်ပြင်ကြီးတခု ရှိတယ်ဗျ။ တုန်မင်းနဲ့ တုန်ဝေ့ တို့က အဲဒီကို သွားပြီး ဘုံဆိုင်တဆိုင်ဖွင့်။ လီလီနဲ့ တခြားတသိုက်က တောင်ရိုးရဲ့ တောင်ဘက် တောင်ခြေရင်းမှာ ဘုံဆိုင်တဆိုင်ဖွင့်။ ရှိယုံနဲ့ တခြားတသိုက်က မြောက်ဘက် တောင်ခြေမှာ တဆိုင်ဖွင့်။ အဲဒီဆိုင်အားလုံးရဲ့ မျက်နှာစာဟာ အင်းဘက်မှာ ရှိပေ့စေ။ အရေးရှိရင် အချက်ပေးဖို့ လေး မြားနဲ့ လူတွေ ကူးဖို့သန်းဖို့ လှေတို့ ဘာတို့လည်း အဆင် သင့်ထား။ အဲဒီဘက်မှာ စစ်တပ်လှုပ်ရှားမှုတို့ ဘာတို့ တွေ့ရင် ချက်ချင်း တောင်ပေါ်ကို အကြောင်းကြား။

"တောင်ရိုးခံတပ်စခန်း အတက်မှာ နောက်ထပ် တံခါးသုံးခု ဆောက်။ အဲဒီကိစ္စ ကိုတော့ ဒူရှန်းက ကြီးကြပ်လုပ်။ သူ့ကို တခြား ဘာတာဝန်မှ မယူစေဘဲ အဲဒီတာဝန် ကိုသာ ပေးထား။ တောက်ချုံဝမ်းကတော့ အလုပ်သမားတွေကို ကြီးကြပ်။ မြေတူးတာ၊ မြောင်းဖော်တာ၊ ရေမြောင်းဖောက်တာ၊ အုတ်တံတိုင်းပြင်တာ၊ ခံတပ်ဆောက်တာ၊ လမ်း ဖောက်တာ စတာတွေကို ကြီးကြပ်။ သူက အစတုန်းက လယ်သမားဆိုတော့ ဒါတွေ အားလုံးကို သူ ကောင်းကောင်း နားလည်တယ်။ ကျန်ကျင်းကတော့ စပါးကျီတွေ၊ ရိက္ခာရုံ တွေကို ကြီးကြပ်။ သူက ရိက္ခာရုံအဝင်အထွက်တွေကို စာရင်းနဲ့ ထားလိမ့်မယ်။ ရှောင်ရန်း ကတော့ ခံတပ်စခန်း အဝင်အထွက်တွေကို လက်မှတ်တို့ ဘာတို့ ထုတ်ပေးပြီး အသွား အလာကို စစ်ဆေးရမယ်။ ပြီးတော့ တောပုန်းဗိုလ်တွေအားလုံးရဲ့ အမှတ်အသားတွေကို သိနေရမယ်။

"တပ်သား အရေအတွက်၊ တပ်တွေရဲ့ တံဆိပ်တွေနဲ့ ကျောက်တိုင်အမှတ်အသား တံဆိပ်တွေအတွက်တော့ ကျင်တာကျန်းက တာဝန်ယူ။ ဟိုဂျန်က တပ်သားတွေရဲ့ အဝတ် အစားတွေ၊ သံချပ်အင်္ကျီတွေ၊ တံခွန်တွေ၊ အလံတွေကို ထိန်းသိမ်းရမယ်။ လီယွမ်းက စခန်းမှာရှိတဲ့ အဆောက်အအုံတွေ၊ ခန်းဆောင်တွေကို ထိန်းသိမ်းပါ။ မာလင်းကတော့ တပ်သားတွေ စီးဖို့ လှေကြီး လှေငယ်တွေ စပ်တာ၊ ပြင်တာ၊ ဖာတာ၊ ထေးတာတွေ အားလုံးကို တာဝန်ယူ။ ဆုံဝမ်နဲ့ ပိုက်ရှန်းက သဲသိင်္ဂါကမ်းခြေကို ခိုင်မာအောင် ခံတပ်တွေ တည်။ ဗိုလ်ကျားပုဝမ်နဲ့ ချန်တန်ရှူတို့ကလည်း ဟသ်ာနွတ်သီးကမ်းခြေမှာ ဒီအတိုင်းပဲ လုပ်။ မူချွန်းနဲ့ ချူဖူက စခန်းထဲကို ဝင်လာတဲ့ ပိုက်ဆံနဲ့ ရိက္ခာတွေကို စာရင်းထိန်း။ လူ့ဖန်နဲ့ ကောက်ရှိန်းတို့က ရဲညီနောင်ခန်းဆောင်ဘေးက အခန်းတွေကို အုပ်ချုပ်။ စုန်ကျင့် ကတော့ စားသောက်ပွဲကြီးတွေ ကျင်းပဖို့ တာဝန်ယူ။

"နောက်ထပ်သုံးရက်လုံးလုံး ကျုပ်တို့စခန်းမှာ စားသောက်ပွဲကျင်းပကြမယ်။ နောက်ထပ် ဘာဘာညာညာ မပြောကြနဲ့တော့။ ဒီအချိန်ဟာ ကျုပ်တို့ လျှံရှန်းတောင်ရိုး စခန်းမှာ သာယာအေးချမ်းတဲ့ အချိန်။

တပ်သားတွေက နေ့စဉ် စစ်သင်တန်းဆင်း။ စစ်အတတ်တွေကို လေ့ကျင့်ကြ။ ပြီးတော့ ရေထဲမှာ ရေကြောင်းသွားလာတဲ့အတတ်နဲ့ ရေကူးအတတ်ကို လေ့ကျင့်ကြ။ လေ့တွေပေါ်မှာ တိုက်ခိုက်တဲ့ အတတ်ကို လေ့ကျင့်ကြ။

ထိုအကြောင်းများကိုမူ အကျယ်မပြောတော့ပြီ။

※ ※ ※

တနေ့သ၌ စုန်ကျန့်သည် ကျောက်ခဲနှင့် စကားပြောနေကြ၏။

စုန်ကျန့်က-

"ကျွန်တော်တို့ ရဲညီနောင်တွေအားလုံးတော့ ဒီတောင်ရိုးပေါ်မှာ စုမိကြပြီ။ ဒါပေမဲ့ ကုန်ဆွန်တယောက်ကတော့ ပြန်မလာသေးဘူးဗျာ။ ကျီစုကို သူ့အမေနဲ့ သွားတွေ့တာဟာ လည်း ရက်ပေါင်းတရာဆိုတော့ များလွန်းလှတယ်လို့ ထင်တယ်။ သူ သွားတာလည်း ကြာလှပြီ။ ခုထိလည်း ဘာသတင်းမှ သူ့ဆီက မရသေးဘူး။ ကျွန်တော်တို့အပေါ်တော့ ကတိဖျက်မယ် မထင်ဘူး။ ဒီတော့ သူ ဘာဖြစ်နေသလဲ၊ ဘာကြောင့် ပြန်မလာသလဲဆိုတာ နောင်ကြီးထိုက်ချုံ သွားပြီး စုံစမ်းစေချင်တယ်"

ထိုက်ချုံက သူ သွားစုံစမ်းမည်ဟု ပြော၏။ စုန်ကျန့်မှာ များစွာ ဝမ်းမြောက်သွား၏။ "ဒီလောက်ခရီးကို မြန်မြန်သွားနိုင်တာဆိုလို့ ခင်ဗျားတယောက်ပဲ ရှိတယ်လေ။ ဆယ်ရက်အတွင်း အကျိုးအကြောင်းကို မျှော်နေမယ်ဗျာ"(**ဤနေရာတွင် စာဆက်ပြတ်နေသည်။ . . . ထိုက်ချုံသည် နောက်တနေ့ မနက်စောစောတွင် ရဲညီနောင်များကို နှုတ်ဆက်၍ ကုန်ဆွန်ရှန်းကို ရှာရန် လျံရှန်းတောင်ရိုးမှ ကျီစုသို့ ထွက်လာခဲ့သည်။ သုံးရက်လွန်သော် ယီစုနယ်အစပ်သို့ ရောက်သည်။ ထိုစဉ် လူတစ်ဦးနှင့် ဆုံ၍ မိတ်ဖွဲ့ကြသည်။ ထိုသူမှာ ဗိုလ်ကျားသစ်ခေါ် ရန်လင်း ဖြစ်ပေသည်။ ရန်လင်းမှာ ကုန်ဆွန်ရှန်းနှင့် တွေ့ခဲ့ပြီး ဖြစ်ရာ ရဲညီနောင်အသိုင်းအဝိုင်းနှင့် ပူးပေါင်းရန် အတွက် ကုန်ဆွန်ရှန်းက မိတ်ဆက်စာ ရေးပေးခဲ့သည့်အကြောင်း ထိုက်ချုံ သိရသည်။ ထို့ကြောင့် ထိုက်ချုံကလည်း မိမိမှာ ကုန်ဆွန်ရှန်း နောက်သို့ လိုက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ – တိုးမြစ်။)**

"ဟုတ်လား၊ ခု ကျွန်တော့်ကိုလည်း ကုန်ဆွန်ဆီ လွှတ်လိုက်လို့ ကျီစုနယ်ကို လာခဲ့ တာဗျ။ သူ့သတင်းကို စုံစမ်းဖို့လာတာ။ ကျောက်ခဲနဲ့ စုန်ကျန့်တို့က သူ့အကြောင်းကို သိချင်နေတယ်။ သူ့အကြောင်းကို စုံစမ်းပြီး စခန်းကို ပြန်ခေါ်ဖို့ ထွက်လာခဲ့တာ။ နောင်ကြီး နဲ့ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ဘူး"

"ကျွန်တော့်အဖို့ သိပ်ကံကောင်းတာပေါ့ ခင်ဗျာ။ ကုန်ဆွန်နဲ့ တွေ့ရင် ကျွန်တော်လည်း တောင်ရိုးစခန်းကို ပြန်လိုက်ဖို့ပဲ။ အချိန်ရပါသေးတယ်"

ဗိုလ်ကျားသစ် ခေါ် ရန်လင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိ၏။ သူသည် ထိုက်ချုံ ကို အရိုအသေပေးပြီးလျှင် သွေးညီနောင်အဖြစ် သစ္စာဆို၏။ ထိုက်ချုံသည် ခြေတွင် ဆင် ထားသည့် ခြေဖွဲ့တို့ကို ချွတ်ယူပြီးနောက် သူတို့နှစ်ယောက်သည် ခပ်ဖြည်းဖြည်း လျှောက် လာခဲ့ကြ၏။ ညနေစောင်းတွင် သူတို့သည် ကျေးရွာထမင်းဆိုင်ကလေး တဆိုင်တွင် တည်းခိုကြ၏။ ရန်လင်းခေါ် ဗိုလ်ကျားသစ်က ထိုက်ချုံကို စိမ်ရည်များနှင့် အမြည်းများ ကျွေး၏။

"အသားတို့၊ အရက်တို့ကို ကျွန်တော် မစားဘူးဗျ။ လက်ဖွဲ့ဆောင်တုန်းဆိုရင် ရှောင် ထားပါတယ်" ဟု ထိုက်ချုံက ပြော၏။

သူတို့နှစ်ယောက်သည် အစိမ်းကြော်များဖြင့် ထမင်းစားကြ၏။ နောက်တနေ့မနက် တွင် သူတို့နှစ်ဦးသည် အစောကြီး ထကာ စားသောက်ပြီးနောက် ခရီးဆက်ခဲ့ကြ၏။

"နောင်ကြီးက ခြေဖွဲ့တွေ၊ လက်ဖွဲ့တွေ ဆင်ထားတော့ ကျွန်တော် နောင်ကြီးကို ဘယ်တော့မှ မီတော့မှာ မဟုတ်ဘူးခင်ဗျ။ ဒီတော့ ကျွန်တော်တို့နှစ်ယောက် အတူခရီး သွားလို့ မဖြစ်ဘူးထင်တယ်"

ထိုက်ချုံက ပြုံး၏။

"ခင်ဗျားကို ခရီးတွင်အောင် လုပ်လို့လည်း ရပါတယ်ဗျ။ ကျွန်တော့်မှာပါတဲ့ ခြေဖွဲ့ နှစ်ခုကို ခင်ဗျားခြေထောက်မှာ စွပ်ပြီး မန်းပေးလိုက်ရင် ခင်ဗျားလည်း ကျွန်တော့်လို မြန်မြန် ခရီးသွားနိုင်လာမှာပါ။ မြန်မြန်သွားချင်သလား၊ နှေးချင်သလား ဆိုတာကတော့ နောင်ကြီး သဘောပေါ့။ ဒီလိုမှမဟုတ်ရင်တော့ နောင်ကြီး ကျွန်တော်တို့နဲ့ အတူလိုက်လို့ ဖြစ်မှာ မဟုတ်ဘူး"

"ကျွန်တော်က သာမန်လူဗျ။ ဒီတော့ ခင်ဗျားလို စိတ်ခေတ် အရည်အချင်းတွေ မရှိဘူး"

"ဒါက အရေးမကြီးပါဘူး။ ကျွန်တော် မန်းလိုက်ရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျွန်တော့်လို မြန်အောင် လုပ်နိုင်ပါတယ်။ ဒီတော့ ကျွန်တော်က မန်းလိုက်တယ်ဆိုရင် ခင်ဗျားလည်း မြန်လာမှာပေါ့။ ကျွန်တော့်လိုတော့ ဟင်းသီးဟင်းရွက် စားရမယ်ဗျ"

ထိုက်ချုံသည် ရန်လင်း၏ ခြေတွင် ခြေမန်းကွင်းနှစ်ကွင်းကို စွပ်ပေးပြီးနောက် သူ့ခြေ တွင်လည်း ခြေမန်းကွင်းနှစ်ကွင်း စွပ်လိုက်၏။

သူတို့နှစ်ယောက်သည် နှေးချည်တခါ၊ မြန်ချည်တလှည့်ဖြင့် ခရီးဆက်ခဲ့ကြ၏။ လမ်း တလျှောက်တွင်လည်း ရဲညီနောင်တို့၏ ရဲရင့်သော

လုပ်ဆောင်ချက်များကို ပြောဆိုလာခဲ့ ကြ၏။ သို့ဖြင့် သူတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် လာခဲ့ကြရာ ခရီးပေါက်မှန်း မသိ ပေါက်လာခဲ့ကြလေ၏။

မွန်းတည့်ချိန်လောက်တွင်ကား တောင်ကြီးတွေ ပတ်လည်ကာရံနေသည့် နေရာတခု သို့ ရောက်ခဲ့ကြ၏။ အလယ်တွင်မူ မြင်းစီးခရီးသည်တို့ မြင်းလှန်ရန် ထားသည့် မြင်းစခန်း ထောက်တခုရှိ၏။

ရန်လင်းက-

"ဒီနေရာက မြင်းရေသောက်တောင်ကြားလို့ ခေါ်တယ်ဗျ။ ရှေ့က တောင်ကြီးပေါ်မှာ တောပုန်းတသိုက်လည်း ရှိတယ်လို့ ကြားရတယ်။ ကျွန်တော်လည်း သိတာ သိပ်မကြာ သေးဘူး။ ဒီနေရာက မြင်းရေသောက်တောင်ကြားလို့ ခေါ်တာကတော့ နေရာကလေးက စမ်းချောင်းတွေ၊ တောတောင်တွေက သာယာလွန်းလို့ ခေါ်တာ"

တောင်ခြေရင်းသို့ ရောက်သည့်အခါတွင် မောင်းသံများနှင့် စည်သံများကို ကြားရ၏။ တောပုန်းတရာကျော် နှစ်ရာခန့်တို့သည် တောထဲမှ ထွက်လာကာ လမ်းကို ပိတ်ဆို့၍ ရပ်နေကြ၏။ ရှေ့တွင်ရှိသည့် ဗလကောင်းကောင်း လူနှစ်ဦးက လက်တွင် လှံကြီးများကို ကိုင်ထားရင်း-

"ဟေ့၊ ဘယ်က ကောင်တွေလဲ။ နေရာက တချက်မှ မရွေ့ကြနဲ့။ ဘယ်သွားမလို့လဲ။ မင်းတို့မှာ စဉ်းစားဉာဏ်ရှိရင် တို့ကို ဆက်ကြေးပေး။ ဆက်ကြေးပေးမှ ဒီနေရာက ဖြတ်လို့ ရတယ်။ မပေးချင်ရင် သေဖို့သာ ပြင်ထားကြ"

ရန်လင်းက ပြုံးလိုက်ရင်း-

"နောင်ကြီး၊ ဒီကောင်တွေကို ကျွန်တော်တယောက်တည်း ချပစ်မယ်။ စောင့်ကြည့်" ဟု ဆိုကာ လှံကြီးကို ဝှေ့ယမ်းရင်း ရှေ့သို့ ပြေးတက်သွား၏။

ရှေ့မှ လူထွားကြီးနှစ်ယောက်သည် ရန်လင်း၏ ကြောက်ဖွယ်တိုက်ခိုက်မှုကို ရင်ဆိုင် ရန် ရှေ့သို့ တိုးလာခဲ့ကြ၏။ သို့ရာတွင် အနီးသို့ရောက်သည်နှင့် တယောက်က "ဗျို့၊ နေဦး။ ခင်ဗျားက နောင်ကြီးရန်လင်း မဟုတ်လား"ဟု မေး၏။

ရန်လင်းက ရပ်လိုက်၏။ ထိုအခါကျမှပင် သူနှင့် ပြိုင်ဘက် တိုက်ခိုက်သူများကို သူ သိလိုက်၏။ ထိုလူသည် လက်တွင် လက်နက်ကိုင်ထားရာမှ သူ့ကို ဦးညွှတ် အရိုအသေ ပေးလိုက်ရင်း သူ့လူများကိုလည်း အလားတူ အရိုအသေပေးရန် အမိန့်ပေးလိုက်၏။ ရန်လင်းက ထိုက်ချုံထံသို့ လှမ်း၍ "နောင်ကြီးထိုက်ချုံရေ၊ လာပါဦးဗျ။ ကျွန်တော့်ညီနောင် နှစ်ယောက်နဲ့ မိတ်ဆက်ပေးရအောင်" ဟု ပြော၏။

“သူတို့က ဘယ်သူတွေလဲ။ ခင်ဗျားနဲ့ ဘယ့်နှယ်လုပ် သိနေတာလဲ”

“ဟောဒီ ရဲညီနောင်က တိန်ဖတဲ့။ ရှင့်ယန်နယ်ဇာတိ။ သူ့မျက်ခုံးမွေးနီနီတွေကို အစွဲ ပြုပြီး သူ့ကို မျက်ခုံးနီလို့ ခေါ်ကြတယ်။ သူက သံကြိုးလက်နက်အတတ်မှာ ကျွမ်းတယ်။ အဲဒီ သံကြိုးကို သူ ယမ်းပြီးဆိုရင် ဘယ်သူမှ ဒီသံကြိုးကို ဖမ်းလို့ မရဘူး။ ဟိုတုန်းကတော့ ကျွန်တော်နဲ့ အတူတူ တိုက်ခိုက်ခဲ့ကြတာပဲ။ ခုတော့ ကွဲသွားတာ ငါးနှစ်လောက် ရှိပြီ။ ဒီနေရာ၊ ဒီအချိန်မှာ လာတွေ့ရလိမ့်မယ်လို့ နည်းနည်းလေးမှ မမျှော်လင့်ဘူးဗျာ”

တိန်ဖခေါ် မျက်ခုံးနီသည် ထိုက်ချုံကို လှမ်းကြည့်လိုက်ပြီး-

“ဒီက နောင်ကြီးကော ဘယ်သူပါလိမ့်။ ကြည့်ရတာကတော့ သာမန်ထဲက မဟုတ်ဘူး ခင်ဗျ”

“လျှံရှုန်းတောင်ရိုးက ရဲညီနောင်တယောက်ဖြစ်တဲ့ ခြေမြန်တော် ထောင်မှူးထိုက်ချုံ တဲ့ဗျ။

“တနေ့ကို လီပေါင်းရှစ်ရာ လျှောက်နိုင်တယ်ဆိုတဲ့ ကျန်းကျိုမြို့က ထောင်မှူးထိုက်ချုံ ထင်ပါရဲ့”

“ဟုတ်ပါတယ်ခင်ဗျာ”ဟု ထိုက်ချုံက ပြော၏။

တောပုန်းဗိုလ်နှစ်ဦးသည် သူ့အနီးသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကာ ဦးညွှတ်၍ အရိုအသေပေးရင်း-

“နောင်ကြီးရဲ့ ကျော်စောတဲ့နာမည်ကိုတော့ မကြာခဏ ကြားခဲ့ဖူးပါတယ်ဗျာ။ ဒီနေ့မှာ နောင်ကြီးနဲ့တွေ့ပြီး နောင်ကြီးကို အရိုအသေပေးခွင့် ရလိမ့်မယ်လို့ လုံးလုံး မမျှော်လင့် ခဲ့ဘူး”

ထိုက်ချုံက ကျန် တောပုန်းဗိုလ်တယောက်ကို လက်ညှိုးထိုးပြကာ-

“ဒီက ရဲညီနောင်ကကော ဘယ်သူပါလိမ့်”

“ချန်တင်းနယ်က မိန်ကွမ်းပါတဲ့ဗျ။ အစတုန်းကတော့ သူက လှေစပ်သမားပါ။ ကျောက်ဖြူတွေကိုအောက်ပြည်အောက်ရွာ သွားချမလို့ လှေစပ်နေတုန်း အရာရှိတယောက် ရောက်လာပြီး သူ့ကို မတရား ညှဉ်းပန်းနှိပ်စက်တဲ့အတွက် အဲဒီအရာရှိကို သတ်ပစ်လိုက်မိတယ်။ အဲဒီကတည်းက မိန်ကွမ်းဟာ သားမယားတွေကို စွန့်၊ တောတောင်ထဲ ရောက် လာပြီး တောပုန်းဖြစ်လာခဲ့တော့တာပါပဲ။ အဲဒါက လွန်ခဲ့တဲ့ နှစ် အနည်းငယ်က ဆိုပါ တော့။ သူက အရပ်ထောင်ထောင်မောင်းမောင်း၊ ကာယဗလကလည်း ကောင်းတဲ့အတွက်

သူ့ကို ကျောက်စိမ်းတိုင်လို့လည်း ခေါ်ကြသဗျ”

ထိုက်ချုံမှာ များစွာ ဝမ်းမြောက်သွား၏။

သူတို့လေးဦးသည် အတန်ကြာ စကားပြောဆိုနေကြပြီးနောက် ရန်လင်းက-

“နောင်ကြီးနှစ်ယောက်တွဲမိတာ ဘယ်လောက်များ ကြာပြီလဲ”

တိန်ဖက-

“တနှစ်ကျော်ကျော်လောက်တော့ ရှိသွားပြီဗျ။ လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်တော်တို့နဲ့ ကျန်းကျို့မြို့က ဖေရွှန်းဆိုတဲ့ စာရေးတယောက်နဲ့ တွေ့ခဲ့ကြတယ်။ အဲဒီ လူက လျှောက်လွှာလည်း အရေးကောင်းတယ်။ ရိုးလည်း ရိုးတယ်။ ဉာဏ်လည်း ကောင်း တယ်။ ဒီလူဟာ တော်ရုံတန်ရုံနဲ့ အမှားလုပ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ဒါကြောင့် သူ့ကို ဗိုလ်သီလလို့ ခေါ်ကြတယ်။ လက်နက်အတတ်ကိုလည်း တော်တော်ကျွမ်းတယ်။ သတ္တိဆိုလည်းပြောစရာမရှိဘူး။ ဒါပေမဲ့ ဘုရင့်ရဲ့လွှတ်တော်က အကျင့်ပျက်တဲ့ အရာရှိတယောက် ကို ခန့်လိုက်ပြီး သူ့ကိုတော့ နှိမ်ထားတယ်။ အဲဒီအရာရှိဟာ သူ့ကို အမှုဆင်ဖမ်းပြီး ရှင်မင် ကျွန်းကို နယ်နှင်ဒဏ် ပေးလိုက်တယ်။ ဒီနယ်ကို ဖြတ်သွားတော့ ကျွန်တော်တို့တတွေက သူ့အစောင့်တွေကို သတ်ဖြတ်ပြီး သူ့ကို ကယ်လိုက်ကြတယ်။ အဲဒီကတည်းက သူလည်း ကျွန်တော်တို့ဆီမှာပဲ နေတော့တာပဲ။ ကျွန်တော်တို့မှာ နောက်လိုက် သုံးရာကျော်လောက် ရှိတယ်။ ဗိုလ်သီလဟာ ဓားနှစ်ဖက်နဲ့ တိုက်ခိုက်ရာမှာလည်း တော်တော်ကျွမ်းတယ်။ သူက ကျွန်တော်တို့အထဲမှာ အကြီးဆုံးဆိုတော့ သူ့ကိုပဲ ကျွန်တော်တို့ ခေါင်းဆောင် မြှောက်ထားလိုက်ကြတယ်။ နောင်ကြီးတို့ ကျွန်တော်တို့ တောင်ရိုးပေါ်က စခန်းကလေး ကို လိုက်ပြီး သူနဲ့ တွေ့လိုက်ပါဦးလား”

တိန်ဖက သူ့လူများအား မြင်းများ အယူခိုင်းလိုက်၏။ ထိုက်ချုံနှင့် ရန်လင်းတို့သည် ခြေမှ ခြေမန်းကွင်းများကို ချွတ်လိုက်ကြပြီးနောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက် ကြ၏။ သူတို့ အားလုံးသည် တောင်ရိုးပေါ်သို့ တက်လာခဲ့ကြ၏။ အတန်ကြာလျှင် တောင် ပေါ်စခန်းသို့ ရောက်သွားကာ မြင်းများပေါ်မှ ဆင်းကြ၏။ သူတို့လာနေကြောင်းကို ကြိုတင်သတင်းရနေသည့်အတွက် ဖေရွှန်းသည်လည်း တောင်အောက်သို့ ဆင်းလာကာ သူတို့ကို ဝမ်းသာအားရ ကြိုဆိုခြင်းပြု၏။

ထိုက်ချုံနှင့် ရန်လင်းတို့သည် ဖေရွှန်းကို အကဲခတ်လိုက်ကြ၏။ ဖေရွှန်းမှာ အသား လတ်လတ်၊ တည်ငြိမ်အေးဆေးသော အမူအရာရှိပြီး ခန့်ညားချောမောသည့် ယောကျ်ား တဦး ဖြစ်၏။ သူတို့ နှစ်ယောက်သည် ဖေရွှန်းကို ကြည့်၍

ကျောနပ်သွားကြ၏။ ဖေရွှန်းက လည်း သူတို့နှစ်ယောက်ကို ဧည့်ခန်းဆောင်ထဲသို့ ဖိတ်ခေါ်၏။ သူတို့သည် ယဉ်ကျေးသမှုအနေဖြင့် နှုတ်ဆက်ကြပြီးနောက် ဖေရွှန်းသည် ထိုက်ချုံအား အလယ်ကောင် ဂုဏ်ပြုအပ် သည့်နေရာတွင် နေရာပေး၏။ ထို့နောက် ရန်လင်း၊ ထို့နောက်မှ တိန်ဖနှင့် မိန်ကွမ်းတို့ အသီးသီးထိုင်ကြ၏။ အိမ်သည်များနှင့် ဧည့်သည်များသည် စားသောက်ပွဲကြီး ကျင်းပကာ ပလွေသံ၊ ဗုံမောင်းသံများကို နားထောင်ရင်း စိမ်ရည်သောက်လျက် ရှိကြလေ၏။

ထိုက်ချုံက ကျောက်ခဲနှင့် စုန်ကျန့်တို့က နောက်ထပ် တပ်သားများ စုဆောင်းလျက် ရှိကြောင်း၊ အရပ်ရှစ်မျက်နှာများမှ ရဲညီနောင်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေ့ရှိကြောင်းကို ပြောပြ၏။ ထို့မျှမက သူတို့နှစ်ယောက်၏ ကြင်နာတတ်ပုံ၊ သဘောထားကြီးပုံ၊ အကျင့်သီလစောင့်ပုံ၊ တောပုန်းဗိုလ်များ အချင်းချင်း ညီညွတ်စည်းလုံးကြကြောင်း၊ လျှံရှန်း တောင်ရိုး တောပုန်းများ ကြီးစိုးသည့် လီရှစ်ရာစတုရန်းကျယ်သော နယ်မြေ အကြောင်း၊ ခိုင်ခံ့တောင့်တင်းသော မြို့ရိုးများနှင့် ပြအိုးများ အကြောင်း၊ လေးဖက်လေးတန် ပတ်လည် ဝိုင်းနေသော ချောင်းများ အကြောင်း စသည်တို့ကို ပြောပြ၏။

သူတို့တွင်ရှိသော လူအင်အား၊ မြင်းအင်အားနှင့်ဆိုလျှင် မည်သည့်အစိုးရတပ်များ လာရောက် တိုက်ခိုက်မည်ကိုမှ စိုးရိမ်စရာမရှိကြောင်း စသည်တို့ကိုလည်း ပြောပြ၏။ ဖေရွှန်းက-

"ကျွန်တော်တို့မှာလည်း တောင်ပေါ်ခံတပ်စခန်းတခု ရှိတယ်ခင်ဗျ။ မြင်းကောင်ရေ လည်း သုံးရာလောက်ရှိတယ်။ ကျွန်တော်တို့ပိုင် အဖိုးတန်ပစ္စည်းကလည်း လှည်းဆယ်စီး တိုက်လောက် ရှိတယ်။ ဒီအထဲမှာ ရိက္ခာတွေ၊ မြင်းစာတွေ မပါသေးဘူး။ လူအင်အား ကတော့ ငါးရာလောက် ရှိတယ်။ ကျွန်တော်တို့အင်အားဟာ မဖြစ်စလောက် အင်အား ကလေးလို့ အထင်မသေးဘူးဆိုရင်တော့ ကျွန်တော်တို့ကိုလည်း နောင်ကြီးတို့ တောင်ပေါ် စခန်းကို ခေါ်သွားစေချင်တယ်ဗျာ။ နောင်ကြီးတို့နဲ့ လက်တွဲပါရစေ။ နောင်ကြီးတို့အတွက် သဲတပွင့်စာလောက်ဖြစ်ဖြစ် အသုံးဝင်လိုဝင်ငြားပေါ့။ နောင်ကြီး ဘယ်လိုသဘောရသလဲ"

ထိုက်ချုံကား များစွာ ဝမ်းသာလျက်ရှိ၏။

"ကျွန်တော်တို့ တပ်ဗိုလ်များဖြစ်တဲ့ ကျောက်ခဲနဲ့ စုန်ကျန့်တို့ဟာ အင်မတန် ရိုးဖြောင့် တဲ့ လူတွေပဲဗျ။ အထူးသဖြင့် လူထုတွေနဲ့ ဆက်ဆံရာမှာ ရိုးဖြောင့်ကြတယ်။ ကျွန်တော်တို့ အဖွဲ့ကို နောင်ကြီးတို့ ပူးပေါင်းမယ်ဆိုရင် ပန်းထိုးထည်ကို ပန်းဆင့်ပန်သလို သိပ်ကောင်း တာပေါ့ ခင်ဗျား။ ကဲ၊ နောင်ကြီးတို့

ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ကြာကြာဆိုင်းမနေနဲ့တော့။ အထုပ်အပိုးတွေကို ပြင်ကြပေတော့။ ကျွန်တော်နဲ့ ရန်လင်းတို့က ကျီစုမှာ ရှိတဲ့ နောင်ကြီး ကုန်ဆွန်ဆီကို ခဏ သွားလိုက်ဦးမယ်။ အပြန်ကျရင် အစိုးရတပ်တွေလို ရုပ်ဖျက်ပြီး ညဘက်မှာ တောင်ရိုးကို တက်ကြရအောင်”

အားလုံးမှာ ကျေနပ်နေ၏။ ထို့နောက် မူးအောင် သောက်စားကြကာ မြင်းရေသောက် တောင်ကြားကို စီးမြင်နေရသော တောင်စောင်းပေါ်ရှိ စခန်းသို့တက်၍ ရှုခင်းကို ကြည့် နေကြ၏။

“တော်တော်သာယာတဲ့ နေရာကလေးပဲ ခင်ဗျာ။ တိတ်လည်း တိတ်ဆိတ်တယ် လှလည်း လှတယ်။ ဒီနေရာကလေးကို ဘယ်လိုများ ရောက်လာကြတာလဲ” ဟု ထိုက်ချုံ က မေး၏။

“အရင်တုန်းကတော့ ဒီနေရာက တောကြောင်တွေ၊ လူဆိုးတွေ ပုန်းတဲ့ နေရာ ကလေး ခင်ဗျ။ ကျွန်တော်တို့က သူတို့ကို တိုက်ပြီး သိမ်းယူလိုက်ကြတာ” ဟု ဖေရွှန်းက ပြော၏။ တိန်ဖက သူ့စကားကို သဘောကျ၍ ရယ်လိုက်ကြ၏။ ထိုအချိန်ကား သူတို့ အားလုံး တော်တော်မူးနေကြလေပြီ။ ဖေရွှန်းက ခေါးနှစ်လက်ဖြင့် ခေါးက ကပြ၏။ ထိုက်ချုံက သူ့အကကို ချီးကျူး၏။ သို့ဖြင့် တောပုန်းတသိုက်သည် ထိုညတွင် တောင်စောင်းပေါ်တွင် အနားယူကြလေ၏။

နောက်တနေ့မနက်တွင် ထိုက်ချုံနှင့် ရန်လင်းတို့က ပြန်တော့မည့်အကြောင်း ပြော ကြ၏။ ကျန် အိမ်သည်သုံးဦးတို့က တားကြသည့်တိုင် မရတော့ပြီ။ တောပုန်းဗိုလ်များသည် သူတို့ကို တောင်အောက်သို့ ရောက်အောင် လိုက်ပို့ပြီး စခန်းသို့ ပြန်လာခဲ့ကြ၏။ သူတို့ သည် ပြောင်းရွှေ့ရန် ပစ္စည်းများကို သိမ်းဆည်းလျက် ရှိကြလေ၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

ထိုက်ချုံနှင့် ရန်လင်းတို့သည် ညတွင် ရပ်နားပြီး နေ့တွင် ခရီးဆက်ခဲ့ကြရာ ကျီစုမြို့ ဆင်ခြေဖုံးသို့ ရောက်လာခဲ့ကြ၏။ သူတို့သည် မြို့စွန်ရှိ ထမင်းဆိုင်ကလေးတဆိုင်တွင် တည်းခိုနေကြ၏။

ရန်လင်းက-

“နောင်ကြီးရေ၊ ကျွန်တော်တို့ နောင်ကြီးကုန်ဆွန်က တာအိုဘာသာတရားကို အလွန် ကိုင်းရှိုင်းတဲ့လူဗျ။ ဒီတော့ မြို့ထဲမှာ ရှိမယ်မထင်ဘူး။ တောရကျောင်းတို့ ဘာတို့မှာများ တရားသွားထိုင်နေမလား မသိဘူး”

"ဖြစ်နိုင်တယ်ဗျ"

သူတို့နှစ်ယောက်သည် ကျီစုမြို့စွန်အနှံ့သွားကာ ကုန်ဆွန်အကြောင်းကို လိုက်လံ မေးမြန်းကြ၏။ သို့ရာတွင် သိသူတယောက်မျှ မရှိချေ။ သူတို့သည် ထမင်းဆိုင်သို့ ပြန်လာ ခဲ့ကြ၏။ နောက်တနေ့မနက်တွင် အနီးတဝိုက် ကျေးရွာများနှင့် ဈေးများတွင် လိုက်ရှာ သော်လည်း မတွေ့ရပြန်ချေ။ သူတို့သည် ထမင်းဆိုင်သို့ ပြန်လာကြရပြန်၏။

"တမြို့လုံးမှာ သူ့ကို သိတဲ့လူ မရှိတော့ဘူးလား"ဟု တွေးရင်း ထိုက်ချုံသည် တတိယ နေ့တွင် ကုန်ဆွန်ကို ရှာရန် ထွက်လာခဲ့ပြန်၏။

သူတို့နှစ်ယောက်သည် ကျီစုမြို့ထဲသို့ ဝင်လာခဲ့ကြကာ စိတ်ချရသူမှန်သမျှအား မေးမြန်းကြ၏။

"မသိဘူးဗျ။ ဒီမြို့မှာ နေတယ်ဆိုတာကော သေချာရဲ့လား။ မြို့ပြင် တောင်ပေါ်က တောရကျောင်းတို့ ဘာတို့မှာများ ရှိမလား မသိဘူး" ဟုသာ ပြောကြ၏။

သူတို့သည် လမ်းကျယ်ကြီးတခုသို့ ရောက်လာခဲ့ကြ၏။ ပန်တျာသည် တသိုက်သည် သူတို့ဆီသို့ လာနေသူ လူတယောက်ကို ကြိုနေကြ၏။ ထိုက်ချုံနှင့် ရန်လင်းတို့သည်လည်း ထိုလူကို စောင့်ကြည့်နေကြ၏။ ရှေ့ဆုံးမှ အကျဉ်းထောင်အစောင့်နှစ်ဦး ပေါ်လာ၏။ တယောက်က ပန်းစက္ကူရောင်စုံတို့ဖြင့် ထုပ်ထားသည့် လက်ဆောင်ထုပ်တထုပ်ကို ကိုင် ထား၏။ အခြားတယောက်မှာ ဖဲပိုးအုပ်လိပ်ကြီးများကို ထမ်းလာ၏။ သူတို့နောက်တွင်မူ ပါးကွက်အာဏာသားတယောက်သည် ပိုးထီးနက်ကြီးကို ဆောင်း၍ လိုက်လာ၏။ ထို ပါးကွက်အာဏာသားမှာ ယောကျ်ား ပီသ ခံ့ညားသူတဦးဖြစ်ပြီး အပြာရောင်ဝတ်ရုံကြီးကို ဝတ်ထား၏။ ရှည်လျားသော မျက်ခုံးမွေးကြီးများသည် ကော့ထောင်ကာ နားထင်စပ်အထိတက်နေပြီး မျက်လုံးများမှာလည်း ထောင့်တဖက်တချက်သို့ ကပ်နေကြ၏။ အသားမှာ ဖြူဖျော့လျက်ရှိပြီး ထူထဲသော မုတ်ဆိတ်မွေးများ ရှိ၏။ ထိုသူမှာ ဟူနန်နယ်သားတယောက် ဖြစ်ပြီး သူ့အမည်မှာ ရန်စုံဟု ခေါ်၏။ ရန်စုံ၏ ဦးလေးတော်သူတဦးမှာ ကျီစုမြို့ဝန် ဖြစ်သဖြင့် ရန်စုံသည် ဦးလေးနှင့်အတူ လာရောက်နေထိုင်ခဲ့၏။ သူ့ဦးလေးနေရာသို့ ပြောင်းလာသည့် မြို့ဝန်မှာ သူနှင့်လည်း သိသဖြင့် သူ့ကို အကျဉ်းထောင်မှူးအဖြစ် လည်းကောင်း၊ ပါးကွက် အာဏာသားအဖြစ် လည်းကောင်း ဆက်လက်ခန့်ထားခဲ့၏။ ရန်စုံမှာ လက်နက်မျိုးစုံ အတတ်ကို ကျွမ်းကျင်သူတဦး ဖြစ်သည့်တိုင် သူ့အသားအရေမှာ ဖျော့တော့နေသဖြင့် သူ့ကို ပိုးဟပ်ဖြူဟု ခေါ်လေ့ရှိကြ၏။

သူ့နောက်တွင် ဘီလူးခေါင်းရုပ် အနှောင့်တပ် ဓားလွတ်ကြီးတစီးကို

ကိုင်လာသည့် ထောင်အစောင့်တယောက် လိုက်ပါလာ၏။ သူတို့သည် ရာဇဝတ်ကောင်တယောက်ကို သတ်၍ ပြန်လာခဲ့ကြခြင်းဖြစ်ပြီး မိတ်ဆွေများက ပေးလိုက်သော လက်ဆောင်များကို သယ်ကာ အိမ်သို့ ပြန်လာခဲ့ကြခြင်း ဖြစ်၏။

သူတို့တတွေ ဖြတ်သန်းသွားစဉ် ထိုက်ချုံ၊ ရန်လင်းနှင့် အချို့လူများသည် စိမ်ရည် ခွက်များကို ကိုင်ကာ သူတို့လူသိုက်ကို ကြည့်နေကြ၏။ ထိုစဉ် ချန်ပေါက်ခေါ် သိုးကို သေအောင် ကန်သူ အမည်ရှိ လူတဦး ခေါင်းဆောင်သည့် စစ်သားဆယ်ယောက်ခန့်သည် လမ်းကြားကလေးတခုထဲမှ ထွက်လာကြ၏။ သိုးကို သေအောင်ကန်သူခေါ် ချန်ပေါက်မှာ ကျီစုမြို့ရိုးကို စောင့်ရှောက်သည့် မြို့စောင့်တပ်မှ အရာရှိငယ်တဦးဖြစ်၏။ သူ့နောက်လိုက် တပ်သားများမှာ မြို့ထဲတွင် လှည့်၍ ငွေညှစ်နေသူများ ဖြစ်ကြ၏။ ချန်ပေါက်က သူတို့ကို ကြိမ်းမောင်းဆူပူသည့်တိုင် အချည်းနှီးသာ ဖြစ်ပေ၏။ ကျီစုမြို့တွင် တရပ်တကျေးမှ လာရောက်၍ ရာထူးကြီးရနေသည့် ရန်စုံကို မကျေမနပ် ဖြစ်နေသူ ဖြစ်၏။

လက်ဆောင်တွေ တထုပ်တပိုး၊ ရှေ့နောက်အခြံအရံတွေ အမြိုင့်သားဖြင့် လာသည့် ရန်စုံကို မြင်သည့်အခါ၌ ချန်ပေါက်သည် မကျေမနပ်ဖြစ်လာ၏။ ထို့ကြောင့် ချန်ပေါက် သည် ရန်စုံကို ဆီးကြိုနေသည့် လူအုပ်များကြားထဲသို့ အတင်းတိုးဝှေ့ကာ-

"ထောင်မှူးကြီးကို လေးစားပါတယ်ဗျာ" ဟု အော်လိုက်၏။

"နောင်ကြီးပါလား။ စိမ်ရည်ကလေး ဘာလေး လိုက်သောက်လှည့်ပါဦးလား"

"ခင်ဗျားဆီက စိမ်ရည်တော့ မလိုချင်ဘူးဗျာ။ ရမယ်ဆိုရင် ငွေကလေး တပိဿာ လောက်တော့ လိုချင်ရဲ့"

"နောင်ကြီးနဲ့ ကျွန်တော်သိတာ ကြာလှပါပြီဗျာ။ ဒါပေမဲ့ ကျွန်တော်နဲ့ နောင်ကြီး ကြားမှာ ငွေရေးကြေးရေးကိစ္စ မရှိခဲ့ဖူးပါကလား"

"ဒီနေ့ ခင်ဗျား လူချမ်းသာတွေဆီက ငွေညှစ်လာတယ် မဟုတ်လား။ ဒီတော့ ကျွန်တော့်ကိုလည်း ဝေစုပေးသင့်တာပေါ့"

"တချို့က မျက်နှာလုပ်ချင်လို့ ပေးကြတာပါ ခင်ဗျာ။ ကျွန်တော်က ဘယ်သူ့ဆီကမှ တပြားတချပ်မှ မညှစ်ဖူးပါဘူး။ နောင်ကြီး ကျွန်တော့်ကို ဘာဖြစ်လို့ အကြောင်းမဲ့ ရန်ရှာ နေရတာလဲဗျာ။ နောင်ကြီးက စစ်ဘက်က အရာရှိ၊ ကျွန်တော်က နယ်ဘက်က အရာရှိပါ။ သူ့စည်းကိုယ့်စည်းနဲ့ နေကြတာပါ"

ချန်ပေါက်သည် မည်သို့မျှ မပြောတော့ဘဲ နောက်တွင် ပါလာသည့်

သူ့လူများကို အချက်ပြလိုက်ရာ သူ့လူများသည် ပြေးလာကြကာ အစောင့်များကိုင်လာသည့် လက်ဆောင် ထုပ်များ၊ ပိုးဖဲလိပ်များကို လုယူကြ၏။ ရန်စုံသည် ဒေါသထွက်ကာ "ဟေ့လူတွေ၊ ရိုင်းစိုင်း ရမ်းကားလှချေလား" ဟု ဆိုကာ ဖျန်ဖြေရန် ရှေ့သို့တက်လာ၏။ ဤတွင် ချန်ပေါက်က သူ့အင်္ကျီရင်ဘတ်ကို ဆွဲထားကာ အစောင့်နှစ်ယောက်တို့က နောက်မှ ဖမ်းချုပ်ထားလိုက် ၏။ ထိုသို့ ဝိုင်းအုံ၍ ဖမ်းဆီးနေသည်ကို မြင်သည့်အခါတွင် ရန်စုံ နောက်မှ လိုက်လာသော အစောင့်များသည် ကြောက်ကြောက် ဖြင့် ထွက်ပြေးကြ၏။ ရန်စုံမှာကား ပြန်၍ ရုန်းထွက် နိုင်ခြင်း မရှိတော့ဘဲ အော်ဟစ်ဆဲဆိုလျက်ရှိ၏။

ထိုစဉ် ထင်းစည်းများကို ဆိုင်းထမ်းဖြင့် ထမ်းလာသည့် လူထွားကြီးတယောက် ပေါ်လာ၏။ ထိုလူကြီးများသည် ရန်စုံအား ဝိုင်းဝန်းချုပ်နှောင်၍ အနိုင်ကျင့်နေကြသည်ကို မြင်သည့်အခါတွင် ထိုသို့ မတရားလုပ်နေသည်ကို ကြည့်မနေနိုင်တော့ချေ။ ထိုလူသည် ဆိုင်းထမ်းကို ချကာ လူအုပ်ကြားထဲမှ တိုးဝင်၍ ရှေ့သို့ ထွက်လာ၏။

"ထောင်မှူးကို ဘာဖြစ်လို့ ခင်ဗျားတို့ ဒီလိုလုပ်နေကြတာလဲဗျာ"

ချန်ပေါက်က ထိုလူကို စိန်းစိန်းကြီး ကြည့်လိုက်ရင်း-

"ဟေ့၊ သူတောင်းစား။ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်တာလဲ"

လူထွားကြီးမှာ ဒေါသထွက်၍ လာလေပြီ။ ထိုလူသည် ချန်ပေါက်ကို ဆံပင်မှ ကိုင်၍ ဆွဲယူမြှောက်လိုက်ကာ မြေကြီးပေါ်သို့ ပစ်ချလိုက်၏။ ချန်ပေါက်၏ တပည့်များက သူ့ကို သတ်ပုတ်ရန် အနားသို့ကပ်လာစဉ် ထိုလူသည် အနားကပ်လာသူမှန်သမျှကို လက်သီးဖြင့် တချက်စီ ထိုးလိုက်၏။ ဤတွင် မည်သူမျှ အနားမကပ်ရဲတော့ဘဲ အကြောက်ကြောက် အလန့်လန့်ဖြင့် ထွက်ပြေးကုန်ကြ၏။ အချုပ်ခံထားရာမှ လွတ်လာသည့် ရန်စုံကလည်း သူ့ကိုယ်ခံပညာဖြင့် ရန်သူများကို လိုက်လံတိုက်ခိုက်၏။ သူ့လက်သီးများသည် ရက်ကန်းစင်မှ လွန်းများကဲ့သို့ ဘယ်ညာ ပြေးလျက်ရှိကာ ရန်သူတို့မှာလည်း အတုံးအရုံး လဲကျ ကုန်ကြ၏။ ချန်ပေါက်အဖို့ အခြေအနေ မလှတော့ပြီ။ ချန်ပေါက်သည် လဲကျနေရာမှ ကုန်းရုန်းထကာ တချီတည်း လစ်ပြေးလေ၏။ ရန်စုံသည် ချန်ပေါက်နောက်သို့ ပြေးလိုက် ၏။ ချန်ပေါက်လည်း သူ့လူများနောက်သို့ ပြေးလိုက်၏။ သို့ဖြင့် သူတို့သည် လမ်းကြား ကလေးတခုထဲတွင် ပျောက်ကွယ်သွားကြ၏။

လူထွားကြီးမှာ လမ်းဆုံတွင် ကျန်ရစ်ခဲ့၏။ ရန်လင်းနှင့် ထိုက်ချုံတို့သည် ထို လူထွား ကြီးကို ချီးကျူးလျက်ရှိ၏။(**ဤနေရာတွင် စာဆက်ပြတ်နေသည်။ .... ထိုက်ချုံနှင့် ရန်လင်းတို့သည် လူထွားကြီးနှင့် မိတ်ဆွေဖွဲ့သည်။ ထိုသူ၏ အမည်မှာ ရှိရှု ဖြစ်သည်။ ကျန်းကင်းခရိုင်၊ ကျင်လင်းနယ်သားဖြစ်ပြီး ကိုယ်နှင့်ဆိုင်သည် မဆိုင်သည်ထား၊ မတရားမှုကို**

တွေ့လျှင် ဝင်ပါတတ် သဖြင့် တဇောက်ကန်းဟုလည်း အမည်တွင်သည်။ ဦးလေးဖြစ်သူနှင့် အတူနေရာတွင် ထိုဦးလေး သေဆုံးသွားရာ မကြာသေးမီ ကမှ ကျိုင်းတုံ‌ စသို့ ရောက်လာပြီး ထင်းစည်းများ လှည့်ရောင်းရင်းအသက်မွေးနေသည့် အကြောင်းများကို ထိုက်ချုံနှင့် ရန်လင်းတို့အား ပြောပြသည်။ ဤတွင် ထိုက်ချုံလည်း လျှံရှန်းတောင်ရိုးရှိ ရဲညီနောင်အသိုင်းအဝိုင်း အကြောင်း ပြောပြပြီး ရှိဇူအား သွားချင်စိတ် ရှိ မရှိမေးသည်။ သူ မည်သို့မည်ပုံ လျှံရှန်းတောင်ရိုးသို့ ရောက်သည့်အကြောင်းကိုလည်း ထိုက်ချုံက ပြောပြသည်။ – တိုးမြစ်။)

“ဘုရင်ကလည်း ဦးနှောက်မရှိ၊ အရာရှိတွေကလည်း အကျင့်ပျက်၊ မှူးမတ်တွေက လည်း အကျင့်ပျက်။ ဒီတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိ၊ စိတ်ညစ်ညစ်ရှိတာနဲ့ လျှံရှန်းတောင်ရိုးမှာရှိတဲ့ တောပုန်းဗိုလ် စုန်ကျန့်ဂိုဏ်းထဲကို ရောက်သွားခဲ့တယ်ဗျ။ အဲဒီ မှာ ရွှေ၊ ငွေ၊ အဖိုးတန် ပစ္စည်းတွေကို အညီအမျှ ခွဲဝေယူကြတယ်။ အဝတ်ကို အညီအမျှ ခွဲဝေဝတ်ကြတယ်။ အစားအသောက်ကိုလည်း အညီအမျှ ခွဲဝေစားကြတယ်။ မကြာခင် ဆိုရင် ရွှေနန်းတော်ကြီးက လွတ်ငြိမ်းချမ်းသာခွင့် ကြေညာတော့မယ်ဗျ။ အဲဒီအခါကျရင် ကျွန်တော်တို့လည်း ထိုက်သင့်တဲ့ ရာထူးကိုတော့ ရကြရမှာပေါ့”

ရှိဇူက သက်ပြင်းချလိုက်ရင်း-

“သွားတော့ သွားချင်တာပေါ့ဗျာ။ ဒါပေမဲ့ သူတို့အဖွဲ့ကို ဘယ်ကို ဆက်ရမှန်း မသိတာ ခက်တယ်”

“ခင်ဗျား သွားချင်တယ်ဆိုရင် ကျွန်တော်တို့ စာရေးပေးလိုက်မယ်လေ”

“စိတ်တော့မရှိပါနဲ့ဗျာ။ နောင်ကြီးတို့နှစ်ယောက်နာမည်က ဘယ်သူတွေပါလဲ”

“ကျွန်တော့်နာမည်က ထိုက်ချုံလို့ ခေါ်ပါတယ်။ သူကတော့ ရန်လင်းပါ”

“ရဲညီနောင်အသိုက်အဝန်းမှာ ခြေမြန်တော်လို့ နာမည်ကြီးနေတဲ့သူလားဗျာ”

“အဲဒီ အညတရလူဟာ ကျွန်တော်ပါပဲ” ဟု ထိုက်ချုံက ပြောပြီး သူတို့အထုပ်ထဲမှ ငွေတဆယ်သားကို ထုတ်ပြီးလျှင် ရှိဇူ ရင်းနှီးစားသောက်ရန် ပေး၏။

အတန်တန်တောင်းပန်သည့်အခါတွင်မှ ရှိဇူက သူတို့ပေးသည့် ငွေစတို့ကို လက်ခံ၏။ ထိုအချိန်၌ ရှိဇူသည် ထိုက်ချုံ မည်သူဖြစ်ကြောင်းကို သိပြီဖြစ်သည့်အတွက် ရှိဇူက ထိုအဖွဲ့သို့ ဝင်လိုကြောင်းကို ပြောပြ၏။ ထိုစဉ်

လိုက်လံရှာဖွေနေသည့် ရဲသားများ ဆိုင်ရှေ့သို့ ရောက် လာကြကာ မေးမြန်းနေသံများကို ကြားရ၏။ ထိုက်ချိုတို့ သုံးယောက်သည် အပြင်သို့လှမ်းကြည့်လိုက်ကြ၏။ ၎င်းတို့မှာ ရန်စုံနှင့် ရဲသားနှစ်ဆယ်ခန့်တို့ ဖြစ်ကြ၏။ သူတို့သည် ဆိုင်ထဲသို့ ဝင်လာကြ၏။ ထိုသို့ ရုတ်ရုတ်ရက်ရက် ဖြစ်နေစဉ် ထိုက်ချိုနှင့် ရန်လင်းတို့သည် အပြင်သို့ အသာ ထွက်လာခဲ့ကြ၏။ ရှိဇူက ထိုင်ရာမှ ထလိုက်ကာ-

“ထောင်မှူးကြီးပါလား။ ဘယ်က လာတာလဲ”

“ခင်ဗျားကို လိုက်ရှာနေတာဗျ။ လက်စသတ်တော့ ခင်ဗျားက ဒီလာပြီး အရက် သောက်နေတာကိုး။ ခွေးကောင်တွေက ကျွန်တော့်ကို ချုပ်ထားတုန်း နောင်ကြီး လာကယ် ပေလို့သာပေါ့ဗျာ။ ကျွန်တော့်ပစ္စည်းတွေကို ယူသွားလို့ ဒီကောင်တွေနောက်ကို လိုက် ရတော့ နောင်ကြီးကိုတောင် နှုတ်မဆက်နိုင်တော့ဘူး။ ဒီကောင်တွေနောက် လိုက်ပြီး ကျွန်တော့်ပစ္စည်းတွေကို လိုက်ယူနေတုန်း ဟောဒီက ရဲသားတွေ ရောက်လာပြီး ကျွန်တော့် ဘက် ဝင်ကူလို့ ပစ္စည်းတွေတော့ ရခဲ့ပါပြီ။ စောစောက နေရာကို ကျွန်တော် ပြန်လာတော့ နောင်ကြီးကို မတွေ့ရတော့ဘူး။ ဒါနဲ့ စုံစမ်းကြည့်တော့ လူနှစ်ယောက်နဲ့ ဘုံဆိုင်ဘက် ထွက်သွားတယ်ဆိုတာနဲ့ ဆိုင်တကာ လိုက်ရှာတာ နှံ့နေပြီ”

“သူတို့က တခြားကပါ။ ကျွန်တော်နဲ့ ထိုင်အရက်သောက်ရင်း စကားပြောနေကြတာ။ ခင်ဗျား ရောက်လာတာ မသိလိုက်ဘူး”

ရန်စုံမှာ ရှိဇူကို တွေ့သဖြင့် ဝမ်းသာလျက်ရှိ၏။

“နောင်ကြီးနာမည်က ဘယ်လို ခေါ်ပါသလဲ။ ဇာတိကကော ဘယ်ကလဲ။ ဒီမှာ ဘာ ကိစ္စနဲ့ ရောက်နေပြီး ဘာများလုပ်နေပါသလဲ”

ရှိဇူက ထိုက်ချိုနှင့် ရန်လင်းတို့ကို ပြောခဲ့သည့်အတိုင်း ပြောပြ၏။

“အဲဒီ ခရီးသည်တွေကော ဘယ်ရောက်သွားကြပါလိမ့်”

“ခင်ဗျားက လူတသိုက်ကြီးနဲ့ ဝင်လာတော့ တခုခုပဲ ဆိုပြီး ရှောင်ထွက်သွားကြ လေရဲ့”

ရန်စုံက ရဲသားများဘက်သို့ လှည့်၍-

“စားပွဲထိုးဆီကို အရက်အိုးနှစ်အိုး မှာပြီး မင်းတို့လူတွေကို တယောက် သုံးခွက်စီ လောက် တိုက်လိုက်ကွာ။ သောက်ပြီးရင် သွားကြတော့။ ငါတော့ ဒီမှာ နေရစ်ခဲ့မယ်။ မနက်ဖြန်မှ တွေ့မယ်”

ရဲသားများသည် အရက်သောက်ပြီးနောက် ပြန်သွားကြ၏။ ရန်စုံက ရှိဇူဘက်သို့ လှည့်၍-

"ကျွန်တော့်ကို သူစိမ်းလို မဆက်ဆံပါနဲ့ နောင်ကြီးရာ။ နောင်ကြီးကြည့်ရတာ ဒီမှာ ဆွေမျိုးသားချင်းတို့ ဘာတို့ ရှိပုံမရဘူး။ သွေးညီနောင်အဖြစ် သစ္စာဆိုကြရင် မကောင်း ဘူးလား။ ဘယ့်နှယ်လဲ"

"နောင်ကြီး အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ကိုးပါ"

"ကျွန်တော်က နှစ်ဆယ့်ရှစ် ခင်ဗျ။ ဒီတော့ နောင်ကြီးက ဒီမှာ ထိုင်ပါ။ ညီငယ် တယောက်အနေနဲ့ ကျွန်တော် ဂါရဝပြုပါရစေ"

ရှိဇူသည် လေးကြိမ် ဂါရဝပြု၏။ ရန်စုံမှာ များစွာ ကျေနပ်လျက်ရှိ၏။ ရန်စုံသည် စားပွဲထိုးကို ခေါ်၍ အမြည်းများနှင့် အရက်ထပ်မှာ၏။

"ဒီနေ့တော့ မူးအောင် သောက်ကြရအောင်ဗျာ"

ထိုသို့ သောက်စားနေကြစဉ် ရန်စုံ၏ ယောက္ခမ ပန်သည် လူတသိုက်နှင့် ဆိုင်ထဲသို့ ဝင်လာ၏။ ရန်စုံက ထိုင်ရာမှ ထလိုက်၏။

"အဖေ ဘယ်လိုက လာတာလဲ"

"မင်း ရန်ဖြစ်နေတယ်ကြားလို့ ကူရအောင် လာတာ"

"ဟောဒီက နောင်ကြီး ဝင်ကူလို့ ကိစ္စပြီးသွားပါပြီ။ ချန်ပေါက်ကို ဟောဒီက နောင်တော် ဝင်ဆုံးမလိုက်တာ အရိပ်မြင်ရုံနဲ့တောင် လန့်သွားပါပြီ။ နောင်တော်ရှိဇူနဲ့ ကျွန်တော်တို့ သွေးညီနောင်အဖြစ် သစ္စာဆိုပြီးကြပါပြီ"

"အေး အေး၊ ကောင်းတယ်။ ဟောဒီက ငါနဲ့ ပါလာသူတွေကိုလည်း အရက်နည်းနည်း တိုက်လိုက်စမ်းပါဦး"

ရန်စုံက သူတို့အား တယောက်လျှင် သုံးခွက်စီတိုက်ရန် စားပွဲထိုးကို ပြောလိုက်၏။ သူတို့တသိုက်လည်း အရက်သောက်ပြီး ပြန်ထွက်သွားကြ၏။ ရန်စုံသည် သူ့ယောက္ခမအား စားပွဲတွင် ထိုင်ရန် ဖိတ်ခေါ်၏။ စားပွဲထိုးက သူ့အတွက် အရက်များ လာချပေး၏။ ပန်သည် သတ္တိကောင်းသော ရှိဇူကို သဘောကျစွာ အကဲခတ်ပြီးနောက် သဘောကျသွား၏။

"အင်း၊ ခုလို မိတ်ကောင်းဆွေကောင်းနဲ့ဆိုရင် ငါ့သမက်အဖို့ ဘာမှ

စိုးရိမ်စရာ ရှိတော့မှာ မဟုတ်ဘူးပေါ့ကွာ။ သူ့အလုပ်ကို သူ ကောင်းကောင်းလုပ်နိုင်ပြီပေါ့။ နို့၊ နေစမ်း ပါဦး၊ မောင်ရင့် အလုပ်အကိုင်ကော ဘာများပါလိမ့်”

“ကျွန်တော့်မျိုးရိုးက သားထိုးသည်ပါ”

“နို့၊ ဒါဖြင့် ကျွဲ၊ နွားတို့ကို ကောင်းကောင်း ပေါ်တတ်တာပေါ့”

ရှိဇူက ရယ်လိုက်ရင်း-

“ကျွန်တော်က သားသတ်ရုံထဲမှာ ကြီးခဲ့ရတာပါ ခင်ဗျာ”

“အင်း၊ ကျုပ်လည်း ငယ်ငယ်က သားသတ်သမားပဲဗျ။ ခုတော့ ကြီးပြီလေ။ ကျုပ်မှာ ဟောဒီ သမက်တယောက်တည်း ရှိပြီး သူက အရာရှိဆိုတော့ သားသတ်အလုပ်ကို စွန့် လိုက်ရတော့တာပေါ့”

သူတို့သုံးယောက်သည် မူးအောင် သောက်ကြပြီးနောက် ငွေကို ရှင်းလိုက်၏။ မလောက် သဖြင့် ရှိဇူက သူ့တွင်ပါလာသည့် ထင်းစည်းများကို ပေးပစ်ခဲ့၏။ သူတို့သည် ရန်စုံနှင့်အတူ ပြန်လာခဲ့ကြ၏။

“မိန်းမရေ၊ လာပါဦးကွ။ ဟောဒီက မင်း မတ်အသစ်ကလေးကို လာကြိုပါဦး”

“ရှင့်မှာ ဘယ်တုန်းက ညီငယ် ရှိဖူးလို့လဲ” ဟု အထဲမှ မိန်းမအသံတသံက ပြော၏။

“မေးမနေနဲ့ကွာ။ အပြင်ထွက်ခဲ့စမ်းပါ”

ခန်းဆီးပွင့်လာကာ အမျိုးသမီးငယ်တယောက် ထွက်လာ၏။ သူ့ကို သတ္တမလ၊ ခုနစ်ရက်နေ့တွင် မွေးသဖြင့် တိမ်ယဉ်ဟု ခေါ်၏။ တိမ်ယဉ်သည် ယခင်က ကျီစုတိုက် နယ်မှ အရာရှိတယောက်နှင့် အိမ်ထောင်ကျခဲ့ဖူး၏။ ထိုအရာရှိ ကွယ်လွန်သည့်အခါတွင် ရန်စုံနှင့် အိမ်ထောင်ကျခဲ့၏။ သူတို့နှစ်ယောက် အကြင်လင်မယားအဖြစ် လက်ထပ်ခဲ့ကြ သည်မှာ တနှစ်ပင် မပြည့်တတ်သေးချေ။

ရှိဇူသည် တိမ်ယဉ်ကို ရိုသေစွာနှုတ်ဆက်ကာ ဒူးထောက်၍ ဂါရဝပြု၏။

“အစ်မ ထိုင်ပါခင်ဗျ”

“ကျွန်မက ရှင့်ထက် ငယ်တောင်ငယ်သေးတာပဲ။ ဘာဖြစ်လို့ ဂါရဝပြုနေရပြန်တာလဲ”

"ဒီနေ့ပဲ သူနဲ့ ငါ သွေးညီနောင်အဖြစ် သစ္စာဆိုခဲ့ကြတယ်ကွ။ ဒီတော့ မင်းက အစ်မ ကြီး အရာပေါ့။ ဒီတော့ သူ ဂါရဝပြုတာကို လက်ခံလိုက်ပါ"

ရွှေတောင်ကြီး လဲသကဲ့သို့ လည်းကောင်း၊ ကျောက်စိမ်းတိုင်ကြီး ပြိုသကဲ့သို့ လည်း ကောင်း ရှိဇူသည် တိမ်ယဉ်ကို လေးကြိမ် ဒူးထောက်၍ ဂါရဝပြု၏။ တိမ်ယဉ်က သူ့ကို နှစ်ကြိမ် ပြန်၍ ဂါရဝပြု၏။ ရှိဇူအတွက် အိပ်ခန်းပြင်နေစဉ် သူ့ကို ဧည့်ခန်းဆောင်တွင် နေရာချပေးပြီးနောက် အနားယူစေ၏။ သို့ရာတွင် အသေးအဖွဲတို့ကို မပြောတော့ပြီ။

နောက်တနေ့ ရုံးသွားခါနီးတွင် ရန်စုံက အိမ်သားများအား မှာခဲ့၏။

"ငါ့ညီဖို့ အဝတ်အစားများနဲ့ ခေါင်းပေါင်းတို့ ဘာတို့ ချုပ်ပေးကြဦးဟေ့" ဟု ဆိုကာ ထမင်းဆိုင်တွင် ကျန်ခဲ့သည့် ပစ္စည်းများကိုလည်း အယူခိုင်းလိုက်၏။

ထိုက်ချုံနှင့် ရန်လင်းတို့သည် ဘုံဆိုင်မှ ထွက်လာခဲ့ပြီးလျှင် မြို့ပြင်ရှိ ၎င်းတို့တည်းခိုရာ ထမင်းဆိုင်ကလေးသို့ ပြန်လာခဲ့ကြ၏။ နောက်တနေ့တွင်လည်း ကုန်ဆွန်ကို ထွက်၍ ရှာကြပြန်၏။ သို့ရာတွင် နှစ်ရက်တိုင်တိုင် ဆက်၍ ရှာကြသော်လည်း ကုန်ဆွန်ကို တွေ့သူ ဆို၍ တယောက်မျှ မတွေ့ရချေ။ ကုန်ဆွန် ဘယ်သို့ရောက်နေသည် ဆိုသည်ကိုလည်း သဲလွန်စ မရကြချေ။ ထို့ကြောင့် သူတို့နှစ်ယောက်သည် အထုပ်အပိုးများကို ပြင်ဆင်ကာ မြင်းရေသောက်တောင်ကြားသို့ ပြန်လာခဲ့ကြ၏။ မြင်းရေသောက်တောင် ကြားတွင် တိန်ဖ၊ ဖေရွှန်း၊ မိန်ကွမ်း စသူများနှင့် အစိုးရတပ်သား ဟန်ဆောင်ထားသည့် သူတို့လူများကို တွေ့၏။ သူတို့တသိုက်သည် ထိုနေ့ညမှာပင် လျှံရှန်းတောင်ရိုးသို့ ထွက်ခွာလာခဲ့ကြလေ၏။

ထိုမျှ များပြားသည့် လူအင်အား၊ မြင်းအင်အားတို့ကို စုရုံး ခေါ်ငင်လာနိုင်ခဲ့သည့် အတွက် ထိုက်ချုံကို အထင်ကြီးသွားကြ၏။ အောင်ပွဲအဖြစ် စားသောက်ပွဲကြီးတခုလည်း ကျင်းပ၏။ ထိုအကြောင်းကိုမူ မပြောတော့ပြီ။

ပန်က ရှိဇူကို အကြံတခုပေး၏။

"တို့အိမ်နောက်ဖေး တဖက်ပိတ်လမ်းကြားကလေးမှာ တို့များပိုင်တဲ့ အိမ်ဟောင်း တလုံး ရှိတယ်။ အဲဒီမှာ ရေတွင်းလည်း ရှိတယ်။ အဲဒီနေရာမှာ အသားဆိုင်တဆိုင် ဖွင့်ရင် အတော်ပဲ။ မင်း အဲဒီသွားနေပြီး ကြီးကြပ်ပါလား"

ရှိဇူသည် ထိုနေရာသို့ သွားကြည့်၏။ သားသတ်ဆိုင်ဖွင့်ဖို့ တော်တော်ကောင်းသည့် နေရာပေတည်း။ ပန်သည် အလုပ်ကြမ်းလုပ်ရန် သူ့တပည့်ဟောင်းများကိုလည်း ရှာပေး၏။ ရှိဇူမှာ စာရင်းလုပ်ကိုင်ပေးရုံမျှသာ

ဖြစ်၏။ ထို့ကြောင့် ရှိဇူကလည်း သဘောတူလိုက်၏။

ရှိဇူသည် တပည့်များကို ခေါ်ကာ စားပွဲများကို ပြင်ဆင်စေ၏။ အစိမ်းရောင်၊ အနက် ရောင် စဉ်းနှီးတုံးများကို ချ၏။ ဓားများကို သွေးစေ၏။ အရောင်းခုံကို ပြင်ဆင်စေ၏။ ရှိဇူ သည် ဝက်ခြံများကို စနစ်တကျလုပ်ကာ ဆူဖြိုးသော ဝက်များကို ဝယ်၍ လှောင်၏။ ရက်ရွေးပြီးနောက် ဆိုင်ကို အခမ်းအနားဖြင့် ဖွင့်၏။ အိမ်နီးနားချင်းများ၊ မိတ်ဆွေများ သည် ဖွင့်ပွဲသို့ လာရောက်ကြပြီး တံခွန်အနီများကို ချိတ်ဆွဲပေးကြ၏။ နှစ်ရက်တိုင်တိုင် အရက်များ၊ စားသောက်ဖွယ်များဖြင့် ဆိုင်ဖွင့်ပွဲ ကျင်းပ၏။

ရန်စုံနှင့်မိသားစုများမှာ ရှိဇူ ဆိုင်ကို ကြီးကြပ်နေသည့်အတွက် များစွာ ဝမ်းသာလျက် ရှိကြ၏။ ထိုအကြောင်းကို မပြောတော့ပြီ။

ပန်နှင့် ရှိဇူတို့သည် ဝက်သားဆိုင်ကို ကြီးကြပ်ကြ၏။ သို့ဖြင့် အချိန်တို့သည် လျင်မြန် စွာ ကုန်ဆုံးသွားကာ နှစ်လမျှ ကြာသွား၏။ အချိန်မှာ ဆောင်းဦးပေါက်ဖြစ်ပြီး မကြာမီ ဆောင်းဝင်တော့မည် ဖြစ်၏။ ရှိဇူသည် ဆိုင်တွင်းဆိုင်ပြင်တွင် အခမ်းအနားတို့ကို ပြင်ဆင် ၏။ တမနက်၌ ရှိဇူသည် အိပ်ရာမှ စောစွာထကာ အနီးရှိ ရွာတရွာသို့ ဝက်ဝယ် ထွက်လာ ခဲ့၏။ သုံးရက်ကြာ၍ ပြန်လာသည့်အခါတွင် ဆိုင်မှာ ပိတ်ထားပြီး ဆိုင်ထဲတွင်လည်း စဉ်းနှီးတုံးများ၊ စားပွဲများ မရှိတော့ပြီ။ ရှိဇူသည် နူးညံ့သော စိတ်ထားရှိ၏။ အစစ အရာရာ ကိုယ့်ဘာသာကိုယ် စဉ်းစားတတ်သူဖြစ်၏။

"အင်း၊ "အချိန်ကောင်းဆိုတာ ကြာရှည်မတည်ဘူး။ ပန်းပွင့်များဟာလည်း မကြာခင် မှာ ညှိုးတတ်တယ်" ဆိုတဲ့ ရှေးစကားရှိတယ်။ ငါ့နောင်တော် ရန်စုံဟာ အလုပ်ကိစ္စနဲ့ မကြာခဏ အပြင်သွားနေရတဲ့အတွက် အိမ်တွင်းရေးကိစ္စတွေကို ဘာမှ ကောင်းကောင်း သိဟန် မတူဘူး။ ခု ငါက အဝတ်အစားသစ်တွေ ဝယ်တတ်တာမြင်တော့ သူ့မိန်းမက ဘာတွေများ ပြောထားသလဲ မသိဘူး။ ပြီးတော့ ငါကလည်း နှစ်ရက်၊ သုံးရက်ကြာအောင် ခရီးထွက်သွားတော့ မလိုတဲ့သူတွေက တမျိုးတဖုံ ပြောကြမှာပဲ။ ငါ့ကို မယုံသင်္ကာ ဖြစ် တာနဲ့ ဆိုင်ကို ပိတ်ပစ်လိုက်ဟန်တူတယ်။ ဒီတော့ သူတို့ ပြောင်ဖွင့်ပြောအောင်တော့ ငါ စောင့်မနေနိုင်ဘူး။ သူတို့မပြောခင် အလုပ်က ထွက်ပြီး အိမ်ကိုပြန်တာပဲ ကောင်းမယ်။ လူဆိုတာ တသက်မှာ ဒီအလုပ်ချည်းပဲ တလျှောက်လုံး လုပ်မနေနိုင်ဘူး"ဆိုတဲ့ ရှေးစကား ရှိတယ်"

ရှိဇူသည် ဝယ်လာသည့် ဝက်များကို ဝက်ခြံထဲသို့ သွင်းပြီးနောက် အဝတ်အစား လဲကာ အထုပ်အပိုးကို ပြင်၏။ ထို့နောက် စာရင်းတို့ကို သေချာစွာ ရေးမှတ်ပြီး အိမ်ထဲသို့ နောက်ဖေးပေါက်မှ ဝင်လာခဲ့၏။ ပန်က

စားသောက်ဖွယ်အနည်းငယ်ကို ပြင်ဆင်ရင်း သူ့ကို စားရန် ဖိတ်၏။

"ဝက်တွေကို သယ်လာရတာ ပင်ပန်းလှရောပေါ့" ဟု ပန်က ပြော၏။

"ဒါကတော့ တာဝန်အရ လုပ်ရတာကိုး ဦးလေးရဲ့။ အပန်းမကြီးပါဘူး။ ဟောဒီမှာ စာရင်းရှင်းတမ်းခင်ဗျ။ ကျွန်တော့်အတွက် တပြားတချပ် သို့ဝှက်တာများ ရှိခဲ့ရင် မိုးကြိုး ပစ်ပါစေ ခင်ဗျာ"

"အို၊ ဘယ့်နှယ် ပြောလိုက်တာလဲကွယ်။ အကြောင်းမဟုတ်တာ"

"ကျွန်တော် အိမ်က ထွက်လာတာ ခြောက်နှစ်၊ ခုနစ်နှစ်လောက် ရှိပါပြီ ဦးလေး။ ကျွန်တော် အိမ်ကို ခဏပြန်ချင်ပါတယ်။ ဟောဒီမှာ ကျွန်တော့်စာရင်းတွေကို အပ်ပါတယ်။ ဒီနေ့ညမှာ နောင်ကြီးရန်စုံကို နှုတ်ဆက်ပြီး မနက်ဖြန်မှာ ခရီးထွက်ဖို့ စိတ်ကူးထားပါတယ်"

ပန်သည် ရယ်လိုက်၏။

"ငါ့တူကြီး အထင်လွဲနေပြီ ထင်တယ်။ ဘာဖြစ်လို့ ထွက်ရမှာလဲကွ။ ထိုင်ပါဦး။ ဦးလေး ရှင်းပြပါ့မယ်"

ပန်သည် ခပ်တိုတိုမျှသာ ပြော၏။ ရလဒ်ကား မိမိကျေးဇူးရှင်ကို ကျေးဇူးဆပ်သော အားဖြင့် စစ်သည်တဦးသည် အသွား သုံးပေရှိသူ၏ ဓားလွတ်ကြီးဖြင့် ကောက်ကျစ် ယုတ်မာသူတဦးကို ငရဲပြည်သို့ ပို့ခဲ့၏။

ပန်သည် ရှီဇူအား မည်သည့်စကားများကို ပြောဆိုသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၄၅

ရန်စုံသည် အရက်မူးကာ တိမ်ယဉ်ကို ဆူပူကြိမ်းမောင်းခြင်း

ရှိဇူသည် ဖေရှဟိုင်းကို ဥဏ်ဆင်၍ သတ်ခဲ့ခြင်း

"တူမောင်စိတ်ထဲမှာ ဖြစ်နေတာတွေကို ကျုပ်သိပါတယ်။ တူမောင်ဟာ ဝက်ဝယ်သွား ရာက အပြန်မှာ သားသတ်ဆိုင်က ပစ္စည်းတွေ မရှိတော့တာကို တွေ့ရတယ်။ ဒီတော့ ကျုပ်တို့က ဆိုင်ကို ပိတ်လိုက်ပြီ ထင်ပြီး တူမောင် တခြားကို သွားဖို့ စိတ်ကူးနေတာ မဟုတ်လား။ မှန်ပါတယ်။ ခုတလောမှာ ကျုပ်တို့အလုပ်အကိုင်ကလည်း သိပ်မကောင်း ဘူး။ ဒါပေမဲ့ အလုပ်အကိုင် မကောင်းသည့်တိုင်၊ ဆိုင်ကို ပိတ်လိုက်ရသည့်တိုင် တူမောင် ကို ကျုပ်တို့ အိမ်မှာပဲ ထားမှာပါ။ ပစ္စည်းတွေကို ပြောင်းရွှေ့ပြီး ဆိုင်ကို ပိတ်ထားလိုက်ရတဲ့ အကြောင်းကတော့ ဒီလို တူမောင်ရေ။ ဒီနေ့ဟာ ကျုပ်သမီး တိမ်ယဉ်ရဲ့ ပထမခင်ပွန်း စာရေးကြီးဝမ် ကွယ်လွန်တဲ့ ဒုတိယနှစ်ပတ်လည်နေ့ဗျ။ ဒီတော့ ကျုပ်တို့အိမ်သားတွေ သူ့အတွက် ဆွမ်းကျွေးကြမလို့။ ဒါကြောင့် ဆိုင်ကို ပိတ်ထားလိုက်ရတာ။ မနက်ဖြန်ဆိုရင် လည်း ကျေးဇူးဖြစ် ဒါဝန်ကျောင်းက ဘုန်းတော်ကြီးတွေကို ပင့်ပြီး တရားနာဖို့ စီစဉ်ထား တယ်။ ဒီတော့ မောင်ရင်ပဲ ဒီကိစ္စတွေကို ကြည့်စီစဉ်ပေးပါ။ ဦးလေးကတော့ အသက်ကြီး လာလို့ တညလုံး မအိပ်မနေ မစီမံနိုင်တော့ဘူး။ ဒီအကြောင်းကို မောင့်ကို ပထမဆုံး ပြောမယ်လို့ ဦး စိတ်ကူးထားတာ"

"ဦးလေးတို့ အလုပ်ကိစ္စရှိလို့ နေစေ့ချင်ရှင် ခဏတော့ နေပါ့မယ် ခင်ဗျာ"

"ခဏရယ်လို့ လုပ်မနေပါနဲ့ကွယ်။ နောင်မှာလည်း ဟိုစိတ်ကူး သည်စိတ်ကူး ကူးမနေ ပါနဲ့တော့။ ကိုယ့်ဂုဏ်သိက္ခာနဲ့ ကိုယ် ထိုက်တန်အောင်နေပါ"

သူတို့နှစ်ယောက်သည် စိမ်ရည်နှင့် ဟင်းသီးဟင်းရွက်ကြော်များကို စားသောက် ပြီးနောက် ဝိုင်းသိမ်းလိုက်ကြ၏။

နောက်တနေ့တွင် ကျောင်းမှ ကပ္ပိယများ ရောက်လာကာ အခမ်းအနားအတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ကြ၏။ ဆင်းတုတော်များ၊ လှူဖွယ်ပစ္စည်းများကို နေရာတကျ ထားကြ၏။ စည်များ၊ မောင်းများ၊ ခေါင်းလောင်းများ၊ ချူများကို လည်း ကောင်း။ အမွှေးတိုင်များ၊ ပန်းများ၊ မီးအိမ်များနှင့် ဖယောင်းတိုင်များကို လည်းကောင်း ပြင်ဆင်ကြ၏။ မီးဖိုထဲတွင်လည်း သက်သတ်လွတ် ဆွမ်းဟင်းလျာများကို ချက်ပြုတ်ကြ၏။

ထိုနေ့ညနေ၌ ရန်စုံသည် မိုးချုပ်မှ အိမ်သို့ ပြန်လာ၏။

"ဒီနေ့ည ကျုပ်လည်း ထောင်မှာ တာဝန်ကျတယ်ဗျာ။ အိမ်မှာ ရှိမှာ မဟုတ်ဘူး။ ဒီတော့ နောင်ကြီးကပဲ အစစအရာရာ စီမံပေးပါ" ဟု ရှိဇူကို ပြော၏။

"ဒါအတွက်တော့စိတ်ချပါနောင်ကြီးရာ။ ကျွန်တော် အစစအရာရာ ကြည့်လုပ်ပါ့မယ်" ရန်စုံ ထွက်သွားသည့်အခါ ရှိဇူလည်း အိမ်ရှေ့တံခါးဝတွင် ထိုင်နေ၏။ အရုဏ်တက် ချိန်လောက်တွင် သင်္ကန်းဝတ်ရဟန်းပျိုတပါးသည် ဝင်းထဲသို့ ရောက်လာ၏။

"ကြွပါကိုယ်တော်" ဟု ဆိုကာ ရှိဇူက ဝတ်ပြု၏။

ရဟန်းနောက်မှလည်း ကပ္ပိယတဦးသည် ပစ္စည်းများကို ထမ်းပိုးဖြင့် ထမ်း၍ လိုက်ပါလာ၏။

"ဦးလေးရေ၊ ဘုန်းကြီးတပါး ကြွလာပြီ" ဟု ရှိဇူက ပန်ကို လှမ်းခေါ်လိုက်၏။

ပန်ထွက်လာသည့်အခါတွင် ရဟန်းပျိုက-

"ဒကာကြီးလည်း ကျုပ်တို့ကျောင်းကို မလာတာ ကြာပါပကောလား"

"ဆိုင်ဖွင့်ကတည်းက အချိန်ကို မရပါဘူး ဘုရား"

"စာရေးကြီးဆွမ်းကျွေးအတွက် ကျုပ် ကျောင်းမှာရှိတဲ့ ခေါက်ဆွဲနဲ့ စွန်ပလွံသီးတချို့ ယူလာခဲ့တယ်ဗျ"

"အလကားဒုက္ခရှာလို့ ဘုရား။ ကဲ၊ မောင်ရှင်ရေ။ ဘုန်းကြီးဆီက ပစ္စည်းတွေကို လက်ခံယူလိုက်ပါကွယ်" ဟု ရှိဇူကို လှမ်းပြောလိုက်၏။

ရှိဇူသည် အထုပ်များကို အိမ်ထဲသို့ ယူလာခဲ့၏။ ဘုန်းကြီးအား လက်ဖက်ရည် ကပ်ရန် လည်း အိမ်စေတယောက်ကို ပြောလိုက်၏။ ထိုစဉ် တိမ်ယဉ်သည် အပေါ်ထပ်မှ အောက်သို့ ဆင်းလာ၏။ နောက်အိမ်ထောင် ထူပြီးသား ဖြစ်သည့်အတွက် တိမ်ယဉ်သည် နှုတ်ခမ်းမန် တို့ကို အသင့်အတင့်မျှသာ လိမ်းထား၏။

"ဘယ်က လက်ဆောင်တွေလဲရှင့်" ဟု ရှိဇူကို မေး၏။

"အစ်မရဲ့ အဖေဆီကို ဘုန်းကြီးတပါး လာပို့တာ"

တိမ်ယဉ်သည် ပြုံးလိုက်၏။

"ဩော်၊ ကိုယ်တော်လေး ဖေရုဟိုင်းဆီက ဖြစ်မှာပဲ။ အဲဒီ ကိုယ်တော်လေးက သိပ် ရိုးတာ။ ရဟန်းမဝတ်ခင်တုန်းက သူ့မိဘများ လုပ်ခဲ့တဲ့ ပိုးထည်ဆိုင်မှာ လုပ်ခဲ့တယ်လေ။ သူက အစ်မထက် နှစ်နှစ်ပဲ ကြီးတယ်။ သူ့ရဲ့ ဘွဲ့က သျှင်ဟိုက်တဲ့။ တရားဟောတာကလည်း အလွန်ကောင်း။ ဒီနေ့ည မောင်လေး နားထောင်ကြည့်။ အသံကလည်း သိပ်ကောင်းတာ"

'ဩော်၊ ဒီလိုလား" ဟု ရှိဖူစိတ်ထဲတွင် တွေးနေ၏။ သူ့စိတ်ထဲတွင် ဆယ်ပုံတပုံခန့် သက်ာမကင်း ဖြစ်လာခဲ့လေပြီ။

တိမ်ယဉ်သည် အိမ်ရှေ့သို့ ထွက်သွားကာ ရဟန်းပျိုကို သွား၍ ကန်တော့၏။ ရှိဖူသည် အခန်းအကွယ်မှ နေ၍ သူတို့အရိပ်အခြည်ကို စောင့်ကြည့်နေ၏။

"အလကား ဒုက္ခရှာလို့ လက်ဆောင်ပစ္စည်းတွေ ယူလာတယ် ဘုရား"

"ဒီလောက်က မဖြစ်လောက်ပါဘူး ဒကာမလေးရဲ့။ အကြောင်းမဟုတ်ပါဘူး"

"ဘယ်ဟုတ်မလဲ ဘုရား။ လောကီကို စွန့်ထားတဲ့ သင်္ကန်းဝတ်တပါးဆီက လက်ဆောင် အကူပစ္စည်း ယူလို့ ဘယ်ကောင်းပါ့မလဲ"

"ကျုပ်တို့ ကျောင်းဝင်းထဲမှာ ကုန်းနေ၊ ရေနေ သေလွန်ပြီး သတ္တဝါအားလုံးအတွက် ဝတ်ပြုဆောင်တဆောင် ဆောက်ပြီးပြီဗျ။ အားရင် ဒကာမလေး လာကြည့်လှည့်ပါဦးလား။ အဲ၊ တခုတော့ရှိရဲ့။ ကျောင်းထိုင်ဆရာတော်ကြီးကတော့ ကြိုက်မှာမဟုတ်ဘူး"

"ဆရာတော်ကြီးက သဘောထားကြီးပါတယ် ဘုရား။ တပည့်တော်မ အမေကြီး ဆုံးခါနီးတော့ မီးမဖွားနိုင်လို့ ဆုံးကြရတဲ့ ကလေးတွေအတွက် အလှူအတန်းပြုမလို့ ကတိပေးခဲ့ဖူးပါတယ်။ တပည့်တော်မလည်း ဘုန်းကြီးတို့ ကျောင်းကို လာပြီး အလှူ အတန်းလုပ်မယ်လို့ စိတ်ကူးနေတာ ကြာပါပြီ"

"ဆုတောင်းပြီး ပရိတ်တို့ ဘာတို့ ရွတ်တာက ကျုပ်တို့ဘုန်းကြီးရဲ့ တာဝန်ပါ။ ဒကာမလေး ဘာလုပ်ချင်သလဲသာ ပြောပါ။ ကျုပ်တို့ လုပ်ပေးမှာပေါ့"

"ဒီလိုဆိုရင်လည်း အမေကြီးအတွက် ပရိတ်ရွတ်ပေးပါ ဘုရား"

အိမ်စေမကလေးတဦးက လက်ဖက်ရည် ကပ်၏။ တိမ်ယဉ်သည် လက်ဖက်ရည် ပန်းကန်နှုတ်ခမ်းကို သူ့လက်ကိုင်ပဝါနှင့် သုတ်ပြီး ရဟန်းပျိုကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကပ်လေ၏။ ရဟန်းပျိုသည် တိမ်ယဉ်အား အငမ်းမရ

စိုက်ကြည့်၏။ တိမ်ယဉ်ကလည်း သူ့ကို ပြန်ကြည့်ကာ ပြုံးပြ၏။

"တဏှာပေမသည် အတိုင်းအဆမရှိကာ အရဲစွန့်စိတ်ကို ဖြစ်စေ၏" ဆိုသော ဆိုရိုး စကား ရှိ၏။ ရှိဇူသည် သူတို့နှစ်ဦး ဖြစ်ပျက်နေပုံကို ကန့်လန့်ကာကြားမှ မြင်လိုက်၏။ ထိုအချိန်၌ကား ရှိဇူသည် ဆယ်ပုံနှစ်ပုံမျှ ရိပ်မိခဲ့လေပြီ။ "အင်း၊ မိန်းမများဟာ တယ်ပြီး ကြောက်စရာကောင်းတာပဲ။ ကြည့်စမ်း၊ ငါ့ကို သူ တကြိမ်မက ဖြားယောင်းခဲ့ဖူးပြီ။ ငါ ကတော့ သူ့ကို အစ်မလို၊ ညီမလို အောက်မေ့ခဲ့တာ။ တော်တော်ယုတ်မာတဲ့ မိန်းမပဲ။ ငါနဲ့များ လက်ပူးလက်ကြပ်မိရင် ရန်စုံအတွက် လက်စားမချေဘူးလို့တော့ မအောက်မေ့နဲ့" ဟု ရှိဇူသည် တယောက်တည်း စိတ်ထဲတွင် ပြောနေ၏။

ယခုအချိန်ကား ဆယ်ပုံသုံးပုံ သေချာနေလေပြီ။ ရှိဇူသည် ကန့်လန့်ကာကို မ ကာ အပြင်သို့ ထွက်လာခဲ့၏။ ရဟန်းပျိုက လက်ဖက်ရည်ပန်းကန်ကို အောက်သို့ချကာ သူ့ကို နှုတ်ဆက်၏။

"ထိုင်လေ ဒကာလေး"

"သူက တပည့်တော်မ ခင်ပွန်းရဲ့ သွေးသောက်ညီနောင်ဆိုပါတော့ ဘုရား"

"ဒကာလေးက ဘယ်ဇာတိလဲ။ နာမည်ကကော"

"တပည့်တော်က ကျင်လင်းကပါ။ ရှိဇူလို့ ခေါ်ပါတယ်။ တပည့်တော်က ကိုယ်နဲ့မဆိုင်ပေမယ့် မတရားတာတွေ့ရင် ဝင်ပြီး ခုခံတဲ့အတွက် တပည့်တော်ကို တဇောက်ကန်း လို့ ခေါ်ကြပါတယ်။ တပည့်တော်က တောသားဆိုတော့ ခပ်ပြတ်ပြတ်ပဲ ဆက်ဆံတတ် ပါတယ် ဘုရား။ ခွင့်ပြုပါ" ဟု ခပ်တိုတိုပြောကာ နေရာမှ ထလာခဲ့၏။

"ရပါတယ်၊ ရပါတယ်။ ကဲ၊ ကျုပ်လည်း ကျောင်းပြန်ပြီး တခြားဘုန်းကြီးတွေကို ပင့်ရဦးမယ်။ သွားလိုက်ပါဦးမယ်" ဟု ဆိုကာ ရဟန်းပျိုသည် ဝင်းဝဆီသို့ ကြွ၏။

"ဘုန်းဘုန်းဘုရား၊ မြန်မြန်ပြန်ခဲ့နော်" ဟု တိမ်ယဉ်က လှမ်းပြော၏။

ရဟန်းပျိုသည် မည်သို့မျှ မပြောဘဲ ခပ်သုတ်သုတ် ပြန်ကြွသွား၏။ တိမ်ယဉ်ကလည်း ရဟန်းပျိုကို ဝင်းဝအထိ လိုက်ပို့ပြီး ပြန်လာခဲ့၏။ ရှိဇူသည် တံခါးဝတွင် ခေါင်းငိုက်စိုက် ချရင်း တွေးနေ၏။ ထိုအချိန်၌ကား သူ့စိတ်ထဲတွင် ဆယ်ပုံလေးပုံ သေချာသွားလေပြီ။

ခဏကြာလျှင် ကပ္ပိယတဦး ရောက်လာကာ ဖယောင်းတိုင်များ၊

အမွေးတိုင်များကို လိုက်၍ ထွန်းပေးနေ၏။ များမကြာမီ ရဟန်းပျိုသည် အခြားသော ဘုန်းတော်ကြီးများ နှင့်အတူ ပြန်ရောက်လာ၏။ ပန်က ရှိဇူအား ဘုန်းတော်ကြီးများကို အကြိုခိုင်းလိုက်၏။ ထို့နောက် မောင်းများ၊ ကြေးစည်များ တီးကာ ဘုန်းတော်ကြီးများသည် သွားလေသူ၏ ကောင်းမှုကုသိုလ်များကို ရွတ်ဖတ်လျက်ရှိကြ၏။ ရဟန်းပျိုနှင့် အခြားရဟန်းတပါးတို့က ဆွမ်းသွတ်ပွဲတွင် ကြီးကြပ်လုပ်ကိုင်ကြ၏။ ကြေးစည်ထုခြင်း၊ မီးပူဇော်ခြင်း၊ လောကပါလ နတ်မင်းတို့အား စားသောက်ဖွယ် ဆက်ကပ်ခြင်း၊ ကောင်းကင်ရှိ ပလ္လင်ကို စောင့်သည့် နတ်ဒေဝတာတို့အား ဆက်ကပ်ခြင်း၊ သွားလေသူ စာရေးကြီးဝမ် ကောင်းရာသုဂတိသို့ လားရန် ဆုတောင်းအမျှအတန်းဝေခြင်း စသည်တို့ကို ပြုလုပ်ကြ၏။

တိမ်ယဉ်သည် ရိုးရိုးပင် ဝတ်စားထားကာ ပန်းခြံထဲသို့ ဆင်းလာခဲ့၏။ ထို့နောက် အမွေးတိုင်တတိုင်ကို ထွန်းညှိကာ လက်တွင် ကိုင်လာသည့် အမွေးတိုင်အိုးကလေးထဲသို့ ထိုးစိုက်လိုက်ပြီးလျှင် ရုပ်ပွားတော်တဆူရှေ့တွင် ဒူးထောက်ထိုင်၍ ဆုတောင်း၏။ ထိုအခါ ၌ ရဟန်းတု၏ စိတ်တွင် စိတ်ထက်သန်မှု ပေါ်ပေါက်လာလေပြီ။ ရဟန်းတုသည် ကြေးစည်ကို ထုကာ အောင်မြင် ခံ့ညားသော အသံဖြင့် တရားစာများကို ရွတ်ဖတ်၏။ ရွှန်းစို ပြည့်ဖြိုး သည့် တိမ်ယဉ်ကို မြင်သည့်အခါတွင် တဏှာစိတ်တို့သည် ယိုဖိတ်လာခဲ့လေပြီ။

သွားလေသူအတွက် ဆုတောင်းပြီးနောက်တွင် ဘုန်းကြီးများကို အထဲသို့ ပင့်ကာ ဆွမ်းကပ်၏။ ရဟန်းတုမှာ အခြားသော ဘုန်းကြီးများနောက်တွင် ထိုင်၏။ ရဟန်းတုသည် တိမ်ယဉ်ကို မကြာခဏ လှည့်ကြည့်ကာ ပြုံးပြ၏။ တိမ်ယဉ်ကလည်း ရယ်ချင်ပက်ကျိဖြစ်သည့်နှယ် ပါးစပ်ကို လက်ဖြင့်အုပ်၍ ရယ်ပြ၏။ သူတို့နှစ်ယောက်၏ မျက်လုံးများသည် ထက်သန်သော အကြည့်ဖြင့် မကြာခဏ ဆုံမိကြ၏။

ရှိဇူသည် ထိုအခြင်းအရာအားလုံးကို မြင်နေ၏။ သူ့စိတ်ထဲတွင်မူ ဆယ်ပုံငါးပုံ စိတ်ညစ်လာခဲ့လေပြီ။ ဘုန်းကြီးများကို ဆွမ်းကပ်ပြီးနောက် ပန်မှာ ပင်ပန်း၍ အနားယူဦး မည်ဟု ဆိုကာ အပေါ်ထပ်သို့ တက်သွား၏။ ဆွမ်းစားပြီးနောက် ဘုန်းကြီးများသည် အညောင်းပြေ အညာပြေ စင်္ကြံလျှောက်ပြီးနောက် အခမ်းအနား ကျင်းပမည့် နေရာသို့ ပြန်ကြွလာကြ၏။ ရှိဇူမှာ ဆယ်ပုံခြောက်ပုံခန့် မခံမရပ်နိုင် ဖြစ်လာလေပြီ။ ရှိဇူသည် ဗိုက်နာသည်ဟု ပြောကာ ဧည့်ခန်းနှင့် ကပ်လျက် အခန်းထဲတွင် လှဲနေလိုက်၏။

ထိုအချိန်၌ တိမ်ယဉ်၏ လော်လီဖောက်ပြားစိတ်တို့သည် ထကြွလှုပ်ရှားလာခဲ့လေပြီ။ အနီးတွင် လူ ရှိ မရှိကို ဂရုမစိုက်နိုင်တော့ချေ။ တိမ်ယဉ်သည် နောက်တကြိမ် ရွတ်ဖတ် နေသည့် ရဟန်းများအနီးသို့

လက်ဖက်ရည်များ၊ မုန့်များ၊ သစ်သီးများကို ယူလာခဲ့၏။ သန်းခေါင်ယံလောက်တွင်မူ အခြားသော ရဟန်းပျိုများမှာ မောပန်းလာကြလေပြီ။ သို့ရာ တွင် ရဟန်းတုမှာကား မောပန်းဟန် မရှိသေးဘဲ တရားစာများကို အသံအောင်အောင်ဖြင့် ရွတ်ဖတ်လျက် ရှိသေး၏။ ကန့်လန့်ကာနောက်ကွယ်မှနေ၍ အခွင့်ကောင်းကို စောင့်လျက် ရှိသည့် တိမ်ယဉ်မှာလည်း ရမ္မက်တို့ ပြင်းထန်လာခဲ့လေပြီ။ ဤတွင် တိမ်ယဉ်သည် အိမ်စေမကလေးတယောက်ကို ခေါ်ကာ ရဟန်းတုအား စကားပြောလိုသည်ဟု အလျှောက် ခိုင်းလိုက်၏။ ရဟန်းတုလည်း ချက်ချင်း အနီးသို့ ရောက်လာကာ တိမ်ယဉ်သည် ရဟန်းတု၏ သင်္ကန်းကို ဆွဲလိုက်ပြီးလျှင်-

"ဘုန်းဘုန်းဘုရား၊ မနက်ဖြန် တခေါက်ကြွလာရင် အမေ့အတွက် ဝတ်ပြုဆုတောင်း ဖို့ အဖေ့ကို ထပ်ပြောဦးနော်။ မေ့မနေနဲ့"

"မမေ့ပါဘူး။ ပြောပါ့မယ်။ ဒါထက် ဒကာမလေးရဲ့ မတ်တော်မောင် ဆိုတဲ့ လူကို ကြည့်ရတာ ခပ်ကြမ်းကြမ်းနဲ့ တူတယ်"

တိမ်ယဉ်က ခေါင်းကို ယမ်းလိုက်ရင်း-

"သူ့ကို ဂရုစိုက်မနေစမ်းပါနဲ့။ တကယ်ကတော့ သွေးသားအရ ဘာမှ တော်စပ်တာ မဟုတ်ပါဘူး"

"ဪ၊ ဒီလိုလား" ဟု ဆိုကာ ရဟန်းတုသည် တိမ်ယဉ်၏ လက်ကို ဆွဲ၍ ဆိတ် လိုက်၏။

တိမ်ယဉ်က သူတို့နှစ်ယောက်ကို ကန့်လန့်ကာနှင့် ဆွဲဖုံးလိုက်၏။ ရဟန်းတုလည်း တရားစာ ရွတ်ဖတ်ရန် အိမ်ရှေ့ခန်းသို့ ပြန်ထွက်သွား၏။

အခန်းထဲတွင် အိပ်ချင်ယောင်ဆောင်နေသော ရှိဇူသည် ထိုအရာအားလုံးကို မြင် လိုက်၏။ ထိုအချိန်၌ကား သူ့စိတ်ထဲတွင် ဆယ်ပုံခုနစ်ပုံ သေချာသွားလေပြီ။ အရုဏ်တက် ချိန်တွင် ဆုတောင်းပွဲ ပြီးသွား၏။ ဆင်းတုတော်ကို ရွှေ့ပြီးနောက် ပိုက်ဆံစက္ကူများကို မီးရှို့ပူဇော်ပြီးသည့်အခါတွင် ဘုန်းကြီးများလည်း အိမ်ရှင်များကို နှုတ်ဆက်၍ ပြန်ကြွ သွားကြ၏။ တိမ်ယဉ်လည်း အိပ်ရာသို့ ဝင်ခဲ့လေသတည်း။

"နောင်ကြီးရန်စုံကတော့ စိတ်သဘောထား ပြည့်တဲ့လူ။ ဒါပေမဲ့ သူ့မယားကတော့ အလိုရမ္မက်ကြီးတဲ့ မိန်းမ" ဟု တွေးရင်း ဒေါသကို မျိုသိပ်ကာ အိပ်ရာထဲသို့ ဝင်လာခဲ့၏။

နောက်တနေ့တွင် ရန်စုံသည် အိမ်သို့ ပြန်လာခဲ့၏။ ရှိဇူသည် သူ့ကို ဘာမျှ မပြောချေ။

စားသောက်ပြီး ရန်စုံ ထွက်သွားသည့်အခါတွင် ရဟန်းတုသည် နောက်တခေါက် ရောက် လာပြန်၏။ ရဟန်းတု ပြန်ရောက်လာသည့်အခါတွင် တိမ်ယဉ်လည်း အပေါ်ထပ်မှ ဆင်းလာ ပြန်၏။ တိမ်ယဉ်သည် ရဟန်းတုကို ဆီးကြို၍ နေရာထိုင်ခင်းပေးကာ လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံ၏။

"မနေ့ညကလည်း တညလုံးရွတ်နေရတာ ဘုန်းဘုန်း မောလှရောပေါ့နော်"

"ဒီလောက်ကတော့ အပန်းမကြီးပါဘူး ဒကာမလေးရယ်။ ဒကာမလေး အမေကြီး အတွက် ရွတ်ရဖတ်ရဦးမယ် မဟုတ်လား။ ဒကာမလေး ဆုတောင်းချင်တာကိုလည်း ပြောဦး လေ။ တရားစာရွတ်ရင် ဒကာမလေးရဲ့ဆုတောင်းကိုလည်း တခါတည်း ထည့်ရွတ်ရအောင်"

"ကောင်းတာပေါ့ ဘုရား" ဟု ဆိုကာ တိမ်ယဉ်သည် အိမ်စေမကလေးအား သူ့ အဖေကို အခေါ်ခိုင်းလိုက်၏။

ပန်သည် အခန်းထဲသို့ ရောက်လာကာ ရဟန်းတုကို ဦးချ၏။

"မနေ့ညက ပင်ပန်းတာနဲ့ တရားစာရွတ်ပြီးအောင် မစောင့်နိုင်တော့ဘူး ဘုရား။ ဒီအထဲမှာ ရှိဖူကလည်း ဗိုက်က နာတော့ ဘုန်းကြီးအနားမှာ ဘယ်သူမှ မကျန်ရစ်ခဲ့ဘူး။ အားနာလိုက်တာ"

"ရပါတယ် ဒကာကြီးရယ်"

"အမေက မီးတွင်းမှာ ဆုံးသွားတဲ့ ကလေးတွေအတွက် ဆုတောင်းပြီး အမျှအတန်း ဝေပါလို့ မှာခဲ့ဖူးတယ် အဖေရဲ့။ မနက်ဖြန် ကျောင်းမှာ တရားစာရွတ်ရင် အဲဒီအကြောင်း ကိုလည်း ထည့်ရွတ်ပေးမယ်လို့ ဘုန်းဘုန်းက ပြောတယ်။ ဒီတော့ ဒီနေ့ ဒီမှာ မရွတ် တော့ဘူး။ မနက်ဖြန်မှ ကျောင်းမှာရွတ်ရင် ကောင်းမယ်ထင်တယ် အဖေ။ အဲဒီတော့မှ အဖေနဲ့ ကျွန်မ ကျောင်းသွားပြီး တရားနာကြတာပေါ့။ ဒီလိုဆိုရင် အဖေတို့၊ ကျွန်မတို့ လည်း တာဝန်ကျေပါပြီ"

"သဘောပဲလေ။ ဒါပေမဲ့ မနက်ဖြန်ဆိုရင်တော့ ဆိုင်ဖွင့်မှာဆို။ ဆိုင်ဖွင့်ရင် ပိုက်ဆံ သိမ်းရ ဘာသိမ်းရနဲ့ အဖေတော့ အလုပ်များမှာ"

"အစ်ကိုရှိဖူ ရှိသားပဲ အဖေရယ်။ ဒီလောက်လည်း စိတ်ပူမနေပါနဲ့"

"အေးလေ၊ သမီး သွားချင်တာဆိုရင်တော့ သမီးသဘောပေါ့။ သွားကြတာပေါ့"

တိမ်ယဉ်က ရဟန်းတုအား ငွေစဝတ္ထုများ ကပ်ကာ-

"နည်းတယ်၊ များတယ်လို့တော့ သဘောမထားပါနဲ့ ဘုရား။ တတ်နိုင်သလောက် လှူဒါန်းပါတယ်။ မနက်ဖြန် တပည့်တော်မတို့ လာရင်လည်း ကျောင်းမှာ စားဖို့သောက်ဖို့ ဖွယ်ဖွယ်ရာရာတွေ မစီမံပါနဲ့ ဘုရား။ သက်သတ်လွတ်ခေါက်ဆွဲဆိုရင် တော်ပါပြီ"

"ကောင်းပြီလေ။ ဒကာမလေးတို့ သားအဖ မနက်ဖြန်သာ ကျောင်းကို ဆက်ဆက် လာခဲ့ကြပေတော့။ ဒီ နဝကမ္မပစ္စည်းတွေကိုတော့ ဒကာမလေးရဲ့ ကိုယ်စား ဘုန်းကြီးကပဲ ကျောင်းက ဘုန်းကြီးတွေကို ခွဲဝေ လှူဒါန်းလိုက်ပါ့မယ်"

ရဟန်းတုသည် ထိုင်ရာမှ ထ၏။

တိမ်ယဉ်သည် ရဟန်းတုကို ဝင်းအပြင်ဘက်ရောက်အောင် လိုက်ပို့၏။

အသားဆိုင်၌ကား ရှိဇူသည် ဝက်များကို ပေါ်ကာ လုပ်စရာရှိသည်တို့ကို လုပ်နေ၏။ ထိုနေ့ညနေတွင် ရန်စုံသည် အလုပ်မှ အိမ်သို့ ပြန်လာ၏။ စားသောက်ပြီး၍ ခြေ၊ လက် တို့ကို ဆေးကြောသန့်စင်ပြီးသည့်အခါတွင် တိမ်ယဉ်နှင့် သူ့အဖေ ပန်တို့က-

"အိမ်က အမယ်ကြီး ဆုံးခါနီးတုန်းက သူ့အတွက် ရည်စူးပြီး မီးတွင်းမှာ ဆုံးသွားတဲ့ ကလေးအမေတွေအတွက် ကုသိုလ်ပြုပြီး အမျှအတန်းဝေပါလို့ မှာသွားခဲ့တယ်ကွ။ ဒီတော့ ဦးလေးနဲ့ တိမ်ယဉ်တို့ မနက်ဖြန် ကျောင်းတိုက်ကို သွားပြီး အလှူအတန်းလုပ်ကြမလို့။ အဲဒါ မင်းကို အသိပေးတာ"

ရန်စုံက ဇနီးဖြစ်သူ တိမ်ယဉ်ဘက်သို့ လှည့်ကာ-

"ဒီကိစ္စကို မင်း ငါ့ကို တိုက်ရိုက်ပြောနိုင်သားပဲ။ ဘာဖြစ်လို့ အဖေက တဆင့် အပြော ခိုင်းနေရတာလဲ"

"ကျွန်မ မပြောရဲလို့။ ရှင်က စိတ်ဆိုးနေမလားလို့"

ရန်စုံသည် နောက်ထပ် ဘာမျှ မပြောတော့ချေ။ ထိုနေ့ညတွင် သူတို့သည် အိပ်ရာသို့ ဝင်ခဲ့ကြ၏။ နောက်တနေ့မနက်၌ ရန်စုံသည် အိပ်ရာမှ စောစွာထ၍ ရုံးတွင် လက်မှတ် ထိုးပြီးနောက် သူ့တာဝန်များကို ထမ်းဆောင်လျက်ရှိ၏။ ရှိဇူမှာလည်း စောစွာ ထကာ ဆိုင်သို့သွား၍ အရောင်းအဝယ်ကိစ္စများကို ဆောင်ရွက်နေ၏။

တိမ်ယဉ်သည် အိပ်ရာမှ ထကာ စွဲမက်စဖွယ်ဖြစ်အောင် အစွမ်းကုန် ပြင်ဆင်ဖြီးလိမ်း ပြီးနောက် အကောင်းဆုံး အဝတ်အစားများကို ထုတ်၍ ဝတ်၏။ ထို့နောက် အမွှေးတိုင်အိုး၊ ပိုက်ဆံစက္ကူနှင့် ဖယောင်းတိုင်ထုပ်များကို ယူကာ

ဝေါတစီးကို ခေါ်လိုက်၏။ ရှိဇူမှာ ဆိုင် ထဲတွင် အလုပ်များလျက်ရှိသဖြင့် သူ့ကို သတိမထားလိုက်မိချေ။

မနက်စာ စားပြီးလျှင် တိမ်ယဉ်သည် အစေခံမကလေး ယင်အဲကိုလည်း အဝတ် အစား လဲစေ၏။ နေ ထန်းတဖျားခန့် အရောက်တွင် သူ့အဖေ ပန်သည်လည်း အဝတ် အစားများကို လဲ၏။ ပန်သည် ရှိဇူထံသို့ ရောက်လာကာ-

"ငါ့တူရေ၊ အိမ်ဘက်ကိုလည်း တဆိတ် သတိထားလိုက်ပါကွာ။ ဦးလေးနဲ့ သမီးတို့ ကတော့ ကျောင်းကို သွားလိုက်ဦးမယ်။ နည်းနည်း နောက်ကျမယ်"

ရှိဇူက ပြုံးလိုက်ကာ-

"ကျွန်တော်က အိမ်ကို စောင့်ကြည့်လိုက်ပါ့မယ် ဦးလေး၊ ဦးလေးကလည်း အစ်မကို စောင့်ခေါ်သွားပါ။ ဟိုမှာ ပူဇော်ပွဲပြီးရင်သာ မြန်မြန် ပြန်ခဲ့ကြပေတော့"

ထိုအချိန်၌ကား ရှိဇူမှာ ဆယ်ပုံရှစ်ပုံ မှန်နေလေပြီ။ ပန်နှင့် ယင်အဲတို့သည် ဝေါဘေးမှ ခြေကျင် လိုက်ပါလာခဲ့ကြ၏။ ရဟန်းတုသည် တိမ်ယဉ်၏ တိုက်တွန်းချက်အရ ပန်ကို ရဟန်းဒကာ ခံစေသော်လည်း ရန်စုံက အမြဲ သတိထားနေသဖြင့် တိမ်ယဉ်နှင့် လွတ်လွတ်လပ်လပ် မတွေ့ရချေ။ သူတို့နှစ်ယောက်သည် တယောက်ကို တယောက် မျက်လုံးဖြင့်သာ စကားပြောနေခဲ့ကြရသည့်တိုင် ထိုအဆင့်ထက် မလွန်သေးချေ။ ယမန်နေ့ည ဆုတောင်းပွဲ ကျင်းပသည့်အခါတွင်မှ သူတို့နှစ်ဦးသည် အခွင့်အရေး ရလာခဲ့ကြ၏။ သူတို့ နှစ်ဦးသည် ချိန်းတွေ့ရန် စီစဉ်ခဲ့ကြ၏။ ရဟန်းတုကား လက်နက်ကို သွေးကာ ခါးတောင်းကျိုက် တပြင်ပြင် ဖြစ်နေလေပြီ။

တိမ်ယဉ်တို့သားအဖ ရောက်လာသည့်အခါ၌ ရဟန်းတုသည် ကျောင်းဝင်းပြင်သို့ ထွက်၍ ကြိုဆိုလျက် ရှိ၏။ ဝေါဖြင့် လိုက်ပါလာသော တိမ်ယဉ်ကို မြင်သည့်အခါတွင် ရဟန်းတုသည် ဣန္ဒြေကိုပင် မဆောင်နိုင်တော့ဘဲ ဝေါဆီသို့ ခပ်သုတ်သုတ်လာခဲ့၏။

"တပည့်တော်တို့အတွက် ဒုက္ခများနေပြီ ထင်တယ် ဘုရား"ဟု ပန်က ပြော၏။

"ဘုန်းဘုန်းကို အနှောင့်အယှက်ပေးသလို ဖြစ်နေပြီထင်တယ် ဘုရား" ဟု တိမ်ယဉ် က ဝေါပေါ်မှ အဆင်းတွင် ပြော၏။

"အကြောင်းမဟုတ်ပါဘူးဗျာ။ ဘုန်းဘုန်းလည်း တခြားကိုယ်တော်တွေနဲ့အတူ သိမ် ထဲမှာ တရားစာတွေ ရွတ်နေတာ မနက် အရုဏ်တက်ကတည်းကပဲ။ ဒကာမလေးတို့ကို စောင့်နေတာ။ ကုသိုလ်ကောင်းမှု

လုပ်တာပဲ ဘာမောစရာ ရှိသလဲ”

ရဟန်းတုသည် တိမ်ယဉ်တို့သားအဖကို ကျောင်းတိုက်ထဲသို့ ခေါ်လာခဲ့၏။ အမွေး တိုင်များ၊ ဖယောင်းတိုင်များနှင့် အလှူအတန်းနှင့် ဆိုင်သည့် အဆောင်အယောင်၊ အခမ်း အနားများကို ပြင်ဆင်ပြီးလေပြီ။ အခြားသော ဘုန်းကြီးများသည် တရားစာများကို ရွတ်ဖတ်လျက်ရှိကြ၏။ တိမ်ယဉ်သည် ပိဋကတ်သုံးပုံနှင့်တကွ ဘုန်းတော်ကြီးများကို ဝတ်ချ၏။ ရဟန်းတုကား တိမ်ယဉ်ကို ငရဲဘုံခန်းသဖွယ် ဆွဲထားသည့် ပန်းချီကားတကား ရှေ့သို့ ခေါ်သွားကာ မယ်တော်ကြီးအတွက် အမွေးတိုင်များကို ထွန်းပေးပြီး ပိုက်ဆံ စက္ကူများကို မီးရှို့ပူဇော်ပေး၏။ ထို့နောက် ဘုန်းတော်ကြီးများသည် တိမ်ယဉ် ဆက်ကပ် သည့် သက်သတ်လွတ်ဆွမ်းကို ဘုဉ်းပေးကြ၏။

ရဟန်းတုသည် အလှူအတန်းကိစ္စများကို လုပ်ရန် ကိုရင်ကလေးနှစ်ပါးကို တာဝန် ပေးခဲ့ပြီးလျှင် တိမ်ယဉ်တို့ သားအဖ ထမင်းစားရန် သူ့အခန်းသို့ ခေါ်သွား၏။ သူ့ကျောင်း မှာ ချောင်ကျသည့်တနေရာတွင် ရှိ၏။ အစစအရာရာ အဆင်သင့်ဖြစ်လျက် ရှိလေပြီ။

သူ့ကျောင်းကလေးသို့ ကိုရင်နှစ်ပါး ရောက်လာသည့်အခါတွင် ရဟန်းတုက-

“ကိုရင်တွေ လက်ဖက်ရည်ယူခဲ့ကြ” ဟု ခိုင်းလိုက်၏။ ကိုရင်နှစ်ပါးသည် ဟင်္သာ ပြဒါးရောင် ယွန်းဗန်းထဲတွင် နှင်းပွင့်ပမာ ဖြူဆွတ်သည့် လက်ဖက်ရည်ပန်းကန်များကို တင်၍ ထည့်၍ ယူလာကြ၏။ လက်ဖက်ခြောက်မှာ များစွာ အရသာရှိ၍ ကောင်းလှပေ၏။

လက်ဖက်ရည် သောက်ပြီးသည့်အခါတွင် ရဟန်းတုက “ဒကာမလေးတို့ ဒီမှာ ထိုင် ကြပါဦးလား”ဟု ဆိုကာ တိမ်ယဉ်တို့သားအဖနှစ်ယောက်ကို အတွင်းခန်းတခုထဲသို့ ခေါ်သွား၏။ အတွင်းခန်းထဲတွင် တောက်ပသော အနက်ရောင် ယွန်းစားပွဲတလုံးရှိပြီး နံရံတွင် ပန်းချီကျော်များ၏ ပန်းချီကားများကို ချိတ်ထား၏။ ခုံတခုပေါ်တွင်မူ အမွေးတိုင် တတိုင် ထွန်းထားသဖြင့် တခန်းလုံး မွှေးကြိုင်လျက် ရှိပေ၏။ ပန်နှင့် တိမ်ယဉ်တို့က ယွန်းစားပွဲတဖက်တွင် ထိုင်ပြီး ရဟန်းတုက မျက်နှာချင်းဆိုင်တွင် ထိုင်၏။

“ဘုန်းဘုန်းတို့လို လောကီကို စွန့်တဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ တော်တော်ကောင်း တဲ့ နေရာကလေးပဲနော်။ တိတ်ဆိတ်အေးချမ်းနေတာပဲ” ဟု တိမ်ယဉ်က ပြော၏။

“မလျောင်ပါနဲ့ ဒကာမလေးရယ်။ ဒကာမလေးတို့ အိမ်ကြီးနဲ့ စာရင် ဒီနေရာက အလကားပါ” ဟု ရဟန်းတုက ပြော၏။

"ကိုယ်တော်လည်း တပည့်တော်တို့ကိစ္စတွေ လုပ်ပေးနေရလို့ တော်တော်လေး ပင်ပန်းနေပြီ။ တပည့်တော်တို့ ပြန်ဦးမှပဲ ဘုရား" ဟု ပန်က ပြော၏။ ရဟန်းတုသည် မကြားယောင်ပြုကာ "ဒကာကြီးအဖို့ ကျောင်းကို ရောက်ခဲ့ပါတယ်။ သူစိမ်းတွေမှ မဟုတ် တာ။ ကြိုက်သလိုသာ နေပါ။ ဒကာကြီးတို့ကို ကျုပ်ကျောင်းက ကျွေးရတာ ဘာမှ မဟုတ် သေးပါဘူး။ မပြန်ခင် ခေါက်ဆွဲကလေး စားသုံးသွားပါဦး။ ကိုရင်ကလေးတွေ၊ ခေါက်ဆွဲ ပန်းကန်တွေ လာချလှည့်ဟေ့"

စကားမဆုံးခင်လောက်မှာပင် ခေါက်ဆွဲပန်းကန်နှစ်လုံး၊ သစ်သီးများနှင့် စားသောက် ဖွယ်များကို စားပွဲပေါ်သို့ လာချကြ၏။

"များလှချေလား ဘုန်းဘုန်းရယ်။ တပည့်တော်မတို့ လာလို့ ဘုန်းဘုန်းမှာ အလုပ် များနေပြီ ထင်ပါရဲ့"

ရဟန်းတုက ပြုံးလိုက်ရင်း-

"ဒါက ဘာမှ မဖြစ်လောက်ပါဘူးဗျာ။ ဒကာမလေးတို့ကို ခင်လို့ ကျွေးတဲ့သဘောပါ"

ရဟန်းတုသည် ကိုရင်ကလေးများ လာချပေးသည့် အရက်ချိုကို ငွေ့စေကာ-

"ဒကာကြီးက ကျုပ် ကျောင်းကို သိပ်မရောက်သေးဘူး။ ဟောဒီ အရက်ချိုကလေးကို မြည်းကြည့်စမ်းပါဦး"

"အလို၊ တော်တော်ကောင်းတဲ့ အရက်ချိုပါလား ဘုရား"

"ဟုတ်တယ်။ ဒကာတဦးက နည်းပေးသွားတာ။ ခုလည်း ဆန် သုံး လေးပြည်လောက် အစိမ်ခိုင်းထားတယ်။ အိုးဖောက်ရင် ဒကာကြီး သမက်ဖို့ တပုလင်း နှစ်ပုလင်း ပို့လိုက် ဦးမယ်"

"နေပါစေ ဘုရား"

"ဘယ်ဟုတ်မလဲ ဒကာကြီးရဲ့။ ကျုပ်ကျောင်းမှာ ကောင်းကောင်းမွန်မွန်ဆိုလို့ ဒါပဲ ရှိတာ။ ဒကာမလေးရော မြည်းကြည့်ပါဦးလား"

ကိုရင်ကလေးများသည် အရက်ချိုများကို တခွက်ပြီး တခွက် ငှဲ့ပေးနေကြ၏။ ရဟန်း တုကလည်း တိမ်ယဉ်ကို အမြည်းခိုင်းကြည့်နေ၏။

"တော်ပြီဘုရား။ တပည့်တော်မက နောက်ထပ် မသောက်နိုင်တော့ဘူး"

"ဒကာကြီးကတော့ လာခဲပါတယ်။ ထပ်သောက်ပါဦး"

ပန်က အပြင်တွင် ကျန်ရစ်ခဲ့သည့် ဝေါထမ်းများကို အရက်ချိုတိုက်ရန် ခေါ်လိုက်၏။ "ဒကာကြီး ဘာမှ မပူနဲ့။ သူတို့အတွက် အပြင်မှာ နေရာထိုင်ခင်းပေးပြီး ခေါက်ဆွဲတို့၊ အရက်ချိုတို့ ပေးထားဖို့ စီစဉ်ပြီးပြီ။ ဒကာကြီးစိတ်ကြိုက် အေးအေးဆေးဆေးသာနေ။ သောက်စမ်းပါဦး ဒကာကြီးရဲ့"

ရဟန်းတုသည် ကိုယ့်အကြံနှင့် ကိုယ် ဖြစ်သည့်အလျောက် ပန်အား အရက်ကောင်း များကို တခွက်ပြီး တခွက် ဆင့်၍ တိုက်လျက်ရှိ၏။ ခွက်အတော်များများ ဝင်သွားသည့် အခါတွင်မူ ပန်မှာ တော်တော်မူးနေလေပြီ။

"ဟဲ့၊ ကိုရင်လေးတွေ။ ဒကာကြီးကို ခုတင်ပေါ် ပို့ပေးလိုက်။ ခဏအိပ်လိုက်ရင် အမူး ပြေသွားလိမ့်မယ်"

ကိုရင်ကလေးများသည် ပန်အား တိတ်ဆိတ်အေးမြသည့် အခန်းတခုထဲသို့ ခေါ် သွားပြီး သိပ်ထားလိုက်ကြ၏။

"ဒကာမလေး၊ ဘာမှ မကြောက်နဲ့နော်။ နောက်ထပ်တခွက်လောက် သောက်လိုက် ပါဦးလား" ဟု ရဟန်းတုက ပြော၏။

တိမ်ယဉ်ကလည်း ရေငတ်တုန်း ရေတွင်းထဲကျသည့်နှယ် ရှိပေ၏။ အရက်ချိုသည် တိမ်ယဉ် ကိုယ်တွင်းမှ အာရုံများကို နှိုးဆွနေလေပြီ။ တိမ်ယဉ်က ခပ်နော့နော့အသံဖြင့်-

"ဘုန်းဘုန်းက တပည့်တော်မကို ဘာဖြစ်လို့ ဒီလောက် သောက်စေချင်နေရတာ လဲလို့"

ရဟန်းတုက လေသံကလေးဖြင့်-

"ဒကာမလေးကို စေတနာရှိလို့ပေါ့"

"ဟင့်အင်း၊ တော်ပြီ။ သောက်ချင်တော့ဘူး"

"ဒကာမလေး၊ ဘုန်းဘုန်းအခန်းထဲကိုလိုက်ခဲ့ပါလား။ စွယ်တော်အစစ်ကို ဖူးရအောင်"

"ဟုတ်တယ်။ တပည့်တော်မကလည်း စွယ်တော်ဖူးချင်နေတာနဲ့ အတော်ပဲ"

ရဟန်းတုသည် တိမ်ယဉ်ကို အပေါ်ထပ် အခန်းတခန်းထဲသို့ ခေါ်သွား၏။ အခန်းမှာ အလွန် သန့်ရှင်းသပ်ရပ်၏။ တိမ်ယဉ်သည် အခန်းကိုကြည့်၍

သဘောကျသွား၏။

"အခန်းက သိပ်ကောင်းတာပဲနော်။ ဘုန်းဘုန်းက အခန်းကို သပ်ရပ်အောင် လုပ် ထားတာကိုး"

"ဒါပေမဲ့ အခန်းမှာ ပိုင်ရှင်မကလေးတယောက် လိုနေတယ်ဗျ" ဟု ပြော၍ ရဟန်းတု က ရယ်၏။ တိမ်ယဉ်က ပြုံးစနဲ့နဲ့ဖြင့်-

"ဒီလိုဆိုရင်လည်း ပိုင်ရှင်မကလေးတယောက်လောက် ရှာပါလား ဘုရား"

"ရှာတိုင်း ရတာမှ မဟုတ်ဘဲဗျာ။ ဘယ်က သွားရှာရမှာလဲ"

"စွယ်တော်ကို ပြမလို့ဆို။ ဘယ်မှာလဲ"

"ကောင်မလေးကို အောက်ထပ်ကို လွှတ်လိုက်။ အဲဒီတော့ ပြမယ်"

"ယင်အဲရေ၊ အဖေ မူးနေသေးလား၊ အမူးပြေပြီလား သွားကြည့်စမ်း"

ယင်အဲသည် ပန်ရှိရာ အောက်ထပ်သို့ ဆင်းသွား၏။ ရဟန်းတုက ထသွားပြီး လှေကား တံခါးပိတ်၏။ တိမ်ယဉ်သည် ရယ်လိုက်၏။

"ဘုန်းဘုန်း၊ ဘာဖြစ်လို့ တပည့်တော်မကို ပိတ်လှောင်ရတာလဲ"

ရဟန်းတု၏ ကိုယ်တွင်းတွင် ရေကာတာကြီး ကျိုးပေါက်သကဲ့သို့ ရမ္မက်တို့သည် ပြိုဆင်းလာကြ၏။ ရဟန်းတုသည် တိမ်ယဉ်ကို သိုင်းဖက်လိုက်၏။

"ဒကာမလေးကို ကျုပ် ချစ်တယ်။ ဒကာမလေးနဲ့ တွေ့ဖို့ ကျုပ်ကြံစည်နေတာ နှစ်နှစ် လောက်တောင် ရှိပြီ။ နောက် ဒီနေ့မှပဲ ဆန္ဒပြည့်တော့တယ်။ ဒီအခွင့်အရေးကို ကျုပ် ဘယ် လက်လွှတ်ခံနိုင်ပါ့မလဲ"

"တပည့်တော်မရဲ့ ခင်ပွန်းက လူကြမ်းစိတ်ကြမ်းနော် ဘုန်းဘုန်း။ တပည့်တော်မကို ကိုယ်ကျိုးနည်းအောင် လုပ်တာလား။ သူသာ သိသွားရင် ဘုန်းဘုန်းလည်း သက်သာမှာ မဟုတ်ဘူး"

ရဟန်းတုသည် တိမ်ယဉ်၏ ခြေရင်းသို့ ဒူးထောက်ထိုင်လိုက်ရင်း-

"ဒါတွေ ကျုပ် မသိဘူးဗျာ။ ကျုပ်ကို မသနားတော့ဘူးလားဟင်"

တိမ်ယဉ်က လက်တဖက်ကို မြှောက်၍ ရိုက်မည့်ဟန် ပြလိုက်ပြီး-

"တော်တော်ဆိုးတဲ့ ဘုန်းဘုန်း။ သိပ်ကဲတဲ့ ဘုန်းဘုန်း။ သူများကို စိတ်ညစ်အောင် လုပ်တယ်။ နားရွက်ကို လိမ်ဆွဲလိုက်လို့ ဟုတ်ပေ့ရှိနေလိမ့်မယ်

ဟင်း”

ရဟန်းတုက ရယ်လိုက်ရင်း-

“ရိုက်ပါ။ ဒကာမလေး စိတ်ရှိသလောက် ရိုက်ပါ။ ကျုပ် ခံနိုင်ပါတယ်။ ဒကာမလေးရဲ့ လက်နုနုကလေးတွေ နာသွားမှာကိုပဲ စိုးရိမ်တာပါ”[23]

မြသန်းတင့်

နောက်ဆက်တွဲ[24]

…နောက်တပုဒ်ကတော့ “ကမ်းနားရေစပ်” ဆိုတဲ့ဝတ္ထု ဖြစ်တယ်။ ဒီဝတ္ထုဟာလည်း ယဉ်ကျေးမှုတော်လှန်ရေးတုန်းက ပြဿနာဖြစ်တာပဲ။ ယဉ်ကျေးမှုတော်လှန်ရေး လုပ်ပြီ ဆိုတော့ ဂန္ထဝင်တွေကို ပြန်ပြီး အကဲဖြတ်ကြတယ်။ မော်စီတုန်းက “ခန်း ဆောင်နီ အိပ်မက်” ဝတ္ထုကို ချီးကျူးပြီး “ကမ်းနားရေစပ်” ဝတ္ထုကိုတော့ ရှုတ်ချတယ်။ ဒီဝတ္ထုကို ပါးလ်ဘတ်က“လူသားအားလုံး ညီနောင်တွေ” ဆိုတဲ့ အမည်နဲ့ ဘာသာ ပြန်တယ်။

ဒီဝတ္ထုကို တရုတ်လို “ရှီဂူ” လို့ ခေါ်ကြတယ်။ စာလုံးရေ တစ်သန်းလောက်ရှိပြီး မြောက်ဘက် ဆွန်မင်းဆက်ခေတ် (၉၆၀ - ၁၁၂၇) မှာ ရေးခဲ့တာဖြစ်တယ်။ ဝတ္ထုက အဲဒီခေတ်က လယ်သမားသူပုန်တခုရဲ့ အကြောင်း။

ဝတ္ထုဇာတ်လမ်းကတော့ ချောခိုင်၊ ဝုယုန်၊ စွေ့အာ၊ စွေ့ယူနဲ့ စွေ့ချီ[25] ဆိုတဲ့ လယ်သမားတသိုက် လမ်းမှာ အစိုးရရဲ့ ဘဏ္ဍာတွေကို ဆီးလုကြတယ်။ သူတို့ကို လိုက်ဖမ်းတဲ့ ဘုရင့်တပ်တွေကို သတ်ပြီး လျန်ရှန်းဆိုတဲ့ တောင်ရိုးကို ထွက်ပြေးရင်း တောပုန်းကြီးတွေ ဖြစ်သွားကြတယ်။ လျန်ရှန်းတောင်ရိုး ရောက်တော့ “တစိတ်တည်း တကိုယ်တည်း လူတယောက်လို သွေးဝမ်းညီညွတ်ပြီး ဘုရင်ကို ပုန်ကန်မယ်” လို့ ဆန္ဒပြုကြတယ်။ သူတို့နောက်မှာ လယ်သမားတွေ ပါလာပြီး နောက်ဆုံးမှာ အင်အားကောင်းတဲ့ လယ်သမားသူပုန်တပ်ကြီး ဖွဲ့နိုင်ခဲ့တယ်။ သူတို့ သူပုန်စခန်းကို “ချူယိ”စခန်းလို့ ခေါ်ကြတယ်။ ချူယိဆိုတာ ‘ညီညွတ်ပြီး ပုန်ကန်ကြ” လို့ အဓိပ္ပာယ် ထွက်သတဲ့။

ဒီအတွင်းမှာ သူတို့ဆီကို လူတစ်ယောက် ရောက်လာတယ်။ သူ့နာမည်က ဆွန်ချန်တဲ့။ အဲဒီလူက မြို့ရှင်လူတန်းစားက လာတာ။ အရာရှိတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ သူ့မယားငယ်ကို သတ်မှုနဲ့ သူ့ကို တရားရုံးက စစ်ဆေးပြီး မဲဇာကို ပို့လိုက်တယ်။ နောက် ဘုရင်ကို ဆန့်ကျင်တဲ့ ကဗျာတွေ ရေးလို့ သူ့ကို သေဒဏ် ပေးလိုက်တယ်။ အဲဒီလိုဖြစ်နေတုန်း သူ့ကို ချောခိုင် ခေါင်းဆောင်တဲ့ လယ်သမား သူပုန်တွေက ကယ်ခဲ့တယ်။ သူလည်း သူပုန်တပ်ထဲ ပါလာတယ်။ ပညာလည်း တတ်၊ ထင်လည်း ထင်ရှားတဲ့သူဆိုတော့ မကြာခင်ပဲ သူပုန်တပ်ထဲမှာ ဒုတိယတပ်မှူး နေရာ ရလာတယ်။ တိုက်ပွဲတပွဲမှာ ချောခိုင် ကျသွားတော့ ဆွန်ချန် တပ်မှူး ဖြစ် လာတယ်။

သူလည်း ခေါင်းဆောင်ဖြစ်ရော ဆွန်ချန်ဟာ သူပုန်စခန်းကို ‘ချူယိ” လို့ ခေါ်ရာက ‘ချွန်ယီ” လို့ နာမည်ပြောင်းသတဲ့။ အဓိပ္ပာယ်က “ဘုရင့်သစ္စာခံ” လို့

အခိပ္ပာယ်ထွက်သတဲ့။ သူ့တပ်ထဲကို ဘုရင့်အမှုထမ်းတွေ စုတယ်။ မြေရှင်တွေကို သွင်းတယ်။ လူချမ်းသာ သား၊ ကြေးရတတ် သား၊ စာတတ်ကျမ်းတတ်တွေမှ ခေါင်းဆောင် ခန့်သတဲ့။ ဘုရင့်တပ်က အရာရှိတွေ ဘာတွေကို ဖမ်းမိရင် ခုလို ပုန်ကန်မိတာ မှားပါတယ်၊ ကျွန်တော်တို့ လက်နက်ချချင်လှပါပြီ၊ ဘုရင်ဧကရာဇ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ့် အချိန်ကို စောင့်နေတာပါ။ ကျွန်တော်တို့ ဘုရင့် တပ်ထဲ ဝင်ပါ့မယ်လို့ ပြောဆိုလေ့ ရှိသတဲ့။ သူပုန်တွေရဲ့အစည်းအဝေးတခုမှာလည်း သူက သူတို့တပ်တွေ လက်နက်ချမယ်လို့ ကြေညာသတဲ့။

ဒါကို နဂိုက သူပုန်တွေဖြစ်တဲ့ ဝုယုန်၊ စွေ့အာ၊ စွေ့ယူ၊ စွေ့ချီ စတဲ့ သူပုန် ခေါင်းဆောင်တွေက လက်မခံကြဘူး။ ဘုရင့်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ပြန်တမ်း စာရွက်တွေ ရရင် ဒေါပွပြီး ဆုတ်ဖြဲပစ်ကြတယ်။ အဲဒီဝတ္ထုထဲမှာ စာရေးဆရာက သူတို့တသိုက်ကို လူကြမ်းကြီးတွေ၊ လူရိုင်းကြီးတွေ၊ လူဆိုးကြီးတွေလို့ ဖော်ပြထား တယ်။ ဆွန်ချန်က သူ့ကို ဆန့်ကျင်သူတွေကို ချော့လို့ တမျိုး၊ ခြောက်လို့ တဖုံ နည်းအမျိုးမျိုးနဲ့ သူ့ဘက်ပါအောင် သိမ်းသွင်းတယ်။ ဒါပေမဲ့ မရဘူး။

ဒါနဲ့ ဆွန်ချန်ဟာ လက်နက်ချဖို့အတွက် ဘုရင့်ဆီကို ကြားက အောင်သွယ် တယောက် ရှာတယ်။ သူ့ကို ရွှေမြို့တော်ထဲကို ရုပ်ဖျက်ဝင်ပြီး ဘုရင့်ရဲ့ ကိုယ်လုပ် တော်ပြည့်တန်ဆာနဲ့ သွားတွေ့ပြီး ဘုရင်ကို လျှောက်ပေးဖို့ ပြောတယ်။ နောက်ဆုံး မှာ ဈေးတည့်သွားကြပြီး ဆွန်ချန် လက်နက်ချတယ်။ ဆွန်ချန်ဟာ ဘုရင့်တပ် တွေနဲ့အတူ ရှေ့ဆုံးက ပါလာပြီး လယ်သမားသူပုန်တွေကို နှိမ်နှင်းတယ်။ သူ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဘုရင်က ဆွန်ချန်ကို ခရိုင်တခုမှာ မြို့ဝန်နဲ့ တပ်မှူးရာထူး ပေးလိုက်တယ်။ ဒါကို နဂိုက ဘုရင့်အမှုထမ်းတွေက မနာလိုကြဘူး။ တနေ့မှာ ဆွန်ချန်ကို ဘုရင်ရဲ့ ဝန်ကြီးတယောက်က အရက်ထဲ အဆိပ်ခတ်သတ်တယ်။ သူအဆိပ်ခတ်ခံရမှန်းသိတော့ သူ့လက်အောက်က စွေ့ချီတို့၊ စွေ့အာတို့၊ စွေ့ယူ တို့ကို ခေါ်ပြီး သူတို့ကိုလည်း အသောက် ခိုင်းတယ်။ သူ မရှိရင် ကျန်တဲ့လူတွေက ဘုရင်ကို ပုန်ကန်ခြင်း မပြုနိုင်အောင်တဲ့လေ။

ဆွန်ချန် သေသွားတော့ ဘုရင်က သူရဲကောင်းဘွဲ့ပေးပြီး သူ့အတွက် ဗိမာန်ကြီး ဆောက်တယ်။ စာရေးဆရာက ဆွန်ချန်ဟာ တော်တည့်မှန်ကန်ခြင်း၊ သစ္စာရှိခြင်းရဲ့ ပြယုဂ်တဲ့။ ဒါကြောင့် သေတဲ့အခါမှာတောင် ဘုန်းတန်ခိုး ကြီးတယ်လို့ နိဂုံး ချုပ်တယ်။

ယဉ်ကျေးမှုတော်လှန်ရေးတုန်းက “ကမ်းနားရေစပ်”အကဲဖြတ်ကြတော့ အချို့ က ဒီဝတ္ထုဟာ လယ်သမားတွေရဲ့ တော်လှန်ရေးတိုက်ပွဲတွေကို ချီးကျူးဂုဏ်ပြု ထားတဲ့ ဝတ္ထုရယ်လို့ အကဲဖြတ်ကြတယ်။ မော်စီတုန်းက ဒါကို ငြင်းတယ်။ ဒီဝတ္ထု ဟာ လယ်သမားတွေရဲ့ တော်လှန်ရေးကို ဖွဲ့တာ မဟုတ်ဘူး။ ဒီဝတ္ထုရဲ့ အနှစ် သာရဟာ အညံ့ခံရေးကို ရှေ့နေလိုက်ပေးတာ ဖြစ်တယ်လို့

ဝေဖန်ခဲ့တယ်။

ဒီဝတ္ထုကြီးသုံးပုဒ်ဟာ ကမ္ဘာမှာရော၊ တရုတ်ပြည်မှာရော ထင်ရှားတဲ့ ဝတ္ထုကြီး သုံးပုဒ်ဖြစ်တယ်။ တရုတ်ပြည်တော်လှန်ရေး ကာလတုန်းကလည်း လူငယ်တွေ လေ့လာခဲ့ကြတဲ့ ဝတ္ထုကြီး သုံးပုဒ် ဖြစ်တယ်။

❝ မင်းပုန်းတောင်သိုင်းသမားဝတ္ထုကြီးကို ဖတ်ပါက - စိတ်တက်ကြွလွန်းသည့်အတွက် လူငယ်တွေ မဖတ်နှင့်။ သုံးပြည်ထောင်ဝတ္ထုကြီးကို ဖတ်ပါက -စစ်နည်းပရိယာယ်တွေ များလွန်းသည့်အတွက် လူကြီးတွေ မဖတ်နှင့် ဟူ၍ တရုတ်တို့ အစဉ်အဆက် ပြောစမှတ်ပြုကြရသည် ဆိုသော တရုတ်ဂန္ထဝင်ဝတ္ထုကြီး လေးအုပ်အနက်မှ တအုပ်ဖြစ်သော သုံးပြည်ထောင်ဝတ္ထုကြီးကို မြန်မာစာဖတ်သူတို့ အပြည့်အစုံ အရသာခံ ဖတ်ရှုနိုင်ရန် အလို့ငှာ မြန်မာဘာသာပြန်၍ ထုတ်ဝေရန် စီစဉ်နေပြီ။ ❞

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

Notes

[←1]

၁။ အမှတ် ၂၀၃၊ ဒီဇင်ဘာ၊ ၁၉၈၄

[←2]

J‖ Outlaws of the Marsh

[←3]

२॥ Journey to the West

[←4]

৭॥ Three Kingdoms

[←5]

९॥ A Dream of Red Mansions

[←6]

🅮 Pearl S. Buck

[←7]

७॥ All Men Are Brothers

[←8]

൭॥ J.H. Jackson

[←9]

၉။ The Water Margin (ယင်းစကားလုံးကို ဆရာမြသန်းတင့်က စည်းတိမ်သောင်ဟု ဘာသာပြန် သုံးနှုန်းဖူးသည်။)

[←10]

Sidney Shapiro

[←11]

Burma: The Longest War (1941-45) by Louis Allen

[←12]

ဆရာ၏ ဒိုင်ယာရီမှတ်တမ်းကို သီးခြားဖော်ပြထားသည်။

[←13] The Arabian Nights: Tales from a Thousand and One Nights

[←14]

Ming Dynasty

[←15]

အခန်း ၁ မှ ၁၉ အထိ ဇာတ်လမ်းအကျဉ်းချုပ် ဖြစ်သည်။

[←16]

ဤကျနေရာတွင် ပါဝင်သော ကဗျာကို ဘာသာမပြန်ရသေးသဖြင့် မူရင်းအတိုင်း ဖော်ပြပါသည်။

After Five Dynasties turmoil and strife, The clouds dispersed and revealed the sky, Refreshing rain brought old trees new life, Culture and learning once again were high, Ordinary folk in the lanes wore silk, Music drifted from mansions and towers, Under the heavens all was serene, Men dozed off at noon midst gay birds and flowers.

[←17]

Zhu, Li, Shi, Liu, Guo founded

Liang, Tang, Jin, Han and Zhou. Fifteen emperors fifty years in a row, Bringing hardship, tumult and woe.

[←18]

သုံးပြည်ထောင်ခေတ် (၂၂၀-၂၈၀) တွင် ထင်ရှားသည့် စစ်သူကြီး။

[←19]

ဤ ကျနေရာတွင် ပါဝင်သော သီချင်းကို ဘာသာမပြန်ရသေးသဖြင့် မူရင်းအတိုင်း ဖော်ပြပါသည်။ - တိုးမြစ်။

In the reeds all my life I fish, Rice and hemp I no planting do; Rapacious officials I kill them all, To the emperor I'm loyal and true.

[←20]

ဤကျြနေရာတွင် ပါဝင်သော သီချင်းကို ဘာသာမပြန်ရသေးသဖြင့် မူရင်းအတိုင်း ဖော်ပြပါသည်။ - တိုးမြစ်။

In Stone Tablet Village I was born,

I've always liked to kill,

Ho Tao and the deputy's heads I'll lift And present them to the emperor as my gift.

[←21] စုန်ကျုန့်ပြောသော မရန် ဆိုသူမှာ သူ၏ အမြှောင်မယား ရန်ပေါက်စီကို ညွှန်းခြင်းဖြစ်သည်။ - တိုးမြစ်။

[←22]

ဤနေရာတွင် ပါဝင်သော သီချင်းကို ဘာသာမပြန်ရသေးသဖြင့် မူရင်းအတိုင်း ဖော်ပြပါသည်။ - တိုးမြစ်။

Born and raised on the river's edge, Towards officials and Heaven I'm fearless and bold.

Last night demon Hua Guang tried to do me in,

Before he left I snatched his brick of gold!

[←23]

ဤမှျအထိသာ ဘာသာပြန်ဆိုပြီးစီးခဲ့ပါသည်။ – တိုးမြင့်။

[←24]

တရုတ်ဂန္ထဝင်ဝတ္ထုကြီး သုံးပုဒ်၊ မြသန်းတင့်။ စာရေးဆရာများ၏ စာပေလောက။ ကလောင်စုံ၊ ပထမအကြိမ်၊ စာပေလောက၊ နိုဝင်ဘာ ၁၉၇၉။ စာ ၁၄၄-၁၄၅။

[←25]

ဝတ္ထုပါ ဇာတ်ကောင်များ၏ အမည်နှင့် ဂျွဆောင်းပါးပါ ဇာတ်ကောင်အမည် အသံထွက်များ အနည်းငယ် ကွဲလွဲမှု ရှိသော်လည်း ဆောင်းပါး မူရင်းအတိုင်း ဖော်ပြပါသည်။ - တိုးမြစ်။

မင်းမုန်းတောင်
သိုင်းသမား
[ဒုတိယအုပ်]
OUTLAWS OF THE
MARSH
by Shi Nai'an and
Luo Guanzhong
Translated by Sidney Shapiro
WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

“နာမည်ထဲမှာ ဘာများ ပါလို့လဲ။

နှင်းဆီပန်းကို နှင်းဆီပန်းလို့ မခေါ်လည်း

နှင်းဆီပန်းကတော့ မွှေးနေမှာပဲ”

ဝီလျံရှိတ်စပီးယား



ဇော်ဂျီဖိုလ်ဝင်စာအုပ် အမှတ် - ၁၀၉ (တမ)

မင်းပုန်းတောင်သိုင်းသမား
ဒုတိယအုပ်

ဉာဏ်သစ်

- ဘာသာပြန်သည် -

OUTLAWS OF THE MARSH

by

SHI NAI'AN and LUO GUANZHONG

Translated by SIDNEY SHAPIRO

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေမှု - ပထမအကြိမ်၊ ၁၅၊ ဖေဖော်ဝါရီ၊ ၂၀၂၅

စာအုပ်တိုက်စာတည်း - ဝင်းဇော်လတ်

ဇော်ဂျီဖိုလ်ဝင်အမှတ်တံဆိပ် - ဇော်မောင်၊ လက်ရေးစာလုံး - တင်ထွဏ်း

ကွန်ပျူတာစာလုံး- ဦးစိုးဝင်း

မျက်နှာဖုံးပန်းချီ-မုတ်သုံ

အတွင်းရေခံပန်းချီနှင့် မျက်နှာဖုံးအပြင်အဆင်-ဗဂျီလင်းဝဏ္ဏ

အတွင်းအပြင်အဆင် - ဝါဝါ၊ စာအုပ်ချုပ် - ရွှေသမီး

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး- ကျပ် ၄၅၀၀၀

ဒေါ်ခင်ခင်ထွေး၊ ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက် (၀၂၆၈၀) အမှတ် ၁၇၀၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်က ထုတ်ဝေ၍ ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

စီအိုင်ပီ ကတ်တလောက် အညွှန်၊ ၈၉၅.၈၃

ဉာဏ်သစ်

မင်းပုန်းတောင်သိုင်းသမား /ဉာဏ်သစ်။ ရန်ကုန်။

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၂၅။

ကမှ ဖ + ၈၉၂- စာ ၁၅× ၂၂.၅ စင်တီ။

(၁) ဝတ္ထု (၂) တရုတ်ဂန္ထဝင် (၃) ဘာသာပြန်

မင်းပုန်းတောင်သိုင်းသမား

ဉာဏ်သစ်

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်

အမှတ် ၁၇၀၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊

ဖုန်း - ၀၁၈ ၂၀ ၄၂ ၂၄၊ ၀၉ ၄၄၃ ၅၂၃ ၂၇

https://www.facebook.com/zawgyipowin

Emall: zawgyipowin@gmail.com

မာတိကာ

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၏ မှတ်ချက်

ဘာသာပြန်သူ၏ အမှာ

အခန်း ၄၅ အဆက်

ရန်စုံသည် အရက်မူးကာ တိမ်ယဉ်ကို ဆူပူကြိမ်းမောင်းခြင်း ရှိဇူသည် ဖေရုပိုင်းကို ဉာဏ်ဆင်၍ သတ်ခဲ့ခြင်း

အခန်း ၄၆

ရန်စုံသည် ကျောက်စိမ်းခန်းဆီးတောင်တွင် ဒေါသအလျောက် ပြုမိခြင်း ရှိဇူက ချူမိသားစုထမင်းဆိုင်ကို မီးတိုက်ပစ်ခြင်း

အခန်း ၄၇

လင်းယုန်မာန်သည် အပြစ်လွတ်ရန် ပန်ကြားစာနှစ်စောင် ရေးသားခြင်း ချူမိသားစုအိမ်တော်ကို စုန်ကျန့်က ပထမအကြိမ် တိုက်ခိုက်ခြင်း

အခန်း ၄၈

သံမဏိတာ တဦးတည်းက မိုလ်ကျားပုကို ဖမ်းလိုက်ခြင်း ချူမိသားစုအိမ်တော်ကို စုန်ကျန့် နောက်တကြိမ် တိုက်ခိုက်ခြင်း

အခန်း ၄၉

ဆွန်ညီနောင်တောင်ကို ဖွင့်ပေးလိုက်ခြင်း ရှိညီနောင် လွတ်မြောက်လာခြင်း

အခန်း ၅၀

နှစ်ဖက်ညှပ်အစီအမံကို ဝုရုံအသုံးပြုခြင်း ချူမိသားစုအိမ်တော်ကို စုန်ကျန့် တတိယအကြိမ် တိုက်ခိုက်ခြင်း

အခန်း ၅၁

ကျားပုံသည် ပိုင်ရှုယင်၏ ခေါင်းကို လည်ထောက်နှင့် ရိုက်ခွဲခြင်း မှတ်ဆိတ်ချူတုံ မြို့ဝန်၏ သားငယ်ကို ဖျောက်ပစ်ခြင်း

အခန်း ၅၂

လီကွေ့က ယင်ကျန်ရှိကို အသေရိုက်သတ်ခြင်း ကောက်ထန်ခရိုင်တွင် ကျဲကျင်း အဖမ်းခံရခြင်း

အခန်း ၅၃

ကုန်ဆွန်ရှန်းကို ထိုက်ချုံ ဒုတိယမ္ဗိ ရှာပုံတော် ဖွင့်ရခြင်း ဆရာတော်လျိုကို လီကွေ့ ခေါင်းရိုက်ခွဲခြင်း

အခန်း ၅၄

ကောက်လျံကို တိမ်နဂါးက ဂမ္ဘီရအတတ်ဖြင့် နှိမ်နင်းလိုက်ခြင်း လေပွေနက် ရေတွင်းထဲသို့ ဆင်းကာ ကျဲကျင်းကို ကယ်ခြင်း

အခန်း ၅၅

စစ်သူကြီးကောက်ကျူ စစ်ကြောင်းသုံးကြောင်းပါ တပ်တော်ကို ဖွဲ့စည်းခြင်း ဟူယန်ကျို့ သံချပ်ကာမြင်းတပ်ဖြင့် စစ်ခင်းခြင်း

အခန်း ၅၆

ဝုရုံက ရှီကျန့်ကို ချပ်ဝတ်အင်္ကျီ အခိုးခိုင်းခြင်း ရှုနင်ကို ထန်လုံက တောင်ပေါ်သို့ မျှား၍ ခေါ်ခြင်း

အခန်း ၅၇

ခိျတ်လုံသိုင်းအတတ်ကို ရှုနင် သင်ပြပေးခြင်း မြင်းသည်အတွဲများကို စုန်ကျန့် ဖြိုခွဲခြင်း

အခန်း ၅၈

တောင်ရိုးပျော် သုံးတပ်သားတို့ ချင်ကျိုမြို့ကို တိုက်ခိုက်ခြင်း ရဲရင့်သူများ စုပေါင်းကာ ကျူအင်းသို့ ပြန်ကြခြင်း

အခန်း ၅၉

ဝုရုံက ပရိယာယ်ဖြင့် ရွှေခေါင်းလောင်းကို ရယူခြင်း အနောက်ပိုင်း ဟွာရှန့်တောင်ပေါ်တွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း

အခန်း ၆၀

မန်တန်းတောင်တွင် ဘီလူးမင်းကို ကုန်ဆွန်ရှန်း နှိမ်နင်းခြင်း စင်တို့ရွာတွင် ဘုရားဒကာကျောက်ခဲ မြားမှန်ခြင်း

အခန်း ၆၁

ကျောက်စိမ်းဗျာလ္လကို ဝုရုံက ပါးနပ်စွာ ဖြားယောင်းခြင်း ညအချိန် သဲသိင်္ဂါဆိပ်ကမ်းတွင် ချန်ရွှန်း သောင်းကျန်းခြင်း

အခန်း ၆၂

လက်ဖြောင့်ယန်ချင်းက သူ့သခင်ကို ကယ်တင်ခြင်း ကွပ်မျက်ခံရမည့်သူကို ကယ်တင်ရန် ရှိဇူ ဘုံဆိုင်ပေါ်မှာ ခုန်ချခြင်း

အခန်း ၆၃

စုန်ကျန့် ဥတ္တရနေပြည်တော်ကို တိုက်ခိုက်ခြင်း လျှံရှန်းတောင်ရိုးကို သိမ်းယူရန် ကွမ်ရှိန်း ဆွေးနွေးခြင်း

အခန်း ၆၄

လသာညတွင် ဟူယန်ကျို့က ကွမ်ရှိန်းကို လှည့်စားခြင်း ဆီးနှင်းဝေသော နေ့တွင် စုန်ကျန့်က စိုကျောက်ကို ဖမ်းမိခြင်း

အခန်း ၆၅

ဘုရားဒကာကျောက်ခဲ အိပ်မက်လာပေးခြင်း မြစ်ပြင်တွင် ဒီလှိုင်းဖြူ လက်စားချေခြင်း

အခန်း ၆၆

ကျောက်စိမ်းမိုးတိမ်စံအိမ်တွေကို ရှီကျန့်က မီးတိုက်ခြင်း ဝုရုံက ထာ့နင်းမြို့ကို ဥပါယ်တံမျဉ် သုံး၍ သိမ်းပိုက်ခြင်း

အခန်း ၆၇

သူ့တပ်များကို စုန်ကျန့်က ဆုလာဘ် ချီးမြှင့်ခြင်း ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်ကို ကွမ်ရှိန်းက အောင်နိုင်ခြင်း

အခန်း ၆၈

ညအချိန်တွင် စုန်ကျန့်က စင်တို့ရွာကို တိုက်ခိုက်ခြင်း ကုန်သည်ကြီးလူက ရှိဝင်ကုန်းကို ဖမ်းမိခြင်း

အခန်း ၆၉

နဂါးကိုးကောင်ရှိကျောင်း တုန်ပင်းတွင် ထောင်ချောက်မိခြင်း စုန်ကျန့်က သဘောထားကြီးစွာဖြင့် လုံနှစ်စင်းဗိုလ်ကို လွှတ်လိုက်ခြင်း

အခန်း ၇၀

အမြီးမဲ့မြားက သူရဲကောင်းများကို ခဲနှင့် တိုက်ခိုက်ခြင်း စစ်သည်တော်တဦးကို ဖမ်းရန် စုန်ကျန့်က ဆန်စပါးများကို စွန့်ခဲ့ခြင်း

အခန်း ၇၁

သစ္စာခန်းမသို့ နတ်ကျောက်စာ ရောက်လာခြင်း လျံရှန်းကျူအင်းသူရဲကောင်းများ ကြီးစဉ်အတိုင်း နေရာယူခြင်း

အခန်း ၇၂

ရွှေပန်းခိုင်ကို စိုက်ကာ ကျဲ့ကျောင်း အတွင်းတော်သို့ ဝင်ခြင်း ပွဲတော်ညတွင် အရှေ့နေပြည်တော်၌ လီကွေ့ သောင်းကျန်းခြင်း

အခန်း ၇၃

လေပွေ့နက် သရဲဖမ်းဟန် ဆောင်ခြင်း လျံရှန်းတောင်ရိုးမှ လူစွမ်းကောင်း ခေါင်းနှစ်လုံး ဆက်သခြင်း

အခန်း ၇၄

ယန်ချင်းက မိုးထောက်မဏ္ဍိုင်ကို ပါးနပ်စွာ အနိုင်ယူခြင်း ရှိုချန်းခရိုင်တွင် လေပွေ့နက်က တရားသူကြီးလုပ်တမ်း ကစားခြင်း

အခန်း ၇၅

ကုမ္ဘာန်ဖိုးရှုံကလေးက လှေကို နှစ်၍ တော်သုံးသေရည်ကို ခိုးခြင်း လေပွေ့နက်က အမိန့်စာကို ဆုတ်ဖြဲကာ ကေရာဇ်မင်းကြီးကို ဆဲခြင်း

အခန်း ၇၆

ဝုရှုံက ကြယ်စုလေးစု တံခွန်ခုံး ငါးခုံးဖြင့် ဗျူဟာခင်းခြင်း စုန်ကျန့်က အဋ္ဌဂံအတွင်းတွင် တပ်ဖွဲ့ကိုးခုကို နေရာချခြင်း

အခန်း ၇၇

လှံ့ရှန်းတောင်ရိုးသားများ ပတ်ပတ်လည်မှ ချုံခိုတိုက်ခြင်း စစ်ဝန်ကြီးတုန်ဂွမ်ကို စုန်ကျန့်က နှစ်ကြိမ်တိုင် နှိမ်နင်းခြင်း

အခန်း ၇၈

တပ်မှူးဆယ်ဦးတို့ လှံ့ရှန်းကျူအင်းကို သိမ်းပိုက်ရန် တိုင်ပင်ခြင်း စုန်ကျန့်က စစ်သူကြီးကောက်ကျူကို ပထမအကြိမ် အနိုင်ယူခြင်း

အခန်း ၇၉

လျူထန်က တိုက်လှေများကို မီးတိုက်ပစ်ခြင်း စုန်ကျန့်က စစ်သူကြီးကောက်ကျူကို ဒုတိယအကြိမ် နိုင်လိုက်ခြင်း

အခန်း ၈၀

ချန်ရွှန်းက ရေယက်ဘီးတပ်လှေများကို အပေါက်ဖောက်ခြင်း စုန်ကျန့်က စစ်သူကြီးကောက်ကျူကို တတိယအကြိမ် နိုင်လိုက်ခြင်း

အခန်း ၈၁

ညအချိန်တွင် ယန်ချင်းက ဉာဏ်ဆင်ကာ ဧကရာဇ်မင်းကြီးကို တွေ့ဆုံခြင်း ထိုက်ချုံက ရှောင်ရန်းကို ကယ်တင်ခြင်း

အခန်း ၈၂

လှံ့ရှန်းတောင်ရိုးမှ ဥစ္စာခနေများကို ဖြန့်ဝေပေးခြင်း စုန်ကျန့်နှင့် သူ့လူအားလုံး လွတ်ငြိမ်းခွင့် ရရှိခြင်း

အခန်း ၈၃

စုန်ကျန့်အား လျှောင်တာတာရ်များကို ချေမှုန်းစေခြင်း ချင်တံတားစခန်းတွင် ငယ်သားတဦးကို မျက်ရည်စက်လက်ဖြင့် စီရင်ခြင်း

အခန်း ၈၄

စုန်ကျန့် ချိကျိုမြို့ကို တိုက်ခိုက်ခြင်း လူကွမ်းယီ ယူထျန်နယ်တွင် တိုက်ပွဲဝင်ခြင်း

အခန်း ၈၅

ညအချိန်တွင် စုန်ကျန့်က ယီကျင်တောင်ကြားကို ဖြတ်ခြင်း ဝုရုံက ပရိယာယ်ဖြင့် ဝေနန်မြို့ကို သိမ်းခြင်း

အခန်း ၈၆

သမင်တကောင်တောင်တန်းတွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း ကျောက်ကျပ်တွင် ကုန်သည်ကြီးလူ ပိတ်မိခြင်း

အခန်း ၈၇

ယိုကျိုတွင် စုန်ကျန့် စစ်ကြီးမက်ကြီး ဆင်နွဲခြင်း ဟူယန်ကျိုက တာတာရ်ဗိုလ်ချုပ်ကို အတင်းဖမ်းခြင်း

အခန်း ၈၈

စစ်သေနာပတိချုပ်ယန် နက္ခတ်သဘင်ဖြင့် တပ်ဖြန့်ခြင်း စုန်ကျန့်ကို ဂမ္ဘီရမယ်တော် အိပ်မက်ပေးခြင်း

အခန်း ၈၉

စုန်ကျန့် ရန်သူ့တပ်အခင်းအကျင်းကို ဖြိုခွဲခြင်း စစ်သူကြီးစူက ဧကရာဇ်မင်းကြီး၏ လွတ်ငြိမ်းခွင့်ကို အပ်နှင်းခြင်း

အခန်း ၉၀

ဝူတိုင်းတောင်တွင် စုန်ကျန့် ရှေ့ဖြစ် မေးခြင်း ခင်တန်းနှစ်သွယ်ကျော်လမ်းတွင် ယန်ချင်း ဟသ်ာပစ်ခြင်း

အခန်း ၉၁

ညအချိန်တွင် ချန်ရှွန်း ကျင်ရှန်းတောင်၌ ကင်းပုန်းဝပ်ခြင်း စုန်ကျန့် ရှွန်ကျိုမြို့ကို ပါးနပ်စွာ သိမ်းပိုက်ခြင်း

အခန်း ၉၂

လူကွမ်းယီ ရှမ်ကျိုပြည်နယ်သို့ စစ်ထွက်ခြင်း စုန်ကျန့် ပီလင်းခရိုင်တွင် တိုက်ပွဲဝင်ခြင်း

အခန်၊ ၉၃

တိုက်ဟူအင်းတွင် ရေနဂါးက သွေးသောက်ညီနောင် ဖွဲ့ခြင်း စူကျိုတွင် စုန်ကျန့်က အစည်းအဝေးကြီး ကျင်းပခြင်း

အခန်း ၉၄

နင်ဟိုင်းခရိုင်တွင် စုန်ကျန့် အဝတ်ဖြူဝတ်ခြင်း ယုံကျင် တံခါးတွင် ချန်ရှန်း နတ်ဖြစ်ခြင်း

အခန်း ၉၅

ချန်ရှန်း၏ ဝိညာဉ်က ဖန်တျန်တင်းကို ဖမ်းခြင်း စုန်ကျန့်က ပရိယာယ်ဖြင့် နင်ဟိုင်းခရိုင်ကို သိမ်းခြင်း

အခန်း ၉၆

လူကွမ်းယီ ရှေကျိုလမ်းကို တိုက်ခိုက်ခြင်း နဂါးနက်တောင်ရိုးတွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း

အခန်း ၉၇

မူကျိုတွင် တိန့်ယွမ်ကျူ မြားမှန်ခြင်း နဂါးနက်တောင်ရိုးတွင် နတ်တပါးက စုန်ကျန့်ကို ကူပံ့ခြင်း

အခန်း ၉၈

ယူလင်းတောင်ကြားတွင် လူကွမ်းယီ တိုက်ပွဲကြီး ဆင်နွှဲခြင်း ရေကြည်ချောင်းဂူကို စုန်ကျန့်က ပါးနပ်စွာ သိမ်းယူခြင်း

အခန်း ၉၉

ကျဲကျန်းတွင် ရှင်ဉာဏ အနိစ္စရောက်ခြင်း စုန်ကျန့် အခမ်းအနား၊ အဆောင်အယောင်ဖြင့် အိမ်ပြန်ခြင်း

အခန်း ၁၀၀

လျောင်အာလွင်ပြင်ကို စုန်ကျန့်နတ် ပိုင်စိုးခြင်း ဧကရာဇ်မင်းကြီး လျှံရှန်းကျူအင်းကို အိပ်မက်မက်ခြင်း

ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက်၏ မှတ်ချက်

-၁-

လွန်ခဲ့သော ကိုးနှစ်က ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလထဲတွင် ဆရာမြသန်းတင့်၏ မပြီးဆုံးသေးသော လက်ရာတခု ဖြစ်သည့် မင်းပုန်းတောင်သိုင်းသမားဝတ္ထုကြီးကို ကျွန်တော်တို့ ဂုဏ်ယူစွာ ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုကြီးကို ဆရာမြသန်းတင့်က အခန်း ၄၅ တဝက်နီးပါအထိသာ ဘာသာပြန်ဖြစ် ခဲ့သည်။ မူရင်းဝတ္ထုမှာ တရုတ်ဂန္ထဝင်စာရင်းဝင် ဖြစ်သည့်နည်းတူ ဆရာမြသန်းတင့် ဘာသာ ပြန်ပေးခဲ့သည့် အခန်း ၄၅ ခန်းကို ဖတ်ရသည်တွင် ဝတ္ထုဇာတ်လမ်းက ကျွန်တော်တို့ကို လွန်စွာ ဆွဲဆောင်ထားသည်။ အခန်းစဉ် တခန်း ပြီးဆုံးသွားတိုင်း "သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ" ဆိုသည့် စာကြောင်းက နောက်တခန်းကို ဆက်မဖတ်ချင် ဖတ်ချင်အောင် ဆွဲခေါ်နေသည်။ အခန်း ၄၅ တဝက်မျှ ဖတ်ပြီးသောအခါ ဆရာမြသန်းတင့်၏ ဘာသာပြန်က ရပ်တန့်သွားသည်။ ထိုတွင် ကျွန်တော်တို့ရင်ထဲမှာ"ဟာခနဲ"ဖြစ်ကျန်ခဲ့ရသည်။ ရှေ့အခန်းမှာ ဘာဆက်ဖြစ်မှာပါလဲ။

မင်းပုန်းတောင်သိုင်းသမားဝတ္ထုကြီးကို ဖတ်ကြရသည့် စာဖတ်သူများလည်း ထိုနှယ်ပင် ခံစားရပေလိမ့်မည်။ ထို့ကြောင့် မင်းပုန်းတောင်သိုင်းသမား ဝတ္ထုကို ထုတ်စဉ်ကပင် စာအုပ် တိုက်၏ မှတ်ချက်တွင် ဆရာမြသန်းတင့် ဘာသာပြန်ရန် ကျန်ရှိနေသေးသည့် အခန်းစဉ် ပေါင်း ၅၅ ခန်းကို ဆက်လက်၍ မြန်မာဘာသာပြန်မည့်သူ တဦးတယောက် ပေါ်ပေါက်လာ လျှင်ကား ဤဂန္ထဝင်ဝတ္ထုကြီး၏ အရသာကို ဘာသာပြန်မှတဆင့် ကျွန်တော်တို့ တင်းပြည့် ကျပ်ပြည့် ဖတ်ရှုခွင့် ကြုံရပါလိမ့်မည့်အကြောင်း စကားဦး သန်းခဲ့သည်။

သို့သော် မျှော်သာ မျှော်သည် မယုံကြည်ဟုပင် ဆိုရချိမ့်မည်။ ဆရာမြသန်းတင့်၏ ဘာသာပြန်လက်စ လက်ရာတခုကို နောက်လူ တယောက်ယောက်က ဆက်ပြီး ကိုင်ချင်ပါ့ မလား။ ပြီးတော့ ဆရာမြသန်းတင့်ကို မှီပြီး နာမည်ဝင်ယူသည်၊ ဂုဏ်ခံသည်ဟု စကားတင်း ဆိုမည့်သူ တချို့တလေကလည်း ရှိနေနိုင်သေးသည်။ ဆရာမြသန်းတင့်၏ လက်ရာနှင့် ယှဉ်ထိုးပြီး နောက်လူ ဘာသာပြန်တာကတော့ဖြင့် ဘာပဲ ညာပဲ ဟူ၍ "မြက်တောထဲမှာ မြွေဖြဲရှာ" မည့်သူတွေလည်း ရှိဦးမည်။ မင်းပုန်းတောင်သိုင်းသမား

ဝတ္ထုကြီး၏ ကျန်အခန်းတွေကို ဆက်ပြီး ဘာသာပြန်မည့်သူမှာ ဆိုခဲ့ပါ ဒဏ်တွေကိုလည်း ခံနိုင်မှ၊ မိမိကိုယ်တိုင် ကလည်း ဆက်လက် ဘာသာပြန်ချင်စိတ် ရှိမှ၊ တနည်း "လုပ်နိုင်သည်" ဟု ယုံကြည်စိတ် လည်း ရှိဦးမှသာ ဖြစ်လိမ့်မည်။

မင်းပုန်းတောင်သိုင်းသမား အတွက် ဘာသာပြန်သူရဲကောင်း ဘယ်မှာပါပဲ။

မည်သို့ဖြစ်စေ၊ မမျှော်လင့်ကောင်းသော အရာ မဟုတ်သည့် အတွက် မင်းပုန်းတောင် သိုင်းသမား ဝတ္ထု၏ ကျန်ရှိနေသော အခန်းများအတွက် ဘာသာပြန်မည့်သူ တဦးဦး တော့ဖြင့် ပေါ်လာကောင်းရဲ့ဟု ကျွန်တော်တို့ ဆက်လက် မျှော်လင့်ခဲ့ကြပါသည်။

ဝန်ခံလိုပါသည်။ မင်းပုန်းတောင်သိုင်းသမား ကို ဆက်ပြီး ဘာသာပြန်ရန် စိတ်ဝင်စားမည့် သူမှာ ဒီလောက် မြန်မြန်ဆန်ဆန် ပေါ်လာလိမ့်မည်ဟု မထင်ခဲ့မိရိုး အမှန်ပါ။ ၅ ဒီဇင်ဘာ ၂၀၁၆ တွင် စာအုပ်တိုက် အီးမေးလ်လိပ်စာဖြင့် စာတစောင် ဝင်လာသည်ကို လက်ခံ ရရှိသည်။

စာထဲတွင် မင်းပုန်းတောင်သိုင်းသမားကို ဘာသာဆက်ပြန်ချင်စိတ်ရှိသူ ဆရာက သူ့ကိုယ်သူ မိတ်ဆက်ထားသည်။ ထိုအချိန်တွင် ဆရာက သူ၏ ဘာသာပြန်လက်ရာများမှာ စာအုပ်လုံးချင်းအဖြစ်သို့ မရောက်သေးသည့်တိုင် စာအုပ်တိုက်များသို့ ပေးထားပြီး ဖြစ်ကြောင်း၊ မကြာမီ ထွက်လာမည့်အကြောင်းများကို စကားပလ္လင်ခံသည်။ ပြီးမှ မင်းပုန်းတောင်သိုင်းသမား ကို ဆက်လက်ပြီး ဘာသာပြန်ရန် ဆုံးဖြတ်ထားသည့် အကြောင်းနှင့် ဒီစာအုပ်တိုက်နှင့်ပင် ထုတ်ဝေလိုသည့်အကြောင်း၊ သူ့ဘာသာပြန်လက်ရာကို အကဲခတ် ကြည့်နိုင်ဖို့ ဆရာမြသန်းတင့်၏ ဘာသာပြန် လက်စတန်းလန်း အခန်း ၄၅ ကို အဆုံးထိဘာသာပြန်ပြီး ပြကြည့်ပါမည်၊ ပြီးမှ ဖြစ်နိုင် မဖြစ်နိုင် ဆုံးဖြတ်ပေါ့ ဟူ၍လည်း စာထဲတွင် ရေးထားသည်။

အမှန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ သို့သော် တကယ်လက်တွေ့ အလုပ်လုပ် မည် ဆိုသည့်အခါတွင် ထည့်သွင်းတွက်ချက်ရမည့် အချက်တွေ ရှိလာသည်။ ဘာသာပြန် သူ၏ လက်ရာကို သံသယဝင်၍ မဟုတ်ပါ။ ဘာသာပြန်မည့်သူမှာ သူ့ကိုယ်သူ လုပ်နိုင် မည်ဟု ယုံကြည်ချက်ရှိ၍သာ ကျွန်တော်တို့ကို ဆက်သွယ်လာပြီ မဟုတ်ပါလော။

သို့သော်လည်း တဖက်တွင် မင်းပုန်းတောင်သိုင်းသမား ကို ဆရာမြသန်းတင့်က စတင်ပြီး ဘာသာပြန်ထားသဖြင့် သူ့နောက်မှ လိုက်ပြီး ဘာသာပြန်မည့်သူမှာ ဘာသာပြန် စာမူပိုင်ခွင့်အရ တပိုင်းစီ ဖြစ်နေမည်၊ ပြီးတော့ ဆရာမြသန်းတင့်၏ လက်ရာကို ဆက်ပြီး ဘာသာပြန်မည့်သူ ရှိလာပြီဆိုသည့် အကြောင်းကိုလည်း တဖက်က ဆရာမြသန်းတင့်၏ စာမူပိုင်ခွင့်ကို လက်ဝယ်ရှိသည့် ဆရာ့မိသားစုထံ အသိပေးရဦးမည်။ သူတို့၏ သဘောထား မည်သို့ ရှိမည်လဲ မေးမြန်းရဦးမည်။ ထုတ်ဝေမည့် စာအုပ်တိုက်ဘက်ကလည်း ဘာသာပြန်လက်ရာနှစ်ခုကို မည်သို့ မည်ပုံ ထုတ်ဝေမည်အကြောင်းကို ကနဦးကပင် ရှင်းလင်းအောင် လုပ်ရဦးမည် စသဖြင့် ဤစာအုပ် ဘာသာပြန်မှုနှင့် ဆက်စပ်နေသူတွေ၏ စိတ်ထဲတွင် အကျေအလည် ဖြစ်မှသာ ရှေ့တဆင့် တက်ကြလျှင် ကောင်းမည်။

မင်းပုန်းတောင်သိုင်းသမားကိုဆက်ပြီးဘာသာပြန်ချင်သူရှိလာပြီဆိုသည့်အကြောင်း အကယ်၍ ဘာသာပြန်ပြီး ဆက်ထုတ်ဖြစ်ပါက ဆရာမြသန်းတင့်၏ လက်ရာကို သပ်သပ် တအုပ်၊ နောက်လူ ဘာသာပြန်လက်ရာကို သပ်သပ် တအုပ် ဟူ၍ နှစ်အုပ် ခွဲထုတ်ဝေမည့် အကြောင်းများကို ဆရာမြသန်းတင့်၏ သား ကိုဖိုးသော်တာကို အသိပေးလိုက်ပါသည်။ ထိုသတင်းကို ကြားရသည်တွင် ကိုဖိုးသော်တာကလည်း အလွန် ဝမ်းမြောက်လေ၏။ "အဖေ ဘာသာပြန်ထားတယ် ဆိုပေမယ့် မူရင်းဝတ္ထုကို ဘယ်သူ ဘာသာပြန်ပြန် ရတာ ပဲလေ။ စာဖတ်သူတွေအတွက် ဝမ်းသာစရာပဲပေါ့" ကိုဖိုးသော်တာက ပြောသည်။

"အဲဒီ ဆရာနဲ့ တွေ့ဖို့ ချိန်းထားတယ်၊ တွေ့တဲ့အခါ အစ်ကို လိုက်ခဲ့ပေးဦး" ကျွန်တော်က ပြောသည်တွင် ကိုဖိုးသော်တာက"အေးပါ" ဟု ကတိပေးသည်။

စာအုပ်တိုက်သို့ ပို့သော အီးမေးလ်ထဲတွင် ဖုန်းနံပါတ် ပါသဖြင့် ဆရာဉာဏ်သစ်ထံသို့ ဖုန်းဆက်ပြီး တွေ့မည့်နေ့ကို ချိန်းဆိုလိုက်ပါသည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်ထဲတွင် စာအုပ်ရောင်းပွဲ လုပ်နေကြသည်။ ကျွန်တော်တို့ စာအုပ်တိုက်ကလည်း ဝင်ပြီး ဆိုင်ခင်းသည်။ ဆရာက ကမာရွတ်မြို့နယ်ထဲမှာပင် နေထိုင်သဖြင့် ရန်ကုန်တက္ကသိုလ်နှင့် အနီး ကလေး ဖြစ်ရာ၊ တက္ကသိုလ်ထဲက ဆိုင်ခန်းသို့ပင် လာခဲ့ရန် ချိန်းဆိုလိုက်ကြပါသည်။

အရင်က တခါမျှ မဆုံခဲ့ဖူးသေးသူတွေ ယခု မျက်နှာချင်းဆိုင် တွေ့ကြလေပြီ။ ဂျင်းအကျႌအပြာရောင် လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်ထားပြီး ကြက်သွေးရင့်ရောင် ဘောင်းဘီတို၊ နေကာမျက်မှန်ဖြင့် သပ်ရပ်သားနားစွာ ဝတ်ဆင်ထား သော လူတယောက် ကံကော်ပင်ရိပ်အောက်က စာအုပ်ဆိုင် ရှေ့တွင် လာရပ်သည်။ စာအုပ် ဝယ်မည့်သူတဦးဟု ကျွန်တော်တို့က ထင်လိုက်မိသည်။ ထိုသူက ရွှင်သော အပြုံး၊ တက်ကြွ သော လေသံဖြင့် စကားဆို၏။

"ကျွန်တော် ဉာဏ်သစ်ပါ"

ကိုဖိုးသော်တာနှင့် ကျွန်တော့်မှာ အံ့ဩရသေးသည်။ ကျွန်တော်တို့က စာသမား ဆိုလျှင် ခပ်ရိုးရိုး အဆင်အပြင်နှင့် ပုဂ္ဂိုလ်တဦးကို မျှော်နေမိတတ်ကြသည်ကိုး။ တက်ကြွ မြူးရွှင်ပြီး နှစ်လိုဖွယ်ရာ ရှိသူတဦးမို့ ဆရာဉာဏ်သစ်နှင့် ကျွန်တော်တို့ အလွယ်ကလေးနှင့် ရင်းနှီးသွားကြပါသည်။ အင်းလျားကန်ဘောင်ဘေး စိမ်းလန်းစိုပြည်ထဲက ဆိုင်တဆိုင်မှာ ထိုင်ပြီး သူနှင့် ကျွန်တော်တို့ စကားတွေ ပြောကြသည်။ မင်းပုန်းတောင်သိုင်းသမား ဝတ္ထု အကြောင်း၊ ဆရာမြသန်းတင့်အကြောင်း၊ ဘာသာပြန်စာပေအကြောင်းနှင့် ဆရာဉာဏ်သစ်က သူ၏ ဘာသာပြန်ထားပြီး၊ စာအုပ်ဖြစ်မလာသေးသော

စာအုပ်များအကြောင်း။ သို့နှင့် တညနေ ကုန်ခဲ့ကြသည်။ လူချင်းခွဲခါနီးတွင် ဆရာဉာဏ်သစ်က ပြောသည်။

"ဒါဖြင့် ကျွန်တော် ဆရာမြ ဘာသာပြန်လက်စ အခန်း ၄၅ ကို ပြီးအောင် ဆက်ပြန်ပြီး၊ နမူနာ ယူလာပြမယ်။ ကျွန်တော့် ဘာသာပြန်လက်ရာကို ကြိုက်တယ်ဆိုရင် ကျန်တဲ့အခန်း ၅၅ ခန်းကို ဆက်ပြီး ပြန်မယ်။ ကိုဇော်တို့ မကြိုက်ဘူး လက်မခံနိုင်ဘူးဆိုရင်တော့ ထားလိုက် ပေါ့။ တယောက်နဲ့ တယောက် ဘာမှ အားနာစရာ မရှိဘူးလေ၊ ဟုတ်တယ် မဟုတ်လား"

ဆရာဉာဏ်သစ်သည် အလုပ်လုပ်ရာတွင် အလွန် မြန်ဆန်သူတဦး ဖြစ်ဟန်တူသည်။ နောက် တပတ်လောက်အကြာတွင် ကျွန်တော်တို့ထံ သူ့ဘာသာပြန် နမူနာအဖြစ် ဖတ်ဖို့ လာပေးသည်။ သူ့ဘာသာပြန်ကို ဖတ်ကြည့်ပြီး မကြာမီ သူ့ထံသို့ အကြောင်းပြန်လိုက် ပါသည်။

"ဆရာရေ၊ ဆက်ပြီးသာ ဘာသာပြန်ပါတော့ခင်ဗျား" ဆရာ့ဆီကလည်း စကားပြန်လာသည်။

" ဟုတ်ပြီနော် ကိုဇော်၊ ကျွန်တော် ကိုင်ပြီဗျာ"

ဆရာသည် မင်းပုန်းတောင်သိုင်းသမား ဝတ္ထု၏ ကျန်ရှိနေသော အခန်းစဉ်များကို တက်တက်ကြွကြွပင် ဘာသာပြန်ခဲ့ပါသည်။ ထိုအချိန်က ဆရာသည် ကွန်ပျူတာကို ကောင်းကောင်းကျွမ်းကျွမ်း မသုံးတတ်ကြောင်းလည်း ကြားရပါသည်။ ထို့ကြောင့် စာမူကို ဗလာစာရွက်ပေါ်တွင် ခဲတံနှင့် ရေးပေးလျှင် လက်ခံနိုင်မည်လားဟု မေးပါသည်။ ဆရာ ဘာနှင့် ရေးရေး အဆင်ပြေရာ လက်တွေ့ရာနှင့်သာ ရေးပါဟု ပြန်ပြောလိုက်ပါသည်။ ကြားတွင် ဆရာနှင့် ရံခါသာ ဖုန်းပြောဖြစ်ပြီး လူချင်း မတွေ့ကြပါ။

ဘာသာပြန် နမူနာပေးပြီးနောက်ပိုင်း၊ အချိန်ကာလအနေနှင့် တနှစ်ကျော်လောက် ကြာသွားမည် ထင်သည်။ သေချာ မမှတ်မိတော့ပါ။ နေသာသော နေ့ရက် တရက်တွင် စာမူကြီး တပွေ့တပိုက်ကို သယ်လာသော ဆရာဉာဏ်သစ်နှင့် ပြန်တွေ့ရသည်။ ဆရာက သူ့မူဟန်အတိုင်း တက်ကြွသော၊ ရွှင်ရွှင်လန်းလန်း ရှိသော လေသံဖြင့်-

"ကိုဇော် ရေ့၊ ကျွန်တော် စာမူ ပြီးပြီ၊ ကြိုက်သလိုသာ လုပ်တော့"

အတော်ထူထူထဲထဲရှိသော လက်ရေးမူ တထပ်ကြီးကို ကြည့်ရင်း ကျွန်တော်တို့မှာ ဆရာဉာဏ်သစ်တွက် ဂုဏ်ယူရသလို၊ ဆရာ့အသက်အရွယ်နှင့် အလုပ်လုပ်နိုင်စွမ်းကို အံ့ဩရသည်။ ပြီးတော့ မင်းပုန်းတောင်သိုင်းသမား

ဝတ္ထုကြီးကို အစ အဆုံး အပြီးတိုင် ဖတ်ရတော့မည် ဆိုသည့်အတွက်လည်း ပျော်ခဲ့မိရပေ၏။

သို့သော် လက်တွေ့တွင် ဆရာဉာဏ်သစ်၏ မင်းပုန်းတောင်သိုင်းသမား ဘာသာပြန် လက်ရာမှာ စာအုပ်အဖြစ် တော်တော်နှင့် မထွက်ဖြစ်နိုင်ခဲ့ပေ။

၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်များအတွင်း အဖြစ်အပျက်တွေ များစွာ ဖြစ်ခဲ့ပျက်ခဲ့ပြီးပါပြီ။ ထိုအဖြစ်အပျက်များစွာကို ပြန်မပြောချင်တော့ပါ။ အမှောင်လွှမ်းသည့် လေထုကြီးသည် စာအုပ်တိုက်၏ ဆိုင်းဘုတ်ပေါ်မှ ဖြတ်သန်းတိုက်ခိုက်သွားခဲ့ပါသည်။

ဆရာဉာဏ်သစ်နှင့် စတင်ပြီး အဆက်အသွယ်ရသည်မှာ ၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင် ဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ်သို့ ရောက်ပါပြီ။ ပြန်ကြည့်လိုက်လျှင် ကြားတွင် အချိန်တွေ ရှစ်နှစ် ကိုးနှစ်မျှ ကြာသွားခဲ့ပါသည်။

ဆရာဉာဏ်သစ်နှင့် စတင်ပြီး တွေ့စဉ်အခါက ဆရာသည် စာအုပ်တအုပ်မှ မထုတ် ရသေး။ ဆရာဉာဏ်သစ် ဟူသော ကလောင်အမည်ကိုလည်း တိုင်းပြည်က မသိကြသေး။ ယခု ရှစ်နှစ် ကိုးနှစ်ကြာသွားသော အချိန်ကာလများအတွင်း ဆရာဉာဏ်သစ်၏ ဘာသာပြန် လက်ရာ စာအုပ်တွေ တအုပ်ပြီး တအုပ် နှစ်စဉ်ထွက်လာနေသည်မှာ ယခု ဆယ်အုပ်ကျော် ကျော်မျှ ရှိနေလောက်ပြီ။ ဆရာဉာဏ်သစ်၏ အမည်မှာလည်း စာဖတ်ပရိသတ်များနှင့် အထွေအထူး မိတ်ဆက်ပေးစရာ မလိုသည့် အမည်တခု ဖြစ်လာခဲ့ပါပြီ။

ဒီလိုအချိန်မျိုးတွင်မှ လွန်ခဲ့သည့် နှစ်များစွာက ဆရာဉာဏ်သစ် ဘာသာပြန်ခဲ့သော မင်းပုန်းတောင်သိုင်းသမား လက်ရာမှာ ခုနစ်နှစ်တင်းတင်းပြည့်တော့မှသာ စာအုပ်အဖြစ် ထွက်လာနိုင်လေတော့သည်။

ကြန့်ကြာမှုများအတွက် တာဝန်ရှိသူမှာ ကျွန်တော်တို့သာလျှင် ဖြစ်ပေ၏။ စာမူကြီးမှာ ကျွန်တော်တို့ လက်ထဲတွင် နှစ်ရှည်လများ ကြာသွားခဲ့သည့်အတွက် ဆရာဉာဏ်သစ်ဘက်မှ ညည်းညူသံ၊ ပြစ်တင်သံ၊ စိတ်မရှည်သံ၊ အလိုမကျသံတို့ လုံးဝ လုံးဝ မကြားခဲ့ရပါ။ ဆရာ ဉာဏ်သစ်သည် သူ လုပ်စရာရှိသည်ကို တာဝန်ကျေစွာ လုပ်ပြီးနောက်တွင် ထုတ်ဝေသူ ဘက်ခြမ်းမှ လုပ်စရာရှိသည်များအပေါ် ဘာမျှ ဝင်မစွက်ဖက်ပါ။ စာတည်းလုပ်ငန်း ကိုလည်း လုပ်ပိုင်ခွင့် အပြည့်ပေးထားပါသည်။ သူ့ဘက်က စာမူနှင့် ပတ်သက်၍ ကူညီပေး စရာ ရှိလျှင်လည်း အားတက်သရော ကူညီခဲ့ပါသည်။ ပြီးနောက် စာအုပ်ထွက်လာမည့် အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းပေးခဲ့ပါသည်။ ထို့အတွက် ဆရာဉာဏ်သစ်ကို ကျေးဇူး အထူးတင်ရပါသည်။

မည်သို့ဖြစ်စေ၊ ယခု မင်းပုန်းတောင်သိုင်းသမား စာအုပ်ကို စာဖတ်သူ လက်ထဲသို့ ထည့်လိုက်ပြီဖြစ်သည့်အတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ "မင်းပုန်းတောင် သိုင်းသမား ဘာသာပြန်အဆက်က ဘယ်တော့ ထွက်မှာလဲ" အစဉ်သဖြင့် စိတ်ဝင်စားစွာ မေးမြန်းခဲ့သော၊ စိတ်ဝင်စားမှု ပြခဲ့သော၊ စောင့်ဆိုင်းပေးခဲ့သော စာဖတ်သူများအပေါ် တင်ရှိနေသည့် အလုပ်ကြွေးတခု ကျေလိုက်နိုင်ပြီဟုလည်း ပီတိ ဖြစ်မိပါသည်။

ရှည်လျား ထူထဲသည်လည်း ဖြစ်သော၊ ဇာတ်လမ်း ဇာတ်အိမ် ကျယ်ပြန့်သည်လည်း ဖြစ်သော၊ ဇာတ်ဆောင်တွေများလှသည်လည်းဖြစ်သော ဂန္ထဝင်ဝတ္ထုကြီးကို အကောင်းဆုံး ဖြစ်အောင် စီစဉ် ထုတ်လုပ်ခဲ့သည့်တိုင် ခဲခဲကပ်ကပ် ချို့ယွင်းချက်လေးတွေတော့ ရှိနေ ဦးမည်။ ထို ချို့ယွင်းချက်လေးတွေ ရှိခဲ့သော် စာအုပ်တိုက်၏ တာဝန်သာ ဖြစ်ပါသည်။ တကြိမ်ထက် တကြိမ် ပိုမိုကောင်းမွန်သော တည်းဖြတ်မှုများ ပြုလုပ်သွားပါမည်။

ဤစာအုပ်ကြီး ဖြစ်မြောက်ရေးအတွက် မိမိတို့၏ အနုပညာအား၊ အတတ်ပညာအား တို့ဖြင့် ကူညီပေးခဲ့ကြသူ မိတ်ဆွေ၊ ဆရာသမား၊ လုပ်ဖော်ကိုင်ဖက်များ အားလုံးကို ကျေးဇူးစကား ဆိုလိုက်ပါသည်။

၂၄ ဇန်နဝါရီ၊ ၂၀၂၅ ခုနှစ်။

ဇော်ဂျီဖိုလ်ဝင်စာအုပ်တိုက်၊ ရန်ကုန်မြို့။

ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၁၃၈၆ ခုနှစ်။

ဘာသာပြန်သူ၏ အမှာ

၂၀၁၆ နိုဝင်ဘာလထဲမှာ ဆရာမြသန်းတင့်ရဲ့ မင်းပုန်းတောင် တိုးမြစ်က ထွက်လာတယ်။ ဆရာမြရဲ့ အပြီးမသတ်ရသေးတဲ့ လက်ရာတခုလို့ သိရတယ်။ တရုတ်ဂန္ထဝင်ကြီး လေးအုပ်မှာ ပါတဲ့ အနောက်ဘက်ခရီးတို့၊ ခန်းဆောင်နီအိပ်မက် တို့ကတော့ မြန်မာ ဘာသာကို ပြန်ထားပြီးသား။ သုံးပြည်ထောင် က မပြန်ရသေးဘူး။ ဒီ မင်းပုန်းတောင် ကတော့ တန်းလန်းဆိုတော့ ပြီးအောင် ပြန်လိုက်ချင်တဲ့ စိတ် ပေါ်မိတယ်။ ဒါနဲ့ ထုတ်ဝေသူ ကိုဇော်(ဝင်းဇော်လတ်) နဲ့ ဆက်သွယ်ပြီး ဒီဆန္ဒကို ဖွင့်ဟမိတယ်။ အဲဒီတုန်းက ကိုဇော်က ရန်ကုန်တက္ကသိုလ်ထဲက ပွဲတခုမှာ သူ့တိုက်ထုတ် စာအုပ်တွေကို လာတင်နေတယ်။ သူက အဲဒီကို လာခဲ့ပါလား၊ ဆရာမြ သား ကိုဖိုးလကလည်း တွေ့ချင်နေတယ် ဆိုတာနဲ့ သွားတွေ့တယ်။ ကျွန်တော်၊ သူ၊ ကိုဖိုးလတို့ စိမ်းလန်းစိုပြည် သွား၊ ကော်ဖီသောက် ကြတယ်။ ကျွန်တော့်ကို ဗျူးကြတယ်၊ ကျွန်တော် ဒီအလုပ်ကြီးကို လုပ်နိုင်ပါ့မလားလို့ အကဲခတ်ကြတယ် ဆိုပါတော့။

ပထမ ဆရာမြ တန်းလန်း ချန်ထားခဲ့တဲ့ အခန်း၄၅ ကျန်တာကို ပြန်ပါတယ်။ အဲဒါကို ကိုဇော့်ကို သွားပေးပါတယ်။ ပြီးမှ ကျွန်တော် ဆက်ပြန်ပါတယ်။ ပထမဆုံး Sidney Shapiro ရဲ့ အင်္ဂလိပ်ဘာသာပြန်မှုကို အွန်လိုင်းပေါ်ကနေ ဒေါင်းလုဒ်ချပြီး ပုံနှိပ်ယူရတယ်။ အဲဒီ တုန်းက ကျွန်တော်က ကွန်ပျူတာ မသုံးတတ်သေးဘူး (ခုလည်း ကျွမ်းတယ် မဆိုသာ ပါဘူး)၊ မျဉ်းပါတဲ့ မှတ်စုစာရွက်တွေပေါ်မှာ ခဲတံနဲ့ ရေးရတယ်။ နောက်ဆုံးမှာတော့ ဒီအလုပ်ကြီး ပြီးသွားတယ်။ အင်္ဂလိပ်မူ စာရွက်တထပ်ကြီးနဲ့ ခဲတံတို သုံးဒါဇင်လောက် ကျန်ခဲ့တယ်။ ရက်စွဲ မမှတ်မိတဲ့ တနင်္ဂနွေနေ့တနေ့၊ စာအုပ်လမ်းမှာ ကိုဇော့်ဆီ စာမူ ထုပ်ကြီး သွားပေးလိုက်နိုင်တယ်။ သိမ်ဖြူလမ်းကို စာအုပ်လမ်း ဆိုပြီး စာအုပ်ဆိုင်တန်း တွေ ဖွင့်နေတဲ့ အချိန်ကပေါ့။

တံတားအောက်မှာ ရေတွေ အတော် စီးဆင်းသွားပါပြီ။

၂၉ - ၈ - ၂၀၂၄ ရက်မှာ ကိုဇော် ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်။ မင်းပုန်းတောင် စာစီပြီးပြီ၊ ကျွန်တော် ပရုဖ်ဖတ်ဖို့ စာမူတွေ လာပေးမယ် တဲ့။ ၃၁ - ၈ - ၂၀၂၄ မှာ သူနဲ့ သူ့ဇနီး မထွေးတို့ ရောက်လာတယ်။ ကျွန်တော့်စာမူထုပ်ကြီးက ထု တထွာကျော်ကျော် ဆယ်လက်မလောက် ထုတော့ အတော် လေးတယ်။ သူ့ခမျာ အတော် ဆွဲလာရတယ်။

ကျွန်တော့်လက်ရေးမူကို ပြန်ဖတ်ကြည့်ရင်း မဝေးသေးတဲ့ အတိတ်က

အကြောင်း တွေကို ပြန်ဖော်ကြည့်မိတယ်။

ဒီဝတ္ထုကြီးကို ဘာသာပြန်မယ် ဆိုတော့ ဆရာမြ ပြန်ထားတာကို ပြန်ပြီး ကျေအောင် ဖတ်ရတယ်။ ဆရာမြ အသုံးလှယ်ထားတဲ့ ဇာတ်ကောင်အမည်တွေ၊ ဆရာမြ ပြန်ထားတဲ့ ဇာတ်ကောင်တွေရဲ့ "ဝိသေသ" တွေကို ကောက်ပြီး မှတ်စုထုတ်ရတယ်။ ဒီဝတ္ထုကြီးမှာ တောပုန်းဇာတ်ကောင် ၁၀၈ ဦး ပါတယ်။ အခန်းက ၁၀၀ ပါတယ်၊ ဆရာမြ ပြန်သွားတာက အခန်း ၄၅ တောင် မပြီးတတ်သေးတော့ ဇာတ်ကောင်တွေ မစုံသေးဘူး။ ဒီတော့ ဇာတ်ကောင် အသစ်တွေကို ဆက်ပြီး ပွဲထုတ်ရတယ်။ နာမည်ကို အသုံးလှယ်တာက အကြောင်း မဟုတ် ပေမယ့် ဝိသေသ တပ်တာတွေကျတော့ ထပ်မသွားအောင် သတိထားရတယ်။

နောက်တခု သတိထားရတာက ဟန်ပါ။ ဆရာမြ ရေးလက်စ အခန်း ၄၅ ကို ဆက် ပြန်တုန်းကတော့ သူ့ဟန်ကို လိုက်ဖို့ အတော်ကလေး ကြိုးစားမိပါတယ်။ ဒါပေမဲ့ ဆက်ပြန် လာတဲ့အခါမှာတော့ ဒါ မဟုတ်သေးဘူးလို့ စဉ်းစားမိလာတယ်။

မြန်မာဇာတ်သဘင်လောကမှာ "ဖိုးစိန်ကြီး" ဟာ ဒဂ်မော်ပါ။ သူက လူချော၊ အဆက် အပေါက်ကလည်း မင်းသား လုပ်စားရေ့လို့ သူ့အမေက မွေးလိုက်လေသလားလို့ ဆိုရမယ့် မင်းသားဟန်ကျလှတဲ့သူ။ အသံကလည်း ပင်ကိုကောင်းရာမှာ လေ့ကျင့်ထားလို့ ကြိုက် သလို အော်နိုင် ဆိုနိုင်တဲ့သူ။ ဒီရုပ်ရည်၊ ဒီအသံကို အခြေခံလို့ အက၊ အဆို၊ အငို၊ အပြော ဆိုတဲ့ ထောင့် လေးထောင့်စလုံး လုံတဲ့အပြင် တီထွင်အားကလည်း ရှိတာမို့ နာမည် ကျော်လာ၊ ဝင်ငွေကောင်းလာ၊ အသိုင်းအဝိုင်း တောင့်တင်းလာတော့ ဖိုးစိန်ကို အားကျတဲ့ မင်းသားတွေ ဒုနဲ့ ဒေးလို့ ဆိုရမယ်။ ဒါနဲ့ပဲ "ဒုတိယဖိုးစိန်" ဆိုတဲ့ မင်းသားနှစ်ယောက် ပေါ်လာ တယ်တဲ့။ ဖိုးစိန်အကြောင်း ဒေါ်အမာ့ကျေးဇူးနဲ့ ဂဃနဏ သိရပေမယ့် ဒုတိယဖိုးစိန်တွေ အကြောင်းတော့ မယ်မယ်ရရ မသိရပါဘူး။

ကျွန်တော့်အထင် သူတို့က ရုပ်ရည်မှာ ဖိုးစိန်နဲ့ တူသယောင်ယောင် ရှိမယ်၊ အသံ ကတော့ သေချာတယ်၊ ဖိုးစိန်ကို မီမှာ မဟုတ်ဘူး၊ ဒါပေမဲ့ အကနဲ့ အပြောကတော့ တုရင် ရနိုင်တာပေါ့။ ဒါကလည်း လွယ်မှာတော့ မဟုတ်ဘူး။ သူ့ကို တုကြည့်မှ ခုလို ဖိုးစိန် ဆိုတဲ့ နာမည်တလုံးကို ရဖို့၊ တည်အောင် ထိန်းဖို့ သူ့မှာ ဘယ်လို အခြေခံ အရည်အချင်းတွေ ရှိတယ်၊ ဘယ်လောက်တောင် အားထုတ်ထားရတယ် ဆိုတာ သိလာပါလိမ့်မယ်။ ဒီလို အစွမ်းတွေ ကိုယ့်မှာ မရှိဘူးဆိုတာလည်း သဘောပေါက်လာပါလိမ့်မယ်။ ဒါနဲ့ပဲ ဆက် လည်း မကြိုးစားတော့ဘူး၊ အောင်လည်း မအောင်မြင်လိုက်ဘူး။ ဒီလိုနဲ့ပဲ ငုပ်သွားကြ မယ်လို့ ထင်ပါတယ်။ "ဒုတိယဖိုးစိန်" ဆိုတဲ့ ဝေါဟာရတခုတော့ တိုးလာတယ်ပေါ့။

ကျွန်တော် ဒုတိယဖိုးစိန် မဖြစ်အောင် ကြိုးစားဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

၂၄ အောက်တိုဘာ၊ ၂၀၂၄ ခုနှစ်။

ဉာဏ်သစ်



အခန်း - ၄၅ အဆက်1

ရန်စုံသည် အရက်မူးကာ တိမ်ယဉ်ကို ဆူပူကြိမ်းမောင်းခြင်း

ရှိဖူးသည် ဖေရှပိုင်းကို ဉာဏ်ဆင်၍ သတ်ခဲ့ခြင်း

ရမ္မက်မီး တောက်လာပြီဖြစ်သော တိမ်ယဉ်က ပြန်၍ "သူ့ကို တကယ်နာအောင် လုပ်ပါ့ မလား"ဟု တိုးတိုးလေး ပြန်ချွဲလေ၏။

ရဟန်းတုလည်း တိမ်ယဉ်ကို ခုတင်ပေါ်သို့ ပွေ့တင်ကာ အဝတ်များကို ချွတ်၏။ ထို့နောက်တွင် သူ့စိတ်တိုင်းကျ ကြဲလေတော့၏။ တိမ်များမှာ အတော်ကြာအောင် အုံ့ဆိုင်း နေပြီးမှ မိုးရွာခွင့် ရပေ၏။

"မင်းကို ချစ်နေရရင် ငါတော့ သေမှာလည်း မကြောက်ဘူး။ တခုပဲ ရှိတယ်။ ဒီနေ့တော့ ပျော်ရပေမယ့် ခဏပဲ။ တညလုံး တူတူနေချင်တယ်ကွာ။ ငါတော့စောင့်နေရတာနဲ့ သေမှာပဲ"

"မပူပါနဲ့ရှင်။ ကျွန်မ ကြံထားပါတယ်။ ကျွန်မယောက်ျားက တလကို ရက်နှစ်ဆယ် လောက် ညတာဝန်ကျနေတာလေ။ ကျွန်မ ယင်အဲကို စည်းရုံးပြီး ညတိုင်း နောက်ဖေးပေါက် မှာ စောင့်ခိုင်းမယ်။ သူ တာဝန်ကျတဲ့ ညဆို အမွှေးတိုင်တတိုင် ထွန်းပြီး ချထားမယ်။ ဒါဆို ရှင် လာလို့ ရပြီပေါ့။ ပြီးတော့ နိဗ္ဗာန်ဆော်တယောက်ကို ရှာပြီး မနက် အရုဏ်တက်မှာ နောက်ဖေးပေါက်ကို လာပြီး ကြေးစည်ထုခိုင်းပေါ့။ ဒါမှ ရှင် နိုးပြီး လစ်သွားနိုင်မှာပေါ့။ ရှင့်အထွက်မှာ သူ့ကို စောင့်ခိုင်းလို့လည်း ရတာပေါ့"

ရဟန်းတုကား ကျေနပ်၍ မဆုံးတော့ပြီ။ "သိပ်တော်တာပဲကွာ၊ မင်းဘက်ကိုပဲ ဂရု စိုက်ပါ။ ငါလည်း လူတယောက် တွေ့ထားပါတယ်။ နိဗ္ဗာန်ဆော်ဟူ တဲ့။ သူက ငါဘာ ခိုင်းခိုင်း လုပ်မယ့်သူပဲ"

"ကြာကြာနေရင် လူတွေ ရိပ်မိကုန်တော့မယ်။ ပြန်မှပဲ။ မလာဘဲ မနေနဲ့နော်"

တိမ်ယဉ်လည်း ပြောပြောဆိုဆိုဖြင့် ထကာ ဆံပင်များကို သပ်သပ်ရပ်ရပ် ပြင်၏။ မျက်နှာကို တို့ပတ်ရိုက်၏။ ထို့နောက် လှေကားထိပ်မှ တံခါးကိုဖွင့်ကာ ဆင်းသွားပြီး ယင်အဲ ကို သူ့အဖေကို သွားနှိုးခိုင်းလိုက်၏။ ကျောင်းထဲမှ အမြန်ထွက်ကာ ကျောင်းတံခါးဝသို့ သွား၏။ ဝေါထမ်းသမားများမှာ သောက်ပြီး

စားပြီး ဖြစ်၍ အသင့်စောင့်နေကြ၏။ လိုက်ပို့ သော ရဟန်းတုကို နှုတ်ဆက်ကာ တိမ်ယဉ်လည်း ပြန်ခဲ့၏။ ထိုအကြောင်းကို ဤတွင် တော်ဦးမည်။

ဟူသည် ယခင်က ကျောင်းတွင် အလုပ်လုပ်ခဲ့ပြီး ယခုအခါ ကျောင်းနောက်က ဇရပ် လေးတဆောင်တွင် နေ၏။ နံနက် အရုဏ်တက်တွင် ကြေးစည်ထုကာ လူများ ထ၍ ဝတ်ပြု ရန် နှိုးဆော်နေသူဖြစ်၍ နိဗ္ဗာန်ဆော်ဟူ ဟု လူသိများ၏။ ရဟန်းတုက သူ့ကျောင်းလေးသို့ ခေါ်ကာ စိမ်ရည်ကောင်းကောင်းကို သုံးခွက် ဆင့်၍ တိုက်လေ၏။ ပြီးလျှင် ငွေစတချို့ ကိုလည်း ပေးလိုက်၏။ ဟူလည်း ထရပ်လိုက်ပြီး-

"ဘာမှ လုပ်မပေးရဘဲနဲ့ဗျာ။ ဘယ်ယူလို့ ဖြစ်မလဲ" ဟု အလန့်တကြား ငြင်း၏။

"ခင်ဗျားက လူရိုးလူကောင်းမှန်း သိလို့ ပေးတာပါဗျာ။ ဒီငွေတွေနဲ့ အဝတ်အစား သစ်တွေ ဝယ်ပေါ့"

ရဟန်းတုက ဟူထံသို့ မကြာမကြာ ထမင်းပို့ခိုင်းဖူး၏။ တရားနာ ဆွမ်းကျွေး စသည် ရှိပါကလည်း သူ့ကို ခေါ်ခေါ်သွားဖူး၏။ ထို့ကြောင့် ဟူလည်း ငွေစကြေးစများ ရလာတတ် သဖြင့် များစွာ ကျေးဇူးတင်လျက် ရှိ၏။

"ခုလည်း ပိုက်ဆံတွေ ပေးပြန်ပြီ။ တခုခုတော့ လုပ်ပေးစေချင်လို့ပဲ ဖြစ်မယ်။ သူပြော တာကို ဘာလို့ စောင့်နေမှာလဲ" ဟု တွေးကာ-

"လုပ်စရာ ရှိတာသာ ပြောပါဗျာ။ အားမနာပါနဲ့"

"ခင်ဗျားက ဒီလိုပြောလာတော့ ဖွင့်ပြောရတာပေါ့ဗျာ။ ဒီလိုဗျ၊ ဒကာကြီးပန်ရဲ့ သမီးက ကျုပ်နဲ့ တွေ့ချင်နေတယ်။ ကျုပ် လာလို့ အဆင်ပြေမယ့် ညမှာ နောက်ဖေးပေါက် အဝမှာ အမွှေးတိုင်တတိုင် ထွန်းထားမယ်တဲ့။ အဲဒါကို ကျုပ် သွားကြည့်လို့တော့ ဘယ် သင့်တော်ပါ့မလဲ။ ခင်ဗျား သွားကြည့်မယ်ဆိုရင်တော့ ကိစ္စမရှိလောက်ဘူး။ ပြီးတော့ ခင်ဗျားကိုပဲ အပူကပ်ရဦးမယ်။ နောက်တနေ့ မနက် နိဗ္ဗာန်ဆော် ထွက်ရင် အဲဒီ တံခါးဝကို လာပြီး ကြေးစည်ကို နာနာထုပြီး နိဗ္ဗာန်ဆော်ပေးပါ။ ဒါမှ ကျုပ်လည်း နိုးလာပြီး ပြန် ထွက်လာလို့ ရမယ်"

"ဒါများ မခဲယဉ်းပါဘူးဗျာ" ဟု ဟူက သဘောတူ၏။

နောက်တနေ့တွင် ပန်တို့အိမ် နောက်ဖေးပေါက်သို့ ဟူ ရောက်လာပြီး အလျှုခံလေ၏။ ယင်အဲလည်း ထွက်လာပြီး "ဘယ့်နှယ် နောက်ဖေးပေါက်မှာ ဘာလာလုပ်နေတာလဲ။ အိမ်ရှေ့တံခါးကို သွားပြီး အလျှုခံပါလား" ဟု မြည်တွန်လေ၏။ ထိုအသံများကို တိမ်ယဉ် ကြားသဖြင့် ရောက်ချလာလေ၏။

"ရှင်က အရုဏ်တက်မှာ နိဗ္ဗာန်လိုက်ဆော်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်။ လူတွေ သိပ်မအိပ်ကြဖို့၊ စောစော ထ ပြီး အမွှေးတိုင်လေး ဘာလေး ထွန်းဖို့ နှိုးဆော်ရတာပေါ့။ ဒါမှ နတ်တွေက ချစ်မှာလေ"

တိမ်ယဉ်လည်း ဝမ်းသာအားရဖြင့် ယင်အဲကို အိမ်အပေါ်ထပ်သို့ သွားကာ ကြေး ပိုက်ဆံပြား တသီကို ယူခိုင်းလိုက်၏။ ယင်အဲ ထွက်သွားသည်နှင့် ဟူလည်း -

"ကျုပ်က သျှင်ဟိုက်ရဲ့လူယုံပါ။ အခြေအနေကို သိရအောင် သူက လွှတ်လိုက်တာပါ"

"ကျွန်မသိတယ်၊ ညကျလာခဲ့။ အမွှေးတိုင်ထွန်းထားတာ တွေ့ရင် သူ့ကို လွှတ်လိုက်" ဟူက ခေါင်းညိတ်၏။ ယင်အဲ ယူလာသော ကြေးပိုက်ဆံပြားများကို သူ့ကို ပေးလိုက် ကာ တိမ်ယဉ်လည်း ယင်အဲကို အပေါ်ထပ်သို့ ခေါ်သွားလေ၏။ အကြောင်းစုံကို ဖွင့်ပြော သောအခါ ယင်အဲလည်း သူ့အတွက် အခြေအနေ ကောင်းနိုင်မှန်း တွေ့ရသဖြင့် ဝမ်းမြောက် ဝမ်းသာ သဘောတူလေ၏။

ထိုညတွင်ပင် ရန်စုံလည်း ထောင်တွင် တာဝန်ကျ၏။ ညနေစောင်းသော် အိပ်ရာလိပ် ကိုယူကာ အိမ်မှ ထွက်သွားလေ၏။ မုန့်ဖိုးရထားသော ယင်အဲလည်း မှောင်သည့်တိုင်အောင် မစောင့်နိုင်တော့ဘဲ နေဝင်ဖျိုးဖျတွင်ပင် အမွှေးတိုင်ကို ထွန်းထားလိုက်၏။ တိမ်ယဉ်လည်း ဣန္ဒြေမဆောင်နိုင်ဘဲ နောက်ဖေးပေါက်တွင် လာစောင့်နေ၏။ ပထမယံခန့်တွင် ခေါင်းကို ပဝါစည်းထားသူတယောက် ဘွားခနဲ ပေါ်လာ၏။ တိမ်ယဉ်လည်း လန့်သွားကာ "ဘယ်သူ လဲ" ဟု မေးမိလိုက်၏။

ထိုသူက ပြန်မဖြေချေ။ ပါးနပ်သော တိမ်ယဉ်က ပဝါကို ဆွဲချွတ်လိုက်ရာ ခေါင်းတုံး ပြောင်ပြောင်မှာ လက်ခနဲ ပေါ်သွား၏။

"လူဆိုး၊ ဒါမျိုးတော့ တယ်တတ်" ဟု မူလိုက်၏။

နှစ်ယောက်သားလည်း ခါးကိုဖက်လျက် အပေါ်ထပ်သို့ တက်သွား၏။ ယင်အဲလည်း အမွှေးတိုင်ခွက်ကို ပြန်သိမ်းကာ တံခါးကို မင်းတုပ်ထိုးပြီး အိပ်ရာဝင်လေ၏။ ထိုညတွင် ချစ်သူနှစ်ဦးသည် ကျွဲကော်နှင့် ထင်းရှူးဆီ၊ သကာရည်နှင့် ပျားရည်၊ ခြင်ဆီနှင့် အရိုး ပြုတ်ရည်၊ ရေနှင့် ငါးတို့ကဲ့သို့ တသားတည်း ဖြစ်သွားကြ၏။ ချုပ်ထားသမျှ ရမ္မက်ဇောကို လွှတ်ပေးလိုက်ကြ၏။ သူတို့အိပ်၍ မပျော်တပျော် ရှိစဉ်တွင် ကြေးစည်သံနှင့် နိဗ္ဗာန်ဆော် သံကို ကြားလိုက်ကြရ၏။ ချက်ချင်းပင် လန့်နိုးလာကြ၏။ ရဟန်းတုလည်း အဝတ်အစား များကို ကမန်းကတန်း ဝတ်၏။

"သွားမယ်၊ ညကျ တွေ့ကြမယ်နော်"

"အမွေးတိုင် ထွန်းထားမှ လာနော်။ မဟုတ်ရင် အိမ်နားကို လုံးဝမသီနဲ့"

တိမ်ယဉ်က ခေါင်းကို ပဝါ စည်းပေး၏။ ယင်အဲက တံခါးဖွင့်ပေး၏။

ထိုမှ နောင်တွင် ရန်စုံ ညတာဝန်ကျတိုင်း ရဟန်းတုက ရောက်လာလေ၏။ ပန်မှာ အိမ်တွင် ရှိနေသည့် မုန်သော်လည်း စောစောစီးစီး အိပ်ရာဝင်တတ်၏။ ယင်အဲမှာလည်း ကြံရာပါ ဖြစ်နေသဖြင့် ရှိဇူတယောက်ကိုသာ လှည့်စားရန် လို၏။ သို့သော် တိမ်ယဉ်မှာ ကာမဂုဏ်သေရည်ကို ယစ်မူးနေပြီဖြစ်၍ ဘာကိုမျှ ဂရုမစိုက်တော့ပေ။ ရဟန်းတုမှာကား တိမ်ယဉ်ကို မျက်စိကျနေကတည်းက အကျင့်သီလ ဟူ၍ မရှိတော့ပြီ။ အခြေအနေ ကင်းရှင်းကြောင်း နိဗ္ဗာန်ဆော်က လာပြောသည်နှင့် ကျောင်းမှ ချက်ချင်း ထွက်လာမြဲ ဖြစ်၏။ ယင်အဲ၏ အကူအညီကြောင့် တိမ်ယဉ်သည် ဤနည်းဖြင့် တလကျော်ကျော်ခန့် ပျော်ပျော် ကြီး စခန်းသွားနေခဲ့၏။

ရှိဇူမှာ ညနေစောင်းလျှင် ဆိုင်ကို ဆေးကြောသန့်စင်ပြီး သူ့အခန်းလေးတွင် ဝင်၍ နားနေကျဖြစ်သည်။ ရန်စုံ၏ ဇနီးကိစ္စမှာ သူ့စိတ်ထဲတွင် တအုံ့နွေးနွေး ဖြစ်လျက်ရှိ၏။ သို့သော် ရဟန်းတုကို အစအနမျှပင် မမြင်ရချေ။ မနက်အရုဏ်တက်တွင် တခါတခါ သူ နိုးလာတတ်၏။ တံခါးပျဉ်ချပ် အက်ကြောင်းထဲမှ ချောင်းကြည့်သော် လမ်းကြားထဲတွင် နိဗ္ဗာန်ဆော်တဦးကိုသာ တွေ့ရ၏။ ရှိဇူမှာ ဉာဏ်ကောင်းသူဖြစ်ရာ ဆယ်ပုံကိုးပုံ သေချာ နေလေပြီ။ အခြေအနေကို ခေါင်းအေးအေးဖြင့် သုံးသပ်၏။

"ဒီလမ်းက တဖက်ပိတ်လမ်းပဲ၊ တခြား ဘယ်အိမ်မှလည်း မရှိဘူး။ ဒီနေရာမှာ လာပြီး ဘယ့်နှယ် နိဗ္ဗာန်လာဆော်နေပါလိမ့်။ ကေန္တ တခုခုတော့ တခုခုပဲ"

ဆယ့်တစ်လပိုင်း လလယ်ခန့်တွင် တခုသောနံနက်၌ ရှိဇူလည်း နိုးလာ၏။ နိဗ္ဗာန်ဆော် မှာ ကြေးစည်ထုရင်း လမ်းထဲသို့ ဝင်လာနေ၏။ အိမ်နောက်ဖေးပေါက် အရောက်တွင်မူ-

"သတ္တဝါအများ ရင်ဝယ်သား နတ်များဒေဝါ သနားကြပါ"

ရှိဇူလည်း အိပ်ရာမှ ခုန်၍ ထကာ တံခါးပျဉ်အက်ကြောင်းကို မျက်စိအပ်လျက် ကြည့်၏။ ခေါင်းတွင် ပဝါစည်းထားသူ တယောက် မှောင်ရိပ်ထဲမှ ထွက်လာပြီး နိဗ္ဗာန်ဆော်နှင့်အတူ ပါသွား၏။ ယင်အဲက တံခါးကို ပိတ်လိုက်၏။ ယခုအခါတွင်မူ ရှိဇူမှာ လိပ်ပတ်လည်သွား လေပြီ။

"နောင်ကြီး ရန်စုံက စိတ်ကောင်းတော့ ရှိရှာပါရဲ့၊ မယားကံကတော့

တယ်ခေတာကိုး။ ဒီကောင်မ လှည့်စားသမျှ ကစားသမျှ ကောင်းကောင်းခံနေရတာပဲ” ဟု စိတ်နာနာနှင့် စဉ်းစားမိ၏။

နံနက်လင်းသော် ဝက်ကောင်များကို ချိတ်ဆွဲကာ စောစောစီးစီး ဈေးဦးလာဖောက် သည့် ဖောက်သည်များကို ရောင်းချပေးနေ၏။ မနက်စာ စားအပြီးတွင် အကြွေးလိုက် တောင်းရန် ထွက်ခဲ့၏။ မွန်းတည့်အချိန်လောက်တွင် ရန်စုံနှင့် တွေ့ရန် မြို့တော်ဝန်ရုံးသို့ ထွက်ခဲ့ရာ တံတားပေါ်တွင် ပက်ပင်းတိုးမိလေ၏။

ရန်စုံက လှမ်း၍ -

“နောင်ကြီး ဘာကိစ္စနဲ့ ဒီနား ရောက်လာတာလဲ”

“ကြွေးလိုက်တောင်းရင်းက ဒီနား ရောက်လာတော့ ဝင်ဦးမှပဲ ဆိုပြီးတော့”

“အေးဗျာ၊ ရုံးအလုပ်နဲ့ မအားလိုက်ပုံများ နောင်ကြီးနဲ့တောင် တခွက်တဖလား မဆော့ဖို့ အချိန်မရဘူး။ ကြုံတုန်းလေး ခဏလောက် ထိုင်လိုက်ကြအောင်”

ရန်စုံက ဘုံဆိုင်တခုသို့ ခေါ်သွား၏။ အပေါ်ထပ် လူရှင်းသော အခန်းတခန်းကို ယူ လိုက်ပြီး စိမ်ရည်ကောင်းကောင်းနှင့် အမြည်းစုံစုံကို မှာလိုက်ကာ သုံးခွက်စီ ဆင့်၍သောက်လိုက်ကြ၏။ ရှိဗူမှာကား ခေါင်းကြီး ငုံ့ကာ စကားမပြောနိုင်၊ တခုခုကို တွေးနေ သလို ရှိနေ၏။ ရန်စုံမှာ စိတ်မရှည်တော့ပြီ။

“ဘာတွေ စိတ်မချမ်းမသာ ဖြစ်နေတာလဲ နောင်ကြီး။ ဘာလဲ၊ အိမ်က လူတွေကများ ဘာပြောလိုက်ကြလို့လဲ”

“မပြောပါဘူးဗျာ။ ကျွန်တော့်မှာ နောင်ကြီး ကျေးဇူးတွေ အများကြီးပါ။ သွေးရင်း သားရင်းလိုလည်း သဘောထားတယ်။ ဆိုတော့ ပြောစရာလေး ရှိပေမယ့် ပြောလို့ ကောင်းရဲ့လား မသိဘူး”

“နောင်ကြီးကလည်း သူစိမ်းတွေ ကျနေတာပဲ။ ဘာပဲဖြစ်ဖြစ် ပြောချလိုက်စမ်းပါ”

“နောင်ကြီးကတော့ တနေ့တနေ့ ရုံးတာဝန်ပဲ ခေါင်းထဲ ထည့်ပြီး အိမ်ကထွက်သွား တာပဲ။ နောင်ကြီး ကျောကွယ်ရာမှာ ဘာတွေဖြစ်နေလဲ မသိဘူးနော်။ အစ်မက လူကောင်း မဟုတ်ဘူးဗျ သိလား။ မသင်္ကာနေတာတော့ ကြာပြီ။ ဒါပေမဲ့ မပြောရက်လို့။ ကနေ့ မနက်ကမှ တပ်အပ်တွေ့လို့ လာပြောတာ”

“ကျုပ်နောက်စေ့မှာမှ မျက်စိမှ မပါဘဲဗျာ။ ဘယ်မြင်ပါ့မလဲ။ ပြောပါဦး၊

ဘယ်သူလဲ”

“ဟိုတလောက ဆုတောင်းပွဲ လာလုပ်ပေးတဲ့ သျှင်ဟိုက်ကို သိတယ်မဟုတ်လား။ အဲဒီကတည်းက ဒီလူယုတ်မာနဲ့ အစ်မနဲ့ မျက်စပစ်နေကြတာ တွေ့လိုက်တယ်။ နောက် နှစ်ရက်လောက်နေတော့ တရားနာမယ်လို့ ဆိုပြီး ဦးလေးနဲ့ အစ်မနဲ့ ကျောင်းကို သွား ကြတယ်။ ပြန်လာတော့ နှစ်ယောက်စလုံးဆီက စိမ်ရည်နံ့တွေ ရတယ်။ ပြီးတော့ မနက် မနက်ဆို နိဗ္ဗာန်ဆော်က နောက်ဖေးပေါက်ကို လာပြီး ကြေးစည်ထုတယ်။ ဆန်းပါတယ်လို့ ထင်နေတာ။ မနက်က ထကြည့်မိတော့မှ လား လား အဲဒီ လူယုတ်မာက ခေါင်းမှာ ပဝါ ပတ်လို့ အိမ်ထဲက ထွက်လာတာ တွေ့လိုက်ရတယ်။ ဒီလို မိန်းမပျက်ကို ဘာများ မက်နေ တာလဲဗျာ”

ရန်စုံမှာ ယမ်းပုံမီးကျ ဖြစ်လေ၏။ “ခွေးမ၊ မိုက်ရိုင်းလိုက်တာ”

“စိတ်ထိန်းပါ နောင်ကြီး။ ဒီညတော့ ဘာမှ မပြောနဲ့။ နဂိုအတိုင်းပဲ နေလိုက်။ မနက်ဖြန် ညကျမှ တာဝန်ကျတယ်လို့ ပြောသွားပြီး သန်းခေါင်လောက်မှ ပြန်လာပြီး အိမ်ရှေ့တံခါးကို ခေါက်ပေါ့။ ဒီလူယုတ်မာက နောက်ဖေးပေါက်က ပြေးမှာပဲ။ ကျွန်တော် စောင့်ဖမ်းပြီး နောင်ကြီးကို အပ်ပါ့မယ်”

“ဒီအကြံ ကောင်းတယ်”

“သတိထားနော်။ ဒီည စကားမမှားမိစေနဲ့”

“မနက်ဖြန် ညကျမှ တွေ့ကြမယ်”

နှစ်ခွက် သုံးခွက်လောက် ထပ်သောက်ကြပြီးနောက် ငွေရှင်းကာ ဆိုင်အောက်ထပ်သို့ ဆင်းခဲ့ကြ၏။ ကိုယ့်လမ်းကိုယ်သွားမည် လုပ်နေကြစဉ် တပ်ဗိုလ်လေးငါးဦး ရောက်လာပြီး ရန်စုံကို လှမ်းအော်ခေါ်လိုက်ကြ၏။

“ရှာလိုက်ရတာ နှံ့နေတာပဲဗျာ။ မြို့ဝန်မင်းက သူ့ပန်းခြံထဲမှာ စောင့်နေတယ်။ ကျူပ် တို့နဲ့ တုတ်သိုင်း ပြခိုင်းမလို့တဲ့။ လာ မြန်မြန် သွားကြမယ်”

“မြို့ဝန်မင်း ခေါ်နေတယ်၊ သွားရဦးမယ်။ နောင်ကြီး ပြန်နှင့်တော့”ဟု ရန်စုံက ပြော၏။ ရှိဇူလည်း ဆိုင်ပြန်ရောက်လျှင် သိမ်းဆည်းပြီး သူ့အခန်းတွင် နားနေ၏။ ရန်စုံလည်း မြို့ဝန်ဆီသို့ သွားကာ တုတ်သိုင်းသရုပ်ပြ နှစ်ကွက် သုံးကွက် ကစားပြ၏။ မြို့ဝန်က သဘော ကျသွားပြီး စိမ်ရည်ခုနစ်အိုး ဆုချ၏။ ပွဲပြီးသော်လည်း လူစုမကွဲသေးဘဲ ကျန်အရာရှိများက ခေါ်သွားသဖြင့် ရန်စုံလည်း ပါသွားလေ၏။ မိုးချုပ်သော် ကောင်းကောင်းမူးနေသော ရန်စုံကို အိမ်လိုက်ပို့ ကြရ၏။

လိုက်ပို့သူများကို ကျေးဇူးစကားပြောကာ တိမ်ယဉ်သည် ယင်အဲနှင့် နှစ်ယောက် တွဲကာ ရန်စုံကို အိမ်ပေါ်သို့ ခေါ်တင်ခဲ့ရ၏။ မီးအိမ်ကိုလည်း ထိန်နေအောင် ထွန်းလိုက်၏။ ခုတင်ပေါ်တွင် ထိုင်နေသော ရန်စုံကို အစေခံမလေးက ဖိနပ်ချွတ်ပေး၏။ တိမ်ယဉ်ကလည်း ခေါင်းပေါင်းကို ချွတ်ပေးမည်ဟု လက်ကို လှမ်းလိုက်ရာ ရန်စုံဒေါသကို ဆွပေးလိုက်သလို ဖြစ်သွား၏။ တိမ်ယဉ်ကို လက်ညှိုးငေါက်ငေါက် ထိုးကာ ဆဲ၏။

"ပခြုပ်သည်မ၊ ငါ နင့်ကို သတ်မယ်။ ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး"

တိမ်ယဉ်မှာ ကြောက်လှသဖြင့် အာစေးထည့်ထားသလို ဖြစ်နေ၏။ ရန်စုံကို အိပ်ရာ ပေါ်သို့ အသာလှဲချပေးကာ ချော့မော့ ပွတ်သပ်ပေးနေ၏။ ရန်စုံမှာ ခေါင်းနှင့် ခေါင်းအုံး ထိသည်နှင့် အိပ်ပျော်သွားလေ၏။ သို့သော် နှုတ်မှ တတွတ်တွတ် ရွတ်နေဆဲဖြစ်၏။

"မိန်းမယုတ် နင့်လင်ငယ်က ကျားပါးစပ်ထဲကို တံတွေး ထွေးထည့်ဝံ့တယ်ပေါ့။ နင် နင် သိစေ့မယ်"

တိမ်ယဉ်မှာ အသက်ပင် ပြင်းပြင်း မရှူဝံ့ဘဲ တညလုံး စောင့်နေ၏။ အရုဏ်တက် လောက်တွင် ရန်စုံ နိုးလာပြီး ရေတောင်း၍ တိမ်ယဉ်က ရေတခွက် ခပ်ပေး၏။ မီးအိမ်မှာ မီးမငြိမ်းသေးပေ။ ရန်စုံက ရေကို သောက်လိုက်ပြီး -

"အဝတ်လည်း လဲမထားပါလား။ မအိပ်သေးဘူးလား"

"ရှင့်ကိုယ်က ဟောင်နေတာပဲ။ ရှင် အန်ချမှာ ကြောက်လို့ အဝတ်လည်း မလဲရဘူး။ ခုတင်ခြေရင်းမှာပဲ လှဲနေတာ"

"ငါ ဘာတွေ ပြောမိသေးလဲ"

"ရှင်က မူးပေမယ့် သွေးမဆိုးတတ်ပါဘူး။ အိပ်ပဲပျော်သွားတာ။ ဒါပေမဲ့ ညတုန်း ကတော့ စိတ်ပူမိတာပေါ့"

"ငါလည်း နောင်ကြီး ရှိဇူနဲ့ မသောက်ဖြစ်တာ ကြာပြီ။ နည်းနည်းပါးပါး ချက်ပြုတ် ထားလိုက်ဦး။ သူ့ကို သောက်ရအောင် ခေါ်မလို့"

ခုတင်အောက် ခြေနင်းခုံလေးတွင် ထိုင်ရင်း တိမ်ယဉ်က မျက်ရည်များ စီးကျလာ လေရာ တချက်ရှိုက်လိုက်၏။

"ညက ငါ မူးသွားတယ် မိန်းမရေ။ ဒါပေမဲ့ မင့်ကို ငါ ဘာဒုက္ခပေးလို့လဲ တိတ်ပါကွာ" တိမ်ယဉ်က သူ့မျက်စိတွေပေါ်ကို လက်ဝါးများဖြင့် အုပ်လိုက်ကာငိုချင်ယောင်ဆောင် နေ၏။ ရန်စုံ မေးသော်လည်း ပြန်မဖြေပေ။

ရန်စုံက ခုတင်ပေါ်သို့ ထူတင်လိုက်ကာ အတင်း ထပ်မေး၏။

“စာရေးကြီးနဲ့ အိမ်ထောင်ချပေးတုန်းက တသက်လုံး ပေါင်းရမယ်လို့ ထင်ခဲ့တာပေါ့။ သူ စောစော သေမယ်လို့ ဘယ်ထင်ပါ့မလဲ။ ဒီတော့လည်း ရှင့်ကို ထပ်ယူမိတာပေါ့။ ရှင်က စိတ်ကောင်းရှိတယ်၊ သတ္တိရှိတယ်၊ သူရဲကောင်းကြီးလေ။ ဒါပေမဲ့ ရှင်က ကျွန်မကို မစောင့် ရှောက်ပါဘူး”

“အဓိပ္ပာယ် မရှိတာပဲကွာ။ ဘာလို့ မစောင့်ရှောက်ရမှာလဲ။ ပြောစမ်း၊ မင်းကို ဘယ်သူ လာစော်ကားလဲ”

“အစကတော့ ရှင့်ကို မပြောဘဲ နေမလို့ပဲ။ ရှင်က ဘာမှ လုပ်မပေးဘဲ နေမှာ စိုးလို့လေ။ ပြောချင်နေတာတော့ ကြာပြီ”

“ဘယ်ကောင်လဲ ပြောစမ်းကွာ”

“ပြောပါ့မယ်တော်။ သိပ်တော့လည်း ရှူးရှူးရှဲရှဲ ဖြစ်မသွားနဲ့ဦး။ ရှိဇူကို သွေးညီနောင် လို့ ရှင်ခေါ်လာကာစကတော့ ရိုးရိုးပဲ။ နောက်တော့ သူက စ လာတယ်။ ရှင် တာဝန်ကျတဲ့ ညတွေဆို “နောင်ကြီးတော့ အိမ်ပြန်မလာပြန်ဘူး။ အစ်မတယောက်တည်း အိပ်ရတာ မပျင်းဘူးလား” တဲ့။ ဂရုမစိုက်ဘဲ နေပေမယ့် မရဘူး။ သူက ထပ်ထပ်ပြီး စ လာတယ်။ မနေ့ မနက်က အိမ်နောက်ဖေးမှာ ကျွန်မရင်သားတွေကို လာစမ်းတယ်။ အစ်မ ကိုယ်ဝန်ရှိနေ လားတဲ့။ သူ့လက်ကို ဖယ်ပစ်လိုက်ပေမယ့် အော်တော့ မအော်လိုက်ဘူး။ အိမ်နီးချင်းတွေ ကြားရင် ရှင့်ကို လှောင်ကြမှာစိုးလို့။ ရှင်က အိမ်နောက်ကျရောက်လာတော့လည်း သောက် ထားတာ အန်ဖတ်ဆို့တော့မယ့် အတိုင်းပဲ။ ကျွန်မ ဘယ်လိုပြောရမလဲ။ သူ့ကို မုန်းလိုက် တာမှ အပိုင်းပိုင်းဖြစ်အောင်ကို ကိုက်ပစ်ချင်တာ။ ဒါကိုပဲ ရှင်က နောင်ကြီးရှိဇူလေး ဘာလေးနဲ့ ခေါ်နေလိုက်တာ”

ရန်စုံကို ဒေါသက ဝါးမျိုလိုက်လေပြီ။

“ကျားရဲ့ ရုပ်ပုံကို ကြည့်ရင် အရေပြားပဲ မြင်ရပြီး အရိုးတွေကိုတော့ မမြင်ရဘူး”တဲ့။ စကားပုံရှိတယ်။ မျက်နှာကို ကြည့်ရုံနဲ့ နှလုံးပုပ်နေတာကို ဘယ်မြင်ရမလဲ။ ဒီကောင်က သျှင်ဟိုက်အကြောင်း လုပ်ဇာတ်တွေတောင် ခင်းနေလိုက်တာ။ ဒီကောင်က ငကြောက်ပဲ။ မင်းက ပြန်မပြောရဲအောင် မင့်ကို သူက အရင် အပုပ်ချတာပဲ”

ရန်စုံသည် မပြီးနိုင်သေးချေ။

“ငါ့ညီအရင်းမှ မဟုတ်တာ။ မောင်းထုတ်ပစ်လိုက်မယ်။ ဒါမှ ရန်အေးမှာ”

မနက်လင်းသော် ယောက္ခမကို သွားပြော၏။ "သတ်ထားပြီးတဲ့ ဝက်တွေကို ဆားသာ သိပ်ထားလိုက်တော့။ ဒီနေ့က စပြီး ဒီအလုပ်ကိုလည်း မလုပ်တော့ဘူး"

ထို့နောက် ဆိုင်သို့ သွားကာ စားပွဲများ၊ ခုံများကို ရိုက်ချိုးပစ်လိုက်၏။

ရှိဖူလည်း အသားများကို ချိတ်ဆွဲမည်ဟု ထွက်လာပြီး ဆိုင်ကို ဖွင့်လိုက်ရာ အကျိုးအပဲ့ များနှင့် ဖြောင်းဆန်နေသည်ကို တွေ့ရ၏။ ပါးနပ်သူဖြစ်သည့်အတိုင်း အခြေအနေမှန်ကို ချက်ချင်းပင် ရိပ်စားမိကာ ပြုံးလိုက်၏။

"ရန်စုံတော့ စိမ်ရည်မူးလို့ ကျွဲခိုးပေါ်သွားပြီ။ သူ့မိန်းမက ငါ့ကိုပြန်ပြီး ရန်တိုက်လိုက် ပြီပေါ့။ ဒါကြောင့် ဆိုင်ကို ပိတ်တာပဲပေါ့။ ငါက သွားရှင်းပြနေလည်း သူ့အထုပ်စုတ်ကို ဖြေပြရုံပဲ ရှိတယ်။ နောက်တလှမ်း ဆုတ်ပြီး အကြံထုတ်ဦးမှပဲ"

အခန်းထဲသို့ ပြန်ဝင်ကာ ပစ္စည်းများကို သိမ်း၏။ ရန်စုံမှာ သူ့ကို အားနာသဖြင့် ရုံးကို စောစောထွက်သွားနှင့်လေပြီ။ အထုပ်ကို ထမ်း၍ ဓားမြှောင်ကို ခါးတွင် ထိုးကာ ပန်ထံသို့ သွားနှုတ်ဆက်၏။

"ဦးလေးတို့ အိမ်မှာနေတာ ကြာသွားပြီဗျာ။ နောင်ကြီးလည်း ဆိုင်ကို ပိတ်လိုက်ပြီ ဆိုတော့ ကျွန်တော်လည်း သွားရတော့မယ်။ ဒီစာရင်းတွေမှာ အသေးစိတ် ပါတယ်။ ကျွန်တော့်အတွက် တချပ်တပြားကို သိုဝှက်ထားရင် မိုးကြိုးပစ်ပါစေဗျာ"

ပန်မှာ သမက်စကားကို မပယ်နိုင်သဖြင့် ရှိဖူကို မတားနိုင်ပေ။ ရှိဖူလည်း အနားရှိလမ်းလေးတလမ်းမှ ထမင်းဆိုင်တခုတွင် အခန်းငှားကာ အကြံထုတ်နေ၏။

"ရန်စုံက ငါ့သွေးညီနောင်ပဲ။ သူ့ကိစ္စကို ငါ ရှင်းမပေးရင် သူ သေလမ်းရောက်သွား လိမ့်မယ်။ သူ့မယားကို သူ ယုံပြီး ငါ့ကို အပြစ်မြင်နေပေမယ့် ခုလောလောဆယ် ရှင်းပြ လို့လည်း မရသေးဘူး။ သက်သေအထောက်အထား ပြနိုင်မှ ဖြစ်မယ်။ ဒီတခါ သူ ထောင်မှာ တာဝန်ကျရင် အရုဏ်မတက်ခင် သွားပြီး ချောင်းရမယ်။ တွေ့ကြသေးတာပေါ့ကွာ"

နောက်နှစ်ရက်လောက်နေသော် ရန်စုံတို့ အိမ်နားတွင် မယောင်မလည် လုပ်နေရာမှ ထောင်စောင့်လူငယ်တဦး ရန်စုံ၏ အိပ်ရာလိပ်နှင့် ထွက်သွားသည်ကို တွေ့လိုက်ရ၏။

"ဒါဖြင့် သူ ဒီည တာဝန်ကျတာပဲ။ ဒီညတော့ အလုပ်ဖြစ်မှာပဲ"

ထမင်းဆိုင်သို့ ပြန်ကာ အိပ်လိုက်ပြီး စတုတ္ထယံတွင်မှ ထ၏။ ဓားမြှောင်ကို ခါးမှာ ထိုးကာ ထမင်းဆိုင်မှ အသာထွက်လာခဲ့ပြီး ရန်စုံတို့

အိမ်နောက်ဖေးပေါက်အနီးတွင် မှောင်ရိပ်ခို၍ စောင့်နေ၏။ ပဉ္စမယံ ရောက်သောအခါ ကြေးစည်ကို လက်မှာဆွဲကာ နိဗ္ဗာန်ဆော်တဦး ရောက်လာ၏။ လမ်းကြားအဝတွင် ရပ်ကာ ဘေးဘယ်ညာကို ကြည့်၏။ ရှိဇူလည်း သူ့နောက်ကို ဟုတ်ခနဲ ရောက်သွားကာ ဓားမြှောင်ကို သူ့လည်ပင်းပေါ်တွင် တင်ထားလိုက်၏။

"မလှုပ်နဲ့။ အသံတချက် ထွက်တာနဲ့ အသက်ပါ ပါသွားမယ်။ အဟုတ်ပြောတာ။ ပြောပါဦး၊ ဟိုဘုန်းကြီးက ဘာခိုင်းထားလဲ"

"ချမ်းသာပေးပါ သူရဲကောင်းကြီးရယ်။ ပြောပြပါ့မယ်"

"မြန်မြန်ပြော"

"သျှင်ဟိုက်က ဒကာကြီး ပန်ရဲ့ သမီးနဲ့ ငြိနေကြတယ်။ သူက ညတိုင်း လာတယ်။ တံခါးဝမှာ အမွှေးတိုင် ထွန်းထားရင် ဝင်လို့ ရပြီ ဆိုတဲ့ သဘောပဲ။ ပဉ္စမယံကျရင် ကျုပ်က လာပြီး ကြေးစည်ထုပေးရတယ်။ အဲဒါက သူ့ကို ထွက်လာဖို့ လာပြောတာပဲ"

"အခု သူ ဘယ်မှာလဲ"

"အိမ်ထဲမှာ အိပ်နေတယ်။ ကြေးစည်ထုရင် ထွက်လာလိမ့်မယ်"

"ပေးစမ်း ဒီကြေးစည်။ အဝတ်တွေလည်း ချွတ်စမ်း"

ရှိဇူက ကြေးစည်ကို ဆွဲယူလိုက်ပြီး အဝတ်ချွတ်နေသော နိဗ္ဗာန်ဆော်၏ လည်ပင်းကို ဓားမြှောင်ဖြင့် ဖြတ်ဆွဲလိုက်၏။ ထို့နောက် နိဗ္ဗာန်ဆော်၏ အဝတ်များကိုထပ်၍ ဝတ်ကာ ကြေးစည်ထုရင်း လမ်းကြားကို ဝင်ခဲ့၏။

ကြေးစည်သံ ကြားရသည်နှင့် ရဟန်းတုလည်း အိပ်ရာမှ လူးလဲထပြီး အဝတ်များကို လွှားခနဲ ဝတ်ကာ အောက်ထပ်သို့ ပြေးဆင်းခဲ့၏။ ယင်အဲက နောက်ဖေးပေါက်ကို ဖွင့်ပေး လိုက်သဖြင့် လမ်းကြားထဲသို့ တိုး၍ ထွက်လိုက်၏။ ရှိဇူမှာ ကြေးစည်ထု၍ ကောင်းနေဆဲ။

"ဒီလောက်တောင် ထုရသလား" ဟု ရဟန်းတုက သွားကြားမှ လေထွက်သံမျှဖြင့် ကြိမ်းမောင်း၏။

သူ့နောက်မှ လိုက်လာသော ရှိဇူက ဘာမှ ပြန်မပြော။ ရုတ်တရက် ရဟန်းတုကို မြေပေါ်သို့ တွန်းချလိုက်ပြီး ဖိထားလိုက်၏။

"အသံထွက်ရင်တော့ အသတ်ပဲ။ မင့်အဝတ်တွေ အရင်ချွတ်မယ်"

ရပဟန်းတုမှာ ရှိဇူကို မှတ်မိသဖြင့် ရုန်းလား အော်လား မလုပ်ရဲပေ။ ရှိဇူလည်း အဝတ်ကို တစမကျန်အောင် ချွတ်ပစ်လိုက်ပြီး ဓားမြှောင်ဖြင့် လေးငါးချက် ထိုးကာ ကိစ္စတုံးလိုက်၏။ ဓားမြှောင်ကို နိဗ္ဗာန်ဆော်အနီးတွင် ချထားလိုက်ပြီး ထိုသူနှစ်ယောက်၏ အဝတ်များကို အထုပ်ထုပ်ယူကာ ပြန်ခဲ့၏။ ထမင်းဆိုင်တံခါးကို အသာဖွင့်၍ ဝင်ပြီး အသာပြန်ပိတ် လိုက်ကာ အိပ်ရာဝင်ခဲ့၏။

ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ဤမြို့တွင် နံနက်စောစော ထကာ ဆန်ပြုတ်ရောင်းသော အဘိုးအိုဝန် ဟူ၍ ရှိ၏။ ဆန်ပြုတ်အိုးများကို ထမ်းပိုးနှင့် ထမ်းကာ မီးအိမ်တလုံးကိုလည်း ဆွဲလာကာ နောက်မှ လည်း သူငယ်လေးတယောက်လည်း ပါလာ၏။ အဘိုးအိုလည်း အလောင်းများကို ခလုတ် တိုက်ကာ လဲကျသွားရာ ဆန်ပြုတ်များမှာလည်း လမ်းပေါ်မှာ ဖွေးဖွေးလှုပ်သွားလေ၏။

"အမူးသမားတွေ လဲနေတာ" ဟု ကောင်လေးက မှတ်ချက်ပြု၏။

သွေးများကို စမ်းမိသဖြင့် အဘိုးအိုလည်း အသံကုန် ကုန်းအော်မိလိုက်ပြီး ယောင်တိယောင်ကန်း ဖြစ်နေ၏။ အနီးအနား အိမ်များမှ လူများ နိုးလာကြကာ တံခါးဖွင့်ကြ၊ ဆင်းလာကြ၊ မီးခတ်ကာ မီးထွန်းကြ၏။ လမ်းပေါ်တွင်ကား 'သွေးဆန်ပြုတ်" နှင့် လူသေ နှစ်လောင်းကို တွေ့ရလေ၏။ အဘိုးအိုလည်း ရုံးသို့ ခေါ်သွားခြင်း ခံရလေ၏။

အကျိုးဆက်ကား ကောင်းကင်မှ မိုးကြိုးစက်များ ကျလာကာ မြေအတွင်းမှ မီးလျှံများ ထွက်လာခြင်းပင် ဖြစ်၏။ ဆန်ပြုတ်သည် အဘိုးအို ဤအမှုမှ မည်သို့ လွတ်သွားပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄၆

ရန်စုံသည် ကျောက်စိမ်းခန်းဆီးတောင်တွင် ဒေါသအလျောက် ပြုမိခြင်း

ရှိဖူက ချူမိသားစုထမင်းဆိုင်ကို မီးတိုက်ပစ်ခြင်း

အဘိုးအိုဝန် ရောက်သွားချိန်တွင် ကျီစုမြို့ဝန်မှာ ရုံးဖွင့်ခါစသာ ရှိသေး၏။ အိမ်မှီးချင်းတို့က မြို့ဝန်ရှေ့တွင် ဒူးထောက်ကာ လျှောက်ကြ၏။

"ဒီအဘိုးကြီးက ဆန်ပြုတ်တွေကို လမ်းပေါ်မှာ သွန်ချထားတယ်။ ကျွန်တော်တို့ ထွက်ကြည့်တော့ ဆန်ပြုတ်တွေထဲမှာ အလောင်းနှစ်လောင်းကို တွေ့ရတယ်။ တလောင်းက ဘုန်းကြီး၊ တလောင်းက နိဗ္ဗာန်ဆော်ပဲ။ နှစ်လောင်းစလုံး အဝတ်မပါဘူး။ နိဗ္ဗာန်ဆော် ဘေးမှာတော့ ဒီဓားကို တွေ့ခဲ့ရတယ်"

အဘိုးကြီးကလည်း လျှောက်၏။

"ကျွန်တော်က နေ့တိုင်းပဲ အရုဏ်တက်မှာ ဆန်ပြုတ်ထွက်ရောင်းနေကျပါ။ ဒီနေ့ မနက်မှာတော့ နည်းနည်း ပိုစောပါတယ်။ ကူဖို့ မျောက်လောင်းလေးတယောက်လည်း ပါလာပါတယ်။ သေသေချာချာ မကြည့်ဘဲ လျှောက်သွားမိတာနဲ့ ခလုတ်တိုက်ပြီး လဲပါရောလား။ ဆန်ပြုတ်အိုးတွေ၊ ပန်းကန်တွေလည်း ကွဲကုန်ပြီ။ ကျွန်တော့်ကို သနားပါ အရှင်။ သွေးသံအလူးလူးနဲ့ အလောင်းတွေ မြင်ရတော့ ဘယ်နေနိုင်တော့မှာလဲ။ အော်မိတော့ တာပေါ့။ ဒါနဲ့ပဲ သူတို့ကဖမ်းပြီး ဒီကို လာပို့တာပါပဲ။ အရှင့်ဉာဏ်အမြော်အမြင်ကြီးကြီးနဲ့ စုံစမ်းစစ်ဆေးပြီး ရှင်းလင်းပေးပါ"

မြို့ဝန်က သူ၏ထွက်ချက်ကို ယူခိုင်းလိုက်ကာ ခရိုင်ရဲဝန်နှင့် ရဲအဖွဲ့ဝင်တို့ကို အခင်း ဖြစ်သည့်နေရာသို့ အဘိုးအိုနှင့် ရပ်ကွက်သားများနှင့်အတူ သွားစေ၏။ အလောင်းကို စစ်ဆေးပြီး ပြန်လာ သတင်းပို့ကြ၏။

"အသတ်ခံရတဲ့ ဘုန်းကြီးက ကျေးဇူးဖြစ်ဒါဝန်ကျောင်းက ဖေရုဟိုင်းကိုယ်တော်ပါ။ သူ့ဘေးက အလောင်းကတော့ ဟူတောက်ပါ။ ကျောင်းနောက်က ဇရပ်မှာ နေတဲ့ နိဗ္ဗာန် ဆော်ပေါ့။ ဘုန်းကြီးကတော့ ကိုယ်တုံးလုံးနဲ့ ဓားဒဏ်ရာနဲ့ ထိုးထားတဲ့ ဒဏ်ရာ သုံးလေး ချက်နဲ့ သေနေတာပါ။ လူသတ်လက်နက်ကိုတော့ ဟူတောက်ဘေးမှာ တွေ့ရတယ်။ သူ့ကို လည်း လည်လှီးထားတယ်။ ဟူတောက်က ဘုန်းကြီးကို ဓားနဲ့ ထိုးပြီးမှ သူ့ကိုယ်သူ သတ်သေသွားတာ ထင်ရှားပါတယ်။ အပြစ်ဒဏ်ခံရမှာ ကြောက်လို့ ဖြစ်မှာပါ"

မြို့ဝန်လည်း ကျောင်းမှ အခြားဘုန်းကြီးများကို ခေါ်ကာ မေးသည်။ သို့သော်လည်း ဘာသတင်းမှ မရပေ။ သူလည်း မဆုံးဖြတ်နိုင်အောင် ရှိနေ၏။ ရှေ့ဖတ်စာရေးကြီးက ဝင်၍ အကြံပေးလေ၏။

"ဘုန်းကြီးက ကိုယ်တုံးလုံးနဲ့ဆိုတော့ နိဗ္ဗာန်ဆော်နဲ့ နှစ်ယောက် မဟုတ်တရုတ်တွေ လုပ်ခဲ့တာပဲ ဖြစ်ရမယ်။ အဲဒါနဲ့ သေအောင် သတ်ကြ ပုတ်ကြခဲ့တာ ဖြစ်ရမယ်။ ဆန်ပြုတ် သည်ကြီးနဲ့ကတော့ ဆိုင်မယ့်ပုံ မရှိဘူး။ ရပ်ကွက်သားတွေကိုလည်း ပြန်လွှတ်လိုက်ပြီး အမိန့်ကို စောင့်ခိုင်းထားလိုက်ပေါ့။ အလောင်းတွေကိုတော့ ကျောင်းကိုအပ်ပြီး သင်္ဂြိုဟ် ခိုင်းလိုက်ပေါ့။ သူတို့အချင်းချင်း သတ်ကြတာလို့ ဆုံးဖြတ်လိုက်တယ်လို့ ကြေညာလိုက် ပေါ့။ ဒါဆို ဒီအမှု ပြီးပြီ"

"ငါတို့လည်း ဒီလိုလုပ်မှာပါကွ" ဟု မြို့ဝန်က သဘောတူ၏။ ထို့နောက် လိုအပ်သလို အမိန့်များကို ထုတ်ပြန်၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ဤ လူသတ်မှုသတင်းမှာ မြို့ပေါ်တွင် ချက်ချင်းပင် ပျံ့နှံ့သွားလေ၏။ အားအားယားယား နေသူ ကာလသားများက အောက်ပါ စာချိုးကို စပ်ကြ၏။

ဝတ်လစ်စလစ်နဲ့ ခေါင်းတုံးပြောင်

မိန်းမချောရဲ့ ချစ်တဲ့ မောင်။

သွေးအိုင်ထဲမှာ မှောက်လို့လဲ

ရဟန်းကောင်းတွေ အရှက်ခွဲ။

နှင်းတွေဝေတဲ့ ချောက်ထဲမှာ

ကျားစာ သွားကျွေးပစ်လိုက်ပါ။

ကျောင်းထိုင်ကိုယ်တော် ဘာတွေ သင်

တစက်လေးမှ သူ နားမဝင်။

သေရွာက သူ့အမေလည်း

ခေါင်းတုံးပြောင်ကြောင့် မျက်နှာမည်း။

ကဗျာဆရာပေါက်စများကလည်း ဤဇာတ်လမ်း၏ အနံ့ကို ရသွားရာ အောက်ပါ ကဗျာများကို ကလောင်ကွန့်ကာ စပ်ကြလေ၏။

တနေ့တခြား ရဟန်းများသည်

ကျင့်ဝတ်ပျက်ပြား ဖောက်ပြားလာသည်။

မိန်းမချောနဲ့ အုံးစက်ရာမှီ

သေသေပဲ မခွဲလိုတော့သည်။

ငယ်ငယ်ကြီးကြီး ရဟန်းတွေသည်

လမ်းကြိုလမ်းကြား လျှောက်သွားနေပြီ။

လျှာချောင်သူတယောက် စကားပွေလီ

သျှင်ဟိုက်လည်း သေပွဲဝင်ရပြီ။

ကျီစုတမြို့လုံး ဤအကြောင်းကိုသာ ဆွေးနွေးနေကြ၏။ တိမ်ယဉ်မှာ ကြောက်လှ သဖြင့် ကျောက်ရုပ်ကြီးလို ငိုင်ငိုင်ကြီး ထိုင်နေတတ်၏။ ဘာမှလည်း ဖွင့်မပြောနိုင်ဘဲ ကျိတ်၍သာ ဆွေးနေရ၏။

ရဟန်းတုနှင့် နိဗ္ဗာန်ဆော် အသတ်ခံရကြောင်း လာသတင်းပို့စဉ်က ရန်စုံသည် မြို့ဝန် ရုံးတွင် ရှိနေ၏။ ဘာဖြစ်ခဲ့ပြီဟုလည်း သဘောပေါက်သွား၏။

“ဒါ ရှိဇူလက်ချက်ပဲ။ သူ့ကို အထင်လွဲမိတာ မှားတယ်။ ဒီနေ့ နည်းနည်း အားတယ်၊ သူ့ကို သွားတွေ့ပြီး အကြောင်းစုံကို သိအောင် လုပ်ဦးမှပဲ”

တံတားကို ဖြတ်နေစဉ် နောက်မှ လှမ်းအော်သံကို ကြားလိုက်ရ၏။

“နောင်ကြီး ဘယ်ကိုလဲဗျ”

ရန်စုံလည်း လှည့်ကြည့်လိုက်ရာ ရှိဇူကို တွေ့ရ၏။

“နောင်ကြီးကို လိုက်ရှာနေတာဗျ”

“ကျွန်တော့်အခန်းကို လိုက်ခဲ့လေ။ စကားပြောကြရအောင်”

အခန်းသို့ ရောက်သော် ရှိဇူက မေး၏။

“ကဲ၊ ဘယ်လိုလဲ နောင်ကြီး။ ကျွန်တော် လိမ်ပြောသလားဗျာ”

“ကျုပ်ကို ဗွေမယူပါနဲ့ဗျာ။ အမှားကြီး မှားခဲ့မိပါတယ်။ စိမ်ရည်မှုးမှုးနဲ့ ပါးစပ်က ထွက် သွားမိတယ်။ ဒီကောင်မက ကျုပ်ကို အရူးလုပ်သွားတယ်ဗျ။ နောင်ကြီးအကြောင်းကိုလည်း သူပြောတာ တော်တော်ဆိုးတယ်။ အဲဒါ နောင်ကြီးကို တောင်းပန်ချင်လို့ ဒီနေ့လာခဲ့တာ”

“ကျွန်တော်က ဘာမှလည်း မတတ်တဲ့ အရေးမကြီးတဲ့ ကောင်ပါ။ ဒါပေမဲ့ ရိုးသား ဖြူစင်မှုကတော့ အပြည့်အဝ ရှိပါတယ်။ လက်သီးပုန်းလည်း မထိုးတတ်ဘူး။ နောင်ကြီးကို သူ ဒုက္ခပေးမှာကိုပဲ ပူမိတယ်။ ကျွန်တော့်မှာ သက်သေတွေ ရှိပါတယ်”

ရှိဇူက သူ ချွတ်ယူလာသော အဝတ်များကို ပြ၏။

“အလောင်းတွေက ချွတ်ယူလာတာ”

အဝတ်များကို ကြည့်ရင်း ရန်စုံလည်း ဒေါသမီး တောက်လာပြန်၏။

“ခွင့်လွှတ်ပါ နောင်ကြီး။ ဒီညဲ ဒီ ပခြုပ်သည်မကို အမှုန့်မကြိတ်ရရင် ကျုပ်တော့ တစစီ ပေါက်ကွဲသွားလိမ့်မယ် ထင်တယ်”

ရှိဇူက ရယ်လိုက်ပြီး-

“လုပ်ပြန်ပြီ နောင်ကြီးကလည်း၊ နောင်ကြီးက အစိုးရမှာ လုပ်နေပြီးတော့ ဥပဒေကို မသိဘူးလားဗျာ။ လက်ပူးလက်ကြပ် မမိဘဲနဲ့ သူ့ကို သတ်လို့ မရဘူးလေ။ ပြီးတော့ ကျွန်တော်က လီဆယ်ပြောနေတာ ဖြစ်ရင်လည်း ဖြစ်မှာပေါ့။ အပြစ်မဲ့တဲ့ သူတယောက်ကို သတ်မိနေဦးမယ်ဗျာ”

“ဒါပေမဲ့ လွှတ်ထားလို့တော့ မဖြစ်ဘူး”

“ဒီမှာ နောင်ကြီး။ တကယ့် ယောက်ျားဆိုတာ ဒီလိုလုပ်ရမယ်ဗျ”

“ဘယ်လိုလဲ”

“ဒီမြို့အရှေ့ဘက်မှာ ကျောက်စိမ်းခန်းဆီးတောင် ဆိုတာရှိတယ်။ တော်တော် လူပြတ် တဲ့ နေရာပါ။ မနက်ဖြန်ကျရင် သူ့ကိုပြောပြပါ။ ငါ အမွှေးတိုင် မပူဇော်ဖြစ်တာ ကြာပြီ၊ သွားကြရအောင်ပေါ့။ သူ့ကို ညာပြီး တောင်ပေါ်ကို ခေါ်ခဲ့။ လမ်းတဝက်မှာ ကျွန်တော် စောင့်နေမယ်။ ပြီးတော့ ယင်အဲလည်း ခေါ်ခဲ့ဦး။ အဲဒီမှာ မျက်နှာစုံညီတွေ့ပြီး အဖြစ်မှန် တွေကို မေးကြတာပေါ့။ ပြီးမှ သူ့ကို ဖြတ်စာမှာ လက်မှတ်ထိုးခိုင်းပြီး ကွာလိုက်ပေါ့။ ဒီအကြံ မကောင်းဘူးလား နောင်ကြီး”

“မလိုပါဘူးဗျာ။ နောင်ကြီး သူနဲ့ ရှင်းမှန်း ကျုပ် သိပါတယ်။ ဒီကောင်မက သက်သက် ပလီခဲ့တာ”

“မဟုတ်သေးဘူးလေဗျာ။ သူ ဘယ်လို စီစဉ်တယ်ဆိုတာ နောင်ကြီးကို ကြားစေချင် သေးတယ်”

“နောင်ကြီးက သိပ်ပညာရှိတာပဲ။ နောင်ကြီးစကားကို နားမထောင်မိတာ

မှားတယ်။ နက်ဖြန်ကျရင်တော့ ဒီမိန်းမပျက်ကို ကျိန်းသေ ခေါ်ခဲ့မယ်”

“အဲဒီမှာ ကျွန်တော်ရောက်မနေရင်တော့ ပြောခဲ့သမျှ မဟုတ်ဘူးလို့သာ မှတ်လိုက်တော့”

ရန်စုံသည် ရုံးသို့ ပြန်ခဲ့လေ၏။ ထိုနေ့ည အိမ်ပြန်ရောက်သောအခါ ခါတိုင်းလိုပင် ရိုးရိုးကိစ္စများကို ပြောဆို၏။ နောက်တနေ့ နေထွက်တွင် အိပ်ရာမှ အထတွင်မှ “ညက ငါ အိပ်မက်မက်တယ်။ ငါ့ကို အမွေးတိုင် လာမပူဇော်လို့ ဆိုပြီး မြို့ရှေ့ကွေ့ဘုံကျောင်းစောင့် နတ်က ဆူလိုက် ပူလိုက်တာ။ ငါ ဒီနေ့ အားတယ်။ အဲဒါ မင်းနဲ့ ငါ သွားကြမယ်”

“ရှင့် ဘာသာ ရှင် သွားပါလား။ ကျွန်မ လိုက်ဖို့ လိုလို့လား”

“မင့်ကို ရရင် လာပူဇော်မယ်လို့ ငါက ကိုးထားတာလေ။ မင်း လိုက်ခဲ့မှ ဖြစ်မယ်”

“ရတယ်လေ။ သက်သတ်လွတ် မနက်စာစားပြီး ရေနွေးနဲ့ ချိုးပြီးရင် သွားကြတာပေါ့”

“ငါ အမွေးတိုင်နဲ့ စက္ကူပိုက်ဆံတွေ သွားဝယ်လိုက်မယ်။ ပြီးတော့ မင်းစီးဖို့ ဝေါပါ ငှားခဲ့မယ်။ မင်းက ရေချိုးပြီး ဖြီးလိမ်းထားပေါ့။ ငါ မကြာပါဘူး။

“ယင်အဲလည်း ပြင်ဆင်ထားဖို့ ပြောထားလိုက်ဦး”

ရန်စုံသည် ထမင်းဆိုင်သို့ သွားကာ ရှိဇူကို ပြောပြ၏။

“ကျုပ်တို့ မနက်စာ စားပြီးရင် ထွက်ခဲ့မယ်။ နောက်မကျစေနဲ့”

“ဝေါသမားတွေကို တောင်တဝက်မှာ ထားခဲ့ပြီး နောင်ကြီးတို့ပဲ လမ်းလျှောက်လာခဲ့။ လူပြတ်တဲ့ နေရာတခုမှာ စောင့်နေမယ်။ အပြင်လူတွေ မပါစေနဲ့”

ရန်စုံလည်း အမွေးတိုင်များ၊ စက္ကူပိုက်ဆံများကို ဝယ်ကာ အိမ်ပြန်လာပြီး မနက်စာကို စား၏။ တိမ်ယဉ်မှာ လုံးဝ မရိပ်မိပေ။ သူ့ကိုယ်သူ စွဲမက်စရာကောင်းအောင် ဖြီးလိမ်း ပြင်ဆင်ထား၏။ ယင်အဲလည်း သူနှင့် လိုက်မည် ဖြစ်၏။ ဝေါထမ်းသမားများမှာလည်း တံခါးဝတွင် စောင့်နေပေပြီ။

“အိမ်ကို ကြည့်ထားလိုက်ပါဦး ဦးလေး” ဟု သူ့ယောက္ခမကို မှာ၏။ “ကျွန်တော်က တိမ်ယဉ်တို့၊ ယင်အဲတို့နဲ့ အမွေးတိုင် သွားထွန်းလိုက်ဦးမယ်”

"များများထွန်းပြီး စောစောပြန်ခဲ့" ဟု ပန်က ပြော၏။

တိမ်ယဉ်လည်း ဝေါပေါ်တက်ထိုင်ပြီး ယင်အဲနှင့် ရန်စုံတို့က နောက်မှလိုက်ကာ ထွက် ခဲ့ကြ၏။ အရှေ့တံခါးမှ ထွက်သောအခါ ရန်စုံက ဝေါထမ်းသမားများကို တိုးတိုးလေးကပ်၍ ပြော၏။

"ကျောက်စိမ်းခန်းဆီးတောင်ကို သွားဗျာ။ ကျုပ် ပိုက်ဆံထပ်ပေးမယ်"

နာရီနှစ်မောင်းခန့်အတွင်းတွင် တောင်ပေါ်သို့ စတက်နေကြလေပြီ။ ကျောက်စိမ်း ခန်းဆီးတောင်မှာ ကျီစုမြို့အရှေ့တံခါးမှ လီ နှစ်ဆယ်ခန့် ဝေး၏။ တောင်ပေါ်တွင် သင်္ချိုင်းဂူ ဟောင်းများ ပြန့်ကြဲလျက် ရှိကာ ယင်းတို့၏ အထက်ပိုင်းတွင်မူ မြက်ရိုင်းတောများနှင့် ပေါ်ပလာပင်များသာ ရှိလေ၏။ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းဟူ၍ မရှိပေ။

လမ်းတဝက်တွင် ဝေါကို ရပ်ခိုင်းလိုက်၏။ တံခါးကို ဖွင့်၊ ကန့်လန့်ကာကို မကာတိမ်ယဉ်ကို ဆင်းခိုင်း၏။

"ဒီတောင်ပေါ်မှာ ဘာလုပ်ဖို့လဲ" ဟု တိမ်ယဉ်က မေး၏။

"လမ်းလျှောက်မယ်။ ဝေါသမားတွေ ဒီမှာ နေခဲ့ကြ။ တက်လိုက်မလာကြနဲ့။ ကျုပ် စိမ်ရည်ဖိုးပေးမယ်"

"ရပါတယ် ဆရာရဲ့။ ဆရာ့အပြန်ကို စောင့်နေပါ့မယ်"

ရန်စုံသည် တိမ်ယဉ်နှင့် ယင်အဲတို့ ရှေ့မှ တက်လာခဲ့ရာ ရှိုဇူ ထိုင်စောင့်နေသည်ကို တွေ့ရ၏။

"အမွေးတိုင်တွေကော " တိမ်ယဉ်က မေး၏။

"တယောက်ကို ပေးပြီး ကြိုလွှတ်ထားတယ်"

ရှေးသင်္ချိုင်းဝင်းတခုထဲသို့ တိမ်ယဉ်ကို တွဲ၍ ခေါ်လာခဲ့၏။

ရှိုဇူလည်း သူ့အထုပ်၊ ခေါ်မြောင်၊ တုတ်ရှည်တို့ကို သစ်ပင်တပင်ခြေရင်းတွင် ချထား ခဲ့ပြီး ရှေ့သို့ ထွက်ခဲ့၏။

"အစ်မ၊ ဂါရဝ ပြုပါတယ်"

"ဒီမှာ ဘာလာလုပ်နေတာလဲ မောင်လေး" ဟု တိမ်ယဉ်က အလန့်တကြားမေး၏။

"အစ်မကို စောင့်နေတာ"

"တိမ်ယဉ်၊ မင်းပဲ ပြောခဲ့တာလေ။ ငါ့ညီက မင်းကို ရိုသဲ့သဲ့ ပြောတယ်ဆို၊ ရင်သားတွေ လည်း လာစမ်းတယ်ဆို။ ကိုယ်ဝန်ရှိနေလားလို့ မေးတယ်ဆို။ ကဲ၊ အခု ငါတို့ပဲ ရှိတယ်။ ဘယ်သူမှ မရှိဘူး။ မင်းတို့နှစ်ယောက် ဒီကိစ္စကို ရှင်းကြစမ်း"

"အိုး၊ ပြီးတာတွေ ပြီးပါစေတော့။ အလကား ရှင်"

"အစ်မ ဘာပြောတယ်" ဟု ဆိုကာ ရှိဇူက တိမ်ယဉ်ကို စူးစူးစိုက်စိုက်ကြည့်နေ၏။

"ရှင်တို့မှာ လုပ်စရာရှားလို့ ချေးခြောက် ရေနှူးနေတာလား"

"အစ်မ ဒီမှာ ကြည့်စမ်း" ဟု ဆိုကာ အထုပ်ကို ဖြေ၍ ရဟန်းတုနှင့် နိဗ္ဗာန်ဆော်တို့၏အဝတ်များကို ပြ၏။

"ဒါတွေကို မှတ်မိလား"

တိမ်ယဉ့်မျက်နှာမှာ ရဲသွားပြီး စကားလည်း ပြန်မပြောနိုင်တော့ပေ။ ရှိဇူက သူ့ ခေးမြှောင်ကို ဝိုးခနဲ ဆွဲထုတ်ကာ ရန်စုံသို့ ကမ်းလိုက်၏။

"ယင်အဲကို မေးကြည့်"

ရန်စုံက အစေခံမလေး၏ ပခုံးကိုဖိကာ ဒူးထောက်ချလိုက်၏။

"ပြောစမ်း သောက်ကောင်မလေး။ သူ ဘုန်းကြီးကျောင်းမှာ ဘယ်လို ဇာတ်လမ်း စခဲ့ လဲ။ အမွှေးတိုင်အိုးနဲ့ ဘာလုပ်ကြတာလဲ။ ပြီးတော့ နိဗ္ဗာန်ဆော်ကကော ဘာလို့ အိမ် နောက်ဖေးမှာ လာအော်နေရတာလဲ။ ပြောစမ်း၊ ဒါမှ နင် လွတ်မှာနော်။ လိမ်လို့ကတော့နုပ်နုပ်စဉ်းပစ်မယ်"

"ဒီကိစ္စမှာ ကျွန်မ မပါပါဘူးရှင်။ မသတ်ပါနဲ့။ အကုန်ပြောပြပါ့မယ်။ ကျွန်မတို့ ဘုန်း ကြီးကျောင်းလေးထဲမှာ စိမ်ရည် သောက်ကြတယ်။ ပြီးတော့ စွယ်တော်ကို ဖူးဖို့ ဆိုပြီး ကျောင်းအပေါ်ထပ်ကို တက်ကြတယ်။ အဲဒီမှာ မမက ဦးလေး အမူးပြေပြီလားဆိုတာ ပြန် ကြည့်ခိုင်းတယ်။ နောက်နှစ်ရက်နေတော့ နိဗ္ဗာန်ဆော်ကြီး နောက်ဖေးပေါက်မှာ လာအလှူ ခံတယ်။ မမက ကျွန်မကို ကြေးပိုက်ဆံပြား တသီ သွားယူခိုင်းပြီး ပေးလိုက်တယ်။ ကြည့်ရ တာ သူတို့ ကြိုပြီး စီစဉ်ထားတဲ့ ပုံပဲ။ ဆရာ ထောင်မှာ တာဝန်ကျတဲ့ ညတိုင်း အမွှေးတိုင် တတိုင် ထွန်းပြီး နောက်ဖေးပေါက် အပြင်မှာ ချထားရတယ်။ အဲဒါဆို သူလာလို့ ရပြီလို့ နိဗ္ဗာန်ဆော်ကြီးက သွားပြောတာပဲ။ သျှင်ဟိုက်က လူလို ဝတ်ပြီး ခေါင်းမှာ ပဝါစည်းပြီး ရောက်လာတယ်။ မမက ပဝါကို ဆွဲဖြုတ်လိုက်လို့ ကျွန်မလည်း

ခေါင်းတုံးမှန်း သိလိုက် ရတာ။ မနက်အရုဏ်တက်မှာ နိဗ္ဗာန်ဆော်သံ ကြားရင် နောက်ဖေးပေါက်ကို ကျွန်မက ဖွင့်ပေးရတယ်။ သူ ပြန်ထွက်ရအောင်လို့။ မမက လက်ကောက်ပေးမယ်၊ အဝတ်အစား သစ်တွေ ပေးမယ်ဆိုလို့ ကျွန်မလည်း လိုက်လုပ်မိတာပါ။ မသေခင်အထိ လာခဲ့တာ ဆယ်ကြိမ် မကဘူး။ မမက ဆံထုံးတချောင်း နှစ်ချောင်းပေးပြီး အစ်ကိုရှိဇူက သူ့ကို ရိသဲ့သဲ့ လုပ်တယ်လို့ ဆရာ့ကို ပြောခိုင်းတယ်။ ဒါပေမဲ့ ကျွန်မမှ မမြင်ရတာ ကျွန်မ ဘယ်ပြောရဲ ပါ့မလဲရှင် ။ ဒါတွေ အကုန်လုံး အမှန်တွေပါ။ တလုံးမကျန် အမှန်တွေပါရှင့်”

“ကဲ၊ နောင်ကြီး ကြားတဲ့အတိုင်းပဲ။ သူ့ကို ကျွန်တော် ဘာမှ သင်မထားဘူးနော်။ ကဲ၊ အစ်မကိုလည်း မေးကြည့်ပါဦး”

ရန်စုံလည်း တိမ်ယဉ့် လည်ပင်းကို ညှစ်ကာ-

“ခွေးမ ယင်အဲကတော့ ဝန်ခံသွားပြီ။ နင်လည်း ငြင်းမယ်မကြံနဲ့။ အမှန်အတိုင်း ပြောရင် နင့်အသက် ချမ်းသာမယ်”

“ကျွန်မ မှားမိပါတယ်ရှင်။ လင်မယားဆိုတာလေးကို ထောက်ပြီး ခွင့်လွှတ်ပါ”

“နောင်ကြီး ဒီလို ရောမချစေနဲ့။ အသေးစိတ် ပြောခိုင်း”

“ပြောစမ်း ခွေးမ၊ မြန်မြန်ပြောစမ်း”

တိမ်ယဉ်လည်း ကြံရာမရတော့သဖြင့် သူနှင့် ရဟန်းတုတို့ ငြိစွန်းခဲ့ကြပုံကို တရား နာသော ညတွင် မျက်စိကျခဲ့ပုံမှ စ၍ ဖြစ်သမျှကို နတ်သံနှော၍ ပြောပြရလေ၏။

“ဘာလို့ ငါက မင့်ကို ရိသဲ့သဲ့ လုပ်တယ်လို့ နောင်ကြီးကို ပြောရသလဲ” ရှိဇူက မကျေမချမ်းနိုင်သေးပေ။

“ဟိုညက သူ မူးလာတော့ ကံကောင်းလို့ ဒီကိစ္စ မပေါ်တာ။ နင် သိလို့ သူ့ကို ပြော လိုက်တာ မဟုတ်လား။ အရင်ကတည်းက ဒီလိုဖြစ်လာရင် ဒီလိုပြောလို့ ဘုန်းဘုန်းက သင်ထားပြီးသား။ ဒါနဲ့ ငါက ပြောလိုက်တာပေါ့။ တကယ်တော့ နင် ဒီလို မလုပ်ခဲ့ပါဘူး”

“ဒီမိန်းမပျက်ခေါင်းက ဆံထုံးတွေ ဖြုတ်လိုက်၊ အဝတ်တွေလည်း ချွတ်လိုက်၊ ကျုပ် ဒီကောင်မကို စီရင်မယ်”

ရှိဇူက သူပြောတိုင်း လိုက်လုပ်၏။ တိမ်ယဉ်၏ အဝတ်ကို ဖြဲဆုတ်ကာ ထိုအဝတ်စ နှင့်ပင် သူ့ကို သစ်ပင်တွင် ချည်ထားလိုက်၏။ ခေါင်းမှ ဆံထုံးများ၊

စိုက်ဘီးများကိုလည်း ဆွဲဖြုတ်လိုက်ကာ ဓားကို ကောက်ကိုင်လိုက်၏။

"ဒီကောင်မလေးလည်း ချန်မထားနဲ့။ ကျူပင်ခုတ် ကျူငုတ်မကျန်စေနဲ့တဲ့"

"ဟုတ်တယ် နောင်ကြီး။ ဓားပေးစမ်းပါ။ ကျုပ်ကိုယ်တိုင် လုပ်မယ်"

ယင်အဲက ပါးစပ် ဟ ကာ အော်မည်ပြုသော်လည်း မအော်လိုက်ရတော့ပေ။ ရန်စုံက တချက်တည်းဖြင့် သူ့ကိုယ်ကို နှစ်ပိုင်း ပိုင်းချလိုက်၏။

"မောင်လေး"

သစ်ပင်တွင် တုပ်ချည်ထားသော တိမ်ယဉ်က လှမ်းအကူအညီတောင်း၏။

"နင့်အစ်ကိုကို ပြောပါဦးကွယ်"

"အစ်မ၊ နောင်ကြီးက သူကိုယ်တိုင် စီရင်မယ်တဲ့"

ရန်စုံက တိမ်ယဉ်ဆီသို့ သွားကာ လျှာကို ဆွဲထုတ်လိုက်ပြီး ဖြတ်လိုက်ကာ နှုတ်ပိတ် လိုက်၏။

ဒေါသဖြင့် သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ-

"မိန်းမပျက်၊ ငါ့ကို နင် လှည့်စားတယ်။ မင်းပြောတာ ငါ ယုံမိတော့မလို့။ ငါ့ညီနာမည် ကိုလည်း ဖျက်တယ်။ အခွင့်သာရင် ငါ့တောင် သတ်မှာပဲ။ ငါက လက်ဦးမှ ဖြစ်မယ်၊ မင်းလို ခွေးမမှာ ဘာနှလုံးမျိုးရှိလဲ မသိဘူး။ ငါ ကြည့်ဦးမယ်"

တိမ်ယဉ့်ဗိုက်ကို ရင်ညွန့်မှ ချက်အထိ ခွဲချလိုက်ကာ ကလီစာများကို နုတ်ယူ၏။ ယင်းတို့ကို သစ်ကိုင်းတခုပေါ်တွင် ပစ်တင်လိုက်ပြီး တိမ်ယဉ်၏ အလောင်းကို ခုနစ်ပိုင်း ပိုင်းလိုက်၏။ လက်ဝတ်လက်စားများကိုလည်း ထုတ်ကာ ယူလိုက်၏။

"ဒီမှာ နောင်ကြီး၊ ကျုပ်တို့တော့ သေသေချာချာ စဉ်းစားမှဖြစ်မယ်။ ဖောက်ပြန်တဲ့ ကောင်နဲ့ကောင်မကိုတော့ ရှင်းလိုက်ပြီးပြီ။ ဘယ်မှာသွားပြီး ခိုရမလဲပဲ စဉ်းစားရတော့မယ်"

"ကျွန်တော့်မှာ ခိုစရာ နေရာရှိတယ်ဗျ။ အဲဒီကို သွားကြမယ်"

"ဘယ်မှာလဲဗျာ"

"နောင်ကြီးလည်း လူသတ်လိုက်တယ်။ ကျွန်တော်လည်း သတ်လိုက်တယ်။ ဒီတော့ လျှံရှန်းတောင်ကို သွားပြီး ဝင်ကြမယ်။ တခြား ဘယ်မှာ ရှိသေးတော့လို့လဲ"

“ဒါပေမဲ့ အဲဒီမှာ လူခံမရှိဘူးလေ။ ကျုပ်တို့ကို ဘယ်လက်ခံပါ့မလဲ”

“ချိန်မှန်မိုး ဆိုတဲ့ စုန်ကျန့်က ရဲရင့်သူတွေကို စုနေတယ် ဆိုတာ လူတိုင်းသိတာပဲ။ နောင်ကြီးရော ကျွန်တော်ရော လက်နက်ရေးမှာ ကျွမ်းကျင်တာပဲ။ သူတို့ လက်ခံကြမှာပါ”

“အဆိုးဆုံးကို မျှော်ထားတာက ပိုကောင်းမယ်ကွာ။ ကျုပ်က အရာရှိ ဖြစ်နေတယ်။ သူတို့က ယုံမှာမဟုတ်ဘူး။ လက်ခံမှာ မဟုတ်ဘူး”

ရှိဇူက ရယ်လိုက်၏။

“စုန်ကျန့်ကိုယ်တိုင်ကကော စာရေးကြီး လုပ်ခဲ့တာပဲလေ။ ကျွန်တော်ပြောမယ်၊ ဘာမှ ပူစရာ မရှိဘူး။ နောင်ကြီးနဲ့ တွေ့တဲ့နေ့က ဘုံဆိုင်ထဲမှာ ကျွန်တော်နဲ့ သောက်နေတဲ့ လူ နှစ်ယောက်ကို မှတ်မိသေးလား။ တယောက်ကတော့ ခြေမြန်တော်ထိုက်ချုံတဲ့။ နောက် တယောက်ကတော့ ဗိုလ်ကျားသစ်ရန်လင်းတဲ့။ သူတို့နှစ်ယောက်လုံးက လျှံရှန်းကျူတော ထဲကပဲ။ နောက်ပြီး ထိုက်ချုံကတောင် ကျွန်တော့်ကို ငွေတဆယ်သား ပေးခဲ့သေးတယ်။ အဲဒါ ကျွန်တော့်အထုပ်ထဲမှာ ခုထိ ရှိသေးတယ်။ ဒီတော့ သွားလို့ ရတာပေါ့ဗျာ”

“ကျုပ် အိမ်ပြန်ပြီး ငွေလေးဘာလေး ယူလိုက်ဦးမယ်”

“ဒီလိုမလုပ်နဲ့လေ နောင်ကြီးရာ။ မြို့ထဲပြန်သွားလို့ အဖမ်းခံရရင် ဘယ်လို လွတ် အောင် လုပ်မလဲ။ နောင်ကြီးမှာ ဆံထုံးတွေ လက်ဝတ်လက်စားတွေ ပါတယ်။ ကျွန်တော့် မှာလည်း ငွေတွေ ရှိနေတာပဲ။ ဘာလို့ ထပ်သွားယူနေဦးမှာလဲ။ နောင်ကြီး တခုခုဖြစ် သွားရင် ကျွန်တော် ဘယ်လို ကယ်နိုင်ပါ့မလဲ။ ဒီကိစ္စက တော်ကြာ ပေါ်သွားတော့မှာဗျ။ ကြာကြာဆွဲနေလို့ မတော်ဘူး။ တောင် ဟိုဘက်ခြမ်းကို သွားကြရအောင်”

ရှိဇူက အထုပ်ကိုကောက်ထမ်းကာ တုတ်ရှည်ကို ကောက်၏။ ရန်စုံသည်လည်း ဓား မြှောင်ကို ခါးမှာထိုးကာ မိုန်းကြီးကို ယူ၏။ သူတို့ သချိုင်းမှ စထွက်စဉ်မှာပင် လူတယောက် သည် ထင်းရှူးပင်နောက်မှ ထွက်လာ၏။

“ကဲ၊ ဒီတော့ နွေခင်းကြောင်တောင်မှာ လူသတ်ပြီး လျှံရှန်းကျူတောကို သွားကြ တော့မယ်ပေါ့” သူက လှမ်းအော်လိုက်၏။

“ကျွန်တော် နားထောင်နေတာ ကြာပြီ” ဟု ပြောရင်းက ဒူးထောက်ကာ ဂါရဝပြုလေ၏။”

ရန်စုံက သူ့ကို သိ၏။ ထိုသူ၏ အမည်မှာ ရှီကျန့် ဖြစ်ကာ

ကောက်ထန်နယ်မှ ပြောင်း လာသူ ဖြစ်၏။ အိမ်မိုးတခုမှ တခုသို့ ခုန်နိုင်၊ ပျံနိုင်၏။ တံတိုင်းများ၊ စည်းရိုးများကို ဖက် တက်နိုင်၏။ မြင်းများကို ခိုးတတ်၏။ ထို့ကြောင့် ရုံးမင်းရှေ့သို့ ရောက်ဖူး၏။ သို့သော် ရန်စုံက ဝင်ကယ်ထားလိုက်၏။ သူ့ကို ခွေးလှေးဟု ခေါ်ကြ၏။

"ဒီမှာ ဘာလာလုပ်နေတာလဲ" ရန်စုံက ဟောက်၏။

"ကျွန်တော်က အလုပ်ပြတ်နေတာ နည်းနည်းကြာပြီ ထောင်မှူးကြီးရဲ့။ ဒီတော့ ဒီသင်္ချိုင်းတွေမှာများ ဘာရှိမလဲလို့ ဖောက်ဖို့ လိုက်ကြည့်နေတာ။ ထောင်မှူးကြီးတို့ ကိုယ့် ကိစ္စ ကိုယ်ရှင်းနေလို့ အသာကြည့်နေလိုက်တာ။ ပြီးမှ လျှံရှန်းကျူတောကို သွားပြီး ဝင်ကြ မယ်လို့ ကြားလိုက်ရတယ်လေ။ ဒီမှာဆိုရင်တော့ ကျွန်တော့်မှာ လုပ်စရာက ကြက်ခိုးဖို့၊ ခွေးသတ်ဖို့ပဲ ရှိတယ်။ ဘာမှ အဖြစ်ရှိမှာ မဟုတ်ဘူး။ ကျွန်တော့်ကိုပါ ခေါ်သွားရင် ဘယ် လောက်ကောင်းလိုက်မလဲနော်ဗျာ။ ကျွန်တော့်ကို ခေါ်သွားပါလားဗျာ"

"မင်းကလည်း ရဲရင့်သူတွေထဲမှာ ပါတာပဲ။ သူတို့က လူစုနေတာဆိုတော့ တယောက် တိုးလည်း ငြင်းလွှတ်မှာ မဟုတ်ပါဘူး၊ လိုက်ခဲ့လေ" ဟု ရှီဗူက ခေါ်၏။

"ကျွန်တော် လမ်းကောင်းကောင်း သိတယ်"ဟု ခွေးလှေးက ပြော၏။

ခွေးလှေးနောက်မှ လိုက်ကာ လျှံရှန်းတောင်ဘက်သို့ ထွက်ခဲ့ကြလေ၏။

ဝေါထမ်းသမားနှစ်ယောက်အကြောင်းကို ပြန်ကောက်ရဦးမည်။ သူတို့နှစ်ယောက် လည်း စောင့်ကောင်းကောင်းနှင့် စောင့်နေရာ နေလည်း စောင်းလာပြီး အနောက်ဘက် သို့ပင် ရောက်လာလေပြီ။ ရန်စုံနှင့် မိန်းမနှစ်ယောက်မှာ ပြန်ဆင်းမလာသေး။ စောင့်နေရန် မှာထားခဲ့သော်လည်း မစောင့်နိုင်တော့သဖြင့် တောင်ပေါ်သို့ တက်လာခဲ့ကြရာ ရှေးဟောင်း သင်္ချိုင်းဂူတလုံးအနီးတွင် ကျီးများ အုံနေသည်ကို လှမ်းမြင်ရ၏။ အနီးသို့ ရောက်သောအခါ ကျီးကန်းများသည် လူအူတစကို လုရင်း တအာအာနှင့် ရန်ဖြစ်နေကြသည်ကို တွေ့ရ လေ၏။

ဝေါထမ်းသမားများလည်း ကြောက်ကြောက်နှင့် မြို့သို့ ပြန်ပြေးလာကြကာ ပန်ကို အကြောင်းစုံ ပြောပြကြ၏။ ပန်လည်း မြို့ဝန်ရုံးသို့ ခေါ်သွားလေရာ ရဲမှူးများ၊ ရဲသားများကို လွှတ်လိုက်ကြလေ၏။ သူတို့ ပြန်ရောက်လာပြီး အောက်ပါအတိုင်း အစီရင်ခံကြ၏။

"ပန်ရဲ့သမီး တိမ်ယဉ်အလောင်းကို အပိုင်းပိုင်းခုတ်ထားတာ တွေ့ခဲ့ပါတယ်။ အစေခံမ လေး ယင်အဲလည်း ဂူတခုရှေ့မှာ သေနေတယ်။ အနားမှာတော့ မိန်းမဝတ်

အဝတ်အစား တွေရော၊ ရဟန်းအဝတ်တွေရော နိဗ္ဗာန်ဆော် အဝတ်တွေရော တွေ့ခဲ့ပါတယ် ခင်ဗျ”

မြို့ဝန်လည်း အရင်တရက် နှစ်ရက်က သျှင်ဟိုက်နှင့် နိဗ္ဗာန်ဆော်တို့ အသတ်ခံရသော အမှုကို ပြန်သတိရလာကာ အဘိုးအိုပန်ကို သေသေချာချာ မေးမြန်းလေ၏။ အဘိုးအိုက သျှင်ဟိုက်၏ ကျောင်းတွင် စိမ်ရည်မူးကာ အိပ်ပျော်ခဲ့မိပုံမှ စ ကာ ရှိဖူ ထွက်သွားရသော အဖြစ်အပျက်အထိ ပြောပြ၏။

“ဒါဖြင့် ဒီမိန်းကလေးနဲ့ သျှင်ဟိုက်တို့ ဖောက်ပြန်နေတာ ဖြစ်ရမယ်။ အစေခံမလေးနဲ့ နိဗ္ဗာန်ဆော်ကတော့ ကြုံရာပါတွေပေါ့” ဟု မြို့ဝန်က ဆို၏။

“ဒါနဲ့ပဲ ရှိဖူက မခံနိုင်လို့ နိဗ္ဗာန်ဆော်နဲ့ သျှင်ဟိုက်ကို သတ်လိုက်တာဖြစ်မှာပဲ။ ဒီနေ့ မှာတော့ ရန်စုံက သူ့မိန်းမနဲ့ အစေခံကို သတ်လိုက်တာပဲ ဖြစ်ရမယ်။ ဒီအတိုင်းပဲ ဖြစ်ရ မယ်။ ရန်စုံနဲ့ ရှိဖူကို ဖမ်းပြီး အထောက်အထား ခိုင်လုံအောင် လုပ်ရမယ်” ဝရမ်းပြေးများကို ဖမ်းရန် အမိန့်များ ထုတ်၏။ ဆုငွေများ ပေးမည်ဟုလည်း ကြေညာ ၏။ ဝေါထမ်းသမားများကိုမူ အိမ်သို့ ပြန်ခိုင်းလိုက်ပြီး တရားရုံးအမိန့်ကို စောင့်နေစေ၏၊ ပန်လည်း ခေါင်းများကို ဝယ်ကာ အလောင်းတို့ကို သင်္ဂြိုဟ်လိုက်၏။ ထိုအကြောင်းကိုမူ ဆက်မပြောတော့ပြီ။

ကျီစုမှ ထွက်လာသော ရန်စုံ၊ ရှိဖူ၊ ခွေးလှေးတို့သည် ညတွင် နား၍ နေ့တွင် မှန်မှန်လျှောက် လာခဲ့ရာ ရက်အနည်းငယ်အတွင်း ယွန်ချိုနယ်ထဲသို့ ရောက်လာလေ၏။ ဂန္ဓမာလိုဏ်ကို ထွက်လိုက်သောအခါ ရှေ့တွင် တောင်ကြီးတလုံး ဆီးနေသည်ကို တွေ့ရ၏။ မှောင်စပြုလာ ပြီဖြစ်၍ စမ်းချောင်းလေးနံဘေးတွင် တွေ့ရသော ထမင်းဆိုင်လေးထံသို့ ဦးတည်ကာ လာခဲ့ကြ၏။ ခြံဝသို့ ရောက်သောအခါ စားပွဲထိုးလေးတယောက်သည် တံခါးပိတ်ရန် ပြင်နေသည်ကို တွေ့ရ၏။

“မိုးတောင် ချုပ်နေပြီ၊ လာခဲ့ကြတာ တော်တော်ဝေးတယ် ထင်တယ်” ဟု သူက ဆို၏။

“လီ တရာ ကျော်မလားပဲ” ဟု ခွေးလှေးက ပြန်ဖြေ၏။

စားပွဲထိုးလေးက တံခါးဖွင့်ပေးကာ အခန်းတခန်းကို ပေး၏။ “မီးဖိုပေးရမလား” ဟု လည်း မေး၏။

“ရတယ်၊ ငါတို့ဘာသာ မွှေးလိုက်မယ်”ဟု ခွေးလှေးက ဖြေ၏။

“တခြားဧည့်သည်လည်း မရှိပါဘူး။ ဒီတော့ မီးဖိုပေါ်က ရေနွေးနှစ်အိုးကို ကြိုက်သလို သုံးကြပါ”

“စိမ်ရည်လေး အသားလေးများ မရှိဘူးလား”

“မနက်ကတော့ အသားနည်းနည်း ရှိတယ်။ ဒါပေမဲ့ အနားရွာတွေက လူတွေလာ ဝယ်သွားကြလို့ မကျန်တော့ဘူး။ စိမ်ရည်တအိုးတော့ ရှိသေးတယ်။ ဒါပေမဲ့ မြည်းစရာ တော့ မရှိဘူးပေါ့”

“ကိစ္စမရှိပါဘူး။ ဆန်ငါးခွက်ပဲ ယူခဲ့။ ဒီမှာ ချက်လိုက်မယ်”

ယူလာသော ဆန်ကို ဆေးကာ ခွေးလှေးက ထမင်းချက်၏။ ရှိဇူက ပစ္စည်းများကို နေရာချ၏။ ရန်စုံက စားပွဲထိုးကို စိမ်ရည်ဖိုးအဖြစ် ဆံထိုးတချောင်းကို ပေးကာ ကျန်ငွေ များကို မနက်ဖြန်တွင် ရှင်းပေးမည်ဟု ကတိပြု၏။ စားပွဲထိုးက စိမ်ရည်အိုးကို ယူလာကာ ဖောက်ပေး၏။ ဟင်းသီးဟင်းရွက်ကြော်များကိုလည်း လာချပေး၏။ ရန်စုံနှင့် ရှိဇူတို့ ခြေလက်ဆေးကြောရန် ခွေးလှေးက ရေနွေးတပုံး ယူလာပေးလေ၏။

ထို့နောက် သုံးယောက်သားက စားပွဲထိုးကိုပါ စိမ်ရည်ဝိုင်းတွင် ဝင်ပါရန် ခေါ်လိုက်ပြီး ခွက်ကြီးလေးခွက်ဖြင့် သောက်ကြလေ၏။

တံစက်မြိတ်တွင် မှိန်းလုံကောင်းကောင်း ဆယ်ချောင်းလောက် ထောင်ထားသည်ကို ရှိဇူက သတိထားမိသည်။

“ထမင်းဆိုင်မှာ ဒီ မှိန်းလုံတွေက ဘာလုပ်ဖို့လဲ”

“အဲဒါတွေက သခင်ကြီးရဲ့ ပစ္စည်းတွေလေ”

“သူက ဘယ်လိုလူစားပါလိမ့်”

“ဆရာတို့က ဒီကို မရောက်ဖူးဘူး၊ ဒီကအကြောင်းတွေ မကြားဖူးဘူး ထင်တယ်။ ဟိုတောင်ကြီးကို နဂါးတကောင်တောင်လို့ ခေါ်တယ်။ ဟိုကမ်းပါးကြီးကတော့ နဂါး တကောင် ကမ်းပါးပေါ့။ အဲဒီအပေါ်မှာ ကျွန်တော်တို့သခင်ကြီးရဲ့ စံအိမ် ရှိတယ်လေ။ ပတ်ပတ်လည် လီ သုံးဆယ်က မြေတွေကို ချူမိသားစု အိမ်တော်က ပိုင်တာပေါ့။ သခင်ကြီး ချူမှာ သားသုံးယောက် ရှိတယ်။ ချူ ရဲသုံးဖော်လို့ နာမည်ကြီးတယ်ဗျ။ သခင်ကြီး လက် အောက်မှာ အိမ်ထောင်စု ငါးရာ ခြောက်ရာလောက် ရှိတယ်။ တအိမ်ထောင်ကို မှိန်းလုံ နှစ်စင်းစီ ထုတ်ပေးထားတာဗျ။ ဆရာတို့ ခုရောက်နေတာက ချူမိသားစု ထမင်းဆိုင်ပဲ။ ခါတိုင်းတော့ ဒီမှာ လူ နှစ်ဆယ် သုံးဆယ်လောက် လာစတည်းချနေကျပဲ။ ဒီတော့ ဒီလုံ တွေကို ဆောင်ထားရတာပေါ့ဗျာ”

“ထမင်းဆိုင်မှာ သူတို့က ဘာလာလုပ်တာလဲ”

“ဒီနေရာက လျှံ့ရှန်းကျူတောနဲ့ မဝေးဘူးလေ။ ဒီတောပုန်းတွေက စပါးတွေကို လာလုမှာ စိုးလို့ပါ။ အဲဒါကြောင့် အသင့်ပြင်ထားရတာ”

“ငါ ပိုက်ဆံပေးမယ်လေ။ မှိန်းလုံ့တချောင်းလောက် ရမလား”

“ဟာ၊ မရဘူးဗျ။ မှိန်းလုံ့တိုင်းမှာ သူ့ပိုင်ရှင်ရဲ့ အမှတ်အသားရှိတယ်။ သခင်ကြီးက ရိုက်လိမ့်မယ်ဗျ။ သူက သိပ်တင်းကျပ်တာ”

ရှိုဇူက ရယ်လိုက်ပြီး “နောက်တာပါကွာ၊ လန့်မသွားပါနဲ့။ စိမ်ရည်ထည့်ပါဦး”

“ တော်ပြီဗျာ၊ သွားအိပ်တော့မယ်။ ခင်ဗျားတို့ပဲ သောက်ကြပါတော့။ ကြိုက်သလောက် သာ သောက် က်ကြပါ”

စားပွဲထိုးလည်း ထွက်သွားရာ ရန်စုံတို့လည်း နောက်တကျော့ထပ်၍ လှည့်လိုက်ကြ၏

“အသားလေးများ မစားချင်ကြဘူးလားဗျာ” ခွေးလှေးက စကားစ ၏။

“စားပွဲထိုးပြောတော့ မရှိဘူးဆို။ ဘယ်ကရလာတာလဲ” ရန်စုံက ပြန်မေး၏။

ခွေးလှေးက ရယ်ကျဲကျဲဖြင့် မီးဖိုဆီသို့ သွားကာ အိုးတလုံးထဲမှ ပြုတ်ထားသော ကြက်ဖတကောင်ကို ဆယ်လိုက်၏။

“ဘယ်က ရလာတာလဲ” ရန်စုံက မေး၏။

“နောက်ဖေးပေါက်ကို သွားပြီး အပေါ့စွန့်တာ။ လှောင်ချိုင့်ထဲမှာ တွေ့တာနဲ့ စိမ်ရည် နဲ့ဆို အတော်ပဲလို့၊ တိတ်တိတ်လေး သတ်ပြီး ရေနွေးဖျောပြီး ပြုတ်ထားလိုက်တာ။ ကဲ၊ နောင်ကြီးတို့ စားကြပါဦး”

“မင်းကတော့ တယ် လက်လျင်တာပဲ” ဟု ရန်စုံက ဆိုသည်။

“ကျွန်တော့် ကျွမ်းကျင်မှုက ဒါပဲလေ”

သုံးယောက်သား ရယ်လိုက်ကြပြီး ကြက်ပြုတ်ကို ဖွဲ့ကာ ဖွဲ့ကာ ထမင်းနှင့် စားကြလေ၏။

စားပွဲထိုးသည် တရေးမှ အိပ်ပြီး ပြန်နိုးလာလေ၏။ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိ၍ ဟိုဟိုသည်သည် လျှောက်၍ စစ်သည်။ မီးဖိုချောင် စားပွဲပေါ်တွင် ကြက်မွေးများ၊ အရိုးများ ကို တွေ့လိုက်ရ၏။ ဖိုခွင်ပေါ်မှ အိုးထဲရှိ ရေနွေးများမှာလည်း အဆီဝေ့လျက် ရှိ၏။ ထမင်း ဆိုင်နောက်ရှိ လှောင်ချိုင့်ထဲသို့

သွားကြည့်သောအခါ ပြောင်တလင်းခါနေပြီကို တွေ့ရ လေ၏။ ညော့်သည်သုံးဦး၏ အခန်းသို့ သုတ်သုတ်ပျာပျာနှင့် လိုက်သွားကာ-

"ဒီလိုလုပ်တာ တော်ရော့လားဗျာ" သူက ငေါက်၏။

"ဒီကြက်ဖလေးကို ခိုးပြီး စားရသလား"

"မင်း ဘာတွေ မြင်နေပါလိမ့်။ ဒီကြက်ကို လမ်းက ဝယ်လာတာ။ မင်းတို့ ကြက်ဖကို မြင်တောင် မမြင်ဖူးဘူး"

"ဒါဖြင့် ဘယ်ရောက်သွားလဲ"

"တောကြောင်ပဲ ခုတ်သွားလား၊ စွန်ပဲ သုတ်သွားလား မသိဘူး"

"ခုနလေးကမှ လှောင်ချိုင့်ထဲမှာရှိသေးတယ်။ ခင်ဗျားတို့ မခိုးရင် ဘယ်သူ ခိုးမလဲ"

"အော်ကြီးဟစ်ကျယ်နဲ့ကွာ။ ဘယ်လောက်ကျသလဲ ငါ ပေးမယ်" ရှီဇူက ဝင်ပြော၏။

"ဒီကောင်က အချိန်မှန်မှန် တွန်တာဗျ။ ဒီဆိုင်မှာ သူ မရှိလို့ မဖြစ်ဘူး။ ငွေတဆယ် သားပေးလည်း မရောင်းနိုင်ဘူး။ ကျုပ်ကြက်ကို ပြန်ပေး"

"မင်းက ဘာမို့လို့ လာအော်နေတာလဲ၊ ငါ တပြားမှ မပေးတော့ဘူးကွာ။ မင်း ဘာလုပ်ချင်လဲ ပြော" ရှီဇူလည်း ဒေါသထွက်လာ၏။

စားပွဲထိုးက ရယ်လိုက်ပြီး ခင်ဗျားတို့က ဒီလိုလား။ ကျုပ်တို့ ထမင်းဆိုင်မှာတော့ ဒါမျိုး မရဘူး။ လှုံ့ရှန်းကျူတောက တောပုန်းတွေ ဆိုပြီး အိမ်တော်ကို ဆွဲခေါ်သွားမယ်"

"ငါတို့က တောပုန်းတွေပေါ့။ ဖမ်းသွားပြီး ဆုငွေထုတ်ယူမယ်ပေါ့"

ရန်စုံလည်း စိတ်မရှည်တော့ပြီ။

"ငါတို့က စေတနာကောင်းနဲ့ ပိုက်ဆံပေးမလို့ဟာကို။ ခုတော့ မပေးတော့ဘူးကွာ။ ကဲ၊ ငါတို့ကို ဖမ်းကြည့်လေ"

"သူခိုး သူခိုး" ဟု စားပွဲထိုးလေးက ကုန်း၍ အော်လေတော့၏။

လူကောင်ကြမ်းကြမ်း လေး ငါးယောက်လည်း အခန်းထဲသို့ ပြေးဝင်လာလေ၏။ တယောက်လျှင် လက်သီးတချက်စီဖြင့် ရှီဇူက

ယင်းတို့အားလုံးကို လှဲသိပ်လိုက်၏။ စားပွဲ ထိုးလေးက ထပ်အော်ဦးမည် လုပ်သဖြင့် ခွေးလှေးက သူ့ပါးကို ခပ်ပြင်းပြင်းတချက် ချလိုက်၏။ မျက်နှာမှာ ချက်ချင်း ရောင်တက်လာပြီး အသံတသံမျှ ထပ်ထွက်မလာတော့ ပေ။ လူကြမ်းကြီးများလည်း နောက်ဖေးပေါက်မှ ထွက်ပြေးသွားကြ၏။

"ဒီကောင်တွေ အကူ သွားခေါ်မှာပဲ။ မြန်မြန်စားပြီး သွားကြရအောင်" ရန်စုံက လောဆော်လေ၏။

သုံးယောက်သား ဗိုက်တင်းအောင် စားကြပြီး အထုပ်အပိုးများကို လွယ်ကာ စီးရ သက်သာသော လျှော်ဖိနပ်များကို စီးကြ၏။ သူတို့၏ ခေးမြှောင်များအပြင် မှိန်းလုံ့ တယောက် တချောင်းစီလည်း ယူလိုက်ကြ၏။

"ပေါက်တဲ့ နဖူး မထူးတော့ပါဘူး" ဟု ရှိဇူက ဆိုကာ ကောက်ရိုးတပွေ့ကို ယူကာ မီးဖို တွင် မီးကူးပြီး ထမင်းဆိုင်၏ လေးဖက်လေးတန်ကို လိုက်၍ မီးတို့လေ၏။ လေက ပင့်တိုက် နေသဖြင့် သက်ငယ်မိုးများလည်း ချက်ချင်း မီးစွဲကာ မီးစွယ်များလည်း ညကောင်းကင်ယံ သို့ ချီတက်လာလေ၏။ သုံးယောက်သားလည်း လမ်းမကြီးအတိုင်း လိုက်လာခဲ့ကြ၏။

နာရီနှစ်မောင်းခန့် ချီတက်လာခဲ့သော် သူတို့၏ ရှေ့နှင့် နောက်တွင် မီးတုတ်များ မရေ မတွက်နိုင်အောင် လာနေသည်ကို တွေ့ရလေ၏။ လူ နှစ်ရာခန့်သည် ညာသံပေးကာ ဝိုင်းလာကြ၏။

"စိတ်အေးအေးထား။ လမ်းကျဉ်းလေးတွေအတိုင်း သွားကြမယ်" ဟု ရှိဇူက ဆို၏။ "ဟင့်အင်း၊ လာပေ့စေ။ တယောက်ချင်း ဖြစ်စေ၊ နှစ်ယောက်ပူး ဖြစ်ဖြစ် သတ်ပစ် မယ်။ မိုးလင်းလာရင် ဆက်သွားမယ်" ဟု ရန်စုံက ကန့်ကွက်၏။

သူ ပြောသည့်စကားမှ မဆုံးသေး။ သူတို့ကို လေးဖက်လေးတန်မှ ဝိုင်း၍ တိုက်ကြ လေပြီ။ ရန်စုံက ရှေ့မှ၊ ရှိဇူက နောက်မှာ၊ ခွေးလှေးက အလယ်တွင် အသီးသီး ကာကွယ် ကြ၏။ လာတိုက်သော မြေကျွန်များကို မှိန်းလုံ့ကြီးများဖြင့် တိုက်ကြ၏။ တုတ်ရှည်များ၊ လှံတိုများဖြင့် တက်၍ တိုက်ကြသူများမှာ မည်သို့သော ကြမ္မာနှင့် ကြုံရမည်ကို သိပင် မသိကြရှာ။ ရန်စုံက မှိန်းလုံ့ကြီးကို တချက်ဝှေ့လိုက်ရာ လူတွေ တပြုံကြီး လဲကျသွား လေသည်။ လာတိုက်သူများမှာလည်း သေပြေးရှင်ပြေး ပြန်ပြေးကြ၏။ ရှိဇူက နောက်မှ လိုက်သွားပြီး နောက်ထပ် လေးငါးယောက်ကို ဖြိုလိုက်ပြန်၏။

ဤသို့ အတုံးအရုံး ကျကုန်သည်ကို မြင်ရသော မြေကျွန်များမှာ သူတို့မသေချင် သေးဟု ဆုံးဖြတ်လိုက်ကြလေ၏။ အခြေအနေမှာ မကောင်းလှဟုလည်း သဘောပေါက်သွားကြလေ၏။ ထို့ကြောင့် နောက်လှည့်ကာ

တဟုန်တည်း ပြေးကြလေတော့၏။ သုံး ယောက်သားလည်း ထက်ကြပ်လိုက်သွားလေ၏။ ညာသံများနှင့်အတူ မြက်ခြောက်တော ထဲမှ ကျော့ကွင်းတပ် ဝါးလုံးကြီး နှစ်လုံး ထိုးထွက်လာကာ ခွေးလှေးကို စွပ်၍ ဖမ်းပြီး ချုံတွေထဲသို့ ဆွဲချသွားလေ၏။ ရှိဇူလည်း ချာခနဲလှည့်ကာ လိုက်ကယ်ဖို့ လုပ်၏။ သူ့နောက်မှ နောက်ထပ် ကျော့ကွင်းနှစ်ခု ထပ်ထွက်လာရာ မျက်စိလျင်သော ရန်စုံက သူ့လုံ ကြီးဖြင့် ရိုက်ချလိုက်ပြီး ချုံထဲသို့ ထိုးလိုက်လေ၏။ အော်သံများ ထွက်လာပြီး ချုံခိုတိုက်ခိုက် သူများလည်း အလျင်အမြန် ဆုတ်ခွာသွားလေ၏။ ခွေးလှေးကို ဆွဲသွားသည်ကို မြင်ရသော် လည်း နှစ်ယောက်နှင့် အများ ဖြစ်သောကြောင့် မလိုက်ဝံ့ကြ။

နောက်ဆုံးတွင် လမ်းကြောင်းတခုကိုတွေ့ပြီး ခရီးဆက်ခဲ့ကြ၏။ အဝေးမှ ထိန်ထိန်ညီး နေသော မီးတုတ်များ၏ အရောင်ဖြင့် လမ်းကို လင်းလင်းချင်းချင်း မြင်ရ၏။ ယင်းတို့လည်း အရှေ့ဘက်ကို ဦးတည်ကာ လာခဲ့ကြ၏။

မြေကျွန်များမှာ လိုက်ရှာသော်လည်း မတွေ့တော့သဖြင့် ထိခိုက်သူများကို သယ်ကာ ခွေးလှေးကို လက်ပြန်ကြိုးတုပ်၍ ချူမိသားစု အိမ်တော်သို့ ခေါ်ခဲ့ကြ၏။

ရန်စုံနှင့် ရှိဇူမှာ မိုးလင်းသည်အထိ လျှောက်၍ ကောင်းတုန်း ရှိနေ၏။ ရှေ့တွင် ကျေးရွာဘုံဆိုင်တဆိုင်ကို လှမ်း၍ မြင်ရ၏။

“စိမ်ရည်လေး ဘာလေး သောက်ရင်း လမ်းမေးကြရအောင်” ဟု ရှိဇူက အကြံပြု၏။ ဘုံဆိုင်သို့ ဝင်ကာ လှံကြီးများကို ထောင်ထားလိုက်ပြီး အစားအသောက်များကို မှာကြ၏။ စားပွဲထိုးက အသီးအရွက်ကြော်များ ချပေးကာ စိမ်ရည်ကိုလည်း နွေးပေးလေ၏။ သူတို့ စ၍ သောက်ကြမည် ရှိစဉ်တွင် လူကောင်ကြီးကြီးတယောက် ဝင်လာ၏။ မျက်နှာပြဲကာ မျက်လုံးတောက်ပ၏။ နားရွက်များလည်း ကြီး၏။ ရုပ်ကြမ်းကြီးဖြစ်ကာ အရုပ်လည်း ဆိုး၏။ လက်ဖက်ရည်ကျကျအရောင် ဝတ်ရုံကို ဝတ်ကာ ခေါင်းတွင်လည်း စကြာကွက်များ ပါသော ပဝါကို စည်းထားကာ ခါးတွင်လည်း ပိုးခါးစည်းအဖြူကို စည်းထားပြီး ဆီစိမ် သားရေဖိနပ်ကြီးကို စီးထား၏။

“ဒီပစ္စည်းတွေကို အိမ်တော်ကို ချက်ချင်းပို့ရမယ်” ဟု သူက လှမ်းအော်၏။ ဘုံဆိုင်ရှင် လည်း ပျာပျာသလဲဖြင့် “အားလုံးအသင့်ပါပဲ၊ ခုပဲ ပို့တော့မလို့ပါ” ဟု ဖြေ၏။

“မြန်မြန်လုပ်” ဟု ဆိုကာ ထိုလူလည်း လှည့်ကာ တံခါးဝသို့ ထွက်ခဲ့၏။ ရန်စုံနှင့် ရှိဇူတို့ စားပွဲအနားကို ဖြတ်အသွားတွင် ရန်စုံက သူ့ကို မှတ်မိလိုက်၍-

“မောင်ရင် ဒီမှာ ဘာလာလုပ်နေတာလဲ” ဟု မေးလိုက်၏။ “ငါ့လည်း

တချက်ကြည့် ပါဦးကွာ”

လူကြမ်းကြီးလည်း စိုက်ကြည့်လိုက်ရာမှ မှတ်မိသွားဟန် ပေါ်လာ၏။

“ဒီမှာ ဘာလာလုပ်နေတာလဲ။ ကျေးဇူးရှင်ကြီး” ဟု ဆိုကာ ဒူးထောက်၍ ဂါရဝပြုလေ၏။

ဤလူနှင့် ရန်စိုတို့ တွေ့ဆုံမှုကြောင့် သုံးရွာသားတို့၏ မဟာမိတ်မှာလည်း အချည်းနှီး ဖြစ်ရကာ ကျားတအုပ်၏ ဟိန်းသံအောက်တွင် ကပ်ဘေးကြီး ကျရောက်ခဲ့၏။

ရန်စိုနှင့် ရှိဇူတို့ တွေ့ခဲ့သူမှာ မည်သူပါနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၄၇

လင်းယုန်မာန်သည် အပြစ်လွတ်ရန် ပန်ကြားစာနှစ်စောင် ရေးသားခြင်း ချူမိသားစုအိမ်တော်ကို စုန်ကျန့်က ပထမအကြိမ် တိုက်ခိုက်ခြင်း

ရန်စုံသည် ထိုသူကို ထူလိုက်ကာ ရှိဇူကို လှမ်းခေါ်လိုက်၏။

"ဒီ ညီနောင်က ဘယ်သူလဲ"ဟု ရှိဇူက မေး၏။

"သူ့နာမည်က ထူရှင့်ပါ။ ကျုံရှန့်နယ်က။ သူ့ရပ်က ရပ်ကြမ်းကြီးမို့ ဘီလူးမျက်နှာ လို့လည်း ခေါ်ကြတယ်။ မနှစ်က ကျီစုကို ကုန်ရောင်းဖို့ ရောက်လာတာ။ အတူတူလာတဲ့ ကုန်သည်ချင်း စကားများပြီး သတ်မိလို့ ရုံးတင်ခံရပြီး ကျူပ်ထောင်ကို ရောက်လာတာပေါ့။ သူနဲ့ စကားပြောကြည့်တော့ သူက လက်သိုင်း၊ တုတ်သိုင်းမှာ ကောင်းကောင်း ကျွမ်းကျင် မှန်း သိရတယ်။ ဒါနဲ့ လွတ်အောင် လုပ်ပေးလိုက်တာပဲ။ ဒီနေရာမှာ ပြန်တွေ့ရမယ်လို့တောင် ထင်မထားမိဘူး"

"တာဝန်နဲ့ လာတာလား ကျေးဇူးရှင်ကြီး" ဟု ထူရှင့်က မေး၏။ ရန်စုံက သူ့နားနားကို ကပ်ကာ ပြောပြ၏။

"ငါက ကျီစုက လူတယောက်ကို သတ်မိလို့ လျှံရှန်းကျူတောကို သွားပြီး ပေါင်းမလို့။ ညက ချူမိသားစုထမင်းဆိုင်မှာ ဝင်တည်းတာ။ ပါလာတဲ့ ရှီကျန့်က သူတို့ကြက်ကို ခိုးပြီး သတ်လိုက်တယ်လေ။ ငါတို့လည်း ဝိုင်းစားပစ်လိုက်တာပေါ့။ အဲဒီမှာ စားပွဲထိုးကပြဿနာ ရှာတော့တာပဲ။ ငါတို့လည်း ဒေါပွပြီး ထမင်းဆိုင်ကို မီးတိုက်ပြီး ထွက်ပြေးလာကြတယ်။ နောက်က လူတွေ လိုက်လာတာကို ငါတို့လည်း တော်တော်လေး ဖြိုပစ်လိုက်နိုင်တယ်။ ဒါ ပေမယ့် ရှီကျန့်ကတော့ ကျော့ကွင်းတွေ အစွပ်ခံရပြီး မိသွားတယ်။ ငါတို့လည်း အတင်း ထွက်လာတာ ဒီကိုရောက်တဲ့အထိပဲ။ မင်း ရောက်မလာခင်လေးမှာပဲ လမ်းမေးဖို့ လုပ်နေ ကြတာကွ"

"မပူပါနဲ့ ကျေးဇူးရှင်ကြီး၊ ရှီကျန့်ကို ပြန်ရအောင် လုပ်ပေးပါ့မယ်"

"ထိုင်ကွာ၊ ငါတို့နဲ့ သောက်ပါဦး"

သုံးယောက်သား စိမ်ရည်ထိုင်သောက်ကြလေ၏။ ထူရှင့်က စကားဆက်၏။

"ကျီစုက ထွက်လာကတည်းက ကျေးဇူးရှင်ကြီးရဲ့ မေတ္တာကြောင့် ကျွန်တော်လည်း ကံကောင်းလာတယ်။ ဒီက အရာရှိတယောက်က ကျွန်တော့်ကို

သဘောကျလို့ ဘဏ္ဍာစိုး ခန့်လိုက်တာပဲ။ ခုတော့ သူ့အိမ်မှာ ကျွန်တော်က ခြေသည်လက်သည် ဖြစ်နေပြီ။ ကျွန်တော့် ကို လုံးဝစိတ်ချထားတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အိမ်မပြန်ဖြစ်တော့ဘူး”

“အဲဒီ အရာရှိကြီးက ဘယ်သူလဲ”

“နဂါးတကောင်တောင်ရှေ့မှာ ကမ်းပါးသုံးခု ရှိတယ်။ ကမ်းပါးတခုစီမှာ ရွာတရွာ စီရှိတယ်။ ချူမိသားစုရွာက အလယ်မှာ။ ဟူမိသားစုရွာက အနောက်ဘက်မှာ။ လီမိသားစု ရွာက အရှေ့ဘက်မှာပါ။ ဒီရွာတွေရော စံအိမ်တော်တွေရော ပေါင်းလိုက်ရင် တိုက်နိုင်တဲ့ အင်အားက နှစ်သောင်းလောက်ရှိတယ်။ အဲဒီထဲမှာ ချူမိသားစုကတော့ အတောင့်ဆုံးပေါ့။ ခေါင်းဆောင်သခင်ကြီး ချူမှာ သား သုံးယောက်ရှိတယ်။ ချူရဲသုံးဖော်လို့ နာမည်ကြီးတယ်။ အကြီးဆုံးက နဂါးတဲ့။ အလတ်ကတော့ ကျားတဲ့။ အငယ်ဆုံးကတော့ ကျားပေါက်တဲ့။ သူတို့မှာ လက်နက်သင်ဆရာလွှမ်းတင်ကူဆိုတာ ရှိသေးတယ်။ သူ့ကိုတော့ သံမဏိတောင် ဗုံးလို့ ခေါ်ကြတယ်။ သူ့ကို လူတသောင်းကတောင် မယှဉ်နိုင်ဘူးတဲ့။ အဲဒီစံအိမ်မှာက လက်ရွေးစင် မြေကျွန်နှစ်ထောင်လောက် ရှိတယ်။ အနောက်ဘက်က ဟူစံအိမ်ရဲ့သခင်ကြီး ဟူဆီမှာတော့ ဟူချိန့်ဆိုတဲ့ သားတယောက်ပဲ ရှိတယ်။ သူ့ကျတော့ ကျားပုံလို့ ခေါ်တယ်။ သူလည်း တကယ့်အတိုက်အခိုက်သမားပဲ။ သူ့သမီးကလည်း သိပ်သတ္တိကောင်းတာ။ သူ့ကိုတော့ သံမဏိတာလို့ ခေါ်ကြတယ်။ သူက ဓားရှည်နှစ်လက်ကို ကိုင်တယ်လေ။ ဓား တွေကို ဆန့်ထုတ်လိုက်ရင် ဟိုဘက်ဒီဘက် တတာလောက် ရှိလို့ပေါ့။ သူက မြင်းစီးလည်း ကျွမ်းတယ်”

“ကျွန်တော့်သခင်ကြီးက အရှေ့ဘက် အိမ်တော်ရှင်ပေါ့။ လီယင်းတဲ့။ သူကတော့ သံမဏိမြှပ် သွန်းသံလှံကို ကိုင်တယ်။ သူ့ကျောပေါ်မှာလည်း ပေါက်ဓားငါးလက်ကို ဝှက်ပြီး ဆောင်ထားတယ်။ ခြေလှမ်းတရာက လူကို မှန်အောင် ပေါက်နိုင်တယ်။ မြန်တာမှ မျက်တောင်တခတ်တောင် မကြာဘူး။

“ဒီရွာသုံးရွာက မဟာမိတ် ဖွဲ့ထားကြတယ်။ တယောက်ကို လူဆိုးတွေက လာရန် ရှာရင် ကျန်တဲ့သူတွေက ဝင်ကူကြစတမ်းတဲ့။ လျှံရှန်းကျူတောက တောပုန်းတွေက လာပြီး သူတို့စပါးတွေကို လုမှာကို ကြောက်နေကြတယ်။ ဒါကြောင့်လည်း ကာကွယ်ဖို့ ပြင်ဆင်ထားတာပေါ့။ ကျွန်တော့်သခင်ကြီးဆီကို ခေါ်သွားပြီး ရှီကျန့်ကို ပြန်လွှတ်ပေးဖို့ စာတစောင် ပို့ပေးဖို့ တောင်းပန်ပါ့မယ်”

“မင့် သခင်ကြီးလီယင်းက လင်းယုန်မာန်လို့ ခေါ်ကြတဲ့ သူ မဟုတ်လား” ရန်စုံက စူးစမ်း၏။

“သူပဲပေါ့ဗျာ”

"ကျွန်တော်လည်း ကြားဖူးတယ်။ နဂါးတကောင်တောင်တန်းက လီယင်းဟာ စိတ်ကောင်းရှိတယ်တဲ့။ သူက ဒီမှာ နေတာကိုး။ တကယ့်ယောက်ျား၊ တကယ့်တိုက်ခိုက်ရေး သမားလို့ ပြောကြတယ်ဗျ။ ကျွန်တော်တို့ သူ့ဆီကို သွားကြရအောင်" ဟု ရှိဇူကလည်း ဝင်ပြော၏။

ရန်စုံက ငွေရှင်းရန် ခေါ်သောအခါ ထူရှင့်က အတင်းဝင်၍ ပေးလိုက်လေသည်။ သုံးယောက်သား လီမိသားစု စံအိမ်တော်သို့ ထွက်လာခဲ့ကြ၏။ အိမ်တော်မှာ ခမ်းနားလှ ပေ၏။ မြစ်ကွေ့လေးကို မျက်နှာမူ၍ ဆောက်ထားပြီး ထုံးဖွေးဖွေး သုတ်ထားသော မိုးမခ ပင်ကြီးများ စိုက်ထား၏။ အပင်ကြီးများ၏ ပင်စည်မှာ လူနှစ်ဖက်ထက် ကျော်၏။ ဆွဲ တံတားကို ဖြတ်ပြီး စံအိမ်တံခါးမှ ဝင်ခဲ့၏။ အဝင်ခန်းမ၏ ဝဲယာနှစ်ဘက်တွင် လက်နက်စင် နှစ်ဆယ်စီ ရှိလေရာ စင်ပေါ်မှ လက်နက်များမှာ ပြိုးပြိုးပြက်ပြက် တောက်ပနေလေ၏။

"ခဏလောက် စောင့်ပါ နောင်ကြီး။ ကျွန်တော် သခင်ကြီးကို သွားပြောလိုက်ပါ ဦးမယ်" ဟု ထူရှင့်က ထားခဲ့၏။

ထူရှင့်လည်း ဝင်သွားပြီးနောက် ခဏအကြာတွင် လီယင်းနှင့် ပြန်ထွက်လာခဲ့၏။ ရန်စုံနှင့် ရှိဇူတို့ကို ဧည့်ခန်းသို့ ခေါ်သွားရာ အပြန်အလှန် ဂါရဝပြုကြ၏။ လီယင်းလည်း ဧည့်သည်များကို နေရာထိုင်ခင်းပေးရာ မည်သူက မည်သည့်နေရာတွင် ထိုင်သင့်သည်ဟု ယဉ်ကျေးစွာ ငြင်းကြ ခုံကြရသေး၏။ သို့သော် နောက်ဆုံးတွင်မူ နေရာတကျ ဖြစ်သွား ပေ၏။ လီယင်းက စိမ်ရည်များကို မှာလိုက်၏။

ဧည့်သည်များက ထပ်၍ ဂါရဝပြုကြပြန်၏။ "အရှင့်ကို တောင်းပန်ပါတယ်။ ချူ မိသားစုအိမ်တော်ကို စာတစောင်လောက် ပို့ပေးပါ ခင်ဗျာ။ ရှီကျန့်အသက်ကို ကယ်ပေးပါ။ ဒီကျေးဇူးကို ခုရော နောင်ရော တသက်လုံး မမေ့ပါဘူးခင်ဗျာ" ဟု တောင်းပန်ကြ၏။

လီယင်းလည်း မိသားစု စာသင်ဆရာကို ခေါ်ကာ စာတစောင်ကို နှုတ်မှ ကြောင်း ပေး၏။ ထို့နောက် သူ့တံဆိပ်ကို နှိပ်ကာ လက်ထောက်ဘဏ္ဍာစိုးကို မြင်းလျှင်နှင့် လွှတ် လိုက်ပြီး ခွေးလှေးကို ပြန်ခေါ်လာခိုင်းလိုက်၏။ ထိုသူလည်း စာကိုယူကာ မြင်းလျှင်နှင့် ချက်ချင်း ထွက်သွားလေ၏။ ရန်စုံနှင့် ရှိဇူကလည်း ကျေးဇူးစကားကို ဆိုကြ၏။

"စိတ်မပူကြပါနဲ့ဗျာ" ဟု လီယင်းက နှစ်သိမ့်၏။ "ကျူပ်စာကို ရရင် သူတို့ လွှတ်လိုက် ကြမှာပါ"

ရန်စုံတို့နှစ်ယောက်လည်း ကျေးဇူးစကားကို ထပ်၍ဆိုကြလေ၏။

"ကျုပ်နဲ့ အတွင်းခန်းကို လိုက်ခဲ့ကြပါ။ စောင့်ရင်းနဲ့ နည်းနည်းပါးပါး သောက်ကြ ရအောင်" ဟု အိမ်ရှင်က ဖိတ်ခေါ်၏။

ရန်စုံတို့လည်း ခေါ်ရာနောက်သို့ လိုက်ခဲ့ကြရာတွင် နံနက်စာ ပြင်ထားသည်ကို တွေ့ ရ၏။ စားသောက်ပြီးသောအခါ လက်ဖက်ရည်သောက်ကြရင်း လီယင်းက ရန်စုံတို့ကို လုံသိုင်းအကြောင်း နည်းနည်းပါးပါး မေးလေ၏။ သူတို့ ပြန်ဖြေသည်များကိုလည်း လီယင်း က အထူးကျေနပ်၏။

မွန်းလတ် အချိန်ရောက်သော် လက်ထောက်ဘဏ္ဍာစိုး ပြန်ရောက်လာ၏။ လီယင်းက ခေါ်မေး၏။

"အခေါ်ခိုင်းလိုက်တဲ့ လူကော"

"ကျွန်တော်ကတော့ သူတို့ ပြန်လွှတ်လိုက်မယ် ထင်ပြီး စာကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ သားသုံးယောက်ပဲ ထွက်လာကြတယ်။ သူတို့ကို ကြည့်ရတာ သိပ်မဟန်ဘူး။ သခင် ကြီးဆီကိုလည်း စာမပြန်ဘူးတဲ့။ ဟိုလူကိုလည်း မလွှတ်ဘူးတဲ့။ ခရိုင်ရုံးကို အပ်မယ်တဲ့ ပြောတယ်"

လီယင်းမှာ ကြားရသောစကားကို မယုံနိုင်။

"ငါတို့တွေက သေအတူ ရှင်အတူ မဟာမိတ် ဖွဲ့ထားတာပဲ။ ငါ့စာကို သူတို့လေးစား သင့်တယ်။ ဒီလို ဘာကြောင့် လုပ်ရမှာလဲ။ မင်း စကားပြော မတတ်လို့ပဲ ဖြစ်ရမယ်"

ထူရှင့်ဘက်ကို လှည့်လိုက်ပြီး-

"ဘဏ္ဍာစိုးကြီး၊ မင်းကိုယ်တိုင် လိုက်သွားရင် ပိုကောင်းမယ်။ သခင်ကြီးချူကို မင်း ကိုယ်တိုင် တွေ့ခဲ့။ အခြေအနေကိုလည်း ရှင်းပြခဲ့"

"ကောင်းပါပြီ ခင်ဗျာ။ ဒါပေမဲ့ သခင်ကြီးလက်ရေးနဲ့ စာတစောင် ထပ်ရေးလိုက်ရင် ကောင်းပါမယ်။ ဒါဖြင့်ရင် သူတို့ လွှတ်ပေးလိုက်မှာပါပဲ"

ကောင်းပြီဟု ဆိုကာ လီယင်းက ပန်းစက္ကူပေါ်တွင် စာတစောင်ကို ရေး၏။ သူ့ကိုယ်ပိုင် တံဆိပ်ကို စာအိတ်ပေါ်တွင် ခတ်နှိပ်ကာ ထူရှင့်ကို ပေးလိုက်၏။

ကုန်းအသင့်ပြင်ကာ ဆွဲလာသော မြင်းလျင်ကို တံခါးဝတွင် တက်၍ စီးကာ ကြိမ် တချက် ခပ်ပြင်းပြင်းသွင်းလိုက်ပြီး ထူရှင့်လည်း ချူစံအိမ်တော်ကို ဒုန်းစိုင်းစီးသွားလေ၏။

"စိတ်မပူကြပါနဲ့ဗျာ။ ကျုပ်လက်ရေးနဲ့ စာကို ရရင် သူတို့ အမြန်ဆုံး လွှတ်လိုက်မှာ မုချပဲ" ဟု လီယင်းက ညွှေ့သည်နှစ်ဦးကို ပြော၏။

ရန်စုံနှင့် ရှိဇူတို့ကလည်း အိမ်ရှင်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးစကားများကို ဆိုကြ ပြန်လေ၏။ ထို့နောက်တွင် အတွင်းခန်း၌ စိမ်ရည်ဝိုင်းဖွဲ့ရင်း စောင့်နေကြလေ၏။

နေဝင်ဖျိုးဖျအချိန်သို့ ရောက်လာလေပြီ။ ထူရှင့်ကား ပြန်မလာသေး။ လီယင်းလည်း စိတ်ပူလာပြီး လမ်းမပေါ်သို့ လူများကို လွှတ်ကာ သွားကြိုစေ၏။ မကြာခင်တွင် မြေကျွန် တဦး ဝင်လာကာ အစီရင်ခံ၏။

"ဘဏ္ဍာစိုးကြီး လာနေပါပြီ"

"ဘယ်သူပါသေးသလဲ"

"တယောက်တည်း မြင်းဒုန်းစိုင်းပြီး ပြန်လာပါတယ်"

လီယင်းမှာ မယုံနိုင်သဖြင့် ခေါင်းကို တွင်တွင်ခါယမ်းနေ၏။

"တော်တော်ဆန်းတယ်။ ခါတိုင်းဆို သူ ဒီလောက်မကြာပါဘူး။ ဒီနေ့မှ ဘာလို့ ကြာနေ ပါလိမ့်"

လီယင်းက အခန်းထဲမှ ထွက်ခဲ့ရာ ရန်စုံနှင့် ရှိဇူတို့ပါ လိုက်ခဲ့ကြ၏။ ထူရှင့်မှာ မြင်းပေါ်မှ ဆင်းကာ ဝင်းတံခါးကို ဝင်လာခါစ ရှိသေး၏။ သူ့မျက်နှာထားမှာ ဒေါသဖြင့် တင်းနေပြီး သွားများလည်း ဖြီးလျက်ရှိ၏။ လေးငါးမိနစ်ကြာသည်အထိ စကားမပြောနိုင်သေးပေ။

"အသေးစိတ်ပြောစမ်း၊ ဘာဖြစ်ခဲ့လဲ"

ထူရှင့်မှာ မနည်းထိန်းထားရ၏။ "ကျွန်တော်က သခင်ကြီးရဲ့စာကို တတိယတံခါးအထိ ယူသွားပါတယ်။ အဲဒီမှာ မမျှော်လင့်ဘဲ သားသုံးယောက်နဲ့ သွားတိုးပါတယ်။ သူတို့ကို ယဉ်ယဉ်ကျေးကျေးပဲ နှုတ်ဆက်လိုက်ပါတယ်။ "မင်းက ဘာကိစ္စလဲကွ" လို့ ကျားပေါက်က လှမ်းဟောက်ပါတယ်။ ကျွန်တော်က ဦးညွှတ်လိုက်ပြီး "ကျွန်တော့်သခင်ကြီးက ဒီစာကို ပေးလိုက်ပါတယ် ခင်ဗျာ။ ကျွန်တော် လေးလေးစားစား ပေးအပ်ပါတယ်"လို့ ပြောလိုက် ပါတယ်။ သူ့မျက်နှာလည်း မည်းသွားပြီး "မင်းတို့ သခင်ကြီးက တယ်မသိသားဆိုးဝါး လှချေလား။ မနက်က သူ လွှတ်လိုက်တဲ့ ကောင်က စာတစောင် လာပေးတယ်။ လျှို့ရှန်း ကျူတောက တောပုန်း ရှီကျန့်ကို လွှတ်ပေးပါတဲ့။ ငါတို့က ဒီကောင်ကို ခရိုင်ရုံးကို ခေါ်သွား မလို့။ မင်းက ဘာထပ်လာလုပ်တာလဲ" တဲ့ ပြောတယ်။

ကျွန်တော်ကလည်း “ရှီကျန့်က တောပုန်း မဟုတ်ပါဘူး။ ကျီစုက လာတဲ့ ကုန်သည်ပါ။ သခင်ကြီးဆီကို လာတာပါ။ တယောက်နဲ့တယောက် အထင်လွဲကြပြီး ထမင်းဆိုင်ကို မီးတိုက်ခဲ့တာပါ။ ကျွန်တော်တို့ သခင်ကြီးက ပြန်ဆောက်ပေးပါ့မယ်။ ကျွန်တော်တို့ ကို ထောက်ထားလို့ သူ့ကိုသက်ညှာပြီး ခွင့်လွှတ်ပေးပါ” လို့လည်း ပြောရော ညီအစ်ကိုသုံးယောက်စလုံးက “မလွှတ်ဘူး”တဲ့။ ကျွန်တော်က “သခင်လေးတို့ရယ်၊ ကျွန်တော့်သခင်ကြီးကိုယ်တိုင် ရေးလိုက်တဲ့ စာလေး တော့ ဖတ်ပါဦး” ဆိုတော့ ကျားပေါက်က ယူပြီး ဖွင့်တောင် မဖွင့်ဘဲ ဆုတ်ပစ်လိုက်ပါတယ်။ သူ့လူတွေကိုလည်း အော်ခေါ်ပြီး ကျွန်တော့်ကို ဝင်းအပြင်ကို ပစ်ထုတ်ခိုင်းပါတယ်။ သူနဲ့ သူ့အစ်ကိုကျားက ပြောသေးတယ်။ “မင်းတို့ အေးအေးနေကြတဲ့။ မဟုတ်ရင် ငါတို့က......” ကျွန်တော်က ဒီ စကားကို မပြောဘဲ နေမလို့ပါပဲ။ ဒါပေမဲ့ဗျာ၊ သူတို့က သိပ်ကို ရိုင်းတယ်ဗျ။ “ငါတို့က လီယင်းကိုပါ ဇက်ကုပ်ဖမ်းပြီး လျှံရှန်းကျူတောက တောပုန်းဆိုပြီး ရုံးတော်ကို ပို့လိုက်မယ်” တဲ့။ ကျွန်တော့်ကို ဝိုင်းဖမ်းခိုင်းတာနဲ့ မြင်းပေါ်တက်ပြီး အတင်းစိုင်းလာခဲ့ ရတယ်။ ကျွန်တော်လည်း တလမ်းလုံး ဒေါသထွက်လာတာ မီးတောက်မတတ်ပဲ။ တော် တော်မိုက်ရိုင်းတဲ့ ကောင်တွေပါဗျာ။ မဟာမိတ်ဖွဲ့ထားတာကို ဒီလို ရိုင်းရသလားဗျာ”

ဤစကားများကို ကြားရသောအခါ လီယင်း၏ ဒေါသအမျက်မှာလည်း မိုးသို့ပင် ထိုးတက်သွားလေ၏။

“ဟေ့ကောင်တွေ၊ ငါ့မြင်း ယူလာခဲ့”

“စိတ်ထိန်းပါ သခင်ကြီး”

ရန်စုံနှင့် ရှီဇူက တောင်းပန်ကြ၏။ “ကျွန်တော်တို့ကြောင့် မိတ်မပျက်ပါစေနဲ့” သို့သော် လီယင်းက နားမဝင်ချေ။ ရင်ဘတ်နှင့် နောက်ကျောတွင် သားရဲရုပ်ပုံများထုထားသော ရွှေသံချပ်ကာကို ဝတ်၏။ ထိုအပေါ်တွင် အနီရောင်ရဲရဲ ဝတ်ရုံကြီးကို လွှား၏။ နောက်ကျောတွင်လည်း ပေါက်ခားငါးချောင်းကို တွယ်ထား၏။ သူ့လက်စွဲတော် လှံကြီးကို ကိုင်၏။ မီးငှက်တောင်ပံတပ် မောက်တိုကို ဆောင်း၏။ အမာဆုံးလက်ရွေးစင် မြေကျွန်သုံးရာကို ခေါင်းဆောင်ကာ စံအိမ်ဝင်းတံခါးမှ မြင်းစိုင်း၍ ထွက်၏။ ထူရှင့်လည်း သံချပ်ကာ ကို ဝတ်ကာ လှံကိုင်ပြီး မြင်းနှင့် ထွက်လေ၏။ သူ့နောက်တွင် မြင်းစီး နှစ်ဆယ် လိုက်သွား၏။ ရန်စုံနှင့် ရှီဇူတို့လည်း ဝတ်ရုံများကို ခါးစည်းကြိုးဖြင့် နာနာတုပ်ပြီး လှံပုဆိန်များကို ကိုင်ကာ လီယင်း၏ မြင်းနောက်မှလိုက်ကြ၏။ သို့ဖြင့် တပ်ကြီးချီကာ ချူမိသားစုအိမ်တော် သို့ အလျင်အမြန် ချီတက်သွားကြ၏။

နဂါးတကောင်ကမ်းပါးသို့ ရောက်သောအချိန်တွင် နေလုံးကြီးမှာ

အနောက်ဘက် တောင်တန်းများပေါ်တွင် မေးတင်လျက် ရှိနေလေပြီ။

သူတို့က တိုက်ပွဲပုံစံ ဖြန့်လိုက်ကြ၏။ အိမ်တော်မှာ မဟာဗျူဟာကျသော နေရာတွင် တည်ဆောက်ထား၏။ ပတ်ပတ်လည်တွင် ချောင်းကျယ်ကျယ်က ဝန်းရံထား၏။ ရှေ့တံခါး ရော နောက်ဘက်တံခါးတွင်ပါ ဆွဲတံတားများ ရှိကြ၏။ တံတိုင်းအတွင်းတွင်ကား လက်နက် များ ထောင်ထားသော တဲများ ပြည့်လျက်ရှိပြီး တံတိုင်းထိပ် ပြအိုးတွင်လည်း ဗုံများ၊ မောင်းများကို ထားရှိလေ၏။

လီယင်းသည် ချူအိမ်တော် တံခါးဝတွင် မြင်းကို ဇက်သတ်လိုက်ပြီး-“ချူမိသားစု သားသုံးယောက်၊ မင်းတို့ကများ ငါ့ကို စော်ကားရဲသလား”ဟု အသံကုန် ဟစ်လိုက်၏။

အိမ်တော်တံခါးဝ ပွင့်လာပြီး မြင်းစီး ငါးဆယ် ခြောက်ဆယ်လောက် ထွက်လာကြ၏။ ထိပ်ဆုံးကမီးသွေးရောင် မြင်းကြီးပေါ်တွင် ချူ၏ တတိယသားကျားပေါက်ကို တွေ့ရလေ၏။ လီယင်းလည်း ထိုလူငယ်ကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်၏။

“မင့်ပါးစပ်က အမိနို့နံ့တောင် မပျောက်သေးဘူး။ မွေးဆံပင်တောင် မရိတ်ရသေးဘူး။ မင့်အဖေနဲ့ ငါနဲ့က သွေးဖော်ရင်ဖက် မဟာမိတ်ဖွဲ့ထားတာကွ။ ကိုယ့်ရွာတွေ အချင်းချင်း စုပေါင်းကာကွယ်မယ်လို့ သစ္စာဆိုထားကြတာ။ မင်းတို့ အခက်အခဲရှိရင် ငါတို့လူတွေကို လွှတ်ပေးလိုက်တာချည်းပဲ။ ပစ္စည်းဆိုလည်း လက်မတွန့်ဘူး။ ဒီနေ့တော့ ငါက စာနှစ်စောင် ကောင်းကောင်းမွန်မွန် ပို့လိုက်တယ်။ မင်းက ဘာလို့ ဆုတ်ပစ်လိုက်ရတာလဲ။ ငါ့ကို စော်ကား တာလား။ ဘာလို့ ဒီလို မိုက်ရိုင်းရတာလဲ”

“ဟုတ်တယ်၊ ကိုယ့်အကျိုးစီးပွားတွေကို ကာကွယ်ဖို့၊ လျှံရှန်းကျူတောက တောပုန်း တွေကို တိုက်ဖို့၊ သူတို့စခန်းကို ဖျက်ဖို့တော့ သဘောတူထားပါတယ်။ အဲဒါ သူတို့နဲ့ ပေါင်းဖို့ မပါဘူးလေ။ ဘာလဲ၊ ခင်ဗျားကကော သူပုန် ဖြစ်ချင်နေလို့လား”

“ဘယ်သူက ပြောလဲ၊ ရှီကျန့်က လျှံရှန်းကျူတောကလို့။ အပြစ်မရှိတဲ့ လူကို အပုပ် မချနဲ့။ ဒါ ရာဇဝတ်မကင်းဘူး”

“သူက ဝန်ခံလိုက်ပြီဗျ။ ခင်ဗျား လာလိမ်နေလည်း အလကားပဲ။ အမှန်တရားကို ဖုံးကွယ်လို့ မရပါဘူး။ ကဲ ဗျာ၊ ခုပဲထွက်သွား။ မသွားရင် ကုပ်ဆွဲပြီး ခင်ဗျားကိုပါ တောပုန်း ဆိုပြီး အပ်ရလိမ့်မယ်”

လီယင်းလည်း အမျက်ခြောင်းခြောင်းထွက်ကာ သူ့မြင်းကို ကြိမ်သွင်းပြီး

ကျားပေါက် ကို လှံနှင့် ချိန်ကာ ဝင်တိုက်၏။ လူငယ်ကျားပေါက်ကလည်း သူ့မြင်းကို ဖနောင့်နှင့်ပွတ်ကာ ရှေ့သို့ ထိုးထွက်ခဲ့၏။ သူတို့နှစ်ဦးသည် နဂါးတကောင် ကမ်းပါးရှေ့တွင် ရှေ့တိုးနောက်ဆုတ် ပူးလိုက် ခွာလိုက်ဖြင့် တိုက်ကွက် ရှစ်ဆယ်ခန့်အထိ တိုက်ကြ၏။ သူ့ပြိုင်ဘက်ကို သူမရှင်း နိုင်ကြောင်း ကျားပေါက်လည်း သိလာလေပြီ။ ထို့ကြောင့် မြင်းကိုလှည့်ကာ ပြေးလေ တော့၏။ လီယင်းလည်း နောက်မှ လိုက်၏။ ကျားပေါက်လည်း သူ့လှံကို မြင်းလည်ပင်း ပေါ်တွင် ကန့်လန့်ဖြတ်ထိန်းထားလိုက်ပြီး မြားတစင်းကို လေးတွင် တပ်ကာ လေးကြိုးကို အားကုန် ဆွဲ၏။ ထို့နောက် ကုန်းနှီးပေါ်တွင် ကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး လီယင်းကို ချိန်ကာ မြားကို လွှတ်လိုက်၏။ လီယင်းက ရှောင်လိုက်သော်လည်း မလွတ်ဘဲ ပခုံးတွင် မြားလာမှန်ရာ အရှိန်ဖြင့် မြင်းပေါ်မှ တလိမ့်ခေါက်ကွေး ကျသွား၏။ ကျားပေါက်လည်း လီယင်းကို ဖမ်းမည်ဟု အမြန်ပြန်လှည့်လာလေ၏။

ရန်စုံနှင့် ရှိဇူလည်း အသံကုန် အော်ဟစ်ကာ ကျားပေါက် လာရာလမ်းသို့ လှံကြီး များကို မြှောက်ကာ ပြေးလာကြ၏။ ယင်းတို့နှင့် မယှဉ်နိုင်ကြောင်းကို မြင်သဖြင့် ကျားပေါက်လည်း အမြန်ပြန်လှည့်၍ ပြေးရပြန်၏။ ရန်စုံက မြင်း၏ ကဦးကို ပြင်းထန်စွာ ထိုးလိုက်ရာ မြင်းလည်း နာကျင်လှသဖြင့် ပတတ်ရပ်လိုက်၏။ ကျားပေါက်မှာလည်း ပြုတ်ကျလုနီးနီး ဖြစ်သွား၏။ ချူမိသားစု လေးသမားများလည်း ရန်စုံနှင့် ရှိဇူသို့ မြားမိုး ရွာချလေရာ သူတို့မှာလည်း သံချပ်ကာများ မပါသဖြင့် ဆုတ်ရလေတော့၏။ ဤအချိန်တွင် ထူရှင့်က လီယင်းကို သူ့မြင်းပေါ်သို့ ဆွဲတင်ပြီး မောင်းပြေးသွားလေပြီ။ ထို့ကြောင့် ရန်စုံ တို့လည်း ဆုတ်လာသော လီမြေကျွန်များနှင့်အတူ ပြန်၍ လိုက်လာခဲ့ကြ၏။ ချူမိသားစု တပ်များက နောက်မှ တလီ နှစ်လီခန့်အထိ လိုက်လာသေး၏။ သို့သော် မှောင်လာပြီဖြစ်၍ သူတို့ အိမ်တော်သို့ ပြန်သွားကြ၏။

လီယင်းကို ထိန်းကာ ထူရှင့်လည်း မြင်းစီးလာခဲ့၏။ အိမ်တော်တံခါးဝတွင် မြင်းမှ ဆင်းကာ သူ့သခင်ကိုအိမ်တွင်းခန်းသို့သယ်ယူသွားကြ၏။ အိမ်တော်မှ မိန်းမသူများလည်း သူ့ကို ပြုစုကြ၏။ မြားကို ဆွဲနုတ်လိုက်ပြီး သံချပ်ကာကို ချွတ်ကာ အနာကို ဆေးထည့် ပေးကြ၏။

ထိုညတွင် ယောကျ်ားသားများက တိုင်ပင်ကြ၏။ ရန်စုံက-

"ဒီကောင်လေးက လီယင်းကို စော်ကားလိုက်ပြီကွ။ သူလည်း မြားမှန်သွားတယ်။ ရှီကျန့်ကိုလည်း မကယ်လိုက်နိုင်ဘူး။ မင်းတို့ သခင်ကြီး အခုလိုဖြစ်ရတာ ငါတို့အပြစ်ပဲ။ ငါတို့ လျှံရှန်းကျူးတောကို သွားပြီး ကျောက်ခဲတို့၊ စုန်ကျန့်တို့ ခေါင်းဆောင်တွေဆီမှာ သွားတောင်းပန်မယ်။ သူတို့ကို လာ လက်စားချေမယ်။ ရှီကျန့်ကို ပြန်ကယ်မယ်"ဟု ထူရှင့်ကို ပြောကြ၏။

ထို့နောက် လီယင်းကို ကျေးဇူးတင်ကြောင်း ပြောကာ သွားခွင့်ပြုရန် တောင်းပန်ကြ၏။ လီယင်းက-

"ကျုပ်လည်း မကြိုးစားလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အခြေအနေက တော်တော်ဆိုး တယ်။ ကျုပ်ကို ခွင့်လွှတ်ကြပါဗျာ"ဟု ဆိုကာ ရန်စုံနှင့် ရှိဇူကို ရွှေငွေများ ပေးရန် ထူရှင့်ကို ညွှန်ကြားလေ၏။ လက်မခံသော်လည်း မရ။ လီယင်းက "ကျုပ်တို့အားလုံး ရဲညီနောင်တွေ ဖြစ်နေပြီပဲဗျာ။ အားနာစရာ မလိုပါဘူး" ဟု ဆို၏။

ထိုအခါမှ သူတို့လည်း လက်ခံကြလေသည်။ ဒူးထောက် ဂါရဝပြုကာ ခွင့်တောင်းပြီး ထွက်လာခဲ့ကြ၏။ ထူရှင့်ကလည်း ရွာအစပ်ထိ လိုက်ပို့ပြီး လမ်းမကြီးရှိရာသို့ ညွှန်ပြကာ အိမ်တော်သို့ ပြန်ခဲ့၏။ ထိုအကြောင်းကို ဤတွင် ဆက်မပြောတော့ပြီ။

ရန်စုံနှင့် ရှိဇူလည်း လျှံရှန်းကျူတောသို့ အသော့နှင်လာခဲ့ကြရာ ခပ်လှမ်းလှမ်းတွင် ဘုံဆိုင်အသစ်တခုကို မြင်ကြရ၏။ စိမ်ရည်ကြော်ငြာတံခွန်မှာလည်း လေထဲတွင် တဖျပ် ဖျပ် လွင့်နေ၏။ စိမ်ရည်များကို မှာပြီး လမ်းပန်းအခြေအနေကို မေးနေကြလေ၏။ အမှန် စင်စစ် ဤဘုံဆိုင်မှာ လျှံရှန်းတောင်ရိုးမှ လူများက အသစ်ထပ်ဖွင့်ထားသော မျှော်ကင်း စခန်းပင်ဖြစ်၏။ တာဝန်ခံမှာ ရှိယုံ ဖြစ်၏။ ခံတပ်သို့ သွားသောလမ်းကို စားပွဲထိုးအား မေးနေသံကို ကြားရသဖြင့် လာ၍ အကဲခတ်၏။ သာမန်လူများ မဟုတ်ကြောင်းကို တွေ့ရ သဖြင့် သူတို့၏ စားပွဲသို့ လာကာ စုံစမ်း၏။

"နောင်ကြီးတို့က ဘယ်ကလာကြတာပါလဲဗျာ။ တောင်ရိုးပေါ်ကို ဘာလို့ သွားချင် ရတာလဲ"

"ကျီစုက လာတာဗျ" ဟု ရန်စုံက ဖြေ၏။

"ဒါဖြင့် နောင်ကြီးက ရှိဇူပေါ့"

"မဟုတ်ဘူး ရန်စုံပါ။ သူကမှ ရှိဇူ။ ဒါနဲ့ သူ့နာမည်ကို ဘယ်လိုသိတာလဲ နောင်ကြီး"

"တွေ့တော့ မတွေ့ဖူးသေးပါဘူး။ ဒါပေမဲ့ တလောက နောင်ကြီးထိုက်ချုံတို့ ကျီစုက အပြန်မှာ ဒီမှာ ဝင်နားသွားတယ်။ ဒီက နောင်ကြီးအကြောင်းလည်း ပြောပြသွားတယ်။ ဒီနေ့တော့ နောင်ကြီးတို့က တောင်ရိုးကို သွားချင်တယ်တဲ့။ သိပ်ကောင်းတဲ့ သတင်းပဲဗျာ"

သူတို့သုံးဦးသား အပြန်အလှန် ဦးညွှတ်ဂါရဝ ပြုကြ၏။ ရန်စုံတို့က ချူမိသားစုနှင့် တွေ့ကြုံခဲ့ရပုံကို ပြန်ပြောပြ၏။ ရှိယုံလည်း အကောင်းဆုံးစိမ်ရည်ကို

လာချရန် အမိန့်ပေး၏။ ထို့နောက် အင်းရေပြင်ကို မျက်နှာမူထားသော ပြတင်းတပေါက်ကိုဖွင့်ကာ မြားတစင်းကို ဗိုခနဲနေအောင် ပစ်လွှတ်လိုက်၏။ ချက်ချင်းပင် တဖက်ကမ်း ကျူတောထဲမှ လှေတစီး လှော်၍ ထွက်လာလေ၏။ ရှိယုံက သူတို့ကို လှေပေါ်သို့ လိုက်ပို့ကာ ဟသ်ာနှုတ်သီးကမ်းခြေ သို့ ပို့စေ၏။ လူတယောက်ကို ကြို၍ လွှတ်ကာ သတင်းပို့ထားသဖြင့် ထိုက်ချုံနှင့် ရန်လင်းတို့လည်း တောင်ပေါ်မှ ဆင်းကာ လာကြိုနေကြ၏။ အပြန်အလှန် ဂါရဝပြုကြပြီးနောက် သူတို့လည်း ခံတပ်သို့ တက်ခဲ့ကြ၏။

ရဲရင့်သူများ နောက်ထပ်ရောက်လာကြောင်း သတင်းကြားရသဖြင့် ခေါင်းဆောင်များ လည်း အစည်းအဝေးခန်းမတွင် အဆင့်အလိုက် ထိုင်ကာ စောင့်နေကြ၏။ ထိုက်ချုံနှင့် ရန်လင်းက ရန်စုံနှင့် ရှိဇူကို အစည်းအဝေးသို့ ခေါ်သွင်းလာကြ၏။ ကျောက်ခဲက ယင်းတို့၏ နောက်ကြောင်းကို သေသေချာချာ မေးမြန်းရာတွင် မိမိတို့၏ လက်နက်ကိုင်စွမ်းရည်ကို ပြောပြပြီး အဖွဲ့ဝင်လိုကြောင်းကိုလည်း အဆိုပြုကြသဖြင့် ခေါင်းဆောင်များလည်း များစွာ ကျေနပ်ကြကာ နေရာထိုင်ခင်း ပေးကြလေ၏။

ခဏလောက်နေမှ ရန်စုံက စကားစ၏။

“ကျွန်တော်တို့လိုပဲ အဖွဲ့ဝင်ချင်တဲ့ရှိကျန့်ဆိုတာလည်း ရှိပါသေးတယ်ခင်ဗျာ။ ဒါပေမဲ့ ကံဆိုးချင်တော့ သူက ချူမိသားစုထမင်းဆိုင်က တွန်တဲ့ ကြက်ကို ခိုးလိုက်တာနဲ့ ရန်ဖြစ် ကြပါတယ်။ ရှိဇူက ထမင်းဆိုင်ကို မီးတိုက်ပစ်လိုက်တယ်။ ရှိကျန့်လည်း အဖမ်းခံလိုက် ရပါတယ်။ သခင်ကြီးလီယင်း စာနှစ်စောင် ရေးပြီး တောင်းပန်ပေမယ့် သူတို့က လွှတ် မပေးဘူး။ ချူရဲ့ သားတွေက ဒီစခန်းက ရဲရင့်သူအားလုံးကို ဖမ်းကြမယ်တဲ့။ ပြီးတော့ နောင်ကြီးတို့ကိုလည်း အမျိုးမျိုး ဆဲကြပါတယ်။ ဒီလိုလုပ်တာကတော့ ဘယ်လိုမှ မသင့် တော်ပါဘူးဗျာ”

ရန်စုံ ထိုသို့ မပြောပါက ဘာမျှ ဖြစ်မည် မဟုတ်။

သို့သော် ပြောခဲ့မိသဖြင့် ကျောက်ခဲမှာ ဒေါသူပုန်ထလေပြီ။

“သားတို့၊ လာစမ်း ။ ဒီနှစ်ကောင်ကို ခေါ်သွား။ ခေါင်းဖြတ်လိုက်။ ပြီးရင်လာပြော” ဟု တောပုန်းများကို လှမ်းခေါ်၏။

စုန်ကျန့်က ကမန်းကတန်း ဝင်၍ တားရှာ၏။ “စိတ်ထိန်းပါ နောင်ကြီးရာ။ ဒီသူရဲ ကောင်းနှစ်ယောက်က ကျွန်တော်တို့ကို ကူညီမယ်ဆိုတဲ့ စိတ်နဲ့ အဝေးကြီးက လာခဲ့ တာပါ။ ဘာဖြစ်လို့ သတ်ရမှာလဲဗျာ”

“ကျွန်တော်တို့ ဝမ်လုံ့ဆီက ဒီရဲရင့်သူတွေကို လွှဲယူပြီးကတည်းက လူထုကို

စိတ်ရင်း ကောင်းကောင်းနဲ့ ဆက်ဆံဖို့ ကို ဦးစားပေးခဲ့တယ်။ ဒီတောင်ပေါ်က ဆင်းသွားတဲ့ ညီနောင် တိုင်းကပဲ ကျွန်တော်တို့ရဲ့ ဂုဏ်ကို ထိခိုက်အောင် မလုပ်ကြဘူး။ ညီနောင်အဟောင်းရော အသစ်ရော အားလုံးကပဲ စိတ်ရင်းကောင်းတယ်၊ ဂုဏ်ရှိတယ်။ ဒီကောင်တွေကတော့ လျှံရှန်းတောင်ရိုးက ရဲရင့်သူတွေလို့ နာမည်ခံပြီး ကြက်ခိုးစားကြတယ်။ သူတို့နဲ့ အပေါင်း အသင်းလုပ်ရင် ကျွန်တော်တို့ပဲ အရှက်ရကြမှာ။ သူတို့ခေါင်းကို ဖြတ်ပြီး အခင်းဖြစ်တဲ့ နေရာမှာ သွားပြထားရမှာ။ ဒါမှ သတိပေးရာ ရောက်မယ်။ ချူမိသားစုကိုတော့ ကျွန်တော် ကိုယ်တိုင် ဦးစီးပြီး သွားရှင်းပစ်မယ်။ ဒါမှ ကျွန်တော်တို့ ဂုဏ်ကို ပြန်ဆယ်နိုင်မယ်။ သားတို့ သွား ခေါင်းဖြတ်ကြ”

“နေပါဦး” စုန်ကျန့်က ဝင်ဟန့်လိုက်၏။

“ခင်ဗျား မကြားဘူးလားဗျာ။ ဒီခွေးလှေးက သိပ်ပြီး လက်ဆော့တယ်ဆိုတာ။ ဒီတော့ ချူမိသားစုကို သွားရန်စတာ သူပါ။ ဒီညီနောင်နှစ်ယောက်က ဒီစခန်းအရှက်ရအောင် ဘာများ လုပ်ခဲ့လို့လဲဗျာ။ စိတ်ထိန်းပါ နောင်ကြီးရာ။ ကျွန်တော်တို့မှာ လူတွေ မြင်းတွေ ရှိပေမယ့် စပါးတွေ ငွေတွေ လိုသေးတယ်ဗျ။ ကျွန်တော်တို့က ချူမိသားစုကို သွားရန်မစ ပေမယ့် အခုတော့ သူတို့က အရင် စ ဖောက်လိုက်ပြီလေ။ ဒီတော့ ဒါကို အခွင့်ကောင်းယူပြီး သူတို့ကို သွားတိုက်မယ်။ သူတို့ကို ချေမှုန်းပြီးရင် စခန်းအတွက် လေးငါးနှစ်စာ ရိက္ခာတွေ ရမယ်။ သူတို့ကို အချက်ရှာနေတာ မဟုတ်ပေမယ့် ဒီကောင်တွေက တော်တော်တော့ လွန်လာပြီ။ နောင်ကြီးက ဒီမှာ အကြီးဆုံးခေါင်းဆောင်ပါ။ အသေးအဖွဲလေးတွေကို အထ ကောက် မနေသင့်ပါဘူး။ ကျွန်တော့်မှာ စွမ်းရည်တော့ မရှိပါဘူး။ ဒါပေမဲ့ ဒီက ရဲညီနောင် တွေ အကူအညီနဲ့ လူတွေ၊ မြင်းတွေယူပြီး ကျွန်တော်ကိုယ်တိုင် ချူမိသားစုအိမ်တော်ကို သွားတိုက်ချင်တယ်။ သူတို့ကို သုတ်သင်မပစ်နိုင်မချင်း ပြန်မလာဘူးဗျာ။ ပထမအချက်က လက်စားချေလိုက်မှပဲ ဂုဏ်ကို ပြန်အဖတ်ဆယ်နိုင်မယ်။ ဒုတိယအချက်က သူတို့က စော် ကားလို့ သူတို့ကို ပြန်ပေးဆပ်ခိုင်းရမယ်။ တတိယအချက်က ခံတပ်အတွက် စပါးတွေ အများကြီးရမယ်။ ပြီးတော့ စတုတ္ထအချက်အနေနဲ့ သခင်ကြီးလီယင်းကိုလည်း လာပူး ပေါင်းဖို့ ပြောနိုင်မယ်”

“သိပ်ကောင်းတဲ့ အကြံပဲ။ ကျွန်တော်တို့က ကိုယ့်လက်ကိုယ့်ခြေနဲ့ တူတဲ့ လူတွေကို မဖျက်ဆီးသင့်ဘူး” ဟု ဝုရုံက ထောက်ခံ၏။

“ကျွန်တော်ကတော့ ကိုယ့်ခေါင်းပဲ အဖြတ်ခံလိုက်မယ်။ ကိုယ့်ညီနောင်တွေကိုတော့ အထိမခံနိုင်ဘူး” ဟု ထိုက်ချိုကူ ပြော၏။

ခေါင်းဆောင်အားလုံးက ဝိုင်းတိုက်တွန်းကြသဖြင့် ကျောက်ခဲလည်း

နောက်ဆုံးတွင် ရန်စုံနှင့် ရှိဇူကို ခွင့်လွှတ်လိုက်လေ၏။ သူတို့ကလည်း ကျေးဇူးတင်ကြောင်း ပြောကာ ဒူးထောက် ဂါရဝပြုကြ၏။ “စိတ်မဆိုးပါနဲ့” ဟု စုန်ကျန့်က ရန်စုံတို့ကို ချော့၏။ “ဒါက ကျွန်တော်တို့စခန်းရဲ့ ထုံးစံပါ။ ဒါကို ဖောက်ဖျက်ခဲ့ရင် ကျွန်တော်တောင်မှ ခေါင်းဖြတ်ခံရမှာပါ။ ဗိုလ်သီလဆိုတဲ့ ဖေရှွန်းကို မကြာခင်ကမှ စည်းကမ်းထိန်းသိမ်းရေး တာဝန်ပေးထားတယ်။ ဆုပေးဒဏ်ပေး လုပ်ဖို့ စည်းကမ်းတွေလည်း ထုတ်ပြန်ထားတယ်။ ဒါတွေကို ဗွေမယူပါနဲ့ဗျာ”

ကျောက်ခဲက ရန်စုံနှင့် ရှိဇူကို ရန်လင်းနောက်တွင် ထိုင်စေ၏။ ထို့နောက် တောပုန်း အားလုံးကို ခေါ်ကာ ခေါင်းဆောင်သစ်များကို ဂုဏ်ပြုသော ပွဲကို တက်ရောက်စေ၏။ နွား များ၊ မြင်းများကို ပေါ်ကာ စားသောက်ပွဲကြီး ကျင်းပလေ၏။ ရန်စုံနှင့် ရှိဇူတို့ကို နေရာ ထိုင်ခင်းများ စီစဉ်ပေးကာ တောပုန်း ဆယ်ယောက်စီကိုလည်း သူတို့အတွက် အလုပ် အကျွေးများအဖြစ် တာဝန်ပေးထား၏။

စားသောက်ပွဲကြီးမှာ ထိုနေ့ မိုးချုပ်မှ ပြီးစီးသွား၏။ ထို့နောက် နောက်တနေ့တွင် လည်း ဆက်၍ ဆင်နွှဲကြသေး၏။ ထို့နောက်တွင် ခေါင်းဆောင်များ စည်းဝေးကြ၏။ စုန်ကျန့်က ဖေရှွန်းကို တောင်အောက်ဆင်း တိုက်ရမည့် သူများကို စာရင်းပြုစုစေ၏။ ထို့ပြင် သူနှင့် လိုက်၍ တိုက်မည့် ခေါင်းဆောင်များကို ဖိတ်ခေါ်၏။ သူက ချူမိသားစု အိမ်တော်ကို ဖျက်ဆီးပစ်မည်ဟု သန္နိဋ္ဌာန် ချထား၏။ ကျောက်ခဲနှင့်အတူ ဝုရုံ၊ လျူထန်၊ ဖိုးရုံညီနောင် သုံးဦး၊ လူ့ဖန်၊ ကောက်ရှိန်းတို့က ခံတပ်ကို စောင့်၍ နေခဲ့ကြမည်။ ကမ်းခြေ စောင့်များ၊ တံခါးစောင့်များ၊ ဘုံဆိုင်စောင့်များတို့မှာလည်း နေမြဲတိုင်း တာဝန်ယူကြရမည် ဖြစ်၏။ အသစ်ရောက်လာသော လှေစပ်သမား မိန်ကွမ်းကို မာလင်း၏ နေရာတွင် အစား ထိုးလိုက်ကာ တိုက်လှေများကို ကြီးကြပ်စေ၏။

ချူအိမ်တော်ကို တိုက်မည့်သူများကို နှစ်တပ် ခွဲ၍ ဖွဲ့လိုက်၏။ တဖွဲ့ကို စုန်ကျန့်က ခေါင်းဆောင်ကာ ခြေသည်သုံးထောင်၊ မြင်းသည်သုံးရာ ပါဝင်မည်။ လက်နက်တပ်ဆင်ပြီး အသင့်ပြင်ပြီးပါက ရှေ့ပြေးအဖြစ် ချီတက်ကြမည်။ ဒုတိယအဖွဲ့ကို လင်ချုံးက ခေါင်းဆောင် ကာ ခြေသည်သုံးထောင်၊ မြင်းသည်သုံးရာ ပါဝင်မည်။ အရန်တပ်အဖြစ် ချီတက်ကြမည် ဖြစ်၏။

ဆုံဝမ်က သဲသိဂ်ါကမ်းခြေတွင် လည်းကောင်း၊ ချန်တန်ရှူက ဟသ်ာနှုတ်သီးကမ်းခြေ တွင်လည်းကောင်း ခံစစ်ခန်းကလေးများကို ထိန်းထားပြီး စစ်ထွက်သူများသို့ လူစာနှင့် မြင်းစာများကို ထောက်ပံ့ကြမည်ဖြစ်၏။ ကျောက်ခဲသည် စစ်ထွက်သွားသူများကို လိုက် ပို့ပြီး ခံတပ်သို့ ပြန်ခဲ့၏။ စုန်ကျန့်တို့လည်း အနှောင့်အယှက်နှင့် မကြုံရဘဲ ချူအိမ်တော် အနီးသို့

ချီတက်ခဲ့နိုင်ကြ၏။ ပြီး ရွာနှင့် တလီခန့်သာ ဝေးသောနေရာတွင် စခန်းချကြ၏။ စုန်ကျန့်သည် ဟွရုံနှင့် တိုင်ပင်လျက် ရှိ၏။

"အိမ်တော်သို့ သွားတဲ့လမ်းက ဝက်ပါလိုပဲလို့ ပြောကြတယ်ဗျ။ စစ်သည်တွေအများ ကြီးနဲ့ ချီတက်သွားလို့ မဖြစ်ဘူး။ လူနှစ်ယောက်ကို လွှတ်ပြီး လမ်းရှာခိုင်းမယ်လို့ စဉ်းစား ထားတယ်။ ပြီးမှ ရန်သူဆီကို ချီတက်ကြမယ်""

"ကျွန်တော် အားနေတာကြာပြီ နောင်ကြီး၊ လူတယောက်မှလည်း မသတ်ရသေးဘူး။ ကျွန်တော့်ကို လွှတ်ပါ" ဟု လီကွေ့က တောင်းပန်၏။

"မဖြစ်ဘူး ကျုပ်ညီ။ လျှပ်တပြက် တိုက်စရာရှိရင်တော့ ကျုပ်ညီကို ခိုင်းမှာပါ။ အခု ကိစ္စကတော့ သိပ်သိမ်မွေ့တယ်။ ကျုပ်ညီနဲ့ မသင့်တော်ဘူး"

လီကွေ့က ရယ်လိုက်ပြီး-

"ဒီ အိမ်တော်စုတ်ကလေးကိုများဗျာ။ နောင်ကြီးက ဘာလို့ အပင်ပန်းခံရမှာလဲ။ ကောင်လေး နှစ်ရာ သုံးရာလောက်ကို ခေါ်သွားမယ်။ လမ်းကိုရအောင် ဖောက်ပြီး ဒီကောင် တွေကို သတ်ချသွားမယ်။ ဘာလို့ ကင်းထောက်လွှတ်ဖို့ လိုမှာလဲ"

"ကျုပ်ညီ ပြောနေတာက မဟုတ်ဘူး။ ထွက်သွားပါ။ မခေါ်ဘဲနဲ့ မလာနဲ့"

"အလကား ခရကို ခါးတောင်းကျိုက်ဖမ်းဖို့ လုပ်နေတယ်" ဟု လီကွေ့က တတွတ် တွတ် ပြောကာ ထွက်သွား၏။

စုန်ကျန့်က ရှိဇူကို ခေါ်လိုက်၏။

"နောင်ကြီးက ဒီကို အရင်က ရောက်ဖူးတယ်။ နောင်ကြီးနဲ့ ရန်လင်းတို့ကို ကင်းသွား ထောက်စေချင်တယ်"

"နောင်ကြီးတို့က အင်အားအများကြီးနဲ့ လာခဲ့တာဆိုတော့ သူတို့က အသင့်ပြင်ပြီး စောင့်နေကြမှာပဲ။ ဘယ်လို ရုပ်ဖျက်ရမလဲ မသိဘူး"

"ကျွန်တော်ကတော့ ဘုရားဖူးဘုန်းကြီးလို ရုပ်ဖျက်သွားမယ်။ အဝတ်ထဲမှာ ဓားကို ဖွက်ထားပြီး ဆုတောင်းစာ ရစ်ဘီးတလုံးကိုလည်း ကိုင်သွားမယ်။ အဲဒီ ဘီးရစ်တဲ့အသံ ကြားရင် ကျွန်တော့်ဆီ လာခဲ့ပေါ့"

"ကျွန်တော်ကတော့ ကျီစုမှာ ထင်းရောင်းခဲ့တယ်။ ခုလည်း ထင်းတွေ ထမ်းပြီး ထင်း ရောင်းထွက်သလို သွားမှာပေါ့။ လက်နက်ကိုလည်း ဝှက်သွားမယ်လေ။ အရေးဟဲ့ဆို ထမ်းပိုးကိုလည်း သုံးလို့ ရတာပေါ့"

“ကောင်းတယ်ဗျာ။ အသေးစိတ်လေးတွေ စဉ်းစားပြီး စီစဉ်ကြတာပေါ့။ အရုဏ် မတက်ခင် ထပြီး သွားကြမယ်”

နောက်တနေ့ နံနက်တွင် ရှိဗူက ထင်းထမ်းဖြင့် အရင်ထွက်ခဲ့၏။ လီ နှစ်ဆယ်လောက်မှ မသွားရသေးမီ တောအုပ်ထူထူထဲတွင် ကွေ့လည်ကြောင်ပတ်သွားနေသော လမ်းဝက်ပါကို ရင်ဆိုင်ရလေ၏။ ရှိဗူလည်း မကြုံတတ်တော့သဖြင့် ထင်းထမ်းကို ချကာ ခဏနားနေရ လေ၏။ မကြာမီတွင် သူ့နောက်မှ ဆုတောင်းစာ ရစ်ဘီးလည်သံကို ကြားလာရလေ၏။ ရန်လင်းသည် ကောက်ရိုးခမောက်စုတ်တလုံးကို ဆောင်းကာ ဘုန်းကြီးဝတ်ရုံဟောင်း တထည်ကို ဝတ်၍ ဆုတောင်းရစ်ဘီးကို လှည့်လျက် ဣန္ဒြေရရ လျှောက်လာနေလေ၏။ အနားတွင် ဘယ်သူ့ကိုမျှ မမြင်သဖြင့် ရှိဗူက လှမ်း၍ စကား စ ၏။

“လမ်းတွေက လိမ်ကောက်နေတာပဲ။ ဟိုနေ့က ဘယ်လမ်းက သွားခဲ့မှန်း မမှတ်မိတော့ဘူး။ အဲဒီတုန်းကတော့ မှောင်လည်း မှောင်ခါနီးနေပြီ။ သူတို့က လမ်းလည်း သိတယ်၊ သွားတာလည်း သိပ်မြန်တယ်။ ဒီတော့ သေသေချာချာတောင် မကြည့်ခဲ့မိဘူး

“ဒါဖြင့် လမ်းလေးတွေ နောက်ကို မလိုက်နဲ့။ လမ်းမကြီးအတိုင်းပဲ လိုက်”

ရှိဗူသည် ထင်းထမ်းကို ကောက်၍ ထမ်းကာ ဆက်လျှောက်ခဲ့၏။ ရှေ့တွင် ရွာတရွာကို တွေ့ရ၏။ ဘုံဆိုင်များ၊ အသားဆိုင်များကိုလည်း လှမ်း၍ မြင်ရ၏။ ဘုံဆိုင်တခုသို့လျှောက် လာခဲ့ရာ ဆိုင်တိုင်း၏ ရှေ့တွင် လက်နက်စင်များ ရှိနေသည်ကို မြင်ရ၏။ လူများမှာလည်း ကျောတွင် ‘ချူ”ဟု ရေးထားသော ရွှေရောင်ကိုယ်ကျပ်အကျႌလက်တိုကို ဝတ်ထားကြ၏။

လမ်းပေါ်မှ လူများမှာမူ သာမန်အတိုင်းသာ ဝတ်ထားကြ၏။ ရှိဗူသည် ဖြတ်သွားသော အဘိုးအိုတဦးကို ရိုရိုသေသေ နှုတ်ဆက်ကာ ဦးညွှတ်၏။

“အဘိုးရာ မသိလို့ မေးစမ်းပါရစေဦး၊ ဆိုင်တွေရှေ့မှာ ဘာလို့ လက်နက်တွေ ရောက် နေရတာလဲ”

“မောင်ရင်က ဘယ်ကလဲ၊ လူစိမ်းလား။ မသိရင်တော့ မြန်မြန်ထွက်သွားရင် ကောင်းမယ်"

“ကျွန်တော်က ရှန်တောင်က စွန်ပလွံသီး လာရောင်းတာ အရင်းပျောက်သွားလို့။ ခုတော့ ထင်းထမ်းရောင်းနေရတာပါ။ ဒီက ထုံးစံတွေကို ဘယ်သိပါ့မလဲဗျာ”

“မြန်မြန်သွား၊ ချက်ချင်းပဲသွား။ ဒီမှာ တိုက်ပွဲကြီး ဖြစ်တော့မယ်”

“မဟုတ်နိုင်တာဗျာ၊ ဒီနေရာလေးက သာသာယာယာနဲ့”

“မင်းက တကယ်မသိဘဲကိုး။ ဒီမှာ နားထောင်။ ဒီနေရာက ချူမိသားစုကျေးရွာပဲ။ သခင်ကြီးချူက အုပ်ချုပ်တယ်။ သူ့အိမ်တော်ကတော့ ဒီကမ်းပါးထိပ်မှာပဲ။ သူက လျှံရှန်း ကျူတောက ရဲရင့်သူတွေကို စော်ကားလိုက်လို့ ဟိုက လူတွေ မြင်းတွေနဲ့ ငါတို့ကို သတ်ဖို့ လာနေကြပြီ။ ဒါပေမဲ့ ငါတို့ရွာကို လာတဲ့လမ်းက သိပ်ရှုပ်တယ်။ ဒီတော့ သူတို့လည်း အပြင်မှာ စခန်းချနေကြတယ်လေ။ အိမ်တော်ကလည်း ကျန်းမာသန်စွမ်းတဲ့ လူငယ် အားလုံးကို အဆင်သင့် ပြင်ခိုင်းထားတယ်။ အမိန့်ရရင် ချက်ချင်း ထွက်တိုက်ကြရမယ်”

“ဒီရွာမှာက လူ ဘယ်လောက်ရှိလို့လဲ အဘိုးရ”

“နှစ်သောင်းလောက်ရှိမယ်။ ပြီးတော့ အရှေ့ရွာနဲ့ အနောက်ရွာကိုလည်း အားကိုးလို့ ရသေးတယ်။ အရှေ့ရွာကိုတော့ လင်းယုန်မာန်လီယင်းက အုပ်ချုပ်နေတယ်။ အနောက် ကိုတော့ မြေရှင်ဟူက ပိုင်တယ်။ သူ့သမီးကတော့ သံမဏိတာတဲ့။ သူကလည်း လက်နက် အလွန်ကျွမ်းကျင်တယ်”

“ဒါဆိုရင် လျှံရှန်းကျူတောကို ကြောက်စရာ ဘာမှမရှိဘူးပေါ့”

“ဟုတ်တယ်၊ ငါတို့ရွာကို ရောက်လာရင်တော့ လွယ်လွယ်လေးနဲ့ပဲ အဖမ်းခံရမှာပဲ”

“ဘာအဓိပ္ပာယ်လဲ အဘိုးရ”

“ငါတို့ဆီမှာ ဆိုရိုးတခုရှိတယ်ကွယ့်။

ချူတို့ကျေးရွာ သာသာယာ

လမ်းမြွှာ ပေါ်များချက်

ဝင်တဲ့အခါ အသာပါ

ဘယ်ခါ ပြန်မထွက် တဲ့”

ရှိဇူသည် ချက်ချင်းပင် ငိုချလိုက်ကာ ဒူးထောက်ပြီး ကန်တော့၏။

“ကျွန်တော်တော့ သွားပါပြီ။ အရင်းလည်း ဆုံးပါပြီ။ ဒီလမ်းကလည်း အိမ်ပြန်လို့ မရဘူးတဲ့။ အခုကိုပဲ ထင်းရောင်းနေရပြီ။ ပြီးတော့ တိုက်ပွဲက လာဖြစ်ဦးမယ်တဲ့။ လွတ် တော့မှာ မဟုတ်ပါဘူး။ သနားပါ အဘိုးရာ။ ဒီထင်းတွေ

ပေးခဲ့ပါ့မယ်။ အထွက်လမ်းကိုပဲ ပြောပြပါ”

“မောင်ရင့်ထင်းတွေလည်း အလကား မလိုချင်ပါဘူး။ ဝယ်မှာပါကွယ့်၊ လာလိုက်ခဲ့။ ထမင်းလေး ဘာလေး လိုက်စားလှည့်ဦး”

ရှိဖူလည်း ထင်းထမ်းကို ကောက်ထမ်းကာ အဘိုးအိုနှင့် လိုက်ခဲ့၏။ အိမ်ရောက်သော အခါ အဘိုးအိုက စိမ်ရည်အဖြူ နှစ်ခွက်ကို ငှဲ့ပေးကာ ဆန်ပြုတ်တပန်းကန်နှင့်အတူ ချပေး၏။ ရှိဖူလည်း ကျေးဇူးတင်ကြောင်း ကပ်၍ ပြော၏။

“အဘိုး၊ ကျွန်တော့်ကို အထွက်လမ်းလေးလည်း ပြောပြပါဦး”

“ဒီလိုလေ၊ ပေါ်ပလာပင်အဖြူ တွေ့တိုင်း အဲဒီက စတဲ့ လမ်းအတိုင်း လိုက်သွား၊ လမ်း ကျဉ်းကျဉ်း ကျယ်ကျယ် လိုက်သာသွားပေတော့။ မဟုတ်ရင် အရင်လမ်းက ဆုံးသွားလိမ့် မယ်။ အခြားသစ်ပင်တွေကို ပြောတာမဟုတ်ဘူးနော်။ လိုက်သွားရင် ဘယ်ကိုမှ ထွက်လို့ ရမှာ မဟုတ်ဘူး။ ဘယ်ဘက်က ထွက်ထွက် ညာဘက်က ထွက်ထွက် ညှောင့်တွေ၊ သံညှပ် တွေ ထောင်ထားတယ်။ မောင်ရင် တက်နင်းမိမှာ သေချာတယ်။ ပြီးရင် အဖမ်းခံရမှာပဲ၊ လွတ်ဖို့ လမ်း မရှိဘူး”

ရှိဖူကလည်း ကျေးဇူးစကား ထပ်ပြောကာ ကန်တော့ပြန်လေ၏။

“အဘိုးနာမည်က ဘယ်လိုခေါ်သလဲ”

“ဒီရွာသားတွေ နာမည်ကတော့ ချူးတွေချည်းပဲ။ အဘိုးတယောက်ပဲ ချောင်လီတဲ့၊ အဘိုးတို့က ဒီမှာ တသက်လုံးနေလာကြတာ”

“အဘိုးတိုက်တဲ့ သေရည်လည်း ဝပါပြီ။ တနေ့ကျရင် ကျွန်တော် ပြန်ပေးဆပ်နိုင် ကာင်းပါရဲ့”

သူတို့ စကားကောင်းနေစဉ် ဆူဆူညံညံ အသံများကို ကြားရလေ၏။

“သူလျှိုတယောက် မိလာတယ်” ဟု အော်လိုက်သံကိုလည်း ကြားရ၏။ ရှိဖူနှင့် အဘိုးအိုလည်း ကမန်းကတန်း အပြင်သို့ ထွက်ကာ ကြည့်ကြ၏။ စစ်သည် ခုနစ်ဆယ် ရှစ်ဆယ်ခန့်သည် လက်ပြန်ကြိုး တုပ်ထားသော လူတယောက်ကို ခေါ်လာ၏။ ထိုသူမှာ ရန်လင်းဖြစ်ပြီး အဝတ်များကို ချွတ်ထားခြင်း ခံရ၏။ ရှိဖူလည်း အာမေဋိတ်သံကို ထွက် မလာစေရန် ကျိတ်၍ မျိုချလိုက်ရ၏။

“သူက ဘယ်သူပါလိမ့်” မသိချင်ယောင်ပြုကာ အဘိုးအိုကို မေးလိုက်၏။ “ဘာလို့ ကြိုးတုပ်ထားရတာလဲ”

“မကြားဘူးလား။ သူက စုန်ကျန့်က လွှတ်လိုက်တဲ့ သူလျှိုတဲ့လေ”

“ဘယ်လို မိသွားတာလဲဗျ”

“သူက တော်တော်ရဲတယ်။ တယောက်တည်း ဘုန်းကြီးယောင်ဆောင်ပြီး လာတယ်။ လမ်းမသိတော့ လမ်းမကြီးအတိုင်း ဝင်ချလာတာပေါ့။ ဘယ်ဘက် ဖြစ်ဖြစ် ညာဘက် ဖြစ်ဖြစ် လိုက်သွားရင်လည်း သေမှာပါပဲ။ သူက ပေါ်ပလာပင်အဖြူတွေအကြောင်းမှ မသိဘဲကိုး။ လမ်းကွေ့တခုမှာ ယောင်လည်လည် လုပ်နေတာကို တယောက်က တွေ့သွားတာနဲ့ မသင်္ကာလို့ အိမ်တော်ကို အကြောင်းကြားလိုက်တာ။ သူ့ကို ဖမ်းဖို့ လွှတ်လိုက်တာပေါ့။ ဒီကောင်က ဓားထုတ်ပြီး ခုခံတာ လေး ငါးယောက်တော့ ဒဏ်ရာ ရသွားသေးတယ်။ အင်အားမမျှတော့လည်း အဖမ်းခံရတာပေါ့။ သူ့ကို တောပုန်းမှန်း မှတ်မိသွားကြပြီ။ သူက ဗိုလ်ကျားသစ်ရန်လင်း တဲ့”

ထိုစဉ် လမ်းအောက်ဘက်မှ အော်သံကို ကြားလိုက်ရ၏။

“ချူအိမ်တော်က တတိယသား ကင်းလှည့်လာတယ်”

ရှိဇူလည်း ခြံစည်းရိုးကြားက ချောင်းကြည့်ရာ ပန်းဖွားနီနီနှင့် လှံများကို ကိုင်ဆောင် လာသော ခြေသည်စစ်သည် နှစ်ဆယ်ခန့်လာသည်ကို တွေ့ရ၏။ ယင်းတို့နောက်တွင် မြင်းစီး ငါးဦးမှာ လေးမြားများ ကိုင်စွဲကာ လိုက်လာ၏။ ထို့နောက်တွင်မှ မြင်းဖြူလေးငါးစီးက ခြံရံ လာသော ဆီးနှင်းတမျှ ဆွတ်ဆွတ်ဖြူသော မြင်းကြီးပေါ်တွင် စစ်သည် ငယ်ငယ်ရွယ်ရွယ် တဦး လိုက်ပါလာလေ၏။ ချပ်ဝတ်အပြည့်အစုံဝတ်ကာ လေးကို လွယ်ထားပြီး လှံတလက် ကို ကိုင်လာ၏။ ရှိဇူက သူ့ကို မှတ်မိသော်လည်း မသိချင်ယောင်ဆောင်ကာ-

“ဒီလူကြီးမင်းလေးက ဘယ်သူလဲဗျ”

“သခင်ကြီးချူရဲ့ တတိယသားပေါ့။ ကျားပေါက်တဲ့။ သူက ဟူမိသားစုရဲ့သမီး သံမဏိတာနဲ့ စေ့စပ်ထားတာလေ။ သားသုံးယောက်ထဲမှာတော့ သူက ကြောက်စရာ အကောင်း ဆုံးပဲ”

ရှိဇူက အဘိုးအိုကို ကျေးဇူးစကား ထပ်၍ ပြောကာ “ကျွန်တော့်ကို လမ်းပြပေးပါ အဘိုးရယ်” ဟု တောင်းပန်ပြန်၏။

“မိုးတောင် ချုပ်နေပြီ။ ပြီးတော့ တိုက်ပွဲလည်း ဖြစ်စရာ ရှိနေတယ်။ မောင်ရင် အလကားသက်သက် သေနေရဦးမယ်”

“ကယ်ပါဗျာ အဘိုးရာ၊ တောင်းပန်ပါတယ်ဗျာ”

"ဒီည ဒီမှာပဲ အိပ်သွားပါလား မောင်ရင်။ မနက်ကျလို့ အခြေအနေ အေးအေး ဆေးဆေးပဲဆိုရင် မောင်ရင် ထွက်သွားပေါ့"

ရှိဇူလည်း ကျေးဇူးစကားကို ထပ်ပြောကာ ဆက်၍ နေရလေသည်။

မြင်းစီးသမား လေး ငါးယောက်သည် တအိမ်ဝင် တအိမ်ထွက်နှင့် ရွာလူထုကို လိုက် နှိုးဆော်နေ၏။

"ဒီည မီးပုံးအနီနဲ့ အချက်ပြတာကို မြင်ရင် အားကုန်ထုတ်ပြီး လျှံ့ရှန်းတောင်ရိုးက တောပုန်းတွေကို ဖမ်းပြီး ဆုငွေလာထုတ်ကြ"

ထိုသူတို့ ထွက်သွားသောအခါ ရှိဇူက မေးပြန်၏။

"ဒီအရာရှိက ဘယ်သူလဲဗျ"

"ကျုပ်တို့ရွာက သူကြီးပေါ့ဗျာ။ ဒီညမှာ သူတို့ စုန်ကျန့်ကို ဖမ်းဖို့ ကြံနေကြတယ်"

ရှိဇူလည်း အတန်ကြာအောင် ထိုင်၍ စဉ်းစားနေလေ၏။ ထို့နောက်တွင် မီးတုတ်တခုကို ငှားကာ နှုတ်ဆက်စကားပြောပြီး နောက်ဖေးရှိ သက်ငယ်တဲတလုံးသို့ ညအိပ်ရန် ထွက်ခဲ့၏။

စုန်ကျန့်နှင့် သူ့အဖွဲ့မှာ ရွာအပြင်တွင် စခန်းချလျက် ရှိ၏။ ရှိဇူရော ရန်လင်းပါ ပြန်ရောက် မလာသေး။ ထို့ကြောင့် အိုပင်းကို ရွာတံခါးဝသို့ အခြေအနေကြည့်ခိုင်းလိုက်၏။ ခဏကြာသော် အိုပင်း ပြန်ရောက်လာ၏။

"လူတွေ ပြောတာ ကြားရတာကတော့ သူလျှိုတယောက်ကို မိတယ်တဲ့။ လမ်းတွေက သိပ်ရှုပ်တယ်ဗျာ။ ကျွန်တော်တော့ ဆက်မတိုးရဲတော့ဘူး"

စုန်ကျန့်မှာ ဒေါသထွက်လာလေပြီ။

"နောက်ထပ်တော့ မစောင့်နိုင်တော့ဘူး။ ကြားရတာကလည်း သူလျှိုတယောက် မိထားတယ်တဲ့။ ဒီတော့ ညီနောင်တွေတော့ မိသွားပြီလို့ ဆိုရမယ်။ ကျွန်တော်တို့ ဒီညပဲ တိုက်ကြမယ်။ အတင်းဝင်တိုက်ပြီး ညီနောင်တွေကို ကယ်ရမှာပဲ။ ခင်ဗျားတို့ကော ဘယ်လို သဘောရကြသလဲ" ဟု ကျန်ခေါင်းဆောင်များကို မေး၏။

"ကျွန်တော် အရင်သွားမယ်။ ဘယ်လိုအခြေအနေရှိလဲ သိချင်လို့" ဟု လီကွေ့က ပြော၏။ စုန်ကျန့်က အားလုံးကို လက်နက်စွဲကိုင်ရန် အမိန့်ပေး၏။ လီကွေ့နှင့် ရန်စုံက ရှေ့ဖျားမှ သွားမည်။ လီကျွမ်းက နောက်ရံတပ်အဖြစ်

လိုက်မည်။ မူဟုန်က လက်ဝဲ တောင်ပံမှ၊ ဟုန်ဆင့်က လက်ယာတောင်ပံမှ အသီးသီး ကွပ်ကဲကြမည်။ စုန်ကျန့်၊ ဟွစ်ရုံနှင့် အိုပင်းတို့က ဗဟိုတပ်မကို ဦးဆောင်ကြမည် ဖြစ်၏။

အလံများကို ဝှေ့ယမ်းကာ ဗုံမောင်းများကို တီးမှုတ်ကာ အော်ဟစ်ကြွေးကြော်ကာ ဓားများ၊ ပုဆိန်များကို ဝှေ့ယမ်းကာ ချူမိသားစုအိမ်တော်သို့ အလျင်အမြန် ချီတက်ကြ၏။

နဂါးတကောင်ကမ်းပါးသို့ သူတို့ ရောက်သောအခါ နေဝင်ဖျိုးဖျ ရှိနေလေပြီ။ စုန်ကျန့် က တပ်မကို အိမ်တော်သို့ ဝင်တိုက်ရန် အမိန့်ပေး၏။ တကိုယ်လုံး ဗလာကျင်းထားသော လီကွေ့က ပုဆိန်နှစ်လက်ကို ဝှေ့ယမ်းကာ ရှေ့ဆုံးမှ တက်၏။ အိမ်တော်သို့ ရောက်သော အခါ ဆွဲတံတားများကို တင်ထားသည်ကို တွေ့ရပြီး မီးတပွင့်တလေကိုမျှ မတွေ့ရချေ။ လီကွေ့က ကျုံးထဲ ခုန်ချကာ ကူးမည်ပြုရာ ရန်စုံက တားထားရ၏။

"မလုပ်နဲ့။ သူတို့က တံခါးပိတ်ထားပုံကို ထောက်ရင် အကြံတခုခု ရှိလိမ့်မယ်။ နောင် ကြီး စုန်ကျန့်ကို စောင့်ပြီးမှ ဆုံးဖြတ်ကြရအောင်"

လီကွေ့မှာ မခံမရပ်နိုင်အောင် ဖြစ်နေ၏။ ပုဆိန်အချင်းချင်းကို တအားရိုက်ခတ် လိုက်ပြီး အိမ်တော်သို့ အသံကုန်အော်လိုက်၏။

"သခင်ကြီးချူ လူလိမ်ကြီး ထွက်ခဲ့။ မင်းသခင် လေပွေနက်က ဒီမှာ စောင့်နေတယ်" အိမ်တော်ထဲမှ ဘာမှ မတုံ့ပြန်ကြပေ။

စုန်ကျန့်လည်း သူ့လူများနှင့် ရောက်လာလေ၏။ အိမ်တော်မှာ တုပ်တုပ်မျှပင် မလှုပ် ချေ။ မြင်းကို ဇက်သတ်ပြီး ကြည့်လိုက်ရာ လက်နက် တလက်တလေမျှ လူတယောက် တလေကိုမျှ မမြင်ရချေ။ စိတ်အိုက်သွားပြီး စဉ်းစားမိလေ၏။

"ငါတော့ မှားပြီ။ ကျမ်းဂန်တွေမှာ ပြောထားသားပဲ။ "ရန်သူ့ရှေ့တွင် အလျင်တဆော မပြုရာတဲ့"။ ငါ ဒါကို မတွက်ခဲ့မိဘူး။ ညီနောင်နှစ်ယောက်ကို ကယ်ဖို့ပဲ စဉ်းစားနေမိတယ်။ တပ်ကိုလည်း ညကြီး အချိန်မတော် ချီတက်ခိုင်းခဲ့တယ်။ အိမ်တော်ကို ဒုတ်ဒုတ်ထိရောက် လာတာတောင် ရန်သူက ထွက်မလာဘူး။ ဒါကိုလည်း မျှော်လင့်မထားမိဘူး။ သူတို့တော့ ဘာတွေ ကြံနေလဲ မသိဘူး"

တပ်ဆွယ် သုံးခုစလုံးကို ချက်ချင်း ခွာရန် သူက အမိန့်ပေးလိုက်ရာ လီကွေ့က ဝင် ကန့်ကွက်၏။

“ဒီကို ရောက်အောင်လာပြီးမှဗျာ။ မဆုတ်ပါနဲ့ နောင်ကြီးရ၊ ကျွန်တော်တို့ ဝင်တိုက် ကြမယ်လေ။ လာကြကွာ။ အားလုံး ငါ့နောက်လိုက်ခဲ့”

သူ့စကားမှာ နှုတ်မှ မထွက်သေးမီမှာပင် အိမ်တော်က သိလိုက်ပြီဖြစ်၏။ အချက်ပြမီး ကျည်တလုံး မိုးပေါ်သို့ တက်လာရာ ကမ်းပါးပေါ်မှ အထောင်မကသော မီးတုတ်များလည်း ချက်ချင်း ပေါ်လာလေ၏။ တံခါးပေါ်ရှိ ပြအိုးမှလည်း မြားမိုး ရွာချလေ၏။ စုန်ကျန့်တို့လည်း လာခဲ့သည့်လမ်းအတိုင်း ဒရောသောပါး ဆုတ်ကြရလေ၏။ ထိုစဉ် လီကျွမ်း ခေါင်းဆောင် သော နောက်ရံတပ်မှ အော်သံကို ကြားရ၏။

“ကြားက ဖြတ်တိုက်တယ်။ ချုံခို ခံရပြီ”

စုန်ကျန့်က တခြားလမ်းကို ရှာခိုင်း၏။ လီကွေ့လည်း ပုဆိန်တဝင့်ဝင့်ဖြင့် ဟိုပြေးသည် ပြေးနှင့် ရန်သူကို ရှာနေသော်လည်း မတွေ့ရပေ။ နောက်ထပ် အချက်ပြမီးကျည်တလုံး တက်လာပြန်၏။ မီးကျည်၏ မြည်သံပင် မပျောက်သေး၊ ပတ်ပတ်လည်မှ ညာသံပေးလိုက် ကြသည်မှာ မိုးခြိမ်းသကဲ့သို့ မြည်ဟည်းလာလေ၏။ အံ့သြလှသဖြင့် စုန်ကျန့်မှာ မျက်စိပြူး မျက်ဆန်ပြူးနှင့် ပါးစပ်အဟောင်းသားနှင့် ကြံရာမရ ဖြစ်နေလေပြီ။ တိုင်းရေးပြည်ရေး စစ်ရေးစစ်ရာ ကျွမ်းကျင်လှသော စုန်ကျန့်ခမျာမှာ ရန်သူ့ပိုက်ကွန်ထဲသို့ ရောက်နေလေပြီ။

ဟုတ်ပေ၏။ မိုးကောင်းကင်ကို အလန့်တကြားဖြစ်စေကာ မြေကြီးကို သိမ့်သိမ့်တုန် စေသော လူတယောက်ကို ဖမ်းမိရန်အတွက် ကျားနှင့် နဂါးတို့ကို ထောင်ဖမ်းသော အစီ အမံကို သုံးခဲ့ကြပေ၏။

စုန်ကျန့်နှင့် အခြားခေါင်းဆောင်များ မည်သို့ လွတ်လာပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၄၈

သံမဏိတာ တဦးတည်းက ဗိုလ်ကျားပုကို ဖမ်းလိုက်ခြင်း

ချူမိသားစုအိမ်တော်ကို စုန်ကျန့် နောက်တကြိမ် တိုက်ခိုက်ခြင်း

စုန်ကျန့်သည် မြင်းပေါ်မှနေ၍ လှည့်ကြည့်လိုက်ရာ ပတ်ပတ်လည်တွင် ရန်သူ့တပ်သားများ ကင်းဝပ်နေသည်ကို တွေ့လိုက်ရလေ၏။ ရန်သူများအား ဝင်တိုက်ကာ လမ်းမကြီးဆီသို့ ဖောက်ထွက်ရန် သူ့လူများကို အမိန့်ပေးလိုက်၏။ ခဏနေလျှင် အော်သံဟစ်သံများ ထွက် လာပြန်၏။ အကြောင်းကို မေးသော်-

"လမ်းတွေက အားလုံးလည်နေတာပဲ။ ဘယ်ဘက်ပဲ သွားသွား နဂိုနေရာပဲ ပြန်ပြန် ရောက်နေတယ်"

"ဒါဖြင့် မီးတုတ်တွေ၊ လူနေအိမ်တွေ တွေ့တဲ့ဘက်ကို ထွက်ကြကွာ"

မကြာမီတွင်ပင် အော်သံများကို ကြားရပြန်လေ၏။

"လမ်းပေါ်မှာ ညှောင့်တွေ ထောင်ထားတယ်။ ကက္ကုဆူးတွေလည်း ချထားတယ်။ သမင်ချိုတွေနဲ့လည်း ကာထားတယ်"

"သွားပြီ" ဟုသာ စုန့်ကျန့်က တမိလေ၏။

ထိုစဉ် လက်ဝဲတောင်ပံမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ဆက်သားတယောက် လာ၍ သတင်းပို့၏။ "ရှိဇူ ရောက်လာပါပြီ"

ချက်ချင်းဆိုသလိုပင် စုန်ကျန့်၏ မြင်းဆီသို့ ရှိဇူ တိုး၍ ထွက်လာလေ၏။

"မကြောက်နဲ့ နောင်ကြီး။ ဒီလမ်းတွေကို ကျွန်တော် သွားတတ်တယ်။ ဒီစကားကို တိုးတိုး ဖြန့်လိုက်ကြ။ လမ်း ကျယ်ကျယ် ကျဉ်းကျဉ်း ပေါ်ပလာဖြူပင်က စတဲ့ လမ်းဆို လိုက်သွားကြ"

စုန်ကျန့်လည်း ထိုအတိုင်း အမိန့်ထုတ်လိုက်၏။ နောက်ထပ် ငါးလီ ခြောက်လီလောက် ခရီးရောက်သောအခါ ရန်သူ ခြေသည်မြင်းသည် အစုအဝေးကြီးတခုကို မြင်လိုက်ရ၏။ ရှိဇူက လှမ်းမေး၏။

"ဘာလို့ ဟိုမှာ လူတွေ အများကြီး စုနေတာလဲ နောင်ကြီး '

"သူတို့က မီးပုံးကို သုံးပြီး စုရပ်ကို ပြနေကြတာ"

ဟွရုံက မြင်းပေါ်မှ ငုံ့၍ ချောင်း၍ ကြည့်၏။ စုန်ကျန့်ကို တနေရာသို့ လက်ညှိုးထိုး၍ပြ၏။

"နောင်ကြီး၊ ဟိုသစ်ပင်တွေကြားထဲက မီးပုံးကို တွေ့လား။ ကျွန်တော်တို့ ဘယ်သွား သွား၊ အရှေ့ပဲ သွားသွား အနောက်ပဲ သွားသွား၊ သွားလေရာရာ ဒီ မီးပုံးက လိုက်နေတယ်။ အဲဒီ မီးပုံးပြတဲ့ဆီမှာ သူတို့လူတွေ၊ မြင်းတွေကလိုက်ပြီး စုနေတယ်။ ဒါသူတို့ရဲ့အချက်ပြပဲ"

"ဒီမီးပုံးကို ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်" ဟု ဟွရုံက ပြောကာ လေးတွင် မြားတပ်လိုက်ပြီး မြင်းကို ရှေ့သို့ နှင်လိုက်ပြီးနောက် မြားကို လွှတ်၏။ မြားသည် မီးပုံးနီနီကို သွားမှန်ကာ ဖြုတ်ချလိုက် လေ၏။

လမ်းပြမည့် မီးပုံး မရှိသဖြင့် ချုံခိုနေကြသော ရန်သူများလည်း ရှုပ်ထွေးကုန်ကြ၏။ စုန်ကျန့်က ရှိဇူကို လမ်းပြခိုင်းကာ ရွာထဲမှ ဖောက်ထွက်လာခဲ့ကြ၏။

ရှေ့တောင်တန်းပေါ်မှ အော်သံများ၊ ယိမ်းကနေသော မီးတုတ်များကို တွေ့ရ၏။ စုန်ကျန့်က တပ်ကို တန့်ခိုင်းလိုက်ပြီး ရှိဇူအား အထောက်တော် လွှတ်လိုက်၏။ ခဏ နေသော် ရှိဇူ ပြန်ရောက်လာ၏။

"ကျွန်တော်တို့ဆီက စစ်ကူလိုက်လာတာပါ နောင်ကြီး။ ရန်သူတွေကို ဖြိုခွဲပစ် လိုက်ပြီ"

စုန်ကျန့်က ဖရိုဖရဲဖြစ်နေသော ရန်သူများထဲသို့ သူ့တပ်ကို မောင်းသွင်းလိုက်ပြီး ရွာရှိရာသို့ ဖောက်ထွက်၏။ ချူတပ်များလည်း တကွဲတပြားစီဖြစ်ကာ ဆုတ်ခွာသွားကြ လေ၏။

လင်ချုံးနှင့် ဗိုလ်ချုပ်ချင်တို့၏ တပ်များနှင့် စုန့်ကျန့်၏ တပ်များ ပေါင်းမိသွားကာ ရွာ အပြင်တွင် နားနေကြ၏။ နံနက်လည်း လင်းလာပြီဖြစ်၏။ မြေမြင့်သည့်နေရာတွင် စခန်း ချပြီး လူစစ်ကြ၏။ တောင်သုံးလုံးကိုနှိမ်နင်းသူဟုန်ဆင့် ပျောက်နေကြောင်း တွေ့ရသဖြင့် ညက သူ့အနားတွင် ရှိသူများကို မေး၏။ "ဗိုလ်ကြီးဟုန်ဆင့်က အမိန့်ရတော့ လမ်းရှာ ထွက်တယ်။ အဲဒီမှာ မြက်တောထဲက ကျော့ကွင်းနှစ်ခုထွက်လာပြီး သူလည်း မြင်းပေါ် ကနေ တလိမ့်ခေါက်ကွေး ကျသွားတာပါပဲ။ လူ လေးငါးယောက်ဝိုင်းဖမ်းပြီး ခေါ်သွားတာ၊ လိုက်ကယ်လို့လည်း မရလိုက်ဘူး"

စုန်ကျန့်ကား ဒေါသအမျက်ခြောင်းခြောင်း ထွက်လာလေ၏။ စောစော သတင်းမပို့ ရကောင်းလားဟု ဟုန်ဆင့်၏ တပ်သားများကို သတ်ချင်လာ၏။ လင်ချုံးနှင့် ဟွရုံတို့က အတော်ကြာအောင် ဖျောင်းဖျရလေ၏။ ကျန်သူများလည်း မကျေနပ်ကြပေ။

"အိမ်တော်ကိုလည်း မသိမ်းလိုက်နိုင်ဘူး။ ညီနောင်နှစ်ယောက်လည်း ပါသွားပြီ။ ကဲ၊ ဘာလုပ်ကြမလဲ"

"ဒီရွာသုံးရွာက မဟာမိတ်ဖွဲ့ထားတယ်လေ" ဟု ရန်စုံက စကားစလိုက်၏။ ဒါပေမဲ့ အရှေ့ရွာက သခင်ကြီးလီယင်းကတော့ ချူရဲ့သား ကျားပေါက်လက်ချက်နဲ့ မြားမှန်ထားလို့ အိမ်မှာ နားနေတယ်။ သူ့ဆီကို သွားပြီး တိုင်ပင်ပါလား နောင်ကြီး"

"ဟုတ်သားပဲ၊ ကျွန်တော် မေ့နေတယ်။ သူက မြေအနေအထားလည်း သိတယ်၊ အခြေအနေကိုလည်း ကောင်းကောင်းသိတယ်"ဟု စုန်ကျန့်က ပြော၏။ ထို့နောက် ပိုးထည်နှစ်လိပ်၊ သိုးနှစ်ကောင်၊ စိမ်ရည်နှစ်အိုးတို့နှင့်တကွ မြင်းကောင်းတစီးကိုပါ လက်ဆောင်အဖြစ် ပြင်ဆင်စေ၏။ လင်ချုံးနှင့် ဗိုလ်ချုပ်ချင်ကို စခန်းစောင့်အဖြစ် ချန်ထား ကာ သူကိုယ်တိုင် လက်ဆောင်သွားပေးရန် ထွက်ခဲ့၏။ ဟွရုံ၊ ရှန်စုံ၊ ရှိဇူတို့နှင့် မြင်းသည် သုံးရာတို့က သူနှင့်အတူ လိုက်ခဲ့ကြ၏။ လီမိသားစုအိမ်တော်သို့ ရောက်သောအခါ တံခါးဝရိုကင်းရုံကို ပိတ်ထားပြီး ဆွဲတံတားလည်း တင်ထားသည်ကို တွေ့ရ၏။ စစ်သည်များလည်း တံတိုင်းပေါ်တွင် တန်းစီနေ၏။ တံတိုင်းအတွင်းမှလည်း စစ်စည်တီးသံ တဒိန်းဒိန်း မြည် နေ၏။ စုန်ကျန့်က မြင်းပေါ်မှနေ၍ အော်ပြော၏။

"ကျွန်တော်က လျှံရှန်းတောင်ရိုးက စစ်သည် စုန်ကျန့်ပါ။ သခင်ကြီးလီကို တွေ့ချင်လို့ လာတာပါ။ တခြား ဘာကိစ္စမှ မရှိပါဘူး။ ကျွန်တော့်ကို မစိုးရိမ်ပါနဲ့"

ရန်စုံနှင့် ရှိဇူတို့ပါ ပါလာသည်ကို ထူရှင့်က မြင်သဖြင့် အိမ်တော်တံခါးကို ဖွင့်လိုက်၏။ ကျုံးကို လှေငယ်တစင်းဖြင့် ကူးလာပြီး စုန်ကျန့်ကို ရိုသေစွာ နှုတ်ဆက်၏။ စုန်ကျန့်လည်း မြင်းပေါ်မှဆင်းကာ ပြန်၍ ဂါရဝပြု၏။ ရန်စုံနှင့် ရှိဇူတို့လည်း အနားသို့ တိုးလာကြ၏။

"ဒီနောင်ကြီးကပဲ ကျွန်တော်တို့ကို သခင်ကြီးလီနဲ့ တွေ့ပေးခဲ့တာ" ဟု သူတို့က မိတ်ဆက်ပေးကြ၏။ "သူ့ကို ဘီလူးမျက်နှာထူရှင့်လို့ ခေါ်ကြတယ်။ ဘဏ္ဍာစိုးကြီး၊ ခင်ဗျားကို ဒုက္ခပေးရဦးမယ်။ သခင်ကြီးကို သွားပြောပေးပါလား။ လျှံရှန်းတောင်ရိုးက စုန်ကျန့်က သခင်ကြီးရဲ့ ဂုဏ်သတင်းကို ကြားနေတာ ကြာပါပြီလို့။ ချူမိသားစုနဲ့ ပဋိပက္ခ ဖြစ်နေလို့ ဒီက ဖြတ်သွားရာမှာ သခင်ကြီးကို ပိုးထည်လေး နည်းနည်း၊ မြင်းကောင်း တကောင်နဲ့ သိုးလေးနှစ်ကောင်လောက် မဖြစ်စလောက် လက်ဆောင်လေးပေးဖို့ တွေ့ချင် လို့ပါ။ တခြား ဘာကိစ္စမှ

မရှိပါဘူး”

ထူရှင့်က ထိုအကြောင်းကို အိမ်တော်သို့ သွားသတင်းပို့၏။ လီယင်းမှာ အိပ်ရာထဲတွင် လဲလျက်ရှိ၏။ မြားဒဏ်ရာမှာ သက်သာနေပေပြီ။ စုန်ကျန့်ပြောသမျှကို ထူရှင့်က ပြောပြ သောအခါတွင် သူက-

“သူက လျှံရှုန်းတောင်ရိုးက သူပုန်ပဲလေ။ ငါ ဘယ့်နှယ် လက်ခံရမှာတုံး။ အလကား သက်သက်မဲ့ အစိုးရမင်းတွေက ငါ့ကို မသင်္ကာဖြစ်ကြဦးမယ်။ ပြောလိုက်၊ ငါ အိပ်ရာထဲမှာ လဲနေတယ်၊ မထနိုင်ဘူးလို့။ နောက် တနေ့နေ့မှ တွေ့နိုင်မယ်ထင်တယ်လို့။ လက်ဆောင် တွေကိုတော့ ငါ လက်ခံဖို့ မသင့်ဘူးထင်တယ်””

ထူရှင့်လည်း ကျုံးကို တဖန် ကူးလာရပြန်၏။ “သခင်ကြီးက ဂါရဝပြုလိုက်ပါတယ်။သူကိုယ်တိုင် တွေ့ချင်ပေမယ့် ဒဏ်ရာကြောင့် အိပ်ရာမှာ လဲနေတယ်။ မထနိုင်ပါဘူး။ တနေ့နေ့ကျမှ တွေ့နိုင်မယ်တဲ့။ ခင်ဗျားတို့ပေးတဲ့ ဒီလက်ဆောင်တွေကိုလည်း သူ လက် မခံရဲပါဘူးတဲ့”

“ခင်ဗျားတို့ သခင်ကြီးရဲ့ စိတ်ကို ကျွန်တော် သိပါတယ်။ သူနဲ့ တွေ့ချင်တာက ချူမိသားစု စံအိမ်တော်ကို ကျွန်တော်တို့ တိုက်လို့ မရတာကြောင့်လို့ သူ ထင်နေမှာပါ။ ခုလို အတွေ့မခံတာကလည်း ချူတို့ မကျေနပ်မှာ ကြောက်လို့ပဲ မဟုတ်လား”

“မဟုတ်ပါဘူး နောင်ကြီးရာ။ ဒီလို မဟုတ်ပါဘူး။ သူ တကယ်နေမကောင်းလို့ပါ။ ကျွန်တော်က ဒီက မဟုတ်ပေမယ့် ဒီမှာ နေလာတာ ကြာပြီဆိုတော့ ဒီကအခြေအနေ တွေကို နည်းနည်းတော့ သိပါတယ်။ ချူမိသားစုအိမ်တော်က အလယ်မှာ ရှိတယ်။ လီ မိသားစုအိမ်တော်ကတော့ အရှေ့ဘက်မှာ။ ဟူမိသားစုအိမ်တော်ကတော့ အနောက်ဘက် မှာပေါ့။ သူတို့အချင်းချင်း တယောက်ယောက် ဘေးအန္တရာယ်နဲ့ ကြုံရင် ကျန်တဲ့သူတွေက ကူညီကြမယ်လို့ မဟာမိတ်ဖွဲ့ထားတယ်။ ဒါပေမဲ့ ချူတွေလက်ချက်နဲ့ သခင်ကြီးက ဒဏ်ရာ ရထားလို့သာ သူက သွား မကူညီတာပါ။ ဒါပေမဲ့ ဟူတွေကတော့ လာကူညီလောက်တယ်ဗျ။ သူတို့ကိုတော့ သိပ်မှုစရာမရှိပါဘူး။ ခေါင်းဆောင်လုပ်တဲ့ သခင်ကြီးဟူရဲ့ သမီးတယောက်ပဲ ပြောစရာရှိတယ်။ သူ့ကို သံမဏိတာလို့ ခေါ်ကြတယ်ဗျ။ သူက ဓားနှစ်လက်သိုင်းသမား လေ။ သူကိုင်တဲ့ ဓားနှစ်လက်ကို ဆန့်လိုက်ရင် ဟိုဘက်ထိပ်ကနေ ဒီဘက်ထိပ်ကို တတာ လောက်ဝေးလို့ ဒီလိုခေါ်ကြတာဗျ။ သူနဲ့ ချူသားအငယ်ကောင် ကျားပေါက်နဲ့ ကြောင်း လမ်းထားတာ။ သူတို့က လက်ထပ်ကြတော့မယ်လေ။ ဒီတော့ဗျာ၊ ချူတွေကို သွားတိုက် ရင် အရှေ့အရပ်ဘက်ကိုတော့ မစိုးရိမ်နဲ့။ အနောက်အရပ်ဘက်ကိုပဲ

ဂရုစိုက်ပါဗျာ။

"ပြီးတော့ ချူအိမ်တော်မှာက အိမ်ရှေ့တံခါး၊ အိမ်နောက်တံခါး၊ ဝင်းတံခါးနှစ်ပေါက် တောင်ရှိတယ်။ အိမ်ရှေ့တံခါးကချည်းပဲ သွားတိုက်လို့ကတော့ အလကားပဲဗျ။ နှစ်ပေါက် စလုံးကို တပြိုင်တည်း တိုက်ရမယ်။ အိမ်ရှေ့တံခါးကို သွားတဲ့လမ်းကလည်း တော်တော် ရှုပ်တယ်။ လမ်းတွေကလည်း ကျဉ်းလာလိုက်၊ ကျယ်လာလိုက်နဲ့ဗျ။ ဒါပေမဲ့ လမ်းအစမှာ ပေါ်ပလာအဖြူ တပင်ကို တွေ့ရင် အဲဒီလမ်းကိုသာ လိုက်ပေတော့။ ကျန်တဲ့လမ်းတွေ ကတော့ တဖက်ပိတ်တွေချည်းပဲ"

"အဲဒီအပင်တွေကို လှဲထားရင်ကောဗျာ" ရှီဇူက ထောက်၏။

"အငုတ်တော့ ကျန်မှာပေါ့ နောင်ကြီးရာ။ အဲဒါတွေကို မှတ်ပြီးသွားပေါ့။ ပြီးရင်လည်း နေ့မှာပဲ တိုက်ပါ။ ညဘက်တော့ တိုက်ဖို့ မကြိုးစားပါနဲ့"

စုန်ကျန့်က ထူရှင့်ကို ကျေးဇူးတင်ကြောင်းပြောကာ ပြန်ခဲ့လေ၏။ လမ်းတွင် လင်ချုံးနှင့် အခြားသူများကိုပါ တွေ့ရသဖြင့် အတူတူပြန်ခဲ့ကြ၏။ စခန်းသို့ ရောက်သောအခါ လီယင်း က အတွေ့မခံကြောင်း၊ ထူရှင့်က မည်သို့ အကြံပေးလိုက်ကြောင်းတို့ကို ပြောကာ တိုင်ပင် ကြလေ၏။

"ကျုပ်တို့က စေတနာကောင်းနဲ့ လက်ဆောင်သွားပေးတာကို ဒီကောင်က ထွက်ပြီး တောင် နှုတ်မဆက်ဘူးတဲ့လား" လီကွေ့က တုတ်ထိုးအိုးပေါက် ပြောချလိုက်၏။

"ကျုပ်ကို လူသုံးရာပဲ ပေးပါဗျာ။ သူ့ သောက်အိမ်တော်ကို သွားဖြိုမယ်။ ဒီကောင့် ကိုလည်း သျှောင်ထုံးက ကိုင်ဆွဲချလာပြီး နောင်ကြီးကို သေသေချာချာ ဂါရဝပြုခိုင်းမယ်"

"နောင်ကြီးက နားမလည်ပါဘူး" စုန်ကျန့်က ဟန့်လိုက်၏။ "သူက တော်တည့်ဖြောင့် မတ်တယ်။ ဥပဒေကို လိုက်နာတယ်။ အစိုးရမင်းတွေကို ကြောက်တယ်။ ကျွန်တော်တို့နဲ့ ဘယ်တွေ့ရဲမှာလဲဗျာ"

လီကွေ့က သွားအဖြီးသားနှင့် "ကြောက်တတ်လိုက်တာဗျာ၊ ကလေးလေး ကျနေ တာပဲ" ဟု ဆိုလိုက်ရာ အားလုံးက ဝိုင်း၍ ရယ်လိုက်ကြ၏။

"ဒါပေမဲ့ ညီနောင်နှစ်ယောက်တောင် အဖမ်းခံထားရတာ။ သေလား၊ ရှင်လားတောင် မသိရဘူး။ ဒီတော့ ခင်ဗျားတို့ ညီနောင်အားလုံး ကျွန်တော်နဲ့အတူတူ အားကုန်ထုတ်ပြီး နောက်တခါ ထပ်တိုက်ကြမယ်"

ခေါင်းဆောင်အားလုံးလည်း ဝုန်းခနဲ ထရပ်လိုက်ကြ၏။

"အမိန့်ပေးပါ။ ကျွန်တော်တို့ လိုက်နာပါ့မယ်။ ဘယ်သူ အရင်သွားရမလဲ"

"နောင်ကြီးက ကလေးတွေကို ကြောက်နေရင် ကျုပ်ကိုလွှတ်လိုက်ပါဗျာ"ဟု လီကွေ့ က ဝင်အော်၏။

"နောင်ကြီးကို ရှေ့ဖျားက လွှတ်လို့မဖြစ်ဘူး" ဟု စုန်ကျန့်က ပြောလိုက်သဖြင့် လီကွေ့လည်း ခေါင်းငိုက်စိုက်ချကာ တရှူးရှူးတရှဲရှဲနှင့် နွားသိုးကြီးလို နှာမှုတ်နေလေ၏။ စုန်ကျန့်က မာလင်း၊ တိန်ဖ၊ အိုပင်း၊ ဗိုလ်ကျားပုတို့နှင့်အတူ အရင်သွားမည်။ နောက် တဖွဲ့အဖြစ် ထိုက်ချုံနှင့် နောက်ထပ် ခေါင်းဆောင်ခုနစ်ဦးတို့က ချောင်းဘက်မှ တိုက်ရ မည်။ လင်ချုံး ဦးဆောင်ကာ ဟွရုံ၊ မူဟုန်၊ လီကွေ့တို့က စစ်ကြောင်းနှစ်ကြောင်းခွဲကာ အရန်အဖြစ် လိုက်ကြရမည် ဖြစ်၏။

ချီတက်မည့်အစီအစဉ်များ ရေးဆွဲပြီးနောက် စားကြ သောက်ကြပြီး စစ်ဝတ်များကို ဝတ်ဆင်ကာ မြင်းများစီး၍ ထွက်ခဲ့ကြ၏။

စုန်ကျန့်ကိုယ်တိုင် ရှေ့ဖျားမှ ချီတက်ကာ ပထမဆုံးတိုက်စစ်ဆင်မည်ဖြစ်သောကြောင့် "ဗိုလ်ချုပ်"ဟု စာရေးထားသော တံခွန်နီကြီးကို ကြွားကြွားဝင့်ဝင့် ထူကာ ချီတက်ခဲ့ကြ၏။ သူနှင့် အခြား ခေါင်းဆောင်လေးဦးသည် မြင်းသည်တရာ့ငါးဆယ်၊ ခြေသည် တထောင် တို့ကို ဦးဆောင်ကာ အလျင်အမြန် ချီတက်ခဲ့ကြ၏။

နဂါးတကောင်ကမ်းပါးရှေ့သို့ ရောက်သော် စုန်ကျန့်သည် မြင်းဇက်သတ်ကာ မိမိတို့၏ရည်မှန်းချက်ကို လှမ်း၍ကြည့်၏။ ဝင်းတံတိုင်းပေါ်တွင် တံခွန်အဖြူကြီးနှစ်ခုကို လွှင့်ထူ ထားရာ ရာ 'ကျူအင်းကို ဖို့၍ ကျောက်ခဲကို ဇီကုပ် ဖမ်းမည်'' ဟု လည်းကောင်း၊ 'တောင်ရိုးကို ဖြို၍ စုန်ကျန့်ကို ဖမ်းမည်'' ဟုလည်းကောင်း စာလုံးကြီးများကို အသီးသီး ပန်းထိုးထား၏။

စုန်ကျန့်ကား ဒေါသထွက်လှသဖြင့် "ချုအိမ်တော်ကို မရသရွေ့ လျှံရှန်းတောင်သို့ မပြန်"ဟု သန္နိဋ္ဌာန်ချလိုက်၏။ ကျန်ခေါင်းဆောင်များလည်း အလားတူပင် ဒေါသထွက် လျက် ရှိကြ၏။ နောက်တပ်ဖွဲ့ ရောက်လာသောအခါ အိမ်ရှေ့တံခါးမှ တိုက်ရန် မှာထားခဲ့ပြီး သူ့တပ်နှင့်အတူ နောက်ဘက်သို့ ပတ်၍ ထွက်လာခဲ့၏။ ထိုနေရာတွင် အိမ်တော်၏ တံတိုင်းမှာ ကြေးညိုကဲ့သို့ ခိုင်ခံ့ကာ တပ်အင်အား အများအပြားလည်း နေရာယူထားကြ၏။

အခြေအနေကို အကဲကြည့်နေစဉ် အနောက်အရပ်ဘက်မှ တပ်ဖွဲ့တခုသည်

အသံကုန် ဟစ်ကြွေးကာ ချီတက်လာသည်ကို တွေ့ရ၏။ မာလင်းနှင့် တိန်ဖတို့အား နောက်တံခါးကို ထိန်းရန်မှာခဲ့ပြီး ထိုရန်သူနှင့် ရင်ဆိုင်ရန် ထွက်ခဲ့၏။ တောင်စောင်းအတိုင်း ဆင်းလာကြသူ များမှာ မြင်းသည်သုံးဆယ်ခန့် ဖြစ်၏။ ယင်းတို့တွင် သံမဏိတာဟု ခေါ်သော မိန်းမပျို လည်း ပါလာ၏။ တလက်လက် တောက်ပနေသော ဓားများကို ဝင့်ကာ လည်ဆံမွေး နက်နက်နှင့် မြင်းကို စီး၍ လာလေ၏။ မြင်းများနောက်မှလည်း မြေသည်လေးငါးရာခန့် ပြေး၍ လိုက်ပါလာကြ၏။ ချူမိသားစုအိမ်တော်သို့ စစ်ကူလာခြင်း ဖြစ်ပေ၏။

"တော်တော်ခန့်ညားလောက်တဲ့ ရန်သူပဲ။ ဒါ ဟူမိသားစုရဲ့ သမီးပဲဖြစ်မယ်။ ကဲ၊ သူနဲ့ ဘယ်သူတိုက်ရဲသလဲ"

ဗိုလ်ကျားပုမှာ ရမ္မက်ကြီးသူ ဖြစ်၏။ ထိုဗိုလ်မင်းမှာ မိန်းမတယောက်ဟု ကြားရသည် နှင့် သိမ်းပိုက်ရန် မျှော်လင့်နေ၏။ အော်သံတချက်ပေးလိုက်ကာ လှံကို ချိန်လျက် အတင်း ဝင်၏။ နှစ်ဖက်တပ်များလည်း အော်ဟစ်ကာ အားပေးနေကြလေ၏။ မိန်းမပျိုသည် မြင်းကို နာ နာရိုက်ကာ ဓားများကို ဝင့်လျက် ဗိုလ်ကျားပုထံသို့ မြင်းဒုန်းစိုင်းကာ ဝင်လာ၏။ ဓားနှစ်လက် အနုပညာရှင်နှင့် လှံသမားတို့ အကြိမ်ကြိမ် တိုက်ကွက်ဆင်ကြ၏။ သူ့လူ ဗိုလ်ကျားပုသည် မိန်းမပျိုနှင့် မယှဉ်သာကြောင်း စုန်ကျန့် တွေ့လာရ၏။ ဂင်တိုတိုနှင့် ဗိုလ်ကျားပုမှာ မိန်းမပျိုကို အမြန် ဖမ်းဆီးနေလိုသော်လည်း တိုက်ကွက် ဆယ်ကွက် မြောက်အရောက်တွင် သူ့လက်များ တုန်တုန်ယင်ယင် ဖြစ်လာလေပြီ။ မြင်း၏ နံဘေးကို ညှပ်ထားရလွန်းသဖြင့် သူ့ခြေထောက်များမှာလည်း ထုံကျဉ်လာလေပြီ။ သူ့လှံရေး မှာလည်း ကျလာလေပြီ။ အသက်ရေးအတွက် တိုက်နေကြခြင်းမဟုတ်ပါက ဗိုလ်ကျားပုသည် ဝမ်းမြောက်ဝမ်းသာ အရှုံးပေးလိုက်တော့မည် ဖြစ်၏။ ပါးနပ်သော သံမဏိတာက လည်း "အလကား လူကြမ်းလူရမ်းပဲ" ဟု စဉ်းစားကာ ရှေ့သို့ တိုး၍ လာ၏။ သူ့ဓားများကို မယှဉ်နိုင်သော ဗိုလ်ကျားပုလည်း မြင်းကိုလှည့်ကာ ထွက်ပြေးလေ၏။ မိန်းမပျိုက အမီ လိုက်ပြီး ညာဘက်မှ ဓားကို ချိတ်ဆွဲကာ အားသွားသော လက်ဖြင့် ဗိုလ်ကျားပုကို ဆောင့် တွန်းချလိုက်၏။ နောက်ပါ မြေကျွန်များက ဗိုလ်ကျားပုကို ဝိုင်းဖမ်းလိုက်ကြ၏။ အိုပင်းက လှံကို ချိန်ကာ အတင်းဝင်လာ၏။ သံမဏိတာကလည်း သူ့ကို ကြို၍ ရင်ဆိုင်၏။ အိုပင်း သည် စစ်မှုထမ်းမျိုးရိုးမှ ဆင်းသက်လာသူ၊ သံမဏိလှံကို ကောင်းစွာ ကျွမ်းကျင်သူ ဖြစ် သော်လည်း မိန်းမပျိုကိုမူ မကျော်နိုင်ပေ။

ဗိုလ်ကျားပုကို ဖမ်းသွားပြီး အိုပင်းမှာလည်း အရေးနိမ့်တော့မည်ကို တွေ့ရသော တိန်ဖ သည် သူတို့ထံသို့ အော်ဟစ်ကာ၊ သူ့သံကြိုးကို ဝှေ့ယမ်းကာ၊ မြင်းဒုန်းစိုင်းကာ လာလေ၏။ စောင့်ကြည့်နေသော ချူးတပ်သားများသည်လည်း

မိန်းမပျိုအတွက် စိုးရိမ်သဖြင့် ဆွဲ တံတားကို အလျင်အမြန်ချကာ တံခါးဖွင့်လိုက်ကြ၏။ နဂါးသည် လှံကိုကိုင်လျက် စုန်ကျုန့် ထံသို့ ဖမ်းမည်ဟု မြင်းကို နှင်၍လာ၏။ သူ့နောက်မှ လူသုံးရာပါလာ၏။ မာလင်းလည်း ဓားနှစ်လက်ကို ကိုင်ကာ နဂါးထံသို့ ဝင်တိုက်၏။ တိန်ဖမှာ စုန်ကျုန့်အတွက် စိတ်ပူသဖြင့် အနားမှ မခွာချေ၊ နဂါးကို မာလင်းက မနိုမ်နင်းနိုင်ကြောင်း၊ သံမဏိတာကိုလည်း အိုပင်၊ က မကျော်နိုင်ကြောင်း စုန်ကျုန့် သိလာရ၏။ ထိုစဉ် ထောင့်ချိုးတခုမှ မြင်းသည်တစု ပေါ်လာပြန်၏။ ယင်းတို့မှာ ဗိုလ်ချုပ်ချင်တို့ ဖြစ်၏။ တိုက်ပွဲ၏အသံများကို ကြားရသဖြင့် မိုးကြိုးသွားလည်း စစ်ကူလိုက်လာခြင်းပင်ဖြစ်၏။ စုန်ကျုန့်က-

"ဗိုလ်ချုပ်ချင်၊ မာလင်းကို ကူပါဦး" ဟု အော်လိုက်၏။

ဗိုလ်ချုပ်ချင်လည်း ပေါက်ကွဲလုနီးနီး ဖြစ်နေ၏။ သူ့တပည့်ဟုန်ဆင့် အဖမ်းခံထား ရသဖြင့် ဒေါသမှာ ထိန်းမရအောင် ရှိနေ၏။ ဝံပုလွေသွားတပ် တင်းပုတ်ကြီးကို ဝှေ့ကာ ဝှေ့ကာဖြင့် နဂါးဆီသို့ မြင်းဒုန်းစိုင်းစီးသွား၏။ နဂါးကလည်း လှံကို မြှောက်ကာ ကြိုလင့်၏။ ထို့ကြောင့် မာလင်းလည်း လွတ်သွားသဖြင့် ဗိုလ်ကျားပုကို ဖမ်းထားသောလူတို့ နောက်သို့ လိုက်လေ၏။ သံမဏိတာလည်း အိုပင်းကို ထားခဲ့ပြီး မာလင်းဆီသို့ လိုက်လေ၏။ ဓား နှစ်လက်ကိုင် ယောက်ျားနှင့် မိန်းမတို့ မြင်းကိုယ်စီဖြင့် တိုက်ပွဲဝင်ကြသည်မှာ လေထဲတွင် နှင်းပွင့်များ ဝေ့လည်ဝေ့လည် ဆင်းလာသည်နှင့်တူ၏။ စုန်ကျုန့်လည်း မှင်တက်မိကာ ကြည့်နေ၏။

တိုက်ကွက် ဆယ်ကွက်ကျော်မျှ တိုက်ပြီးသော် နဂါးသည် မိုးကြိုးသွားကို မယှဉ်နိုင် ကြောင်း ပေါ်လာလေ၏။ ထို့ကြောင့် ချူမိသားစု၏လက်နက်သင်ဆရာ လွမ်တင်ကူလည်း တူကြီးကို ကို ကိုင်ကာ မြင်းစီး၍ ထွက်လာ၏။ အိုပင်းက သူ့ထံသို့ မြင်းကို နှင်၏။ လွမ်တင် ကူက ရင်မဆိုင်ဘဲ ဆတ်ခနဲကွေ့လိုက်ကာ ထွက်ပြေးမည့်ဟန်ကို ပြုလိုက်၏။ အိုပင်း အလိုက်တွင် သူ့တူကြီးကို လွှဲ၍ပစ်လိုက်ရာ တည့်တည့်ထိသွားပြီး မြင်းပေါ်မှ ကျသွား ရှာ၏။

တိန်ဖက "သားတို့ သွားကယ်ကြ" ဟု အော်ကာ သူ့သံကြိုးကြီးကို ဝှေ့ကာ လွမ်တင် ကူနှင့် တိုက်၏။

စုန်ကျုန့်က အိုပင်းကို ထူ၍ မြင်းပေါ်တင်ပေးရန် သူ့လူများကို အော်၍ ပြော၏။ နဂါး လည်း မိုးကြိုးသွားနှင့် မယှဉ်နိုင်တော့သဖြင့် မြင်းကို ကြိမ်သွင်းကာ ထွက်ပြေးလေ၏။ လွမ်တင်ကူက တိန်ဖကို ထားခဲ့ကာ ဗိုလ်ချုပ်ချင်သို့ သွားတိုက်၏။ အချီနှစ်ဆယ်လောက် တိုက်ပြီးသော်လည်း အနိုင်အရှုံး မပေါ်သေးပေ။ လွမ်တင်ကူက ကြောက်လန့်ဟန်ဆောင် ကာ တောထဲသို့ ဝင်ပြေးလေရာ မိုးကြိုးသွားလည်း ကင်းပုတ်ကြီးတဝင့်ဝင့်နှင့် လိုက်သွားလေ၏။

မြက်ရိုင်းတောထဲသို့ ဝင်သွားသော လွမ်တင်ကူ၏နောက်သို့ မဆင်မခြင်လိုက်သွားမိသော မိုးကြိုးသွားမှာ ထောင်ချောက်ဆင်ထားမှန်း မရိပ်မိချေ။ လမ်းကိုဖြတ်၍ တား ထားသော ကြိုးတချောင်းအား ဆောင့်၍ တန်းလိုက်ရာ မြင်းရော လူပါ လဲကျသွားလေ၏။ ချူ၏ လူများက ဝမ်းသားအားရ အော်ဟစ်ကာ ဝိုင်းဖမ်းကြ၏။ မိုးကြိုးသွားထံသို့ ကူညီရန် လိုက်သွားသော တိန်ဖမှာ ကြိုးကို မြင်သဖြင့် မြင်းအား အရှူးအမူးဆွဲ၍ လှည့်လိုက်ရ၏။ "ဖမ်းကြ"ဟူသော အသံများ ဘေးဘယ်ညာမှ ထွက်လာလေ၏။ တိန်ဖကိုယ်ပေါ်သို့ ကျော့ကွင်းများ လာ၍ စွပ်ကြလေ၏။ တိန်ဖလည်း ပါသွားလေပြီ။ စုန်ကျန့်က မသက်မသာ ညည်းမိလိုက်၏။ လွတ်လာသော အိုပင်းကား မြင်းပေါ်သို့ ပြန်တက်၏။

မာလင်းသည် သံမဏိတာကို ထားခဲ့ပြီး စုန်ကျန့်ထံသို့ အမြန်လာခဲ့ရာ သံမဏိတာ တင်မက လွမ်တင်ကူ၊ နဂါးတို့ကပါ လိုက်လာကြ၏။ မလွတ်နိုင်တော့ဟု စိတ်လျှော့တော့ မည် ရှိစဉ်တွင် သူ့ဆီသို့ ဦးတည်ကာ တောင်ဘက်မှ မြင်းစိုင်း၍ လာနေသော ရဲရင့်သူ တဦးကို စုန်ကျန့် မြင်လိုက်ရ၏။ သူ့နောက်မှလည်း ခြေသည်ငါးရာခန့် ပါလာလေ၏။ သူကား မူဟုန်ပေတည်း။

အရှေ့တောင်ဘက်မှလည်း သူတို့လူသုံးရာခန့် လာနေရာ ဦးဆောင်လာသူတို့မှာ ရန်စုံနှင့် ရှိဇူတို့ ဖြစ်ကြ၏။ အရှေ့မြောက်ဘက်မှလည်း "ဒီလူကိုလွှတ်လိုက်" ဟု အော်ကာ ရဲရင့်သူတဦး ပေါ်လာရာ ထိုသူမှာ နတ်မြားရှင် ဟွာရုံပင် ဖြစ်၏။

သုံးဖက်သုံးတန်မှ စစ်ကူများရောက်လာကာ လွမ်တင်ကူနှင့် နဂါးတို့ထံ ဝင်တိုက်ကြ သဖြင့် စုန်ကျန့်မှာ ဝမ်းမြောက်၍ မဆုံးတော့ပေ။ ချူအိမ်တော်မှလည်း စိုးရိမ်လာသဖြင့် သားငယ် ကျားပေါက်ကို စေလွှတ်လိုက်၏။ သားလတ် ကျားမှာ တံခါးများကို ကွပ်ကဲ၍ ကျန်ခဲ့၏။ ရဲရဲနီသောမြင်းကြီးကို စီးလာသော ကျားပေါက်က ခြေသည်မြင်းသည် ငါးရာကို ဦးစီးကာ အထွေးထွေး တိုက်ခိုက်နေသော စစ်သည်များကြားထဲသို့ တိုးဝင်၏။ ချူအိမ်ရှေ့ရှိကျုံးသဖွယ် ဖြစ်နေသော စမ်းချောင်းကို ဖြတ်ကူးလိုက်သော လီကျွမ်း၊ ချန်ဟင်း၊ ချန်ရှွန်း တို့ကို မြားမိုးက ကြိုဆိုလိုက်၏။ တဖက်ကမ်းတွင်ကျန်ခဲ့သော ထိုက်ချုံနှင့် ပိုက်ရှန်းတို့မှာ လှမ်း၍ အော်နေရုံမှအပ ဘာမျှမတတ်နိုင်ကြပေ။

နေဝင်ပေတော့မည်။ အိုပင်းကို စောင့်ခေါ်သွားရန် မာလင်းအား စုန်ကျန့်က ညွှန်ကြား လိုက်၏။ ထို့နောက် တပ်ဆုတ်ရန် မောင်းများကို တီးစေပြီးနောက် တိုက်ပွဲနယ်မြေအတွင်း လှည့်၍ စစ်၏။ ညီနောင်တယောက်ဆုံးရှုံးမည်ကို ကြောင့်ကြနေ၏။ ထိုအခိုက်တွင် သံမဏိတာ သူ့ထံသို့ မြင်းဒုန်းစိုင်းစီးကာ လာနေသည်ကို မြင်လိုက်ရ၏။ ကာကွယ်ချိန်မရသဖြင့် မြင်းကို ကြိမ်သွင်းကာ အရှေ့ဘက်သို့ ပြေး၏။ မိန်းမပျိုလည်း နောက်မှ ထက်ကြပ်မကွာ

လိုက်ပါလာလေ၏။ ခွာလေးစုံ မြေကျသည့် အသံသည် မှောက်ထားသော ဖလားကို ခေါက်သည့်အသံနှင့် တူ၏။ မီလာသော သံမဏိတာက ဓားနှင့် လှမ်းခုတ်မည်အလုပ်တွင် တောင်ပေါ်မှ ဟိန်းသံကြီးတခု ထွက်လာ၏။

"ဒီ သောက်ကောင်မက ငါ့နောင်ကြီးကိုများ လိုက်ဖမ်းရသလား"

အသံလာရာသို့ လှမ်းကြည့်လိုက်ရာ လေပွေနက်လီကွေ့က ပုဆိန်ကြီးများ ဝှေ့ယမ်း လျက် ပြေးလာနေသည်ကို မြင်လိုက်ရ၏။ သူ့နောက်မှာလည်း လူခုနစ်ဆယ်၊ ရှစ်ဆယ်ခန့် ပါလာလေ၏။ မိန်းမပျိုက မြင်းကို လှည့်၍ တောအုပ်ဆီသို့ ပြေး၏။ တောတွင်းမှ မြင်းစီး တကျိပ်ကျော်လည်း ပေါ်ထွက်လာလေ၏။ ယင်းတို့ကို ကျားသစ်ခေါင်းလင်ချုံးက ခေါင်း ဆောင်လာ၏။ လင်ချုံးက အော်၍မေး၏။

"ဘယ်သွားမလို့လဲ"

မိန်းကလေးက ဓားပုံများဖြင့် ဝင်တိုက်၏။ လှံကို ဆကာဆကာဖြင့် လင်ချုံးက ပြန်၍ ရင်ဆိုင်၏။ တိုက်ကွက်ဆယ်ကွက်ကျော်မျှ တိုက်ပြီးသော် လင်ချုံးက တမင်ပင် မိန်းပျိုကို အကပ်ခံ၏။ ဓားချက်များကို လှံဖြင့် ခတ်ထုတ်ပြီး လူဝံလို သန်မာသော လက်ဖြင့် မိန်းကလေး၏ လက်မောင်းကို ဖမ်းဆုပ်လိုက်ကာ ဝံပုလွေ၏ ခါးလို နွဲ့ပျောင်းသော ခါးကို လှည့်၍ ဆောင့်ဆွဲလိုက်၏။ စုန်ကျန့်လည်း အားရပါးရ ဩဘာပေးလေ၏။ မိန်းမပျိုကို ကြိုးနှင့်တုပ်ရန် မှာခဲ့ပြီး စုန်ကျန့်ထံသို့ လာခဲ့၏။

"ထိသွားသေးသလား နောင်ကြီး"

"မထိဘူး၊ ဘာမှမဖြစ်ဘူး" ဟု စုန်ကျန့်က ပြော၏။

ထို့နောက် ခေါင်းဆောင်များကို စုဝေးရန် လီကွေ့အား စေလွှတ်လိုက်၏။ လင်ချုံးက စုန်ကျန့်ကို စောင့်ရှောက်ကာ ခေါ်လာ၏။ သံမဏိတာကိုလည်း မြင်းပေါ်တင်ကာ ခေါ်လာ ခဲ့၏။ ထိုညနေက လျှံရှန်းတောင်မှ ခေါင်းဆောင်များ တယောက်မျှ အောင်မြင်မှု မရခဲ့ ကြပေ။

ချူမိသားစုတပ်များသည်လည်း မရေမတွက်နိုင်သော အလောင်းများကို ချန်ထား ခဲ့ကာ အိမ်တော်ထဲသို့ ပြန်ဝင်သွားကြ၏။ ဖမ်းမိသော သုံ့ပန်းများကို လှည်းပေါ်ရှိ လှောင် အိမ်များတွင်ထည့်ကာ ချုပ်ထားလိုက်၏။ စုန်ကျန့်ကိုပါ မိပါက အရှေ့နေပြည်တော်သို့ သွားအပ်ကာ ဆုတော်ငွေထုတ်ယူမည်ဟု ကြံထားကြ၏။ ဟူမိသားစုကလည်း ဗိုလ်ကျားပု ကို ချူတို့ထံသို့ အပ်လိုက်ကြ၏။

စုန်ကျန့်က သံမဏိတာကို စောင့်ရှောက်၍ လျှံရှန်းတောင်ပေါ်သို့ ပို့ရန်

မြင်းစီး ခေါင်းဆောင် လေးယောက်နှင့် ဝါရင့်တောပုန်းနှစ်ဆယ်အား တာဝန်ပေးအပ်၏။

“လှုံရှန်းတောင်ပေါ်ကိုခေါ်သွားပြီး ကျွန်တော့်အဖေ မြေရှင်ကြီးစုန်ဆီမှာ အပ်ထား လိုက်။ ကျွန်တော် ပြန်ရောက်မှ ဘာလုပ်ရမလဲ ဆုံးဖြတ်မယ်”

ထိုညက စုန်ကျန့် တညလုံးအိပ်မပျော်ချေ။ မိုးသောက်၍ ကင်းသမားတယောက်က သတင်းလာပို့သည့်အချိန်ထိ ငုတ်တုတ်ထိုင်ကာ အကြံထုတ်နေဆဲဖြစ်၏။

“စစ်ဘက်အကြံပေးပုရုံက ညီနောင်သုံးဖော်၊ လူ့ဖန်၊ ကောက်ရှိန်းတို့နဲ့ လူငါးရာကို ဦးစီးပြီး လာနေကြပါတယ်”

စုန်ကျန့်က စခန်းအပြင်သို့ ထွက်ကြိုပြီး သူ့တဲသို့ ခေါ်လာ၏။ အသီးသီးထိုင်ကြပြီး စိမ်ရည်နှင့် စားဖွယ်များကို တည်ခင်းကြ၏။ ဝုရုံက စုန်ကျန့်တို့အား ဂုဏ်ပြုစကားပြောကာ ခွက်ကို မြှောက်၏။

“ခေါင်းဆောင်ကြီးကျောက်ခဲက နောင်ကြီး ပွဲဦးထွက်မှာ အခက်အခဲရှိတယ် ကြား ရလို့ ဒီခေါင်းဆောင်တွေနဲ့ ကျွန်တော့်ကို လွှတ်လိုက်တာပါ။ အခြေအနေက ဘယ်လိုများ ပါလဲ**

“တိုတိုနဲ့ ရှင်းပြဖို့တော့ ခက်တယ်။ ဒီ ချူမိသားစုက တံခါးဝမှာ တံခွန်အဖြူကြီး နှစ်ခု လွှင့်ထားတယ်ဗျ။ “ကျူးအင်းကို ဖို့၍ ကျောက်ခဲကို ဇီကုပ်ဖမ်းမည်” “တောင်ရိုးကို ဖြို၍ စုန်ကျန့်ကို ဖမ်းမည်” တဲ့ဗျ။ ဘယ်လောက်မိုက်ရိုင်းလိုက်လဲ။ ကျွန်တော်တို့က မြေအနေ အထားကို မသိတော့ ပထမတချီမှာ ရန်လင်းနဲ့ ဟုန်ဆင့် ပါသွားတယ်။ နောက်ထပ်လည်း သံမဏိတာက ဗိုလ်ကျားပုကို ဖမ်းသွားတယ်။ လွမ်တင်ကူက အိုပင်းကို သူ့တူနဲ့ နှက်သွား တာ အတော်နာသွားတယ်။ ဗိုလ်ချုပ်ချင်နဲ့ တိန်ဖကတော့ ကြိုးတန်းနဲ့ ဝင်တိုက်မိပြီး အဖမ်းခံလိုက်ရတယ်။ သံမဏိတာကို လင်ချုံးသာ ဖမ်းမမိခဲ့ရင် ကျွန်တော်တို့တော့ လုံးလုံးကြီး ရှုံးပြီ။ ကျွန်တော်တော့ ဒီအိမ်တော်ကို အရတိုက်ပြီး ညီနောင်တွေကို မကယ် နိုင်သရွေ့ ဒီက မပြန်ဘူး။ သေချင်လည်း သေပေ့စေ။ နောင်ကြီးကျောက်ခဲ မျက်နှာကိုတော့ ပြန်မကြည့်ဝံ့ဘူး”

ဝုရုံက ပြုံးလိုက်၏။

“ချုံ မိသားစု ကျဆုံးတော့မှာပါ။ ကျွန်တော်တို့အတွက် အခွင့်ကောင်းတခု လာတော့ မယ်။ သိပ်မကြာတော့ဘူး ထင်တယ်ဗျ”

စုန်ကျန့်က မျက်လုံးပြူးသွား၏။ “ဘာများပါလိမ့် နောင်ကြီးရာ”

ဝုရုံက ခံ့ညားစွာ ပြုံးလိုက်ပြီး ရှင်းပြလေ၏။

မှန်ပေ၏။ မိုးကောင်းကင်မှ လက်တဖက်ဆန့်လိုက်ကာ ပိုက်ထဲတွင် မိနေသူများကို ဆွဲထုတ်လိုက်ပေ၏။

ဝုရုံပြောသော အခွင့်ကောင်းဆိုသည်မှာ အဘယ်ပါနည်း။ သိလိုလျှင် နောက်တခန်း ကို ဖတ်ပါလေ။

အခန်း - ၄၉

ဆွန်ညီနောင်တောင်ကို ဖွင့်ပေးလိုက်ခြင်း

ရှိညီနောင် လွတ်မြောက်လာခြင်း

"ရှိယုံရဲ့ မိတ်ဆွေတယောက် ကျွန်တော်တို့ထဲကို ဝင်ချင်နေတယ်။ သူက လွမ်တင်ကူရဲ့ ရင်းနှီးတဲ့ မိတ်ဆွေပါ။ ပြီးတော့ သူက ရန်လင်းနဲ့ တိန်ဖတို့နဲ့လည်း သိပ်အလျှဉ်းသင့်တယ်" ဟု ဝုရုံက ဆို၏။ "နောင်ကြီးတိုက်ရတာ အခက်အခဲ တွေ့နေမှန်းသိရလို့ သူက ဒီအကြံကို ပေးတာဗျ။ ကျုပ်တို့အဖွဲ့ထဲကို ဝင်ဖို့ ဝင်ကြေးပေါ့ဗျာ။ ဒီကိစ္စပြီးရင်တော့ သူလည်း ကျွန်တော်တို့ဆီကို ဝင်မှာတဲ့။ ဒီကိစ္စကို လုပ်ဖို့ကတော့ အချိန်ငါးရက်လောက်ကြာမယ်"

"အတိုင်းထက်လွန်ပါပဲ" ဟု စုန်ကျန့်က ဆို၏။ သူ့မျက်နှာမှာကား အပြုံးများ ဝေနေ လေ၏။

ချူမိသားစုအိမ်တော်ကို ပထမအကြိမ်တိုက်ခိုက်သည့် အချိန်လောက်တွင် ရှန်တောင်နယ် ကမ်းရိုးတန်းဒေသ တိန်ကျို့ခရိုင်တွင်လည်း အချို့ကိစ္စများ ဖြစ်ပျက်လျက် ရှိလေ၏။ ခရိုင်မြို့၏ ပြင်ပတွင် တောင်တလုံးရှိရာ ကျားရဲများ မင်းမူလျက်ရှိ၏။ လူတို့ကို အတန် ဒုက္ခပေးသဖြင့် မြို့ဝန်က နယ်ခံမုဆိုးများကိုခေါ်ကာ အမိန့်ပေး၏ ။ ထို သောင်းကျန်း နေသော ကျားရဲကို သတ်မှတ်ရက်အတွင်း သတ်ကာ အသေကောင်ကို တင်ပြရမည်ဟူ၍ ဖြစ်၏။ ထိုတောင်၏ မျက်နှာဘက်နှင့် နောက်ကျောဘက်ရှိ ရွာတို့မှ သူကြီးများကိုလည်း ဝင်၍ ကူညီရန် ညွှန်ကြား၏။ သတ်မှတ်ရက်အတွင်း ရလဒ်မပေါ်ထွက်က မုဆိုးများကို ပြင်းထန်စွာ ပြစ်ဒဏ်ချမှတ်မည်၊ လည်ပင်းတွင်လည်း ပင်းသကားလည်ထောက်များကို စွပ်ထားမည် ဖြစ်၏။

ယင်း တောင်၏ တောင်ခြေတွင် မုဆိုးညီနောင်တို့ ရှိကြ၏။ သူတို့မှာ ရှိချင်နှင့် ရှိပေါင် တို့ဖြစ်ကြ၏။ နှစ်ယောက်စလုံးသည် အသွားနှစ်ခွ ရှိသော မိုန်းလုံ့ဖြင့် တိုက်ခိုက်ရာ၌ ထူးထူးခြားခြား ကျွမ်းကျင်ကြ၏။ တနယ်လုံးတွင် အကောင်းဆုံးမုဆိုးများဟု ထင်ရှား ကြ၏။ ရှိချင်၏ နာမည်ပြောင်မှာ ခေါင်းနှစလုံးနှင့်မြွေ ဖြစ်ပြီး၊ ရှိပေါင်၏ နာမည်ပြောင်မှာ အမြီးနှစ်ခွကင်းမြီးကောက် ဖြစ်၏။ မိဘနှစ်ပါးလုံး ကွယ်လွန်သွားပြီ ဖြစ်ပြီး နှစ်ယောက် စလုံးမှာ အိမ်ထောင်လည်း မရှိကြပေ။ အစ်ကိုဖြစ်သူမှာ အရပ်ရှည်ရှည်၊ အသားနီနီ၊ ခါးသိမ်သိမ်၊ ရင်အုပ်ကားကားနှင့် ဖြစ်၏။ ညီမှာ အစ်ကို့ထက်ပင် အရပ်ရှည်ကာ

မျက်နှာ ဝိုင်းဝိုင်း၊ အသားညိုညိုနှင့် ဖြစ်ကာ သူ့ခြေထောက်တွင် ဘီလူးပုံနှစ်ကောင် အရုပ်ကို မင်သေ့ထိုးထား၏။ ယင်း ဘီလူးတကောင်ကောင် သူ့ကို ဝင်ပူးသောအခါများတွင် သစ်ပင် များကို ဆွဲနုတ်ချင်၊ တောင်များကို ဖြိုပစ်ချင်၊ ကောင်းကင်နှင့် မြေကြီးကို ဖောက်ထိုးထား ပစ်ချင်စိတ် ပေါက်လာတတ်၏။

မြို့ဝန်ရုံး၏ အမိန့်ကို ကြားရသည့် ညီနောင်နှစ်ယောက်သည် အိမ်သို့ ပြန်ကာ တိုက် ကြိုးနှင့် ပစ်သော ဒူးလေး၊ ဆိပ်လူးမြား၊ ဆူးခွ စသည်တို့ကို ပြင်ဆင်ကြပြီး ကျားသစ်ရေ ဘောင်းဘီများ ဝတ်ကာ ကျားရေဝတ်ရုံများကို ခြုံကြ၏။ ထိုနောက် မှိန်းလှံများကို ကိုင် ကာ တောင်ပေါ်သို့ တက်ခဲ့ကြ၏။ တိုက်ကြိုးနှင့် ဒူးလေးကိုထောင်ကာ သစ်ပင်ပေါ်သို့ တက်ပြီး တနေ့လုံး စောင့်ကြ၏။ သို့သော် ဘာမှ မဖြစ်လာသဖြင့်၊ ဒူးလေးကို သိမ်းကာ အိမ်ပြန်ခဲ့ကြ၏။ နောက်တနေ့တွင် ရိက္ခာခြောက်များ ယူဆောင်ကာ တောင်ပေါ်သို့ ထပ် တက်ခဲ့ကြ၏။ မှောင်သည်အထိ စောင့်ပြီး ဒူးလေးကို ထောင်ကာ သစ်ပင်ပေါ်တက်ခဲ့ကြ၏။ အရုဏ်တက်သည်အထိ လှုပ်ရှားမှု မရှိသေးပေ။ ထိုနောက် တောင်၏ အနောက်ဘက် ခြမ်းသို့ ပြောင်းကာ ဒူးလေးကို ထောင်ပြီး မိုးလင်းသည်အထိ စောင့်ပြီးမှ ပြန်ခဲ့ကြ၏။ နှစ်ယောက်စလုံးမှာ စိုးရိမ်လာကြပြီ။ “သုံးရက်တောင် အချိန်ကုန်ခံတာတောင်မှ ကျားကို မမိသေးဘူး။ မမိရင်တော့ အပြစ်ပေးခံရတော့မယ်။ ငါတို့ ဘာလုပ်ကြမလဲ”

တတိယည အရုဏ်တက်ချိန်တွင်မူ နှစ်ယောက်လုံး မဟန်နိုင်ကြတော့ချေ။ ကျောချင်း ကပ်မှီ၍ ထိုင်ရင်း ငိုက်လာကြလေ၏။ မျက်စိမှိတ်၍ မကြာမီတွင်ပင် ဒူးလေးမှ မြား ထွက်သွားသံ ဒေါင်ခနဲ ကြားလိုက်ရလေ၏။ နှစ်ယောက်သား ခုန်ထလိုက်ပြီး မှိန်းလှံကြီး များကို ကိုင်ကာ အမှောင်ထုထဲသို့ လှမ်း၍ ကြည့်ကြ၏။

အဆိပ်လူးမြား မှန်ထားသော ကျားတကောင်မှာ မြေပေါ်တွင် လူးလိမ့်နေလေ၏၊ အနားသို့ လူ ရောက်လာသောအခါ မြားတန်းလန်းနှင့် ထပြေးလေ၏။ ညီနောင်နှစ်ယောက် လည်း နောက်မှ လိုက်လာရာ တောင်ခုလတ်သို့ အရောက်တွင် မြားဆိပ်အစွမ်းလည်း ပြလေပြီ။ အော်သံတချက်ပေးကာ တောင်စောင်းအတိုင်း လိမ့်ကျသွားလေ၏။

“ကောင်းတယ်။ အဲဒါ မြေရှင်ကြီး မောင်ရဲ့ နောက်ဖေးခြံထဲကို ကျသွားတာပဲ။ လာ ကျားအသေကောင် သွားကောက်ကြမယ်”

ညီနောင်နှစ်ယောက် တောင်အောက်ကို ဆင်းကာ မြေရှင်ကြီး၏ ခြံတံခါးကို သွား ခေါက်ကြ၏။ ထိုအချိန်တွင် မိုးလင်းစပြုနေပြီဖြစ်၏။ မြေကျွန်တယောက်က တံခါးလာ ဖွင့်ကာ မြေရှင်ကြီးထံသို့ သွားပြီး သတင်းပို့၏။ မြေရှင်ကြီး ထွက်လာ၏။ ညီနောင် နှစ်ယောက်က လှံ များကို ချထားကာ အရိုအသေပြုကြ၏။

"ဦးကြီး၊ မတွေ့တာတောင် ကြာပြီနော်။ အနှောင့်အယှက်ပေးရတာ အားနာလိုက် တာဗျာ။ "

"စောစောစီးစီး၊ ဘာကိစ္စလဲ ငါ့တူတို့ရ။ ပြောပါဦး"

"အရေးမကြီးရင် လာပြီး မနှိုးပါဘူးဗျ။ ဒီလိုပါဗျ။ မြို့ဝန်ရုံးက အမိန့်ထုတ်တယ်လေ။ ဒါကြောင့် ကျားရှာထွက်တာ သုံးရက်တောင်ရှိပြီ။ အခုမနက် အရုဏ်တက်မှာမှ ပစ်လိုက် ရတယ်။ ဒီကောင်က လိုမ့်ချသွားတာ ဦးကြီးရဲ့ နောက်ဖေးခြံထဲကို ကျသွားတယ်။ အဲဒါ သွားကောက်မလို့ ဦးကြီးဆီမှာ လာခွင့်တောင်းတာပါ"

"ရတာပေါ့ကွာ။ ဒါပေမဲ့ ခဏတဖြုတ်လောက် ထိုင်ပါဦးလား။ မင်းတို့လည်း ဆာနေ ကြရောပေါ့။ မနက်စာလေး စားသွားဦး"

အစားအသောက်နှင့် စိမ်ရည်များကို အယူခိုင်းလိုက်ပြီး ညီနောင်နှစ်ယောက်ကို အားမနာတမ်း စားရန် တိုက်တွန်း၏။

စားသောက်ပြီးသောအခါ ညီနောင်နှစ်ယောက်လည်း ထ၍ ကျေးဇူးစကားကို ပြော ကြ၏။ "ဦး "ဦးကြီးစေတနာကို မမေ့ပါဘူးဗျာ။ ကျွန်တော်တို့ ကျားသေကောင် သွားကောက် တော့မယ်။ ခွင့်ပြုပါဦး"

"ကွာ၊ ငါ့ခြံထဲ ရောက်နေမှတော့ ဘာပူစရာရှိသေးတော့လို့လဲ။ လက်ဖက်ရည်လေး သောက်သွားပါဦး။ အေးအေးဆေးဆေးပေါ့"

ရှိညီနောင်မှာ ငြင်း၍ မသင့်သဖြင့် ပြန်ထိုင်ကာ လက်ဖက်ရည်သောက်ကြရပြန်၏။

"ကဲ ငါ့တူတို့၊ မင်းတို့ ကျားသေ သွားကောက်ပေတော့"

"ကျေးဇူးပဲ ဦးကြီးရာ"

နောက်ဖေးခြံတံခါးသို့ မြေရှင်ကြီးက ရှေ့မှ ခေါ်သွား၏။ ခြံတံခါးဝသို့ ရောက်သောအခါ မြေကျွန်တဦးကို သော့ဖွင့်ခိုင်း၏။ မည်သို့ပင် ကြိုးစားသော်လည်း ဖွင့်၍မရပေ။

"မဖွင့် မဖွင့်တာကြာနေလို့ သံချေးတက်နေတာ နေမှာပါ။ တူနဲ့ ရိုက်ဖွင့်လိုက်"

မြေကျွန် ကျွန်က တူဖြင့် ရိုက်ကာ သော့ကိုဖွင့်၏။ ခြံထဲသို့ ဝင်လာပြီး တောင်ခြေရင်းအစပ် အထိ လျှောက်၍ ရှာကြရာ ကျားကို မတွေ့ရပေ။

“ငါ့တူတို့ မင်းတို့များ မှားသွားလား မသိဘူး။ သေသေချာချာ မကြည့်လိုက်လို့များ လား။ ငါ့ခြံထဲကို ကျမလာဘူးနဲ့ တူတယ်”

“ဘာမှားစရာ ရှိလဲဗျာ။ ကျွန်တော်တို့က ဒီမှာမွေး ဒီမှာကြီးလာကြတာပဲ။ ဘယ် ရောက်နေမှန်း မသိစရာမှ မရှိတာ”

“မင်းတို့ ရှာကြလေ။ တွေ့ရင် ယူသွားကြပေါ့”

“အစ်ကိုရေ၊ ဒီမှာလာကြည့်” ရှိပေါင်က အော်လိုက်၏။ “ဒီနားက မြက်တွေ ပြားနေ ဘယ်။ ပြီးတော့ သွေးတွေ စွန်းနေတယ်။ ဒီနေရာ မဟုတ်ဘူးလို့ ဘယ်သူပြောမလဲ။ ဦးကြီး အိမ်က မြေကျွန်တွေ ယူသွားတာ ဖြစ်ခဲ့မယ်”

“ဒီလိုမပြောနဲ့လေ။ ငါ့အိမ်က မြေကျွန်တွေက နောက်ဖေးခြံထဲမှာ ကျားရှိနေတာ ဘယ်လို သိကြမှာလဲ။ ပြီးတော့ သယ်သွားတယ်တဲ့။ သော့ကို ဖျက်ပြီး ဖွင့်ရတာ မင်းတို့ အမြင်ပဲလေ။ ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ”

“ဦးကြီး ကျွန်တော်တို့ကို ကျားပြန်ပေးရင် ကောင်းမယ်ဗျာ။ အစိုးရမင်းတွေကို အပ်ရ ဦးမယ်ဗျ”

“မင်းတို့က အဓိပ္ပာယ် မရှိလိုက်တာကွာ။ မင်းတို့ကို မနက်စာလေး ကျွေးမိပါတယ်၊ ငါတို့ကပဲ ကျားခိုးတယ်လို့ ဖြစ်ရပြန်သေး”

“မဟုတ်တာ မပြောပါဘူးဗျာ။ အစိုးရမင်းတွေက အချိန်ကန့်သတ်ထားတာ ခင်ဗျား တို့လည်း သိပါတယ်။ ခင်ဗျားတို့က ကျားကိုလည်း ကိုယ့်ဘာသာကိုယ် မဖမ်းနိုင်ကြပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ကျားကို ခိုးလိုက်တာပေါ့။ ပြီးမှ ဆုငွေ သွားထုတ်ကြမှာပေါ့။ ကျွန်တော်တို့ကတော့ ကြိမ်ဒဏ်ပေးခံရမှာပေါ”

“မင်းတို့ဘာသာ ဒဏ်ပေးခံရတော့တာ ငါနဲ့ ဘာဆိုင်လို့လဲ”

ညီနောင်နှစ်ယောက်၏ မျက်လုံးများလည်း ဝင်းဝင်းတောက်လာ၏။ “ခင်ဗျားတို့ အရှာခံရဲလား”

“ဒါက မင်းတို့ အိမ်လား၊ ငါ့အိမ်လား။ မိသားစုတိုင်းမှာ သီးသန့်နေပိုင်ခွင့်ရှိတယ်။ ခွေးသူတောင်းစားလေးတွေ၊ လူမှုရေးလည်း နားမလည်ကြဘူး”

ရှိပေါင်က အိမ်ဦးခန်းထဲသို့ အတင်းဝင်၏။ ကျားကို မတွေ့ရ။ ရင်ထဲမှ ဒေါသများ ထွက်လာသဖြင့် တွေ့ရာလူကို တိုက်ခိုက်လေတော့၏။ ရှိချင်လည်း ခန်းမရှေ့မှ လက်ရန်း များကို ချိုး၍ဝင်၏။

မြေရှင်ကြီးလည်း အသံကုန်အော်လေ၏။ “ရှီချင်နဲ့ ရှီပေါင် နေ့ကြောင်တောင်ကြီးမှာ လာလုနေတယ်ဗျို့”

ညီနောင်နှစ်ဦးသည် တွေ့သမျှ အိမ်ထောင်ပရိဘောဂများကို ရိုက်ချိုးဖျက်ဆီးကြ၏၊ အိမ်တော်တခုလုံးမှ လူများ သူတို့ကို အုပ်နှင့် ဝင်တိုက်ကြတော့မည်ကို တွေ့ရသဖြင့် အိမ်ရှေ့တံခါးမှ သုတ်ခြေတင်ကာ ထွက်သွားရင်း အိမ်တော်ဘက်သို့ လက်ညှိုးထိုးကာ “ကျုပ်တို့ ကျားကို ခိုးတယ်။ ရုံးတော်ကို သွားတိုင်မယ်” ဟု အော်ပြောကြ၏။

ထိုအခိုက်တွင် မြင်းစီးသမား နှစ်ယောက် သုံးယောက် အိမ်တော်ရှေ့သို့ ရောက်လာ ၏။ သူတို့နောက်တွင် လူတအုပ်လည်း ပါလာ၏။ ဦးဆောင်လာသူမှာ မြေရှင်ကြီး၏ သား မောင်ချုံကျီ ဖြစ်သည်ကို ရှီချင်က မှတ်မိလိုက်၏။

“ခင်ဗျားတို့ မြေကျွန်တွေက ကျွန်တော်တို့ ကျားကို ခိုးထားတယ်ဗျ။ ခင်ဗျားအဖေ ကလည်း ပြန်မပေးဘူး။ ပြီးတော့ ကျွန်တော်တို့ကို ရိုက်ထုတ်ဖို့ လုပ်နေတာဗျ” “ဒီကောင်တွေက ဘာမှမသိကြဘူး။ အဖေ့ကိုလည်း သူတို့က လိမ်ထားတာနေမှာပါ။ စိတ်မဆိုးပါနဲ့ဗျာ။ လာဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့။ ပြန်ရအောင် လုပ်ပေးမယ်”

ညီနောင်နှစ်ယောက်က သူ့ကို ကျေးဇူးစကားဆိုကြလေ၏။ မောင်ချုံကျီက တံခါးကို ဖွင့်ရန် အော်လိုက်၏။ ရှီချင်နှင့် ရှီပေါင်ကို ဝင်ရန် ပြောကာ၊ အားလုံး အတွင်းသို့ ရောက် သည်နှင့် တံခါးကို ပြန်ပိတ်ခိုင်းလိုက်ပြီး ‘ဖမ်းကြစမ်း” ဟု အော်၏။

ဝင်းထောင့်အသီးသီးမှ မြေကျွန် နှစ်ဆယ် သုံးဆယ်ခန့် ထွက်လာပြီး ဝိုင်းဖမ်းကြရာ အပြင်မှ ဝင်လာသူများကပါ ဝိုင်းကူကြ၏။ ညီနောင်နှစ်ယောက်လည်း နောက်ဆုံးတွင် မခုခံနိုင်တော့ဘဲ ကြိုးနှင့်အတုပ်ကို ခံကြရလေ၏။

“ငါတို့အိမ်က ညက ကျားတကောင် ပစ်ခဲ့တာ။ မင်းတို့က လာတောင်းနေရသေး သလား။ ပြီးတော့ အိမ်ထဲကို အတင်းဝင်တယ်။ ပစ္စည်းတွေ လုတယ်။ ပရိဘောဂတွေကို ဖျက်ဆီးတယ်။ ဒါ ရာဇဝတ်မှုပဲ။ သူတို့ကို ရုံးတော်အပ်လိုက်ကြ။ ဒါမှ ငါတို့ နယ်လည်း သန့်သွားမယ်”

အမှန်မှာ နံနက်အရုဏ်တက်ကပင် မောင်ချုံကျီသည် ကျားသေကို မြို့ဝန်ရုံးသို့ သွား အပ်ခဲ့ပြီးဖြစ်လေ၏။ သူနှင့်အတူ ရဲသားများကို ခေါ်လာကာ ရှိညီနောင်အား ဖမ်းရန် လာခဲ့ ခြင်းဖြစ်၏။ ဤညီနောင်မှာ သူ ထင်သည်ထက်ပင် လှည့်ဖျားရန် လွယ်ကူနေကြောင်း တွေ့ရ၏။ ယခုဆိုလျှင် သူတို့၏ စကားကို

လက်ခံမည့်သူ မရှိတော့ပြီ။ မြေရှင်ကြီးက သူတို့ လုသွားသော "ပစ္စည်းအိတ်" ကို မိုန်းလုံတွင် ချိတ်ထားလိုက်ကာ ပျက်စီးသွားသော ပရိဘောဂတို့ကို သက်သေခံအဖြစ် ပြလေ၏။ ယင်းပစ္စည်းတို့နှင့်အတူ အဝတ်ချွတ်ကာ လက်ပြန်ကြိုးတုပ်ထားသော အကျဉ်းသားတို့ကို ခရိုင်ရုံးသို့ ခေါ်လာကြ၏။

ထိုရုံးတော်မှ စာရေးဝန်ချိန့်သည် မြေရှင်ကြီး၏ သမက် ဖြစ်၏။ သူက အရင်ဝင်ကာ မြို့ဝန်နှင့် စကားပြောပြီးနောက်မှ ရှိချင်နှင့် ရှိပေါင်တို့ကို ရုံးတင်လေ၏။ သူတို့မှာ ဘာမျှ ပြောခွင့်မရဘဲ ချည်နှောင်ကာ ရိုက်နှက်ခြင်းကိုသာ ခံရလေ၏။ "ကျားဝင်ရှာရန် အကြောင်း ပြကာ မိုန်းလုံများကို ကိုင်လျက် အိမ်တွင်းသို့ အတင်းဝင်ပြီး လက်နက်ကိုင်ဓားပြမှုကို ကျူးလွန်ခဲ့ကြောင်း" အတင်း ဝန်ခံခိုင်း၏။ ညီနောင်နှစ်ယောက်လည်း နောက်ဆုံးတွင် အရိုက်မခံနိုင်တော့သဖြင့် ပြောသည့်အတိုင်း ဝန်ခံရလေတော့၏။ သူတို့အား ခွက်တဆယ် ခန့်လေးသော ပင်းသကားလည်ထောက်များကို စွပ်စေကာ ထောင်ချရန် မြို့ဝန်က စီရင်လိုက်လေ၏။

မြေရှင်ကြီးတို့သားအဖသည် အိမ်တော်တွင် တိုင်ပင်ကြ၏။

"ဒီကောင်တွေ ပြန်လွတ်လို့ မဖြစ်ဘူး။ အကောင်းဆုံးကတော့ ရှင်းပစ်လိုက်ရမယ်။ ဒါမှ ဒုက္ခမပေးနိုင်မှာ"

မြို့သို့တက်ကာ စာရေးဝန်ချိန့်ကို ညွှန်ကြားကြ၏။ "ငါတို့ကတော့ ဒီမြက်ပင်တွေ ပြန်မပေါက်အောင် အမြစ်ပါ နုတ်ပစ်ချင်တယ်။ ဒီကိစ္စ ထမြောက်အောင် မြို့ဝန်ကနေ ဘိုးအောက်ဆုံးထိ လာဘ်ထိုးမယ်"

ရှိချင်နှင့် ရှိပေါင်တို့ကို ကြိုးတိုက်သို့ ပို့လိုက်၏။ ထိုနောက် ထောင်မှူးနှင့် တွေ့ရန် ခေါ်လာခဲ့၏။ ထောင်မှူးမှာ ပေါင်ကျိဟု အမည်ရှိ၏။ မြေရှင်ကြီးထံမှ ငွေများရထားပြီး စာရေးကြီးဝန်ချိန့်ထံမှ သတ်မိန့်ကိုလည်း ရထားပြီးဖြစ်၏။ သူက ရုံးခန်းအလယ်တွင် ထိုင်နေ၏။ "ဟေ့ကောင်တွေ၊ မြန်မြန်ဒူးထောက်ကြစမ်း"ထောင်သားတယောက်က အမိန့်ပေး၏။ "မင်းတို့က ခေါင်းနှစ်လုံးနဲ့မြွေနဲ့ အမြီးနှစ်ခွနဲ့ကင်းမြီးကောက် ဆိုတာတွေလား"ဟု ပေါင်ကျိက လှောင်၏။

"ဒါက လူတွေ နောက်ပြီးခေါ်တဲ့ နာမည်ပြောင်တွေပါဗျာ။ ကျွန်တော်တို့က လူကောင်း တွေကို ဒုက္ခမပေးဖူးပါဘူး၊" ဟု ရှိချင်က ဖြေ၏။

"တိရစ္ဆာန်တွေ" ဟု ထောင်မှူးက ဟောက်၏။ "မင်းတို့ကို ခေါင်းတလုံးနဲ့မြွေနဲ့ အမြီးတချောင်းနဲ့ကင်းမြီးကောက် ဖြစ်အောင် ငါ လုပ်ပြမယ်ကွ။ ခေါ်သွားကြ။ တိုက်ပိတ် ထားကြ"

ထောင်စောင့်က သူတို့ကို အကျဉ်းစခန်းသို့ ပြန်ပို့၏။ ဘေးဘီတွင် လူ ရှိ မရှိကြည့်ပြီးမှ ယင်းက "ခင်ဗျားတို့ ကျွန်တော်ကို သိလား။ ကျွန်တော်က ခင်ဗျားတို့ အစ်ကိုရဲ့ ဇနီးရဲ့ မောင်ပါ" ဟု ဆို၏။

"ကျွန်တော်တို့မှာ ဒီညီအစ်ကိုပဲ ရှိတာပါ။ နောက် အစ်ကိုတွေ ဘာတွေ မရှိပါဘူး"ဟု ရှီချင်က ပြန်ဖြေ၏။

"ခင်ဗျားတို့က ဗိုလ်မှူးဆွန်ရဲ့ ညီတွေ မဟုတ်လား"

"ဆွန်ရှင့်က ကျွန်တော်တို့ နှမဝမ်းကွဲရဲ့ ယောက်ျားပါ။ ခင်ဗျားကို အရင်က မတွေ့ ဖူးဘူး၊ ဒါနဲ့ ခင်ဗျားက သွေ့ဟိုလား"

"ဟုတ်ပါ့ဗျာ။ ကျွန်တော့် နာမည် သွေ့ဟိုပါ။ ကျွန်တော်တို့က နဂိုကတော့ မောင်ကို နယ်ကပဲ။ နောက်မှ ဘိုးဘေးတွေက ပြောင်းလာတာလေ။ ကျွန်တော့်အစ်မက ဗိုလ်မှူး ဆွန်နဲ့ အိမ်ထောင်ပြုလိုက်တာ။ ဒီမှာ ထောင်စောင့်လုပ်နေတာပါ။ ကျွန်တော်က အသံ ကောင်းလို့ လူတွေက သံလည်ချောင်းလို့ ခေါ်ကြတယ်။ ကျွန်တော့်ယောက်ဖကလည်း ကျွန်တော် သိုင်းကတာကို ဝါသနာပါမှန်း သိလို့ လှံသိုင်းပညာတောင် နည်းနည်းသင်ပေး ထားတယ်"

ဤ သွေ့ဟိုမှာ လျင်သော၊ ဉာဏ်ထက်သော သူတဦးဖြစ်၏။ တူရိယာအမျိုးမျိုးကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် တီးမှုတ်တတ်၏။ သင်လွယ် တတ်လွယ်သူဖြစ်သော ကြောင့် လှံသိုင်း၊ တုတ်သိုင်းအတတ်တို့နှင့် သူ့မှာ သကာနှင့် ပျားရည်ပမာ အစေးကပ်လှ ၏။ ညီအစ်ကို နှစ်ဦးတို့မှာ ရဲရင့်သူများဖြစ်ကြောင်း တွေ့ရသဖြင့် သူက ကယ်တင်ချင်နေ၏။ သို့သော် တလွန်းတည်းဖြင့် ကြိုးကျစ်၍မရ။ လက်ခုပ်တဖက်တည်းဖြင့် တီး၍ မမြည်ပေ။ ထို့ကြောင့် သတင်းအစအန ပေးရုံသာ လုပ်နိုင်၏။

"ပြောစရာတခုတော့ ရှိတယ်။ ပေါင်ကျိကို မြေရှင်မောင်က လာဘ်ထိုးထားတယ်၊ ခင်ဗျားတို့ကို သူ သတ်မှာ သေချာတယ်။ ဘယ်လိုလုပ်ကြမလဲ"

"ဗိုလ်မှူးဆွန်နာမည်ကို ခင်ဗျားက ဖော်မပြောရင် ကျွန်တော် စဉ်းစားမိမှာ မဟုတ် ဘူးဗျ။ ဒါပေမဲ့ ခင်ဗျားက ပြောလိုက်တော့ သတိရသွားတယ်။ ဒီတော့ လူတယောက်နဲ့ သွားတွေ့ပေးနိုင်မလား"

"ဘယ်သူ့ကိုလဲဗျာ"

"အဖွေ့ဘက်က အစ်မဝမ်းကွဲပါ။ သူက ဗိုလ်မှူးဆွန်ရဲ့ ညီ ဆွန်ရှင့်နဲ့

လက်ထပ်ထား တယ်။ သူတို့နေတာက အရှေ့တံခါးအပြင်ဘက် ဆယ်လီမှတ်တိုင် ရွာလေးမှာပါ။ သူ့ နာမည်က ကျားမ မခုတဲ့။ သူတို့ လင်မယားက ဘုံဆိုင်တခု ဖွင့်ထားတယ်။ ပြီးတော့ သားသတ်ရုံရော လောင်းကစားဒိုင်ရော ဖွင့်ထားသေးတယ်။ သူ တကယ်တိုက်ပြီဆိုရင် ယောက်ျား နှစ်ဆယ် သုံးဆယ်တောင် သူ့ကို မနိုင်နိုင်ဘူး။ သူ့ယောက်ျား ဆွန်ရှင့်တောင် သူ့ကို မနိုင်ဘူး။ ဒါတောင် ဆွန်ရှင့်က လက်နက်ရေး တော်တော်ကျွမ်းကျင်တာနော်။ သူက ကျွန်တော်တို့ကို တော်တော်ချစ်တာ။ ကျွန်တော့်အမေကလည်း ဆွန်ရှင့်နဲ့ ဆွန်လီတို့နဲ့ အဒေါ်တော်တယ်လေ။ ဒီတော့ အမျိုးတော်တာပေါ့။ ခင်ဗျားက သူတို့ကို တိုးတိုးတိတ်တိတ် သွားတွေ့ပြီး ပြောပြရင် အစ်မ ကျားမကလည်း ကျွန်တော်တို့ကို လာကယ်မှာပါပဲ”

“ကျွန်တော် ဒီကိစ္စကို လုပ်ပေးပါ့မယ်။ အမျိုးတွေပဲဗျာ။ စိတ်ချနေပါ”

သွေ့ဟိုလည်း အပြင်ထွက်ကာ ပေါက်စီနှင့် အသားပေါင်း ဝယ်လာကာ လူမသိအောင်ပေးသည်။

အရေးပေါ်ကိစ္စတခု ရှိသည်ဟု အကြောင်းပြကာ အချုပ်ခန်းကို ပိတ်ပြီး သော့ကို လက်ထောက်ထောင်စောင့် လက်သို့ အပ်ထားခဲ့ပြီး ထွက်ခဲ့၏။ ဆယ်လီမှတ်တိုင် ရွာလေး သို့ ရောက်သောအခါ ဘုံဆိုင်ကို ချက်ချင်းတွေ့ရ၏။ တံခါးအပြင်ဘက်တွင် အမဲသား၊ သိုးသားအတွဲများကို ချိတ်ဆွဲထား၏။ ဘုံဆိုင်၏ နောက်ဖေးဘက်တွင် လောင်းကစားခန်း တခုရှိ၏။ စားပွဲတွင် အမျိုးသမီးတဦးထိုင်နေရာ မခုပင် ဖြစ်မည်ဟု အနားသို့ ကပ်သွားပြီး လေးလေးစားစား နှုတ်ဆက်လေ၏။

“ဒါက နောင်ကြီးဆွန်တို့ ဆိုင်ပါလား”

“ဟုတ်တယ်။ စိမ်ရည်သောက်မလို့လား။ ဒါမှမဟုတ် အသားဝယ်မလို့လား။ ကစား ချင်ရင်တော့ နောက်ဖေးမှာ အခန်းတခန်း ရှိတယ်”

“ကျွန်တော့် နာမည်က ကွေ့ဟိုပါ။ ဗိုလ်မှူးဆွန်ရဲ့ ယောက်ဖပါ”

“ဩော်၊ ရှင်က သူ့မောင်လေး ကွေ့ဟိုကိုး။ သူနဲ့ တော်တော်ဆင်တာပဲ။ လာလေ ထိုင်ပါဦး။ လက်ဖက်ရည် သောက်ပါဦး”

“မြို့ထဲမှာ အလုပ်လုပ်နေတယ်လို့တော့ ကြားပါတယ်။ ဒါပေမဲ့ ကျွန်မတို့က ဆင်းရဲ တော့ သိပ်မအားကြဘူးလေ။။ ဒီတော့ မတွေ့ဖြစ်ဘူးပေါ့။ ဒီနေ့တော့ ဘယ်က ဘယ်လို ရောက်လာပါလိမ့်”

“ကိစ္စအရေးမကြီးရင် ကျွန်တော်လည်း ဘယ်မှာ လာပြီး ဒုက္ခပေးပါ့မလဲဗျာ။ ဒီနေ့ ကျွန်တော်တို့ ထောင်ကို ထောင်ကျနှစ်ယောက် ရောက်လာတယ်။

လူချင်းမတွေ့ဖူးပေ မယ့် သူတို့နာမည်ကိုတော့ ကောင်းကောင်းကြားဖူးပါတယ်။ ခေါင်းနှစ်လုံးနဲ့မြွေ ရှိချင်နဲ့ အမြီးနှစ်ခွနဲ့ကင်းမြီးကောက် ရှိပေါင်လေ”

“သူတို့က ကျွန်မ မောင်ဝမ်းကွဲတွေပဲ။ ဘာလို့ ထောင်ကျရတာလဲ”

“သူတို့က ကျားတကောင်ကို သတ်လိုက်တာ။ အဲဒီကျားကို မြေရှင်ကြီး မောင် တို့က ခိုးလိုက်တယ်။ ပြီးတော့ သူတို့ကို ဖမ်းပြီး ခားပြတွေဆိုပြီး မြို့ဝန်ရုံး ပို့လိုက်ကြတယ်။ လူကြီးရော လူငယ်ရော တရုံးလုံး လာဘ်ထိုးထားတော့ မကြာခင်မှာပဲ ထောင်မှူးပေါင်ကျိုက သူတို့ကို သတ်တော့မယ်။ ဒါက မတရားပါဘူး။ ကျွန်တော်လည်း မကြိုက်ဘူး။ ဒါပေမဲ့ ကျွန်တော်တယောက်တည်းနဲ့လည်း သူတို့ကို မကယ်နိုင်ဘူး။ အမျိုးတွေဆိုတော့လည်း ကူညီရတာပေါ့။ ကျွန်တော် သိတာလေးတွေ ပြောပြရတာပေါ့။ ခင်ဗျားကလွဲလို့ ဘယ်သူ ကမှ မကယ်နိုင်ဘူးလို့ ပြောတယ်ဗျ။ ဒါတောင် မြန်မြန်လှုပ်ရှားမှ ဖြစ်မှာ”

မခုလည်း တချက်မျှ စုတ်သပ်လိုက်ကာ အလုပ်သမားများကို အော်ခေါ်ပြီး သူ့ ယောက်ျားကို လိုက်ရှာစေ၏။ လူသုံးလေးယောက် ပြေးထွက်သွားကြပြီး ခဏအကြာတွင် သူ့ယောက်ျားနှင့်အတူ ပြန်ရောက်လာကြ၏။ ဆွန်ရှင့်ကို ကွေ့ဟိုနှင့် မိတ်ဆက်ပေး၏။ ဆွန်မိသားစုမှာ စစ်သားမျိုးရိုးမှ ဆင်းသက်လာသူများ ဖြစ်ကြ၏။ သူတို့ ဇာတိမှာ ချင်ကျို့မှ ဖြစ်၏။ သို့သော် သူတို့တပ်ကို တိန်ကျို့သို့ ပြောင်းလိုက်သဖြင့် ဆွန်တို့ညီအစ်ကိုလည်း ပါလာခဲ့ခြင်းဖြစ်၏။

ဆွန့်ရှင်မှာ ထွားကျိုင်းသန်မာ၏။ သူ့အစ်ကိုထံမှ လက်နက်ဆိုင်ရာ အတတ်များကို သင်ထားပြီး အထူးသဖြင့် ကွမ်းရိုးစင်းဖော်ထားသော တုတ်ရှည်ကို ကျွမ်းကျင်၏။ သူ့ကို ဗိုလ်ချုပ်လေးဟု ခေါ်ကြကြောင်း သူ့ဇနီးက ပြောပြ၏။

“ခင်ဗျား မြန်မြန် ပြန်သွားမှကောင်းမယ် နောင်ကြီး”ဟု သူက သွေ့ဟိုကို ပြော၏။ ထောင်ထဲမှာ ရောက်နေပြီဆိုတော့ သူတို့ကို နောင်ကြီးကပဲ စောင့်ရှောက်ရမယ်လေ၊ ကျွန်တော်တို့လင်မယား ကြံပါဦးမယ်။ အကြံရရင် ချက်ချင်း လာဆက်သွယ်မယ်”

“ဘယ်လိုပဲ ကူရ၊ ကူရ ကူညီပါ့မယ်”

မခုက သွေ့ဟိုကို စိမ်ရည်တိုက်ကာ ငွေတအိတ်ကိုလည်း ပေးစေ၏။ “လက်ထောက် ထောင်စောင့်တွေကို ဝေပေးထားလိုက်ပါ။ ကျွန်မ မောင်လေးတွေကို သူတို့ ဂရုစိုက်အောင်” သွေ့ဟိုက ကျေးဇူးတင်စကားပြောကာ ထောင်ကို ပြန်ပြီး ငွေများ ဝေပေးလိုက်၏။

အကြောင်းကိုကား ဤမျှနှင့် တော်ဦးမည်။

မခုက သူ့ယောက်ျားနှင့် တိုင်ပင်၏။ “ဘယ်လို ကယ်ကြမလဲ”

“အဲဒီလူယုတ်မာ မြေရှင်ကြီးမှာ ငွေနဲ့ အာဏာရှိတယ်။ မင်း မောင်တွေကို အပြင်ပြန် မထွက်ရအောင် လုပ်မှာပဲ မှာပဲ။ သေတဲ့အထိ ကြံမှာပဲ။ ဒီတော့ သူတို့ကို ထောင်ထဲက ဆွဲထုတ် ဖို့ပဲ ရှိတော့တယ်”

“ဒီညပဲ သွားကြမယ်လေ”

“မင်းက သိပ်လောတာကိုးကွ။ သေသေချာချာ စီမံမှဖြစ်မယ်။ ထောင်ဖောက်ပြီးရင် ခိုစရာနေရာလည်း ရှာထားဦးမှ။ ဒီကိစ္စကို လုပ်ဖို့ ငါ့အစ်ကိုရယ်၊ ငါ စဉ်းစားထားတဲ့ လူ နှစ်ယောက်ရယ်ပါမှ လုပ်လို့ရမယ်”

“ဘယ်သူတွေလဲရှင့်”

“ဒီမှာလာလာ ကစားနေတဲ့ တူဝရီးနှစ်ယောက်ပါ။ စို့ယွမ်နဲ့ စို့ရွှန်လေ။ သူတို့က “တိမ် ခွပ်တောင်”မှာ ဓားပြလုပ်ပြီးနေကြတာ။ ငါနဲ့တော့ တော်တော်ခင်တယ်။ သူတို့ပါလာရင် လုပ်လို့ရမှာပဲ”

“တိမ်ခွပ်တောင်က ဘာဝေးလို့လဲရှင်။ သွားဖိတ်လိုက်ပါလား။ စကားလေးဘာလေး ပြောရအောင်”

မခုသည် ဝက်တကောင်ကိုပေါ်ကာ စိမ်ရည်နှင့်တကွ စားကောင်းမည့် အမြည်းများကို ပြင်ဆင်ထား၏။

နေဝင်ဖျိုးဖျတွင် ဆွန်ရှင့်နှင့် လူနှစ်ယောက် ပြန်ရောက်လာ၏။ ပထမတဦးမှာ စို့ယွမ် ဖြစ်ပြီး ကလေးဘဝကပင် လောင်းကစားကျူးခဲ့သူ ဖြစ်၏။ အလုပ်အကိုင်မရှိသော လူပေါ့ တယောက် ဖြစ်၏။ သို့သော် သစ္စာရှိ၏။ လက်နက်မျိုးစုံ ကျွမ်းကျင်၏။ အကြောင်းရှိပါက မဆုတ်မနစ် အင်တိုက်အားတိုက် လုပ်တတ်၏။ ရဲညီနောင်အသိုင်းအဝိုင်းတွင် တောပျော် နဂါးဟု လူသိများ၏။

နောက်တယောက်မှာ သူ့တူ စို့ရွှန် ဖြစ်၏။ တူဝရီးဟုဆိုသော်လည်း အသက်အတူတူ ပင် ဖြစ်ကြ၏။ လူအနေအထားမှာလည်း မခြားနားလှပေ။ လူကောင်ထွားထွား အရပ်ရှည် ရှည်နှင့် စို့ရွှန်မှာ နောက်စေ့တွင် မြင်းဖုကြီး ထွက်နေသောကြောင့် ရုပ်ရည်မှာ တမျိုးကြီး ဖြစ်နေ၏။ သူစိတ်ထွက်လာလျှင် တဖက်ရန်သူကို ခေါင်းနှင့် ဝှေ့တိုက်တတ်၏။ တနေ့တွင် ထင်းရှူးပင်တပင်ကို ရုတ်တရက် ခေါင်းနှင့် ဝှေ့တိုက်လိုက်ရာ ထက်ပိုင်းကျိုးသွားလေ၏။ ထိုမှ နောင်တွင် သူ့ကို ချိုတချောင်းနဲ့နဂါးဟု ခေါ်ကြလေ၏။

မခုလည်း အတွင်းခန်းသို့ ဖိတ်ခေါ်ကာ နေရာထိုင်ခင်း ပေးလေ၏။

ထိုနောက် အကြောင်းစုံကို ပြောပြကာ ထောင်ဝင်စီးမည့် ကိစ္စအား စကား စ လေ၏။

“ကျွန်တော့်မှာ လူ ရှစ်ဆယ် ကိုးဆယ်လောက် ရှိပေမယ့် နှစ်ဆယ်လောက်ကိုပဲ ယုံ ရတယ်” ဟု စို့ယွမ်က ပြော၏။ “ပြီးရင်လည်း ဒီမှာနေလို့ ရတော့မှာ မဟုတ်ဘူးဗျ။ သွား မယ်လို့ စဉ်းစားထားတဲ့ နေရာတနေရာတော့ ရှိတယ်။ ခင်ဗျားတို့ကော လိုက်ပါ့မလားလို့ စဉ်းစားနေတာ”

“ကျွန်မ မောင်လေးတွေကို ကယ်ပေးလို့ကတော့ ရှင် ဘယ်သွားသွား ကျွန်မတို့ လိုက်ပါ့မယ်ရှင်”

“လျှံရှန်းတောင်ရိုးမှာ တော်တော်လေး စည်ကားနေပြီလို့ ကြားတယ်ဗျ။ ပြီးတော့ စုန်ကျန့်ကလည်း လူသစ်တွေကို လက်ခံရာမှာ တော်တော်လေး လိုက်လိုက်လျောလျော ရှိတယ်တဲ့။ သူ့လက်အောက်မှာ ကျွန်တော့်မိတ်ဆွေ သုံးယောက်တောင် ရှိတယ်။ ဗိုလ် ကျားသစ်ရန်လင်းရယ်။ မျက်ခုံးနီတိန်ဖရယ်။ ဗိုလ်ရှိယုံရယ်လေ။ သူတို့ဆိုရင် ဒီအဖွဲ့ထဲဝင် သွားတာ တော်တော်တောင် ကြာသွားပြီဗျ။ ခင်ဗျားရဲ့ မောင်တွေကို ကယ်ပြီးရင် ကျွန်တော် တို့လည်း လျှံရှန်းတောင်ရိုးအဖွဲ့မှာ သွားပြီး ဝင်ကြမယ်လေ။ ဘယ်လို သဘောရကြလဲ”

“ဒီထက်ကောင်းတာတော့ မရှိတော့ဘူး။ နောက်ဆုတ်မယ်ကြံရင်တော့ ကျွန်မရဲ့ လှံက ကြည့်နေမှာ မဟုတ်ဘူး”

“တခုတော့ ရှိတယ်။ ကျွန်တော်တို့နောက်ကို တပ်တွေ လိုက်လာရင် ဘယ်လိုလုပ် မလဲ” စို့ရွန်က သတိပေး၏။

“ကျွန်တော့်အစ်ကိုက ဒီမြို့စောင့်တပ်မှာ ဗိုလ်မှူးပါ။ ပြီးတော့ သူက တိုက်ရေး ခိုက်ရေးမှာ အကောင်းဆုံးပဲ။ မြို့ကို ဓားပြတွေ လာတိုက်ရင် သူကပဲလိုက်ပြီး တိုက်ရ ချေမှုန်းရတာ။ သူ့ ဂုဏ်သတင်းကလည်း တော်တော် ကျော်စောပါတယ်။ မနက်ဖြန် ကျွန်တော့် အစ်ကိုကို ဒီမှာ ခေါ်ပြီး သူ ကူညီပါ့မယ်လို့ ကတိတောင်းပါ့မယ်”

“အေးဗျာ၊ သူက တောပုန်းမလုပ်ချင်မှာကိုပဲ စိတ်ပူတယ်”ဟု စို့ယွမ်က ဆို၏။

“ကျွန်တော့်မှာ သူ့ကို နားချဖို့ နည်းတခု တွေ့ထားတယ်ဗျ”ဟု ဆွန်ရှင့်က ပြန်ပြော၏။ ညတဝက် ဝက် ကျိုးသည်အထိ သောက်ကြစားကြပြီးမှ နောက်တနေ့ မနက်အထိ အိပ်လိုက်ကြသည်။ ဆွန်ရှင့်က ဧည့်သည်များနှင့် အိမ်မှာစောင့်နေပြီး လက်ထောက်တယောက် ၊ လူနှစ်ယောက်နှင့် မြို့သို့ စေလွှတ်လိုက်၏။ ယင်းလူနှစ်ယောက်က လှည်းကြီးတစီးကို တွန်းသွားကြ မည်ဖြစ်၏။

“မြို့စောင့်တပ်ကို သွားပြီးတော့ ငါ့အစ်ကို ဗိုလ်မှူးဆွန်နဲ့ ငါ့မရီး မကွေ့တို့ကို သွားတွေ့ချေ။ ငါ့မိန်းမ အတော်နေမကောင်းဖြစ်နေလို့ ချက်ချင်းလိုက်တွေ့စေချင်တယ်လို့ ပြောချေ” ဟု မှာကာ လွှတ်လိုက်၏။

မခုကလည်း ထပ်၍ မှာ၏။ “ငါ့အခြေအနေက တော်တော်အသည်းအသန်ဖြစ်နေ တယ်လို့ပြော။ အရေးကြီးတာ မှာခဲ့စရာရှိတယ်လို့လည်း ပြောလိုက်။ ငါ့ကိုတွေ့ချင်ရင်၊ စကားပြောချင်ရင် ဒါ နောက်ဆုံးပဲလို့ သေသေချာချာ ပြောပြ”

လက်ထောက်သည်လည်း လှည်းကြီးနှင့် ထွက်သွားရာ ဆွန်ရှင့်က အိမ်ဝမှစောင့်နေ လေ၏။ နေ့လယ် ထမင်းစားချိန်လောက်တွင် လှည်းကြီးလာသည်ကို အဝေးမှ မြင်ရ၏။ သူ့ မရီးက လှည်းပေါ်တွင် လိုက်လာပြီးသူ့အစ်ကိုမှာ မြင်းစီး၍လာ၏။ နောက်မှလည်း ခြေကျင် လိုက်လာသော တပ်သားများ တကျိပ်ခန့် ပါလာလေ၏။ ယင်းလူအုပ် ဆယ်လီမှတ်တိုင် အနားသို့ ရောက်သောအခါ သူ့မိန်းမထံသို့ “လာကြပြီဟေ့” ဟု လှမ်း၍ သတင်းပေး၏။

“ကဲ၊ ဒါဖြင့် ဒီလို လုပ်ကြမယ်”ဟု မခုက အသံတိုးတိုးဖြင့် သညာပေး၏။ ဆွန်ရှင့်က အစ်ကိုနှင့် မရီးတို့အား ထွက်၍ ကြို၏။ မသွေ့ လှည်းပေါ်မှ ဆင်းလာရာ လူမမာကို ဝင် ကြည့်ရန် ပြော၏။ ဆွန်လီလည်း မြင်းပေါ်မှ ဆင်းကာ အိပ်ထဲသို့ ဝင်၏။ သူကား တကယ့် လူချောလူခန့်တယောက် ဖြစ်ပေ၏။ အရပ်ရှည်ရှည်၊ မုတ်ဆိတ်မွေးထူထူနှင့် ဖြစ်သော် လည်း အသားအရေမှာ ဝါဖျော့ဖျော့နှင့် ဖြစ်သောကြောင့် ဗိုလ်ချုပ်ပျော့ဟု ခေါ်ကြ၏။ သို့သော် သူကိုင်သော လေးကိုင်းမှာ မာလှသောကြောင့် လူတိုင်း မငင်နိုင်။ ထက်သော ဆတ်သော မြင်းကို စီး၏။ လှံရှည်ကြီးကို ကိုင်၏။ လက်ကောက်ဝတ်တွင်လည်း ကျား မျက်လုံးကျောက်များ စီထားသော ကြံ့ဆစ်သံမဏိတုတ်တိုတချောင်းကို ဆွဲထား၏။ ယင်းကို မြင်ရုံမျှနှင့်ပင် လူအများ မေ့မြောကုန်သည်ဟု ဆို၏။

သူ့ညီနှင့် လျှောက်လာရင်းက မေး၏။ “ငါ့ညီမလေးက ဘာဖြစ်တာလဲ”

“သူ့ရောဂါက အတော်ဆန်းတယ် အစ်ကိုရ။ အထဲရောက်မှ ပြောကြတာပေါ့” ဆွန်လီလည်း ဝင်သွား၏။ ဆွန်ရှင့်က ပါလာသော တပ်သားများကို ဘုံဆိုင်ထဲသို့ ခေါ်သွား ကာ ကျွေးမွေးပြုစုရန်၊ မြင်းကို ခြံထဲသို့ ခေါ်သွားရန် သူ့လက်ထောက်ကို မှာခဲ့ပြီးမှ-

“အထဲဝင်ပြီး လူမမာကို ကြည့်ကြရအောင်”

အတွင်းခန်းထဲသို့ ဆွန်ရှင့်နောက်မှ လိုက်ခဲ့ကြသော်လည်း လူတယောက်မှ မရှိချေ။

“ညီမလေးက ဘယ်အခန်းမှာလဲ”

ထိုစဉ် မခု အခန်းထဲသို့ ဝင်လာ၏။ သူ့နောက်မှ စိုးယွမ်နှင့် စိုးရွှန်တို့လည်း ပါလာလေ၏။

“ဘာရောဂါဖြစ်တာလဲ ညီမလေး”

“အစ်ကိုကြီး ဂါရဝပြုပါတယ်။ ညီမ ခံစားနေရတာက မောင်တွေကို ကယ်ချင်တဲ့ စိတ် နဲ့ပါ”

“တော်တော်ဆန်းတာပဲ၊ ဘယ်က မောင်တွေလဲကွယ့်”

“အစ်ကိုကြီးက အနံ့ အအမှ မဟုတ်ဘဲ။ ထောင်ထဲရောက်နေတဲ့ လူနှစ်ယောက်က ကျွန်မမောင်ဝမ်းကွဲတွေဆိုတာ သိမှာပါ။ အစ်ကိုကြီးနဲ့လည်း အမျိုးတော်တာပဲလေ”

“အစ်ကိုကြီး နားမလည်ဘူး။ ဘယ်သူတွေကို ပြောတာပါလိမ့်”

“ကိစ္စက အရေးကြီးနေတယ်။ ဒီတော့ ညီမ လိုရင်းကိုပဲ ပြောမယ်။ မြေရှင်ကြီးမောင်နဲ့ စာရေးဝန်ချိန့်တို့က ရှိချင်နဲ့ ရှိပေါင်တို့ကို မကောင်းကြံနေတာ။ မကြာတော့ဘူး၊ သူတို့ကို သတ်ကြတော့မယ်။ ဒီကိစ္စကိုလည်း ဒီက ရဲရင့်သူနှစ်ယောက်ကို ပြောပြထားတယ်။ ညီမ တို့ ထောင်ကို ဝင်စီးပြီး သူတို့ကို ကယ်မယ်။ ပြီးရင် လျှံရှန်းတောင်ရိုးကို သွားဝင်ကြမယ်။ အစ်ကိုကြီးက ဒီကိစ္စမှာ ပါချင်မှ ပါမှာမို့လို့ ညီမက နေမကောင်းဘူးဆိုပြီး ဒီကိုခေါ်လိုက် ရတာပါ။ အစ်ကိုကြီးတို့က မပါချင်ရင်လည်း ညီမတို့တော့ ဆက်လုပ်ကြမှာပဲ။ ဒီတရားရုံး တော်ဆီက ဘာတရားမျှတမှုကိုလည်း မျှော်မနေဘူး။ ထွက်ပြေးသွားရင်လည်း ဘာမှ ဖြစ်မှာမဟုတ်ဘူး။ ဆက်နေမှပဲ ရုံးတင်ခံရမှာ။ “မီးနဲ့အနီးဆုံးမှာရှိတာက အရင်လောင်မှာ ပဲတဲ့” တဲ့ ဆိုရိုးရှိတယ်လေ။ ဒီတော့ အစ်ကိုကြီးကိုလည်း ဖမ်းပြီး ထောင်ထဲ ထည့်ကြမှာပဲ။ အဲဒါဆိုရင်တော့ ထမင်းပို့မယ်လူ၊ ကယ်မယ့်လူလည်း ရှိမှာမဟုတ်ဘူး။ ညီမ ပြောတဲ့ အကြံကို ဘယ်လို သဘောရသလဲ”

“အစ်ကိုကြီးက မြို့စောင့်တပ်ရဲ့ တပ်မှူးဖြစ်နေတယ်။ ဒီလိုကိစ္စကို ဘယ်လိုလုပ်ရမှာလဲကွယ်”

“အစ်ကိုကြီးက ဒီလိုငြင်းမှတော့ အခုပဲ သူသေကိုယ်သေ တိုက်ရတော့မှာပဲ၊ ကဲ” မခုက ဓားနှစ်လက်ကို ထုတ်လိုက်၏။ စိုးယွမ်တို့ တူဝရီးကလည်း ဓားမြှောင်များကို ထုတ်လိုက်ကြ၏။

“နေဦး၊ ညီမလေး” ဆွန်လီက အော်လိုက်၏။ “အရင်မလိုပါနဲ့ကွယ်။

အစ်ကိုကြီးက ရှေ့ရေးကို စဉ်းစားနေတာပါ။ အေးအေးဆေးဆေး ပြောကြရအောင်ကွယ်”

မကွေ့မှာ ကြောက်လှသဖြင့် အသံပင် မထွက်ဝံ့ချေ။

“အစ်ကိုကြီး မလိုက်ရင်လည်း အစ်မကြီးကို အရင်ပြန်လွှတ်လိုက်။ ညီမတို့က အစ်ကို ကြီး မပါလည်း သွားတိုက်ကြမှာပဲ”

“အိမ်ပြန်ပြီး ပစ္စည်းလေး ဘာလေး သိမ်း၊ အခြေအနေလေး ဘာလေး ကြည့်ပါရ စေဦး၊ ပြီးမှ လှုပ်ရှားကြတာပေါ့”

“ဒီသတင်းကို ပေးတာ အစ်ကိုကြီးယောက်ဖ ကွေ့ဟိုနော်။ ထောင်ကို ဝင်စီးနေ တုန်းမှာ ပစ္စည်းသိမ်းလည်း ရတာပဲ။ အချိန်ရပါတယ်”

ဆွန်လီလည်း သက်မကြီးကိုချကာ-

“ကဲ၊ ကဲ၊ ညီမက ဒီလောက် ဆန္ဒရှိနေမှတော့ အစ်ကိုကြီးလည်း မတားတော့ပါဘူး။ ညီမတို့ ထွက်သွားပြီး အစ်ကိုကြီးပဲ ကျန်ခဲ့ရင်လည်း ရုံးတင်ခံရမှာ သေချာတယ်။ ကိစ္စမရှိတော့ပါဘူး။ လုပ်ကြတာပေါ့”

စို့ယွမ်က တိမ်ခွပ်တောင်စခန်းသို့ပြန်ကာ ပစ္စည်းများကို သိမ်းပြီး လူယုံနှစ်ဆယ်နှင့် အတူ မြင်းစီး၍ ပြန်လာမည်ဖြစ်၏။ စို့ယွမ် သွားပြီးမှ ဆွန်ရှင့်က မြို့ထဲသို့ သွားကာ ယို့ယို ထံမှ သတင်းနားထောင်မည်၊ ပြီးမှ တိုက်မည့်အချိန်ကို ချိန်းမည်၊ ရှိချင်နှင့် ရှိပေါင်တို့ကို တိုးတိုးတိတ်တိတ် မှာထားမည် ဖြစ်၏။

နောက်တနေ့တွင် စို့ယွမ်၊ သူ့လူများနှင့် ပြန်ရောက်လာလေ၏။ ဆွန်ရှင့်၏ လူယုံ ခုနစ်ယောက် ရှစ်ယောက်၊ ဆွန်လီ၏ တပ်သားတကျိပ်တို့နှင့်ပါ ပေါင်းလိုက်သောအခါ လူ လေးဆယ်ကျော်သွားလေပြီ။ ဆွန်ရှင့်က ဝက်နှစ်ကောင်၊ သိုးတကောင်ကို ပေါ်ကာ လူတိုင်း ကို တဝတပြဲ ကျွေးမွေးလေ၏။ ထိုနောက် မခု၏ ကိုယ်ပေါ်တွင် ဓားမြှောင်နှစ်လက်ကို ဝှက်ကာ ထမင်းပို့မည်ပုံဖြင့် ထောင်ထဲသို့ ကြို၍ လွှတ်လိုက်၏။ ပြီးမှ အဖွဲ့နှစ်ဖွဲ့ ခွဲကာ မြို့သို့ထွက်ခဲ့ကြ၏။ ဆွန်လီနှင့်ဆွန်ရှင့်က တဖွဲ့၊ စို့ယွမ်နှင့် စို့ရွှန်က တဖွဲ့ ဦးစီး၍ လာခဲ့ကြ၏။

ထောင်မှူး ပေါင်ကျိကား မြေရှင်ကြီးမောင်ထံမှ ငွေကို စားထားပြီးဖြစ်၍ မုဆိုး ညီနောင်ကို သတ်ရန် အချက်စောင့်၍ နေ၏။ ကွေ့ဟိုမှာ ထောင်ဘူးဝတွင် တုတ်ရှည်ကြီး ကိုင်ကာ စောင့်နေရာ အပြင်မှ ခေါင်းလောင်းတီးသံကို ကြားရ၏။

“ဘယ်သူလဲဟေ့”

“ထမင်းလာပို့တာပါရှင့်”

မခုမှန်း သိသဖြင့် တံခါးဖွင့်ကာ ဝင်ခွင့်ပေးလိုက်၏။ ရုံးခန်းမှ ပေါင်ကျိုလည်း မြင် လိုက်၏။

"ဘယ်က မိန်းမလဲ။ ဒီထဲ ဝင်လာပြီး ထမင်းပို့ရတယ်လို့ မဝင်ရဘူးကွ၊ သိလား"

"သူက ရှိချင်တို့ရဲ့ အစ်မပါ"

"ပေးမဝင်နဲ့၊ မင်းပဲ သွားပေးလိုက်"

ထမင်းလာပို့သော ကွေ့ဟိုကို မုဆိုးညီနောင်က ဝိုင်းမေးကြ၏။

"ညက ပြောထားတာ ဘယ်လိုလဲ။ ဘယ်လို အခြေအနေရှိလဲ"

"ခင်ဗျားတို့အစ်မ အထဲမှာ ရောက်နေပြီ။ ကျန်တဲ့သူတွေ အသင့်ဖြစ်အောင် စောင့် နေတာ"

သွေ့ဟိုက သူတို့၏ သံခြေချင်းများ၊ လည်ထောက်များ ဖွင့်ပေးလိုက်၏။ ထိုစဉ် ထောင် စောင့်တယောက်၏ အော်သံကို ကြားလိုက်ရလေ၏။ "ဗိုလ်မှူးဆွန်က တံခါးခေါက် နေတယ်"

"သူက မြို့စောင့်တပ်မှူးပဲ။ ငါ့ထောင်မှာ ဘာလာလုပ်စရာရှိလဲ။ ပေးမဝင်နဲ့" ဟု ပေါင်ကျိုက ပြော၏။

မခုလည်း ရုံးအနီးသို့ အမြန်ဆုံး ချဉ်းကပ်လာ၏။

အပြင်မှ အော်သံကို ကြားရပြန်၏။ "ဗိုလ်မှူးဆွန် တံခါးထုဖွင့်နေပြီ"

ဒေါသထွက်ထွက်ဖြင့် ပေါင်ကျိုလည်း ရုံးပေါ်မှ ဆင်းလာ၏။ မခုကလည်း "ငါ့မောင် တွေကောဟဲ့" ဟု အော်ကာ ခါးမြှောင်များကို ထုတ်လိုက်၏။ သူ ဒုက္ခရောက်ပြီဟု မြင် သဖြင့် ပေါင်ကျိုသည် ဝင်းအတွင်းမှ ထွက်ပြေးလေရာ မုဆိုးညီနောင်နှင့် ပက်ပင်းတိုးမိလေ၏။ သူတို့သည် လည်ထောက်များကို ကိုယ်စီကိုင်ပြီး ထောင်ခန်းတွင်းမှ တဟုန်ထိုး ပြေးထွက်လာနေကြ၏။ ပေါင်ကျိုမှာ ဘာမျှ မခုခံနိုင်လိုက်။ ရှိချင်က သူ့ကို လည်ထောက် ကြီးနှင့် ရိုက်လိုက်ရာ ဦးခေါင်းမှာ ခွပ်ခနဲ ကွဲသွားလေ၏။

မခုကလည်း လက်ယဉ်လှပေ၏။ အစောင့် လေး ငါးယောက်ကို ခါးမြှောင်နှင့် ထိုးပြီး လေပြီ။ ညာသံပေးကာ သူတို့မောင်နှမတွေ တိုက်ရင်းခိုက်ရင်းဖြင့် အပြင်သို့ ထွက်လာ ကြ၏။ ဆွန်လီနှင့် ဆွန်ရှင့်တို့က တံခါးဝတွင် စောင့်နေရာ လူလေးယောက် ထွက်လာသည် ကို မြင်သည်နှင့်

မြို့ဝန်ရုံးသို့ အလျင်အမြန်သွားကြရာ စို့ယွမ်နှင့် စို့ရှန်တို့က စာရေးကြီး ဝန်ချိန့်၏ ဦးခေါင်းနှင့်အတူ ထွက်လာသည်ကို တွေ့ရ၏။

ဆူဆူညံညံ အော်ဟစ် ကြွေးကြော်ကာ တဖွဲ့လုံး မြို့ထဲမှ ထွက်ခဲ့ကြ၏။ ခြေကျင် လျှောက်လာသူများ၏ နောက်မှ ဗိုလ်မှူးဆွန်သည် မြင်းကြီးကို စီးကာ လေးတွင် မြားတပ် ပြီး အသင့်အနေအထားဖြင့် နောက်ပိုင်းကို အုပ်စီး၍ လိုက်လာ၏။ လာရာလမ်းတလျှောက် ရှိ အိမ်များအားလုံး တံခါးပိတ်ထားကြ၏။ မည်သူမျှ အပြင်မထွက်ခဲ့ကြပေ။ ရဲများလည်း ဗိုလ်မှူးဆွန်မှန်း သိကြသဖြင့် ဝင်၍ မဟန့်တားဝံ့ကြပေ။ ဆယ်လီမှတ်တိုင်သို့ ရောက်သော အခါ မကွေ့ကို လှည်းပေါ် တင်ပြီး မခုက မြင်းတက်စီးကာ ဆက်၍ ထွက်ခဲ့ကြလေ၏။

"မြေရှင်ကြီး မောင်ကို ဝင်ပြီး လက်စားချေကြရအောင်" ဟု မုဆိုးညီနောင်က အဆိုပြု၏။

"ဒီအကြံကောင်းတယ်"ဟု ဆွန်လီက သဘောတူလိုက်ပြီး၊ ဆွန်ရှင့်နှင့် သွေ့ဟိုတို့ကို "မင်းတို့အစ်မတွေကို စောင့်ရှောက်ပြီး သွားနှင့်ကြ။ ငါတို့ လိုက်လာမယ်"ဟု ပြောကာ လွှတ်လိုက်လေ၏။

ရှိညီနောင်၊ စို့တူဝရီးတို့နှင့်အတူ နောက်ပါများကို ဦးဆောင်ကာ ဆွန်လီက မြေရှင် ကြီး မောင်၏ အိမ်သို့ တိုက်ရိုက်သွားလေ၏။ မောင်ချုံကျိုမှာ သူ့အဖေ၏ မွေးနေ့ပွဲကို ပျော်ပျော်ကြီးနွှဲနေခိုက်ဖြစ်၍ လုံးဝ အငိုက်မိသွားလေ၏။ မြေရှင်ကြီးမောင်နှင့် သူ့သားမှ စကာ တအိမ်ထောင်လုံးကို ကြီးငယ်မဟူ တယောက်မကျန် ရှင်းပစ်ခဲ့ကြ၏။ အခန်းများ ကိုလည်း ဝင်၍ ရှာဖွေနှောက်ကာ ရွှေငွေအဖိုးတန်ပစ္စည်းများကို စုဆောင်းကြရာ အထုပ် ကြီးပေါင်း တဆယ်ကျော်စာမျှ ရရှိလေ၏။ မြင်းဇောင်းမှ မြင်းကောင်း ခုနစ်စီး ရှစ်စီးကို ရွေးယူကာ လေးစီးပေါ်တွင် အထုပ်များကို တင်ကြ၏။ ရှိညီနောင်သည် အဝတ်ကောင်၊ အစားကောင်းများကို ရှာဖွေကာ လဲလှယ်ဝတ်ဆင်ကြ၏။ ထိုနောက် အိမ်တော်ကို မီးတိုက် ခဲ့ပြီး ထွက်ခဲ့ကြလေ၏။

လီသုံးဆယ်ခန့်မျှ အပြင်းနှင်လာခဲ့ကြရာ လှည်းကို မီလာလေ၏။ ထိုနောက် တစု တပေါင်းတည်း ဆက်ထွက်ခဲ့ကြ၏။ ခရီးတွင်အောင် ချူအိမ်တော်မှ ပါလာသော မြင်းများ ကို အလဲအလှယ်စီးကာ တညလုံး လျှံရှန်းတောင်ရိုးသို့ လာခဲ့ကြ၏။ တရက် နှစ်ရက် အတွင်းတွင်ပင် ရှိယုံ၏ ဘုံဆိုင်သို့ ရောက်သွားလေရာ စို့ယွမ်က ရန်လင်းနှင့် တိန်ဖတို့ အကြောင်းကို စုံစမ်း၏။

"သူတို့က စုန်ကျန့်နဲ့အတူတူ ချူအိမ်တော်ကို သွားတိုက်ကြတယ်ဗျ။ ဒါပေမဲ့ ဝင်တိုက် တဲ့ နှစ်ချီလုံးမှာ မအောင်မြင်ဘူး။ ရန်လင်းနဲ့ တိန်ဖလည်း အဖမ်းခံထားရတယ်လို့ ကြား ရတယ်။ သူတို့ ဘာဖြစ်ကုန်ပြီလဲတော့ မသိရသေးဘူး။

ပြောကြတာကတော့ ချူညီနောင် သုံးယောက်က တကယ်သတ္တိကောင်းတယ်ဆိုပဲ။ ပြီးတော့ သူတို့ရဲ့ လက်နက်သင်ဆရာ လွှမ်းတင်ကူကလည်း ကူညီနေတာဆိုတော့ ကျွန်တော်တို့ တိုက်လို့မရဘူးပေါ့ဗျာ”

ဆွန်လီက ရယ်လိုက်ပြီး “အေးဗျာ။ ကျွန်တော်တို့က အဖွဲ့ထဲကို ဝင်မယ်လို့သာ လာကြတာ။ ဘာမှလည်း အစွမ်းမပြရသေးဘူး။ ဒီတော့ဗျာ၊ ဒီ ချူအိမ်တော်ကို ဖြိုခွဲဖို့ အစီအမံလေးတခုလောက် ပေးချင်တယ်ဗျာ။ အဖွဲ့ဝင်ခွင့် လက်ဆောင်အနေနဲ့ပေါ့”

ရှိယုံလည်း ဝမ်းသာအားရဖြင့် “ကြားပါရစေဗျာ”ဟု ဆို၏။

“လွှမ်းနဲ့ ကျွန်တော်က ဆရာတူတပည့်တွေပါ။ လက်နက်အတတ်ပညာမှာရော နည်း ဗျူဟာကို စီစဉ်ရာမှာပါ အတူတူပါပဲ။ ကျွန်တော်က တိန်မြို့ကနေ ယွန်ကျို့ကို ပြောင်းရလို့ လမ်းမှာသူ့ကို ဝင်တွေ့တာလို့ ပြောပြီးဝင်မယ်ဗျာ။ လွှမ်းတင်ကူကလည်း လက်ခံမှာပါပဲ။ အဲဒီတော့မှ ကျွန်တော်နဲ့ ကျွန်တော့အဖွဲ့က အတွင်းက တိုက်မယ်။ ခင်ဗျားတို့က အပြင်က တိုက်ပေါ့။ ဒီလိုနှစ်ဖက်ညှပ်ပြီး တိုက်ရင် နိုင်မှာ ကျိန်းသေတယ်။ ဘယ်လိုနေလဲဗျ”

ဆွန်လီက ထိုသို့ပြောနေစဉ်တွင် လက်ထောက်ဗိုလ်တယောက်က လာသတင်းပို့၏။ “စစ်ဘက်အကြံပေးပုဂ္ဂိုလ်ဝုရုံက တောင်ပေါ်က ဆင်းလာပြီ။ ချူအိမ်တော်ကို သွားမလို့တဲ့” ရှိယုံက လူသစ်များကို လာတွေ့ရန် ဝုရုံအား ပန်ကြားခိုင်းလိုက်၏။ သူပြော၍မှ မဆုံး သေး၊ မြင်းစီးသမားတစု ဘုံဆိုင်သို့ ရောက်လာကြလေ၏။ သူတို့မှာ လူ့ဖန်၊ ကောက်ရှိန်း၊ ဖိုးရုံညီနောင် သုံးဦးတို့ ဖြစ်ကြ၏။ သူတို့နောက်မှ ဝုရုံသည် အင်အားငါးရာပါသော တပ်ကို ဦးစီးကာ လာလေ၏။ ရှိယုံက ခေါင်းဆောင်များကို ဘုံဆိုင်အတွင်းသို့ ခရီးဦးကြိုပြုကာ ဆွန်လီတို့အား ခေါ်၍ မိတ်ဆက်ပေးလေ၏။ သူတို့က အဖွဲ့ဝင်လိုကြောင်းနှင့်တကွ ဆွန်လီ၏ အစီအမံကို ပြောပြ၏။

ဝုရုံကား ဝမ်းမြောက်၍ မဆုံးတော့ပြီ။ “ခင်ဗျားတို့ ရဲရင့်သူတွေက အဖွဲ့ဝင်ချင်တယ် ဆိုမှတော့ တောင်ပေါ်ကို သွားမနေနဲ့တော့။ ကျွန်တော်တို့နဲ့ ချူမိသားစုအိမ်တော်ကိုပဲ လိုက်ခဲ့ကြပေတော့။ ပြီးတော့ ဒီအစီအမံကို အကောင်အထည်ဖော်ကြတာပေါ့။ ဘယ့်နှယ် လဲ၊ အဆင်ပြေရဲ့လား”

ဆွန်လီတို့ အားလုံးက ဝမ်းမြောက်ဝမ်းသာ သဘောတူကြ၏။

“ကျွန်တော်တို့ အရင်သွားနှင့်မယ်။ ခင်ဗျားတို့ နောက်က လိုက်ခဲ့ကြ”ဟု ဆိုကာ ဝုရုံကလည်း ထွက်ခဲ့ကြ၏။

စုန်ကျန့်၏စခန်းသို့ရောက်သော် စုန်ကျန့်မှာ မျက်မှောင်ကြီးကုတ်ကာ မှိုင်ပုံချ၍ နေသည် ကို တွေ့ရလေ၏။ သူ့ကို အားပေးကာ စိမ်ရည်သောက်ရင်း ရလာသော သတင်းကို ပြောပြ လေ၏။

"တိန်ကျိုက မြို့စောင့်တပ်မှာ ဗိုလ်မှူးဆွန်လီဆိုတာ ရှိတယ်။ သူ့ကို ဗိုလ်ချုပ်ပျော့လို့ ခေါ်ကြတယ်လေ။ သူက ရှီယုံတို့ ရန်လင်းတို့ တိန်ဖတို့နဲ့ သိတယ်။ သူနဲ့ ချူမိသားစု လက်နက်ဆရာ လွမ်တင်ကူတို့က ဆရာတူ တပည့်တွေတဲ့ဗျ။ ခု ဆွန်လီက လူခုနစ်ယောက် နဲ့ ရောက်လာတယ်။ ကျွန်တော်တို့ဆီ ဝင်မလို့တဲ့။ ဝင်ခွင့်လက်ဆောင်အနေနဲ့ သူက အစီအမံတခုကို တင်ပြတယ်။ အဲဒီအထဲမှာ သူလည်း ပါမှာပေါ့ဗျာ။ ချူအိမ်တော်ကို အတွင်းအပြင် နှစ်ဖက် ညှပ်တိုက်မလို့တဲ့၊ အခု သူလည်း ခင်ဗျားနဲ့ တွေ့ဖို့ လာနေပြီ"

စုန်ကျန့်၏ အပူအဆွေးတို့မှာ အပျော်အရွှင်မီးလျှံများအောက်တွင် ပျောက်ကွယ် သွားလေပြီ။ စိမ်ရည်နှင့် စားဖွယ်တို့ကို ပြင်ဆင်ခင်းကျင်းထားစေပြီး ဧည့်သည်များကို မျှော်နေလေ၏။

ဆွန်လီက အဖွဲ့ဝင်များအား နေရာရှာ၍ စခန်းချရန် မှာခဲ့ပြီး သူ့ညီ ရှီညီနောင်တို့ တူဝရီး၊ မခု၊ ကွေ့ဟိုတို့နှင့်အတူ စုန်ကျန့်ကို လာတွေ့၏။ အပြန်အလှန် အရိုအသေပြုကြပြီးနောက် အတူတကွ သောက်ကြစားကြ၏။ ထိုအကြောင်းကိုကား ဤတွင် ဆက်မပြောတော့ပြီ။ ... ဝုရုံသည် တပ်ဖွဲ့များ သုံးစွဲရမည့် အချက်ပြမှုများကို တိတ်တဆိတ် ညွှန်ကြားနေ၏။ တတိယနေ့တွင် ဤသည်ကို ပြုမည်. . . . ပဉ္စမနေ့တွင် ထိုသည်ကို ပြုမည်. . . . စသဖြင့် အစီအမံကို အသေးစိတ် အချောသတ်ကြ၏။ ထိုနောက် ဆွန်လီတို့အဖွဲ့သည် လှည်းနှင့် တကွ မြင်းစီးသူ စီး၊ ခြေလျင်လိုက်သူ လိုက်ကာ၊ ချူမိသားစုအိမ်တော်သို့ ထွက်ခဲ့ကြ လေ၏။

ဝုရုံက ထိုက်ချုံကို တောင်ပေါ်စခန်းသို့တက်ကာ ခေါင်းဆောင်လေးယောက်ကို ခေါ်ခဲ့ရန် ပြော၏။

ထိုက်ချုံလည်း ညတွင်းချင်းပင် ထွက်သွားလေ၏။ ယင်း၏ ရလဒ်မှာ လျှံရှန်းတောင်ရိုးတခွင်တွင် ဌာနအသစ်များကို တိုးချဲ့ခြင်း၊ တောင်ပေါ်ခံစစ်မှာလည်း နဂိုမူလ အသွင်အပြင်မှ လုံးဝ ပြောင်းလဲသွားခြင်းပင် ဖြစ်၏။ ဝုရုံ အခေါ်ခိုင်းလိုက်သော ခေါင်းဆောင်လေးယောက်တို့မှာ မည်သူတို့နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၀

နှစ်ဖက်ညှပ်အစီအမံကို ဝုရုံ အသုံးပြုခြင်း

ချူမိသားစုအိမ်တော်ကို စုန်ကျန့် တတိယအကြိမ် တိုက်ခိုက်ခြင်း

"ကျွန်တော် လိုချင်တာက ဗိုလ်သီလဖေ့ရှန်းရယ်၊ လက်မြောက်သူရှောင်ရန်းရယ်၊ မျောက် လွဲကျော်ဟိုဂျန်ရယ်၊ ကျောက်စိမ်းလက်သခင်ကျင်တာကျန်းရယ် ဒီ လေးယောက်ပဲ။ သူတို့ရဲ့ လက်သုံးကိရိယာတွေပါ ယူလာပြီး ဒီညပဲ ဆင်းခဲ့ပါလို့ ပြောလိုက်ပါ။ သူတို့ကို ရမှ ဖြစ်မယ်"

ထိုက်ချူလည်း ထွက်သွားလေ၏။

ထိုစဉ် ကင်းချထားသော တပ်သားတဦး လာသတင်းပို့လေ၏။ "ဟူမိသားစုက ဟူချိန့်က နွားတွေ၊ စိမ်ရည်တွေ၊ လက်ဆောင်တွေနဲ့ ရောက်လာပါတယ် ခင်ဗျာ။ တွေ့ခွင့် တောင်းနေပါတယ်"

ခေါ်ခဲ့ရန် စုန်ကျန့်က ပြောလိုက်၏။ ဟူချိန့်သည် စခန်းအလယ်ကောင်ရှိ တဲသို့ ရောက်သောအခါ ဂါရဝပြုပြီး တောင်းပန်၏။

"ကျွန်တော့် နှမက ငယ်လည်းငယ်သေးတယ်၊ ပြီးတော့ အသွန်အသင် အဆုံးအမ လည်း လိုခဲ့လို့၊ နောင်ကြီးကို စော်ကားမိတာကြောင့် နောင်ကြီးရဲ့ ဗိုလ်မင်းတွေက ဖမ်း သွားခဲ့ပါတယ်။ ကျွန်တော်က သူ့ကိုယ်စား လာတောင်းပန်တာပါ ခင်ဗျာ။ သူက ချူ မိသားစုက သားတယောက်နဲ့ စေ့စပ်ထားတာဖြစ်လို့၊ အစွမ်းမပြသင့်တဲ့နေရာမှာ အစွမ်းပြ မိလို့ ခုလို အဖမ်းခံရတာပါ။ သူ့ကို လွှတ်ပေးပါ။ နောင်ကြီးတို့ အလိုရှိတာကို အမိန့်ရှိပါ။ ကျွန်တော် ပေးပါ့မယ်"

"ထိုင်ပါဦးဗျာ" စုန့်ကျန့်က ပြော၏။ "ချူ မိသားစုတွေကတော့ တော်တော်ရိုင်း တယ်ဗျာ။ ကျွန်တော်တို့ တောင်ရိုးစခန်းပေါ်က လူတွေကို အမြဲပဲ ရန်ရှာတယ်။ ဒါကြောင့် ကျွန်တော်တို့က လက်တုံ့ပြန်ဖို့ တပ်ချီလာခဲ့ကြတာပါ။ ဟူမိသားစုနဲ့ ဘာအငြိုးမှ မရှိပါဘူး။ ခင်ဗျားနှမနဲ့ သူ့လူတွေက ကျွန်တော်တို့လူ ဗိုလ်ကျားပုကို ဖမ်းသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း သူ့ကို ဖမ်းရတာပါ။ ဗိုလ်ကျားပုကို ပြန်ပေးရင် ခင်ဗျားလည်း ခင်ဗျားနှမကို ပြန်ရပါလိမ့်မယ်""

"ကျွန်တော်တို့က ဒီလို မမျှော်လင့်ခဲ့ပါဘူး။ ချူမိသားစုက ဗိုလ်ကျားပုကို ဖမ်းသွားပါပြီ"

"အခု သူ့ကို ဘယ်မှာထားသလဲ" ဝုရုံက ဝင်မေး၏။

"အိမ်တော်ထဲမှာ ချုပ်ထားတယ်တဲ့ ဗျ။ ကျွန်တော်တော့ သွားမတောင်းရဲဘူး"

"ဗိုလ်ကျားပုကို ပြန်မပေးရင်တော့ ခင်ဗျားနှမကို ဘယ်လို လွှတ်ပေးလို့ ဘယ်ရပါ့ မလဲဗျ" စုန်ကျန့်က ပြန်မေး၏။

"ဒီလိုမပြောပါနဲ့ နောင်ကြီးရာ" ဝုရုံက တိုက်တွန်း၏။

"ကျွန်တော် ပြောမယ်ဗျ။ မကြာခင်မှာပဲ ချူမိသားစုက ခင်ဗျားတို့ကို တပ်လှန့်လာ လိမ့်မယ်ဗျ။ သူတို့ဆီကို တပ်ကူ လွှတ်မပေးပါနဲ့။ ခင်ဗျားတို့ဆီမှာ လာခိုလှုံရင်လည်း ကြိုးနဲ့တုပ်ပြီး ဒီကို ပို့ပေးပါ။ ခင်ဗျားတို့ ဒီလို လုပ်ပေးရင် ခင်ဗျားနှမကိုလည်း ကျွန်တော် တို့က ပြန်ပေးမှာပဲ။ သူက ဒီစခန်းမှာ မရှိဘူး။ သူ့ကို တောင်ရိုးပေါ်က ခံတပ်မှာ ပို့ထား တယ်။ မြေရှင်ကြီးစုန်ဆီမှာ အပ်ထားတယ်။ ဘာမှ မပူနဲ့။ ကျွန်တော်တို့မှာ အစီအမံတခု ရှိပါတယ်"

"ကျွန်တော် ချူမိသားစုကို မကူညီပါဘူး။ စိတ်ချပါ။ ကျွန်တော်တို့ဆီ လာခိုလှုံတဲ့ လူတွေကိုလည်း ကြိုးနဲ့တုပ်ပြီး ခင်ဗျားတို့ဆီ လာပို့ပါ့မယ်"

"ဒီလိုသာ လုပ်ပေးရင်တော့ ကျွန်တော်တို့အဖို့ ရွှေတွေ ငွေတွေ ပိုးဖဲတွေထက် ကန်ဖိုး ရှိတာပေါ့ဗျာ"

ဟုချိန့်လည်း ကျေးဇူးစကားကို ပြောကာ ပြန်သွားလေ၏။

ယခုအချိန်တွင် ဆွန်လီအကြောင်းကို ပြန်ကောက်ရပေဦးတော့မည်။ ဆွန်လီသည် "တိန်ကျို့မြို့စောင့်တပ်မှူး ဆွန်လီ"ဟု ရေးထားသော တံခွန်ကို ထူ၍ ချူမိသားစုအိမ်တော် နောက်ဘက်တံခါးသို့ လာခဲ့၏။ တံတိုင်းပေါ်မှ ကင်းစောင့်များကလည်း ထိုတံခွန်ကို တွေ့ သောအခါ ခေါင်းဆောင်များထံသို့ သွား၍သတင်းပို့ကြ၏။

"သူနဲ့က ငယ်ငယ်ကတည်းက အတူတူ လက်နက်တွေ ကစားရင်း ကြီးလာတာ။ ပြီးတော့ လက်နက်အတတ်ပညာသင်တော့လည်း ဆရာတူတပည့်တွေ ဖြစ်ခဲ့တယ်။ သု ခု ဒီကို ဘာလာလုပ်ပါလိမ့်"ဟု လွမ်တင်ကူက ချူရဲသုံးဖော်အား ရှင်းပြလေ၏။

လွမ်တင်ကူက တံခါးဖွင့်လိုက်ပြီး ဆွဲတံတားကို ချလိုက်၏။ ထိုနောက်

လူနှစ်ဆယ်နှင့် အတူ မြင်းစီးကာ ထွက်၍ ကြို၏။ ဆွန်လီနှင့် အဖွဲ့သည် မြင်းပေါ်မှ ဆင်းလိုက်ကြ၏။ ထိုနောက် အပြန်အလှန် နှုတ်ဆက်ကြ အရိုအသေပြုကြ၏။

"ခင်ဗျားက တိန်ကျို့မြို့စောင့်တပ်မှာလားလို့။ ဒီကို ဘာလာလုပ်ပါလိမ့်"

"ကျွန်တော်က ယွန်ကျို့တပ်ကို ပြောင်းရတယ်ဗျ။ အဲဒီမှာ လျှံရှန်းကျူတောက တောပုန်းတွေ ရန်ကို ကာကွယ်ဖို့ပဲ။ ဒီဘက်ပိုင်း ဖြတ်သွားရင်းနဲ့ ခင်ဗျား ချူမိသားစုဆီမှာ ရောက်နေမှန်းသိလို့ ဝင်နှုတ်ဆက်တာပါ။ ရှေ့တံခါးက ဝင်မလို့ပဲ။ နို့ပေမဲ့ လူတွေ၊ မြင်းတွေ အများကြီး ချထားလို့ သူတို့ကို မနှောင့်ယှက်ချင်တာနဲ့ နောက်ဖေးပေါက်ကပဲ လာခဲ့တာ။ ခင်ဗျားကို နှုတ်ဆက်ချင်လို့ပါ"

"အခုတလောမှာ ဒီတောပုန်းတွေနဲ့ပဲ တိုက်နေရတယ်ဗျို့။ သူတို့ ခေါင်းဆောင်တွေကို လည်း ဖမ်းမိထားပါတယ်ဗျာ။ သူတို့ခေါင်းဆောင် စုန်ကျန့်ကိုပါ မိရင်တော့ အစိုးရမင်း တွေဆီ သွားအပ်မလို့ပဲ။ ခင်ဗျားရောက်လာတာ ဟန်ကျလိုက်တာဗျာ။ ပွင့်ထိုး ဖဲထည် ပေါ်မှာ ရွှေခြည်ထပ်လိုက်သလို၊ ပျိုးသာတုန်း မိုးရွာသလိုပဲဗျ"

ဆွန်လီက ပြုံးလိုက်ပြီး "ကျွန်တော်က အစွမ်းမရှိပါဘူးဗျာ။ ဒါပေမဲ့ ဒီကောင်တွေကို ဖမ်းဖို့လောက်တော့ ကူညီနိုင်မှာပါ။ ခင်ဗျား ရည်မှန်းချက် ထမြောက်အောင်လို့ပေါ့"

လွမ်တင်ကူမှာ များစွာ ဝမ်းမြောက်နေပေ၏။ အိမ်တော်ဝင်းအတွင်းသို့ ဖိတ်ခေါ်၏။ ဆွဲတံတားကို တင်စေ၏။ တံခါးကြီးကို မင်းတုပ်ချစေ၏။ ဆွန်လီတို့အဖွဲ့လည်း အဝတ် ကောင်း အစားကောင်းများ လဲလှယ်ကာ အိမ်တော်ခန်းမတွင် မြေရှင်ကြီးချူနှင့် သူ့သား ရဲသုံးဖော်တို့အား သွားတွေ့၏။ အပြန်အလှန် အရိုအသေပြုကြပြီးနောက် လွမ်တင်ကူက မြေရှင်ကြီးကို ရှင်းပြ၏။

"ကျွန်တော့်နောင်ကြီး ဆွန်လီကိုတော့ ဗိုလ်ချုပ်ပျော့လို့ လူသိများပါတယ်။ သူက တိန်ကျို့မြို့စောင့်တပ်မှူးပါ။ ခုတော့ အထက်က သူ့ကို ယွန်ကျို့ ပြောင်းလိုက်ပါတယ်"

"ကျုပ်ကိုလည်း သွန်သင်ပါဆရာ"ဟု မြေရှင်ကြီးချူက ဆို၏။

"မဟုတ်တာပဲဗျာ၊ ကျွန်တော့်အဆင့်လေးနဲ့ မသင့်ပါဘူး။ ကျွန်တော့်ကိုသာ သခင်ကြီးက သွန်သင်ပြသရမှာပါ"

သားသုံးယောက်ကလည်း ဧည့်သည်များအား ထိုင်ရန် ဖိတ်ကြားကြ၏။ "နေ့စဉ်ရက်ဆက် တိုက်ခိုက်နေရတော့ တော်တော်ပင်ပန်းနေကြမှာပေါ့"ဟု ဆွန်လီ

က ပြော၏။

“အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲကြီးတော့ မရှိသေးပါဘူး”ဟု နဂါးက ဆို၏။ “ဒါပေ ဒါပေမဲ့ ဆရာနဲ့ နောင်ကြီးတွေကတော့ အကြာကြီး မြင်းစီးလာခဲ့ရလို့ ပင်ပန်းနေရောပေါ့”

ဆွန်လီက မခုနှင့် မကွေ့တို့အား အနောက်ဆောင်သို့ သွား၍ အိမ်တော်မှ အမျိုးသမီး များကို နှုတ်ဆက်ရန် ပြောလိုက်ပြီး၊ သူ့ညီနှင့် ရှိညီအစ်ကိုတို့ကို ခေါ်လိုက်ကာ မိတ်ဆက် ပေး၏။

“သူတို့ကတော့ ကျွန်တော့်ညီတွေပါ”၊ ယေဟိုကို လက်ညှိုးထိုးပြလိုက်ပြီး “သူက တော့ ကျွန်တော့်ကို လာကြိုတဲ့ ယွန်ကျို့က အရာရှိပါ”။ စို့ယွမ်တို့ တူဝရီးကိုလည်း လှမ်း၍ ပြပြီး “သူတို့ကတော့ တိန်ကျို့က အရာရှိတွေပါ”။

မြေရှင်ကြီးချူတို့ သားအဖတတွေမှာ ပါးနပ်သူများ ဖြစ်ကြပေ၏။ သို့သော် ဆွန်လီတို့ မှာလည်း မိန်းမသားတွေ၊ ကလေးတွေ၊ ဝန်စည်စလယ်တွေ၊ လှည်းတွေနှင့် လာခဲ့ကြခြင်း ဖြစ်ပေ၏။ ထို့ပြင် ဆွန်လီမှာ သူတို့၏ လက်နက်သင်ဆရာလွမ်တင်ကူ၏ သူငယ်ချင်းလည်း ဖြစ်နေပြန်သည်။ ထိုကြောင့် မသင်္ကာစရာ မရှိတော့ပေ။ နွားများ၊ မြင်းများကို ပေါ်ကာ စားသောက်ပွဲကြီး ကျင်းပလေ၏။ ဧည့်သည်များအား စိမ်ရည်များ၊ စားဖွယ်များဖြင့် ဧည့်ခံ လေ၏။

တရက် နှစ်ရက်ခန့်အကြာတွင် အိမ်တော်မှ ကင်းသမားတဦးက လာသတင်းပို့၏။ “စုန်ကျန့်တို့က တပ်တွေ ထပ်လွှတ်လိုက်ပြန်ပြီ”

“ဒီခါးပြတော့ကွာ၊ ကျုပ်ကိုယ်တိုင် ဖမ်းမယ်”ဟု ကျားပေါက်က ဆို၏။ ဆွဲတံတားကို ချပြီး မြင်းစီးစစ်သည်တရာနှင့် ထွက်သွားလေ၏။

သူတို့ရှေ့တွင် ခြေသည်မြင်းသည် ငါးရာကျော် ရောက်နေ၏။ ခေါင်းဆောင်လာသော တောပုန်းဗိုလ်မှာ လေးနှင့် မြားကို လွယ်လာသည်ကို တွေ့ရ၏။ ထိုသူက လှံကိုဇွေ့ကာ မြင်းဒုန်းစိုင်း၍ လာလေ၏။ ထိုသူကား ဟွရုံ ဖြစ်၏။

သူကို တွေ့လိုက်ရသော ကျားပေါက်က မြင်းကို ဖနောင့်နှင့် ပွတ်ပြီး လှံကို ချိန်ကာ ဝင်တိုက်၏။ နဂါးတကောင်ကမ်းပါးရှေ့တွင် တိုက်ကွက်တဆယ်ကျော်ခန့် တိုက်ကြ၏။ ဘယ်သူကမျှ ဘယ်သူ့ကိုမှ မနိုမ်နိုင်သေးပေ။ ဟွရုံက ဟန်ဆောင်ကာ လှည့်၍ ပြေးဟန် ပြု၏။ ကျားပေါက်ကလည်း လိုက်မည့်ဆဲဆဲတွင် သူ့လက်ထောက်တယောက်က တဖက် ရန်သူကို မှတ်မိသွား၏။

“မလိုက်နဲ့ ဗိုလ်မင်း။ အငိုက်ဖမ်းလိမ့်မယ်။ သူက နတ်မြားရှင်ပဲ”

ကျားပေါက်လည်း မြင်းဇက်သတ်လိုက်ပြီး သူ့တပ်ကို အိမ်တော်တွင်းသို့ ခေါင်းဆောင် သွားပြီး ဆွဲတံတားကို တင်လိုက်ကြ၏။ ဟွရုံတို့ တပ် ပြန်၍ ဆုတ်သွားသည်ကို မြင်လိုက် ရ၏။ ကျားပေါက်သည် ခန်းမကြီးရှေ့တွင် မြင်းပေါ်မှ ဆင်း၍ အနောက်ဆောင်သို့သွားကာ ထမင်းစားလေ၏။

"ဒီနေ့ ခါးပြတယောက်မှ မမိဘူးလား။ ဗိုလ်မင်းလေး"

"ဒီကောင်တွေထဲမှာ ဟွရုံဆိုလား ဘာလား ပါလာတယ်ဗျ။ ဒီကောင်က လှံရေးမှာ တော့ ပထမတန်းပဲ ဆိုပါတော့။ ကျုပ်နဲ့ အချီငါးဆယ်လောက် တိုက်ပြီးမှ ဆုတ်သွားတာ၊ သူ့နောက်ကို လိုက်သွားမလို့ပဲ။ ဒါပေမဲ့ တပ်သားတွေက သူက လေးအတတ်မှာ သိပ်ကျွမ်း တယ်ဆိုပြီး ဝိုင်းတားကြလို့။ တပ်ကို သိမ်းပြီး ပြန်လာခဲ့တယ်"

"ကျွန်တော်ကတော့ သိပ်တော့ မဖြစ်ပါဘူး။ ဒါပေမဲ့ တနေ့နေ့မှာတော့ သူပဲဖြစ်ဖြစ် အခြား တယောက် နှစ်ယောက်ကိုပဲ ဖြစ်ဖြစ် ဖမ်းပေးပါ့မယ်"

ထိုနေ့ည ထမင်းပွဲတွင် ဆွန်လီနှင့် ကွေ့ဟိုတို့က လက်တန်းသီချင်းများကို ဆိုပြရာ ထမင်းပွဲမှ လူအများကပင် သဘောကျကြလေ၏။ ညနက်မှ လူစုခွဲကာ နားကြ၏။

စတုတ္ထနေ့ နေ့မွန်းတည့်ချိန်လောက်တွင် တပ်သားတဦးက ရုတ်တရက် လာ၍ သတင်းပို့၏။

"စုန့်ကျန့်တို့ တပ်တွေ လာကြပြန်ပြီ"

ချူရဲသုံးဖော်လည်း သံချပ်များဝတ်ကာ တံခါးဝမှ ထွက်သွားကြ၏။ အဝေးဆီမှ ဗုံသံ မောင်းသံများကို မိုးခြိမ်းသံကဲ့သို့ လှမ်း၍ ကြားရ၏။ ရန်သူများသည် အော်ဟစ်ကာ အလံ တံခွန်များကို ဝှေ့ယမ်းကာ စစ်မျက်နှာဖြန့်၍ တက်လာကြ၏။ သခင်ကြီးချူသည် တံခါး ပေါ်ရှိ ပြအိုးတွင် နေရာယူ၏။ သူ့ဝဲဘက်တွင် လွမ်တင်ကူ၊ ယာဘက်တွင် ဗိုလ်မှူးဆွန်လီတို့ ရှိကြ၏။ သူ့သားသုံးယောက်နှင့် ဆွန်လီ၏ တူများမှာ တံခါးဝရှေ့တွင် နေရာယူထားကြ၏။

ရန်သူများထဲမှ ကျားသစ်ခေါင်းလင်ချုံးက လှမ်း၍ အော်ဟစ်ဆဲဆိုနေ၏။ နဂါးလည်း ဆတ်ဆတ်ခါမျှ နာလာသဖြင့် ဆွဲတံတားကို ချစေ၏။ လက်တွင်လှံကြီးကိုကိုင်ကာ မြင်းစီး၍ ထွက်သွားရာ နောက်မှ မြင်းသည် ခြေသည်နှစ်ရာခန့် လိုက်ပါသွား၏။ သူတို့လည်း ညာသံပေးကာ လင်ချုံးထံသို့ မြင်းများကို ကဆုန်ပေါက် စီးသွားကြ၏။ တံခါးဝ ကင်းရုံမှ လည်း ဗုံကြီးများကို တဒုန်းဒုန်းနေအောင် ထုနှက်နေကြ၏။ နှစ်ဖက်စလုံးမှ မြားမိုး အပြန် အလှန်

ရွာချနေ၏။

လင်ချိုးသည် သူ့နဂါးလုံကြီးကို မြှောက်ကာ နဂါးဆီသို့ ဝင်တိုက်၏။ အချီသုံးဆယ်ခန့် တိုက်ပြီးကြသော်လည်း အရှုံးအနိုင် မပေါ်သေးပေ။ ထိုနောက် မောင်းများတီးကာ နှစ်ဖက် တပ်တို့လည်း အသီးသီး ဆုတ်သွားကြလေ၏။ ကျားလည်း ဒေါသူပုန်ထကာ မြင်းပေါ် တက်စီးပြီး ဓားတဝင့်ဝင့်ဖြင့် စစ်တလင်းအတွင်း လှည့်လည်ကာ အော်နေ၏။

“ဟေ့ စုန်ကျန့် ထွက်လာခဲ့၊ ပွဲသိမ်းအောင် တိုက်ကြမယ်”

သူ အော်၍မှ မဆုံးသေး။ တဖက်စစ်သည်များထဲမှ မြင်းတစီး ထွက်လာ၏။ ဒေါန ကြီးဟု အမည်တွင်နေသော မူဟုန် ဖြစ်၏။ နှစ်ယောက်သား အပြန်အလှန် တိုက်ကွက် သုံးဆယ်မျှတိုက်ကြသော်လည်း ရလဒ်မပေါ်ပေ။ ကျားပေါက်သည်လည်း လှံကိုကောက်ကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး မြင်းကို ဒုန်းစိုင်းစီးကာ ထွက်သွားလေ၏။ မြင်းသည် နှစ်ရာလောက်လည်း ပါသွားလေ၏။

ရန်စုံကလည်း လှံကိုကိုင်ကာ မြင်းကို စိုင်းလျက် သူ့ကို ကြိုလင့်၏။ ယခုအခါတွင် အပြင်းအထန် တိုက်ခိုက်နေပြီဖြစ်ရာ ဆွန်လီသည်လည်း မနေနိုင်တော့ပြီ။ သူ့ညီကို လှမ်း၍ တောင်း၏။

“ငါ့ ကြံဆစ်တုတ်တို ယူခဲ့၊ သံချပ်ကာရော၊ သံခမောက်ရော၊ ဝတ်ရုံရော”

စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာ သူ့ကိုယ်ပိုင် စာဥပြောက် မြင်းကြီးကို ထုတ်၏။ ကုန်းနှီးကိုတင်ပြီး ရင်ပတ်ကြိုး၊ ဝမ်းပတ်ကြိုး၊ မြီးထူးကြိုးတို့ကို ခပ်တင်းတင်းကြပ်၏။ လက်စွဲတော် ကြံဆစ်တုတ်တိုကို တွဲလောင်းချလျက် လှံကိုကိုင်ကာ မြင်းပေါ်သို့ တက်၏။ ချူမိသားစုအိမ်တော်မှ မောင်းသံများနှင့်အတူ ဆွန်လီသည် စစ်တလင်းသို့ မြင်းစိုင်းကာ ထွက်လာ၏။

အခြားတဖက်တွင် မြင်းများကို ဇက် သတ်ကာ မလှုပ်မယှက်စောင့်နေသည့် လင်ချိုး၊ မူဟုန်၊ ရန်စုံတို့ထံသို့ ဒီကောင်တွေကို ဖမ်းမယ်ကွ”ဟု အော်ကာ ကဆုန်ပေါက်စီးသွား လေ၏။ ထိုနောက် မြင်းကို ဇက်သတ်ကာ ရပ်လိုက်ပြီး “ဟေ့ ခွေးသူခိုးတွေ၊ ငါနဲ့အသေ တိုက်ရဲတဲ့ ကောင် ရှိရင် ထွက်ခဲ့”ဟု စိန်ခေါ်၏။

မြင်းဇက်ကြိုးတွင် တပ်ထားသော ခြူများမှ အသံတချွင်ချွင်ထွက်နေသော မြင်းတစီး ဒုန်းစိုင်းထွက်လာရာ လူတိုင်းပင် လှမ်း၍ ကြည့်မိကြ၏။ ထိုသူမှာ ရှီဇူတဇောက်ကန်း ဖြစ်၏။ မြင်းချင်းနီးလာသော် လှံချင်း ဆုံမိကြ၏။ တိုက်ကွက် ငါးဆယ်ခန့်တိုက်ပြီးသော် ဆွန်လီက ပရိယာယ်ပြုကာ ရှီဇူ၏ ဝင်အတိုက်ကို ခံ၏။

ကိုယ်ကို နှံ့၍ ရှောင်လိုက်ကာ ရှိဇူအား ကုန်းပေါ်မှ မြေပေါ်သို့ လွှတ်ချလိုက်ကာ အမိန့်ပေးလိုက်၏။

"ကြိုးနဲ့ တုပ်ထားလိုက်"

ထိုအတောအတွင်း ချူရဲသုံးဖော်သည်လည်း ရန်သူတို့ ကစဉ့်ကလျားထွက်ပြေးအောင် မောင်းထုတ်လိုက်ကြ၏။ ချူရဲသုံးဖော်သည်လည်း လူပြန်စုပြီး တံခါးပြအိုးအောက်သို့ ပြန်လာကြ၏။ သူတို့သည် ရင်ဘတ်ရှေ့တွင် လက်နှစ်ဖက်ကို ယှက်ကာ ဆွန်လီအား တလေးတစား အရိုအသေ ပြုကြ၏။

"ခုထိ တောပုန်းဘယ်နှစ်ယောက် မိထားပြီလဲ"ဟု ဆွန်လီက မေး၏။

"ပထမဆုံးမိတာက ရှီကျန့်တဲ့။ နောက်တော့ သူလျှိုလာလုပ်တဲ့ ရန်လင်းကို မိတယ်၊ ပြီးတော့ တိုက်ပွဲမှာ ဟုန်ဆင့်ကို ဖမ်းမိတယ်။ ဟူမိသားစုရဲ့သမီး သံမဏိတာကလည်း ဗိုလ်ကျားပုဝမ်ယင့်ကို ရလိုက်တယ်။ နောက်ထပ်လည်း ချင်မင်းနဲ့ တုန်ဖဆိုတာကို တိုက်ပွဲမှာပဲ ဖမ်းမိတယ်။ ဒီနေ့ ဆရာ ဖမ်းမိတဲ့ ရှိဇူဆိုတဲ့ ကောင်က ကျုပ်တို့ရဲ့ ထမင်းဆိုင်ကို မီးတိုက် ပစ်တာလေ။ ဒီတော့ စုစုပေါင်းခုနစ်ယောက်ပေါ့"ဟု သခင်ကြီးချူက ဝင်၍ ရှင်းလေ၏။ "သူတို့ကို ဘာမှမလုပ်နဲ့။ လှည်းခုနစ်စီးပေါ်မှာ လှောင်အိမ်တွေ အမြန်ဆုံးဆောက်ပြီး ထည့်ထားရမယ်။ ထမင်းလေး ဘာလေးလည်း ကျွေးထားဦးဗျ။ စုန်ကျန့်ကိုပါ ဖမ်းမိမှ အရှေ့နေပြည်တော်ကို သွားပို့ကြမယ်။ ဒါမှ လူတိုင်းက သခင်ကြီးရဲ့ ဂုဏ်ကို သိကြလိမ့် မယ်။ ချူရဲသုံးဖော်အကြောင်းကိုလည်း သီချင်းစပ်ပြီး ဆိုကြလိမ့်မယ်"

သခင်ကြီး ချူကလည်း ကျေးဇူးစကားကို ပြန်ပြော၏။ "ဗိုလ်မင်းရဲ့ အကူအညီကို ရတာ သိပ်ကံကောင်းတယ်ဗျာ။ လျှံရှန်းကျူအင်းဂိုဏ်းတော့ နိဂုံးချုပ်ပြီ"

ထိုနောက် ဆွန်လီကို အောင်သေအောင်သား စားရန် ခေါ်သွား၏။ ရှိဇူကိုကား လှည်း လှောင်အိမ်ထဲတွင် သော့ခတ်၍ ထားလေ၏။

နားဆင်ပါလော့ ချစ်သော စာရှုသူ။ ရှိဇူ၏ လက်နက်အံတတ်မှာ ဆွန်လီအောက် မည့်ပေ။ သို့သော် ချူမိသားစုကို အယုံသွင်းစိမ့်သောငှာ အဖမ်းခံလိုက်ခြင်းသာ ဖြစ်လေ၏၊ ထိုကြောင့် ချူအိမ်တော်သားတို့က ဆွန်လီကို လုံးဝ ယုံကြည်သွားကြလေပြီ။ ဆွန်လီသည် စို့ယွမ်တို့ တူဝရီးနှင့် ယေဟိုတို့ကို အနောက်ဆောင်၏ တံခါးသော့များကို သွား၍ စစ်ရန် တိတ်တဆိတ် မှာလိုက်၏။ သော့လာစစ်သော သူတို့ကို တွေ့ရသဖြင့် ရန်လင်းနှင့် တုန်ဖ တို့မှာ ဝမ်းမြောက်လျက်ရှိနေကြလေ၏။ ဘေးဘီတွင် လူမရှိကြောင်း သိရသဖြင့် ကွေ့ဟိုက အချုပ်ခံထားရသူများအား နောက်ဆုံးအခြေအနေကို ပြောပြလိုက်၏။

မခုနှင့် မကွေ့တို့ သည်လည်း ဝင်းအတွင်းပိုင်းရှိ လူနေဆောင်များ၏ အဝင်အထွက်တံခါးများကို စောင့် ကြည့်နေကြ၏။

ပဉ္စမနေ့တွင် ဆွန်လီနှင့် သူ့လူများသည် ဝင်းထဲတွင် လျှောက်၍ ကြည့်ကြ၏။ မနက်စာ စားပြီးစလောက်တွင် တပ်သားတဦးက လာသတင်းပို့၏။ "စုန်ကျန့်က စစ်ကြောင်း လေးကြောင်းခွဲပြီး တိုက်ဖို့ ချီတက်လာကြပြီ"

"စစ်ကြောင်းဆယ်ကြောင်းနဲ့ လာရင်ကော ဘာမှုစရာရှိသလဲ"ဟု ဆွန်လီက ချူ မိသားစုကို အားပေး၏။ "လက်အောက်ငယ်သားတွေကို မလန့်ကြနဲ့လို့ အသင့်ပြင်ထား ကြလို့ ပြောလိုက်ပါ။ ပြီးတော့ ကျော့ကွင်းနဲ့ ဖမ်းဖို့လည်း ပြင်ထားကြလို့။ ကျွန်တော်တို့က အရှင်ပဲ ဖမ်းမှာ။ အသေက အသုံးမကျဘူး"

ချူအိမ်တော်သားများသည် သံချပ်ကာများကို ဝတ်ကြ၏။ မြေရှင်ကြီးချူသည် တိုက်ပွဲအခြေအနေကို ကြည့်ရန် တံခါးပေါ်ရှိ ပြအိုးပေါ်သို့ တက်၏။ အရှေ့ဘက်မှ မြေသည်များ မြင်းသည်များကို ဦးဆောင်လာသူမှာ ကျားသစ်ခေါင်းလင်ချုံး ဖြစ်ကြောင်း တွေ့ရ၏။ သူ့နောက်တွင် လီကျွမ်းနှင့် ဖိုးရုံကြီးတို့ ခြေသည် မြင်းသည် ငါးရာကို ဦးဆောင် လာကြ၏။ အနောက်ဘက်မှလည်း နောက် တပ်အင်အား ငါးရာ လာနေကြရာ ဟွာရုံက ခေါင်းဆောင်ပြီး ချန်ဟင်းနှင့် ချန်ရွှန်းတို့လည်း ပါလာကြ၏။ တောင်ဘက်မှ လာသော အင်အားငါးရာကိုမူ ဒေါနကြီးဟုတွင်သော မူဟုန်က ခေါင်းဆောင်ပြီး၊ ရန်စုံ၊ လေပွေနက် လီကွေ့တို့လည်း လိုက်ပါလာလေ၏။ ကြည့်လေရာရာမှ စစ်စည် စစ်မောင်းများ တီးကာ သံပြိုင်ကြွေးကြော်လာကြသည့် အသံတို့မှာ မိုးသို့တိုင် ကျွက်ကျွက်ညံနေ၏။

"ဒီနေ့တော့ ဒီကောင်တွေက အင်နဲ့အားနဲ့ လာနေပါလား၊ သူတို့ကို လျှော့တွက်လို့ မရဘူး။ ကျွန်တော်လည်း တပ်ခွဲတခုကို ဦးစီးပြီး နောက်ပေါက်က ထွက်ပြီး အနောက် မြောက်က ရန်သူတွေကို သွားတိုက်မယ်"ဟု လွမ်တင်ကူက ဆို၏။

"ကျွန်တော်တော့ ရှေ့ပေါက် ထွက်ပြီး အရှေ့ဘက်က ရန်သူတွေကို တိုက်မယ်"ဟု နဂါးက ဆို၏။

"ကျွန်တော်လည်း နောက်ပေါက်ကပဲ ထွက်ပြီး အနောက်တောင်ဘက်က ရန်သူကို သွားတိုက်မယ်"ဟု ကျားက ဆို၏။

"ကျုပ်ကတော့ ရှေ့ပေါက်က ထွက်ပြီး စုန်ကျန့်ကို အရဖမ်းမယ်ဗျာ။ သူက ခေါင်းပြ မိုလ်ပဲ"

သခင်ကြီး ချူမှာ ကျေနပ်လှသဖြင့် ယင်းတို့အားလုံးကို စိမ်ရည်ခွက်များဖြင့် ဂုဏ်ပြု လေ၏။ သူတို့သည် မြင်းကိုယ်စီဖြင့် အင်အားသုံးရာစီဖြင့် ထွက်သွားကြ၏။ အိမ်တော် စောင့်အဖြစ် ကျန်ခဲ့ကြသူများကလည်း တံခါးပြအိုးရှေ့တွင်ရပ်သော အားပေးနေကြ၏။

စို့ယွမ်နှင့် စို့ရှန်တို့မှာ ပုဆိန်ကြီးများကို ဝှက်၍ သယ်လာကြပြီး အချုပ်သားများကို ထားသော အနီးအနားတွင် ရပ်စောင့်နေကြ၏။ ရှိညီနောင်တို့မှာ လက်နက်များကို ကိုယ်ပေါ်တွင် ဝှက်ကာ နောက်တံခါးနားတွင် ရောက်နေကြ၏။ ဆွန်ရှင့်နှင့် သွေ့ဟိုတို့မှာ ရှေ့တံခါးဝဲယာတွင် အသင့်စောင့်နေကြ၏။ မခုလည်း မကွေ့အား စောင့်ရှောက်ရန် တပ်သားများကို အပ်ထားခဲ့ပြီးနောက် ဓားမြှောင်နှစ်ချောင်းကို ဆောင်ကာ အချက်ပြမည်ကို စောင့်ရင်း လမ်းသလားနေ၏။

ချူအိမ်တော်မှ စစ်စည်များကို တဗိန်းဗိန်းနေအောင် သုံးကြိမ်တီးလိုက်၏။ အမြောက် တချက်လည်း ပစ်ဖောက်၏။ ရှေ့တံခါး နောက်တံခါးများ ဝုန်းခနဲပွင့်သွားကာ ဆွဲတံတား များလည်း ကျလာ၏။ ချူမိသားစု၏ စစ်ကြောင်းလေးကြောင်းသည် ရန်သူကို ရင်ဆိုင်ရန် ဝေါခနဲ ထွက်လာကြ၏။

ဆွန်လီနှင့် လူတကျိပ်တို့က ရှေ့တံတားကို ချက်ချင်း သိမ်းလိုက်ကြ၏။ တံခါးပြအိုး ပေါ်တွင်လည်း မူရင်းတံခွန်ကို လွှင့်လိုက်လေ၏။ ကွေ့ဟိုသည် လှံကိုကိုင်ကာ သီချင်း တအေးအေးနှင့် ဝင်လာ၏။ သူ့အသံကို ကြားသော စို့ယွမ်နှင့် စို့ရှန်တို့က စူးစူးရှရှ လေချွန် သံကိုပြုလိုက်ကြ၏။ ယာယီအကျဉ်းထောင်ကို စောင့်နေသော အစောင့်နှစ်ကျိပ်သုံးကျိပ်ကို ပုဆိန်ကြီးများဖြင့် အလျင်အမြန် ခုတ်ပိုင်းချလိုက်ပြီး လှည်းများပေါ်ရှိ လှောင်ချိုင့်များကို လည်း ရိုက်ချိုး ဖျက်ဆီးလိုက်ကြ၏။ လွတ်လာသော အဖမ်းဆီးခံ ခုနစ်ဦးသည်လည်း လက်နက်စင်များပေါ်မှ လှံများကို ဆွဲယူကြ၏။ သူတို့၏ အသံများကို ကြားရသော မခုက အတွင်းခန်းများထဲသို့ အတင်းဝင်ကာ ရှိသမျှသော မိန်းမများကို ဓားမြှောင်နှင့် ထိုးသတ် လိုက်၏။ သခင်ကြီးချူကား ရန်သူလက်မှ လွတ်အောင် ရေတွင်းတခုထဲသို့ ခုန်ချရန် ထွက်ပြေးရာ ရှိဇူက သူ့ကို ဓားဖြင့် ပိုင်းချလိုက်ပြီး ခေါင်းကို ဖြတ်လိုက်၏။

ကျန်သော ရဲရင့်သူ တကျိပ်ခန့်က လူစုခွဲကာ အိမ်တော်မှ လူများကို လိုက်ရှာ၍ သတ် ကြ၏။ နောက်တံခါးဝအနီးတွင် ရှိညီနောင်တို့ မြက်ခြောက်ပုံများကို မီးတို့လိုက်ကြရာ မီးခိုးလုံးများ တအူအူနှင့် တက်လာလေ၏။ ယင်း မီးခိုးများကို လာတိုက်ခိုက်သူများက မြင်ရသောအခါ အင်အားနှစ်ဆလောင်း၍ တိုက်ကြ၏။

အိမ်တော် မီးလောင်နေသည်ကို တွေ့သော ကျားမှာ နောက်သို့ အမြန်ပြန်ပြေး၏၊ “ဘယ်သွားမှာလဲကွ”ဟု ဆွန်လီက အော်ကာ တံတားပေါ်တွင်

ပိတ်၍ ရပ်နေ၏။ ကျားလည်း သဘောပေါက်သွားကာ သူ့မြင်းကိုလှည့်၍ စုန်ကျန့်ရှိရာသို့ ဒုန်းစိုင်း၏။ သို့သော် ချိတ်လုံ ကိုယ်စီဖြင့် စောင့်နေသော လူ့ဖန်နှင့် ကောက်ရှိန်းတို့က မြင်းကိုရော လူကိုပါ တလိမ့် ခေါက်ကွေးလဲကျသွားအောင် ချိတ်ဆွဲလိုက်ကြသည်။ တောပုန်းများက ဝိုင်း၍ နုပ်နုပ်စဉ်း ပစ်လိုက်ကြလေ၏။ အိမ်တော်ရှေ့ရှိ စစ်သားများလည်း တကွဲတပြားစီ ပြေးကုန်ကြ၏၊ ဆွန်လီတို့ညီအစ်ကိုက စုန်ကျန့်ကို အိမ်တော်တွင်းသို့ ခေါ်လာကြ၏။

အရှေ့ဘက်တွင်မူ သင်ချုံးကို သူ မယှဉ်နိုင်ကြောင်း နဂါးက တွေ့ရှိသွား၏။ ထို့ကြောင့် အိမ်တော်၏ နောက်ဘက်သို့ အတင်းပြေး၏။ သို့သော် ဆွဲတံတားကို တင်ထားပြီး ရှိညီနောင်တို့က အလောင်းများ မီးပုံထဲသို့ ပစ်ထည့်နေသည်ကို မြင်လိုက်ရ၍ မြင်းကို အတင်းဆွဲလှည့်ပြီး မြောက်ဘက်သို့ ပြေးပြန်လေ၏။ ထိုစဉ် လီကွေ့နှင့် ပက်ပင်းတိုးမိလေ၏။ လေပွေနက်လီကွေ့လည်း သူ့ဆီသို့ ပြေးဝင်ကာ ပုဆိန်ကြီးများကို ဝှေ့ယမ်းပြီး မြင်း၏ခြေထောက်များကို ခုတ်ချိုးလိုက်လေ၏။ နဂါးလည်း မြေပေါ်သို့ ခြေပစ်လက်ပစ် ကျသွားရာ သူ့ခေါင်းကို လီကွေ့၏ ပုဆိန်က တချက်တည်းနှင့် ခွဲပစ်လိုက်လေ၏။

ဤအကြောင်းတို့ကို ကြားရသော ကျားပေါက်မှာ မပြန်ဝံ့တော့ပြီ။ ထို့ကြောင့် ဟူ မိသားစုအိမ်တော်ဆီသို့ ဒရောသောပါး ပြေးလေတော့၏။ ဟူချိန့်၏ အမိန့်ဖြင့် မြေကျွန် များက သူ့ကို ဝိုင်းဖမ်းကာ ကြိုးနှင့် တုပ်ကြ၏။ စုန်ကျန့်ထံသို့ သူ့ကို ပို့ရန် အသွားတွင် လမ်း ၌ လီကွေ့နှင့် တွေ့သဖြင့် ပုဆိန်စာမိပြီး ခေါင်းပြတ်သေရလေ၏။ မြေကျွန်များလည်း ထွက်ပြေးကြလေ၏။ လီကွေ့သည် ဟူချိန့်ကို ဝင်၍ တိုက်၏။ အခြေအနေဆိုးနေပြီဖြစ်၍ ဟူချိန့်လည်း တောနက်ရာသို့ မြင်းစီးကာ ထွက်ပြေးရလေ၏။ အိမ်ကို စွန့်ကာ အသက် ဘေးအတွက် မြင်းကို ခြေကုန်သုတ် မောင်းနှင်ရလေ၏။ နောင်တွင် သူသည် ယန်အန်တွင် ခိုအောင်းနေရပြီး ပြန်လည်အေးချမ်းလာသောအချိန်တွင် စစ်ဗိုလ်ချုပ်တဦး ဖြစ်လာ၏။

လေပွေနက်ကား လူသတ်၍ ကောင်းတုန်းပင် ရှိနေသေး၏။ ဟူအိမ်တော်၏ တမိသားစုလုံးကို ကြီးငယ်မချန် အကုန်သတ်ပစ်လေ၏။ လုယက်ရှာဖွေရသမျှ အထုပ်ကြီး လေးဆယ် ငါးဆယ်လောက်ကို ထိုအိမ်တော်မှ မြင်းများတွင် တင်ယူကာ အိမ်တော်ကို မီးတိုက်ပြီးမှ ထွက်ခဲ့လေ၏။

ထိုအချိန်တွင် စုန်ကျန့်မှာ ချူမိသားစုံအိမ်ခန်းမဆောင်တွင် ထိုင်နေပြီး လက် အောက်ခေါင်းဆောင်တို့ တင်ပြနေသော အောင်မြင်မှုများကို နားထောင်နေ၏။ စုစုပေါင်း လူငါးရာ၊ မြင်းကောင်းငါးရာတို့ကို ဖမ်းမိကြ၏။ ထို့ပြင် နွားများ၊ သိုးများမှာလည်း မရေမတွက်နိုင်အောင်ပင် ဖြစ်လေ၏။ စုန်ကျန့်မှာ ဝမ်းသာသော်လည်း လွမ်တင်ကူ၏ အကြောင်းကို ကြားရသောအခါ စိတ်မကောင်း

ဖြစ်ရလေ၏။ သက်ပြင်းကြီး ချကာ “ရဲရင့်သူတယောက် ဆုံးရှုံးရတာ နှမြောစရာပဲ”ဟု ဆို၏။

ထိုစဉ် တောပုန်းတယောက်ဝင်လာကာ သတင်းပို့၏။ “လေပွေနက်က ဟူစံအိမ် တော်ကို မီးတိုက်လိုက်ပါတယ်။ သူတို့ရဲ့ ခေါင်းတွေကိုလည်း ဖြတ်လိုက်ပါတယ်။ အခု သိမ်းလို့ရတဲ့ ပစ္စည်းတွေနဲ့ ပြန်လာနေပါပြီ”

“ဒါပေမဲ့ ဟူချိန့်က လက်နက်ချထားတာပဲ။ ဒီလူတွေကို သတ်ဖို့ သူ့ကို ဘယ်သူက ပြောလို့လဲ။ ဘာလို့ အိမ်တော်ကို မီးတိုက်ရတာလဲ”

တကိုယ်လုံး သွေးများ စွန်းထင်းနေပြီး၊ ခါးစည်းတွင် ပုဆိန်နှစ်လက်ကို ထိုးထားသော လီကွေ့သည် အခန်းတွင်းသို့ ဝင်လာပြီး စုန်ကျန့်ကို လေးစားစွာ ဦးညွတ်နှုတ်ဆက်၏။

“နဂါးကို သတ်ပြီး ကျားပေါင်ကို ခေါင်း ဖြတ်လိုက်ပါပြီ” ဟု ဆို၏။

“ဟိုကောင် ဟူချိန့်ကိုတော့ မမိလိုက်ဘူး။ ဒါပေမဲ့ မြေရှင်ကြီးဟူတို့ တမိသားစုလုံး ကိုတော့ သုတ်သင်ပစ်လိုက်တယ်။ ကျုပ်ကို ချီးမွမ်းပေတော့ နောင်ကြီးရေ”

“နဂါးကို မင်းသတ်တာကို လူတွေ တွေ့ပါတယ်။ ဒါပေမဲ့ ကျန်တဲ့လူတွေကို ဘာလို့ သတ်ရတာလဲ”ဟု စုန်ကျန့်က မေး၏။

“ကျုပ်လည်း ဒီလိုပဲ လုပ်မိလိုက်တာပဲ။ ဟူအိမ်တော်ကို သွားနေတုန်းမှာ ကျားပေါက် နဲ့ ဝင်တိုးတာနဲ့ ပုဆိန်တချက်တည်းနဲ့ ကိစ္စဖြတ်လိုက်တာ။ သံမဏိတာရဲ့ အစ်ကို ဟူချိန့် လွတ်သွားတာတော့ နာတယ်ဗျာ။ ဒါပေမဲ့ အိမ်တော်ထဲက လူတွေကို အကုန်လုံးသတ် ခဲ့တယ်”

“လူရမ်းကား။ မင်းကို အဲဒီကို သွားဖို့ ဘယ်သူက ပြောသလဲ။ ဟိုတနေ့က ဟူချိန့် ငါ့ဆီလာပြီး အညံ့ခံထားတာ မင်းလည်း အသိပဲ။ ဘာလို့ မင်းသဘောနဲ့မင်း တမိသားစု လုံးကို သွားသတ်ရတာလဲ။ ဒါ ငါ့အမိန့်ကို တမင်ဖောက်ဖျက်လိုက်တာလား”

“နောင်ကြီး၊ နောင်ကြီးကတော့ မေ့ချင်မေ့မှာပေါ့။ ကျုပ်ကတော့ မမေ့ဘူးဗျ။ ဟိုနေ့ က အဲဒီသောက်ကောင်မကို လွှတ်ပြီး နောင်ကြီးကို သတ်ဖို့ ခိုင်းလိုက်တာ ဒီလူပဲဗျ။ ဒါနဲ့ တောင် သနားနေရသေးလားဗျာ။ နောင်ကြီးက သူ့ညီမနဲ့ စေ့စပ်မထားပါဘူး။ သူ့အစ်ကို တွေ သူ့အဖေတွေအတွက် ဘာဂရုစိုက်ဖို့ လိုလို့လဲဗျာ”

“သံဂေါဏ၊ မင်းရူးနေသလား။ ငါက သူ့ညီမကို ဘာလုပ်ရမှာလဲ။ ငါ့မှာ စဉ်းစားထား တာရှိတယ်ကွ။ လူတွေ ဘယ်လောက်တောင် သတ်ခဲ့သလဲ ငမည်းကောင်ရဲ့”

“ဘယ် ရေနေနိုင်မလဲဗျာ။ အရှင်တွေ့ရင် ခုတ်ချလိုက်တာပဲ”

“မင်း ငါ့ အမိန့်တွေကို မနာခံဘူး။ ဒါ ခေါင်းဖြတ်သတ်ရမယ့် ပြစ်မှုပဲ။ နဂါးနဲ့ ကျားပေါက်ကို သတ်နိုင်လို့ ချီးမွမ်းမလို့။ ခုတော့ မချီးမွမ်းတော့ဘူး။ နောက်တခါ ထပ် ဖောက်ဖျက်ရင် မင်းကို ခွင့်မလွှတ်တော့ဘူးမှတ်”

လေပွေနက်က သွားဖြီးကာ ရယ်လိုက်၏။ “ဒါဖြင့်လည်း ချီးမွမ်းမခံရဘူးပေါ့၊ ဒါပေမဲ့ လူသတ်ရတာကတော့ တကယ့်ကို ပျော်စရာကောင်းတယ်ဗျာ”

စစ်ဘက်အကြံပေးဝုရုံသည် မြင်းသည်တစုနှင့်အတူ ရောက်လာလေသည်။ စုန်ကျန့် ကိုဂုဏ်ပြုကာ စိမ်ရည်များသောက်ကြ၏။ စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်၏။ အိမ်တော်နှင့် ဆက်နေသော ရွာကို ချေမှုန်းပစ်လို၏။ သို့သော် ရှိဇူက လမ်းများ၏ လျှို့ဝှက်ချက်ကို ပြောပြကာ အကူအညီပေးခဲ့သော အဘိုးအိုအကြောင်းကို သတိပေး၏။

“ရွာထဲမှာ သူ့လို လူကောင်းတွေ အများကြီး ရှိပါသေးတယ်ဗျာ။ သူတို့တွေ ဒုက္ခ မရောက်သင့်ဘူး”

စုန့်ကျန့်က ရှိဇူအား ထိုအဘိုးအိုကို အခေါ်ခိုင်းလိုက်၏။ မကြာမီ အဘိုးအိုလည်း ရှိဇူနှင့် ရောက်လာလေ၏။ အဘိုးအိုသည် စုန်ကျန့်နှင့် ဝုရုံတို့ကို ဒူးထောက်ကာ ကန်တော့လေ၏။ စုန်ကျန့်က သူ့အား ပိုးထည်များနှင့် ရွှေတအိတ်ကို ဆုချကာ ရွာတွင် ဆက်၍ နေသွားနိုင်ကြောင်း ပြောပြ၏။ “ခင်ဗျားက သနားတတ်လို့ ခင်ဗျားတို့ ရွာကို ချမ်းသာပေးလိုက်မယ်။ တရွာလုံး စိတ်ချမ်းသာကြပေတော့”

အဘိုးအိုသည်လည်း ထပ်၍ ကန်တော့ပြန်လေ၏။

“ခင်ဗျားတို့လို လူသာမန်တွေအတွက် ကျွန်တော်လည်း စိတ်ပူနေတာ သုံးလေးရက် ရှိပြီ။ ဒီနေ့တော့ ချူအိမ်တော်ကို သိမ်းလိုက်ပြီး ခင်ဗျားတို့ကို ဖိစီးနေတဲ့ သူတွေကိုလည်း ရှင်းပေးလိုက်ပြီ။ အိမ်ထောင်စုတိုင်းကို ဆန်တအိတ်စီ ပေးမယ်။ ခင်ဗျားတို့ကို အလေး ထားတဲ့ အထိမ်းအမှတ်ပေါ့ဗျာ”

ထိုဆန်များ ဝေခြမ်းရေးတွင် ဤအဘိုးအိုကိုပင် တာဝန်ပေး၏။ တပြိုင်တည်းတွင် အိမ်တော်မှ ဆန်စပါးများကို လှည်းများပေါ်သို့ တင်စေ၏။ ရွှေ

ငွေ၊ အဖိုးတန်ပစ္စည်းများ တို့ကိုလည်း တပ်ဗိုလ်များ၊ တပ်သားများသို့ ဆုချ၏။ နွား၊ သိုး၊ မြည်း၊ မြင်း စသည်တို့ကို တောင်ရိုးပေါ်ရှိ ခံတပ်တွင် အသုံးပြုရန် မောင်းသွားစေ၏။

ချူမိသားစုအိမ်တော်ကို သိမ်းပိုက်နိုင်လိုက်သဖြင့် စပါးအိတ်ပေါင်း ငါးသိန်းကို ရလိုက်၏။ စုန်ကျန့်မှာ ကျေနပ်၍မဆုံးတော့ပြီ။

ခေါင်းဆောင်ကြီးငယ်တို့က လက်အောက်လူများကို စုကြ၏။ ခေါင်းဆောင်အသစ် များလည်း ထပ်၍ တိုးလာပြီဖြစ်၏။ ဆွန်လီ၊ ဆွန်ရှင့်၊ ရှိချင်၊ ရှိပေါင်၊ စို့ယွမ်၊ စို့ရွှန်၊ ကွေ့ဟို၊ မခုတို့ ဖြစ်ကြ၏။ ရဲရင့်သူခုနစ်ဦးကိုလည်း ကယ်လိုက်နိုင်၏။

ဆွန်လီသည် သူ့ဇနီး မကွေ့နှင့်အတူ ပါလာသော မြင်းများ၊ ပစ္စည်းများကို သယ်ကာ ပင်မတပ်ကြီးနောက်မှ လိုက်လာခဲ့၏။ ရွာသားများလည်း သက်ကြီးရွယ်အိုများကို တွဲကာ၊ ကလေးငယ်များကို ချီပိုးကာ၊ အမွေးတိုင်များ မီးအိမ်များကို ထွန်းကာ ကန်တော့ရင်း ကျေးဇူးစကားများကို ဆိုရင်း လိုက်ပို့လိုက်ကြ၏။

စုန်ကျန့်တို့သည် စစ်ကြောင်းသုံးကြောင်းခွဲကာ ညတွင်းချင်းပင် တောင်ရိုးပေါ်ရှိခံတပ်သို့ ပြန်သွားကြလေ၏။

ကျွန်ုပ်တို့သည် ယခုအခါ လင်းယုန်မာန်လီယင်းအကြောင်းကို ပြန်ကောက်ရဦးမည်။ လီယင်းသည် မြားဒဏ်ရာဖြင့် အိပ်ရာထဲတွင် အနားယူနေရာ အတော်သက်သာလာပြီ ဖြစ်၏။ အိမ်တော်တံခါးကို ပိတ်ကာ အပြင်လည်း မထွက်ပေ။ သို့သော် မကြာမကြာ တိတ် တဆိတ် လူလွှတ်ကာ ချူအိမ်တော်၏ သတင်းများကို ရယူလျက်ရှိ၏။ စုန်ကျန့် နိုင်သွား ကြောင်း ကြားသောအခါ ထိတ်လန့်သွားသကဲ့သို့ ဝမ်းလည်း သာမိ၏။

မြေကျွန်တယောက်က ဝင်လာ၍ သတင်းပို့၏။

“မြို့ဝန်နဲ့ လူလေးဆယ် ငါးဆယ်လောက် ရောက်လာတယ်။ ချူအိမ်တော်အကြောင်း စုံစမ်းချင်တယ်လို့ ပြောပါတယ်”

တံခါးဖွင့်ပေးရန် ဆူရှင့်ကို အမိန့်ပေးလိုက်၏။ ဆွဲတံတားကိုချကာ သူတို့အား အိမ်တွင်းသို့ ခေါ်လာခဲ့ကြ၏။ ဒဏ်ရာရထားသော လက်ကို ပိုးစအဖြူနှင့် စည်းထားကာ ဧည့်သည်များကို ထွက်ကြိုပြီးလျှင် ပင်မခန်းမသို့ ဖိတ်ခေါ်ခဲ့၏။ မြို့ဝန်သည် မြင်းမှ ဆင်းကာ ခန်းမဆောင်သို့ ဝင်ပြီး အလယ်ကောင်တွင် ထိုင်၏။ သူ့စာရေးက သူ့ဘေးတွင် ထိုင်၏။ ထိုနောက် ရဲမှူးနှစ်ယောက်နှင့် တပ်ဗိုလ်များ

ထိုင်ကြ၏။ စင်မြင့်၏ ခြေရင်းတွင်မူ ဘိလစ်စာရေးကြီး၊ ထောင်စောင့်များ ထိုင်ကြ၏။ လီယင်းက ဒူးထောက်အရိုအသေပြု ပြီးနောက် မြို့ဝန်ရှေ့တွင် ရပ်နေ၏။

"ချူမိသားစု အသတ်ခံရတာက ဘယ်လိုဖြစ်တာလဲ"

"သူတို့ရဲ့သား နဂါးရဲ့ လက်ချက်ကြောင့် ကျွန်တော့် ဘယ်လက်မောင်းမှာ မြားမှန် ထားပါတယ်။ ကျွန်တော်လည်း အိမ်တံခါးပိတ်ပြီး ဘယ်ကိုမှ မထွက်တော့လို့ ဒီကိစ္စကို ဘာမှ မသိပါဘူးခင်ဗျာ"

"လိမ်တာ။ ခင်ဗျားက လျှံရှန်းတောင်ရိုးက တောပုန်းတွေနဲ့ ကြံရာပါ ဖြစ်တယ်လို့ တိုင်ထားတာ ရှိတယ်။ ခင်ဗျားက ချူတပ်တွေကို အပြင်ရောက်အောင် ဆွယ်ထုတ်လို့ တောပုန်းတွေက အိမ်တော်ကို ဝင်နိုင်တာ။ အဲဒီမတိုင်ခင်ကပဲ ကုန်းတင်ထားတဲ့ မြင်းတို့၊ သိုးတို့၊ စိမ်ရည်တို့၊ ပိုးထည်တို့၊ ရွှေတို့ ငွေတို့လည်း သူတို့ဆီက ရထားတယ် မဟုတ်လား။ ဘယ်လိုငြင်းမလဲ"

"ကျွန်တော်က ဥပဒေကို လိုက်နာတဲ့သူပါ အရှင်၊ ဘယ်တုန်းကမှ သူတို့ဆီက လက်ဆောင်တွေကို လက်မခံခဲ့ပါဘူး"

"ကျုပ် မယုံဘူးဗျ။ ခင်ဗျားကို ရုံးတော်ခေါ်သွားမယ်။ အဲဒီမှာ တိုင်တဲ့သူနဲ့ တွေ့ပြီး ပြောပေတော့"

မြို့ဝန်အမိန့်အရ အစောင့်တို့က လီယင်းကို ဖမ်းလိုက်ကြ၏။ ရဲမှူးနှင့် တပ်ဗိုလ်များက သူ့ကို ကြိုးနှင့်တုပ်ကြ၏။ မြို့ဝန်လည်း မြင်းပေါ်သို့တက်သော် လူအားလုံး စုဝေးလာကြ လေ၏။

"ဘဏ္ဍာထိန်းထူရှင့် ဆိုတာကကော" မြို့ဝန်က မေး၏။

"ကျွန်တော်မျိုးပါ ခင်ဗျာ"

"တိုင်တဲ့အထဲမှာ မင်းလည်း ပါတယ်။ သူ့ကိုပါ ခေါ်ခဲ့"

ထူရှင့်ကို ချက်ချင်းပင် လက်ထိတ်များ ခတ်လိုက်ကြ၏။ လီယင်းနှင့် ထူရှင့်ကို အချုပ် နှင့်ခေါ်ကာ တလမ်းလုံး မနားဘဲ ထွက်လာခဲ့ကြ၏။ လီသုံးဆယ်မျှပင် မရောက်သေးမီ တောစပ်မှ စုန်ကျန့်၊ လင်ချုံး၊ ဟွာရုံ၊ ရန်စုံ၊ ရှိဇူတို့ ထွက်လာကာ လမ်းကို ပိတ်လိုက်ကြ၏။ "လျှံရှန်းတောင်ရိုးက ရဲရင့်သူတွေ ရောက်နေတယ်ဟေ့"ဟု လင်ချုံးက အော်လိုက်၏။

မြို့ဝန်တို့ အဖွဲ့မှာလည်း သူတို့နှင့် မတိုက်ရဲချေ။ လီယင်းနှင့် ထူရှင့်ကို ထားရစ်ကာ ထွက်ပြေးကြလေ၏။ "လိုက်ကြ" ဟု စွန့်ကျန့်က အော်လိုက်ရာ

တောပုန်းများလည်း အတန်ကြာအောင် လိုက်ပြီးမှ ပြန်လာခဲ့ကြ၏။

"မိရင်တော့ ဒီသောက်မြို့ဝန်ကို သတ်ပါတယ်ဗျာ။ မမိလို့သာပေါ့" ဟု သတင်းပို့ကြ၏။

လီယင်းနှင့် ထူရှင့်ကို ကြိုးများ၊ လက်ထိတ်များ ဖြေပေးကြ၏။ သူတို့စီးရန် မြင်း နှစ်ကောင်ကိုလည်း ယူလာပေး၏။

"ခဏလောက် ကျွန်တော်တို့ လျှံရှန်းတောင်ရိုးမှာ လိုက်နားပါလား ခင်ဗျာ" ဟု စုန့်ကျန့်က ဖိတ်၏။

"မဖြစ်ဘူးဗျာ။ ခင်ဗျားတို့က မြို့ဝန်ကို သတ်မယ် လုပ်တဲ့ သူတွေပဲ။ ခင်ဗျားတို့နဲ့ ဘာမှ ပတ်သက်စရာမရှိဘူး"

"ခင်ဗျားတို့ ဒီလိုပြောတော့ကော အစိုးရမင်းတွေက လက်ခံမယ် ထင်သလားဗျာ။ ခင်ဗျားတို့ မပါဘဲ ကျွန်တော်တို့ပဲ ဆက်သွားရင်လည်း ခင်ဗျားတို့က ငြိစွန်းနေပြီပဲ။ ခင်ဗျားက တောပုန်း မဖြစ်ချင်ဘူး၊ ဒါပေမဲ့ တောင်ရိုးပေါ်က ခံတပ်မှာ နှစ်ရက်သုံးရက်တော့ လိုက်နားလိုက်ပါဦး။ ခင်ဗျားတို့ စိတ်ချရပြီလို့ ကြားမှ ပြန်ဆင်းကြတာပေါ့"

လီယင်းနှင့် ထူရှင့်လည်း မတတ်နိုင်တော့ပေ။ သူတို့ကို စစ်တပ်တတပ်လုံးနှင့် ဝိုင်း ထားသလို ဖြစ်နေပေ၏။ ထိုတပ်သည် သုံးဖွဲ့ ခွဲကာ လျှံရှန်းတောင်ရိုးကို ကွေ့ကာပတ်ကာ တတ်ကြ၏။

ကျောက်ခဲနှင့် ကျန်လူများသည် ဗုံ မောင်း နဲ့ ပလွေများ တီးမှုတ်ကာ တောင်အောက် သို့ ဆင်းလာပြီး စိမ်ရည်များကို တိုက်ကာ ကြိုဆိုကြ၏။ သစ္စာညီနောင်ခန်းမသို့ သွားကာ လခြမ်းပုံ ဖြန့်ကာ ထိုင်ကြ၏။ လီယင်းကို ခေါင်းဆောင်များနှင့် မိတ်ဆက်ပေးကြ၏။ အပြန်အလှန် ဦးညွှတ် အရိုအသေပြုကြပြီးနောက် သူက စုန့်ကျန့်ကို ပြော၏။

"ထူရှင့်နဲ့ ကျွန်တော်တို့က ခင်ဗျားတို့ကို လိုက်ပို့ကြတာပါ။ ပြီးတော့ ခေါင်းဆောင် တွေနဲ့လည်း တွေ့ပြီးပြီ။ ကျွန်တော်ကတော့ ဒီမှာ ခဏလောက်နေဖို့ကို အပန်းမကြီးပါဘူး။ ဒါပေမဲ့ မိသားစုအတွက်တော့ နောက်ဆံနည်းနည်းတင်းနေတယ်။ ကျွန်တော် ဆင်းပြီး ပြန်ကြည့်ချင်ပါတယ်"

ဝုရုံက ရယ်လိုက်၏။ "မလိုပါဘူးခင်ဗျာ။ ခင်ဗျား မိသားစုက ဒီမှာရောက်နေပါပြီ။ ခင်ဗျားအိမ်တော်လည်း ပြာကျနေပါပြီ။ ခင်ဗျား ဘာအတွက် ပြန်မှာလဲဗျာ"

လီယင်းက မယုံ။ သို့သော် လမ်းအတိုင်း တက်လာသော လှည်းများ၊ လူများကို မြင် သဖြင့် ကြည့်လိုက်ရာ သူ့မြေကျွန်များ၊ သူ့မိသားစုဝင်များ ဖြစ်နေကြောင်း တွေ့ရလေ၏။ သူလည်း ကမန်းကတန်း ထ၍ သွားတွေ့လေ၏။ သူ့ဇနီးသည်က-

“မြို့ဝန်မင်းက ရှင့်ကို ဖမ်းသွားပြီး ခဏနေတော့ ရဲမှူးနှစ်ယောက်နဲ့ ရဲသားလေး ယောက် ရောက်လာတယ်။ အစောင့်တပ်သား သုံးရာလည်း ပါလာတယ်။ ကျွန်မတို့ပစ္စည်း တွေကို အကုန်ထုပ်ပိုးခိုင်းပြီး လှည်းတွေပေါ် တင်ခိုင်းကြတယ်။ ကျွန်မတို့ ရိက္ခာတွေ၊ တိရစ္ဆာန်တွေကိုလည်း အကုန်ယူပြီး အိမ်တော်ကို မီးတိုက်လိုက်ကြတယ်”

လီယင်းလည်း ဘုရား တ လိုက်မိ၏။ ကျောက်ခဲနှင့် စုန့်ကျန့်တို့က ဝိုင်းတောင်းပန် ကြ၏။ “အမှန်ကတော့ဗျာ၊ ကျွန်တော်တို့က နောင်ကြီးရဲ့ ဂုဏ်သတင်းကို ကြားနေတာ ကြာပါပြီ။ ဒါကြောင့် ဒီလို ဉာဏ်ဆင်လိုက်ရတာပါ။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါဗျာ”

လီယင်းလည်း မတတ်သာတော့ပေ။ လက်ခံရလေတော့၏။

“နောင်ကြီးမိသားစုတွေကို နောက်က အဆောင်တွေမှာ နားခိုင်းလိုက်ပါ” ဟု စုန်ကျန့်က ဆို၏။

ထိုနောက် ရှေ့ခန်းမသို့ လီယင်းကို ခေါ်သွားကာ စကားစမြည် ပြောကြ၏။ အားလုံးမှာ ကျေနပ်ဝမ်းမြောက်နေကြ၏။ စုန်ကျန့်က နောက်ပြောင်ကျီစယ်လိုသော လေသံဖြင့် “နောင်ကြီးကို မြို့ဝန်နဲ့ ရဲမှူးတွေကို တွေ့စေချင်တယ်ဗျာ”ဟု ဆိုလိုက်၏။

မြို့ဝန်ကဲ့သို့ ဝတ်စားထားသော ရှောင်ရန်နှင့် ရဲမှူးများယောင်ဆောင်ခဲ့သော ထိုက်ချုံ၊ ရန်လင်းတို့ ထွက်လာကြ၏။ ဖေ့ရွှန်းက စာရေးကြီး၊ ကျင်တာကျန်းနှင့် ဟိုဂျန်တို့က တပ်ဗိုလ်များအဖြစ် အယောင်ဆောင်ခဲ့ကြပေ၏။ စုန်ကျန့်က ရဲသားလေးယောက်ကို ခေါ်ထုတ်လိုက်ရာ သူတို့မှာ လီကျွမ်း၊ ချန်ရွှန်း၊ မာလင်း၊ ပိုက်ရှန်းတို့ ဖြစ်ကြပေ၏။

လီယင်းလည်း ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေရ၏။

စုန်ကျန့်သည် ခေါင်းဆောင်ငယ်များအား နွားများ၊ မြင်းများကို အမြန်ပေါ်စေကာ စားသောက်ပွဲကျင်းပရန် စီစဉ်စေ၏။ လီယင်းကို တောင်းပန်ရန်နှင့် ခေါင်းဆောင်သစ် ဆယ့်နှစ်ဦးတို့ကို ဂုဏ်ပြုရန်အတွက် ဧည့်ခံပွဲအား ကျင်းပရခြင်း ဖြစ်ပေ၏။ ခေါင်းဆောင်သစ် ဆယ့်နှစ်ဦးမှာ လီယင်း၊ ဆွန်လီ၊ ဆွန်ရှင့်၊

ရှိချင်၊ ရှိပေါင်၊ စို့ယွမ်၊ စို့ရွှန်၊ ထူရှင့်၊ သွေ့ဟို၊ ရှီကျန့်၊ သံမဏိတာ၊ မခုတို့ ဖြစ်ကြ၏။ အမျိုးသမီးခေါင်းဆောင်တို့မှာ အနောက်ဆောင် တွင် မကွေ့တို့ လီယင်းမိသားစုမှ အမျိုးသမီးတို့နှင့် သီးသန့် စားပွဲထိုင်ကြလေ၏။

တောပုန်းများကိုလည်း ကြီးသည်ငယ်သည်မဟူ ဆုချီးမြှင့်၏။ နှဲသံ၊ ဗုံသံတို့ဖြင့် ခန်းမ ဆောင်ကြီးမှာ သောသောညံနေ၏။ ရဲရင့်သူတို့မှာ မိုးချုပ်သည်အထိ သောက်ကြ၊ စားကြ ၏။ စားပွဲသောက်ပွဲများ ပြီးဆုံးသောအခါ ခေါင်းဆောင်သစ်များလည်း သူတို့၏ အဆောင် အသီးသီးသို့ သွား၍ အနားယူကြ၏။

နောက်တနေ့တွင် ခေါင်းဆောင်များကို သီးသန့်ဖိတ်ကာ တည်ခင်းကျွေးမွေးပြန်၏။ စုန်ကျန့်က ဗိုလ်ကျားပုကို ခေါ်ကာ “ကျွန်တော်တို့ လေသာတောင်မှာနေတုန်းက နောင်ကြီး အတွက် ဇနီး ရှာပေးမယ်လို့ ကျွန်တော် ကတိထားခဲ့တယ်လေ။ ကျွန်တော့်ကတိကို ကျွန်တော် မမေ့ပေမယ့် တည်တော့ မတည်နိုင်သေးဘူး။ ဒီနေ့တော့ ကျွန်တော့်အဖေမှာ သမီးတယောက် ရှိနေပြီ။ ပြီးတော့ သူ့ကို နောင်ကြီးနဲ့ ထိမ်းမြားပေးဖို့ကိုလည်း သဘောတူ တယ်တဲ့”

ဟူ မိသားစု၏ သမီးပျိုကို ပွဲထုတ်လာရန် စုန်ကျန့်က ပန်ကြားလိုက်၏။ “နောင်ကြီးဝမ်ယင့်က တိုက်ရေးခိုက်ရေးမှာ တော်ပါတယ်။ ဒါပေမဲ့၊ မင်းကိုတော့ မယှဉ်နိုင်ဘူးပေါ့လေ။ ဒါပေမဲ့ သူ့ကို သတို့သမီး ရှာပေးမယ်လို့ ထားခဲ့တဲ့ ကတိကတော့ မတည်နိုင်သေးဘူး။ ဒီတော့ နှမလေးကို ဒီက ခေါင်းဆောင်တွေကို သက်သေထားပြီး ဝမ်ယင့်နဲ့ ထိမ်းမြားပေးချင်တယ်ကွယ်။ ဒီနေ့က ရက်ကောင်းရက်သာလည်း ဖြစ်လို့ပါ”ဟု စုန်ကျန့်က ဖျောင်းဖျ၏။

သံမဏိတာလည်း စုန့်ကျန့်သည် အဘယ်မျှလောက် စိတ်ထားကောင်းသည်ကို မြင်ပြီးဖြစ်၍ မငြင်းသာတော့ပေ။ သတို့သားနှင့် သတို့သမီးတို့က ကျေးဇူးတင်စွာဖြင့် ဒူးထောက်ကာ ကန်တော့ကြ၏။ ကျောက်ခဲနှင့် အခြားခေါင်းဆောင်များကလည်း ကျေနပ် လျက်ရှိကြ၏။ စုန်ကျန့်၏ စိတ်ဓာတ်နှင့် သစ္စာရှိမှုတို့ကို ချီးမွမ်းကြ၏။ ထိုနေ့တနေ့လုံး စားသောက်ပွဲကြီး ကျင်းပ၏။ ဂုဏ်ပြုချီးမြှောက်ကာ စိမ်ရည်များ သောက်ကြ၏။

ထိုသို့ ပျော်ပွဲဆင်နေစဉ်တွင် ဆက်သားတယောက် ရောက်လာလေ၏။ “ယွန်ကျင့် မြို့က လူတယောက် ချူကွီရဲ့ထမင်းဆိုင်မှာ ရောက်နေပါတယ်။ သူက ခေါင်းဆောင်တွေကို တွေ့ခွင့်တောင်းနေပါတယ်”

မည်သူမည်ဝါ ဖြစ်ကြောင်း သိရသောအခါ ကျောက်ခဲနှင့် စုန်ကျန့်တို့ များစွာ ဝမ်းမြောက်သွားကြ၏။ “ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကို ဒီအဖွဲ့ထဲကိုသာ ဝင်အောင် ပြောနိုင်ရင် ဘဝရဲ့ ဆန္ဒတော့ ပြည့်ပြီ”ဟု ဆိုကြ၏။

မှန်ပေ၏။ ကျေးဇူးတရားနှင့် အမုန်းတရားကို ခွဲခြားမသိသူသည် တကယ့်သူရဲကောင်း မဖြစ်နိုင်။ အဖြူနှင့် အမည်းကို မခွဲခြားနိုင်သူသည်လည်း အားထားရသူ မဖြစ်နိုင်၊ သို့ဖြစ်လျှင် ယွန်ကျင့်မှ လာသူသည် အသူပေနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၁

ကျားပျံသည် ပိုင်ရှုယင်၏ ခေါင်းကို လည်ထောက်နှင့် ရိုက်ခွဲခြင်း

မုတ်ဆိတ်ချူတုံ မြို့ဝန်၏ သားငယ်ကို ဖျောက်ပစ်ခြင်း

"တောလမ်းအတိုင်း ခရီးသွားတစု လာတာမြင်လို့ ကျွန်တော်တို့ လူတွေက တားလိုက်ပါ တယ်"ဟု ဆက်သားက ပြော၏။ "အဲဒီထဲက တယောက်ကတော့ ယွန်ကျင့်မြို့က ရဲကြပ် လေ့ဟုန်တဲ့။ ဒါနဲ့ ဆရာချူကြီက သူ့ကို ထမင်းဆိုင်ကို ဖိတ်ပြီး ကျွေးမွေး ညှော်ခံနေပါတယ်။ ကျွန်တော့်ကို ဒီအကြောင်း သတင်းပို့ခိုင်းလိုက်တာပါ"

ကျောက်ခဲနှင့် စုန်ကျန့်တို့မှာ နှစ်ထောင်းအားရ ဖြစ်သွားကြ၏။ ဝုရုံကိုပါ ခေါ်ကာ တောင်အောက်သို့ ဆင်းခဲ့ကြ၏။ ချူကြီက ညှော်သည်ကို သဲသိဂါကမ်းသို့ ပို့ထားနှင့်ပြီ ဖြစ်၏။ စုန်ကျန့်သည် အမြန်ဒူးထောက်ကာ အရိုအသေပြု၏။

"ခွဲသွားကြတာ တော်တော်ကြာပြီနော်၊ ကျွန်တော်ကတော့ မကြာမကြာ သတိရ နေပါတယ်။ ဘာကိစ္စနဲ့များ ကျွန်တော်တို့ရဲ့ နုံချာလှတဲ့ အရပ်ကို လာခဲ့တာပါလဲ"

လေ့ဟုန်ကလည်း ပြန်၍ အရိုအသေပြု၏။ "ကျွန်တော့်ကို တာဝန်နဲ့ တုန်ချန်းကို လွှတ်လိုက်တာပါ။ အပြန်ကျတော့ လမ်းဆုံမှာ ခားပြတွေက လမ်းကြေးကောက်ပါလေ ရော။ ကျွန်တော်က ကျွန်တော့်နာမည်ကို ပြောပြလိုက်တော့ နောင်ကြီးချူကြီက နေပါဦး ဆိုပြီး အတင်းခေါ်ထားလိုက်တာပါပဲ"

"နတ်တို့ ပို့လှာ ချိန်ခါသင့် ဆိုသလိုပါပဲလား"

စုန်ကျန့်က လေ့ဟုန်ကို တောင်ရိုးပေါ်သို့ ဖိတ်ခဲ့ပြီး ကျန်ခေါင်းဆောင်များနှင့် မိတ်ဆက် ပေး၏။ ထိုနောက် စိမ်ရည်များ၊ အစားအသောက်များဖြင့် ညှော်ခံလေ၏။ ငါးရက်တိုင်တိုင် နေ့စဉ် တွေ့ကြ စကားထိုင်ပြောနေကြ၏။ ကျောက်ခဲက ချူတုံအကြောင်းကိုလည်း စုံစမ်း၏။

"သူက အခု ကျွန်တော်တို့ ထောင်မှာ ထောင်မှူး ဖြစ်နေပြီဗျ။ အသစ်ရောက်တဲ့ " ရုံးမင်းကလည်း သူ့ကို သိပ်သဘောကျတယ်"

စုန်ကျန့်က လေ့ဟုန်အား မိမိတို့အဖွဲ့သို့ ဝင်ရန် စကားလမ်းကြောင်း

ပြောင်းကာ ဆွယ်၏။ သို့သော် လွေ့ဟုန်က “ကျွန်တော့်အမေလည်း တော်တော် အသက်ကြီးပြီဗျာ။ သူ့ကို ပစ်မထားခဲ့နိုင်ဘူးဗျ။ သူ မရှိတော့မှပဲ ဝင်ပါ့မယ်”

ဒူးထောက် အရိုအသေပြုပြီး နှုတ်ဆက်စကားကို ဆို၏။ စုန်ကျန့်က မည်သို့တားတား မရတော့ပေ။ အခြားခေါင်းဆောင်များက အဖိုးတန်ပစ္စည်းတို့ကို လက်ဆောင်ပေးကြ၏။ စုန်ကျန့်နှင့် ကျောက်ခဲတို့ကိုကား ပြောရန်ပင် မလိုတော့ပေ။

လွေ့ဟုန်သည် ရွှေငွေတို့ကို အထုပ်ကြီးနှင့်ထမ်းကာ တောင်အောက်သို့ ဆင်းလာခဲ့၏။ ခေါင်းဆောင်တို့က တောင်ခြေအထိ လိုက်ပို့၏။ ထိုတွင် အင်းကို လှေဖြင့် ကူးကာ လမ်းမ ကြီးပေါ်သို့ တက်ပြီး ယွန်ကျင့်မြို့သို့ ပြန်လေ၏။ ထိုအကြောင်းကိုမူ ဤမျှနှင့်တော်ဦးမည်။

ကျောက်ခဲနှင့် စုန်ကျန့်တို့ သစ္စာညီနောင်ခန်းမဆောင်သို့ ပြန်ရောက်သောအခါ ဝုရုံ လည်း စုန်ကျန့်နှင့် တိုင်ပင်ကာ နောက်တနေ့တွင် လူအားလုံးကို ခေါ်ပြီး ဆုံးဖြတ်ချက် တို့ကို ပြောပြ၏။ အပြင်စည်းရှိ ထမင်းဆိုင်တို့တွင် တာဝန်ကျသူများကို အရင်ဆုံး ကြေညာ၏။

“ဆွန်ရှင့်နဲ့ မခုတို့က နဂိုကတည်းက ဘုံဆိုင်ဖွင့်လာတာဆိုတော့ တုန်ဝေ့နဲ့ တုန်မင်း နေရာမှာ အစားထိုးရမယ်။ သူတို့ကို တခြားမှာ သုံးစရာရှိတယ်။ ရှီကျန့်က ရှိယုံကို ကူညီ ရမယ်။ ကွေ့ဟိုက ချူကွီကို ကူညီရမယ်။ ချန်တန်ရှူက လီလီကို ကူညီရမယ်။ ဒီတော့ မြောက်ဘက်၊ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်မှာ ရှိကြတဲ့ ဘုံဆိုင်တိုင်းမှာ စိမ်ရည်နဲ့ အသားနဲ့ ရောင်းမယ်။ ဆိုင်တိုင်းမှာ ခေါင်းဆောင်နှစ်ယောက်စီ ရှိမယ်။ လာလာ သမျှ ရဲရင့်သူတွေကို လက်ခံရမယ်။ သံမဏိတာနဲ့ ဗိုလ်ကျားပုတို့ကတော့ တောင်နောက် ပိုင်းတောင်ခြေရင်းမှာ နေပြီး မြင်းတွေကို စောင့်ရှောက်ရမယ်။ သဲသိင်္ဂါကမ်းခြေက ခံတပ် လေးကိုတော့ နောင်ကြီးတုန်ဝေ့နဲ့ တုန်မင်းက တာဝန်ယူရမယ်။ ဟသ်ာနှုတ်သီးကမ်းခြေက ခံတပ်လေးကိုတော့ စို့ယွမ်နဲ့ စို့ရွှန် တူဝရီးက တာဝန်ယူရမယ်။ တောင်ရှေ့က လမ်းကိုတော့ ဟုန်ဆင့်နဲ့ ယန်ရှင့်တို့က တာဝန်ယူရမယ်။ ရှီချင်နဲ့ ရှိပေါင်တို့ကတော့ တောင်ရှေ့ဘက်က ပထမတောင်ကြားဝကို တာဝန်ယူရမယ်။ ဒူရှန်းနဲ့ ဆုံဝမ်ကတော့ ဒုတိယတောင်ကြား၊ လျူထန်နဲ့ မူဟုန်ကတော့ တတိယတောင်ကြားကို တာဝန်ယူကြရမယ်။ ဖိုးရုံတို့ညီအစ်ကို သုံးယောက်ကတော့ တောင်ဘက်ခြမ်းမှာရှိတဲ့ ရေကြောင်းခံစစ်ကို တာဝန်ယူရမယ်။ မိန်ကွမ်းကတော့ လှေစပ်တဲ့ အလုပ်ကိုပဲ ဆက်လုပ်ပါ။ လီယင်း၊ ထူရှင့်၊ ကျန်ကျင်းတို့ ကတော့ ရွှေ ၊ ငွေ ၊ စပါးအားလုံးကို ကြီးကြပ်ထိန်းသိမ်းရမယ်။ တောက်ချုံဝမ်းနဲ့ စွေ့ယုံတို့ ကတော့ ခံတပ်တံတိုင်းတွေ၊ ရင်ပြင်တွေ ဆောက်တဲ့နေရာ၊ ပြင်ဆင်တဲ့ နေရာမှာ တာဝန် ယူရမယ်။ ဟိုဂျန်ကတော့ အဝတ်အစားတွေ၊ ချပ်ဝတ်တွေ၊ တံခွန်တွေကို

ချုပ်လုပ်ရာမှာ အုပ်ချုပ်ရမယ်။ ချူဖူနဲ့ စုန်ကျင့်ကတော့ စားသောက်ပွဲတွေကို စီစဉ်ကျင်းပပေးရမယ်။ မူချွန်းနဲ့ လီယွမ်းကတော့ လူနေအိမ်တွေ၊ သစ်တပ်တွေကို ဦးစီး ဆောက်ပေးရမယ်။ ရှောင်ရန်းနဲ့ ကျင်တာကျုန်းတို့ကတော့ စာပေးစာယူတွေ မှတ်တမ်းမှတ်ရာတွေကို တာဝန်ယူရမယ်။ ဖေရွှန်းကတော့ တရားစီရင်ရေးကို တာဝန်ယူပြီး ဆုပေးဒဏ်ပေးကိစ္စကို ကိုင် တွယ်ရမယ်။ လူ့ဖန်၊ ကောက်ရှိန်း၊ ဆွန်လီ၊ အိုပင်း၊ မာလင်း၊ တိန်ဖ၊ ရန်လင်း၊ ပိုက်ရှုန်း တို့ကတော့ ခံတပ်ထဲက လူနေဆောင်တွေကို အုပ်ချုပ်ရမယ်။ ကျောက်ခဲ၊ စုန်ကျန့်၊ ဝုရုံ တို့ကတော့ အလယ်ကောင်က တောင်ထိပ်မှာ နေကြမယ်။ ဟွာရုံနဲ့ ချင်မင်းတို့က ဘယ် ဘက်မှာ၊ လင်ချုံးနဲ့ ထိုက်ချူကတော့ ညာဘက်မှာ နေကြရမယ်။ လီကျွမ်းနဲ့ လီကွေ့တို့ ကတော့ တောင်မျက်နှာစာမှာ နေရမယ်။ ချန်ဟင်းနဲ့ ချန်ရွှန်းကတော့ တောင်နောက်ဘက် မှာပေါ့။ ရန်စုံနဲ့ ရှိဇူတို့ကတော့ သစ္စာညီနောင်ခန်းမရဲ့ ဘေးဘယ်ညာ နှစ်ဘက်ကို ကာကွယ်ရမယ်”

တာဝန်များ အပ်နှင်းပြီးနောက် ခေါင်းဆောင်တဦးစီက အလှည့်ကျ တနေ့စီ ပွဲကျင်းပ ပေးလေ၏။ တောင်ရိုးစခန်း၏ ဖွဲ့စည်းပုံမှာ ယခုအခါတွင် ထောင့်စေ့ကာ ထိရောက်လာ လေပြီ။

လျှံရှုန်းကျူအင်းကို ကူး၍ ထွက်လာခဲ့ပြီးနောက် လွေ့ဟုန်သည် အထုပ်ကို ထမ်းကာ လုံကြီးကိုကိုင်ကာ တောလမ်းမှတဆင့် ယွန်ကျင့်မြို့သို့ လာခဲ့လေ၏။ အိမ်ရောက်သော် မိခင်ကို နှုတ်ဆက်ပြီး အဝတ်လဲကာ ရုံးသို့ ထွက်ခဲ့လေ၏။ ထိုနောက် ရုံးမင်းနှင့် တွေ့ဆုံကာ စာရွက်စာတမ်းများ၊ မှတ်တမ်းများကို လွှဲပေး၏။ ထိုနောက် အိမ်သို့ပြန်ကာ နား၏။ ထုံးစံ အတိုင်း နေ့စဉ် ရုံးသို့သွားကာ တာဝန်အသစ်ကို စောင့်နေ၏။ တနေ့တွင် လမ်းလျှောက် လာစဉ် နောက်က လှမ်းခေါ်သည်ကို ကြားလိုက်ရ၏။

“ဘယ်တုန်းက ပြန်ရောက်တာလဲ ရဲကြပ်ကြီးရဲ့”

လွေ့ဟုန်က လှည့်ကြည့်လိုက်ရာ ဒုတိယလီဟု အမည်ရသော ကြမ်းပိုးတကောင် ဖြစ်နေသည်ကို တွေ့ရ၏။

“နှစ်ရက်လောက်ပဲ ရှိသေးတယ်”

“ရဲကြပ်ကြီး ခရီးသွားတာ တော်တော်ကြာတာပဲနော်။ မြို့မှာ ဘာဖြစ်နေလဲတောင် မကြားသေး မသိသေးဘူးပေါ့၊ နယ်လှည့်အငြိမ့်သမတယောက် ကျွန်တော်တို့မြို့မှာ ရောက်နေတယ်။ သူက အရှေ့နေပြည်တော်က လာတာတဲ့ဗျ။ ချောလည်း ချောတယ်။ အဆိုအကလည်း တော်တယ်။ သူ့နာမည်က ပိုင်ရှုယင်တဲ့။ ရဲကြပ်ကြီးကို ကြည့်ဖို့လာခေါ် သေးတယ်။ ခင်ဗျားက ခရီးထွက်နေတာကိုး။ အခု သူ ဇာတ်ရုံမှာ ဖျော်ဖြေနေတယ်။ သူက သီချင်းတွေလည်း လက်တန်းစပ်နိုင်၊

ဆိုနိုင်တယ်ဗျ။ နေ့တိုင်း ပဒေသာကပွဲဆိုပြီး ပြနေ တယ်။ အဆိုရော၊ အကရော၊ အတီးအမှုတ်ရောပေါ့။ လူတွေဆိုတာ ကြိတ်ကြိတ်တိုးနေ တာပဲ။ ရဲကြပ်ကြီးကော သွားမကြည့်ဘူးလား။ တကယ်ကောင်းတဲ့ အငြိမ့်သမပဲဗျာ။

လွှေ့ဟုန်က ဘာမျှ လုပ်စရာမရှိသောကြောင့် ဒုတိယလီနှင့် လိုက်သွားလေ၏။ ရွှေရောင် စာလုံးကြီးများရေးထားသော ကတ်ပြားများ အဝင်ဝတွင် ထောင်ထား၏။ အလံ တိုင်မှာ ထောင်လိုက် ချိတ်ဆွဲထားသော တံခွန်၏ အဖျားမှာလည်း မြေကြီးကို ထိလုနီးပါး ဖြစ်၏။ ဇာတ်ရုံထဲသို့ ဝင်သွားပြီး ဘယ်ဘက်ရှိ ရှေ့တန်းခုံများတွင် ထိုင်ကြ၏။ ပွဲဦးအဖြစ် လူပြက်များက စင်ပေါ်တွင် ဖျော်ဖြေနေ၏။ ကြမ်းပိုးလီသည် လွှေ့ဟုန်ကို ထားခဲ့ကာ စိမ်ရည်သောက်ရန် အသာလစ်သွား၏။ လူပြက်များ ဝင်သွားသောအခါ အဘိုးအို တယောက် ထွက်လာ၏။ သူ့နဖူးတွင် ပဝါစည်းထားပြီး လက်ဖက်ရည်ကြမ်းရောင် ပိုး ဝတ်ရုံကို ဝတ်ထားကာ ခါးတွင် ခါးစည်းအနက်ကို စည်းထားပြီး ယပ်တောင်တချောင်းကို ကိုင်ထား၏။

“အရှေ့နေပြည်တော်က ပိုင်ယူချောင်းဆိုတာ ကျုပ်ပါပဲ။ ကျုပ်ကတော့ အိုပြီဆိုတော့ သမီးလေး ပိုင်ရှူယင်ကိုပဲ အားထားနေရပါတယ်။ ကျုပ်သမီးက အဆိုကောင်း၊ အက ကောင်း အတီးအမှုတ်ကောင်း ဆိုတော့ အမြို့မြို့ အနယ်နယ်ကို လှည့်လည်ပြီး ဖြေဖျော် နေရတာပေါ့ဗျာ”

မောင်းသံတချက်နှင့်အတူ မိန်းမပျိုသည် စင်ပေါ်သို့ ရောက်လာလေ၏။ အရပ် မျက်နှာအသီးသီးသို့ ဦးညွှတ် အရိုအသေပေး၏။ ထိုနောက် မောင်းကို လက်ခတ်ဖြင့် အလျင်အမြန်ခေါက်လေရာ ပဲလုံးများကို ကြမ်းပေါ်သို့ ကြဲချလိုက်သော အသံမျိုး ထွက် လာလေ၏။ မောင်းကို ခပ်ပြင်းပြင်း တချက် ခတ်လိုက်ပြီးနောက် စ၍ သီဆိုလေ၏။

အပ်ျသင်စငှက်လေးတွေ မိုးမြင့်ထက်သို့ ပျံတက်နေ

ငှက်အိုတွေမတော့ ကုပ်ကုပ်လေး အသိုက်ပြန်လို့ ပြေး

သိုးပေါက်လေးတွေ ဝလို့ ဖြိုး

သိုးအိုများမတော့ ပိန်လို့ ညှိုး

ယောကျ်ားသားတွေ ရှုန်းကန်နေ စားရေးဝတ်ရေးအတွက်လေ

အချစ်ငှက်တွေမတော့ ပျံလို့ဝဲ လွတ်မြောက်နယ်မြေ အပျော်ကမ္ဘာထဲ

လွှေ့ဟုန်က အားရပါးရအော်ကာ အားပေးလိုက်၏။

"နောက် တင်ဆက်မှာကတော့ လွမ်းမောစရာ ဇာတ်လမ်းလေးပါ။ ယူချန်းမြို့တော်မှာ ရှာတွေ့တဲ့ အချစ်ပါတဲ့ရှင့်"။ ဇာတ်လမ်းအဖွင့် စကားအနည်းငယ်ပြောပြီး သီချင်းတပုဒ်ကို ကောက်၍ ဆိုလေသည်။ ထိုသို့ ဇာတ်ကြောင်း ပြောလိုက် သီချင်းဆိုလိုက်ဖြင့် တယောက် တည်း အသုံးတော်ခံနေရာ မြက်ဖျာများမိုးထားသော ကွက်လပ်အတွင်းရှိ ပရိသတ်မှာ တဝေဝေနှင့် ပွဲကျလျက် ရှိလေ၏။

ပိုင်ရှုယင် ဇာတ်လမ်း၏ အဆုံးသတ်ကို ပြောပြီးသောအချိန်တွင် အဘိုးအိုလည်း ဖြုန်းခနဲ ပြန်ပေါ်လာ၏။

"ကျုပ်သမီးရဲ့ အရည်အချင်းကတော့ ရွှေနဲ့ စက်လောက်အောင် မဟုတ်ပေမယ့်၊ ပညာရှိ လူကြီးမင်းများကိုတောင် စိတ်နှလုံး တိမ်းညွတ်စေနိုင်ပါတယ်။ လူကြီးမင်းများ ကတောင် ဩဘာပေးခဲ့ကြပြီပဲ။ ကဲ သမီးလေး၊ ဆင်းတော့။ နောက်အခန်းကတော့ ဗုံကို ငွေနဲ့ ခေါက်ပြမှာ ဖြစ်ပါတယ်"

မိန်းမပျိုသည် လင်ပန်းတချပ်ကို ယူကာ "ချမ်းသာသူထံ ရောက်စေ၊ ကံကောင်း ပါစေ၊ ကြီးပွားပါစေ" ဟု မန်း၏။ "ရှင်တို့ရှေ့ကို ဒီလင်ပန်း ရောက်လာရင်တော့ ဗလာနဲ့ ပြန်မလွှတ်လိုက်ပါနဲ့နော်"

"ကဲ သွားပေတော့ သမီးရေ။ ဘယ်လူကြီးမင်းဆီကိုများ အရင်သွားရပါ့မလဲ"

လင်ပန်းကို ကိုင်လျက် မိန်းမပျိုသည် လွှေ့ဟုန်အနားသို့ ကပ်လာလေ၏။ လွှေ့ဟုန် လည်း သူ့အိတ်ကို နှိုက်ကြည့်ရာ ငွေတပြားမှ မပါသည်ကို တွေ့ရလေ၏။

"ဒီနေ့တော့ ပိုက်ဆံ မေ့လာတယ်ဗျာ။ မနက်ဖြန်ကျရင် ယူလာပေးပါ့မယ်" ပိုင်ရှုယင်က ရယ်လိုက်၏။ "ဦးရည်ကမှ မပြင်းရင် နှောင်းရည်ကတော့ ရေသာသာပဲ ရှိလိမ့်မယ်တဲ့။ ရှေ့တန်းမှာတော့ ထိုင်နေတယ်၊ ရှင်က လူတကာကျအောင် နမူနာပြရမှာ မဟုတ်လား"

လွှေ့ဟုန်လည်း မျက်နှာရဲလာလေပြီ။ "ပိုက်ဆံပါမလာလို့ပါ။ မပေးချင်လို့ မဟုတ် ပါဘူး"

"ကျွန်မ ဆိုတာ လာနားထောင်ဖို့ကျတော့ မမေ့ဘူး။ ပိုက်ဆံယူလာဖို့ ကျတော့ မေ့တယ်ပေါ့လေ"

"ငါက ငွေလေးကျပ်သား၊ ငါးကျပ်သားလည်း ပေးနိုင်တယ်။

အဲဒါလောက်ကတော့ ဘာမှ မဟုတ်သေးဘူး။ တကယ့်ကို မေ့လာတာကွ”

“အောင်မလေးတော်၊ အိတ်ထဲမဖြင့် တပြားတောင် ပါမလာဘဲနဲ့၊ ကြီးကြီးကျယ်ကျယ် ငွေစ လေးစ ငါးစ ပေးမယ်တဲ့။ ကျွန်မက “သူများ ဆီးသီးစားတာကို မျှော်ပြီး သွားရည်ကျ နေရမှာလား။ ဗိုက်ဆာနေတာကို ပေါက်စီပုံ ဆွဲပြီး ဖြေရမှာလား””

“ဟဲ့ သမီး၊ မင့်မှာ မျက်စိမပါဘူးလား။ မြို့ကြီးသားနဲ့ တောသားကို ခွဲပြီး မသိနိုင် ဘူးလား။ အလကား အချိန်ကုန်ခံမနေနဲ့။ လူစိတ်ရှိတဲ့ လူကြီးမင်းတယောက်ဆီကို သွား ပါလား”ဟု အဘိုးအိုက လှမ်းအော်၏။

“ဘာဗျ။ ကျုပ်က လူစိတ်မရှိဘူးတဲ့လား”

“ပညာတတ်တဲ့သူက ဒီလိုမဟုတ်ဘူး။ ခွေးခေါင်းက ချိုမပေါက်ဘူး”

လူအုပ်သည်လည်း အုတ်အုတ်ကျက်ကျက် ဖြစ်လာလေ၏။ လွေ့ဟုန်လည်း စိတ်ဆိုး လာလေ၏။

“အလကား အဘိုးကြီး၊ ကျုပ်ကိုများ စော်ကားဝံ့သလား”

“မင်းလို ကျွဲကျောင်းသားများ ကျုပ်က ဂရုစိုက်စရာလား၊ ပြောချင်သလိုပြောမယ်”

လူအုပ်ထဲက တယောက်ယောက်က လွေ့ဟုန်ကို မှတ်မိသွား၏။ “ဒီလိုမပြောနဲ့လေ။ သူက ဒီနယ်က ရဲကြပ်ကြီးဗျ”

“ဘာရယ် ရဲကြပ်ကြီးလား၊ ဝမ်းချုပ်ကြီးလား” အဘိုးအိုက မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြော၏။

လွေ့ဟုန်မှာ သူ့ကိုယ်သူ မထိန်းနိုင်တော့ပေ။ ထိုင်ခုံမှ ခုန်၍ထကာ ဇာတ်စင်ပေါ် တက်ပြီး အဘိုးအိုကို ဆွဲကာ တချက်ထိုးပြီး တချက် ကန်လိုက်ရာ နှုတ်ခမ်းကွဲသွားပြီး သွားနှစ်ချောင်း ကျွတ်သွားလေ၏။ လူများလည်း ဝိုင်းလာကာ ဖျဉ်ရန်ကြိုးစားကြ၏။ လွေ့ဟုန်ကို အိမ်ပြန်ရန် ဝိုင်းဖျောင်းဖျကြ၏။ ပွဲကြည့်ပရိသတ်လည်း ခဏချင်းတွင်ပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကုန်လေ၏။

ဖြစ်ချင်တော့ ဤအငြိမ့်သမနှင့် ရုံးမင်းအသစ်တို့မှာ အရှေ့နေပြည်တော်တွင် ရှိစဉ်က ရင်းနှီးခဲ့ကြသူများ ဖြစ်လေ၏။ ထိုကြောင့်လည်း ယွန်ကျင့်သို့ လာ၍ ဖျော်ဖြေခြင်း ဖြစ် ပေ၏။ သူ့အဖေကို လွေ့ဟုန်က ဆုံးမလိုက်ပြီးသောအခါ အငြိမ့်သမလည်း ဝေါတစင်းကို ငှားကာ ရုံးမင်းထံသို့

တိုက်ရိုက်သွားလေ၏။

"အဲဒီ လွှေ့ဟုန်ကလေ၊ ကျွန်မအဖေကြီးကိုလည်း ရိုက်တယ်။ ကျွန်မပွဲကိုလည်း ဖျက်ပစ်တယ်။ ကျွန်မကို သက်သက်မဲ့ ညှဉ်းဆဲတာရှင့်"

"တိုင်စာ အခုရေး။ ချက်ချင်းရေး"ဟု ရုံးမင်းက မိုးခြိမ်းသကဲ့သို့ အော်လေ၏။ "ခေါင်းအုံး၏ အစွမ်းသတ္တိ" ကို လက်တွေ့မျက်ဝါးထင်ထင် မြင်ရခြင်းပင်ဖြစ်၏။ အဘိုးအို၏ ထိခိုက် ဒဏ်ရာများကို စစ်ဆေးပြီး ရေးမှတ်စေကာ သက်သေအဖြစ်ယူ၏။

ရုံးတော်တွင် လွှေ့ဟုန်၏ မိတ်ဆွေများလည်း ရှိသဖြင့် ကြားဝင်ပေးရန် ကြိုးစားကြ၏။ သို့သော် သူတို့မှာ အငြိမ့်သမကလေးကို မကျော်လွှားနိုင်ကြပေ။ မူကာ နွဲ့ကာ၊ ငိုကာ ရယ်ကာဖြင့် ရုံးမင်း အရှုံးမပေးမချင်း ရုံးပေါ်မှ မဆင်းပေ။ လွှေ့ဟုန်သည် အဖမ်းခံရ၏။ ရုံးတင်ခံရ၏။ အပြစ် ဝန်မခံမချင်း အရိုက်ခံရ၏။ ထိုနောက် လည်ပင်းတွင် ပင်းသကား လည်ထောက်ကို စွပ်ကာ ပြဇာတ်ရုံအဝင်ဝတွင် ပြထားရန် ညွှန်ကြားလိုက်၏။

နောက်တနေ့တွင် ပိုင်ရှုယင်သည် ဖျော်ဖြေရန် ဇာတ်ရုံသို့ လာခဲ့ရာ လွှေ့ဟုန်အား အဝင်ဝတွင် မတ်တတ်ရပ်နေသည်ကို တွေ့ရလေ၏။ အစောင့်များမှာလည်း လွှေ့ဟုန်ကဲ့သို့ပင် မင်းမှုထမ်းများ ဖြစ်သောကြောင့် လွှေ့ဟုန်ကို အဝတ်များ ချွတ်မထားပေ။ ဤ ပြစ်ဒဏ်မျိုး ချမှတ်ခံရပါက အဝတ်များကို ချွတ်ပစ်ရမည် ဖြစ်၏။ မိန်းမပျိုက စဉ်းစား၏။ "ငါက သူနဲ့ ပြောင်ပဲ ပြဿနာ ရှာခဲ့ပြီးပြီပဲ။ ထပ်ပြီး ဒုက္ခပေးဖို့ကိုများ ကြောက်စရာ ဘာရှိလို့လဲ"

အနားရှိ လက်ဖက်ရည်ဆိုင်သို့ သွားကာ ထိုင်လိုက်ပြီး အစောင့်များကို လှမ်းခေါ်၏။ "ရှင်တို့က မကင်းရာမကင်းကြောင်းတွေပေါ့လေ။ ဒီတော့ သူ့ကို ညှာကြတယ်ပေါ့။ ရုံးမင်းက အမိန့်ချလိုက်တာက ကွေ့ဟုန်ကို ကြိုးနဲ့တုပ်ရမယ်၊ အဝတ်ချွတ်ထားရမယ်တဲ့။ ခုတော့ ရှင်တို့က သူ့ကို တော်တော်သနားကြတာကိုး။ သနားကြဦးပေါ့။ ရုံးမင်းကို သွားပြောမယ်။ ရှင်တို့ပဲ နိုင်မလား၊ ကျွန်မပဲ နိုင်မလား၊ ကြည့်ကြသေးတာပေါ့"

" စိတ်မဆိုးပါနဲ့ အစ်မရယ်။ ချွတ်မှ ဖြစ်မယ်ဆိုလည်း သူ့ကို အဝတ်ချွတ်ပါ့မယ်"

"ဒီလိုဆိုရင်တော့ ရှင်တို့ကို ဆုလေး ဘာလေး ချရတာပေါ့ရှင်"

အစောင့်များမှာ မတတ်သာတော့၍ လူရှေ့သူရှေ့လမ်းပေါ်တွင်ပင် လွှေ့ဟုန်ကို အဝတ် ချွတ်ရလေတော့၏။ "မတတ်သာလို့ပါ နောင်ကြီးရာ"ဟုလည်း

တောင်းပန်ကြ၏။ ထိုသို့ဖြစ်နေစဉ်တွင် လွှေ့ဟုန်၏ မိခင်အိုကြီး ရောက်လာလေ၏။ သူ့သားထံကို ထမင်းလာပို့ခြင်းဖြစ်၏။ ကိုယ်လုံးတီးဖြင့် ရပ်နေရရှာသော သူ့သားကို မြင်ရသောအခါ ငိုပြီး အစောင့်များအား ရန်တွေ့လေ၏။

"မင်းတို့လည်း ငါ့သားနဲ့တူတူ ရုံးတော်မှာ အလုပ်လုပ်နေကြတာပဲ။ ပိုက်ဆံလေး ရတာနဲ့ ဒီလိုလုပ်ရရောတဲ့လား။ တနေ့ကျရင် မင်းတို့လည်း ဒုက္ခတွေ့ကြမှာပဲ။ သတိထား နေကြ"

"ဒီမှာ အမေကြီးရာ။ ကျွန်တော်တို့လည်း လုပ်သင့်တာကိုပဲ လုပ်ချင်ပါတယ်ဗျာ။ ဒါပေမဲ့ တိုင်တဲ့သူက လာပြီးတော့ အမိန့်မှာပါတဲ့အတိုင်း 'အဝတ်ချွတ်၊ ကြိုးတုပ်" ဆိုတာ တကယ် လုပ် မလုပ် လာကြည့်နေတော့ ကျွန်တော်တို့လည်း မငြင်းဝံ့တော့ဘူးဗျ။ ပြီးတော့ ရုံးမင်းနဲ့လည်း ခြောက်သေးတယ်။ ဒီတော့ ကျွန်တော်တို့လည်း နောင်ကြီးကို မငဲ့သာတော့ ဘူးပေါ့ဗျာ"

"အောင်မလေး တော်။ တိုင်တဲ့သူကများ လာပြီး စစ်ဆေးရသတဲ့။ ကြားဖူးရဲ့လား"

အစောင့်က အသံကို နှိမ့်လိုက်ပြီး "သူက ရုံးမင်းနဲ့ တော်တော်ရင်းနှီးတယ်တဲ့ အမေကြီးရဲ့။ သူတခွန်းပြောလိုက်တာနဲ့ ကျွန်တော်တို့တော့ သွားပြီ။ ဒါကြောင့် ကျွန်တော်တို့လည်း အကျပ်ရိုက်နေတာပေါ့ဗျာ"

အဘွားအိုက သူ့သား၏ အချုပ်အနှောင်များကို ဖြေပေးလေ၏။

"ဒီ သောက်ကောင်မက တော်တော် အဆက်အသွယ် ကောင်းတယ်ပေါ့လေ။ ငါ ကြိုးဖြေပစ်လိုက်ပြီ။ သင်း ဘာလုပ်မလဲ ကြည့်ကြသေးတာပေါ့"

လက်ဖက်ရည်ဆိုင်ထဲမှ ပိုင်ရှုယင်လည်း အားလုံးကို ကြားလိုက်ရ၍ လျှောက်လာခဲ့ပြီး "ဘာပြောလိုက်တယ်။ ဟင်၊ ကမြင်းမကြီး"

လွှေ့ဟုန်မိခင်က လက်ညှိုးငေါက်ငေါက်ထိုးကာ "နင်ကသာ ဖေတရာ ိုးမဟဲ့။ လာ လာသမျှ လက်သင့်ခံတဲ့ ခွေးမဟဲ့။ နင်ကများ ငါ့ကို ဆဲရသလား"။ ရှုယင်၏ မိုးမခရွက် သဏ္ဍာန်မျက်ခုံးများသည် ကျုံ့သွားပြီး မျက်စိများသည်လည်း ဝင်းဝင်းတောက်လာ၏။ "ခေါင်းမကြီး။ ငါ့လိုလူကိုများ ဆဲရလား"

"နင်က ဘာလုပ်မလို့လဲ။ နင်က ယွန်ကျင့်ရုံးမင်းမို့လား"

အငြိမ့်သမလည်း ရှေ့ကိုတိုးကာ အဘွားအိုကို ယိုင်သွားအောင် ဆောင့်တွန်းလိုက်ပြီး၊ အဘွားအို ကိုယ်ကို ပြန်၍ မဟန်လိုက်နိုင်မီမှာပင် ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ဆင့်၍ ရိုက်လိုက်၏။

မိဘကို ရိုသေသော လွှေ့ဟုန်မှာ မျက်စိများ ပြာခနဲဖြစ်သွားပြီး သူ့လည်ထောက်ကို ပင့်ကိုင်ကာ အငြိမ့်သမခေါင်းကို ရိုက်ချလိုက်လေ၏။ လည်ထောက်၏ အစွန်းတဖက်က ချက်ကောင်းကို ထိသွားသဖြင့် ဦးခွံလည်း ကွဲထွက်သွား၏။ ပုံလျက်သား လဲကျသွားပြီး မြေပေါ်တွင် ဦးနှောက်များ ဖွေးဖွေးလှုပ်နေ၏။ မျက်လုံးများလည်း ပြူးထွက်နေ၏။ လှုပ် လည်း မလှုပ်တော့။ လိုရင်းကို ပြောရမူ သူ သေလေပြီ။

အစောင့်များက လွှေ့ဟုန်ကို ရုံးတော်သို့ ချက်ချင်းခေါ်သွားကာ တင်ပြကြ၏။ အခင်း ဖြစ်ရာသို့ လွှေ့ဟုန်ကို အစောင့်အရှောက်နှင့် ခေါ်ခဲ့ကာ ရုံးတော်မှ အရာရှိများ၊ သက်သေ များကို လိုက်ပါစေလျက် သွားရောက် စစ်ဆေးစေ၏။ အလောင်းကိုလည်း စစ်ဆေးကြ၏။ ဤကိစ္စများ ဆောင်ရွက်ပြီး၍ ရုံးသို့ ပြန်လာခဲ့ရာ လွှေ့ဟုန်က သူ့သဘောအလျောက် ဖြောင့်ချက်ပေး၏။ သူ့မိခင်ကိုလည်း အာမခံဖြင့် ပြန်လွှတ်ကာ ရုံးမှအမိန့်ကို စောင့်နေ စေ၏။ လွှေ့ဟုန်ကိုမူ အကျဉ်းထောင်သို့ ပို့စေ၏။

ထောင်မှူးမှာ မုတ်ဆိတ်ချူတုံ ဖြစ်၏။ လွှေ့ဟုန် ရောက်လာသောအခါ သူလည်း ဘာမျှ မတတ်နိုင်။ သို့သော် စိမ်ရည်နှင့် အစားအသောက်များကို ကျွေးကာ လွှေ့ဟုန် နေရမည့် ထောင်ခန်းကိုလည်း တံမြက်စည်းလှည်းပြီး သန့်သန့်ရှင်းရှင်းဖြစ်အောင် ပြင်ဆင် ထားခိုင်း၏။ မကြာမီ လွှေ့ဟုန်၏ မိခင်ကြီး ရောက်လာ၏။

အဘွားအိုက ငိုယိုကာ ချူတုံကို ပြော၏။ “အမေက ခြောက်ဆယ်ကျော်နေပါပြီကွယ်။ အမေ့မှာ ဒီသားလေးပဲ ရှိပါတယ်။ သားတို့က သူငယ်ချင်းတွေပါ။ သနားသောအားဖြင့် စောင့်ရှောက်ပေးပါကွယ်”

“မပူပါနဲ့၊ အမေကြီး။ သူ့ဆီလည်း ထမင်း ထပ်လာမပို့နဲ့တော့။ အကုန် ကျွန်တော် ဘာဝန်ယူတယ်။ အခွင့်ရရင်လည်း သူ့ကို ကယ်မယ်”

“အဲဒီလို လုပ်ပေးရင်တော့ အမေ့မိဘတွေ ပြန်ရှင်လာတယ်ပဲ မှတ်ရတော့မှာပဲ။ သူ တခုခုဖြစ်ရင်တော့ အမေလည်း သွားမှာပဲ”

“ကျွန်တော် မမေ့ပါဘူး။ စိတ်ချပြီး ပြန်ပါ”

အဘွားအိုလည်း ကျေးဇူးစကားပြောကာ ပြန်သွားလေ၏။

ချူတုံသည် ကွေ့ဟုန်ကို ကယ်တင်နိုင်မည့် နည်းလမ်းအား စဉ်းစားသော်လည်း မရ ပေ။ ရုံးမင်းဆီသို့ ဝင်ပေးမည့်သူ လူကြီးရော လူငယ်ကိုပါ လာဘ်ထိုး၏။ ရုံးမင်းမှာ ချူတုံကို သဘောကျသည် မှန်သော်လည်း၊ လွေ့ဟုန်ကိုမူ သူ့အမြှောင်မယားအား သတ်သောကြောင့် မုန်းလှသဖြင့် တောင်းပန်လာသမျှကို နားပိတ်ထားလေ၏။ ထို့ပြင် လူလည်ကြီး ပိုင်ယူချောင်းကလည်း ရုံးမင်းထံသို့ ချောင်းပေါက်အောင်လာကာ သူ့သမီးအသက်အစား လွေ့ဟုန်၏အသက်ဖြင့် အလျော်ပေးရန် နားပူနေ၏။ ထိုကြောင့် အချုပ်ရက် အရက် ခြောက်ဆယ်ပြည့်သောအခါ လွေ့ဟုန်ကို ကျီစုခရိုင်ထောင်သို့ ပို့စေ၏။ စာရွက်စာတမ်း များကို ကြိုပို့ပေးထားပြီး ဖြစ်၏။ ချူတုံက တွေ့ဟုန်ကို လက်နက်ကိုင် အစောင့်အရှောက် များဖြင့် လိုက်ပို့ရမည် ဖြစ်၏။

ချူတုံသည် အစောင့်အရှောက်တကျိပ်ကို သေချာစွာ ရွေးပြီး လွေ့ဟုန်ကို ခေါ်ကာ ယွန်ကျင့်မှ ထွက်ခဲ့၏။ ဆယ်လီခန့် လျှောက်ခဲ့ပြီးသော် ဘုံဆိုင်တခုကို တွေ့၏။

"စိမ်ရည်လေး တခွက် နှစ်ခွက်လောက် သောက်ကြရအောင်ဗျာ"ဟု ချူတုံက ဆို၏။ ဆိုင်ထဲသို့ အားလုံးပင် ဝင်ကြပြီး စိမ်ရည်သောက်ကြ၏။ ချူတုံသည် အပေါ့အပါးသွား မည့်ပုံဖြင့် လွေ့ဟုန်ကို ဆိုင်နောက်ဘက်သို့ ခေါ်လာခဲ့၏။ မျက်ကွယ်ရာသို့ရောက်သော် ပင်းသကားလည်ထောက်ကို ဖွင့်ပြီး လွေ့ဟုန်ကို လွှတ်၏။

"အိမ်ပြန်တော့ နောင်ကြီး။ အမေ့ကိုခေါ်ပြီး သွားပေတော့။ တညလုံး မနားနဲ့။ ခိုစရာ နေရာကို ရှာပေတော့။ ဖြစ်လာသမျှ ကျွန်တော် ကြည့်ရှင်းမယ်"

"ကျွန်တော် သွားတာက အရေးမကြီးဘူး။ ခင်ဗျားမှာ အမှုပတ်လိမ့်မယ်"

"နောင်ကြီး၊ ခင်ဗျား မသိဘူးဗျ။ ရုံးမင်းက သူ့မယားငယ်ကို သတ်သွားလို့ အကြီး အကျယ် ဒေါသထွက်နေတာ။ ခင်ဗျားကို သေမိန့်ချထားတာဗျ။ ခရိုင်ရုံးရောက်သွားရင် တော့ ကွပ်မျက်မှာ မုချပဲ။ ခင်ဗျားကို လွှတ်လိုက်တာက သေပြစ်သေဒဏ်ပေးလို့ မရဘူး။ ကျွန်တော့်မှာက ကြောင့်ကြစရာ မိဘမရှိဘူး။ ကျွန်တော့်ပစ္စည်းတွေကို သိမ်းသွားလည်း အရေးမဟုတ်ဘူး။ သွားပေတော့။ ဝေးဝေးသွား။ မြန်မြန်သွား။ သွားပေတော့ နောင်ကြီး" လွေ့ဟုန်က ကျေးဇူးတင်လှသဖြင့် ဒူးထောက်ကာ ကန်တော့လေ၏။ အိမ်သို့ တော လမ်းမှ ပြန်ကာ နောက်ဖေးပေါက်မှ ဝင်၏။ အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းယူငင်ကာ မိခင်နှင့်အတူ ထွက်ခဲ့၏။ လျှံရှန်းတောင်ရိုးသို့ရောက်အောင် တညလုံးလာခဲ့ကြ၏။ ထိုတွင် အဖွဲ့နှင့်ပေါင်း၏။ ဤအကြောင်းကိုကား ဆက်ပြောရန် မလိုတော့ပြီ။

ချူတုံလည်း ပင်းသကားလည်ထောက်ကြီးကို ကိုင်းတောထဲတွင်

ဝှက်လိုက်၏။ ပြန်လာ ခဲ့ပြီး အော်၏။ "လွေ့ဟုန် ထွက်ပြေးသွားပြီ။ လုပ်ပါဦးဟဲ့"

"သူ့အိမ်ကို လိုက်ဖမ်းပြီး ပြန်ခေါ်ခဲ့မယ်"ဟု အစောင့်များက အော်ကြ၏။

လွေ့ဟုန် ခရီးပေါက်အောင် သူတို့ကို အချိန်ဆွဲထားပြီးမှ ချူတုံလည်း ရုံးသို့ ပြန်ခဲ့၏။ "ကျွန်တော်ပေါ့တာပါဗျာ။ အချုပ်သား လမ်းမှာ လွတ်သွားတယ်။ ရှာပေမယ့်လည်း မတွေ့ ဘူး။ ဘာအပြစ်ပေးပေး ခံပါမယ်"

ရုံးမင်းမှာ ချူတုံကို အလွန်သဘောကျသူ ဖြစ်၍ ပြစ်ဒဏ်မှ လွှတ်ပေးလို၏။ သို့သော် ပိုင်ယူချောင်းက ချူတုံသည် ကွေ့ဟုန်ကို တမင်လွှတ်ပေးသည်ဟု အထက်ရုံးသို့ သွား တိုင်မည်ဟု ခြိမ်းခြောက်နေ၏။ ရုံးမင်းလည်း မတတ်သာတော့ဘဲ ဤကိစ္စကို ကျီစုခရိုင်ရုံး သို့ တင်ပြလိုက်ရလေ၏။ ချူတုံ၏အိမ်သားတို့က ခရိုင်ရုံးသို့ လူလွှတ်ကာ လာဘ်ငွေများ ကို ဖောဖောသီသီ ပေးထားခိုင်း၏။ ကျီစုရုံးတော်သို့ ချူတုံ ရမန်ဖြင့် ရောက်လာသောအခါ မြို့ဝန်သည်လည်း ဤအမှုကို ကောင်းကောင်း သိနေပြီဖြစ်၏။ ထိုကြောင့် ကြိမ်ဒဏ်အချက် နှစ်ဆယ်ခတ်ကာ ကွမ်ကျို့ခရိုင်ထောင်သို့ ပို့စေ၏။

ချူတုံ၏ လည်တွင် လည်ထောက်ကြီး ခတ်ကာ အစောင့်နှစ်ယောက်နှင့်အတူ ထွက်ခဲ့ ကြ၏။ အိမ်သားများက အစောင့်များကို လာဘ်ထိုးကာ အဝတ်အစားနှင့် ငွေများ ထည့် ပေးလိုက်၏။ ယွန်ကျင့်မှ ထွက်လာပြီး ကွမ်ကျို့ခရိုင်၊ ဟင်ဟိုင်းတိုက်နယ်သို့ လမ်းအတိုင်း ကွေ့ကာကောက်ကာ လာခဲ့ကြ၏။ လမ်းတွင် ဘာမှ မထူးချေ။

ထောင်သားနှင့် စာရွက်စာတမ်းများကို လာအပ်သော အချိန်တွင် မြို့ဝန်သည် ရုံးမဆင်းသေးချေ။ မျက်နှာနီနီ၊ ချက်ကို ကျော်သော မုတ်ဆိတ်ရှည်ရှည်နှင့် ချူတုံမှာ လူသာမန် မဟုတ်ကြောင်း မြို့ဝန်က သိ၏။ မြင်မြင်ချင်း အထင်ကြီးသွားပြီး "ထောင်ကို မပို့နဲ့။ ငါ့ရုံးမှာပဲ ထား။ ငါ ခိုင်းမလို့" ဟု အမိန့်ပေးလိုက်၏။

လည်ထောက်ကို ချွတ်လိုက်ပြီး ပြန်စာရေးပေးလိုက်၏။ အစောင့်နှစ်ယောက်လည်း နှုတ်ဆက်ကာ ယွန်ကျင့်သို့ ပြန်သွားကြ၏။

ထိုမှနောင်တွင် ချူတုံသည် ခရိုင်ရုံးတော်တွင် အမှုထမ်းရ၏။ ရဲမှူးများ၊ ရဲအုပ်များ၊ တံခါးစောင့်များ၊ မင်းစေများ၊ ထောင်စောင့်များ စသည်တို့ကို ရက်ရက်ရောရော ပေးကမ်း တတ်၏။ နဂိုစိတ်ရင်းမှာလည်း ခင်မင်ဖော်ရွေတတ်သော သဘောရှိသောကြောင့် သူ့ကို လူတိုင်းက ခင်မင်ကြ၏။

တနေ့တွင် မြို့ဝန်သည် ရုံးတော်တွင် ထိုင်နေရာ၊ စင်မြင့်အောက်တွင်

ချူတုံက စောင့် နေရ၏။ မြို့ဝန်က သူ့ကို အနားသို့ခေါ်ကာ မေးလေ၏။

“ဘာဖြစ်လို့ မောင်မင်းက လွေ့ဟုန်ကို လွှတ်လိုက်ပြီး ကိုယ်တိုင်ကတော့ ဒီလိုအဖြစ် ခံရတာလဲ”

“ကျွန်တော် ဒီလို မလုပ်ဝံ့ပါဘူး ခင်ဗျာ။ ကျွန်တော် ပေါ့လို့ သူ လွတ်သွားတာပါ”

“မောင်မင်းက တကယ်ပဲ ဒီလို အပြစ်ဒဏ်ခံထိုက်လို့လား”

“နဂိုအမှုမှာတုန်းက တိုင်တဲ့သူက လွေ့ဟုန်ကို ကျွန်တော် လွှတ်လိုက်တယ်လို့ ထွက်ဆိုထားတာကြောင့် ဒီလောက် အပြစ်ဒဏ်ကြီးကို ခံရတာပါ”

“လွေ့ဟုန်က ဘာလို့ အငြိမ့်သမကို သတ်ရတာလဲ”

အခြေအနေအသေးစိတ်ကို ချူတုံက ရှင်းပြလေ၏။

“ဒါဖြင့် သူ့ကို မိဘရိုသေတဲ့ သားလို့ မောင်မင်းက ယူဆတယ်ပေါ့။ သူ့ကို လွှတ်လိုက် တာဟာ လုပ်သင့်လုပ်ထိုက်တယ်လို့ ထင်တယ်ပေါ့”

“ကျွန်တော်က အစိုးရမင်းတွေကို လှည့်ဖျားရဲပါ့မလားဗျာ”

ထိုအခိုက်တွင် ခန်းဆီးနောက်မှ မြို့ဝန်၏ သားငယ်လေး ထွက်လာလေ၏။ လေးနှစ် သား ဤကလေးငယ်မှာ ချစ်စရာကောင်းလှ၏။ မြို့ဝန်ကလည်း သူ့သားကို ရွှေထက်၊ ကျောက်စိမ်းထက်မက ချစ်ပေ၏။ ကလေးငယ်က ချူတုံဆီသို့ တိုက်ရိုက်လာကာ ချီခိုင်း ၏။ ချူတုံက ကောက်ချီတိုက်ရာ သ၏ မုတ်ဆိတ်ရှည်ကြီးကို ကလေးငယ်က ဆွဲကိုင်ကာ ကစားနေ၏။

“သားကို ဒီမုတ်ဆိတ်ကြီးပဲ ချီရမယ်။ သူပဲ ချီရမယ်”ဟု ကလေးငယ်က ဂျီကျ၏။

“လွှတ်လိုက်ပါကွယ်၊ ကောင်းကောင်းနေစမ်းပါ”ဟု မြို့ဝန်က ဝင်ဟန့်၏။

“သူ သားကို ချီရမယ်။ သူနဲ့ သွားကစားမယ်”

“သူ့ကို လမ်းလျှောက်ဖို့ ခေါ်သွားပါရစေ။ ခဏနေရင် ပြန်လာခဲ့ပါမယ်”

“ကောင်းပြီလေ၊ သူက ဒီလောက်ပူဆာနေမှတော့” မြို့ဝန်လည်း သဘောတူလိုက်ရ၏။

ချူတုံသည် ကလေးကို ချီကာ လမ်းလျှောက်ထွက်သွားပြီး အချိုမုန့် ကောင်းကောင်း များကို ဝယ်ကျွေး၏။ ခဏအကြာတွင် ပြန်လာခဲ့၏။

"ဘယ်သွားနေတာလဲ"ဟု မြို့ဝန်က သူ့သားကို မေး၏။

"ဒီမှတ်ဆိတ်ကြီးက လမ်းပေါ် ခေါ်သွားပြီး ဆော့တယ်။ မုန့်ချိုတွေ ဝယ်ကျွေးတယ်"

"မောင့်မင်း ပိုက်ဆံတွေကို သုံးမပစ်နဲ့လေ"ဟု မြို့ဝန်က ချိုချိုသာသာ ပြော၏။

"ကျွန်တော့်လေးစားမှုရဲ့ အမှတ်အသားပါ။ မပြောပလောက်ပါဘူး"

မြို့ဝန်လည်း ချူတုံအတွက် စိမ်ရည်အယူခိုင်းလိုက်၏။ အစေခံမလေးလည်း ငွေခရား တလုံးကို လင်ပန်းပေါ်တင်၍ ယူလာ၏။ မြို့ဝန်က ချူတုံကို စိမ်ရည်ခွက်ကြီး သုံးခွက်တိတိငှဲ့ပေး၏။

"ကလေးက ကစားချင်တယ်ဆိုရင် သူ့ကိုချီပြီး လမ်းထွက်လျှောက်ပေးပါကွာ"

"အရှင့်အလိုအတိုင်းပါ ခင်ဗျာ"

ထိုနောက်တွင် ချူတုံလည်း ကလေးကို ခေါ်ကာ နေ့တိုင်း လမ်းလျှောက်ထွက်ရ၏။ သူ့မှာ ပိုက်ဆံ ပါလာသဖြင့် မြို့ဝန်ထံမှ မျက်နှာရရန် ကလေးအတွက် မတွန့်တိုဘဲ သုံးစွဲ၏။ သို့ဖြင့် လတဝက်ခန့် ကြာသွားလေပြီ။ အချိန်မှာ စန္ဒမာသ သတ္တမလ၏ ဆယ့်ငါးရက် နေ့ ဖြစ်ကာ တဆွေကြီးပွဲနေ့ ဖြစ်လေ၏။ မြစ်အတွင်းတွင် မီးကြာခွက်များ မျှောကြကာ ကုသိုလ်ကောင်းမှု ပြုကြသော အချိန်ဖြစ်၏။ ထိုညနေတွင် အစေခံမလေးက ချူတုံထံသို့ လာ၍ ပြော၏။

"မြို့ဝန်သားလေးက မြစ်ထဲမှာ မီးကြာခွက်မျှောတာ ကြည့်ချင်လို့တဲ့။ သခင်မက ခေါ်သွားပေးပါတဲ့"

ချူတုံက ခေါ်သွားမည်ဟု အာမခံလိုက်ရ၏။ ကလေးငယ်မှာ အစိမ်းရောင် ပိုးဝတ်ရုံကို ဝတ်ထားပြီး ခေါင်းပေါ်ရှိ နားပန်းဆံ နှစ်စုကိုလည်း ပုတီးကြိုးများနှင့် စည်းထားလေရာ ဦးခေါင်းထက်တွင် ချိုနှစ်ချောင်းထောင်နေသလို ရှိ၏။ ချူတုံသည် ကလေးကို ပခုံးပေါ်တွင် ထမ်းကာ မြို့ဝန်အိမ်တော်မှ ဘုရားကျောင်းဘက်သို့ လျှောက်ခဲ့လေ၏။ မြစ်အတွင်း တွင်ကား မီးကြာခွက် ရောင်စုံတို့ မျောနေကြ၏။

ညဦးပိုင်းအချိန် ဖြစ်၏။ ချူတုံသည် ကလေးငယ်နှင့်အတူ

ဘုရားကျောင်းဝင်းအတွင်း တွင် ပတ်ကာ လမ်းလျှောက်နေ၏။ လများသည်လည်း ကုသိုလ်ရရန် ငါးကန်အတွင်းသို့ ငါးများ လွှတ်နေကြ၏။ ကလေးငယ်သည် မြစ်ကို မိုးနေသော လက်ရန်းပေါ်သို့ တက်ကာ မျောလာသော မီးကြာခွက်များကို ကြည့်ကာ ပျော်နေ၏။ ထိုစဉ် နောက်မှ လူတယောက်က ချူတုံ၏ အင်္ကျီလက်ကို ဆွဲလိုက်၏။

"နောင်ကြီး၊ စကားပြောရအောင် ခဏလောက် လိုက်ခဲ့ပါလား"

ချူတုံ လှည့်ကြည့်လိုက်သောအခါ လွေ့ဟုန် ဖြစ်နေကြောင်း အံ့ဩဖွယ်တွေ့လိုက်ရ၏။

ကလေးငယ်ကို မှာ၏။

"လက်ရန်းပေါ်က ဆင်းပြီး ဒီမှာထိုင်နေနော်။ ဦးဦး သကြားလုံး သွားဝယ်ဦးမယ်၊ ဘယ်မှ မသွားနဲ့နော်"

"မြန်မြန် ပြန်လာခဲ့နော်။ တံတားပေါ်သွားပြီး မီးတွေ ကြည့်ချင်တယ်"

"ခဏလေးပါကွာ"ဟု ပြောကာ လွေ့ဟုန်နှင့် ထွက်ခဲ့၏။

"ဒီကို ဘာလာလုပ်တာလဲ နောင်ကြီး"ဟု မေးရာ လွေ့ဟုန်က ချောင်ထဲသို့ ဆွဲခေါ်

လိုက်ပြီး ပြန်ပြော၏။

"နောင်ကြီး ကျွန်တော်ကို ကယ်လိုက်တော့ ကျွန်တော်လည်း တခြားကို သွားစရာ မရှိတာနဲ့ အမေ့ကိုခေါ်ပြီး လျှံရှန်းက နောင်ကြီးစုန်ကျန့်တို့ဆီ သွားဝင်လိုက်တယ်။ နောင်ကြီးစုန်ကျန့်ကလည်း နောင်ကြီးကျေးဇူးတွေ သူ့မှာရှိတဲ့အကြောင်း ပြောပြတယ်။ နောင်ကြီးကျောက်ခဲနဲ့ အခြားခေါင်းဆောင် တွေလည်း စိတ်ထိခိုက်ကုန်ကြပြီး၊ ကျွန်တော် နဲ့ စစ်ဘက်အကြံပေးဝုရုံတို့ကို နောင်ကြီးကို အခေါ် လွှတ်လိုက်တယ်"

"ဆရာဝုရုံကော"

သူ့နောက်မှ လူတယောက် ထွက်လာ၏။ "ဝုရုံက ဒီမှာပါ"ဟုဆိုကာ အရိုအသေပြုလေ၏။

ချူတုံကလည်း ပြန်၍ အရိုအသေပြုကာ "မတွေ့ရတာကြာပြီနော် ဆရာ။ အားလုံး အဆင်ပြေရဲ့မဟုတ်လား"

"ကျွန်တော်တို့ ခေါင်းဆောင်တွေကလည်း နောင်ကြီးကို

ဂါရဝပြုလိုက်ပါတယ်၊ ကျွန်တော်တို့ အဖွဲ့ထဲဝင်ဖို့ နောင်ကြီးကို ဖိတ်ရအောင် ကျွန်တော်တို့ လာခဲ့ကြတာပါ။ ဒီကို ရောက်တာတောင် ရက်တော်တော်ကြာပြီ။ နောင်ကြီးကို မတွေ့ရလို့။ ဒီညမှပဲ တွေ့ဖြစ် တော့တယ်။ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါဗျာ။ ဒါမှ ခေါင်းဆောင် နောင်ကြီးကျောက်ခဲနဲ့ နောင်ကြီးစုန်ကျန့်တို့ ကျေနပ်ကြလိမ့်မယ်”

ချူတုံသည် အတန်ကြာအောင် စကားပြန်မပေးသေးဘဲ စဉ်းစားနေ၏။ နောက်ဆုံးမှ-“ဆရာ။ ဆရာတော့ မှားနေပြီဗျ။ ကျွန်တော့်ကို ဒီလိုမပြောပါနဲ့။ နားကြားများ မှားသွားသလားဗျ။ နောင်ကြီးလွေ့ဟုန်က သေဒဏ်စီရင်ရမယ့် ဖြစ်မှုကို ကျူးလွန်ခဲ့တယ်။ ကျွန်တော်က စေတနာကောင်းနဲ့ လွှတ်ပေးလိုက်မယ့် နောင်ကြီးလွေ့ဟုန်က လူမြင်ခံ လို့ မဖြစ်တော့ဘူး။ ဒါကြောင့်ပဲ လျံရှန်းတောင်ပေါ်တက်ပြီး နောင်ကြီးတို့အဖွဲ့ထဲ ဝင်ရတာ ပေါ့ဗျာ။ ဒါကြောင့်ပဲ ကျွန်တော်လည်း နယ်နှင်ဒဏ်ခံရတာပါ။ ဒါပေမဲ့ မိုးကောင်းကင်က မျက်နှာသာပေးရင် နောက်တနှစ် နှစ်နှစ်ဆိုရင် ကျွန်တော် အိမ်ပြန်နိုင်တော့မယ်။ လူရိုသေ ရှင်ရိုသေ ပြန်ဖြစ်နိုင်တော့မယ်။ နောင်ကြီးတို့ ပြောတဲ့ကိစ္စမျိုးကို ဘာလို့ လုပ်ရမှာလဲ ဗျာ။ နောင်ကြီးတို့ နှစ်ယောက်စလုံး ပြန်ကြပါဗျာ။ ကြာကြာနေရင် အထင်လွဲစရာတွေ ဖြစ်လာနိုင်တယ်”

“ဒါပေမဲ့ နောင်ကြီးရာ၊ ဒီမှာက အစေခံပဲ လုပ်နေရတာ။ ဒါက တကယ့် ယောကျာ်း တယောက်ရဲ့ အလုပ်မဟုတ်ပါဘူး။ အဖွဲ့ထဲ ဝင်စေချင်တာက ကျွန်တော်တယောက်တည်း မဟုတ်ဘူး။ ခေါင်းဆောင်ကြီးတွေက နောင်ကြီးကို မြင်ချင်နေတာ ကြာပြီ။ နောင်ကြီးက ဒီလို နှောင့်နှေးနေတော့ သူတို့ ဘယ်လို ထင်ကြမလဲ”ဟု လွေ့ဟုန်က ဆင်ခြေတက်၏။ “နောင်ကြီး ဘာတွေ ပြောနေတာလဲဗျာ။ နောင်ကြီး မစဉ်းစားမိလို့ပါ။ ကျွန်တော်က နောင်ကြီးကို လွှတ်ပေးလိုက်တာက နောင်ကြီးရဲ့ အမေက အသက်ကြီးပြီ။ ပြီးတော့ မိသားစုကလည်း ဆင်းရဲလို့ပါ။ ဒါကို ကျွန်တော်ကပဲ သတ္တိမရှိသလို ပြောနေတယ်”

ဝုရုံက ဝင်၍ ဖျန်ဖြေ၏။ “ကဲဗျာ၊ နောင်ကြီးချူတုံက မလိုက်ချင်ဘူးဆိုတော့ နှုတ်ဆက်ပြီး သွားကြရုံပဲပေါ့”

“ခေါင်းဆောင်ကြီးတွေကို အရိုအသေပြုလိုက်တဲ့အကြောင်း ပြောပြလိုက်ပါဗျာ”ဟု ချူတုံက ပြောလိုက်၏။

ထိုနောက် တံတားရှိရာသို့ အားလုံးလာခဲ့ကြရာ ကလေးငယ် မရှိတော့ချေ။ ချူတုံ လည်း အလန့်တကြား အော်လိုက်ပြီး အပေါ်မှာရော အောက်မှာပါ ရှာ၏။ လွေ့ဟုန်က သူ့လက်ကို ဖမ်းဆုပ်လိုက်၏။

“ဒုက္ခခံပြီး ရှာမနေနဲ့တော့ နောင်ကြီး။ ကျွန်တော်တို့နဲ့ ပါလာတဲ့

လူနှစ်ယောက်က နောင်ကြီး မလိုက်ဘူးလို့ ပြောတာကြားလို့ ကလေးကို ခေါ်သွားတာ ဖြစ်မယ်။ သူတို့ကို သွားရှာကြမယ်”

“ဒါက နောက်ပြောင်နေရမယ့် အချိန်မဟုတ်ဘူး။ ဒီကလေးလေးက မြို့ဝန်ရဲ့ အသက် ပဲ။ ကျွန်တော့်မှာ တာဝန်ရှိတယ်။”

“နောင်ကြီး၊ လာပါ။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ”

ချူတုံ၊ လွေ့ဟုန်၊ ဝုရုံတို့လည်း ဘုရားကျောင်းမှ မြို့ထဲသို့ ထွက်ခဲ့၏။ ချူတုံမှာ များစွာ စိတ်ဆိုးနေပေပြီ။

“ကလေးကို ဘယ်ကိုများ ခေါ်သွားကြပါလိမ့်ကွာ”

“ကျွန်တော်တို့ နေရာကို သွားကြမယ်၊ အဲဒီမှာ ကလေးကို ပြန်ရမှာပေါ့”

“မိုးချုပ်ရင် မြို့ဝန်တော့ ဆူတော့မှာပဲ”

“ပါလာတဲ့ လူနှစ်ယောက်က ဉာဏ်နည်းတယ်။ ကျွန်တော်တို့ နေတဲ့နေရာကို ခေါ် သွားကြမှာပဲ”ဟု ဝုရုံက ပြော၏။

“သူတို့ နာမည်က ဘယ်သူတွေလဲဗျ” ဟု ချူတုံက မေး၏။

“ကျွန်တော်တော့ မသိဘူး။ တယောက်ကိုတော့ လေပွေနက်လို့ ခေါ်တာ ကြားလိုက် ရတယ်”

ချူတုံလည်း လန့်သွား၏- “ကျန်းကျို့မှာ လူတွေ သတ်သွားတဲ့ သူတော့ မဟုတ်ပါဘူး နော်”

“သူပဲ” ဟု ဝုရုံက ဖြေ၏။

ချူတုံသည် မချီတင်ကဲဖြင့် ခြေကိုဆောင့်ပြီး ညည်းလိုက်၏။ ထိုနောက် သုတ်ခြေတင် တော့၏။ မြို့မှ လီနှစ်ဆယ်အကွာသို့ ရောက်သော် လေပွေနက်လီကွေ့ကို ရှေ့တွင် လှမ်း မြင်ရ၏။

“ဒီမှာဗျို့”ဟု လူထွားကြီးက အော်ခေါ်၏။

ချူတုံလည်း သူ့ထံသို့ အမြန်သွား၏။ “မြို့ဝန်သားလေးကော”

လီကွေ့က ရိုသေစွာ နှုတ်ဆက်၏။ “ဂါရဝပြုပါတယ် ထောင်မှူးကြီး။ ကလေးက ဒီမှာပါ”

“ခေါ်လိုက်လေ။ ငါ့ကိုပေးလေ”

လီကွေ့က သူ့ခေါင်းကို လက်ညှိုးထိုးပြ၏။ “ကျုပ် သူ့ပန်းစည်းကြိုးကို ဝတ်ထား တယ်လေ”

ချူတုံက အလန့်တကြားဖြင့် “သူ အခုဘယ်မှာလဲ”

“သူ့ပါးစပ်ထဲ ဆေးခွံ့ပြီး ချီလာခဲ့တာ။ ခု ဟိုတောထဲမှာ အိပ်နေတယ်။ လာကြည့် လေဗျာ”

လပြည့်ညဖြစ်၍ လက ထိန်ထိန်သာလျက် ရှိ၏။ ချူတုံသည် သစ်ပင်များထဲသို့ ပြေးဝင်သွားရာ ကလေးယယ်မှာ မြေပေါ်တွင် လဲကာ သေနေသည်ကို တွေ့ရလေ၏။

ချူတုံသည် အလွန်ဒေါသထွက်လျက် တောထဲမှ ပြန်ထွက်လာ၏။ ထိုသူ သုံးယောက် မှာ မရှိတော့ပြီ။ ပတ်ပတ်လည်ကို လှည့်ကြည့်ရာ အဝေးတွင် ရပ်နေသော လေပွေနက်ကို တွေ့ရ၏။ လူထွားကြီးက သူ့ပုဆိန်များ အချင်းချင်းကို ရိုက်ခတ်လိုက်ကာ အော်ခေါ်၏။

“လာလေ၊ လာလေ”

ချူတုံသည် သူ့ဝတ်ရုံကိုပင့်ကာ လီကွေ့ထံသို့ အရူးအမူးဖြင့် တဟုန်တည်းပြေးသွား၏။ လီကွေ့က ဆုတ်၍ ဆုတ်၍ သွားရာ ချူတုံက နောက်မှ လိုက်လေ၏။ သို့သော် ဤအတွေ့ အကြုံရှိသော တောင်ပေါ်ခရီးသွားကို အဘယ်မှာ သူ မီပါ့မည်နည်း။ ခဏမျှ ကြာသော်သူ ဟိုက်နေလေပြီ။

ရှေ့မှ လီကွေ့ကား ဆက်အော်နေဆဲဖြစ်၏။ “လာလေ၊ လာလေ”

ချူတုံသည် လီကွေ့ကို တကိုက်တည်းနှင့် စားပစ်လိုက်ချင်နေ၏။ သို့သော် ထိုသူ့ အနားသို့ မကပ်နိုင်။ တညလုံး လိုက်နေရာ တဖြည်းဖြည်း မိုးလင်းလာပြီ။ ချူတုံ မြန်မြန် လိုက်ပါက လီကွေ့က မြန်မြန်ပြေး၏။ ချူတုံ ကျန်ခဲ့ပါက သူက နှေးနှေးသာ လျှောက်၏။ ရပ်ကား လုံးဝ မရပ်။ သို့ဖြင့် အိမ်တော်ဝင်းတခုထဲသို့ လီကွေ့ ဝင်သွားသည်ကို ချူတုံတွေ့လိုက်ရ၏။

“ဒီလူဆိုးတော့ နောက်ဆုံး ဝင်ပုန်းနေပြီ။ ငါက ရှာရတော့မှာပေါ့”

ဝင်းအတွင်းသို့ ဝင်လိုက်သောအခါ ခန်းမကြီးတဆောင်ကို တွေ့ရ၏။ အဝင်ဝတွင် လည်း လက်နက်စင်များစွာကို တွေ့ရ၏။ “ရဲအရာရှိကြီး တယောက်ရဲ့ အိမ်များလား” ဟု တွေးကာ “ဗျို့၊ အိမ်ရှင်တို့” ဟု လှမ်းခေါ်၏။ ခန်းဆီးအကွယ်မှ လူတယောက် ထွက်လာ၏။ အသူပေနည်း။

ထွက်လာသူမှာ လေပွေလေးသခင်ကျဲ့ဟု လူအများသိကြသည့်

ကျဲ့ကျင်းပင် ဖြစ်၏။

"နောင်ကြီးက ဘယ်သူပါလဲ" ဟု ကျဲ့ကျင်းက မေး၏။

ခံ့ညားယဉ်ကျေးသော သခင်ကျဲ့ကို မြင်ရသောအခါ ချူတုံလည်း ဦးညွှတ်လိုက်ပြီး-

"ကျွန်တော့် နာမည်က ချူတုံပါ။ ကျွန်တော်က ယွန်ကျင့်ထောင်မှူးပါ။ ဒါပေမဲ့ ပြစ်မှုတခု ကျူးလွန်မိလို့ ဒီကို နယ်နှင်ဒဏ်ခံနေရတာပါ။ ညတုန်းက မြို့ဝန်သားလေးကို ခေါ်ပြီး မီးကြာခွက်မျှောတာကို လိုက်ပြခဲ့ပါတယ်။ အဲဒါ လေပွေနက်က သူ့ကို သတ်လိုက်တယ်ဗျာ။ အခု သူက အရှင့်အိမ်တော်ထဲမှာ ရောက်နေပါတယ်။ အရှင့်ကို ဒုက္ခပေးရတာ တော့ အားနာပါတယ်။ သူ့ကို ဖမ်းပြီး အစိုးရမင်းတွေ လက်ထဲကို အပ်ပါရစေဗျာ"

"နောင်ကြီးက မုတ်ဆိတ်ချူတုံပဲကိုး။ လာပါ၊ ထိုင်ပါဦးဗျာ"

"အရှင့်နာမည်ကို သိပါရစေ ခင်ဗျာ"

"ကျွန်တော်က ကျဲ့ကျင်းပါ။ လေပွေလေးလို့လည်း ခေါ်ကြပါတယ်"

"အရှင့်နာမည်ကို ကြားဖူးတာ ကြာပါပြီ"ဟု ချူတုံက ဒူးထောက်ကာ အရိုအသေပြု၏။

"ခုလို တွေ့ခွင့်ရမယ်လို့ မမျှော်လင့်ခဲ့ပါဘူးဗျာ"

"နောင်ကြီး နာမည်ကိုလည်း ကျွန်တော် ကြားဖူးနေတာကြာပါပြီ ခင်ဗျာ။ အိမ်ထဲကိုဝင်ပြီး စကားပြောကြရအောင်"

အိမ်ထဲသို့ လိုက်လာရင်း ချူတုံက မေး၏။

"ဒီ လေပွေနက်ဆိုတဲ့ကောင်က အရှင့်အိမ်တော်ထဲမှာ ဘာလို့ ဝင်ပုန်းရတာလဲဗျာ"

"ဒီလိုပါဗျာ။ ကျွန်တော်က ရဲညီနောင်တွေကို အမြဲတမ်း လက်ခံကြိုဆိုနေပါတယ်၊ ကျွန်တော်တို့ ဘိုးဘေးတဦးက ထီးနန်းကို စွန့်လွှတ်ခဲ့လို့ ဆွန်ဘုရင်ကြီးက သံမဏိ ကတိ ကဝတ်ကို ပေးအပ်ခဲ့ပါတယ်။ ဒီတော့ အပြစ်ကျူးလွန်တဲ့ သူတယောက် ကျွန်တော်တို့ အိမ်မှာလာပြီး ခိုလှုံရင် ဘယ်သူမှ ဝင်မရှာရဲပါဘူး။ ကျွန်တော်ရဲ့မိတ်ဆွေကြီးတယောက် ကလည်း နောင်ကြီးကို ကောင်းကောင်းသိပါတယ်။ သူကတော့ လျှံရှန်းတောင်ရိုးက ခေါင်းဆောင်တယောက်ပါ။ ချိန်မှန်မိုးလို့ ခေါ်တဲ့ စုန်ကျန့်ပါ။ သူက ကျွန်တော့်ဆီကို

စာတစောင်ပေးထားတယ်ဗျ။ နောင်ကြီးကိုလည်း တောင်ရိုးပေါ် လိုက်ခဲ့ပြီး အဖွဲ့ထဲဝင် ရအောင် ဖိတ်ဖို့ပေါ့။ နောင်ကြီးကို ဖျောင်းဖျလို့လည်း မရတော့ နောင်ကြီးစုန်ကျန့် က လီကွေ့ကို မြို့ဝန်သားလေး သတ်ခိုင်းလိုက်တယ်။ နောင်ကြီးကို ဒီမြို့နဲ့ အဆက်ဖြတ်လိုက် တာပေါ့ဗျာ။ ဒီတော့ နောင်ကြီးလည်း တောင်ရိုးပေါ်ကို လိုက်ပြီး ခေါင်းဆောင်လုပ်ပေ တော့။ ဆရာဝုရုံ၊ နောင်ကြီးလွေ့ဟုန်၊ ထွက်လာပြီး နောင်ကြီးကို တောင်းပန်ကြပါလား”

ထိုသူတို့နှစ်ယောက်က အတွင်းခန်းမှ ထွက်ကာ ချူတုံရှေ့တွင် ဒူးထောက်ကာ အရို အသေပြုကြ၏။

“ခွင့်လွှတ်ပါနောင်ကြီး။ ကျွန်တော်တို့က နောင်ကြီးစုန်ကျန့်ရဲ့ အမိန့်အရ လုပ်ရ တာပါ။ နောင်ကြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ရင် အကြောင်းစုံကို နားလည်သွားပါလိမ့်မယ်”

“နောင်ကြီးတို့က စေတနာမှန်ပေမယ့် လုပ်ပုံလုပ်နည်းကတော့ ရက်စက်လွန်းတယ် ဗျာ”

ကျဲ့ကျင်းလည်း ချူတုံကို ချောမော့ရလေ၏။

“ကျွန်တော်က သွားရမယ်ဆိုရင်လည်း သွားမယ်။ ဒါပေမဲ့ လေပွေနက်ကိုတော့ အရင် တွေ့ချင်သေးတယ်”

“နောင်ကြီးလီကွေ့၊ ထွက်ခဲ့ပါ။ လာတောင်းပန်ပါ”

လီကွေ့က ဘေးအခန်းမှ ထွက်လာပြီး အသံကျယ်ကြီးဖြင့် လေးစားစွာ တောင်းပန်၏။ သူ့ကို မြင်သည်နှင့် ချူတုံ့စိတ်နှလုံးအတွင်းမှ ဒေါသမီးလျှံသည်လည်း လီပေါင်း နှစ်ဆယ် တိုင်အောင် ထိုးတက် သွားလေ၏။ သူ့ဒေါသကို ထိန်းချုပ်၍ မရတော့ပြီ။ သရဲမရဲ စီးကာ လီကွေ့ဆီသို့ ပြေး၏။ ကျဲ့ကျင်း၊ လွေ့ဟုန်၊ ဝုရုံတို့ သုံးယောက်သားလည်း အနိုင်နိုင် ဝိုင်းချုပ် ကြရလေ၏။

“ကျွန်တော် တောင်ရိုးပေါ်ကို သွားမယ်”ဟု ချူတုံက ပြော၏။ “ဒါပေမဲ့ ကျွန်တော့်ကို တခုတော့ ကတိပေးရမယ်”

“နောင်ကြီး လိုချင်တာဆိုရင် တခုမကဘူး။ အခု တဆယ် နှစ်ဆယ်ဆိုလည်း ပေးမယ်။ နောင်ကြီး ဘာဆန္ဒရှိသလဲ”

ချူတုံ၏ တောင်းဆိုမှုမှာ အဘယ်ပါနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၂

လီကွေ့က ယင်ကျန်ရှိကို အသေရိုက်သတ်ခြင်း

ကောက်ထန်ခရိုင်တွင် ကျဲ့ကျင်း အဖမ်းခံရခြင်း

"ကျွန်တော့်ကို တောင်ပေါ်ကို သွားစေချင်ရင် ကျွန်တော့် ဒေါသပြေအောင် ဒီလေပွေနက် ကို သတ်ရမယ်"ဟု ချူတုံက တောင်းဆို၏။

လီကွေ့လည်း-

"ကျုပ်ကိုပဲ သတ်စားလိုက်ပါတော့လား။ ကျုပ်က နှောင်ကြီးကျောက်ခဲနဲ့ နှောင်ကြီး စုန်ကျန့်တို့ အမိန့်အတိုင်း လုပ်ရတာ။ ခင်ဗျားနဲ့ ကျုပ်က ဘာသောက်ကိစ္စမှ မရှိဘူး"

ချူတုံက လီကွေ့ကို ခုန်အုပ်လိုက်ရာ ကျန်လူသုံးယောက်က ဝိုင်းဆွဲထားကြရပေ၏။

"လေပွေနက် ရှိနေသရွေ့ ကျွန်တော် တောင်ပေါ် မတက်ဘူး"

"ကိစ္စမရှိပါဘူး။ သူ့ကို ကျွန်တော် ဒီမှာ ခေါ်ထားပါ့မယ်။ ခင်ဗျားတို့ပဲ တောင်ပေါ်ကို သွားပြီး နှောင်ကြီးကျောက်ခဲတို့ နှောင်ကြီးစုန်ကျန့်တို့ကို ကျေနပ်အောင် လုပ်လိုက်ကြ ပါ"ဟု ကျဲ့ကျင်းက ဝင်၍ ဖြေရှင်းပေး၏။

"မြို့ဝန်က ယွန်ကျင့်ကို ဝရမ်းပို့ပြီး ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ဖမ်းမှာပဲ။ ဘယ်လိုလုပ်ကြမလဲ"

"မပူပါနဲ့ဗျာ။ ခုလောက်ရှိရင် နှောင်ကြီး စုန်ကျန့်က နှောင်ကြီး မိသားစုကို လျှို့ရှန်း တောင်ပေါ်ကို ခေါ်ထားလောက်ပါပြီ"ဟု ဝုရုံက ပြော၏။

ချူတုံသည် ခုမှ စိတ်အေးသွားလေတော့၏။ ကျဲ့ကျင်းက ဧည့်သည်များကို စိမ်ရည်ဖြင့် ဧည့်ခံ၏။ ထိုနေ့ညနေစောင်းမှ သူတို့ပြန်သွားကြသဖြင့် စီးသွားရန် မြင်းသုံးစီးနှင့် အဖော် လိုက်မည့် မြေကျွန်များကို စီစဉ်ကာ သူကိုယ်တိုင်လည်း တောင်ကြားအဝအထိ လိုက်ပို့၏။ ခွဲခါနီးတွင် ဝုရုံက လီကွေ့ကို မှာကြားခဲ့၏။

"သခင်ရဲ့ အိမ်တော်မှာ နေတုန်းမှာ ဂရုတစိုက်နဲ့ ကောင်းကောင်းမွန်မွန်နေ။ ပြဿနာမရှာနဲ့။ သခင်ကျဲ့ကိုလည်း ထိခိုက်အောင် မလုပ်နဲ့။ နှစ်လ သုံးလလောက်

ဒါမှ မဟုတ် နှစ်ဝက်လောက်ကြာရင် ချူတုံလည်း စိတ်ပြေသွားမှာပဲ။ အဲဒီတော့မှ မင်းကို ပြန်ခေါ်မယ်။ သခင်ကျဲ့ကိုလည်း ငါတို့အဖွဲ့ထဲကို ခေါ်တန်ခေါ်ရမယ်”

သုံးယောက်သား မြင်းပေါ်တက်စီးပြီး ထွက်သွားသည်နှင့် ကျဲ့ကျင်းနှင့် လီကွေ့တို့ လည်း အိမ်တော်သို့ ပြန်လာခဲ့ကြ၏။ ချူတုံသည် ဟွရုံ၊ လေ့ဟုန်တို့နှင့်အတူ လျှံရှုန်း တောင်ရိုးသို့ အဖွဲ့ဝင်ရန် လိုက်သွား၏။ ကွမ်ကျို့ခရိုင်နယ်စပ်သို့ ရောက်သောအခါ မြင်း များကို မြေကျွန်များလက်သို့ ပြန်အပ်လိုက်ပြီး သုံးယောက်သား ခြေကျင် ဆက်ထွက်ခဲ့ ကြ၏။

လမ်းတွင် ဘာမျှ ထူးထူးခြားခြား မကြုံတွေ့ရပဲ ချူကွေ့ဘုံဆိုင်သို့ ရောက်သွားကြ၏။ သူတို့ရောက်လာကြောင်း ချူကွေ့က အကြောင်းကြားလိုက်သဖြင့် ကျောက်ခဲနှင့် စုန်ကျန့် တို့သည်လည်း ခေါင်းဆောင်ကြီးငယ်များနှင့် သဲသိင်္ဂါသောင်စပ်တွင် လာ၍ ကြိုဆိုနေ ကြ၏။ ဗုံသံ တထိန်းထိန်း၊ ပလွေသံ တကျီကျီ တကျာကျာနှင့် အုတ်အုတ်သဲသဲ ဖြစ်လျက် ရှိ၏။ မြင်းများကို ကိုယ်စီ တက်စီးခဲ့ကြပြီး ခံတပ်ဆီသို့ လာခဲ့ကြ၏။ သစ္စာညီနောင်ခန်းမတွင် မြင်းပေါ်က ဆင်းကြပြီး ထိုင်ကာ ရှေး ဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြ၏။ အတန် ကြာမှ ချူတုံက သူ့အပူကို ထုတ်ပြော၏။

“နောင်ကြီးတို့က ခေါ်လို့ ကျွန်တော် တောင်ရိုးပေါ်ကို လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့် မိန်းမနဲ့ ကလေးတွေကို ဖမ်းဖို့ ယွန်ကျို့ မြို့ဝန်ဆီကို ကွမ်ကျို့ မြို့ဝန်က အကြောင်းကြားမှာ သေချာတယ်ဗျ။ ကျွန်တော် ဘယ်လိုလုပ်ရမလဲဗျာ”

“စိတ်အေးအေးထားပါ နောင်ကြီးရာ။ သူတို့ကို ခေါ်ဖို့ ကျွန်တော်တို့ လူလွှတ်လိုက် ပါတယ်” စုန်ကျန့်က ရယ်ရယ်မောမောဖြင့် ပြော၏။

“သူတို့ ဘယ်မှာလဲဗျ”

“ကျွန်တော့်အဖေ မြေရှင်ကြီးစုန်ဆီမှာပါ။ နောင်ကြီး သွားတွေ့လိုက်ပါလား”

ချူတုံလည်း ဝမ်းသာသွား၏။ စုန်ကျန့် ခေါ်ရာသို့ လိုက်ခဲ့ပြီး သူ့မိသားစုနှင့် တွေ့ဆုံ၏။ မိမိတို့၏ အဖိုးတန်ပစ္စည်းများ ပါလာသည်ကို သတိထားမိ၏။

“လူတယောက်က ဟိုတနေ့က စာတစောင်နဲ့ ရောက်လာတယ်။ ရှင်က ဒီတောင်ရိုး အဖွဲ့ထဲ ဝင်သွားပြီတဲ့။ ဒါနဲ့ ပစ္စည်းတွေကို ထုပ်ပိုးပြီး တညလုံး လာခဲ့ကြတာ”ဟု သူ့ဇနီးက နောက်ကြောင်းပြန်၏။

ချူတုံက ဒူးထောက်ကာ တောပုန်းခေါင်းဆောင်များကို အရိုအသေပြုကာ

ကျေးဇူး တင်ကြောင်း ပြသပေ၏။ လွှေ့ဟုန်ရော ချူတုံကိုပါ တောင်ထိပ်တွင် နေရာထိုင်ခင်းများ စီစဉ်ပေး၏။ ခေါင်းဆောင်အသစ်များကို ဂုဏ်ပြုသည့် စားပွဲသောက်ပွဲများကို ရက်ဆက် ကျင်းပပေး၏။ ထိုအကြောင်းကို ဆက်မပြောတော့ပြီ။

ကွမ်ကျို့မြို့ဝန်လည်း မိုးချုပ်လာသည့်တိုင် ချူတုံနှင့် သူသားတို့ ပြန်ရောက်မလာသဖြင့် လူလွှတ်ကာ လိုက်ရှာလေ၏။ ညဝက်ကျိုးအောင် ရှာကြ၏။ နောက်တနေ့တွင် တောအုပ် ထဲမှ အလောင်းကို လူတယောက်က တွေ့လာ၏။ ထိုအကြောင်း ကြားရသော မြို့ဝန်လည်း ထိတ်ထိတ်ပျာပျာဖြင့် တောအုပ်သို့ လိုက်သွားလေ၏။ နှလုံးကွဲကြေမတတ် ငိုကြွေးကာ အလောင်းကို ခေါင်းသွင်းပြီး မီးသင်္ဂြိုဟ်လိုက်လေ၏။

နောက်တနေ့ ရုံးတက်သောအခါ ချူတုံကို ဖမ်းရန် ပတ်ဝန်းကျင်အရပ်ရပ်သို့ အမိန့် ထုတ်ပြန်၏။ ချူတုံမိသားစု ထွက်ပြေးသွားကြောင်း ယွန်ကျင့်မြို့မှ ပြန်အကြောင်းကြား လာ၏။ ချူတုံကို မိပါက ဆုငွေပေးမည့်အကြောင်းကို ခရိုင်၊ တိုက်နယ်အနှံ့ ကြေညာ၏။ ထိုအကြောင်းကိုလည်း ဤမျှနှင့် တော်ဦးမည်။

သခင်ကျဲ့ထံတွင် လီကွေ့ရောက်ပြီးနောက် တလကျော်ခန့်ကြာသော် တနေ့တွင် အိမ်တော် သို့ အရေးတကြီး စာတစောင် လာပို့လေ၏။ ကျဲ့ကျင်းလည်း စာကို လက်ခံကာ ဖတ်၏။

ဖတ်ပြီးသော် အံ့အားသင့်သွား၏။ သူက-

“ဒီလိုဆိုရင်တော့ လိုက်သွားမှပဲ”

“ဘာကိစ္စများလဲ အရှင်”

“ကျွန်တော့်မှာ ဦးလေးတယောက်ရှိတယ်။ ကျဲ့ဟွမ်ချင်းတဲ့။ သူက ကောက်ထန်ခရိုင် မှာ နေတယ်။ အဲဒီက မြို့ဝန်ကောက်လျံရဲ့ ယောက်ဖ ယင်ကျန်ရှိ ဆိုတဲ့ကောင်က ဦးလေးရဲ့ ဥယျာဉ်ကို လုယူလိုက်တယ်တဲ့။ ဦးလေးလည်း ဒေါသထွက်လွန်းလို့ မမာမကျန်းဖြစ်ပြီး အိပ်ရာပေါ် လဲနေရသတဲ့။ အသက်တောင် ရှည်ပါတော့မလား မသိဘူးတဲ့။ ဒါနဲ့ မသေခင် မှာစရာရှိလို့ လာခဲ့ပါတဲ့ဗျ။ ကျွန်တော့်ဦးလေးမှာက သားသမီးမရှိဘူး။ သူ့ဆီကို မြန်မြန် သွားမှပဲ”

“ကျုပ်ကော လိုက်ခဲ့ရမလား”

“နောင်ကြီး လိုက်မယ်ဆိုရင်တော့ သိပ်ဝမ်းသာတာပေါ့ဗျာ”

ကျဲ့ကျင်းသည် လိုအပ်သောပစ္စည်းများကို ထုပ်ပိုး၏။ မြင်းကောင်း

အစီးတဆယ်ခန့် ကိုလည်း ရွေးချယ်၏။ မြေကျွန်အချို့ကိုလည်း ရွေး၏။ နောက်တနေ့တွင် သခင်ကျဲ့၊ လီကွေ့ နှင့် နောက်ပါတို့သည် မြင်းများဖြင့် ကောက်ထန်သို့ ထွက်ခဲ့ကြ၏။

နေ့မကူးမီပင် ရောက်သွားကြ၏။ ကျဲ့ဟွမ်ချင်း၏ အိမ်ရှေ့တွင် မြင်းများပေါ်မှဆင်း ကြပြီး လီကွေ့တို့ကို အပြင်မှာ ထားခဲ့ကာ ဦးလေး၏ အိမ်ခန်းအတွင်းသို့ ဝင်သွား၏။ ဦးလေး၏ အိပ်ရာဘေးတွင် ထိုင်ပြီးသော် ကျဲ့ကျင်းလည်း ငိုမိလေ၏။ သူ့ဦးလေး၏ နောက် အိမ်ထောင်လည်း ဝင်လာ၏။

“မြင်းစီးလာရလို့ မောရတဲ့အထဲမှာ ငိုမနေပါနဲ့ကွယ်၊ အလကား ပင်ပန်းနေပါ့မယ်”

ကျဲ့ကျင်းသည်လည်း ရိုရိုသေသေ နှုတ်ဆက်ကာ အကြောင်းကို မေးလေ၏။ “အခုအသစ်ရောက်တဲ့ မြို့ဝန်ကောက်လျိုက စစ်မိုလ်လည်း ဖြစ်တယ်။ အရှေ့နေပြည်တော်က စစ်သူကြီးကောက်ကျူရဲ့ အမျိုးဆိုပြီး သူထင်ရာ လုပ်ခွင့်ရှိတယ်လို့ ထင်နေတယ်။ သူနဲ့ ပါလာတဲ့ သူ့ယောက်ဖ ယင်ကျန်ရိုက ပိုတောင် ဆိုးသေးတယ်။ သူ့ကို လူတွေက အတိုင်ပင်ခံကြီး ယင်လို့ ခေါ်ကြရတယ်။ အသက်ကဖြင့် ဘယ်နှနှစ်မှ မရှိသေးဘူး။ သူ့ကိုယ်သူ မြို့ဝန်ယောက်ဖဆိုပြီး လူတွေကို စော်ကားမော်ကားနဲ့။ ဒုက္ခသိပ်ပေးတယ်။ ကပ်ပါးရပ်ပါးတကောင်က လက်ထောက်ချလိုက်တာ နေမှာပေါ့။ တို့ အိမ်နောက်က ဥယျာဉ်က လှတယ်။ ရေကန်ကို စီးနေတဲ့ ဇရပ်လေးတဆောင်ပါ ရှိတယ်ဆိုတာ သိသွားရော။ တနေ့ကျတော့ လူ နှစ်ဆယ်သုံးဆယ်လောက်နဲ့ အိမ်ထဲကို အတင်းဝင်ပြီး ဥယျာဉ်ကို လာကြည့်တယ်။ ပြီးတော့ တို့ကို ဒီအိမ်က ထွက်သွားတဲ့၊ သူ လာနေမယ်တဲ့လေ။

“မင်းဦးလေးကလည်း ပြောတာပေါ့။ “ကျုပ်တို့ မျိုးရိုးက မင်းမျိုးတွေ။ ရှေးတုန်းက မင်းကြီးတပါးက ကျုပ်တို့ ဘိုးဘေးတွေကို ပေးခဲ့တဲ့ သံမဏိပဋိညာဉ်ဆိုတာ ရှိတယ်။ ကျုပ် တို့အမျိုးတွေကို ဘယ်သူကမှ ဖိစီးနှိပ်စက်လို့ မရဘူး။ မင်းက ကျုပ်တို့အိမ်ကို သိမ်းရဲ တယ်လား။ ကျုပ်တို့ သားမယားတွေက ဘယ်မှာ သွားနေရမှာလဲပေါ့။’

“အဲဒီကောင်က နားမဝင်ပါဘူး။ ထွက်သွားဖို့ကိုပဲ ပြောနေတယ်။ မင်းဦးလေးက သူ့ကို တွန်းထုတ်ဖို့ လုပ်တော့ ဝိုင်းရိုက်ကြတာပေါ့။ ဒါနဲ့ပဲ မင်းဦးလေးလည်း အိပ်ရာထဲ လဲပါလေရောလားကွယ်။ ထလည်း မထနိုင်တော့ဘူး။ စားလည်း မစားနိုင်တော့ဘူး။ ဆေးသောက်လည်း ဆေးစွမ်းမတိုးတော့ပါဘူးကွယ်။ ကောင်းကင်ဘုံက ဝေးပေမယ့် သင်္ချိုင်းကတော့ နီးတယ်မဟုတ်လား။ မင်းရောက်လာလို့ တော်ပါသေးရဲ့။ ဘာပဲဖြစ်ဖြစ် တို့မှာ ပူစရာ မရှိတော့ဘူးပေါ့”

“အားမငယ်ပါနဲ့ အဒေါ်ရယ်။ ကျွန်တော့်မှာ

ဆေးဆရာကောင်းသမားကောင်း ရှိပါတယ်။ ကျွန်တော် ကူပေးပါ့မယ်။ အိမ်ကို လူလွှတ်ပြီး သံမဏိပဋိညာဉ်စာကို ပြန်ယူခိုင်း လိုက်မယ်။ အဲဒါကို ယင်ကျန်ရှိကို ပြလိုက်မယ်လေ။ အစိုးရမင်းတွေရှေ့ပဲ သွားရသွားရ၊ ကရာဇ်ရှေ့တော်ပဲ ဝင်ရဝင်ရ ဘာမှကြောက်စရာမရှိဘူး”

“မင်းဦးလေးကတော့ မတတ်နိုင်ပါဘူး။ မင်းဆိုရင်တော့ အခြေအနေကောင်းမှာပါ” ကျဲ့ကျင်းလည်း သူ့ဦးလေးနားတွင် ခဏမျှ နေပြီးနောက် ပြန်ထွက်လာကာ လီကွေ့ တို့ကို ဖြစ်ပျက်ခဲ့သမျှကို ရှင်းပြ၏။

လီကွေ့လည်း ဝုန်းခနဲ ခုန်ထလိုက်ပြီး-

“ဒီမိုက်ရိုင်းတဲ့ကောင် ကျုပ်ပုဆိန်ကို အရင် မြည်းခိုင်းလိုက်။ ပြီးမှ ပြောစရာရှိတာ ပြောမယ်”

“စိတ်ထိန်းပါ နောင်ကြီးရာ။ သူက အရင် မလာဘဲနဲ့ ကြမ်းလို့မရဘူးလေ။ ပြီးတော့ သူ့မှာ ကျောထောက်နောက်ခံရှိတယ် ထားဦး။ ကျွန်တော်တို့မှာလည်း သံမဏိပဋိညာဉ် ရှိနေတာပဲ။ ဒီမှာ အကျိုးသင့်အကြောင်းသင့် ပြောလို့မရရင် နေပြည်တော်မှာလည်း သူ့ ထက်မက ဩဇာရှိတဲ့ လူတွေအများကြီးပဲ။ သွားပြောမှာပေါ့။ ဥပဒေကလည်း ရှင်းနေတာ ပဲဗျာ။ တရားရုံးမှာ ရင်ဆိုင်ကြတာပေါ့”

“ဥပဒေ ဥပဒေနဲ့၊ လူတိုင်းက ဥပဒေကို လိုက်နာကြရင် နေရာတိုင်းမှာ အေးချမ်းသာယာနေမှာပေါ့။ ကျုပ်ကတော့ သူ့ကို အရင်တီးပြီးမှ နောက်မှ စကားပြောချင်တယ်။ သူက တရားရုံး သွားတိုင်ရင်လည်း၊ သူ့တင်မက သောက်ရုံးမင်းကိုပါ ခုတ်သတ်ပစ်မယ်” ကျဲ့ကျင်းက ရယ်လိုက်၏။ “အဲဒါကြောင့် ချူတုံက နောင်ကြီးနဲ့ တိုက်ချင်တာပေါ့။ အံ့ဩစရာမရှိဘူး။ နှစ်ယောက်လုံးက ရှုးရှူးဒိုင်းဒိုင်းတွေချည်းပဲ။ ဒါက မြို့ကြီးပြကြီးဗျ။ ခင်ဗျားတို့ တောင်ရိုးစခန်း မဟုတ်ဘူး။ ခင်ဗျား ထင်တိုင်းကြဲလို့ မရဘူး”

“ဩော်၊ ဟုတ်လား။ ကျန့်ကျို့နဲ့ ဝုဝေကျန်းကတော့ မြို့ကြီးပြကြီး မဟုတ်လို့လား။ အဲဒီမှာကော ကျုပ် လူတွေ မသတ်ခဲ့လို့လား”

“အခြေအနေကို စောင့်ကြည့်ပါဦး။ လိုလာရင် နောင်ကြီးကို အကူအညီတောင်းပါ့ မယ်။ အဲဒီအချိန်ထိတော့ အေးအေးဆေးဆေး နေပေးပါဗျာ”

ထိုအခိုက်တွင်ပင် အစေခံတယောက် ကပျာကယာ ထွက်လာပြီး ကျဲ့ကျင်းကို လာ ခေါ်၏။ ကျဲ့ကျင်းကို တွေ့သော် သူ့ဦးလေးက မျက်ရည်ဝဲလျက် သနားစဖွယ် ပြောရှာ၏။ “ငါ့တူက စိတ်ဓာတ်မြင့်မြတ်တဲ့သူပါကွယ်။ ငါတို့

ဘိုးဘေးတွေ ဂုဏ်တက်စရာပါပဲ။ ငါလည်း ဒီနေ့ ယင်ကျန်ရှိ စော်ကားတာနဲ့ ရှက်ပြီး သေရတော့မယ်။ ငါ့တူက ကေရာဇ်မင်းကြီး ဆီကို အသနားခံစာရေးပြီး တင်ပေးပါ။ ငါတော့ မြေအောက်ကမ္ဘာကနေ မင်းကို ကျေးဇူး တင်နေမှာပါကွယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ပါ။ တခြားတော့ မှာစရာ မရှိပါဘူး” ဤစကားတို့ကို မှာကြားပြီးလျှင် ကျဲ့ဟွမ်ချင်းလည်း သေသွားရှာလေ၏။ ကျဲ့ကျင်း လည်း နာနာကြည်းကြည်း ငိုချလိုက်၏။ သူ မေ့မြောသွားမလားဟုပင် သူ့အဒေါ်က စိတ်ပူမိလေ၏။

“စိတ်ထိန်းပါကွယ်။ အသုဘကိစ္စတွေလည်း စီစဉ်ရဦးမယ်လေ”

“သံမဏိပဋိညာဉ်က ကျွန်တော့်အိမ်မှာ ရှိပါတယ်။ ကျွန်တော် ယူမလာခဲ့မိဘူး။ ခုပဲ လူတယောက်ကို လွှတ်ပြီး အယူခိုင်းလိုက်ပါ့မယ်။ လိုအပ်ရင်လည်း ကေရာဇ်မင်းကြီး ဆီကို အသနားခံစာတင်ပါ့မယ်။ ဒါပေမဲ့ ဦးလေးကတော့ သေသွားရှာပြီ။ ဒီတော့ ပထမဆုံး ခေါင်းသွင်းတာတို့ အသုဘ အဝတ်ဝတ်တာတို့ကို လုပ်ရဦးမယ်။ ကျန်တာကိုတော့ နောက် မှပဲ တိုင်ပင်ကြတာပေါ့”

ကျဲ့ကျင်းက မင်းမျိုးမင်းနွယ်တို့၏ ထုံးစံနှင့်အညီ နှစ်ထပ်ခေါင်းကို စီစဉ်စေ၏။ ထုံးစံ နှင့်အညီ ကမ္ပည်းတိုင်ကိုလည်း စိုက်စေ၏။ တအိမ်ထောင်လုံး အသုဘအဝတ်များကို ဝတ်ဆင်ကာ ငိုကြွေးနေကြ၏။ အိမ်အပြင်ဘက်မှ လီကွေ့သည်လည်း ငိုသံများကို ကြားနေ ရသဖြင့် ဒေါသထွက်လာကာ လက်သီးကြီးကို တချီချီနှင့် ရှိနေ၏။ ဘာဖြစ်နေသလဲဟု အစေခံများကို မေးသော်လည်း စကားပြန်မရပေ။ ဘုန်းတော်ကြီးများလည်း ကြွရောက် လာကာ ဆုတောင်းစာများကို ရွတ်ဖတ်နေလေ၏။

ထို့ပြင် အချိန်နှစ်ရက် ကုန်လွန်သွား၏။ ယင်ကျန်ရှိလည်း မြင်းကိုစီးကာ နောက်လိုက် နှစ်ဆယ်၊ သုံးဆယ်ခန့်နှင့် မြို့ပြင်တွင် သောင်းကျန်းနေ၏။ လောက်လေးများ၊ ဒူးလေးများ၊ မှုတ်ပြောင်းများဖြင့် ငှက်များကို ပစ်ကြ၏။ နှံကောနှံတံများဖြင့် ငှက်များကို ထောင်ဖမ်း ကြ၏။ ဆူဆူညံညံနေအောင် ပုံမောင်းများကို တီးကြမှုတ်ကြ၏။ ထိုနောက် သောက်ထား သည်ထက် ပို၍ မူးသယောင် ဟန်ဆောင်ကာ ကျဲ့ဟွမ်ချင်း၏ အိမ်သို့ ယိမ်းတိယိမ်းထိုးဖြင့် ရောက်လာ၏။ မြင်းကို ဇက်သတ်ကာ အိမ်ရှင်ကို အော်ခေါ်၏။

ကျဲ့ကျင်းလည်း အသုဘအဝတ်အစားများဖြင့် အမြန် ထွက်ခဲ့ရာ ယင်ကျန်ရှိက မြင်းပေါ်မှပင် လှမ်း၍ ပြော၏။

“မင်းက ဘာတော်သလဲကွ”

“ကျွန်တော်က ကျဲ့ကျင်းပါ။ သူ့တူပါ”

“ဟိုနေ့က အိမ်ပြောင်းခိုင်းထားတာ။ ဘာလို့ နားမထောင်ကြတာလဲ”

“ဦးလေးက နေမကောင်းလို့ အိပ်ရာထဲမှာ လဲနေတယ်။ သူ့ကို လှုပ်လို့တောင် မရဘူး။ ညကပဲ ဆုံးသွားပါပြီ။ ခုနစ်ရက်ခုနစ်လီ ပူဆွေးတဲ့ ကာလ ပြီးရင် ရွှေ့ပေးပါ့မယ်”

“သွားစမ်းပါ။ ငါ နောက်ထပ် သုံးရက်ပဲ အချိန်ပေးမယ်။ အဲဒီအချိန်ကျလို့မှ မရွှေ့ သေးရင် မင်းတို့လည်ပင်းမှာ လည်ထောက်ကြီးစွပ်ပြီး ငါ့မြင်းရိုက်တဲ့ကြိမ်စာ မိကုန်ကြ လိမ့်မယ်”

“ခင်ဗျား ဒီလိုလုပ်လို့မရဘူး အတိုင်ပင်ခံကြီး၊ ကျွန်တော်တို့က မင်းမျိုးက ဆင်းသက် လာတာ။ ကျွန်တော်တို့ကို သံမဏိပဋိညာဉ်နဲ့ အကာအကွယ်ပေးထားတယ်ဗျ။ ဒါကို လေးစားရမယ်ဗျ”

“အဲဒါ ယူလာပြလေ။ ကြည့်ရဦးမယ်”

“အဲဒါက ကွမ်ကျို့က ကျွန်တော့်အိမ်မှာ ရှိတယ်။ သွားတော့ ယူခိုင်းထားတယ်”

“အလကားကောင်၊ လိမ်တာ။ ဒီလိုဟာ ရှိရင်လည်း ငါက ဂရုမစိုက်သေးဘူးကွ၊ ဟေ့ကောင်တွေ၊ ဒီကောင့်ကို ဆုံးမလိုက်ကြ”

သူ့နောက်ပါများက ကျဲ့ကျင်းထံသို့ ဝိုင်းလာကြ၏။ တံခါးကြားမှ ချောင်းကြည့်နေ သော လေပွေနက်လီကွေ့လည်း တံခါးကိုဆောင့်ဖွင့်ကာ ကြောက်မက်ဖွယ်ဟိန်းသံကြီး ပေးလျက် ယင်ကျန်ရှိထံသို့ တဟုန်ထိုး ပြေးလာ၏။ သူ့ကို မြင်းပေါ်မှ ဆွဲချလိုက်ကာ သူ့ လက်သီးကြီးဖြင့် ထိုးလိုက်ရာ မြေပေါ်တွင် လဲနေလေ၏။ နောက်ပါသုံးဆယ်လည်း ကူညီရန် ရှေ့တိုးလာရာ လီကွေ့က လေးငါးယောက်ကို ချက်ချင်းပင် မှောက်သွားအောင် လုပ်ပစ် လိုက်၏။ ကျန်သည့်သူများလည်း အော်၍ ထွက်ပြေးကြလေ၏။ လီကွေ့သည် ယင်ကျန်ရှိကို ထုမကာ လက်ရော ခြေပါ ပယ်ပယ်နယ်နယ် ထိုးကြိတ် ဆောင့်ကန်လေတော့ရာ ကျဲ့ကျင်း လည်း ဆွဲ၍ ဟန့်၍ပင် မနိုင်တော့ချေ။ မကြာခင်မှာပင် ယင်ကျန်ရှိလည်း မြေပေါ်တွင် စင်းစင်းလဲကာ သေနေလေ၏။ ကျဲ့ကျင်းက လီကွေ့ကို အတွင်းခန်းထဲသို့ ဆွဲခေါ်သွား၏။

“ဖမ်းဖို့ လူတွေ လာကြတော့မယ်။ နောင်ကြီး ဒီမှာနေလို့ မဖြစ်တော့ဘူး။ ကျွန်တော် ကြည့်ပြီး ဖြေရှင်းလိုက်မယ်။ နောင်ကြီး လျှံရှန်းတောင်ကို ခုပဲ ပြန်ပေတော့”

"ကျုပ် သွားလို့ရတယ်။ ဒါပေမဲ့ သခင်လေးကို အမှုပတ်မှာပဲ"

"သံမဏိပဋိညာဉ်က ကာကွယ်ပေးမှာပါဗျာ။ ခုပဲ သွားပေတော့၊ အချိန်ဆွဲမနေနဲ့"

လီကွေ့သည် သူ့ပုဆိန်များကို ယူကာ ခရီးစရိတ်အဖြစ် ငွေစအချို့ကို ထည့်၍ နောက်ဖေးပေါက်မှ ထွက်သွားလေ၏။

မကြာမတင်မှာပင် ဓား၊ လှံ၊ တံကျည်းတုတ်ရှည်များကို ကိုင်လာသော လူနှစ်ရာ ကျော် ရောက်လာကာ အိမ်ကို ဝိုင်းလေ၏။ ကျဲ့ကျင်းလည်း အိမ်ရှေ့သို့ ထွက်လာကာ ပြော၏။

"ကျုပ် ခင်ဗျားတို့နဲ့ လိုက်ပြီး အစိုးရမင်းတွေကို ရှင်းပြပါ့မယ်"

သူ့ကို ကြိုးနှင့် တုပ်လိုက်ကြပြီး တရားခံ လူမည်းကြီးကို ဝင်ရှာကြ၏။ ထိုသူကား မရှိတော့။ ထိုကြောင့် ကျဲ့ကျင်းကို မြို့ဝန်ရုံးသို့ ခေါ်သွားကြပြီး မြို့ဝန်ရှေ့တွင် ဒူးထောက်ခိုင်း ထားကြ၏။ သူ့ယောက်ဖဖြစ်သူ ရိုက်သတ်ခံရကြောင်း ကြားရသဖြင့် အမျက်ဒေါသ ထောင်းထောင်းထကာ တရားခံကို စောင့်နေသူ မြို့ဝန်ကောက်လျံမှာ အံတကြိတ်ကြိတ်နှင့် ရှိနေ၏။ အခုအခါတွင် ကျဲ့ကျင်းမှာ သူ့ရှေ့မှောက်တွင် ရောက်နေလေပြီဖြစ်၍ မြို့ဝန်က အော်၍မေး၏။

"ငါ့ညီ ယင်ကျန်ရှိကို မောင်မင်းက သတ်ရသလား"

"ကျွန်တော်က ဧကရာဇ်မင်းကြီး ရှိစွန်က တိုက်ရိုက်ဆင်းသက်လာတာပါ။ စုန်မင်း ဆက် ပထမဧကရာဇ် တိုက်စုမင်းကြီးက ပေးသနားခဲ့တဲ့ သံမဏိပဋိညာဉ် ကျွန်တော်တို့ မိသားစုမှာ ရှိပါတယ်။ ကွမ်ကျို့က ကျွန်တော့်အိမ်မှာပါ။ မကျန်းမမာဖြစ်နေတဲ့ ကျွန်တော့် ဦးလေး ကျဲ့ဟွမ်ချင်းဆီကို ကျွန်တော် လာကြည့်တာပါ။ သူကတော့ ဆုံးသွားပါပြီ။ ခုတော့ သူ့အိမ်မှာ အသုဘကိစ္စတွေ ရှိနေပါတယ်။ အတိုင်ပင်ခံယင်က လူသုံးဆယ်နဲ့ ရောက်လာ ပြီး ကျွန်တော်တို့ကို မောင်းထုတ်ဖို့ လုပ်ပါတယ်။ ကျွန်တော်တို့ ရှင်းပြတာလည်း နား မထောင်ပါဘူး။ ကျွန်တော့်ကို ရိုက်ဖို့ သူ့လူတွေကို ခိုင်းပါတယ်။ ကျွန်တော့် မြေကျွန် လီကြီးက ကျွန်တော့်ကို ကာကွယ်ရင်းက လက်လွန်သွားပါတယ်"

"အဲဒီ လီကြီးကကော"

"ကြောက်ပြီး ထွက်ပြေးသွားပါပြီ"

"သူက မောင်မင်း မြေကျွန်ဆို။ မောင်မင်း အမိန့်မရဘဲနဲ့ သူက

လူသတ်ဝံ့မတဲ့လား။ သူ့ကို ပြေးခိုင်းလိုက်ပြီးမှ ရုံးတော်ကို လာလှည့်ဖြားနေတာပဲ။ မောင်မင်းလို လူဆိုးလူယုတ်ကတော့ ရိုက်မှပဲ အဖြစ်မှန်ကို ဝန်ခံမှာပဲ။ အစောင့်တွေ သူ့ကို ခေါ်သွားပြီး နာနာရိုက် ကြစမ်း”

“သူ့သခင်ကို ကာကွယ်ဖို့ ကျွန်တော့် မြေကျွန် လီကြီးက လူတယောက်ကို မတော် တဆ သတ်မိတယ်။ ဒါ ကျွန်တော့် အပြစ်လားဗျာ။ ကျွန်တော်တို့မှာ တိုက်စုဧကရာဇ် ပေထားတဲ့ ပဋိညာဉ်ရှိတယ်။ ကျွန်တော့်ကို သာမန်ရာဇဝတ်ကောင်လို ရိုက်မလို့လား”

“ဘယ်မှာလဲ အဲဒီပဋိညာဉ်”

“ကွမ်ကျိုမှာပါ။ သွားယူခိုင်းထားပါပြီ”

“ဒီလူလိမ်က ရုံးတော်ကို ဖီဆန်နေတယ်။ အစောင့်တွေ၊ အားကုန်ရိုက်ကြ”

အစောင့်များက ကျဲ့ကျင်းကို ငဖယ်တေတေကြရာ အသားများမှာ ပျော့အိလာပြီး သွေးများသည်လည်း ချောင်းငယ်မြောင်းငယ်များကဲ့သို့ ယိုစီးလာလေ၏။ “ယင်ကျန်ရှိကို သတ်ရန် မြေကျွန်လီကြီးကို ခိုင်းခဲ့ပါသည်’ဟု အတင်းဝန်ခံခိုင်းပြီး အခွက်တဆယ်ကျော် လေးသော ပင်းသကားကြီးကို လည်ပင်းမှာ စွပ်ကာ ထောင်သွင်းထားလိုက်လေ၏။ ယင်ကျန်ရှိ၏ အလောင်းကိုလည်း စစ်ဆေးပြီးနောက် ခေါင်းသွင်းကာ မြှုပ်နှံလိုက်၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

မြို့ဝန်ကတော်က သူ့မောင်အတွက် လက်စားချေလို၏။ ကျဲ့ဟွမ်ချင်း၏ ပစ္စည်းများကို သိမ်းရန်၊ မိသားစုဝင်အားလုံးကို ဖမ်းဆီးရန် သူ့ယောက်ျား မြို့ဝန်ကို ခိုင်း၏။ ကျဲ့ကျင်းကို လည်း ထောင်ထဲတွင် ပစ်ထားလိုက်၏။

လီကွေ့သည် တညလုံး ခရီးပြင်းနှင်ခဲ့၏။ လျှံရှန်းတောင်ရိုးသို့ ရောက်သောအခါ ခေါင်း ဆောင်များကို အစီရင်ခံ၏။ ချူတုံကမူ သူ့ကို မြင်လိုက်သည်နှင့် ဒေါသထွက်လာလေ၏။ လုံကြီးကို ဆွဲ၍ ပြေးလာသော သူ့ကို လေပွေနက်ကလည်း ပုဆိန်ကြီးများ ဝင့်ကာဝင့်ကာ ဖြင့် တိုက်လေ၏။ ကျောက်ခဲ၊ စုန်ကျန့် စသော သူများက မနည်းဝိုင်း၍ ဖျဉ်ကြရ၏။ စုန်ကျန့်က ချူတုံကို တောင်းပန်၏။

“မြို့ဝန်သားလေးကို သတ်တာ လီကွေ့အကြံ မဟုတ်ပါဘူး နောင်ကြီးရာ။ နောင်ကြီးက မလိုက်ဘူးဆိုလို့ စစ်ဘက်အကြံပေးဝုရုံက ဒီလိုလုပ်ဖို့ စဉ်းစားခဲ့တာပါ။ အခုတော့ နောင်ကြီး လည်း ဒီကိုရောက်နေပြီပဲဟာ၊ မေ့လိုက်ပါတော့ဗျာ။ ကျွန်တော်တို့အားလုံးညီညီညွတ်ညွတ် သစ္စာရှိရှိနဲ့ ကြိုးစားကြရအောင်လားဗျာ။

ဘေးက လူတွေ လျှောင်မှာကို မလိုချင်ဘူး”

“လီကွေ့၊ နောင်ကြီးမုတ်ဆိတ်ကို တောင်းပန်လိုက်”

“သိပ်ကောင်းတာပေါ့ဗျာ။ ကျုပ်က ဒီစခန်းအတွက် ဒီလောက် လုပ်ပေးခဲ့တာကို။ သူ ကဖြင့် ဘာများ လုပ်ပေးဖူးလို့လဲ။ ဘာလို့ တောင်းပန်ရမှာလဲ”

“စစ်ဘက်အကြံပေးရဲ့ အမိန့်ဆိုပေမယ့်၊ ကလေးကို သတ်ခဲ့တာက မင်းပဲလေ။ အသက် အရွယ်အရဆိုရင်လည်း နောင်ကြီးချူတုံက မင့်အစ်ကိုအရွယ်ပါကွ။ ငါ့မျက်နှာကို ထောက်ပြီး သူ့ကို ကန်တော့လိုက်ပါ။ ငါလည်း မင်းကို ပြန်ကန်တော့ပါ့မယ်။ ဒါဆိုရင် ကျေပြီပေါ့ကွာ”

လီကွေ့လည်း မငြင်းဆန်နိုင်။ ချူတုံသို့ လှမ်းပြော၏။

“ကျုပ်က ခင်ဗျားကို ကြောက်လို့မဟုတ်ဘူး။ နောင်ကြီးစုန့်ကျန့်က ပြောလို့။ ကျုပ် တောင်းပန်ပါတယ်”။ ပုဆိန်များကို ဘေးသို့ ပစ်ချလိုက်ပြီး ဒူးထောက်ကာ နှစ်ကြိမ် ကန်တော့လေ၏။

ထိုအခါမှ ချူတုံလည်း စိတ်ပြေသွား၏။ ရင်ကြားစေ့မှုကို ပို၍ ခိုင်မြဲစေရန် စားသောက် ပွဲကြီး ကျင်းပဖို့ ကျောက်ခဲက စီစဉ်၏။

“သခင်ကျဲ့က ကောက်ထန်ကိုသွားပြီး သူ့ဦးလေး မမာတာကို သွားကြည့်တယ်။ သူ့ ဦးလေးရဲ့ အိမ်နဲ့ ခြံကို မြို့ဝန်ယောက်ဖ ယင်ကျန်ရှိက သိမ်းချင်နေတယ်။ သူက သခင် ကျဲ့ကိုလည်း ဆဲတယ်ဗျ။ ကျုပ်လည်း ဒီကောင်ကို ရိုက်သတ်လိုက်တယ်”ဟု လီကွေ့က ပြောပြ၏။

“မင်းကတော့ လွတ်လာတယ်ပေါ့။ သခင်ကျဲ့ကို သူတို့ ရုံးတင်တော့မှာပေါ့”

စုန်ကျန့်က အလန့်တကြား ဝင်ပြော၏။

“စိတ်ထိန်းပါ နောင်ကြီး။ ကျွန်တော်တို့ ထိုက်ချုံ ပြန်လာရင် အကြောင်းစုံသိရမှာပါ”

“နောင်ကြီးထိုက်ချုံက ဘယ်သွားလို့လဲ”

“မင်းက မွေနှောက်ပြီး ပြဿနာရှာမယ်မှန်း ငါတို့ စဉ်းစားမိတယ်လေ။ ဒါနဲ့ ထိုက်ချုံ ကိုလွှတ်ပြီး မင့်ကို ခေါ်ခိုင်းလိုက်တာ။ မင်းတို့ကို မတွေ့ရင် သူလည်း ကောက်ထန်ကို လိုက်သွားမှာပဲ”

သူ့စကားမှ မဆုံးသေး၊ ကင်းသမားက သတင်းလာပို့၏ “ဗိုလ်မင်းထိုက်ချုံ

ပြန်လာပါပြီ။”

စုန်ကျန့်က အပြင်သို့ ထွက်၍ ကြို၏။ ထိုက်ချိုု ထိုင်မိသည်နှင့် သခင်ကျဲ့အကြောင်း ဝိုင်းမေးကြ၏။

“ကျွန်တော် သခင်ကျဲ့အိမ်တော်ကို ရောက်တော့ သူနဲ့ လီကွေ့တို့ ကောက်ထန်ကို သွားတဲ့အကြောင်းကို သိရပါတယ်။ ကောက်ထန်မှာလည်း တမြို့လုံး ကျွက်စီကျွက်စီနဲ့ဗျာ။ လူတိုင်းကပဲ ပြောနေကြတယ်။ ယင်ကျန်ရှိက ကျဲ့ဟွမ်ချင်းရဲ့ အိမ်ကို သိမ်းဖို့ လုပ်တာနဲ့ လူမည်းကြီးတယောက်က သူ့ကို အသေရိုက်သတ်လိုက်တယ်တဲ့။ သခင်ကျဲ့လည်း အမှု ပတ်သွားတယ်တဲ့။ သူ့ကို ထောင်ထဲထည့်ထားတယ်တဲ့။ ပြီးတော့ ကျဲ့ဟွမ်ချင်းရဲ့ ပစ္စည်း တွေကိုလည်း သိမ်းလိုက်တယ်။ သခင်ကျဲ့လည်း သေမယ် ရှင်မယ် မပြောနိုင်ဘူးတဲ့”

“ဒီ မေည်းကတော့ လုပ်လိုက်ပြန်ပြီ။ သူရောက်လေရာမှာ ပြဿနာတက်တော့ တာပဲ”ဟု ကျောက်ခဲက ဆူ၏။

“သခင်ကျဲ့က သူ့ဦးလေး နေမကောင်းလို့ ကောက်ထန်ကို သွားတာပါ။ ဒီမြို့ဝန် ယောက်ဖ ယင်ကျန်ရှိက သူ့အိမ်၊ သူ့ဥယျာဉ်တွေကို သိမ်းမလို့လုပ်တယ်။ သခင်ကျဲ့ကို လည်း ဆဲတယ်ဗျ။ ဒါနဲ့ပဲ ဒီကောင့်ကို ကျုပ်က ထိုးလိုက်မိတာပေါ့။ ဒါနဲ့ပဲ သေပါရောဗျာ” လီကွေ့က ပြန်ပက်၏။

“သခင်ကျဲ့ကျေးဇူးက ဒီစခန်းမှာ အများကြီးရှိတယ်။ ဒီနေ့ သူ ဒုက္ခရောက်နေပြီ။ ကျွန်တော်တို့ သွားကယ်ရမယ်။ ကျွန်တော်ကိုယ်တိုင် သွားမယ်” ဟု ကျောက်ခဲက ပြော၏။

စုန်ကျန့်က -

“နောင်ကြီး၊ နောင်ကြီးက ဒီစခန်းမှာ အကြီးဆုံးခေါင်းဆောင်ပါ။ ပေါ့ပေါ့လေး မစဉ်း စားပါနဲ့။ သခင်ကျဲရဲ့ ကျေးဇူးတွေ ကျွန်တော့်ဆီမှာ ရှိပါတယ်။ နောင်ကြီးအစား ကျွန်တော် သွားပါရစေ”

ဝုရုံက အကြံပေး၏။

“ကောက်ထန်မြို့က အရွယ်ငယ်ပေမယ့် လူနေများတယ်။ တပ်အင်အားကလည်း များတယ်။ ရိက္ခာလည်း ပေါတယ်။ လျှော့တွက်လို့ မတော်ဘူး။ ခေါင်းဆောင် ဆယ့်နှစ် ယောက် ဦးဆောင်ပြီး အင်အားငါးထောင်နဲ့ ချီတက်သင့်တယ်။ နောက်ရံတပ်ကိုတော့ ခေါင်းဆောင်ဆယ်ယောက်နဲ့ အင်အားသုံးထောင်နဲ့ ဖွဲ့မှ သင့်မယ်”

ခေါင်းဆောင် နှစ်ဆယ့်နှစ်ဦးလည်း ကျောက်ခဲနှင့် ကျန် ခေါင်းဆောင်များကို နှုတ်ဆက်ကာ ကောက်ထန်သို့ ထွက်သွားကြ၏။

သူတို့တပ်ဦးတပ်ဖျား ကောက်ထန်နယ်စပ်သို့ ရောက်သောအခါတွင် ကောက်လျံမှာ သတင်းရထားပြီး ဖြစ်၏။

"ဒီလျှံရှန်းက ခေးပြတွေကို ရှင်းပစ်ချင်နေတာကြာပြီ။ ခုတော့ သူတို့ဘာသာသူတို့ ချည်ပြီးသားတုပ်ပြီးသား ရောက်လာကြပြီ။ နတ်တွေ မ တာပဲ။ တပ်ကို ချက်ချင်း စုကြ၊ ရန်သူကို ထွက်တိုက်ကြမယ်။ မြို့ရိုးကိုတော့ မြို့သားတွေနဲ့ပဲ ကာကွယ်ခိုင်းမယ်" ဟု အမိန့် ပေး၏။

ကောက်လျံကား မြင်းပေါ်ကို တက်လျှင် ဗိုလ်မင်းဖြစ်ပြီး၊ မြင်းပေါ်က ဆင်းလျှင် မြို့ဝန် ဖြစ်၏။ သူအမိန့်ထုတ်လိုက်သည်နှင့် သူ့အရာရှိ အဆင့်ဆင့်မှာ တပ်များကို စုဖွဲ့ကာ တန်းစီ ကွင်းများတွင် စစ်ဆေးနေကြပေပြီ။ ထိုနောက် ရန်သူနှင့် ရင်ဆိုင်ရန် မြို့မှ ထွက်ခဲ့ကြ၏။ မကာက်လျံထံတွင် အထူးအစွမ်းထက်သော ခါးပိုက်ဆောင် တပ်အင်အား သုံးရာ ရှိ၏။ သူတို့ကို "မှော်ပုံလွှားများ" ဟု ခေါ်ကာ ရှန်တောင်၊ ဟီပေ့၊ ကျန်ရှီ၊ ဟူနန်၊ မြောက်ပိုင်းဟွေ နှင့် တောင်ပိုင်းဟွေ၊ ကျဲ့ကျန်းမြစ်၏ အရှေ့ဘက်၊ အနောက်ဘက်စသော အနယ်နယ်အရပ် ရပ်မှ စုထားခြင်းဖြစ်၏။ တံခွန်များကို ဖော့ကာ၊ မုံမောင်းများကို တီးခတ်ကာ ရန်သူ့အလာ ကို စောင့်နေကြ၏။

လင်ချုံး၊ ဟွရုံ၊ ချင်မင်းတို့ ခေါင်းဆောင်လာသော အင်အားငါးထောင်တို့ ရောက်လာ သောအခါ နှစ်ဖက်တပ်များလည်း ရင်ဆိုင်မိကြလေပြီ။ သို့သော် တဖက်ကို တဖက်က မြားမိုးများ ရွာချနေသောကြောင့် နှစ်ဖက်စလုံး ရှေ့သို့ မတိုးနိုင်ဘဲ ခေတ္တမျှ တန့်နေကြ၏။ ခရာသံ၊ တပိုးသံ၊ စစ်စည်စစ်မောင်းသံများမှာ ပွဲတင်ထပ်လျက်ရှိ၏။

ဟွရုံ၊ ချင်မင်းနှင့် အခြားခေါင်းဆောင် ဆယ်ယောက်တို့မှာ ရှေ့ဆုံးတွင် မြင်းများကို ဇက်သတ်ကာ ရပ်နေကြ၏။ လင်ချုံးသည် သူ့နဂါးလှံကြီးကို အသင့်ချိန်လျက် မြင်းကို ဖနောင့်နှင့် နာနာပွတ်ကာ တပ်ရှေ့သို့ ထွက်လာ၏။ "သူခိုးကောက်လျံ၊ ရှေ့ထွက်ခဲ့"ဟု စိန်ခေါ်၏။

ကောက်လျံလည်း နောက်ပါ တပ်ဗိုလ်သုံးဆယ်နှင့်အတူ ရှေ့သို့ထွက်ခဲ့၏။ ကောက်လျံ က လင်ချုံးကို လက်ညှိုးထိုးကာ-

"သေခြင်းဆိုးနဲ့သေမယ့် ခေးပြတွေ။ ငါ့မြို့တော်ကို လာနှောင့်ယှက်ရသလား"

“ပြည်သူကို ဒုက္ခပေးတဲ့ လူလိမ်။ အရှေ့နေပြည်တော်က မင့်အမျိုး လူလိမ် ကောက်ကျူကို ငါ အမှုန့်ခြေပစ်မယ်ကွ။ မလုပ်ရမချင်း ငါ မနားဘူး”

ကောက်လျံက ဒေါသမွှန်လျက် လှည့်၍ မေး၏။ “ဒီခွေးပြကို ဘယ်သူ သွားဖမ်းမလဲ”

တပ်ဗိုလ်များထဲမှ ယူဆီ ဆိုသူ ထွက်လာ၏။ ခွေးလွတ်ကို ဝင့်ကာ မြင်းကို ဒုန်းစိုင်းစီး လာ၏။ လင်ချုံးကလည်း သူ့ထံသို့ ထွက်ခဲ့၏။ ငါးကွက်မျှ တိုက်ပြီးသော် လင်ချုံးက ထိုသူ ၏ရင်ဘတ်ကို သူ့နဂါးလှံနှင့် ထိုးချလိုက်ရာ မြေပေါ်သို့ လိမ့်ကျသွား၏။

ကောက်လျံလည်း လန့်သွား၏။ “ဘယ်သူ သွားလက်စားချေမလဲ”

ဝင်ဝင်ပေါင်ဟု ခေါ်သော တပ်ဗိုလ်တယောက် ထပ်ထွက်ခဲ့၏။ သူစီးလာသော မြင်း ညိုကြီးထံမှ ခြူသံတချွင်ချွင် မြည်နေ၏။ ကျောက်စိမ်းတန်ဆာများမှလည်း အသံတခွပ်ခွပ် ထွက်နေ၏။ မြင်းနောက်မှ ဖုန်လုံးကြီးများ ထစေလျက် လင်ချုံးထံသို့ အပြင်းနှင်လာ၏။

ချင်မင်းက-

“နောင်ကြီး နားလိုက်ဦး။ ကျွန်တော် ဒီကောင့်ကို လှဲချပြမယ်။ ကြည့်နေ”

လင်ချုံးက မြင်းကို ဇက်သတ်လိုက်ပြီး လှံကြီးကို နှိမ့်ချလိုက်ကာ ချင်မင်းကို လွှတ် ပေးလိုက်၏။ ယင်းတို့ နှစ်ယောက်လည်း တိုက်ကွက် ဆယ်ကွက်လောက် တိုက်ကြ ပြီးနောက် ချင်မင်းက တမင်ဖွင့်ပေးလိုက်ရာ ဝင်ဝင်ပေါင်က ဝင်လာ၏။ ချင်မင်းက သူ့ တင်းပုတ်ကို လွှဲကာ ရိုက်ချလိုက်ရာ ဝင်ဝင်ပေါင်၏ ခေါင်းမှာ ခွပ်ခနဲကွဲသွားပြီး မြင်းပေါ်မှ ကျသွားလေ၏။ လန့်သွားသော သူ့မြင်းသည်လည်း ခုန်ဆွ ခုန်ဆွဖြင့် ပြန်ပြေးလေ၏။ နှစ်ဖက်စလုံးထံမှ ဟာခနဲအော်သံကြီးမှာ ဟိန်းထွက်လာလေ၏။

သူ့တပ်ဗိုလ်နှစ်ယောက် ဆုံးရှုံးသွားသော ကောက်လျံသည် သူ့ကျောတွင် လွယ်ထား သော အဖိုးတန် နဂါးခွေးကို အိမ်ချွတ်လိုက်၏။ ထိုနောက် တခုခုကို မန်းမှုတ်လိုက်ပြီး “အမြန်”ဟု အော်လိုက်၏။ ထိုအခါ သူ့စစ်သည်များကြားထဲမှ နက်မှောင်သော မြူထုကြီး လိမ့်၍ ထွက်လာပြီး ခဏချင်းတွင် ကောင်းကင်တခြမ်းကို ဖုံးအုပ်လိုက်လေ၏။ သဲများ လွင့်လာကာ ကျောက်တုံးများလည်း လိမ့်ထွက်လာပြီး မြေကြီးရောကောင်းကင်ပါ တုန် လှုပ်လာလေ၏။ ထူးဆန်းသော လေပြင်းတခုသည် တောပုန်းများဆီသို့ တိုက်ခတ်လာ လေ၏။ လင်ချုံး၊ ချင်မင်း၊ ဟွာရုံတို့လည်း ဘာကိုမှ မမြင်ရတော့ပေ။

မြင်းများမှာလည်း ကြောက်လန့်ကာ ဟီပြီး ပတတ်ရပ်ကုန်ကြ၏။ တောပုန်းတပ်လည်း နောက်သို့ လှည့်ကာ ထွက်ပြေးကြ၏။ ကောက်လျံသည် ခေးကိုဖွေ့လိုက်ရာ မှော်ပုံ့လွှားတပ်ဖွဲ့ဝင် သုံးရာက တဟုန်တည်း တက်တိုက်ကြရာ နောက်မှတပ်ကြီးတခုလုံးလည်း ပါသွားလေ၏။ လင်ချုံး၏ တပ်ဖွဲ့လည်း အလန့်တကြား အော်ကြကာ ကစဉ့်ကလျား ပြေးလွှားကြ၏။ အင်အား ငါးထောင်အနက် တထောင်ခန့် ချေမှုန်းခံကြရ၏။ လီငါးဆယ်ခန့် ဆုတ်ပြီးမှ စခန်းချကြ၏။ လိုက်လံနှိမ်နင်းပြီးသော် ကောက်လျံလည်း သူ့တပ်ကြီးနှင့်အတူ မြို့သို့ ပြန်ခဲ့ကြ၏။

စုန်ကျန့်တို့ တပ်ဖွဲ့စခန်းသို့ ရောက်လာသောအခါ လင်ချုံးတို့က အဖြစ်အပျက်ကို ပြောပြကြ၏။ စုန်ကျန့်နှင့် ဝုရုံတို့လည်း လန့်သွားကြ၏။

"ဘယ်လို မှော်အတတ်ပါလိမ့်၊ ဒီလောက်တောင် စွမ်းသလား"

"မကောင်းဆိုးဝါးများ ဝင်ပူးတာလား၊ လေနဲ့ မီးကို တွန်းလှန်နိုင်မှ သူတို့ကို နှိမ်နင်း နိုင်မယ်"ဟု ဝုရုံက ပြော၏။

စုန်ကျန့်သည်လည်း သူ၏ ဂမ္ဘီရကျမ်းများကို ဖွင့်၍ရှာ၏။ တတိယကျမ်းတွင် အသုံးပြု ရမည့် မန္တရားကို သွားတွေ့၏။ ဝမ်းမြောက်ဝမ်းသာဖြင့် ထိုမန္တရားကို အလွတ်ကျက်၏။ ထိုနောက် တပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်း၏။ နောက်တနေ့ အရုဏ်တက်တွင် မနက်စာ စားသောက်ကြပြီးနောက် တံခွန်များကို လွှင့်ကာ၊ ဗုံမောင်းများကို တီးကာ မြို့ဆီသို့ အမြန် ချီတက်ကြ၏။ ထိုအကြောင်းကို ကောက်လျံ ကြားရသောအခါ သူ၏ အောင်ပွဲခံတပ်ကြီးနှင့် မှော်ပုံ့လွှားတပ်သား သုံးရာကို စုဖွဲ့၏။ မြို့တံခါးကို ဖွင့်၏။ ဆွဲတံတားကို ချ၏။ သူ့တပ်ကို တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်လိုက်၏။

စုန်ကျန့်သည် ခေးလွတ်ကို ကိုင်ကာ တပ်ရှေ့သို့ မြင်းစီး၍ ထွက်လာ၏။ ကောက်လျံ၏ ကပ်အတွင်းတွင် စုဝေးနေသော တံခွန်အနက်များကို မြင်လိုက်၏။

"မှော်ပုံ့လွှားဆိုတာ ဒီကောင်တွေပဲ ဖြစ်မယ် နောင်ကြီး။ မှော်ပညာနဲ့ ထပ်တိုက်မယ် ထင်တယ်။ ဘယ်လို နှိမ်နင်းမလဲ နောင်ကြီး"ဟု ဝုရုံက မေး၏။

"မပူနဲ့။ ကျွန်တော့်မှာ ဖြေဆေးရှိတယ်။ မကြောက်နဲ့။ သံသယမရှိကြနဲ့။ သူတို့ကို ဝင်တိုက်ဖို့ပဲ အာရုံစိုက်ထားကြ"

ကောက်လျံကလည်း သူ့တပ်ဗိုလ်များသို့ ပြော၏။

"တိုက်တဲ့အထဲမှာ ဝင်မပါကြနဲ့။ ငါက ငါ့ဒိုင်းကို ရိုက်လိုက်ရင် ရှေ့ကို တိုးထွက်ပြီး စုန်ကျန့်ကို ဝိုင်းဖမ်းကြ။ ငါကိုယ်တိုင် ဆုချမယ်"

သူ့ ကုန်းနှီးဘေးတွင် နဂါးနှင့် နတ်ငှက်ပုံ ဖောင်းကြွဖော်ထားသော ကြေးညိုဒိုင်း တချပ်ကို ဆွဲထား၏။ တဖက်တပ်မှ အော်သံကြားသဖြင့် ဓားလွတ်ကို ကိုင်ပြီး ရှေ့သို့ ထွက် လိုက်ရာ စုန်ကျန့်က သူ့ဆီသို့ လက်ညှိုးထိုးလိုက်၏။

"ညက ငါ ဒီကို မရောက်သေးလို့ ငါ့ညီနောင်တွေ အကျအရှုံး နည်းနည်းရှိသွားတာ။ ဒီနေ့ မင်းတို့အားလုံးကို ငါရှင်းပစ်မယ်"

"မြင်းပေါ်ကဆင်းပြီး ကြိုးတုပ်ခံပါတော့လား။ သူပုန်တွေ။ မင်းတို့သွေးတွေနဲ့ ငါ့လက် အညစ်ပတ်မခံချင်ဘူးကွ" ကောက်လျံ ပြန်အော်၏။

သူ့ဓားကို ဝင့်ကာ အသံတိုးကိုးဖြင့် တခုခုကို မန်းမှုတ်ကာ "အမြန်"ဟု အော်လိုက်၏။ အမှောင်ထုကြီးတခု ပေါ်လာ၏။ ထူးဆန်းသော လေပြင်းတခုလည်း တိုက်လာပြီး ယင်းအမှောင်ထုကြီးမှာလည်း စုန်ကျန့်တို့ တပ်ဘက်သို့ ရွေ့လာ၏။ သူတို့ထံသို့ မရောက်မီ တွင် စုန်ကျန့်က မန္တရားကို ရွတ်၏။ ဘယ်ဘက်လက်ညှိုးနှင့် လက်ခလယ်ကို လိမ်၍ လျှို့ဝှက်သင်္ကေတတခုကို ပြုလိုက်ပြီး၊ ညာလက်ထဲမှ ဓားကို ရှေ့သို့ တိုးထုတ်လိုက်ပြီး အော်လိုက်၏။

"အမြန်"

ထိုလေသည်လည်း လားရာပြောင်းကာ ကောက်လျံတို့ထံသို့ ပြန်တိုက်သွားလေ၏။ စုန်ကျန့်က သူ့တပ်ကို တိုက်မိန့်ပေးမည့်ဆဲဆဲတွင် ကောက်လျံက သူ့ဒိုင်းကို မြှောက်ကာ ဓားနှင့် ရိုက်ခတ်လိုက်၏။ မှော်ပုံ့လွှားစစ်သည်များလည်း အဝါရောင်သဲလေပွေတခု အတွင်းတွင် ပျောက်ကွယ်သွားပြီ။ သူ့တပ်အတွင်းမှ ကြောက်မက်ဖွယ် တိရစ္ဆာန်ကြီးများ မြွေကြီးများ အုပ်လိုက်ထွက်လာလေ၏။

စုန်ကျန့်တို့မှာ ကြောက်လွန်းသဖြင့် ကြက်သေသေနေကြ၏။ ဓားကို ပစ်ချလိုက်ပြီး မြင်းကို ဆွဲလှည့်လိုက်ကာ စုန်ကျန့်လည်း ထွက်ပြေးလေတော့၏။ သူ့တပ်ဗိုလ်များလည်း အသက်ဘေးမှလွတ်ရာသို့ တစုတည်း ပြေးကြ၏။ သူ့တပ်သားများလည်း ကိုယ့်အသက် ကိုယ်လုကာ ထွက်ပြေးကြ၏။

ကောက်လျံက ဓားကို ဝင့်လိုက်ပြန်၏။ မှော်ပုံ့လွှားတပ်များကို ဦးဆောင်လျက် ကျန်တတပ်လုံး လိုက်ပါကာ ရက်ရက်စက်စက် လိုက်လံသတ်ဖြတ်ကြ၏။ စုန်ကျန့်တပ်မှာ အထိနာလှပေ၏။ နောက်ထပ် လီနှစ်ဆယ်အထိ လိုက်တိုက်ကြပြီးမှ မောင်းတီး၍ လူ ပြန်စုကာ မြို့သို့ ပြန်ခဲ့ကြ၏။

တောင်ကုန်းတခုသို့ ရောက်သောအခါမှ စုန်ကျန့်တို့လည်း ရပ်နားကာ စခန်းချကြ၏။ လူသူ အကျအဆုံးများသော်လည်း ခေါင်းဆောင်များအားလုံး

အသက်ရှင်နေကြသေးသဖြင့် တော်သေး၏။ တပ်များအားလုံး အခြေကျသောအခါ စစ်ဘက်အကြံပေးပုဂ္ဂိုလ် ဝုရှံနှင့် အတူ တိုင်ပင်ကြ၏။

"ကောက်ထန်ကို တိုက်တာ နှစ်ခါလုံးရှုံးတယ်။ ဒီမော်ပုံလွှားစစ်သည်တွေကို မဖြိုခွဲ နိုင်သေးဘူး။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ နောင်ကြီး"

"ဒီကောင်က မော်ပညာတတ်တော့ ဒီညတွင်းချင်းပဲ ဒီစခန်းကို လာတိုက်မှာ သေချာ တယ်။ ခုခံဖို့ ပြင်ဆင်ထားရမယ်။ ဒီမှာ တပ်ဖွဲ့လေးပဲ ချန်ထားခဲ့ပြီး ကျန်တဲ့လူအားလုံးက အရင် စခန်းကို ပြန်သွားရမယ်ဗျ"

ရန်လင်း၊ ပိုက်ရှန်းနှင့် တပ်အချို့ကို ချန်ထားရစ်ကာ ကျန်တပ်များအားလုံး စခန်း ဟောင်းသို့ ပြန်သွားကာ နားကြ၏။

ရန်လင်းနှင့် ပိုက်ရှန်း ဦးဆောင်သော အင်အားသုံးရာသည် တောင်ကုန်းနောက်ဘက် လီဝက်အကွာသို့ ခွာကာ မြက်ဝိုင်းတောထဲတွင် ပုန်းနေကြ၏။ ညပထမယံတွင် လေပြင်း တိုက်ပြီး မိုးများ ခြိမ်းလာ၏။ ကောက်လျံနှင့် မော်ပုံလွှားတပ်သားသုံးရာတို့ ခြေကျင်တက် လာသည်ကို ရန်လင်းတို့လည်း ပုန်းအောင်းသည့်နေရာမှ လှမ်းတွေ့ရလေ၏။ အသံသေး အသံကြောင်များ အော်ဟစ်ကာ စခန်းတွင်းသို့ အတင်းဝင်တိုက်ကြ၏။ စခန်းတွင် လူမရှိကြောင်း တွေ့ရသဖြင့် ပြန်ဆုတ်စပြု၏။

ရန်လင်းနှင့် ပိုက်ရှန်းတို့ အားလုံးက ဝိုင်း၍ ညာသံပေးလိုက်ကြရာ ထောင်ချောက် မိမည်ကို ကြောက်ပြီး ကောက်လျံတို့လည်း ကစဉ့်ကရဲ ထွက်ပြေးကြ၏။ တောပုန်း များလည်း မည်းမည်းမြင်ရာသို့ မြားမိုး ရွာချလေ၏။ ကောက်လျံ၏ ဘယ်ဘက်ပခုံးတွင် မြားတစင်းလာ၍ မှန်လေ၏။ မိုးကြီးရွာချနေသည့်အထဲတွင် တောပုန်းများလည်း ဖြန့်၍ လိုက်ကာ တိုက်ခိုက် သတ်ဖြတ်ကြ၏။ ကောက်လျံတို့တပ်မှာ ဝေးသွားပြီဖြစ်၏။ ရန်လင်းတို့ ပိုက်ရှန်းတို့၏ အင်အားမှာလည်း မများလှသဖြင့် ရန်သူ့နယ်မြေအတွင်းသို့ ကျွံသွားအောင် မလိုက်ရဲကြပေ။ ထိုအခိုက်တွင်ပင် ရုတ်ခြည်း မိုးစဲသွားပြီး တိမ်များလည်း ကွယ်ပျောက် သွားကာ ကြယ်များလည်း ထွက်လာလေ၏။ တောင်ကုန်းရှေ့တွင် ဓားဒဏ်ရာ မြားဒဏ်ရာ ရထားသည့် ရန်သူနှစ်ဆယ်ကို တွေ့ရသဖြင့် စုန်ကျန့်ထံသို့ ခေါ်လာခဲ့ကြ၏။ ထူးဆန်းသော မိုးအကြောင်းကိုလည်း ပြောပြ၏။

"ကျွန်တော်တို့နဲ့ ငါးလီပဲ ဝေးတာ။ ဘာလို့ ဒီမှာကျတော့ လေတို့ မိုးတို့ မကျရ တာလဲ"ဟု စုန်ကျန့်နှင့် ဝုရှံလည်း အံ့သြသွားလေ၏။

ဤအကြောင်းကို အားလုံး ဝိုင်း၍ ဆွေးနွေးကြ၏။

"တကယ့်မှော်ပညာပဲ။ မိုးရွာချတာကလည်း အလံ ငါးဆယ် ခြောက်ဆယ်လောက် အမြင့်က ရွာချတာ။ အနီးအနားက ရေအိုင်တွေက ရေတွေကနေ တိမ်ဖြစ်လာတာလား"

"ကောက်လျှံက ဆံပင်ဖားလျားချပြီး ဓားကိုင်ပြီး ဝင်လာတာနဲ့ ကျွန်တော်က မြားနဲ့ ပစ်ချလိုက်တာ။ သူလည်း ပြန်ပြေးတာပါပဲ။ ကျွန်တော်တို့မှာ အင်အားနည်းတော့ မလိုက် နိုင်ဘူး"ဟု ရန်လင်းက ပြန်ပြော၏။

စုန်ကျန့်က ရန်လင်းနှင့် ပိုက်ရှန်းတို့ကို ဆုချ၏။ ဒဏ်ရာရထားသည့် ရန်သူများကို ကွပ်မျက်စေ၏။ ပင်မစခန်း ပတ်ပတ်လည်တွင် ကာကင်းခုနစ်ခု၊ ရှစ်ခုထုတ်ကာ ခေါင်း ဆောင်တယောက်စီကို တာဝန်ချထားလိုက်၏။ တောင်ရိုးစခန်းဆီသို့လည်း စစ်ကူ တောင်းရန် ဆက်သားလွှတ်လိုက်၏။ ကောက်လျှံမှာ မြားဒဏ်ရာကြောင့် ဆေးကုသခံနေ ရ၏။

"မြို့ကို ကာကွယ်ထားကြ။ အမြဲတမ်း တပ်လှန့်ထားလိုက်။ လာတိုက်ရင် ထွက် မတိုက်နဲ့။ ငါ နေကောင်းရင် စုန်ကျန့်ကို ဖမ်းမယ်။ လောစရာမလိုဘူး"

အရှုံး၏ ဒဏ်ကို ခံစားနေသည့် စုန်ကျန့်မှာ စဉ်းစား၍ ကောင်းတုန်း ဖြစ်၏။

"ကျွန်တော်တို့တော့ ကောက်လျှံကို လွယ်လွယ်နဲ့ မနိုင်နိုင်ဘူး။ ပြီးတော့ စစ်ကူ ရောက်လာလို့ အင်အားနဲ့ လာကိုက်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ" ဝုရုံက စုန်ကျန့်နားသို့ ကပ်ပြီး တိုးတိုးလေး ပြောပြ၏။

"ဒီမှော်ပညာကို ပြန်တိုက်ဖို့က တနည်းပဲရှိတယ်။ အဲဒီလူရဲ့ အကူအညီကို မရရင် တော့ သခင်ကျဲ့ကို ကယ်နိုင်မှာ မဟုတ်လောက်ဘူး။ မြို့ကိုလည်း သိမ်းနိုင်မှာ မဟုတ်ဘူး"

မှန်ပေ၏။ မှော်ပညာဖြင့် စီရင်ထားသော တိမ်များ မြူများကို ဖျောက်လွှင့်ရန်မှာ မိုးနှင့် မြေပြင်တို့၏ လျှို့ဝှက်ချက်တို့ကို နားလည်သည့် သူတဦးကို လိုအပ်ပေ၏။ ဝုရုံက အဆိုပြုကား အသူပေနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၃

ကုန်ဆွန်ရှန်းကို ထိုက်ချုံ ဒုတိယမွိ ရှာပုံတော် ဖွင့်ရခြင်း

ဆရာတော်လျိုကို လီကွေ့ ခေါင်းရိုက်ခွဲခြင်း

“ကောက်လျံရဲ့ မှော်ပညာတွေကို ချိုးဖောက်ချင်ရင်တော့ လူတယောက်ကို အမြန်လွှတ် ပြီး ကုန်ဆွန်ရှန်းကို ခေါ်ခိုင်းရမယ် နောင်ကြီးရဲ့” ဟု ဝုရုံက စုန်ကျန့်ကို ပြော၏။ “ဒါပေမဲ့ အရင်တခေါက် ထိုက်ချုံ သွားရှာတုန်းကတော့ ရက်တွေပဲ ကြာခဲ့ပြီး သူ့ကို မတွေ့ရဘူး။ သူ့ကို ဘယ်များ လိုက်ရှာရပါ့မလဲ”

“ကျီစုခရိုင်မှာက တိုက်နယ်တွေ၊ မြို့တွေ ရွာတွေက အများကြီးပဲ။ ဒီလိုနေရာတွေ မှာတော့ သူ့ကို ရှာလို့ တွေ့မှာ မဟုတ်ဘူး။ သူက တာအိုဘာသာဝင် ဆိုတော့ တာအို ဘုန်းကြီးတွေ နေတတ်တဲ့ ဂူတွေ၊ ချောင်တွေရှိတဲ့ တောင်တန်းတခုခုမှာ တွေ့ဖို့များတယ်။ ကျီစုခရိုင်က အဲဒီလို နေရာတွေမှာ လိုက်ရှာဖို့ ထိုက်ချုံကို ခိုင်းရမှာပဲ။ သူ ရှာတွေ့မှာ သေချာတယ်”

စုန်ကျန့်က ထိုက်ချုံကို ခေါ်ကာ သူ့ဆန္ဒကို ရှင်းပြလေ၏။

“ကျွန်တော် သွားပါ့မယ်။ ဒါပေမဲ့ အဖော်တယောက်ပါရင်တော့ ပိုကောင်းမယ်”

“နောင်ကြီးက ခြေမြန်အစီအရင်နဲ့ သွားမယ်ဆိုရင် ဘယ်သူ နောင်ကြီးကို လိုက်လို့မီ မှာလဲ”

“သူ့ခြေထောက်မှာလည်း အစီအရင်တွေ ချည်ပေးမှာပေါ့ဗျာ။ ဒီလိုဆိုရင် သူလည်း မြန်မြန်သွားနိုင်လိမ့်မယ်”

“ကျုပ်ကို ခေါ်ပါ နောင်ကြီး” လီကွေ့က ဆန္ဒပြု၏။

“မင်းက ငါနဲ့လိုက်ရင် လမ်းမှာ သက်သတ်လွတ်ပဲ စားရမယ်။ ငါ့ အမိန့်ကိုလည်း နားထောင်ရမယ်”

“ရတယ်ဗျာ။ ခင်ဗျား ဘာပြောပြော လုပ်မယ်”

“ဆင်ဆင်ခြင်ခြင်နေကွာ။ လိုက်ပြီးတော့ ရန်ရှာမနေနဲ့” ဟု စုန်ကျန့်နှင့် ဝုရုံက သတိပေး၏။ “ကုန်ဆွန်ရှန်းကို တွေ့တာနဲ့ ချက်ချင်းပြန်ခဲ့ကြ”

“ယင်ကျန်ရှိကို ကျုပ် သတ်လိုက်လို့ သခင်ကျဲ့ ထောင်ထဲ ရောက်သွားတာပဲဗျာ။ ကျုပ်က မကယ်ချင်ဘဲ နေပါ့မလား။ ဘာပြဿနာမှ မရှာပါဘူး။ စိတ်ချပါ”

ခြေမြန်တော်နှစ်ယောက်လည်း လက်နက်များကို ကိုယ်ပေါ်တွင် ဝှက်ကာ အထုပ် ကိုယ်စီ ကျောမှာ ပိုးပြီး စုန်ကျန့်တို့ကို နှုတ်ဆက်ကာ ထွက်ခဲ့ကြ၏။

လီသုံးဆယ်ခန့် လျှောက်ပြီးသော် လေပွေနက်က ရပ်လိုက်၏။

“ခရီးမဆက်ခင် စိမ်ရည်လေးတခွက်လောက် သောက်ရအောင်ဗျာ၊ နောင်ကြီး”

“စိမ်ရည်သောက်ရင်လည်း အသီးအရွက်ပဲ စားရမယ်နော်”

“အသားလေးနည်းနည်းပါးပါး စားတော့ကော ဘာဖြစ်သွားမှာလိုက်လို့ဗျာ”လီကွေ့က ရယ်ကျဲကျဲနှင့် ပြော၏။

“လာပြန်ပြီလား၊ မင်း။ ကဲပါကွာ၊ မိုးလည်း ချုပ်တော့မယ်။ ထမင်းဆိုင် ရှာပြီး နားကြ ရအောင်။ မနက်မှ ခရီးဆက်ကြတာပေါ့”

နောက်ထပ် လီသုံးဆယ်ခန့် လျှောက်ပြီးသော် မိုးချုပ်သွားလေပြီ။ ထမင်းဆိုင် တဆိုင်တွင် နားလိုက်ကြ၏။ မီးဖိုကာ ထမင်းချက်ကြ၏။ စိမ်ရည်လည်း ဝယ်၏။ လီကွေ့က ဟင်းရွက်ကြော်တပွဲနှင့် ဟင်းသီးဟင်းရွက် ဟင်းချိုတခွက်ကို ထိုက်ချုံ စားရန် ယူလာ ပေး၏။

“မင်းကော ထမင်းမစားဘူးလား”

“စားချင်စိတ် မရှိလို့ဗျာ”

ထိုက်ချုံက စဉ်းစားမိ၏။ “ဒီကောင်တော့ ငါ့ကိုလှည့်ပတ်ပြီး ငါ့ကျောကွယ်ရာမှာ အသားတွေ စားမှာပဲ”။ ထိုက်ချုံလည်း ထမင်းကို ပြီးအောင်စားပြီးမှ နောက်ဖေးခန်းသို့ အသာလာခဲ့၏။ ထိုနေရာတွင် လီကွေ့သည် သေရည်နှစ်အိုးနှင့် အမဲသားတပန်းကန်ကို အငမ်းမရ စားနေသည်ကို တွေ့ရလေ၏။ “ငါ ထင်တဲ့အတိုင်းပဲ၊ ခုတော့ ထားလိုက်ဦး။ နက်ဖြန်ကျမှ သူ့ကို နည်းနည်းလောက် နောက်လိုက်ဦးမယ်” ဟု စိတ်ထဲတွင် ကြိတ်၍ ပြောကာ အခန်းသို့ ပြန်ကာ အိပ်လေ၏။

လီကွေ့လည်း စိမ်ရည်နှင့် အသားကို ကုန်အောင် စားပြီးမှ ထိုက်ချုံ မသိအောင် တိတ်တိတ်ပြန်လာကာ အိပ်လေ၏။

နံနက်လင်းသောအခါ ထိုက်ချိုက လီကွေ့ကို နှိုးပြီး မီးမွှေးခိုင်း၏။ နံနက်စာအတွက် ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်ကြပြီး အထုပ်များကို ကျောတွင် လွယ်ကာ ငွေပေးချေ ပြီးနောက် ထမင်းဆိုင်မှ ထွက်ခဲ့ကြ၏။

လီနှစ်ဆယ်သို့ မရောက်မီတွင် ထိုက်ချိုက "မနေ့က ငါတို့ နတ်ခြေမြန်အစွမ်းကို မသုံးလိုက်ရဘူးကွ။ ဒီနေ့တော့ ငါ ဒို့ ခရီးတွင်အောင် သွားရမယ်။ မင်းအထုပ်တွေကို ကျပ်အောင် ချည်ထားလိုက်။ မင်းလည်း နတ်ခြေမြန်အစွမ်းနဲ့ သွားရမယ်။ ဒီနေ့ ငါတို့ လီရှစ်ရာ လောက် ရောက်အောင် သွားကြမယ်"

လီကွေ့၏ ခြေထောက်တို့တွင် ဆေးနီရုပ် နှစ်ရုပ်စီကို ချည်ပေးလိုက်ပြီး "ငါ့ကို ရှေ့က ဘုံဆိုင်မှာ စောင့်" ဟု ဆိုကာ လီကွေ့၏ ခြေထောက်များကို မန်းမှုတ်လိုက်လေ၏။ လေပွေ နက်မှာ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားလေ၏။ တိမ်ကို စီး၍ ပျံနေသလို ဖြစ်နေ၏။

"ထိုက်ချိုလည်း ရယ်ရယ်မောမောဖြင့် ဒီကောင့်ကိုတော့ အငတ်ထားလိုက်ဦးမယ်" ဟု စဉ်းစားပြီး သူ့ခြေထောက်များတွင်လည်း ဆေးနီရုပ်များကို ချည်ကာ လိုက်ခဲ့၏။

လီကွေ့မှာ ဤနတ်ခြေမြန်၏အစွမ်းကို မသိပေ။ ပုံမှန်အတိုင်း ခြေလှမ်းကျဲကြီးများနှင့် သွားနေ၏။ ချက်ချင်းပင် သူ့နားထဲတွင် လေတိုးသံလိုလို၊ မိုးရွာသံလိုလို ကြားလာနေ၏။ လမ်းဘေးဝဲယာမှ အိမ်များ၊ သစ်ပင်များသည်လည်း နောက်သို့ လဲကုန်ကြသည်ဟု မြင် ရ၏။ သူ့ခြေထောက်များကို တိမ်များ၊ မြူများက မောင်းနှင်ပေးနေသည်ဟု ခံစားရ၏။ လီကွေ့လည်း လန့်လာပြီး ရပ်ရန် အကြိမ်ကြိမ် ကြိုးစား၏။ သို့သော် ရပ်၍ မရပေ။ လူ တယောက်ယောက်က သူ့နောက်မှနေ၍ တွန်းနေသလို ဖြစ်နေ၏။ ခြေထောက်များမှာ မြေကြီးကိုလည်း မထိပေ။ စိမ်ရည်နှင့် အသားရောင်းသော ဘုံဆိုင်များသည်လည်း သူ့ ထံသို့ ပျံလာကြကာ သူ့ကို ကျော်သွားကြ၏။ သူ ဘာမျှ ဝယ်၍ မရပေ။

"အဘိုးရေ၊ ကယ်ပါဦး။ ခဏလောက် နားပါရစေဦး"

မကြာမီတွင် နေလုံးနီနီကြီးသည် အနောက်အရပ်၌ မေးတင်နေလေပြီ။ လီကွေ့ကား ရေငတ်လွန်း၊ ဗိုက်ဆာလွန်းသဖြင့် နားလိုသော်လည်း ရပ်၍ မရသေးပေ။ ချွေးပုပ်များ နစ်အောင် ထွက်နေပြီး အသက်ကိုလည်း မနည်းရှူနေရ၏။ ထိုက်ချိုက သူနှင့် နီးလာ အောင် ကပ်လိုက်၏။

"ဟေ့ လီကွေ့။ ဘာလို့ ဘာမှ ဝယ်မစားတာလဲ"

“ကယ်ပါဦး နောင်ကြီးရာ၊ ဆာလွန်းလို့ သေရတော့မယ်”

ထိုက်ချုံက ပေါက်စီကို ထုတ်ကာ တမြုံ့မြုံ့နှင့် စား၏။

“ရပ်လို့မှ မရတာ။ ဘယ်လို ဝယ်စားရမှာလဲ၊ မုန့်နှစ်လုံးလောက် ပေးစမ်းပါဗျာ။ ဆာလွန်းလို့ မခံနိုင်တော့ဘူး”

“ပေးမှာပေါ့၊ မင်းကမှ မရပ်ဘဲ”

လီကွေ့က လှည့်၍ သူ့လက်ကို ကမ်းသော်လည်း တတာခန့် ကွာလှမ်းနေ၏။

“နောင်ကြီး၊ နားကြရအောင်ဗျာ”

“ဒီနေ့ တော်တော်ဆန်းတယ်၊ ငါ့ခြေထောက်တွေလည်း ရပ်လို့မရဘူး”

“သောက်ခြေထောက်တွေက မရပ်ကြဘူးဗျ။ ပြေးပဲ ပြေးနေတယ်။ ကျုပ်ကို စိတ်တို အောင်လာမလုပ်နဲ့၊ ပုဆိန်နဲ့ ခုတ်ပစ်လိုက်မယ်”

“ဒီအကြံကောင်းသားပဲ။ နို့မို့၊ နှစ်ကူးတဲ့နေ့အထိ မင်းပြေးနေရမှာ”

“နောင်ကြီးက ကျုပ်ကို လှောင်နေတာပေါ့။ ခြေထောက်တွေကို ခုတ်ပစ်လိုက်ရင် ဘယ်လို ပြန်လာလို့ရမလဲ”

“ညက မင်းက ငါပြောတာကိုမှ နားမထောင်ဘဲ။ ခုတော့ ငါတောင် ရပ်လို့မရတော့ ဘူး။ ဒါပေါ့ကွာ၊ မင်း ဆက်သွားနေပေါ့”

“သခင်ကြီး အရှင်ကြီးရယ်။ ခွင့်လွှတ်ပါဗျာ။ ရပ်ပါရစေတော့”

“ငါ့ပညာအစွမ်းနဲ့ဆိုရင် မင်း အသားစားလို့ မရဘူး။ အထူးသဖြင့် အမဲသား ရှောင်ရ မယ်။ အမဲသားတကိုက် ကောက်စားမိတာနဲ့ သေတဲ့အထိ ပြေးရမယ်”

“ကြောက်စရာကြီးပါလားဗျာ။ ညက ကျုပ် လှည့်စားမိခဲ့ပါတယ် နောင်ကြီးရာ။ အမဲ သားနှစ်ပိသာခွဲ သုံးပိသာလောက် ခိုးစားမိခဲ့ပါတယ်။ ခု ကျုပ် ဘာလုပ်ရမှာလဲ”

“ဒီလိုကိုး။ ငါ့ခြေထောက်တွေပါ ရပ်လို့မရတာ ဘာဆန်းတော့လဲ။ မင်းကြောင့် ငါပါ သေရတော့မယ်”

လီကွေ့လည်း မိုးကောင်းကင်ကို မော့ကာ ကုန်း၍ အော်ဟစ် မြည်တမ်းလေ၏။ ထိုက်ချုံလည်း ရယ်လေတော့၏။

“ငါ့ကို တခုပဲ ကတိပေး။ ငါ အစွမ်းပြေအောင် လုပ်ပေးမယ်”

“မြန်မြန်ပြောပါ သခင်ရယ်။ ကျုပ် လိုက်နာပါ့မယ်”

“မင်း ငါ့ကို တပတ်ရိုက်ပြီး အသားစားဦးမလား”

“စားမိရင် လျှာမှာ ဇလုံလောက် အဖုကြီး ပေါက်ရပါစေရဲ့။ ဟင်းသီးဟင်းရွက်ပဲ စားပါ့ မယ်။ ဒါပေမဲ့ ကျုပ်က ဒါနည်းနည်းတော့ လွန်တယ် ထင်မိလို့ လှည့်စားမိတာပါ။ နောက် မလုပ်တော့ပါဘူး”

“ဒီလိုဆိုရင်တော့ ခွင့်လွှတ်ရတာပေါ့ကွာ”

ထိုက်ချုံလည်း လီကွေ့ထံသို့ အမီလိုက်ခဲ့ပြီး သူ့ခြေထောက်များကို မိမိ၏ အင်္ဂါလက် များဖြင့် သပ်ကာ “ရပ်” ဟု အော်လိုက်၏။ လီကွေ့လည်း ချက်ချင်းပင် ရပ်သွားလေ၏။

“ငါ သွားနှင့်မယ်။ မင်း ဖြည်းဖြည်းလိုက်ခဲ့”

သို့သော် လီကွေ့က ခြေလှမ်းရန် လုပ်သောအခါတွင် သူ့ခြေထောက်ကို ပင့်၍ မရဘဲ ရှိပေ၏။ ခြေထောက်များမှာ သံဖြင့် တွန်းထားသည့်အလား လေးလံလှ၏။ “ဖြစ်ပြန်ပြီဗျ။ ကယ်ပါဦး နောင်ကြီး”

ထိုက်ချုံက နောက်ကို ပြန်လှည့်ကြည့်ကာ ရယ်၏။ “မင်း ခုနက ကတိပြုတာ တကယ်ပြောတာလား”

“ကျုပ်က နောင်ကြီးကို ကိုယ့်အဖေရင်းလို ရိုသေပါတယ်ဗျာ။ အမိန့်ကို ဖီဆန်ရဲပါ့ မလား”

“ငါ့အမိန့် တကယ်နားထောင်မှာလား”ဟုဆိုကာ ထိုက်ချုံက လီကွေ့၏ လက်ကောက် ဝတ်ကို သူ့လက်ဖြင့် ဆုပ်လိုက်ကာ “ကဲ” ဟု ဆိုလိုက်၏။

ထိုနောက်တွင် နှစ်ယောက်သား အေးအေးဆေးဆေး လမ်းလျှောက်လာကြ၏။

“သနားပါ နောင်ကြီးရာ။ နားကြရအောင်ပါ”

ထမင်းဆိုင်တခုကို တွေ့သဖြင့် ဝင်နားကြ၏။ အခန်းထဲသို့ ရောက်သောအခါ ထိုက်ချုံ က ဆေးနီရုပ်များကို ဖယ်ရှားပေးလိုက်ပြီး ရွှေစက္ကူ၊ ငွေစက္ကူများကို မီးရှို့ကာ ပူဇော် လိုက်၏။

“ဘယ်လိုနေသေးသလဲ”

"အခုမှပဲ ဒီခြေထောက်တွေကို ကျွန်တော် ပြန်ပိုင်သွားပြီဗျ"ဟု ဆိုကာ သက်မကြီး ကို ချ၏။

ထိုက်ချံုက လီကွေ့အား စိမ်ရည်နှင့် ဟင်းသီးဟင်းရွက်ကြော်များကို မှာခိုင်း၏။ ခြေ ဆေးရန် ရေနွေးကျိုခိုင်း၏။ ထိုနောက် မိုးလင်းသည်အထိ အိပ်ကြ၏။ အိပ်ရာမှထကာ ကိုယ်လက်သုတ်သင်ကြပြီး မနက်စာကို စားကြ၏။ ထိုနောက် ငွေရှင်းပေးကာ ခရီးဆက်ခဲ့ ကြ၏။ လီသုံးဆယ်ခန့်သို့ ရောက်သောအခါ ထိုက်ချံုက ဆေးနီရုပ်များကို ထုတ်လိုက်၏။

"ဒီနေ့တော့ နှစ်ခုပဲ ပေးမယ်။ မင်းလည်း သိပ်မမြန်တော့ဘူးပေါ့"

"အဖေရေ၊ တော်ပါပြီဗျ"

"ငါ့စကားကို နားထောင်မယ်ဆို။ ငါတို့က အရေးကြီးတဲ့ တာဝန်နဲ့ သွားနေတာ။ ငါ မင်းကို ဘာမှ ဒုက္ခမပေးဘူး။ ဒါပေမဲ့ ငါ့စကားကို နားမထောင်ရင်တော့ ညက လုပ်သလို မင်းကို ရပ်နေအောင် လုပ်ထားလိုက်မယ်။ ငါ ကျီစုထဲကို သွားပြီး ကုန်ဆွန်ရှန်း ရှာပြီး ပြန်လာတဲ့အထိ မင်းကို ဒီမှာ ရပ်ခိုင်းထားလိုက်မယ်"

"ချည်ပါဗျာ၊ ချည်ပါဗျာ"ဟု လီကွေ့က ပျာပျာသလဲ ပြောလေ၏။

ထိုက်ချံုက သူ့ကိုယ်သူရော လီကွေ့ကိုပါ ဆေးနီရုပ် နှစ်ရုပ်သာ ချည်ပေးပြီးနောက် မန်းမှုတ်လိုက်၏။ ထိုနောက် တလမ်းလုံး လီကွေ့ကို ထိန်းချုပ်လာခဲ့၏။ သူ ရပ်လိုသော နေရာတွင်သာ ရပ်၏။ လီကွေ့လည်း သူ့ကို မဖီဆန်ရဲတော့ပေ။ လမ်းတွင် စိမ်ရည်နှင့် ဟင်းသီးဟင်းရွက်တို့ကိုသာ စားခဲ့ကြ၏။ သို့သော် ဤခရီးစဉ်ကို ဇာချဲ့၍ စာဖွဲ့နေရန်မသင့်။ မှော်ပညာဖြင့် လာခဲ့ကြသဖြင့် ဆယ်ရက်မျှပင် မကြာလိုက်ဘဲ သူတို့နှစ်ယောက် ကျီစုမြို့စွန်ရှိ ထမင်းဆိုင်တခုသို့ ရောက်နေကြပေပြီ။ နောက်တနေ့တွင် မြို့ထဲသို့ ဝင်ကာ စုံစမ်းကြရာတွင် လီကွေ့က ထိုက်ချံု၏ အစေခံအသွင်ဖြင့် နောက်မှ လိုက်ခဲ့၏။ တနေကုန် စုံစမ်းသော်လည်း ကုန်ဆွန်ရှန်းကို သိသောသူ ဟူ၍ တယောက်မျှ မတွေ့ရ။ မိုးချုပ်မှ ထမင်းဆိုင် ပြန်နားကြ၏။

နောက်တနေ့တွင် လမ်းငယ်များ၊ လမ်းကျဉ်းများတွင် ထပ်၍ ရှာကြသော်လည်း အောင်မြင်မှု မရကြပေ။ လီကွေ့လည်း တရှူးရှူး တရှဲရှဲ ဖြစ်နေလေပြီ။

"ဒီ သူတောင်းစား တာအိုဘုန်းကြီး။ ဘယ်လိုနေရာမှာ သွားပုန်းနေလဲကွာ။ တွေ့လို့ ကတော့ ကုပ်ဆွဲပြီး နောင်ကြီးစုန်ကျန့်ဆီကို ခေါ်သွားမယ်"

"လာပြန်ပြီလား။ အရင်တခါ ခံရတာ မမှတ်သေးဘူးလား"

"ဘာမှ မဟုတ်ပါဘူး နောင်ကြီးရာ။ ကျုပ်က နောက်နေတာပါ"

ထိုက်ချုံက ထပ်ဆူပြန်၏။ လီကွေ့လည်း ပြန်မပြောရဲပေ။

ထမင်းဆိုင်တွင် နောက်တည ထပ်နေရပြန်၏။ နောက်တနေ့ နံနက်တွင် စောစော ထကာ ပတ်ပတ်လည်ရှိ မြို့ငယ်ရွာငယ်များတွင် လိုက်၍ စုံစမ်းပြန်၏။ အဘိုးအိုတဦးဦးကို တွေ့တိုင်း ထိုက်ချုံက ရိုရိုသေသေ နှုတ်ဆက်ကာ တာအိုဘုန်းကြီးကုန်ဆွန်ရှုန်းကို သိမသိမေးလေ့ရှိ၏။ သို့သော် ဆယ်ကြိမ် ဆယ့်ငါးကြိမ်မျှ မေးသော်လည်း သိသူတယောက်ကိုမျှ မတွေ့ရချေ။

နေ့မွန်းတည့်ချိန်လောက်သို့ရောက်သော် နှစ်ယောက်သား ဗိုက်ဆာလာကြပေပြီ။ လမ်းဘေးရှိ ခေါက်ဆွဲဆိုင်တဆိုင်သို့ ဝင်ခဲ့ကြ၏။ ဆိုင်မှာ လူပြည့်နေပြီး စားပွဲလွတ်ဟူ၍ မရှိချေ။ နှစ်ယောက်သား လူသွားလမ်းတွင် ရပ်နေကြရ၏။

"အစ်ကိုကြီးတို့ ခေါက်ဆွဲစားမယ် ဆိုရင် ဟို အဘိုးနဲ့ သွားထိုင်ပါလား ခင်ဗျာ"ဟု စားပွဲထိုးတဦးက ညွှန်ပြ၏။

စားပွဲကြီးတလုံးတွင် အဘိုးအိုတယောက်တည်း ထိုင်နေသည်ကို တွေ့ရ၏။ ထိုက်ချုံ လည်း ရိုရိုသေသေ နှုတ်ဆက်ကာ ဦးညွှတ်လိုက်ပြီးမှ သူနှင့် လီကွေ့တို့က အဘိုးအိုနှင့် မျက်နှာချင်းဆိုင်ဘက်တွင် ယှဉ်၍ထိုင်လိုက်ကြ၏။ ထိုက်ချုံက ခေါက်ဆွဲလေးပွဲကို မှာ၏။

"ငါ့ဖို့ တပွဲ၊ မင်းဖို့က သုံးပွဲလေ။ ဒါဆို ဝလောက်တယ် မဟုတ်လား"

"ဘယ်ကလာ၊ ကျုပ်ကတော့ ခြောက်ပွဲလောက်ကို အေးအေးဆေးဆေးပဲ"

စားပွဲထိုးက ရယ်လိုက်၏။ အချိန်တော်တော်ကြာသည့်တိုင် ခေါက်ဆွဲဟူ၍ တမျှင်တစ ကိုမျှ မမြင်ရသေးပေ။ အတွင်းခန်းထဲသို့ အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲ ပန်းကန်များ သယ်ယူသွားသည်ကို မြင်နေရသော လီကွေ့မှာ သည်းမခံနိုင်တော့ပေ။ စားပွဲထိုးက ခေါက်ဆွဲတပန်းကန်ကို အဘိုးအိုရှေ့တွင် လာ၍ ချ၏။ အဘိုးအိုလည်း မဆိုင်းမတွပင် ခေါက်ဆွဲဟင်းရည်ကို သောက်မည်ဟု ပန်းကန်ပေါ်သို့ ခေါင်းကိုငုံ့လိုက်၏။ ထိုအခါ လီကွေ့က-

"ဟေ့ စားပွဲထိုး၊ ငါတို့ စောင့်နေရတာ ဘယ်လောက်ကြာပြီလဲ"

ဒေါသဖြင့် အော်လိုက်ရင်း စားပွဲကို သူ့လက်သီးကြီးနှင့် ထုလိုက်ရာ၊

ထုလိုက်သည့် အရှိန်ဖြင့် ခေါက်ဆွဲပန်းကန်လည်း လှုပ်သွားပြီး ဟင်းရည်များ ဘောင်ဘင်ခတ်ကုန်၏။ အဘိုးအို၏ မျက်နှာသို့ ဟင်းရည်များ တက်၍ စဉ်ကုန်၏။ ခေါက်ဆွဲဖတ်များလည်း ဖိတ်လျှံ ကျကုန်၏။ အဘိုးအိုလည်း ဒေါသဖြင့် လီကွေ့ကို ဖမ်းဆုပ်လိုက်ကာ-

"မင်းက ဘာမို့လို့ ငါ့ခေါက်ဆွဲတွေ မှောက်ပစ်ရတာလဲ" ဟု အော်၏။

လီကွေ့က အဘိုးအိုကို ထိုးမည် လုပ်၏။ ထိုက်ချို့က ငေါက်လိုက်ပြီး အဘိုးအိုကို တောင်းပန်၏။

"ဒီကောင်နဲ့ ရန်မဖြစ်ပါနဲ့ ဘကြီး ခင်ဗျား။ ကျွန်တော် နောက်တပွဲ ဝယ်ကျွေးပါ့မယ်"

"မောင်ရင် မသိလို့ပါ။ ကျုပ်က ပြန်ရမှာ ဝေးတယ်။ ဒီတော့ ခေါက်ဆွဲလေးတခွက် စားပြီး အိမ်ကို စောစောပြန်မလို့။ တရားပွဲမှာ တရားနာစရာ ရှိတယ်လေ။ စားတာ နောက် ကျရင် ရင် သွားတာလည်း နောက်ကျမှာမို့ပါ"

"ဘကြီးက ဘယ်ကပါလဲ ခင်ဗျာ။ ဘယ်သူ့တရားကို နာမှာပါလဲ ခင်ဗျာ"

"ကျုပ်က ကျူကုန်းနယ်မှာရှိတဲ့ နတ်သမီးညီအစ်မတောင်ကပါ။ မြို့ကိုလာပြီး အမွှေးတိုင် ကောင်းကောင်းလေး လာဝယ်တာပါ။ ဆရာတော်လျိုရဲ့ 'ထာဝရအသက်ရှင်နည်း' ဆိုတဲ့ တရားကို နာဖို့ရှိတယ်"

ကုန်ဆွန်ရှုန်းများ ထိုတွင် ရှိမလားဟု ထိုက်ချို့ စဉ်းစားမိ၏။ ထို့ကြောင့် "ဘကြီး ခင်ဗျာ၊ ဘကြီးတို့ရွာမှာ ကုန်ဆွန်ရှုန်း ဆိုတာများ ရှိသလားဗျ"

"မောင်ရင်က သူများကို သွားမေးရင် အဖြေရမှာ မဟုတ်ဘူး။ လူများစုက သူ့ကို ဒီနာမည်နဲ့ မသိကြဘူးဗျ။ သူက ကျုပ်အိမ်နားမှာ သူ့အမေနဲ့ နှစ်ယောက်တည်းနေတယ်။ သူက ဘုရားဖူးထွက်နေတုန်းမှာတော့ သူ့ကို ကုန်ဆွန်ရှုန်း ဝိသုဒ္ဓိလို့ ခေါ်ကြတယ်။ ခုတော့ မျိုးရိုးနာမည်ကို လုံးဝ မသုံးတော့ဘူး။ ဒီတော့ သူ့ကို ရှင်ဝိသုဒ္ဓိလို့ပဲ သိကြတော့တယ်။ မောင်ရင် မေးနေတာက သူ့ကိုပဲ ဆိုတာကို လူတွေ သိကြမှာ မဟုတ်ဘူး"

"တကယ်ပါပဲ ဘကြီးရာ။ ယောက်မ ခါးထိုးရှာ ဆိုသလို ဖြစ်နေတာပဲကိုး။ တွေ့ချင် တော့လည်း ချက်ချင်းပါပဲလား။ အဲဒီ နတ်သမီးညီအစ်မတောင်က ဒီနဲ့ ဘယ်လောက် ဝေးသလဲ။ ရှင်ဝိသုဒ္ဓိကော ရှိပါ့မလား"

"ဒီကနေ လေးဆယ့်ငါးလီလောက်ပဲ ဝေးပါတယ်။ ရှင်ဝိသုဒ္ဓိကတော့ ဆရာတော် လျိုရဲ့ တပည့်ကြီးပဲ။ သူ့ကို သူ့ဆရာတော်က ဘယ်ကိုမှ

သွားခွင့်မပြုဘူး”

ထိုက်ချုံလည်း စိတ်ချမ်းသာသွားလေ၏။ ခေါက်ဆွဲများ မြန်မြန်ချရန် စားပွဲထိုးကို လောဆော်၏။ အဘိုးအိုနှင့်အတူ ခေါက်ဆွဲစားကြပြီး ငွေချေကာ ဆိုင်မှ အတူထွက်ခဲ့ကြ၏။ အဘိုးအိုကို လမ်းမေးပြီးနောက်-

“ဘကြီး အရင်သွားနှင့်ပါ။ ကျွန်တော် နောက်က လိုက်လာမယ်။ အမွေးတိုင်လေး၊ ရွှေစက္ကူ ငွေစက္ကူလေး ဝယ်လိုက်ဦးမယ်”

အဘိုးအိုလည်း နှုတ်ဆက်ကာ ထွက်သွားလေ၏။

ထိုက်ချုံတို့လည်း ထမင်းဆိုင်သို့ ပြန်ကာ ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးကြပြီး ဆေးနီရုပ်များကို ချည်ကာ နတ်သမီးညီအစ်မတောင်သို့ ထွက်ခဲ့လေ၏။ မှော်အတတ်၏ အစွမ်းကြောင့် လေးဆယ့်ငါးလီခရီးမှာ ဘာမျှ မကြာလိုက်ပေ။ တိုက်နယ်မြို့ ဖြစ်သော ကျူကုန်းမြို့သို့ ရောက်သွားပြီး တောင်ပေါ်တက်သည့် လမ်းကို စုံစမ်း၏။

“အရှေ့ဘက်ကို သွား။ ငါးလီပဲ ဝေးတယ်”

လမ်းညွှန်သည့်အတိုင်း လိုက်သွားရာတွင် ငါးလီမျှပင် မသွားလိုက်ရဘဲ နတ်သမီးညီအစ်မ တောင်ခြေသို့ ရောက်သွားလေ၏။ သစ်ခုတ်သမားတဦးနှင့် တွေ့သဖြင့် ထိုက်ချုံက လေးလေးစားစား ဦးညွှတ်ကာ မေး၏။

“ရှင်ဝိသုဒ္ဓိ ဘယ်မှာများ ရှိမလဲ၊ ပြောပြနိုင်မလား ခင်ဗျာ”

“တောင်ကြားထဲကို ဝင်သွားလိုက်။ သူတို့ဝိုင်းရှေ့မှာ ကျောက်တံတားလေးတခု ရှိတယ်”

တောင်ကြားကို ကျော်လိုက်သောအခါ သက်ငယ်မိုးတဲ အလုံးတဆယ်ကျော်ကို တံတိုင်းနိမ့်နိမ့်လေး ဝိုင်းကာ ခတ်ထားသည်ကို တွေ့ရ၏။ တံတိုင်းအပြင်တွင် ကျောက် တံတားလေးတခု ရှိ၏။ ထိုစဉ် သစ်သီးခြင်းကို ဆွဲကာ ထိုခြံဝင်းထဲမှ ထွက်လာသော လယ်သူမလေးတယောက်ကို တွေ့ရ၏။

ထိုက်ချုံက ဦးညွှတ် နှုတ်ဆက်လိုက်ပြီး-

“နှမလေးက ရှင်ဝိသုဒ္ဓိကျောင်းထဲက ထွက်လာတာ တွေ့ရတယ်။ သူများ ရှိသလား ကွယ့်”

“သူ ပြန်ရောက်နေပါပြီ။ ဟင်္သာပြဒါးဆေးလုံးတွေကို သန့်နေတယ်”

ထိုက်ချုံက လီကွေ့အား တိုးတိုးကပ်ကာ-

"ချုံထဲမှာ ပုန်းနေ။ သူ့ကို တွေ့ပြီးမှ ငါ ခေါ်လိုက်မယ်"

ထိုက်ချုံက ဝင်သွားပြီး ဟိုဟိုသည်သည်ကို ကြည့်၏။ အခန်းသုံးခန်းရှိသော သက် ငယ်မိုးတဲတလုံး၏ တံခါးဝတွင် ယင်းလိပ်တခုကို ချထားသည်ကို တွေ့ရသဖြင့် ချောင်း ဟန့်လိုက်၏။ ဆံပင်များ ဖွေးနေသော အဘွားအိုတဦး ထွက်လာလေ၏။ ထိုက်ချုံက လေးစားစွာ ဦးညွတ် အရိုအသေပြု၏။

"ရှင်ဝိသုဒ္ဓိကို တွေ့ချင်လို့ပါ အမေကြီး"

"မောင်ရင်က ဘယ်သူလဲကွယ်"

"ထိုက်ချုံပါ၊ ရှန်တောင်နယ်ကပါ"

"အမေ့သားက အမြဲပဲ ဘုရားဖူးထွက်နေတာ၊ ပြန်မရောက်သေးဘူးကွယ့်"

"ကျွန်တော်တို့က မိတ်ဟောင်းဆွေဟောင်းတွေပါ။ အရေးကြီးတဲ့ ကိစ္စလေး ပြောစရာ ရှိလို့ပါ။ တွေ့ပါရစေဗျာ"

"အမေ့သားက အိမ်မှာမရှိဘူးကွယ့်၊ မှာစရာရှိရင် မှာထားခဲ့လေ။ သူ ပြန်လာမှ တွေ့ရင်လည်း ရတာပဲ"

"ဒါဖြင့် ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

အဘွားအိုကို နှုတ်ဆက်ကာ လီကွေ့ထံသို့ ပြန်လာခဲ့၏။

"ငါ ဒီနေ့တော့ မင်းကို သုံးရတော့မှာပဲ။ သူ့အမေ ပြောတော့ အိမ်မှာ မရှိဘူးတဲ့၊ အိမ်ထဲဝင်ပြီ ဝင်ပြီး သူနဲ့တွေ့ချင်တယ်လို့ သွားပြော။ မရှိဘူးဆိုရင် ပစ္စည်းတွေ လျှောက်ရိုက်ခွဲ ပေတော့၊ အမေကြီးကိုတော့ ဘာမှမလုပ်နဲ့။ ငါက ဝင်လာပြီး မင်းကို တားမယ်"

လီကွေ့က အထုပ်ထဲမှ ပုဆိန်များကို ထုတ်၍ ခါးစည်းတွင် ထိုးလိုက်ပြီး ဝင်းတံခါးဝမှ ဝင်သွားလေ၏။ အိမ်ရှေ့တွင် လီကွေ့က အော်၏။

"ဗျို့၊ လူတွေ မရှိကြဘူးလား"

"ဟဲ့၊ ဘယ်သူလဲဟဲ့" အဘွားအိုက ထွက်လာရင်း ပြန်အော်၏။ လီကွေ့က သူ့ကို စူးစူး ရဲရဲကြည့်နေသည်ကို တွေ့ရသဖြင့် ကြောက်လန့်လာ၏။

"ဘာကိစ္စရှိသလဲ မောင်ရင်"

“ကျုပ်က လျှံရှုန်းတောင်ရိုးက လေပွေနက်ပဲ။ ကျုပ်ကို ကုန်ဆွန်ရှုန်းကို အဖိတ်ခိုင်း လိုက်လို့။ ထွက်ခဲ့လို့ သွားပြောစမ်းပါ။ ဒါမှ လူချင်းတွေ့ရမှာပေါ့။ သူက အတွေ့မခံရင် ဒီ သောက်တဲကို ပြာကျအောင် မီးတိုက်ပစ်မယ်။ အခု ထွက်ခဲ့”

“ဒီလိုမလုပ်ပါနဲ့ မောင်ရင်လေးရယ်။ ဒါက ကုန်ဆွန်ရှုန်းရဲ့ အိမ် မဟုတ်ပါဘူး။ အမေ့ သားက ရှင်ဝိသုဒ္ဓိပါ”

“ထွက်လာဖို့ပဲ ပြောလိုက်စမ်းပါ။ သူ့သောက်ခွက်ကို တွေ့ရင် သိပါတယ်ဗျ”

“သူက ခရီးထွက်နေတယ်။ ပြန်မရောက်သေးဘူး”

လီကွေ့က ပုဆိန်ကို ထုတ်ကာ အိမ်နံရံကို ရိုက်ချလိုက်၏။ အဘွားအိုက ရှေ့ကိုတိုးကာ တားလိုက်၏။

“ခင်ဗျားသားကို ခေါ်မပေးရင် ကျုပ် သတ်လိုက်မယ်” ဟုဆိုကာ ပုဆိန်ကြီးကို မြှောက် လိုက်၏။

အဘွားအိုမှာ ကြောက်လွန်းသဖြင့် မြေပေါ်သို့ လဲကျသွားလေ၏။ ကုန်ဆွန်ရှုန်းလည်း ပြေးထွက်လာ၏။

“မိုက်ရိုင်းလှချေလား”

တပြိုင်တည်းပင် ထိုက်ချုံကလည်း လှမ်းအော်၏။

“ဟေ့ သံဂေါဏ၊ ဘာလို့ အမေကြီးကို ခြောက်လိုက်ရတာလဲ”

အဘွားအိုထံသို့ သွားကာ ထူပေး၏။

လီကွေ့လည်း ပုဆိန်ကို ပစ်ချလိုက်ပြီး ကုန်ဆွန်ရှုန်းကို လေးစားစွာ အရိုအသေ ပြု၏။

“ကိုယ်တော်၊ တပည့်တော်ကို ခွင့်လွှတ်ပါ။ ကိုယ်တော့်ကို ခေါ်ထုတ်ဖို့ကလည်း ဒီတနည်းပဲ ရှိလို့ပါ”

ကုန်ဆွန်ရှုန်းက သူ့မိခင်ကို အိမ်ထဲသို့ တွဲခေါ်သွား၏။ ထိုနောက် ပြန်ထွက်လာကာ ဧည့်သည်နှစ်ယောက်ကို အိမ်ထဲသို့ ခေါ်ကာ ထိုင်စရာပေး၏။

“ဒကာကြီးတို့ ကျုပ်ကို ရှာတွေ့တာ ကံကောင်းတယ်မှတ်”

“ကိုယ်တော် တောင်ရိုးပေါ်က ထွက်သွားတော့ တပည့်တော် ကျီစုမှာ လိုက်ရှာသေး တယ်။ ဒါပေမဲ့ မတွေ့ဘူး။ ဒါနဲ့ပဲ ညီနောင်တွေကို စုစည်းပြီး

တောင်ရိုးပေါ်ကို ပြန်ခဲ့ရတယ်။

ခုလောလောဆယ် ကောက်ထန်မှာ သခင်ကျဲ့ကိုကယ်ဖို့ နောင်ကြီးစုန်ကျန့် ရောက်နေတယ်။ ဒါပေမဲ့ တပည့်တော်တို့ဘက်က ရှုံးတာ နှစ်ကြိမ်တောင်ရှိပြီ။ အဲဒီက မြို့ဝန်ကောက်လျံက မှော်အတတ်ကို တတ်တယ်ဗျ။ ဒီတော့ ကိုယ်တော့်ဆီမှာ အကူအညီတောင်းဖို့ တပည့်တော် တို့ကို လွှတ်လိုက်တယ်။ ကျီစုမှာ ကိုယ်တော့်ကို ရှာလိုက်တာ နှံ့နေပေမယ့် မတွေ့ရဘူး။ ကံကောင်းလို့ ခေါက်ဆွဲဆိုင်တဆိုင်မှာ အဘိုးအိုတယောက်နဲ့ သွားတွေ့ပြီး သူက လမ်းညွှန် လိုက်လို့ ရောက်လာတာပါ။ ရွာသူမလေးတယောက်က ကိုယ်တော် ရှိတယ်၊ ဟင်္သာပြဒါး တွေ သန့်စင်နေတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ မယ်တော်ကြီးကတော့ ကိုယ်တော်မရှိဘူးပဲ ပြောနေတယ်။ ဒီတော့ ကိုယ်တော် ထွက်လာအောင် ဒီလိုလုပ်လိုက်ရတာပါ။ ဒီနည်းက ရိုင်းရာ ကျသွားလို့ ကိုယ်တော့်ကို တောင်းပန်ပါတယ်။ ဒါပေမဲ့ နောင်ကြီးစုန်ကျန့်က ကောက်ထန်မှာ ခံစားနေရတာက တရက်ကို တနှစ်လောက် ကြာသလို ထင်နေပြီ။ ဒီတော့ တပည့်တော်တို့နဲ့ လိုက်ပြီး ကိုယ်တော်ရဲ့ စိတ်ခါတ် မြင့်မြတ်ပုံကို ပြဖို့ တိုက်တွန်းပါရ စေဗျာ”

“ကျုပ်က ငယ်ငယ်ကတည်းက လေလွင့်နေတာဆိုတော့ ရဲရင့်သူတွေ အများကြီးနဲ့ မိတ်ဆွေ ဖြစ်ခဲ့ပါတယ်။ လျှံရှန်းကနေ ပြန်ပြီး အိမ်ကိုရောက်နေပေမယ့် ဒကာကြီးတို့ကို မမေ့ပါဘူးဗျာ။ ဒါပေမဲ့ အမေက အိုပြီဗျ။ ကြည့်ရှုစောင့်ရှောက်မယ့်သူလည်း မရှိဘူး။ ဆရာတော်လျိုကလည်း ကျုပ်ကို သူ့အနားမှာပဲ နေစေချင်တယ်။ လျှံရှန်းတောင်က လူလွှတ်ပြီး ရှာမှာစိုးလို့ ကျုပ်လည်း ဘွဲ့နာမည်ကို ပြောင်းပြီး ဒီမှာ ခိုနေရတာပေါ့ဗျာ”

“နောင်ကြီးစုန်ကျန့် ဒုက္ခရောက်နေပြီဗျ။ သနားပါဦး။ ကိုယ်တော် လိုက်မှဖြစ်မယ်”

“ကျုပ်အမေကို ကြည့်မယ့်သူ မရှိဘူးဗျ။ ဆရာတော်ကလည်း လွှတ်မှာ မဟုတ်ဘူး။ ဒါကိုတော့ မေးစရာတောင် မလိုဘူး”

ထိုက်ချုံက ဒူးထောက်ကန်တော့ကာ တောင်းပန်၏။ ကုန်ဆွန်ရှန်းလည်း ထရပ် လိုက်ကာ “ဒီကိစ္စ နောက်မှ ပြောကြတာပေါ့ဗျာ” ဟု ဆို၏။

ထိုနောက် ဧည့်သည်တို့ကို စိမ်ရည်နှင့် အသီးအရွက် ဟင်းလျာများကို တည်ခင်း၏။ တိတ်ဆိတ်သော အခန်းလေးထဲတွင် သုံးယောက်သား စားနေကြ၏။

“ကိုယ်တော်က ငြင်းရင်တော့ နောင်ကြီးစုန်ကျန့်တော့ ကောက်လျံအဖမ်းကို ခံရတော့မှာပဲ။ တပည့်တော်တို့ တောင်ရိုးစခန်းလည်း နိဂုံးချုပ်တော့မှာပဲ”

“ဆရာတော်ကို လျှောက်ပါဦးမယ်ဗျာ၊ သူ သဘောတူရင် လိုက်ခဲ့ပါ့မယ်”

“ခုပဲ ဆရာတော်ဆီ သွားကြမယ်လေ”

“ဒီညတော့ ဒီမှာ နားလိုက်ပါဦး။ မနက်မိုးလင်းတာနဲ့ သွားကြတာပေါ့”

“နောင်ကြီးစုန်ကျန့် အနေအထားကတော့ တရက်ကို တနှစ် ထင်နေရပြီဗျ၊ ခုပဲ သွားကြရအောင်လားဗျာ”

ကုန်ဆွန်ရှန်းလည်း သူတို့နှစ်ယောက်ကို နတ်သမီးညီအစ်မတောင်သို့ သွားသည့်လမ်းအတိုင်း ခေါ်လာခဲ့၏။ ဆောင်းဦးရာသီ ကုန်ပြီဖြစ်၍ ဆောင်းရာသီသို့ စဝင်နေပေပြီ။ နေ့တာတို၍ ညတာ ရှည်လာသောကြောင့် မိုးချုပ်စော၏။ သူတို့ တောင်ခုလတ်သို့ ရောက် သော် နေလုံးနီနီမှာ အနောက်အရပ်တွင် ဝင်သွားလေပြီ။ ထင်းရှူးတောအုပ် မလင်းမကျင်း ထဲတွင် ခြေသွားလမ်းအတိုင်း လိုက်လာခဲ့ကြ၏။ ကျောင်းဝင်းတံခါးပေါ်ရှိ ဟင်္သာပြဒါး ရောင် ဆိုင်းဘုတ်ကြီးတွင်ကား “လွတ်မြောက်ရာ ကျောင်းတော်” ဟု ရေးသားထား၏။ သုံးယောက်သားလည်း အဝတ်အစားများကို စန့်စန့်ရန့်ရန့်ဖြစ်အောင် ပြုပြင်လိုက် ကြပြီး စောင်းတန်းကလေးအတိုင်း လိုက်လာရာ “ထင်းရှူးပင်နှင့် ကြိုးကြာငှက်” အဆောင် သို့ ရောက်လာလေ၏။ ကိုရင်ကလေးနှစ်ယောက်က ဆရာတော်အား သူတို့ရောက်လာ ကြောင်း သွားလျှောက်ပေး၏။ ဆရာတော်က ဝင်ခွင့်ပြုသဖြင့် ဝင်သွားကြ၏။ ဆရာတော် လျှိုမှာ ဘုရားဝတ်ပြုပြီးပြီ ဖြစ်၍ တိမ်လိပ်များ ရေးဆွဲထားသော သံဃာစင်ပေါ်တွင် ထိုင် နေ၏။ ကုန်ဆွန်ရှန်းက အရင် ရှေ့သို့ သွားကာ ကန်တော့လိုက်ပြီး ခါးကို ရိုရိုသေသေ ညွတ်လျက် ရပ်စောင့်နေလေ၏။ ထိုက်ချုံကလည်း အလျင်အမြန် ကန်တော့လိုက်၏။ လီကွေ့ကမူ အကြောင်းသား ရပ်ကြည့်နေလေ၏။

“ဒီ ဒကာနှစ်ယောက်က ဘယ်သူတွေလဲကွယ့်”

“တပည့်တော် လျှောက်ဖူးတဲ့ အရင်တုန်းက ညီနောင်တွေပါ ဘုရား။ သူတို့က ရှန် တောင်နယ်က ရဲရင့်သူတွေပါ ဆရာတော်။ ကောက်ထန်မြို့ဝန် ကောက်လျံက မှော်ပညာ တွေကို သုံးနေတယ်တဲ့ ဘုရား။ ဒါကြောင့် ဒကာကြီးစုန်ကျန့်က ဒီဒကာနှစ်ယောက်ကို လွှတ်ပြီး တပည့်တော်ဆီက အကူအညီ တောင်းခိုင်းလိုက်တာပါ ဘုရား။ တပည့်တော် တဦးတည်းသဘောနဲ့ မဆုံးဖြတ်ဝံ့လို့ ဆရာတော့်ဆီက ခွင့်ပြုချက်ကို လာတောင်းတာပါ ဘုရား”

“ကိုယ်တော်က မီးအမျိုးမျိုးတောက်နေတဲ့ လူဘောင်က ထွက်လာပြီး ထာဝရအသက် ရှင်မည့်နည်းကိုလည်း သိနေပြီပဲ။ ဘာလို့ ပြန်သွားချင်ရတာလဲ”

ထိုက်ချုံလည်း ထပ်၍ ကန်တော့လိုက်ပြီး "ကိုယ်တော် ကုန်ဆွန်ရှုန်းကို တပည့်တော် တို့နှင့် လိုက်ခွင့်ပြုပါ ဘုရား။ ကောက်လျှံကို နှိမ်နင်းပြီးရင် တပည့်တော်တို့ ပြန်ပို့ပေးပါ့မယ် ဘုရား"

"ဒကာတို့ နားမလည်ပါဘူး။ ဒီ လောကီကိစ္စတွေက ဆရာတော်တို့နဲ့ မဆိုင်ဘူး။ သွားကြပါကွယ်။ တခြားနည်းပဲ ကြံကြပါ"

ကုန်ဆွန်ရှုန်းလည်း မတတ်သာတော့သဖြင့် သူတို့ကို ပြန်ခေါ်ခဲ့ကာ တောင်ပေါ်မှ ညတွင်းချင်း ပြန်ဆင်းလာခဲ့ကြ၏။

"ဟို ဘုန်းကြီးအိုကြီးက ဘာတွေ ပြောလိုက်သလဲ"လီကွေ့က လမ်းတွင် မေး၏။

"မင်း ဘာလို့ နားမထောင်လိုက်တာလဲ"

"သူပြောတာတွေက မပွင့်တပွင့်နဲ့ နားမလည်လိုက်ဘူး"

"ကိုယ်တော်ကုန်ဆွန်ရှုန်းကို မသွားရဘူးတဲ့"

"ဒီလောက် လာခဲ့ကြပြီးမှဗျာ။ ကျုပ်လည်း တော်တော် အပင်ပန်းခံခဲ့ပြီးမှ ကိုယ်တော့် ကို ရှာတွေ့ရတာကို။ ဒီသူခိုးအိုကြီးတော့ ကျုပ်ကို စိတ်ဆိုးအောင် မလုပ်ရင်ကောင်းမယ်၊ နို့မို့ကတော့ သူ့ဒေါက်ချာကို ရိုက်ခွဲမယ်။ သူ့ကို ခါးက ဆွဲပြီး တောင်အောက်ကို ပစ်ချလိုက် မိတော့မယ်"ဟု လီကွေ့က အော်၏။

ထိုက်ချုံက "မင်းက ဘာလဲ။ နေရာက ရွေ့လို့မရဘဲ ရပ်နေချင်ပြန်ပြီလား"

"မဟုတ်ပါဘူး။ မဟုတ်ရပါဘူးဗျာ။ ကျုပ်က နောက်တာပါ"

အိမ်ပြန်ရောက်သောအခါ ကုန်ဆွန်ရှုန်းက ထမင်းပြင်၍ ကျွေး၏။ သို့သော် လီကွေ့မှာ တလုတ်မှ မစားဘဲ ငူငူကြီးထိုင်ကာ တွေးနေ၏။

"ဒီညတော့ နားလိုက်ကြပေတော့။ မနက်ဖြန်ကျမှပဲ ဆရာတော်ကို ထပ်တောင်းပန် ဦးမယ်။ သူ သဘောတူရင် ဒကာတို့နဲ့ လိုက်ခဲ့မယ်"

ထိုက်ချုံလည်း နှုတ်ဆက်ကာ သူ့အထုပ်ကို နေရာတကျထားပြီး လီကွေ့နှင့်အတူ အခန်းထဲသို့ဝင်ကာ အိပ်၏။ သို့သော် လေပွေနက်မှာ အိပ်၍မရပေ။ အရုဏ်တက်အထိလှဲနေပြီးမှ အသာထကာ ထိုက်ချုံ ရှိသည့်ဘက်သို့ နားစွင့်၏။ ထိုက်ချုံကား တရှူးရှူးနှင့် အိပ်၍ ကောင်းနေ၏။

လီကွေ့က စိတ်ထဲမှ ပြောနေ၏။

"ကိုယ်တော်က သောက်ကြောက်ကြီးလား။ ဟိုအဘိုးကြီးကတော့ အရူးပဲ။ ကိုယ်တော်က ကျုပ်တို့အဖွဲ့ဝင်ပဲဟာ။ ဘာကိစ္စနဲ့ ဟိုအဘိုးကြီးဆီက ခွင့်တောင်းရမှာလဲ။ သူ သဘောမတူတော့ကော နောင်ကြီးစုန်ကျုန့် ဒုက္ခရောက်ရရောလား။ ဒါကိုတော့ မခံ နိုင်ဘူး။ အဲဒီ အဘိုးကြီးကို သတ်မယ်။ ဒါမှ ကိုယ်တော်လည်း ခွင့်တောင်းစရာ လူမရှိတော့ လို့ ကျုပ်တို့နဲ့လိုက်ခဲ့မှာ"

လီကွေ့က သူ့ပုဆိန်ကြီးများကိုယူကာ အိမ်တံခါးကို ဖွင့်ပြီး လရောင်ထဲတွင် တလှမ်း ချင်း တောင်ပေါ်သို့ တက်လေ၏။ ကျောင်းဝင်း၏ တံခါးနှစ်ထပ်လုံးကို မင်းတုပ်ချထားသော် လည်း ခြံစည်းရိုးမှာ မမြင့်လှသဖြင့် လွတ်လွတ်ကျွတ်ကျွတ်ပင် ခုန်၍ ဝင်လိုက်နိုင်ပေ၏၊ ပြန်ထွက်လျှင် အဆင်သင့်ဖြစ်စေရန် တံခါးများကို မင်းတုပ်ဖြုတ်ထားလိုက်ပြီး ဆရာတော် ၏ အဆောင်သို့ လာခဲ့၏။ အခန်းအတွင်းမှ တယောက်ယောက် ရွတ်ဖတ်နေသံကို ကြားရ သဖြင့် ပြတင်းအနီးသို့ လေးဖက်ထောက်ကာ တက်ခဲ့ပြီး ပြတင်းတံခါးရွက်တွင် ကပ်ထား သော စက္ကူကို လက်ဖြင့် အသာထိုးဖောက်ကာ ချောင်းကြည့်လိုက်၏။ ဆရာတော်လျှိုကား တယောက်တည်း ထိုင်နေ၏။ သူရှေ့ရှိ စားပွဲလေးမှ မီးခိုးတလူလူ ထနေသော ဖယောင်း တိုင်နှစ်တိုင်၏ အလင်းရောင်ကြောင့် လင်းထိန်နေ၏။

"ဒီ တာအိုဘုန်းကြီးအိုကြီးက သေတာပဲ ကောင်းတယ်"

တံခါးအနီးသို့ ချွတ်နင်း သွားကာ တချက်တည်းဖြင့် ဆောင့်၍ ဖွင့်လိုက်ပြီး အခန်း တွင်းသို့ အပြေးဝင်ကာ တာအိုဘုန်းကြီး၏ နဖူးကို ပုဆိန်ကြီးများနှင့် ခုတ်ချလိုက်၏။ ဆရာတော်လျှိုမှာ ပုံလျက်သား လဲကျသွားလေ၏။ သူ့ကိုယ်မှလည်း အဖြူရောင်သွေးများ စီးဆင်းလာလေရာ လီကွေ့က ရယ်၏။

"ကေန္တ၊ ဒီဘုန်းကြီးက ငယ်ဖြူပဲ ဖြစ်ရမယ်။ သွေးက တစက်မှ မနီဘူး" သူ့လက်ရာကို အသေအချာ ကပ်ကြည့်၏။ ဒေါက်ချာထိပ်မှ လည်ပင်းအထိ ဟက်တက်ကွဲနေ၏။

"ကဲ၊ ပြဿနာကောင်ကိုတော့ ရှင်းလိုက်ပြီ" ဟု လေပွေနက်က ကျေနပ်လျက် ရှိလေ၏။

"ကိုယ်တော်ကုန်ဆွန်ရှန်း မလိုက်မှာကို ပူစရာမလိုတော့ဘူး"

အလျင်အမြန် ပြန်ထွက်ခဲ့ရာ စောင်းတန်းထဲ၌ ကိုရင်လေးတပါးက ဆီး၍ တား၏။

"ခင်ဗျား ဆရာတော်ကို သတ်တယ်၊ လွတ်မယ် ထင်သလား"

"လူယုတ်မာလေး။ ငါ့ပုဆိန်ကို မြည်းကြည့်စမ်း"

လီကွေ့က အော်ပြီး ခုတ်လိုက်ရာ ကိုရင်လေး၏ ခေါင်းပြတ်မှာ လိမ့်၍ ဆင်းသွား လေ၏။ လီကွေ့က ရယ်လိုက်၏။

“ငါ သွားမှ ကောင်းမယ်”

ကျောင်းတံခါးမှထွက်ကာ တောင်အောက်သို့ ခုန်ပျံကာ ဆင်းပြေးခဲ့၏။ ကုန်ဆွန်ရှန်း ၏ အိမ်သို့ ပြန်ရောက်သောအခါ အိမ်ထဲသို့ အသာဝင်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။ ခဏ ရပ်ကာ အသံကို နားထောင်၏။ ထိုက်ချုံကား အိပ်နေဆဲဖြစ်၏။ လီကွေ့လည်း အိပ်ရာထဲသို့ ပြန်ဝင်ကာ အိပ်လိုက်လေ၏။

ကုန်ဆွန်ရှန်းက နံနက်လင်းသောအခါ ထမင်းပွဲပြင်ပြီး သူနှင့် ထိုက်ချုံတို့ စားကြ၏။

“တပည့်တော်တို့ကို တောင်ပေါ်လိုက်ပို့ပါ ဘုရား။ ဆရာတော်ကို ထပ်တောင်းပန်ကြရအောင်”ဟု ထိုက်ချုံကဆိုရာ လီကွေ့က မရယ်မိအောင် နှုတ်ခမ်းကို ကိုက်ထားလိုက်၏။

ထိုနောက် သုံးယောက်သားသည် ယခင်လမ်းအတိုင်း တောင်ကိုတက်ခဲ့ကြ၏။ ဆရာ တော်၏အဆောင်တွင် ကိုရင်ငယ်နှစ်ပါးနှင့် တွေ့ရ၏။

“ဆရာတော် ရှိသလား”

“ရှိပါတယ်။ တရားထိုင်နေပါတယ်”

လီကွေ့လည်း အံ့အားသင့်သွားလေ၏။ လူများ မရိပ်မိစေရန် လျှာကို အာခေါင်နှင့် ထောက်ထားရာ အတန်ပင်ကြာသွားသဖြင့် ပြန်ခွာ၍ မရအောင် ရှိလေ၏။ တံခါးကိုဖွင့်၍ ဝင်သွားရာတွင် သံဃာစင်ပေါ်တွင် ထိုင်နေသော ဆရာတော်လျှိုကို တွေ့ရလေ၏။

'ငါ ညက လူများ မှားသတ်မိသလား”ဟု လီကွေ့က စဉ်းစား၏။

“ကိုယ်တော်တို့သုံးယောက် ဘာကိစ္စနဲ့ လာကြပြန်တာလဲ”

“တပည့်တော်တို့နဲ့အတူ ကုန်ဆွန်ရှန်းကိုယ်တော်ကို ထည့်လိုက်ပြီး လူတွေကို ဒုက္ခ ဘေးက ကယ်တင်ပေးဖို့ တောင်းပန်ချင်လို့ပါ”ဟု ထိုက်ချုံက ဖြေ၏။

“ဒီလူမည်းကြီးက ဘယ်သူလဲ”

“တပည့်တော်တို့ ညီနောင်တဦးပါ ဘုရား။ လီကွေ့လို့ ခေါ်ပါတယ်”

ဆရာတော် လျိုကု ရယ်လိုက်ပြီး-

“ကျုပ်က ကုန်ဆွန်ရှန်းကို ထည့်မပေးလိုက်ဖို့ စဉ်းစားထားတာ။ ခုတော့ ဒီ ဒကာ လူမည်းကြီးကို အားနာလို့ ဒီတခေါက်တော့ ထည့်ပေးလိုက်မယ်”

ထိုက်ချုံက ကန်တော့၏။ ထိုနောက် လေပွေနက်အား ထိုအကြောင်းကို ပြောပြ၏။

“သူ့ကို ငါ သတ်ချင်မှန်းသိရဲ့သားနဲ့ ဘာလို့ ဒီလိုပြောရတာလဲ”ဟု လီကွေ့က စဉ်းစား၏။ “ကျုပ် ကိုယ်တော်တို့ သုံးယောက်စလုံးကို ကောက်ထန်ကို ခုပဲ ပို့လိုက်မယ်။ ဘယ်လို သဘောရကြလဲ”

ကျေးဇူးတင်ကြောင်း ပြောလိုက်ရင်း ထိုက်ချုံက စဉ်းစား၏။ “ဒီ ဆရာတော်ကြီး ကတော့ ငါ့ နတ်ခြေမြန်ထက် အများကြီး ပိုစွမ်းလိမ့်မယ်”

ဆရာတော်လျိုကု ကိုရင်များကို ပဝါသုံးထည် ယူခဲ့ရန် ပြောလိုက်၏။

“ဆရာတော်ဘုရား၊ တပည့်တော်တို့ကို ဘယ်လိုများ ကောက်ထန်ကို ပို့မှာလဲ ဘုရား။ ရှင်းပြပါဦး”

“လာ လိုက်ခဲ့ကြ”ဟု ဆရာတော်က ပြောကာ ခေါ်သွား၏။ ကမ်းပါးပြတ်တခုထိပ်သို့ ရောက်သွားရာ ပဝါအနီတထည် မြေပြင်တွင် ခင်းထားထားသည်ကို တွေ့ရ၏။

“ရှင်ဝိသုဒ္ဓိ၊ အဲဒီ ပဝါပေါ်တက်ရပ်လိုက်”

ကုန်ဆွန်ရှန်းက ပဝါပေါ်တွင် ခြေထောက်နှစ်ဖက်စလုံးကို တင်၍ ရပ်လိုက်၏။ သူ့ လက်ကို ဝှေ့ကာ မြှောက်လိုက်ပြီး “တက်”ဟု ဆရာတော်က အော်လိုက်၏။

ပဝါသည် တိမ်ထုအနီအဖြစ်သို့ ပြောင်းသွားပြီး ကုန်ဆွန်ရှန်းကို မကာ လေထဲတွင် တောင်ထိပ်အထက် အလံလေးဆယ်ခန့် အမြင့်ထိ တက်သွားလေ၏။

“ရပ်”ဟု ဆရာတော်က အော်လိုက်ရာ တိမ်ထုအနီသည်လည်း လေထဲတွင် တန့်နေ လေ၏။

တဖန် ပဝါအပြာတထည်ကို ခင်းကာ ထိုက်ချုံကို တက်ရပ်ခိုင်း၏။ ဆရာတော်က “တက်” ဟု ဆိုလိုက်ပြန်ရာ၊ အပြာရောင်တိမ်ထုအဖြစ်သို့

ပြောင်းလဲသွားပြီး ထိုး၍ တက်သွားရာ အနီရောင်တိမ်ထုအနီးသို့ ရောက်သွား၏။ ဖျာကြီးတချပ်ခန့် အရွယ်ရှိသော တိမ်ထုနှစ်ခုမှာ ချာချာလည်လျက် ရှိကြ၏။ လီကွေ့ကား ပါးစပ်အဟောင်းသားဖြင့် မော် ကြည့်နေလေ၏။

ထိုနောက် ဆရာတော်က ပဝါအဖြူရောင်တထည်ကို ခင်းကာ လီကွေ့ကို တက်ရပ် ခိုင်း၏။

"ဒီလို မနောက်နဲ့ဗျာ။ လူတယောက်ဟာ ဒီအမြင့်လောက်ကနေ ပြုတ်ကျရင် ခေါင်း ပြားသွားမှာဗျ"

"အရင်လူနှစ်ယောက်ကို မြင်တယ် မဟုတ်လား"

လီကွေ့လည်း တက်ရပ်လိုက်ရ၏။ ဆရာတော်က "တက်"ဟု ဆိုလိုက်သဖြင့် အဖြူ ရောင်တိမ်ထုအဖြစ်သို့ ပြောင်းကာ စ၍ ပျံတက်လေ၏။

"အမယ်လေးဗျ။ ကျုပ်တိမ်က မငြိမ်ဘူးဗျ။ ပြန်ဆင်းမယ်"

ဆရာတော်လျှိုက လက်ဖှော့လိုက်ရာ တိမ်ထုအနီနှင့် အပြာတို့လည်း ချောချောမောမော မြေပြင်သို့ ပြန်ဆင်းလာလေ၏။ ထိုက်ချုံက ကန်တော့လိုက်ပြီး ဆရာတော်၏ ညာဘက်တွင် ရပ်၏။ ကုန်ဆွန်ရှန်းက ဘယ်ဘက်တွင် ရပ်လေ၏။ ကောင်းကင်ပေါ်တွင်မူ လီကွေ့က အော်၍ကောင်းတုန်း ဖြစ်၏။

"ကျုပ်လည်း သူများတွေလို သေးပေါက် ချေးယို လုပ်စရာရှိတယ်ဗျ။ အောက်ကို ချမပေးရင် ခင်ဗျားခေါင်းပေါ် ပါချလိုက်မယ်"

"ကျုပ်က ရုပ်လောကကို ပယ်ထားပြီးတဲ့သူပါ။ ဒကာကိုလည်း ဘာမှအန္တရာယ် မပြုခဲ့ ပါဘူး။ ဘာလို့ ညက ခိုးဝင်လာပြီး ကျုပ်ကို ပုဆိန်နဲ့ ခုတ်ရတာလဲ။ ကျုပ်မှာသာ အစွမ်းသတ္တိတွေ မရှိရင် ဒကာ သတ်လို့ သေလောက်ပြီ။ ဒကာက ကိုရင်လေးကိုလည်း သတ်ခဲ့တယ်"

"ကျုပ် မဟုတ်ပါဘူး။ ခင်ဗျား လူမှားနေတာပါ" ဆရာတော်ကြီးက ရယ်လိုက်၏။

"တကယ်တော့ ဒကာ ခုတ်ဖြတ်ခဲ့တာတွေက ဘူးသီးခြောက်တွေပါ။ ဒါပေမဲ့ ဒကာ က စေတနာယုတ်နဲ့ လုပ်တာဖြစ်တော့ နည်းနည်းတော့ ခံစားရလိမ့်မယ်။ ကဲ၊ သွား"

ဆရာတော်ကြီးက လက်ကို ဖှော့လိုက်ရာ လေပြင်းတချက် တိုက်လိုက်ပြီး လီကွေ့ကို တိမ်များ ဖုံးသွားလေ၏။ နန်းသုံး တော်ဝင်အရောင်ဖြစ်သည့်

အဝါရောင်ပဝါများကို ခေါင်း တွင်စည်းထားသော နတ်စစ်သည်နှစ်ဦးက လီကွေ့ကို စောင့်ကြပ်နေ၏။ နားထဲတွင်လည်း လေသံမိုးသံများ တဝေါဝေါနှင့် ကြားနေရ၏။ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဖြတ်သန်းခဲ့သော အိမ်များ၊ သစ်ပင်များ နောက်ပြန်လဲကုန်ကြသည် ကို မြင်ရ၏။ သူ့ခြေထောက်များ ကလည်း တိမ်နှင့် မြူတို့က တွန်းတိုးနေကြသည်ကို ခံစားရ၏။

အဘယ်မျှ ခရီးရောက်ခဲ့ပြီကိုလည်း မသိနိုင်။ ကြောက်လှသဖြင့် ဘာမျှလည်း ကြံ၍ မရနိုင်ဘဲ တကိုယ်လုံး တုန်တုန်ရီရီ ဖြစ်နေ၏။ ထိုစဉ် တခုခု ဆွဲခြစ်လိုက်သည်ကို ကြား လိုက်ရပြီး သူသည်လည်း ကျီစုရုံးတော်၏ ပင်မဆောင်အမိုးပေါ်မှ လိမ့်ဆင်းနေကြောင်းကို တွေ့လိုက်ရ၏။

ကျီစုရုံးမင်း မာရှိဟုန်သည် ရုံးထိုင်လျက်ရှိ၏။ ရုံးတော်၏အပြင်တွင်လည်း ရဲများ အမှုထမ်း များ များစွာ ရှိနေကြ၏။ မိုးပေါ်မှ လူမည်းကြီးတယောက် ကျလာသည်ကို တွေ့ရသဖြင့် သူတို့လည်း လန့်ဖျပ်ကုန်လေ၏။ “အဲဒီကောင်ကို ခေါ်ခဲ့”ဟု မာရှိဟုန်က အမိန့်ပေးသဖြင့် ထောင်စောင့်များက လီကွေ့ကို ရုံးမင်းရှေ့သို့ အတင်းတွန်းထိုးကာ ခေါ်လာခဲ့ကြ၏။

“ဘယ်က လာတာလဲကွ။ ဘာလို့ မိုးပေါ်က ကျလာတာလဲ”

ပြုတ်ကျရာတွင် နဖူးကွဲကာ မူးနောက်သွားသဖြင့် လီကွေ့လည်း ဘာမျှ ပြန်မပြော နိုင်ပေ။

“ဒီကောင်က စုန်းပဲ ဖြစ်ရမယ်” ဟု မာရှိဟုန်က ဆိုကာ အပြစ်ဒဏ်ပေးရာတွင် သုံးရမည့် ပစ္စည်းများကို ယူခိုင်းလိုက်၏။

အစောင့်များက လီကွေ့ကို ကြိုးဖြင့်တုပ်ကာ ရုံးရှေ့ရှိ မြက်တောထဲသို့ ဆွဲခေါ်သွား၏။ တပ်ဗိုလ်တယောက်က ခွေး၏ သွေးများကို သူ့ခေါင်းပေါ်သို့ လောင်းချ၏။ နောက် တယောက်ကလည်း ချေးများ၊ သေးများကို ပုံးနှင့်သယ်လာကာ ခေါင်းအဆုံး ခြေအဆုံး လောင်းချ၏။ လီကွေ့၏ ပါးစပ်နှင့် နားတို့သည်လည်း ဤအညစ်အကြေးများဖြင့် ဆို့ပိတ် ကုန်၏။

“ကျုပ် စုန်း မဟုတ်ဘူး။ ဆရာတော်လျိုရဲ့ တပည့်” ဟု လီကွေ့က ပါးစပ်ဖြဲကာ အော်၏။

ကျီစုရှိ လူတိုင်းက ဆရာတော်လျိုကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟု ယူဆကြ၏။ ထိုကြောင့် လီကွေ့ကို ထပ်၍ ဒုက္ခမပေးရဲတော့ပေ။ သူ့ကို ရုံးမင်းရှေ့သို့ တွန်းထိုးကာ ခေါ်လာကြ၏။

“ဆရာတော်လျိုက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ပဲ။ အစွမ်းသတ္တိတွေလည်း

ရှိတယ်။ သူက ဆရာတော့်တပည့် ဆိုရင် သူ့ကို အပြစ်ပေးလို့ မတော်ဘူး”

ရုံးမင်းက ရယ်လိုက်၏။

“ငါက ရှေးရာဇဝင်ရော ခေတ်ရာဇဝင်ရော ကျမ်းကျေခဲ့တဲ့ လူပါကွ။ ဒီလိုတပည့်မျိုး ရှိတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ရယ်လို့ ကြားတောင် မကြားဖူးဘူး။ ဒီကောင်က စုန်းပါကွ၊ ပေ့ အစောင့်တွေ၊ ကောင်းကောင်း ဆုံးမလိုက်ကြစမ်း”

အစောင့်များလည်း မတတ်သာတော့သဖြင့် လီကွေ့ကို မှောက်ကာ သေလုနီးပါးထိရိုက်ကြ၏။

“ဟေ့ကောင်၊ ဝန်ခံစမ်း။ မင်း စုန်း မဟုတ်လား။ ပြောစမ်း ဒါမှ ရပ်မယ်”

လီကွေ့လည်း မတတ်သာတော့သဖြင့် သူသည် စုန်းဒုတိယလီ ဖြစ်ကြောင်း ဝန်ခံရ လေတော့၏။ ထိုကြောင့် သူ့လည်ပင်းတွင် ရောမလည်ထောက်ကြီးကို တပ်ဆင်ပေးကာ ထောင်ထဲသို့ ထည့်လိုက်လေ၏။ သူ့ကို သေမိန့်သေဒဏ်ကျသူများထားသော အခန်းတွင် ထား၏။

“ငါက နတ်စစ်သည်ကွနော်။ ဘယ်ကောင်က လည်ထောက်ကြီး တပ်ထားတာလဲ၊ မင်းတို့ ကျီစုတမြို့လုံးကို ရှင်းပစ်မယ်”ဟု ကြုံး၍ ကြုံး၍ အော်၏။

ထောင်မှူး ထောင်စောင့်များ အားလုံးက ဆရာတော်လျိုကို အလွန်ကြည်ညိုကြ၏။

“ခင်ဗျားက ဘယ်သူများလဲဗျာ”

“ငါလား။ နတ်စစ်သူကြီးပေါ့ကွ။ ဆရာတော်လျိုရဲ့ တပည့်အရင်း ခေါက်ခေါက်။ သူ့ကို စိတ်ဆိုးအောင်လုပ်မိလို့ ငါ့ကို ဒဏ်ပေးမယ်ဆိုပြီး လွှင့်ပစ်ချလိုက်တာ။ ဒါပေမဲ့ နှစ်ရက် သုံးရက်နေရင် ငါ့ကို ပြန်ခေါ်တော့မှာ။ ငါ့ကို စိမ်ရည်တွေ၊ အသားတွေ မဆက်သရင်၊ မင်းတို့ရော မင်းတို့အိမ်သားတွေရော အကုန်သတ်ပစ်မယ်”

ထောင်မှူး၊ ထောင်စောင့်များလည်း ကြောက်လန့်သွားကြ၏။ စိမ်ရည်များ၊ အသား များကို ယူလာကာ လီကွေ့ကို ကျွေးမွေးကြ၏။ ထိုအခါ လီကွေ့လည်း ပို၍ ကြမ်းလာ၊ ပို၍ ဖြဲခြောက်လာလေ၏။ ရေနွေးများ ယူလာပေးကာ သူ့ကို ရေချိုးပေးကြ၏။ အဝတ်သန့်၊ အဝတ်ကောင်းများကို လဲလှယ်ပေးကြ၏။

“ငါ့ကို ကျွေးရာမွေးရာမှာ တွန့်တိုရင် ငါ ပျံထွက်သွားမယ်။ မင်းတို့လည်း ခံစားစေ ရမယ်”

ထိုကြောင့် ထောင်မှူး၊ ထောင်စောင့်များက အမိုက်အမဲများမို့ သည်းခံပါမည့် အကြောင်း တောင်းပန်တိုးလျှိုးကြ၏။ လီကွေ့ကား ကျီစုထောင်မှ ပျံထွက်သွားမည် မဟုတ် ဆိုသည်ကို ပြောဖို့ပင် လိုမည်မထင်ပေ။

ဤအကြောင်းတို့ကို ဆရာတော်လျိုက ထိုက်ချုံကို ပြောပြလေရာ လီကွေ့ကို ချမ်းသာ ပေးရန် ထိုက်ချုံက တောင်းပန်လေ၏။ ဆရာတော်က ထိုက်ချုံကို ဧည့်သည်အဖြစ် လက်ခံ ထားပြီး တောင်ရိုးခံတပ်၏ အခြေအနေ၊ လှုပ်ရှားမှု စသည်တို့ကို မေးမြန်းလေ၏။ ကျောက်ခဲနှင့် စုန်ကျန့်တို့သည် တော်တည့်မှန်ကန်ကြောင်း၊ ရက်ရောကြောင်း၊ ဧကရာဇ် မင်းကြီးကို သစ္စာရှိသည့် အရာရှိများ၊ စိတ်ဓာတ်မြင့်မြတ်သူများ၊ ဝတ္တရားကျေပွန်သော သားများ၊ သစ္စာရှိသော လင်ယောကျ်ားများ၊ မဖောက်ပြန်သော မယားများတို့ကို ဒုက္ခ မပေးကြောင်းဖြင့် ယင်းတို့၏ ဂုဏ်များကို ထုတ်ဖော်ပြောပြလေ၏။ ဆရာတော်လျိုလည်း များစွာ ကျေနပ်လျက်ရှိ၏။

ထိုက်ချုံသည် ကျောင်းတွင် တည်းနေသည့် ငါးရက်လုံးလုံးတွင် ဆရာတော်ကို ကန်တော့ကာ လီကွေ့ကို ကယ်ရန် မတောင်းပန်သော နေ့ ဟူ၍ မရှိ။

“ဒီလို လူတွေကိုတော့ မောင်းထုတ်ပစ်ရမယ်။ ဒကာကြီးနဲ့ ပြန်ခေါ်မသွားနဲ့”

ထိုက်ချုံက-

“ဆရာတော် မသိလို့ပါ ဘုရား။ လီကွေ့က ထုံထိုင်းတယ်။ ကျင့်ဝတ်တွေကိုလည်း မသိဘူး။ ဒါပေမဲ့ သူ့မှာ ကောင်းကွက်တွေ ရှိပါတယ် ဘုရား။ ပထမတချက်က သူဟာ လုံးဝ ရိုးသားဖြောင့်မတ်တယ်။ ဘယ်သူဆီကမှ ဘာမှ မတောင်းတတ်ဘူး။ ဒုတိယအချက်က လူ တွေကို သူက မမြှောက်တတ်ဘူး။ ဒါပေမဲ့ အသေခံပြီး သစ္စာစောင့်တယ်။ တတိယအချက် သူက ကာမ မသောင်းကျန်းဘူး။ လောဘမကြီးဘူး။ မဖောက်ပြန်ဘူး။ ဒါပေမဲ့ သတ္တိရှိတယ်၊ ရဲရင့်တယ်။ ဒါတွေကြောင့်လဲ နော်ကြီး စုန်ကျန့်က သူ့ကို ချစ်ပါတယ်။ သူ မပါဘဲနဲ့ ပြန်သွားရရင် တပည့်တော်တော့ နောင်ကြီးစုန်ကျန့် ကို ရင်ဆိုင်ဝံ့မှာ မဟုတ်ပါဘူး ဘုရား”

ဆရာတော်လျိုက ရယ်လိုက်၏။

“သူက ကောင်းကင်က ဂြိုလ်မင်းတပါးက လာဝင်စားမှန်း ကျုပ် သိပါတယ်။ ဒီ လောကမှာ ကောက်ကျစ်ဆိုးသွမ်းတဲ့သူတွေ များလွန်းလို့ သူတို့ကို ဖယ်ရှားဖို့ သူ့ကို စေလွှတ်လိုက်တာပါ ဒကာရဲ့။ မိုးကောင်းကင်ကို လွန်ဆန်ပြီး သူ့လိုလူကို ကျုပ်က ဒုက္ခ ပေးရဲပါ့မလားဗျာ။ သူ့ကို နည်းနည်းလောက်ပဲ ဆုံးမမှာပါ။ ပြီးရင် ဒကာ သူ့ကို ပြန်ခေါ်သွား လို့ရပါပြီ”

ထိုက်ချုံက ကျေးဇူးတင်စကားပြော၏။ ဆရာတော်လျိုက-

"နတ်စစ်သည်တွေ မရှိကြဘူးလားဟဲ့"ဟု ဆိုလိုက်၍ အဆောင်ပြင်ပတွင် လေ တချက် ဝှေ့လာပြီး အဝါရောင်ပဝါကို ပေါင်းထားသော နတ်စစ်သည်တဦး ပေါ်လာကာ ဦးညွတ်ကာ လျှောက်၏။

"အမိန့်ရှိပါ ဆရာတော်"

"ကျီစုထောင်ကို သွားပို့ထားခဲ့တဲ့ လူကို ပြန်ခေါ်ခဲ့။ သူ့အပြစ် ကျေပြီ။ မြန်မြန် ပြန် ခေါ်ခဲ့"

နတ်စစ်သည်လည်း ရိုသေစွာ ပုံ့တက်သွားလေ၏။ တအောင့်မျှပင် မကြာလိုက်၊ လီကွေ့ကို မိုးပေါ်မှ လွှတ်ချလိုက်၏။ ထိုက်ချုံက ပြေး၍ ထူရလေ၏။

"နှစ်ရက်လုံးလုံး ဘယ်သွားနေလဲကွာ"

လီကွေ့လည်း ဆရာတော်လျိုကို မြင်သောအခါ စိတ်ပါလက်ပါ ကုန်း၍ ကန်တော့ လေ၏။ "အဖေကြီး ခင်ဗျာ၊ ကျုပ် နောက်ကို မစော်ကားရဲတော့ပါဘူး"

"ဒီက စပြီးတော့ ဒေါသကို ဖယ်ရှားရမယ်။ ဒကာကြီးစုန်ကျန့်ကို ကောင်းကောင်း အမှုထမ်းရမယ်။ မဟုတ်တဲ့ အတွေးတွေကို ရှောင်ရှားရမယ်"

လီကွေ့က ထပ်ကန်တော့ပြန်၏။ "ဆရာတော်က ကျုပ်အဖေရင်းလိုပါပဲဗျာ။ ဆရာ တော့်အမိန့်တွေကို ဖီဆန်ရဲပါ့မလားဗျာ"

"မင်း ဘယ်တွေ သွားနေတာလဲကွ"ဟု ထိုက်ချုံက အတင်းမေး၏။ လီကွေ့က-

"အဲဒီနေ့က လေတိုက်ရာ ပါသွားတာ ကျီစုရုံးတော်က ခေါင်မိုးပေါ်မှာ သွားပြီး ကျတယ်ဗျ။ ကျုပ်လည်း လိမ့်ကျသွားတာပေါ့။ ကျုပ်ကို ဆွဲပြီး ခေါ်သွားတော့ အဲဒီ သောက် ရုံးမင်းက ကျုပ်ကို စုန်းတဲ့။ ကျုပ်ကို ကြိုးနဲ့တုပ်ပြီး ခွေးသွေးတွေ၊ သေးတွေ၊ ချေးတွေနဲ့ ဝိုင်းလောင်းကြတယ်။ ပြီးတော့ ရိုက်လိုက်ကြတာ၊ ခြေထောက်တွေဆို ကျွဲကော်လို ပျော့ ကုန်တော့တာပဲ။ ဒီတော့မှ ကျုပ်ကို လည်ထောက်ကြီးစွပ်ပြီး ထောင်ထဲ ပစ်ထည့်ထား လိုက်ကြတယ်။

"ကျုပ်ကို မေးကြတယ်ဗျ။ ကောင်းကင်ပေါ်က ဆင်းလာတာ ဘယ်နတ်စစ်သည်များ လဲတဲ့။ ကျုပ်ကလည်း ပြောတာပေါ့။ ဆရာတော်လျိုရဲ့ တပည့်ရင်း၊ နတ်စစ်သူကြီးလို့။ ကျုပ်က အမှားလေးတခု လုပ်မိတာနဲ့ အပြစ်ပေးလိုက်တာလို့။ တရက် နှစ်ရက် နေရင် ပြန်လာခေါ်မယ်လို့ပေါ့ဗျာ။ အရိုက်ခံရပေမယ့် ကောင်းကောင်းတော့ စားရ၊ သောက်ရတယ်ဗျ။ ဒီကောင်တွေက

ဆရာတော်ကို ကြောက်ကြတာကိုး။ အဲဒါနဲ့ ကျုပ်ကို ရေမိုးချိုးပေးပြီး အဝတ်သစ် အစားသစ်တွေ လဲလှယ်ပေးကြတယ်။

"အခုလည်း ကျုပ်ကို စိမ်ရည်တွေ အသားတွေနဲ့ ဧည့်ခံနေတာဗျ။ ဖြုန်းဆို အဲဒီ ပဝါ အဝါနဲ့ နတ်စစ်သည် မိုးပေါ်က ကျလာတော့တာပဲ။ လည်ထောက်ကို ဖြုတ်ပြီး ကျုပ်ကို မျက်စိမှိတ်တဲ့။ အိပ်မက်လိုပဲ။ ကျုပ်လည်း ဒီမှာ ပြန်ကျလာတာပဲ"

"ဆရာတော်ဆီမှာက ဒီလို အခြွေအရံတွေ တထောင်ကျော်လောက် ရှိတယ်။ အားလုံးက ဆရာတော်ရဲ့ လက်ပါးစေတွေပဲ"ဟု ကုန်ဆွန်ရှန်းက ရှင်းပြ၏။

"ဘုရားရေ။ ဒါဖြင့်လည်း စောစောက ပြောပြပြီး ကျုပ် မမှားရအောင် တားကြ ပါလား"

ထိုက်ချုံက ထပ်၍ ကန်တော့ပြန်၏။

"တပည့်တော်တို့ ရောက်နေတာလည်း ကြာပါပြီ ဘုရား။ ကောက်ထန်မှာလည်း စစ်ရေးအခြေအနေက အတော် ဆိုးရွားနေပါတယ်။ သနားသောအားဖြင့် ဆရာကုန်ဆွန် ရှန်းကို တပည့်တော်တို့နဲ့ ထည့်လိုက်ပြီး နောင်ကြီးစုန်ကျန့်ကို ကယ်တင်ပေးပါ ဘုရား။ ကောက်လျံကို နှိမ်နင်းပြီးရင် တပည့်တော်တို့ ပြန်ပို့ပေးပါ့မယ် ဘုရား"

"အစတုန်းကတော့ ကျုပ်က သူ့ကို ထည့်လိုက်ဖို့ သဘောမတူဘူး။ ဒါပေမဲ့ ဒကာ တို့က သိပ်ပြီး သစ္စာကြီးကြတဲ့အတွက် သူ့ကို ထည့်လိုက်ပါတော့မယ်။ ဒါပေမဲ့ ကျုပ်မှာ ကိုယ်တော့်ကို မှာလိုက်စရာ ရှိသေးတယ်"

ကုန်ဆွန်ရှန်းက ရှေ့သို့တိုးကာ ဆရာတော်၏ အမှာစကားကို ဒူးထောက်ကာ နာခံလေ၏။

မှန်ပေ၏။ လောကကို ကယ်တင်လိုသော၊ မြေပြင်ကို အေးချမ်းတည်ငြိမ်စေလိုသော ဆန္ဒရှိသည့် သူသည် မြင့်မြတ်သော အဆင့်အတန်းသို့ ရောက်ရမည်သာ ဖြစ်ပေ၏။ ထို့ကြောင့် ဆရာတော်လျှိုသည် ကုန်ဆွန်ရှန်းကို ဘာပြောလိုက်ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၄

ကောက်လျံကို တိမ်နဂါးက ဂမ္ဘီရအတတ်ဖြင့် နှိမ်နင်းလိုက်ခြင်း

လေပွေနက် ရေတွင်းထဲသို့ ဆင်းကာ ကျဲ့ကျင်းကို ကယ်ခြင်း

"ကိုယ်တော်၊ ကိုယ်တော်ရဲ့ ဂမ္ဘီရအတတ်က ကောက်လျံ တတ်ထားတာနဲ့ မခြားနားဘူး။ အခု ကျုပ် သင်ပေးမှာကတော့ မိုးကြိုးငါးစင်းကို ခေါ်တဲ့ အတတ်ပဲ။ ဒီအတတ်နဲ့ ကိုယ်တော် စုန်ကျန့်ကို ကယ်နိုင်မယ်။ တိုင်းပြည်ကို ကာကွယ်နိုင်မယ်။ ပြည်သူလူထုအေးချမ်းသာယာ အောင် လုပ်ပေးနိုင်မယ်။ မိုးကောင်းကင်ရဲ့ ကိုယ်စား တရားမျှတစွာ အုပ်ချုပ်နိုင်မယ်။ ကိုယ်တော့်မိခင်ကိုလည်း ကျုပ် ကြည့်ရှုထားမယ်။ စိတ်ချသွား။ ကိုယ်တော်လည်း ကောင်းကင်က ဂြိုဟ်မင်းတပါး ဝင်စားတဲ့သူပဲ။ ဒါကြောင့်ပဲ စုန်ကျန့်ကို ကူညီဖို့ ကျုပ်က ခွင့်ပြုခဲ့တာပါ။ ဆည်းပူးထားတဲ့ ဂုဏ်တွေကို ထိန်းသိမ်းထားပါ။ လောကီဆန္ဒတွေကြောင့် လမ်းလွဲမသွားပါစေနဲ့။ ကိုယ့်ရည်မှန်းချက်တွေကနေ သွေဖည်မသွားနဲ့"

ကုန်ဆွန်ရှန်းလည်း ဒူးတုပ်ကာ အတတ်ကို သင်ယူလေ၏။ ထိုနောက် ထိုက်ချုံ၊ လီကွေ့တို့နှင့်အတူ ဆရာတော်နှင့် ကျောင်းနေဘုန်းကြီးများကို နှုတ်ဆက်ကာ တောင် အောက်ကိုဆင်းပြီး အိမ်ပြန်လေ၏။ သူ့ခါးနှစ်လက်၊ သံခမောက်၊ တာအိုဘုန်းကြီး ကိုယ်ရုံ စသည်တို့ကို ယူကာ မိခင်ကြီးကို နှုတ်ဆက်ပြီး တောင်ကြားလမ်းအတိုင်း ထွက်ခဲ့လေ၏။

လီ သုံးဆယ် လေးဆယ်လောက်ကို ရောက်ကြသောအခါ ထိုက်ချုံက ဆို၏။ "တပည့်တော် အရင်သွားနှင့်ပြီး နောင်ကြီးစုန်ကျန့်ကို ကြိုအကြောင်းကြားမယ်။ ကိုယ်တော်နဲ့ လီကွေ့ လမ်းမကြီးအတိုင်းသာ လိုက်ခဲ့ကြပါ။ တပည့်တော် ပြန်လာကြို ပါ့မယ်"

"ကောင်းပါတယ်၊ ဒီလိုပဲ လုပ်ပါ ဒကာ၊ ကိုယ်တော်တို့ အတတ်နိုင်ဆုံး အမြန်လာ ခဲ့မယ်"

"လီကွေ့၊ ကိုယ်တော်ကို ဂရုစိုက်နော်။ တခုခုဖြစ်ရင်တော့ မင်းတော့ အသေပဲမှတ်"

"နောင်ကြီးကလည်းဗျာ။ ကိုယ်တော်လည်း ဆရာတော်လို စွမ်းတာပဲဟာ။ ကျုပ် ဂရုမစိုက်ဘဲ မနေဝံ့ပါဘူး"

ထိုက်ချုံက ဆေးနီရုပ်များကို စည်းကာ အလျင်အမြန် ထွက်သွားလေ၏။ နတ်ညီအစ်မတောင်နှင့် ကျူကုန်းတိုက်နယ်တို့ကို ထားခဲ့ကာ ကုန်ဆွန်ရှန်းနှင့် လီကွေ့တို့သည် လမ်းမကြီးအတိုင်း လိုက်လာခဲ့လေ၏။ မိုးချုပ်လျှင် ထမင်းဆိုင်များတွင် နားကြ၏။ လေပွေနက်ကား ဆရာတော်လျိုကို ကြောက်သောကြောင့် ကုန်ဆွန်ရှန်းကို အထူး ဂရုစိုက် ပြုစုလေ၏။ ထင်ရာစိုင်းလိုသော စိတ်ကို ချုပ်တည်းထားရလေ၏။ တတိယနေ့တွင် ဝူကန်းဟု ခေါ်သော လူနေစည်ကားသည့် မြို့တမြို့သို့ ရောက်လာ၏။ "အရင်နှစ်ရက်က ပင်ပန်းထားတော့ ဒီမှာ စိမ်ရည်လေး၊ ခေါက်ဆွဲလေး စားပြီးမှ ဆက်သွားကြရအောင်" ဟု ကုန်ဆွန်ရှန်းက ပြော၏။ လီကွေ့ကလည်း သဘောတူ၏။ ချောပို့လမ်းမကြီး၏ ဘေးတွင် ဘုံဆိုင်တခုကို တွေ့ရသဖြင့် ဝင်ခဲ့ကြ၏။ ကုန်ဆွန်ရှန်း က စားပွဲထိပ်တွင် ထိုင်လိုက်၏။ လီကွေ့က ကျောမှအထုပ်ကို ဖြေကာ မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်၏။ စိမ်ရည်နှင့် အသီးအရွက် အကြော်အလှော်များကို မှာ၏။

"သက်သတ်လွတ် ပေါက်စီများ မရှိဘူးလား" ကုန်ဆွန်ရှန်းက မေး၏။

"ဒီမှာကတော့ အသားနဲ့ စိမ်ရည်ပဲ ရှိပါတယ် ဘုရား။ ဒါပေမဲ့ မြို့အဝမှာတော့ စွန်ပလွံ သီး၊ လမုန့်တွေ ရောင်းတဲ့ဆိုင် ရှိပါတယ်"

"တပည့်တော် သွားဝယ်လိုက်ပါ့မယ်"ဟု လီကွေ့က လျှောက်ကာ အိတ်ထဲမှ ကြေးပြား ပိုက်ဆံများကို ထုတ်ယူကာ ထွက်သွားလေ၏။ လမုန့်များ ဝယ်ပြီး ပြန်အလာတွင် လမ်းဘေးလူအုပ်ထဲမှ "ဟာ၊ အားကောင်းလိုက်တာ"ဟု အားကျသံကြီးနှင့် အော်လိုက် သည်ကို ကြားရလိုက်လေ၏။

လီကွေ့က လှမ်းကြည့်လိုက်ရာ လူကောင်ကြီးကြီးတယောက်က သံတူကြီးကို ကစား ပြနေသည်ကို လူအများ ဝိုင်းကြည့်နေကြကြောင်း တွေ့လိုက်ရ၏။ ထိုသူမှာ အရပ်ရှည်ပြီး မျက်နှာတွင် ကျောက်ပေါက်မာများ ရှိကာ နှာခေါင်းမှာ ချိုင့်လျက်နေ၏။ ထိုတူကြီးမှာ အချိန်ခွက်တဆယ်ခန့်ရှိမည်ဟု လီကွေ့က ခန့်မှန်း၏။ ထိုသူက တူကြီးကို လွှဲကာ လမ်းခင်း ကျောက်တုံးတတုံးကို တချက်တည်းနှင့် ထုခွဲလိုက်ရာ လူအုပ်ကြီးက သြဘာပေးလေ၏။ ဤသည်မှာ လီကွေ့ သည်းခံနိုင်သော အတိုင်းအတာထက် များစွာ ကျော်သွားလေပြီ။ လမုန့်ထုပ်ကို အင်္ကျီထဲကို ထိုးထည့်လိုက်ပြီး သံတူကြီးဆီသို့ လက်ကို လှမ်းလိုက်၏။

"မင်းက ဘယ်သူလဲကွ။ ငါ့တူကို ဘာလို့ ကိုင်ရသလဲ"

"လူတွေ လက်ခုပ်တီးအောင်လို့ မင့်မျက်နှာကို ရှုံ့မဲ့ပြထားတာ၊ သောက်မြင်ကတ်လို့ ဟေ့။ ငါ လုပ်ပြမယ် ကြည့်"

“လုပ်လေ။ တူကို ယူလိုက်။ ဖွေပြလိုက်။ မရရင်တော့ မင်းလည်ပင်း ကျိုးပြီမှတ်”

လီကွေ့က သံတူကြီးကို ကလေးကစားသည့် လောက်လေးခွအလား အသာပင် ကောက်လိုက်ပြီး ဝှေ့ယမ်းကာ လေးငါးမိနစ်ကြာအောင် ကစားပြနေ၏။ ပြီးမှ ပေါ့ပေါ့ပါးပါး ပင် ပြန်ချလိုက်၏။ မျက်နှာနီမြန်းခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မောဟိုက်ခြင်းလည်း မရှိချေ။

ထိုလူလည်း ဒူးထောက်လိုက်ကာ ကုန်း၍ ကန်တော့၏။ “နောင်ကြီး နာမည် သိပါ ရစေ ခင်ဗျာ”

“မင်းက ဒီမှာနေတာလား”

“ဒီနားလေးတင်ပါဗျာ”ဟု ထိုသူကဆို၍ အိမ်တဆောင်ကို ခေါ်သွားကာ တံခါးသော့ ကို ဖွင့်၏။ လီကွေ့ကို အိမ်ထဲဝင်ရန် ဖိတ်ခေါ်ပြီး ထိုင်စရာပေး၏။

ပေတခုနှင့် တူများ၊ ညှပ်များ၊ စူးများ၊ ဖားဖို စသည်တို့ကို လီကွေ့ မြင်ရ၏။ “ပန်းပဲ သမားဖြစ်ရမယ်၊ သူလိုလူ ငါတို့ဆီမှာ ရှိဖို့လိုတယ်။ သူ့ကို ခေါ်မှပဲ”ဟု လီကွေ့က စဉ်းစား၏။

“မင်းနာမည်က ဘာလဲ”

“ကျွန်တော့်ကို ထန်လုံလို့ ခေါ်ကြပါတယ်။ ကျွန်တော့်အဖေက ယာနန်မြို့စောင့် တပ်က အရာရှိတယောက်ပါ။ သူက ပန်းပဲပညာမှာ တော်လို့ စစ်သူကြီးချုံဆီမှာ အမှုထမ်း ခဲ့ရပါတယ်။ အရင်သုံးလေးနှစ်က သူ ဆုံးသွားပါတယ်။ ကျွန်တော်လည်း လောင်းကစား မက်ပြီး လျှောက်သဝေထိုး နေမိခဲ့တယ်။ ဒီမှာ ပန်းပဲလုပ်နေတာက စားဖို့သောက်ဖို့အတွက် ပါ။ တကယ့်ဝါသနာပါတာကတော့ လက်နက်အတတ် ပါ။ ကျွန်တော့်မှာ ကျောက်ပေါက် မာတွေနဲ့မို့ ရွှေကျားသစ်လို့ ခေါ်ကြပါတယ်။ နောင်ကြီးနာမည်ကကော”

“ငါ့နာမည်က လီကွေ့လေပွေနက်တဲ့။ လျှံရှန်းတောင်ရိုးကပဲ”

ထန်လုံလည်း နှစ်ကြိမ်တိုင် ဒူးထောက်ကာ ကန်တော့၏။ “နောင်ကြီးနာမည်ကို ကြားဖူးတာ အများကြီးပါပဲ။ ခုလို တွေ့ရမယ်လို့တော့ ဘယ်သူ ထင်ပါ့မလဲဗျာ”

“ဒီနေရာမှာ ခိုနေရင်တော့ ဘာမှကြီးပွားမှာ မဟုတ်ဘူး။ ကျုပ်နဲ့ လိုက်ခဲ့။ လျှံရှန်း တောင်မှာ မင်းကို ခေါင်းဆောင်ဖြစ်အောင် လုပ်ပေးမယ်”

“ကျွန်တော့်ကို စိတ်မပျက်လို့ ခေါ်သွားမယ်ဆိုရင် နောင်ကြီးရဲ့

မြင်းထိန်းလုပ်ရလုပ်ရ လုပ်ပါ့မယ်”ဟု ဆိုကာ လီကွေ့၏ ညီအဖြစ် သစ္စာခံလေ၏။ လေပွေနက်ကလည်း လက်ခံ၏။

“နောင်ကြီးကို ညွှေ့ခံဖို့က မိသားစုလည်း ကျွန်တော့်မှာ မရှိဘူးဗျာ။ ဒါပေမဲ့ ညီနောင် ဖွဲ့တာကို အသိအမှတ်ပြုပြီး စိမ်ရည်သုံးခွက်လောက်တော့ ကျွန်တော် တိုက်နိုင်ပါသေး တယ်။ ဒီညဒီမှာ နားပါလား။ နက်ဖြန်မှ သွားကြရအောင်”

“ဟိုနားက ဘုံဆိုင်မှာ ငါ့ဆရာ စောင့်နေတယ်ကွ။ ငါက သူ့ဖို့ လမုန့်တွေ လာဝယ် တာ။ သူ စားပြီးတာနဲ့ ခရီးဆက်ရမှာ။ ခုပဲ သွားမှဖြစ်မယ်”

“ဘာလို့ လောနေတာလဲဗျာ”

“ငါတို့နောင်ကြီး စုန်ကျန့်က ကောက်ထန်နယ်စပ်မှာ တိုက်ပွဲအကြီးအကျယ်ဖြစ်နေ တယ်။ ငါ့ဆရာကမှပဲ သူ့ကို ကယ်နိုင်မှာ”

“နောင်ကြီးဆရာက ဘယ်သူလဲ”

“မေးမနေနဲ့ကွာ။ မင်းပစ္စည်းတွေ သိမ်းပြီး လိုက်ခဲ့”

ထန်လုံသည်လည်း ကပျာကသာ အုပိုးပြီး လမ်းစရိတ်အတွက် ငွေများကို ယူ၏။

အနားပတ်ကျယ်ကျယ်နှင့် ဦးထုပ်ကို ဆောင်ပြီး၊ ခါးစည်းတွင် ဓားမြှောင်တချောင်းကို ထိုးကာ ပုဆိန်လှံတချောင်းကိုလည်း ယူ၏။ သူ့အိမ်အိုနှင့် အသုံးအဆောင်အကြမ်းများကို ချန်ထားခဲ့ကာ လီကွေ့နှင့်အတူ လိုက်ခဲ့လေ၏။

“ဘယ်သွားနေတာလဲကွ။ နည်းနည်းသာ ထပ်စောင့်ရရင်တော့ ငါပြန်သွားတော့ မယ်”ဟု ကုန်ဆွန်ရှန်းက ဆူ၏။

လီကွေ့ကား ကြောက်လှသဖြင့် ပြန်မပြောရဲပေ။ ထန်လုံကိုသာ မိတ်ဆက်ပေးပြီး ညီ အစ်ကို ပြုထားကြောင်းကိုသာ ပြောပြ၏။ ထန်လုံမှာ ပန်းပဲသမားတဦးမှန်း သိရသဖြင့် ကုန်ဆွန်ရှန်းလည်း ကျေနပ်သွား၏။ လီကွေ့က လမုန့်များကို ထုတ်ကာ စားပွဲထိုးအား မွှေး ခိုင်းလိုက်၏။ ထိုနောက် သုံးဦးသား စိမ်ရည်များ သောက်ကာ လမုန့်များကို စားကြ၏။ ထိုနောက် ထန်လုံနှင့် လီကွေ့က အထုပ်အပိုးများကို ထမ်းကြပြီး ထိုမြို့မှ ထွက်ကာ ကောက်ထန်သို့ လာခဲ့ကြ၏။ ခရီး၏ သုံးပုံနှစ်ပုံသို့ ရောက်သော် ပြန်လာကြသော ထိုက်ချုံ နှင့် တွေ့ရ၏။ ကုန်ဆွန်ရှန်းလည်း ဝမ်းမြောက်သွား၏။

“တိုက်ပွဲအခြေအနေ ဘယ်လိုရှိသလဲ”

"ကောက်လျံရဲ့ မြားဒဏ်ရာက ကောင်းသွားပြီ။ နေ့တိုင်းပဲ လာလာပြီးတိုက်နေတယ်၊ နောင်ကြီးစုန်ကျန့်ကတော့ ထွက်မတိုက်ရဲဘူး။ ကိုယ်တော်ကို စောင့်နေတယ်"

"ကိစ္စမရှိပါဘူး"

လီကျေ့က ထိုက်ချုံကို ထန်လုံနှင့် မိတ်ဆက်ပေးပြီး အကြောင်းစုံကို ရှင်းပြ၏။ ထို နောက် လေးဦးသား ကောက်ထန်သို့ အလျင်အမြန်လာခဲ့ကြ၏။ တောပုန်းများ၏ စခန်းနှင့် ငါးလီခန့်အကွာတွင် လူ့ဖန်နှင့် ကောက်ရှိန်းတို့က မြင်းသည်တရာကို ခေါင်းဆောင်ကာ လာကြိုသည်နှင့် ဆုံမိကြ၏။ ထိုကြောင့် သူတို့ပါ မြင်းတက်စီးပြီး စခန်းသို့ ခရီးဆက်ခဲ့ကြ၏၊ စုန်ကျန့်နှင့် ဝုရုံက သူတို့ကို အသင့်ကြိုနေကြ၏။ အပြန်အလှန် ဂါရဝပြုကြကာ ခရီး အကြောင်း လမ်းအကြောင်းကို ယဉ်ကျေးစွာ မေးမြန်းကြ၏။ ဌာနချုပ်အဖြစ် သုံးနေသော တဲအတွင်းသို့ ဖိတ်ခေါ်ကာ စိမ်ရည်ဖြင့် ဧည့်ခံကြ၏။

ကုန်ဆွန်ရှန်းကို ခေါ်လာနိုင်သဖြင့် ခေါင်းဆောင်အားလုံးက လာ၍ ချီးကျူးကြ၏၊ လီကျေ့က ထန်လုံနှင့် မိတ်ဆက်ပေး၏။ အပြန်အလှန် နှုတ်ဆက်ကြပြီးနောက် စားသောက် ပွဲကြီးကို တည်ခင်းကြ၏။

နောက်တနေ့တွင် စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့က ကောက်လျံကို မည်သို့ ချေမှုန်း ရမည်ကို တိုင်ပင်ကြ၏။ ကုန်ဆွန်ရှန်းက-

"မြို့ကို သွားတိုက်ခိုင်းလိုက်။ ရန်သူက ဘယ်လိုတုံ့ပြန်မလဲ ကြည့်ကြရအောင်။ ကျုပ် မှာ အကြံအစည်တခု ရှိတယ်"

စုန်ကျန့်က လက်အောက်တပ်ဗိုလ်များသို့ အမိန့်ထုတ်ပြန်လိုက်၏။ ကောက်ထန်မြို့၏ ကျုံးအနီးသို့သွားကာ မြို့ကို ဝန်းရံကာ စခန်းချကြ၏။ နံနက်အရုဏ်တက်ချိန်တွင် အားလုံး မနက်စာ စားကြ၏။ စစ်ဝတ်များ ဝတ်ဆင်ကြ၏။ စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့က တပ်ရှေ့ သို့ မြင်းစီးကာ ထွက်ခဲ့ကြ၏။

တံခွန်များကို ဝှေ့ယမ်းကာ ကြွေးကြော်နေသော တောပုန်းတို့၏ အသံ၊ စစ်စည် စစ်မောင်းတို့ကို တီးခတ်သော အသံတို့မှာ မိုးခြိမ်းသကဲ့သို့ မြည်ဟည်းကာ မြို့တံတိုင်း များသို့ ပဲ့တင်တပ်လျက် ရှိ၏။

မြားဒဏ်ရာပျောက်ကင်းနေပြီဖြစ်သော ကောက်လျံအား စုန်ကျန့်တို့ ရောက်လာ ကြောင်းကို အရာရှိတဦးက ညကပင် သတင်းပို့ပြီး ဖြစ်၏။ နံနက်လင်းသော် ကောက်လျံသည် သံချပ်ကာကို ဝတ်ကာ မြို့တံခါးကို ဖွင့်စေ၏။

ဆွဲတံတားကိုလည်း ချစေပြီး အရာရှိကြီးငယ်တို့ လိုက်ပါလျက် မော်ပျံလွှားစစ်သည်တို့ကို ဦးဆောင်ကာ မြင်းစီး၍ ထွက်ခဲ့၏။

နှစ်ဖက်တပ်သည် အခြားတပ်၏ စစ်သည်များ၊ တံခွန်များကို ကွဲကွဲပြားပြားမြင်ရသော အကွာအဝေးသို့ ရောက်သောအခါ တိုက်ပွဲဝင်မည့် အနေအထားဖြင့် တပ်ဖြန့်လိုက်ကြ၏။ အနုစိတ်ထွင်းထားသော စည်များသည် မိုးခြိမ်းသကဲ့သို့ မြည်ဟည်းနေ၏။ ပန်းများထိုးကာ ပန်းဖွားကြိုးများဖြင့် တန်ဆာဆင်ထားသော တံခွန်များသည်လည်း ခါယမ်းနေကြ၏။ စုန်ကျန့်ကို ဗဟိုပြု၍ ဝဲဘက်မှ တကြောင်း၊ ယာဘက်မှ တကြောင်း မြင်းငါးစီးစီ ဖြန့်၍ ထွက်လာ၏။ ဝဲဘက်တောင်ပံတွင် ဟွရုံ၊ ချင်မင်း၊ ချူတုံ၊ အိုးပင်း၊ လူ့ဖန်တို့ ပါဝင်ကြပြီး ယာတောင်ပံတွင်မူ လင်ချုံး၊ ဆွန်လီ၊ တိန်ဖ၊ မာလင်း၊ ကောက်ရှိန်းတို့ ပါဝင်ကြသည်။ ဗိုလ်ချုပ်သုံးဦးမှာ ယင်း တောင်ပံနှစ်ခုကြားတွင် မြင်းစီး၍ ပါလာကြ၏။

အခြားတဖက်တွင်မူ ရွှေရောင်စည်များကို တီးလိုက်ပြီး ရှေ့တန်းရှိ တံခွန်ကိုင်ထားသူ များက လမ်းဖယ်ပေးလိုက်ရာ ကောက်ထန်မြို့ဝန် ကောက်လျုံနှင့် အရာရှိ နှစ်ဆယ် သုံးဆယ်ခန့် ထွက်လာကြ၏။ သူက တံခွန်များရှေ့တွင် ရပ်လိုက်ကာ လှမ်း၍ ဆဲ၏။

"ကျူတောက ခားပြတွေ၊ မင်းတို့က သေချင်နေမှတော့ တိုက်ကြတာပေါ့။ ပြေးတဲ့ ကောင် ယောကျ်ား မဟုတ်ဘူး"

"ဒီကောင့်ကို ဘယ်သူ သွားခေါင်းဖြတ်မလဲ" စုန်ကျန့်က မေး၏။

ဟွရုံလည်း လှံကို မြှောက်ကိုင်ထားကာ မြင်းကို ဖနောင့်နှင့် နာနာပွတ်ရင်း ဒုန်းစိုင်း၍ ကွက်လပ်အလယ်သို့ ထွက်ခဲ့၏။

"ဒီလူဆိုးကို ဘယ်သူ ဖမ်းပေးမလဲ" ကောက်လျုံက အော်၏။

ရွှေယွမ်ဟွေးဆိုသူ တပ်ဗိုလ်တယောက်က ဓားနှစ်လက်ကို ဝှေ့ယမ်းကာ မြင်းကို ကဆုန်ပေါက်စီးကာ ထွက်ခဲ့၏။ စစ်သည်နှစ်ဦးမှာ သုံးလေးကွက်မျှ တိုက်ကြ၏။ ဟွရုံ လည်း မြင်းကို လှည့်၍ နဂိုနေရာသို့ ပြန်ပြေး၏။ ဓားများကို ဝင့်ကာဝင့်ကာဖြင့် ရွှေယွမ် ဟွေးက လိုက်၏။ ဟွရုံက မြင်းကို အလျင်နည်းနည်းလျှော့၍ လေးတွင် မြားတပ်လိုက်ပြီး ကုန်းနှီးပေါ်တွင် ဆတ်ခနဲလှည့်လိုက်ကာ မြားကို လွှတ်လိုက်လေ၏။ ရွှေယွမ်ဟွေးလည်း မြင်းပေါ်မှ ဖောက်ထိုးကျသွားလေ၏။ နှစ်ဖက်တပ်မှ အော်သံကြီး ဟိန်းထွက်လာလေ၏။

ကောက်လျုံလည်း ဒေါသထွက်ထွက်ဖြင့် သူ့ဓားနှင့် တံတောင်ဘေးရှိ ဒိုင်းကို

သုံးချက် ရိုက်လိုက်၏။ မော်ပုံလွှားစစ်သည်များကြားမှ အဝါရောင် ဖုန်လုံးကြီးတခု ထလာလေ၏။ ကောင်းကင်နှင့် မြေကြီးလည်း မှောင်သွားလေ၏။ ထိုဖုန်လုံးထဲမှ ကြောက်မက်ဖွယ် ကောင်းသော တိရစ္ဆာန်ကြီးများနှင့် မြွေဆိုးများ ထွက်လာရာ ကောက်လျံတို့ဘက်မှ စစ်သည်များက ဝိုင်း၍ ညာသံပေးကြ၏။ စုန်ကျုန့်၏တပ်သားများလည်း အလန့်တကြား ဖြင့် စ၍ ဆုတ်ကြ၏။

သို့သော် ကုန်ဆွန်ရှန်းက ထင်းရှူးပင်ပုံများ ရိုက်ခတ်ထားသော ရေးခားတလက်ကို ထုတ်ယူလိုက်ပြီး ရန်သူ့ဘက်သို့ ခေးဦးညွှန်ကာ မန်းမှုတ်လိုက်၏။ ပြီးမှ “အမြန်”ဟု ဆိုလိုက်၏။

ရွှေရောင်အလင်းတန်းတစု ဖုန်လုံးထဲသို့ ထိုးဝင်သွားလေရာ တိရစ္ဆာန်ကြီးများ၊ မြွေ ကြီးများအားလုံး သေဆုံးကာ မြေပေါ်သို့ လဲကျကုန်လေ၏။ သူတို့ကိုယ်နှင့် မြေကြီးများ ထိသောအခါ စက္ကူကို ညှပ်ထားသော အရုပ်များအဖြစ် ပြောင်းလဲသွားလေ၏။ ဖုန်လုံး လည်း လွင့်စဉ်သွားလေ၏။

စုန်ကျုန့်က သူ့ကြာပွတ်ကို မြှောက်လိုက်ရာ တပ်ဖွဲ့သုံးဖွဲ့စလုံး တက်၍ ရန်သူ၏ လူ များ၊ မြင်းများကို တံစဉ်နှင့် ရိတ်ချသလို ချေမှုန်းလေတော့၏။ ရန်သူတို့၏ ဗိုမောင်း တံခွန် သည်တို့မှာလည်း ပြန့်ကျဲနေလေတော့၏။ ကောက်လျံမှာလည်း မော်ပုံလွှားတပ်ဖွဲ့နှင့် အတူ မြို့ထဲသို့ ဝင်ပြေးရ၏။ စုန်ကျုန့်၏ တပ်များက မြို့ရိုး ခြေရင်းအထိ လိုက်ကြ၏။ ရန်သူတို့က ဆွဲတံတားကို ဒရောသောပါး တင်လိုက်ပြီး မြို့တံခါးကိုလည်း ဝုန်းခနဲ နေအောင် ပိတ်လိုက်ကြ၏။ သစ်လုံးမိုး၊ ကျောက်တုံးမိုးများကိုလည်း ရွာချကြလေ၏။

စုန်ကျုန့်၏ အမိန့်အရ ဆုတ်ခွာရန် အချက်ပြမောင်းကို တီးလိုက်ပြီး စခန်းပြန်ကာ လူစစ်ကြ၏။ သူတို့၏အောင်ပွဲမှာ မယုံနိုင်လောက်အောင်ပင်ဖြစ်၏။ စုန်ကျုန့်က ကုန်ဆွန်ရှန်း ကို သူ့တဲသို့ ဖိတ်ကာ အောင်မြင်မှုအတွက် ကျေးဇူးစကားကို ပြော၏။ တပ် သုံးတပ်လုံး ကိုလည်း ဆုများ ချ၏။

နောက်တနေ့တွင် တပ်များကို ခွဲကာ မြို့ကို အဘက်ဘက်မှ ဝိုင်း၍ တိုက်ကြ၏။

ကုန်ဆွန်ရှန်းက ပြောပြ၏။

“တိုက်ခိုက်ရေးအင်အား တဝက်လောက် ကျဆုံးသွားပေမယ့် ကောက်လျံရဲ့ မော် ပုံလွှားတပ်ကတော့ မြို့ထဲကို လွတ်သွားတယ်။ သူတို့ကို ခပ်နာနာလေး တီးရမှာ။ ဘာလို့ လဲဆိုတော့ ဒီညမှာ ဒီကောင် ကျုပ်တို့စခန်းကို လာတိုက်မှာ သေချာတယ်။ ပထမ သစ်တပ်အတုတွေ ဆောက်ရမယ်။ မိုးချုပ်ရင် စခန်းအပြင်ကိုထွက်ပြီး ကင်းပုန်းဝပ်နေ ရမယ်။ မိုးခြိမ်းသံကို ကြားပြီး စခန်းထဲမှာ

မီးတောက်တွေ လာရင် အတင်းဝင်ပြီး တိုက်ဖို့ လူတွေကို မှာထားရမယ်”

ဤသို့ပင် အမိန့်များကို ထုတ်ပြန်လိုက်၏။ ထိုနောက် မွန်းတိမ်းစလောက်တွင် မြို့မှ ခွာ၍ စခန်းသို့ ပြန်ကြ၏။ သောက်ကြစားကြ၊ ပျော်ပါးကြပြီး မှောင်လာသည်နှင့် စခန်းမှ ခွာကာ စခန်းကို ဝိုင်းလျက် ကင်းပုန်းဝပ်နေကြ၏။

စုန်ကျန့်၊ ဝုရှုံ၊ ကုန်ဆွန်ရှုန်း၊ ဟွာရှုံ၊ ချင်မင်း၊ လူ့ဖန်၊ ကောက်ရှိန်းတို့က တောင်ကုန်းလေး ပေါ်မှ စောင့်ကြည့်နေကြ၏။ ကုန်ဆွန်ရှုန်း ခန့်မှန်းခဲ့သည်မှာ မှန်ကန်လှပေ၏။ ညလယ်သို့ ရောက်သောအခါ ကောက်လျှံသည် မှော်ပျံလွှားတပ်ကို လူစု၏။ ယင်း စစ်သည်တိုင်း၏ ကျောတွင် ကန့်မှုန့်၊ ယမ်းစိမ်း၊ မီးသွေးတို့ကို ထည့်ထားသော သံဘူးတောင်းတခုစီကို လွယ်ထားကြ၏။ ခါးကောက်နှင့် သံကြာပွတ်တို့ကို ကိုင်ဆောင်ထားကြ၏။ ပါးစပ်ထဲတွင် ကျူရိုးပီပီလေးများကို ကိုက်ထားကြ၏။ ဒုတိယယံတွင် မြို့တံခါးကို ဖွင့်ပြီး ဆွဲတံတားကို ချကာ ကိုယ်ရံတော်မြင်းစီးစစ်သည် သုံးဆယ် လိုက်ပါလာသော ကောက်လျှံက ခေါင်း ဆောင်ကာ ထွက်ခဲ့ကြ၏။

တောပုန်းတို့၏ စခန်းအနီးသို့ ရောက်သောအခါ ကောက်လျှံ မန်းမှုတ်လိုက်ရာ မြူထု မည်းမည်းကြီးတခုသည် ကောင်းကင်သို့ တက်သွားလေ၏။ လေပြင်းကြီးလည်း တိုက် လာရာ သဲများ၊ ကျောက်ခဲများ ရှေ့မှ လွင့်ပါလာပြီး မြေသားများကို တိုက်စားသွားကြ၏။ မှော်ပျံလွှားစစ်သည် သုံးရာသည်လည်း သူတို့ကျောပေါ်မှ သံဘူးတောင်းများကို မီးတို့ လိုက်ကြ၏။ ပီပီများကိုလည်း ပြိုင်တူမှုတ်လိုက်ကြ၏။ ပိန်းပိတ်နေသော အမှောင်ထု ထဲတွင် ယင်း မီးတောက်မီးလျှံတို့ကြောင့် သူတို့၏ ခန္ဓာကိုယ်များမှာ ထိန်ထိန်လင်းလျက် ရှိ၏။ ခါးများ ပုဆိန်များကို ဝင့်ကာ စခန်းထဲသို့ တဟုန်တည်း ပြေးဝင်ကြလေ၏။

တောင်လေးပေါ်ရှိ ကုန်ဆွန်ရှုန်းက သူ့ခါးကို ဆုပ်ကာ မန်းမှုတ်လိုက်ရာ လူမရှိသော စခန်းထဲသို့ မိုးကြိုးတချက် ပစ်ချလိုက်၏။ စခန်းလည်း မီးစွဲလောင်သွားလေပြီ။ မှော်ပျံ လွှားစစ်သည်များလည်း အလန့်တကြား ထွက်ပြေးမည်ပြုကြ၏။ သို့သော် ကောင်းကင်နှင့် မြေကြီးတခွင်လုံး ရဲရဲနီနေအောင် လောင်ကျွမ်းနေသော မီးတို့က ဝိုင်းနေပြီဖြစ်၏။ ပြေး ပေါက်ပြေးလမ်း မရှိတော့။ ကင်းပုန်းဝပ်နေသော တောပုန်းများက သစ်တပ်ကို ဝိုင်းလိုက် ကြပြီ။ အမှောင်ထုထဲတွင် ထင်ရှားစွာပေါ်လွင်နေသော ရန်သူသုံးရာလည်း လွတ်မြောက် ခွင့်မရလိုက်ကြ။ တယောက်မကျန် အသတ်ခံလိုက်ကြရ၏။

ကောက်လျှံသည် သူ့ကိုယ်ရံတော် မြင်းသည်သုံးဆယ်နှင့်အတူ မြို့သို့ သုတ်ခြေတင် လေ၏။ နောက်မှ လိုက်လာသော မြင်းတစီးမှာ တဖြည်းဖြည်းနှင့်

နီးလာ၏။ စီးလာသူမှာ ကျားသစ်ခေါင်းလင်ချုံး ဖြစ်၏။ မီလုမီခင်တွင် ကောက်လျံက ဆွဲတံတားကို ချပေးရန် အော်ပြောလိုက်ပြီး သူ့ကိုယ်ရံတော် မြင်းရှစ်စီး ကိုးစီးနှင့်အတူ မြို့ထဲသို့ ဒုန်းစိုင်းဝင်သွား ကြ၏။ ကျန်သူများကိုမူ လင်ချုံးက ဖမ်းဆီးလိုက်၏။

မြို့တွင်းသို့ ရောက်သည်နှင့် ကောက်လျံက မြို့သားများကို မြို့ရိုးပေါ်သို့တက်ကာ နေရာယူခိုင်း၏။ စုန်ကျန့်နှင့် လင်ချုံးတို့မှာ သူ့တတပ်လုံးကို သာမက မှော်ပုံလွှား စစ်သည်အားလုံးကိုပါ ချေမှုန်းလိုက်၏။

နောက်တနေ့တွင် စုန်ကျန့်တို့လည်း မြို့ကို ထပ်၍ ဝိုင်းကြပြန်၏။

“ငါ အနှစ်နှစ်အလလ လေ့လာခဲ့တဲ့ မှော်ပညာကို ကျော်သွားနိုင်တာ ဘယ်သူပါလိမ့်၊ ငါဘာလုပ်ရမလဲဟု” ကောက်လျံက စဉ်းစား၏။ နောက်ဆုံးတွင် အိမ်နီးချင်းနယ်များသို့ အကူအညီတောင်းရန် အကြံရ၏။

တုံချန့်နှင့် ကို့ချိုသို့ စာများ အလျင်အမြန် ရေး၏။ “ဒီနယ်တွေက မဝေးဘူး။ ဒီ မြို့ဝန်တွေ ဒီရာထူးတွေရအောင်လည်း ငါ့ဘကြီးကောက်ကျူက ကြည့်ရှုပေးထားတာ။ စစ်ကူတွေ ချက်ချင်းလွှတ်ဖို့ စာရေးမယ်” ဟု သူ စဉ်းစား၏။ စာပို့ရန် အထက်တန်းအရာရှိနှစ်ဦးကို အနောက်ဘက်တံခါးမှ စေလွှတ်လိုက်၏။ သူတို့လည်း အနောက်ဘက်လမ်းအတိုင်း အမြန်ဆုံး ထွက်သွားကြ၏။

တောပုန်းခေါင်းဆောင်အများက လိုက်ဖမ်းကြသော်လည်း ဝုရုံက “သွားပါစေ။ သူတို့ အကြံကို သူတို့ကို ပြန်တိုက်ရာမှာ အသုံးချရမယ်”

“ဘာအဓိပ္ပာယ်လဲဗျ” စုန်ကျန့်က မေး၏။

“မြို့ထဲမှာ တပ်ဖိုလ်တွေရော တပ်သားတွေပါ သိပ်အင်အားနည်းနေပြီ။ ဒါကြောင့် စစ်ကူတောင်းဖို့ လွှတ်လိုက်ရတာ။ ကျွန်တော်တို့ စစ်ကြောင်းနှစ်ကြောင်းကို သူတို့ဆီ လာတဲ့ စစ်ကူတွေလို ဟန်ဆောင်ခိုင်းပြီး၊ လာတဲ့လမ်းမှာ ဟန်ဆောင်တိုက်ပွဲဆင်ခိုင်းမယ်၊ ဒီလိုဆိုရင် ကောက်လျံက တံခါးဖွင့်ထွက်လာပြီး ကူညီမှာပဲ။ အဲဒါကို အခွင့်ကောင်းယူပြီး 'မြို့ကို ဝင်သိမ်းရမယ်။ ကောက်လျံကိုလည်း ချောင်ပိတ်မိအောင် မြူပြီး ဖမ်းရမယ်”

စုန်ကျန့်လည်း သဘောကျသွားပြီး ထိုက်ချုံကို လျံရှန်းသို့ ပြန်လွှတ်ကာ စစ်ကြောင်း နှစ်ကြောင်းခွဲ၍ သီးခြားစီ မြို့ကို ချဉ်းကပ်လာစေ၏။

ညတိုင်းပင် ကောက်လျံသည် မြို့လယ်တွင် မီးပုံကြီးများ ဖိုကာ စစ်ကူလာသော တပ်များကို လမ်းပြစေ၏။ ထို့ပြင် မြို့ရိုးပေါ်သို့တက်ကာ လာမည့် စစ်ကူတပ်များကို အားကိုးတကြီး မျှော်နေတတ်၏။ သုံး လေးရက် ကြာသောအခါ

စုန်ကျန့်၏ တပ်များ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို မြို့ရိုးပေါ်မှ မြင်ကြရ၏။ ကောက်လျိုသို့ သတင်းပို့သော အခါတွင် ကမန်းကတန်း သံချပ်ကာများကို ဝတ်ပြီး မြို့ရိုးပေါ်သို့ တက်၍ ကြည့်၏။ စစ်ကြောင်းနှစ်ကြောင်းသည် နေမင်းကိုအုပ်လုမတတ် ဖုန်လုံးကြီးများကို ထ စေလျက် မိုးကောင်းကင် တုန်လှုပ်လုမတတ် အော်ဟစ် ကြွေးကြော်လျက် အလျင်အမြန် ချီတက် လာသည်ကို တွေ့ရလေ၏။ မြို့ကို ဝန်းရံထားသော တောပုန်းတပ်များသည်လည်း ကစဥ့် ကလျားဖြစ်နေကြ၏။

ကယ်မည့်သူများ ရောက်လာပြီဟု ကောက်လျိုသည်လည်း သူ့တပ်ကို စုစည်း၏၊ မြို့တံခါးကို ဖွင့်ကာ အရောရော အထွေးထွေးဖြစ်နေသော လူများအတွင်းသို့ အတင်း ဖောက်၍ ဝင်၏။

စုန်ကျန့်နှင့်အတူ ဟာရုံ၊ ချင်မင်းတို့ပါ မြင်းများကို ဒုန်းစိုင်းကာ လမ်းကလေးတခု အတိုင်း ထွက်ပြေးနေသည်ကို တွေ့ရသဖြင့် ကောက်လျိုနှင့် သူ့လူများက နောက်မှ လိုက် ကြ၏။ ရုတ်တရက် တောင်ကုန်းတဖက်မှ အမြောက်မီးပေါက်သံတချက်ကို ကြားလိုက်ရ သဖြင့် ကောက်လျိုလည်း မသင်္ကာဖြစ်သွား၏။ ထိုကြောင့် မြင်းကိုလှည့်ကာ ပြန်ပြေး ကြ၏။ လမ်းဘယ်ညာမှ ကြွေးလင်ပန်းအသံများကို ကြားလိုက်ရပြီး ညာဘက်ဆင်ခြေ လျှောမှ လူ့ဖန်နှင့် ဘယ်ဘက်ဆင်ခြေလျှောမှ ကောက်ရှိန်းတို့က လူငါးရာစီဖြင့် ဆင်းလာ သည်ကို တွေ့လိုက်ရ၏။

ကောက်လျိုကား အသက်လုကာ ပြေးရတော့၏။ သူ့ကိုယ်ရံတော် အများစုမှာလည်း အသုတ်သင်ခံလိုက်ရပြီးဖြစ်၏။ မြို့စွန်သို့ ရောက်သောအခါတွင် မြို့ရိုးပေါ်တွင် လျှိုရှန်း တပ်ဖွဲ့ဝင်များ တံခွန်များကို ထူနေသည်ကို တွေ့ရ၏။ စစ်ကူဟူ၍ မည်သည့်အရပ်တွင်မျှ မမြင်ရချေ။ ကောက်လျိုလည်း လက်ကျန်တပ်များကို စုကာ တောင်တန်းဆီသို့ ထွက်ပြေး၏။

ဆယ်လီမျှပင် မသွားရသေး။ ထောင့်ချိုးတခုမှ ဆွန်လီနှင့် ခြေသည်မြင်းသည်များ ပေါ်လာ ကာ လမ်းကို ပိတ်လိုက်ကြ၏။ ဆွန်လီက-

“ငါ မင်းကို စောင့်နေတာ။ မြင်းပေါ်က ဆင်း၊ အဖမ်းခံ”

ကောက်လျိုက မြင်းကို လှည့်၏။ သို့သော် သူ့နောက်ကျောတွင် ချူတုံ ခေါင်းဆောင် သောအဖွဲ့က ရောက်နေလေပြီ။ နှစ်ဖက်ညှပ်ထားသော တပ်များလည်း ရှေ့ကို တိုးလာနေ ကြ၏။ လမ်းများလည်း ပိတ်နေပြီဖြစ်၍ ကောက်လျိုသည် မြင်းပေါ်မှဆင်းကာ တောင်ပေါ် သို့ အငမ်းမရ ပြေးတက်၏။ သူ့နောက်မှ သူ့တပ်သားများက ပြေး၍ လိုက်လာကြ၏။

ကောက်လျံသည် အကြောက်ကြောက်အလန့်လန့်ဖြင့် မန်းမှုတ်လိုက်ပြီး "အမြန်" ဟု ဆိုလိုက်ရာ တိမ်ထုအနက်တစုက သူ့ကို ပင့်တင်သွားပြီး တောင်ထိပ်လောက်အထိမြင့်တက်သွား၏။ ကုန်ဆွန်ရှန်းက မြင်လိုက်သဖြင့် သူ့မြင်းပေါ်မှ နေ၍ ကောင်းကင်သို့ မော်ကြည့်လျက် မန်းမှုတ်လိုက်ပြီး ဓားဖြင့် ညွှန်လိုက်ကာ "အမြန်" ဟု ဆိုလိုက်၏။

ကောက်လျံသည် မြေပေါ်သို့ ပြုတ်ကျလာလေ၏။ လွေ့ဟုန်က အမြန်ပြေးသွားပြီး လှံပုဆိန်ကြီးဖြင့် ကောက်လျံ၏ကိုယ်ကို နှစ်ပိုင်း ပိုင်းလိုက်လေ၏။

လွေ့ဟုန်သည် ကောက်လျံ၏ ခေါင်းနှင့်အတူ တောင်အောက်သို့ ဆင်းခဲ့၏။ စုန်ကျန့် ထံသို့ ခြေမြန်တော်စေလွှတ်ကာ သတင်းပို့ခိုင်းလိုက်၏။ စုန်ကျန့်က ဖြန့်ထားသော တပ် များကို စုစည်းကာ ကောက်ထန်မြို့တွင်းသို့ ဝင်၏။ မြို့သားများကို ဒုက္ခမပေးရန် အမိန့် ထုတ်၏။ မြို့သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို အာမခံကြောင်း အမိန့်ကြေညာစာ များကို မြို့အနှံ့ ကပ်စေ၏။

ထိုနောက် သခင်ကျဲ့ကို လွှတ်ပေးရန် ထောင်သို့ သွား၏။ ထောင်မှူး၊ ထောင်စောင့် များမှာ ထွက်ပြေးသွားကုန်ကြပြီ။ အကျဉ်းသား ငါးဆယ်ခန့်သာ ကျန်ခဲ့၏။ သူတို့၏ ခြေကျင်း၊ လက်ထိတ်များကို ချွတ်ပေးလိုက်၏။

သို့သော် ယင်းတို့ထဲတွင် သခင်ကျဲ့ကို မတွေ့ရပေ။ စုန်ကျန့်မှာ စိုးရိမ်ကြောင့်ကြသွား၏။ အဆောက်အအုံတခုတွင် ကျဲ့ကျင်း ဦးလေး၏ မိသားစုများကို လည်းကောင်း၊ နောက်တစုတွင် ကျဲ့ကျင်းကိုယ်တိုင်၏ မိသားစုများကို လည်းကောင်း တွေ့ရ၏။ သူတို့ကို ဖမ်းပြီး ထောင်ချထားခြင်း ဖြစ်ပြီး တိုက်ပွဲများ ဆက်နေသဖြင့် မစစ်ဆေးရသေးပေ။

သခင်ကျဲ့တယောက်သာ ကျန်တော့၏။ ဝုရုံက ထောင်မှူး၊ ထောင်စောင့်များကို ဆင့် ခေါ်စေ၏။ ယင်းတို့ထဲမှ တယောက်က "ကျွန်တော့်နာမည်က လင်းရင်ပါ။ ထောင်မှူးပါ။ မြို့ဝန်မင်းက သခင်ကျဲ့ကို သတ်သတ်ထားခိုင်းပြီး မလွတ်အောင် စောင့်ခိုင်းထားပါတယ်။ အခြေအနေမကောင်းရင် သူ့ကို ရှင်းပစ်လိုက်လို့လည်း မှာထားပါတယ်။ အရင် သုံးရက် ကတော့ သခင်ကျဲ့ကို သတ်ဖို့ ခိုင်းပါတယ်။ သူက လူကောင်းဆိုတာ ကျွန်တော်လည်း သိပါတယ်။ ဒီတော့ ကျွန်တော် မသတ်ရက်ဘူး။ သူက နေလည်း မကောင်းဘူး၊ ဆယ်ပုံရှစ်ပုံ လောက်ကို သွားနေပြီ၊ ဘာမှလုပ်စရာတောင် မလိုတော့ဘူးလို့ ဆိုပြီး အချိန်ဆွဲနေပါတယ်။ ဒါပေမဲ့ သူတို့က ဖိအားပိုပေးလာတော့ ကျဲ့ကျင်း သေပြီလို့ ပြောထားလိုက်ရပါတယ်။ မြို့ဝန်ကလည်း နေ့တိုင်း

စစ်ထွက်တိုက်နေတော့ မအားဘူး။ အချိန်လည်း မရဘူးပေါ့။ ဒါပေမဲ့ဗျာ၊ လူလွတ်ပြီး စစ်ခိုင်းမလားလို့တော့ ပူနေရတာပေါ့။ ကျဲ့ကျင်းကို တွေ့သွား ရင်တော့ ကျွန်တော်တော့ သွားပြီ။ အဲဒါနဲ့ပဲ မနေ့ကမှ နောက်ဖေးခြံထဲက ရေတွင်းပျက်ကြီးဆီကို သူ့ ခေါ်သွားတယ်။ ခြေထိတ်၊ လက်ထိတ်တွေ ချွတ်ပြီး အဲဒီထဲ တွန်းချပြီး ပုန်းနေခိုင်းလိုက်ပါတယ်။ သူ သေလား ရှင်လားတော့ မသိရပါဘူး”

စုန်ကျန့်လည်း လင်းရင်ကို ရေတွင်းဆီသို့ လိုက်ပို့ခိုင်း၏။ အောက်ကို ငုံ့ကြည့်သော် လည်း ဘာမျှ မမြင်ရ။ အနက်ကိုလည်း ခန့်မှန်း၍ မရ။ အော်ခေါ်သော်လည်း ထူးသံ မကြားရ။ ကြိုးတချောင်းကို ချကြည့်သော် တဆယ့်ငါးလံမျှရှိမှ အောက်ခြေသို့ ထိလေ၏။

“သူတော့ မရှိဘူးနဲ့ တူတယ်”ဟုဆိုကာ စုန်ကျန့်၏ မျက်ရည်များ စီးကျလာလေ၏။

“စိတ်မပျက်ပါနဲ့ ဗိုလ်ချုပ်။ တယောက်ယောက်ကို ဆင်းကြည့်ခိုင်းမှ ရှိ မရှိ သိမှာပါ” ဟု ဝုရုံက ဖျောင်းဖျ၏။

သူ ပြော၍မျှ မဆုံးသေး၊ လေပွေနက်လီကွေ့က “ကျုပ် သွားမယ်”ဟု အော်လိုက်၏။ “ကောင်းတာပေါ့၊ မင်းကြောင့်ပဲ သူ ဒုက္ခရောက်ရတာ၊ မင်းပဲ ပြန်ပေးဆပ်ရမှာပေါ့

“ကျုပ်က ဆင်းရမှာ မကြောက်ပါဘူး။ ကြိုးကိုတော့ ဖြတ်မချလိုက်နဲ့နော်”

“ရယ်စရာ လုပ်မနေနဲ့”ဟု ဝုရုံက ဟန့်၏။

ရောမခြင်းကြီးတလုံးကို ကြိုးနှင့် သိုင်း၍ ချည်ပြီး ရေတွင်းဝတွင် ဆင်ထားသော ဘောင်တန်းပေါ်ကို ကြိုးစကို လွှားကာ ကိုင်ထားကြ၏။ ထိုနောက် လီကွေ့က ဗလာကျင်း ကာ ခြင်းထဲတွင် ဝင်ထိုင်၏။ ပြီးမှ ဝိုင်းထိန်း၍ ခြင်းကို ရေတွင်းထဲသို့ ချကြရ၏။ ကြိုး၏ အပေါ်ဘက် အဖျားလောက်တွင် ခေါင်းလောင်းလေးနှစ်လုံးကိုလည်း ချည်ထား၏။

ခြင်းလည်း တွင်းအောက်ခြေသို့ တဖြည်းဖြည်း ရောက်သွား၏။ လီကွေ့ ခြင်းမှ ထွက်ကာ လျှောက်၍ စမ်းသည်။ အရိုးပုံတခုကို စမ်းမိလေ၏။

“ဟဲ့ သောက်ခွေး။ ဘာတွေပါလိမ့်ကွာ”

ဆက်၍ စမ်းနေရာတွင် အောက်ခြေမှာ စွတ်စိုနေသည်ကို တွေ့ရ၏။ ခြေချစရာမြေ ခြောက်ခြောက် တကွက်မျှ မရှိပေ။ လီကွေ့က ပုဆိန်ကို ခြင်းထဲသို့ထည့်ပြီး လက်နှစ်ဖက် စလုံးနှင့် လျှောက်စမ်းပြန်၏။ တွင်းအောက်ခြေမှာ

အတော်ပင် ကျယ်၏။ နောက်ဆုံးတွင် ကွေးကွေးလေး ခွေနေသော လူတယောက်ကို စမ်းမိလေ၏။

"သခင်ကျဲ"

သို့သော် ထိုသူမှာ မလှုပ်ချေ။ ထိုသူ့မျက်နှာရှေ့တွင် သူ့လက်တဖက်ကို အသာထား ကြည့်ရာ ပါးစပ်ဖြင့်သာ အသက်ငွေ့ငွေ့ ရှူနေကြောင်းကို တွေ့ရ၏။

"တော်ပါသေးရဲ့၊ ကယ်လို့ရသေးတယ်"

ခြင်းထဲသို့ ဝင်ကာ ကြိုးကို လှုပ်၍ ခေါင်းလောင်းများကို တီးလိုက်၏။ လူများက ဝိုင်း၍ ဆွဲတင်ကြလေ၏။ သူက တက်လာပြီး တွေ့ရသမျှကို ပြန်ပြောပြ၏။ စုန်ကျန့်က-

"ပြန်ဆင်းသွား။ သခင်ကျဲ့ကို ခြင်းထဲထည့်ပြီး တင်ပေးလိုက်။ သူ ဒီပေါ်ရောက်ရင် မင်းကို ခြင်းချပေးမယ်"

"ကျုပ် ကျီစုမှာ နှစ်ခါ ခံရပြီးပြီ နောင်ကြီး။ နောက်တခါတော့ မခံချင်တော့ဘူး"

"ငါက မင်းကို အရူးလုပ်မှာလားကွ။ သွား မြန်မြန်ဆင်း"

လီကွေ့သည် ခြင်းထဲဝင်ထိုင်ကာ တကြိမ် ပြန်ဆင်းရပြန်လေ၏။ အောက်သို့ ရောက် သောအခါ သခင်ကျဲ့ကို ထမ်းပြီး ခြင်းထဲတွင် ထည့်၏။ ကြိုးကိုလှုပ်၍ ခေါင်းလောင်းများကို တီးလိုက်၏။ အပေါ်မှလူများကလည်း ချက်ချင်းပင် ဝိုင်း၍ ဆွဲတင်ကြလေ၏။ ခြင်းအပေါ်သို့ ရောက်၍ သခင်ကျဲ့ကို မြင်ရမှ အားလုံး သက်ပြင်းချနိုင်ကြတော့၏။

စုန်ကျန့်က စစ်ဆေးကြည့်၏။ နဖူးတွင် ဒဏ်ရာရထားပြီး ခြေထောက်များမှာလည်း အထုအတေခံထားရသော ငါးဖယ်ကဲ့သို့ ဖြစ်နေလေပြီ။ မျက်စိများမှာလည်း မပိတ်တဝက် ပိတ်တဝက် ဖြစ်နေ၏။ မြင်ရသည်မှာ စိတ်ချမ်းသာဖွယ် မရှိပေ။ သမားတော်ကို ချက်ချင်း ခေါ်ကြ၏။

လီကွေ့မှာမူ ရေတွင်းထဲမှ ဝမ်းခေါင်းသံကြီးနှင့် အော်နေလေ၏။ စုန်ကျန့်က အမိန့် ပေးသဖြင့် ခြင်းကို ချပေးကာ ဆွဲတင်ကြရ၏။ အပေါ်သို့ရောက်သောအခါ လီကွေ့မှာ တရှူးရှူး တရှဲရှဲ ဖြစ်နေလေပြီ။

"ခင်ဗျားတို့ ဘာကောင်းလဲဗျာ။ ဘာလို့ ခြင်း ချမပေးကြတာလဲ"

"ငါတို့က သခင်ကျဲ့အတွက် စိတ် သိပ်ပူသွားကြလို့ မေ့သွားတာပါကွာ။

ငါတို့ကို ခွင့်လွှတ်ပါ”ဟု စုန်ကျန့်က တောင်းပန်၏။

ကျဲ့ကျင်းကို တင်ရန် လှည်းတစီးနှင့် သူ့မိသားစု၊ သူ့ဦးလေးမိသားစု၊ သူတို့၏ ပစ္စည်း များကိုတင်ရန် လှည်းအစီးနှစ်ဆယ်ကျော်ကို စီစဉ်ကာ လီကွေ့နှင့် လွေ့ဟုန်ကို လိုက်ပါ စောင့်ရှောက်စေလျက် လျှံရှုန်းတောင်ရိုးသို့ အပို့ခိုင်းလိုက်၏။ ကောက်လျံ၏ မိသားစုဝင် သုံးဆယ် လေးဆယ်ခန့်ကိုလည်း အကောင်းအဆိုး မစိစစ်ဘဲ မြို့လယ်ကောင် ဈေး ကွက်လပ်တွင် ကွပ်မျက်စေ၏။ ထောင်မှူးလင်းရင်ကိုမူ ဆုချ၏။ အစိုးရဘဏ္ဍာတိုက်မှ ပစ္စည်းဘဏ္ဍာများ၊ အစိုးရကျီတော်များမှ စပါးများကိုသာမက ကောက်လျံ၏ ကိုယ်ပိုင် ပစ္စည်းဥစ္စာများကိုပါ သိမ်းကျုံးထုပ်ပိုးကာ တောင်ရိုးပေါ်သို့ ပို့စေ၏။

တောပုန်းခေါင်းဆောင်ကြီးငယ်တို့ ကောက်ထန်မှ လျှံရှုန်းတောင်ရိုးသို့ ပြန်ကြလေ၏။ လမ်းတွင် ဖြတ်သွားသော တိုက်နယ်များ၊ ခရိုင်များကို ရန်မရှာကြပေ။ ရက်အတန်ကြာ သောအခါ စခန်းသို့ ပြန်ရောက်ကြ၏။ ကျဲ့ကျင်းသည် နေမကောင်းသော်လည်း ထ၍ ကျောက်ခဲ၊ စုန်ကျန့်နှင့် အခြားခေါင်းဆောင်တို့ကို ကျေးဇူးစကား ပြောလေ၏။ သခင် ကျဲ့နှင့် မိသားစု နေထိုင်ရန် အိမ်တလုံးကို စုန်ကျန့်၏ အိမ်အနီး တောင်ထိပ်ပေါ်တွင်ပင် ဆောက်ပေးရန် ကျောက်ခဲက ညွှန်ကြားလေ၏။

ကျဲ့ကျင်းနှင့် ထန်လုံ ဟူသော တပ်မှူးနှစ်ဦး ထပ်တိုးလာသောကြောင့် ခေါင်းဆောင် အားလုံးက ကျေနပ်ကြ၏။ အောင်ပွဲခံကာ စားသောက်ပွဲကြီးကို ကျင်းပလေ၏။

ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ဤအချိန်တွင် တုံချန့်နှင့် ကို့ချိုနှစ်မြို့လုံးက ကောက်ထန်မြို့ ကျသွားကြောင်း၊ မြို့ဝန် ကောက်လျံသည်လည်း အသတ်ခံရကြောင်း သိသွားကြလေပြီ။ ဤအကြောင်းကို ဧကရာဇ် မင်းကြီးထံသို့ စာဖြင့် အလျင်အမြန် တင်ပြကြ၏။ ကောက်တန်မှ ထွက်ပြေးလွတ်မြောက် လာကြသော တပ်ဗိုလ်များကလည်း ထိုအကြောင်းကို နေပြည်တော်သို့ ယူလာကြ၏။ ထိုကြောင့် ယင်း၏ တူတော်မောင် အသတ်ခံရကြောင်းကို စစ်သူကြီးကောက်ကျူ သိသွားလေ၏။

နောက်တနေ့ အရုဏ်တက်တွင် နန်းတော်သို့ သွားကာ လျောင်းတော်ဦးတွင် နံနက် ခေါင်းလောင်းထိုးချိန်ကို စောင့်နေ၏။ ရာနှင့်ချီသော မှူးမတ်များသည်လည်း ပွဲတက် ဝတ်ရုံများကို ဝတ်ဆင်ကာ အခစားဝင်ရန် စောင့်နေကြလေ၏။ ပဉ္စမယံ၏ တတိယမောင်း အချိန်တွင် ဧကရာဇ်ဘုရင် ထွက်တော်မူလာ၏။ ကျိုင်းတော်ကို သုံးချက်ဆောင့်ကာ အသံပေးလိုက်ရာ

မှူးမတ်သေနာပတိများသည် အဆင့်အလိုက် နေရာယူကြလေ၏။ ဧကရာဇ်မင်းကြီးသည် ပလ္လင်ပေါ်တွင် ထိုင်လိုက်၏။

"တင်လျှောက်ရန် ရှိသူများ တင်လျှောက်ကြစေ" ဟု နားခံတော်က အသံပြဲဇာ အပြည့်ဖြင့် ဆင့်ဆိုလိုက်၏။

စစ်သူကြီးကောက်ကျူက ရှေ့သို့ ထွက်လိုက်ကာ-

"တင်ပါသည် ဘုရား။ ကျီစုတိုက်နယ် လျှံရှန်းကျူအင်းက တောပုန်း ကျောက်ခဲနဲ့ စုန်ကျန့်တို့ ရာဇဝတ်မှုတွေကို ကျူးလွန်နေတာ ကြာပါပြီ ဘုရား။ မြို့တွေကို စီးနင်းပြီး ကျီတော်တွေက ဆန်စပါးတွေကို လုယူကြပါတယ်။ ကျီစုမှာ တပ်တော်တွေကို သတ်ဖြတ်ကြပါတယ်။ ချင်ကျို့နဲ့ ဝုဝေကျန်းမြို့တွေမှာလည်း ဆူပူသောင်းကျန်းခဲ့ကြပါတယ်။ လောလောဆယ်မှာတော့ ကောက်ထန်တမြို့လုံးကို သုတ်သင်ပြီး ကျီတော်နဲ့ဘဏ္ဍာတိုက် တော်တွေမှာ ရှိသမျှကို ယူသွားကြပါတယ် ဘုရား။ သူတို့ဟာ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်မှာ စွဲကပ်နေတဲ့ မြစ်ပွားနာတွေနဲ့ တူပါတယ်ဘုရား။ မြန်မြန်ဖယ်ရှားမပစ်ရင် မထိန်းချုပ် နိုင်အောင် ဖြစ်ပါမယ်ဘုရား။ ဘုန်းတော်ကြီးလှသောဘုရားက ကယ်တင်ပေးပါရန် အသနားခံအပ်တယ်ဘုရား"

ဧကရာဇ်မင်းကြီးသည်လည်း ထိတ်လန့်သွားလေ၏။ တပ်တော်စုရုံးရန်၊ ရာဇဝတ်သား များကို ဖမ်းဆီးရန်၊ လျှံရှန်းကျူအင်းကို လုံးဝ သုတ်သင်ပစ်ရန် ကောက်ကျူအား အမိန့် တော်ချမှတ်လေ၏။ ကောက်ကျူက-

"ဒီလို တောပုန်းခါးပြတွေလောက်ကို နှိမ်နင်းဖို့ တပ်တော်ကြီး စုရုံးဖို့ မလိုပေါင်ပါ ဘုရား။ ဧကရာဇ်မင်းမြတ်က ကျွန်တော့်ကို လူတယောက် ပေးသနားရင် သင်းတို့ကို ရှင်းလင်းနိုင်ပါမယ် ဘုရား"

"မောင်မင်းက သင့်တော်တယ်ထင်ရင် အဲဒီလူဟာ တကယ်တော်လို့ပဲ ဖြစ်ရပေမယ်။ ချက်ချင်းခေါ်စေ။ ငါ အောင်သတင်းကို အမြန်ကြားချင်တယ်။ သူ့ကိုလည်း အရာကြီး အထူးကြီး ခန့်ပြီး ဆုလာဘ်များ ပေးသနားမယ်"

"အဲဒီလူက အခြားသူ မဟုတ်ပါ ဘုရား။ မင်းဆက်တည်ထောင်စက ကျော်စော ?င်ရှားခဲ့တဲ့ ဟောတုံနယ်က စစ်သူကြီးဟူယန်ဇန်ရဲ့ သားမြေးပါ။ သူ့နာမည်က ဟူယန်ကျို့ပါ ဘုရား။ သံတင်ကျည်းနှစ်လက်ကို စွဲကိုင်တဲ့ သတ္တိအရာမှာ ပြိုင်ဘက်ကင်းတဲ့သူ ဖြစ်ပါ တယ်။ ခုအချိန်မှာ ရူနင်းမြို့စောင့်တပ်မှာ တပ်မှူးအဖြစ် အမှုတော်ထမ်းနေပါတယ်။ သူ့ လက်အောက်မှာလည်း ထူးချွန်တဲ့ တပ်ဗိုလ်တွေ၊ တပ်သားတွေ ရှိပါတယ် ဘုရား။ ဒီ ဗိုလ်မင်းရဲ့ အမှုထမ်းဆောင်မှုကြောင့် လျှံရှန်းကျူအင်းမှာ ပြန်ပြီး ငြိမ်ဝပ်ပိပြားမှာ ဖြစ်ပါ တယ်။ ကျွမ်းကျင်တဲ့ တပ်တွေ၊ တပ်ဗိုလ်ကောင်းတွေကို ခေါင်းဆောင်ပြီး တောပုန်းတွေရဲ့

အသိုက်ကို ရှင်းပြီး အောင်ပွဲခံပြီး ပြန်လာပါ့မယ် ဘုရား"

ဧကရာဇ်မင်းကြီးလည်း ဟူယန်ကျို့ကို ချက်ချင်းခေါ်စေရန် စစ်မက်ရေးရာကောင်စီ အား ညွှန်ကြား၏။ ညီလာခံစဲသောအခါ ကောက်ကျူကိုယ်တိုင် ရှုနင်းသို့ စေလွှတ်မည့် စေတမန်ကို ရွေးသည်။ ထိုနေ့တွင်ပင် စေလွှတ်လိုက်ပြီး ပြန်ရောက်ရမည့်အချိန်ကိုလည်း သတ်မှတ်ပေးလိုက်၏။

ရှုနင်းရှိ ဌာနချုပ်တွင် လုပ်ငန်းကိစ္စများကို စီမံနေသော ဟူယန်ကျိုထံသို့ တံခါးဗိုလ်က လာ၍ သတင်းပို့၏။ "နေပြည်တော်ကို အထူးတာဝန်နဲ့ လာရောက်ဖို့ အမိန့်တော်ပါလာတဲ့ တမန်တယောက် ရောက်လာပါတယ်"

အခြားအရာရှိများနှင့်အတူ ဟူယန်ကျို့လည်း မြို့တံခါးဝသို့ သွားကာ စေတမန်ကို ကြိုဆိုကာ ဌာနချုပ်သို့ ခေါ်ခဲ့၏။ ဒမိန့်စာကို ဖတ်ပြီးနောက် ဟူယန်ကျို့က စေတမန်ကိုတည်ခင်းကျွေးမွေးစေ၏။ ထိုနောက် သံခမောက်နှင့် သံချပ်ကာများကို ဝတ်ဆင်ကာ၊ လက်နက်များကို ယူဆောင်ပြီး အစောင့်အရှောက် သုံးဆယ် လေးဆယ်ခန့်နှင့်အတူ ရှုနင်းမှ မြင်းစီးကာ ထွက်ခဲ့လေ၏။ တညလုံး ခရီးဆက်ကြရာ နေပြည်တော်သို့ ချောချော မောမောပင် ရောက်သွားကြလေ၏။ ဟူယန်ကျို့လည်း စစ်ရုံးတော်ရှေ့တွင် မြင်းမှ ဆင်းကာ စစ်သူကြီးကောက်ကျူနှင့် တွေ့ရန် ဝင်သွားလေ၏။

ရုံးထိုင်နေသော ကောက်ကျူထံသို့ အစောင့်က ဝင်၍ သတင်းပို့၏။ ရှုနင်းမှ ဟူယန်ကျို့ ရောက်ပြီဖြစ်ကြောင်း သိရသဖြင့် ကောက်ကျူလည်း ဝမ်းသာအားရဖြင့် အခေါ်ခိုင်း လိုက်၏။ မာကြောင်းသာကြောင်း မေးမြန်းပြောဆိုပြီးသောအခါ ကောက်ကျူက ဟူယန်ကျို့ ကို ဆုလာဘ်များ ချီးမြှင့်၏။

နောက်တနေ့နံနက်တွင် ကောက်ကျူးက ဟူယန်ကျို့ကို ဘုရင့်ရှေ့တော်သို့ သွင်း၏။ ဧကရာဇ်မင်းကြီးလည်း သာမန်လူ မဟုတ်ကြောင်းကို မြင်ရသဖြင့် ရွှေမျက်နှာတော်မှာ ဝင်းပသွားလေ၏။ "နှင်းထုမှာ စိုင်းတဲ့ မြင်းနက်ကျော်" ဟု အမည်ရသော မြင်းကောင်း တစီးကို ဟူယန်ကျို့အား ချီးမြှင့်တော်မူ၏။ ထိုမြင်းမှာ တကိုယ်လုံး နက်ပြီး ခွာလေးဖက်သာ ဆွတ်ဆွတ်ဖြူသောကြောင့် ဤသို့ အမည်ပေးထားခြင်းဖြစ်ပြီး၊ တနေ့ချင်းတွင်းတွင် လီ တထောင်ကို ရောက်အောင် သွားနိုင်သည် ဆို၏။

ဧကရာဇ်မင်းကြီးကို ကျေးဇူးစကား ပြောဆိုပြီးနောက် ဟူယန်ကျို့လည်း ကောက်ကျူ နှင့်အတူ စစ်ရုံးတော်သို့ ပြန်ခဲ့၏။ ထိုနောက် လျံရှုန်းကျူအင်းကို မည်သို့ သိမ်းမည်ကို တိုင်ပင်ကြ၏။

"ကျွန်တော် ထောက်လှမ်းပြီးပြီ အရှင်။ သူတို့မှာက တပ်ဗိုလ်တွေ၊

တပ်သားတွေ အများကြီး ရှိတယ်။ လက်နက်တွေ၊ မြင်းကောင်းတွေလည်း ရှိတယ်။ အထင်မသေးသင့်တဲ့ ရန်သူတွေပါပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ လူနှစ်ယောက် ရှိပါတယ်။ သူတို့ကို တပ်ဦးက ချီတက်ခိုင်းပြီး ကျွန်တော်က နောက်က တပ်မနဲ့ လိုက်သွားမယ်။ ကျွန်တော်တို့ အောင်ပွဲ ခံမှာ မုချပါပဲ”

ကောက်ကျူကလည်း ဝမ်းသာအားရဖြင့်-

“ဒီလူတွေက ဘယ်သူတွေလဲ”

ဟူယန်ကျို့က အာမခံသော ထိုလူနှစ်ယောက်ကြောင့် တောင်ရိုးခံတပ်တွင် တပ်ဖွဲ့ များ တိုးလာခဲ့ရပေ၏။ လျှံရှန်းတောင်ရိုးမှ တိုက်ခိုက်သူများကလည်း အစိုးရတပ်များကို ချေမှုန်းပစ်လိုက်ကြ၏။

မှန်ပေ၏။ ထိုသူတို့၏ အမည်များမှာ ရွှေတိုက်စာရင်းဝင် ဖြစ်မသွားကြသော်လည်း သစ္စာညီနောင်ခန်းမဆောင်၏ စာလိပ်များတွင် မှတ်တမ်းတင်ခြင်းကိုမူ ခံကြရလေ၏။

ဟူယန်ကျို့ ရွေးချယ်တင်ပြခဲ့သူတို့မှာ အသူတို့ပေနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၅

စစ်သူကြီးကောက်ကျူ စစ်ကြောင်းသုံးကြောင်းပါ တပ်တော်ကို ဖွဲ့စည်းခြင်း

ဟူယန်ကျို့ သံချပ်ကာမြင်းတပ်ဖြင့် စစ်ခင်းခြင်း

"ကျွန်တော် စဉ်းစားထားတာကတော့ ချင်ကျို့က မြို့စောင့်တပ်မှူးပါ။ နာမည်က ဟန်တောင်တဲ့။ သူက အရင်က အရှေ့နေပြည်တော်မှာ နေတာပါ။ ပြီးတော့ စစ်ပညာ စာမေးပွဲ ဒုတိယအဆင့်ကိုလည်း အောင်မြင်ထားပါတယ်။ ကိုင်တဲ့ လက်နက်ကတော့ သုံးလံရှည်တဲ့ စွန်ပလွံသား တင်ကျည်းတုတ်ရှည်ပါ။ လူတွေကတော့ ပွဲတိုင်းကျော်လို့ ခေါ်ကြတယ်။ သူက ရှေ့ဖျားတပ်ကို ဦးဆောင်နိုင်ပါလိမ့်မယ်။ နောက်တယောက်ကတော့ ယင်ကျို့က တပ်မှူး ဖိန့်ချီပါ။ သူလည်း အရှေ့နေပြည်တော်ကပါပဲ။ သူ့ဆွေစဉ်မျိုးဆက်က စစ်မှုထမ်းမျိုးရိုးပါ။ သူက သုံးခွမိန်းလှံကို ကိုင်ပေမယ့် တခြားလက်နက်တွေကိုလည်း ကျွမ်းကျင်ပါတယ်။ သူ့ကိုကျတော့ နတ်မျက်စိလို့ ခေါ်ကြတယ်ဗျ။ သူ့ကိုတော့ လက်ထောက် အဖြစ်နဲ့ တာဝန်ပေးပါ့မယ်"

စစ်သူကြီးကောက်ကျူကလည်း များစွာ ကျေနပ်သွားကာ ကြုံးဝါးလေ၏။ "ဟန်တောင် နဲ့ ဖိန့်ချီကို ရှေ့ဖျားက ထားပြီး ချီတက်မယ်ဆိုရင် ဒီတောပုန်း အရိုင်း အစိုင်းတွေကို မှုစရာ ဘာလိုတော့မှာလဲ"

ဟန်တောင်နှင့် ဖိန့်ချီတို့ကို အမြန် အခေါ်လွှတ်ရန် ညွှန်ကြားလိုက်၏။ ထိုတပ်မှူး နှစ်ယောက်လည်း ဆယ်ရက်အတွင်း ရောက်လာကြပြီး ကောက်ကျူနှင့် ဟူယန်ကျို့တို့ ထံသို့ သွားတွေ့ကြ၏။

နောက်တနေ့တွင် ကောက်ကျူးနှင့် အဖွဲ့သည် စစ်ရေးပြကွင်းသို့ သွားကာ ဘုရင့် တပ်တော် လေ့ကျင့်စစ်ရေးပြနေသည်ကို ကြည့်ကြ၏။ ရုံးသို့ ပြန်ရောက်သောအခါ ကောက်ကျူသည်လည်း စစ်ကောင်စီကို ခေါ်ကာ မဟာဗျူဟာဆိုင်ရာ အရေးကြီးသော အချက်အလက်များကို တိုင်ပင်လေ၏။

"မင်းတို့ သုံးယောက် စုစုပေါင်းအင်အား ဘယ်လောက်ရှိကြသလဲ"

"မြင်းသည် အင်အားက ငါးထောင်လောက် ရှိမယ်။ ခြေသည်အင်အားပါ ပေါင်းရင် တသောင်းလောက် ရှိပါမယ်"

"မင်းတို့ မြို့တွေကို ပြန်သွား။ မြင်းသည်ကောင်းကောင်း

သုံးထောင်လောက်၊ ခြေသည် ငါးထောင်လောက် ရအောင်စု။ ပြီးရင် လျှံ့ရှန်းကျူအင်းကို သွားရှင်းပစ်လိုက်” “ကျွန်တော်တို့ မြင်းသည် ခြေသည်တွေကတော့ ထိပ်တန်းတွေပါပဲ။ အရှင် ကြောင့်ကြ စရာ မလိုပါဘူး။ ဒါပေမဲ့ စစ်ဝတ်တွေ သံချပ်ကာတွေတော့ နည်းနည်း လိုနေတယ်ဆိုတော့ အချိန်မဆွဲချင်ပေမယ့် ပြင်ဆင်ချိန်လေးတော့ နည်းနည်းလောက် ပေးစေချင်ပါတယ်”

“ဒါလေးများကွာ၊ လက်နက်တိုက်ကို သွားပြီး မင်းတို့ လိုသမျှ စစ်ဝတ်တွေ ၊ ချပ်ဝတ် တွေ၊ သံခမောက်တွေ၊ လက်နက်တွေကို ထုတ်ယူသွားကြ။ ငါအခုပဲ အမိန့်ထုတ်ပေးလိုက် မယ်။ ရန်သူကို နှိမ်နင်းဖို့အတွက် လက်နက်ကောင်းကောင်း တပ်ဆင်ဖို့ လိုတယ်။ မင်းတို့ အသင့်ဖြစ်ရင် ငါ အရာရှိတွေ လွှတ်ပြီး စစ်ခိုင်းလိုက်မယ်”

ဟူယန်ကျို့သည် အမိန့်ကို ယူကာ သူ့လူများကို ခေါ်ပြီး လက်နက်တိုက်သို့ သွားလေ ၏။ သံမဏိချပ်ဝတ်အစုံ သုံးထောင်၊ မြင်းသားရေချပ်ဝတ်အစုံ ငါးထောင်၊ ကြေးညို ခမောက် သံခမောက် အလုံး သုံးထောင်၊ ပုဆိန်လှံ အစင်းရေ နှစ်ထောင်၊ ဓားအလက် တထောင်၊ မရေတွက်နိုင်သော လေးမြားများ၊ အမြောက်မီးပေါက် ငါးရာတို့ကို ရွေးချယ် ကာ လှည်းများပေါ်သို့ တင်၏။ တပ်မှူး သုံးယောက် နေပြည်တော်မှ ထွက်သောနေ့တွင် ကောက်ကျူက စစ်မြင်းအစီးသုံးထောင်၊ လိုအပ်သမျှ ဆန်စပါးများကို သာမက ရွှေ၊ ငွေ၊ ပိုးထည်၊ ဖဲထည်များကိုလည်း သီးသန့် လက်ဆောင်ပေးလိုက်လေ၏။

ဟူယန်ကျို့တို့ သုံးဦးသားသည်လည်း စစ်ပွဲအောင်မြင်ရမည်ဟု ကတိပြုသော စာများ ကို ရေးသားကာ စစ်သူကြီးကောက်ကျူကို ပေးအပ်ပြီး ထွက်ခွာခဲ့ကြလေ၏။

ရူနင်သို့ ချောချောမောမော ပြန်ရောက်သောအခါ ဟူဟန်ကျို့က ဟန်တောင်နှင့် ဖိန့်ချီတို့ကို ကိုယ့်မြို့ကိုယ် ပြန်စေပြီး တပ်များစည်းရုံးကာ ရူနင်သို့ ခေါ်လာခဲ့ရန် မှာလိုက်၏။

နှစ်ပတ်အတွင်းတွင် စစ်ကြောင်းသုံးကြောင်းစလုံး စုံသွားပြီဖြစ်၏။ လက်နက်တိုက် တော်မှ ထုတ်လာသော သံခမောက်များ၊ ဓား၊ လှံများ၊ ကုန်းနှီးများ၊ ချပ်ဝတ်များကို ပြန်၍ ထုတ်ပေး၏။ ထို့ပြင် သံနန်းများကို ရက်ထားသော သံနန်းထည်ဖြင့် လုပ်ထားသော စစ် ဝတ်တန်ဆာများကိုပါ စစ်ကြောင်းသုံးကြောင်းစလုံးသို့ ဝေငှပေးလေ၏။

ချီတက်ရန် အသင့် ဖြစ်နေကြပြီ။ ကောက်ကျူက အရာရှိနှစ်ဦးကို စေလွှတ်ကာ စစ်ဆေးခိုင်း၏။ ယင်း အရာရှိတို့ကလည်း တပ်မှူးသုံးဦးစလုံးကို

ရက်ရောစွာ ဆုချကြ၏။ ထို့နောက်တွင် ဟူယန်ကျို့က ခေါင်းဆောင်ကာ စစ်ကြောင်းသုံးကြောင်းစလုံး ချီတက်ခဲ့ ကြလေသည်။ ဟန်တောင်က ရှေ့ဖျားတပ်ကို ဦးစီး၏။ ဟူယန်ကျို့က အလယ်ကောင်ရှိတပ်မကို ကွပ်ကဲ၏။ ဖိန့်ချီကမူ နောက်ရံတပ်ကို ထိန်းချုပ်၍ ချီတက်လာကြလေ၏။ လျှံရှန်းတောင်ရိုးသို့ ချီတက်လာသော စစ်ကြောင်းသုံးကြောင်းမှာ ခန့်ညားဖွယ် မြင်ရ၏။

အဝေးတွင် ထုတ်ထားသော ကာကင်းက ရန်သူတပ်များ ချဉ်းကပ်လာနေကြောင်းကို သတင်းလာပို့၏။ ထိုအချိန်တွင် ကျောက်ခဲ၊ စုန်ကျန့်၊ စစ်ဘက်အကြံပေးပုဂ္ဂိုလ် ဝုရုံတို့သည် ကုန်ဆွန်ရှန်းနှင့်တကွ အခြားသော ခေါင်းဆောင်ကြီးငယ်တို့နှင့်အတူ ကျဲ့ကျင်းကို ဂုဏ်ပြု ကာ နေ့စဉ် စားသောက်ပွဲများ ကျင်းပနေချိန် ဖြစ်၏။ ရှုနင်းမှ ဟူယန်ကျို့က ခြေသည် မြင်းတို့ကို ဦးစီးကာ တိုက်ခိုက်ရန် လာနေကြောင်း ကြားရသောအခါ မဟာဗျူဟာနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးကြလေ၏။ ဝုရုံက-

"ကျွန်တော် သူ့အကြောင်း ကြားဖူးတယ်။ သူက ဟူယန်ဇန်ရဲ့ သားမြေးပဲတဲ့။ ဒီ မင်းဆက် တည်ထောင်ရာမှာ ကူညီခဲ့တဲ့ ဟောတုံက စစ်သူကြီးလေ။ သူ့လက်နက်စွမ်းရည် ကလည်း တဖက်ကမ်းခတ်တယ် တဲ့။ သူ့တင်ကျည်းတုတ်နှစ်ချောင်းကို ဝင့်နေပြီဆိုရင် ဘယ်သူမှ အနားမကပ်ရဲဘူးတဲ့။ ဒီတော့ ကျွန်တော်တို့ကလည်း စိတ်ချရတဲ့ သတ္တိကောင်း တဲ့ အရာရှိတွေကို တာဝန်ပေးရမယ်။ သူ့ကို ဖမ်းချင်ရင် ပထမ အားကို သုံးရမယ်။ ပြီးမှ ပရိယာယ်ကို သုံးရမယ်"

ပြော၍မှ မဆုံးသေး၊ လေပွေနက်လီကွေ့က "ကျုပ် ဒီကောင်ကို ဖမ်းပေးမယ်ဗျာ"ဟု ထပြော၏။

စုန်ကျန့်က-

"မင်း မဖမ်းရဘူး။ ဒီမှာဗျာ၊ ကျွန်တော် ဒီလိုလုပ်ဖို့ စီမံထားတယ်။ ပထမဆုံး မိုးကြိုးသွားချင်မင်းက သွားပြီး ထိုးနှက်ရမယ်။ ဒုတိယကတော့ ကျားသစ်ခေါင်းလင်ချုံး၊ တတိယ ကတော့ ဟွရုံ၊ စတုတ္ထကတော့ သံမဏိတာ၊ ပဥ္စမကတော့ ဗိုလ်ချုပ်ပျော့ဆွန်လီပေါ့။ ဒီ ညီနောင်တွေက တယောက်ပြီး တယောက် ဆက်တိုက် ထိုးနှက်ရမယ်။ ရစ်ဘီးက တံကူ တွေ ပုံတောင်းမှာ လာပြီး စိုက်ကြသလိုပဲပေါ့။ ကျွန်တော်ကတော့ ခေါင်းဆောင် ဆယ်ဦးနဲ့ ပင်မတပ်ကို ကွပ်ကဲမယ်။ ဘယ်တောင်ပံမှာ ချူတုံ၊ လွေ့ဟုန်၊ မူဟုန်၊ ဟုန်ဆင့်၊ လူ့ဖန်တို့ ရှိမယ်။ ညာတောင်ပံမှာကတော့ ရန်စုံ၊ ရှိဇူ၊ အိုပင်း၊ မာလင်း၊ ကောက်ရှိန်းတို့ ရှိမယ်။ ရေကြောင်းက ချဉ်းကပ်လာတဲ့ လမ်းတွေကိုတော့ လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်း၊ ဖိုးရုံညီအစ်ကို သုံးယောက်တို့ ဦးစီးတဲ့ လှေတွေနဲ့ ကာကွယ်ရမယ်။ လီကွေ့နဲ့

ရန်လင်းတို့က ခြေလျင် စစ်ကြောင်းတခုစီကို ဦးစီးပြီး အရန်အနေနဲ့ ကင်းပုန်းဝပ်နေရမယ်”

များမကြာမီတွင် ချင်မင်းသည် ခြေသည်မြင်းသည်များကို ဦးစီးကာ တောင်အောက် သို့ ဆင်းသွားလေ၏။ လွင်ပြင်ကျယ်ကျယ်တွင် တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်ထားကြလေ၏။

ဆောင်းဥတုသို့ ရောက်နေပြီ ဖြစ်သော်လည်း ရာသီဥတုမှာ နွေးထွေးသာယာ၏။ နောက်တနေ့တွင် အဝေးမှ ချဉ်းကပ်လာနေသော အစိုးရတပ်များကို မြင်ရ၏။ ပွဲတိုင်း ကျော်ဟန်တောင် ဦးစီးလာသော ရှေ့ပြေးတပ်သည် စခန်းချကာ ပတ်ပတ်လည်ကို သစ်တပ်ဖြင့် ကာရံကြ၏။ တို့ညက တိုက်ပွဲ မဖြစ်ကြပေ။

နောက်တနေ့ နံနက်တွင် နှစ်ဖက်တပ်တို့သည် ရင်ဆိုင်ထားကြပြီး တံပိုးခရာများကို မှုတ်နေကြ၊ ဗုံမောင်းများကို တီးနေကြရာ မိုးကောင်းကင်ပင်လျှင် သိမ့်သိမ့်တုန်နေ၏။ စုန်ကျန့်တို့ဘက်ရှိ တံခွန်များအောက်မှ မိုးကြိုးသွားချင်မင်းသည် မြင်းစီးပြီး ထွက်လာ၏။ ဝံပုလွေသွား တင်းပုတ်ကြီးကိုလည်း ဘယ်မှ ညာ၊ ညာမှ ဘယ်သို့ ဝှေ့ယမ်းလာနေ၏။ အခြားတဖက်မှလည်း အလားတူ တံခွန်များအောက်မှ ဟန်တောင် ပေါ်ထွက်လာလေ၏။ သူ့လှံကို ကန့်လန့်ဖြတ် ကိုင်ထားကာ ရန်သူဘက်သို့ လှမ်း၍ အော်၏။

“ငါတို့ ရောက်လာပြီ။ မင်းတို့က အညံ့မခံတဲ့အပြင် ခုခံမယ် ကြံနေလား။ သေချင် နေကြသလား။ မင်းတို့ အင်းကို ဖို့ပြီး မင်းတို့ လှိုဂူရှုန်းတောင်ကို အမှုန့်ခြေပစ်မယ်။ မင်းတို့ ခေါင်းပြတွေကို ဖမ်းပြီး နေပြည်တော်ကို ခေါ်သွားမယ်။ မင်းတို့ကို တစစီ ဖြစ်အောင် ခြေပစ်မယ်”

ချင်မင်းမှာ စိတ်ဆတ်သောသူဖြစ်၍ တခွန်းမျှ ပြန်မပြောဘဲ သူ့မြင်းကို ဟန်တောင် ရှိရာသို့ နှင်လေ၏။ တင်းပုတ်ကြီးကိုလည်း ဝင့်၍ လာနေ၏။ ဟန်တောင်ကလည်း လှံကို ချိန်ရွယ်ပြီး မြင်းကို ဖနောင့်နှင့် ကြိတ်ကာ သူ့ဆီသို့ ကဆုန်ပေါက် စီးကာ လာလေ၏။ သူတို့သည် တိုက်ကွက် နှစ်ဆယ်ခန့် တိုက်ကြရာ ဟန်တောင်မှာ အားကုန်လာလေပြီ။ ပြန်သွားမည်ဟု မြင်းကို လှည့်လိုက်ရာ သူ့နောက်မှ ပင်မတပ် တပ်မှူး ဟူယန်ကျို့ ထွက် လာလေ၏။ ဟန်တောင်၏ အခြေအနေမှာ မကောင်းတော့ကြောင်း တွေ့ရသဖြင့် မင်းကြီး မပေးသည့် မြင်းကို စီးကာ သူ့တုတ်များကို ဝှေ့ယမ်းလျက် အော်ဟစ်ကာ ရှေ့သို့ တက်လာ လေ၏။

ချင်မင်းလည်း ယင်းကို မှတ်မိသဖြင့် တိုက်မည်ဟု ပြင်၏။ သို့သော် လင်ချုံးကမြင်းကို ဒုန်းစိုင်းစီးလာပြီး “နားလိုက်ဦး တပ်မှူး၊ ဒီကောင်နဲ့ အချီ

သုံးရာလောက် သွားတိုက်မယ်”

ဟု အော်ပြော၏။

လင်ချိုးက သူ့နဂါးလုံကို ချိန်ကာ ဟူယန်ကျိုထံသို့ ဝင်တိုက်၏။ ချင်မင်းသည် သူ့မြင်း ကို ဖနောင့်ဖြင့် ပွတ်ကာ ဘယ်ဘက်သို့ လှည့်စေပြီး ထောင့်ချိုးတခု၏နောက်သို့ ဝင်ကာ ပျောက်ကွယ်သွား၏။ ရန်သူနှစ်ဦးမှာ အင်အားမျှနေ၏။ လုံနှင့် တင်ကျည်းတို့ကို ဝှေ့ယမ်း ထိုးနှက်နေသည်မှာ ကနုတ်ပန်းအခက်အနွယ်များ ရက်ယှက်နေသလို ဖြစ်နေ၏။ တိုက်ကွက်ငါးဆယ် ကျော်လာသည့်တိုင် အရှုံးအနိုင် မပေါ်သေးပေ။

တတိယအကြိမ် ထိုးနှက်ရန် ဟွရုံ ရောက်လာလေ၏။ စစ်မြေပြင်အစပ်သို့ ရောက် သောအခါ လှမ်းအော်၏။

“နားပါဦး ဗိုလ်မင်းလင်ချိုး။ ဒီကောင်ကို ကျုပ် ဖမ်းမယ်၊ ကြည့်နေ”

ကျားသစ်ခေါင်းလည်း မြင်းကို ဦးလှည့်ကာ ထွက်ခွာသွား၏။ ဟူယန်ကျို့သည် လင်ချိုး၏ လက်နက်ရေးကျွမ်းကျင်မှုကို မြင်ပြီး ဖြစ်သောကြောင့် လွှတ်ပေးလိုက်ပြီး သူ့နေရာသို့ ပြန်သွားလေ၏။ လင်ချိုးသည် သူ့တပ်နှင့်အတူ ထောင့်ချိုးတခုနောက်တွင် ပျောက်သွားလေ၏။ သူ့လုံကို ချိန်လျက် ဟွရုံ ထွက်လာသောအခါတွင် ဟူယန်ကျို့မှာ စစ်ကြောင်းထဲတွင် ရောက်နေပေပြီ။ ထို့ကြောင့် နတ်မျက်စိဖိန့်ချီသည်လည်း တနေ့လျှင် လီတထောင် ခရီးပေါက်သော စာဥပြောက် အညိုရောင်မြင်းချောကြီးကို ဟွရုံဆီသို့ စီးလာ လေ၏။ သူ့ သုံးခွမိုန်းလုံကြီးကို ကန့်လန့်ကိုင်ကာ ဖိန့်ချီက အော်၏။

“သစ္စာမရှိတဲ့ ခားပြတွေ၊ မင်းတို့က လူစိတ်လည်း မရှိဘူး။ ဒီတချီနဲ့ ပြီးအောင် တိုက်ကြမယ်”

ဟွရုံလည်း ဒေါပွသွား၏။ ဘာမှ ပြန်မပြောဘဲ ဖိန့်ချီကို ဝင်တိုက်၏။ အချီနှစ်ဆယ် ကျော် တိုက်ကြပြီးသော် ဖိန့်ချီမှာ အားကုန်လာပြီဖြစ်ကြောင်း ဟူယန်ကျို့က တွေ့ရသဖြင့် ဟွရုံကို ဝင်၍တိုက်၏။

သုံးချီမျှပင် တိုက်၍ မပြီးသေး၊ သံမဏိတာသည် စတုတ္ထထိုးနှက်မှုအဖြစ် မြင်းစီး၍ ထွက်လာ၏။ “နားပါဦး ဗိုလ်မင်း၊ ဒီကောင်ကို ကျွန်မ ဖမ်းမယ်”

ဟွရုံလည်း သူ့တပ်ကို ညာဘက်သို့ ခေါ်သွားကာ အကွေ့တွင် ပျောက်ကွယ်သွားလေ ၏။ ဖိန့်ချီနှင့် သံမဏိတာတို့ တိုက်ခိုက်နေရာတွင် အနိုင်အရှုံး မပေါ်သေးမီတွင် ဗိုလ်ချုပ် ပျော့ဆွန်လီလည်း ပဥ္စမထိုးနှက်ချက်အဖြစ် ရောက်နှင့်နေလေပြီ။ စစ်မြေပြင်အစပ်တွင် မြင်းကို ဇက်သတ်ကာ

တိုက်ခိုက်နေသူနှစ်ဦးကို ကြည့်နေလေ၏။

သူတို့နှစ်ဦးမှာ ဖုန်လုံးများထဲတွင် တိုက်နေကြ၏ ။ အရိုးရှည်တပ်ထားသော ဓားကို ကိုင်သည့် စစ်သည်တဦးနှင့် ဓားနှစ်လက်ကိုင် စစ်သည်နှစ်ဦးတို့ တိုက်ကွက်နှစ်ဆယ်ခန့် အသေအကျေ တိုက်ကြ၏။ ထို့နောက် မိန်းမပျိုက ထွက်ပြေးလာရာ ဖိန့်ချီက အောင်မြင်မှု ရလိုဇောနှင့် နောက်က လိုက်ဖမ်းလေ၏။ သံမဏိတာက သူ့ဓားများကို မြင်းကုန်းနှီး ထိပ်တွင် ချိတ်လိုက်ပြီး သူ့ဝတ်ရုံထဲမှ ရွှေချိတ်နှစ်ဆယ့်လေးခု တပ်ဆင်ထားသော အနီ ရောင်ကျော့ကွင်းတခုကို ထုတ်လိုက်၏။ ဖိန့်ချီကို အကပ်ခံပြီး ရုတ်တရက် ကိုယ်ကို လှည့်ကာ ကျော့ကွင်းကို ပစ်ထည့်လိုက်၏။ ဖိန့်ချီက မဖယ်လိုက်နိုင်ဘဲ ကျော့ကွင်းတွင် စွပ်မိသွားပြီး မြင်းပေါ်မှ ဆွဲချခံရ၏။ ဆွန်လီက အော်ဟစ် အမိန့်ပေးလိုက်သဖြင့် သူ့လူ များက ဝိုင်းဖမ်းလိုက်ကြသည်။

ဟူယန်ကျို့သည် ဒေါသထွက်ကာ ကယ်မည်ဟု မြင်းဒုန်းစိုင်း စီးလာ၏။ သံမဏိတာ က သူ့ကို ကြို၏။ ဖြစ်နိုင်ပါက မိန်းမပျိုကို တလုတ်တည်းနှင့်ပင် မျိုချလိုက်ချင်သည့်စိတ် ဟူယန်ကျို့တွင် ဖြစ်ပေါ်နေ၏။ ဆယ်ကွက်ကျော်မျှ တိုက်ခိုက်ခဲ့ကြရာ မိန်းမပျိုကို မနိုမ်နင်း နိုင်သဖြင့် ဟူယန်ကျို့မှာ ပို၍ ပို၍ ဒေါသထွက်လာလေသည်။

“အာဂပါလား၊ ဒီလောက် တိုက်နေတာတောင် မကျသေးဘူး”

တမင်ပင် မိန်းမပျိုကို အကပ်ခံ၏။ ထို့နောက် သူ့သံတုတ်ကို မြှောက်ကာ ရိုက်ချ လိုက်၏။ ထိုသံတုတ်နှင့် မိန်းမပျို၏ နဖူးတို့ ဆံခြည်တမျှင်ခန့်အကွာသို့ ရောက်သည့်တိုင် သူ့ဓားများသည် ကုန်းနှီးထိပ်တွင် ချိတ်ထားဆဲဖြစ်၏။ သို့သော် မိန်းမပျိုသည် မျက်စိလျှင် သလို လက်လည်း လျှင်လှသဖြင့် ဓားတလက်သည် သူ့ညာလက်ထဲသို့ စွေ့ခနဲ ရောက်သွားပြီး သံတင်ကျည်းတုတ်ကို ခတ်ထုတ်လိုက်ရာ ချွင်ခနဲ မြည်သွားပြီး မီးပွားများ တဖွားဖွား စဉ်လာလေ၏။

မိန်းမပျိုသည် သူ့နေရာသို့ မြင်းကို ကဆုန်ပေါက် စီးသွား၏။ ဟူယန်ကျို့က နောက်မှ လိုက်၏။ ဆွန်လီက လှံကိုချိန်ကာ ဟူယန်ကျို့အကြားမှ ဝင်ဖြတ်ကာ တိုက်၏။ စုန်ကျန့် သည် သူ့တပ် ဆယ်တပ်ကို ချီတက်စေကာ တိုက်ပွဲပုံစံဖြင့် တပ်ဖြန့်လိုက်၏။ ထိုအချိန် အတွင်းတွင် သံမဏိတာနှင့် သူ့တပ်တို့သည်လည်း တောင်စောင်းအတိုင်း ဆင်းသွားကြ လေ၏။

နတ်မျက်စိ ဖိန့်ချီကို လက်ရဖမ်းမိသဖြင့် စုန်ကျန့်မှာ ကျေနပ်လျက်ရှိ၏။ တပ်ရှေ့သို့ ထွက်ကာ ဆွန်လီနှင့် ဟူယန်ကျို့တို့ တိုက်ခိုက်သည်ကို ကြည့်နေ၏။ ဆွန်လီက သူ့လှံကို သိမ်းလိုက်ပြီး သူ၏ ကြံ့ဆစ်သံမဏိတုတ်တို့ကို လက်ကောက်ဝတ်မှ တွဲလောင်းချလျက် ဟူယန်ကျို့ထံသို့ မြင်းစိုင်းသွားလေ၏။

ယခုအခါ သံတုတ်ကိုင်စစ်သည်နှစ်ဦးတို့ တွေ့ကြ ပေပြီ။ ထိုမျှသာမက ဝတ်ပုံစားပုံမှာပါ ခပ်ဆင်ဆင် ဖြစ်နေကြ၏။ ဆွန်လီသည် ငါးထောင့်ပုံ သံခမောက်ကို ဆောင်းထားပြီး ယင်း နေရာတကျ ရှိနေစေရန် နဖူးတွင် ပိုးကြိုးနီဖြင့် စည်းထားလေ၏။ အနက်ရောင်နောက်ခံတွင် ပန်းပွင့်အဖြူများ ဖော်ထားကာ ကျောက် စိမ်းရောင် အပြောက်များ ထနေသော ပိုးဝတ်ရုံနှင့် ရွှေရောင်မှိုင်းမှိုင်း ချပ်ဝတ်များကို ဝတ်ထား၏။ မြင်းနက်ကို စီးကာ ကျားမျက်လုံးကျောက်များ စီခြယ်ထားသော သံမဏိကြံဆစ် တုတ်တိုကို ကိုင်၏။ ဟုတ်ပေ၏။ ရှေးက သူ့ရဲကောင်းကြီး ယူချီကုန်းထက်ပင် ရဲရင့်သော အသွင်ရှိ၏။

ဟူယန်ကျို့မှာမူ ငါးထောင့်ပုံ သံခမောက်ကို ဆောင်းကာ ရွှေပြောက်ထိုးသော အဝါရောင် ပိုးကြိုးကို ခါးတွင် စည်းထား၏။ ခုနစ်စဉ်ကြယ်ပုံ ဘော်ကြယ်ထိုးထားသော ပိုးဝတ် ရုံအနက်နှင့် နဂါးကြေးချပ်ဝတ်ကို ဝတ်ထား၏။ ကေရာဇ်မင်းကြီးက ပေးသနားသော ခွာလေးဖက် ဖြူသည့် မြင်းနက်ကျော်ကို စီး၏။ ရှစ်မြောင့်ပုံ သံတင်ကျည်း နှစ်ချောင်းကို ခွဲကိုင်၏။ ယင်း သံတင်ကျည်းတို့ကို ပွတ်တိုက်အရောင်တင်ထားသဖြင့် ရေအရောင်ကို နေရောင်ဟပ်သကဲ့သို့ တလျှပ်လျှပ် အရောင်ပြေးလျက် ရှိ၏။ ဘယ်လက်ဖြင့် ကိုင်သော သံတင်ကျည်းမှာ သုံးပိဿာခန့် လေးပြီး ညာလက်ဖြင့် ကိုင်သော သံတင်ကျည်းမှာ သုံး ပိဿာခွဲခန့် လေး၏။ သူသည် သူ၏ ဘိုးဘေးဖြစ်သော ဟူယန်ဇန်နှင့် အမှန်တကယ်ပင် ရုပ်ချင်းဆင်၏။

သူတို့သည် တိုက်ကွက် သုံးဆယ်ကျော်မျှ တိုက်ခိုက်ကြ၏။ သို့သော် မည်သူမျှ အနိုင် အရှုံးမပေါ်သေး။ ဖိန့်ချီ အဖမ်းခံရသည်ကို တွေ့သော ဟန်တောင်သည် နောက်ပိုင်းစစ်ကြောင်းကို စုစည်းကာ တရှိန်ထိုး ဝင်တိုက်လေ၏။ ယင်းတို့ ထိုးဖောက်နိုင်မည်ကို စိုးရိမ် သော စုန်ကျန့်က သူ၏ ကြာပွတ်ဖြင့် ညွှန်ပြလိုက်ရာ သူ့တပ်မှူး ဆယ်ဦးတို့က တပ်များကို ရှေ့သို့ တက်ကာ ရင်ဆိုင်ခိုင်းလိုက်ကြ၏။ ဝဲယာအစွန်နှစ်ဘက်ရှိ တပ်နှစ်တပ်ကမူ ဘေးကို ဖြန့်ကာ ညှပ်တော့မည့်ကဏန်းလက်မသဖွယ် တပ်ကို ခင်းလိုက်ကြ၏။ ဟူယန်ကျို့ကလည်း သူ့စစ်ကြောင်းများကို အလျင်အမြန် လှည့်လိုက်စေကာ ရန်သူတို့နှင့် တိုက်ခိုက်စေ၏။

လျှံရှန်းတောင်ရိုးမှ စစ်သည်များ အဘယ်ကြောင့် ရန်သူကို လုံးဝ မအောင်နိုင်ပါ သနည်း။ အကြောင်းမှာ ဟူယန်ကျို့၏ ‘သံချပ်ကာ မြင်းတပ်” ကြောင့် ဖြစ်၏။ သံနန်းနှင့် ရက်ထားသော ချပ်ဝတ်များကို မြင်းရော လူပါ ဝတ်ဆင်ထားသောကြောင့် ဖြစ်၏။ သံနန်း ထည်များဖြင့် မြင်းများကို ခွာရောက်သည်အထိ ခြုံပေးထားကြ၏။ စစ်သည်များကိုလည်း မျက်စိအထိ ရောက်အောင် ဖုံးအုပ်ထား၏။ စုန်ကျန့်၏ မြင်းများကိုမူ ပန်းဖွားနီများပါသော

မျက်နှာဖုံးများ၊ ကြေးခေါင်းလောင်းများ၊ ငှက်မွေးများဖြင့်သာ တန်ဆာဆင်ထားကြ၏။ ထို့ကြောင့် စုန်ကျန့်တို့ဘက်မှ ပစ်လိုက်သမျှသော မြားတို့သည် သံနန်းထည်ကို မဖောက် နိုင်ကြပေ။ ထို့ပြင် ဟူယန်ကျို့၏ မြင်းသည် သုံးထောင်မှာလည်း လေးမြားများ ပါရှိကြ၏။ သူတို့ပစ်သော မြားထုကို ဖောက်၍ လှုံ့ရှန်းစစ်သည်များက အနားသို့ မကပ်ရဲကြပေ။

စုန်ကျန့်သည်လည်း ဆုတ်ခွာရန် တံပိုးများကိုမှုတ်ကာ အချက်ပေးရတော့၏။ ဟူယန်ကျို့က သူ့တပ်များကို နောက်သို့ လီနှစ်ဆယ်မျှ ဆုတ်သွားပြီးမှ စခန်းချ၏။

စုန်ကျန့်တို့၏ တပ်သည် တောင်၏ အနောက်ဘက်တွင် စခန်းချကြ၏။ စုန်ကျန့်က ဖိန့်ချီကို ခေါ်ခိုင်းလိုက်၏။ ပြီးလျှင် သူကိုယ်တိုင် ဖိန့်ချီကို ကြိုးများ ဖြေပေး၏။ ထို့နောက် ဌာနချုပ်တဲအတွင်းသို့ ခေါ်သွားပြီး ဧည့်သည်အဖြစ် ထိုင်စရာ နေရာပေးကာ ဂါရဝ ပြုနှုတ်ဆက်၏။ ဖိန့်ချီကလည်း တုံ့ပြန်ကာ ဂါရဝပြုလေ၏။

“ကျွန်တော်က ခင်ဗျားအကျဉ်းသားပါ။ ကျွန်တော့်ကို ခင်ဗျား သတ်ခွင့်ရှိပါတယ်။ ဘာလို့ ဒီလောက် ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေတာပါလဲ ဗိုလ်မင်း”

“ကျွန်တော်တို့ အများစုက လိုက်ဖမ်းနေတာကို ခံရလို့ ဒီတောင်ရိုးမှာ ယာယီ လာခို အောင်းနေကြတာပါ။ ဧကရာဇ်မင်းကြီးက ခင်ဗျားတို့ကို လွှတ်လိုက်ပြီး ကျွန်တော်တို့ကို အဖမ်းခိုင်း လိုက်ပါတယ်။ ကျွန်တော်လုပ်သင့်တာက အဖမ်းခံပြီး ကြိုးနဲ့အတုပ်ခံဖို့ပါပဲ။ ဒါပေမဲ့ ကျွန်တော့် အသက်ဘေး ကိုလည်း ကြောက်ရသေးတယ်လေ။ ဒါကြောင့် ခင်ဗျား တို့ကို တိုက်ခိုက်ရတာပါ။ ကျွန်တော်တို့ရဲ့ ရဲတင်းမှုအတွက် တောင်းပန်ပါတယ်”

“ကျွန်တော်ကလည်း ခင်ဗျားရဲ့ ညီနောင်ရင်းချာ စိတ်ဓာတ်နဲ့ ဖြောင့်မတ်မှုတွေ၊ ဘေး ဒုက္ခ ရောက်နေတဲ့သူတွေ ကူညီတာတွေ၊ ဆင်းရဲတဲ့ သူတွေကို ပေးကမ်းတာတွေကို ကြား နေတာ ကြာပါပြီ။ ဒါပေမဲ့ ဒီလို သဘောထားကြီးမယ်လို့တော့ မျှော်လင့်မထားမိဘူးဗျာ။ ဒီနုံချာလှတဲ့ ကျွန်တော့်ဘဝကို ချမ်းသာပေးရင် ကျွန်တော် ခင်ဗျားကို အသက်နဲ့အမျှ အမှုထမ်းပါ့မယ်”

ထိုနေ့တွင်ပင် စုန်ကျန့်သည် နတ်မျက်စိဗိုလ်ဖိန့်ချီကို တောင်ရိုးခံတပ်သို့ လိုက်ပို့ကာ ကျောက်ခဲနှင့် မိတ်ဆက်ပေးပြီး ယင်းတွင် နားနေစေ၏။ တပ်ဖွဲ့ သုံးဖွဲ့စလုံးကို ဆုများ ချပြီးနောက် တပ်မှူးများနှင့်အတူ စစ်ရေးစစ်ရာများကို တိုင်ပင်၏။

ထိုအခိုက်တွင်ပင် ဟူယန်ကျို့က ဟန်တောင်နှင့် လှုံ့ရှန်းကျူအင်းကို

ချေမှုန်းရန် တိုင်ပင်နေကြ၏။

ဟန်တောင်က-

“ဒီနေ့တော့ ဟိုကောင်တွေက ကျွန်တော်တို့ လာတာနဲ့ အမြန်တက် အမြန်ဆုတ် စနစ်နဲ့ တိုက်သွားတယ်။ မနက်ဖြန်ကျရင် သူတို့ကို မြင်းတပ်တတပ်လုံးနဲ့ ဆော်မှ ဖြစ်မယ်၊ ဒါမှပဲ အောင်ပွဲခံနိုင်မှာဗျ”

“ကျုပ်လည်း ဒီလိုပဲ စဉ်းစားနေတာဗျ၊ ခင်ဗျား သဘောတူပါ့မလားလို့”

ဟူယန်ကျို့က မြင်းသည်သုံးထောင်စလုံးကို တတန်းတည်း အနေအထားဖြင့် တန်းစီ ခိုင်းလိုက်၏။ ထို့နောက် မြင်းအစီးသုံးဆယ်လျှင် တပ်စုတစုအဖြစ် ဖွဲ့စည်းလိုက်ပြီး ကျန် မြင်းအစီးသုံးဆယ်ကို တတွဲတည်းဖြစ်အောင် သံကြိုးများနှင့် တွဲထားလိုက်၏။ ရန်သူနှင့် ဝေးပါက မြားမိုး ရွာချရန်၊ နီးလာပါက လှံရှည်ကြီးများဖြင့် ဝင်တိုက်ရန်၊ လုံးဝ နောက် မဆုတ်ရန် စီစဉ်ညွှန်ကြား၏။ သို့ဖြင့် မြင်းသည် သုံးထောင်မှာ အခိုင်အမာ ဖွဲ့စည်းထား သော တပ်စုပေါင်းတရာ ဖြစ်သွားလေ၏။ ခြေသည်ငါးထောင်မှာ နောက်ရံတပ်အဖြစ် လိုက်ပါမည် ဖြစ်၏။ ဟူယန်ကျို့က-

“ခင်ဗျားလည်း သူတို့ကို သွားပြီး စိန်မခေါ်နဲ့၊ ခင်ဗျားနဲ့ ကျုပ်က နောက်ရံတပ်တွေ နဲ့ပဲ နေကြမယ်။ တိုက်ပွဲ စရင် သုံးဖက်သုံးတန်က တွန်းပြီး တိုက်ကြမယ်”

နောက်တနေ့ နံနက်တွင် ဝင်တိုက်ရန်လည်း သူတို့ ဆုံးဖြတ်ထား၏။

နောက်တနေ့တွင် စုန်ကျန့်က မြင်းတပ်ငါးတပ်ကို ရှေ့မှာ တင်ထားပြီး နောက်မှ ကင်းပုန်းဝပ် တပ် ဆယ်တပ်ဖြင့် ရံထားကာ တပ်နှစ်တပ်ကို ဘယ် ညာ နှစ်ဘက်တွင် ကင်းပုန်းဝပ်ထားစေ၏။

ချင်မင်းသည် ရှေ့သို့ ထွက်လာပြီး ဟူယန်ကျို့ကို စိန်ခေါ်၏။ သို့သော် အစိုးရတပ်များက အော်ဟစ်ကာသာ နေကြပြီး မည်သူမျှ ထွက်မလာပေ။ လျှံရှန်းတောင်ရိုး၏ မြင်းတပ် ငါးတပ်သည်လည်း တတန်းတည်း အနေအထားဖြင့် တန်းစီ တပ်ဖြန့်လိုက်ကြ၏။ ချင်မင်၊ က အလယ်တွင်၊ လင်ချုံးနှင့် သံမဏိတာက ဘယ်ဘက်တွင်၊ ဟွရုံနှင့် ဆွန်လီက ညာဘက် တွင် အသီးသီးနေရာယူထားကြ၏။ စုန်ကျန့်လက်အောက်ရှိ တပ်ဆယ်တပ်မှာ နောက် နားတွင် ထုဖြင့် နေရာယူထားကြ၏။ စုန်ကျန့်တို့၏ အခြားတဖက်တွင် အစိုးရ ခြေလျင် တပ် အင်အားတထောင်ခန့်ကသာ တပ်ဖြန့်ထား၏။

စစ်စည်များ တီးကာ အော်ဟစ်နေသော်လည်း တယောက်မျှ မြင်းစီး၍

ထွက်မလာ သောကြောင့် စုန်ကျန့်လည်း မသက်ာဖြစ်လာလေ၏။ နောက်ရံတပ်များကို ဆုတ်ခွာရန် တိတ်တဆိတ် အမိန့်ပေးလိုက်ပြီး အကဲကြည့်ရန် ဟွရုံတို့ထံသို့ မြင်းစီးလာခဲ့၏။ ထိုစဉ် ရန်သူဘက်မှ အမြောက်သံများ ပေါက်ကွဲ၍ ထွက်လာ၏။ အစိုးရတပ် ခြေလျင်စစ်သား များသည် နှစ်ခြမ်းကွဲ သွားပြီး ကြားမှနေ၍ တွဲထားသော မြင်းတပ်စုများသည်လည်း မြားဦးပုံ ကျစ်လျစ်စွာ စုဖွဲ့ပြီး တဟုန်တည်း ထွက်လာကြလေ၏။ ဘယ်ညာ ဘေးနံနှစ်ဖက် မှမြားများ ပျံထွက်လာနေပြီး အလယ်ကောင်မှလည်း လှံများက စူထွက်နေလေသည်။

စုန့်ကျန့်က အလန့်တကြားဖြင့် သူ့ လေးတပ်ကို ပစ်မိန့်ပေးလိုက်၏။ သို့သော် ကျန် ထိုးစစ်ကို မည်သို့ ခံနိုင်ပါမည်နည်း။ မြင်းအစီး သုံးဆယ်ပါ တပ်စုများသည် တညီတညာ တည်း ကဆုန်ပေါက်၍ လာနေကြရာ ဟန့်တားလိုလျှင်ပင် ဟန့်တား၍ မရနိုင်ပေ။ တောင်ကုန်းများ၊ လွင်ပြင်များကို ဖြတ်ကာ မြင်းတပ်စုများက အတွဲလိုက် တက်၍ တိုက် နေကြ၏။

စုန်ကျန့်၏ မြင်းတပ်သည် ကြောက်လွန်းမက ကြောက်နေကြလေပြီ။ ထိုးစစ် ဒီရေ အဟုန်ကို မဟန့်တားနိုင်ကြပေ။ နောက်ရံတပ်လည်း မရပ်တည်နိုင်ဘဲ ပြေးကြလေပြီ။ စုန်ကျန့်ကား သူ့တပ်မှူး ဆယ်ယောက် အကာအကွယ်ဖြင့် ထွက်ပြေးခဲ့ရ၏။

အစိုးရမြင်းတပ်စုတစုက သူတို့ကို ထက်ကြပ်လိုက်လာလေ၏။ ကျူတောထဲတွင် ကင်း ငင်းပုန်းဝပ်နေသော လီကွေ့တို့ ရန်လင်းတို့က ထ၍မောင်းထုတ်လိုက်ရ၏။ စုန်ကျန့်သည် ရေစပ်သို့ ရောက်အောင် ပြေးခဲ့ရ၏။ လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်း၊ ဖိုးရုံညီနောင်တို့က စစ် လှေများဖြင့် အသင့်စောင့်နေကြ၏။ စုန်ကျန့်လည်း လှေတစီးပေါ် တက်ကာ ခေါင်းဆောင် များကို အမြန်ကယ်၍ လှေပေါ်သို့ တင်ခိုင်းလေ၏။

အစိုးရမြင်းတပ်စုတတွဲ ရောက်လာကာ မြားမိုးရွာချလေ၏။ သို့သော် ဒိုင်းများဖြင့် ကာရံထားသောကြောင့် မည်သူမျှ ထိခိုက်ခြင်း မရှိချေ။ လှေများကို ဟသ်ာနှုတ်သီး ကမ်းခြေသို့ အလျင်အမြန် လှော်ကြ၏။ တောင်ခြေရှိ တပ်စခန်းတွင် လူစစ်၏။ အင်အား တဝက်ကျော်မျှ ကျဆုံးခဲ့၏။ သို့သော် ကံကောင်းထောက်မသဖြင့် ခေါင်းဆောင်တဦး တယောက်မျှ အသေအပျောက် မရှိပေ။ သူတို့၏ မြင်းအချို့ကိုသာ ဆုံးရှုံးခဲ့ရ၏။

ခဏအကြာတွင် ရှိယုံ၊ ရှီကျန့်၊ ဆွန်ရှင့်၊ မခုတို့လည်း ရောက်လာကြ၏။

"အစိုးရတပ်တွေ အတင်း လာဝိုင်းတိုက်ကြတယ်။ ထမင်းဆိုင်တွေ၊ အိမ်တွေလည်း ပြိုကုန်ကြပြီ၊ လှေတွေကသာ လာမကယ်ရင် အဖမ်းခံကြရမှာ ကျိန်းသေတယ်"

စုန်ကျန့်က သူတို့ကို နှစ်သိမ့်ဖျောင်းဖျရလေ၏။ ထို့နောက် သူ့တပ်မှူးများကို စစ်၏။ လင်ချုံး ၊ လွေ့ဟုန်၊ လီကွေ့၊ ရှိဇူ၊ ဆွန်ရှင့်၊ ဟုန်ဆင့်တို့မှာ မြားဒဏ်ရာများ ရထားကြ၏။ အငယ်တန်းခေါင်းဆောင် အများအပြားမှာလည်း မြားဒဏ်ရာနှင့် အခြားဒဏ်ရာများ ရထားကြ၏။

ဤသတင်းကို ကျောက်ခဲကြားရသဖြင့် ဝုရုံ၊ ကုန်ဆွန်ရှန်းတို့နှင့်အတူ တောင်အောက် ကို ဆင်းလာခဲ့၏။ စုန်ကျန့်မှာ မျက်မှောင်ကြီးကုတ်ကာ မှိုင်နေသည်ကို တွေ့ကြရ၏။

"သိပ်လည်း စိတ်ပူမနေပါနဲ့ နောင်ကြီးရာ။ စစ်သည်တွေအဖို့ အရှုံးအနိုင် ဆိုတာက ပြေးမလွတ်ပါဘူး။ ဘာလို့ စိုးရိမ်နေရမှာလဲဗျာ။ ဒီ မြင်းသည် အတွဲတွေကို ရင်ဆိုင်ဖို့ ကြံရမယ်ဗျ" ဟု ဝုရုံက ချော့မော့ ဖျောင်းဖျ၏။

ကမ်းခြေရှိ ခံတပ်များကို ခိုင်မာအောင် လုပ်ရန်၊ လှေများကို ပြင်ရန်၊ ကမ်းခြေများကို နေ့ညမပြတ် စောင့်ရှောက်ရန် ကျောက်ခဲက အမိန့်ပေး၏။ စုန်ကျန့်ကိုလည်း တောင်ရိုး ပေါ်ရှိ တပ်စခန်းသို့ ပြန်ကာ အနားယူဖို့ တိုက်တွန်း၏။ သို့သော် စုန်ကျန့်က ဟသ်ာနူတ်သီ၊ ကမ်းခြေတွင်သာ ဆက်၍ နေ၏။ ဒဏ်ရာရထားသော ခေါင်းဆောင်များကိုသာ တောင်ပေါ် သို့ တက်၍ အနားယူ အင်အားဖြည့်စေ၏။

ဟူယန်ကျို့သည် အကြီးအကျယ် အောင်ပွဲရပြီးနောက် စခန်းသို့ ပြန်၏။ တွဲထားသော မြင်းများကိုလည်း ဖြုတ်စေ၏။ စစ်သည်များလည်း တဦးပြီး တဦး ထွက်လာပြီး အချီးကျူး ခံကြ၏။ သူတို့သည် မရေတွက်နိုင်လောက်သော ရန်သူတို့ကို သတ်ခဲ့ကြသည် ဖြစ်၏၊ သုံ့ပန်း ငါးရာခန့်၊ စစ်မြင်းသုံးရာကျော်တို့ကိုလည်း လက်ရဖမ်းဆီးနိုင်ခဲ့ကြ၏။ ဝမ်းသာဖွယ် သတင်းကောင်းကို နေပြည်တော်သို့ လူလွှတ်ကာ တင်ပြစေ၏။ သူ့စစ်ကြောင်း သုံးခု စလုံးကိုလည်း ရက်ရောစွာ ဆုချ၏။

"လျှံရှန်းကျူအင်းကို ချီတက် တိုက်ခိုက်ရာတွင် ဟူယန်ကျို့ အောင်ပွဲရရှိကြောင်း၊ ခြေမြန်တဦး ရောက်လာကာ သတင်းပို့ကြောင်း" မြို့တံခါးဝမှ သတင်းလာပို့သောအခါ စစ်သူကြီးကောက်ကျူသည် ရုံးထိုင်နေဆဲ ဖြစ်၏။

ဝမ်းသာလှသဖြင့် နောက်တနေ့ စောစောတွင် နန်းတော်သို့ တက်ပြီးလျှင် သူ့အလှည့် ကိုပင် မစောင့်တော့ဘဲ အောင်ပွဲသတင်းကို လျှောက်တင်၏။ ဧကရာဇ်မင်းကြီးသည် ရွှေသဘောတော် ကျသွားပြီး မင်းတံဆိပ်တော် ခတ်နှိပ်ထားသော နှစ်ချို့ စိမ်ရည် ဆယ် အိုးနှင့် လက်ရာမြောက် ပိုးပွင့်ဖော် ဝတ်လုံတထည်ကို ဆုချ၏။ ဟူယန်ကျို့၏ တပ်သို့လည်း ပိုက်ဆံပြား အတုံးတသိန်းကို ပေးပို့စေရန် ညွှန်ကြား၏။ ဘုရင့်အမိန့်ကို နာခံကာ ကောက်ကျူ

စစ်ရုံးသို့ ပြန်ခဲ့ပြီး အရာရှိတယောက်ဖြင့် ပိုက်ဆံများကို ပို့ခိုင်းလိုက်၏။

ဘုရင့်တမန် လာကြောင်း သိရသဖြင့် ဟူယန်ကျို့နှင့် ဟန်တောင်တို့က လီနှစ်ဆယ် အကွာအဝေးသို့ ထွက်ကာ ကြိုကြလေ၏။ စခန်းသို့ ခေါ်လာခဲ့ပြီး ဧကရာဇ်မင်းကြီး၏ ဆုလာဘ်များကို ကျေးဇူးတင်စွာဖြင့် လက်ခံကြပြီး တမန်အရာရှိကိုလည်း စိမ့်ရည်များ စားဖွယ်များနှင့် တည်ခင်း ကျွေးမွေးလေ၏။ တမန်က ဆုလာဘ်များကို တပ်သားများသို့ ချက်ချင်း ဝေငှပေးရန် ပြောကြား၏။ တောပုန်းခေါင်းဆောင်များကို ဖမ်းမိသည်အထိစောင့်နေမည်ဖြစ်ကြောင်း၊ ထိုသူတို့နှင့် ယခု ဖမ်းမိထားသော သုံ့ပန်းငါးရာတို့ကို နေပြည် တော်သို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသူတို့ကို လမ်းတကာတွင် လှည့်၍ ပြပြီးမှ

အပြစ်ဒဏ်ပေးမည် ဖြစ်ကြောင်းတို့ကိုလည်း ပြော၏။ ထို့နောက် တမန်က-

“ဒါနဲ့ ဖိန့်ချီကော မမြင်ပါလား” ဟု ဆို၏။

ဟူယန်ကျို့က-

“သူက စုန်ကျန့်ကို ဖမ်းချင်ဇောနဲ့ ရန်သူ့နယ်မြေထဲကို ကျွံသွားလို့ အဖမ်းခံလိုက် ရတယ်။ ဒီလူဆိုးတွေဂင် လာမဟိုက် ရဲတော့ပါဘူး ။ကျုပ်တို့ကပဲ သင်းတို့ကို လိုက်တိုက်နေရတာပါ။ သင်းတို့တောင်ပေါ်က ခံတပ်ကို ဖြိုခွင်းရမယ်။ ဒီကျူအင်းကိုလည်း အငုတ်မကျန် အောင် ရှင်းပစ်ရမယ်။ ဒီတောပုန်းတွေကို ဖမ်းပြီး သင်းတို့အသိုက်ကို ဖျက်ဆီးပစ်ရမယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ သင်းတို့ကို ရေပတ်ပတ်လည် ဝိုင်းကာပေးထားတယ်။ သွားစရာ လမ်းလည်း မရှိဘူး။ သင်းတို့ ခံတပ်ကိုတော့ လှမ်းမြင်နေရပါတယ်။ ဒါပေမဲ့ ထိအောင် ပစ်ဖို့ ကတော့ တာဝေးအမြောက်တွေ ရမှပဲ ဖြစ်မယ်။ အရှေ့နေပြည်တော်မှာတော့ အမြောက် ပါရဂူလင်းချင် ဆိုတာရှိတယ်လို့ ကြားဖူးတယ်ဗျ၊ သူ့ကို ‘မိုးယံခြိမ့်ခြိမ့်” လို့ ခေါ်တယ်ဆို။ သူလုပ်တဲ့ အမြောက်တွေက ဆယ့်လေးလီ ဆယ့်ငါးလေးလီလောက် ရောက်တယ်လို့ ကြားဖူးတယ်။ သူ့ကို ရရင်တော့ ဒီဓားပြတွေရဲ့ အသိုက်ကို ချေမှုန်းနိုင်ပြီပေါ့ဗျာ။ ပြီးတော့ လင်းချင်က လက်နက်တွေလည်း ကျွမ်းကျင်တယ်တဲ့ဗျ။ လေးရေးရော မြင်းရေးရော သူ မတူဘူး ဆိုပဲ။ ဒီတော့ ခင်ဗျား နေပြည်တော်ကို ပြန်သွားပြီး စစ်သူကြီးကို ပြောပြပေးပါ လားဗျာ။ လင်းချင်ကို မြန်မြန်လွှတ်ပေးပါ။ ကျုပ်တို့ ဓားပြစခန်းကို သိမ်းပေးပါ့မယ်လို့”

တမန်ကလည်း သဘောတူ၏။ နောက်တနေ့တွင် ပြန်ခဲ့၏။ လမ်းတွင် ဘာမျှ မဖြစ်ဘဲ နေပြည်တော်သို့ ရောက်သည်နှင့် ကောက်ကျူကို သွားတွေ့ကာ ဟူယန်ကျို့က အမြောက် ဆရာ လင်းချင်ကို တောင်းခံကြောင်း၊ သို့မှသာ အလုပ်ကြီး အဆောင်ကြီးကို လုပ်နိုင် မည်ဖြစ်ကြောင်း တင်ပြလေ၏။ ကောက်ကျူက လင်းချင်ကို ခေါ်သော အမိန့်ကို ထုတ်၏။ လင်းချင်မှာ

လက်နက်တိုက်ဝန်ထောက် ဖြစ်၏။ ဇာတိမှာ ယန်လင်းမှ ဖြစ်၏။ ဆွန်မင်းဆက်တွင် တနိုင်ငံလုံး၌ အကောင်းဆုံး အမြောက်သမား ဖြစ်၏။ ထို့ကြောင့် 'မိုးယံခြိမ့်ခြိမ့်" ဟု အမည်ရလေ၏။ ထို့ပြင် လက်နက်မျိုးစုံကိုလည်း ကျွမ်းကျင်သော စစ်သည်တဦးလည်း ဖြစ်လေ၏။

လင်းချင် ရောက်လာသောအခါ စစ်သူကြီးကောက်ကျူက စစ်မြေပြင်တပ်မှူးတဦး အဖြစ် ခန့်အပ်လိုက်ပြီး လက်နက်လူသူပြင်ဆင်စေပြီး ထွက်ခွာရန် အမိန့်ပေး၏။ လင်းချင် က လိုအပ်သော ယမ်းမှုန့်များ၊ ကျောက်လုံးများ၊ အမြောက်ခင်တိတ်များ၊ အမြောက် အမျိုးမျိုး စသည်တို့ကို လှည်းများတွင် တင်၏။ သံခမောက်၊ သံချပ်ကာ၊ ဓားလွယ် စသည် တို့ကို ဝတ်စားပြင်ဆင်ကာ စစ်သည်သုံးဆယ် လေးဆယ်လောက်နှင့် လျှံရှန်းကျူအင်းသို့ ထွက်ခွာခဲ့၏။

စခန်းသို့ ရောက်သောအခါ ရှေးဦးစွာ ဗိုလ်မင်းဟူယန်ကျို့ကို လည်းကောင်း၊ နောက်မှ ရှေ့ပြေးတပ်မှူး ဟန်တောင်ကို လည်းကောင်း တွေ့ဆုံ၏။ ထို့နောက် ဓားပြတို့၏ ကမ်းခြေ စောင့်ခံတပ်သို့ အကွာအဝေး၊ လမ်းအခြေအနေ၊ ယင်းတို့၏ ခံတပ်ကို ကာကွယ်ထားသော ကမ်းပါးတို့၏ အခြေအနေ စသည်တို့ကို စုံစမ်း၏။ ထို့နောက် မီးလုံး၊ ရွှေဘီးပုံ၊ သားများမိဟူသော အမြောက်သုံးမျိုးကို ပြင်ဆင်၏။ အမြောက်များကို ခင်တိတ်ပေါ်တွင် တင်ကာ မြစ်ကမ်းခြေသို့ သယ်ယူလာပြီး တိုက်ပွဲဝင်ရန် ပြင်ဆင်၏။

စုန်ကျန့်ကား ဟာသ်ာနတီသီးကမ်းခြေခံတပ်တွင် ရှိနေသေး၏။ မည်သို့ ထိုးဖောက် တိုက်ခိုက်ရမည်ဟု ဝုရုံနှင့် တိုင်ပင်နေကြသော်လည်း အကြံတခုကိုမျှ စဉ်းစား၍ မရချေ။ ထိုစဉ် အထောက်တော်တဦးက လာ၍ သတင်းပို့၏။

"အရှေ့နေပြည်တော်က အမြောက်သမားလင်းချင်ဆိုတာကို လွှတ်လိုက်တယ်။ အခု သူ မြစ်ကမ်းနားမှာ အမြောက်တွေ ဆင်နေတယ်။ ကျွန်တော်တို့ စခန်းတွေကို အမြောက်နဲ့ ပစ်ဖို့ အသင့်ပြင်နေတယ်"

ဝုရုံက-

"ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ တောင်ကို ဝိုင်းထားတဲ့ အင်းကြီးထဲမှာက ချောင်းငယ် မြောင်းငယ်တွေ အများကြီးပဲ။ ပြီးတော့ မြစ်နဲ့လည်း ဝေးတယ်။ သူ့အမြောက်တွေက ဟိုးပေါ်ကို ရောက်ဦးတော့ စခန်းကို ထိမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီစခန်းလေးကို ထားခဲ့မယ်။ သူ ပစ်ချင်ပစ်ပေ့စေပေါ့။ ပြီးမှ ဆက်ပြောကြရအောင်"

စုန်ကျန့်သည် ခံတပ်စခန်းလေးမှ တောင်ရိုးပေါ်သို့ တက်ခဲ့၏။ ကျောက်ခဲ၊ ကုန်ဆွန် ရှန်းတို့က ကြိုဆိုကာ ရဲညီနောင်ခန်းမသို့ ခေါ်ခဲ့ကြ၏။

"ရန်သူကို ဘယ်လိုဖြိုခွဲမလဲ" ဟုလည်း မေးကြ၏။

သူတို့မေးသည့် စကားမဆုံးသေး၊ တောင်ခြေမှ အမြောက်သံကို ဝုန်းခနဲ ကြားလိုက် ရ၏။ သုံးချက်မျှ ဆက်၍ ကြားရ၏။ အမြောက်ဆန် နှစ်လုံးမှာ မြစ်ထဲသို့ ကျသွားသော် လည်း ကျန်တလုံးမှာ ဟင်္သာနှုတ်သီးစခန်းကို လာထိမှန်၏။

စုန်ကျန့်က တွေ၍ ကြည့်နေ၏။ ကျန် ခေါင်းဆောင်များ၏ မျက်နှာတို့မှာ သွေးဆုတ် သွားကြလေ၏။ ဝုရုံက ပြော၏။

"လင်းချင်ကို မြစ်နားကိုရောက်အောင် လှည့်ပတ်ပြီး ခေါ်ခိုင်းရင် ဖမ်းလို့ရနိုင်မယ်၊ ပြီးမှ ရန်သူကို ဘာလုပ်မလဲလို့ ဆွေးနွေးကြမယ်"

"လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်းနဲ့ ဖိုးရုံတို့ ညီအစ်ကိုတတွေကို လှေခြောက်စီးနဲ့ လွှတ် လိုက်မယ်။ ချူတုံနဲ့ ကွေ့ဟုန်ကိုတော့ ဒီဘက်ကမ်းမှာပဲ ထားမယ်" ဟု ကျောက်ခဲက ပြောပြီး တဦးချင်းက ဘာလုပ်ရမည်ဆိုသည်ကို မှာကြားလေ၏။

ရေကြောင်းခေါင်းဆောင် ခြောက်ဦးလည်း အမိန့်အရ အုပ်စုနှစ်စု ဖွဲ့ကြ၏။ လီကျွမ်း ချန်ဟင်းတို့က ရေကူးကျွမ်းကျင်သူ လေးဆယ်၊ ငါးဆယ်တို့နှင့် အတူ လှေလျှင်များဖြင့် ကျူပင်ကြို ကျူပင်ကြားတွင် အသာလစ်သွားကြ၏။ သူတို့၏ နောက်ရန်အဖြစ် ချန်ရွှန်းနှင့် ဖိုးရုံတို့ ညီအစ်ကိုတစုက လူလေးဆယ်လောက်နှင့် လှေငယ်ကလေးများဖြင့် လိုက်ခဲ့ ကြ၏။ တဖက်ကမ်းခြေကို ရောက်သော် လီကျွမ်း၊ ချန်ဟင်းတို့အဖွဲ့က အော်ဟစ်ကြွေးကြော် ကာ အမြောက်များကို ဝင်၍ တွန်းလှဲပစ်ကြ၏။

စစ်သည်များလည်း လင်းချင်တို့ထံသို့ သွားကာ သတင်းပို့ကြ၏။ လင်းချင်လည်း မီးလုံးအမြောက်နှစ်လက်နှင့် သူ့လုံ့ကိုယူကာ လူတထောင်ကို ဦးဆောင်၍ အခင်းဖြစ်ရာသို့ အမြန်လာခဲ့၏။ သူတို့နောက်လာ, လီကျွမ်းတို့၊ ချန်မင်းတို့လည်း ထွက်သွားကြ၏၊

လင်းချင်လည်း ကျူတောအစပ်အထိ လိုက်သွားရာ လူတရာကျော်ပါသော လှေငယ်အစီး လေးဆယ်ခန့် ဆိုက်ထားသည်ကို တွေ့ရ၏။

လီကျွမ်းနှင့် ချန်ဟင်းတို့က လှေပေါ်တက်ကြ၏။ သို့သော် လှေကြိုးကိုမဖြုတ်သေးပေ။ လင်းချင်တို့ ရောက်လာသောအခါမှ လှေပေါ်ရှိ လူများက အော်ဟစ်ကာ ရေထဲသို့ ခုန်ချ ကြ၏။

လင်းချင်တို့အား လှေများကို သိမ်းလိုက်ကြ၏။ တဖက်ကမ်းမှ ချူတုံနှင့် လွေ့ဟုန် တို့က အော်ဟစ်ကာ စစ်စည်များကို တီးကာ အသံပေးနေကြ၏။ လင်းချင်က သူ့လူများကို လှေပေါ်တက်ပြီး ထိုဘက်ကမ်းသို့ ကူး၍ သွားဖမ်းရန်

အမိန့်ပေးလိုက်၏။

လှေများ မြစ်လယ်သို့ ရောက်သော် ချူတုံနှင့် တွေ့ဟုန်က မောင်းသံတချက်ကို ဂွမ်း ခနဲနေအောင် တီးလိုက်၏။ ရေထဲမှ လူလေးဆယ်ငါးဆယ်လောက် ပေါ်လာကာ လှေများ၏ ပဲ့ပိုင်းရှိ အဆို့များကို ဆွဲဖြုတ်လိုက်ကြ၏။ လှေများတွင် ရေဝင်လာလေပြီ။ သန်မာသော လက်ကြီးများကလည်း လှေများကို မှောက်ပစ်ကြ၏။ စစ်သည်များ ရေထဲသို့ ကျကုန်လေ၏။

လင်းချင်က သူ့လှေကို အမြန်လှည့်ခိုင်း၏။ သို့သော် လှေ၏ တက်မကို ရေအောက်မှ ဖြုတ်ထားပြီး ဖြစ်နေ၏။ ခေါင်းဆောင်နှစ်ဦး လှေပေါ်သို့ ဖက်တက်လာကာ လှေကို တချက်တည်း လှုပ်ခါလိုက်ကာ မှောက်ပစ်လိုက်လေ၏။ လင်းချင်လည်း ရေထဲသို့ ကျသွား လေ၏။ သူ့ကို ဖိုးရုံယိက ဆွဲဖမ်းကာ သောင်ခြေသို့ ခေါ်သွား၏။ ယင်းတွင် စောင့် နေသော ခေါင်းဆောင်များက ဆီး၍ ကြိုးနှင့်တုပ်ကာ တောင်ပေါ်သို့ ခေါ်သွားလေ၏။

အစိုးရတပ်သား နှစ်ရာကျော်ကို ဖမ်းမိ၏။ ကျန်တဝက်ကျော်ကျော်မှာ ရေနစ်ကာ သေကြ၏။ အသက်ဘေးမှ လွတ်သူ အချို့က ဟူယန်ကျို့ထံ ပြေး၍ သတင်းပို့ကြသဖြင့် သူလည်း တပ်ကို စုပြီး မြင်းဒုန်းစိုင်းစီးကာ ကယ်ရန် လိုက်ခဲ့၏။ သို့သော် လှေအားလုံး ဟသ်ာနူတ်သီးကမ်းခြေသို့ ရောက်နေလေပြီ။ မြားများလည်း မထောက်မမီတော့။ ထို့ပြင် လာရောက် စီးနင်း တိုက်ခိုက်သူများလည်း မရှိကြတော့ပေ။

ဟူယန်ကျို့မှာ ဒေါသထွက်နေသော်လည်း ဘာမျှမတတ်နိုင်။ စခန်းသို့ ပြန်ကာ နေမထိ ထိုင်မသာ ဖြစ်နေရုံသာ ရှိ၏။

မိုးယံခြိမ့်ခြိမ့်လင်းချင်ကို မိလာကြောင်း သတင်းရသဖြင့် စုန်ကျန့်နှင့်တကွ ခေါင်း ဆောင်အားလုံးမှာ ဒုတိယတံခါးသို့ ဆင်းကာ ကြိုကြ၏။ တုပ်နှောင်ထားသော ကြိုးများကို စုန်ကျန့်က ကိုယ်တိုင်ဖြေပေး၏။

“တပ်မှူးကို ယဉ်ယဉ်ကျေးကျေး ခေါ်ခဲ့ပါလို့ ပြောထားလျက်နဲ့ကွာ။ ဘာလို့ ဒီလို ရိုင်းကြရတာလဲ” ဟု သူ့လူများကို ဆူ၏။

သူ့ကို မသတ်သဖြင့် ကျေးဇူးတင်နေသော လင်းချင်က ဒူးထောက်ကာ ကန်တော့ လေ၏။ စုန်ကျန့်က သူ့ပေါ်သို့ ရေစင်သွန်းလောင်းပေး၏။ ထို့နောက် လင်းချင်၏ လက်ကို ကိုင်ကာ ခံတပ်အတွင်းသို့ ခေါ်ခဲ့၏။ ဇနေ့ချီလည်း တပ်မိုလ်တဦး ဖြစ်နေပြီကို လင်းချင် တွေ့ရလေ၏။ အမြောက်သမားမှာ ဘာမှ မပြောဘဲ နှုတ်ပိတ်ရေငုံ လုပ်နေ၏။ ဖိန့်ချီက အကြံပေးလေ၏။

“ခေါင်းဆောင်ကြီး ကျောက်ခဲနဲ့ စုန်ကျန့်က တကယ်ဖြောင့်မတ်တဲ့ သူတွေပါဗျာ၊ သူတို့က ရဲရင့်သူဆို ဘယ်သူမရွေး လက်ခံတယ်။ သူတို့က ဧကရာဇ်မင်းကြီးက လွတ်ငြိမ်း ချမ်းသာခွင့် ပေးမှာ၊ တပ်မတော်ထဲကို ဝင်ခွင့်ပေးမှာ၊ နိုင်ငံတာဝန် ထမ်းဆောင်ရမှာကိုပဲ စောင့်နေတာဗျ။ ကျွန်တော်တို့ နောင်ကြီးတို့လည်း ဒီကို ရောက်မှတော့ သူတို့အမိန့်ကို နာခံသင့်တယ်ဗျာ”

စုန်ကျန့်ကလည်း တောင်းပန်စကား ပြော၏။ လင်းချင်က-

“ကျွန်တော်ကတော့ နေလို့ ရပါတယ်။ ကျွန်တော် ပူတာက ကျွန်တော့်မိန်းမနဲ့ အမေ က အရှေ့နေပြည်တော်မှာပဲ ရှိနေကြသေးတယ်။ ကျွန်တော့်အကြောင်းကို ကြားရင် သူတို့ အသတ်ခံရမှာ သေချာတယ်ဗျ။ ကျွန်တော် ဘာလုပ်ရမှာလဲဗျာ”

“စိတ်မပူပါနဲ့ဗျာ။ တရက် နှစ်ရက်နေရင် သူတို့ကို ဒီကို ခေါ်လာပေးမယ်”

“နောင်ကြီးက သိပ်ပြီး စာနာတတ်တာပဲဗျာ။ ကျွန်တော်သေရင်တောင် စိတ်ဖြောင့်ပါပြီ”

“ကဲ ကဲ၊ စားသောက်ပွဲကြီး ပြင်ပေတော့” ဟု ကျောက်ခဲက ညွှန်ကြား၏။

နောက်တနေ့တွင် ခေါင်းဆောင်များသည် သစ္စာညီနောင်ခန်းမတွင် တိုင်ပင်ကြ၏။ မြင်းတွဲများ အကြောင်းကို စုန်ကျန့်က ဆွေးနွေး၏။ ဤကိစ္စကို မည်သို့ ဖြေရှင်းမည်ဟု မည်သူမျှ စဉ်းစား၍ မရကြပေ။ နောက်ဆုံးတွင် ရွှေကျားသစ်ထန်လုံက ထိုင်ရာမှ ထရပ် လိုက်၏။

“ကျွန်တော်ကတော့ အစွမ်း မရှိပါဘူး။ ဒါပေမဲ့ တခုတော့ အကြံပေးပါရစေ။ ဒီကိစ္စမှာ လက်နက်တမျိုးနဲ့ ကျွန်တော့် ဝမ်းကွဲအစ်ကိုကို လိုမယ် ထင်တယ်ဗျ”

“ဘာလက်နက်မျိုးပါလိမ့်၊ နောင်ကြီး အစ်ကိုကကော ဘယ်သူပါလိမ့်ဗျာ”

ဝုရုံက မေး၏။

ထန်လုံလည်း လက်နှစ်ဖက်ကို ယှက်လိုက်ကာ တည်တည်ငြိမ်ငြိမ်ပင် ရှေ့သို့ ထွက် ကာ ဖြေလိုက်၏။

မှန်ပေ၏။ ရွှေနှင့် ကျောက်စိမ်းတို့ဖြင့် ပြီးသော နေပြည်တော်မှ ဗျာလ္လသတ္တဝါကဲ့သို့ ဒဏ္ဍာရီဆန်ကာ ခြင်္သေ့ကဲ့သို့ ရဲတင်းသော လူတဦးသည်လည်း အဖွဲ့ဝင် ဖြစ်လာအောင် ဖြားယောင်းခံလိုက်ရ၏။

ထိုလက်နက်ကား အဘယ်နည်း။ ထိုလူကား အသူနည်း။ သိလိုလျှင်

နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၆

ဝုရုံက ရှီကျန်နဲ့ကို ချပ်ဝတ်အကျႌ အခိုးခိုင်းခြင်း

ရှုနင်ကို ထန်လုံက တောင်ပေါ်သို့ မျှား၍ ခေါ်ခြင်း

"ကျွန်တော်တို့က မျိုးနဲ့ ရိုးနဲ့ ချပ်ဝတ်တွေ လုပ်ခဲ့ကြပါတယ်။ ဒီလို ကျွမ်းကျင်လို့ပဲ ကျွန်တော်အဖေ့ကို နယ်ခြားဘုရင်ခံ ဗိုလ်မင်းအင်းချုံက ယာနန်မြို့စောင့်တပ် တပ်မှူး တာဝန်ကို ပေးခဲ့တာပါ။ အခုလို မြင်းတွေကို တွဲပြီး တိုက်တဲ့နည်းက အရင်ဧကရာဇ် မင်းကြီးလက်ထက်ကလည်းအောင်ပွဲတွေရခဲ့ပါတယ်။ ဒါကို နှိမ်နင်းဖို့ ဆိုရင်တော့ ချိတ်လှံ တွေကို သုံးမှ ဖြစ်မယ်ဗျ။ ကျွန်တော့်မှာ ဆွေစဉ်မျိုးဆက် ကမ်းလာတဲ့ ချိတ်လှံပုံတပုံ ရှိပါတယ်။ အဲဒါကို အတုယူပြီး ပွားယူလို့ ရပါတယ်။ ကျွန်တော် လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ဗျာ၊ ဘယ်လို သုံးရမှန်းတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော့် ဝမ်းကွဲအစ်ကို လက်နက်သင်ဆရာပဲ သုံးတတ်တယ်။ ဒီပညာကိုလည်း ဆွေစဉ်မျိုးဆက် လက်ကမ်းလာ ကြတာပါ။ အပြင်လူကို သင်မပေးဘူးဗျ။ ကျွန်တော့်အစ်ကိုကတော့ ချိတ်လှံကို မြင်းစီး လျက်နဲ့ရော မြေပေါ်မှာရော ကောင်းကောင်း ကိုင်တတ်တယ်။ တကယ် သူလှုပ်ရှားပြီဆိုရင် လူလို့တောင် မထင်ရဘူးဗျ" ဟု ထန်လုံက ရှင်းပြ၏။

လင်ချုံးက ဖြတ်ပြော၏။ "နောင်ကြီး ပြောတာက ရှုနင်တော့ မဟုတ်ပါဘူးနော်"

"သူပါပဲဗျာ"

"နောင်ကြီး ပြောမှ သတိရတယ်ဗျ။ သူက သတ္တုလှံတွေ၊ ချိတ်လှံတွေမှာ တကယ်ပဲ ကျွမ်းကျင်တယ်။ နေပြည်တော်မှာတုန်းက ကျွန်တော်နဲ့ သူနဲ့ ခဏခဏ တွေ့ဖူးတယ်။ အချင်းချင်းလည်း လက်ရည်စမ်းကြဖူးတယ်။ အချင်းချင်း လေးလေးစားစားနဲ့ ခင်မင်ကြ တယ်။ ဒါပေမဲ့ သူ ဒီကို လာအောင် ဘယ်လိုလုပ်မလဲဗျ"

"အစ်ကိုရှုနင်ဆီမှာ အတုမရှိတဲ့ ရှေး မိမွေဖမွေ ပစ္စည်းတခု ရှိတယ်။ အဲဒီပစ္စည်းက သူ့မိသားစုကို အမှောင့်ပယောဂတွေ မကပ်အောင် ကာကွယ်တယ်တဲ့။ အရှေ့နေပြည်တော် မှာရှိတဲ့ ကြီးတော်ကြီးဆီကို အဖေသွားလည်တိုင်း လိုက်သွားလို့ တွေ့ဖူးတယ်။ အဲဒါက သံနန်းကြိုးတွေနဲ့

ရက်ထားတဲ့ အထည်သားမှာ ဘဲငန်းတောင်တွေ စိုက်ထားတဲ့ ချပ်ဝတ်အင်္ကျီဗျ။ ခြသေ့်သားမွေးလို့ ခေါ်ကြတယ်ဗျ။ ပေါ့တယ်ဗျာ။ ဝတ်ရတာ ချပ်ချပ်ရပ်ရပ်ရှိတယ်ဗျာ။ ဓားတို့၊ မြားတို့လည်း ထိုးလို့ မပေါက်ဘူးဗျ။ အရာရှိကြီးတွေက မြင်ဖူးချင်လို့ လာတောင်းပန်ကြတာ အများကြီးပဲ။ ဒါပေမဲ့ အစ်ကို ရှုနင်က ငြင်းလွှတ်လိုက်တာချည်းပဲ၊ သူက သူ့အသက်လောက်ကို မြတ်နိုးတယ်။ အဲဒီ ချပ်ဝတ်အင်္ကျီကို သားရေအိတ်တလုံးထဲမှာ ထည့်ထားပြီး သူ့အိပ်ခန်းထဲက ထုပ်တန်းမှာ ဆွဲထားတယ်ဗျာ။ အဲဒီလောက်ထိပဲ။ ဒီတော့ ဒီချပ်ဝတ်ကိုသာ ကျွန်တော်တို့ ရထားရင် သူ ဒီကို လာချင်ချင် မလာချင်ချင် လာရမှာပဲ”

“ကိစ္စမရှိပါဘူး။ ဒီကိစ္စမှာ ကျွမ်းကျင်တဲ့ နောင်ကြီးရှီကျန့်ကို လွှတ်လိုက်ပါ့မယ်” ဝုရုံက ဆို၏။

“အဲဒီ ပစ္စည်းရှိရိုးမှန်ရင်တော့ မရရအောင် ယူခဲ့ပါ့မယ်” ဟု ရှီကျန့်က ကတိပြု၏။ “ရအောင် လုပ်ပါ နောင်ကြီး။ အစ်ကိုရှုနင် ဒီတောင်ပေါ်ရောက်အောင် ကျွန်တော် လုပ်ပါ့မယ်” ဟု ထန်လုံက အာမခံ၏။

“ဘယ်လိုလုပ်မလဲ”ဟု စုန်ကျန့်က မေးရာ ထန်လုံက သူ့အနားနားသို့ ကပ်၍ တီးတိုး ပြောပြလေ၏။

စုန်ကျန့်လည်း ရယ်လိုက်လေ၏။ “တော်တော် ပါးနပ်တာပဲ”

ဝုရုံက-

“အရှေ့နေပြည်တော်ကို သွားရင် လူသုံးယောက် ခေါ်သွားလိုက်။ တယောက်က အမြောက်တွေအတွက် ယမ်းမှုန့်တွေ ဝယ်ဖို့။ နှစ်ယောက်ကတော့ ဗိုလ်မင်းလင်းချင်ရဲ့ ဒီသားစုကို ခေါ်ခဲ့ဖို့”

ဖိန့်ချီကလည်း ထရပ်လိုက်ကာ “ တယောက်ယောက်ကများ ယင်ကျို့ကို သွားပြီး ကျွန်တော့်မိသားစု ကိုလည်း ခေါ်ခဲ့ပါလား။ ဒီလိုဆိုရင် ကျွန်တော်လည်း ကံကောင်းတယ်လို့ ဆိုရမှာပေါ့”

“မပူပါနဲ့ ဗိုလ်မင်း၊ ခင်ဗျားတို့နှစ်ယောက်စလုံး အိမ်ကို စာတွေ ရေးလိုက်ပါ။ ကျွန်တော် စီစဉ်ပေးပါ့မယ်။ ရန်လင်း၊ ဒီက စာနဲ့ ပိုက်ဆံတွေ ယူသွား။ လူတွေပါ ခေါ်သွားပြီး ယင်ကျို့က ဗိုလ်မင်းဖိန့်ချီရဲ့ မိသားစုကို ခေါ်ခဲ့။ ဇွေ့ယုံက ဆေးရောင်းတဲ့သူ ယောင်ဆောင်ပြီး အရှေ့ နေပြည်တော်ကို သွား၊ လက်နက်တွေ ကစားပြရင်း ဆေးရောင်းချင်ယောင်ဆောင်ပြီး ဗိုလ်မင်းလင်းချင်ရဲ့ မိသားစုနဲ့ တွေ့ပြီး ခေါ်ခဲ့။ လီယွမ်းကတော့ ကုန်သည်ယောင်ဆောင်ပြီး ယမ်းဖော်မယ့်

ပစ္စည်းတွေ ဝယ်ခဲ့။ ကွေ့ဟိုနဲ့ ထန်လုံက စွေ့ယုံနဲ့ အဖော်လိုက်သွားချေ"ဟု စုန်ကျန့်က စီစဉ်ပေး၏။

ရှီကျန့်တို့ တောင်ပေါ်မှ ဆင်းသွားပြီးသော် စုန်ကျန့်က လွေ့ဟုန်ကို ကြီးကြပ်စေပြီး ထန်လုံကို နမူနာ ချိတ်လုံ့တစင်းကို လုပ်စေ၏။ ထိုလုံ့ ပြီးစီးသောအခါ လွေ့ဟုန်ကိုပင် ဦးစီးစေကာ ခံတပ်တွင်းရှိ ပန်းပဲပညာရှင်တို့ကို ထိုလံအတိုင်း ပုံတူအများ ပွားစေ၏။ ထိုအကြောင်းကိုမူ ဤမျှနှင့် တော်ဦးမည်။

ရန်လင်း၊ စွေ့ယုံ၊ လီယွမ်း၊ ကွေ့ဟို၊ ထန်လုံတို့ကိုလည်း နှုတ်ဆက်ညစာ ကျွေးပ ပေးပြီး စေလွှတ်လိုက်၏။ နောက်တနေ့တွင် အခြေအနေကို အသေအချာ ထောက်လှမ်း ရန်အတွက် ထိုက်ချုံကို စေလွှတ်လိုက်၏။ ဤအကြောင်း အသေးစိတ်ကိုမူ စကားလုံး အနည်းငယ်မျှဖြင့် ပြော၍ မရနိုင်ပေ။

ရှီကျန့်သည် လိုအပ်သော လက်နက်ကိရိယာများကို ကိုယ်ပေါ်တွင် ဝှက်၍ ယူသွား၏။ တောလမ်းအတိုင်း ကွေ့ကာ ပတ်ကာဖြင့် နေပြည်တော်သို့ သွား၏။ မြို့ပြင် ထမင်းဆိုင်တွင် တည်း၏။ နောက်တနေ့တွင် မြို့တော်ထဲသို့ မသိမသာ ဝင်သွားပြီး လက်နက်သင်ဆရာ ရှုနင်ကို စုံစမ်း၏။

"ဒီ တပ်ဖွဲ့ဝင်းတံခါးကနေ ဝင်သွားလိုက်။ ပဉ္စမအိမ်မှာ နေတယ်။ တံတိုင်းထောင့်မှာ ဝင်းတံခါး အနက်ရောင်နဲ့ " ဟု လူတယောက်က လမ်းညွှန်၏။

ခွေးလှေးလည်း ဝင်သွားပြီး အိမ်ရှေ့တံခါးကို ပထမကြည့်ပြီးမှ အိမ်နောက်ဖေးတံခါး ကို စစ်ဆေး၏။ အိမ်ကို တံတိုင်းမြင့်မြင့်ဖြင့် ကာထား၏။ သို့သော် နှစ်ထပ်အိမ်လေး တဆောင်ဖြစ်ကြောင်းကိုမူ တွေ့ရသည်။ အိမ်ဘေးတွင် အလှအပ တန်ဆာဆင်ထားသော တိုင်တတိုင်ကို ထူထား၏။ အိမ်အနေအထား အခင်းအကျင်းကို ခဏမျှ ကြည့်ပြီးနောက် အနီးမှ အိမ်သို့ သွားကာ မေးလေ၏။

"လက်နက်သင်ဆရာရှုနင်များ အိမ်မှာ ရှိမလားဗျ"

"သူက မိုးချုပ်မှ ပြန်လာတာ။ မနက်ဆိုလည်း အရုဏ်တက် ကတည်းက နန်းတော်မှာ ကင်းတာဝန်ကျရင် ထွက်သွားတတ်တယ်"

ရှီကျန့်လည်း ထိုသူကို ကျေးဇူးတင်ကြောင်း ယဉ်ကျေးစွာပြောပြီး ထမင်းဆိုင်သို့ ပြန်ခဲ့၏။ သူ့လက်သုံး ပစ္စည်းများကို သူ့ကိုယ်ပေါ်တွင် ဝှက်လိုက်၏။

"ငါ ဒီည အပြင်သွားမလို့၊ ပြန်လာချင်မှ ပြန်လာမယ်။ အခန်းထဲမှာ ငါ့ပစ္စည်းတွေကို ကြည့်ထားလိုက်" ဟု ထမင်းဆိုင်မှ အလုပ်သမားကို မှာ၏။

"မပူပါနဲ့ဗျာ။ ဒါ နေပြည်တော်ဗျ။ သူခိုးသူဝှက် မရှိဘူး" ဟု တုံ့ပြန်၏။

ရှီကျန့်က မြို့ထဲသို့ ဝင်ကာ ညစာစားပြီး သံလုံကိုင်တပ်၏ ဝင်းအတွင်းရှိ ရှုနင်၏ အိမ် သို့ အသာချဉ်းကပ်၏။ ပတ်ဝန်းကျင်တွင် ပုန်းစရာ ခိုစရာ နေရာကို ရှာမတွေ့ပေ။ ညမိုးချုပ် လာပြီဖြစ်၍ ဝင်းတံခါးအနီး တနေရာတွင် ခိုနေလိုက်၏။ မကြာမီ မှောင်လာလေ၏။ ထိုညက လမသာချေ။

မြေစောင့်နတ်ကွန်းအနီးတွင် ပေါ်ပလာပင်ကြီးတပင် ရှိသည်ကို တွေ့သဖြင့် ဖက် တက်ပြီး အကိုင်းတကိုင်းပေါ်တွင် ထိုင်ကာ တိတ်တဆိတ် စောင့်ကြည့်နေ၏။ ရှုနင် ပြန် လာပြီး အိမ်ထဲသို့ ဝင်သွားလေ၏။ မီးအိမ်ကို ဆွဲလျက် လူနှစ်ယောက်လည်း ဝင်းတံခါးကို ပိတ်ကာ သော့ခတ်လိုက်ပြီး အိမ်ပြန်သွားကြလေ၏။ ပဟိုရ်စင်မှ ပထမယံအတွက် နာရီ စည် တီးသည်ကို ကြားလိုက်ရ၏။ အအေးဒဏ်ကြောင့် ကြယ်များပင်လျှင် မတောက်ပနိုင်ချေ။ မြူများသည် နှင်းများ ဖြစ်လာ၏။ အားလုံး ငြိမ်သက်လျက် ရှိ၏။ ရှီကျန့်သည် သစ်ပင်မှ လျှော၍ ဆင်းလိုက်၏။ ရှုနင့်အိမ်၏ နောက်ဖေးပေါက်သို့ ခိုးကြောင်ခိုးဝှက်နှင့် သွားကာ ခြံတံတိုင်းကို အသာပင် ကျော်တက်၏။ ဥယျာဉ်လေးတခုကို ဖြတ်ပြီး မီးဖိုချောင် သို့ သွားကာ ချောင်း၍ ကြည့်၏။ မီးခွက်တခု၏ အလင်းရောင်ထဲတွင် အစေခံမလေး နှစ်ယောက်က အိုးခွက်များကို ဆေးကြောနေဆဲ ဖြစ်၏။ အလှဆင်ထားသော တိုင်ကို တက်၍ ယင်းမှ တဆင့် ကော့လန်နေသော အိမ်အမိုးထောင့်စွန်းသို့ ကူး၏။ ယင်းနေရာမှ ပုန်း၍ အိမ်အပေါ်ထပ် ပြတင်းပေါက်သို့ လှမ်း၍ ကြည့်၏။ ရှုနင်တို့ ဇနီးမောင်နှံမှာ မီးဖို ဘေးတွင် ထိုင်နေကြ၏။ ဇနီးသည်၏ ရင်ခွင်ထဲတွင် ခြောက်နှစ် ခုနစ်နှစ်အရွယ် ကလေး တယောက်ကို ချီထား၏။

ဤအခန်းမှာ အိပ်ခန်း ဖြစ်ပေ၏။ သေချာလှ၏။ ထုပ်တန်းတွင် သားရေအိတ်တလုံး ကို ချည်ထားသည်ကို တွေ့ရ၏။ တံခါးဝအနီးတွင်လည်း လေးတလက်နှင့် မြားများ၊ ဓား မြှောင်တလက်တို့ကို ချိတ်ထားလေ၏။ အဝတ်တန်းတွင် အသွေးအရောင်စုံ အဝတ် အထည်များကို တွေ့ရ၏။ ရှုနင်က-

“ဆီးတော်ပွင့်၊ ဒီအဝတ်တွေ ခေါက်ပေးစမ်းကွယ်”

အစေခံမလေးတယောက် ထကာ အိမ်အပေါ်ထပ်သို့ တက်သွားလေ၏။ ကလေး မသည် စားပွဲရှည်တခုပေါ်တွင် အစိမ်းရောင်အတွင်းခံနှင့် အနားတွင် ဖဲရောင်စုံ ကွပ်ထား သော မရန်းရောင် ဝတ်လုံရှည်နှင့်အတူ ရောင်စုံပိုးလည်စည်း၊ အစိမ်းရောင်နှင့် အနီရောင် ခါးစည်း၊ လက်ကိုင်ပဝါ စသည်တို့ကို ခေါက်နေ၏။ ထို့ပြင် လိုင်ချီးသီးပုံများ ဖော်ထားပြီး ဖျံအမြီး နှစ်ချောင်း တွဲလောင်းကျနေသည့် ရွှေရောင်ခါးစည်းတခုကိုလည်း အဝတ်စနှင့် ပတ်ကာ ရွှေရောင်ပဝါနှင့် ထုပ်၏။ ယင်းတို့၏ အနွေးဓာတ် ရစေရန် မီးဖိုပေါ်ရှိ ကျပ်စင် ပေါ်တွင် တင်ထားလိုက်လေ၏။ ရှီကျန့်၏ မျက်စိကား တခုမကျန် မြင်လိုက်၏။

ဒုတိယယံအတွက် စည်သံကို ကြားရပြီးနောက်တွင် ရှုနင်လည်း အိပ်ရာဝင်၏။

"မနက်ဖြန် တာဝန်ကျသလား" ဟု သူ့ဇနီးက မေး၏။

"ဘုန်းတော်ကြီးလှသောဘုရားက မင်္ဂလာနဂါး အဆောင်တော်ကို သွားမယ်၊ ငါ စောစော ထပြီး အရဏ်တက်မှာ သွားခစားရမယ်"

"နင်တို့သခင်ကြီး မနက်ဖြန်မနက် တာဝန်ကျတယ်။ နင်တို့တွေ စတုတ္ထယံကတည်းက ထကြ၊ ရေနွေးကျိုပေး၊ စားစရာတွေ စီစဉ်ပေးလိုက်" ဟု ဇနီးသည်က ဆီးတော်ပွင့်တို့ကို လှမ်း၍ ပြော၏။

"ထုပ်တန်းပေါ်က သားရေအိတ်ထဲမှာ ချပ်ဝတ်ရှိတာ သေချာတယ်။ မိုးမလင်းခင် ယူနိုင်ရင်တော့ အကောင်းဆုံးပဲ။ ဒါပေမဲ့ သူတို့ နိုးသွားနိုင်တယ်။ မနက်ဖြန်မှ ဆိုရင်လည်း မြို့ထဲက ထွက်နိုင်တော့မှာ မဟုတ်ဘူး။ ဒါဖြင့်ရင် စီမံထားသမျှ ပျက်စီးပြီ။ ပဉ္စမယံအထိစောင့်မှပဲ။ အချိန်ရှိသေးတယ်" ဟုရှီကျန့်က စဉ်းစား၏။

အိမ်ရှင်လင်မယား အိပ်ရာထဲသို့ ရောက်သွားသော် အစေခံမလေးနှစ်ဦးလည်း အိပ် ခန်းတံခါး အပြင်ဘက်တွင် ကောက်ရိုးမွေ့ရာကို ခင်းကာ အိပ်ကြလေ၏။ ညမီးအဖြစ် စားပွဲ ပေါ်တွင် မီးခွက်တခုကို ထွန်းထား၏။ မကြာမီအတွင်း လေးဦးစလုံး အိပ်မောကျသွား လေ၏။ မိန်းကလေးများမှာ တနေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ထားရသဖြင့် ဟောက်သံ မြိုင်မြိုင်ပေးလျက် ရှိကြ၏။

အမိုးပေါ်မှ ခွေးလှေးသည်လည်း ကျူရိုးရှည်တချောင်းဖြင့် ပြတင်းပေါက်ကို ထိုး ဖောက်ပြီး မှုတ်လိုက်ရာ မီးခွက်လည်း ငြိမ်းသွားလေ၏။

စတုတ္ထယံလောက် အရောက်တွင် ရှုနင်လည်း နိုးလာကာ မိန်းကလေးများကို ခေါ်ပြီး ရေနွေးယူခိုင်း၏။ နိုးလာသော ကလေးမတို့မှာ မီးခွက်ငြိမ်းနေသည်ကို တွေ့ရ၏။

"သွားပြီ၊ မီးလည်း မရှိဘူး"

"နောက်ဖေးကို သွားပြီး ယူပါလား၊ ဘာလုပ်နေတာလဲ"

ဆီးတော်ပွင့်တို့လည်း လှေကားထိပ်မှ တံခါးကို ဖွင့်ကာ အောက်ထပ်သို့ ဆင်းခဲ့ကြ၏။ လှေကားထစ်မှ တကျွီကျွီမြည်သံကို ကြားရသည်နှင့် ခွေးလှေးသည် တိုင်ပေါ်မှ လျှောဆင်း ကာ နောက်ဖေးပေါက်အနီး အမှောင်ထုထဲတွင် ပုန်း၍နေ၏။

မိန်းကလေးများက နောက်ဖေး ပေါက် တံခါးကို ဖွင့်ကာ ထွက်လာကြပြီး ဝင်းတံခါးကို ဆက်၍ သွားကြသော် ရီကျန့်လည်း မီးဖိုချောင်ထဲသို့ ဒိုင်ဗင်ထိုးဝင်ကာ စားပွဲတခုအောက်တွင် ပုန်းနေ၏။ ဆီးတော်ပွင့်သည် မီးထွန်းထားသော မီးခွက်တခုကို ကိုင်၍ ဝင်လာပြီး မီးဖိုတွင် မီးမွှေးလေ၏။ ကျန် မိန်းကလေးက မီးသွေးမီးဖို တဖိုကို ဖိုကာ အိမ်အပေါ်ထပ်သို့ ယူသွားလေ၏။ မကြာမီ ရေနွေးဆူလာရာ ဆီးတော်ပွင့်သည် ရေနွေးကို အိမ်အပေါ်ထပ်သို့ သွားပို့လေ၏။

ရှုနင်သည် မျက်နှာသစ်၊ ခံတွင်းကို ပလုတ်ကျင်းပြီး စိမ်ရည်ကို နွေးပေးရန် ပြော၏။ မိန်းကလေးများက အသားနှင့် မုန့်များကို တည်ခင်းပေးကြ၏။ ရှုနင် စားပြီးသော် အပြင် တွင် စောင့်နေသော သူ၏ နောက်လိုက်ကို ကျွေးမွေးခိုင်း၏။ အိမ်ပေါ်မှ သူ ဆင်းလာပြီး နောက်လိုက်ကို မနက်စာ စားသောက်ရန် ပြောနေသည်ကို ရီကျန့်က ကြားရ၏။ ထိုနောက် တွင် ရှုနင်သည် အထုပ်ကို ကောက်၍ လွယ်ကာ သံလှံကို ကိုင်စွဲပြီး တက်သွားလေရာ မိန်းကလေးများက ဝင်းတံခါးဝသို့ မီးပုံးတလုံး ကိုင်၍ လိုက်ပို့ပေးကြ၏။

ခွေးလှေးသည် စားပွဲအောက်မှ ထကာ လှေကားကို တက်သွားပြီး ခန်းဆီးနံရံမှ တဆင့် ထုပ်တန်းပေါ်သို့ တက်၍ ဝပ်နေ၏။ အိမ်တံခါးကို ပိတ်ပြီး မီးပုံးကိုငြိမ်းကာ မိန်းကလေးနှစ်ယောက်သည် အိမ်ပေါ်ကို ပြန်တက်လာပြီး ပြန်အိပ်ကြလေ၏။

အိပ်ပျော်သွားကြမှန်း သေချာသောအခါ ရီကျန့်လည်း ကျူရိုးရှည်ကို ထုတ်ကာ မီးခွက် ကို မှုတ်လိုက်၏။ သားရေအိတ်ကို ထုပ်တန်းမှ အသာဖြေ၏။ အောက်သို့ ဆင်းမည့် ဆဲဆဲ တွင် အိမ်ရှင်မက အသံတခုခုကို ကြားလိုက်ရသဖြင့် နိုးလာ၏။

“ဟဲ့ ၊ ထုပ်တန်းပေါ်က ဘာအသံလဲ ဟဲ့”

ရီကျန့်က ကြွက်အော်သံကို ပြုလိုက်၏။

“မကြားဘူးလားမမ၊ ကြွက်တွေ ရန်ဖြစ်နေတယ်”

ရီကျန့်က ကြွက်များ စစ်ခင်းနေသလို အသံတကျီကျီ ပေးကာ အသာဆင်းလာခဲ့၏။

လှေကားထိပ်ရှိ တံခါးကို ခိုး၍ ဖွင့်ကာ အိတ်ကိုလွယ်ပြီး ဆင်းခဲ့၏။ အိမ်တံခါးကို ဖွင့်၍ ထွက်ခဲ့ပြီး အစောင့်တပ်သားများ အဝင်အထွက်များနှင့်ရောကာ တပ်ဝင်းတံခါးမှ ထွက် လာခဲ့၏။ မြို့ပြင်ထမင်းဆိုင်သို့ ရောက်သည်အထိ တချိုးတည်းဖြင့် သုတ်ခြေတင်ခဲ့၏။ မိုးမလင်းသေးပေ။ တံခါးကို ခေါက်ကာ

ဖွင့်ခိုင်းပြီး အခန်းသို့ ပြန်ကာ သူ့အထုပ်အပိုး နှင့် သားရေအိတ်ကို ထမ်းပိုးတချောင်းတွင် ဦးပွဲချိတ်ကာ ထွက်ခဲ့ပြီ။ ငွေရှင်း၏။ ထို့နောက် အရှေ့ဘက်သို့ ဦးတည်ကာ ထွက်ခဲ့လေ၏။ လီပေါင်း လေးဆယ်ခန့် သွားပြီးမှ စားသောက်ဆိုင်တခုတွင် နားကာ စားသောက်လေ၏။

ထိုစဉ် လူတယောက် ဝင်လာရာ ရှီကျန့်က မော့ကြည့်လိုက်၏။ ထိုသူကား အခြားသူ မဟုတ်၊ နတ်ခြေမြန်ထိုက်ချုံပေတည်း။ ရှီကျန့် တာဝန်ကျေပွန်ကြောင်းကို ထိုက်ချုံလည်း တွေ့ရ၏။ သူတို့နှစ်ယောက် တီးတိုးပြောကြ၏။

“ငါ ဒီချပ်ဝတ်ကို ယူသွားနှင့်မယ်။ မင်းက ထန်လုံနဲ့ လိုက်လာခဲ့”

ရှီကျန့်က ချပ်ဝတ်ကို ထုပ်ပိုး၍ပေးလိုက်ရာ ထိုက်ချုံက သူ့ကိုယ်တွင် လွယ်ထားလိုက်၏။ ထို့နောက် နတ်ခြေမြန်သည်လည်း သူ၏ အစီအရင်အစွမ်းဖြင့် လျှို့ရှန်၊ တောင်ရိုးသို့ သုတ်ခြေတင်လေ၏။

ရှီကျန့်သည် သားရေအိတ်ကို ထမ်းပိုးတွင် လူအများ သတိထားမိအောင် တမင် ချည်ထားလိုက်၏။ ထမင်းကို လက်စသတ်ပြီး ငွေရှင်းကာ ထမ်းပိုးကို ထမ်း၍ ထွက်ခဲ့၏။ လီနှစ်ဆယ်လောက်သို့ ရောက်သောအခါ ထန်လုံနှင့် တွေ့၏။ ဘုံဆိုင်တခုအတွင်းသို့ ဝင်ကာ စကားပြောကြလေ၏။

ထန်လုံက-

“နောင်ကြီး ဒီလမ်းအတိုင်း ဆက်သွား၊ တံခါးရွက်ပေါ်မှာ ဝလုံးပုံ မြေဖြူနဲ့ ရေးထားတာ တွေ့တဲ့ ဘုံဆိုင်၊ ထမင်းဆိုင်ဟူသရွေ့မှာ ဝင်ပြီး နားပါ။ စိမ်ရည်ဝင်သောက်၊ ဝင်စားပေါ့၊ အဲဒီ ထမင်းဆိုင်တွေမှာ အိပ်လို့လည်း ရတယ်။ ဒီသားရေအိတ်ကိုတော့ လူမြင်အောင် တမင်ပြထားနော်။ နောက်စခန်းမှာ ကျွန်တော့်ကို စောင့်နေ”

ထန်လုံသည် စိမ်ရည်ကို ဖိမ်နှင့် ဆွဲကာ သောက်နေပြီးမှ အရှေ့နေပြည်တော်သို့ ခရီး ဆက်ခဲ့၏။

ရှုနင်တို့ အိမ်တွင်မူ ကလေးမနှစ်ယောက်သည် မိုးလင်းသည်နှင့် ထကြ၏။ လှေကား ထိပ်မှ တံခါးသာမက အောက်ထပ်မှ အိမ်ဝင်းတံခါးမပါ ပွင့်နေကြောင်းကို တွေ့ရလေ၏။ အလျင်အမြန် လိုက်၍ စစ်ဆေးကြည့်ရာ တခုမျှ ပျောက်ဆုံးနေပုံ မရပေ။ အိမ်ပေါ်ပြန်တက် ကာ အိမ်ရှင်မကို ပြောပြကြ၏။

“ကျွန်မတို့တော့ နားမလည်ဘူးရှင့်၊ တံခါးတွေက ပွင့်နေပေမယ့် ဘာမှ ပျောက်မနေ ဘူးရှင့်”

“အရုဏ်တက်တုန်းက ထုပ်တန်းပေါ်ကနေ အသံတခု ငါကြားလိုက်တယ်။ နင်တို့က ကြွက်တွေ ကိုက်နေတာဆို။ ကြည့်စမ်းပါဦးဟဲ့၊ သားရေအိတ်ကော ရှိသေးရဲ့လား”

မိန်းကလေးများလည်း ကြည့်လိုက်ကြ၏။ “မရှိတော့ဘူး”

အိမ်ရှင်မလည်း အိပ်ရာမှ လူးလဲ၍ ထ၏။ “မင်္ဂလာနဂါးအဆောင်တော်ကို လူလွှတ်၊ သခင်ကြီးကို ချက်ချင်း သွားပြောခိုင်း၊ အိမ်ကို ချက်ချင်း ပြန်ခဲ့လို့”

ဆီးတော်ပွင့်တို့က လူတယောက်ပြီး တယောက် စေလွှတ်ကြရာ သုံးလေးယောက် ရှိသွားသော်လည်း ပြန်လာသမျှ လူတို့၏ အကြောင်းပြန်ချက်မှာ အတူတူပင်ဖြစ်နေ၏။ “သံလှံကိုင်တပ်မှာ မင်းကြီးနှင့်အတူ နန်းတွင်းဥယျာဉ်တော်ထဲတွင် ရောက်နေကြကြောင်း၊ ဥယျာဉ်ကို မင်းကြီး၏ ကိုယ်ရံတော်များက စောင့်နေကြသဖြင့် မည်သူမျှ မဝင်ရကြောင်း၊ သခင်ကြီး အိမ်အပြန်ကိုသာ စောင့်ကြရန် ဖြစ်ကြောင်း”။

အိမ်ရှင်မနှင့် မိန်းကလေးနှစ်ယောက်မှာ အိုးကင်းပူပူပေါ်တွင် ရောက်နေသော ပုရွက် ဆိတ်များကဲ့သို့ ဖြစ်နေပြီ။ ဘာမှလည်း မလုပ်နိုင်သဖြင့် ဖျပ်ဖျပ်လူးနေကြပြီး စားလည်း မစားနိုင် သောက်လည်း မသောက်နိုင်ကြပေ။

မိုးချုပ်သောအခါ ရှုနင်သည် အခမ်းအနားဝတ်လုံကို ချွတ်ကာ နောက်ပါသို့ ပေး၏။ သူ့လှံကိုကိုင်ကာ အိမ်သို့ အေးအေးဆေးဆေး ပြန်လာခဲ့၏။ တပ်ဝင်းအဝသို့ ရောက်သော် အိမ်နီးချင်းတဦးနှင့် တွေ့၏။

“ခင်ဗျားတို့အိမ် အခိုးခံရတယ်။ ခင်ဗျားမိန်းမက တနေ့လုံး စောင့်နေတယ်”

ရှုနင်သည် အလန့်တကြားဖြင့် အိမ်သို့ အမြန်သွားလေ၏။ အစေခံမိန်းကလေးများက အိမ်ဝတွင် ကြိုနေကြ၏။

“သခင်ကြီး အိမ်ကအထွက်မှာ ဒီသူခိုး ဝင်သွားတာဖြစ်မယ်။ သူက ထုပ်တန်းပေါ်က သားရေအိတ်ပဲ ယူသွားတယ်”

ရှုနင်လည်း ဝမ်းခေါင်းသံ နက်နက်ကြီးဖြင့် အော်လေ၏။

“ဒီသူခိုးက ဘယ်တုန်းကတည်းက အခန်းထဲ ဝင်အိပ်နေလဲမှ မသိတာ” ဟု သူ့ဇနီးက ပြော၏။

“ကျန်တာတွေက ကိစ္စမရှိဘူး။ ဒီ ငန်းတောင်ချပ်ဝတ်က ဆွေစဉ်မျိုးဆက် အမွေ ပစ္စည်းကွ။ တခါမှတောင် မပျောက်ဖူးဘူး။ စစ်သူကြီးဝမ်က ဆိုရင် ပိုက်ဆံ အတုံးသုံးသောင်း တောင်ပေးပြီး ဝယ်တယ်။ ဒါပေမဲ့ ငါက မရောင်းရက်ဘူး။

တိုက်ပွဲနဲ့ကြုံရင် သုံးရဦးမလား လို့။ တခုခုဖြစ်မှာစိုးလို့ ထုပ်တန်းမှာ ချည်ထားတာကိုမှ ဖြစ်ရတယ်လို့ကွာ၊ လူတွေက တောင်းကြည့်ကြတာကို ငါက မရှိတော့ဘူးလို့ ပြောထားတာကွ၊ လူတွေ ရိပ်မိသွားရင် ငါ့ကို ဝိုင်းလှောင်ကြမှာပဲ။ ခုတော့ တကယ် မရှိတော့ဘူး။ ငါ ဘာလုပ်ရမလဲ”

ထိုညတွင် သူ အိပ်မပျော်။ “ဘယ်သူများ ခိုးသွားပါလိမ့်။ ဒီချပ်ဝတ်အကြောင်း သိတဲ့ သူပဲဖြစ်မယ်”

သူ့ဇနီးကလည်း တခုခုကို စဉ်းစားမိ၏။

“ဒီသူခိုးက မီးခွက်ငြိမ်းသွားတုန်းမှာ ဝင်တာ ဖြစ်ရမယ်။ ဒီပစ္စည်းကို ရှင့်ဆီက ဝယ်တာ မရလို့ ဖောက်ထွင်းဝိဇ္ဇာတယောက်ကို ငှားပြီး လွှတ်လိုက်တာ ဖြစ်မယ်။ တိုးတိုးတိတ်တိတ် လိုက်မေးခိုင်း၊ လိုက်ရှာခိုင်းပေါ့၊ ပြီးမှ ဘာလုပ်ကြမလဲ တိုင်ပင်ကြတာပေါ့။ “မြက်တောထဲ လျှောက်ရမ်းမနေနဲ့၊ မြွေကို လှန့်လိုက်သလို” ဖြစ်နေဦးမယ်”

ရှုနင်ကား ဘာမှ ပြန်မပြောချေ။ နောက်တနေ့တွင် အိပ်ရာမှ စောစော ထ ပြီးလျှင် ထိုင်၍ မှိုင်နေ၏။

နံနက်စာ စားချိန်ခန့်တွင် အိမ်ခြံတံခါးကို လာခေါက်သံကို ကြားရ၏။ နောက်လိုက် ရုံးလုလင်က သွား၍ ကြည့်ပြီး ပြန်လာပြောပြ၏။ “ယန်နန် မြို့စောင့်တပ်မှူးရဲ့သား ထန်လုံ ရောက်နေပါတယ်။ ဂါရဝပြုချင်လို့ပါတဲ့”

ရှုနင်ကအဖိတ်ခိုင်းလိုက်သဖြင့် အိမ်ထဲသို့ ဝင်လာသော ထန်လုံက သူ့ကို တွေ့သည်နှင့် ဒူးထောက်ကာ ဂါရဝပြု၏။

“အားလုံး အဆင်ပြေရဲ့လား မဟုတ်လား အစ်ကိုကြီး”

“မင်းအဖေ ဆုံးသွားတာ ကြားရပါတယ်။ ရုံးတာဝန်တွေနဲ့ မအားလွန်းလို့၊ ပြီးတော့ မင်းတို့ မြို့နဲ့လည်း ဝေးလွန်းလို့ မရောက်နိုင်ဘူးကွာ။ မင်းသတင်းလည်း ဘာမှ မကြားရ ပါလား ငါ့ညီ။ ဘယ်တွေ ရောက်နေတာလဲ။ ခုကော ဘာကိစ္စနဲ့ ရောက်လာတာလဲ”

“ပြောရရင်တော့ အရှည်ကြီးပါပဲဗျာ။ အဖေဆုံးပြီးကတည်းက ကျွန်တော်လည်း ကံဆိုးတော့တာပါပဲ။ ခြေသလုံးအိမ်တိုင် ဖြစ်နေတာပေါ့။ ဒီနေ့တော့ အစ်ကိုကြီးကို တွေ့ဖို့ သက်သက်နဲ့ ရှန်တောင်ကနေ ဒီကို လာခဲ့တာပါ”

“ရောက်မှတော့ အေးအေးဆေးဆေး နေဦးပေါ့ ငါ့ညီ” ဟု ဆိုကာ စိမ်ရည်နှင့် အစား အစာများကို တည်ခင်းကျွေးမွေးလေ၏။

ထန်လုံက သူ့အိတ်ထဲမှ ရွှေကို အပြားခတ်ကာ လိပ်ထားသော အချိန်နှစ်ဆယ်သား ခန့် စီးသော ရွှေကြက်သွန်မြိတ်နှစ်ချောင်းကို ထုတ်ကာ ရှုနင်သို့ ပေးလိုက်လေ၏။

"အဖေ မဆုံးခင်ကပဲ ဒါတွေကို အစ်ကိုကြီးကို ပေးဖို့ မှာခဲ့တယ်။ စိတ်ချရတဲ့လူလည်း မရှိလို့ မပို့ဖြစ်ခဲ့တာပါ။ ဒါကြောင့်ပဲ ကိုယ်တိုင်လာပြီး ပေးတာပါ"

"ဦးလေးက သိပ်သဘောကောင်းတာပဲကွာ၊ ငါကတော့ ဘာမှကို မကန်တော့ဖြစ်ခဲ့ ပါဘူး။ ကျေးဇူးကိုတော့ ဆပ်နိုင်တော့မှာ မဟုတ်ပါဘူး"

"ဒီလိုမပြောပါနဲ့ အစ်ကိုကြီးရာ၊ အဖေက အစ်ကိုကြီးရဲ့ လက်နက်စွမ်းရည်ကို သိပ် သဘောကျတာ။ တယောက်နဲ့ တယောက် အနေဝေးနေကြလို့ မတွေ့ကြရတာကို အဖေက စိတ်မကောင်းဘူးဗျ။ ဒါကြောင့် ဒါ လေးတွေကို ပေးဖို့ မှာထားခဲ့တာ"

ရှုနင်က ကျေးဇူးစကား ပြောပြီး ရွှေကြက်သွန်မြိတ်များကို လက်ခံလိုက်၏။ ဧည့်သည် ကို တည်ခင်းကျွေးမွေးနေသော်လည်း မရွှင်မပျနှင့် မျက်မှောင်ကုတ်ထား၏။ နောက်ဆုံး တွင် ထန်လုံက ထ ရပ်လိုက်၏။

"အစ်ကိုကြီး ပျော်နေပုံလည်း မရပါလား။ ဘာများ ပြဿနာ ရှိလို့လဲဗျာ"

ရှုနင်က သက်ပြင်းချ၏။

"မင်းမသိပါဘူးကွာ၊ ပြောရမှာ အရှည်ကြီးပဲ။ ညက အိမ်မှာ သူခိုးဝင်လို့ကွ"

"ဟုတ်လား၊ တော်တော် ပါသွားသလားဗျာ"

"ခြသေ့်သားမွေးလို့ ခေါ်တဲ့ ငန်းတောင်ချပ်ဝတ်အင်္ကျီ တခုတည်းပါ။ အဲဒါက မိမွေ ဖမွေလေ။ အဲဒါကို ညက ခိုးသွားတာ။ ငါလည်း တော်တော် စိတ်ဆင်းရဲနေတယ်"

"ကျွန်တော်လည်း တွေ့ဖူးပါတယ်။ ဒီချပ်ဝတ်မျိုးက နှစ်ထည်မရှိဘူး။ အဖေဆို ချီးမွမ်း တာမှ အကြီးအကျယ်ပဲ။ အစ်ကိုကြီးက ဘယ်မှာထားထားလို့လဲ"

"သားရေအိတ်ထဲ ထည့်ပြီး အိမ်ခန်းထဲက ထုပ်တန်းမှာ ချည်ထားတာကွ။ ဘယ်လို ဝင်ခိုးသွားလဲ မသိဘူး"

"သားရေအိတ်က ဘယ်လိုပုံစံမျိုးလဲ"

“အနီရောင် သားရေအိတ်ပဲ။ အထဲမှာ ချပ်ဝတ်အင်္ကျီကို ပိုးဂွမ်းကပ်နဲ့ ထုပ်ထား တယ်”

“အနီရောင် သိုးသားရေအိတ် ဟုတ်လား၊ မျက်နှာပြင်ပေါ်မှာက ခြင်္သေ့ ရွှဲလုံးနဲ့ ကစား နေတဲ့ပုံ ချည်အဖြူနဲ့ ထိုးထားတာလား”

“ငါ့ညီ၊ မင်း အဲဒါ ဘယ်မှာ တွေ့ခဲ့တာလဲ”

“ညက ဒီက လီ လေးဆယ်လောက် ဝေးတဲ့ ရွာဘုံဆိုင်မှာ ကျွန်တော် စိမ်ရည်သောက် နေတာ။ ပိန်ပိန်မည်းမည်း မျက်စိလျင်လျင်နဲ့ လူတယောက် အဲဒါကို ထမ်းပိုးနဲ့ ထမ်း လာတာ တွေ့လိုက်တယ်။ ကျွန်တော်ကတောင် ဒီအိတ်ထဲ ဘာများ ပါလဲလို့ စဉ်းစားနေ သေးတယ်။ ဒါနဲ့ ဆိုင်က အထွက်မှာ “ဒီအိတ်က ဘာအတွက်လဲ” လို့ မေးမိတယ်။ သူက နဂိုတုန်းကတော့ ချပ်ဝတ်အင်္ကျီ ထည့်တာတဲ့။ ခုတော့ အခြားအဝတ်တွေ ထည့်တာလို့ ပြောတယ်။ အဲဒီလူပဲ ဖြစ်မှာပဲ။ သူ့ကြည့်ရတာ ခြေထောက်နာနေတယ်။ သွားတာ ထော့နင်း ထော့နင်းနဲ့။ သူ့နောက်လိုက်ပြီး ဖမ်းကြရင် မကောင်းဘူးလား”

“ဖမ်းနိုင်ရင်တော့ ဘုရား မ တာပဲ”

“ဒါဖြင့် သွားမယ်လေ၊ ဘာလုပ်နေမှာလဲ”

ရှုနင်က လျှော်ဖိနပ်များကို ပြောင်း၍ စီးကာ ဓားမြှောင်ကို ခါးတွင် ချပ်ပြီး သူ့လှံပုဆိန် ကြီးကို ယူ၏။ ထို့နောက် ထန်လုံနှင့်အတူ မြို့အရှေ့တံခါးမှ ထွက်ခဲ့ကြ၏။ ခြေလှမ်းကျဲကျဲဖြင့် အသော့နှင်ခဲ့ကြရာ တံခါးရွက်ပေါ်တွင် ဝလုံးရေးထားသော ဘုံဆိုင်တခုကို တွေ့သည်နှင့် ထန်လုံက-

“ဒီဆိုင်မှာ စိမ်ရည်တခွက်လောက် ဝင်သောက်ရအောင်။ သတင်းလည်း မေးကြ တာပေါ့ဗျာ”

ထန်လုံက ဆိုင်ရှင်ကို မေး၏။

“ဒီလမ်းအတိုင်း အသားမည်းမည်း ပိန်ပိန် လူတယောက် အနီရောင်ဆိုးသားရေအိတ် ထမ်းလာတာ တွေ့မိသလားဗျာ”

“အဲဒီပုံနဲ့ လူတယောက်ကို ညက တွေ့လိုက်တာပဲ။ ခြေထောက် ထော့နင်းထော့နင်း နဲ့လေ”

“ကြားလား အစ်ကိုကြီး”

ရှုနင်ကား ဘာပြန်ပြောရမှန်းမသိတော့ပေ။ စိမ်ရည်ဖိုးကို ပေးချေကာ

အလျင်အမြန် ထွက်ခဲ့ကြ၏။ ဆက်ပြောလာခဲ့ကြရာ ထမင်းဆိုင်တခု၏ တံခါးရွက်ပေါ်တွင် ဝလုံးပုံကို တွေ့ရပြန်သည်။ ထန်လုံက-

"ကျွန်တော်တော့ တလှမ်းတောင် မလှမ်းနိုင်တော့ဘူးဗျာ။ ဒီမှာ ညအိပ်ကြရအောင်၊ နက်ဖြန်မနက် စောစောမှ ဆက်လိုက်ကြတာပေါ့"

"ငါ့မှာ ရုံးတာဝန်တွေ ရှိနေတယ်။ မနက် လူစစ်တဲ့အချိန်မှာ ရောက်မလာရင် ငါတော့ အပြစ်ပေးခံရမယ်။ ဘယ်လိုလုပ်ကြမလဲ"

"ဒါကိုတော့ မပူပါနဲ့ အစ်ကိုကြီးရာ၊ မရီးက သွားရှင်းပြမှာပေါ့"

ထိုထမင်းဆိုင်တွင်လည်း စုံစမ်းကြပြန်၏။ ဆိုင်အလုပ်သမားက-

"ညကတော့ လူမည်းမည်း ပိန်ပိန်တယောက်တည်း သွားတယ်။ အိပ်ရာထတာ နောက်ကျတယ်။ တော်တော်နေမြင့်မှ ထွက်သွားတယ်။ သူက ရှန်တောင်ကို သွားတဲ့ လမ်းကို မေးသွားတယ်"

"ဒါဖြင့် ကျွန်တော်တို့ အုပ်မိလောက်တယ်" ဟု ထန်လုံက ဆို၏။

နောက်တနေ့ နံနက် နေမထွက်မီကပင် သူတို့နှစ်ယောက် ခရီးဆက်ခဲ့ကြ၏။ ဝလုံးပုံကို မြေဖြူနှင့် ဆွဲထားသည့် နေရာတိုင်းတွင် စိမ်ရည်သောက်ရန်၊ ထမင်းစားရန် စသည်ဖြင့် အကြောင်းပြကာ ထန်လုံက ဝင်နား၏။ သတင်းမေး၏။ ရသော သတင်းမှာလည်း အတူတူ ပင် ဖြစ်၏။ ရှုနင်ကား ချပ်ဝတ်ပြန်မရမည်ကို ပူပန်သဖြင့် ထန်လုံနှင့်အတူ အလျင်အမြန် လာခဲ့၏။

ညနေစောင်းသောအခါ ရှေးဟောင်းဘုံကျောင်းတခုကို လှမ်း၍ မြင်ရ၏။ ထိုဘုံ ကျောင်းရှေ့ရှိ သစ်ပင်တပင်အောက်တွင် အထုပ်အပိုးများ ချကာ နားနေသော ရှီကျန့်ကို လည်း တွေ့ရ၏။

"ဟုတ်ပြီ၊ ဟိုမှာ အစ်ကိုကြီး သစ်ပင်အောက်မှာ။ အဲဒါ အစ်ကို့အိတ် မဟုတ်ဘူးလား"

ရှုနင် ကြည့်လိုက်၏။ ထို့နောက် ရှီကျန့်ဆီသို့ ပြေးကာ ဖမ်းဆွဲလိုက်၏။

"ခွေးမသား သူခိုး၊ ငါ့ချပ်ဝတ် အင်္ကျီကို ခိုးရဲတယ်လား"

"နေပါဦး နေပါဦး။ ဒီလောက်လည်း အော်မနေပါနဲ့။ ဟုတ်တယ်၊ ကျုပ် ခင်ဗျား ချပ်ဝတ်ကို ယူမိတယ်။ ဒီတော့ ခင်ဗျားက ဘာလုပ်ချင်လဲ"

"မိုက်ရိုင်းတဲ့ တိရစ္ဆာန်ကောင်။ မင်းကမျာ မေးနေရသေး"

“သားရေအိတ်ထဲမှာ ရှာကြည့်လေ၊ ရှိသလားလို့”

ထန်လုံက ဖွင့်ကြည့်၏။ အိတ်မှာ အခွံသာ ဖြစ်၏။

“ငါ့ချပ်ဝတ်ကို ဘာလုပ်လိုက်ပြီလဲ ခွေးသူခိုးရဲ့”

“ဒီမှာ နားထောင်ပါ။ ကျုပ်နာမည်က ချန်းတဲ့။ ကျုပ်က အကြီးဆုံးသား။ တိုက်အန် နယ်က လာတာ။ ကျုပ်တို့ဆီမှာ လူချမ်းသာတယောက် ရှိတယ်။ သူက နယ်ခြားစောင့် တပ်က ဗိုလ်မင်းချုံဆီက ဒီချပ်ဝတ်အကြောင်းကို ကြားလာခဲ့တာတဲ့။ ခင်ဗျားတို့က မရောင်းဘူးတဲ့။ အဲဒါနဲ့ပဲ ကျုပ်တို့ တတိယလီ ဆိုတဲ့ လူတယောက်ကို ငှားပြီး ခိုးခိုင်းလိုက် တာ။ ကျုပ်တို့ကို ပိုက်ဆံပြား အတုံးတသောင်း ပေးတယ်လေ။ ခင်ဗျားတို့ အိမ်မှာ တိုင် ပေါ်က ခုန်ချလိုက်တာနဲ့ ခြေသပ္ပတ်တိုင်လည်သွားတယ်။ ဒါကြောင့် မြန်မြန်မလျှောက်နိုင် တာနဲ့ လီကို ချပ်ဝတ်နဲ့ အရင်သွားခိုင်းပြီး ကျုပ်က သားရေအိတ်ကိုပဲ ယူထားလိုက်တာ။ ကျုပ်ကို ရုံးမင်းရှေ့ကို အတင်းခေါ်သွားရင်လည်း သေအောင်ရိုက်တာတောင် တလုံးမှ မပြောသေးဘူး။ ဒါပေမဲ့ ခင်ဗျားတို့က ကျုပ်ကို ခွင့်လွှတ်ပေးရင်တော့ ခင်ဗျားတို့ကို ခေါ် သွားပြီး ပြန်ယူပေးမယ်”

ရှုနင်သည်လည်း မဆုံးဖြတ်နိုင်ဘဲ အတန်ကြာမှ တွေနေ၏။

“သူကတော့ ထွက်ပြေးသွားမှာ မပူရဘူး အစ်ကိုကြီး။ သူနဲ့လိုက်သွားပြီး ချပ်ဝတ်ကို ပြန်ယူကြရအောင်။ သူက ပြန်ယူမပေးနိုင်ရင်လည်း အဲဒီက ရုံးမင်းဆီမှာ သွားတိုင်လို့ ရသေးတာပဲ”

“အဲဒါတော့ ဟုတ်တယ် ငါ့ညီ”ရှုနင်က လက်ခံလိုက်၏။ သုံးယောက်သား လမ်းမကြီး အတိုင်း လိုက်ခဲ့ကြပြီး ထမင်းဆိုင်တဆိုင်တွင် ညအိပ်ကြ၏။ ရှုနင်နှင့် ထန်လုံတို့ကမူ ရှီကျန့် ကို စောင့်ကြည့်နေကြ၏။ သို့သော် ခြေထောက်တဖက်ကို ပတ်တီးစည်းထားသဖြင့် ခွေးလေးရှီကျန့်ကို လမ်းကောင်းကောင်း မလျှောက်နိုင်ဟု ထင်နေကြပြီး များစွာဂရုမစိုက် ကြပေ။ နောက်တနေ့နံနက်တွင် ခရီးဆက်ကြပြန်၏။ ရှီကျန့်က တောင်းပန်သည့် သဘော ဖြင့် စိမ်ရည်နှင့် စားဖွယ်များကို မကြာမကြာ ဝယ်ကျွေး၏။ သူတို့ တနေ့လုံး လာခဲ့ကြ၏။

နောက်တနေ့ နံနက်တွင်မူ ရှုနင် အလွန်စိုးရိမ်လျက် ရှိနေပြီ။

ရှီကျန့် အမှန်တကယ်ကော ချပ်ဝတ်ရှိတဲ့ နေရာကို ခေါ်သွားနေတာမှ ဟုတ်ရဲ့လား။ ထိုသို့ သွားနေကြစဉ် လမ်းဘေးတွင် လှည်းအလွတ်တစီးကို ရပ်ထားပြီး မြင်း သုံး လေး ကောင်ကိုလည်း ယင်း လှည်းတွင် ချည်ထားသည်ကို တွေ့လိုက်ရ၏။ လှည်းသမားကလှည်းနောက်တွင် ရပ်နေပြီး ကုန်သည်တဦးက

လှည်းဘေးတွင် ရပ်နေ၏။ ထန်လုံကို တွေ့သောအခါ ထိုသူက ဒူးထောက်ကာ ဂါရဝပြုလေတော့၏။

“ဒီမှာ ဘာလုပ်နေတာလဲ နောင်ကြီး” ထန်လုံက မေး၏။

“ချင်ကျို့မှာ အလုပ်နည်းနည်းရှိလို့ လာခဲ့တာ။ အခု တိုက်အန်ကို ပြန်မလို့”

“အတော်ပဲ ကျုပ်တို့သုံးယောက် အကြုံလိုက်ခဲ့ချင်တယ်။ ကျုပ်တို့လည်း တိုက်အန် ကို သွားနေတာ”

“သုံးယောက် မပြောနဲ့၊ ဒီထက်ပိုလည်း ရပါတယ်ဗျာ။ ပြောနေရမယ့် လူတွေမှ မဟုတ်တာ”

ထန်လုံက ရှုနင်ထံသို့ ထိုသူ့ကို ခေါ်လာခဲ့၏။

“သူက ဘယ်သူလဲ”

“မနှစ်က တိုက်အန်က ဘုံကျောင်းတခုမှာ သွားကန်တော့ရင်း တွေ့ခဲ့တာပါ။ သူ့ နာမည်က လီရုံးပါ။ သူက လူကောင်းပါ”

“ချန်းက လမ်းကောင်းကောင်း မလျှောက်နိုင်တော့ လှည်းစီးရင် ကောင်းမယ် ထင် တယ်” ဟု ဆိုကာ လေးယောက်သား လှည်းပေါ်တက်ကြ၏။

“ပြောပါဦး၊ မင်းပြောတဲ့ လူချမ်းသာဆိုတာက ဘယ်သူလဲ” ဟု ရှုနင်က ရှီကျန့်ကို မေး၏။

“သူ့ကို သခင်ကြီးကောက်လို့ ခေါ်ကြတယ်”

“တိုက်အန်မှာ သခင်ကြီးကောက် ဆိုတာ ရှိသလားဗျ” ဟု လီရုံးထံတွင် စုံစမ်း၏။

“ရှိတယ်ဗျ၊ သိပ်ချမ်းသာတယ်။ အရာရှိကြီးတွေနဲ့ဆို တကယ်ရင်းနှီးတဲ့ လူပေါ့။ ပြီးတော့ သူ့ဆီမှာ ကပ်ရပ်မှီခိုနေတဲ့သူတွေလည်း အများကြီးပဲ။

“အဲဒီလူ တကယ်ရှိတယ် ဆိုတော့ ငါ မသက်ာစရာ မလိုတော့ဘူးပေါ့”

လီရုံးက လက်နက်ပညာအကြောင်း သိုင်းပညာ အကြောင်းပြောပြာကာ သီချင်း တပုဒ် နှစ်ပုဒ်လည်း ဆိုပြလေ၏။

ထိုနေ့မှာ အေးအေးချမ်းချမ်းနှင့် ကုန်ဆုံးသွားလေ၏။ လျှံရှန်းတောင်ရိုးနှင့် နှစ်စခန်း မျှသာ ဝေးတော့၏။ လီရုံးက လှည်းသမားကို စိမ်ရည်များ ဝယ်ကာ

ဘူးသီးခြောက်နှင့် ထည့်လာစေ၏။ အသားများကိုလည်း ဝယ်ခိုင်း၏။ လီရုံးက စိမ်ရည်တခွက်ကို ထည့်ပြီး ရှုနင်ကို ပေးလိုက်ရာ တကျိုက်တည်းနှင့် မော့ချလိုက်၏။ လီရုံးက ထပ်တောင်း၏။ လှည်း သမားက လက်ချော်သွားဟန် ဆောင်ပြီး ဘူးသီးခြောက်ကို လွှတ်ချလိုက်ရာ မြေပြင် ပေါ်တွင် ဖိတ်စဉ်ကုန်လေ၏။ လီရုံးက ထပ်ဝယ်ခိုင်း၏။

ချက်ချင်းဆိုသလိုပင် ရှုနင်သည် သွားရည်များ ထွက်ကျလာပြီး လှည်းပေါ်မှာ မှောက် လဲကျသွားလေ၏။ လီရုံးက အသူပေနည်း။ အမှန်မှာ သူသည် သံလည်ချောင်းခေါ်သေ့ ဟို ဖြစ်၏။ သူနှင့် ကျန်လူနှစ်ဦးတို့သည် လှည်းပေါ်မှ ခုန်ဆင်းပြီး မြင်းများကို အတင်းမောင်း လေတော့၏။ သူတို့သည် ကုန်းမိကျောင်း ချူကွီ၏ ဘုံဆိုင်သို့ တိုက်ရိုက်လာခဲ့ကြပြီး ရှုနင်ကို လေ့တစီးပေါ် တင်ကာ သဲသိင်္ဂါကမ်းခြေသို့ ပို့လိုက်ကြ၏။ စုန်ကျန့်မှာ သတင်းရပြီး ဖြစ်သဖြင့် အခြားခေါင်းဆောင်တို့နှင့်အတူ ဆင်း၍ ကြိုနေ၏။ ထိုအချိန်တွင် ရှုနင်မှာ နိုးနေပြီ ဖြစ်၏။ သူ့ကို ဖြေဆေး တိုက်လိုက်၏။ သူ့မျက်စိကို ဖွင့်လိုက်သောအခါ မြင်လိုက် ရသော လူများကြောင့် အံ့အားသင့်သွား၏။ ထန်လုံထံသို့ လှမ်း၍-

"ငါ့ညီ၊ ငါ့ကို ဘာလို့ ဒီကို ညာပြီး ခေါ်လာရတာလဲ"

"အစ်ကိုကြီး၊ ဒီလိုပါဗျာ။ နောင်ကြီးစုန်ကျန့်က ရဲရင့်သူတွေကို လက်ခံနေတယ်လို့ ကျွန်တော် ကြားဖူးတယ်။ ပြီးတော့ ဝူကန်းမြို့မှာ နောင်ကြီးလီကွေ့နဲ့ တွေ့လို့ သွေးညီနောင် ဖွဲ့လိုက်ကြတယ်။ အခု ကျွန်တော်လည်း အဖွဲ့ဝင် ဖြစ်နေပြီ။ အခု ဟူယန်ကျို့က မြင်းတွေကို တွဲပြီး လာတိုက်နေတယ်။ ဒီတော့ ကျွန်တော်တို့လည်း အကျပ်ရိုက်နေပြီ။ ကျွန်တော်က ချိတ်လှံတွေကို သုံးဖို့တော့ ပြောပြပေမယ့် ကျွန်တော်ကိုယ်တိုင်လည်း မသုံးတတ်ဘူးဗျ။ အစ်ကိုကြီးတယောက်ပဲ သုံးတတ်တာ မဟုတ်လား။ ဒါကြောင့် ဒီလို ကြံစည်လိုက်ရတာ ပါဗျာ။ နောင်ကြီး ရှီကျန့်က အစ်ကိုကြီး ချပ်ဝတ်ကို ခိုးမယ်၊ ကျွန်တော်က ဒီလမ်းအတိုင်း ညာပြီး ခေါ်လာမယ်၊ နောင်ကြီးကွေ့ဟိုက လီရုံး ဆိုပြီး ညာပြီး ဆေးခတ်မယ်။ အဲဒီလိုနဲ့ အစ်ကို့ကို ခေါ်လာတာပါ။ တောင်ရိုးပေါ်ကို လိုက်ခဲ့ပါ။ အစ်ကိုကြီးလည်း ခေါင်းဆောင် လိုက်လုပ်ပါ"

"ငါ့ညီ၊ မင်းကတော့ ငါ့ဘဝကို ဖျက်ဆီးလိုက်ပြီကွာ" စုန်ကျန့်က သေရည်ခွက်ကို ကိုင်ကာ ရှေ့ကို တက်လာ၏။

"ကျွန်တော်တို့ ဒီတောင်ရိုးမှာ နေကြတာ ယာယီပဲ။ ဧကရာဇ်မင်းကြီးဆီက လွတ်ငြိမ်း ချမ်းသာခွင့်ကို စောင့်နေတာပါ။ တိုင်းပြည်ကို သစ္စာရှိရှိနဲ့ အစွမ်းကုန် ပြန်ပေးဆပ်ဖို့ စောင့် နေတာပါ။ ကျွန်တော်က ကောက်ကျစ်တတ်တဲ့သူ မဟုတ်ပါဘူး။ လူသတ်ရတာ မကြိုက် သလို မမှန်ကန်တဲ့ သူရဲဘောကြောင်တဲ့

လုပ်ရပ်တွေကိုလည်း ဘယ်တော့မှ မလုပ်ပါဘူး။ ကျွန်တော့်ကို နားလည်နိုင်မယ်လို့ တကယ် ယုံကြည်ပါတယ်။ ဆရာ၊ ကျွန်တော်တို့နဲ့ လက်တွဲပြီး မိုးကောင်းကင်ကိုယ်စား လှုပ်ရှားကြရအောင်”

လင်ချုံးကလည်း ထို့အတူ သေရည်ခွက်ကို ကိုင်ကာ ပြော၏။

“နောင်ကြီး၊ ကျွန်တော်လည်း ရှိပါတယ်။ မငြင်းပါနဲ့လားဗျာ”

ရှုနင်က ထန်လုံဆီသို့ လှမ်း၍ ပြော၏။

“မင်းက ငါ့ကို ညာပြီး ခေါ်လာတာ။ အစိုးရမင်းတွေက ငါ့မိန်းမကို ဖမ်းတော့မှာ သေချာတယ်။ ငါ ဘာလုပ်ရမလဲ”

“ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ ဆရာ၊ သူတို့ ဘေးကင်းဖို့အတွက် ကျွန်တော်ကိုယ်တိုင် အာမခံပါတယ်။ တရက် နှစ်ရက်အတွင်းမှာ ခင်ဗျားတို့ ပြန်ဆုံကြရမှာပါ”

ကျောက်ခဲ၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့ အားလုံးကလည်း ဝိုင်း၍ တောင်းပန်ကြ၏။ သူ့ကို ဂုဏ်ပြုသော ညစာစားပွဲကြီး ကျင်းပကြ၏။ ချိတ်လုံကို သုံးတတ်အောင် သင်ပေးရန် အသွက်လက် အဖျတ်လတ်ဆုံး ဟောပုန်းလူငယ်များကိုလည်း ရွေးထားကြ၏။ ထိုက်ချုံနှင့် ထန်လုံတို့ကို အရှေ့နေပြည်တော်သို့ စေလွှတ်ကာ ရှုနင်၏ မိသားစုကို အမြန်ဆုံး အခေါ် ခိုင်း၏။

ဆယ်ရက်အတွင်းတွင် ရန်လင်းသည် ယင်ကျို့မြို့မှ ဖိန့်ချီ၏ မိသားစုနှင့် ပြန်ရောက် လာ၏။ စွေ့ယုံက လင်းချင်၏ မိသားစုကို အရှေ့နေပြည်တော်မှ ခေါ်လာခဲ့၏။ ထို့အတူ လီယွမ်ကလည်း ယမ်းဖော်စပ်ရန်အတွက် ယမ်းစိမ်း၊ ကန့် စသည်တို့ကို လှည်းငါးစီးဖြင့် သယ်၍ ပြန်လာခဲ့၏။ နောက်တရက် နှစ်ရက်အတွင်းတွင် ထိုက်ချုံနှင့် ထန်လုံတို့က ရှုနင် တို့၏ မိသားစုကို တောင်ရိုးပေါ်သို့ ခေါ်လာခဲ့ကြသည်။ ရှုနင်လည်း တအံ့တဩဖြင့် မည်သို့ ရောက်လာကြသည်ကို မေး၏။

“ရှင်က ထွက်သွားတော့ တာဝန်ကျတဲ့ဆီကို မသွားနိုင်တော့ဘူးပေါ့။ ကျွန်မတို့လည်း ရှိတဲ့ ရွှေလေး ငွေလေးနဲ့ လာဘ်ထိုးရတာပေါ့။ ရှင် နေမကောင်းလို့ အိပ်ရာထဲမှာ လှဲနေရ တယ်လို့ ပြောရတာပေါ့ရှင်။ ဒါနဲ့ အေးအေးဆေးဆေး ဖြစ်သွားတာပေါ့။ အဲဒီမှာ ဖြုန်းဆို ထန်လုံ ပြန်ရောက်လာတယ်။ ရှင့် ချပ်ဝတ်အင်္ကျီလည်း ပြန်ပါလာတယ်။ ကျွန်တော်တို့ ပြန် ရလာပြီတဲ့၊ အစ်ကိုကြီးကတော့ လမ်းမှာ နေမကောင်းဖြစ်လို့ ထမင်းဆိုင်တခုမှာ နားနေ ရတယ်တဲ့၊ အသည်းအသန်ဖြစ်နေတယ်တဲ့၊ ကျွန်မနဲ့ ကလေးတွေကို

တွေ့ချင်တယ်တဲ့။ ကျွန်မလည်း အဟုတ်မှတ်လို့ လှည်းနဲ့ လိုက်ခဲ့တာပေါ့။ ဘယ်သွားနေမှန်းလည်း မသိရ ပါဘူးရှင့်။ ကွေ့ကာ ပတ်ကာနဲ့ ခေါ်လာတာ ဒီရောက်တာပါပဲ”

“ကျုန်တာတွေကတော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ချပ်ဝတ်အင်္ကျီကို ထားခဲ့ရတာကတော့ ဆိုးတယ်”

ထန်လုံက ရယ်လိုက်၏။

“အစ်ကိုကြီး ဝမ်းသာပေတော့။ အစ်မကြီးလည်း လှည်းပေါ်တက်ရော ကျွန်တော်လည်း အိမ်ထဲ ပြန်ဝင်ပြီး ပြန်ယူလာခဲ့တာပေါ့။ ဒါတင်မကဘူး၊ ကလေးမတွေကိုလည်း လှည့်ပတ် ပြောပြီး အစ်ကိုတို့ အဖိုးတန်ပစ္စည်းတွေကို ထုပ်ပိုးခိုင်းလိုက်တယ်။ ဒါတွေကို ကျွန်တော် ကိုယ်တိုင် တလမ်းလုံး ထမ်းလာခဲ့ပါတယ်ဗျာ”

“ငါတော့ အရှေ့နေပြည်တော်ကို မပြန်နိုင်တော့ဘူး ထင်ပါရဲ့”

“တခု ကျုန်သေးတယ်ဗျ။ လမ်းမှာ ကုန်သည်တစုနဲ့ ဝင်တိုးတယ်။ ကျွန်တော်လည်း အစ်ကိုကြီးအင်္ကျီကို ဝတ်ပြီး မျက်နှာကို ရုပ်ဖျက်ပြီး အစ်ကို့နာမည်ကို သုံးပြီး သူတို့ကို လုလိုက်တယ်။ ခုလောက်ဆို အရှေ့နေပြည်တော်က အစ်ကိုကြီးကို ဖမ်းဖို့ အမိန့်တွေ ထုတ်နေလောက်ပြီ”

“မင်းကတော့ ငါ့ကို ကောင်းကောင်း ဒုက္ခပေးလိုက်တာပဲ ငါ့ညီ”

ကျောက်ခဲနှင့် စုန်ကျန့်တို့ကလည်း တောင်းပန်ကြ၏။

“ဒီလိုမှ မလုပ်လိုက်ရင် ဆရာ ကျွန်တော်တို့နဲ့ နေပါ့မလားဗျာ”

ရှုနင်တို့ မိသားစုအတွက် အိမ်တလုံးကို စီစဉ်ပေးကြ၏။

ခေါင်းဆောင်များသည် မြင်းတွဲများကို မည်သို့ ကိုင်တွယ်ရမည်ကို စဉ်းစားကြ၏။ လွှေ့ဟုန် ကြီးကြပ်ကာ ထုတ်လုပ်ထားသော ချိတ်လှံများလည်း အသင့် ဖြစ်နေလေပြီ။ ထိုလှံတို့ကို သုံးတတ်အောင် သင်ကြားပေးရန် ရှုနင်ကို စုန်ကျန့်နှင့် ဝုရုံတို့က တောင်းပန် ကြ၏။

“ကျွန်တော့် ပညာတွေကို ဝမ်းမြောက်ဝမ်းသာ သင်ပေးပါ့မယ်။ အသန်မာဆုံး အရာရှိငယ်တွေကို ကျွန်တော် ရွေးပါရစေ”

သစ္စာညီနောင်ခန်းမဆောင်တွင် ရှုနင်က လူရွေးနေသည်ကို ခေါင်းဆောင်များက ကြည့်နေကြ၏။

ယင်း၏ အကျိုးဆက်မှာ အင်အားသုံးထောင်ရှိသော သံချပ်ကာ မြင်းတပ်ချေမှုန်း ခံလိုက်ရပြီး သတ်မှတ်ချိန်အတွင်းတွင် သူရဲကောင်းတယောက်ကို ဖမ်းဆီးနိုင်လိုက်ခြင်း ဖြစ်သည်။ ရှုနင်က ချိတ်လှံသုံးစွဲနည်းကို မည်သို့ သင်ပေးခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်း ကို ဖတ်ပါလေ။

အခန်း - ၅၇

ချိတ်လုံသိုင်းအတတ်ကို ရှုနင် သင်ပြပေးခြင်း

မြင်းသည်အတွဲများကို စနစ်ကျနစွာ ဖြိုခွဲခြင်း

သစ္စာညီနောင် ခန်းမဆောင်တွင် ချိတ်လုံစွမ်းရည်ကို ပြသပေးရန် ရှုနင်ကို ခေါင်းဆောင် များက တောင်းပန်ကြလေ၏။ ရှုနင်ကား လူချောလူခန့် တဦးဖြစ်လေ၏။ အရပ်ရှည်ရှည် ပခုံးကားကား၊ ခါးတုတ်တုတ်နှင့် ဖြစ်၏။ သူ့မျက်နှာဝိုင်းဝိုင်းပေါ်တွင် မုတ်ဆိတ်ကျင်စွယ် များ ထင်ရှားပေါ်လွင်၏။ တပည့်များကို ရွေးချယ်ပြီးနောက် ခန်းမဆောင် အပြင်သို့ ထွက်၏။ ချိတ်လုံတချောင်းကို ကောက်လိုက်ပြီး မည်သို့ ကိုင်တွယ်ရသည်ကို သရုပ်ပြ၏။ ပရိသတ်က သြဘာပေးကြလေ၏။

“ချိတ်လုံကို မြင်းစီးရင်း သုံးမယ်ဆိုရင် ခါးကို နွံ့ပြီး လိမ်ပြီး သုံးမှ ရမယ်။ တခါ တက်ရင် ခုနစ်ချက် လှုပ်ရှားရမယ်။ သုံးချက် ချိတ်မယ်။ လေးချက် ပယ်မယ်။ ပြီးရင် တချက် ထိုးမယ်၊ တချက် ခုတ်မယ်၊ စုစုပေါင်း ကိုးချက်။ ဒါက မြင်းပေါ်က။ ခြေလျင်နဲ့ ဆိုရင် တော့ ရှစ်လှမ်း တက်မယ်၊ လေးချက် ပယ်မယ်။ ဒါဆိုရင် တံခါးပွင့်ပြီ။ ဆယ့်နှစ်လှမ်းမှာ တခါ ပြောင်းမယ်။ ဆယ့်ခြောက်လှမ်း ကျရင် ချိတ်ရင်း ထိုးရင်း နောက်ကို လုံးဝ လှည့်လိုက် ရမယ်။ နှစ်ဆယ့်လေးလှမ်း ကျရင် ရန်သူ့လက်နက်ကို မ မယ်၊ ချမယ်၊ အရှေ့ဘက်ကို ချိတ် မယ်၊ အနောက်ဘက်ကို ပယ်မယ်။ သုံးဆယ့်ခြောက်လှမ်းကျရင် ကိုယ့်ကိုယ်ကိုယ် သေသေ ချာချာ ကာနိုင်ပြီလား ဆိုတာကို ကြည့်ပြီးရင် အမာဆုံးရန်သူ အသန်ဆုံးရန်သူကို ရွေးပြီး ဖမ်း။ ဒါက ချိတ်လုံကို စနစ်တကျ သုံးတဲ့နည်းပဲ။ ကဗျာလေးတပုဒ်တောင် စပ်ထားကြ သေးတယ်။

ပယ်လေးချက် ချိတ်သုံးချက် အားလုံး ခုနစ်ချက်

ကိုးချက်မှာ တခါပြောင်း ကောင်းကောင်း လွှမ်းမိုးမယ်

နှစ်ဆယ့်လေးကွက် ရှေ့နောက် တက်

ဆယ့်ခြောက်ကွက်မှာ နောက်လှည့်ကွယ်

ရှုနင်က တဆင့်ပြီးတဆင့် ရှင်းလင်း သရုပ်ပြနေသည်ကို ခေါင်းဆောင်များ ကြည့်နေ ကြ၏။ ချိတ်လုံကို သူ အသုံးပြုနေပုံကိုလည်း သဘောကျကြ၏။

ထိုအချိန်မှစ၍ အကျွမ်း ကျင်ဆုံးသူများကို ရွေးထုတ်ကာ နေ့ရော ညပါ သင်ကြားပေးလေ၏။ ခြေလျင်တပ်သား များကိုလည်း ချုံထဲ မြက်တောထဲတွင် ပုန်းအောင်းကာ မြင်းခြေထောက်များကို ဆွဲ၍ လှဲချသည့် လျို့ဝှက်နည်း သုံးနည်းကို သင်ပြပေး၏။

လတဝက်ခန့် အချိန်အတွင်းတွင် လူငါးရာမှ ခုနစ်ရာခန့်အထိ သင်ကြားပြသခဲ့၏။ စုန်ကျန့်တို့ ခေါင်းဆောင်များသည်လည်း အထူးပင် အားရနေကြ၏။ ရန်သူကို ဖြိုခွင်းရန် ပြင်ဆင်ကြ၏။

ဖိန့်ချီနှင့် လင်းချင်တို့ အဖမ်းခံရသွားပြီးကတည်းက ဟူယန်ကျို့သည် တနေ့မပြတ် မြစ်ကမ်းစပ်သို့ မြင်းတပ်နှင့် ချီတက်လာကာ ရန်စ စိန်ခေါ်နေ၏။ သို့သော် ရေစပ်နားတွင် တာဝန်ကျသော တောပုန်းခေါင်းဆောင်တို့က စခန်းကို ထိန်းထားကြပြီး ရေအောက်တွင် သစ်ငုတ်အချွန်များကိုသာ စိုက်ထူနေကြ၏။ တောင်၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိလမ်းမကြီးများအတိုင်း ထောက်ကင်းများ စေလွှတ်ကာ ရှာစေသော်လည်း ခံတပ်သို့ တက် နိုင်မည့်လမ်းကို မတွေ့ရပေ။

ခံတပ်အတွင်းတွင်ကား လင်းချင်သည် အမြောက်အမျိုးမျိုးကို ထုတ်လုပ်ရာတွင် ကြီးကြပ်ဆောင်ရွက်နေ၏။ ရန်သူကို တိုက်ခိုက်မည့် ရက်ကို ရွေးချယ် သတ်မှတ်လိုက် ကြ၏။ လေ့ကျင့်ထားသော စစ်သည်များသည်လည်း ချိတ်လုံကို ကျွမ်းကျင်စွာ ကိုင်တတ် နေကြပေပြီ။ ကျန်ခေါင်းဆောင်များသို့ စုန်ကျန့်က ပြော၏။

“ကျွန်တော်က ဉာဏ်လည်း မကောင်းပါဘူး။ ကြိုတင် မျှော်တွေးတတ်တာလည်း မရှိပါဘူး။ ကျွန်တော့်အစီအမံကို နောင်ကြီးတို့ လက်ခံပါ့မလား မသိဘူး”

“ကျွန်တော်တို့ ကြားပါရစေဗျာ” ဟု ဝုရုံက ဆို၏။

“မနက်ဖြန်ကျရင် မြင်းတပ်ကို မသုံးဘူး။ လုံးဝ ခြေလျင်တပ်နဲ့ပဲ တိုက်မယ်။ နောင်ကြီးဆွန်လီနဲ့ နောင်ကြီးဝုရုံတို့ရဲ့ စစ်နည်းဗျူဟာတွေက သစ်တောနယ်မြေတွေ၊ ရေပြင် တွေမှာ သိပ်ပြီး အသုံးဝင်တယ်။ ခြေလျင်တပ်တွေကို ခေါ်ချသွားပြီး တပ်ဆယ်တပ် ဖွဲ့ပြီး ရန်သူတွေကို မြူဆွယ်မယ်။ သူတို့က မြင်းတပ်နဲ့ဝင်တိုက်ရင် ကျူတောထဲ ချုံတောထဲ ဝင်ပြေးမယ်။ အဲဒီမှာ ကျွန်တော်တို့ လူတွေက ချိတ်လုံတွေနဲ့ ကင်းပုန်းဝပ်နေကြမယ်၊ ချိတ်လုံ ဆယ်လက်တိုင်းမှာ ကျော့ကွင်းတပ် တုတ်ရှည် ဆယ်ချောင်းစီပဲ ရှိမယ်။ ချိတ်လုံ တွေနဲ့ မြင်းတွေကို ဆွဲလှဲချမယ်။ ကျော့ကွင်းတွေနဲ့ စွပ်ပြီး မြင်းစီးတွေကို ဖမ်းမယ်။ ဒီလိုပဲ ကွင်းပြင်တွေမှာရော မြောင်ကြပ်တွေမှာရော ကင်းပုန်းတွေ ချထားမယ်။

ဒီအစီအမံကို ဘယ်လို သဘောရကြသလဲ”

“ဒီလိုပဲ လုပ်သင့်တယ်လို့ ကျွန်တော်တော့ ထင်တယ်ဗျ။ ကျွန်တော်တို့ လူတွေကို ဝှက်ထားပြီး သူတို့ တပ်ဗိုလ်တွေကို ဖမ်းမယ်” ဟု ဝုရုံက ထောက်ခံ၏။

“ချိတ်လုံနဲ့ ကျော့ကွင်းနဲ့ တယ် အတွဲညီတာပဲ။ ဒီအတိုင်းပဲ လုပ်ရမယ်” ဟု ရှုနင်က ဆို၏။

ထိုနောက် စုန်ကျန့်က တပ်ဆယ်တပ်ကို ဖွဲ့စည်းလေ၏။ တပ်တတပ်လျှင် တပ်မှူး နှစ်ယောက်ကျစီ တာဝန်ပေးထားပြီး တောင်ပေါ်မှ ဆင်း၍ ရန်သူကို သွား၍ မြူဆွယ်ရမည် ဖြစ်၏။ ခေါင်းဆောင်ကိုးဦး လက်အောက်တွင် လှေတပ်ကို အရန်ထား၏။ မြင်းတပ် ခြောက်တပ်ကိုလည်း ခေါင်းဆောင်ခြောက်ဦး၏ လက်အောက်တွင် ဖွဲ့စည်း၏။ သူတို့၏ တာဝန်မှာ တောင်ဘေးမှ နေ၍ ရန်သူကို စိန်ခေါ် ဟစ်အော်နေရန်သာ ဖြစ်၏။ အမြောက် များကို လင်းချင်နှင့် ထူရှင့်က တာဝန်ယူရလေ၏။

ရှုနင်နှင့် ထန်လုံတို့က ချိတ်လုံကိုင်စစ်သည်များကို ခေါင်းဆောင်ကြမည်။ ပင်မတပ် ကို စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှန်း၊ ထိုက်ချုံ၊ လူ့ဖန်၊ ကောက်ရှိန်းတို့က ကွပ်ကဲမည် ဖြစ်၍ လိုအပ်မည့် အမိန့်တို့ကို ထုတ်ကြရ၏။ ကျန်ခေါင်းဆောင်တို့က ခံတပ်အသီးသီးကို ကာကွယ်ကြရမည် ဖြစ်သည်။

ထိုည တတိယယံကပင်လျှင် ချိတ်လုံကိုင်စစ်သည်များ မြစ်ကိုကူးကာ ဖြန့်၍ ကင်းပုန်း ဝပ်ထားကြလေ၏။ စတုတ္ထယံတွင် ခြေလျင်တပ်ဆယ်တပ်က မြစ်ကို ကူးကြ၏။ လင်းချင်နှင့် ထူရှင့်တို့က မီးမုန်တိုင်း အမြောက်များကို ခင်တိတ်များနှင့်တကွ သယ်ယူကာ ကုန်းမြင့်တနေရာတွင် ထိုင်ထားကြ၏။ ရှုနင်နှင့် ထန်လုံတို့က ခရာတလက်စီကို အိတ်နှင့် လွယ်၍ ယူသွားကြ၏။

နံနက်လင်းသော် စုန်ကျန့်တို့၏ ခြေလျင်တပ်ဆယ်တပ် မြစ်ကမ်းတလျှောက်၌ တန်း စီထားသည်ကို တွေ့ရလေ၏။ စစ်စည်များကို တဗိန်းဗိန်းနေအောင် ထုနှက်နေကြပြီး အော်ဟစ်ကြွေးကြော်ကာ တံခွန်များကို ဝှေ့ယမ်းနေကြ၏။

ဤသတင်း ဟူယန်ကျိုထံသို့ ရောက်သွားသဖြင့် ဟန်တောင်ကို ကင်းထောက် စေလွှတ်လိုက်၏။ ထို့နောက် သံချပ်ကာ မြင်းများကို တွဲစေ၏။ သူလည်း သံချပ်ကာ ဝတ်ဆင်ကာ လက်စွဲတော် သံတင်ကျည်းနှစ်ချောင်းကို ကိုင်စွဲလျက် ခွာလေးဖက် ဖြူသည့် မြင်းနက်ကျော်ကို စီးပြီး လျှံရှန်းကျူအင်းသို့ ခေါင်းဆောင်ကာ ထွက်ခဲ့၏။ သူ့နောက်မှ မြင်းသည် ခြေသည်များ လိုက်ပါခဲ့ကြ၏။

မြစ်ကမ်းနားတွင် စုန်ကျန့်တို့ တပ်ကြီးက တိုက်ပွဲပုံစံဖြင့် တပ်ဖြန့်ထားသည်ကို မြင်ရ သော ဟန်တောင်က “ခြေလျင်တပ်ချည်းပဲ တွေ့တယ်။ ဘယ်လောက်ကြီးလဲတော့ မသိဘူး။ ဒီကနေ တောင်ဘက်အထိ ရှိတယ်”ဟု ဆို၏။

“ဘယ်လောက်ကြီးကြီးကွာ၊ ငါတို့ မြင်းတွဲတွေနဲ့ တိုက်မယ်”

ဟန်တောင်က မြင်းသည် ငါးရာခန့်နှင့်အတူ ကဆုန်ပေါက်စီးကာ ထွက်ခဲ့၏။ သို့သော် အရှေ့တောင်ဘက်မှ နောက်ထပ် ခြေလျင်တပ်တတပ် ပေါ်လာပြန်၏။ ယင်း တပ်ဆီသို့ သူ့မြင်းတပ်ကို ခွဲလွှတ်မည့်အလုပ်တွင် အနောက်တောင်ဘက်မှလည်း အလားတူ တပ်တတပ် ထွက်လာပြန်၏။ တံခွန်များကို ဝှေ့ယမ်းကာ အော်ဟစ်နေကြ၏။ ဟန်တောင်သည် သူ့တပ်အားလုံးကို ပြန်သိမ်းလာခဲ့၏။

“တောဘက်မှာ တောပုန်းတပ် သုံးတပ်တောင် ရှိတယ်။ အားလုံး လျှံ့ရှန်းကျူတောရဲ့ တံခွန်တွေနဲ့ပဲ”

“ဒီကောင်တွေ ထွက်မတိုက်တာ ကြာပြီကွ၊ တခုခု ကြံနေတာပဲ ဖြစ်ရမယ်”

ထိုစကားများမှ မဆုံးသေး။ မြောက်ဘက်မှ အမြောက်သံကို ကြားလိုက်ရလေ၏။

“လင်းချင်တော့ တောပုန်းတွေဘက် ပါသွားပြီ။ ကျုပ်တို့ကို ပြန်ပစ်နေပြီ”

တောင်ဘက်သို့ ကြည့်နေစဉ်မှာပင် မြောက်ဘက်မှ နောက်ထပ် တပ်သုံးတပ် ထပ်၍ ပေါ်လာပြန်၏။

ဟူယန်ကျို့က-

“ဒီကောင်တွေ တခုခုကြံနေတာကတော့ သေချာတယ်။ ကျုပ်တို့ တပ်ကိုနှစ်ဖွဲ့ ခွဲမယ်၊ ကျုပ်က မြောက်ဘက်ကိုတဖွဲ့နဲ့ သွားတိုက်မယ်။ ခင်ဗျားက တောင်ဘက်ကို သွားတိုက်ပါ”

ထိုအတိုင်း လုပ်ကြတော့မည့်ဆဲဆဲတွင် အနောက်ဘက်မှ နောက်ထပ် တပ်လေးတပ် ပေါ်လာပြန်လေ၏။ ဟူယန်ကျို့လန့်လာလေပြီ။ မြောက်ဘက်မှ အမြောက်သံ အတွဲလိုက် ထွက်လာပြီး အမြောက်ဆန်များလည်း တောင်ကုန်းများပေါ်သို့ ကျလာလေ၏။ အမြောက် ကြီး တလက်၊ အမြောက်ငယ် လေးဆယ့်ကိုးလက် ပါဝင်သော “သားများမိ” အမြောက် တပ်ဖွဲ့က ပစ်ခတ်ခြင်းဖြစ်သည်။ အမြောက်ဆန်များသည် တဝေါဝေါ မြည်ဟိန်းကာ ပေါက်ကွဲနေကြ၏။ တိုက်ပွဲမစရမီကပင် ဇဝေဇဝါ ဖြစ်နေကြသည်။ ဟူယန်ကျို့၏

စစ်သည် များလည်း တဟုန်ထိုး တက်ကြ၏။

တောပုန်းခြေလျင်တပ် ဆယ်တပ်သည် အရှေ့ဘက်သို့ လိုက်လျှင် အရှေ့ဘက်သို့ ပြေးကြ၏။ အနောက်ဘက်သို့ လိုက်မောင်းလျှင် အနောက်ဘက်သို့ ပြေးကြ၏။ ဟူယန်ကျို့ လည်း ဒေါသထွက်လာလေပြီ။ မြောက်ဘက်ကို သူကိုယ်တိုင် ဦးစီးကာ တက်တိုက်၏၊ စုန်ကျန့်၏ လူများက ကျူတောထဲသို့ ဝင်ပြေးကြလေ၏။ ဟူယန်ကျို့က မြင်းတွဲတပ်ကြီး တတပ်ဖြင့် လိုက်၍ ဖြိုခွဲ၏။ အတွဲညီညီ ပြေးနေကြသော သံချပ်ကာ မြင်းတွဲကြီးများကား ရှောင်၍ တိမ်း၍ မရနိုင်ကြ။ ကျူတော၊ မြက်တော၊ ချုံတောများထဲတွင် အချင်းချင်းဝင်တိုး မိကုန်ကြ၏။ စူးရှသော ခရာသံတချက်နှင့်အတူ မြင်းတွဲများ၏ အစွန်နှစ်ဖက်မှ မြင်းများကို ချိတ်လှံများက ဆွဲ၍ လှဲချလိုက်ကြ၏။ အလယ်ကောင်မှ မြင်းများက အလန့်တကြား ဟီကြ၏။ ကျော့ကွင်းတပ်ထားသော ဝါးလုံးရှည်များ ကျူးတောထဲမှ အလျှို အလျှို ထွက်လာပြီး မြင်းစီးသူများကို စွပ်၍ ဖမ်းလိုက်ကြ၏။

သူ ထောင်ချောက်အဆင်ခံလိုက်ရပြီမှန်း သိသဖြင့် ဟူယန်ကျို့သည်လည်း မြင်းကို ဇက်လွှတ်ကာ ဟန်တောင် ရှိရာ တောင်ဘက်သို့ ပြေးလေ၏။ မြောက်ဘက်မှလည်း မီးမုန်တိုင်း အမြောက်သံ ထွက်ပေါ် လာ၏။ ထိုမှ ဤမှ၊ တောင်ကုန်းပေါ်မှ၊ လွင်ပြင်ထဲမှ၊ တောပုန်းများက လိုက်ကြလေ၏။ မြင်းတွဲများသည် ကျူတော၊ ကိုင်းတော၊ မြက်တောများ ထဲတွင် လုံးထွေးကုန်ကြ၏။ လဲကုန်ကြ၏။ အဖမ်းကြရ၏။

ဟန်တောင်နှင့် ဟူယန်ကျို့တို့သည် မိမိတို့ ပရိယာယ်အဆင်ခံလိုက်ရပြီဖြစ်ကြောင်း သိကြသဖြင့် လွတ်ရာလွတ်ကြောင်း ရှေ့မှ ပြေးသွားသော မြင်းများ၏ နောက်မှ လိုက်သွား ကြလေ၏။ သို့သော် လမ်းတိုင်းတွင် လျှိုရှုန်းကျူအင်း၏ တံခွန်များဖြင့် ပြည့်နေ၏။ မည်သည့်လမ်းမျှ မလွတ်။ ထို့ကြောင့် အနောက်မြောက်ဘက်သို့ ဦးတည်ခဲ့ကြ၏။

ငါးလီ ခြောက်လီမျှ မရောက်သေးမီမှာပင် ရဲရင့်သူနှစ်ဦး ခေါင်းဆောင်သည့် အင်အား တောင့်တင်းသော ရန်သူတပ်နှင့် သွားတိုးမိ၏။ ထိုခေါင်းဆောင်တို့မှာ ဒေါနကြီး ခေါ် မူဟုန်နှင့် ဒေါနလေး ခေါ် မူချွန်းတို့ ဖြစ်ကြ၏။ နှစ်ယောက်စလုံးမှာ ပုဆိန်လှံများကို ကိုင် ထားကြ၏။ သူတို့က လှမ်းအော်ကြ၏။

"စစ်ရှုံးတဲ့ ဗိုလ်မင်းတွေ ရောက်တဲ့နေရာမှာ ရပ်နေကြ"

ဒေါသမာန်ဖြင့် ဟူယန်ကျို့က ဝင်၍ တိုက်၏။ လေးငါးချီခန့် တိုက်ပြီးသော် မူချွန်း ဆုတ်ခွာသွား၏။ ဟူယန်ကျို့ကား မလိုက်ရဲချေ။ ထောင်ချောက်ဆင်ခံရမည်ကို ကြောက် နေပေပြီ။ လမ်းမအတိုင်းသာ မြောက်ဘက်သို့ ထွက်ခဲ့၏။

အင်အားကောင်းသော ရန်သူတဖွဲ့ တောင်စောင်းမှ ဆင်းလာကာ သူ့လမ်းကို ပိတ် လိုက်၏။ ယင်းတို့ကို ခေါင်းဆောင်လာသူတို့မှာ ရှိချင်နှင့် ရှိပေါင်တို့ မုဆိုးညီနောင် ဖြစ်၏။ မိန်းကိုယ်စီ ကိုင်စွဲကာ သူ့ထံသို့ ထိုညီအစ်ကို မြင်းစိုင်း၍ လာကြ၏။ ဟူယန်ကျို့က သူ့ တင်ကျည်းတုတ်များဖြင့် ပြန်တိုက်၏။ ခြောက်ချီ ခုနစ်ချီခန့် တိုက်ပြီးသော် ထိုညီနောင် ပြန်ဆုတ်သွားလေ၏။ သူတို့နောက်ကိုလီတဝက်ခန့်အထိ လိုက်သွားမိသော် ဟူယန်ကျို့မှာ ဘေးဘယ်ညာမှ ချိတ်လုံကိုင်စစ်သည် နှစ်ဆယ့်လေးယောက်က သူ့ထံသို့ တိုးလာသည်ကို တွေ့ရလေ၏။ မတိုက်ရဲတော့သဖြင့် မြင်းကိုလှည့်ကာ အရှေ့မြောက်ဘက်ကို ထွက်ပြေးခဲ့၏။

နောက်တခါ ထပ်၍ အဟန့်တားခံရပြန်လေပြီ။ ဤတခါတွင်မူ ဗိုလ်ကျားပုနှင့် သံမဏိတာတို့ လင်မယားက တားကြခြင်း ဖြစ်၏။ လမ်းကလည်း ဆိုးရသည့်အထဲတွင် ဘေးနှစ်ဖက်နှစ်ချက်တွင် ဆူးတော ချုံတောများ ရှိသဖြင့် ပိုဆိုးနေပေ၏။ ဟူယန်ကျို့လည်း မြင်းကို ဖနောင့်နှင့် နာနာပွတ်ကာ သူ့တင်ကျည်းတုတ်များ တဝင့်ဝင့်ဖြင့် အတင်းတက်၍ တိုက်၏။ ဗိုလ်ကျားပုနှင့် သံမဏိတာတို့ သူ့ကို ဖမ်းမမိလိုက်သဖြင့် အရှေ့မြောက်ဘက်သို့ ကသောကမျော ပြေး၏။ သူ့တပ်တော်မှာ ဖရိုဖရဲ ကျန်ခဲ့၏။ သူ့လူများမှာ မိုးပေါက်များ၊ ကြယ်များကဲ့သို့ အနှံ့အပြား ပြန့်ကျဲ၍ ကျန်ခဲ့လေ၏။

စုန်ကျန့်က ခရာမှုတ်ကာ တောင်ရိုးသို့ ပြန်ရန် အချက်ပေး၏။ ယင်းတွင် စစ်သည် အသီးသီးက ထွက်လာပြီး မိမိ၏ လုပ်ဆောင်ချက်ကို အော်ပြောကာ ဆုများကို လက်ခံ ကြလေ၏။ သံချပ်ကာမြင်း သုံးထောင်အနက် သုံးချိုးတချိုးကျော်မှာ ချိတ်လုံများ၏ လက်ချက်ကြောင့် ခွာများ မကောင်းတော့သဖြင့် သံချပ်ကာများကို ချွတ်လိုက်ပြီး ဟင်းစား အဖြစ်သာ ဖယ်ထားလိုက်ကြ၏။ ကျန် သုံးချိုးနှစ်ချိုးခန့်မှာ အခြေအနေကောင်းသဖြင့် တောင်ရိုးသို့မောင်းသွားပြီး စစ်မြင်းအဖြစ်သုံးရန် ကျွေးမွေးစောင့်ရှောက် ထားလေ၏။ သံချပ်ကာဝတ် မြင်းစီးစစ်သည် အားလုံးကို အရှင်ဖမ်းကာ ခံတပ်စခန်းသို့ ခေါ်သွားကြ၏။

အစိုးရခြေလျင်တပ်သား ငါးထောင်သည် သုံးဘက်ညှပ်ကာ အတိုက်ခံရသဖြင့် ပင်မ တပ်သို့ ပြန်ပြေးကြသော်လည်း မလွတ်တော့ဘဲ ချိတ်လုံစာ မိသွားကြကာ အဖမ်းခံရ၏။ မြစ်ထဲသို့ ဆင်းပြေးသွားသူများကိုလည်း ဖမ်းဆီးပြီး တောင်ရိုးပေါ်သို့ အစောင့်အကြပ်နှင့် ပို့စေ၏။ ယခင်ပွဲများတွင် အဖမ်းခံထားရသည့် မိမိတပ်သားများကို စုစည်းကာ စခန်းသို့ ပြန်စေ၏။ ဟူယန်ကျို့၏သစ်တပ်ကို ဖျက်စေ၏။ မြစ်ကမ်းတလျှောက်တွင် ခံတပ်စခန်းအသစ် များကို ထပ်ဆောက်ကြ၏။ တောပုန်းတို့၏ မျက်စိသဖွယ် ဖြစ်သော ထမင်းဆိုင် နှစ်ဆိုင်

ကိုလည်း ပြန်ဆောက်ကာ ယခင်အတိုင်း ဆွန်ရှင့်၊ မခု၊ ရှိယုံ၊ ရှီကျန့်တို့ကို ဦးစီးစေ၏။

လျူထန်နှင့် ဒူရှန်းတို့သည် ဟန်တောင်ကို ကြိုးတုပ်ပြီး ခေါ်လာကြရာ စုန်ကျန့် ကိုယ်တိုင် သူ့ကို ကြိုးဖြေပေးကာ ခန်းမဆောင်သို့ ဖိတ်ခေါ်ခဲ့၏။ သူ့ကို တောင်းပန်ပြီး ဂုဏ်ပြုစားသောက်ပွဲကိုလည်း တည်ခင်းပေး၏။ ဤအဖွဲ့သို့ ဝင်ရန် ဖိန့်ချီနှင့် လင်းချင်တို့က စုန်ကျန့်ကိုယ်စား တိုက်တွန်းကြ၏။ ဟန်တောင်သည်လည်း ကမ္ဘာ့စောင့်ဂြိုဟ်နတ်မင်း တပါးမှ ဝင်စားလာသူဖြစ်၍ စိတ်ညွတ်နေပြီးဖြစ်သဖြင့် လက်ခံလိုက်ပြီး လျှံရှန်းတောင်ရိုး တွင် ခေါင်းဆောင်တဦး ဖြစ်လာလေ၏။ စုန်ကျန့်က သူ့ကို သူ့မိသားစုထံသို့ စာတစောင် ရေးစေပြီး ချင်ကျို့သို့ စေလွှတ်ကာ တောင်ရိုးခံတပ်သို့ ခေါ်ခိုင်းလိုက်၍ ဟန်တောင်တို့ မိသားစုလည်း ပေါင်းဆုံမိကြလေပြီ။

စုန်ကျန့်ကား ဝမ်းမြောက်၍ မဆုံးနိုင်။ သံချပ်ကာ မြင်းတပ်ကိုလည်း ဖြိုခွင်းနိုင်ခဲ့၏။ လူနှင့် မြင်း အမြောက်အမြားကိုလည်း သိမ်းပိုက်နိုင်ခဲ့၏။ ချပ်ဝတ်တန်ဆာနှင့် လက်နက် တပုံတပင်ကိုလည်း စုဆောင်းမိ၏။ ထို့ကြောင့် သူတို့သည် နေ့စဉ်ရက်ဆက် အောင်သေ အောင်သား စားကြ၏။ သို့သော် အစိုးရတပ်များ ချဉ်းကပ်လာနိုင်မည့် နည်းလမ်းများကိုမူ မပျက်မကွက် စောင့်ကြပ်ထားကြ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ကေရာဇ်တပ်အင်အား အမြောက်အမြား ဆုံးရှုံးခဲ့ရသဖြင့် ဟူယန်ကျို့သည် နေပြည်တော် သို့ မပြန်ရဲတော့ပေ။ သူ့ချပ်ဝတ်ကို မြင်းကဦးပေါ်တွင် လွှား၍ တင်ကာ မြင်းနတ်ကျော်ကို စီး၍ တယောက်တည်းပင် သူ ရှုံးနိမ့်ခဲ့သည့် "ရှုံးမြေ"ကို စွန့်၍ ထွက်ခွာလာခဲ့၏။ သုံးစရာ ငွေမရှိသဖြင့် သူ့ရွှေခါးပတ်ကို ချွတ်၍ ရောင်းခဲ့ရရှာ၏။

"ဖြစ်သွားတာက မြန်လိုက်တာ၊ ဘယ်သူ့ဆီ သွားပြီး ခိုလှုံရမလဲ"ဟု သူ စဉ်းစား၏။ ထိုစဉ်တွင်ပင် "ချင်ကျို့မြို့ဝန် မုရုံက ငါ့မိတ်ဆွေကြီးပဲ။ သူ့ဆီကို သွားမှာပေါ့။ သူ့နှမ ကလည်း မင်းကြီးရဲ့ မောင်းမတယောက်ဆိုတော့ သူ စီစဉ်ပေးရင် ငါ့ကို နောက်ထပ် တပ်တတပ် ပြန်အပ်နိုင်တယ်။ ဒါဖြင့်ရင် ငါ ပြန်လက်စားချေနိုင်သေးတယ်"

လမ်းမအတိုင်း လာခဲ့ရာ ဒုတိယနေ့ ညနေစောင်းသော် ဟူယန်ကျို့သည် ဆာလောင် မွတ်သိပ်နေပေပြီ။ လမ်းဘေးရှိ ထမင်းဆိုင်တခုတွင် နားကာ တံခါးဝအနီး သစ်ပင်တွင် သူ့မြင်းကို ချည်၏။ စားပွဲပေါ်တွင် သူ့တင်ကျည်းများကို ချကာ စိမ်ရည်နှင့် အသားတို့ကို မှာလိုက်၏။

"ကျွန်တော်တို့ဆီမှာ စိမ်ရည်ပဲ ရှိပါတယ်။ ဒါပေမဲ့ ရွာထဲမှာ သိုးတကောင်

ပေါ်တယ် လို့ ကြားရတယ်။ ဆရာ စားချင်ရင်တော့ သွားဝယ်ပေးပါ့မယ်”

ဟူယန်ကျို့က သူ့ခါးမှ အိတ်ကို ဖွင့်ကာ ရွှေခါးပတ်ရောင်းရငွေ အချို့ကို ထုတ်ပြီး ပေးလိုက်၏။

“သိုးပေါင် တပေါင်လောက် ပြုတ်ပေးကွာ၊ ငါ့မြင်းလည်း အစာကျွေးလိုက်ဦး၊ ငါ ဒီမှာ အိပ်မယ်။ မနက်ကျမှ ချင်ကျို့ကို သွားမယ်”

“အိပ်တာကတော့ ရပါတယ်။ ဒါပေမဲ့ အိပ်ရာ ကောင်းကောင်းတော့ မရှိဘူး”

“ငါက စစ်သားပါကွ၊ ဘယ်အိပ်အိပ် ရပါတယ်”

ဆိုင်ရှင်သည် ငွေကိုယူကာ သိုးသားဝယ်ရန် ထွက်သွားလေ၏။ ဟူယန်ကျို့က သူ့ ချပ်ဝတ်ကို ယူလိုက်ပြီး မြင်းကုန်းနှီးမှ ကြိုးများကို လျှော့ပေးကာ တံခါးဝတွင် ထိုင်နေ၏။ စောင့်ရသည်မှာ ကြာလှပေ၏။ နောက်ဆုံးတွင် ဆိုင်ရှင်သည် သိုးပေါင်ကိုထမ်းကာ ပြန် လာလေ၏။ ယင်းကို ပြုတ်ပေးရန် ၊ ဂျုံသုံးခွက်ကို နယ်၍ မုန့်အိုးကင်းကပ် ဖုတ်ပေးရန်၊ စိမ်ရည်နှစ်အိုး ချပေးရန် မှာကြား၏။

သိုးပေါင်ကို ပြုတ်နေဆဲ၊ မုန့်အိုးကင်းကပ် ဖုတ်နေဆဲမှာပင် ဟူယန်ကျို့ ခြေလက် ဆေးကြောရန် ရေနွေးကျိုပေး၏။ မြင်းကိုလည်း ဆိုင်နောက်ဖေးသို့ ခေါ်သွားကာ မြက်ကို စဉ်း၍ ကျွေးသည်။ ဟူယန်ကျို့က စိမ်ရည်ကို နွေး၍ သောက်၏။ သိုးသား ကျက်သွားသော အခါ သူနှင့် လာစားသောက်ရန် ဆိုင်ရှင်ကို ဖိတ်၏။

“ငါက ဧကရာဇ်မင်းကြီးရဲ့တပ်က အရာရှိတယောက်ပါ။ လျှိုရှန်းကျူအင်းက တောပုန်း တွေကို ဖမ်းရာမှာ အဆင်မပြေလိုက်ဘူး။ အဲဒါနဲ့ ချင်ကျို့မြို့ဝန်ဆီကို သွားနေတာပါ။ ငါ့မြင်းကို ဂရုစိုက်ပါ။ ဒီမြင်းက ဧကရာဇ်မင်းကြီး ပေးထားတဲ့ မြင်းကွ။ သူ့ကို နှင်းထုမှာ စိုင်းတဲ့ မြင်းနက်ကျော်လို့ ခေါ်ကြတယ်။ ငါ ဆုကောင်းကောင်း ချပါ့မယ်”

“ကျေးဇူးတင်ပါတယ် အရှင်၊ ဒါပေမဲ့ ပြောစရာတခုတော့ ရှိပါတယ်။ မက်မုံပွင့် တောင်ရိုးဆိုတာ ဒီနေရာနဲ့ မဝေးလှဘူး။ အဲဒီမှာ တောပုန်းခားပြတဖွဲ့ နေကြတယ်။ သူတို့ ဗိုလ်ကတော့ ကျားဗိုလ်ချုပ်လီချုံးတဲ့ဗျ။ လက်ထောက်ဗိုလ်ကတော့ ဘုရင်ငယ်ချူတုန်း တဲ့။ သူတို့လက်အောက်မှာ လူခြောက်ရာ ခုနစ်ရာလောက် ရှိတယ်။ အဲဒီတောင်ရိုးကနေ လာလာပြီး လုယက်နေကြတယ်။ ရွာတွေကိုတောင် ဝင်စီးတတ်ကြတယ်။ အစိုးရမင်း တွေက အတိုက်ခိုင်းလိုက်တာလည်း ခဏခဏပဲ။ ဒါပေမဲ့ မနိုင်ဘူးဗျ။ ဒီတော့ အရှင်လည်း

နိုးနိုးကြားကြား အိပ်ပါဗျာ”

“ငါ့လို သတ္တိကောင်းတဲ့ လူကိုများ။ ဒီကောင်တွေ အားလုံးလာတိုက်ကြဦး၊ ကိစ္စ မရှိပါဘူး။ ငါ့မြင်းကိုပဲ အစာကောင်းကောင်း ကျွေးထားပေးပါ”

အသားများ၊ မုန့်အိုးကင်းကပ်များ၊ စိမ်ရည်များကို စားသောက်ပြီးသော် ဆိုင်ရှင်ခင်း ပေးသော ကောက်ရိုးမွေ့ရာပေါ်တွင် ဟူယန်ကျို အိပ်ပျော်သွားလေ၏။ သူ့အဝတ်များ ကိုပင် မချွတ်နိုင်။ တတိယယံလောက်တွင် သူ နိုးလာ၏။ ဆိုင်နောက်ဖေးဘက်မှ ဆိုင်ရှင် တဖျစ်တောက်တောက် ညည်းညူနေသည့် အသံကို ကြားရ၏။ ဟူယန်ကျို့လည်း ခုန်၍ ထလိုက်ပြီး သူ့သံတင်ကျည်းများကို ယူကာ ခြံထဲသို့ ဆင်းသွားလေ၏။

“ဘာဖြစ်တာလဲဗျ”

“မြက်ခြောက်တွေ ထပ်ထည့်ပေးမလို့ ထွက်လာတာ။ ခြံစည်းရိုး ပြိုလဲနေတာ တွေ့ရ တယ်ဗျ။ အရှင့်မြင်းကိုတော့ ခိုးသွားကြပြီ။ ဟော ဟိုမှာ မီးတုတ်တွေ၊ ဒီကဆို သုံး လေးလီ လောက်ပဲ ရှိမယ်။ ဒီလူတွေ ဟိုနေရာကို သွားနေကြတာပဲ”

“ဘယ်နေရာကို ပြောနေတာလဲဗျ”

“ဟိုမှာ တွေ့နေတဲ့ ခေးပြတွေက မက်မုံပွင့်တောင်ရိုးကဗျ”

ဟူယန်ကျို့လည်း ပြာသွားလေ၏။ ဆိုင်ရှင်ကို လမ်းပြခိုင်းပြီး လိုက်ခဲ့ကြ၏။ လယ် ကွင်းစပ်အတိုင်း နှစ်လီ သုံးလီလောက် လိုက်ကြပြီးသော် မီးတုတ်များ ငြိမ်းသွားသည်ကို တွေ့ရ၏။ သူတို့ ဘယ်သွားနေသည်ကို မသိနိုင်တော့ပေ။

“ဆိုးတာပဲကွာ၊ မင်းကြီး ဆုချတဲ့ မြင်းတော့ ဆုံးပြီ”

“မနက်ဖြန်ကျရင် ရုံးတော်ကို သွားပြီး လျှောက်ပါလား။ စစ်သားတွေ လွှတ်ပြီး ခေးပြ တွေကို ဖမ်းခိုင်းမှာပေါ့။ ဒါမှပဲ ဒီမြင်းကို ပြန်ရနိုင်မှာ”

ဟူယန်ကျို့သည်လည်း ထိုင်၍ မှိုင်နေရာ မိုးလင်းသွားလေ၏။ ထို့နောက် ထမင်းဆိုင် ရှင်ကို သူ့ချပ်ဝတ်အင်္ကျီကို သယ်ခိုင်းပြီး ချင်ကျို့သို့ ထွက်လာခဲ့၏။ မြို့သို့ ရောက်သောအခါ မှောင်နေပြီဖြစ်၍ ထမင်းဆိုင်တဆိုင်တွင် တည်းခိုကြ၏။ နောက်တနေ့ နံနက်စောစောတွင် မြို့ဝန်ရုံးသို့ သွားပြီး မုရုံ ရှေ့တွင် ဒူးထောက်ကာ ဂါရဝပြု၏။

မြို့ဝန်လည်း အံ့အားသင့်သွား၏။

"ကျုပ်ကြားထားတာကတော့ ခင်ဗျားကို လျှံ့ရှန်းကျူအင်းက ဓားပြတွေကို ဖမ်းဖို့ လွှတ်ထားတယ်ဆို။ ဒီမှာ ဘာလုပ်နေတာလဲ"

ဟူယန်ကျို့က ဖြစ်သမျှကို ဇာတ်ကြောင်းပြန်လေ၏။

"ခင်ဗျားက လူတွေ မြင်းတွေ ဆုံးရှုံးခဲ့ပေမယ့် ခင်ဗျား ပေါ့လျော့လို့မှ မဟုတ်ဘဲဗျာ။ ဓားပြတွေ ညာဏ်ဆင်လို့ ဖြစ်ရတာပဲ။ ခင်ဗျားမှာ အပြစ်မရှိပါဘူး။ ကျုပ်ရဲ့နယ်ထဲကိုလည်း ဒီဓားပြတွေ လာလာတိုက်တတ်ကြတယ်။ အခုတော့ ခင်ဗျား ပထမဆုံး မက်မုံပွင့်တောင်ရိုး ကို အရင်သွားရှင်းပြီး ဧကရာဇ်မင်းကြီး ဆုချထားတဲ့ မြင်းကို ပြန်ယူပါ။ ပြီးတော့မှ နဂါး နှစ်ကောင်တောင်ရိုးရော ကျားဖြူတောင်မှာတချီတည်းနဲ့ အပြတ်ရှင်းပစ်လိုက်။ ခင်ဗျား အောင်မြင်မှုတွေကို ဧကရာဇ်မင်းကြီးဆီကို တင်ပြလိုက်ရင် ခင်ဗျားကို တပ် ပြန်ပေးမှာ ပေါ့။ ဒါဆို ပြန်ပြီး လက်စားချေနိုင်မှာပဲ။ ဘယ်လိုနေလဲ"

ဟူယန်ကျို့က ထပ်၍ ဂါရဝပြုပြန်၏။ "အရှင့်ကရုဏာကို တကယ်ပဲ ကျေးဇူးတင် ပါတယ်ဗျာ။ ကျွန်တော့်အသက်နဲ့ ပြန်ပေးဆပ်ပါ့မယ်ဗျာ"

မုရုံက ဧည့်ရိပ်သာတွင် နေရာပေး၏။ ထိုအခန်းထဲတွင် အဝတ်လဲနိုင်၊ စားနိုင် အိပ်နိုင် မည်ဖြစ်၏။ ချပ်ဝတ်သယ်လာပေးသော ထမင်းဆိုင်ရှင်ကို ပြန်လွှတ်လိုက်၏။

သုံးရက်မျှ အချိန်ကုန်သွားလေပြီ။ ဧကရာဇ်မင်းကြီး ပေးသနားသော မြင်းနက်ကျော် ကို ပြန်ရရေးအတွက် ကြောင့်ကြနေသော ဟူယန်ကျို့၏ နားပူနားဆာလုပ်မှုကြောင့် မြို့ဝန် မုရုံက ခြေသည်မြင်းသည် နှစ်ထောင်ကို စုစည်းပြီး သူ့ကို ခေါင်းဆောင်စေ၏။ လည်ဆံမွေး အနက်နှင့် မြင်းကောင်းတစီးကိုလည်း စီးရန် ပေး၏။ ဟူယန်ကျို့လည်း ကျေးဇူးစကားကို ပြောပြီး ချပ်ဝတ်အကျီကို ဝတ်၍ မြင်းစီးကာ သူ့မြင်းကို ပြန်ဖမ်းရန် မက်မုံပွင့်တောင်ရိုးသို့ ထွက်ခဲ့လေ၏။

တောင်ရိုးပေါ်တွင်ကား ကျားဗိုလ်ချုပ်လီချုံးနှင့် ဘုရင်ငယ်ချူတုန်းတို့ ဟူယန်ကျို့၏ မြင်းနက်ကျော်ကို ရလိုက်သောကြောင့် နေ့တိုင်း အောင်သေအောင်သား စားနေကြ၏။ ထိုစဉ် လမ်းမကြီးပေါ်သို့ လွှတ်ထားသော ကာကင်းမှ ကင်းသမားတဦး ရောက်လာပြီး သတင်းပို့လေ၏။

"ချင်ကျို့က စစ်သားတွေ၊ မြင်းတွေ ဒီဘက်ကို လာနေကြပါတယ်"

ချူတုန်းက "နောင်ကြီး စခန်းမှာ စောင့်နေခဲ့။ ကျွန်တော် အစိုးရတပ်တွေကို သွား ခမောင်းထုတ်ပစ်လိုက်မယ်"

လှံကို ကိုင်ကာ မြင်းကို စီးပြီး နောက်ပါ လူတရာနှင့်အတူ တောင်အောက်ကို ဆင်း သွားလေ၏။

ဟူယန်ကျို့က ပါလာသော စစ်သည်များကို တိုက်ပွဲဝင်ပုံစံဖြင့် ခင်းကျင်းပြီး တပ်ရှေ့သို့ ထွက်ကာ အော်၏။ "ခားပြတွေ၊ လာအဖမ်းခံကြ"

ဘုရင်ငယ်ချူတုန်းက သူ့လူများကို တယောက်တန်း တန်းစီခိုင်းလိုက်ပြီး လှံကို ချိန်ကာ မြင်းကို ကဆုန်ပေါက် စီး၍ လာလေ၏။ ဟူယန်ကျို့လည်း မြင်းကို ဇက်လွှတ်ကာ တိုက်မည်ဟု တက်လာ၏။ ခဏအတွင်းတွင် မြင်းနှစ်စီး နီးလာလေ၏။

ခြောက်ချီ ခုနစ်ချီမျှ တိုက်ကြ၏။ ချူတုန်းမှာ မခံနိုင်တော့သဖြင့် မြင်းကို လှည့်ကာ တောင်စောင်းပေါ်သို့ တက်၍ ပြေးလေ၏။ ဟူယန်ကျို့က အတန်ကြာမျှလိုက်ပြီးမှ အလှည့် စားခံမည်ကို ကြောက်၍ ပြန်ဆင်းလာပြီး စခန်းချ၏။ နောက်တကြိမ် တိုက်ရန် အခွင့် ကောင်းကို စောင့်နေ၏။

ချူတုန်း စခန်းသို့ ပြန်ခဲ့၏။ "ဒီ ဟူယန်ကျို့က တော်တော်ကျွမ်းကျင်တယ်။ သူ့ကို မခုခံ နိုင်ဘူး။ ဒီတော့ ပြန်လှည့်ခဲ့ရတာ။ ကျုပ်တို့ စခန်းကို လာတိုက်ရင် ဘယ်လိုလုပ်မလဲ"

"နဂါးနှစ်ကောင်တောင်ပေါ်က ပုလဲကျောင်းတိုက်မှာ ရှင်ဉာဏ ဆိုတာရှိတယ်။ သူ့ဆီ မှာလူတွေ အများကြီးပဲတဲ့။ သူ့လက်ထောက်က ဗိုလ်မှတ်ကျော်လို့ခေါ်တဲ့ ယန်ချီ ဆိုတာပဲ။ ဝုဆုန် ဆိုတာလည်း ရှိတယ်။ သူကတော့ ရောက်တာ မကြာသေးဘူးတဲ့။ သူတို့တွေက တကယ်အတိုက်အခိုက်ကောင်းတယ်တဲ့။ သူတို့ဆီကို စာရေးပြီး အကူအညီတောင်းလိုက် မယ်။ သူတို့ ကူညီလို့ ဒီအခက်အခဲက လွတ်သွားရင်တော့ သူတို့ကို ဆက်ကြေးပေးမယ်။ လတိုင်းပဲ ပေးရပေးရ တန်သေးတယ်"

"ဒီ ရဲရင့်သူတွေ အကြောင်းကို ကျွန်တော်လည်း ကြားဖူးတာ ကြာပါပြီ။ ဒါပေမဲ့ ဒီ ရှင်ဉာဏက အရင် ကျွန်တော်တို့နဲ့ တွေ့ခဲ့တုန်းက ဖြစ်ခဲ့တာတွေကို မှတ်မိနေရင်တော့ နေရာကျမှာ မဟုတ်ဘူး"

လီချုံးက ရယ်လိုက်၏။

"ကိစ္စမရှိပါဘူးကွာ၊ ဒီကိုယ်တော်က လူကောင်းပါ။ ငါတို့ကြုံနေကြတဲ့ ဒုက္ခတွေကို သူသိရင် သူ့လူတွေနဲ့ လာကယ်မှာ ကျိန်းသေတယ်"

"ဟုတ်ပါတယ်၊ ဒါတော့ အမှန်ပဲ"

စာကို ရေးပြီးသောအခါ စိတ်ချရသော တောပုန်းနှစ်ယောက်ကို ရွေးကာ ပို့ခိုင်းလိုက် ၏။ နောက်ဘက် ဆင်ခြေလျှောမှ လိုမ့်ဆင်းသွားပြီး နဂါးနှစ်ကောင်တောင်ရိုးသို့ သွားကြ လေ၏။ နှစ်ရက်ကြာသော် ထိုတောင်ခြေသို့ ရောက်လေ၏။ အစောင့်တောပုန်းများက လာရင်းအကြောင်းကို သေချာစွာ စစ်မေးကြ၏။

ပုလဲကျောင်းတိုက်၏ ပင်မခန်းမဆောင်တွင် ခေါင်းဆောင်သုံးဦးတို့ ထိုင်နေကြ၏။ မင်သေ့ကိုယ်တော်ဟုခေါ်သော ရှင်ဥာဏက ပထမခေါင်းဆောင်၊ ဗိုလ်မှတ်ကျော်ယန်ချီက ဒုတိယခေါင်းဆောင်၊ ဝုဆုန်က တတိယခေါင်းဆောင် အသီးသီးဖြစ်ကြ၏။

အဝင်တံခါးဝရှိအဆောင်ထဲတွင် ခေါင်းဆောင်ငယ်လေးဦးတို့ နေကြ၏။ သူတို့ထဲတွင် ရွှေမျက်လုံးရှင်ကျားကလေးရှိအန်လည်း ပါ၏။ ဗိုလ်ချုပ်ချန်တို့ တအိမ်သားလုံးကို ဝုဆုန် သတ်ခဲ့စဉ်က မိန့်ကျို့ထောင်၏ ထောင်မှူး၏ သားဖြစ်၏။ သူနှင့် သူ့အဖေတို့မှာ တရားခံကို ဖမ်းရန် တာဝန်ရှိ၏။ သို့သော် ထိုသို့ မဖမ်းဘဲ အိမ်ကို ပစ်ကာ ထွက်ပြေးလာခဲ့ကြ၏။ အချိန် အတန်ကြာမှ ဟိုသွား သည်သွားနှင့် လားလာမျောနေကြ၏။ နောက်ပိုင်းတွင် သူ့ဖခင် သေဆုံးသွားသည့်အပြင် နဂါးနှစ်ကောင်တောင်ပေါ်တွင် ဝုဆုန် ရောက်နေကြောင်း သိရ သဖြင့် လာရောက်ပူးပေါင်းခဲ့၏။

နောက်ခေါင်းဆောင်ငယ်တဦးမှာ ဝက်လှီးကောက်စိန် ဖြစ်ကာ ပုလဲကျောင်းတိုက်ကို တိုက်ခိုက်ရာတွင် ရှင်ဥာဏတို့၊ ယန်ချီတို့နှင့်အတူ ပါဝင်ခဲ့သူ ဖြစ်သည်။

နောက်နှစ်ယောက်မှာ ဥယျာဉ်မှူးကျန်ချင်းနှင့် သူ့ဇနီး စုန်းမဆွန်တို့ ဖြစ်ကြ၏။ သူတို့ သည် မိန်ကျို့လမ်းမကြီးပေါ်ရှိ လမ်းဆုံကမူတွင် လူသားအစာသွတ်ပေါက်စီများကို ရောင်း ချခဲ့သူများ ဖြစ်ခဲ့ကြ၏။ ရှင်ဥာဏနှင့် ဝုနုန်တို့ အကြိမ်ကြိမ် စာရေး၍ ခေါ်သဖြင့် ရောက်လာကြသူများ ဖြစ်၏။ မက်မုံပွင့်တောင်မှ စာ ရောက်လာသောအခါ ကောက်စိန်က ခြေမြန်တော်များကို သေချာစွာ မေးမြန်းပြီးမှ အထက်ခေါင်းဆောင် သုံးဦးထံသို့ သတင်း သွားပို့လေ၏။

ရှင်ဥာဏက-"ငါ ဝူတိုင်းတောင်က ထွက်လာတုန်းက မက်မုံပွင့်ရွာမှာ ဒီ သောက်ကောင် ချူတုန်း ကို ကောင်းကောင်းဆုံးမဖူးတယ်။ အဲဒါမှာ လီချုံး ရောက်လာပြီး မှတ်မိသွားလို့ ငါ့ကို တောင်ပေါ်ကို ဖိတ်တယ်။ သူတို့က သွေးညီနောင်ဖွဲ့ဖို့ တောင်းပန်ကြပေမယ့် ငါက ဒီကောင် တွေ ကပ်စေးနဲတတ်လို့ လက်မခံခဲ့ဘူး။ သူတို့ ရွှေတွေ၊ ငွေတွေ၊ ပစ္စည်းတွေ ယူပြီး လစ်လာ ခဲ့တာ။ ခုတော့ သူတို့က စာရေးပြီး အကူအညီတောင်းနေပြီ။ ခေါ်ခဲ့ပါကွာ။ သူတို့ ဘာပြော မလဲ

နားထောင်ကြည့်ရအောင်”

ကောက်စိန်သည် ခြေမြန်တော် နှစ်ယောက်နှင့်အတူ ပြန်ရောက်လာ၏။ သူတို့က လေးစားစွာ ဂါရဝပြုပြီး အကျိုးအကြောင်းကို ပြောပြကြ၏။ “လျှံရှန်းတောင်ရိုးမှာစစ်ရှုံးပြီး ပြေးလာတဲ့ ဟူယန်ကျို့ကို ချင့်ကျို့မြို့ဝန် မုရုံက လက်ခံထားပါတယ်။ မြို့ဝန်က သူ့ကို လွှတ်ပြီး ကျွန်တော်တို့ရဲ့ မက်မုံပွင့်တောင်စခန်း၊ နဂါးနှစ်ကောင်တောင်စခန်း ၊ ကျားဖြူ စခန်းတွေကို ရှင်းခိုင်းပါတယ်။ ရှင်းနိုင်ရင် သူ့တပ်တတပ်ကို ပြန်ကိုင်ရမယ်။ လျှံရှန်း တောင်ရိုးကို ပြန်လက်စားချေနိုင်မယ်လို့ ဆိုပါတယ်။ ခင်ဗျားတို့ ခေါင်းဆောင်ကြီးတွေက တပ်နဲ့ လာကယ်ပါလို့ ကျွန်တော်တို့ ခေါင်းဆောင်တွေက တောင်းပန်လိုက်ပါတယ်။ ဒီကိစ္စ တွေပြီးရင် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာနဲ့ ပဏ္ဏာကြေး ပေးပါ့မယ်”

“ကျုပ်တို့က ကိုယ့်စခန်းကိုပဲ ကိုယ် ကာကွယ်နေကြတာ။ သူများကို သွားမကယ် ကြဘူး။ ဒါပေမဲ့ သွားမကူညီရင် ရဲညီနောင်တွေရဲ့ ဂုဏ်ကို ထိခိုက်တော့မယ်။ ဒါက တချက် ပေါ့။ နောက်တချက်ကလည်း ဒီကောင်တွေက မက်မုံပွင့်တောင်စခန်းကို ရသွားရင် ကျုပ်တို့ကိုလည်း အထင်သေးကြတော့မှာပဲ။ ဒီတော့ဗျာ၊ ကျန်ချင်း၊ စုန်းမဆွန်၊ ရှိအန်၊ ကောက်စိန်တို့ကို စခန်းစောင့် ထားခဲ့ပြီး ကျုပ်တို့၊ နောင်ကြီးတို့သုံးယောက် ခရီးလေး တခေါက်လောက် ထွက်ကြရအောင်လားဗျာ” ဟု ဗိုလ်မှတ်ကျော်ယန်ချီက အဆိုပြု၏။

ထို့နောက် ခြေသည်ငါးရာနှင့် မြင်းသည်ခြောက်ဆယ်တို့ကို ချပ်ဝတ်တန်ဆာများ၊ လက်နက်များ တပ်ဆင်ကာ မက်မုံပွင့်တောင်သို့ ဦးတည် ချီတက်ခဲ့ကြလေ၏။

နဂါးနှစ်ကောင်တောင်ရိုးမှ တပ်များ ရောက်ကြောင်း ကြားရသောအခါ လီချုံးသည် အင်အားသုံးရာနှင့်အတူ တောင်ပေါ်မှ ဆင်းလာခဲ့၏။ ဟူယန်ကျို့က သူ့တပ်အားလုံးဖြင့် လီချုံးတို့ လာသည့် လမ်းကို ပိတ်ထားလိုက်၏။ သူ့တပ်များကို ဖြန့်ထားလိုက်ပြီး သူ့ တင်ကျည်းတုတ်နှစ်ချောင်းကို ဝင့်ကာ လီချုံးနှင့် ရင်လာဆိုင်လေ၏။

လီချုံးသည် ဟောင်ကျို့နယ်၊ တိန်ကျွမ်းမြို့မှ ဖြစ်၏။ သူတို့ မိသားစုမှာ မျိုးနှင့် ရိုးနှင့် ချီကာ လက်နက်အတတ် တွင် ကျွင်းကျင်သူများ ဖြစ်၏၊ သန်မာထွားကျိုင်းသော သူ၏ ကိုယ်ခန္ဓာကြောင့် သူတို့ ကျားဗိုလ်ချုပ်ဟု ခေါ်ကြ၏။ ဟူယန်ကျို့နှင့် ယှဉ်မိကာမှ သူ့ ပြိုင်ဘက်မှာ ခန့်ညားစရာ ကောင်းကြောင်း သိရလေ၏။ ဆယ်ချီလောက် တိုက်မိပြီးသော် သူ့အခြေအနေ မကောင်းကြောင်း သိလာရသဖြင့် ရန်သူ့လက်နက်ကို ပယ်ပုတ်ထုတ်ကာ ထွက်ပြေးလေတော့၏။

လီချုံး၏ တိုက်စွမ်းရည်ကို အထင်သေးကာ ဟူယန်ကျို့သည်

သူ၏နောက်ကို လိုက် ရင်းက တောင်ပေါ်သို့ တက်လာမိ၏။ ဘုရင်ငယ်ချူတုန်းက လမ်းခုလတ်တွင် ရှိနေပြီး ငန်းဥအရွယ်လောက်ရှိသော ကျောက်တုံးများဖြင့် ချက်ချင်း ပစ်ပေါက်လေ၏။ ဟူယန်ကျို့ လည်း မြင်းကို အလျင်အမြန်လှည့်ကာ ဆင်းပြေးရလေ၏။ တောင်ခြေရင်းရှိ သူ့တပ်သား များက အလန့်တကြား အော်ဟစ်နေသည်ကို တွေ့ရလေ၏။

“ဘာတွေ အော်နေတာလဲကွ”

“ဟိုးမှာ လူတွေ မြင်းတွေ ဒီဘက်ကို ပြေးလာနေတယ်”

သူတို့ကို ကျော်၍ ကြည့်လိုက်သောအခါ ဘုန်းကြီးဝဝကြီးတပါးသည် တပ်တတပ်ကို ဦးဆောင်၍ လာနေရာ သူတို့နောက်တွင် ဖုန်လုံးကြီး ထကာ ပါလာနေ၏။ သူကား ရှင်ဉာဏ ဖြစ်ပေ၏။

“လျှံရှန်းတောင်မှာ ရှုံးလာတဲ့ကောင် ဘယ်မှာလဲဟေ့။ ဒီကိုများ လာစွာရဲသလား”

“ ငါ မင်းကို အရင်သတ်မယ် ကတုံးရဲ့၊ ဒါမှ ငါ့ဒေါသ ပြေမယ်”

ရှင်ဉာဏက သူ့တောင်ဝှေးကြီးကို ချာချာလည်အောင် လှည့်၏။ ဟူယန်ကျို့က သူ့တင်ကျည်းတုတ် များကို ဝှေ့ယမ်း၏။ မြင်းများ ဆုံမိကြလေပြီ။

နှစ်ဖက်တပ်သားများက အော်ဟစ်ကြ၏။ သူတို့နှစ်ယောက်လည်း အချီလေးဆယ် ငါးဆယ်မျှ တိုက်ကြသော်လည်း အရှုံးအနိုင် မပေါ်ပေ။

“ဒီဘုန်းကြီးက တကယ်ကို ထူးတာပဲ” ဟု ဟူယန်ကျို့က စိတ်ထဲတွင် ပြောမိ၏။ နှစ်ဖက်တပ်မှ ခရာများ မှုတ်လိုက်ကြရာ ပြိုင်ဘက်နှစ်ဦးလည်း ဆုတ်ခွာခဲ့ကာ နားကြ ၏။ တအောင့်လောက်ကြာသော် ဟူယန်ကျို့လည်း စိတ်မရှည်တော့။ ကွင်းထဲသို့ မြင်းစီး ကာ ပြန်ထွက်ခဲ့ပြန်၏။

“ထွက်ခဲ့ ဘုန်းကြီးခေးပြ၊ သူသေ ကိုယ်သေ ချကြမယ်”

ရှင်ဉာဏက ထွက်တော့မည် အပြုတွင် ဗိုလ်မှတ်ကျော်က-

“နည်းနည်း နားပါဦး ကိုယ်တော်။ ဒီကောင့်ကို တပည့်တော် ဖမ်းပြမယ်။ ကြည့်နေပါ” ဓားလွတ်ကို ဝှေ့ယမ်းကာ မြင်းကို ဒုန်းစိုင်းလျက် ထွက်သွားပြီး ဟူယန်ကျို့ကို ဝင် တိုက်၏။ အချီ လေးဆယ် ငါးဆယ် တိုက်ပြီးသော်လည်း တယောက်ကို တယောက် အနိုင် မယူနိုင်ကြချေ။

ဟူယန်ကျို့သည် တအံ့တသြ ဖြစ်နေ၏။ “ဒီလိုလူတွေ ဘယ်ကများ

ရလာပါလိမ့်။ တကယ် လက်ဖျားခါလောက်တယ်။ ဒီလို လုံ့ရေးမြင်းရေးတွေကို တောထဲမှာ မသင်ပါဘူး”

ဟူယန်ကျို့၏ စွမ်းရည်ကို အထင်ကြီးသွားသော ယန်ချီသည် ဆက်မတိုက်တော့ဘဲ မြင်းကို လှည့်ကာ မူရင်းနေရာသို့ ပြန်၍ ဒုန်းစိုင်းသွား၏။ ဟူယန်ကျို့က ဆက်မလိုက်ပေ။ သူလည်း မြင်းကို ပြန်လှည့်လိုက်၏။ နှစ်ဖက်တပ်များ ဆုတ်ခွာသွားကြ၏။

“ဒါ ကျုပ်တို့ ပွဲဦးထွက်ပဲ။ ဒီတော့ သူတို့နားကပ်ပြီး စခန်းမချရင် ကောင်းမယ်။ နောက်ထပ် လီနှစ်ဆယ်လောက် ထပ်ဆုတ်ရအောင်။ မနက်ဖြန်မှ ပြန်လာပြီး တိုက်မယ်” ဟု ရှင်ဉာဏက စီစဉ်၏။

အနီးရှိ လျှိုတခုကို ဝင်ကာ ယင်းတွင် စခန်းချနေ၏။ ဟူယန်ကျို့သည် တဲထဲတွင် ထိုင်ကာ တနှံ့နှံ့ တွေးနေ၏။

“ဒီခေးပြဂိုဏ်းကို ဖမ်းရတာ ဝါးခြမ်းပြားကို ချိုးရသလို လွယ်မယ် ထင်ထားတာ။ ဒီလို ပြိုင်ဘက်တွေနဲ့ တွေ့ရမယ်လို့ ဘယ်ထင်မိမှာလဲ။ ကံဆိုးပါ့ကွာ”

၎င်းအကျပ်အတည်းမှ ထွက်နိုင်မည့် လမ်းကိုလည်း သူ မမြင်ပေ။ ထိုစဉ် မြို့ဝန်မုရုံထံမှ ခြေမြန်တော် ရောက်လာလေ၏။

“မိုလ်မင်းကို မြို့ကို ကာကွယ်ဖို့ ချက်ချင်း တပ်ကို ရုပ်ပြီး ပြန်ခဲ့ပါတဲ့။ ကျားဖြူတောင်က ကုန်လျှန်နဲ့ ကုန်မင်းတို့ခေါင်းဆောင်တဲ့ ခေးပြတွေ ထောင်ကို ဝင်စီးဖို့ လာနေကြပါတယ်” ဟူယန်ကျို့လည်း အကြောင်းပြချက် ရသွားပြီ ဖြစ်၏။ ညတွင်းချင်းပင် ချင်ကျို့သို့ ပြန်ခဲ့၏။

နောက်တနေ့တွင် ရှင်ဉာဏ၊ ယန်ချီ၊ ဝုဆုန်တို့ တံခွန်များ ဝှေ့ကာ၊ အော်ဟစ်ကာ တောင်ပေါ်မှ ဆင်းလာခဲ့သော်လည်း တိုက်စရာ ရန်သူ မရှိတော့ပေ။ လီချုံးနှင့် ချူတုန်းတို့ ရောက်လာကြပြီး သူတို့ကို တောင်ပေါ်သို့ လိုက်ရန် ဖိတ်ခေါ်ခဲ့၏။ သိုးများ၊ မြင်းများကို ပေါ်ကာ စားသောက်ကြ၏။ ထို့အတူ ကင်းထောက်များကို လွှတ်ကာ လမ်းမကြီး၏ ဟိုဘက်တွင် ဘာဖြစ်နေသည်ကို ထောက်လှမ်းကြစေ၏။

ဟူယန်ကျို့ ပြန်အလာတွင် ချင်ကျို့မြို့ ဆင်ခြေဖုံး၌ လူများ၊ မြင်းများ ရောက်နေသည်ကို မြင်ခဲ့ရ၏။ ယင်းတို့ကို ကျားဖြူတောင်ခြေတွင် နေသော မြေရှင်ကြီးကုန်၏ သားများ ဖြစ်သော မီးရှူးကြယ်ကုန်လျှန်နှင့် ကြယ်တံခွန်ကုန်မင်းတို့က ဦးဆောင်လာကြ၏။ လူချမ်းသာတဦးနှင့် ခိုက်ရန်ဖြစ်ရာမှ ထိုသူနှင့်တကွ တအိမ်သားလုံးကို သတ်လိုက်မိ၍ တောပုန်း

ဖြစ်သွားကြ၏။ လူခြောက်ရာ ခုနစ်ရာကို ဦးဆောင်ကာ ကျားဖြူတောင်တွင် ခိုအောင်းလျက် လုယက် သောင်းကျန်းနေခဲ့ကြ၏။ မြို့ပေါ်တွင် နေထိုင်သော သူတို့၏ ဘထွေး ကုန်ပိန့်ကို မြို့ဝန်က ဖမ်းကာ ထောင်ချထားလိုက်သဖြင့် ကယ်တင်ရန် သူတို့လာ ခဲ့ခြင်း ဖြစ်ပေ၏။ ယခုအခါ သူတို့သည် ဟူယန်ကျို့ကိုရင်ဆိုင်ရပေတော့မည်။

နှစ်ဖက်စလုံးက တပ်ဖြန့်ကာ တိုက်ကြ၏။ ဟူယန်ကျို့က တပ်ရှေ့ဖျားသို့ မြင်းစီးသွား ၏။ မြို့ဝန် မုရုံက ပြအိုးပေါ်မှ ကြည့်နေ၏။ ကုန်မင်းက လှံကို ကိုင်ကာ ဟူယန်ကျို့နှင့်တိုက်လေ၏။ အချီနှစ်ဆယ်ကျော် တိုက်ကြ၏။ ဟူယန်ကျို့က မြို့ဝန်ရှေ့တွင် အစွမ်းပြချင်နေ၏။ ကုန်မင်း၏ လက်နက်စွမ်းရည်မှာ ခံစစ်အနေအထားထက် မပိုပေ။ ထို့ကြောင့် ဟူယန်ကျို့ က အတင်းဝင်ကပ်ပြီး မြင်းပေါ်မှ ဆွဲချလိုက်လေ၏။

ကုန်လျှန်နှင့် သူ့လူများသည် မြင်းကိုလှည့်ကာ ထွက်ပြေးကြလေ၏။ ပြအိုးပေါ်မှ မြို့ဝန်မုရုံက လိုက်ဖမ်းရန် အော်ပြော၏။ အစိုးရတပ်က ဖိ၍ လိုက်ရာ လူတရာကျော်ကို ဖမ်းမိလေ၏။ အထိနာစွာဖြင့် ကုန်လျှန်နှင့်တကွ တပ်သားများသည် တကွဲတပြားစီ ထွက် ပြေးကြလေ၏။ ညနေစောင်းသောအခါ ရှေးဟောင်းဘုံကျောင်းတခုတွင် ခိုနားကြ၏။

ကုန်မင်းကို ဖမ်းမိပြီးသောအခါ ဟူယန်ကျို့ကိုယ်တိုင် မြို့ဝန်ရှေ့သို့ ခေါ်ခဲ့၏။ မုရုံသည် ဝမ်းမြောက်ဝမ်းသာဖြင့် လည်ထောက်ကို စွပ်စေပြီး သူတို့ဘထွေး ကုန်ပိန့်ကို ချုပ်ထား သော ထောင်တွင်ပင် ချုပ်ထားစေ၏။ တပ်သားများကို ဆုချကာ ဟူယန်ကျို့ကိုလည်း ဧည့်ခံကျွေးမွေး၏။ မက်မုံပွင့်တောင်စခန်းမှ တောပုန်းများအကြောင်းကိုလည်းမေးမြန်း၏။ “အစကတော့ ဒီကောင်တွေကို ဖမ်းရတာ အိုးထဲက လိပ်ကို ဖမ်းသလို အသာလှမ်း ဖမ်းလိုက်ရုံပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ ဖြုန်းဆို ခားပြတဖွဲ့က လာကယ်ကြတယ်။ သူတို့ ထဲမှာ ဘုန်းကြီးတပါးနဲ့ မျက်နှာမှာ အမှတ်ကြီးနဲ့ လူတယောက်လည်း ပါတယ်။ သူတို့ နှစ်ယောက်စလုံးနဲ့ တိုက်ခဲ့ရတယ်ဗျ။ ဒါပေမဲ့ တယောက်ကိုမှ မနိုင်ခဲ့ဘူး။ သူတို့ရဲ့ ကျွမ်းကျင်မှုက သာမန် မဟုတ်ဘူးဗျ။ ဒီလိုလူမျိုးတွေ ခားပြထဲမှာ မရှိဖူးဘူး။ အဲဒါကြောင့် ကျွန်တော်လည်း အဲဒီခားပြတွေကို မဖမ်းနိုင်ခဲ့တာပါပဲဗျာ”

“အဲဒီဘုန်းကြီးက ဗိုလ်မှူးလူတတဲ့၊ အရင်က ယန်အန်းနယ်ခြားဘုရင်ခံ ဗိုလ်ချုပ် ချုံအောက်မှာ အမှုထမ်းခဲ့တာလေ။ နောက်မှ ဆံပင်တွေ ရိတ်ပစ်လိုက်ပြီး ဘုန်းကြီးဝတ် သွားတာ။ သူ့ကို မင်းသေ့ကိုယ်တော်ရှင်ဉာဏလို့ ခေါ်ကြတယ်။ မျက်နှာအမှတ်နဲ့ လူက အရင်တုန်းက အရှေ့နေပြည်တော်မှာ ကိုယ်ရံတော်လုပ်ဖူးတဲ့ ဗိုလ်မှတ်ကျော်ယန်ချီတဲ့။ နောက်

တတိယခေါင်းဆောင်ဝုဆုန်ဆိုတာလည်း ရှိသေးတယ်။ သူ့ကိုတော့ ဘုရားဖူးလို့ ခေါ်ကြတယ်။ အရင်ကတော့ ရဲအုပ် လုပ်ခဲ့တာ။ ကျင့်ယင်ခင်တန်းပေါ်မှာ ကျားတကောင် ကို သတ်ဖူးတယ်။

"ဒီသုံးယောက်က နဂါးနှစ်ကောင်တောင်ပေါ်မှာ နေပြီး လုယက်သောင်းကျန်းနေကြ တာပေါ့။ တပ်တွေ လွှတ်ပြီး ဖမ်းခိုင်းတာလည်း ခဏခဏပဲ။ ဒါပေမဲ့ အရာရှိလေးယောက်၊ ငါးယောက်ပဲ သူတို့လက်ချက်နဲ့ ကျသွားတယ်။ သူတို့ကိုတော့ ဖမ်းမမိသေးဘူး"

"သူတို့ တိုက်ရည်ခိုက်ရည်က ကောင်းလှချည့်လို့ ထင်နေတာ။ သူတို့က မင်းမှုထမ်း တွေ ဖြစ်ခဲ့တာကိုး။ သူတို့ နာမည်ကြီးလည်း ကြီးထိုက်ပါပေတယ်။ ဒါပေမဲ့ မပူပါနဲ့အရှင်။ ကျုပ် ရှိနေပြီပဲဗျာ။ သူတို့ကို တယောက်မကျန် ဖမ်းပေးပါ့မယ်"

မြို့ဝန်လည်း ဝမ်းမြောက်စွာဖြင့် ဟူယန်ကျို့ကို ဂုဏ်ပြုစားသောက်ပွဲ ကျင်းပပေး၏။ ညေ့ရိပ်သာတွင် အနားယူ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ကုန်လျှန်သည် စုမိသမျှ တပ်နှင့် လမ်းမကြီးအတိုင်း ပြန်ခဲ့၏။ ထိုစဉ်လူများ၊ မြင်းများသည် သစ်ပင်များကြားမှ ရုတ်တရက် ထွက်လာလေ၏။ ခေါင်းဆောင်လာသူမှာ ဘုရားဖူးဝုဆုန် ဖြစ်၏။ ကုန်လျှန်သည် မြင်းပေါ်မှ လိမ့်ဆင်းကာ ဒူးထောက် ကန်တော့လေ၏။

"ကျန်းမာပါရဲ့လား နောင်ကြီး"

ဝုဆုန်က အလျင်အမြန်ပြန်၍ အရိုအသေပေးကာ ကုန်လျှန်ကို ဆွဲ၍ ထူလိုက်၏။

"ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက် ကျားဖြူတောင်ရိုးမှာ သွေးသောက်ညီနောင် အဖွဲ့ ဖွဲ့ထားတယ်လို့ ကြားပါတယ်။ ခင်ဗျားတို့ဆီကို လာပြီး ဂါရဝပြုဖို့ စဉ်းစားမိတာ အကြိမ် ကြိမ်ပါပဲ။ ဒါပေမဲ့ စခန်းက မခွာနိုင်လို့၊ ပြီးတော့ ခင်ဗျားတို့ဆီကို လာရတဲ့ လမ်းကလည်း ဆိုးလို့ မလာဖြစ်ခဲ့ဘူး။ ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ကုန်လျှန်က သူ့ဘထွေးကို ကယ်ရန်အလာတွင် သူ့အစ်ကိုကို မိသွားကြောင်း ပြောပြ၏။ "စိတ်မပျက်ပါနဲ့ နောင်ကြီး။ ကျွန်တော်တို့မှာ ညီနောင်တွေ ရှိပါတယ်။ အခုလည်း မက်မုံပွင့်တောင်က အကူအညီတောင်းလို့ လာခဲ့ကြတာ။ အစိုးရတပ်က ဟူယန်ကျိုနဲ့ ကျုပ်တို့ဘက်က ရှင်ဉာဏနဲ့

နောင်ကြီးယန်ချီတို့က တနေကုန်အောင် တိုက်ကြတယ်။ ဒါပေမဲ့ ဘာကြောင့်လဲတော့ မသိဘူး။ ဒီကောင်တွေ ညတွင်းချင်း ထွက်သွားကြတယ်ဗျ။ ဒါနဲ့ မက်မုံပွင့်တောင်ရိုးက လူတွေက ကျွန်တော်တို့ကို ကျွေးမွေးဂုဏ်ပြုကြတာပေါ့။ ပြီးတော့ ကျွန်တော့်ကို ခွာလေးဖက်ဖြူတဲ့ မြင်းနက်တစီးကို လက်ဆောင်ပေးလိုက်တယ်ဗျ။ အခု ကျွန်တော်က ပထမတပ်ဖွဲ့နဲ့ ကိုယ့်စခန်းကို ပြန်သွားနေတာပါ။ ရှင်ဉာဏနဲ့ နောင်ကြီး ယန်ချီတို့လည်း နောက်က ပါလာကြတယ်။ သူတို့ရောက်ရင် ချင်ကျို့ကို ဝင်တိုက်ပြီး ခင်ဗျားအစ်ကိုနဲ့ ဘထွေးကို ကယ်ပေးမယ်။ ဘယ်လိုသဘောရလဲ”

ကုန်လျှန်က ဝုဆုန်ကို ကျေးဇူးစကားများ ပြော၏။ အတန်ကြာသောအခါ ရှင်ဉာဏနှင့် ယန်ချီတို့ မြင်းတပ်နှင့် ရောက်လာကြ၏။ ဝုဆုန်က ကုန်လျှန်ကို သူတို့နှင့် မိတ်ဆက်ပေး၏။

“ကျွန်တော် တခါတုန်းက စုန်ကျန့်ကို သူ့အိမ်မှာ တွေ့ပြီး တော်တော် သောင်းကျန်း ဖူးတယ်ဗျ။ ဒီနေ့တော့ဗျာ၊ ကျွန်တော်တို့ တောင်ရိုးတပ်သုံးတပ်စလုံး ပေါင်းပြီး ချင်ကျို့ကို သွားတိုက်မယ်။ မြို့ဝန်ကို သတ်ပြီး ဟူယန်ကျို့ကို ဖမ်းမယ်။ ရတဲ့ ငွေတွေ၊ ဆန်စပါးတွေကို ကျွန်တော်တို့အချင်းချင်း ခွဲယူကြမယ်။ ဘယ်လိုသဘောရလဲ”

“ကျုပ်လည်း ဒီလိုပဲ စဉ်းစားနေတာဗျ” ဟု ရှင်ဉာဏက ထောက်ခံ၏။

“မက်မုံပွင့်တောင်ကို လူလွှတ်ပြီး နောင်ကြီးလီချုံးတို့ကို သူ့လူတွေနဲ့ ဆင်းလာဖို့ ပြောကြရအောင်။ ကျွန်တော်တို့ သုံးဖွဲ့ပေါင်းရင် ချင်ကျို့ကို တိုက်နိုင်လိမ့်မယ်”

“မြို့ကတော့ တော်တော်တောင့်တယ်နော်။ လက်နက်အင်အားလည်း များတယ်။ ပြီးတော့ ဟူယန်ကျို့ကလည်း သတ္တိကောင်းတယ်။ ဒီတော့ ခင်ဗျားတို့ကို အားပျက်အောင် ပြောတာတော့ မဟုတ်ဘူး။ ကျိန်းသေ အောင်မြင်ချင်ရင်တော့ ကျွန်တော့်စကားကို နားထောင်ရင် ကောင်း ဗယ်”

“ပြောပါဦး၊ ခင်ဗျား ဗျူဟာကို” ဝုဆုန်က ဆို၏။

ယန်ချီက တိုတိုနှင့် လိုရင်းကိုသာ ပြောပြ၏။

ရလဒ်မှာ ချင်ကျို့မြို့ရှိ အိုးအိမ်များမှ မီးခိုးများ တအူအူ ထွက်လာခြင်းနှင့် လှုံ့ရှုန်း သူရဲကောင်းများ လက်သီးတပြင်ပြင်နှင့် စစ်ထွက်လာခြင်းတို့ ဖြစ်လာ၏။

ချင်ကျို့မြို့ကို မည်သို့ တိုက်မည်ဟု ယန်ချီက ဝုဆုန်သို့ အဆိုပြုခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၈

တောင်ရိုးပျော် သုံးတပ်သားတို့ ချင်ကျို့မြို့ကို တိုက်ခိုက်ခြင်း

ရဲရင့်သူများ စုပေါင်းကာ ကျူအင်းသို့ ပြန်ကြခြင်း

"ချင်ကျို့ကို တိုက်ဖို့က အင်အားကြီးတဲ့ တပ်ကို လိုတယ်ဗျ။ လျှံရှန်းတောင်ရိုးမှာ နေတဲ့ ချိန်မှန်မိုးလို့ ခေါ်တဲ့ နောင်ကြီးစုန်ကျန့်ကို ကျွန်တော်တို့အားလုံး သိကြတာပဲလေ။ ပြီးတော့ ဟူယန်ကျို့က သူ့ရန်သူဗျ။ ကျွန်တော်တို့ နဂါးနှစ်ကောင်တောင်ရိုးက အဖွဲ့တွေက ကုန် ညီနောင်တို့အဖွဲ့နဲ့ ပေါင်းပြီး ဒီမှာ စောင့်နေမယ်။ မက်မုံပွင့်တောင်က အဖွဲ့တွေ ရောက် လာရင် ပေါင်းပြီး မြို့ကိုသွားတိုက်မယ်။ နောင်ကြီးကုန်လျန်က လျှံရှန်းတောင်ရိုးကို အမြန် သွားပြီး နောင်ကြီးစုန်ကျန့်ကို ကျွန်တော်တို့နဲ့ ပေါင်းဖို့ သွားတောင်းပန်ဗျာ။ ဒီအကြံကတော့ အကောင်းဆုံးပဲ ထင်တယ်။ ခင်ဗျားက သူနဲ့ သိပ်ခင်တယ် မဟုတ်လား။ နောင်ကြီးတို့ ဘယ်လို သဘောရကြသလဲ"

"ကျုပ်အဖို့ကတော့ အဆင်ပြေတယ်ဗျ။ ကျုပ်ကတော့ ဒကာကြီးစုန်ကျန့်ရဲ့ကောင်း သတင်းတွေ အများကြီး ကြားဖူးတယ်ဗျ။ လူချင်းတော့ မတွေ့ဖူးကြသေးဘူးဗျ။ သူ့ အကြောင်း လူတွေ ပြောကြလွန်းလို့ ကြားရတာ နားတောင် ပင်းလောက်တယ်။ ဒီလောက် ထင်ရှားပုံထောက်ရင် တကယ့် အာဂလူပဲ ဖြစ်လိမ့်မယ်။ လေသာတောင်ခံတပ်မှာ ဟွာရုံ ဆီမှာ သူ ရှိတုန်းက သွားတွေ့သေးတယ်။ ဒါပေမဲ့ ကျုပ်ရောက်တော့ သူက ထွက်သွားပြီ။ ကိစ္စမရှိပါဘူးဗျာ၊ ဒကာကုန်လျန် အစ်ကို့ကို ကယ်ချင်တယ် မဟုတ်လား။ ဒါဖြင့် ဒကာကြီး စုန်ကျန့်ဆီ မြန်မြန်သွားပြီး အကူအညီတောင်းပေတော့။ ကျုပ်တို့ ဒီမှာ ဟိုကောင်တွေနဲ့ တိုက်ပွဲ စ ထားနှင့်မယ်"

ကုန်လျန်က သူ့လူများကို ရှင်ဉာဏနှင့် နေခဲ့ရန် မှာကြားခဲ့ပြီး အဖော်တယောက် ကိုသာ ခေါ်ယူပြီး ကုန်သည်ဟန်ဆောင်ကာ လျှံရှန်းကျူအင်းသို့ အမြန်သွားလေ၏။

ရှင်ဉာဏ၊ ယန်ချီ၊ ဝုဆုန်တို့သည် ယင်းတို့၏ တောင်ရိုးစခန်းသို့ ပြန်ကာ ရှိအန်၊ ကောက်စိန်နှင့်တကွ လူအင်အား နှစ်ရာဟု ခေါ်ခဲ့၏။ မက်မုံပွင့်တောင်ရိုးတွင်လည်း လီချုံး နှင့် ချူတုန်းတို့က စခန်းစောင့် လူလေးဆယ် ငါးဆယ်ခန့်ကိုသာ ချန်ခဲ့ပြီး ကျန်အင်အား အားလုံးကို ခေါ်ခဲ့၏။ တပ်အားလုံးသည် မြို့အပြင်တွင် စုစည်းကာ တိုက်ခိုက်ရန် ပြင်ဆင် ကြ၏။ ထိုအကြောင်းကို ဤမျှနှင့်

နားဦးမည်။

ချင်ကျို့မှ ထွက်လာသော ကုန်လျှန်သည် လမ်းအတိုင်း ကွေ့ကာ ပတ်ကာ လာခဲ့ရာ လှုံ့ရှုန်းကျူအင်း အစပ်ရှိ လီလီ ကွပ်ကဲနေသော ဘုံဆိုင်သို့ ရောက်လာလေ၏။ ယင်းတွင် ရပ်နားကာ စိမ်ရည်ဝယ်သောက်ရင်း လမ်းမေး၏။ ကုန်လျှန်တို့ကို လီလီ မတွေ့ဖူးသဖြင့် ထိုင်ရန် ဖိတ်ခေါ်ကာ မေး၏။

“ ဘယ်က လာကြတာလဲ”

“ချင်ကျို့ကပါ”

“ဒီမှာ ဘယ်သူနဲ့ တွေ့ချင်လို့လဲ”

“တောင်ရိုးပေါ်မှာ ရှိတဲ့ မိတ်ဆွေတယောက်နဲ့ပါ”

“တောင်ရိုးပေါ်က ခံတပ်မှာက အရေးကြီးတဲ့ ခေါင်းဆောင်တွေပဲ နေကြတယ်။ အဲဒီ ကို ဘာလို့ သွားမှာလဲ”

“ကျွန်တော် တွေ့ချင်တဲ့ ခေါင်းဆောင်က နှောင်ကြီးစုန်ကျန့်ပါ”

“ဒီလိုဆိုရင်တော့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်”ဟု လီလီက ပြောကာအလုပ်သမား နားကို စိမ်ရည် တည်ခင်းစေ၏။

“ကျွန်တော်တို့က သိမှ မသိကြဘဲနဲ့ဗျာ။ ဘာလို့ ဒီလောက် ဧည့်ဝတ်ပြုရတာလဲ”

“ဒီလိုပါ၊ ခေါင်းဆောင်တယောက်ယောက်နဲ့ တွေ့ဖို့ရှိတယ် ဆိုကတည်းက ကျွန်တော် တို့လို လူတွေပဲဆိုတာ၊ မိတ်ဆွေတယောက်ဆိုတာ သေချာလို့ပါ။ ဒီတော့ သေသေချာချာ လက်ခံပြီး ရောက်လာတဲ့အကြောင်းကို သတင်းပို့ရပါတယ်”

“ကျွန်တော်က ကုန်လျှန်ပါ။ ကျားဖြူတောင်ခြေမှာရှိတဲ့ အိမ်တော်ကပါ”

“နှောင်ကြီးစုန်ကျန့် ခင်ဗျားနာမည်ကို ပြောတာ ကြားဖူးပါတယ်။ ကနေ့ပဲ စခန်းကို လိုက်ပို့ပေးပါ့မယ်”

သူတို့နှစ်ဦးသည် အခမ်းအနားသုံး ခွက်များဖြင့် စိမ်ရည်သောက်ကြ၏။ လီလီသည် ပြတင်းပေါက်ကို ဖွင့်ကာ မြားတစင်းကို ဝှီခနဲနေအောင် ပစ်လွှတ်လိုက်ရာ တခြားဘက် ကမ်းနဲ့ ကျူတောများထဲမှ တောပုန်းတဦး လှေတစင်းကို လှော်ကာ ထွက်လာ၏။ ဘုံဆိုင် ဘေးတွင် ကပ်ကာရပ်၏။ လီလီက ကုန်လျှန်ကို လှေပေါ်တက်ရန် ဖိတ်ကြား၏။ ထိုလှေဖြင့် သဲသိင်္ဂါကမ်းခြေသို့

ပို့ပြီးနောက် တောင်ပေါ်သို့ တက်ခဲ့ကြ၏။

ဖြတ်သန်းလာခဲ့သော တံခါး သုံးထပ်စလုံးတွင် လက်နက်မျိုးစုံကို မြင်ရသဖြင့် ကုန်လျှန်သည် အထင်ကြီးလျက် ရှိ၏။ "ဒီစခန်းမှာ လက်နက်အင်အား တောင့်တင်း တယ်လို့တော့ ကြားဖူးပါရဲ့။ ဒီလောက် များမယ်တော့ ထင်မထားဘူး" ဟု စိတ်ထဲတွင် ပြောနေ၏။

ကြိုတင် သတင်းရထားသဖြင့် စုန်ကျန့် ဆင်း၍ ကြို၏။ ကုန်လျှန်က အလျှင်အမြန် ဒူးထောက်ကာ ကန်တော့၏။

"ဘာကိစ္စများလဲ နောင်ကြီး" စုန်ကျန့်က မေးရာ ကုန်လျှန် မျက်ရည်များ စီးဆင်းလာ၏။"

စုန်ကျန့်က-

"ဘာဘေးအန္တရာယ်ပဲ ရှိရှိ၊ အခက်အခဲပဲ ရှိရှိ ပြောဖို့ ဝန်မလေးပါနဲ့၊ ပြောသာပြောပါ။ ဘာကိစ္စဖြစ်ဖြစ် ကျွန်တော်တို့ ကူညီပါ့မယ်။ နောင်ကြီး ထပါဗျာ"

"ကျွန်တော်တို့နဲ့ နောင်ကြီးတို့ ခွဲသွားပြီး မကြာခင်မှာ အဖေဆုံးသွားတယ်။ ကျွန်တော့် အစ်ကို ကုန်မင်းက အိမ်နားက လူချမ်းသာတယောက်နဲ့ ရန်ဖြစ်ပြီး သူ့ရော သူ့တအိမ်သား လုံးကိုရော သတ်လိုက်မိတယ်။ အစိုးရမင်းတွေလည်း နောက်က လိုက်ကြတာပေါ့။ ဒါနဲ့ ကျားဖြူတောင်ပေါ်ကို တက်ပြေးရတယ်။ လူစုတာ ခြောက်ရာ ခုနစ်ရာလောက် ရတယ်။ ကျွန်တော်တို့လည်း လုယက် စားသောက်နေရတာပေါ့။ ဒီတင် မြို့ဝန်မုရုံက မြို့မှာ ရှိတဲ့ ဘထွေးကုန်ပိန့်ကို ဖမ်းပြီး လည်ထောက်အလေးကြီးကို စွပ်ပြီး ထောင်ထဲ ထည့်ထား လိုက်တယ်။ အစ်ကိုနဲ့ ကျွန်တော်တို့က သူ့ကိုကယ်ဖို့ ဝင်စီးဖို့ ကြံတာပေါ့။ ဒါပေမဲ့ မြို့ပြင်မှာ ဟူယန်ကျိုနဲ့ တွေ့ပြီး အစ်ကိုကြီးနဲ့ တိုက်ကြတယ်။ အစ်ကိုကြီးကိုလည်း ဟူယန်ကျိုက ဖမ်းမိသွားတယ်။ သူ့ကို ချင်ကျိုကို ခေါ်သွားပြီး ထောင်ထဲ ထည့်ထားလိုက်ကြတယ်။ သူ့ကို မသတ်ဘူးလို့ မပြောနိုင်ဘူး။

"ကျွန်တော်လည်း ဝိုင်းလိုက်လို့ ပြေးခဲ့ရတယ်။ နောက်တနေ့မှာ ကျွန်တော် နောင်ကြီး ဝုဆုန်နဲ့ တွေ့တာပါပဲ။ သူက ရဲညီနောင်တွေနဲ့ မိတ်ဆက်ပေးပါတယ်။ တယောက်က ရှင်ဉာဏတဲ့။ နောက်တယောက်က ဗိုလ်မှတ်ကျော်ယန်ချီတဲ့။ တွေ့တာနဲ့ ကျွန်တော်တို့ လည်း ငယ်ပေါင်းတွေလို ဖြစ်သွားကြတာပါပဲ။ ဒါနဲ့ အစ်ကို့ကို ကယ်ဖို့ တိုင်ပင်ကြတာပဲ။ နောင်ကြီးဝုဆုန်က ပြောတယ်၊ ရှင်ဉာဏနဲ့ နောင်ကြီးယန်ချီတို့ကို မက်မုံပွင့်တောင်ရိုးက လီချုံးနဲ့ ချူတုန်းတို့ကို ခေါ်ပေးဖို့ ပြောကြမယ်တဲ့။ ပြီးတော့ တောင်ရိုးစခန်းသုံးခုက တပ်တွေ ပေါင်းပြီး ချင်ကျိုကို တိုက်ကြမယ်တဲ့။ ကျွန်တော့်ကိုတော့ လျှံရှန်းတောင်ရိုးကို သွားပြီး နောင်ကြီးကို

တောင်းပန်ပါတဲ့။ ဒါမှ ဘထွေးနဲ့ အစ်ကိုတို့ လွတ်မှာတဲ့။ ဒါကြောင့်မို့ ကျွန်တော်လည်း ရောက်လာတာပါပဲ ခင်ဗျာ။ ဆုံးသွားတဲ့ အဖေကြီးကို ထောက်ပြီး ဘထွေး တို့အစ်ကိုတို့ကို ကယ်ပေးဖို့ တောင်းပန်ပါတယ်။ ကျွန်တော့်တသက်ကျေးဇူးမမေ့ပါဘူးဗျာ”

“ဒီကိစ္စက လွယ်မှာပါ။ မပူပါနဲ့။ လာ၊ ခေါင်းဆောင်ကြီး ကျောက်ခဲနဲ့ တွေ့ပြီး ပြော ကြရအောင်”

စုန်ကျန့်က ကုန်လျန်ကို ကျောက်ခဲ၊ ဝုရုံ၊ ကုန်ဆွန်ရှန်း၊ အခြားခေါင်းဆောင်တို့နှင့် တွေ့ပေး၏။ ဟူယန်ကျို့ ချင်ကြို့သို့ သွားကာ မြို့ဝန်မရုံနှင့် ပူးပေါင်းသွားကြောင်း၊ ကုန်မင်း ကို ဖမ်းထားသဖြင့် ကယ်တင်ပေးရန် လာအကူအညီတောင်းကြောင်းတို့ကို ရှင်းပြလေ၏။

ကျောက်ခဲက “ညီအစ်ကို နှစ်ယောက်က ရဲရဲရင့်ရင့်နဲ့ သူတို့ဘထွေးကို ကယ်တင်ဖို့ လုပ်ခဲ့ကြတယ်။ နောင်ကြီးစုန်ကျန့်ကလည်း သူတို့ရဲ့ မိတ်ဆွေ ဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့ တကယ် ကူညီသင့်ပါတယ်။ ဒါပေမဲ့ နောင်ကြီးက ကိုယ်တိုင်ဦးစီးပြီး ဆောင် ရွက်ခဲ့တာများပါပြီ။ ဒီတခါတော့ နောင်ကြီးက စခန်းမှာ နေခဲ့ပါ။ ကျွန်တော်ပဲ သွားပါ့မယ်” “မဟုတ်တာပဲ နောင်ကြီးရာ၊ နောင်ကြီးက ကျွန်တော်တို့ရဲ့အမြင့်ဆုံးခေါင်းဆောင်ပါ။ ဒီလို ပေါ့ပေါ့လေးနဲ့ နောင်ကြီးကို အနှောင့်အယှက်ပေးလို့ ဘယ်တော်ပါ့မလဲ။ ပြီးတော့ ဒါက ပုဂ္ဂိုလ်ရေးကိစ္စပါ။ ကုန်လျန်က ဒီကိုလာခဲ့တာ ကျွန်တော့်ကို တွေ့ဖို့ပါ။ ကျွန်တော် ကိုယ်တိုင် လိုက်မသွားရင် သူ စိတ်မကောင်း ဖြစ်ပါလိမ့်မယ်”

ချက်ချင်းပင် ခေါင်းဆောင်ကြီးငယ်တို့က ရှေ့သို့ ထွက်လာကြပြီး အဆိုပြုကြလေ၏။ “ကျွန်တော်တို့ အစွမ်းကုန် တိုက်ခိုက်ပါ့မယ်” “ကျွန်တော်တို့ကိုပဲ ခေါ်ပါ”

စုန်ကျန့်လည်း သဘောတွေ့သွား၏။ ထိုနေ့တွင် ကုန်လျန်ကို ဂုဏ်ပြုကာ စားသောက်ပွဲ ကျင်းပပေး၏။ ဖေရွှန်းကို ဤအရေးအတွက် လူဖွဲ့စည်းစေ၏။ စုစုပေါင်း တပ်ငါးတပ်ဖွဲ့၍ သွားကြမည်။ ရှေ့ပြေးတပ်တွင် ဟွရုံ၊ ချင်မင်း၊ ယန်ရှင့်၊ ဗိုလ်ကျားပုတို့က ဦးဆောင်ကြ မည်။ ဒုတိယတပ်ကို မူဟုန်၊ ရန်စုံ၊ ရှီချင်၊ ရှီပေါင်တို့က ကွပ်ကဲသည်။ ပင်မတပ်ကို စုန်ကျန့်၊ ဝုရုံ၊ လူ့ဖန်၊ ကောက်ရှိန်းတို့က ဦးစီးမည်။ စတုတ္ထတပ်ကို ချူတုံ၊ ကျဲ့ကျင်း၊ လီကျွမ်း၊ ချန်ဟင်းတို့က ခေါင်းဆောင်ကာ နောက်ရံတပ်ကို ဆွန်လီ၊ ရန်လင်း၊ အိုပင်း၊ လင်းချင် တို့က အုပ်စည်းလာမည် ဖြစ်၏။

တပ်ငါးတပ်တွင် မြင်းသည်ခြေသည် သုံးထောင် ပါဝင်ဖွဲ့စည်းကာ တပ်မှူးနှစ်ဆယ် ဒို့က ကွပ်ကဲကြမည်။ ကျန်ခေါင်းဆောင်တို့က ကျောက်ခဲနှင့်

ကျန်ခဲ့ပြီး စခန်းကို ထိန်း rn းကြမည် ဖြစ်၏။ စုန်ကျန့်လည်း ကျောက်ခဲထံမှ ခွင့်တောင်းပြီး ကုန်လျန်နှင့်တကွ ကပ်ကို ဦးဆောင်ကာ တောင်ပေါ်မှ ဆင်းလာခဲ့၏။

သူတို့သည် လမ်းပေါ်ရှိ ခရိုင်တိုက်နယ်၊ ရွာ စသည်တို့ကို အနှောင့်အယှက်မပေးဘဲ ချောချောမောမော လာခဲ့ကြရာ မကြာမီတွင် ချင်ကျို့သို့ ရောက်လာလေ၏။ ကုန်လျန်က ကြို၍ သွားကာ ရှင်ဥာဏကို အကြောင်းကြားထား၏။ မင်သေ့ကိုယ်တော်နှင့် အပေါင်း အပါတို့ကလည်း ကြိုဆိုရန် ပြင်ဆင်ထားကြ၏။ စုန်ကျန့်တို့ တပ်မ ရောက်လာသောအခါ ဝုဆုန်က ဦးစီးကာ ရှင်ဥာဏ၊ ယန်ချီ၊ လီချုံး၊ ချူတုန်း၊ ရှီအန်၊ ကောက်စိန်တို့က ထွက်၍ ကြိုဆိုနှုတ်ဆက်ကြ၏။ စုန်ကျန့်က ရှင်ဥာဏကို ထိုင်ရန် ပြော၏။

"ဒကာကြီးရဲ့ နာမည်ကို ကြားဖူးတာ ကြာပါပြီ၊ ခုမှပဲ တွေ့ခွင့်ရတော့တယ်။ တွေ့ရတာ ကျုပ် သိပ်ဝမ်းသာတာပါပဲ"

"တပည့်တော်က ဒီလောက် အရိုအသေ မခံထိုက်ပါဘူး ဘုရား၊ ရဲရင့်သူညီနောင် လောကမှာတော့ ကိုယ်ရင်ကြီးရဲ့ ဂုဏ်ပုဒ်တွေက သိပ်ကို ကျော်စောပါတယ်။ ကိုရင်ကြီးရဲ့ မျက်နှာကို ဖူးရတာ တော်တော့်ကို စိတ်ချမ်းသာပါတယ်"

ယန်ချီက ထရပ်လိုက်၏။

"ကျွန်တော် လျှံရှန်းကျူအင်းကို ဖြတ်သွားဖူးပါတယ်။ ခေါင်းဆောင်တွေက သိပ် သဘောကောင်းတာပဲဗျာ။ ကျွန်တော့်ကို နေဖို့တောင် ပြောကြတယ်။ ကျွန်တော်က အသုံး မကျလို့ ငြင်းခဲ့မိပါတယ်။ ဒီနေ့တော့ နောင်ကြီးတို့က ကျွန်တော်တို့ရဲ့နေရာနားကို ရောက် လာကြပါပြီ။ ဒီထက် ဝမ်းသာစရာ မရှိတော့ပါဘူးဗျာ"

"ရဲရင့်ညီနောင်လောကမှာ ယန်ချီအကြောင်း မကြားဖူးတဲ့ သူ မရှိပါဘူး။ စောစောက မတွေ့ရတာ နှမြောစရာပဲ"

ရှင်ဥာဏက စိမ်ရည်များကို တည်ခင်းရန် အမိန့်ပေး၏။ ထို့နောက် အချင်းချင်း မိတ်ဆက်ကြ၏။ နောက်တနေ့တွင် စုန်ကျန့်က ချင်ကျို့မြို့ထဲ အခြေအနေကို မေး၏။ "ကုန်လျန် ထွက်သွားပြီးတဲ့နောက်မှာ လေးခါ ငါးခါလောက်တော့ တွေ့ကြသေး ယ်။ အနိုင်အရှုံးကတော့ မပေါ်ပါဘူး" ဟု ယန်ချီက ရှင်းပြသည်။ တယ်၊

"ချင်ကျို့မှာ အဓိကကတော့ ဟူယန်ကျို့ပါပဲ။ သူ့ကို ဖမ်းမိရင်တော့ ဆီးနှင်းထဲကို ရေပူလောင်းချသလို ရှောရှောရှူရှူ မြို့ထဲကို ဝင်နိုင်မှာပါပဲ"

"သူ့ကို အားမသုံးဘဲ ပရိယာယ်နဲ့ ဖမ်းလို့ ရပါတယ်ဗျ" ဝုရုံက ရယ်ရင်း ပြောလိုက်၏။

"ဘယ်လို ဖမ်းမှာတုန်းဗျ" စုန်ကျန့်က စောကြော၏။

ဝုရုံက သူ့အကြံအစည်ကို တိုးတိုးပြောပြ၏။

"သိပ်ပါးနပ်တာပဲ" ဟု စုန်ကျန့်က ထောမနာပြု၏။

ထိုနေ့တွင် လိုအပ်သလို စီစဉ်ညွှန်ကြားကြပြီး နောက်တနေ့နံနက်တွင် ချင်ကျို့မြို့ တံတိုင်းများသို့ ချဉ်းကပ်လာကြ၏။ မြို့ကို ဝန်းရံကာ စည်များကို တီးကြ၊ တံခွန်များကို ဝှေ့ကြ၊ လက်နက်များကို မြှောက်ကြ၊ ခါပြပြီး အော်ဟစ်ကြ၏။ သို့သော် တပ်ဖြန့်ခြင်းကား မရှိ။ ရန်သူ့သတင်းကို ရသဖြင့် မုရုံသည် ဟူယန်ကျို့ကို ခေါ်လိုက်၏။

"ဒီခေးပြတွေက လျှံရှန်းကျူတောက အကူအညီ ရလာပြီ။ ကျုပ်တို့ဘာလုပ်ကြမလဲ"

"မပူပါနဲ့ အရှင်။ ဒီကောင်တွေက ဒီကို လာလိုက်တဲ့အတွက် သူတို့ခွင်၊ သူတို့မြေကို ထားခဲ့ရပြီလေ။ သူတို့က ကျူအင်းထဲမှာပဲ လှုပ်ရှားတတ်တာ။ အခုတော့ သူတို့ခွင်ကို လက်လွှတ်လိုက်ပြီဆိုတော့ သူတို့ ရောက်လာတာ မြန်လေလေ ဖမ်းမိဖို့ မြန်လေလေပဲ။ သူတို့တပ်ဖြန့်စရာ နေရာလည်း မရှိဘူး။ အရှင် မြို့ရိုးပေါ်ကို ကြွပြီး ကြည့်နေပါ။ ကျွန်တော် ဒီလူယုတ်မာတွေကို သုတ်သင်ပြမယ်"

ဟူယန်ကျို့သည် သံချပ်ကာကို အမြန်ဝတ်ကာ မြင်းစိုင်း၍ ထွက်ခဲ့၏။ မြို့တံခါးများကို ဖွင့်ရန်၊ ဆွဲတံတားကို ချရန် လှမ်းအော်၏။ သူ့နောက်တွင် ခြေသည်မြင်းသည် တထောင်ခန့် ပါလာ၏။ မြို့ပြင်တွင် တိုက်ပွဲပုံစံ တပ်ဖြန့်၏။ စုန်ကျန့်၏ တပ်ထဲမှ မြင်းသည်တဦး ထွက် လာလေ၏။ ထိုသူက ဝံပုလွေသွားများ တပ်ထားသော တင်းပုတ်ကြီးကို ကိုင်လာပြီးလျှင် အသံနက်ကြီးဖြင့် မြို့ဝန်ကို ဆဲနေ၏။

"လာဘ်စားတဲ့ ကောင်၊ လူထုကို ညှဉ်းဆဲတဲ့ သူခိုး။ မင်း ငါ့အိမ်ကို ဖျက်ဆီးပစ်တယ်။ ဒီနေ့ မင်းကို ငါ ပြန်လက်စားချေမယ်"

မုရုံသည် ချင်မင်းကို မှတ်မိသွား၏။ "မင်းက ဘုရင့်တပ်က အရာရှိပဲ။ မင်းကြီးက မင်းကို ကြည့်ရှုခဲ့တာပဲ။ ဒါနဲ့တောင် မင်းက သူပုန်ထရသလား။ မင်းကို မိရင်တော့ နုပ်နုပ် စဉ်းပစ်မယ်။ ဒီကောင့်ကို အရင်ဖမ်းခဲ့စမ်း" ဟု ဟူယန်ကျို့ကို လှမ်း၍ အော်ပြော၏။ သူ၏ တင်ကျည်းတုတ်များကို ဝှေ့ကာ ဟူယန်ကျို့က ဖမ်းမည်ဟု ထွက်လာ၏။ ချင်မင်းကလည်း သူ့မြင်းကို ဇက်လွှတ်ကာ

တင်းပုတ်ကြီးကို ‌ဇွေ့၍ ဝင်ကာ ရင်ဆိုင်၏။ အတွဲညီညီဖြင့် အချီငါးဆယ်လောက် တိုက်ပြီးကြသော်လည်း တဦးကို တဦးက မနိုမ်နင်း နိုင်ပေ။ သူတို့ တိုက်နေကြသည်မှာ ကြာလာပြီဟု မုရုံက ထင်လာ၏။ ဟူယန်ကျို့ ရှုံးမည် ကိုလည်း စိတ်ထင့်လာလေ၏။ ထို့ကြောင့် တပ်များကို မြို့ထဲ ပြန်ဆုတ်ရန် ကြေးလင်ပန်း များကို တီးကာ အချက်ပေးလေ၏။ ချင်မင်းက ဆုတ်သွားသော ရန်သူ့နောက်ကို လိုက် မသွားဘဲ သူ့တပ်သို့ ပြန်သွားလေ၏။ နောက်သို့ ဆယ့်ငါးလီမျှ ဆုတ်ပြီးမှ စခန်းချရန် စုန်ကျန့်က အမိန့်ပေး၏။

မြို့ထဲတွင် ဟူယန်ကျို့က မြို့ဝန်ထံသို့ သွား၏။ "ကျွန်တော် ချင်မင်းကို ဖမ်းတော့မယ့် ဆဲဆဲမှာ ဘာလို့ ပြန်ဆုတ်ဖို့ အချက်ပေးလိုက်တာလဲ အရှင်"

"မင်းတို့ တိုက်တာ အချီတော်တော် များနေပြီလေ။ မင်း ပင်ပန်းမှာပဲလို့ ငါက ယာယီ ပြန်ဆုတ်ခိုင်းလိုက်တာပါ။ သူတို့ ဟွရုံတို့ တောပုန်းမလုပ်ခင်က ချင်မင်းက ဒီမှာ တပ်မှူး လုပ်ခဲ့တာပဲ။ ဒီကောင့်ကို လျှော့မတွက်နဲ့"

"ကျွန်တော် ဒီကောင့်ကို ဖမ်းမယ်။ စိတ်ချပါ အရှင်၊ သူ့ကို အခု တိုက်ကြည့်တော့ သူက မဟန်တော့ဘူး။ နောက်တခါဆို ချေမှုန်းပစ်ပါ့မယ်"

"ခင်ဗျားက သူရဲကောင်းမှန်း ကျုပ် သိပါတယ်။ ဒါပေမဲ့ မနက်ဖြန်ကျရင် ဒီကောင် တွေရဲ့ စည်းကို ဖောက်ပေးစမ်းပါ။ လူသုံးယောက်ကို လွှတ်ချင်လို့၊ တယောက်က အရှေ့ နေပြည်တော်ကို၊ ကျန်တဲ့နှစ်ယောက်ကတော့ အနီးအနားက ခရိုင်တွေကို တပ်ကူတောင်း ဖို့ပါ"

"အရှင်က အမြော်အမြင် ရှိပါပေတယ်ဗျာ"

မြို့ဝန်သည် အကူအညီတောင်းသော စာများကို ရေး၏။ အရာရှိသုံးယောက်ကိုလည်း ရွေး၏။ လိုအပ်သည်တို့ကို စီစဉ်၏။

ဟူယန်ကျို့က သူ့အခန်းသို့ ပြန်၍ ချပ်ဝတ်ကို ချွတ်ကာ အနားယူ၏။ နောက်တနေ့ နံနက်မလင်းမီတွင် အရာရှိတဦးက လာ၍ သတင်းပို့၏။ "မြို့ မြောက်တံခါးဝနားက တောင်ကုန်းတခုပေါ်မှာ မြင်းသုံးစီးရောက်နေပြီး လာ အကဲကြည့်နေကြတယ်။ အလယ်က လူကတော့ အနီရောင်ဝတ်ရုံနဲ့ မြင်းဖြူကို စီးထားတယ်။ သူ့ညာဘက်ကတော့ ဟွရုံပဲ။ ဘယ်ဘက်က လူကတော့ တာအိုဘုန်းကြီးလို ပတ်ထားတယ်"

"အနီရောင်ဝတ်ရုံနဲ့ လူက စုန်ကျန့်ပဲ။ တာအိုဘုန်းကြီးကတော့ ဝုရုံ ဖြစ်မယ်။ သူတို့ကို မလှန့်လိုက်နဲ့၊ မြင်းသည်တရာ ခေါ်ထားလိုက်။ သွားဖမ်းကြမယ်"

ဟူယန်ကျို့သည် ချပ်ဝတ်ကို ကမန်းကတန်း ဝတ်ကာ မြင်းသည်တရာကို

ဦးစီး၍ ထွက်သွားလေ၏။ မြောက်တံခါးကို တိတ်တိတ်ဖွင့်၊ ဆွဲတံတားကို ဖြည်းဖြည်းချကာ တောင်ကုန်းဆီသို့ အမြန်သွားလေ၏။ စုန်ကျန့်တို့မှာ မြို့ကို ကြည့်နေဆဲ ဖြစ်၏။ ဟူယန်ကျို့ တောင်ကုန်းပေါ်သို့ အပြင်းမောင်း၍ တက်၏။ ထိုအခါမှ ထိုသုံးယောက်သည် မြင်းကိုလှည့် ကာ တလှမ်းချင်း လျှောက်၍ သွားကြ၏။

သစ်ခြောက်ပင်တအုပ်ရှေ့သို့ ရောက်မှ မြင်းကို ဇက်လွှတ်၍ စီးကြ၏။ နောက်မှ အတင်းလိုက်လာသော ဟူယန်ကျို့မှာ ထိုသစ်ပင်အုပ်ရှေ့သို့ ရောက်လာသောအခါ ပုံဖျက် ထားသော ကျင်းပုန်းထဲသို့ မြင်းရောလူပါ ကျသွားလေ၏။ ဝဲယာမှ လူငါးဆယ်ခြောက်ဆယ် ခန့်က ဟူယန်ကျို့ကို ဝိုင်း၍ ကျော့ကွင်းစွပ်ကာ ဖမ်းကြ၏။ ဆွဲတင်ကြ၏။ ကြိုးနှင့် တုပ်ကြ ၏။ တချို့က သူ့မြင်းကို ဆွဲတင်ကြ၏။

ထိုအချိန်တွင် သူ၏ မြင်းသည်များ ရောက်လာလေ၏။ ဟွရုံက အေးဆေးစွာဖြင့် လေးတွင် မြားတပ်က ရှေ့ပိုင်းမှ လူ ငါးယောက် ခြောက်ယောက်ကို ပစ်ချလိုက်၏။ နောက်မှ လိုက်လာသူတို့သည်လည်း မြင်းကို ဆတ်ခနဲ ရပ်ကာ လှည့်ပြီး အော်ဟစ်ရင်း ဒုန်းစိုင်း စီးကာ ပြေးကြလေ၏။

စုန်ကျန့်သည် စခန်းသို့ ပြန်ကာ သူ့နေရာတွင် ထိုင်နေ၏။ ဓားကိုင်အစောင့်များက ဟူယန်ကျို့ကို သူ့ရှေ့သို့ လာပို့ကြ၏။ စုန်ကျန့်က ချက်ချင်း ထ ရပ်လိုက်ကာ ကြိုးများကို ဖြေပေးရန် အမိန့်ပေးလိုက်၏။ သူကိုယ်တိုင် ကုလားထိုင်တခုတွင် နေရာပေး၍ လေးလေး စားစား နှုတ်ဆက်၏။ “ဘာဖြစ်လို့ ဒီလို လုပ်တာလဲဗျာ” ဟူယန်ကျို့က မေး၏။

“ကျွန်တော်က ရှေ့နန်းတော်ကြီးကို ကျေးဇူးမသိတတ်လို့ ဖြစ်ပါ့မလားဗျာ။ ကျွန်တော့် ကို ဖောက်ပြန်တဲ့အရာရှိတွေက နှိပ်စက်လို့ ပြစ်မှုတခုကို ကျူးလွန်ခဲ့မိတယ်။ ဒီတင် ရှေ့နန်းတော်ကြီးက လွတ်ငြိမ်ချမ်းသာခွင့် အမိန့်ရတဲ့အထိ ဒီတောင်ရိုးမှာ ခိုအောင်း နေရ တာပေါ့။ ကျွန်တော် သိပ်အားကျတဲ့ ဗိုလ်မင်းတယောက်နဲ့ ဖက်ပြိုင်ဖို့ ဘယ်တုန်းကမှ မျှော်လင့်မထားပါဘူး။ ကျွန်တော် သိပ်မှားသွားပါတယ်။ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်”

“ကျွန်တော်က ခင်ဗျား အကျဉ်းသားပဲ။ အကြိမ်တသောင်းသတ်လည်း အပြစ်ဒဏ်က ကြီးလေးတယ်လို့ မပြောနိုင်သေးပါဘူး။ ဒါနဲ့တောင် ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေပါလားဗျာ”

“ခင်ဗျားကို ဒုက္ခရောက်အောင် ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူး။ မိုးကြိုးပစ်ရစေရဲ့ဗျာ”

“နောင်ကြီး ဆန္ဒရှိရင် ကျွန်တော် အရှေ့နေပြည်တော်ကို သွားပြီး လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ယူလာပေးရမလားဗျာ”

“ခင်ဗျား ဒီလိုလုပ်လို့ မရဘူး ထင်တယ် ဗိုလ်မင်း။ စစ်သူကြီးကောက်ကျူက အမြင် ကျဉ်းတဲ့ လူယုတ်ဗျ။ သူက လူတယောက်ရဲ့ ကောင်းကျိုးပြုတာတွေကိုတော့ မေ့ပစ်တတ်ပြီး ဆိုးတာလေး နည်းနည်းပါးပါးကိုပဲ မှတ်မိတတ်တဲ့ လူဗျ။ ခင်ဗျားကြောင့် တပ်တွေ၊ ငွေတွေ၊ ဆန်စပါးတွေ၊ ဆုံးရှုံးခဲ့တာ မနည်းဘူးလေ။ ခင်ဗျားကို အပြစ်ပုံချမှာပဲဗျ။ ဟန်တောင်တို့၊ ဖိန့်ချီတို့၊ လင်းချင်တို့လည်း ကျွန်တော်တို့အဖွဲ့ထဲမှာ ရောက်နေပြီဗျ။ ကျွန်တော်တို့ တောင်ရိုး ခံတပ်ကလေးကို သိမ်ငယ်တယ်လို့ မယူဆရင် ကျွန်တော့်ဆီမှာ ခင်ဗျားကို ခေါင်းဆောင် တနေရာ ပေးဖို့ရာ အသင့်ပါပဲဗျာ။ ရွှေနန်းတော်ကြီးဆီက လွတ်ငြိမ်းချမ်းသာခွင့် ရလာရင် ကျွန်တော်တို့လည်း အရိုးကြေကြေ အရည်ခန်းခန်း အမှုထမ်းကြတာပေါ့”

ဟူယန်ကျို့သည် ခဏမျှ တွေဝေနေ၏။ သို့သော် သူသည် အာကာသစိုးနတ်မင်း တပါးမှ ဝင်စားလာသူဖြစ်သောကြောင့် သဘာဝအားဖြင့်လည်း ဖြောင့်မတ်တည်ကြည်သူ တဦးဖြစ်သည်။ ထို့ပြင် စုန်ကျန့်၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဆင်ခြင်တုံတရား ရှိမှုတို့ကို အထူး လေးစား ကြည်ညိုမိနေလေပြီ။ ထို့ကြောင့် သက်ပြင်းကြီးချကာ ဒူးထောက်လိုက်၏။ “ကျွန်တော်လည်း အစိုးရမင်းကို သစ္စာမရှိလို့ မဟုတ်ဘူး။ ဒါပေမဲ့ နောင်ကြီးရဲ့ သဘောထားကြီးမှုကြောင့် လက်ခံလိုက်ပါပြီ။ နောင်ကြီး နောက်က သစ္စာရှိရှိ လိုက်ပါ့မယ်။ ဒီအခြေအနေက ဘယ်လိုပဲဖြစ်ဖြစ် မပြောင်းလဲပါဘူး”

စုန်ကျန့်က အလွန်ကျေနပ်သွား၏။ ဟူယန်ကျို့ကို ကျန်ခေါင်းဆောင်များနှင့် မိတ်ဆက် ပေးကာ လီချုံးနှင့် ချူတုန်းတို့ကိုလည်း သူ့မြင်းနက်ကျော်ကို ပြန်ပေးစေ၏။ ထို့နောက် ကုန်မင်းကို မည်သို့ ကယ်ရမည်ကို တိုင်ပင်ကြလေ၏။

ဝုရုံက-

“တကယ်လို့ ဟူယန်ကျို့က မြို့တံခါးတွေကို ဖွင့်ပေးနိုင်ရင်တော့ ဒီမြို့ကို အသာလေး နဲ့ သိမ်းနိုင်မှာပဲ။ ဒါဆိုရင် သူလည်း ဟိုဘက်နဲ့ စိတ်ပြတ်သွားမှာပဲ”

စုန်ကျန့်က ဟူယန်ကျို့ဆီကို သွားကာ-

“ကျွန်တော်က ပစ္စည်းတွေကို မမက်ပါဘူး။ ဒါပေမဲ့ ကုန်မင်းနဲ့ သူ့ဘထွေးကတော့ ထောင်ထဲမှာ ရောက်နေကြတယ်။ နောင်ကြီး တံခါးဖွင့်ပေးမှပဲ သူတို့ကို ကယ်နိုင်လိမ့်မယ်”

“နောင်ကြီးက ကျွန်တော့်ကို လက်ခံထားတဲ့ ကျေးဇူးကြောင့် ကျွန်တော် အကောင်း ဆုံး လုပ်ပါ့မယ်”

ထိုညတွင် တောင်ပုန်းခေါင်းဆောင် ဆယ်ဦးသည် အစိုးရတပ်သားများကဲ့သို့ ရုပ်ဖျက် ကာ ဟူယန်ကျို့ကို ရှေ့မှ ထား၍ မြင်းစီးသွားကြ၏။ ကျုံးစပ်သို့ ရောက်သောအခါ ရပ်တန့် လိုက်ကြ၏။

“တံခါး ဖွင့်ကြစမ်း၊ ငါ လွတ်လာပြီ”

မြို့ရိုးပေါ်မှ စစ်သည်များက ဟူယန်ကျို့၏ အသံကို မှတ်မိကြသဖြင့် မုရုံသို့ သွားကာ သတင်းပို့ကြ၏။ မြို့ဝန်မှာ သူ့ဗိုလ်မင်း ဆုံးရှုံးသဖြင့် မှိုင်နေရာ ပြန်ရောက်လာပြီဟု ကြားရ သဖြင့် များစွာ ဝမ်းသာသွား၏။ မြင်းစီးကာ မြို့ရိုးသို့ ထွက်လာခဲ့၏။ ဟူယန်ကျို့နှင့် မြင်းသည်ဆယ်ဦးခန့်ကို မြင်ရ၏။ မှောင်နေသဖြင့် ထိုသူတို့၏ ရုပ်ကို ဖမ်း၍ မရပေ။ သို့သော် သူ့ဗိုလ်မင်း၏ အသံကိုမူ မှတ်မိသဖြင့် တော်သေး၏။

“ဘယ်လို ပြန်လွတ်လာတာလဲ”

“ဟိုကောင်က ကျွန်တော့်မြင်းကို ထောင်ဖမ်းပြီး သူတို့စခန်းကို ခေါ်သွားတယ်။ ကျွန်တော့်တပ်မှူးတွေက ဒီမြင်းကို ခိုးယူခဲ့ပြီး အတူတူ ပြေးခဲ့ကြတယ်”

မုရုံက တံခါးဖွင့်ရန် တံတားကို ချရန် အမိန့်ပေးလိုက်၏။ တောပုန်းခေါင်းဆောင်များ ဝင်လာသောအခါ သူက ထွက်၍ နှုတ်ဆက်၏။ ချင်မင်း၏ တင်းပုတ်တချက်စာမျှဖြင့် မြို့ဝန်လည်း မြင်းပေါ်မှ ကျသွားလေ၏။ ရှိညီအစ်ကိုက မြို့ကို မီးတုတ်တင် ရှို့ကြ၏။ အိုပင်း နှင့် ဗိုလ်ကျားပုတို့က မြို့ရိုးပေါ်သို့ တက်၍ ခုခံသူတို့ကို သတ်ကြ မောင်းထုတ်ကြ၏။

ချင်ကျိုမြို့မီးလောင်နေသည်ကို မြင်ရသော စုန်ကျန့်သည် ပင်မတပ်နှင့်အတူ မြို့ တွင်းသို့ ဝင်လာခဲ့၏။ မြို့သားများကို ဒုက္ခမပေးရန် ချက်ချင်းအမိန့်ထုတ်၏။ မြို့၏ ဘဏ္ဍာ

တိုက်နှင့် ကျီတော်တို့ကိုမူ ပြောင်တလင်းခါစေ၏။ ကုန်မင်းနှင့် သူ့ဘထွေးကုန်ပိန့်တို့ မိသားစုကိုလည်း ထောင်ထဲမှ ကယ်ခဲ့၏။ မီးကိုလည်း ငြိမ်းသတ်စေ၏။ မြို့ဝန် တမိသားစု လုံးကိုမူ ကြီးငယ်မဟူ သတ်စေ၏။ ယင်းတို့၏ ပစ္စည်းများကို တောပုန်းများသို့ ဝေငှပေး၏။

နံနက်လင်းသော် မီးလောင်ခံရသော အိမ်ရှင်များကို စာရင်းကောက်စေ၏။ ဆန်စပါး တို့ကို လျော်ကြေးအဖြစ် ပေး၏။ ဘဏ္ဍာတိုက်နှင့် ကျီတော်တို့မှ ယူခဲ့သော

ငွေကြေးနှင့် ဆန်စပါးတို့ကို လှည်းအစီး ခြောက်ရာနှင့် သယ်ယူရ၏။ မြင်းကောင်း အစီးနှစ်ရာကျော်ကို လည်း သိမ်းဆည်းရမိ၏။ မြို့ဝန်ရုံးခန်းမတွင် အောင်သေအောင်သား စားကာ ပွဲခံကြ၏။ တောင်ရိုးစခန်းသုံးခုမှ ခေါင်းဆောင်တို့ကိုလည်း လျှံရှန်းတောင်ရိုး တပ်စခန်းသို့ လိုက်ရန် ဖိတ်ခေါ်၏။

လီချုံးနှင့် ချူတုန်းတို့က မက်မုံပွင့်တောင်စခန်းသို့ လူစေလွှတ်ပြီးလျှင် လူများ၊ မြင်း များ၊ ငွေကြေး၊ ဆန်စပါးများကို ရနိုင်သလောက် ယူကာ စခန်းကို မီးတိုက်ပြီး စွန့်ခွာရန် ခိုင်းလိုက်၏။ ရှင်ဉာဏကလည်း ရှီအန်နှင့် ကောက်စိန်တို့ကို နဂါးနှစ်ကောင်တောင်ရိုးသို့ စေလွှတ်လိုက်၏။ ကျန်ချင်းနှင့်ဇနီး စုန်းမဆွန်တို့က လူစုကာ ပစ္စည်းများ၊ ဆန်စပါးများကို သယ်ယူခဲ့ပြီး ပုလဲကျောင်းတိုက် တပ်စခန်းကို မီးတိုက်ထားခဲ့ကြ၏။

ရက်အနည်းငယ်အတွင်း တောင်ရိုးစခန်း သုံးခုမှ တပ်ဖွဲ့များ ပြင်ဆင်ပြီးပြီဖြစ်၍ လျှံရှန်းတောင်ရိုးသို့ ခရီးထွက်ခဲ့ကြ၏။ ဟွရုံ၊ ချင်မင်း၊ ဟူယန်ကျို့၊ ချူတုန်းတို့ကို ရှေ့ဖျား တပ်အဖြစ် စေလွှတ်ကာ လမ်းကို ရှင်းသွားစေ၏။ လမ်းတွင် တွေ့သမျှ မြို့ ရွာတို့ကို ရန်မရှာ ခဲ့ကြပေ။ ရွာသားတို့က ကလေးခါးထစ်ခွင်ကာ၊ လူအိုလူမင်းတို့ကို တွဲထူကာ၊ အမွှေးတိုင် များထွန်းကာ ဂါရဝပြုကြ၏။ နောက် သုံးလေးရက် မနေသောအခါ လျှံရှန်းတောင်ရိုးသို့ ရောက်ကြလေ၏။ ရေတပ်စခန်းခေါင်းဆောင်တို့က လှေများဖြင့် ဆီးကြိုကြ၏။ သဲသိဂ်ါကမ်းခြေတွင် ကျောက်ခဲနှင့် ကျန်ခေါင်းဆောင်များတို့က အသင့်စောင့်ကြိုနေကြ၏။ ခံတပ်ကြီးဆီသို့ တက်ခဲ့ပြီး သစ္စာညီနောင်ခန်းမဆောင်တွင် အသီးသီး နေရာယူကြ၏။

ခေါင်းဆောင်အသစ် ဆယ့်နှစ်ယောက် ဖြစ်ကြသော ဟူယန်ကျို့၊ ရှင်ဉာဏ၊ ယန်ချီ၊ ဝုဆုန်၊ ရှီအန်၊ ကောက်စိန်၊ ကျန်ချင်း၊ စုန်းမဆွန်၊ လီချုံး၊ ချူတုန်း၊ ကုန်မင်း၊ ကုန်လျန် တို့ကို ဂုဏ်ပြုသော စားသောက်ပွဲကြီးကို တည်ခင်းကြ၏။ လင်ချုံးက ထရပ်ကာ သူ့ကို လွတ်မြောက်အောင် ကူညီခဲ့သော ရှင်ဉာဏကို ကျေးဇူးတင်စကား ပြော၏။

“ကွမ်ကျို့မှာ ကျုပ်တို့ ခွဲလာခဲ့ပြီးနောက်ပိုင်းမှာ ဒကာကြီးအကြောင်း ခဏခဏ စဉ်းစားမိတယ်။ ဒကာကြီးရဲ့ ဇနီးသတင်း ဘာရသေးသလဲ”

“ဝမ်လုံကို ဖယ်ရှားလိုက်ပြီးတော့ တပည့်တော် အိမ်ကို လူလွှတ်ပြီး ခေါ်ခိုင်းလိုက် ပါတယ် ဘုရား၊ စစ်သူကြီးကောက်ကျူရဲ့ သားက ဒုက္ခပေးလွန်းလို့ သူ့ကိုယ်သူ သတ်သေ သွားပါသတဲ့ဘုရား၊ သူ့အဖေကြီးလည်း သူ့စိတ်နဲ့ပဲ နေမကောင်းဖြစ်ပြီး ဆုံးသွားပါတယ် ဘုရား”

ဝမ်လုံ စခန်းကို ထိန်းချုပ်ထားစဉ်အတွင်း လင်ချုံးနှင့် သူ မည်သို့

တွေ့ခဲ့ဖူးသည်ကို ယန်ချီက နောက်ကြောင်းပြန်၏။ ဤသို့ ဖြစ်ရသည်မှာ တိုက်ဆိုင်မှု မဟုတ်။ ကံက စီမံခြင်း သာ ဖြစ်ကြောင်း အားလုံးက လက်ခံကြ၏။ ကျောက်ခဲကလည်း မြေဝါတောင်တန်းတွင် မွေးနေ့လက်ဆောင်များကို သိမ်းဆည်းခဲ့သည့် အကြောင်းကို ပြောပြ၏။ အားလုံးက အားပါးတရ ရယ်မောကြ၏။ နောက်ရက်များတွင်လည်း စားသောက်ပွဲများ ဆက်တိုက် ကျင်းပကြသေး၏။ ထိုအကြောင်းကိုမူ ဆက်မပြောတော့ပြီ။

ခံတပ်တွင် လူအင်အား၊ မြင်းအင်အား အမြောက်အမြား ရှိလာပြီဖြစ်၍ စုန်ကျန့်သည် အတိုင်းမသိအောင် ကျေနပ်လျက် ရှိလေ၏။ လက်နက်အမျိုးမျိုး ၊ ချပ်ဝတ်အမျိုးမျိုးတို့ကို ထန်လုံ၏ ကြီးကြပ်မှုဖြင့် ထုတ်လုပ်စေ၏။ ဟိုဂျန်ကိုလည်း အဝတ်အစားနှင့် တံခွန်များကို တာဝန်ယူရသည့်အတိုင်း အရွယ်ရွယ် အစားစားသော အလံများ၊ ကြက်လျှာတံခွန်များကို နဂါးရုပ်၊ ကျားရုပ်၊ ကျားသစ်ရုပ်၊ ဝက်ဝံရုပ် စသည်တို့ဖြင့် ပုံဖော် ပန်းထိုးကာ ရွှေကြိုးများ၊ အဖြူရောင်ပန်းဖွားများ၊ ကြက်သွေးရောင် အမြိတ်အဆာများ၊ အနက်ရောင် အမိုးအအုပ် များဖြင့် ခြယ်လှယ်ကာ ချုပ်လုပ်စေ၏။ တောင်နံရံများကို မေးတင်ကာ ကျယ်ပြန့်သော သူရဲခိုများကို တည်ဆောက်စေ၏။ အနောက်ဘက်နှင့် တောင်ဘက်လမ်းမတို့တွင် ဘုံဆိုင် နှစ်ဆိုင်ကို အသစ်ပြန်ဆောက်စေ၏။ ရဲညီနောင်များကို လက်ခံရန်၊ အစိုးရတပ်များ၏ သတင်းကို နားထောင်ရန်၊ ချဉ်းကပ်လာပါက အမြန်သတင်းပို့ရန် ဖြစ်၏။ ကျန်ချင်းနှင့် သူ့ ဇနီး စုန်းမဆွန်တို့မှာ နဂိုကလည်း ထမင်းဆိုင် ဖွင့်လာသူများဖြစ်၍ အနောက်ဘက်ရှိဘုံဆိုင်တွင် တာဝန်ပေး၏။ တောင်ဘက်ရှိ ဘုံဆိုင်ကို ဆွန်ရှင့်နှင့် သူ့ဇနီး မခုတို့ကိုပင် ဆက်၍ တာဝန်ပေး၏။ ချူကွီနှင့် ယွေ့ဟိုတို့ကို အရှေ့ဖက်ရှိ ဘုံဆိုင်ကို လည်းကောင်း၊ လီလီနှင့် ရှီကျန့်တို့ကို မြောက်ဘက်ရှိ ဘုံဆိုင်ကို လည်းကောင်း ဆက်ဖွင့်စေ၏။ တောင်ကြား သုံးခုတွင်လည်း အတားအဆီးများကို ထပ်လုပ်စေ၏။ ယင်းတို့ကိုကာကွယ်ရန်ခေါင်းဆောင် များကို တာဝန်ခွဲဝေပေး၏။ မိမိတို့၏ တာဝန်ကိုလည်း တိကျစွာ ထမ်းဆောင်ကြစေ၏။

တနေ့တွင် မင်သေ့ကိုယ်တော်က စုန်ကျန့်ကို စကားစ၏။

"ကျုပ်မှာ မိတ်ဆွေတယောက် ရှိတယ်။ သူ့နာမည်က နဂါးကိုးကောင်ရှိကျင်းတဲ့။ သူကလည်း လင်ချုံးရဲ့ တပည့်တယောက်ပဲဗျ။ သူက ဟွာကျို့နယ်၊ ဟွာယင်းတိုက်နယ်မှာ ရှိတဲ့ ရှောက်ဟွာတောင်ရိုးမှာ နေတယ်။ သူ့သွေးညီနောင်တွေကတော့ စစ်ကျွမ်းသူချူဝု၊ ကမ်းခုန်ကျားချင်တ၊ မြွေပြောက်ဖြူယန်ချွန်းတို့ပဲ။ ကျုပ်တော့ ရှိကျင်းကို ခဏခဏ သတိရမိတယ်။ သူက ဝူကုန်းတောင်မှာတုန်းက ကျုပ်အသက်ကို ကယ်ခဲ့တာဗျ။ ကျုပ် မမေ့ နိုင်ဘူး။ သူ့ဆီကို သွားတွေ့ချင်တယ်။ သူနဲ့ ကျန်တဲ့ သုံးယောက်ကိုလည်း ခေါ်ခဲ့ချင်တယ်။

ဒီအကြံ ဘယ်လို သဘောရသလဲဗျာ”

“ရှိကျင်းအကြောင်းကို တပည့်တော် ကြားဖူးပါတယ် ဘုရား။။ သူ့ကို ခေါ်ခဲ့နိုင်ရင်တော့ ကောင်းတာပေါ့ ဘုရား။ ဒါပေမဲ့ ကိုယ်တော်ချည်း မသွားနဲ့၊ ဝုဆုန်လည်း ခေါ်သွားပါ။ သူက ဘုရားဖူးဆိုတော့ ကိုယ်တော်နဲ့ အဖော်ရတာပေါ့ ဘုရား”

ဝုဆုန်ကလည်း လိုက်သွားလိုကြောင်း ပြော၏။ ရှင်ဉာဏသည် အထုပ်အပိုးကို ယူကာ ဦးထုပ်ကြီးကို တစောင်း ဆောင်းပြီး ခါးပတ်အိတ်ကို ပတ်ကာ သက်န်းကို ရုံ၏။ ဝုဆုန်က ဘုရားဖူးကဲ့သို့ ဝတ်ဆင်၏။ သူတို့နှစ်ယောက်သည် ခေါင်းဆောင်များကို နှုတ်ဆက်ကာ သဲသိဂီသောင်ခြေမှ ဖြတ်ကူး၏။ စောစောထလျှောက်ကာ မိုးချုပ်မှ နား၏။ ရက်ပေါင်း များစွာ လာခဲ့ကြရာ နောက်ဆုံးတွင် ဟွာကျိုးနယ်၊ ဟွာယင်းတိုက်နယ် နယ်စပ်သို့ ရောက်လာ၏။ ရှောက်ဟွာတောင်သို့ တိုက်ရိုက်လာခဲ့၏။

သူတို့ ထွက်သွားကြသော် စုန်ကျန့်မှာ စိတ်မဖြောင့်နိုင်သဖြင့် နတ်ခြေမြန် ထိုက်ချုံကို သူတို့နောက်သို့ စောင့်ရှောက်ရန် စေလွှတ်လိုက်၏။

ရှင်ဉာဏနှင့် ဝုဆုန်တို့ ရှောက်ဟွာတောင်ခြေသို့ ရောက်သောအခါတွင် တောပုန်း များက ပုန်းနေရာမှ ထွက်ကာ လမ်းကို ဖြတ်ပိတ်လိုက်၏။

“ဒီဘုန်းကြီးတွေ ဘယ်က လာသလဲ”

“ဒီမှာ အရှင် ရှိကျင်းများ ရှိပါသလား” ဝုဆုန်က ပြန်မေး၏။

“ခေါင်းဆောင် ရှိကျင်းကို ပြောတာလား။ ခဏနေကြဦး၊ ကိုယ်တော် ရောက်တာကို တင်းသွားပို့ဦးမယ်။ သူတို့ဆင်းလာပြီး တွေ့ကြလိမ့်မယ်”

“ရှင်ဉာဏ ရောက်နေတယ်ပဲ ပြောပေးပါ”

တောပုန်း သွားသည်မှာ မကြာလိုက်ပေ။ စစ်ကျွမ်းသူချူ၊ ကမ်းခုန်ကျားချင်တ၊ တောပု မြွေပြောက်ဖြူယန်ချွန်းတို့နှင့် ပြန်ရောက်လာ၏။ သို့သော် ရှိကျင်းကား မပါပေ။

“အရှင်ကော ဘာလို့ မပါလာလဲ”

“ကိုယ်တော်က ယန်အန်းက ဗိုလ်မှူးလူတ မဟုတ်လား”

“ဟုတ်တယ်။ ကယ်။ ဒီဘုရားဖူးကတော့ ကျင့်ယန်ခင်ရိုးမှာ ကျားသတ်ခဲ့တဲ့ ရဲအုပ်ဝုဆုန်ပဲ”

ခေါင်းဆောင်သုံးဦးတို့က အလျင်အမြန် ဂါရဝ ပြုကြ၏။

"ကိုယ်တော်တို့ရဲ့ နာမည်ကို ကြားဖူးတာတော့ ကြာပါပြီ။ ကိုယ်တော်တို့က နဂါး နှစ်ကေ ကောင်တောင်ရိုးမှာ စခန်းဆောက်ထားတယ်ဆို။ ဘာကိစ္စနဲ့ ဒီကို လာကြတာပါလဲ"

"ကျုပ်တို့က အဲဒီမှာ မနေတော့ပါဘူး။ ခုတော့ ဒကာကြီးစုန်ကျန့်တို့နဲ့ လျှံရှန်၊ တောင်ရိုး စခန်းကြီးမှာ နေကြတယ်။ ဒီနေ့တော့ သခင်လေးရိုကျင်းကို တွေ့ချင်တာ သက်သက်နဲ့ လာခဲ့ကြတာပဲ"

"ဒါဖြင့်ရင် တောင်ပေါ်စခန်းကို လိုက်ခဲ့ပါ။ အဲဒီမှာ သူ့အကြောင်း ပြောပြပါ့မယ်"

"ဒီမှာ ပြောစရာရှိရင် ဒီမှာပြောပါ။ ဘာကိစ္စနဲ့ စောင့်နေရမှာလဲ"

"ကိုယ်တော်က စိတ်မရှည်တတ်ဘူးဗျ" ဝုဆုန်က ဝင်ရှင်းပြ၏။ "ခုပဲ ပြောလိုက် ပါလား"

"ဒီလိုပါ။ သခင်လေး ရိုကျင်း ရောက်လာကတည်းက တပည့်တော်တို့လည်း ကြီးပွား လာပါတယ်။ ဟိုတလောကတော့ သူ တောင်အောက်မှာ ပန်းချီပညာရှင်တယောက်နဲ့ တွေ့လာခဲ့တယ်။ သူ့နာမည်က ဝမ်ယီတဲ့ ဘုရား၊ ဥတ္တရနေပြည်တော်ကပါ။ ဝမ်ယီက ဟွာရှန့်တောင်ပေါ်က ရွှေကောင်းကင်ဘုရားကျောင်းမှာ နံရံပန်းချီတွေ ဆွဲဖို့ ကတိပေးထားတယ်။ အဲဒီကို သူ့သမီး ကျောက်စိမ်းပန်းခက်နဲ့ သွားတယ်။ တနေ့တော့ အဲဒီကို ဟွာကျို့က မြို့ဝန်ဟို ဆိုတာ ရောက်သွားတယ်။ ဒီကောင်က လူလိမ်လူကောက်၊ လာဘ်စားတဲ့ ကောင် ဗျ။ လူတွေကိုလည်း ဒုက္ခပဲ ပေးနေတာ။ နန်းရင်းဝန်ကိုင်ရဲ့ အပေါင်းအပါတွေပေါ့။ အဲဒီမှာ မိန်းကလေးကို မျက်စိကျသွားပါလေရော။ သူ့မယားငယ်လုပ်ဖို့ ကျောက်စိမ်းပန်းခက်တို့ ဆီကို အောင်သွယ်တွေ ခဏခဏ လွှတ်တယ်။ ဝမ်ယီက သဘောမတူဘူးပေါ့။ ဒီတင် သူ့သမီးကို အတင်းသိမ်းပြီး အဖေ့ကိုတော့ ဟိုအဝေးကြီးကို နယ်နှင်ဒဏ် ပေးလိုက်တယ်၊ ဝမ်ယီက အဲဒီနေရာကိုအသွားမှာ ဒီကိုဖြတ်ရတော့ သခင်လေး ရိုကျင်းနဲ့ တွေ့လို့ အကြောင်း စုံကို ပြောပြလိုက်တယ်။

"သခင်လေးက အစောင့်နှစ်ယောက်ကို သတ်ပြီး သူ့ကို ကယ်လိုက်ပြီး တောင်ပေါ်ကို ခေါ်လာခဲ့တယ်။ ပြီးတော့ မြို့ဝန်ဟိုကို သတ်ဖို့ ရုံးတော်ကို သွားတယ်ဗျ။ ဒါပေမဲ့ သူ့ကို မိသွားပြီး ထောင်ထဲကို ထည့်ထားလိုက်ပြီ။ ပြီးတော့ တပည့်တော်တို့ကို ရှင်းပစ်ဖို့ လူစု နေတယ်။ တပည့်တို့မှာ ပြေးစရာလည်း မြေမရှိဘူး။ တိုက်ဖို့ကလည်း မနိုင်နိုင်ဘူး။ အခြေ အနေကတော့

တော်တော်ဆိုးနေပြီ”

“တော်တော် မိုက်ရိုင်းတဲ့ ကောင်ပဲ။ ဒီကောင်ကို ကျုပ်က ရှင်းပစ်မယ်”

“တိုင်ပင်ကြရအောင် စခန်းကို လိုက်ခဲ့ပါလား ကိုယ်တော်”

ရှင်ဉာဏက မလိုက်လိုချေ။ သို့သော် ဝုဆုန်က-

“နေကိုလည်း ကြည့်ပါဦး၊ သစ်ပင်ထိပ်ဖျားတွေမှာ ရောက်နေပြီ ကိုယ်တော်”

မင်သေ့ကိုယ်တော်လည်း မသက်မသာနှင့် တချက် ညည်းလိုက်ပြီး သက်ပြင်းကြီးကို မှုတ်ထုတ်လိုက်၏။ ထို့နောက် မသွားချင်သွားချင်နှင့် လိုက်ခဲ့လေ၏။ စခန်းသို့ ရောက်သော အခါ ဝမ်ယီကို ရှင်ဉာဏ၊ ဝုဆုန်တို့နှင့် မိတ်ဆက်ပေးလေ၏။

မြို့ဝန်ဟို လူထုကို ငွေညှစ်ပုံ၊ သားပျိုသမီးပျိုတို့ကို သိမ်းတတ်ပုံတို့ကို ပြောပြ၏။ ခေါင်းဆောင်သုံးဦးတို့က နွားနှင့် မြင်းများကို ပေါ်ကာ ဧည့်သည်နှစ်ဦးကို ကျွေးမွေးလေ၏။ အရှင်ဉာဏက စိမ်ရည်မသောက်ဘဲ ငြင်း၏။

“နောင်ကြီးရှိကျင်းမှ မရှိတာပဲ၊ ကျုပ် တစက်တောင်မှ မသောက်ဘူး။ ကောင်းကောင်း အိပ်ရရင် တော်ပြီ။ မနက်ဖြန်ကျရင် မြို့ထဲဝင်ပြီး ဒီလူယုတ်မာကို သတ်မယ်”

“ပြဿနာ မရှာပါနဲ့ နောင်ကြီး။ တပည့်တော်တို့က လျှံရှန်းတောင်ကို အမြန်ပြန်ပြီး သတင်းပို့ရမယ်။ အင်အား ကောင်းကောင်းနဲ့ ချီလာပြီး တိုက်ဖို့ နောင်ကြီးစုန်ကျန့်ကို ပြောရမယ်။ သခင်လေး ရှိကျင်းကို ကယ်နိုင်မယ်”

“စခန်းက လူတွေ ရတဲ့ အချိန်လောက်ဆို နောင်ကြီးရှိကျင်းက သေနေလောက်ပြီ”

“ကိုယ်တော်က ဟိုကို သတ်ပြီး သူ့ကို ကယ်မှာလား” ဝုဆုန်က အပြင်းအထန် ကန့်ကွက်၏။

“စိတ်ထိန်းပါ ကိုယ်တော်။ ရဲအုပ်ဝုဆုန် ပြောတာ မှန်တယ်” ချူဝုက ဝင်၍ ပြော၏။ “အဲဒီ စိတ်ထိန်းတဲ့ လူတွေကြောင့်ပဲ နောင်ကြီးရှိကျင်း သေမှာ။ သူ့အသက်က ဟိုကောင့် လက်ထဲမှာ။ မင်းတို့ကတော့ သောက်လို့ စားလို့ ကောင်းနေကြ၊ လျှောမွေးကို ဗာရာဏသီချဲ့နေကြတယ်” ရှင်ဉာဏက ထအော်လေ၏။

ဝိုင်း၍ မနည်းဖျောင်းဖျမှ ရှင်ဥဩဏက စိမ်ရည် တခွက် နှစ်ခွက် သောက်ကာ အိပ်ရာ ဝင်သွား၏။ အဝတ်အစားပင် မလဲပေ။ စတုတ္ထယံတွင် အိပ်ရာက ထကာ သူ့တောင်ဝှေးနှင့် ဓားကို ယူ၍ ဟွာကျို့မြို့သို့ အလျင်စလို သုတ်ခြေတင်လေ၏။

"ငါ့စကားလည်း နားမထောင်ဘူး။ ဒုက္ခရောက်တော့မှာပဲ"ဟု ဝုဆုန်က ညည်း၏။ တောပုန်းနှစ်ဦးကို ရှင်ဥဩဏ နောက်သို့ နောက်ယောင်ခံလိုက်ရန် ချူဝုက လွှတ် လိုက်၏။

ရှင်ဥဩဏသည် မြို့တွင်းသို့ ဝင်ချသွားပြီး မြို့ဝန်ရုံးတော်ကို စုံစမ်း၏။

"တံတားကို ဖြတ်ကူးသွား၊ အရှေ့ဘက်မှာ ရှိတယ်"

ရှင်ဥဩဏ လေ့တံတားသို့ ရောက်သော် တယောက်က လှမ်း၍ ပြောလိုက်၏။ "လမ်း ဖယ်ပေးပါ ကိုယ်တော်။ အရှင်မြို့ဝန်မင်း လာနေတယ်"

"ငါလိုက်ရှာနေတာနဲ့ အတော်ပဲ။ ငါ့လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာ တာပဲ။ ဒီကောင်တော့ အသေပဲ" ဟု ရှင်ဥဩဏက စဉ်းစား၏။

မြို့ဝန်၏ အစောင့်များသည် နှစ်ယောက်တတွဲ တွဲ၍ လာကြ၏။ သူ့ထမ်းစင်ကိုမူ ကြာပွတ်များ၊ လှံများ၊ သံကြိုးကွင်းများ ကိုင်ထားသော တပ်ဗိုလ် ဆယ်ဦးစီက တဖက် တချက်မှ စောင့်ကြပ်၍ ပါလာကြ၏။

"ဒီလူယုတ်မာကို ရဖို့တော့ မလွယ်ဘူး။ ငါ မအောင်မြင်ရင် ဝိုင်းရယ်ကြမှာပဲ"

မြို့ဝန်က သူ့ထမ်းစင်ပြတင်းမှ ကြည့်လိုက်သဖြင့် ချီတုံချတုံဖြစ်နေသော ရှင်ဥဩဏကို တွေ့လိုက်ရ၏။ တံတားကို ကူးပြီး သူ့ရုံးသို့ ရောက်သောအခါ ထမ်းစင်မှ ထွက်လိုက်ပြီး ဗိုလ်မင်းနှစ်ယောက်ကို ခေါ်၏။

"ဟို တံတားပေါ်က ဘုန်းကြီးဝဝကြီးကို သွားပင့်ခဲ့။ ငါ့အိမ်တော်မှာ သက်သတ်လွတ် ဆွမ်းစားဖို့ ကြွပါလို့"

ဗိုလ်မင်းများက သွားကာ ပင့်လျှောက်ကြ၏။ "မြို့ဝန်မင်းက သက်သတ်လွတ် ဆွမ်းစားကြွပါတဲ့"

"ဒီကောင်တော့ ငါ့လက်နဲ့ သေချင်နေပြီ၊ ငါက ချချင်နေတာ။ မမိလောက်လို့ လွှတ် ပေးလိုက်တာများ။ ခုတော့ သူက ဖိတ်နေပြီ" ဟု စဉ်းစားကာ တပ်ဗိုလ်တို့နှင့် လိုက်သွား လေ၏။

ဟိုကမူ စီစဉ်စရာများကို စီစဉ်ထားနှင့်လေပြီ။ ခန်းမဆောင်ရှေ့ကို

ရောက်သည်နှင့် ရှင်ဉာဏထံမှ တောင်ဝှေးနှင့် ခေါးတို့ကို ထားခဲ့ရန်၊ ဆွမ်းစားဖို့ နောက်ဖေးဘက် အခန်း တခုသို့ သွားရန်တို့ကို ပြောကြ၏။ ရှင်ဉာဏက ငြင်းဆန်၏။ အားလုံးက ဝိုင်း၍ ပြောကြ၏။

"ကိုယ်တော်က ဘုန်းကြီးဆိုတော့ ဘယ်သိပါ့မလဲ။ မြို့ဝန် ဝင်းတော်ထဲကို လက်နက်ယူလို့ မရဘူးလေ"

ရှင်ဉာဏက စဉ်းစား၏။ "ငါ့လက်သီးနှစ်လုံးနဲ့ ဒီကောင့်ခေါင်းကို ထုချေပစ်လို့ ရတယ်"။ သူ့တောင်ဝှေးနှင့် ခေါးတို့ကို အဝင်ဝတွင် ထားခဲ့ပြီး တပ်ဗိုလ်များနှင့်အတူ ဝင်လိုက်သွား၏။

မြို့ဝန်ဟိုသည် အနောက်ဆောင် အခန်းအတွင်း၌ ထိုင်နေ၏။

"အဲဒီ ခေါင်းတုံးခေါးပြေကို ဖမ်းကြစမ်း"

ရဲသား သုံးဆယ် လေးဆယ်တို့က အတွင်းခန်းများထဲမှ ဒလဟော သွန်ချလိုက်သလို ထွက်လာပြီး ရှင်ဉာဏကို ခုန်အုပ်ကာ ဖမ်းကြလေ၏။ သူသည် မင်းသားနေဇာ ဖြစ်၍ မြေကြီး၏ ပိုက်ကွန်နှင့် မိုးကောင်းကင်၏ ကျော့ကွင်းကို ရှောင်နိုင်ပါမည်လော။ ဤ နဂါး တွင်း၊ ကျားသိုက်တို့ထဲမှ သိကြားမင်းပင် မလွတ်နိုင်ရာ။

မှန်ပေ၏။ ပိုးဖလံမျိုးသည် မီးကို တိုး၍ အကျိုးမဲ့ရပေ၏။ ဒေါသထွက်နေသော လိပ်သည် ငါးမျှားချိတ်တွင် မိရပေ၏။

ရှင်ဉာဏသည် မြို့ဝန်ဟို လက်တွင်းမှ မည်သို့ လွတ်လာပါသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၅၉

ဝုရုံက ပရိယာယ်ဖြင့် ရွှေခေါင်းလောင်းကို ရယူခြင်း

အနောက်ပိုင်း ဟွာရှန့်တောင်ပေါ်တွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း

ရဲများက ရှင်ဉာဏကို မြို့ဝန်၏ ခြေရင်းသို့ တွန်းပို့လိုက်ကြ၏။

"မင်း ဘယ်က လာတာလဲ ခေါင်းတုံးရဲ့"

"ကျုပ်က ဘာအပြစ် ကျူးလွန်လို့လဲ"

"ငါ့ကို သတ်ဖို့ ဘယ်သူက လွှတ်လိုက်တာလဲ၊ မှန်မှန်ပြောစမ်း"

"ကျုပ်က လောကကြီးကို စွန့်ထားတဲ့ သူပါဗျ။ ဘယ်လို မေးလိုက်တာလဲ"

"မင်း တောင်ဓားနဲ့ ငါ့ကိုသတ်ဖို့ ချောင်းနေတာ ငါတွေ့ပါတယ်။ မင်း မသတ်ရဲလို့။ ခေါင်းတုံး၊ မင်း အမှန်ဝန်ခံရင် ကောင်းမယ်"

"ဒီကိုရင်လေးက မင်းကို သတ်ဖို့မလုပ်ခဲ့ပါဘူး။ ဘာလို့ ငါ့ကို ဖမ်းရတာလဲ။ လူကောင်း တယောက်ကို မတရား မလုပ်ပါနဲ့"

"ဘယ်ဘုန်းကြီးကများ သူ့ကိုယ်သူ ဒီကိုရင်လို့ ခေါ်ဖူးလို့လဲ။ ဒီကောင်က သေချာပြီ။ တောင်ကြားလမ်း အနောက်ဘက် နယ်မြေ ငါးမှာ သောင်းကျန်းနေတဲ့ ဓားပြပဲ။ ရိုကျင်း အတွက် လက်စားချေဖို့လာတာပဲ။ မရိုက်ရင်တော့ အမှန်ကို ပြောမှာ မဟုတ်ဘူး။ အစောင့် တွေ၊ ဒီခေါင်းတုံးကို ကောင်းကောင်း ရိုက်လိုက်ကြစမ်း"

မြို့ဝန်ဟိုသည် မချုပ်တည်းနိုင်အောင် ဒေါသထွက်နေ၏။ ရှင်ဉာဏကို မညှာမတာ ရိုက်စေ၏။ ထို့နောက် လည်ထောက်လေးလေးကြီးကို စွပ်ပြီး သေဒဏ်ပေးမည့်သူများကို ထားသည့် အကျဉ်းခန်းထဲတွင် ထည့်ထားခိုင်းလိုက်၏။ ဗဟိုအစိုးရထံသို့လည်း ဤကိစ္စ အတွက် ညွှန်ကြားချက်များကို တောင်းခံရန် ခြေမြန်တော် စေလွှတ်လိုက်၏။ ရှင်ဉာဏ၏ တောင်ဓားနှင့် ဓားကိုလည်း သိမ်းထားလိုက်၏။ ဤသတင်းသည် တခဏအတွင်းမှာပင် တနယ်လုံးသို့ ပျံ့သွားလေ၏။ တောပုန်းခေါင်းဆောင်ယ်များက ဤသတင်းကို လာပို့ သောအခါ ဝုဆုန်လည်း လန့်သွားလေ၏။

"လွှတ်လိုက်တုန်းကတော့ နှစ်ယောက်။ ခုတော့ တယောက်က အဖမ်းခံထားရပြီ။ ငါ ဘယ်လိုပြန်ပြီး ခေါင်းဆောင်တွေကို ရင်ဆိုင်ရပါ့မလဲ"

ဝုဆုန် အကြံရ ကျပ်နေစဉ်မှာပင် တောင်ခြေမှ အစောင့်တောပုန်းတယောက်က လာပြီး သတင်းပို့ပြန်၏။

"လျှံရှန်းတောင်ရိုးက ခေါင်းဆောင်တယောက် ရောက်လာပါတယ်။ သူ့နာမည်က နတ်ခြေမြန်ထိုက်ချုံပါ။ အောက်မှာ စောင့်နေပါတယ်"

ဝုဆုန်လည်း ကပျာကယာ ဆင်းသွား၍ ခေါ်လာပြီး ချူဝုနှင့် မိတ်ဆက်ပေး၏။ ရှင်ဥာဏ က သူတို့စကားကို နားမထောင်သည့်အတွက် ထောင်ချောက်မိသွားရပုံကို ရှင်းပြကြ၏။ ထိုက်ချုံသည်လည်း အလန့်တကြား ဖြစ်သွား၏။

"ဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး။ လျှံရှန်းတောင်ရိုးကို ပြန်ပြီး နောင်ကြီးတို့ကို အသိပေးရမယ်။ ဒါမှ တပ်တွေ လွှတ်ပြီး ကယ်နိုင်ပါလိမ့်မယ်"

"ကျွန်တော်တော့ ဒီမှာ ရင်တမမနဲ့ စောင့်နေရတော့မှာပေါ့။ နောင်ကြီးတို့ မြန်မြန် လာကယ်ပါစေဗျာ"

ထိုက်ချုံသည် သက်သတ်လွတ် ထမင်းဟင်းကို စားသောက်ပြီး သူ့အစီအရင်များဖြင့် လျှံရှန်းတောင်သို့ ခြေကုန်သုတ်လေတော့၏။ စခန်းသို့ သုံးရက်နှင့် ပြန်ရောက်သွားလေ၏။ ရှိကျင်းကို ကယ်မည့် ရှင်ဥာဏ ထောင်ချောက်မိသွားပုံကို ပြန်ပြောပြ၏။ စုန်ကျန့်က အလန့်တကြားဖြင့်-

"ကျွန်တော်တို့ ညီနောင်နှစ်ယောက် ဒုက္ခတွေ့နေပြီ။ ကျွန်တော်တို့ သွားကယ်ရမယ်။ အချိန်ဆွဲနေလို့ မရဘူး။ လူတွေ မြင်းတွေ စုပြီး တပ်သုံးတပ် ဖွဲ့ပြီး ထွက်မယ်"

ရှေ့ဖျားတပ်တွင် ဟွရုံ၊ ချင်မင်း၊ လင်ချုံး၊ ယန်ချီ၊ ဟူယန်ကျို့တို့က ဦးစီးမည်။ သူတို့ လက်အောက်တွင် သံချပ်ကာ မြင်းသည် တထောင်နှင့် ခြေသည် နှစ်ထောင်တို့က ကာဆီး နေသော တောင်များ၊ ဟန့်တားနေသော မြစ်များကို ဖယ်ရှား၍ ချီတက်ကြမည်။

အလယ်တပ်မကို စုန်ကျန့်က ကွပ်ကဲမည်။ လက်ထောက်ဗိုလ်မင်းတို့မှာ ဝုရုံ၊ ချူတုံ၊ ရှုနင်၊ ရှိချင်နှင့် ရှိပေါင် ညီနောင်တို့ ဖြစ်ကြသည်။ မြင်းသည် ခြေသည်နှစ်ထောင် ပါဝင် မည်။

လူစာ၊ မြင်းစာတို့ကို သယ်ကာ အင်အားနှစ်ထောင် ပါဝင်သည့်

နောက်ရံတပ်ကိုကား လီယင်း၊ ရန်စုံ၊ ရှိဇူ၊ လီကျွမ်း၊ ချန်ရှန်းတို့က ကွပ်ကဲကြမည်။ ထို့ကြောင့် စုစုပေါင်း တပ် အင်အား ခုနစ်ထောင် ရှိမည် ဖြစ်၏။ လူများ၊ မြင်းများ၊ လှံများ၊ မိုန်းများတို့သည် တောင်ပေါ် တပ်စခန်းမှ တောင်ကျရေ ဒလဟော စီးဆင်းလာသလို ဟွာကျို့ဆီသို့ ဦးတည်ကာ လေ အဟုန်ဖြင့် ရွေ့လျားလာခဲ့၏။

နှစ်ရက် သုံးရက်ကြာသော် ခရီးဆက်ဝက်ကျိုးပြီ ဖြစ်၏။ မိမိတို့ လာနေကြောင်းကို ကြိုအကြောင်းကြားရန် ထိုက်ချုံကို လွှတ်လိုက်၏။ ရောက်ဟွာတောင်ပေါ်မှ ချူဝုတို့ ကလည်း ပေါ်၍ ကျွေးမည့် တိရစ္ဆာန်များ၊ စိမ်ရည်များကို ပြင်ဆင်ကာ ဧည့်သည်များကို မျှော်နေကြ၏။

စုန်ကျန့်တို့ သုံးတပ်စလုံး တောင်ခြေသို့ ရောက်သွား၏။ ဝုဆုန်နှင့် ချူဝု၊ ချင်တ၊ ယန်ချွန်းတို့က ဆင်း၍ နှုတ်ဆက်ကာ ခေါင်းဆောင်တို့ကို တောင်ပေါ်သို့ ဖိတ်၏။ အားလုံး ထိုင်မိကြသော် မြို့၏ အခြေအနေကို စုန်ကျန့်က မေးမြန်း၏။

“မြို့ဝန်ဟိုကတော့ ကျွန်တော်တို့ ခေါင်းဆောင် နှစ်ယောက်ကို ဖမ်းထားပြီ။ သတ်ပစ် ဖို့ကို ရွှေနန်းတော်ကြီးဆီက အမိန့်ကို စောင့်နေတာ”ဟု ချူဝုက ဖြေ၏။

“ကယ်ဖို့ ဘယ်လို စီမံကြမလဲ”

“မြို့က ကြီးတယ်။ ပြီးတော့ ကျုံးက ကျယ်လည်း ကျယ်တယ်၊ နက်လည်း နက်တယ်။ တော်တော်တိုက်ဖို့ ခက်တယ်။ အတွင်းရော အပြင်ရော တပြိုင်တည်း ညှပ်ပြီး တိုက်မှ ရမယ်”

“မနက်ဖြန်ကျရင် မြို့ပြင်ကို သွားပြီး အကဲကြည့်ကြမယ်။ ပြီးမှ ဘယ်လို စီမံကြမလဲ ဆိုတာ ဆွေးနွေးကြတာပေါ့”

စုန်ကျန့်သည် အတန်ကြာအောင် စိမ်ရည် သောက်နေ၏။ အကဲကြည့်သွားရန် မိုးလင်းပါတော့ဟု တ နေ၏။

ဝုရုံက-

“ကျွန်တော်တို့ ခေါင်းဆောင်ကြီး နှစ်ယောက်ကို သူတို့က ထောင်ချထားတာဆိုတော့ အသင့်ပြင်ပြီး နေမှာ သေချာတယ်။ နေ့ခင်းကြီးမှာ သွားပြီး အကဲကြည့်ဖို့ မတော်ဘူး။ ဒါပေမဲ့ ဒီညက လပြည့်ညပဲ။ ဒီတော့ မွန်းတိမ်းလောက်မှ စ ထွက်ကြမယ်။ ပထမယံမှာ မြို့နားကို သွားကြည့်ကြတာပေါ့”

နေမွန်းယိမ်းလေပြီ။ စုန်ကျန့်၊ ဝုရုံ၊ ဟွာရုံ၊ ချင်မင်း၊ ချူတုံတို့ တောင်ပေါ်မှ မြင်းဖြင့် ဆင်းလာကြ၏။ တကွေ့တပတ်ကြီး လာခဲ့ကြရာ ည၏ ပထမယံလောက်တွင် ဟွာကျို့မြို့ အနီးသို့ ရောက်လေ၏။ မြင်းပေါ်မှ ဆင်းပြီး

ကမူတခုပေါ် တက်၍ မြို့ကို ကြည့်ကြ၏။

အချိန်မှာ စန္ဒမာသ ဒုတိယလ၏ လလယ်ပိုင်း ဖြစ်၏။ လရောင်မှာ နေ့ခင်းလိုပင် လင်းနေ၏။ ကောင်းကင်တွင် တိမ်တကွက်မျှ မရှိ။ မြို့ကို ဝန်းပတ်ထားသော ကြွံခိုင်သည့် မြို့ရိုးမြင့်မြင့်ကြီးများ၏ တံခါးပေါက်များကို လှမ်းမြင်ရ၏။ ကျုံးမှာ ကျယ်လည်း ကျယ်၏။ နက်လည်းနက်ပုံ ရလေ၏။ အတန်ကြာအောင် ကြည့်နေကြရာ အနောက်ဘက် အဝေး တနေရာရှိ ဟွာရှန့်တောင်ကိုလည်း လှမ်းမြင်ရ၏။ အမှန်ပင် အစောင့်အကြပ် ခိုင်လုံသော မြို့ ဖြစ်၏။ ဘာလုပ်ရမည်နည်း။ တယောက်မျှ အကြံမရကြပေ။ ဝုရုံက-

"စခန်းကို ပြန်ကြရအောင်။ အဲဒီကျမှ ပြောကြတာပေါ့"

ငါးယောက်သား ရှောက်ဟာတောင်စခန်းသို့ ပြန်ခဲ့ကြ၏။ စန်ကျန့်သည် မျက်မှောင် ကုတ်နေ၏။ စိတ်ညစ်နေကြောင်း မျက်နှာမှာ အတိုင်းသား ပေါ်လွင်နေ၏။

ဝုရုံက-

"ပါးပါးနပ်နပ် လူငယ်တကျိပ်လောက်ကို လွှတ်ပြီး သတင်းထောက်ခိုင်းထားရမယ်" သုံးရက်မပြည့်မီမှာပင် ကင်းထောက်တယောက်က ပြန်လာပြီး တင်ပြလေ၏။ "ကေရာဇ်မင်းကြီးက စစ်သူကြီးတယောက်ကို ရွှေခေါင်းလောင်းတခုနဲ့ အမွှေးနံ့သာ တွေကိုဟွာရှန့်တောင်မှာ ပူဇော်ဖို့ လွှတ်လိုက်ပါတယ်တဲ့။ သူက မြစ်ဝါမြစ်ကနေ ဝေမြစ်ကို ဆန်တက်လာပြီ တဲ့"

"နှောင်ကြီး မပူနဲ့တော့။ ဒီလိုလုပ်ကြမယ်" ဟု ဝုရုံက ဆိုကာ လီကျွမ်းနှင့် ချန်ရွှန်း တို့ကို အသေးစိတ် ညွှန်ကြားနေလေ၏။

"ပြဿနာက ကျွန်တော်တို့က နယ်မြေကို မကျွမ်းတာပဲ။ လမ်းပြမယ့်သူ ရှိရင် ကောင်းမှာပဲ" ဟု လီကျွမ်းက ဆို၏။

"ကျွန်တော် လိုက်မယ်ဆိုရင်ကောဗျာ" ဟု မြွေပြောက်ဖြူယန်ချွန်းက အဆိုပြု၏။ စုန်ကျန့်က သဘောတွေ့သွား၏။ သုံးယောက်သား တောင်အောက်သို့ ဆင်းသွား ကြ၏။

နောက်တနေ့တွင် ဝုရုံ၏ အကြံပေးချက်အရ စုန်ကျန့်၊ လီယင်း၊ ချူတုံ၊ ဟူယန်ကျို့၊ ဟွာရုံ၊ ရှုနင်တို့က လူအင်အားငါးရာဖြင့် ဝေမြစ်တွင် ရေတိမ်သဖြင့် လူများ ဖြတ်ကူးနိုင်သော နေရာတခုသို့ သွား၏။ ထိုနေရာတွင် လီကျွမ်း၊ ချန်ရွှန်းတို့က လှေကြီးဆယ်စီးနှင့် စောင့် နေကြ၏။ ဟွာရုံ၊ ချင်မင်း၊ ရှုနင်၊ ဟူယန်ကျို့တို့ကို မြစ်ကမ်းပေါ်တွင် ကင်းပုန်းဝပ်ရန် ဝုရုံက ညွှန်ကြား၏။ စုန်ကျန့်၊

ဝုရုံ၊ ချူတုံ၊ လီယင်းတို့က လှေများပေါ်သို့ တက်ကြ၏။ လီကျွမ်း၊ ချန်ရွှန်း၊ ယန်ချွန်းတို့က လှေများကို ကမ်းခြေတလျှောက်တွင် ဝှက်ထားလိုက်၏။ ဤအဖွဲ့သည် တညလုံး စောင့်နေကြ၏။

နေထွက်ချိန်တွင် အဝေးဆီမှ ဗုံသံ မောင်းသံများကို ကြားရ၏။ အစိုးရလှေသုံးစီး တအိအိဖြင့် ဆန်တက်လာသည်ကို မြင်ရ၏။ တံခွန်အဝါတခုပေါ်တွင် အောက်ပါစာလုံး များကို ရေးထား၏။

“ဧကရာဇ် အမိန့်တော်အရ ဟွာရှန်းတောင်တွင် အမွှေးနံ့သာ ပူဇော်မည့် စစ်သူကြီးစု’ လှေပေါ်တွင် စုန်ကျန့်၏ နောက်မှ လှံရှည်ကြီးများကို ကိုင်ထားသော ချူတုံနှင့် လီယင်းတို့က ရပ်နေကာ ဝုရုံက လှေဦးတွင် ရှိ၏။ မြစ်ကွေ့ကလေးသို့ ရောက်လာသော အစိုးရလှေကို မိမိတို့၏ လှေဖြင့် ပိတ်၍ တားလိုက်၏။ ခရမ်းရောင်ဝတ်လုံကို ငွေခါးစည်း ဖြင့် စည်းကာ ဝတ်ထားသော တပ်မိုလ်တဦးနှင့် စစ်သည်နှစ်ဆယ်ခန့်သည် လှေ၏အခန်း ထဲမှ ထွက်လာ၏။ ထိုအရာရှိက-

“ဘယ်က လှေလဲကွ၊ ဝန်ကြီးတယောက် လာတဲ့လမ်းကို ပိတ်ရဲသလား”

စုန်ကျန့်က လက်နှစ်ဖက်ကို ယက်လိုက်ကာ ရိုရိုကျိုးကျိုး ဒူးထောက်ကာ အရိုအသေ ပြုလိုက်၏။ လှေဦးမှ ဝုရုံက-

“လျှံရှန်းတောင်ရိုးက အမှန်တရားကိုကာကွယ်သူ စုန့်ကျန့်က အရှင့်အမိန့်တော်ကို နာခံနေကြောင်းပါ”

အတွင်းဝန်တဦးက ရှေ့ကို ထွက်ကာ ပြော၏။ “ရွှေနန်းတော်ကြီးက စစ်သူကြီးမင်းက ဘုန်းတော်ကြီးသောဘုရားရဲ့ အမိန့်အရ ဟွာရှန်းတောင်ကို သွားပြီး အမွှေးနံ့သာ ပူဇော် မယ်။ မောင်မင်းတို့ ခားပြတွေက ဘာကြောင့် ဝင်ဟန့်ရတာလဲ ဟဲ့”

စုန်ကျန့်ကား ဦးညွှတ်နေဆဲ။

“ကျွန်တော်တို့က အမှန်တရားကို ကာကွယ်သူတွေပါ။ စစ်သူကြီးမင်းရဲ့ မျက်နှာတော်ကိုပဲ ဖူးချင်ပါတယ်။ ကျွန်တော်တို့က ပန်ကြားစရာရှိပါတယ်”

“စစ်သူကြီးမင်းကို တွေ့ရအောင် ကိုယ့်ကိုယ်ကိုယ် ဘာထင်နေကြသလဲ” ဟုအတွင်းဝန်က က အော်လိုက်ရာ သူ့ဘေးမှ အရာရှိနှစ်ယောက်ကလည်း ဝင်၍ ဟောက်ကြ၏။ “ဟေ့ ကောင်တွေ တိုးတိုးပြောစမ်း”

စုန်ကျန့်ကား မလှုပ်မယှက်။

“စစ်သူကြီးမင်း၊ ကမ်းပေါ်ကို ဆင်းခဲ့ပါ။ ဆွေးနွေးစရာ ရှိပါတယ်” ဟု ဝုရုံက

ဆိုပြန်၏။ "ဟဲ့ အရှူးတွေ၊ စစ်သူကြီးမင်းက ရွှေနန်းတော်က အရာရှိဟဲ့။ နင်တို့လို ကောင်တွေနဲ့ စကားမပြောနိုင်ဘူး"

စုန်ကျန့်က မတ်တတ်ရပ်လိုက်ပြီး-

"အရှင်စစ်သူကြီးမင်းက ကျွန်တော်တို့ကို မတွေ့ချင်ရင်တော့ ကျွန်တော်တို့ လုလင် တွေက ခြောက်လှန့်ရပါတော့မယ်"

ချူတုံက သူ့လုံတွင် ဆွဲထားသော ကြက်လျှာအလံကို ဝှေ့ယမ်းလိုက်ရာ ဟွရုံ၊ ချင်မင်း၊ ရှုနင်၊ ဟူယန်ကျို့တို့က သူတို့၏ လူများနှင့်အတူ ပုန်းအောင်းနေရာမှ ထွက်လိုက်ကြ၏။ ရေတိမ်ဘေးရှိ မြစ်ကမ်းပါးတွင် နေရာယူထားကာ လေးတို့တွင်လည်း မြား တပ်ထားပြီး ဖြစ်၏။ လှေသမားများလည်း အလန့်တကြားဖြင့် လှေဝမ်းများထဲသို့ ခုန်ဆင်း ကုန်ကြ၏။

အတွင်းဝန်လည်း ကြောက်ကြောက်ဖြင့် သတင်းသွားပို့၏။ စစ်သူကြီး စူလည်း မတတ် သာတော့သဖြင့် ထွက်လာကာ လှေဦးတွင် ထိုင်၏။ စုန်ကျန့်က နောက်တကြိမ် ထပ်၍ အရိုအသေပေးပြန်၏။

"ဘာကြောင့် ငါ့လှေကို ဟန့်ရသလဲဟဲ့"

"ကျွန်တော် တို့ မသင့်မလျော် မပြုဝံ့ကြောင်းပါ"

"ဒါဖြင့် ငါ့လှေကို ဘာကြောင့် ဟန့်ရတာလဲဟဲ့ မောင်မင်းရဲ့"

"မဝံ့ကြောင်းပါ။ စစ်သူကြီးမင်းကို ကမ်းပေါ်တက်ဖို့ကိုပဲ ပန်ကြားလိုက်ပါတယ်။ ဆွေးနွေးရန် ကိစ္စရှိလို့ပါ"

"ငါက ဟွာရှန်းတောင်မှာ အမွှေးနံ့သာတွေ ပူဇော်ဖို့ အမိန့်တော်နဲ့ လာခဲ့တာကွ။ မောင်မင်းနဲ့ ဘယ်လို စကားပြောနိုင်ပါ့မလဲ။ ရွှေနန်းတော်ကြီးက ဝန်ကြီးတဦးကို ကမ်းပေါ် တက်ဖို့ လွယ်လွယ်နဲ့ ခေါ်လို့ရမလား"

"စစ်သူကြီးမင်းက ငြင်းဆန်ရင်တော့ ကျွန်တော့်လူတွေကလည်း အလျှော့ပေးကြ မယ် မဟုတ်ဘူး" ဟု ဝုရုံက ဆိုလိုက်ရာ လီယင်းက သူကိုင်ထားသော ကြက်လျှာအလံကို ဝှေ့ယမ်းလိုက်၏။ လီကျွမ်း၊ ချန်ရှွန်း၊ ယန်ချွန်းတို့က လှေတစီးကို လှော်၍ လာခဲ့ကြ၏။ စစ်သူကြီး စူ ကြည့်နေစဉ်မှာပင် လီကျွမ်းနှင့် ချန်ရှွန်းတို့က အရောင်တလက်လက် ထနေသော ဓားလွတ်ကိုယ်စီဖြင့် အစိုးရလှေပေါ်သို့ ခုန်တက်လိုက်ပြီး တပ်မိုလ်နှစ်ယောက်ကို လှေပေါ်မှ ထိုးချလိုက်ကြ၏။ စုန်ကျန့်က လှမ်း၍ ငေါက်၏။

"အဓိပ္ပာယ် မရှိတာတွေ မလုပ်ကြနဲ့၊ အရှင် လန့်နေပြီ"

လီကျွမ်းနှင့် ချန်ရွှန်းက ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်ပြီး ထိုဗိုလ်နှစ်ဦးကို ပြန်ဆွဲတင် လိုက်ကြ၏။ လီကျွမ်းရော ချန်ရွှန်းပါ ရေထဲတွင် မြေပြင်မှာကဲ့သို့ ကျွမ်းကျင်လှ၏။ လှေ ပေါ်သို့ အသာပင် ခုန်၍ တက်လိုက်ကြ၏။

စစ်သူကြီးသည် လိပ်ပြာစဉ်မတတ် ဖြစ်သွား၏။ စုန်ကျန့်က ထပ်၍ ဝေါက်ပြန်၏။

"သွားကြစမ်း၊ မင်းတို့ကောင်တွေ။ စစ်သူကြီးမင်းကို ခြောက်မနေနဲ့၊ ကမ်းပေါ်တက်ဖို့ ငါကိုယ်တိုင် ဖျောင်းဖျနေတာကွ"

"ပြောစရာရှိရင်လည်း ဒီမှာပဲ ပြောပါလား"

"ဒီနေရာက စကားပြောဖို့ သင့်တဲ့နေရာ မဟုတ်ပါ။ ကျွန်တော်တို့ရဲ့ တောင်စခန်းကို လိုက်ခဲ့ပါ။ အရှင့်ကို အန္တရာယ်ပြုလိုတဲ့ ဆန္ဒ မရှိပါဘူး။ ကျွန်တော် လိမ်ရင် ဟွာရှန်းတောင် စောင့်နတ်မင်း ကျွန်တော့်ကို သတ်ရစေရဲ့"

စစ်သူကြီးစူလည်း လုံးဝ မငြင်းသာတော့ပေ။ ကမ်းပေါ်သို့ တက်ရတော့၏။ သူ့ကိုမြင်း တကောင်ပေါ်တင်၍ တောပုန်းများက ခေါ်သွားလေ၏။ ဟွရုံနှင့် ချင်မင်းကို စစ်သူကြီးအား လိုက်ပို့ရန် တာဝန်ပေးလိုက်၏။ စစ်သူကြီး၏ နောက်ပါများနှင့် အမွေးနံ့သာများ၊ လှူဖွယ် တန်းရာများ၊ ရွှေခေါင်းလောင်းများကိုပါ ယူလာစေ၏။ ထို့နောက် လီကျွမ်းနှင့် ချန်ရွှန်းကို လှေစောင့်ချန်ထားပြီး ကျန်ခေါင်းဆောင်များနှင့်အတူ စုန်ကျန့်သည် မြင်းစီး၍ စခန်းသို့ ပြန်ခဲ့၏။

စခန်းသို့ ရောက်သောအခါ စစ်သူကြီးစူကို စုန်ကျန့်ကိုယ်တိုင် ခန်းမဆောင်ကြီးထဲသို့ ခေါ်သွား၏။ စစ်သူကြီးကို အလယ်တွင် ထိုင်စေပြီး တောပုန်းခေါင်းဆောင်များကို ဘယ် ညာတွင် တန်းစီကာ ရပ်ခိုင်းထား၏။ စုန်ကျန့်သည် သူ့ကို လေးကြိမ်တိုင်တိုင် ကန်တော့ လိုက်ပြီး ဒူးထောက်လျက် နေ၏။

"နဂိုတုန်းက ကျွန်တော်ဟာ ယွန်ကျင့်တိုက်နယ်က ဝန်ထမ်းလေးပါ။ မတရားစီရင် ခံရလို့ တောပုန်းဖြစ်လာရပြီး လျှံရှန်းကျူအင်းထဲမှာ ခိုနေရတာပါ။ ကျွန်တော်တို့ကို လွတ်ငြိမ်းခွင့်ပေးရင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ဖို့ စောင့်နေပါတယ်။ ကျွန်တော့် ညီနှစ်ယောက်ကိုလည်း မြို့ဝန်ဟိုက အမှုဆင်ပြီး ထောင်ချထားပါတယ်။ ဒီတော့ ဟွာကျို့ မြို့ကို ဝင်လို့ရအောင် ရွှေနန်းတော်ကြီးဆီက လှူလိုက်တဲ့ အမွေးနံ့သာတွေ၊ လှူဖွယ်တွေနဲ့ ရွှေခေါင်းလောင်းတွေကို ခဏ ငှားလိုက်စေချင်ပါတယ်။ ကိစ္စပြီးရင် ပြန်ပေးပါ့မယ်။ ကျွန်တော်တို့က စစ်သူကြီးမင်းနဲ့ ဘာမှ မပတ်သက်ပါဘူး။ ခွင့်ပြုစေချင်ပါတယ်"

"မင်းတို့ ရွှေနန်းတော်ကြီးက လှူဖွယ်တွေကို ယူသွားတာ ပေါ်သွားရင် ငါ့ပါ အမှုပတ် မှာပေါ့"

"နေပြည်တော်က ပြန်ရောက်ရင် ကျွန်တော့်ကိုပဲ အပြစ်ပုံချလိုက်ပါ စစ်သူကြီးမင်း ခင်ဗျာ"

ဒီလိုလူတွေကို သူငြင်း၍ မရကြောင်း စူ သဘောပေါက်၏။ ထို့ကြောင့် သဘောတူ လိုက်လေ၏။ စုန်ကျန့်က သူ့ကို ဂုဏ်ပြုကာ စားသောက်ပွဲကြီး ကျင်းပပေး၏။ စစ်သူကြီး နောက်ပါများ၏ အဝတ်အစားများကို ချွတ်စေကာ သူ့လူများကို ဝတ်စေ၏။ တောပုန်းများ ထဲမှ ရုပ်ရည်ချောမောသော မုတ်ဆိတ်ကျင်စွယ် မရှိသည့် လူတဦးကို ရွေးကာ စစ်သူကြီး အဝတ်အစားများကို ဝတ်စေကာ စစ်သူကြီးစူ ယောင်ဆောင်စေ၏။ စုန်ကျန့်နှင့် ဝုရုံတို့က အတွင်းဝန်များဟန် ဆောင်ကြ၏။ မရန်းရောင်ဝတ်ရုံနှင့် ငွေခါးပတ်ကို ဝတ်ဆင်ထားသည့် တောပုန်းများက ကြက်လျှာများ၊ တံခွန်များ၊ အခမ်းအနား အဆောင်အယောင်များ၊ ရွှေ နန်းတော်မှ ပို့လိုက်သော လှူဖွယ်များ၊ အမွှေးနံ့သာများနှင့်တကွ ရွှေခေါင်းလောင်းတို့ကို ကိုင်ဆောင်လာစေ၏။ ဟွရုံ၊ ရှုနင်၊ ချူတုံ၊ လီယင်းတို့က အစောင့်များအဖြစ် ဝတ်ဆင်ကြ၏။ ချူဝု၊ ချင်တ၊ ယန်ချွန်းတို့က စစ်သူကြီးနှင့်တကွ အဖွဲ့များကို နေရာပေးကာ ကျွေးမွေးပြုစု ထားလေ၏။

ချင်မင်းနှင့် ဟူယန်ကျို့တို့က တပ်တတပ်၊ လင်ချုံးနှင့် ယန်ချီတို့က တပ်တတပ်ကို ကွပ်ကဲစေကာ စစ်ကြောင်းနှစ်ကြောင်းအဖြစ် မြို့သို့ ချီတက်စေ၏။ ဝုဆုန်ကို ဟွာရှန်း တောင် ဘုရားကျောင်းတံခါးဝသို့ လွှတ်ကာ ခရာသံကို စောင့်၍ လှုပ်ရှားရန် မှာလိုက်၏။ ထိုက်ချုံကိုမူ ရွှေနန်းတော်ကြီးမှ အဖွဲ့လာမည့်အကြောင်းကို ကြေညာရန် ကြိုတင် စေလွှတ် လိုက်၏။

အပရိကစကားကို ချုံ့၍ ဆိုရသော် သူတို့သည် တောင်ပေါ်စခန်းမှ ဆင်း၍ ရေတိမ် နေရာသို့ သွား၏။ လှေများပေါ်သို့ တက်ပြီး ထွက်ကြ၏။ ဟွာကျို့မြို့သို့ မဝင်ဘဲ ဟူရှန်း တောင်ဘုရားကျောင်းသို့ တိုက်ရိုက်သွားကြ၏။ စစ်သူကြီး ရောက်လာကြောင်းဖြင့် ထိုက်ချုံက ယွန်ထိုက်ကျောင်းမှ ဆရာတော်ကို အကြောင်းကြားထား၏။ ကျောင်းမှ ဘုန်းကြီးများသည် မြစ်ဆိပ်ကို ဆင်းကာ ပန်းများ၊ ဖယောင်းတိုင်များ၊ မီးပုံးများ၊ တံခွန် များ စသည်တို့ကို ကိုင်ဆောင်လျက် ကြိုဆိုကြ၏။ ရွှေနန်းတော်မှ ပို့လိုက်သော အမွှေး နံ့သာတိုင်နှင့် ရွှေခေါင်းလောင်းတို့ကို ကောင်းဆောင်ယပ် တခုပေါ်တွင် တင်ကာ ရဟန်း တို့က တရိုတသေ ပင့်သွားကြ၏။

ကျောင်းထိုင်ဆရာတော်က စစ်သူကြီး နားသို့ ကပ်လာ၏။ ဝုရုံက

“စစ်သူကြီးမင်းဟာ လမ်းမှာ နေမကောင်းဖြစ်လာပါတယ်။ သူ့ကို ထမ်းစင်နဲ့ ခေါ်ရမယ်”

ရံရွေတော်များက စစ်သူကြီးကို ဝိုင်း၍ တွဲကာ ထမ်းစင်နှင့် ခေါ်လာခဲ့၏။ အရာရှိများ ဆောင်တွင် နေရာပေးကာ နားနေစေ၏။ အတွင်းဝန်ဝုရုံက ကျောင်းထိုင်ဆရာတော်နှင့် စကားပြော၏။

“စစ်သူကြီးမင်းက ဘုန်းတော်ကြီးလှသောဘုရားရဲ့ အမိန့်အရ အမွေးနံ့သာတိုင်တွေ ကို ထွန်းညှိပူဇော်ဖို့နဲ့ ရွှေခေါင်းလောင်းတွေကို ကပ်လှူဖို့ ရောက်လာတာပါ။ ဘာဖြစ်လို့ မြို့ဝန်က လာမကြိုရတာလဲ”

“ကျုပ်တို့က လူလွှတ်ပြီး အကြောင်းကြားထားပါတယ်။ မကြာခင်မှာ ရောက်လာ မှာပါ”

စကားမှ မဆုံးလိုက်ရ။ မြို့ဝန်ရုံးမှ အမှုလိုက်အရာရှိနှင့် ရဲသားခြောက်ဆယ်ခန့်တို့ ရောက်လာလေ၏။ စိမ်ရည်များ၊ သစ်သီးများကို ယူဆောင်လာကာ “စစ်သူကြီး”ကို လာ တွေ့ကြ၏။ စစ်သူကြီးယောင် ဆောင်ထားသော တောပုန်းမှာ လူက တူသော်လည်း အသံ ကိုမူ မတုပနိုင်ချေ။ ထို့ကြောင့် သူက နေမကောင်းချင်ဆောင်၍ ဂွမ်းကပ်ကို ခြုံကာ ညောင်စောင်းပေါ်တွင် ထိုင်နေ၏။ အမှုလိုက်အရာရှိကလည်း အလံများ၊ တံခွန်များ၊ အဆောင်အယောင်များတွင် အရှေ့နေပြည်တော်မှ တံဆိပ်တော်ကို တွေ့ရသဖြင့် အစစ် အမှန်ဟု လုံးဝ ယုံကြည်သွား၏။

အတွင်းဝန်က နှစ်ကြိမ်တိုင်တိုင် အတွင်းသို့ ဝင်ကာ လျှောက်တင်ပြီးမှ အမှုလိုက် အရာရှိကို ခေါ်သွား၏။ စင်မြင့်အောက်တွင် ဒူးထောက်ကန်တော့လိုက်၏။ ထိုနေရာမှာ စစ်သူကြီးနှင့် တော်တော်လှမ်း၏။ စစ်သူကြီးက လက်ညှိုးညွှန်ကာ တခုခုကို ဗလုံးဗထွေး ပြောလိုက်၏။ ဝုရုံက ရှေ့ကိုတိုးကာ ကြိမ်းမောင်းလေ၏။

“စစ်သူကြီးမင်းက အရေးကြီးတဲ့ ဝန်မင်းတပါး ဖြစ်တယ်။ ဘုန်းတော်ကြီးလှသော ဘုရားက ယုံမှတ်တဲ့သူလည်း ဖြစ်တယ်။ အမိန့်တော်ကြီးနဲ့ ဒီလောက်ခရီးအဝေးကို လာခဲ့ ရလို့ လမ်းမှာ မကျန်းမမာဖြစ်ခဲ့ရတယ်။ သင်တို့ နယ်ခံအရာရှိတွေက ဘာဖြစ်လို့ ထွက်ပြီး မကြိုဆိုကြတာလဲ”

“စစ်သူကြီးမင်း လာတဲ့ အကြောင်းကိုတော့ သိရပါတယ်။ ဒါပေမဲ့ ဒီလောက်ထိ နီး နေပြီ ဆိုတာကိုတော့ မသိရကြောင်းပါ။ ဒါကြောင့် ထွက်ပြီးမကြိုဆိုနိုင်တာ၊ ကျောင်းတော် ကိုလည်း မရောက်နိုင်တာပဲ ဖြစ်ပါတယ်။ မြို့ဝန်မင်းကလည်း လာမလို့ပါပဲ။ ဒါပေမဲ့ ရှောက်ဟွာတောင်ပေါ်က တောပုန်းတွေနဲ့

လျှံ့ရှန်းကျူးတောက တောပုန်းတွေက မြို့ကို တိုက်ဖို့ လုပ်နေကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း တပ်လှန့်ထားရပါတယ်။ မြို့ဝန် မင်းလည်း မြို့ကို မခွာရဲပါဘူး။ ဒါကြောင့် ကျွန်တော်ကို ကြိုလွှတ်ပြီး စိမ်ရည်တွေကို ဆက်ခိုင်းလိုက်တာပါ။ သူကိုယ်တိုင် ဂါရဝပြုဖို့ လာပါတော့မယ်”

ဝုရုံက-

“မင်းတို့ မြို့ဝန်ကိုယ်တိုင် လာပြီး အခမ်းအနားနဲ့ ကြိုဆိုပြီး ဆက်သမှပဲ စစ်သူကြီး မင်းက သောက်လိမ့်မယ်”

အမှုလိုက်အရာရှိက အတွင်းဝန်နှင့် နောက်ပါတို့ကို စိမ်ရည်သောက်ရန် ဖိတ်ပြီး အတူ သောက်ကြလေ၏။ ဝုရုံက အတွင်းသို့ ဝင်သွားပြန်ပြီး သေ့တချောင်းနှင့်အတူ ပြန်လာ၏။ ထို့နောက် ရွှေခေါင်းလောင်းတို့ကို ပြရန် အမှုလိုက်အရာရှိကို ခေါ်ခဲ့၏။ သေ့ကို ဖွင့်ကာ အမွှေးနံ့သာများ ဆွတ်ဖျန်းထားသော အိတ်အတွင်းမှ ရွှေခေါင်းလောင်းတို့ကို ထုတ်ကာ ဝါးဖြင့် ပြုလုပ်ထားသော စင်ကလေးတွင် ချိတ်ဆွဲ၍ ပြလေ၏။ ပုလဲနှင့် အခြားကျောက်မျက်များ စီထားသော ကျန်ရွှေခေါင်းလောင်းတို့နှင့်အတူ မီးပုံးအနီတလုံးကို ရွှေနန်းတော်ကြီးရှိဝတ်ပြုဆောင်တွင် ဆွဲထားခြင်း ဖြစ်၏။ ရွှေနန်းတော်မှ အထူးလက်ရာမြောက်သော ပန်းတိမ်တော်များ၏ လက်ရာ ဖြစ်၏။

အမှုလိုက်အရာရှိကို ပြသပြီးနောက် ခေါင်းလောင်းတို့ကို ပြန်သိမ်းလိုက်၏။ ထို့နောက် အုပ်ချုပ်ရေးရုံးမှ စာရွက်စာတမ်း အမြောက်အမြားကိုလည်း ပြသပြန်၏။ ထို့နောက် ပူဇော်ပွဲကို ကျင်းပရန် ရက်ကောင်းရက်သာကို ရွေးရန် “စစ်သူကြီး”အား ပန်ကြားပြန်၏။

အမှုလိုက်အရာရှိနှင့် ရဲများသည် စာရွက်စာတမ်းတို့ကို စစ်ဆေးပြီးနောက် အတွင်းဝန် ကို နှုတ်ဆက်ကာ ဟွာကျို့သို့ သတင်းပို့ရန် ပြန်သွားကြ၏။ စုန်ကျန့်သည် ကျေနပ်နေ၏။ “အင်း၊ ဒီအမှုလိုက်ဆိုတဲ့ လူလည်ကောင် ငါတို့ အရူးလုပ်လိုက်တာ ကောင်းကောင်း ခံသွားရပြီ”

ထိုအချိန်တွင် ဝုဆုန်သည် ကျောင်းတံခါးအပြင်တွင် နေရာယူထားပြီ ဖြစ်၏။ ရှိဇူကို ခါးမြောင်တလက် ကိုယ်ပေါ်တွင် ဝှက်၍ ယူသွားပြီး သူနှင့် အတူတူ သွားနေရန် ဝုရုံက ညွှန်ကြား၏။ ထိုက်ချုံကိုလည်း တပ်မိုလ်တဦးအဖြစ် ရုပ်ဖျက်ထားခိုင်းလိုက်၏။

ယွန်တိုက်ကျောင်းဆရာတော်က သက်သတ်လွတ်ထမင်း ကျွေး၏။ ကျောင်းကိုလည်း သန့်ရှင်းစေ၏။ ကျောင်းဝင်းအတွင်းတွင် လျှောက်ကြည့်သော စုန်ကျန့်သည် ဤကျောင်း မှာ အလွန်သာယာကြောင်းကို တွေ့ရ၏။

အဆောက်အအုံများမှာ လုပ ခမ်းနားလှ၏။ ဟွာရှန်းကျောင်းတော်မှာ မြေပြင်ပေါ်သို့ ရောက်နေသော နတ်ဘုံပင် ဖြစ်၏။

စုန်ကျန့်သည် အရာရှိဆောင်သို့ ပြန်ခဲ့ရာတွင် တံခါးစောင့်တဦးက လာသတင်းပို့၏။ "မြို့ဝန် ဟို ရောက်လာပါပြီ"

စုန်ကျန့်က အစောင့်လေးယောက်ဖြစ်သော ဟွာရုံ၊ ရှုနင်၊ ချူတုံ၊ လီယင်းတို့ကို လက်နက်ကိုယ်စီ ကိုင်စေလျက် ဝဲယာ နေရာချထားလိုက်၏။ ရှိချင်၊ ရှိပေါင်၊ ရန်စုံ၊ ထိုက်ချုံ တို့ကိုလည်း လက်နက်များ ဝှက်ထားကာ နေရာချထားပြန်၏။ မြို့ဝန်သည် နောက်ပါ လူသုံးရာကျော်နှင့် ရောက်လာပြီး ကျောင်းရှေ့တွင် မြင်းပေါ်က ဆင်း၏။ ထိုသူတို့မှာ လက်နက်ကိုယ်စီ ကိုင်ဆောင်လာကြောင်း ဝုရုံနှင့် စုန်ကျန့်တို့က တွေ့ရ၏။ ဝုရုံက-

"ရွှေနန်းတော်ကြီးက စစ်သူကြီးမင်း ရောက်နေတယ်။ အညတရတွေ နောက်ဆုတ်"

လူအုပ် တန့်သွားပြီး မြို့ဝန်ဟိုသာ ရှေ့သို့ တက်ခဲ့၏။ အတွင်းဝန်ဝုရုံက ပြော၏။

"စစ်သူကြီးမင်းက မြို့ဝန်ကို ဝင်ခဲ့ဖို့ ခေါ်နေတယ်"

မြို့ဝန်ဟိုလည်း အရာရှိဆောင်သို့ ဝင်သွားကာ စစ်သူကြီးမင်း၏ ရှေ့တွင် ကန်တော့ လိုက်၏။ ဝုရုံက-

"မြို့ဝန်မင်း၊ ကိုယ့်အပြစ်ကိုယ် သိရဲ့လား"

"စစ်သူကြီးမင်း ရောက်နေမှန်း မသိလို့ပါ။ တောင်းပန်ပါတယ်"

"စစ်သူကြီးမင်းက ဟွာရှန်းတောင်မှာ အမွှေးနံ့သာတိုင်တွေ ထွန်းညှိပူဇော်ဖို့ အမိန့် တော်ကြီးနဲ့ လာခဲ့တာပဲ။ မင်းက ဘာဖြစ်လို့ ထွက်ပြီး မကြိုရတာလဲ"

"စစ်သူကြီးမင်း ရောက်လာတော့မယ်မှန်း မသိရလို့ပါ။ ဒါကြောင့် ပျက်ကွက်မိတာပါ"

"ဖမ်းစမ်း" ဟု ဝုရုံက အော်လိုက်၏။

ရှိချင်နှင့် ရှိပေါင်တို့က ဓားမြှောင်များကို ထုတ်ပြီးနှင့်လေပြီ။ တချက်တည်း ကန်လိုက် ရုံဖြင့် မြို့ဝန်ဟိုမှာ မြေပေါ်တွင် လဲနေပြီ။ သူ့ခေါင်းကို ဖြတ်လိုက်ကြ၏။

"လှုပ်ရှားကြ၊ ညီနောင်တို့ " စုန်ကျန့်က အော်လိုက်၏။

မြို့ဝန်၏ နောက်လိုက် သုံးရာမှာ ကြောက်လှသဖြင့် ကြက်သေသေနေကြ၏။ ဟွရုံတို့ က ဝင်ပြီး ခုတ်ဖြတ်လိုက်ကြရာ ဘောင်မှ ပြုတ်ထွက်သွားသော ပေသီးများကဲ့သို့ ရှိလေ၏။ ထက်ဝက်ခန့်မှာ ကျောင်းဝင်းတခုမှ စုပြုံ ထွက်ပြေးကြ၏။ သို့သော် ဝုဆုန်၊ ရှိဇူတို့က ဓားများကို ဝင့်ကာ ဝင်တိုးလေ၏။ ကျန်တောပုန်းများကလည်း အဘက်ဘက်မှ ဝိုင်း၍ တိုက်ကြ၏။ လူသုံးရာအနက် တယောက်မျှ မလွတ်ချေ။ နောက်ကျမှ ရောက်လာသူတို့ ကိုလည်း ချန်ရွှန်းနှင့် လီကျွမ်းတို့က သတ်ပစ်လိုက်ကြ၏။

စုန်ကျန့်က အမွေးနံ့သာတိုင်နှင့် ရွှေခေါင်းလောင်းတို့ကို ပြန်သိမ်းခိုင်းလိုက်ပြီး လှေ များပေါ်သို့ အမြန်တက်ခိုင်း၏။ ဟွာကျို့မြို့သို့ မရောက်မီမှာပင် မီးခိုးလုံးကြီးနှစ်ခုတက်နေ သည်ကို လှမ်းမြင်ရ၏။ မြို့ထဲသို့ တဟုန်ထိုး ဝင်ကြပြီး ရှိကျင်းနှင့် ရှင်ဉာဏကို ထောင်မှ လွှတ်ပေးကြ၏။ ထို့နောက်တွင်ကား ဘဏ္ဍာတိုက်များကို ချိုးဖွင့်ကာ အဖိုးတန်ဟူသမျှကို လှည်းများပေါ်သို့ တင်ကြ၏။ ရှင်ဉာဏကလည်း သူ့တောင်ဝှေးနှင့် ဓားကို ပြန်ယူ၏။ ကျောက်စိမ်းပန်းခက်မှာ ရေတွင်းတတွင်းထဲသို့ ခုန်ချကာ သတ်သေသွားသည်မှာ ကြာလှပြီဖြစ်၏။

ရှောက်ဟွာတောင်သို့ လှေများဖြင့် ပြန်လာကြပြီး စစ်သူကြီးစူသို့ ရွှေခေါင်းလောင်း များနှင့်တကွ အဆောင်အယောင်များအားလုံးကို ပြန်ပေးအပ်ပြီး ကျေးဇူးတင်ကြောင်းကို လည်း လေးစားစွာ ပြောကြ၏။ စုန်ကျန့်က ရွှေများ၊ ငွေများကို ဗန်းတချပ်ပေါ် တင်ကာ ပေးအပ်၏။ နောက်ပါအားလုံးကိုလည်း အဆင့်မရွေး အလားတူ ဆုချီးမြှင့်၏။

နှုတ်ဆက် ညစာစားပွဲကြီးကို ကျင်းပပေးပြီး စစ်သူကြီးစူကို ကျေးဇူးတင်ကြောင်း ထပ်ပြော၏။ ထို့နောက် ရေတိမ်အရပ်တွင် ဆိုက်ထားသော သူ့လှေထံသို့ တောပုန်းခေါင်း ဆောင်များက လိုက်ပို့ကြ၏။ လှေတစီးမကျန် ပစ္စည်းတခုမကျန် ပိုင်ရှင်များကို ပြန်ပေး၏။ စုန်ကျန့်က ကျေးဇူးတင်ကြောင်း ထပ်၍ ပြောပြန်၏။

ထို့နောက် ရှောက်ဟွာတောင်သို့ ပြန်ကာ ရဲရင့်သူခေါင်းဆောင်လေးဦးနှင့် စုန်ကျန့် တို့က ဆွေးနွေး၏။ ထို့နောက် သူတို့ ပိုင်သမျှ ရွှေငွေပစ္စည်းများ၊ ဆန်စပါးများကို အားလုံး သယ်ယူကာ စခန်းကို မီးတိုက်ကြ၏။ ထို့နောက် လူများ၊ မြင်းများသည် ပစ္စည်းများ၊ ဆန်စပါးများကို သယ်ယူကာ လျံရှန်းတောင်ရိုးသို့ ထွက်ခဲ့ကြ၏။

စစ်သူကြီး စူသည် ဟွာကျို့သို့ ဆက်၍ လာခဲ့ရာ လျံရှန်းတောင်ရိုးမှ တောပုန်းများ စစ်သား များကို သတ်သွားကြောင်း၊ ရိက္ခာများ၊ ဘဏ္ဍာများ၊

မြင်းများကို လုယူသွားကြောင်း သိရ သဖြင့် အမှုလိုက်အရာရှိအား အကြောင်းစုံကို ရွှေနန်းတော်ကြီးထံသို့ တင်ပြစေ၏။ စစ်သူကြီးသည် ရွှေနန်းတော်မှ လှူလိုက်သော အမွေးနံ့သာတိုင်ကို ထွန်းညှိပြီး ရွှေခေါင်းလောင်းများကိုလည်း ယွန်တိုက်ကျောင်းဆရာတော်သို့ ကပ်လှူ၏။ ထို့နောက် နေပြည်တော်သို့ နေ့ညမဆိုင်း အမြန်ပြန်လာကာ ဧကရာဇ်မင်းကြီးသို့ ကြုံတွေ့ခဲ့ရသမျှကို လျှောက်တင်၏။

စုန်ကျန့်သည် တပ်သုံးတပ်အဖြစ် ဖွဲ့စည်းကာ ရှောက်ဟွာတောင်မှ ရဲရင့်သူခေါင်းဆောင် လေးဦးနှင့်အတူ လျှံရှန်းကျူအင်းသို့ ပြန်လေ၏။ လမ်းတလျှောက်ရှိ မြို့ရွာများကို ဒုက္ခ မပေးခဲ့ချေ။

သူတို့ လာနေကြောင်းကို ထိုက်ချုံအား ခြေမြန်လွှတ်ကာ ကြိုတင် အကြောင်းကြား ထားစေ၏။ ကျောက်ခဲနှင့် ကျန် ခေါင်းဆောင်တို့က တောင်အောက်ကို ဆင်းကာ ကြိုဆို ကြ၏။ အားလုံး အတူတူ တောင်ပေါ်သို့ တက်ကာ သစ္စာညီနောင်ခန်းမသို့ ဝင်ကြ၏။ အပြန် အလှန် နှုတ်ဆက်ကြပြီး အောင်ပွဲခံကာ စားသောက်ကြ၏။ နောက်တနေ့တွင် ရှီကျင်း၊ ချူဝု၊ ချင်တ၊ ယန်ချွန်းတို့က တဖန် ကျေးဇူးတုံ့ပြန်သောအားဖြင့် တည်ခင်း ကျွေးမွေး ပြန်၏။ သို့ဖြင့် ရက်များ ကုန်လွန်လာ၏။

စကားအပိုအလိုများကို ဖယ်ထုတ်လိုက်တော့မည်။ တနေ့တွင် ကုန်းမိချောင်း ချူကွီ ဖြုန်းခနဲ ရောက်လာကာ သတင်းပို့လေ၏။

“ရှူကျို့နယ်၊ ဖေရှန်းတိုက်နယ်မှာ ရှိတဲ့ မန်တန်းတောင်မှာ ဓားပြအဖွဲ့ အသစ်တဖွဲ့ ရှိပါတယ်။ အင်အားက သုံးထောင်လောက် ရှိတယ်တဲ့။ ခေါင်းဆောင်လုပ်တဲ့ တာအို ဘုန်းကြီးရဲ့ နာမည်က ဖန်ရွှီပါ။ သူ့ကို ကမ္ဘာကိုမွှေတဲ့ဘီလူးမင်းလို့လည်း ခေါ်ကြပါတယ်။ သူက မိုးတွေ လေတွေကို ဆင့်နိုင် ခေါ်နိုင်တယ် တဲ့။ စစ်ရေးစစ်ရာမှာလည်း သိပ်ကို ကျွမ်းကျင်တယ် တဲ့။ သူ့မှာ လက်ထောက်နှစ်ယောက် ရှိတယ်။ တယောက်က ရှံချုံး တဲ့။ သူကိုင်တဲ့ ဒိုင်းအဝိုင်းမှာ ပေါက်ဓား နှစ်ဆယ့်လေးလက်ကို စိုက်ထားတယ် တဲ့။ သူက ခြေလှမ်းတရာက လူကို မလွဲအောင် ပေါက်နိုင်တယ် တဲ့။ ပြီးတော့ သံလုံတိုတချောင်းကို လည်း ကိုင်တယ်တဲ့။ သူ့ကို “လက်ရှစ်ဖက်နေဇာမင်းသား” လို့ ခေါ်တယ် တဲ့။ နောက် တယောက်ကိုတော့ “နတ်ပျံ’ လို့ ခေါ်တယ်။ နာမည်ရင်းကတော့ လီကွန်း တဲ့။ သူလည်း ဒိုင်းအဝိုင်းကို ကိုင်တယ်။ သူ့ဒိုင်းမှာတော့ ပေါက်မြား နှစ်ဆယ့်လေးချောင်းစိုက်ထားတယ်။ သူလည်းပဲ ခြေလှမ်းတရာကဆို ပစ်မလွဲပဲ တဲ့။ သူကိုင်တဲ့ ဓားကလည်း အဖိုးတန်ပဲ တဲ့။

“ဒီသွေးညီနောင် သုံးယောက်က မန်တန်းတောင်က နေပြီး

ခိုးဆိုးလုယက်နေကြ တယ်။ အခုတော့ သူတို့က ကျွန်တော်တို့ စခန်းကို လာပြီး ဝါးမျိုတော့မယ်တဲ့။ ဒီသတင်းကို ကြားရလို့ လာသတင်းပို့တာပါ”

စုန်ကျန့် ဒေါသထွက်လိုက်သည်မှာ ပြောစရာ စကား မရှိ။

“မိုက်ရိုင်းလှချေလား။ ငါ အခုပဲ သွားရှင်းပစ်မယ်”

နဂါးကိုးကောင်ရှိကျင်းက ရှေ့ကို ထွက်လိုက်၏။

“ကျွန်တော်တို့ ညီနောင်လေးယောက်က ဒီစခန်းကို ရောက်ခါစပဲ ရှိပါသေးတယ်။ ဘာလေးတခုမှလည်း အကျိုးမဆောင်ရသေးပါဘူး။ ဒီ ခားပြတွေကို ကျွန်တော်တို့ လူတွေ နဲ့ပဲ သွားပြီး ဖမ်းလိုက်ချင်ပါတယ်”

စုန်ကျန့်လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်၏။ ရှိကျင်းက သူ့တပ်ကို စုလိုက်ပြီး ချူဝု၊ ချင်တ၊ ယန်ချွန်းတို့နှင့် အတူ တောင်အောက်ကို ဆင်းခဲ့၏။ သဲသိဂ်ါကမ်းခြေမှ မြစ်ကို လှေများဖြင့် ကူးပြီး မန်တန်းတောင်သို့ တိုက်ရိုက် ချီတက်ခဲ့ကြ၏။ သုံးရက်အတွင်း ယင်းတောင်ကို မြင်ရသောနေရာသို့ ရောက်သွားလေ၏။ ထိုနေရာမှာ ဟန်မင်းဆက်၏ ပထမကေရာဇ် ကောက်စူက မြွေကို သတ်ခဲ့သော နေရာ ဖြစ်၏။

တပ်သုံးတပ်စလုံး တောင်ခြေသို့ ချဉ်းကပ်သွား၏။ မန်တန်းတောင်မှ ချထားသော ကင်းများမှာ သတင်းပို့ရန် ထွက်သွားနှင့်ကြပြီ။

ရှိကျင်းက ရှောက်ဟွာတောင်မှ စစ်သည်များကို တိုက်ပွဲပုံ တပ်ဖြန့်လိုက်၏။ သူကိုယ် တိုင်မှာ သံချပ်ကာ အပြည့် ဝတ်ဆင်ထားပြီး မီးကျီးခဲကဲ့သို့ ရဲရဲနီသော မြင်းကြီးကို စီးကာ နှစ်ဖက်သွား ဓားမောက်ကြီးကို ကိုင်ထား၏။

သူ့နောက်မှ ချူဝု၊ ချင်တ၊ ယန်ချွန်းတို့ ခေါင်းဆောင်သုံးဦး လိုက်ပါလာကြ၏။ ချူဝုမှာ နှစ်ဖက်သွား ဓားကြီးကို ဝင့်ကာဝင့်ကာဖြင့် မြင်းစီးလာ၏။ မိမိတို့၏ တပ်ဦးတွင် လေးဦး စလုံးမြင်းများကို ဇက်သတ်ကာ ကြည့်နေကြ၏။ တောင်စောင်းအတိုင်း လူတအုပ်တမကြီး ပြေးဆင်းလာရာ သူတို့ကို ကြံ့ခိုင်သန်မာ သောသူနှစ်ဦးက ခေါင်းဆောင်လာ၏။ ပထမ လူမှာ ဖေရှန်းတိုက်နယ်မှ ရှံချုံး ဖြစ်၏။ ပေါက်ဓားနှစ်ဆယ့်လေးလက် စိုက်ထားသော ဒိုင်း အဝိုင်းကို ကိုင်ထားလေ၏။ ညာလက်တွင် သံလှံတို တချောင်းကို ကိုင်ထား၏။ သူ့ကျောတွင်လည်း ‘လက်ရှစ်ဖက်နေဇာမင်းသား”ဟု ရေးထားသော ကြက်လျှာအလံကို စိုက် ထား၏။

ဒုတိယ ရဲရင့်သူမှာ လီကွန်း ဖြစ်၏။ သူကမူ ပေါက်မြားနှစ်ဆယ့်လေးစင်း စိုက်ထား သော ဒိုင်းအဝိုင်းကို ကိုင်ထား၏။ ညာလက်တွင် ဓားတလက်ကို

ကိုင်ထားလေ၏။ ကျော တွင်လည်း 'နတ်ပျံ'ဟု ရေးထားသော ကြက်လျှာအလံကို စိုက်ထား၏။

ရှံချုံးနှင့် လီကွန်းတို့သည် ရှိကျင်းတို့ လေးဦးကို တွေ့သောအခါ စကားတခွန်းမျှ မပြောဘဲ ရန်သူရှိရာသို့ မြင်းကို စိုင်းနှင်လာလေ၏။ သူတို့၏ တပ်သားများကပါ မောင်း များ၊ လင်းကွင်းများကို ဆူဆူညံညံ တီးခတ်ကြလေ၏။ ဒိုင်းများကို ဝင့်၍ တိုက်လာသော သူတို့ကို ရှိကျင်း၏တပ်များက တောင့်ခံမထားနိုင်ကြပေ။ နောက်ရံတပ်များက ဆုတ်ပြေး သွားကြသော်လည်း ရှေ့ဖျားတပ်များက ပြန်ခုခံနေသေးသည်။ သို့သော် ချူဝု၏ အလယ် တပ်မကမူ အသက်ကိုလုကာ လီနှစ်ဆယ် သုံးဆယ်တိုင်အောင် ထွက်ပြေးသွားကြ၏။ ရှိကျင်းကိုလည်း ခေးပျံတလက်ကထိလုနီးပါး ဖြစ်သွား၏။ ယန်ချွန်းမှာ အရှောင်နှေးသဖြင့် ခေးပျံတလက် ထိမှန်သွားလေ၏။ သူ့မြင်းလည်း ဒဏ်ရာရသွားသဖြင့် မြင်းကို ပစ်ထားကာ ခြေကျင်ထွက်ပြေးသွားရရှာ၏။

ရှိကျင်းက သူ့တပ်ကို စစ်ရာအင်အားထက်ဝက် ကျဆုံးသွားပြီဟု သိရ၏။ အချင်းချင်း တိုင်ပင်ကြကာ လျှံရှုန်းတောင်သို့ စစ်ကူတောင်းရန် ဆုံးဖြတ်ကြ၏။ ထိုအခိုက်တွင် စစ်သည် တဦးက လာ၍ သတင်းပို့လေ၏။ "လူတွေ မြင်းတွေ အင်အားနှစ်ထောင်လောက် လမ်းမ ကြီးအတိုင်း မြောက်ဘက်က လာနေပါတယ်။ ဖုန်တွေ ထနေပါတယ်"

ရှိကျင်းတို့သည် မြင်းပေါ်သို့ တက်ကာ ကြည့်ကြရာ လျှံရှုန်းတောင်ရိုး၏ တံခွန်များကို မြင်ရလေ၏။ တပ်ဦးမှ မြင်းစီးလာသူများမှာ ဟွရုံနှင့် ရှုနင်တို့ ဖြစ်ကြ၏။ ရှိကျင်းက အမြန် သွား၍ နှုတ်ဆက်၏။ ရှံချုံးနှင့် လီကွန်းတို့က ခေးပျံများ၊ မြားပျံများဖြင့် ပစ်ခတ်သည်ကို သူ့တပ်များ မခံနိုင်သည့်အကြောင်းကိုလည်း ရှင်းပြ၏။

"နောင်ကြီးစုန်ကျန့်က ခင်ဗျားတို့အတွက် စိတ်မဖြောင့်ဘူး။ ခင်ဗျားတို့ကို လွှတ် လိုက်မိတာ သူ စိတ်မကောင်းဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ကို ကူဖို့ လွှတ်လိုက် တာ"ဟု ဟွရုံက ပြော၏။

ရှိကျင်းသည် များစွာ ကျေနပ်သွား၏။ နှစ်တပ်ပေါင်းကာ စခန်းချကြလေ၏။ နောက် တနေ့နံနက်တွင် လူစုကာ ထွက်တိုက်ရန် ဆောင်ရွက်နေစဉ် ကင်းသမားတဦးက လာ၍ သတင်းပို့ပြန်၏။ "မြောက်ဘက်ကနေမြင်းတပ်တွေ လာနေပါတယ်"။ ဟွရုံ၊ ရှုနင်၊ ရှိကျင်း တို့သည် မြင်းစီး၍ ထွက်ကြို့ကြရာ အင်အားသုံးထောင်ကို စုန်ကျန့် ကိုယ်တိုင် ခေါင်းဆောင် လာသည်ကို တွေ့ရ၏။ ရှံချုံးနှင့် လီကွန်းတို့၏ ခေးပျံများ၊ မြားပျံများ၊ ဒိုင်းများကြောင့် သူ့လူ ထက်ဝက် ဆုံးရှုံးသွားရကြောင်းကို ပြောပြ၏။ စုန်ကျန်လည်း

အလန့် တကြား ဖြစ်သွား၏။ “စခန်း အရင် ချကြရအောင်။ ပြီးမှ ပြောကြတာပေါ့” ဟု ဝုရုံက အကြံပြု၏။

စုန်ကျန့်ကမူ စောင့်မနေလို။ အခုချက်ချင်းပင် လူစုကာ တောင်ခြေသို့ သွားတိုက် လိုက်ချင်၏။ သို့သော် မိုးချုပ်လာနေပြီ ဖြစ်သည့်အပြင် မန်တန်းတောင်ပေါ်မှလည်း မီးပုံး အပြားများကို မြင်ရ၏။

ကုန်ဆွန်ရှန်းက-

“ဒီကောင်တွေ မှော်အတတ် တတ်ရမယ်။ အဲဒီ မီးပုံးအပြာတွေက လူတယောက် ယောက် အစီအရင်တွေ လုပ်နေတာကို ပြနေတယ်။ ကျုပ်တို့လည်း နောက်ဆုတ်နေရင် ကောင်းမယ်။ မနက်ကျမှ ကျုပ် တန်ပြန်စီရင်မယ်။ သူတို့နှစ်ယောက်ကို ဖမ်းရမယ်”

စုန်ကျန့်က နောက်သို့ လီနှစ်ဆယ် ဆုတ်ကာ စခန်းချခိုင်း၏။

နောက်တနေ့ နံနက်စောစောတွင် ကုန်ဆွန်ရှန်းက သူ့အစီအရင်ကို လုပ်၏။ ထိုကြောင့် ဘီလူးမင်းတဦးသည် လက်ယှက်ကာ လှိုံရှန်းတောင်ရိုးသို့ ရောက်လာလေ၏။ စိတ်အားထက်သန်သော ဗိုလ်မင်းတဦးသည်ပင် လှိုံရှန်းကျူအင်းတွင် အညှံ့ခံ လာရလေ၏။

ကုန်ဆွန်ရှန်းက စုန်ကျန့်အတွက် မည်သည့်အစီအရင်ကို လုပ်ပေးလိုက်ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၀

မန်တန်းတောင်တွင် ဘီလူးမင်းကို ကုန်ဆွန်ရှန်း နှိမ်နင်းခြင်း

စင်တို့ရွာတွင် ဘုရားဒကာကျောက်ခဲ မြားမှန်ခြင်း

ကုန်ဆွန်ရှန်းက သူ၏ မဟာဗျူဟာကို ရှင်းပြ၏။

"ဒီမဟာဗျူဟာက ဟန်မင်းဆက်အဆုံးမှာ သုံးပြည်ထောင်အဖြစ် ပြိုကွဲတဲ့အချိန်က ချူကေ့လျံက စစ်မြေပြင်မှာ ကျောက်တုံးတွေ ချထားပြီး သုံးခဲ့တာနဲ့ အတူတူပါပဲ။ ကျုပ်တို့က တပ်တော်ကို လေးအုပ်စုခွဲမယ်။ တအုပ်စုမှာ အဖွဲ့နှစ်ဖွဲ့ ပါမယ်။ တဖွဲ့မှာ တပ်ခွဲ ရှစ်ခွဲပါမယ်။ စုစုပေါင်း ခြောက်ဆယ့်လေးခွဲပေါ့။ တပ်မင်းက အလယ်ကောင်မှာ ရှိမယ်။ ဒီတော့ ခေါင်းလေးလုံးနဲ့ အမြီးရှစ်ခုပေါ့။ မြေပြင်ပေါ်မှာပေမယ့် တိမ်တွေ လေတွေလို ကိုယ် လိုချင်တဲ့ ဦးတည်ရာဘက်ကို သားရဲတိရစ္ဆာန်တွေ၊ ငှက်တွေ၊ မြွေတွေလို အလျင်အမြန် လှည့်နိုင်မယ်။ ရန်သူက တောင်ပေါ်က ဆင်းလာပြီးတိုက်ရင် တပ်တော်ကို နှစ်ခြမ်းခွဲပြီး တပ်အတွင်းဘက်ထဲကို အဝင်ခံလိုက်မယ်။ ခုနစ်စဉ်ကြယ်တံခွန်ကို ဝှေ့လိုက်တာနဲ့ တပ် တွေက ရန်သူကို မြွေကြီးတကောင်လို ဝန်းရံလိုက်ရမယ်။ ကျုပ်က မန္တရားတပုဒ်ကို ရွတ်လိုက်တာနဲ့ အဲဒီ ရန်သူခေါင်းဆောင်တွေကို တပ်ရဲ့ အလယ်ကောင်ထဲကို မောင်းသွင်း လိုက်လိမ့်မယ်။ ရှေ့ပဲ ဖြစ်ဖြစ်၊ နောက်ပဲ ဖြစ်ဖြစ်၊ ဘေးဘယ်ညာပဲ ဖြစ်ဖြစ်၊ သူတို့ထွက်လို့ မရတော့ဘူး။ ပြီးတော့ ကျုပ်တို့က ကျင်းတကျင်း တူးထားပြီး ပုံဖျက်ထားရမယ်။ ဒါ့အပြင် သူတို့ကို ဖမ်းဖို့ ကျော့ကွင်းတွေနဲ့ လူတွေကို စောင့်ခိုင်းထားရမယ်"

စုန်ကျန့်သည် များစွာ ကျေနပ်သွားပြီး ထိုအတိုင်း ဆောင်ရွက်ရန် အမိန့်များကို ထုတ် ၏။ အရာရှိများကို ညွှန်ကြား၏။ သူ့တပ်ဖွဲ့ အုပ်စု ရှစ်ခုကို ကွပ်ကဲရန် ရဲတင်းရက်စက်သော တပ်မှူးရှစ်ဦးကို တာဝန်ပေး၏။ သူတို့မှာ ဟူယန်ပျို့၊ ချူတုံ၊ ဟွရုံ၊ ရှုနင်၊ မူဟုန်၊ ဆွန်လီ၊ ရှိကျင်း၊ ဟုန်ဆင့်တို့ ဖြစ်၏။ ကျဲ့ကျင်း၊ လူ့ဖန်၊ ကောက်ရှိန်းတို့ကို အလယ်တပ်မကို ကွပ်ကဲစေ၏။ စုန်ကျန့်ကိုယ်တိုင်နှင့် ဝုရုံ၊ ကုန်ဆွန်ရှန်းတို့က တပ်အားလုံးကို ကွပ်ကဲမည် ဖြစ်၏။ အမိန့်များကို အလံများဖြင့် အချက်ပြကာ ထပ်ဆင့်ထုတ်ပြန်ရန် တာဝန်ကို ချင်တကက တာဝန်ယူရ၏။ ချူဝုနှင့် လူငါးဦးတို့က အနီးရှိ တောင်ကုန်းပေါ် စစ်မြေပြင်ကို စောင့်ကြည့် ကာ အခြေအနေကို သတင်းပို့ရမည် ဖြစ်၏။

နံနက်မွန်းလတ်ချိန်သို့ ရောက်သောအခါ စုန်ကျန့်တို့တပ်လည်း

တောင်ခြေသို့ ကပ်၍ တိုက်ပွဲပုံဖြင့် တပ်ဖြန့်၏။ တံခွန်များကို ဝှေ့ကာ၊ ဗုံများကို ဆူညံစွာ တီး၍ စစ်မြူကြွလေ၏။ မန်တန်းတောင်ပေါ်မှလည်း ကြေးလင်ပန်းအချပ်နှစ်ဆယ် သုံးဆယ်ခန့်ကို မိုးခြိမ်းသလို တီးလေရာ မြေကြီးသိမ့်သိမ့်တုန်နေလေ၏။ ဓားပြခေါင်းဆောင် သုံးဦးသည် တောင် အောက်သို့ ဆင်းလာကာ သူတို့၏ အင်အား သုံးထောင်ပါ တပ်ကို ဖြန့်လေ၏။ သူတို့ ခေါင်းဆောင် ဖန်ရှီက တပ်ဦးမှ ချီတက်လာပြီး ရှုံချုံးနှင့် လီကွန်းတို့က သူ၏ ဝဲယာမှ လိုက် လာခဲ့ကြ၏။

စစ်မြေပြင် အစပ်သို့ ရောက်သောအခါ ဖန်ရှီက သူ့မြင်းကို ဇက်သတ်ကာ ရပ်၏။ ဖန်ရှီကား မှော်အတတ်ကို ကျွမ်းသော်လည်း စစ်ရေးတွင် မကျွမ်းကျင်လှပေ။ စုန်ကျန့်က သူ့တပ်ကို အုပ်စုလေးစု အဖွဲ့ရှစ်ဖွဲ့ ခွဲသည်ကို ကြည့်ပြီး စိတ်ထဲတွင် ကျေနပ်နေ၏။ “လုပ် လိုက်စမ်း၊ တပ်ဖြန့်လိုက်။ ဒါ ငါ့အကြိုက်ပဲ”

ရှုံချုံးနှင့် လီကွန်းတို့ကို ညွှန်ကြား၏။

“လေတိုက်လာတာ တွေ့ရင် ဓားပေါက်သမား ငါးရာနဲ့ ဝင်ပြီး တိုက်ပေတော့”

လက်ထောက်တပ်မှူး နှစ်ဦးမှာ ဒိုင်းများ၊ လှံများ၊ ဓားများကို ကိုင်ကာ ဟန်တပြင်ပြင်နှင့် ဖန်ရှီ၏ အမိန့်ကို စောင့်နေကြ၏။ ဝဲလက်တွင် ကြေးညိုကြယ်တံခွန်တူကို ကိုင်ကာ ယာလက်တွင် နှစ်ဖက်သွားဓားကို ကိုင်မြှောက်လျက် ကမ္ဘာကိုမွှေသည့်ဘီလူးမင်းသည် မန္တရားအချို့ကို ရွတ်ကာ “အမြန်” ဟု အမိန့်ပေးလိုက်၏။

ပတ်ပတ်လည်မှ လေရူးထလာကာ သဲများ၊ ခဲများကို မွှေနှောက်လေတော့၏။ ကောင်းကင်တခုလုံး မည်းမှောင်သွားကာ နေလုံးကိုပင် ကွယ်ဖျောက်လိုက်၏ ။ အားရပါးရ အော် ဟစ်ကာ ရှုံချုံးနှင့် လီကွန်းတို့သည် ဓားပေါက်သမားငါးရာနှင့် တက်တိုက်လေ၏။ စုန်ကျန့် ၏ တပ်က နှစ်ခြမ်းခွဲလိုက်ရာ ရန်သူတို့က တိုးဝင်ကြ၏။ ချက်ချင်းပင် နှစ်ဖက်ညှပ်ကာ မြားမိုးရွာချသည်ကို ခံလိုက်ရ၏။ လူလေးဆယ် ငါးဆယ်မျှသာ ဝင်လိုက်နိုင်ပြီး ကျန်သူ များမှာ နဂိုနေရာသို့ ပြန်ဆုတ်ကြရ၏။

တောင်စောင်းတနေရာမှ ကြည့်နေသော စုန်ကျန့်သည် ရှုံချုံးနှင့် လီကွန်းတို့ သူ့ တပ်ထဲ ရောက်နေသည်ကို တွေ့ရ၏။ ခုနစ်စဉ်ကြယ်တံခွန်ကို ဝှေ့ယမ်းရန် ချင်တကို အမိန့် ပေးလိုက်၏။ တောပုန်းတပ်သည် ပူးပေါင်းလိုက်ကာ ရှည်လျားသော မြွေကြီးတကောင် အသွင်သို့ ပြောင်းလိုက်၏။

ရှုံချုံးနှင့် လီကွန်းတို့သည် အရှေ့ဘက်ကို ပြေးလိုက်၊ အနောက်ဘက်ကို သုတ်ခြေတင် လိုက်၊ မြောက်ဘက်ကို လှည့်လိုက်၊ တောင်ဘက်ကို ကွေ့လိုက်ဖြင့်

ပြေးပေါက်ကို ရှာ သော်လည်း မတွေ့ရပေ။ သူတို့ရောက်နေသည့်နေရာကို ချူဂုက အလံငယ်တခုဖြင့် ပြပေးနေ၏။

ကုန်ဆွန်ရှန်းသည် ထင်းရှူးပင်များ ပုံဖော်ထားသည့် သူ့ရှေးဟောင်းခါးကို အိမ်မှ ချွတ်ကာ မန္တရားတခုကို ရွတ်လိုက်ပြီး "အမြန်" ဟု ဆိုလိုက်၏။ ချက်ချင်းပင် လေပွေ တခုသည် ရှုံချုံးနှင့် လီကွန်းတို့ ခြေရင်းမှ ဝေ့လည်လာလေ၏။ ကောင်းကင်သည်လည်း မည်းမှောင်လာကာ နေရောင်ပင် ပျောက်ကွယ်သွား၏။ လူသော မြင်းသော ဘာမျှကို သူတို့ မမြင်ရတော့။ အရာရာကို မည်းနက်သော မြူထုကြီးက ဖုံးအုပ်ထား၏။ မြူထုနောက် ရှိလူများကိုလည်း မမြင်ရတော့သဖြင့် ကြောက်လန့်လာပြီး မိမိတပ်ရှိရာသို့ နောက်ဆုတ် ကာ ပြေးကြသော်လည်း မရပေ။

မိုးခြိမ်းသံလို အသံတချက်ကို ရုတ်တရက် ကြားလိုက်ရ၏။ နှစ်ယောက်သား ထိတ် ထိတ်လန့်လန့်ဖြင့် အော်လိုက်ရင်း တွင်းနက်တခုထဲသို့ ကျွမ်းထိုးမှောက်ခုံ ကျသွားလေ၏။ ကျင်းပေါ်မှ လူများက ကျော့ကွင်းတပ် ဝါးလုံးများဖြင့် စွပ်ကာ ဆွဲတင်ကြလေ၏။ ထို့နောက် ကြိုးနှင့်တုပ်ကြပြီး တောင်စောင်းရှိ ခေါင်းဆောင်များသို့ သွားပို့ကာ ဆုလာဘ်များကို တောင်းခံကြလေ၏။ စုန်ကျန့်က သူ့နှင်တံကို ညွှန်ပြလိုက်ရာ တပ်သုံးတပ်စလုံး အတင်း ဝင်ကာ တိုက်ခိုက်သတ်ဖြတ်ကြ၏။ ဖန်ရှို၏ လူများသည်လည်း မန်တန်းတောင်ဆီသို့ ပြေးကြလေ၏။ မလွတ်မြောက်သူ အမြောက်အမြားပင် ရှိ၏။ အသတ်ခံရသူ ထက်ဝက် ကျော်၏။

စုန်ကျန့်က သူ့တပ်ကို ပြန်ခေါ်လိုက်၏။ သူ့တဲ၏အပြင်ဘက်တွင် အခြားခေါင်းဆောင် များနှင့် ထိုင်နေသော စုန်ကျန့်ထံသို့ ရှုံချုံးနှင့် လီကွန်းကို အစောင့်အရှောက်များနှင့် တကွ ခေါ်လာကြ၏။ သူ့အလံအောက်သို့ ရောက်လာသော ထိုသူတို့ကို ချက်ချင်း ကြိုးဖြေပေးရန် စုန်ကျန့်က ညွှန်ကြားလိုက်၏။ ထို့နောက် စိမ်ရည်ခွက်ကို ကိုင်ကာ သူတို့ထံသို့ သွား၏။

စုန်ကျန့်က-

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ။ တိုက်နေ ခိုက်နေတုန်းမှာကတော့ မလွှဲမရှောင်သာ ဘူးပေါ့ဗျာ။ အညတရ ဖြစ်တဲ့ ကျွန်တော် စုန်ကျန့်က နောင်ကြီးတို့ စစ်သည်သုံးဦးရဲ့ ဂုဏ် ကို ကြားဖူးနေတာ ကြာပါပြီ။ နောင်ကြီးတို့ကိုလည်း ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ လမ်းစဉ်ကို လိုက်ဖို့ ဖိတ်ခေါ်ချင်နေတာ ကြာပါပြီ။ ဒါပေမဲ့ အခွင့်မသာခဲ့ပါဘူး။ နောင်ကြီးတို့က အောက်ကျတယ်လို့ မထင်ဘူး ဆိုရင် ကျွန်တော်တို့ စခန်းကို လိုက်ခဲ့ပါလားဗျာ။ ဒီလို ဆိုရင် ကျွန်တော့်လောက် ဝမ်းသာရမယ့်လူ မရှိဘူး ထင်ပါတယ်"

ထိုသူနှစ်ယောက်လည်း ချက်ချင်းပင် ဒူးထောက်ကာ ကန်တော့ကြ၏။

"ချိန်မှန်မိုးလို့ ထင်ရှားနေတာကို ဘယ်မသိဘဲ နေမှာလဲဗျာ။ ဒါပေမဲ့ အရိုအသေပြုဖို့ အခွင့်မကြုံခဲ့ပါဘူး ။ ကျွန်တော်တို့က နောင်ကြီးကို မသိခဲ့လို့ မိုးကောင်းကင်ရဲ့ အလိုဆန္ဒ ကို ဆန့်ကျင်မိခဲ့ပါတယ်။ ဒီနေ့မှာ နောင်ကြီးက ကျွန်တော်တို့ကို ဖမ်းမိတယ်၊ သတ်ခဲ့ရင် တောင်မှ ပေးတဲ့ အပြစ်ဒဏ်က နည်းတယ်လို့ ဆိုရမှာပါ။ ဒါကို နောင်ကြီးက ယဉ်ယဉ် ကျေးကျေး ဆက်ဆံတယ်။ နောင်ကြီးကခွင့်လွှတ်မယ်ဆိုရင် ကျွန်တော်တို့ အသက်ထက် ဆုံး သစ္စာရှိရှိ အမှုထမ်းဆောင်ပါ့မယ်။ ပြီးတော့ ဖန်ရှီကလည်း ကျွန်တော်တို့ မရှိဘဲနဲ့ သူတယောက်တည်း မရပ်တည်နိုင်ပါဘူး။ တကယ်လို့ သူ့ဆီကို ကျွန်တော်တို့ တယောက် ယောက်ကို ပြန်ခွင့်ပေးရင် သူ့လည်း နောင်ကြီးတို့နဲ့ ပူးပေါင်းဖို့ သွားပြောချင်ပါတယ်။ နောင်ကြီး ဘယ်လို သဘောရပါသလဲ ခင်ဗျာ"

"နောင်ကြီးတို့ကို ခားစာခံ ခေါ်ထားစရာ မလိုပါဘူး။ နှစ်ယောက်စလုံးပဲ စခန်းကို ပြန်နိုင်ပါတယ်။ နောင်ကြီးတို့ဆီက သတင်းကောင်းကိုပဲ စောင့်နေပါ့မယ်"

"တကယ်ကို သဘောထား ကြီးမြတ်ပါပေတယ်ဗျာ။ ဖန်ရှီက သဘောမတူရင်လည်း ကျွန်တော်တို့ အတင်းခေါ်လာပြီး နောင်ကြီးရဲ့ အလံတော်အရိပ်အောက်ကို အရောက်ပို့ ပါ့မယ်"

စုန်ကျန့်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် သူ့ဌာနချုပ်တဲအတွင်းသို့ ဖိတ်ကာ တည်ခင်း ကျွေးမွေး၏။ အဝတ်အစားအသစ်များ လဲပေးကာ မြင်းကောင်းနှစ်စီးကိုလည်း ပေး၏။ သူတို့၏ ဒိုင်းများ၊ လက်နက်များကိုလည်း ပြန်ပေးစေ၏။ တောင်ခြေရင်းသို့ လိုက်ပို့လိုက် ကြ၏။ သူတို့နှစ်ဦးစလုံး ကျေးဇူးတင်၍ မဆုံးအောင် ရှိနေကြ၏။

သူတို့နှစ်ဦး မန်တန်းတောင်ခြေသို့ ရောက်သော် သူတို့ဆက်သားများက အံ့ဩနေ ကြ၏။ ဖန်ရှီထံသို့ လိုက်ပို့ကြ၏။ အကြောင်းစုံကို သူက မေး၏။

"ကျွန်တော်တို့က မိုးကောင်းကင်ရဲ့ အလိုဆန္ဒကို ဆန့်ကျင်မိခဲ့တာဗျ။ သေဖို့တောင် သင့်နေပြီ"

"ဘာလို့ ဒီလိုပြောရတာလဲ နောင်ကြီးတို့"

စုန်ကျန့်က အဘယ်မျှ သဘောထားကြီးကြောင်းကို ပြန်ပြောပြကြ၏။

"စုန်ကျန့်က ဒီလို ရက်ရောတယ်၊ သတ္တိကောင်းတယ် ဆိုရင်တော့ ကျွန်တော် တို့လည်း မိုးကောင်းကင်ရဲ့ အလိုတော်ကို ဆန့်ကျင်ဖို့ မသင့်တော်ဘူးပေါ့၊ ကျွန်တော်တို့ သွားပူးပေါင်းမယ်"

"ကျွန်တော်တို့လည်း ဒါကို ပြောဖို့လာတာပါ ခင်ဗျာ"

ထိုညတွင် စခန်း၌ လုပ်စရာရှိသည်တို့ကို စီစဉ်ကြ၏။ နောက်တနေ့တွင် စုန်ကျန့်ထံ သို့ ဆင်းကာ ဂါရဝပြုကြ၏။ စုန်ကျန့်ကိုယ်တိုင် သူတို့ကို တွဲထူကာ သူ့တဲထဲသို့ ဖိတ်ကာ နေရာထိုင်ခင်း ပေး၏။ သူတို့ကို လုံးဝ ယုံကြည်ကြောင်း ပြသဖြင့် အထင်ကြီးသွားကာ သူတို့၏ ဘဝဇာတ်ကြောင်းများကို ပွင့်ပွင့်လင်းလင်း ပြောပြကြ၏။

သူတို့ တောင်ပေါ်စခန်းသို့ လိုက်ပါလည်ပတ်ရန် ဖိတ်ခေါ်ကြ၏။ အသားတိုးနွား၊ မြင်း များကို ပေါ်ကာ စုန်ကျန့်နှင့် လက်အောက်တပ်ဗိုလ်များကို ဧည့်ခံကျွေးမွေးကြ၏။ စုန်ကျန့် တို့၏ တပ်သုံးတပ်မှ လက်အောက်ငယ်သားများကိုလည်း ဆုချကြ၏။ စားသောက်ပွဲကြီး ပြီးဆုံးသွားသောအခါ ဖန်ရွီက ကုန်ဆွန်ရှန်းထံတွင် တပည့်ခံ၏။ စုန်ကျန့်ကလည်း မိုးကြိုး ငါးစင်းကို ခေါ်သည့် အတတ်ကို သင်ပေးရန် ကုန်ဆွန်ရှန်းကို ညွှန်ကြားလေ၏။ ဖန်ရွီမှာ ဝမ်းမြောက်၍ မဆုံးတော့ပြီ။

နောက်တရက် နှစ်ရက်အတွင်းမှာ နွားအုပ်၊ မြင်းအုပ်များကို မောင်းနှင်ကာ ငွေကြေး၊ ဆန်စပါးတို့ကို ထုပ်ပိုးသယ်ဆောင်ကာ စခန်းကို မီးတိုက်ကာ ထွက်ခဲ့ကြ၏။ စုန်ကျန့် တို့နှင့်အတူ လျှံရှန်းကျူးအင်းသို့ ချောချောမောမော ရောက်လာခဲ့ကြ၏။

ထိုက်ချုံက သူတို့ရောက်လာကြောင်းကို တောင်ပေါ်တက်၍ သတင်းပို့ထား၏။ သူတို့ မြစ်ကို ကူးတော့မည့်ဆဲဆဲတွင် ကျူတောထဲမှ လမ်းပေါ်၌ လူထွားထွားကျိုင်းကျိုင်း တယောက်က စုန်ကျန့်ကို တွေ့သွားသဖြင့် လာ၍ ဂါရဝပြု၏။ စုန်ကျန့်သည် မြင်းပေါ်မှ အမြန်ဆင်းကာ ထိုသူကို တွဲ၍ထူ၏။

“ခင်ဗျား နာမည်က ဘယ်သူတဲ့တုံး နောင်ကြီး၊ ဘယ်က လာတာလဲ”

“ကျွန်တော့်မျိုးရိုး နာမည်က တွမ်ပါ။ အမည်ရင်းက ကျင်ချူပါ။ ဆံပင်နီနီ မုတ်ဆိတ် ဝါဝါနဲ့မို့ ကျွန်တော်တို့ ခွေးရှေ့ဝါလို့လည်း ခေါ်ကြပါတယ်။ ကျွန်တော်တို့ ဇာတိက ကျိုကျို့ နယ်ကပါ။ ကျွန်တော်က မြောက်ပိုင်းမှာ မြင်းခိုးပြီး အသက်မွေးပါတယ်။ ဒီနှစ်နွေဦးမှာ လုံတံတောင်တန်း မြောက်ဘက်မှာ မြင်းကောင်းတစီးကို ခိုးခဲ့ပါတယ်။ အဲဒီ မြင်းက ဖြူ လိုက်တာမှ အခြားအရောင် အမွေးတပင်တောင်မှ မပါဘူး။ ခေါင်းကနေ အမြီးအထိအလျားက ခုနစ်တောင် ရှိတယ်။ ဒေါက်ကလည်း ငါးတောင် ကျော်တယ်။ တနေ့ကို လီတထောင် ခရီးပေါက်တယ် ။ မြောက်ပိုင်းတခွင်မှာတော့ ညမှာလင်းတဲ့ ကျောက်စိမ်းဖြူ ခြင်္သေ့လို့ ခေါ်ကြတယ်။ သူ့ကို တာတာရ်မင်းသားတပါးက ပိုင်တယ်။ သူ့ကို လုံတံ တောင်ရိုးမှာ လွှတ်ကျောင်းထားတုန်း ကျွန်တော် မ လာခဲ့တာ။ ရဲညီနောင်လောကမှာ ချိန်မှန်မိုးစုန်ကျန့်လို့ ထင်ရှားပေမယ့် ကျွန်တော်က

နောင်ကြီးနဲ့ မဆုံဖူးသေးဘူး။ ဒီမြင်းကို ဂါရဝလက်ဆောင်အနေနဲ့ နောင်ကြီးဆီကို လာပို့တာပါ။ ဒါပေမဲ့ လင်ကျို့မြို့အနောက် တောင်ဘက်မှာ ရှိတဲ့ စင်တို့ရွာကို ဖြတ်သွားတုန်းမှာ စင်မိသားစုရဲ့ ပဥ္စမသားက ဒီမြင်းကို သိမ်းလိုက်တယ်။ ဒီမြင်းက လျှံရှန်းတောင်ရိုးက နောင်ကြီးစုန်ကျန့် ပိုင်တာပါလို့ ပြောပေ မယ့် ဒီလူယုတ်မာက စော်ကားမော်ကား ပြောတာနဲ့ ဆက်မပြောရဲတော့ဘူး။ ကျွန်တော် လည်း အမြန်ဆုံး ဒီကို ပြေးလာပြီး နောင်ကြီးတို့ဆီ လာအကြောင်းကြားတာပဲဗျာ”

စုန်ကျန့်သည် ဤ ပိန်ပိန်ပါးပါး ရုပ်ကြမ်းကြမ်းနှင့် လူကို သဘောကျနေ၏။ ရုပ်ရည်က ဆိုးသော်လည်း သာမန်လူမဟုတ်ကြောင်း ထင်ရှား၏။

“ကျွန်တော်တို့ စခန်းကို လိုက်ခဲ့လေ။ အဲဒီကျမှ စကားပြောကြတာပေါ့” ဟု ဆိုကာ သူ့လှေတွင် တင်ကာ သဲသိဂ်ါကမ်းခြေသို့ ကူးခဲ့၏။

ဘုရားဒကာကျောက်ခဲနှင့် အခြား ခေါင်းဆောင်များသည် ပြန်လာသော ခေါင်းဆောင်များကို သစ္စာညီနောင်ခန်းမသို့ ခေါ်ခဲ့၏။ ဖန်ရှို၊ ရှုံချုံး၊ လီကွန်းတို့ကိုလည်း ခေါင်းဆောင်များနှင့် မိတ်ဆက်ပေး၏။ တွမ်ကျင်ချျုနှင့် ကျန်သုံးဦးတို့ကလည်း လေးစားစွာ နှုတ်ဆက်ကြ၏။ ဗုံသံမောင်းသံ ဆူဆူညံညံဖြင့် စားသောက်ပွဲကြီးကို ကျင်းပကြလေ၏။ .

တောင်ပေါ်ခံတပ်သို့ လူများ ထပ်ကာထပ်ကာ ဝင်လာနေ၏။ အရပ်ရပ်မှ ရဲရင့်သူတို့ သည် လေနှင့်အတူ ပါလာသလို ရှိနေ၏။ ထို့ကြောင့် စုန့်ကျန့်သည် လီယွမ်းနှင့် တောက်ချျု ဝမ်းကို လူနေဆောင်များနှင့် ခံတပ်များကို ထပ်ဆောက်ရာတွင် ကြီးကြပ်စေ၏။ တွမ်ကျင်ချျုက ထိုမြင်း၏ အကြောင်းကို ချီးမွမ်းခန်း ဖွင့်ပြန်၏။ စုန်ကျန့်သည် နတ် ခြေမြန်ထိုက်ချုံကို စင်တို့ရွာသို့ သွားကာ သတင်းထောက်လှမ်းစေ၏။ လေးငါးရက်အတွင်း ထိုက်ချုံ ပြန်လာ၏။

“ဒီ စင်တို့ရွာမှာ အိမ်ထောင်စု သုံးထောင်လောက် ရှိတယ်။ စင်မိသားစုရွာလို့လည်း ခေါ်ပါတယ်။ ရွာသူကြီးတော့ သခင်ကြီး စင်ပါ။ သူက တာတာရ်နယ်သားပါ။ သူ့သား ငါးယောက်ကိုတော့ စင်မိသားစု ကျားငါးကောင်လို့ ခေါ်ကြတယ်။ သူတို့နာမည်တွေက ကြီးစဉ်ငယ်လိုက်ဆိုရင် ထု၊ မီ၊ စို၊ ကွီ၊ ရှိန် တဲ့။ သူတို့ရဲ့ ဆရာကတော့ ရှိဝင်ကုန်း တဲ့။ သူ့ လက်ထောက်ကတော့ စုထိန် တဲ့။ အဲဒီရွာကို ကာကွယ်နေတဲ့အင်အားက ခြောက်ထောင် ခုနစ်ထောင်လောက် ရှိတယ်။ ပြီးတော့ သစ်တပ်တွေကိုလည်း ဆောက်ထားကြတယ်၊ သူတို့မှာ လှောင်အိမ်တင်ထားတဲ့ လှည်းအစီး ငါးဆယ်ရှိတယ်။ ပြီးတော့ ပြောနေကြသေး တယ်။ ဒီ လောကကြီးမှာ သူတို့နဲ့ ကျွန်တော်တို့ နှစ်ဖွဲ့စလုံးအတွက် နေရာမရှိဘူးတဲ့။ ကျွန်တော်တို့ ခေါင်းဆောင်အားလုံးကို ဖမ်းမယ် တဲ့။ ကျွန်တော်တို့က သူတို့ရန်သူတွေတဲ့။

“ပြီးတော့ ကျောက်စိမ်းဖြူ၊ ခြသေ့်မြင်းကိုလည်း သူတို့ဆရာ ရှိဝင်ကုန်းက စီးနေ တယ်။ ဒေါသဖြစ်စရာကောင်းတာက ရွာက ကလေးတွေကို သူက ကဗျာတပုဒ် သင်ပေး ထားတယ်ဗျ။ ဒီလိုတဲ့။

ငါတို့မြင်းရဲ့ မြခြူးသံ

နတ်ဘီလူးတောင် မခံသာပြန်

သံလှည်းပေါ်က သံလှောင်အိမ်

အကျဉ်းသားတွေ ဖမ်းလို့နှိမ်

လျှိုရှုန်းကျူအင်း ရေတွေလွှမ်း

ကျောက်ခဲ နေပြည်တော် ပို့ဖို့ ဖမ်း

ချိန်မှန်မိုးလည်း ဖမ်းဦးမှာ

စစ်ဘုရင် ဝုရုံ မကျန်ပါ

စင်ကျားညီနောင် ဂုဏ်သတင်း

ဝေးနီး မြေပေါ် ကျော်ဘိခြင်း

ကျောက်ခဲသည်လည်း ဒေါသူပုန်ထလေတော့၏။

“ဒီခွေးတိရစ္ဆာန်တွေ မိုက်ဇိုင်းလှချေလား၊ ငါကိုယ်တိုင် ဆင်းပြီး သွားတိုက်မယ်။ ဒီကောင်တွေကို မမိမချင်း ပြန်မလာဘူး”

“နောင်ကြီး၊ နောင်ကြီးက ဒီခံတပ်ရဲ့ ခေါင်းဆောင်ပါ။ ပေါ့ပေါ့တန်တန် မဆောင်ရွက် သင့်ပါဘူး။ ကျွန်တော့်ကို သွားခွင့်ပြုပါ”

“ကျွန်တော်က ခင်ဗျားရဲ့ ဂုဏ်ပုဒ်ကို လုတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားက အကြိမ်ကြိမ် တိုက်ပွဲဝင်ပြီးပြီ။ တော်တော်လည်း စစ်ပန်းနေပြီ။ ဒီတခါ ကျွန်တော် သွားဖမ်း မယ်။ နောက်တကြိမ်မှ နောင်ကြီး သွားပေတော့”

စုန်ကျန့်က တောင်းပန်သော်လည်း မရပေ။ ဒေါသတကြီးဖြင့် ကျောက်ခဲသည် လူ ငါးထောင်နှင့် ခေါင်းဆောင်နှစ်ဆယ်ကို ရွေးကာ ထွက်ခဲ့၏။ ကျန်သူတို့မှာ စုန်ကျန့်နှင့် ခံတပ်ကို စောင့်နေရမည် ဖြစ်၏။ ကျောက်ခဲက တပ်ကို စစ်ကြောင်းသုံးခု ဖွဲ့စည်းကာ တောင်အောက်သို့ ဆင်းပြီး စင်တို့ရွာသို့ သွားရန် ပြင်လေ၏။

စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှုန်းတို့က သဲသိဂ်ါကမ်းခြေသို့ လိုက်ပို့ကြ၏။ မသွားမီ သူတို့ စိမ်ရည်သောက်နေစဉ်တွင် လေတချက် ရုတ်တရက် တိုက်လိုက်ရာ ကျောက်ခဲ၏ အလံ တိုင် ကျိုးသွားလေ၏။ အားလုံး၏ မျက်နှာများလည်း ဖွေးခနဲ ဖြစ်သွားကြ၏။

"နိမိတ်မကောင်းဘူး" ဟု ဝုရုံက ဆို၏။

"နောက်တနေ့မှ သွားပါလား နောင်ကြီး"

စုန်ကျန့်ကလည်း-

"နောင်ကြီး သွားခါနီးမှာ အလံတိုင် ကျိုးသွားတယ်။ စစ်ထွက်ဖို့ ကောင်းတဲ့ နိမိတ် မဟုတ်ဘူး။ ခဏလောက် စောင့်လိုက်ပါဦးလားဗျာ။ ဒီကောင်တွေကို နောက်မှ တိုက် လည်း ရသေးတာပဲ"

"လေတိုက်တာ တိမ်ရွေ့တာ များဗျာ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ အခုက အချိန် ကောင်းဗျ။ နွေဦးရာသီဆိုတော့ နွေးနွေးထွေးထွေးနဲ့။ စောင့်နေရင် ဒီကောင်တွေက အင်အားစုမိပြီး လာတိုက်ကြမှာ။ ဒါဆိုရင် နောက်ကျသွားမယ်။ ကျွန်တော့်ကို မတား ကြပါနဲ့။ သွားမယ်ဗျာ။ ဘာပဲဖြစ်ဖြစ်"

စုန်ကျန့်သည် တား၍ မရနိုင်တော့။ သူ့တပ်များနှင့်အတူ တဖက်ကမ်းသို့ ကူး၏။ စိတ် မချမ်းမသာဖြင့် စုန်ကျန့်လည်း ခံတပ်စခန်းကို ပြန်လေ၏။ ထိုက်ချုံကိုမူ အခြေအနေကို ကြည့်ကာ ပြန်သတင်းပို့ရန် ခိုင်းလိုက်၏။

ကျောက်ခဲနှင့် ခေါင်းဆောင် နှစ်ဆယ်၊ အင်အား ငါးထောင်တို့ စင်တို့ရွာအနီးသို့ ရောက်သောအခါ သစ်တပ်ဖြင့် ကာရံထားသော စခန်းတခုနှင့် ရင်ဆိုင်ရလေ၏။ နောက် တနေ့တွင် ကျောက်ခဲနှင့် ခေါင်းဆောင်များသည် အနီးကပ်သွား၍ ကြည့်ကြ၏။ ရွာကို ခံတပ်အခိုင်အမာဖြင့် ကာကွယ်ထား၏။

ထိုစဉ် မိုးမခပင်အုပ်ထဲမှ လူခုနစ်ရာ ရှစ်ရာခန့် ထွက်လာလေ၏။ သူတို့ကို ရဲရင့်သူ တဦးက ခေါင်းဆောင်လာရာ ထိုသူမှာ စတုတ္ထသား စင်ကွီ ဖြစ်လေ၏။

"လျှံရှုန်းကျုအင်းက သူပုန်တွေ ခင်းတို့ကို အစိုးရမင်းလက်ကို အပ်ပြီး ဆုငွေ ထုတ်ယူဖို့ ကြံနေတာ ဘုရား မ လို့ ငါ့လက်ထဲကို ရောက်လာတာပဲ။ မြင်းပေါ်က ဆင်းပြီး ကြိုးတုပ်ခံကြစမ်း။ ဘာလုပ်နေကြတာလဲ"

ကျောက်ခဲမှာ များစွာ စိတ်ဆိုးသွား၏။ သူ့ခေါင်းကို လှည့်ကြည့်လိုက်ရာ ခေါင်းဆောင် တဦးသည် စင်ကွီနှင့် တိုက်ခိုက်ရန် ထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုသူမှာ လျှံရှုန်း တောင်ရိုး ရဲရင့်သူများအဖွဲ့ကို စတင်ထူထောင်ခဲ့သူ လင်ချုံး ဖြစ်၏။

မြင်းသည်နှစ်ဦး ဆုံမိကြပြီး အချီနှစ်ဆယ်ကျော်မျှ တိုက်ကြသော်လည်း တဦးကို တဦး မနိုမ်နင်းနိုင်သေးပေ။ စင်ကျီကမူ သူ လင်ချုံးနှင့် မယှဉ်နိုင်ကြောင်း သိလာ၏။ ထို့ကြောင့် မြင်းကို ဖနောင့်နှင့် နာနာကြိတ်ကာ မိုးမခပင်အုပ်ဆီသို့ မြင်းစီးကာ ပြေးလေ၏။ လင်ချုံးက သူ့မြင်းကို ဇက်သတ်ထားကာ လိုက်မဖမ်းပေ။ ကျောက်ခဲသည်လည်း တပ်ကို ပြန်ဆုတ် ခဲ့၏။ ထိုရွာကို မည်သို့ တိုက်ခိုက်မည်ဟု ဆွေးနွေးကြ၏။

"မနက်ဖြန်ကျရင် သွားတိုက်ကြမယ်"လင်ချုံးက အဆိုပြု၏။ "သူတို့အင်အားကို တကယ်မြင်ပြီးမှ စကားပြောရင် ကောင်းမယ်"

နောက်တနေ့ နံနက်တွင် လူငါးထောင်နှင့် ရွာရှေ့လွင်ပြင်ကျယ်သို့ သွားကြ၏။ နေရာ အသီးသီးယူကာ စစ်စည်စစ်မောင်းများကို တီး၍ အော်ဟစ်ကာ အသံပေးကြ၏။ ရွာထဲမှ အမြောက်သံများကို ကြားရပြီးနောက် မြင်းသည်တအုပ်ကြီး ထွက်လာလေ၏။ ရဲရင့်သူ ခုနစ်ဦးက ရင်ပေါင်တန်း တန်းစီကာ ခေါင်းဆောင်လာ၏။ ယင်း၏ အလယ်ကောင်တွင် လက်နက်သင်ဆရာရှိဝင်ကုန်း၊ သူ့ဘယ်ဘက်တွင် လက်ထောက် စုထိန်၊ သူ့ညာဘက်တွင် သားအကြီးဆုံး စင်ထုတို့ ရှိကြ၏။ ဘယ်ဘက်တွင် စင်မီ၊ စင်ကျီတို့က လည်းကောင်း ညာဘက်တွင် စင်ရှိန်နှင့် စင်စိုတို့က လည်းကောင်း လိုက်ပါလာလေ၏။ ယင်းတို့အားလုံး မှာ ခေါင်းအဆုံး ခြေအဆုံး သံချပ်ကာများ ဝတ်ဆင်ထားကြ၏။ ရှိဝင်ကုန်းက လေးတွင် မြားအသင့်တပ်ကာ ကျောက်စိမ်းဖြူခြသေ့ကို စီးလာ၏။ လှံပုဆိန်ကိုလည်း ယူလာ၏။

စစ်စည်ကို သုံးကျော့မျှ လိုမ့်ကာ တီးပြီးနောက် လှောင်ချိုင့်တင်လှည်းအချို့ကို ရှေ့သို့ တွန်းထုတ်လာကြ၏။ ယင်းတို့ကို ညွှန်ပြပြီး စင်ထုက ပြော၏။

"သူပုန်ခားပြတွေ၊ ဒီလှည်းတွေကို တွေ့သလား။ မင်းတို့ကို သတ်လိုက်ရင် ငါတို့က ယောကျ်ားကောင်းတွေ မဟုတ်ဘူး။ မင်းတို့ကို တကောင်မကျန် ဖိကုပ်ပြီး ဒီလှည်းတွေထဲ ထည့်ပြီး အရှေ့နေပြည်တော်ကို ပို့ရမယ်။ ငါတို့ ကျားညီနောင်တွေ အကြောင်း သိစေရ မယ်ကွ။ အချိန်ရတုန်း အရှုံးပေးကြနော်။ ဘယ်လိုလဲ"

ကျောက်ခဲသည် ဒေါသမာန်ဖြင့် လှံကိုချိန်ကာ စင်ထုထံသို့ မြင်းကို စိုင်း၏။ သူ့ကို ကာကွယ်ရန် ကျန်ခေါင်းဆောင်များလည်း တက်၍ တိုက်၏။ နှစ်ဘက်အထွေးထွေး တိုက် ကြ၏။ စင်မိသားစုတပ်က တဆင့်ချင်း ရွာထဲသို့ ဆုတ်ကြ၏။ လင်ချုံးနှင့် ဟူယန်ကျို့က အရှေ့ဘက် သွားသတ်လိုက် အနောက်ဘက် လိုက်သတ်လိုက်ဖြင့် ကျောက်ခဲကိုအနီးကပ် ကာကွယ်ပေးနေ၏။ သို့သော် အလားအလာ မကောင်းကြောင်း လင်ချုံးက မြင်၏။ ထို့ကြောင့်

သူ့လူများကို အမြန်ပြန်ဆုတ်ကာ ပြန်လည်ဖွဲ့စည်း၏။ နှစ်ဖက်စလုံးမှ အကျအဆုံး တို့မှာ ပြန့်ကျဲနေ၏။ ကျောက်ခဲသည်လည်း စိတ်ပျက်လက်ပျက်ဖြင့် စခန်းသို့ ပြန်ခဲ့၏။ "သိပ်လည်း စိတ်ထဲထားမနေပါနဲ့ နောင်ကြီးရာ။ သောကတွေ ပွားနေရင် နောင်ကြီး ကျန်းမာရေးပဲ ထိခိုက်လိမ့်မယ်။ နောင်ကြီးစုန်ကျန့်လည်း တိုက်ပွဲမှာ အခြေအနေ မကောင်းတဲ့အခါမျိုး ရှိတတ်ပါတယ်။ ဒါပေမဲ့ အပြီးသတ်မှာတော့ နိုင်သွားတာချည်းပါပဲ။ ဒီနေ့ တိုက်တာက ရှုပ်ထွေးတယ်။ ထိခိုက်ကျဆုံးတာကတော့ နှစ်ဖက်စလုံးပဲလေ။ ဒါပေမဲ့ မရှုံးသေးပါဘူး။ စိတ်မကောင်းဖြစ်စရာ မရှိပါဘူး"ဟု ခေါင်းဆောင်များက ဝိုင်း၍ ဖျောင်းဖျ ကြ၏။

ကျောက်ခဲကမူ "ကျွန်တော့်စိတ် သိပ်မကြည်သာလို့ပါဗျာ" ဟုသာ ဆို၏။ သုံးရက် လုံးလုံး စခန်းထဲတွင် အောင်းနေလေ၏။ သူ့လူများက နေ့စဉ် ထွက်၍ စိန်ခေါ်ကြသော်လည်း စင်တို့ရွာထဲမှ တယောက်မျှ ထွက်မလာပေ။

စတုတ္ထနေ့တွင် ဘုန်းကြီးနှစ်ပါး ကျောက်ခဲနှင့် တွေ့ရန် ရောက်လာ၏။ သူတို့ကို တောပုန်းများက ဝိုင်းထားကြ၏။ ကျောက်ခဲက တဲအပြင်သို့ ထွက်ကာ တွေ့၏။ ထိုဘုန်းကြီး နှစ်ပါးသည် ဒူးထောက်ကာ ကန်တော့ကြ၏။

"ကျုပ်တို့က စင်တို့ရွာ အရှေ့ဘက် ဖာ့ဟွာကျောင်းတိုက်ကပါ။ အဲဒီ ကျားငါးကောင် ဆိုတာတွေက ကျုပ်တို့ကျောင်းကို အမြဲတမ်း ဒုက္ခပေးကြတယ်။ ရွှေတွေ၊ ငွေတွေ၊ ပိုက်ဆံတွေ တောင်းတယ်။ သူတို့မလုပ်တာ ဘာမှ မရှိဘူး။ ကျုပ်တို့က သူတို့တပ်စခန်းတွေ အနေအထားကို အားလုံးသိတယ်။ သူတို့ခံနိုးမထဲ ဝင်ပြီး သိမ်းနိုင်တဲ့နည်းကို ပြပေးမယ်။ သူတို့ကို နှိမ်နင်းပေးနိုင်ရင်တော့ ဘုရား မတာပဲ"

ကျောက်ခဲကား ဝမ်းမြောက်လှပေ၏။ ဘုန်းကြီးများကို နေရာထိုင်ခင်း ပေးကာ ကျွေးမွေးပြုစု၏။ လင်ချုံးက အကြံပေး၏။

"သူတို့ကို မယုံပါနဲ့ နောင်ကြီး။ ဒါ လှည့်ဖျားတာ မဟုတ်မှန်း ဘယ်လိုသိမလဲ"

"ကျုပ်တို့က လောကီကို စွန့်ထားခဲ့ပြီးသားပါ။ ဘယ်လို လှည့်ဖျားဝံ့မှာလဲ။ လျှံ့ရှန်း တောင်ရိုးက လူတွေအကြောင်းကို ကောင်းကောင်းသိပြီးသားပါ။ ဒကာတို့က ဘယ်မှာ ရောက်ရောက် ရိုးရိုးလူတွေကို ဒုက္ခမပေးတတ်ကြပါဘူး။ ဒကာတို့နဲ့ ပူးပေါင်းဖို့ လာခဲ့ကြ တာပါ။ ဒကာတို့လို သူရဲကောင်းတွေကို ဘာလို့ အရူးလုပ်ရမှာလဲဗျာ။ ပြီးတော့ စင်မိသားစု တပ်တွေက ဒကာတို့ရဲ့ တပ်ကြီးကို ဘယ်လို နိုင်နိုင်မှာလဲ။ ဘာလို့ မသင်္ကာဖြစ်နေတာ လဲဗျာ"

ကျောက်ခဲက "မသင်္ကာမဖြစ်ပါနဲ့ နောင်ကြီး၊ ကျွန်တော်တို့ အခွင့်ကောင်း

လက် လွှတ်သွားလိမ့်မယ်။ ဒီည ကျွန်တော်ကိုယ်တိုင် လိုက်သွားကြည့်မယ်”

“မသွားပါနဲ့ နောင်ကြီး။ အင်အားတဝက်ပဲ ပေးပါ။ ကျွန်တော် ဒီရွာကို သွားစီးပါ့မယ်။ နောင်ကြီးက အရန်တပ်နဲ့ပဲ စောင့်နေပါ” လင်ချိုးက ဝင်တောင်းပန်၏။

“ကျွန်တော်ကိုယ်တိုင် မသွားရင် ကျွန်တော်တို့တပ်တွေက တိုက်ချင်စိတ်မှ ရှိပါ့မလား။ အင်အားတဝက်နဲ့ ခင်ဗျားပဲ စောင့်နေပါ”

“ဘယ်သူတွေကို ခေါ်သွားမလဲဗျာ”

“ခေါင်းဆောင် ဆယ်ယောက်နဲ့ အင်အားနှစ်ထောင့်ငါးရာ ခေါ်သွားမယ်”

ထိုညတွင် ညစာစားပြီးနောက် မြင်းများမှ ခြူများကို ဖယ်ရှားကြ၏။ စကားမပြောမိအောင် တုတ်ချောင်းများကို ကိုက်ထားကြ၏။ ဘုန်းကြီးများ၏ နောက်မှလိုက်ကာ ဖေ့ဟွာ ကျောင်းတိုက်သို့ တိတ်ဆိတ်စွာ သွားကြ၏။ ထိုကျောင်းမှာ ရှေးကျလှ၏ ။ ကျောက်ခဲက မြင်းပေါ်မှ ဆင်းကာ ကျောင်းထဲသို့ ဝင်၏။ လူသူတယောက်မျှ မတွေ့ရ။

“ကျောင်းက ဒီလောက်ကြီးတာ ဘုန်းကြီးတွေလည်း မရှိပါလား”

“စင်မိသားစုက တိရစ္ဆာန်တွေဒဏ်ကို မခံနိုင်တာနဲ့ လူထွက်လို့ ကုန်ပါပကောလား ဗျာ။ ကျောင်းထိုင်ကိုယ်တော်နဲ့ တပည့်နည်းနည်းလောက်ပဲ ရှိတော့တယ်။ သူတို့က ဟို စေတီရှိတဲ့ ဝင်းထဲမှာ နေကြတယ်။ ဒီမှာ ခဏနေကြပါဦးဗျ။ ခဏနေမှ ဒီလူဆိုးတွေ ခံတပ်ထဲကို လိုက်ပို့ပါ့မယ်”

“အဲဒါက ဘယ်မှာလဲ”

“ခံတပ်က လေးခုရှိတယ်။ စင်ညီအစ်ကိုတွေ နေတာက မြောက်ဘက်အစွန်ဆုံးမှာ။ အဲဒါကို သိမ်းလိုက်နိုင်ရင် ကျန်တာတွေကို ဂရုစိုက်စရာ မလိုတော့ဘူး။ ထွက်ပြေးကုန်ကြ မှာပဲ”

“ဘယ်တော့ သွားကြမလဲ”

“အခုက ဒုတိယယံပဲ ရှိသေးတယ်။ တတိယယံကျမှ သွားမယ်။ သူတို့ကို အငိုက် ဖမ်းမယ်”

စင်တို့ရွာမှ ကင်းစောင့်၏ စည်တီးသံကို ကြားနေရ၏။ ခဏနေသော် ဒုတိယယံ ထက်ဝက်ကျိုးပြီဖြစ်ကြောင်း စည်သံကို ကြားရ၏။ ထို့နောက်တွင်ကား မကြားရတော့ပေ။

"စစ်သားတွေ အိပ်ကုန်ကြပြီ။ သွားကြမယ်"ဟု ဘုန်းကြီးများက ဆို၏။

သူတို့လမ်းပြရာ နောက်သို့ လိုက်ခဲ့ကြ၏။ ငါးလီမျှပင် မသွားရသေး။ ထိုဘုန်းကြီးများ အမှောင်ထုတွင်းတွင် ပျောက်သွားလေတော့၏။

ရှေ့ဖျားတပ်မှာ ဆက်မသွားရဲတော့ပေ။ ပတ်ပတ်လည်ရှိ လမ်းကြောင်းများသည် အသွားရခက်ကြောင်း တွေ့ရ၏။ အိမ်ခြေ၊ လူသူလည်း မတွေ့ရပေ။ ရှေ့ပြေးတပ်များလည်း လန့်လာကြပြီး ကျောက်ခဲကို သတင်းပို့ကြလေ၏။ ဟူယန်ကျို့က ဆုန်ခွာရန် အမိန့်ထုတ်၏။ ခြေလှမ်းတရာမျှပင် မလျှောက်ရသေး။ ပတ်ပတ်လည်မှ လင်ပန်းသံ တချွမ်းချွမ်း ဗုံသံ တဗိန်းဗိန်းတို့ ထွက်လာလေရာ မြေကြီးပင် တုန်ဟည်းလာလေ၏။ ပတ်ပတ်လည်မှ မီးတုတ်အမြောက်အမြား လင်းလာကြ၏။

ကျောက်ခဲနှင့် ခေါင်းဆောင်များတို့က ဦးစီးကာ ဆုတ်ခွာကြ၏။ လမ်းမကြီး၏ အကွေ့ နှစ်ခုကို ဖြတ်လိုက်ရာ ရန်သူ့မြင်းတပ်တဖွဲ့က ဆီး၍ မြားမိုး ရွာချလေ၏။ ကျောက်ခဲ၏ မျက်နှာတွင် မြားတစင်း လာ၍ မှန်လေရာ မြင်းပေါ်မှ ပြုတ်ကျသွားလေ၏။

ဟူယန်ကျို့နှင့် ယန်ရွှင့်တို့က မြင်းကို အမြန်ဆုံး ဒုန်းစိုင်းကာ သွားကြ၏။ လျူထန်နှင့် ပိုက်ရှန်းတို့က သူတို့နောက်မှ လိုက်ကာ ကျောက်ခဲကို သူ့မြင်းပေါ်ပြန်တင်ကာ ရွာကို ဖောက်၍ ထွက်ကြ၏။ ရွာအဝတွင် အရန်တပ်များနှင့် အလျင်အမြန် လာနေသော လင်ချုံး နှင့် တွေ့ရ၏။ ထိုအခါမှ ရန်သူကို ပြန်၍ ဆီးဆို့ ဟန့်တားနိုင်ကြ၏။ နံနက်လင်းသည်အထိရက်ရက်စက်စက် ထွေးလုံး သတ်ဖြတ်နေကြ၏။ ထို့နောက် နှစ်ဖက်စလုံး စခန်းအသီးသီး သို့ ပြန်၍ နားကြ၏။

လင်ချုံးက တပ်ကို လူစစ်၏။ ဖိုးရုံညီအစ်ကို သုံးယောက်၊ ဆုံဝမ်၊ ဒူရှန်းတို့သည် စမ်းချောင်းကို ဖြတ်ကာ လွတ်လာကြ၏။ ကျောက်ခဲနှင့် ပါသွားသော လူနှစ်ထောင့်ငါးရာ အနက် တထောင့်နှစ်ရာ သုံးရာခန့်သာ ကျန်တော့၏။ အိုပင်းနောက်မှ လိုက်ကာ စခန်းသို့ ပြန်ခဲ့ကြ၏။

ကျောက်ခဲထံသို့ ခေါင်းဆောင်များက လာကြည့်ကြ၏။ ပါးတွင် မြားတစင်းစိုက်နေ၏။ မြားကို ဆွဲထုတ်လိုက်ရာ သွေးများ ထွက်လာပြီး ကျောက်ခဲလည်း မေ့မြောသွားလေ၏။ မြားပေါ်တွင် လက်နက်သင်ဆရာရှိဝင်ကုန်း၏ အမည် ရေးသားသည်ကို တွေ့ရ၏။ လင်ချုံးက သတ္တုလက်နက်ဒဏ်ရာတို့ ကုသသော ဆေးဖယောင်းချက်ကို လိမ်းစေ၏။ ကျောက်ခဲကို အဆိပ်လူးမြား မှန်ခြင်းဖြစ်သောကြောင့် အဆိပ်တက်လာပြီး သူလည်း စကားမပြော နိုင်တော့ပေ။ သူ့ကို လှည်းပေါ် တင်စေပြီး ဖိုးရုံတို့ညီအစ်ကိုသုံးယောက်၊ ဒူရှန်း၊ ဆုံဝမ်တို့ကို လိုက်ပါ စောင့်ရှောက်ကြစေလျက်

တောင်ရိုးစခန်းသို့ ပြန်ပို့လိုက်၏။ ကျန်ခေါင်းဆောင် ဆယ့်ငါးဦးမှာ စခန်းတွင် ကျန်ခဲ့ပြီး တိုင်ပင်ကြ၏။

"နောင်ကြီး ဘုရားဒကာကျောက်ခဲ တောင်ပေါ်က ဆင်းလာတုန်းက ဒီလို ဖြစ်မယ်လို့ ဘယ်သူထင်ပါ့မလဲ။ သူ့အလံတိုင်က လေတိုက်လို့ ကျိုးသွားတယ်လေ။ အဲဒါ နိမိတ် မကောင်းဘူး။ ကျွန်တော်တို့ စခန်းကိုပဲ ပြန်ကြရအောင်။ စင်တို့ရွာကို လွယ်လွယ်နဲ့တော့ သိမ်းလို့ မရနိုင်ဘူး"

"နောင်ကြီးစုန်ကျန့် အမိန့်ကို စောင့်ပြီးမှ ပြန်ကြရင် ကောင်းမယ်" ဟု ဟူယန်ကျို့က ပြော၏။

ခေါင်းဆောင်များမှာ မကြည်သာကြ၊ ငယ်သားများကလည်း မတိုက်ရဲကြတော့ပေ။ အားလုံးပင် စခန်းသို့ ပြန်ချင်နေကြ၏။ ထိုညက ပဥ္စမယံကုန်ပြီး ရောင်ဖြူ ပေါ်လာသည် အထိ ခေါင်းဆောင် ဆယ့်ငါးဦးစလုံး ညှိုးညှိုးငယ်ငယ်နှင့် ရှိနေကြ၏။ မှန်ပေ၏။ ခေါင်း မရှိသော မြွေသည် ခရီးမသွားနိုင်၊ အတောင်မရှိသော ငှက်သည် မပျံနိုင်ပေ။ သက်ပြင်းသာ တွင်တွင် ချနေကြ၏။ တိုက်သည် ဖြစ်စေ၊ ဆုတ်သည်ဖြစ်စေ အောင်မြင်နိုင်မည်ဟု အာမခံ ချက် မရှိပေ။

ထိုအခိုက်တွင် လမ်းမကြီးတွင် ချထားသော ကင်းက လာ၍ သတင်းပို့၏။ "ရန်သူ့ စစ်ကြောင်းငါးကြောင်း ဒီဘက်ကို လာနေပြီ။ သူတို့မီးတုတ်တွေက ရေလို့တောင် မနိုင်ဘူး" လင်ချုံးသည် ချက်ချင်း မြင်းတက်စီး၍ ကြည့်ရာ မီးတုတ်များမှ အရောင်ဟပ်သဖြင့် သုံးဖက်သုံးတန်မှ တောင်နံရံများမှာ နေ့အချိန်ကဲ့သို့ လင်းထိန်နေ၏။ ရန်သူတို့က အော် ဟစ်ကာ လျင်မြန်စွာ ရှေ့သို့ တက်လာနေကြ၏။ ခေါင်းဆောင်များသည်လည်း မခံနိုင် တော့ပေ။ လင်ချုံး၏ အမိန့်ဖြင့် စခန်းကို ဖျက်ကာ ဆုတ်ခွာကြ၏။

စင်မိသားစု တပ်ကလည်း ကြမ်းကြုတ်စွာ လိုက်လံ တိုက်ခိုက်ကြ၏။ တိုက်ရင်း ပြေး ရင်းဖြင့် လီခြောက်ဆယ်လောက် ရောက်မှ ရန်သူ့လက်မှ လွတ်ကြ၏။ လူခုနစ်ရာခန့် ကျဆုံးကြောင်း တွေ့ရ၏။ အဆုံးအရှုံးမှာ ကြီးမားလှ၏။

လျှံရှန်းတောင်ရိုးသို့ ဦးတည်ကာ ဆက်လက် လာခဲ့ကြရာတွင် လမ်းတဝက်တွင် တပ်ဆုတ်ရန် အမိန့်ယူလာသော ထိုက်ချုံနှင့် တွေ့ရ၏။ တပ်စခန်းတွင် အစီအမံအသစ် များကို ရေးဆွဲကြမည် ဖြစ်၏။

ခေါင်းဆောင်များသည် စခန်းသို့ ရောက်သည်နှင့် ကျောက်ခဲကို သွားကြည့်ကြ၏။ ကျောက်ခဲမှာ အစာလည်း မဝင်၊ ရေလည်းမဝင်တော့ပြီ။ တကိုယ်လုံးမှာ ရောင်ကိုင်းနေ၏။ သူ့အိပ်ရာဘေးတွင် စုန်ကျန့် ထိုင်ငိုနေ၏။ ကျောက်ခဲကို သူကိုယ်တိုင် ဆေးလိမ်းပေး၊ ဆေးတိုက်ကျွေးပေး၏။

ခေါင်းဆောင်အားလုံးသည်လည်း တဲအပြင်တွင် စောင့်နေကြ၏။ တတိယနေ့ ည တတိယယံတွင် ကျောက်ခဲသည် သူ့ကိုယ်ပေါ်တွင် အလွန်လေးလံသော အရာတခု ဖိထားသလို ဖြစ်လာ၏။ စုန်ကျန့်ဘက်သို့ ခေါင်းကို လှည့်ကာ-

“ကျန်းမာအောင် နေပါ နောင်ကြီး၊ ကျွန်တော့်ကိုသတ်တဲ့ လေးသမားကို ဖမ်းနိုင်တဲ့ လူကို လျှံရှုန်းတောင်ရိုးမှာ အုပ်ချုပ်ပါစေ” ဟု ပြောပြီး မျက်စိမှိတ်ကာ အသက်ထွက်သွား လေ၏။ စုန်ကျန့်အဖို့မှာ သူ့မိဘ ဆုံးရှုံးသကဲ့သို့ ဖြစ်၏။ ငိုရှင်း ငိုရှင်း တက်သွားလေ၏။ ခေါင်းဆောင်များက တဲထဲက သယ်ထုတ်ကြရ၏။ စခန်း၏ ကိစ္စအဝဝကို ကိုင်တွယ်ရန် သူ့ကို တိုက်တွန်းကြ၏။ ဝုရုံက-

“ဒီလောက်လည်း ပူဆွေးမနေပါနဲ့ နောင်ကြီး။ လူမှန်ရင် ရှင်ကြ သေကြတာ ဓမ္မတာ ပါပဲ။ ဒီလောက် အပင်ပန်းမခံပါနဲ့ဗျာ။ နောင်ကြီးကို စောင့်နေတဲ့ အရေးကြီးကိစ္စတွေ ရှိသေးတယ်ဗျ”

စုန်ကျန့်သည် အငိုရပ်သွား၏။ အလောင်းကို အမွှေးရည်များဖြင့် စိမ်ကာ အဝတ် အစားများ လဲလှယ်ပေးကာ သစ္စာညီနောင်ခန်းမတွင် ပြင်ထား၏။ ခေါင်းဆောင်များက ထုံးစံအတိုင်း ပူဇော်ကြ၏။ နေ့ကောင်းရက်သာကို ရွေးကာ အတွင်းခေါင်းနှင့် အပြင် တလားကို ပြုလုပ်စေပြီး ခန်းမတွင် ထား၏။ ကန့်လန့်ကာတခုနှင့် ကန့်ကာ အပြင်တွင် ကမ္ပည်းတိုင်ကို အလယ်တည့်တည့်တွင် ထူထား၏။ ကမ္ပည်းစာမှာ ‘လျှံရှုန်းတောင်ရိုး ခေါင်းဆောင် ဘုရားဒကာ ကျောက်ခဲသို့ အမှတ်တရ”ဟု ရေးထား၏။

စုန်ကျန့်မှစ၍ ခေါင်းဆောင်အားလုံးသည် အလွန်ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် ဝတ်ဆင်ထားကြ၏။ အရာရှိငယ်များ၊ အခြားအဆင့်များကမူ ဝမ်းနည်းခြင်းအထိမ်းအမှတ် အဖြစ် အဖြူရောင်ပဝါများကို ခေါင်းတွင် စည်းထားကြ၏။ ကျောက်ခဲကို သတ်ခဲ့သော မြား ကိုလည်း လက်စားချေမည်ဟု အဓိဋ္ဌာန်ပြုကာ ချိုးလိုက်ပြီး ပူဇော်ပွဲရှေ့တွင်ထား၏။ အဖြူ ရောင်တံခွန်ရှည်ကြီး တခုကိုလည်း ထူစေ၏။ သေသူအတွက် ရည်စူးကာ ဆုတောင်းစာများ ရွတ်ဖတ်ရန် နီးရာဘုန်းကြီးကျောင်းမှ ဘုန်းကြီးများကို ပင့်ကြ၏။ နေ့စဉ်ပင် စုန်ကျန့်က ဦးဆောင်ကာ ခေါင်းဆောင်များသည် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ဆင်နွဲကြ၏။ စခန်း ကိစ္စအဝဝကို ဆောင်ရွက်လိုစိတ် မရှိကြချေ။

လင်ချုံး၊ ကုန်ဆွန်ရှန်း၊ ဝုရုံတို့က ဤကိစ္စကို ကျန်ခေါင်းဆောင်တို့နှင့် တိုင်ပင်ကြ၏။ စုန်ကျန့်ကို ခေါင်းဆောင်တင်မြှောက်ကာ သူ့အမိန့်ကို နာခံမည်ဟု ဆုံးဖြတ်ကြ၏။ နောက် တနေ့နံနက်တွင် ပန်းများ၊ မီးပုံးများ ၊ ဖယောင်းတိုင်များ ယူဆောင်ကာ “သူရဲကောင်း စိတ်ဓာတ်ကို ကာကွယ်သူ” စုန်ကျန့်ကို ပင့်ဖိတ်ကာ ခန်းမဆောင်တွင် နေရာယူစေ၏။

ဝုရုံနဲ့ လင်ချုံးတို့က-

"နားထောင်ပါ နောင်ကြီးရာ၊ တိုင်းပြည်တပြည်မှာ မင်း မရှိရင် အုပ်ချုပ်လို့ မရပါဘူး။ အိမ်ထောင်တစုမှာလည်း အိမ်ထောင်ဦးစီး မရှိလို့ မဖြစ်ဘူး။ ဒီတောင်ရိုးခံတပ်ရဲ့ ခေါင်း ဆောင် နောင်ကြီးကျောက်ခဲကတော့ ကောင်းကင်ဘုံကို သွားပါပြီ။ အခု ဒီမှာ ဆုံးဖြတ်မယ့် သူ မရှိတော့ဘူး။ နောင်ကြီးရဲ့ နာမည်က ထင်ရှားကျော်စောပါတယ်။ ကျွန်တော်တို့ ရက်ကောင်းရက်သာ ရွေးပြီး နောင်ကြီးကို ခေါင်းဆောင်တင်ပါရစေ။ နောင်ကြီးအမိန့်ကို ကျွန်တော်တို့ လိုက်နာပါ့မယ်"

"နောင်ကြီးကျောက်ခဲရဲ့ နောက်ဆုံးမှာတမ်းကိုလည်း ပြန်စဉ်းစားကြပါဦး။ "ကျွန်တော့် ကို သတ်တဲ့ လေးသမားကို ဖမ်းနိုင်တဲ့သူကို လျှံရှန်းတောင်ရိုးမှာ အုပ်ချုပ်ပါစေ" တဲ့ ဗျ။ ခင်ဗျားတို့ အားလုံးလည်း သိကြတာပဲ။ မေ့ပစ်လို့ ဘယ်ရမလဲ။ သူ့အတွက် လက်စား မချေရသေးဘူး။ အကြွေးမကျေသေးဘူး။ ဘယ်လိုလုပ် လက်ခံနိုင်မှာလဲဗျာ"

"နောင်ကြီးကျောက်ခဲက ဒီလိုပြောသွားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ဗျာ၊ တရားခံ ကိုလည်း မဖမ်းနိုင်သေးဘူး။ ဒီခံတပ်ကလည်း ခေါင်းဆောင်မရှိရင် မဖြစ်ဘူး။ နောင်ကြီးမှ မအုပ်ချုပ်ရင် ဘယ်သူ အုပ်ချုပ်ရမှာလဲဗျာ။ တပ်တွေကို ဘယ်သူ ကွပ်ကဲမှာလဲဗျာ။ နောင်ကြီးကျောက်ခဲရဲ့ ဆန္ဒကတော့ နောင်ကြီး ပြောခဲ့သလိုပါပဲ။ ဒါပေမဲ့ ယာယီလက်ခံ ထားလို့ကော မရဘူးလား။ ပြီးမှ တခုခု စဉ်းစားကြတာပေါ့" ဟု ဝုရုံက အကြံပြု၏။

"ဒီလိုပြောတော့လည်း ကြောင်းကျိုးညီညွတ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီတာဝန် ကို ယာယီလက်ခံထားပါမယ်။ နောင်ကြီးကျောက်ခဲအတွက် လက်စားချေပြီးရင်၊ ရှိဝင်ကုန်းကို ဖမ်းမိရင်တော့ ဖမ်းမိတဲ့လူက ဘယ်သူပဲဖြစ်ဖြစ် ခေါင်းဆောင်လုပ်ရမယ်"

လေပွေနက်လီကွေ့က ထ၍ အော်၏။

"နောင်ကြီးက လျှံရှန်းတောင်ရိုးတင် မကဘူး။ စုန့်မင်းဆက်မှာ ဧကရာဇ်မင်းကြီး တောင် ကောင်းကောင်းလုပ်နိုင်တာပဲ"

"လာပြန်ပြီလား၊ မင်းက အရမ်းလျှောက်ပြောနေပြန်ပြီ။ တော်စမ်း၊ မင်းလျှာကို ဖြတ်မိလိမ့်မယ်"

"ဘာလို့ ဖြတ်ရမှာလဲဗျာ။ ကျုပ်က နောင်ကြီးကို ဧကရာဇ်မင်းလုပ်ဖို့ ပြောတာပဲ။ နတ်နန်းစောင့်ကြီး လုပ်ဖို့ ပြောတာမှ မဟုတ်တာ"

ဝုရုံက ဝင်ဟန့်၏။

"ဒီကောင်ကတော့ကွာ၊ ဘာမှ အတိမ်အနက် နားမလည်ဘူး။ ကဲဗျာ နောင်ကြီးရာ၊ ဒီလိုကောင်စားမျိုးအတွက် စိတ်ရှုပ်ခံမနေပါနဲ့၊ အရေးကြီးတဲ့ ကိစ္စတွေကို ကိုင်တွယ် ပါတော့"

စုန်ကျန့်သည် အမွေးတိုင်များကို ထွန်းညှိပြီး ခေါင်းဆောင်အကြီးဆုံး၏ နေရာတွင် ဝင်ထိုင်၏။ သူ့ဘယ်ဘက်တွင် ဝုရုံနှင့် သူ့ညာဘက်တွင် ကုန်ဆွန်ရှန်းတို့ ထိုင်ကြ၏။ ဘယ် ဘက်တန်း၏ထိပ်တွင် လင်ချုံးက လည်းကောင်း၊ ညာဘက်တန်း၏ထိပ်တွင် ဟူယန်ကျို့က လည်းကောင်း အသီးသီး နေရာယူကြ၏။ အားလုံးက ဂါရဝပြုပြီးမှ ထိုင်ကြ၏။ စုန်ကျန့်က-

"ကျွန်တော် ဒီတာဝန်ကို ယူတာ ယာယီပါ။ နောင်ကြီးတို့ရဲ့ ထောက်ခံမှုကို တကယ်ပဲ အားကိုးပါတယ်။ ကျွန်တော်တို့က အားလုံး တစိတ်တဝမ်းတည်း ရှိရပါမယ်။ ညီညီ ညွတ်ညွတ် လုပ်ကြရပါမယ်။ အရိုးနဲ့ ခြင်ဆီလို တသားတည်းရှိပြီး မိုးကောင်းကင်က ပေးတဲ့ တာဝန်ကို ထမ်းဆောင်ရပါမယ်။ အခုအချိန်မှာ ကျွန်တော်တို့စခန်းမှာ လူတွေ အများကြီး ရှိနေပါပြီ။ အရင်နဲ့ မတူတော့ပါဘူး။ ဒီတော့ ခံတပ်ခြောက်ဆင့်ထားပြီး ကွပ်ကဲ ကြဖို့ နောင်ကြီးတို့ကို ပြောချင်ပါတယ်။ သစ္စာညီနောင်ခန်းမကိုလည်း 'သစ္စာခန်းမ" လို့ ခေါ်စေချင်ပါတယ်။ ကုန်းပိုင်းခံတပ်အနေနဲ့က ရှေ့၊ နောက်၊ ဘယ်၊ ညာ ဆိုပြီး လေးခု ထားပါ့မယ်။ တောင်နောက်ဘက်မှာလည်း ခံတပ်အသေးလေးနှစ်ခု ထားပါ့မယ်။ တောင် ရှေ့ဘက်မှာတော့ အခိုင်အမာ တပ်စွဲထားတဲ့ တံခါးသုံးထပ် ထားပါ့မယ်။ တောင်ခြေရင်း ရေစပ်မှာလည်း ခံတပ်လေးတခု ထားပြီး လမ်းနှစ်ဖက်မှာလည်း ခံတပ်လေး တခုစီ ထားပါ့မယ်။ နောင်ကြီးတို့က တာဝန်ယူဖို့ တောင်းပန်ပါတယ်။

"သစ္စာခန်းမမှာတော့ ကျွန်တော်က ပထမနေရာကို ယာယီယူထားပါမယ်။ စစ်ဘက် အကြံပေးပုဂ္ဂိုလ် နောင်ကြီးဝုရုံက ဒုတိယပါ။ ကိုယ်တော်ကုန်ဆွန်ရှန်းက တတိယ၊ နောင်ကြီးဟွရုံက စတုတ္ထ၊ နောင်ကြီးချင်မင်းက ပဥ္စမ၊ နောင်ကြီးလူ့ဖန်က ဆဋ္ဌမ၊ နောင်ကြီးကောက်ရှိန်းက သတ္တမပါ။ ဘယ်ဘက်ခြမ်းက ခံတပ်တွေကိုတော့ နောင်ကြီး လင်ချုံး၊ ၊ လျူထန်၊ ရှိကျင်း၊ ရန်စုံ၊ ရှီဇူ၊ ဒူရှန်း၊ ဆုံဝမ်တို့က အဆင့်ဆင့် ကွပ်ကဲရမယ်။ ညာဘက် ဘက်ခြမ်းမှာကတော့ နောင်ကြီး ဟူယန်ကျို့၊ ချူတုံ၊ ထိုက်ချုံ၊ မူဟုန်၊ လီကွေ့၊ အိုပင်း၊ မူချွန်းတို့က အဆင့်ဆင့် တာဝန်ခံရမယ်။ တောင်ရှေ့ဘက်ခြမ်းကိုတော့ နောင်ကြီးလီယင်း၊ ရှုနင်၊ ရှင်ဉာဏ၊ ဝုဆုန်၊ ယန်ချီ၊ မာလင်း၊ ရှိအန်တို့က စောင့်ကြပ်ရမယ်။ တောင် နောက် ဘက်ခြမ်းမှာတော့ နောင်ကြီးကျဲ့ကျင်း၊ ဆွန်လီ၊ ဟုန်ဆင့်၊ ဟန်တောင်၊ ဖိန့်ချီ၊ တိန်း၊ စွေ့ယုံတို့က တာဝန်ယူ ကာကွယ်ရမယ်။ ရေကြောင်းခံစစ်မှာကတော့ နောင်ကြီးလီကျွမ်း၊ ဖိုးရုံညီနောင် သုံးယောက်၊ ချန်ဟင်း၊ ချန်ရွှန်းတို့ညီနောင်၊ တုန်ဝေ့၊ တုန်မင်းတို့ ညီနောင်က တာဝန်ယူရမယ်။ ဒီ ခေါင်းဆောင်လေးဆယ့်သုံးယောက်က ဒီခံစစ်ရဲ့

အတွင်းစည်းကို တာဝန်ယူကြရမယ်။

"တောင်အရှေ့ဘက် ပထမတံခါးကိုတော့ နောင်ကြီးလွေ့ဟုန်နဲ့ ဖန်ရှီတို့က တာဝန် ယူရမယ်။ ဒုတိယတံခါးကိုတော့ နောင်ကြီးရှိချင်နဲ့ ရှိပေါင်တို့ ညီအစ်ကိုက တာဝန်ယူပါ။ တတိယတံခါးကိုတော့ ရှုံချုံးနဲ့ လီကွန်းက တာဝန်ယူပါ။

"သဲသိဂ်ါကမ်းခြေက ခံတပ်လေးကိုတော့ နောင်ကြီးယန်ရှင့်၊ ချန်တန်ရှူ၊ ကုန်မင်း၊ ကုန်လျန်တို့က တာဝန်ယူရမယ်။ ဟသ်ာနှုတ်သီးကမ်းခြေက ခံတပ်လေးကိုတော့ နောင်ကြီး လီချုံး၊ ချူတုံ၊ စို့ယွမ်နဲ့ စို့ရွှန်တို့က တာဝန်ယူပါ။

"တောင်နောက်ခြမ်းက ခံတပ်လေး နှစ်ခုထဲက ဘယ်ဘက်က ခံတပ်လေးကိုတော့ ဗိုလ်ကျားပုနဲ့ သံမဏိတာတို့နဲ့အတူ ကောက်ရှိန်းက တာဝန်ယူပါ။ ညာဘက်က ခံတပ် လေးကိုတော့ နောင်ကြီးချူဝု၊ ချင်တ၊ ယန်ချွန်းတို့က တာဝန်ယူပါ။

"သစ္စာခန်းမရဲ့ ဘယ်ဘက်အခန်းတွေမှာ နေပြီး နောင်ကြီးရှောင်ရန်းက စာရွက် စာတမ်းတွေ မှတ်တမ်းတွေကို တာဝန်ယူရမယ်။ နောင်ကြီးဖေရွှန်းကတော့ ဆုပေး ဒဏ်ပေးကိစ္စတွေကို တာဝန်ယူပါ။ နောင်ကြီးကျင်တာကျန်းကတော့ တံဆိပ်တွေ၊ စာပေး စာယူကိစ္စတွေ၊ နောင်ကြီးကျန်ကျင်းကတော့ ငွေကြေးနဲ့ ရိက္ခာစာရင်းအင်းတွေကို တာဝန် ယူကြပါ။ ညာဘက်အခန်းတွေမှာတော့ အမြောက်တာဝန်ခံ နောင်ကြီးလင်းချင်၊ လှေ တာဝန်ခံ နောင်ကြီးမိန်ကွမ်း၊ စစ်ဝတ်နဲ့ ချပ်ဝတ်တန်ဆာ တာဝန်ခံ နောင်ကြီးဟိုဂျန်၊ ခံတပ် တံတိုင်းတာဝန်ခံ နောင်ကြီးတောက်ချုံဝမ်းတို့ နေကြရမယ်။

"ခန်းမအနောက်ဘက်က အခန်းတွေမှာကတော့ အဆောက်အအုံတာဝန်ခံ နောင်ကြီးလီယွမ်း၊ ပန်းပဲတာဝန်ခံ နောင်ကြီးထန်လုံ၊ စိမ်ရည်သောက်ဖို့ တာဝန်ခံ နောင်ကြီးချူဖု၊ စားသောက်ပွဲတာဝန်ခံ နောင်ကြီးစုန်ကျင့်၊ အထွေထွေတာဝန်ခံ နောင်ကြီးထူရှင့်နဲ့ ပိုက်ရှန်းတို့ နေကြရမယ်။

"ကင်းရှည်အနေနဲ့ အသုံးပြုနေတဲ့ ဘုံဆိုင် လေးဆိုင်ကိုတော့ အခုအတိုင်းပဲ နောင်ကြီး ချူကွီ၊ ကွေ့ဟို၊ ရှီကျန့်၊ လီလီ၊ ဆွန်ရှင့်နဲ့ မခု၊ ကျန်ချင်းနဲ့ စုန်းမဆွန်တို့က ဆက်ပြီး တာဝန်ယူရမယ်။ နောင်ကြီးရန်လင်း၊ ရှိယုံ၊ တွမ်ကျင်ချူတို့က မြောက်ဘက်ကို သွားပြီး မြင်းတွေ ဝယ်ကြရမယ်။

"ဒါတွေကတော့ ကျွန်တော်တို့ရဲ့ တာဝန်ခွဲဝေပုံတွေပဲ။ အားလုံးက လေးလေး စားစားနဲ့ လိုက်နာကြရမယ်"

ထိုနေ့မှ စကာ စုန်ကျန့်သည် လျှံရှန်းတောင်ရိုး၏ ခေါင်းဆောင်တာဝန်ကို

ယူ၏။ ခေါင်းဆောင်ကြီးငယ်မဟူ ပျော်ရွှင်ကျေနပ်ကြ၏။ အားလုံးကပင် သူ့ ညွှန်ကြားမှုများကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြ၏။

တနေ့တွင် စုန်ကျန့်သည် ကျန်ခေါင်းဆောင်များနှင့် တိုင်ပင်၏။ သူက ကျောက်ခဲ အတွက် လက်စားချေရန် စင်တို့ရွာကို သွားတိုက်ချင်၏။ သို့သော် ဝုရုံက သဘောမတူချေ။ "ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလကိုတော့ လေးစားရမယ် နောင်ကြီး၊ ရက်တရာ ပြည့်အောင် စောင့်ပြီးမှ စစ်သွားတိုက်သင့်ပါတယ်။ အဲဒီအချိန်မှဆိုရင်လည်း နောက်မကျ သေးပါဘူး"

သူ့စကားကို စုန်ကျန့်က နားထောင်၏။ စခန်းထဲမှာသာ နေပြီး နေ့စဉ် ကျောက်ခဲ ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်း၏။

တနေ့တွင် ဥတ္တရနေပြည်တော် ထဲ့နင်းမြို့ လောင်ဟွာကျောင်းတိုက်မှ ရှင်သုဂတ ဟု အမည်ရှိသော ဘုန်းကြီးတပါးကို ပင့်ဖိတ်၏။ ရှင်သုဂတက ကျီနင်းသို့ အသွားတွင် လျှံရှန်း ကျူအင်းကို ဖြတ်သွားရသဖြင့် ကွယ်လွန်သူအား ရည်စူးကာ ဝတ်ပြုဆုတောင်းပေးရန် ပင့်ဖိတ်ခြင်း ဖြစ်၏။ သက်သတ်လွတ် ဆွမ်းကပ်ပြီး ဥတ္တရနေပြည်တော်၏ အကြောင်း၊ မြို့သူမြို့သားများအကြောင်း စသည်တို့ကို စုန်ကျန့်က မေးလျှောက်လေ၏။

"ဟောပေ့က ကျောက်စိမ်းဗျာလွှအကြောင်းကိုတော့ ကြားဖူးမှာပေါ့ ဒကာကြီး" ဟု ဘုန်းကြီးက ဆို၏။

စုန်ကျန့်နှင့် ဝုရုံတို့ ချက်ချင်းပင် မှတ်မိသွားလေ၏။

"အသက်ကဖြင့် မကြီးသေးဘူး။ မေ့တတ်လျော့တတ်တာကဖြင့် လွန်ပါရောလား" ဟု စုန်ကျန့်က တ ၏။

"ဥတ္တရနေပြည်တော်မှာ လူကွမ်းယီ ဆိုတဲ့ သူဌေးတယောက် ရှိတယ်။ သူ့ကို ကျောက်စိမ်းဗျာလွှလို့လည်း ခေါ်ကြတယ်။ သူက ဟောပေ့နယ်က ထူးချွန်တဲ့သူသုံးယောက် ထဲမှာ အပါအဝင်ပဲဗျ။ သူက နေပြည်တော်မှာ နေပြီး ကိုယ်ခံပညာမှာလည်း ကျွမ်းကျင် တယ်။ တင်ကျည်းတုတ်နဲ့ ဗန်ရှည်သိုင်းမှာတော့ ပြိုင်ဘက်မရှိဘူးတဲ့။ သူသာ ကျွန်တော် တို့နဲ့ လာပူးပေါင်းရင် ဘယ်အစိုးရတပ်ပဲ ဖြစ်ဖြစ် ရဲပဲ ဖြစ်ဖြစ် မှုစရာမလိုတော့ဘူးဗျ"

ဝုရုံက ရယ်လိုက်လေ၏။ "ဘာဖြစ်လို့ ဒီလို စိတ်ဆင်းရဲနေတာလဲ နောင်ကြီး။ သူ့ကို ဒီ ခေါ်ချင်နေတာလား၊ ဘာမှ မခဲယဉ်းပါဘူးဗျာ"

"သူက ထဲ့နင်းမြို့က မြို့မျက်နှာဖုံးပဲ။ ဘယ် တောပုန်းလုပ်မှာလဲဗျ"

“ဒီကိစ္စကို ကျုပ် စဉ်းစားထားတာ ကြာပြီဗျ။ လောလောဆယ် မေ့နေတာပါ။ သူ့ကို ဒီတောင်ပေါ်ကို ခေါ်တင်ဖို့ ကျုပ် ကြံထားတာ ရှိတယ်ဗျ”

“နောင်ကြီးကို ဝိဇ္ဇာမိုရ်လို့ ခေါ်တာဟာ ဘယ်အလကား ဟုတ်ပါ့မလဲဗျာ။ ပြောပြပါဦး စစ်ဘက်အကြံပေးကြီးရဲ့။ နောင်ကြီးရဲ့ အစီ အမံလေး သိပါရစေ”

လက်နှစ်ချောင်းကို ထောင်ကာ တည်ငြိမ်စွာဖြင့် ဝုရုံက သူ့အစီအမံကို ပြောပြလေ၏။ ရလဒ်မှာ လူကွမ်းယီသည် ပုလဲသွယ်များ တွဲရရွဲ ဆွဲထားသည့် ပန်းစာလုံးဖော်တံခွန်ကို စွန့်ကာ နဂါးအိုင်နှင့် ကျားဂူအတွင်းသို့ ဆင်းခဲ့ပေ၏။ မှန်ပေ၏။ လူတယောက် ကျူအင်း ကို ဆင်းလာရန် တပြည်ထောင်လုံး စစ်ဘေးကပ် ရောက်ခဲ့ရလေ၏။

ဝုရုံက လူကွမ်းယီကို မည်သို့ တောင်ရိုးပေါ်သို့ ခေါ်ခဲ့သနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၆၁

ကျောက်စိမ်းဗျာလကို ဝုရုံက ပါးနပ်စွာ ဖြားယောင်းခြင်း

ညအချိန် သဲသိင်္ဂါဆိပ်ကမ်းတွင် ချန်ရွှန်း သောင်းကျန်းခြင်း

"လက်လေးသစ်ပဲ ရှည်တဲ့၊ အလှည့်အပြောင်း ကောင်းတဲ့ ကျုပ်ရဲ့ လှျာတချောင်းကိုပဲ အဖော်လုပ်ပြီး ဥတ္တရနေပြည်တော်ကို ရဲရဲပဲ သွားမယ်။ လူကွမ်းယီ ဒီတောင်ရိုးကို လိုက်ခဲ့ အောင် သွေးဆောင်ခဲ့မယ်။ အိတ်ဝင် သပိတ်ဝင်ပဲသာ မှတ်လိုက်ပါတော့။ ကျုပ် လိုချင်တာက ခပ်ကြမ်းကြမ်း ခပ်ရဲရဲ အဖော်တယောက်ပဲ"ဟု ဝုရုံက ဆို၏။

သူ ပြော၍မှ မဆုံးသေးမီ လီကွေ့က ထအော်လေ၏။

"ကျုပ်ကို ခေါ်ပါ။ စစ်ဘက်အကြံပေး နောင်ကြီး ခင်ဗျာ"

စုန်ကျန့်က-

"နေဦး ငါ့ညီ။ မီးရှို့ဖို့ လူသတ်ဖို့တို့၊ အိမ်တွေ ဝင်လုဖို့၊ မြို့ကို အတင်းဝင်တိုက်ဖို့ လိုရင် တော့ မင်းနဲ့ ကိုက်ပါတယ်။ ဒီကိစ္စက သိမ်မွေ့တယ်။ မင်းက အကြမ်းပတမ်းပဲ ရတယ်"

"ကျုပ်က ရုပ်ဆိုးတော့ နှိမ်ချင်ကြတယ်ပေါ့ဗျာ။ ဒါကြောင့် မလိုက်စေချင်တာပါ"

"ဒီလို မဟုတ်ဘူးလေ။ ထဲ့နင်းမှာက ရဲတွေ ခြေချင်းလိမ်နေတာ၊ တယောက်ယောက် က မှတ်မိသွားရင် ပြီးပြီ"

"ကိစ္စမရှိပါဘူးဗျာ။ စစ်ဘက်အကြံပေး လိုချင်နေတဲ့လူနဲ့ ကျုပ်နဲ့ အံကိုက်ပဲဗျ"

ဝုရုံက ဝင်ဖျန်ဖြေ၏။ "မင်းက အချက်သုံးချက်ကို ကတိပေးနိုင်ရင် ခေါ်မယ်။ ကတိမပေးနိုင်ရင်တော့ စခန်းထဲမှာပဲ နေခဲ့ပေတော့"

"သုံးခုမကဘူးဗျာ။ သုံးဆယ် သုံးဆယ် ကတိပေးတယ်"

"ပထမအချက်က မင်းက မူးလာရင် တောမီးလိုပဲ။ လျှောက်ရမ်းတော့တာပဲ။ ကနေ့ ကစပြီး မင်း စိမ်ရည် မသောက်ရဘူး။

ပြန်ရောက်ရင်တော့ ပြန်သောက်ချင် သောက် ပေါ့ကွာ။ ဒုတိယအချက်က မင်းက တာအိုဘုန်းကြီးရဲ့ ကပ္ပိယ လုပ်ရမယ်။ ကျုပ်က ဒါ လုပ်ဆို လုပ်ရမယ်။ တတိယကတော့ အခက်ဆုံးပဲ။ မနက်ဖြန်က စပြီး စကားတလုံးမှ မပြောရဘူး။ အအ ဖြစ်သွားပြီ။ ဒီသုံးခုကို ကတိ ပေးမယ်ဆိုရင် မင်းကို ကျုပ်ခေါ်သွားမယ်”

“ကျုပ်က မသောက်ဖို့၊ ကပ္ပိယလုပ်ဖို့ ကတိပေးနိုင်ပါတယ်။ ဒါပေမဲ့ စကားမပြော ရရင် သေလိမ့်မယ်”

“မင်း ပါးစပ် ဟ လိုက်ရင်လည်း ကသောင်းကနင်း ဖြစ်သွားလိမ့်မယ်”

“ကဲပါ၊ ဒါက လွယ်ပါတယ်။ ပါးစပ်ထဲမှာ ကြေးပိုက်ဆံပြား တပြား ငုံထားလိုက်မယ်။ ဒါဆို ရပြီ”

ခေါင်းဆောင်များက ဝိုင်း၍ ရယ်ကြသည်။ လီကွေ့ နေခဲ့အောင်များ မည်သူက ပြော နိုင်ပါမည်နည်း။

ထို့နေ့တွင်ပင် သစ္စာခန်းမ၌ နှုတ်ဆက်စားသောက်ပွဲ ကျင်းပကြ၏။ နောက်တနေ့ နံနက်စောစောတွင် ဝုရုံသည် ကျမ်းစာများကို ထုပ်ပိုးပြီး ကပ္ပိယလီကွေ့ကို ထမ်းပိုးနှင့် ထမ်းစေ၏။ စုန်ကျန့်တို့ခေါင်းဆောင်များက သဲသိဂ်ါကမ်းခြေအထိ လိုက်ပို့ကြ၏။ သတိထား၍ ဆောင်ရွက်ရန်၊ လီကွေ့ကို ပြဿနာမတက်အောင် ထိန်းရန် ဝုရုံကို မှာလိုက်ကြ၏။ ဝုရုံနှင့် လီကွေ့တို့ ထွက်သွားမှ လိုက်ပို့သူများက စခန်းသို့ ပြန်ကြ၏။

သူတို့နှစ်ယောက်သား ခရီးထွက်ခဲ့သည်မှာ လေးငါးရက်မျှ ရှိပြီ။ မိုးချုပ်မှ ထမင်းဆိုင် များတွင် ဝင်၍ တည်းကာ မိုးလင်းလျှင် ထကြ၏။ ချက်ပြုတ်စားသောက်ပြီး ခရီးဆက်ခဲ့ ကြ၏။ ဝုရုံမှာ လီကွေ့ကြောင့် စိတ်တထင့်ထင့် ဖြစ်လျက် ရှိ၏။ နောက်ဆုံးတွင် နေပြည်တော် ကို ရောက်သွားပြီး မြို့ပြင် ထမင်းဆိုင်တခုတွင် တည်းကြ၏။ ထိုညတွင် လီကွေ့သည် မီးဖို ချောင်သို့ ဆင်းကာ ညစာချက်ရာတွင် စားပွဲထိုးတဦးကို သွေးအန်သွားအောင် ထိုးလိုက်၏။

စားပွဲထိုးက ဝုရုံသို့ သွား၍ တိုင်လေ၏။ “ခင်ဗျား ကပ္ပိယ အအ က တော်တော် ရမ်းတယ်။ မီးမွေးတာ နှေးလို့ ဆိုပြီး ထိုးလိုက်တာ သွေးတောင် အန်တယ်”

ဝုရုံက ထိုသူ့ကို တောင်းတောင်းပန်ပန်နှင့် ကြေးပြားပိုက်ဆံ ဆယ်ကုံးခန့်ကို ပေး လိုက်ရ၏။ လီကွေ့ကိုလည်း ဆူပူ ကြိမ်းမောင်းလေ၏။ ထိုအကြောင်းကို ဆက်မပြော တော့ပြီ။ နောက်တနေ့နံနက်တွင် ထ ပြီး နံနက်စာ ချက်ကာ စားသောက်ကြ၏။ ဝုရုံက

လီကွေ့ကို အခန်းထဲသို့ ခေါ်၏။

"မင်းက လိုက်ပါရစေ တောင်းပန်လွန်းလို့ ကျုပ်က ခေါ်ခဲ့တာ။ မင်းက ဘာလုပ်ခဲ့လဲ၊ ကျုပ်ကို ဒုက္ခပေးတာပဲ ရှိတယ်။ ဒီနေ့ ကျုပ်တို့ မြို့ထဲကို ဝင်မယ်။ ရုတ်ရုတ်ရက်ရက် လုပ်ရမယ့် နေရာ မဟုတ်ဘူးနော်။ မင်းကြောင့် ကျုပ် အသေမခံနိုင်ဘူး"

"မလုပ်ဝံ့ပါဘူးဗျာ"

"ကဲ၊ မှတ်ထားနော်။ ကျုပ်က ခေါင်းကို ခါလိုက်ရင် မင်း ငြိမ်နေလိုက်တော့"

လီကွေ့က ကတိပေး၏။ ထမင်းဆိုင်မှ မြို့ထဲသို့ ထွက်လာခဲ့ကြ၏။ ဝုရုံသည် မျက်ခုံးထိအုပ်သော အနက်ရောင် ပိုးသားဦးထုပ်ချွန်ကို ဆောင်းထား၏ ။ အနက်ရောင်တွင် အဖြူ အနားကွပ်သော တာအိုဘုန်းကြီး ဝတ်ရုံကို ဝတ်ပြီး ရောင်စုံခါးပန်းကြိုးကို စည်းနှောင် ထား၏။ ခြေထောက်တွင် လေးထောင့်ဦးတုံး အဝတ်ဖိနပ်ကို စီးကာ ရွှေရောင်တောက်နေသော ကြေးဆည်းလည်း တပ်ထားသည့် တောင်ဝှေးကို ကိုင်ထား၏။ လီကွေ့၏ အဝါ ရောင် ဆံပင်ကြမ်းကြမ်း တိုတိုများကို ချိုစောင်းတဖက်တချက်တွင် ခွေလိမ်ကာ ထုံးထား ၏။ ကျားနက်လို သူ့ကိုယ်ခန္ဓာကြီးကို အညိုရောင်ဝတ်စုံတိုတိုက မအုပ်နိုင်။ ဝက်ဝံခါးလို သူ့ခါးတုတ်တုတ်ကြီးကို ရောင်စုံခါးစည်းဖြင့် စည်းထားပြီး တောင်တက်ဖိနပ်ကို စီးထား၏။ ကုက္ကားတိုင်လို ထိပ်ဖျားတွင် ကွေးထားသော ဝါးလုံးတလုံးကို ကိုင်ထား၏။ ယင်း ဝါးလုံး အဖျားတွင် ဆွဲထားသော စက္ကူတရွက်မှာ လေတိုက်ရာသို့ ပါနေ၏။ ထိုစက္ကူပေါ်တွင် "ရှေ့ဖြစ်ဟောသည်၊ တခါဟော ငွေတကျပ်" ဟု ရေးထားလေ၏။ ထိုခေတ်က ခားပြေများ သောင်းကျန်းလှသဖြင့် ဟောပေ့နယ်၏ အဓိက မြို့ဖြစ်သော ကျန့်မြို့၏ မြို့စောင့်တပ်ကို ဘုရင်ခံလျှံကိုယ်တိုင် ကွပ်ကဲ၏။ စနစ်တကျ သပ်ရပ်စွာ အကွက်ချကာ တည်ဆောက်ထား သော မြို့ကြီးတမြို့ ဖြစ်၏။

မြို့တံခါးဆီသို့ ဝုရုံနှင့် လီကွေ့တို့က ခပ်ကြွားကြွား လျှောက်သွားကြ၏။ ထိုင်ခုံတွင် ထိုင်နေသော အရာရှိတဦးကို ဝိုင်းလျက် စစ်သည် လေးဆယ် ငါးဆယ်ခန့်တို့ စောင့်ကြည့် နေကြ၏။ ဝုရုံက အနားသို့ ကပ်ကာ အရိုအသေပြုလိုက်၏။

"ဘယ်က လာတာလဲ စာတတ်ပုဂ္ဂိုလ်"

"ကျုပ်နာမည်က ချန့်ယုံပါ။ ဒါက ကျုပ်တပည့် လီပါ။ ကျုပ်က နယ်လှည့်ဗေဒင် ဆရာပါ။ ဒီမြို့တော်ကြီးမှာ ရှေ့ဖြစ်ဟောဖို့ လာပါတယ်"ဟု ဆိုကာ ဝုရုံက အသိအမှတ်ပြု လက်မှတ်အတုကို ထုတ်ပြလိုက်၏။

စစ်သားတဦးက ဆို၏။ “ဒီ တပည့် ဆိုတဲ့လူ မျက်စိက ကောက်ကျစ်မယ့်ပုံပဲ။ ဂနာ မငြိမ်ဘူး။ သူခိုးမျက်စိ”

ကြားလိုက်ရသော လီကွေ့မှာ ထပေါက်ကွဲတော့မည်။ ဝုရုံက အလျင်အမြန် ခေါင်းကို ခါလိုက်သဖြင့် လီကွေ့သည်လည်း မျက်လွှာချသွားလေ၏။

“ဒီလိုပါဗျ” ဝုရုံက တောင်းပန်၏။ “သူက ဆွံ့အ နားမကြားပါ။ ဒါပေမဲ့ သိပ်ကို သန်စွမ်းတယ်။ ကျုပ်တို့မိသားစုရဲ့ အိမ်တော်ပါ တယောက်ပါ။ ဒီတော့ သွားလေရာ ခေါ် သွားရတာပေါ့။ သူက လူရေးလူရာ လုံးဝ မသိတတ်ပါဘူး။ ခွင့်လွှတ်ကြပါဗျာ”

ဝုရုံသည် မြို့တံခါးကို ဖြတ်ဝင်သွားရာ လီကွေ့က နောက်မှ အိပ့်အိပ့်နှင့် လိုက်ပါသွား လေ၏။ မြို့လယ်ကောင်သို့ ဦးတည်ကာ သွားနေရင်းက ဝုရုံသည် ခေါင်းလောင်းကို တီးကာ အောက်ပါအတိုင်း သီဆိုလေ၏။

ကန်လျို့ထင်ရှား စောစီးစွာ

စီယ နောက်ကျရှာ

ဖိန့်စု ယန်ဟွော၊ မွေးနေ့တူ

သေနေ့ မတူကြ

ဖန်းတန် ခမျာ ဆင်းရဲလှ

ရှိချုံ လွန်ကြွယ်ဝ

လူတိုင်း လူတိုင်း ကံကြမ္မာ

ခြားနားလှပေတာ

“ကံ ကောင်း မကောင်း၊ သေနေ့ နီး မနီး၊ ဘယ်သူတက်လို့ ဘယ်သူကျမယ်၊ ရှေ့ဖြစ် ဟောတယ်။ ငွေတကျပ်နဲ့ ရှေ့ဖြစ်တွေ သိရမယ်” ဟု ဆိုကာ ခေါင်းလောင်းကို တီးပြန်၏။

ကလေး ငါးဆယ် ခြောက်ဆယ်လောက်က နောက်မှလိုက်ကာ ပြောင်လှောင် ရယ်မောနေကြ၏။ ကလေးတစီစီ ခွေးတစီစီဖြင့် ကုန်သည်ကြီးလူကွမ်းယီ၏ ကုန်ရုံများကို ဖြတ်ခဲ့၏။ ခဏအကြာတွင် နောက်ပြန်လှည့်ကာ ကလေးတရုံးရုံးဖြင့် ချီတက်လာပြန်၏။

ကုန်သည်ကြီးလူသည် ရုံးခန်းထဲတွင် ထိုင်နေကာ အလုပ်ကြပ်များက

ကုန်အဝင် အထွက် စစ်ဆေးနေသည်ကို ကြည့်နေ၏။ အပြင်မှ ဆူဆူညံညံအသံများကို ကြားရသဖြင့် တာဝန်ကျကို ခေါ်မေး၏။

"ဘာတွေ ဆူနေတာလဲကွ"

"တကယ် ရယ်စရာပါပဲ ခင်ဗျာ။ တာအိုဗေဒင်ဆရာတယောက်က မြို့ထဲမှာ လျှောက် ပြီး အော်နေတာပါ။ ဒါပေမဲ့ သူက ငွေတကျပ်သားတောင် တောင်းတာဗျ။ ဘယ်သူက ဒီလောက်တောင် ပေးပါ့မလဲ။ ပြီးတော့ သူ့မှာ တပည့်ဘုတ်ထိုင်းတကောင်လည်း ပါသေး တယ်။ လမ်းလျှောက်နေတာက လူနဲ့တောင် မတူဘူး။ ကလေးတွေက သူတို့နောက်ကို လိုက်ပြီး လှောင်နေကြတာ"

"သူက တကယ် မတတ်ကျွမ်းရင် ဒီလောက် တောင်းရဲမှာ မဟုတ်လောက်ဘူး၊ ခေါ်လိုက်ပါ"

အလုပ်သမားခေါင်းလည်း အပြင်ထွက်ကာ "ဆရာ ကြွပါဦး၊ ကုန်သည်ကြီးကတွေ့ချင်လို့ပါ"

"ဘယ်သူပါလိမ့်ဗျာ"

"ကုန်သည်ကြီးလူကွမ်းယီပါ"

ဝုရုံက လီကွေ့ကိုပါ ခေါ်ခဲ့ပြီး အဝင်ဝ ကန့်လန့်ကာကို မ ကာ ရုံးခန်းအတွင်းသို့ ဝင်၏၊ လီကွေ့ကို ခွေးခြေတလုံးပေါ်တွင် ထိုင်ကာ စောင့်နေစေ၏။ ထို့နောက် လူကွမ်းယီထံ ဝင်ကာ အရိုအသေပေး၏။

လူကွမ်းယီက တုံ့ပြန် အရိုအသေပေး၏။

"ဆရာက ဘယ်ကပါလဲ။ နာမည် ဘယ်လို ခေါ်ပါသလဲ"

"ကျုပ်နာမည်က ချန့်ယုံပါ။ ကျုပ်ကိုယ်ကျုပ်တော့"နတ်ပါးစပ်"လို့ ခေါ်ပါတယ်။ ဇာတိက ရှန်တောင်ကပါ။ ကျုပ်က မင်းကေရာဇ်တွေရဲ့ ဇာတာကိုတောင် စစ်ပေးနိုင်ပါတယ်။ မွေးမယ်၊ သေမယ်၊ ကြီးပွားမယ်၊ ဆင်းရဲမယ်၊ ဒါတွေကို ကြိုပြီး ဟောနိုင်ပါတယ်။ တကျပ်တည်းနဲ့ ခင်ဗျားကံကြမ္မာကို ပြောနိုင်ပါတယ်"

လူကွမ်းယီက သီးသန့် အခန်းငယ်ထဲသို့ ဖိတ်၏။ အိမ်ရှင်နှင့် ဧည့်သည်တို့၏ နေရာ တို့တွင် အသီးသီး ထိုင်ကြ၏။ လက်ဖက်ရည် တည်ခင်းပြီး ငွေတကျပ်သား ယူလာရန် လူကွမ်းယီက အလုပ်သမားခေါင်းကို ခိုင်းလိုက်၏။

"ကဲ ဆရာ၊ ကျုပ်ရဲ့ ကံကို ဟောပါတော့"

“မွေးနေ့လေးများ သိပါရစေ”

“လူကြီးလူကောင်းတယောက်က ကံဆိုးမှာကိုပဲ သိချင်တယ်။ ဒီတော့ ကြီးပွား ချမ်းသာမှာကို မဟောပါနဲ့။ ရှေ့မှာ ဘာဖြစ်လာမလဲ ဆိုတာပဲ ဟောပါ။ ကျုပ်အသက်က သုံးဆယ့်နှစ်နှစ်ပါ” ဟု ဆိုကာ မွေးနှစ် ၊ မွေးလ၊ ရက်တို့ကို ပြောပြ၏။

ဝုရုံက သံပေသီးခုံတခုကို ထုတ်ကာ ခဏမျှ တွက်ပြီးနောက် ဆောင့်၍ ချလိုက်၏။ “ဆိုးလှပါလား”

“ဘာတွေ့လို့လဲ ဆရာ”

“ပွင့်ပွင့်လင်းလင်း ပြောလို့ရမလား။ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့”

“လမ်းပျောက်နေတဲ့သူကို လမ်းပြပါ ဆရာရယ်၊ လွတ်လွတ်လပ်လပ် ပြောပါ”

“ရက်တရာအတွင်းမှာ သွေးထွက်သံယိုကိန်း ရှိတယ်။ ခင်ဗျားတို့ စည်းစိမ်တွေ ဆုံးရှုံးမယ်။ ခင်ဗျားလည်း ဓားဘေး လှံဘေးနဲ့ သေလိမ့်မယ်”

လူကွမ်းယီက ရယ်လိုက်၏။

“ဆရာ မှားနေပြီ။ ကျုပ်က ဒီဥတ္တရနေပြည်တော်မှာ မွေးတာ။ ချမ်းသာတဲ့ မျိုးရိုးကဗျ။ ဘယ်အမျိုးယောကျ်ားသားမှ ဥပဒေချိုးဖောက်တာ မရှိဖူးဘူး။ ဘယ်အမျိုး မုဆိုးမကမှ နောက်အိမ်ထောင်ပြုဖူးတာ မရှိဘူး။ ကျုပ်က မှန်မှန်ကန်ကန်ပဲ စီးပွားရှာတယ်။ ဘာမှ မဆင်မခြင် မလုပ်ဘူး။ မသန့်စင်တဲ့ ငွေကိုလည်း မယူဘူး။ ဒီတော့ ဘယ်လို သွေးထွက် သံယို ဖြစ်စရာ ရှိသလဲဗျာ”

ဝုရုံ၏ မျက်နှာတင်းမာသွား၏။ ငွေစကို ပြန်ပေးလိုက်ကာ ထိုင်ရာမှ ထ၍ တံခါးကို သွား၏။ “လူတွေက နားဝင်ချိုတာကိုပဲ ကြားချင်ကြတာပဲလေ”ဟုဆိုကာ သက်ပြင်းချ၏။ ဆက်၍-

“ထားလိုက်ပါတော့ဗျာ။ ကျုပ်ကလည်း သာတဲ့ လမ်း ဖြောင့်တဲ့ လမ်းကိုပဲ ပြချင် ပါတယ်။ ဒါပေမဲ့ ခင်ဗျားက ကျုပ်စကားကို မကောင်းထင်နေတာကိုး၊ ကဲ သွားပါဦးမယ်”

“စိတ်မဆိုးပါနဲ့ ဆရာ၊ ကျုပ်က နောက်နေတာပါ။ ဆရာ့ညွှန်ကြားချက်တွေကို ခံယူ ချင်ပါတယ်”

“ကျုပ်က တဲ့တိုး ပြောမှာဗျ။ ဖွဲမယူနဲ့နော်”

“သေသေချာချာ နားထောင်နေပါတယ်ဗျာ။ ပြောမှာသာ ပြောပါ”

“ခင်ဗျား ကံကတော့ ကောင်းနေခဲ့တာပါပဲ ကုန်သည်ကြီး။ ဒါပေမဲ့ ခင်ဗျားဇာတာအရ ဒီနှစ်မှာ ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းဘူး။ ဒီတော့ကာ ရက်တရာအတွင်းမှာ ခင်ဗျား ခေါင်းနဲ့ကိုယ် အိုးစားကွဲဖို့ ရှိတယ်။ ဒါကို ရှောင်လို့မလွတ်ဘူး”

“ရှောင်လို့ရတဲ့လမ်း မရှိတော့ဘူးလားဗျာ”

ဝုရုံက ထပ်၍ တွက်ပြန်၏။ “ဒီကနေ အရှေ့တောင်ထောင့် လီတထောင်လောက် ဝေးတဲ့နေရာမှာ သွားနေမှ လွတ်မယ်။ အဲဒီမှာ ထိတ်စရာ လန့်စရာတွေတော့ ကြုံမယ်။ ဒါပေမဲ့ ထိခိုက်ဒဏ်ရာ ရစရာတော့ မရှိဘူး”

“ဆရာ စီစဉ်ပေးနိုင်ရင်တော့ ကျုပ် ဆုကောင်းကောင်း ချီးမြှင့်ပါမယ်”

“ကျုပ်ဟောစာတမ်းကဗျာ လေးကြောင်း ခေါ်ပေးမယ်။ ခင်ဗျားက နံရံပေါ်မှာ လိုက်ရေး ထားလိုက်၊ ဒီဟောကိန်းတွေ မှန်လာတဲ့တနေ့မှာ ခင်ဗျား ကျုပ်ပညာကို ချီးကျူးလိမ့်မယ်” လူကွမ်းယီက စုတ်တံနှင့် မင်ခွက်ကို တောင်းလိုက်၏။ ဝုရုံက စာလေးကြောင်းကို ဆိုပေးရာ လူကွမ်းယီက အုတ်နံရံဖြူဖြူပေါ်တွင် လိုက်ရေး၏။

လှေငယ်တစင်း ကျူအင်းထဲမှာ

ဆည်းဆာရိပ်ထဲ ရဲရင့်သူ တဦးပါ

သက်ဆုံးတိုင် ဖြောင့်မတ်သူပါ

ဘေးကင်းရာသို့ ထွက်ပြေးရပေမှာ

ဝုရုံသည် ပေသီးခုံကို သိမ်းကာ ဦးညွတ်ပြီး သွားရန် လှည့်လိုက်၏။ လူကွမ်းယီက မွန်းလွဲပိုင်းလောက်မှ သွားရန် တား၏။

“ကျေးဇူးပါပဲဗျာ။ ဒါပေမဲ့ ဗေဒင်ဟောဖို့ သွားရဦးမယ်။ နောက်နေ့မှ လာခဲ့ပါဦးမယ်” လူကွမ်းယီက တံခါးဝသို့ လိုက်ပို့၏။ လီကွေ့က ကုက္ကားတိုင်ကို ကိုင်ကာ ထွက်၏။ ဝုရုံက နှုတ်ဆက်ပြီး လီကွေ့နှင့်အတူ ထမင်းဆိုင်သို့ ပြန်ခဲ့ကြ၏။ ကျသင့်ငွေကို ရှင်းပေးပြီး ပစ္စည်းကို သိမ်း၏။ လီကွေ့က ကုက္ကားတိုင်ကို ကိုင်လာခဲ့၏။

ထမင်းဆိုင်မှ အထွက်တွင် ဝုရုံက ပြော၏။ “အဓိက အလုပ်ကတော့ ပြီးပြီ။ စခန်းကို မြန်မြန်ပြန်ရမယ်။ လူကွမ်းယီကို ကြိုဆိုဖို့ ပြင်ဆင်ရမယ်။ မကြာတော့ဘူး၊

သူ ရောက်လာ လိမ့်မယ်”

လူကွမ်းယီထံသို့ ပြန်သွားရသော် ညနေတိုင်း ညနေတိုင်းတွင် အိမ်အပြင်သို့ ထွက်ကာ ကောင်းကင်ပြင်သို့ မရွှင်မပျနှင့် မျှော်ကြည့်နေတတ်၏။ တခါတရံတွင် တယောက်တည်း ဘာတွေမှန်း မသိ စကားပြောနေတတ်၏။ တနေ့တွင်မူ သူ စိတ်မထိန်းနိုင်တော့သဖြင့် အလုပ်ကြပ်များကို ခေါ်လိုက်ရာ အားလုံး ချက်ချင်းလိုပင် ရောက်လာ၏။

အလုပ်ကြပ်ချုပ်မှာ လီကုဟု ခေါ်၏။ ဇာတိမှာ အရှေ့နေပြည်တော်မှ ဖြစ်ပြီး ထဲ့နင်းရှိမိတ်ဆွေတယောက်ထံသို့ လာခဲ့ရာ ထိုသူ့ကို ရှာ၍ မတွေ့ပေ။ အချိန်အတန်ကြာသော် လီကုသည် ကုန်သည်ကြီးလီ၏ အိမ်ဝတွင် အေးခဲကာ လဲကျနေလေ၏။ လူကွမ်းယီက ကယ်တင်လိုက်ပြီး အိမ်တွင် ခေါ်ထား၏။ လီကုသည် ဝီရိယရှိပြီး ရေးတတ် ဖတ်တတ် တွက်တတ် ချက်တတ်သဖြင့် အိမ်မှုကိစ္စများကို တာဝန်ပေး၏။ ငါးနှစ်အတွင်းတွင် အလုပ် ကြပ်ချုပ်အဖြစ်သို့ ရောက်သွားပြီး အိမ်မှုကိစ္စများသာမက ပြင်ပစီးပွားရေးလုပ်ငန်းများ ကိုပါ စီမံခန့်ခွဲလာရ၏။ သူ့လက်အောက်တွင် စာရေး လေးဆယ် ငါးဆယ်ခန့် ရှိ၏။

ယင်း စာရေးများသည် လီကုနောက်မှ လိုက်လာကာ ကုန်သည်ကြီးကို ရိုသေစွာ နှုတ်ဆက်ကြ၏။ လူကွမ်းယီက အားလုံးကို လှမ်း၍ ကြည့်လိုက်ပြီး-
“ငါ့လူကော”

ထိုစကားမှ မဆုံးသေး။ သူ့ရှေ့သို့ လူတယောက် ရောက်လာ၏။ ထိုသူမှာ အရပ် ခြောက်ပေကျော်ကျော်၊ အသက် နှစ်ဆယ့်လေး နှစ်ဆယ့်ငါးနှစ်ခန့်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် မွေးသဲ့သဲ့နှင့် ဖြစ်၏။ ပခုံးကားကား၊ ခါးကျင်ကျင်နှင့် ဖြစ်၏။ သူ့ခေါင်းပေါင်းကို သဘော်သီး ပုံ ပေါင်းထားရာ အလယ်ကောင်မှ ဆံပင်များ ထွက်နေ၏။ ငွေခြည်ဖောက် ပိုးသား လည်ခွံ တပ်ထားသော ဝတ်ရုံဖြူကို ဝတ်ထားပြီး ခါးတွင် အနီပြောက်ဖော် ခါးစည်းကို စည်းထား၏၊ ဆီစိမ်သားရေဖိနပ်ရှည်ကြီးကိုလည်း စီးထား၏။ ရွှေကွင်းနှစ်ခုလည်း နောက်စေ့မှ တွဲလောင်းကျနေ၏။ ပိုးလည်စည်းပဝါမှလည်း အမွှေးနံ့များ ကြိုင်နေ၏။ လက်ရေးလှ စာများ ရေးထားသော ယပ်တောင်တချောင်းကို ခါးစည်းတွင် တစောင်းထိုးထား၏။ နားတဖက်တွင်လည်း ဆယ့်နှစ်ရာသီ ပန်းတပွင့်ကို ပန်ထား၏။

ဤလူငယ်မှာ ဥတ္တရနေပြည်တော် ဇာတိဖြစ်၏။ ငယ်ငယ်က မိဘများ ဆုံးပါးသွား သဖြင့် လူမိသားစုက မွေးစားထားခဲ့၏။ သူ့အသားမှာ ဆွတ်ဆွတ်ဖြူနေသဖြင့် လူကွမ်းယီ က ကျွမ်းကျင်သော မင်သေ့ဆရာတဦးကို ခေါ်ကာ သူ့တကိုယ်လုံးတွင် မင်သေ့ဖြင့် အလှ ဆင်စေ၏။ ကျောက်စိမ်းဖြူတွင်

ငှက်ခါးရောင်ဖြင့် ခြယ်သထားသလို ဖြစ်လာ၏။ ရပ်ရည် လှပရာတွင် ဤလူငယ်ကို ယှဉ်နိုင်သူ မရှိ။ မင်သေ့များက လှပသောကြောင့် သာမက တူရိယာများကိုလည်း တီးတတ် မှုတ်တတ်၏။ ဆိုတတ် ကတတ်၏။ စကားစစ်ထိုးတတ်၏။ သူ မသိသည့် အရာဟူ၍ မရှိ။ သူ မတတ်သည့် အရာလည်း မရှိချေ။

ဒေသိယစကား အများအပြားကိုလည်း ပြောတတ်၏။ လုပ်ငန်းအမျိုးမျိုးနှင့် ဆိုင် သည့် ဝေါဟာရများကိုလည်း သိ၏။ ကိုယ်ခံပညာရပ်တွင်လည်း သူ့ကို ထိနိုင်သူ မရှိ။ မြို့ပြင် တောထဲတွင် တောလိုက်လေ့ရှိပြီး သူ့မြားချက် အသင့်ခံခဲ့ရသော သားငှက်တို့မှာ အမျိုးစုံလှ၏။ မြားအတိုသုံးလက်ကိုသာ သုံးတတ်ပြီး ပစ်လျှင်လည်း လွဲသည်ဟူ၍ မရှိ။ ထိလျှင်လည်း မကျသည် ဟူ၍ မရှိ။ ညနေစောင်း၍ မြို့သို့ ပြန်လာလျှင် ပါလာသော ငှက်အရေအတွက်မှာ တရာအောက် လျော့သည်ဟု ရှိခဲ၏။ လေးပစ်ပြိုင်ပွဲများတွင်လည်း ဆုအားလုံးကို သူကသာ သိမ်းကျုံးယူသွားမြဲ ဖြစ်၏။

ဉာဏ်လည်း သွက်၏။ ပြဿနာတခုကို ပြောလိုက်လျှင် ချက်ချင်း အဖြေထုတ်ပေး နိုင်၏။ သူ့နာမည်မှာ ယန်ချင်း ဖြစ်၏။ ဥတ္တရနေပြည်တော်သားတို့က အနောက်အပြောင် သန်လှသဖြင့် သူ့ကို အံ့ဖွယ်လေး၊ လူရည်ချွန်လေးဟု ခေါ်ကြ၏။ သူက လူကွမ်းယီ စိတ်ချ သော အကြံပေး ဖြစ်၏။

ရောက်နေသော အလုပ်ကြပ်များက နှစ်တန်းခွဲကာ တန်းစီထားကြ၏။ ဘယ်ဘက် အတန်းကို လီကုက ခေါင်းဆောင်ပြီး ညာဘက်အတန်းကို ယန်ချင်းက ခေါင်းဆောင်၏။ လူကွမ်းယီက-

"ဟိုတလောက ဗေဒင်ဆရာတယောက် လာဟောသွားတယ်။ ဒီကနေ အရှေ့တောင် ဘက် လီတထောင် ဝေးတဲ့ဆီမှာ သွားမနေရင် ရက်တရာအတွင်းမှာ ငါ့မှာ သွေးထွက်သံယို ကိန်း ရှိတယ်တဲ့။ အရှေ့တောင်ဘက်မှာ ဆိုတော့ တိုက်အန်နယ် ရှိတယ်။ အဲဒီက တိုက်ရှန်း တောင်ပေါ်မှာ ရွှေကျောင်းတော် ရှိတာကို မှတ်မိတယ်။ အဲဒီနတ်ကွန်းက နတ်က ရှင်ရေး သေရေးကို အစိုးရတယ်လို့ ဆိုတယ်။ အဲဒီကို သွားပြီး အပြစ်တွေ ကျေအောင် မကောင်းတဲ့ ဘေးတွေကို ရှောင်လွှဲနိုင်အောင် အမွှေးတိုင် သွားထွန်းမယ်လို့ စဉ်းစားမိတယ်။ တလက်စ တည်း စီးပွားရေးလည်း လုပ်မယ်၊ ရှုခင်းတွေလည်း ကြည့်မယ်ပေါ့။ လီကု၊ မင်းက လှည်းကြီးဆယ်စီးအပြည့် ရှန်တောင်နယ် ထွက်ကုန်တွေကို တင်။ မင်း အထုပ်အပိုးလည်း ပြင်ထား။ ငါနဲ့ လိုက်ခဲ့ရမယ်။ ယန်ချင်း၊ မင်းကတော့ နေရစ်ခဲ့။ အိမ်နဲ့ ကုန်ရုံတွေကို ကြည့်ထား။ လီကုက သူ့တာဝန်တွေ မင်းကို လွှဲပေးလိမ့်မယ်။

"သခင် မှားနေပြီ ထင်တယ်။ ဗေဒင်ဆရာဆိုတဲ့ အမျိုးက လျှာချောင်တတ်တာ လူတိုင်းအသိပါ။ ဒီလူ ပြောတာကို နားမထောင်ပါနဲ့။ အိမ်မှာပဲ

နေပါ။ ဘာကြောက်စရာ ရှိလို့လဲဗျာ”

“ငါ့ကံကြမ္မာက ပြဋ္ဌာန်းပြီးသားပါ။ မတားပါနဲ့၊ တခုခုဖြစ်ပြီးမှ ဝမ်းနည်းနေရင်လည်း အလကားပဲ။ နောက် သုံးရက်နေရင် သွားမယ်”

“ကျွန်တော့်အကြံလေးကို နားထောင်ပေးပါလား သခင်”ဟု ယန်ချင်းက စကား စ ၏။ “တိုက်အနက်ကို သွားရင် လျှံရှန်းကျုံအင်းကို ဖြတ်သွားရမယ်။ အဲဒီမှာ စုန်ကျန့် လက်အောက်ခံ ဓားပြတွေ သောင်းကျန်းနေကြတယ်။ လုယက်ခိုးဆိုးနေပေမယ့် အစိုးရ တပ်တွေ ရဲတွေက သူတို့နားကို မကပ်နိုင်ကြဘူးတဲ့။ အမွှေးတိုင် သွားထွန်းချင်ရင်လည်း အခြေအနေ အေးဆေးသွားတဲ့အထိ ခဏလောက် စောင့်ပါဦးလားဗျာ။ ဟို ဗေဒင်ဆရာ ပြောတဲ့ ဇာတ်လမ်းတွေကိုလည်း မယုံပါနဲ့။ ဒီကောင်က လျှံရှန်းတောင်ရိုးက လွှတ်လိုက်တဲ့ အလံရှူးကောင် ဖြစ်ချင်ဖြစ်မယ်။ သခင့်ကို သူတို့ထဲ ပါလာအောင်လို့ လာဆွဖို့ လွှတ်လိုက် တာနေလိမ့်မယ်။ အဲဒီတုန်းက ကျွန်တော် မရှိတာ ဆိုးတာပဲ။ ဒီလူလောက်ကိုတော့ စကား တခွန်း နှစ်ခွန်းလောက်နဲ့တင် အစ်အောက်ထုတ်လို့ ရတယ်။ ပေါ်သွားမှ ကောင်းကောင်း ဟားတိုက် လွှတ်လိုက်ရမှာ”

“မင်းတို့တွေ ပြောလိုက်မှဖြင့်ကွာ။ ငါ့ကို ဘယ်သူ အရူးလုပ်ရဲမလဲ။ ဒီ လျှံရှန်းကျုံအင်း၊ က ကောင်တွေကိုကော ဘာ အရေးလုပ်စရာရှိသလဲ။ သူတို့လောက်တော့ မြက်တွေလို ဆွဲနုတ်ပစ်မယ်။ ငါကိုယ်တိုင် သွားဖမ်းပြမယ်။ ငါ့လက်နက်စွမ်းရည်တွေကို မြင်မှ ငါ ဘယ်လိုလူစားလဲ သိကြလိမ့်မယ်”

သူ့စကားမဆုံးမီတွင် မိန်းမတယောက် ခန်းဆီးနောက်ကွယ်မှ ထွက်လာ၏။

သူ့ဇနီး ကျီယာ ဖြစ်၏။

“ယောကျ်ားရေ၊ ကျွန်မ ရှင်ပြောနေတာတွေကို နားထောင်နေတယ်။ “တလီလောက် လျှောက်သဝေထိုးမယ့်အစား အိမ်မှာ နေတာက ပိုကောင်းတယ်တဲ့” ရှေးစကား ရှိတယ် လေ။ ဒီဗေဒင်ဆရာကို ဂရုစိုက်မနေပါနဲ့။ အိမ်မှုကိစ္စတွေ ဒီလောက်အများကြီးကို ဘေးချ ပြီး ကျားရဲတွင်းနဲ့ နဂါးသိုက်ကို သွားပြီး၊ ထိတ်စရာ လန့်စရာတွေနဲ့ သွားပြီး ရင်ဆိုင်ချင်ရ တာလဲ။ အိမ်မှာပဲ နေပါလားတော်။ အေးအေးဆေးဆေး နေပါ။ ငြိမ်ငြိမ်သက်သက် နေပါ။ ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူးရှင့်”

“မင်း ဘာမှမသိပါဘူးကွာ။ ငါ ဆုံးဖြတ်ပြီးပြီ။ ဘာမှ မင်းတို့ဆီက မကြားချင်တော့ဘူး”

ယန်ချင်းက-

“သခင့်ဘုန်းကံရိပ်ကို ခိုလှုံရတဲ့အတွက် ကျွန်တော်လည်း လက်နက်ရေးမှာ နည်းနည်း ကျွမ်းကျင်ပါတယ်။ ကျွန်တော်ကြွားတာ မဟုတ်ပါဘူး။ ကျွန်တော့်ကို ခေါ်သွားရင် ဓားပြ တွေနဲ့ တွေ့ရင်တောင်မှ ဒီကောင်တွေ လေးဆယ် ငါးဆယ်လောက်ကိုတော့ အသာလေး မှောက်သွားအောင် ကျွန်တော် လုပ်နိုင်ပါတယ်။ အလုပ်ကြပ်ကြီးလီကို အိမ်မှာ ထားခဲ့ပြီး ကျွန်တော့်ကို ခေါ်သွားပါ”

“လီကုက ရောင်းရေးဝယ်ရေးကို နားလည်တယ်။ ငါကတော့ နားမလည်ဘူး။ သူ ပါရင် ငါ သက်သာမယ်။ ဒါကြောင့် သူ့ကိုခေါ်ပြီး မင်းကို ထားခဲ့တာ။ စာရင်းအင်း ကိုင်တဲ့ လူတွေလည်း ရှိနေတော့ မင်းက အိမ်ကိုပဲ ကြည့်ရှုရမှာ”

“ကျွန်တော် ခြေထောက်တွေ မကောင်းတာ ကြာပါပြီ သခင်။ ကျွန်တော် လမ်း ကောင်းကောင်း မလျှောက်နိုင်တော့ဘူး” ဟု လီကုက ဆို၏။

လူကွမ်းယီက များစွာ စိတ်ဆိုးသွား၏။

“စစ်သားဆိုတာ တရက် နှစ်ရက် တိုက်ဖို့အတွက် လနဲ့ချီပြီး လေ့ကျင့်ထားရတယ်။ မင်းကို ငါနဲ့ ခရီးထွက်ဖို့ ခေါ်တယ်။ မင်းက ငြင်းလိုက်တာ အကြောင်းမျိုးကို စုံသွားတာပဲ။ ငါ့စကားကို နောက်ထပ် ဖီဆန်တဲ့သူတော့ ငါ့လက်သီးကို မြည်းကြရလိမ့်မယ်”

လီကုလည်း အားကိုးရာရှာသည့်အနေဖြင့် အိမ်ရှင်သခင်မကို လှမ်းကြည့်၏။ သို့သော် သူလည်း အတွင်းခန်းထဲသို့ အသာဝင်သွားလေ၏။ ယန်ချင်းကား စကားပြောချင်စိတ်ပင် မရှိတော့ပေ။

လီကုသည် ရှက်စိတ်ကို မျိုသိပ်ကာ ထုပ်ပိုးပြင်ဆင်၏။ လှည်းသမား ဆယ်ဦး၊ လှည်း ကြီး ဆယ်စီး၊ လှည်းဆွဲမည့် တိရစ္ဆာန် အကောင်ရေ လေးဆယ် ငါးဆယ်ခန့်ကို စုစည်း၏။ ပစ္စည်းများကို လှည်းများတွင် တင်ကာ သေချာစွာ တုပ်နှောင်၏။

လူကွမ်းယီလည်း လုပ်စရာ ရှိသည်များကို လုပ်၏။ တတိယနေ့တွင် ရွှေစက္ကူ ငွေစက္ကူ များကို မီးရှို့ပြီး အိမ်သား ယောကျ်ား မိန်းမများကို ပိုက်ဆံပေး၏။ မှာစရာများကိုလည်း တဦးချင်းကို မှာကြား၏။ ထိုညနေတွင် လီကုကို မြန်မြန် လက်စသတ်ခိုင်းပြီး အခြား အစေခံနှစ်ဦးနှင့်အတူ မြို့တော်မှ အရင်ထွက်ခိုင်း၏။ လီကုသည်လည်း ထွက်သွားလေ၏။ လှည်းများကို မြင်ရသော ကုန်သည်ကြီး၏ မယားမှာ ငိုရှာလေ၏။

နောက်တနေ့ နံနက် အရုဏ်တက်တွင် လူကွမ်းယီ အိပ်ရာမှ ထကာ

ကိုယ်လက်သုတ် သင်ပြီး အဝတ်အစားသစ်ကို လဲ၏။ လက်နက်များကို ယူကာ အနောက်ခန်းမသို့ သွားပြီး မိဘဘိုးဘွားတို့ကို အမွှေးတိုင်ထွန်း၍ ပူဇော်၏။ သူ့ဇနီးကို မှာ၏။

"အိမ်မှာ ကောင်းကောင်း ဂရုစိုက်ထားနော်။ နောက်အကျဆုံး သုံးလ၊ အစောဆုံး ရက် လေးဆယ် ငါးဆယ်အတွင်းမှာ ငါ ပြန်လာခဲ့မယ်"

"လမ်းမှာ သတိထားပါရှင်။ အချိန်ရရင် စာရေးပါနော်။ ဒါမှ ကျွန်မတို့လည်း အခြေ အနေကို သိရမှာ"

ယန်ချင်းက ရှေ့ထွက်လာကာ မျက်ရည်လည်ရွဲနှင့် ဂါရဝပြု၏။ လူကွမ်းယီမှာလည်း သူ့ကို မှာစရာများ ရှိနေ၏။

"ဘာလုပ်လုပ် သတိဝီရိယနဲ့ လုပ်။ အပျော်အပါးပဲ လိုက်စားမနေနဲ့"

"သခင် မရှိတဲ့အချိန်မှာ ပေါ့ပေါ့လျော့လျော့ မနေပါဘူး"

တောင်ဝှေးကို ကိုင်ကာ လူကွမ်းယီသည် မြို့မှ ထွက်သွားလေ၏။ လီကုက လာ၍ ကြို၏။

"မင်းတို့ သုံးယောက် အရင်သွားနှင့်ကြ။ ထမင်းဆိုင်သန့်သန့်တွေ့ရင် ချက်ပြုတ်ခိုင်း ထားနှင့်။ ဒါမှ လှည်းသမားတွေ၊ အလုပ်သမားတွေ ရောက်လာရင် အသင့်ဖြစ်နေမယ်။ မစောင့်ရတော့ ခရီးတွင်မယ်"

လီကုတွင်လည်း တောင်ဝှေးတချောင်းပါ၏။ သူနှင့် အစေခံနှစ်ယောက်တို့ ထွက်သွား ကြလေ၏။ လူကွမ်းယီနှင့် ကျန်အလုပ်သမားများက လှည်းများနှင့်အတူ လိုက်ခဲ့ကြ၏။ လှပသော တောင်တန်းများ၊ ကြည်နူးဖွယ် စမ်းချောင်းများကို ကျော်ခဲ့ကြ၏။ လမ်းကျယ် များအတိုင်းလည်း သွားခဲ့ကြ၏။ မြေပြန့်လွင်ပြင်များကိုလည်း ဖြတ်ခဲ့ကြ၏။

"အိမ်ထဲမှာ အောင်းနေရင် ဒီလို ရှုခင်းမျိုးကို ကြည့်ခွင့်ရမှာ မဟုတ်ဘူး" ဟုလည်း ကြည်ကြည်နူးနူး စဉ်းစားမိ၏။

လီလေးဆယ်ကျော်ကျော်ခန့် သွားပြီးသော် လီကုတို့နှင့် တွေ့၏။ ခေါက်ဆွဲကို နေ့လယ်စာအဖြစ် စားသောက်ကြ၏။ လီကုတို့က ဆက်သွားနှင့်ကြ၏။ နောက်ထပ် လီ လေးဆယ်ငါးဆယ်ခန့် သွားပြီးသော် ထမင်းဆိုင်တခုသို့ ရောက်၏။ ယင်းတွင် ညအိပ်ရပ်နားရန် လီကုတို့က ပြင်ဆင်ထားနှင့်၏။ လူကွမ်းယီက သူ့အခန်းသို့ ဝင်ကာ တောင်ဝှေး၊ ဦးထုပ်၊ ဓား၊ ခြေအိတ်၊ ဖိနပ် စသည်တို့ကို ချွတ်၏။ ညစာ စား၏။ အိပ်စက်အနားယူ၏။ နောက်တနေ့ နံနက်စောစောတွင် ထကာ

နံနက်စာကို ချက်ပြုတ်စားသောက်၏။ လှည်း များကို ပြင်ဆင်ကာ ခရီးဆက်ကြပြန်၏။ ထိုသို့ အားဖြင့် လေးငါးရက်မျှ ခရီးထွက်ခဲ့ကြ၏။ မိုးချုပ်မှ နားကာ မိုးလင်းလျှင် ခရီးဆက်ကြ၏။ တနေ့ နံနက်တွင် စားပွဲထိုးတဦးက လူကွမ်းယီထံသို့ လာ၍ ပြော၏။

“ကျွန်တော် သခင့်ကို ပြောမှဖြစ်မယ် ထင်လို့ပါဗျာ။ ဒီကနေ့ လီနှစ်ဆယ်လောက် သွားရင် လျှိုရှုန်းကျူအင်း အဝကို ဖြတ်ရပါ့မယ်။ အဲဒီတောင်ရိုးရဲ့ သခင်ကတော့ စုန်ကျန့် တဲ့ဗျ။ သူက ခရီးသွားတွေကို ဒုက္ခမပေးပေမယ့် စိတ်ချလက်ချသွားရအောင် တိတ်တိတ် ဆိတ်ဆိတ် သွားကြရင် ကောင်းမယ်ဗျာ”

“ဩော်၊ ဒီလိုကိုး” ဟု လူကွမ်းယီက တလိုက်မိ၏။

ထို့နောက် သူ့သေတ္တာကို ယူခိုင်းလိုက်၏။ သေတ္တာအတွင်းရှိ အထုပ်တခုထဲမှ အဖြူ ရောင် ပိုးသားတံခွန်လေးခုကို ထုတ်လိုက်၏။ ဝါးလုံးလေးလုံးကို တောင်းလိုက်ပြီး တံခွန် များကို တပ်လိုက်၏။ တံခွန်များပေါ်တွင် အောက်ပါအတိုင်း လူကွမ်းယီက ရေးသားလိုက်၏။

ဥတ္တရနေပြည်တော်မှ ရဲရင့်သူ လူကွမ်းယီ

ကုန်စည်များကို ခရီးအဝေးသို့ သယ်လာသည်

ဓားပြများကို ဖမ်းဆီးမည်

ယောက်ျားပီသကြောင်း ကောင်းကောင်း ပြသမည်

လီကုနှင့် ကျန်လူများက ဘုရား တ မိကြလေ၏။ စားပွဲထိုးက မေး၏။

“သခင်က တောင်ကြီးသခင် စုန်ကျန့်ရဲ့ အမျိုးလားဗျ”

“ငါက ဥတ္တရနေပြည်တော်က ကုန်သည်ကြီးကွ။ ဒီလူဆိုးတွေနဲ့ ဘယ်ကလာ အမျိုး တော်ရမှာလဲ။ အဲဒီ စုန်ကျန့်ဆိုတဲ့ ကောင်ကို ဖမ်းဖို့ လာတာကွ”

“တိုးတိုးပြောပါ ဆရာ။ ကျွန်တော့်ကို ဆွဲမထည့်ပါနဲ့။ ဒါ လျောင်စရာ မဟုတ်ဘူးဗျ။ လူတသောင်း ပါစေဦး၊ စုန်ကျန့်နားကို ကပ်လို့ မရဘူး”

“သောက်အခ်ပွာယ် မရှိတာကွာ။ မင်းတို့လည်း ကြံရာပါတွေ နေမှာပဲ”

စားပွဲထိုးမှာ နေစရာမရှိတော့ပြီ။ လှည်းသမားများ၊ အလုပ်သမားများမှာ အာစေး အထည့်ခံထားကြရပြီ။ လီကုနှင့် အစေခံများက ကုန်သည်ကြီး၏

ခြေရင်းတွင် ဒူးထောက် လိုက်ကြ၏။

"သခင် သနားပါဗျာ။ ကျွန်တော်တို့ကို ကယ်ပါ။ ပြန်ပါ ခင်ဗျာ။ နို့မို့ ဆုတောင်းပွဲတွေ လုပ်နေရဦးမယ်"

"မင်းတို့ ဘာသိလို့လဲ၊ ဒီ နှံပြည်စုတ်တွေက လင်းယုန်နဲ့ ယှဉ်ချင်လို့လား။ ငါကလည်း ဘက်ညီတဲ့ ရန်သူနဲ့ ယှဉ်ပြီး ငါ့အစွမ်းကို ပြချင်နေတာ။ ခုမှပဲ အခွင့်ပေါ်တော့တယ်။ ဘာလို့ စောင့်နေရမှာလဲ၊ လှည်းပေါ်မှာ ကြိုးတွေ တင်လာခဲ့တယ်။ ဒီခေးပြတွေကို ငါ့လှံပုဆိန်နဲ့ မသတ်ဘူး။ လဲရုံ လှဲချမှာ။ မင်းတို့က ကြိုးနဲ့တုပ်ပြီး လှည်းပေါ်တင်ခဲ့ကြ။ ကုန်တွေ ချထား တန်လည်း ချထားခဲ့ကြ။ အကျဉ်းသားတွေ ပို့ဖို့ ဒီလှည်းတွေကို သုံးမယ်။ ခေးပြဗိုလ်ကို နေပြည်တော် ပို့ပြီး ဆုငွေ ထုတ်ယူမယ်။ ဒါမှ ငါ့ဘ၀ဆန္ဒ ပြည့်ဝမယ်။ မင်းတို့ထဲက ငါ့နဲ့ မလိုက်မယ့်သူရှိရင် ခုပဲ သတ်ထားခဲ့မယ်"

တံခွန်လေးလက်ကို ရှေ့ဆုံးမှ လှည်းလေးစီးတွင် ထူလိုက်ကြ၏။ လီကုတို့မှာ ငိုယိုနေ ကြသော်လည်း ကုန်သည်ကြီး၏အမိန့်ကို နာခံရုံသာ ရှိကြ၏။ လူကွမ်းယီက လှံပုဆိန်ကို သွားထုတ်ကာ သူ့တောင်ဝှေးတွင် တပ်ပြီး ကြိုးဖြင့်လည်း ခပ်ကျပ်ကျပ် စည်း၍ သုံးချက် ထုံးကာ တုပ်၏။ လှည်းတို့ကို လျှံရှန်းကျူအင်းသို့ ဦးတည်ကာ အမြန်မောင်းစေ၏။ တောင်တက်လမ်းကို ကွေ့ပတ်၍ လာခဲ့ရာတွင် လီကုမှာ ခြေလှမ်းတိုင်းတွင် တုန်တုန် ခိုက်ခိုက်ဖြစ်နေလေ၏။ သို့သော် လူကွမ်းယီက မညှာ၊ အတင်းသာ မောင်းနှင်နေ၏။

နံနက်စောစောမှ စ ထွက်ခဲ့ရာ မွန်းတည့်လုနီးလာလေပြီ။ အဝေးမှ တောအုပ်ကြီးတခု ကို လှမ်း၍ မြင်ရ၏။ ထိုတောမှ သစ်ပင်ကြီးများမှာ လူကြီးနှစ်ယောက်ဖက်စာထက်ပင် ကြီးကြ၏။ ထိုတောစပ်သို့ ရောက်သောအခါ လေချွန်သံ စူးစူးရှရှတချက်ကို ကြားလိုက် ရ၏။ လီကုနှင့် အစေခံနှစ်ယောက်မှာ ကြောက်လှသဖြင့် ပုန်းစရာ နေရာကိုပင် ရှာမတွေ့ ကြချေ။

လူကွမ်းယီက လှည်းများကို လမ်းတဖက်သို့ ကပ်၍ ရပ်ထားသဖြင့် အစောင့်များကို ချထားခိုင်းလိုက်၏။ လှည်းသမားများ၊ အလုပ်သမားများမှာ သူတို့ ကံဆိုးလေခြင်းဟု ဆိုမြည်ကာ လှည်းများထက်တွင် ဝင်၍ ပုန်းနေကြ၏။ "ငါ လှဲချလိုက်ရင် မင်းတို့က ကြိုးနဲ့ တုပ်" ဟု လူကွမ်းယီက အော်၏။ သူ အော်၍ အသံမထွက်သေး၊ တောပုန်း လေးငါးရာခန့် တောစပ်မှ ထွက်လာကြ၏။ သူတို့၏ နောက်မှလည်း ကြေးလင်ပန်းသံ တချွမ်းချွမ်းကို ကြားနေရ၏။ နောက်ထပ် တောပုန်းလေးငါးရာကလည်း လူကွမ်းယီတို့ ဆုတ်မည့်လမ်းကို ပိတ်ထားလိုက်ကြ၏။ တောထဲမှ အမြောက်သံများ ဟိန်း၍ ထွက်လာပြီး ရဲရင့်သူတဦး ခုန်ထွက် လာ၏။ ထိုသူက-

"ဟို အ အ ကြီးကို မှတ်မိသေးရဲ့လား ကုန်သည်ကြီး" ဟု အော်ကာ ပုဆိန်နှစ်လက်ကို ဝင့်၍ ပြလေ၏။

လူကွမ်းယီလည်း နားလည်သွားပေပြီ။

"မင်းတို့ ဓားပြတွေကို ဖမ်းဖို့ ငါ စဉ်းစားနေတာကွ။ ကဲ၊ ဒီနေ့တော့ ဖမ်းရပြီ။ ဟို စုန်ကျန့်ဆိုတဲ့ ကောင်လည်း ခေါ်ခဲ့ကြ။ ရုတ်ရုတ်ရက်ရက် လုပ်ရင်တော့ အသတ်ပဲ။ တယောက်မှ မချန်ဘူး မှတ်"

လီကွေ့က ရယ်လိုက်၏။

"ကုန်သည်ကြီး၊ ခင်ဗျားတော့ စစ်ဘက်အကြံပေးကြီး လှည့်စားတာ ခံလိုက်ရပြီ။ ကဲ လာပါဗျာ၊ ခေါင်းဆောင်တနေရာသာ လာယူလှည့်တော့"

လူကွမ်းယီသည် ဒေါသတကြီးဖြင့် လှံပုဆိန်ကြီးနှင့် ဝင်၍တိုက်၏။

လီကွေ့က ပုဆိန်များကို လွှဲကာ ယမ်းကာ ခုခံလေ၏။ တိုက်ကြ၍ သုံးချီ မပြည့်သေးမီ လီကွေ့က တောအုပ်ဘက်သို့ လှည့်ကာ ထွက်ပြေးလေ၏။ လူကွမ်းယီက လှံကြီးကို ချိန်ရွယ်ကာ လိုက်၏။ လီကွေ့က တောထဲတွင် မြွေလိမ်မြွေကောက် ပြေး၏။ ဒေါသအရှိန် မိုးထိုးနေပြီ ဖြစ်သည့် လူကွမ်းယီက တဟုန်ထိုး ပြေးလိုက်၏။ လီကွေ့က ထင်းရှူးပင်အုပ် တွင်းသို့ ခုန်ပျံကာ ဝင်သွား၏။ လူကွမ်းယီ ယင်းနေရာသို့ ရောက်သော် သူ့ရန်သူ မရှိတော့သည်ကို တွေ့ရ၏။ သူ လှည့်ထွက်လာရာတွင် တောအုပ်ဘက်မှ လူတစု ထွက်လာပြီး သူ့ကို လှမ်းခေါ်လိုက်၏။

"မသွားပါနဲ့။ ကုန်သည်ကြီး ကျုပ်ကို သိသလား"

လှည့်ကြည့်လိုက်ရာ ဘုန်းကြီးဝတကြီးတပါး သံတောင်ဝှေးကို အရင်းမှ ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

"ကိုယ်တော်က ဘယ်သူလဲ"

"ကျုပ်က မင်းသေ့ကိုရင်ကြီးရှင်ဥာဏတဲ့ဗျ။ ခင်ဗျားကို ကြိုပြီး တောင်ပေါ်ကို ခေါ်ခဲ့ဖို့ နောင်ကြီးစုန်ကျန့်အမိန့်နဲ့ လာခဲ့တာ"

"ခွေးကတုံး၊ မိုက်ရိုင်းလှချေလား"

လူကွမ်းယီက လှံပုဆိန်ကို ဝှေ့ကာ ရှင်ဥာဏကို ဝင်တိုက်၏။

ရှင်ဥာဏက သူ့တောင်ဝှေးကို ဝှေ့ယမ်းကာ ဖယ်ထုတ်၏။ သုံးချီမျှ

မတိုက်ရသေးမီ ရှင်ဉာဏက သူ့လုံပုဆိန်ကို ဖယ်ထုတ်ပြီး လှည့်၍ ပြေးလေ၏။ လူကွမ်းယီက လိုက်၏။ ထိုစဉ် ဘုရားဖူးဝုဆုန်က လူအုပ်ထဲမှ ထွက်လိုက်၏။ ဓားလွတ်နှစ်စင်းကို ဝှေ့ကာ ဝင်၍ တိုက်၏။ လူကွမ်းယီသည် ရှင်ဉာဏကို ဆက်မလိုက်တော့ဘဲ ဝုဆုန်နှင့် တိုက်၏။ သုံးချီ ပြည့်အောင်ပင် မတိုက်ရသေး၊ ဝုဆုန်က သုတ်ခြေတင်လေ၏။

လူကွမ်းယီက ရယ်လိုက်၏။

"မင်းကို မလိုက်တော့ဘူးဟေ့၊ လိုက်ရတာ မတန်လို့ကွ"

ထိုစဉ် တောင်စောင်းတနေရာမှ လှမ်းအော်သံကို ကြားရ၏။

"ခင်ဗျားနားမလည်ပါဘူး ကုန်သည်ကြီး။ သံတွေ မီးထဲကျမှာ ကြောက်သလို လူတွေ ရေထဲကျမှာ ကြောက်ကြသတဲ့။ ကျုပ်တို့ စစ်ဘက်အကြံပေးပုဂ္ဂိုလ် စီမံထားတဲ့ အစီအမံ ပဲဗျာ။ ခင်ဗျား ဘယ်လိုလုပ် လွတ်နိုင်မှာလဲ"

"မင်းက ဘယ်သူလဲကွ"

ထိုသူ ရယ်လိုက်၏။ " မွေးနီလျူထန်တဲ့ဗျား"

"မလောက်လေး မလောက်စားနဲ့။ ထွက်မပြေးနဲ့ကွ"ကုန်သည်ကြီးက ဒေါသမွှန်လျက် ဝင်တိုက်လေ၏။

သုံးချီလောက် တိုက်အပြီးတွင် ထောင့်တထောင့်မှ အော်သံ ထွက်လာပြန်၏။

"ဒေါနကြီးမူဟုန်တဲ့နော်"

ထို့နောက် လျူထန်နှင့် မူဟုန်တို့က လူကွမ်းယီကို ဝင်တိုက်ကြ၏။ သုံးချီမပြည့်မီ သူ့နောက်ကျောမှ ခြေသံကို ကြားရပြန်၏။ "မင်းကိုချမယ်" ဟု အော်ကာ နောက်သို့လှည့် လိုက်ရာ သူ့ရန်သူအသစ်ကို တွေ့ရ၏။ လျူထန်နှင့် မူဟုန်တို့က နောက်သို့ ဆုတ်ပေး လိုက်၏။ သူ့ရန်သူအသစ်မှာ လင်းယုန်မာန်လီယင်း ဖြစ်၏။ သုံးဖက်သုံးတန်မှ ရန်သူများက လူကွမ်းယီကို ဝိုင်း၍ တိုက်ကြလေပြီ။ သို့သော် သူကား လုံးဝ ဣန္ဒြေမပျက်ပေ။ အမှန်မှာ သူသည် တိုက်လေလေ သန်လေလေ ဖြစ်၏။

ထိုသို့ သူတပြန် ငါတပြန် ထိုးကြ ရိုက်နေကြစဉ် တောင်ပေါ်မှ ကြေးလင်ပန်းသံများ တချွမ်းချွမ်း ထွက်လာ၏။ တောပုန်း ခေါင်းဆောင်သုံးဦးသည် တိုက်ချင်ယောင်ဆောင်ကာ အလျင်အမြန် ဆုတ်သွားကြလေ၏။ ချွေးများ

အနင့်သားစိုရွှဲနေသော လူကွမ်းယီကား မလိုက်တော့ပေ။ တောစပ်သို့ ပြန်ကာ လှည်းများ၊ လူများကို ရှာ၏။ သို့သော် လှည်းဆယ်စီး သာမက လူများ၊ တိရစ္ဆာန်များပါ အစအနမျှ မကျန်တော့ချေ။

အမြင့်တနေရာသို့ တက်ကာ ပတ်ဝန်းကျင်ကို ကြည့်၏။ အဝေးရှိ တောင်ခြေရင်း တနေရာတွင် တောပုန်းတအုပ်က လှည်းများ၊ တိရစ္ဆာန်များကို ရှေ့မှာထားကာ မောင်းသွား သည်ကိုလည်းကောင်း၊ လီကုတို့ကို ကြိုးနှင့်တသီတတန်းကြီးဆွဲသွားသည်ကိုလည်းကောင်း တွေ့ရ၏။ ဗုံသံ၊ လင်ပန်းသံ ဆူညံနေသော ထင်းရှူးပင်အုပ်ထဲသို့ ခေါ်သွားနေကြ၏။

လူကွမ်းယီ၏ အသည်းနှလုံးမှာ မီးဟုန်းဟုန်းတောက်လေပြီ။ ဒေါသအမျက်တို့သည် လည်း သူ့တကိုယ်လုံးကို မီးခိုးများလို လွှမ်းခြုံ၍ လာလေ၏။ ပုဆိန်လှုံကြီးကို ကိုင်ကာ ထိုလူအုပ်ရှိရာသို့ လိုက်၏။ တောင်စောင်းနှင့် နီးလာသောအခါ ရဲရင့်သူနှစ်ဦးက သူ့ထံသို့ လှမ်းအော်ကြ၏။ “ဘယ်သွားမလို့လဲကွ”

ထိုသူတို့မှာ မုတ်ဆိတ်ချူတုံနှင့် ကျားပျံလွေ့ဟုန်တို့ ဖြစ်ကြ၏။

“ခားပြတွေ၊ ငါ့လှည်းတွေ လူတွေ ပြန်ပေး”

ချူတုံက သူ့မုတ်ဆိတ်ကို သပ်ကာ ပြော၏။

“ထူလှချေလား ကုန်သည်ကြီး၊ ကျုပ်တို့ စစ်ဘက်အကြံပေးကြီးက ခဏခဏ ပြော တတ်တယ်။ “ကြယ်ဆိုတာ ပျံကျတာပဲ ရှိတယ်။ ပြန်တက်တာမရှိဘူး”တဲ့။ ဒီအတိုင်းပဲလေ။ ခင်ဗျားလည်း ကျွန်ုပ်တို့ စခန်း လိုက်ခဲ့ပြီး ခေါင်းဆောင်ရာထူး ယူပါတော့လား”

လူကွမ်းယီလည်း ထိုသူနှစ်ယောက်ကို ဒေါသတကြီးနှင့် ဝင်တိုက်၏။ ထိုသူတို့က ပြန်ခုခံ၏။ သုံးချီပင် မချလိုက်ကြဘဲ ရဲအုပ်ဟောင်းနှစ်ဦးလည်း ထွက်ပြေးပြန်၏။

လူကွမ်းယီက စဉ်းစား၏။ “ဒီခားပြတွေပေကောင်လောက်မှ မလှဲနိုင်ရင်တော့ ငါ့လှည်းတွေ ပြန်ရတော့မှာ မဟုတ်ဘူး”။ ထိုအတွေးဖြင့် တောင်စောင်းလေးကို ကွေ့ကာ နွားရှူး စူးထိုး လိုက်လေတော့၏။ သို့သော် ထိုနှစ်ယောက်မှာ ပျောက်သွားကြလေပြီ။ လက်ခုပ် သံများ၊ ပလွေသံများ တောင်ထိပ်မှ ဆင်းလာသဖြင့် မော့ကြည့်လိုက်ရာ လေပြည်ထဲတွင် တဖျပ်ဖျပ် လွင့်နေသော တည်သီးရောင် ပိုးတံခွန်တခုတွင် အောက်ပါစာများကို ပန်းထိုး ထားသည်ကို တွေ့ရ၏။

“ကောင်းကင်ဘုံ၏ ကိုယ်စား မှန်ကန်သော လုပ်ရပ်များ”။ ယင်းတံခွန်၏

နောက်တွင် ရွှေပြောက်ဖော် အနီရောင် ပိုးထီးကြီး၏အောက်တွင် စုန်ကျန့်ကို တွေ့ရ၏။ သူ့ဝဲဘက်တွင် ဝုရုံ၊ သူ့ယာဘက်တွင် ကုန်ဆွန်ရှန်းတို့ ခြံရံထားပြီး သူ့နောက်တွင် လူခြောက်ဆယ် ခုနစ် ဆယ်ခန့် ပါလာလေ၏။ အားလုံးကပင် လူကွမ်းယီကို လေးစားစွာ နှုတ်ဆက်ကြ၏။

"ကုန်သည်ကြီး ကျန်းခန့်သာလို့ မာပါစ ခင်ဗျား"

လူကွမ်းယီက သူတို့ကို အမည်တပ်ကာ ဆဲလေ၏။ ဝုရုံက ဖျောင်းဖျရန် ကြိုးစား၏။

"စိတ်အေးအေးထားပါ နောင်ကြီးရာ၊ နောင်ကြီးစုန်ကျန့်က နောင်ကြီးရဲ့ဂုဏ်သတင်း ကို ကြားနေတာ ကြာပါပြီ။ ဒါကြောင့် ကျုပ်ကို နောင်ကြီးဆီကို လွှတ်ပြီး ဒီတောင်ရိုးကို လိုက်လာအောင် သွေးဆောင်ခိုင်းလိုက်တာပါ။ ဒါမှ ကျုပ်တို့တွေ အတူတူ ပူးပေါင်းပြီး ကောင်းကင်ဘုံရဲ့ကိုယ်စား မှန်ကန်တဲ့ လုပ်ရပ်တွေကို လုပ်ကြနိုင်မှာပေါ့ဗျာ။ တခြားတွေ မတွေးပါနဲ့ နောင်ကြီးရာ"

"ဘဝင်ရူးတွေ။ ငါ့ကိုများ လှည့်စားရသလား"

စုန်ကျန့်၏ နောက်မှ ဟွရုံသည် လေးနှင့် မြားကို ကိုင်ကာ ထွက်လာ၏။

"ကုန်သည်ကြီး၊ ကျွန်တော်တို့ကို အတင်း မတိုက်ခိုက်ခိုင်းပါနဲ့။ ကျွန်တော့်လေးစွမ်း ကို ကြည့်ပါဦး"

သူ့စကားမဆုံးမီမှာပင် ဝိုးခနဲ ပျံလာကာ လူကွမ်းယီ၏ ဦးထုပ်ထိပ်ရှိ ပန်းဖွားတွင် လာ၍ စိုက်လေ၏။ ကုန်သည်ကြီးလည်း လန့်သွားကာ လှည့်၍ ပြေးလေ၏။ တောင်ပေါ်မှ ဗုံသံများ ဟည်း၍ ထွက်လာ၏။ တောင်၏ အရှေ့ဘက်ခြမ်းမှ မိုးကြိုးသွားချင်မင်းနှင့် ကျားသစ်ခေါင်းလင်ချုံးတို့ ဦးဆောင်သော မြင်းသည်တအုပ်စုသည် တံခွန်များကိုဝှေ့ယမ်း ကာ ညာသံပေးလျက် ထွက်လာကြ၏။ အလားတူ တံခွန်များကို ဝှေ့ယမ်းကာ၊ ညာသံ ပေးကာ မြင်းသည် နောက်တအုပ်စုသည် တောင်၏ အနောက်ဘက်ခြမ်းမှ ထွက်လာ ပြန်ရာ သူတို့ကို ဦးစီးလာသူတို့မှာ တင်ကျည်းနှစ်လက်ကိုင်ဟူယန်ကျို့နှင့် သံလုံ့တံရှင် ရှုနင်တို့ ဖြစ်ကြ၏။ လူယွမ်းယီသည် ကြောက်လှသဖြင့် မည်သည့်အရပ်ကို ပြေးရမှန်း မသိ ဖြစ်နေ၏။ မှောင်စပြုလာပြီဖြစ်၏။ လူကွမ်းယီသည် ခြေထောက်များလည်း နာလှပြီ၊ ဗိုက်လည်း ဆာလှပြီဖြစ်၏။ ကမူးရှူးထိုးဖြင့် ပြေးလမ်းဟု ထင်ရသော တောင်ပေါ်လမ်း ကလေးအတိုင်း အမြန်ထွက်ပြေးခဲ့၏။ အဝေးရှိ ရေပြင်များမှ မြူများ ထလာကာ တောင် ကြားထဲတွင်လည်း မြူထုဆိုင်းလာလေပြီ။ လလည်း မသာ၊ ကြယ်များလည်း မှုန်တုန်တုန်နှင့် ရှိနေ၏။ မြင်ရသမျှ သစ်ပင်

ချုံပင်များမှာလည်း ဖျော့တော့တော့နှင့် ဝါးတားတားဖြစ်နေ၏။ လူကွမ်းယီသည်ကား မိုးအဆုံးသို့ မဟုတ်သည့်တိုင် မြေအဆုံးသို့ ရောက်နေလေပြီ။ ပတ်ပတ်လည်ကို ကြည့်လိုက်ရာ ကျူတောများနှင့် မြူထနေသော ရေပြင်တို့ကိုသာ မြင်ရ၏။ မိုးကို မျှော်ကာ သက်ပြင်းချမိ၏။

"အကြံပေးတာတွေကို နားမထောင်ခဲ့ဘူး။ ခုတော့ ဒုက္ခလှလှတွေ့ပြီ"

တံငါတဦး ခတ်လာသော လှေငယ်တစီး ကျူတောထဲမှ ထွက်လာ၏။ "ခင်ဗျားက တော်တော် ရဲတာပဲ နောင်ကြီး ခရီးသွား၊ ဒီနေရာက လျှံ့ရှန်းကျူအင်း အဝင်ဝပဲ။ ညကြီး အချိန်မတော် ဘာလုပ်လုပ်နေတာလဲ"ဟု ထိုတံငါသည်က အော်၍ မေး၏။

"လမ်းပျောက်သွားလို့ဗျ၊ ဒီည တည်းစရာနေရာ မတွေ့ဘူး ဖြစ်နေတယ်။ ကယ်ပါဦး"

"ဒီနေရာက အကျယ်ကြီးပဲဗျ။ ဒါပေမဲ့ ဈေးမြို့တမြို့တော့ ရှိတယ်။ အဲဒါက ကုန်း ကြောင်းနဲ့ဆို လီသုံးဆယ်ကျော်မယ်။ လမ်းက ဆိုးလည်း ဆိုးတယ်။ ရေကြောင်းက ဆိုရင် တော့ လေးငါးလီပဲ ဝေးတယ်။ ကျုပ်ကို ကြေးပြားဆယ်ကုံးပဲ ပေး။ လှေနဲ့ လိုက်ပို့ပေးမယ်"

"အဲဒီမြို့က ထမင်းဆိုင်တဆိုင် လိုက်ပို့ပေး၊ ငွေတွေ အများကြီး ပေးမယ်"

တံငါသည်ကို လှေကို ဆိုက်လိုက်ပြီး လူကွမ်းယီကို တွဲကာ လှေပေါ်သို့ တင်၏။ ထို့နောက် ထိုးဝါးနှင့် ကန်ကာ လှေကို ထွက်ခဲ့၏။ လေးငါးလီခန့် ရောက်သောအခါ ရှေ့ ကျူတောများထဲမှ လှေလှော်သံတချက်ကို ကြားရ၏။ လှေငယ်တစီး လွှားခနဲ ထွက်လာ ၏။ ယင်းပေါ်တွင် လူနှစ်ယောက် ပါလာ၏။ လှေဦးမှလူမှာ ကိုယ်လုံးတီးနှင့်ဖြစ်ပြီး ထိုးဝါး တချောင်းကို ဆုပ်ကိုင်ထား၏။ ပဲ့မှ လူမှာ လှော်တက်တချောင်းကို ကိုင်ထား၏။

လှေဦးမှ ထိုးဝါးနှင့် လူက သီချင်းဆို၏။

ကဗျာမဖတ် စာမဖတ်တဲ့ ငါ

လျှံ့ရှန်းကျူအင်း ငါ ပျော်မွေ့ရာ

ကျားဆိုးတွေ တိုက်ကြီး ထောင်ခဲ့တာ

ငါးများတန်းမှာ ငါးတွေ ဖော်ဦးမှာ

လူကွမ်းယီသည် အသံပင် မထွက်ရဲတော့။ ညာဘက် ကျူတောထဲမှလည်း

နောက်ထပ် လှေတစီးနှင့် လူနှစ်ယောက် ထွက်လာပြန်၏။ ပွဲမှ လူက လှေတက်ကို တကျိုကျိုမြည် အောင် ခတ်လာ၏။ ဦးမှ လူက ထိုးဝါးတချောင်းကို ကန့်လန့်ကိုင်ထားပြီး အောက်ပါ သီချင်းကို ဆိုလာ၏။

လူသတ်ရတာ ငါ့ဝါသနာ

မွေးကတည်းက ဆိုးသွမ်းလာတဲ့ ငါ

ဉာဏ်သစ်

ရွှေစင်တထောင် မမက်ပါ

ကျောက်စိမ်းဗျာလ္လ ရအောင် ဖမ်းဦးမှာ

ကုန်သည်ကြီးက ဘုရား တ လိုက်မိ၏။ ထိုစဉ် တတိယလှေတစီး သူ့ထံသို့ ရေပေါ် ရှပ်ပြေးကာ ရောက်လာ၏။ လှေဦးမှ လူသည် ထိုးဝါးကို ထောင်၍ကိုင်ကာ အောက်ပါ သီချင်းကို ဆိုလာ၏။

လှေငယ်တစီး ကျူအင်းထဲမှာ

ဆည်းဆာရိပ်ထဲ ရဲရင့်သူတဦး ပါ

သက်ဆုံးတိုင် ဖြောင့်မတ်သူပါ

ဘေးကင်းရာသို့ ထွက်ပြေးရပေမှာ

လှေသုံးစီးစလုံးမှ လူများက လူကွမ်းယီကို လေးစားစွာ နှုတ်ဆက်ကြ၏။ အလယ် လှေပေါ်တွင် ဖိုးရုံကြီး၊ ဘယ်ဘက်လှေတွင် ဖိုးရုံကလေး၊ ညာဘက်လှေတွင် ဖိုးရုံငယ်တို့ အသီးသီး ပါလာကြ၏။ လှေသုံးစီးစလုံး ကပ်လာသောအခါ လူကွမ်းယီမှာ နေစရာ မရှိတော့ပေ။ သူ ရေမကူးတတ်ကြောင်း သူ့ကိုယ်သူ ကောင်းကောင်း သိ၏။

"ငါ့ကို အနီးဆုံး ကမ်းကို ကပ်ပေး"သူက တံငါသည်ကိုပြော၏။ ထိုသူက ရယ်လိုက်၏။ "မိုးပြာပြာနဲ့ ရေစိမ်းစိမ်းတို့ကြားက ရွှင့်ယန်မြစ်ထဲမှာ ကျုပ် မွေးလာတာဗျ။ ပြီးတော့ လျှံရှုန်းကျူအင်းကို လာခဲ့ပေမယ့် ကျုပ်နာမည်ကို ဘယ်တော့မှ ဝှက်မထားဘူး။ ကျုပ်က မြစ်နဂါးလီကျွမ်းတဲ့ဗျ။ အဖမ်းခံရင် ခံ အဖမ်းမခံရင်တော့ ကိုယ့်အသက်ကိုယ် ရေထဲပစ်ချ လိုက်တော့ ကုန်သည်ကြီး"

လူကွမ်းယီမှာ အံ့အားသင့်သွား၏။ "သူသေသေ ကိုယ်သေသေပဲကွ" ဟု ဆိုကာ လီကျွမ်း၏ ရင်ဘတ်ကို သူ့လှံပုဆိန်နှင့် ဝင်ထိုးလိုက်၏။ လီကျွမ်းက

ရှောင်လိုက်ပြီးနောက် ကျွမ်းပစ်ကာ ရေထဲသို့ ဆင်းသွား၏။ လှေသည်လည်း ချာလပတ်လည်သွားကာ သူ့လက် ထဲမှ လှံပုဆိန်ကြီးလည်း ရေထဲသို့ ကျသွားလေ၏။

ထိုစဉ် လှေပွဲမှ အော်သံနှင့်အတူ လူတယောက် ရေထဲမှ ထိုးတက်လာ၏။ သူကား ဒီလှိုင်းဖြူချန်ရွှန်း ဖြစ်၏။ တက်မကို ကိုင်ကာ ခပ်သွက်သွက် လိမ်လှည့်လိုက်၏။ လှေ လည်း မှောက်သွားကာ သူရဲကောင်းကြီးလည်း ရေသောက်ဆင်းရလေတော့၏။ သူအသက် ရှင်ပါ့မလား။ မှန်ပေ၏။ နတ်ငှက်ကို ဖမ်းကာ နဂါးကို လှောင်ချိုင့်သွင်းရန် ကြံထားကြ ပေ၏။ မိုးမြေသိမ့်သိမ့်တုန်မည့် လူတယောက်ကို ဖမ်းရန် တွင်းတူးထားပေ၏။

ရေထဲကျသွားသော လူကွမ်းယီ အသက်ရှင်ပါမည်လော။ သိလိုပါက နောက်တခန်း ကို ဖတ်ပါလေ။

အခန်း - ၆၂

လက်ဖြောင့်ယန်ချင်းက သူ့သခင်ကို ကယ်တင်ခြင်း

ကွပ်မျက်ခံရမည့်သူကို ကယ်တင်ရန် ရှိုးဘုံဆိုင်ပေါ်မှ ခုန်ချခြင်း

ချန်ရှန်းက လူကွမ်းယီကို ခါးကို ပိုက်ကာ ကမ်းခြေသို့ ကူးလာခဲ့၏။ သိပ်ကြာကြာ မကူး လိုက်ရ။ ကမ်းစပ်တွင် မီးတုတ်ကိုယ်စီဖြင့် လူငါးဆယ်ခြောက်ဆယ်လောက် ကြိုစောင့်နေ ကြ၏။ သူတို့က လီကွမ်းယီ၏ ခါးမြှောင်ကို သိမ်းကာ အဝတ်စိုများကို ချွတ်လိုက်ကြ၏။ သူ့ကို ကြိုးဖြင့် တုပ်မည့် ဆဲဆဲတွင် ထိုက်ချုံက အမိန့်ပေးလိုက်၏။

"ကုန်သည်ကြီးလူကို ရန်မပြုရဘူး" သူက အော်၏။

နောက်လိုက်တယောက်က ပန်းထိုးပိုးအင်္ကျီနှင့် ဝတ်ရုံကို ကုန်သည်ကြီးသို့ ဝတ်ရန် ပေး၏။ တောပုန်းရှစ်ယောက်က ဝေါတစင်းကို မ လာကြကာ ကုန်သည်ကြီးကို ဝေါထဲသို့ တွဲ၍ တင်ပေးကြကာ ခရီးဆက်ခဲ့ကြ၏။ အဝေးဆီတွင် ပိုးမီးပုံးအနီ အလုံးနှစ်ဆယ် သုံးဆယ်ခန့်၏ အလင်းရောင်အောက်တွင် ဗုံသံမောင်းသံနှင့်အညီ ချီတက်လာနေသော မြင်းသည်တို့ကို မြင်ရ၏။ တပ်ဦးတွင် စုန်ကျန့်၊ ဝူရုံ၊ ကုန်ဆွန်ရှန်းတို့ ပါလာကြ၏။ သူတို့ နောက်တွင်လည်း တောပုန်းခေါင်းဆောင်များ ပါလာကြ၏။

သူတို့အားလုံး မြင်းပေါ်မှ ဆင်းလိုက်ကြရာ လူကွမ်းယီလည်း ဝေါထဲမှ ထွက်လိုက်၏။ စုန်ကျန့်က ဒူးထောက်လိုက်ရာ ကျန်ခေါင်းဆောင်တို့ကလည်း အတန်းလိုက် အလားတူ လိုက်လုပ်လိုက်ကြ၏။ လူကလည်း ထို့အတူ ဒူးထောက်လိုက်၏။

"ကျုပ်ကို ဖမ်းမိထားပြီဆိုတော့ မြန်မြန်သာ သတ်လိုက်ကြပါတော့ဗျာ" စုန်ကျန့်က ရယ်၏။ "ဝေါထဲမှာပဲ ထိုင်နေပါ ကုန်သည်ကြီး"

ခေါင်းဆောင်များလည်း မြင်းပေါ် ပြန်တက်လိုက်ကြ၏။ ဂီတသံနှင့်အတူ တပ်တန်း ကြီးသည် ခံတပ်သုံးတပ်ကိုဖြတ်ကာ တောင်ပေါ်တက်ခဲ့ကြ၏။ သစ္စာခန်းမသို့ ရောက်သော အခါ မြင်းပေါ်မှ ဆင်းကြပြီး ကုန်သည်ကြီးကို အထဲသို့ ခေါ်သွားကြ၏။ ခန်းမကြီးမှာ မီးပုံး များ၊ ဖယောင်းတိုင်များဖြင့် ထိန်ထိန်ညီးနေ၏။

"နောင်ကြီးရဲ့ ဂုဏ်သတင်းက ကျုပ်နားထဲမှာ မိုးခြိမ်းသံလို

မြည်ဟည်းနေတာ ကြာပါပြီ” ဟု စုန်ကျန့်က ဆို၏။ “ခုလိုတွေ့ရတာ ကျုပ်ဘဝမှာ ကံအကောင်းဆုံးပါပဲဗျာ။ ကျုပ်ညီနောင်တွေလုပ်တာ နည်းနည်းကြမ်းသွားတယ်ဗျာ။ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်”

ဝုရုံက ရှေ့ကို ထွက်လာပြီး ပြော၏။

“ဟိုနေ့က နောင်ကြီးစုန်ကျန့်က တာဝန်ပေးလို့ ခင်ဗျားအိမ်ကို ရှေ့ဖြစ်ဟောတဲ့သူလို ရုပ်ဖျက်ပြီး လာခဲ့ရတယ်။ ခင်ဗျားကို ကျွန်တော်တို့နဲ့အတူ ကောင်းကင်ဘုံကိုယ်စား လုပ်ဆောင်ဖို့အတွက် လာမျှားခေါ်တာပါဗျာ”

စုန်ကျန့်က လူကွမ်းယီကို ခေါင်းဆောင်ကြီး၏ နေရာတွင် ထိုင်ရန် ဖိတ်ခေါ်၏။ ကုန်သည်ကြီးလူကလည်း ယဉ်ကျေးစွာ ငြင်းဆိုလေ၏။

“ကျုပ်က ဘာအတတ်မှ ဘာပညာမှ မတတ်ပါဘူး။ အစွမ်းအစမှလည်း မရှိပါဘူး။ ပြီးတော့ ခင်ဗျားကိုလည်း စော်ကားသလို ဖြစ်သွားတယ်။ အကြိမ်တသောင်းပြန်သေရရင် တောင်မှ မကျေသေးပါဘူး။ ဘာလို့ ကျုပ်ကို လျှောင်ရတာလဲဗျာ”

စုန်ကျန့်က ပြုံးလိုက်၏။ “ဘယ်လျှောင်ဝံ့ပါ့မလဲဗျာ။ ကျုပ်က နောင်ကြီးရဲ့ဂုဏ်ကို တကယ် လေးစားနေတာပါ ကုန်သည်ကြီးရဲ့။ နောင်ကြီး ရောက်လာမယ့်အချိန်ကို မွတ်မွတ် သိပ်သိပ် မျှော်နေကြတာပါ။ ကျုပ်တို့ရဲ့ တောင်ပေါ်ခံတပ်လေးကို အထင်အမြင် မသေး လောက်ဘူး ထင်ပါရဲ့။ ကျုပ်တို့ကို ခေါင်းဆောင်ပါ။ နောင်ကြီးအမိန့်အတိုင်း ဦးလည်မသုန် ထမ်းဆောင်ပါ့မယ်”

“ဒါဖြင့်လည်း ကျုပ်ကို သတ်လိုက်ပါတော့။ ခင်ဗျားတို့အလိုကို မလိုက်နိုင်လို့ပါ”

“နောက်နေ့တွေကျမှ ပြောကြတာပေါ့ဗျာ” ဝုရုံက အဆိုပြု၏။ ကုန်သည်ကြီးအတွက် စိမ်ရည်များ လာချပေး၏။ လူသည်လည်း မရှောင်သာတော့ပေ။ သုံးလေးခွက်မျှ ဆင့်၍ သောက်လိုက်မိ၏။ ခေါင်းဆောင်ငယ်များက သူ့ကို အနောက် ဆောင်သို့ ခေါ်သွားကာ သိပ်လိုက်ကြ၏။

နောက်တနေ့တွင် သိုးနှင့် မြင်းများကို ပေါ်ကာ စားသောက်ပွဲကြီး ကျင်းပကြ၏။ အကြိမ်ကြိမ် ငြင်းဆန်ပြီးမှ မရတော့သဖြင့် လူကွမ်းယီလည်း ဝိုင်းအလယ်ကောင်တွင် ထိုင်ရ၏။ သုံးလေးကျော်မျှ ခွက်လှည့်ပြီးသောအခါ စုန်ကျန့်က သေရည်ခွက်ကိုကိုင်လျက် ထရပ်လိုက်၏။

“မနေ့ညက ကျုပ်တို့ နောင်ကြီးကို စော်ကားမိလို့ တောင်းပန်ပါတယ်ဗျာ။ ကျုပ်တို့ စခန်းကလေးက သေးသေးပါ။ နောင်ကြီးရဲ့ မြင်းကို ရေတိုက်ဖို့တောင်

မထိုက်တန်တဲ့ နေရာလေးပါ။ ဒါပေမဲ့ ကျုပ်တို့သစ္စာကတော့ စစ်မှန်ပါတယ်။ ဒါကို နောင်ကြီးလည်း စဉ်းစားမိမယ်လို့ မျှော်လင့်ပါတယ်။ ကျုပ် ရာထူးကို နောင်ကြီးကို ဝမ်းမြောက်ဝမ်းသာ လွှဲပေးပါတယ်။ မငြင်းပါနဲ့တော့ နောင်ကြီးရာ”

“နောင်ကြီး မှားနေပြီ။ ကျုပ်က ဘာရာဇဝတ်မှုမှ ကျူးလွန်ထားတာ မရှိဘူး။ ကျုပ်တို့ မိသားစုက ပစ္စည်းလည်း အတော်အသင့် ရှိပါတယ်။ စုန့်မင်းဆက်အနွယ်တော်တယောက် အဖြစ်နဲ့ မွေးလာတာ။ သေသွားရင်လည်း စုန့်မင်းဆက်အနွယ်တော်အနေနဲ့ အကန်တော့ ခံရမှာဗျ။ နောင်ကြီးကမ်းလှမ်းကာ လက်ခံမယ့်အစား သေပဲ သေလိုက်ချင်ပါတယ်”

ဝုရုံနှင့် ကျန်ခေါင်းဆောင်များကလည်း စုန်ကျန့်နည်းတူ ဝိုင်း၍ တောင်းပန်ကြ၏။ သို့သော် လူကမူ တောပုန်းအဖြစ်ကို လက်မခံဟု သန္နိဋ္ဌာန်ချထားလေ၏။

“ကုန်သည်ကြီး၊ နောင်ကြီးက ဆန္ဒမရှိရင် ကျုပ်တို့က အတင်းအဓမ္မ မတိုက်တွန်း ပါဘူး။ နောင်ကြီးရဲ့ ကိုယ်ကသာ ကျုပ်တို့နားမှာ ရှိနေပေမယ့် စိတ်ကတော့ တခြားကို ရောက်နေမှာပဲ ။ ဒါပေမဲ့ဗျာ ကြုံတောင့်ကြုံခဲ နောင်ကြီး ဒီကို ရောက်သခိုက်မှာ ခဏတော့ နေသွားပါဦးဗျာ။ ပြီးမှ ကျုပ်တို့ ပြန်ပို့ပေးပါ့မယ်”

“ခုပဲ ပြန်ပို့လို့ မရဘူးလားဗျာ။ ကျုပ်အိမ်က သတင်းစောင့်နေကြတာဗျ။ သူတို့တွေ စိတ်ပူနေကြလိမ့်မယ်”

“ဒါအတွက်တော့ မပူပါနဲ့။ လီကုကို လှည်းတွေနဲ့ ပြန်လွှတ်လိုက်ပါ့မယ်။ နောင်ကြီး လည်း တရက် နှစ်ရက် နေရင် သွားရမှာပါ”

ကုန်သည်ကြီးက သူ့အလုပ်ကြပ်ချုပ်ကို လှည့်၍ မေးလိုက်၏။ “လှည်းတွေ ပစ္စည်း တွေ အားလုံးစုံရဲ့လား”

“တခုမှ အပျောက်အရှ မရှိပါဘူး ခင်ဗျာ”

လီကုကို ငွေချောင်းကြီး နှစ်ချောင်းပေးရန်၊ အစေခံနှစ်ယောက်ကို ငွေချောင်းငယ် တခုစီ ပေးရန်၊ လှည်းသမားများကို ငွေတဆယ်သားစီ ပေးရန် စုန်ကျန့်က အမိန့်ချ၏။ ငွေရသူများက ကျေးဇူးစကား ဆိုကြ၏။

“ငါ့အခက်အခဲကို မင်းလည်း သိတာပဲ လီကု၊ အိမ်ရောက်ရင် ငါ့မိန်းမကို စိတ်မပူဖို့ ပြောလိုက်။ လေးငါးရက် နေရင် ငါ ပြန်လာမယ်လို့ ပြောလိုက်”

ပြန်ချင်လှပြီဖြစ်သော လီကုကလည်း “စိတ်ချပါခင်ဗျာ”ဟု ကတိပေးကာ နှုတ်ဆက် ပြီး ခန်းမထဲမှ ထွက်သွားလေ၏။ ဝုရုံက ထ ရပ်လိုက်၏။

"စိတ်အေးအေးထားပြီး နေပါ ကုန်သည်ကြီး၊ ကျုပ် လီကုကို လိုက်ပို့လိုက်ဦးမယ်။ ခဏနေရင် ပြန်လာခဲ့မယ်"

ဝုရုံသည် မြင်းစီးကာ သဲသိဂ်ါရေဆိပ်သို့ သွားပြီး လီကုအရောက်ကို စောင့်နေ၏။ မကြာခင်တွင် လီကုနှင့် အစေခံနှစ်ဦး၊ လှည်းသမားများနှင့်တကွ တောင်ပေါ်မှ ဆင်းလာ ကြ၏။ ဝုရုံနှင့် ပါလာသော တောပုန်းငါးရာတို့က သူတို့ကို ဝန်းရံထားလိုက်ကြ၏။ မိုးမခပင် ရိပ်တွင် ထိုင်နေသော ဂုရုံက လီကုကို သူ့ရှေ့သို့ ခေါ်လိုက်၏။

"မင်းတို့သခင်နဲ့ ငါတို့က ပြောပြီးဆိုပြီးသားတွေ။ ခုဆို သူက ဒုတိယခေါင်းဆောင် တာဝန်ကို လက်ခံလိုက်ပြီ။ ဒီကို မလာခင်ကတည်းက သူ ရုံးခန်းနံရံမှာ စာလေးကြောင်း ပါတဲ့ ကဗျာတပုဒ်ကို ရေးခဲ့တယ်။ မှတ်မိလား မသိဘူး။ ပထမစာကြောင်းကို "လူ"ဆိုတဲ့ စာလုံးနဲ့ စ ထားတယ်။ ဒုတိယစာကြောင်းကျတော့ "ကွမ်း"၊ တတိယကျတော့ "ယီ"၊ စတုတ္ထကျတော့ "ပုန်ကန်သည်" တဲ့။ ပေါင်းလိုက်တော့ "လူကွမ်းယီ ပုန်ကန်သည်"တဲ့။ ကဲ၊ မင်းတို့သခင် ဒီကို ဘာလာလုပ်လဲ သိပြီမလား ။ ဒီတော့ မင်းတို့ကို လွှတ်လိုက်မယ်။ နေ့ ည မနားဘဲ အိမ်ပြန်ပေတော့။ မင်းတို့သခင် ပြန်လာမယ်လို့တော့ ယောင်လို့တောင် မစဉ်းစားနဲ့"

လီကုလည်း တုန်တုန်ယင်ယင်ဖြင့် ဒူးထောက်ကာ ကန်တော့လေ၏။ ဝုရုံက လူနှင့် တိရစ္ဆာန်တို့ကို ကူးတို့ ပို့ခိုင်းလိုက်၏။ မကြာမီတွင်ပင် ယင်းတို့သည် ဥတ္တရနေပြည်တော်သို့ ခြေကုန်သုတ်ကြလေ၏။

လီကုတို့ကို ခဏထားပြီး ဝုရုံအကြောင်းကို ဆက်ပါဦးမည်။ စားသောက်ပွဲ ကျင်းပ နေရာသို့ ပြန်သွားပြီး လူကွမ်းယီကို ပါးနပ်လိမ်မာစွာဖြင့် အမျိုးမျိုး နှုးလေ နှပ်လေ၏။ စားသောက်ပွဲကြီးမှာ ည ဒုတိယယံအထိ မပြီးသေး။ နောက်တနေ့တွင်လည်း တပွဲ ထပ် ကျင်းပပြန်၏။ လူကွမ်းယီက ဆို၏။

"ခင်ဗျားတို့ ခေါင်းဆောင်တွေ ကျုပ်ကို ခေါ်ထားတဲ့ စေတနာကို ကျုပ် လေးစားပါ တယ်။ ဒါပေမဲ့ ကျုပ်အဖို့မတော့ တနေ့ကို တနှစ်လောက် ထင်နေပြီဗျ။ ကျုပ် ဒီနေ့ပဲ ပြန်မယ်"

စုန်ကျန့်ကလည်း "ကျုပ်က ဘာမှအရည်အချင်း မရှိတဲ့လူပါ။ ဒါပေမဲ့ ကံကောင်းလို့ နောင်ကြီးနဲ့ တွေ့ ခွင့်ရပါတယ်။ ကျုပ်ငွေနဲ့ ကျုပ် အကုန်အကျခံပြီး ညစာတပွဲလောက် ကျွေးချင်ပါတယ်။ ပွင့်ပွင့်လင်းလင်း စကားလေး ဘာလေး ပြောရအောင်လို့ပါ။ ဒါလေး ကိုတော့ မငြင်းပါနဲ့ဗျာ" ဟု ဖျောင်းဖျ၏။

တနေကုန်သွားပြန်၏။ နောက်တနေ့တွင် စုန်ကျန့်က စားသောက်ပွဲကြီး

ကျင်းပ ပြန်၏။ နောက်တနေ့တွင် ဝုရုံက။ ထို့နောက် တနေ့တွင် ကုန်ဆွန်ရှန်း။ အလှည့်ကျ ကျွေး မွေးကြ းကြ၏။ တိုတိုပြောရလျှင် ခေါင်းဆောင်သုံးဆယ်ကျော်က တယောက် တရက်ကျ အလှည့်ကျ ကျွေးမွေးကြ၏။ တနေဝင် တလထွက်နှင့် အချိန်မှာ တတိတိနှင့် တလ ကုန် သွားလေ၏။ လူကွမ်းယီက ပြန်ခွင့်တောင်းပြန်၏။

စုန်ကျန့်က ဆို၏။

“ကျုပ်တို့ကတော့ နောင်ကြီးကို ခေါ်ထားချင်ပါတယ်။ ဒါပေမဲ့ နောင်ကြီးက သွားမှ ဖြစ်မယ်ဆိုရင်တော့ နှုတ်ဆက်တဲ့အနေနဲ့ သစ္စာခန်းမမှာ တခွက်တဖလားလောက် သောက်ကြရအောင်”

နောက်တနေ့တွင် စုန်ကျန့်က သူပိုင်ငွေဖြင့် ကျွေးမွေးပြန်သည်။ အခြားခေါင်းဆောင် များက လူကွမ်းယီကို ဝိုင်းကာ ပူညံပူညံ လုပ်ကြလေ၏။

“ကျုပ်တို့နောင်ကြီးက ခင်ဗျားကို တရာပုံမှာ တရာပုံလေးစားတယ်ဆိုရင် ကျုပ်တို့က တရာ့နှစ်ဆယ်ပုံလေးစားတာဗျ။ ဒါပေမဲ့ ခင်ဗျားက သူ့စားသောက်ပွဲကို သွားတယ်။ ခင်ဗျားက အုတ်ခဲတုံးကြီးကိုပဲ အရေးလုပ်ပြီး အုတ်ကြွပ်ပြားလေးတွေကိုတော့ အရေး မလုပ်တာလား” ဟု ဝိုင်းပြောကြ၏။

လီကွေ့ကလည်း လှမ်းအော်၏။

“ခင်ဗျားကို ဖိတ်ဖို့အတွက် ကျုပ်က ဥတ္တရနေပြည်တော်မှာ အသက်စွန့်ခဲ့ရတာနော်။ ခင်ဗျားကို ထမင်းမကျွေးမရမချင်း ခင်ဗျားအမြီးကို ဆွဲထားမှာဗျာ”

ဝုရုံက ရယ်၏။

“ဒီလို ထမင်းစားဖိတ်တာမျိုး ဘယ်သူ ကြားဖူးသလဲဗျာ။ တယ်ကြမ်းတာကိုး။ ကုန်သည်ကြီး သူ့ကိုတော့ ခွင့်လွှတ်ပါဗျာ။ ဒါပေမဲ့ဗျာ၊ သူတို့တွေ စေတနာကို လိုက်လျော ပြီး နောင်ကြီးလည်း နည်းနည်းလောက် နေပေးပါဦး”

သတိမထားလိုက်မိဘဲ နောက်ထပ် လေးငါးရက် ကုန်သွားပြန်၏။ ကုန်သည်ကြီးလူ ကား ပြန်ရန် သန္နိဋ္ဌာန်ချထားဆဲ ဖြစ်၏။ စစ်ကျွမ်းသူချူဝုနှင့် ခေါင်းဆောင်ငယ်တစုတို့က သစ္စာခန်းမရှိ လူကွမ်းယီထံသို့ ရောက်လာကြ၏။ “ကျုပ်တို့က ခေါင်းဆောင်ငယ်လေးတွေ ဆိုပေမယ့် နောင်ကြီးစုန်ကျန့်ရဲ့ အားထုတ်မှုမှာ ကျုပ်တို့လည်း ဝင်ကူရတာပဲဗျ။ ဒီသေရည် မှာ အဆိပ်ခတ်မထားပါဘူးဗျ။ ကျုပ်တို့နဲ့ အတူတူ မသောက်မစားဘူးဆိုရင်တော့

စိတ်ဆိုး ရလိမ့်မယ်။ ကျုပ်ကတော့ ပြဿနာ မရှာပါဘူး။ ဒါပေမဲ့ ကျုပ်ညီတွေကတော့ ရမ်းရမ်း ကားကား လုပ်မှာ ကြောက်တယ်။ နောက်ကျမှ စိတ်မကောင်းစရာတွေ ဖြစ်ကုန်ရင် မကောင်းဘူး”

ဝုရုံက ထ ရပ်လိုက်၏။

“ဟော့ကောင်တွေ၊ တော်ကြစမ်း၊ ငါ မင်းတို့အတွက် ကုန်သည်ကြီးကို ပြောပေးမယ်။ သူ ဆက်နေဦးမှာပါကွ။ ဘာလို့ မနေရမှာလဲ။ “စိမ်ရည်ခွက်ကို လက်က ကိုင်ပြီး ပေးတဲ့ အကြံဟာ စေတနာဆိုး မဖြစ်နိုင်တဲ့” ဆိုရိုးတောင် ရှိတယ်လေ”

ကုန်သည်ကြီးလူမှာလည်း ဤမျှ ဂျီကျနေသူများ၏ ဒဏ်ကို မခံနိုင်တော့ပေ။ ခဏ လောက် ထပ်နေဦးမည်ဟု သဘောတူလိုက်ရလေ၏။ သို့ဖြင့် နောက်ထပ် ရက်လေးဆယ် ကြာသွားလေ၏။ သူ ထွက်လာစဉ်က ပဉ္စမလအတွင်းက ဖြစ်သော်လည်း တောင်ရိုးခံတပ် တွင် ရောက်နေသည်မှာ နှစ်လကျော် သွားလေပြီ။ ရွှေရောင်ဝင်းနေသော ဂျုံခင်းကြီး များသည် လေထဲတွင် တရှိုးရှိုး တရှူန်းရှူန်း မြည်နေလေပြီ။ မြူများသည်လည်း အေးမြလာ လေပြီ။ ဆောင်းဦးပွဲတော် အချိန်လည်း နီးကပ်လာလေပြီ။

ကုန်သည်ကြီးလူသည်လည်း အိမ်ကို သတိရလာလေပြီ။ ထိုအကြောင်းကို စုန်ကျန့် အား ပြောပြ၏။ သူ့ဆန္ဒ ပြင်းပြနေကြောင်း သိသာလှ၏။

“လွယ်ပါတယ်ဗျာ။ မနက်ဖြန်ကျရင် ကျုပ် နောင်ကြီးကို သဲသိဂ်ါကမ်းခြေကို လိုက်ပို့ ပါ့မယ်”

လူကွမ်းယီ ဝမ်းမြောက်သွား၏။ နောက်တနေ့တွင် သူ့အဝတ်အစားများ လက်နက် များကို သိမ်းဆည်းပြီး ခေါင်းဆောင်များက တောင်အောက်သို့ လိုက်ပို့ကြ၏။ စုန်ကျန့်က ရွှေနှင့် ငွေတို့ကို ကလပ်ပေါ်တင်ကာ ပေး၏။

“ကျုပ်က ကြွားတာတော့ မဟုတ်ပါဘူး” လူကွမ်းယီက ဆို၏။ “ဒါပေမဲ့ ကျုပ်အိမ်မှာငွေတွေ ပစ္စည်းတွေ အများကြီး ရှိပါတယ်။ ဥတ္တရနေပြည်တော်ကို သွားဖို့ ခရီးစရိတ် လောက်ရုံပဲ ယူသွားမှာပါ။ ကျန်တာ ထားခဲ့ပါ့မယ်”

စုန်ကျန့်နှင့် ခေါင်းဆောင်တို့က သူ့ကို သဲသိဂ်ါကမ်းခြေသို့ လိုက်ပို့ပြီး နှုတ်ဆက်ကာ စခန်းသို့ ပြန်သွားကြ၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

သုတ်ခြေတင်ကာ ပြန်သွားသော လူကွမ်းယီအကြောင်းကိုသာ ဆက်ပြောသင့်ပေ၏။ ဆယ်ရက်အတွင်း ဥတ္တရနေပြည်တော်၏ ဆင်ခြေဖုံးသို့ သူ ရောက်သွား၏။ မိုးချုပ်ပြီဖြစ်၍ မြို့တော်တွင်းသို့ မဝင်ဘဲ ထမင်းဆိုင်တဆိုင်တွင်

တည်း၏။ နောက်တနေ့စောစောတွင် မြို့တော်သို့ အပြေးအလွှား လာခဲ့၏။

တလီမျှပင် မရောက်သေး။ ခေါင်းပေါင်းစုတ်၊ အဝတ်အစား အစုတ်အပြတ် ဝတ်ထား သော လူတယောက်နှင့် တိုးလေ၏။ သူ့ကိုမြင်သော် ထိုလူက ဒူးထောက်ကာ ကန်တော့ လေ၏။ သူကား လူရည်ချွန်လေးယန်ချင်း ဖြစ်၏။

"ဒါက ဘယ်လိုဖြစ်နေတာလဲ"

"ဒီနေရာမှာ စကားပြောလို့ မကောင်းဘူး"

နှစ်ယောက်သား မြေဘောင်တခု၏ အကွယ်သို့ ဝင်လိုက်ကြပြီး ကုန်သည်ကြီးလူက ယန်ချင်းကို မေးလေတော့၏။

"သခင် သွားလို့မှ ဘာမှ မကြာဘူး၊ လီကု ပြန်ရောက်လာတယ်။ သခင်က လှျံရှန်း ကျူအင်းထဲမှာ စုန်ကျန့်တို့နဲ့ ပေါင်းလိုက်ပြီ၊ ဒုတိယခေါင်းဆောင်နေရာကို လက်ခံလိုက် တယ်လို့ သခင်မက ပြောတယ်။ အစိုးရမင်းဆီကို သွားပြီး သခင့်အကြောင်းကို တိုင်ကြ တယ်။ ခုဆို သူတို့က ပေါင်းနေကြပြီဗျ။ ကျွန်တော့်ကိုလည်းသစ္စာမရှိဘူးဆိုပြီးအလုပ်ဖြုတ် ပစ်တယ်။ ကျွန်တော့်အဝတ်အစားတွေကို သိမ်းပြီး မြို့ပြင်ကို မောင်းထုတ်လိုက်တယ်။ ကျွန်တော့် မိတ်ဆွေတွေ၊ အမျိုးတွေကိုလည်း ကျွန်တော့်ကို လက်မခံရဘူးတဲ့။ လက်ခံရင် တရားစွဲမယ်တဲ့။ သူတို့ စည်းစိမ်တဝက် ပြုတ်ပြုတ် တဲ့။ ဒါနဲ့ ဘယ်သူမှ လက်မခံရဲတော့ဘူး။ မြို့ထဲမှာလည်း နေစရာမရှိတော့ မြို့ပြင်မှာပဲ လျှောက်ပြီး တောင်းစားနေရတယ်။ လမ်း ကြားတွေမှာ လျှောက်အိပ်နေရတယ်။ ကျွန်တော်ပေးတဲ့အကြံ လက်ခံပါ သခင်။ လှျံရှန်း တောင်ရိုးကိုပဲ ပြန်ပါတော့။ တခြားဘာမှ စဉ်းစားမနေပါနဲ့။ သခင် မြို့ထဲပြန်ရင်တော့ ထောင်အဖမ်းခံရလိမ့်မယ်"

"ငါ့မိန်းမက ဒီလိုအစားမျိုး မဟုတ်ဘူးကွ၊ မင်း သက်သက်အပုပ်ချမနေနဲ့ ဟေ့ကောင်"

"သခင့်နောက်စေ့မှာ မျက်စိပါတာမှ မဟုတ်ဘဲ။ ဘယ်မြင်ပါ့မလဲ။ သခင်က ကာယ ဗလပဲ အချိန်ပေးနေတာ။ အိမ်ထောင်ရေးကိုမှ စိတ်မဝင်စားဘဲ။ လီကုနဲ့ သခင်မ ဖြစ်နေ တာ ကြာပြီ။ ခုတော့ သူတို့က အိမ်ပိတ်ပြီး လင်မယားလို နေနေကြပြီ။ သခင် အိမ်ပြန်ရင် သူတို့ ဒုက္ခပေးလိမ့်မယ်"

ကုန်သည်ကြီးလူမှာ ဒေါသူပုန် ထလေပြီ။

"ငါတို့က ဒီမြို့မှာ နေလာတာ မျိုးဆက်ငါးဆက် ရှိပြီ။ ငါတို့ကို လူတိုင်းသိတယ်။ လီကု က ဒါမျိုးလုပ်ရဲရအောင် ဒင်းမှာ ခေါင်းအပို ဘယ်နှလုံး

ရှိလို့လဲ။ မင်းလည်း မဟုတ်သေး ပါဘူး။ ဒါတွေ ငါ့လာပြောပြီး ငါ့ကို လာဆွပေးတာလား၊ ငါ အိမ်ပြန်မယ်။ ဂဃနဏ သိအောင် လုပ်မယ်။ ပြီးမှ မင်းနဲ့ တွေ့ကြမယ်”

ယန်ချင်းက ခါးခါးသီးသီး ငိုပြီး ကန်တော့လေ၏။ သူ့သခင်၏ အဝတ်စကိုလည်း ဆွဲ ထားလေ၏။ လူကွမ်းယီက ကန်ထုတ်လိုက်ပြီး မြို့ထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်သွား လေ၏။

မြို့ထဲကို ဝင်ပြီးသည်နှင့် အိမ်သို့ တန်း၍သွား၏။ သူ့အလုပ်သမားများမှာ အံ့ဩလှ သဖြင့် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။ လီကုက ကပျာကယာ ထွက်ကာ ကြိုဆို၏။ အိမ်ရှေ့ခန်းထဲသို့ ခေါ်လာပြီးလျှင် ဒူးထောက်ကာ ကန်တော့လေ၏။

“ယန်ချင်းကော ” လူကွမ်းယီက မေး၏။

“မမေးပါနဲ့ သခင်၊ ပြောရမှာက အရှည်ကြီးပဲ။ သခင်က ခရီးကလည်း ပန်းလာတော့ အရင် နားလိုက်ပါဦးလား။ ပြီးမှ ကျွန်တော် ပြောပြပါ့မယ်”

ခန်းဆီးနောက်ကွယ်မှ လူကွမ်းယီ၏ ဇနီးသည်လည်း မျက်ရည်အရွဲသားဖြင့် ထွက် လာလေ၏။ “မငိုပါနဲ့ကွယ် ” လူကွမ်းယီက ချော့၏။ “ယန်ကလေး ဘာဖြစ်သလဲသာ ငါ့ပြောစမ်းပါ”

“အခု မမေးပါနဲ့ဦးလား ရှင်ရယ်။ ပြောရမှာက အရှည်ကြီး။ ရှင်ကလည်း ခရီးပန်း လာတာ။ နားလိုက်ပါဦးလား၊ ပြီးမှ ကျွန်မ ပြောပြပါ့မယ်”

ကုန်သည်ကြီးလည်း ပို၍ မသင်္ကာဖြစ်လာသဖြင့် အတင်းမေးလေ၏။ “အဝတ်အစားလေး ဘာလေး လဲပြီး မိသားစုနတ်စင်မှာ ကန်တော့လိုက်ပါဦးလား သခင်။ မနက်စာလည်း စားလိုက်ပါဦး” လီကုက ဝင်၍ မျက်နှာချိုသွေးသည်။ “စကား ပြောဖို့အချိန်တွေ အများကြီးရှိပါတယ်”။ ပြောပြောဆိုဆို ကုန်သည်ကြီး ရှေ့တွင် ထမင်းပွဲ ကို ခင်း၏။

လူကွမ်းယီက တူကိုကိုင်ကာ မြှောက်ပင် မမြှောက်လိုက်ရသေး။ အိမ်ရှေ့အိမ်နောက် ဝင်းတံခါးဝများမှ ဆူဆူညံညံ အသံများကို ကြားလိုက်ရ၏။

ရဲသားနှစ်ရာ သုံးရာခန့် အတင်းဝင်လာကြ၏။ အံ့အားကြီးသင့်ကာ ကြောင်သွားသော လူကွမ်းယီကို ကြိုးနှင့်တုပ်ကာ နံပါတ်တုတ်များဖြင့် ရိုက်ပြီး မြို့ဝန်အိမ်သို့ ခေါ်သွားလေ၏။

မြို့ဝန်လျှံမှာ တရားခွင်တွင် ရောက်နေ၏။ သူ့ညာဘက်နှင့် ဘယ်ဘက်တွင်

ဝံပုလွေ တွေလို ကျားတွေလို ရုပ်တွေနှင့် ရဲ ခုနစ်ဆယ် ရှစ်ဆယ်ခန့် ရပ်နေကြ၏။ လူကွမ်းယီကို သူ့ရှေ့သို့ ခေါ်လာကြ၏။ လူ၏မယားနှင့် လီကုတို့မှာ တဖက်တွင် ဒူးတုပ်နေကြ၏။

“မောင်မင်းက ဥတ္တရနေပြည်တော်ရဲ့ မြို့တော်သား လူကောင်းတယောက်ပဲ။ ဘာလို့ လျှံရှုန်းက တောပုန်းတွေနဲ့ သွားပူးပေါင်းရတာလဲ။ ဒုခေါင်းဆောင် တာဝန်ယူရတာလဲ။ မောင်မင်းက အတွင်းမီး အပြင်မီး နှစ်ဖက်ညှပ်ပြီး မြို့တော်ကို တိုက်ဖို့ လာခဲ့တာပဲ။ မောင်မင်းကို မိပြီ။ ဘာပြောချင်လဲ”

“ကျွန်တော် တချက်ကလေး သတိလစ်ပြီး လျှံရှုန်းက ဝုရုံကို အိမ်ထဲ အဝင်ခံမိပါတယ်။ သူက ရှေ့ဖြစ်ဟောဆရာယောင် ဆောင်ပြီး လာခဲ့တာပါ။ ကျွန်တော့်ကို ဥာဏ်ဆင်ပြီး လျှံရှုန်းကို ခေါ်သွားပါတယ်။ အဲဒီမှာ နှစ်လကျော် ချုပ်ထားကြပါတယ်။ ကံကောင်းလို့ ကျွန်တော် အိမ်ကို ပြန်လာနိုင်တာပါ။ ကျွန်တော့်မှာ ဘာမှ မကောင်းတဲ့ အကြံအစည် မရှိပါဘူး။ အရှင်က သနားသောအားဖြင့် ဆင်ခြင်ပေးစေလိုပါတယ်”

“မောင်မင်းစကားကို ဘယ်သူကများ ယုံမယ် မှတ်နေသလဲ။ ဟိုကောင်တွေနဲ့ မပေါင်း ဘူးဆိုရင် ဘာလို့ ဒီလောက် အကြာကြီး နေရတာလဲ။ မင်းပစ်သွားတဲ့ မင်းမိန်းမနဲ့ လီကု တို့က အမှန်ကို ဖော်လိုက်ကြပြီ။ သူတို့က မင်းကို မဟုတ်ဘဲ စွပ်စွဲပါ့မလား”

“ဒီလိုဖြစ်လာမှတော့ သခင်ရယ်။ ဝန်ခံလိုက်တာ ကောင်းပါမယ်” လီကုက ဝင်၍ ဆရာ လုပ်၏။

“အိမ်နံရံမှာ သခင်ရေးခဲ့တဲ့ ကဗျာမှာက ပုန်ကန်ချင်တဲ့ အဓိပ္ပာယ်တွေ ရှိနေ တယ်။ ဒါက သိပ်ကို ထင်ရှားတဲ့ သက်သေပါ။ ဘာမှတောင် ပြောစရာ မလိုတော့ဘူး”

“ရှင့်ကိုတော့ မထိခိုက်စေချင်ပါဘူးရှင်” သူ့ဇနီးက ဆို၏။ “ဒါပေမဲ့ ကျွန်မတို့လည်း လာပတ်သက်မှာတော့ ကြောက်တယ်။ ရှေးစကားလည်း ရှိတယ်မဟုတ်လား “ကျူပင် ခုတ်ရင် ကျူငုတ်မကျန်စေနဲ့”တဲ့”

မြို့ဝန်ရှေ့တွင် ဒူးထောက်နေရသော လူကွမ်းယီက သူ့ကို သက်သက်အပြစ်ရှာခြင်း ဖြစ်ကြောင်း ငိုငိုယိုယိုနှင့် ပြော၏။ လီကုက ဝင်၍ ဆရာလုပ်ပြန်၏။ “ဒီလို မပြောပါနဲ့ သခင်၊ စွပ်စွဲချက်က မှန်နေရင်တော့ သခင်လွတ်မှာ မဟုတ်ဘူး။ မှားနေရင်တော့ နောက် ဆုံးမှာ ရှင်းသွားမှာပဲ။ ဒါပေမဲ့ အရင် ဝန်ခံလိုက်ပါ။ ဒါမှ အရိုက်မခံရမှာ”

လူ၏ဇနီးကလည်း ထိုအတိုင်းပင် သဘောတူ၏။ "ယောက်ျားရယ်၊ စွဲချက်မှားနေရင် ရုံးတော်တောင် ရောက်ပါ့မလား၊ ပြီးတော့ တကယ့်အချက်အလက်တွေဆိုရင်ပဲ ငြင်းလို့ ရပါ့မလား။ ရှင်သာ တကယ်အပြစ်ကျူးလွန်ခဲ့ရင်တော့ ကျွန်မတော့ စိတ်ပူတာနဲ့ သေ မှာပဲ။ ရှင့်အသားအရေတွေက နုက နုနဲ့။ ဒီတုတ်တွေ ဒဏ်ခံနိုင်ပါ့မလား။ ဝန်ခံလိုက်ပါ။ ပြစ်ဒဏ်က သက်ညှာပါလိမ့်မယ်"

လီကုက အထက်အရာရှိများရော လက်အောက်ငယ်သားများကိုပါ ဖောဖောသီသီ လာဘ်ထိုးထားသဖြင့် ချန်း ဆိုသည့် ရှေ့ဖတ်စာရေးက ဝင်၍ ပြော၏။ "တော်တော်ခေါင်းမာတဲ့ ကောင်။ အရိုက်မခံရမချင်း ဝန်ခံမှာ မဟုတ်ဘူး"

"မှန်တယ်" မြို့ဝန်မင်းက အော်လိုက်၏။ "ရိုက်ကြစမ်း"

ရဲများက လူကွမ်းယီ၏ ခေါင်းကို ဆွဲနှိမ်ချလိုက်ကာ အရေပြားများစုတ်ပြဲကာ၊ အသား များ ဖူးရောင်ကာ၊ သွေးများ ချောင်းစီးလာသည်အထိ ရိုက်လေတော့၏။ လူကွမ်းယီလည်း သုံးကြိမ် လေးကြိမ်မျှ သတိလစ်၍ လစ်၍ သွား၏။ နောက်ဆုံးတွင် သူလည်း မခံနိုင် တော့ပေ။

"ငါကတော့ အသေဆိုးနဲ့ သေရတော့မယ်" သူက သက်ပြင်းချလိုက်၏။ "ငါ ဖြောင့် ချက်လိမ်ပြီး ပေးရတော့မယ်"

ဖြောင့်ချက်ကို ရှေ့ဖတ်စာရေးယူပြီးသည်နှင့် လူကွမ်းယီကို သေဒဏ်အချခံရသူများ ကိုသာ စွပ်ပေးရသော ပိဿာသုံးဆယ်လေးသည့် ပင်းသကားကြီးကို စွပ်လိုက်ကာ ထောင် သို့ ပို့ရန် အမိန့်ချမှတ်လိုက်၏။ ရုံးတွင်း ရုံးပြင်တွင် စောင့်၍ နားထောင်နေသူများလည်း စိတ်မချမ်းမသာ ဖြစ်သွားကြ၏။ ထိုနေ့မှာပင် လူကွမ်းယီကို ထောင်တံခါးအတွင်း တွန်းထိုး သွင်းလာကာ မဏ္ဍပ်တခုရှေ့တွင် ဒူးထောက်ခိုင်းထားကြ၏။ မဏ္ဍပ်ထဲရှိ ညောင်စောင်း ပေါ်တွင် ထိုမြို့၏ နှစ်ထောင်ပိုင် ကိုင်ဖု ထိုင်နေ၏။ သူသည် အမိန့်ရအာဏာသားလည်း ဖြစ်၏။ ကွပ်မျက်သည့် ဓားကြီးကို နိုင်နိုင်နင်းနင်း ကိုင်နိုင်သော အင်အားရှိသဖြင့် သံလက်ရုံး ဟုလည်း ခေါ်ကြ၏။

သူ့ဘေးတွင် ရပ်နေသော အစောင့်တဦးမှာ သူ့ညီ ကိုင်ချင်း ဖြစ်၏။ ဟောပြေနယ်သား များက ဟာသဉာဏ်ရွှင်သူများပီပီ ကိုင်ချင်းကို ပန်းတပွင့်ဟု အမည်ပေးထားကြ၏။ ကိုင်ချင်းသည် ပန်းတပွင့်ကို နားပန်လေ့ ရှိသောကြောင့် ဖြစ်၏။ ရှေ့တော်ပြေး သိုင်းတုတ် ကို ကိုင်ကာ သူ့အစ်ကိုနားတွင် ရပ်နေလေ၏။

"ဒီအကျဉ်းသားကို ချုပ်ထားလိုက်" ကိုင်ဖုက ဆို၏။ "ငါ အိမ် ခဏ ပြန်လိုက်ဦးမယ်။ ခဏနေမှ ပြန်လာခဲ့မယ်"

ကိုင်ချင်းက လူကွမ်းယီကို ခေါ်သွား၏။

ကိုင်ဖုက ထောင်မှ ထွက်သွား၏။ ထောင်တံခါးအဝတွင် လူတယောက်ကို တွေ့ရ၏။ ထိုသူမှာ ထမင်းချိုင့်တခုကို ဆွဲထားပြီး ထိတ်ထိတ်ပျာပျာလည်း ဖြစ်နေ၏။ သူကား လူရည်ချွန်လေးယန်ချင်း ဖြစ်၏။

"ဘာလဲဟေ့ ညီလေး" ကိုင်ဖုက မေးလိုက်၏။

ယန်ချင်းလည်း ချက်ချင်း ဒူးထောက်လိုက်၏။ မျက်ရည်များလည်း စီးကျလာ လေသည်။

"နောင်ကြီးထောင်ပိုင်ကြီး ခင်ဗျာ၊ ကျွန်တော့်သခင် ကုန်သည်ကြီးလူကို သနားပါ ခင်ဗျာ" သူက တောင်းပန်၏။

"သူက မတရား ခံရတာပါ။ ထမင်းဖိုးပေးစရာ ပိုက်ဆံလည်း မရှိပါဘူး။ ကျွန်တော် ဒီထမင်းလေး ချိုင့်တဝက်လောက်ကို မြို့ပြင်က တောင်းလာတာပါ။ သူ အဆင်မှ ပြေပါစေ တော့လို့ပါဗျာ။ သူ့ကို ကျွေးပါရစေ ထောင်ပိုင်ကြီး ခင်ဗျာ။ အဲဒါ ကုသိုလ်ရပါတယ်ဗျာ"

ယန်ချင်းက အထစ်ထစ် အငေါ့ငေါ့နှင့် ပြောကာ မြေပေါ်တွင် မှောက်နေ၏။

"ငါ ဒီအမှုကို သိတယ်။ မင်း ထမင်းသွားပို့လို့ ရတယ်"

ယန်ချင်းက ကျေးဇူးတင်စကား ပြောကာ ထောင်ထဲသို့ ဝင်သွား၏။ ကိုင်ဖုက ကျုံးတံတားကို ကူးနေစဉ် စားပွဲထိုးတဦးက သူ့ကို လေးလေးစားစား လှမ်း၍ ခေါ်၏။

"ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်အပေါ်ထပ်မှာ ဧည့်သည်တယောက်က ဆရာ့ကို စောင့်နေပါတယ် ထောင်ပိုင်ကြီးခင်ဗျား။ သူက စကားပြောချင်လို့ပါတဲ့"

ကိုင်ဖုက အပေါ်ထပ်သို့ တက်သွားရာ အလုပ်ကြပ်ချုပ်လီကုကို တွေ့ရ၏။ သူတို့ အပြန်အလှန် အရိုအသေ ပြုကြ၏။

"ဘာလုပ်ပေးရမလဲ အလုပ်ကြပ်ကြီး"

"ခင်ဗျားကိုတော့ ကောင်းကောင်းဆိုးဆိုး ဖုံးလို့ကို မရပါလားဗျာ။ ကျုပ်အကြောင်း ခင်ဗျား အားလုံးသိပါတယ် ထောင်ပိုင်ကြီး။ သူ့ကို ဒီည ရှင်းပစ်လိုက်စေချင်တယ်ဗျာ။ ခင်ဗျားကို ဂါရဝပြုဖို့ကတော့ ရွှေယောက်သွား တပိဿာလောက်ပဲ ပါပါတယ်။ ကျန်တဲ့ ရုံးအမှုထမ်းတွေကိုတော့ ကျွန်တော့်ဘာသာပဲ ရှင်းလိုက်ပါ့မယ်"

ကိုင်ဖုက ရယ်လိုက်၏။

"ခင်ဗျား တရားရုံး နဖူးစည်းက ကမ္ပည်းစာကို မဖတ်ခဲ့ဖူးဘူးလား။ "လူအချင်းချင်း ကို ဖိနှိပ်ရန်ကား လွယ်၏။ သို့သော် ကောင်းကင်ဘုံကိုကား လှည့်စားရန် မလွယ်တဲ့ ခင်ဗျားက လည်လှပြီပေါ့လေ။ ကျုပ် မသိဘူးများ မှတ်နေလား။ သူ့မိန်းမရော၊ သူ့ပစ္စည်း တွေရော သိမ်းထားပြီး ကျုပ်ကို ငွေလေးနည်းနည်းလာပေးပြီး သူ့ကို သတ်ခိုင်းနေတယ် ပေါ့။ စစ်ဆေးရေးအရာရှိချုပ် လာစစ်ရင် ဘာစွဲချက်အတင်ခံရမလဲတောင် မစဉ်းစားရဲဘူး"

"မလောက်သေးရင် နောက်ထပ် တပိဿာယူပါ"

"လီကု၊ ခင်ဗျားက ကြောင်လေး သနားပါတယ်ဆိုပြီး သူ့အမြီး သူ ပြန်ကျွေးနေ တာလား။ ဥတ္တရနေပြည်တော်က ထင်ရှားတဲ့ လူကွမ်းယီက ငွေနှစ်ပိဿာပဲ တန်သလား။ ငွေဆယ်ပိဿာ အခုပေး။ ဒါမှရမယ်"

"ကျုပ်မှာ ပါလာပါတယ်ဗျ။ ဒီညရှင်းပစ်လိုက်။ အခုပဲ အကုန်ပေးလိုက်မယ်"

ကိုင်ဖုက ငွေများကို ယူကာ ကိုယ်ပေါ်တွင် ဝှက်ထားလိုက်၏။ ထို့နောက် ထရပ်လိုက်ကာ "မနက်ဖြန် မနက်စောစော အလောင်းလာကောက်လှည့်" ဟု ဆို၏။ လီကုလည်း ဝမ်းသာအားရ ကျေးဇူးတင်စကားပြောကာ လှူချင်းခွဲခဲ့ကြ၏။

ကိုင်ဖုလည်း အိမ်ကို ပြန်၏။ အိမ်ထဲသို့ သူ ဝင်၍မှ မကြာသေး။ အိမ်တံခါးဝမှ ကန့်လန့်ကာကို ဖယ်ကာ လူတယောက် အိမ်ထဲသို့ ဝင်လာ၏။

"နေကောင်းပါစ ထောင်ပိုင်ကြီး" ဧည့်သည်က နှုတ်ဆက်လိုက်၏။ ထိုသူမှာ လူချော တယောက် ဖြစ်၏။ အစိမ်းရင့်ရောင် လည်ဝိုင်းပိုးဝတ်ရုံကို ဝတ်ထားပြီး သိုးအဆီခဲရောင် ကျောက်စိမ်းခေါင်းတပ်ထားသော ခါးစည်းကို စည်းထား၏။ သူ့ခေါင်းပေါင်းမှာ မောက် တင်ငှက်၏ အမောက်နှင့် တူ၏။ သူ့ဖိနပ်တွင် ပုလဲများ စီထား၏။ သူက ကိုင်ဖုကို အရို အသေပြုလိုက်၏။

ထောင်ပိုင်ကလည်း ကမန်းကတန်း ပြန်၍ အရိုအသေပြုလိုက်၏။

"နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ။ ဘာကိစ္စနဲ့ လာတာပါလဲ"

"အထဲမှာ ဝင်ပြောရရင် ကောင်းမယ်"

ကိုင်ဖုက ဧည့်သည်ကို ဧည့်ခန်းလေးထဲသို့ ခေါ်ခဲ့၏။ အိမ်ရှင်နေရာ၊ ဧည့်သည်နေရာ တို့တွင် အသီးသီး ထိုင်လိုက်ကြ၏။ ဧည့်သည်က စကား စ၏။

"မလန့်ပါနဲ့ ထောင်ပိုင်ကြီး ၊ ကျုပ်က ကွမ်ကျို့နယ်၊ ဟုန်ဟိုင်းတိုက်နယ်ကပါ။ ကျုပ် နာမည်က ကျဲ့ကျင်းပါ။ ကျို့မင်းကြီးကနေ တိုက်ရိုက် ဆင်းသက်လာတဲ့ အနွယ်တော်ပါ။ ကျုပ်ကို လေပွေလေးလို့လည်း ခေါ်ကြပါတယ်။ ကျုပ်က သဘောထားကြီးတယ်၊ ရက်ရော တယ်။ ဒါကြောင့် ရောက်လေရာရာမှာ ရဲရင့်ညီနောင်တွေနဲ့ သိကျွမ်းခဲ့ပါတယ်။ ကံဆိုး ချင်တော့ ကျုပ်လည်း ရာဇဝတ်တခုကို ကျူးလွန်မိပြီး လျှံရှုန်းတောင်ရိုးမှာ ခိုအောင်းခဲ့ရ ပါတယ်။ ဒီနေ့ ကျုပ်လာတာကတော့ နောင်ကြီးစုန်ကျန့်က ကုန်သည်ကြီးလူရဲ့အကြောင်း စုံစမ်းခိုင်းလိုက်လို့ပါ။ လာဘ်စားတဲ့ အရာရှိတွေ၊ ဖောက်ပြန်တဲ့ မယား၊ ကောက်ကျစ်တဲ့ လင်ငယ်တွေပေါင်းပြီး သူ့ကို သေပြစ်သေမိန့်ကျအောင် လုပ်လိုက်မယ်လို့ ဘယ်သူထင် မလဲဗျာ။ သူ့အသက်က ချည်မျှင်နဲ့ ဆွဲထားသလို တဲတဲလေးပဲ ကျန်တော့တယ်။ ပြီးတော့ အဲဒါက ခင်ဗျားလက်ထဲမှာ ရှိနေတယ်ဗျ။ ဒါကို ပြောချင်လို့ ကျုပ်က ဘာဖြစ်ဖြစ် ဆိုပြီး ခင်ဗျား အိမ်ကို လာခဲ့တာ။ တကယ်လို့ ကရုဏာတရား ရှေ့ထားပြီး ကုန်သည်ကြီးလူကို ဒီလောကကြီးမှာ ဆက်ထားမယ်ဆို ခင်ဗျားရဲ့ဂုဏ်ကို တသက်မမေ့ပါဘူး။ ဒါပေမဲ့ ဆန်ကွဲ တစေ့စာလောက်ပဲ အမှားကို လုပ်မိခဲ့ပြီဆိုရင်တော့ ကျုပ်တို့စစ်သည်တွေက ဒီမြို့ကို လာဝိုင်းမယ်။ ကျွန်ုပ်တို့ တပ်မှူးတွေက ခင်ဗျားတို့ မြို့ ကျုံးစပ်ကို ရောက်လာမယ်။ မြို့ထဲကို အတင်းဝင်ပြီး တမြို့လုံးကို သတ်မယ်။ ကောင်းကောင်းဆိုးဆိုး ကြီးကြီးငယ်ငယ် တယောက် မှမကျန်စေရဘူး။ ခင်ဗျားက သူရဲကောင်းစိတ်ဓာတ် ရှိတယ်။ သစ္စာရှိတယ်။ ရဲရင့်ညီနောင် တယောက်ဆိုတာ သိပြီးသားပါ။ လက်ဆောင်လေး ဘာလေး လိုချင်ရင်တော့ ကျုပ်တို့က ရွှေစင်အချိန်နှစ်ဆယ်လောက်ကလေးပဲ ပေးနိုင်မယ်။ ကဲ၊ ကျုပ်ကို ဖမ်းချင်ရင် လုပ်လိုက် လေ။ ကြိုးနဲ့ တုပ်လိုက်။ စိတ်ချ၊ မျက်မှောင်တောင် တချက် မကုတ်ဘူး"

ကိုင်ဖုသည် ဇောချွေးများ ပြန်ကာ စကားပင် မပြောနိုင်တော့။ ကျဲ့ကျင်းက ထိုင်ရာမှ ထလိုက်၏။

"ရဲရင့်တဲ့သူတွေက တခုခုလုပ်ရင် အီလေး အာလေး ဆွဲမနေတတ်ဘူး။ ခင်ဗျားအဖြေ ကို ကြားချင်တယ်"

"ပြန်သွားပါခင်ဗျာ။ ဒီကိစ္စ ကျုပ်ကိုင်တွယ်လိုက်ပါမယ်"

"ခင်ဗျား ကတိတော့ ရပြီ။ ခင်ဗျားရဲ့ အကြင်နာတရားကို ဆုချရတာပေါ့ဗျာ"

ကျဲ့ကျင်းက အပြင်ထွက်ပြီး သူ့အဖော်ကို ခေါ်လိုက်၏။ ထိုသူ့ထံမှ ရွှေများကို ယူကာ ကိုင်ဖု၏ လက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ထောင်ပိုင်ကြီးကို

ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ကာ ထွက်ခွာသွားလေ၏။ သူ၏ အဖော်ကား အခြားသူ မဟုတ်၊ နတ်ခြေမြန် ထိုက်ချို ဖြစ်၏။

သို့သော် ကိုင်ဖုမှာ ဝေခွဲမရ ဖြစ်နေ၏။ အတန်ကြာအောင် ထိုင်စဉ်းစားနေပြီးမှ ထောင်သို့ပြန်ကာ သူ့ညီနှင့် တိုင်ပင်၏။ ကိုင်ချင်းက ပြော၏။

“ခါတိုင်းဆို အစ်ကိုက ဆုံးဖြတ်ရာမှာ သိပ်တော်တာ။ ဒီလိုကိစ္စလေးများ ဘာခက် သလဲ၊ ရှေးစကားတောင် ရှိသေးတယ်။ “သတ်တယ်ဆိုတာ သွေးနဲ့ သက်သေပြ၊ ကယ်မယ် ဆို ရအောင်ကယ်၊ မဟုတ်ရင် အလကားပဲတဲ့”။ ငွေတွေ အချိန်နှစ်ဆယ်တောင် ရထားပြီပဲ။ အထက်ရော အောက်ရော နည်းနည်းပါးပါး ဖြန့်ပေးလိုက်ရုံပဲပေါ့။ မြို့ဝန်လျှံရော ရှေ့ဖတ် စာရေး ချန်းရော လက်ဖဝါး ယားနေလောက်ပြီ။ လာဘ်ယူပြီးရင်တော့ ကုန်သည်ကြီးလူကို လွှတ်ပေးရတော့မှာပဲပေါ့။ ဝေးဝေးလံလံ နယ်နှင်ဒဏ် ပေးလိုက်မှာပေါ့။ သူ့ကို ကယ်နိုင် မနိုင် ဆိုတာကတော့ လျှံရှန်းတောင်ရိုးက ရဲရင့်သူတွေကို မူတည်တယ်။ ကျွန်တော်တို့က ကိုယ့်အပိုင်းကို ကိုယ်လုပ်ရုံပဲပေါ့”

“ဒီအတိုင်းလုပ်တာ ကောင်းမယ်။ ကုန်သည်ကြီးလူကို နေရာထိုင်ခင်းကောင်းတဲ့ နေရာမှာ ထားပေးလိုက်။ နေ့တိုင်း ကောင်းကောင်းမွန်မွန် စားရ၊ သောက်ရပေ့စေ။ ဒါတွေ ငါတို့ လုပ်ပေးနေမှန်းလည်း သိပေ့စေ”

ညီအစ်ကိုနှစ်ယောက် လက်ဝါးရိုက်ကာ စကား ဟ လာမည့် ပါးစပ်ပေါက်များကို ငွေများဖြင့် ဆို့ဖို့ ထားလိုက်ကြ၏။

နောက်တနေ့တွင် ဘာမှ ဖြစ်မလာကြောင်း သိရသဖြင့် လီကုသည် ကိုင်ဖုအိမ်သို့ သွားကာ လုပ်စရာကို လုပ်ရန် တိုက်တွန်း၏။ ကိုင်ချင်းက ပြော၏။

“လုပ်မလို့ပဲဗျ။ ဒါပေမဲ့ မြို့ဝန်လျှံက ခွင့်မပြုဘူး။ လူကွမ်းယီအသက်ကို ချမ်းသာပေး ရမယ်တဲ့။ ခင်ဗျားလည်း အထက်ပိုင်းကို ဝင်ဦးလေဗျာ။ သူတို့က အမိန့်ပေးရင် ဘာမှ ပြဿနာရှိမှာ မဟုတ်ဘူး”

လီကုက ကြားပွဲစားတယောက်ကို ငွေနှင့်လွှတ်ကာ မြို့ဝန်ကို သွားတွေ့ခိုင်း၏။ သို့သော် မြို့ဝန်က “ဒါက ထောင်ပိုင်နဲ့ ဆိုင်တဲ့ ကိစ္စ။ ငါကိုယ်တိုင် သူ့ကို သတ်ပေးရ မှာလား။ တရက် နှစ်ရက်နေရင် ငါ ခိုင်းလိုက်ပါ့မယ်” ဟုသာ ပြောလိုက်၏။

သို့ဖြင့် မြို့ဝန်နှင့် ထောင်ပိုင်တို့ ဘီးရောင်းတမ်း ကစားသလို တယောက်ကို တယောက် လွှဲချနေကြ၏။ လီကုထံမှ ငွေရထားသော ရှေ့ဖတ်စာရေး ချန်းကလည်း အမှုကို အပြီးသတ် အမိန့်မချသေးပေ။ ကိုင်ဖုက ငွေများနှင့် ထပ်ရောက်လာပြန်ပြီး

အမှုကို လက်စသတ်ရန် ပြောလာပြန်၏။ ချမ်းလည်း စီရင်ချက်ကို ရေးကာ မြို့ဝန်လျှံထံသို့ သွားပြ၏။

"ဒီကိစ္စ ဘယ်လို လုပ်ကြမလဲ " မြို့ဝန်က မေး၏။

"ကြည့်ရတာက လူကို တိုင်ထားပေမယ့် တကယ့် သက်သေခံ မရှိဘူး။ သူက လျှံရှုန်း ကျူအင်းမှာ အကြာကြီးနေခဲ့တာ မှန်ပေမယ့် မလိမ့်တပတ် အလုပ်ခံရတာ။ ပြီးတော့ တကယ့်တရားခံကိုလည်း ဖမ်းလို့မရနိုင်ဘူး။ သူ့ကို ကြိမ်ဒဏ်အချက်လေးဆယ် ချပြီး လီသုံးထောင်ဝေးတဲ့ဆီကို နယ်နှင်ဒဏ် ပေးလိုက်ပေါ့။ ဘယ်လိုနေလဲ အရှင်"

"သိပ်တော်တာပဲကွာ။ ငါ့သဘောနဲ့ ကိုက်တယ်"

လူကွမ်းယီကို ရုံးတော်သို့ သွင်းရန် ကိုင်ဖုကို အမိန့်ပေးလိုက်၏။ တရားခွင်တွင် သူ့ ကိုယ်ပေါ်မှ လည်ထောက်ကြီးကို ဖြုတ်ကာ စီရင်ချက်ကို ဖတ်ပြ၏။ ထို့နောက် ကြိမ်ဒဏ် အချက် လေးဆယ် ပေး၏။ ခြောက်ပိဿာခန့်သာ လေးသော သံပြားလည်ထောက်ကို ပြောင်း၍ ဝတ်စေ၏။ ထို့နောက် မြို့ဝန်က ရှာမင်ကျွန်းသို့ နယ်နှင်ဒဏ် ချမှတ်လိုက်၏။ တုန်ချော့နှင့် ဆွေဘာတို့ကို အစောင့်အဖြစ် ထည့်လိုက်၏။

ယင်းတို့နှစ်ယောက်မှာ မူလက ကိုက်ဖန်းနယ်မှ ဖြစ်ကြ၏။ လင်ချုံးကို ကွမ်ကျိုသို့ ပို့ရာတွင် လမ်း၌ သတ်ပစ်ရန် တိတ်တဆိတ် အခိုင်းခံခဲ့ရသူများ ဖြစ်၏။ မအောင်မြင်ခဲ့သဖြင့် ဗိုလ်ချုပ်ကောက်ကျူက အကြောင်းရှာပြီး ဥတ္တရနေပြည်တော်သို့ ပြောင်းလိုက်၏။ ယင်း တို့သည် လုပ်ရည်ကိုင်ရည်ရှိမှန်း သိသဖြင့် မြို့ဝန်လျှံက သူ့ဝန်ထမ်းအဖြစ် သုံးနေ၏။ ယင်းတို့ကို ကုန်သည်ကြီးလူကို နယ်နှင်ဒဏ်ပို့ရန် ညွှန်ကြားလိုက်၏။ တုန်ချော့နှင့် ဆွေဘာ တို့လည်း စာရွက်စာတမ်းများကို ယူကာ ကုန်သည်ကြီးလူကို ရုံးမှ ထုတ်ကာ ပို့ဆောင်ရေး ဌာနသို့ ပို့ခဲ့၏။ ထို့နောက် အိမ်ပြန်ကာ ပစ္စည်းများကို ထုပ်ပိုးပြီး ခရီးအတွက် ပြင်ဆင်ကြ၏။ ထိုသတင်းကို လီကု ကြားသောအခါ မအီမသာ ဖြစ်ရလေ၏။ ထိုအစောင့်နှစ်ယောက် ကို လွှတ်ကာ ခေါ်ခိုင်းလိုက်၏။ ဘုံဆိုင်တခုတွင် ဆုံကြပြီး သီးသန့်အခန်းတခန်းကို ယူကာ ထိုသူတို့နှစ်ယောက်ကို အစားအသောက်များဖြင့် ဧည့်ခံ၏။ စိမ်ရည် သုံးခွက်စီ သောက်ပြီး သောအခါမှ လီကုက စကားစ ၏။

"ခင်ဗျားတို့ကို မညာချင်ဘူးဗျာ။ ကုန်သည်ကြီးလူက ကျုပ်ရန်သူဗျ။ သူ့ကို ရှာမင် ကျွန်းကို နယ်နှင်ဒဏ် ပို့လိုက်တာ။ သူ့မှာက ပိုက်ဆံတပြားမှ မရှိဘူး။ ဒီတော့ ခရီးစရိတ် ကို ခင်ဗျားတို့ ဘာသာပဲ အကုန်ခံရလိမ့်မယ်။ ပြီးတော့ ဘယ်လောက်မြန်မြန်သွားသွား၊ အသွားအပြန်ဆို အနည်းဆုံး သုံးလေးလတော့ ကြာမှာပဲ။ ခင်ဗျားတို့ကို တူတူတန်တန် လက်ဆောင်တော့ ပေးစရာမရှိဘူး။

ဒီငွေချောင်းနှစ်ချောင်းကိုပဲ လက်အလေးခံပြီး သယ် သွားကြပါ။ အဆင်ပြေတဲ့ တနေရာရောက်ရင်၊ ဆိုပါတော့ လီနည်းနည်းဝေးတဲ့ဆီ ဒါမှ မဟုတ် နှစ်စခန်းလောက် ရောက်ရင် သူ့ကိုသတ်လိုက်။ သက်သေအနေနဲ့ သူ့မျက်နှာပေါ်က မင်ကြောင်ကို ခွာပြီး ပြန်ယူလာလိုက်။ ရွှေတပိဿာစီ ခင်ဗျားတို့ကို ပေးမယ်။ ခင်ဗျားတို့ လုပ်ဖို့က အစီရင်ခံစာကို ကြည့်ကောင်းအောင် ရေးဖို့ပဲ။ မြို့ဝန်ရုံးက လူတွေကို ကျုပ်တာဝန် ထားလိုက်”

တုန်ချောနှင့် ဆွေဘတို့လည်း တယောက်မျက်နှာ တယောက်ကြည့်ကာ ငြိမ်နေကြ ၏။ ငွေချောင်းကြီးများကလည်း မျက်စပစ်လျက်ရှိနေ၏။

“မလုပ်နိုင်ဘူး ထင်တယ်ဗျာ” တုန်ချောက ငြင်း၏။

“နောင်ကြီး၊ ဆရာလီက လူကြီးလူကောင်းပါ။ သူ့အတွက်တော့ လုပ်ပေးသင့် တာပေါ့။ ပြဿနာ တကယ်တက်ရင်လည်း သူက ရှင်းပေးမှာပဲ”

“ကျုပ်က ကျေးဇူးမမေ့တတ်ပါဘူးဗျာ။ ဖြည်းဖြည်းချင်း ပြန်ပေးဆပ်သွားမှာပါ”

အစောင့်နှစ်ယောက်လည်း ငွေချောင်းကြီးများကို လက်ခံကာ နှုတ်ဆက်ပြီး အိမ်ပြန်ကြ၏။ ပစ္စည်းများကို ယူကာ ထိုနေ့တွင်ပင် စ ထွက်ကြ၏။

“ဒီနေ့ပဲ အရိုက်ခံထားရတာ။ နာနေတုန်းပဲ။ မနက်ကျမှ သွားလို့မရဘူးလား”

“မင်း သောက်ပါးစပ်ကြီး ပိတ်ထား။ ငါတို့လိုလူတွေက မင်းလိုသူတောင်းစားနဲ့ လာ ဆုံရတာ တော်တော်ကံဆိုးတာ။ ရှာမင်ကျွန်းအသွားအပြန်ဆို လီခြောက်ထောင်တောင်၊ ခရီးစရိတ်က နည်းနည်းနောနော မဟုတ်ဘူး။ ဒါပေမဲ့ မင့်မှာက တပြားတောင် ရှိတာ မဟုတ်ဘူး။ ဘယ်လိုလုပ်ကြမလဲ”

“သနားကြပါဗျာ။ ကျုပ်က မတရားခံရတာပါ”

“မင်းပိုက်ဆံတွေကလည်း ဘာမှ မလုပ်နိုင်ပါဘူး။ ကောင်းကင်ဘုံက မကန်းပါဘူး။ မင်းလုပ်တာ မင်းပြန်ခံရပြီပေါ့။ စကားများမနေနဲ့။ မင်းလမ်းလျှောက်နိုင်အောင် လုပ်ပေး မယ်”

လူကွမ်းယီလည်း သူ့ဒေါသကို မျိုသိပ်ကာ လိုက်ခဲ့ရ၏။ သူတို့သည် အရှေ့တံခါးမှ ထွက်လာခဲ့ကြ၏။ အစောင့်များက သူတို့ အထုပ်အပိုးများ၊ ထီးများကို လူကွမ်းယီ၏ လည်ထောက်ပေါ်တွင် တင်ထားလိုက်ကြ၏။ အကျဉ်းသားတဦး

ဖြစ်နေသော ဘဝတွင် ဘာမျှ ပြန်မလုပ်နိုင်ပေ။

ညနေစောင်းသောအခါ ဆယ့်လေးလီ ဆယ့်ငါးလီမျှ ခရီးပေါက်ခဲ့ပြီ။ ရှေ့တွင် မြို့တမြို့ ကို တွေ့ရသဖြင့် ညအိပ်ရန် နေရာကို ရှာကြ၏။ စားပွဲထိုးက ဆိုင်နောက်ခန်းသို့ခေါ်သွား၏။ သူတို့လည်း အထုပ်အပိုးများကို ချကြ၏။

"ငါတို့က ရဲတွေပဲ" ဆွေဘာက ဆို၏။ "အကျဉ်းသားကို ခစားဖို့ လိုက်လာတာမဟုတ် ဘူး။ မင်း စားချင်ရင် မင်းဘာသာမင်း ထမင်းချက်"

လူကွမ်းယီလည်း မတတ်သာသဖြင့် မီးဖိုချောင်သို့ သွားရ၏။ လည်ထောက်ကြီး တကားကားနှင့် မီးဖိုရန် သစ်ကိုင်းများကို တောင်းရ၏။ ယင်းတို့ကို လိမ်၍ စည်းကာ မီးဖို ရ၏။ စားပွဲထိုးက ထမင်းအိုးတွင် ဆန်ခတ်ပေး၏။ ပန်းကန်နှင့် တူများကိုလည်း ဆေးပေး ၏။ မွေးကတည်းက ရွှေပေါ်မြတင် နေခဲ့ရသော လူကွမ်းယီမှာ ဤအလုပ်များကို မလုပ် တတ်ပေ။ သစ်ကိုင်းများက စိုနေသဖြင့် မီးကောင်းကောင်း မတောက်။ ခဏခဏ ငြိမ်း၏။ မီးတောက်အောင် လူကွမ်းယီက တမှုတ်တည်း မှုတ်နေရ၏။ သူ့မျက်စိထဲတွင် ပြာများ ပြည့်လျက် ရှိ၏။

တုန်ချောကမူ တဗျစ်တောက်တောက်နှင့် ကြိမ်းမောင်း၍ မပြီးနိုင်။ ထမင်းကျက်သော အခါ အစောင့်နှစ်ယောက်က သူတို့ဘာသာ စားကြ၏။ လူကွမ်းယီခမျာ ဘာကိုမှ မတို့ရဲချေ။ သူတို့စားပြီးသော ထမင်းကျန်နှင့် ဟင်းချိုအကျန်တို့ကို လူကွမ်းယီကို ပေး၏။ ဆွေဘာ ကလည်း တချိန်လုံး ဆဲဆို၍ နေလေ၏။

ထမင်းစားပြီးသောအခါ ဆွေဘာက သူတို့ခြေဆေးရန် ရေနွေးကျိုခိုင်း၏။ ရေနွေးဆူ သောအခါမှ လူကွမ်းယီလည်း ထိုင်ရရှာ၏။ ခြေဆေးပြီးသော ဆွေဘာက လူကွမ်းယီဖို့ လောလောပူနေသော ရေနွေးအင်တုံကို ယူလာခဲ့၏။ လူကွမ်းယီက ကောက်ရိုးဖိနပ်များကို ချွတ်လိုက်သည်နှင့် ခြေထောက်များကို ဆွေဘာက ဖမ်းဆုပ်ပြီး ရေနွေးအင်တုံထဲသို့ ဆတ်ခနဲ နှစ်ချလိုက်၏။ ခံစားရသော ဝေဒနာမှာ အသည်းခိုက်သွား၏။ "ငါ့လိုမင်းမှုထမ်း တယောက်က လုပ်ပေးတာကို မင်းက ရှုံ့မဲ့နေရသေး" ဆွေဘာက ငေါက်၏။

အစောင့်များက လူကွမ်းယီကို တံခါးနောက်တွင် သံကြိုးဖြင့် ခတ်ထား၏။ သူ့ခမျာမှာ တညလုံး ညည်းနေရှာ၏။ အစောင့်များကမူ အုတ်ခုံအိပ်စင်များပေါ်တွင် ဖိမ်ကျကျ အိပ် ကြ၏။ စတုတ္ထယံတွင် အိပ်ရာမှ ထကာ စားပွဲထိုးကို မနက်စာ ပြင်ဆင်ခိုင်း၏။ စားသောက် ပြီးပစ္စည်းများ သိမ်းဆည်းပြီးသော် ခရီးဆက်ရန် ပြင်ဆင်ကြ၏။ လူကွမ်းယီ၏ ခြေထောက် များမှာ ရေနွေးပူလောင်ထားသဖြင့် အရည်ကြည်ဖုများ ထွက်နေ၏။ ကောင်းကောင်းပင် မရပ်နိုင်ရှာ။

ပိုဆိုးသည်မှာ ဆောင်းဦး မိုးရွာထားသဖြင့် လမ်းချော်လှ၏။ လူကွမ်းယီခမျာ ခြေ လှမ်းတိုင်း တဗိုင်းဗိုင်းနှင့် လဲကျနေ၏။ ဆွေဘာက သူ့တောင်ဝှေးကြီး တရမ်းရမ်းဖြင့် မောင်း၏။ တုန်ချောကမူ ဟန်ဆောင်ပန်ဆောင်ဖြင့် သက်သက်ညှာညှာ တိုက်တွန်းစကား ဆို၏။ ဆွေဘာကမူ တလမ်းလုံး မြည်တွန်လာခဲ့၏။ ဆယ်လီကျော်ကျော်ခန့် သွားပြီးသော် တောအုပ်ကြီးတခုအတွင်းသို့ ဝင်လာခဲ့ကြ၏။

"ကျုပ် တကယ်ကို မသွားနိုင်တော့ဘူးဗျာ။ သနားပါဗျာ။ နားပါရစေဦး"

အစောင့်များက လူကွမ်းယီကို တောထဲသို့ ခေါ်လာချိန်တွင် အရှေ့ဘက်ဆီမှ အလင်း ရောင်များ ထွက်ပေါ်လာပြီ ဖြစ်၏။ သူတို့မှတပါး လူသူ မရှိ။

"ငါတို့က ဒီမနက်အစောကြီး ထွက်လာခဲ့တာကွ" ဆွေဘာက ပြော၏။

"ဒီတော့ မောပြီ။ တရေးလောက် အိပ်ဦးမယ်။ ဒါပေမဲ့ မင်းက ထွက်ပြေးသွားမလား မသိဘူး"

"အတောင်ပေါက်လာရင်တောင် ပြေးလို့လွတ်မှာ မဟုတ်ပါဘူးဗျာ"

"ဒီလိုတော့ လှည့်ပတ်လို့ ဘယ်ရမလဲ။ ကြိုးနဲ့ တုပ်ထားမှာပေါ့" ဆွေဘာက သူ့ခါးတွင် ပါလာသော ကြိုးဖြင့် လူကွမ်းယီ၏ ခါးနှင့် ထင်းရှူးပင်တပင်ကို တွဲ၍ တုပ်၏။ ခြေထောက် များကို နောက်သို့ ဆွဲကာ တွဲ၍ ချည်ထားပြန်၏။

"တောစပ်ကို သွားစောင့်" ဆွေဘာက တုန်ချောကို ပြော၏။ "လူ လာရင် ချောင်း ဟန့်လိုက်"

"နောင်ကြီး မြန်မြန်လုပ်နော်"

"မပူနဲ့ နဲ့ သွားသာ စောင့်နေ"

ဆွေဘာက သူ့တောင်ဝှေးကို မြှောက်လိုက်၏။ "ငါတို့ကိုတော့ အပြစ်မတင်နဲ့။ မင်း အလုပ်ကြပ်ချုပ်လီကုက မင်းကို အသတ်ခိုင်းလိုက်တာ။ ဘာပြောပြော ရှာမင်ကျွန်း ရောက်ရင်လည်း သေရမှာပါပဲ။ ဒီတော့ ဒီမှာ ရှင်းလိုက်တာပဲ ကောင်းတယ်။ ငရဲပြည် ရောက်ရင်လည်း ငါတို့အကြောင်း လျှောက်တိုင်မနေနဲ့ဦးကွ"

လူကွမ်းယီသည် မျက်ရည်များ မိုးရွာချသလို စီးဆင်းလာလေ၏။ ခေါင်းကို ငုံ့ကာ သေရန် အသင့်စောင့်နေ၏။ ဆွေဘာက တောင်ဝှေးကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ လူကွမ်းယီ၏ နားထင်သို့ ရွယ်ကာ လွှဲလိုက်၏။ တောစပ်တွင်

စောင့်နေသော တုန်ချောသည် ဗိုင်းခနဲ မြည်သောအသံကို ကြားလိုက်ရသဖြင့် အမြန်လှည့်ကြည့်လိုက်၏။ ကုန်သည်ကြီးမှာ ရပ်နေဆဲဖြစ်သော်လည်း သူ့ခြေရင်းတွင် ဆွေဘာက ပက်လက်လှန်ကာ လဲကျ နေ၏၊ တောင်ဝှေးမှာ ဘေးတွင် ကျနေ၏။

"အဆန်းပဲ" တုန်ချောက ဆို၏။ "လွဲလိုက်တာ အရှိန်လွန်ပြီး ချော်လဲသွားတာလား"

တုန်ချောက ဆွေဘာကို ထူမည်လုပ်၏။ သို့သော် မ ၍ မရ။ ထိုစဉ် ဆွေဘာပါးစပ်တွင်းမှ သွေးများ စီးထွက်လာ၏။ ရင်ဘတ်မှလည်း မြားတိုတချောင်း သုံးလက်မ လေးလက်မခန့် ပြူထွက်နေ၏။ တုန်ချော မအော်လိုက်နိုင်မီတွင်ပင် အရှေ့မြောက်ဘက်ရှိ သစ်ပင်တပင် ပေါ်မှ လူတယောက်က အော်လိုက်၏။ "လာပြီ" လေးညို့သံ ဒင်ခနဲ ကြားလိုက်ရပြီး မြား တစင်း တုန်ချော၏ လည်ပင်းတွင် လာစိုက်လေ၏။ ခြေထောက်များ မိုးကို ထောင်ကာ ဗုန်းခနဲ လဲကျသွားလေ၏။

ထိုသူသည် သစ်ကိုင်းပေါ်မှ ဆင်းလိုက်ကာ ခါးမြှောင်ကို ထုတ်ပြီး လူကွမ်းယီကို တုပ်ထားသော ကြိုးများကို ဖြတ်ပေးလိုက်၏။ လည်ထောက်ကြီးကိုလည်း ရိုက်ချိုးကာ ဖွင့်လိုက်၏။ ထို့နောက် ကုန်သည်ကြီးကို သိုင်းဖက်ကာ အော်ငိုလေ၏။ လူကွမ်းယီ မျက်စိဖွင့်လိုက်သောအခါ ယန်ချင်း ဖြစ်နေကြောင်း တွေ့ရ၏။

"မင်းကို တွေ့နေတာ ငါ့တစ္ဆေလား"

"ကျွန်တော် ရုံးအပြင်က စောင့်ပြီး သခင်တို့ နောက်ကို လိုက်လာတာ" ယန်ချင်းက ရှင်းပြ၏။ "ဒီကောင်တွေက သခင့်ကို ဒီတောထဲမှာ သတ်ချင်နေကြတာ။ ဒါပေမဲ့ ကျွန်တော့် ဒူးလေးက မြားနှစ်စင်းနဲ့ပဲ ကိစ္စပြီးသွားပြီ။ တွေ့လိုက်သလား"

"မင်း ငါ့အသက်ကို ကယ်လိုက်တာပဲ။ ဒါပေမဲ့ အစောင့်တွေကို သတ်လိုက်တော့ ငါ အမှု ပိုကြီးသွားပြီပေါ့ကွာ။ ငါ ဘယ်သွားရမှာလဲ"

"ဒီပြဿနာကို စ လိုက်တာ စုန်ကျန့်ပဲ။ လျှံရှန်းတောင်ကိုပဲ သွားရမှာပေါ့"

"ရိုက်ထားတဲ့ဆီကလည်း နာနေတုန်းပဲ။ ခြေထောက်တွေကလည်း စုတ်ပြတ်နေပြီ။ ငါ လမ်းမလျှောက်နိုင်ဘူး"

"ကြာကြာနေလို့ မဖြစ်ဘူး။ သခင့်ကို ကျွန်တော် ကုန်းပိုးသယ်ခဲ့မယ်"

ယန်ချင်းက အလောင်းများကို ဘေးသို့ ကန်ထုတ်လိုက်ပြီး သူ့ဒူးလေးကို

ကောက်၏။ ခေါးမြှောင်ကို အိတ်ထဲထည့်၏။ တောင်ဝှေးများကို သိမ်းကာ လူကွမ်းယီကို သူ့ကျောပေါ် တွင် ပိုးထားလိုက်၏။ ထို့နောက် အရှေ့ဘက်ကို ဦးတည်ကာ ထွက်ခဲ့၏။ ဆယ်လီခန့် လျှောက်ပြီးသော် သူလည်း ခြေကုန်နေလေပြီ။ ထမင်းဆိုင်လေးတခုကို တွေ့သဖြင့် ဝင်ကာ အခန်းတခန်း တောင်း၏။ အသားနှင့် စိမ်ရည်များ ဝယ်ကာ ဆာလောင်မှုကို ဖြေဖျောက်ကြ၏။ ဤသို့ဖြင့် လောလောဆယ် ထိုထမင်းဆိုင်တွင် ခိုနေကြရ၏။

ဖြတ်သွားဖြတ်လာတို့က အစောင့်နှစ်ယောက် အလောင်းကို တွေ့သွားကြလေ၏။ အနားရှိတဲစုမှ ရွာလူကြီးက သက်ဆိုင်ရာ ရွာသူကြီးထံသို့ သတင်းပို့လိုက်၏။ ထိုမှတဆင့် မြို့ပေါ်ရှိအစိုးရထံသို့ သတင်းရောက်သွား၏။ စုံစမ်းရန် စေလွှတ်လိုက်သော အရာရှိကလည်း ထို အလောင်းများသည် ရဲသားတုန်ချောနှင့် ဆွေဘတို့၏ ရုပ်အလောင်းများ ဖြစ်ကြောင်း အတည်ပြုလိုက်၏။

ထိုသတင်းကို ကြားရသောအခါ မြို့ဝန်လျှံသည် တရားခံကို လက်ရဖမ်းရန် အချိန် သတ်မှတ်လျက် ထာ့နင်းမြို့ ရဲမှူးကို ခိုင်းလိုက်၏။ အခင်းဖြစ်နေရာကို စစ်ဆေးပြီးသော အခါ ရဲမှူးက “ဒီမြားတိုတွေဟာ ယန်ချင်းဟာတွေဆိုတာ သေချာတယ်။ ငါတို့ မြန်မြန် လုပ်မှ ဖြစ်မယ်”ဟု ဆို၏။ ရဲသားနှစ်ရာခန့်သည် အဝေးအနီးရှိ မြို့များ ရွာများမှ အိမ်တိုင်း၊ ထမင်းဆိုင်တိုင်းကို လိုက်ရှာကြည့်၏။ တရားခံနှစ်ယောက်၏ အင်္ဂါရုပ်ကို အသေးစိတ် ဖော်ပြထားသော “အလိုရှိသည်” ပိုစတာများကိုလည်း နေရာအနှံ့တွင် ကပ်ထားကြ၏။

လမ်းမလျှောက်နိုင်သော လူကွမ်းယီမှာ အနာများ ပြန်ကောင်းလာရန် အခန်း အောင်း၍ နေရလေ၏။ လူသတ်မှုအကြောင်းကို ကြားရသော ထမင်းဆိုင်အလုပ်သမား သည် ထိုအကြောင်းကို ဖျောက်၍ မရတော့။ သူတို့ထမင်းဆိုင်တွင် တည်းနေသော လူနှစ်ယောက်သည် “အလိုရှိသည်” ပိုစတာများတွင် ပါသည့် ပုံကြမ်းများနှင့် ဆင်ကြောင်း သူ သတိထားမိ၏။ ထို့ကြောင့် တဲစုမှ ရွာလူကြီးထံသို့ အပြေးအလွှား သွားလေ၏။

“ကျွန်တော်တို့ဆီမှာ လူနှစ်ယောက် တည်းနေကြတယ်။ ဟိုလူတွေများလားလို့” သူက သတင်းပေး၏။ ရွာလူကြီးလည်း အစိုးရမင်းများထံသို့ ဆက်၍ သတင်းပို့လိုက်၏။

မြိုးမြိုးမြက်မြက်ကလေး စားချင်သဖြင့် အမဲပစ်ရန် အနီးအနားရှိ ကွင်းများသို့ ဒူးလေး တလက်နှင့် ယန်ချင်း ထွက်ခဲ့၏။ သူအပြန်တွင် တဲစုတခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ် နေသည်ကို တွေ့ရလေ၏။ သစ်ပင်အုပ်ထဲသို့ ဝင်ပုန်းကာ စောင့်ကြည့်နေ၏။ ခေါးများ၊ လှံများကိုင်ထားသော ရဲတပ်သား နှစ်ရာခန့် ဝန်းရံကာ

တွန်းလာသော လှည်းပေါ်တွင် လူကွမ်းယီကို တုပ်နှောင်ထားသည်ကို တွေ့ရ၏။ သူ့သခင်ကို ထွက်ကယ်လိုစိတ်များ ထောင်းခနဲ ထလာသော်လည်း သူ့တွင် စစ်လက်နက်များ မပါသည်ကို သတိပြုမိပြီး ကြိတ် မနိုင် ခဲမရ ဖြစ်နေ၏။

“လှုံ့ရှုန်းတောင်ကို သွားပြီး စုန်ကျန့်ကို လာအကယ်မခိုင်းနိုင်ရင်တော့ ငါ့သခင် အသက်တော့ ပစ်ရပြီ”ဟု တွေး၏။

သူ ချက်ချင်း ခရီးစ၏။ ညသန်းခေါင်ထိ မနားသေး။ ဗိုက်ဆာလာ၏။ သို့သော် ပိုက်ဆံ မပါ။ ချုံပုတ်ထူထူ သစ်ပင်ကျိုးတိုးကျဲတဲနှင့် တောင်ကုန်းလေးတခုသို့ ရောက်လာ၏။ ချုံတောထဲသို့ တိုးဝင်ကာ အိပ်လိုက်ရာ မိုးစင်စင်လင်းမှ နိုးလာ၏။ စိတ်ဓာတ်လည်း ကျ နေ၏။ သစ်ပင်တပင်ပေါ်မှ ဆက်ရက်တကောင်သည် တကောင်တည်းပင် ဖြစ်သော်လည်း စကားများနေ၏။

“ဒီကောင့်ကို ပစ်ချလိုက်နိုင်ရင်တော့ ရွာသားတယောက်ယောက်ဆီက ရေနွေးလေး တောင်းပြီး ချက်စားလို့ရမှာပဲ။ ဒါဖြင့် ငါ ဗိုက်ဆာတာ သက်သာသွားမှာပဲ” ဟု သူက စဉ်းစား၏။

ချုံထဲမှ ထွက်ကာ ငှက်ကို မော့ကြည့်လိုက်၏။ ဆက်ရက်ကလည်း သူ့ကိုတွေ့ကာမှ ပို၍ အာနေလေသည်။ ယန်ချင်းသည် ဒူးလေးကို ထုတ်ကာ ကျိတ်၍ ဆုတောင်း၏။ “ငါ့မှာ မြားတစင်းပဲ ရှိတော့တယ်။ သခင့်ကို ကယ်လို့ ရမယ်ဆိုရင် ဒီငှက် မြားမှန်ပြီး ကျလာ ပါစေသား။ ငါ့သခင က သေဖို့ကံ ပါလာတယ်ဆိုရင် ဒီငှက် လွတ်ပြီး ပျံသွားပါစေသား”

ဒူးလေးတွင် မြားတပ်လိုက်ကာ အော်လိုက်၏။ “ငါ့ဒူးလေး မဖောက်နဲ့နော်”။ ဒင်ခနဲ အသံနှင့်အတူ ငှက်၏အမြီးတွင် မြားသွားမှန်လေ၏။ ဆက်ရက်လည်း တောင်ကုန်းအောက် သို့ ပျံဆင်းသွားရာ အမြီးတွင် မြားတန်းလန်းနှင့် ပါသွားလေ၏။ ယန်ချင်းက ပြေးလိုက် သွားသော်လည်း ငှက်ကို မတွေ့ရတော့။

ငှက်ပျောက်ရှာနေသော ယန်ချင်းသည် လူနှစ်ယောက် သူ့ဆီသို့ လာနေသည်ကို တွေ့ရ၏။ ရှေ့ကလူ၏ ခေါင်းပေါင်းမှာ ဝက်နှုတ်သီးနှင့် တူ၏။ သူ့နောက်စေ့မှ ရွှေရည်စိမ် ငွေကွင်းများ တွဲလောင်းကျနေ၏။ ပိုးဝတ်ရုံအနက်ကို ရွှေဘာရိုကိတ် ခါးစည်းဖြင့် စည်းထား ၏။ လျှော်ဖိနပ်ကိုသာ စီးထားသော်လည်း ခြေအိတ်နုနုမှာ ဒူးထိရောက်အောင် ရှည်၏။ ကိုင်လာသော သိုင်းတုတ်မှာ သူ့မျက်ခုံးလောက်အထိ ရှည်၏။ နောက်က လူမှာ အနား ပတ်အကြီးကြီးနှင့် သက္ကလတ်ဖြူ ဦးထုပ်ကို ဆောင်းထား၏။ လက်ဖက်ရည်ကြမ်းရောင် ဝတ်ရုံ၏ လက်များကို ပန်းထိုးထား၏။ ပန်းရောင် ပိုက်ဆံအိတ်တလုံးကို ခါးလယ်တွင် ဆွဲလာ၏။ သားရေဖိနပ်လေးလေးကြီးကို စီးထား၏။ ကျောပေါ်တွင်

အဝတ်အစားတထုပ် ကို ပိုးလာ၏။ တင်းပုတ်တိုတိုကို ကိုင်ထားကာ ခါးမှာလည်း ဓားတလက်ကို ဆွဲထား၏။

သူတို့နှစ်ယောက်က ကပ်၍ လျှောက်သွားကြရာ ယန်ချင်းသည် ပခုံးချင်း တိုက်မိမတတ် ဖြစ်သွား၏။ ယန်ချင်းက နောက်ပြန်လှည့်လိုက်ပြီး သူတို့ကို လိုက်ကြည့်ကာ စဉ်းစားနေ၏။ "ငါမှာ ခရီးစရိတ် မရှိဘူး၊ ဒီလူနှစ်ယောက်ကို ချပြီး ပိုက်ဆံအိတ်ကို ယူလိုက်ရင်တော့ လျံ့ရှန်းကို သွားဖို့ အဆင်ပြေမှာပဲ"။

သူ့ဒူးလေးကို ကျောမှာ လွယ်လိုက်ပြီး ထိုသူတို့ နောက်ကို လိုက်၏။ ထိုသူတို့မှာ ခေါင်းငိုက်စိုက်ဖြင့် လမ်းကိုသာ အာရုံထားပြီး သွားနေကြ၏။ ဦးထုပ်ကြီးဆောင်းထားသော နောက်လူကို မီလာသဖြင့် ကျောကုန်းအလယ်ကို ထိုးလိုက်ရာ ထိုသူလည်း လဲကျသွား လေ၏။ ရှေ့ကလူကို မထိုးလိုက်နိုင်မီမှာ ထိုသူက သိုင်းတုတ်ကြီးဖြင့် ယန်ချင်း၏ ဘယ်ဘက် ညှို့သကျည်းကို ရိုက်ခွဲလိုက်ရာ တလိမ့်ခေါက်ကွေး လဲကျသွား၏။ နောက်ကလူ ထပြီး ယန်ချင်းကို ခြေတဖက်ဖြင့် နင်းထားလိုက်ကာ ဓားမြှောင်ဖြင့် ရွယ်လိုက်၏။

"ရဲရင့်သူ" ယန်ချင်းက အော်လိုက်၏။ "ကျုပ် သေတာ အရေးမကြီးဘူး။ ဒါပေမဲ့ ဒီသတင်းကို ဘယ်သူ ပို့ပေးမလဲ"

ထိုသူက တုံ့ခနဲ ဖြစ်သွားကာ ယန်ချင်းကို ဆွဲထူလိုက်၏။ "ဘာသတင်း ရှိလို့လဲ ပော့ကောင်"

"ဘာလို့ မေးတာလဲ"

ထိုသူက ယန်ချင်း၏ လက်ကို ဆွဲထုတ်လိုက်ရာ လက်ပေါ်မှ မင်ကြောင်များ ပေါ်ထွက် လာ၏။

"မင်းက ယန်ချင်း မဟုတ်လား။ ကုန်သည်ကြီးလူရဲ့ အိမ်က လူရည်ချွန်လေး ဆို တာလေ"

ယန်ချင်းက စဉ်းစား၏။

"တနည်းမဟုတ် တနည်းနဲ့ သေမှာပဲ။ အမှန်အတိုင်းပဲ ပြောလိုက်မယ်။ ဖမ်းရင် လည်း ဖမ်း၊ သတ်ရင်လည်း သတ်စေတော့။ ဒါမှ သခင်နဲ့တူတူ နောက်ဘဝကို သွားရမှာ"

ခပ်ကျယ်ကျယ် ပြောလိုက်၏။ "ဟုတ်တယ် ကျုပ်ပဲ"

ထိုသူနှစ်ယောက်လည်း ရယ်လျက် "တော်သေးတာပေါ့ကွာ၊ မသတ်လိုက်မိလို့။ မင်းက ညီလေးယန်ပေါ့။ ငါတို့ကိုကော သိလား၊ ငါက

ပိုးဟပ်ဖြူရန်စုံ။ သူက တဓောက်ကန်း ရှိဇူ”

“ငါတို့ကို နောင်ကြီးစုန်ကျန့်က တာဝန်ပေးလိုက်တာ။ ဥတ္တရမြို့တော်ကို သွားပြီး ကုန်သည်ကြီးလူအကြောင်း စုံစမ်းဖို့၊ ငါတို့ရဲ့ စစ်ဘက်အကြံပေးနဲ့ ထိုက်ချုံလည်း တောင် ပေါ်ကဆင်းလာပြီး သတင်းစောင့်နေတယ်” ဟု ရန်စုံက ရှင်းပြ၏။

ယန်ချင်းက ဖြစ်ကြောင်းကုန်စင်ကို ပြောပြပြီးသောအခါ ရန်စုံက “ကဲ၊ ဒီလိုဆို ငါ မင်းကို နောင်ကြီး စုန်ကျန့်ဆီ ခေါ်သွားမယ်။ ဘာလုပ်ကြမလဲ စဉ်းစားကြမယ်။ ရှိဇူ၊ မင်းက ဥတ္တရနေပြည်တော်ကို သွား၊ ရသလောက် စုံစမ်းခဲ့။ ပြန်သတင်းပို့”

“ကောင်းပြီ ” ရှိဇူက ပြောကာ ယန်ချင်းကို မုန့်နှင့် အသားခြောက်ကို စားရန်ပေးပြီး သူ့အထုပ်ကို သယ်လာရန် ထားခဲ့ကာ ထွက်သွား၏။

လူရည်ချွန်လေးနှင့် ရန်စုံတို့ တနေ့လုံး တညလုံး သွားကြ၏။ တောင်ရိုးစခန်းသို့ ရောက်သောအခါ စုန်ကျန့်ကို ဇာတ်စုံခင်းပြကြ၏။ စုန်ကျန့်က ခေါင်းဆောင်များကို ဆင့်ကာ အစည်းအဝေး ကျင်းပ၏။

ယခုအခါ ရှိဇူအကြောင်းကို ပြောကြပါစို့။ ခါးဝတ်ခါးစားမျှဖြင့် ရှိဇူသည် ဥတ္တရနေပြည် တော် ဆင်ခြေဖုံးသို့ ရောက်သွား၏။ မှောင်စပျိုးနေပြီဖြစ်၍ မြို့ထဲသို့ မဝင်နိုင်။ အပြင်မှာ ညအိပ်ရ၏။ နောက်တနေ့ နံနက်တွင် မနက်စာ စားပြီးသည်နှင့် မြို့ထဲသို့ ဝင်၏။ လူများ သက်ပြင်းတချချနှင့် စိတ်လက်မရွှင်မပျ ဖြစ်နေသည်ကို သူ သတိထားမိ၏။ ဇဝေဇဝါဖြင့် မြို့လယ်ကို ဆက်၍ သွားရာ အိမ်တိုင်း တံခါးပိတ်ထားသည်ကို တွေ့ရ၏။ “ဘာဖြစ်နေသလဲ” ဟု အဘိုးအိုတယောက်ကို မေး၏။

“ခရီးသွား မောင်ရင်ကတော့ သိမှာ မဟုတ်ဘူး။ ဒီဥတ္တရနေပြည်တော်မှာ ကုန်သည် ကြီးလူ ဆိုတာ ရှိတယ်ကွယ့်။ ဒီမြို့မှာ အချမ်းသာဆုံးထဲ ပါတာပေါ့။ သူ့ကို လျှံ့ရှန်း တောင်ရိုးက ဓားပြတွေက ဖမ်းသွားတာ၊ ကံကောင်းလို့ ပြန်လွတ်လာတယ်။ အိမ်လည်း ပြန်ရောက်ရော မတရား အမှုဆင်ခံရပြီး ရှာမင်ကျွန်းကို နယ်နှင်ဒဏ် အပေးခံရတယ်။ ဘာကြောင့်လဲတော့ မသိဘူး။ လမ်းမှာ ပါသွားတဲ့ အစောင့်နှစ်ယောက် အသတ်ခံရတယ်။ ညက လူကို ပြန်ဖမ်းမိလာကြတယ်။ ဒီနေ့တော့ မွန်းတည့်ပြီး သုံးမောင်းအထိုးမှာ မြို့လယ် ကောင်မှာ ကွပ်မျက်မယ်တဲ့။ မောင်ရင်လည်း တွေ့ရမှာပေါ့”

ဤသတင်းမှာ ရှိဇူအဖို့ ရေခဲရေနှင့် အပက်ခံလိုက်ရသလို ဖြစ်၏။ သူ ဆက်လျှောက် ခဲ့၏။ ပင်မလမ်းဆုံကြီးတွင် နှစ်ထပ်ဘုံဆိုင်တခု ရှိ၏။ သူ ဝင်လိုက်ပြီး

အပေါ်ထပ်သို့ တက် သွား၏။ လမ်းကို မိုးနေသော အခန်းငယ်တခန်းတွင် နေရာယူလိုက်၏။

"တခြားဧည့်သည်အတွက်ကော မှာဦးမှာလား၊ ဆရာတယောက်တည်း သောက်မှာ လား"စားပွဲထိုးက မေး၏။

"စိမ်ရည်ခွက်ကြီး တခွက်၊ အမဲသားအပြားကြီး တပြား၊ ဒါပဲ ယူခဲ့။ လာပြီး သောက် စကားများမနေနဲ့"

စားပွဲထိုးလည်း ထိတ်ထိတ်ပျာပျာဖြင့် စိမ်ရည် နှစ်ခွက်စာငှဲ့ပေးကာ အမဲသား အပြား ကြီးကြီးတပြားကို လှီးပေး၏။ ရှိဇူလည်း အေးအေးဆေးဆေး စားသောက်နေ၏။ မကြာမီ တွင် လမ်းထဲမှ ဆူဆူညံညံ အသံများကို ကြားလိုက်ရသည်။ ပြတင်းပေါက်မှ ထွက်ကြည့် လိုက်ရာ အိမ်တိုင်းဆိုင်တိုင်း၏ တံခါးများကို စေ့နေအောင် ပိတ်ထားသည်ကို တွေ့လိုက် ရ၏။

စားပွဲထိုးက အပေါ်ထပ်ကို တက်လာကာ ပြောပြန်၏။ "ပြီးအောင် သောက်ပါ ဆရာ။ အောက်မှာ ကွပ်မျက်ဖို့ လုပ်နေပြီ။ ငွေရှင်းပြီး သွားပါတော့၊ မြန်မြန်လုပ်ပါ"

"အဲဒါကို ငါက ကြောက်မယ် ထင်နေလား။ ထွက်သွားစမ်းကွာ၊ ကြာရင် ငါ့လက်သီး မြည်းသွားရလိမ့်မယ်"

စကားပြန်မပြောဝံ့ဘဲ စားပွဲထိုးလည်း ပြန်ဆင်းသွားလေ၏။

လမ်းထဲမှ ကြေးလင်ပန်းသံ တချွမ်းချွမ်း ဗုံသံတဒိန်းဒိန်း ထွက်လာ၏။ ရှိဇူလည်း ပြတင်းပေါက်မှ ကြည့်လိုက်၏။ ကွပျက်မည့် နေရာပတ်ပတ်လည်တွင် လူအုပ်များဖြင့် ပြည့်နေ၏။ အစောင့်စစ်သားနှစ်ဆယ်ကျော်က ဓားများ၊ သိုင်းတုတ်များ ကိုင်ကာ လူကွမ်းယီ ကို တွန်းကာ ထိုးကာဖြင့် ဘုံဆိုင်ရှေ့သို့ ခေါ်လာပြီး ဒူးတုပ်ခိုင်းထားကြသည်။ သံလက်ရိုး ကိုင်ဇုက ကွပ်မျက်သည့် ဓားကြီးကို ကိုင်ထား၏။ ပန်းတပွင့်ကိုင်ချင်းက လူကွမ်းယီ၏ လည်ထောက်ကို ကိုင်ထား၏။

"ကုန်သည်ကြီးလူ ခင်ဗျားလည်း သိပါတယ်"ကိုင်ဖုက ပြော၏။ "ကျုပ်တို့က ခင်ဗျား ကို မကယ်ချင်လို့ မဟုတ်ပါဘူး။ အခြေအနေက ဒီလိုပဲ လုပ်ဖို့ ဖြစ်လာတယ်။ ရှင်ငါးပါး ဘုရားကျောင်းမှာ ခင်ဗျားအတွက် တနေရာ စီစဉ်ထားတယ်။ ခင်ဗျားဝိညာဉ် သွားနား ရအောင်လို့"

လူအုပ်ထဲမှ တယောက်က အော်လိုက်၏။ "မွန်းတိမ်းတာ သုံးမောင်းရှိပြီ"

ကိုင်ချင်းက လည်ထောက်ကိုဖယ်ကာ လူကွမ်းယီ၏ ဦးခေါင်းကို ချုပ်ကိုင်ထား၏။ ကိုင်ဖုက ဓားကြီးမြှောက်လိုက်၏။ သေမိန့်ကျသူ၏ ကမ္ပည်းတိုင်ပေါ်တွင် ရေးထားသော ပြစ်မှုများကို ရှေ့ဖတ်စာရေးက ဖတ်ပြ၏။ ပရိသတ်ကလည်း မြင်လိုဇောနှင့် အသက်ရှူ မှားအောင် ဖြစ်နေ၏။

ရှိုဇူသည် ဓားမြှောင်ကို ကိုင်လျက် ပြတင်းပေါက်မှ ထွက်၍ အော်လိုက်၏။

“လျှံရှန်းက ရဲရင့်သူတွေ ရောက်လာပြီဟေ့”

ကိုင်ဖုနှင့် ကိုင်ချင်းတို့က လူကွမ်းယီကို တုပ်ထားသည့် ကြိုးမှ ကိုင်စွဲပြီး ဘေးသို့ ဖယ်လိုက်ကာ ထွက်ပြေးကြ၏။ ရှိုဇူလည်း ပြတင်းပေါက်မှ ခုန်ချကာ ဓားတဝင့်ဝင့်နှင့် တွေ့သမျှ လူကို ဖရဲသီးခွဲသလို ဟင်းရွက်စဉ်းသလိုခုတ်ထစ်လေ၏။ လူတဒါဇင်ကျော်ကျော် ပြေးမလွတ်ဘဲ သူ့လက်ချက် မိကုန်ကြ၏။ လူကွမ်းယီကို လက်က ဆွဲကာ တောင်ဘက်သို့ ပြေးလာခဲ့၏။ ရှိုဇူမှာ ဥတ္တရနေပြည်တော်၏ လမ်းများကို မသိပေ။ လူကွမ်းယီခမျာမှာ လည်း ယောင်တောင်တောင်ဖြင့် ဘာမှမလုပ်နိုင်ဘဲ အလဲလဲအပြိုပြိုဖြင့် သူ ခေါ်ရာသို့ ပါသွားရ၏။

ကြားရသော သတင်းကြောင့် မြို့ဝန်လျှံလည်း မှင်တက်မိသွား၏။ တပ်မှူးကြီးများကို ချက်ချင်းခေါ်ကာ မြို့တံခါး လေးပေါက်စလုံးကို ပိတ်စေ၏။ ရဲတပ်ဖွဲ့တခုလုံးကို ထွက်ပြေး သွားသူများနောက်သို့ လိုက်စေ၏။

အပြေးသန်လှသော မြင်းတပ်နှင့် အင်အားကြီးလှသော စစ်သည်တို့က ထက်ကြပ် လိုက်နေသော ရှိုဇူနှင့် ကုန်သည်ကြီးလူတို့ မြို့ရိုးမြင့်မြင့် ပြအိုးစွင့်စွင့်တို့ကို ဖက်တက် နိုင်ပါ့မလား။ သူတို့ ဘယ်ကို သွားရမလဲ။ မြေထဲ တူးဝင်ရန် လက်သည်းများလည်း မရှိ။ တံတိုင်းကို ကျော်၍ ပျံရအောင် တောင်ပံများလည်း မရှိ။

ကုန်သည်ကြီးလူနှင့် ရှိုဇူတို့ လွတ်ပါ့မလား။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၃

စုန်ကျန့် ဥတ္တရနေပြည်တော်ကို တိုက်ခိုက်ခြင်း

လျှံရှန်းတောင်ရိုးကို သိမ်းယူရန် ကွမ်ရှိန်း ဆွေးနွေးခြင်း

ရှိဇူနှင့် ကုန်သည်ကြီးလူတို့ မြို့ထဲမှ ထွက်ရန် လမ်းမရှိတော့ပေ။ ရဲများက ဝိုင်းကာ ကျော့ ကွင်းတပ် တုတ်ရှည်ကြီးများဖြင့် စွပ်ကာ ဝိုင်းဖမ်းကြ၏။ သတ္တိရှိသော်လည်း အဆမတန် များသည့် ရန်သူအင်အားကို မခုခံနိုင်ကြပေ။ သူတို့ကို ဖမ်းပြီး မြို့ဝန်ရှေ့သို့ ခေါ်လာကြ၏။ ကွပ်မျက်ရာတွင် ဝင်စီးသည့် လူဆိုးများ ဖြစ်ကြောင်း အော်ဟစ်ကာ တိုင်ကြ၏။

ရှိဇူကို ရုံးတော်သို့ တင်သွင်း၏။ သူက မတ်တတ်ရပ်ကာ၊ မြို့ဝန်လျှံကို စူးစူးရဲရဲ ကြည့်ကာ အော်ပြော၏။ “မင်းက လူလိမ်။ တိုင်းပြည်ကို ဖျက်ဆီးပြီး လူတွေကို ထိခိုက် အောင် လုပ်နေတဲ့ ကောင်၊ ကျွန်အောက် သပေါက်ကောင်။ မကြာခင် ငါတို့နောင်ကြီး စုန်ကျန့် လာတိုက်လိမ့်မယ်။ မင်းတို့ မြို့ကို ပြားချပ်သွားအောင် နင်းချေပစ်မယ်။ မင်းကို သုံးပိုင်း ပိုင်းပစ်မယ်။ အဲဒါ မင်းကို သတိပေးဖို့ ငါ့ကို လွှတ်လိုက်တာ”

ရှိဇူက မြို့ဝန်ကို လူပုံအလယ်တွင် ပုတ်ခတ် ပြောဆိုလိုက်သဖြင့် ပရိသတ်လည်း ကြောင်တောင်တောင် ဖြစ်သွားကြ၏။ သို့သော် မြို့ဝန်လျှံကမူ နားထောင်နေ၏။ လေးငါး မိနစ်ကြာအောင် တခုခုကို အလေးအနက် စဉ်းစားနေ၏။ နောက်ဆုံးတွင် အကျဉ်းသား နှစ်ယောက်စလုံးကို လည်ထောက်လေးလေးကြီးများကို တပ်ခိုင်းလိုက်ကာ သေဒဏ် ကျသည့် အကျဉ်းသားများကို ထားသည့်အခန်းတွင် ထားစေလိုက်၏။ ကိုင်ဖုကိုလည်း မပေါ့လျော့ရန် သတိပေးကာ တာဝန်ပေးလိုက်၏။

ကိုင်ဖုကမူ လျှံရှန်းတောင်ရိုးမှ ရဲရင့်သူများနှင့် ဆက်ဆံရေးကောင်းချင်သူ ဖြစ်၏။ ထို့ကြောင့် အကျဉ်းသားနှစ်ယောက်ကို အကျဉ်းခန်းတခုတည်းတွင် ထားလိုက်၏။ အစား အသောက်ကောင်းနှင့် သေရည်များကို နေ့စဉ် ကျွေးမွေး၏။ ထို့ကြောင့် မခံစားရသည့် အပြင် ကောင်းကောင်း နေထိုင်ရလေ၏။

မြို့ဝန်လျှံက အသစ်ခန့်လိုက်သော ခရိုင်ဝန်ဝန်ကိုခေါ်ကာ အသေအပျောက် စာရင်း ကောက်စေ၏။ ခုနစ်ဆယ် ရှစ်ဆယ်ခန့် သေကာ မရေမတွက်နိုင်သော လူများ ထိပ်ပေါက် ခေါင်းကွဲ၊ ထိရှကြ၊ ခြေလက်ကျိုးပဲ့ကြ၏။ ဒဏ်ရာရသူများကို

အစိုးရရန်ပုံငွေဖြင့် ကုသ ပေး၏။ သေသူများကို မီးသင်္ဂြိုဟ်ပေး၏။

နောက်တနေ့တွင် လျှံရှန်းတောင်ရိုးမှ တပ်ဖွဲ့များ၏ ကြေညာချက်များကို မြို့တွင်း မြို့ပြင်၌ တွေ့ရှိရသည်ဟု သတင်းရောက်လာ၏။ မြို့သူမြို့သားတို့က ဖုံးမထားရဲသဖြင့် အစိုးရမင်းထံသို့ သတင်းပို့ကြ၏။ မြို့ဝန်လျှံလည်း ကြေညာချက်ကို ဖတ်ပြီးသောအခါ သူ့ဝိညာဉ်သည် ကြောက်လွန်းလှသဖြင့် နဝမမြောက် ကောင်းကင်ဘုံသို့ တက်ပြေးသွား ရှာ၏။ ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်၏-

လျှံရှန်းတောင်ရိုးမှ အမှန်တရားအတွက် စစ်သည်စုန်ကျန့်က ထဲ့နင်းမြို့ အစိုးရမင်း များနှင့် မြို့နေလူထု သိစေရန် ထုတ်ပြန်လိုက်သည်။ ဥတ္တရနေပြည်တော်မှ ကုန်သည်ကြီး လူသည် ဂုဏ်ရှိသူတဦး ဖြစ်၏။ ကောင်းကင်ဘုံ၏ အလိုကို ကျွန်ုပ်တို့နှင့်အတူ ထမ်း ဆောင်ရန် မကြာသေးမီက သူ့ကို ကျွန်ုပ်တို့၏ တောင်ရိုးစခန်းသို့ ဖိတ်ခေါ်ခဲ့သည်။ ဤ အကြောင်းကို သင်တို့အား အသိပေးရန် ရှိဇူကိုလည်း စေလွှတ်ခဲ့သည်။ သူတို့ကို ဘေးရန် မပြုဘဲ ဖောက်ပြန်သော မယားနှင့် လင်မြှောင်တို့ကို အပ်ပါက ကျွန်ုပ်တို့က သင်တို့အား တစုံတရာ ဆောင်ရွက်မည် မဟုတ်။ ကျွန်ုပ်တို့၏ တောင်ပံများ၊ ခြေလက်များဖြစ်သော သူတို့ကို ထိခိုက်ဒဏ်ရာရအောင် လုပ်မည်ဆိုပါက ကျွန်ုပ်တို့ တောင်ရိုးပေါ်မှ အင်နှင့် အားနှင့် ဆင်းလာပြီး လက်စားချေမည်။ လူကောင်းလူဆိုးမရှောင် မြင်မြင်သမျှ ဖျက်ဆီး မီးတိုက်မည်။ မိုးကောင်းကင်ရော မြေပြင်ပါ ကျွန်ုပ်တို့ကို ထောက်ခံကြမည်။ နတ်များက ကူပံ့ကြမည်။ ကောက်ကျစ်မှုများကို ဖယ်ရှားကာ ခေါင်းမာသူများကို ရှင်းလင်းမည်။ မြို့ကို အဝင်လွယ်သော်လည်း ကျွန်ုပ်တို့၏ အမျက်ကို ပြေဖို့ လွယ်မည်မဟုတ်။ သစ္စာရှိသော လင်မယားများ၊ တာဝန်ကျေသော သားမြေးများ၊ ဖြောင့်မတ်သော ပြည်သူများ၊ သန့်ရှင်း သော အမှုထမ်းများ ကြောက်ရန် မလို။ သူတို့ အလိုရှိရာ သွားနိုင်ကြကြောင်း အားလုံး သိစေအပ်သည်။

မြို့ဝန်လျှံက ခရိုင်ဝန်ဝန်ကို ခေါ်ပြန်၏။ “ငါတို့ ဘယ်လိုလုပ်ကြမလဲ”

ခရိုင်ဝန်မှာ လူပျော့လူကြောက် ဖြစ်၏။ “ကေရာဇ်မင်းကြီးရဲ့ တပ်တွေတောင် လျှံရှန်း ဂိုဏ်းကိုဖမ်းဖို့ သွားတာ သုံးလေးကြိမ်ရှိပြီ။ ရှုံးခဲ့တာချည်းပဲ။ ကျွန်တော်တို့လို မြို့ငယ်လေး က ဘာတတ်နိုင်မှာလဲ။ ကေရာဇ်မင်းကြီး ရဲတပ်တွေ ရောက်မလာခင် ဒီကောင်တွေ လာတိုက်ရင်တော့ ကျွန်တော်တို့လည်း သွားပြီ။ ကျွန်တော့်မှာ အကြံတခုရှိတယ်။ ဒီကောင် နှစ်ကောင်ကို မသတ်ဘဲ ရွှေနန်းတော်ကြီးကို အသနားခံစာ ပို့ခိုင်းလိုက်ပါ။ နန်းရင်းဝန်ကြီး ဆီကိုလည်း သတင်းပို့လိုက်ပါ။ ကျွန်တော်တို့နယ်ခံတပ်တွေကိုလည်း ရန်သူလာတိုက်ရင် ပြန်တွန်းလှန်နိုင်အောင်

မြို့ပြင်ကို လွှတ်ထားလိုက်ပါ။ ဒါမှပဲ အင်အားဖြည့်တပ်တွေ ရောက်မလာခင် တောပုန်းတွေ လာတိုက်ရင်လည်း မြို့တော်ဝန်နဲ့ မြို့သားတွေကို ကာကွယ် နိုင်မယ်။ မဟုတ်ရင် ရွှေနန်းတော်ကြီးကလည်း အပြစ်တင်မယ်၊ မြို့သားတွေလည်း ကြောက် လန့်ကုန်မယ်။ ဒါဆို အခြေအနေ ဆိုးသွားလိမ့်မယ်"

"မင်းပြောတာ ခိုင်လုံပါတယ်" ဟု မြို့ဝန်က ဆိုပြီး၊ ကိုင်ဖုကိုခေါ်ကာ ညွှန်ကြားလေ၏။ "ဒီကောင်တွေက သာမန်တရားခံတွေ မဟုတ်ဘူး။ သိပ်ကြမ်းရင်လည်း သေကုန်လိမ့် မယ်။ သိပ်နုရင်လည်း ထွက်ပြေးလိမ့်မယ်။ မင်းတို့ညီအစ်ကို နေ့နေ့ညည စောင့်ရှောက် ထားကြ။ ချော့တန်ချော့ ခြောက်တန်ခြောက်ပေါ့။ ဒါပေမဲ့ လူတော့မလစ်စေနဲ့။ လျော့ရိလျော့ရဲ မနေနဲ့"

ဤအမိန့်ရသည့်အတွက် ကိုင်ဖုလည်း ဝမ်းသာသွား၏။ သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း တထပ်တည်း ကျသောကြောင့်ဖြစ်၏။ မြို့ဝန်ထံမှ အပြန်တွင် အကျဉ်းသားနှစ်ယောက် ထံသို့ သွားကာ စိတ်အေးစေရန် အားပေးစကားများကို ပြော၏။ ဤအကြောင်းကို ဆက် မပြောတော့ပြီ။ ထို့နောက်တွင် မြို့ဝန်လျှံသည် သူ့တပ်မှူးကြီးများဖြစ်သော ခွားကြီးရှင် ဝင်တနှင့် အာကာစိုးလီချိန့်တို့ကို ခေါ်ကာ စည်းဝေး၏။ လျှံရှုန်းကျူအင်းမှ လာကပ်ထား သော ကြေညာစာနှင့် ခရိုင်ဝန် ဝန် ပေးသည့် အကြံတို့အကြောင်းကို ရှင်းပြ၏။ လီချိန့်က ယင်းတို့ကို အထင်သေး၏။

"ဒီတောပုန်း အသေးအမွှားတွေက ဆူးတွင်းထဲက ထွက်လာရဲတယ်ပေါ့။ ဘာမှပူနေ စရာ မလိုပါဘူး အရှင်။ ကျုပ်ကတော့ စွမ်းရည်လည်း မရှိပေမယ့် လူထုရဲ့ ဆန်ကို စားထား ပြီး ဘာမှအကျိုးမဆောင်ရဘဲ နေနေတာ ကြာပြီ။ အခုတော့ အစွမ်းကုန်လုပ်ပြချင်တယ်။ ကျုပ်တပ်နဲ့ မြို့ပြင်ကို ထွက်ပြီး စခန်းချထားမယ်။ တောပုန်းတွေမလာရင်လည်း ဘာဆက် လုပ်မလဲ။ အဲဒီကျမှ တိုင်ပင်တာပေါ့။ အင်အားတောင့်တယ် ဆိုပေမယ့် ဒီကောင်တွေ ဇာတ်သိမ်းတော့မှာပါ။ ကျုပ်က ကြွားနေတာ မဟုတ်ဘူးနော်။ ဒီကောင်တွေ တကယ် လာတိုက်ရဲရင် တိုက်ကြည့်၊ တကောင်မှ အရှင် ပြန်မသွားစေရဘူး"

မြို့ဝန်လျှံလည်း အားရလှ၏။ တပ်မှူးကြီးများကို ရွှေများ ပိုးထည်များ ဆုချ၏။ သူတို့ ကလည်း ကျေးဇူးစကား ဆိုကာ သူတို့စခန်းများသို့ ပြန်သွားကြ၏။

နောက်တနေ့ နံနက်တွင် လီချိန့်က လက်အောက်မှ တပ်ဗိုလ်များကို သူ့တဲသို့ ခေါ်ကာ စည်းဝေး၏။ ယင်းတို့ထဲမှ စိုကျောက် ဆိုသော ခံ့ခံ့ထည်ထည်ရှိသော တပ်ဗိုလ်တဦးကို ခေါ်ထုတ်လိုက်၏။ သူ့ကို ရှေ့ပြေးခြေမြန်ဟု ခေါ်ကြ၏။ ရွှေပုဆိန်နှစ်လက်ကို ကိုင်၏။

"ဒီခားပြစုန်ကျန့်က ကျုပ်တို့ မြို့တော်ကို လာတိုက်တော့မယ်" လီချိန့်က ရှင်းပြ၏။ "မင်းလူတွေနဲ့ မြို့တော်ကနေ သုံးဆယ့်ငါးလီ အကွာမှာ

သွားစခန်းချထား။ ငါ နောက်မှ လူတွေနဲ့ လိုက်လာခဲ့မယ်”

နောက်တနေ့ နံနက်တွင် စိုကျောက်သည် အမိန့်အတိုင်း ဆောင်ရွက်၏။ ကျားပုံ တောင်ကြားအရပ်တွင် တောင်ခြေတွင် ခံတပ်စခန်းချ၏။ လီချိန့်က နောက်တနေ့တွင် လက်အောက်ခံဗိုလ်များဖြင့် ချီတက်လာကာ မြို့တော်မှ နှစ်ဆယ့်ငါးလီအကွာ လိုးကတ်စ် ပင်တောင်စောင်းတွင် သစ်တပ် တည်ဆောက်ကာ စခန်းချ၏။ စခန်းနှစ်ခုစလုံးတွင် ဓားများ၊ လှံများဖြင့် ထိုးထိုးထောင်ထောင် ရှိနေ၏။ သမင်ချိုဟု ခေါ်သည့် ညှောင့်ချွန်ချွန် များကို ခံတပ် ပတ်ပတ်လည်တွင် အခိုင်အမာ စိုက်ထူထားကြ၏။ သုံးဖက်သုံးတန်တွင် ကျင်းနက်နက်များကို တူးထားကြ၏။ စစ်သားများသည် အောင်ပွဲရတော့မည်။ ကေရာဇ် မင်းကြီး၏ ဂုဏ်ကို ဆောင်ရတော့မည်ဟု တက်ကြွနေကြ၏။

ကျွန်ုပ်တို့ ဇာတ်လမ်းကို နှစ်ခြမ်းခွဲကာ အပြိုင်ပြောရလေတော့မည်။ ထိုကြေညာစာတမ်း တို့မှာ ဝုရုံ၏ လက်ရာလက်ချက် ဖြစ်ပေ၏။ ရန်စုံနှင့် ယန်ချင်းတို့ထံမှ သတင်းများ၊ ထိုက်ချုံ ထံမှ ကုန်သည်ကြီးလူနှင့် ရှိဇူတို့ အဖမ်းခံရပုံများကို ကြားရသဖြင့် ည လူပြတ်ချိန်မှ တံတားများ၊ လမ်းများတွင် လျှောက်ကပ်ခဲ့ခြင်း ဖြစ်၏။ ထိုက်ချုံလည်း တောင်ရိုးကို ပြန်ကာ ခေါင်းဆောင်များသို့ ဖြစ်ပျက်သမျှကို သတင်းပေး၏။ စုန်ကျုန့်လည်း ရင်ဆို့သွားလေ၏။ မှုများကို တီးကာ ခေါင်းဆောင်များကို သစ္စာခန်းမသို့ ဆင့်ခေါ်၏။ အဆင့်အလိုက် နေရာယူပြီးကြသောအခါ စုန်ကျုန့်က ဝုရုံသို့ ဦးတည်ကာ ပြော၏။

“နောင်ကြီးက ကုန်သည်ကြီးလူကို ဒီတောင်ရိုးစခန်းကို ဖိတ်ခဲ့တုန်းကတော့ စေတနာ ကောင်းနဲ့ပါပဲ။ ခုတော့ ဒုက္ခရောက်နေပြီ။ နောင်ကြီးရှိဇူလည်း ပါသွားပြီ။ သူတို့ကို ဘယ်လို ကယ်ကြမလဲ”

“မစိုးရိမ်ပါနဲ့ နောင်ကြီးရာ၊ ကျုပ်က ဘာမှမတတ်ပေမယ့် အကြံတခုတော့ ရှိတယ်ဗျ။ အခုကိစ္စက ဥတ္တရနေပြည်တော်က ပိုက်ဆံတွေ၊ ဆန်စပါးတွေကို ကျုပ်တို့သုံးဖို့ အခွင့် အရေး ရတာပဲ။ ခေါင်းဆောင်တွေကို နှစ်စုခွဲလိုက်မယ်။ တဝက်ကို စခန်းစောင့်ဖို့ ချန်ထား ခဲ့မယ်။ ကျန်တဝက်ကိုတော့ ကျုပ်ကို ပေးလိုက်။ အဲဒီမြို့ကို သွားတိုက်မယ်”

စုန်ကျုန့်က ဗိုလ်သီလဖျေရှန်းကို နောက်တနေ့တွင် ချီတက်ရန် လူစုဖွဲ့စေ၏။

လေပွေနက်လီကွေ့က တစခန်း ထပြန်၏။ “ကျုပ်ပုဆိန်နှစ်လက်က မလှုပ်ရှားရတာ ကြာပြီ။ အခုတခါ တိုက်တော့ လုတော့မယ်လို့ ကြားရတာ သိပ်ဝမ်းသာတယ်။ ကျုပ်ကို လူငါးရာပဲ ပေး၊ ဥတ္တရနေပြည်တော်ကို သွားသိမ်းပိုက်မယ်။ မြို့ဝန်လျှံကို နုပ်နုပ်စဉ်းလိုက် မယ်။ လီကုနဲ့ မျောက်မထားတဲ့

ကောင်မကို လေးပေါင် လေးလက် ပိုင်းပစ်မယ်။ ကုန်သည် ကြီးလူနဲ့ ရှိဇူကို ကယ်မယ်။ အ အကြီးလီကွေ့လည်း လက်စားချေမယ်။ ဒီတခါတော့ ကျုပ် သေသေချာချာလုပ်ပါ့မယ်”

“မင်းက သတ္တိရှိပါတယ် ငါ့ညီ” စုန်ကျန့်က ပြန်ပြော၏။ “ဥတ္တရနေပြည်တော်က တခြားနေရာတွေနဲ့ မတူဘူး။ ပြီးတော့ မြို့ဝန်လျှံက နန်းရင်းဝန်ရဲ့ သမက်ကွ။ သူ့တပ်မှူး လီချိန့်နဲ့ ဝင်တတို့ကလည်း သတ္တိအရာမှာ ပြိုင်ဘက် မရှိဘူး။ သူတို့ကို လျှော့တွက်လို့ မရဘူး”

“ကျုပ်က ဘယ်လောက် နှုတ်သွက်လဲ။ ဒါတောင် နောင်ကြီးက အအ ယောင်ဆောင် ခိုင်းခဲ့တယ်”လီကွေ့က ပြန်အော်၏။ “ခုတခါ လုပ်ပြန်ပြီ။ သတ်တာဖြတ်တာ ဘယ်လောက် ကြိုက်မှန်း သိရဲ့နဲ့၊ တပ်ဦးက မတက်ရဘူးတဲ့။ ကျုပ် သချိုင်းထဲ ရောက်တဲ့အထိ နှိပ်စက် နေဦးမှာလား”

“ဒီလောက်တောင် ပြောနေမင့်ကွာ၊ မင်း ရှေ့ပြေး ချီတက်ပေတော့။ ရဲရင့်သူ လူငါးရာ ခေါ်သွား။ မနက်ဖြန်ပဲ ထွက်တော့” ဝုရုံက ဆို၏။

ထိုညနေတွင် စုန်ကျန့်နှင့် ဝုရုံတို့က ဤစစ်ဆင်ရေးတွင် သုံးမည့် အင်အားကို ဆုံးဖြတ် ကြ၏။ ဖေရှွန်းက တောင်ရိုးရှိ စခန်းအသီးသီးသို့ ညွှန်ကြားစာတစောင် ထုတ်၏။ ယင်းတွင် ချီတက်မည့် စစ်အင်္ဂါစဉ်နှင့် တပ်များ စုဖွဲ့ပုံကို ဖော်ပြထားပြီး ချက်ချင်းဆောင်ရွက်ရန် လည်း ညွှန်ကြားထား၏။

ဆောင်းဦးရာသီအကုန် ဆောင်းရာသီအဝင် ဖြစ်သောကြောင့် ချပ်ဝတ်များ ဝတ်၍ အကောင်းဆုံး ရာသီ ဖြစ်၏။ မြင်းများလည်း ဖျတ်ဖျတ်လတ်လတ် ဝဝဖြိုးဖြိုး ရှိကြ၏။ စစ်သည်များလည်း တိုက်ပွဲကို မတွေ့ရသည်မှာ ကြာပြီဖြစ်၍ တိုက်ချင်ခိုက်ချင်စိတ်များ ရှိနေကြ၏။ သူတို့၏ ရင်ထဲတွင်လည်း မုန်းတီးစိတ်များ အပြင်းအထန် ဖြစ်ပေါ်နေရာ လက်စားချေရန် သန္နိဋ္ဌာန် ချထားကြ၏။ တပျော်တပါးဖြင့် လက်နက်များ စုဆောင်း ပြင်ဆင်ကြ၏။ မြင်းများကို ကုန်းတင်ကြ၏။ ကကြိုးဆင်ကြ၏။ သတ်မှတ်ထားသော အချိန်တွင် တောင်ပေါ်မှ ဆင်းရန် အသင့် ဖြစ်နေကြ၏။

ပထမတပ်မှာ ရှေ့ပြေးတပ်ဖြစ်၍ လေပွေနက်လီကွေ့ ခေါင်းဆောင်သော လူငါးရာ ပါဝင်၏။ ဒုတိယတပ်မှာ ခေါင်းနှစ်လုံးနှင့်မြွေရှိချင်၊ အမြီးနှစ်ခွကင်းမြီးကောက်ရှိပေါင်၊ ကြယ်တံခွန်ကုန်မင်း၊ မီးရှူးကြယ်ကုန်လျန်တို့ ဦးဆောင်သော လူတထောင် ပါဝင်၏။ တတိယတပ်တွင်လည်း အင်အား တထောင် ပါဝင်ပြီး သံမဏိတာက ဦးဆောင်ကာ လက်အောက်ခံတပ်ဗိုလ်များမှာ စုန်းမဆွန်နှင့် ကျားမခုတို့ ဖြစ်ကြ၏။ စတုတ္ထတပ်ကို လင်းယုန်မာန်လီယင်းက ခေါင်းဆောင်ကာ နဂါးကိုးကောင်ရှိကျင်းနှင့် ဗိုလ်ချုပ်လေး ဆွန်ရှင့်တို့က အထောက်အကူပြုမည့်

အင်အား တထောင် ပါဝင်သည်။

စုန်ကျန့်က ဗိုလ်ချုပ်အဖြစ် တပ်မကို ဦးဆောင်ကာ ဝုရှံက သူ၏ စစ်ဘက်အကြံပေး ဖြစ်သည်။ လက်အောက်တပ်ဗိုလ်များမှာ မြို့စားလေးလူ့ဖန်၊ ရောင်ကွေ့ငယ်ကောက်ရှိန်း၊ ဗိုလ်ချုပ်ပျော့ဆွန်လီ၊ တောင်သုံးလုံးကိုနှိမ်နင်းသူဟုန်ဆင့်တို့ ဖြစ်ကြ၏။ ပင်မတပ်၏ ရှေ့ရံတပ်ကို မိုးကြိုးသွားဗိုလ်ချုပ်ချင်မင်းက ဦးဆောင်ပြီး ပွဲတိုင်းကျော်ဟန်တောင်နှင့် နတ်မျက်စိဖိန့်ချီတို့က လက်ထောက်များအဖြစ် ပါဝင်သည်။ နောက်ဆုံးတပ်ကို ကျားသစ် ခေါင်းလင်ချုံးက ဦးဆောင်ပြီး သူ့လက်ထောက်များမှာ မှင်စာပုလွေဆရာမာလင်း၊ မျက်ခုံးနီတိန်ဖတို့ ဖြစ်ကြသည်။ ဘယ်တောင်ပံကို တုတ်နှစ်ချောင်းကိုင်ဟူယန်ကျို့က ဦးဆောင်ပြီး တိမ်ညွှန့်စားသည့်ရွှေတောင်ပံ အိုပင်း၊ ဗိုလ်ကျားကြော့ ယန်ရှင့်တို့က အထောက်အကူ ပြုကြမည်။ ညာတောင်ပံကို ဟွရုံက ခေါင်းဆောင်ပြီး ကမ်းခုန်ကျား ချင်တနှင့် မြွေပြောက်ဖြူယန်ချွန်းတို့က လက်အောက်ဗိုလ်များအဖြစ် လိုက်ပါကြမည်။

ထို့အပြင် အမြောက်ပါရဂူမိုးယံခြိမ့်ခြိမ့်လင်းချင်က လူစာ မြင်းစာ ရိက္ခာတာဝန်ခံ အဖြစ် လည်းကောင်း၊ နတ်ခြေမြန်ထိုက်ချုံက စစ်သတင်းထောက်လှမ်းရေး တာဝန်ခံ အဖြစ် လည်းကောင်း လိုက်ပါကြမည်။

တပ်အသီးသီးသည် ထုတ်ပြန်ထားသော တပ်စဉ်အတိုင်း မိုးလင်းသည်နှင့် စထွက်ကြ ၏။ လက်ထောက်စစ်ဘက်အကြံပေး ကုန်ဆွန်ရှန်းသာ စခန်းနှင့် တောင်ရိုးတံခါးများကို စောင့်ရန် ကျန်ခဲ့၏။ သူ့ကို လျူထန်၊ ချူတုံ၊ မူဟုန်တို့က ကူညီကြမည်။ ရေစပ်ခံတပ်ကို လီကျွမ်းနှင့် အခြားသူများက တာဝန်ယူကြ၏။ ဤအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

ယခု စိုကျောက်အကြောင်း တလှည့်ပြောရဦးမည်။ ကျားပုံတောင်ကြားရှိ စခန်းတွင် ထိုင်နေသော သူ့ထံသို့ မြင်းသည်တဦး ကြယ်ကြွေသလို ရောက်ချလာကာ စုန်ကျန့်တို့ လာနေပြီဖြစ်ကြောင်း၊ အင်အားမှာ ထောင်ပေါင်းများစွာ ရှိကြောင်း သတင်းပေးလေ၏။ ယင်း ရန်သူတို့မှာ လီ နှစ်ဆယ် သုံးဆယ်သာ ဝေးတော့၏။ စိုကျောက်လည်း လီချိန့်ထံသို့ ချက်ချင်း သတင်းဆက်ပို့လိုက်၏။ တပ်မှူးကြီးလည်း မြို့တော်သို့ အလျင်အမြန်ပင် တင်ပြ လိုက်၏။ ထို့နောက် မြင်းကို စီးကာ ရှေ့တန်းစခန်းသို့ ထွက်ခဲ့၏။ စိုကျောက်က ကြိုဆိုပြီး အသေးစိတ်ကို ပြောပြ၏။

နောက်တနေ့ နံနက်တွင် ခုခံသူများက မနက်စာ စားကြပြီးနောက် စခန်းကို ဖျက်ပြီး ယူမိသားစု တဲစုအထိ သွားကာ အင်အားတသောင်းခွဲဖြင့် တပ်ဖြန့်ကာ နေရာယူထား ကြ၏။ လီချိန့်နှင့် စိုကျောက်တို့မှာ တံခွန်များ တလူလူဝင့်နေသည့် အောက်တွင် ချပ်ဝတ် တန်ဆာ အပြည့်အစုံဝတ်ကာ မြင်းများကို

ဇက်သတ်ထားကြ၏။ အရှေ့ဘက်အဝေးဆီမှ လူငါးရာကျော်သည် ဖုန်လုံးကြီး တလိပ်လိပ် ထစေလျက် အပြေးလာနေသည်ကို တွေ့ရ၏။ တပ်ဦးမှ မြင်းစီးလာသူမှာ လေပွေနက်လီကွေ့ ဖြစ်၏။ လက်တဖက်တွင် ပုဆိန်တလက်စီ ကိုင်ထားပြီး အံ့ကြိတ်ကာ အော်လာနေ၏။

"မင်းတို့အရှင် လေပွေနက် လာနေပြီဟေ့"

လီချိန့်က စိုကျောက်ဘက်သို့ လှည့်ကာ ရယ်သွမ်းသွေးလိုက်၏။ "နေ့တိုင်းပဲ လျှံရှုန်း ကျူအင်းက ရဲရင့်သူတွေဆိုပြီး ကြားကြားနေရတာ။ လာတော့လည်း ပေရေစုတ်ပြတ် နေတဲ့ ခားပြတအုပ်ပါလား။ အရေးလုပ်စရာတောင် မဟုတ်ဘူး။ ရှေ့ပြေးတပ်မှူး၊ ဒီကောင် တွေကို ဖမ်းပါတော့လား"

စိုကျောက်က "ကျုပ် လုပ်စရာ မလိုပါဘူး။ ပွဲလမ်းရချင်တဲ့ လက်အောက်ဗိုလ်တွေ အများကြီးရှိတယ်"

သူပြော၍မှ မဆုံးသေး၊ အထက်တန်းအရာရှိတဦးဖြစ်သူ ဝန်တင်းက လှံကို ဝှေ့ကာ မြင်းသည်တရာနှင့်အတူ ထွက်သွားလေ၏။ လီကွေ့နှင့် သူ့လူတို့မှာ တစုတစည်းတည်း မြင်းတပ်က လာတိုက်သည်ကို မခံနိုင်ကြ။ နေရာအနှံ့သို့ ထွက်ပြေးကြ၏။ စိုကျောက်နှင့် တပ်များက ယူမိသားစုတဲစု လွန်သည်အထိ လိုက်ကြ၏။

တောင်အကွယ်မှ လင်ပန်းသံ၊ ဗုံသံများ ချွမ်းခနဲ ထွက်လာပြီး မြင်းတပ်နှစ်တပ် ရှေ့ကို ထွက်လာလေ၏။ ဘယ်ဘက်တွင် ရှီချင်နှင့် ကုန်လျန်၊ ညာဘက်တွင် ကုန်မင်းနှင့် ရှီပေါင် တို့ ပါလာကြ၏။ တတပ်လျှင် ကြောက်မက်ဖွယ် မြင်းစီးငါးရာစီ ပါဝင်၏။ တပ်ကူများကို မြင်သည်နှင့် စိုကျောက်လည်း ဆက်မလိုက်တော့ဘဲ ကပျာကယာ နောက်ပြန်ဆုတ်၏။

"ခားပြတွေကို ဘာလို့ မဖမ်းလဲ"လီချိန့်က မေး၏။

"သူတို့နောက် လိုက်သွားတာ တောင်ကုန်းလည်း လွန်တော့ တပ်ကူတွေ လိုက်လာ တာ တွေ့လို့။ သူတို့က ချုံခိုဖို့ စောင့်နေတာ။ ကျုပ်တို့ လိုက်လို့မရဘူး"

"ဒီတောပုန်းတွေများ ဘာကြောက်စရာရှိလဲ"

လီချိန့်နှင့် သူ့တပ်တတပ်လုံးသည် ယူတဲစုကို ကျော်သည့်တိုင်အောင် တက်သွား ကြ၏။ ရှေ့တွင် တံခွန်များ ဝှေ့ယမ်းနေသည်ကို မြင်လိုက်ရပြီး စစ်စည်သံ တဒိန်းဒိန်း၊ စစ်မောင်းသံ တဂွမ်းဂွမ်းတို့ကို ကြားလိုက်ရ၏။ နောက်ထပ် မြင်းတပ်တတပ် ပေါ်လာ လေ၏။ တပ်ဦးထိပ်တွင် သားသားနားနား

ဝတ်စားထားသော မိန်းမပျိုတဦး ပါလာလေ၏။ တပ်ဦးတွင် ကိုင်လာသော တံခွန်တွင်လည်း 'အမျိုးသမီးဗိုလ် သံမဏိတာ"ဟု အနီခံတွင် ရွှေစာလုံးကြီးများနှင့် ရေးထား၏။ မခုက သူ့ဘယ်ဘက်တွင်၊ စုန်းမဆွန်က သူ့ညာဘက်တွင် ပါလာကြ၏။ သူတို့ ဦးစီးလာသော တပ်၏အင်အားမှာ တထောင်ကျော်၏။ ယင်း စစ်သည် တို့သည် ပုပု ထွားထွား အရွယ်စုံ။ ဖြူဖြူမည်းမည်း ရုပ်ရည်မျိုးစုံ ရှိကြသော နယ်တကာစုံမှ လူမျိုးပေါင်းစုံ ပါဝင်၏။ လီချိန့်က ယင်းတို့ကို တွေ့သော် "ဒီလို စစ်သည်တွေက အလကား ပဲ၊ မင်း သွားဖမ်း။ ငါ့တပ်နဲ့ ဝိုင်းထားပေးမယ်" ဟုဆို၏။

စိုကျောက်လည်း သူ့ပုဆိန်များကို ဆုပ်ကိုင်ကာ မြင်းကို ကြိမ်သွင်းပြီး သံမဏိတာ ထံသို့ မြင်းကို ဒုန်းစိုင်းကာ ဝင်၏။ သံမဏိတာလည်း မြင်းကို ဦးလှည့်ကာ တောင်ကြား တနေရာသို့ ပြေးဝင်၏။ လီချိန့်လည်း တပ်ဖြန့်ကာ လိုက်လေ၏။

ထိုစဥ်မြေတုန်လုဘနန်း ဟစ်ကြွေးသံကြီးကို ကြားလိုက်ရ၏။ သူ့ထံသို့ လင်းယုန်မာန် လီယင်းက ရှိကျင်းနှင့် ဆွန်ရှင့်တို့ကို ဝဲယာတွင် ထားလျက် လိုက်လာသည်ကို တွေ့ရ၏။ သူ့ တပ်ကို ယူတဲစုတဲသို့ ကပျာကယာ ဆုတ်ရ၏။ သို့သော် သူတို့ကို ဘယ်ဘက်မှ ရှိချင်နှင့် ကုန်လျှန်၊ ညာဘက်မှရှိပေါင်နှင့် ကုန်မင်းတို့ အသီးသီးဦးဆောင်ကာ တပ်များက ဝင်တိုက် ကြ၏။ အမျိုးသမီးတပ်မှူး သုံးယောက်ကလည်း သူတို့တပ်များဖြင့် နောက်ပိုးသိပ်ကာ ဝင်တိုက်ကြ၏။ သူတို့သည် အပြင်းအထန် ထက်ကြပ်မကွာ လိုက်တိုက်မှုကြောင့် လီချိန့် တို့လည်း ကစဥ့်ကလျား ပြေးကြရ၏။

စခန်းရှိရာသို့ အငမ်းမရ ပြေးကြ၏။ ရှေ့တွင် လီကွေ့တို့က လမ်းကို ပိတ်ထားကြ၏။ လီချိန့်နှင့် စိုကျောက်တို့က အနိုင်နိုင်ဖောက်ထွက်ခဲ့ကြ၏။ စခန်းသို့ရောက်သော် အကျ အဆုံး အလွန်များနေပြီ ဖြစ်၏။

လီချိန့်တို့က မြို့သို့ အမြန်ပြန်ကာ မြို့ဝန်ကို သတင်းပို့ကြ၏။ ထိုညတွင် ဝင်တသည် တပ်ကူများဖြင့် ရောက်လာ၏။ လီချိန့်က သူ့ကို လိုးကတ်စ်ပင် တောင်စောင်းစခန်းတွင် တွေ့ဆုံပြီး မည်သို့ ဆုတ်ခွာသင့်ကြောင်း မေး၏။ ဝင်တက ရယ်လျက်-

"ဒီခေးပြတွေကိုများ ခွေးလှေးခုန်လို့ ဖုန်မထပါဘူး။ ဘာမှ မှုစရာ မရှိပါဘူး"

ထိုညတွင် စီမံချက်တခုကို ချကာ တပ်များကို ညွှန်ကြား၏။ စတုတ္ထယံတွင် အိပ်ရာမှ ထကာ မနက်စာ စားကြ၏။ ပဥ္စမယံတွင် စစ်ဝတ်များကို ဝတ်ဆင်ကြ၏။ နံနက်လင်းသော် စတင်ချီတက်လေ၏။ စစ်စည်များကို သုံးကျော့တီးကာ စခန်းကို ဖျက်၍ ယူတဲစုအထိချီတက်ကြ၏။

မကြာမီတွင် လေပြင်းတိုက်သလို လွင့်လာနေသော စုန်ကျန့်၏ တပ်ကို တွေ့ရ၏။ ဝင်တက သူ့တပ်ကို တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်စေ၏။ လေးသမားများကိုလည်း ချီတက် လာသော ရန်သူရှေ့တန်းကို ပစ်ခတ်ကာ ဟန့်တားရန် အမိန့်ပေး၏။ စုန်ကျန့်က တပ်မှူး ကြီးတဦးကို ရှေ့သို့ လွှတ်လိုက်၏။ ယင်း တပ်မှူး၏ တံခွန်တွင် အနီရောင် အောက်ခံတွင် ငွေစာလုံးများဖြင့် “မိုးကြိုးသွားချင်မင်း”ဟု ရေးထား၏။

ချင်မင်းက သူ့မြင်းကို ဇက်သတ်ကာ အော်၍ ပြော၏။

“ဥတ္တရနေပြည်တော်က အကျင့်ပျက်တဲ့ အရာရှိတွေ နားထောင်စမ်း။ မင်းတို့ မြို့တော် ကို ငါတို့ တိုက်မယ် ကြံနေတာ ကြာပြီ။ လူကောင်းတွေ ထိခိုက်မှာစိုးလို့ မတိုက်တာ။ လူကွမ်းယီနဲ့ ရှိဇူတို့ကို ပြန်လွှတ်ပေး။ ဟို ဖောက်ပြန်တဲ့ စုံတွဲကိုလည်း ဖမ်းပေး။ ဒါဆိုရင် ပြန်ဆုတ်သွားမယ်။ လာလည်းမတိုက်တော့ဘူး။ ဒါပေမဲ့ ခေါင်းမာနေရင်တော့ ကျောက်စိမ်းကိုတောင် အရည်ဖျော်မယ့် မီးတောက်ကြီး မင်းတို့ခေါင်းပေါ် ကျလာမှာပဲ။ ဒါပဲဖြစ်ဖို့ ရှိတယ်။ ပြောစရာရှိရင် ခု ချက်ချင်းပြော”

“ဒီကောင်ကို ဘယ်သူ ဖမ်းပေးမလဲ” ဝင်တက ဒေါသတကြီး အော်လိုက်၏။ သူ့စကားပင် မဆုံးသေး၊ စိုကျောက်က ရှေ့ကိုတက်ကာ အော်၏။

“မင်းက ဧကရာဇ်မင်းကြီး ခန့်ထားတဲ့ အရာရှိပဲ။ အစိုးရက မင်းကို ဘာများလုပ်ဖူးလို့၊ လူကောင်းသူကောင်းလို မနေနိုင်ဘဲ ခေးပြုလုပ်ရတာလဲ။ မင်းကို မိလို့ကတော့ အမှုန့်ကြိတ် ပစ်မယ်"

ထိုစကားများမှာ ချင်မင်းအဖို့ မီးဖိုထဲ မီးသွေးများ ထပ်ထည့်လိုက်သည့်နှယ်၊ မီးပုံထဲ ရေနံဆီ ပက်လိုက်သည့်နှယ် ဖြစ်၏။ ဝံပုလွေသွားတပ် တင်းပုတ်ကြီးကို ဝှေ့ယမ်းကာ မြင်းကို စိုင်း၍ ထွက်၏။ စိုကျောက်လည်း မြင်းကို ဖနောင့်နှင့်ကြိတ်ကာ ထွက်၍ ရင်ဆိုင်၏။ စိတ်မာန်တက်ကြွနေသော မြင်းနှစ်စီး ဝင်တိုက်မိကြ၏။ လက်နက်နှစ်စုံ ချွင်ခနဲ ခိုက်မိ ကြ၏။ နှစ်ဖက်တပ်က ဟစ်ကြွေးကြလေ၏။ အချီနှစ်ဆယ်ကျော် တိုက်ကြသော်လည်း အနိုင်အရှုံး ပေါ်ထွက်မလာပေ။

စုန်ကျန့်၏ ရှေ့ရန်တပ်မှ ဟန်တောင်သည် ရှေ့ကို တက်လာကာ သူ့လေးတွင် မြား တပ်ပြီး ချိန်ကာ လွှတ်လိုက်၏။ စိုကျောက်၏ ဘယ်လက်မောင်းကို မှန်သဖြင့် ပုဆိန်များကို လွှတ်ချကာ မြင်းကို ဒုန်းစိုင်း၍ ပြန်ပြေးလေ၏။

စုန်ကျန့်က သူ့ကြာပွတ်ကို ရှေ့သို့ ညွှန်လိုက်ရာ တပ်သုံးတပ်စလုံး

တပဟုန်ထိုး တက် တိုက်ကြ၏။ မကြာမီတွင် ကွင်းတကွင်းလုံးတွင် အလောင်းများ ဖုံးနေပြီး သွေးများလည်း ချောင်းစီးလာလေ၏။ လက်မထူနိုင်လောက်အောင် ချေမှုန်းခြင်းကို ခံရပေ၏။ ထွက်ပြေး သွားသော ရန်သူနောက်ကို လိုက်ကာ လိုးကတ်စ်ပင်စခန်းကို သိမ်းလိုက်ကြ၏။ ဝင်တ လည်း ကျားပုံတောင်ကြားသို့ ပြေး၏။ လူပြန်စစ်သောအခါ အင်အားသုံးပုံတပုံ ဆုံးရှုံး သွားပြီ ဖြစ်ကြောင်း တွေ့ရ၏။

စုန်ကျန့်ကလည်း လိုးကတ်စ်ပင်စခန်းတွင်ပင် စခန်းချ၏။ ဝုရုံက "ရှုံးသွားတဲ့ တပ် ဆိုတာက ကြောက်သွားတာချည်းပဲ။ သူတို့တွေ ပြန်ပြီး ရဲစိတ် ဝင်မလာခင် လိုက်ဖို့ ကောင်းတယ်။ ဒါ အခွင့်ကောင်းပဲ"

"သိပ်ဟုတ်တာပေါ့ စစ်ဘက်အကြံပေးကြီး" ဟု စုန်ကျန့်က ပြန်ပြောပြီး အောင်ပွဲရ တပ်ကြီးကို စစ်ကြောင်းလေးကြောင်း ခွဲကာ ထိုညတွင်ပင် မြို့တော်ကို တိုက်မည်ဟု အမိန့် ထုတ်ပြန်၏။ ကျားပုံတောင်ကြားသို့ ရောက်နေသော ဝင်တမှာ အမောပင် မပြေသေး။ အရာရှိငယ်တယောက်က လာသတင်းပို့၏။ အနီးရှိ တောင်ထိပ်တွင် မီးတန်းကြီးတခုကို တွေ့ရသည်ဆို၏။ မြင်းစီးကာ စစ်သည်အချို့နှင့်အတူ ထွက်၍ ကြည့်၏။ အရှေ့ဘက် တောင်ရိုးတလျှောက်တွင် မရေမတွက်နိုင်သော မီးတုတ်များကို တွေ့ရ၏။ မီးတုတ်များမှ မီးရောင်ကြောင့် အနားရှိ တောင်ကုန်းများ၊ ကွင်းပြင်များမှာ ရဲရဲတောက်နေ၏။

အနောက်ဘက်မှလည်း အလားတူ မီးများ တောက်လာ၏။ ဝင်တက ထိုဘက်သို့ အလျင်အမြန် သွား၏။ ထိုစဉ် သူ့ကျောဘက်မှ မိုးခြိမ်းလိုက်သလို ညာသံများကို ကြား လိုက်ရ၏။ အရှေ့ဘက်တောင်ရိုးမှ ဟွရုံခေါင်းဆောင်ကာ ယန်ချွန်းနှင့် ချင်တတို့ ပါဝင်သော တပ်ကြီးက လိုက်ချလာလေ၏။ ကြောက်အားကြီးလှသဖြင့် ဝင်တလည်း ကျားပုံတောင် ကြားသို့ ပြန်ပြေးလေ၏။

ထိုစဉ်တွင် အနောက်ဘက်မှလည်း ဟူဟန်ကျို့၊ အိုပင်း၊ ယန်ရွှင့်တို့ ဦးဆောင်သော တပ်ကြီးကလည်း အလားတူ ဆင်းချလာလေ၏။ အရှေ့နှင့် အနောက်ဘက်မှ တပ်စွယ် နှစ်ဖက်သည် တဖြည်းဖြည်း နီးကပ်လာလေ၏။ ကျောဘက်မှလည်း ညာသံများကို ထပ်၍ ကြားရပြန်၏။ မိုးကြိုးသွားချင်မင်း၊ ဟန်တောင်၊ ဖိန့်ချီတို့ ခေါင်းဆောင်သော တပ်များ ကလည်း ဝင်တိုက်ကြခြင်း ဖြစ်၏။ ညာသံပေးနေသော လူများ၊ ဟီနေသော မြင်းများသည် မီးရောင်အောက်တွင် ရေတွက်၍မရနိုင်။

ဝင်တ၏ တပ်လည်း ဘာလုပ်ရမှန်း မသိတော့သဖြင့် ခံတပ်ကို ဖျက်ကာ ပြေးကြ၏။ ညာသံများကို ကြားရပြန်လေ၏။ ယခုတခါတွင်မူ သူတို့၏ ရှေ့ဘက်မှ ဖြစ်၏။ မိုးယံခြိမ့်ခြိမ့် လင်းချင်တို့ အမြောက်တပ်က တောလမ်းလေးများအတိုင်း

ခိုးလာပြီး စောင့်နေကြရာမှ အမြောက်မိုး ရွာချလေ၏။

ဝင်တတို့လည်း အတင်းဝင်ဖောက်ကာ မြို့တော်သို့ ပြန်ပြေးကြ၏။ သူတို့ရှေ့မှ ဗုံသံ တဒိန်းဒိန်းက ဆီး၍ကြို၏။ မြင်းတပ်တတပ်က လမ်းကို ပိတ်ထား၏။ မီးရောင်ထဲတွင် ကျားသစ်ခေါင်းလင်ချုံးက မာလင်းနှင့် တိန်ဖတို့နှင့်အတူ ရှေ့ကိုတက်လာ၏။ လေးဖက် လေးတန်မှ ဗုံသံများက မိုးခြိမ်းသံလို တခဲနက်ထွက်လာ၏။ ကြောက်မက်ဖွယ်ကောင်း သော မီးတောက်များလည်း ဟုတ်ခနဲ တက်လာ၏။ အစိုးရတပ်များကား အသက်လု၍ ပြေးရလေ၏။

ဓားတဝင့်ဝင့်ဖြင့် အတင်းဖောက်ထွက်လာသော ဝင်တသည် လီချိန့်နှင့် သွားတိုးမိ၏။ နှစ်တပ်ပေါင်းကာ ဆုတ်ခဲ့ကြ၏။ မိုးလင်းမှ မြို့ပြင်ဆင်ခြေဖုံးသို့ ရောက်၏။

ဤသတင်းကို ကြားရသော် မြို့ဝန်လျှံ၏ အသက်ဝိညာဉ်ကို ကိုယ်ခန္ဓာမှ ခလောက် ထုတ်လိုက်သလို ဖြစ်သွား၏။ ချက်ချင်းပင် လူစုကာ ရှုံးလာသော စစ်သည်များကို ထွက် ကြိုစေ၏။ ထို့နောက် မြို့တံခါးများကို ပိတ်ကာ ကင်းအစောင့်များကို တိုး၍ချထားလိုက်၏။

နောက်တနေ့ မနက်တွင် စုန်ကျန့်တို့တပ် ရောက်လာ၏။ အရှေ့တံခါးအထိ သွားပြီး စခန်းချထားလိုက်၏။ ထို့နောက် တိုက်ခိုက်ရန် ပြင်ဆင်ကြ၏။

မြို့တော်၏ စစ်ဌာနချုပ်တွင် မြို့ဝန်လျှံက အစည်းအဝေး ခေါ်၏။ သို့သော် အဖြေ ရှာရန် မလွယ်။

"တောပုန်းတွေက မြို့တံခါးဝမှာ ရောက်နေကြပြီ" လီချိန့်က ပြော၏။ "အခြေအနေ ကတော့ အသည်းအသန် ဖြစ်နေပြီ။ ကြာကြာနေရင်တော့ ရှုံးမှာပဲ။ အရှင်က နန်းရင်းဝန် ကြီးဆီကို မိသားစုချင်း ကိုယ်ရေးစာတစောင် ရေးပြီး ဒီညအရောက် စိတ်ချတဲ့ သူနဲ့ပို့ရ မယ်။ ဒါမှ မနက်ဖြန်မနက် ညီလာခံမှာ မင်းကြီးဆီကို တပ်ကူလွှတ်ဖို့ လျှောက်တင်နိုင်မယ်။ ဒါက အကောင်းဆုံးပဲ။ပြီးတော့ အိမ်နီးချင်းပြည်နယ်တွေ၊ ခရိုင်တွေကိုလည်း စစ်ကူမြန်မြန် လွှတ်ဖို့ တရားဝင် အကြောင်းကြားပါ။ ဒါက ဒုတိယအချက်။ တတိယအချက်က ထဲ့နင်း မြို့သားတွေကိုလည်း အတင်းလူစုပြီး မြို့ရိုးပေါ်တက်စောင့်ခိုင်းရမယ်။ သစ်လုံးတွေ လိမ့်ချ ဖို့၊ ကျောက်တုံးတွေနဲ့ ပစ်ချဖို့၊ ထုံးရည်တွေ၊ သတ္တုရည်ပူပူတွေ လောင်းချဖို့ နေ့နေ့ညည ကင်းစောင့်ထားဖို့ ခိုင်းရမယ်။ ဒါမှ ပိုးစိုးပက်စက် မဖြစ်မှာ"

"ကျုပ်က စာရေးဖို့ မခဲယဉ်းပါဘူး။ ဒါပေမဲ့ ဘယ်သူ ပို့ပေးမလဲ" မြို့ဝန်က ဆင်ခြေ ပေး၏။ ထိုနေ့တွင်ပင် ထိပ်တန်းတပ်မှူးတဦးဖြစ်သော ဝန်တိန်ကို

တာဝန်ပေးလိုက်၏။ ဝန်တိန်က ချပ်ဝတ်အပြည့် အစုံဝတ်ကာ အဖော်မြင်းသည်နှစ်ဦးနှင့်အတူ စာကိုယူကာ အရှေ့နေပြည်တော်သို့ အမြန်ထွက်ခွာသွား၏။ အိမ်နီးနားချင်း ပြည်နယ်များကိုလည်း တပ်ကူများ လွှတ်ပေးရန် အကြောင်းကြား၏။ ခရိုင်ဝန်ဝန်ကလည်း အရပ်သားများကို မြို့ရိုးပေါ်တက်၍ ကာကွယ်ခိုင်း၏။ ဤအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

စုန်ကျန့်က သူ့တပ်ကို ခွဲကာ အရှေ့ အနောက် မြောက်ဘက်တို့တွင် ဝိုင်းထားပြီး တောင်ဘက် တမျက်နှာတည်းကိုသာ ချန်ထား၏။ နေ့တိုင်း တိုက်ခိုက်နေသကဲ့သို့ လျှံရှန်း တောင်ရိုးမှလည်း လူစာ မြင်းစာတို့ကို ပြန်၍ မှာ၏။ ရေရှည်ဝိုင်းထားရန် ရည်ရွယ်၏။ ကုန်သည်ကြီးလူနှင့် ရှိဇူတို့ကို ကယ်တင်ရန် ထဲ့နင်းမြို့ကို ချိုးဖောက်ဝင်မည်ဟု သန္နိဋ္ဌာန် ချထား၏။ နေ့တိုင်းပင် လီချိန့်နှင့် ဝင်တတို့က ထွက်၍ တိုက်ကြ၏။ သို့သော် မနိုင်။ စိုကျောက်၏ မြားဒဏ်ရာမှာ ပြန်ကောင်းလာပြီ ဖြစ်သော်လည်း ရှင်းရှင်း မပျောက်သေး။ ဝန်တိန်နှင့် မြင်းသည် နှစ်ဦးသည် နန်းရင်းဝန် အိမ်သို့ ရောက်သွား၏။ ဝင်းစောင့်က ဝင်၍ သတင်းပို့ရာ ဝင်ခွင့်ပြုလိုက်၏။ ဝန်တိန်က အတွင်းဆောင်သို့ ဝင်ကာ စာကိုပေး၏။ နန်းရင်းဝန်က စာကိုဖတ်ရသောအခါ တုန်လှုပ်သွားပြီး ဝန်တိန်ကို အသေးစိတ် မေးမြန်း၏။ ဝန်တိန်ကလည်း လူကွမ်းယီတို့၏ ဇာတ်လမ်းကို အသေးစိတ် ပြောပြကာ “စုန်ကျန့်က ခုဆို မြို့ကို ခဲပြတပ်ကြီးနဲ့ ဝိုင်းထားလိုက်ပြီ” ဟု စကားကို အဆုံးသတ်လိုက်၏။ ထို့ပြင် ယူတဲစု၊ လိုးကတ်စ်ပင် တောင်စောင်း၊ ကျားပုံတောင်ကြားတို့တွင် ဖြစ်ခဲ့သော လူသတ်ပွဲ ဟု ခေါ်ရမည့် တိုက်ပွဲများအကြောင်းကိုပါ တင်ပြလိုက်၏။

“မင်း မြင်းစီးလာတာ ပင်ပန်းလှပြီ။ အစိုးရဧည့်ရိပ်သာမှာ သွားနားတော့။ ငါ အစည်း အဝေး ခေါ်ရမယ်” ဟု နန်းရင်းဝန်က နားခိုင်းလိုက်၏။

“ဥတ္တရနေပြည်တော်က အခြေအနေ တော်တော်ကို ဆိုးနေပြီ အရှင်။ အဲဒီမြို့ကျသွား ရင် ဟေပေ့တနယ်လုံးလည်း သွားပြီ။ အရှင်က တပ်တွေကို မြန်မြန်လွှတ်ပြီး သူပုန်တွေကို နှိမ်နင်းပေးပါ”

“ဘာမှ ထပ်ပြောမနေနဲ့တော့။ သွားတော့”

ဝန်တိန်လည်း ထွက်သွား၏။ စစ်အစည်းအဝေး ချက်ချင်းခေါ်ရန် စစ်ဘက်ရေးရာ ဝန်ကြီးကို တာဝန်ကျအရာရှိဖြင့် ပြောခိုင်းလိုက်၏။ ခဏအကြာတွင် စစ်ဝန်ကြီးတုန်ဂွမ် လည်း စစ်သူကြီး သုံးယောက်နှင့်အတူ ခန်းမထဲတွင် လာတွေ့၏။ နန်းရင်းဝန်ကြီးက ဥတ္တရ နေပြည်တော်တွင် ကြုံတွေ့နေရသော လက်ရှိအရေးပေါ်အခြေအနေကို ရှင်းပြလိုက်၏။ “စီမံချက်ကောင်းကောင်း တခု၊ ပထမတန်း စစ်ဗိုလ်ချုပ်တယောက်ရမှ ဒီခဲပြ

တွေကို မောင်းထုတ်ပြီး အဲဒီမြို့ကို ထိန်းသိမ်းနိုင်မယ်” ဟု သူက ပြော၏။

ရောက်နေကြသော စစ်သူကြီးများလည်း အချင်းချင်း မျက်နှာငယ်လေးများဖြင့် ကြည့်လိုက်ကြ၏။ ထိုစဉ် ခြေလျင်စစ်သူကြီး၏နောက်မှ လူတယောက် ရှေ့သို့ ထွက်လာ၏။ သူက နန်းတော်အစောင့်တပ်၏ တပ်မှူးတဦး ဖြစ်၏။ သူ့အမည်မှာ ရွှန်ဇန် ဖြစ်၏။ သူ့ မျက်နှာမှာ အိုးဖင်တမျှ မည်းမှောင်၏။ သူ့နှာခေါင်းပေါက်တို့မှာ မိုးသို့ မျှော်နေ၏။ ဆံပင်က ခွေလိမ်ကာ မုတ်ဆိတ်မှာ နီကြောင်ကြောင် ဖြစ်၏။ တုတ်တုတ်ခိုင်ခိုင် ဖြစ်ပြီး ရောမ ဓားကြီးတလက်ကို ကိုင်၏။ လက်နက်ရေးမှာလည်း သူမတူအောင် ကျွမ်းကျင်၏။ မင်းသားတပါး၏ သမီးကို လက်ထပ်ခဲ့ဖူး၏။ ထို့ကြောင့် သူ့ကို သမက်ကိုရုပ်ဆိုးဟုလည်း ခေါ်ကြ၏။ လေးပြိုင်ပွဲများတွင် ဆက်တိုက် အောင်နိုင်ခဲ့သဖြင့် မင်းသားက အထင်ကြီးပြီး သူ့သမီးနှင့် ထိမ်းမြားပေးခဲ့၏။ သို့ရာတွင် ရွှန်ဇန်က အရုပ်ဆိုးလှသဖြင့် မိန်းကလေးမှာ အော်ဂလီဆန်ကာ သေရရှာ၏။ ထို့ကြောင့် သူလည်း အရက်ကွဲကာ အစောင့်တပ်၏ တပ်မှူးရာထူးမှ မတက်တော့ပေ။ တုန်ဂွမ်မှာ အထက်ဖားအောက်ဖိ နန်းတွင်းသား လူလည်တဦးလည်း ဖြစ်ရကား သူ့ကို နှိမ်ကာ ဆက်ဆံ၏။ သို့သော် ရွှန်ဇန်သည် စကား ပြောချင်စိတ်ကို မထိန်းနိုင်တော့သဖြင့် နန်းရင်းဝန်ကြီးကို တင်ပြ၏။

“ကျွန်တော် တောင်ပိုင်းမှာ နေတုန်းက လူတယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ တိုင်းပြည် သုံးစိတ်ကွဲသွားတဲ့ ဟန်မင်းဆက် နှောင်းပိုင်းက စစ်သူကြီးကွမ်ယုကနေ တိုက်ရိုက် ဆင်းသက်လာတာပါ။ သူ့နာမည်က ကွမ်ရှိန်းတဲ့။ သူ့ရုပ်က အဲဒီစစ်သူကြီးနဲ့လည်း တော်တော်ကို တူတယ်။ သူကိုင်တဲ့လက်နက်ကတော့ လခြမ်းပုံလှံပုဆိန်ပဲ။ ဒါကြောင့် လူတွေက ကွမ်ရှိန်းလှံပုဆိန်ကြီးလို့ ခေါ်ကြတယ်။ အခုတော့ သူက ပုတုံမှာ ကင်းအရာရှိလုပ်နေ တယ်။ ဒါပေမဲ့ စစ်ပညာစာအုပ်တွေကို ငယ်ငယ်ကတည်းက လေ့လာခဲ့တယ်။ လက်နက် ရေးမှာ ကျွမ်းကျင်တယ်။ သတ္တိမှာလည်း ပြိုင်ဘက်ကင်းတယ်။ သူ့ကို ငွေကြေးထောက်ပံ့ ပြီး ရာထူး တက်ပေးလိုက်ရင် ရေစပ်နားက ခံတပ်က သူပုန်အရိုင်းအစိုင်းတွေကို ဖျက်ဆီး ချေမှုန်းနိုင်လိမ့်မယ်။ ကျွန်တော်တို့ တိုင်းပြည် ငြိမ်းချမ်းသာယာရေး အတွက် အခရာကျ တယ်လို့ ထင်ပါတယ်ဗျာ။ သူက အရှင့်အမိန့်ကို စောင့်မျှော်နေမှာပါ”

နန်းရင်းဝန်ကြီးလည်း ဝမ်းသာသွား၏။ ကွမ်ရှိန်းကို နေပြည်တော်သို့ ခေါ်ခဲ့ရန် ရွှန်ဇန် ကို တမန်ခန့်ကာ ထိုနေ့တွင်ပင် သွားစေ၏။ အစည်းအဝေး လာတက်သော အရာရှိများ လည်း ပြန်သွားကြ၏။

ရွှန်ဇန်သည် နောက်ပါ စစ်သည်လေးငါးဦးနှင့် တရက်မပြည့်မီ ပုတုံကင်းစခန်းကို ရောက်သွား၏။ ကွမ်ရှိန်းသည် သူ့မိတ်ဆွေ ဟောင်စီဝင်နှင့်

ထိုင်ကာ ရေးခေတ် ယခုခေတ် ပုဂ္ဂိုလ်ကျော်တို့၏ အတက်အကျ အကြောင်းကို ဆွေးနွေးနေ၏။ ထိုအခိုက် အရှေ့နေပြည်တော်မှ တမန်တဦး ရောက်လာကြောင်း ကြားရသဖြင့် ထွက်၍ ကြို၏။ ဧည့်သည်ကို နေရာ ထိုင်ခင်းပေး၏။

"မတွေ့တာကြာပြီနော်၊ ဘာကိစ္စများရှိလို့ ဒီလောက် အဝေးကြီးကို လာခဲ့ရတာလဲ"

"လျှံရှန်းတောင်ရိုးက ခေးပြတွေက ဥတ္တရနေပြည်တော်ကို လာတိုက်နေကြပြီ။ ကျုပ်က နန်းရင်းဝန်ကြီးကို ပြောပြလိုက်တယ်။ နောင်ကြီးမှာ တိုင်းပြည်ကို အေးချမ်းအောင် လုပ်နိုင်မယ့် မဟာဗျူဟာလည်း ရှိတယ်၊ ရန်သူတပ်တွေကို ချေမှုန်းနိုင်မယ့် စွမ်းရည်လည်း ရှိတယ်ဆိုတော့ နန်းတွင်းက အမိန့်ထုတ်လိုက်တယ်။ နန်းရင်းဝန်ကြီးရဲ့ အမိန့်အရ ကျုပ်က ဒီငွေတွေ၊ ဖဲထည်တွေနဲ့ မြင်းကုန်းနှီး ကောင်းကောင်းတစုံကို လက်ဆောင်ယူခဲ့တယ်။ နောင်ကြီးကို လိုက်ခဲ့ဖို့ တောင်းပန်ပါတယ်။ မငြင်းပါနဲ့ နောင်ကြီး ရာ၊ ပစ္စည်းတွေ သိမ်းပြီး နေပြည်တော်ကို သွားကြမယ်"

ကွမ်ရှိန်းသည် အထူးကျေနပ်သွား၏၊ "ဒါက ဟောင်စီဝင်ပါ။ သူနဲ့ ကျုပ်က သွေးညီ နောင်တွေပါ။ သူ့ကိုယ်ဝန်ရှိစက သူ့အမေက အိပ်မက်မက်တယ်တဲ့ဗျ။ တောခွေးတကောင် ရဲ့ဝိညာဉ်က သူ့ကိုယ်ထဲ ဝင်သွားတယ်တဲ့။ ဒါကြောင့် သူ့ကို တောခွေးဟောင်လို့ ခေါ်ကြ တယ်။ သူက စစ်ပညာ ဆယ့်ရှစ်ရပ်စလုံးကို ကျွမ်းကျင်တယ်။ ကျုပ်ကို နန်းရင်းဝန်က ခေါ်တော့ သူ့ကိုပါ ခေါ်သွားလိုက်မယ်လေ။ တိုင်းပြည်တာဝန်ကို အတူတူ ထမ်းဆောင်ကြ တာပေါ့"

ရွှန်ဇန်က ဝမ်းမြောက်ဝမ်းသာ သဘောတူ၏။ ခရီးမြန်မြန်ထွက်ရန် လောဆော်၏။

ကွမ်ရှိန်းက သူ့မိသားစုကို မှာစရာရှိသည်များကိုမှာကြား၏။ သူ့လက်နက်၊ သံခမောက်၊ သံချပ်ဝတ်စုံ၊ ပစ္စည်းများ၊ မြင်း စသည်တို့ကို ယူဆောင်ကာ ဟောင်စီဝင်နှင့် အခြား လူသန်ကြီး တဒါဇင်လောက်နှင့်အတူ ရွှန်ဇန်နှင့် လိုက်ခဲ့ကြ၏။ အရှေ့နေပြည်တော်သို့ ရောက်သောအခါ နန်းရင်းဝန်၏ နေအိမ်သို့ တိုက်ရိုက် သွားကြ၏။ တံခါးစောင့်က အကြောင်းကြားသဖြင့် သူတို့အားလုံးကို နန်းရင်းဝန်က ခေါ်တွေ့၏။ ခန်းမထဲသို့ ရောက် သောအခါ နန်းရင်းဝန်ကို ဒူးထောက်ကန်တော့ကြပြီး စင်မြင့်ခြေရင်းတွင် ရိုသေစွာ ရပ်နေ ကြ၏။

နန်းရင်းဝန်က ကွမ်ရှိန်းကို ခြေဆုံး ခေါင်းဆုံး ကြည့်၏။ သူ့မျက်စိအောက်တွင် ရောက် နေသူမှာ အရပ်ရှည်ရှည် ဇလကောင်းကောင်း၊ မုတ်ဆိတ်ကို သုံးစုခွဲထားကာ မျက်ခုံးများ မျက်စိများက နားသယ်ဘက်သို့ ထောင်တက်နေသော၊ အသားအရေက ဆီးသီးရောင် ပေါက်နေသော

လူငယ်တဦးဖြစ်၏။ နန်းရင်းဝန်လည်း ကျေနပ်သွား၏။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်နှစ်နှစ်ပါ"

"လျှံရှုန်းတောင်ရိုးက ဓားပြတွေက ဥတ္တရနေပြည်တော်ကို လာဝိုင်းထားတယ်။

ဒီကောင်တွေကို ဖြိုခွဲဖို့ စီမံချက်များ ရှိသလား"

"ဒီဓားပြတွေက ကျူအင်းကို သိမ်းပြီး လူတွေကို လုယက်နေတယ်။ မြို့တွေကို ဝင်စီး နေတယ်လို့ ကြားတာတော့ ကြာပါပြီ။ ခုကျတော့ အတင့်ရဲပြီး သူတို့အသိုက်က ထွက်ပြီး ကိုယ့်ကိုယ်ကိုယ် ပျက်စီးအောင် ကြံနေကြပြီပေါ့။ ဥတ္တရနေပြည်တော်ကို ဝိုင်းထားတာကို လွတ်ရုံဆိုရင်တော့ အင်အားဖြုန်းတီးရာ ကျမယ်။ ကျုပ်ကို အင်အားတောင့်တောင့် တင်းတင်းနဲ့ တပ်တတပ်ကို ပေးရင် လျှံရှုန်းတောင်ရိုးကို ပထမ သွားသိမ်းမယ်။ ပြီးမှ ဓားပြတွေကို လက်ရဖမ်းမယ်။ ဒါမှ ဒီကောင်တွေ တောင်မင်း မြောက်မင်း မကယ်နိုင် ဖြစ်လိမ့်မယ်"

နန်းရင်းဝန်ကြီးမှာ သဘောကျလှ၏။

"ချောင်ပြည်ကို လွတ်အောင်လို့ ဝေပြည်ကို သွားဖမ်းမယ်ပေါ့။ ရှေးတုန်းကတည်းက သုံးလာတဲ့ မဟာဗျူဟာပဲပေါ့။ ငါလည်း ဒါကိုပဲ စဉ်းစားနေတာ" ဟု ဆိုကာ ရှန်တောင်နှင့် ဟေပေ့ပြည်နယ်များမှ စစ်အင်အား တသောင်းခွဲကို စုဆောင်းပေးရန် အမိန့်ထုတ်၏။ ဟောင်စီဝင်ကို ရှေ့ပြေးတပ်မှူးအဖြစ်၊ ရွှန်ဇန်ကို နောက်ရံတပ်မှူးအဖြစ်၊ ကွမ်ရှိန်းကို ဗိုလ်ချုပ်အဖြစ် တာဝန်ပေး၏။ ခြေလျင်တပ် စစ်သူကြီးတွမ်ချန်းကို လူစာ မြင်းစာ ထောက်ပံ့ရေးအတွက် တာဝန်ပေး၏။ တပ်မှူးအသစ် သုံးယောက်ကို ဆုလာဘ်များစွာ ချီးမြှင့်ပြီး လျှံရှုန်းကျူအင်းကို သွားတိုက်ရမည့် ရက်ကို သတ်မှတ်ပေးလိုက်၏။

သို့သော် နဂါး၏ အိမ်သည် ပင်လယ်ဖြစ်၏။ ယင်းသည် မြူကို တိမ်ကို မစီးနိုင်။ ကွင်း ပြင်ကျယ်တွင် ရောက်နေသော ကျားသည်လည်း သွားများ၊ လက်သည်းများကို အပြည့် အဝ အသုံးမချနိုင်။ မှန်ပေ၏။ ဆောင်းဦးလကို မျှော်ငေးနေသူ တယောက်သည်လည်း ပြုံးပြုံးပြက်နေသော ကျောက်မျက်ကို သူ့ကြုတ်ထဲတွင်ပင် မျက်စိမှောက်နေတတ်၏။

စုန်ကျန့်၏ တပ်များ ဘာဖြစ်သွားပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၄

လသာညတွင် ဟူယန်ကျို့က ကွမ်ရှိန်းကို လှည့်စားခြင်း

ဆီးနှင်းဝေသော နေ့တွင် စုန်ကျန့်က စိုကျောက်ကို ဖမ်းမိခြင်း

ကွမ်ရှိန်းသည် နန်းရင်းဝန်ထံမှ ထွက်ခွာခဲ့ပြီး လူတသောင်းခွဲကို ကွပ်ကဲမှူးယူ၏။ တပ်မ သုံးတပ်အဖြစ် ခွဲလိုက်ကာ အရှေ့နေပြည်တော်မှ လျှံရှန်းကျူအင်းသို့ ထွက်ခွာခဲ့သည်။ ဤအချိန်အတွင်းတွင် စုန်ကျန့်တို့ကလည်း ဥတ္တရနေပြည်တော်ကို နေ့စဉ် တိုက်ခိုက် နေကြ၏။ လီချိန့်နှင့် ဝင်တတို့လည်း ထွက်မတိုက်ရဲကြပေ။ စိုကျောက်၏ မြားဒဏ်ရာ မှာလည်း မပျောက်သေး။ ထို့ကြောင့် တိုက်မည့်သူ မရှိ။

စုန်ကျန့်လည်း မြို့ကို မဖောက်နိုင်သဖြင့် သုန်သုန်မှုန်မှုန် ဖြစ်နေ၏။ တောင်ရိုး ခြေကုပ် စခန်းမှ ထွက်လာသည်မှာ အတန်ကြာပြီ။ သို့သော် အောင်မြင်မှုမှာ မရရှိသေး။ တည တွင် သူ့တဲတွင် ထိုင်ကာ မှိုင်ပုံချနေ၏။ ဖယောင်းတိုင်ကို ထွန်းကာ ဂမ္ဘီရမယ်တော် ပေးလိုက်သော နတ်ကျမ်းများကို ဖတ်၏။ ထိုစဉ် သူတို့ဝိုင်းထားသော မြို့ကို ကယ်တင်ရန် တပ်များ မလွှတ်သည်မှာ ဆန်းလှသည်ဟု အတွေးဝင်လာ၏။ ထို့ပြင် တောင်ရိုးခံတပ်ကို လွှတ်လိုက်သော ထိုက်ချုံလည်း ဘာကြောင့် ပြန်မလာသေးတာလဲ။ စုန်ကျန့် စိတ်တွင် တထင့်ထင့် ဖြစ်လာလေ၏။ သူသည် အိပ်လည်း မအိပ်နိုင်၊ စားလည်း မစားနိုင်တော့။

အရာရှိငယ်တယောက် ဝင်လာကာ တင်ပြ၏။ "စစ်ဘက်အကြံပေးပုဂ္ဂိုလ် ရောက် လာပါတယ်" ဝုရုံလည်း ဗဟိုတဲအတွင်းသို့ ဝင်လာ၏။

"ကျွန်တော်တို့ ဥတ္တရနေပြည်တော်ကို ဝိုင်းထားတာ တော်တော်လေး ကြာနေပြီ။ မြို့ကို ကယ်တင်ဖို့ တပ်တွေ ဘာကြောင့် မလွှတ်ရတာလဲ"ဟု သူက သုံးသပ်၏။ "ပြီးတော့ တယောက်မှလည်း ထွက်မတိုက်ဘူး။ မြင်းသုံးစီးမြို့ထဲက ထွက်သွားတာတော့ သိတယ်။ မြို့ဝန်က အရှေ့နေပြည်တော်ကို လွှတ်ပြီး အခြေအနေတင်ပြခိုင်းတာပဲ ဖြစ်မယ်။ သူ့ ယောက္ခမ နန်းရင်းဝန်ကလည်း လုပ်ရည်ကိုင်ရည်ရှိတဲ့ စစ်ဗိုလ်ချုပ်တယောက်ကို ဦးစီး ခိုင်းပြီး တပ်ကူကို လွှတ်လိုက်မှာပဲ။ သူတို့က "ချောင်ကို ကယ်ဖို့ ဝေကို ဝိုင်းတဲ့ ဗျူဟာ ကိုများ သုံးနေရော့သလား။ ဒီမြို့ကို မကယ်တင်ဘဲ လျှံရှန်းတောင်ရိုးကို သွားတိုက်နေသလား။ အဲဒါပဲ ဖြစ်ရမယ်။ နောင်ကြီး ကြောင့်ကြနေတာ ကြောင့်ကြထိုက်တယ်။ တပ်တွေ ပြန်စုရမယ်။ ဒါပေမဲ့ လုံးဝတော့ မခွာသေးဘူး"

ထိုစဉ်တွင် နတ်ခြေမြန်ထိုက်ချုံ ရောက်လာကာ စုန်ကျန့်ကို တင်ပြ၏။ “နန်းရင်းဝန် က စစ်သူကြီးကွမ်ယုရဲ့ သားမြေး ဖြစ်တဲ့ လုံ့ပုဆိန်ကြီးကွမ်ရိုန်းကို တာဝန်ပေးလိုက်ပြီ။ သူက ကျွန်တော်တို့ တောင်ရိုးစခန်းကို တပ်ချီသွားပြီ။ စခန်းမှာ ကျန်ခဲ့တဲ့ ခေါင်းဆောင် တွေလည်း ကြံရာမရ ဖြစ်နေပြီ။ နှောင်ကြီးနဲ့ စစ်ဘက်အကြံပေးတို့ အမြန်ပြန်လာပြီး ကူစေချင်နေကြတယ်”

“ဒါပေမဲ့လည်း အလောသုံးဆယ်တော့ မလုပ်သင့်ဘူး” ဟု ဝုရုံက ထောက်၏။ “ဒီည မှာ ခြေလျင်တပ်တွေကို အရင်ရုပ်မယ်။ ဒါပေမဲ့ မြင်းတပ်နှစ်တပ်ကိုတော့ ကျားပုံတောင် ကြားမှာ ကင်းပုန်းဝပ်ဖို့ ချန်ထားရမယ်။ ကျွန်တော်တို့ ခွာမှန်းသိရင် မြို့ထဲကနေ ထွက် လိုက်ကြမှာပဲ။ ဒီအစီအစဉ်အတိုင်း လုပ်ကြရမယ်။ မဟုတ်ရင် ကျွန်တော်တို့ တပ်တွေ ဖရိုဖရဲ ဖြစ်ကုန်လိမ့်မယ်”

“ခင်ဗျား ပြောတာ ကောင်းတယ်ဗျာ” စုန်ကျန့်က သဘောတူ၏။

ဟွရုံကို မြင်းသည်ငါးရာနှင့် တောင်ကြားလမ်း၏ ဘယ်ဘက်တွင် လည်းကောင်း၊ လင်ချုံးကို မြင်းသည်ငါးရာနှင့် ညာဘက်တွင် လည်းကောင်း ပုန်းအောင်းနေစေ၏။ ဟူယန်ကျို့ကို မြင်းသည်အစိတ်ကို ခေါ်သွားစေပြီး လင်းချင်ကိုလည်း မြို့နှင့် ဆယ့်နှစ်လီ သာကွာသော နေရာတွင် အမြောက်များကို ချထားစေ၏။ မြို့ထဲမှ တပ်များ ထွက်လိုက် လာပါက အမြောက်သံပေးကာ အချက်ပြရမည်။ ထိုအခါ ကင်းပုန်းများက ဝိုင်း၍ တိုက်ကြ ရမည်ဖြစ်၏။ ထိုအချိန်မှာပင် စုန်ကျန့်၏ ရှေ့ဖျားတပ်များသည် တံခွန်များကို လိပ်ကာ၊ ဗုံများကို ပိတ်ကာ၊ မိုးရွာအပြီး လေလွင့်နေသော တိမ်တိုက်များကဲ့သို့ စစ်မတိုက်လို၍ ပြန်သွားသော တပ်များကဲ့သို့ ကုပ်ကုပ်ရုပ်ရုပ် ဆုတ်ခွာစေ၏။

ခြေလျင်တပ်သည် ညလယ်တွင် အစီအစဉ်အတိုင်း ဆုတ်ခွာကြ၏။ နံနက် မိုးစင်စင် လင်းသည်အထိ တပ်အားလုံး ဆုတ်ခွာသည့် အချက်ပေးခရာကို မတွေ့တ်သေးပေ။

ဤသည်တို့ကို မြို့ထိပ်မှ မြင်နေရ၏။ တံခွန်များကို လိပ်ကာ၊ ခေါင်းလုံ့များကို ထမ်းကာ တောင်ရိုးဆီသို့ ပြန်မည့် အနေအထားများ၊ စခန်းများကို ဆူဆူညံညံ ကမန်းကတန်း ဖြုတ်သိမ်းနေသည်များကို မြို့ဝန်ထံသို့ သတင်းပို့ကြ၏။

“လျှံရှန်းကျူအင်းက တပ်တွေ စုနေပြီ။ သူတို့ သွားကြတော့မယ်”

မြို့ဝန်လျှံက လီချိန့်နှင့် ဝင်တတို့ကို ခေါ်စေ၏။

“နန်းရင်းဝန်က လျှံရှန်းတောင်ရိုးကို သိမ်းဖို့ တပ်တတပ် လွှတ်လိုက်ပုံရတယ်” ဝင်တက ဆို၏။ “ဒီကောင်တွေက သူတို့ဝပ်ကျင်း ဆုံးရှုံးမှာ

ကြောက်လို့ ကမန်းကတန်း ပြန်ပြေးကြပြီ။ သူတို့ကို သတ်ပြီး စုန်ကျန့်ကို ဖမ်းကုပ်ဖို့ အခွင့်ကောင်းပဲ”

သူ့စကားမှ မဆုံးသေး။ မြင်းစေကျော်တယောက် ရောက်လာပြီး အရှေ့နေပြည်တော်မှ ညွှန်ကြားချက်ကို အကြောင်းကြားလာလေ၏။ တောပုန်းများကို ချေမှုန်းရာတွင် ပါဝင် ရန်၊ တောပုန်းများ ဆုတ်ခွာပါက လိုက်ရန် ယင်းအမိန့်တွင် ပါရှိ၏။ မြို့ဝန်လည်း လီချင်းနှင့် ဝင်တတို့ကို တပ်တတပ်စီ ကွပ်ကဲကာ ဆုတ်ခွာသော စုန်ကျန့်တို့ကို အရှေ့ဘက်နှင့် အနောက်ဘက်မှ လိုက်ကာ နှောင့်ယှက်စေ၏။

ဆုတ်သွားသော တပ်ဦးမှ စုန်ကျန့်သည် မြို့ထဲမှ စစ်သည်များ အန်ကျလာသည်ကို မြင်ရ၏။ သူနှင့် သူ့တပ်များလည်း အသက်ဘေးမှ လု၍ ပြေးကြသကဲ့သို့ ချီတက်ကြ၏။ လီချင်းနှင့် ဝင်တလည်း ကျားပုံတောင်ကြားထဲသို့ တန်းတန်းမတ်မတ် ဝင်လိုက်လာ ကြ၏။ ထိုစဉ် သူတို့နောက်ကျောမှ အမြောက်သံ ဟိန်း၍ လာလေ၏။

လီချင်းနှင့် ဝင်တလည်း ပေါက်ကွဲသံကြောင့် လန့်သွားကာ မြင်းကို ဇက်သတ်ပြီး ပြန် ကြည့်ကြ၏။ သူတို့တပ်နောက်မှ တံခွန်များ အထွေးထွေး ထနေသည်ကို မြင်ရ၊ စစ်စည်သံ များ တထိန်းထိန်းနှင့် မြည်ဟည်းလာသည်ကို ကြားရလေ၏။ လုံးဝ မျှော်လင့်မထားသော အခြေအနေပင် ဖြစ်၏။ ထိုစဉ် ဟွရုံနှင့် လင်ချုံးတို့က မြင်းငါးရာစီဖြင့် ဝဲယာမှ အတင်း ဝင်ကာ ထိုးခုတ်သတ်ဖြတ်ကြ၏။

ပြန်ခုခံရန် မဖြစ်နိုင်တော့ပေ။ အစိုးရတပ်မှူးများလည်း အလှည့်စားခံလိုက်ရကြောင်း သိရသဖြင့် တပ်ဦးမှနေ၍ အလျင်အမြန် ဆုတ်ခွာကြလေ၏။ ဟူယန်ကျို့ ဦးစီးသော မြင်းတပ်နှင့် ဝင်တိုးပြန်ရာ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကို ခံရလေ၏။ လီချင်းနှင့် ဝင်တလည်း သံခမောက်တခြား လူတခြားဖြင့် ချပ်ဝတ်အစိတ်စိတ်အမြွာမြွာဖြင့် မြို့ထဲသို့ ဝင်ပြေးကြကာ မြို့တံခါးကို မင်းတုပ်ချထားလိုက်ကြ၏။

စုန်ကျန့်တို့လည်း စနစ်တကျ ဆက်လက် ဆုတ်ခွာခဲ့ကြရာ ကျူအင်းအနီးသို့ ရောက် သောအခါ သမက်ကိုရုပ်ဆိုးရွှန်ဇန် လမ်းပိတ်ထားသည်ကို တွေ့ရလေ၏။ စုန်ကျန့်လည်း သူ့တပ်ကို ရပ်ကာ စခန်းချခိုင်းလိုက်၏။ ဆက်သားတယောက်ကိုလည်း တောင်ရိုးစခန်း ဆီသို့ လွှတ်ကာ ကြည်းကြောင်း ရေကြောင်းမှ တပ်ကူများကို မှာလိုက်၏။

စခန်းထဲတွင်မူ ရေတပ်ဗိုလ် လေ့မီးလျှံချန်ဟင်းနှင့် ဒီလိုင်းဖြူချန်ရွှန်းတို့ တိုင်ပင်နေကြ၏။ “ငါတို့ ဒီကို ရောက်လာကတည်းက ဘာမှအစွမ်းမပြရသေးဘူး။ ခုတော့ ပုတုံက လုံ့ပုဆိန် ကြီးကွမ်ရှိန်းက စစ်ကြောင်းသုံးကြောင်းနဲ့ လာတိုက်နေပြီ။

ငါတို့နှစ်ယောက် သွားဖမ်းပြီး တပွဲတလမ်းရအောင် လုပ်ကြရအောင်။ ဒါမှ ငါတို့လည်း ညီနောင်တွေကြားမှာ ခေါင်းမော့ နိုင်မယ်”

“ငါတို့ အလုပ်က ဒီရေတပ်ကို ကိုင်ဖို့ပဲလေ” ချန်ရွှန်းက တုံ့ပြန်၏။ “ငါတို့ ညီနောင် တပ်တွေကို သွားမကယ်ရင် လူတွေက ရယ်ကြမှာပဲ”

“အဲဒီလောက်လည်း တိကျမနေစမ်းပါနဲ့။ ဒီအတိုင်းဆို ငါတို့က ထူးမခြားနားဘဲ ဖြစ်နေမှာ။ မင်း မလိုက်ချင်လည်း မင်းသဘောပဲ။ ငါတော့ ဒီည သွားမယ်”

ချန်ရွှန်း တောင်းပန်သော်လည်း မရပေ။ ထိုညတွင် ချန်ဟင်းသည် လှေအစီးငါးဆယ် ကျော်တွင် လူ လေးယောက် ငါးယောက်စီ တင်၏။ ခိုးဝင်၍ တိုက်ရန်အတွက် အဝတ်အစား ပေါ့ပေါ့ပါးပါးသာ ဝတ်ပြီး ဝါးချွန်များ၊ ဓားမြှောင်များကိုသာ ယူလာစေ၏။ ဝေနေသော နှင်းထုကြားတွင် လရောင်မှာ ဖျော့ဖျော့သာ လင်းနေ၏။ တဖက်ကမ်းသို့ လှေဆိုက်သည့် ည ဒုတိယယံမှာ တိတ်ဆိတ်လှ၏။

ကွမ်ရှိန်းမှာ ဗဟိုတဲတွင် မီးခွက်တလုံးဖြင့် စာထိုင်ဖတ်နေ၏။ တပ်မှူးအရာရှိငယ် တဦးက လာ၍ သတင်းပို့၏။ “လှေကလေး အစီးလေးငါးဆယ်လောက် ကျူတောထဲကို ဝင်လာတယ်။ လှေပေါ်က လူတွေက လှံတွေနဲ့။ သူတို့က နှစ်ဖက်စလုံးမှာ ပုန်းနေကြတယ်။ ဘာတွေကြံနေလဲ မသိဘူး”

ကွမ်ရှိန်းက အရာရှိငယ်ဘက်သို့ လှည့်ကာ အေးစက်စက် အပြုံးဖြင့် တီးတိုး မှာကြား လိုက်၏။

ချန်ဟင်းသည် လူနှစ်ရာ သုံးရာခန့်ကို ဦးဆောင်ကာ ကျူတောမှ စခန်းရှိရာသို့ ချွတ် နင်းကာ ဝင်လာကြ၏။ သမင်ချိုအတားအဆီးများကို ဖယ်ရှားကာ တပ်အလယ်ပိုင်းသို့ ချဉ်းကပ်ခဲ့ကြ၏။ တဲတလုံးထဲတွင် မီးခွက်ဘေး၌ မုတ်ဆိတ်ကို သပ်ကာသပ်ကာဖြင့် စာဖတ်နေသော ကွမ်ရှိန်းကို မြင်ကြရ၏။

ချန်ဟင်းလည်း ဝမ်းမြောက်ဝမ်းသာဖြင့် လှံကိုကိုင်ကာ တဲဆီသို့ ပြေးဝင်လေ၏။ ချက် ချင်းပင် ကြေးလင်ပန်းသံများ တချွမ်းချွမ်းနှင့် ထွက်လာကာ စစ်သည်များကလည်း ညာသံ ပေးလိုက်ကြရာ မိုးအလုံး မြေအလုံး ပြိုကျသည့်နှယ်ပင် ဖြစ်လေ၏။ လေးဖက်လေးတန်မှ ကင်းဝပ်နေသော စစ်သည်များ ရှေ့သို့ တက်လာကြ၏။ ချန်ဟင်းတို့ လူသုံးရာလောက်မှာ တယောက်မျှ မလွတ်ပေ။ သူတို့ကို တုပ်နှောင်ကာ ဗိုလ်ချုပ်၏ တဲရှေ့သို့ တွန်းထိုးခေါ်လာ ကြ၏။

ကွမ်ရှိန်းက သူတို့ကို ကြည့်ကာ ဟားတိုက်၏။ “တရားဥပဒေမဲ့ သူပုန်တွေ၊ လူဆိုး အလေ့အမွှားတွေ။ မင်းတို့ကများ ငါ့ကို လာစော်ကားရဲတယ်” ချန်ဟင်းကို လှောင်အိမ် လှည်းတွင် ထည့်ချုပ်ထားလိုက်၏။ ကျန်သူများကို ထောင်ထဲတွင် ထည့်ထားလိုက်၏။ စုန်ကျန့်ကို ဖမ်းမိပြီးမှ ယင်းတို့ကို နေပြည်တော်သို့ ပို့မည် ဖြစ်၏။

ထိုအချိန်တွင် ဖိုးရုံတို့ ညီအစ်ကို သုံးဦးသားသည် စုန်ကျန့်ထံသို့ ညွှန်ကြားချက် တောင်းခံရန် တိုင်ပင်နေကြ၏။ ထိုစဉ် ချန်ရွှန်း ဝင်လာ၏။

“တောင်းပန်ပေမယ့် မရဘူးဗျာ။ အစ်ကို့ကို ခုတော့ လှောင်အိမ်လှည်းနဲ့ ချုပ်ထား ကြတယ်” ဟု သူက ဇာတ်ကြောင်းပြန်၏။

ဖိုးရုံငယ်ကုမ္ဘာန်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောလေ၏။ “ငါတို့က သေတပန်သက်ဆုံး သေအတူတူ ရှင်အတူတူ နေကြတာ။ မင်းက မင်းအစ်ကိုအရင်းကို ပေးအဖမ်းခံရတယ် လို့ကွာ။ မင်း သွားမကယ်ရင် ငါတိုဖိုးရုံတွေ သွားကယ်မယ်”

“ကျွန်တော်ကတော့ အမိန့်မရဘဲ မလှုပ်ရှားရဲဘူး” ချန်ရွှန်းက ဆို၏။

“မင်းကသာ စောင့်နေ၊ မင်းအစ်ကိုကို ဟိုက နုပ်နုပ်စဉ်းပစ်တော့မယ်” ကုမ္ဘာန်က ပြန်အော်၏။

“ဒါတော့ ဟုတ်တယ်” ဖိုးရုံကြီးနှစ်ယောက်ကလည်း ထောက်ခံ၏။ ချန်ရွှန်းလည်း နားချ၍ မရတော့သဖြင့် လက်ခံလိုက်ရလေ၏။

ထိုည စတုတ္ထယံအချိန်တွင် ရေတပ်ဗိုလ် အကြီးအငယ်အားလုံးသည် လှေအစီး တရာကျော်ကို ကွပ်ကဲကာ ကွမ်ရှိန်း၏ စခန်းကို လာခဲ့ကြ၏။ ကမ်းခြေမှ ကင်းစောင့်များ၏ အမြင်မှာ ပုရွက်ဆိတ်အုံကြီးနှင့် တူနေပေ၏။ ယင်းတို့ နီးလာသောအခါ ပုဆိန်ကြီးထံ သွားကာ သတင်းပို့ကြ၏။

“သူခိုး မြေကျွန် အထုံအထိုင်းတွေ” ဟု ကွမ်ရှိန်းက လှောင်၏။ ထို့နောက် သူ့တပ်မှူး များကို တီးတိုး ညွှန်ကြားလိုက်လေ၏။

ဖိုးရုံညီနောင် သုံးဦးက ရှေ့တန်းမှ၊ ချန်ရွှန်းက နောက်ဖျားမှ လိုက်ပါလျက် တောပုန်း များသည် ဟစ်ကြွေးကာ စခန်းထဲသို့ ဝင်တိုက်ကြ၏။ သို့သော် ရန်သူဟူ၍ မမြင်ရ။ အလန့်တကြားဖြင့် ဖိုးရုံတို့လည်း နောက်ကို လှည့်ကာ ပြန်မည်ပြုကြ၏။ ထိုစဉ် လင်ပန်းသံ များ ဟည်းထွက်လာပြီး အစိုးရခြေလျင်တပ်များ၊ မြင်းတပ်များက ဝဲယာမှ တံမြက်စည်း ကြီးနှင့် လှည်းသည့်နှယ် သူတို့ကို ရှင်းလင်းရင်း ချဉ်းကပ်လာကြ၏။

ဘေးရန်ကို ချက်ချင်း ရိပ်စားမိသော ချန်ရွှန်းက ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။ ဖိုးရုံ ညီနောင်သုံးဦးလည်း ရေစပ်သို့ လမ်းအတိုင်း ပြေးလာကြ၏။ နောက်မှ လိုက်လာသူ များက မီလာကြပြီး ကြိုးကွင်းများ ပစ်၍ ဖမ်းကြရာ ဖိုးရုံကလေးကုမ္ဘာန်ကို မိသွားကြ၏။ ဖိုးရုံကြီးနှင့် ဖိုးရုံငယ်တို့ကို ရေနဂါးလီကျွမ်း၊ တုန်မင်း၊ တုန်ဝေ့တို့က ကိုယ့်အသက်ကိုယ် မငဲ့နိုင်ဘဲ ကယ်လိုက်ရ၏။

ဤအကြောင်းတို့ကို တောင်ရိုးပေါ်သို့ သွားကာသတင်းပို့၏။ လျူထန်က ချန်ရွှန်းအား စုန်ကျန့်ထံ ရေလမ်းမှ သွားကာ သတင်းပို့စေ၏။ စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်၏။ ကွမ်ရှိန်းကို မည်သို့ တိုက်ထုတ်ရမည်လဲ။

ဝုရုံက ပြန်ဖြေ၏။

“အခုတိုက်ပွဲကတော့ အဆုံးအဖြတ် ပေးလိမ့်မယ်။ ကျုပ်တို့ရဲ့ အရှုံးအနိုင်က အဲဒါကို မှီတည်လိမ့်မယ်”

သူ့စကားမှ မဆုံးတတ်သေး၊ စစ်စည် စစ်မောင်းသံများ မိုးခြိမ်းသလို ထွက်လာ၏။ ရွှန်ဇန်သည် စစ်ကြောင်းသုံးကြောင်းဖြင့် စုန်ကျန့်တို့စခန်းကို ရှေ့တည့်တည့်မှ လာတိုက် ခြင်းဖြစ်၏။ စုန်ကျန့်တို့ တပ်လည်း ရှေ့သို့ တက်ကာ ရင်ဆိုင်၏။ ရွှန်ဇန်မှာ စစ်တံခွန် စစ်တလေးများအောက်တွင် မြင်းကို ဇက်သတ်ကာ ရပ်စောင့်နေ၏။

“ဒီလူယုတ်မာကို ဘယ်သူ သွားဖမ်းမလဲ” ဟု စုန်ကျန့်က ဟစ်လိုက်၏။

ဟွရုံလည်း ချက်ချင်းပင် သူ့မြင်းကြီးကို လက်ခုပ်သံ ပေးကာ လှံကို စွဲလျက် ဝင်တိုက် လေ၏။ ရွှန်ဇန်သည်လည်း သူ့ဓားကို ဝှေ့ယမ်းကာ ခံလင့်၏။ တက်တုံ သက်တုံ တိုးတုံ ဆုတ်တုံဖြင့် ဆယ်ချီမျှ တိုက်ကြ၏။ ဟွရုံလည်း ဟန်ဆောင်ကာ သူ့မြင်းကို လှည့်လျက် မောင်းပြေး၏။ ရွှန်ဇန်က လိုက်လာရာ မီလာလေ၏။ ဟွရုံက သူ့သံမဏိလှံတိုကို မြင်း ကုန်းနှီးရှိ ကွင်းများတွင် စွပ်ကာ လေးနှင့် မြားကို ထုတ်၏။ ကိုယ်ကို လိမ်ကာ၊ သူ့ လက်သန်သန်များကို အားကုန်ဆန့်ကာ ငှက်မွေးတပ်မြားကို လွှတ်လိုက်၏။ ရွှန်ဇန်က လေးညို့သံ ဒင်ခနဲကို ကြားလိုက်ရသဖြင့် သူ့ထံ ပြေးဝင်လာသော မြားကို သူ့လက်နက်ကို မြှောက်၍ ကာလိုက်၏။ မြားလည်း ဓားကို ထိကာ ချွင်ခနဲမြည်ပြီး လွင့်စဉ်သွားလေ၏။

ဟွရုံက နောက်မြားတစင်းကို တပ်ပြန်၏။ သူ့ရန်သူမှာလည်း နီးလာလေပြီ။ သူ့ ရင်ဘတ်ကို ချိန်၍ မြားကိုလွှတ်လိုက်သဖြင့် ရွှန်ဇန်လည်း ကိုယ်ကို ကျုံ့၍ ဝပ်ချလိုက်၏။ မြားလည်း ဝှီးခနဲ ဖြတ်သွားလေ၏။ သို့သော် သမက်ကိုရုပ်ဆိုးမှာ လေးသမားကို များစွာ အထင်ကြီးသွားကာ ဆက်မလိုက်တော့ဘဲ သူ့တပ်ရှိရာသို့

မြင်းဒုန်းစိုင်းကာ ပြန်သွားလေ ၏။ ဟွရုံက မြင်းကို ဆူးနှင့် နာနာပွတ်ကာ လိုက်လေ၏။ နီးလာသော် တတိယမြှားကို လွှတ်၏။ ရွှန်ဇန်၏ ချပ်ဝတ်ကို ချွင်ခနဲ သွားမှန်ကာ လွင့်စဉ်သွားလေ၏။

ရွှန်ဇန်လည်း သူ့နေရာသို့ အတင်းပြန်ပြေးကာ ကွမ်ရှိန်းထံသို့ ဆက်သားလွှတ်ပြီး တင်ပြလိုက်၏။ ပုဆိန်ကြီးလည်း ချက်ချင်းပင် မြင်းကို ပြင်၍ ရှေ့တန်းသို့ အမြန်လာခဲ့၏။ စစ်တလေးများလည်း တလူလူလွင့်ကာ လိုက်ပါလာကြ၏။

စုန်ကျန့်က ကွမ်ရှိန်း၏ ခံ့ညားပုံကို ဝုရုံသို့ တိုးတိုးလေး မှတ်ချက်ပြုလိုက်၏။ ဝုရုံက တပ်ဗိုလ်များဘက်သို့ လှည့်ကာ ချီးမွမ်းစကား ပြောလိုက်၏။ "တကယ့်သူရဲကောင်း ဗိုလ်ချုပ်ပဲ၊ ကျော်စောသင့်ပါတယ်"

ထိုစကားကို ကြားရသောအခါ လင်ချုံးမှာ ဒေါသထွက်သွားလေ၏။ "ကျုပ်တို့ညီနောင် တွေ လျှံရှန်းကျုအင်းကို ရောက်ပြီးကတည်းက တိုက်ပွဲဖြစ်တာ အခါ ခြောက်ဆယ် ခုနစ်ဆယ် ရှိပြီ။ ဂုဏ်ဆောင်ခဲ့တာချည်းပဲ။ ဒီလိုနှိုင်းပြီး ပြောတာ ကျုပ်တို့ ဂုဏ် နိမ့်ကျတယ်" ဟုဆိုကာ လှံကို ဆန့်လျက် ကွမ်ရှိန်းထံသို့ မြင်းကို စီးသွားလေ၏။

ပုဆိန်ကြီးက လှမ်းအော်၏။ "ကျုအင်းက ဓားပြတွေ၊ နန်းတော်ကြီးကို ပုန်ကန်ရဲ သလား၊ ငါ စုန်ကျန့်ကိုပဲ စီးချင်းတိုက်ဖို့ စိန်ခေါ်တယ်"

စုန်ကျန့်လည်း လင်ချုံးကို လှမ်း၍ ဟန့်တားလိုက်ပြီး သူတဦးတည်း မြင်းစီးကာ ထွက်ခဲ့၏။ ကွမ်ရှိန်းကို လှမ်း၍ အရိုအသေ ပြုလိုက်ပြီး-

ကျွန်တော် စုန်ကျန့်က ယွန်ကျင့်နယ်က အရာရှိငယ်တယောက်ပါ။ ဗိုလ်ချုပ်ကြီး ရှေ့မှာ အ အခစားဝင်ပါတယ်။ အပြစ်ရှိရင်လည်း ဝေဖန်ပါ"

"မင့်လို အရာရှိငယ်က ရွှေနန်းတော်ကို ပုန်ကန်ဝံ့သလား"

"အရှင်မင်းမြတ်က အလှည့်ဖြားခံထားရပါတယ်။ အကျင့်ဖောက်ပြန်တဲ့ အမတ်တွေ အရာရှိတွေကို အာဏာပေးထားတော့ ဆင်းရဲသားတွေမှာ ဘေးသင့်နေရပါတယ်။ ကျွန်တော်တို့ ညီနောင်တွေကတော့ မိုးကောင်းကင်နဲ့ အရှင်မင်းကြီးအတွက် ကောင်းမှု တွေကို လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့မှာ ဆိုးယုတ်တဲ့ ရည်ရွယ်ချက် မရှိပါဘူး"

"အရှင်မင်းကြီးရဲ့ စစ်သည်တွေ ရှေ့မှာ ရောက်နေတာကို မင်းက အာခံနေသေးတယ်။ မင်းအပြောချိုချိုလေးနဲ့ ဘယ်သူမှ အရူးလုပ်လို့ မရဘူး။ မြင်းပေါ်က ဆင်းပြီး အညံ့ခံစမ်း။ မဟုတ်ရင် မင်းကို နုပ်နုပ်စဉ်းပစ်မယ်"

မိုးကြိုးသွားချင်မင်းကား ဒေါသထွက်၍ မဆုံးတော့ပြီ။ ဝံပုလွေသွားတပ်တင်းပုတ်ကြီး ကို ဝင့်ကာ ရှေ့သို့ ထွက်၏။ ပုဆိန်ကြီးကလည်း မြင်းဒုန်းစိုင်းစီးကာ ထွက်၍ကြို၏။ ပွဲလမ်း မရလိုက်မည်ကို စိုးသော လင်ချုံးလည်း မြင်းကို လွှားခနဲနေအောင် စိုင်းကာ ကွမ်ရှိန်းကို ဝင်တိုက်လေ၏။ ဤသုံးယောက် ဖုန်လုံးထဲတွင် တိုက်ခိုက်နေပုံမှာ မီးပုံးစကြောပေါ်မှ အရုပ် များ ချာလပတ်လည်နေသလို ဖြစ်နေ၏။

စုန်ကျန့်က ကွမ်ရှိန်းကို ထိခိုက်ဒဏ်ရာ မရစေလိုပေ။ ထို့ကြောင့် စစ်ဆုတ်ခရာကို တွတ်စေ၏။ လင်ချုံးနှင့် ချင်မင်းတို့သည်လည်း နေရာသို့ ပြန်လာကြ၏။

"ဒီကောင်ကို ရတော့မှာဗျ"ဟု ဆိုကြ၏။ "ဘာလို့ ပြန်ခေါ်ပြီး တိုက်ပွဲကို ရပ်လိုက် ရတာလဲ"

"ညီနောင်တို့၊ ကျုပ်တို့က တရားမျှတတဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်အရ တိုက်နေတာ။ အားနည်းတဲ့သူကို အင်အားနဲ့ အနိုင်မယူဖူးဘူး။ ညီနောင်တို့ နှစ်ယောက်က ဖမ်းမိခဲ့ရင် ဒါဟာ မတရားဘူးလို့ သူက မြင်လိမ့်မယ်။ လူတွေကလည်း ကဲ့ရဲ့ကြလိမ့်မယ်။ သူက ရဲစွမ်းတဲ့ စစ်ဗိုလ်ချုပ်ပဲ။ လုပ်ရည်ကိုင်ရည် ရှိတယ်။ သစ္စာရှိတဲ့မင်းမှုထမ်း သမိုင်းဝင် ပုဂ္ဂိုလ်တယောက်ရဲ့ သားမြေး ဖြစ်တယ်။ သူက တောင်ရိုးပေါ်ကို လိုက်ခဲ့ဖို့ သဘောတူရင် သူ့ကို ကျုပ်နေရာကို ဝမ်းမြောက်ဝမ်းသာ လွှဲပေးမယ်"

ခေါင်းဆောင်နှစ်ဦးမှာ များစွာ မကျေနပ်လှပေ။ ထိုနေ့တွင် နှစ်ဖက်တပ်များ ဆုတ်ခွာ သွားကြ၏။

ကွမ်ရှိန်းလည်း စခန်းပြန်ရောက်သောအခါ မြင်းပေါ်မှ ဆင်းပြီး သံချပ်ကာကို ချွတ်၏။ "ငါ ဟိုဗိုလ်နှစ်ယောက်ကို မနိုင်နိုင်ဘူး။ ငါ ရှုံးတော့မှာ ရှင်းနေတာပဲ။ ဒါပေမဲ့ စုန်ကျန့်က သူတို့ကို ပြန်ခေါ်လိုက်တယ်။ ဘာကြောင့်လဲ" ဟု သူ စဉ်းစား၏။ ထို့နောက် ချန်ဟင်းနှင့် ဖိုးရုံကလေးတို့ကို အခေါ်ခိုင်းလိုက်၏။ လှောင်အိမ်လှည်းရှေ့သို့ ရောက်လာသောအခါ သူက မေး၏။

"စုန်ကျန့်က အငယ်တန်း မင်းမှုထမ်းလေးပဲ။ မင်းတို့က ဘာကြောင့် သူ့ကိုထောက်ခံ ကြတာလဲ"

"ကျုပ်တို့နောင်ကြီးက ရှန်တောင်နဲ့ ဟောပေ့တခွင်မှာ ထင်ရှားတယ်" ဟု ဗိုလ်ကုမ္ဘာန် ကပြန်ပက်၏။

"သူ့ကို ချိန်မှန်မိုးလို့ ခေါ်ကြတယ်။ ခင်ဗျားလိုလူကြမ်းလူတုံးကတော့

ဘယ်သိမှာလဲ” ကွမ်ရှိန်းသည် ခေါင်းငိုက်စိုက်ချထားကာ ဘာမှ ပြန်မပြောပေ။ လှည်းများကို ပြန်သိမ်းခိုင်းလိုက်၏။

ထိုညတွင် သူ တညလုံး အိပ်မပျော်ပေ။ တဲအပြင်ဘက် လမ်းလျှောက်ကာ လသာ သော ကောင်းကင်ပြင်ကို မျှော်ကြည့်နေမိ၏။ မြေပြင်တွင်မူ နှင်းများ ဖွေးနေ၏။ ကွမ်ရှိန်း လည်း သက်ပြင်းကြီး ချမိလိုက်၏။ ထိုစဉ် ကင်းထောက်တယောက် ရောက်လာကာ သတင်းပို့၏။ “မုတ်ဆိတ်မွေးနဲ့ တပ်ဗိုလ်တယောက် မြင်းစီးပြီး ရောက်လာတယ်။ ဘယ်သူ မှမပါဘူး။ လက်နက်ဆိုလို့ ကြာပွတ်ပဲ ပါတယ်။ အရှင့်ကို တွေ့ချင်လို့တဲ့”

“ဘယ်သူလဲလို့ မေးလိုက်သေးလား”

“သူက သံချပ်ကာလည်း ဝတ်မထားဘူး။ လက်နက်လည်း မပါဘူး။ နာမည်လည်း ပြောမပြဘူး။ ဗိုလ်ချုပ်နဲ့ စကားပြောချင်တယ်ပဲ ပြောတယ်”

“ကောင်းပြီလေ၊ ခေါ်ခဲ့”

ထိုသူကို ကွမ်ရှိန်း တဲဆီသို့ ခေါ်လာ၏။ မီးရောင်ထဲတွင်မူ ထိုသူကို မှတ်မိသလိုလို ရှိလာ၏။ ကွမ်ရှိန်းက နာမည်ကို မေး၏။

“ခင်ဗျား အခြံအရံတွေကို လွှတ်လိုက်ပါ”

ကွမ်ရှိန်းက ရယ်လိုက်၏။

“တပ်တော်တခုက ဗိုလ်ချုပ်တဦးက လက်အောက်ငယ်သားတွေနဲ့ တစိတ်တည်း တဝမ်းတည်း မရှိရင် ဘယ်လိုလုပ် သူတို့ကို ကွပ်ကဲမလဲ။ ဌာနချုပ်ထဲမှာဖြစ်ဖြစ် အပြင်မှာ ဖြစ်ဖြစ်၊ အဆင့်မြင့်မြင့် အဆင့်နိမ့်နိမ့် ၊ လျှို့ဝှက်ချက်ကို ဘယ်လို ထိန်းရသလဲဆိုတာ ငါတို့ ကောင်းကောင်းသိတယ်။ မင်းပြောချင်တာ လွတ်လွတ်လပ်လပ် ပြောပေတော့”

“ကျွန်တော့်နာမည်က ဟူယန်ကျို့ပါ။ ကျွန်တော်က အရင်က ဘုရင့်သံချပ်ကာတပ်က ပါ။ လျှံရှန်းကျူအင်းကို တိုက်ဖို့ လွှတ်လိုက်တာ၊ အလှည့်စားခံလိုက်ရပြီး အရေးမလှဖြစ် သွားတယ်။ ပြန်လို့လည်း မရဘူး။ အရှင်မင်းကြီးဆီလည်း သတင်းပြန်မပို့နိုင်တော့ဘူး။ ခင်ဗျား ရောက်လာတယ်ကြားရတော့ ကျွန်တော် သိပ်ကို ဝမ်းသာသွားတယ်။ ခုမနက်က စစ်မြေပြင်မှာ လင်ချုံးနဲ့ ချင်မင်းက ခင်ဗျားကို နိုင်တော့မယ့်ဆဲဆဲမှာ စုန်ကျန့်က ခင်ဗျား ဒဏ်ရာမရအောင်လို့ သူတို့ကို ပြန်ခေါ်လိုက်တယ်။ သူက တကယ်တော့ လက်နက်ချချင် နေပြီဗျ။ ခေါင်းပြတွေက သဘောမကျလို့သာ။ သူနဲ့ ကျွန်တော် တိတ်တိတ် တိုင်ပင်ထားတာ ရှိတယ်။ ခေါင်းပြတွေကို အကျပ်ကိုင်မလို့လေ။

ခင်ဗျားသဘောတူရင် မနက်ဖြန်ကျရင် ဒူးလေးနဲ့ မြားတွေလောက်ပဲ ယူပြီး မြင်းလျင် စီးပြီး တောလမ်းလေးအတိုင်း ဓားပြစခန်း ကို ဝင်ခဲ့ပါ။ လင်ချုံးနဲ့ အခြားဓားပြခေါင်းဆောင်တွေကို ဖမ်းပြီး နေပြည်တော်ကို ပို့တာ ပေါ့။ ခင်ဗျားလည်း အမှုတော်ကို ကောင်းကောင်း ထမ်းဆောင်ရာ ရောက်မယ်။ ကျွန်တော် တို့လည်း လွတ်ငြိမ်းခွင့် ရမယ်ပေါ့ဗျာ”

ကွမ်ရှိန်းလည်း လွန်စွာ ကျေနပ်သွားကာ ဟူယန်ကျို့ကို သေရည်သောက်ဖို့ ဖိတ်ကြား လေ၏။ ဟူယန်ကျို့ကလည်း စုန်ကျန့်မှာ ဘုရင့်သစ္စာကို နာခံရန်သာ အဓိကထားကြောင်း၊ ကံမကောင်းသဖြင့်သာ ဓားပြများနှင့် ပတ်သက်ခဲ့ရကြောင်း ပြောပြ၏။ ကွမ်ရှိန်းလည်း မုတ်ဆိတ်ကြီးကို သပ်ခါသပ်ခါဖြင့် သေရည် ထပ်ငှဲ့ပေးလေ၏။ ထိုသူတို့နှစ်ယောက် စိတ်ရှင်းရှင်းဖြင့် လွတ်လွတ်လပ်လပ်ကြီး စကားပြောနေကြ၏။

နောက်တနေ့တွင် စုန်ကျန့်က သူ့တပ်များကို စစ်တိုက်ရန် ပြင်ဆင်စေ၏။

ကွမ်ရှိန်းက ဟူယန်ကျို့အား “ဒီညတော့ ငါတို့ အကြံအတိုင်းလုပ်ကြမယ်။ ဒါပေမဲ့ သူတို့ခေါင်းဆောင်တွေကို အရင် နှိမ်နင်းရမယ်” ဟု တိုင်ပင်၏။

ဟူယန်ကျို့သည် ချပ်ဝတ်များကို ငှား၍ ဝတ်ကာ မြင်းတက်စီးပြီး ပုဆိန်ကြီးနှင့်အတူ စစ်မြေပြင်ကို ထွက်ခဲ့၏။ သူ့ကို တွေ့သွားသည်နှင့် စုန်ကျန့်က လှမ်းအော်၏။

“ကျုပ် နောင်ကြီးကို ဘယ်တုန်းကမှ မနှိမ်ခဲ့ဖူးဘူး။ ဘာဖြစ်လို့ ညက ခိုးထွက်သွား တာလဲ”

ဟူယန်ကျို့က ပြန်ပက်၏။

“အလကား ဓားပြတွေ၊ ဘာမှ အဖြစ်ရှိမှာလဲ မဟုတ်ဘူး”

စုန်ကျန့်က တောင်သုံးလုံးနှိမ်နင်းသူဟုန်ဆင့်ကို ဟူယန်ကျို့ကို တိုက်ရန် လွှတ်လိုက် ၏။ သူ့ဓားကြီးကို ဆုပ်ကိုင်ကာ ဓားကိုချိုးလျက် ဟူယန်ကျို့ထံသို့ မြင်းနှင့် အတင်းဝင်၏။ မြင်းနှစ်စီးဆုံကြပြီး စစ်သည်နှစ်ဦးတို့ တိုက်ပွဲဝင်ကြ၏။ တိုက်ကြ၍ ဆယ်ချီမပြည့်မီ ဟူယန် ကျို့က သူ့ သူ့တုတ်တချောင်းကို မြှောက်ကာ ဟုန်ဆင့်ကို မြေပေါ်သို့ ထိုးချလိုက်၏။ စုန်ကျန့် ၏လူများလည်း ကွင်းထဲသို့ အတင်းဝင်ကာ ဟုန်ဆင့်ကိုပြန်သယ်သွားကြ၏။ ကွမ်ရှိန်းလည်း ဝမ်းသာအားရဖြင့် စစ်ကြောင်းသုံးခုစလုံးကို ရန်သူအား ဝင်တိုက်ရန် အမိန့်ပေးလိုက်၏။ “ဒီလိုမလုပ်ပါနဲ့ ”ဟူယန်ကျို့က ဟန့်တားလိုက်၏။ “ဒီ ဝုရုံဆိုတဲ့လူက ဉာဏ်များ တယ်။ လိုက်တိုက်ရင် ထောင်ချောက်ထဲကို ကျသွားနိုင်တယ်”

ကွမ်ရှိန်းလည်း တပ်များကို ပြန်ရုပ်သိမ်းကာ စခန်းသို့ ပြန်ခဲ့ကြ၏။ ဗဟိုတဲတွင် ဟူယန် ကျို့ကို သေရည်ဖြင့် ဧည့်ခံကာ ဟုန်ဆင့်အကြောင်းကို မေး၏။

"သူက နဂိုကတည်းက နန်းတော်ကြီးမှာ အရာရှိ ဖြစ်ခဲ့တယ်။ နောက်တော့ ခရိုင် တပ်မှူးအနေနဲ့ ချင်ကျို့မှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ သူရယ်၊ ချင်မင်းရယ်၊ ဟွရုံရယ်က တချိန်တည်းမှာ ခားပြတွေ ဖြစ်လာကြတာ။ ဒီနေ့ ဟိုခားပြကို သတ်လိုက်ခိုင်းလို့ သူတို့ ဂုဏ်ကို ထိပါးသွားမှာပဲ။ ဒီည သူတို့ စခန်းကို ဝင်စီးရင် အောင်မြင်မှာ မုချပဲ"

ကွမ်ရှိန်းက ကျေနပ်လှပြီ။ ရွှန်ဇန်နှင့် ဟောင်စီဝင်တို့ကို အရန်စစ်ကြောင်း နှစ်ကြောင်း ကို ဦးစီးစေပြီး သူကိုယ်တိုင်ကမူ ဒူးလေးများ၊ မြားတိုများကိုသာ ကိုင်ဆောင်ထားသည့် မြင်းသည်ငါးရာကို ဦးစီးမည်ဖြစ်၏။ ဟူယန်ကျို့က လမ်းပြမည်၊ ည ဒုတိယယံတွင် စထွက် မည်။ တတိယယံတွင် စုန်ကျန့်တို့ စခန်းအလယ်သို့ ရောက်မည် ဖြစ်၏။

အချက်ပေးသည့် အမြောက်သံနှင့်အတူ စခန်းအပြင်အတွင်းနှစ်ဖက် ညှပ်ကာ တိုက် ကြမည်ဖြစ်သည်။

လရောင်မှာ နေ့ခင်းအလား ထိန်ထိန်တောက်နေ၏။ နေဝင်စတွင် ချပ်ဝတ်များကို ဝတ်ဆင်ကြကာ မြင်းကုန်းနှီးများမှ ချူများကိုလည်း ဖြုတ်ထားကြ၏။ စစ်သည်များမှာ လျှို့ဝှက်လှုပ်ရှားရန် အသင့်ပြင်ဆင်ထားပြီးကြပြီ။ မြင်းပေါ်တက်သောအခါ စကားမပြော မိစေရန် ကိုယ်စီကိုယ်င တုတ်တိုတချောင်းစီကို ပါးစပ်ထဲတွင် ကိုက်ထားကြ၏။ ဟူယန်ကျို့ က ရှေ့မှ လမ်းပြရာနောက်သို့ အားလုံးက လိုက်ပါခဲ့ကြ၏။

ညဉ့်ယံတဝက်လုံးလုံး တောင်တက်လမ်းအတိုင်း လိုက်ခဲ့ကြရ၏။ လမ်းဘေးဝဲယာတွင် ပုန်းအောင်းနေသည့် စစ်သည် လေးဆယ် ငါးဆယ်ခန့်က ထရပ်လိုက်ကြကာ "ခင်ဗျား လား ဗိုလ်ချုပ်ဟူယန်" ဟု တယောက်က အသံတိုးတိုးဖြင့် မေး၏။

"စကားမပြောနဲ့ ငါ့မြင်းနောက်က လိုက်ခဲ့ကြ" ဟု ဟူယန်ကျို့က ဟန့်လိုက်၏။

သူက ရှေ့ဖျားမှ မြင်းစီးသွားရာ ကွမ်ရှိန်းမှာ နောက်ပိုင်းမှ လိုက်လာခဲ့၏။ တောင်ကြား လွင်ပြင်တခုကို ဖြတ်ခဲ့ကြပြီးနောက် ဟူယန်ကျို့က သူ့လှံဖြင့် ညွှန်ပြလိုက်၏။ အဝေးတွင် မီးပုံးအနီတလုံး လင်းလျက် ရှိ၏။

ကွမ်ရှိန်းက မြင်းကို ဇက်သတ်လိုက်၏။ "ဒါ ဘယ်နေရာလဲ"

"စုန်ကျန့်ရဲ့ တပ်မပဲ" ဟူယန်ကျို့က ပြောပြီး မြင်းကို ဆက်နှင်၏။

မီးပုံးအနီနှင့် နီးလာသောအခါ အမြောက်သံတချက် ထိန်းခနဲ ထွက်လာလေ၏။ ကွမ်ရှိန်းတို့ မြင်းတပ်လည်း တက်၍တိုက်ကြလေ၏။ သို့သော် ထိုမီးပုံးအနီးသို့ ရောက်သော အခါတွင် လူသူတယောက်တလေကိုမျှ မတွေ့ရ။ ဟူယန်ကျို့လည်း ပျောက်သွားလေပြီ။ ကွမ်ရှိန်းလည်း သူ အလှည့်စားခံလိုက်ရပြီဟု အလန့်တကြား သိသွားရလေ၏။ သူ့မြင်းကို ကမန်းကတန်း လှည့်လိုက်၏။ ပတ်ပတ်လည်ရှိ တောင်များမှ စည်သံများ တဒိန်းဒိန်း မြည်လာကာ စစ်မောင်းသံများလည်း တချွမ်းချွမ်းနှင့် ဆူလာလေ၏။ စစ်သည်များလည်း လွတ်ရာလွတ်ကြောင်းရှာကာ တကွဲတပြား ပြေးကြလေ၏။ ကွမ်ရှိန်းလည်း မြင်းကို ဒုန်း စိုင်း၍ ထွက်ပြေးလေရာ သူ့နောက်မှ လူအချို့သာ ပါလာလေ၏။

တောင်ကြားလမ်းမှ အထွက်တွင် ယင်းတို့နောက်ဘက်ရှိ တောအုပ်မှ အမြောက်သံ တချက် ထွက်လာပြန်လေ၏။ ကျော့ကွင်းများ လေးဖက်လေးတန်မှ ထွက်လာကာ ကွမ်ရှိန်း ကို ဆွဲချလိုက်လေ၏။ သူ့လက်နက်နှင့် မြင်းကိုလည်း သိမ်းပိုက်လိုက်ကြ၏။ ချပ်ဝတ်ကို လည်း ချွတ်လိုက်ကြပြီး ဗဟိုစခန်းထဲသို့ တွန်းကာ တွန်းကာ ခေါ်လာခဲ့ကြ၏။ လင်ချုံး၊ ဟွရုံတို့ ဦးစီးသော မြင်းတပ်ကလည်း ဟောင်စီဝင်ကို ကြားမှ ဖြတ်တိုက်ခဲ့၏။ ထိုခေါင်း ဆောင်နှစ်ဦးနှင့် အချီ နှစ်ဆယ် သုံးဆယ်မျှ တိုက်ပြီးသော် အားကုန်လာသဖြင့် ထွက်ပြေး ရရှာ၏။ သူ့နောက်သို့ မည်သို့ မည်ပုံ ရောက်လာမှန်းမသိရသော မိန်းမပျို သံမဏိတာက ထက်ကြပ်လိုက်ပါလာလေ၏။ ကြက်သွေးရောင်ကျော့ကွင်းဖြင့် ပစ်၍ စွပ်လိုက်ပြီး မိန်းမပျိုက သူ့ကို မြင်းပေါ်မှ ဆွဲချလိုက်လေ၏။ ခြေလျင်စစ်သည်များ ရှေ့ကို တက်လာကာသူ့ကို ဖမ်း၍ ခေါ်သွားကြ၏။

ထိုအချိန်တွင် ချင်မင်းနှင့် ဆွန်လီတို့က ရွှန်ဇန်နောက်သို့ မြင်းစီးစစ်သည်တစုဖြင့် လိုက်ခဲ့ရာ ချောပို့လမ်းမပေါ်တွင် တည့်တည့်တိုးမိကြ၏။ ရွှန်ဇန်က ရှေ့သို့ တိုးကာ ဟစ်၏။

"ဟေ့ကောင် တောပုန်းစုတ်တွေ၊ မသေချင်ရင် ရှောင်ဟ့ ရှားဟ့"

ချင်မင်းလည်း ဒေါသထွက်လာကာ သူ့တင်းပုတ်ကြီးကို လွှဲကာ လွှဲကာဖြင့် ရွှန်ဇန် ဆီသို့ မြင်းကို အသားကုန်စိုင်း၍ ဝင်၏။ မြင်းနှစ်စီးဆုံမိကာ မြင်းစီးနှစ်ဦးတို့ တိုက်ကြ၏။ သုံး လေးချီမျှ တိုက်အပြီးတွင် ဆွန်လီက ဘေးမှ ဝင်၍ ချဉ်းကပ်လာ၏။ ရွှန်ဇန်လည်း ပျာယာ ခတ်လာကာ သူ့သိုင်းပညာ စစ်ပညာများ ဘယ်ရောက်ကုန်သည် မသိတော့။ ချင်မင်း၏ တင်းပုတ်စာမိကာ မြင်းပေါ်မှ ပြုတ်ကျလေ၏။ တောပုန်းများလည်း ဝိုင်း၍ ကြွေးကြော် ကြပြီး သူ့ကို ဖမ်းလိုက်ကြ၏။

ဤသို့ ဖြစ်ပျက်နေစဉ်အတွင်းတွင် လင်းယုန်မာန်လီယင်းသည်လည်း ကွမ်ရှိန်း၏ ပင်မစခန်းကို အင်ကြီးအားကြီးဖြင့် ဝင်စီးကာ ချန်ဟင်း၊ ဖိုးရုံကလေးနှင့်တကွ အခြားသော ရေတပ်သားများကို ကယ်တင်လိုက်၏။ ရိက္ခာများ၊ မြင်းစာများ၊ မြင်းများကို သာမက အညံ့ခံသော ရန်သူအမြောက်အမြားကိုပါ လက်ရ သိမ်းလိုက်ကြ၏။

အရုဏ်တက်သော် စုန်ကျန့်တို့ တတပ်လုံး တောင်ရိုးပေါ်သို့ ပြန်ကြ၏။ သစ္စာခန်းမ ဘွင် သူနှင့်တကွ လက်အောက်ခံဗိုလ်များ အဆင့်အလိုက် နေရာယူပြီးသည့်အချိန်တွင် အရှေ့တခွင်တွင် တဖြည်းဖြည်း လင်းလာနေလေပြီ။ ကွမ်ရှိန်း၊ ရွှန်ဇန်၊ ဟောင်စီဝင်တို့ကို ခေါ်လာခဲ့ကြ၏။ စုန်ကျန့်လည်း နေရာမှ ကပျာကယာ ဆင်းလာကာ အစောင့်များကို နောက်ဆုတ်ရန် အမိန့်ပေးပြီး သူတို့ကို သူကိုယ်တိုင် ကြိုးဖြေပေး၏။ ကွမ်ရှိန်းကို အလယ် ကောင်ရှိ ခေါင်းဆောင်နေရာတွင် ထိုင်စေပြီး ဦးညွတ်ကာ အရိုအသေပေး၏။

"အောက်တန်းစား ရာဇဝတ်ကောင်တွေက အရှင့်အာဏာကို မတော်တဆ ထိပါးမိပါတယ်" ဟု နှိမ့်နှိမ့်ချချ စကားကိုဆို၏။ "ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဟူယန်ကျို့လည်း ထွက်လာ၏။

"ကျွန်တော်လည်း မငြင်းသာတဲ့ အမိန့်တွေအရ လုပ်ခဲ့ရတာပါ။ တောင်းပန်ပါတယ် ဗိုလ်ချုပ်။ ကျွန်တော့်ရဲတင်းမှုကို ခွင့်လွှတ်ပါ ခင်ဗျာ"

ကွမ်ရှိန်းလည်း တောပုန်းဗိုလ်တို့၏ စိတ်ထားကြောင့် မှင်တက်မိနေ၏။ ရွှန်ဇန်နှင့် ဟောင်စီဝင်တို့ဘက်ကို လှည့်ကာ မေး၏။ "ငါတို့က သုံ့ပန်းတွေပဲ။ ငါတို့ ဘာလုပ်ကြမလဲ"

ထိုနှစ်ယောက်က တုံ့ပြန်ကြ၏။

"ဗိုလ်ချုပ်သဘောအတိုင်းပါ ခင်ဗျာ"

"ငါတို့မှာ နေပြည်တော်ကို ပြန်ပြီး ပြစရာ မျက်နှာလည်း မရှိတော့ဘူး။ မြန်မြန်သာ သတ်လိုက်ကြပါတော့"

"ဒီလို မပြောပါနဲ့ဗျာ" စုန်ကျန့်က ဆို၏။ "ကျွန်တော်တို့ကို အလေးအမြွားတွေလို့ မမှတ်ရင်တော့ ကျွန်တော်တို့နဲ့ လက်တွဲပြီး မိုးကောင်းကင်ကိုယ်စား မှန်ကန်တဲ့ လုပ်ရပ် တွေကို လုပ်ပါလား ခင်ဗျာ။ တကယ်လို့ ခင်ဗျားတို့က ဒီလိုဆန္ဒမရှိရင်လည်း ဖမ်းမထား ပါဘူး။ ဒီနေ့ပဲ နေပြည်တော်ကို ပြန်ပို့ပေးပါ့မယ်"

“လူတွေက ဖြောင့်မတ် တည်ကြည်တဲ့ စုန်ကျန့်လို့ ခေါ်ကြတာ တကယ်ပဲ ခေါ်ထိုက် ပါပေတယ်။ လူဆိုတာက သူ့ကို နားလည်တဲ့ မိတ်ဆွေတွေကို အတုံ့အပြန် ရှိရမယ်တဲ့။ ကျုပ်တို့က အိမ်လည်း မပြန်နိုင်၊ အလုပ်ကိုလည်း မပြန်နိုင်မှတော့ နောင်ကြီးလက်အောက် မှာ ရိုးရိုးစစ်သည်အနေနဲ့ပဲ ဝမ်းမြောက်ဝမ်းသာ အမှုထမ်းပါတော့မယ်ဗျာ”

စုန်ကျန့်ကား ဝမ်းမြောက်လှပေ၏။ ထိုနေ့တွင် စားသောက်ပွဲကြီးတခုကို တည်ခင်းရန် စီမံစေ၏။ အန့်အပြားတွင် ရောက်နေကြသော အစိုးရတပ်များက အညံ့ခံပါက ကောင်း မွန်စွာ ဆက်ဆံရန် သူ့လူများကို လွှတ်ကာ အကြောင်းကြားစေ၏။ လူခြောက်ထောင် ခုနစ်ထောင်တို့က တုံ့ပြန်ကာ ဝင်လာကြ၏။ ကျန်လူများကို သွားခွင့်ပြုလိုက်ကြ၏။ အညံ့ ခံသော အစိုးရတပ်သားများအနက် မိသားစု ရှိသူများကို ငွေများပေးကာ အိမ်ပြန်ခွင့်ပြု၏။ ဟွေ့ရုံကိုလည်း စာတစောင်နှင့်အတူ ပုတုံသို့ လွှတ်ကာ ကွမ်ရှိန်း၏ မိသားစုကို အခေါ် လွှတ်လိုက်၏။ ဤကိစ္စများကိုမူ အကျယ်မချဲ့လိုတော့။

စားသောက်နေစဉ်အတွင်းတွင် ဥတ္တရနေပြည်တော်အတွင်းတွင် အကျဉ်းကျခံနေ ရသော လူကွမ်းယီနှင့် ရှိဇူတို့ကို သတိရမိသဖြင့် စုန်ကျန့်သည် မျက်ရည်များ ကျလာ လေ၏။ ဝုရုံက အားပေး၏။

“စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ။ ကျွန်တော့်မှာ အကြံရှိပါတယ်။ ဒီညပဲ တပ်တွေ ပြင်ဆင် ပြီး ထဲ့နင်းကို သွားတိုက်ကြမယ်။ အောင်မြင်မှာ မုချပါ”

ကွမ်ရှိန်းက ထရပ်လိုက်ကာ ပြောလိုက်၏။

“ကျုပ်ကို မသတ်လို့ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျုပ်က ရှေ့ဆုံးက လိုက်ချင်ပါတယ်”

စုန်ကျန့်လည်း များစွာ ကျေနပ်သွား၏။ နောက်တနေ့ နံနက်တွင် ရွှန်ဇန်နှင့် ဟောင်စီ ဝင်တို့၏ မူလတပ်များကို ပြန်စုဖွဲ့စေပြီး ရှေ့ဖျားတပ်အဖြစ် ဖွဲ့စည်းလိုက်၏။ အဖမ်းခံရသော တပ်မှူးများအနက် ဥတ္တရနေပြည်တော်ကို တိုက်ခိုက်ရာတွင် မပါဝင်လိုသူ မရှိ။ လီကျွမ်း နှင့် ချန်ရွှန်းတို့က သံချပ်ကာ လှေတပ်ဖြင့် နောက်မှ လိုက်ပါလာကြရန် ဖြစ်၏။ အားလုံး အစီအစဉ်အတိုင်း ထွက်ခဲ့ကြ၏။

မြို့တော်ထဲတွင် မြို့ဝန်လျှံသည် နာလန်ထလာသူ စိုကျောက်ကို ဂုဏ်ပြုကာ အောင်သေ အောင်သားပွဲ ကျင်းပနေ၏။ ကောင်းကင်သည် အုံ့မှိုင်းကာ လေမှာလည်း တသုန်သုန် တိုက်နေသည်။ မြင်းစီး ဆက်သားတဦး ဝင်လာကာ သတင်းပို့လေ၏။

"ကွမ်ရှိန်း၊ ရွှန်ဇန်၊ ဟောင်စီဝင်တို့နဲ့ သူတို့တပ်တွေပါ စုန်ကျန့်အဖမ်းကို ခံလိုက်ရပါပြီ။ ပြီးတော့ စုန်ကျန့်တို့အဖွဲ့ထဲ ဝင်သွားပါပြီ။ လျှံရှုန်းတပ်တွေ ဒီနေ့ပဲ ဒီကိုရောက်လာ ပါတော့မယ်"

မြို့ဝန်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ သေရည်ခွက်များ လဲပြိုကျ ကုန်၏။ တူများ လွတ်ကျကုန်၏။

"ဒီခေးပြတွေ ငါ့ကို မြားနဲ့ ပစ်ထားတာ၊ ခုတော့ လက်စားချေရပြီပေါ့ကွာ" စိုကျောက် က ဝမ်းသာအားရ ကြုံးဝါး၏။

မြို့ဝန်က စိုကျောက်ကို သေရည်နွေးနွေးဖြင့် ဂုဏ်ပြုကာ မြို့တော်မှ စစ်သည်များကို ဦးဆောင်ကာ ရန်သူကို တိုက်ရန် ညွှန်ကြား၏။ လီချင်းနှင့် ဝင်တတို့ကိုလည်း အရန်တပ် များဖြင့် နောက်မှ လိုက်စေ၏။

အချိန်မှာ ဆောင်းလယ်ကာလ ဖြစ်၍ ရာသီဥတုမှာ အေးလှသည်။ ကောင်းကင်ပြင် တွင် တိမ်နီနီများ အုံ့ဆိုင်းနေသည်မှာလည်း ရက်အတန်ကြာပြီ။ အော်သံ အူသံပေးကာ တိုက်နေသော မြောက်လေမှာလည်း ပြင်းထန်လှသည်။ စိုကျောက်သည် ကျားပုံတောင် ကြားသို့ ချီတက်ကာ စခန်းချ၏။

နောက်တနေ့တွင် စုန်ကျန့်သည် လူ့ဖန်၊ ကောက်ရှိန်းတို့နှင့်အတူ တောင်အငူတခု ပေါ်သို့ တက်ကာ ကွမ်ရှိန်း တိုက်ပွဲဝင်သည်ကို ကြည့်၏။ စစ်စည်ကြီးများကို သုံးချီ သုံးလား တီးပြီးသော် ကွမ်ရှိန်းသည် ကွင်းပြင်သို့ မြင်းစီးကာ ထွက်လာလေ၏။ ကွင်းတဖက် ခြမ်းတွင် စိုကျောက်သည်လည်း မြင်းစီးကာ စောင့်နေ၏။ သူက ကွမ်ရှိန်းကို မသိချေ။

ဘေးမှ ငယ်သားတဦးက-

"အဲဒါ ကွမ်ရှိန်းပေါ့။ လှံပုဆိန်ကြီးဆိုတာလေ။ သူပုန်တွေနဲ့ ပေါင်းသွားတာ"

စိုကျောက်က ဘာမှမပြောဘဲ လှံကိုသာ မြဲမြဲကိုင်လျက် ရန်သူထံသို့ မြင်းကိုနှင်လာ၏။ ကွမ်ရှိန်းက သူ့မြင်းကို လက်ခုပ်သံပေးကာ လှန့်လိုက်ပြီး ဒုန်းစိုင်းကာ ကြိုလင့်၏။ သူတို့ နှစ်ယောက်သား တိုက်၍ ဆယ်ချီမပြည့်မီ လီချိန့်က ဝင်ပါလာ၏။ သူက အစိုးရတပ်မမှ ကြည့်နေရာက စိုကျောက်၏ ပုဆိန်သိုင်းသည် ကွမ်ရှိန်းကိုမယှဉ်သာကြောင်း မြင်လာရ၏။ ထို့ကြောင့် ခေးတဝင့်ဝင့်နှင့် ဝင်တိုက်လေ၏။

ရွှန်ဇန်နှင့် ဟောင်စီဝင်တို့လည်း ပုဆိန်လှံကြီးဘက်မှ ဝင်ပါကြ၏။ ယခုအခါ မြင်းစီး ငါးဦးတို့ တိုက်နေကြလေပြီ။ တောင်အငူပေါ်မှ စုန်ကျန့်က သူ့ကြာပွတ်ကို ရှေ့သို့ ညွှန်လိုက် ရာ တတပ်လုံး ထ၍ လှုပ်ရှားကြလေ၏။ လီချိန့်၏ တပ်လည်း

ပြင်းပြင်းထန်ထန် ထိုးနှက်မှု ကို ခံရနေလေပြီ။ ထို့ကြောင့် မြို့တွင်းသို့ ဝင်ပြေးကာ တံခါးများကို မင်းတုပ်ချထားကြလေ ၏။ စုန်ကျန့်တို့လည်း မြို့ခြေသို့ ရောက်အောင် လိုက်ခဲ့ပြီးမှ အနားတွင် စခန်းချထားကြ၏။

နောက်တနေ့တွင် စိုကျောက်လည်း တချီတမောင်း ထွက်၍ တိုက်ပြန်၏။ ဝုရုံက သူ့တပ်ဗိုလ်များကို ရန်သူကို ပြန်၍ ရင်ဆိုင်ရန်၊ သို့သော် ရန်သူက ရှေ့သို့ တက်လာပါက ပြန်ဆုတ်ရန် မှာထားလိုက်၏။

စိုကျောက်လည်း အရှုံးအလုပ်ခံရသည်ကို မသိရှာဘဲ အောင်နိုင်သူအဖြစ် စိတ်ကြီး ဝင်ကာ ပြန်လာခဲ့လေ၏။

ထိုညတွင် တိမ်များ တက်လာပြီး လေလည်း ထန်လာလေ၏။ တဲထဲမှ ဝုရုံထွက်လာ သောအခါ ဆီးနှင်းများ ထူထပ်စွာ ကျနေလေပြီ။ စမ်းချောင်းတဖက် တောင်တဖက် ကြား ရှိ မြေကျဉ်းကျဉ်းမြောင်မြောင်လေး တနေရာကို ရွေးကာ ယင်းနေရာသို့ ခြေလျင်တပ် တဖွဲ့ကို လွှတ်လိုက်၏။ ထိုနေရာတွင် ကျင်းတကျင်းကို တူးကာ ပြန်အုပ်ထားလိုက်ပြီး မြေကြီးများဖြင့် ပုံဖျက်ထားလိုက်၏။ ထိုညတွင် နှင်းဆက်ကျနေသဖြင့် နံနက်လင်းသော် မြင်မြင်သမျှတို့ အပေါ်တွင် နှစ်ပေထုရှိသော ဆီးနှင်းဝတ်ရုံဖြူဖြူကြီးက အုပ်ထားလေ၏။

မြို့ထိပ်မှ ကင်းသမားများ၏ အမြင်တွင် စုန်ကျန့်တို့တပ်များ ကြောက်လန့်နေသည်ဟု မြင်ရ၏။ တပ်များသည် တနေရာပြီး တနေရာ ပြောင်းရွှေ့နေကြ၏။ ထိုသို့ ဖြစ်နေသည်ကို မြင်ရသော စိုကျောက်သည်လည်း တပ်သားသုံးရာကို ဦးဆောင်ကာ ထွက်ခဲ့လေ၏။

တောပုန်းများလည်း ကစဉ့်ကရဲ ဆုတ်ခွာကြလေ၏။ စုန်ကျန့်က ရေတပ်ဗိုလ်လီကျွမ်း နှင့် ချန်ရွှန်းတို့ကို အပေါ့စားလက်နက်များ တပ်ဆင်ကာ ရန်သူနှင့် သွား၍ ရင်ဆိုင်ခိုင်း၏။ မြင်းများကို ဇက်ချုပ်၍ ထိန်း၍ စီးကာ လှံများကိုလည်း ရန်သူ့ဆီသို့ မရွယ်ဘဲ လွှဲဖယ်လျက် တက်လာကြပြီး စိုကျောက်နှင့် နီးသောအခါတွင် ကျင်းရှိရာဘက်သို့ ထွက်ပြေးကြလေ၏။ စိုကျောက်လည်း နောက်က ထက်ကြပ်လိုက်လာလေ၏။ စိတ်မရှည်သူဖြစ်သည့်အလျောက် ဘာကိုမှ ဂရုမစိုက်ချေ။

လမ်းနှင့် စမ်းချောင်း နီးလာသောအခါ လီကျွမ်းက မြင်းပေါ်မှ ရေထဲသို့ ခုန်ချလိုက် လေ၏။ ရေကူးရင်းက“ နောင်ကြီးစုန်ကျန့် ပြေး ပြေး”ဟု အော်နေလေ၏။

စိုကျောက်လည်း မဆင်မခြင်ဘဲ ထိုလမ်းကျဉ်းလေးထဲသို့ မြင်းကိုဒုန်းစိုင်း၍ ဝင်၏။ တောင်ကုန်းအကွယ်မှ အမြောက်သံ တချက်ထွက်လာသောကြောင့်

မြင်းလန့်သွားသဖြင့် စီးသူမှာ ကျင်းထဲသို့ တလိမ့်ခေါက်ကွေး ကျသွားလေ၏။ တောပုန်းများလည်း ချက်ချင်း ထွက်လာကာ ဝိုင်းထားလိုက်ကြလေ၏။ စိုကျောက်တွင် ခေါင်းသုံးလုံးနှင့် လက်ခြောက်ဖက် ရှိစေဦး၊ သူ့ကိုယ်ပေါ်မှ ဒဏ်ရာခုနစ်ချက်နှင့် အနာအဆာ ရှစ်ခုတို့ကို လွှဲဖယ်နိုင်မည် မဟုတ်။

မှန်ပေ၏။ ဆီးနှင်းထုက ထောင်ချောက်တခုကို ဝှက်ထားလေ၏။ ဆင်စွယ်နှစ် အောက်တွင် ကျောက်စိမ်းအလွှာလွှာတို့ဖြင့် ပြီးသော ထောင်ချောက် ရှိလေ၏။

စိုကျောက်ကို ဘာလုပ်ကြမည်နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၅

ဘုရားဒကာကျောက်ခဲ အိပ်မက်လာပေးခြင်း

မြစ်ပြင်တွင် ဒီလှိုင်းဖြူ လက်စားချေခြင်း

စိုကျောက်ကို ဖမ်းလိုက်ကြ၏။ သူ့မြင်းတပ်သားများလည်း မြို့တော်သို့ ပြန်ပြေးကြကာ ထိုအကြောင်းကို တင်ပြကြ၏။ မြို့ဝန်လျှံလည်း ကြောက်ဒူးတုန်နေလေပြီ။ မြို့ကို ကာကွယ် ရန် တပ်မှူးများကို အမိန့်ပေးလိုက်သည်။ သို့သော် ထွက်၍ကား မတိုက်ပေ။ လူကွမ်းယီနှင့် ရှီဇူကို သတ်ရန် ကြံမိသေးသော်လည်း စုန်ကျန့်စိတ်ဆိုးမည်ကို ကြောက်ရသေး၏။ အရှေ့နေပြည်တော်ထံမှ တပ်ကူများလည်း မရောက်လာသေးသဖြင့် ပို၍ ဒုက္ခရောက်ရန်သာ ရှိနေ၏။ ထို့ကြောင့် ထိုသူနှစ်ယောက်ကို ထောင်ထဲတွင် ဆက်ချုပ်ထားပြီး နန်းရင်းဝန် ထံမှ ညွှန်ကြားချက်များကို စောင့်နေကြောင်း နေပြည်တော်သို့ စာပို့လိုက်၏။

စုန်ကျန့်လည်း စခန်းသို့ ပြန်ကာ ဗဟိုတဲတွင် ထိုင်နေ၏။ စိုကျောက်ကိုလည်း တဲရှေ့ အလံတိုင်ခြေရင်းသို့ ခေါ်လာကြ၏။ သူ့လူများကို ဆုတ်ခိုင်းလိုက်ပြီး စိုကျောက်ကို သူကိုယ်တိုင် ကြိုးဖြေပေး၏။ တဲထဲသို့ ဖိတ်ပြီး စိမ်ရည်ဖြင့် ဧည့်ခံ၏။

စုန်ကျန့်က အေးအေးဆေးဆေး ဖျောင်းဖျ၏။

"ဒီမှာ ရှိတဲ့ ညီနောင်ခေါင်းဆောင်တွေကို ကြည့်လိုက်စမ်းပါ။ တဝက်ကျော်ကျော်က နဂိုတုန်းက ဘုရင့်တပ်မတော်က ဗိုလ်မင်းတွေပါ။ မင်းကြီးက အမြင်မှားနေတော့ အကျင့် ပျက်တဲ့ အရာရှိတွေ လက်ထဲကို အာဏာတွေရောက်နေပြီး လူထုကို ကောင်းကောင်း ဒုက္ခ ပေးနေတာပေါ့။ ဒီတော့ ကျွန်တော့်ကို မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ပေးဖို့ သူတို့ရဲ့ ဆန္ဒအလျောက် ပါဝင် ကူညီနေကြပါတယ်။ ကျွန်တော်တို့ကို အထင်မသေးရင်တော့ ဗိုလ်ချုပ်လည်း ကျွန်တော်တို့ရဲ့ အရေးမှာ ပါဝင်စေချင်တယ်"

ယန်ချီလည်း ရှေ့သို့ တက်လာကာ အရိုအသေ ပေးလိုက်၏။ သူတို့ ခွဲလာခဲ့ပြီးနောက် တွင် တွေ့ကြုံရသမျှကိုလည်း ပြောပြ၏။ ထို့နောက် နှစ်ယောက်သား ဖက်ကာ ငိုကြ၏။ ဝင်ရောက်ခိုလှုံရန်မှ တပါး အခြားသော နည်းလမ်းဟူ၍ စိုကျောက်တွင် မရှိတော့ပေ။ စုန်ကျန့်လည်း လွန်စွာ

ကျေနပ်သွား၏။ ထိုညတွင် တဲအတွင်း၌ပင် အောင်သေသောက် ကြ၏။

နောက်တနေ့ နံနက်တွင် မြို့ကို မည်သို့ သိမ်းမည်ဟု တိုင်ပင်ကြ၏။ နေ့စဉ်ရက်ဆက် ဝင်တိုက်ပါသော်လည်း မရသေးသဖြင့် စုန့်ကျန့်လည်း စိတ်ပျက်စ ပြုလာ၏။ တညသား တွင် တဲထဲ၌ တယောက်တည်းထိုင်နေစဉ် ရုတ်တရက် ထူးထူးဆန်းဆန်း လေတိုက်လာရာ မီးခွက်၏ မီးတောက်မှာ ပဲစေ့ခန့်သာ ကျန်တော့၏။ အမှောင်ထုထဲမှ ထူးဆန်းသော လူတယောက် ထွက်လာ၏။ စုန်ကျန့်က မော်ကြည့်လိုက်ရာ ဘုရားဒကာကျောက်ခဲကို တဲအဝတွင် ဝင်ရနိုးနိုး မဝင်ရနိုးနိုး ဟန်ဖြင့် ရပ်နေသည်ကို တွေ့လိုက်ရ၏။

သူက စုန်ကျန့်ကို လှမ်း၍ ပြော၏။ "နောင်ကြီး မပြန်သေးဘူးလား။ ဘာစောင့်နေ တာလဲ"

စုန်ကျန့်လည်း အံ့အားကြီး သင့်သွားလေ၏။ ဝုန်းခနဲ ထရပ်လိုက်ပြီး မေးလိုက်လေ၏။ "ဘယ်က လာတာလဲ နောင်ကြီး၊ ကျွန်တော်က နောင်ကြီး မတရားသေရတာကို လက်စား မချေရသေးဘူး။ ဒါကြောင့် နေ့နေ့ညည နေမထိထိုင်မသာ ဖြစ်နေတယ်။ ပူဇော်ပွဲတွေလည်း မလုပ်ရသေးဘူး။ ဒါကြောင့် နောင်ကြီးရဲ့ဝိညာဉ် ပေါ်လာပြီး ကျွန်တော့်ကို လာဆူနေ တာပေါ့"

ကျောက်ခဲက ပြန်ပြော၏။

"ဒီလိုလည်း မဟုတ်ဘူး။ နောက်နည်းနည်း ဆုတ်လိုက်ပါ။ လူစော်နံလို့ မခံနိုင်ဘူး။ ကျွန်တော်အနားကို မကပ်နိုင်ဘူး။ ပြောစရာတွေ ရှိလို့သာ လာခဲ့တာပါ။ နောင်ကြီးက ရက် တရာ သွေးထွက်သံယိုကိန်းရှိတယ်။ ယန်ဇီတောင်ဘက်ကမ်းက ပညာသည်တယောက်ကပဲ ကယ်နိုင်လိမ့်မယ်။ နောင်ကြီး လုပ်နိုင်တာကတော့ တပ်ကို မြန်မြန်ရုပ်ပြီး ပြန်ဖို့ပဲရှိတယ်" စုန်ကျန့်ကား နားမရှင်းပေ။ ရှေ့သို့ တိုးကာ မေး၏။ "နောင်ကြီးက တမလွန်ဘဝ ကနေလာတာပါ။ အမှန်ကို ပြောပြပါ"

သို့သော် ကျောက်ခဲက သူ့ကို ပြန်တွန်းထုတ်လိုက်ရာ စုန်ကျန့် အိပ်မက်မက်နေရာမှ လန့်နိုးသလို ဖြစ်သွား၏။ စစ်ဘက်အကြံပေးကို ခေါ်ရန် အရာရှိငယ်တဦးကို ခေါ်၍ ခိုင်း လိုက်၏။

ဝုရုံလည်း ချက်ချင်းပင် ရောက်လာ၏။ သူမြင်ခဲ့ရသော ထူးဆန်းဖွယ်ရာကို စုန်ကျန့်က ပြောပြ၏။ အိပ်မက်ကို အနက်ဖွင့်ခိုင်း၏။ ဝုရုံက-

"ဒါဖြင့် နောင်ကြီးဘုရားဒကာကျောက်ခဲက ကိုယ်ထင်ပြတယ်ပေါ့။ ဒါကိုတော့ ခပ်ပေါ့ပေါ့ သဘောမထားစေချင်ဘူး။ ရာသီဥတုကလည်း အေးလာပြီ။ မြေပြင်ကလည်း ရေတွေ ခဲနေပြီ။ ကျုပ်တို့တပ်တွေ ဒီမှာ

ကြာကြာမနေနိုင်တော့ဘူး။ စခန်းကို ပြန်ပြီး ဆောင်းခိုတာ ကောင်းမယ်။ နွေဦးပေါက်လို့ ရေခဲတွေပျော်မှ ဒီမြို့ကို ပြန်တိုက်ကြတာပေါ့။ အဲဒီအချိန်ကျရင် အချိန်လည်း ရမယ်"

"နောင်ကြီးပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ကုန်သည်ကြီးလူနဲ့ ရှိဖူတို့ကတော့ ထောင် ထဲမှာ ဒုက္ခရောက်နေကြမှာပဲ။ တရက်ကို တနှစ် ထင်နေကြမှာပဲ။ ကျုပ်တို့ လာအကယ်ကို မျှော်နေကြမယ်။ ကျုပ်တို့ ခုနေပြန်သွားလိုက်ရင် ဟိုကောင်တွေက သတ်လိုက်မှာကို စိုးတယ်။ နေရမှာလား သွားရမှာလား တော်တော် စဉ်းစားရကျပ်ပါတယ်ဗျာ"

ဆုံးဖြတ်ချက် မချနိုင်ပေ။

နောက်တနေ့တွင် စုန်ကျန့်သည် နုံးခွေကာ စိတ်ဓာတ်ကျနေ၏။ တကိုယ်လုံးလည်း ကိုက်ခဲနေ၏။ သူ့ခေါင်းမှာလည်း ပုဆိန်နှင့် ပေါက်ခွဲထားသလို နာကျင်နေ၏။ ကိုယ်ပူလိုက် သည်မှာလည်း ခြစ်ခြစ်တောက်နေ၏။ အိပ်ရာမှလည်း မထနိုင်တော့။ ခေါင်းဆောင်များ အားလုံး လာကြည့်ကြ၏။

"နောက်ကျောက ပူပြီး နာနေတယ်" ဟု သူက ပြောပြ၏။

ကျောကို လှန်၍ ကြည့်လိုက်သောအခါ အိုးကင်းခန့် ရောင်ရမ်းနေသည်ကို တွေ့ရ၏။ "အနာပဆုပ်နဲ့ တူတယ်" ဟု ဝုရုံက ဆိုသည်။ "ပဲစိမ်းမှုန့်က နှလုံးကို ကာကွယ်ပေး တယ်။ အဆိပ်တွေ မဝင်အောင် တားပေးတယ်လို့ ဆေးကျမ်းတစောင်မှာ ဖတ်ဖူးတယ်။ အဲဒါကို ဝယ်ပြီး နောင်ကြီးကို ကျွေးရမယ်ဗျ။ သမားတော်ရရင် သိပ်ကောင်းမှာပဲ။ စစ်ဖြစ် နေတော့ ဘယ်လိုလုပ်ပြီး ရမှာလဲ"

ဒီလှိုင်းဖြူချန်ရွှန်းက တခုခုကို သွား၍ စဉ်းစားမိ၏။ "ကျွန်တော် ရွှင့်ယန်မြစ်ထဲမှာ နေတုန်းက အမေလည်း ခါးကိုက်တာ ဘာဆေးနဲ့မှ ကုလို့ မရဘူး။ နောက်ဆုံးမှာ အင်း ထောင်ကွမ်း ဆိုတဲ့ ကျန်ကန်းခရိုင်က ဆေးသမားတယောက်နဲ့ ကုတာ ချက်ချင်း ပျောက် သွားတယ်။ သူ့ဆီကို ငွေတွေတောင် ပို့လိုက်သေးတယ်။ ခုလည်း နောင်ကြီးက တော်တော် ဖြစ်နေတော့ အဲဒီဆေးသမားမှပဲ သူ့ကို ကုနိုင်မယ် ထင်တယ်။ ခရီးက ဝေးတော့ မြန်မြန် ရောက်မှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် နေ့ရော ညပါ သွားပြီး သူ့ကို ဒီကို အမြန်ဆုံး ခေါ်ခဲ့ပါ့မယ်"

"နောင်ကြီး အိပ်မက်ထဲမှာ နောင်ကြီးကျောက်ခဲ ပြောသွားတာက ရက်တရာတောင် ဘေးသင့်မယ်တဲ့။ ယန်ဇီမြစ်တောင်ဘက်ကမ်းက ပညာသည်တယောက်က ကုနိုင်မယ်တဲ့။ အဲဒါ သူများ ဖြစ်နေမလားပဲ" ဝုရုံက သုံးသပ်၏။

"ဒီလိုလူရှိရင် မြန်မြန်သာ သွားခေါ်ခဲ့ပါ" စုန်ကျန့်က တောင်းပန်၏။ "အခက်အခဲ တွေကို ဂရုစိုက်မနေပါနဲ့။ ဒီအချိန်က ညီနောင်သံယောဇဉ်ကို ပြရမယ့်အချိန်ပဲ။ နေ့ရော ညပါ သွားပြီး သူ့ကို ခေါ်ခဲ့ပါ။ ကျုပ်အသက်ကို ကယ်ပါ"

ဝုရုံက ချန်ရွှန်းကို ဆရာဝန်ခြေကြွခအဖြစ် ပေးရန် ကြက်သွန်မြိတ်ပုံ သွန်းထားသော ရွှေနှစ်ပိဿာနှင့် ခရီးစရိတ်ငွေ ခြောက်ဆယ်သားကို ပေးပြီး ပြော၏။ "ဒီနေ့ပဲ သွားပေ တော့။ မဖြစ် ဖြစ်တဲ့နည်းနဲ့ သူ့ကို ခေါ်ခဲ့။ ဘာကြောင့်မှ နှောင့်နှေးမနေနဲ့။ ကျုပ်တို့လည်း စခန်းသိမ်းပြီး တောင်ရိုးခံတပ်ကို ပြန်တော့မယ်။ သမားတော်ကို အဲဒီကိုသာ အမြန်ဆုံး ခေါ်ခဲ့"

ချန်ရွှန်းလည်း နူတ်ဆက်ကာ အထုပ်ကို ထမ်းပြီး ထွက်ခဲ့၏။

ဝုရုံလည်း တပ်များကို သိမ်းကာ ခံတပ်စခန်းသို့ ပြန်ရန် အမိန့်ထုတ်လိုက်၏။ စုန်ကျန့် ကိုလည်း လှည်းဖြင့် တင်ခေါ်ခဲ့ကြ၏။ ထိုညတွင်ပင် ခွာခဲ့ကြရာ တခါ ချုံခိုအတိုက်ခံရဖူးပြီး ဖြစ်သောကြောင့် ဤတခါတွင်လည်း လှည့်ကွက်ဖြစ်မည်ဟု ထင်ကာ ဥတ္တရနေပြည်တော် သားတို့ ထွက်မလိုက်ဝံ့ကြပေ။

မြို့ဝန်လျှံလည်း ဆုတ်ခွာကြောင်းသတင်းကို ကြားရသော် ကြံရာမရ ဖြစ်သွား၏။ လီချိန့်နှင့် ဝင်တတို့က "ဒီ ဝုရုံဆိုတဲ့ကောင်က ဥာဏ်သိပ်များတာ။ သူတို့နောက်ကို မလိုက်ဘဲ ခံစစ်ယူထားတာပဲ ကောင်းမယ်" ဟု အကြံပေးကြ၏။

ချန်ရွှန်းမှာကား စုန်ကျန့်ကို ကယ်တင်ရန် နေ့ရောညပါ ခရီးဆက်နေ၏။ ဆောင်းကုန်ပြီ ဖြစ်၍ နှင်းမကျလျှင် မိုးရွာ၏။ ထို့ကြောင့် သွားရသည်မှာ ခက်ခဲလှ၏။ သို့သော် ချန်ရွှန်း ကား ဇွတ်နှစ်ကာ သွားနေ၏။

ယန်စီမြစ်ကမ်းသို့ ရောက်သောအခါ ကူးတို့လှေတစီးကိုမျှ မမြင်ရပေ။ ချန်ရွှန်းလည်း မသက်မသာဖြင့် ကမ်းစပ်တလျှောက်ကို လျှောက်လာရာ ကျူတောထဲမှ မီးခိုးများ ထွက် နေသည်ကို မြင်ရ၏။

"လှေသမား၊ လှေကို ယူခဲ့ပါ။ ကျုပ်ကို ဟိုဘက်ကမ်းကိုလိုက်ပို့ပါ"

ကျူပင်များ ရှဲခနဲ မြည်သွားပြီး ကျူတောထဲမှ လူတယောက် ထွက်လာလေ၏။ ထိုသူ ကား ကောက်ရိုးဦးထုပ်ချွန်ချွန်နှင့် အုန်းဆံမိုးကာတို့ကို ဝတ်ထား၏။ သူက "ခင်ဗျား ဘယ်သွားမလို့လဲ" ဟု မေး၏။

"ကျန်ကန်းမှာ အရေးပေါ်ကိစ္စ ရှိလို့၊ ခုပဲ ပို့ပေးရင် ပိုက်ဆံ ပိုပေးပါ့မယ်"

"ရပါတယ်။ ဒါပေမဲ့ မိုးချုပ်နေပြီ။ ဟိုဘက်ကမ်းကို ရောက်ရင် ခင်ဗျား အိပ်စရာ နေရာ ရှာလို့ရမှာ မဟုတ်ဘူး။ ကျုပ်လှေထဲမှာပဲ နားလိုက်ပါလား။

အရုဏ်တက်ခါနီးရင် လေလည်း ငြိမ်သွားမယ်။ လလည်း ထွက်လာမယ်။ အဲဒီအချိန်ကျရင် ပို့ပေးပါ့မယ်။ ကျုပ်ကို ပိုက်ဆံတော့ ပိုပေးရမှာပေါ့ဗျာ”

“ခင်ဗျား ပြောတာ သဘာဝကျပါတယ်”

ချန်ရွှန်းလည်း လှေသမားနှင့်အတူ ကျူတောထဲသို့ လိုက်ခဲ့၏။ ယင်းတွင် လှေငယ် တစီး ဆိုက်ထား၏။ လှေပေါင်းမိုးတံစက်မြိတ်အောက် မီးဖိုဘေးတွင် ပိန်ပိန်သေးသေး လူငယ်တယောက် ကွေးကွေးလေး လှဲနေ၏။ လှေသမားက ချန်ရွှန်းကို လှေပေါ်သို့ တွဲ၍ တင်၏။ ချန်ရွှန်းက လှေပေါင်းထဲသို့ ဝင်ကာ အဝတ်စိုများကို လဲလှယ်၏။ ယင်းတို့ကို မီးကင်ပေးရန် ထိုလူငယ်ကို ခိုင်း၏။ အထုပ်ကို ဖြေကာ ဂွမ်းကပ်တထုပ်ထုတ်ပြီး ကိုယ်ကို ပတ်၍ ခြုံ၏။

လှေသမားသို့ “စိမ်ရည်လေး ဘာလေး မရှိဘူးလား။ ဝယ်လို့ရရင် ကောင်းမှာပဲ” လှမ်း၍ မေး၏။

“ဒီမှာ စိမ်ရည်ရောင်းတဲ့ နေရာတော့ မရှိဘူး။ ထမင်းစားချင်ရင်တော့ တပန်းကန် လောက်ရမယ်”

ချန်ရွှန်းလည်း ထမင်းကိုကုန်အောင်စားပြီးနောက် လှဲလိုက်ရာ အိပ်ပျော်သွားလေ၏။ နေ့ဆက် ရက်ဆက် ခရီးပန်းလာခဲ့သည်က တကြောင်း၊ အမှတ်တမဲ့ ဖြစ်သွားသည်က တကြောင်းတို့ကြောင့် ည၏ ပထမယံတွင်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ။

ပိန်ပိန်သေးသေး လူငယ်က မီးလုံ့နေရင်းက နှုတ်ခမ်းကို စူကာ ချန်ရွှန်းဘက်သို့ မေးထိုး၍ ပြ၏။ “နောင်ကြီး လာကြည့်ပါဦး” လှေသမားက ချန်ရွှန်းခေါင်းအုံးကာ အိပ်နေ သော အထုပ်ကို ဖျစ်ကြည့်ရာ သတ္တုပစ္စည်းအမာကို စမ်းမိ၏။ သူက လက်ဟန်ပြပြီး-

“လှေကြိုးဖြုတ်လိုက်။ မြစ်လယ်ကျရင် ရှင်းလိုက်ရအောင်”

လူငယ်က ကမ်းပေါ်သို့ ခုန်တက်ပြီး လှေကြိုးကို ဖြေလိုက်ကာ လှေပေါ် ပြန်ခုန်တက် လိုက်၏။ ထို့နောက် လှေကို ဝါးနှင့် ကန်ထုတ်လိုက်ပြီး တက်တချောင်းကို ကိုင်ကာ မြစ် လယ်သို့ လှော်ခဲ့၏။

လှေသမားသည် ချန်ရွှန်းကို ကြိုးဖြင့် အသာတုပ်ကာ လှေဝမ်းထဲမှ ဓားမကြီးတချောင်း ကို ထုတ်ယူ၏။ ထိုစဉ် ချန်ရွှန်း နိုးလာရာ သူ့လက်များကို တုပ်နှောင်ထားသည်ကို တွေ့ရ လေ၏။ သူကား မလှုပ်နိုင်။ သူ့ကိုယ်ပေါ်ကို လှေသမားက တက်ခွစီးကာ ဓားမကြီးကို မြှောက်လိုက်၏။

"ချမ်းသာပေးပါဗျာ။ ကျုပ်ငွေတွေ အားလုံး ပေးပါ့မယ်"

"ကျုပ် မင်းရွှေတွေ ငွေတွေ လိုချင်တယ်။ မင့်အသက်လည်း လိုချင်တယ်"

"သေရင်လည်း မကျိုးမပဲ့ဘဲ သေပါရစေ၊ နို့မို့ ကျုပ် မင်းဆီလာပြီး ခြောက်နေမှာ"

လှေသမားလည်း ဓားမကြီးကို ချကာ ချန်ရွှန်းကို ရေထဲသို့ တွန်းချလိုက်လေ၏။ အထုပ်ကို ဖြေကြည့်ရာ ရွှေငွေ အမြောက်အမြားကို တွေ့ရလေ၏။ မျက်မှောင်ကုတ်ကာ စဉ်းစားနေပြီးမှ လူငယ်လေးကို ခေါ်လိုက်၏။

"လာဦး။ ငါ ပြောစရာ ရှိလို့"

လှေပေါင်းထဲသို့ ဝင်လာသော လူငယ်ကို လက်တဖက်ဖြင့် ချုပ်ကိုင်ကာ ဓားမကြီးနှင့် ခုတ်ချလိုက်ကာ မရှုမလှ ဇာတ်သိမ်းပေးလိုက်လေ၏။ ထို့နောက် အလောင်းကို ရေထဲသို့ ပစ်ချကာ သွေးများကို သုတ်ပြီး လှေကို ပြန်လှော်လာခဲ့၏။

ချန်ရွှန်းမှာ ရေအောက်တွင် ရက်နှင့်ချီကာ နေနိုင်သူဖြစ်၏။ ရေထဲရောက်သောအခါ ကြိုးကို သွားနှင့်ကိုက်ကာ ဖြေလိုက်ပြီး တောင်ဘက်ကမ်းသို့ ရေကူး၍ လာခဲ့၏။ တောအုပ် ထဲတွင် မီးလင်းနေသည်ကို မြင်ရ၏။ ကမ်းကိုတက်ကာ ရေစက်လက်ဖြင့် ထိုတောအုပ်သို့ သွားလေ၏။ သူ့ရှေ့တွင် ဘုံဆိုင်စုတ်စုတ်တခုကို တွေ့ရ၏။ ဆိုင်ရှင်မှာ ညကြီးမတော်တွင် ထကာ စိမ်ရည်ညှစ်နေ၏။ မီးခွက်၏ အလင်းရောင်မှာ နံရံကြားမှ ထွက်နေ၏။

တံခါးကို တွန်း၍ ဖွင့်လိုက်ရာ အဘိုးအိုတဦးကို တွေ့ရသဖြင့် ချက်ချင်းပင် ဦးညွှတ် အရိုအသေ ပေးလိုက်၏။ "မြစ်ထဲမှာ အလုခံရတာလား" အဘိုးအိုက မေး၏။ "ရေထဲခုန်ချ ပြီး ထွက်ပြေးလာတယ်ပေါ့"

"ကျွန်တော် အဘိုးကို မလိမ်ပါဘူး။ ကျွန်တော်က ရှန်တောင်ကနေ ကျန်ကန်းကို အလုပ်နဲ့လာရင်းက မိုးချုပ်သွားတယ်။ ကူးတို့လှေတစီးကို တွေ့ပေမယ့် လှေပေါ်က လူဆိုး နှစ်ယောက်က ကျွန်တော့်အဝတ်တွေနဲ့ ပိုက်ဆံတွေကို လုပြီး ရေထဲ ပစ်ချခဲ့တယ်။ ကျွန်တော်က ရေကူးတော်လို့ လွတ်လာတာ။ အဘိုး ကျွန်တော့်ကို ကယ်ပါ"

အဘိုးအိုက သူ့ကို အိမ်တွင်းသို့ ခေါ်သွားကာ ဂွမ်းထိုးအင်္ကျီတထည်ကို ပေး၏။ သူ့အဝတ်စိုများကို မီးဖိုပေါ်တွင် ကင်ပေးကာ စိမ်ရည်တခွက်ကို နွေးပေးပြီး သောက် ခိုင်း၏။

"မောင်ရင့်နာမည်က ဘာတဲ့လဲ။ ရှန်တောင်နယ်သားက ဒီကို

ဘာလာလုပ်တာလဲ”

“ကျွန်တော့်မျိုးရိုးနာမည်က ချန်ပါ။ ကျန်ကန်းက သမားတော်အင်းက ကျွန်တော့် မိတ်ဆွေပါ။ သူ့ဆီကို လာတာပါ”

“ရှန်တောင်က လာတာဆိုတော့ လျှံရှန်းကျူအင်းကို ဖြတ်ခဲ့ရမှာပေါ့”

“အဲဒီနားကပဲ လာခဲ့တာပါ”

“အဲဒီတောင်ရိုးက ခေါင်းဆောင် စုန်ကျန့်က ခရီးသွားတွေဆီက မလုဘူး။ လူတွေကို ဒုက္ခမပေးဘူး။ မိုးကောင်းကင်ကိုယ်စား ကောင်းမှုတွေကိုပဲ လုပ်တယ်။ သူက သစ္စာ ရှိတယ်။ ဖြောင့်မတ်တယ်။ လူကောင်းတွေကို မတိုက်ခိုက်ဘူး။ အကျင့်ပျက်အရာရှိတွေ ကိုပဲ ရန်ရှာတာ။ သူတို့အဖွဲ့က ဖြောင့်မတ်တယ်လို့ ကြားဖူးတယ်။ ဒီက ခားပြတွေလို မဟုတ်ဘူး။ လူအိုတွေ၊ လူဆင်းရဲတွေကို ရိုင်းပင်းကူညီတယ်။ သူ ဒီကိုလာရင် ငါတို့လူတွေ ပျော်ကြမှာပဲ။ ဒီက မြေရှင်တွေ ညှဉ်းဆဲတာလည်း ခံရတော့မှာ မဟုတ်ဘူး”

“လန့်မသွားနဲ့နော် အဘိုး။ ကျွန်တော် ဒီလှိုင်းဖြူချန်ရွှန်းပါ။ နောင်ကြီးစုန်ကျန့် ကျောမှာ အနာပဆုပ်ကြီး ပေါက်လို့ သမားတော်အင်းကို ပင့်ဖို့ ရွှေနှစ်ပိဿာနဲ့ လာခဲ့တာ။ ကျွန်တော်က မေ့မေ့လျော့လျော့နဲ့ လှေပေါ်မှာ အိပ်ပျော်သွားလို့ ဒီကောင်တွေက ကျွန်တော့် ကို ကြိုးတုပ်ပြီး ရေထဲ ချခဲ့တာ။ ကြိုးကို သွားနဲ့ ကိုက်ဖြေပြီး ဒီကို ရောက်လာခဲ့တာ”

“ဒါဖြင့် မောင်ရင်က လျှံရှန်းက ရဲရင့်သူပေါ့။ ငါ့သားကို ခေါ်လိုက်မယ်။ သူက မင်းနဲ့ တွေ့ချင်မှာပဲ”

ခဏအကြာတွင် လူငယ်တယောက် အိမ်နောက်ဖေးမှ ထွက်လာလေ၏။ ချန်ရွှန်းကို မြင်သောအခါ ဦးညွှတ်လိုက်ပြီး “ကျွန်တော် ခင်ဗျားနာမည်ကို ကြားရတာ ကြာပါပြီ နောင်ကြီး။ ဒါပေမဲ့ တွေ့ခွင့်မကြုံခဲ့ပါဘူး။ ကျွန်တော်တို့ မျိုးရိုးနာမည်က ဝမ်ပါ။ ကျွန်တော် တို့မျိုးဆက်မှာ ကျွန်တော်က ခြောက်ဆက်မြောက်ပါ။ ကျွန်တော့်လှုပ်ရှားမှုက သွက်လက် လို့ ကျွန်တော့်ကို လျှပ်စီးဝမ်တိန့်လျူလို့ ခေါ်ကြတယ်။ ကျွန်တော်က ရေကူးတာ၊ ဇန်ရှည် ကစားတာ ဝါသနာပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို လက်ခံမယ့်ဆရာ မတွေ့သေးဘူး။ တနေ့ တနေ့ ဒီမြစ်ကမ်းဘေးမှာ စိမ်ရည်ရောင်းရင်း အချိန်ကုန်နေရတယ်။ နောင်ကြီးကို လုသွားတဲ့သူတွေကို သိတယ်။ တယောက်က မြစ်သရဲချန်းဝမ်တဲ့။ ပိန်ပိန်နဲ့ ကောင်လေးက ဟွာတိန့်တယ်က ငါးပုံလေးစုန့်တဲ့။ ဒီကောင်တွေက မြစ်ထဲမှာ ခရီးသည်တွေကို လုနေကျပဲ။ မပူပါနဲ့ နောင်ကြီး။ ဒီကောင်တွေ စိမ်ရည်လာသောက်မှ နောင်ကြီးအတွက် လက်စားချေ ပေးပါ့မယ်”

“မင့်စေတနာကို ငါ ချီးကျူးပါတယ်ကွာ။ ငါ့မှာလည်း နောင်ကြီးစုန်ကျန့်အတွက်ပဲ စိတ်ပူနေတာ။ တတ်နိုင်ရင် နေ့တွင်းချင်း ကောင်းကင်က ပျံသွားလိုက်ချင်ပါရဲ့။ မိုးလင်း တာနဲ့ မြို့ထဲ ဝင်ပြီး ဆရာအင်းကို လိုက်ခဲ့ဖို့ ပင့်ရမယ်”

ဝမ်တိန့်လျူက ချန်ရွှန်းကို သူ့အဝတ်များ ပေးဝတ်ပြီး ကြက်သားနှင့် စိမ်ရည်တို့ဖြင့် ဧည့်ခံလေ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

နောက်တနေ့တွင် ရာသီဥတု ကြည်လင်သွားပြီး နှင်းလည်း မကျတော့ပေ။ ချန်ရွှန်း ကို ငွေအစိတ်သားပေးပြီး ကျန်ကန်းသို့ လိုက်ပို့ကြ၏။ သူက အဲလမ်းပင်တံတားဦးသို့ တိုက်ရိုက်သွားလေရာ ဆရာအင်း သူ့ဆိုင်တွင် ဆေးရောင်းနေသည်နှင့် တွေ့၏။ ချန်ရွှန်း လည်း ဆိုင်ထဲသို့ ဝင်ကာ ကန်တော့၏။

ဆေးဆရာအင်းက-

“မတွေ့တာ ကြာပြီနော် နောင်ကြီး၊ ဘယ်လိုလုပ်ပြီး ဒီကို လွင့်လာတာလဲ”

ချန်ရွှန်းက ဆိုင်ထဲသို့ ဝင်လိုက်သွားပြီး အကြောင်းစုံကို ရှင်းပြ၏။ ကျန်းကျိုတွင် ဖြစ်ပျက်ခဲ့သည်မှ စကာ စုန်ကျန့် နောက်သို့ ပါသွားပုံ၊ တောပုန်းခေါင်းဆောင်၏ကျောတွင် အနာပဆုပ် ပေါက်ပုံ၊ သူ့ကို ဆရာအင်းကို အပင့်ခိုင်းလိုက်ပုံ၊ သူ့တွင် ခြေကြွခ ပါလာ သော်လည်း အလုခံရပုံ၊ ကံကောင်း၍ မြစ်ထဲ၌ မသေခဲ့ပုံတို့ကို ဇာတ်စုံခင်းပြ၏။

ဆေးဆရာအင်းက-

“ကျုပ်လည်း ချက်ချင်း လိုက်ခဲ့သင့်ပါတယ်။ စုန်ကျန့်ရဲ့ ဂုဏ်က ထင်ရှားပါတယ်။ ဒါပေမဲ့ ကျုပ်မိန်းမ ဆုံးသွားတော့ အိမ်မှာ လူမရှိဘူး။ အိမ်ကို ပစ်မထားခဲ့နိုင်ဘူးဗျာ”

ချန်ရွှန်းက တောင်းပန်၏။

“ဆရာ မလိုက်ရင် ကျုပ်လည်း တောင်ရိုးကို မပြန်နိုင်ဘူး”

“နောက်မှ တိုင်ပင်ကြတာပေါ့”

မရမက တောင်းပန်လွန်းမှ ဆေးဆရာအင်းက သဘောတူလိုက်၏။

ဆေးဆရာအင်းမှာ ကြောင်မလေးလီဆိုသော ပြည့်တန်ဆာမတဦး၏ ဖောက်သည် ဖြစ်၏။ ဆေးဆရာမှာ သူ့ကို တုန်နေအောင် ချစ်ရှာ၏။ ထိုညက ဆေးဆရာက ချန်ရွှန်းကို ခေါ်ကာ သူ့အိမ်တွင် သွား၍ စားသောက်၏။

ကြောင်မလေးက လူငယ်ကို လေးစားသမှုဖြင့် မောင်ကြီး ဟု ခေါ်၏။

လေးခွက် ငါးခွက်မျှ သောက်ပြီးသော် ဆေးဆရာမှာ ရေချိန်မကိုက်တကိုက် ဖြစ်နေ လေပြီ။ သူက "ငါ ဒီမှာ ညအိပ်မယ်။ မနက်ဖြန်ကျရင် ဒီက ညီတော်မောင်နဲ့ ရှန်တောင်ကို သွားမလို့။ ငါ အရက်နှစ်ဆယ် တလလောက်တော့ ကြာမှာပေါ့ကွာ။ ပြန်ရောက်ရင် ငါ လာ ခဲ့မယ်"

"ရှင့်ကို မသွားစေချင်ဘူးနော်။ ကျွန်မစကားကို နားမထောင်ရင်တော့ ဒီအိမ်ရိပ်ကို ပြန်နင်းဖို့ မစဉ်းစားနဲ့"

"ငါ ဆေးတွေ ဘာတွေ အားလုံး ထုပ်ပိုးထားပြီးပြီကွ။ ငါ သွားဖို့ အသင့်ဖြစ်နေပြီ၊ ငါ မနက်ဖြန်သွားမယ်။ စိတ်မပူပါနဲ့ကွာ။ ငါ မကြာပါဘူး"

မိန်းမပျိုလည်း ကလေးများ ဆိုးနွဲ့သကဲ့သို့ ဆေးဆရာ၏ ရင်ခွင်သို့ ဝင်၍ ဒီးခွေ့ပြီး "ကျွန်မစကားကို နားမထောင်ရင်လည်း သွားပေါ့။ ရှင့်ကိုယ်မှာ အရိုးဖွေးဖွေး ကျပါ စေတော်"

ဤသို့ ဖြစ်ပျက်နေသည်ကို မြင်ရကြားရသော ဒီလှိုင်းဖြူသည် ဒေါသူပုန်ထလျက် ရှိ၏။ ထိုကြောင်မလေးကို တလုတ်တည်းနဲ့ ကိုက်စားပစ်လိုက်ချင်စိတ် ပေါ်လျက် ရှိ၏။ မှောင်လာလေပြီ။ ဆေးဆရာမှာ ချာချာစိုင်းအောင် မူးနေလေပြီ။ ကြောင်မလေး၏ အိပ်ခန်းအတွင်းသို့ ဝင်ကာ ခုတင်ပေါ်သို့ ကားရားကြီး လဲကျကာ မှောက်နေလေ၏။

ကြောင်မလေးက ချန်ရွှန်းကို နှင်ထုတ်၏။

"အိမ်ပြန်လေ။ ဒီမှာ ရှင် အိပ်စရာ နေရာမရှိဘူး"

"နောင်ကြီး အမူးပြေတဲ့အထိ စောင့်မယ်။ ပြီးမှ အတူတူပြန်မယ်"

ချန်ရွှန်းကို မရှင်းနိုင်သဖြင့် ကြောင်မလေးလည်း တံခါးဝအနီးရှိ အခန်းကျဉ်းလေး ထဲတွင် ထည့်ထားလေ၏။

ချန်ရွှန်းမှာ စိတ်မဖြောင့်တော့ပေ။ မည်သို့ အိပ်ရမည်နည်း။ ပထမယံ လောက်တွင် တံခါးခေါက်သံ ကြားရသဖြင့် နံရံပေါက်မှ ချောင်းကြည့်ရာ လူတယောက် အသာလျှို၍ ဝင်လာပြီး ကြောင်မလေး၏ ဖာထိန်းမကြီးနှင့် စကားပြောနေ၏။

"မပေါ်လာ အတော်ကြာပါပကောလား။ ဘယ်သွားနေတာတုံး။ ဒီညတော့ ဆေးဆရာ က မူးပြီး သူ့အခန်းထဲမှာ မှောက်နေလေရဲ့။ ဘယ်လိုလုပ်ကြမလဲ"

"ကျုပ် သူ့ဖို့ ရွှေနှစ်ဆယ်သား ယူလာခဲ့တယ်။ သူ ဆံထိုးလုပ်ရအောင်လို့။ တခုခု ကြံစမ်းပါဦး အမေကြီးရာ။ ကျုပ် သူနဲ့ တွေ့ချင်တယ်"

"ငါ့အခန်းထဲမှာ စောင့်နေ။ ငါ ခေါ်လိုက်မယ်"

ထိုသူကို ချန်ရွှန်း မှတ်မိ၏။ မြစ်သရဲချန်းဝမ်ပင် ဖြစ်၏။ မြစ်ထဲမှ ရလာသော ရွှေငွေ များကို ကြောင်မလေးအတွက် လာသုံးဖြုန်းမည် ဖြစ်၏။

ချန်ရွှန်းမှာ ဒေါသကို မနည်း မျိုသိပ်ထားရ၏။ သို့သော် ဆက်၍ ဆက်၍ ကြားနေ၏။ ဖာထိန်းမကြီးက စားစရာများ၊ စိမ်ရည်များကို အခန်းထဲသို့ ယူသွားသည်ကို မြင်ရ၏။ ထို့နောက် ကြောင်မလေးကို သွားခေါ်လာသည်ကို မြင်ရပြန်၏။ ကြောင်မလေးနောက်မှ အခန်းတွင်းသို့ အတင်း ဝင်လိုက်သွားလိုလှ၏။ သို့သော် အခြေအနေ ရှုပ်ထွေးသွားပြီး ဓားပြလွတ်သွားမည်ကိုလည်း သူ စိုးရိမ်နေ၏။

ည၏ တတိယယံအရောက်တွင် နောက်ဖေးခန်းမှ အစေခံ နှစ်ယောက်လည်း မူးနေကြ လေပြီ။ ဖာထိန်းမကြီးသည်လည်း ဟိုယိုင်သည်ထိုးနှင့် လျှောက်သွားနေပြီး နောက်ဆုံးတွင် မီးအိမ်အောင်တွင် ထိုင်ကာ သတိမေ့နေလေပြီ။ ချန်ရွှန်းလည်း တံခါးကို အသံမကြား ရအောင် ဖွင့်ကာ မီးဖိုဆောင်သို့ ချွတ်နင်းလျက် ဝင်၏။ ဓားမကြီးတလက်ကို မီးဖိုပေါ်တွင် တပြောင်ပြောင်နှင့် မြင်ရ၏။ ခုံတန်းလျားပေါ်တွင်လည်း ဖာထိန်းမကြီးမှာ ကားရားကြီး လဲနေပြီ။ လည်ပင်းလည်း လိမ်လျက် ရှိ၏။

မီးဖိုထဲသို့ ဝင်ကာ ဓားမကြီးကို ကောက်ယူ၏။ ပထမ မိန်းမကြီးကို သတ်လိုက်၏။ ထို့ နောက် အစေခံနှစ်ယောက်ကို ရှင်းပစ်လို၏။ သို့သော် ဓားမကြီးမှာ မထက်လှသဖြင့် မိန်းမ ကြီးကို ခုတ်ပြီးသော် အသွားလိပ်နေလေပြီ။ ထိုစဉ် ထင်းခွဲသည့် ပုဆိန်ကို မြင်လိုက်၏။ ကောက်ဆွဲလိုက်ပြီး အစေခံများ မအော်လိုက်နိုင်မီမှာပင် ပုဆိန်စာ တချက်စီ ကျွေးကာ နှုတ်ပိတ်လိုက်လေ၏။

အသံဗလံများကို ကြားရသဖြင့် အခန်းထဲမှ ထွက်လာသော ကြောင်မလေးမှာ ချန်ရွှန်း နှင့် ဝင်တိုးမိလေ၏။ ပုဆိန်ကို လွှဲ၍ ခုတ်လိုက်ရာ ကြောင်မလေးမှာလည်း ရင်နှစ်ခြမ်း ပွင့် သွားရလေ၏။ ကြောင်မလေးလဲသေသွားသည်ကို မီးရောင်ထဲတွင် မြင်လိုက်ရသော မြစ်သရဲ ချန်းဝမ်လည်း ပြတင်းတံခါးကို တွန်းဖွင့်ကာ ခြံစည်းရိုးကို ခုန်ကျော်ပြီး လွတ်သွားလေ၏။ ဒီလှိုင်းဖြူမှာ ထိတ်ထိတ်ပျာပျာ ဖြစ်နေပြီ။ သို့သော် သူလည်း ဘာမျှမတတ်နိုင်။ ဤ အခြေအနေမျိုးတွင် ဝုဆုန် လုပ်ခဲ့သည်ကို ပြန်အမှတ်ရမိလာသဖြင့် သူ့အကျႌအောက်နား ပိုင်းကို ဆုတ်ဖြဲကာ သွေးများထဲတွင် နှစ်ပြီး နံရံများပေါ်တွင် 'အင်းထောင်ကွမ်း သတ်တာ" ဟု နေရာဆယ်နေရာထက်

မနည်း လျှောက်၍ ရေး၏။

ည၏ ပဋ္ဌမယံ အရုဏ်တက်ချိန်လောက်တွင် ဆေးဆရာ နိုးလာပြီး ကြောင်မလေးကို ခေါ်နေ၏။

ချန်ရွှန်းက“အော်မနေနဲ့ နောင်ကြီး။ နောင်ကြီးကို ပြစရာ ရှိတယ်” ဟု လာ၍ နှိုး၏။ ဆေးဆရာလည်း အိပ်ရာမှ ထ၏။ အလောင်းလေးလောင်းကို မြင်ရသောအခါ ကြောက်လှသဖြင့် မရွေ့လျားနိုင်ဘဲ ထိန်းမနိုင်သိမ်းမနိုင် တုန်နေလေ၏။

“နောင်ကြီး၊ နံရံပေါ်က စာတွေကို မြင်သလား”

“မင်းလုပ်တာ ကျုပ်ဘဝတော့ ပျက်ပြီ”

“နောင်ကြီးအတွက် လမ်းနှစ်လမ်း ပွင့်နေတာပဲ။ ခင်ဗျား ထပြီး ဆူညံဆူညံ လုပ်ရင် လုပ်၊ ကျုပ်တော့ ထွက်သွားမယ်။ ရာဇဝတ်ဒဏ်ကို ခင်ဗျား လည်စင်းပြီး ခံပေတော့။ ဒါမှ မဟုတ် အိမ်ကို ပြန်၊ ဆေးထုပ်ကို ယူပြီး ကပ်နဲ့ လျှံရှန်းတောင်ရိုးကို လိုက်ခဲ့ပြီး နောင်ကြီး ကို ကယ်ပေတော့။ ကြိုက်တာသာ ရွေးပေါ့ဗျာ”

“မင်းက တော်တော် ရမ်းတာပဲ”

မိုးလင်းသောအခါ ချန်ရွှန်းသည် လမ်းစရိတ်အဖြစ် ငွေအချို့ကို ယူပြီး ဆေးဆရာကို အိမ်သို့ လိုက်ပို့၏။ ဆေးထုပ်ကို ယူကာ ဆေးဆရာလည်း ချန်ရွှန်းနှင့် လိုက်ခဲ့၏။ သူတို့သည် လျှပ်စီးဝမ်တိန့်လျူတို့ ဘုံဆိုင်သို့ တန်း၍ လာခဲ့ကြသည်။ ဘုံဆိုင်ရှင်က ပြော၏။

“မနေ့က ချန်းဝမ် ဖြတ်သွားတာ မြင်လိုက်တယ်။ မင်းကို ရှာမတွေ့လို့”

“ကျွန်တော် သူ့ကို တွေ့ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ တာဝန်နဲ့ လာတာဆိုတော့ ဒီလောက်လေးကို အရေးလုပ်မနေအားပါဘူးဗျာ”

သူ့စကားမှ မဆုံးသေး။ ဝမ်တိန့်လျူက အော်လိုက်၏။ “ဟိုမှာ လာပြန်ပြီ”

“သူ့ကို မလှန့်လိုက်နဲ့။ ဘယ်သွားလဲ ကြည့်နေ”

ချန်းဝမ် သူ့လှေသို့ ဆင်းသွားရာသို့ ဝမ်တိန့်လျူက လှမ်းအော်လိုက်၏။

“ဟေး နောင်ကြီး ချန်း။ ကျွန်တော့်အမျိုးနှစ်ယောက်လည်း လိုက်ချင်လို့တဲ့”

“လိုက်ချင်ရင် မြန်မြန်လုပ်ခိုင်း”

လျှပ်စီးက ချန်ရွှန်းကို ပြန်ပြောပြ၏။ ချန်ရွှန်းက-

"နောင်ကြီးအင်း၊ ခင်ဗျားနဲ့ ကျွန်တော် အဝတ်လဲဝတ်ကြမယ်။ ဒါမှ လှေပေါ်တက်လို့ ရမှာ"

"ဘယ်လို"

"ကျုပ်မှာ အကြံရှိတယ်။ မေးမနေနဲ့"

အဝတ် လဲဝတ်ကြပြီးနောက် ချန်ရွှန်းက ပဝါတထည်ကို ခေါင်းပေါင်းလိုက်ပြီး ကောက်ရိုးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ မျက်နှာကို ကွယ်ထားလိုက်၏။ လျှပ်စီးက ဆေးထုပ်ကို ထမ်းကာ လှေရှိရာသို့ ဆင်းလာခဲ့ကြ၏။

သုံးယောက်သား လှေပေါ်သို့ တက်ခဲ့ကြပြီးနောက် ချန်ရွှန်းက လှေပဲ့ပိုင်းတွင် ခင်းထားသော ကြမ်းခင်းကို မ၍ ကြည့်လိုက်၏။ ထိုခါးမကြီးမှာ ရှိနေဆဲဖြစ်၏။ ယင်းကိုယူကာ လှေပေါင်းထဲသို့ ဝင်ခဲ့၏။

ချန်းဝမ်လည်း လှော်တက်ကို တကျွီကျွီမြည်အောင် ခတ်လာရာ မြစ်လယ်သို့ ရောက် လာလေ၏။ ချန်ရွှန်းက ဦးထုပ်နှင့် အပေါ်အင်္ကျီကို ချွတ်လိုက်ကာ လှမ်းအော်၏။

"လှေသမား မြန်မြန်လာဦး။ လှေပေါင်းထဲမှာ သွေးတွေနဲ့"

"မနောက်နဲ့ဗျာ" ဟုဆိုကာ လှေပေါင်းထဲသို့ ခေါင်းပြူ၍ ကြည့်လိုက်၏။ ချန်ရွှန်းက သူ့လည်ပင်းကို လက်မောင်းနှင့် ရစ်ပတ်ထားလိုက်၏။

"ခါးပြ၊ မင်း ငါ့ကို မမှတ်မိဘူးလား။ နှင်းကျတဲ့ ညက လိုက်ပို့ခဲ့တဲ့ ခရီးသည်လေ"

ချန်ဝမ်းမှာ ဘာမှ မပြောနိုင်တော့။

ငါ့ရွှေတွေကို လုပြီး ငါ့ကို သတ်ဖို့ကြံတယ်။ ဟိုကောင် ပိန်ပိန်လေးရော"

"သူ့ကို ဝေစုမပေးချင်တာနဲ့ သတ်ပြီး မြစ်ထဲ ချလိုက်တယ်"

"ခါးပြကောင်၊ ငါက ရှင့်ယန်မြစ်ကမ်းမှာ မွေးပြီး ဖရဲတောင်ခြေရင်းမှာ ကြီးလာ တာကွ။ ငါး ရောင်းစားတယ်။ လူတိုင်း ငါ့ကိုသိတယ်။ ကျန်းကျို့မှာ ရန်ဖြစ်လို့ လျှံရှန်း အင်းကို သွားပြီး စုန်ကျန့်တို့အဖွဲ့ကို ဝင်ခဲ့တာ။ တလောကလုံးကို ငါတို့ လိုက်တိုက်နေတာ။ လူတိုင်း ငါ့ကို ကြောက်တယ်။ မင်းကများ ငါ့ကို လှေပေါ် လိမ်ခေါ်ပြီး ငါ့ကိုရေထဲ ပစ်ချရ တယ်လို့။ ငါကသာ ရေကူးမကျွမ်းကျင်ရင်

သေတာကြာပါပေါ့။ ဒီနေ့တော့ ပြန်တွေ့ကြ ပြီပေါ့။ ငါ မင်းကို ခွင့်မလွှတ်နိုင်ဘူး”

လှေသမားကို ပေါင်းထဲသို့ ဆွဲသွင်းကာ လက်များနှင့် ခြေထောက်များကို လက်ပြန် ကြိုးတုပ်ကာ ရေထဲသို့ တွန်းချလိုက်၏။ “ငါလည်း မင်းကို မခုတ်ဘူးကွ”

လျှပ်စီးဝမ်လည်း မြစ်ဓားပြ လှိုင်းလုံးများအောက်တွင် နစ်သွားသည်ကို တွေ့သဖြင့် သက်ပြင်းချလိုက်မိ၏။ သူ့ရွှေများကို ပြန်တွေ့ရသဖြင့် ချန်ရွှန်းက ထုပ်ယူထားလိုက်၏။

သုံးယောက်သား မြစ်ကမ်းသို့ လှော်ခဲ့ကြ၏။ ချန်ရွှန်းက “မင့် သူရဲကောင်း စိတ်ဓာတ် ကို ငါမမေ့ဘူး ငါ့ညီ။ မင်းတို့ ငါ့ကို အထင်မသေးရင် မင်းတို့သားအဖ ဘုံဆိုင်ကိုထား၊ လျှံရှုန်းတောင်ရိုးကို လိုက်ခဲ့ပါလား။ အဲဒီမှာ ငါတို့ မတရားမှုတွေကို တူတူရင်ဆိုင်ကြမယ်။ ဘယ်လိုသဘောရလဲ”

“အတိုင်းထက် အလွန်ပေါ့ဗျာ”

ထို့နောက် သူတို့ လမ်းခွဲခဲ့ကြသည်။ ချန်ရွှန်းတို့လည်း အဝတ်များကို ပြန်၍ လဲဝတ် လိုက်ပြီး မြောက်ဘက်ကမ်းသို့ တက်ခဲ့ကြ၏။ လျှပ်စီးဝမ်လည်း နှုတ်ဆက်ကာ လှေကို လှော်ပြီး အိမ်ပြန်ခဲ့၏။ ပစ္စည်းများကို ထုပ်ပိုးပြီး အမီလိုက်ရန် ပြင်ဆင်၏။

ကျန်နှစ်ယောက်မှာ ဆေးထုပ်ကို ထမ်းပြီး ခရီးစတင်ခဲ့ကြ၏။ ငြိမ်ငြိမ်လေးနေရသော ဆေးဆရာသာ ဖြစ်သောကြောင့် အင်းမှာ လမ်းလျှောက်ကျင့် မရှိချေ။ လီသုံးဆယ်ခန့် ရောက်သော် ခြေကုန်နေလေပြီ။ ချန်ရွှန်းက ဘုံဆိုင်တခုသို့ ဝင်ကာ စိမ်ရည်ဝယ်၍ တိုက်ရ၏။ သူတို့သောက်နေစဉ် လူတယောက် ဆိုင်ထဲသို့ ဝင်လာပြီး အနားသို့ ကပ်လာပြီး မေးလိုက်၏။

“ဘာလို့ ဒီလောက် ကြာနေရတာလဲ နောင်ကြီး”

ချန်ရွှန်းလည်း မော်ကြည့်လိုက်ရာ နတ်ခြေမြန်ထိုက်ချုံ ဖြစ်နေကြောင်း တွေ့ရလေ၏။ ဆေးဆရာအင်းနှင့် မိတ်ဆက်ပေးပြီး စုန်ကျန့်အခြေအနေကို မေးလေ၏။

“သူက သတိလစ်နေတယ်။ စားလည်း မစားနိုင်ဘူး၊ သောက်လည်း မသောက်နိုင်ဘူး၊ သေတော့မယ်နဲ့ တူတယ်၊ မကြာတော့ဘူး”

ချန်ရွှန်းလည်း ငိုလေ၏။ ဆေးဆရာကမူ-

“သူ့အသားအရေ ဘယ်လိုနေလဲ”

“မွဲခြောက်နေပြီ။ တချိန်လုံး ညည်းနေတာပဲ။ နာတာလည်း မသက်သာဘူး။ သိပ် ကြာကြာခံတော့မယ် မထင်ဘူး”

“သူနာတာကို သိနေသေးရင် ကုလို့ ရသေးတယ်။ အချိန်မီမရောက်မှာကိုပဲ ပူတယ်”

“ဒါက လွယ်ပါတယ်” ဟု ထိုက်ချုံက ပြောကာ အင်း၏ ခြေထောက်တွင် ခြေဖွဲ့များကို စည်းပေး၏။ ဆေးထုပ်ကို သူက ထမ်း၏။ ချန်ရွှန်းကိုလည်း “နောင်ကြီးဘာသာ ဖြည်းဖြည်း ပဲ လာခဲ့ပေါ့ဗျာ။ ကျွန်တော်တော့ ဆေးဆရာနဲ့ သွားနှင့်မယ်”

ထိုက်ချုံနှင့် ဆေးဆရာအင်းတို့လည်း ထမင်းဆိုင်မှ ထွက်သွားကြ၏။ နတ်ခြေမြန် ခြေဖွဲ့များကို သုံးသွားကြသဖြင့် လျင်မြန်လှပေ၏။

ချန်ရွှန်းမှာ ထမင်းဆိုင်တွင် နှစ်ရက် သုံးရက်ခန့် စောင့်နေရာ လှျပ်စီးဝမ်က အထုပ် အပိုးများကို ထမ်းကာ သူ့ဖခင်နှင့်အတူ ရောက်လာလေ၏။

ချန်ရွှန်းလည်း ဝမ်းသာအားရဖြင့် “ငါမင်းတို့ကို စောင့်နေတာ”

“ဆရာအင်းရော”

“နတ်ခြေမြန်ထိုက်ချုံက ဒီမှာ လာကြိုတယ်။ ဆေးဆရာနဲ့ သွားနှင့်ကြပြီ”

လှျပ်စီးဝမ်တို့ သားအဖလည်း ချန်ရွှန်းနှင့်အတူ လှုံ့ရှန်းကျုအင်းသို့ လာခဲ့ကြ၏။ ထိုက်ချုံနှင့် ဆေးဆရာအင်းတို့မှာ နတ်ခြေမြန်အစွမ်းဖြင့် ထိုညတွင်ပင် လှုံ့ရှန်း တောင်ရိုးသို့ ရောက်သွားလေ၏။ ခေါင်းဆောင်ကြီးယယ်တို့က ဝိုင်း၍ ကြိုဆိုကြကာ စုန်ကျုန့်ထံသို့ ခေါ်သွားကြ၏။ သူ့ခမျာ အသက်ကိုပင် အတော်ရှူနေရ၏။

သွေးစမ်းကြည့်ပြီးနောက် ဆေးဆရာက-

“မပူကြပါနဲ့ ဗိုလ်မင်းတို့။ သူ သွေးခုန်နှုန်း ကောင်းပါတယ်။ ကိုယ်က ဒဏ်ပိနေပေမယ့် ဘာမှ ဆိုးဆိုးရွားရွား မရှိဘူး။ ကြွားတော့ မကြွားချင်ပါဘူး။ ဆယ်ရက်အတွင်းမှာ ပြန်ကောင်းလာလိမ့်မယ်”

ခေါင်းဆောင်များသည် ဝိုင်း၍ ကန်တော့ကြလေ၏။ အနာပဆုပ်မှ အဆိပ်စုပ်ထုတ်ရန် ဒေါနရွှေဝါရွက်များကို အနာပေါ်တွင် မီးရှို့ပေး၏။ ထို့နောက် လိမ်းဆေး လိမ်းပေးကာ အားတိုးဆေးကိုလည်း အတွင်းဆေးအဖြစ် တိုက်ကျွေးလေ၏။

ငါးရက်အတွင်းလူနာအသားအရေမှာ သွေးရောင် ပြန်၍ သန်းလာလေ၏။ ကြွက်သား များ ပျော့ပျောင်းလာပြီး ခံတွင်းလိုက်လာလေ၏။ ဆယ်ရက်မပြည့်သေးမီ အနာလုံး၀ မကျက်သေးသော်လည်း ပုံမှန်အတိုင်း စားနိုင်သောက်နိုင်လာလေ၏။

ချုန်ရှုန်းတို့လည်း ရောက်လာလေ၏။ စုန်ကျန့်နှင့် အခြားခေါင်းဆောင်များကို နှုတ်ဆက်ပြီးနောက် မြစ်ပြင်တွင် အလုခံရကာ မြစ်ပြင်တွင်ပင် လက်စားပြန်ချေခဲ့ကြောင်း ပြောပြ၏။

"မင်းကြောင့် နောင်ကြီး နေကောင်းတာ နောက်ကျတော့မလို့" ဟု ခေါင်းဆောင် များက ဆိုကြ၏။ နေကောင်းလာသည်နှင့် စုန်ကျန့်သည် ဥတ္တရနေပြည်တော်ကို မည်သို့ တိုက်မည်ဟု ဝုရုံနှင့် တိုင်ပင်လေ၏။ လူကွမ်းယီနှင့် ရှိဇူတို့ကို ကယ်တင်လိုလှပြီ ဖြစ်၏။ သို့သော် ဆရာအင်းက ဟန့်တားလိုက်၏။

"ခင်ဗျား ဗျားအနာက မကျက်သေးဘူး။ သိပ်လှုပ်ရှားလို့ မဖြစ်ဘူး။ အနာကျက်နှေးနေ လိမ့်မယ်"

ဝုရုံကလည်း "ဒီအတွက် မကြောင့်ကြပါနဲ့ နောင်ကြီး၊ နောင်ကြီးပဲ စိတ်ပင်ပန်းနေ လိမ့်မယ်။ ယ်။ နားပြီး အားပဲ မွေးနေပါ။ ကျုပ်ကတော့ အဖြစ်မရှိပါဘူး ။ ဒါပေမဲ့ နွေဦးပေါက် လာပြီဆိုတော့ ဆိုတော့ ဥတ္တရနေပြည်တော်ကို ကျုပ် မုချထိုးဖောက်ပြီး ကုန်သည်ကြီးလူနဲ့ ရှိဇူကို ကယ်ပါမယ်။ ၊ ကြာခိုတဲ့ကောင်ကို ဖမ်းပါ့မယ်။ လက်စားချေပေးဖို့ အာမခံပါတယ်"

"ခင်ဗျားနဲ့အတူ အကူအညီရတာ သိပ်ဟန်ကျတာပဲဗျာ။ ကျုပ် သေရင်တောင် စိတ်ဖြောင့်ဖြောင့်နဲ့ သေရဲပြီ"

ဝုရုံက သစ္စာခန်းမတွင် အမိန့်များကို ထုတ်ပြန်၏။ ထိုအမိန့်များကြောင့်ပင်လျှင် ဥတ္တရ နေပြည်တော်မှာ မီးလောင်တိုက် အသွင်းခံခဲ့ရ၏။ လုံ့အစင်းပေါင်း အထောင်အသောင်းတို့ ပေါက်ရောက်သည့် တောအုပ်ကြီး ဖြစ်ခဲ့ရ၏။ မြို့၀န် အိမ်ရှေ့တွင် လူသေကောင်များ တောင်နှယ်ပုံခဲ့ရ၏။ သွေးပင်လယ်ဝေခဲ့၏။ မှန်ပေ၏။ သူ၏ အမှတ်မဲ့စကားများကြောင့် ဘီလူးများ တုန်လှုပ်သွားရသလို သူရဲကောင်းစစ်သည်များက နှစ်သက် မြတ်နိုးကုန်ကြ၏။

စစ်ဘက်အကြံပေးဝုရုံ၏ စီမံချက်မှာ မည်သို့ပေနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၆

ကျောက်စိမ်းမိုးတိမ်စံအိမ်တွေကို ရှီကျန့်က မီးတိုက်ခြင်း

ဝုရုံက ထဲ့နင်းမြို့ကို ဥပါယ်တံမျဉ် သုံး၍ သိမ်းပိုက်ခြင်း

"ကျုပ်တို့ ကံကောင်းချင်တော့ နောင်ကြီးကလည်း နေကောင်းသွားပြီဗျ" ဟု ဝုရုံက စုန်ကျန့်ကို ရှင်းပြရန် စကားစလိုက်၏။

"ဆရာအင်းက နောင်ကြီးကို လာပြီး ကုပေးတာ ကျုပ်တို့အတွက် ဘုရားပေးတဲ့ ဆု ပါပဲ။ နောင်ကြီး အိပ်ရာထဲမှာ လဲနေတုန်း ကျုပ်က မြို့ထဲကို ကင်းထောက်တွေ လွှတ်ပြီး သတင်းရယူခိုင်းထားပါတယ်။ မြို့ဝန်လျှံလည်း ကြောက်လွန်းလို့ နေစရာမရှိ ဖြစ်နေပြီတဲ့။ ကျုပ်တို့ လာတိုက်မှာကိုပဲ ကြောက်နေတာတဲ့။ လူထုကို မစိုးရိမ်ဖို့အကြောင်း ရေးထားတဲ့ ကြေညာစာတွေလည်း ဈေးထဲမှာရော မြို့အနှံ့အပြားမှာရော လျှောက်ပြီး ကပ်ခိုင်းထား ပါတယ်။ အမှားပြုမိရင် ပြန်ချေတဲ့သူ ရှိမယ်။ မြီယူမိရင် မြီရှင် ရှိမယ်လို့လည်း ရေးထား ပါတယ်။ ကျုပ်တို့တပ်တွေ ထဲ့နင်းကို ဝင်တာက ရန်သူတွေကိုပဲ ဖမ်းချင်လို့ ဆိုတာလည်း ကတိပေးထားတယ်။ ဒီတော့ မြို့ဝန်လျှံလည်း ပိုပြီး စိတ်ပူလာတာပေါ့။ နန်းရင်းဝန်ကြီး ကလည်း ကွမ်ရှိန်း ကျုပ်တို့ဘက်ကို ပြောင်းသွားပြီဆိုတာ ကြားပြီးပြီ။ ဒါပေမဲ့ မင်းကြီး ရှေ့တော်မှာ မတင်ပြရဲဘူး။ နန်းရင်းဝန်ကြီးက လွတ်ငြိမ်းခွင့်ပေးဖို့၊ အရာရှိ အရာခံခန့် ထားပေးဖို့ ဆန္ဒ ရှိနေတယ်တဲ့။ ဒီလိုလုပ်ရင် ပြဿနာအားလုံး ပြေလည်သွားမယ်လို့ သူ ယူဆတယ်။ ပြေရာပြေကြောင်းအနေနဲ့ ကုန်သည်ကြီးလူနဲ့ ရှိဇူတို့ကို အသက်ချမ်းသာ ပေးဖို့ မြို့ဝန်လျှံဆီကိုလည်း စာတွေ ရေးနေတယ်တဲ့"

ထိုစကားကို ကြားရသော် စုန်ကျန့်သည် တောင်ရိုးမှ ခုပင် ဆင်းကာ ဥတ္တရနေပြည် တော်ကို သွားတိုက်လိုစိတ် ဖြစ်လာ၏။ သို့သော် ဝုရုံ၏ အကြံမှာ ထိုသို့ မဟုတ်ပေ။

"ခုဆိုရင် နှစ်သစ်ကူးနေပြီလေ။ မီးပုံးပွဲတော်လည်း ကပ်လာပြီ။ ဥတ္တရနေပြည်တော် က မီးပုံးပွဲတော်ကို ခမ်းခမ်းနားနား ကျင်းပတဲ့ ထုံးစံရှိတယ်။ ဒီပွဲကို အခွင့်ကောင်းယူပြီး ကျုပ်တို့ လူတွေကို မြို့ထဲကို အရင်ခိုးသွင်းမယ်။ ပြီးမှ တိုက်မယ်။ အတွင်း အပြင် နှစ်ဖက် ညှပ်ပြီး ခံစစ်ကို ဖြိုခွဲရမယ်"

စုန်ကျန့်က သဘောတူလိုက်ပြီး "အသေးစိတ် စီစဉ်ကြပါ" ဟု

တပ်မှူးများကို ပြော၏။

ဝုရုံက-

"အရေးအကြီးဆုံး တာဝန်က အချက်ပြတဲ့ အနေနဲ့ မြို့ထဲမှာ မီးရှို့ဖို့ပဲ။ ညီနောင်တွေ ထဲက ဘယ်သူက သွားလုပ်မှာလဲ"

စင်မြင့်ခြေရင်းသို့ လူတယောက် ထွက်လျှောက်လာ၏။ "ကျွန်တော် လုပ်မယ်" ဟု ဆိုလိုက်ရာ အားလုံးက ဝိုင်းကြည့်ကြ၏။ ထိုသူမှာ ရှီကျန့် ဖြစ်၏။

"ကျွန်တော်က ကလေးတုန်းက ဥတ္တရနေပြည်တော်မှာ နေခဲ့တာပါ။ အဲဒီမှာ ကျောက် စိမ်းမိုးတိမ်စံအိမ်ဆိုတဲ့ အပျော်ဂေဟာကြီးတခု ရှိတယ်။ အပေါ်ထပ်ရော အောက်ထပ်ရော ပေါင်းလိုက်ရင် အခန်းတရာတောင် ကျော်မယ်။ မီးပုံးပွဲတော်ညဆို သိပ်စည်တာပဲဗျာ။ ပွဲတော်မတိုင်ခင် ကျွန်တော် မြို့ထဲ ခိုးဝင်သွားမယ်။ ပထမလ လပြည့်နေ့ကျရင် အဲဒီ အပျော်ဂေဟာအမိုးပေါ်ကို တက်ပြီး အချက်ပြ မီးရှို့လိုက်မယ်။ အဲဒီအချိန်မှာ စစ်ဘက် အကြံပေးကြီးက တပ်တွေ လွှတ်ပြီး တောင်ကို ဝင်စီးပေါ့။ ဒါက အကောင်းဆုံးနည်းပါ"

"ကျုပ်လည်း ဒီလိုပဲ စဉ်းစားထားတယ်" ဟု ဝုရုံက ထောက်ခံ၏။ "မနက်ဖြန် မနက် လင်းတာနဲ့ တောင်ပေါ်က ဆင်းသွားပြီး အလုပ် စ ပေတော့။ ပွဲတော်ည ပထမယံမှာ အဲဒီ စံအိမ်ထိပ်မှာ မီးတက်ရှို့နိုင်ရင်တော့ မင်းတော့ ပွဲကြီးလမ်းကြီး ရပြီသာ မှတ်ပေတော့"

ရှီကျန့်လည်း ကတိပေးကာ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားလေ၏။

နောက်တနေ့တွင် ဝုရုံက ရှီချင်နှင့် ရှီပေါင်ညီနောင်ကို မုဆိုးများကဲ့သို့ ရုပ်ဖျက်စေပြီး အရာရှိမင်းများကို လက်ဆောင်ပေးရန် အမဲကောင်များနှင့်အတူ မြို့ထဲသို့သွားရန် စေလွှတ် ၏။ လပြည့်ညတွင် မီးရောင်ကို မြင်ပါက အစိုးရရုံးရှေ့တွင် သွားစောင့်ကာ မီးလောင်ကြောင်း သတင်းပေးရန် လာသည့် သူမှန်သမျှကို တားဆီးရမည် ဖြစ်၏။ ညီနောင်နှစ်ယောက်လည်း ကတိဝန်ခံကာ ထွက်သွားကြလေ၏။

ဒူရှန်းနှင့် ဆုံဝမ်တို့ကိုလည်း ဆန်သည်ယောင် ဆောင်စေကာ ဆန်လှည်းနှစ်စီးကို တွန်း၍ မြို့ထဲသို့ ဝင်ပြီး နေစရာနေရာကို ရှာပြီး ခိုနေစေ၏။ လပြည့်ညတွင် မီးရောင်ကို မြင်ပါက အရှေ့တံခါးကို ဝင်သိမ်းရမည်ဖြစ်၏။ သူတို့လည်း အာမဝန်ခံကာ ထွက်သွား ကြ၏။

ကုန်မင်းနှင့် ကုန်လျှန် ကြယ်ညီနောင်တို့မှာ သူတောင်းစားများယောင် ဆောင်ကာ မြို့၏ လူအစည်ကားဆုံး အပိုင်းတွင်

တွေ့ရာအိမ်တံစက်မြိတ်အောက်များတွင် အိပ်ရမည် ဖြစ်၏။ ထိုစံအိမ်တွင် မီးလောင်သည်ကို မြင်ပါက သွား၍ ကူညီရန် ဝုရုံက ညွှန်ကြား၏။ ကြယ်ညီနောင်လည်း ကတိပြုကာ ထွက်သွားကြ၏။

လီယင်းနှင့် ရှိကျင်းကိုမူ ခရီးသွားများ ဟန်ဆောင်ကာ အရှေ့တံခါး အပြင်ဘက် ထမင်းဆိုင်တွင် စတည်းချစေ၏။ မီးလောင်သည်ကိုတွေ့ပါက တံခါးစောင့် စစ်သည်များကို သတ်ကာ အရေးပေါ်ထွက်ပေါက်အဖြစ် သုံးနိုင်ရန် တံခါးကို သိမ်းထားရမည်ဖြစ်၏။ သူတို့ လည်း လက်ခံကြပြီး ထွက်သွားကြလေ၏။

မင်သေ့ကိုယ်တော်ရှင်ဉာဏနှင့် ဝုဆုန်တို့မှာ ခရီးလှည့်လည်နေသော ရဟန်းများ အဖြစ် ဝတ်ဆင်ကာ မြို့ပြင်ရှိ ဘုရားကျောင်းတခုတွင် အာဂန္တုအဖြစ် နေရမည်ဖြစ်ပြီး အချက်ပေးလိုက်ပါက တောင်တံခါးကိုသွားကာ အစိုးရတပ်များ ထွက်၍ မတိုက်နိုင်အောင် တားရမည်ဖြစ်၏။ ထိုသူနှစ်ယောက်လည်း ဝန်ခံကာ ထွက်သွားကြ၏။

စို့ယွမ်နှင့် စို့ရှန် နဂါးတူဝရီးနှစ်ယောက်တို့မှာ မီးပုံးသည်များအဖြစ် ဟန်ဆောင်ကာ မြို့လယ်ရှိ ထမင်းဆိုင်တခုတွင် တည်းခိုနေရမည် ဖြစ်ပြီး စံအိမ်အမိုးပေါ်တွင် မီးရောင်ကို တွေ့က ထောင်သို့သွားကာ စီးနင်းမည့်သူများကို ကူညီရမည် ဖြစ်၏။ နဂါးတူဝရီးလည်း ကတိပြုကာ ထွက်သွားကြ၏။

မွေးနီလျူထန်နှင့် ရန်စုံတို့မှာ ရဲသားများ အသွင်ယူကာ တိုက်နယ်ဌာနချုပ်ရှေ့တွင် အခန်းငှား၍ နေရမည်ဖြစ်၏။ အချက်ပြမီးကို မြင်ရလျှင် ထိုအကြောင်းကို လာ၍ သတင်း ပို့မည့်သူများကို တားဆီးရမည် ဖြစ်၏။ မြို့အုပ်ချုပ်ရေး၏ ဦးခေါင်းနှင့် အမြီးကို ဤသို့ ဖြတ်တောက်ပစ်မည် ဖြစ်၏။ သူတို့နှစ်ယောက်လည်း အာမခံကာ ထွက်သွားလေ၏။

ကုန်ဆွန်ရှန်းမှာ ခရီးလှည့်လည်နေသည့် ရဟန်းအဖြစ်၊ လင်းချင်က သူ့ကပ္ပိယအဖြစ် ဟန်ဆောင်ကာ မြို့တွင်းချောင်ကျသောနေရာတွင် အောင်းနေရမည်၊ အချက်ပေးမီးတောက် လာသောအခါ ရာနှင့်ချီသော မီးရှူးမီးပန်းများကို ဖောက်ရမည်ဟု ဝုရုံ ညွှန်ကြားလိုက်၏။ ဒီလှိုင်းဖြူချန်ရွှန်းကမူ ယန်ချင်းနှင့်အတူ မြို့တွင်းသို့ ရေတံခါးမှ တဆင့် ဝင်ကာ ကုန်သည်ကြီးလူ၏ အိမ်သို့သွားပြီး ဖောက်ပြန်သူများကို ဖမ်းဆီးရမည် ဖြစ်၏။

ဗိုလ်ကျားပုဝမ်ယင့်၊ ဆွန်ရှင့်၊ ကျန်ချင်း၊ သံမဏိတာ၊ မခု၊ စုန်းမဆွန်တို့ သုံးစုံတွဲက မီးပုံးပွဲတော်ကို လာကြည့်ကြသော နယ်မှ ဇနီးမောင်နှံများအဖြစ် မြို့တွင်း၌ တည်းခိုနေ ကြပြီး ကုန်သည်ကြီးလူ၏ အိမ်ကို မီးရှို့ကြရမည် ဖြစ်၏။

သခင်ကျဲ့နှင့် ကွေ့ဟိုတို့က စစ်ဗိုလ်များ ဟန်ဆောင်ကာ ထောင်မှူးကိုင်၏

အိမ်သို့ သွားကာ အကျဉ်းသားနှစ်ဦး၏ လုံခြုံရေးကို အာမခံစေမည် ဖြစ်၏။

ဤသို့ စီစဉ်ညွှန်ကြားပြီးသောအခါ တောပုန်းခေါင်းဆောင်အသီးသီးလည်း သူတို့၏ တာဝန်အသီးသီးကို စတင် ထမ်းဆောင်ကြလေ၏။ အချိန်မှာ စန္ဒမာသပြက္ခဒိန်၏ ပထမလ လဆန်းချိန် ဖြစ်ပေ၏။

ယခုအခါ ကျွန်ုပ်တို့သည် တောင်အောက်သို့ တယောက်ပြီးတယောက် ဆင်းသွား ကြသော ရဲရင့်သူတို့၏ အကြောင်းကို မပြောဘဲ မြို့ဝန်လျှံက လီချိန့်၊ ဝင်တ အစရှိသော အဆင့်မြင့်အရာရှိများနှင့် အစည်းအဝေးခေါ်သည့်အကြောင်းကို ပြောကြပါမည်။ မြို့ဝန်က စကား စ ၏။

“နှစ်တိုင်းပဲ ကျုပ်တို့မြို့မှာ အရှေ့နေပြည်တော်မှာလိုပဲ ပထမလ လပြည့်ညမှာ မီးပုံးပွဲ တော်ကြီး အကြီးအကျယ် ကျင်းပခဲ့ကြတယ်။ လူထုလည်း ပျော်လို့ ရွှင်လို့ပေါ့။ ဒါပေမဲ့ လျှံရှန်းတောင်ရိုးက ဓားပြတွေက နှစ်ခါလောက် လာတိုက်သွားတာ မကြာသေးဘူး။

ဒီတော့ ဒီပွဲတော်ကို ကျင်းပလိုက်ရင် အန္တရာယ်ကို ဖိတ်ခေါ်ရာများ ကျမလားလို့ စိုးရိမ်မိတယ်။ ဒီတော့ မကျင်းပတော့ဘူးလို့ စဉ်းစားနေတယ်။ လူကြီးမင်းများကကော ဘယ်လို သဘောရကြသလဲ”

ဝင်တက-

“ဓားပြတွေကတော့ အမြီးကုပ်ပြီး ဆုတ်သွားကြပြီ ထင်ပါတယ်။ လျှောက်ကပ်ထား တဲ့ ကြေညာချက်ဆိုတာတွေက သူတို့မှာ အကြံကုန်နေပြီဆိုတာကို ပြနေတာပဲ။ သူတို့လုပ် နိုင်တာ ဘာရှိတော့လို့လဲ။ သူတို့များ ဂရုစိုက်လို့ အရှင်ရယ်။ ကျုပ်တို့က ဒီနှစ်မီးပုံးပွဲတော် မကျင်းပဖြစ်တာကို ဟိုကောင်တွေ သိသွားရင် လှောင်ကုန်ကြတော့မှာ ကျိန်းသေတယ်။ ဒီတော့ မနှစ်ကထက်ပိုပြီး မီးပုံးလှလှလေးတွေ ထွန်းဖို့၊ ပိုပြီး ခမ်းခမ်းနားနားနား ခင်းကျင်း ကြဖို့ အမိန့်ထုတ်စေချင်တယ်။ ပြီးတော့ မြို့လယ်ကောင်မှာ မြင့်မိုရ်တောင်နှစ်လုံး တည် ဆောက်ရမယ်။ အရှေ့နေပြည်တော်မှာလိုပဲ လဆန်း ဆယ့်သုံးရက်ကနေ လပြည့်ကျော် နှစ်ရက်အထိ ငါးရက်လုံးလုံး ကျင်းပရမယ်။ ပျော်ပွဲရွှင်ပွဲတော်ကိုလည်း ညလုံးပေါက် ကျင်းပခိုင်းရမယ်။ လူတိုင်းပါဝင်အောင် မြို့အုပ် မြို့ချုပ်တွေက ကြပ်မတ်ရမယ်။ ပြီးတော့ အရှင်ကိုယ်တိုင်လည်း ပါဝင်ရမယ်။ ကျုပ်ကတော့ ကျားပုံတောင်ကြီးကို မြင်းတပ်နဲ့ သွား ပြီး ဓားပြတွေ မဟုတ်တရုတ် လာမလုပ်နိုင်အောင် သွားစောင့်မယ်။ မြို့စောင့်တပ်မှူးလီနဲ့ သူ့ သံချပ်ကာမြင်းတပ်ကလည်း မြို့တော်ဆင်ခြေဖုံးကို လှည့်နေပေါ့။ ဒါမှ လူထုလည်း စိတ်ချလက်ချ နေနိုင်ကြမှာပါ”

ဤအကြံပေးချက်ကို မြို့ဝန်လျှံက နှစ်ခြိုက်လှပေ၏။ သူတို့ ဆွေးနွေးသဘောတူ ကြပြီးသော် လူထုကို ထုတ်ပြန်ကြေညာလိုက်၏။

ဥတ္တရနေပြည်တော်ဟု ခေါ်တွင်သည့် ထားနင်းမြို့မှာ ဟောပေ့နယ်တွင် အကြီးဆုံး မြို့ပြ ဖြစ်သည့်အလျောက် ကုန်သည်ကြီးငယ်တို့ အုပ်နှင့်ချီကာ ဝင်ထွက်သွားလာနေကြ၏။ မီးပုံးပွဲတော် ကျင်းပမည်ဟု ကြားရသောအခါ ပါဝင်ဆင်နွှဲရန် လာရောက်ကြလေ၏။

လမ်းမကြီးများ လမ်းသွယ်လေးများအတွင်းသို့ အရာရှိများက နေ့စဉ်လှည့်လည်ကာ ပွဲတော်အတွက် ပြင်ဆင်နေမှုကို စစ်ဆေးကြ၏။ လူရည်တတ်များက အချင်းချင်း ဂုဏ်တု ဂုဏ်ပြိုင်ဖြင့် မီးပုံးလှလှများ ရှိသည်ဟု ကြားလျှင် လီတရာမက သုံးရာဝေးသော နေရာ အထိ သွားကာ ဝယ်ယူကြ၏။ နှစ်စဉ် မီးပုံးသည် အမြောက်အမြားလာ၍ ရောင်းချမြဲလည်း ဖြစ်ပေ၏။ အိမ်ရှေ့များတွင် ကနားဖျင်းများ ထိုးထားကြ၏။ ယင်းတွင် မီးပုံးများကို လှလှ ပပ ချိတ်ဆွဲ ထွန်းညှိထားကြမည်၊ မီးရှူးမီးပန်းများကို ပစ်ဖောက်ကြမည် ဖြစ်၏။ ခြံဝင်း အတွင်းတွင်လည်း အလားတူ ကနားဖျင်းများကို ဆောက်ထားကြပြန်သေး၏။ ဤကနား ဖျင်းကိုမူ ပန်းချီကျော်များ၏ လက်ရာများ၊ ခန်းဆီးများ၊ မီးစကြာများဖြင့် ကာရံမွမ်းမံကာ ကနားဖျင်းထဲတွင်မူ ရှားပါးသော ရှေးဟောင်းပစ္စည်းများ၊ ကလေးကစားစရာ အထူး အဆန်းများကို ပြသထားမည် ဖြစ်၏။

လမ်းတိုင်း အိမ်တိုင်းတွင် မီးပုံးများ အသင့်ဖြစ်နေလေပြီ။ မြို့ဝန်၏ အိမ်အနီး တံတား ဘေးတွင် မြင်းမိုရ်တောင်ဟု ခေါ်သော တောင်ပူစာ အတုတလုံးကို တည်ဆောက်ထားပြီ ဖြစ်၏။ အဝါရောင်နှင့် အစိမ်းရောင် စက္ကူနဂါးနှစ်ကောင်က ယင်း တောင်ပူစာကို ရစ်ခွေ ထားကြ၏။ နဂါးများ၏ အကြေးခွံအဖတ်ကလေးတိုင်းသည် မီးပုံးတခု ဖြစ်၏။ ပါးစပ်မှ ရေများလည်း ပန်းထွက်နေ၏။ တံတားသို့ လာသော လမ်းနှစ်ဖက်စလုံးတွင်လည်း မရေမတွက်နိုင်သော မီးပုံးများဖြင့် ထွန်းညှိထား၏။

ကြေးသွန်းရုပ်ပွားတော်ကြီး ရှိရာ ကျောင်းတိုက်ရှေ့တွင်လည်း အလားတူ တောင်ငယ် တလုံး ရှိနေ၏။ ယင်း တောင်ကိုမူ အပြာရောင် နဂါးတကောင်က ပတ်ခွေထားပြီး ရာနှင့် ချီသော မီးပုံးများကို ထွန်းညှိချိတ်ဆွဲထားလေ၏။

ကျောက်စိမ်းမိုးတိမ်စံအိမ်ရှေ့ တောင်ကိုမူ နဂါးအဖြူရောင်တကောင်က ရစ်ပတ် ထားလေသည်။ ဤစံအိမ်မှာ အမှန်စင်စစ် အပျော်အပါးမျိုးစုံ ရသော အပျော်ဂေဟာကြီး သာ ဖြစ်၏။ ဤပြည်နယ်တွင်မူ အကောင်းဆုံးဖြစ်၏။ ကော့ညွှတ်နေသော အမိုးများ၊ ပန်းပု ထုထားသော ယက်မတန်းများ၊ အခြယ်အလှယ်များနှင့် တန်ဆာဆင်ထားသော တိုင်လုံး ကြီးများ ရှိသည့် သုံးထပ်မျှ

မြင့်သော အထူးလှပသော အဆောက်အအုံကြီး ဖြစ်ကာ အခန်းပေါင်း တရာကျော် ရှိလေ၏။ နံနက်မှ ညအထိ သီချင်းသံ တီးမှုတ်သံတို့ စဲသည်ဟု မရှိပေ။

ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများတွင် စည်ပင်တိုးပွားသည့် နှစ်သစ်အထိမ်း အမှတ်အဖြစ် မီးပုံးများကို ထွန်းညှိထားကြ၏။ အိမ်များတွင် အပြိုင်အဆိုင် ထွန်းညှိပြင်ဆင်ထားကြမည်ကိုမူ ပြောရန်ပင် လိုမည် မထင်တော့။

ဤသတင်းတို့ကို ကင်းထောက်တို့က လျှံရှန်းတောင်ရိုးပေါ်သို့ ယူလာကြ၏။ ဝုရုံကား ဝမ်းမြောက်လှပေပြီ။ စုန်ကျန့်ထံသို့ ဆက်၍ တင်ပြ၏။ ဥတ္တရနေပြည်တော်ကို ကိုယ်တိုင် ကိုယ်ကျ စုန်ကျန့်က သွားတိုက်လိုလှ၏။ သို့သော် ဆေးဆရာအင်းက ခွင့်မပြုပေ။

"နောင်ကြီးအနာက လုံးလုံးကျက်သေးတာ မဟုတ်ဘူး။ သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ရဘူး။ ဒေါသတွေ ဝင်လာရင် ကုရတာ ပိုခက်လာလိမ့်မယ်"

"နောင်ကြီးအစား ကျုပ်ကို သွားခွင့်ပြုပါ" ဟု ဝုရုံက ခွင့်တောင်း၏။ သူနှင့် ဗိုလ်သီလ ဖေရွှန်းတို့က တပ်ရစ်တပ် ဖွဲ့ကာ သွားတိုက်ကြမည်။

ပထမတပ်ဖွဲ့ကို ဟူယန်ကျို့က ကွပ်ကဲမည်။ ဟန်တောင်နှင့် ဖိန့်ချီတို့က လက်ထောက် များအဖြစ်၊ တောင်သုံးလုံးရှင်ဟုန်ဆင့်က အရန်တပ်မှူးအဖြစ် လိုက်ပါကြမည်။ ခြေလျင် မပါ မြင်းတပ်သက်သက်သာ ဖြစ်မည်။ ဟူယန်ကျို့တို့၏ ရှေ့ပြေးတပ်သည် တကယ် တိုက် မည် မဟုတ်ဘဲ ကွမ်ရှိန်းကို တိုက်ပွဲအတွင်းသို့ ပါဝင်လာအောင် ပရိယာယ်ဆင်ရန်သာ ဖြစ်၏။

ဒုတိယတပ်ဖွဲ့ကို ကျားသစ်ခေါင်းလင်ချုံးက ကွပ်ကဲကာ မာလင်းနှင့် တိန်ဖတို့က ထောက်ကူကြမည်။ ဟွရုံက အရန်တပ်ကိုပင် ကွပ်ကဲမည်ဖြစ်၏။ ဤတပ်မှာလည်း မြင်း တပ်သာ ဖြစ်၏။

တတိယတပ်ဖွဲ့မှာလည်း မြင်းတပ်ပင် ဖြစ်ကာ ပုဆိန်ကြီးကွမ်ရှိန်း ဦးစီးကာ ရှေ့ဖျား တပ်အဖြစ် ချီတက်မည်ဖြစ်၏။ သူ့လက်ထောက်ဗိုလ်များမှာ ရွှန်ဇန်နှင့် ဟောင်စီဝင်တို့ ဖြစ်ကာ ဗိုလ်ချုပ်ပျော့ဆွန်လီက အရန်တပ်မှူးအဖြစ် တာဝန်ယူရ၏။

စတုတ္ထမြင်းတပ်မှာလည်း ရှေ့ဖျားတပ်ပင် ဖြစ်ကာ မိုးကြိုးသွားဗိုလ်ချုပ်ချင်မင်းက ကွပ်ကဲမည်။ အိုပင်းနှင့် ယန်ရှင့်က လက်ထောက်တပ်ဗိုလ်များအဖြစ် တာဝန်ယူမည်။ ဗိုလ်မှတ်ကျော်က အရန်တပ်ကို ကွပ်ကဲမည်ဖြစ်၏။

ဒေါနကြီးမူဟုန် ဦးစီးသည့် ပဉ္စမတပ်ဖွဲ့မှာကား ခြေလျင်တပ် ဖြစ်၏။

သူ့လက်ထောက် များမှာ ထူရှင့်နှင့် ချန်တန်ရှုတို့ ဖြစ်ကြ၏။

နောက် ခြေလျင်တပ်ဖွဲ့ကို လေပွေနက်လီကွေ့က ခေါင်းဆောင်မည်။ လီလီနှင့် ကောက်ရိုန်းတို့က လက်ထောက်များအဖြစ် တာဝန်ယူကြမည်။

နောက်ခြေလျင်တပ်ကိုမူ ကျားပျံလွှေ့ဟုန်က ဦးစီးကာ ရှိအန်နှင့် မူချွန်းတို့က ကူညီ ကြမည်။

နောက်ဆုံး ခြေလျင်တပ်ကို ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရှီက ဦးစီးကာ လီကွန်းနှင့် ရှံချုံးတို့က လက်ထောက်တပ်ဗိုလ်များအဖြစ် လိုက်ပါကြမည် ဖြစ်၏။

တပ်ဖွဲ့ ရှစ်ဖွဲ့စလုံး ထိုနေ့တွင်ပင် ချီတက်ကြရန်၊ လပြည့်ည ဒုတိယယံတွင် မြို့ခြေရင်း သို့ရောက်ရန်၊ မနှောင့်နှေးရန် အမိန့်ချမှတ်၏။ ခြေလျင်တပ်ရော မြင်းတပ်ပါ အတူချီတက် ကြရန် ဖြစ်၏။

အမိန့်ရသောအခါ တပ်ရှစ်တပ်စလုံး တောင်ရိုးပေါ်မှ ဆင်းသွားကြ၏။ စုန်ကျန့်သာလျှင် ကျန်ခေါင်းဆောင်များနှင့် စခန်းစောင့်ရင်း ကျန်ရစ်ခဲ့၏။

ရှီကျန့်မှာ ခွေးလှေးဟု အမည်ရသူပီပီ အိမ်တံစက်မြိတ်များပေါ်သို့ ပျံလွှားနိုင်သူ၊ တံတိုင်းထိပ်များအတိုင်း လျှောက်သွားနိုင်သူ ဖြစ်၏။ ဥတ္တရနေပြည်တော်ကို ဝင်ရိုးဝင်စဉ် လမ်းမမှ မဝင်ဘဲ ညအချိန်ကျမှ မြို့ရိုးတံတိုင်းကို ကျော်တက်ကာ ဝင်ခဲ့၏။ ထမင်းဆိုင်များ တွင် တည်းရန် နေရာမရသဖြင့် တနေကုန် မြို့ထဲတွင် လျှောက်လေလွင့်နေပြီး ညကျမှ ဘုရားကျောင်း တဆောင်ဆောင်၏ ပလ္လင်အောက်တွင် ဝင်၍ အိပ်၏။ လဆန်း ဆယ့်သုံး ရက်တွင် မြို့လယ်သို့ ထွက်ကာ မြို့သားများ ကနားဖျင်းများ ထူကြ မီးပုံးများ ချိတ်ကြ သည်ကို လျှောက်ကြည့်၏။

ရှိချင်နှင့် ရှိပေါင် ညီနောင်နှစ်ယောက် အမဲကောင်များကို ထမ်းကာ မြို့ထဲတွင် ယောင်ပေယောင်ပေ လုပ်နေသည်ကို သူ မြင်ရ၏။ ဒူရှုန်းနှင့် ဆုံဝမ်တို့ အပျော်အိမ်တခုမှ ထွက်လာသည်ကိုလည်း မြင်လိုက်ရ၏။ ရှီကျန့်က ကျောက်စိမ်းမိုးတိမ် စံအိမ်အပေါ်ထပ်သို့ တက်ကာ လျှောက်၍ ကြည့်၏။ လမ်းထဲသို့ ဆင်းလာသော် ဆံပင်ဖရိုဖရဲနှင့် ညစ်ထေးနေသေ သော ကုန်မင်းကို သိုးသားရေအင်္ကျီစုတ်ကို ဝတ်လျက် ဘယ်လက်က တောင်ဝှေး၊ ညာလက်က ခွက်ကို ကိုင်စွဲလျက် တွေ့ရ၏။ ကုန်မင်းက သူ့နောက်ဖေးလမ်းကြားသို့ သွားရန် တံတောင်ဆစ်ဖြင့် စကားပြောကြ၏။

နောင်ကြီးက သူတောင်းစားနဲ့ တစက်ကလေးမှ မတူဘူးဗျ။ ကြည့်ပါဦး၊ လူပုံက တောင့်တောင့် တင်းတင်း။ အသားအရေက စိုစိုပြည်ပြည်။

နှင်းဆီရောင်တောင် ပြေး နေသေး။ ဒီမြို့မှ ဒီမြို့မှာ ရဲတွေက အပြည့်ရှိတာနော်။ တယောက်ယောက်က ရုပ်ဖျက်ထားမှန်း သိသွားရင် ကျုပ်တို့ အကြံအစည်ကြီးတခုလုံး နှောင့်နှေးသွားတော့မှာပဲ။ နောင်ကြီးက လူမမြင်ကွယ်ရာမှာ နေတာ ပိုကောင်းလိမ့်မယ်ဗျ”

ထိုသို့ ပြောနေစဉ်မှာပင် နောက် သူတောင်းစားတယောက် နံရံအစွန်းမှ ပေါ်လာလေ ၏။ ရှီကျန့်က သေသေချာချာကြည့်လိုက်ရာ ကုန်လျန် ဖြစ်နေ၏။

ရှီကျန့်က ဝေဖန်ပြန်၏။

“နောင်ကြီးကလည်း အသားအရောင်က မိုးပွင့်ကျနေတာပဲ။ ဝတ်နေတာလို့ ကျိန် ပြောတောင် ယုံမယ့်သူ ရှိမှာ မဟုတ်ဘူး။ လူလိမ်ပဲလို့ တန်းပြောကြမှာပဲ”

ထိုစဉ် သူတို့ ကျောနောက်မှ လူနှစ်ယောက်က သူတို့ကို ဖြုန်းခနဲ ဆောင့်ဆွဲလိုက်ပြီး ငေါက်လိုက်လေ၏။

“သုံးယောက်သား ဘာတွေ ကြံနေတာလဲ”

လှည့်ကြည့်လိုက်ရာ ရန်စုံနှင့် လျူထန်တို့ ဖြစ်နေ၏။ ရှီကျန့်က သက်ပြင်းကြီးချ လိုက်ပြီး “တော်ပါသေးရဲ့ဗျာ။ ကျုပ်ဖြင့် လိပ်ပြာတောင် စဉ်တော့မလို့”

“လာ လိုက်ခဲ့” ဟု ရန်စုံက လူပြတ်သည့် နေရာတခုသို့ ခေါ်သွားပြီး ဆူပူလေ၏။

“နောင်ကြီးတို့က ဉာဏ်လေး ဘာလေး မရှိကြတော့ဘူးလား။ ဒီလိုစုပြီး စကားပြော နေရတယ်လို့ ။ ကျုပ်တို့ပဲ တွေ့တာ ကံကောင်းတယ်မှတ်။ ဟိုက မျက်စိရှင်တဲ့ လက်လျင် တဲ့ ရဲတယောက်များ တွေ့သွားရင် နောင်ကြီးစုန်ကျန့် အကြံအစည်တော့ ရေစုန်မျောပြီ မှတ်တော့။ ကျန်တဲ့ ညီနောင်တွေကို ကျုပ်တို့ တွေ့ပြီးပြီ။ ခင်ဗျားတို့ လမ်းတွေထဲမှာ ယောင်နေဖို့ မလိုတော့ဘူးဗျ”

ကုန်မင်းကလည်း ဝင်၍ ပြော၏။

“စို့ယွမ်နဲ့ စို့ရွှန်တို့ တူဝရီးနှစ်ယောက်ကတော့ မီးပုံးတွေ လှည့်ပြီး ရောင်းနေကြ လေရဲ့၊ ရှင်ဉာဏနဲ့ ဝုဆုန်ကိုတော့ မြို့ပြင်က ဘုရားကျောင်းတခုမှာ တွေ့ခဲ့တယ်။ ကဲ၊ စကားပြောတာ တော်လောက်ပြီ ထင်တယ်။ လူတိုင်းပဲ အချိန်ကျလာရင် ကိုယ့်အလုပ် ကိုယ် လုပ်ကြတာပေါ့”

ဘုရားကျောင်းတခု ရှေ့တွင် တာအိုဂိုဏ်းဝင် ဘုန်းကြီးတပါးနှင့် တိုး၏။ “ဟော့၊ ဒီငါးယောက် ဘာလုပ်နေတာလဲ” ဟု သူက အော်သွား၏။ ထိုသူမှာ

ကုန်ဆွန်ရှုန်း ဖြစ်၏။ သူ့နောက်မှ ကပ္ပိယအသွင်ဖြင့် လင်းချင်က လိုက်ပါလာလေ၏။ သူတို့ခုနစ်ယောက်သားမှာ တဦးကို တဦး အဓိပ္ပာယ်ပါသော မျက်စောင်းများ ဖလှယ်ကာ ခေါင်းညိတ် လည်ညိတ် လုပ်ကာ တလမ်းစီ အသီးသီး ထွက်သွားကြ၏။

ပွဲတော်ရက် နီးလာသောအခါ မြို့ဝန်လျှံလည်း ဝင်တ ဦးစီးသည့် မြင်းတပ်ကို ခားပြများ ဝင်မလာအောင် ကျားပုံ့တောင်ကြားသို့ သွားကာ တပ်ချထားစေ၏။ လဆန်း ဆယ့်လေး ရက်တွင် လီချိန့်ကို သံချပ်ကာမြင်းသည် ငါးရာနှင့်အတူ မြို့ဆင်ခြေဖုံးတွင် လှည့်ကင်း ထွက်စေ၏။

နောက်တနေ့ လပြည့်နေ့ မီးပုံးပွဲတော်နေ့မှာ နေသာလှ၏။ နေဝင်ပြီး လထွက်လာ သောအခါ လမ်းမကြီးငယ် အားလုံးကို ငွေစင်ငွေသားနှင့် ကွပ်ထားသလို ရှိလာ၏။ ပစ် လွှတ်လိုက်သော မီးရှူး ဒုံးပျံများကို တမော့မော့နှင့် ကြည့်ကြ၊ လှပသော ရောင်စုံ မီးပုံးများကို တငေးငေးနှင့် လမ်းသလားနေကြသော လူထုများနှင့် ပြည့်လာလေ၏။

ထိုညတွင် ထောင်မှူးကိုင်ဖုက ထောင်ကို သူ့ညီသို့ အပ်၏။

“ငါ အိမ် ခဏပြန်ဦးမယ်။ မကြာဘူး၊ ပြန်လာခဲ့မယ်”

သူ အိမ်ထဲသို့ အဝင်တွင် လူနှစ်ယောက်လည်း သူ့နောက်မှ လိုက်၍ ဝင်၏။ ပထမ တယောက်မှာ စစ်ဗိုလ်တယောက်လို ဝတ်စားထား၏။ နောက်တယောက်မှာ ထိုသူ၏ အစေခံနှင့် တူ၏။ သို့သော် မီးရောင်ထဲသို့ ရောက်၍ သေသေချာချာကြည့်လိုက်မိသော အခါမှ လေပွေလေးသခင်ကျဲ့နှင့် သံလည်ချောင်းကွေ့ဟိုတို့ ဖြစ်နေကြောင်းကို သိရ၏။ ကိုင်ဖုက သခင်ကျဲ့ကို သိသဖြင့် အိမ်ထဲဝင်ရန် ဖိတ်ခေါ်ပြီး စိမ်ရည်ခွက်များကို ချစေ၏။

သခင်ကျဲ့က-

“စိမ်ရည်တွေ ဘာတွေ လုပ်မနေပါနဲ့တော့ဗျာ။ ကျွန်တော်တို့ လာတာက တောင်းပန် စရာတခု ရှိလို့ပါ။ ခင်ဗျားက ကုန်သည်ကြီးလူနဲ့ ရှီဇူကို သေသေချာချာ ဂရုစိုက်ထားမှန်း သိပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင်လို့ ဆုံးနိုင်မယ် မထင်ပါဘူးဗျာ။ ဒီနေ့ ပွဲတွေ လမ်းတွေမှာ လူတွေ အာရုံစိုက်နေတုန်း ကျွန်တော်တို့ ထောင်ထဲကို ဝင်ပြီး သူတို့နဲ့ တွေ့ချင် တယ်ဗျာ။ ခင်ဗျားများ လမ်းပြပေးနိုင်မလားဗျာ။ ဒုက္ခပေးတယ်လို့ မှတ်ပြီး ငြင်းတော့ မငြင်းလိုက်ပါနဲ့ဗျာ”

ကိုင်ဖုမှာ အတွေ့အကြုံများလှသူ ဖြစ်၏။ သခင်ကျဲ့ ဘာတွေ ကြံနေသည်ကို သူ ကောင်းကောင်းကြီး ရိပ်စားမိ၏။ သူ ငြင်းလိုက်ပါက

တောပုန်းများ မြို့ထဲသို့ ဝင်လာလျှင် သူသာမက တမိသားစုလုံး မျိုးပြုတ်ခံစားရမည် ဖြစ်၏။

နောက်များမှ လျောက်လျားပေါ့ဟု နှလုံးသွင်းကာ စွန့်ရန်မှတပါး သူ့မှာ ရွေးရန် လမ်း မရှိတော့ပေ။ သူတို့ကို ရဲဝတ်စုံအဟောင်းများ ပေးကာ အဝတ်လဲဝတ်စေ၏။ ထို့နောက် သူလည်း ခေါင်းပေါင်းအသစ်ကို လဲ၍ ပေါင်းကာ ထောင်သို့ ခေါ်ခဲ့၏။

ညပထမယံလောက်တွင် ဗိုလ်ကျားပု – သံမဏိတာ၊ ဆွန်ရှင့် - မခု၊ ကျန်ချင်း - စုန်းမ ဆွန်တို့ သုံးစုံတွဲသည် လူအုပ်နှင့် ရောကာ အရှေ့တံခါးဖြင့် မြို့ထဲသို့ ဝင်လာကြ၏။

ကုန်ဆွန်ရှန်းတို့ ဆရာတပည့်လည်း အထုပ်ကြီးများကို ထမ်းပိုးဖြင့် ထမ်းကာ မြို့စောင့် နတ်ကွန်းသို့ သွားပြီး တံစက်မြိတ်တွင် ထိုင်နေကြ၏။ ဤနတ်ကွန်းသည် ခရိုင်ရုံးနှင့် ကပ်လျက် ဖြစ်၏။

စို့ယွမ်တို့ နဂါးတူဝရီးမှာ မီးပုံးများကို လိုက်ရောင်းရင်း မြို့လယ်သို့ ချဉ်းကပ်လာ နေ၏။ ဒူရှန်းနှင့် ဆုံဝမ် ဆန်သည်နှစ်ဦးမှာ မြို့ဝန်အိမ်ရှေ့သို့ ရောက်အောင်အထိ လက် ထွန်းလှည်းကိုယ်စီဖြင့် ရောက်လာကာ မီးပွဲလာပရိသတ်နှင့် ရော၍ နေကြ၏။ မြို့ဝန်၏ အိမ်မှာ အရှေ့တံခါးသို့ သွားသော လမ်းမကြီးပေါ်တွင် တည်ရှိ၏။

လျူထန်နှင့် ရန်စုံတို့မှာ နံပါတ်တုတ်ကိုယ်စီ ကိုင်ထားကြသော်လည်း လက်နက်ကိုမူ ကိုယ်ပေါ်တွင် ဝှက်ထားကြပြီး ရုံးတော်တံတား၏ တဖက်တချက် ထိပ်ဝတွင် ထိုင်နေ ကြ၏။ ချန်ရွှန်းနှင့် ယန်ချင်းတို့မှာလည်း ရေတံခါးအောက်မှ တဆင့် ရေကူးကာ မြို့ထဲသို့ ခိုးဝင်လာကာ ချောင်ကျသော နေရာတခုတွင် အောင်းနေကြ၏။ ဤအကြောင်းတို့ကို ဤမျှနှင့် တော်ဦးမည်။

မကြာမီတွင် ဒုတိယယံ ရောက်ပြီဖြစ်ကြောင်း နာရီစင်မှ စည်တီးသံကို ကြားရလေ၏။ ရှီကျန့်လည်း ခြင်းတလုံးကို ဆွဲကာ ပေါ်လာလေ၏။ ထိုခြင်းတောင်းထဲတွင် ယမ်းမှုန့် ၊ ကန့် စသော လောင်စာများကို ထည့်ထားကာ အမျိုးသမီးသုံး ကတ္တီပါပန်းများ၊ ဆံထိုး၊ ဆံနှိပ် များကို အပေါ်မှာ တင်ကာ ဖုံးအုပ်ထား၏။ ကျောက်စိမ်းမိုးတိမ်စံအိမ်သို့ ဝင်ကာ လှေကား ကို တက်ခဲ့၏။ အခန်းတိုင်းတွင် ပလွေသံ၊ ဗုံသံ၊ စည်းသံများ ထွက်နေကာ အပျော်အပါး ကစားပွဲများဖြင့် စည်ကားနေ၏။ ရှီကျန့်လည်း တခန်းဝင် တခန်းထွက်ဖြင့် အလှအပ ပစ္စည်းများကို လိုက်ရောင်းဟန်ပြုနေ၏။ စင်္ကြံထဲတွင် ရှိပေါင်နှင့် ရှီချင်တို့ကို တောယုန် အကောင်လိုက်များကို ဆွဲထားသော သံမဏိ ကောက်ဆွများကို ဆွဲလျက် တွေ့ရ၏။

ရှီကျန့်က-

"အချိန်ကျပြီ။ အပြင်မှာ ဘာလို့ မစသေးတာလဲ"

"ငါတို့ ခုနကပဲ ဝင်လာတာ။ အပြင်မှာ မြင်းစီး ဆက်သားတယောက်ကို တွေ့လိုက် ရတယ်။ ငါတို့တပ်တွေ ရောက်နေပြီထင်တယ်။ မင်းအလုပ်ကို လုပ်တော့လေ"ဟု ရှီချင်က ဖြေ၏။

သူ ပြော၍မှ စကား မဆုံးသေး။ စံအိမ်ရှေ့မှ ဆူဆူညံညံ အသံများကို ကြားရလေ၏။

"လျှံရှန်းကျူအင်းတပ်တွေ အနောက်တံခါးမှာ ရောက်နေပြီ" ဟု အော်သံကို ကြားလိုက်ရ၏။ ရှီချင်က-

"မြန်မြန်လုပ်။ ငါတို့လည်း အစိုးရရုံးရှေ့ကို သွားတော့မယ်"

သူနှင့် ရှီပေါင်တို့ ရုံးရှေ့ကို ရောက်သော် စစ်ရှုံးပြီး ပြေးလာသော အစိုးရတပ်သား များနှင့် တိုးမိကြလေ၏။ "အငိုက်ခံလိုက်ရလို့ ဝမ်တလည်း ပြေးပြီ။ ဓားပြတွေ မြို့ကို လာ နေကြပြီ" ဟု ပြောကြ၏။

မြို့ရိုးပေါ်တွင် ကင်းလှည့်နေသော လချိန်မှာ ထိုသတင်းကို ကြားရသဖြင့် ဌာနချုပ်သို့ မြင်းဒုန်းစိုင်းစီးကာ လာခဲ့၏။ တပ်များကို စု၏။ မြို့တံခါးများကို ပိတ်ခိုင်း၏။ မြို့ကို ကာကွယ်စေ၏။

မြို့အုပ်ဝမ်သည် ရဲတပ်သား တရာကျော်ကို လက်ထိတ်ခြေချင်းများ ယူဆောင်စေကာ ဆူပူသူများကို နှိမ်နင်းမည်ဟု ထွက်လာခဲ့၏။ တိုက်ခိုက်လာကြောင်း သတင်းရသဖြင့် မြို့စောင့်တပ်ဌာနချုပ်သို့ ကမန်းကတန်း ပြန်၍ပြေးလေ၏။ စံအိမ်အပြင်ဘက်တွင် အေးအေး လူလူ ဖိမ်နှင့်ထိုင်နေသော မြို့ဝန်လျှံမှာ ထိုသတင်းကို ချက်ချင်းမရခဲ့ ။ နောက် ယံဝက်ခန့် အကြာ မြင်းစီးဆက်သားများ ကြယ်ကြွေသလို အပြေးအလွှား ရောက်လာသောအခါမှ နတ်ပူးသလို တဆတ်ဆတ်တုန်ကာ သူ့မြင်းကို အမြန်ဆုံး ပြင်စေ၏။

ထိုအခိုက်တွင်ပင် ရှီကျန့်က ကျောက်စိမ်းမိုးတိမ်စံအိမ်၏ အမိုးပေါ်တွင် ယမ်းများကို မီးတို့လိုက်လေ၏။ ရောမမီးတောက်ကြီး မိုးသို့ ထိုးတက်သွားလေရာ လမင်းပင် အရောင် ဖျော့သွားလေ၏။ မြို့ဝန်လျှံလည်း ယင်းနေရာသို့ မြင်းစိုင်းပြေးသွား၏။ သို့သော် လူထွား ကြီးနှစ်ယောက်က သူ့လမ်းကို လက်တွန်းလှည်းနှစ်စီးကို တွန်းကာ ပိတ်လိုက်ပြီး၊ ထိုလှည်း တွင် ချိတ်ထားသော မီးအိမ်မှ ဆီများကို လောင်းချကာ မီးရှို့လိုက်ကြ၏။

မြို့ဝန်လျှံလည်း အရှေ့တံခါးဘက် မြင်းဦးလှည့်၏။ အခြားလူထွားကြီးနှစ်ယောက်က "လီယင်းနဲ့ ရှိကျင်းတဲ့ဟေ့" ဟု အော်ကာ လှံပုဆိန်ကြီးများကို ဝှေ့ယမ်းခုတ်ထစ်ကြရာ တံခါးစောင့်များလည်း ထွက်ပြေးကြလေ၏။ အနည်းဆုံး တဒါဇင်ခန့်မှာလည်း ဒဏ်ရာများ ရသွားကြ၏။ ဒူရှန်းနှင့် ဆုံဝမ်တို့ပါ ရောက်လာကြပြီး အရှေ့တံခါးကို သိမ်းပိုက်ထားလိုက်၏။ ယင်းတို့နှင့် မိမိ မယှဉ်နိုင်ကြောင်း မြို့ဝန်လျှံ ကောင်းကောင်း သိ၏။ ထို့ကြောင့် နောက်လိုက်နောက်ပါများနှင့်အတူ တောင်တံခါးသို့ ပြေး၏။ ထိုနေရာတွင် အော်ပြောသံ တခုက သူ့ကို ကြိုနေ၏။ "ဘုန်းကြီးဝဝကြီးတပါးနဲ့ တာတေရုပ်နဲ့လူတယောက် ဓားကြီး တွေနဲ့ လိုက်ခုတ်သတ်နေတယ်"

မြို့ဝန်လည်း မြင်းကိုလှည့်ကာ သူ့စံအိမ်သို့ ပြန်၏။ ရှိချင်နှင့် ရှိပေါင်တို့၏ သံမဏိကောက်ဆွကြီးများ၏ အဖျားတွင် သူ့လူများ အထွေးလိုက်အထွေးလိုက် လဲကျနေသည်ကို မြင်ရပြန်၏။ ခရိုင်ရုံးသို့ လာခဲ့သော်လည်း ရုံးနားသို့ မကပ်ရဲပေ။ ခရိုင်ဝန်က သူ့ထံ ထွက် လာမည်လုပ်ရာ လျူထန်နှင့် ရန်စုံတို့က နံပါတ်တုတ်များဖြင့် ဝိုင်းရိုက်ကြရာ ဦးနှောက်များ ပြန့်ကျဲကုန်ပြီး မျက်စိများလည်း ပြူးထွက်ကုန်ကာ ရုံးရှေ့တွင်ပင် လဲ၍ သေရရှာ၏။ သူ့ အရာရှိများ စာရေးများလည်း အသက်ဘေးအတွက် ထွက်ပြေးကြရ၏။

မြို့ဝန်လည်း အနောက်တံခါးသို့ ပြေးပြန်၏။ မြို့စောင့်နတ် နတ်ကွန်းမှ ပေါက်ကွဲသံကြီး သည် မြေတုန်လုဘနန်း ထွက်ပေါ်လာလေ၏။ ထိုအချိန်တွင် စို့ယွမ်နှင့် စို့ရွှန်တို့က ဝါးလုံး အရှည်ကြီးများတွင် ချည်ထားသော မီးတုတ်များဖြင့် အိမ်တံစက်မြိတ်များသို့ လိုက်၍ မီးတို့နေ၏။ တောင်ဘက်ရှိ ပြည်ကြီးပျော်ဘွယ်အစုတွင်မူ ဗိုလ်ကျားပုနှင့် သံမဏိတာ တို့က ကိုယ်ပေါ်တွင် ဝှက်ထားသော လက်နက်များကို ထုတ်ကာ တိုက်ခိုက်နေရာ ဆွန်ရှင့် နှင့် မခုတို့ကပါ ဝိုင်း၍ ကူကြ၏။ ကျန်ချင်းနှင့် စုန်းမဆွန်တို့က ကြေးသွန်းရုပ်ပွားတော် ကျောင်းရှေ့ရှိ မြင့်မိုရ်တောင်ကို မီးတိုက်လိုက်ကြ၏။

တမြို့လုံးတွင် လူထုသည် ကြောက်လန့်တကြားဖြင့် ပြေးလွှားနေကြ၏။ အိမ်တိုင်းမှ ကြောက်လန့်တကြား အော်သံ ငိုသံများ ထွက်နေ၏။ နေရာတဒါဇင်ခန့်မှ လောင်နေသော မီးရောင်ဖြင့် ကောင်းကင်မှာ လင်းထိန်နေ၏။ အကြောက်တရားကြီးစိုးသော အချိန်ပေတည်း။

မြို့ဝန်လျှံ အနောက်တံခါးသို့ ရောက်သော် လီချိန့်တို့ မြင်းတပ်နှင့် တွေ့၏။ မြို့တံခါး ပြထိပ်သို့ မြင်းစီး၍ တက်သွားကြ၏။ အဝေးသို့ မျှော်ကြည့်လိုက်ရာ လူရောမြင်းပါ အထွေးထွေးချီတက်လာသော ရောမတပ်ကြီးတခုကို မြင်ရ၏။ "ဗိုလ်မင်းဟူယန်ကျို"ဟု စာတန်း ထိုးထားသော တံခွန်ကြီးကိုလည်း မြင်ရ၏။ မီးရောင်ထဲတွင် မြင်ရသည်မှာ ထိုဗိုလ်ချုပ် သည် ရဲရင့်တက်ကြွသည့် ဟန်

ပေါက်နေ၏။ သူ၏ ဘယ်ဘက်တွင် ဟန်တောင်၊ ညာဘက် တွင် ဖိန့်ချီတို့ လိုက်လာကြပြီး ဟုန်ဆင့်မှာ နောက်ရံတပ်အဖြစ် ပါလာလေ၏။ ဟသံ့ တောင်ပံဖြန့်သလို အကြောက်အရွံ့မရှိ တပ်ဖြန့် ချီတက်လာကြသည်မှာ မြို့တံခါးဝသို့ပင် ရောက်လုနီးနေလေပြီ။

မြို့မှ မထွက်သာတော့သဖြင့် မြို့ဝန်နှင့် လီချိန့်တို့သည် မြောက်တံခါးဝ ခုံးအောက်တွင် ကိုယ်ယောင်ဖျောက်ကာ နေကြပြီး တဟုန်းဟုန်းတောက်နေသော မီးလျှံများကို လှမ်း၍ ကြည့်နေကြ၏။ ထိုစဉ် အရေအတွက် မသိနိုင်သော မြင်းတပ်တတပ် သူတို့ထံ လေထဲတွင် ပျံသလို လာနေကြောင်း တွေ့လိုက်ရ၏။ ယင်းတပ်ကို ဦးဆောင်လာသူမှာ ကျားသစ်ခေါင်း လင်ချုံး ဖြစ်၏။ လှံကို ကန့်လန့်ကိုင်ကာ မြင်းကို စိုင်းလာ၏။ သူ့ဝဲယာတွင် မာလင်းနှင့် တိန်ဖတို့ ပါလာ၏။ ဟွာရုံမှာ နောက်က လိုက်လာ၏။

မြို့ဝန်လည်း အရှေ့တံခါးသို့ ပြေးပြန်၏။ မီးတုတ်များ ကိုင်ကာ ချီတက်လာသော တပ်ထဲတွင် ဒေါနကြီးမူဟုန်ကို ထူရှင့်နှင့် ချန်တန်ရှူတို့ ခြံရံလျက် မြင်လိုက်ရ၏။ ဤ တပ်ဗိုလ်သုံးဦးသည် ခြေလျင်စစ်သည် တထောင်ကျော်ကို ခေါင်းဆောင်ကာ မြို့ကို အလျင်အမြန် ဝိုင်းလာနေကြ၏။

ဘာကိုမျှ ဂရုမပြုနိုင်တော့ဘဲ မြို့ဝန်လျှံသည် တောင်တံခါးသို့ တဖန် ပြေးပြန်လေ၏။ ဆွဲတံတားဘေးရှိ မီးတုတ်များ၏ အလင်းရောင်တွင် လေပွေနက်လီကွေ့၊ လီလီ၊ ကောက်ရှိန်းတို့ကို မြင်ရ၏။ လီကွေ့မှာ ကိုယ်တုံးလုံးဖြင့် ကျုံးကို ဖြတ်ကူးပြီး တက်လာရာ လီလီနှင့် ကောက်ရှိန်းတို့ပါ လိုက်ပါလာ၏။

လီချိန့်လည်း မြို့ဝန် လွတ်သွားအောင် အတင်း ခုတ်ထစ်တိုက်ခိုက်ကာ သွေးလမ်းခင်း ပေး၏။ ထိုစဉ် သူတို့တပ်ဘက်မှ ကြောက်မက်ဖွယ် ညာသံများကို ကြားလိုက်ရ၏။ မီးတုတ် အရာအထောင်များ ကြားမှ လှံပုဆိန်ကြီးကွမ်ရှိန်း ရှေ့သို့ မြင်းစီး၍ ထွက်လာ၏။ အပြာရောင် သံမဏိဓားကြီးကို ဝှေ့ကာ မြို့ဝန်လျှံထံ တန်းတန်းမတ်မတ် မြင်းစီး၍ ဝင်လာ၏။

လီချိန့်က ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ရန်သူကို ကြို၏။ သို့သော် တိုက်ကား မတိုက်ရဲ။ ခဏအတွင်းတွင်ပင် မြင်းကို ဆွဲလှည့်ကာ ထွက်ပြေးလေ၏။ ဘယ် ဘက်မှ ချန်ရှွန်း၊ ဟောင်စီဝင်တို့ ဦးစီးသော တပ်က အတင်းဝင်၍ တိုက်ပြန်၏။ ထိုသို့ တိုက်ပွဲဖြစ်နေစဉ်အတွင်း ဟွာရုံက ရှေ့သို့တက်ကာ လီချိန့်၏ ဘေးရှိ လက်ထောက်ဗိုလ် တယောက်ကို လေးဖြင့် ပစ်ချလိုက်၏။ လီချိန့်လည်း ပြန်လှည့်ကာ ပြေးရပြန်၏။

မြားတပစ် ခရီး၏ ထက်ဝက်ခန့်ပင် မရောက်သေး။ သူ့ညာဘက်မှ စစ်စည်သံ တဗုန်းဗုန်း စစ်မောင်းသံ တချွမ်းချွမ်းကို သူ ကြားလိုက်ရပြန်၏။

မီးရောင်အောက်တွင် မိုးကြိုးသွား ချင်မင်းကို သူ့တင်းပုတ်ကြီး ဝှေ့ယမ်းလျက်၊ ဒေါမာန်ထနေသော မြင်းကြီးကို ဒုန်းစိုင်းလျက် လာနေသည်ကို တွေ့ရ၏။ ယန်ရှင့်၊ အိုပင်း၊ ဗိုလ်မှတ်ကျော်တို့လည်း လိုက်ပါလာလေ၏။ လီချိန့်ကား တိုက်ရင်းခိုက်ရင်း၊ မြို့ဝန်ကို ကာကွယ်ပေးရင်း အတင်းဖောက်ထွက်နိုင်ခဲ့၏။

မြို့ဝန်၏ မိသားစုမှာကား ဒူရှန်းနှင့် ဆုံဝမ်တို့၏ လက်ချက်ဖြင့် ကောင်းဆိုးကြီးငယ်မရွေး သေကုန်ကြလေပြီ။ လျူထန်နှင့် ရန်စုံတို့ကလည်း ခရိုင်ဝန်မိသားစုကို ရှင်းပစ်လိုက်ကြ လေပြီ။ ကုန်မင်းနှင့် ကုန်လျုန်တို့ကလည်း တောင်၏ နောက်ဘက်နံရံကို တက်ပြီး အထဲ ဝင်ရန် အသင့် ဖြစ်နေလေပြီ။ စို့ယွမ်တို့ တူဝရီးမှာ ထောင်ရှေ့တွင် စောင့်ကာ ဘယ်သူမှ မဝင်ရအောင် စောင့်နေကြ၏။

ထောင်ထဲတွင်မူ သခင်ကျဲ့နှင့် ကွေ့ဟိုတို့က အချက်ပြမီးကို သတိထားမိလိုက်ကြ၏။ “ဟေ့၊ ညီအစ်ကိုတွေ ဒီမီးကို မမြင်ကြဘူးလား။ ဘာလုပ်နေကြတာလဲ” ဟု ကိုင်ဖုတို့ကို လှမ်း၍ ငေါက်လိုက်၏။

ကိုင်ချင်းမှာ ထောင်တံခါးဝတွင် စောင့်နေရာ စို့ယွမ်တို့ တူဝရီးက “လျှံရှန်းကျူအင်း က ရဲရင့်သူတွေ အားလုံး ရောက်လာပြီဟေ့၊ ကုန်သည်ကြီးလူတို့ ရှိဇူတို့ကို ထုတ်ပေး” ဟု အော်ကာ တံခါးကို အတင်းရိုက်ဖွင့်ကြ၏။

ကိုင်ချင်းက သူ့အစ်ကိုထံ ပြေး၍ သတင်းပို့၏။ ထိုအချိန်တွင် ကုန်လျုန်တို့ ညီအစ်ကိုက အမိုးပေါ်မှ ခုန်ချလိုက်လေ၏။ သခင်ကျဲ့ကလည်း ကိုင်ညီနောင်တို့ ဆန္ဒ ပါ မပါကို ဂရုမစိုက်ဘဲ အကျဉ်းသားနှစ်ယောက်ကို ထိတ်တုံးများ ဖွင့်ကာ လွှတ်ပစ်လိုက်၏။

“လာ လိုက်ခဲ့၊ ကုန်သည်ကြီးတို့ အိမ်ကို သွားပြီး မိသားစုကို ကာကွယ်ရမယ်”ဟု ထောင်မှူးကိုင်ဖုကို ပြော၏။

ထောင်တံခါးဝမှ အလျင်အမြန် ထွက်ခဲ့ကြရာ စို့ယွမ်တို့ကပါ လာ၍ ပေါင်းကြပြီး လူကွမ်းယီ၏ အိမ်သို့ သုတ်ခြေတင်ခဲ့ကြ၏။ ကုန်သည်ကြီးက ဦးဆောင်ကာ လျှံရှန်း တောင်ရိုးသား ငါးယောက်တို့က သူ့ဇနီးနှင့် လီကုကို ရှာကြ၏။

လျှံရှန်းတောင်ရိုးမှ ရဲရင့်သူများ ရောက်လာကြောင်း ကြားရပြီး နေရာအနှံ့တွင် မီးလောင်လာသည်ကို တွေ့ရသောအခါ လီကုလည်း လူ၏ဇနီးနှင့် တိုင်ပင်၏။ ထို့နောက် အဖိုးတန်ပစ္စည်းများကို ထုပ်ပိုးယူဆောင်ကာ အိမ်မှ ထွက်ခဲ့၏။ သို့သော် ထိုအခိုက်တွင် အိမ်ရှေ့ဝင်းတံခါးကို အမည်မသိ လူများက ဖျက်ဆီးကာ ဝင်လာသည်ကို တွေ့လိုက်ရ၏။ ကြောက်လန့်တကြားဖြင့် အိမ်ထဲ ပြန်ဝင်ကာ နောက်ဖေးတံခါးမှ ထွက်ပြေးကြ၏။ ခြံ စည်းရိုးတံတိုင်းကို ကပ်၍

လျှောက်ကာ ပုန်းစရာ နေရာရှာရန် မြစ်ဘက်သို့ လာခဲ့ကြ၏။ မြစ်ကမ်းအရောက်တွင် ချန်ရွှန်းက လှမ်းမေး၏။

"ဘယ်သွားမလို့လဲ"

လီကုက လှေတစီးထဲသို့ ခုန်ဆင်းကာ ပုန်းစရာကို ရှာ၏။ ပေါင်းထဲသို့ ဝင်မည် အလုပ်တွင် လက်တဖက် ရောက်လာပြီးနောက် သူ့ကို ဖမ်းဆုပ်ထားလိုက်၏။

"လီကု၊ ငါ့ကို မှတ်မိလား"

အလုပ်ကြပ်က ထိုအသံကို မှတ်မိ၏။

"လူရည်ချွန်လေး၊ မင်းနဲ့ ငါက ရန်သူတွေမှ မဟုတ်တာပဲကွာ၊ ငါ့ကို အပေါ် ခေါ်မသွား ပါနဲ့"

ကမ်းပေါ်မှ ချန်ရွှန်းကမူ လူ၏ဇနီးကို ချိုင်းကြားထဲမှာ ညှပ်ထားလိုက်လေပြီ။ သူ့ကို လှေရှိရာသို့ခေါ်လာခဲ့ရာ ယန်ချင်းကလည်း လီကုကို ဖမ်းချုပ်ထားပြီး ဖြစ်၏။ သူတို့အားလုံး အရှေ့တံခါးသို့ သွားကြ၏။

ကုန်သည်ကြီးလူမှာ သူ့ဇနီးနှင့် လီကုတို့ မရှိတော့ကြောင်း သိရသဖြင့် သူပိုင် ရွှေငွေ ရတနာများကို ထုပ်ပိုးကာ လှည်းပေါ်တင်ရန် အစေခံများကို ခိုင်း၏။ ယင်းတို့ကို တောင်ရိုး ပေါ်တွင် ဝေငှမည် ဖြစ်၏။

သခင်ကျဲ့က ကိုင်ဖုတို့ အိမ်သို့ လိုက်သွား၏။ ထောင်မှူးက သူ့မိသားစုနှင့် ပစ္စည်း ပစ္စယတို့ကို စုစည်းကာ တောင်ရိုးစခန်းသို့ လိုက်ပါရန် ပြင်ဆင်၏။

"သာမန်လူထုတွေကို ဘေးမသင့်အောင် ကယ်တင်ပါ သခင်လေး" ဟု ကိုင်ဖုက တောင်းပန်၏။

သခင်ကျဲ့က ဝုရုံသို့ ဆက်၍ တင်ပြ၏။ ဝုရုံက ချက်ချင်းပင် လိုအပ်သလို အမိန့်များ ထုတ်ပြန်သော်လည်း မြို့လူဦးရေထက်ဝက်မှာ သေကျေသို့မဟုတ် ဒဏ်ရာရနေကြလေပြီ။ မိုးလင်းလာပြီ။ ဝုရုံနှင့် သခင်ကျဲ့က တံပိုးများ မှုတ်ကာ လူစုစေ၏။ ခေါင်းဆောင်များ၊ ကုန်သည်ကြီးလူ၊ ရှိဇူမှ စ၍ အားလုံး မြို့ဝန်အိမ်တွင် စုဝေးကြ၏။ လွတ်လာသော အကျဉ်း သားတို့က ကိုင်ညီအစ်ကိုကို ကျေးဇူးစကား ဆို၍ မပြီးနိုင်အောင် ဖြစ်၏။ လူ၏ဇနီးနှင့် လီကုတို့ကိုလည်း ခေါ်လာကြ၏။ ကုန်သည်ကြီးက ယင်းတို့ကို ဆက်၍ ထိန်းသိမ်းထား ပေးရန် ယန်ချင်းကို တောင်းပန်၏။ ယင်းတို့၏ ကံကြမ္မာကို မဆုံးဖြတ်သေးပေ။ ဤ အကြောင်းကို ဤတွင် ရပ်ထားဦးမည်။

လီချိန့်၏ အစောင့်အရှောက်ဖြင့် ထွက်ပြေးလာသော မြို့ဝန်လျှို အကြောင်းကိုသာ ပြောကြပါစို့။ အရေးနိမ့်လာသော တပ်ပျက်ကို ရတတ်သမျှ စုစည်းလာသော ဝင်တနှင့် သွား၍ တိုးမိကြသဖြင့် ပူးပေါင်းကာ တောင်အရပ်သို့ ဆက်၍ ထွက်ခဲ့ကြ၏။ ထိုစဉ် ရှေ့ပြေးတပ်မှ ရုတ်ရုတ်ရက်ရက် အသံများ ကြားရပြန်၏။ ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရှီနှင့် လက်ထောက် လီကွန်း၊ ရုံချုံးတို့ ဦးစီးလာသော ခြေလျင်တပ်နှင့် ဝင်တိုးမိကြခြင်း ဖြစ်၏။ သူတို့နောက်မှ လည်း ကျားပုံလွေ့ဟုန်နှင့် ရှိအန်၊ မူချွန်းတို့ ဦးစီးသော ခြေလျင်တပ်သား တထောင်က ဆုတ်လမ်းကို ဖြတ်တောက်ထားလိုက်ပေပြီ။

မှန်ပေ၏။ ထောင်မှူးက ထောင်သားများကို ထောင်ထဲသို့ ပြန်ပို့၏။ ဆေးဆရာက လူနာကို အိပ်ရာတွင် နားနေစေ၏။

မြို့ဝန်လျှို့နှင့် သူ့လူများက လွတ်နိုင်ကြပါ့မလား။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၇

သူ့တပ်များကို စုန်ကျန့်က ဆုလာဘ် ချီးမြှင့်ခြင်း

ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်ကို ကွမ်ရှိန်းက အောင်နိုင်ခြင်း

မြို့ဝန်လျှံ၏ တပ်ဖွဲ့များသည် ဝန်းရံထားသော တပ်များကို အငမ်းမရ ဖောက်ထွက်ပြီး အနောက်ဘက်သို့ ပြေးကြ၏။ ဖန်ရှီ၊ ရှံချုံး၊ လီကွန်းတို့လည်း ဆီး၍ ဖမ်းရန် ကြိုးစားလိုက် ကြသော်လည်း အချည်းနှီး ဖြစ်ရလေ၏။ နောက်ဆုံးတွင် လွေ့ဟုန်၊ ရှိအန်၊ မူချွန်းတို့နှင့် အတူ ဥတ္တရနေပြည်တော်သို့ အမိန့်ခံယူရန် ပြန်လာကြ၏။

စစ်ဘက်အကြံပေးဝုရုံလည်း မြို့သားများ မထိတ်လန့်စေရန် ကြေညာစာများ ထုတ် ပြန်၏။ မီးများကို ငြိမ်းစေ၏။ မြို့ဝန်လျှံ၊ လီချိန်၊ ဝင်တ၊ ခရိုင်ဝန် ဝန်တို့၏ မိသားစုများမှာ အသတ်ခံကြရ၊ ထွက်ပြေးကြရသဖြင့် မရှိကြတော့ပေ။ သူတို့အကြောင်းကို အရေးလုပ် ကာ စုံစမ်းမည့်သူလည်း မရှိပေ။ ရွှေ ၊ ငွေ၊ အဖိုးတန် ပစ္စည်းများ၊ ပိုးလိပ်၊ ဖဲလိပ်များကို လှည်းများပေါ်သို့ တင်ကြ၏။ ကျီများကိုလည်း ဖွင့်ကာ အရန်စပါးများကို မြို့လူထုသို့ ဝေပေးကာ ကျန်သမျှကို လှည်းပေါ်တင်ကြ၏။ ယင်းတို့ကို လျှံရှုန်းတောင်ရိုးစခန်းသို့ ပို့ကြ မည် ဖြစ်၏။

ဝုရုံက သူ့တပ်များကို ချီတက်ရန် ပြင်ဆင်စေ၏။ လီကုနှင့် ကုန်သည်ကြီးလူ၏ ဇနီး တို့ကို နှောင်အိမ်လှည်းများပေါ်တွင် တင်ကာ လှောင်ချိုင့်များကို အခိုင်အလုံ သံစွဲစေ၏။ တောပုန်းတပ်ကို စစ်ကြောင်း သုံးကြောင်း ခွဲကာ လျှံရှုန်းကျူအင်းသို့ စ ထွက်စေ၏။ စုန်ကျန့်ကို သတင်းပို့ရန် ထိုက်ချုံကို ကြိုတင်၍ စေလွှတ်ထားနှင့်ပြီ ဖြစ်၏။

စုန်ကျန့် စခန်းရှိ အရာရှိကြီးများကို စုဝေးပြီး တောင်အောက်သို့ ဆင်းကာ ကြိုဆိုခဲ့ပြီး သစ္စာခန်းမဆီ ခေါ်ခဲ့၏။ ကုန်သည်ကြီးလူကို တွေ့သောအခါ ဦးညွှတ် အရိုအသေပြု၏။ လူကွမ်းယီကလည်း တုံ့ပြန်ကာ အရိုအသေပြု၏။

စုန်ကျန့်က-

"အမှန်တရားအတွက် အားထုတ်ရာမှာ ကျွန်တော်တို့နဲ့ ပူးပေါင်းစေချင်ပါတယ်။ ဒီလို ဒုက္ခတွေ ကြုံရမယ်လို့တော့ မတွေးမိခဲ့ပါဘူး။ နောင်ကြီးမှာတော့ အသက်ဆုံးရှုံးလုနီးနီး ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ နှလုံးသားတွေလည်း ကွဲကြေရပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်က နောင်ကြီးကို

စောင့်ရှောက်ခဲ့လို့ ကျွန်တော်တို့ ခုလို ပြန်ဆုံကြရတာပါ။

ကျွန်တော်တို့ ဝမ်းသာလို့ မဆုံးပါဘူးဗျာ”

ကုန်သည်ကြီးလူက ဦးညွှတ်ကာ-

“နောင်ကြီးရဲ့ ထင်ရှားတဲ့ စွမ်းအားနဲ့ တပ်ဖိုလ်တွေရဲ့ ဂုဏ်ကျေးဇူးတွေနဲ့ တစိတ် တဝမ်းတည်း အားထုတ်ကြိုးပမ်းမှုတွေကြောင့် ကျွန်တော်တို့ နုံချာတဲ့ ဘဝလေး လွတ် မြောက်ခဲ့ရပါတယ်။ ကျေးဇူးတင်စကားကို ကျွန်တော့် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ပြောရင်တောင်မှ ဆုံးနိုင်မယ် မထင်ပါဘူးဗျာ”

ကိုင်ချင်းနှင့် ကိုင်ဖုတို့ကို စုန်ကျန့်ဆီသို့ ခေါ်လာပြီး-

“သူတို့နှစ်ယောက်ကြောင့်သာ မဟုတ်ရင် ကျွန်တော် ဒီကို ဒီလို ရောက်လာမှာ မဟုတ်ဘူးဗျ”ဟု ဆိုကာ မိတ်ဆက်ပေး၏။

စုန်ကျန့်က ကုန်သည်ကြီးလူကို ခေါင်းဆောင်အဖြစ် တာဝန်ယူစေလို၏။ ကုန်သည် ကြီးက အံ့သြသွား၏။ “ကျွန်တော်လို လူက ဒီတောင်ရိုးခံတပ်ကို ဘယ်လို ကွပ်ကဲနိုင်ပါ့ မလဲဗျာ။ ကျွန်တော့်ကို သာမန် တပ်သားလေးပဲ ဖြစ်ဖြစ်၊ နောင်ကြီးရဲ့ မြင်းထိန်းပဲ ဖြစ်ဖြစ် တာဝန်ပေးပါလားဗျာ။ ဒီလိုနည်းနဲ့ ကျွန်တော့်အသက်ကို ကယ်တဲ့ ကျေးဇူးကို ပြန်ဆပ် ပါရစေ။ ဒါမှပဲ ကျွန်တော် စိတ်ချမ်းသာနိုင်မယ်”

စုန်ကျန့်က ထပ်၍ ပြောပြန်သော်လည်း ကုန်သည်ကြီးလူက နားမထောင်တော့ပေ။ လီကွေ့က ဝင်၍ ကန့်ကွက်၏။

“အခြားတယောက်ကို ခေါင်းဆောင်နေရာ လွှဲပေးမယ်ဆိုရင်တော့ နောင်ကြီးရေ၊ ကျုပ်တော့ လူတွေ လျှောက်သတ်တော့မယ်”

ဝုဆုန်က ဝင်၍ ပွက်ပြန်၏။ “နောင်ကြီးကလည်း ထစ်ခနဲဆို တာဝန်လွှဲပေးမယ်ချည်း ပဲ။ ကျွန်တော်တို့ညီနောင်တွေ ကြားရတာ ကျောစိမ့်သွားအောင်ပဲ လုပ်နေတယ်”

စုန်ကျန့်က အော်၍ ငေါက်၏။

“မင်းတို့ ကောင်တွေ ဘာနားလည်လို့လဲ၊ တိတ်ကြစမ်း”

ကုန်သည်ကြီးလူကလည်း ပျာပျာသလဲ ဝင်၍ပြော၏။

“အတင်းမလုပ်ပါနဲ့ နောင်ကြီးရာ၊ ကျွန်တော် အနေခက်လှပြီ”

လီကွေ့က အဆိုပြု၏။

"အားလုံး အေးဆေးသွားပြီ။ နောင်တော်ကြီးက ကေရာဇ် လုပ်။ ကုန်သည်ကြီးလူက နန်းရင်းဝန် လုပ်။ ကျုပ်တို့ကို ရာထူးကြီးတွေ ပေး။ ကျုပ်တို့ အရှေ့နေပြည်တော်ကို သွားပြီး သောက်နန်းတော်ကို သွားသိမ်းမယ်။ အဲဒါက ဒီမှာ ယောင်နေတာထက် အများကြီး တော်လိမ့်မယ်"

စုန်ကျန့်ကား ဒေါသထွက်လှသဖြင့် ဆတ်ဆတ်တုန်နေပြီ။ သူက လီကွေ့ကို ဆဲလိုက်၏။

ဝုရုံက ဝင်၍ ဖာ၏။

"ကုန်သည်ကြီးလူကို အရှေ့ဆောင်မှာ နားပါစေဦးလားဗျာ။ ပြီးတော့မှ သူလည်း စွမ်းရည်တွေ ပြပါစေဦး။ အဲဒီအခါကျမှ ခေါင်းဆောင်ရွေးဖို့ကိစ္စ ဆက်ပြီး ဆွေးနွေးကြ တာပေါ့"

ထိုအခါမှ စုန်ကျန့်လည်း ငြိမ်ကျသွားလေ၏။ ကုန်သည်ကြီးလူနှင့်အတူ နေထိုင်ရန် ယန်ချင်းကို ပြောပြီးကိုင်ဖုတို့ ညီအစ်ကို၏ မိသားစုများအတွက် နေရာထိုင်ခင်းကိုလည်း စီစဉ်ပေး၏။ ကွမ်ရှိန်း၏ မိသားစုမှာ စွေ့ယုံ ခေါ်လာသဖြင့် ရောက်နေပြီဖြစ်၏။

စုန်ကျန့်က စားသောက်ပွဲကြီး တခုကို ခင်းကျင်းရန် အမိန့်ပေး၏။ ခြေလျင်တပ်၊ မြင်းတပ်၊ ရေတပ်များကိုလည်း ရက်ရက်ရောရော ဆုချ၏။ မိမိတပ်ဖွဲ့ကြီးငယ်တို့ကို စိမ်ရည် များတိုက်ကျွေးရန် တပ်မှူးများကို ညွှန်ကြား၏။ သစ္စာခန်းမတွင်လည်း ခေါင်းဆောင်များ အချင်းချင်း စိတ်ပေါ့လက်ပေါ့ဖြင့် ယဉ်ကျေးသမှုဖြင့် တဦးကို တဦး ဦးစားပေးကာ သောက်ကြ စားကြ ပျော်ကြ ရွှင်ကြ၏။

ကုန်သည်ကြီးလူက ထိုင်ရာမှ ထရပ်လိုက်ပြီး-

"ဖောက်ပြန်တဲ့ သူနှစ်ယောက်ကို ဖမ်းမိထားပါပြီ။ စီရင်ချက်ချဖို့ စောင့်နေပါတယ်"

စုန်ကျန့်က ပြုံးလိုက်ပြီး "မေ့တောင် နေပြီဗျာ၊ ခေါ်ခဲ့ကြပါ"

လှောင်အိမ်လှည်းတံခါးများကို ဖွင့်ကာ ထိုနှစ်ယောက်ကို ခန်းမထဲသို့ ဆွဲခေါ်လာ ကြ၏။ လီကုကို ဘယ်ဘက်တိုင်မကြီးတွင်၊ လူ၏ဇနီးကို ညာဘက် တိုင်မကြီးတွင် ချည် နှောင်ထားလိုက်ကြ၏။ စုန်ကျန့်က ဆုံးဖြတ်ချက် ချလိုက်၏။

"ဒီလူယုတ်မာတွေကို ဘာမှ စစ်မေးနေစရာ မလိုဘူး။ ကုန်သည်ကြီးလူ ကြိုက်သလို သာ လုပ်ပေတော့"

ခေးမြောင်ကို ကိုင်ကာ ကုန်သည်ကြီးလူသည် ထိုသူတို့ အနီးသို့ သွားကာ ဒေါသ တကြီး ဆဲဆိုလေ၏။ သူတို့၏ ရင်ကို ခွဲကာ နှလုံးသားများကို ထုတ်ယူ၏။ လက်ခြေများကို ဖြတ်၏။ အလောင်းများကို မြေပေါ်သို့ တွန်းချလိုက်၏။ ထို့နောက် စားသောက်ပွဲသို့ ပြန် လာကာ အားလုံးကို ကျေးဇူးတင်စကားပြော၏။ တောပုန်းခေါင်းဆောင်များကလည်း ဂုဏ်ပြု ချီးကျူးစကားများကို ပြန်ပြောပြ၏။

ထိုစဉ်အတွင်း တောပုန်းတပ်များ ဆုတ်သွားပြီဟု ကြားရသဖြင့် မြို့ဝန်လျှံသည် လီချိန့်၊ ဝင်တတို့နှင့် အတူ တပ်ပျက်ကို စုရုံးကာ မြို့သို့ ပြန်ခဲ့ကြ၏။ သူတို့မိသားစုများမှာ ဆယ်ယောက်ရှိလျှင် ကိုးယောက်မှာ အသတ်ခံထားရသည်ကို တွေ့ရသဖြင့် အော်ဟစ်ကာ ငိုယိုကြလေ၏။ အိမ်နီးချင်းမြို့များမှ တပ်များ ရောက်လာသော်လည်း တောပုန်းများကို လိုက်လျှင်လည်း မမီနိုင်လောက်တော့သဖြင့် မြို့ဝန်လျံက ပြန်လွှတ်လိုက်၏။

သူ့ဇနီးသည်မှာ ပန်းခြံအတွင်း ပုန်းအောင်းနေသဖြင့် အသက်ဘေးမှ လွတ်သွား၏။ တပ်တတပ်စေလွှတ်၍ တောပုန်းများကို သုတ်သင်ပစ်ကာ လက်စားချေဖို့ ဧကရာဇ်မင်းထံ အသနားခံ စာတင်ရန် သူ့ခင်ပွန်းကို အကြံပေး၏။ သူ့ဖခင် နန်းရင်းဝန်ထံသို့လည်း အခြေအနေကို စာရေးလိုက်၏။ ပြည်သူငါးထောင်ကျော် သေကာ မရေမတွက်နိုင်အောင် ထိခိုက်ဒဏ်ရာရကြကြောင်း၊ စစ်သည်သုံးသောင်းကျော် ဆုံးရှုံးကြောင်း မြို့ဝန်လျှံက တင်ပြလိုက်၏။

နှစ်ရက် သုံးရက် ကြာသောအခါ မြို့ဝန်လျှံ၏ ဆက်သားသည် နန်းရင်းဝန်ထံသို့ ရောက်သွား၏။ သူ ရောက်ကြောင်း သိရသဖြင့် နန်းရင်းဝန်ကိုင်ကျင်းက ဝင်ခွင့်ပြုလိုက်၏။ ဆက်သားလည်း အခမ်းအနားကျင်းပရာ ခန်းမဆောင်သို့ တိုက်ရိုက်ဝင်သွားကာ မင်းကြီး ထံသို့ လိပ်မူထားသော တင်ပြလွှာကို နန်းရင်းဝန်သို့ ပေး၏။ ဥတ္တရနေပြည်တော်သို့ တောပုန်းများ ထိုးဖောက်ဝင်ရောက်ပုံနှင့် အင်အားကြီးမားကာ ခန့်ညားကြောက်ရွံ့ဖွယ် ကောင်းကြောင်းကိုလည်း တင်ပြ၏။

နဂိုကမူ ကိုင်ကျင်းသည် တောပုန်းများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလို၏။ ထိုသို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည့် အခြေအနေကို မြို့ဝန်လျှံက ဖြစ်မြောက်အောင် လုပ်နိုင် ပါက သူလည်း မျက်နှာရမည် ဖြစ်၏။ သို့သော် ယင်း စစ်ဆင်ရေးမှာ မရှုမလှ ကျရှုံးသွား လေပြီ။ ဤအချက်ကို ထိမ်ချန်ထား၍လည်းမရ။ ထို့ကြောင့် နန်းရင်းဝန်သည် မီးကုန် ယမ်းကုန် စစ်တိုက်ချင်နေလေပြီ။

"မင်းသွားတော့" ဟု သူက မောင်းထုတ်လိုက်သည်။

နောက်တနေ့ နံနက် ပဌမယံတွင် နန်းတွင်းမှ နာရီခေါင်းလောင်းထိုးချိန်တွင်

နန်းတော်၏ လျှောင်းတော်ဦး အဆောင်တွင် လက်ရုံးရည် နှလုံးရည်ဆိုင်ရာ အရာရှိများ စုရုံး နေကြရာ ယင်းတို့ကို နန်းရင်းဝန်က ဦးဆောင်၏။ ထို့နောက် ကျောက်စိမ်းပလ္လင်သို့ ချဉ်းကပ်ကာ မြို့ဝန်လျှို၏ တင်ပြလွှာကို မင်းကြီးထံသို့ ဆက်၏။ မင်းကြီးလည်း ဖတ်ပြီး သောအခါ ထိတ်လန့်သွား၏။

ကျောက်ထိန်ဟု ခေါ်သော အတိုင်ပင်ခံတဦးက ထွက်လာကာ စကားစ၏။

"ကျွန်တော်တို့ ဒီတောပုန်းတွေကို လိုက်အဖမ်းခိုင်းတာ အကြိမ်မနည်းတော့ဘူး။ ဒါပေမဲ့ အကျအဆုံးတွေနဲ့ပဲ ပြန်ခဲ့ရတာ။ အဲဒါက မြေပြင်အနေအထားအရ သူတို့က တပန်းသာနေတာပါ။ ကျွန်တော့်အမြင်အရဆိုရင် သူတို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်တယ် ထင်တယ်ဗျ။ ဘုန်းတော်ကြီးလှသောဘုရား ခြေတော်ရင်းကို ပြန်ခေါ်သင့်တယ်။ သူတို့ခေါင်းဆောင်တွေကို ရာထူးကြီးတွေ ပေးပြီး နိုင်ငံကာကွယ်ရေးမှာ တာဝန်ပေးသင့် တယ်။ ဒါမှ ဒီကိစ္စ ပြေလည်သွားမယ် ထင်တယ်ဗျ"

နန်းရင်းဝန်ကိုင်ကျင်း ဒေါသထွက်ထွက်ဖြင့် အော်၏။

"ခင်ဗျားက အမတ်ဖြစ်လျက်နဲ့ စည်းကမ်းတွေ ချိုးဖောက်ချင်နေတယ်။ အဆင့်မရှိတဲ့ အရူး၊ ခင်ဗျား သေသင့်တယ်"

ဧကရာဇ်မင်းကြီးလည်း-

"အခုချက်ချင်း နန်းတွင်းက ထွက်" ဟု အမိန့်ချ၏။ ကျောက်ထိန်ကို အရာမှနုတ်ကာ သာမန်အရပ်သား အဆင့်သို့ ချလိုက်၏။

နောက်ထပ် မည်သူမျှ ထပ်မံ စောဒက မတက်ဝံ့ကြတော့ပေ။

မင်းကြီးက ကိုင်ကျင်းသို့ ပြော၏။

"ဓားပြတွေက မိုက်ရိုင်း စော်ကားလွန်းတယ်။ ဘယ်သူ့ကို လွှတ်ပြီး ဖမ်းခိုင်းရမလဲ"

"အရှင် သူတို့က တောမှာ ပုန်းနေတဲ့ ဓားပြဂိုဏ်းတဂိုဏ်းသာ ဖြစ်ပါတယ်။ စစ်တပ် ကြီးကြီး မလိုပါဘူး။ ကျွန်တော်ကတော့ လင်ကျို့တိုက်နယ်က ရှန်တင်းကွီနဲ့ ဝေတင်းကို့ တို့ကို စေလွှတ်လိုပါတယ်။ အရှင်က အမိန့်ထုတ်ပြီး အမြန်ဆုံး ဆင့်ခေါ်လိုက်ရင် ဒီအမှိုက် သရိုက်တွေကို အမြန်ဆုံး လှည်းပစ်နိုင်ပါလိမ့်မယ်"

မင်းကြီးလည်း များစွာကျေနပ်သွားပြီး ရာထူးခန့်သည့် အမိန့်များကို ထုတ်ပြန်ပေးကာ စစ်ကောင်စီကို ဆောင်ရွက်စေ၏။ ထို့နောက် မင်းကြီးလည်း ညီလာခံမှ ပြန်ကြွသွားလေ၏။ သူ့နောက်မှ လိုက်ပါသွားသည့် မှူးမတ်အများစုမှာ

မယုံကြည်ဟန်ဖြင့် ကျိတ်ပြုံး ပြုံးလျက် လိုက်ပါသွားကြလေ၏။

နောက်တနေ့တွင် ကိုင်ကျင်းသည် အရာရှိတဦးကို ဘုရင့်အမိန့်စာနှင့်အတူ လင်ကျို့ သို့ စေလွှတ်လိုက်၏။

တောင်ရိုးစခန်းတွင် စုန်ကျန့်သည် ဥတ္တရနေပြည်တော်ဘဏ္ဍာတိုက်မှ ရလာသော အဖိုး တန်ပစ္စည်းများကို ခြေလျင်တပ်၊ မြင်းတပ်၊ လေ့တပ်များသို့ ခွဲဝေပေး၏။ နွားများ၊ မြင်း များကို ပေါကာ ရက်အတန်ကြာအောင် စားသောက်ပွဲကြီးများ ကျင်းပကာ ကုန်သည်ကြီး လူကို ဂုဏ်ပြုကြိုဆို၏။ စားကောင်းသောက်ဖွယ်များ မရှိသော်လည်း အသားများ တောင်လိုပုံကာ စိမ်ရည်မှာ ပင်လယ်ဝေနေ၏။ ခေါင်းဆောင်များသည်လည်း ရေချိန်ကိုက် ရုံသာမက မမူးတမူးအထိ သောက်ကြ၏။

ဝုရုံက ပြော၏။

“ကုန်သည်ကြီးလူအတွက်ကြောင့် ကျုပ်တို့ ဥတ္တရနေပြည်တော်ကို ဖျက်ဆီးခဲ့တယ်။ လူတွေလည်း သတ်ခဲ့တယ်။ မြို့ဝန်လျှံကိုလည်း မောင်းထုတ်ခဲ့တယ်။ ဒီလူက အရှင် မင်းကြီးဆီကို သတင်းပို့မှာ သေချာတယ်။ ဒီအတိုင်း နေမှာ မဟုတ်ဘူး။ သူ့ယောက္ခမက လည်း နန်းရင်းဝန် ဖြစ်နေတာကိုး။ သူတို့တပ်တွေ လွှတ်ပြီး ကျုပ်တို့ကို လာတိုက်မှာ မုချပဲ။

စုန်ကျန့်က-

“နောင်ကြီး ပူပန်မယ်ဆိုရင်လည်း ပူပန်ထိုက်ပါတယ်။ စစ်ဘက်အကြံပေးကြီး၊ ဥတ္တရ နေပြည်တော်ကို ဒီညပဲ လူလွှတ်ပြီး သတင်းထောက်ခိုင်းကြရအောင်။ ဒါမှ ကြိုတင် ပြင်ဆင်နိုင်မယ်ဗျ”

ဝုရုံက ရယ်၏။

“ကျုပ် လုပ်ပြီးပါပြီဗျာ။ သူ မကြာခင်မှာ ပြန်ရောက်လာပါတော့မယ်”

ဤကိစ္စကို စားရင်းသောက်ရင်း ဆွေးနွေးနေစဉ်မှာပင် လွှတ်ထားသော သူလျှို ပြန်ရောက်လာကာ သတင်းပို့၏။

“မြို့ဝန်လျှံက ပြစ်ဒဏ်ခတ်ဖို့ တပ်တတပ် လွှတ်ပေးပါလို့ တင်ပြလိုက်တယ်။ အမတ် ကြီး ကျောက်ထိန်က လွှတ်ငြိမ်းခွင့်ပေးဖို့ တင်ပြတာကို နန်းရင်းဝန်က ဆဲဆိုပြီး အရာက ချလိုက်တယ်။ အရှင်မင်းကြီးကတော့ ရှန်တင်းကွီနဲ့ ဝေတင်းကွဲ့တို့ကို တာဝန်ပေးလိုက်ပြီ။ သူတို့တပ်တွေနဲ့ လင်းချို့က ချီတက်လာကြတော့မယ်”

“ဘယ်လိုရင်ဆိုင်ကြမလဲ” စုန်ကျန့်က မေး၏။

“လာကြပါစေဗျာ။ ကျုပ်တို့ တချက်တည်းနဲ့ သုတ်ပစ်လိုက်မယ်”

ဝုရုံက အာမခံသည်။

ကွမ်ရှိန်းက ထရပ်လိုက်ကာ ထိုသူတို့နှစ်ယောက်ကို ပြော၏။

“ကျွန်တော်တို့ ဒီကို ရောက်ကတည်းက နောင်ကြီးတို့က လိုလေသေးမရှိရအောင် ဧည့်ဝတ်ပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဘာမှ မတုံ့ပြန်ရသေးဘူး။ ကျွန်တော် ပုတုံမှာ နေတုန်းက ဒီနှစ်ယောက်ကို တွေ့ဖူးလို့ သူတို့အကြောင်းတွေ ကောင်းကောင်းကြီး သိပါတယ်။ ရှုန်ကတော့ ရန်သူတွေကို ရေနစ်သေအောင် ရေကို ကောင်းကောင်းအသုံးချ တတ်ကြတယ်။ ဒါကြောင့် သူ့ကို ရေဗိုလ်ချုပ်လို့ ခေါ်ကြတယ်။ ဝေကျတော့ သူတိုက်တဲ့ အခါမှာ မီးကို ကောင်းကောင်း အသုံးချတတ်တယ်။ စစ်မြေပြင်မှာ မီးတွေ မှုတ်လွှတ်ပြီး ရန်သူတွေကို မီးလောင်တိုက်သွင်းတတ်လို့ သူ့ကို မီးဗိုလ်ချုပ်လို့ ခေါ်ကြတယ်။

“ကျွန်တော့်မှာ ဘာစွမ်းရည်မှ မရှိပါဘူးဗျာ။ ဒါပေမဲ့ လူငါးထောင်လောက် ပေးရင် တော့ သူတို့တွေ မစခင်ကကိုပဲ ကျွန်တော်သွားတားပါ့မယ်။ သူတို့က အညံ့ခံရင် ဒီကို ခေါ်ခဲ့ မယ်။ မခံရင်တော့ ဖမ်းပြီး ဒီကို လက်ဆောင်အနေနဲ့ ယူခဲ့ပါ့မယ်။ နောင်ကြီးတို့ တပ် အင်အားအကြီးကြီးကို သုံးပြီး လူရောစိတ်ရော အပင်ပန်းခံစရာ မလိုပါဘူးဗျာ။ ကျွန်တော့် အကြံကို ဘယ်လို သဘောရကြပါသလဲဗျာ”

စုန်ကျန့်ကား သဘောတွေ့သွားလေ၏။ ရွှန်ဇန်နှင့် ဟောင်စီဝင်တို့ကိုပါ ထည့်လိုက်ပြီး ကွမ်ရှိန်း တောင်းခံသော လူငါးထောင်ကို ပေးလိုက်၏။ နောက်တနေ့နံနက်တွင် စုန်ကျန့်နှင့် လက်အောက်ဗိုလ်မင်းများက စားသောက်ပွဲကြီး ကျင်းပပြီး တပ်မှူးသုံးယောက်ကို သဲသိဂ်ါ ကမ်းခြေသို့ လိုက်ပို့ကြ၏။ သစ္စာခန်းမသို့ ပြန်ရောက်သောအခါ ဝုရုံက စုန်ကျန့်ကို ပြော၏။

“ကွမ်ရှိန်းကတော့ ချီတက်သွားကြပြီ။ ဒါပေမဲ့ သူ သစ္စာ ရှိ မရှိကိုတော့ မယုံနိုင်သေး ဘူးဗျ။ စိတ်ချရတဲ့ ဗိုလ်မင်းတွေကို နောက်က လိုက်ကြည့်ခိုင်းရင် ကောင်းမယ်။ သူတို့က အရန်တပ်အနေနဲ့လည်း လှုပ်ရှားနိုင်တာပေါ့”

“သူ့ကြည့်ရတာ တကယ့်ကို စိတ်ဓာတ်ခိုင်မာတယ်လို့ မြင်တယ်ဗျ။ တွေဝေမယ့် ပုံ မရှိဘူး။ သူ့ကို သံသယမထားသင့်ဘူး”

“သူ့စိတ်နှလုံးက နောင်ကြီးလို မဖြစ်မှာကို စိုးမိပါတယ်။ လင်ချုံးနဲ့ ယန်ချီကို လွှတ် လိုက်မယ်။ ဆွန်လီနဲ့ ဟုန်ဆင့်ကို လက်ထောက်အနေနဲ့

ထည့်လိုက်တာပေါ့။ နောက် လူ ငါးထောင်နဲ့ လွှတ်လိုက်မယ်”

“ကျုပ်လည်း သွားချင်တယ်” လီကွေ့က ဝင်ပြော၏။

“ဒီတခါတော့ မင်း မပါရဘူး” စုန်ကျန့်က ပြန်ဖြေ၏။ “ဒီခေါင်းဆောင်တွေနဲ့ကို လုံလောက်နေပြီ”

“ဘာမှ မလုပ်ရလို့ ပျင်းလွန်းလို့ သေတော့မယ်ဗျ။ နောင်ကြီးတို့ မလွှတ်ရင်လည်း ကိုယ့်ဟာကိုယ် သွားမယ်ဗျာ”

“အမိန့်ကို နာခံစမ်း၊ မနာခံရင် သတ်ခိုင်းရလိမ့်မယ်”

လီကွေ့လည်း စူစူအောင့်အောင့်ဖြင့် ခန်းမထဲမှ ထွက်သွားလေ၏။

လင်ချုံးနှင့် ယန်ချီတို့သည် တပ်များကို ဦးဆောင်ကာ ထွက်သွားကြ၏။ နောက် တနေ့တွင် ဗိုလ်တယောက်က လာသတင်းပို့၏။

“လေပွေနက်လီကွေ့တော့ ညက ဒုတိယယံမှာ သူ့ပုဆိန်နှစ်လက်နဲ့ ထွက်သွားပြီ။ ဘယ်သွားမလဲတော့ မသိဘူး”

စုန်ကျန့်က ညည်းလိုက်၏။

“စကားလေး နှစ်ခွန်း သုံးခွန်းလောက်ပဲ ခပ်ကြမ်းကြမ်း ပြောလိုက်မိပါတယ်ဗျာ။ တခြားအဖွဲ့နဲ့များ သွားပေါင်းသလား မသိဘူး”

ဝုရုံက ပြော၏။

“မဟုတ်ဘူးနောင်ကြီး၊ လီကွေ့က ရိုင်းချင် ရိုင်းမယ်။ ကြမ်းချင် ကြမ်းမယ်။ ဒါပေမဲ့ သူရဲကောင်းစိတ်ကတော့ အပြည့်ပါ။ သူ တခြားအဖွဲ့နဲ့ မပေါင်းပါဘူး။ တရက် နှစ်ရက် လောက်ဆို ပြန်လာမှာပါ။ မပူပါနဲ့ နောင်ကြီး”

သို့သော် စုန်ကျန့်မှာ စိတ်မချမ်းသာပေ။ ပထမ လီကွေ့နောက်သို့ ထိုက်ချုံကို လိုက်ခိုင်း ၏။ ထို့နောက် ရှီကျန့်၊ လီယွမ်း၊ ကွေ့ဟို၊ ဝမ်တိန့်လျူတို့ကို အဖွဲ့တဖွဲ့စီဖြင့် အရှာခိုင်းလိုက်၏။

ညကြီးအချိန်မတော် ပုဆိန်နှစ်လက်ကို ထမ်းကာ တောင်ပေါ်မှ ဆင်းလာသော လီကွေ့ သည် လမ်းကြောင်းကလေးတခုအတိုင်း လိုက်ကာ လင်ကျို့သို့ ထွက်ခဲ့၏။ နှုတ်မှလည်း တတွတ်တွတ် ရေရွတ်လာ၏။ “ဒီဗိုလ်ချုပ်နှစ်ယောက်ကို ဖမ်းဖို့များ လူတွေ မြင်းတွေ ဒီလောက်တောင် လွှတ်လိုက်ရတယ်လို့၊ ငါတော့ မြို့ထဲဝင်စီးပြီး တယောက်ကို တချက်စီ ပုဆိန်စာ

ကျွေးပစ်လိုက်မယ်။ နောင်ကြီးစုန်ကျန့်လည်းလန့်သွားမယ်။ ငါလည်း ဂုဏ်တက်သွားမယ်”

နေ့တဝက်လောက် လမ်းလျှောက်လာပြီးသောအခါ လီကွေ့လည်း ဗိုက်ဆာလာလေ ၏။ ခါးပိုက်ဆောင်အိတ်ကို မွှေကြည့်သောအခါ တောင်ရိုးပေါ်မှ ကမန်းကတန်း ဆင်းလာ ခဲ့သဖြင့် ငွေကြေးတပြားတချပ်မှ ပါမလာကြောင်း တွေ့ရ၏။

“ငါလည်း လူတွေကို မလုမယက်တာတောင် တော်တော်ကြာပြီ။ အခုတော့ ခပ်နုံနုံ ခပ်အအ တကောင်လောက်ကို ရှာပြီး ဒေါသတွေ ပေါက်ကွဲရတော့မှာပဲ”

လမ်းဘေးတွင် ဘုံဆိုင် ခပ်စုတ်စုတ် တဆိုင်ကို လှမ်းတွေ့ရ၏။ ဝင်သွားပြီး စိမ်ရည် သုံးအိုးနှင့် အသားငါးဆယ်သားခန့်ကို တထိုင်တည်းနှင့် စားသောက်လိုက်၏။ ထို့နောက် ပြန်မည်ဟု ထရာ စားပွဲထိုးက လှမ်း၍ တားပြီး ငွေတောင်း၏။

“ခဏနေရင် လာပေးမယ်ကွာ။ ငါ လုပ်စရာလေးတွေ ရှိလို့ ခဏတော့စောင့်” ဟု ဆိုကာ လှည့်၍ ထွက်၏။

လူကောင်ကြီးကြီးနှင့် ရက်စက်မည့်ပုံရှိသူတဦး ရောက်ချလာ၏။

“တော်တော် သတ္တိကောင်းပါလား၊ ငမည်းကောင်၊ မင်းက အလကားစားရအောင် ဒါ မင်းအဖေဆိုင် မဟုတ်ဘူးကွ”

လီကွေ့က ပြန်ဟောက်၏။

“ဒီအရှင်က သွားလေရာမှာ အလကားစားနေကျကွ”

“ငါ ဘယ်သူလဲဆိုတာ ပြောလိုက်ရင် မင်း ကြောက်သေးဖြန်းဖြန်းတောင် ပေါက်ချ သွားလိမ့်မယ်။ ဒီအရှင်က ဟန်ပိုလောင်တဲ့။ လျှံ့ရှန်းကျူးအင်းကကွ။ ဒီဘုံဆိုင်ကို ဖွင့်ဖို့ နောင်ကြီးစုန်ကျန့်ကိုယ်တိုင် ငွေထောက်ပံ့ထားတာကွ”

လီကွေ့က ကျိတ်ပြုံးမိ၏။ “ငါတို့စခန်းမှာ ဒီကောင့်နာမည်ကို ကြားတောင်မကြားဖူး ပါဘူး”

တကယ့်တကယ်မှာ ဟန်ပိုလောင်သည် ဓားပြတဦး ဖြစ်ကာ လျှံ့ရှန်းကျူးအင်းနှင့် ပူးပေါင်းလိုခဲ့၏။ ကုန်းမိချောင်းချူကွီကို ချဉ်းကပ်ကာ စုန်ကျန့်နှင့် တွေ့ရန် စီစဉ်ခဲ့၏။ စုန်ကျန့်သည် အနာပေါက်နေသည်က တကြောင်း၊ စစ်ရေးကိစ္စများ ဆောင်ရွက်နေသည် က တကြောင်းတို့ကြောင့် မည်သူ့ကိုမျှ မတွေ့အားခဲ့ပေ။ သူ့ ဘုံဆိုင်လုပ်ငန်းကိုသာ ဆက် လုပ်စေရန် ချူကွီက

ပြောထားသည်။

လီကွေ့က သူ့ပုဆိန်တလက်ကို လှမ်းကမ်းလိုက်ပြီး "ဒါကို အပေါင်အနေနဲ့ ယူထား ပါဗျာ" ဟု ဆိုလိုက်၏။

ဟန်ပိုလောင်မှာ လှည့်ကွက်ဟု မသိလိုက်သဖြင့် ပုဆိန်ကို လှမ်းယူလိုက်ရာ လီကွေ့ က ပုဆိန်ကို ဆတ်ခနဲ ခုတ်ချလိုက်သဖြင့် နဖူးဟက်တက်ကွဲကာ သေရရှာလေ၏။ ဘ၀ သက်တမ်းထက်ဝက်လောက် လူကြမ်းလူရမ်း ဖြစ်ခဲ့သော ဟန်ပိုလောင် ခမျာမှာလည်း လီကွေ့လက်ချက်ဖြင့် သေရရှာလေ၏။

စားပွဲထိုး နှစ်ယောက် သုံးယောက်လည်း ရွာထဲသို့ ခြေကုန်သုတ်ကာ ထွက်ပြေးကြ ကုန်၏။ ခြေနှစ်ချောင်းတည်းဖြင့် မွေးလာရသလားဟု စိတ်ဆင်းရဲကြီးစွာ ဖြစ်ကြရလေ၏။ လီကွေ့လည်း တွေ့သမျှ ငွေကို အကုန်ယူ၏။ ဘုံဆိုင်သက်ငယ်မိုးကို မီးတိုက်ခဲ့ကာ ခရီး ဆက်ခဲ့၏။

ခရီးဆက်၍ တနေ့မကုန်မီမှာပင် လူထွားကြီးတယောက် သူ့ဆီသို့ လမ်းမကြီးဘေးမှ တက်လာကာ ခေါင်းအဆုံး ခြေအဆုံး အကဲခတ်နေ၏။

"ဘာကိစ္စနဲ့ ဒီက အရှင်ကို ကြည့်နေတာလဲ ငယ်ကျွန်ကြီးရဲ့" ဟု လီကွေ့က ငေါက်၏။

"မင်းက ဘယ်သူ့ အရှင်လဲ" ထိုသူက ပြန်ပက်၏။

လီကွေ့က ထိုသူ့ထံ ကမူးရှူးထိုး သွားလေရာ ထိုသူ၏ လက်သီးတချက်တည်းဖြင့် လီကွေ့မှာ မြေပြင်တွင် စန့်နေလေ၏။

'အတော်ပြင်းတဲ့ လက်သီးပဲ" ဟု တွေးကာ လေပွေနက်လည်း မြေပြင်တွင် ထိုင်နေ ရင်း မျက်နှာကို မော့ကာ မေးလိုက်၏။

"မင်းနာမည် ဘာလဲ"

"ဒီအရှင်မှာ နာမည် မရှိဘူးကွ။ ဒါပေမဲ့ မင်း ချချင်ရင် လာလေ။ ဘာလဲ ထတောင် မထရဲတော့ဘူးလား"

ဒေါသထွက်ထွက်ဖြင့် လီကွေ့က ခုန်၍ ထမည်ပြု၏။ သို့သော် ထိုလူထွားကြီးက သူ့နံရိုးများဆီသို့ ကန်ထည့်လိုက်သဖြင့် ခြေကားရားလက်ကားရားဖြင့် လဲကျသွား၏။ ဒီကောင့်ကိုတော့ ငါမနိုင်ဘူး"ဟု အော်ကာ ကုန်းရုန်း၍ မတ်တတ်ထပြီး ထွက်မည် ပြင်၏။ ထိုသူက လှမ်း၍ ဟန့်တားလိုက်ပြီး "မင်းနာမည် ဘာလဲ၊ ငမည်းကောင်" ဟု မေး၏။ "ငါက ရှုံးသွားတာဆိုတော့ မပြောတော့ဘူးလို့ နေတာ။ ဒါပေမဲ့ မင်းက သတ္တိရှိတဲ့

လူဆိုတော့ မညာတော့ပါဘူး။ ငါက လျှံရှုန်းကျူအင်းက လေပွေနက်လီကွေ့ပါ”

“ဟုတ်လို့လား၊ တကယ်၊ ငါ့တော့ မလိမ်နဲ့”

“မယုံရင် ဒီပုဆိန်နှစ်လက်ကိုပဲ ကြည့်တော့”

“လျှံရှုန်းတောင်ရိုးက လူဆိုရင် တယောက်တည်း ဘာထွက်လုပ်နေတာလဲ”

“နောင်ကြီးစုန်ကျန့် နားပူတာ မခံနိုင်လို့၊ လင်ကျို့ကို ဆင်းလာတာ။ ရှန်ဆိုတဲ့ ကောင်နဲ့ ဝေ ဆိုတဲ့ကောင် နှစ်ကောင်ကို သတ်မလို့”

“တောင်ရိုးစခန်းက တပ်တွေ အဲဒီဘက်ကို သွားပြီလို့ ကြားတယ်။ ဘယ်သူတွေ ပါလဲ သိလား”

“ကွမ်ရှိန်းက ခေါင်းဆောင်သွားတာ။ သူ့နောက်က ကျားသစ်ခေါင်းလင်ချုံးနဲ့ ဗိုလ်မှတ်ကျော်ယန်ချီက အရန်အနေနဲ့ ပါသွားကြတယ်”

ထိုသူလည်း ယုံကြည်သွားသဖြင့် ဒူးထောက်ကာ ကုန်း၍ ကန်တော့လေ၏။

လီကွေ့က-

“ဟုတ်ပြီ၊ မင်းနာမည် ဘယ်သူလဲ”

“ကျွန်တော်က ချောင်ရှန်းနယ်ကပါ။ နပန်းသမားတွေ မျိုးရိုးက မွေးလာတာပါ။ လက်နဲ့ ခြေထောက်ကိုပဲ သုံးပြီး တိုက်တဲ့နည်းကို အဖေက သားကိုပဲ လက်ဆင့်ကမ်း သင်ပေးခဲ့တာပါ။ အပြင်ကလူတွေကို သင်မပေးကြပါဘူး။ ဒါပေမဲ့ အဆက်အသွယ်မရှိ တော့ ဘယ်အဖွဲ့ကမှ လက်မခံကြပါဘူး။ ရှန်တောင်နဲ့ ဟောပေ့တရိုးမှာတော့ မည္ဘာတမ်း ကျောက်ထိန်လို့ သိကြပါတယ်”

“ကို့ချိုနယ်မှာ သစ်ခြောက်တောင်ဆိုတာ ရှိတယ်။ အဲဒီမှာ ဓားပြတယောက်က လူ သတ်ရတာ သိပ်ဝါသနာ ပါတယ်တဲ့။ သူ့နာမည်က ပေါက်ရှူ ဆိုပေမယ့် လူတွေက ယမမင်း လို့ပဲ ခေါ်ကြတယ်။ သူက တောင်ပေါ်က ထွက်ပြီး လုတတ်ယက်တတ်တယ်။ ကျွန်တော် လည်း သူ့ဆီကို သွားဝင်မလို့ လာခဲ့တာ”

“မင့်လို ကျွမ်းကျင်ပုံနဲ့ဆို ငါတို့ နောင်ကြီးစုန်ကျန့်ဆီကိုပဲ ဝင်သင့်တာကွ”

“ဝင်ချင်ပါသော်ကောဗျာ။ မိတ်ဆက်ပေးမယ့် သူ မရှိလို့သာ။ ခုတော့ နောင်ကြီးနဲ့ တွေ့ရပြီ။ နောင်ကြီးစုန်ကျန့်ဆီ ဝင်ရရင် သိပ်ဝမ်းသာမှာပဲ”

“ငါလည်း သူ့ကို တခု နှစ်ခုလောက်တော့ လုပ်ပြရမယ်။ တောင်ပေါ်က ဆင်းလာတာ ဒီတောင် ရောက်လာပြီ။ လူတယောက်တောင်မှ မသတ်ရသေးဘူး။

ဒီအတိုင်း လက် ဗလာနဲ့တော့ ပြန်မသွားနိုင်ဘူး။ ဒီတော့ လင်ကျို့ကို သွားပြီး ဗိုလ်ချုပ်ရှန်နဲ့ ဗိုလ်ချုပ်ဝေ ကို သွားသတ်ပြီး ခေါင်းဖြတ်ယူခဲ့ကြရအောင်”

“လင်ကျို့က ခံတပ်မြို့ဗျ။ စစ်သားတွေလည်း ပြည့်လို့။ ကျွန်တော်တို့ နှစ်ယောက် အားနဲ့ကတော့ အရာရောက်မှာမဟုတ်ဘူး။ အသက်တွေကို အလကား လွှင့်ပစ်သလိုပဲ နေလိမ့်မယ်။ သစ်ခြောက်တောင်ကိုသွားပြီး ပေါက်ရှုကိုသိမ်းသွင်းပြီး လျှံရှန်းတောင်ရိုးကို သွားကြရအောင်လားဗျာ။ ဒါက အကောင်းဆုံးပဲ ဖြစ်မယ်”

ထိုသို့ ပြောနေစဉ် ရှီကျန့်က နောက်မှာ ရောက်နေလေ၏။ သူက လီကွေ့ကို လှမ်းခေါ် လိုက်ပြီး-

“နောင်ကြီးစုန်ကျန့်က သိပ်စိတ်ပူနေတယ်ဗျာ။ တောင်ပေါ်ကို ပြန်လိုက်ခဲ့ပါ။ လိုက်ရှာ ဖို့လည်း လွှတ်ထားတာ လေးဖွဲ့တောင် ရှိတယ်ဗျ”

လီကွေ့က ကျောက်ထိန်နှင့် မိတ်ဆက်ပေးလိုက်၏။““နောင်ကြီးစုန်ကျန့်က စောင့်နေ တယ်” ဟု ရှီကျန့်က ထပ်၍ လောပြန်၏။ လီကွေ့က ပြန်အော်၏။

“တော်တော့ကွာ၊ ငါနဲ့ ကျောက်ထိန်တို့ စီစဉ်ပြီးပြီ။ ငါတို့ သစ်ခြောက်တောင်ကို သွားမယ်။ ပေါက်ရှုကို သွားခေါ်မယ်”

“မရဘူးလေဗျာ။ နောင်ကြီး စောင့်နေပါတယ်ဆို။ စခန်းကို ခုပဲ ပြန်မယ်”

“မင်း မလိုက်ရင်နေကွာ နောင်ကြီးရာ၊ ငါ ဘာလုပ်နေလဲ ပြောပြလိုက်။ ငါ မကြာဘူး လို့လည်း ပြောလိုက်”

ရှီကျန့်က လီကွေ့ကို ကြောက်၏။ တောင်ရိုးစခန်းသို့ တယောက်တည်း ပြန်သွား ရလေ၏။ လီကွေ့တို့လည်း ကို့ချိုနယ်သို့ သွားကာ သစ်ခြောက်ပင်တောင်သို့ ခရီးဆက် ကြ၏။

ကွမ်ရှိန်း၊ ရှွန်ဇန်၊ ဟောင်စီဝင်နှင့် တပ်များမှာ လင်ကျို့မြို့အနီးသို့ ရောက်လာလေပြီ။ မြို့ဝန်မှာ တပ်များကို အရှေ့နေပြည်တော်သို့ လွှဲပြောင်းပေးရန် အမိန့်တော်အပြင် နန်းရင်း ဝန်ထံမှ ညွှန်ကြားချက်ကိုလည်း ရထားပြီး ဖြစ်၏။ ဗိုလ်ချုပ်ရှန်နှင့် ဝေတို့ကို ခေါ်ကာ ထို ညွှန်ကြားချက်ကိုလည်း ပေးပြီးဖြစ်၏။ ထိုဗိုလ်ချုပ်နှစ်ယောက်လည်း တပ်များကို စုစည်း ကာ လက်နက်များ ထုတ်ပေးပြီး၊ မြင်းများကိုလည်း ကုန်းတပ်ပြီး၊ လူစာ မြင်းစာ စုဆောင်း ပြီး၊ တပ်ထွက်ရန် ရက်သတ်ပြီး ဖြစ်ကြ၏။

ထိုစဉ် အထောက်တော်တယောက် ရောက်လာပြီး “ပုတုံက ကွမ်ရှိန်းနဲ့

တပ်တွေ ကျွန်တော်တို့ နယ်ထဲကို ဝင်လာပါပြီ” ဟု အကြောင်းကြား၏။

ဗိုလ်ချုပ်ရှန်နှင့် ဗိုလ်ချုပ်ဝေလည်း ဒေါသတကြီးဖြင့် စစ်သည်များကို ဦးဆောင်ကာ ရန်သူနှင့် ရင်ဆိုင်ရန် ထွက်ကြ၏။ နှစ်ဖက်တပ်လည်း နီးလာပြီဖြစ်၍ တဖက်နှင့် တဖက် စစ်စည်များ၊ အလံများကို ကွဲကွဲပြားပြား မြင်နိုင်လာပြီ ဖြစ်၏။ တံခွန်များ တလူလူ လွင့်ကာ အုပ်မိုးစေလျက် ကွမ်ရှိန်းလည်း ရှေ့ကို မြင်းစီး၍ ထွက်၏။ အဝေးဘက်အစွန်မှ စည်သံ များကို မိုးခြိမ်းသလို ထွက်လာစဉ် ရေဗိုလ်ချုပ်က မြင်းနက်ကြီးကို စီး၍ ထွက်လာ၏။ သူ့အဝတ်အစားမှာ သံခမောက်မှ ခြေနင်းအထိ အနက်ရောင်ဖြစ်၏။ သူ့ရှေ့မှ လူတယောက် ကိုင်လာသော တံခွန်အနက်တွင်လည်း “ရေဗိုလ်ချုပ်ရှန်တင်းကွီ”ဟု ရေးထိုးထား၏။

အနီးဘက် အစွန်မှလည်း ခြူသံလွင်လွင်နှင့် မီးဗိုလ်ချုပ်ဝေတင်းကို့ မြင်းစီး၍ ထွက် လာ၏။ သူ့အဝတ်အစားများမှာ အနီရောင်ဖြစ်၏။ “မီးဗိုလ်ချုပ်ဝေတင်းကို့”ဟု စာထိုး ထားသော တံခွန်နီကို ကိုင်ထားသူ တဦးက သူ့ရှေ့မှ ထွက်လာ၏။

ဤဗိုလ်ချုပ်နှစ်ဦးမှာ စစ်မြေပြင်အတွင်းသို့ အတူတူဝင်လာကြ၏။ ကွမ်ရှိန်းလည်း ယဉ်ကျေးစွာ နှုတ်ဆက်လိုက်၏။ “မတွေ့တာ အတော်ကြာပြီနော် ဗိုလ်ချုပ်”

ရှန်နှင့် ဝေတို့က ဟားတိုက်လိုက်ကြပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ သရော်လိုက် ကြ၏။ “အဖြစ်မရှိတဲ့ သူပုန်အရူး၊ မင်းက မင်းကြီးရဲ့ကရုဏာနဲ့ မတန်ဘူး။ မျိုးရိုးဂုဏ်ကို လည်း နာမည်ဖျက်တယ်။ အခုလည်း တပ်တွေနဲ့ လာပြန်ပြီ။ ဒါကိုတော့ သည်းမခံနိုင်ဘူး”

ကွမ်ရှိန်းက ပြန်ပြော၏။

“ဗိုလ်ချုပ်တွေ မှားနေပြီဗျ။ မင်းကြီးက လှည့်စားခံနေရတာ။ ကောက်ကျစ်တဲ့ မှူးမတ် တွေက အာဏာရထားကြတယ်။ သူတို့လူတွေကို ချီးမြှောက်တယ်။ မသင့်တင့်တဲ့သူတွေကို အပုပ်ချကြတယ်။ ဒါပေမဲ့ နောင်ကြီးစုန်ကျန့်ကတော့ ဂုဏ်သိက္ခာ ရှိတယ်။ ကောင်းကင်ဘုံ ကိုယ်စား မှန်ကန်တဲ့ အလုပ်တွေပဲ လုပ်တယ်။ ခင်ဗျားတို့ကို ဖိတ်ဖို့ ကျုပ်ကို လွှတ်လိုက် တာ။ ကျုပ်ကို သိပ်နိမ့်ကျတယ်လို့ မထင်ကြရင် ခင်ဗျားတို့ကို တောင်ပေါ်စခန်းကို လိုက်ပို့ ပါရစေဗျာ”

သူ့စကားကြောင့် ထိုဗိုလ်ချုပ်များ အမျက်ဒေါသဖြင့် ဆူဝေလာ၏။ နှစ်ယောက်စလုံး တပြိုင်နက် တက်၍ တိုက်ကြ၏။ တယောက်က မြောက်ဘက်မှ တိမ်မည်းလုံးကြီးလိုလို၊ နောက်တယောက်က တောင်ဘက်မှ မီးလုံးနီနီကြီးလိုလို။

ကွမ်ရှိန်းက စောင့်နေစဉ်မှာပင် ရွှန်ဇန်က သူ့ဘယ်ဘက်မှ၊ ဟောင်စီဝင်က သူ့ညာဘက်မှထွက်ကာ လာတိုက်သော ဗိုလ်ချုပ် နှစ်ယောက်ကို ဝင်တိုက်ကြ၏။ ခေါးခေါးချင်း ခုတ်မိသဖြင့် လျှပ်စစ်လျှပ်ပန်းများ အချက် တသောင်းခန့် ထွက်လာလေ၏။ လှံလှံချင်း ခတ်မိသဖြင့်လည်း လေထုထဲတွင် သေခြင်း၏ အေးစက်စက် အငွေ့အသက်များ လွှမ်းခြုံလာလေ၏။

ကွမ်ရှိန်းလည်း ထိုဗိုလ်ချုပ်နှစ်ယောက် တိုက်ခိုက်နေပုံကို အဝေးမှကြည့်ကာ သဘော ကျနေ၏။ ထိုစဉ် အတိုက်ရပ်လိုက်ကာ မူလနေရာသို့ ပြန်ပြေးကြလေ၏။ ဟောင်စီဝင်နှင့် ရွှန်ဇန်တို့လည်း ထက်ကြပ် လိုက်ပါသွားကြလေ၏။ ဗိုလ်ချုပ်ဝေက ဘယ်ဘက်သို့ လှည့်၍ ပြေးရာ ရွှန်ဇန်က လည်းကောင်း၊ ဗိုလ်ချုပ်ရှုန်က ညာဘက်သို့ လှည့်၍ ပြေးကာ ဟောင်စီ ဝင်က လည်းကောင်း လိုက်သွားကြ၏။

ရွှန်ဇန်က မီလုမီခင်တွင် တံခွန်နီများ၊ ချပ်ဝတ်အနီများနှင့် ခြေလျင်စစ်သည် လေး ငါးရာခန့်က တန်းစီကာ သူ့ကို ဝန်းရံလိုက်ကြ၏။ ကျော့ကွင်းများဖြင့် လှမ်း၍ စွပ်ကြရာ လူရော မြင်းပါ စွပ်မိသွားလေ၏။

အလားတူ ဟောင်စီဝင်ကိုလည်း တံခွန်အနက် ချပ်ဝတ်အနက်များနှင့် ခြေလျင် စစ်သည်များက ဝိုင်းဖမ်းလိုက်ကြ၏။

သူတို့ကို လင်ကျို့သို့ ခေါ်သွားစဉ် ဗိုလ်ချုပ်ရှုန်နှင့် ဝေတို့သည် လူအင်အားငါးရာစီဖြင့် ရှေ့ကို တက်၍ တိုက်၏။ ကွမ်ရှိန်းလည်း မခုခံသာသဖြင့် ပြန်၍ ဆုတ်ရ၏။ ဗိုလ်ချုပ် နှစ်ယောက်လည်း လက်ခုပ်တီးပြီး မြင်းကိုနှင်ကာ လိုက်ကြ၏။ ထိုစဉ် မိမိဆီသို့ တောပုန်း ခေါင်းဆောင်နှစ်ဦး မြင်းဒုန်းစိုင်းကာ လာသည်ကို ကွမ်ရှိန်း မြင်လိုက်ရ၏။ သူတို့မှာ လင်ချုံးနှင့် ယန်ချီတို့ဖြစ်ကြလေ၏။ သူ့ဘေးမှ ပန်းတက်ကာ လင်ကျို့တပ်များကို အတင်း ဝင်၍ ခုတ်ထစ် သတ်ဖြတ်ကြရာ ဖရိုဖရဲဖြစ်ကုန်လေ၏။ ကွမ်ရှိန်းလည်း မိမိတပ်ကို ရပ်တန့် စေကာ လင်ချုံးတို့၏ တပ်များနှင့် ပူးပေါင်းစေ၏။ မကြာမီတွင် ဆွန်လီနှင့် ဟုန်ဆင့်တို့ပါ ရောက်လာသဖြင့် တစုတစည်းတည်း စခန်းချလိုက်ကြ၏။

ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်တို့သည်လည်း ရွှန်ဇန်နှင့် ဟောင်စီဝင်တို့ကို ဖမ်းပြီး အောင်ပွဲခံကာ မြို့ကို ပြန်လာကြ၏။ မြို့ဝန်က ကြိုဆိုပြီး အောင်သေသောက်ကာ အောင်ပွဲ ခံကြ၏။ အချုပ်လှည်းများ စီစဉ်စေကာ အကျဉ်းသားနှစ်ယောက်ကို တင်၍ ခြေလျင် စစ်သည် အင်အားသုံးရာ အစောင့်အရှောက်ဖြင့် လက်ထောက်တယောက်ကို ဦးစီးစေကာ ညတွင်းချင်းပင် အရှေ့နေပြည်တော်သို့ ပို့စေ၏။

အကျဉ်းသားပို့သောအဖွဲ့သည် အရှေ့နေပြည်တော်သို့ ထွက်လာခဲ့ရာ

သစ်ခြောက်ပင် များ၊ ကျူပင်ခြောက်များ ဖုံးလွှမ်းနေသော တောင်တလုံးဆီသို့ ရောက်လာ၏။ ကြေး လင်ပန်းအသံ တချွမ်းချွမ်း ရုတ်တရက် ထွက်လာပြီး ကောပုန်းတစု ရောက်လာလေ၏။ ပုဆိန်နှစ်လက်ကို ဝင့်ကာဝင့်ကာဖြင့် ခေါင်းဆောင်လာသူ၏ အသံမှာ မိုးခြိမ်းသံကဲ့သို့ ဖြစ်၏။ ထိုသူကား လေပွေနက်လီကွေ့ ဖြစ်ကာ သူ့နောက်မှလည်း မညှာတမ်းကျောက်ထိန် ပါလာ၏။ လမ်းကိုပိတ်ထားလိုက်ပြီး ဘာမပြော ညာမပြောနှင့် အချုပ်လှည်းများကို သိမ်းယူ၏။

မြို့ဝန်လက်ထောက်လည်း နောက်လှည့်ကာ ထွက်ပြေးလေရာ မျက်လုံးပြူးပြူးနှင့် သံမဏိမျက်နှာပိုင်ရှင် ယမမင်းပေါက်ရှူက နောက်မှ လိုက်လေ၏။ သူ့ဓားကို လွှဲ၍ ခုတ်လိုက်ရာ မြို့ဝန်လက်ထောက်လည်း မြင်းပေါ်မှ ကျလေ၏။ ကျန် စစ်သည်များကား အသက်ဘေးအတွက် ထွက်ပြေးကြလေ၏။

လီကွေ့လည်း ရွှန်ဇန်နှင့် ဟောင်စီဝင်ကို အကြောင်းစုံ မေးလေ၏။ “ခင်ဗျားကော ဒီမှာ ဘာလာလုပ်နေတာလဲ” ဟု ရွှန်ဇန်က ပြန်မေး၏။

“နောင်ကြီးစုန်ကျန့်က ကျုပ်ကို လူသတ်ရာမှာ ပါခွင့်မပေးဘူးလေ။ ဒီတော့ ကျုပ် ဘာသာ ကျုပ် တောင်ပေါ်က ဆင်းလာတာပေါ့။ ပထမ ဟန်ပိုလောင်ကို သတ်တယ်။ ဒီ နောက်မှာ ကျောက်ထိန်နဲ့ တွေ့တယ်။ သူက ဒီကိုခေါ်လာတာလေ။ ပေါက်ရှူကလည်း တွေ့ တွေ့ချင်းပဲ ငယ်ပေါင်းတွေလို အဖွဲ့ကျသွားကြတာ။ ကျုပ်ကို ညီနောင်ရင်းချာလို ဆက်ဆံ တယ်ဗျ။ လင်ကျို့ကို သွားတိုက်မယ် လုပ်နေတုန်း ကင်းသမားက အချုပ်လှည်းတွေ ဒီဘက်ကို လာနေတာ တွေ့တယ်တဲ့။ အဲဒါ အစိုးရက တောပုန်းတွေကို ဖမ်းလာပြီလို့ သိလိုက်တာပေါ့။ ဒါပေမဲ့ နောင်ကြီးတို့ ဆိုတာတော့ အိပ်မက်တောင် မမက်မိဘူး”

ပေါက်ရှူက အားလုံးကို သူ့စခန်းသို့ ဖိတ်ကာ သိုးသားနှင့် စိမ်ရည်တို့ဖြင့် ဧည့်ခံ လေ၏။ ဟောင်စီဝင်က-

“ခင်ဗျားက လျှံရှန်းကျူအင်းကို ဝင်မယ်ဆိုတော့ လင်ကျို့ကို တိုက်ရာမှာလည်း ဝင်ပါပါ့လား။ ဒါဆို တော်တော် နိပ်မယ်ဗျ”

“နောင်ကြီးလီကွေ့နဲ့ ကျွန်တော်လည်း သွားကြဖို့ ပြောနေပါတယ်။ ခင်ဗျားတို့နဲ့ ပေါင်းလိုက်မယ်ဆိုတော့ ပိုကောင်းတာပေါ့ဗျာ။ ကျွန်တော့်မှာလည်း မြင်းကောင်း အစီး နှစ်ရာ သုံးရာ ရှိပါတယ်”

ပေါက်ရှူက လူခြောက်ရာ ခုနစ်ရာကို ဦးဆောင်ကာ ရဲရင့်သူငါးယောက် လင်ကျို့သို့ ထွက်ခဲ့ကြ၏။

အချုပ်လှည်းအစောင့် စစ်သည်များလည်း မြို့သို့ ပြန်ကာ အကြောင်းစုံကို တင်ပြကြ၏။

ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်လည်း ဒေါသထွက်ထွက်ဖြင့် "ဒီလူဆိုးတွေကို သွားဖမ်း မယ်။ ဒီမှာ ကွပ်မျက်ရမယ်"ဟု သန္နိဋ္ဌာန်ချကြ၏။

ကွမ်ရှိန်းတို့ တပ်များ မြို့ပြင်သို့ ရောက်နေကာ စိန်ခေါ်နေကြောင်း ကြားရသောအခါ ပထမ တုံ့ပြန်သူမှာ ရေဗိုလ်ချုပ် ဖြစ်၏။ မြို့တံခါးကို ဖွင့်၍ ဆွဲတံတားကို ချပြီး မြင်းသည် တထောင်ကို ဦးစီး၍ ထွက်ခဲ့၏။ တံခွန်နက်များ တလူလူဖြင့် အနက်ရောင် သံချပ်ဝတ် မြင်းစီး ငါးရာကို ရေဗိုလ်ချုပ်က ဦးဆောင်၏။ သူ့ပုံသွင်မှာ ကြောက်ရွံ့ခန့်ညားဖွယ်ပင် ဖြစ်၏။ အသံကျယ်ကျယ်ဖြင့် ကွမ်ရှိန်းကို လှမ်း၍ အော်၏။

"သစ္စာဖောက်ကောင်၊ မင်း သေစေရမယ်"

သူ့လှံပုဆိန်ကြီးကို ဝှေ့ကာ ကွမ်ရှိန်းက မြင်းကို နှင်၏။ အချီနှစ်ဆယ်ခန့် တိုက်ပြီးသော် ကွမ်ရှိန်းလည်း မြင်းဇက်ကို ဆွဲလှည့်ကာ တိုက်ပွဲမှ ထွက်၏။ ရေဗိုလ်ချုပ်လည်း နောက်မှ လိုက်ရာ ဆယ်လီကျော်မျှ ရောက်လာ၏။ ကွမ်ရှိန်းက နောက်ဘက်သို့ ခေါင်းလှည့်ကာအော်၍ ပြော၏။

"မြင်းပေါ်က ဆင်းပြီး အဖမ်းခံပါတော့လား။ ဘာလုပ်နေတာလဲ"

ရေဗိုလ်ချုပ်က ကွမ်ရှိန်း၏ ကျောကို သူ့လှံနှင့် ထိုးလိုက်၏။ ကွမ်ရှိန်းမှာ အန္တံ့အပျောင်း တွင် နာမည်ကျော်သူဖြစ်သည့်အလျောက် တိမ်းရှောင်လိုက်ပြီး ထိုလှံကို ပြင်းထန်စွာ ခတ်ထုတ်လိုက်ရင်း "သွားလေရော့လဟယ်" ဟု ဆိုလိုက်၏။ ထိုခတ်ထုတ်လိုက်သော အဟုန်ဖြင့် ရေဗိုလ်ချုပ်လည်း ကုန်းပေါ်မှ ပြုတ်၍ ကျလေ၏။ ကွမ်ရှိန်းလည်း မြင်းပေါ်မှ ဆင်းကာ သူ့ကို ထူလိုက်ရင်း-

"တောင်းပန်ပါတယ် ဗိုလ်ချုပ်" ဟု အော်လိုက်၏။

ရေဗိုလ်ချုပ်ကား နေစရာမရှိအောင် ကြောက်နေလေပြီ။ ကုန်း၍ ကန်တော့ပြီး အသက်ဘေးကို တောင်းပန်ကာ အညံ့ခံလေ၏။

"ခင်ဗျားအကြောင်းကို နောင်ကြီးစုန်ကျန့်ကို ခဏခဏ ပြောထားပါတယ်။ မှန်ကန် တဲ့ လုပ်ရပ်မှာ ဝင်ပါဖို့ ခင်ဗျားတို့ ဗိုလ်ချုပ်နှစ်ယောက်ကို ဖိတ်ခေါ်ဖို့အတွက် ကျုပ်ကို လွှတ်လိုက်တာပါ"

"ကျုပ်က အစွမ်းအစ မရှိပေမယ့် ကောင်းကင်ဘုံအတွက်ဆိုရင် ဝမ်းမြောက်ဝမ်းသာ အစွမ်းကုန် လုပ်ပါ့မယ်ဗျာ"

နှစ်ယောက်သား စကားတပြောပြောဖြင့် မြင်းချင်းယှဉ်၍ စီးကာ ပြန်လာခဲ့ကြ၏။ လင်ချုံးက အကျိုးအကြောင်းကို မေးသော်လည်း ကွမ်ရှိန်းက ရှုံးကြောင်း နိုင်ကြောင်း တလုံးမှ မပြောပေ။

"ကျုပ်တို့ တောထဲမှာ တွေ့ကြတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ်။ ကျုပ်တို့နဲ့ ပူးပေါင်းဖို့ သူ့ကို ဖျောင်းဖျခဲ့တယ်"ဟု သာမန်သာ ပြောပြ၏။

လင်ချုံးတို့လည်း ဝမ်းသာသွားကြ၏။ ရေဗိုလ်ချုပ်က သူ့တပ်ရှေ့သို့ ထွက်ကာ အမိန့် တခုပေးလိုက်၏။ ချပ်ဝတ်အနက် ဝတ်ထားသော စစ်သည်ငါးရာတို့က ကြွေးကြော်ကာ တောပုန်းတို့ဘက်သို့ ဝင်၏။ ကျန်သူတို့မှာ မြို့ထဲသို့ ဝင်ပြေးကြပြီး ဖြစ်ပျက်သမျှကို မြို့ဝန် အား ပြန်လျှောက်တင်ကြ၏။

ထိုသတင်းကို ကြားရသော မီးဗိုလ်ချုပ်မှာ ဒေါသထွက်လှ၏။ နောက်တနေ့တွင် သူ့တပ်နှင့်တကွ တိုက်မည်ဟု ထွက်၏။ ရေဗိုလ်ချုပ်၊ ကွမ်ရှိန်း၊ လင်ချုံးတို့က တပ်ရှေ့သို့ တိုက်ရိုက် တက်လာခဲ့ကြ၏။ တဖက်မှလည်း မီးဗိုလ်ချုပ်က သူ့စစ်မြင်းကြီးနှင့် တက် လာ၏။ ကွမ်ရှိန်းနောက်မှ လိုက်လာသော ရေဗိုလ်ချုပ်ကို မြင်သည်နှင့် လှမ်း၍ ဆဲ၏။

"ကျေးဇူးမသိတဲ့ သစ္စာဖောက်တွေ၊ အသိဉာဏ် မရှိတဲ့ အကောင်စုတ်တွေ"

ကွမ်ရှိန်းက ရယ်လိုက်ပြီး လက်ခုပ်တီးကာ မြင်းကို နှင်၏။ နှစ်ယောက်သား ရင်ဆိုင် တိုက်ကြ၏။ လက်နက်အရောင်များမှာ တလက်လက်နှင့် ဖြစ်နေ၏။ ဆယ်ချီမျှ မတိုက် ရသေးမီ မီးဗိုလ်ချုပ်က မြင်းဒုန်းစိုင်းကာ ပြန်ပြေး၏။ ကွမ်ရှိန်းက လိုက်မည်ပြုရာ ရေဗိုလ်ချုပ်က လှမ်း၍ ဟန့်၏။

"မလိုက်နဲ့ တပ်မှူး"

ကွမ်ရှိန်းလည်း အလျင်အမြန်ပင် မြင်းဇက်ကို သတ်လိုက်၏။ အနီရောင် ဝတ်ထား သော မီးစစ်သည် ငါးရာသည် မီးလောင်စေသော ကိရိယာ အသုံးအဆောင်များကို သယ်ကာ လင်ကျိုမြို့ထဲမှ ခုန်ပျံ၍ ထွက်လာကြ၏။ သူတို့၏ ရှေ့နှင့် နောက်တွင် မီးလောင် လွယ်သော ကျူရိုးခြောက်များ အပြည့်တင်ထားသော လှည်းအစီး ငါးဆယ် ပါလာ၏။ မီးစစ်သည်များ၏ ကျောပေါ်တွင် ကန့်၊ ယမ်း စသော မီးစာများ ထည့်ထားသော သံဘူး တလုံးစီ ကိုယ်စီပါလာကြ၏။ ကျူရိုးလှည်းများကို မီးရှို့လိုက်ပြီး ရန်သူ့ထံသို့ တွန်း၍ လွှတ်လိုက်ကြ၏။ မီးလောင်သဖြင့် လူများ၊ မြင်းများ နာကြသေကြရ၏။ အရပ်မျက်နှာအနှံ့ ထွက်ပြေးကြရ၏။ လီလေးဆယ်ခန့် ဆုတ်ပြီးမှ စခန်းချကြ၏။

မီးဗိုလ်ချုပ်လည်း တပ်ကိုစုကာ မြို့ဘက်သို့ လှည့်လိုက်၏။ မြို့မှာ မီးဟုန်းဟုန်းတောက် ကာ မီးခိုးများ အလိပ်လိပ် ထလျက်ရှိ၏။ ဖြစ်ပုံမှာ ဤသို့တည်း။ လီကွေ့သည် ကျောက်ထိန်၊ ပေါက်ရှုတို့နှင့်အတူ သစ်ခြောက်တောင်မှ ခဲးပြများကို ခေါ်ကာ မြို့ကို နောက်ပိုင်းမှ ချဉ်းကပ်ကာ မြို့မြောက်တံခါးကို ချိုးဖျက်၍ ဝင်၏။ မြို့ထဲတွင် တွေ့သမျှကို မီးတိုက်ကာ လင်ကျို့၏ ဘဏ္ဍာတိုက်နှင့် ကျီတော်ကို လုယူခဲ့ကြ၏။

ဤအကြောင်းကို သိရသော် မီးဗိုလ်ချုပ်လည်း မြို့ထဲသို့ မဝင်ရဲတော့ပေ။ သူ့တပ်ကို ကမန်းကတန်း ဆုတ်၏။ နောက်မှလိုက်လာသော ကွမ်ရှိန်းတို့လည်း မီလာပြီး ကြားဖြတ်၍ တိုက်၏။ ရှေ့ပိုင်းနှင့် နောက်ပိုင်း အဆက်ပြတ်သွားလေပြီ။ လင်ကျို့မြို့လည်း ကျသွားပြီ ဖြစ်၏။ ထို့ကြောင့် မီးဗိုလ်ချုပ်သည် ချောင်လင်း ဟူသော ခရိုင်မြို့သို့ ဆုတ်ကာ နေရာ ယူ၏။ ကွမ်ရှိန်းတို့က မြို့ကို ဝန်းရံကာ တိုက်ကြ၏။ မီးဗိုလ်ချုပ်မှာ မြို့တံခါးများကို ပိတ် ထားပြီး ထွက်၍လည်း ပြန်မတိုက်ပေ။

ရေဗိုလ်ချုပ်က ဆို၏။

“သူက သတ္တိကောင်းတယ်။ လက်နက်ချမယ့်အစား အသေပဲ ခံမှာ။ အေးအေး ဆေးဆေး လုပ်ရင် အောင်မြင်ပါလိမ့်မယ်။ စိတ်မရှည်ရင်တော့ ဘာမှ ရမှာမဟုတ်ဘူးဗျ။

ကျွန်တော် မြို့ထဲ ဝင်ချင်တယ်။ ဘာပဲဖြစ်ဖြစ် စွန့်ပြီး သူ့ကို ဖျောင်းဖျမယ်”

ကွမ်ရှိန်းလည်း ကျေနပ်လှသဖြင့် ရေဗိုလ်ချုပ်ကို တယောက်တည်း လွှတ်လိုက်၏။

သူ ရောက်လာကြောင်း သတင်းပို့သဖြင့် မီးဗိုလ်ချုပ်က ထွက်လာကာ နှုတ်ဆက်ပြီး ခန်းမ ထဲသို့ ဖိတ်ခေါ်၏။ ရေဗိုလ်ချုပ်က စကား စ ၏။

“ရွှေနန်းတော်ကြီးကလည်း အရောင်မလက်တော့ဘူးဗျာ။ နိုင်ငံတော်လည်း ကသောင်း ကနင်း ဖြစ်နေပြီ။ ဧကရာဇ်မင်းကြီးကလည်း ဘာလုပ်ရမှန်း မသိဘူး။ ကောက်ကျစ်တဲ့ အမတ်တွေ လက်ထဲမှာပဲ အာဏာ ရောက်နေပြီ။ ခုလောလောဆယ်တော့ လျှံရှန်းကျူအင်း က စုန်ကျန့်လက်အောက်မှာ ဝင်နေကြမယ်။ နောက်ဆို ဒီအမတ်ယုတ်တွေကို ဖယ်ရှားပစ် မှာပဲ။ အဲဒီကျတော့မှ ရွှေနန်းတော်ကို ပြန်ပြီး မကောင်းတဲ့သူတွေကို ဖယ်ရှားပြီး အမှန် တရားကို ထိန်းသိမ်းကြတာပေါ့”

မီးဗိုလ်ချုပ်လည်း အတန်ကြာအောင် စဉ်းစားနေ၏။ နောက်မှ-

“ကျုပ်ကတော့ ကွမ်ရှိန်းကိုယ်တိုင် လာပြောမှ လက်နက်ချမယ်။ နို့မို့တော့ အသေပဲ ခံလိုက်မယ်။ လက်နက်မချဘူး”

ရေဗိုလ်ချုပ်က ပြန်လာပြီး အကြောင်းစုံကို တင်ပြ၏။ ကွမ်ရှိန်းက-

“ကျုပ်က ဘာမှ အရေးပါတဲ့ သူ မဟုတ်ပါဘူး။ ဗိုလ်ချုပ်က မြှောက်လွန်းနေပါတယ်” ဟုဆိုကာ ရေဗိုလ်ချုပ်နှင့် ပြန်လိုက်သွားရန် ပြင်ဆင်၏။ လင်ချုံးက ထောက်၏။

“နောင်ကြီး ပြန်စဉ်းစားရင် ကောင်းမယ်ဗျာ။ လူ့စိတ်ဆိုတာက မှန်းရခက်တယ်ဗျ”

“ရဲရင့်သူဟာ ဘာမှ မကြောက်ပါဘူး” ဟုဆိုကာ ကွမ်ရှိန်းက ခရိုင်ရုံးသို့ တိုက်ရိုက်ပင် သွားလေ၏။ မီးဗိုလ်ချုပ်ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကာ စားသောက်ပွဲဖြင့် ညှော်ခံ ၏။ ထို့နောက် သူ၏ မီးစစ်သည် ငါးရာနှင့်အတူ တောပုန်းများစခန်းသို့ လိုက်ခဲ့လေ၏။

လင်ချုံး စသော တောပုန်းခေါင်းဆောင်များနှင့် မိတ်ဆက်ပေး၏။ ထို့နောက် လူစုကာ

တောင်ရိုးစခန်းသို့ ပြန်ထွက်ခဲ့ကြ၏။

စုန်ကျန့်က ထိုက်ချုံကို အကြိုလွှတ်ထား၏။

နတ်ခြေမြန်က လီကွေ့ကို တွေ့သောအခါ-

“မင်းက ခိုးပြီးထွက်သွားလို့ ငါတို့မှာ ရှာလိုက်ရတာကွာ။ ရှီကျန့်တို့ ကွေ့ဟိုတို့ လီယွမ်းတို့ ဝမ်တိန့်လျူတို့လည်း ပြန်ရောက်နေကြပြီ။ ငါ မြန်မြန်သွားပြောမှ နောင်ကြီး စုန်ကျန့် စိတ်အေးမှာ”

ထိုက်ချုံက ကြို၍သွားနှင့်၏။ ကွမ်ရှိန်းတို့က သဲသိဂ်ါကမ်းခြေသို့ လာခဲ့ကြ၏။ ထို့တွင် သူတို့ကို အခေါက်ခေါက် ကူးတို့ ပို့ပေးရလေ၏။

ထိုစဉ် လူတယောက် အမောတကောဖြင့် ပြေးလာလေ၏။

ထိုသူမှာ ခွေးရွှေဝါတွမ်ကျင်ချူ ဖြစ်ကြောင်း တွေ့ရ၏။

“မင်းက ရန်လင်းတို့ ရှိယုံတို့နဲ့ မြောက်ပိုင်းမှာ မြင်းသွားဝယ်နေတာ မဟုတ်လား။ ဘာလို့ ပြန်ပြေးလာရတာလဲ”

တွမ်ကျင်ချူ၏ အဖြေမှာ တို၏။ တိုပင်တိုငြား ထိုစကားကြောင့် စုန်ကျန့်က

တနေရာ သို့ တိုက်ခိုက်ရန် တပ်စေလွှတ်လိုက်ရ၏။ ကြွေးဟောင်းဆပ်ကာ လက်စားချေလိုက်ရ၏။ မှန်ပေ၏။ သူ့စကားများသည် ပြဿနာကို ဖယ်ရှားခိုင်းမည်ကို သူ ကောင်းစွာ သိပေ၏။ သို့ဖြစ်ရာ တွမ်ကျင်ချူက လင်ချုံးတို့ကို ပြောလိုက်သည်မှာ ဘာများဖြစ်ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၈

ညအချိန်တွင် စုန်ကျန့်က စင်တို့ရွာကို တိုက်ခိုက်ခြင်း

ကုန်သည်ကြီးလူက ရှိဝင်ကုန်းကို ဖမ်းခြင်း

"ကျွန်တော်က မြောက်ပိုင်းကို မြင်းဝယ်ဖို့ နောင်ကြီးရန်လင်းနဲ့ ရှိယုံတို့နဲ့ သွားခဲ့ပါတယ်။ အကြောသန်သန် အသွေးအမွေးကောင်းကောင်းနဲ့ မြင်းကောင်းအစီး နှစ်ရာကျော်ကို ရခဲ့ ပါတယ်။ အပြန်လမ်းမှာတော့ ကင်ကျို့နယ်ကို ဖြတ်အပြန်မှာ ယူပေါက်စီ ခေါင်းဆောင်တဲ့ ဓားပြအဖွဲ့နဲ့ တိုးပါတယ်။ ဒီကောင့်ကို လမ်းဆိုးနတ်လို့လည်း ခေါ်ကြပါတယ်။ သူတို့ အင်အားက နှစ်ရာကျော်မယ်ဗျ။ မြင်းတွေကို သိမ်းပြီး စင်တို့ရွာကို ယူသွားပါတယ်။ နောင်ကြီးနှစ်ယောက်ကတော့ ဘယ်ရောက်သွားလဲ မသိဘူး။ ကျွန်တော်ကတော့ တညလုံး ထွက်ပြေးလာပြီး စခန်းကို လာသတင်းပို့တာပါပဲ"

ဤကိစ္စကို နောင်ကြီးစုန်ကျန့်ထံသို့ တင်ပြရန် လင်ချုံးက သဘောရသဖြင့် မြစ်ကို ကူးပြီး သစ္စာခန်းမသို့ အလျင်အမြန်သွားကာ စုန်ကျန့်နှင့်တွေ့ကြ၏။ ကွမ်ရှိန်းကလည်း ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်တို့ကို ကျန်တောပုန်းခေါင်းဆောင်များနှင့် မိတ်ဆက်ပေး၏။ လီကွေ့ကလည်း စခန်းမှ ဆင်းလာသည့်အချိန်မှ စ၍ လင်ကျို့ကို ဝင်တိုက်သည်အထိဇာတ်ကြောင်းကို ပြန်၏။ စုန်ကျန့်လည်း ရဲရင့်သူလေးဦး တိုးလာသဖြင့် ဝမ်းမြောက်နေ၏။ သို့သော် မြင်းများ အလုခံရသော သတင်းကို ကြားရသောအခါ ဒေါသူပုန်ထလေ၏။ "ဒီကောင်တွေ ဒီလိုပဲ အရင်တခါကလည်း လုပ်ဖူးတယ်။ အခုလည်း မလေးမစားလုပ် ပြန်ပြီ။ သူတို့လက်မှာ နောင်ကြီးကျောက်ခဲ သေရတာကို လက်တုံ့မပြန်ရသေးလို့ ကျုပ်မှာ နေ့နေ့ညည စိတ်မချမ်းသာဘူး။ ခုမှ လက်တုံ့မပြန်သေးရင် ကျုပ်လည်း လူရယ်စရာ ဖြစ် တော့မယ်"

ဝုရုံက ပြော၏။

"ခု နွေဦးပေါက်နေပြီလေ။ ခြေခင်းလက်ခင်းသာပြီဆိုတော့ တိုက်ဖို့ ခိုက်ဖို့ တကယ့် ရာသီကောင်းကို ရောက်ပြီ။ အရင်တခါ တိုက်တုန်းက မြေပြင်အနေအထားကို အသုံး မချနိုင်ခဲ့ဘူး။ ခုတခါတော့ ပါးနပ်မှ ဖြစ်မယ်"

"ကျုပ် ဒီကောင်တွေကို အရိုးထဲ ခြင်ဆီထဲကကို မုန်းတယ်။ လက်စားချေရရင် ရ၊ မရ ရင်တော့ မပြန်တော့ဘူး"

"ရှီကျန့်က တံစက်မြိတ်တွေပေါ်ပျံပြီး တံတိုင်းထိပ်တွေအတိုင်း လျှောက်နိုင်တယ်။ သူ့ကို လွှတ်ပြီး ထောက်လှမ်းခိုင်းလိုက်မယ်။ သူပြန်လာမှ တိုင်ပင်ကြတာပေါ့"

ခွေးလေးကို စင်တို့ရွာသို့ လွှတ်လိုက်၏။ နှစ်ရက် သုံးရက်အကြာတွင် ရန်လင်းနှင့် ရှိယုံတို့ ရောက်လာကြ၏။ ဤကမ္ဘာပေါ်တွင် သူရော လျှိုရှန်းကျူအင်းမှ တောပုန်းများရော နေရန် နေရာမရှိဟု ရှိဝင်ကုန်းကကြွားနေကြောင်း ပြောပြကြ၏။ စုန်ကျန့်မှာ ချက်ချင်းပင် တပ်များကို စုချင်နေပေပြီ။

သို့သော် ဝုရုံက ဟန့်၏။

"ရှီကျန့် ပြန်လာပြီး သတင်းပို့တာ စောင့်ပါဦး။ ဒီလိုစောင့်လို့လည်း နောက်မကျသေး ပါဘူးဗျာ"

ဒေါသလျှံနေသော စုန်ကျန့်မှာ လက်စားချေလိုစိတ် မွတ်သိပ်လျက် ရှိနေ၏။ သူ့ကိုယ် သူ မထိန်းနိုင်ရှာ။ ထိုက်ချုံကို လွှတ်ကာ ရသမျှ သတင်းကို ထပ်၍ စုစေ၏။ ထိုက်ချုံလည်း နှစ်ရက် သုံးရက်မျှဖြင့် ပြန်လာခဲ့ကာ တင်ပြ၏။

"စင်တို့ရွာက လင်ကျို့မြို့အတွက် သူတို့ကိုယ်တိုင် လက်စားချေချင်နေတယ်။ သူတို့က တပ်ကြီးတတပ် ထူထောင်ထားပြီး ရွာအဝင်မှာ တပ်တွေ အများကြီး ချထားတယ်။ ဌာနချုပ် ကိုတော့ ဖာ့ဟွာကျောင်းမှာ နေရာယူထားတယ်။ သူတို့တပ်ချထားတဲ့ နေရာကို ပြနေတဲ့ တံခွန်တွေအရဆို ပတ်ပတ်လည် လီတရာ ကျော်မယ်။ အထဲကို ဘယ်လိုဝင်ရမလဲ မသိဘူး"

နောက်တနေ့တွင် ရှီကျန့်က ပြန်လာပြီး တင်ပြ၏။

"ကျွန်တော် အသေးစိတ် စုံစမ်းခဲ့ပါတယ်။ သူတို့က ခံတပ်ငါးခု ဆောက်ထားတယ်။ ရွာအဝင်မှာကတော့ ရှိဝင်ကုန်း ဦးစီးတဲ့ လူနှစ်ထောင် စောင့်နေတယ်။ အဲဒါက အဓိက ခံတပ်ပဲ။ မြောက်ဘက်ခံတပ်ကိုတော့ စင်ရာက ဦးစီးတယ်။ သူ့လက်ထောက်ကတော့ စုထိန်ပေါ့။ ဒုတိယသား စင်မီကတော့ တောင်ဘက်ခံတပ်ကို ဦးစီးတယ်။ တတိယသား စင်စို ဦးစီးတာကတော့ အနောက်ဘက်ခံတပ်ပဲ။ အရှေ့ဘက်ခံတပ်ကိုတော့ စတုတ္ထသား စင်ကွီက ဦးစီးတယ်။ ရွာလယ်မှာတော့ အထွေးဆုံးသား စင်ရှိန်နဲ့ သူ့အဖေတို့ နေရာယူထားကြတယ်။ လမ်းဆိုးနတ်ယူပေါက်စီ ဆိုတာက ဗိုက်ပူပူနဲ့ လူကောင်ကြီးကြီးပဲ။ ဖမ်းထားတဲ့ မြင်းတွေကို ဘုန်းကြီးကျောင်းဝင်းထဲမှာ သူကပဲ အစာကျွေးနေတာ တွေ့ရတယ်"

ဝုရုံက ခေါင်းဆောင်များကို အစည်းအဝေး ခေါ်၏။ "သူတို့မှာ ခံတပ်ငါးခု

ရှိတော့ ကျုပ်တို့လည်း စစ်ကြောင်းငါးကြောင်း ခွဲပြီး တိုက်ရမယ်”

ကုန်သည်ကြီးလူက ထရပ်ကာ ပြော၏။

“ကျုပ်ကို ကယ်ထားပြီး ဒီကို ခေါ်လာတဲ့အတွက် ကျေးဇူးမဆပ်ရသေးပါဘူး။ ကျုပ် အစွမ်းကုန် ဆောင်ရွက်ပေးချင်ပါတယ်။ ဒါကို နောင်ကြီးတို့က လက်ခံနိုင်မလားဗျာ”

စုန်ကျန့်က ဝမ်းမြောက်ဝမ်းသာဖြင့် “ခင်ဗျားက တောင်ပေါ်က ဆင်းပြီး တိုက်ချင်ရင် ရှေ့ဖျားတပ်ကို ဦးဆောင်နိုင်ပါတယ်”

ဝုရုံက ဝင်ပြော၏။

“ကုန်သည်ကြီးက ရောက်လာတာ မကြာသေးပါဘူး။ သူ့မှာ တိုက်ပွဲအတွေ့အကြုံ လည်း မရှိသေးဘူး။ သွားရမယ့် တောင်ပေါ်လမ်းတွေကလည်း မြင်းစီးဖို့ မသင့်တော်ဘူး။ ရှေ့ဖျားတပ်ကို ဦးစီးမယ့်အစား ကင်းပုန်းဝပ်ရာမှာ ဦးစီးရင် ကောင်းမယ်။ ကျုပ်တို့ ပင်မ တပ်က အမြောက်သံ ကြားရရင် ကျုပ်တို့ကို လာပူးပေါင်းနိုင်တာပေါ့”

ကုန်သည်ကြီးလူက ရှိဝင်ကုန်းကို ဖမ်းမိခဲ့ပါက စုန်ကျန့်က ဘုရားဒကာကျောက်ခဲ၏ သေခါနီးဆန္ဒအတိုင်း သူ့ကို သတ်သူအား ဖမ်းမိသူကို ခေါင်းဆောင်ခန့်မည်ကို ဝုရုံက ကြောက်နေ၏။ စုန်ကျန့်ကမူ ထိုသို့ မဟုတ်။ ကုန်သည်ကြီးလူ ထိုသူ့ကို ဖမ်းမိစေချင်၏။ သို့မှသာ ကျောက်ခဲ၏ဆန္ဒအတိုင်း ခေါင်းဆောင်တာဝန်ကို လွှဲပေးနိုင်မည်ဖြစ်၏။ သို့သော် ဝုရုံက လျှော့မပေးပေ။ သူ့ကို ယန်ချင်းနှင့်အတူ လူငါးရာကို ဦးစီးကာ ကွင်းပြင်ထဲရှိလမ်းပြင်ထဲတွင် စောင့်နေရန် ညွှန်ကြားလိုက်၏။

ဝုရုံက တောပုန်းများကို စစ်ကြောင်း ငါးကြောင်း ခွဲလိုက်၏။ တောင်ဘက်ခံတပ်ကို တိုက်ရန် ချင်မင်း၊ ဟွရုံတို့ကို မြင်းသည်သုံးထောင်နှင့် တာဝန်ပေး၏။ မာလင်းနှင့် တိန်ဖ တို့က လက်ထောက်အဖြစ် ဆောင်ရွက်ကြမည်။ အရှေ့ဘက်ခံတပ်ကိုမူ မင်သေ့ကိုယ်တော် ရှင်ဉာဏနှင့် ဘုရားဖူးဝုဆုန်တို့က ခြေသည်သုံးထောင်ဖြင့် တိုက်ရမည်။ ကုန်မင်းနှင့် ကုန်လျုန်တို့က သူတို့ကို ထောက်ကူကြရမည်။ ဗိုလ်မှတ်ကျော်နှင့် နဂါးကိုးကောင်ရှိကျင်း တို့ကမူ လက်ထောက်များဖြစ်သော ယန်ချွန်းနှင့် ချင်တတို့နှင့်အတူ မြင်းသည်သုံးထောင် ကို ဦးစီးကာ မြောက်ဘက်ခံတပ်ကို တိုက်ကြရမည်။ မုတ်ဆိတ်ချူတုံနှင့် ကျားပုံလွှေ့ဟုန် တို့ကိုမူ အနောက်ဘက်ခံတပ်ကို တိုက်ရန် ခြေသည်သုံးထောင်နှင့် လွှတ်လိုက်၏။ စို့ယွမ် နှင့် စို့ရွန်တို့က သူတို့၏ လက်ထောက်များအဖြစ် တာဝန်ယူကြရမည်။ ဗဟိုခံတပ်ကိုမူ စုန်ကျန့်က တပ်မှူးချုပ်အဖြစ်

စစ်ဘက်အကြံပေးဝုရှံ၊ ကုန်ဆွန်ရှန်းတို့နှင့်အတူ ဦးစီး တိုက်ခိုက်မည် ဖြစ်ရာ လက်ထောက်များအဖြစ် လူ့ဖန်၊ ကောက်ရှိန်း၊ ရှိချင်၊ ရှိပေါင်၊ ထိုက်ချုံ၊ ရှီကျန့်တို့ လိုက်ပါကြရမည်။ နောက်ရံတပ်အဖြစ် ခြေသည် မြင်းသည် စုစုပေါင်း ငါးထောင်ကို လေပွေနက်လီကွေ့၊ ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရွှီတို့က ဦးဆောင်မည်ဖြစ်ရာ လက်ထောက်များအဖြစ် ရှံချုံးနှင့် လီကွန်းတို့က လိုက်ပါကြရမည်။ ကျန် တောပုန်း ခေါင်းဆောင်တို့မှာ စခန်းစောင့်အဖြစ် ကျန်ရစ်ခဲ့ကြမည် ဖြစ်၏။

စုန်ကျန့်ခေါင်းဆောင်သော စစ်ကြောင်းငါးကြောင်းမှာ အလျင်အမြန်ပင် ချီတက် လာခဲ့ကြ၏။ ထိုအကြောင်းကို ကင်းထောက်များက စင်တို့ရွာသူကြီးဖြစ်သူ သခင်ကြီးစင် ထံသို့ သတင်းပို့ကြရာ ရှိဝင်ကုန်းနှင့် စုတိန်တို့ကို ခေါ်ကာ အစည်းအဝေး ကျင်းပကြ၏။

ရှိဝင်ကုန်းက အကြံပြု၏။

“လုပ်စရာကတော့ ထောင်ချောက်ကျင်းတွေ အများကြီး တူးဖို့ပဲ။ သူတို့ရဲ့ အမာခံ ခေါင်းဆောင်တွေ၊ အကြမ်းဆုံး ဆိုတဲ့ ငယ်သားတွေကို ဖမ်းမယ်။ ဒီခါးပြကောင်တွေကို ဖမ်းဖို့ ဒီနည်းက အကောင်းဆုံးပဲ”

သခင်ကြီးစင်က ရွာအဝင်ဝ ပတ်ပတ်လည်တွင် ကျင်းများ တူးစေကာ ဖျာများ၊ မြေ များဖြင့် ဖုံးအုပ်ထားစေ၏။ ထို့နောက် ကျင်းများအနီးတွင် စစ်သည်များကို ကင်းပုန်းဝပ် ထားစေ၏။ မြောက်ဘက်အဝင်လမ်း ပတ်လည်တွင်လည်း အလားတူ ကျင်း တဒါဇင်ခန့်ကို တူးစေ၏။

ရှီကျန့်ကို ရှေ့ပြေးကင်းထောက်အဖြစ် စေလွှတ်ထားရာ သုံးလေးရက်အကြာတွင် ခွေးလှေးလည်း ပြန်ရောက်လာ၏ ။ စင်တို့ရွာ၏ တောင်ဘက်နှင့် မြောက်ဘက် ရွာတံခါး များ ပတ်လည်တွင် ထောင်ချောက်ကျင်းများ တူးထားကြောင်း၊ အရေအတွက်ကိုမူ မသိကြောင်း တင်ပြ၏။

ဝုရှံက ရယ်ကာ “ဒါလေးများကွာ”ဟု ဆို၏။ ရွာနှင့် အတန်နီးသည်အထိ တပ်များကို တိုးစေ၏။

ထိုနေ့ နေ့လယ်လောက်တွင် မြင်းသည်တစီး ဖြတ်သွားသည်ကို ရှေ့ဖျားတပ်များက မြင်လိုက်၏။ မြင်းလည်ပင်းမှ ကြေးခြူသံများက တလွင်လွင်၊ အမြီးများတွင် ချည်ထား သော ရှစ်မွေးများက တလွင့်လွင့်နှင့် စီးသွားသူမှာ ဦးထုပ်အနက်၊ ဝတ်ရုံအဖြူတို့ကို ဝတ်ထားပြီး လှံတိုတချောင်းကို ကိုင်စွဲထား၏။

ရှေ့ဖျားတပ်သားများက လိုက်ဖမ်းလိုသော်လည်း ဝုရှံက တားထားလိုက်၏။

တပ်များ ကို ရောက်နေသည့် နေရာတွင်ပင် စခန်းချစေလိုက်၏။ တပ်ဝင်းလေးဖက်လေးတန်တွင် ကျုံးနက်နက် တူးစေ၏။ သမင်ချိုများကိုလည်း ချထားစေ၏။ စစ်ကြောင်း ငါးကြောင်း စလုံးကို ဤအတိုင်း ဆောင်ရွက်စေ၏။

နောက်သုံးရက်တိုင်တိုင် စင်တို့ရွာမှ မည်သူမျှ ထွက်၍ မတိုက်ပေ။ ဝုရုံလည်း ရှီကျန့် ကို ကင်းထောက် ထွက်စေပြန်သည်။ ဤတခါတွင်မူ ချုံခိုတိုက်ရန် လွှတ်ထားသည့် စင်တို့ ရွာမှ အရာရှိငယ်တဦး အယောင်ဆောင်ကာ ဝတ်စားသွား၏။ ခွေးလှေးသည်လည်း ပုံဖျက် ထားသော ကျင်းများနှင့် ခံတပ်များ အကွာအဝေး၊ အရေအတွက် စသည်တို့ကို စိတ်ဖြင့် မှတ်ကာ လိုအပ်သမျှ အသေးစိတ်သတင်းများကို တနေ့တည်းဖြင့် ရယူလာခဲ့ကာ ပြန်၍ သတင်းပို့၏။

နောက်တနေ့တွင် ဝုရုံသည် ရှေ့ပြေး ခြေသည်တပ်ကို နှစ်ဖွဲ့ခွဲကာ ပေါက်ပြားများကို ကိုင်စွဲစေ၏။ ပင်မစစ်ကြောင်းကိုလည်း ကျူရိုးများ၊ ချုံပုတ်အခြောက်များ အပြည့်တင် ထားကာ လှည်းအစီးတရာကို စီစဉ်စေပြီး ဝှက်ထားစေ၏။

နောက်တနေ့ မွန်းလတ်အချိန်တွင် စင်တို့ရွာ၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိခံတပ်တို့ကို တိုက်ခိုက်ရန် ခြေလျင်စစ်ကြောင်းများကို ထိုညတွင် ညွှန်ကြားလိုက်၏။

ဗိုလ်မှတ်ကျော်နှင့် ရှိကျင်းတို့ကမူ မြင်းများကို တကောင်ချင်း တန်းစီကာ မြောက်ဘက် ခံတပ် ရှေ့တွင် တပ်ဖြန့်ထားရမည်။ ရန်သူတို့က စစ်စည် စစ်မောင်းများ တီးကာ တံခွန်များ ဝှေ့ယမ်းလာပါက အင်အားပြကာ နေရမည်။ မည်သည့်အခြေအနေဖြစ်ဖြစ် ရှေ့မတိုးရဟု ညွှန်ကြားထား၏။

ရှိဝင်ကုန်းကမူ စုန်ကျန့်တပ်များ တောင်ဘက်ခံတပ်ကို တိုက်မည်၊ ကျင်းများထဲသို့ ကျမည်ဟု မျှော်လင့်နေ၏။ ရွာအဝင်လမ်းမှာလည်း ကျဉ်း၏။ သူတို့မှာ တခြားလမ်းလည်း မရှိပေ။

နောက်တနေ့ မွန်းလတ်ချိန်တွင် အမြောက်သံ ပေးလိုက်၏။ တိုက်စစ်ဆင်မည့် တပ်များ တောင်တံခါးတွင် လာစုကြ၏။ ထိုစဉ် အရှေ့ဘက်ခံတပ်မှ ဆက်သားတဦး ရောက်လာလေ၏။

“သံတောင်ဝှေးနဲ့ဘုန်းကြီးနဲ့ ဓားနှစ်လက်နဲ့ဘုရားဖူး ဦးစီးတဲ့တပ်တွေ တိုက်နေတယ်” ဟု သတင်းပို့၏။ “အဲဒါ ရှင်ဉာဏနဲ့ ဝုဆုန်ပဲ ဖြစ်မယ်” ဟု ဆိုကာ ရှိဝင်ကုန်းက သူ့ တပ်သားအချို့ကို စင်ကွီထံသို့ စစ်ကူပို့လိုက်၏။

အနောက်ဘက်ခံတပ်မှ ဆက်သားတယောက် ရောက်လာပြန်၏။

“မုတ်ဆိတ်ရှည် ရှည်နဲ့ လူကောင်ကြီးကြီး တယောက်ရယ်၊ ကျားမျက်နှာနဲ့ ခေးပြတယောက်ရယ် လာ တိုက်နေကြတယ်။ တံခွန်တွေမှာတော့ မုတ်ဆိတ်ချူတုံနဲ့ ကျားပုံလွှေ့ဟုန် လို့ ရေးထား တယ်” ဟု သတင်းပို့၏။

ရှိဝင်ကုန်းလည်း စင်စိုထံသို့ တပ်ကူ ပို့လိုက်ရပြန်၏။ နောက်ထပ် အမြောက်သံ ကြား ရပြန်၏။ သူ့တွင် ခွဲဝေပေးစရာ တပ် မကျန်တော့။ ရန်သူများ တက်လာပြီး ကျင်းထဲ ကျကြမည်၊ တောင်ကုန်းများနောက်တွင် ပုန်းနေသော သူ့တပ်များ ထွက်လာပြီး အပြတ် ရှင်းကြမည်ကိုသာ စောင့်နေရ၏။

သို့သော် ဝုရုံက ထိုတောင်ကုန်းများကို နှစ်ဖက်ညှပ်ကာ ဝိုင်းရံလိုက်၏။ ခံတပ်ထဲမှ စစ်သည်များကား မထွက်ဝံ့ကြပေ။ ကင်းပုန်းဝပ်ရန် စောင့်နေသော စစ်သည်များကို ခံတပ် ဆီသို့ ဝုရုံ၏ တပ်များက မောင်းထုတ်လိုက်ကြ၏။ အမြောက်အမြားပင် ကျင်းများထဲသို့ ကျကြလေ၏။

ရှိဝင်ကုန်းက ထွက်၍ တိုက်မည်အပြုတွင် ဝုရုံက ကြာပွတ်ကို ညွှန်ပြလိုက်၏။ တော ပုန်းတပ်အလယ်မှ ကြေးလင်ပန်းသံများ ချွမ်းခနဲ ထွက်လာပြီး မီးလှည်းအစီးတရာကို ရှေ့သို့ တွန်းထုတ်လာလေ၏။ ကျူများ၊ သစ်ကိုင်းများ၊ ယမ်းစိမ်းများ၊ ကန့်များ မီးလောင် သဖြင့် ထွက်လာသော မီးတောက်များ၊ မီးခိုးများကြောင့် ကောင်းကင်ပင် ဖုံးလုမတတ် ရှိ၏။ ထွက်လာသော ရှိဝင်ကုန်း၏တပ်မှာလည်း မီးလှည်းများကြောင့် လမ်းပိတ်နေလေပြီ။ နောက်ကြောင်းကိုသာ ပြန်ဆုတ်ရလေ၏။ ကုန်ဆွန်ရှန်းက သူ့ခေးကို ဝှေ့ယမ်းလိုက်ရာ လေပြင်းကြီးတခု ထ၍ တိုက်ခတ်လေ၏။ ထိုမီးတောက်များလည်း တောင်ဘက်တံခါး ဆီသို့ ကူးစက်ကုန်လေ၏။ အဆောက်အအုံအချို့နှင့် သစ်တပ် တပိုင်းတစ မီးလောင် ပျက်စီးသွားလေ၏။

အောင်ပွဲတရပ် ရလေပြီ။ တောပုန်းများလည်း တံပိုးမှုတ်ကာ လူပြန်စုကြ၏ ။ စခန်း အသီးသီးသို့ ပြန်ကာ နားကြ၏။ ထိုညတွင် ရှိဝင်ကုန်းက ရွာတံခါးကို ပြန်ပြင်၏။ နှစ်ဖက် တပ်များ မိမိတို့ တပ်နေရာများကို လုံခြုံစွာ စောင့်ကြပ်ထားကြ၏။

နောက်တနေ့တွင် စင်ထုက ရှိဝင်ကုန်းနှင့် တိုင်ပင်၏။ “တောပုန်းခေါင်းဆောင်တွေကို မသတ်သရွေ့ တောပုန်းတွေကို ရှင်းပစ်နိုင်မှာ မဟုတ်ဘူး” ဟု ပြောကာ သူ့ဆရာကို တပ်စောင့်အဖြစ် ထားခဲ့ပြီး ချပ်ဝတ်ဝတ်ကာ မြင်းစီးကာ ရန်သူကို စိန်ခေါ်ရန် ထွက်ခဲ့၏။ မည်သူမည်ဝါဟု သိရသောအခါ စုန်ကျန့်သည် လူ့ဖန်နှင့် ကောက်ရှိန်းတို့နှင့်အတူ ရှေ့သို့ ထွက်လာ၏။ စင်ထုကို တံခွန်များ မိုးလျက်နှင့် တွေ့ရသောအခါ တကိုယ်လုံးတွင် ဒေါသမီးလောင်လေ၏။ ထိုသူကို ကြာပွတ်နှင့် ညွှန်ပြလိုက်ပြီး-

"ဒီကောင်ကို သတ်ပြီး ဘယ်သူ ငါ့အတွက် လက်စားချေပေးမလဲ"

မြို့စားလေးလှူဖန်က စင်ထုထံသို့ အတင်းဝင်တိုက်၏။ လက်နက်ချင်း ထိခတ်မိသော အသံမှာ မစဲတော့။ အချီသုံးဆယ်ကျော်ခန့် တိုက်ကြ၏။ လှူဖန်အခြေအနေ မဟန်တော့ ကြောင်း ကောက်ရှိန်း တွေ့လာ၏။ အချီသုံးဆယ်အထိ အခြေအနေကောင်းခဲ့သော်လည်း တိုက်ကွက်များ ဖရိုဖရဲ ဖြစ်လာပြီး ခံစစ်အနေအထားဖြင့်သာ ဆက်တိုက်နေရ၏။

လှူဖန် ရှုံးမည်ကို ကြောက်သောကြောင့် ကောက်ရှိန်းသည် မြင်းကို တက်စီးကာ ဆန်းစလကွဲ့သို့ အသွားရှိသော လှံပုဆိန်ကြီးကို ဝှေ့လျက် စင်ထုကို ဝင်တိုက်၏။ မြင်း သုံးစီးလည်း အထွေးထွေး တိုက်ခိုက်နေကြ၏။

တောပုန်းနှစ်ယောက်က ရန်သူကို လှံပုဆိန်ကိုယ်စီဖြင့် ခုတ်လိုက်ရာ လှံပုဆိန်အသွား မှ ရွှေရောင်အပြောက်ထနေသော ကျားသစ်အမြီးများက လွှားခနဲ လွင့်သွား၏။ စင်ထုမှာ မျက်စိလျင်သူ ဖြစ်သောကြောင့် သူ့လှံနှင့် ကာလိုက်ရာ သူ့လှံမှ အောင်မွေးအနီများနှင့် ထိုအမြီးများ ငြိသွားလေ၏။ သူ ဆွဲထုတ်သော်လည်း မလွတ်။ သုံးယောက်သား လွတ်သွား အောင် အကြိတ်အနယ် ကြိုးစားနေကြ၏။

လှမ်းကြည့်နေသော ဟွရုံမှာ မိမိရဲဘော်နှစ်ဦး ခံရမည်ကို ကြောက်လာသဖြင့် မြင်းကို စိုင်း၍ ထွက်ကာ မြားရှည်ရှည်သွယ်သွယ်တစင်းကို လွှတ်လိုက်၏။ ထိုအခိုက်တွင်ပင် စင်ထုလည်း သူ့လှံကို ဆွဲထုတ်နိုင်လိုက်၏။ လှံပုဆိန်နှစ်လက်ကား ငြိနေဆဲ။ ပြောနေ သည်ထက်မြန်သော အချိန်အတွင်း စင်ထုက လှူဖန်၏လည်ပင်းကို လှံနှင့် ထိုးလိုက်စဉ် သူ့ ဘက်ဘက်လက်မောင်းကို မြားလာမှန်သဖြင့် မြင်းပေါ်မှ ကျသွားရာ လှူဖန်နှင့် ကောက်ရှိန်း တို့၏ လှံပုဆိန်များက သူ့အသက်ကို အလျင်အမြန် နုတ်ယူလိုက်၏။

မြင်းစီး တဒါဇင်ခန့်က ရှိဝင်ကုန်းထံ ပြန်၍ သတင်းပို့ကြ၏။ ယင်းမှတဖန် ရွာလယ်ရှိစခန်းသို့ သတင်းပို့၏။ စင်တို့သူကြီးလည်း အသံကုန်ထုတ်၍ ငိုရှာ၏။ သူ့အနားရှိ သူ့သား စင်ရှိန်လည်း အမျက်ခြောင်းခြောင်းထွက်လေ၏။ သူကား ဓားနှစ်လက်ကိုင်ကာ ကျွမ်းကျွမ်း ကျင်ကျင် တိုက်ခိုက်တတ်သဖြင့် တော်ရုံ ရန်သူ သူ့အနားသို့ မကပ်ဝံ့ပေ။ ဒေါသတကြီးဖြင့် အံကို တင်းတင်းကြိတ်ကာ-

"ငါ့မြင်း ပြင်စမ်း၊ အစ်ကို့အတွက် ငါ လက်စားချေမယ်"

အဖေလည်း သားကို မတားနိုင်။ ချပ်ဝတ် ဝတ်ကာ ဓားနှစ်လက် ဆွဲကာ ရွာထိပ်ခံတပ် သို့ မြင်းစိုင်း၍ ထွက်၏။

သူ့ဆရာ ရှိဝင်ကုန်းက သတိပေး၏။

“ရန်သူကို လျှော့မတွက်သင့်ဘူး။ စုန်ကျန့်မှာ ဉာဏ်ကောင်းတဲ့ ရဲရင့်သူ ဗိုလ်တွေ အများကြီး ရှိတယ်။ ကျုပ်အမြင်ကတော့ ခံတပ်ငါးခုလုံး မကျအောင် ထိန်းထားရင်း လင်ကျို့ကို တမန်လွှတ်ပြီး ရွှေနန်းတော်ကြီးကို ကယ်ဖို့ တပ်လွှတ်ဖို့ တင်ပြသင့်တယ်။ အဲဒီ တပ်တဝက်က လျှံရှုန်းတောင်ရိုးစခန်းကို သွားတိုက်ရမယ်။ တဝက်ကတော့ စင်တို့ကို ကာကွယ်ရမယ်။ ဒါမှပဲ တောပုန်းတွေလည်း ကြောက်ရွံ့လာပြီး သူတို့စခန်းကို ပြန်ပြေး ကုန်ကြလိမ်မယ်။ ကျုပ်ကတော့ စွမ်းရည် မရှိပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ညီအစ်ကိုတွေနဲ့ တူတူ တောပုန်းတွေကို လိုက်တိုက်ပါ့မယ်။ အောင်မြင်မှုကြီး ရမှာ သေချာပါတယ်”

သူ့စကား မဆုံးမီမှာပင် လက်ထောက်နည်းပြ စုထိန်လည်း မြောက်ဘက်ခံတပ်မှ ရောက်လာ၏။ သူကလည်း ဤအကြံကို သဘောတူ၏။ “အဲဒီ ဝုရုံ ဆိုတဲ့ ခွေးကောင်က သိပ်ဉာဏ်များတယ်။ သူ့ကို ပေါ့ပေါ့တွက်လို့ မရဘူး။ ခံစစ်ကပဲ အကောင်းဆုံးနည်းလမ်း ဖြစ်မယ်။ တပ်ကူတွေ ရောက်လာမှ ရေရှည်အစီအမံကို ဆက်ဆွေးနွေးကြတာပေါ့”

စင်ရှိန်က ပြန်အော်၏။

“သူတို့က အစ်ကိုကြီးကို သတ်တယ်ဗျ။ လက်စားချေရမယ်။ ဘာကိစ္စ စောင့်နေရ မှာလဲ။ နောက်ကျနေရင် ဒီကောင်တွေ အင်အားပိုစုမိပြီး တိုက်ဖို့ ခက်သွားလိမ့်မယ်”

ရှိဝင်ကုန်းရော စုထိန်ပါ သူ့ကို နားမချနိုင်။ နောက်ပါ မြင်းစီး နှစ်ဆယ် သုံးဆယ်ခန့်နှင့် ခံတပ်တံခါးမှ ထွက်ခဲ့၏။

စုန်ကျန့်လည်း သတင်းရပြီးဖြစ်၍ ရှေ့ဖျားတပ်ကို တိုက်ခိုက်ရန် ညွှန်ကြားလိုက်၏။ အမိန့်ကို ရသောအခါ ချင်မင်းသည် တပ်ရှေ့သို့ ထွက်ကာ ဝံပုလွေစွယ်တင်းပုတ်ကြီး တဝင့် ဝင့်ဖြင့် စင်ရှိန်ကို ကြို၏။ ထိုစဉ်တွင် ဘယ်သူ့ကိုမျှ ဘာမျှမပြောဘဲ လီကွေ့သည် ပုဆိန် နှစ်လက်ကိုင်ကာ သတ်ကွင်း၏ အလယ်တွင် နေရာယူထားနှင့်လေပြီ။ ရန်သူတယောက် က သူ့ကို မှတ်မိသွား၏။

“အဲဒါ လေပွေနက်လီကွေ့ပဲ”

စင်ရှိန်က လေးသမားများကို ပစ်ခိုင်းလိုက်၏။ ခါတိုင်းဆိုလျှင် လီကွေ့သည် ကိုယ်လုံး တီးဖြင့် တိုက်ခိုက်နေကျ ဖြစ်၏။ ရုံချုံးနှင့် လီကွန်းတို့၏ ဒိုင်းများ၏ အကာအကွယ်ကို အားကိုးနေကျ ဖြစ်၏။ သို့သော် ဤတကြိမ်တွင်မူ အလောတကြီးဖြင့် တယောက်တည်း ထွက်ခဲ့မိ၏။ ထို့ကြောင့် သူ့ခြေထောက်တွင် မြားတစင်း လာ၍ စိုက်လေ၏။ သူလည်း တိုက်ရှန်းတောင်ကြီး ပြိုလဲသလို လဲကျသွားလေ၏။ စင်ရှိန်နောက်လိုက် မြင်းသည်များက ဒုန်းစိုင်းစီးကာ လီကွေ့ကို

ဖမ်းမည်ဟု လာကြ၏။ အခြားတဖက်မှ ချင်မင်းနှင့် ဟွရုံတို့က လည်း အတင်းဝင်လာရာ နောက်မှ မာလင်း၊ တိန်ဖ၊ လူ့ဖန်၊ ကောက်ရှိန်းတို့လည်း ပါလာလေ၏။ စုန်ကျန့်တို့ဘက်မှ အင်အားသာနေသဖြင့် စင်ရှိန်လည်း ဆက်မတိုက်ဝံ့တော့ဘဲ ခံတပ်ထဲသို့ ပြန်ဝင်ပြေးကြ၏။ စုန်ကျန့်ကလည်း တပ်များကို စခန်းသို့ ပြန်ခေါ်၏။

နောက်တနေ့တွင် ရှိဝင်ကုန်းတို့က မတိုက်ရန် ကန့်ကွက်ကြ၏။ သို့သော် စင်ရှိန်ကို မတားနိုင်ကြပေ။ "ညီအစ်ကိုတွေဆိုတာ လက်စားချေပေးရမယ်"ဟု အတင်းအကျပ် ပြောနေလေ၏။ ရှိဝင်ကုန်းလည်း မငြင်းသာတော့ပေ။ ချပ်ဝတ်များ ဝတ်ကာ သူ့မြင်းကို ကုန်းတင်ရ၏။ ထိုမြင်းမှာ "ညမှာလင်းတဲ့ ကျောက်စိမ်းဖြူခြသေ့" ပင် ဖြစ်ကာ တွမ်ကျင်ချူ ထံမှ လုထားခြင်း ဖြစ်၏။ စုန်ကျန့်ကလည်း ခေါင်းဆောင်များနှင့်အတူ မြင်းစီး၍ သူ့ကို ထွက်ကြို၏။

ရှိဝင်ကုန်းက သူတို့ထံသို့ မြင်းကို မည့ာတမ်း စီး၍လာ၏။ ချင်မင်းသည် ပွဲလမ်း ရချင်ဇောဖြင့် ရှေ့သို့ အမြန်ထွက်၏။ မြင်းချင်း လက်နက်ချင်း တိုက်မိ ခိုက်မိ ကြလေပြီ။ အချီနှစ်ဆယ်ခန့် တိုက်ပြီးသော် ချင်မင်းလည်း မဟန်နိုင်တော့သဖြင့် နောက်ပြန်ဆုတ်ခဲ့ ရ၏။ ရှိဝင်ကုန်းက နောက်မှ ထက်ကြပ်လိုက်ကာ လှံနှင့် ထိုး၏။ ခြေထောက်ကို ထိုးမိပြီး မိုးကြိုးသွားလည်း မြင်းပေါ်မှ ကျလေ၏။ လူ့ဖန် စသည့် ကျန်လူအားလုံးက သူ့ကို ကယ်ရန် အပြေးလာကြ၏။ ကယ်သွားနိုင်သော်လည်း ထိခိုက်ဒဏ်ရာကား ရသွားကြ၏။ ခံတပ်မှ ဆယ်လီခန့် အကွာအဝေးသို့ ဆုတ်ကာ စခန်းချကြ၏။

စုန်ကျန့်က ချင်မင်းအတွက် လှည်းတစီး စီစဉ်ကာ တောင်ရိုးစခန်းသို့ အနားယူရန် ပြန်လွှတ်လိုက်၏။ ထို့နောက် ဝုရုံနှင့် တိုင်ပင်ကာ ကွမ်ရှိန်း၊ ရှုနင်၊ ရေဗိုလ်ချုပ်၊ မီးဗိုလ်ချုပ် တို့ကို အခေါ်ခိုင်းလိုက်၏။

စုန်ကျန့်သည် အမွေးတိုင်များ ထွန်းညှိပူဇော်ကာ ဟောစာတမ်းစာတိုင်ချ၏။ ဝုရုံက နိမိတ်ဖတ်လိုက်၏။

"ဒီနေရာကို ရန်သူ ဝင်လိမ့် မယ်။ ဒီညပဲ ဝင်မှာ သေချာတယ်"

"ဒါဖြင့် ပြင်ဆင်ထားမှပဲ"

"သိပ်ပြီး အပင်ပန်းမခံပါနဲ့ နောင်ကြီး၊ စခန်းသုံးခုကို ပေါင်းပြီး အရှေ့ဘက်မှာ တခု အနောက်ဘက်မှာ တခု ခွဲထားခိုင်းလိုက်ပါ။ ဒီစခန်းမှာတော့ ရှိချင်ကို ဘယ်ဘက်မှာ၊ ရှိပေါင်ကို ညာဘက်မှာ နေရာချထားလိုက်ပါ။ ကျန်တဲ့သူတွေကိုတော့ ပတ်ပတ်လည်မှာ ကင်းပုန်းဝပ်ခိုင်းထားလိုက်ရုံပါပဲ"

ထိုအတိုင်း လုပ်ဆောင်လိုက်ကြ၏။ ထိုညက တိမ်ခင်ကာ လသာလှ၏။ လေလည်း မတိုက်ပေ။

ရှိဝင်ကုန်းက စင်ရှိန်ကို ပြော၏။

"ဒီညတော့ တောပုန်းတွေမှာ ဗိုလ်နှစ်ယောက် ထိသွားပြီဆိုတော့ ကြောက်ဒူးတုန် လောက်ပြီ။ သူတို့စခန်းကို ဝင်စီးဖို့ အချိန်ကောင်းပဲ"

စင်ရှိန်က ချက်ချင်းပင် မြောက်ဘက်၊ တောင်ဘက်၊ အနောက်ဘက်ရှိ တပ်မှူးများကို တပ်များနှင့် အတူ လာခဲ့ရန် ချက်ချင်း ခေါ်လိုက်၏။ ည၏ ဒုတိယယံလောက်တွင် ကင်းများ ကို လျှို့ဝှက်စွာ ချထားစေ၏။ မြင်းများမှ ခြူများကို ဖြုတ်စေ၏။ အသံမြည်မည့် ချပ်ဝတ် များကို စစ်သည်များကိုယ်မှ ချွတ်စေ၏။ ထို့နောက် စုန်ကျန့်၏ ဗဟိုစခန်းအတွင်းသို့ ထွားဝင်စေ၏။ မည်သူ့ကိုမျှ မတွေ့ရ။ စခန်းမှာ အခွံသာ ဖြစ်၏။

သူတို့ အလှည့်စားခံလိုက်ရပြီဟု သိသဖြင့် အမြန်ဆုတ်ခွာကြ၏။ သို့သော် ဘယ်ဘက် မှ ရှီချင်နှင့် ညာဘက်မှ ရှီပေါင်တို့ ထွက်လာကာ နောက်ပိုင်းမှ ဟွရုံလည်း ပေါ်လာလေ၏။ သုံးဖွဲ့စလုံး စုဝင်လာရာ စင်စိုလည်း ရှီချင်၏ သုံးခွမိန်းကြီးနှင့် ထိုးသီခြင်းကို ခံရလေ၏။ ရှိဝင်ကုန်း၏ ခံတပ်ကို မီးတုတ်များဖြင့် မီးတိုက်ကြပြီး တောပုန်းများက ကွေးကြော် လျက် ခံတပ်ကို အရှေ့ဘက်ရော အနောက်ဘက်မှပါ ချိုး၍ ဝင်ကြ၏။ ညတဝက်လုံးလုံး ကြမ်းတမ်းရက်စက်စွာ လုံးထွေး သတ်ဖြတ်ကြ၏။ ရှိဝင်ကုန်းမှာမူ မရရအောင် ထွက်ပြေး သွားနိုင်ခဲ့၏။

သခင်ကြီးစင်မှာ သူ့သား စင်စို ကျဆုံးကြောင်း သိရသဖြင့် နှစ်ဆတိုး၍ တုန်လှုပ်နေ လေပြီ။ နောက်တနေ့တွင် အညံ့ခံကြောင်း စာရေးပေးရန် ရှိဝင်ကုန်းကို တောင်းပန်၏။ အကြောက်လွန်နေပြီဖြစ်သော နည်းပြဆရာလည်း ပြောတိုင်း လုပ်ပေးရ၏။ ထို့နောက် စုန်ကျန့်ထံသို့ ပို့လိုက်ရာ စုန်ကျန့်က ဖွင့်၍ ဖတ်၏။

စင်တို့ရွာသူကြီး စင်နောင်က တပ်မှူးချုပ် စုန်ကျန့်ကို ရှိသေလေးစားစွာ ဦးညွှတ်ဂါရဝ ပြုအပ်ပါသည်။ ကျွန်ုပ်၏ သားများသည် ဒေါသအလျောက် သင်၏ ဂုဏ်ကို ကျူးကျော် စော်ကားမိခဲ့ပါသည်။ ဘုရားဒကာကျောက်ခဲ ရောက်လာပြီး ကျွန်ုပ်တို့၏ ရိုကျိုးမှုကို ကြောင်းကျိုးသင့်စွာ တောင်းခံခဲ့စဉ်ကလည်း ကျွန်ုပ်၏ လက်အောက်ခံတဦးက မိုက်ရိုင်းစွာ မြားဖြင့် ပစ်ခဲ့မိပါသည်။ ထို့ပြင် သင့်မြင်းကိုလည်း ခိုးယူမိခဲ့ပါသည်။ ကျွန်ုပ်၏ တောင်းပန် စကားကို ဖော်ပြရန် စကားလုံးပင် ရှာမရနိုင်ပါ။ ဤသို့ ဖြစ်ခဲ့သမျှသည် ကျွန်ုပ်၏ အလိုတူ အလိုပါ မဟုတ်ရပါ။ ယခုမူ ခွေးကဲ့သို့ မိုက်မဲသော ကျွန်ုပ်၏ သားလည်း သေပါပြီ။ ဤ တမန်ကို လွှတ်ရခြင်းမှာ ငြိမ်းချမ်းရေးအတွက်

ပန်ကြားလို၍ ဖြစ်ပါသည်။ သင်တို့က အတိုက်ရပ်ကာ တပ်များကို ပြန်ရုပ်သိမ်းမည်ဆိုပါက သင်တို့ မြင်းအားလုံးကို ပြန်ပေး မည့်အပြင် သင်တို့၏ တပ်များကိုလည်း ရွှေငွေအထည်အလိပ် အမြောက်အမြား ဆုချ ပါမည်။ နှစ်ဖက်စလုံး အကျအဆုံး မရှိစေလိုသည်မှာ ကျွန်ုပ်၏ စိတ်ရင်းအမှန်ပင် ဖြစ် ပါသည်။ ဤကိစ္စကို ဆင်ခြင်နိုင်ပါရန် ပန်ကြားအပ်ပါသည်။

စာဖတ်ပြီးသောအခါ စုန်ကျန့်လည်း ဒေါသထွက်နေလေပြီ။ “သူက ငါ့နောင်ကြီး ကျောက်ခဲကို သတ်တယ်။ ဘာလို့ ငါက တပ်ရုပ်သိမ်းရမှာလဲ၊ ဒီရွာကို ပြာကျအောင် မီးတိုက်ပစ်မယ်”

တမန်ခမျာလည်း မြေပြင်တွင် ပြားပြားမှောက်ကာ မထိန်းနိုင် မသိမ်းနိုင်အောင် တုန်လှုပ်နေရှာလေပြီ။ ဝုရုံက ကမန်းကတန်း ဝင်၍ ဖျန်ဖြေ၏။ “မှားနေပြီ နောင်ကြီး။ ကျုပ်တို့က သူတို့နဲ့ တိုက်ရတာက သူတို့က ညှဉ်းဆဲလို့လေ။ ခုတော့ သူတို့က ငြိမ်းချမ်းရေးကို တောင်းခံနေပြီ။ တဒင်္ဂလေး ဒေါသထွက်မိတာနဲ့ပဲ ကိုယ့် မူဝါဒတွေကို စွန့်ပစ်ရမှာလားဗျာ”

ပြန်စာ တစောင်ကို ရေးပေးလိုက်ပြီး တမန်ကိုလည်း ငွေစင်အဝက်သား ပေးလိုက်၏။ သခင်ကြီးစင်နှင့် ရှိဝင်ကုန်းတို့လည်း ပြန်စာကို ဖတ်ကြ၏။

လျံ့ရှန်းတောင်ရိုးမှ တပ်မှူးချုပ် ကျွန်ုပ် စုန်ကျန့် ပြန်ကြားအပ်သည်၊ စင်တို့ရွာသူကြီး စင်နောင်- ရှေးအတီတေကပင် သစ္စာမတည်သော တိုင်းပြည်သည် ပျက်စီးရစမြဲ၊ အကျင့် သီလ မရှိသော လူသည် သေရစမြဲ၊ မရိုးမဖြောင့် ရယူထားသော စည်းစိမ်ဥစ္စာသည် မင်းအသိမ်းအပိုက်ကို ခံရစမြဲ၊ သတ္တိမရှိသော စစ်သူကြီးသည် စစ်ရှုံးရစမြဲ ဖြစ်၏။ မူလက လျံ့ရှန်းတောင်ရိုးနှင့် စင်တို့ရွာတို့ အာဃာတ မရှိခဲ့ကြပေ။ မိမိပိုင်နက်တွင် မိမိ နေထိုင်ခဲ့ ကြပေ၏။ သို့သော် သင်တို့၏ မကောင်းမှုကြောင့် ကျွန်ုပ်တို့ အမျက်ထွက်ခဲ့ရသည်။ ငြိမ်းချမ်းရေးကို လိုလားပါက သင်တို့ နှစ်ကြိမ်တိုင်တိုင် ခိုးယူထားသော မြင်းများကို ပြန်ပေးရမည်၊ သူခိုး ယူပေါက်စီကိုလည်း ကျွန်ုပ်တို့ကို ပေးအပ်ရမည်။ ကျွန်ုပ်တို့ တပ်သားများကိုလည်း ငွေကြေးအထည်အလိပ်များ ဆုချရမည် ဖြစ်၏။ သင်တို့၏ ရက်ရောမှုဖြင့်သာ သင်တို့၏ စိတ်ရင်းအမှန်ကို ပြသပါတော့။ သင်တို့ စိတ်ပြောင်းပါမူ ကျွန်ုပ်တို့လည်း အခြားသော အရေးယူမှုများကို ပြုရပေတော့မည်။

စင်နောင်နှင့် ရှိဝင်ကုန်းတို့လည်း အကြီးအကျယ် တုန်လှုပ်သွားကြ၏။ နောက်တနေ့ တွင် စာတစောင် ထပ်၍ ပို့၏။ “ယူပေါက်စီကို သင်တို့ လိုချင်ပါက

အာမခံလူတယောက်ကို စေလွှတ်ပေးပါ” ဟု ပါရှိ၏။

စုန်ကျန့်နှင့် ဝုရုံလည်း ညှိနှိုင်း ဆွေးနွေးလိုသည့် ဆန္ဒကို ပြသောအားဖြင့် ရှီကျန့်၊ လီကွေ့၊ ဖန်ရွှီ၊ ရှုံချုံး၊ လီကျွမ်းတို့ကို လွှတ်လိုက်၏။ သူတို့ မသွားမီတွင် အရေးကြုံက မည်သို့ လုပ်ရမည်၊ မဆိုင်းမတွ လုပ်ရမည်ဟု မှာကြားလိုက်၏။ တောပုန်းဗိုလ်ငါးဦးသည်လည်း ထွက်သွားကြ၏။

ကွမ်ရှိန်း၊ ရှုနင်၊ ရေဗိုလ်ချုပ်၊ မီးဗိုလ်ချုပ်တို့လည်း ရောက်လာကြ၏။ ယင်းတို့၏ ပင်မ စစ်ကြောင်းတွင် တာဝန်ချထားလိုက်၏။

ထိုစဉ်တွင် ရှီကျန့်တို့ လူသိုက်မှာ စင်တို့ သူကြီးနှင့် တွေ့ဆုံနေကြ၏။ ခွေးလှေးက “နောင်ကြီးစုန်ကျန့်က ငြိမ်းချမ်းရေး ဆွေးနွေးဖို့ လွှတ်လိုက်ပါတယ်” ဟု ဆို၏။

“ဝုရုံက လူငါးယောက်တောင် လွှတ်လိုက်ပုံကိုထောက်ရင် သူ တခုခု ကြံနေပြီ ဖြစ် ရမယ်” ဟု ရှိဝင်ကုန်းက ထောက်၏။

လီကွေ့က ရှိဝင်ကုန်းကို ဒေါသတကြီးဖြင့် ဖမ်းဆွဲလိုက်ပြီး ရိုက်မည်ဟု ပြင်၏။ စင်တို့ သူကြီးက ကပျာကယာ ဝင်၍ ဟန့်ရလေ၏။

ခွေးလှေးက-

“လီကွေ့က ကြမ်းချင်ကြမ်းမယ်။ ဒါပေမဲ့ နောင်ကြီးစုန်ကျန့် စိတ်အချဆုံးလူပါ။ သူ့ကို တမင်ရွေးလိုက်တာဗျ။ ဘာမှ မသင်္ကာမဖြစ်ကြပါနဲ့”

စင်တို့သူကြီးမှာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လိုလှပြီ။ ထို့ကြောင့် ရှိဝင်ကုန်းကို ဂရုမစိုက်ဘဲ သူတို့ငါးယောက်ကို စိမ်ရည်ဖြင့် ဧည့်ခံပြီး ဖာ့ဟွာကျောင်းတိုက်ရှိ စခန်းတွင် အနားယူ စေ၏။ အစောင့်အဖြစ် အင်အားငါးရာကို ကျောင်းရှေ့ကျောင်းနောက်တို့တွင် နေရာချထား လိုက်၏။ ထို့နောက် သူ့သားစင်ရှိန်ကို ညှိနှိုင်းသူအဖြစ် တာဝန်ပေးကာ ယူပေါက်စီနှင့်အတူ စုန်ကျန့်တို့ထံသို့ စေလွှတ်လိုက်၏။

ပင်မစစ်ကြောင်းသို့ ရောက်သောအခါ ခိုးသွားသော မြင်းများကို သာမက ရွှေများ အထည်အလိပ်များကိုပါ ပေးအပ်၏။

စုန်ကျန့်က မေး၏။

“ဒီမြင်းတွေက နောက်ဆုံးခိုးထားတာတွေပဲ။ ဘယ်မှာလဲ ညမှာလင်းတဲ့ ကျောက်စိမ်း ဖြူခြသေ့ကော။ တွမ်ကျင်ချူဆီက ခိုးထားတာလေ”

"အဲဒီမြင်းကိုတော့ နည်းပြ ရှိဝင်ကုန်းက စီးနေတာမို့ ပါမလာတာပါ" ဟု စင်ရှိန်က

"မင်း စာတစောင် မြန်မြန်ရေးပါ။ ငါ အဲဒီမြင်းကို ပြန်လိုချင်တယ်။ မြန်မြန်"

စင်ရှိန်လည်း စာရေးပြီး ခံတပ်သို့ ပြန်ပို့ခိုင်းလိုက်ရ၏။ အကြောင်းစုံသိရသောအခါ ရှိဝင်ကုန်းက "တခြားမြင်းဆို ပေးမယ်။ ဒီမြင်းတော့ မရဘူး"

ဆက်သားလည်း အကြိမ်ကြိမ်ပင် လူးလာခေါက်နေရ၏။ စုန်ကျန့်ကလည်း လုံးဝ မလျှော့ပေ။ နောက်ဆုံးတွင် ရှိဝင်ကုန်းက ဤသို့ အကြောင်းပြန်လိုက်၏။

"ကျွန်ုပ် မြင်းကို လိုချင်ပါက သင်တို့၏ တပ်ကို အလျင်ဆုတ်ခွာပါစေ၊ ထိုမှသာ ပေးမည်"

စုန်ကျန့်နှင့် ဝုရုံတို့လည်း ခေါင်းချင်းရိုက်နေကြစဉ် ကင်းသမားတယောက်က လာ၍ သတင်းပို့၏။

"ချင်ကျို့နဲ့ လင်ကျို့က တပ်တွေ ဒီကို လာနေကြပြီ"

"စင်တို့က ကောင်တွေ ဒါကို သိလို့ အချိန်ဆွဲနေတာပဲ" စုန်ကျန့်က တပ်အပ်ပြော၏။

ကွမ်ရှိန်း၊ ရေဗိုလ်ချုပ်၊ မီးဗိုလ်ချုပ်တို့ကို ချင်ကျို့မှ တပ်များကိုလည်းကောင်း၊ ဟွရုံ၊ မာလင်း၊ တိန်ဖတို့ကို လင်ကျို့မှ တပ်များကို လည်းကောင်း ရင်ဆိုင်ရန် စုန်ကျန့်က စေလွှတ်လိုက်၏။ ယူပေါက်စီကိုလည်း သီးသန့်ခေါ်တွေ့ကာ ကြင်ကြင်နာနာ ဆက်ဆံကာ ဖျောင်းဖျ၏။

"မင်းက ငါတို့ အကျိုးကိုဆောင်ရင် လျှံရှန်းကျူအင်းမှာ ခေါင်းဆောင်ခန့်မယ်။ မင်း မြင်းတွေ ခိုးခဲ့တာကိုလည်း မေ့ဖျောက်ပစ်လိုက်မယ်။ ငါ မြားတစင်းကို ချိုးပြီး သစ္စာဆို ပါ့မယ်။ မင်းကမှ မပူးပေါင်းရင် စင်တို့ရွာတော့ အဖျက်ခံရတော့မယ်။ အဲဒါ မင်းအပေါ် မူတည်နေတယ်"

ယူပေါက်စီလည်း ပူးပေါင်းရန် ဆုံးဖြတ်လိုက်ရာ ဝုရုံက မည်သို့မည်ပုံ လုပ်ရမည်ကို ပြောပြလေ၏။

"ဒီက ထွက်ပြေးသွားသလို ဟန်ဆောင်ပြီး မင်းတို့စခန်းကိုပြန်။ ရှိဝင်ကုန်းကို ဒီလို ပြောပြ။ စုန်ကျန့်တို့စခန်းမှာ ဒီလိုကြားခဲ့ရလို့ အခြေအနေကို အမှန်အတိုင်း နားလည်သွားပြီ၊ စုန်ကျန့် တကယ်လိုချင်တာကတော့ ဟိုမြင်းပဲလို့။ သူက ငြိမ်းချမ်းရေးကို စိတ်မဝင်စားဘူး၊ မြင်းပြန်ရတာနဲ့ ကတိဖျက်မှာပဲလို့။

ချင်ကျို့နဲ့ လင်ကျို့က တပ်ကူတွေ လာနေပြီဆို တာ သိလို့ သူလည်း နေမထိထိုင်မသာ ဖြစ်နေပြီ၊ ဒါကို အခွင့်ကောင်းယူပြီး လှုပ်ရှားသင့်တယ်၊ လက်လွှတ်မခံသင့်ဘူးလို့ ပြော။ ရှိဝင်ကုန်းက မင့်စကားကို နားထောင်ရင် ငါတို့က သူ့ကို ဖမ်းဖို့ အသင့်ပဲ”

ယူပေါက်စီလည်း ရှိဝင်ကုန်းထံသို့ ပြန်ကာ မှာလိုက်တိုင်း ပြောပြလေ၏။ ရှိဝင်ကုန်း က ယူပေါက်စီကို သူကြီးထံသို့ ခေါ်သွားကာ စုန်ကျန့်သည် ငြိမ်းချမ်းရေး မယူလိုကြောင်း၊ သူ့စခန်းကို တိုက်ရန် အချိန်ကောင်းဖြစ်ကြောင်း ပြောပြ၏။

“ဒါပေမဲ့ စင်ရှိန်က အဲဒီမှာ ရောက်နေတယ်လေ” ဖခင်ဖြစ်သူက ကန့်ကွက်၏။ “ကျုပ်တို့က စဖောက်ရင် သူတို့က သတ်ကြမှာပဲ”

“စခန်းကို အတင်းဝင်ဖောက်ပြီး သူ့ကိုရအောင် ကယ်မှာပေါ့ဗျာ။ ဒီညပဲ ခံတပ်တွေ အားလုံးကို လူစုခိုင်းလိုက်မယ်။ ပြီးရင် စုန်ကျန့်စခန်းကို ဝိုင်းတိုက်ကြမယ်။ မြွေခေါင်းနဲ့ ကိုယ် အိုးစားကွဲသွားရင် ကျန်တဲ့ တောပုန်းတွေလည်း လှုပ်ရှားနိုင်မှာ မဟုတ်တော့ဘူး။ ပြန်လာမှ လီကွေ့တို့ လူသိုက်ကို သတ်လို့ ရသေးတာပဲ”

“တကယ့်ကို ပြောင်မြောက်တဲ့ အစီအမံပဲ နည်းပြကြီးရာ”

မြောက်ဘက်ခံတပ်မှ စုထိန်၊ အရှေ့ခံတပ်မှ စင်ကွို၊ တောင်ဘက်ခံတပ်မှ စင်မိတို့ကို စခန်းဝင်စီးရာတွင် ပါဝင်ရန် အကြောင်းကြား၏။ ယူပေါက်စီမှာ ဖာ့ဟွာကျောင်းတိုက်ထဲသို့ အသာခိုးဝင်သွားပြီး လီကွေ့တို့နှင့် တွေ့၏။ စုန်ကျန့်၏ အစီအမံကို တိုးတိုးတိတ်တိတ် ပြောပြ၏။

ထိုစဉ် စုန်ကျန့်က ဝုရုံကို ပြော၏။ “ကျုပ်တို့ အစီအမံ အလုပ်မှ ဖြစ်ပါ့မလားဗျာ”

စစ်ဘက်အကြံပေးက ပြန်ဖြေ၏။

“ယူပေါက်စီ ပြန်မလာပုံထောက်ရင် ဟိုကလူတွေ ယုံသွားလို့ပဲ ဖြစ်ရမယ်။ ဒီညမှာ ကျုပ်တို့စခန်းကို လာစီးနိုင်တယ်။ ပထမ စခန်းက ခွာပြီး ဘေးဘယ်ညာမှာ ကင်းပုန်းဝပ် ထားရမယ်။ တချိန်တည်းမှာပဲ ရှင်ဥဘာနဲ့ ဝုဆုန်တို့ ခြေသည်တွေကို အရှေ့ခံတပ်ကို သွားတိုက်ခိုင်းမယ်။ ချူတုံနဲ့ ကွေ့ဟုန်တို့ကိုတော့ နောက်ခံတပ်ကိုပေါ့။ ဗိုလ်မှတ်ကျော်နဲ့ ရှိကျင်းကိုတော့ မြင်းသည်တွေနဲ့ မြောက်ဘက်ခံတပ်ကို သွားတိုက်ခိုင်းမယ်။ ဒီနည်းက တော့ သဘော်ခွေးက သားကောင်ကို သားရဲတွင်းမှာ စောင့်နေတဲ့ နည်း” ပဲဗျ။ ဘယ်တော့ မှ မရှုံးတဲ့နည်းပဲ”

ထိုညတွင် ရှိဝင်ကုန်းသည် စုထိန်၊ စင်မိ၊ စင်ကွီတို့၏ တပ်များနှင့် အတူ ထွက်ခဲ့၏။ လကလည်း မှုန်မှုန်၊ ကြယ်များကလည်း ဝါးဝါးဖြစ်၏။ နည်းပြနှစ်ဦးက ရှေ့မှဦးဆောင်ကာ စင်ညီနောင်က နောက်မှ ပိတ်ကာ လိုက်လာကြ၏။ ထုံးစံအတိုင်း အသံမြည်မည့် ပစ္စည်း ကိရိယာများကို ဖြုတ်ထားခဲ့ကြကာ စုန်ကျန့်စခန်းသို့ ချွတ်နင်းကာ လာကြ၏။

ခံတပ်တံခါးများ ပွင့်နေကာ အတွင်းတွင်လည်း လူသူတယောက်ကိုမျှ မတွေ့ရ။ လုံးဝ ငြိမ်သက်နေ၏။ အလှည့်ဖြားခံလိုက်ရပြီဟု သိကြရလေပြီ။ အလျင်အမြန် ဆုတ်ခဲ့ကြ၏။ ခံတပ်ဆီသို့ လာနေစဉ်အတွင်း ကြေးလင်ပန်းသံများ တချွမ်းချွမ်း၊ အမြောက်သံ တထိန်း ထိန်းများ စင်တို့ရွာထဲမှ ထွက်လာလေ၏။ ဖှဲ့ဟွာကျောင်းထဲမှ ခေါင်းလောင်းစင်ပေါ်တွင် လည်း ရှီကျန့် ရောက်နေလေပြီ။ ခေါင်းလောင်းသံမှာလည်း အဆက်မပြတ် တဒေါင်ဒေါင် တဒင်ဒင်နှင့် မြည်နေလေပြီ။ ယင်းမှာ တောပုန်းများ၏ အမြောက်တပ်များ ရွာအရှေ့တံခါး နှင့် အနောက်တံခါးကို ပစ်ခတ်ရန် အချက်ပြခြင်းပင် ဖြစ်၏။ ပွင့်သွားသော တံခါးများမှ တောပုန်းများ ညာသံပေးကာ ဝင်လာကြပြီး မြင်မြင်သမျှကို ခုတ်ထစ် သတ်ဖြတ်ကြ၏။ ဘုန်းကြီးကျောင်းထဲမှ လီကွေ့တို့တသိုက်မှာလည်း အတင်းဖောက်ထွက်ခဲ့ကြရ၏။

ရှိဝင်ကုန်းမှာ ခံတပ်သို့ ပြန်ရန် လမ်းပျောက်နေလေ၏။ ခံတပ်တွင်လည်း လူသူ အရောရော အထွေးထွေးနှင့် မြင်ရ၏။ စင်တို့ရွာသူကြီးလည်း တောပုန်းများ နှစ်ဖက်ညှပ် ဝင်လာကာ သတ်ဖြတ်နေကြောင်း ကြားရသော် ကြံမရတော့ဘဲ သူ့ကိုယ်သူ ဆွဲကြိုးချကာ သတ်သေလေ၏။ အနောက်ခံတပ်သို့ အတင်း သွားရောက်သော စင်မိမှာ ချူတုံ၏ လှံ ပုဆိန်စာ ဖြစ်သွားရ၏။ အရှေ့ခံတပ်သို့ ထွက်ပြေးသွားသော စင်ကွီမှာ မြင်းတပ်၏ တက် အနင်းကို ခံရပြီး လူစင်စစ်က ခေါပုတ် ဖြစ်ရလေ၏။

ရှင်ညာဏနှင့် ဝုဆုန်တို့က လိုက်သဖြင့် စုထိန်လည်း ရွာမြောက်တံခါးမှ ထွက်ပြေးရ လေ၏။ ထိုတွင် ထောင်ချောက်ကျင်းများ ဆီးဆို့ထား၏။ ဗိုလ်မှတ်ကျော်နှင့် ရှီကျင်းတို့က မြားမိုးနှင့် ဆီးကြိုသဖြင့် သေရလေ၏။ သူ့နောက်မှ လိုက်ပါ ထွက်ပြေးသွားသော လူများ မြင်းများမှာလည်း ကျင်းများအတွင်းသို့ ကျကာ၊ တဦးအပေါ်တဦး ဖိမိကာ သေကြရ၏။ ရေပင် မရေတွက်နိုင်။

ရှိဝင်ကုန်းက ကျောက်စိမ်းဖြူခြသေ့်ကို စီးကာ အနောက်တံခါးမှ တောထဲသို့ ထွက် ပြေး၏။ ကောင်းကင်တွင် မြူနက်နက်များ ဖုံးလာ၏။ ရှိဝင်ကုန်းကလည်း တောင်မှန်း မြောက်မှန်းပင် မသိနိုင်။ ဘယ်ရောက် ဘယ်ပေါက်နေမှန်းလည်း မသိဘဲ လီနှစ်ဆယ်ခန့် စီးလာမိ၏။

ကြေးလင်ပန်းသံ ချွမ်းခနဲ တချက်နှင့်အတူ တပ်အင်အား လေးရာငါးရာခန့် ထွက်လာ၏။ ထိုတပ်၏ခေါင်းဆောင်က တောင်ဇေးရှည်ကြီးကို ရှိဝင်ကုန်း၏ မြင်း၏ ခြေထောက်များ ဆီသို့ လွှဲကာ ရိုက်လိုက်၏။ သို့သော် မြင်းကျော်ကျောက်စိမ်းဖြူက သူ့ခြေထောက်များကို လာမထိမီမှာပင် ရိုက်လိုက်သူ၏ ခေါင်းကို ခုန်ကျော်ကာ ဆက်၍ ကဆုန်ပေါက် ပြေးလေ၏။ ရှိဝင်ကုန်းလည်း မြင်းကို ဆက်၍ စီးနှင်နေရ၏။ တိမ်မည်းများ တက်လာ၏။ အေးစက်သော မြေငွေ့များ တက်လာ၏။ မြူနက်ကြီးလည်း ဆိုင်းလာ၏။ လေပြင်းကြီး လည်း တိုက်လာ၏။ ဤ လဟာနယ်အတွင်းတွင် သူ မြင်းဦးလှည့်လိုက်သော နေရာ တိုင်းတွင် ကျောက်ခဲ၏ ဝိညာဉ်က ဆီး၍ ပိတ်ဆို့နေ၏။ လာလမ်းအတိုင်း ဆက်လာခဲ့ရာ ယန်ချင်းနှင့် ကုန်သည်ကြီးလူတို့နှင့် ဝင်၍ တိုးလေ၏။ “ဘယ်သွားမလို့လဲ သူခိုးကောင်” ဟု အော်ကာ ကုန်သည်ကြီးလူက လှံပုဆိန်နှင့် ထိုးချလိုက်ရာ ခြေထောက်ကို ထိသွားပြီး မြင်းပေါ်မှ ကျသွားလေ၏။ လူက သူ့ကို တုပ်နှောင်ကာ စင်တို့ရွာထဲသို့ ခေါ်လာလေ၏။ ယန်ချင်းက နာမည်ကျော်မြင်းဖြူကြီးကို ပင်မစခန်းသို့ ယူလာခဲ့၏။

စုန်ကျန့်မှာ ဝမ်းသာသည့်နည်းတူ ဒေါသလည်း ထွက်နေ၏။ လူကွမ်းယီက အစွမ်းပြ နိုင်သဖြင့် ဝမ်းသာသော်လည်း ဘုရားဒကာကျောက်ခဲကို သတ်ခဲ့သူ ရှိဝင်ကုန်းကို တွေ့ရ သောကြောင့် ဒေါသများ အလိပ်လိပ် ထလာခြင်းဖြစ်၏။

ရှေးဦးစွာ စင်ရှိန်ကို ခေါင်းဖြတ်၍သတ်လိုက်ပြီး ကျန်မိသားစုဝင်များကိုလည်း လူကြီး လူငယ် မရွေး တယောက်မကျန် သတ်ဖြတ်စေ၏။ ထို့နောက် ရွာအတွင်းမှ ရှိသမျှ ရွှေ၊ ငွေ၊ အဖိုးတန်ပစ္စည်းများ၊ ဆန်စပါးများကို သိမ်းကျုံးယူငင်ကာ လှည်းများပေါ်သို့ တင်စေ၏။

ထိုကာလအတွင်း ကွမ်ရှိန်းက ချင်ကျို့တပ်ကို လည်းကောင်း၊ ဟွရုံက လင်ကျို့တပ် များကို လည်းကောင်းဖရိုဖရဲဖြစ်အောင် တိုက်ထုတ်လိုက်ပြီးနောက်ရွာသို့ ပြန်လာခဲ့ကြ၏။ တောပုန်းခေါင်းဆောင် အကြီးအငယ်တယောက်မျှ ဆုံးရှုံးခြင်း မရှိပေ။ ထို့ပြင် နာမည်ကျော် မြင်းဖြူကြီးနှင့် ပစ္စည်းအမြောက်အမြားကိုလည်း ရလိုက်၏။

ရှိဝင်ကုန်းကို အချုပ်လှည်းပေါ် တင်ကာ တောပုန်းတပ်များကို စုစည်းကာ စခန်းသို့ ပြန်ခဲ့ကြ၏။ လမ်းတလျှောက်ရှိ မြို့ရွာများကိုကား ထိပါးခြင်း မရှိပေ။

သစ္စာခန်းမသို့ ရောက်သောအခါ ကျောက်ခဲ၏ ကမ္ပည်းတိုင်ရှေ့တွင် စုဝေးကြ၏။ လက်မြောက်သူရှောင်ရန်းက အထိမ်းအမှတ်စာတမ်းကို ရေး၏။ ခေါင်းဆောင်များလည်း ဝမ်းနည်းခြင်းဝတ်စုံကို ဝတ်ကာ ငိုယို ကြ၏။ ရှိဝင်ကုန်း၏ နှလုံးသားကို ခွဲထုတ်ယူကာ သေသူအား ပူဇော်ကြ၏။

အခမ်းအနား ပြီးဆုံးသွားလေပြီ။

စုန်ကျန့်လည်း ခေါင်းဆောင်များကို စည်းဝေးကာ ကျောက်ခဲကို ဆက်ခံမည့်သူအား ရွေးချယ်ရန် ဆွေးနွေး၏။ ဝုရှံက-

“နောင်ကြီး။ ခင်ဗျားကပဲ ခေါင်းဆောင်ကြီး လုပ်ပြီး ကုန်သည်ကြီးလူကို ဒုခေါင်းဆောင် တာဝန်ပေးသင့်တယ်။ ကျန်တဲ့ ညီနောင်တွေကတော့ လက်ရှိတာဝန်ကိုပဲ ဆက်ယူပါ

“နောင်ကြီးကျောက်ခဲ မသေခင် မှာထားခဲ့တာကို မေ့သွားပြီလား။ ရှိဝင်ကုန်းကို ဖမ်းမိတဲ့ သူက လျှံရှန်းကျူအင်းကို အုပ်ချုပ်ပါစေတဲ့။ လူကွမ်းယီက အဲဒီကောင်ကို ဖမ်းလာလို့ နောင်ကြီးကျောက်ခဲအတွက် ပူဇော်လိုက်ရတယ်။ လက်စားချေလိုက်ရတယ်။ ဒီတော့ သူ ကွပ်ကဲမှပဲ သင့်တော်မယ်။ ရှည်ရှည်ဝေးဝေး ပြောနေစရာ မလိုတော့ပါဘူး”

“ကျွန်တော့်မှာက ဘုန်းကံရော အရည်အချင်းပါ မရှိပါဘူး။ ဒီလို ရာထူးမျိုးကို မယူရဲ ပါဘူး။ အနိမ့်ဆုံးအဆင့်ကို ပေးရင်တောင်မှ တော်တော်များနေပါပြီ”

စုန်ကျန့်က “ကျုပ်က အလကားသက်သက် နှိမ့်ချပြနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ်က သုံးနေရာမှာ ခင်ဗျားကို မမီဘူးဗျ။ ကျုပ်က မည်းတယ်၊ ပုတယ်၊ အရုပ်ဆိုးတယ်။ ခင်ဗျားကတော့ လူချော လူလှ၊ ထောင်ထောင်မောင်းမောင်း ခံ့ခံ့ညားညား ရှိတယ်။ ဒုတိယ အချက်က ကျုပ်က စာရေးလေးဘဝက ပြစ်မှုတခု ကျူးလွန်မိလို့ ထွက်ပြေးလာတာ။ ဒီက ညီနောင်တွေ ကြည်ဖြူလို့ ခဏ ယာယီ အုပ်ချုပ်နေနိုင်တာ။ ခင်ဗျားကျတော့ ဆွေကြီး မျိုးကြီး သြဇာရှိတဲ့ မိသားစုက လာတဲ့ သူရဲကောင်းပီသတယ်လို့ ထင်ရှားတဲ့ လူပါ။ ခင်ဗျားမှာ အန္တရာယ်လေးနည်းနည်းပါးပါး ခဏလောက် ရှိလိုက်ပေမယ့် ကောင်းကင်ဘုံက ခင်ဗျားကို ကာကွယ်ပေးတော့ အခုဆို လွတ်လွတ်ကင်းကင်း ဖြစ်သွားပြီလေ။ တတိယ အချက်က ကျုပ်က အုပ်ချုပ်စီမံရေးရာမှာလည်း မထိန်းသိမ်းနိုင်ဘူး။ စစ်ရေးစစ်ရာမှာ လည်း တပ်တွေရဲ့ ထောက်ခံမှုကို မရယူနိုင်ဘူး။ ကြက်တကောင်ကိုတောင် လည်လိမ်ချိုး နိုင်တဲ့ အားတောင် မရှိဘူး။ လေးကိုင်းကို တလက်မလောက် ကွေးသွားအောင်တောင် လေးကြိုးကို မဆွဲနိုင်ဘူး။ ခင်ဗျားကျတော့ ရန်သူတထောင်လောက်ကို တပြိုင်တည်း ယှဉ်နိုင်တယ်။ လက်ရှိအခြေအနေကိုလည်း နားလည်တယ်။ အတိတ်အကြောင်းကိုလည်း သိထားတယ်။ ခင်ဗျားထက် သာတဲ့သူမရှိဘူး။ ဒီလိုအရည်အချင်းတွေ ဘုန်းကံတွေကြောင့် ဒီတောင်ရိုးစခန်းကို အုပ်ချုပ်ဖို့ လုံးဝကို သင့်တော်တယ်။ နောင် မင်းအမှုတော်ကို ထမ်း ရရင် ခင်ဗျားက ရာထူးရာခံ ကြီးကြီးရမှာ သေချာတယ်။ ကျုပ်တို့ ညီနောင်တွေလည်း ခင်ဗျားဂုဏ်ရောင်ကြောင့် ရွှေပင်နားတော့ ရွှေကျေးတွေ ဖြစ်ရဦးမှာပေါ့။ ကျုပ် ဆုံးဖြတ် ပြီးပါပြီ။ ဆက်ငြင်းမနေပါနဲ့တော့ဗျာ”

လူကွမ်းယီက လေးစားရိုသေစွာ ကန်တော့လိုက်ပြီး “နောင်ကြီး မပြောပါနဲ့တော့ဗျာ၊ သေရမယ်ဆိုရင်တောင် နောင်ကြီး အမိန့်ကို မလိုက်နာနိုင်ပါဘူး”ဟု တောင်းပန်၏။

ဝုရုံက တိုက်တွန်းပြန်၏။

“နောင်ကြီးပဲ ခေါင်းဆောင်ပဲ ဆက်လုပ်ပါဗျာ။ လူကွမ်းယီကိုတော့ ဒုခေါင်းဆောင် လုပ်ပါစေ။ ဒီလိုဆို အားလုံး ကျေနပ်သွားကြလိမ့်မယ်။ ဒီလိုသာ ပြောပြောနေရင်တော့ ကျုပ်တို့လူတွေ စိတ်အားငယ် ကုန်ကြတော့မှာပဲ”

ထိုစကားကို မပြောမီမှာ ကျန်သူများ၏ မျက်နှာအမူအရာတို့ကို ဝုရုံက အကဲခတ်ပြီး ဖြစ်၏။

လီကွေ့ကလည်း သူ့အသံကြီးကို မြှင့်တင်လိုက်ကာ ပြော၏။

“နောင်ကြီးနဲ့ ဒီကိုလိုက်လာဖို့ ကျန်းကျို့မှာ ကျုပ်အသက်ကို စွန့်ခဲ့ရတယ်။ အရာရာ မှာ နောင်ကြီးသဘောအတိုင်း လိုက်လျောခဲ့တယ်။ ကျုပ်ကတော့ ကောင်းကင်ဘုံလည်း ဂရုမစိုက်ပါဘူး။ ဒီတော့ မေးပါဦးမယ်။ နောင်ကြီးက ဘာလို့ ဒီသောက်ရာထူးကို စွန့်မယ် ချည်း လုပ်နေရတာလဲ။ ကျုပ် လူပြန်သတ်ချင်လာပြီနော်။ ဒီဂိုဏ်းကိုလည်း ဖျက်ပစ်လို့ ရတယ်”

ဝုဆုန်ကလည်း ဝုရုံ နှပ်ကြောင်းပေးသည့်အတိုင်း လိုက်၍ ပြော၏။

“နောင်ကြီးလက်အောက်မှာ ဘုရင့်တပ်တော်က အရာရှိကြီးတွေ အများကြီး ရှိတယ် ဗျ။ သူတို့က နောင်ကြီးစကားကိုပဲ နားထောင်ကြမှာဗျ”

လျူထန်က “ကျွန်တော်တို့ ဒီတောင်ပေါ်ကို စတက်လာတုန်းက အားလုံးမှ ခုနစ် ယောက်ပဲ ရှိတယ်။ အဲဒီတုန်းကတည်းကပဲ နောင်ကြီးကို ခေါင်းဆောင်တင်ဖို့ ရည်ရွယ် ထားခဲ့တာ။ ခုမှတော့ နောက်တယောက်အောက်မှာ အမှုမထမ်းနိုင်တော့ဘူး”

ရှင်ဉာဏလည်း အော်၍ပြော၏။ “နောင်ကြီးက မဦးစီးတော့ဘူးဆိုရင် ကျုပ်တို့လည်း ကိုယ့်အထုပ် ကိုယ် ဆွဲပြီး တယောက်တလမ်း လမ်းခွဲသွားကြရုံပဲ”

စုန်ကျန့်က ကုန်း၍ အော်လိုက်၏။

“တော်ပြီ။ ကျုပ်မှာ နည်းလမ်းတခု ရှိတယ်။ အဲဒါကတော့ ကောင်းကင်ဘုံရဲ့ အလို အရ ကျုပ်တို့ လိုက်နာကြဖို့ပဲ”

ဝုရုံက-

“နောင်ကြီး ဘာပြောချင်ပါသလဲ၊ ကြားပါရစေဗျာ”

“အဲဒါက ကိစ္စနှစ်ခုနဲ့ ပတ်သက်နေတယ်” ဟု စုန်ကျန့်က ပြော၏။

ထို့ကြောင့်ပင်လျှင် သူရဲကောင်းနှစ်ယောက် နောက်ထပ် တိုးလာ၏။ ခရိုင်မြို့ တုန်ပင်း သည်လည်း ဘေးသင့်ခဲ့ရ၏။ အာကာသစိုးနတ်တို့၏ ကြယ်များ သစ္စာတည်ကြည်စွာ ပေါင်းဆုံကြ၏။ လှျံရှုန်းကျူအင်းတွင် ဘုမ္မစိုးနတ်များ စုဝေးမိကြ၏။

စုန်ကျန့် ပြောသော ကိစ္စနှစ်ခုမှာ အဘယ်တို့ပါနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၆၉

နဂါးကိုးကောင်ရှိကျင်း တုန်ပင်းတွင် ထောင်ချောက်မိခြင်း

စုန်ကျန့်က သဘောထားကြီးစွာဖြင့် လုံနှစ်စင်းဗိုလ်ကို လွှတ်လိုက်ခြင်း

"ကျုပ်တို့မှာ ငွေရော ဆန်စပါးရော ပြတ်လပ်နေပြီ။ ဒါပေမဲ့ ဒီကနေ အရှေ့ဘက်မှာရှိတဲ့ မြို့ကြီးနှစ်မြို့မှာတော့ အဲဒါတွေ အလျှံပယ်ပဲ။ တမြို့က တုန်ပင်း၊ တမြို့က တုန်ချန်းပေါ့။ ဒီမြို့ တွေကို တခါမှ ဒုက္ခမပေးဖူးဘူးပေမယ့် ဆန်လေး စပါးလေး နည်းနည်းလောက် ချေးပါ ဆိုတာကို ပစ်ပစ်ခါခါ ငြင်းလွှတ်လိုက်တယ်။ ဒီမြို့တွေရဲ့ နာမည်တွေကို မဲလိပ်မှာ ရေးပြီး ကျုပ်နဲ့ ကုန်သည်ကြီးလူတို့ မဲနှိုက်မယ်။ ကိုယ် မဲကျတဲ့ မြို့ကို အရင်သိမ်းနိုင်တဲ့ သူက လျှံ့ရှုန်းကျူအင်းကို အုပ်ချုပ်ပေတော့။ သဘောတူကြလား"ဟု စုန်ကျန့်က ဆို၏။

"ကောင်းတယ်။ မိုးကောင်းကင်ရဲ့ အလိုအတိုင်း လိုက်နာကြတာပေါ့" ဟု ဝုရုံက ထောက်ခံ၏။

လူကွမ်းယီကမူ ကန့်ကွက်၏။ "ဒီလို မပြောပါနဲ့ဗျာ။ နောင်ကြီးပဲ ခေါင်းဆောင် ဆက်လုပ်ပါ။ မဟုတ်ရင် ဒီတာဝန် ကျွန်တော် လက်မခံဘူး"

သို့သော် သူ့စကားကို ပယ်လိုက်ကြ၏။ ဗိုလ်သီလဖေရှွန်းက မဲလိပ်များကို စီစဉ်၏။ အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ မဲနှိုက်ကြ၏။ စုန်ကျန့်က တုန်ပင်းကို မဲကျပြီး၊ လူကွမ်းယီ ကတုန်ချန်းကို ရ၏။ တောပုန်းခေါင်းဆောင်အားလုံးလည်း ကျေနပ်ကြ၏။

ထိုနေ့တွင် စားသောက်ပွဲကြီး ကျင်းပကြ၏။ စိမ်ရည်သောက်ရင်း စုန်ကျန့်က တိုက် ခိုက်ရာတွင် သုံးစွဲမည့် တပ်ခွဲတမ်းကို ပြောပြ၏။ သူ့အပါအဝင် ခေါင်းဆောင် နှစ်ဆယ့်ရှစ်ဦး ကို သူ ဦးစီးမည်။ ခြေသည် မြင်းသည် အင်အား တသောင်း ပါဝင်မည်။ ဖိုးရုံညီနောင် သုံးယောက်က ရေကြောင်းမှ အထောက်အကူပြုမည် ဖြစ်၏။

လူကွမ်းယီ၏ တပ်မှာလည်း အလားတူ ခေါင်းဆောင် နှစ်ဆယ့်ရှစ်ဦးနှင့် အင်အား တသောင်း ပါဝင်မည်။ လီကျွမ်း၊ တုန်မင်း၊ တုန်ဝေ့တို့က ရေကြောင်းမှ အထောက်အကူ ပြုမည် ဖြစ်၏။ ကျန်ခေါင်းဆောင်များ၊ ဒဏ်ရာမှ နာလန်ထစ လူနာများကမူ စခန်းစောင့် အဖြစ် ကျန်ခဲ့ကြမည်။ စီစဉ်စရာများကို ဆောင်ရွက် စီစဉ်ပြီးသော် တပ်နှစ်တပ်သည် သက်ဆိုင်ရာမြို့သို့ အသီးသီး ထွက်ခဲ့ကြ၏။

ထိုနေ့မှာ စန္ဒမာသပြက္ခဒိန်၏ တတိယမြောက်လ လဆန်းရက် ဖြစ်၏။ ရာသီဥတုမှာ နွေးနွေးထွေးထွေး ရှိလာပြီ။ လေပြင်းလည်း မထန်တော့။ မြက်ပင်များမှာ စိမ်းစိမ်းစိုစို ရှိနေပြီး မြေပြင်မှာ နူးညံ့၏။ စစ်တိုက်ရန် အကောင်းဆုံး အခြေအနေပင် ဖြစ်၏။

ကျွန်ုပ်တို့ စုန်ကျန့်အကြောင်းကို အလျင်ပြောကြမည်။ သူတို့ ချီတက်လာကြရာ တုန်ပင်းနှင့် လီ လေးဆယ်ဝေးသော အန်ရှန်ဆိုသည့် ရွာသို့ ရောက်လာကြပြီး ထိုရွာတွင် စခန်းချကြ၏။ စုန်ကျန့်က ရှင်းပြ၏။

"တုန်ပင်းမြို့ဝန် ချင်ဝန်လီနဲ့ မြို့စောင့်တပ်မှူးတို့ နှစ်ယောက်စလုံးက မြစ်အရှေ့ဘက် ရှန်တန့်နယ်သားတွေပဲ။ တပ်မှူးနာမည်ကလည်း တုန်ပင်းပဲ။ သူက လှံနှစ်လက်ကို ကျွမ်း ကျွမ်းကျင်ကျင် ကိုင်တတ်လို့ သူ့ကို လှံနှစ်စင်းဗိုလ်လို့ ခေါ်ကြတယ်။ သူ့သတ္တိကောင်းပုံ ကတော့ တသောင်းစာလောက်ကို ရှိသတဲ့ဗျ။ သူတို့မြို့ကို သွားတိုက်ပေမယ့် သူ့ကိုတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ်။ ကျုပ်က စစ်ကြေညာတဲ့ စာကိုရေးပြီး လူနှစ်ယောက်နဲ့ ပို့ချင်တယ်။ အညံ့ခံဖို့ စစ်ပွဲကို ရှောင်ဖို့ တိုက်တွန်းမယ်။ သူက ငြင်းရင်ကော ဖြစ်လာတဲ့ သေကျေပျက်စီးတာတွေဟာ ကျုပ်တို့ကြောင့်လို့ လူတွေ အပြစ်တင်စရာ မရှိတော့ဘူးပေါ့။ ဘယ်သူများ စာသွားပို့ရဲကြသလဲ"

လူတယောက် ရှေ့သို့ ထွက်လာ၏။ ထိုသူမှာ ယူပေါက်စီဖြစ်၏။ "ကျွန်တော်က တုန်ပင်း ကို မြင်တာနဲ့ သိတယ်။ စစ်ကြေညာစာ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ သွားပေးပါ့မယ်"

ခေါင်းဆောင်များထဲမှ တယောက်ထွက်လာ၏။ သူမှာ ဝမ်တိန့်လျူ ဖြစ်၏။

"ကျွန်တော်က အရည်အချင်းကို မပြရသေးဘူး။ ဒါကြောင့် သူနဲ့ လိုက်သွားပါရစေ"

စုန်ကျန့်ကား ဝမ်းသာလှ၏။ စာရေးပြီး ထိုသူနှစ်ယောက်သို့ အပ်လိုက်၏။ ထိုစာထဲ တွင် ဆန်စပါးများ တောင်းခံကြောင်းသာ ပါ၏။

စုန်ကျန့် ဦးစီးသည့် တပ်တတပ် အန်ရှန်တွင် ရောက်ရှိ စခန်းချနေကြောင်း ကြား ရသော မြို့ဝန်ချင်သည် တပ်မှူး လှံနှစ်စင်းဗိုလ်ကို ခေါ်လိုက်၏။ သူတို့နှစ်ဦး ထိုင်မှ မထိုင် ရသေးမီ တံခါးစောင့်တဦးက လာ၍ သတင်းပို့လေ၏။

"စုန်ကျန့်ဆီက ဆက်သားတွေ စစ်ကြေညာစာနဲ့ ရောက်လာပါတယ်"

ဝင်ခွင့်ပြုလိုက်ရာ ယူပေါက်စီနှင့် ဝမ်တိန့်လျူတို့ ဝင်လာကာ စာကို ပေး၏။ မြို့ဝန်က ဖတ်ပြီးနောက် တပ်မှူးထံသို့ လှမ်းပေးလိုက်၏။

"သူတို့က စပါးတွေ၊ ငွေတွေ တောင်းနေတယ်။ ဘာလုပ်ကြမလဲ"

တပ်မှူးများ ယမ်းပုံမီးကျဖြစ်လေ၏။ ဆက်သားများကို ဆွဲထုတ်သွားကာ ခေါင်းဖြတ် ရန် အမိန့်ပေး၏။ မြို့ဝန်က ဝင်၍ ဟန့်၏။

"မလုပ်နဲ့။ ရှေးကတည်းက ရန်ဘက်တိုင်းပြည်တွေရဲ့ သံတမန်တွေကို မသတ်ရဘူး။ ဒါက လုံးဝ မသင့်လျော်ဘူး။ အချက်နှစ်ဆယ်စီ ရိုက်ပြီး ပြန်လွှတ်လိုက်ကြမယ်။ စုန်ကျန့် ဘာဆက်လုပ်မလဲ ကြည့်သေးတာပေါ့"

သို့သော် တပ်မှူးမှာ ဒေါသအရှိန် မပြေသေး။ ထိုသူနှစ်ယောက်ကို တုပ်နှောင်ပြီး အရေပြားများ စုတ်ပြတ်ကာ အသားများ ဖူးဖူးရောင်လာသည်အထိ ရိုက်ပြီးမှ မောင်းထုတ် လိုက်၏။

နှစ်ယောက်သား ငိုယိုကာ စခန်းသို့ ပြန်ရောက်လာကြ၏။ "ဒီတပ်မှူးက အသွာ အတာ မရှိဘူး။ ကျွန်တော်တို့ စခန်းကိုလည်း အငြိုးထားတယ်" ဟု တိုင်ပြောကြ၏။

စုန်ကျန့်၏ ရင်ခေါင်းထဲတွင် ဒေါသများ ပြည့်လျှံလာလေ၏။ ချက်ချင်းပင် ထသွားကာ ထိုမြို့ကို ဖြိုဖျက်ချင်စိတ် ပေါက်လာလေ၏။ ယူပေါက်စီနှင့် ဝမ်တိန့်လျူတို့ကို စခန်းသို့ ပြန်ပို့ကာ အနားယူခိုင်းလိုက်၏။ နဂါးကိုးကောင်ရှိကျင်းက မတ်တတ်ထရပ်ကာ ပြော၏။ "ကျွန်တော်က တုန်ပင်းမှာ နေဖူးပါတယ်။ အဲဒီက ပျော်တော်ဆက်ကောင်မလေး တယောက်နဲ့လည်း ချစ်ဖူးတယ်။ သူ့နာမည်က လီရွှေလန်တဲ့။ ကျွန်တော်တို့က တော် တော်လေး ချစ်ခဲ့ကြတာပါ။ ကျွန်တော် ရွှေလေး ငွေလေး ယူပြီး မြို့ထဲ ဝင်သွားလိုက်မယ်။ သူ့အိမ်မှာ နေမယ်။ ပြီးရင် နောင်ကြီးတို့ ဝင်တိုက်ရမယ့် အချိန်ကို ညှိပေးမယ်။ လုံနှစ်စင်း ဗိုလ် ထွက်တိုက်တဲ့အချိန်မှာ ပဟိုရ်စင်ကို တက်ပြီး မီးရှို့လိုက်မယ်။ အတွင်းအပြင် ညှပ် တိုက်ရင် အောင်ပွဲရမှာပဲ"

"သိပ်ကောင်းတယ်" ဟု စုန်ကျန့်က အော်လိုက်၏။

ရှိကျင်းက ရွှေငွေအချို့ကို ထုတ်ယူကာ လက်နက်တခုကို ကိုယ်ပေါ်တွင် ဝှက်ကာ လေးစားစွာ နှုတ်ဆက်၏။ "ငါ့ညီဆီက အချက်မပေးမချင်း ကျုပ်တပ်တွေကို မလှုပ်ရှား သေးဘူး"ဟု စုန်ကျန့်က မှာလိုက်၏။

နဂါးကိုးကောင်က မြို့ထဲသို့ ဝင်ကာ မြို့အနောက်ဘက်ပိုင်းရှိ ပြည်ကြီးပျော်ဘွယ် အကွက်အတွင်းရှိ လီရွှေလန်၏ အိမ်သို့ သွား၏။ ထိုအိမ်မှ ဖာခေါင်းဖြစ်သူသည် သူ့ကို မြင်ရသောအခါ လန့်သွား၏။ ရှိကျင်းကို ထိုအထဲသို့

ခေါ်သွားပြီး မိန်းကလေးကို ခေါ်လိုက် ၏။ မိန်းကလေးက အိမ်ပေါ်ထပ်သို့ ခေါ်သွားပြီး နှစ်ယောက်သား ထိုင်ကြ၏။

"ရှင့်ကို မတွေ့ရတာ ကြာပြီနော်။ ရှင် လျှံရှုန်းကျူအင်းမှာ တောပုန်းဗိုလ်ဖြစ်နေတယ် ကြားရတယ်။ ပြီးတော့ ရှင့်ကိုလည်း ဖမ်းမိန့်ထုတ်ထားတယ် သိလား။ အရင်နှစ်ရက် လောက်က လမ်းထဲမှာ ပြောနေတာ ကြားခဲ့ရတယ်ရှင့်။ စုန်ကျန့်က မြို့ကို ဝင်တိုက်ပြီး ဆန်တွေကို လုမယ်တဲ့။ ဒါနဲ့ ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"တကယ်တော့ကွာ၊ ငါက လျှံရှုန်းတောင်မှာ တောပုန်းဗိုလ်ဖြစ်နေတာ ဆိုပေမယ့် ဘာမှ ထူးထူးချွန်ချွန် လုပ်မပြရသေးဘူး။ နောင်ကြီးက ဒီမြို့ကို ဆန်စပါး လိုချင်လို့ တိုက်ဖို့ စီစဉ်နေတယ်လေ။ ဒါနဲ့ မင်းအကြောင်းကို ပြောပြလိုက်တော့ ငါ့ကို သူလျှိုလုပ်ဖို့ လွှတ် လိုက်တာပေါ့ကွာ။ ငါ ရွှေတွေ ငွေတွေ မင်းအတွက် ယူလာတယ်။ မင်း တခွန်းတပါဒမှ လျှောက်မပြောနဲ့နော်။ ဒီကိစ္စပြီးသွားရင် မင်းတို့ကို ငါတောင်ရိုးပေါ်ခေါ်သွားမယ်။ အဲဒီမှာ ပျော်ပျော်ကြီး နေကြတာပေါ့"

ရွှေလန်က သူပြောသမျှ လုပ်ပါမည်ဟု ရွှန်းရွှန်းဝေအောင် ပြောကာ ကတိပေး၏။ သူ့ကို ပေးသော ငွေကို လက်ခံကာ အစားအသောက်များဖြင့် ညှော့ခံ၏။ သို့သော် နောက်ပိုင်းတွင် ဖာခေါင်း၏ မယား ဖာထိန်းမကြီးနှင့် တိုင်ပင်၏။

"အရင်တုန်းကတော့ သူက လူကောင်းပါ။ ကျွန်မ ဖောက်သည်ပါပဲ။ သူ ဒီကိုလာတာ ကကိစ္စမရှိဘူး။ ခုတော့ သူက လူဆိုးဖြစ်နေပြီ။ ပြဿနာပေါ်လာရင်တော့ ကျွန်မတို့လည်း လွယ်မယ် မထင်ဘူး"

ဖာခေါင်းက ဝင်၍သတိပေး၏။

"ဒီလျှံရှုန်းကျူအင်းက စုန်ကျန့်တို့ တောပုန်းတွေကို သွားဆွမိရင်တော့ အကျိုးနည်း မယ်နော်။ သူတို့က ကြိုက်တဲ့ မြို့ကို သိမ်းနိုင်ကြတယ်။ ဒီမြို့ကျသွားရင်လည်း အားလုံးကို ဖျက်ဆီးပစ်ကြမှာပဲ။ ငါတို့ နှုတ်မလုံမှန်း သိသွားရင် သက်သာမယ် မထင်နဲ့"

"ဒီငတုံးကြီးကလည်း ဘာမှကို နားမလည်ပါ့လား။ ရှေးစကား ရှိတယ်လေ။" "ရင်ဘတ် ထဲမှာ နကျီကောင် ရောက်နေရင် မြန်မြန်ကောက်ပြီးလွှင့်ပစ်လိုက်"တဲ့။ သတင်းပေးတွေကို ဘယ်တော့မှ ရုံးမတင်ကြဘူး။ ဒါက ထုံးစံပဲ။ ခရိုင်တရားရုံးသွားပြီး ရှိကျင်းအကြော သွားသတင်းပို့ချေ။ မြန်မြန်သွား၊ သူ့ကို လာဖမ်းကြပေ့စေ။ သူ့ဟာသူ ဘာဖြစ်ဖြစ် ကျုပ်တို့ တော့ ဝင်မပါဘူး"

"သူက ပိုက်ဆံတွေ အများကြီး ပေးထားတာ။ သူ့အတွက် တခုခုတော့

လုပ်ပေးမှ ကောင်းမယ်”

“ဟဲ့ နွားကြီး၊ မြင်းအီးပေါက်သလို တဖျစ်ဖျစ်နဲ့။ ဖာခေါင်း လုပ်နေမှတော့ ဒီလောက် ကို အရေးစိုက်မနေနဲ့။ ရှင် သွားမတိုင်ရဲရင် ကျုပ် လမ်းထဲ ထွက်ပြီး တမြို့လုံး ကြားအောင် လျှောက်အော်ပစ်လိုက်မယ်”

“မင်းကလည်းကွာ စိတ်အေးအေး ထားစမ်းပါ။ သူ့ကို အချိန်ဆွဲထားဖို့ ရွှေလန်ကို ပြောလိုက်။ မြက်တောထဲ တုတ်နဲ့ ထိုးပြီး မြွေကို ခြောက်မထုတ်မိစေနဲ့။ သူထွက်သွားလို့ မဖြစ်ဘူး။ ရဲကို အရင်သွားတိုင်၊ သူတို့ လာဖမ်းသွားပေးစေ။ ပြီးမှ ရုံးကို ငါသွားပြောမယ်”

ရွှေလန်လည်း အပေါ်ထပ်ကို တက်သွား၏။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လိုက်၊ သွေးရောင်တောက်လာလိုက် ဖြစ်နေသောကြောင့် ရှိကျင်းလည်း အံ့သြနေ၏။

“ဘာဖြစ်လို့လဲ၊ ဘာတွေ ကြောက်စရာရှိလို့လဲ”

“လှေကားအတက်မှာ ခြေချော်သလို ဖြစ်သွားလို့။ ကံကောင်းလို့ လိမ့်မကျတာ။ လန့်သွားတာပဲ။ ခုထိ ရင်တွေကို တုန်နေတုန်း”

ထိုစဉ် လှေကားအတိုင်း တက်လာသော ခြေသံများကို ကြားလိုက်ရ၏။ ပြတင်းမှ လည်း အော်သံဟစ်သံများ ကြားရ၏။ ရဲများ အခန်းထဲသို့ ဝုန်းခနဲ ဝင်လာကြ၏။ ရှိကျင်းကို လှေကားအတိုင်း တရွတ်ဆွဲချကာ တန်ပင်းခရိုင်ရုံးအထိ ခေါ်သွားကြ၏။

မြို့ဝန်က အော်၏။

“မိုက်ရိုင်းတဲ့ကောင်၊ လူယုတ်မာ၊ မင်းကများ ဒီကို သူလျှို လာလုပ်ရဲတယ်ပေါ့။ လီရွှေလန် အုပ်ထိန်းသူတွေက လာမတိုင်ရင် ငါတို့မြို့ကို မင်း ဒုက္ခပေးပြီးလောက်ပြီ။ ပြော စမ်း၊ အကုန်ပြောစမ်း၊ စုန်ကျန့်က ဘာထောက်လှမ်းခိုင်းလိုက်သလဲ။ မြန်မြန်ပြောစမ်း”

ရှိကျင်းက ဘာမှ ပြန်မပြော။

“ဒီလိုကောင်တွေက အသားလေးမှ နည်းနည်းမနာရင် မပြောဘူး”ဟု တပ်မှူးက ဝင်ထောက်၏။

“ရဲသားတွေ၊ ထောင်ကြပ်တွေ ဒီကောင့်ကို ရိုက်ကြစမ်း” မြို့ဝန်က အော်ပြန်၏။

ရှိကျင်းကို ရေအေးများ ရွဲစိုအောင် လောင်းပြီးနောက် သူ့ခြေထောက်များကို တုတ်ကြီးများဖြင့် အချက်တရာလောက် ရိုက်ကြ၏။ ရှိကျင်းလည်း အံကြိတ်ကာ ခံ၏။ သို့သော် တခွန်းမှ မဟ ပေ။ လုံနှစ်စင်းဗိုလ်က-

"ဒီကောင့်ကို လည်ထောက်ကြီးကြီး စွပ်ပြီး ကြိုးတိုက်ထဲမှာ ချုပ်ထားလိုက်။ စုန်ကျန့် ကိုပါ မိမှ နှစ်ကောင်စလုံး အရှေ့နေပြည်တော် သွားပို့မယ်"

စုန်ကျန့်ဆီသို့ ပြန်သွားဦးမည်။ ရှိကျင်း ထွက်သွားသောအခါ ထိုသို့ သူလျှိုလုပ်ရန် လွှတ်လိုက်ကြောင်း ဝုရုံထံသို့ စာတစောင်ရေး၍ ပို့လိုက်၏။ ထိုစာဖတ်ရသော် ဝုရုံလည်း ဟိုက်ခနဲ ဖြစ်သွား၏။ လူကွမ်းယီနှင့် ခဏမျှ တိုင်ပင်ကာ ထိုညတွင်း၌ပင် စုန်ကျန့်ဆီသို့ အမြန်လာခဲ့၏။

"ရှိကျင်းကို သွားခိုင်းဖို့ ဘယ်သူက ပြောလိုက်ရတာလဲ" ဝုရုံက ငေါက်၏။

"အဲဒါက သူ့အကြံပါ။ ဒီကောင်မလေးက သူ့အပျော်မယား ဖြစ်ဖူးသတဲ့၊ သိပ်ရင်းနှီးသတဲ့"

"နောင်ကြီးတော့ မှားသွားပြီ။ ကျုပ်သာ ရှိရင် လက်ခံမှာ မဟုတ်ဘူး။ ဒီလိုမိန်းမတွေ က သိပ်ပြီး ချစ်လွယ်ခင်လွယ်တယ်။ ခဏနေရင်တော့ မေ့သွားကြရော။ ဒီလိုနဲ့ လူကောင်း တွေ ပျက်စီးရတာ မနည်းဘူး။ ဒီမိန်းမတွေက ရေလိုပဲ မတည်ငြိမ်ကြဘူး။ တကယ်ပဲ ရှိကျင်းကို တွယ်တာတယ်ပဲ ထားဦး၊ ဖာခေါင်းတွေ ဖာထိန်းတွေကို မလွန်ဆန်နိုင်ဘူး။ ရှိကျင်းတော့ ဒုက္ခရောက်မှာ ကျိန်းသေတယ်"

စုန်ကျန့်လည်း မည်သို့ လုပ်ရမည်ဟု မေး၏။ ဝုရုံက မခုကို ခေါ်ကာ ညွှန်ကြား၏။

"ငါ့နှမကြီးကို ဒုက္ခပေးရတော့မယ်ကွာ။ မင်း တုန်ပင်းကို သွားရမယ်။ သူတောင်းစားမ လို ရုပ်ဖျက်ပြီး မြို့ထဲကို ဝင်ရမယ်။ တခုခုဖြစ်ရင်တော့ ချက်ချင်းပြန်သတင်းပို့ပေါ့။ ရှိကျင်း ထောင်ထဲမှာဆိုရင် ထောင်မှူးတယောက်ကို ကပ်ပြီး ထမင်းလေး ဘာလေး ပို့ချင်တယ်၊ အရင်တုန်းက သူက မင်းကို ကြည့်ရှုခဲ့ဖူးတယ်ပေါ့ကွာ။ အဲဒီလိုပြောပြီး အထဲကို ရအောင် ဝင်၊ လာမယ့် လကွယ်ည နေဝင်ချိန်လောက်မှာ မြို့ကို ဝင်တိုက်မယ်လို့၊ ရုတ်ရုတ်သဲသဲ ဖြစ်နေတုန်း ကိုယ့်ကိုယ်ကိုယ် လတ်အောင် ထွက်ခဲ့လို့ တိုးတိုးတိတ်တိတ် မှာခဲ့။ လကွယ်ည ကျရင် အချက်ပြတဲ့အနေနဲ့ ငါ့နှမက မီးပုံတပုံ ဖိုလိုက်။ အဲဒါကိုတွေ့ရင် ငါတို့ ဝင်တိုက်မယ်"

ဝုရုံက စုန်ကျန့်ဘက်သို့ လှည့်ကာ-

"ပထမဆုံး နောင်ကြီးက ဝင်ရှန်းမြို့ကို တိုက်ရမယ်။ အဲဒီမြို့က လူတွေက တုန်ပင်းကို ပြေးကြမှာပဲ။ ဒီတော့ မခုလည်း ရောပြီး လိုက်သွားပေါ့။ ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး"

ထို့နောက် ဝုရုံလည်း တုန်ချန်းသို့ ပြန်ခဲ့၏။

စုန်ကျန့်က ဝင်ရှန်းသို့ တိုက်ရန် ရှိချင်နှင့် ရှိပေါင်တို့ကို လူငါးရာနှင့် လွှတ်လိုက်၏။ ကြိုတွက်ထားသည့်အတိုင်း မြို့သားများသည် လူအိုလူမင်းများကို တွဲကာ၊ ကလေးသူငယ် များကို ချီကာ တုန်ပင်းသို့ ထွက်ပြေးကြ၏။ တမြို့လုံးလည်း ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေ၏။ မခုလည်း ဆံပင် ဖရိုဖရဲ အဝတ်အစား အစုတ်အပြဲဖြင့် လူအုပ်နှင့် ရောကာ လိုက်သွား ၏။ မြို့အနှံ့ လျှောက်၍ တောင်းရမ်းဟန်ပြုကာ ပြည်နယ်အစိုးရရုံးသို့ မယောင်မလည်နှင့် ချဉ်းကပ်ကာ စုံစမ်း၏။ ရှိကျင်း ထောင်ထဲရောက်နေသည်မှာ သေချာကြောင်း သိသွား၏။ နောက်တနေ့တွင် ထမင်းတအိုးကို ကိုင်ကာ ထောင်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ချောင်းနေ၏။ နောက်ဆုံးတွင် အသက်ကြီးကြီး ရဲတယောက် ထွက်လာ သည်ကို တွေ့ရ၏။ မခုလည်း ဒူးထောက်ချလိုက်၏။ မျက်ရည်များလည်း မိုးကဲ့သို့ ရွာကျ လာလေ၏။

"ဘာလို့ ငိုနေတာလဲ"

"ကျွန်မတို့ရဲ့ သခင်လေးရှိကျင်းက ဒီထဲမှာ ရောက်နေလို့ပါ။ သူနဲ့ ကျွန်မတို့ ကွဲသွား တာကတော့ ဆယ်နှစ်လောက် ရှိပါပြီ။ ကုန်သည် လုပ်နေတယ်၊ ခရီးသွားနေတယ်ပဲ ကြား နေရတာ။ သူ ဘာလုပ်မိလို့ ထောင်ထဲ ရောက်နေရပါလိမ့်နော်။ ဘယ်သူမှလည်း ထမင်း မပို့ကြဘူးတဲ့။ ဒီတော့ တောင်းလို့ ရမ်းလို့ ရလာတဲ့ ထမင်းလေး တလုတ်လောက်တော့ ကျွေးချင်ပါတယ်ရှင်။ သနားပါ မောင်ကြီးရယ်။ အထဲကို ခေါ်သွားပါ။ ဘုံခုနစ်ဆင့် မြင့်တဲ့ တန်ဆောင်းကြီးဆောက်တာထက်ကို ကုသိုလ်ရမှာပါတော်"

"သူက လျှံရှန်းက ဓားပြဗျ။ ပြစ်မှုကြီးနဲ့။ ဘယ်သူမှ မင်းကို ခေါ်သွားရဲမှာ မဟုတ်ဘူး"

"သူ့ထိုက်နဲ့ သူ့ကံ ခံရမှာပါတော်။ နုပ်နုပ်စဉ်းပြီးတောင် အသတ်ခံရမလား မသိဘူး။ ဒါပေမဲ့ ဒီအဘွားကြီးတော့ သနားပါဦး။ ထမင်းလေးတလုတ်လောက်တော့ ကျွေးပါရစေ။ သူက သိပ်သနားတတ်တာ။ သူ့ကျေးဇူးတွေအများကြီးမို့ပါရှင်"မခုက ပြောရင်း ငိုချလေ၏။

ရဲသားကြီးက စဉ်းစား၏။

"ယောက်ျားဆိုရင်တော့ ပေးဝင်လို့ မဖြစ်ဘူး။ ဒီမိန်းမကြီးကတော့ ဘာဖြစ်စရာ ရှိမှာလဲ"

သူခေါ်ရာနောက်ကို လိုက်ခဲ့ရာ မခုလည်း ရှိကျင်းကို လည်ထောက်ကြီး စွပ်လျက် ခါးတွင် သံကြိုးများ ရစ်ပတ်လျက် တွေ့ရလေ၏။

နဂါးကိုးကောင်လည်း မခုကို တွေ့ရသဖြင့် အံ့ဩသွားသော်လည်း တိတ်တိတ်သာ နေ၏။ မခုလည်း ငိုလိုက် ရှိုက်လိုက်ဖြင့် အိုးထဲမှ ထမင်းကို နှိုက်၍ နှိုက်၍ ခွံ့ကျွေး၏။ ထောင်စောင့်များလည်း အနားသို့ တိုးလာကာ ဝိုင်းအော်ကြ၏။

"ဒီကောင်က သေမိန့်ကျထားတဲ့ကောင်။ လေစိမ်းတောင် မဝင်ရဘူး။ ဘယ်သူက ထမင်းကျွေးခိုင်းလဲ။ အရိုက်မခံချင်ရင် ထွက်စမ်း၊ မြန်မြန် ထွက်သွားစမ်း"

လူတွေအများကြီး ဝိုင်းလာလေပြီ။ စကားများများ ပြောရန် အချိန်မရ။ မခုလည်း "လကွယ်နေ့ညမှာ မြို့ ဝင်စီးမယ်။ ထောင်ထဲက ရအောင် ထွက်ခဲ့"ဟုသာ တိုးတိုး ပြောခဲ့ နိုင်၏။

ညဘယ်အချိန်လဲဟု ရှိကျင်း မမေးလိုက်နိုင်မီ ထောင်စောင့်များက မခုကို တွန်းထိုး ကာ ထုတ်သွားကြ၏။ လကွယ်နေ့ညဟုသာ ရှိကျင်း မှတ်မိလိုက်၏။

ထိုနှစ်တွင် စန္ဒမာလ လပြက္ခဒိန်၏ တတိယလမှာ ရှိရိုးရှိစဉ် နှစ်ဆယ့်ကိုးရက် မဟုတ် ဘဲ ရက်သုံးဆယ် ရှိနေ၏။ သို့ဖြစ်၍ ရှိကျင်းက ထောင်စောင့်တယောက်ကို -

"ဒီနေ့ ဘယ်နှရက်လဲ" ဟု မေးလိုက်သောအခါ ထိုသူက အမှတ်မှားပြီး-

"လကွယ်နေ့လေ။ ငါလည်း တစ္ဆေတွေကို ပူဇော်ဖို့ ငွေစက္ကူ ဝယ်ရဦးမယ်" ဟု ပြန်ဖြေလိုက်၏။

ရှိကျင်းကား စောင့်ပင် မစောင့်နိုင်တော့။ မှောင်ခါနီးသော် မူးနေသော ထောင်စောင့် တယောက်ကို အိမ်သာသို့ လိုက်အပို့ခိုင်း၏။ ရှိကျင်းက "မင်းနောက်မှာ ဘယ်သူလဲ" ဟု ရုတ်တရက် အော်လိုက်၏။ ထောင်စောင့်က နောက်လှည့်အကြည့်တွင် လည်ထောက်ကို အားကုန် ဆွဲဖြုတ်လိုက်ပြီး ထောင်စောင့်နဖူးကို ရိုက်ချလိုက်၏။ ထောင်စောင့်လည်း မြေပြင်တွင် လဲနေလေ၏။ အုတ်ခဲတလုံးကို ကောက်ကာ သစ်သားခြေထိတ်များကို ရိုက် ချိုးလိုက်၏။ ထို့နောက် သိမ်းငှက်မျက်လုံးများပမာ ဝင်းဝင်းတောက်လျက် အလယ်ခန်းမ အတွင်းသို့ အတင်းဝင်ကာ တိုက်ခိုက်၏။ အရက်မူးနေသော ရဲသားများမှာ အချို့ သေကြ၊ အချို့ ထွက်ပြေးကြ၏။

ကယ်မည့်သူများ ရောက်လာမည်ဟု မျှော်လင့်လျက် နဂါးကိုးကောင်က ထောင်တံခါး ကို ဖွင့်၏။ အယောက်ငါးဆယ် ခြောက်ဆယ်ခန့် ရှိသည့် ထောင်သားအားလုံးကိုလည်း လွှတ်ပေးလိုက်၏။ ယင်းသူတို့လည်း ပျော်ပျော်ကြီး အော်ဟစ်ကြွေးကြော်ကာ ထွက်သွား ကြ၏။

အခြေအနေကို မြို့ဝန်ချင်း သိရသောအခါ သူ့မျက်နှာမှာ ရှုံ့ပုပ်ရောင် ပေါက်သွား လေ၏။ မြို့စောင့်တပ်မှူးကို အမြန်ခေါ်စေ၏။ မြို့စောင့် တပ်မှူးက-

"မြို့ထဲမှာ ရန်သူ့သူလျှို ရှိရမယ်။ ဒီကောင့်ကို အစောင့်တွေ လွှတ်ပြီး ဝိုင်းထားခိုင်း လိုက်ပါ။ ကျွန်တော်တော့ အခွင့်ကောင်းယူပြီး စုန်ကျန့်ကို သွားဖမ်းမယ်။ မြို့ကို သေသေ ချာချာ ကာကွယ်ထားပါ အရှင်။ ထောင်တံခါးကိုလည်း အစောင့်ချထားမှ ဖြစ်မယ်။ ဘယ်သူမှ မထွက်ပါစေနဲ့"

လုံနှစ်စင်းဗိုလ်လည်း မြင်းပေါ်တက်စီး၍ သူ့တပ်များကို စုစည်းကာ ထွက်ခဲ့၏။ မြို့ဝန်ချင်းက စုမိစုရာ တံခါးစောင့်များ၊ ကင်းများကို လှံများ တုတ်ရှည်များ ကိုင်စေလျက် ထောင်တံခါးကို လွှတ်လိုက်၏။ သူတို့မှာ ထောင်ထဲသို့ ဝင်ရန် သတ္တိမရှိကြ။ ရှိကျင်း မှာလည်း အပြင်သို့ မထွက်ဝံ့။ မခုမှာ အကြံအစည် မှောက်ရလေခြင်းဟု ညည်းညူနေရုံမှ အပ ဘာမျှ မတတ်နိုင်။

လုံနှစ်စင်းဗိုလ်သည် ခြေသည်မြင်းသည်များကို ဦးစီးလျက် မြို့မှ ထွက်လာချိန်မှာ ညလေးယံ ရှိပြီဖြစ်၏။ ကင်းသမားများက စုန်ကျန့်ကို သူတို့ လာနေကြောင်း သတင်းပို့ ကြ၏။ စုန်ကျန့်က-

"မခုတော့ ပြဿနာတက်နေပြီ။ ရန်သူတွေက လာတိုက်နေကြပြီဆိုတော့ သေသေ ချာချာ ကြိုဆိုရမှာပေါ့" ဟု ဆိုကာ တပ်များကို အသင့်ပြင်စေ၏။

နံနက်လင်းသောအခါ အိမ်ရှင်များသည် တိုက်ပွဲပုံစံ ခင်းကျင်းထားနှင့်လေပြီ။ လုံ နှစ်စင်းဗိုလ်လည်း ရှေ့ကို တက်လာ၏။

ပါးနပ်သူ အရည်အချင်းရှိသူ ဖြစ်သည့်အလျောက် အောင်ပွဲအတန်အသင့် ရထားသူ လည်း ဖြစ်၏။ ကြိုးတပ်တူရိယာများ၊ ဝါးပလွေများ တီးမှုတ်ခြင်း အပါအဝင် သူ မကျွမ်းကျင် သောအတတ် ခပ်ရှားရှား ဖြစ်၏။ ရှန်တောင်နှင့် ဟေပေ့တရိုးတွင် မင်းသားလုံနှစ်စင်းဗိုလ် ဟု ကျော်စော၏။

ရုပ်ရည်မှာ ခံ့ညားလှသဖြင့် စုန်ကျန့်လည်း သဘောကျမိ၏။ သူ့မြားကျည်တွင် တံခွန် တလက် ထူထားရာ မိသားစု တသောင်းတို့၏ သူရဲကောင်း လုံနှစ်စင်းဗိုလ်" ဟု ရေးထိုး ထား၏။ သူနှင့်တိုက်ရန် ဟန်တောင်ကို စုန်ကျန့်က လွှတ်လိုက်၏။

ဟန်တောင်၏ လက်နက်မှာ လှံရှည်ကြီး ဖြစ်၏။ လှံရှည်ကြီးကို မြဲမြဲကိုင်ကာ လှံနှစ်စင်း ဗိုလ်ထံသို့ မြင်းကို အသားကျစီးသွား၏။ ဗိုလ်ချုပ်က လှံနှစ်စင်းကို ကျွမ်းကျင်စွာ လှံရေး ပြသဖြင့် ဟန်တောင်မှာ မနိုင်နိုင်ချေ။

စုန်ကျန့်လည်း ဟန်တောင်ကို အစားထိုးရန် ရှူနင်ကို လွှတ်၏။ ရှူနင်လည်း မြင်းကို ဒုန်းစိုင်းစီးကာ ဝင်တိုက်၏။ နှစ်ယောက်သား အငမ်းမရ တိုက်ခိုက်ကြရာ ဖုန်လုံးကြီးက ထလာလေ၏။ အချီငါးဆယ်ကျော် တိုက်ပြီးသော်လည်း အရှုံးအနိုင် မပေါ်သေးပေ။

ကြာလွန်းလှပြီ။ ရှူနင် ရှုံးမည်ကို စုန်ကျန့် လန့်လာ၏။ ခရာသမားများကို တပ်ဆုတ် ခရာ မှုတ်စေ၏။ ရှူနင်လည်း ပြန်ပြေးလာရာ လှံနှစ်စင်းဗိုလ်က ထက်ကြပ်လိုက်လာသဖြင့် တောပုန်းများထဲသို့ ရောက်လာ၏။ စုန်ကျန့်က ကြာပွတ်ကို ဝှေ့လိုက်သဖြင့် တောပုန်း များလည်း သူ့ကို ဝိုင်းရံလိုက်ကြ၏။

တောင်ပုလုငယ်တခု ပေါ်သို့ တက်ကာ စုန်ကျန့်က လှံနှစ်စင်းဗိုလ်ကို စောင့်ကြည့်နေ ၏။ လှံနှစ်စင်းဗိုလ်က အရှေ့ဘက်ကို ဦးတည်လျှင် စုန်ကျန်က သူ့တံခွန်ကို အရှေ့ဘက်သို့ ညွှန်လိုက်၏။ သူ့တပ်များကလည်း အရှေ့ဘက်ကို ရွှေ့လိုက်ကာ လမ်းပိတ်လိုက်ကြ၏။

အနောက်ဘက်သို့ ဖောက်မည် ကြံသောအခါတွင်လည်း ထို့အတူပင် စုန်ကျန့်က ပိတ်ဆို့ ဝိုင်းလိုက်၏။

ဟိုဘက် ဖောက်ထွက်လိုက်၊ သည်ဘက် ဖောက်ထွက်လိုက်ဖြင့် လှံနှစ်စင်းဗိုလ် တိုက်ခိုက်နေသည်မှာ မွန်းပင်စောင်းလာလေပြီ။ ထိုအခါမှ တကယ် ဖောက်ထွက်နိုင်သွား ၏။ စုန်ကျန့်ကမူ ထက်ကြပ် မလိုက်ပေ။

သူ မအောင်နိုင်ကြောင်း လှံနှစ်စင်းဗိုလ် ကောင်းကောင်းကြီး သိသွားသဖြင့် တပ်ကို သိမ်းကာ မြို့ထဲသို့ ဆုတ်၏။ ထိုညတွင် စုန်ကျန့်က မြို့ကို ဝန်းရံထားလိုက်၏။ မခုလည်း အချက်ပြမီး မဖိုနိုင်၊ ရှိကျင်းလည်း ထောင်အတွင်းမှ မထွက်နိုင်။ လိပ်ခဲတည်းလည်း အခြေ တွင် ရောက်နေကြ၏။

မြို့ဝန်ချင်၏ သမီးမှာ အလွန်လှပ၏။ လှံနှစ်စင်းဗိုလ်မှာ အိမ်ထောင်မရှိသေးသဖြင့် ယင်း မိန်းကလေးကို လက်ထပ်ခွင့်ရရန် အောင်သွယ်များ အခါခါလွှတ်ကာ တောင်းခံခဲ့၏။ သို့သော် မြို့ဝန်က ခွင့်မပြုလို။ ထို့ကြောင့် ထိုသူနှစ်ဦးတို့တွင် အကြိတ်အခဲများ ရှိလာရ၏။ အပေါ်ယံကြောမှာကား ကြည်ကြည်သာသာ အပြောအဆို မပျက်ကြပေ။ ထို့ကြောင့် မြို့ကို ပြန်ဆုတ်လာပြီး နောက်တနေ့ နံနက်တွင် လှံနှစ်စင်းဗိုလ်က အောင်သွယ်များကို ထပ်၍ လွှတ်ပြန်၏။

ချင်က-

"ကျုပ်က နယ်ဘက်အရာရှိ၊ သူက စစ်ဘက်အရာရှိဆိုတော့ ဒီလိုမင်္ဂလာပွဲက သိပ်ကို သင့်မြတ်ပါတယ်။ ဒါပေမဲ့ဗျာ၊ ခုလို တောပုန်းတွေ ပတ်လည်ဝိုင်းနေတဲ့ အချိန်မှာ သဘော တူလိုက်ရင် ကျုပ်က လူရယ်စရာကြီး ဖြစ်သွားမှာပေါ့။ ဒီကောင်တွေကို မောင်းထုတ်ပြီး၊ မြို့ ပြန်ပြီး သာသာယာယာဖြစ်ပါစေဦး။ အဲဒီအချိန်ကျမှ မင်္ဂလာဆောင်ရင်လည်း နောက် မကျသေးပေါင်ဗျာ"

ချင်၏ အကြောင်းပြန်ချက်ကို ကြားရသော လုံနှစ်စင်းဗိုလ်က "သင့်တော်သော စကား ပါပဲ" ဟု ဆိုရသော်လည်း စိတ်ထဲတွင် မကျေလည်လှပေ။ နောက်ဆိုလျှင် ချင်က သဘော တူပါ့မလားဟု စိတ်ထဲတွင် ထင့်နေ၏။

စုန်ကျန့်တို့က မြို့ကို ဝိုင်းထားပြီးနောက်၊ နောက်တနေ့တွင် ပြင်းထန်စွာ တိုက်ခိုက်၏။ မြို့ဝန်လည်း တပ်မှူးကို ထွက်၍ တိုက်ရန် တောင်းပန်ရလေ၏။ လုံနှစ်စင်းလည်း တပ်သုံး တပ်ကို ဦးစီးကာ မြို့မှ ထွက်၏။

စုန်ကျန့်က လှမ်း၍ အော်၏။

"တယ်သတ္တိကောင်းပါလား၊ ဗိုလ်ချုပ်တယောက်တည်းနဲ့ တိုက်မလို့လား။ ငါ့မှာ အင်အား တသိန်းရှိတယ်။ ဗိုလ်တွေ ဆိုတာ ထောင်နဲ့ကိုချီလို့။ အားလုံးက ကောင်းကင် ဘုံက တာဝန်ပေးတဲ့အတိုင်း ဆင်းရဲတဲ့သူတွေကို ကူညီတပ်" ဘေးသင့်နေတဲ့သူတွေကို ကယ်တင်တယ်။ အသတ်မခံရအောင် လက်နက်ချရင် ကောင်းမယ်"

လုံနှစ်စင်းဗိုလ်လည်း ရှုးရှုးရှားရှားဖြင့်-

"ရာဇဝတ်သင့်လို့ ပါးကွက်ခံခဲ့ရတဲ့ စာရေးလေးကများ အရှုးချီးပန်းတွေ ပြောနေ ပါလား"

လှံများကို ကိုင်စွဲကာ စုန်ကျန့်ထံသို့ မြင်းဒုန်းစီး၍ လာ၏။ သူ့ပစ်မှတ်၏ ဘယ်ဘက်မှ လင်ချုံး၊ ညာဘက်မှ ဟွရုံတို့ မြင်းစီး၍ သူ့ကို ထွက်ကြိုကြသည်ကို လုံနှစ်စင်းဗိုလ် မြင်ရ၏။ သုံး လေးချီမျှ တိုက်ခိုက်ကြပြီး တောပုန်းဗိုလ်များလည်း ပြန်ဆုတ်ကြလေ၏။ တောပုန်းတပ်လည်း အရောရော အထွေးထွေးဖြင့် ပြန်ဆုတ်ကြ၏။ လုံနှစ်စင်းဗိုလ်လည်း မြင်းကို ညာသံပေး၍ မောင်းကာ နောက်မှ လိုက်၏။

စုန်ကျန့်လည်း ရှုံ့ချုံ ခရိုင်နယ်စပ်အထိ ဆုတ်၏။ လုံနှစ်စင်းလည်း နောက်မှ ကပ်၍ ပါလာ၏။ ရှုံ့ချုံမြို့နှင့် ဆယ့်နှစ်လီဝေးသော ရွာတရွာသို့ ရောက်လာလေ၏။

ချောလမ်းမ ကြီးမှာ ထိုရွာ၏ အလယ်ကောင်မှ ဖြတ်သွား၏။ လမ်းဘေးတွင် သက်ငယ်မိုးတဲငယ်များ ရှိ၏။ လိုက်ကောင်းကောင်းနှင့် လိုက်လာသော လုံနှစ်စင်းခမျာ ထောင်ချောက်ဟု မသိရှာပေ။ သူ့ကို ဖမ်းရန်အတွက် ဗိုလ်ကျားပု၊ သံမဏိတာ၊ ကျန်ချင်း၊ စုန်းမဆွန်တို့ကို လူတရာ ကျော်နှင့်အတူ ဤတဲများတွင် ကင်းပုန်းဝပ်ရန် ယမန်နေ့ညကပင် စုန်ကျန့် လွှတ်ထား လိုက်၏။ သူတို့က လမ်းကိုဖြတ်၍ ကြိုးများတန်းထားပြီး မြေများဖြင့် ပြန်ဖုံးထားကြ၏။ အချက်ပေး ကြေးလင်ပန်းသံကြားရပါက ကြိုးများကို တင်းတင်းဆွဲကာ မြင်းနှင့်တကွ ဗိုလ်ချုပ်ကိုပါ ဖမ်းကြရန် စီစဉ်ထား၏။

ထို လမ်းပိုင်းသို့ လုံနှစ်စင်းဗိုလ်ချုပ် ရောက်လာသောအခါ သူ့နောက်မှ ကုန်မင်းနှင့် ကုန်လျန်တို့က လှမ်းအော်လိုက်သံကို ကြားရ၏။ “ငါတို့ဗိုလ်မင်းကို ဒုက္ခမပေးနဲ့”။ ထိုစဉ် တွင် တဲများရှေ့မှ ကြေးလင်ပန်းသံ ချွမ်းခနဲ ကြားလိုက်ရပြီး တဲတံခါးများလည်း ဝုန်းခနဲ ပွင့်လာကာ ကြိုးများလည်း လမ်းကိုဖြတ်သန်းလျက် ပေါ်လာလေ၏။ မြင်းကိုလှည့်လိုက်ရာ ထိုဘက်တွင်လည်း ကြိုးများ ပေါ်လာလေသဖြင့် မြင်းရော စီးသူပါ ခြေလွတ်လက်လွတ် လဲကျကုန်လေ၏။ ဘယ်ဘက်မှ ဗိုလ်ကျားပုနှင့် သံမဏိတာ၊ ညာဘက်မှ ကျန်ချင်းနှင့် စုန်းမဆွန်တို့လည်း ခုန်၍ ထွက်လာကြလေ၏။ လုံနှစ်စင်းဗိုလ်ကို ဝိုင်းဖမ်းကာ သံခမောက် ချပ်ဝတ်များ၊ လှံများ စသည်တို့ကို ချွတ်ယူကာ မြင်းကိုလည်း သိမ်းလိုက်၏။ မိန်းမဗိုလ် နှစ်ယောက်က သူ့ကို နောက်ပြန်ကြိုးတုပ်ကာ စုန်ကျန့်ထံသို့ အစောင့်အရှောက်များနှင့် ခေါ်လာကြ၏။

တဲများ အလွန်ရှိ အရိပ်ကောင်းသော ပေါ်ပလာပင်ကြီးအောက်တွင် စုန်ကျန့်က မြင်းကို ဇက်သတ်ကာ သူတို့လာကြသည်ကို ကြည့်နေ၏။

“ဗိုလ်ချုပ်ကို ဒီကို ဖိတ်ခဲ့ပါလို့ပဲ ပြောထားတာလေ။ ကြိုးနဲ့တုပ်ဖို့ ဘယ်သူက ပြော လိုက်သလဲ”

မိန်းမနှစ်ယောက်လည်း တောင်းပန်စကားကို တတွတ်တွတ် ရွတ်ကာ ပြန်သွားကြ၏။

စုန်ကျန့်က မြင်းပေါ်မှ ကပျာကယာဆင်းကာ အနှောင်အဖွဲ့များကို ဖြေပေး၏။ သူ့ဝတ်ရုံနှင့် ချပ်ဝတ်တို့ကို ချွတ်ကာ လုံနှစ်စင်းဗိုလ် ဝတ်ရန် ပေး၏။ ထို့နောက် သူ့ရှေ့တွင် ဒူးထောက် ကာ ကန်တော့၏။ လုံနှစ်စင်းဗိုလ်လည်း ကမန်းကတန်း ပြန်၍ အရိုအသေပေး၏။

စုန်ကျန့်က-

“ကျုပ်တို့ကို အလေးအမြွားတွေလို့ သဘောမထားရင်ပေါ့ဗျာ၊ ကျုပ်တို့

တောင်ရိုး ခံတပ်မှာ လာအုပ်ချုပ်ပါလားဗျာ”

“ကျုပ်က ခင်ဗျား သို့ပန်းပါ။ သတ်ရင်တောင်မှ အဲဒီပြစ်ဒဏ်က ပေါ့တယ်လို့ ပြောရ မှာပါ။ ချမ်းသာပေးရင်တော့ ကျုပ်လောက် ကံကောင်းတဲ့ သူ မရှိတော့ဘူးလို့ မှတ်ရမှာပဲ”

“လောလောဆယ်မှာ ဆန်လေးနည်းနည်း ပြတ်နေလို့ တုန်ပင်းပြည်နယ်ကို နည်းနည်း ချေးပေးဖို့ တောင်းခံခဲ့တာပါ။ တခြား ဘာမှ စိတ်ထဲမှာ မရှိပါဘူး”

“အဲဒီ ချင်ဆိုတဲ့ ကောင်က နဂိုက သခင်ကြီးတုန်ဂွမ်အိမ်မှာ စာသင်နေတာပါ။ ခုတော့ ရာထူးလေး ရှိလာတာနဲ့ လူထုကို ဖိနှိပ်တော့တာပဲ။ နောင်ကြီးက ခွင့်ပြုရင် သူတို့ကို အရှုံးလုပ်ပြီး မြို့တံခါးတွေ ဖွင့်ခိုင်းလိုက်မယ်။ နောင်ကြီးတို့ ဝင်ပြီး ပိုက်ဆံနဲ့ ဆန်စပါး တွေကို ယူပေါ့။ နောင်ကြီးရဲ့ ကရုဏာတရားကို ကျေးဇူးဆပ်တဲ့အနေနဲ့ပေါ့ဗျာ”

စုန်ကျန့်ကား ဝမ်းမြောက်လှ၏။ လုံနှစ်စင်းဗိုလ်ကို သူ့စစ်ဝတ်ပစ္စည်းများကို ပြန်ပေး စေရာ ယင်းတို့ကို ဝတ်စားပြီး မြို့သို့ ပြန်၏။ သူ့နောက်မှ တောပုန်းတပ်များမှာ အလံများ၊ တံခွန်များကို လိပ်လျက် လိုက်ပါလာကြ၏။

“ပြအိုးပေါ်က ကောင်တွေ တံခါးဖွင့်ကြစမ်း”

မီးတုတ်များ၏ အလင်းရောင်ထဲတွင် သူတို့ဗိုလ်ချုပ်ကို မှတ်မိသွားသဖြင့် တံခါးကို ဖွင့်ပြီး ဆွဲတံတားကိုလည်း ချပေးလိုက်၏။ လုံနှစ်စင်းဗိုလ်လည်း မြင်းစီးကာ ဝင်သွားပြီး သံသေ့ကြီးကို ဖျက်ဆီးလိုက်၏။ စုန်ကျန့်တို့ တပ်လည်း အလုံးအရင်းနှင့် ဝင်ကြ၏။

ပြည်နယ်ရုံးဝင်းသို့ တိုက်ရိုက်ပင် သွားကြ၏။ သာမန်လူထုကို မသတ်ရန်၊ အိမ်များကို မီးမတိုက်ရန် အမိန့်ကို ချက်ချင်းပင် ထုတ်ပြန်၏ လုံနှစ်စင်းဗိုလ်သည်လည်း မြို့ဝန်အိမ်သို့ ဝင်ကာ မြို့ဝန်နှင့်တကွ တအိမ်သားလုံးကို သတ်ပြီး သူ့သမီးကို ယူခဲ့၏။ စုန်ကျန့်၏ အမိန့် အရ ထောင်ကိုဖွင့်ကာ ရှိကျင်းကို ကယ်ခဲ့ကြ၏။

ထို့နောက် ဘဏ္ဍာတိုက်နှင့် ကျီတော်တို့မှ ရွှေ၊ ငွေ၊ အဖိုးတန်ပစ္စည်း၊ ဆန်စပါးများကို ထုတ်ယူကာ လှည်းများပေါ်သို့ တင်ကြ၏။ ယင်းတို့ကို သဲသိဂ်ါကမ်းခြေသို့ ပို့ရ၏။ ယင်းမှ တောင်ရိုးပေါ်သို့ ဖိုးရုံတို့ညီအစ်ကိုက ပို့ရမည် ဖြစ်၏။

ရှိကျင်းသည် လီရွှေလန်တို့အိမ်သို့ သွားကာ သူရော၊ သူ့ဖာခေါင်း၊ သူ့ဖာထိန်းတို့ကိုပါ အတုံးတုံး အတစ်တစ် ခုတ်ထစ်ကာ သတ်၏။

မြို့ဝန်ချင်၏ ကိုယ်ပိုင်ပစ္စည်းများကိုလည်း လူထုသို့ ဝေငှပေး၏။ ထို့နောက် "ကျွန်ုပ်တို့ မတရားမင်း မြို့ဝန်ချင်ကို ကွပ်မျက်လိုက်သည်။ မြို့သူမြို့သားလူကောင်းများ မိမိတို့ စီးပွားကို ငြိမ်းချမ်းစွာ ရှာဖွေနိုင်ကြသည်" ဟု ကြေညာစာတမ်းများကို တမြို့လုံးတွင် လျှောက်၍ ကပ်၏။ ထို့နောက် စုန်ကျန့်သည် တပ်ကို ရုပ်သိမ်းကာ ပြန်ခဲ့၏။

စုန်ကျန့်တို့ အန်ရှန်ကို ရောက်သောအခါ ကြွက်ဝမ်းဖြူပိုက်ရှန်းသည် ကမန်းကတန်း ပြေးလာကာ တုန်ချန်းတွင် ဖြစ်ပွားသော တိုက်ပွဲအခြေအနေကို တင်ပြ၏။ စုန်ကျန့်လည်း မျက်လုံးပြူးသွား၏။ စုန်ကျန့်က-

"ညီနောင်တို့၊ ကျုပ်တို့ တောင်ပေါ်မပြန်သေးဘူး။ လိုက်ခဲ့ကြ"

လျှံရှန်းကျူအင်းမှ လူစွမ်းကောင်းများသည် စည်ပင်ဝပြောသော တုန်ချန်းမြို့ကို တကြိမ် ထပ်၍ အင်နှင့် အားနှင့် တိုက်စစ်ဆင်ခဲ့၏။ စုန်ကျန့်နှင့် သူ့တပ် ကယ်တင်နိုင် ပါမည်လော။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၀

အမြီးမဲ့မြားက သူရဲကောင်းများကို ခဲနှင့် တိုက်ခိုက်ခြင်း

စစ်သည်တော်တဦးကို ဖမ်းရန် စုန်ကျန့်က ဆန်စပါးများကို စွန့်ခဲ့ခြင်း

ပိုက်ရှန်းက-

"ကုန်သည်ကြီးလူက တုန်ချန်းကို ဝိုင်းရာမှာ နှစ်ခါတောင် ဆက်တိုက်ရှုံးခဲ့တယ်။ ဒီမြို့ ကို သိပ်ရက်စက်တဲ့ ဗိုလ်ချုပ်တယောက်က ကာကွယ်ထားတာဗျ။ သူ့နာမည်က ချန်ကျင် တဲ့။ သူက ချန်းတဲ့နယ်က တဲ့။ အစကတော့ မြင်းတပ်က။ သူက ကျောက်စရစ်ခဲတွေ ပေါက် ရာမှာ သိပ်လက်တည့်တယ်။ လွဲတယ်ကို မရှိဘူး။ လူတွေက သူ့ကို အမြီးမဲ့ မြားလို့ ခေါ်ကြတယ်။ သူ့အောက်မှာလည်း တပ်မှူးနှစ်ယောက် ရှိတယ်။ တယောက်က ကျားလည်ပင်း ကုန်ဝမ်တဲ့။ သူ့ကိုယ်ပေါ်မှာ ကျားပုံ မင်ကြောင်ထိုးထားတာ၊ ကျားခေါင်းက သူ့လည်ပင်းမှာ ရောက်နေလို့တဲ့။ သူက မြင်းစီးရင်း လှံလျင်ပစ်တာ သိပ်တော်တယ်။ နောက်တယောက် ကတော့ မြားမှန်ကျားတင်းတဲ့ဆွန် တဲ့။ သူ့ပါးမှာ အမာရွတ်ကြီးက လည်ချောင်းထိ ရောက် နေတယ်။ သူကျတော့ မြင်းစီးရင်း သုံးခွမိန်းကြီးနဲ့ ပစ်တတ်တယ်။

"နောင်ကြီးလူက မြို့ပြင်မှာ စောင့်နေတာ ဆယ်ရက်တောင် ကြာတယ်။ ဘယ်သူမှ ထွက်လာပြီး မတိုက်ဘူး။ အရင် တရက် နှစ်ရက်ကမှ ချန်ကျင် ထွက်လာတော့ နောင်ကြီး ဟောင်စီဝင်က သွားတိုက်တာပေါ့။ အချီ တော်တော်များတယ်။ ချန်ကျင်က ထွက်ပြေး တော့ နောင်ကြီးဟောင်စီဝင်ကလည်း လိုက်တာပေါ့။ အဲဒီမှာ သူ့ပါးကို ခဲလာမှန်ပြီး နောင်ကြီးလည်း မြင်းပေါ်က ပြုတ်ကျတာပဲ။ နောင်ကြီးယန်ချင်းက သူ့မြင်းကို မြားနဲ့ ပစ်လိုက် လို့ နောင်ကြီးဟောင်ကို ကယ်လိုက်နိုင်တာ။ ဒါက ပထမအရှုံးပါ။"

"နောက်နေ့ကျတော့ နောင်ကြီးဖန်ရွှီ ထွက်တိုက်တယ်။ နောင်ကြီးရှံချုံးနဲ့ လီကွန်း တို့ကလည်း ဒိုင်းတွေနဲ့ ကာပေးကြတယ်။ ဒါပေမဲ့ တင်းတဲ့ဆွန်က သူ့မိန်းကို ရုတ်တရက် အောက်က ပင့်ထိုးလိုက်တာ နောင်ကြီးရှံချုံး ထိသွားတယ်။ ဒါက ဒုတိယအရှုံးပါ။"

"သူတို့ကို လှေပေါ် တင်ထားပြီး ဆေးကုနေပါတယ်။ နောင်ကြီးလူကွမ်းယီက နောင်ကြီးကို အကူတောင်းခိုင်းလိုက်ပါတယ်"

စုန်ကျန့်က သက်ပြင်းရှိုက်၏။

“တော်တော် ကံဆိုးပါလား။ သူ့ကို ကူညီဖို့ ဝုရုံနဲ့ ကုန်ဆွန်ရှန်းကိုတောင် လွှတ်လိုက် သေးတယ်။ သူတိုက်ပွဲမှာ အောင်မြင်မယ်၊ စခန်းမှာလည်း မျက်နှာရမယ်လို့ ထင်ထား တာ။ ဒီလို သူနဲ့ ဘက်ညီတဲ့သူ တွေ့မယ်လို့ ဘယ်သိပါ့မလဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျုပ်နဲ့ ညီနောင်တွေ သူ့ကို သွားကယ်မှာပေါ့”

တပ်သုံးတပ်စလုံးကို ချီတက်ရန် သူအမိန့်ပေးလိုက်၏။ တောပုန်းဗိုလ်များ ခြံရုံလျက် စုန်ကျန့် တုန်ချန်းမြို့ဆင်ခြေဖုံးသို့ ရောက်လာ၏။ လူကွမ်းယီက ကြိုဆိုကာ ဖြစ်သမျှကို ဇာတ်ကြောင်းပြန်၏။ ထို့နောက် အားလုံး စခန်းချကြ၏။

သူတို့တိုင်ပင်နေကြစဉ် တောပုန်းဗိုလ်လေးတယောက် ဝင်လာကာ သတင်းပို့၏။ “ချန်ကျင် ထွက်လာပြီး စီးချင်းတိုက်ဖို့ စိန်ခေါ်နေပါတယ်”

စုန်ကျန့်တို့လည်း မိမိတပ်များနှင့်အတူ ထွက်ကာ ကွင်းပြင်ကျယ်တခုတွင် နေရာ ယူလိုက်ကြ၏။ တိုက်စည်တိုက်မောင်းများ သုံးကြိမ် တီးလိုက်ပြီးနောက် ချန်ကျင်သည် ရှေ့သို့ မြင်းစီးကာ ထွက်လာ၏။ ရှေ့တက်လိုက်၊ နောက်ဆုတ်လိုက်၊ တောင်စွန်းသို့ သွား လိုက်၊ မြောက်စွန်းကို ပြန်လာလိုက်ဖြင့် ကွင်းတပြင်လုံး ဖုန်တထောင်းထောင်း ထအောင် သူ့မြင်းကို အသားကျ စီးပြနေ၏။ ထိုစဉ် ရန်သူတံခွန်ကိုင်သူများအုပ်စု၏ ဘယ်ဘက်မှ ကျားလည်ပင်း ကုန်ဝမ် ထွက်လာ၏။ ထို့အတူ ညာဘက်မှလည်း မြားမှန်ကျားတင်းတဲ့ ဆွန် ထွက်လာ၏။ ထို့နောက် သုံးဦးသား ကွင်းပြင်အလယ်သို့ ဝင်လာကြ၏။ ချန်ကျင်က

စုန်ကျန့်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ လှမ်း၍ စိန်ခေါ်၏။ “ကျူအင်းက ခေါင်းပြကောင်၊ သူသေကိုယ်သေ တိုက်ဖို့ ငါ စိန်ခေါ်တယ်”

စုန်ကျန့်က သူ့ဗိုလ်များကို လှမ်း၍ မေး၏။

“ချန်ကျင်နဲ့ ဘယ်သူတိုက်မလဲ”

ဒေါသထွက်နေသော တပ်ဗိုလ်တယောက်က မြင်းပေါ်ခုန်တက်လိုက်ပြီး ချိတ်လှံကို ဝှေ့ယမ်းကာ ဒုန်းစိုင်း၍ ထွက်သွား၏။ သူကား ရှုနင် ဖြစ်၏။

“အံကိုက်ပဲ” ဟု စုန်ကျန့်က ကျေနပ်လျက် ရှိ၏။ မြင်းနှစ်စီး တွေ့ကြပြီ။ လက်နက် နှစ်စီး ခိုက်မိကြပြီ။ ငါးချီမျှ မကြာသေး။ ချန်ကျင် ဆုတ်လေ၏။ ရှုနင်က လိုက်၏။ ချန်ကျင် က ဘယ်လက်ထဲရှိ လှံဖြင့်ထိုးမည့်ဟန် ပြုကာ ညာလက်က ပန်းပြောက်ထိုးထားသော အိတ်ထဲမှ ကျောက်ခဲလုံးချောတလုံးကို နှိုက်ယူလိုက်၏။ ရှုနင်နှင့် အတော်နီးလာသော အခါ ရုတ်တရက် ကိုယ်ကိုလှည့်ကာ

ပေါက်ထည့်လိုက်၏။ မျက်စိနှစ်လုံးကြားကို လာမှန် သဖြင့် ရှုနင်လည်း မြင်းပေါ်မှ ကျရလေ၏။

ကုန်ဝမ်နှင့် တင်းတဲ့ဆွန် ဟူသော ကျားနှစ်ကောင်က ရှုနင်ကို လာဆွဲမည် လုပ်ကြ၏။ သို့သော် စုန်ကျန့်တို့ဘက်မှ အင်အားများသည့်ပြင် လူ့ဖန်နှင့် ကောက်ရှိန်းတို့က လှံပုဆိန် ကြီးများကိုယ်စီဖြင့် ထွက်လာပြီး ရှုနင်ကို ဆွဲကာ ဘေးလွတ်ရာသို့ ခေါ်ခဲ့ကြ၏။

စုန်ကျန့် မျက်နှာမှာ သွေးမရှိတော့။

"ဘယ်သူ ဒီကောင့်ကို သွားရှင်းမလဲ"

သူ့စကားမှ မဆုံးသေး။ သူ့နောက်မှ မြင်းတစီး ထွက်လာ၏။ ထိုသူမှာ ယန်ရှင့် ဖြစ်၏။ အချီများစွာ တိုက်ပြီးသော်လည်း ချန်ကျင်ကို မနိုင်နိုင်ပေ။ ထို့ကြောင့် လှည့်ကာ ဆုတ်ခွာ ၏။ ချန်ကျင်က နောက်မှ အတင်းလိုက်ရင်း ခဲတလုံးထုတ်ကာ ပေါက်လိုက်၏။ ယန်ရှင့် ချပ်ဝတ်အင်္ကျီ၏ ကျောဖုံးကို ကလင်ခနဲ လာ၍ မှန်လေ၏။ ချန်ကျင်ကမူ ကုန်းနှီးပေါ်တွင် ခါးချိုး၍ ဝပ်လျက် မြင်းကို အသားကျ စီး၍ ထွက်သွားလေ၏။

"ဒီကောင်များ ကြောက်စရာလုပ်လို့" ဟု အော်သံကို တောပုန်းအုပ်ထဲမှ ကြားလိုက် ရ၏။ လှံရှည်ကိုင် တောပုန်းဗိုလ်တဦးသည် မြင်းကိုစိုင်းကာ ထွက်သွားလေ၏။ ထိုသူမှာ ဟန်တောင်ပင် ဖြစ်ကာ ချန်ကျင်ကို ဘာမပြော ညာမပြောနှင့် ဝင်တိုက်လေ၏။

မြင်းနှစ်ကောင် ဆုံမိသောအခါ ဩဘာသံကြီး ထွက်လာလေ၏။ ဟန်တောင်က သူ့ လက်နက်စွမ်းရည်ကို စုန်ကျန့်အားပြချင်နေ၏။ အားကုန်ထုတ်ကာ ချန်ကျင်နှင့် တိုက်ခိုက် ၏။ သို့သော် ဆယ်ချီပင် မပြည့်။ အမြီးမဲ့မြားက ဆုတ်ခွာလေရာ သူ့ခဲရန်ကို ကြောက်သော ဟန်တောင်က မလိုက်ချေ။ နောက်ကိုလှည့်ကြည့်မှ သူ့နောက်ကို လိုက်မလာမှန်းသိသော ကြောင့် မြင်းကို လှည့်လိုက်၏။ ဟန်တောင်က လှံကို ဆ၍ ကိုင်ကာ တက်လာ၏။ ချန်ကျင် က ခဲတလုံးကို အသာနှိုက်ယူကာ ပေါက်လိုက်၏။ ဟန်တောင်၏ နှာရိုးကို မှန်ပြီး သွေးများ တသွင်သွင် စီးကျလာလေ၏။ ဟန်တောင်လည်း ပြန်ဆုတ်ရလေ၏။

ဖိန့်ချီမှာ နေစရာမရှိအောင် ဒေါသထွက်လာ၏။ စုန်ကျန့်၏ အမိန့်ကိုပင် မစောင့်ဘဲ သူ၏ နှစ်ဖက်သွား ဓားကြီးကို ဝှေ့ကာ မြင်းကို ကဆုန်စီး၍ ထွက်၏။ သို့သော် မြင်းနှစ်စီးပင် မဆုံကြသေး။ ချန်ကျင်က ဝှက်၍ ကိုင်ထားသော ခဲဖြင့် ပေါက်လိုက်ရာ ဖိန့်ချီ၏ နဖူးတွင် လာ၍ မှန်ပေ၏။ သူ့ဓားကြီး လွတ်ကျသွားကာ မိမိနေရာသို့ အမြန် ပြန်ပြေးလာခဲ့၏။

တယောက်ပြီး တယောက် ရှုံးနေကြပြီ။ စုန်ကျန့်၏ နှလုံးသားကို အကြောက်တရားက ဆုပ်ညှစ်နေလေပြီ။ ဆုတ်မိန့်ပေးတော့မည့် ဆဲဆဲတွင် လူကွမ်းယီ၏နောက်မှ အသံဝါဝါ ကြီးတခု ဟိန်း၍ ထွက်လာ၏။ "ကျုပ်တို့တွေ ဒီလိုနဲ့ သိက္ခာကျကုန်ရင် နောင်ဘယ်လို ဆက်တိုက်နိုင်ပါတော့မလဲ။ ကဲ၊ ကြည့်ကြရအောင်။ ဒီခဲတွေ ကျုပ်ကို မှန်နိုင်မလားလို့"

ထိုသူမှာ သမက်ကိုရုပ်ဆိုး ရွှန်ဇန် ဖြစ်၏။ သူ့ဓားကို ဝှေ့ယမ်းကာ၊ မြင်းကို ဖနောင့်နှင့် ပေါက်ကာ ချန်ကျင်ထံသို့ တဟုန်ထိုး ထွက်လေ၏။

ချန်ကျင်က-

"တယောက်ပဲ လာရင် တယောက်ပဲ ပြန်ရမယ်။ နှစ်ယောက်လာရင် နှစ်ယောက် ပြန်ပြေးပေါ့ကွာ။ ငါ့ ခဲပေါက် စွမ်းရည်ကို မင်း မမြင်ဘူးလား"

"သူများတွေပဲ မှန်မှာ၊ ငါ့တော့ မမှန်စေရဘူး"

သူ့စကားမှ မဆုံးသေး။ ပါးစောင်ကို ခဲလာမှန်လေရာ မြင်းပေါ်မှ တလိမ့်ခေါက်ကွေး ကျလေ၏။ ကျားနှစ်စီးက သူ့ကိုလာဆွဲကြ၏။ သို့သော် စုန်ကျန့်တို့ဘက်မှ လူအုပ် ပိုတောင့် ကာ အရင်ရောက်သဖြင့် မရလိုက်ပေ။

စုန်ကျန့်တကိုယ်လုံးကို အမျက်ဒေါသက ဝါးမျိုနေလေပြီ။ ဓားကို ကိုင်ကာ သူ့ဝတ်ရုံ ကို ဆုတ်ဖြဲလိုက်ပြီး သစ္စာဆို၏။

"ချန်ကျင်ကို ရရင် ရ၊ မရရင် တပ်ကို ငါ မပြန်ဘူး"

ဟူယန်ကျို့က သူ သစ္စာဆိုသည်ကို ကြားရသဖြင့် –

"နောင်ကြီး ကိုယ်တိုင် ထွက်မယ်ဆိုရင် ကျွန်တော်တို့ ညီတွေက ဘာအသုံးကျတော့ မှာလဲဗျာ"ဟု ဆိုကာ သူ၏ နှင်းထုထဲမှာစိုင်းတဲ့ မြင်းနက်ကျော်ကို စီးကာ ကွင်းထဲထွက် ခဲ့ပြီး ချန်ကျင်ကို စိန်ခေါ်၏။

"ဟေ့ အသုံးမကျတဲ့ ကောင်၊ တပဲခြောက်ပြား အင်အားလေး သတ္တိလေးနဲ့များ၊ စစ်သူရဲကောင်းကြီး ဟူယန်ကျို့ကို မမှတ်မိဘူးလား"

"သစ္စာဖောက် အရာချခံရတဲ့ စစ်ဗိုလ်ကများ၊ ကဲ မင်းဘာလုပ်မလဲ" ချန်ကျင် ပေါက် လိုက်သော ခဲသည် လေထဲကို တဝီဝီနှင့် ပြေးလေ၏။

ဟူယန်ကျို့က သူ့တုတ်ကို မြှောက်၍ တားလိုက်ရာ သူ့လက်ကောက်ဝတ်ကို ခဲမှန် သွား၏။ တုတ်ကို ဆက်မကိုင်နိုင်တော့ပြီဖြစ်၍ သူ့နေရာသို့ လှည့်ကာ ပြန်ရ၏။

စုန်ကျန့်က-

"မြင်းတပ်ဗိုလ်တွေတော့ အကုန် ဒဏ်ရာရကုန်ပြီ။ ခြေလျင်တပ်ထဲက ဘယ်သူများ ချန်ကျင်ကို ဖမ်းနိုင်မလဲ"

လျူထန်က သူ့လှံပုဆိန်ကို ဝှေ့လျက် ကွင်းထဲသို့ အပြေးလာ၏။

ချန်ကျင်က ဟားတိုက်၏။

"တပ်မှူးစုတ်ကလေး၊ မင်းတို့ မြင်းတပ်ဗိုလ်တွေတောင် မခံနိုင်တာ မင်းလို ခြေလျင် တပ်သားက ဘာအသုံးကျမှာလဲ"

လျူထန်လည်း ဒေါသထွက်ထွက်ဖြင့် အတင်းလိုက်၏။ အမြီးမဲ့မြားကမူ သူ့မြင်းကို ဦးလှည့်ကာ အသားကျစီး၍ ပြန်သွားလေပြီ။

လျူထန်က အပြေးလိုက်လာရာ မီလာလေ၏။ လှံပုဆိန်ကို အသားကုန်လွှဲ၍ မြင်းကို ခုတ်လိုက်ရာ မြင်းက နောက်ခြေထောက်များနှင့် ကန်လိုက်သဖြင့် အမြီးလည်း လွှဲယမ်း သွားကာ လျူထန်၏ မျက်စိများကို ခတ်မိသွား၏။ လျူထန်သည် ခေတ္တမျှ ကန်းသွားစဉ် ချန်ကျင်၏ ခဲတလုံးကလည်း လာ၍ မှန်သဖြင့် မြေပေါ်တွင် မှောက်သွားလေ၏။ သူက ကုန်းရုန်း၍ ထသော်လည်း မရ။ အစိုးရတပ်သားများက ဝိုင်းအုပ်ကြပြီး ဆွဲခေါ်သွားလေ၏။

စုန်ကျန့်က-

"လျူထန်ကို ဘယ်သူက ကယ်မလဲ" ဟု အော်လိုက်၏။

ဗိုလ်မှတ်ကျော်က လှံပုဆိန်ကို ဝှေ့ယမ်းလျက် ချန်ကျင်ထံသို့ မြင်းစီး၍ ဝင်၏။ ထိုသူက လှံတိုဖြင့် အယောင်ပြရာ ဗိုလ်မှတ်ကျော်က လှံပုဆိန်နှင့် လွှဲ၍ ခုတ်လိုက်၏။ ချန်ကျင်က ခြေနင်းကွင်းများသို့ တိုင်အောင် ခါးချိုး၍ ရှောင်လိုက်သဖြင့် လေကိုသာ ခုတ်မိသွား၏။

"ကဲကွာ" ဟု ဆိုကာ ချန်ကျင်က အောက်မှပင့်ကာ ခဲနှင့်ပေါက်လိုက်၏။ သူ့ခမောက် ကို ကလင်ခနဲ နေအောင် လာထိမှန်သဖြင့် ဗိုလ်မှတ်ကျော်လည်း ခြင်ဆီထဲထိ စိမ့်သွား လေ၏။ ကုန်းနှီးပေါ်သို့ ကိုယ်ကို မှောက်ကာ အမြန်ထွက်ပြေးသွားရ၏။

"ဒီနေ့တော့ ယောက်ျားဘဝဆုံးပြီ။ လျှံရှန်းကျူအင်းကို ဘယ်လိုပြန်ကြမလဲ" ဟု စုန်ကျန့်က စဉ်းစားကာ "ဒီကောင့်ကို ငါ့အတွက် ဘယ်သူရှင်းပေးမလဲ"ဟုအော်လိုက်၏။ ချူတုံက လွေ့ဟုန်ကို ကြည့်လိုက်ကာ "သူတို့ လျူထန်ကို ဖမ်းသွားပြီ။ ဒီတော့ မထူး ဘူး။ တယောက်နဲ့ မရရင်

နှစ်ယောက်အတူတူ တိုက်ကြတာပေါ့” ဟု ပြော၏။

နှစ်ယောက်သား လုံပုဆိန်များဖြင့် ချူတုံက ဘယ်ဘက်မှ လွေ့ဟုန်က ညာဘက်မှ ဝင်တိုက်ကြ၏။ ချန်ကျင်က လှောင်ရယ်ရယ်၏။

“တယောက်နဲ့မလောက်လို့ ထပ်တိုးလာတယ်ပေါ့။ ဆယ်ယောက်လာလည်း ကိစ္စမရှိဘူး”

သူ့မျက်နှာတွင် အကြောက်ဟူ၍ တစက်ကလေးမျှ မရှိ။ လက်တဖက်စီတွင် ခဲတလုံး စီကို ဝှက်၍ ထား၏။

သူ့ထံသို့ လွေ့ဟုန်က အရင်ရောက်၏။ ချန်ကျင်က လက်ကို မြှောက်လိုက်၏။ ကျောက်ခဲ လွင့်လာသည်မှာ မြန်လှသဖြင့် ရှောင်ချိန်ပင် မရလိုက်ပေ။ ဘာဖြစ်လိုက်မှန်း မသိလိုက်ရဘဲ ပါးကို ခဲလာမှန်သဖြင့် မြေပြင်ပေါ်တွင် ပက်လက်လဲကျသွားလေ၏။ ချူတုံ က ကယ်မည်ဟု အပြေးလာရာ ခဲတလုံးက သူ့လည်ပင်းကို လာထိလေ၏။

ကွမ်ရှိန်းသည် ထိုသူနှစ်ယောက် ဒဏ်ရာရသွားသည်ကို တွေ့ရသဖြင့် ရှိသမျှ အား ထုတ်ကာ သူ့မြင်းဖောင်းဝတ်ညိုကို ဒုန်းစိုင်းစီးကာ နဂါးခေါင်းကြီးကို ဝင်၍လာ၏။ ချန်ကျင် မှာ အခုပင် ရန်သူနှစ်ယောက်ကို မောင်းထုတ်လိုက်ပြီး ဖြစ်သော်လည်း ကွင်းထဲသို့ ပြန်ဝင် လာရ၏။ ထပ်၍ ခဲနှင့် ပစ်ရပြန်၏။ ကွမ်ရှိန်းက သူ့ခေါင်းနှင့် ကာလိုက်ရာ ထိသွားပြီး မီးပွား များ စဉ်ထွက်လာ၏။ ကွမ်ရှိန်းလည်း တိုက်ခိုက်လိုစိတ် ပျောက်ဆုံးလေပြီ။ သူ့မြင်းကို လှည့်ကာ စခန်းသို့ ပြန်၏။

လုံနှစ်စင်းဗိုလ်က ထိုဖြစ်ရပ်ကို မြင်ရသော် ဤသို့ စဉ်းစားမိ၏။

“ငါက နောင်ကြီးစုန်ကျန့်အောက်ကို ဝင်တာ မကြာသေးဘူး။ ငါ့အစွမ်းလေး ဘာလေး ပြမထားရင် တောင်ပေါ်ရောက်တဲ့အခါ ငါ့ကို အထင်ကြီးကြမှာ မဟုတ်ဘူး”

သူ့လက်စွဲ လုံနှစ်စင်းကို ကိုင်ကာ မြင်းကို ဒုန်းစိုင်းကာ ထွက်၏။ ချန်ကျင်က-“မင်းနဲ့ငါတို့က အိမ်နီးချင်း ပြည်နယ်တွေကပဲ။ နွားတံခမ်းနဲ့ သွားလို နီးနေကြတာ။ ငါတို့ အတူတူ ခေါင်းပြတွေကို ရှင်းပစ်ကြမယ်။ ဒါမှလည်း တော်မယ်လေ။ မင်းက ဘာလို့ ရွှေနန်းတော်ကြီးကို သစ္စာဖောက်တာလဲ။ ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ”

တုန်ပင်းလည်း ဒေါသဖြင့် ဝင်၍တိုက်၏။ မြင်းချင်းဆုံကြ၊ လက်နက်ချင်း ယှက်မိကြ ပြီ။ လက်လေးဖက်လည်း လှုပ်ရှားနေကြပြီ။ အချီခြောက်ဆယ် ခုနစ်ဆယ်ခန့် တိုက်ပြီး သော် ချန်ကျင်လည်း ထွက်ပြေး၏။ တုန်ပင်းက-

"ကျန်တဲ့လူတွေပဲ မင်း ကျောက်ခဲကို ကြောက်မယ်၊ ငါတော့ မကြောက်ဘူး"ဟု ဆို၏။ အမြီးမဲ့မြားက သူ့လှံကို စွပ်ခွက်ထဲသို့ ထည့်ကာ ကျောက်ခဲတလုံးကို အိတ်ထဲမှ နှိုက်ထုတ်၏။ သို့သော် တုန်ပင်းမှာ မျက်စိလျင်လှ၊ လက်မြန်လှသဖြင့် ပျံလာသော ကျောက်ခဲဘေးသို့ လွင့်သွားအောင် ရိုက်ခတ်နိုင်၏။ ချန်ကျင်က ထပ်ပစ်ပြန်၏။ တုန်ပင်းက ရှောင်လိုက်ပြန်၏။ ကျောက်ခဲနှစ်လုံး လွဲသွားလေပြီ။ ချန်ကျင်လည်း လန့်လာ၏။ တုန်ပင်း ၏ မြင်းကလည်း ခြေကုန်သုတ်၍ လိုက်နေရာ မြင်းများလည်း အမြီးဆက် နှာခေါင်းဆက် ဖြစ်နေပေပြီ။

သူ့တပ်၏ တံခွန်ကိုင် စစ်သည်အုပ်စုဝဲဘက်အနီးသို့ ချန်ကျင် ရောက်လာ၏။ သူ့ကျော ကို လှံနှစ်စင်းဗိုလ်က လှံနှင့် ထိုးလိုက်ရာ ထုံးစံအတိုင်း ကိုယ်ကို ပု၍ ရှောင်လိုက်သဖြင့် လှံသွားနှင့် လွဲသွား၏။

ယခုအခါ မြင်းနှစ်စီးယှဉ်ကာ ပြေးနေကြပြီ။ ချန်ကျင်က သူ့လှံကို ကုန်းနှီးတွင် ထိုးထား လိုက်ကာ လက်နှစ်ဖက်စလုံးဖြင့် တုန်ပင်းကိုရော လှံများကိုပါ ဖမ်း၍ ဆုပ်ကာ ဆောင့်၍ ဆွဲယူ၏။ သို့သော် ပါမလာ။ နှစ်ယောက်သား မြင်းပေါ်တွင် ထွေးလားလုံးလား ဖြစ်နေကြ၏။ စိုကျောက်သည် ဝင်ကယ်မည်ဟု သူ့ပုဆိန်ကြီးကို ဝှေ့ယမ်းကာ ထွက်လာလေ၏။ ကျားနှစ်ကောင်ကလည်း ဟန့်တားမည်ဟု ထွက်လာသဖြင့် သုံးယောက်သား ကြမ်းတမ်း စွာ တိုက်ခိုက်ကြ၏။ တုန်ပင်းနှင့် ချန်ကျင်တို့လည်း လုံးထွေး သတ်ပုတ်လျက် ရှိကြ၏။ ကျန်သုံးယောက်တို့၏ မြင်းသုံးစီးကြောင့် ကွင်းပြင်မှာလည်း ညက်ညက်ကြေနေလေပြီ။

လင်ချုံး၊ ဟွရုံ၊ လူ့ဖန်၊ ကောက်ရှိန်းတို့လည်း တုန်ပင်းနှင့် စိုကျောက်ကို ကူရန် တက် လာကြ၏။ လှံနှစ်စင်း၊ လှံပုဆိန်နှစ်စင်းတို့ တက်လာသည်ကို တွေ့ရသော ချန်ကျင်မှာ အခြေအနေ မကောင်းတော့ကြောင်း အကဲခတ်မိပြီ ဖြစ်၏။ ထို့ကြောင့် တုန်ပင်းကို လွှတ် ကာ မိမိနေရာသို့ အမြန် ပြန်ပြေး၏။ သို့သော် တုန်ပင်းက မလျှော့။ သူ့နောက်ကို လိုက်ရင်း ရန်သူထုထဲသို့ ရောက်သွား၏။ ကျောက်ခဲများကိုလည်း သတိမထားမိတော့။ ချန်ကျင်က ခဲတလုံးကို အသာထုတ်ယူထားပြီး တုန်ပင်း နီးလာသောအခါ "ကဲ" ဟု အော်ကာ ပေါက် လိုက်၏။

လှံနှစ်စင်းဗိုလ်က ကိုယ်ကို အမြန်ပုကာ ရှောင်လိုက်၏။ ခဲလည်း သူ့နားရွက်နားမှ ဝှီခနဲ ဖြတ်သွား၏။ သူလည်း စခန်းသို့ ပြန်လေ၏။ စိုကျောက်က ကျားနှစ်ကောင်ကို ထားခဲ့ကာ ချန်ကျင် နောက်သို့ လိုက်၏။ ချန်ကျင်က လှံကို မသုံးဘဲ ခဲနှင့်ပေါက်လိုက်ရာ မရှောင်နိုင်၍ မျက်နှာမှာ ထိမှန်သွား၏။ သွေးများယိုစီးလျက် သူ့ပုဆိန်ကို အနိုင်သယ်ကာ စခန်းသို့ ပြန်ရ၏။

ထိုစဉ်အတွင်း လင်ချိုးနှင့် ဟွရုံက ကျားလည်ပင်းကို လည်းကောင်း၊ လူ့ဖန်နှင့် ကောက်ရှိန်းတို့က မြားမှန်ကျားကို လည်းကောင်း တိုက်နေကြ၏။ ကျားလည်ပင်းက လုံလျင်နှင့် ပစ်သော်လည်း သူ့ရန်သူတယောက်ကိုမျှ မမှန်ချေ။ လက်နက်မဲ့သွားကြပြီ ဖြစ်၍ လင်ချိုးနှင့် ဟွရုံတို့က ဖမ်းကာ စခန်းသို့ ခေါ်သွားလေ၏။

မြားမှန်ကျားမှာ သုံးခွမိုန်းကြီးကို ချာချာလည်အောင် မွှေ့ကာ လူ့ဖန်နှင့် ကွမ်ရှိန်း တို့ကို အငမ်းမရ ခုခံရှာ၏။ သူ့ကို ယန်ချင်းက စောင့်ကြည့်နေကြောင်းကိုမူ မသိ။ "ငါတို့ဗိုလ် ဆယ့်ငါးယောက်ကိုတောင် ဆက်တိုက် နှိမ်နင်းလိုက်ပြီ။ လက်ထောက် ဗိုလ်တယောက်လောက်မှ အနည်းဆုံး မဖမ်းနိုင်ရင်တော့ ငါတို့တော့ မျက်နှာပျက်တော့ မယ်"ဟု လူရည်ချွန်လေးက စဉ်းစား၏။

သူ့သိုင်းတုတ်ကို ချကာ လေးကို ကောက်ပြီး မြားတပ်ကာ ပစ်လွှတ်လိုက်၏။ မြားမှန် ကျား၏ မြင်းခွာကို ထိမှန်သွားသဖြင့် မြေပေါ်သို့ ဗုန်းခနဲ လဲကျသွားလေ၏။ လူ့ဖန်တို့က ချက်ချင်းပင် မြားမှန်ကျားကို ဖမ်းလိုက်ကြ၏။

ချန်ကျင်မှာ သွားကယ်လိုသော်လည်း ရန်သူအင်အားမှာ များလှ၏။ ထို့ကြောင့် မိထားသော လျူထန်နှင့်အတူ တုန်ချန်းသို့ ပြန်ရလေ၏။ မြို့ဝန်သည် မြို့ရိုးပေါ်မှ စောင့် ကြည့်နေသဖြင့် ရန်သူခေါင်းဆောင် ဆယ့်ငါးဦးကို သူ နှိမ်နင်းလိုက်သည်ကို မြင်ရပြီး ဖြစ်၏။ ကျားနှစ်ယောက်ကို လက်လွှတ်ခဲ့ရသော်လည်း လျူထန်ကို ဖမ်းလာနိုင်ခဲ့၏။ ထို့ ကြောင့် ရုံးတော်သို့ သွားကာ အောင်ပွဲခံကြ၏။ ထို့နောက် လျူထန်ကို လည်ထောက် စွပ်ကာ ချုပ်ထားခိုင်းလိုက်ပြီး ချန်ကျင်နှင့် တိုင်ပင်ကြ၏။

စုန်ကျန့်လည်း စခန်းသို့ ပြန်၏။ ကျားနှစ်ကောင်ကို အစောင့်အကြပ်များဖြင့် လျှိုရှန်း ကျူအင်းသို့ ပို့စေ၏။ ထို့နောက် လူကွမ်းယီ၊ ဝုရုံတို့နှင့် တိုင်ပင်၏။ စုန်ကျန့်က-

"မင်းဆက်ငါးဆက်ခေတ်တုန်းက ဝမ်ယန်ချန်းက ထန်စစ်ဗိုလ် သုံးဆယ့်ခြောက် ယောက်ကို နေမဝင်ခင်မှာ နှိမ်နင်းခဲ့တယ်တဲ့။ ဒီနေ့မှာလည်း ချန်ကျင်က ကျုပ်တို့ ဗိုလ် ဆယ့်ငါးယောက်ကို ဒုက္ခပေးခဲ့တယ်။ တကယ့်ကို စစ်ဗိုလ်ချုပ် ပီသပါပေတယ်။ ဝမ်ယန် ချန်းအောက် မညံ့ဘူးဗျ"

ကျန်သူများထံမှ စကားပြန်မလာသဖြင့် စုန်ကျန့်က ဆက်ပြော၏။

"ကျုပ်အထင်တော့ သူက ဟိုကျားနှစ်ကောင်ကို သူ့ဘယ်ညာတောင်ပံ လုံခြုံရေး အတွက် အားကိုးနေပုံပဲဗျ။ ခုတော့ သူတို့ကို မိထားပြီလေ။ ဒီတော့ သူ့ကိုလည်း ဖမ်းမိဖို့ နည်းကို စဉ်းစားသင့်တယ်"

ဝုရုံက-

"စိတ်ချပါနောင်ကြီး၊ ကျုပ်က ဒါတွေအားလုံးကို ထိုင်ကြည့်ပြီး စဉ်းစားနေတာပါ။ ခုတော့ အဖြေရပြီ။ ထိခိုက်သွားတဲ့ တပ်ဗိုလ်တွေကို စခန်းပြန်ပို့လိုက်ပါ။ ပြီးတော့ ရှင်ဉာဏ၊ ဝုဆုန်၊ ဆွန်လီ၊ ဟုန်ဆင့်၊ လီလီတို့ကို သူတို့ စုလို့ရသမျှ ရေတပ်နဲ့ လာခိုင်းလိုက်ပါ။

ကြည်း ရေ ပူးတွဲချီတက်ဖို့ လှည်းတွေ၊ လှေတွေ လိုတယ်။ ချန်ကျင်ကို လှည့်စားရမယ်။ ဒါမှ အောင်မြင်မယ်" ဟု ဆိုကာ တပ်များကို မည်သို့ ခင်းကျင်းမည်ကို ရှင်းပြလေ၏။

မြို့ထဲတွင်မူ ချန်ကျင်က မြို့ဝန်ကို အကြံပေးနေ၏။

"ကျုပ်တို့က နိုင်လိုက်တယ်ဆိုပေမယ့် ခားပြတွေ အင်အားက နည်းနည်းမှ လျော့ မသွားသေးဘူး။ ကင်းထောက်တွေ လွှတ်ပြီး သူတို့ဘာလုပ်မလဲ ဆိုတာ သိရအောင် လုပ် ရမယ်"

ကင်းထောက်များက ပြန်လာကာ သတင်းပို့ကြ၏။

"သူတို့စခန်း အနောက်မြောက်ဘက်မှာ စပါးတွေ အများကြီးပဲ။ ဘယ်က ရောက်လာ လဲတော့ မသိဘူး။ ဒါတွေကို လှည်းတရာကျော်ကျော်နဲ့ လှေကြီး လှေငယ် အစီးငါးရာ ပေါ်ကို တင်နေကြတယ်။ အဲဒါတွေကို ဗိုလ်တွေက စောင့်ကြပ်ပြီး ပို့နေကြပြီ"

မြို့ဝန်က-

"ဒီကောင်တွေ ဘာကြံနေပါလိမ့်။ ကျုပ်တို့ကို တပတ်ရိုက်မသွားအောင် သတိထား ရမယ်။ သူတို့ သယ်နေတာ စပါးတွေမှ ဟုတ်ရဲ့လား၊ ကင်းထောက်တွေ ထပ်လွှတ်ဦးမှပဲ"

နောက်တနေ့တွင် လက်ထောက်ဗိုလ်လေးတယောက် ပြန်လာကာ သတင်းပို့၏။

"အဲဒီလှည်းတွေက တင်ထားတာကတော့စပါးတွေ၊ ဆန်တွေပဲ။ လမ်းမှာ ဖိတ်တောင် ကျနေသေးတယ်။ လှေတွေပေါ်က ကုန်တွေကို ဖုံးအုပ်ထားပေမယ့် အိတ်အစွန်းတွေ ပေါ် နေတာ ကြည့်ရတာ ဆန်အိတ်တွေပါပဲ"

ချန်ကျင်က-

"ကျုပ် ဒီညပဲ ထွက်မယ်။ ပထမ လမ်းပေါ်က လှည်းတွေကို တားမယ်။

ပြီးရင် လှေ တွေကို သိမ်းမယ်။ မြို့ဝန်မင်းက ကူညီရင် ဒီကောင်တွေကို ပထမယံ ပဟိုရ်ရိစည်မတီးခင် မှာကို ဖမ်းမိမယ်”

“ဒီအစီအမံ သိပ်ကောင်းတယ်။ အထမြောက်အောင်သာ လုပ်ပေတော့”

မြို့ဝန်က စစ်သည်များကို အဝအပြဲ စားသောက်စေပြီးမှ ချပ်ဝတ်များကို ဝတ်စေ၏။ ဂုန်အိတ်အလွတ် အမြောက်အမြားကို ယူဆောင်သွားရန် ညွှန်ကြား၏။

သူ့လုံရှည်ကြီးကို ကိုင်ကာ ချန်ကျင်က လူတထောင်ကို ဦးစီးကာ မြို့မှ ထွက်၏။ လမသာ လှသော်လည်း ကြယ်များ လင်းလက်၏။ ဆယ်လီမျှပင် မသွားရသေးမီ လှည်း တန်းတခုကို တွေ့ရပြီး တံခွန်တခုပေါ်တွင်လည်း “ကျူအင်းခံတပ်၏ ရသင့်ရထိုက်သော ဆန်စပါးများ” ဟု ရေးထား၏။ လှည်းတန်းထိပ်တွင် ရှင်ဉာဏက လမ်းလျှောက်လာ၏။ တောင်ဝှေးကြီးကို ကိုင်ကာ၊ သူ့ဝတ်ရုံကိုလည်း ခါးတောင်းကျိုက်ထား၏။

“ဒီကတုံးခေါင်းကို ခဲနဲ့ ပေါက်လိုက်ဦးမှ” ချန်ကျင်က ရေရွတ်မိ၏။

ထိုအချိန်တွင် ရှင်ဉာဏက သူ့ကို တွေ့သွားလေပြီ။ သို့သော် မမြင်ဟန်ဆောင်ကာ ဆက်၍ လျှောက်နေ၏။ သို့သော် ချန်ကျင်၏ ကျောက်ခဲများကို သူ မေ့သွား၏။

“ကဲကွာ” ဟု အော်ကာ အမြီးမဲ့မြားက ပေါက်လိုက်ပြီး မြင်းကို နှင်၏။

ကျောက်ခဲသည် အရှိန်ဖြင့် ပျံလာကာ ရှင်ဉာဏခေါင်းကို မှန်၏။ ချန်ကျင်၏ စစ်သည် များက ကြွေးကြော်ကာ ဝင်တိုက်ကြ၏။ ဝုဆုန်လည်း ဓားနှစ်လက်ကို ဝှေ့ကာ၊ ရှင်ဉာဏကို ကယ်ကာ ပြန်ဆုတ်ခဲ့၏။ လှည်းများကို ပစ်ထားခဲ့၏။

အမြီးမဲ့မြားက ယင်းတို့ကို သိမ်းယူ၏။ လှည်းများတွင် အမှန်ပင် စပါးများ တင်ထား ပေ၏။ ကျေနပ်လှသဖြင့် ရှင်ဉာဏ နောက်သို့ မလိုက်တော့ဘဲ လှည်းများကို မြို့ထဲသို့ သွင်း၏။ မြို့ဝန်ကလည်း ဝမ်းမြောက်ဝမ်းသာ သိမ်းယူလိုက်၏။ “ကဲ၊ ခုတော့ စပါးလှေတွေ အလှည့်ပဲ” ဟု အမြီးမဲ့မြားက ဆို၏။

“သေချာအောင် လုပ်နော်” ဟု မြို့ဝန်က မှာ၏။

အမြီးမဲ့မြားသည် တောင်ဘက်မြို့တံခါးသို့ မြင်းစီး၍ ထွက်ခဲ့၏။ မရေမတွက်နိုင်သော စပါးတင်လှေများကို မြစ်ထဲတွင် တွေ့ရလေ၏။ မြို့တံခါးကို ဖွင့်ခိုင်းကာ သူ့တပ်ကို ဦးစီး၍ ရေစပ်သို့ ဆင်း၏။ ထိုစဉ် ရုတ်တရက် မိုးမှောင်ကြီး ကျလာလေ၏ ။ ချန်ကျင်၏ မြင်းသည် ခြေသည်များ ဘာတခုကိုမျှ မမြင်ရတော့။ ကုန်ဆွန်ရှုန်း၏ အစွမ်းကြောင့် ဖြစ်၏။

ချန်ကျင်လည်း ဣန္ဒြေမရတော့ပြီ။ မျက်စိများလည်း မှုန်ဝါးဝါး ဖြစ်နေပေပြီ။ သူ ပြန် ဆုတ်ချင်၏။ သို့သော် နောက်ဆုတ်၍လည်း မရ၊ ရှေ့တိုး၍လည်း မရ။ လမ်းဘယ်မမြင် ဖြစ်နေ၏။ ပတ်လည်မှ အော်သံများ ဆူဆူညံနေ၏။ ဘယ်ဘက်က လာ၍တိုက်ခိုက်နေမှန်း လည်း သူ မစဉ်းစားတတ်တော့။ လင်ချိုးက သူ့သံချပ်ကာမြင်းတပ်ကို ဦးစီးကာ ချန်ကျင်ကို ရေစပ်သို့ မောင်းချ၏။ ရေထဲတွင် ရေကြောင်းတပ်ဗိုလ် ရှစ်ယောက်က တန်းစီ၍ သူ့ကို စောင့်နေကြ၏။ လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်း၊ ဖိုးရုံတို့ ညီနောင်သုံးယောက်၊ တုန်ညီနောင် နှစ်ယောက်တို့ ဖြစ်ကြ၏။ ချန်ကျင်ကား ပြေး၍ မလွတ်တော့ပေ။ ဖိုးရုံတို့ညီနောင် သုံးယောက်က သူ့ကိုဖမ်း၍ ကြိုးနှင့်တုပ်ကာ စခန်းသို့ခေါ်သွားကြ၏။ သူ့ကို ဖမ်းမိကြောင်း စုန်ကျန့်ထံသို့ အမြန် သတင်းပို့ကြ၏။

ဝုရုံ၏ တိုက်တွန်းမှုဖြင့် ထိုညတွင်ပင် မြို့ကို တိုက်ကြ၏။ မြို့ဝန်ခများလည်း သူ တယောက်တည်း အစွမ်းဖြင့် မကာကွယ်နိုင်ချေ။ လေးဖက်လေးတန်မှ အမြောက်သံများ မြည်ဟည်းလာကာ မြို့တံခါးများ ပွင့်သွားလေ၏။ ကြောက်လန့်တုန်လှုပ်နေသော မြို့ဝန် လည်း ပြေးပေါက် ရှာမတွေ့ရှာ။

စုန်ကျင့်၏ တပ်များက တာကျိုး၍ ဆင်းလာသော ရေလုံးကြီးများကဲ့သို့ မြို့တွင်းသို့ ဝင်လာကြ၏။ ပထမ လျူထန်ကို လွှတ်ပေးလိုက်၏။ ထို့နောက် ကျီများ၊ ဘဏ္ဍာတိုက် များကို ဖွင့်ကာ ဆန်စပါးများ၊ ရွှေများကို ယူကာ အချို့ကို တောင်ရိုးစခန်းသို့ ပို့စေ၏။ ကျန်သည့် ပစ္စည်းများကို လူထုသို့ ဝေငှပေး၏။ မြို့ဝန်ကိုမူ မသတ်။ သူကား အရာရှိကောင်း ပီသသူ ဖြစ်သောကြောင့်လည်း။

စုန်ကျန့်တို့ တပ်ဗိုလ်များ မြို့ဝန်ရုံးတွင် စုကြ၏။ ရေတပ်ဗိုလ်များက ချန်ကျင်ကို ခေါ်လာ၏။ သူကား မိမိတို့၏ ညီနောင်များကို ဒဏ်ရာရစေခဲ့သည်ဟု တပ်ဗိုလ်များက အံတကြိတ်ကြိတ် ဖြစ်နေကြ၏။ သတ်ပစ်ချင်နေကြ၏။ သို့သော် စုန်ကျန့်က ကြိုးဖြေခိုင်း လိုက်၏။ ရုံးတော်မှ ဆင်းလာကာ သူ့ကို နှုတ်ဆက်၏။

စုန်ကျန့်က တောင်းပန်၏။

“ကျုပ်တို့က ခင်ဗျားရဲ့ ဂုဏ်ပုဒ်ကို စော်ကားသလို ဖြစ်သွားတယ်ဗျာ။ ဒါကို ဗွေမယူ ပါနဲ့ဗျာ” ဟု ဆိုကာ ခန်းမတွင်းသို့ ဖိတ်ခေါ်၏။

သူ့စကားမှ မဆုံးသေး။ ရှင်ဉာဏမှာ ခေါင်းတွင် ပတ်တီးကြီးစည်းကာ ရောက်လာ လေ၏။ ချန်ကျင်ကို ရိုက်မည်ဟု သူ့တောင်ဝှေးကြီးကို မြှောက်ကာ ပြေးလာ၏။ စုန်ကျန့်က ဝင်၍ ဟန့်ကာ ဘေးသို့ ဖယ်ရန် အော်လိုက်၏။

စုန်ကျန့်၏ သဘောထားကြီးမြတ်မှုကြောင့် ချန်ကျင်လည်း ထိထိခိုက်ခိုက် ဖြစ်သွား ကာ၊ ဒူးတုပ်၍ ကန်တော့ကာ လက်နက်ချကြောင်း ပြောလေ၏။

စုန်ကျန့်က စိမ်ရည်ကို မြေပေါ်သို့ သွန်ချကာ မြားတစင်းကို ချိုးလိုက်၏။

"ညီနောင်တွေ၊ ခင်ဗျားတို့က သူ့ကို လက်စားချေဖို့ပဲ တိုက်တွန်းနေရင်တော့ ကောင်းကင်ဘုံက ခင်ဗျားတို့ကို ကာကွယ်ပေးတော့မှာ မဟုတ်ဘူး။ ခင်ဗျားတို့ ဓားဘေးနဲ့ သေကြရမယ်" ဟု သူက ဆို၏။

တောပုန်းဗိုလ်များ မည်သူကမျှ စကားမပြန်ကြ။ စိတ်ကို လျှော့လိုက်ကြကာ ပြုံးပြုံး ရွှင်ရွှင်နှင့်ပင် လက်ခံလိုက်ကြ၏။ တောင်ရိုးပေါ်သို့ ပြန်ရန် ပြင်ဆင်ကြ၏။ ချန်ကျင်က -

"တုန်ချန်းမှာ ဟွမ်ဖူးတွမ် ဆိုတဲ့ မြင်းဆေးသမားကျော်တယောက် ရှိတယ်ဗျ။ သူက မြင်းတွေအကြောင်း ကောင်းကောင်းသိတယ်။ မြင်းတွေ အအေးပတ်တာ၊ ဖျားတာကို ပျောက်အောင် ကုနိုင်တယ်။ ဆေးပေးတာရော အပ်စိုက်ကုတာရော ရတယ်။ တကယ့်ကို တော်ပါတယ်။ သူက နဂိုက ယိုကျို့က။ သူ့မျက်စိက ပြာလို့။ ဆံပင်ကလည်း ရွှေရောင်နဲ့ နိုင်ငံခြားသားပုံ ပေါက်တယ်။ သူ့ကို မရန်းရောင်မုတ်ဆိတ်လို့ ခေါ်ကြတယ်။ တောင်ပေါ်မှာ အသုံးတည့်မှာ သေချာတယ်။ သူတို့ တမိသားစုလုံးကို ခေါ်ခဲ့ရင် ကောင်းမယ်။ နောင်ကြီး လက်ခံပါ့မလား မသိဘူး"

စုန်ကျန့်က ဝမ်းမြောက်ဝမ်းသာ လက်ခံ၏။

"ဟွမ်ဖူးတွမ်က ကျုပ်တို့နဲ့ လိုက်ချင်ရင် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်"

စုန်ကျန့်က သူ့ကို လိုလားကြောင်း ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း ဖော်ပြသည်ကို ကျေနပ်ဝမ်းမြောက်သဖြင့် ချန်ကျင်က မြင်းဆေးသမားကို ခေါ်ခိုင်းလိုက်၏။ စုန်ကျန့် တို့လည်း ထိုသူ့ကို အထင်ကြီးမိကြ၏။ ဟွမ်ဖူးတွမ်ကား လူသာမန် မဟုတ်သည်မှာ ထင်ရှား လှ၏။ သူ့မျက်စိပြာပြာတို့တွင် သူငယ်အိမ်နှစ်ခုစီ ရှိ၏။ လိမ်ကောက်နေသော မုတ်ဆိတ် ကြီးမှာ ခါးကိုကျော်၏။ သူ့ကို သဘောထားကြီးစွာ ကြိုဆိုကြသဖြင့် တောပုန်းအဖွဲ့သို့ ဝင်ရန် လိုလိုလားလား လက်ခံလိုက်၏။ စုန်ကျန့်ကား ကျေနပ်၍ မဆုံးတော့ပြီ။

မြို့ပြငြိမ်ဝပ်ရေးကို ဆောင်ရွက်ပြီးနောက် ဆန်စပါး၊ ရွှေ ငွေ စသည် တင်ထားသော လှည်းများကို ရှေ့နောက် တပ်များ ဝန်းရံလျက် တောင်ရိုးစခန်းသို့ ပြန်သွားရန် စုန်ကျန့်က စီစဉ်၏။ အပြန်ခရီးမှာ ဘာမှ အထူးအထွေ ကိစ္စမရှိ။ မကြာမီတွင် စခန်းသို့ ပြန်ရောက် ၏။ စုန်ကျန့်က ဖမ်းထားသော ကျားနှစ်ကောင်ကို ခေါ်ပြီး ကောင်းမွန်ချိုသာစွာ စကား ပြော၏။ ကျားနှစ်ကောင်လည်း ဒူးထောက် ကန်တော့ကာ သစ္စာခံကြ၏။ ဟွမ်ဖူးတွမ် စခန်း၏ တရားဝင်မြင်းဆေးသမား

ဖြစ်လာ၏။ လုံနှစ်စင်းဗိုလ်နှင့် အမြီးမဲ့မြားတို့မှာလည်း တောပုန်းဗိုလ်စာရင်းဝင် ဖြစ်လာကြ၏။

စုန်ကျန့်ကား ကျေနပ်၍ မဆုံးတော့ပြီ။ အောင်ပွဲကြီး ကျင်းပရန် စီစဉ်စေ၏။ အားလုံး သည် မိမိအဆင့်အစဉ်အလိုက် သစ္စာခန်းမတွင် နေရာယူကြ၏။ တောပုန်းအားလုံး တရာ့ ရှစ်ယောက်တိတိ ရှိ၏။

စုန်ကျန့်က-

"ညီနောင်တို့ ကျုပ်တို့ ဒီတောင်ရိုးပေါ်မှာ စပြီး စုမိကတည်းက ဘယ်တုန်းကမှ ဘယ် နေရာမှာမှ ကြီးကြီးမားမား ဆုံးရှုံးတယ်လို့ မရှိခဲ့ဘူး။ အဲဒါက မိုးကောင်းကင်ရဲ့ ကျေးဇူး တော်ကြောင့်ပဲ။ ဘယ်လူသားစွမ်းအားနဲ့မှ မဟုတ်ဘူး။ ဒီနေ့ ကျုပ်ခေါင်းဆောင်ဖြစ်ရတာ ကလည်း ညီနောင်တို့ရဲ့ ကျေးဇူးကြောင့်ပဲ။ အခုလို စုဝေးမိကြတုန်းမှာ ကျုပ် စကား နည်းနည်း ပြောချင်ပါတယ်။ ညီနောင်တို့ နားထောင်ကြမယ် မဟုတ်လား"

ဝုရုံက -

"ပြောပါ၊ နောင်ကြီး၊ ကျုပ်တို့ ကြားချင်ပါတယ်"

တောပုန်းဗိုလ်များရှေ့တွင် သူ့အကြံအစည်များကို စုန်ကျန့်က ဖွင့်ဟ၏။ ထို့ကြောင့် အာကာသစိုးနတ်မင်းအပေါင်း သုံးဆယ်ခြောက်ပါး၏ ကြယ်များက ယင်းတို့၏ ကြီးစဉ် ဇယားနှင့် ကိုက်ညီကာ ဘုမ္မစိုးနတ်မင်း ခုနစ်ဆယ့်နှစ်ပါး၏ ကြယ်များကလည်း နတ်ဒေဝါ ဇယားနှင့် လည်းကောင်း ကိုက်ညီလေ၏။

စုန်ကျန့်က ဘာကိုများ အဆိုပြုပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၁

သစ္စာခန်းမသို့ နတ်ကျောက်စာ ရောက်လာခြင်း

လျှံရှန်းကျူအင်းသူရဲကောင်းများ ကြီးစဉ်အတိုင်း နေရာယူခြင်း

စုန်ကျန့်က-

“ကျန်ကျို့မှာ ပြဿနာတက်လို့ ကျုပ် ဒီတောင်ရိုးပေါ်တက်ခဲ့ရတယ်။ နောက်တော့ ဒီက ရဲညီနောင်တွေ ကျေးဇူးနဲ့ ကျုပ် ခေါင်းဆောင် ဖြစ်လာခဲ့တယ်။ ဒီနေ့ဆိုရင် ကျုပ်တို့ ဆီမှာ ဗိုလ်ပေါင်း တရာ့ရှစ်ဦး ရှိနေကြပြီ။ ကျုပ် သိပ်ကို ဝမ်းသာတယ်ဗျာ။ နောင်ကြီး ကျောက်ခဲ ကျသွားပြီးတဲ့နောက်မှာ ကျုပ်တို့တွေ တောင်အောက်ကို ဆင်းတိုက်တိုင်း အထိအခိုက်မရှိ စင်းလုံးချော တောင်ပေါ်ကို ပြန်တက်လာနိုင်ခဲ့တယ်။ ဒါက မိုးကောင်းကင်က ကာကွယ်ပေးနေလို့ပဲ။ ဘယ်သူတဦးတယောက်ရဲ့ အစွမ်းသတ္တိကြောင့် မဟုတ်ဘူးဗျ။ ကျုပ်တို့ညီနောင်တွေ တယောက်ယောက်များ အဖမ်းခံရ၊ အချုပ်ခံရ၊ ဒဏ်ရာရတယ် ဆိုရင်တောင် ချောချောမောမော ပြန်ရောက်ခဲ့တာချည်းပဲ။ ဒါတွေ အားလုံးဟာ မိုး ကောင်းကင်ရဲ့ မှိုင်းမမှုတွေကြောင့်ပဲ။ ကျုပ်တို့က ဝင်ပြီး နာမည်ယူစရာကို မရှိဘူး။ ကနေ့ ဆိုရင် ကျုပ်တို့ တရာ့ရှစ်ယောက်က မှန်ကန်တဲ့ လမ်းစဉ်အတွက် စုစည်းမိကြပြီ။ ဒီလို ကိစ္စမျိုးက ရှေးကနေ ဒီနေ့ထိ မရှိခဲ့သေးဘူး။

“အခုခေတ်မှာက လက်နက်ကိုင်စစ်သည်တွေက သွားချင်ရာ သွားပြီး မြင်လေသမျှ ကို သတ်ချင်သလို သတ်နေကြ၊ ခွင့်မလွှတ်နိုင်လောက်တဲ့ ပြစ်မှုတွေကို ကျူးလွန်နေကြ တယ်။ ကျုပ်စဉ်းစားထားတာက မိုးကောင်းကင်နဲ့ မြေကြီးကို ကျေးဇူးဆပ်တဲ့ ပူဇော်ပွဲတခု ကို ကျင်းပဖို့ပဲ။ ပထမဆုံး ကျုပ်တို့ကို ဆက်ပြီး မှိုင်းမဖို့၊ ကျန်းမာဖို့၊ ဘေးကင်းဖို့၊ ဆက်ပြီး ကြည့်ရှုဖို့ ဆုတောင်းမယ်။ ဒုတိယကတော့ ဧကရာဇ်မင်းမြတ်က ကျုပ်တို့ကို အပြစ်ကြီး တွေကို ခွင့်လွှတ်ပြီး တိုင်းပြည်အတွက် သစ္စာရှိရှိနဲ့ အသက်ဆုံးတဲ့အထိ အမှုထမ်းခွင့်ကို ပေးဖို့ ဆုတောင်းရမယ်။ နောင်ကြီးကျောက်ခဲဟာလည်း မကြာခင်မှာ မိုးကောင်းကင်ကို ရောက်တော့မယ်။ မကြာခင် လူ့ပြည်ကို ပြန်လာပြီး ကျုပ်တို့နဲ့ တွေ့ဆုံခွင့်ရဖို့ ဆုတောင်း ရမယ်။ ပြီးတော့ မီးလောင်လို့၊ ရေနစ်လို့၊ အသတ်ခံရလို့ သေရရှာတဲ့ အပြစ်မဲ့တဲ့သူ တွေလည်း မိုးကောင်းကင်ကို ကံခွင့်ရဖို့ ဆုတောင်းရမယ်။

“ကျုပ် လုပ်ချင်တာကတော့ ဒါပါပဲဗျာ၊ ညီနောင်တို့ ဘယ်လို သဘောရကြသလဲ”

တောပုန်းဗိုလ်များက-

“ သိပ်ကောင်းပါတယ်။ ကောင်းမှုပြုရင် ကောင်းကျိုးပဲ ရလာလိမ့်မယ်”

ဝုရုံက-

“ရှင်ဝိသုဒ္ဓိ ကုန်ဆွန်ရှန်းက ဒီပွဲမှာ ဦးစီးရမယ်ဗျ။ တောင်အောက်ကို လူလွှတ်ပြီး သိက္ခာတော်ရ တာအိုဘုန်းကြီးတွေကို ပင့်ခိုင်းရမယ်။ ပူဇော်ပွဲအတွက် လိုတဲ့ပစ္စည်းတွေကို လည်း ယူခိုင်းရမယ်။ ဖယောင်းတိုင်တွေ၊ ရွှေစက္ကူ၊ ငွေစက္ကူတွေ၊ သစ်သီးတွေ၊ ပန်းတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ သက်သတ်လွတ် ဟင်းလျာတွေ လိုအပ်သမျှ အကုန်လုံး ဝယ်ခိုင်း ရမယ်”

ပူဇော်ပွဲကို ခုနစ်ရက်တိုင်တိုင် ကျင်းပရန် ဆုံးဖြတ်လိုက်ကြသည်။ စတုတ္ထလပြည့်နေ့ မှ စတင်မည်ဖြစ်သည်။ ငွေကို ရေလိုသုံးကာ ပြင်ဆင်စရာကိစ္စအဝဝကို ဆောင်ရွက်ကြ၏။ ပွဲတော်အချိန် နီးလာသောအခါ သစ္စာခန်းမရှေ့တွင် တံခွန်များကို ထူကြ၏။ ခန်းမအတွင်း တွင်လည်း စင်မြင့်သုံးဆင့်ကို ဆောက်ထား၏။ ရတနာခုနစ်ပါးနှင့် သူတော်စင် သုံးပါးတို့၏ ရုပ်တုများကိုလည်း ခင်းကျင်းထား၏။ ဘယ်ညာနှစ်ဖက်တွင်လည်း နက္ခတ်ဆယ့်နှစ်ပါး၏ ရုပ်တုများကိုလည်း ချထား၏။ ယင်းတို့သည် အရေးကြီးသော ပူဇော်ပွဲများတွင် အမှန် တကယ် ကြီးမှူးရသောသူများ ဖြစ်ကြ၏။ ခန်းမပြင်ပတွင်လည်း လောကပါလနတ်မင်းကြီး လေးပါး၏ ရုပ်တုများကို ထားရှိကြ၏။ ထို့နောက် ပူဇော်ဖွယ်ရာများကို ခင်းကျင်းကာ တာအိုဘုန်းကြီးများကို ပင့်၏။ ကုန်ဆွန်ရှန်း အပါအဝင် ဘုန်းကြီးလေးဆယ့်ကိုးပါးက ထိုပွဲတွင် ပူဇော်ကြမည်။

ထိုနေ့မှာ နေသာ၏။ ညရောက်သောအခါ လမင်းကြီးက ဖွေးနေအောင်သာကာ လေပြည်လေညင်းများလည်း တိုက်ခတ်နေ၏။ စုန်ကျန့်နှင့် လူကွမ်းယီတို့က ဦးဆုံး အမွှေးတိုင် ထွန်း၏။ ထို့နောက် ဝုရုံနှင့် ကျန် တောပုန်းဗိုလ်တို့က ထွန်းကြ၏။ ပူဇော်ပွဲကို ဦးစီးသည့် ကုန်ဆွန်ရှန်းက လိုအပ်သလို စီစဉ်ညွှန်ကြား၏။ သူနှင့် ကျန် တာအိုဘုန်းကြီး လေးဆယ့်ရှစ်ပါးတို့က တနေ့ သုံးကြိမ်ကျ ခုနစ်ရက်တိုင်တိုင် ရှိခိုးပူဇော်ကြမည်ဖြစ်သည်။

နိမိတ်လက္ခဏာတခု ပြသပါရန် မိုးကောင်းကင်သို့ စုန်ကျန့်က တောင်းပန်၏။ ဆုတောင်းစာကို စက္ကူပေါ်တွင် ရေးကာ တနေ့ သုံးကြိမ် မီးရှို့ပူဇော်ခြင်းဖြင့် မီးခိုးများသည် မိုးကောင်းကင်၏ ကေရာဇ်မင်းကြီးထံသို့ ရောက်သွားမည်ဖြစ်၏။ ထို့ကြောင့် သတ္တမနေ့ည တတိယယံတွင် အမြင့်ဆုံးစင်မြင့်တွင် ကုန်ဆွန်းရှန်း၊ အလယ်အဆင့်တွင် ကျန်ဘုန်းတော်ကြီးများ၊ အောက်ဆုံးအဆင့် စင်မြင့်တွင် စုန်ကျန့်နှင့် တောပုန်းဗိုလ်များ၊ ကြမ်းပြင်ပေါ်တွင် ကျန်အရာရှိငယ်များက ရပ်လျက် မိုးကောင်းကင်မှ နိမိတ်ပြသရန်

တောင်းပန်နေကြ၏။

ရုတ်တရက် ရာဟုထောင့် မိုးကောင်းကင်မှ အဝတ်အထည်စကို ဆုတ်ဖြဲလိုက်သည့် အသံကြီးကို ကြားလိုက်ရသည်။ အားလုံး မော့ကြည့်လိုက်ကြ၏။ မှောက်ထားသော ရွှေ ကလာပ်နှင့်တူသော အရာတခုကို မြင်လိုက်ရ၏။ ယင်းသည် မိုးကောင်းကင်၏ တံခါးဝဟု လည်းကောင်း၊ မျက်စိဟု လည်းကောင်း ခေါ်ကြသော အရာ ဖြစ်၏။ ပြိုးပြိုးပြက်ပြက် တောက်ပနေရာ ဆည်းဆာချိန် တိမ်တောက်နေသို့ ရှိ၏။ ထိုမျက်စိထဲမှ ခြင်းတောင်း ပုံသဏ္ဌာန် မီးတန်းကြီးတခု ချာချာလည်ကာ ထွက်လာပြီး စင်မြင့်ဆီသို့ ထိုးဆင်းလာ၏။ စင်မြင့်ကို တပတ်လှည့်ပြီးမှ ခန်းမ၏ တောင်ဘက်အစွန်းအနီး မြေကြီးထဲသို့ ဝင်သွား၏။ ထိုအချိန်တွင် မိုးကောင်းကင်၏ မျက်စိလည်း ပိတ်သွားလေပြီ။ တာအိုဘုန်းကြီးများ လည်း စင်မြင့်မှ ဆင်းလာကြ၏။ စုန်ကျန့်က မီးလုံးဝင်သွားသော နေရာကို တူးဖော်စေ၏။ သုံးပေခန့် အနက်တွင် ကျောက်ပြားတချပ်ကို တွေ့ရ၏။ ယင်း၏ မျက်နှာနှစ်ဖက်စလုံးတွင် ထူးဆန်းသော စာများ ရေးထွင်း၏။ စုန်ကျန့်က ဆုတောင်းစာများကို ရှို့ထားသည့် ပြာများကို ကြဲပက်စေ၏။

နောက်တနေ့ မိုးလင်းသောအခါ ဘုန်းကြီးများကို နံနက်ဆွမ်းကပ်ပြီးနောက် ရွှေနှင့် အဝတ်အထည်များကို ကပ်လှူ၏။ ထို့နောက်တွင်မှ ကျောက်ပြားကို စစ်ဆေးကြ၏။ ထူးဆန်းသော စာများမှာ ဖားလောင်းကောင်များနှင့်တူ၏။ သို့သော် မည်သူမျှ မဖတ်တတ် ကြပေ။ သို့သော် ဟို ဟု ခေါ်သော ဘုန်းကြီးတပါးကမူ ဂမ္ဘီရပညာရပ်တွင် ကျွမ်းကျင်၏။ “ဒီလိုစာတွေနဲ့ ရေးထားတဲ့ ကျမ်းနှစ်စောင် ကျုပ်ဆီမှာ ရှိတယ်။ အစဉ်အဆက် ကမ်းလာခဲ့တာပေါ့။ ဒီ မိုးကောင်းကင်စာ အရေးအသားကို ဘယ်လိုဖတ်ရမလဲဆိုတာ အဲဒီ ကျမ်းတွေမှာ ပါတယ်။ ရှေးရှေးကတည်းက ဒီလို ဖားလောင်းပုံ စာတွေကိုပဲ သုံးတာဗျ။ ဒီစာတွေကို ဖတ်တဲ့ နည်းကို ကျုပ် သိတယ်။ ကျုပ် ကြည့်ပါရစေ”

စုန်ကျန့်က ကျေနပ်စွာဖြင့် ကျောက်စာချပ်ကို ကမ်းလိုက်၏။ ဘုန်းကြီးလည်း အချိန် ယူကာ ဖတ်ပြီးနောက် –

“ဒါတွေက ခင်ဗျားတို့ ရဲညီနောင်တွေရဲ့ နာမည်တွေကို ရေးထားတာဗျ။ တဖက်မှာက “မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြ”တဲ့။ ကျန်တဖက်မှာတော့ “သစ္စာရှိမှု မှန်ကန်မှုနှင့် ပြည့်စုံကြ”တဲ့။ ထိပ်မှာက ခုနစ်စဉ်ကြယ်နဲ့ ကြေးမုံတာရာပုံတွေကို ထွင်းထားတယ်။ အောက်မှာ ခင်ဗျားတို့ နာမည်တွေ ရေးထားတယ်။ ခင်ဗျားတို့ သဘောတူရင် ကျုပ် တယောက်စီကို ဖတ်ပြမယ်”

“အရှင်ဘုရား ဒီလျှို့ဝှက်ချက်ကို ဖော်နိုင်တာ ကံကောင်းလိုက်လေဗျာ။ ကျုပ်တို့ သိပ်ကို ကျေးဇူးတင်ပါတယ်။ ရှင်းပြနိုင်ရင်ဖြင့် တသက် ကျေးဇူးမမေ့ပါဘူး။

ကျုပ်တို့ကို ရှုတ်ချထားတာ ရှိရင်လည်း မစိုးရွံ့ပါနဲ့၊ မထိမ်ချန်ပါနဲ့၊ တလုံးမကျန် သိလိုပါတယ် ဘုရား” ဟု ဆိုကာ စုန်ကျန့်က လက်မြောက်သူ ရှောင်ရန်းကို စာရွက်အဝါရောင်များဖြင့် လိုက်၍ ရေးထားရန် ပြောလိုက်၏။ ဟိုက-

“မျက်နှာစာဘက်က စာသုံးဆယ့်ခြောက်ကြောင်းကတော့ အာကာသစိုးနတ်မင်း ကြယ်တွေရဲ့ နာမည်တွေပဲ။ ကျောဘက်က ခုနစ်ဆယ့်နှစ်ကြောင်းကတော့ ဘုမ္မစိုးနတ်မင်း တွေရဲ့ နာမည်ပဲ” ဟု ဆိုကာ သေသေချာချာ ကြည့်ပြီးမှ ရှောင်ရန်းကို ချပေး၏။

မျက်နှာစာဘက်တွင် အာကာသစိုး နတ်မင်း သုံးဆယ့်ခြောက်ပါး၏ ကျောက်စာ၏ ကြယ်အမည်များ ပါရှိ၏။ ယင်းတို့မှာ-

		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	

		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		

ကျောက်စာ၏ ကျောဘက်တွင် ဘုမ္မစိုး နတ်မင်း ခုနစ်ဆယ့်နှစ်ပါး၏ ကြယ်အမည် များကို ရေးထား၏။ ယင်းတို့မှာ-

		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		

		မရန်း[illegible]ဆိတ်		
		[illegible]ယ်		
		ထိ[illegible]တယ်		
		ထိ[illegible]ယ်		
		ကမ္ဘာ[illegible]လုံးမင်း		
		[illegible]		
		[illegible]		
		လက်ရှ[illegible]မင်းသား		
		ထိ[illegible]		
		ကျေ[illegible]သခင်		
		မှ[illegible]ရာ		
		[illegible]		
		[illegible]		
		ကျေ[illegible]တိုင်		
		မျော[illegible]		
		ထိ[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		ဘုံ[illegible]		
		ဘုံ[illegible]ကင်း		
		[illegible]ယင်း		
		[illegible]		
		ထိ[illegible]ယ်		
		[illegible]		
		ထိ[illegible]		
		ထိ[illegible]		
		ထိ[illegible]ယ်		
		ရွှေမျက်[illegible]ကလေး		
		[illegible]		
		ထိ[illegible]		
		[illegible]		
		[illegible]		
		[illegible]		
		[illegible]		

		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	
		[illegible]	

ဘုန်းတော်ကြီးဟိုက ဖတ်ပြီးသွားသောအခါ တောပုန်းဗိုလ်များလည်း အံ့အားကြီး သင့်နေကြလေ၏။ စုန်ကျန့်က-

“ဘယ်သူက ထင်ပါ့မလဲဗျာ။ ကျုပ်လို စာရေးကလေးတယောက်က အမြင့်ဆုံး ကြယ် ဖြစ်နေမယ်လို့။ ညီနောင်တို့၊ ခင်ဗျားတို့ကလည်း နဂိုကတည်းက ကျုပ်နဲ့ အတူတူ မိုးကောင်းကင်မှာ နေခဲ့ကြတာကိုး။ ကနေ့မှာတော့ မိုးကောင်းကင်ကလည်း ပြောပြ လိုက်ပြီ။ ကျုပ်တို့ဟာ သူရဲကောင်းတွေအနေနဲ့ စုစည်းကြတာဟာ မှန်ကန်တယ်တဲ့ဗျ။ ကျုပ်တို့ရဲ့ အရေအတွက်လည်း ပြည့်သွားပြီ။ အဆင့်တွေကိုလည်း မိုးကောင်းကင်ကပဲ ဆုံးဖြတ်လိုက်ပြီ။ အကြမ်းအားဖြင့် အမြင့်တန်းနဲ့ အနိမ့်တန်းပေါ့ဗျာ။ အာကာသစိုးတွေနဲ့ ဘုမ္မစိုးတွေဆိုပြီး ကြယ်တွေရဲ့ အမျိုးအစားအတိုင်းပေါ့။ ခင်ဗျားတို့ တပ်ဗိုလ်တိုင်းဟာ ကိုယ့်အဆင့် ကိုယ် ဆက်ထိန်းထားရမယ်။ ဘာမှ စကားများတာ မကြားချင်ဘူးဗျ။ မိုးကောင်းကင်ရဲ့ အမိန့်ကို လိုက်နာကြရမယ်”

တပ်ဗိုလ်များက-

မိုးကောင်းကင်ရဲ့ အလိုကို မဆန့်ကျင်ရဲပါ” ဟု ဝိုင်းပြောကြ၏။

စုန်ကျန့်က ဘုန်းတော်ကြီးဟိုကို ရွှေစင်ငါးဆယ်သား ကန်တော့၏။ ကျန်ကိုယ်တော် များကိုလည်း သင့်တော်သလို ကန်တော့လိုက်၏။ ဘုန်းတော်ကြီးများလည်း ပူဇော်ပွဲသုံး အသုံးအဆောင်များကို ယူကာ တောင်ပေါ်မှ ဆင်းသွားကြ၏။

စုန်ကျန့်သည် ဝုရုံနှင့် ချူဝုတို့နှင့် တိုင်ပင်ကာ "သစ္စာခန်းမ" ဟူသော ဆိုင်းဘုတ်ကို ခန်းမမျက်နှာစာတွင် ချိတ်ဆွဲရန် စီမံ၏။ ထို့ပြင် 'ညီညွတ်မှုဗိမာန်" ဟူသော ဆိုင်းဘုတ် တခုကိုလည်း လုပ်စေ၏။ ခံတပ်ရှေ့ဘက် တောင်ကြားလမ်းများတွင်လည်း သစ်တပ်ကို ဆောက်စေ၏။ သစ္စာခန်းမ၏ နောက်ဘက် တောင်စောင်းပေါ်တွင် မြားဦးပုံသဏ္ဍာန်ရင်ပြင် တခုဖြစ်လာစေရန် မြေညှိကြ၏။ မြားဦး၏ထိပ်တွင် အဆောင်ကြီးတဆောင်ကို ဆောက်ကာ ယင်းအဆောင်ကြီးမှ အရှေ့ဘက်နှင့် အနောက်ဘက်များကို ထိုးထွက်နေသော အဆောင် ဆွယ် နှစ်ဆောင်ကိုလည်း ဆောက်စေ၏။ အဆောင်ကြီးတွင် ကျောက်ခဲ၏ ကမ္ပည်းတိုင်ကို ထားရှိ၏။ စုန်ကျန့်၊ ဝုရုံ၊ လူ့ဖန်၊ ကောက်ရှိန်းတို့က အရှေ့ဆောင်တွင်၊ လူကွမ်းယီ၊ ကုန်ဆွန်ရှန်း၊ ကုန်မင်း၊ ကုန်လျန်တို့က အနောက်ဆောင်တွင် အသီးသီး နေထိုင်ကြမည်။

တံခွန်အသစ်၊ ကြက်လျှာအသစ်များကိုလည်း လုပ်ကြရ၏။ တောင်ထိပ်တွင် တည်သီး အဝါရောင် အောက်ခံတွင် "မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြ" ဟု စာလုံးဖော်ထား သော တံခွန်ကြီးကို ထူမည်ဖြစ်၏။ သစ္စာခန်းမအရှေ့တွင်လည်း "ရှန်တောင်သား တရား စောင့်သူ" ဟု စုန်ကျန့်ကို ရည်ညွှန်းသော တံခွန်နှင့် "ဟေပေ့သား ကျောက်စိမ်းဗျာလ္လ" ဟု လူကွမ်းယီကို ရည်ညွှန်းသော တံခွန်များကို စိုက်ထူကြမည်။ ထို့ပြင် နဂါးရုပ်၊ ကျားရုပ်၊ ဝက်ဝံရုပ်၊ ကျားသစ်ရုပ်များ၊ တံခွန်များ၊ နဂါးအပြာများနှင့် ကျားဖြူများ၊ အနက်ခံတွင် ကြက်သွေးရောင် ငှက်များ၊ ပန်းဖွားဖြူများ တပ်ထားသော ရွှေပုဆိန်များကို ပုံဖော်ထား သည့် ကြက်လျှာများ၊ တံခွန်ပြာများ ၊ ထီးနက်များ၊ အမြိတ်ချထားသော တံခွန်အနက်များ စသည်တို့ကိုလည်း လုပ်ကြရ၏။ ယင်းတို့ကို တပ်များက အသုံးပြုကြမည်။

ထို့ပြင် ခုနစ်စဉ်ကြယ်တွင် ပါဝင်သော အဓိက ကြယ်ကြီးလေးလုံး၊ မိုးကောင်းကင်နှင့် အရပ်လေးမျက်နှာ၊ အမြုတေသုံးပါးနှင့် ခေတ်ကိုးပါး၊ နက္ခတ်နှစ်ဆယ့်ရှစ်လုံး၊ အင်းကွက် ခြောက်ဆယ့် လေးကွက်၊ ကောင်းကင်ဘုံ ကိုးရပ်နှင့် အင်းရှစ်ကွက်စသည့် မိုးကောင်းကင် နှင့်သက်ဆိုင်သော တံခွန် တရာနှစ်ဆယ့်လေးခုကို ဟိုဂျန်က စီမံချုပ်လုပ်ပေးရ၏။ သတ္တု တံဆိပ်တုံးများကို ကျင်တာကျန်းက သွန်းခတ်ပေးရ၏။

အားလုံး စီမံပြီးသော် ရက်ကောင်းနေ့သာကို ရွေးကာ အာကာသစိုး၊

ဘုမ္ဗစိုးများကို နွားများ၊ မြင်းများ သတ်ကာ ပူဇော်ကြ၏။ "သစ္စာခန်းမ"၊ 'ညီညွတ်မှုဗိမာန်" ဟူသည့် ဆိုင်းဘုတ်တို့ကို ချိတ်ဆွဲကြ၏။ "မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြ" ဟူသော တံခွန် ကြီးကိုလည်း ထူကြ၏။ ခန်းမအဝင်ရှိ တိုင်နှစ်လုံးတွင်လည်း ဟသ်ာပြဒါးရောင် အောက်ခံ တွင် "တော်တည့်မှန်ကန်စွာ သစ္စာရှိစွာ ထက်သန်စွာ အမြဲဆောင်ရွက်ကြ၊ ဥစ္စာခနေ မမက်မောကြနဲ့၊ လူထုကို ဒုက္ခမပေးနဲ့" ဟု ရေးထားသော ဆောင်ပုဒ်ပြားကြီး နှစ်ချပ်ကို ကပ် ထားကြ၏။ စာများကို အထက်မှ အောက်သို့ ညာဘက်ဆောင်ပုဒ်ပြားမှ ဘယ်ဘက်သို့ ဆက်ကာ ရေးထား၏။

ထိုနေ့တွင် စားသောက်ပွဲကြီးတခုကို ကျင်းပကြ၏။ ထိုပွဲတွင် စုန်ကျန့်က "ညီနောင် တို့၊ ခင်ဗျားတို့အားလုံး ကိုယ့်ခေါင်းဆောင်မှုတာဝန်ကို ထမ်းဆောင်ကြပါ။ အမိန့်ကို မပျက် မကွက် နာခံကြပါ။ အမိန့်ကို လိုက်နာဖို့ အကြောင်းမဲ့ ပျက်ကွက်သူတွေကို စစ်စည်းကမ်း အရ အပြစ်ပေးမယ်။ သက်ညှာလိမ့်မယ် မထင်ကြနဲ့"

ထို့နောက် သူက ကွပ်ကဲမှုအဆင့်ဆင့်ကို ဖတ်ပြရာ အောက်ပါအတိုင်း ဖြစ်၏။

တပ်မှူးကြီးများ

တရားစောင့်သူစုန်ကျန့်၊ ကျောက်စိမ်းဗျာလ္လလူကွမ်းယီ

စစ်ဦးစီးမှူးများ

ဝိဇ္ဇာခိုရ်ဝုရုံ၊ တိမ်နဂါးကုန်ဆွန်ရှန်း

ငွေကြေးနှင့် သီးနှံ ကြီးကြပ်ထိန်းသိမ်းရေးမှူးများ

လေပွေလေးကျဲ့ကျင်း၊ လင်းယုန်မာန်လီယင်း

မြင်းတပ် တပ်မှူးကြီးများ

လှံပုဆိန်ကြီးကွမ်ရှိန်း၊ ကျားသစ်ခေါင်းလင်ချုံး၊ မိုးကြိုးသွားချင်မင်း၊ တင်ကျည်း နှစ်လက်ဟူယန်ကျို့၊ လှံနှစ်စင်းဗိုလ်တုန်ပင်း

ရှေ့ပြေး မြင်းလျင်တပ်မှူးများ

နတ်မြားရှင်ဟွရုံ၊ ချိတ်လှံဗိုလ်ရှုနင်၊ ဗိုလ်မှတ်ကျော်ယန်ချီ၊ ရှေ့ပြေးခြေမြန်စိုကျောက်၊ အမြီးမဲ့မြားချန်ကျင်၊ မုတ်ဆိတ်ချူတုံ၊ နဂါးကိုးကောင်ရှိကျင်း၊ ဒေါနကြီးမူဟုန်

အဝေးကင်းထောက်နှင့် ကင်းရှည် မြင်းတပ်မှူးများ

တောင်သုံးလုံးနှိမ်နင်းသူဟုန်ဆင့်၊ ဗိုလ်ချုပ်ပျော့ဆွန်လီ၊ သမက်ကိုရုပ်ဆိုးရွှန်ဇန်၊ တောခွေးဟောင်စီဝင်၊ ပွဲတိုင်းကျော်ဟန်တောင်၊ နတ်မျက်စိဖိန့်ချီ၊ ရေဗိုလ်ချုပ်ရှန်တင်းကွီ၊ မီးဗိုလ်ချုပ်ဝေတင်းကို့၊ တိမ်ညွှန့်စားသည့်ရွှေတောင်ပံအိုပင်း၊ မျက်ခုံးနီတိန်ဖ၊ ဗိုလ်ကျားကြော့ယန်ရှင့်၊ မှင်စာပလွေဆရာမာလင်း၊ ကမ်းခုန်ကျားချင်တ၊ မြွေပြောက်ဖြူ ယန်ချွန်း၊ ဗိုလ်ကျားသစ်ရန်လင်း၊ ဘုရင်ငယ်ချူတုန်း

ခြေလျင်တပ် တပ်မှူးကြီးများ

မင်သေ့ကိုယ်တော်ရှင်ဉာဏ၊ ဘုရားဖူးဝုဆုန်၊ မွေးနီလျူထန်၊ ကျားပုံလွေ့ဟုန်၊ လေပွေနက်လီကွေ့၊ လူရည်ချွန်လေးယန်ချင်း၊ ပိုးဟပ်ဖြူရန်စုံ၊ တဇောက်ကန်းရှိဖူ၊ ခေါင်း နှစ်လုံးမြွေရှိချင်၊ အမြီးနှစ်ခွကင်းမြီးကောက်ရှိပေါင်

ခြေလျင်တပ် တပ်မှူးငယ်များ

ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရွီ၊ ယမမင်းပေါက်ရှု၊ လက်ရှစ်ဖက်နေဇာမင်းသားရှုံချုံး၊ နတ်ပုံလီကွန်း၊ ကျားနာစွေ့ယုံ၊ ရွှေမျက်လုံးရှင်ကျားကလေးရှိအန်၊ ဒေါနလေဒမူချွန်း၊ ကျားဗိုလ်ချုပ်လီချုံး၊ ဗိုလ်ရုပ်ချောချန်တန်ရှု၊ တိမ်တမန်ဆုံဝမ်၊ အာကာပုံဒူရှန်း၊ တော ပျော်နဂါးစို့ယွမ်၊ ချိုတချောင်းနဂါးစို့ရွှန်၊ ကျားလည်ပင်းကုန်ဝမ်၊ မြားမှန်ကျားတင်းတဲ့ဆွန်၊ မညာတမ်းကျောက်ထိန်၊ ဗိုလ်ဂျင် ရှိယုံ

ရေတပ် တပ်မှူးများ

ရေနဂါးလီကျွမ်း၊ လှေမီးလှုံချန်ဟင်း၊ ဒီလှိုင်းဖြူချန်ရွှန်း၊ ဘီလူးဖိုးရုံကြီး၊ ယက္ခဖိုးရုံ ငယ်၊ ကုမ္ဘာန်ဖိုးရုံကလေး၊ လိုဏ်ဂူနဂါးတုန်ဝေ့၊ မြစ်မွှေတုတ်တုန်မင်း

သတင်းစုဆောင်းရေး၊ ကြိုဆိုရေး ထမင်းဆိုင် တာဝန်ခံများ

တုန်ရှန် ထမင်းဆိုင် - ဗိုလ်ချုပ်လေးဆွန်ရှင့်၊ ကျားမမခု

စိရှန် ထမင်းဆိုင် - ဥယျာဉ်မှူးကျန်ချင်း၊ စုန်းမဆွန်

နန်ရှန် ထမင်းဆိုင် - ကုန်းမိချောင်းချူကွီ၊ ဘီလူးမျက်နှာထူရှင့်

ပေရှန် ထမင်းဆိုင် - ဗိုလ်ငရဲလီလီ၊ လျှပ်စီးဝမ်တိန့်လျူ

ကင်းထောက်ချုပ်

နတ်ခြေမြန်ထိုက်ချို

ခြေလျင် လျှို့ဝှက် ချောပို့ တာဝန်ခံများ

သံလည်ချောင်းကွေ့ဟို၊ ခွေးရှေ့ဝါတွမ်ကျင်ချူ၊ ကြွက်ဝမ်းဖြူပိုက်ရှန်း

ဌာနချုပ် လုံခြုံရေးတာဝန်ခံများ

မြို့စားလေးလူ့ဖန်၊ ရောင်ကွေ့ငယ်ကောက်ရှိန်း

ဌာနချုပ် ကင်း ခြေလျင်တပ် တာဝန်ခံများ

ကြယ်တံခွန်ကုန်မင်း၊ မီးရှူးကြယ်ကုန်လျန်

ပြစ်ဒဏ်စီရင်ရေး တာဝန်ခံများ

သံလက်ရုံးကိုင်ဖု၊ ပန်းတပွင့်ကိုင်ချင်း

မြင်းစီးဆက်ဆံရေး အရာရှိများ

ဗိုလ်ကျားပုဝမ်ယင့်၊ သံမဏိတာမဟူ

လက်ထောက် စစ်ဦးစီးမှူး

စစ်ကျွမ်းသူချူဝု

အောက်ပါအရာရှိများကို အုပ်ချုပ်မှုကိစ္စများအတွက် တာဝန်ပေး၏။

စာပေးစာယူနှင့် အမိန့်ထုတ်ပြန်ရေး ⍰ လက်မြောက်သူရှောင်ရန်း

စစ်ဘက်အရပ်ဘက် ဆုပေး/ဒဏ်ပေးရေး ⍰ ဗိုလ်သီလဖေရှွန်း

စာရင်းကိုင် (ငွေကြေး+ရိက္ခာ) ⍰ စေတလုံး သချ်ာဝိဇ္ဇာကျန်ကျင်း

လှေ တည်ဆောက်ရေး ⍰ ကျောက်စိမ်းတိုင်မိန်ကွမ်း

တံဆိပ်ထုတ်လုပ်ရေး ⍰ ကျောက်စိမ်းလက်သခင်ကျင်တာကျန်း

အထည်ချုပ်လုပ်ရေး ⍰ မျောက်လွှဲကျော်ဟိုဂျန်

မြင်းဆေးသမား ⍰ မရန်းရောင်မုတ်ဆိတ်ဟွမ်ဖူးတွမ်

လက်နက်နှင့် ချပ်ဝတ်ထုတ်လုပ်ရေး ⍰ ရွှေကျားသစ်ထန်လုံ

အမြောက်ထုတ်လုပ်ရေး — မိုးယံခြိမ့်ခြိမ့်လင်းချင်

အိမ်ရာ တည်ဆောက် / ထိန်းသိမ်းရေး — ကျားမျက်လုံးလီယွမ်း

သားသတ် တာဝန်ခံ — ဝက်လှီးကောက်စိန်

ပွဲလမ်းသဘင် တည်ခင်းရေး — သံယပ်တောင်စုန်ကျင့်

စိမ်ရည်ထုတ်လုပ်ရေး — ကျားအပြုံးချူဖူ

ခံတပ် တည်ဆောက်/ထိန်းသိမ်းရေး —
လိပ်ပွေညှပ်မီးတောက်ချုံဝမ်း

တံခွန်တိုင် တာဝန်ခံ — လမ်းဆိုးနတ်ယူပေါက်စီ

အထက်ပါ အုပ်ချုပ်မှုအရာရှိများ လက်အောက်တွင် ကြီးကြပ်ရေးမှူးတဦးကျစီကို လည်း ခန့်ထားသည်။ ဤအမိန့်ကို ဤသို့ ရက်စွဲတပ်ထား၏။

"ရှမ်ပော့ခေတ်[2] ဒုတိယနှစ် စတုတ္ထလ ဤ မင်္ဂလာရှိသော နေ့ရက်တွင် လျှံရှန်းတောင် အစည်းအဝေးကြီးတွင် ဤတာဝန်များကို အပ်နှင်းကြောင်း ကြေညာလိုက်သည်" အရာရှိအသီးသီးတို့ကို ဆိုင်ရာ အမိန့်တံဆိပ်များ အပ်နှင်းပြီးနောက် အစည်းအဝေး ပြီးဆုံးသွား၏။ မိမိတို့ တာဝန်ကျရာ အသီးသီးသို့ သွားရောက်ကြ၏။ တာဝန်အပ်နှင်းခြင်း မခံရသူများမှာ မြားဦးပုံရင်ပြင်၏ ရှေ့ဘက်နှင့် နောက်ဘက်ရှိ အဆောင်များကို ပြန်ကာ နားနေကာ အမိန့်စောင့်နေကြ၏။

စုန်ကျန့်သည် နေ့ကောင်းရက်သာ တရက်ကို ထပ်ရွေးကာ အမွေးတိုင်များကို ထွန်းညှိပြီး စည်တီးကာ တပ်ဗိုလ်များကို ဆင့်ခေါ်၏။ ခန်းမထဲတွင် လူစုံသော် စုန်ကျန့်က-

"ဒီနေ့ ကိစ္စက သာမန်မဟုတ်ဘူး။ ကျုပ်မှာ ပြောစရာ ရှိလို့ပါ။ ကျုပ်တို့က အာကာသ စိုး၊ ဘုမ္မစိုးကြယ်တွေအနေနဲ့ စုဝေးနေတာဖြစ်တယ်။ ဒါကြောင့် သေတဲ့အထိ စည်းလုံး ကြမယ်။ တယောက် ဘေးသင့်ရင် တယောက် ကယ်မယ်၊ တယောက် အခက်တွေ့ရင် တယောက်က ကူမယ်၊ တိုင်းပြည်ကိုပူးပေါင်းကာကွယ်မယ်၊ လူထုအေးချမ်းသာယာရေးကို ထိန်းသိမ်းမယ်လို့ မိုးကောင်းကင်ကို တိုင်တည်ပြီး သစ္စာဆိုရမယ်"

တပ်ဗိုလ်များက လှိုက်လှိုက်လှဲလှဲ သဘောတူကြ၏။ အားလုံး အမွေးတိုင်များ ထွန်းကာ ဒူးထောက် ကန်တော့ကြ၏။ စုန်ကျန့်က-

“ကျုပ်ဟာ စာရေးလေးတယောက်သာ ဖြစ်ခဲ့ပါတယ်။ စာလည်း မတတ်ပါဘူး။ တခြားအရည်အချင်းလည်း မရှိပါဘူး။ ဒါပေမဲ့ မိုးကောင်းကင်နဲ့ မြေကြီးတို့ရဲ့ စောင့်ရှောက်မှု၊ နေမင်းနဲ့ လမင်းထွန်းလင်းမှုတို့ရဲ့ ကျေးဇူးကြောင့် ကျုပ်တို့ညီနောင်တွေဟာ ကျူအင်း အလယ်ကောင်က ဒီလျံရှန်းတောင်မှာ စုဝေးပြီး ရဲရင့်သူတွေရဲ့ အသိုက်အမြုံတခုကို ထူထောင်နိုင်ခဲ့ကြတယ်။ ခုဆိုရင် ကျုပ်တို့ရဲ့ အင်အားဟာ တရာ့ရှစ်ယောက် ရှိသွားပြီ။ ဒီကိန်းဂဏန်းဟာ မိုးကောင်းကင်က စီမံပေးတဲ့အပြင် လူတွေရဲ့ စိတ်နှလုံးကပါ နှစ်သက် စေတဲ့ ကိန်းဂဏန်းပါ။ ဒီနေ့ကစပြီး ကျုပ်တို့ထဲက တယောက်ယောက်ဟာ မသင့်လျော်တဲ့ အပြုအမူကို တမင်ကျူးလွန်ခဲ့ရင်၊ ဒါမှမဟုတ် ကျွန်ုပ်တို့ရဲ့ သူရဲကောင်းဥပဒေတွေကို ချိုးဖောက်ခဲ့ရင် မိုးကောင်းကင်နဲ့ မြေကြီးက သူ့ကို ဒဏ်ခတ်ပါစေ။ နတ်ရော လူပါ သူ့ကို ဖျက်ဆီးပါစေ။ လူပြန်မဖြစ်ဘဲ ငရဲအိုးမှာ ချိုးကပ်ပါစေလို့ ဆုတောင်းရမယ်။ တိုင်းပြည်ကို တည်ကြည်သစ္စာရှိရှိ အမှုထမ်းမယ်၊ မိုးကောင်းကင်ကိုယ်စား အရေးယူဆောင်ရွက်မယ်၊ ကျုပ်တို့တိုင်းပြည် နယ်စပ်ကို ကာကွယ်ပြီး လူထုကို လုံခြုံမှုပေးမယ်လို့လည်း သစ္စာပြု ရမယ်။ မိုးကောင်းကင်က စစ်ဆေးတာကို ဂုဏ်ရောင်ပြောင်ပြောင်နဲ့ တုံ့ပြန်ရမယ်”

တပ်မိုလ်များလည်း သံပြိုင်ပင် သစ္စာဆိုလိုက်ကြ၏။ ထိုနေ့တွင် တဖန်ပြန်၍ သွေးသစ္စာ ဆိုလိုက်ကြ၏။ ထို့နောက် စိမ်ရည်ကို အမြောက်အမြား သောက်ပြီးမှ လူစုခွဲလိုက်ကြ၏။

ချစ်သော စာရှုသူ။ ဤသည်ကား လျှံရှန်းတောင်ရိုးတွင် စုဝေးမိကြသော လူစွမ်းကောင်း အစုအဝေးကြီး ဖြစ်လေ၏။ ဤလူစွမ်းကောင်းတို့၏ မူလဇာစ်မြစ်နှင့် တာဝန်တို့မှာ ပြဋ္ဌာန်း သတ်မှတ်ထားပြီးသား ဖြစ်၏။ ကျွန်ုပ်တို့ အတုလိုက်ယူရန် မသင့်ပေ။

ရဲရင့်သူတို့သည် သီးခြားစီ ဖြစ်စေ၊ တဖွဲ့တသင်းကို ခေါင်းဆောင်ကာ ဖြစ်စေ၊ တပ်မိုလ် သုံးလေးဦးစုကာ လမ်းမကြီးကို လှည့်ကြ၏။ သာမန်ခရီးသွားများ၊ ကုန်သည်များကိုမူ ဒုက္ခမပေးကြပေ။ သို့သော် အရာရှိကြီးတဦးဦးနှင့် တိုးပါမူ သူ၏ ဘဏ္ဍာသေတ္တာများကို အလေးချိန် လျော့သွားအောင် လုပ်ပေးတတ်ကြ၏။ သူ၏ မိသားစုများကိုလည်း တယောက် မှ ချန်မထားပေ။ လု၍ရသော ဘဏ္ဍာများကို တောင်ရိုးပေါ်ရှိ ဘဏ္ဍာတိုက်သို့ ပို့ကာ ဘုံပိုင် အဖြစ် သုံးကြမည်။ အပရိက အသုံးအဆောင်များကိုမူ ငယ်သားများသို့ ခွဲဝေပေးကြ၏။

တောင်ရိုးစခန်းပတ်ပတ်လည် လီသုံးရာအတွင်းရှိ ပြည်သူကို ဖိနှိပ်နေသော လူကုံထံ မိသားစုများကို ပြောင်ပင် လုယက်ကြ၏။ မည်သူက ဟန့်တားရဲပါမည်နည်း။ ထိုကဲ့သို့သော သူများ၊ ချမ်းသာစပြုလာသူများ၏ ဘဏ္ဍာများကို အဝေးအနီး မရှောင် စီးနင်းတိုက်ခိုက် လုယူကြ၏။ ထိုသို့

စီးနင်းတိုက်ခိုက်ကြသည်မှာ အကြိမ်တထောင် ကျော်၏။ မည်သူမျှလည်း သူတို့ကို မခုခံနိုင်။ အတိုက်ခံ အလုခံရသူများက တိုင်ကြားမည်ကိုလည်း ဂရုမစိုက်။ မည်သူမျှလည်း မပဟာရဲကြသဖြင့် အမှုပေါ်ပေါက်သည်ဟုလည်း မရှိချေ။

စုန်ကျန့်ကား သစ္စာဆိုပွဲပြီးကတည်းက တောင်ပေါ်တွင်သာ နေထိုင်၏။ ပူလောင် လှသော နွေဥတုကို ဆောင်းဦးရာသီ၏ အအေးဓာတ်က အစားထိုးလိုက်လေပြီ။ ကိုးလ ကိုးရက် ပွဲတော်လည်း နီးကပ်လာလေပြီ။ ရန်ကျန့်က စုန်ကျင့်ကို ဂန္ဓမာပန်းကြည့်ပွဲတော် ကျင်းပရန် အမိန့်ပေး၏။ ခံတပ်မှ အဝေးတွင် ရောက်နေသူများကို ပြန်ခေါ်စေ၏။

ထိုနေ့တွင် အသားများ တောင်လိုပုံနေကာ စိမ်ရည်များလည်း ပင်လယ်ဝေနေ၏။ ခံတပ်ပတ်ပတ်လည်ရှိ မြင်းတပ်၊ ခြေသည်တပ်၊ လှေတပ်များ တပ်မှူးငယ်များထံသို့ အသားနှင့် စိမ်ရည် အမြောက်အမြားကို ဦးစွာ ပို့ထားစေ၏။ သူတို့သည်လည်း ဝိုင်းဖွဲ့ကာ စားသောက်နိုင်ကြစေရန် ဖြစ်၏။

သစ္စာခန်းမပတ်လည်တွင် ဂန္ဓမာပန်းများ ဝေနေ၏။ တပ်မိုလ်များသည် အဆင့်အလိုက် နေရာယူကြ၏။ ခန်းမရှေ့ဝဲယာမှ ကြေးလင်ပန်းသံ ဗုံသံများဖြင့် အချက်ပေးလိုက်၏။ တပ် မိုလ်များသည်လည်း စိမ်ရည်ခွက်ကို မြှောက်ကာ တူများကို ပင့်ကာ စားကြ သောက်ကြ ရယ်ကြ မောကြနှင့် သောသောညံနေလေ၏။ မာလင်းက ပလွေမှုတ်ကာ သီချင်းဆို၏။ ယန်ချင်းက ကြိုးခုနစ်ချောင်းတပ် "ချင်' ဗျပ်စောင်းကို တီး၏။

တရွေ့ရွေ့နှင့် မိုးချုပ်သွားလေပြီ။ စုန်ကျန့်သည်လည်း အတော်ပင် ရေချိန်ကိုက်နေ လေပြီ။ စာရွက်နှင့် စုတ်တံတောင်းကာ ကဗျာတပုဒ်ရေး၏။ ရေးပြီးသောအခါ ဂီတသံနှင့် တွဲဖက်ကာ ဆိုပြလေ၏။

ယင်း ကဗျာမှာ-

ကိုးနှစ်ထပ်ကို တို့ ကြိုဆို

စိမ်ရည်ကောင်းကောင်း ဖောက်ထားသကို

ရေပြင်ပြာပြာ ကမ်းစွယ်ရဲရဲ

ကျူးတွေ ဝါလို့ ဝါးတွေ မှောင်လို မည်း

ငါ့ခေါင်းထက်မှာ ဆံဖြူတွေ တိုးလို့ တိုးလို့နေ

ဒါပေမဲ့လည်း ဂန္ဓာမာတပွင့် ငါ့နားထက်မှာ ပန်တင့်

မိတ်ဆွေတွေကို တန်ဖိုးထားပါ

ရွှေထက် ကျောက်ထက် အဖိုးတန်တာ

ရန်သူရိုင်းတွေကို ထိန်းချုပ်လို့ တို့အမိမြေကို ကာကွယ်ဖို့

စည်းကမ်းကျပ်လို့ အမိန့် မှန်စို့

ကျူးကျော်ရန်သူ တွန်းလှန်ကာ

တိုင်းပြည်လူမျိုး ကာကွယ်မှာ

အရာရှိတွေ ကောက်ကျစ်စွာ ငါတို့တွေကို အပြစ်ရှာ

ဘုန်းတော်ကြီးလှအရှင်ဘုရား လွတ်ငြိမ်းခွင့်ကို ပေးပါဘုရား

ကျွန်ုပ်တို့ စိတ်ဝမ်း ငြိမ်းစေသား

ဝုဆုန်က လှမ်းအော်၏။

"တနေ့လာ လွတ်ငြိမ်းခွင့်၊ တနေ့လာ လွတ်ငြိမ်းခွင့်နဲ့ ကျုပ်တို့ကို အားပြတ်အောင် လုပ်နေပါလား"

လေပွေနက်ကလည်း မျက်လုံးများ မီးဝင်းဝင်းတောက်လျက် -

"လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းခွင့်နဲ့ ဘယ်သူကများ ဒီ သောက်လွတ်ငြိမ်းခွင့်ကို လိုချင် နေလို့လဲ" ဟု ဆိုကာ စားပွဲကို ကန်လိုက်ရာ စားပွဲပေါ်ရှိ ပစ္စည်းအားလုံး ကျကွဲကုန်လေ၏။

စုန်ကျန့်က-

"ဒီငမည်းကောင်က ရိုင်းလှချေလား။ အစောင့်တွေ လာစမ်း၊ ခေါ်ထုတ်သွား။ ခေါင်း ဖြတ်လိုက်ကြ"

တပ်မိုလ်များက ဒူးတုပ်ကာ ဝိုင်းတောင်းပန်ကြ၏။ "သူ မူးနေလို့ပါ၊ ခွင့်လွှတ်ပါ နောင်ကြီး"

"ကဲ ထကြပါ ညီနောင်တို့၊ သူ့ကိုပဲ ထောင်ထဲ ထည့်ထားလိုက်"

တပ်မိုလ်များလည်း စိတ်သက်သာရာ ရသွား၏။ ထောင်ကြပ်များက လီကွေ့နားသို့ ကပ်လာကြ၏။

လီကွေ့က-

“ငါ အဖမ်းမခံမှာ ကြောက်နေကြသလား၊ နောင်ကြီးက ငါ့ကို နုပ်နုပ်စဉ်းခိုင်းလိုက်ရင် တောင် ငါက ငြင်းမှာ မဟုတ်ပါဘူး။ သူ ငါ့ကို သတ်လည်း ဂရုမစိုက်ဘူး။ မိုးကောင်းကင် ကိုတောင် ငါ မကြောက်ပေမယ့် သူ့စကားတော့ နားထောင်မယ်”

သူက ထောင်ကြပ်များနှင့်အတူ ထောင်သို့လိုက်သွားလေ၏။ ဤအဖြစ်အပျက်ကြောင့် စုန်ကျန့် အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွား၏။ ဝုရုံက လာ၍ ချော့ရှာ၏။

“နောင်ကြီး စီစဉ်တဲ့ ပွဲမှာ လူတိုင်းပဲ ပျော်ကြပါတယ်။ လီကွေ့ကတော့ လူကြမ်း လူရမ်းမဟုတ်လား။ နည်းနည်းတော့ လွတ်သွားတာပေါ့။ ဒါကိုများ စိတ်ထဲထည့်မနေပါ နဲ့ဗျာ။ လာပါ၊ ညီနောင်တွေနဲ့ ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင်”

“ကျုပ် ကျန်းကျို့မှာ အရက်မူးပြီး တော်လှန်တဲ့ကဗျာကို ရေးတော့ သူက ကျုပ် အတွက် တိုက်ခိုက်ပေးခဲ့တယ်။ ဒီနေ့ ကျုပ် နောက်ထပ် တပုဒ်ရေးတော့ သူ့ကို သတ်မိတော့မလို့။ ခင်ဗျားတို့ညီနောင်တွေက ဝိုင်းပြောကြလို့။ ကျုပ်က လီကွေ့ကို သိပ်ခင်တာဗျ။ သူနဲ့ ကျုပ်က အသားနဲ့ အရိုးလိုပဲ။ ကျုပ် မရှက်နိုင်ဘူးဗျာ။ ငိုမိတယ်”

ဝုဆုန်ဘက်သို့ လှည့်ကာ-

“နောင်ကြီး၊ နောင်ကြီးက ဉာဏ်ရှိပါတယ်။ ကျုပ်က လွတ်ငြိမ်းခွင့်ကို ပြောနေတာက ကျုပ်တို့တွေ လူရိုးသေ ရှင်ရိုသေ ပြန်ဖြစ်အောင်လို့ မင်းမှုထမ်းဘဝနဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ဖို့ အတွက်ပါ။ ဘာဖြစ်လို့ အားပြတ်ရမှာလဲ”

ရှင်ဉာဏက-

“ခုခေတ်မှာ အရပ်ဘက်ရော စစ်ဘက်ပါ ဝန်ကြီးတွေအားလုံးက လူလိမ်လူကောက် တွေချည်းပဲ။ ကေရာဇ်မင်းကြီးကို သူတို့က အရူးလုပ်နေကြတာဗျ။ ဒီကောင်တွေ အကျင့် စရိုက်က မည်းညစ်လိုက်တာမှ ကျုပ် ကိုယ်ရုံအတိုင်းပဲ။ ရွှေနန်းတော်ကြီးကို သန့်စင် သွားအောင် ဘယ်သူကများ ဆေးပါ့မလဲ။ လွတ်ငြိမ်းခွင့်တခုတည်းနဲ့တော့ မပြီးသေးဘူးဗျ။ ကဲပါ၊ နှုတ်ဆက်ပွဲလုပ်ကြရအောင်။ မနက်ဖြန်ဆို အားလုံး ကိုယ့်နေရာ ကိုယ်ပြန်တော့မယ်။ ဒီကိစ္စ ဒီလောက်နဲ့ပဲ ထားလိုက်ကြရအောင်”

“ကဲ နားထောင်ကြပါ ညီနောင်တို့။ ကေရာဇ်မင်းကြီးက မြင့်မြတ်တယ်၊

သန့်စင်တယ်၊ သူ့အနားမှာ အကျင့်တန်တဲ့ မှူးမတ်တွေ ဝိုင်းနေလို့ ယာယီအားဖြင့် ဝေခွဲမရ ဖြစ်နေ တာပါ။ ဒါပေမဲ့ တိမ်တွေ စင်သွားပြီး နေသာမယ့် ရက်ကိုတော့ ရောက်လာမှာ မလွဲဘူး။ ကျုပ်တို့က မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်နေတာ။ လူထုကို ဘေးမပြုဘူး ဆိုတာကို သိလာပါလိမ့်မယ်။ ကျုပ်တို့ကိုလည်း ခွင့်လွှတ်ပါလိမ့်မယ်။ ကျုပ်တို့က တိုင်းပြည်အတွက် တစိတ်တဝမ်းတည်းနဲ့ ထူးထူးချွန်ချွန် အမှုထမ်းရမယ်။ ဒါထက်ကောင်းတာ ဘာရှိသေးလဲ ဗျာ။ ဒါကြောင့် ကျုပ်က လွတ်ငြိမ်းခွင့် မြန်မြန်ရဖို့ မျှော်လင့်နေတာပါ။ ကျုပ်ကတော့ တခြား ဘာကိုမှ မလိုချင်တော့ဘူး”

တောပုန်းဗိုလ်များက စုန်ကျန့်ကို ကျေးဇူးတင်ကြောင်း သူ့ထက်ငါ အလုအယက် ပြောလေ၏။ စိတ်လက်ပေါ့ပါးစွာဖြင့် သောက်ကြ စားကြ၏။ ညစာစားပွဲပြီးနောက်တွင် မိမိတို့ တာဝန်ကျရာသို့ ထွက်သွားကြလေ၏။

နောက်တနေ့ စောစောတွင် တပ်ဗိုလ်အချို့တို့က လီကွေ့ကို သွားကြည့်ကြ၏။ သူကား အိပ်ကောင်းတုန်း။ သူ့ကို မနည်းနှိုးကြရ၏။

“မနေ့ညက နောင်ကြီး တော်တော်မူးသွားတယ်။ ပြီးတော့ နောင်ကြီးစုန်ကျန့် ကိုလည်း ဆဲသေးတယ်။ ခုတော့ နောင်ကြီး ကွပ်မျက်ခံရတော့မယ်”

“ကျုပ် အိပ်မက်ထဲတောင် ယောင်လို့ မဆဲရဲပါဘူးဗျာ။ ဒါပေမဲ့ နောင်ကြီးက သတ်ချင် သပဆိုလည်း သတ်ပါစေဗျာ”

သူ့ကို ခန်းမဆီသို့ ခေါ်သွားပြီး ချမှတ်ရမည့် ပြစ်ဒဏ်ကို စုန်ကျန့်အား မေးကြ၏။ စုန်ကျန့်က လီကွေ့ကို နစ်နစ်နာနာ ပြော၏။

“ငါ့လက်အောက်မှာ လူတွေ အများကြီး ရှိတယ်ကွ။ သူတို့က မင်းလို ရိုင်းရိုင်းစိုင်းစိုင်း လုပ်လာကြရင် ဘယ်လို စည်းကမ်းစနစ်တကျ ရှိပါတော့မလဲ။ ညီနောင်တွေ မျက်နှာ ထောက်လို့ မင်းကို အဆုံးမစီရင်ဘူး၊ ဆိုင်းငံ့ထားမယ်။ နောက်တခါ ဒီလို ထပ်ဖြစ်ရင်တော့ နာပြီသာ မှတ်တော့”

လီကွေ့လည်း ညိုးညိုးငယ်ငယ်နှင့် တခုခုကို ဆီမန်းမန်းသလို တတွတ်တွတ် ရွတ်ရင်း ထွက်သွားလေ၏။ တပ်ဗိုလ်များလည်း လူစုခွဲလိုက်ကြ၏။

ဆောင်းယဉ်စွန်းချိန် နီးလာသည်အထိ ဘာမျှ ထူးထူးခြားခြား ဖြစ်မလာပေ။ ဆီးနှင်းများ ကျလာပြီ။ လောကတခုလုံးကို ငွေသားခြုံလွှာကြီးဖြင့် အုပ်ထားလိုက်ပြီ။ နေသာသော နေ့တနေ့တွင် တေ တောင်ခြေမှ စစ်သည်တယောက် လာ၍ သတင်းပို့၏။

"ခုနစ်လီ ရှစ်လီလောက်မှာ အရှေ့နေပြည်တော်ကို မီးပုံးတွေ သွားပို့တဲ့ လိုင်ကျို့က လူတအုပ်ကို ဖမ်းထားတယ်။ ဘယ်လိုလုပ်ရမလဲ"

စုန်ကျန့်က-

"သူတို့ကို ကြိုးနဲ့ မတုပ်နဲ့။ ဒီကို ခေါ်ခဲ့"

ခဏအကြာတွင် ခရီးသွားများ ခန်းမတွင်းသို့ ရောက်လာလေ၏။ နှစ်ယောက်မှာ ဘိလစ်စာရေးကြီးများ ဖြစ်၏။ ကျန် ရှစ်ယောက် ကိုးယောက်ခန့်မှာ မီးပုံးပညာရှင်များ ဖြစ်ကြ၏။ မီးပုံးများမှာ လှည်းငါးစီးတိုက်မျှ ရှိ၏။ သူတို့၏ ခေါင်းဆောင်ဖြစ်သူက-

"ကျွန်တော်က လိုင်ကျို့က ဘိလစ်စာရေးပါ။ နှစ်တိုင်းပဲ နေပြည်တော်က ကျွန်တော် တို့ ပြည်နယ်ကို မီးပုံး သုံးဆင်စာ မှာပါတယ်။ ဒီနှစ်တော့ နှစ်ဆင်စာ ထပ်တိုးပါတယ်။ မီးပုံး တွေက အသွေးကိုးမျိုးနဲ့ လုပ်ထားတာပါ။ သိပ်ကို လက်ရာမြောက်ပါတယ်"

စုန်ကျန့်က ခရီးသွားများကို စိမ်ရည်၊ အသားတို့ဖြင့် ဧည့်ခံကာ မီးပုံးများကို ပြသ ခိုင်း၏။ မီးပုံးပညာရှင်များက သစ္စာခန်းမ၏ ဒိုင်းမြားများမှ ကြမ်းပြင်ထိ လေးဖက်လေးတန် တွင် မီးပုံးရှစ်ဆယ့်တစ်လုံးကို ချိတ်ဆွဲပြကြ၏။

စုန်ကျန့်က-

"ကျုပ်ကတော့ ခင်ဗျားတို့ မီးပုံးတွေကို အကုန်လိုချင်တာပါပဲ။ ခင်ဗျားတို့ ပြသနာ တက်မှာ စိုးလို့သာ။ ဒီတော့ဗျာ၊ အသွေးကိုးမျိုးနဲ့ မီးပုံးတဆင်စာပဲ ထားခဲ့ပါ။ ကျန်တာ တွေကို အပ်လိုက်ပေါ့။ ဒီမှာ ငွေစင် ငါးဆယ်သားပါ။ ဒုက္ခပေးရတာ အားနာပါတယ်"

ခရီးသည်များက ကျေးဇူးတင်စကား ပြောကာ ထွက်ခွာသွားကြ၏။ ထိုမီးပုံးများကို ကျောက်ခဲအထိမ်းအမှတ် ဗိမာန်တွင် ချိတ်ဆွဲကာ ထွန်းညှိထားလိုက်၏။ နောက်တနေ့ တွင် သူက တပ်ဗိုလ်များကို ပြော၏။

"ကျုပ်က ရှန်တောင်မှာ မွေးတာဆိုတော့ နေပြည်တော်ကို တခါမှ မရောက်ဖူးဘူး ဗျာ။ ကျုပ်ကြားရတာကတော့ ဧကရာဇ်မင်းကြီးက ပထမ လပြည့်နေ့မှာ မီးပုံးပွဲတော် လုပ်ပြီး လူတွေ ပျော်ရွှင်အောင် ပွဲခံပေးမလို့တဲ့ဗျ။ ဒီမီးပုံးတွေကို ဆောင်းယဉ်စွန်း အချိန် လောက်ကတည်းက စလုပ်တဲ့ မီးပုံးတွေက ခုမှပဲ ပြီးတယ်တဲ့။ ကျုပ်တော့ဗျာ၊ ညီနောင် တချို့တလေနဲ့ နေပြည်တော်ကို ခိုးဝင်ပြီး မီးပုံးတွေကိုကြည့်ချင်တယ်ဗျာ"

ဝုရုံက -

“ဒါတော့ မဖြစ်နိုင်ဘူး။ အရှေ့နေပြည်တော်မှာက အခြားနေရာတွေမှာထက် ရဲတွေ ပိုများတယ်။ တခုခု ဖြစ်သွားရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ”

“တနေကုန် ထမင်းဆိုင်တဲ့ အောင်းနေမယ်လေ။ ညကျမှ မြို့ထဲ ထွက်မှာပေါ့။ ဘာဖြစ်နိုင်မှာလဲလို့ဗျာ”

တောပုန်းဗိုလ်များက ဝိုင်း၍ နားချသော်လည်း စုန်ကျန့်က မလျှော့ချေ။

ထိုသို့ စုန်ကျန့်က မီးပုံးများကို သွားကြည့်သည့်အတွက် ပွဲသဘင်တခုမှာ အမှိုက်ပုံ ဘဝသို့ ရောက်ရကာ ပြည်ကြီးပျော်ဘွယ်အကွက်မှာလည်း စစ်မြေပြင် ဖြစ်ရလေ၏။ မှန်လှစွာ၏။ ကျားရဲများ ရွှေနန်းတော်သို့ ချဉ်းကပ်လာကြ၏။ ကြမ်းကြုတ်သော ကြယ် များက နွားခေါင်းတောင်ခံတပ်ကို ညအချိန်တွင် ဝန်းရံခဲ့ကြ၏။

အဘယ်သို့လျှင် စုန်ကျန့်သည် အရှေ့နေပြည်တော်တွင် ရုန်းရင်းဆန်ခတ်ဖြစ်စေခဲ့ပါ သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၂

ရွှေပန်းခိုင်ကို စိုက်ကာ ကျဲ့ကျင်း အတွင်းတော်သို့ ဝင်ခြင်း

ပွဲတော်ညတွင် အရှေ့နေပြည်တော်၌ လီကွေ့ သောင်းကျန်းခြင်း

ထိုနေ့တွင်ပင် သစ္စာခန်းမ၌ မီးပုံးကြည့်ရန် မည်သူတို့ လိုက်ပါရမည်ကို ကြေညာ၏။ စုန်ကျန့်က-

"ကျုပ်က ကျဲ့ကျင်းနဲ့ သွားမယ်။ ရှိကျင်းနဲ့ မူဟုန်နဲ့က တတွဲ၊ ရှင်ညာဏနဲ့ ဝုဆုန်က တတွဲ၊ ချူတုံနဲ့ လျူထန်က တတွဲ ခွဲပြီး သွားကြမယ်။ ကျန်တဲ့ သူတွေက စခန်းစောင့်ပေါ့"

လီကွေ့က ပူဆာ၏။

"အရှေ့နေပြည်တော်က မီးပုံးတွေက သိပ်လှတယ်ဆိုပဲဗျ။ ကျုပ်လည်း သွားကြည့် ချင်တယ်ဗျာ"

စုန်ကျန့်က-

"မဖြစ်နိုင်ဘူး"

လီကွေ့က ခေါင်းမာမာဖြင့် အတင်းပူဆာနေလေရာ နောက်ဆုံးတွင် စုန်ကျန့်က လျှော့ပေးလိုက်ရလေ၏။

"ကောင်းပြီ၊ တခုပဲရှိတယ်။ ပြဿနာမရှာရဘူး။ ပြီးတော့ အစေခံလို ဝတ်လာရမယ်" ထို့ပြင် ယန်ချင်းကိုပါ လိုက်ရန် ခေါ်ခဲ့၏။ သူ၏ အထူးတာဝန်မှာ လီကွေ့ကို မျက်လုံး ဒေါက်ထောက် ကြည့်နေရန် ဖြစ်၏။

စာရှုသူတို့ မှတ်မိကြမည် ထင်ပါ၏။ စုန်ကျန့်မှာ ရာဇဝတ်သားအဖြစ် မျက်နှာတွင် သံပူကပ်ခံထားရသူ ဖြစ်၏။ မြို့တော်ထဲတွင် မည်သို့ မျက်နှာပြပါမည်နည်း။ ဆေးဆရာ အင်းထောင်ကွမ်း ရောက်လာသည့်အခါတွင် ထိုအမာရွတ်ကို ဆေးအပြင်းစားတမျိုးဖြင့် လောင်စားစေလိုက်၏။ ထို့နောက် ထိုဒဏ်ရာကို ဆေးကောင်းဝါးကောင်းများဖြင့် ကုသ ပေး၏။ အနီရောင်အမာရွတ်ဖြစ်လာမှ ရွှေမှုန့်နှင့် ကျောက်စိမ်းမှုန့်တို့ပါဝင်သည့် လိမ်းဆေး တမျိုးကို နေ့စဉ် လိမ်းပေးကာ ဖြည်းဖြည်းချင်း အမာရွတ်ကို ဖျောက်ပေးလိုက်၏။ ဤ နည်းမှာ ဆေးကျမ်းများတွင် ပါသော ကျောက်စိမ်းမှုန့်ဖြင့် အစွန်းအထင်း

ဖျောက်နည်းပင် ဖြစ်၏။

စုန်ကျန့်က ရှိကျင်းနှင့် မူဟုန်ကို ခရီးသွားများ အသွင်ဖြင့် အရင်ဆုံး ထွက်စေ၏။ ထို့ နောက် ရှင်ဉာဏနှင့် ဝုဆုန်က ခရီးလှည့်လည်နေသော ဘုန်းကြီးများအသွင်ဖြင့် ထွက်ရ ၏။ နောက်ဆုံးတွင်မှ ချူတုံနှင့် လျူထန်တို့က ကုန်သည်များကဲ့သို့ ဝတ်စားကာ ခရီးထွက်ရ ၏။ အားလုံးက ဓားများကို လွယ်ကာ လှံပုဆိန်များကိုလည်း ကိုင်ဆောင်သွားကြ၏။ ကိုယ် ပေါ်တွင်လည်း လက်နက်များကို ဖွက်သွားမည်ကိုမူ ပြောရန်ပင် လိုမည် မဟုတ်ပေ။ စုန်ကျန့်နှင့် ကျဲ့ကျင်းတို့ကမူ အားလပ်ရက် ခရီးထွက်နေသည့် အရာရှိများအဖြစ် အသွင် ယူကြ၏။ ထိုက်ချုံကမူ အရာရှိငယ်တယောက်အဖြစ် လိုက်သွား၏။ အရေးအကြောင်း ဆိုလျှင် စခန်းသို့ အလျင်အမြန် ပြန်ကာ သတင်းပို့ရမည် ဖြစ်၏။

လီကွေ့နှင့် ယန်ချင်းတို့ကမူ အရာရှိများ၏ အစေခံများအဖြစ် ဝန်စည်များကို ထမ်းပိုး ဖြင့် ထမ်းကာ လိုက်ခဲ့ကြ၏။ ခရီးသွားများကို ကျန် တောပုန်းဗိုလ်များက သဲသိင်္ဂါဆိပ်သို့ လိုက်ပို့ကြ၏။ ဝုရုံက လီကွေ့ကို သတိပေး၏။

“မင်းတယောက်တည်း သွားတိုင်း ပြဿနာ ကြုံနေကျပဲ။ အခုတခါက နောင်ကြီးနဲ့ အရှေ့နေပြည်တော်ကို သွားမှာနော်။ ခါတိုင်း မင်းသွားနေကျ ခရီးမျိုး မဟုတ်ဘူး။ လမ်းမှာ မသောက်စားရဘူး။ အပြောအဆိုအနေအထိုင် ဆင်ခြင်၊ ဒေါသကိုလည်း ထိန်း၊ မင့်ကြောင့် ရန်ဖြစ်တယ်၊ ပြဿနာတက်တယ် ဆိုရင် မင်းကို ငါတို့က အဆက်ဖြတ်ရလိမ့်မယ်”

“မပူပါနဲ့ စစ်အကြံပေးကြီးရာ၊ ကျုပ်က ဘာပြဿနာမှ မရှာပါဘူး”

သူတို့ ခရီးထွက်ခဲ့ကြ၏။ ကျီစု၊ တိန်ကျို့တို့ကို ကျော်ကာ တန်ကျို့ကို ဖြတ်ကာ ကောက်ကျို့သို့ရောက်လာ၏။ နောက်ဆုံးတွင် အရှေ့နေပြည်တော် ဝမ်ရှို့တံခါးအပြင်ဘက်ရှိ ထမင်းဆိုင်တဆိုင်တွင် တည်းခိုကြ၏။ ထိုနေ့မှာ ပထမလ၏ လဆန်း ဆယ့်တစ်ရက် ဖြစ်၏။ စုန်ကျန့်က ကျဲ့ကျင်းနှင့် တိုင်ပင်၏။

“မြို့ထဲကို နေ့ခင်းကြီးတော့ မဝင်ရဲဘူးဗျ။ အဖိတ်နေ့ ညကျမှ ပွဲအစည်ဆုံး အချိန်ကျမှ ဝင်မယ်”

“မနက်ဖြန်ကျရင် ယန်ချင်းနဲ့ နှစ်ယောက်သွားပြီး နောင်ကြီးဖို့ ဝင်လမ်း ထွက်လမ်း လေး သွားကြည့်မယ်လေ”

“သိပ်ကောင်းတာပေါ့”

နောက်တနေ့တွင် ကျဲ့ကျင်းက လှလှပပ ဝတ်စား၏။ ခေါင်းတွင်လည်း ပဝါအသစ်ကို ပေါင်း၏။ ဖိနပ်အသစ် ခြေအိတ်အသစ်များကို ဝတ်၏။

ယန်ချင်းကလည်း အလားတူ ကြော့ နေအောင် ဝတ်၏။ ထို့နောက် ထမင်းဆိုင်မှ ထွက်ခဲ့၏။ မြို့ပြင်ရပ်ကွက်များမှာ မီးပုံးပွဲ အတွက် တပျော်တပါး ပြင်ဆင်လျက် ရှိ၏။ မြူးထူးပျော်ရွှင်ဖွယ် ပတ်ဝန်းကျင် ဖြစ်ပေ၏။ ကျဲ့ကျင်းနှင့် ယန်ချင်းတို့လည်း မြို့အတွင်းသို့ ရှောရှာရှူရှူ ဝင်ခဲ့ကြ၏။

နှစ်ယောက်သား လမ်းမတော်အတိုင်း ဟိုငေးသည်ငေးဖြင့် လျှောက်လာရာ နန်းမြို့ ရွှေးတော်ယူ တံခါးအနီးသို့ ရောက်လာ၏။ ထိုနေရာရှိ ဘုံဆိုင်များ၊ လက်ဖက်ရည်ဆိုင် များတွင် အရောင်စုံ အသွေးစုံ ပိုးထည် ဖဲထည်များကို သူ့ထက်ငါကောင်း ဝတ်စားထားသူ များဖြင့် ပြည့်နေ၏။ ကျဲ့ကျင်းက ယန်ချင်းကို ဘုံဆိုင်ငယ်တခုသို့ ခေါ်သွားပြီး အပေါ်ထပ်ရှိလမ်းမတော်ကို စီး၍မြင်ရသော အခန်းတခုတွင် နေရာယူကြ၏။

လူပျိုတော်သားများ အတွင်းတော်မှ ထွက်လာကြ ဝင်သွားကြသည်ကို မြင်နေရ၏။ သူတို့အားလုံး၏ ခေါင်းပေါင်းများတွင် ကျောက်စိမ်းရွက်များ ပါသော ရွှေပန်းခိုင်တခိုင်စီ ထိုးထားကြ၏။ ကျဲ့ကျင်းက ယန်ချင်းကို တစုံတရာ တီးတိုး ညွှန်ကြားလိုက်ရာ ယန်ချင်း က ခေါင်းညိတ်ကာ အောက်ထပ်သို့ ဆင်းသွားပြီး ဆိုင်မှ ထွက်သွားလေ၏။ ထို့နောက် ခပ်ရိုးရိုး ခပ်အအပုံ ပေါက်သော လူပျိုတော်သားတဦးထံသို့ ကပ်ကာ လေးလေးစားစား လှမ်းခေါ်လိုက်၏။

"မင်းကို ငါ မသိပါလား။ မတွေ့ဖူးပါလား"

"ကျွန်တော့်သခင်က သခင်လေးရဲ့ မိတ်ဆွေဟောင်းပါ။ သခင်လေးကို ဖိတ်ခိုင်းလိုက် လို့ပါ ခင်ဗျာ။ သခင်လေးက စစ်ဆေးရေးအရာရှိ ချန် မဟုတ်ပါလား ခင်ဗျာ"

"ငါ့နာမည်က ဝမ်ပါကွ"

"ဪ ဟုတ်ပါရဲ့။ စစ်ဆေးရေးအရာရှိ ဝမ်။ ကျွန်တော်က ကမန်းကတန်း ဆင်းလာ တာနဲ့ မေ့သွားတာပါ"

ဝမ်လည်း ယန်ချင်းနှင့် လိုက်သွား၏။ ဘုံဆိုင်အပေါ်ထပ် အခန်းသို့ ရောက်သော် ယန်ချင်းက တံခါး ကန့်လန့်ကာကို ပင့်ကာ ကြေညာလိုက်ရင်း ကျဲ့ကျင်းကို လက်ရိပ်ပြ လိုက်၏။

"စစ်ဆေးရေးအရာရှိ ဝမ် ကြွလာပါတယ် ခင်ဗျာ"

သခင်နှစ်ယောက်လည်း အပြန်အလှန် ဦးညွှတ်နှုတ်ဆက်၏။ ဝမ်က ကျဲ့ကျင်းကို စေ့စေ့ကြည့်၏။ သူ သိသူမဟုတ်။ "ကျုပ်မျက်စိက မွဲနေပြီ။ ခင်ဗျားကို ကျုပ် မမှတ်မိဘူးဗျ။ ခင်ဗျားနာမည်လေးများ ပြောပြနိုင်မလား"

ကျဲ့ကျင်းက ပြုံးကာ "ကလေးဘဝကတည်းက သူငယ်ချင်းတွေပဲဗျာ။ ကျုပ်မပြော လည်း ခင်ဗျား စဉ်းစားမိလာမှာပါ" ဟု ဆိုလိုက်၏။ ထို့နောက် စားပွဲထိုးကို ခေါ်ကာ စိမ်ရည် မှာလိုက်၏။

အမြည်းကောင်းကောင်းများကိုလည်း တည်ခင်း၏။ လူပျိုတော်သား၏ ခွက်ကို အလျော့မခံဘဲ ယန်ချင်းက ဖြည့်ပေးနေ၏။ ထိုသူ ခပ်ထွေထွေ ရှိလာသောအခါမှ ကျဲ့ကျင်း က စပ်စု၏။

"ဒီရွှေပန်းခိုင်က ဘာအဓိပ္ပာယ်လဲဗျ"

"ဒီနေ့မှာ ဘုန်းတော်ကြီးလှသောဘုရားက ပထမလပြည့်ပွဲ ကျင်းပတယ်လေဗျာ။ ကျုပ်တို့ လူပျိုတော်သားအားလုံးကို ဝတ်ရုံအသစ် တထည်စီနဲ့ ဒီရွှေပန်းခိုင်တခိုင်စီ ချီးမြှင့် တယ်ဗျ။ စာတန်းလေးကော တွေ့ရဲ့လား။ "ပြည်သူနဲ့ ပျော်ပွဲဆင်" တဲ့။ ကျုပ်တို့က အားလုံး ငါးထောင့်ရှစ်ရာတောင် ရှိတာ။ တယောက်မှ မလစ်ဟင်းရဘူး။ ဒီရွှေပန်းခိုင်နဲ့ ဝတ်ရုံနဲ့မှ နန်းတော်ထဲ ဝင်ခွင့်ရတာဗျ"

"ကျုပ်ဖြင့် မသိပေါင်ဗျာ"

နောက်ထပ် လေး ငါးခွက်လောက် သောက်ပြီးသော် ကျဲ့ကျင်းက စိမ်ရည်နွေးနွေး တအိုးကို မှာခိုင်းလိုက်၏။ မကြာမီတွင် ယန်ချင်း စိမ်ရည်အိုးနှင့် ပြန်ရောက်လာ၏။

ကျဲ့ကျင်းက စိမ်ရည်ခွက်ကို ကိုင်လျက် ထရပ်လိုက်ကာ-

"ဒီတခွက်ကို သောက်လိုက်ပါလို့ ကျုပ်က ပန်ကြားပါရစေဗျာ။ ခင်ဗျား သောက် လိုက်ရင် ကျုပ်နာမည်ကို သိလာလိမ့်မယ်"

"စဉ်းစားလို့ မရဘူးဗျာ၊ ပြောပြပါလား"

ဝမ်က ခွက်ကို မြှောက်ကာ အကုန်မော့ချလိုက်၏။ ချက်ချင်းဆိုသလို နှုတ်ခမ်းတောင့် များမှ သွားရည်များကျဆင်းလာကာ ဒူးများ ညွတ်ဆင်းလာပြီး ထိုင်ခုံပေါ်မှ ပြုတ်ကျသွား လေ၏။ ကျဲ့ကျင်းက ဝမ်၏ခေါင်းပေါင်းမှ ဖိနပ်အထိ အဝတ်အစားများကို တခုမကျန် အမြန်ချွတ်ကာ ဝတ်လေ၏။ ရွှေပန်းခိုင်နှင့် ပိုးဝတ်လုံကိုမူ ပြောရန်ပင် မလိုပေ။ သူက ယန်ချင်းကို မှာ၏။

"စားပွဲထိုးက မေးရင် သူက အမူးလွန်သွားတာ။ ကျန်တဲ့ လူကြီးမင်းကတော့ ခဏနေ ပြန်ရောက်မယ်လို့ ပြောထား"

"ပြောစရာတောင် မလိုပါဘူး နောင်ကြီးရာ၊ ကျုပ် ကြည့်လုပ်ထားလိုက်ပါ့မယ်"

ကျဲ့ကျင်းသည် ရွှေးတော်ယူတံခါးသို့ လာခဲ့၏။ ရွှေပန်းခိုင်နှင့် ပိုးဝတ်လုံ၏ အရောင် ကြောင့် အစစ်အဆေး အမေးအမြန်းမရှိ ဝင်ခွင့်ရ၏။ မြေပြင်သို့ ရောက်နေသော ကောင်းကင် ဘုံသဖွယ် မြင်မြင်သမျှတို့မှာ ခမ်းနားဝင့်ထည်သော အသွေးအရောင်တို့ဖြင့် တောက်ပ လျက် ရှိ၏။ ရွှေသော့ခလောက်များ ခတ်ထားသော၊ ရွှေတံခါးများ ပိတ်ထားသည့် ဝင်းများ ကို ဖြတ်ကာ ကျဲ့ကျင်း လျှောက်ခဲ့ရာ လမ်းတဖက်တွင် "အတွေးနက်ရာ အဆောင်တော်" ဟူသော ရွှေစာလုံးကြီးများနှင့် ဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရ၏။ ယင်းမှာ နန်းတွင်း စာကြည့်ဆောင် ဖြစ်၏။

အနုစိတ်လက်ရာမြောက်စွာ ပန်းပုထုထားသည့် ဟသ်ာပြဒါး တံခါးရွက်ကြီးကို ဖွင့် ထားသည်ကို တွေ့ရ၏။ ကျဲ့ကျင်း ဝင်လိုက်၏။ သူ့ရှေ့တည့်တည့်တွင် မင်းဧကရာဇ်ထိုင်သည့် ကုလားထိုင်ကို မြင်ရ၏။ ယင်း၏ ဝဲယာရှိ စားပွဲများတွင် ဆင်စွယ်ရိုးတပ် စာရေးစုတ်တံများ၊ ပန်းဖော်စာရေးစက္ကူများ၊ မင်သွေးသည့် ခွက်များ၊ နာမည်ကျော် တွမ်ရှိမင်တောင့်များ ရှိကြ၏။ မရေမတွက်နိုင်သော စာအုပ်များကို နံရံကပ်စင်များတွင် အပြည့်အလျှံ မြင်ရ၏။ ထိုစာအုပ်များကို ဆင်စွယ်ဖြင့် လုပ်ထားသော အနှောင့်ထိန်းတံများဖြင့် ညှပ်ကာ ချုပ် ထား၏။ ကုလားထိုင်၏နောက်ကွယ်တွင် ရှုမျှော်ခင်းကြီးတခုကို ရေးဆွဲထားသော ခန်းဆီး လှလှ တချပ် ရှိ၏။ ထိုခန်းဆီး၏ နောက်ကျောသို့ ကျဲ့ကျင်း ဝင်ကြည့်၏။ ဘာမျှမရှိပေ။

တောပုန်းကြီးလေးဦး၏ အမည်ကိုသာ ရေးထား၏။ "ရှန်တောင်မှ စုန်ကျန့်၊ ဟွိုင်မြစ် အနောက်ပိုင်းမှ ဝမ်ကျင့်၊ ဟေပေ့မှ ထျန်ဟူ၊ ယန်စီတောင်ပိုင်းမှ ဖန်းလာ"။

"ငါတို့က တိုင်းပြည်ကို လုယက်ဖျက်ဆီးနေတာပဲ။ ဒါကြောင့် နှောင်လာနောက်သား တွေ မမေ့အောင် ဒီမှာ ရေးထားတာ" ဟု ကျဲ့ကျင်းက စဉ်းစားကာ ဝှက်ယူလာသော ဓားကို ထုတ်၍ "ရှန်တောင်မှ စုန်ကျန့်"ဟူသော စာကို လှီးထုတ်ကာ၊ ထိုအဆောင်မှ အမြန်ပြန် ခဲ့၏။ အခြားလူများလည်း ဝင်လာနေကြလေပြီ။

ကျဲ့ကျင်းသည် အတွင်းတော်မှ ထွက်ကာ ရွှေးတော်ယူတံခါးမှ တဆင့် ဘုံဆိုင်သို့ ပြန်ခဲ့၏။ လူပျိုတော်သားဝမ် ခမျာမှာ ဆေးရှိန်ကြောင့် မှောက်နေဆဲဖြစ်၏။ ကျဲ့ကျင်းက ဝမ်၏ အဝတ်များကို ပြန်ချွတ်ကာ မိမိအဝတ်များကို ပြန်ဝတ်၏။ ငွေရှင်းရန်၊ စားပွဲထိုးကို ဘောက်ဆူး ကောင်းကောင်းချရန် ယန်ချင်းကို ပြောလိုက်၏။

သူတို့ ပြန်အထွက်တွင် ကျဲ့ကျင်းက စားပွဲထိုးသို့-

"လူပျိုတော်သားဝမ်နဲ့ ငါက မိတ်ဆွေအရင်းအချာတွေကွ။ သူက မူးနေလို့

ငါက အတွင်းတော်ကို သွားပြီး သတင်းပို့ခဲ့ရတာ။ သူက အမူးမပြေသေးဘူး။ ငါလည်း မြို့ပြင်ကို တံခါးမပိတ်ခင် သွားစရာရှိလို့ စောင့်မနေနိုင်ဘူး။ ဝမ်အဝတ်အစားတွေ ပစ္စည်းတွေ အဲဒီ မှာ အားလုံးရှိတယ်”

“ကျွန်တော် လုပ်ထားပေးလိုက်ပါမယ်” ဟု စားပွဲထိုးက အာမခံ၏။ ကျဲ့ကျင်းနှင့် ယန်ချင်းတို့က ဝမ်ရှို့တံခါးမှ မြို့ပြင်ထွက်သွားကြ၏။

ညနေမိုးချုပ်ခါနီးမှ ဝမ် ပြန်၍ နိုးလာ၏။ သူ့ဝတ်လုံ၊ သူ့ရွှေပန်းခိုင်တို့မှာ ရှိနေဆဲဖြစ်၏။ ဘာဖြစ်ခဲ့မှန်း သံသယပင် မဖြစ်မိပေ။ စားပွဲထိုးက ကျဲ့ကျင်း မှာခဲ့သည့်အတိုင်း ပြန်ပြော ပြ၏။ သေရည်အရှိန်ကြောင့် ခေါင်းနောက်နောက်ဖြင့် ဝမ်လည်း အိမ်ကို ပြန်လေ၏။

နောက်တနေ့တွင် အခြားလူပျိုတော်သားတဦးက ပြော၏။

“အတွေးနက်ရာ အဆောင်တော်မှာ ရေးထားတဲ့ “ရှန်တောင်မှ စုန်ကျန့်” ဆိုတဲ့ စာသားကို ဖြတ်ထုတ်သွားတယ် တဲ့။ ဒီနေ့မှာတော့ တံခါးတိုင်းမှာ အစောင့်တွေက တင်းကျပ်လိုက်တာ မပြောပါနဲ့၊ စည်ပိုင်းက သံချွေတွေ ကျနေတာပဲ။ ဝင်တဲ့ ထွက်တဲ့ လူတိုင်းကို သေသေချာချာ စစ်တယ်”

ဝမ်လည်း ခုမှ နားလည်သွားလေ၏။ သို့သော် တခွန်းမျှ မဟာရဲချေ။

ထမင်းဆိုင်ကို ရောက်သောအခါ ကျဲ့ကျင်းက နန်းတွင်းတွင် မြင်ခဲ့သမျှကို ပြန်ပြော ပြကာ သူဖြတ်ထုတ်လာခဲ့သော ‘ရှန်တောင်မှ စုန်ကျန့်” ဟူသော စာကို ပြ၏။ စုန်ကျန့် ကလည်း ယင်းစာကို ကြည့်ရင်း သက်ပြင်း အကြိမ်ကြိမ် ချမိ၏။ အဖိတ်နေ့ညတွင် သူ့လူ များနှင့်အတူ မြို့ထဲသို့ ဝင်ကာ မီးပုံးများကို လိုက်ကြည့်ကြ၏။

စုန့်မင်းဆက်တွင် အရှေ့နေပြည်တော်သည် အကြီးဆုံးမြို့ပြ ဖြစ်၏။ တာအိုဘာသာဝင် မင်းများ၏ လက်ထက်တွင် ပိုမို စည်ပင်လာ၊ ချမ်းသာလာ၏။

ထိုနေ့ညတွင် တိမ်စင်ပြီး လသာ၏။ စုန်ကျန့်၊ ကျဲကျင်းတို့က ခရီးထွက်လာသော အရာရှိများအသွင်ဖြင့်၊ ထိုက်ချုံက ဗိုလ်တယောက်အသွင်ဖြင့် ထွက်လာကြရာ ယန်ချင်းက အစေခံအသွင်ဖြင့် နောက်မှ တကောက်ကောက် လိုက်ပါလာ၏။ လီကွေ့သာ ပစ္စည်းစောင့် အဖြစ် ထမင်းဆိုင်တွင် ကျန်ခဲ့၏။

ဆူဆူညံညံနှင့် ပျော်ရွှင်နေကြသော လူအုပ်နှင့် ရောကာ လေးယောက်သား ဖိန့်ချီ တံခါးမှ ဝင်ခဲ့ကြ၏။ လမ်းများ၊ ဈေးများကို လျှောက်ကြည့်ကြ၏။ မပူလွန်း မအေးလွန်း ညဥ့်ဦးပိုင်းလေးတွင် လေပြည်လေးကလည်း သွေးနေရာ လမ်းသလားရန် အကောင်းဆုံး ဖြစ်၏။ လမ်းမတော်တလျှောက်ရှိ အိမ်များရှေ့တွင်

မဏ္ဍာပ်များထိုးကာ မီးပုံးများကို အပြိုင်အဆိုင် ထွန်းထားကြရာ နေ့အချိန်ဟုပင် ထင်ရ၏။ အိမ်များတွင်လည်း မီးပုံးများ ချိတ်ဆွဲကာ အလှပြင်ထားကြ၏။ လမ်းထဲတွင် လူများ၊ ရထားများဖြင့် တရုံးရုံး ဖြစ်နေ၏။

ထိုသူလေးယောက်သည် လမ်းမတော်မှတဆင့် ဘေးလမ်းတခုထဲသို့ ဝင်လိုက်ကြ၏။ ထိုလမ်းတလျှောက်လုံးတွင် ‘ပြည်ကြီးပျော်ဘွယ်” လုပ်ငန်းများဖြစ်ကြောင်း ဖော်ပြထား သည့် ဆိုင်းဘုတ်များ လမ်းဘယ်ညာနှစ်ဖက်စလုံးတွင် တွေ့ရ၏။ လမ်းတဝက်လောက်တွင် ရှိသော အိမ်တဆောင်ကို မျက်စိကျမိကြ၏။ အိမ်အဝင်ဝကို အပြာရောင် အဝတ်ကန့်လန့် ကာဖြင့် ကာထားရုံမက မီးတို့ကာ အပြောက်အပြောက် ဖော်ထားသော ဝါးယင်းကန့်လန့် ကာကိုလည်း အတွင်းမှ ထပ်၍ ကာထားလေသည်။ တံခါးဝ ဝဲယာရှိ ပြတင်းများတွင်လည်း စိမ်းမြနေသည့် ပိုးဖျင်ဇာပါး ကန့်လန့်ကာများကို ချထား၏။ အဝင်ဝ တံခါးတိုင်များတွင် ဆိုင်းဘုတ်နှစ်ချပ်ကို ဒေါင်လိုက် ဆွဲထားရာ “အဆိုအကစွယ်စုံရတဲ့ လှကညာ”၊“ကြေ့ရှင်း လှတဲ့မာလာ”ဟူသော စာတန်းနှစ်ကြောင်းကို ရေးထိုးထားလေ၏။

စုန်ကျန့်တို့လည်း ထိုအိမ်၏ လမ်းတဖက်ခြမ်းရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်၍ ထိုင် ကြ၏။ စားပွဲထိုးကို “အဲဟိုက ဘယ်သူ့အိမ်လဲကွ” ဟု မေးကြ၏။

“ဒီအရှေ့နေပြည်တော်မှာတော့ ဒီလောကရဲ့ ထိပ်ခေါင်တင် လီရှိရှိ တဲ့။ ကျွန်တော်တို့ ဘေးက အိမ်ကတော့ ကျောက်ယွမ်နုတို့ အိမ်ပါ”

“လီရှိရှိက မင်းကြီးရဲ့ အသုံးတော်ခံဆို” စုန်ကျန့်က အစ်၏။

“တိုးတိုးလုပ်ပါဗျ။ ဘေးဘီမှာ နား မျက်စိတွေ အပြည့်နဲ့ဗျ”

စုန်ကျန့်က ယန်ချင်းကို နှစ်ကိုယ်ကြား ပြော၏။ “ငါ လီရှိရှိနဲ့ တွေ့ချင်တယ်။ စီစဉ် စမ်းပါဦး။ ငါတို့ ဝင်လို့ရအောင် ဇာတ်လမ်းတခုထွင်ပေါ့ကွာ။ ငါတို့ ဒီက စောင့်နေမယ်”

စုန်ကျန့်လည်း ကျဲ့ကျင်း၊ ထိုက်ချုံတို့နှင့်အတူ လက်ဖက်ရည်သောက်ရင်း စောင့်နေ ကြ၏။

ယန်ချင်းလည်း လမ်းကိုကူးကာ ထိုအိမ်တံခါးဝသို့ သွား၏။ ကန့်လန့်ကာအပြာကြီးကို ဖယ်ကာ၊ ဝါးယင်းလိပ်ကို ပင့်ကာ အိမ်ထဲသို့ ဝင်၏။ မျက်နှာကြက်မှ ချိတ်ဆွဲထားသော ဟသ်ာဖိုမ မီးအိမ်အောက်ရှိ ကြွံသားရေခင်း စားပွဲပေါ်ရှိ ကြေးညိုအမွေးတိုင်ခွက်ထဲမှ မီးခိုးမျှင်မျှင်လေးများ ထွက်နေသည်ကို တွေ့ရ၏။ နံရံနှစ်ဖက်တွင် ကျော်ကြားသော ပန်းချီ ဆရာလေးဦး၏ လက်ရာ

ရှခင်းပုံများကို ချိတ်ဆွဲထား၏။ ယင်း ပန်းချီကားများအောက်တွင် ကြွံသားရေခင်း လက်တင်ကုလားထိုင် လေးလုံးကို ချထား၏။

အနီးအနားတွင် လူသူတယောက်မျှ မတွေ့ရ။ ထိုအခန်းမှ မြေကွက်လပ်ကလေး တခုကို ဖြတ်၍ ကူးလိုက်ရာ နောက်ဆွေ့ခန်းတခုထဲသို့ ရောက်သွားလေ၏။ ယင်းတွင် လှပစွာထွင်းထုထားသည့် ပရုတ်သား ညောင်စောင်းလေး သုံးခုကို တွေ့ရ၏။ ယင်းတို့ ပေါ်တွင် မရန်းရောင် နောက်ခံတွင် ရေစီး၍ ပန်းပွင့်ဖတ်များ မျောနေသည့် ဒီဇိုင်းကို ဖော်ကာ ပန်းထိုးထားသည့် မွေ့ရာများ ရှိလေ၏။ ကျောက်စိမ်းစင်တခုပေါ်တွင် မီးခွက် လှလှတခုကို တွေ့ရ၏။ ရှေးဟောင်းလက်ရာ ပစ္စည်းများကိုလည်း ဟိုနားသည်နားတွင် ခင်းကျင်းထား၏။

ယန်ချင်းက ချောင်းဟန့်သံ တိုးတိုးတချက်ကို ခေါက်လိုက်ကာတခု နောက်မှ အိမ်ဖော်မလေးတဦး ထွက်လာကာ ယန်ချင်းကို မြင်သဖြင့် ဦးညွှတ်အရိုအသေပြုလိုက်၏။

“မောင်ကြီးက ဘယ်သူပါလဲရှင်၊ ဘယ်က လာတာပါလဲရှင်”

“မင်းကို ဒုက္ခပေးရတော့မယ်။ မေမေ့ကို ခေါ်ပေးပါလားကွယ်။ ပြောစရာလေးရှိလို့ပါ”

ကလေးမက ထွက်သွားပြီး ခဏအကြာတွင် ဖာထိန်းမကြီးနှင့် အတူ ပြန်ရောက်လာ ၏။ ယန်ချင်းက သူ့ကိုထိုင်ခိုင်းပြီး ဒူးထောက်ကာ လေးကြိမ်တိုင်တိုင် အရိုအသေပြု၏။

“မောင်လေးနာမည် ဘယ်လို ခေါ်သလဲကွယ်”

“ကျွန်တော့်ကို မေ့သွားပြီလား မေမေ။ ကျွန်တော်က ချန်ရှန့်ပါ။ ဒုတိယမြောက် ချန်ရဲ့ သားလေ။ ကလေးကတည်းက ဒီမြို့က ထွက်သွားတာ၊ တနေ့ကမှပဲ ပြန်ရောက်တယ်”

ချန်ဆိုသော မျိုးရိုးအမည်မှာ အလွန်အတွေ့ရများသည့် အမည်ပင် ဖြစ်ပေ၏။ ဖာထိန်း မကြီးလည်း အတန်ကြာအောင် စဉ်းစားနေ၏။ မီးအလင်းရောင်အောက်တွင် ထိုလူငယ်ကို သေချာစွာ မမြင်ရပေ။ သို့သော် သူ မှတ်မိပြီဟု ထင်လိုက်မိ၏။

“တိုင်ပင်းတံတားနားက ချန်ရှန့်လေး မဟုတ်ဘူးလား။ ဘယ်ရောက်နေတာလဲ။ မတွေ့တာတောင် ကြာလှပြီ”

“ဟုတ်တာပေါ့ဗျာ။ ကျွန်တော်က တခြားရောက်နေတာကိုး။ ကနေ့

ကျွန်တော်က ရှန်တောင်က ညှော်သည်တယောက်ကို လိုက်ပြနေတာ။ သူက ချမ်းသာလိုက်သမှ ဘယ် လောက်တောင်ဆိုတာ ပြောပြလို့ မဖြစ်နိုင်ဘူး။ သူ့နယ်မှာတော့ သူ အချမ်းသာဆုံး ဖြစ်မှာ ဗျ။ သူက အလုပ်နဲ့ လာတာ ဆိုပေမယ့် ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးရင်းပေါ့။ မီးပုံးပွဲမှာ ပျော်ချင်တယ်။ ဒါက ပထမအချက်။ နောက်တချက်က ဒီကဆွေမျိုးတွေဆီလည်း လှျောက်လည်တာပေါ့။ နောက်တချက်က ကုန်ရောင်းကုန်ဝယ်လည်း လုပ်သဗျ။ နောက် ဆုံးအချက်ကတော့ ဒီက မေမေ့သမီးကို တွေ့ချင်တယ်တဲ့၊ စားပွဲတလုံးမှာ အတူတူထိုင်ပြီး လက်ဖက်ရည်လေး တူတူသောက်ရရင်ပဲ ကျေနပ်ပါပြီတဲ့။ မဟုတ်ရင် ကျွန်တော် ဘယ် ပြောဝံ့မှာလဲဗျာ။ ကျွန်တော် တကယ်ပြောတာပါ။ ဒီလူ့မှာက ရွှေတွေ ငွေတွေ ထောင် သောင်းချီပြီး ပါလာတာ။ ဒီအိမ်ကိုလည်း လက်ဆောင်ပေးချင်တယ်ပေါ့ဗျာ”

ဖာထိန်းမကြီးမှာ လောဘကြီး၏။ ငွေမက်၏။ ယန်ချင်း လုပ်ဇာတ်မှာ သူ့နှလုံးသားကို ထိသွား၏။ လီရှိရှိကို အမြန်ခေါ်ထုတ်ကာ မိတ်ဆက်ပေး၏။ မီးရောင်အောက်တွင် မြင် ရသော မိန်းမပျို၏ ကိုယ်နေဟန်ထားမှာ ကူးနေသော ငါးကိုပင် ရေနစ်အောင် ပျံနေသော ဟင်္သာကိုပင် ပြုတ်ကျအောင် စွမ်းဆောင်နိုင်ပေ၏။ မျက်နှာမှာလည်း လမင်းက ငပုပ် အဖမ်းခံချင်လာအောင်၊ ပန်းကလေးများပင် ရှက်ရှာပြီး ခေါင်းငုံ့နေလာအောင်ပင် တတ် စွမ်းပေ၏။ ဖာထိန်းမကြီးကလည်း သူ၏ လံကြုပ်ဇာတ်လမ်းကို ပြန်၍ ဖောက်သည်ချ လေ၏။

“အဲဒီလူကြီးမင်း ဘယ်မှာပါလဲရှင်”

“လမ်းဟိုဘက်က လက်ဖက်ရည်ဆိုင်မှာပါ”

“လက်ဖက်ရည်သောက်ကြဖို့ ဒီကို ဖိတ်လိုက်ပါရှင်”

“နှမက ခွင့်မပြုရင် လာဝံ့မှာ မဟုတ်ဘူးဗျ”

“မြန်မြန်သွားပြီး ဖိတ်ခဲ့ပါကွယ်” ဖာထိန်းမကြီးက လောဆော်၏။

ယန်ချင်းက လက်ဖက်ရည်ဆိုင်သို့ ပြန်ကာ စုန်ကျန့်နားနားကပ်၍ သတင်းကို ပြောပြ ၏။ ထိုက်ချူက ငွေချေလိုက်ပြီးနောက် သုံးယောက်စလုံး ယန်ချင်းနောက်သို့ လိုက်ခဲ့ကြ၏။ အဝင်ဝတွင် သူတို့ကို စောင့်ကြိုကာ လီရှိရှိ စောင့်နေသော ပင်မညှော်ခန်းဆီသို့ ပို့လိုက်ကြ ၏။ လီရှိရှိသည် ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးတဦးသဖွယ် လက်ကလေးများကို ယှက်လျက် ရပ်နေရှာ၏။

စုန်ကျန့်ကို ယဉ်ကျေးစွာ နှုတ်ဆက်ပြီးနောက်-

“ချန်ရှန့်က ခုနကပဲ မောင်ကြီး ရက်ရောပုံတွေကို ပြောနေပါတယ်ရှင်။

မောင်ကြီး ခုလို ကြွလာတာ ကျွန်မတို့ရဲ့ နုံချာတဲ့ အိမ်ကလေးမှာ ဂုဏ်ရောင်ပြောင်ရပါတယ်”

စုန်ကျန့်က-

“ကျုပ်က တောကြိုတောင်ကြား ရွာလေးတရွာက မသိနားမလည်တဲ့ တောသား တယောက်ပါ။ နှမရဲ့အလှကို ငေးကြည့်နေခွင့်ရရင်ပဲ ကံကောင်းလှပြီ ဆိုရမှာပါ”

လီရှိရှိက စုန်ကျန့်ကို ထိုင်ရန် နေရာပေးလိုက်ပြီးနောက် ကျဲ့ကျင်းကို ပြကာ “ဒီက လူကြီးမင်းကကော ဘယ်သူပါလဲ”

“ကျုပ်ရဲ့တူ ရဲမှူး ယဲ့ပါ” ဟု စုန်ကျန့်က ဖြေပြီးနောက် ထိုက်ချုံကို မိန်းကလေးအား နှုတ်ဆက်ရန် ပြောလိုက်၏။

စုန်ကျန့်နှင့် ကျဲ့ကျင်းတို့ကို စားပွဲဘယ်ဘက်ရှိ ထိုင်ခုံများတွင် နေရာပေးကာ လီရှိရှိက စားပွဲ၏ညာဘက် အိမ်ရှင်နေရာတွင် ထိုင်လိုက်၏။ အထိန်းမကြီးက လက်ဖက်ရည်ပွဲကို လာချ၏။ မိန်းကလေးက ကိုယ်တိုင် လက်ဖက်ရည်ငှဲ့ပေး၏။ လက်ဖက်ခြောက်ဖတ်ကလေး မှာ ငှက်ကလေး၏ လျှာထက်ပင် သေးကွေး၏။ လက်ဖက်ရည်၏ ရနံ့မှာလည်း နဂါးမင်း၏ တံထွေးထက်ပင် မွှေး၏။ လက်ဖက်ရည် သောက်ပြီးသောအခါ လက်ဖက်ရည်ပွဲကို အသိမ်း ခိုင်းလိုက်ပြီး စကားစမြည် ပြောဆိုနေကြ၏။

ဖာထိန်းမကြီး ဝင်လာပြီးနောက် “ဘုန်းတော်ကြီးလှသောဘုရား ခြံနောက်ဖေးမှာ ရောက်နေပြီ”

“ရှင်တို့ကို ကျွန်မ ဒီနေ့တော့ ဆက်ပြီး ဧည့်မခံနိုင်တော့လို့ အားနာပါတယ်ရှင်။ ဒါပေမဲ့ ဘုန်းတော်ကြီးလှသောဘုရားက မဟာဝိသုဒ္ဓကျောင်းတော်ကို သွားဖူးဖို့ ရှိတယ်။ တာကို သွားဖူး ဒီကို တော်တော်နဲ့ လာနိုင်မယ် မဟုတ်သေးဘူး။ သူ ကြွသွားမှပဲ လူကြီးမင်းတို့ကို တခါပြန် ကြိုဆိုလက်ခံနိုင်မယ်။ အဲဒီအချိန်ကျရင် စိမ်ရည်လေး ဘာလေး သောက်ကြတာပေါ့ရှင်”

စုန်ကျန့်လည်း ကောင်းကောင်းမွန်မွန် နှုတ်ဆက်ကာ အဖော်များနှင့်အတူ ပြန်ခဲ့ကြ၏။ အိမ်အပြင်သို့ ရောက်သည်နှင့် ကျဲ့ကျင်းက ပြော၏။

“ဘုန်းတော်ကြီးလှသောဘုရားမှာ ပျော်တော်ဆက် နှစ်ယောက်ရှိတယ်ဗျ။ လီရှိရှိနဲ့ ကျောက်ယွမ်နု။ တယောက်နဲ့တော့တွေ့ဖူးသွားပြီ။ နောက်တယောက်ကိုကော ဘယ်လိုလဲ” လက်ဖက်ရည်ဆိုင်ဘေးရှိ အိမ်သို့ သွားကာ

ကန့်လန့်ကာကို ပင့်၏။ ယန်ချင်းက ဖာထိန်းမကြီးထံသို့ သွားကာ စကားပြော၏။

"ဒီလူကြီးမင်းနှစ်ယောက်က ရှန်တောင်က ကုန်သည်ကြီးတွေဗျ။ ဒီက မေမေ့သမီး လေးနဲ့ တွေ့ခွင့်ရရင် ငွေစင်အချိန်တပိဿာလည်း လက်ဆောင်ပေးမှာပါဗျ"

"အမေ့သမီးက ကံမကောင်းဘူးကွယ်၊ သူ နေမကောင်းလို့ အိပ်ရာထဲမှာ လှဲနေတယ်။ ဧည့်သည် လက်မခံနိုင်သေးဘူးကွယ်"

"နောက်တကြိမ်ပေါ့ဗျာ" ဟု စုန်ကျန့်က ဆို၏။

ထိုလမ်းမှ ထွက်ကာ ထျန်ဟန်တံတားဆီသို့ မီးပုံးများကို ကြည့်ရန် လာခဲ့ကြ၏။ ဖန်လို့ စားသောက်ဆိုင်အနီးသို့ ရောက်လာသောအခါ ပလွေသံ တတွဲတွဲ ဗုံသံ တဒိန်းဒိန်းကို ကြား ရလေ၏။ မီးပုံးများကလည်း မျက်စိမူးနောက်လာအောင်ပင် ပြိုးပြက်နေ၏။ လူများမှာ လည်း ပုရွက်ဆိတ်များလိုပင် ဝင်နေ ထွက်နေကြ၏။

စုန်ကျန့်နှင့် ကျဲ့ကျင်းတို့က အပေါ်ထပ်သို့ တက်ကာ အခန်းတခန်းတွင် နေရာယူ၏။ စိမ်ရည်များနှင့် အမြည်းများကို မှာ၏။ စိမ်ရည်ကို အရသာခံသောက်ကာ မီးပုံးများ အရောင်ဖြင့် ဝင်းဝင်းထိန်နေသည့် ညအလှကို တစိမ့်စိမ့်ကြည့်နေကြ၏။ သုံးလေးကျော့မျှ ခွက်လှည့်သောက်ပြီးသောအခါ တဖက်ခန်းမှ လူတယောက်က လက်တန်း သီချင်းစပ်ကာ ဆိုနေသံကို ကြားရ၏။

ငါတို့ သတ္တိ ကြယ်တွေဆီသို့

သူ့ရဲကောင်းတာဝန် မကျေသေးလို့

နဂါးစားကို လက်မှာ ဆွဲကာ

အမျိုးယုတ်တွေ မကုန်သမျှ မနားပါ

ထိုအသံကို စုန်ကျန့် သိ၏။ ထိုအခန်းအတွင်းသို့ အမြန်ဝင်လိုက်၏။ နဂါးကိုးကောင် ရှိကျင်းနှင့် ဒေါနကြီးမူဟုန်တို့က မူးမူးရူးရူးနှင့် ပြောဆိုနေကြ၏။ စုန်ကျန့်က-

"ငါ့ညီတို့ လုပ်ပုံက ကျုပ်မှာ ကျောကို ချမ်းသွားတာပဲ။ ငွေရှင်းပြီး ထွက်သွားကြတော့။ ကြားတာ ကျုပ်မဟုတ်ဘဲ ရဲများဖြစ်နေရင် ပြဿနာကောင်းကောင်း တက်ပြီ မှတ်တော့။ မင်းတို့ ဒီလောက် ပေါ့လျော့မယ်လို့ တွေးတောင် မတွေးမိဘူး။ မြို့ထဲက ချက်ချင်း ထွက် သွားကြ။ မနက်ဖြန် တရားဝင်မီးပုံးပြပွဲပြီးရင် ကျုပ်လည်း သွားတော့မယ်။ အဲဒါပဲ ကောင်း တယ်။

ဘာပြဿနာမှ မတက်ချင်ဘူး”

ရှိကျောင်းနှင့် မူဟုန်မှာ ပြန်ပြောစရာ စကားမရှိပေ။ ငွေချောကာ ဆင်းသွားကြပြီး မြို့ထဲမှ ထွက်သွားကြ၏။

စုန်ကျန့်တို့ လူစုလည်း နောက်ထပ် နှစ်ခွက် သုံးခွက်မျှ သောက်ကြသေး၏။ သူတို့ လည်း ထွေတွေတွေ ဖြစ်လာကြပြီ။ ထိုက်ချုံက ငွေရှင်းပေးပြီးနောက် အင်္ကျီလက်တွေကို ပင့်ကာပင်ကာဖြင့် စားသောက်ဆိုင်မှ ထွက်ခဲ့ကြ၏။ တည်းခိုသည့် ထမင်းဆိုင်သို့ ရောက်၍ တံခါးကို ထုသော် လီကွေ့က အိပ်မှုန်စုံမွှားဖြင့် တံခါးကြားမှ ချောင်းကြည့်၏။ “ဒီကို ကျုပ် လိုက်လာရတော့ကော ဘာကောင်းလို့လဲဗျာ။ ကျုပ်ပဲ အခန်းစောင့် ကျန်နေရတာ။ ကျုပ်ကိုတော့ ဒီသောက်နေရာထဲမှာ ပိတ်ထားတယ်။ ခင်ဗျားတို့ကတော့ လျှောက်ပျော်နေကြတယ်ပေါ့”

“ဒါကကွာ မင်းက စရိုက်ကလည်း ဆိုး၊ ရုပ်ကလည်း သိပ်အကျည်းတန်တာကိုး။ လူကြားထဲ ခေါ်သွားရင် လူတွေ လန့်ကုန်မှာလည်း စိုးရသေးတယ်”

“ဒါဖြင့်လည်း ခေါ်မလာနဲ့ပေါ့။ အလကား ဆင်ခြေတွေပဲ ပေးနေ။ ကျုပ်မျက်နှာကို မြင်ရလို့ ဘယ်နှအိမ်ထောင်များ လန့်သေကုန်လို့လဲ”

“ကောင်းပြီ၊ မနက်ဖြန် လပြည့်ညတညပဲ။ ဒါပဲ။ ငါတို့တွေ မီးပုံးကြည့်ပြီးရင် ချက်ချင်း ပြန်ကြမယ်”

လီကွေ့လည်း ဝမ်းသာအားရဖြင့် ရယ်လေ၏။

နောက်တနေ့ မီးပုံးပွဲတော်နေ့တွင် ရာသီဥတုမှာ ကြည်လင်တောက်ပနေ၏။ မိုးချုပ် ခါနီးသော် ပွဲတော်လာ ပရိသတ်များ စုမိလာကြ၏။ တတိုင်းပြည်လုံး ငြိမ်းချမ်းသာယာ သော အချိန်၊ လယ်သမားများ ကျေကျေနပ်နပ်ဖြင့် လယ်ထဲဆင်းကာ အပင်ပန်းခံကြသော အချိန်ဖြစ်၏။ စုန်ကျန့်တို့လည်း လီကွေ့ကိုပါ ခေါ်ကာ မြို့ထဲသို့ ဝမ်ရှေ့တံခါးမှ ဝင်ခဲ့ကြ၏။

ထိုညက မြို့တံခါးများကို ပိတ်ချိန်ဟူ၍ ကန့်သတ်မထားသော်လည်း တံခါးတိုင်းတွင် ချပ်ဝတ် ဝတ်ဆင်ထားသော စစ်သည်များကို လက်နက်အသင့်ဖြင့် အစောင့်ချထား၏။ လေးများကို တင်ပြီး ဓားများကို အိမ်မှ ချွတ်ပြီး ဖြစ်၏။ ပြအိုးတိုင်းတွင် စစ်သည်များကို တင်ထား၏။ ကိုယ်ရံတော်တပ်မှ စစ်သူကြီးကောက်ကျူ ဦးစီးသည့် မြင်းသည်ငါးထောင်က မြို့ရိုးတလျှောက်တွင် ကင်းလှည့်လျက် ရှိ၏။

စုန်ကျန့်တို့အဖွဲ့သည် လူအုပ်နှင့် ရောကာ အရှေ့နေပြည်တော်တွင်းသို့ ဝင်ခဲ့၏။ သူက ယန်ချင်းကို တခုခု တီးတိုးညွှန်ကြားလိုက်ပြီး“ကျုပ် လက်ဖက်ရည်ဆိုင်မှာစောင့်နေမယ်” ဟု ပြော၏။

ယန်ချင်းက လီရှိရှိအိမ်သို့ သွားကာ တံခါးခေါက်၏။ အရှေ့နေပြည်တော်၏ ထိပ်တန်း ပျော်တော်ဆက်နှင့် သူ့ မိန်းမထိန်းကြီးတို့က ကောင်းစွာ လက်ခံကြ၏။

“ရှင်တို့ဆရာ ကုန်သည်ကြီးကိုလည်း တောင်းပန်လိုက်ဦး။ ဘုန်းတော်ကြီးလှသော ဘုရားက ဘယ်တော့ ရောက်လာမလဲဆိုတာ မသိနိုင်ဘူးရှင့်။ မေ့မေ့လျော့လျော့တော့ နေလို့ မဖြစ်ဘူး”

“ကျွန်တော့်ဆရာကလည်း နှောင့်ယှက်ရတာ တောင်းပန်ပါတယ်တဲ့။ ရှန်တောင်က ပင်လယ်နားကပ်နေတဲ့ ပြည်နယ်ဆိုတော့ ဘာမှ အဖိုးထိုက် အဖိုးတန် မရှိပါဘူး။ ဒီက နှမ ကို လက်ဆောင်ပေးလောက်အောင် ကောင်းတာ မထွက်ဘူးပေါ့ဗျာ။ ဆရာကတော့ ခင်ဗျားကို မြတ်နိုးတဲ့အထိမ်းအမှတ်အနေနဲ့ ရွှေလေးနှစ်ပိဿာကိုပဲ ပေးနိုင်ပါတယ်တဲ့။ ရွှေဘီးလေး၊ ရွှေဆံထိုးလေးလုပ်ပြီး နှမလေး ခေါင်းမှာ ဆင်နိုင်မလား မသိဘူးတဲ့။ နောက် များမှ မင်းထိုက်စိုးတန် ပစ္စည်းများ တွေ့ရင်တော့ သီးသီးသန့်သန့် ပို့လိုက်ပါမယ်တဲ့”

“ကုန်သည်ကြီးက အခု ဘယ်မှာလဲ” ဖာထိန်းမကြီးက မေး၏။

“လမ်းထိပ်မှာ စောင့်နေတယ်။ မီးပုံးတွေ လျှောက်ကြည့်ကြမလို့”

ထိုဖာထိန်းမကြီးအဖို့ ကမ္ဘာပေါ်တွင် ငွေထက် ပို၍ချစ်သော အရာဟူ၍ မရှိ။ ယန်ချင်း က မီးကျီးခဲပမာ ဝင်းဝင်းတောက်နေသော ရွှေတုံးနှစ်တုံးကို ထုတ်၍ စားပွဲပေါ်သို့ တင် လိုက်သောအခါတွင် ထခုန်မိမတတ် ဝမ်းသာသွားလေ၏။

“ဒီနေ့က မီးပုံးပွဲတော်နေ့လေ။ မေမေတို့သားအမိလည်း နှစ်ယောက်တည်း စိမ်ရည်လေး သောက်ပြီး ပွဲခံနေကြတာကလား။ မောင်ရင်တို့ ကုန်သည်ကြီးက သိပ်အောက်ကျတယ် မထင်ရင် နုံချာတဲ့တို့အိမ်ကို လာပြီးစကားပြောလှည့်ပါလားလို့။ သူ လာမယ်မဟုတ်လား”

“ကျိန်းသေလာမှာပါဗျာ။ ကျွန်တော်သွားပြီး ဖိတ်လိုက်တဲ့ အကြောင်း ပြောလိုက် ပါ့မယ်”

ယန်ချင်းက ပြန်၍ ပြောသဖြင့် စုန်ကျန့်တို့ လိုက်ပါလာခဲ့ကြ၏။ စုန်ကျန့်က ထိုက်ချူ နှင့် လီကွေ့တို့ကို အိမ်ရှေ့တံခါးတွင် စောင့်နေခိုင်း၏။

ကျန်လူသုံးယောက်က ဧည့်ခန်းဆောင်ကြီးထဲသို့ ဝင်သွားကြရာ လီရှိရှိက

ကြိုဆို၏။ "ကျွန်မတို့က ခုမှ တွေ့ဖူးကြတာ မဟုတ်လား ကုန်သည်ကြီးရယ်။ ဒီလို အဖိုးတန် လက်ဆောင်တွေ ပေးတာ မတော်ဘူး ထင်တယ်"

"ကျုပ်တို့ တောမှာက ဘာမှ အဖိုးတန်တာ မရှိဘူးဗျာ။ ဒီတော့ ဒီမဖြစ်စလောက် လေးနဲ့ပဲ ကျေးဇူးပြန်တုံ့ရတာပါ"

ပျော်တော်ဆက်က ကပ်လျက်ရှိ အခန်းငယ်တခုထဲသို့ ခေါ်သွားကာ နေရာပေး၏။ အစေခံများက ရှားပါးသော သစ်သီးများ၊ စားကောင်းသောက်ဖွယ်များ၊ နှစ်ချို့စိမ်ရည်များ၊ မုန့်၊ ယို၊ ချိုချဉ်များကို အကောင်းဆုံးအမျိုးအစား ကြွေထည်များတွင် ထည့်ကာ လှပစွာ ခင်းကျင်း ပြင်ဆင်ကြ၏။ ရှိရှိက စိမ်ရည်ခွက်ကို ကိုင်ကာ ရောက်လာပြီး ဦးညွှတ်လိုက်၏။

"ကျွန်မ အရင်ဘဝက ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့လို့ ရှင်တို့လို လူကြီးမင်းတွေနဲ့ တွေ့ရတာပါ။ ဒီစိမ်ရည်လေးနဲ့ သစ္စာပြုပါတယ်ရှင်"

"ကျုပ်နေတဲ့ တောင်ပေါ်ဒေသမှာ ပစ္စည်းလေး ဘာလေး နည်းနည်းပါးပါး ရှိပါတယ်။ ဒါပေမဲ့ ဒီက နှမလေးအိမ်မှာလိုတော့ ဘယ်မှာ ခမ်းနား သိုက်မြိုက်ပါ့မလဲဗျာ။ နှမလေးရဲ့ သတင်းကတော့ တပြည်ထောင်လုံးမှာ မွှေးနေတာပါပဲ။ နှမနဲ့ တွေ့ရဖို့ဆိုတာက နတ်ပြည် ကို ရောက်ဖို့ထက်တောင် ခက်နေသေးတယ်။ ဒါပေမဲ့ ခုတော့ နှမလေးနဲ့ ထိုင်ပြီး စကား ပြောနေတယ်၊ စားသောက်နေရတယ်။ ကျုပ် ဘယ်လောက် ကံကောင်းလိုက်သလဲ"

"သိပ်ကို ကြင်နာတတ်တဲ့ သူပါလား ကုန်သည်ကြီးရယ်။ သိပ်ကိုလည်း မမြှောက်ပါနဲ့၊ ကျွန်မ မခံယူဝံ့ပါဘူးရှင်"

နှစ်ယောက်သား ပြိုင်တူ ခွက်မှောက်လိုက်ကြ၏။ ရှိရှိက စိမ်ရည်များကို ရွှေခွက် များနှင့် ထည့်ရန် သူ့အစေခံမလေးကို ခိုင်းလိုက်၏။ ရှိရှိမှာ စိတ်လက်ပေါ်ပါးစွာဖြင့် သူတို့ လောက၏ အတင်းအဖျင်းများကို ပြောဆိုနေလေ၏။ သူ ပြောသမျှကို ကျဲ့ကျင်းက ညွှတ်ထောက်ခံပေး၏။ ဘေးနားတွင် ရပ်နေသော ယန်ချင်းက တချက်တချက်တွင် ဝင်၍ အရွှန်းဖောက်လေရာ အားလုံးမှာ ရယ်ကြရ၏။ စိတ်လက်ပေါ့ပါးစွာ ရှိနေကြ၏။

စုန်ကျန့်မှာ စိမ်ရည်ကောင်းကောင်း သုံးလေးခွက်ခန့် ဝင်သွားသောအခါ အတော်ပင် အာရွှင်လာလေပြီ။ လျှံရှန်းတောင်ရိုးမှ တောပုန်းတို့၏ ဘာမထီသော စရိုက်များ ပေါ်လာ လေပြီ။ အင်္ကျီလက်များကို ပင့်ကာ လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေ၏။

"နောင်ကြီးက စိမ်ရည်လေး ဝင်လာရင် ဒီလိုပဲ။ မရယ်ပါနဲ့နော်" ဟု

ကျဲ့ကျင်းက ခပ်ပြုံးပြုံးဖြင့် ပြော၏။

"ပျော်ချင်လို့ သောက်တာပဲရှင်၊ ဘာကိန်းကြီးခန်းကြီး လုပ်နေစရာ လိုလို့လဲ"

လက်ပါးစေမလေးက-

"တံခါးဝက အစေခံတယောက်လေ၊ ဟို မုတ်ဆိတ်ဝါဝါကြီးနဲ့ ရုပ်ဆိုးဆိုးကြီးနဲ့ သိပ် ကြောက်စရာကောင်းတဲ့ လူကြီးကလေ၊ ကျိန်ဆဲနေတယ်ရှင့်"

"နှစ်ယောက်စလုံးကို လာခဲ့လို့ သွားခေါ်လိုက်"

လီကွေ့နှင့် ထိုက်ချုံတို့လည်း ဝင်လာကြ၏။ လေပွေနက်သည် စုန်ကျန့်နှင့် ကျဲ့ကျင်းတို့ ရှိရှိနှင့်အတူ သောက်စားနေသည်ကို စားမတတ်ဝါးမတတ် ကြည့်နေ၏။

"ဒီလူက ဘယ်သူလဲရှင်၊ သူ့ကြည့်ရတာ ဘုံကျောင်းဝက ဘီလူးရုပ်ကြီးကျနေတာပဲ" အားလုံးက ရယ်လိုက်ကြ၏။ ထိုအထဲတွင် လီကွေ့မပါပေ။ ရှိရှိ ဘာပြောလိုက်သည်ကို သူ မရေလည်လိုက်ပေ။

"သူက ကျုပ်တို့ စာရင်းငှားကြီးရဲ့ သားပါ"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကကော ဘာမှိုလို့လဲ"

"ဒီကောင်ကြီးက အချိန်ခြောက်ဆယ် ခုနစ်ဆယ်လောက်တော့ အသာလေး သယ်နိုင် တယ်။ လူ လေးဆယ် ငါးဆယ်လောက်နဲ့လည်း ချနိုင်တယ်"

စိမ်ရည်ကို ငွေခွက်ကြီးများတွင်ထည့်ကာ ထိုက်ချုံနှင့် လီကွေ့တို့အား သုံးဆောင်မှု တိုက်စေ၏။ လီကွေ့က မတော်တရော် ပြောချလိုက်မည်ကို ကြောက်လာသဖြင့် ယန်ချင်း က သူတို့နှစ်ယောက်စလုံးကို အိမ်ရှေ့သို့ ပြန်သွားရန် ပြောလိုက်၏။

"တကယ့် ယောက်ျားတွေ သောက်ရင် ခွက်သေးသေးကို မသုံးဘူး" ဟု စုန်ကျန့်က ဆိုကာ ငွေခွက်ကြီး တလုံးကို ကောက်ယူလိုက်ပြီး စိမ်ရည်များထည့်ကာ ခွက်ဆင့် သောက် နေ၏။

ရှိရှိသည် စာဆို စူထျန်ပို၏ သီချင်းတပုဒ်ကို အသံမျှဉ်းမျှဉ်းလေးနှင့် ဆိုပြလေ၏။ စိမ်ရည်တန်ခိုး ပြလေပြီ။ စုန်ကျန့်က စာရွက်နှင့် စုတ်တံကို တောင်း၏။ မင်ကို ပျစ်ပျစ် ဖျော်၏။ စုတ်တံကို နှစ်၏။ စက္ကူကို ဖြန့်၏။

“ကျုပ်က စာမတတ်ပေမယ့် ကျုပ်စိတ်ထဲမှာ ရှိတာလေးတွေကိုတော့ တလုံး နှစ်လုံး လောက် ရေးပြချင်တယ်ဗျာ။ နားထောင်ပေးပါ အလှဆုံးပန်းလေးရယ်”

စုတ်တံကို ကိုင်ကာ သွေ့ဖူ ကဗျာတပုဒ်ကို စပ်၏။

မြောက်နဲ့ တောင်

ခရီးသည် ဘယ်မှာ နားရပ့်

တမ်းတမိယောင်

ငါတို့ တောင်စခန်းမှာတော့ သမ်းတဲ့ မြူမှောင်

ကတိုး အကျော် နံ့သာသင်းပါတဲ့

ကျောက်စိမ်းရောင် ဖဲရောင်ဝင်းပါတဲ့

ရွှေဘုံမှာ ခိုလှုံရေးကို တွေးမျှော်မိယောင်

သင့်အပြုံးတပွင့်မာလာ ရွှေစင်တထောင် သင့်ပေသမို့

လှပျိုဖြူရယ် ဒီမောင်မှာ မခံချိပါဘူး

ခြောက် ခြောက်လီ ဟသ်ာညီနောင်များရယ်နဲ့

ကိုး ရှစ်လီ ရွှေကြက်တောင်ပံချိပါလို့

မိုးယံချီတဲ့ ငါတို့စိတ်ဓာတ်

မြေတန်ပြည်းတဲ့ ငါတို့သစ္စာ

သမုဒ္ဒရာ လေးစင်းအတွင်။

အလျဉ်း အသိအမှတ် မပြုကြပါ

ခွဲခွာရ နှစ်ရှည်ကြာ ဆွေးပူ ဗျာပါ နှောင်လို့

သေရည်ကို အဖော်ပြုပါရ

ညချင်းပင် ငါ့ကေသာ

ဖွေးဖွေးဖြူရရှာ။ ။

ကဗျာကို စပ်ပြီးသော် လီရှိရှိသို့ ကမ်းလိုက်၏။ အကြိမ်ကြိမ် ဖတ်သော်လည်း သူ့ခမျာ နားမလည်။ စုန်ကျန့်က ရှင်းပြမည့် ဆဲဆဲတွင် လက်ပါးစေ မိန်းကလေး ရောက်လာ၏။

“ဘုန်းတော်ကြီးလှသောဘုရား ဥမင်က တဆင့် ခြံနောက်ဖေးမှာ ရောက်နေပါပြီ”

“ကျွန်မတော့ ရှင်တို့ကို လိုက်မပို့နိုင်တော့ဘူး။ ခွင့်လွှတ်ပါ” ဟု ဆိုကာ ကေရာဇ် မင်းကြီးကို ကြိုဆိုရန် ထွက်သွားလေ၏။

လက်ပါးစေမိန်းကလေးက ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းကာ စားပွဲလေး ကို ဖယ်လိုက်ပြီး ကြမ်းကိုလည်း တံမြက်စည်းလှည်းလေ၏။ စုန်ကျန့်တို့လည်း ဘေးအခန်း မှောင်မှောင်ထဲတွင် ကိုယ်ဖျောက်ကာ ချောင်းနေကြ၏။ ရှိရှိသည် ဘုရင်မင်းကြီးရှေ့တွင် ဒူးတုပ်ခစားနေ၏။

“ဘုန်းတော်ကြီးလှသောဘုရားက တိုင်းရေးပြည်ရေးတွေကြောင့် ပင်ပန်းနွမ်းလျနေ မှာပဲနော် ဖျာ့”

ဘုရင်မင်းကြီး၏ဦးခေါင်းကို ပိုးဖျင်ဇာပါးစဖြင့် လွှမ်းအုပ်ထား၏။ ကိုယ်တွင်မူ နဂါးရုပ် ထိုးထားသော ဝတ်ရုံကို ဝတ်ထား၏။

“ကျုပ် အခုပဲ မဟာဝိသုဒ္ဓဘုရားကျောင်းက ပြန်လာတာပါ။ ရွှမ်တဲ့အိမ်တော်မှာ လူထု ကို စိမ်ရည်ဝေပေးဖို့ သားတော်ကို မိန့်ထားတယ်။ ညီတော်ကိုလည်း ခြေလှမ်းတထောင် စကြံမှာ လုပ်တဲ့ပွဲကို တက်ခိုင်းထားတယ်။ စစ်သူကြီး ယန်းကို ခေါ်ထားတာ မရောက်နိုင်လို့ မစောင့်နိုင်တာနဲ့ ဒီကိုပဲ လာခဲ့တာကွ။ အနားကို တိုးပါဦး။ စကားပြောကြရအောင်”

စုန်ကျန့်က သူ့လက်ထောက်များနှင့် တီးတိုးတိုင်ပင်၏။

“ဒီအခွင့်အရေးကို လက်လွှတ်ခံလိုက်ရင် နောင်ဘယ်တော့မှ ရမယ် မပြောနိုင်ဘူး။ ကျုပ်တို့ အပြင်ထွက်ပြီး လွတ်ငြိမ်းခွင့် တောင်းကြရအောင်”

“မဖြစ်နိုင်ဘူးဗျ။ ခုနေ လက်ခံပေမယ့် တော်ကြာ စိတ်ပြောင်းသွားနိုင်တာပဲ”

ကျဲ့ကျင်းက ထောက်၏။

ထိုအချိန်တွင် လီကွေ့၏ ဒေါသအိုး ပွက်သထက် ပွက်လာကာ ပေါက်ကွဲလုနီးဖြစ်နေ လေပြီ။ “နောင်ကြီးတို့၊ ကျဲ့ကျင်းတို့ကတော့ မိန်းမလှလေးနဲ့ သောက်လို့ စားလို့၊ ငါနဲ့ ထိုက်ချုံကိုတော့ ဖာအိမ်ပေါက်ဝမှာ စောင့်ခိုင်းထားတယ်”။

လီကွေ့၏ ဇက်မွေးများ ထောင်လာပြီ။ ထိုစဉ်တွင် စစ်သူကြီးယန်းက အိမ်ရှေ့တံခါးရှိ ကန့်လန့်ကာကို ဖယ်ကာ တံခါးကို တွန်းဖွင့်၏။ အိမ်ထဲသို့ ဝင်မည့်ဆဲဆဲတွင် တံခါးဝတွင် ရပ်စောင့်နေသော လီကွေ့ကို မြင်လိုက်သဖြင့် လှမ်းငေါက်လိုက်၏။

"မင်းက ဘယ်သူလဲ ဟေ့ကောင်၊ ရာရာစစ ဘာလာလုပ်တာလဲ"

လီကွေ့ ဘာမှ ပြန်မပြောဘဲ လက်တင်ကုလားထိုင် တလုံးကို ကောက်ကိုင်ကာ စစ်သူကြီး၏ ခေါင်းကို လွှဲ၍ ရိုက်လိုက်၏။ စစ်သူကြီးလည်း သတိလစ်သွားကာ ကျန် ကုလားထိုင်နှစ်လုံးပေါ်သို့ လဲကျလေ၏။ ထိုက်ချုံက ဝင်ဟန့်သော်လည်း နောက်ကျသွား လေပြီ။ လီကွေ့သည် နံရံတွင် ဆွဲထားသော ပန်းချီကားများကို ဆွဲဆုတ်ကာ ဖယောင်းတိုင် မီးနှင့် တို့ကာ မီးကူး၏။ ထို့နောက် အမွှေးနံ့သာတင် စားပွဲများ၊ ကုလားထိုင်များ၊ ထိုင်ခုံ များကို မီးတင်ရှို့လေ၏။

လဲသံပြိုသံကြားရ၍ စုန်ကျန့်တို့ အပြေးအလွှားထွက်လာသောအခါ အကျီကိုယ်ချွတ် နှင့် လီကွေ့ သောင်းကျန်းနေသည်ကို တွေ့ရ၏။ သူတို့ တံခါးအပြင်သို့ ရောက်သောအခါ လီကွေ့သည် ဘယ်က ရထားသည် မသိရသော တင်းပုတ်ကြီး တလက်ဖြင့် တလမ်းလုံး မြင်မြင်သမျှကို ရိုက်ချိုးဖျက်ဆီးနေသည်ကို တွေ့ရလေ၏။ မြို့တံခါးများ မပိတ်မီ ထွက်မှ ဖြစ်မည်ဟု စုန်ကျန့်က ကျဲ့ကျင်း၊ ထိုက်ချုံတို့နှင့်အတူ ထွက်ခဲ့၏။ ယန်ချင်းကိုမူ လီကွေ့ကို အဖော်လုပ်ရန် ချန်ထားခဲ့၏။

လီရှုရှုအိမ် မီးလောင်သည်နှင့် ဘုရင်မင်းကြီးသည်လည်း အရိပ်အငွေ့မျှ မကျန်အောင် လှစ်ခနဲ ထွက်ပြေးသွားလေပြီ။ အိမ်နီးချင်းများလည်း မီးကို ဝိုင်းငြိမ်းကြရ၏။ စစ်သူကြီး ယန်းကို ကယ်ကြရ၏။ ထိုအကြောင်းများကို ဤ၌တွင် တော်ဦးမည်။

အော်သံ ခေါ်သံများကို မြောက်တံခါး ပြအိုးပေါ်တွင် ရောက်နေသော စစ်သူကြီး ကောက်ကျူ ကြားရ၏။ သူ့ စစ်သည်များနှင့်အတူ အလျင်အမြန် ဆင်းလာကာ လိုက်ဖမ်း လေ၏။ အရှူးအမူး တိုက်ခိုက်လာသော လီကွေ့သည် မူဟုန်၊ ရှိကျင်းတို့နှင့် ဝင်တိုးလေ၏။ ယန်ချင်းလည်း ရောက်လာကာ လေးယောက်သား တိုက်ခိုက်ကြပြီး မြို့ရိုးဘက်သို့ ဖောက် ထွက်လာကြ၏။

စစ်သည်များက မြို့တံခါးကို ပိတ်ရန် အပြေးအလွှား သွားကြ၏။ သို့သော် မြို့ပြင်မှ ရှင်ဉာဏက သူ့တောင်ဝှေးကြီးကို ဝှေ့လျက်၊ ဝုဆုန်က ဓားနှစ်လက်ဖြင့် ထိုးခုတ်လျက်၊ ချူတုံနှင့် လျူထန်တို့က လှံပုဆိန်ကြီးများကို ဝင့်လျက် အတင်းဝင်လာကြ၏။ မြို့ထဲသို့ ရအောင် ဖောက်ဝင်ကာ မိမိတို့၏ ရဲဘော်လေးယောက်ကို ကယ်ထုတ်ခဲ့ကြ၏။

သူတို့မြို့တံခါးဝမှ ထွက်သွားခါစလောက်တွင် ကောက်ကျူနှင့် မြင်းတပ် ရောက်လာ လေ၏။ စုန်ကျန့်၊ ကျဲ့ကျင်း၊ ထိုက်ချို့တို့ ပျောက်နေသဖြင့် တပ်ဗိုလ်ရှစ်ယောက်လည်း စိုးရိမ်လာကြ၏။

စစ်ဘက်အကြံပေး ဝုရှံသည် စုန်ကျန့်များ တခုခု အခက်ကြုံခဲ့သော်ဟု ကြောင့်ကြကာ အရှေ့နေပြည်တော်ကို ဝင်တိုက်ရန် ဆုံးဖြတ်လိုက်၏။ အချိန်ကို ခန့်မှန်း၍ တောပုန်း ခေါင်းဆောင် ကျားငါးစီး ခေါင်းဆောင်သော သံချပ်ကာမြင်းသည် တထောင်ကို လွှတ် လိုက်၏။ မြို့ပြင်တွင် စုန်ကျန့်တို့နှင့် တွေ့သဖြင့် အပိုယူလာသော မြင်းများကို စီးရန် ပေးလိုက်၏။ ထို့အတူ ကျန်တပ်ဗိုလ် ရှစ်ဦး ရောက်လာသောအခါတွင်လည်း မြင်းများကို ပေးပေ၏။ သို့သော် လီကွေ့ကိုမူကား အစအနမျှ မတွေ့ရသေးပေ။

ကောက်ကျူတို့လည်း တက်၍ တိုက်ရန် ပြင်နေကြ၏။ စုန်ကျန့်၏ တပ်ဗိုလ် ကွမ်ရှိန်း၊ လင်ချုံး၊ ချင်မင်း၊ ဟူယန်ကျို့၊ တုန်ပင်းတို့လည်း ကျုံးစပ်သို့ မြင်းဒုန်းစိုင်းကာ ရောက်လာ ကြ၏။

“လျှံရှန်းတောင်ရိုးက ရဲရင့်သူတွေ ရောက်လာပြီဟေ့၊ မသေချင်ရင် လက်နက်ချကြ၊ မြို့ကို အပ်ကြ” ဟု အော်ဟစ်ကြ၏။

ကောက်ကျူမှာ မထွက်ဝံ့။ ဆွဲတံတားကို တင်ကာ ပြန်ဆုတ်ပြီး မြို့ရိုးထိပ်တွင် ခံစစ် ယူထားကြ၏။

စုန်ကျန့်က ယန်ချင်းကို -

“မင့်က လီကွေ့ရဲ့ မိတ်ဆွေကြီးပဲ။ ဒီငမည်းကို စောင့်ပြီး ခေါ်ခဲ့။ ရန်သူတွေ လမ်းက ဖြတ်မတိုက်နိုင်ခင် ခုညပဲ ငါတို့ စခန်းကို ပြန်မယ်”

စုန်ကျန့်တို့ ထွက်သွားကြ၏။ ယန်ချင်းမှာ အိမ်တဆောင်၏ တံစက်မြိတ်အောက်တွင် ခို၍ စောင့်နေ၏။ လီကွေ့သည် အထုပ်အပိုးများကို ကျောတွင် ပိုးကာ၊ လက်တဖက်တွင် ပေါက်ဆိန်တလက်စီကို ကိုင်ကာ ထမင်းဆိုင်တံခါးဝမှ အော်ဟစ်၍ ခုန်ထွက်လာသည်ကို မြင်လိုက်ရ၏။

သူကား မိုးခြိမ်းသလို အော်ဟစ်ကာ မြို့တော်တံခါးကို ပေါက်ခွဲမည်ဟု ပုဆိန်ကြီး များကို ဝှေ့ယမ်းကာ ထွက်လာခဲ့ပေ၏။

လီကွေ့ အရှေ့နေပြည်တော်ကို မည်သို့ တိုက်ခိုက်ပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၇၃

လေပွေနက် သရဲဖမ်းဟန် ဆောင်ခြင်း

လျှို့ရှုန်းတောင်ရိုးမှ လူစွမ်းကောင်း ခေါင်းနှစ်လုံး ဆက်သခြင်း

ယန်ချင်းက လီကွေ့၏ ခါးကို သိုင်းဖက်လိုက်ပြီး ကိုယ်ကို တချက်လွှဲကာ မြေကြီးပေါ်သို့ ပေါက်ချလိုက်၏။ လီကွေ့လည်း ခြေနှစ်ချောင်း မိုးပေါ် ထောင်လျက် လဲကျသွား၏။ ထို့နောက် ယန်ချင်းက ဆွဲထူကာ လွှတ်လိုက်ပြီး လမ်းကျဉ်းလေးတခုအတိုင်း ခြေလှမ်းကျဲ ကြီးများဖြင့် သွား၏။ လီကွေ့က နောက်မှ လိုက်ပါလာ၏။

လီကွေ့ အဘယ်ကြောင့် လိုက်ပါသွားရသနည်း။ အကြောင်းမှာ ယန်ချင်းသည် နပန်း သမားများထဲတွင် တစ် စွဲသူ ဖြစ်၏။ ထို့ကြောင့်ပင် စုန်ကျန့်က သူ့ကို လီကွေ့အား ထိန်းရန် ချန်ထားခဲ့ခြင်းဖြစ်၏ ။ သူ့စကားကို နားမထောင်ပါက ယန်ချင်းက လေပွေနက်ကို တချက် တည်းဖြင့် ကြမ်းပြင်ပေါ် လှဲသိပ်လိုက်ရန်သာ ရှိ၏။ သူ့လက်သီး သူ့ခြေထောက်များ၏ အရသာကိုလည်း တကြိမ်မက လီကွေ့ မြည်းဖူးပြီးပြီ။ သူယန်ချင်းကို ကြောက်၏။ ယန်ချင်း စကားကို နားထောင်၏။

သူတို့ကား လမ်းမကြီးကို မသုံးဝံ့ကြ။ အစိုးရတပ်များ လိုက်လာ၍ တွေ့ကြပါက ခုခံ နိုင်ရန် ခက်ခဲမည် ဖြစ်၏။ ထို့ကြောင့် ချင့်လျူခရိုင်ကို ဦးတည်ကာ၊ အဝေးကြီး ကွေ့ပတ်ကာ လာခဲ့ကြ၏။ လီကွေ့က သူ့ပုဆိန်များကို ခါးတွင်ထိုးကာ အပေါ်မှ အင်္ကျီပြန်ဝတ်ပြီး ဖုံးထား လိုက်၏။ ခေါင်းပေါင်းမပါသဖြင့် မီးဟပ်ကာ ကျွမ်းညိုနေသည့် သူ့ဆံပင်ကို နှစ်စုခွဲကာ ဘယ်ညာနှစ်ထုံး ထုံးထားရာ တာအိုဘုန်းကြီးများကဲ့သို့ ဖြစ်ပေ၏။ မိုးလင်းသည်အထိလျှောက်ခဲ့ကြ၏။ ယန်ချင်းမှာ ပိုက်ဆံနည်းနည်း ပါလာသဖြင့် ရွာထမင်းဆိုင်တခုတွင် ဝင်ကာ အသားနှင့် စိမ်ရည်တို့ကို စားသောက်ကြ၏။ စားပြီးသော် ခရီးဆက်ကြ၏။

ထိုနေ့ မနက်တွင် အရှေ့နေပြည်တော်၌ ရှုပ်ထွေးခြင်းက မင်းမူနေ၏။ ကောက်ကျူတို့ ကလည်း တောပုန်းများကို ရင်မဆိုင်ရဲသဖြင့် ပြန်ဆုတ်ခဲ့ကြ၏။ လီရှီရှိက သူ ဘာမျှ မသိရ ကြောင်း ကျိန်၍ ပြော၏။ စစ်သူကြီးယန်းမှာ အိပ်ရာထဲတွင် လဲနေ၏။ လူလေးရာ ငါးရာ ခန့် ထိခိုက်ဒဏ်ရာရကြောင်း တွေ့ရ၏။ လဲကျသဖြင့် လူနင်းခံရသဖြင့် ပွန်းပဲ့သူများကား ရေပင်မရေတွက်နိုင်။ ကောက်ကျူသည် စစ်မက်ရေးရာအတိုင်ပင်ခံအဖွဲ့ ခေါင်းဆောင် တုန်ဂွမ်နှင့်အတူ နန်းရင်းဝန်ထံသို့ ဝင်ကာ ဘုရင်မင်းကြီးထံသို့ တင်လျှာ ဆက်သရန် တိုင်ပင်ကြ၏။

တောပုန်းများကို လိုက်ဖမ်းရန် တပ်များကို စေလွှတ်ကြ၏။

လီကွေ့နှင့် ယန်ချင်းတို့မှာ မိုးမခလေးပင် ဟူသော ရွာသို့ ရောက်လာကြ၏။ နေစောင်း နေပြီဖြစ်၍ လယ်တောအိမ်ကြီးတဆောင်သို့ သွားကာ တံခါးခေါက်ကြ၏။ သက်ငယ်မိုး ခန်းမဆောင်၌ အိမ်ရှင်ဖြစ်သူ မြေပိုင်ရှင်ကြီးတီက လက်ခံ၏။ လီကွေ့ခေါင်းပေါ်တွင် တာအိုဘုန်းကြီးပုံစံ ရောင်နှစ်ထုံး ထုံးထားသော်လည်း ဘုန်းကြီး၏ ကိုယ်ရုံဝတ်မထား သည်ကို လည်းကောင်း၊ အလွန်အရုပ်ဆိုးသည်ကို လည်းကောင်း မြေရှင်ကြီး သတိထား မိလေ၏။ လီကွေ့ကို ဘာမှန်းညာမှန်း မသိရသဖြင့် ယန်ချင်းကိုသာ ဦးတည်၍ စကား ပြော၏။

"ဒီကိုယ်တော်က ဘယ်က ကြွလာတာပါလဲ"

ယန်ချင်းက ရယ်လိုက်ကာ -

"ကိုယ်တော်က ထူးတယ်ဗျ၊ ခင်ဗျားတို့လည်း ကြားဖူးကြမှာ မဟုတ်ဘူး။ ကျုပ်တို့က ဒီမှာ ထမင်းလေး ဘာလေး စားရုံ၊ ဒီည အိပ်ရုံပါပဲ။ မနက်ကျရင် ခရီးဆက်သွားကြမှာပါ"

လီကွေ့က ဘာမျှ ဝင်မပြော။ မြေရှင်ကြီးက သူ့ကို ကန်တော့၏။

"ကယ်ပါဦး အရှင်ဘုရား"

"ကျုပ်ကို ဘာလုပ်ပေးစေချင်လဲ၊ ရှင်းရှင်းပဲ ပြော"

"ဒီအိမ်မှာ တပည့်တော်ရယ်၊ တပည့်တော်မယားရယ်၊ အသက်နှစ်ဆယ်အရွယ် သမီး ရယ်၊ ဒီ့အပြင် လူတရာကျော်လောက် ရှိပါတယ်။ ပြီးခဲ့တဲ့ ခြောက်လလုံးလုံး သမီးကို သရဲ တကောင် ဝင်ပူးနေပါတယ်။ အခန်းထဲကလည်း မထွက်တော့ဘူး။ ဘာမှလည်း မစား မသောက်တော့ဘူး။ တယောက်ယောက်က သူ့အခန်းနားကို သွားရင် သရဲက အုတ်ခဲတွေ ကျောက်ခဲတွေနဲ့ ပေါက်လွှတ်တယ်။ ခဲမှန်တဲ့သူတွေလည်း မနည်းဘူး။ တရားသူကြီး ကိုလည်း ခေါ်တာ လေး ငါးကြိမ် မကဘူး။ သူလည်း ဒီသရဲကို မဖမ်းနိုင်ပါဘူး"

"မြေရှင်ကြီး၊ ကျုပ်က ချီချို့က ဆရာတော်လိုရဲ့တပည့်ပါ။ ကျုပ်က တိမ်တွေကို စီးနိုင် တယ်။ ဘီလူးတွေကို ဖမ်းနိုင်တယ်။ ဒကာကြီးက နည်းနည်းပါးပါး အကုန်ခံနိုင်ရင်တော့ ဒီညပဲ အဲဒီကောင်ကို ကျုပ်ဖမ်းမယ်။ လောလောဆယ်တော့ သိုးတကောင်နဲ့ ဝက်တကောင် ပူဇော်ဖို့ လိုတယ်"

"သိုးတွေ ဝက်တွေ ကြိုက်သလောက် ရပါတယ်။ စိမ်ရည်ကတော့ ပြောဖို့တောင် မလိုပါဘူး ဘုရား"

“ဆူဆူဖြိုးဖြိုး နှစ်ကောင်ကို ရွေးပြီး သတ်ပြီး ကင်ယူခဲ့။ စိမ်ရည်ကောင်းကောင်းလေး ငါးအိုးလည်း လိုတယ်။ ဒီည တတိယယံမှာ အဲဒီသရဲကို ကျုပ်ဖမ်းမယ်”

“ရွှေစက္ကူတို့ ငွေစက္ကူတို့ကော ကိုသေးလား။ တပည့်တော်မှာ ရှိပါတယ်”

“ကျုပ်မှာ ကျုပ်ပညာတွေ ရှိတယ်။ ဒီသောက်ပစ္စည်းတွေ မလိုဘူး။ ခင်ဗျားသမီး အခန်းကို သွားပြီး အဲဒီကောင်ကို ဖမ်းမယ်”

ယန်ချင်းကား ရယ်ချင်လှသဖြင့် လျှာကို နာနာကိုက်ထားရလေ၏။ မြေရှင်ကြီးကား လီကွေ့ကို ချီးမွမ်း၍ မဆုံးတော့။ ညဥ့်သန်းခေါင်သို့ ရောက်သော် သိုးကင်၊ ဝက်ကင်တို့ကို ခန်းမထဲတွင် ပြင်ထား၏။ လေပွေနက်က ခွက်ကြီးကြီးတလုံးကို တောင်းကာ စိမ်ရည် နွေးနွေး အိုးတဒါဇင်လောက် ကို စီ၍ ချထားစေ၏။ ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းကာ အမွှေးတိုင်များကိုလည်း မီးညှိ၏။ ခုံတန်းလျားတခုကို ဆွဲလာကာ အလယ်တွင် တက်ထိုင် ၏။ သို့သော် ရွတ်ဖတ်ခြင်း မပြုဘဲ သူ့ပုဆိန်တလက်ကို ထုတ်ကာ သိုးကင်နှင့် ဝက်ကင်ကို ခုတ်ဖွင့်၏။ ထို့နောက် အသားတုံးကြီးများကို ဆွဲဖွဲ့ကာ အားရပါးရ စားလေ၏။

“လာလေကွာ လူရည်ချွန်လေး” လီကွေ့က ရက်ရက်ရောရော ခေါ်ရှာ၏။

ယန်ချင်းက အေးတိအေးစက် အပြုံးဖြင့်သာ တုံ့ပြန်လိုက်၏။ လီကွေ့လည်း အသား များကို ဗိုက်ကားအောင် စားကာ စိမ်ရည်ကောင်းကောင်း ငါးခွက်ခြောက်ခွက်မျှ ဆင့်၍ သောက်နေရာ မြေပိုင်ရှင်ကြီး ခမျာမှာ ပါးစပ်အဟောင်းသား ကြည့်နေရလေ၏။

“လာစားကြလေကွာ” ဟု လီကွေ့က မြေကျွန်များကို လှမ်း၍ ဖိတ်လိုက်ပြီး မျက် တောင်တခတ် အတွင်း လက်ကျန်အသားအားလုံးကို ဝေပေးလိုက်၏။ “ရေနွေးတပုံး ယူခဲ့၊ ငါ ခြေလက် ဆေးမလို့”

ချက်ချင်းပင် သူ ခိုင်းသည်ကို ပေးကြ၏။ ဆေးကြောသုတ်သင်ပြီးသော် မြေပိုင်ရှင်ထံ လက်ဖက်ရည်တောင်း၏။ ယန်ချင်းသို့လည်း “မင်းကော စားပြီးပြီလား”

“စားပြီးပါပြီဗျာ”

“အသားလည်း ကုန်ပြီ၊ စိမ်ရည်လည်း ကုန်ပြီ၊ မနက်ဖြန် ခရီးဆက်ကြမယ်။ သခင် ကြီးတို့ အိပ်တော့မယ်” ဟု လီကွေ့က မြေပိုင်ရှင်ကြီးကို ပြော၏။

“ဆိုးတာပဲဗျာ။ ကိုယ်တော်က သရဲကို ဘယ်တော့မှ ဖမ်းမှာလဲ”

“ခင်ဗျားက တကယ်ပဲ လုပ်စေချင်နေတာကိုး။ ကဲ ကဲ ဒါဖြင့် သူ့အခန်းကို လမ်းပြ ပေတော့”

“အဲဒီမှာ သရဲ ရှိပါတယ် ဘုရား။ အုတ်ခဲတွေ၊ ကျောက်ခဲတွေ ပျံထွက်လာတယ်။ ဘယ်သူ သွားရဲပါ့မလဲ ဘုရား”

လီကွေ့က မြေကျွန်များကို မီးတုတ်များကိုင်၍ ခပ်လှမ်းလှမ်းတွင် ရပ်နေစေကာ သူ့ကို မီးပြစေ၏။ မြေရှင်ကြီး၏ သမီးရှိရာ အဆောင်သို့ လက်စွဲတော် ပုဆိန်များကို ကိုင်ကာ သွားလေ၏။ အဆောင်တွင်းမှ မီးအိမ်ကလေးတလုံးက မမှုန့်တမှုန် လင်းနေ၏။ သူ ချောင်း ကြည့်လိုက်ရာ ယောကျာ်းလေးတယောက်က မိန်းကလေးတယောက်ကို ပွေ့ဖက်ထားပြီး တွတ်ထိုးနေသည်ကို တွေ့ရလေ၏။

တံခါးကို တချက်တည်းဖြင့် ဆောင့်ကန်ဖွင့်လိုက်ကာ ပုဆိန်ကြီးတွေ တယမ်းယမ်းဖြင့် လေပွေနက် ဝင်မွှေလေတော့၏။ လီကွေ့၏ ပုဆိန်ချက်ဖြင့် မီးအိမ်မှာ မီးပွားတထောင် လောက်အဖြစ်ဖြင့် လွင့်စဉ်သွားလေ၏။ ကောင်လေးက ထွက်ပြေးဖို့ လုပ်၏။ လီကွေ့က အော်ပြီး ခုတ်ချလိုက်၏။ မိန်းကလေးက ခုတင်အောက်သို့ ဝင်ပြေးကာ ပုန်းရှာ၏။ လီကွေ့ က ကောင်လေး၏ခေါင်းကို ဖြတ်ကာ ခုတင်ပေါ်သို့ တင်လိုက်ပြီး ခုတင်ဘောင်ကို သူ့ပုဆိန် ကြီးနှင့် ခေါက်၏။

“မြန်မြန်ထွက်လာနော်။ မဟုတ်ရင် နင့်ကိုရော ခုတင်ကိုပါ စဉ်းပစ်လိုက်မယ်”

“ချမ်းသာပေးပါရှင်၊ ထွက်လာပါ့မယ်”

မိန်းကလေးက ခုတင်အောက်မှ ခေါင်းပြူလာသည်နှင့် လီကွေ့က ဆံပင်မှ ကိုင်ကာ ခုတင်ပေါ်သို့ ဆွဲတင်လိုက်၏။

“ငါ သတ်လိုက်တဲ့ ကောင်က ဘယ်သူလဲ”

“ကျွန်မချစ်သူ ဝမ်လေးပါ”

“အုတ်ခဲတွေ ဘယ်က ရတာလဲ၊ နင်ကကော ဘာနဲ့ စားနေတာလဲ”

“ကျွန်မ ရွှေဆံထိုးတွေ၊ ငွေဆံထိုးတွေ သူ့ကို ပေးလိုက်တယ်။ ညကျ လူလစ်မှ သူက ခြံတံတိုင်းကို ကျော်ထွက်ပြီး လိုတာတွေ ဝယ်ကြတာပါ”

“သောက်ကမြင်းမ” ဟု ဆိုကာ လီကွေ့က ခုတင်ပေါ်မှ ဆွဲချလိုက်ပြီး မိန်းကလေး ကိုလည်း ခေါင်းဖြတ်လိုက်၏။ ခေါင်းနှစ်လုံးကို ဆံပင်ချင်းတွဲကာ ချည်လိုက်ပြီး အလောင်း နှစ်လောင်းကို ဘေးချင်းယှဉ်ကာ ချထားလိုက်၏။

"ဗိုက်လည်း တင်းပြီ၊ အစာလေး ဘာလေး ကျေအောင် နည်းနည်းတော့ လှုပ်လှုပ် ရှားရှား လုပ်လိုက်ဦးမယ်" ဟု ဆိုကာ ကိုယ်အပေါ်ပိုင်းကို ဗလာကျင်းလိုက်ပြီး အလောင်း နှစ်လောင်းကို သူ့ပုဆိန်နှစ်လက်ဖြင့် ဖုံတောင်ခေါက်သလို ခေါက်ကာ စဉ်းလေ၏။

"ဒီအတွဲတော့ အသက်ပြန်မရှင်လောက်တော့ဘူး" ဟုဆိုကာ တဟီးဟီးရယ်လေ၏။ ထို့နောက် ပုဆိန်များကို ခါးတွင် ပြန်ထိုးကာ ခေါင်းနှစ်လုံးကို ဆွဲပြီး ခန်းမဆီသို့ ပြန်လာ၏။ "သရဲနှစ်ကောင် ဖမ်းလာတယ်" ဟု ဆိုကာ ခေါင်းများကို ကြမ်းပေါ်သို့ ပေါက် ချလိုက်၏။

တအိမ်သားလုံး တအံ့တဩဖြင့် ဝိုင်းလာကာ ကြည့်ကြ၏။ မြေပိုင်ရှင်ကြီး၏ သမီးကို မှတ်မိကြသော်လည်း ကျန်တလုံးမှာ မည်သူ့ဦးခေါင်းဟု မသိကြရှာ။ နောက်ဆုံးတွင်မှ မြေကျွန်တယောက်က "ဒါ အရှေ့ရွာက ငှက်ဖမ်းသမား ဝမ်လေးနဲ့ တူတယ်"

"မျက်စိလျင်သားပဲ" လီကွေ့က ထောမနာပြု၏။

"ဘယ်လိုလုပ်ပြီး တွေ့သွားတာလဲ ဘုရား" မြေပိုင်ရှင်ကြီးက လျှောက်၏။

"ခင်ဗျားသမီးက ခုတင်အောက်မှာ ပုန်းနေတာလေ။ ဆွဲထုတ်ပြီး မေးရတာပေါ့။ သူ့ ချစ်သူတဲ့ဗျ။ သူတို့ စားဖို့သောက်ဖို့ ဒီကောင်ကပဲ ယူလာရတာတဲ့။ မေးလည်းပြီးရော ကျုပ်လည်း အရေးယူလိုက်တာပဲ"

မြေပိုင်ရှင်ကြီးက ငိုရှာလေ၏။

"ကိုယ်တော်ရယ်၊ သမီးလေးတော့ ချမ်းသာပေးသင့်ပါတယ် ဘုရား"

"နွားအိုကြီး၊ ခင်ဗျားသမီးက တိတ်တိတ်ပုန်း လင်နေနေတာ။ ကျုပ်က ချမ်းသာပေးရ မှလား။ ကျေးဇူးမတင်တဲ့ပြင် ငိုငိုယိုယိုနဲ့ ကျုပ်တောင် အပြစ်တင်နေသေး။ နေဦး မနက်ဖြန် မှ ခင်ဗျားနဲ့ စာရင်းရှင်းရမယ်"

ယန်ချင်းက အခန်းတခန်းသို့ ခေါ်သွားပြီး လီကွေ့နှင့် သူတို့ အနားယူကြ၏။

မြေပိုင်ရှင်ကြီးက သူ့လူများကို မီးအိမ်များ၊ ဖယောင်းတိုင်များ ကိုင်စေကာ သမီး၏ အခန်းသို့ သွားလေ၏။ အတုံးတုံး အတစ်တစ်ဖြစ်နေသော ခေါင်းပြတ်အလောင်းနှစ်ခုကို တခန်းလုံး အနှံ့ တွေ့ရ၏။ မြေပိုင်ရှင်ကြီးတို့ လင်မယားမှာ တားမနိုင် ဆီးမနိုင် ငိုကြရှာ၏။ အလောင်းများကို ခြံနောက်ပိုင်းသို့ ယူသွားပြီး မီးသင်္ဂြိုဟ်ခိုင်းလိုက်၏။

လီကွေ့သည် မိုးလင်းအောင် အိပ်ပြီးမှ အိပ်ရာမှ ခုန်ထကာ

မြေပိုင်ရှင်ကြီးကို ရှာ၏။ "မနေ့က ကျုပ် သရဲဖမ်းပေးပြီးပြီ။ ခင်ဗျားက ကျေးဇူးတင်ရကောင်းမှန်း မသိသေး ပါလား"

မြေပိုင်ရှင်ကြီးလည်း မသဒ္ဓါသော်လည်း ကျွေးရမွေးရရှာလေ၏။ စားသောက်ပြီးမှ လီကွေ့တို့လည်း ခရီးဆက်ကြ၏။ မြေပိုင်ရှင်ကြီးလည်း သူ့အိမ်တွင် စီမံစရာများကို လုပ်ရ၏။

မိုးမခလေးပင်ရွာမှ ထွက်ကာ လမ်းမအတိုင်း လျှောက်လာကြ၏။ ဤအချိန်မှာ မြက်များ ခြောက်သယောင်းကာ လယ်ကွင်းများ ဗလာဖြစ်နေ၏။ သစ်ကိုင်းများ ကြွေကာတောင်ကုန်း များလည်း ပြောင်နေ၏။

လမ်းတွင် အထွေအထူး မဖြစ်ဘဲ လျှံ့ရှန်းကျူအင်း၏ မြောက်ဘက်အစွန်းထိပ်သို့ ကွေ့ဝိုက်ကာ လာခဲ့ကြရာ တောင်ရိုးစခန်းမှ လီပေါင်းခုနစ်ဆယ် ရှစ်ဆယ်ခန့် အကွာရှိကျင့်မိန်မြို့အနီးသို့ ရောက်လာ၏။ တောင်ရိုးကိုမူ မမြင်ရသေးပေ။ မိုးလည်း ချုပ်လာပြီ ဖြစ်၏။ လယ်တောအိမ်ကြီးတလုံးသို့ သွားကာ တံခါးခေါက်ပြီး တည်းခိုခွင့် တောင်း၏။

ယန်ချင်းက-

"ထမင်းဆိုင်တခုရှာပြီး တည်းရအောင်လားဗျာ"

"ဒီလို မျက်နှာဖုံးမိသားစု အိမ်မှာမှ တည်းလို့ ပိုကောင်းမှာကွ"

သူ့စကားမှ မဆုံးသေး၊ မြေကျွန် ပြန်လာပြီး "ကျွန်တော်တို့ သခင်ကြီးက သိပ် စိတ် မချမ်းမသာ ဖြစ်နေပါတယ်။ တခြားမှာ သွားတည်းကြပါလား ခင်ဗျာ"

လီကွေ့က ခြံအတွင်းသို့ အတင်းဝင်ကာ ခန်းမသို့ သွားလေ၏။ ယန်ချင်းလည်း တား၍ မရလိုက်ပေ။

"ခရီးသွားတွေက တညလောက် တည်းခွင့်တောင်းတာများ ဘာ သောက်ကြီး သောက်ကျယ် လုပ်ပြီး စိတ်မချမ်းသာ ဖြစ်နေရတာလဲ၊ ဒါ သူနဲ့ စကားပြောမယ်"

မြေပိုင်ရှင်ကြီးလည်း ချောင်းကြည့်လိုက်ရာ လီကွေ့ အဘယ်မျှ ကြောက်စရာ ကောင်း သည်ကို မြင်သွားလေ၏။ ထို့ကြောင့် လူတယောက်ကို လွှတ်ကာ ဝဲဆောင်တဆောင်သို့ ဖိတ်လိုက်၏။ ထိုညတွင် ဧည့်သည်များကို အခန်းတခန်းပေးကာ ညစာထမင်းကျွေး၏။ ထို့နောက် အိပ်ရာဝင်ကြ၏။ စိမ်ရည်မသောက်ရ၍ လီကွေ့ အိပ်မပျော်ပေ။ အိပ်ရာပေါ်တွင် တလူးလူး တလိမ့်လိမ့်နှင့် ရှိနေစဉ် ဘေးအခန်းမှ မြေပိုင်ရှင်လင်မယားမှာ တရှုံ့ရှုံ့နှင့် ငိုနေ

သည်ကို ကြားရလေ၏။ လီကွေ့မှာ တမေးမျှ မအိပ်လိုက်ရဘဲ မိုးလင်းသွားလေ၏။ အိပ်ရာမှ ခုန်၍ထကာ အိမ်ရှေ့ခန်းသို့ သွားပြီး အော်၏။

"တညလုံးငိုပြီး ဒီက သခင်ကို အိပ်လို့ မရအောင် လုပ်တာ ဘယ်သူလဲ"

မြေပိုင်ရှင်ကြီးက ကြားလိုက်ရသဖြင့် ပျာပျာသလဲ ထွက်၍ ရှင်းပြရှာ၏။

"ကျုပ်တို့မှာ ဆယ့်ရှစ်နှစ်သမီးလေးတယောက် ရှိပါတယ်။ အဲဒါ လူတယောက်က ယူသွားလို့ စိတ်ဆင်းရဲနေကြတာပါ"

"နွားအိုကြီး၊ ယောကျာ်းလေး မိန်းကလေးဆိုတာက အချိန်တန်အရွယ်ရောက်ရင် လင်မယားယူကြတာပဲ။ ဘာများ စိတ်ဆင်းရဲစရာ ရှိလို့လဲ"

"ကျုပ်တို့က သဘောမတူဘဲနဲ့ သူက အတင်းလုခေါ်သွားတာဗျ"

"တော်တော်ဆိုးပါလား၊ အဲဒီလူက ဘယ်သူလဲ"

"သူ့နာမည်ကို ကျုပ် ပြောပြရင် ခင်ဗျား ကြောက်သေးကြောက်ချေးတွေ ပါချလိမ့် မယ်။ သူက လျှံရှန်းကျူအင်းက ဗိုလ်ချုပ်တဲ့။ စုန်ကျန့်တဲ့။ အဲဒီမှာ ဗိုလ်ပေါင်း တရာ့ ရှစ်ယောက်တောင် ရှိသတဲ့။ တပ်အင်အားကလည်း တော်တော် တောင့်တယ်တဲ့။

"ကျုပ်သိချင်တာက သူတို့လာတာ ဘယ်နှယောက်လဲ"

"အရင်နှစ်ရက်က သူတို့ခေါင်းဆောင်ဆိုတာနဲ့ လူငယ်တယောက်တော့ လာသွား တယ်။ မြင်းတွေ စီးလို့ဗျ"

လီကွေ့က ယန်ချင်းကို ကွယ်ရာသို့ ခေါ်သွားကာ ပြော၏။

"ဒီအဘိုးကြီး ပြောတာ နားထောင်ရတာ နောင်ကြီးက အပြောတခြား အလုပ်တခြား ဖြစ်နေပုံပဲ။ သူ လူကောင်း မဟုတ်ဘူး"

"နောင်ကြီးက မဟုတ်မတရားတော့ မလုပ်လောက်ဘူး။ ဒီကိစ္စ သူနဲ့ မဆိုင်တာ ကျိန်းသေတယ်"

"အရှေ့နေပြည်တော်တုန်းကကော လီရှိရှိဆီ သွားခဲ့သေးတာပဲလေ။ ဒီမှာကော မလုပ်ဘဲ နေပါ့မလား"

မြေရှင်ကြီးထံသို့ သွားကာ -

"ဒီမှာ၊ ခင်ဗျားဆီမှာ စားစရာရှိတာ စားမယ်။ ကျုပ်က လျှံ့ရှန်းကျူအင်းက လေပွေနက် လီကွေ့တဲ့။ ဒါက လူရည်ချွန်လေးယန်ချင်းတဲ့။ စုန်ကျန့်က ခင်ဗျားတို့သမီးကို ယူသွားရိုး မှန်ရင် ကျုပ်တို့ ပြန်ခေါ်လာပေးမယ်"

မြေပိုင်ရှင်ကြီးမှာ ကျေးဇူးတင်လှသဖြင့် ထိုင်၍ ကန်တော့လေ၏။

သူတို့နှစ်ယောက် စခန်းသို့ အပြန်လမ်းမှာ အထူးအထွေ မရှိ။ သစ္စာခန်းမသို့ တိုက်ရိုက် တက်သွားရာ စုန်ကျန့်က ကြိုဆို၏။

"ဘယ်သွားနေတာလဲ ငါ့ညီတို့။ ခုမှ ပြန်ရောက်ပုံထောက်တော့ လမ်းပျောက်နေ တာပဲ ဖြစ်ရမယ်"

လီကွေ့ကား ပေါက်ကွဲသွားလေပြီ။ ဘာမပြော ညာမပြောနှင့် သူ့ပုဆိန်များကို ထုတ် ကာ "မိုးကောင်းကင် ကိုယ်စား ဆောင်ရွက်ကြ"ဟု ရေးထားသော တံခွန်ကြီးကို ခုတ်လှဲ ချလိုက်ကာ အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆွဲဆုတ်ပစ်လိုက်လေ၏။ လူအားလုံးမှာ မှင်တက်မိနေကြ၏။

"ဘာလုပ်လိုက်တာလဲ မည်းကောင်" ဟု စုန်ကျန့်က လှမ်းအော်၏။ လီကွေ့က ပုဆိန်များကို ကိုင်စွဲကာ အခန်းကို ဖြတ်ပြီး စုန်ကျန့်ထံသို့ ပြေးလေ၏။ ကွမ်ရှိန်း၊ လင်ချုံး၊ ချင်မင်း၊ ဟူယန်ကျို့၊ တုန်ပင်းတို့က မနည်းဝိုင်း၍ ဟန့်တားရ၏။ ပုဆိန်များကို လုယူကြ ရကာ ခန်းမအောက်ပိုင်းသို့ ခေါ်သွားကြ၏။

"ဒီကောင်က ချိုထောင်လာပြန်ပြီ" ဟု ဒေါသထွက်ထွက်ဖြင့် စုန်ကျန့်က အော်လိုက် ၏။ ပြီးမှ လီကွေ့အနီးသို့ သွားကာ "ကဲ ပြောစမ်းပါဦး၊ ငါ ဘာများ မဟုတ်တာလုပ်ခဲ့လို့လဲ" လီကွေ့ကား ဒေါသလုံးဆို့ကာ စကားပင်မပြောနိုင်။ ယန်ချင်းက ထွက်ပြီး အရှေ့ နေပြည်တော်မှ ကျင့်မိန်အနီး လယ်တောအိမ်သို့ ရောက်သည်အထိ တွေ့ကြုံရပုံများကို ဇာတ်စုံခင်းရ၏။ ဆက်၍ ယန်ချင်းက-

"မြေရှင်ကြီးလျူ ပြောတာက အရင်နှစ်ရက်လောက်က စုန်ကျန့်နဲ့ အဖော်လူငယ် တယောက် မြင်းစီးပြီး သူတို့ဆီ ရောက်လာတယ်တဲ့။ သူတို့က မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်နေတဲ့ လူတွေ ဆိုတော့ ကြည်ညိုပြီး သူ့ ဆယ့်ရှစ်နှစ်သမီးလေးကို စိမ်ရည် တည်ခင်းခိုင်းမိသတဲ့။ ညဥ့်နက်တဲ့အထိ သောက်ကြ စားကြပြီး သူ့သမီးလေးကို အတင်း ခေါ်ပြီး ပြေးသွားကြတယ်တဲ့။ နောင်ကြီးလီကွေ့က ဒီဇာတ်လမ်းလည်းကြားရော ယုံသွား ရော။ ကျွန်တော် သူ့ကို ဖျောင်းဖျပါတယ်။ နောင်ကြီးက ဒီလိုလူစားမဟုတ်ဘူး၊ တယောက် ယောက်က သူ့အယောင်ဆောင်ပြီး နာမည်ဖျက်တာ နေမှာပါလို့။ ဒါပေမဲ့ နောင်ကြီး လီကွေ့က အရှေ့နေပြည်တော်မှာ မင်း မမြင်ဘူးလား၊ ဟိုဟာမ လီရှိရှိနဲ့ မခွဲနိုင်မခွာရက် ဖြစ်နေတာလေတဲ့၊ သူပဲ ဖြစ်ရမယ်တဲ့။ အဲဒါကြောင့် သူလည်း အတော်ကို

ဒေါသထွက်နေ တာပါ”

“လီရှိရှိနဲ့ ပတ်သက်ပြီး မင်းထင်တာ အကုန်မှားနေတာကိုး။ ငါဖြင့် ဘာမှ မသိရ ပါလား။ ဒါဖြင့်လည်း မင်း ငါ့ကို ထုတ်ပြောပါလား”

“ကျုပ်က ခင်ဗျားကို ရဲရင့် တည်ကြည်တဲ့ လူလို့ ထင်ထားတာ။ ဒီလို တိရစ္ဆာန် တကောင်လို့ ဘယ်သူက ထင်ပါ့မလဲဗျ။ စဉ်းစားကြည့်ပါဦး၊ ဒါမျိုးကို လုပ်ရတယ်လို့”

“ဒီမှာ နားထောင်၊ ငါက မြင်းသည်သုံးထောင်နဲ့ ပြန်လာတာ။ မြင်းသည်နှစ်ယောက် ကျန်ခဲ့ရင် အားလုံး သတိထားမိကြမှာပဲ။ ပြီးတော့ ငါ မိန်းမတယောက်ကို ဖမ်းလာရင် ဒီစခန်းထဲမှာ ရှိမှာပဲ။ မင်း ငါ့အိမ်ကို ရှာချင်ရင် သွားရှာချေလေ အရူးရဲ့”

“ဒါက သောက်အဓိပ္ပာယ်မရှိတာပဲ နောင်ကြီး။ ဒါ နောင်ကြီးလည်း သိပါတယ်။ ဒီအခန်းထဲက လူတိုင်းက နောင်ကြီး အောက်ကချည်းပဲ။ ဒီတော့ ဝိုင်းဖုံးပေးကြမှာပေါ့။ ဒီကောင်မလေးကို ဘယ်ချောင်ထိုးထားထား ရတာပဲ။ နောင်ကြီးကို မြသမားမဟုတ်ဘူး ထင်လို့ လေးစားခဲ့တာ။ လက်စသတ်တော့ နောင်ကြီးလည်း ကစော်သမား၊ မြသမားပါပဲ လား။ ရန်ပေါက်စီကို သတ်ခဲ့တာကလည်း ဟန်ပြပဲပေါ့။ အရှေ့နေပြည်တော်မှာ လီရှိရှိနဲ့ တွေ့တော့မှ ဖုံးသမျှ ပေါ်ကုန်တာကိုး။ ငြင်းဖို့ မစဉ်းစားပါနဲ့။ ဒီကောင်မလေးကို ပြန်ပို့လိုက် ပါ။ ဒါမှ ကျုပ်တို့ အခင်အမင်မပျက် ပြန်နေလို့ ရသေးတယ်။ မပေးရင်တော့ ကျုပ်ကတော့ မနေဘူး၊ တနေ့နေ့ သတ်မှာပဲ”

“စဉ်းစဉ်းစားစားတော့ လုပ်ပေါ့ကွာ။ မြေရှင်ကြီးလျူလည်း မသေသေးဘူး။ သူ့ မြေကျွန်တွေလည်း အားလုံး ရှိနေကြသေးတယ်။ ငါ သူတို့ကို သွားတွေ့မယ်။ သူတို့က အဲဒီ ကောင်ဟာ ငါပဲဆိုရင်တော့ မင်းပုဆိန်အောက်မှာ ငါ့လည်ပင်း စင်းပေးပါ့မယ်။ ငါ မဟုတ် ဘူးဆိုရင်တော့ မင်းကို ဘာအပြစ်ပေးရမလဲ။ လူကြီးသူကြီးမှန်း မသိတဲ့ကောင်”

“ခင်ဗျား မဟုတ်ဘူး ဆိုရင်တော့ ကျုပ်ခေါင်းကို ခင်ဗျား ဖြတ်ပါ”

“ကောင်းပြီ၊ ကဲ၊ ညီနောင်တွေအားလုံး သက်သေပဲနော်” ဟု စုန်ကျန့်က တိုင်တည် လိုက်ပြီး ဗိုလ်သီလဖေ့ရွှန်းကို ကတိစာချုပ်နှစ်စောင်ကို ရေးစေပြီး လက်မှတ်ထိုးလိုက်ကြ ၏။ စုန်ကျန့်နှင့် လီကွေ့တို့လည်း စာချုပ်များကို အပြန်အလှန် လဲလှယ်ထားလိုက်ကြ၏။

“မြေရှင်ကြီးပြောတဲ့ လူငယ် ဆိုတာက ကျဲ့ကျင်းပဲ နေမှာ” ဟု လီကွေ့က

စကား စ ပြန်၏။ "တခြားသူ မဖြစ်နိုင်ဘူး"

"ဒါဖြင့် ကျုပ်လည်း လိုက်မယ်လေ"

"လိုက်ရမှာပေါ့။ မြေရှင်ကြီးက ဟုတ်တယ်ဆိုရင်တော့ ကျုပ်ပုဆိန်အရသာကို မြည်း ရမှာပဲ။ သခင်သော ဘာသော"

"ကျုပ်က ကိစ္စမရှိဘူး၊ ရတယ်။ ခင်ဗျားအရင်သွားနှင့်၊ ကျုပ်တို့က နောက်က လိုက် လာမယ်။ ဒါမှ မဟုတ်တာ မလုပ်မှန်း သေချာမယ်"

"ကောင်းပြီ" ဟု လီကွေ့က ယန်ချင်းကို ခေါ်၏။

"ငါတို့ အရင်သွားနှင့်မယ်။ သူတို့ လိုက်မလာရင် သူတို့အပြစ်ရှိလို့ပဲ။ ဒါဆို ပြန်လာပြီး ဒီမှာ စာရင်းရှင်းကြမယ်"

လယ်တောအိမ်သို့ လီကွေ့တို့ ရောက်သောအခါ မြေပိုင်ရှင်ကြီးလျူက ဆီး၍ မေး၏။

"ဘာသတင်းထူးသေးလဲ ရဲရင့်သူတို့"

"ကျုပ်တို့ စုန်ကျန့်ကတော့ ဒီနေ့ရောက်လာလိမ့်မယ်။ အဲဒါ ခင်ဗျားက ဟုတ် မဟုတ် ကြည့်ပေါ့ဗျာ။ အားလုံးပဲ မြေကျွန်တွေရော သေသေချာချာ ကြည့်ကြ။ သူဆိုရင်လည်း ပြောပါ။ မကြောက်ကြနဲ့။ ကျုပ် ရှိတယ်"

ထိုစဉ် မြေကျွန်တယောက် အော်လိုက်၏။ "မြင်းသည်တွေ ဆယ်ယောက်လောက် ရောက်လာတယ်"

"အဲဒါ သူတို့ပဲ"

ကျန်သူတို့ အပြင်တွင် စောင့်နေစဉ် စုန်ကျန့်နှင့် ကျဲ့ကျင်းတို့ ဝင်လာကြ၏။ သူတို့က ခန်းမဆီသို့ တန်း၍ သွားကာ ထိုင်လိုက်ကြ၏။ အဘိုးအိုက ဟုတ်သည်ဟု ဆိုလျှင် ခုတ် လိုက်မည်ဟု ပုဆိန်တပြင်ပြင်နှင့် လီကွေ့က ဘေးနားမှ စောင့်နေ၏။ သို့သော် မြေပိုင်ရှင် လျူက စုန်ကျန့်ထံသို့ သွားကာ အရိုအသေပြုလိုက်၏။

"ခင်ဗျားသမီးကို ခိုးသွားတာ ဒီလူလား" လေပွေနက်က စူးစမ်း၏။

မြေရှင်ကြီးက သူ့မျက်စိခပ်မွဲမွဲများကို အတင်းဖြဲကာ စုန်ကျန့်ကို အသေအချာ ကြည့် ပြီးမှ "ဟင့်အင်း" ဟု ပြောလိုက်၏။

စုန်ကျန့်က မေး၏။

"ကဲ ဘယ်လိုလဲ"

"ခင်ဗျားတို့ ကြည့်ပုံကြီးက သူ မကြောက်ဘဲ နေပါ့မလား။ ဘယ်ပြောရပါတော့မလဲ"

"ဒါဖြင့် မြေကျွန်တွေကို ခေါ်မေးလေ"

လီကွေ့က ခေါ်လိုက်၏။ အားလုံးက တသံတည်း ဖြေကြ၏။ "ဒီလူ မဟုတ်ပါဘူး"

"မြေရှင်ကြီးလျူ။ ကျုပ်က လျှံရှန်းကျူအင်းက စုန်ကျန့်ပါ။ ဒီက ညီကတော့ ကျဲ့ကျင်း ပါ။ ခင်ဗျားသမီးကို အယောင်ဆောင်တကောင်ကောင်က ခိုးသွားတာ ဖြစ်ပါလိမ့်မယ်။ သူ့ကို ဘယ်ခေါ်သွားလဲသိရင် ကျုပ်တို့ကိုလည်း အသိပေးပါ။ ခင်ဗျားအတွက် ကျုပ်တို့ ရှင်းပေးပါ့မယ်"

လီကွေ့သို့လည်း -

"ဒီနေရာက ငါတို့ စကားပြောရမယ့် နေရာမဟုတ်ဘူး။ မင်း စခန်းကို ပြန်ရောက်ရင် ငါ့မှာ ပြောစရာ ရှိနေလိမ့်မယ်" ဟု ဆိုကာ ကျဲ့ကျင်းနှင့်အတူ စခန်းသို့ အရင်ပြန်သွား၏။

"ပြဿနာတော့ တက်ပြီ နောင်ကြီး" ဟု ယန်ချင်းက ဆို၏။

"စိတ်မြန်တာက ငါ့အပြစ်ပဲကွ။ ငါ့ခေါင်းကို လောင်းထားမှတော့ မင်းပဲ ဖြတ်ယူ သွားပြီး နောင်ကြီးကို ပေးလိုက်ပေါ့"

"ခင်ဗျား သတ်သေစရာ မလိုပါဘူးဗျာ။ ကျုပ် ကြံပါမယ်။ အဲဒီနည်းကို "တုတ်ထမ်းပြီး ပြစ်ဒဏ်တောင်းတယ်" လို့ ခေါ်တယ်"

"အဲဒါက ဘာနည်းလဲကွ"

"ခင်ဗျား အဝတ်တွေ ချွတ်လိုက်။ လက်ကို နောက်ပြန်ကြိုးတုပ်ထားမယ်။ ပြီးရင် ကျောမှာ တုတ်ကြီးတချောင်းကို ထမ်းပြီး သစ္စာခန်းမမှာ သွားပြီး မှောက်လျက်သားကြီး သွားလှဲနေ။ ပြီးရင် အော်ပေတော့၊ "နောင်ကြီး ကြိုက်သလောက် ရိုက်ပါ" လို့။ စိတ်ချ၊ သူကတော့ ဒီလို လုပ်ရက်မှာ မဟုတ်ဘူး။ ဒါ တုတ်ထမ်းပြီး ပြစ်ဒဏ်တောင်းတာပဲ"

"မဆိုးဘူးကွ၊ ဒါပေမဲ့ နည်းနည်းတော့ ရှက်စရာကောင်းတယ်။ ငါကတော့ ခေါင်းပဲ အဖြတ်ခံလိုက်ချင်တယ်"

“စခန်းတခုလုံးက ညီနောင်တွေပဲ ဟာဗျာ။ ဘယ်သူက ခင်ဗျားကို လျှောင်ပါ့မလဲ” လီကွေ့လည်း စိတ်မပါ့တပါဖြင့် ယန်ချင်းနှင့် ပြန်လိုက်ခဲ့၏။

စုန်ကျန့်တို့ သစ္စာခန်းမသို့ ပြန်ရောက်ကြပြီး သူ့အကြောင်း ကျန်တပ်ဗိုလ်များနှင့် စကား စ ၍ ပြောနေစဉ်မှာပင် လီကွေ့ ရောက်လာလေ၏။ တကိုယ်လုံး ဗလာကျင်းထား ကာ ကျောပေါ်တွင် တုတ်ကြီးကို ပိုးထားလေ၏။ ခန်းမအပြင်တွင် ခေါင်းငိုက်စိုက်နှင့် ဒူးထောက်နေ၏။

စုန်ကျန့်က ပြုံးလျက်-

“ဘာလို့ ဒါကြီး ထမ်းလာရတာလဲ ငမည်းကောင်ရဲ့၊ ဒီလိုလုပ်တာနဲ့ ငါက မင်းကို အပြစ်က လွှတ်လိမ့်မယ် မှတ်နေလား”

“ကျုပ် မှားသွားပါတယ်ဗျာ။ ဒီတုတ်နဲ့ နောင်ကြီး ကြိုက်သလောက် ချပါ”

“ခေါင်းခေါင်းချင်း လောင်းထားတာလေ။ ဒီတုတ်ကြီးက ဘာလုပ်ရမှာလဲ”

“နောင်ကြီးက ခွင့်မလွှတ်ရင်လည်း သတ်သာ သတ်လိုက်တော့။ ကျုပ်က အဲဒါနဲ့ပဲ တန်တယ်”

တောပုန်းဗိုလ်များက လီကွေ့အစား ဝိုင်း၍ တောင်းပန်ကြလေ၏။

“သူ့ကို ခွင့်လွှတ်ဖို့ ဆိုရင် သူက အဲဟို အတုအယောင်နှစ်ကောင်ကို ဖမ်းခဲ့ရမယ်။ မြေရှင်ကြီးသမီးကိုလည်း ရှာပြီး သူ့အိမ်ကို ပြန်ပို့ပေးရမယ်။ ဒါမှပဲ ခွင့်လွှတ်နိုင်မယ်”

လီကွေ့က ခုန်၍ ထ၏။ “လွှတ်ပြီဗျ၊ လွှတ်ပြီ။ အိုးထဲက လိပ်ကို နှိုက်ဖမ်းရတာ ထက်တောင် လွယ်သေးသဗျ။ လက်ကို ထည့်လိုက်ရုံပဲ”

“သူတို့က နှစ်ယောက်တောင်။ ပြီးတော့ မြင်းတွေနဲ့။ မင်းက တယောက်တည်း။ ဘယ်လိုလုပ် သူတို့နား ကပ်နိုင်မှာလဲ။ ယန်ချင်းပါ ခေါ်သွားချေ”

ယန်ချင်းက-

“နောင်ကြီးက အမိန့်ရှိရင် ကျွန်တော် ဝမ်းမြောက်ဝမ်းသာ လိုက်ပါမယ်” ဟု ဆိုကာ သူ့ အခန်းသို့ ပြန်ကာ တင်ကျည်းတုတ်တချောင်း၊ လေးနှင့် မြားတောင့်တို့ကို ယူ၏။ တင်ကျည်းတုတ်မှာ မြေပြင်တွင် ထောင်လိုက်ပါက သူ့မျက်ခုံးနှင့် တပြေးညီမျှ ရှည်၏။ ထို့နောက် လီကွေ့နှင့်အတူ မြေရှင်ကြီးလျူထံသို့ သွားကြ၏။

ယန်ချင်းက စေ့စေ့စပ်စပ် မေးမြန်း၏။ မြေရှင်လျူက-

"သူတို့က နေဝင်မှ လာတာ။ ပြန်သွားတာကတော့ တတိယယံမှာ။ ဘယ်သွားမှန်း တော့မသိဘူး။ လိုက်လည်း မလိုက်ရဲကြဘူးလေ။ ခေါင်းဆောင်လုပ်တဲ့သူက ခပ်ပုပု ပိန်ပိန် အသားမည်းမည်းပဲ။ နောက်တယောက်ကတော့ လူကောင်ကြီးကြီး၊ သန်သန်မာမာပဲ။ မုတ်ဆိတ်တိုတို မျက်လုံးပြူးပြူးနဲ့"

လီကွေ့တို့လည်း ဆက်လက်မေးမြန်းပြီးမှ "စိတ်ချနေပါ မြေရှင်ကြီး၊ ခင်ဗျားသမီးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်လာပို့ပါ့မယ်။ နောင်ကြီးစုန်ကျန့်ကလည်း ရှာဖို့ အမိန့်ချထားတယ်။ ကျုပ်တို့က လိုက်နာရမယ်"

အသားပြုတ်နှင့် ပေါက်စီများကို တောင်းကာ ရိက္ခာအိတ်များတွင် ထည့်ပြီး ပခုံးတွင် စလွယ်သိုင်းကာ ယူခဲ့ကြ၏။ ပထမ မြောက်ဘက်တွင် လိုက်ရှာကြ၏။ ထိုဘက်မှာ လူနေ အိမ်ခြေ မရှိ။ နှစ်ရက်တိုင် ရှာကြသော်လည်း မထူးပေ။

နောက်တရက်တွင် အရှေ့ဘက်သို့ သွားကာ ရှာကြ၏။ လင်ကျို့ပြည်နယ် ခေါက်တန် အထိရောက်အောင် နှစ်ရက်တိုင်တိုင် ရှာကြသော်လည်း အကျိုးမရှိ။ အနောက်ဘက်သို့ ကူးသောအချိန်တွင်ကား လီကွေ့မှာ နေမထိထိုင်မသာ ဖြစ်နေလေပြီ။ မျက်နှာမှာ သွေး ရောင် ရဲနေ၏။ ထိုတွင် ရှာကြသော နှစ်ရက်အတွင်းတွင်လည်း ဘာမျှ မတွေ့ကြ။

ထိုညက တောင်ကုန်းတခုခြေရင်းရှိ ရှေးဘုရားကျောင်းပျက်တဆောင်တွင် သူတို့ အိပ်ကြ၏။ လီကွေ့မှာ အိပ်၍ မရသဖြင့် သူတို့ တက်အိပ်နေသော ဘုရားစင်စားပွဲကြီးပေါ် တွင် ငုတ်တုတ်ထထိုင်နေ၏။ ထိုအခိုက် အပြင်ဘက်မှ လူတယောက် ဖြတ်လျှောက်သွား သည်ကို ကြားလိုက်ရ၏။ လီကွေ့က ခုန်ဆင်းကာ တံခါးကိုဖွင့်၍ ကြည့်၏။ လှံပုဆိန်ကို ထမ်းကာ တောင်ကုန်းပေါ် တက်သွားသော လူတယောက်ကို မြင်သဖြင့် နောက်မှ လိုက် သွား၏။

ယန်ချင်းလည်း နိုးလာပြီး လေးမြားနှင့် တင်ကျည်းတုတ်ကို ယူကာ လီကွေ့ထံသို့ လိုက်၏။ "မလိုက်နဲ့ နောင်ကြီး၊ ကျုပ်မှာ ဒါထက်ကောင်းတဲ့ နည်း ရှိတယ်"

မင်းလွင်တွေ တက်သဖြင့် လရောင်မှာ မှုန်ရီရီသာ ရှိ၏။ ယန်ချင်းက သူ့တင်ကျည်း တုတ်ကို လီကွေ့သို့ ပေးလိုက်ပြီး ခေါင်းငိုက်စိုက်ချကာ သုတ်ခြေတင်နေသော ထိုသူ့ထံသို့ မြားတစင်းကို လွှတ်လိုက်၏။ ထိုသူ၏ ညာဘက်ခြေထောက်တွင် သွားစိုက်လေရာ ခွေခနဲ လဲကျသွား၏။

လီကွေ့က အပြေးသွားပြီး ထိုသူ၏ အင်္ကျီလည်ခွံကို ကိုင်ကာ ဘုရားကျောင်းဆီသို့ တရွတ်တိုက် ဆွဲခေါ်လာခဲ့ပြီး မေးလေ၏။

“မြေရှင်ကြီးလျှုရဲ့ သမီး ဘယ်မှာ ဝှက်ထားသလဲ၊ ပြောစမ်း”

“ဒီကိစ္စ ဘာမှမသိရပါလားဗျာ။ ဘယ်သူ့သမီးမှလည်း မခိုးရပါလား။ ကျွန်တော်က လမ်းခားပြလေးပါ။ ဒီလိုပဲ လုပ်စားနေရတာပါ။ သူများသမီးကို လုလား ဘာလား ဘာမှလည်း ကြီးကြီးကျယ်ကျယ် မကြံဝံ့ပါဘူးဗျာ”

လေပွေနက်က ထိုသူ့ကို ကြိုးဖြင့်တုပ်ကာ ပုဆိန်ကြီး တဝဲဝဲနှင့် လုပ်ရင်း “ပြောရင် ပြောနော်။ မပြောလို့ကတော့ အတုံးနှစ်ဆယ်ကျအောင် တုံးပစ်လိုက်မယ်”

“ထရပ်ပြီး ပြောပါရစေလားဗျာ”

“ငါ မြားနုတ်ပေးမယ်” ဟု ယန်ချင်းက ပြောကာ ထိုသူကို ထ ရပ်စေ၏။

“ကဲ ပြောစမ်း၊ မြေရှင်ကြီးလျှုရဲ့ သမီးကို ဘယ်သူ ခိုးသွားလဲ၊ မင်းက လမ်းခားပြ ဆိုတော့ သတင်းစုံစုံရမှာပါကွာ”

“ကျွန်တော့်အထင်ပြောတာပါဗျာ။ တပ်အပ်တော့ မသိဘူး။ ဒီကနေ ဆယ့်ငါးလီ လောက်အကွာမှာ နွားခေါင်းတောင်ဆိုတာ ရှိတယ်။ အဲဒီမှာ တာအိုဘုန်းကြီးကျောင်းတခု ရှိတယ်။ ဟိုတလောက ဝမ်ကျန်းနဲ့ တုန်ဟိုင်း ဆိုတဲ့ ခားပြလေးနှစ်ယောက်က အဲဒီ ကျောင်းက ဘုန်းကြီးတွေ၊ ကျောင်းသားတွေ အကုန်သတ်ပစ်ပြီး သူတို့ဂိုဏ်းကို ရွှေ့ပြီး လာနေကြတယ်။ ခြောက်ယောက်လား ခုနစ်ယောက်လား မသိဘူး၊ ရှိလိမ့်မယ်။ သူတို့က လုကြ ယက်ကြနဲ့။ ရောက်တဲ့နေရာတိုင်းမှာ ခေါင်းဆောင်လုပ်တဲ့သူက သူ့ကိုယ်သူ စုန်ကျန့်တဲ့။ ကျွန်တော့်အထင်မတော့ ဟိုမိန်းကလေးကို ဖမ်းသွားတာ သူတို့ပဲ နေလိမ့်မယ်”

“မင်းပြောတာ သဘာဝယုတ္တိရှိတယ်။ ငါတို့ကို မကြောက်နဲ့၊ ငါက လျှံရှန်းကျူအင်းက လူရည်ချွန်လေး ယန်ချင်းပဲ။ ဒီက နောင်ကြီးက လေပွေနက်လီကွေ့တဲ့။ ငါမင်းမြားဒဏ်ရာ ကုပေးမယ်။ မင်းက ဟိုကောင်တွေဆီ လိုက်ပို့”

“ကောင်းပါပြီဗျာ”

ယန်ချင်းက ထိုသူ့ဒဏ်ရာကို ပတ်တီးစည်းပေး၏။ ထို့နောက် ထိုသူ့ကိုတွဲကာ ဆယ့်ငါး လီ အကွာအဝေးကို လာခဲ့ကြ၏။ သူတို့ တောင်ကို မြင်ရပေပြီ။ တောင်မှာ မမြင့်လှ။ တကယ် ပင် မြေပေါ်တွင် ခေါင်းချ၍ အိပ်နေသော နွားကြီးတကောင်နှင့် တူ၏။

မိုးမလင်းသေးသော်လည်း သုံးယောက်သား တောင်ပေါ်သို့ တက်ခဲ့ကြ၏။ တောင်ထိပ် တွင် ဖို့မြေတာရိုးဖြင့် ကာရံထားသော ဝင်းအတွင်းတွင်

အခန်းနှစ်ဆယ်ခန့်ရှိမည့် အဆောက်အအုံ အလတ်စားတခုကို တွေ့ရ၏။

"ငါ အထဲကို ဝင်ကြည့်မယ်" ဟု လေပွေနက်က ဆို၏။

"မိုးလင်းအောင် စောင့်ရင် ကောင်းမယ်"ဟု ယန်ချင်းက အကြံပေး၏။

သို့သော် လီကွေ့က စိတ်မရှည်။ တာရိုးကို ကျော်ဝင်လိုက်၏။ တယောက်ယောက်က အော်လိုက်၏။ အိမ်တံခါး ပွင့်လာပြီး လှံပုဆိန်ကိုင်ထားသူတဦး ပြေးထွက်လာပြီး လီကွေ့ ကို ဝင်တိုက်၏။ သူတို့အကြံ ပျက်တော့မည်ဟု စိတ်ပူသဖြင့် ယန်ချင်းလည်း အလားတူ ခုန်ဝင်လိုက်ရ၏။ မြားထိထားသော လမ်းခေါ်ပြမှာ ဝှစ်ခနဲနေအောင် ထွက်ပြေးသွားလေပြီ။

ယန်ချင်းက လီကွေ့နှင့် တိုက်နေသူထံ အသာကပ်သွားပြီး ထိုသူ၏ ပါးရိုးကို သူ့ တင်ကျည်းတုတ်နှင့် ရိုက်ခွဲလိုက်၏။ လဲကျသွားသော ထိုသူမှာ လီကွေ့၏ ပုဆိန်စာ မိသွား လေ၏။ နောက်ထပ် လူတယောက်မျှ ထွက်မလာသေးပေ။

"နောက်ဖေးပေါက် ရှိလိမ့်မယ်။ ကျုပ် နောက်ဖေးပေါက် သွားစောင့်မယ်။ နောင်ကြီး က ရှေ့ပေါက်မှာ နေ။ အထဲမဝင်နဲ့ဦး"

နောက်ဖေးတံခါး အနီး အမှောင်ထဲတွင် စောင့်နေသော ယန်ချင်းသည် လူတယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုသူလည်း ယန်ချင်းကို မြင်သွားသဖြင့် အိမ်ဘေးမှ ပန်းကာ အိမ်ရှေ့ဘက်သို့ ထွက်ပြေး၏။

"ဖမ်းထား" ယန်ချင်းက အော်၏။

လီကွေ့က အတင်းဝင်ကာ ထိုသူ၏ ရင်အုပ်ထဲသို့ ပုဆိန်ကို စိုက်ချလိုက်၏။ ထို့နောက် လူသေနှစ်လောင်းမှ ခေါင်းများကို ဖြတ်ကာ တွဲ၍ ချည်၏။ သွေးဆူလာပြီဖြစ်၍ အိမ်ထဲသို့ ဝင်ပြေးကာ တွေ့သမျှ လူကို မြေစေးရုပ်များပမာ ကန်ကျောက်ပြီး တယောက်လျှင် ပုဆိန် စာ တချက်စီ ကျွေးကာ အားလုံးကို ဇာတ်သိမ်းပေးလိုက်၏။

အိမ်အလယ်ကောင် အခန်းတခုတွင် အိပ်ရာပေါ်၌ တရှုံ့ရှုံ့ ငိုနေသော ကလေးမကို တွေ့ကြရ၏။ သူ့ဆံပင်အရောင်မှာ ခပ်မှိုင်းမှိုင်းဖြစ်ကာ ပန်းပွင့်ပမာ နုဖတ်သော အသား အရေရှိကာ ညှို့ငင်နေသော အလှကို ပိုင်ဆိုင်၏။

ယန်ချင်းက -

"မင်းက မြေရှင်ကြီးလျူရဲ့ သမီး မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ဟို ဆယ်ရက်လောက်က ဒီခါးပြနှစ်ကောင် ကျွန်မကို ဒီ

ခေါ်လာ ပါတယ်။ ပြီးတော့ ညတိုင်းပဲ ကျွန်မကို တယောက်ပြီးတယောက် မုဒိမ်းကျင့်ကြပါတယ်။ ကျွန်မလည်း ငိုနေရတာပါပဲ။ သတ်သေချင်ပေမယ်လည်း ဒီကောင်တွေက အလစ်မပေး ဘူးရှင့်။ ခုတော့ ဗိုလ်ကြီးတို့ ကယ်လိုက်ပြီ။ ကျွန်မအဖေနဲ့ အမေလိုပါပဲရှင်"

"သူတို့မြင်းတွေကော"

"အရှေ့ဘက်က အဆောင်ထဲမှာ"

ယန်ချင်းက မြင်းများကို ကုန်းတင်ကာ ခေါ်ထုတ်လာ၏။ ဝှက်ထားသော ရွှေငွေများကို လိုက်ရှာယူ၏။ ရွှေချိန် ပိဿာ ကိုးဆယ်ခန့်ကို ရ၏။ ကလေးမကို မြင်းပေါ်တက်ခိုင်းကာ ရွှေထုပ်ကိုပါ တွဲ၍ချည်ထားလိုက်၏။ ကျန်တကောင်တွင်မူ ခေါင်းပြတ်နှစ်လုံးကို တင်၏။ လီကွေ့က မြက်ခြောက်များကို စု၍ ကျစ်ကာ မီးတုတ်လုပ်၏။ အိမ်အတွင်းရှိ မီးအိမ် တလုံးမှ မီးကူးယူကာ အိမ်၏ သက်ငယ်မိုးကို လေးဖက်လေးတန်စလုံးတွင် မီးလိုက်တို့၏။ ထို့နောက် ဝင်းတံခါးကို တွန်းဖွင့်ပြီး မိန်းကလေးကို တောင်အောက်သို့ ခေါ်ချလာပြီး မိဘထံသို့ ပြန်အပ်၏။

မိဘများကား အပူလုံး ကျသွားပြီဖြစ်၍ ပျော်၍ မဆုံးတော့ပေ။ တောပုန်းဗိုလ် နှစ်ယောက်ကို ကန်တော့၍ မပြီးနိုင်၊ ကျေးဇူးတင်၍ မဆုံးနိုင် ဖြစ်နေ၏။

ယန်ချင်းက-

"ကျုပ်တို့ကို ကျေးဇူးမတင်ပါနဲ့ဗျာ။ တောင်ပေါ်ကို တက်ပြီး ကျုပ်တို့နောင်ကြီး စုန်ကျန့်ကိုပဲ ကျေးဇူးတင်ပါ"

ကျွေးမွေးသည့် အစားအသောက်များ၊ စိမ်ရည်များကို ငြင်းပယ်ကာ မြင်းပေါ်တက်စီးပြီး စခန်းသို့ အမြန်ပြန်ခဲ့ကြ၏။ ခံတပ်တံခါး သုံးဆင့်ကို ဖြတ်ပြီးချိန်တွင် နေဝန်းကြီးမှာ အရှေ့ဘက် တောင်တန်းများနောက်မှ မပြူတပြူ သာ ရှိသေး၏။ ရွှေငွေနှင့် ခေါင်းပြတ်များ တင်ထားသော မြင်းများကို သစ္စာခန်းမသို့ တိုက်ရိုက် မောင်းလာကြ၏။ ယန်ချင်းက စုန်ကျန့်ကို ဖြစ်ပျက်သမျှအား သတင်းပို့၏။

စုန်ကျန့်လည်း သဘောတွေ့သွားလေ၏။ ခေါင်းပြတ်များကို မြေမြှုပ်စေ၏။ ရွှေငွေ များကို ဘဏ္ဍာတိုက်သို့ အပ်စေ၏။ မြင်းများကို ဇောင်းသို့ ပို့စေ၏။

နောက်တနေ့တွင် ယန်ချင်းနှင့် လီကွေ့ကို ဂုဏ်ပြုကာ စားသောက်ပွဲကြီးကျင်းပ ပေး၏။ မြေရှင်ကြီးလျူလည်း ရောက်လာကာ ကျေးဇူးတင်လှသဖြင့် ရွှေငွေများကို ပေး လေ၏။ သို့သော် စုန်ကျန့်က လက်မခံပေ။

တည်ခင်းကျွေးမွေးပြီးနောက် သူ့အိမ်သို့ ပြန်ပို့ လိုက်၏။

ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။ တောင်ရိုးစခန်းပေါ်တွင် ငြိမ်းချမ်းနေသည့် အချိန်ကလေးပင် ဖြစ်ပေ၏။

အချိန်ကား အလျင်အမြန်ပင် ကုန်ဆုံးသွားလေ၏။ မိုးမခရွက်များသည် ငန်းပေါက်ကလေး များကဲ့သို့ ဝါထိန်လာလေပြီ။

မြစ်ထဲမှ လှိုင်းလုံးများသည်လည်း ငှက်ခါးရောင်အသွင်သို့ ပြောင်းလာလေပြီ။ မက်မုန်သီးတို့၏ ပါးပြင်များမှာ ပန်းရောင်သန်းလာလေပြီ။ တည်သီးတို့၏ မျက်နှာများ တွင်လည်း အပြုံးရိပ်များကို မြင်လာရပြီ။ တောင်၏ အရှေ့ဘက်၊ အနောက်ဘက်တို့တွင် ပန်းများ စတင် ပွင့်လာပြီ။ သစ်ကိုင်းများမှာလည်း ပုရစ်ဖူးတွေ ထွက်လာပြီ။ ရေအိုင်ထဲမှ ကနဖော့ပင်များ၊ အင်းစပ်တလျှောက်ရှိ ကျူပင်များ ပြန်၍ အသက်ဝင်လာကြပြီ။ စပါးကို အောင်ရေပေးသည့် မိုးများ ရွာသွန်းလာလေပြီ။ ကောင်းကင်မှာ ထွန်းလင်းလာပြီ။ တတိယလ၏ ရာသီဥတုမှာ လူနှင့် သင့်တင့်လျှောက်ပတ်လှပေ၏။

တနေ့တွင် စုန်ကျန့်တယောက်တည်း အေးအေးဆေးဆေး ထိုင်နေစဉ် အောက်ဘက် တောင်ကြားလမ်းတွင် လူတအုပ်ကို အစောင့်အကြပ်များက ခေါ်လာသည်ကို လှမ်း၍ မြင်ရ၏။ ထို့နောက် သူ့ထံသို့ တောပုန်းတယောက်က လာ၍ သတင်းပို့၏။

“နွားသိုးကြီးတွေလို သန်တဲ့ လူတအုပ်ကို တွေ့လို့ ဖမ်းလာပါတယ်။ လက်တွန်း လှည်းခုနစ်စီး ရှစ်စီးမှာလည်း သိုင်းတုတ်တွေ တင်လာပါတယ်”

ဖမ်းလာသော လူကောင်ထွားထွားကြီးများကို ခန်းမအစွန်တွင် ဒူးထောက်ထား စေ၏။ ယင်းတို့က-

“ကျွန်တော်တို့က ဖိန့်ရှိန် ခရိုင်ကပါ။ တိုက်အန်ကိုသွားပြီး အမွေးနံ့သာ ပူဇော်ကြ မလို့ပါ။ ဒီလ နှစ်ဆယ့်ရှစ်ရက်က မိုးကောင်းကင် အရှင်ကြီးရဲ့ မွေးနေ့မို့ပါ။ ပြီးတော့ အဲဒီမှာ ကျင်းပမယ့် တုတ်သိုင်းပြိုင်ပွဲမှာလည်း ဝင်ပြိုင်ကြမယ်လို့ လာခဲ့တာပါ။ အဲဒီပြိုင်ပွဲက သုံးရက် ကျင်းပမယ်။ ပြိုင်ပွဲဝင်မယ့် လူတွေကလည်း တရာ ကျော်မယ်။ ဒီနှစ်မှာတော့ ထိုက်ယွမ်က ရင်ယွမ် ဆိုတာလည်း ဝင်ပြိုင်မယ် ကြားရပါတယ်။ ဒီလူက အရပ်ခုနစ်တောင် ရှိတယ်တဲ့။ သူ့ကိုယ်သူ “မိုးထောက်မဏ္ဍိုင်” လို့ခေါ်တယ်။ “ငါ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး၊ ကမ္ဘာမှာ ငါအတော်ဆုံးလို့လည်း ကြွားကြွားနေတယ်” တဲ့။ သူ ပြောလည်း ပြောစရာပါပဲ။ အရင် နှစ်နှစ်လုံးလုံး ဘုရားပွဲတွေမှာ သူ့ကို ဘယ်သူမှ မနိုင်ဖူးဘူးဗျ။ ဆုတွေလည်း တော်တော် ရထားတယ်။ သူက လာသမျှ လူတွေနဲ့ ယှဉ်ရဲတယ်လို့

ကြေညာစာတောင် ထုတ်ထားသေးတယ်။ ကျွန်တော်တို့လည်း သူသိုင်းကစားတာ မြင်ဖူးချင်လို့ သိုင်းအကွက် တွေလည်း နည်းယူချင်လို့ လာခဲ့တာပါဗျာ။ ဗိုလ်မင်းကြီးရယ်၊ ကျွန်တော်တို့ကို သနား ပါဗျာ”

စုန်ကျန့်က အရာရှိငယ်တယောက်ကို ခေါ်ကာ အမိန့်ပေးလိုက်၏။

“ဒီလူတွေ တောင်အောက်ကို ချက်ချင်း ပြန်ခေါ်သွားလိုက်။ သူတို့ကို ဒုက္ခမပေးနဲ့။ နောက်ကိုလည်း ဘုရားကျောင်းတွေသွားပြီး ပူဇော်တဲ့သူတွေကို မခြောက်ကြနဲ့။ လွတ်လွတ် လပ်လပ် သွားကြ လာကြပေ့စေ”

ခရီးသွားများလည်း စုန်ကျန့်ကို ကန်တော့ကာ ထွက်ခွာသွားကြ၏။

ထိုစဉ် ယန်ချင်းက အနားသို့ ကပ်ကာ တခုခုကို ပြောလိုက်၏။ ယင်း၏ ရလဒ်မှာကား ထိုက်အန်ပြည်နယ်အလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့ရ၏။ ရှန်ဖူခရိုင်မှာကား ဖရိုဖရဲ ဖြစ်ရလေ၏။ မှန်ပေ၏။ အရှေ့တောင်တော် ဘုရားကျောင်းတွင် ကျားနှစ်စီး စစ်ခင်းခဲ့ ကြ၏။ ထျန့်နင်းခန်းမတွင် နဂါးနှစ်ကောင် တိုက်ခိုက်ခဲ့ကြ၏။

ယန်ချင်းက ဘာများ ပြောလိုက်ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၄

ယန်ချင်းက မိုးထောက်မဏ္ဍိုင်ကို ပါးနပ်စွာ အနိုင်ယူခြင်း

ရှိချန်းခရိုင်တွင် လေပွေနက်က တရားသူကြီးလုပ်တမ်း ကစားခြင်း

အာကာသစိုးနတ်မင်း သုံးဆယ့်ခြောက်ပါး၏ ကြယ်စုတွင် နောက်ပိတ်ဆုံး ဖြစ်သော်လည်း ယန်ချင်းသည် ကျန်သုံးဆယ့်ငါးဦးစလုံးထက် ဉာဏ်ရွှင်၏။ သတင်းစုံစွာ ရရှိ၏။ မီးစဉ်ကြည့် ကတတ်၏။ သူက စုန်ကျန့်ကို တင်ပြ၏။

"ကျွန်တော်က ကလေးဘဝကတည်းက ကုန်သည်ကြီးနောက်ကို လိုက်ခဲ့တာပါ။ သူ့ဆီက နပန်းပညာကို သင်ခဲ့တယ်။ ဒီရဲညီနောင်တွေထဲမှာ ကျွန်တော်နဲ့ ယှဉ်နိုင်တဲ့သူ မရှိဘူး။ အခုတော့ အခွင့်ကောင်းရပြီ။ တတိယလ နှစ်ဆယ့်ရှစ်ရက်ကလည်း နီးလာပြီ။ ကျွန်တော်တယောက်တည်း အဲဒီပြိုင်ပွဲကို သွားပြီး မိုးထောက်မဏ္ဍိုင်နဲ့ ပြိုင်ချင်ပါတယ်။ ပြိုင်ရင်းက သေသေ၊ ကျွန်တော် ဂရုမစိုက်ဘူး။ နိုင်ရင်တော့ နောင်ကြီးမှာ ဂုဏ်နည်းနည်း ပိုပြီး တိုးလာမှာပေါ့ခင်ဗျာ။ ပြီးတော့ တော်တော်လည်း ပျော်စရာကောင်းမှာဗျ။ ကျွန်တော့် ကို အကူရအောင် လူလေး တယောက် နှစ်ယောက်လောက် နောင်ကြီးက လွှတ်ပေးချင် လည်း ရပါတယ်"

"ဒီကောင်က အရပ်ခုနစ်တောင် ရှိတယ်တဲ့ကွ။ မာလိုက်တာလည်း သံချောင်း ဆိုပါတော့။ ပြီးတော့ အားသန်လိုက်တာလည်း လွန်ရောတဲ့။ မင်းက ပညာသာမှန်းတော့ သိပါတယ်။ ဒါပေမဲ့ သူ့အနားတောင် ကပ်နိုင်ပါ့မလား"

"သူ့အရပ်တွေ၊ သူ့ဗလတွေကို ကျွန်တော် ဂရုမစိုက်ပါဘူး။ ကျွန်တော့်လှည့်ကွက်ထဲ သူ မကျမှာကိုပဲ စိတ်ပူတာပါ။ နပန်းသတ်ရာမှာ "အားရှိရင် အားသုံး၊ မရှိရင် ဉာဏ်သုံး"တဲ့၊ ဆိုရိုးရှိတယ်ဗျ။ ကြွားတာမဟုတ်ပါဘူး။ ကျွန်တော်က အခွင့်ကောင်းယူရာမှာ သိပ်လျင် တာ။ ဒီကောင်ကြီးကို ရှုံးမှာ မဟုတ်ဘူး"

လူကွမ်းယီက-

"ဒီလူရည်ချွန်လေးက ငယ်ငယ်ကတည်းက နပန်းသတ်တာ သိပ်တော်ပါတယ်။ သူ သွားချင်ရင် သွားခွင့်ပြုလိုက်ပါ။ ပြိုင်ပွဲပြီးရင် သူ ပြန်လာအောင် ကျုပ် စီစဉ်ပါ့မယ်"

“မင်း ဘယ်တော့သွားမှာလဲ”

“ဒီနေ့က နှစ်ဆယ့်လေးရက်ဆိုတော့ မနက်ဖြန်သွားပါ့မယ် နောင်ကြီး။ သွားတာက တရက် နှစ်ရက်လောက်ကြာမယ်။ ဘုရားပွဲကို နှစ်ဆယ့်ခြောက်ရက်လောက် ရောက်မယ်။ နှစ်ဆယ့်ခုနစ်ရက်နေ့မှာ ဘုရားပွဲထဲ လျှောက်စုံစမ်းမယ်။ နှစ်ဆယ့်ရှစ်ရက်နေ့မှာ သူနဲ့ ချမယ်”

နောက်တနေ့တွင် စုန်ကျန့်က ယန်ချင်းအတွက် နှုတ်ဆက်ထမင်းပွဲ လုပ်ပေးလေ၏။ ပန်းထိုးထားသည့် အဝတ်အထည်ကောင်းများပေါ်မှ ထပ်၍ ဂွမ်းထိုးအင်္ကျီကြီးကို ဝတ်ကာ တောသားတယောက်လို ဆင်ယင်ထားလေ၏။ ရှန်တောင်နယ်မှ အထမ်းသည်တယောက် ကဲ့သို့ ရောင်းသည့်ကုန်များကို ထမ်းပိုးလျှိုထမ်းကာ ခါးစည်းတွင်လည်း ပလုတ်တုတ်ဗုံလေး တလုံးကို ထိုးထားလေ၏။

စုန်ကျန့်က-

“ကဲကွာ၊ မင်းက အထမ်းသည်လို ဝတ်ထားမှတော့ ရှန်တောင်အထမ်းထည်တွေလို သီချင်းဆိုပြပါဦး”

ယန်ချင်းလည်း ပလုတ်တုတ်ဗုံလေးကို တဖက်က ကိုင်ကာ ခါယမ်းရင်း ကျန်တဖက်က ချပ်ကလေးကို ကိုင်ကာ စည်းလိုက်ရင်း အထမ်းသည်များလို သီချင်းဆိုပြလေ၏။ သူ့ သရုပ်ဆောင်မှုမှာ အတော်ပင် တူသဖြင့် လူတိုင်း သဘောကျကာ ရယ်ကြလေ၏။ ရေချိန် ကိုက်အောင်ထိ သောက်ကြပြီးနောက် ခွင့်တောင်းကာ ယန်ချင်းလည်း တောင်အောက်ကို ဆင်းလာခဲ့၏။ သဲသိင်္ဂါကမ်းခြေမှ ကူးပြီး တိုက်အန်ပြည်နယ်ဘက်သို့သွားသော လမ်းမ အတိုင်း လိုက်ခဲ့လေ၏။

ညနေစောင်းလာပြီဖြစ်၍ တည်းခိုစရာ ထမင်းဆိုင်ကို ရှာနေစဉ် နောက်မှ ခေါ်သံကို ကြားလိုက်ရ၏။

“ညီလေး၊ လူရည်ချွန်လေး၊ ငါ့ကို စောင့်ဦး”

အထမ်းကိုချ၍ နောက်သို့ လှည့်ကြည့်လိုက်သော် လေပွေနက်လီကွေ့ သူ့နောက်သို့ အတင်းလိုက်လာသည်ကို တွေ့ရ၏။

“ဘာကိစ္စလဲဗျာ”

“ငါ ကျင်းမင်ကို သွားတော့ မင်းလည်း လိုက်ခဲ့တယ်လေ။ ခုတော့ မင်းတယောက် တည်း ထွက်သွားတာ မြင်ရတော့ ငါလည်း စိတ်ပူလာတာပေါ့။ ဒီတော့ နောင်ကြီးဆီက ခွင့်တောင် မတောင်းဘဲ အသာလစ်ထွက်ပြီး

မင်းနောက်ကိုလိုက်ခဲ့တာ”

“မလိုပါဘူးဗျ။ နောင်ကြီး ပြန်ပါဗျာ”

“မင်းက တော်တော် တော်ပါလား။ ငါက မင့်ကို ကူညီဖို့ လိုက်လာတာ။ မင်းက ဒီအချိုး ချိုးတယ်လား”

လီကွေ့က တကယ့်ကို စိတ်ရင်းမှန်ဖြင့် စိုးရိမ်ကြောင့်ကြနေကြောင်း မြင်ရသဖြင့် ယန်ချင်းလည်း ရိုင်းရိုင်းပျပျ မဆက်ဆံဝံ့တော့ပေ။

“လိုက်တာကတော့ လိုက်လို့ ရပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်အရှင်ကြီး ပွဲနေ့ ဆိုတော့ တမြို့လုံး လူတွေ ပြည့်နေမှာပဲ။ လူတွေ နောင်ကြီးကို မှတ်မိမှာ စိုးတယ်ဗျ။ လိုက်မယ်ဆိုရင်တော့ စည်းကမ်းသုံးချက်ကို လိုက်နာရမယ်နော်”

“ကောင်းပြီလေ”

“လမ်းမှာ တယောက်က ရှေ့၊ တယောက်က နောက် ခွဲပြီး သွားရမယ်။ ထမင်းဆိုင်မှာ တည်းရင်လည်း နောင်ကြီးက အခန်းအပြင်ကို မထွက်ရဘူး။ ဒါက ပထမအချက်။ ဒုတိယ အချက်က ဘုရားပွဲမှာ တည်းရင်လည်း နောင်ကြီးက ဖျားချင်ယောင် ဆောင်နေရမယ်။ ဂွမ်းကပ်ကို ခေါင်းမြီးခြုံပြီး ဟောက်နေရမယ်။ တခြား ဘာအသံမှ မထွက်ရဘူး။ တတိယ အချက်က ပြိုင်တဲ့နေ့ကျရင်လည်း လူအုပ်ထဲမှာပဲ ရပ်ကြည့်နေပါ။ ဘာမှ ရုတ်ရုတ်ရက်ရက် မလုပ်ရဘူး။ ကဲ ဘယ်လိုလဲ နောင်ကြီး၊ ဒါတွေ သဘောတူရဲ့လား”

“ဒါလေးများကွာ၊ မင်း ဘာပြောပြော ငါ လိုက်လုပ်မယ်”

ထိုညက ထမင်းဆိုင်တခုတွင် အိပ်ကြ၏။ နောက်တနေ့တွင် မိုးမလင်းမီ ထကာ ခရီး ဆက်ခဲ့ကြပြီး တော်တော်လေး သွားမိပြီးမှ မနက်စာကို ချက်ကြ၏။

“နောင်ကြီး သွားနှင့်ပါ။ ကျုပ် နောက်က လီတဝက်လောက် ခြားပြီးမှ လိုက်ခဲ့မယ်”

လမ်းပေါ်တွင် ဘုရားကျောင်းသို့ သွားကာ အမွှေးတိုင်ထွန်းမည့်သူများ၊ ထွန်းပြီး ပြန် လာသည့်သူများဖြင့် လူသွားလူလာ များလှ၏။ ပွဲတိုင်းကျော်ရင်ယွမ်အကြောင်း ပြောသွား ကြသူများလည်း ပါ၏။ “အရှေ့တောင်တော်ဘုရားပွဲမှာ သူ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲထား တာ။ ဒီနှစ်ဆိုရင် သုံးနှစ်ဆက်တိုက်ပဲ”

ယန်ချင်းလည်း အသာနားထောင်နေ၏။ ညနေစောင်းလောက်တွင် ဘုရားကျောင်း အနီးသို့ ရောက်လာရာ အခြားခရီးသည်များ လမ်းဘေးတွင် ရပ်ကာ

တခုခုကို ဖတ်ကြည့် နေသည်ကို မြင်ရ၏။ အထမ်းကိုချကာ လူအုပ်ကိုတိုး၍ ရှေ့ဆုံးသို့ ထွက်ပြီး ကြည့်၏။ မုခ်ဦး တိုင်လို ဆေးနီသုတ်ထားသော တိုင်နှစ်ချောင်းတွင် ဖြန့်ဆွဲထားသော ပန်းရောင်ဆိုင်းဘုတ် တခုကို တွေ့ရ၏။ ယင်းတွင် "တိုက်ယွမ်မှ နပန်းကျော် မိုးထောက်မဏ္ဍိုင် ရင်ယွမ်"ဟု ရေး ထား၏။ ဘေးတဖက်တချက်တွင် ဆွဲထားသော ဆိုင်းဘုတ်ငယ်လေး နှစ်ခုတွင်လည်း "တောင်ဘက် တောင်ရိုးမှ ကျားဆိုးကြီးကို ထိုးသတ်ခဲ့သူ"ဟုလည်းကောင်း၊ "မြောက်ဘက် ပင်လယ်မှ နဂါးမင်းကို ကန်ကျောက်ခဲ့သူ"ဟု လည်းကောင်း ရေးသားထား၏။

ယန်ချင်းက ထမ်းပိုးကို ကောက်ကာ ယင်း ဆိုင်းဘုတ်ကို ဆုတ်ပြဲသွားအောင် ရိုက် ချပစ်လိုက်၏။ ထို့နောက် ဘာတခွန်းမျှ မပြောဘဲ ထမ်းပိုးကို ကောက်ထမ်းကာ ဘုရား ကျောင်းသို့ လာခဲ့၏။ ရုတ်ရုတ်သဲသဲဖြစ်အောင် မွှေနှောက်လိုသူအချို့က ရင်ယွမ်ထံသို့ ပြေးကာ ထိုအကြောင်းကို သွားပြောကြ၏။

ယန်ချင်းလည်း လီကွေ့ကို တွေ့ရသဖြင့် ထမင်းဆိုင်တဆိုင်ကို လိုက်ရှာကြ၏။ ဘုရား ပွဲမှာ အလွန်စည်ကားပေ၏။ ကုန်စည်အမျိုးအမည် တရာ့နှစ်ဆယ်ကို ရောင်းချရန် ဆိုင်ခင်းထားကြ၏။ အနယ်နယ် အရပ်ရပ်က ဧည့်သည်များကို လက်ခံရန် ထမင်းဆိုင် တထောင့် လေးရာ ငါးရာလောက်ကိုဖွင့်ထားကြ၏။ ထမင်းဆိုင်အတော်များများတွင် လူပြည့်နေလေပြီ။ နောက်ဆုံးတွင် ဘုရားပွဲကွင်း အစွန်အစပ်ပိုင်းရှိ ထမင်းဆိုင်တဆိုင်တွင် နေရာရသွား၏။ လူရည်ချွန်လေးက အထမ်းကို နေရာချနေစဉ် လီကွေ့က အိပ်ရာပေါ်တွင် ဂွမ်းကပ်ကို ခြုံကာ နေလေ၏။ ထမင်းဆိုင် အလုပ်သမားက-

"ဘုရားပွဲမှာ ဈေးလာရောင်းတဲ့ ရှန်တောင်က အထမ်းသည်ဆိုတာ နောင်ကြီးများ လားဗျာ။ ခင်ဗျားတို့မှာ အခန်းခကော လောက်ရဲ့လား"

ယန်ချင်းက တောသား ခပ်နုံနုံအသွင်ဖြင့် –

"လူတွေကို အထင်မသေးပါနဲ့ကွ၊ ဒီအခန်းလေးက ဘယ်လောက်များ ကျမှာမို့လဲ။ အခန်းအကြီးဖြစ်တော့ကော သူများပေးသလို ငါလည်း ပေးနိုင်ပါတယ်"

"စိတ်မဆိုးပါနဲ့ နောင်ကြီးရာ၊ ခုချိန်က အလုပ်အများဆုံး အချိန်မို့ပါ။ ခုရှုပ်မှ နောင်ရှင်း ဆိုသလို မေးထားရတာပါ"

"ဒါက အရောင်းအဝယ်ကိစ္စနဲ့ လာတာ။ ငါကတော့ ဘယ်အိပ်အိပ် ရတယ်။ အရေး မကြီးဘူး။ ဒါပေမဲ့ ဒီလူကို လမ်းမှာ တွေ့လာတာလေ။ ငါတို့ရွာက ငါတို့အမျိုးထဲကပဲ။ သူက ပန်းနာထလာလို့ နားရအောင်လို့ မင်းတို့ဆိုင်ကို ခေါ်လာခဲ့တာ။ ရော့၊ ဒီမှာ ကြေးပြားငါးတုံး ယူသွား၊ စာရင်းဖွင့်ထား။ ငါတို့စားဖို့

တခုခုစီစဉ်ပေးဦး။ ငါတို့ပြန်ရင် မင်းကို ဘောက်ဆူး ချခဲ့မယ်”

အလုပ်သမားလည်း ပိုက်ဆံကို ယူကာ စားစရာ စီစဉ်ရန် ထွက်သွားလေ၏။ ထို အကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ခဏအကြာတွင် ထမင်းဆိုင် တံခါးဝ၌ ဆူဆူညံညံ ကြားလိုက်ရပြီး လူထွားကြီး အယောက် နှစ်ဆယ် သုံးဆယ်ခန့် ဝင်လာကြ၏။

“ငါတို့ဆိုင်းဘုတ်ကို ဆုတ်ဖြဲပြီး စိန်ခေါ်သွားတဲ့သူ နေတာ ဘယ်အခန်းလဲ”

“ဒီလိုလူမျိုး ဒီမှာ မရှိပါဘူး”

“ဒီမှာလို့ လူတိုင်းက ပြောတယ်”

“ကျွန်တော်တို့မှာ ငှားစရာက နှစ်ခန်းပဲရှိတာ။ တခန်းတော့အားနေသေးတယ်။ တခန်း မှာတော့ ရှန်တောင်က အထမ်းသည်နဲ့ သူ့အမျိုး လူမမာတို့ တည်းနေတယ်”

“အဲဒီဆိုင်းဘုတ်ကို ဆုတ်ဖြဲပစ်တာ အဲဒီ အထမ်းသည်ပဲ”

“ရယ်ရအောင် လာလုပ်နေပြန်ပါပြီ။ ဒီလူက ပိန်ပိန်လေး။ သူ စိန်ခေါ်တော့ကော ဘာ အသုံး သုံးကျမှာမို့လဲ”

“ငါတို့ကို လိုက်ပြစမ်း၊ ကြည့်ချင်တယ်””

“ဟိုထောင့်က အခန်းမှာပဲ”

အခန်းကို လာခဲ့ကြရာ တံခါးပိတ်ထားသည်ကို တွေ့ရ၏။ ပြတင်းပေါက်မှ သွားချောင်းကြည့်ရာ အိပ်နေသော လူနှစ်ယောက်၏ ခြေထောက်များကိုသာ မြင်ရ၏။ သူတို့လည်း ဘာလုပ်ရမည်ဟု တွေး၍ မရကြပေ။ တယောက်က ပြော၏။

“ချန်ပီယံ ဆိုင်းဘုတ်ကို ဆုတ်ဖြဲပြီး စိန်ခေါ်တယ်ဆိုတော့ ဒီလူလည်း ညံ့မယ် မထင် ဘူး။ ပြိုင်ပွဲမစခင် သူ့ကို လူတွေ လာဒုက္ခမပေးအောင်လို့ ဖျားချင်ယောင် ဆောင်နေတာ ဖြစ်မယ်”

“ဒါလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ထင်ကြေးတွေပေးနေလည်း အလကားပဲ။ အချိန် တန်မှ သိရမယ့်ဟာ”

သို့သော် ထိုသို့ လာလာမေးကြ မြန်းကြသည်မှာ မိုးချုပ်သောအခါ အဖွဲ့နှစ်ဆယ် သုံးဆယ် ရှိနေပြီဖြစ်ကာ၊ ထမင်းဆိုင် အလုပ်သမားလေးမှာလည်း ပြောရလွန်း ငြင်းရလွန်း သဖြင့် အာပေါက်လုမတတ် ရှိနေပြီ ဖြစ်၏။ ညစာ

ထမင်းသွားပို့သောအခါ လီကွေ့က စောင်ခြုံထဲမှ ခေါင်းပြူ၍ ကြည့်၏။

အလုပ်သမားက အလန့်တကြား အော်၏။

"ဘုရားရေ၊ စိန်ခေါ်တာ ခင်ဗျားလား"

"သူခေါ်တာ မဟုတ်ဘူး၊ သူက နေမကောင်းဘူး၊ ခေါ်တာက ငါကွ"

"မနောက်ပါနဲ့ဗျာ။ ခင်ဗျားဆို ရင်ယွမ်က တလုတ်တည်းနဲ့ မျိုချလိုက်မှာ"

"မင်း ပြုံးမနေနဲ့၊ ငါ့ပညာကို ပြလိုက်ရင် မင်းတို့ ကောင်းကောင်းတောင် ရယ်နေရ ဦးမှာ။ ပြိုင်ပွဲက ပြန်လာရင် ငါ မင်းကို လက်ဆောင်ပေးမယ်"

ညှော်သည်နှစ်ယောက် စားသောက်ပြီး၍ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်း သွားသည့်တိုင် လူရည်ချွန်လေး၏ စကားကို အလုပ်သမားလေးက တလုံးမျှ မယုံပေ။

နောက်တနေ့ နံနက်တွင် မနက်စာ စားနေကြစဉ် ယန်ချင်းက လီကွေ့ကို မှာ၏။

"နောင်ကြီး၊ တံခါးချက်ချပြီး အိပ်နော်"

သူကမူ လူအုပ်နှင့်ရောကာ အရှေ့တောင်တော် ဘုရားကျောင်းသို့ သွား၏။ တိုက်ရှန်း တောင်ကြီး၏ တောင်စောင်းတွင် ရှိသော ဤဘုရားကျောင်းမှာ ကမ္ဘာတွင် အကြီးကျယ် အခမ်းနားဆုံး စာရင်းဝင် ဖြစ်၏။ ဘုရားကျောင်းကို လှည့်ပတ်ကြည့်ပြီး ကန်တော့ပြီးသော အခါ ထွက်ခဲ့၏။

သူက ဘုရားဖူးများကို စူးစမ်း၏။

"နပန်းဆရာ ဆရာရင်ကို ဘယ်မှာ တွေ့နိုင်မလဲဗျ"

"ကောင်းမှုကြိုတံတားထိပ်က ထမင်းဆိုင်ကြီးမှာ တပည့်တွေ နှစ်ရာ သုံးရာလောက် ကို သင်ပြပေးနေတယ်"

ထိုတံတား၏ လက်ရန်းများပေါ်တွင် နပန်းသမား နှစ်ဆယ် သုံးဆယ်ခန့် ထိုင်နေကြ၏။ ရွှေအနားကွပ် ကြက်လျှာများ၊ ပန်းထိုးထားသည့် ပတ္တူဖျင် ကနားဖျင်းများ၊ ယင်းတို့ အတွင်းရှိ နေရာများကို တွေ့ရ၏။

သူလည်း ထမင်းဆိုင်ဝင်းအတွင်းသို့ ဝင်လာခဲ့၏။ ရင်ယွမ်မှာ ဗဟိုရှိ မဏ္ဍပ်တွင် ထိုင် နေ၏။ တကယ်ပင် ကြီးမားထွားကျိုင်းသော လူကြီးဖြစ်ရာ ဘုရားကျောင်းစောင့် ဘီလူး ကြီးများနှင့်ပင် မှားလောက်ပေ၏။

ညောင်စောင်းတခုပေါ်တွင် တစောင်းမှီကာ ထိုင်နေပြီး တပည့်များ နပန်းရေး ပြသည်ကို ကြည့်နေ၏။

တယောက်က ယန်ချင်းကို ပြပြီး ဆိုင်းဘုတ်ကို ဆုတ်ဖြဲခဲ့သူဟု ပြောလိုက်၏။ ရင်ယွမ် လည်း ခုန်ထကာ လက်ရုံးလက်မောင်းများကို ဆန့်တန့်ပြလိုက်ပြီး ကြေညာ၏။

“ဒီနှစ်လည်း သေချင်တဲ့ကောင် ရှိရင် ငါနဲ့ လာလက်ရည်စမ်းကြ”

ယန်ချင်းလည်း ခေါင်းကို ငုံ့ကာ အလျင်အမြန်ထွက်ခဲ့၏။ သူ့နောက်တွင် ဟားတိုက် ရယ်သံများ ကျန်ခဲ့၏။ လီကွေ့ထံသို့ ပြန်ကာ ညစာကို အတူ စားသောက်ကြ၏။

လီကွေ့က-

“အိပ်ရတာလည်း မွန်းနေပြီကွာ”

“တညပဲ ကျန်ပါတော့တယ် နောင်ကြီးရာ၊ မနက်ဖြန်ဆိုရင် ပွဲနေ့ပဲ” ယန်ချင်းကချော့ရှာ၏။

ထို့နောက် ထွေရာလေးပါး စကားများကို ပြောကြ၏။ ယင်းတို့ကို ကျွန်ုပ်တို့ စိတ်မဝင်စားပေ။

ထိုည တတိယယံလောက်တွင် ဗုံသံများ မြည်ဟည်းလာလေ၏။ မိုးကောင်းကင် အရှင် ကြီး၏ မွေးနေ့ပွဲအတွက် အမွှေးတိုင်များ ထွန်းရန် ဆော်ဩခြင်းပင် ဖြစ်၏။ စတုတ္ထယံတွင် ယန်ချင်းနှင့် လီကွေ့တို့ အိပ်ရာမှ ထကာ မျက်နှာသစ်ရန် ရေနွေးတောင်းလေ၏။ ဆံပင်ကို ချောအောင် ဖြီးကာ သျှောင်ထုံးထုံးကြ၏။ ဂွမ်းထိုးအင်္ကျီများကို ချွတ်ကာ ခြေသလုံးများ တွင် ဒူးအထိ ရောက်အောင် ခြေပတ်များကို စည်းကြ၏။ ပိုးသားဘောင်းဘီများ၊ အင်္ကျီ အသစ်များ ဝတ်ကာ လျှော်ဖိနပ်များကို စီးကြ၏။ ခါးစည်းများကိုလည်း စည်းကြ၏။

“ငါတို့ ပစ္စည်းတွေ ထားခဲ့တယ်။ ကြည့်ထားလိုက်”

“ဘာမှ မပျောက်စေရပါဘူး ဆရာတို့။ အောင်ပွဲခံပြီး ပြန်လာခဲ့ပါ”

ထမင်းဆိုင်တွင် အမွှေးတိုင်ပူဇော်ရန် လာကြသော ဘုရားဖူး နှစ်ဆယ် သုံးဆယ်ခန့် ရှိ၏။ သူတို့က ယန်ချင်းကို ဝိုင်းတိုက်တွန်းကြ၏။

“ပြန်စဉ်းစားပါဦး လူကလေးရယ်၊ ကိုယ့်အသက်ကို ကိုယ် မနှမြောဘူးလား”

“လူတွေက ကျုပ်ကို ဝိုင်းပြီး ချီးမွမ်းနေကြတဲ့ အချိန်ကျရင် ကျုပ်အတွက် ဆု ဝိုင်းခံပေးကြနော်”

“ငါလည်း ပုဆိန်တွေ ယူခဲ့မှပဲ”

“မရဘူး နောင်ကြီး၊ လူတွေ မှတ်မိကုန်ရင် အကြံပျက်ကုန်လိမ့်မယ်”

လူအုပ်နှင့် ရော၍ လိုက်သွားကာ လူများ အမှတ်မဲ့ ဖြစ်လောက်သော ဘုရားကျောင်း မုခ်တနေရာတွင် နေရာယူလိုက်ကြ၏။ ကျောင်းဝင်းထဲတွင် လူများ တင်းကြမ်းပြည့်နေ၏။

ဘုရားကျောင်းကြီးမှာ အလွန်ကြီးမားလှသည့်တိုင် လူမဆံ့တော့ပေ။ ပွဲကြည့်ပရိသတ် များသည် ဘုရားကျောင်းဆောင်၏ အမိုးထိပ်ကိုပင် တက်၍ နေရာယူထားကြ၏။

ထျုန်နင်းခန်းမကို မျက်နှာမူ၍ ကနားဖျင်းတခု ထိုးထားပြီး ယင်းထဲတွင် ရွှေငွေ တံဆိပ်များ၊ ပိုးလိပ်၊ ဖဲလိပ်များကို ခင်းကျင်းပြသထား၏။ ခန်းမ၏ တံခါးဝတွင်လည်း ကကြိုးတန်ဆာလှလှများ ဆင်ထားသော မြင်း ငါးစီးကို ချည်ထားလေ၏။

နောက်ထပ် ပရိသတ်များ ဝင်ခွင့်မပြုတော့ရန် အမိန့်ပေးလိုက်ပြီးနောက် မြို့ဝန်မင်း သည် နပန်းပွဲကို ကြည့်ရန် နေရာယူ၏။ ခန်းမအပြင်ရှိ စင်မြင့်ပေါ်သို့ ဒိုင်လူကြီး အဘိုးအို တယောက်က ဝါးလုံးတစီးကို ကိုင်ကာ တက်လာပြီး နတ်များကို ပူဇော်လေ၏။ ထို့နောက် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်၏။

သူ့စကားမှ မဆုံးသေး၊ လူတအုပ်ကြီး ရှေ့ကို တက်လာလေ၏။ သိုင်းကိုင်အစောင့် တဒါဇင်ခန့်နှင့် ပန်းထိုးကြက်လျှာလေးလက်တို့က ဦးဆောင်လာသော ဝေယာဉ်ပေါ်တွင် ရင်ယွှမ်က အမြိုင့်သား လိုက်ပါလာလေ၏။ သူ့ရှေ့နှင့် နောက်တွင် လက်မောင်းလက်ရုံး များကို မင်ကြောင်ထိုးထားသော ဗလကြီး နှစ်ဆယ် သုံးဆယ်ခန့်က ခြံရံလာလေ၏။ လူအုပ် ကြီးက တရုန်းရုန်း ဝန်းရံထားသော ရင်ယွှမ်မှာ စင်မြင့်သို့ ရောက်လာလေ၏။ ဒိုင်လူကြီးက ရင်ယွှမ်ကို ဖိတ်လိုက်ပြီး ချီးကျူးကြိုဆိုသော စကားအနည်းငယ်ကို ပြော၏။ ရင်ယွှမ်က -“ဒီဘုရားကျောင်းမှာ ကျုပ် နိုင်တာ နှစ်နှစ်ဆက်တိုက် ရှိပြီ။ ပြီးတော့ ရတဲ့ ဆုက မပြောပလောက်ဘူး။ ဒီနှစ်တော့ ကျုပ် ခါးဝတ်နဲ့ပဲ နပန်းလုံးမယ်”

ထိုသို့ သူပြောနေစဉ်တွင် လူတယောက်က ရေတပုံးနှင့် တက်လာ၏။ ရင်ယွှမ်၏ တပည့်များက စင်မြင့်ကို ထုနှင့် ဝိုင်းရံထားကြ၏။ သူတို့ဆရာက ခါးစည်းကိုဖြေကာ ခေါင်း ပေါင်းကို ချွတ်၏။ စီချွမ်ပိုးအင်္ကျီကို ပခုံးပေါ်တွင် တင်ကာ

မိုးကောင်းကင်အရှင်ကြီးကို ကျယ်လောင်စွာ ရှိခိုးပူဇော်လေ၏။ ထို့နောက် ရေစင်တော်ကို နှစ်ငုံလောက် သောက်ကာ အင်္ကျီကို ဖယ်လိုက်၏။ လည်ချောင်းအထောင်အသောင်းမှ ဩဘာသံများ ဟည်း၍ ထွက်လာလေ၏။

ရင်ယွမ် မည်သို့ဝတ်စားထားပါသနည်း။ သူ့ဆံထုံးကို ပန်းစည်းကြိုးအနီနှင့် ချည်ထား၏။ ကျောက်စိမ်းကြယ်သီးသုံးတန်းနှင့် ရွှေကြာယပ် တပ်ထားသော အင်္ကျီပေါ် တွင် ကျောက်စိမ်းရောင် ပိုးခါးတိုအင်္ကျီကို ဝတ်ကာ ခါးစည်းစည်းထား၏။ ဘောင်းဘီဒူးကျ မှာလည်း ကြေးညိုပြားများ ကွပ်ထား၏။ ပေါင်ရင်း ခွဆုံကိုလည်း ကြေးညိုပြားအစွပ်ဖြင့် ကာကွယ်ထား၏။ ခြေသလုံးများကိုလည်း သံခွေ သံပြားတို့ဖြင့် ပတ်ထား၏။ လက်ကောက် ဝတ်များကိုလည်း ပတ်တီးကျပ်ကျပ်စည်းထား၏။ ခြေထောက်တွင်လည်း ကန်ကျောက် ရန် ကောင်းမည့် ဖိနပ်များကို စီးထား၏။ ဤသည်ကား ပင်လယ်ကို ဖယ်ရှားကာ ယင်း၏ အောက်တွင် ခိုအောင်းနေသော ဘီလူးများကို အနိုင်ယူမည့် မိုးထောက်မဏ္ဍိုင် ဖြစ်ပေ သတည်း။

ဒိုင်လူကြီးက -

“မင်းက နှစ်နှစ်ဆက် နိုင်ပြီးပြီဆိုတော့ ဒီနှစ်က တတိယနှစ်ပေါ့။ ဘုရားဖူးပရိသတ်ကို ဘာများ ပြောစရာရှိလဲ”

“ပြည်နယ်လေးရာလောက်က သူတော်ကောင်းတွေ၊ ခရိုင်ခုနစ်ထောင်က သူတော် ကောင်းတွေ ဒီကို လာပြီး အမွှေးနံ့သာ ပူဇော်ကြတယ်။ ကျုပ်ကို လာပြီး ဆုချကြတဲ့ လက်ဆောင်တွေကလည်း ကျုပ်နဲ့ ထိုက်တန်တာတွေ မပါပါဘူး။ ဒီနှစ်မှာ ကျုပ် ပူဇော် ပြီးရင် ဇာတိရပ်ရွာကို ပြန်မယ်။ ဒီတောင်ကို ထပ်မလာတော့ဘူး။ နေထွက်ရာ အရှေ့ကနေ နေဝင်ရာ အနောက်အထိ၊ နေနဲ့ လ ခရီးနှင်ကြတဲ့ ဒီမိုးကောင်းကင်ကြီးအောက်မှာ အရိုင်း တွေ နေကြတဲ့ တောင်ဘက်ကနေ ယန်းတွေ နေကြတဲ့ မြောက်ဘက်နယ်အစွန်းအထိ၊ ရှိရှိသမျှ နယ်မြေတဝန်းလုံးမှာ ကျုပ်ကို ယှဉ်ပြီး ဆုယူမယ့် သူ ရှိသလား”

ရင်ယွမ်၏ စကားသံ မစဲသေးမီတွင် ယန်ချင်းက သူ့ဘေးဘယ်ညာမှ လူနှစ်ယောက်၏ ပခုံးပေါ်ခုန်တက်ကာ အော်လိုက်၏။ “ရှိတယ်၊ ဒီမှာ”။ ထို့နောက် လူအုပ်နောက်မှ စင်မြင့် ဆီသို့ ခုန်ပျံတက်သွားလေ၏။ လူအုပ်ကြီးလည်း ဝမ်းသာအားရ အော်ဟစ်အားပေးကြ၏။

ဒိုင်လူကြီးက မေး၏။

“နာမည် ဘယ်လိုခေါ်လဲ မောင်ရင်၊ ဇာတိကော ဘယ်ကလဲ”

“ကျုပ်က အထမ်းသည် ချန်းပါ။ ရှန်တောင်ကပါ။ သူ့ကို စိန်ခေါ်ဖို့ လာတာပါ”

“မင်း ဇာတ်သိမ်းရတော့မယ် သိရဲ့လား။ မင်းမှာ ထောက်ပံ့ပေးတဲ့သူ ရှိလား”

“ကျုပ်ကို ကျုပ်ပဲ ထောက်ပံ့တာ။ ကျုပ် သေလည်း ဘယ်သူ့ကိုမှ အသက်ဖိုးပေးစရာ မလိုဘူး”

“မင်း ကိုယ်ပေါက်ကိုယ်ရောက်ကို ကြည့်ရအောင် အဝတ်ချွတ်လိုက်ပါဦး”

ယန်ချင်းက ခေါင်းပေါင်းကို ဖြေလိုက်ရာ ပြောင်လက်ရှွန်းစိုနေသော သူ့သျှောင်ထုံးကို မြင်ရ၏။ ဖိနပ်ကို ချွတ်လိုက်ပြီး စင်မြင့်အစပ်သို့ သွားကာ ခြေပတ်များကိုလည်း ဖြေလိုက်၏။ ထခုန်ရင်း သူ့အင်္ကျီကို လွှားခနဲ ဆွဲချွတ်လိုက်ပြီး စင်ပေါ်သို့ ပြန်အကျတွင် ကိုယ်ဟန်လှလှ ပြနေလိုက်၏။

ပရိသတ်ကြီးလည်း ဝုန်းခနဲနေအောင် အော်ဟစ် ဩဘာပေးကြ၏။ အားလုံးမှင်တက် မိသွားကြ၏။ ရင်ယွမ်ပင်လျှင် ကြွက်သားလှလှများဖြင့် အချိုးအစားကျနသော ခန္ဓာကိုယ် ကို မြင်ရသောအခါ ကြက်သီးဖြန်းသွားလေ၏။

ခန်းမအပြင်ဘက်ရှိ လသာဆောင် ရင်ပြင်ပေါ်တွင်မူ စည်းကမ်းထိန်းသိမ်းရန် မြို့ဝန်က ထိုင်နေ၏။ သူ့ကို ဝန်းရံလျက် အနက်ရောင်ဝတ်ထားသော ရဲခုနစ်ဆယ် ရှစ်ဆယ်ခန့် ရှိကြ ၏။ ယန်ချင်းက စင်မြင့်မှဆင်းကာ ရင်ပြင်နားသို့ လာခဲ့၏။ မြို့ဝန်လည်း ကျောက်စိမ်းရုပ်တု ပမာ ချောညက်နေသော ယန်ချင်း၏ ကာယဗလကို အထင်ကြီးကာ သဘောကျနေ၏။

မြို့ဝန်က-

“မင်း ဘယ်က လာသလဲ မောင်ရင်၊ ဘာကိစ္စနဲ့ လာတာလဲ”

“ကျွန်တော့်နာမည်က ချန်းပါ။ ကျွန်တော်က သားဦးပါ။ ရှန်တောင်နယ် လိုင်ကျို့ ခရိုင်ကပါ။ ရင်ယွမ်က နပန်းသမားတိုင်းကို စိန်ခေါ်နေတယ်ကြားရလို့ သူနဲ့ ယှဉ်ပြိုင်ဖို့ သက်သက် လာခဲ့တာပါ”

“ဟိုမှာ ကကြိုးတန်ဆာတွေ ဆင်ထားတဲ့ မြင်းတွေက ငါ ပေးမယ့် ဆုပဲ။ ရင်ယွမ့်ကိုပဲ ပေးရမယ်လို့ အောက်မေ့ရတာပဲ။ ကနားဖျင်းထဲက ဆုတွေကိုတော့ မင်းတို့နှစ်ယောက် ထက်ဝက်စီ ခွဲဝေယူကြပေါ့။ ငါ မင်းကို ကျွေးမွေးစောင့်ရှောက်ထားမယ်။ ငါ့အနားမှာ ထားပြီး အမှုတော်လည်း ထမ်းရမယ်”

“မြို့ဝန်မင်း ခင်ဗျာ၊ ကျွန်တော်က ဆုကို မက်လို့ မဟုတ်ပါဘူး။ သူ့ကို

အလဲထိုးပြီး လူတွေ ရယ်အောင် လုပ်ချင်တာရယ်၊ လူတွေဆီက ချီးမွမ်းစကားကို ကြားချင်တာရယ်ပဲ ရှိပါတယ်”

“သူက ဘုရားကျောင်းက ဘီလူးရုပ်လောက်ကို ကြီးတယ်ကွယ့်၊ မင့်သူ့အနားတောင် ကပ်နိုင်ပါ့မလား မသိဘူး”

“သေရင်လည်း သေသေ၊ ကျွန်တော်ကတော့ ကြိုးစားပါ့မယ်” ယန်ချင်းလည်း စင်မြင့်ပေါ်သို့ ပြန်တက်ကာ ရင်ယွမ်နှင့် ရင်ဆိုင်၏။

ဒိုင်လူကြီးက ယန်ချင်းကို လျော်ကြေး မတောင်းခံကြောင်း လက်မှတ်ရေးထိုးရန် ပြောပြီး စည်းကမ်းချက်များ ရေးထားသော စာရွက်ကို ဆွဲထုတ်ကာ ဖတ်ပြလေတော့သည်။ “မင်း နားလည်တယ်နော်။ မညစ်ပတ်ရဘူး”

ယန်ချင်းက အေးတိအေးစက် ရယ်လိုက်ပြီး “သူကတော့ဖြင့် အကာအကွယ် ဝတ် ထားတာ အပြည့်ပဲ။ ကျုပ်ကတော့ ဒီ ပိုးဘောင်းဘီလေးပဲ ဝတ်ထားတာလေ။ ကျုပ်က ဘာလုပ်နိုင်မှာမို့တဲ့လဲ”

မြို့ဝန်က ဒိုင်လူကြီးကို ခေါ်လိုက်ပြီး“ဒီမောင်ရင်လေးက လူချောလေး၊ သနားပါတယ်။ သူ့ကို ပြောလိုက်၊ သရေပွဲ လုပ်ပေးမယ်လို့၊ ပြိုင်စရာ မလိုဘူးလို့”

ဒိုင်လူကြီးလည်း ယန်ချင်းကို ပြန်ပြောပြရ၏။ “မင်း ရွာကို အသက်ရှင်လျက်နဲ့ ပြန်ရအောင် လုပ်ပေးမယ် မောင်ရင်လေး။ ငါ ဒီပွဲကို သရေပွဲလို့ ကြေညာလိုက်မယ်”

“ခင်ဗျားကလည်း တယ်သေချာနေပါလား။ ကျုပ် နိုင်မယ် ရှုံးမယ် ခင်ဗျား ဘယ်လို လုပ် သိနိုင်တာလဲ”

ရင်ပြင်တခုလုံးတွင် ပရိသတ်များ ပြည့်ကျပ်နေလေပြီ။ ဘေးနှစ်ဖက်နှစ်ချက်တွင် ဘုရားဖူးများက အတန်းလိုက် ကျပ်သိပ်အောင် နေရာယူထားကြရာ ငါးအကြေးခွံများနှင့်ပင် တူနေလေ၏။ လှျောက်လမ်းပေါ်တွင် ရှိရှိ၊ အမိုးပေါ်တွင် ရှိရှိ၊ ရသမျှနေရာ တလက်မမျှ မကျန်စေရဘဲ နေရာယူထားကြ၏။ စိတ်အားထက်သန်စွာဖြင့် ပြိုင်ပွဲကို မျှော်နေကြ၏။

ရင်ယွမ်မှာ မုန်းစိတ်ကို အခြေခံကာ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေ၏။ ယန်ချင်းကို တိမ်တွေဆီသို့ ပစ်မြှောက်ချင်စိတ် တဖွားဖွား ဖြစ်ပေါ်နေ၏။ သို့မှသာ မြေပြင် သို့ ပြန်အကျတွင် စိစိညက်ညက် ကျေမည်ဖြစ်၏။

“မင်းတို့ နှစ်ယောက်စလုံးက နောက်မဆုတ်ဘူးလို့ သန္နိဋ္ဌာန် ချထားတော့ မိုးကောင်းကင်အရှင်ကြီးကို ဂုဏ်ပြုပြီး ဒီနပန်းပွဲကို ကျင်းပရတော့မှာပေါ့။

သတိထားကြပါ။ စည်းကမ်းချက်တွေကို ဂရုစိုက်ပါ”

ထိုအချိန်တွင် နံနက်ခင်း မြူထုကွဲသွားပြီး နေထွက်လာပြီဖြစ်သည်။ ဒိုင်လူကြီးသည် ဝါးစည်းကို ကိုင်ကာ နောက်ဆုံး ညွှန်ကြားချက်ကို ပေးလျက်ရှိ၏။

ထို့နောက် ကြေညာလိုက်၏။ “စ”

ဤနပန်းပွဲကို တိုက်ကွက်တခုချင်းအလိုက် ရှင်းရှင်းလင်းလင်း ဖော်ပြရန် အရေးကြီး ပေ၏။ ပြောပြနေရသည်ကပင် နှေးပေ၏။ သို့သော် ဖြစ်ပျက်သွားသည်မှာကား ကောင်းကင်ကို ဥက္ကာပျံ ဖြတ်သွားသည်ထက်ပင် မြန်နေ၏။

အစတွင် ညာဘက်၌ ယန်ချင်းက ခါးကို ကုန်းကာ ဟန်ချီနေစဉ် ဘယ်ဘက်၌ ရင်ယွမ် က တံခါးစောင့်ဘီလူးကြီးလို မားမားကြီး ရပ်နေ၏။ ယန်ချင်းက တုတ်တုတ်မျှမလှုပ်။ သူတို့ နှစ်ယောက်ကြား နေရာမှာ လွတ်နေဆဲ ဖြစ်၏။ ရင်ယွမ်က ညာဘက်သို့ မသိမသာ မသိမသာ ရွေ့နေသည်။ ယန်ချင်းကမူ ပြိုင်ဘက်၏ ရှေ့နှင့် ဘယ် ညာ အရပ်များရှိ ကြမ်းပြင် ကိုသာ စောင့်ကြည့်နေ၏။

သူ့ပြိုင်ဘက်ကလည်း သဘောကျနေ၏။

“သူ လုပ်တတ်တာ ဒါပဲဆိုရင်တော့ လက်တချက်တောင် လှုပ်လိုက်ရမှာ မဟုတ်ဘူး။ ခြေတချက် ခတ်လိုက်ရုံနဲ့ စင်ပေါ်က ကျသွားမှာ”

ရင်ယွမ်က ကပ်လာ၏။ ဘယ်ခြေနှင့် အယောင်ပြ၏။ “ဒါမျိုး မရဘူး” ဟု ယန်ချင်းက အော်၏။ ရင်ယွမ်က အနီးသို့ ရောက်မလာမီ ဤလူထွားကြီး၏ ဘယ်ဘက်နံဘေးမှ ငုံ့ကာ ရှောင်ထွက်လိုက်၏။ ရင်ယွမ်က ဒေါသတကြီးဖြင့် ကိုယ်ကို ချာခနဲ လှည့်လိုက်၏။ သို့သော် သူ့ညာဘက်နံဘေးမှ ယန်ချင်းက ကွေ့ကာ ဝိုက်ကာ ရှောင်ထွက်လိုက်ပြန်၏။

သူ့ခန္ဓာကိုယ်ကြီးကို အကြိမ်ကြိမ် လှည့်နေရသဖြင့် ရင်ယွမ် စိတ်အနှောင့်အယှက် ဖြစ်လာကာ ခြေထောက်များအချင်းချင်း လိမ်ကာ ခလုတ်တိုက်မိ၏။ လူရည်ချွန်လေးက တဟုန်ထိုးတက်ကာ ရင်ယွမ်၏ ပခုံးကို ညာလက်ဖြင့်၊ ပေါင်ရင်းခွဆုံကို ဘယ်လက်ဖြင့် အသီးသီး ကိုင်လိုက်ကာ ပခုံးကိုလည်း ရင်ယွမ်၏ ရင်ဘတ်အောက်ကို ဆောင့်ထိုးကာ ဝင် လိုက်ပြီး ရင်ယွမ့်ကို မ လိုက်၏။ ခြေကားယားလက်ကားယားနှင့် မကြံတတ်အောင် ဖြစ်နေသောသူ့ပြိုင်ဘက်ကို ငါးပတ်မျှ ချာချာလည်အောင် မွှေ့ယမ်းရင်း စင်မြင့်အစပ်သို့ ယူသွား၏။

“သွားလေရော့လဟယ်” ဟု အော်ကာ ပစ်ချလိုက်ရာ ခေါင်းနှင့်

ကျသွားလေ၏။

ဤတိုက်ကွက်ကို "ခိုချာချာလည်" ဟု ခေါ်၏။ လူထုကား အတားအဆီးမရှိ အော်ဟစ် အားပေးကြ၏။ သူ့ဆရာ အပစ်ချမလိုက်ရသည်ကို မြင်ရသော ရင်ယွမ့်တပည့်များက ကနားဖျင်းကို ဖျက်ဆီးကာ ဆုများကို လုယူကြ၏။ လူထဲမှလည်း ကျယ်လောင်စွာ ဆဲရေး သံ၊ ခိုက်ရန်ဖြစ်သံများ ထွက်လာ၏။ ရင်ယွမ်၏တပည့် နပန်းသမား နှစ်ဆယ် သုံးဆယ်ခန့် ကလည်း စင်မြင့်ပေါ်သို့ ကုပ်ဖက် တွယ်တက်ကာ တက်လာကြ၏။ မြို့တော်ဝန်လည်း မထိန်းသိမ်းနိုင်ရှာပေ။

ဤမြင်ကွင်းသည် လူထွားကြီးတယောက်ကို စိတ်ဆိုးစေမည်ဟု မည်သူမျှ မမျှော်လင့် ခဲ့ကြပေ။ လေပွေနက်လီကွေ့သည် မျက်လုံးများ ဝင်းဝင်းတောက်လျက် ဘေးမှ ကြည့်နေ ရာမှ ကျားကြီးတကောင်လို စောင်းမွေးများ ထောင်လာလေပြီ။ သူ့တွင် လက်နက် မရှိ။ ထို့ကြောင့် ထင်းရှူးပင်ပေါက်တပင်ကို ခရုကောက်သလို ဆွဲနုတ်လိုက်ကာ ထက်ပိုင်းချိုး လိုက်၏။ ထို့နောက် လက်တဖက်တွင် တပိုင်းစီ ကိုင်ကာ ရိုက်နှက်လေတော့၏။ အချို့ ပရိသတ်များက သူ့ကို မှတ်မိသွားသဖြင့် အမည်ကို ထုတ်ကာ အော်ကြ၏။ ထို့ကြောင့် အပြင်မှ ရဲများ ဘုရားကျောင်းထဲသို့ သွန်ချလိုက်သလို ဝင်လာကြ၏။

စင်မြင့်အောက်တွင် ရင်ယွမ်မှာ မူးတူးမင်တင်ဖြစ်ကာ အသက်ကို မနည်းရှူနေရစဉ် သူ့ထံသို့ လီကွေ့ ရောက်လာလေ၏။ လေပွေနက်က ကျောက်ပြားတချပ်ကို ကလော် ထုတ်ကာ ရင်ယွမ်ကို ထိုကျောက်ပြားပေါ်တွင် အရိုးမာမာဟူ၍ တချောင်းမျှမကျန်သည် အထိ ဘဝဲဖွပ်သလို ဖွပ်လေ၏။ ထို့နောက် သူနှင့် ယန်ချင်းတို့ ဘုရားကျောင်းတံခါးဝသို့ အတင်းဖောက်ထွက်လာရာ မြားမိုးနှင့် ဆီးကြိုသည်ကို ခံရ၏။ ဘုရားကျောင်းဆောင် အမိုးပေါ်သို့ တက်ကြပြီး အုတ်ကြွပ်များကို ခွာကာ ရန်သူများသို့ ပစ်ပေါက်ကြလေ၏။

ထိုစဉ် ဘုရားကျောင်းတံခါးဝတွင် ရုတ်ရုတ်သဲသဲဖြစ်ပြီးနောက် လူတအုပ် ထိုးဖောက် ဝင်လာသည်ကို မြင်ရ၏။ ဦးဆောင်လာသူမှာ အနားပြားကြီးကြီးပါသော သက္ကလတ် ဦးထုပ်ကို ဆောင်းကာ ပိုးဝတ်စုံဖြူကို ဝတ်ထား၏။ ခါးတွင်လည်း ဓားမြှောင်တလက်ကို ထိုးထားလေ၏။ လက်ထဲတွင်မူ လှံပုဆိန်ကြီးတလက်ကို ကိုင်ထားလေ၏။ သူကား ဥတ္တရ နေပြည်တော်မှ ကျောက်စိမ်းဗျာလ္လ လူကွမ်းယီ ဖြစ်၏။ သူ့နောက်တွင် ရှိကျင်း၊ မူဟုန်၊ ရှင်ဉာဏ၊ ဝုဆုန်၊ ရှိချင်၊ ရှိပေါင်တို့နှင့်အတူ လူတထောင် ပါလာလေ၏။ တံခါးကို အတင်း ဖွင့်ကာ ကယ်တင်ရန် လာကြခြင်း ဖြစ်သည်။

ယန်ချင်းနှင့် လီကွေ့လည်း အမိုးပေါ်မှ ခုန်ဆင်းကာ ယင်းတို့နှင့်အတူ

ထွက်ခဲ့ကြ၏။ လီကွေ့က ထမင်းဆိုင်သို့ ပြန်ကာ ရဲတင်းများကို ယူပြီး မည်းမည်းမြင်သမျှ လိုက်သတ်လေ တော့၏။ ပြည်နယ် အစိုးရတပ်များ ရောက်လာချိန်တွင် တောပုန်းများ ထွက်သွားနှင့်ကြ လေပြီ။ လျှံရှန်း ကျူးအင်သားများ မှာ မှုလောက်သော ရန်ဘက်များဖြစ်ကြောင်း သိကြ သည့်အလျောက် နောက်မှ လိုက်၍ မတိုက်ဝံ့ကြပေ။

လီကွေ့ကို ခေါ်သွားမည်ဟု အမိန့်ပေးပြီးနောက် လူကွမ်းယီက အပြန်ခရီးကို စခဲ့၏။ သို့သော် နေ့တဝက်မျှ ချီတက်ပြီးသည်အထိ လီကွေ့ကို လမ်းပေါ်တွင် မတွေ့ရပေ။

လူကွမ်းယီက ရယ်လျက်-

"ဒီပြဿနာကောင်ကတော့ကွာ ။ ကဲ၊ တယောက်တော့ သူ့ကို ပြန်ရှာပြီး တောင်ရိုး ပေါ်ကို ခေါ်ခဲ့ပေတော့"

"ကျုပ် သွားခေါ်ခဲ့မယ်" ဟု မူဟုန်က ဆန္ဒပြု၏။

"ကောင်းပြီ"

ထိုအချိန်တွင် လီကွေ့မှာ ပုဆိန်များ ကိုင်စွဲလျက် ခရိုင်မြို့ ဖြစ်သော ရှိချန်းသို့ ရောက်နေ လေပြီ။ အစိုးရရုံးဝင်း၏ တံခါးသို့ သူ ရောက်သွားချိန်မှာ မွန်းတည့်ပြီဖြစ်၍ ရုံးတော် နားနေ၏။ လီကွေ့က အော်၏။

"လျှံရှန်းကျူးအင်းက ငါ အရှင်လီကွေ့ ရောက်နေတယ်"

ရုံးဝန်ထမ်းများမှာ ကြောက်လွန်းသဖြင့် တပိုင်းသေသလို ဖြစ်ကုန်ကြပြီ။ တောပုန်း များ၏ စခန်းနှင့် အနီးဆုံးမြို့မှာ သူတို့မြို့ပင် ဖြစ်၏။ ကလေးများ အငိုမတိတ်ပါက မိခင် များက "လေပွေနက် လာနေပြီ" ဟု ပြောလိုက်ရန်သာ လို၏။ ထို လေပွေနက်ကြီး အရှင် လတ်လတ် ရောက်နေလေပြီ။

"လာကြစမ်းပါဦးကွ၊ စကားပြောရအောင်။ မလာလို့ကတော့ ငါက ဒီရုံးကို ပြာချ ပစ်မယ်"

ရုံးသားများကလည်း စကြံ့ထောင့်တွင် စုကာ အရေးပေါ်ညီလာခံကို ကျင်းပကြ၏။ သူ့အမိန့်ကို လိုက်နာရမည်ဟု ဆုံးဖြတ်ချက် ကျ၏။ "သူက တကယ်လုပ်ချင် လုပ်မှာ" ဟု အကြောင်းပြကာ လူနှစ်ယောက်ကို ရွေးပြီး ခန်းမထဲသို့ သွားကာ တွေ့ခိုင်းလိုက်ကြ၏။

လေးကြိမ်တိုင်တိုင် ကန်တော့လိုက်ပြီး ဒူးတုပ်လျက်ကပင် ပြောကြ၏။

"ဗိုလ်မင်း ကြွလာတာ ဘာများ ညွှန်ကြားစရာ ရှိလို့ပါလဲ ခင်ဗျာ"

"ငါက မင်းတို့ကို နှောင့်ယှက်မလို့ မဟုတ်ပါဘူးကွာ။ အနားက ဖြတ်သွားရင်း ခဏ တဖြုတ်လောက် ဝင်လည်မလို့ပါ။ မင့်တို့ တရားသူကြီးကို ခေါ်လိုက်။ ငါက တွေ့ချင်တယ်လို့"

"ဗိုလ်မင်း ရောက်လာတယ် ကြားတာနဲ့ နောက်ဖေးပေါက်က ပြေးသွားပါပြီ။ ဘယ် ပြေးမှန်းလည်း မသိကြပါဘူး ခင်ဗျာ"

လီကွေ့က သူတို့ကို မယုံ။ ထို့ကြောင့် နောက်ဘက်ရှိ ခန်းဆောင်များသို့ လျှောက်ကာ တရားသူကြီးကို ရှာရာ အဝတ်ဗီရိုတလုံးကို တွေ့၏။ သော့ခလောက်ကို လိမ်၍ ဖွင့်ကာ ရုံးမင်း၏ ဖောင်းတော်ကို ထုတ်၏။ ဖောင်းစနစ်စကိုလည်း တပ်ဆင်ပြီးနောက် ဆောင်း လိုက်၏။ ထို့နောက် ရုံးမင်း၏ ဝတ်လုံ အစိမ်းကို ဝတ်၏။ ခါးစည်းကို စည်း၏။ သူ့လျှော်ဖိနပ် များကို ချွတ်ပြီး ခြေနင်းအကောင်းစားကို စီး၏။ ထို့နောက် အမိန့်စာ ချသည့် သစ်သားပြား များကို ယူကာ ရုံးတော်ခန်းမသို့ ထွက်ခဲ့၏။

လီကွေ့က -

"အရာရှိတွေ၊ အားလုံး လာကြစမ်း၊ ကြည့်ကြစမ်း"

ထိုသူတို့လည်း မငြင်းသာ။ ခိုင်းသမျှ လိုက်လုပ်ကြရ၏။

"ဘယ်လိုလဲ ငါနဲ့ လိုက်ရဲ့လား"

"လွန်စွာ တင့်တယ် လျောက်ပတ်ပါတယ် ခင်ဗျာ"

"ကဲ တရားရုံး ဖွင့်ကြစမ်း၊ မဖွင့်ရင်တော့ ဒီရုံးကို ဖြိုပစ်မယ်"

အရာရှိများလည်း သူ့ကို ကြောက်ကြ၏။ လက်အောက်အမှုထမ်းများကို ခေါ်ကာ စည်တီးစေ၏။ အရိုး၊ ဆင်စွယ် စသည်ဖြင့် လုပ်ထားသော လက်ခတ်များဖြင့် တရားစည်ကို သုံးကျော့မျှ တီးကြလေ၏။ ထို့နောက် လီကွေ့ ရှေ့သို့ လာ၍ ချီးကျူးစကားဖြင့် နှုတ်ဆက် ကြ၏။

" ဗိုလ်မင်းရှေ့ကို ဘယ်သူမှ လာပြီး ထိုင်ရဲမှာ မဟုတ်ပါဘူး ခင်ဗျာ"

"ဒါဖြင့် မင်းတို့ထဲက နှစ်ယောက်က ဝင်သရုပ်ဆောင်ကြလေကွာ၊ ငါ မင်းတို့ကို နာအောင် မလုပ်ပါဘူး။ ဒါက အပျော်ပေါ့ကွာ"

ရုံးသားများ ခေါင်းချင်း ရိုက်ကြပြန်လေပြီ။ ထို့နောက်

ထောင်ကြပ်နှစ်ယောက်ကို ရွေးကာ အမှုသည်အဖြစ် သရုပ်ဆောင်ခိုင်းလေ၏။ မြို့သူမြို့သားများလည်း ရုံးတံခါးဝတွင် စုကာ ဝိုင်းကြည့်နေကြ၏။ အမှုသည်နှစ်ယောက်က ရုံးမင်းရှေ့တွင် ဒူးထောက်နေကြ၏။

"သနားပါ ရုံးမင်းခင်ဗျာ။ ဒီလူက ကျွန်တော့်ကို ချပါတယ်"

"သူက အရင် စ ဆဲတာပါ ခင်ဗျာ။ ဒါကြောင့် ထိုးမိတာပါခင်ဗျ"

"အထိုးခံရတာ ဘယ်သူလဲ"

"ကျွန်တော်ပါ ခင်ဗျာ"

"ပြီးတော့ စ ထိုးတဲ့သူက ဘယ်သူလဲ"

"သူက ကျွန်တော့်ကို ဆဲတာနဲ့ ထိုးလိုက်မိတာပါ ခင်ဗျ"

"ထိုးတဲ့လူက လူကောင်းပဲ။ သူ့ကိုလွှတ်စေ။ နောက်တယောက်ကတော့ စိတ်ဓာတ် မရှိတဲ့ ကောင်ပဲ။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် အထိုးခံရတာလဲ။ လည်ထောက်စွပ်ပြီး လမ်း တကာမှာ လှည့်ပြစေ"

လီကွေ့က ထရပ်လိုက်ပြီး ရုံးမင်းဝတ်လုံစိမ်းကို ခါးစည်းပြန်စည်းလိုက်၏။ အမိန့်စာ တိုင်များကို ခါးစည်းတွင် ထိုး၏။ ထို့နောက် ပုဆိန်ကြီးများကို ကိုင်ကာ ထိုသူအား လည် ထောက်တပ်နေသည်ကို သွားရောက်ကြပ်ကဲ၏။ ထို့နောက် ထိုသူ့ကို ရုံးတံခါးဝတွင် ပြထား စေ၏။ ထို့နောက်တွင်မှ ရုံးမင်းဝတ်လုံကြီးတလွှားလွှားနှင့် လေပွေနက်သည်လည်း မြို့ထဲ တွင် လွင့်လေရာ တံခါးဝတွင် စု၍ ကြည့်နေသူ မှန်သမျှ မရယ်ဘဲ မနေနိုင်ကြပေ။

မြို့ကို လျှောက်၍ ကြည့်ကောင်းကောင်းနှင့် လှည့်ကြည့်နေရာ ကျောင်းသားများ၏ စာအံသံကို ကြားရလေ၏။ ကျောင်းခန်းတံခါးဝ ကန့်လန့်ကာကို လှပ်၍ ဝင်သွားရာ ကျောင်းဆရာလည်း ကြောက်ပြီး ပြတင်းပေါက်မှ ခုန်ချကာ ထွက်ပြေးသွားလေ၏။ ကလေးများမှာ ငိုသူ ငို၊ အော်သူ အော်၊ ပြေးသူ ပြေး၊ ပုန်းသူ ပုန်းဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်သွားလေ၏။ လီကွေ့ကား သဘောကျ၍ မဆုံးတော့။ တခစ်ခစ် ရယ်၍ ပြန်ထွက်ခဲ့ရာ တံခါးအပြင်ဘက်တွင် မူဟုန်နှင့် ဝင်တိုးလေ၏။

မူဟုန်က-

"လူတွေကဖြင့် မင်းအတွက် ပူလို့ သေကြတော့မယ်။ မင်းက ဒီမှာလာပြီး ကမြင်းနေ သေးတယ်။ လာ၊ ခုချက်ချင်း ပြန်လိုက်ခဲ့"

မူဟုန်က အတင်းရော အဓမ္မပါ ဆွဲ၍ ခေါ်သွားလေရာ လီကွေ့လည်း

ဆိုင်းမပါ ဗုံမပါနှင့် ရှို့ချန်းခရိုင်မှ ထွက်ခွာကာ လျှံရှန်းတောင်ရိုးသို့ လိုက်သွားရလေ၏။ သဲသိဂါသောင်မှ ကူး၍ တောင်ရိုးပေါ်သို့ တက်လာသော လီကွေ့၏ ဝတ်စားထားပုံကို မြင်ရသောအခါ လူတိုင်းက ဝိုင်းရယ်ကြ၏။ စုန်ကျန့်က ယန်ချင်းအတွက် ဂုဏ်ပြုပွဲကို ကျင်းပပေး၏။ လီကွေ့လည်း ပုဆိန်များကို ထားခဲ့ပြီး ရုံးမင်းဝတ်လုံကြီး ဖိုးရိုးဖားရားနှင့် ဝင်လာကာ စုန်ကျန့်ကို ကန် တော့မည်ပြု၏။ ရှေ့သို့ ကုန်းလိုက်စဉ် ဝတ်လုံကြီးကို တက်နင်းမိပြီး ဝတ်ရုံလည်း စုတ်ပြဲ သွားကာ လူလည်း မှောက်လျက်သား လဲကျသွား၏။ ရှိသမျှသော ဗိုလ်မင်းတို့၏ ရယ်သံလည်း ခန်းမတခုလုံး ဟိန်းသွားလေ၏။

စုန်ကျန့်က အော်၏။

“မင်းက တယ်သတ္တိကောင်းနေပါ့လား။ ငါ့ခွင့်ပြုချက်မရဘဲ တောင်ရိုးပေါ်က ခိုးထွက် သွားရတယ်လို့။ မင်းတော့ သေသင့်နေပြီ။ မင်း ဘယ်သွားသွား ပြဿနာဖြစ်ခဲ့တာချည်းပဲ။ ညီနောင်အားလုံးရှေ့မှာ ငါ ပြောထားမယ်။ နောက်တခါဆိုရင်တော့ မင်းကို ခွင့်မလွှတ် တော့ဘူး”

လီကွေ့လည်း ရိုရိုကျိုးကျိုးဖြင့် ကျေးဇူးတင်စကားကို သေသေချာချာကြီး ပြောကာ ထွက်သွားလေ၏။

တောင်ရိုးစခန်းပေါ်တွင်ကား နိစ္စဓူဝ အလုပ်များဖြင့်သာ စခန်းသွားနေကြ၏။ နေ့စဉ် လက်နက်ရေး ကျွမ်းကျင်အောင် လေ့ကျင့်ကြ၏။ ခြေသည် မြင်းသည် လှေသည်အားလုံး စွမ်းရည်တက်အောင် ကြိုးစားနေကြ၏။ စခန်းတခုလုံးတွင်ပင် စစ်လက်နက်များ၊ ဝတ်စုံ များ၊ ချပ်ဝတ်များ၊ ခေါင်းလုံလေးမြားများ၊ တံခွန်ကြက်လျှာများကို မနားမနေ ထုတ်လုပ်နေ ကြ၏။ ထိုအကြောင်းကိုမူ ဤမျှဖြင့် တော်ဦးမည်။

ဤအချိန်အတွင်းတွင် တိုက်အန်ပြည်နယ်မှ ပေးပို့သော တင်လွှာသည် အရှေ့နေပြည်တော် သို့ ရောက်ရှိသွားလေ၏။ ရွှေနန်းတော်ကြီးသို့ တင်ပြရမည့် တင်လွှာများကို လက်ခံရသော ဌာနတွင်လည်း နယ်စုံမှ တက်လာသော တင်လွှာများတွင် စုန်ကျန့်တို့ လက်ချက်ကြောင့် ထိခိုက်ပျက်စီးမှုများကိုသာ တွေ့ရလေ၏။ ဤတင်လွှာများကို စု၍ တင်ပြရန် ဆုံးဖြတ် လိုက်ကြ၏။

နံနက်ညီလာခံ ကျင်းပမည့်နေ့တွင် ကျင်းယန်ခေါင်းလောင်း၏ အသံကို ကြားရသည်နှင့် မှူးကြီးမတ်ကြီးများသည် ရေနာရီခန်းမတွင် ဧကရာဇ်မင်း၏ အလာကို စောင့်လင့် နေကြ၏။ ဧကရာဇ်မင်းကြီး ညီလာခံ မခေါ်သည်မှာ တလလောက် ရှိနေပေပြီ။

အတွင်းဆောင်မှ ကျိုင်းရိုးကို ဆောင့်သည့်အသံ သုံးချက် ထွက်လာ၏။

စစ်ဘက် နယ်ဘက် အရာရှိကြီးများက ရွှေပလ္လင်၏ လှေကားရင်းတွင် နှစ်စုခွဲကာ နေရာယူလိုက် ကြ၏။ မင်းကြီး ထွက်လာ၏။ အားလုံးက ဒူးထောက် ကန်တော့ကြ၏။ နားခံတော်က "တင်လျှာ တင်ရန် ရှိက တင်ကြစေ၊ မရှိက ညီလာခံ စဲမည်" ဟု ကြေညာလိုက်၏။

တင်လျှာတာဝန်ခံ အမတ်ကြီးက ရှေ့သို့ ထွက်လိုက်၏။

"တင်ပါသည် ဘုရား။ ကျွန်တော်တို့ဌာနကို ရောက်တဲ့ အနယ်နယ်အရပ်ရပ်က တင်လျှာတွေမှာ စုန်ကျန့်နဲ့ ဓားပြတွေ သောင်းကျန်းနေတာ အထင်အရှား ပါလာပါတယ်။ ဒီဓားပြတွေဟာ မြို့ရွာတွေကို ရဲရဲတင်းတင်း တိုက်ခိုက်နေကြပါတယ်။ ကျီတော်တွေ၊ ဘဏ္ဍာတိုက်တော်တွေကို လုယက်ယူကြပါတယ်။ စစ်သည်တွေရော မြို့သူမြို့သားတွေကိုပါ သတ်ကြ ဖြတ်ကြပါတယ်။ သူတို့က မတင်းတိမ်နိုင်ကြဘူး။ ရောက်တဲ့နေရာမှာလည်း သူတို့ကို ဘယ်သူမှ မနှိမ်နင်းကြဘူး။ သူတို့ကို မြန်မြန် မချေမှုန်းနိုင်ရင် အကြီးအကျယ် ပျက်စီးပါတော့မယ်။ ဘုန်းတော်ကြီးလှသောဘုရားက အရေးယူပေးပါရန် တင်လျှောက် ပါသည် ဘုရား"

"မနှစ်က မီးပုံးပွဲတော်မှာလည်း သင်းတို့ ငါ့နေပြည်တော်ကို လာပြီး ထိပါးခဲ့ကြသေး တယ်။ ဒီနှစ်မှာတော့ နေရာတကာမှာ ဒုက္ခပေးနေကြပြီ။ သင်းတို့ ဝပ်ကျင်းနားက မြို့တွေ နယ်တွေတင် မကတော့ဘူး။ သင်းတို့ကို သွားတိုက်ဖို့ စစ်ဦးစီးအဖွဲ့ကို ငါ မိန့်မှာထားတာ လည်း ဘာမှ မသိရသေးဘူး"

စစ်ဆေးရေးချုပ် ကွီချင်းက ရှေ့သို့ ထွက်ကာ တင်လျှောက်၏။

"တင်ပါသည်ဘုရား၊ လျှန်ရှန်းကျူအင်းမှာ တံခွန်တခု ထူထားတယ်လို့ သိရပါတယ် ဘုရား။ အဲဒီတံခွန်မှာ "မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြ"လို့ စာရေးထားပါသတဲ့။ ဒါကတော့ ဆင်းရဲသားပြည်သူကို လှည့်ဖြားလိုတဲ့သဘောပါ ဘုရား။ ပြည်သူတွေက သူတို့ ကို စိတ်ညွတ်နေတာကြောင့် တပ်တွေ လွှတ်ရင်လည်း အကျိုးရှိဖွယ် မမြင်ပါ။ ဒါ့အပြင် တာတာရ်လျောင်ရဲ့ တပ်တွေကလည်း နယ်စွန်နယ်ဖျားကိုပါ ထိပါးနေတာကို အဝေးကင်း တွေကလည်း မထိန်းနိုင်ပါဘူး။ ဒီလိုအချိန်မှာ ဓားပြတွေကို ဒဏ်ခတ်ဖို့ တပ်တော်တွေကို စေလွှတ်ဖို့ ဆိုတာက အထူးပင် မသင့်လျော်ဖွယ်ဖြစ်ပါတယ်။ သေးနုပ်တဲ့ ကျွန်တော့်အမြင် ကတော့ ဒီတောင်ပေါ်က လူသွမ်းတွေက ဥပဒေကို ချိုးဖောက်မိကြပြီး တခြားနည်းလမ်း လည်း ကြံရာမရလို့ ပြေးပုန်းပြီး မကောင်းမှုတွေကို လုပ်နေတာလို့ မြင်ပါတယ် ဘုရား၊ လွတ်ငြိမ်းခွင့် အမိန့်တော်ကို ထုတ်ပြန်ပြီး မှူးကြီးမတ်ရာ တဦးဦးက အမိန့်စာချွန်နဲ့အတူ သနားတော်မူတဲ့ သေရည်နဲ့ စားဖွယ်တွေကို ယူဆောင်သွားမယ်၊ တာတာရ်တွေကို တိုက် ပေးရင် လွတ်ငြိမ်းခွင့်ပေးမယ်လို့ ဖျောင်းဖျနိုင်ခဲ့မယ်

ဆိုရင်တော့ အရှင့်အကျိုး၊ တိုင်းပြည်အကျိုး နှစ်တန်စလုံး ပြည့်ဝမယ်လို့လည်း မြင်ပါတယ် ဘုရား၊ ဘုန်းတော်ကြီးလှသော ဘုရားက အရေးယူ ဆောင်ရွက်ပေးပါရန် လျှောက်ထားပါသည် ဘုရား”

“အမတ်ကြီး တင်လျှောက်တာ ကြောင်းကျိုးသင့်ပါပေတယ်။ ငါ သဘောတူတယ်”

ကေရာဇ်မင်းကြီးသည်လည်း စစ်သူကြီး ချင်ချောင်ရှန်းကို သံအဖြစ် ခန့်အပ်လိုက်၏။ လွတ်ငြိမ်းခွင့်အမိန့်စာနှင့်အတူ အမှတ်သင်္ကေတအဖြစ် တော်သုံးသေရည်နှင့် စားဖွယ်များကိုယူဆောင်စေကာ လျှံ့ရှန်းကျူအင်းကို ချီတက်ရန် ညွှန်ကြား၏။ ညီလာခံ စဲသောအခါ စစ်သူကြီးချင်ချောင်ရှန်းလည်း အမိန့်စာကိုယူကာ အိမ်ပြန်ပြီး ခရီးထွက်ရန် ပြင်ဆင် လေ၏။

စစ်သူကြီးချင်က လွတ်ငြိမ်းခွင့် အမိန့်စာနှင့်အတူ သွားခဲ့ခြင်းကြောင့် အထောင် အသောင်းမကသော ခေးသွားလုံ့သွား၏ အရောင်များ၊ မြင်းများ၏ ကိုယ်ပေါ်မှ ချပ်ဝတ် အရောင်များ တတောင်လုံးကို ဖုံးလွှမ်းသွားလေ၏။ မြစ်ချောင်းများတွင်လည်း တိုက်လှေ ကြီးငယ်တို့ဖြင့် ပိတ်ဆို့သွားလေ၏။ တိုက်ခိုက် ထိုးခုတ်သော အသံတို့ မြည်ဟည်းလှသဖြင့် ဘီလူးတို့ ထွက်လာကြကာ ယမမင်းပင်လျှင် အမျက်ထွက်ခဲ့ရ၏။ မှန်ပေ၏။ ချိုမွှေးသော သေရည်တော်သည် လောင်မြိုက်စေသော ခါးသက်သည့် သည်းခြေရည် ဖြစ်သွားရလေ၏။ လွတ်ငြိမ်းအမိန့်သည်လည်း စစ်ကြေညာစာ ဖြစ်သွားရလေ၏။

စစ်သူကြီးသည် လွတ်ငြိမ်းခွင့်အမိန့်ကို စုန်ကျန့်ထံသို့ မည်သို့ ပေးခဲ့ပါသနည်း။ သိလိုလျှင် ကျွန်ုပ်တို့ ပြောပြမည့် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၅

ကုမ္ဘာနိဖိုးရုံကလေးက လေ့ကို နှစ်၍ တော်သုံးသေရည်ကို ခိုးခြင်း

လေပွေနက်က အမိန့်စာကို ဆုတ်ဖြဲကာ ကေရာဇ်မင်းကြီးကို ဆဲခြင်း

စစ်သူကြီးချင်က ခရီးသွားရန် ပြင်ဆင်နေစဉ်တွင် လူများ လာ၍ စကားပြောကြ၏။

"ခင်ဗျားရဲ့ တာဝန်က ဘုန်းတော်ကြီးလှသောဘုရားကိုလည်း အမှုတော် ထမ်းရာ ရောက်မယ်။ လူထုရဲ့ဝန်ထုပ်ဝန်ပိုးကိုလည်း ဖယ်ရှားရာ ရောက်မယ်ဗျ။ တပ်တော်တွေရော လူထုပါ အကျိုးရှိလိမ့်မယ်။ လျှံရှန်းသားတွေက ထီးနန်းကို သစ္စာစောင့်ဖို့ အရေးကိုပဲ အမြဲ ဦးစားပေးကြတယ်။ ဘုန်းတော်ကြီးလှသောဘုရားရဲ့ လွတ်ငြိမ်းခွင့်အမိန့်ကိုပဲ စောင့်နေ ကြတာ။ သူတို့ကို ချိုချိုသာသာပြောပြီး ဖျောင်းဖျပါဗျာ။ ခင်ဗျားနာမည်က မျိုးဆက် တသောင်းအထိ တွင်ကျန်ခဲ့လိမ့်မယ်"

ထိုစဉ် နန်းရင်းဝန်၏ ဘဏ္ဍာထိန်း ရောက်လာလေ၏။ "နန်းရင်းဝန်ကြီးက စစ်သူကြီး မင်းနဲ့ စကားပြောချင်ပါသတဲ့ ခင်ဗျာ"

စစ်သူကြီးချင်လည်း ဝေါကို စီးကာ နန်းရင်းဝန်ရုံးရှိရာ 'တေးသံသစ်" တံခါးလမ်းသို့ သွားလေ၏။ အတွင်းပိုင်းရှိ စာကြည့်ဆောင်တွင် နန်းရင်းဝန်က သူ့ကို လက်ခံ တွေ့ဆုံ၏။ လက်ဖက်ရည် အတူတူသောက်ကြပြီးနောက် နန်းရင်းဝန်က စကား စ ၏။

"ဘုန်းတော်ကြီးလှသောဘုရားက လွတ်ငြိမ်းခွင့်နဲ့ ခင်ဗျားကို လျှံရှန်းတောင်ရိုးကို လွှတ်မယ်လို့ ကြားတယ်။ ဒါကြောင့်ပဲ စကားပြောရအောင် ခေါ်လိုက်တာဗျ။ ခင်ဗျား အဲဒီ ကို ရောက်ရင် နန်းတွင်းစည်းကမ်းတွေကိုတော့ လျှော့ပေးလို့ မရဘူးဗျနော်။ ဥပဒေတွေကို လည်း ချိုးဖောက်လို့ မဖြစ်ဘူး။ ကွန်ဖြူးရှပ် မိန့်မှာခဲ့တာ ခင်ဗျားလည်း သိပါတယ်။"သံတမန် အဖြစ် စေလွှတ်ခံရပါက အမိန့်တော်ကို မချိုးဖောက်ရာ၊ အကျိုးကိုလည်း ပြီးစေရာ၏" တဲ့"

"ဒါကို ကျုပ်လည်း သိပါတယ်။ ညွှန်ကြားစရာရှိရင်သာ ပြောပါ။ နန်းရင်းဝန်ကြီး"

"ကျုပ် ဘဏ္ဍာထိန်းကို ခင်ဗျားနဲ့ လိုက်သွားဖို့ အမိန့်ပေးထားတယ်။ သူက ဥပဒေ တွေကိုကျွမ်းကျင်တယ်။ ခင်ဗျား ချောက်ပေါက်နဲ့ တိုးစရာရှိရင် သူက

သတိပေးနိုင်တာပေါ့”

စစ်သူကြီးချင်က-

“အခုလိုကြောင့်ကြစိုက်ပေးတာ ကျေးဇူးတင်လိုက်တာဗျာ”ဟု ပြောကာ နန်းရင်းဝန်၏ ဘဏ္ဍာထိန်းနှင့် အတူ အိမ်ပြန်ခဲ့၏။ ခဏမျှ နားမည် ထိုင်လိုက်ခါစလောက်တွင် တံခါးစောင့်က ဝင်လာကာ အကြောင်း ကြားလေ၏။

“စစ်သူကြီးကောက်ကျူ အိမ်တံခါးဝမှာ ရောက်နေပါပြီ”

ကမန်၊ မန်းကတန်း ထွက်၍ ကြိုဆိုကာ ခန်းမဆောင်ထဲတွင် ထိုင်ကြလေ၏။ နှုတ်ဆက် စကားများ ပြောဆိုပြီးနောက် ကောက်ကျူက လိုရင်းကို စပြောလေ၏။

“စုန်ကျန့်ကို လွတ်ငြိမ်းခွင့်ပေးမယ်လို့ ရွှေနန်းတော်ကြီးက စဉ်းစားတုန်းက ကျုပ် မရှိလို့ဗျ၊ ရှိရင် ကန့်ကွက်တယ်။ ဒီ တောပုန်းကောင်တွေက ရွှေနန်းတော်ကြီးကို စော်ကားတာ များပြီဗျ။ ဒီကောင်တွေ အပြစ်ကလည်း မိုးထိနေပြီ။ ဒီကောင်တွေကို ခွင့်လွှတ်လိုက်ပြီး နေပြည်တော်ထဲကို အဝင်ခံလိုက်ရင် ဒုက္ခတော့ ရောက်ပြီသာ မှတ်ပေတော့။ ကျုပ်ကလည်း တင်လျှာ တင်ဦးမလို့ပါပဲ။ ဒါပေမဲ့ အမိန့်တော်ကြီးက ချမှတ်လိုက်ပြီလေ။ ကဲ၊ ဒီတော့ ဘာဖြစ်မလဲဆိုတာ မြင်ရတော့မှာပဲ။ တကယ်လို့ ဒီတောပုန်းတွေက အသိတရား မဝင် သေးဘူး၊ လွတ်ငြိမ်းမိန့်ကို ကေတိကာတိ များနေရင်တော့ အချိန်မဆိုင်းဘဲ မြန်မြန်သာ ပြန်လာခဲ့ပေတော့။ ဘုန်းတော်ကြီးလှသောဘုရားကို ကျုပ်ကိုယ်တိုင် တင်လျှောက်ပြီး စစ်အင်အား စုရုံးပြီး ကျုပ်ကိုယ်တိုင် ခေါင်းဆောင်သွားမယ်။ အမြစ်ပါ မကျန်အောင် ချေမှုန်းပစ်မယ်။ အဲဒါ ကျုပ် အလုပ်ချင်ဆုံး ဆန္ဒပဲ။ ကျုပ်လက်အောက်က တပ်ဗိုလ် တယောက်က ဉာဏ်ကောင်းတယ်။ စကားနပ်တယ်။ သူ့ကို တခုသာ မေးလိုက်။ သူက အဖြေဆယ်ခုလောက်ကို ပေးလိုက်လိမ့်မယ်။ သူက ခင်ဗျားနဲ့ လိုက်ခဲ့လိမ့်မယ်။ ခင်ဗျားမှာ ကူဖော်လောင်ဖက် ရတာပေါ့ဗျာ”

“ဒီလို ကြောင့်ကြစိုက်ပေးလို့ ကျေးဇူးတင်ပါတယ်ဗျာ”

စစ်သူကြီးကောက်ကျူလည်း ပြန်သွားလေ၏။

နောက်တနေ့တွင် နန်းရင်းဝန်၏ ဘဏ္ဍာထိန်းနှင့် စစ်သူကြီးကောက်ကျူ၏ ဗိုလ်မင်း လီတို့ ရောက်လာလေ၏။ မြင်းများကို ကုန်းတင်ပြီး စစ်သည်များကို စုဝေးပြီး ဖြစ်၏။ တော်သုံးသေရည်အိုး ဆယ်လုံးကို နဂါးနှင့် နတ်ငှက်ပုံများဖြင့် အလှဆင်ထားသော ခြင်းတောင်းများတွင် ထည့်ကာ ထမ်းစင်များပေါ် တင်၍

ထမ်းယူသွားကြမည် ဖြစ်၏။

စစ်သူကြီးချင်သည် စိတ်ချရသော နောက်ပါ ငါးယောက်ခြောက်ယောက်၊ ဘဏ္ဍာထိန်း ချန်း၊ ဗိုလ်မင်းလီတို့နှင့် အတူ မြင်းစီးကာ ထွက်ခဲ့၏။ အမိန့်တော်ကို ရှေ့ဆုံးမှ သယ်လာ ကြ၏။ တေးသံသစ်တံခါးမှ ထွက်ကာ ကျီစုသို့ ဦးတည်ကာ ထွက်ခဲ့၏။

ကျီစုတွင် မြို့ဝန်ချန်းရှူယီက ကြိုဆိုကာ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပေ၏။ လွတ်ငြိမ်းခွင့်အကြောင်းကိုလည်း စူးစမ်းကြည့်ရာ စစ်သူကြီးချင်က အကြောင်းစုံကို ပြောပြ လေ၏။

“နုံချာတဲ့ ကျွန်တော့်အမြင်မှာတော့ ဒါက အကောင်းဆုံး အဖြေပဲလို့ ထင်ပါတယ်။ တခုတော့ ရှိတယ်။ သူတို့ကိုတော့ စကားလေးချိုချိုသာသာနဲ့ သူတို့ စိတ်ချလာအောင် ဖျောင်းဖျောင်းဖျဖျ ပြောဖို့တော့ လိုမယ်ဗျ။ ဒါက အရေးကြီးဆုံးပဲ။ တောပုန်းတွေထဲမှာ သွေးဆူတဲ့ သူတွေလည်း တော်တော်များတယ်။ စကားလေးတခွန်း မှားတာနဲ့ စနက်တံကို မီးတို့လိုက်သလို ဖြစ်ပြီး အစီအစဉ်တခုလုံး ပျက်စီးသွားမှာဗျ။ ဒီအစီအစဉ်အောင်မြင်ခဲ့ရင် စစ်သူကြီးမင်းရဲ့ နာမည်လည်း လေးပြင်လေးရပ် ကျော်စောသွားမှာပဲ”

“ကျုပ်တို့ ပါလာမင့်ဟာ ဘာမှ ဖြစ်စရာမရှိပါဘူး” ဟု ချန်းနှင့် လီက ဝင်၍ပြော၏။ “မြို့ဝန်မင်းကလည်း သတိထားဖို့ ချေချေငံငံ ပြောဖို့ပဲ ပြောနေ။ နန်းတွင်းထုံးစံကြီးက ရှိသေးတာပဲ။ ဒီ တန်ဖိုးမရှိတဲ့ကောင်တွေကို အမြဲ ဦးချိုးထားမှဗျ။ သူတို့ကို အမောက် ထောင်ခွင့် ပေးလိုက်ရင် နောက်လူတွေကျ နိုင်မှာ မဟုတ်တော့ဘူးဗျ”

မြို့ဝန်က စူးစမ်း၏။

“သူတို့က ဘယ်သူတွေတုံးဗျ”

“သူက နန်းရင်းဝန်ကြီးရဲ့ ဘဏ္ဍာထိန်း၊ သူကတော့ စစ်သူကြီးကောက် လက်အောက် က ဗိုလ်မင်းပါ”

“သူတို့ မပါရင် ပိုကောင်းမယ်ဗျ”

“သူတို့က လူယုံတွေ။ သူတို့ကို ချန်ထားခဲ့ရင် နန်းရင်းဝန်တို့၊ စစ်သူကြီးတို့က မသင်္ကာ ဖြစ်ကြလိမ့်မယ်”

“ကျွန်တော်ကတော့ စေတနာနဲ့ ပြောတာပါပဲဗျာ။ လာရကျိုးမနပ်မှာ စိုးလို့ပါ”

ဘဏ္ဍာထိန်းက ဝင်စွက်၏။

“ကျုပ်တို့ပါသွားရင် ရေထုက အလံတသောင်း နက်ဦးတော့ ရေတပေါက်မှ မယိုကျ စေရဘူး မှတ်”

မြို့ဝန်လည်း ဘာမျှ ထပ်မပြောဝံ့တော့။ ညစာစားအပြီးတွင် ဧည့်သည်များကို အရာရှိရိပ်သာသို့သာ လိုက်ပို့၏။

နောက်တနေ့တွင် မြို့ဝန်က ဘုံခရီးစဉ်အကြောင်းကို လျှံရှန်းကျူအင်းသို့ လူလွှတ် ကာ အကြောင်းကြားလိုက်၏။ သစ္စာခန်းမတွင် နေ့စဉ် စုဝေးကာ စစ်ရေးစစ်ရာများကို တိုင်ပင်နေသော စုန်ကျန့်လည်း သူလျှိုတို့မှ တဆင့် လွတ်ငြိမ်းခွင့်အမိန့် ထွက်သွားပြီ ဖြစ်ကြောင်းကို ကြားထား၏။ သို့သော် အထောက်အထားကိုကား မရသေးပေ။

ယခုမူ ကျီစုမှ ဆက်သား ရောက်လာပြီး-

“ရွှေနန်းတော်ကြီးက လွှတ်လိုက်တဲ့ စစ်သူကြီးချင် ကျွန်တော်တို့ဆီကို ရောက်လာ ပါတယ်။ သူ့ဆီမှာ တော်ဝင်သေရည် ဆယ်အိုး ပါလာပါတယ်။ လွတ်ငြိမ်းခွင့်အမိန့်နဲ့ စာချွန် တော်လည်း ပါလာပါတယ်။ သူ့ကို ကြိုဆိုဖို့ ပြင်ဆင်ကြပေတော့”

စုန်ကျန့်ကား ဝမ်းမြောက်လှသဖြင့် ဆက်သားအား စိမ်ရည်များ၊ ဝတ်ကောင်း စားကောင်းများ၊ ငွေစင် နှစ်ဆယ်သားခန့်တို့ကို ဆုချကာ ပြန်လွှတ်လိုက်၏။

“ကျုပ်တို့ကို အပြစ်ကနေ လွတ်ငြိမ်းခွင့်ပေးတော့မယ်။ မင်းမှုထမ်းတွေ ဖြစ်ကြတော့ မယ်။ ကျုပ်တို့ အပင်ပန်းခံကြရတာ အလကားမဖြစ်တော့ဘူး။ နောက်ဆုံးတော့ ကျုပ်တို့ ရထိုက်တဲ့ ဆုတွေ ရကြပြီဗျ”

ဝုရုံက-

“ကျုပ်အထင်တော့ ဒီလွတ်ငြိမ်းခွင့်က အထမြောက်မယ် မထင်ဘူးဗျ။ ထမြောက် ဦးတော့ သူတို့က အကျိတ်အခဲ ကျေမှာ မဟုတ်ဘူး။ ဒီကောင်တွေ တပ်အကြီးကြီးနဲ့ ချီတက်လာလို့ ကျုပ်တို့က ကောင်းကောင်းဆုံးမလိုက်တဲ့အထိ စောင့်စေချင်တယ်။ သူတို့ လူတွေ၊ မြင်းတွေကို သတ်ပြလိုက်လို့ ကျုပ်တို့ကို အိပ်မက်ထဲမှာတောင် ကြောက်နေ အောင် လုပ်ထားရမယ်။ အဲဒီအချိန်ကျမှ လွတ်ငြိမ်းခွင့်ကို လက်ခံရမယ်။ ကျုပ်တို့က ဂုဏ်ရှိရှိနဲ့ လက်ခံနိုင်ရမယ်”

“ဒီလို မပြောပါနဲ့ နောင်ကြီးရာ၊ ဒါက သစ္စာစောင့်သိရမယ် ဆိုတဲ့ ကျုပ်တို့ရဲ့

မူနဲ့ ဆန့်ကျင်နေတယ်ဗျ”

“မှူးကြီးမတ်ကြီးတွေ ဒီကို လာကြတယ်ဆိုတော့ တခုခုကြံနေတာ ဖြစ်မယ်။ ဒါက ကောင်းဖို့ ဖြစ်ချင်မှ ဖြစ်မယ်” လင်ချိုးက ထောက်၏။

“အမိန့်ထဲမှာ ခြိမ်းခြောက်ထားတာ တခုခု ပါနိုင်တယ်”ဟု ကွမ်ရှိန်းက သတိပေး၏။ “ဒီလောက်လည်း မယုံသင်္ကာ ဖြစ်မနေပါနဲ့တော့၊ ကြိုဆိုဖို့ပဲ ပြင်ကြ” ဟု စုန်ကျန့်က အမိန့်ချလိုက်၏။

စုန်ကျင့်နှင့် ကောက်စိန်ကို စားသောက်ပွဲ ကျင်းပရန် စီစဉ်ခိုင်း၏။ ကြိုဆိုရန် ပြင်ဆင်မှု အဝဝ “စနစ်တကျ” ဖြစ်စေရန် ကျဲ့ကျင်းက ကြီးကြပ်ရ၏။ ပိုးဖဲများနှင့် မွမ်းမံထားသော အိမ်တဆောင်ကိုလည်း စစ်သူကြီးချင်အတွက် ပြင်ဆင်ထားစေ၏။ ရောက်လာသူများကို လီနှစ်ဆယ်အထိ သွား၍ ကြိုဆိုရန် ဖေရွှန်း၊ ရှောင်ရန်း၊ လူ့ဖန်၊ ကောက်ရှိန်းတို့ကို စေလွှတ် လိုက်၏။ သူတို့ကို ကူးတို့ချပေးရန် လှေကြီးများကိုလည်း ဆိုက်ကပ်ထားစေ၏။

“ကျုပ်အမိန့်မရဘဲ ဘာမှ မလှုပ်ရှားကြနဲ့ဦး” ဟု ဝုရုံက တပ်ဗိုလ်များကို မှာထား၏။ ရှောင်ရန်းနှင့် အဖော်သုံးယောက်သည် စိမ်ရည်နှင့် အမြည်းများကို သယ်ဆောင်သူ ငါးယောက် ခြောက်ယောက်နှင့်အတူ ကြိုဆိုရန် လီနှစ်ဆယ်အကွာသို့ သွားနှင့်ကြ၏။ သူတို့တွင် လက်နက်များ ပါမသွားချေ။

စစ်သူကြီးချင် ချီတက်လာရာတွင် ချန်းနှင့် လီတို့က မြင်းများရှေ့မှ လမ်းလျှောက် လာခဲ့ကြ၏။ သူတို့နောက်မှ အစိုးရတပ်သား နှစ်ရာ သုံးရာခန့် လိုက်ပါလာ၏။ ယင်းတို့ ထဲတွင် ကျီစုမှ စစ်ဗိုလ်တဒါဇင်ခန့်လည်း မြင်းစီးကာ ရှေ့ဆုံးမှ လိုက်လာကြ၏။ ယင်းတို့ နောက်တွင် တော်သုံးသေရည်အိုးများကို သယ်လာကြ၏။ ထို့နောက် အမိန့်တော်စာချွန်ကို ထည့်ထားသော ပူနီကို လွယ်ထားသူက မြင်းစီးကာ လိုက်ပါလာ၏။ ယင်းတို့နောက်တွင် ထောင်စောင့် ငါးဆယ် ခြောက်ဆယ်ခန့်က တောပုန်းများထံမှ တံစိုးလက်ဆောင်လေးများ ရမလားဟု မျှော်လင့်ချက်ဖြင့် လိုက်ပါလာကြ၏။ ဤသို့ ဝင်းခင်း၍ လာကြသည်ကို ကြိုဆို သူများက လမ်းဘေးမှနေ၍ ကန်တော့ကြပြီး ဒူးထောက်နေကြ၏။

ဘဏ္ဍာထိန်းချန်းက-

“မင်းတို့ စုန်ကျန့်က တော်တော့်ကို အကဲရောက်နေပါလား။ ဘုန်းတော်ကြီးလှသော ဘုရားက လွတ်ငြိမ်းခွင့် အမိန့်စာ ပို့လိုက်တယ်။ ဘာလို့ လာမကြိုရတာလဲ။ ဒါက စော်ကား တာပဲ။ မင်းတို့အားလုံးက သေသင့်တဲ့ ရာဇဝတ်ကောင်တွေပဲ။ လွတ်ငြိမ်းခွင့်အမိန့် ထုတ်တာ အလကားဖြစ်ပြီ။ စစ်သူကြီး ပြန်ကြမယ်ဗျာ”

တောပုန်းဗိုလ် လေးယောက်က ထပ်၍ ကန်တော့ကြပြန်၏။ “ကျွန်တော်တို့စခန်းက လွတ်ငြိမ်းခွင့်အမိန့်ကို မမြင်ရသေးပါဘူး။ အစစ်လား အတုလားလည်း မသိရသေးပါဘူး။ နောင်ကြီးစုန်ကျန့်နဲ့ ခေါင်းဆောင်အားလုံးက သဲသိဂ်ကမ်းခြေမှာ ကြိုဖို့ စောင့်နေကြ ပါတယ်။ စိတ်မဆိုးကြပါနဲ့ဗျာ။ အဓိကအချက်က တိုင်းပြည်အကျိုးအတွက် ဒီကိစ္စ အထမြောက်ဖို့ပဲ မဟုတ်ပါလား။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ ခင်ဗျာ”

“ဒီကိစ္စတွေ အထမြောက်လို့ မင်းတို့ ဓားပြတွေ မိုးပေါ်ပျံပျံ၊ ငါတို့အတွက်ကတော့ မှုစရာ မရှိပါဘူး” ဗိုလ်မင်းလီက အငေါ်တူး၏။

လူ့ဖန်နှင့် ကောက်ရှိန်းတို့က ရေရွတ်မိကြ၏။

“ဒါက ဘာစကားလဲ၊ ငါတို့ကို နှိမ်နေတာပဲ”

ရှောင်ရန်းနှင့် ဖေ့ရှုန်းတို့ကမူ ဆက်၍ တောင်းပန်ရ၏။ သူတို့ကမ်းလှမ်းသော စိမ်ရည်နှင့် စားဖွယ်တို့ကိုလည်း လက်မခံကြပေ။ သို့သော် မြစ်ကမ်းစပ်ကိုမူ လိုက်သွား ကြ၏။ ယင်းတွင် တိုက်လှေသုံးစီး စောင့်နေ၏။ ပထမအစီးတွင် မြင်းများကို တင်၏။ ဒုတိယအစီးတွင် ဖေ့ရှုန်းနှင့် အဖွဲ့က လိုက်၏။ တတိယအစီးတွင် စစ်သူကြီးတို့ အဖွဲ့က လိုက်၏။ ထိုနောက်ဆုံးလှေ၏ လှေဦးထိပ်တွင် လွတ်ငြိမ်းခွင့်အမိန့်နှင့် သေရည်အိုးများကို တင်၏။ ယင်းလှေကို ဖိုးရုံကလေးကုမ္ဘာနိက ဦးစီး၏။

လှေဦးတွင် ထိုင်ကာ ဖိုးရုံကလေးက လှေသားနှစ်ဆယ်ခန့်ကို ညွှန်ကြားနေ၏။ ယင်း လှေသားများ၏ ခါးတွင် ဓားမြှောင်ကိုယ်စီ ပါကြ၏။ စစ်သူကြီးချင်သည် လှေအလယ် ကောင်တွင် မားမားကြီးထိုင်၍ လိုက်လာ၏။ ဖိုးရုံလေးက လှေလှော်ရန်အမိန့်ပေးလိုက်ရာ လှေသားများက တက်ကို စိုက်လိုက်ပြီး လှေချင်းများကို စ၍ ဆိုလေ၏။

ဗိုလ်မင်းလီက-

“ဟဲ့ လူမိုက်တွေ၊ ဒီမှာ အရှင်ပါလာတာကို မမြင်ဘူးလား။ တော်တော်လိမ္မာရေးခြား မရှိတဲ့ ကောင်တွေ”

လှေသားများက သူ့ကို ဖုတ်လေသည့် ငါးပိဟုပင် သဘောမထားကြပေ။ လီက ကြိမ်လုံးတချောင်းနှင့် လိုက်ခြောက်၏။ မကြောက်လန့်သည့်အပြင် သူ့ကိုပင် ပြန်၍ အကြောင်သား ကြည့်နေကြ၏။

“ကျုပ်တို့ဘာသာ ကျုပ်တို့ လှေချင်း ဆိုချင်လို့ ဆိုတာ ခင်ဗျားကို ဘာလုပ်လို့လဲ” ဟု အချို့က ပြန်၍ ဆင်ခြေတက်ကြ၏။

“တောပုန်းကောင်တွေကများ ငါ့ကို ပြန်ပြောရဲသလား” ဟု လီက ရှူးရှူးရှဲရှဲ ဖြစ်လာကာ ကြိမ်လုံးနှင့် လျှောက်ရိုက်လေ၏။ လှေဝဲယာရှိ လှေသားအားလုံးလည်း ချက်ချင်းပင် ရေထဲ ခုန်ချကြလေ၏။ လှေဦးမှ ဖိုးရုံကလေးက-

“မင်းက ငါ့လှေသားတွေကို ရိုက်တယ်။ ရေထဲ မောင်းချတယ်။ လှေ ဘယ့်နှယ်လုပ် သွားတော့မှာလဲ” ဟု လှမ်း၍ အော်၏။

ထိုစဉ် ရေဆန်ဘက်မှ လှေလျှင်နှစ်စီး ချဉ်းကပ်လာနေ၏။ ဖိုးရုံကလေးက မူလကပင် လှေထဲတွင် ရေများကို ထည့်သွင်းထားပြီး ဖြစ်၏။ ထိုလှေများ နီးလာသောအခါ လှေဝမ်းမှ အဆို့ကို ဆွဲဖွင့်လိုက်ပြီး“လှေနစ်နေပြီဗျို့” ဟု အော်လိုက်၏။

လှေဝမ်းထဲသို့ ရေများ ဒလဟော ဝင်လာ၏။ ဖိုးရုံက အကူအညီတောင်းချိန်တွင် ရေထု မှာ တပေခန့်ထိ နက်နေလေပြီ။ ထိုလှေနှစ်စီးလည်း ယှဉ်၍ ကပ်လိုက်ကာ စစ်သူကြီးချင်ကို ဆွဲ၍ တင်ကြ၏။ အားလုံးမှာ အသက်ဘေး လွတ်ရေးကိုသာ အာရုံစိုက်နေကြသဖြင့် မည်သူမျှ တော်သုံးသေရည်ကိုသော် လည်းကောင်း၊ လွတ်ငြိမ်းခွင့် အမိန့်စာကိုသော် လည်းကောင်း သတိမရကြပေ။ လှေလျှင်နှစ်စီးလည်း ကမ်းသို့ အမြန်လှော်သွားကြ၏။

ဖိုးရုံလေးက မိမိလှေကို ရေပက်ထုတ်ကာ ခြောက်အောင် သုတ်ခိုင်းလိုက်ပြီး-“စိမ်ရည်တအိုးလောက် ယူလာစမ်း၊ အရသာ ဘယ်လိုနေလဲ သိချင်တယ်” လှေသားတဦးက တအိုးကို ယူလာကာ ချိတ်ပိတ်ထားသည်ကို ဖွင့်ပြီး ဖိုးရုံကလေးကို ပေးလိုက်၏။ စိမ်ရည်၏ မွှေးရနံ့မှာ သူ့နှာဝကို လာ၍ ကလိနေ၏။

“ဒါ အဆိပ်ခတ်ချင်ခတ်ထားမှာ။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ငါ သေချင်သေပေ့စေ။ စမ်း ကြည့်မယ်” ဟု ဆိုကာ နှုတ်ခမ်းတွင် တေ့ပြီး တစက်မကျန် ကုန်သည်အထိ မော့ချလိုက်၏။ “တော်တော်ကောင်းတာပဲကွာ၊ တလုံးနဲ့တော့ မဝသေးဘူး။ နောက်တလုံး ယူခဲ့ဦး” ထိုတလုံးသောက်ပြီးသောအခါ ခံတွင်းရှင်းသွားပြီဖြစ်၏။ သို့သော် နောက်ထပ် နှစ်လုံး ထပ်သောက်လိုက်သေး၏။ ထိုစဉ် မိမိ ပြဿနာတခု ဖန်တီးမိပြီဟု ရုတ်တရက် သဘောပေါက်လိုက်မိ၏။

“ငါ ဘာလုပ်ရမလဲ”

“လှေဦးမှာ တောအရက်တစည် ရှိတယ်” ဟု သူ့လူတယောက်က သတိပေး၏။

“ပက်ခွက်တခု ယူခဲ့စမ်း၊ မင်းကိုလည်း ငါ ဝေပေးမယ်”

ကျန်သော စိမ်ရည်ခြောက်လုံးကို လှေသားများကို ဝေပေးလိုက်၏။ ထို့နောက် လွတ်သွားသော အိုးဆယ်လုံးကို စည်ထဲမှ အညှော်စားတောချက်အရက်များနှင့် ပြန်ဖြည့်၏။ အဖုံးကို ပြန်ပိတ်ပြီး ခြင်းများတွင် ထည့်၏။ ထို့နောက် လှေကို အားကုန်လှော်ကာ တဖက် ကမ်းသို့ ကူးခဲ့၏။

အခြားလှေများမှ လူများ ကမ်းသို့ တက်ချိန်လောက်တွင် သူတို့လှေလည်း ရောက် သွား၏။ စုန်ကျန့်မှာ အမွှေးနံ့သာများ၊ ပန်းများ၊ မီးပုံးများဖြင့် မင်း၏တမန်ကို ကြိုဆိုရန် စောင့်နေ၏။ ကြေးလင်ပန်းသံ တချွမ်းချွမ်း။ ဗုံသံ တဒိန်းဒိန်းဖြင့် တောင်ရိုးပျော် တီးဝိုင်း ကလည်း မြိုင်မြိုင်ကြီး တီးမှုတ်နေ၏။ တော်သုံးစိမ်ရည်အိုးများကို စားပွဲတလုံးပေါ်တွင် တင်ကာ လူတယောက်က သယ်သွား၏။ အမိန့်စာချွန်ကိုလည်း ထို့အတူ သယ်သွား၏။ စစ်သူကြီးချင် ကမ်းပေါ်သို့ ခြေအချတွင် စုန်ကျန့်က ကန်တော့လိုက်၏။ စုန်ကျန့်က-“ကျွန်တော်က အရင်က အရာထမ်းငယ်တဦးသာ ဖြစ်ခဲ့ပါတယ်။ နဖူးမှာ ရွှေစာအမှတ် ခံခဲ့ရသူပါ။ ကျွန်တော့်ရဲ့ မကောင်းမှုတွေက မိုးကောင်းကင်ကို ကာဆီးထားသလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အရှင်က ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ဒီကို ကြွလာခဲ့ပါတယ်။ ကျွန်တော်က အရှင်ကို ထိုက်သင့်သလို ဧည့်ဝတ်မပြုနိုင်ပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန် ပါရစေ”

ဗိုလ်မင်းလီက-

“စစ်သူကြီးမင်းက ရွှေနန်းတော်ကြီးက မှူးကြီးမတ်ကြီး စာရင်းဝင်ကွ။ မင်းတို့ ကောင် တွေအတွက် လွတ်ငြိမ်းခွင့်အမိန့်ကို ယူလာတာ။ ဒီကိစ္စကို နှယ်နှယ်ရရ မမှတ်ကြနဲ့။ ဘယ့် နှယ်ကြောင့် လှေကွဲကို တောသားအေနဲ့ လွှတ်ပြီး ကြိုခိုင်းလိုက်ရတာတုံး။ ကံကောင်းလို့ အရှင့်အသက် ဘေးမသင့်တယ်”

“ကျုပ်တို့မှာ လှေကောင်းတွေ အများကြီး ရှိပါတယ်ဗျာ။ အရှင့်ကို လှေကွဲနဲ့ မကြိုဝံ့ ပါဘူး”

“မင်းက ငြင်းချင်လို့လား၊ အရှင့်ဝတ်လုံအနားမှာ ရေတွေ ရွှဲနစ်နေပြီ”ဟု ဘဏ္ဍာထိန်း ချန်းက ဝင်စွာပြန်၏။

စုန်ကျန့်၏ မြင်းတပ်မှူး ကျားငါးကောင်သည် သူ့နောက်တွင် ဝဲမှယာသို့ တန်းစီနေ၏။ မြင်းစီးကင်းထောက် တပ်မှူး ရှစ်ဦးကလည်း ရှေ့နောက် စီတန်းကာ ရပ်နေကြ၏။ ချန်းနှင့် လီတို့၏ မိုက်ရိုင်းမှုကြောင့် စိတ်ဆိုးနေကြလေပြီ။ စုန်ကျန့်ကသာ ထိန်းထိန်းသိမ်းသိမ်း မပြုမူပါက ယင်းသူတို့အား ဝမ်းခြောက်ဝမ်းသာစွာဖြင့် သတ်လိုက်ကြမည်သာ ဖြစ်၏။

စုန်ကျန့်က အကြိမ်ကြိမ် အနူးအညွတ် တောင်းပန်မှသာ စစ်သူကြီးချင်က

ဝေါပေါ်သို့ တက်၍ စီးလေ၏။ ချန်းနှင့် လီတို့အတွက်လည်း မြင်းများကို ယူလာခဲ့၏။ သူတို့နှစ်ယောက် က မတူသလို မတန်သလို ဆက်၍ ပြုမူနေကြဆဲ ဖြစ်၏။ စုန်ကျန့်က ဖျောင်းဖျလွန်း သဖြင့်သာ မြင်းများကို တက်၍ စီးကြလေ၏။ ထို့နောက် ပလွေသံ တတွဲတွဲ၊ ဗုံသံ တဒိန်း ဒိန်းနှင့် တသီတတန်းကြီး တောင်ကြားသုံးတန်ကို ဖြတ်၍ ချီတက်သွားကြ၏။ စုန်ကျန့်နှင့် တောပုန်းဗိုလ် တရာကျော်တို့က နောက်မှ လိုက်ပါလာခဲ့ကြ၏။

သစ္စာခန်းမသို့ ရောက်သောအခါ စစ်သူကြီးကို အတွင်းသို့ ဖိတ်ခေါ်၏။ တော်သုံး သေရည်အိုးများနှင့် အမိန့်စာချွန်ကို ခန်းမထိပ်တွင် ခင်းကျင်းထား၏။ စစ်သူကြီး၊ ချန်းနှင့် လီ တို့က ဘယ်ဘက်တွင်၊ ရှောင်ရန်းနှင့် ဖေ့ရွှန်းက ညာဘက်တွင် ရပ်နေကြ၏။ စုန်ကျန့်က တောပုန်းဗိုလ်များကို လူစစ်၏။ လီကွေ့တယောက်သာ ပျောက်နေ၏။

အချိန်မှာ စန္ဒမာသ စတုတ္ထလ ဖြစ်သောကြောင့် စစ်ဝတ်စုံ အပါးစားများကို ဝတ်ထား ကြသော တောပုန်းဗိုလ်တို့က မင်း၏ အမိန့်ကို နာခံရန် ခန်းမထဲတွင် ဒူးထောက်နေကြ၏။ စစ်သူကြီးချင်က အမိန့်စာကို ပူနီထဲမှ ထုတ်ကာ ရှောင်ရန်းသို့ ပေးလိုက်၏။ ယင်းကို ဖြေကာ ကျယ်လောင်သော အသံဖြင့် ရှောင်ရန်းက ဖတ်လေ၏။

အမိန့်တော်။ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် အုပ်ချုပ်ရေးနှင့် စစ်ရေးတို့ဖြင့် စိုးမိုး အုပ်ချုပ် ရပေသည်။ ရှေးမင်းများ လက်ထက်ကပင် မိမိတို့၏ ပိုင်နက်ကို ထိန်းသိမ်းရန် ပွဲလမ်းများ သာမက ပြစ်ဒဏ်ခတ်သော စစ်ပွဲများကိုပါ အသုံးပြုခဲ့ကြ၏။ တိုင်းရေးပြည်မှု ဟူသည် ချောမွေ့သည်လည်း ရှိ၏။ ခက်ခဲသည်လည်း ရှိ၏။ ပြည်သူဟူသည် လိမ္မာသူလည်း ရှိ၏။ မိုက်မဲသူလည်း ရှိ၏။ နေနှင့် လတို့ အမြဲထွန်းလင်းတောက်ပနေသော၊ အပြောကျယ် လှသော ဤလက်နက်နိုင်ငံတော်ကြီးကို ဘိုးဘေးတို့၏ အရိုက်အရာကို ဆက်ခံလျက် ကျွန်ုပ် အုပ်ချုပ်နေပေရာ ကျွန်ုပ်အား မပျပ်ဝပ်သူ ဟူ၍ မရှိချေ။

ပြီးခဲ့သောအချိန်အတွင်း စုန်ကျန့်၏ဂိုဏ်းသည် တောတောင်အတွင်းတွင် ခိုအောင်းလျက် ကျေးလက် မြို့ပြများကို ဖျက်ဆီး လုယက်ခဲ့ကြ၏။ သင်းတို့အား စစ်သည်များ စေလွှတ် ကာနှိမ်နင်းစေမည် ကြံရွယ်ခဲ့သော်လည်းပြည်သူတို့ထိခိုက်မည်ကို ကျွန်ုပ် စိုးရိမ်မိသည်။ ထို့ကြောင့် စစ်သူကြီးချင်ကို ဤလွတ်လပ်ခွင့်အမိန့်နှင့်အတူ ကျွန်ုပ် စေလွှတ်လိုက်သည်။ ဤအမိန့်ကို ရပါက ဓားပြများသည် သင်းတို့၏ ငွေကြေး၊ ဆန်စပါး၊ လက်နက်၊ မြင်း၊ လှေအားလုံးကို ကျွန်ုပ်၏ တပ်ဗိုလ်များထံသို့ အပ်နှံရမည်။ သင်းတို့၏ အသိုက်အမြုံကို ဖျက်ဆီးကာ

နေပြည်တော်သို့ ခေါ်ငင်ခဲ့ရမည်။ ထို့နောက်မှသာ ကျွန်ုပ်က ဒင်းတို့၏ ရာဇဝတ်မှုများကို ခွင့်လွှတ်မည်။ အကယ်၍ သင်းတို့က မလိမ္မာဘဲ ဤအမိန့်စာချွန်ကို ဆန့်ကျင်ပါက စစ်သည်များကို စေလွှတ်ကာ ယင်းတို့ကို အကုန်အစင် သုတ်သင်ပစ်မည်။ ဤလွတ်ငြိမ်းခွင့်အမိန့်ကို လူတကာ သိရအောင် ကြေညာစေ၏။

ဤလွတ်ငြိမ်းခွင့်အမိန့်ကို ရွှမ်ဟော့ခေတ် တတိယနှစ် နွေဦးကာလ စတုတ္ထလတွင် ထုတ် ပြန်လိုက်သည်။

ရှောင်ရန်းကား ဖတ်၍ ပြီးသွားလေပြီ။ စုန်ကျန့်နှင့် သူ့လူများ၏ မျက်နှာများမှာ ဒေါသ ကြောင့် မည်းမှောင်နေလေပြီ။ ထိုအချိန်တွင် ပျောက်နေသော လေပွေနက်လီကွေ့သည် ခန်းမဆောင်၏ ထုပ်တန်းတချောင်းပေါ်မှ ဖြုန်းခနဲ ခုန်ချလိုက်၏။ ရှောင်ရန်းလက်မှ အမိန့် စာကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်လေ၏။ ထို့နောက် စစ်သူကြီးချင်ကို ဖမ်းဆွဲလိုက်ကာ ဆင့်ကာ ဆင့်ကာ ထိုးနေလေ၏။

စုန်ကျန့်နှင့် လူကွမ်းယီတို့က လီကွေ့ကို ဖမ်းချုပ်ကာ အတင်း လူချင်းခွဲလိုက်ရ၏။

ဗိုလ်မင်းလီက-

“ဒီကောင်က ဘယ်သူလဲ၊ တယ်မိုက်ရိုင်းလှချည်လား”

လေပွေနက်ကလည်း ထပ်ထိုးရမည့် သူကို ရှာနေသည် ဖြစ်၏။ ဗိုလ်မင်းလီထံသို့ မြားဦး လှည့်သွားလေ၏။ ထိုးရင်းက မေး၏။

“ဒီစာကို ဘယ်သူက ရေးထားတာလဲ”

“ဒါက အရှင်မင်းကြီးရဲ့ အမိန့်စာချွန်လွှာပါ” ဘဏ္ဍာထိန်းချုန်းက ဝင်ဖြေရှာ၏။

“မင်းတို့ မင်းကြီးက ဒီက ရဲရင့်သူတွေအကြောင်း ဘာမှ မသိဘူး။ ငါတို့ကို ခွင့်လွှတ် မယ်တဲ့။ မိုက်ရိုင်းလိုက်လေ။ မင်းတို့ မင်းကြီးအမည်ကလည်း စုန်၊ ငါတို့နောင်ကြီးအမည် ကလည်း စုန်ပဲ။ မင်းတို့စုန်က မင်းကြီးဆိုရင် ငါတို့ စုန်ကကော ဘာလို့ မင်းကြီး မဖြစ်ရ မှာလဲ။ ဒီ လေပွေနက်ကို လာပြီး စ မမွှေကြနဲ့နော်။ မင်းတို့ လွတ်ငြိမ်းခွင့်ရေးတဲ့ အမတ်တွေ အကုန် သတ်ပစ်မယ်”

ဘေးရှိလူများက သူ့ကို ဝိုင်းဆွဲကာ ခန်းမအပြင်သို့ ခေါ်သွားကြ၏။

စုန်ကျန့်က -

“ဒါကို ဗွေမယူပါနဲ့ စစ်သူကြီးမင်း၊ ရိုင်းပျတာကို နည်းနည်းလေးမှ လက်မခံပါဘူး။ ကဲ ကဲ တော်သုံးသေရည်ကို ယူခဲ့ကြ။ အရှင်မင်းကြီးရဲ့ ကရုဏာရည်ကို သုံးဆောင်ကြ ရအောင်”

ကျောက်စိမ်းများ စီခြယ်ထားသော ရွှေကတီခွက်တခုကို ယူခဲ့၏။ ဖျော်ရွှန်းက အိုးထဲမှ သေရည်ကို စမ်းသပ်ရန် ငွေဖလားတခုထဲသို့ သွန်၍ထည့်၏။ ယင်းသေရည်မှာ အပေါ်စား တောအရက် ဖြစ်နေ၏။

ကျန် အိုးကိုးလုံးကိုစစ်ကြည့်သော် အားလုံး အတူတူပင်ဖြစ်နေကြောင်း တွေ့ရလေ၏။ အံ့ဩထိတ်လန့်ကြသဖြင့် တောပုန်းဗိုလ်အများစုမှာ ခန်းမမှ ထွက်ခွာသွားကြလေပြီ။ ရှင်ဉာဏက သူ့တောင်ဝှေးကြီးကို ဝင့်ကာ ဆဲ၏။

“မအေ ××× တွေ၊ ဒါကတော့ လွန်လွန်းတယ်။ ရေရောထားတဲ့ စိမ်ရည်ကို တော်သုံး သေရည်တဲ့”

မွေးနီလျှူထန်က သူ့လုံပုဆိန်ကြီးကို ဝင့်ကာ ဘုရားဖူးဝုဆုန်က ဓားနှစ်လက်ကို ယှက်ကာ ဒေါနကြီးမူဟုန်၊ နဂါးကိုးကောင်ရှိကျင်းတို့နှင့်အတူ ရှေ့သို့ ထိုးထွက်လာ၏။ ရေတပ်ဗိုလ်မှူးခြောက်ဦးမှာကား ဆဲရေးတိုင်းထွာလျက် ခန်းမထဲက ထွက်သွားကြလေပြီ။

အခြေအနေသိသာစွာ တင်းမာလာနေပြီ။ သူ့လူများ ရှေ့မတိုးစေရန် စုန်ကျန့်က လက်ကလေးဆန့်ကာ တားဆီးရှာ၏။ ဝေါတစီးနှင့် မြင်းများကိုလည်း ပြင်ခိုင်းလိုက်၏။ စစ်သူကြီး နှင့် အစောင့်အရှောက်များကို တောင်အောက်သို့ ချက်ချင်း လိုက်ပို့ရန် ပြင်၏။ တောပုန်း ဗိုလ်အများစု၏ ဒေါသမှာ မိုးထိုးနေပြီ ဖြစ်၍ စုန်ကျန့်နှင့် လူကွမ်းယီတို့ ကိုယ်တိုင် မြင်းစီး၍ ထိုသူတို့အား တောင်ကြားသုံးထပ်စလုံး လိုက်ပို့ကြရ၏။ စုန်ကျန့်က ကန်တော့ကာ တောင်းပန်၏။

“ကျွန်တော်တို့က လက်နက်မချချင်လို့ မဟုတ်ပါဘူးဗျာ။ တကယ်တော့ လွတ်ငြိမ်းခွင့် အမိန့်ကို ရေးတဲ့သူတွေက ဒီက အခြေအနေမှန်ကို မသိကြတာပါ။ ဒီမှာက အတော်ကို ကိုင်ရတွယ်ရတာ သိမ်မွေ့ပါတယ်။ အမိန့်စာထဲမှာ အားပေးတဲ့ စကားလေး တလုံး နှစ်လုံး ပါလာရင်တောင်မှ ကျွန်တော်တို့က အပြန်တသောင်းတောင် အသေခံပေးကြမှာပါဗျ။ ရွှေနန်းတော်ကြီးကို ပြန်တင်ပြတဲ့အခါမှာ ဒါလေးကို ရှင်းပြပေးပါ။ စစ်သူကြီးမင်းခင်ဗျာ” မင်းတမန်များကိုလည်း တဖက်ကမ်းသို့ အမြန်လိုက်ပို့ကြ၏။ ကြောက်သေးတဖြန်းဖြန်းပါလျက်၊ ကြောက်အီး တဘွတ်ဘွတ် ပေါက်လျက် ကျီစုသို့ သုတ်ခြေတင်ကြလေ၏။

စုန်ကျန့်လည်း သစ္စာခန်းမသို့ ပြန်လေ၏။ တပ်ဗိုလ်အားလုံးကို ခေါ်ကာ စားသောက်ပွဲ ကျင်းပပေး၏။ ထို့နောက်-

"ဒီအမိန့်စာမှာ ရေးထားတာက သိပ်ဟန်မကျပေမယ့် နောင်ကြီးတို့က ဒီလောက် စိတ်မြန်လက်မြန် မလုပ်သင့်ဘူး"

ဝုရုံက -

"ကိုယ့်ကိုယ်ကိုယ် လှည့်စားမနေပါနဲ့ နောင်ကြီးရာ၊ လွတ်ငြိမ်းခွင့်အမိန့်ကတော့ တနေ့မှာ ရောက်ကို ရောက်လာမှာပါ။ ဒါပေမဲ့ ညီနောင်တွေ စိတ်ဆိုးတာကို ဘာလို့ အပြစ်တင်နေတာလဲ။ သင်းတို့က ဒီလောက်နှိမ်နေတာကို။ ဒါတွေကို မေ့လိုက်ပါတော့။ မြင်းသည်တွေ ခြေသည်တွေ လှေတပ်တွေအားလုံး လက်နက်အပြည့်အစုံ တပ်ဆင်ထားဖို့ ကိုပဲ အမိန့်ထုတ်ထားလိုက်ပါ။ မကြာခင်မှာပဲ အစိုးရက ပြစ်ဒဏ်ခတ်ဖို့ စစ်တပ်ကြီးကို လွှတ်လိုက်လိမ့်မယ်။ သူတို့လူတွေ မြင်းတွေကို တိုက်ပွဲတပွဲ နှစ်ပွဲလောက်မှာ ကောင်း ကောင်းကြီး သတ်ပြရမယ်။ ဒါမှ ချပ်ဝတ်တောင် ချွတ်ပြီး ပြေးကြမယ်။ အိပ်မက်ထဲမှာ တောင် ကြောက်နေစေရမယ်။ အဲဒီအချိန်ကျမှ လွတ်ငြိမ်းခွင့်အမိန့်အကြောင်း ထပ်ပြော ကြရမယ်"

"လုံးဝ မှန်ကန်ပါတယ်" ဟု တပ်ဗိုလ်များက ထောက်ခံကြ၏။ စားသောက်ပွဲ ပြီးဆုံးသောအခါ ကိုယ့်နေရာကိုယ် ပြန်ကာ ပြင်ကြဆင်ကြ၏။

ထိုအချိန်တွင် စစ်သူကြီးချင်မှာ ကျီစုသို့ ရောက်နေလေပြီ။ တောင်ပေါ်စခန်းတွင် ဖြစ်ပျက် ခဲ့သမျှကို မြို့ဝန်အား ပြောပြ၏။ မြို့ဝန်က-

"အရှင်ကများ မပြောသင့်တာ တခုခုကို ပြောမိလို့လားပဲ"

"ကျုပ်ဖြင့် ပါးစပ်တောင် မဟရဲခဲ့ပါဘူးဗျာ"

"ဒါဖြင့် သွားရတာ အလကားဖြစ်ပြီပေါ့။ တကယ်ဆို မသွားတာကမှ ပိုကောင်းလိမ့် ဦးမယ်။ မြန်မြန်သာပြန်ပြီး ရွှေနန်းတော်ကြီးကို တင်ပြပေတော့။ နှောင့်နှေးနေလို့ မဖြစ်ဘူး"

ထိုညတွင်ပင် အရှေ့နေပြည်တော်သို့ ပြန်ခဲ့ကြပြီး စစ်သူကြီးချင်က နန်းရင်းဝန်ကို အသေးစိတ် ပြန်တင်ကြ၏။ အမိန့်စာကို ဆုတ်ဖြဲလိုက်ကြောင်း ကြားရသောအခါ ကိုင်ကျင်း လည်း ဒေါသမီး ထတောက်လေ၏။

"ဒီတောပုန်းအလေးအမွှားတွေက မိုက်ရိုင်းလှလိုက်တာ။ စုန်မင်းဆက်ကို လေးစား ရအောင် သင်ပြရမယ်"

စစ်သူကြီးချင်က ငို၏။

"အရှင်ရဲ့ဘုန်းတော်ကသာ မကယ်ခဲ့ရင် ခုလောက်ဆို ကျွန်တော့်အရိုးတွေ တောပုန်း တွေ စခန်းမှာ ပြန့်ကျဲနေလောက်ပြီ။ ကံကောင်းလို့ လွတ်လာပြီး အရှင့်မျက်နှာကို ဖူးခွင့် ရတာပါ"

နန်းရင်းဝန်က စစ်မှုရေးရာဝန်ကြီးတုန်ဂွမ်၊ စစ်သူကြီးကောက်၊ စစ်သူကြီးယန်းတို့ကို တိုင်ပင်ရန် ခေါ်လိုက်၏။ ကျားဖြူဆောင် ခန်းမတွင် လူစုံသောအခါ ဘဏ္ဍာထိန်းချန်းနှင့် ဗိုလ်မင်းလီတို့ကိုပါ ခေါ်လိုက်ပြီး လျှံ့ရှန်းတောင်ရိုးစခန်းတွင် တွေ့ကြုံရသမျှကို တင်ပြ စေ၏။

စစ်သူကြီးယန်းက-

"ဒီလို မျိုးမစစ်တွေကို ဘာလို့ လွတ်ငြိမ်းခွင့် ပေးရတာလဲ။ ဘယ်အမတ်ကများ ဒီလို အကြံပေးလိုက်ရတာလဲ"

ကောက်ကျူကလည်း-

"ကျုပ်သာ ရှိလို့ကတော့ ကန့်ကွက်မှာပဲ။ သဘောကို မတူဘူး"

တုန်ဂွမ်က-

"ကြွက်သူခိုးတွေ၊ ခွေးဝင်စားတွေ၊ ရွံ့စရာကောင်းတဲ့ ကောင်တွေ၊ ကျုပ်မှာက ဘာမှ အစွမ်းအစ မရှိပါဘူး။ ဒါပေမဲ့ ဒီစစ်ဆင်ရေးကိုတော့ ကျုပ် ဦးစီးချင်ပါတယ်။ သတ်မှတ် ပေးတဲ့ အချိန်အတွင်းမှာ ဒီခားပြတွေကို သုတ်သင်ပေးပါ့မယ်"

"မနက်ဖြန်ကျရင် ရွှေနန်းတော်ကြီးမှာ တင်လျှောက်ကြမယ်" ဟုဆိုကာ လူစုခွဲ လိုက်ကြ၏။

နောက်တနေ့ နံနက် ညီလာခံတွင် မင်းကြီးထွက်တော်မူသောအခါ မှူးကြီးမတ်ကြီး များက"သက်တော်တသောင်း ရှည်ပါစေကြောင်း" သုံးကြိမ်တိတိ ဆုတောင်းကာ ကန်တော့ ကြ၏။ ထို့နောက် နန်းရင်းဝန်က လွတ်ငြိမ်းခွင့်စာချွန် သွားပို့သူများ တွေ့ကြုံခဲ့ရပုံကို တင်လျှောက်၏။ ဧကရာဇ်မင်းကြီးလည်း များစွာ ဒေါသထွက်သွားလေ၏။

"ဒီလွတ်ငြိမ်းမိန့်ကို ထုတ်ပြန်ဖို့ ဘယ်သူက တင်လျှောက်တာလဲ"

"စစ်ဆေးရေးမှူးချုပ် ကွီချင်းပါ ဘုရား" ဟု တယောက်က ဖြေ၏။

ကေရာဇ်မင်းကြီးက ကွီချင်းကို တရားရေးဌာနသို့သွားရောက်ကာ ပြစ်ဒဏ်တောင်းခံ စေရန်အမိန့်ချ၏။ ထို့နောက် နန်းရင်းဝန်ဘက်သို့ လှည့်၍-

"ဒီခါးပြတွေ သောင်းကျန်းမှောင့်ရှောင့်နေတာ အတော်ကြာပြီ။ ဒင်းတို့ကို ချေမှုန်းဖို့ ဘယ်သူ့ကို စေလွှတ်ရမလဲ"

"အင်ကြီးအားကြီးနဲ့ မတိုက်၊ မတိုက်ရင်တော့ မအောင်မြင်နိုင်ပါဘုရား၊ နုံချာတဲ့ ကျွန်တော့် အမြင်မှာတော့ စစ်မှုရေး ခုရေးရာဝန်ကြီးကိုယ်တိုင်ပဲ ဒီစစ်ရေးကို ဦးဆောင်စေသင့်တယ် ထင်ပါ တယ် ဘုရား။ သူမှပဲ သတ်မှတ်ချိန်အတွင်းမှာ အောင်ပန်း ဆွတ်ခူးနိုင်မယ် ထင်ကြောင်းပါ ဘုရား"

ကေရာဇ်မင်းကြီးက တုန်ဂွမ်ကို ခေါ်၍ မေး၏။

"လျှံရှန်းကျူအင်းက တောပုန်းတွေကို ဖမ်းဖို့ တပ်တွေကို ဦးစီးချင်တဲ့ ဆန္ဒ မောင်မင်း မှာ ရှိသလား"

တုန်ဂွမ်က ဒူးထောက်လိုက်ကာ-

"ရှေးဆိုထုံးတခု ရှိပါတယ် ဘုရား၊ "သားလိမ္မာသည် အစွမ်းကုန် ဆောင်ရွက်ရမည်၊ သစ္စာရှိသော မှူးမတ်သည် အသက်ကိုရင်းရမည်" ဆိုသလို ကျွန်တော်တို့ နှလုံးသားထဲမှာ ကပ်စွဲနေတဲ့ ဒီခူနာကို ဖယ်ရှားဖို့ ကျွန်တော် အလုံးစုံ ပေးဆပ်ဖို့ အသင့်ရှိပါတယ် ဘုရား"

စစ်သူကြီးကောက်နှင့် ယန်းတို့ကလည်း ထောက်ခံကြ၏။

ထို့ကြောင့် ကေရာဇ်မင်းကြီးကလည်း တုန်ဂွမ်ကို မဟာသေနာပတိဘွဲ့ကို ချီးမြှင့်ကာ ရွှေတံဆိပ်တုံး စသော အဆောင်အယောင်များကို ပေးအပ်သည့် အမိန့်ကို ချမှတ်လေ၏။ လျှံရှန်းတောင်ရိုးမှ တောပုန်းများကို တိုက်ခိုက်ရန် တပ်များကိုလည်း ဌာနအသီးသီးမှ ထုတ်နုတ်ကာ တုန်ဂွမ်၏ လက်အောက်တွင် စုစည်းစေ၏။ စစ်ထွက်မည့် ရက်ကိုလည်း သတ်မှတ်၏။

ထိုသို့ တုန်ဂွမ်က တပ်ကြီးနှင့် ချီတက်လာသောကြောင့် တောင်များ၊ ချိုင့်ဝှမ်းများတွင် ထောင်ချီသော မြင်းသည်များဖြင့် ပြည့်ခဲ့ရ၏။ မရေမတွက်နိုင်သော တိုက်လှေများ မြစိမ်းရောင်ရေပြင်တွင် အပြင်းနှင်ခဲ့ရ၏။ မှန်ပေ၏။ အရေအတွက် သုံးထောင်မျှသာ ရှိသော၊ ကျားကဲ့သို့ ရဲရင့်သော မြင်းသည်များက မရေမတွက်နိုင်သော ကျားသစ်ကဲ့သို့ သတ္တိရှိသော စစ်သည်များကို လွှမ်းမိုးထားလိုက်နိုင်၏။

တုန်ဂွမ်၏ တပ်တော်ကြီး မည်သို့ မည်ပုံ ရင်ဆိုင်ခဲ့ရပါသနည်း။ သိလိုလျှင်

နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၇၆

ဂုရုံက ကြယ်စုလေးစု တံခွန်ခုံး ငါးခုံးဖြင့် ဗျူဟာခင်းခြင်း

စုန်ကျန့်က အင်္ဂအတွင်းတွင် တပ်ဖွဲ့ကိုးခုကို နေရာချခြင်း

တုန်ဂွမ်သည် သူ့ရုံးသို့ သွားကာ တပ်များကို စည်းရုံး ဆော်ဩ၏။ အရှေ့နေပြည်တော် လက်အောက်ရှိ စစ်ခရိုင်ရှစ်ခုမှ ခရိုင်တပ်မှူး ဦးစီးအင်အား တသောင်းစီကို ဆင့်ခေါ်၏။ နေပြည်တော်မှ အင်အားနှစ်သောင်းကို ပင်မတပ်အား ကာကွယ်စေမည် ဖြစ်၏။ ယင်း၏ တာဝန်ကို လက်ထောက်အား လွှဲပြောင်းပေး၏။ ဘယ်တောင်ပံနှင့် ညာတောင်ပံကို ကွပ်ကဲရန် ဗိုလ်ချုပ်ကောင်းကောင်း နှစ်ဦးကိုလည်း ရွေးလိုက်၏။

ဆယ်ရက်အတွင်း ပြင်ဆင်မှု အဝဝ ပြီးစီးသွား၏။ ထောက်ပံ့ရေးအတွက် စစ်ထောက် ချုပ်အဖြစ် အရာရှိတဦးကို ရွေးကာ တာဝန်ပေး၏။ တပ်မှူးချုပ်အဖြစ် တုန်ဂွမ်က တပ်တော် သုံးခုကို ကွပ်ကဲမည်ဖြစ်၏။ လက်နက်များကိုလည်း ထုတ်ပေးပြီး စစ်ထွက်ရန် ရက်ကောင်း နေ့သာကိုလည်း ရွေး၏။ စစ်သူကြီး ကောက်နှင့် ယန်းတို့က နှုတ်ဆက်ညစာ တည်ခင်း ပေး၏။ ရွှေနန်းတော်ကြီးကလည်း စစ်သည်များကို ဆုလာဘ်ငွေကြေးများ ထုတ်ပေးစေ၏။

နောက်တနေ့တွင် တပ်များ စတင်ချီတက်စေ၏။ ကောရာဇ်မင်းကြီးကို ကန်တော့ကာ မြင်းစီး၍ မြို့တော်မှ ထွက်ခဲ့၏။ မြို့တံခါးဝမှ ငါးလီခန့်အကွာတွင် စစ်သူကြီးနှစ်ဦးတို့က နောက်ပါ တပ်ဗိုလ်များနှင့် စောင့်နေသည်ကို တွေ့ရ၏။ တုန်ဂွမ် မြင်းပေါ်မှ အဆင်းတွင် ကောက်ကျူက အခမ်းအနားသုံး စိမ်ရည်တခွက်ကို ကမ်းလှမ်း၏။

"စစ်မှူးရေးရာဝန်ကြီးမင်း၊ ခင်ဗျားက ရွှေနန်းတော်ကြီးအတွက် ထူးထူးချွန်ချွန် အမှုထမ်းခဲ့ပြီး အောင်ပွဲခံလို့ ပြန်လာမှာကို ယုံမှားစရာ မရှိပါဘူး။ ဒါပေမဲ့ ကျူတောထဲမှာ ပုန်းနေတဲ့ ဒီဓားပြတွေကိုတော့ လျှော့မတွက်စေချင်ဘူးဗျ။ ပထမဆုံး ရိက္ခာ၊ လူစာ၊ မြင်းစာ စုဆောင်းပြီး သစ်တပ်တွေ အခိုင်အမာ တည်ဆောက်ရမယ်။ ပြီးရင် တောင်ပေါ်က ဆင်းလာ အောင် သူတို့ကို စစ်မြူရမယ်။ သူတို့တက်မလာခင်မှာ သူတို့ အကြံအစည်ကိုသိအောင် ကင်းထောက်ကောင်းကောင်း လွှတ်ရမယ်။ ဒီကောင်တွေကို တကောင်မကျန် အရှင်မိအောင် ဖမ်းရမယ်။ ရွှေနန်းတော်ကြီးကို စိတ်မပျက်ပါစေနဲ့။ ကျုပ် ပြောတာကို ဝန်မင်း စဉ်းစားမယ်လို့ မျှော်လင့်ပါတယ်"

"ခင်ဗျားရဲ့ တန်ဖိုးရှိလှတဲ့ စကားတွေကို ကျုပ်နှလုံးသားမှာ ရေးထွင်းထားလိုက်ပါပြီ။ ကျုပ် မမေ့ပါဘူး"

စစ်သူကြီး နှစ်ဦးလည်း သေရည်ကို ခွက်မှောက်ကာ သောက်လိုက်ကြ၏။ စစ်သူကြီး ယန်းလည်း သေရည်ခွက်ကို ကိုင်လျက် ထွက်လာ၏။

"ဝန်မင်းက သေနင်္ဂဗျူဟာ ကျမ်းတွေကို ကောင်းကောင်းနှံ့စပ်ပါတယ်။ သာမန်အခြေ အနေမှာဆိုရင် ဒီတောပုန်းတွေကို လက်ဝါးပြလိုက်ရုံနဲ့ ဖမ်းလိုက်နိုင်မှာပါပဲ။ ဒါပေမဲ့ သူတို့က ကျူအင်းထဲမှာ လှုပ်ရှားနေတာဆိုတော့ မြေအနေအထားက သူတို့လက်ထဲမှာ ရှိနေတယ်။ ဝန်မင်းမှာ အစီအမံကောင်းကောင်း ရှိမယ်လို့ ကျုပ် ယုံကြည်ပါတယ်ဗျာ"

"အခွင့်သာတာနဲ့ ထိုးနှက်မှာပါ။ ကျုပ်မှာလည်း ကျုပ်နည်းတွေ ရှိပါတယ်" စစ်သူကြီးနှစ်ဦးက တုန်ဂွမ်ကို ဂုဏ်ပြုကာ စိမ်ရည်သောက်လိုက်ကြပြီး-"ဒီမြို့တော်တံခါးအပြင်မှာ ကျုပ်တို့ ကတိပြုပါတယ်။ ဝန်မင်းရဲ့ အောင်ပွဲကို မျှော်နေပါ့မယ်"

အပြန်အလှန်နှုတ်ဆက်ကြပြီးနောက် မြင်းပေါ်သို့ အသီးသီးတက်ကြ၏။ ထို့နောက် လိုက်ပို့ကြသော အရာရှိကြီးငယ်များလည်း နေပြည်တော်သို့ ပြန်သွားကြလေ၏။

တပ်တော်သုံးစုလည်း ဆက်လက်ချီတက်ခဲ့ကြ၏။ စစ်သည်တိုင်းမှာ စစ်စိတ်စစ်မာန် ဖြင့် ထောင်လွှားနေကြ၏။ အဆင့်ဆင့် စနစ်တကျ ဖွဲ့စည်းထား၏။ စည်းကမ်းတင်းကျပ်၏။ စစ်ကြောင်း၏ထိပ်တွင် ရှေ့ပြေးတပ်ဦးအဖြစ် တပ်မလေးခုကို ဗိုလ်ချုပ်တဦးက ကွပ်ကဲလျက် ချီတက်လာ၏။ နောက်ရံတပ်မှာလည်း အလားတူ ဗိုလ်ချုပ်တဦး ကွပ်ကဲသော တပ်မ လေးခု ဖြစ်၏။ ကျန်တပ်မရှစ်ခုကို ဘေးနံမှ ကာကွယ်သည့် နံကာတပ်များကိုလည်း အခြား ဗိုလ်ချုပ်များက ကွပ်ကဲလာကြ၏။ တုန်ဂွမ် ကွပ်ကဲသော ပင်မတပ်ကိုလည်း ရွှေနန်းတော် ကြီးမှ လက်ရွေးစင် ခြေသည် မြင်းသည် နှစ်သောင်းက ဘေးနံမှ ကာကွယ်ထား၏။ ဝန်မင်း တုန်ဂွမ်သည်လည်း နှင်တံကို လက်တွင် ကိုင်ကာ ချီတက်မှုကို ကွပ်ကဲ၍ လိုက်ပါလာ၏။ လက်နက်များသည် လှိုင်းထန်သော မြစ်ကဲ့သို့ စီးဆင်းနေ၏။ လူများ၊ မြင်းများမှာ လေနှင့် အတူ လွင့်လာဟန် ရှိနေ၏။

လီငါးဆယ်ခန့် ချီတက်ပြီးသော် စခန်းချကြ၏။ နောက်တနေ့တွင် လမ်းအတိုင်း ကွေ့ ကာ ပတ်ကာ ခရီးဆက်လာခဲ့ကြ၏။ နှစ်ရက်အတွင်း ကျီစုပြည်နယ် နယ်စပ်သို့ ရောက်လာ ၏။ မြို့ဝန်ချန်းရှုယီက မြို့မှ ထွက်ကာ ကြိုဆို၏။ တပ်တော်များမှာ မြို့ပြင်တွင် စခန်းချ ကြ၏။ တုန်ဂွမ်သည် မြင်းလျင်တတပ်နှင့်အတူ မြို့ဝန်ရုံးသို့ ရောက်လာ၏။ မြို့ဝန်က ကြိုဆိုကာ

ကန်တော့ပြီးနောက် စစ်ဝန်မင်း၏ ရှေ့တွင် ရို့ရို့လေး ရပ်နေ၏။

တုန်ဂွမ်က -

"ဒီကျူအင်းက တောပုန်းတွေက လူကောင်းတွေကို သတ်ပြီး ခရီးသွားကုန်သည်တွေ ကို လုယက်ကြတယ်။ ရာဇဝတ်မှုတွေ ကျူးလွန်တာများပြီ။ ကျုပ်တို့လည်း အကြိမ်ကြိမ် ဖမ်းဖို့ ကြိုးစားပေမယ့် မအောင်မြင်တော့ ဒီကောင်တွေကို တိုးပွားအောင် လွှတ်ထားပေး သလို ဖြစ်နေတယ်။ အခု ကျုပ်က ဗိုလ်မင်းတရာ စစ်သည်တသိန်းကို ဦးဆောင်လာတာဗျ။ ဒီတောင်ရိုးစခန်းကို ချေမှုန်းပစ်မယ်။ တောပုန်းတွေကို ဖမ်းမယ်။ လူထုငြိမ်းချမ်းအောင် ဆောင်ရွက်မယ်"

"တောပုန်းတွေက ကျူအင်းထဲမှာ လှုပ်ရှားကြတာဗျ။ တောပုန်းဆိုပေမယ့် သူတို့ ထဲမှာ ဉာဏ်ကောင်းတဲ့သူတွေ သတ္တိကောင်းတဲ့ လူတွေ အများကြီး ပါတယ်။ စိတ်နောက် ကိုယ်ပါ မလုပ်မိစေပါနဲ့ဗျာ။ သေသေချာချာ စီမံရင် အောင်မြင်ပါလိမ့်မယ်"

တုန်ဂွမ်က ဒေါသဖြင့် အော်၏။

"မင်းလို ကြောက်တတ်တဲ့၊ ပျော့ညံ့တဲ့၊ ကိုယ့်လက်နက် ကိုယ် မယုံတဲ့ အရာရှိတွေ ကြောင့် တိုင်းပြည် ဒုက္ခရောက်နေတာ။ တောပုန်းတွေ သက်ဆိုးရှည်နေတာ၊ အခု ငါ ရောက်လာပြီ။ မင်း ဘာမှ ကြောက်စရာ မလိုတော့ဘူး"

မြို့ဝန်လည်း ထပ်မပြောဝံ့တော့ချေ။ ညှော့သည်ကို အလျှံပယ် ကျွေးမွေး ညှော့ခံလေ၏။ တုန်ဂွမ်လည်း နောက်တနေ့တွင် ခရီးဆက်ခဲ့ရာ လျှံရှန်းကျူအင်းနှင့် နီးလာလေ၏။ စုန်ကျန့်မှာ လာတိုက်မည့် သတင်းကို ကြို၍ ရထားပြီး ဖြစ်၏။ ဝုရုံနှင့် တိုင်ပင်ကာ ရေပက်မဝင်သော မဟာဗျူဟာကို ရေးဆွဲထားပြီး ထိုတပ်ကြီး အရောက်ကို စောင့်နေ၏။ တောပုန်းဗိုလ်များကိုလည်း အမိန့်များကို အမှားအယွင်းမရှိဘဲ လိုက်နာကြရန် ညွှန်ကြား ထား၏။

တုန်ဂွမ်က စွီကျို့ပြည်နယ်မှ ခရိုင်တပ်မှူး တွမ်ပိန့်ကူကို တပ်မှူးအဖြစ်၊ ကျင်းကျို့ ခရိုင်တပ်မှူး ချင်ရှုကို လက်ထောက်အဖြစ် ရှေ့ပြေးတပ်ကို ဦးဆောင်စေ၏။ ချင်ကျို့ခရိုင် တပ်မှူး ဝူပင်းကျီနှင့် ရှုကျို့ခရိုင်တပ်မှူး လီမင်းတို့ကို နောက်ရံတပ်တွေကို ဦးစီးစေ၏။ တန်ကျို့ခရိုင်တပ်မှူး ဟန်တျန်လင်းနှင့် တိန်ကျို့ခရိုင်တပ်မှူး ဝမ်ယီတို့ကို ဘယ်ဘက် ကင်းတပ်ကို လည်းကောင်း၊ ရှုကျို့ခရိုင်တပ်မှူး မာဝမ်လီနှင့် စုန်ကျို့ခရိုင်တပ်မှူး ကျို့ရှင် တို့ကို ညာဘက် ကင်းတပ်ကို လည်းကောင်း အသီးသီး ကွပ်ကဲစေ၏။ ဗိုလ်ချုပ်ဖိန့်မေနှင့် ပိရှိန်တို့က

ပင်မတပ်၏ နံကာတပ်များကို ကွပ်ကဲစေ၏။ တပ်မှူးချုပ်အဖြစ် တုန်ဂွမ်က ကွပ်ကဲမည် ဖြစ်၏။

စစ်စည်များကို မိုးခြိမ်းသလို သုံးကျော့မျှ တီးကာ ဆက်လက်ချီတက်ခဲ့ကြ၏။ ထိုသို့ ချီတက်၍ ဆယ်လီမျှ မရောက်သေး၊ ရန်သူ၏ လှည့်ကင်းတဖွဲ့ ဖုန်လုံးကြီးနှင့်အတူ ချဉ်းကပ်လာသည်ကို မြင်ရလေ၏။ တောပုန်းသုံးဆယ်ခန့်သည် ချူသံတချွင်ချွင်ပေးလျက် ကပ်လာကြ၏။ ခေါင်းပေါင်းအနက်များ၊ အစိမ်းရောင်တိုက်ပွဲဝင် ဝတ်လုံများကို ဝတ်ဆင် ထားကြ၏။ မြင်းများကိုမူ အနီရောင်ပန်းဖွားများ၊ ကြေးညိုခြူများဖြင့် ဆင်ယင်ထား၏။ အမြီးများမှလည်း ငှက်မွေးများ တလူလူ လွင့်နေ၏။ အရိုးတွင် ငွေအခွေးများ ကွပ်ထား သည့် လှံလျင်များ၊ လေးမြားများကို ကိုင်ဆောင်ထားကြ၏။

တပ်ဖွဲ့ခေါင်းဆောင်၏ တံခွန်တွင် 'လှည့်ကင်းတပ်မှူး အမြီးမဲ့မြားချန်ကျင်"ဟု ရေး ထား၏။ သူ့ဘယ်ဘက်တွင် ကုန်ဝမ်၊ ညာဘက်တွင် တင်းတဲ့ဆွန်တို့ ပါလာ၏။ ယင်း လှည့်ကင်းတပ်ဖွဲ့သည် တုန်ဂွမ်တို့နှင့် ခြေလှမ်းတရာခန့် အကွာတွင် မြင်းများကို ဇက်သတ် ကာ ပြန်လှည့်လိုက်ကြ၏။ ရှေ့ပြေးတပ်၏ တပ်မှူးနှစ်ယောက်မှာ အမိန့်မရထားသဖြင့် ဘာမျှ မလုပ်နိုင်။ ပင်မတပ်သို့သာ သတင်းပို့လိုက်ကြ၏။ တုန်ဂွမ်ကိုယ်တိုင် ရှေ့သို့ မြင်းစီး ကာ ထွက်လာ၏။ သူ့အခြေအနေကြည့်၍ မဆုံးမီ ချန်ကျင်က ရှေ့သို့ တက်လာပြန်၏။ တုန်ဂွမ်က ယင်းကို လိုက်ဖမ်းရန် ခိုင်းမည့်ဆဲဆဲတွင် လက်အောက်ဗိုလ်တဦးက သတိပေး လိုက်၏။

"သူ့ မြင်းကုန်းနှီးနောက်က အိတ်ထဲမှာ ခဲလုံးတွေ ပါတယ်။ သူက ခဲနဲ့ ပေါက်ရင် မလွဲ ဘူးတဲ့။ လွှတ်ထားလိုက်ရင် ကောင်းပါလိမ့်မယ်"

အမြီးမဲ့မြားက သုံးကြိမ်တိုင်တိုင် ထွက်လာသော်လည်း တုန်ဂွမ်က မလှုပ်တော့ပေ။ ချန်ကျင်တို့ ကင်းထောက်တပ်များ ပြန်သွားကြ၏။

အစိုးရတပ်များလည်း ဆက်ချီတက်သွားရာ ငါးလီမျှပင် မရောက်သေးမီ တောင်ကုန်း များနောက်ကွယ်မှ ကြေးလင်ပန်းသံများ ညွှမ်းခနဲ ကြားလိုက်ရပြီး တောင်ကွေ့မှ တောပုန်း ခြေသည်တပ်သား ငါးရာခန့် ထွက်လာလေ၏။ ယင်းတို့ကို လေပွေနက်လီကွေ့၊ ကမ္ဘာမွှေတဲ့ဘီလူးမင်း ဖန်ရွှီ၊ လက်ရှစ်ဖက် နေဇာမင်းသားရှုံချုံး၊ နတ်ပျံလီကွန်းတို့က ဦးစီး လာလေ၏။ တောင်ကုန်းခြေရင်းတွင် ခြေသည်စစ်သည်များက တယောက်တန်း တပ်ဖြန့် လိုက်ကြ၏။ ဒိုင်းအဝိုင်းများကိုလည်း စွဲကိုင်ထား၏။

တုန်ဂွမ်က သူ့သားမြီးယပ်ကို ဝှေ့ယမ်းပြလိုက်ရာ သူ့စစ်သည်များက ဝေါခနဲနေအောင် တဟုန်တည်း ရှေ့သို့ တက်ကြ၏။ လီကွေ့နှင့် ဖန်ရွှီတို့လည်း

ခြေသည်တပ်ကို နှစ်စုခွဲကာ တောင်ကွေ့အတွင်းသို့ ဝင်ပြေးလိုက်ကြ၏။ ဒိုင်းများကိုနောက်ကျောတွင်ကပ်၍ ယူဆောင် သွားကြ၏။ အစိုးရတပ်များက တောင်ကြားအတွင်းသို့ ဝင်၍ လိုက်ကြ၏။

တောင်ကြားတဖက်တွင် လွင်ပြင်ကျယ်တခုကို တွေ့ရ၏။ ထိုနေရာတွင် နေရာယူ လိုက်ကြ၏။ လီကွေ့တို့မှာ တောင်တလုံးပေါ်တက်ပြီး တောအုပ်ထဲတွင် ပျောက်သွားကြ၏။

တုန်ဂွမ်၏ လူများက သစ်သားစင်မြင့်ကြီးတခုကို ဆောက်ကြ၏။ စစ်ပါရဂူနှစ်ယောက် က ယင်းအပေါ်သို့ တက်ကြ၏။ တုန်ဂွမ်၏ အမိန့်အတိုင်း စစ်သည်များကို ဘယ်ညာ ထက် အောက် ရွေ့ပြောင်းရန် ညွှန်ကြားကြ၏။ တပ်များကို ခင်းကျင်းထားပုံမှာ ရေပက်ခွံတခုကို ရန်သူ့ဘက်သို့ အဝလှည့်ပြီး ချထားသည်နှင့် တူ၏။

ဤသို့ ခင်းကျင်းပြီး မကြာမီတွင် တောင်တန်းများဆီမှ အမြောက်သံဟိန်းထွက် လာပြီး မြင်းသည်တတပ်လည်း ထွက်လာလေ၏။ အစိုးရ၏ ရှေ့ပြေးတပ်များသည်လည်း ရန်သူနှင့် ရင်ဆိုင်ရန် အသင့်ပြင်ကာ စောင့်နေကြ၏။ လက်ထောက်တဦးအား သူ့မြင်းကို အပ်ပြီးနောက် တုန်ဂွမ်လည်း စင်မြင့်ပေါ်သို့ တက်ခဲ့၏။ တောင်အရှေ့ဘက်တွင် မြင်းတပ် စစ်ကြောင်း တကြောင်း ထွက်လာသည်ကို တွေ့ရ၏။ ရှေ့ဆုံးတပ်ဖွဲ့က အလံနီများ၊ ဒုတိယ တပ်ဖွဲ့က အလံကျားများ၊ တတိယအဖွဲ့က အလံပြာများ၊ နောက်ဆုံးတပ်ဖွဲ့က အလံကျား များကို အသီးသီးကိုင်လာကြ၏။

နောက်ထပ် မြင်းတပ် တကြောင်းသည်လည်း တောင်အနောက်ဘက်မှ ထွက်လာပြန် ၏။ သူတို့ကား အလံကျား၊ အလံဖြူ၊ အလံကျား၊ အလံနက်များကို အစဉ်အတိုင်း ကိုင်လာ ကြ၏။ အလံကိုင်များ၏ နောက်တွင် အဝါရောင်ကြက်လျှာများ တလွင့်လွင့်နှင့် ပါလာ ကြ၏။

အစိုးရတပ်မှ ဗိုလ်ချုပ်များကလည်း တပ်အားလုံးကို ခံစစ်အနေအထားဖြင့် နေရာယူ ခိုင်းလိုက်ကြ၏။ ယခုအချိန်တွင်မူ တောင်အရပ်မှ တက်လာသော မြင်းစီးသူရဲကောင်းများ ကို ထင်ထင်ရှားရှား မြင်လာနိုင်ပြီ ဖြစ်၏။ မီးလျှံပမာ ရဲရဲတောက်နေသော အလံများကို ကိုင်ထားသည့် တပ်ဦးချီမြင်းသည်များမှာ အနီရောင်ဝတ်လုံများ၊ ချပ်ဝတ်များကို ဝတ်ထား ကြ၏။ စီးလာသော မြင်းအုန်းခွံများတွင် အနီရောင်ပန်းဖွားများနှင့် ဆင်ယင်ထားကြ၏။ ရှေ့ဆုံးမှ အလံနီကြီးတွင် ကြယ်ခြောက်ပွင့်ပါသော တံငါကွန်တိုင်ကြယ်စုကို ရွှေချည်ဖြင့် ပုံဖော် ပန်းထိုးထားပြီး အောက်တွင် ဟသ်ာပြဒါးဖြင့် ငှက်ရုပ်ကို ရေးဆွဲထားသည်။ “ရှေ့ပြေး တပ်မှူးကြီး မိုးကြိုးသွားချင်မင်း”ဟူသော စာတန်းကိုလည်း ရေးထား၏။

ချင်မင်းသည် ပင်လယ်ဝေနေသော အလံနီများအောက်မှ ရုတ်တရက် ထွက်လာရာ သူ့ဘယ်ဘက်မှ ရေဗိုလ်ချုပ်ရှန်တင်းကွီက လည်းကောင်း၊ သူ့ညာဘက်မှ မီးဗိုလ်ချုပ်ဝေတင်းကို့ကလည်း ကောင်း အသီးသီး လက်နက်များကို ဝှေ့ယမ်းကာ၊ မြင်းအုန်းခွံကြီးများကို စီးနင်းကာ လိုက်ပါလာကြပြီး စစ်မြေပြင်အစပ်၌ ရပ်လိုက်ကြ၏။

အရှေ့ဘက်တွင် အလံပြာမြင်းတပ်ရှိ၏။ သူတို့ ဝတ်ဆင်သမျှ အပြာရောင်ချည်း ဖြစ်ရုံ မျှမက စီးလာသော ဖောင်းဝတ်မြင်းများ၏ ကကြိုးတန်ဆာများမှာလည်း အပြာရောင်ပင် ဖြစ်လေ၏။ အလံပြာကြီးတွင်လည်း ကြယ်လေးပွင့်ပါသော ဘဒြပိုက်ကြယ်စုကို ရွှေချည် ဖြင့် လည်းကောင်း၊ နဂါးရုပ်ကို အပြာရောင်ပိုးချည်ဖြင့် လည်းကောင်း ပုံဖော်ကာ ပန်းထိုး ထားလေ၏။ “လက်ဝဲတပ်မှူးကြီး လုံ့ပုဆိန်ကြီး ကွမ်ရှိန်း”ဟူသော စာတန်းကိုလည်း ရေး သားထား၏။ ကွမ်ရှိန်းလည်း ချင်မင်းနည်းတူ တပ်ရှေ့သို့ ထွက်ခဲ့ရာ လက်ထောက်များ ဖြစ်သော သမက်ကိုရုပ်ဆိုးရွှန်ဇန်နှင့် တောခွေးဟောင်စီဝင်တို့က ဝဲယာမှ ခြံရံလိုက်ပါလာ ကြ၏။ သူတို့လည်း စစ်မြေပြင်အစပ်တွင် ရပ်နားနေကြ၏။

အနောက်ဘက်မှလည်း တံခွန်ဖြူများ တဖွေးဖွေးဖြင့် မြင်းတပ်တတပ်ကို မြင်ရ၏။ မြင်းဖြူများကို စီးကာ အဖြူရောင် အဝတ်အစားများကိုသာ ဝတ်လာကြ၏။ အလံဖြူကြီး တွင် ကြယ်ငါးပွင့်ပါဝင်သော ရောဟိနီကြယ်စုကို ရွှေချည်ဖြင့်၊ ကျားဖြူရုပ်ကို အဖြူရောင် ချည်ဖြင့် အသီးသီး ပန်းထိုးကာ ပုံဖော်ထား၏။ ‘လက်ယာတပ်မှူးကြီး ကျားသစ်ခေါင်း လင်ချုံး”ဟူ၍လည်း ရေးထား၏။ လင်ချုံးလည်း ကျန်တပ်မှူးကြီးများနည်းတူ လက်ဝဲဘက် တွင် တောင်သုံးလုံးနှိမ်နင်းသူ ဟုန်ဆင့်၊ လက်ယာဘက်တွင် ဗိုလ်ချုပ်ပျော့ဆွန်လီတို့နှင့် အတူ ထွက်လာကာ စစ်မြေပြင်တွင် ရပ်နားနေ၏။

သူတို့နောက်တွင် တံခွန်အနက်များ လွင့်လာကာ မြင်းတပ်အနက် လိုက်ပါလာ၏။ မြင်းမှ စကာ အဝတ်အစားများ၊ ကကြိုးတန်ဆာများအားလုံး အနက်ရောင်ချည်း ဖြစ်၏။ အလံနက်ကြီးတွင် ခုနစ်စဉ်ကြယ်များ၊ မြောက်ဘက်နက္ခတ် ခုနစ်လုံး၏ သင်္ကေတများကို ရေးနည်းတူ ရွှေချည်ထိုးကာ ပုံဖော်ထား၏။ စာတန်းမှာမူ “နောက်ရံတပ်ပေါင်းစုတပ်မှူးကြီး တင်ကျည်းနှစ်လက်ဟူယန်ကျို့’ဟု ရေးထား၏။ သူ၏ လက်ထောက်များမှာ ပွဲတိုင်းကျော် ဟန်တောင်၊ နတ်မျက်စိဖန့်ချီတို့ ဖြစ်ကြပြီး ရေးနည်းတူ ဝဲယာမှ ခြံရံကာ လိုက်ပါလာ ကြပြီး စစ်မြေပြင်အစပ်တွင် မြင်းနက်ကြီးများကို ဇက်သတ်ထားလိုက်ကြ၏။

အရှေ့တောင်ဘက်သို့တံခွန်ပြာများကိုင်ကာ ချပ်ဝတ်အနီများ ဝတ်ထားသော မြင်းတပ် တတပ် ရောက်လာပြန်၏။ အလံ၌ အထက်ပိုင်းတွင်

“လေ”၏သင်္ကေတနှင့် ယင်း၏အောက် တွင် နဂါးပျံရုပ်ကို ပန်းထိုးထား၏။ “လုံနှစ်စင်းမိုလ်တုန်ပင်း”ဟုလည်း စာတန်း ရေးထိုး ထား၏။ တိမ်ညွှန့်စားသည့်ရွှေတောင်ပံ အိုပင်းနှင့် မျက်ခုံးနီတိန်ဖတို့မှာ လက်ထောက် တပ်မှူးများအဖြစ် လိုက်ပါလာကာ အခြားသူများနည်းတူ စစ်မြေပြင်တွင် ရပ်နားနေကြ၏။ တံခွန်အနီ ချပ်ဝတ်အဖြူနှင့် မြင်းတပ်တတပ် အနောက်တောင်ဘက်သို့ ရောက်လာ ပြန်၏။ အလံကြီးပေါ်တွင် “မြေ” ၏ သင်္ကေတနှင့် အတောင်ပံတပ်ထားသော ဝက်ဝံရုပ်တို့ကို ပန်းထိုးထားပြီး စာတန်းမှာ “မြင်းတပ်မှူးကြီး ရှေ့ပြေးခြေမြန်စိုကျောက်”ဟူ၍ ဖြစ်၏။ သူ၏ ဘယ်ဘက်မှာ မိုလ်ကျားကြော့ယန်ရှင့်၊ ညာဘက်မှာ မှင်စာပလွေဆရာမာလင်းတို့ လိုက်ပါ လာကြ၏။ လက်နက်ကိုယ်စီဖြင့် ယင်းတို့ သုံးယောက်သားမှာလည်း စစ်မြေပြင်ထဲတွင် ရပ်နားနေ၏။

အရှေ့မြောက်ဘက်သို့ ရောက်လာသော မြင်းတပ်မှာ တံခွန်အနက်များ၊ ချပ်ဝတ် အပြာများဖြင့် ဖြစ်၏။ အလံကြီးပေါ်တွင် တောင်တန်းပုံနှင့် ကျားသစ်ပျံပုံတို့ကို ပုံဖော် ပန်းထိုးထား၏။ ‘မြင်းတပ်မှူးကြီး နဂါးကိုးကောင်ရှိကျင်း’ဟူသော စာတန်းလည်း ပါရှိ၏။ ကမ်းခုန်ကျားချင်တနှင့် မြွေပြောက်ဖြူယန်ချွန်းတို့က ဝဲယာမှ ခြံရံလာကာ စစ်မြေပြင်တွင် မြင်းများကို ဇက်သတ်ထားကြ၏။

တံခွန်ဖြူများ၊ ချပ်ဝတ်အနက်များဖြင့် အနောက်မြောက်ဘက်သို့ ရောက်လာသော မြင်းတပ်၏ အလံကြီးတွင် မိုးကောင်းကင်၏ သင်္ကေတနှင့် ကျားပျံပုံတို့ကို ပန်းထိုးကာ ပုံဖော်ထား၏။ ‘မြင်းတပ်မှူးကြီး မိုလ်မှတ်ကျော်ယန်ချီ’ ဟူသော စာတန်းကိုလည်း ဖတ်ရ၏။ မိုလ်ကျားသစ်ရန်လင်းနှင့် ဘုရင်ငယ်ချူတုန်းတို့က လက်ထောက်များအဖြစ် လိုက်ပါ လာကြ၏။ သူတို့လည်း စစ်မြေပြင်အစပ်တွင် ရပ်နားနေကြ၏။

သို့ဖြင့် တောပုန်းတပ်ဖွဲ့သည် ရောမ အဋ္ဌဂံကြီးတခုသဖွယ်၊ မြင်းတပ်တကန့်၊ ခြေလျင် တကန့် သေသပ်စွာ တပ်ခင်းကျင်း ထား၏။ မြင်မြင်ရာတွင် လက်နက်များက ထိုးထိုး ထောင်ထောင် ရှိနေ၏။ တံခွန်များကိုလည်း ညီညာသေသပ်စွာ အတန်းလိုက် စီတန်းကာ ကိုင်ဆောင်ထားကြ၏။ ခန့်ညားကြောက်ရွံ့ဖွယ် တပ်အခင်းအကျင်း ဖြစ်ပေ၏။ အလယ် ကောင်တွင် တည်သီးအဝါရောင် အလံများနှင့် အဋ္ဌဂံပုံ ရေးဆွဲထားသော တံခွန်အရှည် ခြောက်ဆယ့်လေးလက်ကို တွေ့ရ၏။

ဤအဋ္ဌဂံပုံ၏ တူရူ အရပ်လေးမျက်နှာတို့တွင် ခုံးပေါက်လေးခုဖြင့် ဖွင့်ထားလေ၏။ တောင်ဘက်အစွန်းတွင် စုဝေးနေသော မြင်းတပ်၏ တံခွန်များ၏ အရိပ်အောက်တွင် သာမန်အဝတ်အစားများ ဖြင့် မြင်းညိုဝါကြီးများကို စီးထားသော

တပ်မှူးနှစ်ယောက်ကို မြင်ရ၏။ သူတို့မှာ မုတ်ဆိတ်ချူတုံနှင့် ကျားပုံလွှေ့ပုန်တို့ ဖြစ်ကြ၏။ ဤတပ်ဖွဲ့ရှိ မြင်းသည် များမှာ အဝါရောင်တံခွန်များကို ကိုင်ကာ အဝါရောင်စစ်ဝတ်များကို ဝတ်ဆင်ထားကြပြီး မြင်းညိုဝါကြီးများကို စီးနင်းထားကြ၏။

အတွင်းပိုင်း တပ်ချထားရာတွင်လည်း ထောင့်လေးထောင့်၌ ဖွင့်ထား၏ ။ ရွှေမျက်လုံး ရှင်ကျားကလေးရှိအန်က အရှေ့ဝင်ပေါက်ကို လည်းကောင်း၊ အနောက်ဝင်ပေါက်ကိုမူ ဗိုလ်ရုပ်ချောချန်တန်ရှူက လည်းကောင်း ကွပ်ကဲကြသလို တိမ်တမန်ဆုံဝမ်က တောင်ဘက် ဝင်ပေါက်၊ ကျားနာစွေ့ယုံက မြောက်ဘက်ဝင်ပေါက်တို့ကို အသီးသီး ကွပ်ကဲကြ၏။

အဝါရောင်ကြက်လျှာတို့၏ အလယ်တွင် တည်သီးအဝါရောင် တံခွန်ကြီးတခုကို ထူထားရာ “မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြ” ဟူသော စာတန်းကြီးကို ရေးထား၏။ တံခွန်တိုင်ကြီးကို သိုးမွေးကြိုးလေးချောင်းဖြင့် ဆိုင်းထားပြီး လူသန်ကြီးလေးယောက်က ထိုကြိုးများကို ဆွဲ၍ တောင့်ထားကာ တံခွန်တိုင်ကြီးကို မတ်မတ်တည်နေအောင် ထိန်း ထားကြ၏။ ထိုတံခွန်ကြီးကို အနီးကပ်စောင့်ကြပ်နေသူမှာ လမ်းဆိုးနတ်ယူပေါက်စီ ဖြစ်၏။

ယင်း၏အနောက်ဘက်တွင် အမြောက်စင်ရှိပြီး မိုးယံခြိမ့်ခြိမ့်လင်းချင်က ကွပ်ကဲ နေ၏။ သူ့လက်အောက်တွင် လူနှစ်ဆယ်ကျော် ရှိ၏။ သူတို့၏ နောက်တွင်မူ ရန်သူကို စွပ်၍ ချိတ်၍ဖမ်းရန် ကျော့ကွင်းများ၊ ချိတ်များကို ကိုင်ဆောင်ထားသော တောပုန်းများ ရှိကြ၏။

ထို့နောက်တွင်ကား လေးဖက်လေးတန်တွင် တံခွန်ခုနစ်ခုစီဖြင့် စုစုပေါင်း တံခွန် နှစ်ဆယ့် ရှစ်ခုကို တွေ့ရ၏။ ယင်းတံခွန်တို့တွင် နက္ခတ် နှစ်ဆယ့်ရှစ်လုံး၏ ပုံများကို ပန်းထိုး ၍ ပုံဖော်ထားလေ၏။ ယင်း၏ အလယ်ကောင်တွင် အနားတလျှောက်၌ ပုလဲများ သီထား သော ငန်းပေါက်စအဝါရောင် အလံကြီးတခု ရှိ၏။ ယင်း၏ အောက်အနားတွင် ရွှေခြူများ ဆွဲထားကာ အထက်အနားတွင်မူ ငှက်မွေးများ တလူလူ လွင့်လျက် ရှိ၏။ ယင်းသည် တပ်မှူးချုပ်၏ ဌာနချုပ်တည်ရာ ဖြစ်ကြောင်းကို ပြသည့် အမှတ်အသားပင် ဖြစ်၏။

ဤအလံကို မည္ဘာတမ်းကျောက်ထိန်၊ ကြယ်တံခွန်ကုန်မင်း၊ မီးရှူးကြယ်ကုန်လျန်တို့က ဦးစီးကာ စောင့်ရှောက်နေ၏။ သူတို့မှာ သာမန်အဝတ်အစားများကို ဝတ်ဆင်ထားကာ မြင်းစီးထားကြ၏။ သူတို့၏ ရှေ့ဘက်နှင့် နောက်ဘက်တို့တွင်မူ သံချပ်ကာဝတ် ဝံပုလွေသွား တင်းပုတ်ကိုင် တောပုန်း နှစ်ဆယ့်လေးဦး ရှိ၏။

ထို့နောက်တွင်ကား တပ်မှူးအလံနှစ်လက်ကို အသွားလေးထောင့်ရှိသော

လုံ့ပုဆိန် များကို ကိုင်ထားကြသည့် စစ်သည် တဖက် ဆယ့်နှစ်ယောက်စီက သယ်ဆောင်လာ၏။ ဘယ်ဘက် အလံတွင် 'မြို့စားလေးလူ့ဖန်" ဟု လည်းကောင်း၊ ညာဘက်အလံတွင် "ရောင်ကွေ့ယ်ကောက်ရိုန်း"ဟု လည်းကောင်း ရေးထား၏။ ထိုတပ်မှူးများမှာ မြင်းစီး၍ လိုက် လာကြ၏။

လုံ့ပုဆိန်ကိုင်များကြားတွင် သံမဏိမိုန်းများ ကိုင်ဆောင်ထားသည့် ခြေသည်များ အတန်းလိုက် ချီတက်လာ၏။ သူတို့၏ တပ်မှူးများမှာ ခေါင်းနှစ်လုံးမြွေရှိချင်နှင့် အမြီးနှစ်ခွ ကင်းမြီးကောက်ရှိပေါင်တို့ ဖြစ်ကြ၏။ ယင်းတို့နှစ်ယောက်မှာ သာမန်အဝတ်အစားများနှင့် ဖြစ်ပြီး ဗဟိုဌာနချုပ်ကို ကာကွယ်နေကြ၏။ ယင်းတို့နောက်မှ မြင်းကောင်းကောင်း ကုန်းကောင်းကောင်းကို စီး၍ ဆုပေးဒဏ်ပေး တာဝန်ခံနှစ်ဦးက ဆက်လက် လိုက်ပါ လာ၏။ ထိုသူတို့မှာ လက်မြောက်သူရှောင်ရန်းနှင့် ဗိုလ်သီလဖေရွှန်းတို့ ဖြစ်ကြ၏။

သူတို့နောက်မှာ အတန်းနှစ်တန်းအဖြစ် တန်းစီထားသော တောပုန်းနှစ်ဆယ့်လေးဦး ရှိ၏။ ဘယ်ဘက်အတန်းရှိ ရွှေလုံ့ကိုင်များကို မြင်းစီးကာ ရွှေလုံ့ ကိုင်ထားသော တပ်မှူး တဦးက ဦးဆောင်၏။ သူကား ချိတ်လုံ့ဗိုလ်ရှုနင် ဖြစ်၏။ ညာဘက်ရှိ ငွေလုံ့ကိုင်များကိုမူ နတ်မြားရှင်ဟွရုံက ဦးဆောင်၏။ ခေါင်းဆောင်နှစ်ဦးမှာ ရည်မွန်သော်လည်း ခန့်ညား ကြောက်ရွံ့ဖွယ်လည်း ဖြစ်၏။ လုံ့ကိုင်စစ်သည်များက ပိုးဖျင်ဇာပါး အနက်ရောင်ခေါင်းပေါင်း များကို ပေါင်းထားပြီး ကျောက်စိမ်းရွက်များ ပါသော ရွှေပန်းခိုင်များကို နားတွင် ပန်ထား ကြ၏။ ရွှေလုံ့ကိုင်များက အစိမ်းရောင်၊ ငွေလုံ့ကိုင်များက မရန်းရောင် အသီးသီး ဝတ်ဆင်ထား၏။

နောက်ပိုင်းတွင်လည်း ပိုးထည်များ၊ ရောင်စုံဦးထုပ်များ ဝတ်ထားသည့် သူများ၊ ပန်းရောင် ဝတ်လုံများ၊ ပန်းထိုးအင်္ကျီတိုများ ဝတ်ထားသည့် လူအုပ်စုများကို လှမ်း၍ မြင်ရ၏။ ကျောက်စိမ်းရောင် တံများ၊ ကြက်သွေးရောင် ကနားဖျင်းများ၊ ထီးနက်များ၊ အဝါရောင် ပုဆိန်များ၊ အဖြူရောင်သားမြီးယပ်များ၊ လွင့်မျောနေသော အစိမ်းရောင်များ ၊ လက်လက် ထနေသော မရန်းရောင်များတို့ကို တွေ့ရပြီးနောက် လုံ့ပုဆိန်ကိုင် နှစ်ဆယ့် လေးဦး ရင်ပေါင်တန်း စီထားသည်ကို မြင်ရ၏။ ယင်းနောက်တွင် ရွှေချည်ထိုး ထီးသုံးလက် နှင့် ပွင့်ဖော် ဖဲထည်များဖြင့် ဆင်ယင်ထားသော မြင်းကောင်းသုံးစီးတို့က ရင်ပေါင်တန်း စီထားကြပြီး သူတို့နောက်မှာ တုတ်ရှည်ကိုင် နှစ်ဆယ့်လေးဦးက နှစ်ယောက် တတွဲတွဲကာ ရင်ပေါင်တန်း တန်းစီထား၏။

အလယ်ကောင်ရှိ မြင်းကြီးရှေ့တွင် မားမားကြီး ရပ်နေသူနှစ်ဦးတို့အနက် ဘယ်ဘက်ရှိလူရည်မွန်မှာ နတ်ခြေမြန်ထိုက်ချုံ ဖြစ်၏။ "အမိန့်"ဟု စာတန်းရေးထားသော ငန်းပေါက်စ အဝါရောင်အလံကို ကိုင်ဆောင်ထား၏။ သူကား

စစ်ဘက်ဆိုင်ရာ သတင်းများကို တင်ပြရန်၊ တပ်များ လှုပ်ရှားရန်အတွက် ညွှန်ကြားချက်များကို ပေးပို့ရန် တာဝန်ရှိသူ ဖြစ်၏။

ညာဘက်က လူကား ထူးခြားလှသော ရုပ်ရည်ပိုင်ရှင် ဖြစ်၏။ လျှို့ဝှက်လှုပ်ရှားမှု များတွင် ကျွမ်းကျင်သည့် လူချောလူခန့် လူရည်ချွန်လေးယန်ချင်းပင် ဖြစ်၏။ ကျောတွင် လေးသန်သန်တလက်နှင့် မြားကျည်တောက်ကို လွယ်ထား၏။ မျက်ခုံးထိ မြင့်သော သိုင်းတုတ်ကို ကိုင်ထား၏။ သူ၏တာဝန်မှာ ဗဟိုတပ်မ၏ လုံခြုံရေးပင် ဖြစ်၏။

တပ်တော်၏ ညာဘက်အစွန်းရှိ ရွှေချည်ထိုး ပိုးဗိတာန် အပြာအောက်တွင် အဖိုးတန် ကကြိုးတန်ဆာများ ဆင်ထားသည့် မြင်းကြီးကို စီးထားသူမှာ တိမ်နဂါးကုန်ဆွန်ရှန်း ဖြစ်၏။ သူ၏ တန်ခိုးမှာ ထက်လှသဖြင့် လေကိုခေါ်နိုင်သူ၊ မိုးကို ရွာစေသူ၊ ဘီလူးများကို ခိုင်းနိုင်သူ ဖြစ်၏။ သူ၏ကျောတွင် ဓားကောင်းနှစ်လက်ကို လွယ်ထားပြီး ပိုးချည်မြင်းဇက်ကြိုးများကို ကိုင်ထား၏။

ဘယ်ဘက်အစွန်းတွင်မူ အထက်ပါနည်းတူ ဗိတာန်အပြာအောက်ရှိ မြင်းကြီးကို စီးထားသူမှာ ဉာဏ်ရွှင်ကာ အမြဲတမ်း အောင်မြင်နေသော မဟာဗျူဟာပညာရှင် ဝိဇ္ဇာခိုရ် ဝုရုံ ဖြစ်၏။ ငှက်မွေးယပ်တောင်ကို ကိုင်ထားပြီး ကြေးညိုကွင်းဆက်ကြိုးတစုံမှာ သူ့ခါးမှ တွဲလောင်းကျနေ၏။

ယင်းတို့ နှစ်ဦး၏ အလယ်တည့်တည့်နေရာတွင် ဗိတာန်အနီရောင်အောက်ရှိ ညမှာ လင်းတဲ့ ကျောက်စိမ်းဖြူခြသေ့် ဟုခေါ်သော မြင်းကြီးကို စီးထားသူမှာ ချိန်မှန်မိုးဟု ခေါ်ကြသူ၊ သစ္စာရှိသူ၊ တော်တည့်မှန်ကန်သူ တပ်မှူးချုပ်စုန်ကျန့် ဖြစ်၏။ သံချပ်ကာ အပြည့် အစုံကို ဝတ်ထားပြီး အကောင်းဆုံး ကွန်ဂူသံဖြင့် လုပ်ထားသော ဓားတချောင်းကို ဆောင် ထား၏။ ရွှေကကြိုးတန်ဆာများ ဆင်ထားသော မြင်းဖြူကြီးကို စီးကာ စစ်မြေပြင်ကို စောင့်ကြည့်ပြီး ဗဟိုတပ်ကို ညွှန်ကြားနေ၏။

သူ့နောက်တွင် လက်ထောက်ဗိုလ် သုံးဆယ့်ငါးဦးက စစ်မြင်းများကို စီးကာ လှံ၊ပုဆိန် များ၊ ဓားများ၊ လေးမြားများကို ကိုင်ဆောင်ထား၏။ ထို့နောက်တွင်မူ ခရာသမားနှစ်ဆယ့် လေးဦး ပါဝင်သည့် စစ်တီးဝိုင်း ရှိ၏။ စစ်မြေပြင်၏နောက်တွင်မူ ဘာမထီတပ်သားများက ကင်းပုန်းဝပ်နေကြ၏။

ဘယ်ဘက် နံကာတပ်ကို ဒေါနကြီးမူဟုန်နှင့် သူ့ညီ မူချွန်းတို့က ဦးစီးပြီး၊ အင်အားမှာ တထောင့်ငါးရာ ပါရှိ၏။ အင်အား အတူတူဖြစ်သည့် နံကာတပ်ကို မွေးနီလျူထန်နှင့် လိပ်ပွေ ညှပ်မီး တောက်ချုံဝမ်းတို့က ဦးစီးလာ၏။

နောက်ပိုင်းတွင် အမျိုးသမီးမြင်းသည် တပ်ဖွဲ့ရှိပြီး သံမဏိတာက

အလယ်ကောင်တွင်၊ ဝဲဘက်တွင် ကျားမ မခု၊ ညာဘက်တွင် စုန်းမ မဆွန်တို့က ခေါင်းဆောင်၏။ သူတို့၏နောက် တွင် သူတို့၏ ခင်ပွန်းများဖြစ်ကြသော ဗိုလ်ကျားပုဝမ်ယင့်၊ ဗိုလ်ချုပ်လေးဆွန်ရှင့်၊ ဥယျာဉ် မှူးကျန်ချင်းတို့က နောက်ရံတပ်ကို ဦးစီးထားကြ၏။

တောပုန်းတပ်၏ ခြေသည်မြင်းသည် စုစုပေါင်းအင်အားမှာ နှစ်သောင်းခန့်သာ ရှိ၏။ သို့သော် ယင်းတို့၏ တပ်အခင်းအကျင်းကို လျှော့မတွက်သင့်ပေ။ စင်မြင့်ပေါ်ရှိ ကွပ်ကဲမှု နေရာမှ တုန်ဂွမ်သည် အဋ္ဌဂံအတွင်းတွင် တပ်ဖွဲ့ကိုးခုကို ဖွဲ့ထားသော တောပုန်းခြေသည် မြင်းသည်တို့၏ ရဲရင့်မှုကို မြင်ရသောအခါ ကြောက်ရွံ့သွားပြီး လိပ်ပြာစဉ်မတတ် ဖြစ် သွား၏။ သူ့နှလုံးသားလည်း ပြုတ်ကျသွား၏။ သူက အော်လိုက်မိ၏။

“ငါတော့ နားမလည်တော့ဘူး။ အစိုးရတပ်တွေက ဒီတောပုန်းတွေကို ဖမ်းမယ် ကြံတိုင်း ဘာလို့ အနိုမ်နင်းခံရလဲ။ သူတို့ ဘယ်လောက် ဖြိုဖို့ ကောင်းလို့လဲ”

ထိုသို့ အကြာကြီး ရပ်ကြည့်နေစဉ်အတွင်း စုန်ကျန့်တို့၏ တပ်မှ စစ်စည်စစ်မောင်းများ မှန်မှန်တီးနေသည်ကို ကြားရ၏။ စင်မြင့်ပေါ်မှ ဆင်းကာ မြင်းကို တက်စီးပြီး တပ်ရှေ့သို့ ထွက်ခဲ့၏။ သူ့စစ်ဗိုလ်ချုပ်များကို မေးလိုက်၏။

“ဘယ်သူထွက်ပြီး စီးချင်းတိုက်ဖို့ စိန်ခေါ်ရဲသလဲ”

ရှေ့ပြေးတပ်မှူးတယောက်က မြင်းပေါ်ခုန်တက်ပြီး တုန်ဂွမ်ကို ဦးညွှတ်လိုက်၏။

“ကျွန်တော် ဝမ်းမြောက်ဝမ်းသာ တိုက်ပါ့မယ်။ အမိန့်ပေးပါ”

ထိုသူမှာ ကျင်းကျို့ပြည်နယ်မှ ခရိုင်တပ်မှူးချင်ရှူ ဖြစ်၏။ အဖြူရောင်ဝတ်လုံနှင့် ငွေ ချပ်ဝတ်များကို ဝတ်ဆင်ထား၏။ သူ့မြင်းမှာ ဖောင်းဝတ်ဖြစ်ပြီး အညိုရောင်ပန်းများနှင့် ဆင်ယင်ထား၏။ အရိုးရှည်ဓားကို ကိုင်ဆောင်ထားသော ချင်ရှူမှာ ရှေ့ပြေးတပ်၏ လက် ထောက်တပ်မှူးလည်း ဖြစ်ပေ၏။

ရွှေစည်များကို သုံးကျော့မျှ တီးစေ၏။ စင်မြင့်ပေါ်ရှိ ရှေ့ပြေးတပ်အလံနီကို ချိုးခိုင်း လိုက်၏။ ချင်ရှူလည်း မြင်းကို ဒုန်းစိုင်းစီးကာ ထွက်သွား၏။ နှစ်ဖက်တပ်များက ဩဘာ ပေးလိုက်ကြ၏။ ချင်ရှူက မြင်းကို ဇက်သတ်လိုက်ကာ ဓားကို ဆန့်ထုတ်လိုက်၏။ “ကောက်ကျစ်တဲ့ ဓားပြတွေ၊ သစ္စာဖောက်တွေ၊ သူပုန်တွေ။ မင်းကြီးရဲ့စစ်သည်တော် တွေ ရောက်နေပြီ။ မြန်မြန် လက်နက်ချကြ။

မဟုတ်ရင် မင်းတို့ အရိုးတွေ အသားတွေ စိစိညက်ညက် ကျေပြီး ရွံ့ဖြစ်သွားလိမ့်မယ်”

တောပုန်းတို့ ခင်းကျင်းထားသည့် တပ်တောင်ဘက်စွန်းမှ ရှေ့ပြေးတပ်မှူး မိုးကြိုးသွား ချင်မင်းသည် စီးချင်းတိုက်မည့် ကွင်းသို့ မြင်းကို ဒုန်းစိုင်းစီးလာ၏။ ဘာတခွန်းမျှ မပြောဘဲ ချင်ရှူထံသို့ တိုက်ရိုက်ပင် သွားလေ၏။ မြင်းချင်း ဆုံကြ၊ လူချင်းတွေ့ ကြလေပြီ။ တင်းပုတ် နှင့် ရိုက်ကြ၊ ဓားနှင့် ခုတ်ကြလေပြီ။ လက်လေးဖက်က ယှဉ်ပြိုင်နေကာ ခွာရှစ်လုံးက မြေပြင်ကို မွှေနှောက်နေလေပြီ။

တက်တုံ သက်တုံဖြင့် အချီနှစ်ဆယ်ကျော် တိုက်ကြ၏။ ချင်မင်းက ဆုတ်ယောင်ပြ လိုက်ရာ ချင်ရှူက ဝင်ခုတ်လိုက်၏။ လေဟာပြင်ကိုသာ ခုတ်မိသွား၏။ မိုးကြိုးသွားက သူ့ တင်းပုတ်ကို မြှောက်ကာ အားကုန်နှက်ထည့်လိုက်ရာ ရန်သူ၏ သံခမောက်နှင့်တကွ ဦးခွံပါ တချက်တည်းနှင့် ကွဲကြေသွားလေ၏။ ချင်ရှူလည်း သူ့မြင်း၏ ခြေများကြားတွင် အသက်ပျောက်ရလေ၏။ ချင်မင်း၏လက်ထောက် ရေဗိုလ်ချုပ်နှင့် မီးဗိုလ်ချုပ်တို့က ရန်သူ၏ မြင်းကို လာဆွဲယူကာ ချင်မင်းကို စောင့်ရှောက်ပြီး ပြန်ခေါ်သွားလေ၏။

အရှေ့တောင်ဘက်ရှိ လုံနှစ်စင်းဗိုလ်တုန်ပင်းကလည်း ချင်မင်း စီးချင်းထိုးပုံကို ကြည့်ကာ စဉ်းစားနေ၏။ “အစိုးရတပ်တွေတော့ ကြောက်ဒူးတုန်ကုန်လောက်ပြီ၊ တုန်ဂွမ်ကို အတင်းဝင်ဖမ်းဖို့ အချိန်ကောင်းပဲ”

ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ကာ လှံများကို ဝဲယာကိုင်လျက် မြင်းကို ဒုန်းစိုင်းကာ ကွင်းပြင်ကို ဖြတ်၏။ တုန်ဂွမ်လည်း မိမိတပ်ထုထဲသို့ ဝင်ပြေးလေ၏။ ထိုစဉ် အနောက် မြောက်ဘက်မှ ရှေ့ပြေးခြေမြန်စိုကျောက်က ထ၍ အော်၏။

“တုန်ဂွမ်ကို ဖမ်းကြမယ်။ ဘာကြည့်နေကြတာလဲ” သူ့ပုဆိန်ကြီးကို ဝှေ့ယမ်းကာ မြင်းဒုန်းစိုင်း၍ ထွက်၏။

အစွန်းနှစ်ဖက်စလုံးကပင် စတင်လှုပ်ရှားနေပြီဖြစ်ရာ ချင်မင်းက သူ့မြင်းတပ် အနီ တတပ်လုံး တက်၍ တုန်ဂွမ်ကို ဖမ်းရန် အမိန့်ပေးလိုက်၏။

မှန်ပေ၏။ စစ်ဝန်ကြီးကား အကုသိုလ်ဝင်ပေပြီ။ စာသူငယ်ကို သိန်းငှက်များ လိုက် သလို၊ သိုးသူငယ်ကို ကျားများ လိုက်သလို လိုက်ကြလေပြီ။ စစ်ဝန်ကြီးတုန်ဂွမ်၏ ကြမ္မာ မည်သို့ ရှိပါမည်နည်း။ သိလိုလျှင် နောက်တခန်းကိုဖတ်ပါလေ။

အခန်း - ၇၇

လျှံရှန်းတောင်ရိုးသားများ ပတ်ပတ်လည်မှ ချုံခိုတိုက်ခြင်း

စစ်ဝန်ကြီးတုန်ဂွမ်ကို စုန်ကျန့်က နှစ်ကြိမ်တိုင် နှိမ်နင်းခြင်း

စုန်ကျန့်၏ ရှေ့ပြေးတပ် သုံးတပ်သည် ကွင်းကိုဖြတ်ကာ လိုက်၏။ တုန်ဂွမ်၏ တပ်ကို ထယ် ထိုးသလို အတင်းဝင်၍ ခွဲကာ ဓားများ၊ ပုဆိန်များဖြင့် ခုတ်ထစ်ကာ နှိမ်နင်းကြ၏။ အများ အပြား သေကျေကြသဖြင့် အစိုးရတပ်များလည်း လက်နက်ပစ္စည်းများကို ပစ်ချကာ အော်ဟစ်၍ ကစဉ့်ကလျား ထွက်ပြေးကြလေ၏။ စစ်သည်အင်အား တသောင်းကျော် သေကျေ၏။ ကျန်သူများမှာ လီသုံးဆယ်ခန့်အထိ ထွက်ပြေးပြီးမှ ရပ်ကာ စခန်းချကြ၏။

ဝုရုံက လူစုခရာကို မှုတ်စေ၏။ "မလိုက်နဲ့တော့၊ မသတ်နဲ့တော့၊ ဒါက နမူနာပေးတာ" ဟူသော အမိန့်ကိုလည်း ထုတ်ပြန်သည်။ တောပုန်းများလည်း စခန်းသို့ပြန်ကာ မိမိတို့၏ လုပ်ဆောင်မှုများကို တင်ပြကာ ဆုခံယူကြ၏။

တုန်ဂွမ်လည်း သူ့တပ် အကျအဆုံးများလှသဖြင့် စိတ်မသက်မသာဖြစ်ကာ သူ၏ စစ်ဗိုလ်ချုပ်များကို အစည်းအဝေး ခေါ်၏။ ဖိန့်မေနှင့် ပိရှိန်တို့က နှစ်သိမ့်ကြ၏။

"စိတ်မပူပါနဲ့ ဝန်မင်း၊ ဒီတောပုန်းတွေက ကျွန်တော်တို့ လာမယ်ဆိုတာကို ကြိုသိရတော့ တိုက်ပွဲအတွက် ကြိုပြီးနေရာယူထားဖို့ အချိန်ရတယ်လေ။ ကျွန်တော်တို့တပ်တွေ ကတော့ ဒီကအခြေအနေတွေနဲ့ အကျွမ်းမဝင်သေးဘူးလေ။ ဒီတော့ သူတို့က လှည့်စား နိုင်တာပေါ့။ ဒီတောင်ရိုးကို အခြေပြုပြီး တပ်တွေကို အမျိုးမျိုး နေရာရွှေ့ပြောင်းနိုင်တာပေါ့။ အခုဟာကလည်း မြေပြင်အနေအထားကြောင့် ကြုံတွေ့ရတဲ့ ယာယီအားနည်းချက်ပါ။ ဒီတော့ အချိန်သုံးရက်လောက် ယူပြီး တပ်တွေကို ပြန်လည်ဖွဲ့စည်းရမယ်။ လူတွေလည်း စိတ်ဓာတ်ပြန်တက်လာမယ်။ မြင်းတွေလည်း အနားရမယ်ပေါ့။ ပြီးရင် တပ်တွေအားလုံးကို ခြေလျင်ပဲ တပ်တန်းအရှည်ကြီး ထိုးပြီး တက်မယ်လေ။ မြွေကြီးလိုပေါ့။ ခေါင်းကို လာတိုက် ရင် အမြီးက လာကူမယ်၊ အမြီးကို လာတိုက်ရင် ခေါင်းက ကူမယ်။ အလယ်ကောင်ကို လာ တိုက်ရင်တော့ ခေါင်းရော အမြီးပါ လာကူမယ်ပေါ့။ ဘယ်အပိုင်းမဆို တခုလုံးရဲ့ အစိတ် အပိုင်း ဖြစ်ရမယ်ပေါ့။ နောက်တပွဲဆို ကျွန်တော်တို့ နိုင်မှာပါဗျာ"

"ဒါ တကယ်ကောင်းတဲ့အကြံပဲ ဗျ။ ကျုပ်လည်း ဒီလိုပဲ စဉ်းစားထားတယ်"

လိုအပ်သလို အမိန့်များကို ထုတ်ပြန်၏။ စစ်သည်များကို ပြန်လည် စုဖွဲ့ကာ လေ့ကျင့် ပေးလေ၏။

တတိယနေ့တွင် ည ပဉ္စမယံ၌ အစိုးရတပ်များ အိပ်ရာမှ ထကာ မနက်စာများကို အားပါးတရ စားသောက်ကြ၏။ မြင်းများကို သားရေချပ်ဝတ်များကို ဝတ်ပေးကာ လူများ ကမူ သံပြားများကို ဝတ်ကြရ၏။ ဓား၊ လှံ၊ ပုဆိန်၊ လေးမြားများကို အသင့်ပြင်စေ၏။ မှန်ပေ၏။ လက်နက်များက ရေစီးသန်သော စမ်းချောင်းနှယ် စီးဆင်းပြီး၊ လူနှင့် မြင်းတို့က လေပြင်းအလား လျင်မြန်လှ၏။

ဗိုလ်ချုပ်ဖိန့်မေနှင့် ပိရှိန်တို့က ဦးဆောင်ကာ ဝင့်ကြွား တက်ကြွနေသော အစိုးရတပ် များသည် လျှံရှုန်းကျူအင်းသို့ ချီတက်သွားကြ၏။ စစ်ကြောင်း ရှစ်ကြောင်းကို ဘယ်နှင့် ညာ ဟု ခွဲထား၏။ ချပ်ဝတ်မြင်းလျင် ကင်းထောက် သုံးရာကို အရင်လွှတ်လိုက်၏။ အချိန် အတန်ကြာသောအခါ ပြန်လာပြီး တုန်ဂွမ်ကို သတင်းပို့၏။

"ဟိုနေ့က တိုက်ခဲ့တဲ့ ကွင်းထဲမှာ ရန်သူတယောက်ကိုမှ မတွေ့ခဲ့ဘူး"

ဝန်မင်းလည်း စစ်ဗိုလ်ချုပ်များကို ခေါ်ကာ တိုင်ပင်၏။ "ပြန်ဆုတ်ကြမလား"

ဖိန့်မေက-

"ယောင်လို့တောင် မစဉ်းစားပါနဲ့ဗျာ။ ဆက်ပြီးသာ တိုးနေပါ။ ဒီ မြွေကြီးလင်းမြွေ စစ်ဆင်နည်းမှာ ဘာမှ ကြောက်စရာ မရှိပါဘူး"

အစိုးရတပ်လည်း ကွေ့ကာကောက်ကာ ချီတက်လာရာ အင်းအစပ်သို့ပင် ရောက်လာ လေ၏။ ရန်သူဆို၍ တယောက်မျှ မမြင်ရ။ ရေပြင်နှင့် ကျူပင်များကိုသာ မြင်ရ၏။ အဝေး ဆီမှ တောင်ပေါ်စခန်းတွင်မူ တည်သီးအဝါရောင် တံခွန်ကြီးကို ဖြေချမထားဘဲ လိပ်၍ ထားသည်ကိုသာ မြင်ရ၏။ သို့သော် လှုပ်ရှားမှုဟူ၍ကား မမြင်ရပေ။

လှေကလေးတစီး တဖက်ကမ်းခြေ ကျူတောထဲမှ မျှောထွက်လာ၏။ လှေပေါ်တွင် ပါလာသော တယောက်တည်းသော သူမှာ ခမောက်ချွန်ချွန်ကို ဆောင်းကာ အုန်းဆံ ဝတ်ရုံကို ခြုံထားလေ၏။ အစိုးရတပ်များကို ကျောပေးကာ ငါးမျှားနေလေ၏။

စစ်သားများက အော်မေးကြ၏။ "ဓားပြတွေ ဘယ်မှာလဲ"

သူက ပြန်မဖြေ။ တုန်ဂွမ်က လေးသမားများကို ပစ်ခိုင်းလိုက်၏။ မြင်းသည်နှစ်ဦး ရေစပ်ကို ဆင်းလာကာ မြားတပ်ပြီး ပစ်လိုက်၏။ ပထမမြားမှာ ခမောက်ကို သွားမှန်ရာ ဒင်ခနဲ အသံမြည်ကာ ရေထဲသို့လွင့်ကျသွား၏။ ဒုတိယမြားမှာ အုန်းဆံဝတ်ရုံကို ကလောင် ခနဲမြည်အောင် သွားမှန်ပြီး ရေထဲသို့ လွင့်ကျသွားပြန်၏။

အတော်ဆုံးဖြစ်သော ဤ လေးသမားများသည်လည်း အလန့်တကြားဖြစ်သွားပြီး မြင်းကိုလှည့်၍ ကုန်းနီးပေါ်မှပင် အရိုအသေပြုကာ “မြားနှစ်စင်းလုံး ထိပေမယ့် ဖောက် မဝင်ဘူး။ ဒီကောင် ဘာဝတ်ထားလဲ မသိဘူး” ဟု ပြော၏။

တုန်ဂွမ်က ရှေ့ပြေးမြင်းတပ်မှ လေးသည်ကျော် သုံးရာကို ခေါ်လိုက်၏။ ယင်းတို့က မြစ်ကမ်းစပ်တလျှောက်ဖြန့်ကာ တပြိုင်တည်း ပစ်လိုက်ကြ၏။ တံငါသည်မှာကား လုံးဝ မတုန်မလှုပ်။ မြားအများစုက လှေဆီသို့ မရောက်ပေ။ ရောက်သည့် မြားများအနက် ခမောက်နှင့် ဝတ်ရုံကို မှန်သော မြားများမှာ ခေါက်ခနဲ ပြန်၍ လွင့်စဉ်ကုန်၏။

မြားနှင့် သတ်၍ မသေသောကြောင့် လူကို လွှတ်ကာ ဖမ်းစေ၏။ လူ လေးဆယ် ငါးဆယ်လောက်က ချပ်ဝတ်များ၊ အဝတ်များ ချွတ်ကာ မြစ်ထဲသို့ ဒိုင်ဗင်ထိုးဆင်းကြ၏။

ပွဲပိုင်းမှ အသံများကြားရခြင်းကြောင့် သူတို့လာနေမှန်း တံငါသည် သိ၏။ ငါးမျှားတံကို ချကာ တက်ကို ကောက်ကိုင်၏။ ရေကူးပြီး ချဉ်းကပ်လာသူ မှန်သမျှ၏ ခေါင်းကို၊ နားထင်ကို၊ နဖူးကို တက်နှင့်ရိုက်ခွဲပြီး လှိုင်းများအောက်သို့ ပို့လိုက်၏။ ကျန်သောသူများလည်း ပြန်ကူး ပြေးကာ မိမိတို့၏ အဝတ်များ၊ ချပ်ဝတ်များကို အလုအယက် ရှာ၍ ဝတ်ကြ၏။ တုန်ဂွမ်ကား ဒေါသထွက်လျက် ရှိနေပြီ။ စစ်သည်ငါးရာကို ထပ်ခေါ်ပြီး တံငါသည်ကို ဖမ်းခဲ့ရန်၊ ပြန်ဆုတ်လာသူ၏ ကိုယ်ခန္ဓာကို နှစ်ပိုင်းပိုင်းပစ်မည်ဟု အမိန့်ထုတ်၏။ စစ်သည် များလည်း ရေစပ်တွင် အဝတ်ချွတ်ကာ ခုန်ချကြ၏။ တံငါသည်လည်း လှေကို ဦးလှည့်ကာ ကမ်းပေါ်ရှိ တုန်ဂွမ်ကို လက်ညှိုးထိုးလိုက်ပြီး-

“သူခိုး အမတ်ကြီး၊ တိုင်းပြည်ဖျက်ပြီး လူထုကို နှိပ်စက်တဲ့ ကောင်ကြီး၊ သေချင်လို့ ဒီကို လာတာလား။ ကိုယ့်ကိုယ်ကိုယ် သေတွင်းထဲ ရောက်နေမှန်း မသိသေးဘူးလား”

တုန်ဂွမ်လည်း လေးသမားများကို ထပ်၍ ပစ်ခိုင်းပြန်၏။ တံငါသည်က ရယ်၏။ “ဒီမြားတွေ ရောက်မလာပါဘူး” ဟုဆိုကာ ခမောက်နှင့် ဝတ်ရုံကို လှစ်ခနဲနေအောင် ချွတ်၍ ရေနက်ထဲသို့ ဦးစောက်ထိုးဆင်းကာ ငုပ်သွား၏။

စစ်သည်ငါးရာလည်း လှေသို့ ရောက်လာကြလေပြီ။ ထိုစဉ် ကြောက်လန့်တကြား အော်သံများ ထွက်လာကာ စစ်သည်များ ရေထဲနစ်ကုန်ကြ၏။ အကြောင်းမှာ ထိုတံငါသည် မှာ ဒီလိုင်းဖြူချန်ရှန်း ဖြစ်၏။ သူ့ခမောက်နှင့် ဝတ်ရုံအောက်တွင် ကြေးညိုခမောက်နှင့် ကြေးညိုချပ်ဝတ်ကို ခံ၍ ဝတ်ထား၏။ ထို့ကြောင့် အခွံထဲတွင် ဝင်နေသော လိပ်ကဲ့သို့ မြား ဒဏ်ကို သူ ခံနိုင်ခြင်းဖြစ်၏။ ယခုအခါ စစ်သားများကို တယောက်ပြီး တယောက် ဓားမြှောင် နှင့် ထိုးသတ်နေပေရာ မြစ်ရေမှာ ခြင်းခြင်းနီလာလေ၏။ တတ်နိုင်သူတို့ သာလျှင် အသက် ဘေးမှ လွတ်ကြ၏။ တုန်ဂွမ်မှာ အံ့အားကြီးသင့်ကာ ကြောင်တောင်ငေးနေလေ၏။

"ဟိုမှာ တောင်ထိပ်က တံခွန်ကြီး လှုပ်လာပြီ"

ဝန်မင်းက ချောင်းကြည့်၏။ သို့သော် သူရော သူ့စစ်ဗိုလ်ချုပ်များပါ ယင်း၏ အဓိပ္ပာယ် ကို နားမလည်နိုင်ကြပေ။ ဖိန့်မေက အကြံပြု၏။

"သံချပ်ကာ မြင်းစီးသုံးရာကို နှစ်စုခွဲပြီး တောင်ကို နှစ်ဖက်က ပတ်ပြီး တောင်နောက် ကို ကြည့်ခိုင်းရင် ဘယ်လိုနေမလဲဗျ"

သို့သော် မြင်းသည်များ တောင်နှင့် နီးလာသောအခါ ကျူတောထဲမှ အမြောက်သံ ထွက်လာလေ၏။ မီးခိုးများသည်လည်း ပျံ့လာလေ၏။ မြင်းတပ်လည်း အမြန် ပြန်ခွာရ လေ၏။ "အဲဒီမှာ ချုံခိုတိုက်ဖို့ စောင့်နေတယ်" ဟု သတင်းပို့ကြ၏။

တုန်ဂွမ်လည်း ကြက်သေသေနေလေပြီ။ ဖိန့်မေနှင့် ပိရှိန်တို့က သူတို့လူများကို ခွာရန် အမိန့်ပေးရ၏။ စစ်သည်အထောင်အသောင်းမှာ လက်နက်ကိုင်ကာ အသင့်စောင့်နေ ကြ၏။ မြင်းစီးဆက်သားများက တပ်ဦးတပ်ဖျားအနှံ့ ဒုန်းစိုင်းစီးကာ "ပြေးတဲ့လူကို ကွပ်မျက်မယ်" ဟု အော်ကာ သတိပေးနေကြ၏။

ထိုသို့ ကြည့်နေစဉ်တွင် တောင်နောက်ဘက်မှ စည်တီးသံများ ဟိန်း၍ ထွက်လာ၏။ ညာသံပေးလိုက်သည်မှာလည်း မိုးကောင်းကင်ပင် တုန်လှုပ်သွားရ၏။ သူရဲကောင်းနှစ်ဦး ခေါင်းဆောင်သော တံခွန်အဝါရောင် ကိုင်ထားသည့် တောပုန်းတပ်ဖွဲ့ကြီးတခု ရှေ့သို့ ပြေးတက်လာလေ၏။

ရွှေညိုရောင် မြင်းကြီးများကို စီးကာ ခေါင်းဆောင်လာသူများမှာ မုတ်ဆိတ်ချုံတုံနှင့် သူ့လက်ထောက် ကျားပျံလွေ့ဟုန်တို့ ဖြစ်ကြ၏။ သူတို့နှင့်ပါလာသော ခြေသည်အင်အား ငါးထောင်မှာလည်း အစိုးရတပ်များကို ချေမှုန်းချင်နေကြ၏။ တုန်ဂွမ်၏ အမိန့်အရ ဖိန့်မေ နှင့် ပိရှိန်တို့က ရန်သူကို ထွက်၍ ရင်ဆိုင်ကြ၏။ ကွင်းထဲတွင် မြင်းများကို ရပ်ထားပြီး လက်နက်အသင့်ပြင်ထားရင်း

လှမ်း၍ ဆဲကြ၏။

"လက်နက်ချကြ၊ ဥပဒေမဲ့တဲ့ ခားပြကောင်တွေ ဘာစောင့်နေတာလဲ"

လွေ့ဟုန်က ရယ်လိုက်ပြီး ပြန်အော်၏။

"သေမင်းက မင်းတို့ မျက်ခွက်ရှေ့မှာ ရောက်နေပြီကွ။ ငမိုက်သားတွေ၊ ဒါတောင် မသိကြဘူး။ ငါတို့နဲ့များ လာတိုက်ရဲကြသလား"

ပိရှိန်မှာ ဒေါသထွက်ထွက်ဖြင့် ကွေ့ဟုန်ကို လှံနှင့်ချိန်ကာ မြင်းကိုမောင်း၏။ ကျားပုံ ကလည်း သူ့မြင်းကို ဖနောင့်နှင့် ကြိတ်လိုက်၏။ မြင်းနှစ်စီး ဆုံကာ လက်နက်နှစ်ဖက် ခိုက်မိကြလေပြီ။ အချီနှစ်ဆယ်ကျော် တိုက်ပြီးသော်လည်း မည်သူ့ကို မည်သူမျှ အနိုင်မပေါ် သေးပေ။ ပိရှိန် မနိုင်နိုင်ကြောင်း ဖိန့်မေက သိ၏။ ထို့ကြောင့် ခားကိုဝှေ့ကာ တိုက်ပွဲတွင် ဝင်ပါ၏။ ချူတုံက တချက်အော်လိုက်ပြီး ဖိန့်မေထံသို့ မြင်းဒုန်းစိုင်းကာ ဝင်၏။ မြင်းလေးစီး၊ တိုက်ပွဲဝင်သူ နှစ်တွဲတို့ စစ်မြေပြင်တွင် လှလှပပကြီး တိုက်ခိုက်နေကြ၏။ တုန်ဂွမ်လည်း ဟင်ခနဲ ဟာခနဲ အာမေဋိတ်သံများ ပြုမိသည်အထိ သဘောကျလျက် ရှိ၏။

ပြိုင်ပွဲအရှိန်တက်လာလေပြီ။ နောက်ဆုံးတွင် ချူတုံနှင့် လွေ့ဟုန်တို့က မြင်းကို လှည့် ကာ နောက်ကြောင်း ပြန်ပြေးမည် ပြုကြ၏။ လက်လွှတ်မခံလိုသော ဖိန့်မေနှင့် ပိရှိန်တို့က လိုက်ကြ၏။ တောပုန်းတပ်လည်း အော်ဟစ်ကာ တောင်နောက်ဘက်သို့ ဆုတ်ပြေးကြ၏။ တုန်ဂွမ်တို့တပ်လည်း အတင်းလိုက်လာကြရာ တောင်ခြေရင်းကို ကျော်သွားလေ၏။

တောင်ထိပ်ဆီမှ ခရာသံများ ထက်လာသဖြင့် အစိုးရတပ်များက မော့ကြည့်လိုက်မိ၏။ သူတို့ရှေ့မှရော နောက်မှပါ အမြောက်ဆန်များသည် လေချွန်သံများပေးကာ သူတို့ခေါင်းပေါ် မှ ဖြတ်သန်းနေကြ၏။ ရန်သူများ ကင်းပုန်းဝပ်နေကြကြောင်း တုန်ဂွမ် သိသွား၏။ တပ်ကို ရပ်ရန် သူက အမိန့်ပေးလိုက်၏။

ထိုစဉ် တောင်ထိပ်မှ တည်သီးအဝါရောင် တံခွန်ကြီးကို ဖြေချလိုက်ရာ "မိုးကောင်းကင် ကိုယ်စား ဆောင်ရွက်ကြ"ဟူသော စာတန်းကြီး ထိုးထားသည်ကို မြင်လိုက်ရ၏။ ရောင်စုံ ကြက်လျှာစွန်းများ တံခွန်များကြားထဲတွင် ရှန်တောင်နယ် ယွန်ကျင့်သား၊ တရားကို စောင့် ရှောက်သူ ကမ္ဘာကျော်သူရဲကောင်း စုန်ကျန့်ကို မြင်လိုက်ရ၏။သူ့နောက်တွင် ဝုရုံ၊ ကုန်ဆွန်ရှန်း၊ ဟွာရုံ၊ ရှုနင် ဟူသော သူ့ဗိုလ်ချုပ်များ၊ ရွှေလှံကိုင် ငွေလှံကိုင် စစ်သည်များ ရှိ၏။ တုန်ဂွမ်လည်း ဒေါသတကြီးဖြင့် စုန်ကျန့်တို့ကို တက်ဖမ်းရန် တပ်ဖွဲ့တဖွဲ့ကို စေလွှတ် လိုက်၏။

စစ်ကြောင်းနှစ်ကြောင်းက တောင်ပေါ်သို့ တက်ရန် ပြင်ဆင်နေစဉ်တွင် ဗုံတီးသံများနှင့် ဟားတိုက်ရယ်မောသံများ တောင်အောက်ကို ဆင်းလာ၏။ တုန်ဂွမ်မှာ ဒေါသ ထွက်လွန်းသဖြင့် အံကြိတ်လျက် -

“ဒီခေးပြတွေကများ ငါ့ကို လှောင်ရဲသလား၊ ငါကိုယ်တိုင် တက်ဖမ်းမယ်”

ဖိန့်မေက -

“ဝန်ကြီး၊ အစီအမံ ရှိရမယ်လေ။ ကိုယ်တိုင် မသွားပါနဲ့။ တပ်ကို ပြန်ခေါ်လိုက်ပါ။ ကျွန်တော် သွားကြည့်ပါ့မယ်။ ပြီးမှ ဆက်တက်ရမယ်”

“အဓိပ္ပာယ် မရှိလိုက်တာကွာ၊ ဒီလောက် လာခဲ့ပြီးမှ ဘာလို့ ဆုတ်ရမှာလဲ။ ခေးပြ တွေကို အမြန်ဆုံး တိုက်ဖို့ အမိန့်ပေးထားတာပဲ။ အခု တွေ့နေပြီလေ။ မဆုတ်နိုင်ဘူး” သူ့စကားမှ မဆုံးမီ နောက်ရံတပ်ဘက်မှ အော်သံများ ကြားရ၏။ ဆက်သား တယောက်က သတင်းလာပို့၏။“အနောက်ဘက် တောင်နောက်ကျောက တပ်ကြီးတတပ် ထွက်လာပြီး နောက်ရံတပ်တွေကို နှစ်ပိုင်းခွဲလိုက်ပြီ”

တုန်ဂွမ်က ဗိုလ်ချုပ်နှစ်ယောက်နှင့်အတူ ကယ်တင်ရန် သွား၏။ ထိုအခိုက်တွင် စစ် စည်သံများ ထွက်လာပြီး အရှေ့ဘက် တောင်နောက်ကျောမှ နောက်ထပ်တတပ် ထွက်လာ ပြန်၏။ တဝက်က တံခွန်အနီများ၊ ကျန်တဝက်က တံခွန်အပြာများကို ကိုင်လာကြ၏။ ခြေသည် မြင်းသည် အင်အားငါးထောင်ကို ဗိုလ်ချုပ်နှစ်ဦးက ဦးဆောင်လာ၏။

မိုးကြိုးသွားချင်မင်းက တံခွန်အနီများကို လည်းကောင်း၊ ကွမ်ရှိန်းက တံခွန်အပြာ များကို လည်းကောင်း ဦးဆောင်လာ၏။

ထိုသူနှစ်ယောက်က မြင်း ဒုန်းစိုင်းစီးလာကာ အော်ပြောလိုက်၏။ “တုန်ဂွမ်၊ မင်း ခေါင်းကို လာပေးစမ်း”

တုန်ဂွမ်က ကွမ်ရှိန်းကို တိုက်ရန် ဖိန့်မေကို၊ ချင်မင်းကို တိုက်ရန် ပိရှိန်ကို အသီးသီး လွှတ်လိုက်၏။ ဒေါသတကြီး အော်သံများကို နောက်ရံတပ်ဘက်မှ ပို၍ ကြားလာရသော် လည်း တုန်ဂွမ်က လူစုခရာကိုသာ မှုတ်စေ၏။ နောက်ရံတပ်ကို နောက်ဆုတ်ရန်သာ အမိန့်ပေးလိုက်၏။

ချူတုံနှင့် တွေ့ဟုန်သည် တကျော့ပြန်တိုက်လာပြန်၏။ ယခုတကြိမ်တွင်မူ နှစ်ဖက် ညှပ်ကာ တိုက်ခြင်းဖြစ်၏။ အစိုးရတပ်များလည်း အရှုပ်ရှုပ် အထွေးထွေး ဖြစ်နေလေပြီ။ ဖိန့်မေနှင့် ပိရှိန်တို့က တုန်ဂွမ်ကို စောင့်ရှောက်ကာ ထွက်ပြေးကြ၏။ အင်အားငါးထောင် ရှိသော တောပုန်းတပ်က သူတို့ကို လမ်းတွင် ဖြတ်၍ တိုက်၏။ ယင်းတပ်၏ တဝက်မှာ တံခွန်အဖြူများ၊ ကျန်တဝက်မှာ တံခွန်အနက်များ အသီးသီး

ကိုင်ထားကြ၏။ တံခွန်အဖြူ များကို ကျားသစ်ခေါင်းလင်ချိုး၊ တံခွန်အနက်များကို တင်ကျည်းနှစ်လက်ဟူယန်ကျို့တို့က အသီးသီး ခေါင်းဆောင်လာကြ၏။

ထိုသူနှစ်ယောက်က လှမ်း၍ အော်ကြ၏။ "အကျင့်ယုတ် တုန်ဂွမ်၊ မင်း ဘယ်ပြေးမလို့ လဲ။ လာ အသတ်ခံစမ်း"။ သူတို့က အစိုးရတပ်များထဲသို့ အတင်းဝင်လာကြ၏။

ဟူယန်ကျို့ကို ဗိုကျို့ခရိုင်တပ်မှူး တွမ်ပိန့်ကူက၊ လင်ချိုးကို ရှုကျို့ခရိုင်တပ်မှူး မာဝမ် လီက အသီးသီး ဝင်တိုက်ကြ၏။ သုံးလေးကျော့မျှ တိုက်အပြီးတွင် မာဝမ်လီမှာ အားမရှိတော့။ ထို့ကြောင့် လှည့်၍ အပြေးတွင် လင်ချိုးက ဟိန်းဟောက်လိုက်၏။ မာဝမ်လီလည်း ထိတ်ထိတ်ပျာပျာဖြစ်သွားရာ အငိုက်မိသွား၏။ လင်ချိုး၏ ခေးချက်ဖြင့် ဗိုက်ပေါက်သွားပြီး သူ့မြင်း၏ အောက်သို့ ကျကာ အသက်ပျောက်ရလေ၏။

တွမ်ပိန့်ကူလည်း သူ့ရဲဘော်၏အလောင်းကို မြင်ရသည်နှင့် တိုက်ချင်ခိုက်ချင်စိတ် ကုန်သွားလေ၏။ ဟူယန်ကျို့၏ တံကျည်းရိုက်ချက်များကို ပယ်ရင်း မြင်းကိုလှည့်ကာ ဒုန်းစိုင်း၍ ပြေးလေ၏။ ဟူယန်ကျို့ကလည်း လိုက်၏။

နှစ်ဖက်တပ်တော်များ ရင်ဆိုင်မိကြပြီး အနီးကပ် လုံးထွေးတိုက်ခိုက်ကြ၏။ တုန်ဂွမ် လည်း သူ့တပ်ထဲသို့ ရောက်အောင် ကုန်းရုန်း၍ ပြေးရရှာ၏။ ထိုစဉ် တပ် ရှေ့ဖျားပိုင်းမှ အလန့်တကြား အော်သံများ ထွက်လာပြန်၏။ တောင်အကွယ်မှ တောပုန်းခြေလျင်တပ် တဖွဲ့ပြေးထွက်လာသောကြောင့် ဖြစ်၏။ ယင်းတို့လည်း အစိုးရတပ်ထဲသို့ ထယ်ထိုးသလို ဝင်သွားကြ၏။ ယင်းတို့ကို ဘုန်းတော်ကြီးတပါးနှင့် ဘုရားဖူးတဦးတို့က ဦးဆောင်လာပြီး "တုန်ဂွမ်ကို မလွတ်စေနဲ့" ဟု အော်နေကြ၏။

ထိုဘုန်းကြီးမှာ ကျမ်းဂန်မဖတ်ဘဲ လူသတ်ရန်ကိုသာ ကျွမ်းကျင်သူ မင်သေ့ကိုယ်တော်ရှင်ဉာဏပင် ဖြစ်၏။ ဘုရားဖူးမှာမူ ကျင့်ယန်ခင်တန်းတွင် ကျားသတ်ခဲ့သူ ဝုဆုန် ဖြစ်၏။ ရေယဉ်ဝိုင်းသည့် တောပုန်းစခန်းတွင် အရဲတင်းဆုံး ဖြစ်၏။ ရှင်ဉာဏက တောင်ဝှေး ကြီးနှင့် ဝုဆုန်မှာ ခေးနှစ်လက်နှင့် အစိုးရတပ်ထဲတွင် ရိုက်ပုတ်ထိုးခုတ်နေ၏။

တောပုန်းတို့၏ ထိုးစစ်ကြောင့် အစိုးရတပ်မှာ အစိတ်စိတ်ကွဲသွားလေ၏။ တက်ရန် လည်း မဖြစ်နိုင်၊ ဆုတ်ရန်လည်း မဖြစ်နိုင်တော့ပေ။ တုန်ဂွမ်လည်း ကျန် ဗိုလ်ချုပ်နှစ်ယောက် နှင့်အတူ ရန်သူများကို အတင်းခုတ်ထစ် သတ်ဖြတ်ကာ ဖောက်ထွက်ခဲ့ရ၏။ အသက်ဝဝ မရှူရသေးမီတွင်ပင် အမြောက်သံ၊ ဗုံသံများကို ကြားရပြန်၏။ နောက်ထပ် တောပုန်း တတပ်က သူတို့ကို ပိတ်ဆို့ထားပြန်လေပြီ။

ရှိချင်နှင့် ရှိပေါင်ညီနောင်နှစ်ဦးက ငါးခွမှိန်းများကို ကိုင်ကာ သူတို့ထံသို့

ထိပ်တိုက် ဝင်လာ၏။ တုန်ဂွမ်တို့ လူစုလည်း မတတ်သာတော့ပေ။ အတင်းဖောက်၍ ထွက်ကြရ၏။ သို့သော် ငါးဖက်ငါးတန်မှ ခြေသည် မြင်းသည်များ၏ အကြိမ်ကြိမ် တိုက်ခိုက်မှုကြောင့် အစိုးရတပ်သည်မှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေလေပြီ။ တုန်ဂွမ်မှာ ဖိန့်မေနှင့် ပီရှိန်တို့၏ အစောင့်အရှောက်ဖြင့် ထွက်ပြေးခဲ့၏။

ရှိချင်နှင့် ရှိပေါင်တို့က သူတို့ထံသို့ အတင်းဝင်လာကြ၏။ တုန်ဂွမ်က သူ့မြင်းကို အတင်းမောင်းပြီး လမ်းလွှဲ၍ ပြေး၏။ ဖိန့်မေနှင့် ပိရှိန်တို့က နောက်မှ ကမန်းကတန်း လိုက်ခဲ့ ကြရ၏။ တန်ကျိုနှင့် တိန်ကျို့ခရိုင် တပ်မှူးများဖြစ်သော ဟန်တျန်လင်းနှင့် ဝမ်ယီတို့ကို တွေ့သဖြင့် လေးယောက်သား အတင်းတိုက်ကာ ထွက်ခဲ့ကြ၏။

ထွက်မိ၍မှ မကြာသေး၊ အသက်မှ၀၀ မရှူရသေး၊ ဖုန်လုံးကြီးတလုံးကို မြင်လိုက်ရပြီး ကြောက်မယ်ဖွယ် အော်သံများကိုလည်း ကြားလိုက်ရ၏။ စိမ်းစိုနေသော သစ်ရိပ်ကြားရှိလွင်ပြင်လေးတခုထဲမှ မြင်းတပ်တတပ် ထွက်လာပြီး သူတို့လမ်းကို ပိတ်ထားလိုက်ကြ၏။ ယင်းတို့ကို ခေါင်းဆောင်လာသော လုံနှစ်စင်းဗိုလ်နှင့် ရှေ့ပြေးခြေမြန်တို့က ဘာမပြော ညာမပြောနှင့် တုန်ဂွမ်ကို ဝင်တိုက်ကြ၏။

ဝမ်ယီက လှံဖြင့် ချိန်ကာ ဝင်ဟန့်မည် ပြု၏။ သို့သော် စိုကျောက်က ပုဆိန်ကြီးနှင့် ခုတ်ချလိုက်၏။ ကယ်ရန်ကြိုးစားသော ဟန်တျန်လင်းမှာလည်း တုန်ပင်း၏ လှံစာမိသွား လေ၏။ ဖိန့်မေတို့လည်း တုန်ဂွမ်နှင့်အတူ ပြေးရပြန်၏။ ဗုံသံများမှာ ပတ်ပတ်လည်တွင် ဆူညံနေသဖြင့် ရန်သူ ဘယ်ကလာနေသည်ဟုလည်း မှန်း၍ မရနိုင်ပေ။

တုန်ဂွမ်က အငူတခုပေါ်သို့ မြင်းကိုအနိုင်နိုင်မောင်း၍ တက်ကြည့်၏။ လျှို့ရှန်းမြင်းတပ် လေးတပ်၊ အရန်နှစ်တပ်၊ ခြေလျင်နှစ်တပ်တို့က အစိုးရတပ်များကို ဝိုင်းကာ စပါးပုံကို ခွဲတောင်း တင်းတောင်းများနှင့် ထိုးကာ ယက်ကာ ကော်ယူနေသလို ရှင်းနေကြ၏။ အစိုးရ တပ်သားများလည်း လေအလာတွင် လွင့်ပါသွားသော စပါးမှော်၊ စပါးဖျင်းများကဲ့သို့ အရှေ့ဘက် အနောက်ဘက်များသို့ ကြောက်အားကြီးစွာဖြင့် ပြေးနေကြ၏။

ထိုအခိုက်တွင် တောင်ခြေရင်းသို့ တပ်တတပ် ရောက်လာလေ၏။ ယင်းတပ်ကို ချင်ကျို့ခရိုင် တပ်မှူး ဝူပင်းကျီနှင့် ရှုကျို့ခရိုင်တပ်မှူး လီမင်းတို့ ဦးစီးကြောင်း တံခွန်များ အရ သိရလေ၏။ ယင်းတို့၏ စစ်သည်များမှာ နုံးခွေနေကြပြီး စစ်ဝတ်များမှာ စုတ်ပြတ်လျက် လက်နက်အကျိုးအပဲ့များကို မနိုင့်တနိုင် သယ်ကာ ခိုအောင်းစရာနေရာကို လာရှာကြခြင်း ပင်ဖြစ်၏။ တုန်ဂွမ်က

လှမ်းခေါ်လိုက်ရာ မြင်းများကို ပြန်လှည့်ပြီး တောင်ကုန်းပေါ်သို့ တက် လာကြ၏။ ထိုစဉ် တောင်ဘေးမှ အော်သံများ ထွက်လာပြီး မြင်းတပ်တတပ်က ထွက်၍ တိုက်၏။ တံခွန်များအရ ယန်ချီနှင့် ရှိကျင်းတို့ ဦးဆောင်လာကြောင်း သိရပေ၏။ သူတို့က ကုန်းပေါ်သို့ တက်လာသော အစိုးရတပ်မှ ဗိုလ်မင်းများကို ဝင်၍ ဟန့်တားကြ၏။

လီမင်းက လှံကိုချိန်ရင်း ယန်ချီထံသို့ ဝင်တိုက်၏။ ဝူပင်းကျီက လှံပုဆိန်ကြီးဖြင့် ရှိကျင်းထံသို့ မြင်းကိုနှင်၏။ အတွဲနှစ်တွဲသည် တောင်စောင်းကို တက်ကာ ဆင်းကာ လှည့် ကာ ပတ်ကာ တိုက်ခိုက်နေကြ၏။ လူတိုင်းကပင် အစွမ်းကုန် ထုတ်သုံးနေသောကြောင့် တုန်ဂွမ်လည်း မည်သည့်အတွဲကို ကြည့်ရမှန်းမသိ ဖြစ်နေ၏။

ကျန်လေးယောက်မှာ အချီသုံးဆယ်ခန့်အထိ တိုက်ခိုက်ကြ၏။ ဝူပင်းကျီက သူ့ ရန်ဘက်၏ ရင်ဘတ်ကို ချိန်ကာ လှံပုဆိန်ကို ထိုးလိုက်၏။ ရှိကျင်းက ခါးကိုလိမ်၍ ရှောင် လိုက်ရာ လှံပုဆိန်မှာ သူ့နံဘေးမှ ကပ်၍ လွတ်သွား၏။ မြင်းရောမြင်းစီးပါ အလိုအလျောက် လှုပ်ရှားမိလိုက်ကြ၏။ ရှိကျင်းက သူ့ဓားကို လွှဲလိုက်ရာ ရွှေသံခမောက်ဝတ်ထားဆဲ ဖြစ်သော ခေါင်းပြတ်တလုံးသည် မြေကြီးပေါ်သို့ ကျသွားလေ၏။ ထိုခေါင်းပြတ်အနီးသို့ ဝူပင်းကျီ၏ အလောင်းသည်လည်း ပြုတ်ကျသွား၏။

လီမင်းကမူ ပြေးမှ တော်မည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော် ယန်ချီက ကြောက်မက် ဖွယ်အသံကြီးဖြင့် အော်လိုက်ရာ လိပ်ပြာစဉ်မတတ်ဖြစ်သွားပြီး လက်ထဲမှ လှံပင် လွတ်ကျ သွားလေ၏။ ယန်ချီက သူ့ကို ခုတ်ချလိုက်၏။ လီမင်းက ငုံ့ကာ ရှောင်လိုက်သဖြင့် မြင်း၏ တင်ပါးကို ခုတ်မိသွား၏။ ထိုသို့ဖြင့် မြင်း၏ဖင်ပိုင်း ညွတ်ကျသွားလေရာ လီမင်းလည်း ကုန်းနှီးပေါ်မှ ခုန်ချလိုက်ပြီး လှံကို ဘေးချကာ ထွက်ပြေးလေ၏။ သို့သော် ယန်ချီက ခပ် သွက်သွက် လှမ်း၍ ခုတ်ချလိုက်၏။ ဘဝသက်တမ်းထက်ဝက်ခန့်မျှ တပ်ဗိုလ်အဖြစ်တာဝန် ထမ်းဆောင်ခဲ့သူ လီမင်း၏ဘဝမှာ ယခုအခါ အိပ်မက်ပမာ လွင့်ပျောက်၍ သွားခဲ့လေပြီ။

တောင်စောင်းပေါ်တွင် ခရိုင်တပ်မှူးနှစ်ယောက် စင်းစင်းလဲနေလေပြီ။ ယန်ချီနှင့် ရှိကျင်းတို့လည်း စိတ်ဓာတ်ကျနေသော အစိုးရတပ်သားများနောက်သို့ လိုက်ကာ ခေါင်း များကို ဖရဲသီးများအလား ခုတ်ပိုင်းလေ၏။

တောင်ကုန်းပေါ်ရှိ တုန်ဂွမ်တို့မှာလည်း အောက်သို့ မဆင်းရဲကြတော့ပေ။ ကြံရာမရ တော့သဖြင့် မေးရှာ၏။ “ကျုပ်တို့ ဘယ်လိုထွက်ကြမလဲ”

ဖိန့်မေက-

“ စိတ်အေးအေးထားပါ ဝန်မင်း၊ ဒီကနေ တောင်ဘက် စူးစူးမှာ ကျွန်တော်တို့ စခန်းချ ထားတာကို တွေ့ရပါတယ်။ အဲဒီက အလံတွေ လွင့်နေသေးသမျှတော့ ကျွန်တော်တို့ စိတ်ချ ရပါတယ်။ တပ်မှူးကြီး ပိရှိန်ကို ဝန်မင်းကို စောင့်ကြည့်ဖို့ ထားခဲ့မယ်။ ကျွန်တော်ကတော့ ရအောင် ဖောက်ထွက်ပြီး ဝန်မင်းကို ကယ်ဖို့ သူတို့ကို ခေါ်ပြီး ပြန်ခဲ့မယ်”

ဝန်မင်းက -

“မိုးချုပ်တော့မယ်။ အခြေအနေကြည့်ပြီး မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့”

အရိုးရှည်ဓားကြီးကို ဆုပ်ကာ ဖိန့်မေလည်း တောင်စောင်းအတိုင်း ဆင်းသွားကာ၊ လမ်းမအတိုင်း တောင်ဘက်သို့ လိုက်သွားရာ စုန်ကျို့ခရိုင်တပ်မှူး ကျို့ရှင် ဦးစီးသည့် တပ်သို့ ရောက်သွား၏။ သူတို့၏ တပ်ကို ကျစ်ကျစ်လျစ်လျစ် နေရာယူထားပြီး ရှုပ်ရှုပ်ချွံချွံ ခုခံနေကြ၏။ ဖိန့်မေကို တပ်တွင်းသို့ ခေါ်သွားကြ၏။

ကျို့ရှင်က-

“ဝန်မင်းကော”

“တောင်စောင်းပေါ်မှာဗျ၊ ခင်ဗျားတို့ တပ်က လာအကယ်ကို စောင့်နေတယ်၊ အချိန် ဖြုန်းလို့ မဖြစ်ဘူး။ ချက်ချင်းလုပ်ကြစမ်း”

ကျို့ရှင်က ခြေသည်နှင့် မြင်းသည်များကို သေချာစွာ ညှိနှိုင်းဆောင်ရွက်စေ၏။ လူ တယောက်မျှ မကျန်ခဲ့စေရပေ။ စိတ်ရောကိုယ်ပါ ပူးပေါင်းအားထုတ်စေ၏။ တပ်မှူးနှစ်ဦး ခေါင်းဆောင်ကာ ထိုတောင်စောင်းသို့ အမြန်သွားကြ၏။

သူတို့ စထွက်၍မှ မြားတပစ်အကွာအဝေးသို့ မရောက်မီ ဘေးမှ တပ်တတပ်က ဝင် တိုက်လေ၏။ ဖိန့်မေက တိုက်မည်ဟု ဓားကိုဝင့်ကာ တက်သွားရာ တွမ်ပိန့်ကူဖြစ်ကြောင်း မှတ်မိသွား၏။ ထိုသူသုံးယောက် လည်း တပ်များကို စုပေါင်းကာ တောင်ကုန်းခြေရင်းသို့ သွားကြ၏။ တောင်အောက်ကိုဆင်းကာ လာကြိုနေသော ပိရှိန်နှင့် တွေ့၏။ တောင်ပေါ်သို့ ရောက်သောအခါ အားလုံးစုကာ ခေါင်းချင်းရိုက်ကြ၏။

တုန်ဂွမ်က-

“ဒီညပဲ ဖောက်ထွက်ကြမလား၊ မနက်ထိ စောင့်ကြမလား”

ဖိန့်မေက နှစ်သိမ့်၏။

“ကျုပ်တို့လေးယောက်က ဝန်မင်းအတွက်ဆို အသေခံပြီး ကာကွယ်မယ်။ ဒီည ဖောက်ထွက်နိုင်မှ ခေးပြတွေလက်က လွတ်မယ်”

မိုးချုပ်လာသည်နှင့် အော်သံဆူသံများကို ပတ်ပတ်လည်မှ ကြားလာရ၏။ စည်းမကျ ဝါးမကျ ဗုံတီးသံများလည်း မစဲတော့ပေ။ ညဒုတိယယံခန့်တွင် လလည်း ထိန်ထိန်သာလာ လေ၏။ ဖိန့်မေကိုရှေ့မှတင်ကာ စစ်ဝန်မင်းကို ဝန်းရံထားပြီး တောင်အောက်ကို ဆင်းကြ၏။

ချက်ချင်းပင် အသံတခု ထွက်လာ၏။

“တုန်ဂွမ်ကို မလွတ်စေနဲ့”

တပ်ဗိုလ်များလည်း တောင်ဘက်သို့ ဖောက်ထွက်ရန် ကြိုးစားကြ၏။ ထွေးလုံးရစ် ပတ်တိုက်ခိုက်ကြပြီး စတုတ္ထယံသို့ ရောက်သောအခါမှ ထွက်နိုင်ကြ၏။ မြင်းစီးပြီး လိုက်လာ သော တုန်ဂွမ်က လက်များကို နဖူးထိပ်သို့ မြှောက်ချီကာ အာကာသစိုး ဘုမ္မစိုးနတ်များကို ကန်တော့လေ၏။

“ကံကောင်းလို့ လွတ်လာတာ”ဟု ဆိုကာ ကျီစုသို့ သုတ်ခြေတင်မည် ပြုကြ၏။ ကန်တော့၍မှ မပြီးမီ ရှေ့ဘက်တောင်စောင်းဆီမှ မရေမတွက်နိုင်လောက်အောင် များသော မီးတုတ်များ ဆင်းလာသည်ကို မြင်လိုက်ရ၏။ သူတို့နောက်ကျောဘက်မှလည်း အော်သံများ ထွက်လာပြန်၏။

မီးတုတ်များ၏ အလင်းရောင်ထဲတွင် လုံပုဆိန်ကိုင် ရဲရင်သူနှစ်ဦးက ခေါင်းဆောင် လာသော၊ မြင်းဖြူကြီး စီးလာသော သူရဲကောင်း ဗိုလ်ချုပ်တဦးကို မြင်ရ၏။ သံမဏိ လှံတစင်းကို ကိုင်ထားသော ထိုသူကား ကုန်သည်ကြီးလူဟု သိခဲ့ကြသော ကျောက်စိမ်း ဗျာလ္လ လူကွမ်းယီပင် ဖြစ်၏။ သူ့ရှေ့မှ လုံပုဆိန်ကြီးကိုင်နှစ်ဦးမှာ ပိုးဟပ်ဖြူရန်စုံနှင့် တဖောက်ကန်းရှိဇူတို့ ဖြစ်ကြ၏။ စိတ်ခတ်စစ်သွေးကြွနေသော အင်အား သုံးထောင်ကို ဦးစီးကာ ကြားဖြတ် တိုက်ခိုက်ခြင်း ဖြစ်၏။

လူကွမ်းယီက-

“တုန်ဂွမ်၊ မြင်းပေါ်က ဆင်းပြီး ကြိုးတုပ်ခံစမ်း။ ဘာလုပ်နေတာလဲ”

တုန်ဂွမ်က -

“ရန်သူတွေက ရှေ့မှာရော နောက်မှာရော ရောက်နေပြီ။ ဘာလုပ်ကြမလဲ”

ဖိန့်မေက “ ကျုပ်အသက်နဲ့ လဲပြီး ကာကွယ်ပါ့မယ် ဝန်မင်း၊ ကျုပ်တို့ဗိုလ်မင်းတွေ ဝန်မင်းကို စောင့်ရှောက်ပြီး ကျီစုကို ရောက်အောင်

ခေါ်သွားပါ့မယ်။ ကျုပ်ကိုယ်တိုင် ဒီဓားပြ တွေကို တိုက်ပါ့မယ်”ဟု ဆိုကာ သူ့မြင်းကို ကြိမ်သွင်းကာ ဓားကိုဝင့်လျက် လူကွမ်းယီထံသို့ မြင်းကို ကဆုန်ပေါက်စီးလေ၏။ မြင်းချင်းဆုံကာ လူချင်းတိုက်ကြလေ၏။ နှစ်ချီ သုံးချီ တိုက်ပြီးသော် လူကွမ်းယီက ရန်သူ့ဓားကြီးကို သူ့လှံနှင့် ဖယ်ထုတ်လိုက်ပြီး၊ အတင်းဝင်ကာ ဖိန့်မေ၏ ခါးကို ဖက်၍ ကုန်းနှီးပေါ်မှ ဆွဲချလိုက်ပြီး သူ့မြင်းကို အတင်းနှင်လေ၏။ ရန်စုံနှင့် ရှိဇူတို့က သူ့ကို ဝိုင်းကူကြ၏။ တောပုန်းများက ဖိန့်မေကို ဝိုင်း၍ ဖမ်းချုပ်ကြ၏။

ကျန်သော ပိရှိန်တို့ သုံးယောက်က တုန်ဂွမ်ကို ကာကွယ်ပြီး လမ်းတွင် ပိတ်နေသော ရန်သူတပ်များကို သူ့လူများကို အဆုံးရှုံးခံကာ တိုက်ရင်း ထွက်ပြေးကြ၏။ ကုန်သည်ကြီး လူကလည်း နောက်မှ လိုက်လာ၏။ တုန်ဂွမ်၏ စစ်တပ်သည်လည်း သခင်သေသော အိမ်မှ ခွေးလို သုတ်သုတ်ပျာပျာဖြင့်၊ ပိုက်မှ လွတ်သော ငါးကဲ့သို့ တဟုန်ထိုး ထွက်ပြေးကြ၏။

နံနက်လင်းသောအခါ နောက်မှ လိုက်လာသူများနှင့် ပြတ်သွားပြီ ဖြစ်၏။ ကျီစုကို လည်း လှမ်း၍ မြင်နေရပြီဖြစ်၏။ ထိုအချိန်တွင် ရှေ့ဘက်ရှိ တောင်စွယ်တခု၏ အကွယ်မှ ခြေလျင်တပ်သားတစု ထွက်လာလေ၏။ သူတို့သည် ရင်ခံသံပြားများ၊ ပန်းရောင်ပိုး ခေါင်းပေါင်းများကို ဝတ်ဆင်ထားကြ၏။ သူတို့ကို တပ်ဗိုလ်လေးဦးက ဦးဆောင်လာ၏။

အဘယ်သူများပါနည်း။ ပုဆိန်နှစ်လက်နှင့် လီကွေ့၊ ဓားတလက်ကိုင်ထားသော ပေါက်ရှူ၊ ဒိုင်းအဝိုင်းတွင် ပေါက်ဓားများ မြားများကို တပ်ဆင်ထားသော ရှံချုံးနှင့် လီကွန်း တို့ ဖြစ်ကြ၏။ တောင်စောင်းတလျှောက်ကို မီးလုံးကြီးများ လိမ့်ဆင်းလာသလို ဆင်းလာ ကာ ဘယ်ဘယ်ညာညာ တွေ့သမျှ အစိုးရတပ်များကို ခုတ်ထစ်သတ်ဖြတ်ကြ၏။

တုန်ဂွမ်တို့ ဗိုလ်ချုပ်တသိုက်လည်း တိုက်ခိုက်ရင်း ထွက်ပြေးကြ၏။ လီကွေ့က အစိုးရ မြင်းတပ်အတွင်းသို့ ဖောက်ဝင်ကာ တွမ်ပိန့်ကူ၏ မြင်းခြေထောက်များကို ခုတ်ချိုး၏။ လိမ့်ကျလာသော တွမ်ပိန့်ကူခမျာမှာလည်း ဦးခွံတွင် တချက်၊ လည်ပင်းတွင် တချက် ပုဆိန်စာ မိသွားကာ ဇာတ်သိမ်းလေ ၏။ ကျီစုမြို့နားသို့ ရောက်သွားသော အစိုးရတပ်များမှာ မြင်ရက်စရာ မရှိတော့ပေ။

သံခမောက်များက နားရွက်တဖက်တွင်သာ ချိတ်လျက်၊ ပါးကာ နားကာများမှာ နားထင်သို့ တက်နေလျက်၊ လူများမြင်းများမှာ ခြေကုန်လက်ပန်း ကျနေလျက် ရှိကြ၏။ စမ်းချောင်း တခုကို တွေ့သဖြင့် သူတို့လည်း ရေသောက်ကြ၊ မြင်းများကိုလည်း ရေတိုက်ကြ၏။ အမြောက်သံတချက် ဒိန်းခနဲ ထွက်လာပြီး မြားများသည်လည်း အဆွခံရသော နကျယ် ကောင်များပမာ အုံလိုက်သင်းလိုက် ကျလာလေ၏။ စစ်သားများလည်း ကမ်းပေါ်သို့ ကုတ်ကတ်တက်ကြလေ၏။

မြင်းများကို အသားကျစီးလာသော မြင်းတပ်တတပ် တောအုပ် ထဲမှ ထွက်လာ၏။ ထိုတပ်ကို သူရဲကောင်းသုံးယောက်က ဦးဆောင်လာလေ၏။

သူတို့မှာ အမြီးမဲ့မြားချန်ကျင်၊ ကုန်ဝမ်၊ တင်းတဲ့ဆွန်တို့ ဖြစ်ကြ၏။ သူတို့လက်အောက် တွင် မြင်းသည် သုံးရာ ပါရှိ၏။ မြင်းများမှာ ချူသံတလွင်လွင်၊ မြင်းခေါင်းထိပ်မှ ငှက်မွေးများ တထောင်ထောင်၊ မြီးတူးကြိုးများမှ ပန်းဖွားများ တလွင့်လွင့်နှင့် ဖြစ်၏။ မြင်းစီးများမှာ လေးအပေါ့စားများ၊ မြားများကို လွယ်ကာ ပန်းပွင့်ဖော်ကြက်လျှာများကို ခါးတွင် စိုက်၍ လှံတိုများကို ကိုင်ကာ တက်၍ တိုက်ကြလေ၏။

တပ်အရွယ်အစား မကြီးသဖြင့် ကျို့ရှင်က ရင်ဆိုင်ရန် တက်သွား၏။ ပိရှိန်ကမူ တုန်ဂွမ် အမြန်ဆုံး ထွက်သွားနိုင်ရန် ကြိုးစားနေ၏။ ကျို့ရှင် ထိုးလိုက်သော လှံကို ချန်ကျင်က လက်တဖက်နှင့် ဆွဲလိုက်ပြီး ကျန်တဖက်က ခဲပေါက်ရန် နောက်သို့ လွှဲလိုက်ပြီး“ကဲကွာ” ဟု အော်ကာ ပေါက်လိုက်၏။ ကျောက်ခဲက ကျို့ရှင်၏ နှာရိုးကို သွားမှန်သဖြင့် မြင်းပေါ်မှ ကျသွားလေ၏။

ကုန်ဝမ်နှင့် တင်းတဲ့ဆွန်တို့က တက်လာပြီး မိုန်းနှင့် ဝိုင်းထိုးကြ၏။ နှင်းခါးအရိုက်ခံရ သော မြက်များ ခြောက်သွားသလို၊ မိုးရေပေါက်များအတွင်း ပန်းပွင့်ဖတ်များ ကြွေကျသလို ကျို့ရှင်လည်း သူ့မြင်း၏ ခွာများအောက်တွင် သေရရှာ၏။

ထွက်ပြေးသွားသော တုန်ဂွမ်နှင့် ပိရှိန်တို့မှာ ကျီစုသို့ မဝင်ဝံ့ကြပေ။ လက်ကျန်တပ် ကလေးကို စုစည်းကာ အရှေ့နေပြည်တော်သို့ ဦးတည်၍ သွားကြလေ၏။ လမ်းပေါ်တွင် တွေ့ရသမျှ ထွက်ပြေးလာသော စစ်သည်များကို ခေါ်သွားကာ စခန်းချကြ၏။

တော်တည့်မှန်ကန်သော သစ္စာရှိသော စုန်ကျန့်သည် ဥပဒေဘောင်အတွင်းသို့ တဖန် ပြန်ဝင်လိုသော ဆန္ဒရှိနေသဖြင့် ထက်ကြပ်မကွာ လိုက်ကာ သတ်ဖြတ်လိုစိတ် မရှိပေ။ သူ့လက်အောက်ခံတပ်များ ဆက်လိုက်နေမည်ကို စိုးရိမ်သဖြင့် တပ်ဗိုလ်အားလုံး ကိုယ့် လက်အောက်ခံတပ်များကို စုစည်းကာ တောင်ရိုးစခန်းသို့ ပြန်လာစေရန် အမိန့်ထုတ်၏။ နတ်ခြေမြန်ထိုက်ချုံကို တပ်တကာသို့ လိုက်စေကာ အကြောင်းကြားခိုင်းလိုက်၏။ လူစု သော ခရာသံကို နေရာတိုင်းမှ ကြားရ၏။ တပ်ဗိုလ်များက မြင်းစီးရင်း ခြေနင်းကွင်းကို လက်နက်ဖြင့် ရိုက်ခတ်ကာ စည်းလိုက်နေရင်း၊ တပ်သားများက အောင်ပွဲခံသီချင်းများကို သံပြိုင် သီဆိုကြရင်း ကျူအင်းကို ဖြတ်ကာ တောင်ပေါ်သို့ တက်လာကြ၏။ သစ္စာခန်းမတွင် ဝုရုံနှင့် ကုန်ဆွန်ရှုန်းတို့နှင့်အတူ ထိုင်နေသော စုန်ကျန့်သည် တဦးချင်း ဆုချရန် ဖေ့ရှန်းကို

ညွန်ကြားလေ၏။ ကုန်သည်ကြီးလူ ဖမ်းလာသော ဖိန့်မေသည်လည်း ခန်းမအပြင်တွင် ဒူးထောက်ကာ စောင့်နေ၏။ သူ့ကို စုန်ကျန့်ကိုယ်တိုင်က ကြိုးဖြေပေးကာ ခန်းမထဲသို့ ဖိတ်ခေါ်ခဲ့၏။ သူ့ကို မသက်မသာဖြစ်အောင် လုပ်မိသောကြောင့် အပြစ်မှ ကျေရန် တောင်းပန်၏။ စိမ်ရည်ကိုလည်း ကိုယ်တိုင်ငှဲ့ပေး၏။ ထိုနေ့တွင် တောပုန်းဗိုလ် အားလုံး စုဝေးကာ စားသောက်ပွဲ ကျင်းပပေး၏။ တပ်များကို ဆုချကြ၏။ နောက် နှစ်ရက်နေသော် ဖိန့်မေကို မြင်းတစီးကို ပေးပြီး တောင်အောက်သို့ လိုက်ပို့ရန် စီစဉ်၏။ ထိုသူကား ပျော်၍ မဆုံးတော့ပြီ။ စုန်ကျန့်က ထပ်တောင်းပန်ပြန်၏။

"စစ်မြေပြင်မှာ အစွမ်းပြရတာကိုတော့ နားလည်ပေးပါ ခင်ဗျာ။ ကျွန်တော်တို့က တော့ အရှင်မင်းကြီးရဲ့ အမိန့်ကို နာခံပြီး တိုင်းပြည်တာဝန်ကို ထမ်းဆောင်ဖို့ကိုပဲ ဆန္ဒရှိကြပါတယ်။ ကျွန်တော်တို့ကို ဥပဒေပြင်ပကို ပို့ထားတော့ အခုလိုပဲ လုပ်မိ ပြုမိကြရတာ ပေါ့ဗျာ။ ဗိုလ်ချုပ်လည်း ရွှေနန်းတော်ကြီးကို ပြန်ရောက်ရင် ကျွန်တော်တို့ကိုယ်စား ရှင်းပြ ပေးပါဗျာ။ အရှင့်ကျေးဇူးတော်ရိပ်မှာ ခိုလှုံခွင့်ရတဲ့ တနေ့မှာ ဒီကျေးဇူးကို မမေ့ပါဘူးဗျာ၊ စိတ်ချပါ"

ဖိန့်မေကလည်း စုန်ကျန့်ကို ကန်တော့ကာ အရိုအသေပေး၏။ အသက်ချမ်းသာ ပေးသဖြင့် ကျေးဇူးစကားကိုလည်း ပြော၏။ စုန်ကျန့်က မိမိတို့ နယ်အဆုံးအထိ လိုက်ပို့ရန် အစောင့်အရှောက်များကို စီစဉ်ပေး၏။ ဖိန့်မေလည်း နေပြည်တော်သို့ ပြန်သွားလေ၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

စုန်ကျန့်က ဝုရုံမှ နေ၍ တပ်ဗိုလ်အားလုံးကို ခေါ်ကာ တိုင်ပင်၏။ ဤ ချုံခိုတိုက်ပွဲမှာ ဝုရုံ၏ အစီအမံဖြစ်၏။

အသတ်အဖြတ် အသေအပျောက်များလှသဖြင့် တုန်ဂွမ်မှာ ကြောက်အားကြီးကာ တုန်တုန်ခိုက်ခိုက်ဖြင့် ထွက်ပြေးခဲ့ရ၏။ အိပ်မက်များထဲတွင်ပင် ကြောက်နေဦးမည် ဖြစ်၏။ အင်အား သုံးပုံနှစ်ပုံကို ဆုံးရှုံးခဲ့ရပေ၏။

ဝုရုံက အတတ်ဟော၏။

"တုန်ဂွမ်က နေပြည်တော်ကို ရောက်လို့ တင်ပြပြီးရင် နောက်တတပ်ကို ထပ်လွှတ် ဦးမှာပဲ။ ဒီတော့ ဘာဖြစ်နေလဲ သိရအောင် လူတယောက် လွှတ်ရမယ်။ ပြီးမှ သင့်သလို စီမံ ရမယ်"

စုန်ကျန့်က -

"လုံးဝ သဘောတူပါတယ်။ ဘယ်သူ့ကို လွှတ်ရမလဲဗျ နောင်ကြီးရ"

“ကျွန်တော့်ကို ပေးသွားပါ” ထိုင်နေသော လူအုပ်ကြားမှ အသံထွက်လာ၏။

အသံလာရာသို့ အားလုံးက ဝိုင်းကြည့်လိုက်ကြ၏။

“သူနဲ့ အံကိုက်ပဲ သူက အလုပ်ကြီး အကိုင်ကြီး လုပ်နိုင်တယ်”

ထိုသူသွားခဲ့သောကြောင့်သာ ကျီစုမြို့ပြင်တွင် ရာနှင့်ချီသော တိုက်လေ့များကို တည်ဆောက်ခဲ့ကြရ၏။ လျှံ့ရှန်းတောင်ရိုးပေါ်တွင်လည်း ရိက္ခာဆန်အမြောက်အမြား တိုးလာ ခဲ့၏။ မှန်ပေ၏။ ကမ်းပါးပြာပြာများတွင် စစ်မြင်းများ သေကျေခဲ့ရ၏။ လှိုင်းများကို ခွဲနိုင်သော လေ့များသည်လည်း မှော်ထူသော ရေပြင်စိမ်းစိမ်းတွင် နစ်ခဲ့ကြရ၏။

လျှံ့ရှန်းတောင်ရိုးက စုံစမ်းထောက်လှမ်းရန် စေလွှတ်လိုက်သည့် သူမှာ အသူပေနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၈

တပ်မှူးဆယ်ဦးတို့ လျှို့ရှုန်းကျူအင်းကို သိမ်းပိုက်ရန် တိုင်ပင်ခြင်း

စုန်ကျန့်က စစ်သူကြီးကောက်ကျူကို ပထမအကြိမ် အနိုင်ယူခြင်း

ထိုဆန္ဒပြုသူမှာ နတ်ခြေမြန်ထိုက်ချုံပင် ဖြစ်၏။ စုန်ကျန့်က-

"ကျုပ်တို့က ခင်ဗျားကိုပဲ အားကိုးရမှာနော်။ သူတို့ ဘယ်လို စစ်ပြင်နေလဲဆိုတာ သိဖို့ လိုပါတယ်။ ဒါပေမဲ့ အကူတယောက် ပါသွားရင် ပိုကောင်းမယ်"

လီကွေ့က ဆန္ဒပြု၏။

"ကျုပ် လိုက်သွားပါ့မယ်ဗျာ"

စုန်ကျန့်က ရယ်လိုက်ပြီး-

"မင်းက၊ ဘာပြဿနာကိုမှ မမွှေတဲ့ လေပွေနက်က"

"ဒီတခါတော့ ဘာပြဿနာမှ မဖြစ်စေရပါဘူးဗျာ"

စုန်ကျန့်က သူ့ကို မောင်းထုတ်လိုက်ပြီးနောက်-

"ဘယ်ညီနောင်များ လိုက်ကြမလဲ"

မွေးနီလျူထန်က "ကျွန်တော် ဆိုရင်ကော"

"ကောင်းတယ်" စုန်ကျန့်ကလည်း ကျေနပ်၏။

ထိုနေ့တွင်ပင် ထိုသူနှစ်ယောက်လည်း အထုပ်အပိုး ပြင်ကာ အောက်သို့ ဆင်းသွားလေ၏။

ထိုအချိန်တွင် တုန်ဝွမ်နှင့် ပိရှိန်တို့လည်း အရှေ့နေပြည်တော်အနီးသို့ ရောက်နေလေပြီ။ သူတို့နှင့်အတူ လူ လေးသောင်းတို့ ပြန်ပါလာ၏။ သက်ဆိုင်ရာ တပ်ရင်းများသို့ ပြန်ခေါ် သွားရန် တပ်မှူးများကို အမိန့်ပေးလိုက်ပြီး မြို့တော်တွင်းသို့ နန်းတော်စောင့်ကင်းတပ်များ ကိုသာ ခေါ်ခဲ့၏။ တုန်ဝွမ်လည်း ချပ်ဝတ်များကို ချွတ်ကာ စစ်သူကြီးကောက်ကျူထံသို့ သွားလေ၏။

နှစ်ယောက်သား အပြန်အလှန် အရိုအသေပြုကြပြီးနောက် သီးသန့်ဧည့်ခန်းဆောင် တွင် ထိုင်ကြ၏။ တုန်ဂွမ်က သူ ရှုံးခဲ့သည့် တိုက်ပွဲနှစ်ပွဲတွင် သူ့တပ်မှူးကြီး ရှစ်ယောက် အပါ အဝင် လူ မြင်း အမြောက်အမြားဆုံးရှုံးခဲ့ပုံ၊ ဖိန့်မေလည်း အဖမ်းခံရပုံမှ စ၍ သူ့ဒုက္ခအစုံစုံကို နတ်သံနှောလေတော့၏။

"စိတ်ဆင်းရဲမနေပါနဲ့ ဝန်မင်း၊ လုပ်ရမှာက တခုပဲရှိတယ်။ အဲဒါက ဘုန်းတော်ကြီး လှသောဘုရားကို လှည့်ဖြားပြီး တင်ပြဖို့ပဲ။ ဘယ်သူကများ ဝန်မင်းကို ဆန့်ကျင်ပြီး တင်ပြရဲမှာလဲ။ နန်းရင်းဝန်ဆီ ကျုပ်လည်း လိုက်မယ်။ တခုခုတော့ ရအောင် ကြံရမှာပဲ"

တုန်ဂွမ်လည်း ကောက်ကျူနှင့်အတူ နန်းရင်းဝန်ထံသို့ သွားလေ၏။ ကောက်ကျူပါ ပါလာကြောင်း ကြားရသောအခါ တုန်ဂွမ် အရေးမလှလာကြောင်းကို နန်းရင်းဝန်ကလည်း ရိပ်မိသွား၏။ နန်းရင်းဝန်၏ စာကြည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် တုန်ဂွမ်မှာ မျက်ရည် ဖြိုင်ဖြိုင် ဆင်းလာလေ၏။

နန်းရင်းဝန်က-

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့။ ခင်ဗျားအကြီးအကျယ် ဆုံးရှုံးလာမှန်း ကြားပြီး ပါပြီ"

ကောက်ကျူက-

"ဒီတောပုန်းတွေနေတာက ကျူအင်းထဲမှာ ဆိုတော့ လှေမရှိရင် ချီတက်ဖို့ မလွယ် ဘူးလေ။ ဝန်မင်းမှာက မြင်းသည်ခြေသည်တွေပဲ ပါသွားတာကိုး။ ဒီတော့ လက်ဦးမှု မရတော့ဘူးပေါ့"

တုန်ဂွမ်က အဆုံးအရှုံးကို တင်ပြရာ နန်းရင်းဝန်ကြီးက "ခင်ဗျားကြောင့် တပ်တော် တော်တော်ဆုံးရှုံးသွားပြီ။ ကုန်လိုက်တဲ့ ရိက္ခာစပါးတွေ၊ ငွေတွေလည်း မနည်းဘူး။ စစ် ကြောင်းမှူးရှစ်ယောက်လည်း ကျသွားတယ်။ ဒါတွေကို ကျုပ်က ဘုန်းတော်ကြီးလှသော ဘုရားကို ဘယ်လျှောက်တင်ရပါ့မလဲ"

တုန်ဂွမ်က ကန်တော့လိုက်ပြန်၏။ "ကျွန်တော့်ကို ကယ်ပါ၊ နန်းရင်းဝန်ကြီးခင်ဗျာ။ တောင်းပန်ပါတယ်။ ကျွန်တော့်အသက်ကို ကယ်ပါ"

"မနက်ဖြန်မနက် ညီလာခံမှာ ကျုပ်က ဒီလို လျှောက်တင်လိုက်မယ်။ ရာသီဥတုက အရမ်းပူလို့မို့ ကျုပ်တို့ စစ်သည်တွေက နေနေကျ မဟုတ်တော့ မခံနိုင်ဘူး။ ဆက်မတိုက် တော့ဘဲ ရပ်လိုက်ကြတယ်လို့ပေါ့။ ဒါပေမဲ့ ဘုန်းတော်ကြီးလှသောဘုရားက ဒေါသထွက် ပြီး ဒီအနာဆွေးကို မြန်မြန် ဖယ်ပစ်ရမယ်၊ မဟုတ်ရင် အခြေအနေ ဆိုးလာလိမ့်မယ်လို့ ပြောရင်ကော။ ကျုပ်

ဘယ်လို ပြန်လျှောက်ရမလဲ”

ကောက်ကျူက -

“ကျွန်တော်က ကြွားတာမဟုတ်ပါဘူး။ ဒါပေမဲ့ နန်းရင်းဝန်ကြီးက ခွင့်ပြုရင် ဒီဓားပြ တွေကို တချီတည်းနဲ့ သွားရှင်းပေးမယ်”

“ခင်ဗျားကိုယ်တိုင်က သွားချင်နေမှတော့ သိပ်ကောင်းတာပေါ့။ ခင်ဗျားကို တပ်မှူးချုပ် ခန့်ဖို့ ကျုပ် တင်ပြပေးမယ်”

“တခုတော့ ရှိတယ်ဗျ။ တပ်စည်းရုံးဖို့ အမိန့်အပြင် လှေတွေလည်း လိုသေးတယ်ဗျ။ တိုက်လှေတွေပဲ ဖြစ်ဖြစ်၊ အရပ်သုံးလှေတွေပဲ ဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ်ရင်လည်း သစ်တွေကို အစိုးရဈေးနဲ့ ဝယ်ပြီး တိုက်လှေတွေကို ကျုပ်ဘာသာ တည်ဆောက်ခွင့် ပြုဖို့ပေါ့။ ကုန်း ကြောင်းရော ရေကြောင်းရော တပြိုင်တည်း ချီတက်နိုင်မှ အောင်မြင်နိုင်မယ်”

“ဒါက ပြဿနာ မရှိလောက်ပါဘူး”

ထိုစဉ် တံခါးစောင့်က လာ အကြောင်းကြား၏။ “စစ်သူကြီးဖိန့်မေ ရောက်လာ ကြောင်းပါ”

တုန်ဂွမ်လည်း ဝမ်းသာသွားလေ၏။ ဖိန့်မေကို အခေါ်ခိုင်းလိုက်ပြီး အကြောင်း အကျိုးကို နန်းရင်းဝန်က မေးလေ၏။

ဖိန့်မေက ကန်တော့လိုက်ပြီး-

“စုန်ကျန့်က ပြန်လွှတ်နိုင်သလောက် လူတွေကို ပြန်လွှတ်လိုက်ပါတယ်။ ပြီးတော့ ခရီးစရိတ်တွေလည်း ပေးလိုက်ပါသေးတယ်။ ဒါကြောင့် အရှင့်ရွှေမျက်နှာတော်ကို ဖူးခွင့် ပြန်ရတာပါ”

ကောက်ကျူက-

“ဒါက ဓားပြတွေရဲ့လှည့်ကွက်ပဲ။ ရွှေနန်းတော်ကြီးကို စော်ကားတာပဲ။ ရွှေကြိုးသတ် နယ်မြေက လူတွေတင် မကဘူး၊ ရှန်တောင်တို့ ဟော့ပေ့တို့ကအထိ ရဲရင့်သန်မာသူတွေ ကိုပါ စုဆောင်းရမယ်”

“ကောင်းပြီလေ၊ မနက်ဖြန်ကျမှ ပြန်ဆုံကြပြီး ဘုန်းတော်ကြီးလှသောဘုရားကို တင်လျှောက်ကြမယ်”

နောက်တနေ့ နံနက်စောစောတွင် အခစားမဝင်မီ သူတို့ တွေ့ဆုံကြသေး၏။

ပြုမြဲ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီးနောက် နားခံတော်က တင်ပြရန် ရှိ မရှိ မေးလေ၏။ နန်းရင်းဝန်က ရှေ့ကို ထွက်လာပြီး တင်လျှောက်၏။

"တင်ပါသည် ဘုရား၊ ကျွန်တော်တို့က စစ်မှုထမ်းရေးရာဝန်ကြီးတုန်ဂွမ်ကို တပ်တော် ကြီးနဲ့ လျှံ့ရှန်းကျူးအင်းက ဓားပြတွေကို နှိမ်နင်းဖို့ လွှတ်ခဲ့ပါတယ်။ ဒါပေမဲ့ ရာသီဥတုက သိပ်ကို ပူပြင်းတော့ ကျွန်တော်တို့ရဲ့တပ်တွေက မခံမရပ်နိုင်ကြပါဘူး။ ဒါ့အပြင်မှာ တောပုန်း တွေရဲ့ နယ်မြေကလည်း စိမ့်၊ ညွန်၊ အင်းတွေနဲ့ ပြည့်နေလို့ လှေတွေမရှိရင် စစ်ချီတက်ဖို့ လည်း မဖြစ်နိုင်ပါဘုရား။ ကျွန်တော်တို့ရဲ့ ခြေသည်မြင်းသည်တွေက ဆက်ပြီး မချီတက်နိုင် တော့ပါဘူး။ ဒါကြောင့် အရေးတော်ကို ရပ်သိမ်းပြီး စစ်သည်တွေကို မူလ တပ်ရင်းများသို့ ပြန်လွှတ်ခဲ့ရကြောင်းပါ ဘုရား။ အခုအခါမှာတော့ ဘုန်းတော်ကြီးလှသော ဘုရားရဲ့ အမိန့် တော်ကို ငံ့လင့်နေကြောင်းပါ ဘုရား"

"ရာသီဥတုက ဒီလောက်ဆိုးနေမင့် သူတို့ ဘယ်ပြန်သွားနိုင်ပါ့မလဲ"

"တုန်ဂွမ်က စစ်စည်းကမ်းဥဒနကို သတင်းပို့ပြီး ပြစ်ဒဏ် ခံယူရပါမယ် ဘုရား။ နောက်ထပ် တပ်မှူးချုပ်တဦး ခန့်အပ်ပြီး နောက်ထပ်တကြိမ် စေလွှတ်ပါရန် တင်လျှောက် ဝံ့ပါတယ်။ အမိန့်ချမှတ်ပါ ဘုရား"

"ဒီဓားပြတွေက ကျွန်ုပ်တို့နှလုံးသားမှာ စွဲကပ်နေတဲ့ ခူနာတွေပဲ။ ရှင်းလင်းပစ်ရမယ်။ ဘယ်သူကများ ငါ့အမှုတော်ကို ထမ်းဆောင်မှာလဲ"

ကောက်ကျူးက ရှေ့ကို ထွက်လိုက်၏။

"ကျွန်တော့်မှာ အစွမ်းအစ မရှိပေမယ့် ဒီဓားပြတွေကို ရှင်းဖို့အတွက် ကုန်းရုန်းပြီး အမှုတော်ထမ်းပါ့မယ်။ အမိန့်တော် ပေးသနားပါ ဘုရား"

"ငါ အခက်ကြုံနေတာကို မင်းက မျှယူလိုတာဖြင့် တပ်တော် စုဆောင်းခွင့် ပေးသနား လိုက်တယ်"

"လျှံ့ရှန်းကျူးအင်းဟာ အဝန်း လီရှစ်ရာကျော်ပါတယ် ဘုရား၊ တိုက်လှေတွေ မရှိရင် ချီတက်ဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် ကျွန်တော် ပန်ကြားလိုတာက ကျူးအင်းဝန်းကျင်က သစ်တွေ ခုတ်လှဲခွင့်၊ လှေတည်တဲ့ လက်သမားတွေကို ဆင့်ခေါ်ခွင့်ပေးပါ ဘုရား၊ သို့မဟုတ် ပါက အသည်လှေများကို ဝယ်ယူပြီး တိုက်လှေတွေအဖြစ် ပြောင်းလဲပြုပြင်ဖို့ ဘဏ္ဍာတော် ချမှတ်ပေးပါဘုရား"

"လိုအပ်သမျှကို ဖြစ်နိုင်သမျှ လုပ်ခွင့်ပြုတယ်။ ပြည်သူတွေကိုသာ မထိခိုက်စေနဲ့"

“မဝံ့ပါဘုရား။ ရက်သတ်ရာမှာလည်း မတင်းကျပ်လွန်းမှသာ ကျွန်တော်အမှုတော်ကို ကုံတွင်အောင် ဆောင်ရွက်နိုင်ပါ့မယ် ဘုရား”

ဧကရာဇ်မင်းကြီးက ပိုးဝတ်လုံများ၊ ရွှေချပ်ဝတ်များကို စစ်သူကြီးကောက်ကျူသို့ ဆုချ၏။ စစ်ထွက်ရမည့် နေ့ကောင်းရက်သာကိုလည်း သတ်မှတ်ပေးလိုက်၏။

ညီလာခံ စဲသော် နန်းရင်းဝန်က တပ်တော်အသစ်စုဆောင်းရန် အမိန့်ထုတ်ပြန်ပေး၏။

ကောက်ကျူက-

“ကွီဖန်းတို့၊ တာတာရ်တို့နဲ့ တိုက်တုန်းက အစွမ်းပြနိုင်ခဲ့တဲ့ တပ်မှူး ဆယ်ယောက် ရှိတယ်ဗျ။ တကယ့်ကို တော်တဲ့ စစ်သည်ကျော်တွေပါပဲ။ သူတို့ကို ကျွန်တော့်လက်အောက် မှာ ဗိုလ်ချုပ် ခန့်ချင်ပါတယ်”

နန်းရင်းဝန်က သဘောတူ၏။ လက်ရွေးစင် အင်အား တသောင်းစီဖြင့် ကျီစုသို့ လာရောက် သတင်းပို့ရန် ယင်းတပ်မှူးများထံသို့ အမိန့်ထုတ်လိုက်၏။ ယင်းတပ်မှူးများမှာ မူလက ဓားပြများ ဖြစ်ခဲ့ကြ၏။ လွတ်ငြိမ်းခွင့်ရရှိသဖြင့် မင်းမှုထမ်းဆောင်ခဲ့ရာ ချက်ချင်းပင် ကြီးပွားလာသူများ ဖြစ်၏။ စွမ်းရည်သတ္တိ ရှိသူများအဖြစ် ထင်ရှားခဲ့ကြ၏။ အမိန့်ရသော အခါ နှောင့်နှေးပါက ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်၍ အချိန်မီ စုရပ်သို့ လာကြ၏။

ကျင်လင်ပြည်နယ် ကျန်ကန်းတင် ရေတပ်တခု ရှိ၏။ ယင်းတပ်မှူး၏ အမည်မှာ နဂါး အိပ်မက်လျူဟု ခေါ်၏။ သူ့ကိုယ်ဝန်စွဲကပ်ချိန်က သူ့ဗိုက်ထဲသို့ နဂါးအနက်တကောင် ဝင် လာသည်ဟု သူ့မိခင်က အိပ်မက်သည် ဆို၏။ သူ ကြီးလာသောအခါ ရေကူး အလွန်ကျွမ်း ကျင်သူ ဖြစ်လာ၏။ စီချွမ်နယ် ရှာကျန်းမြစ်မှ ဓားပြများကို နှိမ်နင်းနိုင်သဖြင့် နာမည်ရ လာပြီး ရေကြောင်းဗိုလ်ချုပ်အဆင့်ထိ ရာထူးတက်လာခဲ့၏။ သူ့လက်အောက်တွင် စစ်သည် အင်အား တသောင်းခွဲ၊ တိုက်လှေ ငါးရာ ရှိ၏။ မြစ်တောင်ပိုင်းကို တာဝန်ယူရ၏။

ကောက်ကျူက သူ့တပ်နှင့် သူ့လှေများကို လိုချင်နေ၏။ ထို့ကြောင့် ချက်ချင်းပင် လွှဲ ပြောင်းရန် အမိန့်ထုတ်၏။ ထို့ပြင် စိတ်ချရသော ချူပန်းရှီဟု ခေါ်သည့် တပ်ဗိုလ်တယောက် ကိုလည်း ထိုမြစ်တလျှောက် အစုန်အဆန် သွားကာ မြစ်လက်တက်များအတွင်း၌ ရှိမည့် လှေများကို ရှာ၍ သိမ်းစေ၏။ ယင်းတို့ကို ကျီစုတွင် ကောက်ကျူသို့ လွှဲပေးရမည် ဖြစ်၏။ ကောက်ကျူထံတွင် ဗိုလ်ချုပ်အများပင် ရှိ၏။ ယင်းတို့အနက် တန်ရှီယင်နှင့် တန်ရှီဆုန် ဆိုသော ညီနောင်နှစ်ဦးမှာ အလွန်ရဲရင့်သော တိုက်ခိုက်ရေးတပ်မှူးများ ဖြစ်၏။ ဧကရာဇ်

မင်းကြီး၏ ကင်းတပ်မှ လူတသောင်းခွဲကို ထုတ်ယူလိုက်သဖြင့် သူ့လက်အောက်တွင် စုစုပေါင်း အင်အား တသိန်းသုံးသောင်း ရှိလာလေ၏။ စစ်ကြောင်းများ ချီတက်စဉ်တွင် စားသုံးရန်အတွက် ရိက္ခာဆန်များကို ကြို၍ ထုတ်ပေးထား၏။ ထို့အပြင် စစ်ဝတ်များ၊ ချပ်ဝတ်များ၊ ကြက်လျှာများ၊ တံခွန်များကို နေ့စဉ် ထုတ်လုပ်နေသော်လည်း အဆင်သင့် မဖြစ်သေးပေ။

ထိုက်ချုံနှင့် လျူထန်တို့မှာ အရှေ့နေပြည်တော်တွင် သုံး လေးရက် နေပြီး သတင်း စုကာ ညချင်းပင် ပြန်လာပြီး အသေးစိတ်ကို တင်ပြကြ၏။ ကောက်ကျူကိုယ်တိုင် တပ်မှူး ဆယ်ဦး ဦးစီးသော အင်အားတသိန်းသုံးသောင်းပါ တပ်ကြီးကို ဦးစီး၍ လာတိုက်မည်ဟု ကြားရသောအခါ စုန်ကျန့်သည် ထိတ်လန့်သွားပြီး ဝုရုံနှင့် တိုင်ပင်၏။ စစ်ဘက်အကြံပေး ကြီးက-

“မကြောက်ပါနဲ့ နောင်ကြီးရာ၊ ရှေးတုန်းက ကျူကောလျံတောင်မှ အင်အား သုံးထောင်လေးနဲ့ ရှောင်ရှောင်ရဲ့ အင်အားတသိန်းပါတဲ့ တပ်ကြီးကို နိုင်ခဲ့သေးတာပဲဗျာ။ အဲဒီတပ်မှူးတွေအကြောင်းလည်း ကြားဖူးပါတယ်။ နန်းတော်ထဲမှာတော့ တော်တော်လေး အမှုထမ်းခဲ့ပါတယ်။ သိပ်ပြီး ရဲစွမ်းသတ္တိ ရှိတယ်ဆိုတာကတော့ သူတို့နဲ့ ယှဉ်မယ့် ပြိုင်ဘက် မတွေ့သေးလို့ပါ။ ဒါပေမဲ့ ကျားတွေ၊ ဝံပုလွေတွေလို ရဲရင့်တဲ့ ကျုပ်တို့ ညီနောင်တွေနဲ့တော့ မယှဉ်နိုင်ပါဘူးဗျာ။ နောင်ကြီး ဘာမှမပူနဲ့။ သူတို့စစ်ကြောင်းဆယ်ကြောင်း ရောက်မလာ ခင်မှာ နည်းနည်းတော့ ခြောက်လိုက် လှန့်လိုက်ဦးမယ်”

“ဘယ်လို လုပ်မလဲဗျ”

“သူတို့က ကျီစုမှာ ဆုံကြမယ်လေဗျာ။ လက်ယဉ်တဲ့ နှစ်ယောက်လောက်ကို အဲဒီမြို့ ဆင်ခြေဖုံးမှာ အောင်းနေဖို့ လွှတ်ထားလိုက်မယ်။ သူတို့ တပ်တွေ နီးလာရင် နည်းနည်း သတ်ပြ ဖြတ်ပြလိုက်မယ်”

“ဘယ်သူတွေကိုများ ခိုင်းမယ် ကြံထားသလဲ”

“အမြီးမဲ့မြားချန်ကျင်နဲ့ လုံနှစ်စင်းဗိုလ်တုန်ပင်းပါ”

စုန်ကျန့်က ထိုသူနှစ်ဦးကို လူတထောင်စီအပ်ကာ ကျီစုမြို့ ဆင်ခြေဖုံးတွင် ကင်းလှည့် နေစေ၏။ အစိုးရတပ်များ မြို့သို့ ဝင်လာပါက ကြားဖြတ်တိုက်ကာ သတ်ဖြတ်ရမည်ဖြစ်၏။ ရေတပ်ဗိုလ်များကိုလည်း ရန်သူ့လှေများကို သိမ်းယူဖို့ ပြင်ဆင်ထားစေ၏။ အခြားတပ်ဗိုလ် များကိုလည်း တာဝန်အသီးသီး ပေးအပ်၏။ မည်သူမည်ဝါဟုကား ယခု မပြောလိုသေးပေ။ စာဖတ်သူတို့ နောင်တွင် တွေ့လာပါလိမ့်မည်။

အရက်နှစ်ဆယ်ကျော်သွားလေပြီ။ ကောက်ကျူမှာ နေပြည်တော်တွင် ရှိနေဆဲဖြစ်၏။ မြန်မြန်ချီတက် ရန် ဧကရာဇ်မင်းကြီးက လူလွှတ်ကာ တိုက်တွန်းရ၏။ ကောက်ကျူက ကင်း တပ်များကို အလျင် နေပြည်တော်မှ ထွက်စေ၏။ ယင်းတို့နှင့်အတူ အဆိုသမား၊ အကသမား မိန်းကလေး ယောက်ျားလေး သုံးဆယ်ခန့်ကိုလည်း ဖျော်ဖြေရေးအတွက် ထည့်လိုက်၏။

တပ်ထွက်သည့်နေ့တွင် အလံရှေ့တွင် ကောက်ကျူက သစ္စာပြုကာ ဧကရာဇ်မင်းကြီး ထံမှ ခွင့်တောင်းကာ စတင်ချီတက်၏။ တလခန့် ကြာသွားပြီဖြစ်၍ ယခုအခါ ဆောင်းဦး ရာသီ ပီပီသသ ဖြစ်နေလေပြီ။ အရာရှိကြီးငယ်တို့က မြို့ပြင် ဆယ်လီဝေးသော အရပ်ရှိဇရပ်တဆောင်တွင် စောင့်၍ နှုတ်ဆက်ကြ၏။ ကောက်ကျူကား ချပ်ဝတ်အပြည့်အစုံ ဝတ်ကာ ရွှေကုန်းနှီး တင်ထားသော စစ်မြင်းကြီးကို စီး၍ လာ၏။ သူ၏ ရှေ့တွင်ကား ကျောက်စိမ်းကကြိုးတန်ဆာများကို ဆင်ထားသော အရန်မြင်း ငါးစီး ပါလာ၏။ သူ့ ဘယ် ညာတွင် တန်ရှိယင်နှင့် တန်ရှိဆုန်တို့ လိုက်လာကြ၏။ သူ့နောက်တွင် အစောင့်တပ်မှူး၊ လက်နက်သင်ဆရာများ၊ ဗိုလ်ချုပ်များ စသော အဆင့်မြင့်အရာရှိကြီးများ ပါလာ၏။ ယင်းတို့နောက်တွင် တပ်များက သပ်သပ်ရပ်ရပ် တန်းစီကာ လိုက်ပါလာ၏။

ထိုဇရပ်တွင် ခဏနားကာ ဂုဏ်ပြုသေရည်ကို သောက်ပြီး ကျီစုကို ဆက်ထွက်ကြ၏။ သူ့စစ်သည်များအား လွတ်လွတ်လပ်လပ် လုယူခွင့် ပေးထားသဖြင့် လမ်းတလျှောက်ရှိရွာသူရွာသားများ အကြီးအကျယ် ထိခိုက်နစ်နာရလေ၏။

စစ်ကြောင်းတခုပြီးတခု ကျီစုနှင့် နီးလာလေပြီ။ အပြင်းချီတက်လာခဲ့ပြီးနောက် ရည်မှန်းချက်နှင့် လီလေးဆယ်ကျော်ကျော်တွင် ရှိသော နတ်ငှက်အမြီးတောင်ကုန်းဟု ခေါ်သော နေရာသို့ ရောက်လာသော တပ်မှူး ဝမ်ဝေတေးသည် ကြေးလင်ပန်းသံတချက် ကို ချွမ်းခနဲ ကြားလိုက်ရ၏။ သူ့နောက်မှ ပါလာသော တပ်မှာ ထိုတောင်ကုန်းခြေရင်းရှိတောအုပ်ကြီးကို ကွေ့ပတ်ကာ ချီတက်နေဆဲ ဖြစ်၏။

ထိုတောအုပ်နှင့် တောင်ကုန်းကြားမှ မြင်းတပ် တတပ်သည် အသားကျစီးကာ ထွက် လာပြီး လမ်းကို ပိတ်လိုက်၏။ ခေါင်းဆောင်လာသူမှာ သံခမောက်ဆောင်းထား၊ သံချပ်ကာ ဝတ်ထားပြီး လေးနှင့်မြားကို ကျောတွင် လွယ်လာ၏။ မြားကျည်တောက်တွင် ထိုးထား သော အဝါရောင် ကြက်လျှာနှစ်ခုတွင် လုံနှစ်စင်းဗိုလ် ဟု လည်းကောင်း၊ အိမ်ထောင်စု တသောင်း၏အရှင် ဟု လည်းကောင်း စာများ ရေးထား၏။ လှံတိုများကို လက်တဖက် တချောင်းစီကို ကိုင်ထား၏။ သူကား လျှံရှန်းကျူအင်းရှိ သူရဲကောင်းများတွင် အရဲတင်းဆုံး တိုက်ပွဲဝင်သူ တုန်ပင်း ပင် ဖြစ်၏။

ဘာမထီတုန်ဟု ထင်ရှား၏။

သူက လမ်းကို ဖြတ်ကာ သူ့မြင်းကို ဇက်သတ်လိုက်ပြီး -

"ဘယ်က လာကြတာလဲ၊ ဘာလုပ်နေကြတာလဲ၊ မြင်းပေါ်က ဆင်းပြီးတော့ ကြိုးတုပ် ခံကြပါတော့လား။ ဘာစောင့်နေတာလဲ" ဟု လှမ်းအော်၏။

ဝမ်ဝေတေးက ရယ်လိုက်၏။

"ခရားတွေ၊ အိုးတွေတောင်မှ နားနှစ်ဖက် ရှိကြသေးတယ်။ မင်းလည်း ငါတို့တွေ အကြောင်း ကြားဖူးရမယ်။ ငါတို့နိုင်ခဲ့တဲ့ ပွဲတွေမှ အများကြီးပဲ။ ဒီလောက် ကျော်စောနေ တာကို။ အဲဒီထဲမှာ ငါ ဝမ်ဝေတေးက ထိပ်ကပဲ"

တုန်ပင်းက ရယ်၏။ "မင်းကလား၊ ကိုယ့်အမေလင်ငယ်ကလွဲလို့ ဘယ်သူ့မှ မသတ် ရဲတဲ့ တောသားကများ"

"သူပုန်ကောင်ကများ၊ ငါကို ရာရာစစ" ဝမ်ဝေတေးကား ဒေါသူပုန် ထလာလေပြီ။ သူ့မြင်းကို ခပ်ပြင်းပြင်း ရိုက်ကာ လှံကို ချိန်၍ တက်တိုက်၏။ လှံနှစ်စင်းဗိုလ်က လှံများကို ကိုင်ကာ ထိပ်တိုက်ဝင်၍ ရင်ဆိုင်၏။ အချီသုံးဆယ်မျှ တိုက်ပြီးသော်လည်း မည်သူမျှ မနိုင်သေး။

သူ မနိုင်နိုင်ကြောင်း သဘောပေါက်သွားသော ဝမ်ဝေတေးက "ခဏနားမယ်" ဟု အော်ကာ နောက်ကို ပြန်ဆုတ်သွား၏။ သူ့တပ်ကို ရပ်မနေဘဲ ဖောက်ထွက်ရန် ညွှန်ကြားပြီး သူက ဦးဆောင်ကာ ဖောက်ထွက်ကြ၏။

တုန်ပင်းတို့ကလည်း နောက်မှ ထက်ကြပ်လိုက်လေ၏။ တောအုပ်ကို လွန်သွားသော အခါ နောက်ထပ် မြင်းတပ်တတပ်က သူတို့ရှေ့သို့ ချက်ချင်း ရောက်လာလေ၏။ ခေါင်း ဆောင်လာသူမှာ အမြီးမဲ့မြားချန်ကျင် ဖြစ်၏။

"ရပ်" ဟု အော်ကာ ခဲတလုံးနှင့် ပေါက်လိုက်၏။ ဝမ်ဝေတေးက ငုံ့ကာ ရှောင်လိုက် သော်လည်း မလွတ်လိုက်ဘဲ သံခမောက်ကို လာထိမှန်၏။ ဝမ်ဝေတေးလည်း ခါးကို ချိုးကာ မြင်းဒုန်းစိုင်း၍ ပြေးလေ၏။ တောပုန်းဗိုလ်နှစ်ဦးလည်း လိုက်ကြ၏။ မီခါနီးတွင် တပ်တတပ်က ကြားမှ ဝင်၍ ဖြတ်၏။ ထိုသူမှာ ယန်းဝင်ဟု ခေါ်သော တပ်မှူးတဦးဖြစ် ကြောင်း ဝမ်ဝေတေး မှတ်မိလိုက်၏။ တုန်ပင်းတို့လည်း ဆက်မလိုက်တော့ဘဲ ဆုတ်ခဲ့၏။

စစ်ကြောင်းနှစ်ကြောင်းလည်း ကျီစုမြို့ထဲသို့ ဝင်သွားကြ၏။ နောက်တရက် နှစ်ရက် ကြာသော် ကောက်ကျူတို့ ရောက်လာနေပြီဟု ကြားရ၏။ တပ်မှူး ဆယ်ယောက်စလုံး ထွက်၍ ကြိုကြ၏။ မြို့ဝန်ရုံးမှာလည်း ယာယီစစ်ဌာနချုပ်

ဖြစ်သွားရလေ၏။

စစ်ကြောင်း ဆယ်ကြောင်းကိုမူ ကျိုစုမြို့ပြင်တွင်သာ စခန်းချစေ၏။ နဂါးအိပ်မက် လျှုတို့ ရေတပ်ရောက်လာလျှင် ပူးပေါင်းချီတက်ကြမည် ဖြစ်၏။ စစ်ကြောင်းများသည် အနီးအနားရှိ တောင်ကုန်းများတွင် သစ်ခုတ်ကြ၏။ ရွာသားများထံမှ တံခါးရွက်များ၊ ပြတင်းရွက်များကို အတင်းသိမ်းကြပြီး မြေတွင် ခင်းကာ အိပ်ရန် အသုံးပြုကြ၏။ ဒေသခံ လူထုမှာ များစွာ ဆုံးရှုံးရလေ၏။

ကောက်ကျူကား ကျိုစုမြို့ထဲတွင်ပင် နေထိုင်ကာ လူသစ် တပ်စုနေလေ၏။ လာဘ်ထိုး ရန် ငွေမရှိသူများမှာ ရှေ့ဖျားတပ်တွင် တာဝန်ပေးခံရ၏။ ငွေများများ ဆို့နိုင် ဖို့နိုင်သူတို့မှာ တပ်မတွင် တာဝန်ပေးခံရပြီး ရဲဆုများ ချီးမြှင့်ရန်ကိုပင် ထောက်ခံခြင်း ခံရနိုင်၏။ ဤသို့ သော မသမာမှုများမှာ ပြော၍ပင် မကုန်နိုင်ပေ။

နောက်တရက်နှစ်ရက်နေမှ နဂါးအိပ်မက်လျှုတို့၏ ရေတပ် ရောက်လာ၏။ ကောက်ကျူက တပ်မှူးအားလုံးကို ခေါ်ကာ တိုင်ပင်၏။ ဝမ်ဟွမ်က အကြံတခု တင်ပြ၏။

“ခြေသည် မြင်းသည်တွေကို အရင်လွှတ်ပြီး ရန်သူတွေကို အမြူခိုင်းလိုက်မယ်။ ပြီးမှ ရေတပ်နဲ့ သွားပြီး သူတို့ ဝပ်ကျင်းကို ဖျက်ဆီးကြမယ်။ သူတို့က တချိန်တည်းမှာ စစ်မျက်နှာနှစ်ဖက် ဖွင့်နိုင်မှာ မဟုတ်ဘူး။ သူတို့ကို ဖမ်းမိမှာပဲ” ကောက်ကျူက သဘောတူ၏။ ဝမ်ဟွမ်နှင့် ရှုကျင်တို့ကို ဦးဆောင်သွားစေ၏။ ဝမ်ဝေ တေးနှင့် မေချန်တို့က နောက်ရန်အဖြစ် လိုက်ရသည်။ ချန်ကိုက်နှင့် ယန်းဝင်တို့က ဘယ် တောင်ပံ၊ ဟန်ဆွန်ပေါင်နှင့် လီကုန်ကျီတို့က ညာတောင်ပံတို့မှ အသီးသီးလိုက်ရမည်။ ရှန်ယွမ်ချင်နှင့် ကျင်းချုံတို့က အရန်တပ်များအဖြစ် ရှေ့ဖျားနှင့် နောက်ရံတပ်များ နောက်မှ လိုက်ရမည်။ တန်ရှိဆုန်က အင်အားသုံးထောင်နှင့်အတူ နဂါးအိပ်မက်လျှုကို ကူညီရန်၊ တိုက်ပွဲအခြေအနေကို ကြည့်ရန် ရေတပ်နှင့် လိုက်ရမည် ဖြစ်၏။

တပ်အသီးသီးတို့လည်း အမိန့်အသီးသီးကို ရကြပြီးနောက် သုံးရက်မျှ ပြင်ဆင်ကြပြီး ကောက်ကျူ၏ အစစ်ဆေးကို ခံကြ၏။ ထို့နောက်တွင် လျှံရှန်းကျူအင်းသို့ ချီတက်ရန် ညွှန်ကြားလိုက်၏။

တုန်ပင်းနှင့် ချန်ကျင်က စခန်းသို့ ပြန်ကာ အခြေအနေ အသေးစိတ်ကို တင်ပြကြ၏။ စုန်ကျန့်တို့လည်း တပ်ကို ဦးစီး၍ တောင်ရိုးပေါ်မှ ဆင်းလာရာ ရန်သူကို လှမ်း၍ မြင်ရ၏။ နှစ်ဖက်တပ်များသည် မြားတကမ်း အကွာအဝေး၏ အပြင်ဘက်တွင် စခန်းချထားကြ၏။ တပ်မှူးဝမ်ဟွမ်သည် ရှေ့ဖျားတပ်ဆီသို့ ရောက်လာ၏။ သူ့လက်ထဲတွင် လှံရှည်တလက် ပါလာလေ၏။ ဝမ်ဟွမ်က လှမ်း၍ အော်၏။

"ခားပြတွေ၊ တောပုန်းတွေ၊ ဗိုလ်ချုပ်ဝမ်ဟွမ်ကို မသိကြဘူးလား"

တဖက်ခြမ်းရှိ တံခွန်များ မိုးထားသည့် နေရာအောက်မှ စုန်ကျန့်က ထွက်လာကာ လေးလေးစားစား နှုတ်ဆက်၏။

"တပ်မှူး ဝမ်၊ ခင်ဗျား အသက်အရွယ်က လေးစားစရာ ဖြစ်နေပါပြီ။ တိုက်ခိုက်ရေး မှာ ပါနေဖို့ မသင့်တော့ပါဘူး။ တဖက်ရန်သူက လက်ချော်ခြေချော် ဖြစ်သွားရင် နာမည် ပျက် မရှိခဲ့တဲ့ သင့်ဘဝ ဇာတ်သိမ်းသွားနိုင်ပါတယ်။ ပြန်ပါ။ လူငယ်တွေပဲ တိုက်ပါစေ"

ဝမ်ကား ဒေါပွလေ၏။ "မင့်နဖူးမှာ သံပူရာကတောင် မပျောက်သေးဘူး။ စာရေး လေးရဲ့၊ နတ်စစ်သည်တွေကို ဆန့်ကျင်ရဲသလား"

"အကျပ်ရိုက်အောင် မလုပ်ပါနဲ့ တပ်မှူး၊ ကျုပ်လူတွေက မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြတဲ့ ရဲရင့်သူတွေဗျ။ ခင်ဗျားဆီမှာ အရေးနိမ့်မှာ မဟုတ်ဘူး"

ဝမ်ဟွမ်က လှံကို ချိန်ကာ အတင်းဝင်လာခြင်းဖြင့်သာ တုံ့ပြန်လိုက်၏။ စုန်ကျန့် နောက်မှ စစ်သည်တဦးကလည်း လှံကို ချိန်ကာ မြင်းစီး၍ ထွက်၏။ သူ့မြင်းထံမှ ချူသံ လွင်လွင်ကို ကြားလိုက်ရ၏။ ထိုသူမှာ ကျားသစ်ခေါင်းလင်ချုံး ဖြစ်၏။ သူက ရန်သူထံသို့ မြင်းဒုန်းစိုင်း၍ ဝင်၏။

မြင်းနှစ်စီး ဆုံမိကြရာ စစ်သည်များက ဟေးခနဲ ဩဘာပေးကြ၏။ ကောက်ကျူလည်း ရှေ့သို့ တက်လာကာ ကြည့်နေ၏။ နှစ်ဖက်စစ်သည်များက အော်ဟစ်ကာ အားပေးနေကြ ၏။ မြင်းသည်များက ခြေနင်းကွင်းပေါ်တွင် ရပ်ကာ၊ ခြေသည်များက သံခမောက်များကို နောက်သို့ လှန်ကာ ကောင်းကောင်းမြင်ရရန်ကြိုးစားနေကြ၏။ ယှဉ်ပြိုင်ဘက်နှစ်ယောက် သည်လည်း မိမိတို့ ကျွမ်းကျင်ပုံကို ဟန်ရေးပြနေကြ၏။

အကျော့ ရှစ်ဆယ်ခန့်အထိ တိုက်ခိုက်ပြီးသော်လည်း အနိုင်အရှုံး မပေါ်သေးပေ။ ခရာများကို မှုတ်ကာ လူစုခွဲရန် အချက်ပေးလိုက်သဖြင့် အသီးသီး ကိုယ့်နေရာကိုယ် ပြန် သွားကြ၏။ တပ်မှူးကျင့်ချုံ ရောက်လာကာ ကောက်ကျူကို အရိုအသေပေးပြီး-"ခားပြတွေကို တချီလောက် သွားတိုက်ချင်ပါတယ် ခွင့်ပြုပါ"

ကောက်ကျူက ခွင့်ပြုလိုက်၏။ စုန်ကျန့်နောက်မှလည်း ချူသံတလွင်လွင်နှင့်အတူ ဟူယန်ကျို့ ထွက်လာလေ၏။ အရိုးရှည်တပ် ဓားကြီးကို ဝှေ့ကာ သခွားမသီး အဝါရောင် မြင်းကြီးကို စီးထား၏။ သူတို့နှစ်ယောက် အချီနှစ်ဆယ်ခန့် တိုက်ကြ၏။

ဟူယန်ကျို့က ထွက်ပြေးမည့်ဟန်ဖြင့် ရန်သူ့ခါးကြီးကို ပယ်ကာ ရန်သူ့ခေါင်းကို သံမဏိတင်ကျည်းဖြင့် အားကုန် ရိုက်ချလိုက်ရာ ဦးနှောက်များ ပြန့်ကျဲသွား၏။ ကျင့်ချို့ သည် မျက်စိများ ပြူးထွက်လျက် မြေပေါ်သို့ ကျပြီး သေရရှာ၏။

ကောက်ကျူမှာ တပ်မှူးတဦး ဆုံးရှုံးရလေပြီ။ ထို့ကြောင့် နောက်တယောက်အဖြစ် ရှန်ယွမ်ချင်ကို ထပ်လွှတ်လိုက်၏။ ရှန်က လှံကို ချိန်လျက် မြင်းကို အပြင်းစိုင်းလာရင်း "ခေးပြတွေ ဘယ်ကောင် ငါနဲ့ တိုက်ရဲလဲ" ဟု အော်၏။

လှံနှစ်စင်းဗိုလ်က ထွက်၍ သူ့ကို ရင်ဆိုင်လေ၏။ ဆယ်ချီမျှပင် မတိုက်ရသေး။ ရှန်က မြင်းကို လှည့်ကာ ပြေး၏။ တုန်ပင်းလည်း နောက်မှ အပြင်းလိုက်၏။ ရှန်က သူ့တပ်ကို ပြန်မဝင်ဘဲ တပ်အစပ်မှ ယောင်ကာ ထွက်ပြေး၏။ တုန်ပင်းလည်း နောက်မှ လိုက်၏။

ရှန်က လှံကို စွပ်ခွက်ထဲသို့ ထည့်လိုက်ကာ ဘယ်လက်ဖြင့် လေးကို ကိုင်ပြီး ညာ လက်ဖြင့် မြားကို တပ်လိုက်၏။ ထို့နောက် ရုတ်ခြည်းပင် ခါးကို လိမ်ကာ ပစ်ထည့်လိုက်၏။ ဒင်ခနဲမြည်လာသော လေးညို့သံကြောင့် တုန်ပင်းက ညာလက်ဖြင့် ဟန့်ကာလိုက်ရာ သူ့လက်ကို မြားလာမှန်၏။ လှံကို လွှတ်ချလိုက်ပြီး ပြန်ပြေးရ၏။ ရှန်က နောက်ထပ် မြား တစင်း တပ်နေစဉ် ဟူယန်ကျို့နှင့် လင်ချုံးတို့က တုန်ပင်းကို ဘေးလွတ်ရာသို့ ခေါ်သွား ကြ၏။

စုန်ကျန့်က တုန်ပင်းကို တပ်စခန်းသို့ ပြန်ပို့ရန် ညွှန်ကြားနေစဉ်တွင် ကောက်ကျူက အလုံးအရင်းနှင့် ဝင်တိုက်ရန် အမိန့်ပေးလိုက်၏။ စုန်ကျန့်တို့၏ နောက်ရံတပ်က မထိန်း နိုင်ဘဲ ကစဉ့်ကလျား ပြေးကြ၏။ ကောက်ကျူက မြစ်ရေစပ်အထိ လိုက်တိုက်ပြီးမှ အစိုးရ လှေတပ်နှင့် ဆက်သွယ်ရန် ကင်းထောက်များကို စေလွှတ်၏။

ထိုအချိန်တွင် နဂါးအိပ်မက်လျူနှင့် တန်ရှိဆုန်တို့မှာ ကျူအင်းထဲတွင် ကွေ့ကာ ပတ်ကာ လာနေဆဲဖြစ်၏။ မြူများ ကျူပင်များသည် ချောင်းတက်မြောင်းတက်များကို ကွယ်ကာနေကြ၏။ သူတို့၏ ရွက်များကိုမူ ဆယ်လီအကွာမှပင် ထင်းထင်းကြီး မြင်နေရ၏။ တောင်စောင်းမှ အမြောက်သံ တချက်ပေးလိုက်ရာ အရပ်ရှစ်မျက်နှာမှ လှေငယ် တက်ခင်း အမြောက်အမြားထွက်လာလေ၏။ နဂိုကမှ အကြောက်ကြောက် အလန့်လန့် ဖြစ်နေသော အစိုးရတပ်များမှာ လှေငယ်များ ဝိုင်းအုံလာပြီး သူတို့၏ လှေများ အချင်းချင်း ကို အဆက်ဖြတ်လိုက်သောအခါ အများစုက လှေပေါ်မှ ခုန်ချကာ ထွက်ပြေးကြလေ၏။ ဤ ရှုပ်ထွေးမှုကို လျှံရှန်းတောင်ရိုးသားများက အခွင့်ကောင်းယူကြ၏။ မုံများ၊ ကြေး လင်ပန်းများကို တီးခတ်ကာ လှေများကို

ရှေ့သို့ လျှော်ခတ်လာကြ၏။

နဂါးအိပ်မက်လျှူနှင့် တန်ရှိဆုန်တို့က နောက်ပြန်လှည့်ရန် လုပ်ကြ၏။ သို့သော် သူတို့ လာခဲ့သော အင်းရေတိမ်တိမ်ထဲတွင် တောပုန်းများက သစ်လုံးများ၊ ချုံပုတ်များ၊ ငုတ်များ ကို ချကာ ပိတ်ဆို့ထားကြလေပြီ။

စစ်သည်များ ရေထဲသို့ ထပ်ခုန်ချကြပြန်လေပြီ။ နဂါးအိပ်မက်ကိုယ်တိုင်ပင် သူ့ ချပ်ဝတ်ကို ချွတ်ကာ၊ ကမ်းပါးကို ကုတ်ကတ်၍ တက်ကာ တွေ့ရသော လမ်းကလေးတခု အတိုင်း လိုက်ခဲ့၏။ တန်ရှိဆုန်သည် လှေကို မခွာလိုသေးသဖြင့် ချောင်းလက်တက်တခု ထဲသို့ လှော်စေ၏။

နှစ်လီမျှပင် မရောက်သေးမီမှာပင် ရှေ့မှ လှေကလေး သုံးစီး ထွက်လာ၏။ ယင်းတို့ကို လုံကိုယ်စီ ကိုင်ထားသော ဖိုးရုံညီနောင်သုံးဦးက ဦးစီးလာခြင်း ဖြစ်ပေ၏။ သူတို့လှေများနှင့် နီးလာသောအခါ လက်ကျန်အစိုးရတပ်သားများ ရေထဲသို့ ခုန်ဆင်းကြပြန်ရာ တန်ရှိဆုန် တယောက်တည်း ဖိုးရုံကြီးကို ရင်ဆိုင်ရင်း ကျန်ခဲ့လေ၏။ ဖိုးရုံငယ်နှင့် ဖိုးရုံကလေးတို့၏ လှေများ နီးလာသောအခါ ဖိုးရုံကြီးလည်း ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။ တန်ရှိဆုန်လည်း ဘေးအန္တရာယ်ကို ရိပ်စားမိသဖြင့် ရေထဲသို့ ခုန်ချလိုက်လေ၏။

ရုတ်တရက်ဆိုသလို လှေမီးလျှံချန်ဟင်း ရေအောက်မှ ပေါ်လာပြီး တန်ရှိဆုန်၏ ဆံပင် နှင့် ခါးကို ကိုင်စွဲကာ ကျူတောထဲသို့ ပစ်တင်လိုက်၏။ ကျူတောထဲမှ တောပုန်းများက သူ့ကို ဖမ်းဆီးတုပ်နှောင်ကာ နံးသို့ ပို့လိုက်ကြ၏။

သူ့လှေတပ် ကစဉ့်ကလျားဖြစ်ကာ၊ လူများလည်း တောင်များဆီသို့ ပြေးသွားကြ သည်ကို ကောက်ကျူ မြင်ရ၏။ နဂါးအိပ်မက်လျှူ၏ အလံတင်ထားသော လှေများအားလုံး အသိမ်းခံလိုက်ရ၏။ ကောက်ကျူ၏ ရေတပ်စစ်ဆင်ရေး ကျဆုံးသွားလေပြီ။ ကျီစုသို့ ပြန်ရန် အမိန့်ပေးလိုက်၏။ အစီအမံအသစ်များကို စဉ်းစားရပေတော့မည်။

စတင် ချီတက်ချိန်မှာ အတော် မှောင်နေလေပြီ။ အမြောက်သံများ မိုးခြိမ်းသလို ထွက်လာကာ စုန်ကျန့်တပ်များက အဘက်ဘက်မှ ဝိုင်းတိုက်ကြလေ၏။ ကောက်ကျူမှာ စိတ်ပျက်လက်ပျက်ဖြင့် အော်ညည်းမိလေ၏။

မှန်ပေ၏။ ဒုက္ခများ ပြန်သွားသော်လည်း သုခကား ရောက်မလာသေးပေ။ ရောဂါ ဆုတ်သွားသော်လည်း ဒုက္ခက ကျရောက်လာပြန်၏။ စစ်သူကြီးတယောက် လမ်းပျောက် ကာ တပ်ဆယ်တပ် အထွေးထွေး ဖြစ်ရလေပြီ။ ထို့ကြောင့် ခြေသည်တပ်များ စခန်း မပြန်နိုင် ဖြစ်ရကာ လှေတပ်များကား အိပ်မက်ကမ္ဘာသို့ ပြေးကြရလေ၏။

ကောက်ကျူနှင့် သူ့တပ်တို့ အဘယ်ပုံ အဘယ်နည်းဖြင့် လွတ်ခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၇၉

လျူထန်က တိုက်လှေများကို မီးတိုက်ပစ်ခြင်း

စုန်ကျန့်က စစ်သူကြီးကောက်ကျူကို ဒုတိယအကြိမ် နိုင်လိုက်ခြင်း

အမှန်တကယ်မှာ ပစ်ဖောက်သော အမြောက်များသည် အမြောက်ဆန် မပါသော အချက် ပေးသည့် အမြောက်သံများသာ ဖြစ်ပြီး မည်သည့် တောပုန်းမျှ ကင်းပုန်းဝပ်မနေသော် လည်း ကောက်ကျူ ကြောက်လိုက်သည်မှာ နေစရာပင် မရှိတော့။ ဆက်လက်၍လည်း မတိုက်ဝံ့တော့ပေ။ ထိုညတွင်းချင်း၌ပင် ကျီစုသို့ တပ်ပြန်ဆုတ်လေ၏။ ခြေသည်အင်အား မှာ များစွာ မထိခိုက်လှသော်လည်း ရေတပ်၏ လူအင်အားမှာ ထက်ဝက်ပင် မရှိတော့။ လှေများမှာလည်း တစီးမျှ မကျန်တော့ပေ။

နဂါးအိပ်မက်လျူမှာလည်း အတော်ကြိုးစားပြီး ပြန်လာခဲ့ရသည်။ ရေမကူးတတ်သူ များမှာ တယောက်မျှ ပြန်ရောက်မလာခဲ့ပေ။

စစ်ရေးဆိုင်ရာဂုဏ်ပုဒ် ထိခိုက်သွားပြီး အင်အားလည်း ကုန်ခန်းနေပြီ ဖြစ်သည့် ကောက်ကျူသည် မြို့ထဲတွင်သာ စခန်းချထားပြီး လှေအသစ်များနှင့် ချူပန်းရှိ ရောက်လာ မည်ကို မျှော်နေ၏။ တွေ့သမျှ လှေကို သိမ်းကာ ကျီစုသို့ ယူလာရမည်၊ ရောက်လာသော လှေများကို တိုက်ပွဲတွင် သုံးရန် ပြင်ဆင်မည်ဟု ဆက်သား လွှတ်ကာ အကြောင်းကြား၏။ တောင်ရိုးစခန်းတွင်လည်း စုန်ကျန့် ပြန်လွှတ်လိုက်သော တုန်ပင်းကို သမားတော် အင်းထောင်ကွမ်းက မြားကို ဖယ်ရှားလိုက်ပြီး ရွှေလုံဖယောင်းချက် လိမ်းပေးပြီး အနားယူ ခိုင်းထား၏။ ဝုရုံနှင့် အခြားတပ်ဗိုလ်များ ရောက်လာကြ၏။ လှေမီးလျှံချန်ဟင်းက တန်ရှိဆုန်ကို လာအပ်ပြီး ဆုလာဘ် တောင်းခံလေ၏။ စုန်ကျန့်က သူ့ကို တောင်နောက်ဘက်တွင် အကျယ်ချုပ်ဖြင့် ထားခိုင်းလေ၏။ ဖမ်းမိသော လှေများကို ရေကြောင်းခံတပ် တာဝန်ခံ တပ်မှူးများကို ခွဲဝေပေးစေ၏။

ကျီစုတွင် ကောက်ကျူက လျှံရှုန်းတောင်ရိုးကို တိုက်ခိုက်မည့် မဟာဗျူဟာ ချမှတ်ရန် ဆွေးနွေးနေ၏။ တပ်မှူးရှူကျင်က-

"ကျုပ် ငယ်ငယ်တုန်းက ခြေသလုံးအိမ်တိုင် နေခဲ့တယ်။ ကြီးလာတော့ လက်နက် အစွမ်းတွေ ပြပြီး ဆေးရောင်းခဲ့တယ်။ အဲဒီမှာ လူတယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ သူက စစ်မဟာဗျူဟာတွေ ကျွမ်းကျင်တယ်။ သူက

ရေးဟောင်း သေနင်္ဗျူဟာပညာရှင် စုဂူနဲ့ ဝုကျိတို့လိုပဲ တော်တယ်။ ဉာဏ်ကောင်းတာကလည်း ကျူကောလျံလိုပဲ။ သူ့နာမည်က ဝင်ဟွမ်ချန်းတဲ့။ သူက အရှေ့နေပြည်တော်အပြင်ဘက်က အန်ရင်ရွာမှာ ကျောင်းဆရာ လုပ်နေတယ်။ သူ့ကိုခေါ်ပြီး စစ်ဦးစီးမှူး ခန့်လိုက်ရင် သူက ဝုရုံရဲ့ပရိယာယ်တွေကို ပြန်ချေနိုင်လိမ့်မယ်”

ကောက်ကျူလည်း ချက်ချင်းပင် ပိုးထည်များနှင့် ကုန်းတင်ပြီး မြင်းတစီးကို လက် ထောက်ပြုကာ ဗိုလ်ချုပ်တယောက်ကို စေလွှတ်ပြီး ထိုကျောင်းဆရာကို ဖိတ်စေ၏။ ထိုသို့ စေလွှတ်ပြီး သုံးလေးရက် အကြာတွင် မြို့ပြင်မှ သတင်းလာပို့လေ၏။ “စုန်ကျန့်က တပ် ကြီးနဲ့ ရောက်လာပြီး စိန်ခေါ်နေပါတယ်”

ကောက်ကျူလည်း ဒေါသထွက်သွားကာ မြို့တွင်းရှိ တပ်ကို စုရုံးပြီး ထွက်ခဲ့၏။ မြို့ပြင် ရှိ စခန်းအသီးသီးမှ တပ်မှူးများကိုလည်း စစ်ထွက်ခိုင်း၏။

ကောက်ကျူတို့ ထွက်လာသည်ကို မြင်သော စုန်ကျန့်လည်း ဆယ့်ငါးလီအကွာရှိလွင်ပြင်ကျယ်တခုသို့ ဆုတ်ခဲ့၏။ ကောက်ကျူတို့ကလည်း အတင်းလိုက်လာကြ၏။ စုန်ကျန့် တို့က တောင်ဆင်ခြေလျှောတခုကို အမှီပြုကာ နေရာယူထားကြ၏။ တံခွန်အနီကိုင် တပ်ထဲမှ ကြောက်မက်ဖွယ် မျက်နှာပေးနှင့် တပ်မှူးတဦး ထွက်လာ၏။ သူ၏ တံခွန်တွင် တင်ကျည်းနှစ်လက် ဟူယန်ကျို့ ဟု ရေးထား၏။ ကွင်းအစပ်တွင် မြင်းကို ဇက်သတ်ကာ လှံကို ဆလျက် ရပ်နေလေ၏။

“ဒီကောင်က အရင်က သံချပ်ကာမြင်းတပ်ကကွ၊ ရန်သူ့ဘက်ကို ပါသွားတာ” ဟု ကောက်ကျူက ရှုတ်ချ၏။ လခြမ်းပုံ လှံပုဆိန်ကို ကိုင်သည့် တပ်မှူး ဟန်ရွှင်ပေါင်ကို ဟူယန်ကျို့နှင့် ရင်ဆိုင်စေရန် လွှတ်လိုက်၏။

စကားတခွန်းမျှ မပြောဘဲ နှစ်ယောက်သား တိုက်ခိုက်ကြ၏။ တဦးက လှံပုဆိန်နှင့် ခုတ်၏။ တဦးက လှံနှင့် ထိုး၏။ နှစ်ယောက်စလုံး ဇယ်စက်သလို သွက်လက်လှ၏။ အချီ ငါးဆယ်ကျော်မျှ တိုက်ပြီးသော် ဟူယန်ကျို့က ဟန်ဆောင်ကာ ထွက်ပြေးလေရာ ဟန်ရွှင် ပေါင်က အမြန်လိုက်ခဲ့၏။

သံမဏိဖလားများနှင့် တူသော ခွာရှစ်လုံးသည် မြေပြင်ကို ခလောက်နေလေ၏။ ပြေးကြ လိုက်ကြသည်မှာ ခြောက်လီခုနစ်လီမျှပင် ရှိလာ၏။ ဟူယန်ကျို့က ဖြုန်းခနဲ မြင်းကို လှည့်လိုက်ပြီး လှံကို သိမ်းကာ တင်ကျည်းတုတ်များ တဝင့်ဝင့်နှင့် ရန်သူထံသို့ မြင်းဒုန်းစိုင်း၍ ဝင်၏။ အကြိမ် တဒါဇင်မျှ တိုက်ကြ၏။ ထို့နောက် ဟူယန်ကျို့က လှံပုဆိန်ကြီးကို ကိုင်ပြီး ထွက်ပြေးပြန်၏။

ဟန်ရွှင်ပေါင်က စဉ်းစား၏။ “ဒီကောင် သူ့လှံနဲ့ဆို ငါ့အနားမကပ်နိုင်ဘူး။ သူ့တုတ်တွေ နဲ့လည်း ငါ့ကို နိုင်အောင် မတိုက်နိုင်ဘူး။ ဒီကောင့်ကို အရှင် ဖမ်းမယ်။

ဘာလို့စောင့်နေရ မှာလဲ”

ဟန်က အပြင်းလိုက်၏။ သို့သော် တောင်နှစ်လုံးကြားရှိ လမ်းကွေ့ကလေးကို ကျော် လိုက်သောအခါ လမ်းနှစ်ခွ ဖြစ်နေသည်ကို တွေ့ရ၏။ ဘယ်လမ်းက သွားပါလိမ့်။ တောင် ပေါ်ကို တက်၍ ကြည့်၏။ ဟူယန်ကျို့သည် စမ်းချောင်းတခုအတိုင်း မြင်းစီးသွားနေသည်ကို မြင်ရ၏။

“ဟေ့ ခေးပြကောင်၊ ဘယ်သွားမယ် ကြံနေတာလဲ။ မြင်းပေါ်က ဆင်းပြီး အဖမ်းခံ၊ ငါ အသက်ချမ်းသာပေးမယ်”

ဟူယန်ကျို့က ရပ်ကာ ညစ်ညစ်ပတ်ပတ် ဆဲလေ၏။ ဟန်ရွှန်ပေါင်က သူ့ကိုကြို၍ ပိတ်ရန် ပန်း၍ တက်၏။ တဖက်မှာ တောင်၊ တဖက်မှာ စမ်းချောင်း ရှိနေသဖြင့် တိုက်ကွင်း မှာကျဉ်းမြောင်း၏။ မြင်းများ တက်ရန် ဆုတ်ရန် ခက်၏။ ဟူယန်ကျို့က-

“လက်နက်ချစမ်း၊ ဘာလုပ်နေတာလဲ”

“မင့်က ရှုံးနေတာ။ ငါက ဘာလို့ လက်နက်ချရမှာလဲ”

“မင်းကို အရှင်ဖမ်းဖို့ ဒီကို မျှားခေါ်လာတာ”

“ငါကမှ မင်းကို အရှင်ဖမ်းမှာကွ”

ထိုသူနှစ်ယောက်၏ အမျက်ဒေါသသည် ဝုန်းခနဲ တောက်လာပြန်၏။ ဟန်ရွှန်ပေါင်က ဟူယန်ကျို့၏ရင်ဘတ်နှင့် ဗိုက်ကို သူ့လှံပုဆိန်နှင့် အကြိမ်ကြိမ်ထိုး၏။ ဟူယန်ကျို့ကလည်း သူ့လှံနှင့် ပြန်တံ့ပြန်၏။

အချီသုံးဆယ်ကျော်မျှ တိုက်ကြ၏။ ဟန်ရွှန်ပေါင်က ဟူယန်ကျို့၏ နံရိုးများသို့ ထိုး၏။ ဟူယန်ကျို့က ဟန်ရွှန်ပေါင်၏ နှလုံးသားသို့ ထိုး၏။ နှစ်ယောက်သား အားကုန်ထိုးကြရာ လက်နက်များ လွဲချော်ကုန်ကြ၏။ သို့သော် ဟူယန်ကျို့က ဟန်ရွှန်ပေါင်၏ လှံပုဆိန်ကြီးကို ချိုင်းအောက်တွင် ညှပ်ထားလိုက်၏။ ထို့အတူ ဟန်ရွှင်ပေါင်ကလည်း ဟူယန်ကျို့၏ လှံကို ဖမ်းဆုပ်ထားလိုက်၏။ နှစ်ယောက်သား အားကုန်ထုတ်ကာ ဆွဲကြ တွန်းကြ၏။ ဟန်ရွှန် ပေါင် မြင်း၏ နောက်ခြေများမှာ စမ်းချောင်းထဲသို့ ရောက်သွားရာ ဟူဟန်ကျို့ရော မြင်းပါ ရေထဲသို့ ဆွဲအချခံသွားရ၏။

လူများလည်း ရုန်းကြ ဆွဲကြ၏။ မြင်းများလည်း ကန်ကြကျောက်ကြသည်။ ရေများ စဉ်တက်လာသောကြောင့် နှစ်ယောက်စလုံး ရွှဲရွှဲစိုနေလေပြီ။ ဟူယန်ကျို့က ဟန်ရွှင်ပေါင် ၏ လှံပုဆိန်ကို မလွှတ်လိုက်ဘဲ သူ့လှံကို လွှတ်လိုက်ကာ

တင်ကျည်းတုတ်ကို လှမ်းကိုင်၏။ ထိုစဉ် ဟန်ရွှန်ပေါင်က ဟူယန်ကျို့၏ လုံကို လွှတ်လိုက်ပြီး လက်များကို ပြောင်း၍ ဆုပ်ကိုင် ၏။ လုံးရင်းထွေးရင်း နှစ်ယောက်သား ရေထဲကို ကျသွားလေ၏။ မြင်းများကမူ ကမ်းပေါ်သို့ တက်ကာ တောင်များဆီ ပြေးသွားကြ၏။

ထိုသူနှစ်ယောက်မှာ လက်နက်မဲ့သွားရုံမက စစ်ခမောက်များလည်း ကျွတ်ကုန်ကာ ချပ်ဝတ်များလည်း တစစီ ဖြစ်ကုန်ကြပြီ။ ရေနက်ထဲတွင် ကန်ကျောက်ရင်း ထိုးကြိတ်ရင်း တဖြည်းဖြည်း ရေတိမ်ရာသို့ လာနေကြ၏။

ထိုစဉ်အတွင်း မြင်းစီးတဖွဲ့ ချောင်းဘေးသို့ ရောက်လာ၏။ ယင်းတို့ကို အမြီးမဲ့မြားက ဦးဆောင်လာ၏။ ဟန်ရွှန်ပေါင်ကို ဖမ်းကာ မြင်းများကို အရှာလွှတ်လိုက်၏။ ရောက်လာ သော မြင်းများ၏ ဟီသံကို ကြားရသဖြင့် ထိုမြင်းများလည်း သူတို့ဘာသာ ပြန်လာကြ၏။ ချောင်းထဲမှ သံခမောက်နှင့် ချပ်ဝတ်များကို ပြန်ရှာကာ ဟူယန်ကျို့ကို ပေးကြရ၏။ ရေစက် လက်ဖြင့် ဟူယန်ကျို့လည်း မြင်းပေါ်တက်၏။ ဟန်ရွှန်ပေါင် ကိုလည်းလက်ပြန်ကြိုးတုပ်ကာ သူ့မြင်းပေါ်သို့ တင်၏။ ထို့နောက် တောင်ကြားအဝသို့ ထွက်ခဲ့ကြ၏။

သူတို့၏ ရှေ့တွင် မြင်းစီးတပ်ဖွဲ့တဖွဲ့ လာနေသည်ကို မြင်ရ၏။ ဟန်ရွှန်ပေါင်ကို လိုက်ရှာ နေသော အစိုးရတပ်များ ဖြစ်၏။ မြင်းစီးနှစ်ဖွဲ့လုံး ရပ်လိုက်ကြ၏။ အစိုးရတပ်များကို မေချန်နှင့် ချန်ကိုက်တို့က ဦးဆောင်လာကြ၏။ ဟန်ရွှန်ပေါင်ကို ရေစက်လက်နှင့် မြင်း ပေါ်တွင် တွေ့ရသောအခါ မေချန်လည်း ဒေါပွလာကာ သုံးမြှောင့်နှစ်ဖက်သွား ဓားကြီးကို ဝှေ့ကာ ချန်ကျင်ဆီသို့ ဝင်လာ၏။

သုံးချီပင် မတိုက်လိုက်ဘဲ ချန်ကျင်က မြင်းဒုန်းစိုင်းကာ ထွက်ပြေး၏။ မေချန်ကလည်း လိုက်၏။ ချန်ကျင်က မျောက်လွှဲကျော် လက်ပမာ ရှည်သွယ်သော လက်ဖြင့် ခဲတလုံးကို နှိုက်ယူလိုက်ပြီး ဝံပုလွေခါးလို နွဲ့သော ခါးကိုလှည့်ကာ ပေါက်လိုက်လေ၏။ မေချန်၏ နားထင်ကို မှန်ပြီး သွေးများဖြာဆင်းလာရာ ဓားကို လွှတ်ချလိုက်ပြီး မျက်နှာကို အုပ်လိုက် မိ၏။ ချန်ကျင်က မြင်းကိုလှည့်လိုက်စဉ်တွင် ချန်ကိုက်က မြားတစင်းကို လွှတ်လိုက်သဖြင့် မြင်း၏ မျက်စိတွင် လာမှန်၏။ မြင်း လဲကျသွားသဖြင့် မြင်းစီးက ခုန်ချကာ ခြေကျင် ဆက်တိုက်ရန် ပြင်၏။

သို့သော် ချန်ကျင် တကယ်ကျွမ်းသည်မှာ ခဲပေါက်ခြင်းသာ ဖြစ်၏။ လှံနှင့် တိုက်ခိုက်ရာ တွင်မူ မသွက်လက်ပေ။ ချန်ကိုက်က မေချန်ကို ကယ်လိုက်ပြီး သူ့ထံသို့ လာရင်း လှံတိုနှင့် ပေါက်လိုက်၏။ ချန်ကျင်လည်း တတ်နိုင်သမျှ ကာပြီး သူ့တပ်ထဲသို့ ဝင်ပြေးရ၏။ ချန်ကိုက် က အတင်းဝင်လိုက်ပြီး တွေ့သမျှသော မြင်းစီးများကို ဘယ်ပြန်ညာပြန် ခုတ်ချကာ ဟန်ရွှန်ပေါင်ထံသို့ အရောက်သွား၏။

ဟန်ရွှန်ပေါင်ကို ကယ်ပြီး ပြန်အထွက်တွင် အော်သံဟစ်သံများကို

ကြားလိုက်ရ၏။ နောက်ထပ် မြင်းတပ်နှစ်တပ် တောင်ကြားမှ ဝင်လာခြင်းကြောင့် ဖြစ်၏။ တတပ်ကို မိုးကြိုးသွားချင်မင်းက ဦးဆောင်လာ၏။ ကျန်တတပ်ကို လုံပုဆိန်ကြီးကွမ်ရှိန်း ဦးဆောင်လာ၏။ ချန်ကိုက်က မေချန်ကိုသာ ကာကွယ်ရင်း အတင်းထွက်ပြေးပြီး သူ့တပ်ကို ပစ်ထားခဲ့၏။ ဝင်လာသော မြင်းတပ်က ကြားဖြတ်ကာ ဟန်ရွှန်ပေါင် ကို ပြန်လုယူလိုက်နိုင်၏။ ချန်ကျင်က စီးသူမဲ့သော မြင်းတစီးကို တက်စီး၏။ ဟူယန်ကျို့ကမူ ခြေကုန်နေပြီဖြစ်၍ တိုက်ခိုက်သူများ နောက်မှ အသာလိုက်ခဲ့၏။ လျှံရှန်းတောင်ရိုးသားများက အစိုးရတပ်များကို ကျီစုအထိ လိုက်တိုက်ပြီးမှ စခန်းဆီ ညတွင်းချင်းပင် ပြန်လာခဲ့ကြ၏။ ဟန်ရွှန်ပေါင်ကို စုန်ကျန့်ထံသို့ နို့သောအခါ ထုံးစံအတိုင်း စုန်ကျန့်ကိုယ်တိုင် ကြိုးဖြေ ပေးလေ၏။ ထို့နောက် ခန်းမထိပ်သို့ ဖိတ်၍ နေရာထိုင်ခင်းပေးကာ အရေးတယူ ဆက်ဆံ ပြောဆိုလေ၏။ ဟန်ရွှန်ပေါင်က ကျေးဇူးတင်လိုက်သည်မှာ ပြောရန် စကားလုံးပင် ရှာမတွေ့ပေ။ ထို့နောက် တန်ရှိဆုန်ကိုပါ ခေါ်လိုက်ပြီး အလားတူ ဆက်ဆံ ပြောဆို၏။ “ခင်ဗျားတို့ ဗိုလ်ချုပ်နှစ်ယောက်စလုံး အေးအေးဆေးဆေး နေကြပါ။ ကျုပ်တို့က ဘာမှ မကောင်းတဲ့ စိတ်ထားမရှိပါဘူး။ ကျုပ်တို့ ဒီကို ရောက်လာတာက အကျင့်မကောင်း တဲ့ အရာရှိတွေက ဒီလိုဖြစ်အောင် လုပ်လိုက်လို့ပါ။ အရှင်မင်းကြီးက လွတ်ငြိမ်းခွင့်ပေးရင် အမှုတော်ကို ထမ်းဖို့ လိုလားနေကြပါတယ်”

“ဒါပေမဲ့ဗျာ၊ စစ်သူကြီးမင်းချင်က လွတ်ငြိမ်းခွင့်အမိန့် ယူလာတယ် မဟုတ်လား။ ဘာလို့ လမ်းမှန်ကို လိုက်ဖို့ အခွင့်ကောင်း မယူလိုက်ကြတာလဲ”

“လွတ်ငြိမ်းခွင့်အမိန့်တော် ဆိုပေမယ့် အချက်အလက်တွေက မရှင်းဘူးဗျ။ ပြီးတော့ လည်း ဘုရင့်တမန်က တော်သုံးသေရည်အစား တောချက်အရက်နဲ့ လဲထားလိုက်တယ်။ ဒီတော့ ကျုပ်တို့ ညီနောင်တွေက မယုံတော့ဘူးပေါ့ဗျာ။ ပြီးတော့ ဘဏ္ဍာထိန်းချုန်းနဲ့ ဗိုလ်မင်းလီတို့ကလည်း ခြိမ်းခြောက်ကြ စော်ကားကြတယ်”

ဟန်ရွှန်ပေါင်က နှမြောတသစွာ ကောက်ချက်ချ၏။

“မကောင်းတဲ့လူကို တာဝန်ပေးလိုက်မိတော့ တိုင်းပြည်အတွက် အရေးကြီးတဲ့ ကိစ္စ တခု အလကား နှောင့်နှေးရတယ်”

စုန်ကျန့်က စစ်သည်များကို စားသောက်ပွဲဖြင့် ဧည့်ခံ၏။ နောက်တနေ့တွင် တောင်ကြားဝအထိ လိုက်ပို့ပြီး စီးသွားရန် မြင်းများလည်း ပေးလိုက်၏။ သူတို့သည် ကျီစုသို့ အပြန် လမ်းတလျှောက်လုံးတွင် စုန်ကျန့်ကို ချီးမွမ်းပြောဆိုသွားကြ၏။ မြို့အနားသို့ ရောက်သော အခါ ညဥ့်နက်နေပြီ ဖြစ်၍ နောက်တနေ့ နံနက်မှ ဝင်ကာ ကောက်ကျူကို သွားတွေ့ကြ၏။ စုန်ကျန့်က ပြန်လွှတ်လိုက်ကြောင်းကို

ကြားရသော် ကောက်ကျူလည်း အလွန်ပင် ဒေါသ ထွက်လေ၏။

"ဒါ ငါတို့ စစ်သည်တွေရဲ့ စိတ်ဓာတ်ကို ပျော့ညံ့သွားအောင် လုပ်တာ၊ ခေးပြတွေရဲ့ လှည့်ကွက်ပဲ။ မင်းတို့က ငါ့ကိုများ မျက်နှာပြောင်တိုက်ပြီး လာတွေ့ရဲသေးတယ်။ ဟေ့ အစောင့်တွေ၊ ခေါ်သွားပြီး သတ်ပစ်လိုက်ကြ"

ဝမ်ဟွမ်နှင့် အခြားအရာရှိများက ဒူးထောက်ကာ တောင်းပန်ကြလေ၏။

"ဒါက သူတို့အပြစ်မဟုတ်ပါဘူးဗျာ။ စုန်ကျန့်နဲ့ ဝုရုံတို့ရဲ့ အကြံပါ။ ဟန်နဲ့ တန်ကို သတ်လိုက်ရင် ခေးပြတွေက ကျွန်တော်တို့ကို လှောင်ရယ်ကြပါတော့မယ်"

ကောက်ကျူလည်း အလျှော့ပေးလိုက်၏။ သတ်မိန့်ကို ပြန်ရုပ်သိမ်းလိုက်သော်လည်း ထိုသူနှစ်ယောက်ကို အရာမှ ချကာ အရှေ့နေပြည်တော်ရှိ စစ်ဘက်ပြစ်ဒဏ်ဌာနသို့ အစောင့် အကြပ်နှင့် ပို့လိုက်လေ၏။

ဟန်ရွှန်ပေါင်၏ဘကြီး ဟန်ချုန်ယန်မှာ နန်းရင်းဝန်ဟောင်းတဦး ဖြစ်၏။ သူ့ကျေးဇူးကြောင့် ရာထူးရာခံ ရရှိထားသူများ နေပြည်တော်တွင် အများပင် ရှိ၏။ ယင်းတို့တွင် ချိန့်ကျူချုန် ဆိုသူလည်း ပါ၏။ သူက မူလက အကြီးတော် ဖြစ်ခဲ့ပြီး ယခုအခါ စည်းကမ်း ထိန်းသိမ်းရေးတာဝန်ကို ထမ်းဆောင်နေရ၏။ ဟန်ရွှန်ပေါင်ကလည်း သူ့ကို အလွန် လေးစားသဖြင့် သူ့ပြဿနာကို တင်ပြ၏။ ချိန့်ကျူချုန်လည်း ဟန်ရွှန်ပေါင်ကို သူ့ဝေါ ပေါ်တွင် တင်၍ အမတ်ကြီး ယူရှိန်ထံသို့ သွား၏။

"ဒီကိစ္စကို နန်းရင်းဝန်ကို တင်ပြရမယ်။ ပြီးရင် ဘုန်းတော်ကြီးလှသောဘုရားကို တင်လျှောက်ရမယ်" ဟု ဆိုကာ နန်းရင်းဝန်ထံသို့ သွားကြ၏။ "စုန်ကျန့်က ယုတ်မာတဲ့ ရည်ရွယ်ချက် မရှိပါဘူး။ သူက ဘုန်းတော်ကြီးလှသော ဘုရားရဲ့ လွတ်ငြိမ်းခွင့်ကိုပဲ မျှော်နေတာပါ"

"အရင်အမိန့်တော်ကြီးကို သူက ဖျက်ဆီးလိုက်တာပဲ။ ဒီလို ယဉ်ကျေးမှုမရှိတဲ့ လူ တွေကို ဘယ်မှာ လွတ်ငြိမ်းခွင့် ပေးနိုင်မှာလဲ၊ သူတို့ကို ရှင်းပစ်ရမယ်။ ဖမ်းရမယ်"

"ခုလို ဖြစ်ရတာကလည်း တမန်တော်က ဘုန်းတော်ကြီးလှသောဘုရားရဲ့ ဆန္ဒတော်၊ ကရုဏာတော်ကို ပြောမပြခဲ့လို့ပါ။ သူတို့က ကြင်ကြင်နာနာ ပြောရမယ့်အစား ကြမ်းကြမ်း တမ်းတမ်း ပြောခဲ့တာကိုး။ ဒါကြောင့် ဒီအမှုတော် မအောင်မြင်ရတာပါ"

နန်းရင်းဝန်လည်း သဘောပေါက်သွားကာ ကူညီမည်ဟု ကတိပြု၏။

နောက်တနေ့နံနက် ညီလာခံတွင် နန်းရင်းဝန်က စုန်ကျန့်တို့ကို ဖမ်းမိသည့်တိုင် လွှတ်ငြိမ်းခွင့်ပြုပါရန် တင်လျှောက်၏။

"စစ်သူကြီးကောက်ကျူက အန်ရင်ရွာက ကျောင်းဆရာ ဝင်ဟွမ်ချန်းကို စစ်ဦးစီးမှူး ရာထူးမှာ ခန့်ဖို့ တင်ပြထားတယ်။ ဝင်ဟွမ်ချန်းကလည်း လာခစားနေပြီ။ သူ့ကိုပဲ တမန် အနေနဲ့ လွှတ်လိုက်မယ်။ တောပုန်းတွေက အညံ့ခံရင် ဒင်းတို့ အပြစ်တွေကို ခွင့်လွှတ်တော် မူမယ်။ မဟုတ်ရင်တော့ အချိန်သတ်မှတ်ပြီး အဲဒီအချိန်အတွင်းမှာ စစ်သူကြီး ကောက်ကျူက တောပုန်းတွေကို ချေမှုန်းရမယ်။ ဒါမှမဟုတ် ဖမ်းပြီး နေပြည်တော်ကို ခေါ်ခဲ့ရမယ်" နန်းရင်းဝန်က သင့်လျော်မည့် လွှတ်ငြိမ်းခွင့်အမိန့်ကို ရေးသားပြုစု၏။ ကျောင်းဆရာ ဝင်ကိုလည်း အိမ်သို့ ဖိတ်ကာ ညစာကျွေးမွေး၏။ ဝင်မှာ ထင်ရှားသော စာပေပညာရှင် ဖြစ်၍ သူ့ကို သိသူ မှူးကြီးမတ်ကြီးအများပင် ရှိ၏။ ညစာစားပွဲတွင် သူ့ကိုကြိုဆိုဂုဏ်ပြုကာ ခွက်မြှောက်၍ သောက်ကြ၏။ နောက်တနေ့တွင် ကေရာဇ်ဘုရင်ထံ ခွင့်တောင်းကာ ခရီး ထွက်ခဲ့၏။

ကျီစုရှိ ကောက်ကျူမှာ ရှူပန်းရှီကို မျှော်ရင်း နေမထိထိုင်မသာ ဖြစ်နေစဉ်မှာပင် ရောက်ရှိလာပြီး သတင်းပို့၏။ ကောက်ကျူက-

"လှေတွေကော ဘယ်လိုလဲ"

"သိမ်းလာတဲ့ လှေကြီးရော လှေငယ်ရော အစီးတထောင့်ငါးရာလောက် ရှိမယ်။ အားလုံး ဆိပ်ကမ်းမှာ ရောက်နေပါပြီ"

ကောက်ကျူလည်း ကျေနပ်စွာဖြင့် ရှူကို ဆုချ၏။ ယင်း လှေများကို အုပ်စုသုံးစု ခွဲစေ၏။ အုပ်စုအလိုက် လှေများကို ပျဉ်ခင်းကာ ဦးတွင် သံကြိုးများနှင့် တွဲချည်ထားစေ၏။ ခြေသည်များကို အများဆုံး တင်နိုင်စေရန် ရည်ရွယ်၏။ မြင်းသည်များကမူ ချောင်းကမ်းပါး တလျှောက်မှ လိုက်ပါစောင့်ရှောက်ကြမည် ဖြစ်၏။

တပ်များ ခွဲဝေမှု၊ ခြေသည်များ လှေများပေါ်တွင် နေရာယူတတ်အောင် လေ့ကျင့်မှု စသည်တို့ ပြီးစီးရန် နောက်ထပ်အချိန် လဝက်မျှ ယူရ၏။ လျှံရှန်းတောင်ရိုးသားတို့မှာ အခြေအနေအားလုံးကို သိနှင့်ပြီး ဖြစ်နေလေပြီ။

မြစ်ရိုးတလျှောက်ရှိ ခံစစ်များကို အင်အားဖြည့်ထားရန် လျူထန်ကို ဝုရုံက ညွှန်ကြား ထား၏။ လှေဦးတွင် သံပြားကွပ်ထားပြီး ဝမ်းထဲတွင် ချုံပုတ်များကို ဖြည့်ကာ ကန့်နှင့် ယမ်းစိမ်းများ ဖြူးထားသော လှေငယ်များကိုလည်း ချောင်းစွယ် မြောင်းစွယ်များတွင် အသင့်ပြင်ထားစေ၏။

ပတ်ပတ်လည်ရှိ တောင်ကုန်းများ အငူများတို့၏ ထိပ်တို့တွင်လည်း အချက်ပေး အမြောက်များ တင်ထားရန် လင်းချင်ကို တာဝန်ပေးထား၏။ မြစ်ရိုးတလျှောက်ရှိသစ်ပင်မြင့်မြင့်များပေါ်တွင် ကြက်လျှာများကို ချည်ထားခိုင်း၏။ လိုအပ်သလို တီးခတ်ရန် ဗုံများ၊ ကြေးလင်ပန်းများကိုလည်း ဟိုနေရာ သည်နေရာတို့တွင် ထား၏။ ယင်းတို့ကို မြင်ရန်၊ တီးသည်ကို ကြားရသော ရန်သူက တပ်များ နေရာယူထားသည်ဟု အထင်မှား စေရန် ဖြစ်၏။ ကုန်ဆွန်ရှုန်းကလည်း လိုအပ်သလို လေပြင်းများကို တိုက်ခတ်စေမည် ဖြစ်၏။ ပင်မတပ်ကမူ ကုန်းပေါ်တွင် ရန်သူ့တပ်သုံးတပ်ကို တိုက်ခိုက်မည် ဖြစ်၏။

ဝုရုံ၏ အစီအမံအတိုင်း လုံးဝ ပြင်ဆင်ပြီးသွားပြီ။

ကျီစုမှာမူ တပ်များ အမြန်ဆုံး စစ်ထွက်နိုင်ရန် ကောက်ကျူက လောဆော်နေ၏။ ရေတပ်ကို ချူပန်းရှီကို တာဝန်ပေးထားရာ ချူက နဂါးအိပ်မက်လျူနှင့် တန်ရှိယင်တို့နှင့် ပူးပေါင်းကွပ်ကဲမည် ဖြစ်၏။ ကောက်ကျူက သံကိုယ်ချပ်ကို ဝတ်ကာ စည်မောင်းများကို သုံးကြိမ်တီးစေပြီး စစ် စ ထွက်ရာ ကမ်းစပ်ရှိ လှေများက စ၍ ထွက်ခွာကြ၏။ ကုန်းပေါ်တွင် မြင်းသည်များက အသားကျစီး၍ ထွက်၏။ လှေများက မြားများအလား၊ မြင်းများက ပျံသွားသည့်အလား အစိုးရတပ်များက လျှံရှုန်းကျူအင်းကို စတင် ထိုးဖောက်ကြ၏။

ဗုံများ၊ လင်ပန်းများ တီးကာ လှေတန်းကြီးသည် ကျူအင်းထဲသို့ တဖြည်းဖြည်း ဝင်လာ၏။ လွင့်လာသော ရွက်များမှာလည်း ရှုမျှော်၍ မဆုံးနိုင်။ သို့သော် တောပုန်းတို့၏ လှေဟူ၍ တစီးမှ မမြင်ရပေ။ သဲသိဂါံသောင်နားသို့ ရောက်မှ ကြာတောထဲတွင် တံငါလှေ နှစ်စီးကို မြင်လိုက်ရ၏။ လှေပေါ်တွင် လူနှစ်ဦးစီ ပါ၏။ ဝိုင်းဖွဲ့ပြီး လက်ခုပ်လက်ဝါးတီးကာ တသောသော ရယ်မောနေကြ၏။

ရှေ့ဆုံးလှေတွင် ပါလာသော နဂါးအိပ်မက်လျူက လေးသမားများကို ပစ်ခိုင်းလိုက်၏။ တံငါသည်များလည်း ရေထဲ ဒိုင်ဗင်ထိုးဆင်းကာ ငုပ်သွားကြ၏။ လှေတပ်လည်း သဲသိဂါံ သောင်ကမ်းခြေနှင့် နီးလာလေပြီ။ အရိပ်ကောင်းသော မိုးမခပင်များသည် ကမ်းစပ်တွင် စီတန်း ပေါက်ရောက်နေ၏။ မိုးမခပင်တပင်တွင် နွားညိုနှစ်ကောင်ကို ချည်ထားပြီး နွားကျောင်းသား သုံး လေးယောက်မှာ မြက်ခင်းပေါ်တွင် အိပ်နေကြ၏။ ခပ်လှမ်းလှမ်းရှိနောက်နွားတကောင်ကို စီးထားသော လုလင်ပျိုတယောက်က ပလွေတလက်ကို တိုးတိုး ညင်ညင် မှုတ်နေ၏။ လျူက ကမ်းတက်တပ်ဖွဲ့ကို အရင်တက်ခိုင်းလိုက်၏။ အိပ်နေသော ကောင်လေးများ ခုန်ထကာ ခိုးခိုးခစ်ခစ် ရယ်ရင်း မိုးမခပင်အုပ်ထဲတွင် ပျောက်ကွယ်သွား ကြ၏။ တဖက်တချက်မှ ဗုံသံများ ဆူညံစွာ ထွက်လာကာ အနီရောင်ချပ်ဝတ် ဝတ်ဆင်ထား သော တပ်ဖွဲ့တဖွဲ့ကို မိုးကြိုးသွားချင်မင်းက

ဦးဆောင်ကာ ဘယ်ဘက်မှ ထွက်ပေါ်လာ၏။ ထို့အတူ အနက်ရောင် တပ်ဖွဲ့တဖွဲ့သည်လည်း တင်ကျည်းနှစ်လက်ဟူယန်ကျို့ ခေါင်းဆောင် ကာ ညာဘက်မှ ပေါ်လာ၏။ တဖွဲ့လျှင် အင်အားငါးရာ ပါသည့် ဤ တပ်ဖွဲ့နှစ်ဖွဲ့သည် ကမ်းခြေသို့ စုပြုံဆင်းလာလေ၏။ ပြန်လာခဲ့ရန် လျူက လှမ်းအော်ချိန်တွင် သူ့တပ်မှာ တဝက် ပြုန်းနေပြီ ဖြစ်၏။

ရှေ့ဖျားတပ်မှ ကြောက်လန့်တကြား အော်ဟစ်သံများ ကြားရသော ချူသည်လည်း သူ့တပ်ကို ပြန်ဆုတ်ရန် အမိန့်ပေးလေ၏။ သို့သော် တောင်ထိပ်တခုမှ အမြောက်သံများ ဆင့်ကာ ဆင့်ကာ ပေါ်ထွက်လာပြီး ကျူပင်များလည်း ရှုးရှုးရှဲရှဲ မြည်လာလေ၏။ ကုန်ဆွန်ရှန်းက တောင်ထိပ်တခုပေါ်တွင် ဆွဲထားသော အင်းကွက်ပေါ်တွင် ရပ်နေ၏။ ဆံပင် ဖားလျားချထားပြီး ဓားကို မြှောက်ကာ လေပြင်းကို ခေါ်နေလေပြီ။ သစ်ပင်တွေကြားတွင် ညည်းသံလိုလို ထွက်လာပြီး လေအင်အားပြင်းလာကာ စစ်သည်များကို သဲများ၊ ကျောက်ခဲ များနှင့် ပစ်ပေါက်၏။ လှိုင်းလုံးကြီးများ ထကြွလာ၏။ တိမ်မည်းကြီးများက ကမ္ဘာမြေကို လွှမ်းခြုံလာ၏။ နေမင်းကြီးကို လုံးဝ ကွယ်လိုက်၏။ လေရူးလေပြင်းပင်တည်း။

နဂါးအိပ်မက်လျူက သူ့လှေများကို ဆုတ်မိန့်ပေး၏။ ရှုပ်ယှက်ခတ်နေသော ချောင်း စွယ်များ၊ ကျူပင်များ၊ ကြာပင်များကြားက လှေငယ်ကလေးများ ထွက်ချလာကာ အစိုးရ ရေတပ်ကြားထဲတွင် ပျံ့နှံ့သွား၏။ ဗုံတီးသံတချက်နှင့်အတူ ထိုလှေငယ်များကို မီးတို့လိုက် ကြ၏။ ဝုရုံ၏ အစီအမံအတိုင်း လျူးထန်က ဆောင်ရွက်ရခြင်း ဖြစ်၏။ ချက်ချင်းပင် မီးလျှံ ကြီးများ ထတောက်ကာ မိုးထိုးနေလေပြီ။ ထိုလှေငယ်များကား တိုက်လှေများကို ဝန်းရံ ထားလိုက်၏။ မကြာမီအတွင်း ဟိုဘက်ထိပ်မှ ဒီဘက်ထိပ်ထိ ရှိရှိသမျှ အစိုးရလှေအားလုံး မီးစွဲနေလေပြီ။

လျူလည်း သံခမောက်နှင့် ချပ်ဝတ်တို့ကို ချွတ်ပစ်ကာ ရေထဲသို့ ခုန်ဆင်းလေ၏။ ကမ်းခြေသို့ မကပ်ရဲသဖြင့် ရေနက်ရာ ရေပြင်ကျယ်ရာသို့ ကူး၏။ ကျူတောထဲမှ လှေငယ် တစီး သူ့ထံသို့ တရိုန်ထိုး ထိုးထွက်လာလေ၏။ လျူက ရေငုပ်၍ ကူးပြေး၏။ လူတယောက် က သူ့ခါးကို ကိုင်ကာ လှေပေါ်သို့ ဆွဲတင်လေ၏။ လှေပေါ်မှ လူမှာ လိုဏ်ဂူနဂါးတုန်ဝေ့ပင် ဖြစ်၏။ ဆွဲတင်လိုက်သူမှာ ရေနဂါးလီကျွမ်း ဖြစ်၏။

ချူပန်းရှီမှာလည်း အစိုးရတိုက်လှေအားလုံး မီးလောင်နေသည်ကို မြင်ရသဖြင့် ချပ် ဝတ်ကို ချွတ်ကာ ရေထဲသို့ ခုန်ချဖို့ ဟန်ပြင်နေ၏။ ထိုစဉ် ကျော့ကွင်းနှင့် လူတယောက် လှေဦးတွင် ပေါ်လာပြီး သူ့ကို ရေထဲသို့ ဆွဲချလိုက်၏။ ထိုသူမှာ လှေမီးလျှံချန်ဟင်း ဖြစ်၏။

လှိုရှန်းကျူအင်း၏ ရေပြင်တွင် အလောင်းများပြန့်ကျဲနေ၏။ ယင်းတို့မှ ထွက်သော သွေးများကြောင့် လှိုင်းလုံးများမှာ နီမောင်းနေကြ၏။ ကွဲကြေ စုတ်ပြတ်နေသော ဦးခေါင်းခွံ များမှာ ရေတွက်၍ပင် မရနိုင်အောင် ရှိ၏။ လှေငယ်တစီးဖြင့် ထွက်ပြေးခဲ့သော တန်ရှိယင် သည်လည်း ဝဲယာရှိ ကျူတောထဲမှ ထွက်လာသော ဖြုတ်အုပ်ပမာ များပြားလှသည့် မြားတို့ ထိမှန်ကာ သေခဲ့ရ၏။ ရေကူးတတ်သော စစ်သည်အများမှအပ ကျန် ရေမကူးတတ် သူများမှာ ရေနစ်သေကြရ၏။ ဖမ်းမိသော အစိုးရတပ်သားများကို အစောင့်အကြပ်နှင့် တောင်ရိုးစခန်းသို့ ပို့ကြရသည်။ နဂါးအိပ်မက်လျူနှင့် ချူပန်းရှီတို့ကိုလည်း ထိုသို့ ပို့မည် လုပ်ပြီးမှ စုန်ကျန့်က ပြန်လွှတ်လိုက်မည်ကို စိုးသောကြောင့် လီကွျမ်းနှင့် ချန်ဟင်းတို့က လမ်းဘေးတွင် သတ်လိုက်ကြကာ ခေါင်းကို ဖြတ်၍ ယူခဲ့ကြ၏။

ထိုအချိန်အတွင်းတွင် ကောက်ကျူက အရန်ဖြစ်သည့် ကြည်းတပ်များကို ရေစပ်သို့ ခေါင်းဆောင်လာခဲ့ရာ အဆက်မပြတ် ပစ်နေသော အမြောက်သံများ၊ မှန်မှန်တီးနေသော ဗုံသံများကို ကြားရလေ၏။ မြစ်ထဲတွင် တိုက်ပွဲဖြစ်နေပြီဟု ခန့်မှန်းကာ အမြန်လာခဲ့၏။ မြစ်ကမ်းနှစ်ဖက်နှင့် အနီးအနားရှိ တောင်ကုန်းများကို ထောက်လှမ်း ကြည့်ရှုစေ၏။ စစ်သားများ ရေထဲမှ ကမ်းပေါ်သို့ ကုန်းရုန်း တက်လာကြ၊ ပြေးနေကြသည်ကို မြင်ရ၏။ မှတ်မိသော အရာရှိတဦးကို မေးကြည့်ရာ လှေများ အကုန် မီးလောင်ကုန်ကြောင်း၊ ကျန်သူများ ဘယ်မှာ ရှိသည်ဟု မသိကြောင်း ဖြေ၏။

ကောက်ကျူလည်း အသက်ရှူရပ်မတတ် ကြောက်သွား၏။ အော်သံဟစ်သံများ ကလည်း ထွက်နေဆဲ၊ မီးခိုးမှောင်မှောင်များကလည်း ကောင်းကင်ကို လွှမ်းနေဆဲဖြစ်၏။ ကောက်ကျူလည်း လာရာလမ်းအတိုင်း အမြန်ပြန်၏။ သူတို့ရှေ့ရှိ တောင်ကုန်းလေးမှ ဗုံသံ များ ဟိန်းထွက်လာပြီး၊ မြင်းတပ်တတပ် ထွက်ချလာပြီး လမ်းပိတ်လိုက်၏။ ခေါင်းဆောင် လာသူမှာ ရှေ့ပြေးခြေမြန်စိုကျောက် ဖြစ်၏။ တောင်ကြီးကိုပင် ထက်ခြမ်းခွဲနိုင်သည့် ပုဆိန်ကြီးကို ကိုင်ကာ မြင်းကို သူ့ဆီသို့ စိုင်း၍လာ၏။ ကောက်ကျူက သူ့ဘေးတွင် ပါလာသော တပ်မှူး ဝမ်ဟွမ်ကို လွှတ်လိုက်၏။

ငါးချီမျှ တိုက်အပြီးတွင် စိုကျောက်က မြင်းကိုလှည့်ကာ ဆုတ်သွားလေရာ ကောက်ကျူတို့လည်း ဝိုင်း၍ လိုက်ကြ၏။ သို့သော် တောင်ခြေကို ကွေ့လိုက်သောအခါ စိုကျောက် လည်း ပျောက်သွားလေ၏။ ထိုအချိန်တွင် ကျားသစ်ခေါင်းလင်ချုံး ဦးဆောင်သော တပ်ဖွဲ့ က နောက်မှ လိုက်တိုက်လေ၏။

အကျအဆုံးအချို့ဖြင့် ဆက်ချီတက်ခဲ့ရာ နောက်ထပ် ခြောက်လီခုနစ်လီခန့် အရောက် တွင် ဗိုလ်မှတ်ကျော် ဦးစီးသော နောက်တဖွဲ့နှင့် ဝင်တိုးမိကာ ထပ်၍ ကျဆုံးရပြန်၏။

နောက်ထပ် ရှစ်လီခန့် အရောက်တွင် မုတ်ဆိတ်ချူတုံတို့က နောက်မှ ဝင်တိုက်သဖြင့် အကျအဆုံး ထပ်တိုးရပြန်လေပြီ။

ဤသည်မှာ ဝုရုံ၏ နည်းဗျူဟာ ဖြစ်၏။ ရန်သူဆုတ်ခွာသည်ကို မဟန့်တားဘဲ အဆက် မပြတ် နောက်မှလိုက်ကာ တိုက်ခြင်းပင် ဖြစ်၏။ ပြိုကွဲနေသော အစိုးရတပ်များမှာ တိုက်ပွဲ ဝင်လိုသည့် စိတ် မရှိကြပေ။ ပြေးရန်သာ စိတ်စောနေကြ၏။ သူတို့နောက်ပိုင်းကိုလည်း မကာကွယ်နိုင်ကြပေ။

အကြောက်ကြောက် အလန့်လန့်ဖြင့် ကောက်ကျူလည်း သုတ်ခြေတင်ခဲ့ရ၏။ ကျီစုသို့ ရောက်သော် သန်းခေါင်လုနီးပြီ ဖြစ်၏။ ထိုအချိန်တွင် ဆင်ခြေဖုံးရှိ တပ်စခန်းများဆီမှ မီးများ ထတောက်လာသည်ကို တွေ့ရ၏။ ရှိဖူနှင့် ရန်စုံ ဦးစီးသည့် လူငါးရာက ကင်းပုန်းဝပ် နေပြီး မီးတိုက်ခဲ့ခြင်း ဖြစ်ပေ၏။

ကောက်ကျူက လိပ်ပြာစဉ်မတတ် ဖြစ်သွား၏။ ထောက်ကင်းများက ပြန်ရောက်လာ ပြီး “သူတို့ထွက်သွားပြီ” ဟု သတင်းပို့မှသာ သူ ဖြေသာသွား၏။ လူစစ်ကြည့်ရာ အင်အား ထက်ဝက်ပင် မရှိတော့ကြောင်း သိရ၏။

စိတ်ပျက်ပျက်နှင့် မှိုင်နေစဉ် ဘုရင့်တမန် လာနေပြီဖြစ်ကြောင်း အဝေးကင်းမှ လာ၍ သတင်းပို့၏။ ကောက်ကျူလည်း သူ့တပ်မှူးများနှင့် ထွက်၍ ကြို၏။ ဝင်ဟွမ်ချန်းထံမှ အကြောင်းစုံကို သိရသောအခါ ကောက်ကျူတို့ အရာရှိများ စု၍ တိုင်ပင်ကြ၏။ လွတ်ငြိမ်း မိန့်ကိုလည်း မိတ္တူကူးထားလိုက်၏။

ကောက်ကျူမှာ အဆုံးအရှုံး အကြီးအကျယ် နစ်ကြိမ်ကြုံခဲ့ရပြီး ဖြစ်ကာ လေ့လည်း တစီးမျှ မရှိတော့ပေ။ အခုအချိန်တွင် လွတ်ငြိမ်းခွင့်အမိန့်ကို သွားပေးလိုက်ပြီး နေပြည် တော်သို့ ပြန်ရမည်ကို ရှက်နေ၏။ ရက်အတန်ကြာအောင် ဉာဏ်ထုတ်နေသော်လည်း ထွက်မလာပေ။

ထိုစဉ်က ကျီစုတွင် ဝန်ကျင်းဟု ခေါ်သော စာရေးအဘိုးကြီး တယောက်ရှိ၏။ ထိုသူမှာ အလွန်ပင ရက်စက်သော ဉာဏ်များသောသူတဦး ဖြစ်၏။ သူ့ကို “အသည်းခွဲထုတ်ယူသည့် ဝန်’ ဟုပင် ခေါ်ကြ၏။ ကောက်ကျူ၏ဌာနချုပ်တွင် ခိုင်းရန် သူ့ကို ကျီစုမြို့ဝန်က စေလွှတ် ထား၏။ လွတ်ငြိမ်းခွင့်အမိန့်ကို ဖတ်ပြီး ကောက်ကျူမှာ အကျပ်ရိုက်နေကြောင်း သိလာသော ဝန်က ကောက်ကျူထံသို့ ဝင်တွေ့၏။

“အရှင်၊ ဒီလွတ်ငြိမ်းခွင့်အတွက် စိတ်ပူစရာ မလိုပါဘူးဗျာ။ ကျွန်တော့်မှာ အကြံ ရှိပါတယ်။ ဒီစာကို ရေးတဲ့ ဟန်လင်းပညာရှင်က အရှင့်အကျိုးကို လိုလားတဲ့သူဖြစ်မှာ သေချာတယ်။ အရှင် လှုပ်ရှားသာအောင်လို့ သူက နောက်ဖေးပေါက်ကို ဖွင့်ထားတာကိုး”

“ဘာကို ဆိုလိုတာတုံး”

“ဒီစာချွန်မှာ အရေးအကြီးဆုံး အပိုင်းက အလယ်ကောင်မှာ ရှိနေတယ်။ “စုန်ကျန့်၊ လူကွမ်းယီ၊ အခြားတောပုန်းခေါင်းဆောင်များ၏ ရာဇဝတ်ပြစ်မှုများကို ဖျောက်ဖျက်စေ၊ လွတ်ငြိမ်းခွင့်ပေးလိုက်သည်” တဲ့။ ဒီဝါကျက မရှင်းဘူး။ စာရေးကို ဒီဝါကျတိုနှစ်ကြောင်း ခွဲရေးခိုင်းလိုက်မယ်။ “စုန်ကျန့်ကို ဖျောက်ဖျက်စေ၊ လူကွမ်းယီနှင့် အခြားတောပုန်းခေါင်း ဆောင်များ၏ ရာဇဝတ်မှုများကို လွတ်ငြိမ်းခွင့် ပေးလိုက်သည်”လို့ပေါ့။ ပြီးမှ စုန်ကျန့်ကို မြို့ထဲလာအောင် ဖြားယောင်းမယ်။ သူ ဝင်လာရင် ကွပ်မျက်လိုက်မယ်။ ဒီလိုဆိုရင် သူ့ နောက်လိုက်တွေလည်း လူစုကွဲကုန်လိမ့်မယ်။ ရှေးစကားလည်း ရှိသားပဲလေ။ “ခေါင်းမရှိတဲ့ မြွေဟာ မတွားနိုင်၊ အတောင်မရှိတဲ့ ငှက်ဟာ မပျံနိုင်” တဲ့။ စုန်ကျန့်မရှိရင် ဒီကောင် တွေက အလကားပဲ။ ဘယ်လိုသဘောရသလဲ အရှင်”

ကောက်ကျူလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ထိုအကြံကို လက်ခံလိုက်၏။ ဝန်ကျင်းကို အတိုင်ပင်ခံချုပ် ခန့်လိုက်ပြီး၊ စစ်ဦးစီးမှူး ဝင်ဟွမ်ချန်းအား ဤအစီအမံကို ပြောပြ၏။

ဝင်က ကန့်ကွက်၏-

“ဘုန်းတော်ကြီးလှသောဘုရားရဲ့ ကိုယ်စားတော် လာခဲ့ရတာ။ မှန်မှန်ကန်ကန်ပဲ လုပ်နိုင်မယ်။ ဒီလို လှည့်စားရာမှာ ဝင်မပါနိုင်ဘူး။ စုန်ကျန့်တို့များ ဒီကိစ္စကို သိသွားရင် သိပ်ခွကျသွားလိမ့်မယ်”

ကောက်ကျူက -

“အခိပ္ပာယ်မရှိတာဗျာ။ စစ်နည်းဗျူဟာရဲ့အနှစ်သာရက လှည့်စားတာပဲ။ ပဝေသဏီ ကပဲ ဒါကို လက်သုံးထားလာခဲ့ကြတာ။ နေရာတကာ မှန်မှန်ကန်ကန်ပဲ လုပ်နေလို့ ဘယ် ရမလဲ”

“ဒီစာချွန်က ဘုန်းတော်ကြီးလှသောဘုရားရဲ့ အမိန့်တော်ဗျ။ ဒီတော့ တပြည်လုံးကပဲ ယုံကြည်ကြလိမ့်မယ်။ ဘုန်းတော်ကြီးလှသောဘုရားရဲ့ စကားတွေဟာ ကျောက်စိမ်းလိုပဲ တန်ဖိုးရှိတယ်။ ဒီစကားတွေကို ပြောင်းလို့ မရဘူး။ ခင်ဗျားပြောသလို လိုက်လုပ်လို့ ပေါ် သွားရင် နောင်ဆို ဘယ်သူမှ ယုံမှာ မဟုတ်တော့ဘူး”

“လောလောဆယ်တော့ ဒီလိုပဲ လုပ်မယ်။ ကျန်တာကတော့ နောင်မှ လျှောက်လျှားပဲ” လွတ်ငြိမ်းခွင့်ပေးသော မင်းကေရာဇ်၏ အမိန့်စာကို ကြားနာရန် စုန်ကျန့်တို့ တဖွဲ့ သားလုံး ကျီစုမြို့သို့ လာခဲ့ရန် လျှံရှန်းတောင်ရိုးသို့

ဆက်သားစေလွှတ်ကာ အကြောင်း ကြားလိုက်၏။

ကောက်ကျူကို နိုင်လိုက်ပြီးနောက် စုန်ကျန့်က မီးလောင်ထားသော လှေအကြွင်း အကျန်များကို စုဆောင်းကာ ထင်းအဖြစ် သုံးစေ၏။ လှေကောင်းများကိုမူ ရေကြောင်း ခံစစ်များသို့ ခွဲဝေပေးစေ၏။ ဖမ်းမိသော ရန်သူစစ်ဗိုလ်များကိုလည်း အစုစု ခွဲ၍ ကျီစုသို့ ပြန်လွှတ်၏။

စုန်ကျန့်နှင့် ခေါင်းဆောင်များ သစ္စာခန်းမတွင် စည်းဝေးနေစဉ် ကျီစုမှ ဆက်သား ရောက်လာကာ လွတ်ငြိမ်းခွင့်အမိန့်အကြောင်းကို အကြောင်းကြား၏။

"ရွှေနန်းတော်ကြီးက လွတ်ငြိမ်းခွင့်အမိန့်ကို ထုတ်လိုက်ပြီဗျ။ ကျွန်တော့်ကို စစ်သူကြီးမင်းက ဖိတ်ခိုင်းလိုက်ပါတယ်။ ခင်ဗျားတို့ ခေါင်းဆောင်အားလုံး အမိန့်တော်ကို နာခံဖို့ ကျီစုမြို့ရိုးကို လာခဲ့ပါတဲ့။ တခြား ရည်ရွယ်ချက်မရှိပါဘူး။ မသင်္ကာစိတ် မဖြစ်ကြပါနဲ့ ခင်ဗျာ"

စုန်ကျန့်က ဤကိစ္စကို မိမိ၏ ဗိုလ်ချုပ်များနှင့် တိုင်ပင်ဦးမည်ဟု ပြောကာ ထို ဆက်သားကို ငွေနှင့် ဖဲထည်များ ဆုချကာ ပြန်လွှတ်လိုက်၏။ ထို့နောက် အမိန့်တော်ကို သွားရောက် နာခံရန်အတွက် ပြင်ဆင်ကြရန် သူ့ခေါင်းဆောင်များကို ညွှန်ကြား၏။

လူကွမ်းယီက သတိပေး၏။

"အရင်မလိုပါနဲ့ နောင်ကြီး၊ စစ်သူကြီးကောက်ကျူက တခုခု ကြံနေနိုင်တယ်။ မလော သင့်ဘူး ထင်ပါတယ်"

"ခင်ဗျားတို့တွေကလည်း မသင်္ကာပဲ ဖြစ်နေတာပဲကိုး။ ဘယ်လိုလုပ်ပြီး လမ်းမှန်ကို ပြန်ရောက်နိုင်ပါတော့မလဲဗျ။ ဖြစ်ချင်ရာ ဖြစ်ဗျာ၊ သွားကြမယ်"

ဝုရုံက ပြုံးလျက် -

"ဒီလူဆိုး ကောက်ကျူကို ကျုပ်တို့ ချထည့်လိုက်တာ ချေးချမ်းအောင် ကြောက်နေ လောက်ပါပြီ။ သူ့အကြံ ဘယ်လောက်ကောင်းကောင်း အထမြောက်မှာ မဟုတ်ပါဘူး။ ပြီးတော့ ကျုပ်တို့က ရဲရင့်သူတွေပဲလေ။ ပူစရာ မရှိပါဘူး။ နောင်ကြီး စုန်ကျန့်နဲ့ လိုက်သွား ကြပါ။ ကျုပ်က လေပွေနက်လီကွေ့၊ ဖန်ရှီ၊ ပေါက်ရှူ၊ ရှံချုံး၊ လီကွန်းတို့ကို ခြေသည် တသောင်းနဲ့ ကျီစုသွားတဲ့ အရှေ့ဘက်လမ်းမှာ ကင်းပုန်းဝပ်ခိုင်းထားမယ်။ အနောက်ဘက် လမ်းမှာလည်း နှမကြီး သံမဏိတာ၊ မခု၊ မဆွန်တို့ကို သူတို့ခင်ပွန်းတွေနဲ့ တွဲပြီး ခြေသည် တထောင်နဲ့ လွှတ်ထားလိုက်မယ်။ အမြောက်သံတွေ ကြားရင် မြောက်ဘက်တံခါးမှာ ရှိတဲ့ ကျုပ်တို့ကို လာကယ်ရမယ်"

ဝုရုံ၏ အစီအမံအတိုင်း ဆောင်ရွက်ပြီးမှ ခေါင်းဆောင်များလည်း တောင်ရိုးပေါ်မှ ဆင်းခဲ့ကြ၏။ ရေတပ်ဗိုလ်များက စခန်းစောင့်အဖြစ် ကျန်ရစ်ခဲ့ကြ၏။

သို့ဖြင့် ကောက်ကျူသည် စစ်ဦးစီးမှူးဝင်၏ အကြံကို မလိုက်နာဘဲ သူရဲကောင်း များကို သူတို့၏စခန်းမှ မျှားထုတ်ခဲ့ပေ၏။ ဤသို့ လုပ်ခြင်းဖြင့် ကျီစုမြို့ ဆင်ခြေဖုံးနှင့် လျှံရှန်းကျူအင်း အစပ်တို့သည် စစ်မြေပြင် ဖြစ်သွားမည်ဟု မည်သူက ထင်ပါမည်နည်း။ ဖြစ်လာသော ရလဒ်မှာ ခွေးအုပ်ထဲသို့ ဝံပုလွေများ ဝင်မွှေသကဲ့သို့ ဖြစ်ပေ၏။ သိုးအုပ် ထဲသို့ ကျားများ ဝင်ဆွဲသကဲ့သို့ ဖြစ်ပေ၏။ မှန်ပေ၏။ အမိန့်စာချွန်တစောင်သည် စစ်သည် တဖွဲ့လုံး၏ စိတ်မာန်ထကြွလာစေရန် မွှေနှောက်ခဲ့ပေ၏။

ရဲရင့်သူများ ကျီစုကို မည်သို့ ဘေးသင့်စေခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၀

ချန်ရှန်းက ရေယက်ဘီးတပ်လှေများကို အပေါက်ဖောက်ခြင်း

စုန်ကျန့်က စစ်သူကြီးကောက်ကျူကို တတိယအကြိမ် နိုင်လိုက်ခြင်း

ကောက်ကျူက သူ့လူများကို အစည်းအဝေးခေါ်ကာ မြို့ပြင်ရှိ တပ်များကို မြို့တွင်းသို့ ရွှေ့ ပြောင်းစေ၏။ လက်နက်အပြည့်အစုံ ကိုင်ဆောင်စေကာ တပ်လှန့်ထားလိုက်၏။ မြောက် တံခါးမှ လွဲ၍ ကျန်နေရာများတွင် အလံများကို လွှင့်မထားစေရပေ။ ယင်း တံခါးတွင်မူ ဧကရာဇ်မင်းအမိန့်တော် ဟု ရေးထားသော တော်သုံး အဝါရောင်တံခွန်ကြီးကို ဖွင့်ချထား မည်ဖြစ်၏။ ထို့နောက် ကောက်ကျူသည် ဘုရင့်တမန်တော်နှင့်တကွ အရာရှိကြီးများနှင့် အတူ မြို့တံခါး ပြအိုးပေါ်သို့ တက်ကာ စုန်ကျန့်တို့၏ အလာကို စောင့်နေလေ၏။

တောင်ရိုးစခန်းမှ အမြီးမဲ့မြားချန်ကျင်က မြင်းသည်ငါးရာဖြင့် ဦးဆုံးထွက်ခဲ့၏။ မြို့ကို တပတ်ပတ်ပြီး မြောက်ဘက်သို့ ဦးတည်၏။ ထို့နောက် နတ်ခြေမြန်ထိုက်ချုံ ရောက်လာပြီး ခြေလျင်ပင် လှည့်လည်ကင်းထောက်၏။ ဤအကြောင်းကို ကောက်ကျူသို့ သတင်းပို့ သဖြင့် နောက်ပါတရာကျော်နှင့် အတူ အပြင်သို့ထွက်ကာ ကြည့်၏။ အလံများကို ထူ၏။ ရှေ့မြေပြင်တွင်လည်း အမွှေးတိုင်ခွက် တင်ထားသည့် စားပွဲတလုံးကို ခင်းထား၏။

မြောက်ဘက်အဝေးဆီမှ စုန်ကျန့်တို့ တပ်ကြီး ချီတက်လာသည်ကို လှမ်း၍ မြင်နိုင်၏။ ခရာမှုတ်သူများ၊ ဗုံတီးသူများ၊ အလံကိုင်များနောက်မှ တောပုန်းခေါင်းဆောင်များ ဝဲယာ တန်းစီ၍ လိုက်လာကြ၏။ ယင်း အတန်းနှစ်တန်းသည် အတွင်းဘက်သို့ စုဝင်သွားရာ အတန်းနှစ်တန်း ဆုံသည့်နေရာတွင် စုန်ကျန့်၊ ကုန်သည်ကြီးလူကွမ်းယီ၊ ဝုရုံ၊ ကုန်ဆွန်ရှန်း တို့ မြင်းစီးလျက် လိုက်လာကြ၏။ သူတို့ကမြင်းပေါ်မှပင် အရိုအသေပြုကာ နှုတ်ဆက်လိုက် ကြ၏။

ကောက်ကျူ၏ အမိန့်အရ အရာရှိတဦးက လှမ်းအော်၍ မေး၏။

"ရှေ့နန်းတော်ကြီးက မင်းတို့အပြစ်တွေကို ခွင့်လွှတ်ဖို့ စာနာစိတ်နဲ့ အမိန့်တော် ပို့လွှတ်လိုက်ပြီ။ ဘာဖြစ်လို့ ချပ်ဝတ်တွေ ဝတ်လာရသတုံး"

စုန်ကျန့်က ထိုက်ချုံကို မြို့ရိုးခြေရင်းသို့ လွှတ်ကာ ပြောခိုင်းလိုက်၏။

"ကျုပ်တို့က အမိန့်တော်ကို မကြားရသေးဘူး။ ဘာတွေပါလို့ ပါမှန်းလည်း မသိရသေး ဘူး။ ဒီတော့ အကာအကွယ်မဲ့တော့ မလာရဲပေါင်ဗျာ။ တကယ်လို့ စစ်သူကြီးမင်းက မြို့သူ မြို့သားအားလုံးကိုပါ ခေါ်ပြီး အမိန့်တော်ကို ကြားနာခိုင်းရင်တော့ ကျုပ်တို့လည်း ချပ်ဝတ် တွေကို ချွတ်ပါ့မယ်"

ကောက်ကျူလည်း လိုအပ်သလို အမိန့်ထုတ်ဆင့်ပေးလိုက်သဖြင့် ကျီစုတမြို့သားလုံး စုဝေးလာကြ၏။ ထိုအခါမှသာ စုန်ကျန့်တို့လည်း ရှေ့သို့ တိုးလာခဲ့ကြ၏။ ဗုံသံ၊ ခရာသံများ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်လိုက်ရာ မြင်းပေါ်မှ ဆင်းလိုက်ကြ၏။ နောက်တကျော့ တီးမှုတ် လိုက်ရာ မြို့ရိုးခြေရင်းသို့ လမ်းလျှောက်လာခဲ့ကြ၏။ ယင်းတို့၏ နောက်ဘက် မြားတကမ်း အကွာတွင် အရာရှိငယ်များက စုန်ကျန့်တို့၏ မြင်းများနှင့်အတူ စနစ်တကျ တန်းစီကာ စောင့်နေကြ၏။ တတိယအကျော့ တီးမှုတ်သောအခါ စုန်ကျန့်တို့ ခေါင်းဆောင်များက ရပ်လျက် လက်အုပ်ချီကာ အမိန့်သံကို နာခံနေကြ၏။ မြို့ရိုးပေါ်မှ မင်း၏ တမန်က အမိန့် စာကို ဖတ်ပြ၏။

> အမိန့်တော်။ လူတဦးချင်း၏ အမူအကျင့်များ ကွဲပြားကြသော်လည်း တိုင်းပြည်သည်ကား မူတခုသာလျှင် ရှိပေ၏။ အကျင့်ကောင်းမွန်သူသည် ပြည်သူသားကောင်း ဖြစ်ပေ၏။ အမူအကျင့် ဆိုးသွမ်းသူကား သူပုန် ဖြစ်ပေ၏။ ယင်း သူပုန်တို့အတွက် အလားအလာ မကောင်းပေ။ ကျွန်ုပ်တို့က သနားရုံမျှသာ တတ်နိုင်ပေ၏။ လျံ့ရှန်းတောင်ရိုးပေါ်ရှိ အသင်း အပင်းတစုသည် သင်းတို့၏ နှလုံးသားအတွင်းသို့ စိတ်ကောင်းစိတ်မွန်များကို ပြန်လည် ထားရှိကြရန် ကရုဏာနှင့် တိုက်တွန်းချက်များကို လျစ်လျူပြုနေကြသည်ကို ကျွန်ုပ်တို့ ကြာမြင့်စွာ သည်းခံခဲ့ပေ၏။ ကျွန်ုပ်တို့ ဤစာချွန်ဖြင့် တမန် စေလွှတ်လိုက်သည်။ စုန်ကျန့် ကို ဖျောက်ဖျက်စေ၊ လူကွမ်းယီနှင့် အခြား တောပုန်းခေါင်းဆောင်များ ရာဇဝတ်မှုများကို လွတ်ငြိမ်းခွင့်ပေးလိုက်သည်။ ယင်း ခေါင်းဆောင်များ ကျေးဇူးတော်ကို ဆပ်ရန် နေပြည် တော်သို့ လာရောက်စေ၊ နောက်လိုက်များကား သင်းတို့အိမ်သို့ ပြန်ကြစေ၊ အမိန့်တော်ကို မဆန့်ကျင်ကြလင့်၊ သင်တို့ စိတ်နှလုံးအတွင်း၌ မကောင်းမှုတို့ကို ချေဖျောက်၍ ဘုန်း တော်ကြီးလှသောဘုရား၏ စေတနာတော်ကို သွတ်သွင်းကြစေ၏။ အပေါင်းကို အသစ် ဖြင့် အစားထိုးလိုသော မိုးကောင်းကင်၏ အလိုဆန္ဒကို မဆန့်ကျင်ကြလင့်။ ဤအမိန့် တော်ကို သိကြစေ။
>
> ရွှမ်ဟော့နှစ် XXXX လ XXXX ရက်XXXX

"စုန်ကျုန့်ကို ဖျောက်ဖျက်စေ" ဟူသော ဝါကျကို ဖတ်လိုက်ချိန်တွင် ဝုရှံက ဟွရှံသို့ "ကြားလိုက်ရဲ့လား" ဟု ပြော၏။

အမိန့်စာဖတ်အပြီးတွင် ဝုရှံက ထ၍ အော်လိုက်၏။

"နောင်ကြီးကိုမှ လွတ်ငြိမ်းခွင့် မပေးတာ။ ငါတို့ကတော့ ဘာလို့ အညှဉ့်ခံရမှာလဲ" ပြောပြောဆိုဆို မြားတစင်းကို တပ်ကာ အားကုန်ဆွဲလိုက်ပြီး "ဟွရှံ လေးအစွမ်းကြည့်ကြ" ဟု ဆိုကာ မင်းတမန်ကို ချိန်ကာ လွှတ်လိုက်၏။ မြားလည်း တမန်၏ မျက်စိနှစ်လုံးကြားသို့ သွား၍ စိုက်လေ၏။ အစိုးရအရာရှိများက သူ့ကို ကယ်ရန် ကြိုးစားနေစဉ် တောပုန်း များက "ပစ်ချကြ"ဟု အော်ကာ မြားများကို အစုလိုက်အပြုံလိုက် ပစ်လွှတ်လိုက်ကြ၏။ ကောက်ကျူးလည်း ကမန်းကတန်း အကာအကွယ် ယူရ၏။

မြို့တံခါး လေးပေါက်စလုံး ဖွင့်လိုက်ပြီး ကျီစုတပ်များ အားသွန်၍ ထွက်လာ၏။ စုန်ကျုန့်တို့ လူစုအတွင်းတွင်လည်း ဗုံသံများ ဆူညံလာ၏။ တောပုန်းများလည်း မြင်းစီးကာ ဆုတ်ကြ၏။ မြို့စောင့်တပ်များက သူတို့နောက်ကို ငါးလီ ခြောက်လီထိ လိုက်ပြီးမှ ပြန်လှည့် ကြ၏။ သူတို့နောက်မှ အမြောက်သံ ထွက်လာပြီး လီကွေ့က အရှေ့ဘက်မှ၊ သံမဏိတာက အနောက်မှ ရန်သူကို နှစ်ဖက် ညှပ်ကာ တိုက်ကြ၏။

အစိုးရတပ်များလည်း ချေမှုန်းခံရမည်ကို ကြောက်၍ မြို့ဘက်သို့ အတင်းဝင်ပြေးကြ ၏။ စုန်ကျုန်တို့လည်း နောက်ပြန်လှည့်ကာ တိုက်လေ၏။ ယခုအခါ အစိုးရတပ်ကို သုံးဖက် သုံးတန်မှ တိုက်နေလေပြီ။ အိုးနင်းခွက်နင်း ဖြစ်ကုန်ကြပြီး တောပုန်းတို့က အတင်းဝင်ကာ ခုတ်ထစ်သတ်ဖြတ်ကြခြင်းကြောင့် ဆယ်နှင့်ချီကာ သေဆုံးကြ၏။ မသေသေးသူတို့က မြို့ဘက်သို့ ဒရောသောပါး ပြေးကြရ၏။ စုန်ကျုန့်တို့က ကြာကြာလိုက်မတိုက်ဘဲ စခန်းသို့ ပြန်ခဲ့ကြ၏။

စုန်ကျုန့်တို့သည် ဘုရင့်တမန်ကို သတ်လိုက်ကြကြောင်း၊ အမိန့်စာချွန်ကို လက်မခံ ကြောင်း ကောက်ကျူက အစီရင်ခံလိုက်၏။ ထို့ပြင် နန်းရင်းဝန်ထံသို့လည်း ကိုယ်ရေးစာ တစောင်ရေး၏။ သူ့ထံသို့ စစ်ကူတပ်ပို့ရန်၊ လူစာမြင်းစာများကို လမ်းတလျှောက် စုဆောင်း ခွင့်ပြုရန်၊ အမိန့်ချမှတ်အောင် ဧကရာဇ်မင်းကြီးကို တင်ပြပေးရန် ယင်း စာထဲတွင် ပါရှိ၏။ စစ်ဝန်ကြီးတုန်နှင့် စစ်သူကြီးယန်းတို့သို့လည်း ဤကိစ္စကို နန်းရင်းဝန်အား ဝိုင်းပြောပေးရန် စာများ ပေးလိုက်၏။

ကောက်ကျူ၏ စာကို ရသော် နန်းရင်းဝန်လည်း ဧကရာဇ်မင်းကြီးထံသို့ အခစား ဝင်ကာ အကြောင်းစုံကို လျှောက်၏။ မင်းကြီး၏ မျက်နှာတော်မှာ မိုးမှောင်ကျလေပြီ။

“ဒီတောပုန်းတွေက ရွှေနန်းတော်ကို စော်ကားတယ်။ သင်းတို့ ပုန်ကန်တာ အကြိမ် ကြိမ်ရှိပြီ”။ တပ်အသီးသီးမှ ကောက်ကျူထံသို့ စစ်ကူပို့ရန် အမိန့်ချ၏။ ယင်းတို့သည် ကောက်ကျူ၏ အမိန့်ကို နာခံရမည် ဖြစ်၏။

အကြိမ်ကြိမ် အရေးနိမ့်ထားကြောင်းကို သိထားသည့် စစ်သူကြီးယန်းက စစ်ဗိုလ်ချုပ် နှစ်ဦးကို ဧကရာဇ်တပ်တော်မှ ရွေးချယ်လိုက်၏။ ထို့ပြင် နဂါးမာန်၊ ကျားပျံ၊ နေလျှံ၊ သစ္စာ တော်ခံ ဟူသော တပ်ဖွဲ့လေးစုမှ လက်ရွေးစင် ခြေသည် ငါးရာစီကို ထုတ်နုတ်ပြီး အင်အား နှစ်ထောင်ကို ထိုဗိုလ်ချုပ်တို့နှင့် ကောက်ကျူထံသို့ စေလွှတ်မည် ဖြစ်၏။

ထိုဗိုလ်ချုပ်နှစ်ယောက်မှာ ဘယ်သူတွေပါလဲ။ ပထမတယောက်မှာ ဘုရင့်ကင်းတပ်မှ လက်နက်နည်းပြချုပ် ချူယွေ့ ဖြစ်၏။ ဒုတိယတယောက်မှာ ယင်း၏ လက်ထောက် လက်နက်နည်းပြချုပ် မြင်းတပ်ဗိုလ်ချုပ် ချို့အန် ဖြစ်ကာ ဘုရင့်သက်တော်စောင့်တပ်၏ လက်ယာတပ်မှူးလည်း ဖြစ်၏။ နှစ်ယောက်စလုံးမှာ ပွဲလမ်း အကြိမ်ကြိမ်ရထားသော လက်နက်ကျွမ်းကျင်သူများ ဖြစ်သည့်အပြင် ကောက်ကျူက အထူးယုံမှတ်သူများ ဖြစ်ကြ၏။

သူတို့ကို ချက်ချင်းထွက်ခွာရန် စစ်သူကြီးယန်းက အမိန့်ပေးလိုက်၏။ နန်းရင်းဝန် ကလည်း ကြိုးကြိုးစားစား အမှုထမ်းရန်နှင့် အလားအလာကောင်းများရှိကြောင်း အားပေး စကား ပြောလိုက်၏။

ဗိုလ်ချုပ်နှစ်ဦးက တပ်ဖွဲ့လေးခုမှ အရပ်ရှည်ရှည်၊ သန်သန်စွမ်းစွမ်း၊ ခါးကျဉ်ကျဉ်၊ ရင်အုပ်ကျယ်ကျယ်နှင့် တောင်တက်ကျွမ်းသည့် ရေကူးသန်သည့် ရှန်တောင်နှင့် ဟောပေ့ နယ်သားများကို တဦးချင်း ရွေးယူ၏။ စစ်သူကြီးယန်းက ယင်းတို့ကို မြင်းကောင်း ငါးစီးစီ ဆုချ၏။

နောက်တနေ့တွင် စစ်ထွက်ကြမည် ဖြစ်၏။ စစ်ကူတပ်ကို အုပ်စုလေးစု ခွဲကာ နဂါး မာန်နှင့် ကျားပျံတပ်ဖွဲ့တို့ကို ချူယွေ့ က လည်းကောင်း၊ နေလျှံနှင့် သစ္စာတော်ခံတပ်ဖွဲ့ တို့ကိုမူ ချို့အန်က လည်းကောင်း ကွပ်ကဲကြမည်။ ယင်းတို့၏ လက်အောက်ခံတပ်တွင် မြင်းသည်နှစ်ထောင်စီနှင့် ထောက်ပံ့ရေးတပ်ဖွဲ့အင်အား ငါးရာစီတို့လည်း ပါဝင်မည်ဖြစ်၏။

နံနက်ခင်း နေရောင်အောက်တွင်၊ သက်ဆိုင်ရာ တပ်ဖွဲ့တံခွန်၏ နောက်တွင် ခြေသည် တပ်များကို စနစ်တကျ တန်းစီထားကြ၏။ အရာရှိငယ်များက ဟန်တပြပြ၊ စစ်သည်များက မာန်တကြွကြွနှင့် ဖြစ်၏။ ဝဲဘက်စစ်ကြောင်းကို ချူယွေ့ က လည်းကောင်း၊ ညာဘက် စစ်ကြောင်းကို ချို့အန်က လည်းကောင်း ဦးစီးချီတက်လာရာ မြို့သူမြို့သားများက ဩဘာ ပေးကြလေ၏။ မြို့ပြင်တွင် စစ်သူကြီးယန်းက စောင့်နေရာ စစ်ဗိုလ်ချုပ်နှစ်ဦးက မြင်းပေါ်မှ ဆင်းကာ

အရိုအသေပြု နှုတ်ဆက်ခဲ့ပြီး ကျီစုသို့ ဦးတည် ချီတက်ခဲ့ကြ၏။

ကျီစုတွင်မူ စစ်ကူများကို စောင့်ရင်း အနီးအနားရှိ တောင်ကုန်းများတွင် သစ်ခုတ်ရန်၊ နီးရာ တိုက်နယ်များမှ လှေတည်နိုင်မည့် လက်သမားများကို စုစည်းကာ မြို့ပြင်တွင် သင်္ဘောကျင်း ဆောက်ပြီး တိုက်လှေများ ဆောက်လုပ်ရန်၊ ရေတပ်သားများအဖြစ် ရဲရင့်သူ တို့ကို စုဆောင်းရန် ကောက်ကျူက ဆောင်ရွက်နေလေ၏။

ထိုစဉ်တွင် ယဲ့ချွန်ဆိုသူ စီကျို့ပြည်နယ်သား လှေတည်သည့် လက်သမားတဦးသည် ထမင်းဆိုင်တခုတွင် တည်းနေ၏။ ရှန်တောင်သို့အသွား လမ်းတွင် ခရီးပြအတိုက်ခံရသဖြင့် ခရီးမဆက် နိုင်တော့ဘဲ သောင်တင်နေသူဖြစ်၏ ကောက်ကျူက လှေများလုပ်ရန် သစ်ခုတ် နေကြောင်း ကြားရသောအခါ လှေပုံစံပုံကြမ်းနှစ်ခုကို ဆဲကာ ကောက်ကျူကို သွားတွေ့၏။ အပြန်အလှန် နှုတ်ဆက်ကြပြီးနောက် ယဲ့ချွန်က ပြော၏။

“အရင်တခေါက်က လှေတပ်တွေ ဘာလို့ အရေးနိမ့်ရပါသလဲ။ အကြောင်းကတော့ အရှင့်လှေတွေက ဟိုက သည်က သိမ်းလာတဲ့ လှေတွေ။ တက်အားနဲ့ လေအားကိုပဲ အားကိုး နေရတာတွေလေ။ ဒီအားတွေကလည်း စိတ်မချရဘူး။ ပြီးတော့ လှေတွေကလည်း ငယ် တယ်၊ နိမ့်တယ်၊ ကျဉ်းတယ်။ ဒီတော့ လှေစီးတပ်သားတွေက လက်နက်တွေကို အသုံးချဖို့ ခက်တယ်။

“ကျွန်တော့်အစီအမံအရဆိုရင် ဒီတောပုန်းတွေကို နှိမ်နင်းဖို့က စစ်သင်္ဘောတရာကို ဆောက်ရမယ်။ အကြီးစားမှာဆိုရင် ရေယက်ဘီး တဖက်ကို ဆယ့်နှစ်ဘီး ပါမယ်။ တဘီး တဘီးကို လှည့်ဖို့ လူဆယ့်နှစ်ယောက် လိုမယ်။ လှေနံတလျှောက်မှာ ဝါးယင်းတွေ ကာ ထားမယ်။ ဒီတော့ ပစ်တဲ့ မြားတွေကို ကာထားပြီးသား ဖြစ်တာပေါ့။ ကုန်းပတ်ပေါ်မှာ လေးသမားတွေ နေရာယူဖို့ မျှော်စင်တွေ ပါမယ်။ အဲဒါကိုလည်း စက်သီးစက်မောင်းတွေနဲ့ ထူလို့ ချလို့ ရအောင် လုပ်ထားမယ်။

“မာလိန်စင်ပေါ်က ဝါးထရံကို ခေါက်လိုက်ရင် ဘီးနှစ်ဆယ့်လေးဘီးလုံးကို လှည့်ပြီး သင်္ဘောလည်း ရှေ့ကို တဟုန်ထိုး တက်သွားမယ်။ ဒီသင်္ဘောကို တားနိုင်မယ့် လှေတို့ ဘာတို့ တောပုန်းတွေဆီမှာ မရှိဘူး။ ကျွန်တော်တို့ လေးသမားတွေ စုပြုံပစ်ရင်လည်း သူတို့ တားနိုင်မှာ မဟုတ်ဘူး။

“နောက်တမျိုးကတော့ အငယ်စားပဲ။ သူ့ကျတော့ အရွယ်ငယ်လို့ ရေယက်ဘီးက ဆယ့်နှစ်ဘီးပဲ ပါတာကလွဲရင် အကြီးစားနဲ့တူတယ်။ သူ့ကိုတော့ ချောင်းကျဉ်းမြောင်းကျဉ်း တွေမှာ သုံးတာပေါ့။ ဒီကောင်တွေ ချုံခိုလို့ မရအောင် ဝင်ရှင်းနိုင်တာပေါ့။ ကျွန်တော့်အကြံ ကို လက်ခံရင် လျှံရှန်းတောင်ရိုးက

ဒီတောပုန်းတွေကို မကြာခင်မှာပဲ နှိမ်နင်းနိုင်လိမ့်မယ်” ကောက်ကျူလည်း နားထောင်ပြီး ပုံကြမ်းများကို စစ်ဆေးပြီးသောအခါ အလွန် သဘောကျသွား၏။ အစားအသောက်များ၊ အဝတ်အထည်များ ပေးကာ ဆုချပြီး သဘော်ာ တည်ဆောက်ရေး စီမံချက်တွင် တာဝန်ခံအဖြစ် ခန့်အပ်လေ၏။

ကျီစုသို့ လိုအပ်သမျှ သစ်များ သတ်မှတ်ချိန်အတွင်း ရောက်စေရန် လူများကို နေ့ မအား ညမနား လုပ်စေ၏။ တိုက်နယ်တိုင်းက သဘော်ာတည်ဆောက်ရေးအတွက် လိုအပ် သည့် ကုန်ပစ္စည်းများကို ခန့်ခွဲသည့်အတိုင်း ပေးသွင်းရ၏။ ခွဲတမ်းပေးသွင်းရန် နှစ်ရက် နောက်ကျက ကြိမ်ဒဏ်အချက်လေးဆယ်။ သုံးရက် နောက်ကျက နှစ်ဆတိုးကာ အချက် ရှစ်ဆယ် ကြိမ်ဒဏ် ပေးခံရ၏။ ငါးရက်ထိ နောက်ကျပါက စစ်ဥပဒေအရ ကွပ်မျက်ခြင်း ခံရလေ၏။ အကွပ်အညှပ်မှာ လျော့သည်ဟု မရှိ။ သာမန်ပြည်သူအများအပြား အသတ်ခံရ၏။ ပြည်သူများလည်း ညည်းတွားလာကြလေပြီ။ စာချိုးလေးတခုပင် ပေါ်ပေါက်လာလေ၏။

ရေတွင်းထဲက စားငယ် မိုးကောင်းကင်ကို မမြင်နိုင်တယ်

ကောက်ကျူ ဒီအကြံ ဘယ်ကရ ငတုံးဆီက ရ

ရေယက်ဘီးတပ်လှေတွေတဲ့ တိုက်ပွဲနိုင်ဖို့ ဝေးပါရဲ့

ငွေကုန်သံပြာ အသုံးမကျ ပြည်သူတွေမှာ ဝဋ်ဒုက္ခ

လှေတပ်အတွက် လူသစ်စုကာ တပ်မှူးများက လေ့ကျင့်ပေးရ၏။ ထိုစဉ် ချူဟွေ့နှင့် ချို့အန်တို့ ရောက်လာ၏။ ကောက်ကျူက ထွက်၍ ကြိုပြီး အစားအသောက်နှင့် ဧည့်ခံ၏။ စာသောက်ပြီးသောအခါ ထိုဗိုလ်ချုပ်နှစ်ဦးက ချက်ချင်း ထွက်၍ တိုက်ရန် ပြောကြ၏။ ကောက်ကျူက-

“တရက်၊ နှစ်ရက်လောက် စောင့်ပါဦး လူကြီးမင်းတို့။ ရေယက်ဘီးတပ် လှေတွေ ပြီးတော့မယ်။ အဲဒီကျတော့မှ ကုန်းကြောင်းရော ရေကြောင်းရော ပြိုင်တူ ချီတက်ကြမယ်။ လှေတပ်နဲ့ မြင်းတပ် ပေါင်းပြီး ချရင် ဒီတောပုန်းတွေကို တပွဲတည်းနဲ့ နိုင်လိမ့်မယ်”

“ဒါက ကလေးကစားသလောက်ပဲ ရှိပါတယ်။ စိတ်ချထားပါ စစ်သူကြီးမင်း၊ ကျွန်တော် တို့ နေပြည်တော်ကို အောင်ပွဲခံပြီး ပြန်ကြမယ်ဗျ”

“ခင်ဗျားတို့ အပြောနဲ့ အလုပ်နဲ့ ညီရင်တော့ ဘုန်းတော်ကြီးလှသောဘုရားကို ခင်ဗျား တို့ကို ရာထူးကြီးကြီးမှာ တာဝန်ပေးဖို့ တင်လျှောက်ပေးပါ့မယ်”

စားသောက်ပွဲ ပြီးသောအခါ ဗိုလ်ချုပ်နှစ်ယောက်လည်း မြို့ပြင်ရှိ မိမိတပ်များဆီသို့ ပြန်ကာ အမိန့်ကို စောင့်နေကြ၏။

ကျီစုမြို့ပြင်တွင် တိုက်ပွဲဖြစ်ပြီးနောက် စခန်းသို့ ပြန်ရောက်သောအခါ စုန်ကျန့်က ဝုရုံ နှင့် တိုင်ပင်၏။

“လွတ်ငြိမ်းခွင့်အမိန့် ရောက်လာတာ နှစ်ခါ ရှိပြီ။ နှစ်ခါစလုံးပဲ ပျက်သွားတယ်။ ဒီတော့ ကျုပ်တို့ ကျူးလွန်တဲ့ ပြစ်မှုကလည်း ပိုပိုကြီးလာပြီ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ နောင်ကြီး။ ရွှေနန်းတော်ကြီးကတော့ ကျုပ်တို့ကို ပြစ်ဒဏ်ခတ်ဖို့ နောက်ထပ် တပ်တတပ် ထပ်လွှတ်မှာ ကျိန်းသေတယ်”

ထို့နောက် ကျီစု အခြေအနေကို ထောက်လှမ်းပြီး အမြန်ပြန် သတင်းပို့ရန် ကင်း ထောက်တယောက်ကို စေလွှတ်လိုက်၏။ နှစ်ရက် သုံးရက်အတွင်း သတင်းအသေးစိတ်နှင့် ထိုသူ ပြန်ရောက်လာလေ၏။ ကောက်ကျူက ရေယက်ဘီးတပ် လှေကြီး လှေငယ်အစီး တရာကို ယှဲ့ချွန်အား တည်ဆောက်စေသည့် သတင်းနှင့် နေပြည်တော်မှ တပ်ကူများ ရောက်လာသည့် သတင်းတို့ကို သိရှိရလေ၏။

စုန်ကျန့်က မေး၏။

“ရေပြင်ပေါ်မှာ ဖြတ်ပျံသလို လာမယ့် ဒီလို လှေကြီးတွေကို ဘယ်လို ဟန့်တားနိုင် ပါ့မလဲ”

ဝုရုံက ရယ်လိုက်လျက် -

“ဘာကြောက်စရာ ရှိလဲဗျာ။ ကျုပ်တို့ လိုမှာက ရေတပ်ဗိုလ် နှစ်ယောက်သုံးယောက်ပဲ။ ကမ်းပေါ်မှာ တိုက်မယ့် တပ်မှူးတွေကတော့ ရှိပြီးသားပဲ။ ပြီးတော့ ဒီလှေတွေကို ဆောက် တာကလည်း လနဲ့ ချီပြီး ကြာမှာပါ။ ရက်လေးဆယ် လေးဆယ့်ငါးရက်လောက်တော့ အချိန်ရဦးမှာပါ။ သူတို့သဘော်ာကျင်းထဲ ညီတော်နှစ်ယောက် လောက်ကို သွားမွေခိုင်းလိုက် ဦးမှပဲ။ ဒီကြားထဲမှာ အေးအေးဆေးဆေး အကြံထုတ်ကြတာပေါ့”

“ကောင်းတယ်။ ခွေးလှေးရှီကျန့်နဲ့ ခွေးရွှေဝါတွမ်ကျင်ချူတို့ကို လွှတ်လိုက်မယ်”

“ကျန်ချင်းနဲ့ ဆွန်ရှင့်တို့ကိုလည်း သူတို့ မယားတွေနဲ့ သဘော်ာကျင်းထဲကို လွှတ်ပြီး နည်းနည်းလောက် မွှေခိုင်းလိုက်ရင် ပိုကောင်းမယ်ဗျ။ ခွေးလှေးနဲ့ ခွေးရွှေဝါက သူတို့ကို ကူပေ့စေပေါ့”

ထိုဇနီးမောင်နှံတို့ကို ခေါ်ကာ လုပ်ဆောင်ရမည့် တာဝန်များကို ညွှန်ကြား၏။ သူတို့ အားလုံးကလည်း မိမိတို့၏ တာဝန်ကို သဘောကျစွာဖြင့် လူစုခွဲ၍ ဆင်းသွားကြလေ၏။ ကောက်ကျူသည် လက်သမားများကိုရော ချွေးတပ်ဆွဲထားသူများကိုပါ နေ့ရော ညပါ မောင်းနေလေ၏။ ကျီစုမြို့အရှေ့တခွင်လုံးမှာ သင်္ဘောကျင်းကြီး ဖြစ်နေလေပြီ။ သင်္ဘောတည်သည့် လက်သမား နှစ်ထောင် သုံးထောင်ကျော်မှာလည်း တွေ့ကြုံရသမျှ အခြေဆိုးအနေဆိုးကြောင့် ညည်းညူလျက် ရှိကြ၏။ သို့သော် စစ်သားများက ခေးမိုးကာ မနားမနေ ခိုင်းစေနေကြ၏။

ခွေးလှေးနှင့် ခွေးရွှေဝါက သင်္ဘောကျင်းကို အရင်ရောက်ကြ၏။

“ကျုန်တဲ့လူတွေက ဒီမှာ မီးတိုက်ကြမှာဆိုတော့ မင်းနဲ့ ငါက သိပ်ပြီး ထင်ထင်ပေါ်ပေါ် နေလို့မတော်ဘူး” ဟု ခွေးလှေးက ခွေးရွှေဝါကို ပြော၏။

“အဲဒီအချိန်အထိ ငြိမ်ငြိမ်နေမှ ကောင်းမယ်။ ငါက မြို့တံခါးဝမှာသွားစောင့်မယ်။ ဒီမှာ မီးလောင်ရင် သူတို့ စစ်သားတွေကို လွှတ်ဖို့ တံခါးတွေကို ဖွင့်မှာပဲ။ ငါ အသာဝင်သွားပြီး တံခါးပြအိုးကို မီးတက်ရှို့မယ်။ မင်းကတော့ မြို့အနောက်ဘက်က မြက်ခြောက်ဂိုဒေါင် တွေကို သွားမီးရှို့ပေတော့။ ဒီတော့မှ ဘယ်ကို အရင်ပြေးရမှန်း မသိ ဖြစ်ကုန်ကြမှာ။ ဒီကောင်တွေကို ကောင်းကောင်း ခြောက်လိုက်ကြမယ်”

ထိုသူနှစ်ယောက်လည်း မီးစာပစ္စည်းများကို ကိုယ်ပေါ်တွင် ဝှက်၍ သယ်ထားကြပြီး နေရာ ကောင်းကောင်းကို ရှာကာ ခိုအောင်းနေကြ၏။

ကျန်ချင်းနှင့် ဆွန်ရှင့်က သစ်လုံးများကို သစ်သယ်နေသည့် လူလေးရာ ငါးရာနှင့် ဝင်၍ ရောလိုက်၏။ သစ်လုံးများကို ကြိုးနှင့်ဆွဲကာ ရုန်းကြရ၏။ သင်္ဘောကျင်းဝ၌ စစ်သားနှစ်ရာ ကျော်က ခါးတွင် ခေးမြှောင်ထိုးလျက် သစ်လုံးသယ်လာသူများကို နှေးရကောင်းလားဟု တုတ်များဖြင့် ရိုက်ကာ မောင်းနေကြ၏။

သင်္ဘောကျင်းထဲ၌ လူများ ခြေချင်းလိမ်မတတ် ရှုပ်ထွေးနေ၏။ သင်္ဘောကျင်းတခု လုံးကို သစ်သားဝင်းခြံကြီး ခတ်ထား၏။ သက်ငယ်မိုးထားသော အလုပ်ရုံကနားဖျင်း အလုံး နှစ်ရာ သုံးရာခန့် ရှိ၏။ လက်သမားထောင်နှင့်ချီကာ အလုပ်လုပ်နေ၏။ တနေရာတွင် လူများ ပျဉ်ခွဲနေကြ၏။ နောက်တနေရာတွင်မူ ပျဉ်များကို လက်သမားများက တံကူများ တွင် သံနှင့်ရိုက်စွဲနေကြ၏။ နောက်တနေရာတွင်မူ ပျဉ်စပ်များကို ပွဲညက်များဖြင့် ထေးနေ ကြ၏။ သွားလာလုပ်ကိုင်နေသော အလုပ်ကြမ်းသမားများကို ရေပင်မရေနိုင်ပေ။ ကျန်ချင်း တို့နှစ်ယောက်က မီးဖိုတဲများဆီသို့ သွားကာ မှောင်ရိပ်ခိုနေကြ၏။

သူတို့၏ မယားများဖြစ်သော စုန်းမဆွန်နှင့် မခုတို့က ထမင်းပို့လာသော မိန်းမများနှင့် ရောချ၍ ဝင်ကာ ထမင်းဟင်းလိုက်ဝေနေ၏။ တဖြည်းဖြည်းနှင့် နေဝင်သွားကာ လထွက်လာ လေပြီ။ လမှာ ထိန်ထိန်သာနေ၏။ သို့သော် လက်သမားအများစုမှာ မပြီးဆုံးနိုင်သော အလုပ်ကို ဆက်လုပ်နေဆဲဖြစ်၏။

ည ဒုတိယယံလောက်တွင် ကျုန်ချင်းတို့က သဘော်ကျင်း၏ ဘယ်ဘက်ခြမ်းကို မီးစရှို့ ၏။ ညာဘက်ခြမ်းကိုမူ သူတို့၏ မယားများက ရှို့ကြ၏။ သက်ငယ်မိုးများမှာ ချက်ချင်းပင် မီးကူးသွားကာ မီးလျှံကြီးများထလာ၏။ ကြောက်လန့်တကြား အော်ဟစ်ကာ လက်သမား များ၊ အလုပ်ကြမ်းသမားများက ခြံစည်းရိုးကို တွန်းဖြိုကာ ထွက်ပြေးသွားကြ၏။ အိပ်ပျော် နေသော ကောက်ကျူမှာ "သဘော်ကျင်း မီးလောင်နေပြီ" ဟု လာနှိုးသဖြင့် အမြန်ထကာ သူ့စစ်တပ်ကို ကယ်ဆယ်ရန် စေလွှတ်၏။ ချူဟွေ့နှင့် ချို့အန်တို့လည်း တပ်များကို ဦးစီး ကာ မီးငြိမ်းရန် ထွက်၏။ ခဏကြာသော် မြို့ရိုးပြအိုးတွင် မီးထတောက်လေ၏။ ကောက်ကျူ ကိုယ်တိုင်ဦးဆောင်ကာ မြို့ရိုးပေါ်သို့ တက်လေ၏။ သူတို့ မီးငြိမ်းနေစဉ် လာ၍ သတင်း ပို့ပြန်၏။ "မြက်ခြောက်ဂိုဒေါင်တွေ မီးလောင်နေပါပြီ။ မီးတောက်ကြီးလွန်းလို့ နေ့ခင်းလို ထိန်နေပါပြီ"

ချူကွေ့နှင့် ချို့အန်တို့ကို မြက်ခြောက်ဂိုဒေါင်သို့ လွှတ်လိုက်၏။ ဖြုန်းခနဲ ထွက်လာ သော မုံသံများ ညာသံများနှင့်အတူ အမြီးမဲ့မြားချန်ကျင် ဦးဆောင်သော မြင်းသည်ငါးရာက ကင်းပုန်းဝပ်နေရာမှ ထွက်၍ တိုက်ကြ၏။ ချန်ကျင်ကိုယ်တိုင်ကမူ ထိုဗိုလ်ချုပ်နှစ်ဦးထံသို့ ဦးတည်၍ ဝင်၏။

အမြီးမဲ့မြားက "လျှိုရှန်းတောင်ရိုးသားတွေ အားလုံး ရောက်နေပြီဟေ့" ဟု အော်၏။ ချူဟွေ့က သူ့မြင်းကို ရိုက်ကာ ချန်ကျင်ထံသို့ ဒုန်းစိုင်း၍ ဝင်၏။ ချန်ကျင်က လှံနှင့် ရွယ်ကာ ကြိုဆို၏။ သုံးချီမျှပင် မတိုက်ဘဲ ချန်ကျင်က မြင်းဦးလှည့်ကာ ထွက်ပြေး၏။ နိုင်လို ဇောဖြင့် ချူယွေ့ က လိုက်၏။

"ရပ်စမ်း ခားပြကောင်" ဟု အော်၏။

ချန်ကျင်က သူ့လှံကို စွပ်ခွက်တွင် ထိုးလိုက်ကာ ကျောက်ခဲတလုံးကို အသာနှိုက်ယူ လိုက်၏။ ကိုယ်ကို လှည့်ကာ ချူယွေ့ နီးလာသည်အထိ စောင့်ပြီးမှ "ကဲ" ဟု အော်ကာ ပေါက်လိုက်၏။

ခဲမှာ ချူယွေ့ မျက်နှာကို သွား၍ မှန်သဖြင့် မြင်းပေါ်မှ ပြုတ်ကျသွားလေ၏။ ချို့အန်နှင့် အလံကိုင်များက အတင်းဝင်ကယ်ကြရ၏။ ချို့အန်က ချန်ကျင်နှင့် တိုက်ခိုက်နေစဉ် ကျန်လူ များက ချူဟွေ့ကို မြင်းပေါ်တင်ပေးကြရ၏။ သူတို့နှစ်ယောက်လည်း သုံး လေးချီသာ တိုက်ခိုက်ပြီးနောက် ချန်ကျင်က ထွက်ခဲ့၏။ ချို့အန်က ဆက်မလိုက်သဖြင့် ချန်ကျင်က ပြန် တုံ့လာခဲ့ပြီးမှ ဝင်ဟွမ်၊ ရှုကျင်း၊

ယန်းဝင်၊ လီချွန်းကျိတို့ ဦးစီးသော တပ်လေးတပ်တို့ ချဉ်းကပ်လာသည်ကို မြင်ရသဖြင့် သူ့မြင်းသည်ငါးရာကို တပ်ဆုတ်ရန် လက်ဟေ့ပြလိုက်ပြီး ဦးစီးကာ ဆုတ်ခွာခဲ့၏။ ချုံခို အချခံရမည်စိုး၍ အစိုးရတပ်များလည်း ဆက်မလိုက်ဝံ့ကြပေ။ တပ်ကို စုပြီး ပြန်ကာ မီးငြိမ်းကြ၏။ မီးအားလုံး ငြိမ်းပြီးသောအခါ မိုးလင်းနေလေပြီ။ ကောက်ကျူက အရာရှိတယောက်ကို ချူယွေ့ ထံ လွှတ်ကာ လူမမာမေးခိုင်း၏။ ပါးစပ်ကို ကျောက်ခဲမှန်သဖြင့် သွားလေးချောင်း ကျွတ်ထွက်သွားကာ နှာခေါင်း၊ နှုတ်ခမ်းများ စုတ်ပြဲသွားကြောင်း သိရ၏။ ကောက်ကျူက ဆေးသမားကို လွှတ်ကာ ကုသစေ၏။

ချူဟွေ့ ဒဏ်ရာရခြင်းကြောင့် ကောက်ကျူမှာ လျှံရှန်းကျူအင်းသားတို့ကို အခဲမကျေ စိတ် ပို ပြင်းထန်လာ၏။ မုန်းလိုက်သည်မှာလည်း ရိုးတွင်းခြင်ဆီအထဲထိ ရောက်လာ၏။ ယဲ့ချွန်ကို လှေများ အမြန်ဆောက်ခိုင်း၏။ သဘော်ာကျင်းပတ်လည်တွင်လည်း တပ်များကို ချထားစေ၏။ နေ့ညမပြတ် တပ်လှန့်ထားလေ၏။

ကျန်ချင်း၊ ဆွန်ရှင့်တို့ လင်မယား နှစ်စုံတွဲနှင့် ခွေးလှေး၊ ခွေးရွှေဝါတို့လည်း တောင်ရိုး သို့ပြန်လာရာ လမ်းတွင် အကြိုလွှတ်လိုက်သူများနှင့် တွေ့ကြ၏။ သစ္စာခန်းမတွင် သူတို့ မည်သို့မည်ပုံ မီးတင်ရှို့ခဲ့ကြောင်း ရှင်းပြရာ စုန်ကျန့်လည်း အလွန်သဘောကျသွားလေ၏။ သူတို့ကို ဂုဏ်ပြုသော စားသောက်ပွဲကြီးကျင်းပကာ ရက်ရက်ရောရော ဆုချပေး၏။ နောက် တွင်လည်း တောင်အောက်သို့ မကြာခဏ သူလျှိုများ စေလွှတ်စေ၏။

လှေများ တည်၍ပြီးသောအခါ ဆောင်းဥတု ရောက်နေပေပြီ။ သို့သော် ထိုနှစ်က ပူနွေး သဖြင့် ကောက်ကျူက ဝမ်းသာနေ၏။ မိုးကောင်းကင်က သူ့ကို မျက်နှာသာပေးနေသည်ဟု ယုံကြည်၏။ လှေများကို တစီးပြီးတစီး ရေချကာ လှေတပ်ဗိုလ်များအား ထိုလှေများကို နိုင်နိုင်နင်းနင်း အသုံးပြုတတ်စေရန် လေ့ကျင့်စေ၏။ ပတ်ဝန်းကျင် မြို့ရွာများမှ အတင်း စုဆောင်းလာသော ရေတပ်သားများလည်း တသောင်းကျော်နေလေပြီ။ တဝက်ကို လှေများ ကျွမ်းကျွမ်းကျင်ကျင် လှော်တတ်ရန်၊ ကျန်တဝက်ကို လေးပစ်ကျွမ်းကျင်ရန် လေ့ကျင့်ခိုင်း၏။ ရက်နှစ်ဆယ်ခန့်အတွင်းတွင် အားလုံးပြင်ဆင်၍ ပြီးသွားလေ၏။ လှေ များကို စစ်ဆေးရန် ယဲ့ချွန်က ကောက်ကျူကို ဖိတ်၏။

ချိန်းထားသော နေ့တွင် ကောက်ကျူက ဗိုလ်ချုပ်များ၊ တပ်မှူးများ ခြံရံကာ ရောက် လာ၏။ ရေယက်ဘီးတပ် လှေအစီးသုံးရာကျော်ကို ဆိုက်ကပ်ထား၏။ လှေတဒါဇင်ခန့်ကို ရွေးချယ်ကာ ကြက်လျှာအလံများဖြင့် တန်ဆာဆင်၏။ ဗုံများ၊ ကြေးလင်ပန်းများ တီးကာ အချက်ပေးလိုက်သည်နှင့် ရေယက်ဘီးများ လည်လာကာ လှေများသည်လည်း အကယ်ပင် ပျံသွားသလို လျင်မြန်လှသော

အလျှင်ဖြင့် ရေပြင်ကို ရှပ်ကာ ထွက်သွားကြ၏။ ကောက်ကျူသည် ဝမ်းသာလှသဖြင့် နှလုံးခုန်နှုန်းပင် ဆောင့်တက်လာလေ၏။

"ဒီခားပြတွေ ဒီလောက်မြန်တဲ့ လှေတွေကို ဘယ်ဟန့်တားနိုင်ပါ့မလဲ။ ငါတို့ နိုင်မှာ သေချာတယ်"

ယဲ့ချွန်ကို ငွေနှင့် ပိုးထည်များ ဆုချ၏။ လှေတည်သမားများကိုလည်း ခရီးစရိတ် ပေးကာ ပြန်လွှတ်လိုက်၏။

နောက်တနေ့တွင် ရေစောင့်နတ်ကို သစ်သီးများ၊ သားကောင်များ၊ ရွှေစက္ကူ၊ ငွေစက္ကူ များဖြင့် ပူဇော်ရန် စီစဉ်၏။ ထိုပွဲတွင် ကောက်ကျူကိုယ်တိုင် တက်ရောက်ကာ အမွှေးတိုင် ထွန်းမည်ဖြစ်၏။ ချူဟွေ့မှာ အနာကျက်ပြီ ဖြစ်သော်လည်း မုန်းတီးမှုက လောင်စားနေဆဲ ဖြစ်၏။ ချန်ကျင်ကို ကိုယ်တိုင်ဖမ်း၍ လက်စားချေရန်သာ အာရုံရောက်နေသော်လည်း ကျန်အရာရှိများနည်းတူ ကောက်ကျူနောက်က လိုက်သွားရ၏။ ပူဇော်ပွဲပြီးသောအခါ ကောက်ကျူက သူ ခေါ်လာသော အဆိုသမား၊ အကသမားများကို လှေပေါ်တက်ကာ ဖျော်ဖြေစေ၏။ လှေသားများကလည်း အလှော်ကျင့်ကြ၏။ တီးသံမှုတ်သံ၊ ပျော်မြူးသံများ ညဥ့်နက်မှ စဲသွား၏။ ထိုညက လှေပေါ်တွင် အိပ်ကြ၏။

နောက်တနေ့တွင်လည်း ပွဲခံကြ၊ စားကြသောက်ကြ၏။ ခရီးကား မထွက်သေးပေ။ ထိုစဉ် ကင်းထောက်တယောက် ရောက်လာကာ သတင်းပို့၏။

"လျှံရှန်းတောင်ရိုးက ခားပြတွေ ကဗျာတပုဒ် စပ်ပြီး ကျီစုမြို့စောင့်နတ်ကွန်းမှာ ကပ်ထားတယ်။ ဒီမှာ ကျွန်တော် ကူးလာပါတယ်" ဟု ဆိုကာ ပြသ၏။

ယန်းကျင်းကို ဖမ်း ကောက်ကျူ ဖမ်းလို့

မြစ်ဝှမ်းလွင်ပြင် ရှင်းပစ်မယ်

ယက်ဘီး လှေတွေ အစင်းတသောင်းမကလည်း

လျှံရှန်းအင်းက လွတ်ဖို့ မလွယ်

ကောက်ကျူကား မီးတွင်ချသော မုန့်ညင်းစေ့လို နေမရထိုင်မရ ဖြစ်သွား၏။ ချက်ချင်း ပင် သွားတိုက်လို၏။

"ဒီခားပြတွေကို မသတ်ရရင် ငါ မပြန်မလာဘူး"

စစ်ဦးစီးမှူးဝင်က-

"စိတ်အေးအေးထားပါ စစ်သူကြီးမင်း၊ ကျွန်တော့် အထင်တော့ ဒီကောင်တွေက တကယ်တော့ ကြောက်နေပြီထင်တယ်။ ဒါကြောင့်မို့ ဒီလို လေကျယ်နေတာပေါ့။ ဒါက အရေးမကြီးပါဘူး။ တရက် နှစ်ရက်လောက် စောင့်ပါဦး။ ကုန်းတပ်တွေ၊ ရေတပ်တွေကို ဘယ်လို သုံးမလဲ ဆိုတာ ဆုံးဖြတ်ပြီးမှ စကြရင် ကောင်းမယ်။ အချိန်တွေလည်း ရှိပါ သေးတယ်။ ပြီးတော့ ဆောင်းတွင်းသာ ဆိုတယ်၊ ရွာသီဥတုက နွေးတယ်လေ။ အဲဒါ မိုးကောင်းကင်က ပေးတဲ့ဆုပဲပေါ့။ အရှင်ရဲ့ ဂုဏ်ကျက်သရေကို ပြတာပဲပေါ့"

ဤသို့ မြှောက်ကာပင့်ကာ ချော့လိုက်မှ ကောက်ကျူ စိတ်ပြေသွား၏။ မြို့ထဲသို့ ပြန်သွားကာ တပ်ချီတက်မည့် အစီအမံကို တိုင်ပင်ကြ၏။ ချို့အန်နှင့် ဝမ်ဟွမ်က မြစ်ကမ်း တလျှောက်ချီတက်ကာ လှေတပ်ကို အထောက်အကူ ပေးကြရမည်။ ရှန်ယွမ်ကျန့်နှင့် ချန်ကိုက်တို့က လူတသောင်းပါတပ်နှင့် ချီတက်ကာ လျှံရှန်းတောင်ရိုး အဝင်ဝလမ်းပေါက် ကို ပိတ်ထားကြရမည်။ အင်းသည်လည်း ကျူများ၊ မြူများ၊ ချောင်းစွယ်မြောင်းစွယ်များနှင့် သွားရေးလာရေး ခက်ခဲ၏။ စုန်ကျန့်၏ အမိန့်အရ လမ်းတလမ်း ဖောက်ထားသည်မှာ မကြာသေးပေ။ ထိုနေရာသို့ သူ့တပ်များ အရင်ရောက်နေကာ တောင်ရိုးခံတပ်ကို အဆက် ဖြတ်ထားချင်၏။ စစ်ဦးစီးမှူး၊ အခြား ဗိုလ်ချုပ်များ၊ အကြံပေး ဝန်ကျင်၊ လှေပညာရှင် ယဲ့ချွန်တို့မှာ အလံကိုင်များ၊ အရာရှိကြီးငယ်များနည်းတူ ကောက်ကျူနှင့်အတူ ရေတပ် နှင့် လိုက်ပါကြရမည် ဖြစ်၏။

စစ်ဦးစီးမှူးဝင်က ကန့်ကွက်၏။

"အရှင်က မြင်းတပ်နဲ့ ကုန်းပေါ်ကပဲ လိုက်ပြီး ကွပ်ကဲသင့်ပါတယ်။ လှေတွေနဲ့ မလိုက် ပါနဲ့။ သိပ်အန္တရာယ်များလို့ပါ"

ကောက်ကျူက ပြန်ပက်၏။

"ဘာမှ ပူစရာ မရှိပါဘူး။ အရင်နှစ်ခေါက်က တောပုန်းခေါင်းဆောင်တွေကို တယောက် မှ ဖမ်းမမိခဲ့ဘူး။ ကျုပ်တို့ဘက်က အကျအဆုံး များခဲ့တယ်။ လှေတွေလည်း ပါသွားတယ်။ ဒီတခေါက်တော့ လှေတွေ သိပ်ကောင်းတယ်။ ကျုပ်ကိုယ်တိုင်မှ မကွပ်ကဲရင် ဒီသူပုန် တွေကို ဘယ်ဖမ်းလို့ ရပါ့မလဲ။ ဒီကောင်တွေနဲ့ သေတဲ့အထိ တိုက်မယ်။ ဘာမှ ထပ်မပြော နဲ့တော့"

စစ်ဦးစီးမှူးလည်း ဤအကြောင်းကို စကားမစရဲတော့ပေ။ စစ်သူကြီးနှင့်အတူ လှေစီး ကာ လိုက်ခဲ့ရလေ၏။ ကောက်ကျူက ရေယက်လှေအကြီး အစီးသုံးဆယ်ကို ချူကွေ့၊ ရှူကျင်း၊ မေချန်တို့ကို ဦးစီးစေကာ ရှေ့ပြေးအဖြစ် ထွက်စေမည်။ ရေယက်လှေ အငယ်စား အစီးငါးဆယ်ကို ယန်းဝင်၊ အကြံပေးဖန်ကျင်၊ လှေဆရာယဲ့ချွန်တို့က ဦးစီးကာ လမ်းရှင်း သွားရမည် ဖြစ်၏။

ရှေ့ဆုံး လှေတွင် ထူလာသော ကြက်လျှာအနီပေါ်၌ ရွှေစာလုံးဖြင့် "သမုဒ္ဒရာကို မွှေမည်၊ မြစ်တွေကို နှောက်မည်၊ လှိုင်းလုံးဖြူတွေ ထစေမည်၊ ပြဿနာများကို ဖန်တီးနေသော ဘီလူးများကို ဖယ်ရှားကာ တိုင်းပြည်အေးချမ်းစေမည်"ဟု ရေးထား၏။

လှေစု၏ အလယ်လောက်တွင် ကောက်ကျူသည် စစ်ဦးစီးမှူးနှင့်တကွ အဆိုကျော် ယောက်ျားလေးများ ၊ ကခြေသည် မိန်းကလေးများ ပါလာသော လှေနှင့် လိုက်လာ၏။ အလံ စိမ်းများ၊ ဗိုလ်ချုပ်အလံများ၊ အဖြူရောင်အဝါရောင် ကြက်လျှာများ၊ အနီရောင် အနက် ရောင် ခင်တုရင်များ၊ လက်နက်ခင်တုရင်များ ထိုးထိုးထောင်ထောင်နှင့် ကြွားဝင့်နေသည်ကို ဤလှေစုအလယ်ပိုင်းတွင် မြင်ရ၏။ ဝမ်ဝေတေးနှင့် လီချွန်းကိုတို့က နောက်ပိုင်းမှ အုပ်စည်း ၍ လိုက်လာခဲ့၏။

အချိန်မှာ စန္ဒမာသ ဆယ့်တစ်လမြောက်လ၏ လလယ်ပိုင်းဖြစ်၏။ မြင်းတပ်ကို ချီတက် ရန် အမိန့်ပေးလိုက်ပြီး ရေတပ်သည်လည်း ရှေ့ဆုံးလှေတွင် ချူယွေ့ ၊ ရှုကျင်း၊ မေချန်တို့ လိုက်ပါကာ စတင်ထွက်ခွာခဲ့၏။ လှေများက တိမ်လိပ်များ ပျံသန်းသည့်နှယ်၊ မြင်းတပ် များက မြူမှုန်များ ထလာသည့်နှယ် လျှံ့ရှန်းကျူအင်းသို့ ချီတက်လာခဲ့ကြ၏။

ရှေ့ပြေးတပ်မှ ဗိုလ်ချုပ်သုံးဦးသည် ရေယက်ဘီးတပ်လှေငယ်များကို ချောင်းစွယ် မြောင်းစွယ် အဝင်ဝများတွင် ပိတ်ဆို့ထားစေပြီး လှေကြီးများကိုမူ အလျင်နှုန်းအပြည့်ဖြင့် ရှေ့သို့ တက်စေ၏။ အရာရှိများသည် မျက်စိများ ပြူးလျက်၊ လည်တံများ ဆန့်လျက် စိတ် စောလျက် ရှေ့ဘက်ဆီသို့သာလျှင် မျက်ခြည်အပြတ်မခံဘဲ ကျူတောထဲသို့ ဝင်သထက် ဝင်လာမိကြ၏။

သတင်းစုံ ရထားသော စုန်ကျန့်နှင့် ဝူရုံတို့က လိုအပ်သမျှ ပြင်ဆင်ထားပြီး အစိုးရ လှေများ အရောက်ကို စောင့်နေကြ၏။

အဝေးမှ လှေငယ်များ လာနေသည်ကို ကောက်ကျူတို့တပ်မှ တွေ့မြင်ရ၏။ သံချပ်ဝတ် လူ ဆယ့်လေးယောက် ဆယ့်ငါးယောက်ခန့် တင်လာသော လှေများတွင် တံခွန်အဖြူ တလက်စီကို ထူထား၏။ တံခွန်များပေါ်တွင် "လျှံ့ရှန်းကျူအင်း သူရဲကောင်း ဖိုးရုံညီနောင် များ" ဟု စာရေးထား၏။ ဖိုးရုံအကြီးက အလယ်လှေတွင်၊ ဖိုးရုံငယ်က သူ့ဘယ်ဘက် လှေတွင်၊ ဖိုးရုံကလေးက သူ့ညာဘက်လှေတွင် အသီးသီး စီးလာကြ၏။ သံချပ်ကာများဟု အဝေးက ထင်ရသည်များမှာ အမှန်စင်စစ် ရွှေစက္ကူနှင့် ငွေစက္ကူများသာ ဖြစ်ပေ၏။

ရှေ့ဆုံးမှ လှေကို ပစ်မိန့်ပေးလိုက်ရာ မြားများ၊ အမြောက်ဆန်များ၊ ဒုံးကျည်များ ရှေ့သို့ ပန်း၍ ထွက်ကုန်ကြ၏။ ညီနောင်သုံးယောက်နှင့်တကွ လှေသားများသည် ရေယက်ဘီး တပ်လှေများက အနီးသို့ ရောက်လာသည်အထိ

မကြောက်မရွံ့ စောင့်နေကြပြီးမှ အော်သံ တချက်ပေးကာ ခုန်ချပြီး ရေငုပ်၍ ကူးသွားကြ၏။ ချူကွေ့တို့မှာ လှေအခွံသက်သက် သုံးစီးကိုသာ သိမ်းလိုက်ရ၏။

ကောက်ကျူတို့ လှေများ နောက်ထပ် သုံးလီမျှ ဆက်လာခဲ့ရာ လှေလျှင်ကလေးများ ချဉ်းကပ်လာသည်ကို မြင်ရ၏။ ပထမလှေတွင် လူတကျိပ်ခန့် ပါလာပြီး ဆေးနက်၊ ဆေးဝါ၊ ဆေးနီများဖြင့် ကိုယ်ခန္ဓာကို လိမ်းခြယ်ထားလေ၏။ ဆံပင်ရှည်များကိုလည်း ဖားလျားချ ထားကြ၏။ ကျန်နှစ်စင်းတွင်မူ လူခြောက်ယောက် ခုနစ်ယောက်ပါလာကာ ဆေးနီ၊ ဆေးဝါ အစင်းကျားများ လိမ်းခြယ်ထား၏။ အလယ်လှေတွင် ကျောက်စိမ်းတိုင်မိန်ကွမ်းက ခေါင်းဆောင်ကာ ဘယ်ဘက်လှေကို လိုဏ်ဂူနဂါးတုန်ဝေ့၊ ညာဘက်လှေကို မြစ်မွေ့တုတ် တုန်မင်းတို့က ဦးဆောင်လာ၏။

ချူကွေ့က ပစ်မိန့်ပေးလိုက်ရာ အော်သံတချက်နှင့်အတူ လူကျားများ ရေထဲခုန်ဆင်း လိုက်ကြရာ အစိုးရတပ်များမှာ လှေအခွံများကိုသာ ရလိုက်ကြပြန်၏။

နောက်ထပ် သုံးလီ သွားမိပြန်သော် အလတ်စားလှေများကို မြင်ရပြန်၏။ ယင်းတို့တွင် တက်လေးချောင်းစီကို လူရှစ်ယောက်က လှော်လာ ၏။ လှေတစ်စီး ၏ ဦးပိုင်းတွင် ထိုင် နေသော ဗိုလ်လုပ်သူကို တောပုန်းတဒါဇင်ခန့်က ဝန်းရံထား၏။ တံခွန်အနီတခုကိုလည်း ထူထားရာ “ရေတပ်တပ်မှူး ရေနဂါးလီကျွမ်း” ဟု ရေးထား၏။

ဘယ်ဘက်ရှိ လှေတွင်မူ သံလှံတိုကို ကိုင်ထားသော ဗိုလ်တဦး ထိုင်နေပြီး “ရေတပ် တပ်မှူး လှေမီးလျှံချန်ဟင်း” ဟု ရေးထားသော တံခွန်စိမ်းတခုကိုလည်း ထူထား၏။

ညာဘက်လှေတွင် ပါလာသည့် ရဲရင့်သူကမူ ခါးအထက်ပိုင်းကို ဗလာကျင်းထားပြီး ခြေမှာလည်း ဖိနပ်မပါပေ။ သူ့ခါးပတ်တွင် ဆောက်များကို ထိုးထားပြီးလက်တွင်လည်း ကြေးတူတလက် ကိုင်ထား၏။ အနက်ခံတွင် ငွေစာလုံးဖြင့် “ရေတပ်တပ်မှူး ဒီလှိုင်းဖြူ ချန်ရှွန်း’ ဟု ရေးထားသော တံခွန်ကို ထူထားသည်ကို မြင်ရ၏။ ချန်ရှွန်းက အော်လိုက်၏။

“လှေတွေ လာပေးလို့ ကျေးဇူးပဲဟေ့”

ရှေ့ပြေးတပ်မှ ဗိုလ်ချုပ်သုံးဦးက ပစ်မိန့်ပေးလိုက်၏။ လေးညှို့သံ ထွက်လာသည်နှင့် ထို လှေသုံးစီးပေါ်မှ လူများ ရေထဲသို့ ကျွမ်းထိုးချလိုက်ကြ၏။

ဆောင်းရာသီ ဝင်ခါစ ဖြစ်၍ အစိုးရတပ်သားများရော ချောတပ်သားများပါ

ရေခဲရေ လို အေးစက်နေသည့် မြစ်ထဲသို့ မဆင်းလိုကြပေ။ ထိုသို့ ရှုံ့တွန့်တွန့် ဖြစ်နေဆဲတွင် တောင် ပေါ်မှ အချက်ပေး အမြောက်သံများ ဆင့်၍ ထွက်လာလေ၏။ တပြိုင်တည်းတွင် ကျိုင်း ကောင်အုပ်ကြီးကျသလို ရာနှင့်ချီသော လှေငယ်များ ကျူပင်များ ကြားမှ ထွက်လာလေ၏။ လှေတစီးတွင် လူလေးငါးယောက်ခန့်နှင့်အတူ အမျိုးအမည်မသိသော ကုန်များ ပါလာလေ၏။ ရေယက်ဘီးတပ်လှေကြီးများက ယင်းတို့ကို ဝင်အောင်းသော်လည်း မအောင်မြင်ပေ။

ရေအောက်မှ တုတ်များကို ထိုးကာ ကလန့်လိုက်သောကြောင့် ရေယက်ဘီးများ ချက်ချင်း ရပ်ကုန်၏။ လှေပေါ်မှ ပစ်သမျှ မြားတို့ကို လှေငယ်များပေါ်မှ ဒိုင်းကြီးများဖြင့် ကာကွယ်ထားကြ၏။

လှေကြီးများသို့ ကပ်ကာ ယင်းတို့၏ တက်မများကို ချိတ်များဖြင့် တုပ်နှောင်လိုက် ကြ၏။ ပဲ့ထိန်းစစ်သည်များကို ခုတ်ထစ် သတ်လိုက်ကြ၏။ ရှေ့ဆောင်လှေကြီးပေါ်တွင် တောပုန်း ငါးဆယ် ခြောက်ဆယ်ခန့်ပင် ရောက်နေလေပြီ။ အရာရှိများမှာ ကြောက်ကြောက် လန့်လန့်ဖြင့် ပြန်ဆုတ်လိုကြသော်လည်း ဆုတ်လမ်းကို ဖြတ်တောက်ထားပြီး ဖြစ်နေ၏။

ရှေ့ပြေးလှေတပ်က ရှုပ်ရှုပ်ထွေးထွေး တိုက်ပွဲဝင်နေစဉ်တွင် နောက်ရံလှေတပ်များ ထံမှ အော်သံများ ဆူဆူညံညံ ထွက်လာလေ၏။ ကောက်ကျူနှင့် စစ်ဦးစီးမှူးဝင်တို့က ထိုအသံများကို ကြားရသောအခါ လှေကို ကမ်းသို့ ကပ်ရန်ကြိုးစားကြ၏။ ခရာတွတ်သံနှင့် ဗုံသံများကြောင့် ကျူပင်များ လှုပ်ခါသွားကြ၏။ ကောက်ကျူ၏ လှေမှ လှေသားများက “ရေဝင်နေပြီ” ဟု အော်ကာ ရေထဲသို့ ခုန်ချကြ၏။

သူ့ရှေ့ သူ့နောက်ရှိ မြင်မြင်သမျှ လှေများ နစ်နေသည်ကို ကောက်ကျူ မြင်ရ၏။ လေးများကလည်း လှေကြီးများကို ပုရွက်ဆိတ်များလို အုံနေကြ၏။ လှေကလေးများကလည်း လှေကြီးများကို ပုရွက်ဆိတ်များလို အုံနေကြ ၏။

အစိုးရလှေများသည် အသစ်ကျပ်ချွတ်များ ဖြစ်၏။ မည်သို့ နစ်ရပါသနည်း။ ချန်ရွှန်း နှင့် ရေငုပ်ကျွမ်းကျင်သူတို့က လှေများအောက်သို့ ငုပ်ပြီး ဆောက်နှင့် တူများကို သုံးကာ ပျဉ်ချပ်များကို ခွာလိုက်ကြသောကြောင့် ဆန်ခါများသဖွယ် နစ်ကုန်ကြခြင်းဖြစ်၏။ ကောက်ကျူသည် ပွဲ့စင်ပေါ် တက်ကာ နောက်မှ လှေများသို့ အကူအညီတောင်း၏။ လူတယောက်က မြစ်ထဲမှ ဝေါက်ခနဲ ထွက်လာကာ ပွဲ့စင်ပေါ်သို့ ခုန်တက်လိုက်၏။ “ကျုပ် ကယ်ပါ့မယ် စစ်သူကြီး” ဟု အော်၏။ ကောက်ကျူက ထိုသူ့ကို မမြင်ဖူးချေ။ ထိုသူက ကောက်ကျူ ခေါင်းပေါင်းကို လက်တဖက်ဖြင့် ခါးပတ်ကို ကျန်လက်တဖက် ဖြင့် ဆွဲဆုပ်လိုက်ကာ “သွားလေရော့ကွာ” ဟု အော်ပြီး ရေထဲသို့ ပေါက်ချလိုက်၏။ စစ်သူကြီးကား

အကျကြီး ကျသွားလေပြီ။

လှေကလေးနှစ်စီး အမြန်လှော်လာကာ ကောက်ကျူကို ဆွဲတင်ကြ၏။ သူ့ကိုဖမ်းသူမှာ ဒီလိုင်းဖြူချန်ရွှန်း ဖြစ်၏။ ရေထဲမှာ ဆိုပါက ချန်ရွှန်းအဖို့ လူတယောက်ကို ဖမ်းရသည်မှာ အိုးထဲမှ လိပ်ကို နှိုက်ယူရသည်ထက်ပင် လွယ်သေး၏။

လှေတပ်ကြီး ကသောင်းကနင်း ဖြစ်သွားသဖြင့် ချူကွေ့လည်း မလွတ်တော့မည်ကို ပူပန်လာ၏။ ထိုစဉ် သူ့လှေပေါ်ရောက်နေသော တောပုန်းများထဲမှ ဗိုလ်တဦးထွက်လာကာ ဓားကြီးဖြင့် တချက်တည်း ခုတ်ချလိုက်၏။ ထိုသူကား ဗိုလ်ကျားသစ်ရန်လင်း ဖြစ်၏။ ရှုကျင်းနှင့် မေချန်လည်း ရန်လင်းကို တိုက်မည်ဟု အတင်းဝင်လာကြ၏။

တောပုန်းအရာရှိငယ်လေးယောက်က ထိုဗိုလ်ချုပ်နှစ်ယောက်ကို ဝင်တိုက်ကြ၏။ ထို သူတို့မှာ ဗိုလ်ရုပ်ချောချန်တန်ရှူ၊ ကျားနာစွေ့ယုံ၊ ကျားဗိုလ်ချုပ်လီချုံး၊ ဝက်လိုးကောက်စိန် တို့ ဖြစ်ကြ၏။

မခံနိုင်တော့သဖြင့် ရှုကျင်းက ရေထဲသို့ ခုန်ချ၏။ သို့သော် သူ့ကို စောင့်ကာ ဖမ်း သွားသူ ရှိနေ၏။

မေချန်မှာ ပေါင်တွင် စွေ့ယုံ၏ ဓားစာမိသွားပြီး လှေဝမ်းထဲသို့ ကျသွား၏။

တောပုန်းတို့ ၏ လှေတပ်ကို ခေါင်းဆောင်ရစ်ဦးက ဦးစီးလာရာ သုံးဦးမှာ အစိုးရတပ်၏ ပထမလှေပေါ်ပင် ရှိနေကြ၏။ သူတို့မှာ ကျားမျက်လုံးလီယွမ်း၊ ရွှေကျားသစ်ထန်လုံ၊ ဘီလူး မျက်နှာထူရှင့်တို့ ဖြစ်၏။ အစိုးရတပ်မှူးများမှာ ခေါင်းသုံးလုံးနှင့် လက်ခြောက်ဖက် ရှိကြ စေကာမူ လွတ်နိုင်မည်မဟုတ်ပေ။ စုန်ကျန့်ကိုယ်တိုင် လျှံရှုန်းရေတပ်များကို ကွပ်ကဲနေ သောကြောင့် ဖြစ်၏။ ကုန်းတပ်များကိုမူ ကုန်သည်ကြီးလူကွမ်းယီက ကွပ်ကဲနေ၏။

ရေကြောင်းတိုက်ပွဲတွင် လုံးဝအောင်ပွဲ ခံလိုက်ချိန်တွင် တပ်ကို ဦးဆောင်ကာ လူကွမ်းယီက လျှံရှုန်းတောင်ရိုးဝင်လမ်းအတိုင်း ချီတက်နေရာ ချို့အန်နှင့် ဝမ်ဟွမ် ဦးစီးလာသော တပ်များနှင့် ဝင်တိုးမိလေ၏။

ချို့အန်က တပ်ရှေ့ကို ထွက်ကာ အော်၏။ “ဓားပြတွေ၊ ငါ့ကို သိကြသလား”

လူကွမ်းယီက ပြန်အော်၏။

“အသုံးမကျတဲ့ ဗိုလ်၊ ကိုယ့်မျက်စိအောက်မှာ ကိုယ့်သေမင်းရောက်နေတာတောင်မှ မသိသေးဘူး” လူကွမ်းယီက လှံကို ချိန်ကာ

ရန်သူ့ထံသို့ မြင်းကို ကဆုန်ပေါက်စီးသွား၏။ ချို့အန်ကလည်း စစ်ပုဆိန်ကြီးကို မြှောက်ကာ အတင်းဝင်၏။ တောင်ရိုးအဝင်လမ်း ပေါ်တွင် တိုက်ခိုက်နေကြလေပြီ။

အချီနှစ်ဆယ်မျှပင် မတိုက်ရသေးမီ အစိုးရတပ်၏ နောက်ပိုင်းမှ အော်သံများ ထွက် လာလေ၏။ လမ်းဝဲယာတွင် ကင်းပုန်းဝပ်နေသော တောပုန်းတပ်များ ထွက်တိုက်ကြခြင်း ဖြစ်၏။ အရှေ့တောင်ဘက်မှ ကွမ်ရှိန်းနှင့် ချင်မင်းက ဦးစီး၍ လည်းကောင်း၊ အရှေ့မြောက် ဘက်မှ လင်ချုံးနှင့် ဟူယန်ကျို့ ဦးစီး၍ လည်းကောင်း အတင်းဖိကာ တိုက်ကြ၏။

တပ်မှူး ရှန်ယွမ်ချင်နှင့် ချန်ကိုက်တို့လည်း မတားဆီး မခုခံနိုင်ကြပေ။ သူတို့ အသက် ဘေး လွတ်အောင်သာ အတင်းထွက်ပြေးကြ၏။ ချို့အန်နှင့် ဝမ်ဟွမ်တို့လည်း ဆက်မတိုက် ရဲတော့ပေ။ လက်နက်များကို စွန့်ပစ်၍ ထိုသူတို့နောက်မှ လိုက်ကာ ကျီစုသို့ ပြေးကြ၏။ ထိုတွင် ရောက်လာသော တပ်များကို နေရာချထားကာ အမိန့်ကို စောင့်နေကြ၏။

ရေတပ်တိုက်ပွဲတွင် အောင်နိုင်ပြီး ကောက်ကျူကို ဖမ်းမိပြီးသောအခါ စုန်ကျန့်သည် သုံ့ပန်းများကို ဘေးမပြုစေရန် ထိုက်ချုံကို လွှတ်ကာ အကြောင်းကြားစေ၏။ ရေယက်ဘီး တပ်လှေကြီးပေါ်မှ စစ်ဦးစီးမှူးဝင်နှင့် အဆိုအကသမားများကိုလည်း ခေါ်ခဲ့၏။ ထို့နောက် တပ်ဆုတ်ခရာကို တွတ်ကာ သုံ့ပန်းများနှင့်အတူ စခန်းသို့ ပြန်ခဲ့ကြ၏။

သစ္စာခန်းမရှိ စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့ထံသို့ ရေများစိုရွှဲနေသော ကောက်ကျူကို ချန်ရှွန်းက ခေါ်လာခဲ့၏။ စုန်ကျန့်က ထွက်၍ နှုတ်ဆက်ကာ ပိုးထည်ဖဲထည်အသစ်များကို ကောက်ကျူ အဝတ်လဲရန် ယူခဲ့ခိုင်း၏။ ထို့နောက် ခန်းမဆောင်အတွင်း၌ ဂုဏ်ထူးဆောင် နေရာတွင် ထိုင်စေ၏။

ထို့နောက် ဒူးထောက်ချလိုက်ပြီး မိမိ သေသင့်ပါကြောင်း တတွတ်တွတ် ရွတ်ကာ စုန်ကျန့်က ကန်တော့လေ၏။ ကောက်ကျူလည်း ထိုင်ရာမှ ကပျာကယာ ထ ကာ ပြန်၍ ကန်တော့လေ၏။ စုန်ကျန့်က ဝုရုံနှင့် ကုန်ဆွန်ရှန်းတို့အား ကောက်ကျူကို ထူမစေကာ နေရာတွင် ပြန်ထိုင်စေ၏။ ထို့နောက် ယန်ချင်းကို အမိန့်ထုတ်ပြန်စေ၏။ "ယနေ့နောက်ပိုင်း တွင် အစိုးရတပ်ဖွဲ့များကို သတ်ဖြတ်သူသည် မိမိတို့ စစ်ဥပဒေအရ ပြင်းထန်စွာအပြစ်ပေး ခြင်းခံရမည်"။

တောပုန်းခေါင်းဆောင်များလည်း တယောက်ပြီးတယောက် မိမိတို့ဖမ်းထားသော သုံ့ပန်းများကို ခေါ်လာကြ၏။ တုန်ဝေနှင့် တုန်မင်းက- ရှုကျင်း။ လီကျွမ်းနှင့် ချန်ဟင်းက-ဝမ်ဝေတေး။ ရန်စုံနှင့် ရှီဇူက- ယန်းဝင်။ ဖိုးရုံညီနောင်သုံးဖော်က- လီချွန်းကျိ။ ချန်တန်ရှူ၊ စွေ့ယုံ၊ လီချုံး၊ ကောက်စိန်တို့က- မေချန်။ ရန်လင်းက- ချူကွေ့၏ ဦးခေါင်းနှင့် လီယွမ်း။ ထန်လုံ၊ ထူရှင့်တို့က- ယဲ့ချွန်။

ဝမ်ကျင်းတို့၏ ဦးခေါင်းများနှင့် ရှိချင်နှင့် ရှိပေါင်တို့က-စစ်ဦးစီးမှူးပင်နှင့် အဆိုအကသမားများ စသဖြင့် အသီးသီး လာရောက်တင်ပြကြ၏။

ချို့အန်၊ ဝမ်ဟွမ်၊ ရှန်ယွမ်ချင်၊ ချန်ကိုက်တို့ လေးဦးသာ လွတ်သွား၏။ စုန်ကျန့်က ထိုသူ အားလုံးအတွက် အဝတ်အစားသစ်များ ပေးပြီး ရေချိုး သန့်စင်စေ၏။ ပြီးမှ ခန်းမဆောင်သို့ ဖိတ်ကာ အဆင့်အလိုက် နေရာယူစေ၏။ ဖမ်းမိသော စစ်သားများကိုလည်း ကျီစုသို့ ပြန်ခွင့် ပေး၏။ အဆိုအကသမားကိုမူ လှေတစီးပေးလိုက်ကာ သူတို့ဘာသာ ပြန်ခိုင်းလိုက်၏။

စုန်ကျန့်က နွားများ၊ မြင်းများပေါ်ကာ စားသောက်ပွဲကြီး ကျင်းပစေ၏။ ပျော်မြူးဖွယ် တေးသံသာများ တီးမှုတ်ဖျော်ဖြေ၏။ သူ့တပ်များကို ဆုချကာ ကောက်ကျူနှင့်လည်း တွေ့ဆုံပေး၏။ သူက ဧည့်သည်များကို ဂုဏ်ပြုကာ အကြိမ်ကြိမ် ခွက်မြှောက်ကာ သောက် သော်လည်း ဝုရုံနှင့် ကုန်ဆွန်ရှန်းတို့က လိုက်မသောက်ကြပေ။ ကုန်သည်ကြီးလူကွမ်းယီနှင့် ကျန်သူများကလည်း အသင့်အနေအထားဖြင့်သာ ရပ်နေကြ၏။

စုန်ကျန့်က-

“ကျုပ်က သာမန်အမှုထမ်းလေး တယောက်ပါ။ ပါးမှာ ရွှေစာမှတ်ခံရတဲ့ ရာဇဝတ် ကျူးလွန်သူတယောက်ပါ။ ဧကရာဇ်မင်းကြီးကို မဆန့်ကျင်ဝံ့ပါဘူး။ ကျုပ် ဒီကို ရောက် လာရတာကလည်း ကြီးလေးတဲ့ ပြစ်မှုတွေကို ကျူးလွန်မိခဲ့လို့ပါပဲ။ ကျုပ်တို့ဆီကို အရှင် မင်းကြီးက မဟာကရုဏာတော်နဲ့ ကမ်းလှမ်းတာ နှစ်ခါ ရောက်လာဖူးတယ်။ ဒါပေမဲ့ အကောင်အထည် မပေါ်ခဲ့ဘူး။ ဒါတွေ ပြန်ပြောနေရရင်တော့ ရှုပ်လည်း ရှုပ်မယ်။ ကျုပ်ကို ကယ်ပါဦး စစ်သူကြီးမင်းရယ်။ ဒီတွင်းဆုံးကျနေရတဲ့ ဘဝကနေ နေမင်းကြီးကို တခါပြန်ပြီး မြင်ပါရစေ။ ခင်ဗျားရဲ့ ကရုဏာတရားကို ကျုပ်အရိုးပေါ်မှာ ကမ္ပည်းတင်ထားမှာပါ။ ကျုပ် အသက်နဲ့ ပြန်ပြီး ပေးဆပ်ပါမယ်”

ကောက်ကျူက ပတ်ပတ်လည်ကို ကြည့်လိုက်၏။ ရဲရဲရင့်ရင့်၊ ဝင့်ဝင့်ထည်ထည်၊ ဉာဏ်ရည်မြင့်မြင့်၊ အဟန့်ကောင်းကောင်းနှင့် ခံ့ခံ့ညားညား ဝတ်စားထားသူများချည်း ဖြစ်၏။ စစ်မြေပြင်တွင် မဟုတ်သော်လည်း သူတို့ကို မကြောက်တဝက် ကြောက်တဝက် ဖြစ်မိ၏။ ကောက်ကျူက-

“စိတ်ချပါ စုန်ကျန့်။ ကျုပ် နေပြည်တော်ကို ပြန်ရောက်ရင် လုံးဝ လွတ်ငြိမ်းခွင့် ပေးဖို့ ဘုန်းတော်ကြီးလှသောဘုရားကို လျှောက်တင်မယ်။ ခင်ဗျားကို အပြစ်က လွတ်ပြီး အရေး ပါတဲ့ တာဝန်မှာ ထမ်းဆောင်စေမယ်။ ဒီက စစ်သည်တွေလည်း ငယ်ငယ်ကြီးကြီး၊ မျက်နှာ သာ ပေးတော်မူတာ ခံစားရပြီး မင်းမှုထမ်းတွေ ဖြစ်လာလိမ့်မယ်”

အလွန်အမင်း ဝမ်းသာလှသဖြင့် စုန်ကျန့်လည်း ကောက်ကျူကို ဦးညွတ်ကာ ကျေးဇူး စကားကို ပြောလေ၏။ စားသောက်ပွဲကြီး ဆက်ကျင်းပရာတွင် အရသာထူးကဲသော စားဖွယ်ဟင်းလျာများ မပါစေကာမူ အသားများ တောင်လိုပုံလျက်၊ စိမ်ရည်များ ပင်လယ် ဝေလျက် ရှိပေ၏။ ခေါင်းဆောင်များသည် အထူးသွေ့သည်ကြီးကို အလှည့်ကျ ဂုဏ်ပြုကာ ခွက်မြှောက်ကြလေ၏။

ကောက်ကျူလည်း စိမ်ရည်ယစ်ကာ အာရွှင်လာလေ၏။

“ကျုပ်က ငယ်ငယ်တုန်းကတည်းက နပန်းသတ်ခဲ့တာဗျ။ ကမ္ဘာပေါ်မှာ ကျုပ်က အတော်ဆုံးပဲ”

လူကွမ်းယီလည်း ယင်းနည်းတူ မူးနေပြီဖြစ်၍ ကောက်ကျူ၏ ကြွားလုံးကို ကြားရသော အခါ မခံချင်စိတ်က ထိပ်သို့ တက်လာ၏။ ယန်ချင်းကို လက်ညှိုးထိုးကာ “ဒီညီတော်မောင် ကလည်း နပန်းသတ်တတ်ပါတယ်၊ အရှေ့တောင်တော် ပြိုင်ပွဲမှာ သုံးခါတောင် နိုင်ဖူးတယ်” ကောက်ကျူလည်း ကုန်းရုန်းထပြီး သူ့ဝတ်လုံကို ချွတ်လိုက်ကာ ယန်ချင်းကို သူနှင့် နပန်းကစားရန် ပြော၏။ စုန်ကျန့်က ယင်းကို ရွှေနန်းတော်ကြီးမှ လာသော စစ်သူကြီးဟု လေးလေးစားစား ဆက်ဆံနေသဖြင့် တောပုန်းခေါင်းဆောင်များသည် သူ့ကြွားလုံးများကို သည်းခံနေရ၏။ ယခုမူ ယန်ချင်းနှင့် နပန်းလုံးရန် စိန်ခေါ်လိုက်ပြီ။ နားအေးပါးအေး နေရ တော့မည်။ ထို့ကြောင့် ထိုင်ရာမှ ထကြကာ-

“ကောင်းတယ်၊ ကောင်းတယ် ပြိုင်ကြရအောင်” ဟု ဆိုကာ ခန်းမအပြင်ဘက်တွင် ဆူညံဆူညံနှင့် စုနေကြ၏။

စုန်ကျန့်လည်း မူးလာပြီ ဖြစ်၏။ ပြိုင်ကြမည့်သူနှစ်ဦး ဝတ်လုံများချွတ်ကာ ဆင်ဝင်သို့ သွားကြသောအခါ သူက ကော်ဇောတချပ်ကို ခင်းခိုင်းလိုက်၏။

ပြိုင်ဘက်နှစ်ယောက် ဟန်ရေးပြလျက် ရှိနေကြပြီ။ ကောက်ကျူက ဆတ်ခနဲ တိုးဝင် လိုက်၏။ ယန်ချင်းက ပို၍ လက်သွက်သဖြင့် ကောက်ကျူကို ဖမ်းဆွဲကာ ပေါက်ချလိုက်ရာ ပက်လက်ကျသွားပြီး မိနစ်အတန်ကြာအောင် စန့်နေ၏။ ပြန်၍ မထနိုင်။ ဤတိုက်ကွက်ကို “အသက်ကယ်အကွက်”ဟု ခေါ်၏။ စုန်ကျန့်နှင့် လူကွမ်းယီတို့က အမြန်လာပြီး ကောက်ကျူ ကို ထူပေးကာ အဝတ်များ ဝတ်ပေးကြ၏။ ကောက်ကျူကိုလည်း -

“စစ်သူကြီးမင်း နည်းနည်းမူးနေတာကိုး။ ဘယ်မှာ နပန်းလုံးလို့ ဖြစ်မလဲ။ ဗွေမယူပါ နဲ့ဗျာ”ဟု ချော့ကြ၏။

တုန်တုန်ခိုက်ခိုက်နှင့် ကောက်ကျူလည်း စားသောက်ပွဲသို့ ပြန်သွားကာ

ညဥ့်နက် သည်အထိ သောက်၏။ အိပ်ရာသို့ တွဲ၍ ပို့ပေးရလေ၏။

နောက်တနေ့တွင် ကြောက်သွားသော ကောက်ကျူကို ချော့ရန် စားသောက်ပွဲကျင်းပ ပေးပြန်၏။ ကောက်ကျူက ပြန်ချင်ပြီဖြစ်ကြောင်း ပြော၏။ စုန်ကျန့်က -

“ကျုပ်က ခင်ဗျားကို ဖမ်းထားဖို့ မရည်ရွယ်ပါဘူးဗျာ။ လှည့်စားမယ်လို့ ကျုပ် ကြံရင် မိုးကြိုးပစ်ပါစေရဲ့ဗျာ”

“ဒီမှာ စစ်သည်တော်ကြီး၊ ခင်ဗျားက ကျုပ်ကို ပြန်ခွင့်ပြုရင် ကျုပ်ရော ကျုပ်မိသားစုပါ ရွှေနန်းတော်ကြီးမှာ ခင်ဗျားအတွက် အာမခံပါ့မယ်။ လွတ်ငြိမ်းခွင့်အမိန့် တကယ်ထုတ်ပြန် မှာပါ။ ခင်ဗျားလည်း ရာထူးရာခံ ပေးသနားခံရလိမ့်မယ်။ တကယ်လို့ ကျုပ်က စကား မတည်ခဲ့ရင် မိုးအောက်မြေပြင် တခင်လုံးမှာ ပုန်းလို့မရအောင် ဖြစ်ပါစေ၊ လှံအစင်းစင်း မြားအစင်းစင်း စူးဝင်ပြီး သေရပါစေ”

စုန်ကျန့်က ကျေးဇူးတင်လှသဖြင့် ကန်တော့လေ၏။

“ခင်ဗျား မယုံရင် ကျုပ်ဗိုလ်ချုပ်တွေကို အာမခံအနေနဲ့ ခေါ်ထားလိုက်ပါ”

“မလိုပါဘူးဗျာ၊ ခင်ဗျားလို မှူးကြီးမတ်ကြီး တယောက်ကို ကျုပ်က မယုံသင်္ကာဖြစ် ပါ့မလားလို့ဗျာ။ သူတို့အတွက် မြင်းတွေ ပြင်ထားပါတယ်။ သူတို့စခန်းတွေဆီ ပြန်လွှတ် လိုက်ပါ့မယ်”

စုန်ကျန့်တို့က ကြာကြာနေပါရန် တောင်းပန်ကြ၏။ နောက်တနေ့တွင်လည်း ကျွေးမွေး ဧည့်ခံကာ ညည့်နက်သည်အထိ စကားပြောကြ၏။ သို့သော် တတိယမြောက်နေ့တွင်မူ သူသွားတော့မည်ဟု ကောက်ကျူက မလျှော့တမ်း ပြောလေ၏။ စုန်ကျန့်က နောက်ဆုံး နှုတ်ဆက်ပွဲ ကျင်းပပေး၏။

“ခင်ဗျားဆီက ဥာဏ်ရည်ထက်တဲ့လူ တယောက်ယောက် ထည့်လိုက်ပါလား။ ဘုန်း တော်ကြီးလှသောဘုရားဆီမှာ ကျုပ်လျှောက်တင်တဲ့အခါမှာ သူလည်း ခင်ဗျားတို့ လျှံရှုန်း တောင်ရိုးက အခြေအနေကို ဝင်ရှင်းပြပေးနိုင်တာပေါ့။ အဲဒါမှ အမိန့်တော်မြန်မြန် ချမှတ် နိုင်မှာပေါ့”

လွတ်ငြိမ်းခွင့်အမိန့်ထက် ပို၍ စုန်ကျန့်လိုချင်သော အရာဟူ၍ မရှိပေ။ ဝုရုံနှင့် တိုင်ပင်ကာ လက်မြှောက်သူရှောင်ရန်းကို တာဝန်ပေးလိုက်၏။ ဝုရုံက အကြံပေး၏။

"သံလည်ချောင်းကွေ့ဟိုကိုပါ ထည့်လိုက်ရင် ပိုကောင်းမယ်"

"ခင်ဗျားက ကျုပ်ကို ယုံကြည်ပေမယ့် ကျုပ်ကတော့ စစ်ဦးစီးမှူးဝင်ကို ကျုပ်စကားရဲ့ သက်သေတအနေနဲ့ ထားခဲ့ချင်တယ်"

စုန်ကျန့်လည်း ကျေနပ်သွား၏။ စတုတ္ထနေ့တွင် ဝုရှုံနှင့်အတူ မြင်းစီးနှစ်ဆယ်ခန့်နှင့် အတူ ကောက်ကျူနှင့် တပ်မှူးများကို သဲသိဂ်ါသောင်အထိ လီနှစ်ဆယ်အကွာအဝေးခန့်ကို လိုက်ပို့ကြ၏။ ထို့နောက် မင်းတမန်ရောက်လာသည် ဟူသော သတင်းကောင်းကို မျှော်နေ ကြ၏။ ကောက်ကျူ၏ အပြန်သတင်းကို ကြိုသိနေသဖြင့် ကျီစုမြို့ဝန်နှင့် သူ့ဗိုလ်ချုပ်များက ထွက်၍ ကြိုကြ၏။ ကျီစုတွင် သုံးလေးရက်ခန့်နေ၏။ တချို့တပ်မှူးများကို သက်ဆိုင်ရာ စခန်းသို့ပြန်ကာ အမိန့်စောင့်နေစေ၏။ ထို့နောက် ဗိုလ်ချုပ်ချို့အန် ဦးစီးသော တပ်နှင့်အတူ အရှေ့နေပြည်တော်သို့ ပြန်၏။ ရှောင်ရန်းနှင့် ကွေ့ဟိုတို့လည်း ပါသွားလေ၏။ ကျီစုမြို့ဝန် မှာကား မြို့လုံခြုံရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ကာ ကျန်ခဲ့၏။

ကောက်ကျူက လျှံရှန်းကျူအင်းမှ ကိုယ်စားလှယ်နှစ်ဦးကို ခေါ်သွားသဖြင့် ရဲရင့်သူ တို့သည် ရေမြွေရှင်ကို ဆောင်နန်းရိပ်သာတွင် ဖူးမြင်ခွင့်ရခဲ့၏။ မှူးကြီးမတ်ကြီးတို့က ချီးမွမ်းထောမနာ အပြုကိုခံရ၏။ ခမ်းနားသော တေးသီချင်းများကို သီကျူးကြ၏။ အကြမ်း ကြုတ်ဆုံးသော ဗိုလ်များထဲတွင် သူရဲကောင်းအဖြစ် ပေါ်လွင်ထင်ရှားနေ၏။

နေပြည်တော်ပြန်အရောက်တွင် ကောက်ကျူသည် စုန်ကျန့်တို့အတွက် လွတ်ငြိမ်းခွင့် ကို မည်သို့ အာမခံပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၁

ညအချိန်တွင် ယန်ချင်းက ဉာဏ်ဆင်ကာ ကေရာဇ်မင်းကြီးကို တွေ့ဆုံခြင်း

ထိုက်ချုံက ရှောင်ရန်းကို ကယ်တင်ခြင်း

လျှံ့ရှန်းတောင်ရိုးပေါ်တွင် တောပုန်းခေါင်းဆောင်များ စည်းဝေးကြ၏။ စုန်ကျန့်က-

"ကောက်ကျူ့ ဘာများ လုပ်မလဲ မသိဘူး" ဟု စကား စ လိုက်၏။

ဝုရုံက ရယ်လျက်-

"ဒီလူက မျက်လုံးကလယ်ကလယ်နဲ့ မယုံရတဲ့ လူပဲ။ နောင်ကြီးလောက်ကိုတော့ လှျပ်တပြက်အတွင်းမှာ သစ္စာဖောက်မှာပါ။ တပ်တွေလည်း တော်တော်ကျဆုံးသွားပြီ။ မင်းဘဏ္ဍာတွေ၊ ရိက္ခာတွေလည်း အတော်ဖြုန်းလိုက်ပြီဆိုတော့ နေပြည်တော်ရောက်ရင် နေမကောင်းဘူး ဆိုပြီး လိမ်မှာပဲ။ လိမ်ညာ အစီရင်ခံပြီး တပ်တွေကို အနားပေးထားဖို့ လုပ်မှာပဲ။ ရှောင်ရန်းနဲ့ ကွေ့ဟိုကတော့ အကျယ်ချုပ်မိနေမှာ ကျိန်းသေပဲဗျ။ လွတ်ငြိမ်းမိန့် ဆိုတာကတော့ ဝေလာဝေးပြီပေါ့ဗျာ"

"တော်တော် ဆိုးတာပဲ။ လွတ်ငြိမ်းမိန့်လည်း မရဘူး။ ကိုယ့်လူနှစ်ယောက်လည်း ဒုက္ခ ရောက်တော့မယ်"

"ဉာဏ်ကောင်းတဲ့ သူနှစ်ယောက်ကို ထပ်ရွေးလိုက်ပါ။ ပြီးတော့ ငွေတွေ လက်ဝတ် လက်စားတွေနဲ့ နေပြည်တော်ကို လွှတ်လိုက်။ ဘာတွေဖြစ်နေလဲဆိုတာ စုံစမ်းရမယ်။ အရှင်မင်းကြီးဆီကို ကျုပ်တို့ရဲ့ ဆန္ဒတွေကို တင်ပြပေးနိုင်မယ့် အဆက်အသွယ်ကို ရှာရ မယ်။ ဒါမှ ကောက်ကျူ့လည်း ထိမ်ချန်ထားလို့ မရမှာ။ ဒါပဲ အကောင်းဆုံး နေလိမ့်မယ်"

ယန်ချင်းက ရှေ့ကို ထွက်လာ၏။

"အရင်တခေါက်က နေပြည်တော်မှာ ပြဿနာမဖြစ်ခင်က ကျွန်တော်တို့ လီရှိရှိနဲ့ ရင်းနှီးခဲ့ကြတယ်လေ။ ကျွန်တော်တို့ ဘာကြံနေလဲ ဆိုတာ သူကောင်းကောင်းရိပ်စားမိပုံ ရတယ်ဗျ။ ပြီးတော့ လီရှိရှိက သူ့ပျော်တော်ဆက်ဆိုတော့ ကျွန်တော်တို့နဲ့ ပတ်သက်နေ မယ်လို့ အရှင်မင်းကြီးကလည်း မသင်္ကာဖြစ်မှာ မဟုတ်ဘူး။ အရှင်မင်းကြီး

အပျော်လာရှာတာကို ကျွန်တော်တို့ဘာသာ သိသွားပြီး သူ့ကို သက်သက် ခြောက်တာပါလို့ လီရှိုရှိုက ဆင်ခြေပေးလို့ ရတာပဲလေ။ ဒါဆို ဟိုကိစ္စက ပြတ်ပြီ။ သူ့ဆီကို ရွှေတွေ ငွေတွေနဲ့ သွားခွင့် ပေးပါ။ နှစ်ကိုယ်ကြား ပြောတာကမှ မင်းကြီးဆီကို စကားအမြန်ဆုံးရောက်တဲ့ နည်းပဲ။ ဒီကိစ္စက လွယ်မှာပါ။ ကျွန်တော်ကတော့ သူ့ကို မရရအောင် ပြောမှာပဲ”

“ကောင်းပြီလေ၊ ဒါပေမဲ့ မင်းမှာ အန္တရာယ် ရှိနိုင်တယ်”

“ကျုပ် လိုက်သွားပြီး ကူညီပါ့မယ်” ထိုက်ချုံက အဆိုပြု၏။

စစ်ကျွမ်းသူချူဝုက ဝင်၍ သတိပေး၏။

“ကျုပ်တို့ ဟွာကျို့ကို တိုက်တုန်းက နောင်ကြီးက စစ်သူကြီးစူကို ကူညီခဲ့တာရှိတယ် လေ။ ဒီလူက စိတ်ကောင်း နှလုံးကောင်းရှိတယ်။ သူက ဝင်ပြီး ကူညီပေးရင် ကျုပ်တို့ အကျိုးရှိနိုင်တယ်”

စုန်ကျန့်က စစ်ဦးစီးမှူးဝင်ကို ခေါ်၍-

“ခင်ဗျား စစ်သူကြီးစူယွမ်ကျင်းကို သိသလား”

“ကျုပ်တို့က ကျောင်းနေဖက်တွေပါ။ ဘုန်းတော်ကြီးလှသောဘုရားက သူ မပါဘဲနဲ့ ခြေတလှမ်းမှ မသွားဘူး။ သူက သိပ်ပြီး ရက်ရောတယ်။ သနားတတ်တယ်။ ဖော်ရွေတယ်”

“ကဲ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ကောက်ကျုက တကယ်ပဲ အရှင်မင်းကြီးကို လွတ်ငြိမ်းခွင့် အမိန့်ထုတ်ဖို့ လျှောက်ထားပါ့မလားလို့ ကျုပ်တို့ သံသယရှိတယ်။ ဟွာကျိုမှာ အမွေးတိုင် လာပူဇော်တုန်းက ကျုပ် စစ်သူကြီးစူနဲ့ တွေ့ဖူးတယ်။ ကျုပ်တို့ကို ကူညီဖို့ သူ့ကို တောင်းပန်ချင်တယ်ဗျာ”

“ဗိုလ်ချုပ်က ဒီလို ဆန္ဒရှိတာဖြင့် ကျုပ် စာတစောင် ရေးပေးလိုက်မယ်။ သူ့ကို သွားပေးလိုက်ပေါ့”

စုန်ကျန့်လည်း စာရေးကိရိယာများကို ယူလာစေ၏။ သူကိုယ်တိုင်ကမူ အမွှေးတိုင်များ ထွန်းညှိကာ ဂမ္ဘီရမယ်တော်ပေးလိုက်သည့် ကျမ်းများကို ထုတ်၏။ မိုးကောင်းကင်ကို ကန် တော့ကာ စာချကြည့်၏။ ရလာသော ဟောကိန်းများမှာ ကောင်းလွန်းနေ၏။ ထို့နောက် သူတို့ခရီးစဉ် အောင်မြင်စေကြောင်း ဆုတောင်းကာ ယန်ချင်း၊ ထိုက်ချုံတို့နှင့်အတူ စိမ်ရည်သောက်ကြ၏။

ခြင်းတောင်းကြီးနှစ်လုံးတွင် ရွှေ၊ လက်ဝတ်ပစ္စည်း၊ ပိုးထည်များကို ထည့်ကာ ထုပ်ပိုး စေ၏။ ပေးရမည့်စာကိုမူ လူကိုယ်ပေါ်တွင် ဝှက်၍

သယ်သွားရမည်ဖြစ်၏။ ထို့ပြင် အတုလုပ် ထားသော ခိုင်ဖုန်းပြည်နယ်အစိုးရထံမှ အထောက်အထားစာရွက်စာတမ်းများကိုလည်း ယူသွားကြ၏။ နှစ်ယောက်စလုံးမှာ ဘိလစ်စာရေးကြီးများယောင် ဆောင်ထားကြ၏။

သူတို့နှစ်ယောက်လည်း ခွင့်တောင်းကာ ထွက်ခဲ့ကြလေ၏။ သဲသိင်္ဂါသောင်ကမ်းကို ကူးကာ အရှေ့နေပြည်တော်သို့ ဦးတည်ခဲ့ကြ၏။ ထိုက်ချုံက ကျောတွင် အိတ်တလုံးကို ပိုးကာ ထီးတလက်ကို ဆောင်းလာခဲ့၏။ ယန်ချင်းက ဘိလစ်စာရေး လက်ကိုင်တုတ်ကို ထမ်းပိုးအဖြစ် သုံးကာ၊ ခြင်းများကို ရှေ့နောက်ချိတ်ကာ ထားလာခဲ့၏။ သူ့ဝတ်ရုံနက်ကို ကိုယ်ရှေ့ပိုင်းတွင် ခါးထိပင့်ကာ ခါးပိုက်ဆောင်အိတ်ကိုလည်း ခါးတွင် စည်းထားလေ၏။ ခြေပတ်များကို ဒူးထိ ပတ်ထားပြီး လျှော်ဖိနပ်များကို စီးထား၏။ စားဖို့သောက်ဖို့လောက် သာ ရပ်ကြ၏။ ညအိပ်ချိန်တွင်သာ နားပြီး မိုးလင်းသည်နှင့် ခရီးဆက်ကြ၏။

ရက်များစွာ ကြာပြီးနောက် အရှေ့နေပြည်တော်သို့ ရောက်လာ၏။ မြို့တွင်းသို့ တိုက်ရိုက်မဝင်ဘဲ တပတ်ပတ်ကာ ဝမ်ရှို့တံခါးမှ ဝင်ကြ၏။ အစောင့်တယောက်က တားရာ ယန်ချင်းက အထမ်းကို ချလိုက်ပြီး တမင်ဝဲထားသော အသံဖြင့် ငေါက်လိုက်၏။

"ငါတို့ကို ဘာလို့ တားရတာလဲ"

"အထက်က အမိန့်ရထားလို့ပါ။ လျှံရှန်းတောင်ရိုးသားတွေလည်း ရောပြီး ဝင်လာ နိုင်လို့တဲ့။ တံခါးတိုင်းမှာ ခရီးသွားတွေကို စစ်နေပါတယ်"

"ဩော်၊ တော်တော် တာဝန်ကျေတယ်ပေါ့။ ကိုယ့်လူအချင်းချင်းတော့ မေးလား စစ်လားနဲ့။ ငါတို့က ခိုင်ဖုန်းနယ်မှာ အလုပ်ကလေးနည်းနည်း ရှိနေလို့ ဒီတံခါးက ဝင်ချည် ထွက်ချည်နဲ့ အခေါက် ဘယ်နှရာ ဘယ်နှစ်ထောင် ရှိနေပြီလဲ။ ငါတို့ကိုတော့ မေးတယ်။ မျက်စိအောက်ကနေ ဝင်သွားတဲ့ လျှံရှန်းသားတွေကျတော့ မမြင်ချင်ယောင်ဆောင်နေ တယ်ပေါ့"

ပြောပြောဆိုဆို စာရွက်စာတမ်းအတုများကို ဆွဲထုတ်လိုက်ကာ အစောင့်မျက်နှာ ရှေ့သို့ တိုးပေးလိုက်၏။

"ဒီမှာ ခိုင်ဖုန်းက စာရွက်စာတမ်းတွေကို မမှတ်မိဘူးလား"

တံခါးစောင့်ခေါင်းဆောင်က လှမ်း၍ အော်လိုက်၏။

"သူတို့မှာ ခိုင်ဖုန်းက စာရွက်စာတမ်းတွေ ပါတယ်ကွာ။ ဘာတွေ မေးနေတာလဲ။ ပေးဝင်လိုက်"

ယန်ချင်းလည်း စာရွက်စာတမ်းများကို ဆတ်ခနဲ ဆွဲယူလိုက်ကာ အင်္ကျီရင်ဖုံးထဲသို့ ထိုးထည့်လိုက်ပြီး အထမ်းကို ကောက်ကာ မြို့ထဲသို့ ဝင်သွားလေ၏။ ထိုက်ချျံလည်း အသာ ကျိတ်ရယ်ကာ လိုက်ပါသွားလေ၏။

ခိုင်ဖုန်း အစိုးရရုံးဝင်းနားသို့ သွားကာ ထမင်းဆိုင်တခုကို ရှာကာ နားလိုက်ကြ၏။

နောက်တနေ့တွင် ယန်ချင်းသည် ချည်ဝတ်လုံတထည်ကို ဝတ်ကာ ခါးစည်းကို စည်း၏။ ဦးထုပ်တလုံးကို ခပ်စောင်းစောင်း ဆောင်းကာ လူငယ်ပုံကို ဖမ်းလိုက်၏။ ခြင်းထဲမှ ငွေနှင့် လက်ဝတ်လက်စားများ ပါသော အထုပ်တထုပ်ကို ယူလိုက်၏။

"ကျွန်တော် လီရှိရှိကို သွားတွေ့ဦးမယ် နောင်ကြီး။ တခုခုဖြစ်ရင်တော့ စခန်းကို အမြန်ဆုံး လစ်ပေတော့"

ယန်ချင်းက ပျော်တော်ဆက် အိမ်သို့ သွားလေ၏။ လက်ရန်းများက အရင်အတိုင်း ရှိနေသေးသော်လည်း ပြတင်းပေါက်အစိမ်းများနှင့် ဟင်္သာပြဒါးတံခါးများကို ပြန်၍ ဆေးသုတ်ထားရာ ယခင်ထက်ပင် လှနေပေ၏။ တံခါးများ၊ ယင်းလိပ်များကို ဖယ်ကာ အထဲသို့ ဝင်၏။

အမွှေးတိုင်များက ဆီးကြိုလိုက်လေ၏။ ပန်းချီကားများ၊ လက်ရေးလှစာလိပ်များကို လည်း ပြန်၍ ဆွဲထား၏။ တံစက်မြိတ်အောက်တွင် သက်ကြီးပု ထင်းရှူးပင်များကို ထူးခြား ဆန်းပြားသည့် ပုံပန်းရှိသည့် ကျောက်ခဲများနှင့်အတူ ထည့်ကာ စိုက်ထားသည့် ဇန်းအချပ် နှစ်ဆယ် သုံးဆယ်ခန့်ကိုလည်း တွေ့ရ၏။ ပန်းပုထုထားသော နံ့သာဖြူ ညောင်စောင်းများ ပေါ်တွင် ဖဲပွင့်ထိုး မှိုအုံးများ အထပ်လိုက် ရှိနေ၏။

ယန်ချင်းက ချောင်းဟန့်လိုက်ရာ လက်ပါးစေတဦး ထွက်လာ၏။ ညှော်သည်တယောက် ရောက်နေသည် ဆို၍ ထွက်တွေ့သော 'မေမေကြီး" မှာ ယန်ချင်းကို မြင်ရသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

"ဘာကိစ္စနဲ့ ပြန်လာပြန်တာတုံး"

"မမကို ထွက်လာဖို့ ခေါ်ပေးပါဗျာ။ ကျွန်တော့်မှာ ပြောစရာ ရှိလို့ပါ"

"အရင်တခေါက်တုန်းကလည်း ငါတို့ကို ဒုက္ခရောက်အောင် လုပ်ခဲ့တယ်။ အိမ်လည်း ပြောင်းဆန်သွားတာပဲ။ ကဲ၊ ပြောစရာရှိရင် ငါ့ကိုပဲ ပြော"

"မမပဲ ကြားရမယ့် စကားတွေမို့ပါဗျာ"

ပြတင်းပေါက်အပြင်မှ နားထောင်နေသော လီရှိရှိ ဝင်လာ၏။ သူ့အသွင်မှာ ရှုမောဖွယ် ပင် ဖြစ်၏။ ပါးပြင်များမှာ နှင်းသောက်ထားသော ပန်းသီးပမာ နှင်းဆီရောင် ထလျက်ရှိ၏။ ခါးမှာလည်း လေပြည်သွေးရာတွင် နွဲ့လျက် ပါနေသော မိုးမခပင်သဖွယ် ဖြစ်၏။ လနတ် သမီးထက်ပင် လှပသော နတ်မိမယ်လေး ဖြစ်၏။ အခန်းထဲသို့ စီးမျောလာသလို ဝင်လာရာ သူ့ဝတ်လုံအနားမှာ တလွင့်လွင့်နှင့် ပါလာလေ၏။

ယန်ချင်းက ထိုင်ရာမှ ထကာ အထုပ်ကို စားပွဲပေါ်တင်လိုက်ပြီး-

"လီမေမေကြီး"ကို လေးကြိမ် ကန်တော့၏။ ထို့နောက် ပျော်တော်ဆက်"လီကလေး"ကို နှစ်ကြိမ် ကန်တော့၏။ ရှိရှိက ကန့်ကွက်၏။

"မင်းက သိပ်ကို ယဉ်ကျေးပါလားကွယ့်။ မင်းကန်တော့တာ ခံရအောင် ငါက အသက် ငယ်ငယ်လေးပဲ ရှိသေးတာ"

ယန်ချင်းက ထ ရပ်လိုက်လျက် -

"အရင်တခေါက်က ကျွန်တော်တို့ လုပ်လိုက်တာ တော်တော်လန့်သွားမယ် ထင်တယ်ဗျာ။ ကျွန်တော်တို့လည်း အဲဒီကတည်းက စိတ်မကောင်း ဖြစ်နေကြတာ"

"ငါ့ကိုများ လှည့်မယ်တော့ ကြံမနေနဲ့။ မင်းကိုယ်မင်း ချန်ရှန့်တဲ့။ ဟိုနှစ်ယောက်က လည်း ရှန်တောင်က ကုန်သည်ကြီးတွေတဲ့။ ပြီးတော့ ဒီမှာ တော်တော်သောင်းကျန်း သွားတယ်။ ငါက ဘုန်းတော်ကြီးလှ သောဘုရားကို ချော့လိုက်မော့လိုက်နိုင်လို့ ကံကောင်း တယ် မှတ်ပါ။ ငါမို့လို့ပေါ့။ သူများတွေဆို လူရော အိမ်ပါ မြေလှန်ခံရပြီပေါ့"

"ဒီမှာ မင်းတို့ ကုန်သည်ကြီး ဆိုသွားတဲ့ ကဗျာမှာ ပါတဲ့ စာနှစ်ကြောင်း အဓိပ္ပာယ် ငါ စဉ်းစားနေတယ်။

"ခြောက်ခြောက်လီ ဟသ်ာညီနောင်များရယ်နဲ့

ကိုးရှစ်လီ ရွှေကြက်တောင်ပံချီလို့"ဆိုတာလေ။ သူ့ကိုမေးမယ် လုပ်တုန်း ဘုန်းတော် ကြီးသောဘုရားက ရောက်လာတာလေ။ ပြီးတော့ ဝရုန်းသုန်းကား ထ ဖြစ်ရော။ ငါလည်း မမေးလိုက်ရဘူး။ ခု မင်းရောက်လာတာနဲ့ အတော်ပဲ။ ရှင်းပြပါဦး။ ငါ့ကို လှည့်မယ်ပတ်မယ် မကြံနဲ့နော်။ မရှင်းမချင်း ကျေနပ်မှာ မဟုတ်ဘူး"

"ကျွန်တော် ဖွင့်ပြောတော့မယ်ဗျာ။ ဒါပေမဲ့ မမ လန့်မသွားနဲ့နော်။ စားပွဲထိပ်မှာ ထိုင်နေတဲ့ မည်းမည်းပုပု လူက တခြားလူ ဟုတ်ပါရိုးလား။

တရားမျှတမှုကို ကာကွယ်သူ ချိန်မှန်မိုး စုန်ကျန့်ပေါ့ဗျာ။ဒုတိယခုံမှာ ထိုင်တဲ့ အသားအရေကောင်းကောင်း၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးနဲ့ လူကတော့ လေပွေလေးကျဲ့ကျင်းလေ။ သူကတော့ ဧကရာဇ်မင်းကြီး ကျဲ့ ရှိစုန်က ဆင်းသက်လာတဲ့ သူပေါ့။ သူ့ဘေးမှာ ဘိလစ်စာရေးကြီး ဝတ်စုံနဲ့ ရပ်နေတဲ့ သူက တော့ နတ်ခြေမြန်ထိုက်ချုံတဲ့။ စစ်သူကြီးယန်းကို တံခါးဝမှာ သတ်ပုတ်ခဲ့တာက လေပွေ နက်လီကွေ့တဲ့ဗျ။ ကျွန်တော်ကတော့ ထဲ့နင်းနယ် ဥတ္တရနေပြည်တော်ကပါ။ ကျွန်တော့် ကိုတော့ လူရည်ချွန်လေးယန်ချင်းလို့ ခေါ်ကြတယ်ဗျ။

“နောင်ကြီးစုန်ကျန့်က မမနဲ့တွေ့ရအောင်လို့ ဒီနေပြည်တော်ကို လာခဲ့မယ်။ ဒီကိစ္စကို စီစဉ်ဖို့ ကျွန်တော့်ကို ချန်ရှန့်လို့ ရုပ်ဖျက်ခိုင်းပြီး အရင်လွှတ်လိုက်တာပါ။ နောင်ကြီးက မမရဲ့အပြုံးနဲ့ အလှကိုတင် လိုချင်တာ မဟုတ်ပါဘူး။ မမနဲ့ ဘုန်းတော်ကြီးလှသောဘုရား တို့က ရင်းနှီးမှန်းသိလို့ ကျွန်တော်တို့အကြောင်းကို ဖွင့်ပြောချင်လို့ပါ။ ကျွန်တော်တို့က မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ချင်တဲ့ အကြောင်း၊ ကျွန်တော်တို့ တိုင်းပြည်ကို ကာကွယ်ပေးချင်တဲ့ အကြောင်း၊ ပြည်သူတွေ ငြိမ်းချမ်းရေးကို စောင့်ထိန်းပေးချင်တဲ့ အကြောင်းကို မမကများ ဘုန်းတော်ကြီးလှသောဘုရားကို ပြောပေးနိုင်မလားလို့ပါ။ စောစော လွှတ်ငြိမ်းခွင့်အမိန့် ထုတ်ပေးမယ်ဆိုရင် လူတွေ အသက်မဆုံးရှုံးအောင် စောစော ကာကွယ်နိုင်တာပေါ့။ ဘုန်းတော်ကြီးလှသောဘုရားက ဒီလို အမိန့်ကို ထုတ်ပေးမယ် ဆိုရင် တော့ မမဟာ ကျွန်တော်တို့ တောင်ရိုးပေါ်က ထောင်သောင်းချီတဲ့လူတွေရဲ့ပင်မကျေးဇူးရှင် ကြီး ဖြစ်မှာပါ။ ဖောက်ပြန်တဲ့ မှူးမတ်တွေက ထိမ်ချန်ထားတော့ အောက်ခြေက အခြေ အနေမှန်ကို ဘုန်းတော်ကြီးလှသောဘုရားက ဘယ်သိပါ့မလဲ။ ဒါကြောင့် ကျွန်တော်တို့ လည်း လမ်းရှာရတာပေါ့ဗျာ။ မမကို ထိတ်လန့်သွားအောင် လုပ်ဖို့ မရည်ရွယ်ရိုး အမှန်ပါ။ နောင်ကြီးကတော့ တူတူတန်တန် လက်ဆောင်ပေးစရာ မရှိလို့ ဒီရွှေတိုင်ငွေစလေးတွေပဲ ပေးလိုက်နိုင်ပါတယ်။ ဒါတွေကို မလျောင်ဘဲ လက်ခံဖို့လည်း တောင်းပန်လိုက်ပါတယ်”

ယန်ချင်းက အထုပ်ကို ဖွင့်ကာ စားပွဲပေါ်တွင် ရွှေများ၊ လက်ဝတ်ရတနာများကို ဖြန့်ခင်းပြလိုက်၏။ ပစ္စည်းမက်သော ခေါင်းမကြီးမှာမူ မှင်တက်မိသွားလေ၏။ ရှိရှိကို လက်ခံဖို့ တိုက်တွန်း၏။ ယန်ချင်းကိုလည်း သီးခြားအခန်းငယ်တခုသို့ ခေါ်သွားကာ ထိုင် ခိုင်းပြီးနောက် စားကောင်းသောက်ဖွယ်များ တည်ခင်းကာ ခွံ့ကျွေးလုမတတ် ပြုစုလေ တော့၏။ ဧကရာဇ်မင်းကြီး ဘယ်အချိန်ကြွလာမည်ကို မသိနိုင်သဖြင့် မင်းပျိုမင်းလွင်များ၊ သူဌေးသူကြွယ် လူငယ်များမှာ ဤ ပျော်တော်ဆက်၏ အိမ်အနီးသို့ပင် မသီဝံ့ကြပေ။ ထို့ကြောင့် လီရှိရှိကိုယ်တိုင် ယန်ချင်းကို ပြုစုလေ၏။

ယန်ချင်းက ပျာပျာသလဲ တားရှာ၏။

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော်က ရာဇဝတ်သားတယောက်ပါ။ ဘယ်လိုလုပ်ပြီး မမလို ထိပ်တန်းပျော်တော်ဆက်နဲ့ တဝိုင်းတည်း ထိုင်ဝံ့ပါ့မလဲ"

"ဒီလို မပြောပါနဲ့။ မင်းကလည်း သူရဲကောင်းတယောက်ပဲလေ။ မင်းတို့အတွက် ပြောပေး ဆိုပေမယ့် လူကောင်းသူကောင်းတွေ မရှိလို့သာ မင်းတို့တွေ ကျူးအင်းထဲမှာ နစ်နေကြရတာ"

"စစ်သူကြီးချင် ယူလာတဲ့ ပထမ လွှတ်ငြိမ်းအမိန့်မှာက ဘာမှ ရေရေရာရာ အာမခံ ထားတာ မပါဘူးဗျ။ ပြီးတော့လည်း တော်သုံးသေရည်အစား အပေါစားသေရည်တွေ ကိုလည်း ထည့်လာတယ်။ ဒုတိယ အမိန့်ကျတော့ နောင်ကြီးစုန်ကျန့်ကို ချန်ထားတယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ကလည်း လက်နက်မချဘူးပေါ့။ စစ်ဝန်ကြီးတုန်က တပ်တော် ကြီးနဲ့ လာတော့လည်း တိုက်ပွဲနှစ်ပွဲနဲ့ ချေမှုန်းပစ်လိုက်တာပဲ။ နောက်ဆုံးတော့ စစ်သူကြီး ကောက်ကျူက လူတွေကို အတင်းစုပြီး လှေတပ်ကြီး ဆောက်ခိုင်းပြီး လာတိုက်တယ်။ တိုက်ပွဲသုံးခါ ဖြစ်ပြီး သူ့လူတွေ တဝက်ကျော်ကျော် ကျသွားတယ်။ သူကိုယ်တိုင်လည်း အဖမ်းခံရတယ်။ နောင်ကြီး စုန်ကျန့်က သူ့ကို မသတ်ပါဘူး။ မသတ်တဲ့အပြင် လေးလေး စားစား ဆက်ဆံပြီး နေပြည်တော်ကို ပြန်လွှတ်လိုက်တယ်။ အကျဉ်းသားတွေ အားလုံး ကိုလည်း လွှတ်ပေးလိုက်တယ်ဗျ။ လျှံရှန်းတောင်ရိုးပေါ်မှာ တုန်းကတော့ စစ်သူကြီး ကောက်ကျူက လွှတ်ငြိမ်းအမိန့်ချမှတ်အောင် လျှောက်တင်ပေးမယ်လို့ ကျိန်သွားတာပဲ။ သူနဲ့တူတူ ကျွန်တော်တို့လူ လက်မြောက်သူရှောင်ရန်းနဲ့ သံလည်ချောင်းကွေ့ဟိုတို့ကိုပါ ထည့်ပေးလိုက်တယ်။ ကြည့်ရတာကတော့ သူတို့ကို စစ်သူကြီးကောက်ကျူက သူ့အိမ်ထဲ မှာ ချုပ်ထားတဲ့ပုံပဲ။ ပြီးတော့ သူ့အဆုံးအရှုံးက သိပ်များတယ်လို့လည်း လျှောက်တင်မှာ မဟုတ်ဘူး"

မိန်းကလေးကလည်း လက်ခံ၏။

"သူက ဘဏ္ဍာတွေ၊ ရိက္ခာတွေ အများကြီးကို ဖြုန်းလိုက်ပြီလေ။ စစ်သည်တွေ၊ ဗိုလ် တွေရဲ့ အသက်တွေ ဆုံးသွားတာကလည်း မနည်းဘူး။ ဘယ်အမှန်ကို တင်လျှောက်ရဲမလဲ။ ငါလည်း ဒီအကြောင်းကို ကြားထားပါတယ်။ ကဲ ကဲ၊ တခွက် နှစ်ခွက်လောက် သောက်ပြီး ဒီအကြောင်းကို အေးအေးဆေးဆေး ပြောကြရအောင်"

"ကျွန်တော်က ကောင်းကောင်းမသောက်နိုင်ဘူးဗျ"

"မင်းက လာခဲ့ရတာ အဝေးကြီးပဲကွယ်။ ပင်လည်း ပင်ပန်းမှာပေါ့။ မင်း ဒီမှာ

အေးအေး ဆေးဆေး နားဦး။ နည်းနည်းပါးပါး သောက်ပြီးမှ ဘာလုပ်ကြမလဲ ဆုံးဖြတ်ကြတာပေါ့” ယန်ချင်းလည်း ရှောင်၍မရတော့ပြီ ဖြစ်၏။ ပျော်တော်ဆက်မလေး တခွက်သောက် လျှင် သူပါ တခွက် လိုက်သောက်နေရလေ၏။

လီရှိရှိသည် ပြည့်တန်ဆာဘဝမှ စ ခဲ့ရသူ ဖြစ်၏။ စိတ်လှုပ်ရှားလွယ်သူ တဦးလည်း ဖြစ်၏။ ယန်ချင်း၏ ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ပေါက်၊ ယင်းနှင့် လိုက်ဖက်သော ကိုယ်ဟန်အမူအရာ၊ မွန်ရည်သော နှုတ်စ လျှာစတို့ကြောင့် ချက်ချင်းပင် ကြွေချင်ချင် ဖြစ် နေလေပြီ။ သောက်ရင်းစားရင်းက ရေလာကောင်းရန် မြောင်းသွယ်ပေးနေလေပြီ။ တဖြည်း ဖြည်း ရဲရဲတင်းတင်း ပြုမူလာလေပြီ။ ယန်ချင်းမှာလည်း လူပါးလူနပ် ဖြစ်သောကြောင့် ကောင်းကောင်း နားလည်ပေ၏။ သို့သော် မဆုတ်မနစ်သော စစ်သည်တဦး ဖြစ်သော ကြောင့် စုန်ကျန့်၏ မဟာဗျူဟာကြီး အောင်မြင်စေရန် သန္နိဋ္ဌာန်လည်း ချထားပေ၏။ သူ မည်သို့ တုံ့ပြန်မည်နည်း။

“မောင်လေးက အတီးကောင်း အဆိုကောင်းဆို မမ နားထောင်ချင်တယ်”

“နည်းနည်းပါးပါးတော့ သင်ဖူးပါတယ်။ ဒါပေမဲ့ မမ ရှေ့မှာတော့ မတီးမဆိုရဲပါဘူးဗျာ”

“မမ အရင် တီးပြမယ်လေ၊ နားထောင်ပေါ့”

ရှိရှိက သုလွေကို ယူလာခိုင်းလိုက်၏။ ဖဲဘာရိကိတ် အိတ်ထဲမှ ပလွေကို ထုတ်ကာ တေးသံတွဲ့တွဲ့ကို စ၍မှုတ်လေ၏။တကယ်ပင် သာယာသောအသံ ဖြစ်ပေ၏။ တိမ်များဆီသို့ တိုးတက်နိုင်ပေ၏။ ကျောက်သားများထဲသို့ စိမ့်ဝင်နိုင်ပေ၏။

ယန်ချင်းက ရက်ရက်ရောရောပင် ချီးမွမ်းလေ၏။ တေးသံ ဆုံးသော် ရှိရှိက သူ့ထံသို့ ပလွေကို ကမ်းလိုက်ပြီး-

“ကဲ၊ မမ နားထောင်ဖို့ တခုခု မှုတ်ပြဦးလေ”

သူ့ကို အထင်ကြီးစေလိုသဖြင့် ယန်ချင်းလည်း ပလွေကို ကျွမ်းကျွမ်းကျင်ကျင် မှုတ်ပြ လေရာ မိန်းကလေးမှာ တေးသံသာတွင် ယစ်မူးနေလေပြီ။

“မင်း ဒီလောက် ပလွေမှုတ် ကျွမ်းကျင်မှန်း မသိဘူး”

ထို့နောက် ဗျပ်စောင်းတချပ်ကို ယူကာ တီးပြန်လေ၏။ တေးသံမှာ

ကျောက်စိမ်း ဆည်းလည်းကလေးများ လှုပ်ခတ်နေသလို အသံများ မစဲတော့ပေ။ ငှက်ဝါမောင်နှံ့ အချီ အချ တေးဆိုနေသလို သာယာပေ၏။

ယန်ချင်းက ကျေးဇူးတင်စွာဖြင့် ဦးညွှတ်လိုက်လျက် -

"မမနားထောင်ဖို့ ကျွန်တော် သီချင်းတပုဒ်ဆိုပြမယ်" ဟု ဆိုပြ၏။ သူ့အသံမှာ သာ၏။ စာသားကိုလည်း စာပေါင်ပဲ့စွာ ဆိုနိုင်၏။ သီချင်းဆုံးသော် တကြိမ် ဦးပြန်ညွှတ်လိုက်၏။

မိန်းကလေးက သေရည်ခွက်ကို မြှောက်ကာ ယန်ချင်းကို ဂုဏ်ပြုပြီးသောက်လိုက်၏။ ထို့နောက် ချွဲနွဲ့သော အသံဖြင့် ကျေးဇူးတင်စကား ပြောလေ၏။ ယန်ချင်းကမူ ခေါင်းကို ငုံ့လျက် တုံ့ပြန်စကားပြော၏။ နောက်ထပ် နှစ်ခွက် သုံးခွက် သောက်ပြီးနောက် ပျော်တော် ဆက်မလေးက ကလိဆွသော အပြုံးဖြင့် စကား စ ၏။

"မင်းတကိုယ်လုံးမှာ မင်ကြောင်တွေ ထိုးထားတာ သိပ်လှတာပဲဆို။ မမကို ပြမလားဟင်"

ယန်ချင်းက ရယ်လိုက်လျက်-

"ကျွန်တော့်ကိုယ်ပေါ်မှာ အလှဆင်ထားတာလေးတွေတော့ ရှိပါတယ်။ ဒါပေမဲ့ဗျာ၊ မမ ရှေ့မှာ ဘယ် အင်္ကျီ ချွတ်ပြရဲမှာလဲ"

"သူရဲကောင်းကြီးကလည်း ဒါလေးများ ကြောက်စရာလား"

အကြိမ်ကြိမ် မိန်းကလေးက တောင်းပန်သဖြင့် ယန်ချင်းက သူ့အင်္ကျီကို ချွတ်ပြလိုက် ရ၏။ ရှီရှီကား အကြည်ဆိုက်သွားလေပြီ။ ယန်ချင်းကိုယ်ပေါ်ရှိ မင်ကြောင်ဒီဇိုင်းများ အတိုင်း ကျောက်စိမ်းလို နုညက်သော လက်ကလေးများဖြင့် လျှောက်၍ ပွတ်သပ်နေ၏။ ယန်ချင်းသည်လည်း အင်္ကျီကို ကပျာကသီ ပြန်၍ ဝတ်လိုက်ရ၏။

သေရည် ထပ်သောက်ကြပြန်၏။ ကလေးမလေးလည်း ပေါ်ပေါ်ထင်ထင်ပင် အရိပ် အခြည်ပြနေလေပြီ။ ယန်ချင်းလည်း မအောင့်နိုင်၊ မထိန်းနိုင်မည့် အခြေအနေသို့ ရောက် လာမည်ကို စိုးရိမ်လာ၏။ ထိုစဉ် အကြံတခု ရလိုက်၏။

"မမ၊ ဒီနှစ်ဆို အသက်ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ့်ခုနစ်နှစ် ပြည့်မယ်"

“ကျွန်တော်က နှစ်နှစ် ငယ်တယ်၊ အစိတ်ပေါ့။ ကျွန်တော်ကို မမက သိပ်ဂရုစိုက်တာ ပဲဗျာ။ ကျွန်တော်တော့ ကိုယ့်အစ်မကြီးလို မွေးစားချင်တယ်ဗျာ”

ပြောပြောဆိုဆို ယန်ချင်းက ရွှေတောင်ကြီး ပြိုကျသလို ဒူးထောက်ချလိုက်ကာ ကျောက်စိမ်းတိုင်ကြီး လဲကျသလို ရှစ်ကြိမ်တိုင်တိုင် ကန်တော့လေ၏။

သို့ဖြင့် လီရှိရှိ၏ ထွေလီကာလီ အကြံများက သူတို့၏ မဟာဗျူဟာကြီးကို မတားဆီး နိုင်တော့ပေ။ အခြားသူတယောက်သာ ဆိုပါက သေရည်နှင့် မိန်းမ၏ ဖြားယောင်းမှုကြောင့် ထိုမဟာဗျူဟာကြီးကို ချောင်ထိုးထားလိုက်မည် ဖြစ်၏။ ယန်ချင်းကား သံမဏိစိတ်ဓာတ် ရှင်ဖြစ်၏။ တကယ့်လူပေတည်း။

ထို့နောက် ယန်ချင်းက “လီမေမေကြီး” ကို ခေါ်ကာ ကန်တော့ပြီး မွေးစားမိခင်အဖြစ် အသိအမှတ်ပြုပြန်၏။

ရှိရှိက-

“မမတို့နဲ့ လာနေပါလား။ ထမင်းဆိုင်မှာ ဘာလို့ တည်းနေမှာလဲ”

“မမက သိပ်ကို ကြင်နာတတ်တာပဲဗျာ။ ကျွန်တော် ပစ္စည်းတွေ သွားယူလိုက်မယ်”

“ကြာမနေနဲ့နော်။ မမက စောင့်နေမှာ”

“ထမင်းဆိုင်က မဝေးပါဘူး မမရဲ့။ ခုပဲ ပြန်ရောက်လာမှာပါ”

ယန်ချင်းလည်း ထမင်းဆိုင်သို့ ရောက်သော် ထိုက်ချုံက ချီးမွမ်း၏။ ထိုက်ချုံကို ဇာတ်ကြောင်းပြန်လှန်လေ၏။

“တော်တယ်ဗျာ။ ကျုပ်က နောင်ကြီး ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါ့မလားလို့ ပူ နေတာ”

“သေရည်နဲ့ မိန်းမကြောင့်များ တာဝန်က သွေဖည်သွားမယ်ဆိုရင် နွားထက် ဘယ် သာပါတော့မလဲဗျာ။ ကျွန်တော်တော့ ဒီလိုသာဖြစ်ရင် ဓားချက်တသောင်းထိပြီး သေရပါ စေရဲ့”

“ကျုပ်တို့က ဂုဏ်နဲ့ သိန်နဲ့ လူတွေပါဗျ။ ကျိန်စရာ မလိုပါဘူး”

“ဒါပေမဲ့ဗျာ။ နောင်ကြီးက ကျွန်တော့်ကို ယုံမှာ မဟုတ်ပါဘူး”

“ကဲ မြန်မြန်သာ ပြန်သွားလိုက်။ အချိန်ကောင်းကို စောင့်ပြီး ဒီကိစ္စကို

မြန်မြန်ဖြတ်ပြီး မြန်မြန်ပြန်လာခဲ့။ မစောင့်ရစေနဲ့ဗျာ။ စစ်သူကြီးစူဆီကိုလည်း စာပေးဖို့ ရှိသေးတယ်”

ယန်ချင်းသည် တောက်တိုမည်ရ ပစ္စည်းများ၊ ပိုးထည်များ၊ ရွှေနှင့် လက်ဝတ်လက်စား များကို ထုပ်ပိုးပြီး ရှိရှိ၏ အိမ်သို့ ပြန်လာခဲ့၏။ လီမေမေကြီးကို တဝက်၊ ကျန်အိမ်ဖော် များကို တဝက် ခွဲပေးလိုက်ရာ အားလုံးကပင် တပြုံးပြုံးနှင့် ဖြစ်နေကြ၏။ ဧည့်ခန်းဘေးရှိအခန်းတခန်းတွင် သူ့အတွက် နေရာထိုင်ခင်း ပြင်ပေးကြ၏။ သူ့ကို အားလုံးက “ဦးလေး” ဟု ခေါ်ကြ၏။

သူ့ကံဟုပင် ဆိုရမည်။ ထိုနေ့ ညနေတွင် လူတယောက် ရောက်လာကာ အကြောင်း ကြားလေ၏။ ထိုညတွင် မင်းကေရာဇ် အဆောင်တော် ကူးမည် ဖြစ်၏။ ထိုအကြောင်းကို ကြားသော် ယန်ချင်းလည်း လီရှိရှိထံသို့ သွားလျက်-

“တခုလောက် ကူညီပါဦး မမရယ်။ ဘုန်းတော်ကြီးလှသောဘုရားနဲ့ ကျွန်တော့်ကို တွေ့ရအောင် လုပ်ပေးပါဗျာ။ ဒါမှ ကျွန်တော့်အပြစ်ကို ဖြေဖျောက်ပေးဖို့ ပြောချင်လို့ပါ။ မမ ဒီလို လုပ်ပေးရင်တော့ သိပ်ကို ကုသိုလ်ရမှာပါဗျာ”

“ရပါတယ် မောင်လေးရယ်။ သူနဲ့တွေ့ရင်သာ ကျအောင် ပြောပေတော့။ သူက ခွင့်ပြု မှာသေချာပါတယ်”

မှောင်လာလေပြီ။ ထိုညက လမင်းမှာ မှုန်တုံတုံနှင့်။ ညဦးလေပြည်ထဲတွင် ပန်းရနံ့များ ထုံလျက် ရှိ၏။ နောက်ပါမိန်းကလေးတဦးနှင့်အတူ ကေရာဇ်မင်းကြီးသည် လျှို့ဝှက်ဥမင်ဖြင့် ပျော်တော်ဆက်လေး၏ နောက်ဖေးပေါက်သို့ ရောက်လာလေ၏။ စာပေပညာရှင်တယောက် လိုအဖြူရောင်ဝတ်လုံကို ဝတ်ထားသော မင်းကြီးသည် ဧည့်ခန်းတွင် နေရာယူ၏။ အိမ်ရှေ့ အိမ်နောက်တံခါးများကို မင်းတုပ်ချစေပြီး မီးပုံးများ၊ ဖယောင်းတိုင်များကို ထိန်နေအောင် ထွန်းစေ၏။ လီရှိရှိလည်း နန်းဆန်ဆန် ဝတ်ဆင်ထုံးဖွဲ့ကာ မင်းကြီးထံသို့ ဝင်၍ ခစားလေ၏။

“ပေါ့ပေါ့ပါးပါး ဝတ်စားပြီး ငါ့ကို ဖြေဖျော်ပါလားကွယ့်”

ရှိရှိလည်း ပြောသည့်အတိုင်း လုပ်ကာ သူ့ခန်းဆောင်အတွင်းသို့ မင်းကြီးကို ခေါ်သွား လေ၏။ ရသာချိုချဉ် ခဲဖွယ်များကို စားပွဲတလုံးဖြင့် ပြင်ဆင်ထားပြီး ဖြစ်၏။ ပျော်တော် ဆက်မကလေးက ခွက်ကို မြှောက်ကာ မင်းကြီးအား သေရည်သောက်ရန် ပြော၏။

မင်းကြီး စိတ်လက်ပေါ့ပါးနေသည်မှာ သိသာလှ၏။ သူက -

“လာစမ်းပါ အချစ်ကလေးရယ်။ အနားမှာ လာထိုင်စမ်းပါ”

လီရှိရှိက စကား စ ၏။

“ကျွန်မမှာ မောင်ဝမ်းကွဲ တယောက်ရှိပါတယ်။ သူက လူပေါင်းမှားပြီး ဟိုပြေး ဒီပုန်း လုပ်နေရတယ်ရှင့်။ ဒီနေ့တော့ ကျွန်မဆီကို ရောက်လာတယ်။ သူက ဘုန်းတော်ကြီး လှသောဘုရားကို ဖူးမြော်ချင်ပေမယ့် မဝံ့ဘူး ဖြစ်နေပါတယ်။ ကျွန်မကိုပဲ တောင်းပန်ပေးဖို့ အပူကပ်နေတယ်”

“မင်းမောင်ပဲကွယ်၊ ဘာ ကိစ္စ ရှိရမတုံး”

လီရှိရှိက ခေါ်လိုက်သဖြင့် ယန်ချင်းလည်း ဝင်လာကာ ဒူးထောက်ချပြီး အကြိမ်ကြိမ် ကန်တော့လေ၏။ မင်းကြီးလည်း သူ၏ ချောမောသော ရုပ်သွင်ကို သဘောကျသွား၏။ မင်းကြီး သေရည် သုံးဆောင်နေစဉ် ပလွေမှုတ်ကာ ဖျော်ဖြေရန် လီရှိရှိက ယန်ချင်းကို ညွှန် ကြား၏။ ခဏကြာသော် သူက ဗျပ်စောင်းကို တီးကာ ယန်ချင်းကို သီချင်းဆိုစေ၏။ ယန်ချင်းက မင်းကြီးကို ထပ်၍ ကန်တော့ပြန်လေ၏။

“ကျွန်တော်ရတာက ခပ်ကြမ်းကြမ်း သီချင်းတွေပါ။ မဆိုဝံ့ပါ ဘုရား”

“ငါလည်း ဒါမျိုးကိုပဲ နားထောင်ချင်နေတာပါကွယ့်၊ ဒီအိမ်ကို လာတာကလည်း ပျော်ချင်လို့ လာတာပေါ့။ ဆိုသာ ဆိုပါ”

ယန်ချင်းက ဆင်စွယ်ဖြင့် လုပ်ထားသော ချပ်ကို ကိုင်ကာ ကန်တော့လိုက်ပြီးမှ -

“မမ၊ ကျွန်တော် ဆိုတာ သံစဉ်လွဲရင် ပြင်ပေးနော်” ဟု ဆိုကာ ချောင်းဟန့်၍ လည်ချောင်းကို ရှင်းလိုက်ကာ၊ ဆင်စွယ်များကို တီးကာ၊ စည်းလိုက်နေပြီးမှ စ၍ ဆို၏။

ရွာမှ သူ ထွက်သွား

သတင်းမကြားရ ထိုကတည်းကပါ

အချိန်ရှိတိုင်း လွမ်းနေရ

အသည်းမှ မျက်ရည်ဖြာ

ပျံလွှားတွေလည်း အသိုက်ပြောင်းလို့

ပန်းတွေလည်း ညှိုးခြောက်လာ

နွေဦးကုန်ဆုံးပေါ့

သစ္စာမဲ့တဲ့ အချစ်

သူ ဘယ်တော့မှ ပြန်လာမှ

မဆုံခဲ့ကြရင် ကောင်းသားပေါ့

အိပ်မက်ထဲမှာတော့ တူတူပါ

ငှက်ဝါတွေ တေးဆိုနေကြ

နိုးထလာတော့ တယောက်တည်းသာ။

ယန်ချင်း၏ အသံမှာ ကောင်းလှသဖြင့် မင်းကြီးလည်း သဘောတွေ့လှ၏။ ထပ်ဆိုဖို့ ပြော၏။ ယန်ချင်းက ကန်တော့လိုက်လျက်-

“ကျွန်တော့်မှာ သီချင်းတပုဒ် ရှိပါသေးတယ်။ အဲဒါကတော့ နည်းနည်းထူးပါတယ်” “ကောင်းတယ်၊ ဆိုလေ”

ယန်ချင်းလည်း ခံစားမှုအပြည့်ဖြင့် ဆိုလေ၏။

နားဆင်ကြပါ နားဆင်ကြပါ

ဘယ်သူသိပ့်ါမလဲ

တကိုယ်တည်း လှည့်လည်နေရှာ

မိုးအနှံ့ မြေတခွင်လုံး

အပြစ်မဲ့သူတွေ ခံစားနေရတာ

ငရဲမီးတွင်းထဲ ကြည့်လိုက်ပါ

သစ္စာမှန်ကန်တဲ့ နှလုံးသားတွေ တွေ့ရမှာ

သစ္စာရှိစွာ မှန်ကန်စွာ

ကျေးဇူးသစ္စာစောင့်သိမှု

ပေးဆပ်ခံရ တနေ့နေ့မှာ သေချာ

“ဒီသီချင်းအဓိပ္ပာယ်က ဘာလဲကွ” မင်းကြီးလည်း တအံ့တသြဖြင့်

မေးလေ၏။

ယန်ချင်းက ရှိုက်ကြီးတငင် ငိုကြွေးကာ ကြမ်းပေါ်တွင် ပြားပြားမှောက်နေလေ၏။ မင်းကြီးလည်း ဇဝေဇဝါဖြစ်သွား၏။

"ဘာဖြစ်တာလဲ။ မောင်မင်းက ပြောမှ ငါလည်း နည်းလမ်းရှာနိုင်မှာပေါ့"

"ကျွန်တော် ပြစ်မှုတွေက မိုးလောက်ကို မြင့်မောက်နေပါတယ်။ အရှင်မင်းကြီးကို မတင်ပြဝံ့ပါဘူး ဘုရား"

"ငါ ခွင့်လွှတ်တယ်။ လွတ်လွတ်လပ်လပ် ပြောစေ"

"ကျွန်တော့်ဘဝတလျှောက်လုံးမှာ ခြေသလုံးအိမ်တိုင် ဖြစ်ခဲ့ပါတယ်။ ရှန်တောင် နယ်မှာ ကုန်သည်တွေနဲ့ ခရီးသွားနေရင်းက လျှံ့ရှုန်းကျူအင်းကို ဖြတ်သွားရပါတယ်။ အဲဒီမှာ ဓားပြတွေက ဖမ်းပြီး သူတို့စခန်းကို ခေါ်သွားခဲ့ပါတယ်။ အဲဒီမှာ သုံးနှစ်လုံးလုံးနေခဲ့ ရပါတယ်။ တလောလေးကမှ ထွက်ပြေးပြီး နေပြည်တော်ကို လာခဲ့ပါတယ်။ မမရှီရှီကို မြင်ပေမယ့် လမ်းပေါ်မှာတော့ လျှောက်ပြီး သွားမနေရဲပါဘူး။ တယောက်ယောက်က မှတ်မိပြီး ရဲကို တိုင်မှာစိုးလို့ပါ။ ကျွန်တော် ဘယ်လိုရှင်းပြလို့ ရမှာလဲဗျာ"

"သူ့ဘဝက တော်တော်သနားစရာပါဖျာ့။ ဘုန်းတော်ကြီးလှသောဘုရားက ကူညီမှ ဖြစ်မှာပါဖျာ့"

"ဒါကတော့ လွယ်ပါတယ်။ နှမလေးလီရဲ့ မောင်လေးကို ဘယ်သူက ညှဉ်းဆဲဝံ့ပါ့မလဲ"

ယန်ချင်းက မိန်းကလေးကို အကဲပါပါ တချက်ကြည့်လိုက်၏။ ရှီရှီက နှုတ်ခမ်း ကလေးကို စူလိုက်ကာ-

"ကျွန်မကတော့ ဘုန်းတော်ကြီးလှသောဘုရား ရေးပေးတဲ့ လွတ်ငြိမ်းခွင့်အမိန့်ကိုပဲ လိုချင်တာပါဖျာ့။ ဒါမှ မောင်လေးလည်း စိတ်အေးရမှာပါဖျာ့"

"ငါ ဘယ်လိုရေးလို့ ရမှာလဲကွယ့်၊ တံဆိပ်တော်မှ ပါမလာတာ"

"ဘုန်းတော်ကြီးလှသောဘုရားကိုယ်တိုင် လက်တော်နဲ့ ရေးထားတဲ့ စာက ဘယ် တံဆိပ်နှိပ်ထားတဲ့ စာထက်မဆို သာပါတယ်ဖျာ့။ မောင်လေးကို ကယ်ပါ့ဖျာ့။ ကျွန်မကို ကျေးဇူးကြီးကြီးပြုပါဖျာ့"

ရှီရှီ၏ ချော့လုံးမြှောက်လုံးများကို မခံနိုင်တော့သော မင်းကြီးသည်လည်း

စာရွက်နှင့် မင်ကို တောင်းရလေ၏။ လီမေမေကြီးက စာရေးကိရိယာများကို ယူခဲ့၏။ ယန်ချင်းက မင်သွေးပေး၏။ ရှိရှိက မရန်းစေ့ရောင် အမွေးများဖြင့် ပြုလုပ်ထားသော ဆင်စွယ်ရိုးတပ် စုတ်တံကို ယူပေး၏။ တော်သုံးစက္ကူ အဝါပေါ်တွင် စုတ်ချက်များကို သွက်လက်စွာ ရေးရင်း က မင်းကြီးသည် ခဏရပ်လိုက်ကာ-

"ဒါနဲ့ မောင်မင်းနာမည်က ဘယ်သူလဲတဲ့"

"ယန်ချင်းပါ ဘုရား"

ဟုတ်ပြီဟု ဆိုကာ မင်းကြီးက ဆက်ရေးလေ၏။

ကေရာဇ်မင်း ရွှန်ဟိုသည် ယန်ချင်းအား ပြစ်မှုအားလုံးမှ လွတ်ငြိမ်းလိုက်သည်။ မည်သည့် မင်းမှုထမ်းမျှ ယင်းကို ဖမ်းဆီးခြင်း၊ စစ်မေးခြင်း မပြုရ။

စာအဆုံးတွင် မင်းကြီးက သူ့လက်မှတ်ကို ရေးထိုးလိုက်၏။

ယန်ချင်းက စာလွှာကို ရိုသေစွာ လက်ခံပြီး ကန်တော့လေ၏။ ရှိရှိကလည်း ကျေးဇူး တင်သောအားဖြင့် သူ့ခွက်ကို မြှောက်ကာ သောက်လိုက်၏။

မင်းကြီးက စကားစ လိုက်၏။

"မောင်မင်းက လျှံရှန်းကျူအင်းမှာ နေခဲ့ဖူးတယ်ဆိုတော့ အဲဒီက အခြေအနေတွေကို သိမှာပဲ"

"စုန်ကျန့်တို့အဖွဲ့က သူတို့တံခွန်ပေါ်မှာ မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်ကြလို့ ရေးထားပါတယ်။ သူတို့ ခန်းမကိုလည်း သစ္စာခန်းမ လို့ရေးထားပါတယ် ဘုရား။ သူတို့က အစိုးရ ရုံးတွေ ပြည်သူတွေကို ဘယ်တုန်းကမှ မတိုက်ခိုက်ခဲ့ပါဘုရား၊ အကျင့်ပျက်တဲ့ မင်းမှုထမ်းတွေကိုပဲ သတ်တာပါ ဘုရား။ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခွင့် ရဖို့အတွက် လွတ်ငြိမ်းခွင့်အမိန့်ကို စောစော ရဖို့ကိုပဲ တောင့်တနေကြပါတယ် ဘုရား"

"ဒါပေမဲ့ ကိုယ်တော်က လွတ်ငြိမ်းခွင့်အမိန့် နှစ်ခါတောင် ပို့လိုက်ပြီပဲ။ ဘာလို့ ငြင်းဆန်ပြီး လက်နက်မချကြရတာလဲ"

"ပထမ အမိန့်မှာက သူတို့ကို ကျေနပ်စေမယ့် စကား မပါပါဘူးဘုရား။ ပြီးတော့ မင်း တမန်ကလည်း တော်သုံးစိမ်ရည်ကို အပေါစားအရက်နဲ့ လဲထားပါတယ် ဘုရား။ ဒုတိယ အမိန့်မှာကျတော့ စုန်ကျန့် မပါတဲ့ သဘော ရေးထားပါတယ်။ ခေါင်းဆောင်တွေက ဒါဟာ လှည့်ကွက်ပဲလို့ မြင်ကြတဲ့အတွက် အဆိုးဘက်ကို ရောက်သွားပါတယ် ဘုရား။

စစ်ဝန်ကြီးတုန်ကလည်း တပ်နဲ့ ချီတက်လာပေမယ့် နှစ်ပွဲပဲ တိုက်လိုက်ရပါတယ်။ အသက်နဲ့ ကိုယ် မြဲတဲ့သူ နည်းနည်းပဲ ကျန်ပါတော့တယ် ဘုရား။ စစ်သူကြီးကောက်ကျူက တခါ ရပ်ရွာလူထုတွေကို အတင်းစုပြီး တိုက်လှေကြီးတွေ ဆောက်ခိုင်းပြီး လာတိုက်ပြန်ပါတယ်။ ဒါပေမဲ့ မြားကျိုးတချောင်းတောင်မှ မရလိုက်ပါဘူး။ တိုက်ပွဲသုံးပွဲ အတွင်းမှာ ခားပြတွေက သူ့တပ်ကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်ကြတာ တပ်လည်း နှစ်ခြမ်းကွဲသွားပြီး သူ့ကို တောင် လက်ရဖမ်းမိခဲ့ပါတယ် ဘုရား၊ ခားပြတွေကို လွတ်ငြိမ်းအမိန့်ရပါစေ့မယ်လို့ ကတိပေးလို့ ခားပြတွေက သူ့ကို ပြန်လွှတ်လိုက်ကြပါတယ် ဘုရား။ သူတို့လူနှစ်ယောက်ကိုလည်း ထည့်ပေးလိုက်ပြီး စစ်ဦးစီးမှူးဝင် ဆိုတာကိုတော့ အာမခံ ခေါ်ထားလိုက်ပါတယ် ဘုရား”

မင်းကြီးက သက်ပြင်းချရှာ၏။

“ငါတော့ ဒါတွေကို ဘာမှ မသိရပါလား။ တုန်ဂွမ် ပြောတော့ သူ့တပ်တွေက နွေအပူ ဒဏ် မခံနိုင်လို့ ပြန်လာတာပါတဲ့။ ကောက်ကျူကျတော့ နေမကောင်းလို့ နေပြည်တော်ကို ခဏပြန်လာပြီး နားတာပါတဲ့”

ရှိရှိက ဝင်၍ တော၏။

“ဘုန်းတော်ကြီးလှသောဘုရားက ရွှေဉာဏ်ရှင်ဖြစ်ပေမယ့် အတွင်းတော်မှာပဲ စံနေ တာဆိုတော့ ဒီ မရိုးမဖြောင့်တဲ့ မှူးမတ်တွေက အမှန်တရားတွေကို ဖုံးကွယ်ထားတာ ဘယ့်နှယ်သိနိုင်ပါ့မလဲ ဖျာ့”

တကြိမ် ထပ်၍ မင်းကြီးက သက်ပြင်းချပြန်၏။ ညဉ့်နက်လာပြီ ဖြစ်၍ ယန်ချင်းလည်း ခွင့် ငံ့တောင်းကာ ကန်တော့ပြီး ထွက်ခဲ့၏။ မင်းကြီးနှင့် ရှိရှိတို့လည်း ချစ်ပွဲဝင်ကြလေ၏။

အရုဏ်မတက်မီမှာပင် မင်းကြီးလည်း ပြန်သွားလေ၏။ ယန်ချင်းလည်း မနက် စောစော လုပ်ပေးစရာတွေ ရှိသည်ဟု အကြောင်းပြကာ ထိုက်ချုံထံသို့ ပြန်ခဲ့ပြီး အကြောင်း စုံကို တလုံးမကျန် ပြောပြ၏။

ထိုက်ချုံက-

“အခြေအနေတော့ တိုးတက်နေပြီ။ စစ်သူကြီးစုဆီ စာသွာလို့ရအောင်”

“မနက်စာလေးတော့ စားပါရစေဦးဗျာ”

နှစ်ယောက်သား နံနက်စာစားကြပြီး ခြင်းတလုံးတွင် ရွှေထည်နှင့် လက်ဝက်လက်စား များ၊ ပိုးထည်များကို ထည့်ကာ စစ်သူကြီးစု၏ အိမ်သို့

ထွက်ခဲ့ကြ၏။ အိမ်နီးချင်းများကို စစ်သူကြီး အိမ်တွင် ရှိ မရှိ စုံစမ်းရာ နန်းတော်မှ ပြန်မရောက်သေးကြောင်း သိရ၏။

"ဘာဖြစ်လို့ပါလိမ့်ဗျာ။ ဒီအချိန်က ညီလာခံ စဲပြီပဲဟာ"

"သူက မင်းကြီးရဲ့ လက်စွဲပဲဗျ။ မင်းကြီးက သူ သွားလေရာ စစ်သူကြီးကို ခေါ်ခေါ်သွား တယ်။ သူ အိမ်စောစောပြန်တဲ့အခါ ပြန်တယ်၊ နောက်ကျပြန်တဲ့အခါ ပြန်တယ်။ ပြောဖို့ ခက်တယ်ဗျ"

တယောက်က အော်လိုက်၏။

"ဟော ဟိုမှာ စစ်သူကြီး လာပြီ"

ယန်ချင်းလည်း ကျေနပ်သွားလျက်-

"နောင်ကြီး အပြင်က စောင့်နေပါနော်။ ကျွန်တော် သူနဲ့ သွားစကားပြောမယ်"

ဖဲဘရိုကိတ်ဝတ်စုံများ ဝတ်ကာ ပုံဆန်းဆန်းဦးထုပ်များကို ဆောင်းထားသော အထမ်း သမားများ သယ်လာသည့် ဝေါတခု လာနေသည်ကို တွေ့ရ၏။ ထိုဝေါလာသည့် လမ်းကို ဆီးကာ ယန်ချင်းက ဒူးထောက်ချလိုက်ကာ အော်၍ ပြောလိုက်၏။

"စစ်သူကြီးကို တင်ပြဖို့ စာတစောင် ပါလာပါတယ် ခင်ဗျာ"

စစ်သူကြီးက သူ့ကို ကြည့်ပြီး လိုက်ခဲ့ရန် ခေါ်၍ ယန်ချင်းလည်း အိမ်တော်ဝင်းထဲသို့ ဝင်လိုက်သွားရာ ခန်းမဆောင်ကြီးတဆောင် ရှေ့သို့ ရောက်သွား၏။ စစ်သူကြီးက ဝေါမှ ဆင်းပြီး ကပ်လျက်ရှိသော စာကြည့်ခန်းထဲသို့ ဝင်ကာ ထိုင်၏။ ယန်ချင်းကို ဝင်ခဲ့ရန် အမိန့် ပေး၏။

"ဘာကိစ္စလဲဟေ့"

"ကျွန်တော်က ရှန်တောင်က လာတာပါ။ စစ်ဦးစီးဝင် ဆီက စာတစောင်ပါလာပါတယ် ခင်ဗျာ"

"ဘယ်က စစ်ဦးစီးမှူးဝင် ပါလိမ့်"

ယန်ချင်းက စာကို ပေးလိုက်၏။ စစ်သူကြီးက စာအိတ်ကို ကြည့်လျက်-

"ဘယ်သူများပါလိမ့်။ အလို၊ ဘယ့်နှယ် ဝင်ဟွမ်ချန်းပါလား။ ငါ့ ငယ်သူငယ်ချင်းပဲ" ဟု ဆိုကာ ဖွင့်၍ ဖတ်၏-

လက်ကို စင်စင်ဆေးပြီး၊ အကြိမ်တရာ ဦးခိုက်ကာ ဤစာကို ရေးလိုက်ပါသည်၊ လေးစား အပ်သော စစ်သူကြီးမင်း ခင်ဗျား။ ကလေးဘဝက ခင်ဗျားတို့အိမ်တွင် ကစား ပျော်ရွှင်ခဲ့ ကြသည်မှာ အနှစ်သုံးဆယ် ကျော်ခဲ့လေပြီ။ မကြာသေးမီက စစ်သူကြီးကောက်ကျူးက ကျွန်တော့်ကို သူ့ စစ်ဦစီးမှူး ခန့်အပ်ခဲ့ပါသည်။ သို့သော် ဝမ်းနည်းဖွယ်ဖြစ်ရသည် မှာ သူက ကျွန်တော့် အကြံကို နားမထောင်ခဲ့ပါ။ ထို့ကြောင့် သုံးကြိမ်တိုင်တိုင် တဆက် တည်း အရေးနိမ့်ရပါတော့သည်။ ကျွန်တော် ပြောရမည်ကို ရှက်ပါ၏။ သို့သော် ကျွန်တော် တို့ နှစ်ယောက်စလုံး အဖမ်းခံရပါတော့သည်။ သို့သော် စိတ်နှလုံးကောင်းသော စုန်ကျန့် က ကျွန်တော်တို့ကို ဘေးမသင့်စေခဲ့ပါ။

လျှံ့ရှန်းတောင်ရိုးမှ ရှောင်ရန်းနှင့် သွေ့ဟိုဆိုသူ နှစ်ယောက်နှင့်အတူ စစ်သူကြီးများ နေပြည်တော်သို့ ပြန်သွားကြလေပြီ။ လွတ်ငြိမ်းအမိန့် ရစေမည်ဟု ကတိတွင်တွင် ပေးခဲ့ကာ ကျွန်တော့်ကို အာမခံအဖြစ် ထားခဲ့ပေ၏။ စုန်ကျန့်နှင့် အပေါင်းအပါများကို အပြစ်အားလုံးမှ လွတ်ငြိမ်းခွင့်ပေးကာ တိုင်းပြည်ကောင်းကျိုးကို ဆောင်ရွက်စေပါရန် ဘုန်းတော်ကြီးလှသော ဘုရားကို လျှောက်တင်ပေးပါရန် ကျွန်တော်ပန်ကြားအပ်ပါသည်။ ဤသို့ပြုပါက ကျွန်တော်တို့ တိုင်းပြည်သာမက တလောကလုံးကိုပင် အကျိုးပြုမည် ဖြစ်ပါသည်။ ခင်ဗျား၏ ဂုဏ်သတင်းသည်လည်း ခေတ်အဆက်ဆက်တွင် ပဲ့တင်ထပ်နေပါလိမ့်မည်။

ကျွန်တော့်ကို ကယ်ပါ။ အသက်ရှင်ခွင့် ပေးပါ။ ခင်ဗျား၏ အကြောင်းပြန်စာကို စိုးရိမ် စွာဖြင့် စောင့်နေပါသည်။ ခင်ဗျား နားလည်မည်ဟုလည်း ယုံကြည်ပါသည်။

ကျေးဇူးတင်စွာဖြင့် လေးစားလျက်

ဝင်ဟွမ်ချန်း

ရွှမ်ဟွာနှစ် နွေဦး ပထမလ ×××× ရက်။

စစ်သူကြီးစူသည်လည်း အံ့အားကြီးသင့်လျက် ရှိလေပြီ။

"မင်းက ဘယ်သူတုံး"

"လျှံ့ရှန်းကျူအင်းက လူရည်ချွန်ကလေးယန်ချင်းပါ"ဟု ဖြေလိုက်ပြီး

ခြင်းတောင်းကို ထွက်ယူကာ ပြန်ဝင်လာခဲ့၏။

"စစ်သူကြီးမင်း ဟွာကျို့မှာ အမွေးနံ့သာ လာပူဇော်တုန်းက ကျွန်တော် ခစားခဲ့ပါ တယ်။ စစ်သူကြီးမင်းက မေ့သွားပြီလားဗျာ။ နောင်ကြီး စုန်ကျန့်က ဒီမဖြစ်စလောက် လက်ဆောင်လေးကို လေးစားသမှုနဲ့ ပို့ခိုင်းလိုက်ပါတယ်။ စစ်သူကြီးမင်းက ကျွန်တော် တို့ကို ကယ်ပါစေလို့ နေ့စဉ်နဲ့အမျှ နောင်ကြီးက ဆုတောင်းနေပါတယ်။ နောင်ကြီးဆန္ဒက တော့ ကျွန်တော်တို့ လွတ်ငြိမ်းခွင့်ရအောင် စစ်သူကြီးမင်းက ဆောင်ရွက်ပေးစေချင်တာ ပါပဲဗျာ။ ဘုန်းတော်ကြီးလှသောဘုရားက လွတ်ငြိမ်းအမိန့် ထုတ်ပေးဖို့ စစ်သူကြီးမင်းက ဖျောင်းဖျပေးနိုင်ရင်ဖြင့် လျံ့ရှန်းတောင်ရိုးသား အထောင်အသောင်းရဲ့ ကျေးဇူးရှင်ကြီး ဖြစ်ပါလိမ့်မယ်ခင်ဗျာ။ ကျွန်တော့်ကို ပေးလိုက်တဲ့ အချိန်ကလည်း အကန့်အသတ်နဲ့မို့လို့ ကျွန်တော့်ကို သွားခွင့်ပြုပါ ခင်ဗျာ"

ယန်ချင်းက ကန်တော့ကာ ထွက်ခဲ့၏။ စစ်သူကြီးစူကလက်ဆောင်များကို သိမ်းဆည်း ခိုင်းလိုက်၏။ သူ အကြံတခုကို ရထားနှင့်လေပြီ။

ထမင်းဆိုင်သို့ ပြန်ရောက်သောအခါ ယန်ချင်းက-

"တာဝန်ရဲ့ ပထမ နှစ်ပိုင်းကတော့ တော်တော့်ကို ချောချောမောမောနဲ့ ပြီးသွားပြီဗျ။ ဒါပေမဲ့ နောင်ကြီး၊ ရှောင်ရန်းတို့ ကွေ့ဟိုတို့ကတော့ ကောက်ကျူအိမ်ထဲမှာပဲ ရှိနေသေး တယ်။ သူတို့ကို ဘယ်လိုထုတ်ရမလဲဗျာ"

"ကျုပ်တို့ ဘိလစ်စာရေးဝတ်စုံ ပြန်ဝတ်ပြီး ကောက်ကျူအိမ်ရှေ့မှာ သွားပြီး ယောင် တောင် လုပ်နေကြမယ်။ အရာရှိတယောက်ယောက် ထွက်လာရင် လာဘ်ထိုးပြီး ရှောင်ရန်၊ တို့ကို ဝင်တွေ့ဖို့ ကြိုးစားကြတာပေါ့။ လူချင်းတွေ့ပြီးမှပဲ ဘာဆက်လုပ်မလဲ စဉ်းစားကြ တာပေါ့"

ထိုအတိုင်း ပြန်ရုပ်ဖျက်ကြပြီး ငွေများကို ယူကာ တိုင်ပင်းတံတားဆီသို့ ထွက်ခဲ့ကြ၏။ ကောက်ကျူအိမ်ရှေ့တွင် အသာစောင့်ကြည့်နေကြရာ အရာရှိငယ်ငယ်တဦး ဆောင့်ကြွား ကြွားနှင့် ထွက်လာသည်ကို မကြာမတင် တွေ့ရလေ၏။ ယန်ချင်းက သူ့ထံသို့ သွားကာ ဦးညွတ်နှုတ်ဆက်လိုက်၏။ ထိုဗိုလ်မင်းက လေသံပြတ်ပြတ်ဖြင့် -

"မင်းက ဘယ်သူလဲကွ"

"စကားလေး ဘာလေး ပြောရအောင်၊ လက်ဖက်ရည်ဆိုင်ကို သွားကြရအောင်"

သီးသန့်အခန်းတခုကို ထိုက်ချုံက ယူထားပြီး ဖြစ်၏။ သုံးယောက်သား

ထိုင်ကာ လက်ဖက်ရည် သောက်ကြ၏။ ယန်ချင်းက စကား စ လိုက်၏။

"ကျွန်တော် လိုရင်းပဲ ပြောမယ်ဗျာ။ စစ်သူကြီးကောက်ကျူက လျှံရှန်းတောင်ရိုးက လူနှစ်ယောက်ကို ခေါ်လာခဲ့တယ်။ အဲဒီထဲက တယောက်က ကွေ့ဟိုတဲ့။ ဒီက နောင်ကြီးရဲ့ ညီ တော်တယ်။ ကျွန်တော်တို့ သူနဲ့ တွေ့ချင်လို့ ဗိုလ်ကြီးကိုအကူအညီတောင်းတာပါ"

"ငါ ဘာမှ မကြားချင်ဘူး။ ဟိုအထဲမှာ ဘာဖြစ်နေမှန်းလည်း ငါ မသိဘူး"

ထိုက်ချုံက အင်္ကျီလက်အိုးထဲမှ ငွေချောင်းကြီးကို ထုတ်ကာ စားပွဲပေါ် တင်လိုက်၏။ "သူ့ကို အိမ်ထဲက ထုတ်ပေးဖို့ ပြောနေတာ မဟုတ်ပါဘူးဗျာ။ စကားလေး ပြောရရုံနဲ့ ဒီငွေ ချောင်း ခင်ဗျား ရပြီဗျ"

ငွေချောင်းက မွှေသဖြင့် ဗိုလ်ကြီး၏ မျက်စိများလည်း ဝေနေလေပြီ။

"သူတို့နှစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ နောက်ဖေးခြံထဲမှာပဲ ထားဖို့ အမိန့်ထုတ်ထား တယ်။ သူတို့ကိုစကားပေးပြောရင် မင်းတို့ကတိအတိုင်း ဒီငွေချောင်း ငါ့ကို ပေးရမယ်နော်"

"စိတ်ချ"

အရာရှိသည် စံအိမ်တော်သို့ အမြန် ပြန်သွားလေ၏။ တမောင်းမျှပင် မကြာလိုက်။ သုတ်သုတ် သုတ်သုတ်နှင့် ပြန်လာလေ၏။

"ငါ့ကို ငွေ အရင်ပေး၊ ငါ ကွေ့ဟိုကို အရန်အဆောင်တခုထဲမှာ ထားခဲ့တယ်"

ထိုက်ချုံက ယန်ချင်း၏ နားထဲသို့ ကပ်၍ တခု တီးတိုး ပြောလိုက်ပြီး အရာရှိကို ငွေချောင်း ပေးလိုက်၏။ ယန်ချင်းက သူနှင့် လိုက်သွားကာ ယွေ့ ဟိုကို တွေ့၏။

"မင်းတို့နှစ်ယောက် မြန်မြန်ပြောပြီး သွားကြ"

ယန်ချင်းက အသံကို နှိမ့်လျက်-

ကျွန်တော် နောင်ကြီးထိုက်ချုံနဲ့ ရောက်နေတာ။ နောင်ကြီးတို့ကိုကယ်ဖို့ ကြံနေတယ်"

"ကျွန်တော်တို့ကို နောက်ဖေးခြံထဲမှာ ထားတယ်။ တံတိုင်းကလည်း မြင့်တယ်။ လေ့ကားတွေလည်း သိမ်းထားကြတယ်။ ဘယ်လိုလုပ်ကြမလဲ"

"တံတိုင်းနားမှာ သစ်ပင်တွေ ပေါက်နေတာ မရှိဘူးလား"

"မိုးမခပင်ကြီးတပင်တော့ ရှိတယ်"

"ခုညမှာ နားစွင့်နေကြပါ။ ချောင်းဟန့်သံ ကြားရရင် ကျွန်တော်တို့ အပြင်မှာ ရောက် နေပြီ မှတ်လိုက်၊ အပြင်ကနေ ကြိုးနှစ်ချောင်း ပစ်ပေးလိုက်မယ်။ မိုးမခပင်မှာ ချီလိုက်၊ ကျွန်တော်တို့ ကြိုးကို ဆွဲတင်ပေးထားမယ်။ ခင်ဗျားတို့ ကြိုးအတိုင်း တံတိုင်းကို ကျော်ပြီး ဆင်းခဲ့၊ စတုတ္ထယံမှာနော်၊ နောက်မကျစေနဲ့ဦး"

ထိုစဉ် အရာရှိက လှမ်းအော်၏။

"ဘာတွေ ပြောနေကြတာလဲ၊ အထဲဝင်တော့၊ မြန်မြန်လုပ်ကြ"

ကွေ့ဟိုလည်း ပြန်ဝင်သွားရပြီး ရှောင်ရန်းကို အကြောင်းစုံ ပြောပြ၏။ ယန်ချင်းက လည်း ထိုက်ချုံကို ပြန်၍ သတင်းပို့၏။ အားလုံး မိုးအချုပ်ကို စောင့်နေကြ၏။

ယန်ချင်းနှင့် ထိုက်ချုံတို့သည် ကြိုးတုတ်တုတ်နှစ်ချောင်းကို ဝယ်ကာ အင်္ကျီကြီး များအောက်တွင် ဝှက်ထားကြ၏။ ထို့နောက် စံအိမ်တော်၏ နောက်ဖေးဘက်ကို သွားကာ မြေအနေအထားကို အကဲခတ်ကြ၏။ ယင်းတွင် စမ်းချောင်းတခု စီးနေပြီး လှေအလွတ် နှစ်စီးကို ကြိုးချည်ထားသည်ကိုလည်း တွေ့ရ၏။ ထိုလှေများထဲတွင် ဝင်ပုန်းနေကြပြီး ကင်းစောင့်၏ နာရီစည်တီးသံကို နားစွင့်နေကြ၏။

စတုတ္ထယံ နာရီစည်တီးသံကို ကြားသောအခါ လှေမှ တက်၍ နောက်ဖေးတံတိုင်းကို ပတ်၍ လာခဲ့ကြပြီး ချောင်းဟန့်လိုက်ကြ၏။ အတွင်းဘက်မှ ပြန်၍ ချောင်းဟန့်သံပေး သည်ကို ကြားရလေ၏။ နှစ်ဖက်စလုံး အသင့် ဖြစ်နေကြပေပြီ။ ယန်ချင်းက ကြိုးများကို ကျော်ကာ ပစ်တင်လိုက်ကြ၏။ အတွင်းဘက်မှ ချည်ပြီးလောက်သည်အထိ စောင့်ပြီးမှ ကြိုးများကို ဆွဲ၍ တင်းလိုက်ကြ၏။

ယွေ့ဟိုက ပထမ ကျော်ထွက်လာ၏။ နောက်မှ ရှောင်ရန်း ပါလာလေ၏။ နှစ်ယောက် စလုံး ဆင်းလာပြီးသောအခါ ကြိုးများကို ခြံအတွင်းသို့ ပြန်၍ ပစ်ချလိုက်ကြသည်။ လေး ယောက်သား လှေထဲတွင် မိုးလင်းသည်အထိ စောင့်နေကြ၏။ ထို့နောက် ထမင်းဆိုင်သို့ ပြန်ကာ ဆိုင်ရှင်ကို နှိုးပြီး အထုပ်အပိုးပြင်၊ ချက်ပြုတ်စားသောက်ကာ ငွေရှင်းပေးပြီး ထွက်ခဲ့၏။ မြို့တံခါး ဖွင့်သည်နှင့် ထွက်ခဲ့ကြပြီး လျှံရှန်းတောင်ရိုးသို့ ပြန်ကာ သတင်းပို့ကြ၏။

အကယ်၍ ထိုသူလေးဦးတို့ စခန်းသို့ မပြန်ခဲ့ပါက စစ်သူကြီးစုသည် မင်းကြီးကို လျှောက်တင်ပြီး စုန်ကျန့်တို့အဖွဲ့အတွက် လွတ်ငြိမ်းခွင့် အပြည့်အဝ

ရရှိပါမည်လော။

မှန်ပေ၏။ မှူးကြီးမတ်ကြီးတဦး အမိန့်တော် ဖတ်ကြားပါက သူရဲကောင်းများ မင်းကြီး ရှေ့တွင် ဒူးထောက်ကြပေမည်။ စစ်သူကြီးစူက မင်းကြီးကို မည်သို့ လျှောက်တင်ခဲ့ပါ သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၈၂

လျှံ့ရှန်းတောင်ရိုးမှ ဥစ္စာခနများကို ဖြန့်ဝေပေးခြင်း

စုန်ကျန့်နှင့် သူ့လူအားလုံး လွတ်ငြိမ်းခွင့် ရရှိခြင်း

ယန်ချင်း ပြန်မလာသောအခါ လီရှိုရှိုလည်း မသက်သာဖြစ်လာ၏။ နောက်တနေ့ နံနက်တွင် ရှောင်ရန်းတို့ထံသို့ မနက်စာလာပို့သော ကောက်ကျူ၏လက်အောက်ခံ ဝန်ထမ်းများသည် လည်း အခန်းမှာ လူမရှိတော့ကြောင်း တွေ့ရ၏။ ချက်ချင်းပင် ဘဏ္ဍာစိုးထံသို့ သွားကာ သတင်းပို့၏။ ဘဏ္ဍာစိုးက လိုက်ရှာရာ နောက်ဖေးခြံထဲတွင် မိုးမခပင်ကို ချည်ထားသော ကြိုးနှစ်ချောင်းကိုသာ တွေ့ရလေ၏။ ချုပ်ထားသူများ လွတ်သွားလေပြီ။ စစ်သူကြီးကိုသာ ထိုအကြောင်း သတင်းပို့လိုက်ရ၏။ ကောက်ကျူမှာ ထိုသတင်းကို ကြားရသော် နေစရာ မရှိအောင်ပင် ဖြစ်သွားပြီး နေမကောင်းဟု အကြောင်းပြကာ အိမ်တွင်းအောင်းနေလေ တော့၏။

နောက်တနေ့တွင် မင်းကြီးလည်း ယဉ်ကျေးမှုနှင့် သီလဂုဏ် ခန်းမဆောင်တွင် ညီလာခံ ခေါ်၏။

မင်းကြီးက မေး၏။

"မှူးမတ်တွေ စုံကြရဲ့လား"

"ခန်းမဆောင် အပြင်ဘက်မှာ နယ်ဘက်သပ်သပ် စစ်ဘက်သပ်သပ် စောင့်ဆိုင်းနေ ကြပါတယ် ဘုရား"ဟု နားခံတော်ကြီးမှူးက တင်လျှောက်၏။

မင်းကြီးက တင်းတိမ်ကို ဖယ်ရှားခိုင်းလိုက်ရာတွင် စစ်ဝန်ကြီးတုန်ဂွမ်က ရှေ့သို့ တက်လာ၏။

"မင်းဦးစီးသွားတဲ့ အင်အားတသိန်းပါတဲ့တပ် လျှံ့ရှန်းတောင်ရိုးကို သွားတိုက်တာ အောင်မြင်ခဲ့တာလား၊ အရေးနိမ့်ခဲ့တာလား"

တုန်ဂွမ်က ဒူးထောက်ကာ လျှောက်၏-

"ကျွန်တော် အစွမ်းကုန် အားမထုတ်ခဲ့တာ မဟုတ်ပါ ဘုရား၊ ဒါပေမဲ့ နွေခေါင်ခေါင် ကြီး ဖြစ်နေတဲ့အပြင် စစ်သည်တွေကလည်း ပတ်ဝန်းကျင်နဲ့ ရာသီဥတုကို နေသားမကျ တာမို့လို့ အဖျားအနာ များပါတယ်ဘုရား၊

အင်အားတကျိပ်မှာ နှစ်ယောက် သုံးယောက်က တိမ်းပါးကုန်ပါတယ် ဘုရား၊ ဒီတော့ ကျွန်တော်လည်း ပြန်ပြီး စုဖွဲ့လေ့ကျင့်ဖို့ ပြန်ခေါ်လာရ ပါတယ်ဘုရား။ ကံမကောင်းအကြောင်းမလှတော့ အပြန်လမ်းမှာ တဝက်လောက် အပူ ဒဏ်ကြောင့် ထပ်ပြီး အဖိတ်အစဉ် ရှိခဲ့ပြန်ပါတယ်။ ဘုန်းတော်ကြီးလှသောဘုရားက ခေးပြ တွေကို လက်နက်ချဖို့ ညွှန်ကြားခဲ့ပေမယ့် သင်းတို့က သက်သက်မဲ့ မောက်မာ စော်ကားပြီး ငြင်းခဲ့ကြပါတယ် ဘုရား။ အဲဒီနောက်မှာ ကောက်ကျူက လေ့တပ်နဲ့ ချီတက်သွားပြန်တော့ လည်း သူ့ခမျာမှာ မကျန်းမမာ ဖြစ်လာတာနဲ့ ပြန်ခဲ့ရပါတယ် ဘုရား”

“အသုံးမကျတဲ့ သစ္စာဖောက်အမတ်၊ မောင်မင်းက အမှန်ကို ထိမ်ချန်ခဲ့လို့ တိုင်းပြည် ဘယ်လောက်နစ်နာခဲ့ရသလဲ သိလား။ တိုက်ပွဲလေး နှစ်ပွဲလောက်နဲ့ ခေးပြတွေက တပ် တော်ကြီးကို တပ်လုံးပြုတ်အောင် လုပ်ခဲ့ရတယ်လို့။ ပြီးတော့ လူလိမ်လူညစ် ကောက်ကျူ ကတော့ ပြည်နယ်က ငွေတွေ၊ ရိက္ခာတွေ ဘယ်လောက်တောင် ကုန်လိုက်သလဲ။ ပြီးတော့ လှေတွေရော လူတွေရော ဆုံးရှုံးရတာနည်းသလား။ ဒါတင် ကပါရိုးလား၊ သင်းကိုယ်တိုင် တောင် အဖမ်းခံလိုက်ရသေးတယ်။ စုန်ကျန့်တို့က မသတ်တဲ့အပြင် ယဉ်ယဉ်ကျေးကျေး ဆက်ဆံပြီး ပြန်တောင် လွှတ်လိုက်သေးသတဲ့။ အမိန့်တော်တွေလည်း အသရေယုတ်ကျပြီး လူရယ်စရာတွေ ဖြစ်ကုန်ပါရောလား။

“စုန်ကျန့်တို့က နယ်စားပယ်စားတွေကို မတိုက်ခိုက်ဘူး။ ပြည်သူတွေကို ဒုက္ခမပေး ဘူးလို့ ငါ ကြားရတယ်။ သူတို့က တိုင်းပြည်ကို အမှုထမ်းချင်လို့ လွတ်ငြိမ်းခွင့်လိုချင်နေကြ တာတဲ့။ သူတပါးရဲ့ အရည်အချင်းကို မရှုဆိတ်တဲ့ မင်းလို အမှုထမ်းတွေက အဖြစ်မှန်တွေ ကို ထိမ်ဝှက်ထားကြတာ အယုတ်ညံ့ဆုံးပဲ။ တော်လိုက်တဲ့ စစ်ဝန်ကြီး။ မင်း ဘယ်လောက် ရှက်စရာကောင်းလဲ။ နစ်နာနေတဲ့ ပြည်သူတွေ ကျေနပ်သွားအောင် မင်းကို ကွပ်မျက်ပစ်ဖို့ ကောင်းတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ ခဏ လွှတ်ထားလိုက်ဦးမယ်”

မင်းကြီးက တုန်ဂွမ်ကို ထွက်သွားရန် အော်ထုတ်သဖြင့် တိတ်တိတ်ကလေး ဘေးသို့ အသာရှောင်ထွက်ခဲ့ရ၏။ မင်းကြီးက ဟန်လင်းပညာရှင်အဖွဲ့နှင့် တိုင်ပင်၏။

“ကိုယ်တော့်အတွက် အမိန့်တော်ကို စီကုံးပေးကြ။ ပြီးရင် မှူးကြီးမတ်ကြီးတယောက် နဲ့ အပို့ခိုင်းမယ်။ စုန်ကျန့်နဲ့ သူ့လူတွေကို လျှံရှန်းတောင်ရိုးက ပြန်ခေါ်ရမယ်”

စစ်သူကြီးစူက ထွက်လာပြီး ဒူးထောက်လိုက်၏။ “ကျွန်တော်က အရည်အချင်း မရှိပေမယ့် ဝမ်းမြောက်ဝမ်းသာ သွားပါ့မယ် ဘုရား”

မင်းကြီးလည်း သဘောကျသွားပြီး “ကိုယ်တော်ကိုယ်တိုင် ရေးမယ်” ဟု

ဆို၏။ စားပွဲ တလုံးကို ခင်းစေပြီး စာရေးစက္ကူကို ဖြန့်စေ၏။

အမိန့်တော်ကို ရေးပြီးသောအခါ တံဆိပ်တော်ကို တောင်းကာ ခတ်နှိပ်စေ၏။ ထို့ နောက် ဘဏ္ဍာတိုက်ဝန်ကို ခေါ်ကာ ရွှေပြားသုံးဆယ့်ခြောက်ချပ်၊ ငွေပြား ခုနစ်ဆယ့်နှစ်ချပ်၊ ဖဲနီ သုံးဆယ့်ခြောက်လိပ်၊ ဖဲစိမ်း ခုနစ်ဆယ့်နှစ်လိပ်၊ အဝါရောင် တံဆိပ်တော် ကပ်ထားသည့် စိမ်ရည်အိုး တရာ့ရှစ်လုံးတို့ကို ထုတ်ယူကာ စစ်သူကြီးထံသို့ အပ်စေ၏။ ထို့ပြင် အပေါ်အင်္ကျီများချုပ်ရန် ပိတ်စနှစ်ဆယ့်လေးလိပ်နှင့် လွတ်ငြိမ်းခွင့်အမိန့်တော်ဟု ရွှေ စာလုံးများဖြင့်ရေးထားသော တံခွန်တလက်ကိုပါ ထုတ်ပေးစေ၏။ နောက်တနေ့နံနက်တွင် ထွက်ခွာရန် အမိန့်ချမှတ်၏။

ညီလာခံ စဲသော် စစ်ဝန်ကြီးသည် အရှက်ရကာ အိမ်ပြန်သွားလေ၏။ နောက်ထပ် ညီလာခံများကိုလည်း မတက်ရဲတော့ပေ။ ဖြစ်ပျက်သမျှကို ကြားရသော ကောက်ကျူလည်း ကြောက်လန့်သွားလေ၏။ မင်းကြီးရှေ့တွင် ပေါ်မလာဝံ့တော့ပေ။ စစ်သူကြီးစူသည် တော်သုံးသေရည်များနှင့် အခြားလက်ဆောင်များကို ထုပ်ပိုးကာ အထမ်းသမားများကို ထမ်းစေပြီး မြင်းစီးကာ မြို့တော်မှ ထွက်ခဲ့လေ၏။ မှူးမတ်များက သူ့ကို နန်ရှွန်းတံခါးတွင် လိုက်ပို့ကြ၏။ ရွှေစာလုံးကြီးများနှင့် တံခွန်ကြီးကို တလွင့်လွင့် ထူကာ ကျီစုမြို့သို့ လာခဲ့ကြ၏။

ထိုအချိန်အတွင်းတွင်ပင် ယန်ချင်းတို့ လေးဦးသည်လည်း ညတွင်းချင်းပင် စခန်းသို့ ပြန်လာခဲ့ကြကာ စုန်ကျန့်တို့ ခေါင်းဆောင်များကို သတင်းပို့ပြီး ဖြစ်၏။ မင်းကြီး ရေးပေး လိုက်သော လွတ်ငြိမ်းမိန့်ကိုလည်း ယန်ချင်းက ပြ၏။

ဝုရုံက -

“သတင်းကောင်းတွေ ရောက်လာတော့မယ်”

စုန်ကျန့်က အကောင်းစား အမွှေးနံ့သာတိုင်များကို ထွန်းကာ ဂမ္ဘီရမယ်တော်က ပေးလိုက်သော နတ်ကျမ်းများကို ထုတ်၏။ ထို့နောက် ဦးခေါင်းကိုမော့ကာ ရှိခိုးပြီးနောက် ဟောစာတမ်းစာတိုင်များကို ချလေ၏။ ဟောစာတမ်းများမှာ အလွန့်အလွန်ကို ကောင်း နေ၏။

“အောင်မြင်မှာ သေချာတယ်”ဟု စုန်ကျန့်က အော်လိုက်မိ၏။ ထိုက်ချုံနှင့် ယန်ချင်း ကို မြို့တော်သို့ တခေါက်ပြန်ကာ အခြေအနေကို ကြည့်ခိုင်းလိုက်၏။ မြန်မြန်ပြန်လာကာ သတင်းပို့ရန်လည်း မှာလိုက်၏။ သို့မှသာ ပြင်ဆင်စရာရှိသည်များကို အချိန်မီ ဆောင်ရွက် နိုင်မည် ဖြစ်၏။ တရက် နှစ်ရက် အကြာတွင် ထိုသူနှစ်ယောက် ပြန်ရောက်လာလေ၏။

“မင်းကြီးက စစ်သူကြီးစူကို လွတ်ငြိမ်းခွင့်အမိန့်တော် အပ်လိုက်ပြီး စစ်သူကြီးဆီမှာ တော်သုံးစိမ်ရည်တွေ၊ ရွှေပြား၊ ငွေပြားတွေ၊ ဖဲနီလိပ်၊ ဖဲစိမ်းလိပ်တွေ၊ ပိတ်အုပ်တွေလည်း ပါလာတယ်တဲ့။ အမိန့်တော်ကြီးနဲ့ လာနေတာ ရောက်လာတော့မယ်” ဟု သတင်းပို့ကြ၏။ စုန်ကျန့် ဝမ်းမြောက်လိုက်သည်မှာ ပြောစရာပင် မရှိတော့။ အမိန့်များကို တခုပြီးတခု ထုတ်ပြန်ကာ အလုပ်ရှုပ်နေလေပြီ။ ကျီစုမှ လျှံရှုန်းအတွင်း တထောက်နားစခန်း နှစ်ဆယ့် လေးခုကို ဆောက်စေ၏။ စခန်းတိုင်းတွင် အလံတံခွန်များဖြင့် ဝေဝေဆာဆာ တန်ဆာ ဆင်ထားစေ၏။ တီးဝိုင်းများကလည်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်နေကြရမည် ဖြစ်ရာ ရွာ နီးချုပ်စပ်မှ ဂီတပညာရှင်များကို ထိုသို့ တီးမှုတ်ရန် ငှားရမ်းထားကြရ၏။ စခန်းတိုင်းတွင် တာဝန်ခံအဖြစ် အငယ်တန်းဗိုလ်များကို ခန့်ထားပေ၏။ သစ်သီးများ၊ စားကောင်းသောက် ပင်လယ်စာများ၊ စိမ်ရည်များ၊ အမြည်းများကို ဝယ်ခြမ်းရန်လည်း စေလွှတ်ထား၏။

စစ်သူကြီးစူတို့ အဖွဲ့သည် ကျီစုသို့ ရောက်လာရာ မြို့ဝန်ချန်းက ထွက်ကြိုပြီး အရာရှိရိပ်သာတွင် နေရာချထား၏။ ကြိုဆိုသည့်ပွဲတွင် စိမ်ရည်ခွက်ကို မြှောက်လျက် မြို့ဝန်က-“အရင်က လွတ်ငြိမ်းအမိန့်ဆိုပြီး ရောက်လာတာ နှစ်ခါရှိပြီ။ ဒီအမိန့်တွေ ပေးဖို့ တာဝန် ပေးလိုက်တဲ့ သူတွေက နေရာမကျလေတော့ တိုင်းပြည်မှာ အများကြီး ဆုံးရှုံးခဲ့ရတယ်။ စစ်သူကြီးမင်းရဲ့ တာဝန်ကတော့ တကယ့်ကို အကျိုးပြုမှာပါပဲ”

“ဘုန်းတော်ကြီးလှသောဘုရားကလည်း မကြာခင်ကမှသိခဲ့ရတာဗျ။ လျှံရှုန်းတောင်ရိုး သားတွေက မူလကတည်းက မှန်ကန်မှုကိုပဲ လိုလားကြတယ်။ ရပ်ရွာတွေလည်း မလုယက် ဘူး။ ပြည်သူကိုလည်း ဒုက္ခမပေးဘူး။ မိုးကောင်းကင်ကိုယ်စားပဲ ဆောင်ရွက်ဖို့ အားသန် ကြတယ်။ ဒါကြောင့် ဘုန်းတော်ကြီးလှသောဘုရားကိုယ်တိုင် ရေးပေးလိုက်တဲ့ ဒီ အမိန့်စာနဲ့ လက်ဆောင်တွေကို ကျုပ်နဲ့ ပို့ခိုင်းလိုက်တာပဲ။ ရွှေပြား သုံးဆယ့်ခြောက်ချပ်၊ ငွေပြား ခုနစ်ဆယ့်နှစ်ချပ်၊ ဖဲနီသုံးဆယ့်ခြောက်လိပ်၊ ဖဲစိမ်းခုနစ်ဆယ့်နှစ်လိပ်၊ တော်သုံးစိမ်ရည်အိုး တရာ့ရှစ်လုံး၊ အပေါ်အင်္ကျီ ချုပ်ဖို့ ပိတ်စ နှစ်ဆယ့်လေးလိပ် ပေးသနားလိုက်တယ်။ ဒီ လက်ဆောင်တွေက သိပ်ပြီး အသေးအဖွဲ ဆန်နေမလားဗျ”

“ဒီလူတွေက လက်ဆောင်တွေကို အရေးအရာ လုပ်မယ့်သူတွေမဟုတ်ဘူးဗျ။ သူတို့က တိုင်းပြည်ကို သစ္စာရှိရှိ တာဝန်ထမ်းဆောင်ပြီး နာမည်ကောင်း ကျန်ခဲ့ဖို့ကိုပဲ လိုလားကြ တာပါ။ စစ်သူကြီးမင်းသာ စောစောက လာခဲ့ရင် တိုင်းပြည်မှာ စစ်ဗိုလ်စစ်သားတွေ၊ ငွေတွေ၊ ရိက္ခာတွေ ဒီလောက်ကြီး အလဟဿ ဆုံးရှုံးရမှာ မဟုတ်ဘူးဗျာ။ ဒီကျူအင်းသား တွေ ဥပဒေဘောင်ထဲ ရောက်သွားရင် ဘုန်းတော်ကြီးလှသောဘုရားအတွက်

တကယ့်ကို ကောင်းကျိုးပြုကြမယ့် သူတွေပါ”

“ကျုပ်ကို ကြိုဖို့ ပြင်ဆင်ထားဖို့ ခင်ဗျားများ သူတို့စခန်းကို သွားပြီး ပြောပေးနိုင် မလားဗျ။ ကျုပ် ဒီကစောင့်နေမယ်”

“သွားပြောပေးပါ့မယ်”

မြို့ဝန်လည်း နောက်ပါလူတကျိပ်လောက်နှင့် မြင်းစီးကာ ထွက်သွားလေရာ တောင် ခြေတွင် အငယ်တန်း တောပုန်းဗိုလ်များနှင့် တွေ့၏။ ချက်ချင်း သတင်းပို့လိုက်ကြသဖြင့် စုန်ကျန့်ကိုယ်တိုင် တောင်ပေါ်မှ အမြန်ဆင်းလာ၍ ကြိုကာ သစ္စာခန်းမသို့ ခေါ်သွား၏။

မြို့ဝန်က-

“ဂုဏ်ပြုပါတယ်ဗျာ။ ဘုန်းတော်ကြီးလှသောဘုရားက အမိန့်စာကို ကိုယ်တိုင်ရေးပြီး စစ်သူကြီးမင်းစူကို အပို့ခိုင်းလိုက်တာဗျ။ အဖိုးတန် လက်ဆောင်တော်တွေလည်း ပါတယ် တဲ့ဗျ။ အခု စစ်သူကြီးမင်းက ကျီစုမှာ ရောက်နေပြီ။ အမိန့်တော်ကြီးကို ကြိုဆိုဖို့ ပြင်ဆင် ပေတော့ဗျို့”

သူ့နဖူးကို လက်ချောင်းများဖြင့် ဖိကာ စုန်ကျန့်က ဆို၏။

“ကျုပ်တို့အတွက် ဘဝသစ်ကို ယူလာတာပဲဗျို့” မြို့ဝန်ကိုလည်း ညစာ စားသွားရန် တောင်းပန်၏။

“စားချင်တာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ် အပြန်နောက်ကျရင် စစ်သူကြီးမင်း စိတ်အနှောင့် အယှက် ဖြစ်နေဦးမယ်”

“အနည်းဆုံး တခွက်လောက်တော့ သောက်သွားပါဦးလားဗျာ။ ပြီးတော့ ဒါလေး တွေလည်း လက်ခံပါဦး။ ကျုပ်ဖြင့် လက်ဆောင်လို့တောင် မခေါ်ဝံ့ပါဘူးဗျာ” ဟု ဆိုကာ ရွှေနှင့် ငွေများကို ကလပ်ပေါ်တင်၍ ကမ်း၏။

“မယူဝံ့ပါဘူးဗျာ”

“အသေးအဖွဲ့လေးပါဗျာ။ ဘာလို့ ငြင်းရတာလဲ။ ကျုပ်တို့ ကျေးဇူးတင်တာကို ဖော်ပြ ဖို့တောင် မလောက်ပါဘူး။ လေးစားသမှုကို ပြတယ်လို့ပဲ သဘောထားပြီးလက်ခံပါ။ အရေး တော် အောင်မြင်မှပဲ လောက်လောက်လားလား ဖြစ်မယ့် လက်ဆောင်ကို ပေးပါ့မယ်”

“ခင်ဗျားတို့ စေတနာကို ကျုပ်အလေးအနက်ပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခင်ဗျား တို့ဆီမှာပဲ သိမ်းထားပါဦး။ နောင်များကျရင် အချိန်မရွေး

ယူလို့ရတာပါပဲ”

မြို့ဝန်ချုန်းကား လာဘ်ပေး၍ လုံးဝမရသူ ဖြစ်ပေ၏။ သန္နိဋ္ဌာန်ချထားသူ ဖြစ်ပေ၏။ စုန်ကျန့်က ဝုရုံနှင့် ချူဝုတို့အား ရှောင်ရန်းနှင့် ကွေ့ဟိုကို အဖော်ခေါ်လျက် မြို့ဝန်အား ကျီစုသို့ လိုက်ပို့စေ၏။ ယင်းတွင် စစ်သူကြီးစူနှင့် တွေ့ကြမည် ဖြစ်၏။ နောက်တနေ့တွင် တောပုန်းဗိုလ်ကြီးငယ် အားလုံး စခန်းမှ လီသုံးဆယ်အကွာသို့ သွားကာ မင်းတမန်ကို ကြိုကြမည် ဖြစ်၏။

ဝုရုံတို့လည်း ညတွင်းချင်း ကျီစုသို့ အရောက်သွားကြ၏။ နောက်တနေ့နံနက်တွင် အရာရှိရိပ်သာဆီ သွားကာ စစ်သူကြီးစူကို တွေ့သည်။ သူတို့က ဒူးထောက်ကန်တော့ ကြပြီး ပြန်မထသေးဘဲ နေကြသဖြင့် ထကာ ထိုင်ခုံများတွင် ထိုင်ရန် စစ်သူကြီးစူက အမိန့် ပေးလေ၏။ သို့သော် ထိုသူလေးဦးတို့က မဝံ့ကြောင်း ငြင်းဆန်ကြလေ၏။ စစ်သူကြီးက သူတို့၏အမည်ကို မေးလေ၏။

စစ်ဘက်အကြံပေးပုဂ္ဂိုလ်က-

“ကျွန်တော်ကတော့ ဝုရုံပါ။ သူတို့ကတော့ ချူဝု၊ ရှောင်ရန်း၊ ကွေ့ဟိုပါတဲ့။ အရှင် စစ်သူကြီးမင်းကို ကြိုဖို့ နောင်ကြီးစုန်ကျန့်က လွှတ်လိုက်တာပါ”

“အို ဘယ်သူလဲလို့၊ ဆရာဝုရုံ ပါလား။ ပြန်ဆုံကြရပြန်ပြီနော်။ ဟွာကျို့မှာ တွေ့ပြီး ကတည်းက ပြန်တွေ့ကြရဦးမယ်လို့ ဘယ်ထင်မှာလဲဗျာ။ ကျုပ်က ခင်ဗျားတို့ရဲ့စိတ်ရင်း အမှန်ကို ကောင်းကောင်းသိပါတယ်။ ခင်ဗျားတို့က သစ္စာရှိတယ်၊ ဖြောင့်မတ်တယ်။ ဖောက် ပြန်တဲ့ မှူးမတ်တွေကတော့ သူတို့အာဏာတွေကို သုံးပြီး အမှန်တရားကို ဘုန်းတော်ကြီး လှသောဘုရား မသိအောင် ကွယ်ကြ ဝှက်ကြတယ်။ ဒါပေမဲ့ ခုတော့ သိသွားပြီလေ။

ဒါကြောင့် ကျုပ်ကို အမိန့်တော်ကြီးနဲ့ လွှတ်လိုက်တာပေါ့ဗျာ။ အမိန့်စာကို ဘုန်းတော်ကြီး လှသောဘုရားကိုယ်တိုင် စီကုံးလိုက်တာဗျ။ လက်ဆောင်တွေ၊ တော်သုံးစိမ်ရည်တွေလည်း ပေးသနားလိုက်တယ်။ ဒါတွေကို မငြင်းဆန်ဘဲ မြန်မြန်လေး လက်ခံလိုက်ဖို့ သင့်တယ်” လေးယောက်သားက ကျေးဇူးတင်ကြောင်း ပြသသည့်အနေဖြင့် ကန်တော့ကြပြန်၏။ “စစ်သူကြီးမင်းရဲ့ ကျေးဇူးကြောင့် တောတွင်းသား လူကြမ်း ကျွန်တော်တို့မှာ ခုလို တွေ့ခွင့် ရတာ၊ မင်းကြီးရဲ့ကျေးဇူးတော် ကိုခံစားခွင့်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နှလုံးသားထဲမှာ အရိုးတွေထဲမှာ တသက်လုံး ရေးထွင်းထားမှာ ဖြစ်ပါတယ်။ ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ”ဟု ပြောကြ၏။

ထိုညတွင် မြို့ဝန်က ယင်းတို့ကို ညစာစားပွဲဖြင့် ဧည့်ခံ၏။

နောက်နေ့ နံနက်စောစောတွင် ထွက်ခွာရန် ပြင်ဆင်ကြ၏။ ညှိထားသော အမွေးတိုင် များကို လှည်းသုံးစီးတွင် တင်၏။ နတ်ငှက်နှင့် နဂါးပုံ ရေးဆွဲထားသော သေတ္တာတွင် တော်သုံးစိမ်ရည်ပုလင်းများကို ထည့်ကာ အထမ်းသမားများက သယ်ဆောင်ကြရ၏။ အထမ်းသမား နောက်တစုက ရွှေပြား၊ ငွေပြားများ၊ ဖဲနီ၊ ဖဲစိမ်း အလိပ်များကို သယ်ကြ၏။ မင်းကြီး၏ အမိန့်စာကိုမူ အမိုးပါသော ဝေါယာ်တခုပေါ်တွင် တင်ကာ ထမ်းလာကြရာ ယင်း ဝေါယာ်၏ ဘေးမှ စစ်သူကြီးစူက မြင်းစီး၍ လိုက်ပါလာ၏။ မြို့ဝန်မှာ ဝေါနောက်မှ မြင်းစီး၍ လိုက်ပါလာ၏။ သူ့နောက်မှ ဝုရုံတို့ လိုက်ပါလာကြ၏။ ပစ္စည်းသယ်သူများရှေ့တွင် မြင်းစီးစစ်သည်တို့က ရွှေစာလုံးထိုးထားသော အဝါရောင်တံခွန်ကြီးကို သယ်ဆောင်လာ ကြ၏။ တံခွန်များ တလွင့်လွင့်ထူကာ ရွှေရောင်စည်များကို တီးခတ်လာသော တပ်များက ရှေ့ဆုံးမှ ချီတက်လာခဲ့ကြ၏။

ဆယ်လီခန့် သွားပြီးသောအခါ ပထမ တထောက်နားစခန်းသို့ ရောက်လေ၏။ အလံ များ တလွင့်လွင့်ထူကာ မြိုင်မြိုင်ကြီး တီးမှုတ်ကာ ကြိုဆိုနေသည်ကို စစ်သူကြီးစူက သတိထားမိ၏။ နောက်ထပ် လီနှစ်ဆယ် သုံးဆယ်ခန့် ရောက်သောအခါ နောက် တထောက်နား စခန်းတခုသို့ ရောက်ပြန်၏။ အမွေးတိုင်အငွေ့များ ရစ်ဝဲနေသည့် ကြားထဲမှ စုန်ကျန့်နှင့် လူကွမ်းယီတို့ ဒူးထောက်နေကြပြီး သူတို့နောက်တွင် တောပုန်းခေါင်းဆောင်ကြီးငယ်တို့ စနစ်တကျ တန်းစီကာ ဒူးထောက်ကာ အမိန့်တော်ကြီးကို ကြိုဆိုနေသည်ကို လှမ်း၍ မြင်ရ လေ၏။

“အားလုံးမြင်းစီးကြ” ဟု စစ်သူကြီးက အမိန့်ပေး၏။

အင်းရေစပ်အထိ မြင်းစီး၍ လာခဲ့ကြပြီး လှေကြီးလှေငယ်များဖြင့် သဲသိင်္ဂါဆိပ်ကမ်း သို့ ကူးခဲ့ကြ၏။ တောင်တက်လမ်း တလျှောက်ရှိ တောင်ကြားတံခါးများမှ ဂီတသံများမှာ လည်း မိုးထက်သို့ လျှံ၍ တက်နေ၏။ တိမ်လိပ်များကို တထောင်းထောင်းထနေသော အမွေးနံ့သာငွေ့များကို ဖြတ်ကာ စစ်သည်များ၊ ပွဲခံသူများ ပါဝင်သည်။ လူတန်းရှည်ကြီး သည် သစ္စာခန်းမထဲသို့ စီးဝင်သွားလေ၏။

အမွေးတိုင်အိုးများနှင့် အမိန့်စာ တင်ထားသည့် ဝေါတို့ကို ခန်းမထဲသို့ သွင်းလာကြ၏။ ခန်းမအလယ်တည့်တည့်တွင် တော်သုံးရွှေဝါရောင်အောက်ခံတွင် နဂါးနှင့် နတ်ငှက်ပုံများ ဖော်ထားသည့် စားပွဲခင်း ခင်းထားသည့် စားပွဲတလုံးကို တည်ခင်းထား၏။ အမိန့်စာချွန်ကို ယင်းစားပွဲပေါ်တွင် တင်၏။ ရွှေပြားနှင့် ငွေပြားများကို ဝဲဘက် စားပွဲပေါ်တွင် လည်းကောင်း၊ ဖဲနီဖဲစိမ်းလိပ်များကို ယာဘက်စားပွဲပေါ်တွင် လည်းကောင်း တင်ထားကြ၏။ တော်သုံး စိမ်ရည်နှင့် ပိတ်အုပ်များကိုမူ စားပွဲများရှေ့ရှိ ကြမ်းပြင်တွင် ပုံထားကြ၏။ ရွှေအမွေးတိုင်

ခွက်တခုထဲမှ အလွန်အနံ့သင်းသော အငွေ့များက တလူလူ ထလျက်ရှိ၏။

စစ်သူကြီးစူနှင့် မြို့ဝန်ချန်းတို့ကို စုန်ကျန့်နှင့် လူကွမ်းယီတို့က ဂုဏ်ပြုခံနေရာများသို့ လိုက်ပို့ကြ၏။ ရှောင်ရန်းနှင့် ကွေ့ဟိုတို့က ဝဲဘက်တွင်၊ ဖေရှန်းနှင့် ယန်ချင်းက ယာဘက် တွင် အသီးသီး ရပ်နေကြ၏။ ဒူးထောက်နေကြသော လူကွမ်းယီနှင့် ကျန်သူအားလုံးသည် ဖေရှန်းက အမိန့်ပေးလိုက်သောအခါ ကန်တော့လိုက်ကြ၏။ ရှောင်ရန်းက အမိန့်တော်ကို ဖတ်ပြလေ၏-

အမိန့်တော်။ ထီးနန်းဆက်ခံချိန်မှစ၍ ငါသည် တရားနှင့်အညီ ဖြောင့်မတ်စွာ စိုးစံခဲ့သည်။ လောကကြီးကို ပွဲသဘင်တို့ဖြင့် ပြောင်းလဲခဲ့၏။ ငြိမ်းချမ်းရေးကို ဆုပေးခြင်း၊ ဒဏ်ပေး ခြင်းတို့ဖြင့် ဆောင်ကြဉ်းခဲ့၏။ မှူးမတ်ကောင်းများကို စုဆောင်းရာတွင် လည်းကောင်း ပြည်သူကို ချစ်မြတ်နိုးရာတွင်လည်းကောင်းငါ မေ့လျော့သည်မရှိခဲ့။ နယ်မြေအနှံ့တွင်ပင် အလှူဒါနပြုကာ ပြည်သူ အားလုံး အညီအမျှ စိတ်ချမ်းသာစေခဲ့၏။ ပြည်သူတို့ ငါ၏ ကရုဏာတော်ကို လက်ခံရရှိနေကြ၏။ ကလေးငယ်များပင် ငါ၏ ကရုဏာကို သိကြ၏။ စုန်ကျန့်၊ လူကွမ်းယီတို့ အဖွဲ့သားများသည် သစ္စာရှိကြ၏။ ဖြောင့်မတ်ကြပေ၏။ အကြမ်း ဖက်ဆောင်ရွက်ခြင်း မရှိကြပေ။ ကြာမြင့်စွာကပင် ပြန်လာကြကာ ကျေးဇူးသစ္စာ စောင့်သိကြောင်းကို ပြလိုလျက် ရှိကြ၏။ ပြစ်မှုများကို ကျူးလွန်ခဲ့ကြလင့်ကစား အကြောင်းမဲ့ကား မဟုတ်ကြပေ။ ထိုသို့ ရိုးသားမှုကြောင့် ကိုယ်တော် များစွာ ကရုဏာသက်မိပေ၏။ လျှံရှန်း ကျူးအင်းတွင် ခုလောလောဆယ် နေထိုင်နေကြသော စုန်ကျန့်နှင့် အခြားအပြစ်ရှိသူများ ကို ငါ၏ လွတ်ငြိမ်းမိန့်ကို ပေးအပ်ရန် စစ်သူကြီးစူအား အမိန့်တော်ရှိလိုက်၏။ စုန်ကျန့်နှင့် အခြားအကြီးတန်းခေါင်းဆောင် သုံးဆယ့်ခြောက်ဦးကို ရွှေပြား သုံးဆယ့်ခြောက်ချပ်၊ ဖဲနီ သုံးဆယ့်ခြောက်လိပ်ကို လည်းကောင်း၊ အငယ်တန်းခေါင်းဆောင် ခုနစ်ဆယ့်နှစ်ဦးကို ငွေပြား ခုနစ်ဆယ့်နှစ်ချပ်နှင့် ဖဲစိမ်း ခုနစ်ဆယ့်နှစ်လိပ်ကို လည်းကောင်း ချီးမြှင့်လိုက် သည်။ ဤအမိန့်တော်ကို ထုတ်ပြန်သည့် နေ့မှ စ၍ သံသယများကို ဖယ်ရှားကာ အမြန်ဝင်ရောက်လာကြစေ။ အရေးပါသော တာဝန်များကို အပ်နှင်းရန် ရှိသည်။

ဤအမိန့်တော်အား ပြည်သူအများ ကြားသိစေရန် ထုတ်ပြန်စေ။

ရှွမ်ဟော့ စတုတ္ထနှစ် နွေဦး ဒုတိယလ ×××× ရက်။

"အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ" ဟု စုန်ကျန့်တို့က ဟစ်ကြွေးလိုက် ကြပြီး ဒူးထောက်ကာ ကန်တော့လိုက်ကြ၏။ ဖော့ရှန်းက လူစာရင်းကို ခေါ်ပေးရာ စစ်သူကြီး စူက လက်ဆောင်များကို တဦးစီ ပေးအပ်၏။ တော်သုံးသေရည်အိုးများကို ဖွင့်ကာ ငွေ ဖလားကြီးတလုံးတွင် စု၍ ထည့်၏။ ယင်းမှ သေရည်များကို ခပ်ယူကာ နွေးပြီးမှ ငွေ သေရည်အိုးထဲသို့ ထည့်၏။ စစ်သူကြီးစူက ရွှေခွက်တလုံးတွင် သေရည်ဖြည့်လိုက်ကာ တောပုန်းခေါင်းဆောင်များသို့ လှမ်း၍ ပြော၏။

"ဘုန်းတော်ကြီးလှသောဘုရားရဲ့ အမိန့်အရ ဒီတော်သုံးသေရည်ကို လက်ဆောင် အဖြစ်နဲ့ ကျုပ် ယူလာခဲ့တယ်။ မကြောက်ကြပါနဲ့ စစ်သည်တော်တို့။ ကြည့်ကြပါ။ ခင်ဗျား တို့ရှေ့မှာ ကျုပ် သောက်ပြမယ်"

တခွက်လုံးကုန်အောင် သောက်ပြလိုက်ရာ တောပုန်းများ၏ ကျေးဇူးစကားသံများ ထွက်လာလေ၏။ စစ်သူကြီးစူက ထပ်ဖြည့်လိုက်ပြီး စုန်ကျန့်ကို ကမ်းလိုက်ရာ စုန်ကျန့်က ဒူးထောက်ချကာ ယူပြီး သောက်လိုက်၏။ လူကွမ်းယီ၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့ကို အစဉ် အတိုင်း လက်ဆင့်ကမ်းလိုက်ကြ၏။ နောက်ဆုံးတွင် စစ်သူကြီးစူက ခေါင်းဆောင် တရာ့ ရှစ်ယောက်စလုံးကို တပြိုင်တည်း ခွက်မြှောက်ကာ ဂုဏ်ပြု၏။ စုန်ကျန့်က သေရည်ကို ငှဲ့ပေးရန် ညွှန်ကြားလိုက်ပြီး စစ်သူကြီးစူကို ခန်းမအလယ် တွင် နေရာပေး၏။ ခေါင်းဆောင်များက အရိုအသေပေးကြ၏။ ထို့နောက် စုန်ကျန့်က-"ကျွန်တော်က စစ်သူကြီးမင်းကို အနောက်တောင်တော် ဘုရားကျောင်းမှာ တွေ့ခွင့် ကြုံခဲ့ပါတယ်။ စစ်သူကြီးမင်းရဲ့ ကြင်နာမှုကို အထူးကျေးဇူးတင်ပါတယ်။ စစ်သူကြီးမင်းနဲ့ ဘုန်းတော်ကြီးလှသောဘုရား အပါးမှာ ရှိနေကြတဲ့ သူတွေရဲ့ ကျေးဇူးကြောင့် ကျွန်တော်နဲ့ ကျွန်တော့်လူတွေမှာ နေမင်းကို တခါ ပြန်မြင်ခွင့် ရခဲ့ပါပြီ။ ကျွန်တော်တို့ ဒါကို ဘယ်တော့မှ မမေ့ပါဘူး"

"ခင်ဗျားတို့ ဘယ်လောက် သစ္စာရှိသလဲ ကျုပ်သိပါတယ်။ မိုးကောင်းကင်ကိုယ်စား ခင်ဗျားတို့ ဆောင်ရွက်နေပေမယ့် မတရား အပြုခံထားရမှန်းကိုတော့ မသိခဲ့ရဘူးဗျာ။ ဒါ ကြောင့် ခင်ဗျားတို့အတွက် တခွန်းမှ ဝင်မပြောခဲ့ဘူး။ ဒီလို နှောင့်နှေးခဲ့လို့ ကျုပ် စိတ် မကောင်းပါဘူး။ စစ်ဦးစီးမှူးဝင်ရဲ့ စာနဲ့ ခင်ဗျားတို့ဆီက ရက်ရက်ရောရော ပေးလိုက်တဲ့ လက်ဆောင်တွေ ရမှပဲ ဘာတွေ ဖြစ်နေလဲဆိုတာ သိလာရပါတော့တယ်။ တနေ့မှာ နံ့သာ နန်းဆောင်မှာ ဘုန်းတော်ကြီးလှသောဘုရားနဲ့ နှစ်ဦးတည်း တွေ့ ခွင့်ကြုံလို့ လျှောက်တင် ခွင့်ရခဲ့ပါတယ်။ ဘုန်းတော်ကြီးလှသောဘုရားကလည်း စစ်ဆေးကြည့်လို့ မှန်နေတာကို လည်း တွေ့သွားတော့ နောက်တနေ့ ညီလာခံမှာ

စစ်ဝန်ကြီးတုန်ဂွမ်ကို ဗိုလ်ပုံလယ်မှာ ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။ စစ်သူကြီးကောက်ကျူကိုလည်း အကြိမ်ကြိမ် ဆုံးရှုံးခဲ့လို့ အပြစ်တင်ပါတယ်။ ဒါတင် မကသေးဘူး၊ စာရေးကိရိယာတွေကို ယူခိုင်းလိုက်ပြီး လွတ်ငြိမ်း မိန့်ကို ကိုယ်တိုင် ရေးပါတော့တယ်။ ကျုပ်ကိုလည်း ခင်ဗျားတို့အတွက် လက်ဆောင် တွေကို ယူသွားဖို့ တာဝန်ပေးပါတယ်။ ဒီတော့ ခင်ဗျားတို့လည်း ဒီမှာရှိတဲ့ အလုပ်တွေကို မြန်မြန်လေး လက်စသတ်ပြီး နေပြည်တော်ကို လာသတင်းပို့စေချင်ပါတယ်။ ဘုန်းတော် ကြီးလှသောဘုရားရဲ့ ကရုဏာနဲ့ ထိုက်တန်တဲ့အကြောင်း ပြကြရမယ်ဗျ”

အားလုံးကပင် ကျေနပ်သွားကြပြီး ကျေးဇူးတင်ကြောင်းကို လေးလေးစားစား ပြော ကြလေ၏။ စုန်ကျန့်က စစ်ဦးစီးမှူးဝင်ကိုပါ ဖိတ်ခေါ်လိုက်သဖြင့် စူနှင့် ဝင် ငယ်သူငယ်ချင်း နှစ်ဦးတို့ ပျော်ရွှင်စွာ ပြန်ပေါင်းထုပ်မိကြလေ၏။ သူတို့၏ အပျော်သည်လည်း ခန်းမတခု လုံးသို့ ကူးစက်သွားလေ၏။ စစ်ဦးစီးမှူးဝင်နှင့် မြို့ဝန်ချန်းတို့က စစ်သူကြီးစူနှင့် မျက်နှာ ချင်းဆိုင်တွင် နေရာယူကြလေ၏။ ကျန်သူများသည်လည်း စားပွဲများတွင် အဆင့်အလိုက် နေရာယူကြ၏။ ဆုတောင်းခွက်မြှောက်ကာ သောက်ကြသည်မှာလည်း အကြိမ်ကြိမ်ပင် ဖြစ်သည်။ ခန်းမအပြင်ဘက်ရှိ တီးဝိုင်းကလည်း အားတက်သရော တီးမှုတ်လျက် ရှိ၏။ စားဖွယ်သောက်ဖွယ်များမှာ ထွေပြားဆန်းကြယ်စွာ စီမံချက်ပြုတ်ထားခြင်း မဟုတ်စေ ကာမူ အသားများ တောင်လိုပုံကာ စိမ်ရည်များက ပင်လယ်ဝေနေ၏။ အားလုံးကပင် အဝအပြဲ သောက်စားကြသဖြင့် အိပ်ဆောင်များသို့ အတွဲအထူများဖြင့် ပို့ကြရလေ၏။

နောက်တနေ့တွင်လည်း စားပွဲသောက်ပွဲ ဆက်ကြပြန်၏။ ရှေးဟောင်းနှောင်းဖြစ်များ၊ ရည်မှန်းချက်များကို သောသောည်နေအောင် ပြောကြ၏။ တတိယနေ့တွင်လည်း ဆက်၍ ကျွေးမွေးကြသည့်အပြင် စစ်သူကြီးစူကိုလည်း တောင်ရိုးခံတပ်တလျှောက် လိုက်၍ ပြသ ကြလေ၏။ မှောင်စလောက်တွင် အိပ်ဆောင်များသို့ ပြန်ရောက်ချိန်တွင် အများစုမှာ သေရည်ဝနေပြီဖြစ်၏။ ဤသို့ဖြင့် ရက်အတန်ကြာသွားလေရာ စုန်ကျန့်တို့က မပြန်စေချင် သေးသော်လည်း စစ်သူကြီးစူက နေပြည်တော်ကို ပြန်မှ ဖြစ်မည်ဟု ပြော၏။

စစ်သူကြီးစူက ရှင်းပြ၏။

“ခင်ဗျားတို့ နားမလည်ဘူးဗျ။ ကျုပ် အမိန့်တော်လာပို့တာ တော်တော်လေးလည်း ကြာသွားပြီ။ ခင်ဗျားတို့ သူရဲကောင်းတွေလည်း ချက်ချင်းပြန်ဝင်ကြရင် ကောင်းမယ်။ မဟုတ်ရင် မနာလိုကြတဲ့ မှူးမတ်တွေက အတင်းအဖျင်း ပြောကြတော့မယ်”

စုန်ကျန့်က-

"ကျွန်တော်တို့က ဆက်ပြီး နေစေချင်သေးတယ်။ ဒါပေမဲ့ စစ်သူကြီးမင်းက ပြန်မှ ဖြစ်မယ်ဆိုရင်တော့ မတားတော့ပါဘူးဗျာ။ ဒီနေ့ တရက်လောက်ပဲ သောက်ကြရအောင်၊ မနက်ဖြန် မနက်စောစော ခင်ဗျားကို လိုက်ပို့ကြပါ့မယ်"

ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြပြန်၏။ ခွက်မြှောက်ကြ၊ ကျေးဇူးစကား ပြောကြ ၏။ စစ်သူကြီးစူကလည်း အားပေးသော စကားများ ကတိစကားများကို ပြန်ပြော၏။ မိုးချုပ် သည်အထိ သောက်စားကြ၏။

နောက်တနေ့ နံနက်တွင် မြင်းများ၊ လှည်းများကို အသင့်ပြင်ကြ၏။ စုန်ကျန့်က ရွှေနှင့် ငွေများကို ကလပ်နှင့် တင်ကာ စူ၏ အိပ်ခန်းဆောင်သို့ ယူလာကာ လေးလေးစားစား ပေးအပ်၏။ စုန်ကျန့်က အကြိမ်ကြိမ်တိုက်တွန်းမှ စစ်သူကြီးက လက်ခံကာ အဝတ်အစား သေတ္တာထဲတွင် ထည့်လိုက်၏။ ထို့နောက် ပစ္စည်းများကို ထုပ်ပိုးကာ မြင်းကို ကုန်းတင်လိုက် ပြီး ပြန်ရန် ပြင်ဆင်၏။ သူနှင့်အတူ ပြန်လိုက်မည့် သူများကိုလည်း အစားအသောက်များ ကျွေးမွေးကာ ငွေနှင့် အဝတ်အထည်များကိုလည်း ဆုချလိုက်သဖြင့် ထိုသူတို့လည်း တအံ့ တသြ ဖြစ်ကြရလေ၏။ စစ်ဦးစီးမှူးဝင်နှင့် မြို့ဝန်ချန်းတို့ကိုလည်း ရွှေနှင့် အဖိုးတန်ပစ္စည်း များကို လက်ဆောင်ပေး၏။ စုန်ကျန့်က အတင်းပေးသဖြင့်သာ သူတို့လည်း လက်ခံကြ၏။ စစ်ဦးစီးမှူးဝင်မှာ စစ်သူကြီးစူနှင့်အတူ ပြန်သွားရမည် ဖြစ်၏။

ရွှေရောင်စည်များကို တဗိန်းဗိန်းမြည်အောင် တီးကာ ပလွေသံ တဗွီဗွီမြည်အောင် မှုတ်ကာ စစ်သူကြီးစူကို နှုတ်ဆက်ကြ၏။ ခေါင်းဆောင်များက တောင်ပေါ်မှသည် လီ သုံးဆယ် ကွာဝေးသော နေရာအထိ လိုက်ပို့ကြ၏။ ယင်း နေရာတွင် မြင်းပေါ်မှ ဆင်းကာ နှုတ်ဆက်သည့်အနေဖြင့် ခွက်မြှောက်ကာ သောက်ကြပြန်လေ၏။

စုန်ကျန့်က-

"ဘုန်းတော်ကြီးလုသောဘုရားနဲ့ တွေ့ရင် သေသေချာချာ လျှောက်တင်ပေးပါ" ဟု ဆို၏။

"စိတ်ချပါဗျာ။ ခင်ဗျားတို့လည်း အလုပ်တွေကို လက်စသတ်ပြီး နေပြည်တော်ကို အမြန်ဆုံး လာခဲ့ကြပါ။ ခင်ဗျားတို့တပ်တွေ နေပြည်တော်နဲ့ နီးတဲ့အခါကျရင် တယောက် ယောက်ကို ကြိုလွှတ်ပြီး ကျုပ်ဆီကို အကြောင်းကြားလိုက်။ ဘုန်းတော်ကြီးလုသော ဘုရားကို လျှောက်တင်ပြီး ကြိုဆိုရေးအဖွဲ့ကို လွှတ်လိုက်မယ်။ ဒါကိုတော့ စနစ်တကျ လုပ်စေချင်တယ်"

“စစ်သူကြီးမင်း၊ တခုတော့ တောင်းပန်ပါရစေ။ ဒီကျူးအင်းထဲမှာ ပထမစခန်းဆောက် ခဲ့တာက ဗိုလ်ဝမ်လုံပါ။ သူ့ကို နောင်ကြီးကျောက်ခဲက ဆက်ခံတယ်။ ပြီးတော့ ကျွန်တော် ပေါ့။ ဒီလို အုပ်ချုပ်နေခဲ့တာလည်း ကြာပြီဆိုတော့ ဘေးအနီးအနားက ရပ်ရွာလူထုလည်း အတော်လေးကို နစ်နာခဲ့ကြမှာပဲ။ နောက် ဆယ်ရက်လောက်အတွင်းမှာ ကျွန်တော်တို့ ပစ္စည်းဥစ္စာတွေကို သူတို့ကို ခွဲဝေပေးချင်တယ်ဗျာ။ အဲဒီကိစ္စ ပြီးရင်တော့ နေပြည်တော်ကို အမြန်ဆုံး လိုက်လာခဲ့ပါမယ်။ ဒီကိစ္စလေးကို ဘုန်းတော်ကြီးလှသောဘုရားကို တင်လျှောက် ပေးပါလား ခင်ဗျာ။ ကျွန်တော်တို့ အချိန်ရအောင်လို့ပါ”

စစ်သူကြီးစူက သဘောတူ၏။ ထို့နောက် နှုတ်ဆက်ကာ ကျီစုသို့ ထွက်ခဲ့၏။ စုန်ကျန့်တို့လည်း ပြန်ခဲ့ကြပြီး သစ္စာခန်းမသို့ လူစုကြရန် စည်တီး၍ ခေါ်ကြ၏။ လူစုံသောအခါ စုန်ကျန့်က စကားစ၏။

“နောင်ကြီးတို့၊ ဗိုလ်ဝမ်လုံက စတင် ထူထောင်ပြီး နောင်ကြီးကျောက်ခဲက အင်အား ခိုင်မာအောင် လုပ်ခဲ့လို့ ဒီစခန်း ဟာ ထွန်းကား စည်ပင်လာခဲ့တယ်။ နောင်ကြီးတို့က ကျွန်တော့်ကို ကယ်တင်ခဲ့ပြီး ခေါင်းဆောင်အဖြစ်နဲ့ ရွေးချယ်ခဲ့တာလည်း တော်တော်ကြာပါပြီ။ ဒီနေ့မှာတော့ ကျွန်တော်တို့ကို လွတ်ငြိမ်းခွင့် ပေးလိုက်ပြီဖြစ်လို့ ကျွန်တော်တို့လည်း နေမင်းရဲ့ မျက်နှာကို ပြန်မြင်ခဲ့ရပြီ ဖြစ်ပါတယ်။ မကြာခင်မှာ ကျွန်တော်တို့လည်း နေပြည်တော်ကို သွားပြီး ဒီတိုင်းပြည်ရဲ့ တာဝန်ကို ထမ်းဆောင်ရပါတော့မယ်။ ကျွန်တော်တို့ သားမယားတွေ၊ သားသမီးတွေအတွက် ဂုဏ်တင့်စရာ၊ အခြေမြင့်စရာ ပြန်ဖြစ်ပါတော့ မယ်။ ငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားရပါတော့မယ်။ အားလုံးနဲ့ဆိုင်တဲ့ ပစ္စည်းတွေ လက်ဝယ်ရှိနေတဲ့ သူတွေက ဘဏ္ဍာတိုက်ကို သွားအပ်ကြပါ။ ဒါမှ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အတိုင်း ကျွန်တော်တို့ အညီအမျှ ခွဲဝေယူနိုင်ကြပါလိမ့်မယ်။

“ကျွန်တော်တို့ တရာ့ရှစ်ယောက်စလုံးဟာ ကြယ်တွေပါပဲ။ နေလည်း အတူနေကြ မယ်။ သေလည်း အတူသေကြမယ်။ မင်းကြီးရဲ့ လွတ်ငြိမ်းအမိန့်ကြောင့် ကျွန်တော်တို့ အပြစ်တွေက ကင်းလွတ်ကုန်ပါပြီ။ မကြာခင်မှာ နေပြည်တော်ကို သွားပြီး မင်းကြီးနဲ့ တွေ့ ကြရပါတော့မယ်။ မင်းကြီးရဲ့ ကရုဏာတော်နဲ့ ထိုက်တန်ဖို့ လိုပါတယ်။ အခြားအရာရှိများ အနေနဲ့ကတော့ တချို့ကလည်း ကျွန်တော်တို့နဲ့ လာပူးပေါင်းကြပါတယ်။ တချို့ကျတော့ အခြားသူတွေနောက်က ပါလာတာ ဖြစ်ကြတယ်။ တချို့ကတော့ ကွပ်ကဲဖို့ တပ် မရှိတော့တဲ့ ဗိုလ်မင်းတွေ၊ တချို့ကျတော့ အဖမ်းခံရသူတွေ ဖြစ်ကြပါတယ်။ ခင်ဗျားတို့ကတော့ နေပြည် တော်ကို လိုက်ချင်ရင်လည်း စာရင်းပေးကြပါ။ မလိုက်ချင်ရင်လည်း

နုတ်ထွက်နိုင်ကြ ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် ငွေကြေး ချီးမြှင့်လိုက်ပါမယ်။ သာမန်အရပ်သားဘဝကို ပြန်နိုင်ကြပါတယ်”

စုန်ကျန့်၏ ညွှန်ကြားချက်အရ ဖေရွှန်းနှင့် ရှောင်ရန်းတို့က စာရင်းနှစ်စောင်ကို ပြုစုကြ ၏။ တပ်တော်သုံးခုအတွင်းတွင် ဆွေးနွေးကြပြီးနောက် အင်အား လေးထောင် ငါးထောင် ခန့်က နုတ်ထွက်ကြလေ၏။ စုန်ကျန့်က ငွေကြေးနှင့် ဆုလာဘ်များပေးကာ ပြန်လွှတ်လိုက် လေ၏။ နေခဲ့ချင်သူများကိုလည်း စာရင်းသွင်းထားလိုက်၏။

နောက်တနေ့တွင် စုန်ကျန့်နှင့် ရှောင်ရန်းက ကြေညာချက်များကို ရေးကာ အနီးအနားရှိမြို့များ၊ ရွာများသို့ သွားကာ ကပ်ထားစေ၏။ ဆယ်ရက်ကြာသော စခန်းပိတ်ပွဲကို ဝင်ပါရန်၊ တောင်ရိုးသို့ လာခဲ့ရန် လူတိုင်းကို ဖိတ်ခေါ်ထား၏။ ကြေညာချက်မှာ အောက်ပါအတိုင်း ဖြစ်၏-

> **လျံ့ရှန်းကျူအင်းနေ စုန်ကျန့်နှင့် စစ်သည်တော်တို့မှ အကြောင်းကြားခြင်း။ ယခင်အချိန် များက ဤတောင်ကုန်းများ၊ တောအုပ်များတွင် ကျွန်ုပ်တို့ နေထိုင်ခဲ့သဖြင့် အနီးအနားမှ လူထုတို့မှာ အနှောင့်အယှက် အတန်ခံခဲ့ရပေမည်။ ယခုအခါ ဘုန်းတော်ကြီးလှသော ဘုရားက ကျွန်ုပ်တို့၏ ပြစ်မှုများမှ လွတ်ငြိမ်းလိုက်ပြီ ဖြစ်သောကြောင့် ကျွန်ုပ်တို့လည်း မင်းမှုထမ်းကြတော့မည် ဖြစ် ပေ ၏။ သင်တို့အား ပေးလျော်လိုသောကြောင့် ဆယ်ရက် ကြာ စခန်းပိတ်ပွဲကို ကျင်းပမည်။ ကျွန်ုပ်တို့၏ ပစ္စည်းများကို သင်တို့အား အခမဲ့ ပေးဝေမည်။ ဤအကြောင်းမှာ လုံးဝ မှန်ကန် ပါသည်။ သံသယမရှိကြပါနှင့်။ ကြွရောက် ချီးမြှင့်ကြပါက ကျွန်ုပ်တို့က ဝမ်းမြောက်ရပေမည်။**
>
> **ရွှန်ဟော့ စတုတ္ထနှစ် တတိယလ ×××× ရက်။**
>
> **လျံ့ရှန်းကျူအင်းမှ စုန်ကျန့်နှင့် စစ်သည်တော်များ။**

ဘဏ္ဍာတိုက်မှ ရွှေထည်များ၊ လက်ဝတ်ရတနာများ၊ ပိုးဖဲများကို ခေါင်းဆောင်များ၊ အရာရှိများ၊ စစ်သည်များကို ဝေငှပေး၏။ မင်းကြီးကို ပဏ္ဏာဆက်ရန် အတွက်လည်း ပစ္စည်း များကို ဖယ်ထား၏။ ကျန်ပစ္စည်းများကို စခန်းထဲတွင် စုပုံထားကာ ဆယ်ရက်တာအချိန် အတွင်းတွင် ဖြန့်ဝေပေးမည် ဖြစ်၏။

တတိယလ သုံးရက်နေ့မှ ဆယ့်သုံးရက်အတွင်းတွင် ဗန်းများ ရွက်ကာ အိတ်ခွံများကို ဆွဲကာ အုပ်နှင့် ချီ၍ လာသော လူထုကို အသားနှင့် စိမ်ရည် ဖောဖောသီသီ ကျွေးမွေး၏။ ဆုံးရှုံးခဲ့ရသော ပစ္စည်းတန်ဖိုး၏ ဆယ်ဆကို လျော်ပေးရန် စုန်ကျန့်က ညွှန်ကြား၏။ လျော် ကြေး ရရှိသူများကလည်း

ပျော်ပျော်ရွှင်ရွှင်နှင့် သူ့ကို ကျေးဇူးတင်စကား ပြောသွားကြ၏။ စခန်းပိတ်ပွဲ ပြီးဆုံးသောအခါ နေပြည်တော်သို့ သွားရန် ထုပ်ပိုးပြင်ဆင်ကြ၏။ စစ် သည်များ၏ မိသားစုများ နေရင်းဇာတိသို့ ပြန်သင့်သည်ဟု စုန်ကျန့်က ယူဆ၏။ ဝုရုံက လက်မခံ။ သူ့တွင် အခြားအကြံ ရှိနေ၏။

"သူတို့ကို ဒီမှာပဲ ထားလိုက်တာ ပိုကောင်းမယ်၊ နောင်ကြီး။ မင်းကြီးကို ဖူးပြီး သူကရုဏာစိတ်ထားတာ သေချာမှ အိမ်ပြန်ကြရင်လည်း နောက်မကျသေးပါဘူး"

စုန်ကျန့်က သဘောပေါက်သွား၏။ "နောင်ကြီးပြောတာ မှန်တယ်" ဟု ဆိုကာ ခေါင်း ဆောင်များကို ဆက်လက် ထုပ်ပိုးစေ၏။ ထို့အတူ တပ်များကိုလည်း ပြန်လည် စုဖွဲ့စေ၏။ မကြာခင် သူတို့ ခရီး စထွက်ကြ၏။ ကျီစုသို့ ဝင်ကာ မြို့ဝန်ကို ကျေးဇူးစကား လှိုက်လှဲ စွာ ပြောကြ၏။ မြို့ဝန်က စားသောက်ပွဲကြီး တည်ခင်းကာ ဧည့်ခံပြီး တပ်တော်သုံးတပ်စလုံး မှ စစ်သည်များကို ဆုချီးမြှင့်၏။ ထို့နောက် ဆက်ထွက်ခဲ့ကြ၏။

အင်အား ခြောက်ရာ ခုနစ်ရာရှိသော ရှေ့ပြေးတပ်ကို အရင်လွှတ်ကာ အရှေ့နေပြည် တော်သို့ ချီတက်ခဲ့ကြ၏။ ထိုက်ချုံနှင့် ယန်ချင်းတို့မှာ စစ်သူကြီးစူကို အကြောင်းကြားရန် ကြို၍ သွားနှင့်ကြပြီဖြစ်၏။ စစ်သူကြီးကလည်း ချက်ချင်းပင် မင်းကြီးကို လျှောက်တင် လိုက်၏။

မင်းကြီးလည်း များစွာ ကျေနပ်သွား၏။ စစ်သူကြီးနှင့်အတူ အုပ်ချုပ်ရေးမှူးကို အလံ တံခွန်များ ထူကာ ကြိုခိုင်းလိုက်၏။

တောပုန်းတပ်များသည် စနစ်တကျ တပ်ဖွဲ့ပုံဖြင့် ချီတက်လာကြသည်။ ရှေ့ဆုံးတွင် တံခွန်ကြီးနှစ်လက်ကို ထူကာ ကိုင်လာကြ၏။ တခုတွင် "မိုးကောင်းကင်ကို နာခံ' ဟု လည်းကောင်း၊ ကျန်တခုတွင် "တိုင်းပြည်ကိုကာကွယ်"ဟု လည်းကောင်း ရေးသားထား၏။

ခေါင်းဆောင်အားလုံးမှာ ချပ်ဝတ်တန်ဆာများ ဝတ်ထားကြ၏။ ပိုးခေါင်းပေါင်းနက်ကို ပေါင်းလာသော ဝုရုံ၊ တာအိုဘုန်းကြီးများ ဝတ်သည့် ဖျင်းမွေးကိုယ်ရုံကို ဝတ်လာသော ကုန်ဆွန်ရှန်း၊ ဘုရားဖူးတဦးလို ဝတ်လုံနက်ကို ဝတ်လာသော ဝုဆုန်တို့မှအပ ကျန်သူများ မှာ သံချပ်ကာ စစ်ဝတ်စုံများကို ဝတ်လာကြ၏။

မြို့တော်နားသို့ ရောက်လာသောအခါ အလံများ၊ တံခွန်များနှင့် အတူလာနေသော စစ်သူကြီး စူတို့ကို ရှေ့ဖျားတပ်မှ မြင်ရ၏။ သတင်းပို့လိုက်သဖြင့် စုန်ကျန့်နှင့် ခေါင်းဆောင် များ ရှေ့သို့ တက်လာကာ စစ်သူကြီးစူကို

နှုတ်ဆက်ကြ၏။ ထို့နောက် မြို့အရှေ့ဘက်တံခါး ရှေ့တွင် စခန်းချကာ မင်းကြီး၏ အမိန့်ကို စောင့်နေကြ၏။

စစ်သူကြီးစူက မြို့တွင်းသို့ ပြန်ကာ အကြောင်းစုံကို တင်ပြကြ၏။

မင်းကြီးက-

"ငါလည်း စုန်ကျန့်တို့အကြောင်းကို တော်တော် ကြားဖူးတယ်။ အားလုံး တရာ့ ရှစ်ယောက် ရှိတယ်။ ရဲစွမ်းသတ္တိ ရှိကြတယ်။ အားလုံးက မိုးကောင်းကင် နက္ခတ်တွေကနေ ဆင်းသက်လာတယ်။ ခုတော့ သူတို့က လက်နက်ချပြီး နေပြည်တော်ကို ပြန်လာပြီး လူရိုသေ ရှင်ရိုသေ ပြည်သူတွေ ပြန်ဖြစ်ကြတော့မယ်။ ရှွန်းတေ့မျှော်စင်ကို အခမ်းအနားနဲ့ ကြွချီမယ်။ စုန်ကျန့်နဲ့ သူ့ဗိုလ်တွေ စစ်ဝတ်အပြည့်အစုံနဲ့ ခေါင်းဆောင်ပြီး သူတို့တပ်တွေ ဝင်လာခိုင်းလိုက်။ ဒါပေမဲ့ အင်အား လေးရာ ငါးရာထက်တော့ မပိုစေနဲ့။ အရှေ့က အနောက်ကိုဖြတ်ပြီး ချီတက်ကြတာကို ငါရှုစားမယ်။ပြည်သူတွေရော၊ အမှုထမ်းအရာထမ်း တွေရော ဒီ ရဲစွမ်းတဲ့ သူရဲကောင်းတွေဟာ ကိုယ်တော်ရဲ့ သစ္စာတော်ခံတွေ ဖြစ်ကုန်ပြီဆိုတာ သိစေရမယ်။ ပြီးမှ သူတို့ လက်နက်တွေ၊ စစ်ဝတ်တွေကို ချွတ်ပြီး ပေးသနားထားတဲ့ ဖဲဝတ်လုံတွေ ဝတ်စေရမယ်။ပြီးရင် ရွှေးတော်ယူတံခါးက ဝင်ကြရမယ်။ ယဉ်ကျေးဂုဏ်ရည် အဆောင်တော်မှာ ငါ အဖူးမြော်ခံမယ်"

ဤအမိန့်တော်ကို စုန်ကျန့်တို့ထံသို့ သွားရောက်ကာ ပြန်ကြားခဲ့၏။

နောက်တနေ့တွင် စုန်ကျန့်နှင့် ဖေ့ရှွန်းတို့က ကြံ့ကြံ့ခိုင်ခိုင် ထောင်ထောင်မောင်း မောင်းစစ်သည်ခြောက်ရာကို ရွေးကာ သံချပ်ကာများ ဝတ်စေ၏။ လေးမြားနှင့် ဓားများကို ကိုင်စေ၏။ ယင်းစစ်သည်များ၏ ရှေ့ဆုံးတွင် ရွှေရောင်စစ်သည်များ၊ ရောင်စုံအလံများ၊ ထို့နောက် "မိုးကောင်းကင်ကို နာခံ၊ တိုင်းပြည်ကို ကာကွယ်" ဟူသော တံခွန်ကြီးနှစ်ခု ကိုင် လျက် ချီတက်ကာ မြို့အရှေ့တံခါးမှ ဝင်ခဲ့ကြ၏။

စစ်ဘက်နယ်ဘက် အရာရှိများသာမက မြို့လူထုကပါ တုတ်ထောက်သည့် အရွယ် များကိုတွဲကာ ထူကာ၊ နို့သောက်သည့် အရွယ်များကို ချီကာပိုးကာ မြို့လုံးကျွတ်မျှ ထွက်၍ ကြည့်ကြလေ၏။ လမ်းဘေးဝဲယာတွင် တန်းစီကာ တောပုန်းများကို နတ်သားများအလား အောက်မေ့ကာ ငေးစိုက်ကြည့်နေကြ၏။ မင်းကြီးနှင့် မှူးမတ်များလည်း ရှွန်းတေ့မျှော်စင် ပေါ်မှ ကြည့်နေကြ၏။ ရွှေရောင်စဉ်များ ဖျပ်ဖျပ်ခါနေသော စွန်များ၊ နေရောင်ထဲတွင် ပြိုးခနဲ လက်သွားသော ဓားလှံများ။ ဝေ့ခနဲ ဝေ့ခနဲ လှုပ်ရှားသွားသော မြင်းခွာဆစ်မွေး ဖြူဖြူများ၊ တံခွန်နီကြီးနှစ်လက်တို့ကို တွေ့မြင်ကြရ၏။ ထို့ပြင် တီးမှုတ်၍ လာကြသော အင်အားသုံးဆယ်ခန့် ရှိသည့် မြင်းစီးတီးဝိုင်းလည်း ပါဝင်၏။

ထို့နောက်တွင်မှ ကြံ့ခိုင် ထောင်မောင်းသော စစ်သည်များ ချီတက်လာလေ၏။ ရှိချင်နှင့် ရှိပေါင်တို့က ရှေ့မှ နေ၍ လမ်းရှင်းကာ လာခဲ့၏။ ချူဝုက နောက်မှ ပိတ်၍ လိုက်လာခဲ့၏။

စုန်ကျန့်တို့ စစ်ဝတ်ကို ချွတ်ကာ အခမ်းအနားဝတ်စုံများကို လဲဝတ်ကြကာ ရှေ့တော် သို့ ဝင်ရန် ပြင်ဆင်ထားကြဖို့ မင်းကြီးက အမိန့်ချလိုက်၏။ ထိုအမိန့်ကို ရသဖြင့် စုန်ကျန့်တို့ သည် နန်းတော်တံခါးအပြင်ဘက်တွင် စစ်ဝတ်များကို ချွတ်ပြီး ဖဲနီ ဖဲစိမ်း ဝတ်လုံများကို ဝတ်ကြ၏။ ရင်ဘတ်တွင် ချီးမြှင့်ခံထားရသော ရွှေပြား၊ ငွေပြားများကို ဆွဲကြ၏။ အထူးချုပ် လုပ်ထားသော ဦးဆောင်းများကို ဆောင်းကြ၏။ အစိမ်းဖျော့ရောင် ဘွတ်ဖိနပ်များကို ဝတ် ကြ၏။ ကုန်ဆွန်ရှန်းက သူ ရသော ဖဲနီလိပ်ကို တာအိုဘုန်းကြီးဝတ်လုံအဖြစ် ချုပ်လုပ်ကာ ဝတ်ဆင်ထား၏။ ထို့အတူ ရှင်ညာဏကလည်း သင်္ကန်းအဖြစ်၊ ဝုဆုန်ကလည်း ဘုရားဖူး ဝတ်စုံအဖြစ် ချုပ်လုပ် ဝတ်ဆင်ထားကြ၏။ စုန်ကျန့်နှင့် လူကွမ်းယီက ရှေ့မှ ဦးဆောင်ကာ၊ နောက်မှ ဝုရုံနှင့် ကုန်ဆွန်ရှန်းတို့ အပါအဝင် ကျန်ခေါင်းဆောင်များ လိုက်ပါလျက် ရွှေး တော်ယူ တံခါးမှ ဝင်ခဲ့ကြ၏။ အဆောင်အယောင် အခမ်းအနားများကိုမူ ကြိုတင် ခင်းကျင်း ထားပြီး ဖြစ်၏။

နားခံတော်ကြီးမှူး၏ ဦးဆောင်မှုဖြင့် စုန်ကျန့်တို့က ရှေ့တော်သို့ ဝင်သွားကြကာ ယင်းက အမိန့်ပေးလိုက်သောအခါ တပြိုင်တည်း ကန်တော့လိုက်ရင်း “အရှင်မင်းကြီး သက်တော်ရာကျော်ရှည်ပါစေ” ဟု ကြွေးကြော်လိုက်ကြ၏။ မင်းကြီးလည်း သဘောကျ သွားကာ ရှေ့သို့ တိုး၍ ခစားစေ၏။ ထို့နောက် မင်းကြီးက ထမင်းစားပွဲ တည်ခင်းစေ၏။ တော်သုံး စိမ်ရည်ဖောက်သူများ၊ အကောင်းအမွန် အချိုပွဲပြင်ဆင်သူများ၊ မင်းကြီး၏ စားတော်ချက်များက အစွမ်းပြကြကာ စားတော်ပွဲဌာနက တာဝန်ယူ တည်ခင်း ကျွေးမွေး လေ၏။ မင်းကြီးကိုယ်တိုင် တက်ရောက် ချီးမြှင့်လေ၏။

စားသောက်ပွဲမှာ ညနေစောင်းမှ ပြီးဆုံးသွား၏။ စုန်ကျန့်တို့လည်း ပန်းများကို နားတွင် ပန်ကာ နန်းတော်မှ ထွက်ခဲ့ပြီး အနောက်တံခါးတွင် မြင်းများကို တက်၍ စီးကာ စခန်းသို့ ပြန်သွားကြလေ၏။ နောက်တနေ့တွင်လည်း မြို့တော်သို့ ဝင်ပြီး ယဉ်ကျေးဂုဏ်ရည်ခန်းမ တွင် မင်းကြီးကို ကျေးဇူးတင်ကြောင်း ပြသကြ၏။ မင်းကြီးသည် များစွာ ကျေနပ်လှသဖြင့် သူတို့အား ရာထူးရာခံများ ပေးအပ်ရန် အကြံရှိ၏။ စုန်ကျန့်တို့လည်း ကျေးဇူးစကားကို ထပ်၍ ပြောကာ စခန်းသို့ ပြန်ခဲ့ကြ၏။

သို့သော် စစ်ဝန်ကြီးက မင်းကြီးကို လျှောက်တင်လေ၏။

“ဘုန်းတော်ကြီးလှသောဘုရား၊ သူတို့က အခုမှ လက်နက်ချခါစ ဖြစ်ပြီး

ဘာမှလည်း စွမ်းရည် မပြရသေးပါ ဘုရား။ သူတို့ကို ရာထူးရာခံများ အဆောတလျင် မပေးသင့်ပါ ဘုရား။ ပထမဦးစွာ သူတို့ရဲ့ စွမ်းရည်တွေကို တိုက်ပွဲမှာ ပြသစေသင့်ပါတယ်။ ပြီးတော့ မြို့တော်ပြင်ပမှာလည်း သူတို့တွေ အင်အားထောင်ချီပြီး စခန်းချနေပါတယ်။ ဒီအခြေအနေ ကလည်း ကောင်းတဲ့အနေအထား မဟုတ်ပါ ဘုရား။ စုန်ကျန့်ဆီမှာလည်း ယခင်မြို့စောင့် တပ်က ဗိုလ်တွေ ရှိနေပါတယ်။ သူတို့လည်း သူတို့တပ်တွေဆီကို ပြန်သင့်ပါတယ် ဘုရား။ ဒီလိုပဲ အခြားတပ်တွေက အရာရှိတွေ၊ စစ်သည်တွေကိုလည်း မူရင်းတပ်တွေကို ပြန်လွှတ် သင့်ပါတယ် ဘုရား။ ကျန်တဲ့သူတွေကိုမှ တပ်ငါးတပ် ခွဲဖွဲ့ပြီး ရှန်တောင်နဲ့ ဟေပေ့နယ် အနှံ့မှာ စခန်းချထားစေသင့်ပါတယ် ဘုရား။ ဒါကမှ အလျော်ကန် အသင့်မြတ်ဆုံး ဖြစ်ပါ မယ် ဘုရား”

နောက်တနေ့တွင် မင်းကြီးက “စုန်ကျန့်၏ တပ်များကို ဖျက်သိမ်းပြီး မူရင်းတပ်ဖွဲ့ များသို့ ပြန်စေ” ဟု အမိန့်ပေးပို့လိုက်၏။

တောပုန်းခေါင်းဆောင်များလည်း ဒေါသထွက်ကြ၏။

“ငါတို့က ရွှေနန်းတော်လက်အောက်ကို ဝင်ခိုလှုံလိုက်တယ်။ ရာထူးရာခံလည်း မပေး ဘူး။ ဒါ့အပြင် ငါတို့ညီနောင်တွေကိုလည်း ခွဲပစ်တယ်။ ငါတို့က နေအတူ သေအတူလို့ သစ္စာ ပြုထားတာ။ ဒီလိုသာ အတင်းခွဲပစ်နေရင်တော့ ဘာမှ လုပ်စရာမရှိဘူး။ လျှံရှန်းကျူအင်း ကိုပဲ ပြန်တော့မယ်”

စုန်ကျန့်က အလျင်အမြန် ဟန့်တားလိုက်ကာ အုပ်ချုပ်ရေးအတွင်းဝန်ကိုလည်း အခြေအနေကို မင်းကြီးအား ရှင်းပြပေးရန် တောင်းပန်၏။ အတွင်းဝန်ကလည်း မင်းကြီး ထံသို့ တလုံးမကျန် ပြန်၍လျှောက်တင်၏။ တလုံးတပါဒမျှ ချန်မထားခဲ့ရှာပေ။ အလန့် တကြား ဖြစ်သွားသော မင်းကြီးက စစ်ဝန်ကြီးကို ခေါ် စေ၏။

ဝန်ကြီးက -

“ဒီအကောင်တွေက လက်နက်ချလိုက်တာ မှန်ပေမယ့် ဘာမှ မပြောင်းသေးပါဘူး။ မကြာခင်မှာပဲ ပြဿနာရှာတော့မှာ သေချာပါတယ် ဘုရား၊ သူတို့ခေါင်းဆောင် တရာ့ ရှစ်ယောက်လုံးကို နေပြည်တော်ထဲကို ဥပါယ်တံမျဉ်နဲ့ ခေါ်သွင်းပြီး ဖျောက်ဖျက်လိုက်ပြီး သူတို့တပ်ကို ဖြိုခွဲလိုက်ရင် သင့်မယ်လို့ မြင်ပါတယ် ဘုရား။ ဒါမှပဲ တိုင်းပြည်ကို ဘေး မသင့်အောင် ကယ်တင်နိုင်ပါ့မယ် ဘုရား”

မင်းကြီးလည်း ချီတုံချတုံ ဖြစ်နေ၏။ ထိုအခိုက်တွင် ခန်းဆီးတခုနောက်မှ

မှူးကြီး မတ်ကြီးတဦး ထွက်လာ၏။ သူကား မရန်းရောင်ဝတ်စုံကို ဝတ်ထားကာ ဆင်စွယ်ပြား တခုကို ကိုင်ထားပေ၏။

"နယ်စပ်အားလုံးမှာတော့ အချက်ပြတဲ့ မီးပုံးတွေ ဟုန်းဟုန်းတောက်နေပြီ။ တိုင်းပြည် ထဲမှာလည်း အတွင်းရန်က ထကြွနေပြီ။ အဲဒါ ခင်ဗျားလို မှူးမတ်တွေက ဘုန်းတော်ကြီး လှသောဘုရားရဲ့ အာဏာစက်ကို ဖျက်နေကြလို့ပဲ"

မှန်ပေ၏။ တိုင်းပြည်ကို စည်းလုံးရန်၊ နယ်စပ်ဒေသကို ငြိမ်းချမ်းစေရန် ဆော်သြသော ဤအသံသည် ကျွန်ုပ်တို့၏ မိုးမြေကို တုန်ဟည်းစေသော သူရဲကောင်းများကို ကယ်တင် ခဲ့ပေ၏။

အချိန်ကိုက် ရောက်လာသော ထို မှူးမတ်ကား အဘယ်သူပေနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း- ၈၃

စုန်ကျန့်အား လျောင်တာတာရ်များကို ချေမှုန်းစေခြင်း

ချင်တံတားစခန်းတွင် ငယ်သားတဦးကို မျက်ရည်စက်လက်ဖြင့် စီရင်ခြင်း

ထိုနှစ်တွင် လျောင်တာတာရ်မင်းသည် သူ့တပ်များကို တောင်တန်းများအား ကျော်လွန်ကာ စေလွှတ်လိုက်၏။ ပထမတွင် နယ်ခြားရှိပြည်နယ်ကိုးခုကို သိမ်းပိုက်လိုက်ကြ၏။ ထို့နောက် စစ်ကြောင်း လေးကြောင်းခွဲကာ ရှန်တောင်၊ ရှန်စီ၊ ဟောနန်၊ ဟောပေ့နယ်များကို ဆင်း၍ လုယက် ဖျက်ဆီးကြ၏။ ပြည်နယ်များ၊ တိုက်နယ်များက ရွှေနန်းတော်ကြီးသို့ ကယ်တင် ပေးရန် အသနားခံစာများ တင်ကြ၏။ ဤအသနားခံစာ ဟူသမျှသည် တုန်ဂွမ်ထံမှ တဆင့် တင်ပြကြရသဖြင့် ဤကိစ္စကို နန်းရင်းဝန်၊ စစ်သူကြီးများဖြစ်သော ကောက်ကျူ၊ ယန်းကျင်း တို့နှင့် တိုင်ပင်ကာ အသနားခံစာများကို ချောင်ထိုးထားလိုက်၏။ အနီးအနားမှ ပြည်နယ် အချင်းချင်းကိုသာ တပ်ကူလွှတ်ပေးရန်၊ ကယ်ဆယ်ရေး ဆောင်ရွက်ပေးရန် အကြောင်း ကြားလိုက်ကြ၏။ ဤလုပ်ရပ်မှာ ရေတွင်းကို ဆီးနှင်းများဖြင့် ဖို့သကဲ့သို့ အရာမထင်ပေ။ ဤအကြောင်းကို လူများ သိကြသော်လည်း မင်းကြီးထံသို့အဖြစ်မှန်များကို မတင်ပြကြပေ။ ဤသို့ နန်းရင်းဝန်၊ စစ်ဝန်ကြီး၊ စစ်သူကြီး နှစ်ဦးတို့၏ လေးဦးဂိုဏ်းက အကောက်ကြံ လေ၏။ စုန်ကျန့်တို့ကို ဖျက်ဆီးမည့်နည်းလမ်းတခုကို တုန်ဂွမ်အား မင်းကြီးသို့တင်လျှောက် စေ၏။ အခြားအရေးပါသော မှူးကြီးမတ်ကြီးတဦးက ဝင်ဟန့်တားမည်ဟု သူတို့ မျှော်လင့်မထားကြပေ။ ခန်းဆီးနောက်မှ ထွက်လာသူမှာ စစ်သူကြီးစူယွမ်ကျင်းပင် ဖြစ်၏။ သူက မင်းကြီးထံသို့ တိုက်ရိုက်ပင် လျှောက်ထားလေ၏။

“ဘုန်းတော်ကြီးလှသောဘုရား၊ စုန်ကျန့်တို့ဟာ ခုမှ လက်နက်ချခါစပဲ ရှိပါသေးတယ်။ သူတို့ တရာ့ရှစ်ယောက်စလုံးဟာ သိပ်ပြီး ရင်းနှီးကြ ချစ်ခင်ကြပါတယ် ဘုရား။ သူတို့က ဘယ်တော့မှ မခွဲဘူး၊ အသေသာ ခံလိုက်မယ်လို့ သဘောတူထားပါတယ် ဘုရား။ ခုတော့ သူတို့ကို သေစေချင်တဲ့ သူတွေ ရှိလာပါပြီ။ ဒီလူတွေက သိပ်ကို ရဲစွမ်းသတ္တိ ရှိကြပါတယ်၊ ဉာဏ်ထက်ကြပါတယ်။ အကယ်လို့နေပြည်တော် ထဲကို ခေါ်သွင်းလိုက်လို့ ထပုန်ကန်ကြရင် ဘယ့်နှယ် လုပ်ကြပါ့မလဲ။ ဘယ်လို ဖြေရှင်းနိုင်မှာပါလဲ ဘုရား။

“လျောင်တာတာရ်တွေက အင်အား တသိန်းလောက်နဲ့ နယ်ခြားပြည်နယ်ကိုးခုကို သိမ်းထားပါတယ် ဘုရား။ တိုက်နယ်တိုင်းကပဲ ကယ်တင်ဖို့ အသနားခံစာတွေ တင်ကြပါ တယ် ဘုရား။ တပ်တွေ လွှတ်ပေးမယ့်

ပုရွက်ဆိတ်တွေကို ရေနဲ့ ပက်သလို ဖြစ်နေပါတယ် ဘုရား။ ရန်သူက သိပ်ကို အင်အားကြီးပါတယ်။ ကျွန်တော်တို့ တပ်တွေက မယှဉ်နိုင်ပါ ဘုရား။ ပွဲတိုင်းမှာပဲ ရှုံးခဲ့ပါတယ်ဘုရား။ ဒီသတင်းတွေ အားလုံးကိုလည်း ဘုန်းတော်ကြီး လှသောဘုရားကို မသိစေခဲ့ကြပါ ဘုရား။

"ကျွန်တော့် အမြင်မှာတော့ စုန်ကျုန့်နဲ့ သူ့လက်အောက်ခံ ဗိုလ်တွေ တပ်တွေအားလုံး ကို နယ်ခြားသို့ စေလွှတ်ခဲ့ရင် သူတို့ လျှောင်ခားပြေတွေကို နှိမ်နင်းနိုင်ပါလိမ့်မယ် ဘုရား၊ သူတို့ကို စစ်မြေပြင် စေလွှတ်တာဟာ တိုင်းပြည်အတွက် တကယ်ပဲ အကျိုးများပါလိမ့် မယ် ဘုရား။ သာမန်အမတ်တယောက်သာဖြစ်တဲ့ ကျွန်တော်ကတော့ အမိန့်မပေးနိုင်ပါဘူး ဘုရား။ ဘုန်းတော်ကြီးလှသောဘုရားက ဆင်ခြင်နိုင်ပါရန် လျှောက်တင်ပါတယ် ဘုရား" မင်းကြီး၏ မျက်နှာတွင် နှစ်သက်သော အရိပ်အယောင်များ ပေါ်ထွက်လာလေ၏။ မှူးမတ်များကို မေးမြန်းရာ အားလုံးကပင် စစ်သူကြီးစူ၏ တင်ပြချက်မှာ ကြောင်းကျိုး ညီသည်ဟု လက်ခံကြလေ၏။ မင်းကြီးသည်လည်း တုန်ဝှမ်နှင့် အပေါင်းအပါများကို ပြင်းထန်စွာ ရှုတ်ချလေ၏။

"မင်းတို့ရဲ့ လီဆယ် လိမ်လည်မှုကြောင့် တိုင်းပြည်လည်း ဘေးသင့်ခဲ့ရတယ်။ မင်းတို့ ရဲ့မနာလိုမှုကြောင့် အရည်အချင်းရှိတဲ့ သူတွေ လမ်းပိတ်ကုန်ရတယ်။ မင်းတို့ရဲ့ မမှန်မကန် မှုတွေကြောင့် တိုင်းရေးပြည်ရေး အကြီးအကျယ် ပျက်စီးခဲ့ရတယ်။ ဒါပေမဲ့ ဒီတခါတော့ ခွင့်လွှတ်လိုက်မယ်။ နောက်နောင် မလုပ်ကြနဲ့"

မင်းကြီးကိုယ်တိုင် အမိန့်စာရေးကာ စုန်ကျုန့်ကို လျှောင်တာတာရ်ကို တိုက်ခိုက်မည့် တပ်ဦးချီ ဗိုလ်ချုပ်အဖြစ် ဘွဲ့အမည်ပေးအပ်၏။ လက်အောက်ခေါင်းဆောင်များကို ယင်းတို့ ၏ စွမ်းရည်အလျောက် ရာထူးရာခံများ ပေးအပ်မည်ဟုလည်း ဖော်ပြထား၏။ စစ်သူကြီး စူအား ထိုအမိန့်ကို စုန်ကျုန့်ထံသို့ သွားပို့စေ၏။ ထို့နောက် ညီလာခံကို စဲလိုက်၏။ စစ်သူကြီးစူလည်း အမိန့်စာကို ယူ၍ စုန်ကျုန့်တို့စခန်းသို့ သွားကာ မင်းကြီး၏ ရည်ရွယ်ချက်ကိုပါ ရှင်းပြ၏။ စုန်ကျုန့်လည်း ချက်ချင်းထကာ အမွှေးတိုင်ထွန်းပြီး မင်းကြီး ၏ ကရုဏာတရားကို ရည်မှန်းလျက် ကန်တော့ပြီးမှ အမိန့်စာကို ဖွင့်၍ ဖတ်၏။

ယင်း အမိန့်စာမှာ အောက်ပါအတိုင်း ဖြစ်၏။

> **အမိန့်တော်။ ကေရာဇ်မင်းကြီး ရှွန်းခေတ်က သူ့အာဏာစက်ကို ထက်မြက်စေရန် ကောက် တောင်ကို ချီးမြှင့်ခဲ့၏။ တန်မင်းကြီးကလည်း ယိယင်ကို ငြိမ်းချမ်းရေးကို ထိန်းသိမ်းစေ ခဲ့၏။ ငါသည်လည်း စတင် ခိုးခံ သည့် အချိန်မှစကာ ဓားချွန်သူများကို မမောမပန်း ရှာဖွေ ခဲ့၏။**

မကြာသေးမီက စုန်ကျန့်နှင့် သူ့လက်အောက်ခံများသည် ငါ့လက်အောက်သို့ ခိုဝင် လာကြပေ၏။ သူတို့သည် မိုးကောင်းကင်ကို နာခံကာ တိုင်းပြည်ကို ကာကွယ်လိုကြပေ၏။ ဂုဏ်သရေရှိကြသူများ၊ သစ္စာရှိသူများ ဖြစ်ကြပေ၏။ ဤစွမ်းရည်တို့ကို ပေါ့ပေါ့တန်တန် အသုံးပြု၍ မသင့်တော်ပေ။

ယခုအခါ လျောင်တပ်များသည် နယ်ခြားဒေသများသို့ ကျူးကျော်ခဲ့ကြပြီ။ ယင်းတို့ကို ချေမှုန်းရန် စုန်ကျန့်ကို တပ်ဦးချီ ဗိုလ်ချုပ်အဖြစ် လည်းကောင်း လူကွမ်းယီကို ဒုတိယ တပ်ဦးချီဗိုလ်ချုပ်အဖြစ် လည်းကောင်း အသီးသီး ခန့်အပ်လိုက်သည်။ လက်အောက်ခံ တပ်ဗိုလ်များကိုမူ ပွဲလမ်းရကြသည့်အလျောက် သူကောင်းပြုမည်။ ယခုပင် အင်အား အားလုံး ထွက်၍ ရန်သူ သူခိုး ဓားပြများကို မျိုးဖြုတ်ကြစေ။ ပြည်သူတို့အား ကယ်တင် ကြစေ။ နယ်ခြားဒေသကို သန့်စင်ကြစေ။ ယင်းတို့တပ်များ ဖြတ်သန်းသွားသည့် ပြည်နယ် တိုင်းက ငွေကြေးနှင့် ရိက္ခာ ထောက်ပံ့ကြစေ။ အမိန့်မနာခံသည့် မင်းမှုထမ်း မည်သူ့ကို မဆို ပြစ်ဒဏ်ချမှတ်ခွင့်ကိုလည်း ယင်းတို့အား ပေးအပ်လိုက်သည်။ ဤ အမိန့်တော်ကို ကြေညာလိုက်သည်။

ရွှမ်ဟော့ စတုတ္ထနှစ် ပဌမလ×××× ရက်။

စုန်ကျန့်၊ လူကွမ်းယီ စသော ခေါင်းဆောင်များသည် အမိန့်စာကို ဖတ်ကြားသည်ကို ဒူးထောက်ကာ နာခံရင်း ကျေနပ်လျက် ရှိကြ၏။ ထို့နောက် ကန်တော့ကြပြီး စုန်ကျန့်က စစ်သူကြီးစူကို ကျေးဇူးစကား ပြော၏။

"ကျွန်တော်တို့က အခုလို တိုင်းပြည်တာဝန်ကို ထမ်းဆောင်ပြီး ပွဲလမ်းရလို့ သူကောင်း အမြောက်ခံရမယ့် အခွင့်အရေးကို မျှော်နေတာကြာပြီဗျ။ ခင်ဗျားက ကျွန်တော်တို့ မိဘ တွေထက်တောင် မှ ကြင်နာပါသေးတယ်။ ကျွန်တော်တို့အတွက်နဲ့ ဘုန်းတော်ကြီးလှသော ဘုရားကိုတောင် ရင်ဆိုင်ဝံ့ပါတယ်။ ကျွန်တော်တို့မှာ လုပ်စရာလေးတခု ရှိနေပါသေးတယ်။ အဲဒါက နောင်ကြီးကျောက်ခဲရဲ့ ကမ္ပည်းတိုင်ကို လျှံရှုန်းတောင်ရိုးမှာ မသင်္ဂြိုဟ်ရသေးတာ ပါပဲ။ ပြီးတော့ အိမ်ထောင်စုတွေကလည်း ကိုယ့်ရပ် ကိုယ့်ရွာကို မပြန်ကြရသေးပါဘူး။ ပြီးတော့ ခံတပ်တွေ၊ တံတိုင်းတွေလည်း မဖျက်ရသေးဘူး။ တိုက်လှေတွေကိုလည်း ဒီကို သယ်မလာရသေးဘူး။ ဒါလေးတွေကို ဆောင်ရွက်ဖို့ တောင်ရိုးကို ခဏပြန်ခွင့် ဘုန်းတော် ကြီးလှသောဘုရားကို တင်လျှောက်ပေးနိုင်မလားဗျာ။ အဲဒါပြီးရင်တော့ ကျွန်တော်တို့ ကိုယ်ရောစိတ်ပါ နှစ်ပြီး တိုင်းပြည်အကျိုးကို ထမ်းဆောင်ကြပါမယ်"

စစ်သူကြီးစူကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူကာ မင်းကြီးထံသို့ သတင်းပို့၏။ မင်းကြီးကလည်း ရွှေချိန်ပိဿာ နှစ်ဆယ်၊ ငွေအချိန်ပိဿာ တရာ၊ ဖဲလိပ်ငါးထောင်တို့ကို ခေါင်းဆောင်များသို့ ဆုချစေ၏။ ဤဆုလာဘ်များကို စစ်သူကြီးစူကိုယ်တိုင် စခန်းသို့ သွားရောက်ဝေငှရန် အမိန့်ချ၏။ ဆုလာဘ်များကို မှီခိုသူ မိးစားစုများ ဘဝသက်တမ်း တလျှောက် အထောက်အပံ့ ဖြစ်စေရန် ပေးအပ်ခြင်း ဖြစ်၏။ မိသားစု မရှိသူများကမူ ယင်းတို့ သင့်မည်ထင်သလို သုံးစွဲရန် ဖြစ်၏။ အမိန့်တော်ကို လက်တွင်ကိုင်လျက် စုန်ကျန့်က ကျေးဇူးစကားကို ပြောကာ ဝေခြမ်းရေး ဆောင်ရွက်ရန် ညွှန်ကြား၏။ နန်းတော်သို့ မပြန် မီတွင် စစ်သူကြီးစူက စုန်ကျန့်ကို အကြံပေးခဲ့၏။

"တောင်ရိုးကို သွားတာတော့ သွားပေါ့ ဗိုလ်ချုပ်။ ဒါပေမဲ့ မြန်မြန်ပြန်လာခဲ့ပါ။ ပြန်လာ ရင်လည်း ကြို အကြောင်းကြားလိုက်ပါ။ နှောင့်နှေးမနေပါနဲ့"

စုန်ကျန့်နှင့် ခေါင်းဆောင်များသည် မည်သူ သွား၍ မည်သူ ကျန်နေရမည်ကို ဆွေးနွေး ကြ၏။ စုန်ကျန့်၊ ဝုရုံ၊ ကုန်ဆွန်ရှန်း၊ လင်ချုံး၊ လျူထန်၊ ဒူရှန်း၊ ကုန်ဝမ်၊ ချူကွီ၊ စုန်ကျင့်၊ ဖိုးရုံ ညီနောင်သုံးယောက်တို့နှင့်အတူ ခြေသည်၊ မြင်းသည်၊ လေ့တပ်သား အင်အား တသောင်း က တောင်ရိုးစခန်းသို့ ပြန်ကြမည်။ ကျန်အင်အားတို့ကို လူကွမ်းယီက ကွပ်ကဲကာ မြို့တော် အနီးတွင် စခန်းချထားမည် ဖြစ်၏။ တောင်ရိုးစခန်းသို့ ခလုတ်မထိ ဆူးမငြိဘဲ ပြန်ရောက် သွားကြ၏။။ မိသားစုများကို ပစ္စည်းများ ထုပ်ပိုးကာ အိမ်သို့ ပြန်စေ၏။ ဝက်များ သိုးများ ပေါ်ကာ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ထွန်းကာ၊ ရွှေစက္ကူ ငွေစက္ကူများကို မီးရှို့ကာ ကျောက်ခဲ၏ဝိညာဉ်ကို ပူဇော်ပြီးမှ သူ၏ ကမွည်းတိုင်ကိုလည်း မီးသင်္ဂြိုဟ်၏။ ခေါင်းဆောင် များကို စားသောက်ပွဲဖြင့် တည်ခင်း၏။

လှည်းများ၊ မြင်းများဖြင့် မိသားစုများ ဇာတိရပ်ရွာသို့ ပြန်ကြလေ၏။ စုန်ကျန့်က သူ့ နောက်ပါများကို ဖခင်ကြီးအား ဇာတိရွာသို့ ပြန်လိုက်ပို့စေ၏။ မြေရှင်ကြီး စုန်သည်လည်း ဂုဏ်သရေရှိ ပြည်သူတဦး ပြန်ဖြစ်သွားလေ၏။

အသုံးအတည့်ဆုံး တိုက်လှေများကိုသာ ရွေးချယ်ရန်၊ ကျန်လှေများကို အနီးအပါးရှိရွာများသို့ ခွဲဝေပေးရန် ဖိုးရုံညီနောင်တို့ကို ညွှန်ကြား၏။ အဆောက်အအုံများကို ဖျက်ကာ သစ်၊ အုတ် စသည်တို့ကို ရွာသားများကို ယူစေ၏။ ခံတပ်များနှင့် သစ္စာခန်းမကဲ့သို့သော အဆောက်အအုံများကိုမူ ဖျက်ဆီးပစ်၏။

ကိစ္စဝိစ္စများ ပြီးဆုံးသော် တပ်ကို ပြန်စုကာ နေပြည်တော်သို့ အမြန်ပြန်ခဲ့ကြ၏။ စစ်ထွက်ရန် အသင့်ရှိပြီဖြစ်ကြောင်း စစ်သူကြီးစူထံသို့ ယန်ချင်းကို လွှတ်ကာ အကြောင်း ကြား၏။ စစ်သူကြီးက မင်းကြီးကို

လျှောက်တင်သဖြင့် နောက်တနေ့တွင် မင်းကြီးက စုန်ကျန့်တို့ကို ခေါ်တွေ့၏။ မင်းကြီး၏ မျက်နှာမှာ အပြုံးဖြင့် ရွှန်းရွှန်းဝေနေလေ၏။ ဂုဏ်ပြု ကာ စိမ်ရည်များကို သောက်ကြပြီး မင်းကြီးက မိန့်၏။

"ရှေ့တန်းထွက်ပြီး လျှောင်တွေကို ချေမှုန်းခဲ့ကြ။ အောင်ပွဲသတင်းကို မြန်မြန်လေး ကြားချင်တယ်။ မင်းတို့ကို အရေးကြီးတဲ့ နေရာတွေမှာ သုံးစရာရှိတယ်။ မင်းလက်အောက်ခံ ဗိုလ်မင်းတွေကိုတော့ ပွဲလမ်းရတဲ့အလျှောက် သူကောင်းပြုမယ်။ မနှောင့်နှေးစေနဲ့ကွယ့်"

စုန်ကျန့်က ကန်တော့ကာ ကျေးဇူးစကားကို ဆို၏။

"ကျွန်တော်က အငယ်တန်းမင်းမှုထမ်းဘဝနဲ့ ပြစ်မှုကြီးတခုကို ကျူးလွန်မိတာ ကြောင့် ကျန်းကျို့ကို နယ်နှင်ဒဏ် အခတ်ခံရပါတယ်။ အဲဒီမှာ သေရည်မူးပြီး ပုန်ကန်တဲ့ စာတွေ ရေးမိပါတယ် ဘုရား။ လူပုံအလယ်မှာ အဆုံးစီရင်ခံရဖို့မယ် ဆဲဆဲမှာ ဒီက ညီနောင် တွေက ကယ်တင်ခဲ့ပါတယ် ဘုရား။ တခြားမှာ ခိုအောင်းစရာလည်း မရှိတာကြောင့် လျံရှန်း ကျူအင်းမှာပဲ ခိုလှုံခဲ့ပါတယ် ဘုရား။ ဒီပြစ်မှုတွေကြောင့် ကျွန်တော်အကြိမ်တသောင်း သေသင့်ပါတယ် ဘုရား။ ဒါပေမဲ့ ဘုန်းတော်ကြီးလှသောဘုရားက မဟာကရုဏာကြောင့် ကျွန်တော့်ကို လွတ်ငြိမ်းခွင့်ပြုသင့်တယ်လို့ မြင်ခဲ့ပါတယ် ဘုရား။ ကျွန်တော့်အသည်းတွေ သည်းခြေတွေ ကွဲအောင် အားထုတ်ရင်တောင်မှ ဒီကျေးဇူးကို ဆပ်လို့ ကျေစရာမမြင်ပါ ဘုရား။ အရှင့်အမိန့်တော်ကို ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်း အကုန်ထုတ်ပြီး ထမ်း ဆောင်ပါ့မယ်။ ဒီလိုထမ်းဆောင်ရင်း သေရရင်တောင်မှ ဝမ်းမြောက်ဝမ်းသာ သေပါ့မယ် ဘုရား"

မင်းကြီးလည်း အလွန်ကျေနပ်သွားသဖြင့် တော်သုံးစိမ်ရည်ကို ခွက်ဆက်တိုက်သည့် အပြင် ရွှေကွပ်ထားသော လေးနှင့် မြားတစုံ၊ ကကြိုးတန်ဆာ အပြည့်အစုံဆင်ထားသော မြင်းကောင်းတစီး၊ ဓားကောင်းတလက်ကိုပါ ဆုချီးမြှင့်၏။ စုန်ကျန့်လည်း ကန်တော့ကာ ကျေးဇူးစကားပြောပြီး လက်ဆောင်ပစ္စည်းများနှင့်အတူ စခန်းသို့ ပြန်ခဲ့၏။ ထို့နောက် စစ်ချီ တက်ရန် ပြင်ဆင်ဖို့ အမိန့်ပေး၏။

မင်းကြီးလည်း နောက်တနေ့ နံနက်တွင် ချင်တံတားစခန်း၌ စစ်ထွက်သူတဦးလျှင် စိမ်ရည်တပုလင်းစီ၊ အသား တကက်တီ (၃၇.၅ကျပ်သား) စီ (တပဲသားမျှ မလျော့စေရ) ဝေပေးရန် အမိန့်ချမှတ်၏။ နန်းရင်းဝန်သည်လည်း အမိန့်တော်ကို ကျေပွန်စေရန် ညလုံး ပေါက် စီစဉ်ပြီး အရာရှိနှစ်ဦးကို ချင်တံတားစခန်းသို့ လွှတ်ကာ ပေးဝေခိုင်းလိုက်၏။

စုန်ကျန့်သည် ဝုရုံနှင့် တိုင်ပင်ကာ တပ်တော်ကို အုပ်စုနှစ်စု ခွဲလိုက်၏။

ကျားငါးစီးနှင့် တောကြောင်ရစ်ကောင်ဟု အမည်ရသည့် ခေါင်းဆောင်များက ခြေလျင်တပ်ကို ဦးစီးကာ ရှေ့ပြေးအဖြစ် ချီတက်မည်။ မြင်းစီးခေါင်းဆောင် ဆယ်ဦးက မြင်းတပ်ဖြင့် နောက်ရံတပ် အဖြစ် ချီတက်ရမည်။ သူကိုယ်တိုင်နှင့် လူကွမ်းယီ၊ ဝုရုံနှင့် ကုန်ဆွန်ရှန်းတို့က တပ်မကို ကွပ်ကဲကြမည်။ ဖိုးရုံညီနောင်သုံးဦး၊ လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်းတို့က တုန်ဝေ့၊ တုန်မင်း၊ မိန်ကွမ်း၊ ဝမ်တိန့်လျူ စသော ရေတပ်ခေါင်းဆောင်များကို ဦးစီးကာ လှေများကို ကိုက်ဟို မြစ်မှတဆင့် မြစ်ဝါမြစ်အတိုင်း မြောက်ဘက်သို့ ဆန်တက်ကြမည်ဖြစ်၏။ ကြည်းကြောင်း ချီတပ်သည် ချင်တံတားစခန်းမှ တဆင့် မင်းလမ်းမကြီးအတိုင်း ချီတက်ကြမည်ဖြစ်၏။ လူထုကို မညှဉ်းဆဲရန် လက်အောက်ခံ တပ်မှူးများသို့ ညွှန်ကြားထား၏။

စုန်ကျန့်တို့ တပ်များသို့ စိမ်ရည်နှင့် အသားဝေပေးရန် ချင်တံတားသို့ ရောက်နေသော အရာရှိနှစ်ဦးမှာ ရိုးဖြောင့်ခြင်း မရှိ။ လောဘတက်ကာ ကိုယ်ကျိုးရှာလိုသူများ ဖြစ်၏။ နောက်ကျောကို ဓားနှင့် ထိုးမည့် ဆွမ်းဆန်ထဲ ကြွက်ချေးရောမည့် ထိုအရာရှိနှစ်ဦးသည် စိမ်ရည်ကိုလည်း ပုလင်းတဝက်သာ ထည့်ပေး၏။ အသားကိုလည်း တကက်တီ အပြည့် မပေးဘဲ အစိတ်သားစီသာ ပေး၏။

ရှေ့ပြေးတပ်များကို ဝေငှပြီးသောအခါ နောက်ပိုင်းတပ်များကို ဆက်၍ ဝေငှနေရာ သံခမောက်အနက် ချပ်ဝတ်အနက် ဝတ်ထားသော တပ်များထံသို့ ရောက်လာလေ၏။ ယင်းတို့မှာ ရှုံချုံးနှင့် လီကွန်းတို့၏ လက်အောက်ခံ ဒိုင်းကိုင်စစ်သည်များ ဖြစ်ကြ၏။ ယင်း တို့ထဲမှ အရာရှိလူငယ်တယောက်သည် ထိုအရာရှိနှစ်ယောက်၏ လှည့်ဖြားမှုကို သိရှိသွားပြီး ဒေါသတကြီးဖြင့် အပြစ်တင် ပြောဆိုလေ၏။

“မင်းတို့လို သူခိုးတွေက မင်းကြီးရဲ့ ကျေးဇူးတော်ကို နာမည်ဖျက်နေတာ”

“မင်း ဘာပြောတာလဲကွ”

“မင်းကြီးပေးလိုက်တာက တယောက်ကို စိမ်ရည်တပုလင်း၊ အသားက တကက်တီကွ။ မင်းတို့က နှစ်ခုစလုံး ခိုးထားတယ်။ ငါတို့က ရန်မဖြစ်ချင်ဘူး။ ဒါပေမဲ့ မင်းတို့က အကျင့် တန်တယ်။ ရုပ်ပွားတော်မျက်နှာကတောင် ရွှေပွတ်ယူမယ့် ကောင်တွေပဲ”

“မင်းက တကယ်သတ္တိကောင်းနေပါလား၊ နုပ်နုပ်စဉ်းအသတ်ခံချင်လို့လား၊ မင်းက လျှံရှန်းသူပုန် ဖြစ်နေတုန်းပါကွ”

အရာရှိငယ်က စိတ်ဆိုးဆိုးဖြင့် စိမ်ရည်ပုလင်းနှင့် အသားတို့ကို ထိုသူတို့၏

မျက်ခွက် ထံ သို့ ပေါက်ထည့်လိုက်၏။

"ဒီဓားပြကို ဖမ်းလိုက်"

အရာရှိငယ်က သူ့ဒိုင်းစွန်းမှ ဓားကို ဆွဲထုတ်လိုက်၏။ ပစ္စည်းဝေသည့် အရာရှိက လက်သျှိုးငေါက်ငေါက် ထိုးလိုက်ကာ-

"ဓားပြစုတ်ကများ ဓားကိုင်ဝံ့သလား"

"လျှံရှန်းတောင်ရိုးမှာတုန်းကဆို မင်းတို့လို ကောင်မျိုးတွေကို သတ်ခဲ့တာ ထောင်ချီ တယ်။ မင်းတို့လို နှစ်ကောင်လောက်ကိုများ သောက်ဂရုစိုက်လို့"

"သတ်ရဲရင် သတ်လေ"

အရာရှိငယ်က ရှေ့ကို တိုးကာ တယောက်၏ မျက်နှာကို ဓားဖြင့် ခုတ်ချလိုက်၏။ ထိုသူ လည်း ခွေခနဲ လဲကျသွားလေ၏။ ဝိုင်းကြည့်နေကြသူများကလည်း အလန့်တကြားအော် လိုက်ကာ နောက်ဆုတ်လိုက်ကြ၏။ အရာရှိငယ်က ထပ်ကာ ထပ်ကာ ခုတ်လိုက်၏။ ထိုသူ မှာ သေနေလေပြီ။ ဝိုင်းဖြေကြသော်လည်း နောက်ကျသွားလေပြီ။

ရှုံချုံးနှင့် လီကွန်းတို့က စုန်ကျန့်ထံသို့ အပြေးအလွှား သွားရောက်ကာ သတင်းပို့ ကြ၏။ စုန်ကျန့်လည်း အလန့်တကြားဖြင့် ဝူရုံကို မေးလေ၏-

"ဘယ်လို လုပ်ကြမလဲ"

"နန်းရင်းဝန်က ကျုပ်တို့ကို မကြိုက်ဘူးဗျ။ ခုလိုဖြစ်လိုက်တော့ သူလိုချင်တဲ့ အကွက် ထဲ ဝင်သွားပြီ။ ကျုပ်တို့ လုပ်နိုင်တာကတော့ ဒီဗိုလ်လေးကို ကွပ်မျက်ဖို့၊ နန်းရင်းဝန်ဆီကို သတင်းပို့ဖို့၊ တပ်ကိုနားပြီး အခြေအနေကို စောင့်ဖို့ပဲ ရှိတော့တယ်။ ထိုက်ချုံနဲ့ ယန်ချင်းကို နေပြည်တော်ကို လွှတ်ပြီး စစ်သူကြီးစူကို အကြောင်းကြားခိုင်းလိုက်ပါ။ ဒီကိစ္စကို မင်းကြီး ဆီကို တင်ပြပေးဖို့ တောင်းပန်လိုက်ပေါ့ဗျာ။ ဒါဆိုရင် နန်းရင်းဝန်က သူလိုသလိုလှည့်ပတ် လို့ မရတော့ဘူးပေါ့။ စိတ်ချပါ နောင်ကြီး၊ ဒီကိစ္စက ဘာမှ မဖြစ်စေရဘူး"

ဤအတိုင်း ဆောင်ရွက်ရန် သဘောတူလိုက်ကြ၏။ စုန်ကျန့်က ချင်တံတားစခန်းသို့ မြင်းကို ဒုန်းစိုင်းစီးကာ သွားလေ၏။ အရာရှိလေးမှာ အလောင်းဘေးတွင် ရပ်နေ၏။ စုန်ကျန့်က အရာရှိရိပ်သာကို ပို့မည့် စိမ်ရည်နှင့် အသားတို့ကို စစ်သည်များကို ဝေခိုင်း လိုက်၏။ ထို့နောက် အရာရှိရိပ်သာထဲသို့ ထိုအရာရှိငယ်ကို ခေါ်၍ မေးမြန်း၏။

"ကျွန်တော်တို့ကို သူပုန်တွေ၊ ဓားပြတွေ၊ လျှံရှန်းကျူအင်းက လာတဲ့

ကောင်တွေ ရှင်းပစ်ရမယ်လို့ပဲ ပြောနေပါတယ်။ ဒါကြောင့် ကျွန်တော် စိတ်မထိန်းနိုင်ဘဲ သတ်လိုက် မိတာပါ။ ဗိုလ်ချုပ်စီရင်တာကို ခံယူဖို့ အသင့် ရှိပါတယ်"

"သူက နန်းတော်က အရာရှိကွ။ သူ့ကို ငါတောင် ကြောက်ရတယ်။ ဒါကို မင်းက သတ်လိုက်တယ်။ ငါတို့အားလုံးတော့ ထိခိုက်ကုန်တော့မှာပဲ။ လျောင်တွေကို တိုက်ဖို့ ခုမှ သွားခါစ ရှိသေးတယ်ကွာ။ ဘာဂုဏ်ပုဒ်မှ မရသေးဘူး။ မင်းက ခုလို လုပ်လိုက်တော့ ငါတို့ ဘယ်လို လုပ်ရတော့မှာလဲ"

အရာရှိငယ်သည် မြေပြင်တွင် ဝမ်းလျားမှောက်ကာ သူ့ကို သတ်မည့်အချိန်ကို စောင့် နေ၏။ စုန်ကျန့်က ငို၏။

"ငါ လျှံ့ရှုန်းတောင်ရိုးကို ရောက်ကတည်းက ငါတို့ညီနောင်တွေကို တယောက်မှ ငါ မထိပါးခဲ့ဘူး။ ကြီးကြီးငယ်ငယ်ပဲ။ ခုတော့ ငါလည်း မင်းမှုထမ်း ဖြစ်နေပြီ။ ဥပဒေကို လိုက်နာရမယ်။ မတတ်နိုင်တော့ဘူး။ မင်းတို့စိတ်ဓာတ်တွေက အရမ်းကို ထက်သန်နေမှန်း ငါ သိပါတယ်။ ဒါပေမဲ့ ဟိုတုန်းကလိုတော့ စိတ်လိုက်မာန်ပါ လုပ်လို့ မရတော့ဘူး"

"ကျွန်တော် သေဖို့ အသင့်ပါ"

အရာရှိငယ်အား စိမ်ရည်ကို အလွန်အကျူးသောက်ကာ သစ်ပင်တပင်တွင် ကြိုးဆွဲ ချကာ သတ်သေရန် စုန်ကျန့်က အမိန့်ပေးလိုက်၏။ ထိုသို့ ဆောင်ရွက်ပြီးသောအခါ ထိုအရာရှိငယ်၏ ခေါင်းကို ဖြတ်ထားလိုက်၏။

အသတ်ခံရသော မင်းမှုထမ်း၏အလောင်းကို ထုံးစံနှင့်အညီ ခေါင်းသွင်းထားလိုက်ပြီး နန်းရင်းဝန်ထံသို့ စာတစောင်ပို့လိုက်၏။ အမှန်တကယ်မှာ ဤအကြောင်းကို နန်းရင်းဝန်က သိနှင့်ပြီး ဖြစ်၏။ ထိုအကြောင်းကို ဆက်မပြောတော့ပြီ။

ထိုက်ချုံနှင့် ယန်ချင်းတို့က မြို့တွင်းသို့ ဝင်မိသည်နှင့် စစ်သူကြီးစူ၏ နေအိမ်သို့ သွား ကာ အကြောင်းစုံကို အသေးစိတ် ရှင်းပြ၏။ ထိုညနေတွင် စစ်သူကြီးလည်း အတွင်းတော်သို့ ဝင်ကာ မင်းကြီးထံ ပြန်တင်ပြထားလိုက်၏။ နောက်တနေ့နံနက်တွင် ယဉ်ကျေးမှုဂုဏ်ရည် ခန်းဆောင်တွင် ညီလာခံ ခေါ်၏။

နန်းရင်းဝန်က ရှေ့သို့ ထွက်ကာ တင်လျှောက် ၏။

"စုန်ကျန့်တပ်က စစ်သည်တယောက်က သူတို့အဖို့ စိမ်ရည်နဲ့ အသား သွားပို့တဲ့ ကျွန်တော့်ဌာနက အရာရှိတဦးကို သတ်လိုက်ပါတယ် ဘုရား။ ဘုန်းတော်ကြီးလှသော ဘုရားက ဤကိစ္စကို ကြည့်ရှုပေးပါ ဘုရား"

“ငါက မင်းတို့ဌာနကို စိတ်ချလို့ တာဝန်တရပ်ကို ပေးခဲ့တာပဲ။ တာဝန်ရှိတာက မင်းပဲ။ မင်းလူတွေက စိတ်မချရဘူး။ အကြောင်းက အဲဒါပဲ။ သူတို့က တမင်သက်သက် စိမ်ရည်နဲ့ အသားခွဲတမ်းကို ဖြတ်ယူထားခဲ့ကြတယ်။ လှံ့ရှန်းတောင်ရိုးသားတွေက လိမ်ညာတာကို မခံချင်ဘူး။ ဒီတော့ အချင်းများကြတာပေါ့”

“တော်သုံးစိမ်ရည်ကို ဘယ်သူက ဖြတ်ရဲပါ့မလဲ ဘုရား”

မင်းကြီးလည်း ဒေါသထွက်လာလေ၏။

“ငါ စုံစမ်းခိုင်းလိုက်လို့ ဇာတ်လမ်းတခုလုံးကို သိထားပြီးပြီ။ မင်း စကားလှလှတွေ သုံးပြီး လှည့်ဖြားလို့ မရတော့ဘူး။ မင်းတို့က ကိုယ်တော် ပေးတဲ့ စိမ်ရည်တပုလင်းမှာ တဝက် ဖြတ်တယ်။ အသား တကကတ်တီစီ ပေးရမှာကို ဆယ်ပဲပဲ ပေးတယ်။ ဒါကြောင့် စစ်သည်တွေ အမျက်ထွက်ပြီး သွေးထွက်သံယို ဖြစ်ကြရတာ”။ ထိုနောက်မှ -

“တရားခံကော ဘယ်မှာလဲ”

“စုန်ကျန့်က သူ့ကို ခေါင်းဖြတ်လိုက်ပါတယ် ဘုရား၊ ဒီခေါင်းကိုလည်း ပြထားပါမယ် တဲ့ ဘုရား။ ဒီကိစ္စကို ကျွန်တော်တို့ ဌာနကိုလည်း သတင်းပို့ထားပြီး တပ်ကိုလည်း တန့်ထားပြီး အမိန့်တော်ကို စောင့်နေပါတယ် ဘုရား”

“စည်းကမ်းပျက်တာကို မှတ်ထားစေ၊ လျောင်တာတာရ်တွေကို နှိမ်နင်းပြီး ပြန်လာမှ သူ့အောင်မြင်မှုနဲ့ ဒီကိစ္စကို ထေရမယ်”

နန်းရင်းဝန်လည်း ဘာမှမပြောတော့ဘဲ ထွက်ခွာသွားလေ၏။ မင်းကြီးလည်း ခြေမြန် တယောက်ကို လွှတ်ကာ စုန်ကျန့်တို့ ထိုဦးခေါင်းကို ချင်တံတားတွင် ပြထားခဲ့ပြီး ဆက်ချီ တက်ရန် ညွှန်ကြားလိုက်၏။

စုန်ကျန့်လည်း မင်းကြီးကို ကျေးဇူးတင်သွား၏။ ညွှန်ကြားသည့်အတိုင်း ဦးခေါင်းကို ပြသထားပြီး ကျန်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ရန် မျက်ရည်စက်လက်ဖြင့် အမိန့်ပေးလိုက် ၏။ ထို့နောက် မျက်ရည်သုတ်ကာ မြောက်ဘက်သို့ သူ့တပ်နှင့်အတူ ချီတက်သွားလေ၏။ တနေ့လျှင် လီခြောက်ဆယ်ကျ ချီတက်ကြပြီးမှ စခန်းချကြ၏။ ဖြတ်သန်းချီတက် လာခဲ့သော မြို့ရွာများကိုလည်း ဘာမျှ ဒုက္ခမပေးခဲ့ကြပေ။ သို့ဖြင့် လျောင်တာတာရ်တို့၏ နယ်ခြားနှင့် နီးလာလေ၏။ စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်၏။

“လျောင်တွေက စစ်ကြောင်းလေးကြောင်း ခွဲပြီး ဝင်တိုက်တယ်လို့ ဆိုတယ်။ ကျုပ်တို့ လည်း လေးစုခွဲပြီး သူတို့နောက်ကို လိုက်တိုက်မလား။

သူတို့မြို့တွေကို သွားတိုက်မလား”

“ဒီနေရာက ကျယ်ပြီးတော့ လူနေနည်းတယ်ဗျ။ အစုခွဲလိုက်ရင် အချင်းချင်း ညှိဖို့ နှိုင်းဖို့လည်း မလွယ်လောက်တော့ဘူး။ ဒီတော့ တမြို့ နှစ်မြို့လောက် အရင်သိမ်းလိုက်ကြ ရအောင်။ သူတို့ အထိနာသွားရင် သူတို့တပ်တွေကို ပြန်ခေါ်ကြမှာပဲ”

“သိပ်ကောင်းတဲ့ အကြံပဲဗျာ” ဟု စုန်ကျန့်က ဆိုကာ တွမ်ကျင်ချူကို ခေါ်၍ မေး၏။ “မင်းက မြောက်ပိုင်းက လမ်းတွေကို ကောင်းကောင်းသိတယ်။ မင်းကို ရှေ့ဆောင် ခိုင်းမယ်လို့။ ငါတို့နဲ့ အနီးဆုံးက ဘယ်နယ်လဲကွ”

“တန်ကျို့က ရှေ့မှာပဲ။ လျောင်နယ်ရဲ့ အဓိက ဝင်ပေါက်ပဲဗျ။ ပြည်နယ်မြို့ကို ပတ်ပြီး လုရွှေဆိုတဲ့ မြစ်ကြီးနက်နက်တစင်းက ပတ်ပြီး စီးနေတယ်။ ဒီမြစ်က ဝေ့ဟိုမြစ်ထဲကို စီးဝင်သွားတယ်။ တန်ကျို့ကို တိုက်ဖို့ကတော့ တိုက်လှေတွေ လိုမယ်ဗျ။ လှေတပ်တွေ ရောက်မှ ကြည်းရော ရေရော နှစ်ဖက်ညှပ်တိုက်ပြီး မြို့ကို သိမ်းရမယ်ဗျ”

စုန်ကျန့်က ထိုက်ချုံကို လွှတ်၍ လီကျွမ်းတို့ကို အမြန်ချီတက်လာရန် အကြောင်း ကြားခိုင်းလိုက်၏။

တန်ကျို့မြို့စောင့်တပ်မှူးမှာ တုန်ရှန်းပေါ်ကျင်ဟု အမည်ရှိကာ လျောင်နိုင်ငံ၏ ဒုတိယ ဝန်ကြီး အဆင့်ရှိသူတဦး ဖြစ်၏။ သူ့လက်အောက်တွင် ရက်စက်သော ဗိုလ်မင်း လေးဦး ရှိ၏။ အာလိကီ၊ ယောင်ဝါဝေကန်း၊ ချူမင်းယု၊ ကောက်မင်းကျီတို့ ဖြစ်ကြ၏။ အားလုံးမှာ ကြောက်တယ်ဆိုတာ ချိုနဲ့လားဟု မေးမည့်သူများ ဖြစ်၏။

စုန်မင်းကြီးက စုန်ကျန့်တို့ကို စေလွှတ်လိုက်သဖြင့် နယ်ခြားအနီးသို့ ရောက်နေ ကြောင်း ကြားရသောအခါ တုန်ရှန်းက လျောင်မင်းထံသို့ စာရေးကာ တင်ပြလိုက်၏။ ချီကျို့၊ ပါကျို့၊ ကျိုကျို့၊ ရှုံကျို့ ဟူသော အနီးအနားပြည်နယ်များသို့လည်း စစ်ကူတောင်း၏။ တချိန်တည်းမှာပင် ရန်သူကို တိုက်ရန် အာလိကီနှင့် ချူမင်းယုတို့ကို အင်အားသုံးသောင်း နှင့် စေလွှတ်လိုက်၏။

ထိုအချိန်တွင် လုံ့ပုဆိန်ကြီးကွမ်ရှိန်းသည် ရှေ့ပြေးတပ်ကို ဦးစီး၍ တန်ကျို့ပြည်နယ် အတွင်းရှိ မီယွန်ခရိုင်သို့ ချီတက်နေလေ၏။ ထို ခရိုင်တရားသူကြီးက ထိုအကြောင်းကို အထက်ပါ လျောင်စစ်ဗိုလ်ချုပ်များ ထံသို့ တင်ပြလေ၏။

“စုန်ကျန့်တပ်တော်ကတော့ အလံတလူလူနဲ့ ထူပြီး ချီတက်လာပြီ။

ဒီလူတွေက လျှို့ရှန်းတောင်ရိုးက လွတ်ငြိမ်းခွင့်ရလာတဲ့ ခားပြတွေတဲ့။ ခေါင်းဆောင်က စုန်ကျန့်တဲ့”

အာလိကီက ရယ်လိုက်လျက်-

“ခားပြတွေပဲဗျာ။ ဘာစိတ်ပူစရာရှိလဲ”ဟု ဆိုကာ သူ့တပ်ကို မီယွန်မြို့ပြင်တွင် စခန်း ချစေ၏။

နောက်တနေ့တွင် လျောင်တပ်များ လာနေကြောင်း စုန်ကျန့် သတင်းရ၏။ သူ့တပ် များကို တိုက်ခိုက်ရန် ပြင်ခိုင်း၏။

“ကြည့်ရသေးတာပေါ့ကွာ၊ ဒီကောင်တွေ သွေးဘယ်လောက်နီလဲ ဆိုတာ။ ဒါပေမဲ့ မလိုဘဲနဲ့တော့ အကျအဆုံး မရှိစေချင်ဘူး”

ခေါင်းဆောင်များသည် ချပ်ဝတ် ဝတ်ကာ မြင်းစီးလျက် အခြေအနေကို ကြည့်ရန် ထွက်ခဲ့ကြ၏။ အလံနက်များ၊ တံခွန်နက်များ တလွင့်လွင့်ဖြင့် တာတာရ်တပ်ကြီးသည် တောအုပ်ကြီးများအလား မြေပြင်ကို ဖုံးလုမတတ်၊ ကောင်းကင်ကို ကွယ်လုမတတ် လာနေ ကြ၏။ နှစ်ဖက်တပ်များက အပြိုင်အဆိုင် မြားများကို ပစ်လွှတ်နေသဖြင့် တဖက်မှ ရှေ့သို့ မတက်နိုင်ကြပေ။

အလံနက်များ ခွဲသွားပြီး တာတာရ်ဗိုလ်တဦး မြင်းစီးကာ ထွက်လာလေ၏။ အသား ဖြူဖြူ၊ နှုတ်ခမ်းနီနီ၊ ဆံပင်ရွှေရောင်၊ မျက်လုံးစိမ်းစိမ်း၊ အရပ်ရှည်ရှည်၊ ကာယဗလ ကောင်းကောင်းနှင့် ခန့်ညားလှပေ၏။ သူ့နောက်တွင် ပါလာသော တံခွန်တွင် “အာလိကီ၊ လျောင်နိုင်ငံကြီး၏ ဗိုလ်ချုပ်”ဟု ရေးထား၏။

စုန်ကျန့်က ထိုသူကို ကြည့်ကာ “ဒီ ဗိုလ်ချုပ်ကိုတော့ လျှော့တွက်ဖို့ မသင့်ဘူး” ဟု သူ့လူများကို လှမ်း၍ပြော၏။

သူ့စကားမှ မဆုံးသေး။ ရှုနင်က သူ့လုံများကို ချိန်ကာ မြင်းကို ခိုင်း၍ ထွက်၏။ ဤသည် ကိုမြင်သောအခါ အာလိကီက လှောင်ရယ် ရယ်၏။

“ဒီ စုန်မင်းဆက်တော့ ကပ်သင့်နေပြီ။ ခားပြတွေကိုများ ဗိုလ်လုပ်ခိုင်းပြီး လွှတ်ရ သတဲ့။ ငါတို့ တိုင်းပြည်ကို လာကျူးကျော်ရအောင် တော်တော်မျက်နှာပြောင်တဲ့ ကောင် ပါလား။ မင်းကို သေမင်းက စောင့်နေပြီဟေ့”

“အသုံးမကျတဲ့ ဗိုလ်၊ မင်းလိုကောင်ကများ စော်ကားရဲသလား”

အာလိကီနှင့် ရှုနင်တို့ တိုက်ခိုက်ကြသည်ကို နှစ်ဖက်တပ်များက အော်ဟစ်အားပေး ကြ၏။ သူ မနိုင်နိုင်ကြောင်း ရှုနင်က သဘောပေါက်လာ၏။ ထို့ကြောင့် မိမိတပ်ဘက်သို့ ဆုတ်လေရာ နောက်မှ တာတာရ်ဗိုလ်ချုပ်က

လိုက်လာလေ၏။ ဟွရုံက လေးတွင် မြား တစင်း တပ်နေစဉ်တွင်ပင် ချန်ကျင်က သူ့အိတ်ထဲမှ ခဲတလုံးကို နှိုက်ကာ ပေါက်နှင့်လိုက် လေပြီ။ ဥက္ကာပျံကဲ့သို့ လေးမှ လွှတ်လိုက်သော မြားကဲ့သို့ အာလိကီ၏ ဘယ်ဘက်မျက်စိအနီး၌ ထိမှန်သွားလေ၏။ တာတာရ်လည်း ဦးစောက်ပြောင်းပြန် မြေပြင်ပေါ်သို့ ကျသွားလေ၏။ ဟွရုံ၊ လင်ချုံး၊ ချင်မင်း၊ စိုကျောက်တို့က မြင်းကို ဒုန်းစိုင်းထွက်ပြီး မြင်းကို ပထမ၊ အာလိကီကို ဒုတိယ ဖမ်းကြလေ၏။

အာလိကီ၏ လက်ထောက် ချူမင်းယုက အတင်းဝင်ကယ်လို၏။ သို့သော် စုန်ကျန့်၏ တတပ်လုံးက ရက်ရက်စက်စက် အတင်း ဝင်တိုက်ခိုက်ပြီး တာတာရ်များကို မီယွန်နယ်မှ မောင်းထုတ်လိုက်လေ၏။ အကျအဆုံး များလှသဖြင့် တာတာရ်တို့မှာ တန်ကျို့သို့ ပြန် ဆုတ်ပြေးကြလေ၏။ စုန်ကျန့်တို့က ဆက်မလိုက်တော့ဘဲ မီယွန်တွင်သာ စခန်းချနေကြ၏။

စုန်ကျန့်က အာလိကီကို သွားတွေ့၏။ ခဲမှန်ထားသော မျက်စိမှာ ပျက်စီးသွားလေပြီ။ ဤဒဏ်ရာကြောင့်ပင် တာတာရ်စစ်ဗိုလ်မှာ အပြင်းအထန် နာကျင်ခံစားရပြီး ကွယ်လွန် သွားလေ၏။

စုန်ကျန့်က သူ့အလောင်းကို မီးသင်္ဂြိုဟ်ခိုင်းလိုက်၏။ ချန်ကျင်သည်လည်း ပထမဆုံး ပွဲလမ်းရသူအဖြစ် မှတ်တမ်းဝင်သွား၏။ အာလိကီ၏ သံချပ်ဝတ်စုံ၊ သစ်တော်သား အရိုး တပ်လှံ၊ ခြသေ့်ခေါင်းပုံ ခါးပတ်ခေါင်းတပ် ကျောက်စိမ်းခါးပတ်၊ ဖောင်းဝတ်ဖြူမြင်း၊ ဖိနပ်၊ ဝတ်လုံ ၊ လေးမြားစသည်တို့ အားလုံးကို ချန်ကျင်အား ပေးအပ်စေ၏။ ထိုနေ့တွင် စုန်ကျန့် တို့ ပွဲခံကြ၏။ ထိုအကြောင်းကို ဤတွင် ရပ်ဦးမည်။

နောက်တနေ့တွင် စုန်ကျန့်သည် စခန်းကို သိမ်း၍ တန်ကျို့ကို တိုက်ရိုက်ချီတက်ရန် အမိန့်ပေး၏။ ထိုသတင်းနှင့်တကွ သူ၏ ဗိုလ်ချုပ်တဦးပါ ကျဆုံးသွားပြီဖြစ်ကြောင်း သိရ သော တုန်ရှန်းသည်လည်း တပ်များကို မြို့အတွင်းသို့သွင်းကာ မြို့တံခါးကို ပိတ်ထားလိုက် လေ၏။ ထို့နောက် ရေတပ်တဖွဲ့လည်း ရောက်လာသည်ဟု ကြား၍ မြို့တံတိုင်းပေါ်သို့ တက်၍ ကြည့်ရှုကြ၏။ စုန်ကျန့်တပ်၏ ခေါင်းဆောင်များက တံခွန်များကို ဝှေ့ယမ်းကာ လက်နက်များကို တဝင့်ဝင့် လုပ်နေပြီး အော်ဟစ်ကာ စိန်ခေါ်နေကြသည်ကို မြင်ရလေ၏။

တုန်ရှန်းက မှတ်ချက်ချ၏။

"ငါတို့ အာလိကီက ရှုံးနိမ့်တာ အံ့သြစရာ မရှိဘူး"

"သူ ရှုံးနိမ့်တယ်လို့ ဘယ်သူပြောတာလဲ" ဟု ချူမင်းယုက ကန့်ကွက်၏။

"သူက အရိုင်းခေါင်းဆောင် နောက်ကို လိုက်နေရင်း အစိမ်းရောင်ဝတ်ထားတဲ့ အရိုင်းတကောင်က ခဲနဲ့ ပေါက်ချလိုက်တာဗျ။ သူ့ကို အရိုင်းလေးကောင်ကတောင် ဝိုင်းဖမ်းကြရတာ။ ကျုပ်တို့ ဘက်က အလစ်ခံလိုက်ရတာ။ ဒါကြောင့် ဖမ်းမိသွားတာဗျ"

"ခဲနဲ့ပေါက်တဲ့ အရိုင်းကောင်က ဘယ်လိုပုံမျိုးလဲ" တယောက်ယောက်က ချန်ကျင်ကို ပြလိုက်၏။

"ဟို အိတ်အနက်နဲ့ လူကို တွေ့လား။ ကျွန်တော်တို့ ဗိုလ်ချုပ်လေးရဲ့ အဝတ်အစားတွေ၊ သံချပ်ကာတွေကို ဝတ်ထားပြီး သူ့မြင်းကို စီးထားတယ်လေ။ အဲဒီ လူပဲ"

တုန်ရှန်းက သေသေချာချာမြင်ရရန် မြို့ရိုးကို ကျော်ကာ ကြည့်လိုက်၏။ သို့သော် ချန်ကျင်က အလျင် မြင်လိုက်၏။ ရှေ့ကို မြင်းဒုန်းစိုင်းစီး၍ ထွက်လာပြီး ခဲပျံတလုံးကို လွှတ် လိုက်လေ၏။ ခဲသည် တုန်ရှန်း၏ နားရွက်ကို ရှပ်၍ ထိသွားရာ အရေပြားအနည်းငယ် စုတ်ပြဲသွားလေ၏။ သူ့အခြွေအရံများက အလန့်တကြား အော်လိုက်ကြ၏။

"ဒီအရိုင်းကောင်က ကျွမ်းကျင်သားပဲ" ဟု ဆိုကာ တုန်ရှန်းက နာသွားသော နားကို ပွတ်သပ်နှိပ်နယ်နေ၏။ မြို့ရိုးပေါ်မှ ဆင်းလာပြီး လျောင်တာတာရ်မင်းကြီးထံသို့ အစီရင်ခံ စာတစောင်ကို ရေးသားတင်ပြလိုက်၏။ ထို့အတူ နယ်စပ်တလျှောက်ရှိ ပြည်နယ်များ ကိုလည်း သတိထားနေကြရန် အကြောင်းကြားလိုက်၏။

လေးရက် ငါးရက်လောက် စုန်ကျန့်တို့က တိုက်ခိုက်သော်လည်း မထူးသေးပေ။ ထို့ ကြောင့် မီယွန်သို့ ပြန်ကာ စခန်းချနေကြ၏။ စုန်ကျန့်တို့ စခန်းတွင် တိုင်ပင်နေကြစဉ် ထိုက်ချုံ ရောက်လာကာ ရေတပ်များ လုရွှေမြစ်အတိုင်း ရောက်လာပြီဖြစ်ကြောင်း သတင်းပို့လေ၏။ မကြာခင်တွင် လီကျွမ်း ရောက်ချလာလေ၏။

စုန်ကျန့်က သတိပေး၏။

"ကျူအင်းထဲမှာ တိုက်ခိုက်သလိုမျိုးနဲ့တော့ မတူဘူးဗျ။ ဘယ်နေရာက ရေနက်တယ်၊ ဘယ်နေရာက ရေတိမ်တယ်ဆိုတာ သိအောင်လုပ်ပြီးမှ ဆက်တက်ပါ။ လုရွှေမြစ်က ရေစီး သန်တယ်။ တခုခုဖြစ်ရင် ကျုပ်တို့လည်း ကယ်နိုင်မှာ မဟုတ်ဘူး။ သတိထား ချီတက်ပါ။ လူတွေကိုလည်း ဝှက်ထားပြီး တန်ကျို့ကို ဆန်တွေ လာပို့သလို ယောင်ဆောင်ထားပါ။ နောင်ကြီးတို့ ခေါင်းဆောင်တွေကတော့ လက်နက်တွေကို ကိုယ်ပေါ်မှာ ဝှက်ထားပြီး

ပုန်းနေကြပေါ့။ လူ လေးယောက် ငါးယောက်ကိုပဲ လှေလှော်ခိုင်းပါ။ နှစ်ယောက်က ကုန်း ပေါ် ကနေပြီး ကြိုးဆွဲခိုင်းပါ။ မြို့ဆီကို ဖြည်းဖြည်းပဲ လာပြီး လှေတွေကို မြို့ပြင်တဖက်ကမ်း မှာပဲ ဆိုက်ထားပြီး ကြည်းတပ်အလာကို စောင့်နေပါ။ နောင်ကြီးတို့ကို တွေ့ရင် ဆန်တွေကို မြန်မြန် မြို့ထဲကို သွင်းချင်တာနဲ့ ရေတံခါးတွေကို ဖွင့်ပေးမှာပဲ။ အဲဒီအချိန်ကျမှ အားလုံး ထွက်ပြီး ရေတံခါးကို သိမ်းပေတော့။ ခင်ဗျား ပွဲကြီးလမ်းကြီး ရမှာပဲ”

လီကျွမ်းနှင့် ရေတပ်ဗိုလ်မင်းများက အမိန့်ကို မှတ်သားကာ ထွက်ခွာသွားကြ၏။ ထိုစဉ် အရာရှိငယ်တယောက် ဝင်လာကာ သတင်းပို့၏။

“ရောမ တပ်ကြီးတတပ် အနောက်မြောက်ဘက်ကနေ ဒီဘက်ကို ထိုးဖောက်လာနေ တယ်။ အလံနက်တွေ ကိုင်ထားတယ်ဗျ။ အင်အားကတော့ တသောင်းကျော်မယ်။ တန်ကျို့ ကို ဦးတည်နေတယ်ဗျ”

ဝုရုံက -

“ဒါ လျှောင်မင်းကြီးက လွှတ်လိုက်တဲ့ တပ်ကူတွေ ဖြစ်မယ်။ ခေါင်းဆောင်တချို့ကို လွှတ်ပြီး ပိတ်ဆို့ ခိုင်းလိုက်မယ်။ ကစဉ့်ကလျားဖြစ်အောင် လုပ်လိုက်ကြရအောင်။ မဟုတ် ရင် မြို့ထဲက တပ်တွေ အားတက်ကုန်လိမ့်မယ်”

ချန်ကျင်၊ တုန်ပင်း၊ ကွမ်ရှိန်း၊ လင်ချုံးတို့ကို လက်အောက်ဗိုလ်မင်းတကျိပ်ခန့်နှင့် အတူ အင်အား ငါးထောင်ကို ဦးစီးစေလျက် လေအဟုန်ကဲ့သို့ လျင်မြန်စွာ ချီတက်စေ လိုက်၏။

တန်ကျို့ကို ဝိုင်းထားကြောင်း လျှောင်တာတာရ်မင်းကြီးက ကြားသဖြင့် ကယ်တင်ရန် သူ့တူနှစ်ယောက်ကို ဦးစီးကာ စေလွှတ်လိုက်ခြင်း ဖြစ်၏။ ယင်း တူနှစ်ယောက်မှာ ယဲလူ ကိုချင်နှင့် ယဲလူ ကိုပေါင် တို့ဖြစ်ကြ၏။ နှစ်ယောက်စလုံးမှာ စစ်ဗိုလ်ချုပ်များ ဖြစ်ကြပြီး သတ္တိမှာလည်း ပြိုင်စံရှားအောင် ကောင်းကြ၏။ တန်ကျို့ကို ဦးတည်၍ လူတသောင်းကို ဦးဆောင် ချီတက်လာရာ နီးလာသောအခါ စုန်ကျန့်တပ်နှင့် ဝင်တိုးလေ၏။ နှစ်ဖက် တပ်များ တပ်ဖြန့်လိုက်ကြပြီး တာတာရ်ဗိုလ်ချုပ်နှစ်ဦးလည်း တပ်ရှေ့သို့ ထွက်လာကြ၏။

သူတို့မှာ ညီအစ်ကိုအရင်းများ ဖြစ်၏။ ဝတ်ထားသည်မှာလည်း အတူတူ။ ကိုင်ထား သည့်လှံမှာလည်း အတူတူဖြစ်၏။ စွန်ကျန့်တပ်မှ လုံနှစ်စင်းဗိုလ်တုန်ပင်းက ရန်သူဘက်သို့ မြင်းကို အသားကျစီးသွားရင်း လှမ်း၍ အော်၏။

“မင်းတို့တွေ ဘယ်ကလဲ၊ အရိုင်းကောင်တွေ”

ထိုစကားကို ကြားရသော် ကိုချင်မှာ မခံမရပ်နိုင်အောင် ဒေါသထွက်၏။

"မင်းတို့ ကျူးအင်းခါးပြတွေက ငါတို့ တိုင်းပြည်ကြီးကို လာကျူးကျော်တာ။ မင်းတို့ ကများ ဘယ်က လာသလဲတဲ့၊ မေးရတယ်ရှိသေး"

တုန်ပင်းက ဘာမှပြန်မပြောချေ။ လှံကို အသင့်ကိုင်ကာ ကိုချင်ထံသို့ မြင်းကို ဒုန်းစိုင်း ၍ ဝင်၏။ ဤ တာတာရ်လူငယ်မှာ သွေးဆူ၏။ အလျှော့မပေးတတ်။ ထို့ကြောင့် လှံကို ချိန်ကာ ထွက်၍တိုက်၏။ မြင်းနှစ်စီးဆုံမိသောအခါ လှံသွားသုံးလက်တို့ ချာလပတ်လည် နေလေပြီ။ ဖုန်လုံးကြီးထဲတွင် လှံနှစ်ဖက်ကိုင်သူက အစွမ်းပြနေသလို သံလှံတံကို ကိုင်သူကလည်း အံ့ဖွယ်ကျွမ်းကျင်မှုကို ပြနေ၏။ အချီငါးဆယ် တိုက်ပြီးသော်လည်း အနိုင်ရသူ ထွက်မလာသေးပေ။

ကိုပေါင်က သူ့အစ်ကို ကိုချင် မောလာပြီဟူ၍ ကြောက်လာ၏။ ထို့ကြောင့် ဆုတ်ခွာရန် အချက်ပြသည့် မောင်းကို တီးလေ၏။ ကိုချင် အကြိုက်ကျသွားလေပြီ။ တိုက်ခိုက်ရသည်မှာ လည်းတော်တော်ခက်လာပြီဖြစ်၏။ သို့သော် တုန်ပင်းက လှံနှစ်လက်ဖြင့် လမ်းပိတ်ထား၏။ ကိုချင်မှာ စိတ်များနေသောကြောင့် လက်ကျလာနေလေပြီ။ တုန်ပင်းကသာ ဘယ်လက်မှ လှံဖြင့် ရန်သူ့လှံကို ပယ်ကာ၊ ညာဘက်လက်မှ လှံဖြင့် ရန်သူ့လည်ပင်းအောက်ခြေကို ထိုးစိုက်လိုက်၏။ ကိုချင်၏ ရွှေခမောက် ပြုတ်ကျသွားပြီး၊ လူလည်း ခြေနှစ်ချောင်း မိုးပေါ် ထောင်ကာ မြေကြီးပေါ်သို့ ကျသွားလေ၏။

ကိုပေါင်က သူ့အစ်ကိုကို ကယ်ရန် လှံကို ချိန်ကာ မြင်းကို ဒုန်းစိုင်းစီးချ၏။ ချန်ကျင် အဖို့ ယင်းသည် ပစ်မလွဲသည့် ပစ်မှတ် ဖြစ်နေပေပြီ။ လှံကိုသိမ်းကာ ခဲတလုံးကို နှိုက်ယူ လိုက်ပြီး မြင်းကို မောင်း၍ တိုက်ကွင်းထဲသို့ ဝင်၏။

ပြောနေသလောက်ပင် မကြာလိုက်။ မြင်းနှစ်စီး နီးလာသည်မှာ ပေတရာမျှပင် မကျန်တော့ပေ။ တာတာရ်လူငယ်က တိုက်ခိုက်ရန်သာ ဇောကပ်နေပေ၏။ ချန်ကျင်က "ကဲကွာ" ဟု ဆိုကာ ခဲနှင့် ပေါက်ထည့်လိုက်၏။ ကိုပေါင့်မျက်နှာကို အဟုန်ပြင်းပြင်းနှင့် ဝင်သွားရာ မြင်းပေါ်မှ တပတ်ကျွမ်း လန်ပြီး ကျသွားလေ၏။

ကွမ်ရှိန်း၊ လင်ချုံးနှင့် ယင်းတို့၏တပ်များ ရှေ့သို့ပြုံ၍ တက်လာလေ၏။ လျောင်တာတာရ် စစ်သည်များစွာ ခေါင်းဆောင်မရှိတော့ပြီဖြစ်၍ ကစဥ့်ကလျား အလန့်တကြား ထွက်ပြေး ကြ၏။ တာတာရ်မင်း၏ တူတော်များ စီးသည့် မြင်းနှစ်စီးနှင့် ရွှေတံခွန်နှစ်လက်တို့ သိမ်း ဆည်းလိုက်နိုင်၏။ ကိုချင်နှင့် ကိုပေါင်တို့ကို စစ်ဝတ်စုံများ ချွတ်ကာ ခေါင်းဖြတ်လိုက်၏။

စစ်မြင်းတထောင်ကျော်ကိုလည်း ဖမ်းမိသဖြင့် မီယွန်မြို့ထဲသို့ မောင်းသွင်းသွားပြီး စုန်ကျန့်ကို ပေး၏။ စုန်ကျန့်လည်း ဝမ်းမြောက်လျက် တပ်ဖွဲ့များကို ဆုပေး၏၊ တုန်ပင်းနှင့် ချန်ကျင်တို့ကိုလည်း ပွဲလမ်းရသူအဖြစ် မှတ်တမ်းတင်၏။ တန်ကျို့ကို သိမ်းပိုက်ပြီးမှ အောင်ပွဲကို အစီရင်ခံမည် ဖြစ်၏။

ထိုညက စုန်ကျန့်နှင့် ဝုရုံတို့က မဟာဗျူဟာကို တိုင်ပင် ရေးဆွဲကြ၏။ လင်ချုံးနှင့် ကွမ်ရှိန်းတို့က မြင်းတပ်ကို ဦးဆောင်ကာ တန်ချို့ကို အနောက်မြောက်ဘက်မှ တိုက်မည်။ ဟူယန်ကျို့နှင့် တုန်ပင်းတို့က မြင်းတပ်နှင့် အရှေ့မြောက်ဘက်မှ တိုက်မည်။ လူကွမ်းယီက အနောက်တောင်ဘက်မှ တိုက်မည် ဖြစ်၏။ စုန်ကျန့်က-

"ကျုပ်ကတော့ တပ်မနဲ့ အရှေ့တောင်ဘက်မှ ဝင်တိုက်မယ်။ အမြောက်သံကြားရင် တပြိုင်တည်း တိုက်ကြမယ်"

မိုးယံခြိမ်ခြိမ့်လင်းချင်၊ လေပွေနက်လီကွေ့၊ ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရှီ၊ ယမမင်း ပေါက်ရှူတို့ကို ဒိုင်းကိုင်ဗိုလ်များ ဖြစ်သည့် ရှံချုံး၊ လီကွန်းတို့နှင့်တကွ ဒိုင်းကိုင်စစ်သည် တထောင်ကျော်အား မြို့ရိုးအခြေသို့ ချီတက်ခိုင်း၏။ အချိန်ကျလျှင် ထိုနေရာမှ အမြောက် သံပေးမည် ဖြစ်၏။

ဒုတိယယံတွင် ကြည်းတပ်နှင့် ရေတပ်တို့ တပြိုင်တည်း စတင်လှုပ်ရှားကြမည် ဖြစ်၏။ အမိန့်ထုတ်ပြန်လိုက်သဖြင့် တပ်အားလုံးက တိုက်ခိုက်ရန် ပြင်ဆင်ထားကြ၏။

ထိုအချိန်တွင် တပ်ကူများကို စောင့်နေသော တုန်ရှန်းထံသို့မင်းကြီး၏ တူတော်များ၏ တပ်မှ မသေဘဲ ကျန်ရှိနေသူများ မြို့တွင်းသို့ ဒရောသောပါး ဝင်လာကြပြီး အကြောင်းစုံ ပြောပြကြ၏။ "မင်းသား ယဲလူ ကိုချင်ကိုတော့ လုံနှစ်လက်နဲ့ လူက သတ်လိုက်တယ်။ ယဲလူ ကိုပေါင်ကိုတော့ အစိမ်းရောင်ခေါင်းပေါင်းနဲ့ လူက ခဲနဲ့ ပေါက်ချလိုက်တယ်။ ပြီးမှ သတ်ပစ်လိုက်တာ"

တုန်ရှန်းလည်း မကျေမချမ်းဖြင့် ခြေဆောင့်လိုက်၏။ "ဒီလူရိုင်းကောင်က လုပ်လိုက် ပြန်ပြီ။ သူ့ကြောင့် တူတော်တွေ သေရတယ်။ မင်းကြီးကို ဘယ်လိုရင်ဆိုင်ရမလဲ။ ဖမ်းမိမှ အဲဒီ ခေါင်းပေါင်းစိမ်းနဲ့ ကောင်ကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ထောင်းခြေပစ်မယ်" ထိုညနေတွင် ကင်းထောက်များ ရောက်လာ၏။ "စပါးတင်လှေ အစီးခြောက်ရာ ခုနစ်ရာလောက် လုရွှေမြစ်ကမ်းတလျှောက်မှာ ဆိုက်ထားတယ်။ တပ်ကြီးတတပ်လည်း ချီတက်လာတာ အဝေးကြီးက မြင်ရတယ်"

"ဒီအရိုင်းတွေကတော့ ငါတို့ ရေကြောင်းလမ်းတွေကို မသိလို့၊ စပါးလှေတွေ

မှားရောက်လာတာ နေလိမ့်မယ်။ ဟိုက လာတဲ့ တပ်ကလည်း ဒီစပါးလှေတွေ နောက်ကို လိုက်လာတာ ဖြစ်လိမ့်မယ်”

သူက ချူမင်းယု၊ ကောက်မင်းကျိ၊ ယောင်ဝါဝေကန်းတို့ကို ခေါ်ကာ ညွှန်ကြား၏။ “စုန်ကျန့်တို့ကတော့ နောက်ထပ် တပ်တတပ် လွှတ်လိုက်ပြန်ပြီ။ စပါးလှေတွေလည်း မြစ်ထဲမှာ ရောက်နေတယ်တဲ့။ ယောင်ဝါဝေကန်း၊ မင်းက လူတထောင်နဲ့ ချီတက်လာတဲ့ တပ်ကို သွားတိုက်။ ချူမင်းယုနဲ့ ကောက်မင်းချီက ရေတံခါးကို ဖွင့်ပြီး စပါးလှေတွေ သွင်း လိုက်။ သုံးစီးမှာ နှစ်စီးရရင်တောင် အတော်နေရာကျပြီ။ မင်းတို့တွေ ပွဲလမ်းကောင်းကောင်း ရပြီ မှတ်ပေတော့”

ထိုညနေ မှောင်စပျိုးချိန်တွင် စုန်ကျန့်၏ လက်ဝဲစစ်ကြောင်းမှ လေပွေနက်နှင့် ဖန်ဒီတို့ ခေါင်းဆောင်သော တပ်များသည် တန်ကျို့သို့ ချဉ်းကပ်၍ တာတာရ်များကို ဆဲရေး ပုတ်ခတ်ကြ၏။ မြို့ပြင်ထွက်တိုက်ရန် အမိန့်ရထားသော ယောင်ဝါဝေကန်းက မြို့တံခါးကို ဖွင့်ကာ ဆွဲတံတားကို ချ၏။ သို့သော် လေပွေနက်တို့က ခြေသည်တထောင်နှင့်အတူ တံတားကို အတင်းဖြတ်ကာ တံတား၏ ဟိုမှာဘက်ထိပ်မှ နေ၍ တာတာရ်များ မြို့ထဲမှ မထွက်သာအောင် ဆီးဆို့ထားလိုက်ကြ၏။

လင်းချင်က အမြောက်အသင့်ပြင်ကာ အချိန်ကို စောင့်နေ၏။ မြို့ရိုးထိပ်မှ မြားများ မိုးကြီး ရွာသလို ဆင်းလာလေ၏။ ဒိုင်းကိုင်များက သူ့ကို ကာမိုးပေးကြရ၏။ ပေါက်ရှူတို့ လူတထောင်ကလည်း လူတသောင်း၏ အသံဟု ထင်ရလောက်အောင် ညာသံများကို အသံကုန်ဟစ်အော်နေကြ၏။

သူ့စစ်သည်များ မြို့ထဲမှ မထွက်နိုင်ကြောင်း သိရသောအခါ တုန်ရှန်းလည်း ဆောက် တည်ရာမရ ဖြစ်လာ၏။ ချူမင်းယုနှင့် ကောက်မင်းကျိတို့ကို ရေတံခါးကိုဖွင့်ကာ စပါးလှေ များကို သွင်းခိုင်းလေ၏။ စုန်ကျန့်၏ ရေတပ်ဗိုလ်များမှာ လှေဝမ်းထဲတွင် တုတ်တုတ်မျှ မလှုပ်ကြပေ။ ရေတံခါးဖွင့်မှ ကုန်းပတ်များကို ကလန့်၍ ဖွင့်ကာ စပါးလှေများကို စစ်လှေ များအဖြစ်သို့ ပြောင်းလိုက်ကြ၏။

ဤအကြောင်းကို ကြားသောအခါ မီးမုန်တိုင်း အမြောက်ကို ပစ်လိုက်၏။ မြစ်တဖက် ကမ်းတွင် ဆိုက်ထားသော လှေများလည်း ရန်သူ့လှေများနှင့် ရင်ဆိုင်ရန် လှော်ထွက်လာ ကြ၏။ ဘယ်ဘက်မှ လီကျွမ်း၊ ချန်ဟင်း၊ ချန်ရွှန်းတို့က လည်းကောင်း၊ ညာဘက်မှ ဖိုးရုံ ညီနောင်သုံးဦးက လည်းကောင်း ဦးစီးကာ အမြန်လှော်ခတ်လာကြပြီး ရန်သူလှေများကို ရက်ရက်စက်စက် တိုက်ခိုက်ကြ၏။

ချူမင်းယုနှင့် ကောက်မင်းကျိတို့လည်း ချုံခို အတိုက်ခံရပြီဟု သဘောပေါက်သွား ကြ၏။ သို့သော် နောက်ကျသွားပြီ။ စုန်ကျန့်တို့က

သူတို့လှေများပေါ်သို့ပင် ရောက်နေ ကြလေပြီ။ ထို့ကြောင့် ကမ်းပေါ်သို့သာ တက်ပြေးကြရ၏။

စုန်ကျန့်၏ ရေတပ်ဗိုလ် ခြောက်ဦးက ရေတံခါးကို ဝင်စီးကြ၏။ ခုခံသူများကို သတ်ပစ် မောင်းထုတ်ပစ်ကြ၏။ တာတာရ်ဗိုလ်ချုပ်နှစ်ဦးမှာလည်း အသက်ကိုလုကာ ထွက်ပြေး ကြရ၏။ ရေတံခါးပေါ်မှ မီးတုတ်ကို ဝှေ့ယမ်းကာ အချက်ပြလိုက်သဖြင့် လင်းချင်က လှည်းတင် အမြောက်တလက်ကို ပစ်လိုက်၏။ ယင်း၏ အမြောက်ဆန်သည် မြည်ဟည်း လျက် ကောင်းကင်ကို ဖြတ်သန်းသွားလေ၏။

အမြောက်သံများ ဆက်၍ ဆက်၍ ထွက်နေရာ တုန်ရှုန်းသည်လည်း ကြောက်လွန်း မက ကြောက်လာပြီး ဘာကိုမျှ မကြံတတ်တော့ပေ။ လီကွေ့၊ ဖန်ရွှီ၊ ပေါက်ရှူတို့သည်လည်း ဒိုင်းကာတပ်များနှင့်အတူ မြို့ထဲသို့ ဖောက်ဝင်သွားလေ၏။

တုန်ရှုန်းနှင့် ယောင်ဝါဝေကန်းတို့လည်း မြို့တံခါးအားလုံး ပွင့်သွားပြီး စုန်တပ်များ ဒလဟော စီးဝင်လာသည်ကို မြင်ရသဖြင့် မြင်းစီးကာ မြောက်ဘက်တံခါးမှ ထွက်ပြေးကြ လေ၏။ သို့သော် နှစ်လီမျှပင် မရောက်လိုက်။ ကွမ်ရှိန်းနှင့် လင်ချုံးတို့နှင့် ဝင်၍ တိုးလေရာ မလွှဲသာသဖြင့် တိုက်ပွဲဝင်ရလေတော့သည်။ မိုးမြေအနှံ့ ဖြန့်ကြက်ထားသော ပိုက်ကွန်မှ သူတို့ မည်သို့ လွတ်နိုင်ပါမည်နည်း။ တုန်ရှုန်း၏ ကံကြမ္မာသည် မည်သို့နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၄

စုန်ကျန့် ချီကျို့မြို့ကို တိုက်ခိုက်ခြင်း

လူကွမ်းယီ ယူတျန်နယ်တွင် တိုက်ပွဲဝင်ခြင်း

လင်ချုံးနှင့် ကွမ်ရှိန်းတို့နှင့် ခဏမျှ တိုက်မိပြီးသောအခါ တုန်ရှန်းနှင့် ယောင်ဝါဝေကေန်းတို့ ဆက်မတိုက်ရဲတော့ပေ။ ထို့ကြောင့် အတင်းဖောက်ကာ ထွက်ပြေးသွားကြ၏။ သို့သော် စုန်ကျန့်၏ တပ်ဗိုလ်များက ရည်ရွယ်သည်မှာ တန်ကျို့ မြို့ ဖြစ်သောကြောင့် ဆက်မလိုက် ဘဲ မြို့တွင်းသို့သာ ချီတက်ခဲ့ကြ၏။

တန်ကျို့ကို သိမ်းပြီး ကျန်သော တာတာရ်တပ်များကို ကစဥ့်ကလျားဖြစ်အောင် လုပ်ပြီးသောအခါ လူထုကြီးကို အနည်းငယ်မျှပင် ဒုက္ခမပေးရန် စုန်ကျန့်က အမိန့်ကြေညာ စာများကို ကပ်ထားစေ၏။ သူ့စစ်လှေများကို တတ်နိုင်သမျှ မြို့ထဲဝင်လာစေရန် ညွှန်ကြား ၏။ ထို့နောက် တပ်များကို ဆု ချီးမြှင့်၏။ တာတာရ်အမှုထမ်းများအနက် ဂုဏ်သိက္ခာ သတင်းကောင်းရှိသူများကို မူလရာထူးများတွင်ပင် ခန့်ထားစေ၏။ ကျန်သူများကိုမူ မြို့ပြင်သို့ မောင်းထုတ်ကာ ကန္တာရလွင်ပြင်များသို့ ပြန်စေ၏။ တန်ကျို့မြို့ကို သိမ်းပြီး ကြောင်း ရေးသားတင်ပြလိုက်၏။ ဘဏ္ဍာတိုက်မှ သိမ်းရသော အဖိုးတန်ပစ္စည်းများကို လည်း မင်းကြီးထံသို့ ဆက်သလိုက်၏။ စစ်သူကြီးစုထံသို့လည်း ဤသတင်းကို မင်းကြီးဆီ လျှောက်တင်ပေးရန် တောင်းပန်သည့် စာကို သီးခြားပို့လိုက်၏။

အကြောင်းစုံကို ကြားသိရသောအခါ မင်းကြီးလည်း ကျေနပ်သွားလေ၏။ စစ်ဝန်ကြီး ဌာနမှ ကျောက်အန်ဖူဆိုသူ ဝန်တဦးကို မြင်းစီးအင်အားနှစ်သောင်းနှင့်အတူ ရှေ့တန်းသို့ ချက်ချင်း စေလွှတ်လိုက်၏။

စုန်ကျန့်တို့လည်း ထိုသို့ လာနေကြောင်း ကြားရသဖြင့် တန်ကျို့မှ အလွန်ဝေးသော နေရာထိ သွားကာ ကြိုဆိုကြ၏။ ထို့နောက် စစ်တပ်ဌာနချုပ်အဖြစ် ခေတ္တအသုံးချနေသော မြို့ဝန်၏ ခံအိမ်သို့ ခေါ်လာကာ နေရာထိုင်ခင်းပေး၏။ ဗိုလ်ချုပ်အားလုံး လာရောက်ကာ အရိုအသေပေးကြ၏။ ကျောက်အန်ဖူမှာ ကေရာဇ်မင်းကြီးကျောက်မှ တိုက်ရိုက်ဆင်းသက် လာသူ တဦးဖြစ်ကာ ဂုဏ်သိက္ခာရှိသူ၊ အမှုကိစ္စများကို မှန်ကန်ဖြောင့်မတ်စွာ ဆောင်ရွက် သူအဖြစ် ထင်ရှား၏။ ထို့ကြောင့် သူ့ကို စစ်သူကြီးစု၏ ထောက်ခံတင်ပြချက်ဖြင့် ရွေးချယ် ကာ စစ်ဆင်ရေးများကို ကြီးကြပ်ရန် စေလွှတ်လိုက်ခြင်း ဖြစ်၏။

စုန်ကျန့်မှာ ဂုဏ်သရေရှိသူတဦး ဖြစ်ကြောင်း တွေ့ရသဖြင့် ကျောက်အန်ဖူကလည်း ကျေနပ်၏။

“ဘုန်းတော်ကြီးလှသောဘုရားက ခင်ဗျားတို့ ဗိုလ်မင်းတွေ၊ တပ်သားတွေ ဘယ် လောက်တောင် စိတ်နှစ်ပြီး ဆောင်ရွက်နေမှန်း ကောင်းကောင်း သိပါတယ်။ ဒါကြောင့် ကျုပ်ကို ကြီးကြပ်ဖို့ တာဝန်ပေးလိုက်တာပဲ။ ပြီးတော့ ခင်ဗျားတို့ကို ချီးမြှင့်လိုက်တဲ့ ရွှေငွေ တွေ၊ ပိုးဖဲလိပ်တွေကို လှည်းအစီးအစိတ်နဲ့ သယ်လာခဲ့ရတယ်။ ခင်ဗျားတို့ထဲက ထူးချွန်တဲ့၊ ပွဲလမ်းရတဲ့သူတွေကို သူကောင်းပြုဖို့ မင်းကြီးဆီကို တင်ပြပေးရဦးမယ်။ ခင်ဗျားတို့ သိမ်း ခဲ့တဲ့ နယ်တွေကိုလည်း တင်ပြပေးရမယ်။ ခင်ဗျားတို့ ဗိုလ်မင်းတွေအားလုံး အစွမ်းကုန် ကြိုးစားအားထုတ်ပြီး ဂုဏ်ရည်လွှမ်းအောင် ဆောင်ရွက်ကြရမယ်။ သင်တို့ အောင်ပွဲခံပြီး နေပြည်တော်ကို ပြန်ရင် ဘုန်းတော်ကြီးလှသောဘုရားက ခင်ဗျားတို့ကို အရေးကြီးတဲ့ နေရာတွေမှာ သုံးစွဲပါလိမ့်မယ်”

စုန်ကျန့်က ကျေးဇူးတင်ကြောင်း ပြောပြီး၊ ဆက်လက်၍-

“ဝန်မင်းကများ အပန်းမကြီးရင် တန်ကျို့ကို ကြည့်ရှုထားနိုင်မလားဗျာ။ ကျွန်တော် တို့က တပ်တွေကို စွဲပြီး အခြား အရေးကြီးတဲ့ တာတာရ်ပြည်နယ်တွေကိုလည်း ဆက်ပြီး သိမ်းယူချင်ပါတယ်။ ဒါမှပဲ တာတာရ်တွေ အချင်းချင်း အဆက်ပြတ်ကုန်ပါလိမ့်မယ်”

သူ့တပ်ဗိုလ်များကို ဆုများ ခွဲဝေပေးလိုက်၏။ ထို့နောက် တာတာရ်မြို့များကို တိုက် မည်ဖြစ်၍ အမိန့်စောင့်နေရန် ညွှန်ကြားထားလိုက်၏။

ရန်စုံက -

“ချီကျို့က သိပ်မဝေးဘူးဗျ။ အဲဒီ နောက်ဘက်တရိုးကတော့ တကယ် ငွေအိုးပဲ၊ စပါး ကျီပဲ။ ဆန်ရော ဂျုံရော တကယ်ပေါတယ်။ လျှောင်တွေရဲ့ ဘဏ္ဍာတိုက်လို့သာ ခေါ်လိုက် ပါတော့။ ချီကျို့ကို ရရင် ခွင်လုံးပိုင်ပြီပဲ”

စုန်ကျန့်လည်း ဝုရုံကို ခေါ်ကာ တိုင်ပင်လေ၏။

ထိုစဉ်အတွင်း တုန်ရှန်းနှင့် ယောင်ဝါဝေကန်းတို့သည် အရှေ့ဘက်သို့ထွက်ပြေးလာရာ တွင် ချူမင်းယုနှင့် ကောက်မင်းကျီ အပါအဝင် လက်ကျန်တပ်များနှင့် တိုးမိကြလေ၏။ သခင်လောလောဆယ် သေသွားသော ခွေးကဲ့သို့ လည်းကောင်း၊ ပိုက်မှ လွတ်လာသော ငါးကဲ့သို့ လည်းကောင်း သုတ်သုတ်ပျာပျာဖြင့် တပ်အားလုံး ပေါင်းလိုက်ပြီး ချီကျူမြို့သို့ သုတ်ခြေတင်ကြ၏။ ယင်းတွင် မင်းကြီး၏ ညီတော် ယဲလူ တွေ့ချုန်းနှင့်

တွေ့ဆုံကြ၏။ သူတို့က စုန်ကျန်၏ အင်အားကြီးမားသော တပ်ကြီးအကြောင်း၊ ဘယ်တော့မှ မလွဲသည့် အရိုင်းအစိုင်း ခဲသမားအကြောင်း၊ တူတော် အာလိကီကိုလည်း ထိုသူကပင် သတ်လိုက် ကြောင်းဖြင့် ဖောက်သည်ချကြ၏။

မင်းသားက-

“ဒါဖြင့်ရင် ဒီကောင့်ကို ချေမှုန်းရာမှာ မင်းတို့က ကူညီရမယ်”

သူ့စကားမဆုံးမီမှာပင် လှည့်ကင်း ကင်းထောက်တယောက် ရောက်လာကာ သတင်း ပို့၏။ “စုန်ကျန့်က သူ့တပ်ကို နှစ်ဖွဲ့ ဖွဲ့လိုက်ပြီး ဒီပြည်နယ်ကို တိုက်ဖို့ လာနေပါပြီ။ စစ်ကြောင်းတခုက ပင်းကူခရိုင်ကို သွားနေပါတယ်။ နောက်တကြောင်းကတော့ ယူတျန် ခရိုင်ဘက်ကို သွားနေပါတယ်”

“မင်းတပ်တွေကို ပင်းကူကို ခေါ်သွားလိုက်” ဟု မင်းသားက တုန်ရှုန်းကို အမိန့်ပေး၏။ “ဒါပေမဲ့ မတိုက်နဲ့၊ ငါ ယူတန်မှာ အရိုင်းအစိုင်းတွေကို ချေမှုန်းပြီးမှ အဲဒီနားက ဒီကောင်တွေကို နောက်ကျောကနေ ဝင်တိုက်မယ်။ ဒီကောင်တွေ ပြေးလို့ မလွတ်စေရဘူး” ထို့အပြင် ပါကျို့နှင့် ယိုကျို့ပြည်နယ်များသို့လည်း စစ်ကူများ ချက်ချင်းပို့ရန် အကြောင်းကြားလိုက်၏။ သူ့သားလေးယောက်နှင့်အတူ တပ်ကြီးတတပ်ကို ဦးစီးကာ ယူတျန်သို့ ချီတက်သွားလေ၏။

လူအင်အားသုံးသောင်းစီဖြင့် စုန်ကျန့်နှင့် လူကွမ်းယီတို့သည် မိမိတို့ ရည်မှန်းချက် များဖြစ်သော ခရိုင်မြို့များသို့ အသီးသီး ချီနေကြ၏။ ပင်းကူနှင့် နီးလာသောအခါ ချဦးကပ် သည့် လမ်းပေါက်ဟူသမျှကို ရန်သူက အခိုင်အမာ ထိန်းချုပ်ထားကြောင်း စုန်ကျန့် တွေ့ရ၏။ သူက အတင်းဝင်မတိုက်ဘဲ မြို့အနောက်ဘက်တွင်သာ တပ်စခန်း ချထားလိုက်၏။ လူကွမ်းယီလည်း မကြာမီတွင်ပင် ယူတျန်ရှိ ရန်သူ တာတာရ်များကို လှမ်း၍ပင် မြင်နိုင်သည့် အနေအထားသို့ ရောက်လုနီးဖြစ်၏။ သူက ချူဝုနှင့် တိုင်ပင်၏။

“ဒီနယ်ခြားဒေသကို ကျုပ်က မသိဘူးဗျ။ မရင်းနှီးဘူး။ ဘယ်လိုလုပ်ရင်ကောင်းမလဲ”

“ကျုပ်အမြင်မှာကတော့ ဒီဒေသမှာ လူစိမ်းတွေဆိုတော့ သတိနဲ့ ဆက်ချီတက်မှ တော်မယ်။ တပ်ကိုလည်း မြွေသွားသလို ချီတက်မှ တော်မယ်။ ရန်သူက ခေါင်းကို တိုက်ရင် အမြီးက ဝင်ကူမယ်။ အမြီးက တိုက်ရင် ခေါင်းက ဝင်ကူမယ်။ အလယ်ပိုင်းကို တိုက်ရင်တော့ ခေါင်းရော အမြီးပါ ဝင်ကူကြမယ်ပေါ့။ ဘယ်လိုမှ အဆက်ဖြတ်လို့ ရမယ် မဟုတ်ဘူးပေါ့။ ဒီတော့ နယ်မြေစိမ်းလည်း ဂရုစိုက်စရာ မလိုဘူးပေါ့”

"ကျုပ်လည်း ဒီလိုပဲ သဘောရတယ်" ဟု လူကွမ်းယီက ကျေနပ်စွာ ပြောပြီး၊ ထိုအတိုင်း ဆောင်ရွက်ရန် အမိန့်ပေးလိုက်၏။

အဝေးဆီမှ လျှောင်စစ်သည်များ သူတို့ဆီသို့ အုံလိုက်ကျင်းလိုက် လာနေသည်မှာ ပိန်းပိတ်မှောင်နေသော မြူထုကြီး အဝါရောင်သဲတောင်ကုန်းများအတိုင်း လိမ့်ဆင်းလာ နေသလိုပင် ဖြစ်၏။ သူတို့၏ စစ်မြင်းများမှာ မြင်မြင်သမျှ နင်းခြေသတ်ပစ်တော့မည့် အတိုင်း ပြေးနေကြ၏။ ဆောင်းထားသော အစိမ်းရောင် သက္ကလတ်ဦးထုပ်များမှာလည်း ကန်အထောင်အသောင်းမှ ပဒုမ္မာကြာရွက်ကြီးများကို လေတွေ့လိုက်သလို ကြွချီ ငုံ့ချီနှင့် ရှိနေကြ၏။ ထို့အတူ မောက်တိုများမှာလည်း ဆောင်းတွင်း နေရောင်အောက်တွင် လှိုင်းကြက်များ ထနေသော လီတသောင်းကျယ်သည့် သမုဒ္ဒရာကြီးသဖွယ် ဖြစ်နေ၏။ သူတို့၏ ကိုယ်ကျပ်အင်္ကျီများမှာ ဘယ်ဘက်ခြမ်းတွင် ကြယ်သီးတပ်ထားကြ၏။ ဆံပင်ညိုညိုများမှာ ပခုံးထိ ရှည်၏။ သံနန်းဖြင့် ရက်ထားသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသည့် ထောင်ထောင်မောင်းမောင်း အသားညိုညိုနှင့် စစ်သည်များ၏ မျက်လုံးမှာ အစိမ်းရောင် ဖြစ်၏။ တာတာရ်မြင်းသည်တို့မှာ ပခုံးကျယ်၏။ ခါးမှာ သံမဏိပမာ၊ ခြေထောက်များမှာ သံပမာ ကြံ့ခိုင်၏။ မြင်းကောင်းမြင်းသန့်များကို စီး၏။ လေးများ၏ အစွန်းများတွင် သိုးချိုများကို စွပ်ထား၏။ ပေါ်ပလာသားမြေးများကို သဲများဖြင့် တိုက်ကာ အချောသပ်ထားကြ၏။ ကျားရေဝတ်ရုံများကို ခြုံထားကြ၏။ ကုန်းနှီးများမှာ သေးငယ်၏။ နယ်ခြားဒေသတွင်ကြီးပြင်း သူများဖြစ်ကြသည့်အလျှောက် လက်နက်ရေးတွင် ကျွမ်းကျင်ကြ၏။ ဆွေအဆက်ဆက် မျိုးအဆက်ဆက် အားကောင်းမောင်းသန် မြင်းများကိုသာ စီးနင်းခဲ့ကြ၏။ ခြေသည် တပ်များ တီးမှုတ်လာသော သိုးသားရေဗုံများ၊ ကြေးညိုခရာများ၏ စည်းချက်အတိုင်း ချီတက်လာကြ၏။ မြင်းသည်များမှာ ပလွေသံ၊ နှဲသံများအတိုင်း ကဆုန်စိုင်းလာကြ၏။

မင်းသား တေချူန်းသည် ယူတန်သို့ ရောက်သည်နှင့် တပ်များကို တိုက်ပွဲဝင်ရန် တပ်ဖြန့်ထားလိုက်၏။ ချူဝုက "တိမ်လှေကား" ဖြင့် တက်ကာ အခြေအနေကို ကြည့်၏။ ပြန်ဆင်းလာပြီး လူကွမ်းယီကို သတင်းပို့၏။

"အရိုင်းအစိုင်းကောင်တွေ တပ်ဖြန့်ထားတဲ့ ပုံက "တောင်တန်း နောက်ခံထားတဲ့ ကျားငါးကောင်" ပုံပဲဗျ။ ဘာမှ ထူးထူးခြားခြား မဟုတ်ဘူး"ဟု ဆိုကာ တခေါက် ပြန်တက် ကြည့်ပြန်၏။

သူက အချက်ပြအလံကို ဘယ်ဘက် ညာဘက်တို့သို့ ဝှေ့ယမ်းကာ မိမိတပ်များကို နေရာချထား၏။ လူကွမ်းယီမှာ ဘာမှ နားမလည်ဘဲ ထိုင်၍ ကြည့်နေ၏။

“ဒါက ဘယ်လိုတပ်ဖြန့်ပုံလဲ”

“ငါးကြီးအာနန္ဒာမှ ဂဠုန်ငှက်သို့ တဲ့”

“ဘယ်လိုလုပ်ပြီး ငါးကြီးအာနန္ဒာက ဂဠုန်ငှက် ဖြစ်နိုင်မှာလဲ”

“မြောက်ပင်လယ်မှာ ငါးကြီးအာနန္ဒာလို့ ခေါ်တဲ့ ငါးဖြူဖြူကြီးတွေရှိတယ်တဲ့။ သူတို့က ဂဠုန်အဖြစ်ကို ပြောင်းပြီး လီပေါင်းကိုးထောင်ကို တဟုန်တည်း ပျံနိုင်တယ်တဲ့။ ဒီတပ် ဖြန့်ပုံက ရုတ်တရက် ကြည့်လိုက်ရင်တော့ တော်တော် သေးတယ်ပေါ့။ ဒါပေမဲ့ တိုက်ပွဲလည်း စ ရော၊ အကြီးကြီးဖြစ်အောင် ချဲ့လို့ရတယ်။ ဒါကြောင့် ဒီလိုခေါ်တာ”

လူကွမ်းယီကလည်း လှိုက်လှိုက်လှဲလှဲပင် အတည်ပြု လက်ခံ၏။ ထိုစဉ်တွင် ရန်သူ စစ်စည်သံများ ညံထွက်လာပြီး တံခွန်များ ရှဲပေးလိုက်ကာ တာတာရ်မင်းကြီး၏ ညီတော် သည် သားလေးယောက်ခြံရံကာ ထွက်လာလေ၏။ ဆင်တူဝတ်ထားကြသည့် တာတာရ် မင်းသားငယ်များ၏ပခုံးများမှ ပန်းဖွားလေးများ ချထားပြီးယင်းပန်းဖွားများ၏ အဖျားတွင် မှန်စကလေးများ တပ်ဆင်ထား၏။ ခါးကောင်းကောင်းကို ကိုင်ကာ မြင်းလျှင်များကို စီး၏။ တိုက်ကွင်း၏ အစပ်တွင် ရင်ပေါင်တန်း တန်းစီကာ ရပ်ထားကြ၏။ သူတို့နောက်တွင်မူ အရာရှိများ တအုပ်ကြီး ပါလာလေ၏။

မင်းသားငယ်များက ဝိုင်းအော်ကြ၏။

“ငါတို့နယ်ကိုများ လာကျူးကျော်ရဲသလား၊ ကျူတောက ခါးပြတွေ”

လူကွမ်းယီက “ကဲ၊ တပ်ချင်းတော့ ရင်ဆိုင်မိပြီ။ ဘယ်သူရဲကောင်းကများ ဦးဦး ဖျားဖျား အစွမ်းပြချင်သလဲ” သူ့ဗိုလ်မင်းများကို အကဲစမ်းလိုက်၏။

ထုံးစံအတိုင်းပင် စကားမှ မဆုံးသေး။ ကွမ်ရှိန်းက သူ့လှံပုဆိန်ကြီးကို ဝှေ့ကာ မြင်းစီး၍ ထွက်၏။ မင်းသားငယ် ချန်ယွန်က ခါးကိုဝင့်ကာ မြင်းကို ဒုန်းစိုင်းထွက်ပြီး ကြိုလင့်၏။ ငါးချီမျှပင် တိုက်၍ မပြီးသေး။ ချူန်လင်း ဆိုသော နောက်မင်းသားငယ်တဦး ထပ်ထွက်လာ ပြန်၏။

ဟူယန်ကျိုက သူ့တင်ကျည်းနှစ်လက်ဖြင့် ထိုမင်းသားငယ်ကို အမြန်ဝင်တိုက်၏။ ကျန်မင်းသားငယ် နှစ်ယောက်ဖြစ်သည့် ချန်တိယန်၊ ချန်လေးတို့လည်း မြင်းကို အပြင်း နှင်၍ ထွက်လာပြန်ရာ ရှုနင်နှင့် စိုကျောက်တို့က ထွက်၍ ရင်ဆိုင်ကြလေ၏။ စီးချင်း တိုက်သူ လေးတွဲမှာလည်း အထွေးထွေး တိုက်ခိုက်နေကြ၏။

အမြီးမဲ့မြား ချန်ကျင်မှာ တိုက်ကွင်းအနီးသို့ မယောင်မလည်နှင့် ကပ်လာလေ၏။ တန်ကျို့မှ ပြေးလာသော တာတာရ်စစ်သည်တို့က သူ့ကို မှတ်မိသွားသဖြင့် မင်းကြီး ညီတော်ကို သတင်းပို့ကြ၏။

"ဟို ဝတ်ရုံအစိမ်းနဲ့ အရိုင်းအစိုင်းကောင်ပဲ ခဲနဲ့ ပေါက်တာ။ သူ ကပ်လာပြီ၊ အရင် တခါလို လုပ်ဦးတော့မယ်"

ထျန်ရှန်ယုန်ဆိုသော တာတာရ်လေးသည်ကျော်သည် ဤစကားကို ကြားရသဖြင့် "မစိုးရိမ်ပါနဲ့ အရှင် ကျွန်တော့်အစွမ်း ဒီကောင့်ကို မြည်းခိုင်းလိုက်မယ်" ဟု ဆို၏။ သူ့ လေးမှာ ဆေးရောင်ခြယ်ထားသော ဒူးလေး ဖြစ်၏။ တပေရှည်သော သံမြားကို သုံးကာ မြင်းပေါ်မှပင် ပစ်ခတ်၏။ သူ့နာမည်ပြောင်မှာ"ဆီပေါက်" ဖြစ်၏။

သူ့ရှေ့မှ တာတာရ်ဗိုလ်နှစ်ယောက်ကို အကာအကွယ်ယူကာ ချောင်း၍ တက်လာ၏။ သို့သော် ချန်ကျင်က မြင်သွားသဖြင့် ခဲတလုံးနှင့် ပေါက်လိုက်ရာ ခဲသည် ဒူးလေးသမား၏ သံခမောက်နားကို ဗိုးခနဲ ဖြတ်သွားလေ၏။ ထျန်ရှန်ယုန်လည်း မြင်း၏ ကျောကုန်းနှင့် ကွယ်လိုက်ကာ မြားကို တပ်လိုက်ပြီး ချန်ကျင် နီးလာသောအခါ မောင်းကို ဖြုတ်လိုက် လေ၏။

"အိုင်းယား" ဟု ချန်ကျင်က အော်ကာ ရှောင်လိုက်သော်လည်း လည်ပင်းကို မြားလာ မှန်သဖြင့် မြင်းပေါ်မှ ပြုတ်ကျသွားလေ၏။ တုန်ပင်း၊ ရှိကျင်း၊ ရှိချင်၊ ရှိပေါင်တို့က ကမန်း ကတန်း ထွက်လာပြီး ကယ်တင်ကြ၏။ မြားကိုနုတ်ပြီး ပတ်တီးစည်းထားသော်လည်း သွေး မတိတ်ပေ။ သူ့ကို လှည်းနှင့် တင်ကာ တန်ကျို့သို့ ပို့ပြီး သမားတော် အင်းထောင်ကွမ်းနှင့် ကုစေရန် စို့ယွမ်တို့ တူဝရီးကို လူကွမ်းယီက ခိုင်းလိုက်၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

ရှေ့တန်းမှ အော်သံဟစ်သံများ ထွက်လာပြီးနောက် ကင်းထောက်တယောက်က လာသတင်းပို့၏။ "မြင်းတပ်တတပ် အနောက်မြောက်ဘက်ကနေ အတင်းဝင်လာပါတယ်။ တွေ့သမျှကို ဝင်တိုက်ချထားခဲ့ပြီး စစ်မြေပြင်ထဲကို အတင်း ဝင်လာနေပါတယ်"

ချန်ကျင် လည်ပင်း မြားထိထားသဖြင့် လူကွမ်းယီမှာ စစ်တိုက်ရန် စိတ်အားမထက်သန် လှပေ။ အထက်ပါ ခေါင်းဆောင်လေးဦးကလည်း အရေးနိမ့်ဟန်ဆောင်ကာ ကိုယ့်တပ် ကိုယ် ပြန်လာခဲ့ကြရာ နောက်မှ တာတာရ်မင်းသားယယ် လေးယောက်က လိုက်လာကြ၏။ အနောက်မြောက်ဘက်မှ ဆင်းလာသော တာတာရ်များကလည်း ဆီးနှင်းတောင်ကြီး ပြိုကျ လာသလို မြင်မြင်သမျှကို ကြိတ်ခြေနေလေပြီ။ မည်သူမျှ မတားနိုင်။ စုန်တပ်များမှာ အစိတ်စိတ်အမြွာမြွာ ကွဲနေလေပြီ။ တောင်မင်းကို မြောက်မင်း မကယ်နိုင် အခြေသို့

ဆိုက်နေလေပြီ။

လူကွမ်းယီလည်း မြင်းတစီးတည်း လှံတလက်တည်းဖြင့် ရန်သူများကို အတင်း ဖောက်ထွက်ခဲ့ရ၏။ မိုးချုပ်စပြုနေလေပြီ။ ထိုစဉ် ပြန်လာသော တာတာရ်မင်းသားငယ် လေးနှင့် ဝင်တိုးမိလေ၏။ အကြောက်အလန့်မရှိဘဲ ထိုမင်းသားငယ်များနှင့် တိုက်ခိုက်၏။ တချက်မျှ ဆုတ်ဟန် ပြုလိုက်ရာ မင်းသားချုန်လင်းက တိုးလာပြီး ဓားနှင့် ခုတ်၏။ လူကွမ်းယီက ဟိန်းဟောက်ပြီး ဟန့်လိုက်ရာ မင်းသားငယ်လည်း ရုတ်တရက် ကြောင်သွား၏။ သူ သတိပြန်မဝင်မီမှာပင် လူကွမ်းယီက လှံနှင့် ထိုးချလိုက်လေပြီ။ ကျန် မင်းသားငယ် သုံးယောက်လည်း ကြောက်သွားပြီး အမြန်ထွက်ပြေးကြ၏။ လူကွမ်းယီက ရန်သူ့ခေါင်းကို ဖြတ်ကာ သူ့မြင်းလည်ပင်းတွင် ဆွဲပြီး တောင်ဘက်သို့ ထွက်ခဲ့၏။

လျှောင်တပ်သား တထောင်ခန့်နှင့် ဝင်တိုးပြန်ရာ ကြမ်းကြမ်းရမ်းရမ်း ဝင်တိုက်သဖြင့် ယင်းတို့လည်း အကွဲကွဲ အပြားပြား ထွက်ပြေးကြလေ၏။ နောက်ထပ် သုံးလေးလီမျှ သွားမိပြန်သော် နောက်ထပ် တပ်တတပ်ကို တွေ့ရ၏။ လ မထွက်သော ညမှောင်မှောင်တွင် မည်သူ မည်ဝါဟု သူ မသိနိုင်ပေ။ သို့သော် စကားသံများမှာ စုန်သံ ဝဲနေသည်ကို ကြားရ သဖြင့် လှမ်းအော်ကာ မေးလိုက်၏။

“ဘယ်သူ့တပ်လဲ”

ဟူယန်ကျို့က ပြန်ဖြေ၏။ လူကွမ်းယီလည်း ဝမ်းမြောက်ဝမ်းသာဖြင့် သွား၍ ပူးပေါင်း လိုက်၏။ ဟူယန်ကျို့က-

“ကျွန်တော်တို့လည်း လူတွေ ကွဲကုန်တယ်။ ဘယ်သူ့ ဘယ်သူမှ မကူနိုင်ဘူး။ မင်းသား လေးယောက်ကိုလည်း ဟန်တောင်နဲ့ ဖိန့်ချီ ခဏတိုက်ကြသေးတယ်။ ဘာဖြစ်သွားကြမှန်း တော့ မသိဘူး”

“ကျုပ်လည်း တယောက်ကို သတ်လိုက်နိုင်တယ်။ ကျန်တာတွေတော့ ထွက်ပြေးသွားတယ်။ နောက်တခါ အင်အားတထောင်လောက်နဲ့ ဝင်တိုးလို့ တိုက်ထုတ်လိုက်ရသေးတယ်။ ခင်ဗျားတို့နဲ့ တွေ့မယ်တောင် မထင်မိဘူး”

တောင်ဘက်သို့ ဆက်ထွက်ခဲ့ကြရာ လီဆယ်လီကျော်ကျော်လောက် သွားမိသော အခါ နောက်ထပ် တတပ်က လမ်းကို ပိတ်ထားသည်ကို တွေ့ရပြန်သည်။

ဟူယန်ကျို့က-

“မိုးလင်းအောင် စောင့်ရင် ကောင်းမယ်။ မှောင်မှောင်ထဲမှာ တိုက်လို့ အလကားပဲ”

အခြားတပ်ဘက်မှ ဆွဲဆွဲငင်ငင်နှင့် မေးလိုက်သည့် အသံထွက်လာ၏။

"ဗိုလ်မင်းဟူယန်ကျို့လားဗျာ"

လုံပုဆိန်ကြီးကွမ်ရှိန်း၏ အသံမှန်း ဟူယန်ကျို့ မှတ်မိသွားသဖြင့် ပြန်၍ အော်ပြော လိုက်၏။

"တပ်မှူးချုပ်လူလည်း ပါတယ်"

ခေါင်းဆောင်များ မြက်ခင်းပေါ်တွင် ထိုင်ကာ တိုင်ပင်ကြ၏။ လူကွမ်းယီနှင့် ဟူယန်ကျို့ တို့က တွေ့ကြုံခဲ့သည်များကို ပြောပြီးသောအခါ ကွမ်ရှိန်းက ပြော၏။

"ကျုပ်တို့လည်း အကြံပျက်သွားပြီး ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်တော့ဘူး။ ကျုပ် ရယ်၊ ရွှန်ဇန်ရယ်၊ ဟောင်စီဝင်ရယ်၊ ရှန်တင်းကွီရယ်၊ ဝေတင်းကို့ရယ် လမ်းရှာနေတုန်း ကျုပ်တို့ တပ်တွေနဲ့ တွေ့တာပါပဲ။ ဒီရောက်တော့ မှောင်နေပြီ။ မြေအနေအထားလည်း မသိဘူး။ ချုံခိုတိုက်ခံရမှာလည်း ကြောက်ရသေးတယ်။ ဒါနဲ့ပဲ ဆက်မသွားသေးဘဲ မိုးလင်း အောင် စောင့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ နောင်ကြီးနဲ့ တွေ့မယ်လို့တောင် ထင်မထား ဘူးဗျာ"

တပ်ဖွဲ့နှစ်ဖွဲ့ ပေါင်းကာ တောင်ဘက်သို့ ဆက်ထွက်ခဲ့ရာ ယူတျန်မြို့သို့ ရောက်လာ၏။ မြို့ပြင်တွင် လူတအုပ် ကင်းလှည့်နေသည်ကို မြင်ရ၏။ ယင်းတွင် တုန်ပင်းနှင့် ရှုနင်တို့ကို မှတ်မိလိုက်၏။ တာတာရ်တို့ တိုက်ထုတ်လိုက်၍ ဤနေရာတွင် စခန်းချနေခြင်း ဖြစ်၏။

"ဟိုဂျန်နဲ့ ပိုက်ရှန်းတို့ကို နောင်ကြီးစုန်ကျန့်ဆီ သတင်းပို့ခိုင်းလိုက်တယ်။ ရှိချင်၊ ရှိပေါင်၊ ရန်လင်း၊ ရှိယုံတို့တော့ ဘယ်ရောက်နေမှန်း မသိဘူး"

ယူတန်တွင် ရောက်နေသူများကို စာရင်းယူစေရာ လူငါးထောင်ကျော်ကျော် ပျောက် နေ၏။ လူကွမ်းယီလည်း အလွန် စိတ်မချမ်းမသာ ဖြစ်ရလေ၏။ မွန်းလတ်အချိန်တွင် ပျောက်နေသော ခေါင်းဆောင်လေးဦးနှင့် အင်အားနှစ်ထောင်ကျော်တို့ ရောက်လာ၏။ လူကွမ်းယီက ယင်း ခေါင်းဆောင်များကို ခေါ်လိုက်၏။

ရှိချင်က "ကျွန်တော်တို့ လေးယောက်သား အတင်းဖောက်ထွက်တာ ရန်သူ့နယ်မြေ ထဲကို ရောက်သွားတယ်။ လမ်းလည်း ပျောက်နေတော့ ဘယ်လိုပြန်ရမှန်း မသိဘူး။ ဒီနေ့ မနက်မှာတော့ တာတာရ်တွေနဲ့ ဝင်တိုးတယ်လေ။ သူတို့အားလုံးကို ရှင်းပစ်လိုက်ပြီးမှ ထွက်လာနိုင်တာဗျ"

တာတာရ်မင်းသားယယ် ချန်လင်း၏ ခေါင်းကို ယူတျန်မြို့တွင်

ချိတ်ဆွဲပြထားရန် လူကွမ်းယီက အမိန့်ပေးလိုက်ပြီး တပ်များကို ဆုချ၏။ မှောင်စပျိုးချိန်တွင် တပ်များ အနားယူ မည်ပြင်နေကြစဉ် ကာကင်းထုတ်ထားသည့် အရာရှိငယ်လေးတဦးက လာ၍ သတင်းပို့၏။ "ပျောင်တပ်တွေ မြို့ကို ဝိုင်းနေကြပါပြီ။ အင်အားတော့ ဘယ်လောက်ရှိမလဲ မသိ ရဘူး"

လူကွမ်းယီက ယန်ချင်းကို ကြည့်ခိုင်းလိုက်၏။ မီးတုတ်များ ဝင်းဝင်းတောက်နေသည့် ထုမှာ ဆယ်လီခန့်ပင် ရှိသည်ကို မြင်ရ၏။ မင်းသားလေးချုန်ယွန်က မြင်းနီနီကြီးကို စီးကာ တပ်များကို နေရာချထားသည်ကို အရာရှိငယ်တဦးက ပြ၏။

ယန်ချင်းက-

"မနေ့က သူတို့ နောင်ကြီးချန်ကျင်ကို မြားနဲ့ ပစ်ထားတာ။ ဒီနေ့ လက်တုံ့ပြန်ရမှာ ပေါ့ကွာ"

ယန်ချင်းက လေးကို မြားတပ်ပြီး ပစ်ထည့်လိုက်ရာ မင်းသားချုန်လင်း၏ နှာခေါင်းရိုး ကို မှန်သဖြင့် မြင်းပေါ်မှ ကျသွားလေ၏။ သူ့တပ်သားများက ကပျာကယာ ဝိုင်းကယ်ကြပြီး တပ်ကိုလည်း နောက်သို့ ငါးလီခန့် ထပ်ဆုတ်သွားကြ၏။ လီကွမ်းယီက သူ့တပ်မင်းများနှင့် တိုင်ပင်လေ၏။

"ခုနေတော့ ဆုတ်သွားပေမယ့် မနက်ကျရင်တော့ ပြန်ဝိုင်းကြမှာပဲဗျ။ ကျုပ်တို့တော့ စည်ပိုင်းပတ်တဲ့ သံခွေထက်ကို စေ့နေအောင် ပိတ်ထားမှာပဲ။ ဘယ်လိုလုပ် ထွက်ကြမလဲ"

ချူဝုက-

"နောင်ကြီးစုန်ကျန့် လာကယ်မှာပါ။ ကျွန်တော်တို့ အတွင်းရော အပြင်ပါ ညှပ်တိုက် ပြီး ဖောက်ထွက်နိုင်မှာပါ"

မှန်ပေ၏။ သူတို့မှာ ကျားတော၊ နဂါးတောမှ ထွက်လာပြီးမှ တမိုးလုံး တမြေလုံး မလွတ်အောင် ထောင်ထားသော ကျော့ကွင်းထဲသို့ ရောက်နေပေ၏။ အောင်နိုင်မလား၊ ရှုံးနိမ့်မလား မသိနိုင်ကြပေ။

မိုးလင်းလာသည့်အခါ ပျောင်တာတာရ်များ သူတို့ကို အကြားအလပ် မရှိအောင် ဝန်းရံထားသည်ကို တွေ့ရလေ၏။ ထိုစဉ် အရှေ့တောင်ဘက်မှ ထောင်သောင်းချီသော စစ်သည်များ ချီတက်လာသဖြင့် ဖုန်လုံးကြီး တက်လာသည်ကို မြင်ရ၏။ ခေါင်းဆောင်များ လည်း စူးစူးစိုက်စိုက် ကြည့်နေကြ၏။

ချူဝုက-

“အဲဒါ နောင်ကြီးစုန်ကျုန့်တို့ပဲ ဖြစ်မယ်။ သူတို့က တောင်ဘက်က တိုက်ရင် ကျုပ်တို့ လည်း အကုန်ထွက်တိုက်ကြတာပေါ့”

ဝန်းရံထားသော တာတာရ်တို့က မွန်းလတ်ချိန်မှ မွန်းလွဲချိန်အထိ တောင့်ခံထားပြီးမှ စတင် ဆုတ်ခွာကြလေ၏။

ချူဝုက -

“လိုက်ကြမယ်။ ဘာစောင့်နေတာလဲ” ဟု အော်၏။

လူကွမ်းယီက မြို့တံခါးလေးပေါက်စလုံးကို ဖွင့်ကာ သူကိုယ်တိုင် ဦးဆောင်ပြီး ထွက်၍ တိုက်၏။ တာတာရ်များက ဆောင်းတွင်း၌ ကြယ်များတဖြုတ်ဖြုတ် ကြွေသလို သေကြေ ကြ၏။ တိမ်များလွင့်ပြေးသလို ထွက်ပြေးကြ၏။ ဆုတ်ပြေးသွားသော ရန်သူ့နောက်သို့ အတော်ဝေးသည်အထိ စုန်ကျုန့်က လိုက်၏။ နောက်တနေ့ မိုးလင်းမှ ခရာများ မှုတ်ကာ လူပြန်စုပြီး မြို့အတွင်းသို့ ဝင်ခဲ့ကြ၏။

တပ်များ စုံသောအခါ ချီကျို့ကို သွားတိုက်ရန် လူကွမ်းယီက အဆိုပြု၏။ ဝန်မင်း ကျောက်အန်ဖူကို ကူညီ၍ တန်ကျို့မြို့ကို ကာကွယ်ရန် ခေါင်းဆောင် နှစ်ဆယ့်သုံးဦးကို ချန်ထားကာ ကျန်ခေါင်းဆောင်များကို ဘယ်ညာ စစ်ကြောင်းနှစ်ကြောင်းခွဲကာ တာဝန် ပေးလေ၏။ စုန်ကျုန့် ဦးစီးသည့် ဘယ်စစ်ကြောင်းတွင် လေးဆယ့်ရှစ်ဦး၊ လူကွမ်းယီ ဦးစီး သည့် ညာစစ်ကြောင်းတွင် သုံးဆယ့်ခုနစ်ဦး ပါဝင်ကြ၏။

စုန်ကျုန့်က ပင်းကူမှ၊ လူကွမ်းယီက ယူတျန်မှ တပြိုင်တည်း ချီတက်ကြမည်။ ကျောက် အန်ဖူနှင့် ကျန်ခေါင်းဆောင်များက တန်ကျို့တွင် ကျန်ခဲ့ကြမည်ဖြစ်၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

မူလက ချီကျို့မြို့ကို တာတာရ်မင်း၏ ညီတော်က သူ့သား လေးဦး၊ ဗိုလ်မင်း တကျိပ် ကျော်၊ တပ်အင်အား တသိန်းကျော်ဖြင့် ကာကွယ်နေ၏။ သူ၏ ဗိုလ်ချုပ်မှာ ပေါင်မိရှိန်း ဖြစ်၍ ယင်း၏ လက်ထောက်မှာ လေးသည်ကျော် ထျန်ရှန်ယုန် ဖြစ်၏။

မိမိ၏တပ်များမှာ ဆက်တိုက်ဆိုသလို စစ်ဆင်ရေး ဆင်နွှဲခဲ့ရသဖြင့် ပင်ပန်းနွမ်းရိနေ သည်ကို စုန်ကျုန့်က သိသဖြင့် ခေတ္တမျှ အနားပေးထား၏။ ချီကျို့ကို တိုက်ရန်အတွက် သူ့တွင် စီမံချက်ရှိပြီး ဖြစ်၏။ ပထမလူတယောက်ကို တန်ကျို့သို့ လွှတ်ကာ ချန်ကျင်၏ မြားဒဏ်ရာ အခြေအနေကို ကြည့်စေ၏။

ဆေးဆရာအင်းက-

"ဒဏ်ရာက အပရိကပါ။ ပြည်တွေ စင်သွားရင် မြန်မြန် နေကောင်းသွားမှာပါ။ ဒါပေမဲ့ စစ်သည်တွေကတော့ အပူဒဏ်ကြောင့် အဖျားအနာ များနေကြတယ်။ အရှေ့ နေပြည် တော် ဆေးရုံတော်က အပူဒဏ်ခံ ဆေးတွေကို ဝယ်ဖို့ ရှောင်ရန်းနဲ့ စုန်ကျင့်ကို လွှတ်ဖို့ ဝန်မင်းကျောက်ကို ပြောထားတယ်။ ဟွမ်ဖူးတွမ်ကလည်း မြင်းဆေးတွေ လိုချင်တယ်တဲ့ လေ။ သူတို့က အဲဒီဆေးတွေပါ ဝယ်လာခဲ့မယ်"

စုန်ကျန့်လည်း သဘောကျသွား၏။ လူကွမ်းယီနှင့် တိုင်ပင်၏။

"ဒီချီကျိုကို တိုက်ဖို့ ဆိုတာက နောင်ကြီး ယူတန်မှာ အဝိုင်းခံနေရမှန်း မသိခင်က စီမံထားတာဗျ။ နောင်ကြီးကုန်ဆွန်ရှန်းက ချီကျို မြို့ဇာတိဗျ။ ရန်စုံကလည်း ဒီမှာ ဘိလစ် စာရေး လုပ်ဖူးတယ်။ ရှိဇူနဲ့ ရှီကျန့်တို့လည်း ဒီမှာ အကြာကြီး နေဖူးတယ်။ ဟိုနေ့က တာတာရ်တွေ ဆုတ်ပြေးတော့ ရှိဇူနဲ့ ရှီကျန့်ကိုပါ သူတို့နဲ့ ရောပြီး လိုက်သွားခိုင်းလိုက် တယ်။ မြို့ထဲရောက်ရင်တော့ သူတို့လည်း နေစရာ ရှာတွေ့မှာပါ။

"ချီကျိုမြို့ထဲမှာ ပေါင်ယန်ဘုန်းကြီးကျောင်းဆိုတာ ရှိတယ်တဲ့။ ရှီကျန့်က ပြောတယ် ဗျ။ အဲဒီက တန်ဆောင်း တဆောင်ထဲမှာ ကျမ်းစာတွေနဲ့ အဖိုးတန်ပစ္စည်းတွေ ထားတယ် တဲ့။ ဝင်းအလယ်ကောင်က ကျောင်းဆောင်ကြီး ရှေ့က မျှော်စင်ကြီးကတော့ မိုးထိုးမတတ် မြင့်တယ်တဲ့။ ရှီကျန့်က အဲဒီ တန်ဆောင်းအမိုးထဲမှာ ခိုနေမယ်၊ ရှိဇူက ထမင်းလာပို့မယ် ပေါ့။ အခင်းကြီး အခင်းလေးသွားဖို့ကတော့ မှောင်တဲ့အထိ စောင့်ရမယ်ပေါ့ဗျာ။ နောင်ကြီး တို့ ကျုပ်တို့တပ်တွေ မြို့ကို တိုက်တာနဲ့ အဲဒီမျှော်စင်ထိပ်ကို မီးရှို့လိုက်မယ်။ ရှီကျန့်က အိမ်အမိုးတို့၊ တံတိုင်းတို့ကို တက်တာ ကျွမ်းကျင်တယ်လေ။ သူ့ကို လူမတွေ့အောင် ကောင်းကောင်း ပုန်းနေနိုင်မှာပဲ။ အချိန်ကျရင် အစိုးရရုံးတော်ကို သူပဲ မီးတိုက်လိုက်မယ်။ ဒီကိစ္စကို သေသေချာချာ မှာထားပြီးမှ လွှတ်လိုက်တာဗျ။ ကဲ၊ ကျုပ်တို့တပ်တွေ သွားဖို့ ပြင်ကြရအောင်"

နောက်တနေ့တွင် စုန်ကျန့်နှင့် လူကွမ်းယီတို့ တပ်များ ပူးပေါင်းကာ ချီကျိုသို့ ချီတက်ကြ၏။

ထိုစဉ်တွင် တာတာရ်မင်း၏ ညီတော်မှာ သူ့သား နှစ်ယောက် ဆုံးရှုံးခဲ့ရသဖြင့် ဒေါသ အမျက်ထွက်လျက် ရှိ၏။ ပေါင်မိရှိန်း၊ ထျန်ရှန်ယုန်၊ တုန်ရှန်းတို့နှင့် တိုင်ပင်လေ၏။

"အရင်တခေါက်က ကျိုကျိုးနဲ့ ပါကျိုးက အကူတပ်တွေက တပ်ဖြန့်ကာ တော်တော် ကျယ်တယ်။ ခုတော့ စုန်ကျန့်က သူ့တပ်တွေကို ယူတျန်မှာပဲ အဓိက စုစည်းထားတယ်။ မကြာခင်မှာပဲ ချီကျိုကို လာတိုက်မှာပဲ။ ငါတို့

ဘယ်လိုလုပ်ကြမလဲ”

ပေါင်မိရှိန်းက -

“ဒီလူရိုင်းတွေက လာမကျူးကျော်ရင်တော့ ဘာမှ ပြောစရာ မရှိဘူး။ ဒါပေမဲ့ သူတို့က ခုလိုလုပ်လာတော့ သူတို့ကို ရန်သူလိုပဲ တိုက်ရတော့မှာပဲ။ ဒီကောင်တွေ နည်းနည်းလောက် တော့ သွားဖမ်းလိုက်ဦးမှပဲ။ မဟုတ်ရင် ဒီကနေ ခွာမှာ မဟုတ်ဘူး”

တုန်ရှန်းက-

“အဲဒီထဲက အစိမ်းရောင် ဝတ်ရုံဝတ်ထားတဲ့ တယောက်က ခဲပေါက်တာ ထူးထူးခြားခြားကို တော်တယ်။ သူ့တော့ ဂရုစိုက်ရမယ်”

“ဒီကောင့် မြားနဲ့ ပစ်လိုက်တာ လည်ပင်းထိသွားတယ်လေ။ ခုလောက်ဆို သေလောက် ရောပေါ့”

“ဒီကောင်က လွဲရင် ကျန်တာတွေက အရေးလုပ်စရာ မရှိဘူး”

အရာရှိငယ်တဦးက ဝင်လာပြီး -

“စုန်ကျန့်တပ်တွေ ချီကျို့ဘက်ကို ချီတက်လာကြပြီ”

မင်းသားလည်း တပ်များကို အမြန်စုကာ ရန်သူနှင့် ရင်ဆိုင်ရန် မြို့မှ အတင်းထွက်၏။ မြို့မှ လီသုံးဆယ်အကွာတွင် နှစ်ဖက်ရန်သူများ တွေ့ဆုံကြ၏။ ပေါင်မိရှိန်းက လှံကို ချိန်ကာ ထွက်၏။

စုန်ကျန့်က-

“ကဲ၊ ဘယ်သူများ ဒီကောင့်ကို သွားဦးချိုးမလဲ။ သူ့တံခွန်ကို ယူမလဲ။ ပထမဆုံးပွဲကို ဘယ်သူ ယူချင်လဲ”

သူ့စကားမဆုံးမီ ကျားသစ်ခေါင်းလင်ချိုးက ထို တာတာရ်ဗိုလ်မင်းနှင့် သွားတိုက်နေ လေပြီ။ အချီသုံးဆယ်ကျော်မျှ တိုက်ပြီးသော်လည်း အနိုင်အရှုံး မပေါ်သေးပေ။ လင်ချိုးက ဦးဦးဖျားဖျား ဂုဏ်ထူးဆောင် ဖြစ်လို၏။ အရိုးသုံးလံ ရှည်ပြီး နဂါးပုံဖော်ထားသော အသွား ရှိသည့် လှံကြီးနှင့် အတင်းကပ်လာ၏။ မိုးခြိမ်းသံလို အသံကြီးနှင့် အော်လိုက်ကာ ရန်သူ့ လက်နက်ကို လှံကြီးဖြင့် ဖယ်လိုက်ပြီး ရန်သူ့လည်ပင်းကို ဆောင့်ထိုးလိုက်၏။ တာတာရ် ဗိုလ်မင်းလည်း မြင်းပေါ်မှ ကျသွားလေ၏။

စုန်ကျန့်လည်း များစွာ ကျေနပ်သွား၏။ နှစ်ဖက်တပ်များ၏ အော်သံများလည်း ညံသွားလေ၏။ ထျန်ရှန်ယုန်က ထပ်တက်လာပြန်၏။ စုန်ကျန့်ဘက်မှ ရှုနင်က ထွက်၍ ရင်ဆိုင်၏။ အချီနှစ်ဆယ်မျှပင် မတိုက်လိုက်ရ။ ရှုနင်၏ လှံချက်မိကာ ရန်သူမှာ မြေပြင်သို့ တလိမ့်ခေါက်ကွေး ကျသွားလေ၏။

ဗိုလ်မင်းနှစ်ယောက် ဆက်တိုက် ကျဆုံးသွားလေပြီ။ စုန်ကျန့်မှာ ဝမ်းသာ၍ မဆုံး တော့ပေ။ တက်၍ တိုက်ရန် တပ်ကို အချက်ပြလိုက်၏။ လျောင်တာတာရ်များသည်လည်း သူတို့ ဗိုလ်မင်းနှစ်ယောက် ကျဆုံးသွားသဖြင့် ကြောက်လန့်နေပြီဖြစ်၍ ချီကျို့မြို့ဘက်သို့ လှည့်၍ ထွက်ပြေးကြလေ၏။ စုန်ကျန့်တို့ တပ်က ဆယ်လီကျော်ကျော်ထိ လိုက်တိုက်ပြီးမှ ပြန်ခဲ့ကြ၏။

ထိုညတွင် စခန်းချကာ စုန်ကျန့်က တပ်များကို ဆုချ၏။ နောက်တနေ့တွင် စခန်း သိမ်းကာ ချီကျို့မြို့ကို ဆက်၍ထွက်၏။ တပ်မင်းနှစ်ယောက် ကျသွားသည့်အပြင် စုန်ကျန့် တို့ လာနေကြပြီဟု သိရသောအခါ တာတာရ်မင်းသားလည်း ဆောက်တည်ရာမရ ဖြစ် သွား၏။ တုန်ရှုန်းကို ခေါ်၍-

“ရန်သူ့ကို ထွက်ရင်ဆိုင်စမ်း၊ ဒါမှ သူတို့ တန့်သွားမယ်”

တုန်ရှုန်းလည်း မရှောင်သာသဖြင့် ယောင်ဝါဝေကန်း၊ ချူမင်းယု၊ ကောက်မင်းကျီ တို့နှင့်အတူ အင်အားတထောင်ဖြင့် မြို့ပြင်ကို ထွက် တပ်စွဲထားလေ၏။

စုန်ကျန့်တို့လည်း နီးလာသောအခါ ဟသ်ာတောင်ပံပုံ တပ်ဖြန့်လိုက်၏။ တပ်ထု အတွင်းမှ စိုကျောက်က ပုဆိန်ကြီးကိုကိုင်လျက် မြင်းဒုန်းစိုင်းကာ ထွက်လာ၏။ တာတာရ် ဘက်မှလည်း ယောင်ဝါဝေကန်းက လှံကို ကိုင်ကာ အမြန်ထွက်လာ၏။

သူတို့နှစ်ယောက် ဆုံကာ အကြိမ်နှစ်ဆယ်ကျော်မျှ တိုက်ကြ၏။ တာတာရ်ဗိုလ်မင်းမှာ သတ္တိ မရှိတော့ပေ။ ဆက်လည်း မတိုက်လိုတော့။ ထွက်ပြေးချင်နေလေပြီ။ သူ့မြင်းကို လှည့်ကာ ပြန်တော့မည်ကို မြို့ရိုးပေါ်မှ နေ၍ တာတာရ်မင်းသားက မြင်နေရပေပြီ။ သို့သော် စိုကျောက်က အမီလိုက်လာပြီး ယောင်ဝါဝေကန်း၏ ဦးခေါင်းကို သူ့ပုဆိန်ကြီးနှင့် ထက်ခြမ်း ခွဲချလိုက်လေ၏။

တာတာရ်မင်းသားက ချူမင်းယုနှင့် ကောက်မင်းကျီကို ထပ်၍ လွှတ်၏။ ထိုသူ နှစ်ယောက်မှာလည်း ဆယ်ပုံမှာ ရှစ်ပုံမျှ ကြောက်နေလေပြီ။ သို့သော် မငြင်းသာသဖြင့် လှံများ ကိုင်ကာ ထွက်ခဲ့ကြ၏။

ယင်းသူနှစ်ယောက်ကို အရယူမည်ဟု နဂါးကိုးကောင်ရှိကျင်းက

ခေးတဝင့်ဝင့်ဖြင့် ထွက်ခဲ့၏။ ရှိကျင်းက တကယ့်စစ်သည်ကျော် ဖြစ်သည့်အလျောက် တချက်လွှဲ၍ ခုတ်ချ လိုက်ရုံဖြင့် ချူမင်းယုကို မြင်းပေါ်မှ ဖြုတ်ချလိုက်၏။ ကောက်မင်းကျီလည်း ထွက်ပြေးရန် ကြိုးစားပြန်ရာ ရှိကျင်းက အမီလိုက်ကာ နောက်ထပ် တချက်လွှဲ၍ ခုတ်ချလိုက်ပြန်၏။ ဆက်၍ တာတာရ်ထုထဲသို့ မြင်းကို ဒုန်းစိုင်းနှင်၍ ဝင်လေ၏။

စုန်ကျန့်က သူ့ကြာပွတ်နှင့် ညွှန်ပြလိုက်ရာ သူ့လူများက ဆွဲတံတားဆီသို့ အတင်း ဝင်ကြလေ၏။ တာတာရ်မင်းသားလည်း ရှေးကထက် ပို၍ ကြောက်လန့်သွားသဖြင့် မြို့ တံခါးအားလုံးကို ပိတ်စေကာ သူ့လက်အောက်ခံ ဗိုလ်မင်းအားလုံးကို မြို့ရိုးပေါ်တက်၍ နေရာယူစေ၏။ မင်းကြီးထံသို့ အမြန် သတင်းပို့စေလိုက်ကာ ပါကျို့နှင့် ယိုကျို့မြို့များ သို့လည်း တပ်ကူ ချက်ချင်း လွှတ်ပေးရန် တမန်များ စေလွှတ်လိုက်၏။

စုန်ကျန့်က ဝုရုံသို့ မေး၏။

“ကဲ၊ မြို့ကို အလုံပိတ်ထားလိုက်ပြီ၊ ဘာလုပ်ကြမလဲ”

“ရှိဇူနဲ့ ရှီကျန့်တို့က မြို့ထဲမှာ လိုသလောက် နေလို့ရတယ်။ ကိစ္စမရှိဘူး။ မြို့ရိုးကို တက်ဖို့ မြို့တက်လှေကားတွေ လုပ်ခိုင်းပါ။ အမြောက်တွေလည်း လေးမျက်နှာလုံးမှာ ချထားပြီး တိုက်ဖို့ ပြင်ခိုင်းထားပါ။ ပြီးရင် လင်းချင်ကို အမြောက်နဲ့ အဆက်မပြတ် ပစ်ခိုင်း ပေတော့။ ကြာလာရင် ဒီမြို့ရိုး ပြိုကွဲလာမှာပဲ”

“ကျုပ်လည်း ဒီအတိုင်းပဲ စဉ်းစားနေတာ” ဟု စုန်ကျန့်က ဆိုကာ၊ ထိုညတွင်ပင် တိုက်စစ်ဆင်စေ၏။

တိုက်စစ်မှာ ပြင်းထန်လှ၏။ တာတာရ်မင်းသားလည်း မြို့လူထုကို မြို့ရိုးပေါ်တက်၍ ခုခံစေ၏။ ပေါင်ယန်ကျောင်းထဲတွင် ပုန်းနေရသော ရှီကျန့်မှာ ငြိမ်ငြိမ်နေရလွန်း၍ စိတ် မရှည်နိုင်အောင် ဖြစ်နေ၏။ ယခုမူ ရှိဇူက သူ့ထံသို့ အားတက်သရော လာ၍ ပြောပြ၏။

“နောင်ကြီး စုန်ကျန့်ကတော့ တော်တော် ပြင်းပြင်းထန်ထန် တိုက်နေပြီ။ မီးရှို့ဖို့ ကတော့ ဒီထက်ကောင်းတဲ့ အချိန် မရှိတော့ဘူး”

သူတို့နှစ်ယောက် အစီအစဉ်ဆွဲကြ၏။ ပထမ ရှီကျန့်က မျှော်စင်ထိပ်ကို တက်ကာ မီးတိုက်မည်။ ထို့နောက် တန်ဆောင်းကြီးကို မီးတိုက်မည်ဖြစ်၏။ ရှီကျန့်က “နောင်ကြီး ကတော့ ရုံးတော်ကို မီးတိုက်ပေါ့။ ထောင်တံခါးမှာ တိုက်နေတဲ့ ကျွန်တော်တို့တပ်တွေ ဒီအရေးကြီးတဲ့ နေရာတွေ မီးလောင်နေတာ မြင်ရင် ပိုပြီးတော့ အားနဲ့ အင်နဲ့ တိုက်ကြ လိမ့်မယ်။ မြို့ကို ဖောက်နိုင်လိမ့်မယ်”

နှစ်ယောက်စလုံး ယမ်းမှုန့်၊ မီးခတ်ကျောက် စသည့် မီးစာများကို ကိုယ်ပေါ်တွင် ဂုက် ကာ ထွက်ခဲ့ကြ၏။ ညမှောင်လာသောအခါ စုန်ကျန့်၏ တပ်များက မြို့ကို မဆုတ်မနစ် တိုက်ခိုက်နေကြလေပြီ။

ရှီကျန့်က အိမ်အမိုး၊ ခေါင်ရိုး၊ တံစက်မြိတ်၊ တံတိုင်း စသည်တို့တွင် မြေပြင်မှာကဲ့သို့ သွားလာနိုင်၏။ မကြာမတင်မှာပင် မျှော်စင်ထိပ်တွင် မီးဟုန်းဟုန်းတောက်အောင် သူ လုပ် လိုက်လေပြီ။ ဤမြို့တွင် အမြင့်ဆုံးနေရာဖြစ်သောကြောင့် မြို့တွင်းတွင်သာမက မြို့ပြင် လီသုံးဆယ်အကွာမှပင် မီးစွယ်ကြီး ထိုးတက်နေသည်ကို မြင်ရ၏။ ထို့နောက် တန်ဆောင်း ကို မီးတိုက်၏။

ဤ မီးနှစ်ခုကြောင့် တမြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေလေပြီ။ မြို့သား လူကြီး လူငယ်မရွေး ကြောက်လာကြ၏။ ယောကျ်ားလေးများက အော်ကြ၏။ မိန်းကလေးများက ငိုကြ၏။ အားလုံး အသက်ဘေးလွတ်ရာသို့ ပြေးကြ၏။ ထိုအခိုက်တွင် ရှိဇူက ရုံးတော်အမိုး ကို တက်၍ မီးရှို့လိုက်၏။ ရန်သူ၏ ပဥ္စမံတပ်သားများ မြို့ထဲ ရောက်နေကြောင်း အစိုးရ အရာရှိများ သိသွားကြလေပြီ။ မြို့သူမြို့သားများကလည်း မြို့တံတိုင်းကို ဘာလို့ ကာကွယ် နေတော့မှာလဲဟု အတွေးပေါက်လာကြလေပြီ။ ဘယ်သူမှ တား၍ မရတော့ပေ။ ကိုယ့်အိမ် ကိုသာ ပြန်ပြေးကြလေ၏။ မကြာခင်တွင် ဘုန်းကြီးကျောင်းပါ မီးလောင်နေလေပြီ။ ရှီကျန့်က ပြန်အထွက်တွင် မီးတိုက်ခဲ့ခြင်း ဖြစ်၏။

တနာရီခန့်အတွင်းတွင် လေး ငါးနေရာတွင် မီးလောင်နေခြင်းက စုန်ကျန့်၏ လူများ မြို့တွင်း၌ ရောက်နေကြောင်း တာတာရ်မင်းသားကို ပြောပြလိုက်ပြီ ဖြစ်သည်။ ထို့ကြောင့် တပ်အချို့ကို စုကာ၊ သားနှစ်ယောက်နှင့် မယားကိုခေါ်ကာ လှည်းတစီးတွင် ပစ္စည်းများ တင်ကာ မြောက်တံခါးကို ဖွင့်ပြီး ထွက်ခဲ့လေ၏။

ချီကျို့တမြို့လုံး ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေလေပြီ။ စုန်ကျန့်က သူ့လူများကို အတင်း မောင်း၏။ မြို့တွင်း မြို့ပြင်မှ ကြောက်မက်ဖွယ်အော်သံများ ထွက်လာ၏။ တိုက်ခိုက်သူများ တောင်တံခါးကို ရသွားလေပြီ။ တုန်ရှန်းလည်း သူတယောက်တည်းနှင့် တောင့်မထားနိုင် ကြောင်းသိသဖြင့် တာတာရ်မင်းသား သွားသည့်နောက်မှ လိုက်ကာ မြောက်တံခါးမှပင် ထွက်ပြေးလေ၏။

စုန်ကျန့်တို့တပ်များ မြို့တွင်းသို့ အလုံးအရင်းနှင့် ဝင်လာခဲ့၏။ ရှေးဦးစွာ စုန်ကျန့်က မီးငြိမ်းသတ်စေ၏။ နံနက်လင်းသောအခါ လူထုကို မစိုးရိမ်စေရန် အာမခံသည့် ကြေညာ စာများကို ကပ်စေ၏။ သူ့တပ်များကို မြို့ထဲတွင်သာ အတတ်နိုင်ဆုံး နေရာချပေးပြီး ဆုလည်း ချ၏။ ရှီကျန့်နှင့် ရှိဇူတို့၏ အောင်မြင်မှုများကိုလည်း မှတ်တမ်းတင်၏။ ကျောက် အန်ဖူထံသို့ စာတစောင်

ပို့ခိုင်းလိုက်၏။

“ကျွန်တော်တို့ ချီကျိုမြို့ကြီးကို သိမ်းပြီးပါပြီ။ အရှင် ဤနေရာသို့ ပြောင်းရွှေ့လာစေလို ပါသည်”

ဝန်မင်းက စာပြန်လိုက်၏။

“ကျုပ် တန်ကျိုတွင်ပင် လောလောဆယ် နေပါဦးမည်။ တပ်မှူးကြီး စုန်ကျန့်ကပဲ ချီချိုကို ထိန်းထားပါ။ နွေအပူရှိန် ပြင်းပြလှသဖြင့် တပ်များကို ရွှေ့ပြောင်းရန် အချိန်မသင့်သေးပါ။ ရာသီဥတု အေးလာမှ ဤကိစ္စကို ထပ်မံ ဆွေးနွေးကြပါမည်”

ထို့ကြောင့် စုန်ကျန့်က လူကွမ်းယီကို သူ့တပ်များနှင့်အတူ ယူတန်တွင် အခြေပြု စေ၏။ ကျန်တပ်များနှင့် သူကမူ ချီကျို့တွင်ပင် တပ်စွဲထားလေ၏။ ရာသီဥတု အေးလာမှ အမိန့်များကို ထုတ်ပြန်မည် ဖြစ်၏။

တာတာရ်မင်းသား ယဲလူတေချုန်းနှင့် ဒုဝန်ကြီး တုန်ရှန်းတို့သည် သားမယားများနှင့် တကွ ယိုကျို့သို့ ပြေးလာခဲ့၏။ ထိုမှတဆင့် ယန်ကျင်းသို့ တာတာရ်မင်းထံ သတင်းပို့ရန် သွားကြ၏။ တာတာရ်မင်း၏ ရွှေနန်းဆောင်တွင် ညီလာခံမှာ စဲတော့မည် ဖြစ်၏။

ထိုစဉ် အတွင်းဝန် ရောက်လာကာ လျှောက်တင်၏။

“ညီတော်မင်းသား ချီကျို့က ရောက်လာပြီး အဖူးမြော်ဝင်ဖို့ စောင့်နေပါတယ် ဘုရား” တာတာရ်မင်းက ဝင်ခွင့်ပြုလိုက်၏။ ခန်းမဆောင်အတွင်း ရောက်သည်နှင့် မင်းသား နှင့် ဝန်ကြီးတို့သည် မြေပြင်တွင် ဝမ်းလျားမှောက်ကာ အော်ဟစ် ငိုကြွေးကြလေ၏။

“ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့ ညီတော်၊ ဘာပဲဖြစ်ဖြစ် လျှောက်တင်ပါ”

“စုန်မင်းကြီးက စုန်ကျန့်ကို ဦးစီးပြီး ကျွန်တော်တို့ကို တိုက်ဖို့ လွှတ်လိုက်ပါတယ် ဘုရား၊ သူတို့အင်အားက သိပ်များပါတယ် ဘုရား။ ကျွန်တော်တို့ မတားနိုင်ပါဘူး ဘုရား။ ကျွန်တော့်သားနှစ်ပါးနဲ့ တန်ကျို့က ဗိုလ်မင်းလေးယောက်ကိုလည်း သတ်လိုက်ပါတယ် ဘုရား။ ချီကျို့ကိုလည်း သိမ်းလိုက်ပါပြီ ဘုရား။ သေဒဏ်တောင်းဖို့ လာခဲ့ကြပါတယ် ဘုရား”

“ထကြကွယ့်။ ဒီအကြောင်းကို သေသေချာချာ ပြောရလိမ့်မယ်။ ဒါထက် ဒီအရိုင်း ကောင် စုန်ကျန့် ဆိုတာက ဘယ်သူမို့လဲ။ ခေးပြေပဲ မဟုတ်လား”

လက်ထောက်နန်းရင်းဝန် စစ်သူကြီးချူကျန်က ရှေ့သို့ တက်လာကာ ရှင်းပြလေ၏။

“ကျွန်တော် ဒီကောင့်အကြောင်းကို ကြားဖူးပါတယ်။ အရင်ကတော့ လျှံ့ရှန်းကျူအင်း စခန်းက ခားပြတယောက်ပါ ဘုရား။ ဒါပေမဲ့ သူက လူကောင်းသူကောင်းတွေကို ဒုက္ခမပေး ပါဘူး။ မိုးကောင်းကင်ကိုယ်စားပဲ ဆောင်ရွက်ဖို့ ကြိုးစားခဲ့ပါတယ်။ လူထုကို ဒုက္ခပေးတဲ့ ကောက်ကျစ်တဲ့ အရာရှိတွေကိုပဲ သတ်ပါတယ်တဲ့ ဘုရား။ တုန်ဂွမ်နဲ့ ကောက်ကျူတို့က တပ်ကြီးတွေ ချီပြီး သွားတိုက်ပေမယ့် သူက တိုက်ပွဲ ငါးပွဲနဲ့ပဲ လုံးဝ ချေမှုန်းလိုက်ပါတယ်။ သူ့အဖွဲ့ထဲက ရဲရင့်သူတွေကိုလည်း ဘယ်သူမှ ဖမ်းလို့ မရဘူး။ စုန်မင်းကြီးကလည်း သုံးကြိမ်တိတိ လွတ်ငြိမ်းမိန့်ကို ထုတ်ပြန်မှ အညံ့ခံခဲ့တာတဲ့ ဘုရား။ သူ့ကို တပ်မှူးကြီး ခန့်လိုက်ပေမယ့် တရားဝင်ရာထူးတော့ မခန့်သေးဘူးတဲ့။ သူ့လက်အောက်က ဗိုလ်တွေကို လည်း ဘာရာထူးမှ မပေးသေးဘူးတဲ့ ဘုရား။ ဒီလိုလူတွေကို ကျွန်တော်တို့ကို သတ်ဖို့ လွှတ်လိုက်တာပါ ဘုရား။ သူတို့အားလုံး စုစုပေါင်း တရာ့ရှစ်ယောက် ရှိပါတယ် ဘုရား။ အားလုံးကပဲ ကြယ်တာရာတွေဆီက သက်ဆင်းလာတာပါတဲ့ ဘုရား။ သူတို့က မှုလောက် တဲ့ရန်သူတွေပါ။ လျှော့မတွက်သင့်ကြောင်းပါ အရှင်ဘုရား”

“မင်း လျှောက်တင်တဲ့အတိုင်းဆိုရင် ဘယ်လို လုပ်သင့်သလဲ”

ဝတ်လုံကြော့ကြော့ကို ဒရင့်တိုက်စေလျက် ဝန်မင်း အိုယန်းက ရှေ့သို့ ထွက်လိုက်၏။

“အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ။ “သားတယောက်သည် သားတာဝန် ကျေရမည်။ အမတ်တယောက်သည် သစ္စာရှိရမည်ပါ” တဲ့ ဘုရား။ ကျွန်တော်က စွမ်းရည် မရှိပေမယ့် စုန်ကျူးကျော်သူတွေကို တိုက်ထုတ်ပစ်ဖို့ အစီအမံလေးတခုတော့ ရှိပါတယ် ဘုရား”

တာတာရ်မင်းကြီးလည်း ကျေနပ်သွားလျက်-

“တင်စေ၊ ငါ နားထောင်ချင်တယ်”

အိုယန်း တင်ပြသည်မှာ တိုတိုသာ ဖြစ်၏။ ယင်း၏ရလဒ်ကြောင့် စုန်ကျန့်သည်လည်း အကြီးအကျယ် ဂုဏ်တက်ခဲ့ရ၏။ သူ့အမည်ကို သမိုင်းတွင်ခဲ့သလို သူ့လုပ်ရပ်သည်လည်း မှတ်တမ်းတင်ခံခဲ့ရ၏။ သူ့တပ်များသည် ခြေနင်းကွင်းများကို ကြာပွတ်များဖြင့် ရိုက်ကာ စည်းလိုက်ရင်း အောင်ပွဲခံသီချင်းများကို ဆိုကာ ပြည်တော်ဝင်ခဲ့ကြရ၏။ ယင်းတို့၏ တိုင်းပြည်ကာကွယ်နိုင်စွမ်းကို လုဝန်ကပင် အားကျခဲ့ရ၏။ ယင်းတို့၏ အကျိုးပြုမှုသည် ကျန်းလျန်းကိုပင် သာလွန်ခဲ့၏။

သို့ဖြစ်လျှင် အိုယန်းက တာတာရ်မင်းကို မည်သို့ အကြံပြုခဲ့ပါသနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၅

ညအချိန်တွင် စုန်ကျုန့်က ယိကျင်တောင်ကြားကို ဖြတ်ခြင်း

ဝုရုံက ပရိယာယ်ဖြင့် ဝေနန်မြို့ကို သိမ်းခြင်း

အိုယန်းက ရှင်းပြလေ၏။

"စုန်ကျုန့်တို့က လျှံ့ရှန်းကျူအင်းက ရဲရင့်သူတွေပါ ဘုရား၊ ဒါပေမဲ့ စုန်မင်းကြီးကို ကြိုးကိုင်နေတာက ဆယ်ကျင်းရယ်၊ တုန်ဂွမ်ရယ်၊ ကောက်ကျူရယ်၊ ယန်းကျင်းရယ် ဒီ မှူးမတ်လေးယောက်ပါ။ ဒီလေးယောက်က တကယ်စွမ်းရည်ရှိတဲ့ သူတွေ၊ တကယ်မှန်ကန် တဲ့ လုပ်ဆောင်ချက်တွေကို မရှုဆိတ်ပါဘူး ဘုရား။ သူတို့နဲ့ မနီးစပ်ရင် မတိုးတက်ပါဘူး ဘုရား။ သူတို့ကို ငွေမပေးတဲ့ သူကို အလိုမရှိကြပါ ဘုရား။ စုန်ကျုန့်တို့အဖွဲ့ ကြာကြာရှိနေ မှာကိုလည်း အဖြစ်ခံမှာ မဟုတ်ပါဘူး ဘုရား။ ကျွန်တော့်အထင်အမြင်မှာတော့ အရှင် မင်းကြီးက စုန်ကျုန့်ကို ရာထူးကြီးကြီး ခန့်အပ်သင့်ပါတယ် ဘုရား။ ရွှေတွေ၊ ပိုးတွေ၊ သား မွေးထည် အကောင်းစားတွေ၊ မြင်းတွေ ချီးမြှင့်သင့်ပါတယ် ဘုရား။ ကျွန်တော်က အရှင့် သံတမန်အနေနှင့် ဝမ်းမြောက်ဝမ်းသာ သွားပြီး လျောင်နိုင်ငံတော်ကြီးကို အမှုထမ်းဖို့ တိုက်တွန်းဖို့ အသင့်ရှိပါတယ် ဘုရား။ သူနဲ့ သူ့ခေါင်းဆောင်တွေ အရှင့်လက်အောက်ကို ဝင်လာရင်တော့ အလယ်ပိုင်းလွင်ပြင်ကို အရှင်မင်းကြီး လက်ဝါးပြရုံမျှနဲ့ အလွယ်တကူ သိမ်းနိုင်ပါလိမ့်မယ် ဘုရား။ ဆင်ခြင်တော်မူပါဘုရား"

မင်းကြီးလည်း ကျေနပ်သွားလျက်-

"မင်းပြောတာ တကယ်ပဲ မှန်ပါတယ်။ မင်းကို ငါ တမန် ခန့်လိုက်မယ်။ ကုန်းတင်ထား တဲ့ မြင်းကောင်း တရာ့ရှစ်စီး၊ အကောင်းဆုံး ပိုးထည်တရာ့ရှစ်လိပ်ကို ယူသွား။ စုန်ကျုန့်ကို ပြောလိုက်။ သူ လျောင်တပ်တော်ရဲ့ စစ်သေနာပတိချုပ်ဖြစ်စေမယ်လို့။ သူ့ကိုယုံကြည်တဲ့ အထိမ်းအမှတ်အနေနဲ့ ရွှေတွေ၊ ငွေတွေကိုလည်း လက်ဆောင်ယူသွားလိုက်။ သူ့ခေါင်း ဆောင်တွေ နာမည်ကိုလည်း ရေးမှတ်ယူလာလိုက်။ သူတို့ကိုလည်း ရာထူးတွေ ခန့်ရမယ်"

ပရိသတ်ထဲမှ စစ်ဦးစီးချုပ်ဝူယန်က ထွက်လာကာ တင်လျှောက်၏။

"စုန်ကျုန့်နဲ့အဖွဲ့ကို ဘာလို့ လွတ်ငြိမ်းခွင့် ပေးရမှာပါလဲ ဘုရား။ ကျွန်တော့်လက် အောက်မှာ ဗိုလ်မင်းနှစ်ဆယ့်ရှစ်ဦးနဲ့ ပွဲလမ်းရတဲ့ အရာရှိ

ဆယ့်တစ်ဦး ရှိပါတယ်။ ကျွန်တော် တို့တပ်တော်ကြီးနဲ့ ရဲရင့်တဲ့ တပ်ဗိုလ်တွေနဲ့ ဘာကိုများ ကြောက်စရာရှိပါသလဲ ဘုရား။ ဒီ အရိုင်းအစိုင်းတွေက ဆုတ်ခွာမသွားရင် ကျွန်တော်ကိုယ်တိုင် တပ်တွေ ဦးစီးပြီး သုတ်သင် ပစ်ပါ့မယ် ဘုရား”

“မင်းက ထူးချွန်တဲ့ စစ်သည်တော်ပဲ။ အတောင်တပ်ထားတဲ့ ကျားပါပဲ။ ဒါပေမဲ့ သူ တို့ကို ငါတို့ တပ်တော်ထဲမှာ သိမ်းသွင်းလိုက်နိုင်ရင် မင်းအတောင်တွေက နှစ်ဆ တိုးသွား လိမ့်မယ်။ တားဖို့ မကြိုးစားပါနဲ့”

ထို့နောက်တွင်ကား မည်သူမျှ မပြောရဲကြတော့ပေ။ ဝူယန်မှာ တိုင်းပြည်တွင် အထူး ချွန်ဆုံး စစ်ဗိုလ်ချုပ် ဖြစ်၏။ စစ်အတတ် ဆယ့်ရှစ်ရပ်လုံးတွင် ကျွမ်းကျင်၏။ မဟာဗျူဟာ နည်းဗျူဟာတို့ကို ထူးချွန်စွာ ချမှတ်နိုင်သူ ဖြစ်၏။ အသက်သုံးဆယ့်ငါးနှစ်ခန့် ရှိပြီး ထောင်ထောင်မောင်းမောင်း၊ ကြံ့ကြံ့ခိုင်ခိုင်၊ အသားဖြူဖြူ၊ ဆံပင်ညိုညို၊ မျက်စိစိမ်းစိမ်း၊ နှုတ်ခမ်းရဲရဲနှင့် ဖြစ်၏။ သူမတူသော သတ္တိနှင့် ခွန်အားလည်း ရှိ၏။ သူ ကိုင်စွဲသော လက် နက်မှာ သံလှံတံရှည်ကြီးဖြစ်၏။ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည့် အခါများတွင် သူ့ ခါးတွင် ချပ်ထားသည့် သံပြားများ၏ ရိုက်ခတ်သံမှာ ကြောက်မက်ဖွယ်ပင် ဖြစ်လေ၏။ အမှန်တကယ် ကြောက်မက်ဖွယ် စစ်သူရဲကြီးပင် ဖြစ်၏။

အမိန့်တော် ရရှိသဖြင့် အိုယန်းသည် လက်ဆောင်များကို ပြင်ဆင်ကာ စုန်ကျန့် စခန်း ချနေသော ချီကျို့မြို့သို့ ထွက်လာခဲ့၏။ လျောင်သံတမန်တဦး လာနေကြောင်း သတင်းရ သောအခါ အကောင်းဖြစ်မလား၊ အဆိုးဖြစ်မလား ဆိုသည်ကို စုန်ကျန့် မသိနိုင်။ ထို့ကြောင့် နတ်ကျမ်းများကို ထုတ်ကာ စာချကြည့်လေ၏။ အလွန်ကံကောင်းမည်ဟု အဟောထွက် လေ၏။ ဂုရုံကို ခေါ်၍ တိုင်ပင်၏။

“အဟောကတော့ ကောင်းတယ်ဗျ။ လျောင်သံတမန်က လွတ်ငြိမ်းခွင့် လာကမ်းလှမ်း နေရင် ဘယ်လိုလုပ်ကြမလဲ”

“ဒီလိုဆိုရင်တော့ ကျုပ်တို့လည်း အဲဒါနဲ့လိုက်မယ့် အစီအမံတခု လုပ်ရမယ်ဗျ။ လက်ခံ လိုက်ပါ။ လူကွမ်းယီကို ဒီ ချီကျို့မြို့မှာ ထားပြီး ပါကျို့မြို့ကို သိမ်းလိုက်တာပေါ့။ ပါကျို့ကို ရပြီဆိုရင်တော့ လျောင်တိုင်းပြည်လည်း အက်သံ ပါလာပြီ မှတ်ပေတော့။ တန်ကျို့ကို လည်း ရထားပြီပဲလေ။ ပထမ လျောင်နိုင်ငံရဲ့ သေနာပတိ လုပ်ပေါ့။ ကျန်တာကတော့ လွယ် သွားပြီလေ။ ခက်တာ အရင်လုပ်ပြီးမှ လွယ်တာ လုပ်ကြတာပေါ့။ သူတို့ မသင်္ကာမဖြစ်စေနဲ့”

အိုယန်း ရောက်လာသောအခါ ပြည်နယ်ရုံးတွင် လက်ခံတွေ့ဆုံ၏။ အပြန်အလှန် ဦးညွှတ် နှုတ်ဆက်ကြပြီးသောအခါ အိမ်ရှင်နှင့် ဧည့်သည်တို့

ထိုင်ကြ၏။

"ဘာကိစ္စများ ရှိပါသလဲ ခင်ဗျာ"

"ကိစ္စလေးတခု ရှိလို့ပါ။ ခင်ဗျားကို သီးသန့် ပြောချင်လို့ပါ"

စုန်ကျန့်က လက်ထောက်ခေါင်းဆောင်များကို ဖယ်ခိုင်းလိုက်၏။ ထို့နောက် အတွင်း ခန်းတခုသို့ ခေါ်သွား၏။ အိုယန်းက ဦးညွှတ်လိုက်ပြီး-

"ကျုပ်တို့ လျောင်နိုင်ငံက ခင်ဗျားသတင်းကို ကြားနေတာ ကြာပါပြီဗျ။ အနေဝေးကြ တော့ ခင်ဗျားရဲ့ ကျက်သရေရှိတဲ့ မျက်နှာကို မြင်ခွင့်မရခဲ့ပါဘူးပေါ့ဗျာ။ ခင်ဗျားတို့ တောင် ရိုးစခန်းမှာ နေကြတုန်းကလည်း မိုးကောင်းကင်ကိုယ်စားပဲ လုပ်ဆောင်တယ်၊ ခင်ဗျားနဲ့ ညီနောင်တွေက တစိတ်တနှလုံးတည်းပဲ ဆိုတာလည်း ကြားဖူးပါတယ်။ ခုဆိုရင် ခင်ဗျားတို့ စုန်မင်းကြီးနန်းတော်မှာ ကောက်ကျစ်တဲ့ မှူးမတ်တွေက အမှန်တရားကို လမ်းပိတ်ထား ကြတယ်။ ခင်ဗျားက တိုင်းပြည်အတွက် ဘယ်လောက်ပဲ အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက် ဆောင်ရွက်၊ ခင်ဗျားကို ရာထူးမတိုးတက်အောင် ပိတ်ထားကြတယ်။ ဒီလူယုတ်မာတွေ လက်ထဲမှာ အာဏာရှိနေတာကိုးဗျ။ သူတို့က ရိုးဖြောင့်တဲ့သူကို အပုပ်ချကြတယ်။ စွမ်းရည် ရှိရင် မနာလိုဘူး။ ဆုပေးသင့်တဲ့ လူရော ဒဏ်ပေးရမယ့် သူရော မခွဲခြားဘူး။ ဒီတော့ ပြည်ထဲရေးလည်း ရှုပ်ထွေးလာတာပေါ့။ ယန်စီမြစ်တောင်ပိုင်းမှာဆို ခားပြတွေက သောင်းကျန်းနေတယ်။ ကျဲ့ကျန်းမြစ် နှစ်ဖက်ကမ်းစလုံးမှာရော၊ ရှန်တောင်နဲ့ ဟောပေ့နယ် မှာရောပဲ။ လူထုကတော့ သူတို့ဒဏ်ကို ခံနေရတာနဲ့ အသက်ရှင်ဖို့တောင် အနိုင်နိုင် ဖြစ်နေကြပြီ။

"ကိုယ့်မင်းကြီးကို သစ္စာရှိရှိ အမှုထမ်းချင်လို့ ခင်ဗျားက လက်ရွေးစင်အင်အား တသိန်းနဲ့ လက်နက်ချခဲ့တယ်လေ။ ဒါပေမဲ့ ခင်ဗျားကို ရှေ့ပြေးတပ်မှူး တာဝန်ပဲ ပေးထား တယ်။ ဘာ တရားဝင် ရာထူးမှ ပေးမထားဘူး။ ခင်ဗျားညီတော် ခေါင်းဆောင်တွေလည်း ဘာရာထူးမှ မပေးဘူး။ သူတို့က တိုင်းပြည်အတွက် ဒီလောက် အားထုတ်ပြီး အမှုထမ်း နေကြတာကို ရွှေနန်းတော်ကြီးက ဘာဆုလာဘ်မှ မပေးဘူး။ အဲဒါဟာ ဟိုလူယုတ်မာတွေ ကြောင့်ပဲဗျ။ ခင်ဗျားတို့က အဲဒီလူတွေကို ပေးမှ ကမ်းမှ ရာထူးရာခံ ရမယ်၊ မင်းကြီး မျက်နှာသာ ပေးတာ ခံရမယ်။ မဟုတ်လို့ကတော့ ဘယ်လောက်သစ္စာရှိရှိ၊ ဘယ်လောက် မဆုတ်မနစ် တာဝန်ထမ်းထမ်း၊ နေပြည်တော် ပြန်ရောက်ရင် သစ္စာဖောက်လို့ နာမည် အတပ်ခံရမှာပဲ။

"ကျုပ်တို့ လျောင်မင်းကြီးက သူ့ဆန္ဒကို ခင်ဗျားသိစေချင်လို့ လွှတ်လိုက်တာပါ။ လျောင်တပ်တော်ရဲ့ စစ်သေနာပတိချုပ် ရာထူးကို ပေးချင်တယ်။ ရွှေငွေတွေလည်း လက် ဆောင်ပေးသနားချင်တယ်တဲ့ဗျ။ ခင်ဗျားတို့အတွက်

ပိုးလိပ်တရာ့ရှစ်လိပ်၊ မြင်းကောင်း တရာ့ရှစ်စီး ပေးသနားတော်မူလိုက်တယ်။ ခင်ဗျားတို့ကို ရာထူးရာခံပေးဖို့ နာမည်တွေ လည်း ယူလာခိုင်းလိုက်တယ်။ ကျုပ်လာခဲ့ရတာက ကျုပ်တို့ လျောင်မင်းကြီးက ခင်ဗျားရဲ့ ဂုဏ်ရည်ကို သိနေလို့ ခင်ဗျားနဲ့ ခင်ဗျားလက်အောက်က ဗိုလ်တွေကို သူ့ဆီမှာ ဗိုလ်ဝင်ခံဖို့ ဖိတ်ခိုင်းလိုက်လို့ပါ”

စုန်ကျန့်လည်း ပြောသမျှကို နားထောင်ပြီးသော် -

“ခင်ဗျားပြောတာတွေက မှန်ပါတယ်။ ကျုပ်က အခြေအနေမရှိတဲ့ဘဝမှာ မွေးလာပြီး ယွန်ကျင့်မှာ မင်းမှုထမ်းငယ်ဘဝနဲ့ ပြစ်မှုတခုကို ကျူးလွန်မိလို့ လျှံရှန်းကျူးအင်းမှာ ခဏ ဆိုပြီး ခိုနေမိခဲ့တာပါ။ ဒါတောင်မှ စုန်မင်းကြီးက ကျုပ်အပြစ်တွေကို ခွင့်လွှတ်ခဲ့တယ်။ ကျုပ်အခြေအနေက နိမ့်ကျပြီး ဘာမှ အစွမ်းမပြနိုင်သေးတာတောင်မှ ကျုပ်ကိုခွင့်လွှတ်တဲ့ မင်းကြီးကို ကျေးဇူးပြန်ဆပ်ချင်တယ်။ ခင်ဗျားတို့မင်းကြီးက ရာထူးကြီးကို ကမ်းလှမ်းပြီး အဖိုးတန်လက်ဆောင်တွေ ပေးသနားတယ်။ ကျုပ် လက်မခံရဲပါဘူးဗျ။ ပြန်ယူသွားပါဗျာ။ ခုချိန်က နွေရာသီ ပူပြင်းလွန်းလို့ တပ်တွေကို နားဖို့ အမိန့်ပေးထားတယ်။ ဒီလိုနားရအောင် ခင်ဗျားတို့ မင်းကြီးဆီက မြို့နှစ်မြို့ကို ငှားထားတာပါ။ ဆောင်းဦးပေါက်လို့ ရာသီဥတု အေးလာတဲ့အထိ စောင့်ကြရအောင်။ အဲဒီတော့မှ တိုင်ပင်ကြရအောင်လားဗျာ”

“ဒီလက်ဆောင်လေးတွေကို သိပ်ပြီး မသိမ်ငယ်ဘူး ထင်ရင်တော့ လက်ခံထားလိုက် ပါလား ဗိုလ်ချုပ်။ ကျုပ်လည်း စကားပြောဖို့ ပြန်လာခဲ့ပါဦးမယ်”

“ဒီမှာက မျက်စိတွေ၊ နားတွေ အများကြီး ရှိတယ်ဗျ။ စကားတွေ ပေါက်ကြားသွားရင် အန္တရာ ယ်ရာယ် ရှိတယ်”

“ဒါပေမဲ့ဗျာ၊ အာဏာက ခင်ဗျားလက်ထဲမှာပဲ။ ဘယ်သူက မနာခံဘဲ နေဝံ့မှာလဲ”

“ခင်ဗျား နားမလည်ပါဘူးဗျာ။ ကျုပ်လက်အောက်ဗိုလ်တွေ အများစုက ရိုးရိုးဖြောင့်ဖြောင့် စစ်သည်တော်တွေဗျ။ ကျုပ် သူတို့ကို ညှိရဦးမယ်။ အားလုံးသဘောတူမှ အဖြေ ပေးရင်လည်း အချိန်ရှိ ပါသေးတယ်”

အိုယန်းကို ညှော့ခံကျွေးမွေးပြီးနောက် ပြန်လိုက်ပို့လိုက်၏။ ထို့နောက် ဝုရုံကို ခေါ်ကာ

အကြောင်းစုံကို ပြန်ပြောပြပြီးနောက် -

“ကဲ၊ ဘယ်လိုလုပ်ကြမလဲ”

ဝုရုံကား ခေါင်းငိုက်စိုက် ချကာ သက်ပြင်းကြီးကို ချလိုက်၏။ ပြန်၍ကား မဖြေပေ။

"ဘာလို့ သက်ပြင်းချနေတာတုံး၊ စစ်ဘက်အကြံပေးကြီးရဲ့"

"ကျုပ် စဉ်းစားနေတာပါဗျာ။ နောင်ကြီးက သစ္စာတရားကိုပဲ ရှေ့တန်းတင်တဲ့သူ ဆိုတော့ ကျုပ်လည်း ပြောဖို့ ခက်နေတာပေါ့။ ဝန်မင်းအိုယန်း ပြောသွားတာက တော်တော် လေး မှန်ပါတယ်။ ကျုပ်တို့ စုန်မင်းကြီးက မြင့်မြတ်တယ်၊ ပညာရှိတယ် ဆိုပေမယ့် သူ့ အာဏာအများစုက နန်းရင်းဝန်တို့အုပ်စု လက်ထဲမှာ ပျောက်နေတယ်ဗျ။ ပိုဆိုးတာက မင်းကြီးက သူတို့ကို ယုံနေတယ်ဗျ။ ကျုပ်တို့ ဘယ်လောက် အစွမ်းပြပြ မြှောက်စားဖို့ ဆိုတာက အာမခံချက် မရှိပါဘူး။ ကျုပ်တို့ ခေါင်းဆောင်ဖြစ်တဲ့ နောင်ကြီးကို လွတ်ငြိမ်းမိန့် သုံးခါပေးပြီးတာတောင်မှ ဘာမှ အနှစ်မပါတဲ့ ဒီတပ်ဦးချီဗိုလ်ချုပ်တာဝန်ကိုပဲ ပေးထား တယ်လေ။ ကျုပ်အမြင်လေးမှာတော့ တာတာရ်တွေဘက်ကို သွားတာက လျှံရှုန်းတောင် ရိုးမှာ စခန်းဆောက်ထားတာထက် ပိုကောင်းမယ် ထင်တယ်ဗျ။ ဒါကတော့ သစ္စာစောင့်ရမယ်ဆိုတဲ့ နောင်ကြီးရဲ့ မှုကို ချိုးဖောက်ရာမှာတော့ ကျတာပေါ့ဗျာ"

"နောင်ကြီး အကြီးအကျယ် မှားနေပြီ။ တာတာရ်တွေဘက် ကူးဖို့ဆိုတာက စဉ်းစား စရာတောင် မလိုဘူး။ စုန်မင်းဆက်က ကျုပ်ကို မတရားလုပ်တောင်မှ ကျုပ်က သူတို့ကို မတရားမလုပ်ဘူး။ ကျုပ်ကတော့ ဆုလာဘ် မရချင် နေပေ့စေ၊ နာမည်ကောင်းပဲ ချန်ထား ခဲ့ချင်တယ်။ ကျုပ်က သစ္စာဖောက်ရင် မိုးကောင်းကင်က ခွင့်လွှတ်မှာ မဟုတ်ဘူး။ သေတဲ့ အထိ သစ္စာရှိရှိ တိုင်းပြည်ကို အမှုထမ်းသွားမယ်"

"နောင်ကြီးက ဒီလို သဘောထားနေမင့် ဒီအခွင့်အရေးကို ယူပြီး ပါကျို့ကို သိမ်းကြ တာပေါ့။ ဒါပေမဲ့ ဒီနွေက အရမ်းပူတော့ စစ်သည်တွေ၊ မြင်းတွေကို ခဏတော့ အနားပေးမှ တော်မယ်"

သူတို့နှစ်ဦး သဘောတူညီချက် ရသွားပြီဖြစ်သော်လည်း ကျန်သူများကို တခွန်း တပါဒမှ မဟသေးပေ။ ချီကျို့တွင်သာ အပူဒဏ်လွတ်ကင်းမည့် အချိန်ကို စောင့်ရင်း နားခို နေခဲ့ကြ၏။ နောက်တနေ့တွင် ကုန်ဆွန်ရှုန်းနှင့် စကားစမြည် ပြောနေရင်း စုန်ကျန့်က စကား စလေ၏။

"နောင်ကြီးရဲ့ဆရာ ဆရာတော်လျိုက ခေတ်ကောင်းတုန်းက စာတတ်ပုဂ္ဂိုလ်တဦးလို့ နောင်ကြီးပြောတာ ခဏခဏ ကြားဖူးပါတယ်။ ကောက်ထန်ပြည်နယ်မှာ တိုက်ကြတုန်းက ကောက်လျံရဲ့ မှော်ပညာကို ပြန်တိုက်ဖို့ နောင်ကြီးဆီကို အကူတောင်းဖို့ ထိုက်ချုံနဲ့ လီကွေ့ ကို ကျုပ် လွှတ်ဖူးပါတယ်။ အဲဒီတုန်းက နောင်ကြီးက ဆရာတော်လျိုရဲ့ ပညာဟာ သိပ်ကို စွမ်းတယ်လို့ ပြောဖူးပါတယ်။ နောင်ကြီးကို အခု အပူကပ်ရတော့မှာပဲ။ ကျုပ်ကို သူ့ကျောင်း ကို

ခေါ်သွားပေးပါလားဗျာ။ အဲဒီမှာ ကျုပ်လည်း အမွေးတိုင်ထွန်းပြီး ဆုတောင်းချင်တယ် ဗျာ။ အပြစ်လေး ဘာလေး ဆေးကြောချင်လို့ပါ။ ဖြစ်နိုင်မလားဗျာ”

“ကျုပ်လည်း အမေကြီးကို သွားတွေ့ဖို့၊ ဆရာတော်လည်း သွားကန်တော့ဖို့ စဉ်းစား နေတာဗျ။ ဒါပေမဲ့ နောင်ကြီးက တပ်တွေ နေရာချနေတာနဲ့ မအားလို့ ခွင့်မတောင်းရဲခဲ့ဘူး။ ဒီနေ့ပဲ ခွင့်တောင်းမယ် လုပ်နေတာ။ နောင်ကြီး ခုလို သွားချင်တယ်လို့ မစဉ်းစားမိဘူး။ မနက်ဖြန် သွားကြမယ်လေ။ နောင်ကြီးကို ဆရာတော့်ဆီ လိုက်ပို့ပေးပါ့မယ်။ အမေ့ကို လည်း သွားတွေ့မယ်ပေါ့”

နောက်တနေ့တွင် စုန်ကျန့်က သူ့တာဝန်များကို ဝုရုံသို့ လွှဲအပ်၏။ အမွှေးတိုင်များ၊ သစ်သီးများ၊ ရွှေငွေရတနာများ၊ ပိုးထည်များကို ပြင်ဆင်ကာ ဟွရုံ၊ ထိုက်ချုံ၊ လူ့ဖန်၊ ကွမ်ရှိန်း၊ ယန်ရွှင့်၊ မာလင်းတို့နှင့်အတူ ခြေလျင်အင်အား ငါးထောင်ပါ တပ်ကြီးကို ဦးစီး၍ ကျူကုန်းခရိုင်ရှိ နတ်သမီးညီအစ်မတောင်သို့ ထွက်ခဲ့လေ၏။

စုန်ကျန့်တို့ ခေါင်းဆောင်တသိုက်လည်း တောင်ကြားထဲသို့မြင်းစီးကာ ဝင်လာကြ၏။ တောင်စောင်းတလျှောက်တွင် စိမ်းစိုနေသော ထင်းရှူးပင်များ ဖုံးအုပ်နေ၏။ တောင်ကြား လေသည်လည်း အေးမြသန့်ရှင်းလှပေ၏။ နွေရာသီကို သူတို့ ထားပစ်ခဲ့လေပြီ။ မှန်ပေ၏။ ထိုတောင်တန်းများသည် တကယ်ပင် လှပပါပေ၏။ ကုန်ဆွန်ရှန်းက လက်ညှိုးညွှန်ပြ၏။

“အဲဒါကို “ငါးနှာရောင်တောင်” လို့ ခေါ်တယ်ဗျ”

ကုန်ဆွန်ရှန်းက စုန်ကျန့်ကို မရန်းရောင်ကျောင်းတော်သို့ ခေါ်သွားလေ၏။ အားလုံး မြင်းပေါ်မှ ဆင်းကာ အဝတ်အစားများကို စနစ်ရပ်ရပ်ဖြစ်အောင် ပြင်ကြ၏။ အမွှေးတိုင် များကို အရာရှိငယ်တဦးက ယူကာ အားလုံး ကြိုးကြာဆောင်သို့ လာခဲ့ကြ၏။ တာအို ဘုန်းကြီးများက လေးစားစွာ နှုတ်ဆက်ကြ၏။ ကုန်ဆွန်ရှန်းက မေး၏။

“ဆရာတော်ကော”

“ဆရာတော် အတွင်းပိုင်းမှာ တရားရှုမှတ်နေတာ နှစ်ရက်သုံးရက် ရှိပါပြီ။ ဘယ်သူနဲ့ မှလည်း အတွေ့မခံဘူး။ ကျောင်းဆောင်ကိုလည်း သိပ်ထွက်မလာဘူး”

စုန်ကျန့်လိုက်ပါလျက် ကုန်ဆွန်ရှန်းက ဆရာတော်၏ ရိပ်သာသို့ ခေါ်သွား၏။ ကျောင်း ဆောင်နောက်ရှိ တောင်ပတ်လမ်းလေးအတိုင်း ကွေ့ကာပတ်ကာဖြင့် တလီခန့်မျှ လာခဲ့ရာ ရှမ်းဆီးပင် ခြံစည်းရိုးတခုကို တွေ့ရ၏။

ဝင်းအပြင်ဘက်တွင် ထင်းရှူးပင်များဖြင့် စိမ်း မှောင်နေပြီး ဝင်းအတွင်းတွင်မူ ပန်းချုံများဖြင့် သာသာယာယာရှိ၏။ ဝင်း၏ အလယ်တွင် ဆီးနှင်းဂူငယ်သုံးလုံးကို တတွဲတည်း မြင်ရ၏။ ထိုနေရာတွင် ဆရာတော်လျိုက ကျမ်းစာ များကို ဖတ်နေ၏။

ကိုရင်လေးတယောက်က သူတို့ကို မြင်သဖြင့် ဝင်းတံခါးကို လာဖွင့်ပေး၏။ ကုန်ဆွန်ရှုန်းက သူ့ဆရာတော်ထံ သွားကာ ကန်တော့လိုက်ပြီး-

"တပည့်တော် မိတ်ဆွေ ရှန်တောင်က စုန်ကျန့်က လွတ်ငြိမ်းခွင့်ရခဲ့ပါပြီ ဘုရား။ မင်းအမိန့်အရ ကျောင်တွေကို သွားတိုက်နေတာ ခုဆို ချီကျိူ့ကိုတောင် ရောက်နေပါပြီ ဘုရား။ အခု ဆရာတော်ကို ကန်တော့မလို့ ရောက်နေပါတယ် ဘုရား"

ဆရာတော်လျိုက အခေါ်ခိုင်းလိုက်၏။ စုန်ကျန့်ရောက်လာသောအခါ ဆရာတော်က သံဃာစင်မှ ဆင်းလာကာ ကြိုဆို၏။ စုန်ကျန့်က ဆရာတော်ကို ကန်တော့မည်ဖြစ်၍ ပြန်ထိုင်ပါရန် လျှောက်၏။

"ဒကာကြီးက တိုင်းပြည်ရဲ့ မှူးကြီးမတ်ကြီးတယောက်ပါ ဗိုလ်ချုပ်။ ဒကာကြီး ခါးမှာ ရွှေနဲ့ အဝတ်မှာက မရန်းရောင်နဲ့ပါ။ ဒကာကြီးက အရှင်မင်းကြီး တာဝန်နဲ့ လာတာပါ။ ကျုပ်ကတော့ တောဘုန်းကြီးပါ။ ကျုပ် ဘယ် ကန်တော့ခံရဲပါ့မလဲဗျာ"

သို့သော် စုန်ကျန့်က အတင်းအကျပ် တိုက်တွန်းသဖြင့် ဆရာတော်လည်း ပြန်ထိုင် လိုက်ရလေ၏။ စုန်ကျန့်က အမွှေးတိုင်များကို ထွန်းကာ ရှစ်ကြိမ်တိတိ ကန်တော့လေ၏။ ဟွရုံနှင့် ကျန်ခေါင်းဆောင်များ ကိုလည်း ခေါ်ကာ ကန်တော့စေ၏။

ဆရာတော်လျိုက သူတို့အားလုံးကို ထိုင်ခိုင်းပြီး လက်ဖက်ရည်နှင့် သစ်သီးများဖြင့် ဧည့်ခံရန် ကိုရင်ကလေးကို ခိုင်း၏။ ခရီးအကြောင်း လမ်းအကြောင်း အာလာပသလ္လာပ အနည်းငယ် ပြောပြီးနောက် ဆရာတော်က-

"ဒကာ ဗိုလ်ချုပ်ကြီး၊ ဒကာကြီးက မိုးကောင်းကင် ကြယ်တပွင့်က ဆင်းသက်လာခဲ့တာပါ။ ဒကာကြီး သတင်းက အလယ်ပိုင်း မြစ်ဝှမ်းတလျှောက်မှာ ထင်ရှားပါတယ်။ ဒကာ ကြီးနားမှာ အခြားကြယ်တွေက ဆင်းသက်လာတဲ့သူတွေ ဝန်းရံထားပါတယ်။ ဒကာကြီးတို့ အားလုံးပေါင်းပြီး မိုးကောင်းကင်ရဲ့ ကိုယ်စား ဆောင်ရွက်နေကြတာပဲ။ မကြာခင်ကလည်း စုန်မင်းကြီးလက်အောက်ကို ဝင်လိုက်ကြတယ်ဆိုတော့ ဒကာကြီးတို့ရဲ့ ကောင်းမှုတွေကို နောင်လာနောက်သား အဆက်ဆက်က မှတ်မိနေကြမှာပါပဲ။"

“ကျုပ်တပည့် ကုန်ဆွန်ရှုန်းကို ကျုပ်ကိုယ်တိုင် ဒီသာသနာ့ဘောင်ထဲကို သွတ်သွင်း ခဲ့တယ်။ သူက လောကီရေးရာတွေကို စိတ်မဝင်စားတော့ဘူး။ ဒါပေမဲ့ ဒကာကြီးတို့နဲ့ လက်တွဲဖို့ အကြောင်းက ဖန်လာတယ်လေ။ သူကလည်း ကြယ်တပွင့်က ဆင်းသက်လာ တာပဲကိုး။ ခုတော့ ဒကာဗိုလ်ချုပ်ကြီးက ကျုပ်ကို လာကန်တော့တယ်။ ကျုပ်က ဒကာကြီး ကန်တော့ကို မခံထိုက်ပါဘူး။ ကျုပ်အပြစ်တွေကို ခွင့်လွှတ်ပါ”

“တပည့်တော်က ယွန်ကျင့် မင်းမှုထမ်းလေးပါဘုရား။ ပြစ်မှုတခုကို ကျူးလွန်မိလို့ တောင်ရိုးကို ပြေးပြီး ခိုလှုံရပါတယ်။ ကံကောင်းချင်တော့ သူ့ရဲကောင်း ရဲဘော်ရဲဘက်တွေ က အရပ်ရပ်ကနေ လေနဲ့ ပါလာသလို ရောက်လာကြပါတယ် ဘုရား။ တပည့်တော်တို့က တသံတည်း၊ တသက်တည်းပါ ဘုရား။ အသားနဲ့ အရိုးလိုပဲ မခွဲကြပါဘုရား။ ကိုယ်ခန္ဓာတခု တည်းက လက်တွေ ခြေတွေလိုပါပဲ ဘုရား။ မိုးကောင်းကင်က နိမိတ်ပြလိုက်မှပဲ တပည့် တော်တို့ဟာ မိုးကောင်းကင်က ကြယ်တွေက ဆင်းသက်လာမှန်း သိရပါတယ် ဘုရား။

“စုန်မင်းကြီးက လွတ်ငြိမ်းမိန့် သုံးကြိမ်တောင် ပေးပြီး တပည့်တော်တို့ အပြစ်တွေကို ခွင့်လွှတ်ခဲ့ပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်ရဲ့ ရဲဘော်ရဲဘက်တွေကလည်း မင်းကြီးလက်အောက်ကို ဝင်လိုက်ပါပြီ ဘုရား။ တပည့်တော်ကို လျောင်တာတာရ်တွေကို တိုက်ထုတ်ဖို့ တာဝန်ပေးလိုက်ပါတယ် ဘုရား။ ဆရာတော်ဘုရားရဲ့ ကျောင်းတော်ကို ဖြတ် သွားရတော့ အခွင့်ကြုံတုန်း ဝင်ကန်တော့မယ်လို့ စိတ်ကူးမိပါတယ်။ တပည့်တော် ရှေ့မှာ ကြုံတွေ့ရမှာတွေကို ဆရာတော်က မိန့်ကြားနိုင်ရင်ဖြင့် သိပ်ကံကောင်းတယ်လို့ တပည့် တော် မှတ်ယူရမှာပါ ဘုရား”

“ခဏနားလိုက်ပါဦး ဒကာကြီး။ မိုးလည်း ချုပ်လာပြီဆိုတော့ ကျုပ်တို့ရဲ့ သက်ငယ်တဲ ကျောင်းလေးမှာပဲ နားလိုက်ပါဦး။ မနက်မှ ပြန်ပေါ့။ ဘယ်လို သဘောရလဲ”

“တပည့်တော်ကတော့ အရှင်ဘုရားက လျှို့ဝှက်နက်နဲတာတွေကို ဖော်ပြောစေချင် ပါတယ် ဘုရား။ ဒါမှလည်း တပည့်တော် စိတ်အေးအေးနေနိုင်ပါမယ် ဘုရား”ဟု လျှောက် ကာ၊ စုန်ကျန့်က အချက်ပြလိုက်သဖြင့် နောက်ပါများက ရွှေ၊ ငွေ၊ ရတနာများ၊ ပိုးထည် များကို ဆရာတော်လျှိုထံသို့ ဆက်ကပ်ကြလေ၏။

“ကျုပ်က တောကျောင်းမှာနေတဲ့ သက်ကြီးရွယ်အိုကြီးပါ။ ဒီ ချမ်းသာစည်းစိမ်တွေက ကျုပ်အတွက် အလကားပါပဲ။ ရုံစရာ ချည်သက်န်းရှိရင်ပဲ လုံလောက်နေပါပြီ။ ဒကာကြီး ကတော့ တပ်တော်ကြီးကို ကွပ်ကဲနေရတဲ့

တပ်မှူးကြီး မဟုတ်လား။ နေ့တိုင်း ထောင်နဲ့ သောင်းနဲ့ ချီပြီး သုံးစွဲနေရမှာပါ။ ဒကာဗိုလ်ချုပ်ကြီး။ ဒီပစ္စည်းတွေ ပြန်ယူသွားပါ။ ဒကာကြီး တပ်သားတွေအတွက်ပဲ အသုံးချပါ။ ကျုပ်အတွက် ဒီလိုပစ္စည်းတွေ မလိုပါဘူး။ သစ်သီးတွေ ကိုပဲ လက်ခံလိုက်မယ်”

စုန်ကျန့်က ကန်တော့ကာ ထပ်၍ တောင်းပန်ပြန်၏။ သို့သော် ဆရာတော်ကြီးက အလျှော့မပေးပေ။ ထို့နောက် သက်သတ်လွတ် ထမင်းဟင်းများ ကျွေးမွေးပြီး လက်ဖက် ရည်ပွဲဖြင့် တည်ခင်းပေး၏။ ကုန်ဆွန်ရှုန်းကို မိခင်နှင့် တွေ့ရန် လွှတ်လိုက်၏။

“မနက်စောစောမှ ပြန်လာပြီး ဒကာကြီးနဲ့ မြို့ကို ပြန်လိုက်သွားပေါ့”

ညပိုင်းတွင် စုန်ကျန့်သည် ဆရာတော်နှင့် စကားပြော၏။ သူ့စိတ်တွင် အနှောင့်အယှက် ဖြစ်နေသည်များကို ပြောပြပြီး ရှေ့ဖြစ်ကို ဟောပြရန် တောင်းပန်၏။

“ဒကာ ဗိုလ်ချုပ်ကြီး၊ ဒကာကြီးက သစ္စာရှိတယ်။ လုပ်ဆောင်ချက်တွေကလည်း မိုးကောင်းကင်ရဲ့အလိုနဲ့ ကိုက်ညီတယ်။ ဘုရားသခင်က ဒကာကြီးကို စောင့်ရှောက်ပါလိမ့် မယ်။ တနေ့မှာ ဒကာကြီးက သူကောင်းစာရင်း ဝင်လာလိမ့်မယ်။ သံသယမရှိပါနဲ့။ ဒကာကြီး ကွယ်လွန်သွားပြီးရင်လည်း ဒကာကြီးကို နတ်ကွန်းတထောင်နဲ့ ပူဇော်ကြလိမ့်မယ်။ ဒါပေမဲ့ အခုဘဝမှာတော့ ဒကာကြီးရဲ့ နောင်ရေးက နည်းနည်းမှုန်တယ်။ မပြည့်စုံဘူး”

“ဆရာတော်ဘုရား၊ တပည့်တော် ဇာတ်သိမ်းမလှဘူးလို့ ဆိုလိုပါသလား”

“အို၊ မဟုတ်ဘူး ဒကာကြီး။ ဒကာကြီးက အိပ်ရာပေါ်မှာပဲ ကွယ်လွန်ရလိမ့်မယ်။ ကောင်းကောင်းမွန်မွန် မြှုပ်နှံ သင်္ဂြိုဟ်ခံရမယ်။ အခုဘဝမှာတော့ အားလုံး ချောချော မောမော မဖြစ်ဘဲ နည်းနည်းတော့ အထစ်အငေါ့ ရှိပါလိမ့်မယ်။ အပျော်ထက် အငိုများမယ် ပေါ့။ အောင်မြင်မှု ထိပ်ဆုံးကို ရောက်ပြီးမှ နည်းနည်း နောက်ပြန်ဆုတ်ရမယ်။ ပစ္စည်းဥစ္စာ ရာထူးဂုဏ်သိမ်တွေ နောက်ကို သိပ်မလိုက်ပါနဲ့”

“ဒီလိုဟာတွေကို တပည့်တော် မလိုပါဘူး ဘုရား။ တပည့်တော် ညီနောင်တွေနဲ့ပဲ တူတူ နေသွားချင်ပါတယ်။ ဒီလိုနေရရင် ဆင်းရဲလည်း မမှုပါဘူး။ တပည့်တော်က ငြိမ်းငြိမ်း ချမ်းချမ်းပျော်ပျော်ရွှင်ရွှင် အားလုံးနေစေ့ချင်တဲ့ ဆန္ဒပဲ ရှိပါတယ် ဘုရား”

ဆရာတော်က ပြုံးလျက်-

"ခွဲခွာဖို့ အချိန်တန်တော့လည်း နေချင်လို့ မရပါဘူးကွယ်"

စုန်ကျန့်က ကန်တော့ပြီး ဟောကိန်းကို တောင်း၏။ ဆရာတော်ကြီးက စက္ကူနှင့် စုတ်တံကို တောင်းကာ ရှစ်ပါဒပါသော ဟောကိန်းကို ရေးကာ စုန်ကျန့်ကို ပေးလိုက်၏။

သစ္စာရှိသူ နည်းပါး၏

မိတ်ဆွေစစ်ကား ရှားပါး၏

မြောက်ပိုင်းတခွင် အစောင်မြင်မည်

သို့သော် လရောင် မှိန်လွန်းသည်

ဆောင်းရာသီ ဝင်လာပြီ

ငန်းများ ပျံပြေးကြတော့မည်

မင်းဆက်များ ပြောင်းလဲလျှင်

ရာထူးဟောင်းများ သွားရစမြဲပင်။

စုန်ကျန့်လည်း နားမလည်သဖြင့် ကန်တော့ကာ ရှင်းပြရန် လျှောက်၏။

"ဒါက မိုးကောင်းကင်က ချမှတ်တဲ့အမိန့်ပဲ။ ကျုပ်လည်း ဖော်မပြောနိုင်ဘူး။ အချိန် တန်ရင် ဒကာကြီး သိလာမှာပါ။ မှောင်လည်းမှောင်လာပြီ။ ညဥ့်လည်းနက်လာပြီ။ ကျောင်းဆောင်ကို ပြန်ပေတော့ ဒကာကြီး။ မနက်ကျမှ တွေ့ကြတာပေါ့။ ဟိုအရင်နှစ်တွေက တညမှာ အိပ်နေတုန်း ရထားတာလေး တခုရှိတယ်။ အဲဒါကို ပြန်ပေးရအောင် ကျုပ် အဲဒီ အိပ်မက် ထပ်မက်ချင်သေးတယ်။ ခွင့်ပြုပါဦး ဒကာကြီး"

ဟောကိန်းစာရွက်ကို ကိုယ်ပေါ်တွင် ဝှက်ကာ စုန်ကျန့် ပြန်ထွက်ခဲ့၏။ တာအိုဘုန်းကြီး များက ပေးသော နေရာတွင် ညအိပ်လိုက်ကြ၏။

နောက်တနေ့နံနက်စောစောတွင် ဆရာတော်ထံသို့ စုန်ကျန့် ထပ်၍သွား၏။ ယင်းတွင် ကုန်ဆွန်ရှန်း ရောက်နှင့်နေသည်ကိုလည်း တွေ့ရ၏။ ဆရာတော်ကို သက်သတ်လွတ်ဆွမ်း ကပ်ကြ၏။ ဆွမ်းစားပြီးသောအခါ ဆရာတော်က-

"ကျုပ် တခု တောင်းပန်ချင်တယ် ဒကာကြီး။ ကျုပ်တပည့် ကုန်ဆွန်ရှန်းက

လောကီ ရေးတွေကို ခဏာပဲ ဆောင်ရွက်လိမ့်မယ်။ လမ်းစဉ်တော်အတိုင်း လိုက်ဖို့ သူ့ကံမှာ ပါလာ တယ်။ ဒါပေမဲ့ ဒီမှာနေပြီး ကျုပ်ကို လုပ်ကျွေးနေမယ်ဆိုရင်လည်း သူ့ညီနောင်တွေကို ပစ်ထားရာ ကျလိမ့်မယ်။ ဒီတော့ သူ့ကို ဒကာကြီးနဲ့ ပြန်ထည့်ပေးလိုက်ပါမယ်။ အကျိုးကြီးကြီး ဖြစ်ထွန်းအောင် ဆောင်ရွက်ကြပေါ့။ ဒါပေမဲ့ နေပြည်တော်ကို အောင်ပွဲခံပြီး ပြန်ရောက်တဲ့ အခါ ကျရင်တော့ သူ့ကို ဒီပြန်လွှတ်ပေးစေချင်တယ်။ ဒါမှ သူလည်း လမ်းစဉ်တော်အတိုင်း လိုက်နိုင်မယ်။ မိခင်အိုကြီးရဲ့ အပူကိုလည်း ငြိမ်းနိုင်ပါလိမ့်မယ်။ ဒကာကြီးက ရဲရင့်တဲ့ စစ်သည်တော်တယောက် ဖြစ်လေတော့ ရိုးသားဖြောင့်မတ်မယ် ဆိုတာကို ကျုပ် သံသယ မရှိပါဘူး။ ကျုပ်ပေးတဲ့ အကြံကို လက်ခံနိုင်ပါ့မလား ဒကာ ဗိုလ်ချုပ်ကြီး”

“ဆရာတော့်စကားဟာ တပည့်တော်အတွက်အမိန့်ပါပဲဘုရား။ နောင်ကြီးကုန်ဆွန်ရှန်း တပည့်တော်နဲ့ ဆက်နေ မနေဆိုတာက သူ့သဘောပါပဲ ဘုရား။ တပည့်တော် ဝင်မစွက်ဖက် ရဲပါဘူး ဘုရား”

ဆရာတော်လျို့နှင့် ကုန်ဆွန်ရှန်းတို့က လက်ဝါးနှစ်ဖက်ကို ယှက်ကာ ချီလိုက်ပြီး “ကျေးဇူးတင်ပါတယ် ဒကာကြီး” ဟု ဆိုလိုက်ကြ၏။

စုန်ကျန့်တို့က ဆရာတော်ကို နှုတ်ဆက်ကြ၏။ ဆရာတော်က ရိပ်သာဝအထိ လိုက် ပို့ကာ -

“ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ ဒကာဗိုလ်ချုပ်ကြီး၊ ကောင်းသတင်းကို မကြာခင် ကြားရပါစေ”

စုန်ကျန့်လည်း ဦးညွတ်ကာ ထွက်ခွာခဲ့၏။ သူတို့၏ မြင်းများကို ကျောင်းမှ ဘုန်းကြီး များက အစာကျွေး၊ ရေတိုက်ကာ ပြုစုထားပြီး ကျောင်းရှေ့တွင် အသင့်ပြင်ပေးထားကြ၏။ စုန်ကျန့်တို့က မြင်းများကို ဆွဲကာ တောင်တဝက်ထိ ဆင်းခဲ့ပြီးမှ တက်စီးကာ ချီကျို့သို့ ပြန်လာခဲ့ကြ၏။

အပြန်ခရီးမှာ ဘာမျှ မထူးပေ။ ချီကျို့ရုံးတော်သို့ သူတို့ ပြန်ရောက်သောအခါ လီကွေ့က ကြိုနေသည်ကို တွေ့ရ၏။

“ဆရာတော်လျို့ကို သွားတွေ့တယ်ဆို၊ နောင်ကြီးက ကျုပ်ကိုလည်း မခေါ်ဘူး”

“မင်းက သူ့ကိုသတ်ဖို့ လုပ်သေးတယ်ဆို။ သူက တိုင်လိုက်တယ်”

“သူကလည်း ကျုပ်ကို တော်တော် ဒုက္ခပြန်ပေးလိုက်ပါတယ်ဗျာ”

အားလုံးက ဝိုင်းရယ်လိုက်ကြ၏။

အတွင်းဆောင်သို့ ရောက်သွားသောအခါ စုန်ကျန့်က ဟောကိန်းကို ဝုရုံသို့ ပြ၏။ သို့သော် မည်သူမျှ အနက်မကောက်နိုင်ကြပေ။

ကုန်ဆွန်ရှန်းက-

"နောင်ကြီး၊ ဒါက မိုးကောင်းကင်က အမိန့်ပဲဗျာ။ ဘယ့်မှာ ရှင်းရှင်းလင်းလင်း ရှိပါ့မလဲ။ သိမ်းထားလိုက်ပါ။ ဒါက နောင်ကြီး တသက်လုံးနဲ့ ဆိုင်တယ်။ ခန့်မှန်းဖို့လည်း မကြိုးစား ပါနဲ့။ ဆရာတော် ပြောလိုက်သလိုပဲ အချိန်တန်ရင် သိလာပါလိမ့်မယ်"

စုန်ကျန့်က သူ့စကားအတိုင်း လိုက်နာကာ ဂမ္ဘီရကျမ်းများကြားတွင် ညှပ်ထားလိုက် လေ၏။ ချီကျို့တွင် နောက်ထပ် နှစ်လ သုံးလမျှ နေစဉ်အတွင်း စစ်မက်ရေးရာ ဘာမှ ထူးထူး ခြားခြား ဖြစ်မလာသေးပေ။

စန္ဒာမာသ သတ္တမလ လဆုတ်ရက်များတွင်မှ တန်ကျို့ရှိ ဝန်မင်းကျောက်ထံမှ စေတမန် ရောက်လာလေ၏။ ရွှေနန်းတော်ကြီးမှ စစ်ဆင်ရေးစတင်ရန် ညွှန်ကြားစာ ရောက် လာကြောင်း သိရလေ၏။ စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်ပြီး ယူတျန်ရှိ လူကွမ်းယီထံသို့ သွား ကြ၏။ စစ်ဆင် စစ်တက် လေ့ကျင့်ကြ၏။ လက်နက်များကို အသင့်ပြင်ကြ၏။ တပ်ဖြန့်ပုံ အသေးစိတ်ကို ညှိနှိုင်းကြ၏။ ထို့နောက် ချီကျို့သို့ ပြန်လာကာ အလံများကို ပွဲပေးကာ ပူဇော်ကြ၏။ စစ် စ ထွက်မည့် ရက်ကောင်းရက်သာကို ရွေးကြ၏။ ထိုအခိုက်တွင် လျောင် တိုင်းပြည်မှ တမန် ရောက်လာကြောင်း ကြားသိရလေ၏။

စုန်ကျန့်က ထွက်ကြိုရာ ဝန်မင်းအိုယန်းပင် ဖြစ်နေ၏။ အတွင်းဆောင်သို့ ဖိတ်ခဲ့ကာ အပြန်အလှန် အရိုအသေ ပေးကြ၏။

"ဘာကိစ္စများပါလဲ ဝန်မင်း"

"ခင်ဗျားနဲ့ သီးသန့် ပြောချင်ပါတယ်"

စုန်ကျန့်က သူ့အခြံအရံများကို ဖယ်ခိုင်းလိုက်၏။

"လျောင်မင်းကြီးက ခင်ဗျားရဲ့ စွမ်းရည်ကို သိပ်သဘောတွေ့နေတယ်ဗျ။ ခင်ဗျားသာ ရောက်လာလို့ ကတော့ ရာထူးဂုဏ်ထူးတွေ ပေးပြီးသားပဲ။ ဒါပေမဲ့ ဒါက အရေးမကြီး ပါဘူး။ အရေးကြီးတာက အရှင်မင်းကြီး စိတ်တထင့်ထင့် ဖြစ်မနေရအောင် စောစောလာခဲ့ ဖို့ပါပဲ"

"ကဲ၊ ဒီမှာ ဘယ်သူမှ မရှိပါဘူး။ ဒီတော့ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ။ အရင်တခေါက် ခင်ဗျားလာတုန်းက ကျုပ်ရဲ့ ဗိုလ်မင်းတွေက ခင်ဗျား

ဘာလို့ လာလဲဆိုတာ ကို ရိပ်မိကြတယ်ဗျ။ တဝက်လောက်က ခင်ဗျားတို့ အောက်ကို မဝင်ချင်ဘူး။ ခင်ဗျားတို့ မင်းကြီးကို ဖူးမြင်ဖို့ ခင်ဗျားနဲ့ ယိုကျို့ကို လိုက်သွားခဲ့ရင် ကျုပ်လက်ထောက် လူကွမ်းယီက လိုက်ပြီး တိုက်ခိုက်မှာပဲဗျ။ ဒီတော့ သူနဲ့ ပြန်ပြီး တိုက်ခိုက်နေရရင် ဟိုအရင် ညီနောင် သံယောဇဉ်တွေက အလဟဿ ဖြစ်သွားတော့မယ်။ ဒီတော့ ကျုပ်လက်ထောက်တချို့နဲ့ မြို့တမြို့မှာ ခဏ ဝင်ခိုနေမှ ကောင်းမယ်။ ဘယ်မြို့ရယ်လို့တော့ မဟုတ်ပါဘူး။ အဲဒါကို လူကွမ်းယီ သိရင် ကျုပ်နောက်ကို လိုက်လာမှာပဲ။ ဒါပေမဲ့ သူ့ကို ရှောင်ချင်ရင် ရှောင်လို့ လည်းရမယ်။ သူက ကျုပ်စကားနားမထောင်ရင် တိုက်ချင် တိုက်လို့လည်း ရမယ်။ သူက မသိလို့ အရှေ့နေပြည်တော်ကို ပြန်သွားရင်တော့ ကျုပ်တော့ ပြဿနာတက်တော့မှာပဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အဲဒီအချိန်လောက်ဆို လျောင်မင်းကြီးနဲ့ ဖူးမြင်ပြီးလောက်ပြီလေ။ လျောင်တပ်တော်ကြီးကို ဦးစီးပြီး ရန်သူကို တိုက်ရုံပဲပေါ့”

အိုယန်းလည်း သဘောတွေ့သွားလျက် –

“ဒီကနေ ပါကျို့က ဘာမှ မဝေးဘူး။ အဲဒီကို သွားဖို့က လမ်းနှစ်လမ်းပဲ ရှိတယ်။ တလမ်းက ယီကျင်းတောင်ကြားကို ဖြတ်သွားရမယ်။ ဘယ်ညာမှာတောင်တွေက မတ် စောက်တယ်။ အဲဒါကို ဖြတ်ပြီး ချောပို့လမ်းမကြီးကို ဖောက်ထားတယ်။ နောက်တလမ်း ကတော့ ဝေနန်တောင်ကြားတဲ့။ သူ့မှာလည်း ပတ်ဝန်းကျင်က တောင်တွေက မြင့်တယ်။ တောင်ကြားအဝမှာတော့ ဝေနန်မြို့ရှိတယ်။ ပါကျို့ကို သွားချင်ရင် ဒီနှစ်လမ်းပဲ ရှိတယ်။ ခင်ဗျား ဆန္ဒရှိရင် ပါကျို့မှာ ခိုနိုင်ပါတယ်။ အဲဒီမြို့ကို အုပ်ချုပ်နေတာက မင်းကြီးရဲ့ ယောက်ဖတော် ကန်လီဒင်ဂန်ပါ။ အဲဒီမှာ နေပြီး အခြေအနေကို စောင့်ကြည့်တာပေါ့ ဗိုလ်ချုပ်ကြီး”

“ဒါဖြင့်ရင် ကျုပ် ရွာကို လူလွှတ်ပြီး ကျုပ်အဖေကို အခေါ်ခိုင်းလိုက်မယ်။ နို့မို့ အဖမ်း ခံနေရမယ်လေ။ လမ်းပြဖို့ လူတွေ ကျုပ်ဆီ တိတ်တိတ် လွှတ်လိုက်ပါ။ ဒီညပဲ ထွက်ဖို့ ပြင်မယ်”

အိုယန်းလည်း အလွန်ပျော်သွားလေပြီ။ စုန်ကျန့်ကို နှုတ်ဆက်ပြီး ပြန်သွားလေ၏။

စုန်ကျန့်က လူကွမ်းယီ၊ ဝုရုံ ၊ ချူဝု တို့ကို ချီကျို့ ကို ခေါ်ကာ စစ်ပရိယာယ်တခု ချမှတ်ရန် တိုင်ပင်ကြ၏။ ထို့နောက် လူကွမ်းယီလည်း ပြန်သွားပြီး ဝုရုံနှင့် ချူဝု တို့က လက်အောက်ခံ တပ်မှူးများကို အသေးစိတ် ညွှန်ကြားလိုက်၏။ ယင်း တပ်မှူး ဆယ့်လေးဦးနှင့်အတူ အင်အားတသောင်းကို အသင့်ပြင်ကာ ဝန်မင်းအိုယန်း ပြန်အရောက်ကို စောင့်နေကြ လေ၏။ နောက်

နှစ်ရက်အကြာတွင် အိုယန်း မြင်းဒုန်းစိုင်းစီးကာ ပြန်လာ၏။ "လျောင်မင်းကြီးက ခင်ဗျားရဲ့စိတ်စေတနာကို ယုံကြည်တယ်ဗျာ။ ခင်ဗျားသာ ပါလာ ရင် ကျုပ်တို့တော့ စုန်တပ်တော်ကို မှုစရာ ဘယ်လိုတော့မလဲ။ အရှင်မင်းကြီးက ခင်ဗျားကို ယုယန်းက မြင်းတပ်နဲ့ ရှန်းကုက ခြေလျင်တပ်တွေနဲ့ ကူညီမယ်တဲ့ဗျ။ ခင်ဗျား အဖေကြီး အတွက် စိတ်ပူနေတယ်ဆိုတော့ ကျုပ်တို့ လူလွှတ်ပြီး ပါကျို့ကို ခေါ်ထားပါ့မယ်။ မင်းကြီး ယောက်ဖတော်နဲ့ အဖော်ရတာပေါ့ဗျာ"

"ကျုပ်နဲ့လိုက်မယ့် လက်အောက် တပ်မှူးတွေကတော့ အသင့်ပဲ။ ဘယ်တော့သွားကြမလဲ"

"ဒီညပဲ ခင်ဗျား အမိန့်ထုတ်လိုက်ပေတော့"

စုန်ကျန့်က အသံ လုံးဝမထွက်စေရန်အတွက် အထူးပင် ကြပ်မတ်ခိုင်း၏။ မြင်း၏ ကကြိုးတန်ဆာများမှ သတ္တုအစိတ်အပိုင်းများကို အဝတ်နှင့် ပတ်၍ စည်းထားစေ၏။ ချီတက်မည့် သူများ၏ ပါးစပ်ထဲတွင်လည်း တုတ်တိုတချောင်းကို ကိုက်ထားစေ၏။ ထိုည တွင်ပင် ထွက်မည်ဖြစ်၏။ ဝန်မင်းအိုယန်းကို မှောင်သည်အထိ ညှော်ခံပြုစု၏။ ထို့နောက် မြို့အနောက်တံခါးကို ဖွင့်ခိုင်းလေ၏။

အိုယန်းနှင့် သူ့လူများက မြင်းစီးကာ ရှေ့မှ ဦးဆောင်သွား၏။ စုန်ကျန့်တို့က နောက်မှ လိုက်လာခဲ့ကြ၏။ လီနှစ်ဆယ်ကျော်ကျော်သို့ ရောက်သော် စုန်ကျန့် ယောင်၍ အော်လိုက် မိ၏။ "ဒုက္ခပါပဲ။ ကျုပ် စစ်ဘက်အကြံပေးဝုရုံကိုပါ ခေါ်သွားမလို့ စီစဉ်ထားတာဗျ။ အခု တော့ အလောတကြီးနဲ့ ထွက်လာမိလို့ မေ့ပြီး မခေါ်မိခဲ့ဘူး။ ဖြည်းဖြည်းပဲ သွားကြရအောင်။ သူ့ကို လူလွှတ်ပြီး အခေါ်ခိုင်းလိုက်မယ်"

ညဥ့်သန်းခေါင်လောက်တွင် ယီကျင်းတောင်ကြားအဝသို့ ရောက်လာ၏။

အိုယန်းက တံခါးဖွင့်ခိုင်းလိုက်၏။ တာဝန်ခံ အရာရှိက တံခါးဖွင့်ပေးသဖြင့် သူတို့ လည်း ပါကျို့သို့ ဆက်၍ ချီတက်သွားကြ၏။ အရုဏ်မတက်ခင်ကလေးတွင် မြို့ကိုရောက် သွားကြပြီး မင်းကြီး၏ ယောက်ဖတော် ကန်လီဒင်ဂန်ထံသို့ အကြောင်းကြားလိုက်၏။ မိဖုရား၏ မောင်ကြီးဖြစ်၍ အလွန်ဩဇာ ရှိရုံမျှမက သတ္တိလည်း ထူးထူးခြားခြား ကောင်း မွန်သူ ဖြစ်၏။ သူ့အောက်တွင် ကျင်ဖုနှင့် လေ့ကျင်း ဆိုသော အမတ်နှစ်ယောက် ရှိ၏။

စုန်ကျန့်တို့ ရောက်လာကြောင်း ကြားရသောအခါ နောက်ပါတပ်များကို မြို့ပြင်တွင် သာ စခန်းချစေပြီး စုန်ကျန့်တဦးတည်းကိုသာ မြို့တွင်းသို့ ဝင်ခွင့်ပြု၏။ အိုယန်း ခေါ်လာ သဖြင့် စုန်ကျန့်ကို တွေ့ရသောအခါ ခန့်ညားသော ရုပ်ရည်ကြောင့် အထင်ကြီးသွားပြီး စင်မြင့်ပေါ်မှ ဆင်းလာကာ နှုတ်ဆက်လေ၏။ ထို့နောက်

အတွင်းဆောင်သို့ ခေါ်သွားကာ ထိုင်ရန် နေရာပေးလေ၏။

စုန်ကျန့်က-

"ယောက်ဖတော် ဆိုတာက ရွှေပင်ရွှေခက်နဲ့ ကျောက်စိမ်းရွက်နဲ့ ဖြစ်ပါတယ်။ ကျုပ် ကတော့ လက်နက်ချတဲ့ အရာရှိငယ်လေးပါ။ ဒီလိုအဆောင်အယောင် အခမ်းအနားတွေ ကို ဘယ် လက်ခံဝံ့ပါ့မလဲဗျာ။ ကျုပ် ဘယ်လို ပြန်ပေးဆပ်နိုင်ပါ့မလဲဗျာ"

"အလယ်ပိုင်းလွင်ပြင်ကို အောင်နိုင်တဲ့သူ ဆိုတဲ့ ခင်ဗျား ဂုဏ်သတင်းကို တပြည် လုံးက သိကြပါတယ်။ ကျုပ်တို့ လျောင်မင်းကြီးရဲ့ နှစ်သက်မှုကိုလည်း ရထားပါတယ်။ မင်းကြီးက ခင်ဗျားကို အရေးကြီးတဲ့ နေရာမှာ သုံးပါလိမ့်မယ်"

"ယောက်ဖတော်ရဲ့ ဘုန်းရိပ်ခိုလှုံပြီး ကျုပ်ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်လို့ အရှင်မင်းကြီးရဲ့ ကျေးဇူးတော်ကို ပြန်ဆပ်ပါ့မယ်"

ဒင်ဂန်လည်း အလွန်ဝမ်းမြောက်သွားပြီး စုန်ကျန့်ကို ဂုဏ်ပြုကာ စားသောက်ပွဲကြီး ကျင်းပစေ၏။ နွားများ၊ မြင်းများ ပေါ်ကာ စုန်ကျန့်၏ တပ်သားများကို ကျွေးမွေးစေ၏။ စုန်ကျန့်၊ ဟွရုံနှင့် အခြားသူများ နေနိုင်ရန် အိမ်တဆောင်ပေး၏။ ထို့နောက်တွင်မှ စုန်ကျန့် တပ်များကို မြို့တွင်းသို့ လက်ခံ၏။ စုန်ကျန့်၏ လက်အောက်ခံ တပ်ဗိုလ်များကလည်း ယောက်ဖတော်ထံသို့ လာ၍ အရိုအသေပြုကြ၏။ ထို့နောက် စုန်ကျန့်နှင့် အတူ ပေးထား သော အိမ်တွင် နေထိုင်ကြ၏။ စုန်ကျန့်က အိုယန်းကို ခေါ်ကာ-

"ခင်ဗျား တောင်ကြားက အရာရှိတွေကို ဝုရုံ လိုက်လာရင် ဝင်ခွင့်ပြုဖို့ အကြောင်း ကြားပေးထား နိုင်မလားဗျာ။ သူက ကျုပ်နဲ့ လာနေမှာဗျ။ ညက အမြန်ထွက်လာတော့ သူ့ကို မေ့ထားမိတယ်။ ဝုရုံက ကျွန်တော့်အတွက် မရှိမဖြစ်ပါပဲ။ သူက စစ်ရေးရော အုပ်ချုပ် ရေးမှာပါ အားကိုးရတယ်။ မဟာဗျူဟာ နည်းဗျူဟာနဲ့ ပတ်သက်လို့ အကုန်သိတယ်"

အိုယန်းက ယီကျင်းနှင့် ဝေနန်တို့သို့ ဝုရုံဟု ခေါ်သော စာတတ်ပုဂ္ဂိုလ်တဦး ရောက် လာပါက ဝင်ခွင့်ပြုရန် အကြောင်းကြားလိုက်၏။

ယီကျင်းတောင်ကြားတံခါး ပြအိုးထိပ်မှ တာဝန်ခံအရာရှိသည် မြေမှ မိုးအထိ တက်နေ သော ဖုန်လုံးကြီးတခု မြင်လိုက်ရ၏။ ယင်းမှာ ရောမတပ်ကြီး ချဉ်းကပ်လာကြောင်းကို ပြနေခြင်းပင် ဖြစ်၏။ အရာရှိသည် အမြောက်များကို ယမ်းထိုးထားပြီး ရန်သူကို ရင်ဆိုင်ရန် စောင့်နေလေ၏။

တံခါးဝရှေ့သို့ မြင်းစီးသမား တယောက်တည်းသာ ရောက်လာ၏။ သူ့ကို

ကြည့်ရသည် မှာ စာတတ်ပုဂ္ဂိုလ်တဦးနှင့် တူ၏။ သူနှင့်အတူ ဘုန်းကြီးတပါးနှင့် ဘုရားဖူးတဦးလည်း ခြေလျင်လိုက်ပါလာကြ၏။ နောက်မှာလည်း ရွာသူရွာသား တကျိပ်ခန့် ပါလာ၏။ အားလုံး မှာ တံခါးဝသို့ အလောတကြီး လာနေကြ၏။ မြင်းစီးသမားက မြင်းဇက်သတ်ကာ ရပ် လိုက်ပြီး အော်ပြောလေ၏။

"ငါက စုန်ကျန့်ရဲ့ စစ်ဘက်အတိုင်ပင်ခံဝုရုံပဲ။ ငါ သူ့ကို လိုက်ရှာနေတာ။ စုန်တပ်တွေ ကလည်း နောက်က လိုက်လာကြတယ်။ တံခါးဖွင့်ပြီး ကယ်ကြပါဦး"

ဒီလူပဲဟု အရာရှိက စဉ်းစားကာ တံခါးဖွင့်ပေးပြီး ဝုရုံကို ဝင်ခိုင်းလိုက်၏။ သို့သော် ဘုန်းကြီးရော ဘုရားဖူးပါ အတင်း ဝင်လိုက်လာကြ၏။ တံခါးစောင့် စစ်သည်များက တားရန် ကြိုးစားကြ၏။ သို့သော် ဘုရားဖူးမှာ တံခါးအတွင်းသို့ ရောက်နေပေပြီ။

ဘုန်းကြီးက အော်၏။

"ငါတို့က လောကီကို စွန့်ထားတဲ့ သူတွေပါကွ။ စုန်တပ်တွေက နောက်ကလိုက်လာပြီ။ ကယ်ကြပါဦး"

စစ်သားများက သူတို့ကို တွန်းထုတ်ရန် ကြိုးစားရာ ထိုသူတို့နှစ်ယောက်မှာ ဒေါသ ထွက်လာလေ၏။ "ငါတို့က ဘုန်းကြီးတွေ မဟုတ်ဘူးကွ" ဟု အော်လေ၏။ "ရှင်ဉာဏနဲ့ ဝုဆုန်တဲ့နော်၊ ဘာမှတ်ကြသလဲ"

မင်သေ့ကိုယ်တော်မှာ ကြမ်းနေလေပြီ။ သူ့သံတုတ်ကြီးနဲ့ တွေ့သမျှ လူ၏ ခေါင်းကို ရိုက်ခွဲပစ်နေ၏။ ဘုရားဖူးကလည်း ဓားနှစ်လက်ကို ဝင့်ကာ မြင်သမျှကို ဖရဲသီးစိတ်ခွဲသလို ဟင်းသီးဟင်းရွက် တောက်တောက်စဉ်းသလို ခုတ်ထစ်နေလေ၏။ ရွာသားတကျိပ်ကျော် မှာလည်း တကယ်တမ်းက စုန်ကျန့်၏ လက်အောက်ခံဗိုလ်များသာ ဖြစ်ကြ၏။ ထို့ကြောင့် အတင်းဝင်ကာ တံခါးကို သိမ်းလိုက်လေ၏။ ထို့နောက်တွင် လူကွမ်းယီတို့ တပ်က တောင်ကြားမှ တဆင့် ဒလဟောစီးဝင်ကာ ဝေနန်မြို့ဆီသို့ ဝင်သွားကြ၏။ မြို့တံခါးဝမှ စစ်သည်များကလည်း ဤ ဒီရေကို မတားနိုင်ရှာပေ။ မကြာခင် ဝေနန်မြို့ ကျသွားလေ၏။

ဝုရုံက မြင်းကို ကဆုန်စိုင်းကာ ပါကျို့ မြို့ကို သွား၏။ တံခါးစောင့်များက သူ ရောက် လာကြောင်း သတင်းပို့ကြ၏။ စုန်ကျန့်နှင့် အိုယန်းက ထွက်ကြိုကာ ယောက်ဖတော်ထံသို့ တင်သွင်းကြ၏။ ဝုရုံက ရှင်းပြ၏။

"ကျုပ် နည်းနည်း နောက်ကျသွားတယ်။ ကျုပ် ထွက်သွားတာ လူကွမ်းယီ ကြားလိမ့် မယ် မထင်ခဲ့မိဘူး။ ဒါပေမဲ့ ကျုပ်နောက်က လိုက်လာတာ

တောင်ကြားအဝထိပဲ။ ခုတော့ ကျုပ်က ဒီမြို့ကို ရောက်နေပြီပေါ့။ သူကတော့ ဘာလုပ်မလဲ မသိဘူး”

ထိုစဉ် မြင်းစေကျော်တယောက်က လာ၍ သတင်းပို့၏။

“စုန်တပ်ကြီး ဝေနန်မြို့ကို သိမ်းလိုက်ပါပြီ။ အခု ဒီဘက်ကို ချီတက်လာပါပြီ”

ယောက်ဖတော်က တပ်ကို စုကာ မြို့ပြင်ထွက်ပြီး ရန်သူနှင့် ရင်ဆိုင်ရန် ပြင်ဆင်၏။

စုန်ကျန့်က-

“ယောက်ဖတော် ဒီလိုလုပ်ဖို့ မလိုပါဘူး။ လူကွမ်းယီ ဒီကိုရောက်တဲ့အထိ စောင့်ပါ။ သူ့ကို ကျုပ် ဒီဘက်ကို ပြောင်းအောင် ဆွယ်ကြည့်ပါ့မယ်။ သူလက်မခံရင်တောင် သူ့ကို တိုက်ခိုက်ဖို့ အချိန်ရှိသေးတာပဲ”

နောက် မြင်းစေကျော် တယောက် ရောက်လာပြန်၏။

“သူတို့ မြို့နဲ့ မဝေးတော့ဘူး”

မင်းကြီး၏ ယောက်ဖတော်နှင့် စုန်ကျန့်တို့က မြို့ရိုးပေါ်သို့ တက်ကာ ကြည့်ကြ၏။

စုန်တပ်များ စနစ်တကျနေရာယူထားသည်ကို မြင်ရ၏။ လူကွမ်းယီက စိတ်မာန်ကြွနေသော စစ်မြင်းကြီးကို စီးကာ တပ်များကို နေရာချနေ၏။ ထီးထီးမားမားကြီး ပေါ်ထင်နေသော စစ်သည်ကျော်ကြီး ပေတည်း။ ယင်းက အော်လိုက်၏။

“သစ္စာဖောက် စုန်ကျန့် ထွက်ခဲ့”

ပြအိုးပေါ်မှ စုန်ကျန့်က ပြန်အော်၏။

“နောင်ကြီး၊ စုန်နန်းတော်မှာက ကောင်းမှန်းဆိုးမှန်း၊ အပြစ်ပေးရမှန်း၊ ဆုပေးရမှန်း သိကြတာမဟုတ်ဘူး။ လူယုတ်မာတွေပဲ အာဏာရနေကြတာ။ ကျုပ်တော့ လျောင်မင်းကြီး လက်အောက်ကို ဝင်လိုက်ပြီ။ ကျုပ်ဆီကို လာပြီး ကူညီပါလား။ မင်းကြီးကို ထောက်ခံကြ ရအောင်။ လျှံရှုန်းကျုံအင်းမှာ ဒီလောက်ကြာအောင် နေခဲ့ကြတာကို မမေ့စေချင်ဘူး”

“ခင်ဗျား ကျုပ်ကို တပတ်ရိုက်ပြီး ခေါ်ခဲ့တုန်းက ကျုပ်မိသားစုနဲ့ ကျုပ်

ပျော်ပျော် ရွှင်ရွှင် နေနေတာပါ။ အောင်မြင်တဲ့ စီးပွားရေးနဲ့ပါဗျ။ ပြီးတော့ စုန်မင်းကြီးက လွတ်ငြိမ်း မိန့်ကို သုံးခါတောင် ထုတ်ပေးခဲ့တာပါ။ သူက ခင်ဗျားကို ဒီလောက် သနားခဲ့တာ။ ခင်ဗျား ကသစ္စာဖောက်ရက်တယ်။ အသုံးမကျတဲ့ ငမည်းကောင်။ လာ ထွက်လာခဲ့။ လာတိုက်လေ။ ဘယ်သူ ဘာလဲ ကြည့်ရအောင်"

စုန်ကျန့်လည်း ဒေါသတကြီးဖြင့် မြို့တံခါးကို ဖွင့်ခိုင်းလိုက်၏။ လင်ချုံး၊ ဟွရုံ၊ ချူတုံ၊ မူဟုန်တို့ကို လူကွမ်းယီကို သွားတိုက်ရန် အမိန့်ပေးလိုက်၏။ လူကွမ်းယီက သူ့ လက်အောက်ခံများကို ဝင်မကူရန် ဟန့်တားပြီး ထိုလေးယောက်စလုံးကို ဝင်တိုက်လေ၏။ အချီ နှစ်ဆယ်ကျော်မျှ တိုက်ကြ၏။ ထို့နောက် ထိုလေးဦးစလုံး မြင်းကိုလှည့်ကာ မြို့ထဲသို့ ဆုတ် ကြလေ၏။

လူကွမ်းယီက လုံ့တဝင့်ဝင့်ဖြင့် နောက်ကလိုက်လေရာ တပ်ကြီးပါ လိုက်ပါလာလေ ၏။ လင်ချုံးနှင့် ဟွရုံက ကျုံးကူးတံတားပေါ်တွင် ခဏမျှ ရပ်၍ ခံကြသေး၏။ ထို့နောက်တွင် ရှုံးဟန်ဆောင်ကာ တိုက်ရင်း ခိုက်ရင်း ပါကျို့မြို့ထဲသို့ ဝင်ပြေးလေ၏။ အပြင်တွင် ရှိသော စုန်တပ်ကြီးက ဟိန်းသွားအောင် ဩဘာပေးကြ၏။

မြို့တွင်းရှိ စုန်ကျန့်တို့ တပ်ကလည်း တာတာရ်များကို စ၍ တိုက်ခိုက်ကြ၏။ ခုတ်ထစ် သတ်ဖြတ်ကြသည်မှာ နေရာအနှံ့တွင် ဖြစ်၏။ အမြောက်အမြားက အညံ့ခံကြ၏။ ယောက် ဖတော်မှာလည်း ပါးစပ်အဟောင်းသား မျက်စိအကြောင်သားဖြင့် ဘာမှလည်း မတတ် နိုင်တော့။ သူရော သူ့မှူးမတ်များပါ အဖမ်းခံရ၊ အချုပ်အနှောင်ခံရလေ၏။

စုန်ကျန့်က မြို့ပြင်တွင် ရှိနေသေးသော တပ်များကို ဦးဆောင်၍ ခေါ်ခဲ့ကာ အစိုးရ ရုံးတော်ရှေ့တွင် သူ့ဗိုလ်များနှင့် ပြန်ဆုံ၏၊ ယောက်ဖတော်၊ အိုယန်း စသော မှူးမတ်များကို ခေါ်ကာ ထိုင်နေရာ ပေးစေပြီး ကောင်းမွန်စွာ ဆက်ဆံ၏။

"ခင်ဗျားတို့ လျှောင်တွေက နားမလည်ဘူး။ ကျုပ်တို့ကို အတွက်မှားသွားတယ်။ ကျုပ်တို့က တောထဲပုန်းပြီး လုယက်နေတဲ့ ဓားပြတွေ မဟုတ်ဘူး။ အားလုံးက ကြယ်တွေက ဆင်းသက်လာတာဗျ။ မင်းကြီးကို ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး။ ပါကျို့ကို သိမ်းချင်နေတာနဲ့ ဒီအခွင့်အရေးကို ယူလိုက်ရတာပဲ။ ခုတော့ ကျုပ်တို့ အောင်မြင်သွားပြီ။ ယောက်ဖတော်၊ ခင်ဗျားလည်း ခင်ဗျားရပ်ရွာကို ပြန်နိုင်တယ်။ မကြောက်ပါနဲ့။ ခင်ဗျား တို့ကို သတ်ဖို့ မရည်ရွယ်ပါဘူး။ ခင်ဗျားလက်အောက်ခံတွေလည်း မိသားစုတွေနဲ့ ပြန်နိုင် တယ်။ ခုဆို ပါကျို့ဟာ ကျုပ်တို့ တိုင်းပြည်အောက် ရောက်သွားပြီ။ ပြန်တိုက်မယ် မကြံ ကြနဲ့။ ကျုပ်တို့တပ်တွေက နေရာတိုင်းမှာ ရှိတယ်။ အဝင်မခံဘူး"

မြို့တွင်းရှိ တာတာရ်အရာရှိအားလုံး ယောက်ဖတော်နှင့် ပြန်လိုက်သွားရန် စုန်ကျန့်က အမိန့်ပေး၏။ ရပ်ရွာလူထုကိုလည်း စိတ်ချလက်ချ နေထိုင်ရန် အာမခံသည့် အမိန့်စာများ ထုတ်၏။ လူကွမ်းယီကိုလည်း တပ်အင်အား တဝက်ဖြင့် ချီကျို့ကို ပြန်ကာ ထိန်းထားစေ၏။ ဝန်မင်းကျောက်ထံသို့လည်း သတင်းပို့စေ၏။ ကျောက်အန်ဖူလည်း ဝမ်းမြောက်ဝမ်းသာ ဖြင့် မင်းကြီးထံသို့ သတင်းဆက်ပို့လေ၏။

ဒင်ဂန်နှင့် သူ့မှူးမတ် သုံးယောက်တို့မှာ တာတာရ်မြို့တော် ယန်ကျင်းသို့ ပြန်ကာ မင်းကြီးထံသို့ အကြောင်းစုံ သတင်းပို့လေ၏။

စုန်ကျန့်က လိမ်ညာကာ အညံ့ခံချင်ယောင် ဆောင်ခဲ့ကြောင်း၊ ပါကျို့မြို့ ကျသွား ကြောင်း ကြားရသဖြင့် တာတာရ်မင်းလည်း ဒေါသအမျက်ပြင်းစွာ ထွက်လေ၏။ ဝန်မင်း အိုယန်းကိုလည်း ဆဲလေ၏။ "အဲဒါ မောင်မင်းကြောင့်။ ခုတော့ ဒီလောက် အချက်အချာ ကျတဲ့ ပါကျို့မြို့ ပါသွားပြီ။ ငါတို့ ယန်ကျင်းကို ဘယ်လိုထိန်းကြမလဲ။ သွား၊ သူ့ကို ခေါ်သွား ပြီး ကွပ်မျက်လိုက်ကြ"

စစ်သေနာပတိချုပ် ဝူယန်က ရှေ့ကို ထွက်လာ၏။

"စိုးရိမ်တော် မမူပါနဲ့ အရှင်မင်းကြီး။ ဒီလူဆိုး စုန်ကျန့်လောက်အတွက် ကျွန်တော်တို့ အရှင်မင်းကြီးကိုယ်တိုင် လုပ်နေစရာ မလိုပါဘူး။ ကျွန်တော်တို့မှာ အစီအမံတခု ရှိပါတယ် ဘုရား။ ဝန်မင်းအိုယန်းကို ခွင့်လွှတ်လိုက်ပါ ဘုရား။ သူ့ကို ကွပ်မျက်လိုက်တယ်လို့ စုန်ကျန့် သိသွားရင် ကျွန်တော်တို့ကို လှောင်ပြီး ရယ်နေပါ့မယ် ဘုရား"

မင်းကြီးလည်း အိုယန်းကို ခွင့်လွှတ်လိုက်ပြီး ဝူယန်ကို မေး၏။

"ဒီအရိုင်းအစိုင်းတွေကို ဘယ်လိုနှိမ်နင်းရမလဲ။ ငါတို့ မြို့တွေကို ဘယ်လိုပြန်သိမ်း ရမလဲကွယ့်"

"ကျွန်တော်က ကြယ်မင်းဆုရဗိုလ်ချုပ် နှစ်ဆယ့်ရှစ်ဦး၊ မိုးကောင်းကင် လမ်းပြအရာရှိဆယ်ဦးနဲ့ သွားပြီး စစ်ဆင်ပါ့မယ်။ ဒီအရိုင်းအစိုင်းတွေ တချီတည်းနဲ့ ပြားပြားဝပ်သွားစေ ရပါမယ်ဘုရား"

သူ့ စကားမဆုံးမီ ဗိုလ်ချုပ်ကြီးဟိုက ဝင်၍ လျှောက်၏။

"စိတ်ချတော်မူပါ အရှင်မင်းကြီး။ ကျွန်တော့်အဖို့မှာတော့ ရှေးစကားက မှန်နေသလို ပါ ဘုရား။ ကြက်ကို နွားခုတ်တဲ့ ဓားနဲ့ မသတ်ရဘူးတဲ့။ ဘာကြောင့် ဒီကိစ္စလေးအတွက်နဲ့ တပ်တော်ကြီးကို သုံးရပါသလဲ ဘုရား။ ကျွန်တော့်မှာ ဒီအရိုင်းအစိုင်းတွေ အသေဆိုးနဲ့ သေစေရမယ့် အစီအမံလေးတခု ရှိပါတယ်ဘုရား"

"ကြားလိုလှတယ် အမတ်ကြီး"

ဗိုလ်ချုပ်ကြီးဟိုက သူ့အစီအမံကို ရေပက်မဝင်အောင် ရှင်းပြလေ၏။ ထို့ကြောင့် လူကွမ်းယီခများမှာ လူစာမြင်းစာ မရှိသော အရပ်သို့ မျှား၍ ခေါ်ခြင်းကို ခံရ၏။ စုန်တတပ်လုံး နီးပါး သူ့ရဲကောင်းတသိုက်လုံးနီးပါး သေကျေလုမတတ် ဖြစ်ခဲ့၏။

ဗိုလ်ချုပ်ကြီးဟို၏ အစီအမံမှာ မည်သို့ပါနည်း။

သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၈၆

သမင်တကောင်တောင်တန်းတွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း

ကျောက်ကျပ်တွင် ကုန်သည်ကြီးလူ ပိတ်မိခြင်း

ဟိုကျုံပေါင်သည် လျောင်တပ်တော်တွင် လက်ထောက်သေနာပတိချုပ်ဖြစ်၏။ အရပ် ရှည်ရှည် ဗလတောင့်တောင့်နှင့် ထက်မြက်သော မဟာဗျူဟာသမားတဦး ဖြစ်၏။ သုံးမြှောင့်ဦးချွန် နှစ်ဖက်သွားဓားကြီးကို ကိုင်စွဲ၏။ ယိုကျို့ပြည်နယ်၏ ကာကွယ်ရေးအတွက် တာဝန်ရှိသူ ဖြစ်၏။ စစ်မှုရေးရာဌာနခွဲတိုင်းကိုလည်း ဦးဆောင်ရ၏။ သူက-

"ယိုကျို့မှာ ကျောက်ကျပ်တောင်ကြား ဆိုတာ ရှိပါတယ်။ အဲဒီတောင်ကြား ပတ်ပတ် လည်မှာ တောင်အမြင့်ကြီးတွေ ဝိုင်းထားပါတယ်။ အဲဒီကို ဝင်တဲ့လမ်းကတော့ တဖက်ပိတ် လမ်းပါ ဘုရား။ အရိုင်းအစိုင်းတွေ ဒီတောင်ကြားထဲ ဝင်အောင် မြင်းသည်တကျိပ်လောက် နဲ့ မျှားခေါ်မယ်။ ပြီးရင် တပ်တွေနဲ့ ဝိုင်းထားလိုက်ပါမယ် ဘုရား။ ရန်သူတွေက ရှေ့ကိုလည်း မတိုးနိုင်၊ နောက်ကိုလည်း မဆုတ်နိုင် ဖြစ်ကုန်ပါမယ်။ သူတို့ကို အစာရေစာ ဖြတ်ပြီး သတ်ပစ်ပါမယ် ဘုရား"

ဝူယန်က -

"သူတို့ အဲဒီထဲ ဝင်လာအောင် ဘယ်လိုလုပ်မလဲ"

"သူတို့က ကျုပ်တို့ ပြည်နယ်ကြီးလေးခုမှာ သုံးခုကို သိမ်းထားပြီလေ။ ဒီတော့ အရမ်း ကို ဂုဏ်မြောက်နေကြပြီလေ။ ဒီတော့ ယိုကျို့ကိုလည်း လိုချင်ကြမှာပဲ။ တပ်တွေ လွှတ် လိုက်ပြီး သွားမြူလိုက်ရင် လိုက်ဖမ်းကြမှာပဲ။ အဲဒီမှာ တောင်ကြားထဲကို မောင်းထည့် လိုက်မယ်။ သူတို့ကို ပိတ်ထားလိုက်မယ်"

"မင်းအစီအမံက မပြည့်စုံသေးဘူး။ သူတို့ကို ပိတ်ထားပြီးရင် သုတ်သင်ဖို့ တပ်ကြီး ကြီးကို လွှတ်လိုက်ရမယ်။ ကဲ၊ မင်း ဘယ်လိုလုပ်မလဲ ကြည့်ကြမယ်"

မိုလ်ချုပ်ဟိုလည်း ယိုကျို့သို့ ခြေလျင်စစ်ကြောင်းတခုကို ဦးစီးကာ ထွက်ခဲ့၏။ ထိုတွင် စစ်အင်အားကို စုကာ တပ်ဖွဲ့သုံးဖွဲ့ခွဲ၍ ဖွဲ့၏။ တဖွဲ့မှာ ယိုကျို့ကို ကာကွယ်ရန်၊ ကျန်နှစ်ဖွဲ့မှာ ပါကျို့နှင့် ချီကျို့တို့ကို သွား၍ တိုက်ရန် ဖြစ်၏။ ထိုတပ်နှစ်ဖွဲ့ကို သူ့ညီ မိုလ်ချုပ်ဟိုကိုက်နှင့် ဟိုယွန်တို့က အသီးသီး ကွပ်ကဲကြရမည်

ဖြစ်၏။ သူတို့အား နိုင်အောင် တိုက်ရန် မဟုတ်၊ ရှုံးချင်ယောင်ဆောင်ကာ စုန်တပ်များကို ယိုကျို့နယ်ထဲသို့ သွေးဆောင်လာရန် ဖြစ်၏။ ထို့နောက်တွင် စီမံချက်၏ ဒုတိယအဆင့်ကို ဆောင်ရွက်မည်ဖြစ်၏။

သို့ဖြင့် ပါကျို့ရှိ စုန်ကျန့်ထံသို့ ချီကျို့မှ သတင်းလာပို့၏။

"လျောင်တပ်များ ချီကျို့ကို လာတိုက်နေပြီ။ မရှုံးနိမ့်စေရန် စစ်ကူ လွှတ်ပေးပါ"

စုန်ကျန့်က -

"သူတို့က လာတိုက်နေမှင့်၊ ငါတို့လည်း မနေသာတော့ဘူးပေါ့။ ဒါကို အခွင့်ကောင်း ယူပြီး ယိုကျို့ကို သိမ်းရမယ်"

စုန်ကျန့်သည် မြို့စောင့်တပ် အနည်းငယ်ကိုသာ ချန်ကာ ကျန်တပ်အားလုံးဖြင့် ချီကျို့ သို့ ချီတက်ခဲ့၏။ ထိုတွင် ကုန်သည်ကြီးလူ၏ တပ်များနှင့် ပေါင်းကာ ထိုးစစ်ဆင်ကြမည် ဖြစ်၏။

ဟိုကိုက် ဦးဆောင်သော တာတာရ်တပ်များက ပါကျို့သို့ ချီတက်လာရာ ချီကျို့သို့ ထွက်လာသော စုန်ကျန့်တို့တပ်နှင့် ဝင်တိုးမိကြလေ၏။ နှစ်ကြိမ် သုံးကြိမ်မျှသာ ဝင်တိုက် ပြီးနောက် ဟိုကိုက်က သူ့တပ်များကို ဆုတ်ခွာသွားလေ၏။ သို့သော် စုန်ကျန့်က လိုက် မသွားပေ။ ဟိုယွန် ချီကျို့ကို လာတိုက်နေကြောင်း သူ သတင်းရနေပြီဖြစ်၏။ ဟူယန်ကျို့က ထွက်တိုက်မည် လုပ်သောအခါတွင်လည်း ဆုတ်ခိုင်းထားလိုက်၏။

သူ့ တဲထဲတွင် စုန်ကျန့်က လူကွမ်းယီနှင့် ယိုကျို့ကို သိမ်းရန် တိုင်ပင်၏။ ဝုရုံနှင့် ချူဝု တို့က သတိပေးကြ၏။

"ကျုပ်တို့ကို မျှားခေါ်ချင်တာ မဟုတ်ရင် သူတို့ ဘယ်မှာ နှစ်ဖွဲ့ ခွဲပါ့မလဲဗျာ။ သူတို့ အကွက်ထဲ အဝင်မခံနိုင်ဘူး"

လူကွမ်းယီကမူ သဘောမတူ။

"မဟုတ်ဘူးဗျ။ ကျုပ်တို့က သူတို့ကို အကြိမ်ကြိမ်နိုင်ခဲ့တယ်လေ။ ဘာလို့ သူတို့ဆီကို ဆွဲခေါ်မှာလဲဗျ။ ယိုကျို့ကို အခု မသိမ်းနိုင်ရင် နောင်ကျရင် ခုလောက် လွယ်မှာ မဟုတ် တော့ဘူး။ အခုပဲ သွားကြမယ်၊ ဘာကို စောင့်နေမှာလဲ"

စုန်ကျန့်ကလည်း လက်ခံ၏။

"ဒီကောင်တွေ စစ်ပန်းနေပြီ။ ဘာများ ကြံနိုင် ဖန်နိုင်တော့မှာလဲ။ ဒါက

ကျုပ်တို့ အတွက် အခွင့်ကောင်းပဲ”

ဝုရုံတို့ ချူဝုတို့၏ စကားကို နားမထောင်ဘဲ စုန်ကျန့်က ယိုကျို့သို့ စစ်ကြောင်း အကြီး အငယ် သုံးကြောင်းခွဲကာ ချီတက်၏။ မကြာမီတွင်ပင် ရှေ့ဖျားတပ်မှ သတင်းပို့လာ၏။ “လျောင်တပ်တွေ ရှေ့မှာ ပိတ်နေကြတယ်”။ စုန်ကျန့်လည်း ကိုယ်တိုင်သွားကြည့်ရန် မြင်းစိုင်း၍ ထွက်ခဲ့၏။

တောင်စွယ်တခုကို ပတ်ကာ အလံနက်များ တအုပ်ကြီး လာနေသည်ကို မြင်ရသဖြင့် ရှေ့ပြေးတပ်ကို ဖြန့်ခိုင်းလိုက်၏။ တာတာရ်တပ်များသည် မြေပြင်ပြည့်မျှ လိုမ့်ဆင်းလာကြ၏။ တောင်စောင်းတခုရှေ့တွင် စစ်ကြောင်းလေးကြောင်း ခွဲကာ တပ်ဖြန့်လိုက်ကြ၏။ စုန်ကျန့်တို့ ကြည့်နေစဉ်မှာပင် လျောင်တပ်အတွင်းမှ ဗိုလ်ချုပ်တဦး ထွက်လာလေ၏။ နှစ်ဖက်သွားဓားကြီးကို ကိုင်ကာ စစ်မြေပြင်အစပ်တွင် ရပ်လိုက်၏။ သူ၏ တံခွန်တွင်မူ ‘လျောင်တပ်တော်၏ ဒုသေနာပတိချုပ် ဟိုကျုံပေါင်” ဟု ရေးထားလေ၏။

စုန်ကျန့်က-

“တကယ်ထူးချွန်တဲ့စစ်သည်တော်ဖြစ်လိမ့်မယ်။ ကဲ၊ ဘယ်သူများ သူနဲ့တိုက်ရဲသလဲ” သူ့စကား မဆုံးမီမှာပင် လှံပုဆိန်ကြီးကွမ်ရှိန်းက ပုဆိန်ကြီးကို ဝှေ့ယမ်းကာ မြင်းဒုန်း စိုင်း၍ ထွက်လေ၏။ နှစ်ဦးသား ဆုံမိကြသောအခါ ဘာစကားတခွန်းမျှ မပြောကြဘဲ ချက်ချင်း တိုက်ခိုက်ကြလေ၏။

မှန်ပေ၏။ သူတို့မှာ ပတ္တမြားမျက်ရှင် ရရှိရန် ယှဉ်ပြိုင်နေကြသော နဂါးများ၊ သား ကောင်များ ရရှိရန် ယှဉ်ပြိုင်နေကြသော ကျားများပင် ဖြစ်ကြ၏။ နတ်ငှက်က ကိုယ်ကို လွန့်သလို ရှေ့တိုး နောက်ဆုတ် လုပ်ကြ၏။ ဂဠုန်တောင်ပံခတ်သလို လက်နက်များကို မြှောက်ကြ ချကြ၏။ လက်နက်အသွားချင်း ထိခတ်မိသောအခါ လျှပ်စီးလက်သလို မီးဖွား များ ဝင်းဝင်းတောက်လာ၏။ မြင်းမြင်းချင်း ယှဉ်တိုက်မိသောအခါ ကောင်းကင်တခြမ်း မျှပင် လှုပ်ခါသွား၏။

အချီသုံးဆယ်ကျော်မျှ တိုက်ခိုက်ကြ၏။ သို့သော် ဗိုလ်ချုပ်ဟိုမှာ အားသွန်ခွန်စိုက် မဟုတ်ဘဲ မြင်းကိုလှည့်ကာ သူ့တပ်ဘက်သို့ ပြေးလေ၏။ ကွမ်ရှိန်းကလည်း မြင်းဒုန်းစိုင်း၍ လိုက်လေ၏။ ဟိုက သူ့တပ်များကို ခေါင်းဆောင်ကာ တောင်တန်းဘက်သို့ ပြေးလေ၏။ စုန်ကျန့်တို့ တပ်လည်း လီ လေးဆယ် ငါးဆယ်အထိ လိုက်လေ၏။

ရုတ်တရက် ပတ်ပတ်လည်မှ စစ်စည်သံများ ဟိန်း၍ ထွက်လာလေ၏။ တပ်ဆုတ်ရန် စုန်ကျန့်က ကမန်းကတန်း အော်၏။ သို့သော် တာတာရ်တပ်တဖွဲ့

ဘယ်ဘက် တောင် စောင်းမှ ဆင်းချလာကာ ဆုတ်လမ်းကို ပိတ်လိုက်၏။ ယင်းတပ်ကို တိုက်ရန် ညွှန်ကြား နေစဉ်အတွင်း ညာဘက် တောင်စောင်းမှလည်း အလားတူ တာတာရ်တပ်ဖွဲ့ ဆင်းချလာ ပြန်၏။ ရှေ့မှလည်း ဗိုလ်ချုပ်ဟိုက သူ့တပ်များကို နောက်ပြန်လှည့်ခိုင်းပြီး ရင်ဆိုင်တိုက်ခိုင်း လေ၏။ စုန်ကျုန့်တို့တပ်မှာ လုံးဝ အဝိုင်းခံလိုက်ရပြီ ဖြစ်၏။ တာတာရ်များက သူတို့ကို နှစ်ခြမ်း ခွဲပစ်လိုက်၏။

လူကွမ်းယီ လက်အောက်ရှိ နောက်အခြမ်းမှာ ရှေ့အခြမ်းကို မမြင်ရတော့ပေ။ ထွက်ပေါက်ကို အငမ်းမရ ရှာကြ၏။ နောက်ထပ် လျောင်တပ်ဖွဲ့တခုက ဘေးမှ ဝင်၍တိုက်၏။ ယခုအခါ တာတာရ်စစ်သားများက ကြောက်မယ်ဖွယ် ကြွေးကြော်ကာ အဘက်ဘက်မှ ဝိုင်းကာ တိုက်ရင်း ရှေ့ကို တိုးလာနေကြ၏။ လူကွမ်းယီ၏တပ်များ လည်ပင်းအစ်တော့ မည်ဖြစ်၍ သူ့လက်အောက်ဗိုလ်များကို ရှေ့နောက် ဘေးဘယ်ညာသို့ ဖောက်ထွက်ရန် ခိုင်း၏။ သူတို့လည်း ရဲရင့်စွာဖြင့် တိုက်ကြ၏။

ထိုစဉ် တိမ်မည်းမည်းကြီးများ တက်လာလေ၏။ ကောင်းကင်တခုလုံး မှောင်မည်းကာ နေ့မှ ည ဖြစ်သွားလေပြီ။ လူများလည်း ရှေ့နောက်တောင်မြောက် ခွဲခြားမသိနိုင်တော့ပြီ။ လူကွမ်းယီလည်း လန့်လာလေ၏။ တပ်ကို ဦးဆောင်ကာ အတင်းဖောက်ထွက်ရန် ကြိုးစား ၏။ သူတို့မြင်းက ကြိုးများမှ ချူသံများကို ကြားရသဖြင့် တာတာရ်တို့က မြင်းဒုန်းစိုင်းကာ အတင်းဝင် ရင်ဆိုင်ကြ၏။

လူကွမ်းယီတို့လည်း တောင်ကြားအဝတခုသို့ ရောက်သွား၏။ ထိုတောင်ကြား အတွင်းမှ တာတာရ်တို့၏ အသံများ မြည်ဟည်းသံများကို ကြားရသဖြင့် သူ့တပ်ကို အတင်း ဝင်တိုက်ခိုင်း၏။ လေပြင်းများ တိုက်လာပြီး သဲများ၊ ကျောက်ခဲများကိုမွှေနှောက်ခလောက် နေသဖြင့် ဘယ်သူမှ မမြင်ရတော့ပေ။ လူကွမ်းယီလည်း ထိုလေပြင်းအတွင်း တိုက်ခိုက်နေ သည်မှာ သန်းခေါင်တိုင်သွားလေပြီ။ ထိုအခါကျမှ လေလည်း ငြိမ်သွားပြီး၊ တိမ်များလည်း စင်သွားကာ ကြယ်များ ထွက်လာလေ၏။

စုန်တပ်သားများလည်း မိမိတို့ တည်နေရာကို ရှာကြလေ၏။ ပတ်ပတ်လည်ရှိ တောင် များမှာ လမ်းဟူ၍ မရှိသော မတ်စောက်သော ကမ်းပါးကြီးများသာ ဖြစ်ကြ၏။ ခေါင်းဆောင် ဆယ့်ရှစ်ယောက်နှင့် အင်အား ငါးထောင်သာ ရှိ၏။ ပတ်ပတ်လည်တွင် ကမ်းပါးများသာ ရှိနေ၍ လမ်းရှာသော်လည်း အလကားသာ ဖြစ်ရ၏။

လူကွမ်းယီက ဤသို့ စဉ်းစား၏။

"ငါ့လူတွေလည်း တနေကုန် တိုက်ခိုက်ထားရတာ ပင်ပန်းနေကြပြီ။ ဒီတည နားပြီး မနက်ကျမှ ဆက်ပြီး လမ်းရှာကြမယ်"

တိမ်မည်းများ တက်လာပြီး လေတိုက်လာသောအခါ စုန်ကျန့်တပ်သားများလည်း သဲတွေ၊ ခဲတွေကြောင့် မမြင်မစမ်း ဖြစ်ကုန်ကြ၏။ ကုန်ဆွန်ရှုန်းကမူ ဤသို့ ဖြစ်ရသည်မှာ မှော်ပညာကြောင့်ဟုတပ်အပ်သိလေ၏။ သူ့ဓားကို ဝှေ့ယမ်းကာ "အမြန်"ဟု အော်လိုက်ပြီး တိမ်များကို ဓားဖြင့် ညွှန်လိုက်ရာ တိမ်များ စင်သွားပြီး လေလည်း ငြိမ်သွားလေ၏။ လျောင် တပ်လည်း ဆက်မတိုက်တော့ဘဲ ဆုတ်သွားကြလေ၏။ မှော်ပညာ၏ အစွမ်းလည်း ပျောက်သွားလေ၏။

ဝန်းရံထားသော တပ်များ မရှိတော့သဖြင့် စုန်ကျန့်တို့လည်း တောင်တန်းမြင့်မြင့် ပေါ်သို့ ဆုတ်ခွာသွားလေ၏။ ထိုနေရာတွင် အခြားတပ်သားများနှင့် အဆက်အသွယ်ရ၏။ ရိက္ခာလှည်းများကို လှည်းဝိုင်းကြီးအဖြစ် နေရာချကာ ယာယီသစ်တပ်အဖြစ် ဖန်တီးလိုက် ကြ၏။ လူစစ်ကြည့်ရာ လူကွမ်းယီအပါအဝင် ခေါင်းဆောင် ဆယ့်သုံးဦးနှင့် အင်အား ငါးထောင် ပျောက်နေကြောင်း တွေ့ရ၏။

နံနက်လင်းသောအခါ ဟူယန်ကျို့၊ လင်ချုံး၊ ချင်မင်း၊ ကွမ်ရှိန်းတို့ကို လူကွမ်းယီတို့အား အရှာလွှတ်၏။ တနေကုန် ရှာဖွေသော်လည်း အစအနကိုမျှ မတွေ့ရပေ။ စုန်ကျန့်လည်း ကျမ်းစာအုပ်များကို ထုတ်ကာ အမွှေးတိုင်ထွန်းပြီး ဟောစာတမ်း စာချ၏။

စုန်ကျန့်က-

"ယေဘုယျ ဟောကိန်းကတော့ မဆိုးဘူး။ ဒါပေမဲ့ မိစ္ဆာမြေထဲမှာ ရောက်နေတယ်။ မလွတ်နိုင်ဘူး" ဟု ပြော၏။

စိုးရိမ်လာသဖြင့် ရှိချင်နှင့် ရှိပေါင် ညီအစ်ကိုကို မုဆိုးများ ဟန်ဆောင်စေကာ တောင် တန်းများသို့ သွားရှာစေ၏။ ရှီကျန့်၊ ရှိယုံ၊ တွမ်ကျင်ချူ၊ ကောက်စိန်တို့ကိုလည်း ပတ်ဝန်း ကျင်သို့ ခရီးထွက်ကာ သတင်းထောက်စေ၏။ ရှိချင်တို့ ညီအစ်ကိုသည် ကျားရေများကို ဝတ်ကာ မှိန်းများကိုင်ပြီး တောနက်ထဲသို့ ဝင်ခဲ့ကြ၏။ ညနေစောင်းသည်အထိ လူရိပ်လူစ ကို မတွေ့ရ။ တောင် တလုံးပြီး တလုံးကိုသာ တွေ့နေရ၏။ မိုးချုပ်လာသောအခါ လရောင် မှုန်ရီရီထဲတွင် အဝေးရှိ တောင်စောင်းတခုတွင် အပ်ခေါင်းလောက်သာ ရှိသော မီးရောင် ကလေးတခုကို လှမ်း၍ မြင်ရလေ၏။

"လူတယောက်လောက်တော့ ရှိမှာပဲ။ စားစရာလေး ဘာလေး သွားရှာရအောင်"

မီးရောင်ရှိရာသို့ ဦးတည်၍ လာခဲ့ကြရာ တလီခန့် လျှောက်လိုက်သောအခါ

ရောက် သွား၏။ တောအုပ်ကလေးတခု၏ အစပ်တွင် တဲဟောင်းကလေး တလုံးကို တွေ့ရ၏။ မီးခွက်၏ အလင်းရောင်သည် နံရံအကွဲကြောင်းကြားမှ ထွက်နေ၏။ တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်ရာ အသက်ခြောက်ဆယ်ခန့် ရှိသော အမယ်အိုတဦးကို တွေ့ရ၏။ မိုန်းများကို ချကာ ဦးညွှတ် အရိုအသေပြုလိုက်ကြ၏။ အမယ်အိုက-

"ငါ့သားတွေ ပြန်လာတာလို့ မှတ်နေတာ။ ဧည့်သည်တွေတော့ တခါမှ မမျှော်မိဘူး။ အရိုအသေပြုမနေပါနဲ့ကွယ့်။ ဘယ်က လာကြတာတုံး၊ မုဆိုးလေးတွေရဲ့။ ဘာကိစ္စနဲ့ လာ ကြတာတုံး"

"ကျွန်တော်တို့က ရှန်တောင်နယ်ကပါ။ မုဆိုးမျိုးရိုးကပါ။ ဒီဘက်ကို အရောင်းအဝယ် လေး လုပ်မလို့ လာခဲ့တာပါဗျာ။ ဒီလို တိုက်နေ ခိုက်နေကြမယ်လို့ ဘယ်ထင်ပါ့မလဲဗျာ။ အဲဒါနဲ့ အရင်းပြုတ်သွားပြီး စားဖို့ သောက်ဖို့တောင် မလွယ်တော့လို့၊ စားဖို့ အမဲလေး ဘာလေးလိုက်ဖို့ ဒီတောင်ထဲကို ရောက်လာတာပါ။ အဲဒီမှာ လမ်းလည်း မသိတော့ လမ်း ပျောက်ပါလေရောလား။ ကျွန်တော်တို့ ဒီမှာ ပေးအိပ်နိုင်မလား အမေကြီး ခင်ဗျား"

"ရှေးစကားပုံရှိတယ်လေ။"အိမ်ဆိုတာက သယ်သွားလို့မရဘူး"တဲ့။ ငါ့သားနှစ်ယောက် လည်း မုဆိုးတွေပဲ။ သူတို့ ဒီနေ့ ပြန်လာမယ် ထင်လို့ မျှော်နေတာ။ ကဲ၊ ထိုင်ကြဦး။ ငါ စားစရာလေး စီစဉ်လိုက်ဦးမယ်"

"ကျေးဇူးကြီးလှပါတယ် အမေကြီး ခင်ဗျာ"

အဘွားကြီးက အတွင်းခန်းထဲသို့ ဝင်သွား၏။ သူတို့ကလည်း အိမ်ပေါက်ဝသို့ ထွက်ကာ ထိုင်နေကြ၏။ မကြာလိုက်ပါ။ လူနှစ်ယောက် ဒရယ်တကောင်ကို ထမ်းကာ ရောက် လာကြ၏။

"အမေ ဘယ်မှာလဲ"

အမယ်အိုက အပြင်သို့ ထွက်လာကာ-

"သားတို့ ပြန်လာပြီကိုး။ ဒရယ်ကို ချထားလိုက်ပါဦး။ ဧည့်သည်တွေနဲ့ တွေ့လိုက်ပါဦး"

ရှိချင်နဲ့ ရှိပေါင်က ကမန်းကတန်း ထ၍ အရိုအသေ ပေးလိုက်ကြ၏။ ထိုနှစ်ယောက် ကလည်း ပြန်အရိုအသေပြုကာ "ဘယ်ကပါလဲ ခင်ဗျာ။ ဘာကိစ္စနဲ့ လာတာပါလဲ"ဟု မေး၏။ ရှိချင်တို့ကလည်း မိခင်ကို ပြောထားသည့်အတိုင်း သားများကို ထပ်၍ ပြောပြ၏။ "ကျုပ်တို့က ဒီမှာ နေကြတယ်။ ဒုတိယလျူနဲ့ တတိယလျူတဲ့။ အဖေကတော့ ပထမ လျူပေါ့။ ခုတော့ အဖေ မရှိတော့ပါဘူး၊

အမေပဲ ကျန်တော့တယ်။ ဒီလိုပဲ အမဲလိုက်ပြီး ရှာဖွေ သောက်နေလာတာ အနှစ်နှစ်ဆယ် သုံးဆယ်လောက် ရှိရောပေါ့။ ဒီက လမ်းတွေက သိပ်ရှုပ်တယ်။ ကျုပ်တို့တောင် အကုန်လုံးမသိဘူး။ ဘာလဲ၊ ခင်ဗျားတို့က ရှန်တောင်က တဲ့လား။ ဒီကိုလာပြီး ရှာဖွေစားသောက်တာတဲ့လား။ အရှုးလုပ်ဖို့ မစဉ်းစားပါနဲ့။ ခင်ဗျား တို့က တကယ့်မုဆိုးတွေ မဟုတ်ဘူးမှုတ်လား”

“ခုမှတော့ ဟန်ဆောင်နေလည်း မထူးတော့ပါဘူး။ နောင်ကြီးတို့ကို အမှန်အတိုင်းပဲ ပြောပြပါမယ်” ဟု ဆိုကာ ဒူးထောက်လိုက်ပြီး ရှင်းပြလေ၏။

“ကျုပ်တို့က ရှန်တောင်က တကယ့်မုဆိုးတွေပါဗျာ။ ကျုပ်က ရှီချင်၊ သူက ရှီပေါင်ပါ။ ဒါပေမဲ့ လျှံရှန်းကျူအင်းက နောင်ကြီးစုန်ကျန့်နောက်ကို လိုက်လာတာ တော်တော်ကြာ ပါပြီ။ မကြာသေးခင်ကမှ ကျုပ်တို့ကို လွတ်ငြိမ်းခွင့် ပြုလိုက်တယ်။ ဒီကိုလာတာက လျောင် တာတာရ်တွေကို ချေမှုန်းဖို့ပါ။ တနေ့က ဗိုလ်ချုပ်ဟိုနဲ့ တိုက်ပွဲအကြီးအကျယ်ဖြစ်ပြီး ကျုပ် တို့တပ်တွေ လူစုကွဲကုန်တာ၊ ဘယ်သူတွေ ဘာဖြစ်ကုန်လဲ မသိတော့ဘူး။ အဲဒါ စုံစမ်းဖို့ ကျုပ်တို့ကို လွှတ်လိုက်တာပါ”

လျူညီအစ်ကိုက ရယ်လိုက်လျက် -

“လက်စသတ်တော့ နောင်ကြီးတို့က ရဲရင့်သူတွေကိုး။ ကဲ၊ ထကြပါ။ ကျုပ်တို့ လမ်းပြ ပေးပါ့မယ်။ ခဏလောက် နားကြပါဦး။ ဒရယ်သားလေး ချက်လိုက်ဦးမယ်။ စိမ်ရည်လည်း နွေးလိုက်ဦးမယ်။ နောင်ကြီးတို့က ဧည့်သည်တွေပဲ”

ဒရယ်သား ချက်ပြီးသောအခါ လျူးညီအစ်ကိုက ရှီညီအစ်ကိုကို ကျွေးမွေးလေ၏။ စိမ်ရည် သောက်ရင်း စားရင်း စကားပြောကြ၏။

“လျှံရှန်းကျူအင်းက စုန်ကျန့်တို့က မိုးကောင်းကင်ရဲ့ ကိုယ်စား ဆောင်ရွက်နေကြ တယ်လို့ ကြားဖူးတာ ကြာပါပြီ။ လူကောင်းတွေကိုလည်း ရန်မပြုဘူးတဲ့။ သူ့ဂုဏ်သတင်းက ဒီနိုင်ငံအထိ ပျံ့နှံ့နေပါပြီ”

“ကျုပ်တို့နောင်ကြီးက သစ္စာတရားနဲ့ ဖြောင့်မတ်မှုကို ဦးထိပ်ထားတယ်။ ရိုးသားတဲ့ လူတွေကို ဘယ်တော့မှ ဒုက္ခမပေးဖို့ အမိန့်ပြုထားတယ်။ ဖောက်ပြန်တဲ့ အရာရှိတွေ ကိုပဲ သတ်တာ။ သူ့အင်အားကို သုံးပြီး အားနည်းတဲ့သူတွေကို ကူညီတယ်ဗျ”

“ကျုပ်တို့လည်း ဒီလိုပဲ ကြားဖူးတာပဲ။ ဒါဖြင့်ရင် မှန်နေပြီပေါ့ဗျာ”

လေးယောက်စလုံး များစွာ ကျေနပ်သွားကြ၏။ သူတို့အချင်းချင်း ခင်မင်ရင်းနှီးသွား ကြ၏။

ရှိချင်တို့က ညည်းညူကြ၏။

"ပျောက်နေတဲ့ တပ်တွေထဲမှာဗျာ၊ ခေါင်းဆောင်တကျိပ်ကျော် ပါသွားတယ်။ လူ တွေလည်း လေးထောင် ငါးထောင်လောက် ရှိမယ်။ သူတို့တွေ ဘယ်လိုနေကြမလဲ မသိဘူးဗျာ။ တနေရာရာမှာ ပိတ်မိနေပြီနဲ့ တူတယ်"

"နောင်ကြီးတို့က ဒီက မြေပြင်အနေအထားနဲ့ စိမ်းနေတာကိုး။ ဒီဘက်ပိုင်းက ယိုကျို့ ပြည်နယ်ထဲမှာ ပါတယ်။ ဒီဘက်ပိုင်းမှာ ကျောက်ခဲတောင်ကြားဆိုတာ ရှိတယ်။ အဲဒီထဲကို လမ်းတလမ်း ဝင်သွားတယ်။ ဒါပေမဲ့ တဖက်ပိတ်လမ်းဗျ။ ဘေးနှစ်ဖက်စလုံးမှာလည်း ကမ်းပါးမတ်မတ်ကြီးတွေနဲ့ ဆိုတော့ အဝင်ဝကို ပိတ်လိုက်ရင် ပြန်ထွက်လို့ မရတော့ဘူးဗျ။ "နောင်ကြီးတို့တပ်တွေ အဲဒီထဲမှာပဲ ရှိရမယ်။ ပြီးတော့ တပ်မှူးကြီး စုန်ကျန့်တို့ စခန်း ချထားတဲ့ နေရာကိုတော့ သမင်တကောင်တောင်ရိုးလို့ ခေါ်တယ်။ သူ့ရှေ့က လွင်ပြင် ကျယ်ထဲမှာတော့ လွတ်လွတ်လပ်လပ် တိုက်လို့ရတယ်။ တောင်ထိပ်ကနေ ကြည့်ရင်လည်း ရန်သူလာတာကို အဝေးကြီးကနေ မြင်နိုင်တယ်။

"ကိုယ့်တပ်တွေကို ကယ်ချင်ရင်တော့ နောင်ကြီးတို့ အဲဒီတောင်ကြားကို ရအောင် ဖောက်ရလိမ့်မယ်။ ရန်သူကလည်း တောင်ကြားအဝမှာ တပ်အကြီးကြီးကို ချထားလိမ့် မယ်။ အဲဒီဘက်မှာ ဆိုင်းပရက်ထင်းရှူးပင်တွေ ပေါတယ်။ ထီးကြီးတွေနဲ့ တူတဲ့ အမြင့်ဆုံး နှစ်ပင်ကို ရှာပါ။ သူတို့က တောကြီးအဝကို ပြနေတာပဲ။ သူတို့ကိုလည်း အဝေးကြီးက မြင် နိုင်တယ်ဗျ။ ဒါပေမဲ့ သတိတော့ ထားဗျို့။ ဗိုလ်ချုပ်ဟိုက မော်ပညာတတ်တယ်။ ဗိုလ်ချုပ် စုန်ကျန့်ကတော့ ဒီကိစ္စကို ရှင်းနိုင်မှာပါဗျာ"

ရှိချင်တို့လည်း ကျေးဇူးတင်စကားကို ပြောကာ ညတွင်းချင်းပင် စခန်းသို့ ပြန်ခဲ့ကြ၏။ သူတို့ကို တွေ့သည်နှင့် စုန်ကျန့်က -

"ဘာများ ကြားခဲ့ရသလဲ" ဟု ပျာပျာသလဲ မေးလေရာ လျူညီအစ်ကိုတို့ထံမှ ကြား ရသမျှကို ပြန်ပြောပြကြ၏။ စုန်ကျန့်က ဝုရုံကို ခေါ်ကာ တိုင်ပင်၏။ ထိုစဉ် အရာရှိငယ် တယောက် ရောက်လာကာ တွမ်ကျင်ချူနှင့် ရှိယုံတို့၊ ပိုက်ရှန်းတို့နှင့် ပြန်ရောက်လာ ကြောင်း သတင်းပို့လေ၏။

စုန်ကျန့်က-

"ပိုက်ရှန်းက နောင်ကြီးလူကွမ်းယီနဲ့ ပါသွားတာ။ သူ ထွက်လာနိုင်တယ် ဆိုတာ အံ့ဩစရာပဲ" ဟုဆိုကာ ထိုသုံးယောက်ကို သူ့ထံသို့ ခေါ်စေ၏။ ပထမဆုံး စကားပြော သူမှာ တွမ်ကျင်ချူ ဖြစ်၏။

"ကျွန်တော်နဲ့ နောင်ကြီးရှိယုံတို့ တောင်တွေကြားမှာ သွားနေတုန်းမှာ ဗြုန်းဆို သားရေအထုပ်ကြီးတခု တောင်ထိပ်ကနေ လိမ့်ဆင်းလာတယ်။ ကြည့်ရတာကတော့ အဝတ်အစားတွေ ထုပ်ထားသလိုပဲ။ ကြိုးတချောင်းနဲ့လည်း ထုပ်ထားတယ်။ သွားကြည့် တော့ အထဲမှာ နောင်ကြီးပိုက်ရှန်းကို တွေ့တာပါပဲဗျာ"

ပိုက်ရှန်းက ရှင်းပြရာသည်။

"ကျွန်တော်တို့ ဗိုလ်ချုပ်လူနဲ့အတူတူ ခေါင်းဆောင်တွေ ဆယ့်နှစ်ယောက်ပါသွား တယ်။ တိုက်ပွဲက တော်တော်ပြင်းထန်တယ်။ ဗြုန်းဆို မှောင်ကြီးကျလာတာ။ အရပ်မျက်နှာ တွေလည်း မသိတော့ဘူး။ လူသံ၊ မြင်းသံတွေ ကြားတဲ့ဆီကို ဗိုလ်ချုပ်လူက တိုက်ခိုင်းတာ နဲ့ ဘာမှန်းတောင်မသိလိုက်ဘဲနဲ့ တဖက်ပိတ် လမ်းထဲ ဝင်သွားမိကြတယ်။ တောင်ကမ်းပါး တွေ ဝိုင်းနေလို့ ထွက်ပေါက်လည်း မရှိဘူးဗျာ။ စားစရာ လူစာရော မြင်းစာပါ မရှိတော့ ဘူး။ ကျွန်တော်တို့ စစ်ကြောင်းကတော့ တကယ့်ကို အခြေအနေဆိုးနေပြီ။ ဗိုလ်ချုပ်လူက ကျွန်တော့်ကို ခုလို တောင်ပေါ်က လိမ့်ဆင်းသွားပြီး သတင်းသွားပို့ခိုင်းတယ်။ ကံကောင်း ချင်တော့ ခုလို နောင်ကြီးတို့နဲ့ သွားတွေ့တာပါပဲဗျာ။ နောင်ကြီး၊ တပ်ကူ မြန်မြန် ပို့ပြီး ကယ်မှ ဖြစ်မယ်။ မဟုတ်ရင် သေကြတော့မှာ ကျိန်းသေတယ်"

ထိုညတွင်းချင်းပင် စုန်ကျန့်သည့် တပ်ကိုစုကာ ရှိချင်တို့ကို လမ်းပြစေလျက် ဆိုက် ပရက်စ်ပင်ကြီးများ ရှိရာသို့ ထွက်ခဲ့လေ၏။ မြင်းတပ်ရော ခြေသည်တပ်ပါ အားကုန် တိုက်ခိုက်ပြီး တောင်ကြားကို မရ ရအောင် ဖောက်ဝင်ရန် အမိန့်ပေးထား၏။

တညလုံး ချီတက်လာခဲ့ရာ မနက်လင်းသော် ဆိုက်ပရက်စ်ပင်ကြီးများကို အဝေးမှ လှမ်း၍ မြင်ရလေ၏။ ရှိညီအစ်ကို ဦးဆောင်သော တပ်ဖွဲ့က တောင်ကြားအဝကို အမြန်သွား ကြ၏။ ဗိုလ်ချုပ်ဟိုကလည်း သူ့တပ်ကို ဖြန့်ထားစေ၏။ ထိုညီအစ်ကိုကလည်း ပထမဆုံး တိုက်ပွဲဝင်သူများ ဖြစ်ချင်နေကြ၏။ စုန်ကျန့်ကမူ ထိုးစစ်ကြီး ဆင်လို၏။ သို့သော် လင်ချုံး က ရန်သူရှိရာသို့ မြင်းကို အမြန်စီး၍ သွားကာ ဟိုကိုက်ကို ဝင်၍တိုက်၏။ နှစ်ချီမျှ တိုက်ပြီး သော် ဟိုကိုက်လည်း ဝမ်းဗိုက်ပေါက်သွားပြီး မြင်းပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားလေ၏။

ရန်သူ သွေးမြေကျအောင် မြင်းတပ်က ဈေးဦးဖောက် လိုက်နိုင်သည်ကို မြင်ရသော ခြေသည်တပ်များ ကလည်း ပွဲလမ်းရယူရန် ရှေ့သို့ အပြေးတက်လာကြ၏။ လေပွေနက် လီကွေ့က သူ့ပုဆိန်များကို ဘယ်ညာခုတ်ယမ်းကာ လျောင်တပ်ထုထဲသို့ ထွင်းဖောက်ကာ ဝင်လေ၏။ သူ့နောက်မှ ကမ္ဘာကိုမွှေတဲ့ ဘီလူးမင်းဖန်ရွီ၊ ယမမင်းပေါက်ရှူ၊ ရှုံချုံး၊ လီကွန်း တို့နှင့်

ဒိုင်းကိုင်သူရဲများက လိုက်ပါလာကာ ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်ကာ လိုက်ပါလာကြ၏။

လီကွေ့က ဟိုယွန်ထံသို့ အပြေးဝင်ကာ သူ့မြင်း၏ ခြေထောက်ကို ပုဆိန်ဖြင့် ခုတ်ချိုး လိုက်၏။ မြင်းရော လူပါ လဲကျသွားလေ၏။ လီကွေ့က ယင်းတို့ထံသို့ ခုန်ပျံသွားကာ မြင်းကိုရော လူကိုပါ နုပ်နုပ်စဉ်းလေ၏။ လျောင်စစ်သည်များက စုပြုံ၍ တက်လာကြသော် လည်း ဖန်ရွီ၊ ပေါက်ရှုတို့ကို မတိုးနိုင်ကြပေ။

သူ့ညီနှစ်ယောက်စလုံး ကျသွားပြီကို မြင်ရသော ဗိုလ်ချုပ်ဟိုသည် မန္တရားတခုကို ရွတ်လိုက်၏။ လေပြင်း ထ လာပြီး တောင်ထိပ်များတွင်လည်း တိမ်မည်းများက အုပ်ဆိုင်း လာလေရာ တောင်ကြားတခုလုံး မှောင်ကျသွားလေ၏။ စုန်ကျန့်က အော်ပြောလိုက်သဖြင့် ကုန်ဆွန်ရှန်းက မြင်းစီးလျက်နှင့် မန်းမှုတ်ပြီး သူ့ဓားကိုမြှောက်ကာ “အမြန်”ဟု အော် လိုက်၏။

လေးဖက်လေးတန်မှ လေပြင်းများ တိုက်လာရာ တိမ်မည်းများ လွင့်သွားပြီး တောက်ပ သော နေဝန်းကြီး ပြန်ထွက်ပေါ်လာလေ၏။ စုန်ကျန့်တို့ တပ်သည်လည်း လျောင်တပ်ကို အားကုန်သွန်၍ ဝင်တိုက်လေ၏။ သူ့ မှော်အတတ် အစွမ်းမထက်တော့သည့်အပြင် ရန်သူ ကလည်း ဤသို့ အားမာန်အပြည့်ဖြင့် တိုက်ခိုက်သောကြောင့် ဗိုလ်ချုပ်ဟိုလည်း ဓားကို ဝှေ့ယမ်းကာ မြင်းကို အတင်းရိုက်ပြီး ဒုန်းစိုင်းစီးကာ စစ်မြေပြင်မှ ထွက်ပြေးလေတော့၏။ တပ်တော်နှစ်ခုလည်း ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ကြ၏။ နောက်ဆုံးတွင် တာတာရ်များ ကစဉ့်ကလျား ထွက်ပြေးကြလေ၏။

မြင်းတပ်က သူတို့နောက်ကို လိုက်နေစဉ် ခြေသည်တပ်များက တောင်ကြားအဝကို ဖွင့်ကြရ၏။ တာတာရ်တို့က ကျောက်တုံးကြီးများကို ဆင့်၍ စုပုံကာ လမ်းကို ပိတ်ထား ကြရာ ယင်းတို့ကို ဖယ်ပြီး ခြေသည်တပ်များအတွင်းသို့ အမြန်ဝင်သွားကြ၏။ သူတို့ကို လူကွမ်းယီ မြင်ရသောအခါ ရှက်၍ ငိုမိလေ၏။

စုန်ကျန့်က လျောင်တပ်များ နောက်သို့ ဆက်မလိုက်စေဘဲ တပ်အားလုံးကို သမင် တကောင်တောင်ရိုးသို့ စုစေ၏။ “ကျုပ်တို့ တပ်တွေ၊ မြင်းတွေ အနားပေးရမယ်”

လူကွမ်းယီက အော်ကြီးဟစ်ကျယ် ငိုရှာ၏။

“နောင်ကြီးသာ လာမကယ်ရင် ကျုပ်တို့ သေမှာ မုချပါပဲဗျာ”

စုန်ကျန့်၊ လူကွမ်းယီ၊ ဝုရုံ၊ ကုန်ဆွန်ရှန်းတို့လည်း ရင်ပေါင်တန်းလျက်

မြင်းစီးကာ ပြန်လာခဲ့ကြ၏။ ချပ်ဝတ်များကို ချွတ်ကာ နားကြ၏။ နောက်တနေ့တွင် ဝုရုံက အဆိုပြု၏။ "အခု အခြေအနေကို အခွင့်ကောင်းယူပြီး ယိုကျို့ကို သိမ်းဖို့ သင့်တယ်။ သိမ်းပြီး ရင်တော့ လျောင်တိုင်းပြည် ကျုပ်တို့လက်ထဲ ရောက်ပြီဗျ"

စုန်ကျန့်က လူကွမ်းယီနှင့် ခေါင်းဆောင်ဆယ့်နှစ်ဦးကို တပ်များနှင့်တကွ ချီကျို့သို့ သွားကာ ခေတ္တအနားယူစေ၏။ ကျန် ခေါင်းဆောင်များနှင့် တပ်များကို သူကိုယ်တိုင် ဦးစီး ကာ ယိုကျို့သို့ ထွက်ခဲ့၏။

ထိုအချိန်တွင် ယိုကျို့တွင် ရောက်နေသော ဗိုလ်ချုပ်ဟိုမှာ ညီနှစ်ယောက် ဆုံးရှုံး သဖြင့် မှိုင်ပုံချနေလေ၏။ ထိုစဉ် စုန်ကျန့်တို့တပ်များ ချီတက်လာကြောင်း လာ၍သတင်း ပို့သဖြင့် ပို၍ပင် စိတ်မချမ်းမသာ ဖြစ်ရလေ၏။

အရှေ့မြောက်ဘက်မှတံခွန်အနီရောင်များနှင့် တပ်တတပ်က လည်းကောင်း၊ အနောက် မြောက်ဘက်မှ တံခွန်အစိမ်းရောင်များနှင့် တပ်တတပ်ကလည်းကောင်း ယိုကျို့သို့ အလျင် အမြန် ချီတက်လာနေသည်ကို မြို့ရိုးထိပ်မှ တာတာရ်တပ်များက မြင်ရလေ၏။ ထိုသတင်းကို ကြားရသောအခါ ဗိုလ်ချုပ်ဟိုလည်း ဟိုက်ခနဲ ဖြစ်သွားလေ၏။ မြို့ရိုးပေါ်သို့ သူကိုယ်တိုင် တက်၍ ကြည့်သောအခါမှ လျောင်တပ်များ၏ တံခွန်များ ဖြစ်ကြောင်း မှတ်မိသွားပြီး စိတ်ချမ်းသာသွား၏။

တံခွန်နီတပ်များမှာ လျောင်မင်းကြီး၏ သမက်တော် တိုက်ချင်ရှုကျင်၏ အင်အား ငါးထောင်ပါသည့် တပ်များ ဖြစ်၏။ တံခွန်စိမ်းတပ်များမှာ နန်းတော်စောင့် တပ်မှူး၊ ဒုကိုယ် ရံတော်မှူး ဗိုလ်ချုပ်လီကျီ၏ အင်အားတသောင်းကျော် ပါသည့် တပ်များဖြစ်၏။ လီကျီ သည် ဟန်မင်းဆက်မှ ထင်ရှားသော အရာရှိ လီလင်းမှ တိုက်ရိုက်ဆင်းသက်လာသူ ဖြစ်၏။ သူ့တပ်ဌာနချုပ်မှာ ရှုံကျို့တွင် ရှိ၏။ စုန်တိုင်းပြည်၏ နယ်စပ်ဒေသကို ဝင်ရောက်စီးနင်းမှု ကို သူကပင် ဦးစီးခဲ့၏။ လျောင်မြို့ကြီးများ ရန်သူ၏ လက်သို့ ပါသွားကုန်ကြောင်း ကြားရ သဖြင့် ကယ်တင်ရန် ကသောကမျော လာခဲ့ပေ၏။

ဗိုလ်ချုပ်ဟိုက ထိုတပ်များကို အကြောင်းကြား၏။ "မြို့တွင်းသို့ မဝင်ဘဲ တောင်တန်း မြောက်ဘက်တွင် ခိုအောင်းနေရန်၊ စုန်ကျန့်တပ်များကို ကျုပ်တို့ ထွက်၍ တိုက်ခိုက်သော အခါ မှ ဘယ်ညာနှစ်ဖက် ညှပ်၍ ဝင်တိုက်ကြရန်"။ ထို့နောက် သူ့တပ်ကို ဦးစီးကာ ယိုကျို့မှ ထွက်ခဲ့လေ၏။

စုန်ကျန့်တို့ မြို့နားသို့ ရောက်လာသောအခါ ဝုရုံက အကြံပေး၏။

"ရန်သူက မြို့တံခါးကို ပိတ်ထားပြီး ထွက်မလာဘူးဆိုရင်တော့ သူတို့ အသင့်မဖြစ် သေးလို့ပဲ။ ထွက်ပြီး ရင်ဆိုင်တယ် ဆိုရင်တော့ ဝိုင်းတိုက်ဖို့

စီမံထားလို့ပဲ ဖြစ်ရမယ်။ ဒီတော့ တပ်ကို သုံးကြောင်း ခွဲရမယ်။ တကြောင်းက ရှေ့ကို ဆက်သွားရမယ်။ ကျန်တဲ့ နှစ်ကြောင်း ကတော့ နံကာတပ်တွေ အနေနဲ့ ဘေးနံက လာတိုက်မှာကို ကာကွယ်ရမယ်”

မှန်ပေ၏။ စစ်သားဟူသည် ကုန်းကြောင်းမှ ဖြစ်စေ၊ ရေကြောင်းမှ ဖြစ်စေ လာတိုက်သူ ဟူသမျှကို တိုက်လှန်ရမည်သာ ဖြစ်၏။

ကွမ်ရှိန်းကိုရွှန်ဇန်၊ ဟောင်စီဝင်တို့နှင့်အတူ ဘယ် စစ်ကြောင်းကို ဦးစီးရန်၊ ဟူယန်ကျို့ ကို ရှန်တင်းကွီ၊ ဝေတင်းကွဲ့ တို့နှင့်အတူ ညာစစ်ကြောင်းကို ဦးစီးရန် စုန်ကျန့်က ညွှန်ကြား လိုက်၏။ ယင်းတို့သည် အင်အား တသောင်းကျော်စီနှင့် ချီတက်ရာ လမ်းအတိုင်း တောင် များကို အကာအကွယ်ပြုကာ ဖြည်းဖြည်း ချီတက်ရမည် ဖြစ်၏။ စုန်ကျန့်ကမူ ပင်မတပ်ကို ဦးစီးလျက် ယိုကျို့ကို တိုက်ရိုက် ချီတက်မည် ဖြစ်၏။

ဗိုလ်ချုပ်ဟိုသည် ချီတက်လာသော ရန်သူများကို ကြိုထွက်၍ တိုက်ခိုက်၏။ တပ် နှစ်တပ် ရင်ဆိုင်မိလာကြလေပြီ။ လင်ချုံးက ရှေ့သို့ တက်ကာ ဗိုလ်ချုပ်ဟိုနှင့် တိုက်ခိုက်၏။ ငါးချီပင် မတိုက်ရသေး၊ ဗိုလ်ချုပ်ဟိုက နောက်သို့ လှည့်ကာ ပြေးလေ၏။ စုန်ကျန့်တပ်များ လည်း လိုက်ကြ၏။ ဗိုလ်ချုပ်ဟိုက သူ့တပ်ကို စစ်ကြောင်း နှစ်ကြောင်းခွဲကာ ယိုကျို့မြို့ ထဲသို့ မဝင်ဘဲ မြို့ကို ဝန်းရံလိုက်ကာ ဆက်၍ တိုက်ခိုက်ကြ၏။

ဝုရုံက ဆက်မလိုက်စေရန် အော်၍ တား၏။ သို့သော် သူ မအော်လိုက်နိုင်မီမှာပင် သမက်တော် ဦးစီးသော စစ်ကြောင်းက ဘယ်ဘက်မှ ဝင်၍ ကွမ်ရှိန်း၏ စစ်ကြောင်းကို တိုက်၏။ ဟူယန်ကျို့၏ စစ်ကြောင်းကိုလည်း နန်းတော်စောင့်တပ်မှူး ဦးစီးသော စစ် ကြောင်းက ဝင်၍ တိုက်၏။ တိုက်ပွဲ သုံးပွဲ တပြိုင်တည်း ဖြစ်နေ၏။ လွင်ပြင်တခုလုံးကို အလောင်းများ ဖုံးသွားလေ၏။ မြစ်ချောင်းထဲတွင် သွေးများ စီးဆင်းလာ၏။

တာတာရ်များ မနိုင်နိုင်ကြောင်း ဗိုလ်ချုပ်ဟို သိမြင်လာ၏။ ယိုကျို့ထဲကို ပြန်ဝင်ပြေး လို၏။ သို့သော် သူ့ကို ဟွရုံနှင့် ချင်မင်းတို့က အကြမ်းပတမ်း တိုက်ခိုက်နေ၏။ ထို့ကြောင့် မြို့အနောက် တံခါးဘက်သို့ ထွက်မည်လုပ်ရာ တုန်ပင်းက လမ်းပိတ်ထားသဖြင့် ရက်ရက် စက်စက် တိုက်ခိုက်ရပြန်၏ ။ ထို့ကြောင့် တောင်တံခါးဘက်သို့ လှည့်လာခဲ့ရာ ချူတုံနှင့် တိုးပြန်သဖြင့် တိုက်ခိုက်ရပြန်လေ၏။ ထို့ကြောင့် မြို့ထဲသို့ ဝင်ရန် မကြိုးစားရဲတော့ဘဲ လမ်းအတိုင်း မြောက်ဘက်သို့ ထွက်ပြေးခဲ့ရာ တောင်သုံးလုံးကိုနှိမ်နင်းသူ ဟုန်ဆင့်က သူ့ခါးကြီးကို ဇော့ယမ်းကာ သူ့ထံသို့ ဝင်ပြေးလာသည်နှင့် မမျှော်လင့်ဘဲ ကြုံတွေ့ရပြန်၏။

ကြောက်အားကြီးပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ဗိုလ်ချုပ်ဟိုကို ဟုန်ဆင့် က ဓားကြီးနှင့် ခုတ်လိုက်ရာ မြင်းခေါင်းကို ထိသွား၏။ ဟိုလည်း မြင်းကိုထားခဲ့ပြီး ထွက် ပြေးလေ၏။ ရှန်စုံနှင့် ရှိဇူတို့က သူ့ဘေးမှ ပေါ်လာပြီး တွန်းလိုက်ရာ မှောက်လျက်သား လဲကျသွား၏။ ထိုစဉ် ဆုံဝမ်ကပါ ရောက်လာပြီး ဗိုလ်ချုပ်ဟိုကို ဖမ်းဆီးသူ ဟူသော ဂုဏ်ကို မမက်ဘဲ ဝိုင်း၍ သတ်လိုက်ကြ၏။

တာတာရ်စစ်သည်များလည်း အသက်ဘေးမှ လွတ်ရာသို့ ကစဉ့်ကလျား ပြေးကြ လေ၏။ ဗိုလ်ချုပ်ဟို၏ တံခွန် လဲကျသွားကာ စစ်သည်များပြေးလွှားနေကြသည်ကို သမက် တော်လည်း မြင်သွား၏။ အခြေအနေဆိုးနေပြီတည်း။ ထို့ကြောင့် သူ့တံခွန်နီတပ်နှင့်အတူ တောင်တန်းများနောက်မှ ပတ်ကာ အမြန်ထွက်ခွာလေတော့၏။ တံခွန်နီများကို မမြင် တော့သဖြင့် တခုခုတော့ ဖြစ်နေပြီဟု တွက်မိသွားကာ နန်းတော်စောင့် တပ်မှူးလီသည် လည်း ရှေ့တန်းတွင် ရင်ဆိုင်တိုက်ခိုက်နေရာမှ သူ့တံခွန်စိမ်းတပ်နှင့်အတူ တောင်တန်းများ နောက်မှ ဆုတ်ခွာသွားလေ၏။

ရန်သူ့စစ်ကြောင်း သုံးကြောင်းစလုံး လုံးဝ ဆုတ်သွားလေပြီ။ စုန်ကျန့်က ယိုကျိုမြို့ ဆီသို့ တိုက်ရိုက်ပင် မောင်းနှင်လေ၏။ အခုအခံ မရှိဘဲ မြို့ကို သိမ်းလိုက်နိုင်၏။ မြို့ထဲတွင် သူ့တပ်များကို နေရာချထားကာ မြို့နေလူထု စိတ်အေးစေရန် ကြေညာချက်များ ထုတ်ပြန် ၏။ တန်ကျို့သို့ တမန်စေလွှတ်ကာ ဝန်မင်းကျောက်ထံသို့ အောင်မြင်မှုကို တင်ပြလိုက်၏။ ချီကျို့ကို ထိန်းထားဖို့ တပ်များ စေလွှတ်ပေးရန်နှင့် မိမိ၏ရေတပ်ကို ယိုကျို့ကို စေလွှတ်ပေး ရန်လည်း ပန်ကြားလိုက်၏။ လူကွမ်းယီ၏ တပ်အချို့က ပါကျို့ကို ကာကွယ်ထားရမည် ဖြစ်၏။

အခိက မြို့ကြီးလေးမြို့မှာ စုန်ကျန့်၏လက်အောက်သို့ ရောက်သွားလေပြီ။ ဝန်မင်း ကျောက်အန်ဖူမှာ ဝမ်းမြောက်လှသဖြင့် မင်းကြီးထံသို့ ချက်ချင်းတင်ပြလိုက်ကာ ချီကျို့နှင့် ပါကျို့တို့သို့ တပ်များကို လိုအပ်သလို နေရာချထားပေးလိုက်၏။ အခြေအနေမှာ လျောင် တိုင်းပြည်အတွက် သေရေးရှင်ရေး ဖြစ်နေလေပြီ။ ရေတပ်များကိုလည်း ချီတက်ရန် ဝန်မင်းကျောက်က ညွှန်ကြားလိုက်၏။ မြောက်ပိုင်းရှိ မြို့ကြီးလေးမြို့ စုန်ကျန့်လက် အောက်တွင် ရောက်နေခြင်းသည် ရလဒ်ကောင်းကြီးပင် ဖြစ်၏။

လျောင်မင်းကြီးသည် နန်းရင်းဝန် ယိုစီပေါက်ကျင်၊ ဒုနန်းရင်းဝန် ချူကျန် စသော မှူးမတ်များနှင့် တိုင်ပင်နေ၏။

“စုန်ကျန့်က ငါတို့နယ်ထဲကို ကျူးကျော်လာပြီး မြို့ကြီးလေးမြို့ကို သိမ်းထားလိုက်ပြီ။ ယိုကျို့ကိုတောင် သိမ်းပြီးမှတော့ သူ နေပြည်တော်ကို

လာမတိုက်နိုင်စရာ မရှိတော့ဘူး။ ယန်ကျင်းကို ကာကွယ်ဖို့လည်း ခက်ပြီ။ ဗိုလ်ချုပ်ဟိုတို့ ညီအစ်ကို သုံးယောက်လည်း ကျသွားပြီ။ ယိုကျို့လည်း ဆုံးပြီ။ ငါတို့ တိုင်းပြည်တော့ ဒုက္ခရောက်ပြီ။ ဘယ်လိုလုပ်ရင် ကောင်းမယ်လို့ ထင်ကြသလဲ”

စစ်သေနာပတိချုပ်ဝူယန်က ရှေ့သို့ တက်လိုက်၏။

“မကြောက်ပါနဲ့ ဘုရား။ တပ်တော်တွေ စေလွှတ်ဖို့ ကျွန်တော် အကြိမ်ကြိမ် လျှောက် ပေမယ့် အဟန့်တားခံခဲ့ရပါတယ်။ အဲဒါကြောင့် တောပုန်းတွေက သောင်းကျန်းကြ၊ ဒုက္ခ ပေးကြတာပါ ဘုရား၊ ကျူးကျော်လာတဲ့ ရန်သူတွေကို သွားနှိမ်နင်းဖို့ ကျွန်တော့်ကို တပ်တော်နဲ့ စေလွှတ်ပါ ဘုရား။ အချိန်ကိုလည်း ကန့်သတ်ပေးပါ ဘုရား။ စုန်ကျန့်နဲ့ သူ့ တောပုန်းဗိုလ်တွေကို ဖမ်းပြီး ကျသွားတဲ့ မြို့တွေကိုလည်း ပြန်သိမ်းပါ့မယ် ဘုရား”

သူ့တင်ပြချက်ကို မင်းကြီးက လက်ခံလိုက်ပြီး ဝူယန်ကို ပုလဲစီထားသော ကျားရုပ် အလံ၊ ရွှေတံဆိပ်တော်၊ အဖြူရောင်နှင့် အဝါရောင် အဆောင်အယောင်များ၊ တံခွန်အနီနှင့် အနက်များ စသည်တို့ကိုပါ အပ်နှင်းလိုက်၏။ မင်းကြီး၏ အမိန့်မှာ ပြတ်သား၏။

‘သူကောင်းမျိုး ဖြစ်စေ၊ မင်းမျိုးမင်းနွယ် ဖြစ်စေ၊ စစ်ဘက်အမှုထမ်း ဖြစ်စေ မည်သူမဆို ငါ မြတ်နိုးတဲ့ ဝန်မင်းဝူယန်၏ အမိန့်ကို နာခံကြရမည်။ စစ်တပ်ကို စုစည်းကာ အမြန်ဆုံး မြောက်အရပ်ကို ချီတက်စေ’

ဝူယန်လည်း အမိန့်တော်နှင့် အဆောင်အယောင်များကို ယူဆောင်ကာ စစ်ရေး လေ့ ကျင့်ရေးကွင်းသို့သွားကာ ဗိုလ်ချုပ်များနှင့် တွေ့၏။ တပ်များကို စုစည်းကာ နေပြည်တော် သို့ ခေါ်လာ ခိုင်းလိုက်၏။ သူ့သားအကြီးဆုံး ယန်ရှို့က သူ့ဆီကို လာကာ စကားစ၏။ “အဖေ အခုလို တပ်ကြီးစုနေတုန်း ကျွန်တော့်ကို သမက်တော်နဲ့ နန်းတော်စောင့် တပ်မှူးတပ်တွေက လက်ကျန်အင်အားတွေနဲ့ ယိုကျို့ကို သွားတိုက်ခွင့် ပေးပါလား။

ကျွန်တော်တို့က လူရိုင်းတွေ ဆယ်ပုံမှ ရှစ်ပုံကို သုတ်သင်ပစ်လိုက်မယ်။ ပြီးမှ အဖေက လာပြီး အိုးထဲက လိပ်ကို နှိုက်ဖမ်းသလို ကောက်သင်းကောက် စစ်ဆင်ပေါ့။ ဘယ်လို သဘောရသလဲ အဖေ”

“အကြံကောင်းတယ် သား။ မြင်းသည် ငါးထောင်နဲ့ ခြေသည်နှစ်သောင်းကို ယူသွားလိုက်။ သမက်တော်တို့၊ နန်းတော်စောင့်တပ်မှူးတို့နဲ့ ဆိုတော့ ပိုပြီး ထိရောက်လိမ့်မယ်။ အောင်မြင်ရင် အမြန်ဆုံး အကြောင်းကြားလိုက်ပေါ့”

ယန်ရှို့လည်း ဝမ်းမြောက်ဝမ်းသာဖြင့် တပ်များစုစည်းကာ ယိုကျို့သို့

ချီတက်သွားလေ၏။

ဝူယန်၏ သားက စုန်ကျန့်ကို လာတိုက်ရဲသောကြောင့် ယိုကျို့ ဆင်ခြေဖုံးသည် ကိုးလီ တောင်များသို့ သွားသည့်လမ်း ဖြစ်ခဲ့ပြီး ဝမ်ရွှေမြစ်ကမ်း တလျှောက်လုံးသည်လည်း ကူးတို့ဆိပ်များဖြင့် စည်ကားခဲ့ပေ၏။ မှန်ပေ၏။ မြင်းတပ်များ စိုင်းနှင်သောအခါ မိုးမြေ တုန်လှုပ်ရလေ၏။ ခြေသည်တပ်များ စစ်ထိုးသောအခါ ဘီလူးများပင် တုန်လှုပ်ကြလေ၏။

ယန်ရှို့က မည်သို့ စစ်ထိုးပါသလဲ။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၇

ယိုကျို့တွင် စုန်ကျန့် စစ်ကြီးမက်ကြီး ဆင်နွှဲခြင်း

ဟူယန်ကျို့က တာတာရ်ဗိုလ်ချုပ်ကို အတင်းဖမ်းခြင်း

ယန်ရှို့၏တပ်မှာ အင်အားနှစ်သောင်းရှိသော်လည်း သမက်တော်နှင့် ဗိုလ်ချုပ်လီတို့၏ တပ်များနှင့်ပါ ပေါင်းလိုက်သော် အင်းအားသုံးသောင်းခွဲ ရှိလာလေ၏။ လက်နက်ကိရိယာ များကို သေချာစွာ ပြင်ဆင်စေပြီး စစ်ထွက်ခဲ့ကြ၏။ ဤအကြောင်းကို ကင်းထောက်က လာသတင်းပို့သဖြင့် စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်လေ၏။

"လျောင်တပ်တွေကို ကျုပ်တို့က ဆက်တိုက်နိုင်နေတာ ဘယ်နှကြိမ်တောင် ရှိပြီလဲ။ ဒီတော့ အခုလာတာတွေက ထိပ်တန်းတပ်တွေ၊ ထိပ်တန်းဗိုလ်ချုပ်တွေ ဖြစ်ဖို့များတယ်ဗျ။ ဘယ်လို စစ်ဗျူဟာ ခင်းသင့်သလဲ"

"ကျုပ်တို့ တပ်တွေကို မြို့ပြင်မှာ နေရာချထားပြီးတော့ စောင့်ကြတာပေါ့။ သူတို့ ရောက်လာရင် စိန်ခေါ်ကြမယ်။ သူတို့က အစွမ်းသတ္တိမရှိဘူးဆိုတာကို ပြလိုက်နိုင်ရင် ဆုတ်သွားကြမှာပဲ"

"တော်ပါပေ့ ရှင်းပါပေ့ဗျာ" ဟု စုန်ကျန့်က ထောမနာပြုကာ ထိုအတိုင်း စီစဉ်ရန် တပ်များကို မြို့ပြင်သို့ ထွက်ခိုင်း၏။

ယိုကျို့နှင့် ဆယ်လီခန့်အကွာတွင် ဖန်းရှန် ဟူသော လွင်ပြင်တကွင်း ရှိ၏။ ယင်းကို တောင်တန်းများ တောင်ကျချောင်းများနှင့် ဝန်းရံထား၏။ ယင်း လွင်ပြင်တွင် စုန်ကျန့် တို့သည် တပ်ဖွဲ့ကိုးဖွဲ့ ပါသော အဌဂံပုံဗျူဟာ ခင်းထားလိုက်၏။

မကြာမီတွင် တာတာရ်များ စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်လာလေ၏။ လူငယ် ဗိုလ်ချုပ် ယန်ရှို့ ဦးစီးသည့် စစ်ကြောင်းမှာ တံခွန်အနက်များကို ကိုင်လာကြပြီး သမက်တော်နှင့် နန်းတော်စောင့်တပ်မှူးတို့က မူလအတိုင်း အနီနှင့် အစိမ်းရောင်တံခွန်များကို ကိုင်လာကြ၏။ စုန်ကျန့်တို့ကို မြင်ရသောအခါ ယင်း စစ်ကြောင်းစလုံး တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်လိုက်ကြ၏။

ယန်ရှို့သည် သူ့ဖခင်ထံမှ စစ်နည်းဗျူဟာများကို သင်ကြားထားသူ ဖြစ်၏။ သူ့အသိအမြင်မှာ နှံ့စပ်သည်။ သူ့စွမ်းရည်မှာ ပြောင်မြောက်သည်။ စုန်ကျန့်တို့

တပ်ဖြန့်ထားသည်ကို တွေ့ရသောအခါ သူ၏ တံခွန်နီ၊ တံခွန်စိမ်းတပ်များကို ဘယ်နှင့် ညာတွင် တပ်ချကာ ခံစစ် ပြင်ဆင်စေ၏။ ထို့နောက် "ကောင်းကင်လှေကား" ကို သူ့တပ်မအလယ်တွင် ဆောက်စေပြီး တက်ကြည့်၏။ သူ့မျက်နှာပေါ်တွင် ကြွားပြုံး ပြုံးလျက် ပြန်ဆင်းလာ၏။ လက်အောက်မှ ဗိုလ်မင်းများက မေးကြ၏။

"ဘာဖြစ်လို့ ပြုံးနေတာလဲ ဗိုလ်ချုပ်"

"စုန်ကျန့်က ကိုးတပ်ဖွဲ့နဲ့ အဋ္ဌဂံပုံ ဗျူဟာခင်းထားတယ်။ ဒါလေးများ ဘယ်သူက မသိဘဲ နေပါ့မလဲ။ လူတိုင်းကို အရူးလုပ်ချင်လို့တော့ ဘယ်ရမလဲ။ သူ့ကို ခြောက်လိုက်ဦးမှပဲ" စစ်စည်များကို သုံးကျော့လိုမ့်၍ တီးစေလိုက်ပြီး အမိန့်ပေးစင်မြင့်တခုကို ဆောက် စေ၏။ စင်ပေါ်တက်ပြီး ဘယ်ညာ အလံတခုစီ ကိုင်ကာ စစ်ကြောင်းများကို တပ်ဖြန့်ရန် အချက်ပြလေ၏။ ထို့နောက် ပြန်ဆင်းလာပြီး စုန်ကျန့်နှင့် ရင်ဆိုင်ရန် မြင်းစီးလျက် တပ် ရှေ့သို့ ထွက်ခဲ့ကာ လှမ်း၍ အော်၏။

"မင်းတို့ ကိုးတပ်ဖွဲ့အဋ္ဌဂံ ဗျူဟာလောက်နဲ့များ လှည့်စားမယ် ကြံရဲသလား။ ငါ့ဗျူဟာ ကိုကော ဘာမှန်းသိရဲ့လား"

တာတာရ်ဗိုလ်ချုပ်က ဗျူဟာအခင်းအကျင်းကိုပင် ပြိုင်ဆိုင်နေပြီလား မသိပေ။ စုန်ကျန့်က ကောင်းကင် လှေကားများကို ထောင်စေကာ လျောင်တပ်များကို တက်ကြည့် စေ၏။ စစ်ကြောင်းသုံးခုမှာ အပြန်အလှန် အထောက်အကူ ပြုနိုင်မည့် အနေအထားဖြင့် ချိတ်ဆက်ထားလေ၏။

ချူဝုက ယင်းဗျူဟာကို ချက်ချင်းမှတ်မိသွားလေ၏။ "ဒါက သုံးပါးတဆူ၊ မိုးကောင်း ကင်ရယ်၊ မြေကြီးရယ်၊ လူရယ်ကို ညွှန်ထားတဲ့ ဗျူဟာပဲ"ဟု စုန်ကျန့်ကို ရှင်းပြ၏။

စုန်ကျန့်က ကျန်လူနှစ်ယောက်ကို စင်မြင့်ပေါ်တွင် ချန်ထားကာ ဆင်းလာပြီး ရှေ့တန်း သို့ထွက်ခဲ့၏။ သူက ယန်ရှို့ကို ကြာပွတ်ဖြင့် ညွှန်လိုက်လျက်-

"မင်းက သုံးပါးတဆူဗျူဟာကို ခင်းထားတာများ ဘာကြွားစရာ ရှိလဲ"

"မင်းက မှတ်မိတယ်ပေါ့၊ ကြည့်ထားလိုက်။ ဒီတခါ ပြောင်းတာကော မှတ်မိရဲ့လား" သူက စင်မြင့်ပေါ်သို့ တက်ကာ အလံများဖြင့် အချက်ပြလေ၏။

ဝုရုံနှင့် ချူဝုတို့က ယင်းသည် ဆင်လေးစီးဗျူဟာမှန်း ချက်ချင်း သိလိုက်သဖြင့် စုန်ကျန့်ထံသို့ တင်ပြလိုက်၏။ ယန်ရှို့က ရှေ့တန်းသို့ ပြန်ထွက်လာကာ မေးပြန်၏။

"မင်းသိရဲ့လား၊ ဒါ ဘာဇာတ်ရုပ်လဲ"

"မင်းက ဆင်လေးစီး ဇာတ်ရုပ်ကို ပြောင်းလိုက်တာပဲ"

တာတာရ်စစ်ဗိုလ်ချုပ်ကလေးသည်လည်း မယုံနိုင်စွာဖြင့် ခေါင်းကို ခါလိုက်ပြီး အေးစက်စက် ရယ်လိုက်၏။ ထို့နောက် စင်မြင့်သို့ တက်ကာ အချက်ပြပြန်၏။ "ဒါကတော့ လည်နေတဲ့ အင်္ဂုံပဲ" ဟု ချူဝုက ပြောလိုက်ပြီး စုန်ကျန့်ထံသို့ တင်ပြလိုက်ပြန်၏။

တာတာရ်စစ်ဗိုလ်ချုပ်လေးလည်း ထွက်လာကာ မေးပြန်၏။

"ဒါကော သိရဲ့လား"

စုန်ကျန့်က ရယ်လိုက်လျက် -

"အင်္ဂုံလည် ဇာတ်ရုပ်များကွာ၊ ဘာဆန်းလို့လဲ"

ယခုတကြိမ်တွင်မူ တာတာရ်ဗိုလ်ချုပ်လေးက ရှစ်ရှစ်လီ ခြောက်ဆယ့်လေးကွက် ဇာတ်ရုပ်ကို ပြောင်းလိုက်၏။ အလွန်ထောင့်စေသော ဇာတ်ရုပ် ဖြစ်၏။ မိုးထိလှေကားပေါ်မှ ချူဝုကလည်း မှတ်မိ၏။

ဝုရုံသို့ -

"ဒါက ကျူကော့လျံရဲ့ ရှစ်ရှစ်ကွက် ဇာတ်ရုပ်ပဲ။ အမြီးရော ခေါင်းရော ဝှက်ထားတာ လေ။ ဘယ်သူမှ မသိရဘူး" ဟု ဆိုကာ စုန်ကျန့်ကို ကိုယ်တိုင်လာကြည့်ရန် အခေါ်ခိုင်း လိုက်ကြ၏။

"ဒီ လျောင်ဗိုလ်ချုပ်ကို လျှော့မတွက်နဲ့ နောင်ကြီး။ ဒီဇာတ်ရုပ် လေးခုစလုံးက အစဉ် အလာရှိတာတွေ ချည်းပဲ။ ဒီအတိုင်းပဲ မပြင်ဆင်ဘဲ လက်ဆင့်ကမ်းခဲ့ကြတာ။ ပထမသုံးပါး တဆူ၊ ပြီးတော့ ဆင်လေးစီး၊ နောက်တော့ လည်နေတဲ့ အင်္ဂုံ၊ နောက်ဆုံးမှာ ရှစ်ရှစ်ကွက် တဆင့် တဆင့် ပြောင်းသွားတာဗျ။ ဒီလိုပြောင်းသွားတာ ပြောစရာမရှိဘူး။ အနိုင်းမဲ့ပဲ"

စုန်ကျန့်လည်း ပြန်ဆင်းလာကာ ရှေ့သို့ ထွက်ခဲ့၏။ တာတာရ်ဗိုလ်ချုပ်လေးလည်း သူ၏ လုံပုဆိန်ကို ခြေတွင် ထိုးစိုက်ပြီး သူ့မြင်းကို ဇက်သတ်ထားကာ လှမ်းအော်၏။

"ဘာမှန်း သိရဲ့လား"

"မင်းက နို့အတ်စော်တောင် မပျောက်သေးတဲ့ ရေတွင်းထဲက

ဖားသူငယ်လေးပါလား။ မင်းသိတာ ဒါလေးပဲလား။ ဒီ ရှစ်ရှစ်ကွက် ဗျူဟာလောက်နဲ့တော့ စုန်တိုင်းပြည်က ကလေး တွေကိုတောင် လှည့်စားလို့ မရဘူးကွ”

“ဒီလို သိနေရင် မင်းလည်း ဗျူဟာ ထူးထူးခြားခြား ခင်းပြလေ။ မင်းကော ငါ့ကို အရှုံး လုပ်နိုင်မလား။ ကြည့်ကြတာပေါ့”

“ငါကတော့ ကိုးဖွဲ့ အဋ္ဌဂံဗျူဟာပဲ သိတယ်။ ဒါက မကြီးကျယ်ဘူးပေါ့ကွာ။ အေး၊ ဒါပေမဲ့ မင်း လာတိုက်ရဲရဲ့လား”

တာတာရ်ကလေးက ရယ်လိုက်လျက် -

“ဒါလေးများကွာ။ မဟုတ်တာတော့ လုပ်မယ်မကြံနဲ့၊ မင်းကို လာဖြိုပစ်မယ်။ ကြည့်နေ”

“သူက ဝဲယာ တပ်မှူးများကို အင်အားတထောင်စီ အသင့်ပြင်ထားစေ၏။

“သူတို့ကို ငါ ဝင်တိုက်မယ်။ မင်းတို့က နောက်မှ ဝင်ကူကြ” ဟု ဆိုကာ စစ်စည်များကို စတင် တီးခတ်ကြ၏။

စုန်ကျန့်ကလည်း စစ်စည်များကို မြိုင်မြိုင်ဆိုင် တီးစေပြီး တာတာရ်စစ်ဗိုလ်ချုပ်လေး ဝင်တိုက်လျှင် တပ်ကို တမင်ဖွင့်ပေးရန် မှာထားလိုက်၏။

ယန်ရှီ့က အရာရှိငယ် နှစ်ဆယ်နှင့် သံချပ်ကာမြင်း အစီးတထောင်ကို တိုက်ခိုက်ရေး တပ်အဖြစ် စုဖွဲ့လိုက်၏။ ထို့နောက် လက်ချိုး၍ တွက်ကြည့်ရာ ထိုနေ့မှာ မီးနေ့ဖြစ်ကြောင်း တွေ့ရသဖြင့် တောင်ဘက်မှ မတိုက်ရန် ဆုံးဖြတ်လိုက်၏။ သူ့တပ်ကို ရန်သူ၏ အနောက် တောင်ဘက်သို့ လှည့်၍ ဦးဆောင်သွားပြီး သူ၏တံခွန်အဖြူကို ဖြန့်ချကာ ဝင်တိုက်လေ၏။ စုန်ကျန့်တို့တပ်ထဲသို့ သူ့တပ်အင်အားတဝက်သာ ဝင်တိုက်နိုင်၏။ ကျန်တဝက်မှာ စုန်ကျန့် တို့၏ မြားမိုးကို မဖောက်နိုင်ဘဲ မိမိတို့ နေရာသို့ ပြန်ပြေးကြရ၏။

တာတာရ်လူငယ်လည်း စုန်ကျန့်တို့၏ တပ်မအတွင်းသို့ ရောက်သွားလေ၏။ ရုတ်တရက် သူ့ပတ်လည်တွင် ငွေရောင်သတ္တု အကာအရံတခု ပေါ်လာလေ၏။ “ဘယ်က ရောက်လာပါလိမ့်” ဟု သူက တွေးကာ ဝင်လာသော လမ်းအတိုင်း ပြန်ဖောက်ထွက်ရန် နောက်ပါများကို အမိန့်ပေး၏။

သို့သော် နောက်ကို လှည့်ကြည့်လိုက်သောအခါ မှိုင်းမှုန်သော ငွေရောင်ပင်လယ်ကြီး ရောက်နေသည်ကို တွေ့လိုက်ရ၏။ မြင်မြင်ရာမှာ တဂူးဂူး တဂဲဂဲမြည်နေသော ရေများကို သာ တွေ့ရ၏။ လမ်းဟူ၍ မရှိ။ စိတ်လှုပ်ရှားစွာဖြင့်

ယန်ရှို့က သူ့တပ်များကို ဦးဆောင်ကာ တောင်ဘက်သို့ ထွက်၏။ သို့သော် ဝင်လုဆဲနေ၏ အရောင်ဖြင့် မီးလုံးကြီးတလုံးက လိမ့်လာနေ၏။ ရန်သူဟူ၍ တယောက်တလေမျှပင် မမြင်ရပေ။ တာတာရ် လူငယ်လည်း ထိုဘက်သို့ မတက်ရဲပေ။

အရှေ့ဘက်သို့ ဦးလှည့်ကြပြန်၏။ ရွက်အုပ်ကောင်းသော သစ်ပင်များ၊ ရှုပ်ထွေးနေ သော ချုံနွယ်ပိတ်ပေါင်းများ၊ သမင်ချိုလို ချွန်ထွက်နေသော သစ်ခက်များက ဆီးဆို့ထား ကြ၏။ ထို့ကြောင့် ဖောက်၍ မထွက်နိုင်ကြပေ။ မြောက်ဘက်သို့ သွားပြန်သောအခါ မြူထု နက်နက်ကြီးက ကောင်းကင်ကို ဖုံးသွားပြီး တိမ်ညိုညိုများက နေကို ကွယ်ထားကြ၏။ ကိုယ့်မျက်နှာရှေ့တွင် လက်များကို ထောင်ထားလျှင်လည်း မမြင်နိုင်တော့ပေ။ ယမမင်း၏ ခန်းဆောင်အလား မှောင်မည်းနေလေ၏။

ယန်ရှို့မှာ လုံးဝ ပိတ်မိနေလေပြီ။ "စုန်ကျန့်ကတော့ မှော်ပညာသုံးနေပြီ၊ မျှော်လင့်ချက်တော့ မရှိတော့ဘူး။ အတင်းဖောက်ထွက်ရင် ထွက်၊ မဟုတ်ရင် အသေခံဖို့ပဲရှိတော့ တယ်" ဟု စဉ်းစားပြီး သူ့လူများကို အမိန့်ပေးလိုက်ပြီး အသံကုန်အော်ပြီး တက်တိုက်ကြ လေ၏။

"ဘယ်သွားမလို့ ကြံနေတာတုံး ဗိုလ်ပေါက်စလေးရဲ့ ဟူသော အသံကြီးနှင့်အတူ တပ်မှူး လူကောင်ကြီးကြီးတယောက် သူ့ဘေးတွင် ပေါ်လာလေ၏။ တင်ကျည်းတုတ် တချောင်းလည်း ယန်ရှို့၏ နဖူးဆီသို့ ပျံဝင်လာလေ၏။ မျက်စိရှင်ပြီး ဖျတ်လတ်သူဖြစ်သည့် အတိုင်း သူ့လခြမ်းပုံလှံပုဆိန်ကြီးနှင့် ဖယ်လိုက်နိုင်၏။ ချက်ချင်းပင် တင်ကျည်း နှစ်ချောင်း က သူ့လက်နက်ကို နှစ်ပိုင်း ရိုက်ချိုးလိုက်၏။ သူ့နားသို့ ရန်သူလည်း စွေ့ခနဲ ရောက်လာပြီး လူဝံလို လက်သွယ်သွယ်လေးများဖြင့် အသာပင် သူ့ကို ချုပ်လိုက်ပြီး ဝံပုလွေခါးလို နွဲ့သည့် ခါးကို လှည့်လိုက်ကာ သူ့ကို တချက်တည်းနှင့် ဆွဲယူကာ ဖမ်းလိုက်လေ၏။

သူ့မြင်းတပ်မှာလည်း အဝိုင်းခံထားရပြီးဖြစ်၍ မြင်းပေါ်မှ ဆင်းရန် အော်ပြောလိုက် သောအခါ လိုက်နာလိုက်ကြ၏။ ဘာမှ မမြင်ရအောင် မည်းမှောင်နေသဖြင့် မြင်းပေါ်မှ ဆင်းကာ အညံ့ခံရန်သာ ရှိတော့၏။ ယန်ရှို့ကို ဖမ်းသူမှာ တခြားသူမဟုတ်၊ တင်ကျည်း နှစ်လက်ကိုင်ကျားဗိုလ်မင်းဟူယန်ကျို့ပင် ဖြစ်၏။ တာတာရ်ဗိုလ်ချုပ်လေးကို ဖမ်းမိပြီဖြစ် ကြောင်းသိရသောအခါ ကုန်ဆွန်ရှုန်းကလည်း သူ့မှော်အတတ်ကို ပြန်ရုပ်သိမ်းလိုက်၏။ ကြည်လင်သော ကောင်းကင်ပြာပြာတွင် နေရောင်ခြည် ပြန်လည် ထွန်းလင်းနေလေပြီ။ ထိုစဉ်တွင် သမက်တော်နှင့် နန်းတော်စောင့်တပ်မှူးတို့က စစ်သည်တထောင်စီနှင့် စစ်ကူပေးရန် သတင်းစောင့်နေကြ၏။ သို့သော် ဘာမျှ မကြားရ။ လှုပ်လည်း

မလှုပ်ရှားရဲ ကြပေ။ သူတို့ရှေ့သို့ စုန်ကျန့် ရောက်လာပြီး သူတို့ကို ခေါ်လေ၏။

"မင်းတို့နှစ်ယောက်လည်း လက်နက်ချကြတော့။ ဘာစောင့်နေတာလဲ။ ငါတို့ ယန်ရှို့ ကို ဖမ်းမိထားပြီ"

သူ အမိန့်ပေးလိုက်သဖြင့် သူ့စစ်သည်များက တာတာရ်ဗိုလ်ချုပ်လေးကို ရှေ့သို့ တွန်းထိုးပြလိုက်ကြ၏။

နန်းတော်စောင့်တပ်မှူး ဗိုလ်ချုပ်လီသည် လှံကို ချိန်ကာ ယန်ရှို့ကို ကယ်မည်ဟု တက် လာလေ၏။ ချင်မင်းက ဝံပုလွေသွားတပ် တင်းပုတ်ကြီးကို ဝင့်ကာ ထွက်၍ ရင်ဆိုင်၏။ သူတို့နှစ်ဦး တိုက်ခိုက်ကြသည်ကို နှစ်ဖက်တပ်များက ဟိန်းထွက်သွားအောင် အော်ဟစ် အားပေးကြ၏။

ဗိုလ်ချုပ်လီမှာ ရဲစိတ်များ ပျောက်သွားပြီး လက်လည်း မမြဲချင်တော့ပေ။ တင်းပုတ်စာ တချက် မိသွားပြီး သံခမောက်နှင့်တကွ သူ့ဦးခေါင်းမှာ အစိတ်စိတ် ကွဲကြေသွားလေ၏။ မြေကြီးပေါ်သို့ ဖွဲအိတ်များ ကျသလို ကျသွားလေ၏။

သမက်တော်မှာ ထိုမြင်ကွင်းကို မကြည့်ရဲပေ။ ထို့ကြောင့် တပ်နှင့်တကွ အမြန်ပင် ဆုတ်ခွာလေ၏။ စုန်ကျန့်က သူ့လူများကို လိုက်ခိုင်း၏။ လျှောင်တပ်တော်ကြီးသည်လည်း အရေးနိမ့်သွားပြီး တားမနိုင်ဆီးမနိုင် ထွက်ပြေးကြလေ၏။ ထိုနေ့က စစ်မြင်းသုံးထောင် ကျော်ကို ဖမ်းမိလိုက်၏။ ပစ်ချထားခဲ့သော တံခွန်များ၊ လက်နက်များမှာ တောင်ကြားနှင့် အပြည့်မျှ ဖြစ်၏။ စုန်ကျန့်က သူ့တပ်များကို ဦးဆောင်ကာ ယန်ကျင်းသို့ ချီတက်လာ၏။ ရန်သူအားလုံးကို ဖယ်ရှားပြီး လျှောင်တို့၏ လက်အောက်တွင် ရောက်နေသော ကေရာဇ် မင်း ပိုင်နက်ကို ပြန်ရယူမည်ဟု ဆုံးဖြတ်ထား၏။

ပြေးလာသော တာတာရ်စစ်သည်များကလည်း ဝူယန်ထံသို့ သွားကာ သူ့သားကို ဖမ်းသွားကြောင်း၊ အရာရှိအားလုံး လက်နက်ချသွားကြကြောင်း၊ ဗိုလ်ချုပ်လီလည်း တင်းပုတ်စာ မိကာ သေရကြောင်း၊ သူ့တပ်လည်း ဘယ်ရောက်နေမှန်း မသိကြောင်း၊ သမက် တော်လည်း ထွက်ပြေးသွားကြောင်း၊ သူ့သတင်း ကိုလည်း မရကြောင်း သတင်းပို့ကြ၏။

ဝူယန်လည်း နှလုံးရပ်မတတ် ဖြစ်သွားလေ၏။ "ငါ့သားက ကလေး ကတည်းက စစ်ပညာ သင်လာတာကွ။ သူက သိပ်ကျွမ်းကျင်တာ၊ ဘယ်လိုလုပ် ဒီလူဆိုး စုန်ကျန့်က မိသွားရတာတုံး"

ပြေးလာသော လက်ထောက်တပ်မှူးများက-

"ဒီကောင် လုပ်တတ်တာက ကိုးဖွဲ့အဋ္ဌဂံဗျူဟာကွက်ပဲ ရှိတာပါဗျာ။

ကျုပ်တို့ ဗိုလ်ချုပ်လေးကဆို ဗျူဟာလေးကွက်တောင် ခင်းနိုင်တယ်။ ဒီအရိုင်းကောင်တွေ အဲဒါတွေ ကို ကြားတောင် မကြားဖူးပါဘူး။ သူက ပြောသေးတယ်။ “ငါ့ ကိုးဖွဲ့ အင္ဂဂ်ဗျူဟာကို မင်း သိတယ် ထားပါတော့၊ တိုက်ရဲရဲ့လားတဲ့။ အဲဒါနဲ့ ကျုပ်တို့က မြင်းတပ်တထောင်နဲ့ ဝင်တိုက်တော့ မြားတွေနဲ့ ဆီးပစ်လို့ အင်အားတဝက်လောက်ပဲ အထဲကို ရောက်တယ်။ တနည်းနည်းနဲ့ ဗိုလ်ချုပ်လေးကို ဖမ်းလိုက်တယ်ဗျ”

“ဒီ ကိုးဖွဲ့ အင္ဂဂံဗျူဟာလေးများကွာ၊ ဒီလောက် တိုက်ဖို့လွယ်တာကို။ သူက တခြား တခုခုကိုများ ပြောင်းလိုက်သလားပဲ”

“ကျုပ်တို့ အမိန့်ပေးစင်မြင့်ကနေ မြင်နေရတာပဲ။ သူ့တပ်တွေ မရွေ့ပါဘူး။ အလံတွေ ကလည်း မပြောင်းပါဘူး။ ဒါပေမဲ့ တိမ်မည်းကြီးတွေ အုပ်လိုက်တာပဲ ရှိတယ်”

“ဒါဖြင့် သူ မှော်ပညာသုံးတာ သေချာတယ်။ ငါတို့တပ်တွေ မစုနိုင်ရင်တော့ ဒီလူယုတ် မာကောင် ဒီကို ရောက်လာမှာ သေချာတယ်။ ငါတော့ နိုင်ရင် နိုင်၊ မနိုင်ရင် သတ်သေမယ်။ ရှေ့ပြေးတပ်ကို ဘယ်သူများ ဦးစီးပြီး ချီတက်ရဲမလဲ”

အရာရှိကြီးနှစ်ဦးက ချက်ချင်းပင် ရှေ့ကိုထွက်လာ၏။ တဦးမှာ ချိယုန်း ယောင်နယံ ဆိုသော ဗိုလ်ချုပ်တဦးဖြစ်၏။ ကျန်တဦးမှာ ကိုချင်ယွမ်းဆိုသော ယန်ကျင်းမြို့စောင့်တပ်မှ ဗိုလ်ချုပ် ဖြစ်၏။

ဝူယန်လည်း ကျေနပ်သွားလေ၏။

“သတိထားပြီး ချီတက်သွားကြ။ ရှေ့ပြေးတပ် အင်အားတသောင်း သွားယူပြီး တောင်တွေကြားမှာ လမ်းဖောက်ကြ။ လိုရင် တံတားတွေ ထိုးကြ၊ ငါတို့တပ်မ နောက်က လိုက်လာမယ်”

လက်ထောက်ဗိုလ်ချုပ် ထိုသူနှစ်ယောက်လည်း ထွက်ခွာသွားလေ၏။ ဝူယန်က အထက်တန်းဗိုလ်ချုပ် ဆယ့်တစ်ယောက်၊ လက်ထောက်ဗိုလ်ချုပ် နှစ်ဆယ့်ရှစ်ယောက်ကို တာဝန်ပေး၏။ သူ့ တပ်၏ အင်အားမှာ နှစ်သိန်းကျော်မည် ဖြစ်၏။ တပြည်လုံးမှ ရနိုင်သမျှသော စစ်သည် များကို စုစည်းလိုက်နိုင်ခြင်း ဖြစ်၏။ မင်းကြီးကိုယ်တိုင် ဦးဆောင်ရန် သူက လျှောက်ထား မည် ဖြစ်၏။

ထိုစဉ်တွင် ဗိုလ်ချုပ်ချိယုန်းနှင့် ဗိုလ်ချုပ်ကိုတို့မှာ အင်အားတသောင်းဖြင့် တောင် များအတွင်း ချီတက်လျက် ရှိလေ၏။ ကင်းထောက်များ၏ သတင်းပို့ချက်အရ ရန်သူ့ တပ်ကြီး ချီတက်လာကြောင်း သိရသဖြင့် စုန်ကျန့်တို့က ကုန်သည်ကြီးလူကို ရသမျှ အင်အားကို ခေါ်လာရန် မှာလိုက်၏။ တန်ကျို့နှင့်

ချီကျို့မှ တပ်များကို ရွှေ့ပြောင်းရန်နှင့် ဝန်မင်း ကျောက်ကိုလည်း တိုက်ပွဲကို လာရောက် အကဲခတ်ရန် ဖိတ်ကြားလိုက်၏။ ရေတပ် ဗိုလ်များကိုလည်း ပါကျို့တွင် ကမ်းပေါ်သို့ တက်ကာ ချီတက်လာကြရန် ညွှန်ကြားလိုက်၏။

ဝန်မင်းကျောက်သည် ရေတပ်ဗိုလ်များ၏ အစောင့်အရှောက်ဖြင့် နောက်ဆုံးမှ ရောက် လာ၏။ လိုအပ်သမျှ တပ်များ ယိုကျို့တွင် စုမိလေပြီ။ ဝန်မင်းကျောက်က စုန်ကျန့်ကို ချီးမွမ်း၏။

"ခင်ဗျားကတော့ အတော်အပင်ပန်းခံနိုင်တာပဲလား ဗိုလ်ချုပ်၊ ခင်ဗျားဂုဏ်သတင်း တွေကတော့ သားစဉ်မြေးဆက် သိကြ ကြားကြတော့မှာ မုချပဲ။ နေပြည်တော်ကို ပြန် ရောက်ရင် ခင်ဗျားအတွက် ကောင်းကောင်းကြီး ထောက်ခံပြီး လျှောက်တင်ပေးပါ့မယ်"

"ကျွန်တော့်လို အသုံးမကျတဲ့ အရာရှိငယ်တယောက်ကို ဂုဏ်ဖော်နေစရာ မရှိပါ ဘူးဗျာ။ ဧကရာဇ်မင်းကြီးရဲ့ဘုန်းရိပ်ကို ခိုလှုံရတာရယ်၊ ဝန်မင်း စောင်မတာကို ခံယူရတာ ရယ်ကြောင့် ကျွန်တော်က မဆိုစလောက် အောင်မြင်မှုလေးတွေကို ရတာပါ။ ဒါကလည်း ဘယ်သူမဆို လုပ်နိုင်တာတွေပါ။ ကျွန်တော် ကြားထားတာက တာတာရ်စစ်သေနာပတိချုပ် ဝူယန်က သူ့တိုင်းပြည်က စစ်အင်အားကို အကုန်ထုတ်ပြီး အင်အားနှစ်သိန်းလောက်ရှိတဲ့ တပ်ကြီးကို ဖွဲ့ပြီးတော့ ဒီဘက်ကို လာနေပြီတဲ့ဗျ။ ဒီစစ်ပွဲရဲ့ အနိုင်အရှုံးက အခုလာမယ့် တိုက်ပွဲပေါ်မှာ တည်လိမ့်မယ်။ ဒီတော့ ဒီကနေ ဆယ့်ငါးလီဝေးတဲ့ အရပ်မှာ ခံတပ်တခု တည်ပြီး ဝန်မင်းက ကျွန်တော်တို့ ညီနောင်တွေ ဒီအဆုံးအဖြတ်တိုက်ပွဲမှာ ကိုယ်စွမ်း ဉာဏ်စွမ်း အကုန်ထုတ်ကြမှာကို အကဲခတ်စေချင်ပါတယ်။ ဧကရာဇ်မင်းကြီးရဲ့ ဘုန်းတော်ကြောင့် ကျွန်တော်တို့ ဒီပွဲမှာ အောင်မြင်ပြီး မင်းကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်နိုင်မှာ မုချပါပဲ"

"အခွင့်အရေးကို ကောင်းကောင်း အသုံးချပါ ဗိုလ်ချုပ်၊ ဆွန်ဇု ပြောထားတာ ရှိတယ်လေ။ "များများတွက်တာနဲ့ နည်းနည်းတွက်တာက အနိုင်အရှုံးကို ဆုံးဖြတ်သွားတာ ပဲတဲ့"။ ခင်ဗျား ဗျူဟာကို သေသေချာချာ ဆွဲပါ။ အချက်အလက်တိုင်းကို အသေးစိတ် ဆင်ခြင်သုံးသပ်ပါ"

စုန်ကျန့်၊ လူကွမ်းယီနှင့်အတူ တပ်ကြီးကို ဦးစီး၍ ချီတက်လာခဲ့၏။ ယိုကျို့ပြည်နယ်၊ ယုန်ချင်းခရိုင်မြို့ကို ဝိုင်းကာ တပ်များကို ချထားပြီး ခံစစ်ပြင်ဆင်ထား၏။ ခေါင်းဆောင် အားလုံးက စခန်းဗဟိုထဲတွင် စုကာ စည်းဝေးနေကြ၏။

စုန်ကျန့်က-

"ဝူယန်ကတော့ တပ်ကြီးနဲ့ ချီတက်လာနေပြီ။ ဒီကိစ္စက အသေးအဖွဲ မဟုတ်ဘူး။ ဒီတိုက်ပွဲက ကျုပ်တို့အတွက် သေရေးရှင်ရေးကို အဆုံးအဖြတ်ပေးလိမ့်မယ်။ နောင်ကြီး တို့က ရှေ့ကိုပဲ တိုးရမယ်။ ဘယ်တော့မှ နောက်မဆုတ်ရဘူး။ အသေးဆုံး ဂုဏ်ထူးဆောင်မှု ကိုကအစ နန်းတော်ကို တင်ပြပေးမယ်။ ဆုလာဘ်ကိုတော့ ညီတူညီမျှ ဝေယူကြမယ်။ တဦးတယောက်တည်းက အခွင့်အရေး မယူရဘူး"

ခေါင်းဆောင်အားလုံးက ထ ရပ်လိုက်လျက်-

"နောင်ကြီး အမိန့်ကို ဘယ်တော့မှ မဖီဆန်ဝံ့ပါဘူး။ နောင်ကြီးရဲ့ ကရုဏာတရားကို ပေးဆပ်ဖို့ အကောင်းဆုံး လုပ်ပါ့မယ်"

ထိုစဉ် အရာရှိငယ်တဦး ရောက်လာကာ လျှောင်တမန်တဦး ရောက်လာကြောင်း သတင်းပို့လေ၏။

စုန်ကျန့်က ထိုသူကို ခေါ်ခိုင်းလိုက်ပြီး သဝဏ်လွှာကို ဖတ်၏။ လျှောင်တိုင်းပြည်၏ စစ်သေနာပတိချုပ် ဝူယန်၏ လက်အောက်ခံ ဗိုလ်ချုပ်ချိယုန်းနှင့် ဗိုလ်ချုပ်ကိုတို့က ရှေ့ပြေး တပ်အနေဖြင့် မနက်ဖြန်တွင် အဆုံးအဖြတ်ပေးမည့်တိုက်ပွဲကို ဆင်နွှဲရန် စုန်တပ်တော်ကို စိန်ခေါ်လိုက်ခြင်းပင် ဖြစ်၏။ စုန်ကျန့်က လက်ခံကြောင်း သဝဏ်လွှာအောက်ခြေတွင် ရေးပေးလိုက်၏။ ထို့နောက် အစားအသောက် ကျွေးမွေးကာ ပြန်လွှတ်လိုက်လေ၏။ နောက်တနေ့နံနက်တွင် အနိုင်အရှုံးကို ဆုံးဖြတ်တော့မည် ဖြစ်၏။

အချိန်မှာ ဆောင်းဦးရာသီနှောင်းပိုင်း ဆောင်းရာသီအစောပိုင်း ဖြစ်၏။ စစ်သည်များ မှာ ချပ်ဝတ်ထူထူကြီးများကို ဝတ်ထားကြပြီး မြင်းများကိုလည်း သားရေပြားများ ခြုံပေး ထားကြ၏။ နံနက်မလင်းမီကပင် စုန်တပ်တော်သည် စားသောက်ပြီးပြီ ဖြစ်၏။ မိုးကုပ် စက်ဝန်းမှ နေဝန်းပေါ်လာသောအခါ စခန်းကို သိမ်း၍ ချီတက်ကြ၏။ ငါးလီမျှပင် မရောက် လိုက်မီမှာ လျှောင်တပ်များကို အဝေးတွင် လှမ်း၍ မြင်ရ၏။

ရန်သူ၏ အလံနက်အုပ်စုထဲတွင် တံခွန်နှစ်ခုက တောက်ပနေ၏။ စစ်စည်သံများ ဟိန်းထွက်လာပြီး၊ ကြက်လျှာတံခွန်များ ရှဲသွားပြီး ဗိုလ်ချုပ်ချိယုန်း ထွက်လာ၏။ လှံကို အသင့်ချိန်ထားပြီး စစ်မြေပြင်အစပ်တွင် မြင်းကို ဇက်သတ်လိုက်၏။

စုန်ကျန့်က ထိုသူ၏ သူရဲကောင်းဟန်ပန်ကို အထင်ကြီးမိ၏။ "ကဲ ဘယ်သူများ ဒီဗိုလ်ချုပ်နဲ့ ယှဉ်မလဲ" ဟု မေး၏။

နဂါးကိုးကောင်ရိုကျင်းက ဓားလွတ်ကို စွဲကာ မြင်းကို အပြင်းနှင်၍ထွက်၏။ မြင်းချင်း ဆုံမိကြ၊ မြင်းစီးချင်း တိုက်ပွဲဝင်မိကြလေပြီ။ ထိုးခုတ်သော လှံချက်၊ ဓားချက်တို့မှာ မျက်စိမူးနောက်ဖွယ်ပင် ဖြစ်၏။ လက်လေးဖက်က လှုပ်ရှားကြ၏။ ခွာရှစ်လုံးက မြေကို ညက် ညက်ပါအောင် နယ်ကြ၏။ အချီနှစ်ဆယ် သုံးဆယ်ကျော် တိုက်ခိုက်ပြီးသော် သူအားကျ လာသည်ကို ရိုကျင်းက သိသဖြင့် ဆုတ်ပြေး၏။ ချိယုန်းက ထက်ကြပ်လိုက်လာ၏။

စုန်ကျန့်နောက်တည့်တည့်တွင် ရှိနေသော ဟွရုံက လေးတွင် မြားတပ်ကာ ရှေ့သို့ မြင်းစီးထွက်လာ၏။ တာတာရ်ဗိုလ်ချုပ် နီးလာသောအခါ မြားကို လွှတ်လိုက်၏။ မြားမှာ ချိယုန်း၏မျက်နှာကို မှန်ကာ မြင်းပေါ်မှ ပြုတ်ကျလေ၏။ ပြုတ်ကျသံကို ကြားသဖြင့် ရိုကျင်းက ပြန်လှည့်လာပြီး ဓားတချက် ဝင့်လိုက်ကာ ချိယုန်းကို ဇီဝိန်ခြွေလိုက်၏။ စွမ်းရည်ရှိသော စစ်သည်တဦး ဖြစ်စေကာမူ တာတာရ်ဗိုလ်ချုပ်ခမျာ သနားစဖွယ် အသက် ဆုံးရှုံးရလေ၏။

ချိယုန်း ကျသွားသည်ကို မြင်ရသော ဗိုလ်ချုပ်ကို၏ နှလုံးသားအတွင်း၌ ဒေါသအလုံး ဆို့တက်လာ၏။ သည်းခြေအိတ်တွင်လည်း အမျက်များ လျှံတက်လာလေ၏။ လှံကို ချိန်လျက် မြင်းကို ဒုန်းစိုင်း၍ ထွက်လာရင်း အော်မေးလိုက်၏။

“ဘယ်ဓားပြလဲကွ၊ ငါ့ညီကို ချောင်းပစ်တာ”

ဗိုလ်ချုပ်ပျော့ ဆွန်လီက မြင်းဒုန်းစိုင်းစီးကာ ထွက်၍ တွေ့၏။ စစ်စည်သံမှာ မိုးထိအောင် ဟိန်းလာလေ၏။ ဟစ်ကြွေးသံမှာလည်း နားကွဲမတတ်ပင် ဖြစ်၏။ ဆွန်လီ၏ လှံ ချက်များမှာ နတ်ဝင်စီးထားသကဲ့သို့ ဖြစ်၏။ ဗိုလ်ချုပ်ကိုမှာ ဆယ်ပုံတွင် ရှစ်ပုံမျှ ကြောက် လာလေပြီ။ အချီနှစ်ဆယ်ခန့် တိုက်ပြီးသော် မြင်းကို လှည့်၍ ပြေးလေ၏။ သူ့တပ်ကို မထိပါးစေရန် ရှောင်ကွင်းလျက် အရှေ့မြောက်ဘက်သို့ ပြေး၏။

ဆွန်လီလည်း ဂုဏ်ထူးဆောင်ချင်သဖြင့် မလျှော့မတမ်း လိုက်လေ၏။ ထိုမှာ ခရီး အတော်ပေါက်နေလေပြီ။ ဗိုလ်ချုပ်ပျော့က သူ့လှံကို ကွင်းတွင်စွပ်ကာ လေးကို ကိုင်၍ မြားတပ်လိုက်ပြီး အားကုန်ဆွဲ၍ ကို၏ နောက်ကျောကို ချိန်ကာ လွှတ်လိုက်၏။

တာတာရ်မှာ လေးညို့သံကို ကြားရသဖြင့် ကိုယ်ကို ဝပ်ချလိုက်ပြီး တဝီဝီအသံ ပေး၍ လာသော မြားကို ဖမ်းဆွဲလိုက်၏။ ဆွန်လီက သူ့ရန်သူကို ချီးကျူးမိ၏။ ကိုကမူ ရယ်လျက် သရော်လေ၏။

“ဒီကောင်က သူ့ကိုယ်သူ လေးသမားတဲ့”

မြားကို ကိုက်လိုက်ပြီး လှံကို ကွင်းတွင် စွပ်သည်။ လေးကို ထုတ်ကိုင်ကာ မြားတပ် လိုက်ပြီး ကိုယ်ကိုလှည့်၍ ဆွန်လီ၏ ရင်ဘတ်ကို ပစ်ထည့်လိုက်၏။

ဗိုလ်ချုပ်ပျော့လည်း တာတာရ်၏ အကြံကို ရိပ်မိသဖြင့် မြင်းကို ကွေ့ချည်ကောက်ချည် စီးနေ၏။ သူ့အနားသို့ မြား ရောက်လာသောအခါ ကိုယ်ကို နောက်သို့ လွဲချလိုက်ရာ မြားလည်း ဖြတ်သန်းသွားလေ၏။ သူ့မြင်းမှာ ဟန်ချက်ကို မထိန်းနိုင်သဖြင့် ယိမ်းထိုး ယိုင်ထိုးဖြင့် အသားကုန် ပြေးလေ၏။

ကိုက လေးကို ပခုံးတွင် လွယ်ပြီး နောက်ကို ပြန်ကြည့်လိုက်ရာ ဆွန်လီ မြင်းပေါ်တွင် မှောက်နေသည်ကို မြင်လိုက်ရ၏။

"ဒီကောင်တော့ မြားမှန်သွားပြီ" ဟု ထင်မိ၏။

သို့သော် ဆွန်လီမှာ ဟန်ဆောင်နေခြင်းသာ ဖြစ်၏။ သူ့ ခြေထောက်သန်သန်ကြီး များဖြင့် မြင်း၏ ခါးလယ်ပိုင်းကို ညှပ်ထားသဖြင့် ပြုတ်မကျပေ။ ကိုက မြင်းကို အရှိန်လျှော့ လိုက်ကာ ရန်သူကို ဖမ်းမည်ဟု နောက်ပြန်လှည့်လာ၏။ မြင်းနှစ်စီး တလံနှစ်လံမျှသာ ဝေးတော့သောအခါ ဆွန်လီက ထထိုင်လိုက်လျက် -

"ငါ မဖမ်းရင် မင်း ထွက်ပြေးမှာပဲ" ဟု အော်လိုက်၏။

ကိုမှာ ကြောင်သွားသော်လည်း ပြန်အော်လိုက်၏။

"မင်း ငါ့မြားကို ရှောင်နိုင်တယ်။ ငါ့လှံကော ရှောင်နိုင်ပါ့မလား"

လှံကို အားကုန် ထိုးလိုက်၏။ ဆွန်လီက သူ့ရင်ဘတ်ကို အားထုတ်၍ ဖွင့်လိုက်ရာ လှံသွားမှာ သံချပ်ကာကို ထောက်မိပြီးမှ ချော်ထွက်သွားလေ၏။ ချက်ချင်းပင် ရန်သူ့ကို အတင်းဝင်လုံးကာ သူ့ခါးတွင် ဆွဲထားသော သံတုတ်ကို ဖြုတ်ပြီး ရိုက်ချလိုက်ရာ ကို၏ ဦးထိပ်တခြမ်းပွဲ့ကျသွားလေ၏။ ချင်ယွမ်တွင် ဘဝတလျှောက်လုံးနီးပါး အရာရှိလုပ်ခဲ့သော တာတာရ်ခမျာ ဆွန်လီ၏ လက်ချက်ဖြင့် သေရရှာလေ၏။ သူ့အလောင်းမှာ သူ့မြင်းခြေရင်း တွင် ပုံနေလေ၏။

လှံကို မြှောက်ကာ ဆွန်လီလည်း တပ်ရှေ့သို့ ပြန်ခဲ့၏။ စုန်ကျန့်တို့ တတပ်လုံးလည်း ရန်သူကို တက်၍ တိုက်ကြ၏။ ခေါင်းဆောင်မရှိတော့ပြီ ဖြစ်၍ တာတာရ်များလည်း ခြေဦး တည့်ရာသို့ ကစဉ့်ကလျား ပြေးကြ၏။

ရှေ့မှ အမြောက်သံ တဒိန်းဒိန်း ထွက်လာသောအခါ စုန်ကျန့်တို့မှာ ရန်သူကို လိုက်၍ ကောင်းတုန်းဖြစ်၏။ ရေကြောင်းမှ ဝင်လာနိုင်သော လမ်းများကို ရေတပ်ဗိုလ်များကို ပိတ် ဆို့ခိုင်းလိုက်၏။ ဟွရုံ၊ ချင်မင်း၊ လူ့ဖန်၊ ကောက်ရှိန်းတို့ကို

တောင်ပေါ်တက်၍ ရန်သူ့အကဲ ခတ်ရန် ခိုင်းနေစဉ်တွင် တာတာရ်များလည်း မြေလုံးပြည့်မျှ အုပ်ဖွဲ့ကာ လိမ့်ဆင်းလာကြ သည်ကို တွေ့လိုက်ရ၏။ စုန်ကျန့် ကြောက်သွားလေပြီ၊ လိပ်ပြာစဉ်မတတ်ပင် ဖြစ်ရလေ၏။

မှန်ပေ၏။ လူတယောက် မည်မျှပင် တော်စေကာမူ ဘေးရန်မှ လွတ်ရန် ခဲယဉ်း၏။ မည်သူ၏ တပ်ကြီး ချီလာပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း- ၈၈

စစ်သေနာပတိချုပ်ယန် နက္ခတ်သဘင်ဖြင့် တပ်ဖြန့်ခြင်း

စုန်ကျန့်ကို ဂမ္ဘီရမယ်တော် အိပ်မက်ပေးခြင်း

တောင်ကမူ တခုပေါ်မှနေ၍ စုန်ကျန့်သည် လျောင်တပ်တော်ကို ကြည့်ပြီးနောက် ယုန်ကျင့် ခရိုင်ရှိ တောင်ကြားတခုသို့ ဆုတ်ခွာရန် အမိန့်ပေးလိုက်၏။ ထိုစခန်းတွင် သူ၏ တဲ၌ ကုန်သည်ကြီးလူ၊ ဝုရှုံ၊ ကုန်ဆွန်ရှုန်းတို့နှင့် တိုင်ပင်လေ၏။

"ကျုပ်တို့က တိုက်ပွဲတိုင်းမှာ နိုင်ပြီး သူတို့ဗိုလ်ချုပ်နှစ်ယောက်ကိုတောင် သတ်လိုက် တယ်ဆိုပေမယ့် တွေ့ရတဲ့ တပ်ကတော့ တော်တော်ကြီးတယ်၊ အင်အားများတယ်ဗျ။ တက်လာလိုက်တဲ့ စစ်သည်အတန်းလိုက်တွေ ဆိုတာ ဆုံးကို မဆုံးတော့ဘူး။ သူတို့ကို တကယ့်တပ်ကြီးနဲ့မှ ရင်ဆိုင်နိုင်မှာ။ ကျုပ်တို့အင်အားက သူတို့ထက် နည်းတယ်။ ဘယ်လို လုပ်ရင် ကောင်းမလဲ"

ဝုရှုံက -

"ရှေးတုန်းကတော့ စစ်ရေးကျွမ်းကျင်တဲ့ စစ်သူကြီးတွေက အင်အားကြီးတဲ့ ရန်သူ တွေကို လှလှပပကြီး တိုက်နိုင်ခဲ့တယ်။ ကျင်တိုင်းပြည်က ရှီရွမ်ဆိုရင် အင်အားငါးသောင်း တည်းနဲ့ သူတို့ထက်နှစ်ဆများတဲ့ ဖူကျန့်တပ်တွေကို တိုက်ထုတ်ပစ်လိုက်တာပဲ။ ဒီလို သာဓကတွေ အများကြီး ရှိပါတယ်ဗျာ။ ဘာကို စိုးရိမ်နေတာလဲ နောင်ကြီးရဲ့၊ တပ်သားတွေ ကို စစ်ပြင်ဖို့ အမိန့်ထုတ်လိုက်ပေါ့။ လေးတွေ မြားတပ်ထားရမယ်၊ ဓားတွေကို အိမ်က ချွတ် ထားရမယ်။ သမင်ချို အတားအဆီးတွေ ထုနဲ့ ခင်းပြီး တပ်စခန်းတွေကို သတိနဲ့ စောင့်ကြ ရမယ်။ ကတုတ်ကျင်းတွေ ကောင်းကောင်းတူးရမယ်။ ခံတပ်တွေကို ခိုင်ခိုင်ဆောက်ရမယ်။ လက်နက်တွေကို အကုန်ခင်းထားရမယ်။ မြို့တက်လှေကားတွေ၊ အမြောက်တွေလည်း တိုက်ပွဲဝင်ဖို့ အသင့်ပြင်ထားရမယ်။ အားလုံး စနစ်တကျ အသင့်ဖြစ်နေရမယ်ပေါ့။ ဗျူဟာ ကတော့ ကိုးတပ်ဖွဲ့၊ အဋ္ဌဂံပဲ။ အဲဒါ ကျုပ်တို့ ခံစစ်ဗျူဟာပဲ။ သူတို့ကောင်တွေ လူတသန်း လာဦးတော့ မတိုက်ရဲစေရဘူး"

"တော်တယ်ဗျာ၊ စစ်ဘက် အကြံပေးကြီး" ဟု စုန်ကျန့်က ချီးမွမ်းကာ အမိန့်များကို ထပ်ဆင့် ထုတ်လိုက်ပြီး စစ်တိုက်စစ်ဆင်ရမည့် အမိန့်ကို စောင့်ခိုင်းထားလိုက်၏။

နောက်တနေ့ နေမထွက်မီ အပြီး နံနက်စာ စားကြ၏။ မိုးကုပ်စက်ဝိုင်းမှ နေ ရှင်းရှင်း လင်းလင်း ထွက်လာချိန်တွင် စခန်းသိမ်းကာ ချန်ပင်းခရိုင် နယ်စပ်အထိ ချီတက်ပြီး တိုက်ပွဲဝင်ပုံစံဖြင့် တပ်ကို ခင်းကျင်းထားလိုက်၏။ ရှေ့ဖျားတွင် မြင်းတပ် ရှိ၏။ ထို့နောက် ဗိုလ်ချုပ်ချင်မင်း ဦးဆောင်သော ခြေလျင်တပ်များ၊ ဟူယန်ကျို့က နောက်ရံတပ်၊ ဘယ် ဘက်တွင် ကွမ်ရှိန်း၊ ညာဘက်တွင် လင်ချုံး၊ စိုကျောက်က အရှေ့တောင်၊ ရှုနင်က အရှေ့ မြောက်၊ တုန်ပင်းက အနောက်တောင်၊ ယန်ချီက အနောက်မြောက် စသည်ဖြင့် အသီးသီး တာဝန်ယူ ကွပ်ကဲကြရ၏။ တပ်မကို စုန်ကျန့်က ကွပ်ကဲမည်။ နောက်ရံ ခြေလျင်တပ်ကို ကုန်သည်ကြီးလူကွမ်းယီက ရှင်ဉာဏနှင့် ဝုဆုန်တို့နှင့်အတူ ကွပ်ကဲမည် ဖြစ်၏။

ထောင်နှင့်ချီသော တပ်သားများ၊ တပ်ဗိုလ်များ၊ စစ်ပညာရှင်များ အပါအဝင် တပ် တော်ကြီးတခုလုံးသည် ထိုးခုတ် သတ်ဖြတ်လိုလှပြီဖြစ်၍ လက်ယားနေကြလေပြီ။ လက်ဝါး ချင်းပွတ်ကာ တာတာရ်များကို စောင့်နေကြလေပြီ။

မကြာလိုက်ပါ။ လျောင်တပ်များ ချီတက်လာသည်ကို လှမ်းမြင်ကြရ၏။ ရှေ့ဆုံးမှ တပ် ခြောက်တပ် ချီတက်လာ၏။ ရန်သူကို ဖောက်ထွင်းမည့် သပ်အဖြစ်ရော အကာအရံဒိုင်း များအဖြစ်ပါ တာဝန်ထမ်းဆောင်မည့် တတပ်လျှင် အင်အား ငါးရာစီဖြင့် ဘယ်ဘက်တွင် သုံးတပ်၊ ညာဘက်တွင် သုံးတပ် ချီတက်လာ၏။ ယင်း တပ်များ၏ အနေအထားမှာ အမြဲ ပြောင်းနေ၏။

သူတို့နောက်မှ ပင်မတပ်ကြီး လိုက်ပါလာ၏။ ထိုတပ်ကြီးမှာ မြေလုံးနှံ့မျှ ဖြန့်ထားလေ ၏။ တပ်ဦးတွင် အလံနက်များကို ပင်လယ်ဝေမျှ တွေ့ရ၏။ မြင်းတပ်ခုနစ်တပ်ကို တပ်ဖြန့် ထား၏။ တတပ်တွင် မြင်းသည် တထောင်ကျ ပါဝင်ပြီး တပ်မှူးကြီး တဦးစီက ကွပ်ကဲ လာ၏။ ထို တပ်မှူးများမှာ မည်သို့ ဝတ်ဆင်ထားပါသနည်း။ မောက်တို၊ မျဉ်းတိုအင်္ကျီ ချပ်ဝတ်များသာ အနက်ရောင် ဖြစ်သည် မဟုတ်သေး။ မြင်းများသည်လည်း တည်သား ကဲ့သို့ နက်မှောင်နေ၏။ တပ်တဖွဲ့စီကို ကမ္ဘာမြောက်ဘက်ရှိ နက္ခတ်တခုစီ၏ အမည်ဖြင့် မှည့်ခေါ်ထား၏။

ယင်း တပ်ခုနစ်တပ်ကို ကွပ်ကဲရသော ဗိုလ်ချုပ်၏ တံခွန်တွင် ရေဓာတ်ကို ကိုယ်စားပြု သော ဗုဒ္ဓဟူးဂြိုဟ်ပုံကို ရေးဆွဲထား၏။ သူကကော မည်သို့ ဝတ်ဆင်ထားပါသနည်း။ အညို ရောင် ခေါင်းပေါင်းကို နဖူးအုပ်အောင် ပေါင်းထားပြီး အနက်ရောင်ပိုးချည်အမျှင်တွေလို နူးညံ့ရှည်လျားသည့် ဆံပင်များကို ထိန်းထား၏။ အနက်ရောင် မျဉ်းတိုအင်္ကျီပေါ်တွင် ငွေချပ်ဝတ်ကို ထပ်ဝတ်ထားရာ မြင်ရသည်နှင့် ကျောစိမ့်သွားစေ၏။ ဝင်းဝင်းလက်နေသော ငွေချပ်ဝတ်ပေါ်တွင် ခြသေ့်ခေါင်းပုံ ထုထားသော ခါးပတ်ခေါင်းကို မြင်ရ၏။ လွယ်ထားသော လေးမှာ မီးသင်းထားသော ပေါ်ပလာသားဖြင့် ပြုလုပ်ထားပြီး မာန်သွင်းနေသော သားရဲ များ၊ ငါးပုံများ၏

ပုံများကို ထုထား၏။ ကွင်းရှစ်ကွင်း တပ်ထားသော နှစ်ဖက်သွား ဓား ဦးချွန်ကြီးကို ကိုင်ထား၏။ သူ့အမည်မှာ ချူလီ ချူကျင်း ဖြစ်၏။ အင်အား သုံးထောင်ရှိသော သူ့ကိုယ်ရံတော်တပ်မှ တပ်သားများ၏ ဆံပင်မှာ ပခုံးထိအောင် ရှည်၏။ သူတို့၏အလံတွင် မြောက်ဘက် နဂါးငွေ့တန်းပုံကို ဖော်ထား၏။ သူတို့၏ အရန်ဖြစ်သော ခြေလျင်တပ်မှာ မရေမတွက်နိုင်အောင်ပင် အင်အားများလှ၏။

ဘယ်ဘက် တပ်ဖွဲ့၏ တံခွန်များတွင် အစိမ်းရောင်နဂါးများက လူးလွန့်နေကြ၏။ အထက်ပါအတိုင်း တပ်မှူးကြီး ဦးစီးလာသော အင်အားမှာလည်း အထက်ပါအတိုင်း ဖြစ်သော မြင်းတပ်ခုနစ်တပ်ဖြင့် ဖွဲ့စည်းထား၏။ ထိုတပ်များ၏ တပ်မှူးများ မည်သို့ ဝတ်ဆင်ထားပါသနည်း။ လေးစပ် စပ်၍ ချုပ်ထားသော မောက်တိုများကို ဆောင်းထား ကြ၏။ ပိန်ညှင်းငှက်အစိမ်းရောင် မျဉ်းတိုအင်္ကျီများပေါ်တွင် ပေါ်ပလာရွက်ပုံ အကြေးများ ဖြင့် ဖုံးအုပ်ထားသော ချပ်ဝတ်ကို ဝတ်ထားကြ၏။ သူတို့မြင်းများ၏ လည်ဆံမွေးများကို အစိမ်းရောင် ဆိုးထားကြ၏။ ပုံမှန်လက်နက်များကိုသာ ကိုင်ထားကြ၏။ တပ်ဖွဲ့တဖွဲ့စီ၏ တံခွန်များတွင် အရှေ့ဘက်ခြမ်းမှ နက္ခတ်တခုစီကို မြင်ရ၏။ ယင်း တပ်ဖွဲ့၏ ခေါင်းဆောင် ဗိုလ်ချုပ်၏ တံခွန်တွင် အရှေ့အရပ်၏ နဂါးစိမ်း ကြာသပတေးဂြိုဟ်၏ ပုံကို ရေးဆွဲထား၏။

သူကကော မည်သို့ ဝတ်ဆင်ထားပါသနည်း။ သူ့ မောက်တိုမှာ ခြသေ့်ခေါင်းပုံ ရှိ၏။ အစိမ်းရောင်မျဉ်းတိုအင်္ကျီပေါ်တွင် မြင်းသားရေဖြင့် ချုပ်ထားသော ချပ်ဝတ်ကို ထပ်၍ ဝတ်ကာ ကျောက်စိမ်းပြားများကို ရွှေကွင်းများနှင့် ချိတ်ဆက်ထားသော ခါးပတ်ကို ပတ် ထား၏။ သူ့ဖိနပ်၏ ဦးမှာ သိမ်းငှက်နှုတ်သီးကဲ့သို့ ကွေးကာ ချွန်နေ၏။ ကိုယ်ပေါ်တွင် မြားကျည်တောက်နှင့် လေး သာမက လခြမ်းပုံအသွားရှိသည့် လှံပုဆိန်ကြီးကို ကိုင်လာ၏။ လှံပုဆိန်ကြီး၏ အရိုးကို ရွှေနဂါထာဖြင့် ခြယ်လှယ်ထား၏။ သူ့မြင်းမှာလည်း ထင်းရှူးစိမ်း ရောင်ဖြစ်၏။ သူ့အမည်မှာ ချီအာဖိုလန် ဖြစ်၏။ သူ့ကိုယ်ရံတော်တပ်မှာ တံခွန်စိမ်းများ ကိုင်ထားသော မြင်းသည်သုံးထောင် ဖြစ်၏။ အထောက်အကူအဖြစ် ပါလာသော ခြေလျင် တပ်မှာလည်း အထက်နည်းတူ မရေမတွက်နိုင်အောင် ဖြစ်၏။

ညာဘက်တပ်မှာလည်း အထက်ပါအတိုင်း ဖြစ်၏၊ တံခွန်အရောင်၊ စစ်ဝတ်အရောင် စစ်သည်များသာ ကွဲပြား၏။ ယင်းတို့၏ တံခွန်များတွင် ကျားဖြူရုပ် ပါရှိ၏။ တပ်မှူးများက ရေပြင်အရောင်လို လက်နေသော မောက်တိုများကို ဆောင်းကာ အဖြူရောင်ပိုးမျဉ်းတို အင်္ကျီများပေါ်တွင် အရောင်လက်နေသော ငွေချပ်ဝတ်ကို ဝတ်ထားကြ၏။ မြင်းဖြူများကို စီးကြ၏။ ယင်း တပ်ခုနစ်တပ်ကို အနောက်မိုးကောင်းကင်ရှိ နက္ခတ်ခုနစ်လုံးကို စွဲကာ အမည်ပေးထား၏။

သူတို့ဗိုလ်ချုပ်၏အလံတွင် အနောက်မိုးကောင်းကင်မှ စနေဂြိုဟ်၏ပုံကို

ရေးဆွဲထား ၏။ သူ ဝတ်ဆင်ပုံမှာ ဤသို့ ဖြစ်၏။ ရစ်ငှက်၏ အတောင်များ ထိုးထားသော မောက်တို ချွန်ချွန်ကို ဆောင်းထား၏။ ငွေနန်းချည်များကို နှစ်ထပ် ထိုးရက်ထားသော ချပ်ဝတ်ကို ပျံ့လွင့်နေသော နှင်းပွင့်များ ပုံဖော်ထားသည့် ပိုးမျဉ်းတိုအင်္ကျီပေါ်တွင် ထပ်၍ ဝတ်ထားပြီး မှိန်မှိန်သာ လက်သည့် ကျောက်စိမ်းခါးပတ်ကို ပတ်ထား၏။ သူ စီးသည့် မြင်းမှာ ညမှာ လင်းသည့်ကျောက်စိမ်းဖြူ မြင်းမျိုး ဖြစ်၏။ ကိုင်ဆောင်သည်မှာလည်း ငွေရောင်လက် နေသည့် သံမဏိလှံပုဆိန် ဖြစ်၏။ သူ့အမည်မှာ ဝူလီကိယန် ဖြစ်၏။ သူ့ကိုယ်ရံတော်တပ်မှာ တံခွန်ဖြူများကို ကိုင်ထားကြ၏။ အင်အားမှာ အထက်နည်းတူ၊ အထောက်အကူ ခြေလျင် တပ်မှာလည်း အထက်နည်းတူပင် ဖြစ်၏။

နောက်ရံတပ်များမှာ ပန်းရောင်လွင်လွင် တံခွန်များကြောင့် ထင်း၍ နေပေ၏။ တပ် အရေအတွက်နှင့် အင်အားမှာ အထက်နည်းတူ ဖြစ်သော်လည်း တပ်မှူးများက မောက်တို နီနီ၊ မျောက်သွေးရောင် မျဉ်းတို၊ မက်မွန်သီးရောင် သံချပ်အင်္ကျီတို့ကို ဝတ်ဆင်ထားကြ၏။ ယုန်နီဟုခေါ်သော မြင်းနီကြီးများကို စီးထားကြ၏။ တပ်များကိုမူ တောင်ဘက် မိုးကောင်း ကင်ရှိ နက္ခတ်ခုနစ်လုံး၏ အမည်ဖြင့် အမည်ပေးထားကြ၏။ ဤတပ်များကို ကွပ်ကဲသည့် ဗိုလ်ချုပ်၏ တံခွန်တွင် ရဲရဲတောက်သော အင်္ဂါဂြိုဟ်၏ ပုံကို တွေ့ရ၏။ သူကကော မည်သို့ ဝတ်ဆင်ထားပါသလဲ။ သူ့မောက်တိုတွင် အနီရောင်ပန်းဖွားများဖြင့် ရဲရဲတောက်နေ၏။ မျဉ်းတိုအင်္ကျီမှာ ခရမ်းနီရောင် ပြေးနေသော ပန်းရောင် ဖြစ်၏။ ချပ်ဝတ်မှာ နေဝင်ချိန် တိမ်တောက်နေသည့်အဆင်ကို ဖော်ထား၏။ ဖိနပ်များကို ချုပ်ထားသည့် အပ်ချည်ပင်လျှင် အနီရောင် ဖြစ်၏။ သူ့ခါးပတ်မှာလည်း အနီရောင် ဖြစ်သည်ကို ပြောရန်ပင် လိုမည် မထင် တော့။ လေးနှင့် မြားတို့အပြင် ခြောက်တောင်မျှ ရှည်သော နဂါးခားကြီးကိုလည်း ကိုင် ဆောင်၏။ သူကား ဗိုလ်ချုပ်တုန်ရှုန်ဝင်ရှန်း ဖြစ်၏။ သူ့ကိုယ်ရံတော်တပ်၏ ကြက်လျှာများ မှာအနီရောင်ဖြစ်ပြီး အလံပေါ်တွင် တောင်အရပ်မှ နဂါးငွေ့တန်း နက္ခတ်သုံးလုံးကို မြင်ရ၏။ အထောက်အကူပြု ခြေလျင်တပ်များမှာလည်း အနီရောင်ပန်းဖွားများ ပါသည့် အနီရောင် အပ်ချည်ဖြင့် ချုပ်ထားသော စစ်ဝတ်များကို ဝတ်ထားကြ၏။

လျောင်တပ်များ အားလုံး၏ ရှေ့တွင် ဘယ်ဘက်ခြမ်း၌ မြင်းသည် ငါးထောင် ရှိ၏။ ရွှေချည်ဖြင့် ချုပ်ထားသော ဦးထုပ်များ၊ ပန်းရောင်မျဉ်းတိုအင်္ကျီများ၊ ရွှေရောင် ချပ်ဝတ် များ ဝတ်ဆင်ထားကာ ရဲရဲတောက်နေသော တံခွန်များကို ကိုင်ထားကာ အုန်းခွံရောင် မြင်းများကို စီးထားကြ၏။ သူတို့၏တပ်မှူးမှာ ခေါင်ရမ်းပန်းပုံ ရွှေချည်ထိုးထားသော ဦးထုပ်ကို ဆောင်းထား၏။ ရဲရဲတောက်နေသော မျဉ်းတိုအင်္ကျီ၊ ရွှေနန်းကြိုးများဖြင့် ထိုးရက်ထားသော ချပ်ဝတ်၊ ကျောက်မျက်စီ ရွှေခါးပတ်တို့ကို ဝတ်ဆင်ထားပြီး နေနှင့် လ ဟု အမည်ရှိသော

ခါးနှစ်စင်းကို ကိုင်၏။ အရောင်ငါးရောင် တောက်နေသော မြင်းနီကြီးကို စီးထား၏။ သူကား မင်းသား ယဲလူတေချုန်း ဖြစ်၏။ လျောင်ဘုရင်၏ ညီတော် ဖြစ်၏။ သူ့အလံတွင် နေဝန်းပုံကို ရေးဆွဲထား၏။

ညာဘက်ခြမ်းတွင်မူ မိန်းမ မြင်းသည်ငါးထောင် ရှိ၏။ ငွေရောင်ဦးထုပ်၊ ငွေရောင် မျဉ်းတိုအင်္ကျီ ၊ ငွေရောင် ချပ်ဂတ်၊ အဖြူရောင်တံခွန်များကို ဆင်ယင်ဝတ်စားထားရုံမျှမက ငွေရိုးတပ် လှံများကိုပါ ကိုင်ဆောင်ထားကြ၏။ သူတို့ခေါင်းဆောင်က ခေါင်းပေါ်တွင် နတ် ငှက်ပုံ ဆံထိုးနှစ်ချောင်းကို ဘယ်ညာ ထိုးစိုက်ထားရာ ဆံထိုးထိပ်မှ အစိမ်းရောင်ပိုးစများ ဖားလျားကျနေ၏။ ကျောက်မျက်များကို ဂုန္တာန်မြှုပ်ထားသော အနီရောင်ပိုးခေါင်းပေါင်းကို စည်းထား၏။ တိမ်လိပ်ပုံဖော်ထားသော ပိုးဘရိုကိတ် အင်္ကျီ ဂါဝန်နှင့် ငွေရောင်ချပ်ဝတ် တို့ကို ဝတ်ဆင်ထား၏။ ပန်းထိုးထားသော ဖိနပ်လေးကို စီးထားသော ခြေထောက်များမှာ ခြေနင်းကွင်းကို သေချာစွာ နင်းထား၏။ ကျောက်စိမ်းရိုးတပ် ကြာပွတ်တချောင်းကို အင်္ကျီ လက်အိုးထဲတွင် ထည့်ကာ ယူလာပြီး ကြယ်ခုနစ်ပွင့် အဖိုးတန်ဓားကိုလည်း ဆောင်၏။ သူ့ မြင်းမှာ ငွေရောင်ဖွေးနေ၏။ သူကား လျောင်မင်းသမီးတာ့လိပို ဖြစ်၏။ လဝန်းပုံ အလံမှာ သူ့ကို ကိုယ်စားပြု၏။

ဘယ်ညာနှစ်ဘက် မြင်းတပ်များ အလယ်တွင် အဝါရောင်တံခွန်များ တလူလူဖြင့် ရွှေ ရောင်ချပ်ဝတ်များ ဝတ်ဆင်ကာ နီရွှေရောင်မြင်းများကို စီးလာသော စစ်ဗိုလ်ချုပ်ကြီးများ ရှိ၏။ သူတို့၏ အဝတ်အစားများမှာ အဝါရောင်တိမ်တောင်သဖွယ်၊ ပန်းထိုးထားသော အဝါ ရောင် ခေါင်းပေါင်းများမှာ အဝါရောင်မြူတိမ်သဖွယ် ကောင်းကင်ကိုပင် ဖုံးတော့မည့်နှယ် ဖြစ်နေ၏။ ယင်း ဗိုလ်ချုပ်ကြီးလေးယောက်မှာ အဆင့်အမြင့်ဆုံး ဖြစ်ကြပြီး လူသုံးထောင်စီ ကို ကွပ်ကဲပြီး ထောင့်လေးထောင့်ကို လုံခြုံအောင် ကာကွယ်ရသူများ ဖြစ်၏။

အရှေ့တောင် ထောင့်ကို လျောင်မင်းကြီး တူတော် ယဲလူ တေရှန်းက တာဝန်ယူရ၏။ အနက်ရောင် မျဉ်းတို၊ ရွှေရောင်ချပ်ဝတ်တို့ကို ဝတ်ဆင်၏။ သူ့မောက်တိုကို ဆံထိုးသုံးချောင်း ထိုးကာ ထိန်းထား၏။ လေးမြားအပြင် အနက်ရောင် အောင်းမွေးတပ်လှံကိုလည်း ကိုင် ဆောင်၏။ ဖောင်းဝတ်အဖြူရောင် မြင်းကို စီး၏။ သူ့အလံတွင် တံငါကွန်တိုင်နက္ခတ်ကို ရေးဆွဲထား၏။

ယဲလူ တေဟွာက အနောက်ထောင့်ကို တာဝန်ယူရ၏။ မရန်းစေ့ရောင် မျဉ်းတို၊ ငွေရောင်ချပ်ဝတ်တို့ကို ဝတ်ကာ သူ့မောက်တိုတွင် ရတနာဆံထိုးများကို ထိုးစိုက်ထား၏။ လေးနှင့် မြားအပြင် အဖိုးတန်ဓားကြီးကိုလည်း ကိုင်ဆောင်၏။ သူ့မြင်းမှာ လည်ဆံမွေး အမြီးမွေးနက်သော ဖောင်းဝတ် (နီ) ဖြစ်၏။ အထိမ်းအမှတ် နက္ခတ်ပုံကို သူ့အလံပေါ်တွင် ရေးခြယ်ထား၏။

အရှေ့မြောက်ထောင့်ကို တာဝန်ယူရသူမှာ မင်းကြီးတူတော် ယဲလူ တေချုန်း ဖြစ်၏။ အစိမ်းရောင် မျဉ်းတို၊ ငွေရောင် ချပ်ဝတ်၊ မရန်းစေ့ရောင် မောက်တို၊ ရတနာခါးပတ်တို့ကို ဝတ်ဆင်ထား၏။ နဂါးလေးတော်နှင့် နတ်ငှက်မြားတို့အပြင် ဆန်းစလပုံ အသွားရှိသည့် လှံပုဆိန်ကြီးကိုလည်း ကိုင်၏။ သူ့မြင်းမှာ အရောင်ငါးရောင် လက်သော မြင်းဝါကြီး ဖြစ်၏။ သူ့အလံတွင် မရန်းစေ့ရောင် နဂါးငွေ့တန်းကို ပုံဖော်ထားလေ၏။

ယဲလူ တေရှင်မှာ အနောက်မြောက်ထောင့်ကို တာဝန်ယူရ၏။ အဖြူရောင်မျဉ်းတို အင်္ကျီ၊ ကြေးညိုချပ်ဝတ်၊ အနီရောင်တွင် အနက်ပြောက်ထိုးထားသော ခေါင်းပေါင်းကို ပတ်၍ စည်းထား၏။ လေးနှင့် မြားကို သာမက ကြယ်ခုနစ်ပွင့် ရတနာဓားကိုလည်း ကိုင် ဆောင်၏။ ခွာလေးဖက်ဖြူသော မြင်းနက်ကြီးကို စီး၏။ သူ့အလံတွင် ကြယ်တံခွန်ပုံကို ရေးဆွဲထား၏။

အဝါရောင်တံခွန်များကြားမှ ဗိုလ်ချုပ်တဦး ထွက်လာ၏။ သူ့အလံတွင် ခူဝံကြယ်ပုံ ပါရှိ၏။ သူ့ဘယ်ဘက်တွင် အစိမ်းရောင် အလံများ၊ သူ့ညာဘက်တွင် အဖြူရောင် တံခွန် များ၊ သူ့ရှေ့တွင် အနီရောင် ခင်တုရင်များ၊ သူ့နောက်တွင် ထီးအနက်များ ရှိကြ၏။ သူ့ ပတ်ဝန်းကျင်တွင် နေ၏ကာလ နှစ်ဆယ့်လေးခုကို ကိုယ်စားပြုသော အလံများ၊ အဌဂံ၏ ခြောက်ဆယ့်လေးကွက်၊ တောင်တံငါကွန်၊ မြောက်ခုနစ်စဉ်ကြယ်၊ နဂါးပျံ၊ ကျားပျံ၊ ဝက်ဝံပျံ၊ ကျားသစ်ပျံပုံများ ရေးဆွဲထားသည့် အလံများ အရောရောအထွေးထွေးဖြင့် မိုးကောင်းကင် ကိုပင် ကွယ်လုမတတ် ရှိနေ၏။

ထို ဗိုလ်ချုပ်က မည်သို့ ဝတ်စားထားပါသနည်း။ သူ၏ မရန်းစေ့ရောင် ရွှေရောင် မောက်တိုတွင် ကျောက်မျက်များ စီထား၏။ စီချွမ်ပိုးမျဉ်းတိုအင်္ကျီပေါ်တွင် ရွှေဖြင့် ပြုလုပ် ထားသော လိပ်ခွံချပ်ဝတ်ကို ထပ်ဝတ်ထားပြီး လန်ထျန် ကျောက်စိမ်းခါးပတ်ကို ပတ်ထား ၏။ သူ့လေး၏ လက်ကိုင်မှာ သံမဏိဖြစ်ပြီး ရွှေများကိုလည်း မြှုပ်နှံထား၏။ ရစ်မွေးကို မြား၏ အမြီးအဖြစ် တပ်ဆင်ထား၏။ မြားခေါင်းမှာ ငါးမျှားချိတ်လို ထစ်နှင့် ချိတ်နှင့် ဖြစ်၏။ ဖိနပ်ဦးမှာလည်း သိမ်းငှက်နှုတ်သီးလို ကွေး၍ ချွန်နေကာ ဖိနပ်ခုံမှာ တိမ်များပုံ ရေးဆွဲ ထား၏။ သူ စီးသော မြင်းမှာ သဲရောင်ကိုယ်လုံးနှင့် ငွေရောင်ခြေထောက်များ ရှိ၏။ မြင်း ကကြိုးတန်ဆာများမှာ မရန်းစေ့ရောင် ပိုးကြိုးများ ဖြစ်ကြ၏။ ခါးတွင် အဆောင်အယောင် ဓားကို ဆွဲထားကာ လက်ထဲတွင်မူ စစ်သူကြီး၏ နှင်တံကို ကိုင်ထား၏။

မြင်းစီး၍ ရှေ့ကိုတက်လာသောအခါ သူ့လှံပုဆိန်ကြီးကို ဆွဲကိုင်၍ လာ၏။ ရွှေရောင်၊ ငွေရောင်မှစ၍ အရောင်မျိုးစုံ ရောနှောနေသည့် ကြားတွင် သူ့မှာ ထီးတည်းကြီး ပေါ်လွင် နေ၏။ သူကား လျောင်တပ်တော်ကြီး၏ စစ်သေနာပတိချုပ်

ဝူယန်ပင် ဖြစ်တော့၏။

တံခွန်ဝါများ၏ နောက်တွင်မူ နဂါးနှင့် နတ်ငှက်ရုပ်တုများဖြင့် တန်ဆာဆင်ထားသော ရထားတော် ပါလာ၏။ ထိုရထားကို လက်နက်အပြည့်အစုံ တပ်ဆင်ထားသော စစ်သည် ခုနစ်ထပ်ဖြင့် ဝန်းရံထား၏။ အလယ်ကောင်တွင် အဝါရောင် ခေါင်းပေါင်းများနှင့် စစ်သည် သုံးဆယ့်ခြောက်ယောက်က ရထားကို တွန်းလာကြ၏။ သူတို့ရှေ့တွင် ရွှေကုန်းနှီးတပ် မြင်းကိုးစီးကို စီးလာသော လမ်းပြများ ပါရှိ၏။ ရထားနောက်တွင်မူ ပန်းပြောက်ထိုးဝတ်စုံ များ ဝတ်ထားသော စစ်သည် ရှစ်တွဲက လိုက်ပါလာ၏။

ရထားအလယ်ကောင်ရှိ ပလ္လင်ပေါ်တွင် ထိုင်လာသူမှာ လျောင်တိုင်းပြည်ကြီး၏ အရှင် မင်းကြီးဖြစ်၏။ သူ့ခေါင်းပေါ်တွင် မကိုဋ်ချွန်ချွန်ကို ဆောင်းထားကာ မင်းသုံးဝတ်လုံတော် အဝါရောင်ပေါ်တွင်လည်း နဂါးကိုးကောင်ပုံကို ပန်းထိုးထား၏။ ခါးတွင် လန်ထျန် ကျောက် စိမ်းခါးပတ်ကို ပတ်ထားကာ ဖိနပ်အနီကြီးများကို စီးထား၏။ သူ့ဘေးတွင် အမတ်ချုပ်ကြီး ယောင်ရှီပေါက်ကျင်က ဘယ်ဘက်တွင် လည်းကောင်း၊ ဒုအမတ်ချုပ် စစ်သူကြီးချူကျင်က ညာဘက်တွင် လည်းကောင်း ခစားနေကြ၏။ သူတို့၏ ခေါင်းပေါင်းများသည်လည်း လှပ ခမ်းနားလှပေ၏။ မရန်းရောင် အနားကွပ်ထားသည့် အနီရောင်ဝတ်လုံများကို ဝတ်ကာ ဆင်စွယ် ကျောက်စိမ်းခါးပတ်များ ပတ်ထားကြ၏။ ပလ္လင်၏ တဖက်တချက်တွင် ဝတ် ကောင်းစားလှများ ဝတ်ထားသော ယောကျ်ားလေးများ၊ မိန်းကလေးများက ကျောက်စိမ်း နှင့် ဆင်စွယ်အသုံးအဆောင်များကို ကိုင်ကာ ရပ်နေကြ၏။ သက်တော်စောင့်များကလည်း ရထားနှင့် အနီးကပ် လိုက်ကာ စောင့်ရှောက်လာကြ၏။ သူ့အောင်လံတွင် ဓူဝံကြယ်ကို ရေးဆွဲရန် တာတာရ်မင်းကြီးကိုယ်တိုင်က ရွေးချယ်ခဲ့၏။ သူ့ဝဲယာရှိ အမတ်ကြီးများက လည်း ဓူဝံကြယ်နှင့် သက်ဆိုင်သော နက္ခတ်များကို ရွေးချယ်ခဲ့ကြ၏။

လျောင်တပ်တော်သည် ဘဲဥပုံ၊ မိုးကောင်းကင်ပုံ တပ်ကို ခင်းကျင်းလိုက်၏။ ထောင့် လေးထောင့်တွင် အလံများကို လည်းကောင်း၊ လက်နက်များကို အနားရှစ်ဖက်တွင် လည်းကောင်း ချထားကာ လှုပ်ရှားနေသော ကွင်းများအဖြစ် အချင်းချင်း ချိတ်ဆက် နေကာ ကြိုက်သလို တက်နိုင် ဆုတ်နိုင်ကြ၏။

ရန်သူ၏ တပ်များ ကာကင်းအဖြစ် နေရာယူရန် ရှေ့သို့ တက်လာသည်ကို စုန်ကျန့်က မြားမိုးရွာချစေကာ ဟန့်တားလိုက်၏။ ထို့နောက် ကောင်းကင်လှေကားပေါ်သို့ ဝုရုံ၊ ချူဝု တို့နှင့်အတူ တက်ကာ အကဲကြည့်၏။ မြင်ရသည်က အံ့အားသင့်စရာ ဖြစ်ပေ၏။ တာတာရ် တို့၏ ဗျူဟာအခင်းအကျင်းကို ဝုရုံပင်လျှင် မမှတ်မိ။ ချူဝုကသာ ဆယ့်နှစ်ရာသီမိုးကောင်းကင်အခင်းအကျင်းဟု

ပြောနိုင်၏။

"ဒါက မဟာ ကလာပ်စည်းလို့ ခေါ်တယ်" ချူဝုက ဆို၏။

"ဒါကို ဘယ်လိုတိုက်ရမလဲ"

"တချိန်လုံး ပြောင်းလဲနေတော့ ချုပ်ကိုင်ရ ခက်မယ်။ ဘယ်လိုတိုက်ရမလဲ မသိဘူး"

"ဝင်ဖောက်လို့ မရရင် တိုက်ထုတ်ဖို့ မလွယ်ဘူး"

ဝုရုံကလည်း-

"ပြဿနာက သူတို့ဖွဲ့စည်းပုံကို နားမလည်တာပဲ။ ဘယ်လို တိုက်ရမလဲ"

ထိုသို့ ပြောနေစဉ် တာတာရ် စစ်သေနာပတိက အမိန့်များ ထုတ်ဆင့်နေပြီ ဖြစ်၏။

"ဒီနေ့က ရွှေနေ့ပဲ။ ဒီတော့ ရွှေနဂါးချန်ကီ၊ ရွှေနွားရှုရှုန်၊ ရွှေခွေးအာလိယိ၊ ရွှေသိုး ဝမ်ကျင်းတို့က ဗိုလ်ချုပ်ကြီးရွှေဖြူကြယ် ဝူလီကိယန်နဲ့ သွားပြီး စုန်ကျန့်တို့ကို တိုက်ကြ"

စုန်ကျန့်တို့ ကြည့်နေစဉ်မှာပင် ဘယ်ဘက်ရှိ တာတာရ်မြင်းတပ်များ၏ ကြက်လျှာ များသည် ချဲလိုက် စုလိုက် ဖြစ်နေသည်ကို မြင်ရ၏။ တပ်အတွင်းတွင်လည်း လှုပ်ရှားမှု များစွာ ဖြစ်နေ၏။ တပ်မှူး၏ တံခွန်မှာလည်း အရှေ့မှ မြောက်သို့၊ ထိုမှ အနောက်၊ ထိုမှ တောင်ဘက်သို့ ရွေ့လျားနေ၏။

ချူဝုက ဆို၏။

"ကောင်းကင် ကလာပ်စည်းကတော့ ဘယ်ဘက်ကို လှည့်နေပြီ။ ဒီနေ့က ရွှေနေ့ ဆိုတော့ သူတို့ လာတိုက်တော့မယ်"

ထိုအခိုက်တွင်ပင် အမြောက်သံ ငါးချက် တပြိုင်တည်းလိုလို ထွက်လာလေ၏။ ရန်သူ့ တပ်ထုထဲမှ စစ်သည်များ တဟုန်တည်း တက်လာကြ၏။ ထိုစစ်သည်များ အလယ်ကောင် တွင် ရွှေကြယ်စစ်ဗိုလ်ချုပ်နှင့် အရန် ရွှေဗိုလ်ချုပ်လေးဦးတို့က ဦးဆောင်၍ ဆီးနှင်းတောင် ပြိုကျသည့်အလား ဝင်တိုက်သည်ကို မည်သူမျှ မခံမရပ်နိုင်ပေ။ စုန်ကျန့်တို့တပ်လည်း ဟန့်ရင်း တားရင်း အမြန်ဆုတ်ကြရ၏။ သို့သော် တာတာရ်တို့က ကဏာန်းလက်မသဖွယ် ညှပ်လိုက်ပြီဖြစ်၍ အကျအဆုံးများလှ၏။ ခံစစ်ဆင်ထားသော စခန်းသို့ ဖရိုဖရဲဆုတ်ခဲ့ရ၏။ တာတာရ်တို့ကမူ ဆက်၍ မလိုက်ကြပေ။

တပ်ကို ပြန်စစ်ဆေးကြည့်၏။ ကုန်လျှန်မှာ ခေးဒဏ်ရာတချက် ရထား၏။ လီယွမ်းမှာ မြားတချက် မှန်ထား၏။ ချူဝုမှာ ဗုံးစ မှန်ထား၏။ ရှိယုံမှာ လှံဖြင့် တချက်အထိုးခံထားရ၏။ ထိခိုက်ဒဏ်ရာရသော စစ်သည်များ၏ အရေအတွက်မှာမူ စာရင်းပင် မတင်နိုင်ပေ။ သူတို့ကို လှည်းများဖြင့် တင်ကာ နောက်တန်းစခန်းရှိ ဆေးဆရာ အင်းထောင်ကွမ်းဆီသို့ ပို့ကာ ဆေးဝါးကုသစေ၏။ စုန်ကျန့်က ရန်သူ၏ ချဉ်းကပ်လမ်းများတွင် သမင်ချိုများ ထောင်ထားစေ၏။ သံဆူးများကိုလည်း ခင်းထားစေ၏။

စုန်ကျန့်ကား စိတ်ထိခိုက်နေလျက် -

"ဒီနေ့တော့ ခံလိုက်ရပြီ။ ကျုပ်တို့ ဘာလုပ်ကြမလဲ။ ထွက်ပြီး စိန်မခေါ်ရင်လည်း သူတို့က ဝင်တိုက်ကြလိမ့်မယ်"

လူကွမ်းယီက အကြံပြု၏။

"စစ်ကြောင်း နှစ်ကြောင်းကို လွှတ်ပြီး သူတို့ရဲ့ နံကာတပ်တွေကို တိုက်ခိုင်းမယ်ဗျာ။ နောက်နှစ်ကြောင်းနဲ့ တောင်ဘက်မှာရှိတဲ့ တပ်ခုနစ်တပ်ကို တိုက်ခိုင်းမယ်။ အဲဒီနောက်မှာ ခြေလျင်တပ်တွေကို သူတို့ အလယ်ပိုင်းထဲကို သွန်ချလိုက်မယ်။ သူတို့ ဘာလုပ်မလဲကြည့်ကြတာပေါ့"

"ကောင်းပြီ"

နောက်တနေ့တွင် လူကွမ်းယီ၏ အကြံအတိုင်း ခံစစ်တံခါးများကို ဖွင့်ကာ တိုက်စစ် ဆင်မည့် တပ်များကို လွှတ်လိုက်၏။ လျှောင်တပ်များနှင့် နီးလာသောအခါ လျှောင် အစောင့် ကင်းတပ်ခြောက်တပ်က တွေ့သွား၏။ စုန်ကျန့်က ကွမ်ရှိန်းကို ဘယ်ဘက်မှ လည်းကောင်း၊ ဟူယန်ကျို့ကို ညာဘက်မှ လည်းကောင်း၊ သူကိုယ်တိုင်ကမူ အလယ်ကောင် မှနေ၍ မျက်နှာချင်းဆိုင် ဝင်တိုက်လေ၏။ မကြာမီမှာပင် ရန်သူနှင့် ထိတွေ့ကြလေပြီ။ ထို့နောက် တံခွန်အနက်ရောင် ရန်သူ့တပ်ခုနစ်တပ်သို့ ဘယ်ညာ စစ်ကြောင်းနှစ်ကြောင်း စေလွှတ်ကာ တိုက်စေ၏။ ရန်သူများကို ချိုးဖောက်နိုင်လိုက်ပြီး များစွာ ကျဆုံးစေ၏။

တံခွန်နက်တပ်များလည်း ဖရိုမရဲ ဖြစ်နေလေပြီ။ စုန်ကျန့်က လီကွေ့လက်အောက်ခံ ဒိုင်းကိုင်တပ် အင်အား ငါးရာကို ဝင်တိုက်ခိုင်းလိုက်ပြီး ယင်းတို့နောက်မှ ရှင်ဉာဏနှင့် ဝုဆုန်တို့ ဦးစီးသော ခြေလျင်တပ်များက လိုက်ပါ၍ တိုက်စစ်ဆင်စေ၏။ အရောရော အထွေးထွေး တိုက်နေကြလေပြီ။ နှစ်ဖက်စလုံးမှ ပစ်ခတ်သော အမြောက်သံများလည်း မိုးခြိမ်းသလို ညံနေလေပြီ။ ရန်သူက ဘယ်ညာမှ စစ်ကြောင်းနှစ်ကြောင်း အလယ်ကောင် တွင် တာတာရ်မင်းကြီး၏ ကိုယ်ပိုင် အဝါရောင်တံခွန်ကိုင်တပ်များဖြင့် စုန်ကျန့်တပ်များ ဆီသို့ အရှိန်အဟုန်ဖြင့်

ဝင်ဆောင့်လိုက်၏။ အရှိန်အဟုန်မှာ ပြင်းထန်လွန်းပေ၏။ စုန်ကျုန့် တို့လည်း နောက်လှည့်ကာ ပြေးကြရတော့၏။ နောက်ရံတပ်လည်း မထိန်းနိုင်တော့။ ခံစစ်စခန်းသို့ ရောက်သောအခါ အတော်ပင် အင်အားနည်းနေလေပြီ။

လူစစ်သောအခါ တိုက်ခိုက်ရေးအင်အား ထက်ဝက်ကျော်မျှ ပျက်စီးသွားကြောင်း တွေ့ရ၏။ ဒူရှန်းနှင့် ဆုံဝမ်တို့မှာ ဒဏ်ရာပြင်းထန်စွာ ရ၏။ လီကွေ့လည်း ပြန်ပါမလာပေ။ ရန်သူထုအတွင်းသို့ အတင်း ဝင်ရောက်ခုတ်ထစ်နေသဖြင့် ကျော့ကွင်းစွပ်ကာ အဖမ်းခံခဲ့ ရခြင်း ဖြစ်ကြောင်း သိရ၏။ ဤသတင်းကို ကြားရသော စုန်ကျုန့်လည်း ခြေပစ်လက်ပစ် ဖြစ်သွားလေ၏။ ဒူရှန်းနှင့် ဆုံဝမ်ကို ဆရာအင်းထောင်ကွမ်းထံသို့ ပို့လိုက်၏။ ထိခိုက် ရှနာသော မြင်းများကိုလည်း ဟွမ်ဖူးတွမ်ထံသို့ ပို့ကာ ကုသစေ၏။

စုန်ကျုန့်က ဝုရုံသို့ ညည်းပြ၏။

"ဒီနေ့တော့ လီကွေ့လည်း ဆုံး၊ တိုက်ပွဲလည်း ရှုံးတယ်။ ဘာလုပ်ကြမတုံး နောင်ကြီး"

"ဟိုရက်တွေတုန်းက ဝူယန်ရဲ့ သား ဗိုလ်ချုပ်လေးကို ရထားတယ်လေ နောင်ကြီးရဲ့၊ အလဲအလှယ် လုပ်ကြတာပေါ့"

"အခု ဒီလိုလုပ်လိုက်ရင် နောင်မှာ အခြားတပ်ဗိုလ်တွေပါသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ဗျာ။ နောက်များမှ လျောက်လျားပေါ့။ လက်ငင်းကိစ္စ လက်ငင်းရှင်းတာ ပေါ့ နောင်ကြီးရာ"

တပ်ဗိုလ်လေးတဦး ဝင်လာကာ သတင်းပို့၏။

"လျောင်တမန်တယောက် ရောက်လာပါတယ်။ ပြောစရာ ရှိပါတယ်တဲ့"

လျောင်တမန်လည်း ရောက်လာသည်နှင့် မဆိုင်းဘဲ-

"ကျုပ်တို့ စစ်သေနာပတိချုပ်က အပြောခိုင်းလိုက်တယ်။ မင်းတို့ ဗိုလ်တယောက်ကို မိထားတယ်တဲ့။ သူ့ကို မသတ်ဘဲ ကျွေးထား မွေးထားတယ်။ အဲဒီသူနဲ့ သူ့သားနဲ့ လဲလှယ် ချင်တယ်တဲ့။ မင်းတို့ လက်ခံရင် မင်းတို့ဗိုလ်ကို ပြန်ပေးမယ်တဲ့"

"မနက်ဖြန် မနက်မှာ မင်းတို့လူကို တပ်ရှေ့ကို ထုတ်လာမယ်။ အဲဒီမှာ လဲကြမယ်" ဟု စုန်ကျုန့်က ကတိပေးသဖြင့် လျောင်တမန်လည်း ပြန်သွားလေ၏။ စုန်ကျုန့်က-

"ရန်သူကို ဖြိုခွဲနိုင်မယ့် အစီအမံ ကျုပ်တို့မယ် မရှိသေးဘူး။ ဒီအလဲအလှယ်ကို အကြောင်းပြုပြီး ခဏလောက်တော့ အသက်ရှူချောင်ကောင်းပါရဲ့"

ဝုရုံကလည်း လက်ခံ၏။

"ကျုပ်တို့ တပ်လည်း အနားရဖို့ လိုနေတယ်။ မဟာဇျူဟာတခုလောက်ကို အကြံ ထုတ်ပြီး နောက်မှ တိုက်ရင်လည်း ရသေးတာပဲဗျ"

ထိုညနေတွင် ဂူယန်၏ သားကို သွားခေါ်စေ၏။ ဂူယန်ထံသို့လည်း တမန် လွှတ် လိုက်၏။ စုန်ကျန့်ထံမှ တမန် ရောက်လာကြောင်း သိရသဖြင့် ဂူယန်က လက်ခံတွေ့ဆုံ၏။

ထိုတမန်က-

"ကျုပ်တို့တပ်မှူး ဗိုလ်ချုပ်ကြီးစုန်ကျန့်က လေးစားသမှုနဲ့ အကြောင်းကြားလိုက်ပါ တယ် လူကြီးမင်း ခင်ဗျား။ ဗိုလ်ချုပ်ကလေးနဲ့ ကျုပ်တို့ ခေါင်းဆောင်ကို လဲလှယ်ဖို့ အသင့် ရှိပါသတဲ့။ ရာသီဥတုကလည်း အတော့်ကို အေးလာပြီ။ စစ်သည်တွေလည်း နွမ်းနယ်နေပြီ မို့၊ နှင်းမကိုက်အောင် မပင်ပန်းရအောင် လောလောဆယ် စစ်ရပ်စဲထားပြီး နွေဦးပေါက်မှ ဆက်ပြီး ဆွေးနွေးကြဖို့ကိုလည်း အဆိုပြုလိုက်ပါတယ်။ လက်ခံဖို့ တောင်းခံပါတယ် စစ်သေနာပတိချုပ် ခင်ဗျား"

"ဒါဖြင့် အသုံးမကျတဲ့ ငါ့သား မင်းတို့ဆီမှာပေါ့ ဟုတ်လား၊ မသေသေးရင်လည်း ငါ့ မျက်နှာ သူ ကြည့်ဝံ့မှာ မဟုတ်တော့ပါဘူး။ ဘာမှ လဲမနေချင်ဘူး။ သူ့ကိုထုတ်ပြီး သတ် လိုက်ကြ။ အတိုက်အခိုက် ရပ်စေချင်ရင် ပြောလိုက်။ စုန်ကျန့် လာအဖမ်းခံလို့။ ခြေရော လက်ရော တုပ်လာခဲ့။ ဒါမှ မင်းတို့အားလုံး မသေမှာ။ နို့မဟုတ်ရင် ငါကိုယ်တိုင် ထွက် တိုက်ရင်တော့ မြက်တပင်တောင် ကျန်မယ် မထင်နဲ့၊ ထွက်သွား"

တမန်လည်း မြင်းဒုန်းစိုင်းစီးကာ စုန်ကျန့်ထံသို့ တင်ပြ၏။

လီကွေ့ကို ကယ်နိုင်တော့မည် မဟုတ်ဟု တွေးပူကာ စုန်ကျန့်လည်း ဗိုလ်ချုပ်ကလေး ကို ခေါ်ကာ ရှေ့တန်းသို့ ထွက်ခဲ့ကာ အသံကုန်ဟစ်၍ ပြောလေ၏။

"ကျုပ်တို့ ဗိုလ်ကို ပြန်လွှတ်ပါ။ ခင်ဗျားတို့ ဗိုလ်ချုပ်ကလေးကို ပြန်လွှတ်မယ်။ စစ် မရပ်ချင်ရင်တော့ သေတဲ့အထိ တိုက်မယ်"

လျှောင်တပ်ဘက်မှ လီကွေ့ကို မြင်းတစီးပေါ်တွင် တင်ကာ အသာ ရှေ့သို့

ထုတ်လာ၏။ စုန်ကျန့်တို့လည်း ဗိုလ်ချုပ်ကလေးကို ထို့အတူ ပြု၏။ ထို့နောက် နှစ်ဖက်စလုံးမှ စကား တခွန်းမျှ ထပ်မပြောတော့ဘဲ အလဲအလှယ်ကို လုပ်လိုက်ကြ၏။ လီကွေ့လည်း စခန်းသို့ ပြန်လာ၏။ ဗိုလ်ချုပ်ကလေးလည်း မြင်းစီး၍ ပြေးလေ၏။ ထိုနေ့က စစ်မတိုက်ကြပေ။ စုန်ကျန့်လည်း လီကွေ့နှင့်အတူ စခန်းသို့ ပြန်သွားပြီး အောင်ပွဲခံလေ၏။

ထို့နောက်တွင် စုန်ကျန့်၏ တဲ၌ လူစုကာ တိုင်ပင်ကြ၏။

စုန်ကျန့်က-

"လျောင်တပ်က အင်အားကြီးတယ်။ အဲဒါကို ဖြိုခွဲဖို့ အစီအမံလည်း ကျုပ်တို့မှာ မရှိဘူး။ ကျုပ်တော့ တော်တော် စိုးရိမ်လာပြီ။ တရက်ကို တနှစ်လောက်တောင် ထင်မိလာတယ်။ ကျုပ်တို့ ဘာလုပ်ကြမလဲ"

ဟူယန်ကျို့တွင် အကြံပြုစရာ အချက်တခု ရှိနေ၏။

"စစ်ကြောင်း ဆယ်ကြောင်းခွဲလိုက်မယ်ဗျာ။ စစ်ကြောင်း နှစ်ကြောင်းကို စခန်းထိန်းဖို့ ချန်ထားပြီး ရှစ်ကြောင်းနဲ့ တပြိုင်တည်း ဝင်ထိုးမယ်။ အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲပေါ့"

"ကျုပ်ကတော့ နောင်ကြီးတို့ တစိတ်တည်း တသားတည်း ရှိတာကို ယုံစားပါတယ်။ ဒီနည်းကိုပဲ ကျုပ်တို့ သုံးရတော့မှာပဲ"

ဝုရုံက -

"အရင်နှစ်ခေါက်က ကျုပ်တို့ သူတို့ကို ဝင်မတိုက်နိုင်ဘူးဗျ။ သူတို့ လာတိုက်တဲ့အထိစောင့်တာ ကောင်းလိမ့်မယ်"

"ကျုပ်ကတော့ ဒီအကြံကောင်းတယ် မထင်ဘူး။ ကျုပ်တို့ညီနောင်တွေ တစိတ်တည်း တဝမ်းတည်း ရန်သူကို တိုက်ရင် ရှုံးစရာ အကြောင်းကို မရှိဘူး"

ထိုနေ့တွင်ပင် အမိန့်များကို ထုတ်ပြန်၏။ နောက်တနေ့ နံနက်တွင် စခန်းကို သိမ်းကာ စစ်ကြောင်း ဆယ်ကြောင်းခွဲပြီး အလျင်အမြန် ချီတက်ခဲ့ကြ၏။ စစ်ကြောင်းနှစ်ကြောင်းကို အရန်တပ်အဖြစ် ချန်ထားကာ ကျန်ရှစ်ကြောင်းစလုံးသည် ရန်သူကို အလေးမထားဘဲ ညာသံပေးကာ၊ တံခွန်များကို ဝှေ့ယမ်းကာ တဟုန်တည်း ဝင်တိုက်လေ၏။

ချက်ချင်းပင် အမြောက်သံများ ဟိန်းထွက်လာလေ၏။ ကြက်လျှာအစုလေးဆယ့် ရှစ်စုကွဲဟသွားပြီး တာတာရ်စစ်သည်များသည် စစ်မျက်နှာအကျယ်ကြီး ဖြန့်ထားသော စစ်ကြောင်း အရှည်ကြီး အဖြစ်ဖြင့် ထွက်၍

တိုက်လေ၏။ စုန်ကျန့်တပ်လည်း အငိုက်မိသွားကာ ဖရိုဖရဲ ဆုတ်ခွာကြလေ၏။ တံခွန်များ၊ လှံများ၊ ခရာများ၊ စည်များမှာ ဆုတ်ခွာရာ လမ်းတလျှောက်လုံးတွင် အနှံ့အပြား ကျန်ရစ်ခဲ့လေ၏။ အကျအဆုံး အများအပြားဖြင့် စခန်းသို့ ပြန်ရောက်လာကြ၏။

စုန်ကျန့်က တောင်ကြားအဝကို သစ်တပ်ဆောက်ကာ ကာကွယ်စေ၏။ စခန်းကို ပတ်ကာ ကျုံးအနက်ကြီးကိုလည်း တူးစေ၏။ သမင်ချို အတားအဆီးများကိုလည်း ချစေ၏။ ခံတပ်တံခါးများကို အမြဲပိတ်ထားစေ၏။ မည်သူမျှ တပ်ပြင်ကို မထွက်ဘဲ ဆောင်းခိုကြ မည်ဖြစ်၏။

ဝန်မင်းကျောက်အန်ဖူ အကြိမ်ကြိမ် တင်ပြမှုကြောင့် ကေရာဇ်မင်းကြီးက စုန်ကျန့်တို့ တပ်အတွက် ဆောင်းဝတ် အနွေးထည်များကို ထုတ်ပေးစေ၏။ ယင်းအဝတ်အထည်တို့ကို ဝန်ဝင်ပင်း ဆိုသော ဗိုလ်ချုပ်တယောက်ကို ပို့စေ၏။ ဝန်ဝင်ပင်းသည် မူလက နန်းတော် စောင့်တပ်၏ စစ်ပညာနည်းပြ ဖြစ်ခဲ့၏။ ယခုအခါ ကျိန်းကျိုးနယ်၏ မြို့စောင့်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေ၏။ ဉာဏ်ကောင်းကာ ရဲရင့်သည့်အလျောက် နယ်ဘက်တာဝန်ရော စစ်ဘက်တာဝန်ကိုပါ ကျွမ်းကျင်သူဖြစ်၏။ သံချပ်ဝတ်တပ်ဖွဲ့ အင်အားတသောင်းဖြင့် မင်းကြီး၏ လက်ဆောင် အနွေးထည် အထည်ငါးသိန်းတို့ကို လှည်းအစီးနှစ်ရာတွင် တင် ကာ ထွက်ခဲ့၏။ စစ်ပြန်တိုက်ရန်၊ အမြန်ဆုံး အောင်ပွဲရအောင် လုပ်ရန်၊ ထိုသို့မဟုတ်ပါက ပြစ်ဒဏ်ထိုက်သင့်စေမည်ဟု စုန်ကျန့်ကို လောဆော်ရန်လည်း သူ့ကို မှာကြားလိုက်၏။

စစ်ကြောင်း၏ ထိပ်တွင် လက်ဆောင်တော် အဝတ်အထည်များ ဟု ရေးထိုးထားသော တံခွန်ဝါကြီးကို ထူ၍ လာ၏။ လမ်းတလျှောက်ရှိ မြို့ပြအရာရှိများက လူစာ၊ မြင်းစာ ထောက်ပံ့ ရမည် ဖြစ်၏။

ရက်ပေါင်းများစွာ ကြာပြီးနောက် ဝန်မင်းကျောက်ထံသို့ ရောက်လာကြ၏။ ဝန်ဝင်ပင်း က လွှတ်တော်မှ ပေးလိုက်သောစာကို ပေး၏။ စာကို ဖတ်ပြီးသောအခါ ဝန်မင်းကျောက် လည်း ကျေနပ်သွား၏။

"ခင်ဗျား ရောက်လာတာ အချိန်ကိုက်ပဲဗျာ။ စုန်ကျန့်လည်း ဝူယန် ခင်းထားတဲ့ နက္ခတ် သဘင် စစ်အခင်းအကျင်းကို သွားတိုက်တိုင်း ရှုံးနေတာ။ သူ့ဗိုလ်တွေ ဒဏ်ရာရတာလည်း မနည်းတော့ဘူး။ ဒီမှာပဲ ခုထိ အကုသခံနေရတုန်းပဲ။ စုန်ကျန့်ကတော့ ယုန်ကျင့်ခရိုင်မှာ ခံစစ်ဆင်ထားတယ်။ ထွက်တော့ မတိုက်ရဲဘူး။ သူ စိတ်ဓာတ်လည်း တော်တော်ကျနေပြီ"

"ဒါကြောင့်ပဲ ဘုန်းတော်ကြီးလှသောဘုရားက ကျုပ်ကို လွှတ်လိုက်တာပဲလေ။ ကျုပ် လူတွေနဲ့ ပေါင်းပြီး သူတို့ကို ပြန်

တိုက်စစ်ဆင်စေချင်တယ်။ စုန်ကျန့်က ရှုံးနေပေမယ့် လည်း ကျုပ်ကတော့ ဒါကို ပြန်ပြီး လျှောက်တင်လို့ မဖြစ်ဘူးလေ။ ကျုပ်က အရည်အချင်း မရှိပေမယ့် စစ်ပညာကျမ်းစာလေး နည်းနည်းပါးပါးတော့ ဖတ်ဖူး မှတ်ဖူးလို့ မဟာဗျူဟာ အကြောင်းတော့ အသင့်အတင့် တီးမိခေါက်မိပါတယ်ဗျ။ ရှေ့တန်းကို သွားပြီး နည်းနည်း တော့ စမ်းကြည့်ချင်တယ်။ ဒါဆို စုန်ကျန့်လည်း ဝန်ထုပ်ဝန်ပိုး လျော့သွားတာပေါ့။ အရှင်ဝန်မင်းကကော သဘောတူရဲ့လား”

ဝန်မင်းကျောက်လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံ၏။ တပ်မှူးကြီး ဝန်ကို ဧည့်ခံ ကျွေးမွေးကာ လှည်းသမားများကိုလည်း ဆုချ၏။ အနွေးထည်များကို ဝန် ကိုယ်တိုင် သွားပို့မည် ဖြစ်၍ ထိုအကြောင်းကို စုန်ကျန့်ထံသို့ အကြောင်းကြားလိုက်၏။

ထိုသတင်း ရောက်လာသောအချိန်တွင် စုန်ကျန့်သည် တဲတွင် အောင်းကာ မှိုင်ပုံချနေ ခိုက် ဖြစ်လေ၏။ အနွေးထည်များ သာမက ဝန်ဝင်ပင်းပါ သူနှင့် ပူးပေါင်းကာ တိုက်စစ်ဆင် မည်ဟု ကြားရသဖြင့် ချက်ချင်း လူလွှတ်ကာ ဝန်ဝင်ပင်းကို ကြိုဆိုစေ၏။ ရောက်လာသော အခါ စိမ်ရည်ဖြင့် ဧည့်ခံလေ၏။ စိမ်ရည် နှစ်ခွက် သုံးခွက် ဝင်ပြီးသော် ဝန်က ဘာများ အခက်အခဲရှိနေသည်ကို မေးလေ၏။ စုန်ကျန့်က-

“ဒီ နယ်ခြားဒေသမှာ စစ်ဆင်စကတော့ မင်းကြီးရဲ့ ဘုန်းတော်ကြောင့် မြို့ကြီး လေးမြို့ကို သိမ်းနိုင်ခဲ့တယ်ဗျ။ ဒါပေမဲ့ ယိုကျိုမှာကျတော့ လျောင်စစ်သူကြီးဝူယန်က နက္ခတ်သဘင် စစ်ဗျူဟာ ခင်းလိုက်တယ်။ အင်အား နှစ်သိန်းနဲ့ ကောင်းကင်မှာ ကြယ်တွေ စုံနေသလိုပဲ။ တာတာရ်မင်းကြီး ကိုယ်တိုင် ကွပ်ကဲတာဗျ။ ဒါနဲ့ ကျုပ်လည်း ဆက်တိုက် ဆိုသလို ရှုံးနေတော့ ခံစစ်ပဲ ယူထားရတယ်။ တိုက်စစ်ဆင်ဖို့ အစီအမံတော့ မရှိသေးဘူး။ ကျုပ်လည်း မလှုပ်ရဲဘူး။ ခင်ဗျား ရောက်လာတာ ကံကောင်းတာပါပဲ။ ဗိုလ်ချုပ်က ကျုပ်ကို သင်ပြပေးမယ်လို့ မျှော်လင့်ပါတယ်”

“ဒီ နက္ခတ်သဘင် ဆိုတာကလည်း ဘာမှမဟုတ်ပါဘူးဗျာ။ ကျုပ်မှာ အရည်အချင်း မရှိပေမယ့် ရှေ့တန်းကို သွားကြည့်ကြမယ်။ ပြီးမှ ဆုံးဖြတ်ကြတာပေါ့”

စုန်ကျန့်က ဝမ်းမြောက်ဝမ်းသာ သဘောတူ၏။ ဆောင်းဝတ်အနွေးထည်များကို ဝေငှ ရန် ဖေ့ရွှန်းကို ညွှန်ကြားလိုက်၏။ စစ်သည်များလည်း တောင်ဘက်သို့ မျက်နှာပြုကာ ဘုရင်မင်းမြတ် သက်တော်ရှည်ကြောင်း ဆုတောင်းကြွေးကြော်ကြ၏။ ထိုနေ့တွင် ဗိုလ်ချုပ် ဝန်ဝင်ပင်းကို ဂုဏ်ပြုကျွေးမွေးကာ ပါလာသော စစ်သည်များကိုလည်း ဆုချ၏။

နောက်တနေ့ နံနက်တွင် မူရင်းတပ်နှင့် စစ်ကူတပ် ပူးပေါင်းကာ ထွက်ခဲ့ကြ၏။ ဝန် ပင်းပင်းကလည်း စစ်ဝတ်အပြည့်အစုံနှင့် မြင်းစီးကာ ရှေ့တန်းသို့ ထွက်၏။ တာတာရ်တို့က သူတို့ကိုမြင်သွားပြီး အထက်ကို သတင်းပို့လိုက်ကြ၏။ ခရာသံများ စည်သံများ တပြိုင်နက် ထွက်လာပြီး လျောင်မြင်းတပ် ခြောက်တပ် ထွက်လာကြ၏။ စုန်ကျန့်က တပ်များလွှတ် ကာ ပြန်တိုက်ထုတ်လိုက်စေ၏။ ဝန်ဝင်ပင်းက မျှော်စင်ပေါ်သို့ တက်ကာ ကြည့်၏။ ပြန်ဆင်း လာသောအခါ-

"ဒါက သာမန်တပ် အခင်းအကျင်းပါပဲ။ ဘာမှ ထိတ်စရာ လန့်စရာ မတွေ့ဘူးဗျ" အမှန်မှာ သူသည် ရန်သူ၏ တပ်အခင်းအကျင်းကို နားမလည်ပေ။ နားလည်ဟန် တတ်ဟန် သိဟန် ဆောင်ခြင်းသာ ဖြစ်ပေ၏။ ရန်သူကို စိန်ခေါ်သည့် စည်သံကို တီးရန် ရှေ့ဖျားရှိ တပ်များသို့ ညွှန်ကြားလိုက်ရာ ရန်သူ့ဘက်မှလည်း တုံ့ပြန်သော စည်သံ ခရာသံ များပြန်ထွက်လာလေ၏။ စုန်ကျန့်က သူ့မြင်းကို ဇက်သတ်ပြီး အော်လိုက်၏။

"ငါတို့က ခွေးတွေ၊ အစုတ်အပြတ်တွေ မလိုချင်ဘူး။ တကယ်တိုက်မယ့် တကယ့် ယောက်ျားတွေ ရှိသလား"

သူ့စကား မဆုံးမီ အနက်ရောင်တံခွန် ကိုင်ထားသည့် ရန်သူတပ်အတွင်းမှ ဗိုလ် တယောက် ခုန်ပျံထွက်သလို ထွက်လာလေ၏။ သူ့ဆံပင်ကို ဖားလျားချထားပြီး အဝါရောင် ပိုးခေါင်းစည်းကြိုးနှင့် ထိန်းထား၏။ အနက်ရောင် မျဉ်းတိုအကျီပေါ်တွင် နက်မှောင်နေသော ချပ်ဝတ်ကို ဝတ်ထား၏။ သုံးဖက်ချွန် ဓားကြီးကို ကိုင်ကာ တောကျီးကန်းလို နက်မှောင် နေသော မြင်းကြီးကို စီးထား၏။ မြင်းကို အမြန်စီး၍ ရှေ့တန်းသို့ ထွက်လာရာတွင် နောက်မှ အရာရှိငယ် အများအပြားလိုက်ပါလာကြ၏။ ထိုသူတို့၏ ထိပ်တွင် အနက်ရောင်အောက်ခံ၌ ငွေရောင်ဖြင့် ရေးထားသော 'ဗိုလ်ချုပ်ချူလိချူဘင်း"ဟူသော တံခွန်ကြီးကို ကိုင်လာကြ၏။

"ငါ့အစွမ်းကို ပြဖို့ ဒါထက်ကောင်းတာ မရှိတော့ဘူး" ဟု ဝန်ဝင်ပင်းက ဆိုကာ လှံကို ဆလျက် မြင်းစီး၍ ထွက်၏။ ထို့နောက် ဘာမပြော ညာမပြောနှင့် တာတာရ်ဗိုလ်ချုပ်ကို ဝင်တိုက်၏။

သူ၏ လှံချက်ကို တာတာရ်ဗိုလ်ချုပ်က ဓားနှင့် ပယ်၏။ အချီ နှစ်ဆယ်ခန့် တိုက်ပြီး သော် တာတာရ်ဗိုလ်ချုပ်က လှည့်၍ ပြေး၏။ ဝန်လည်း ထက်ကြပ်လိုက်၏။ အမှန်စင်စစ် တာတာရ်ဗိုလ်ချုပ်က ပရိယာယ်ဆင်ခြင်းသာ ဖြစ်၏။ ဝန် အနီးသို့ ရောက်မှ သူ့ဓားကြီးနှင့် ခုတ်ချိုင်ချလိုက်ရာ ပခုံးမှ ရင်ဘတ်အထိ ဟက်တက်ကြီး ကွဲသွားပြီး မြင်းအောက်သို့ ကျသွားကာ သေရ၏။

လျောင်တပ်များ တက်လာသဖြင့် စုန်ကျန့်လည်း အမြန်ဆုတ်ခိုင်းရလေ၏။ ရန်သူ လိုက်တိုက်သဖြင့် စခန်းကို ရောက်သည်အထိ ဖရိုဖရဲ ဆုတ်ရလေ၏။

ဝန်ဝင်ပင်း သေ သဖြင့် အရာရှိများရော စစ်သည်များပါ ထိတ်လန့်တုန်လှုပ်သွားကြ၏။ တယောက်မျက်နှာ ကို တယောက်က ခိုး၍ ခိုး၍ ကြည့်နေကြ၏။

စုန်ကျန့်လည်း ဝန်မင်းကျောက်ထံသို့ စာရေး၍ အကြောင်းကြားလိုက်၏။

"ဝန်ဝင်ပင်းသည် သူ့သဘောအလျောက် စီးချင်းတိုက်ရာတွင် သေကျေခဲ့ကြောင်း၊ နေပြည်တော်မှ ပါလာသော အင်အားတဝက်မှာလည်း နေပြည်တော်သို့ ပြန်သွားကြပြီ ဖြစ်ကြောင်း"

ဝန်မင်းကျောက်လည်း အလွန်စိတ်ခတ်ကျသွားကာ အထူးစိုးရိမ်လျက် ပူပန်လာ လေ၏။ ထိုသတင်းကို ဧကရာဇ်မင်းကြီးနှင့် စစ်ကောင်စီသို့ ဆက်၍ တင်ပြလိုက်၏။ စုန်ကျန့်သည်လည်း သူ့တဲထဲတွင် အောင်းနေပြီး လျောင်တပ်ကို ဖြိုခွဲနိုင်မည့် အစီ အမံတခု ရရှိစေရန် ဦးနှောက်ကို ဖျစ်ညှစ်၍ စဉ်းစားနေလေ၏။ ကောင်းကောင်းလည်း မစား၊ ကောင်းကောင်းလည်း မအိပ်တော့။ လူလည်း အနားမရတော့ဘဲ စိတ်လည်း မငြိမ် တော့ပေ။

ထိုညမှာ အထူးအေးစက်လှသော ဆောင်းည ဖြစ်၏။ စုန်ကျန့်သည် ဖယောင်းတိုင် လေးတတိုင် အနားသို့ ကပ်ကာ မီးလှုံနေရင်း သက်ပြင်းတွေကိုသာ ချနေ၏။ ည ဒုတိယယံ လောက်တွင် အဝတ်ပင် မလဲနိုင်တော့ဘဲ နွမ်းနွမ်းနယ်နယ်ဖြင့် ကျောခင်းလိုက်၏။ အပြင် တွင် လေကလည်း တဝီဝီ အော်မြည်နေ၏။ အရိုးထဲအထိ အေးလာသဖြင့် သူ ထ ထိုင် လိုက်၏။

ထိုစဉ် သူ့ရှေ့၌ အစိမ်းရောင် ဝတ်ထားသော သူငယ်မလေး တယောက်က လက်အုပ် ချီနေသည်ကို မြင်လိုက်ရ၏။

"သင်တို့ ဘယ်က လာတာလဲ"

"ကျွန်မတို့ကို ဧကရီသခင်မက တာရာသခင့်ကို ဖိတ်ဖို့ စေလွှတ်လိုက်တာပါ။ လမ်း လေးနည်းနည်းလောက် လျှောက်နိုင်မလား ရှင့်"

"သင်တို့ ဧကရီသခင်မကကော"

"ဒီနားတင် ရှိပါတယ်"

စုန်ကျန့်က သူနှင့်အတူ တဲထဲမှ ထွက်လိုက်၏။ ကောင်းကင်တွင် ရွှေရောင်နှင့် ကျောက်စိမ်းရောင် နှောယှက်ကာ လက်နေ၏။ ရနံ့သင်းသော လေပြည်လေး တိုက်ခတ် နေပြီး မြူလေးများလည်း ဆိုင်းနေ၏။ နွေဦးပေါက်လာသလို ဖြစ်နေ၏။

နှစ်လီ သုံးလီခန့် လျှောက်လာသောအခါ ရှေ့တွင် ထင်းရှူးတောကြီးတခုကို လှမ်း၍ မြင်ရလေ၏။ ဝါးရုံများ၊ မိုးမခပင်များ အောက်တွင် ကျောက်သားလက်ရန်းများ ကာထား သော လျှောက်လမ်းကလေးမှာ ကွေ့ကာ ကောက်ကာနှင့် ရှိနေ၏။ ကျောက်တံတားတခု ကို ကျော်ကာ ဟသ်ာပြဒါး သုတ်လိမ်းထားသော တံခါးမုခ်တခုအောက်မှ ဝင်ခဲ့ရ၏။ ဝင်းထဲ ရှိ အဆောက်အအုံများ၏ နံရံများကို ဆေးရောင်လှလှ သုတ်ထား၏။ အမိုး ထုပ်များ၊ ဒိုင်း၊ မြားများကိုလည်း အလှအပ တန်ဆာဆင်ထား၏။ ရွှေရောင်သံမှိုများ တပ်ဆင်ထားသော တံခါးနီနီများ၊ ကျောက်စိမ်းရောင် အမိုးအုတ်ကြွပ်များ၊ အိဆင်းနေသည့် တံစက်မြိတ်များ၊ ပုစွန်နှုတ်ခမ်းမွေးကဲ့သို့ လှပသော ကန့်လန့်ကာ ချထားသည့် ပြတင်းပေါက်များ၊ လိပ် ကျောကုန်းပုံ ပြတင်းပေါက်များတို့ဖြင့် တန်ဆာဆင်ထားကြ၏။

မိန်းကလေးက စကြံအတိုင်း အရှေ့ဘက်သို့ ခေါ်သွားပြီး ဘယ်ဘက်ရှိ အခန်းတခု၏ ဟသ်ာပြဒါးတံခါးကိုဖွင့်ကာ ဝင်ထိုင်ပြီး စောင့်နေရန် ပြော၏။ အခန်းပတ်ပတ်လည်တွင် တိမ်များလွှင့်နေသော ပြတင်းပေါက်များ၊ ဆည်းဆာရောင် စင်မြင့်များ ရှိကြ၏။ သင်းပျံ့ သော ပန်းရနံ့များ၊ နံ့သာနံ့များဖြင့် ကြိုင်လှိုင်နေ၏။

မိန်းကလေးက ထွက်သွားပြီး ချက်ချင်းလိုပင် ပြန်ရောက်လာ၏။

“ကေရီသခင်မက တာရာသခင်ကို ကြွခဲ့ပါတဲ့”

စုန်ကျန့် ထိုင်နေသော ထိုင်ခုံသည် ထူးထူးခြားခြား နွေးနေ၏။ သူက ချက်ချင်းထ လိုက်၏။ ခေါင်ရမ်းပန်းကုံးများ၊ ကျောက်စိမ်းများကို ဝတ်ဆင်ထားသော နတ်မိမယ်လေး နှစ်ဦး ဝင်လာကြ၏။ သူတို့၏ မျက်နှာများမှာ လပြည့်ဝန်းသို့ ဝိုင်းဝိုင်းစက်စက် ရှိ၏။ လက် ကလေးများမှာ မျှစ်စို့များလို နုနုနယ်နယ်ရှိ၏။ အနီရောင်နှင့် ရွှေရောင် ပိုးထည်များကို ဝတ်ဆင်ထား၏။ စုန်ကျန့်ထံသို့ စီးမျောသလို ရောက်လာကာ နှုတ်ဆက်ကြ၏။ စုန်ကျန့် ကား သူတို့ကို စေ့စေ့ပင် မကြည့်ရဲပေ။

“ဒီလောက်လည်း နှိမ့်ချစရာ မလိုပါဘူး စစ်ဗိုလ်ချုပ်ကြီးရယ်၊ ကေရီသခင်မက အဝတ်လဲနေပါတယ်။ အရှင်နဲ့ သူ တိုင်းရေးပြည်ရာကိစ္စတွေ တိုင်ပင်ချင်လို့ပါ။ လိုက်ခဲ့ ပါရှင်”

စုန်ကျန့်လည်း လိုက်ခဲ့လေ၏။

ခန်းမကြီးအပြင်မှ အစိမ်းရောင် ဝတ်ထားသော မိန်းကလေးတဦးက ကြိုဆိုနေ၏။ ဆည်းလည်းသံလေး တချွင်ချွင်ကိုလည်း ကြားနေရ၏။ ကလေးမလေးများက အရှေ့ဘက် ရှိ လှေကားဆီသို့ ခေါ်သွား၏။

လှေကားတက်ဝကို ပုလဲကုံးများကို ဆွဲထားသည့် ခန်းဆီး ဖြင့် ကာထား၏။ လေပြည်ထဲမှ ကျောက်စိမ်းဆည်းလည်းသံများကိုလည်း ကြားနေရ၏။ အစိမ်းရောင်ဝတ် ကလေးမ၏ ဖိတ်ခေါ်ရာသို့ လိုက်သွားပြီး အမွှေးတိုင်ခုံတခုရှေ့တွင် ဒူးထောက်လိုက်၏။

ထို့နောက် မော့၍ ပတ်ဝန်းကျင်ကို ကြည့်မိ၏။ တိမ်များ မြူများ အလယ်ရှိ နဂါး ကိုးကောင် ရုပ်တု ထုထားသော သလွန်တခုပေါ်တွင် နဝမဘုံမှ ဂမ္ဘီရသခင်မ ထိုင်နေသည်ကို မြင်လိုက်ရ၏။ သူ့ခေါင်းပေါ်ရှိ မကိုဋ်တွင် နဂါးကိုးကောင်နှင့် နတ်ငှက်ရုပ်များကို တွေ့ရ၏။ နံ့သာရောင်ပေါ်တွင် ကျောက်မျက်များဖြင့် နဂါးနှင့် နတ်ငှက်ရုပ်များကို ပန်းထိုးထားသော ကိုယ်ဝတ်၊ နေနှင့် လပုံ ဖော်ထားသော ခါးဝတ်တို့ကို ဝတ်ဆင်ထား၏။ စီးထားသော ဖိနပ်မှာလည်း ပုလဲများကို သီကာ ချုပ်ထားသောကြောင့် တိမ်ထုသဖွယ် မြင်ရ၏။ လက် ထဲတွင် အပြစ်အနာအဆာ ကင်းသော ကျောက်စိမ်းဖြူ နှင်တံတလက်ကို ကိုင်ထားလေ၏။

မိန်းမချောလေး နှစ်ဆယ် သုံးဆယ်ခန့်က သူ့ကို ခစားနေကြ၏။ ဂမ္ဘီရ မယ်တော်က-“သင့်ကို ကျွန်ုပ် နတ်ကျမ်းသုံးကျမ်း ပေးလိုက်တာတောင် တော်တော် ကြာသွားပြီ။ ကောင်းကောင်း သိမ်းထားပြီး သေသေချာချာ လိုက်နာတယ် မဟုတ်လား။ အခုဆို စုန်ကေရာဇ်မင်းကြီးက သင့်ကို တာတာရ်တွေကို အတိုက်ခိုင်းလိုက်တယ်။ သင် အောင်မြင် ရဲ့လား”

စုန်ကျန့်လည်း မယ်တော်ရှေ့တွင် ကန်တော့လိုက်ကာ ပြန်ဖြေ၏။

“မယ်တော် ပေးပြီးကတည်းက ဒီကျမ်းတွေကို လျှို့ဝှက်ထားပြီး စောင့်ရှောက်ထား ပါတယ်။ ကေရာဇ်မင်းကြီးရဲ့ အမိန့်အရ ကျွန်ုပ်က တာတာရ်တွေကို တိုက်ခိုက်နေရပေမယ့် ဝူယန် ခင်းတဲ့ နက္ခတ်သဘင် တပ်အခင်းအကျင်းကို မဖြိုခွဲနိုင်သေးပါဘူး။ ကျွန်ုပ်တို့ အများကြီး အကျပ်အတည်းနဲ့ တွေ့နေပါတယ်”

“သင် ဂါထာတွေကို မရဘူးလား”

စုန်ကျန့်က ကန်တော့လိုက်ပြန်၏။

“ကျွန်ုပ်က လူကြမ်း လူညံ့ပါ။ သင်ကြားပေးပါ မယ်တော်”

“နက္ခတ်သဘင်ဆိုတာက ကောင်းကင်က ကြယ်တွေ နက္ခတ်တွေလို ခင်းကျင်းထား တာ ဆိုတော့ သာမန်အင်အား သုံးပြီး ဖြိုခွင်းလို့ မရနိုင်ဘူး။ မိတ်ဖက်ရန်ဘက် ဥပဒေသတွေ ကို လိုက်နာပြီး ဖြိုခွင်းမှ ရမယ်။ ဥပမာ-တံခွန်အနက်တပ်ဖွဲ့ ဆိုပါတော့။ ရေဓာတ်ဂြိုဟ်ကို ဗဟိုပြုတယ်။ မြောက်ဘက်က

နဂါးငွေ့တန်း နက္ခတ်ငါးလုံးကို သူတို့ အလံတွေမှာ သုံးတယ်။ ဒီတော့ သင့်တပ်ဗိုလ်ခုနစ်ယောက်ကို ရွေးပြီး မြေဝါရောင်အလံ၊ အဝတ်အစား၊ ချပ်ဝတ်၊ မြင်းတွေ ဝတ်စား ဆင်ယင်ပေးပြီး သူတို့မြင်းတပ်ခုနစ်တပ်ကို တိုက်ခိုင်းရမယ်။ ရန်သူရဲ့ ရေစစ်ဗိုလ်ချုပ်ကို ဖမ်းရမယ်။ မြေက ရေကို နိုင်တယ်လို့ ဆိုကြတယ် မဟုတ်လား။

"အဖြူရောင် ဝတ်ထားတဲ့ စစ်သည်တွေကို သင့်ဗိုလ် ရှစ်ယောက် ဦးစီးပြီး ဘယ်ဘက် က အစိမ်းရောင်တံခွန်တပ်ဖွဲ့ကို သွားတိုက်ခိုင်းပါ။ သတ္တုက သစ်သားကို နိုင်တယ်လေ။ အနီရောင် ဝတ်ထားတဲ့ စစ်သည်တွေကို သင့်ဗိုလ်ရှစ်ယောက် ဦးစီးပြီး ညာဘက်က အဖြူ ရောင်တံခွန်တပ်ဖွဲ့ကို သွားတိုက်ခိုင်းပါ။ မီးက သတ္တုကို နိုင်တဲ့အတွက်ပါ။ အနက်ရောင် ဝတ်ထားတဲ့ စစ်သည်တွေကို သင့်ဗိုလ် ရှစ်ယောက် ဦးစီးပြီး နောက်ရံအနီရောင် တံခွန် တပ်ဖွဲ့ကို သွားတိုက်ခိုင်းပါ။ အကြောင်းကတော့ ရေက မီးကို နိုင်လို့ပဲ။

"အဲဒီနောက်မှာတော့ အစိမ်းရောင် တံခွန်ကိုင် တပ်ဖွဲ့ကို ဗိုလ်ကိုးယောက် ဦးစီးပြီး ရန်သူ့တပ် အလယ်ဗဟိုကို ထိုးဖောက်ပြီး သူတို့ရဲ့အဝါရောင်တံခွန်တပ်ဖွဲ့နဲ့ စစ်သေနာပတိချုပ်ကို ဖမ်းပေတော့။ သစ်သားက မြေကြီးကို နိုင်တယ်လေ။ ပြီးတော့ ပန်းပြောက်ဖော်ထား တဲ့ ဝတ်စုံတွေ၊ တံခွန်တွေနဲ့ တပ်ဖွဲ့တဖွဲ့ကို တာတာရ်တွေရဲ့ နေတပ်ဖွဲ့ကို တိုက်ခိုင်း။ ဒီလိုပဲ မရန်းရောင်တံခွန်နဲ့ ငွေရောင်ချပ်ဝတ်နဲ့ တပ်ဖွဲ့ကို လတပ်ဖွဲ့ကို သွားတိုက်ခိုင်းပေတော့။ လှည်းနှစ်ဆယ့်လေးစီးမှာ အမြောက်တင်ပြီး တာတာရ်တပ် အလယ်ကောင်ကို ဗုံးမိုး ရွာချ ပေတော့။ ကုန်ဆွန်ရှုန်းကို မုန်တိုင်း တိုက်ခိုင်းပြီး အဲဒါကို အကာအကွယ်ယူပြီး လျောင် ဘုရင်ကို အရ ဝင်ဖမ်းပေတော့။

"ဒီလိုနည်းနဲ့ သင် လုံးဝ နိုင်လိမ့်မယ်။ ဒါပေမဲ့ နေ့ခင်းမှာတော့ မတိုက်ရဘူး။ ညမှောင်တဲ့အထိ စောင့်။ သင့်တပ်တွေကို သင်ကိုယ်တိုင် ဦးဆောင်ပြီး ဗဟိုတပ်မကို သင်ကိုယ်တိုင် ကွပ်ကဲပါ။ သင့်လူတွေကို သေသေချာချာ အားပေးရမယ်။ တစိတ်တည်း တဝမ်းတည်း ရှိမှ အောင်မြင်လိမ့်မယ်။

"ကျွန်ုပ်စကားတွေကို လျှို့ဝှက်ထားပါ။ တိုင်းပြည်နဲ့ လူထုကို ငြိမ်းချမ်းအောင် ဆောင်ရွက်ပါ။

"နတ်ဒေဝတာတွေနဲ့ လူသားတွေက ထင်သလို မတွေ့နိုင်ဘူး။ ဒီက နောင်ကို ကျွန်ုပ် တို့ အပြီးတိုင် ခွဲကြရတော့မယ်။ ကောင်းကင်ဘုံကို သင် ရောက်လာမှ ပြန်တွေ့ကြရမယ်။ ကဲ၊ သင့်စခန်းကို အမြန်ပြန်ပေတော့။ နှောင့်နှေးမနေနဲ့"

ဂမ္ဘီရမယ်တော်က အစိမ်းရောင်ဝတ် မိန်းကလေးကို စုန်ကျန့်အား

လက်ဖက်ရည် တည်ခင်းခိုင်းလေ၏။ စုန်ကျန့် လက်ဖက်ရည်သောက်ပြီးသောအခါ စုန်ကျန့်ကို ပြန်ပို့ခိုင်း လေ၏။ စုန်ကျန့်လည်း ကန်တော့ကာ ကျေးဇူးတင်ကြောင်း လေးလေးနက်နက် ပြောပြီး ပြန်ခဲ့၏။

မိန်းကလေးက အနောက်ဘက်လှေကားမှ ခေါ်ခဲ့ပြီး ဟသ်ာပြဒါး မုခ်ဦးမှ တဆင့် ကျောက်တံတားကို ကူးကာ ထင်းရှူးတောကို ဖြတ်ပြီး ပြန်လာခဲ့ကြ၏။ တနေရာတွင် မိန်းကလေးက ညွှန်ပြ၏။

“လျှောင်စစ်သည်တွေက ဟိုမှာပဲ။ အဲဒီနေရာက နေပြီး သင် ထိုးဖောက်ရမယ်”

စုန်ကျန့်က ကြည့်လိုက်ရာ မိန်းကလေးက ဆတ်ခနဲ တွန်းလိုက်၏။ စုန်ကျန့်လည်း နိုးသွားလေ၏။ သူ တဲထဲတွင် အိပ်မက်မက်နေခြင်း ဖြစ်ပေ၏။ တိတ်ဆိတ်သော ညအတွင်း တွင် ကင်းသမားက စည်လေးချက် တီးလိုက်သည်ကိုကြားလိုက်ရ၏။ စတုတ္ထယံသို့ ရောက် နေလေပြီ။

အခေါ်ခိုင်းလိုက်သဖြင့် ရောက်လာသော ဝုရှံသို့ စုန်ကျန့်က ဆီး၍ မေးလေ၏။

“နက္ခတ်သဘင်ကို ဖြိုခွင်းဖို့ အစီအမံ နောင်ကြီး ရပြီလား”

“မရသေးဘူး နောင်ကြီးရာ”

“ကျုပ် ဂမ္ဘီရမယ်တော်နဲ့ တွေ့ခဲ့တယ်ဗျ။ သူက ကျုပ်ကို လျှို့ဝှက်နည်း ပေးလိုက်တယ်။ အဲဒါကို ဆုံးဖြတ်ပြီးပေးမယ့် နောင်ကြီးဆီက အကြံ ကြားချင်သေးတယ်ဗျ။ ခေါင်းဆောင် တွေ အားလုံးစုပြီး တာဝန်ခွဲပေးမယ်။ ဒီတပွဲကတော့ အကောင်းဆုံးကို သုံးမှ ရမယ်”

“ကြားပါရစေ နောင်ကြီးရာ”

စုန်ကျန့်က လုပ်နည်းကို အကျဉ်းချုပ်ပြောပြ၏။ ထို့ကြောင့် လျှောင်မင်းကြီးသည် လက်အုပ်ချီကာ အညွှံခံလာရ၏။ သေနာပတိချုပ်ဝူယန်လည်း ကျဆုံးရ၏။ မှန်ပေ၏။ ကောင်းကင်ဘုံမှ ရလာသော မဟာဗျူဟာနှင့် ထက်မြက်သောနည်းဗျူဟာတို့ကို ပေါင်း စပ်ကာ စုန်ကျန့်၏ တပ်တော်သည် မှော်ပညာဖြင့် ချထားသော စည်းကို ဖောက်နိုင်ခဲ့ပေ၏။

စုန်ကျန့်က မည်သည့်လုပ်နည်းကို သုံးခဲ့သနည်း။ ရန်သူ့တပ် အခင်းအကျင်းကို မည်သို့ ဖောက်ခွင်းခဲ့သနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၈၉

စုန်ကျန့် ရန်သူ့တပ်အခင်းအကျင်းကို ဖြိုခွဲခြင်း

စစ်သူကြီးစူက ကေရာဇ်မင်းကြီး၏ လွှတ်ငြိမ်းခွင့်ကို အပ်နှင်းခြင်း

နဝမဘုံမှ ဂမ္ဘီရမယ်တော်က သူ့အား အိပ်မက်ထဲတွင် ပေးအပ်ခဲ့သော တိုက်နည်းကို စုန်ကျန့်က ဝုရုံသို့ တလုံးမကျန် ပြန်ပြောပြလေ၏။ လုပ်ကိုင်မည့် လုပ်ငန်းစဉ် အဆင့်ဆင့် ကို နှစ်ယောက်သား သဘောတူညီကြပြီးသော် ဝန်မင်းကျောက်ကို အကြောင်းကြားလိုက် ၏။ သစ်ပျဉ်ပြားများ၊ သံပြားများဖြင့် အခြောက်တင်လှည်း နှစ်ဆယ့်လေးစီးကိုလည်း လုပ် ရ၏။ လှည်းပေါ်တွင် အမြောက်တလက်စီ တင်ထားရမည်။ ရေနံချေးစိမ်ထားသော ထင်း စည်းများကိုလည်း လှည်းကြမ်းအောက်တွင် တင်လာရမည် ဖြစ်၏။ အမြောက်တပ်ဖွဲ့ဝင် များသည် ဤအလုပ် ပြီးစီးအောင် ညလုံးပေါက် လုပ်ကြရ၏။

ထို့နောက် စုန်ကျန့်က တပ်ဗိုလ်အားလုံးကို စုကာ တိုက်စစ်အမိန့်ကို ထုတ်ပြန်၏။ ဗဟိုမြင်းတပ်မကို မြေဝါရောင် ဝတ်ဆင်စေကာ လုံ့နှစ်စင်းဗိုလ်တုန်ပင်းက ရန်သူ ဗုဒ္ဓဟူးဂြိုဟ်တပ်ဖွဲ့၏ ဗဟိုချက်ကို တိုက်ခိုက်ရမည်။ သူ၏ လက်အောက်ခံ တပ်မှူး ခုနစ်ဦး က အနက်ရောင်တံခွန်ကိုင် ရန်သူမြင်းတပ်များကို တိုက်ခိုက်ရမည်။

ရန်သူ ကြာသပတေးဂြိုဟ်တပ်ဖွဲ့၏ ဗဟိုချက်ကို အဖြူရောင်နှင့် ရွှေရောင်ဝတ်ထား သော မြင်းတပ်များဖြင့် ကျားသစ်ခေါင်းလင်ချုံးက ဦးစီး တိုက်ခိုက်ရမည်။ လက်အောက်ခံ တပ်မှူး ခုနစ်ဦးက အစိမ်းရောင်တံခွန်ကိုင် ရန်သူ့ မြင်းတပ်များကို တိုက်ခိုက်ရမည်။

မိုးကြိုးသွားချင်မင်း ဦးဆောင်သော အနီရောင်ဝတ် မြင်းသည်များက ရန်သူ၏ တောင်ဘက်ရှိ သောကြာဂြိုဟ်တပ်ဖွဲ့ ဗဟိုကို တိုက်ခိုက်ရမည်။ ယင်း၏ လက်အောက်ခံ တပ်မှူး ခုနစ်ဦးက အဖြူရောင်တံခွန်ကိုင် လျှောင်မြင်းတပ်များကို တိုက်ခိုက်ရမည်။

ရေခဲတတ်ကို ဆောင်သော အနက်ရောင်ဝတ် မြင်းသည်များကို ဦးစီးလျက် တင်ကျည်း နှစ်လက် ဟူယန်ကျို့က ရန်သူ၏ အင်္ဂါဂြိုဟ်တပ်ဖွဲ့ ဌာနချုပ်ကို တိုက်ခိုက်မည်။ လက် အောက်ခံ တပ်မှူး ခုနစ်ဦးက အနီရောင်တံခွန်ကိုင် ရန်သူ့တပ်ဖွဲ့များကို တိုက်ခိုက်ရမည်။

သစ်သားခါတ်၏ အရောင်ဖြစ်သည့် အစိမ်းရောင်ဝတ် မြင်းသည်များက တာတာရ် စစ်သေနာပတိချုပ်၏ စနေဂြိုဟ်တပ်ဖွဲ့ကို တိုက်ခိုက်ရမည်။ ခေါင်းဆောင်မည့် သူမှာ လုံ ပုဆိန်ကြီးကွမ်ရှိန်း ဖြစ်၏။ မြေဝါရောင်တံခွန်ကိုင် တာတာရ်တပ်ဖွဲ့များကို လက်အောက်ခံ တပ်မှူး ရှစ်ဦးက ဦးဆောင်တိုက်ခိုက်ရမည်။

ပန်းပြောက်ထိုးထားသော တံခွန်များ၊ ဝတ်စုံများ ဝတ်ဆင်ထားသော တပ်ဖွဲ့ကို တပ်မှူး ခုနစ်ဦးက ဦးဆောင်ကာ ဘယ်ဘက်ရှိ ရန်သူ၏ နေတပ်ဖွဲ့ကို တိုက်ခိုက်ရမည်။ ကျန် ခုနစ်ဦးက မရန်းရောင်ဝတ်စုံ၊ ငွေရောင်ချပ်ဝတ်များ ဝတ်ဆင်ထားသော တပ်များကို ဦးစီးကာ ရန်သူ၏ ညာဘက်ရှိ လတပ်ဖွဲ့ကို တိုက်ခိုက်ရမည်။

ရဲရင့် ရက်စက်သော တပ်မှူးခြောက်ဦး ဦးစီးသည့် တပ်များက ရန်သူတပ်၏ ဗဟိုသို့ ရောက်အောင် ဖောက်ထွင်းကာ တာတာရ်မင်းကြီးကို ဖမ်းရမည်။ ကျန်ငါးဦးက အမြောက် တပ်များ အလယ်သို့ ရွေ့ရာတွင် အကာအကွယ် လုပ်ပေးရမည်။

ရေတပ်များက စစ်မြေပြင်နှင့် အနီးနိုင်ဆုံး ရွှေ့ပြောင်းထားကာ အထောက်အကူ ပြုပေးရမည်။

အနားငါးဖက်ရှိသည့် အလံရှစ်လက်ကို ထုတ်ပေးရမည်။ စုန်တပ်ဖွဲ့များသည် ထုံးစံ အတိုင်း တပ်ဖွဲ့ ကိုးဖွဲ့ အဌဂံပုံဗျူဟာ ခင်းကျင်းမည်။

စုန်ကျန့်က အမိန့်များ ထုတ်ပြီးသောအခါ လက်အောက်ခံ တပ်မှူးများက မိမိတို့ တပ်ဖွဲ့အသီးသီးသို့ ပြန်ကာ အသင့်ပြင်ဆင်ကြ၏။ အမြောက်တင်လှည်း နှစ်ဆယ့်လေးစီး ကိုလည်း ပစ္စည်းကိရိယာများ တင်ကာ ရှေ့တန်းသို့ တွန်းပို့ထားကြ၏။ မှန်ပေ၏။ ဤမဟာ ဗျူဟာကြောင့် မြေရော မိုးပါ ထိတ်လန့်သွားရမည်။ ဘီလူး၊ ကုမ္ဘာန်များပါ တုန်လှုပ်သွား ရမည် ဖြစ်ပေ၏။

တာတာရ်သေနာပတိချုပ် ဂူယန်ကလည်း စုန်ကျန့်တို့ တိုက်ပွဲဆင်မလာသဖြင့် အံ့သြ နေပြီး ထောက်ကင်းများကို စုန်ကျန့်တို့ တပ်အနားအထိ တိုးကာ စေလွှတ်ထား၏။ စုန်ကျန့်ကမူ ဆက်လက် ပြင်ဆင်နေပြီး တိုက်စစ်ဆင်မည့် ရက်ကို သတ်မှတ်လိုက်၏။

ထို့နောက် ထိုနေ့ မွန်းလွဲချိန်လောက်တွင် စတင် ချီတက်ခဲ့လေ၏။ လျောင်တပ်များနှင့် နီးလာသောအခါ တပ်အားလုံးကို ရင်ပေါင်တန်း ဖြန့်လိုက်၏။ နေဝင်ချိန်ကို စောင့်ရင်း ရန်သူများ တိုးမလာနိုင်ရန် မြားမိုး ရွာကာ ဟန့်တားလေ၏။

မိုးချုပ်စတွင် တိမ်များ တက်လာကာ ညမရောက်သေးဘဲလျက် မှောင်လာလေ၏။ စုန်ကျန့်က သူ့တပ်ကို ပါးစပ်ထဲတွင် ကျူရိုးများကို ကိုက်ထားစေကာ အချက်ပေးခရာသံကို စောင့်နေစေ၏။ ထို့နောက် စစ်ကြောင်းလေးကြောင်းကို လွှတ်ကာ တာတာရ်တို့၏ ကာကင်းများကို ဖယ်ရှားကာ ရန်သူယူထားသည့် နေရာ၏ မြောက်ဘက်အစွန်းအထိဝန်းရံထားစေ၏။

ပထမယံခန့်တွင် စုန်ကျန့်တို့တပ်မှ အမြောက်သံများ တဒိန်းဒိန်းနှင့် ထွက်လာလေ၏။ ဟူယန်ကျို့၏ တပ်များက အင်္ဂါဂြိုဟ်တပ်ဖွဲ့ကို ဝင်တိုက်ပြီး သိမ်းယူလိုက်၏။ ကွမ်ရှိန်းက ရန်သူ့တပ်ထဲသို့ အတင်းဝင်ကာ စနေဂြိုဟ်တပ်ဖွဲ့ကို သိမ်းယူ၏။ လင်ချုံးက ဘယ်ဘက်ရှိကြာသပတေးဂြိုဟ်ကို သိမ်းယူ၏။ ချင်မင်းက ညာဘက်တပ်ဖွဲ့ကို ဖြတ်တောက်ကာ သောကြာဂြိုဟ်တပ်ဖွဲ့ကို ထိန်းချုပ်လိုက်၏။ တုန်ပင်းကလည်း ထိပ်တွင် ရှိသော ဗုဒ္ဓဟူး ဂြိုဟ်တပ်ဖွဲ့ကို သိမ်းယူလိုက်၏။

ကုန်ဆွန်ရှန်းက သူ့ဓားကို ဝှေ့ကာ မန္တရားကို ရွတ်လိုက်ပြီး မိုးကြိုးငါးချက်ကို ဆင့်ကာ ဆင့်ကာ ပစ်ခတ်စေလိုက်၏။ တောင်ဘက်မှ လေပြင်းထလာရာ သစ်ပင်များ ကွေးညွတ် လာပြီး ထိပ်ဖျားများပင် မြေသို့ ဦးစိုက်လာရ၏။ ကျောက်တုံးများ လိမ့်ကုန်ကာ သဲမှုန်များ လည်း တဝူးဝူးနှင့် လွင့်ပျံနေ၏။ မိုးကြိုးနတ်ကလည်း ကောင်းကင်တခွင်လုံးကို လျှပ်စီး လျှပ်ပန်းများ၊ ကွန်ရက်များ ဖြန့်ကြက်လျက် ရှိ၏။ အမြောက်တင်လှည်း နှစ်ဆယ့်လေးစီး ကိုလည်း ဒိုင်းကာ စစ်သည်ငါးရာ အကာအကွယ်ဖြင့် လျောင်တပ်ထဲသို့ တွန်း၍ ဝင်လာ ကြ၏။ သံမဏိတာကလည်း သူ့စစ်သည်များဖြင့် ရန်သူ၏ နေတပ်ဖွဲ့အတွင်းသို့ ဝင်၍ တိုက် သလို၊ ရှင်ဉာဏကလည်း ရန်သူ၏ လတပ်ဖွဲ့အတွင်းသို့ ဝင်၍တိုက်ခိုက်လေ၏။ အမြောက် လှည်းများ နောက်မှ လူကွမ်းယီက လိုက်ပါကာ တာတာရ်၏ တပ်မကို ထိပ်တိုက်ဝင်၍ တိုက်လေ၏။ တပ်အသီးသီးက မိမိ သားကောင်နောက်သို့ လိုက်ကာ ထိုးခုတ်သတ်ဖြတ် ကြ၏။

မြေပြင်တွင် အမြောက်သံများ ဟိန်းနေသလို၊ မိုးကောင်းကင်တွင်လည်း မိုးခြိမ်းသံ များကည့်နေ၏။ မြေနှင့် မိုးကြား လေထုအတွင်းတွင် ကျောက်တုံးများ လိမ့်နေကာ ကျောက် စရစ်များ ပလူပျံလျက် ရှိ၏။ သတ်ဖြတ်မှုမှာ ပြင်းထန်လှသဖြင့် ကောင်းကင်ရှိ ကြယ် များပင် ရွေ့ကုန်၏။ နေနှင့်လပင် မှိန်ကုန်၏။ မြေဖုတ်ဘီလူးများပင် ငိုယိုကြ၏။ စစ်သည် များသည် ထွေးလုံးရစ်ပတ် တိုက်ခိုက်နေကြ၏။

ပတ်ပတ်လည်မှ အော်သံ ဟစ်သံများ ဆူညံပွက်လော ရိုက်လာသည့် အချိန်တွင် တာတာရ်သေနာပတိ ဝူယန်မှာ သူ့စစ်ဗိုလ်ချုပ်များကို ရွှေ့ပြောင်း၍ ကောင်းဆဲ ဖြစ်၏။ မြင်းပေါ်သို့ သူ တက်စီးသည့်အချိန်တွင် အမြောက်လှည်းများမှာ

သူ၏ တပ်မထဲသို့ပင် ရောက်နေလေပြီ။ အမြောက်ဆန်များ ပေါက်ကွဲသံနှင့်အတူ မီးလျှံများလည်း မိုးသို့ ထိုး တက်လာလေ၏။ ကွမ်ရှိန်း ဦးစီးသော မြင်းတပ်ကလည်း ဝူယန်၏ တဲသို့ တိုင်အောင် ဖောက်ဝင်လာနိုင်ခဲ့ပြီဖြစ်ရာ ဝူယန်လည်း သူ့လုံပုဆိန်ကြီးကို စွဲကိုင်ကာ ကွမ်ရှိန်းကို သွား ၍တိုက်၏။ အမြီးမဲ့မြားချန်ကျင်ကလည်း ခဲများကို တလုံးပြီး တလုံး ပစ်ပေါက်ကာ ဝူယန်၏ အကူစစ်သည်များကို တယောက်ပြီးတယောက် ဖြိုပစ်နေ၏။ ဒဏ်ရာရသူ အများအပြားမှာ အသက်ကို လုကာ ပြေးကြရ၏။ သူ၏ အကူစစ်သည်များ ကုန်သွားသောအခါ ဝူယန်လည်း သူ့မြင်းကို ဆွဲလှည့်ကာ မြောက်ဘက်သို့ ထွက်ပြေးလေ၏။ ကွမ်ရှိန်းလည်း နောက်မှ မြင်းကို ကဆုန်စိုင်းကာ လိုက်သွား၏။

ဟွရုံလည်း လိုက်၏။ မြားတစင်းကို လေးတွင် တပ်ကာ ပစ်လိုက်ရာ ဝူယန်၏ ကျောပြင်ကို တည့်တည့်ကြီး ထိမှန်လေ၏။ မြားမှာ ကျောကာသံပြားနှင့် ကလင်ခနဲ ထိခိုက်သွားရာ မီးပွားများ စဉ်ထွက်လာလေ၏။ ဟွရုံက နောက်ထပ်မြားတစင်း မပစ်လိုက် နိုင်မီ ကွမ်ရှိန်းက မီလာပြီး သူ၏ နဂါးစိမ်းလုံပုဆိန်ကြီးကို လွှဲကာ ခုတ်ချလိုက်၏။ ဝူယန်က ချပ်ဝတ်ကို သုံးထပ် ဝတ်ထား၏။ သူ့ကိုယ်နှင့် အနီးဆုံး အထပ်မှာ သံနန်းကြိုးများကို ထိုးရက်ထားသော ကိုယ်ကျပ်အင်္ကျီ ဖြစ်၏။ အလယ်အထပ်မှာ ပင်လယ်ဖျံရေအင်္ကျီ ဖြစ်၏။ အပြင်ဆုံးအထပ်မှာ ရွှေနန်းကြိုးများကို ထိုးရက်ထားသော ကိုယ်ကျပ်အင်္ကျီ ဖြစ်၏။ ကွမ်ရှိန်း၏ ပုဆိန်သွားမှာ အပြင်နှစ်ထပ်ကိုသာ ဖြတ်သွား၏။ ထပ် ခုတ်မည်ဟု သူ့လက်နက်ကို မြှောက်လိုက်စဉ်မှာပင် ဝူယန်က ကပ်လာပြီး ပြန်တိုက်ခိုက်၏။

နှစ်ယောက်သား လေးချီ ငါးချီလောက် တိုက်ကြ၏။ ထိုစဉ် ဟွရုံ ရောက်လာလေပြီး ဝူယန်၏ မျက်နှာကို ချိန်ကာ မြားတစင်း လွှတ်လိုက်၏။ ဝူယန်က အမြန်ရှောင်လိုက်သော် လည်း မလွတ်။ မြားက သူ့နားရွက်ထိပ်ကို ဖြတ်ကာ သူ့သံခမောက်ကို ဖောက်ထွက်သွားရာ ဝူယန်လည်း ထွက်ပြေးလေ၏။

ချန်ကျင်က နောက်မှ အပြင်းလိုက်ကာ ခဲတလုံးကို ပေါက်လိုက်၏။ ဝူယန်၏ ခေါင်းကို မှန်သွားပြီး မြင်း၏ လည်ပင်းပေါ်သို့ ဟပ်ထိုးကျသွား၏။ သူ့လုံပုဆိန်ကြီးကို တရွတ်ဆွဲကာ ဆက်၍ ပြေးလေ၏။ ကွမ်ရှိန်း မီလာပြီး လုံပုဆိန်ကြီးကို အောက်မှ ပင့်၍ ခုတ်လိုက်ရာ တာတာရ်စစ်သေနာပတိချုပ်၏ ကိုယ်မှာ ခါးမှ ခေါင်းအထိ တောက်လျှောက် ပွဲကျသွား လေ၏။ ဝူယန်လည်း ဆန့်ငင်ဆန့်ငင်ဖြင့် မြေသို့ ကျရလေ၏။ ဟွရုံ ရောက်လာပြီး သူ၏ မြင်းနှင့် ဝူယန်၏ မြင်းကို လဲလိုက်၏။ ချန်ကျင်က လဲနေသော တာတာရ်ကို လှံနှင့် ထုတ် ချင်းပေါက် ထိုးလိုက်၏။ သို့ဖြင့် ရဲရင့်လှသော စစ်သည်တော်တဦး ဖြစ်သည့် တာတာရ် စစ်ဦးစီးချုပ်မှာ လုံပုဆိန် တချက်၊ လှံတချက်မျှဖြင့် ဘဝဆုံးရလေ၏။

ရှင်ဉာဏ၊ ဝုဆုံနှင့် အခြားတပ်မှူး ခုနစ်ဦးသည် ကြွေးကြော်လျက်

နေတပ်ဖွဲ့သို့ ဝင်၍ စီးကြ၏။ ယဲလူ တေချုန်းသည်လည်း ထွက်ပြေးရန် မြင်းကို လှည့်လိုက်စဉ်မှာပင် ဂုဆုံ၏ ဓားတချက်ဖြင့် မြင်း၏ လည်ပင်း ပြတ်သွားလေ၏။ ဂုဆုံက လျောင်မင်းသားကို ဆံပင်မှ ဆွဲ ကိုင်ကာ ခေါင်းကို ဖြတ်လိုက်၏။ တေချုန်း၏ သားနှစ်ယောက်လည်း အသက်ဘေးမှ ထွက် ပြေးကြလေ၏။ နေတပ်ဖွဲ့ပျက်သွားပြီး စစ်သည်များလည်း တကွဲတပြား ထွက်ပြေးကြ၏။

ရှင်ဥဘဏက-

"ကျုပ်တို့ အလယ်ကောင်ထိ ဝင်မယ်။ သူတို့မင်းကြီးကို ဖမ်းပြီး ပွဲသိမ်းမယ်"

လတပ်ဖွဲ့မှာလည်း တိုက်ပွဲသံများ ဆူဆူညံညံ ကြားရသဖြင့် တာတာရ်သမီးတော်က စစ်သမီးများကို စုရုံးကာ စစ်ကူပေးမည်ဟု ထွက်၏။ သို့သော် သူတို့၏ တဲတွင်ပင် ဓား နှစ်လက်ကို ဝင့်၍လာသော သံမဏိတာ၊ မခုနှင့် အခြားတပ်မှူး ငါးယောက်တို့နှင့် ပက်ပင်း တိုးမိလေ၏။ အချီများစွာ တိုက်ပြီးနောက် သံမဏိတာက အတင်းဝင်ကာ တာတာရ်သမီးတော်၏ ခါးကို သိမ်းကျုံး၍ ချုပ်ထားလိုက်၏။ နှစ်ယောက်သားမှာ မြင်းများပေါ်တွင် ရုန်းကန်နေကြ၏။ မိုလ်ကျားပု ရောက်လာကာ တာတာရ်မင်းသမီးကို ဖမ်းလိုက်၏။ မခုနှင့် စုန်းမဆွန်တို့က တာတာရ်စစ်သမီးများအား သတ်ဖြတ်မောင်းထုတ်နေသည်ကို ကျန် ယောကျ်ားတပ်မှူး သုံးဦးတို့က ဝိုင်းကူပေးကြ၏။ တာတာရ်မင်းသမီးခမျာမှာ ခြေလက် အတုပ်ခံရကာ အကျဉ်းသား ဖြစ်ရလေ၏။

လူကွမ်းယီတို့တပ်သည် လျောင်တပ်တော်၏အလယ်ကောင်ကို ဝင်ကာ တပ်မိုလ်များ၊ တပ်မင်းများကို သတ်ဖြတ်ကြ၏။ ရှီချင်နှင့် ရှုပေါင်တို့က တာတာရ်တို့၏ ဌာနချုပ် အလံ တိုင်ကို ခုတ်လှဲချလိုက်၏။ မှူးမတ်များ၊ တပ်မိုလ်များက မလစ်လပ်ရအောင် စောင့်ကြပ်ကာ သူတို့၏ မင်းကြီးကို ခေါ်၍ မြောက်ဘက်သို့ ဆုတ်သွား၏။ သို့သော် တူတော်များအနက် ယဲလူ တေရှင်နှင့် ယဲလူတေရုန်းတို့မှာ မြင်းပေါ်မှ ခုတ်ချခံရကာ သေရလေ၏။ ယဲလူ တေဟွာကမူ အဖမ်းခံရ၏။ ယဲလူတေချုန်းမှာ ပျောက်နေ၏။ ဘယ်မှာ ရောက်နေမှန်း ဘယ်သူမှ မသိရ။ လျောင်တပ်တော်တခုလုံးမှာ လုံးဝ အဝိုင်းခံလိုက်ရပြီး သတ်ဖြတ် သုတ်သင်နေသည်မှာ စတုတ္ထယံအထိ ဖြစ်၏။ လူနှစ်သိန်းကျော်ပါသော လျောင်တပ်တော် ကြီးတွင် အသက်ရှင်လျက် ကျန်ခဲ့သူ တယောက်မျှ မရှိပေ။

နေထွက်သောအခါ တပ်မှူးများ စခန်းသို့ ပြန်လာကြ၏။ စုန်ကျန့်က လူစုခရာ မှုတ် စေကာ တပ်ကို ပြန်သိမ်း၏။ ဖမ်းမိသော သုံ့ပန်းများကို တင်ပြကာ ဆုခံစေ၏။ သံမဏိတာ က တာတာရ်မင်းသမီးကို၊ လူကွမ်းယီက တူတော် ယဲလူ

တေပဟွာကို၊ ချူတိုက ဗုဒ္ဓဟူးဂြိုဟ် တပ်ဖွဲ့မှူး ကျူလီချူကျင်းကို လည်းကောင်း၊ ကျန် တပ်မှူးများက နောက်ထပ် တာတာရ် ဗိုလ်ချုပ်ငါးဦးကို လည်းကောင်း အသီးသီး တင်ပြကြ၏။ မရေမတွက်နိုင်သော ရန်သူ ဦးခေါင်းများကိုလည်း တင်ပြကြ၏။

ဖမ်းမိထားသော တာတာရ်ဗိုလ်ချုပ်များကို ဝန်မင်းကျောက်ထံ အပ်နှံထားလိုက်ပြီး ဖမ်းမိသော မြင်းများကို တပ်မှူးများသို့ ခွဲဝေပေးလိုက်၏။

လျောင်မင်းကြီးလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ယန်ကျင်းမြို့တော်သို့ ဆုတ်ခွာခဲ့ပြီး မြို့တံခါးလေးပေါက်စလုံးကို ပိတ်ထားစေ၏။ ကျုံးကိုလည်း ကာကွယ်ထားစေ၏။ မည်သူ့ ကိုမျှလည်း ထွက်၍ မတိုက်ခိုင်းပေ။ ထိုသို့ ဆုတ်သွားကြောင်း ကြားရသော စုန်ကျုန့်သည် စခန်းကို သိမ်းစေကာ လျောင်နေပြည်တော်ကို ချီတက်သွားပြီး ဝိုင်းထားလိုက်၏။ ဝန်မင်း ကျောက်ကိုလည်း တိုက်ပွဲကို စောင့်ကြည့်ရန် ခေါ်ထားလိုက်၏။ မြို့တက်လှေကားများ၊ အမြောက်များတို့ကို အသင့်ပြင်ထားစေ၏။ တပ်များကိုလည်း ခံစစ်ဆင်ထားစေကာ မြို့ကို တိုက်ရန် စီစဉ်၏။

တာတာရ်မင်းကြီးလည်း နေမထိ ထိုင်မသာ ဖြစ်ကာ ညီလာခံ ခေါ်၏။ အားလုံးက တသံတည်းဖြင့် တင်လျှောက်ကြ၏။ "အခြေအနေမှာ ဘေးကြီးသင့်နေပြီ ဖြစ်ပါတယ်။စုန်နိုင်ငံတော်သို့ အညွှံခံရန်သာ အကောင်းဆုံး နည်းလမ်းဖြစ်ပါတယ်"။ မင်းကြီးကလည်း သဘောတူ၏။ မြို့ရိုးပေါ်တွင် လက်နက်ချသည့် အလံကို ထူထား၏။ စုန်တပ်စခန်းကို တမန်စေလွှတ်ကာ "နှစ်စဉ် မြင်း၊ နွား၊ ပုလဲ၊ ကျောက်မျက်များကို ပေးဆက်ပါမည်။ ဗဟို တိုင်းပြည်သို့ မကျူးကျော်တော့ပါ" ဟု တင်ပြကြ၏။

စုန်ကျုန့်က တာတာရ်တမန်ကို ဝန်မင်းကျောက်ထံသို့ ပို့လိုက်၏။ တာတာရ်တို့၏ စကားကို ကြားရသော ဝန်မင်းကျောက်က -

"ဒါက အဓိကကျတဲ့ တိုင်းရေးပြည်ရာကိစ္စပဲ။ ဘုန်းတော်ကြီးလှသောဘုရားမှပဲ ဆုံးဖြတ်နိုင်မယ်။ ကျုပ်မှာ အာဏာမရှိဘူး။ ခင်ဗျားတို့က မှူးကြီးမတ်ကြီး တယောက်ကို အရှေ့နေပြည်တော်ကို လွှတ်ပြီး ဖူးမြော်ခွင့် တောင်းရလိမ့်မယ်။ ဘုန်းတော်ကြီးလှသော ဘုရားက ခင်ဗျားတို့ လက်နက်ချတာကို လက်ခံပြီး ခင်ဗျားတို့ အပြစ်ကို ခွင့်လွှတ်တယ်လို့ စာနဲ့ ရေးပြီး အမိန့်ထုတ်မှပဲ ကျုပ်တို့လည်း စစ်ကို ရပ်ပြီး ကျုပ်တို့တပ်တွေကို ရုပ်သိမ်း နိုင်မယ်"

တာတာရ်တမန်လည်း ပြန်သွားကာ သူတို့မင်းကြီးထံ ပြန်တင်ပြ၏။ မင်းကြီးလည်း ညီလာခံ ခေါ်ကာ တိုင်ပင်၏။ ဒုတိယအမတ်ချုပ် ချူကျန်က တင်ပြ၏။

“ကျွန်တော်တို့တပ်က အားနည်းနေပါပြီ။ တပ်ဗိုလ်တွေလည်း နည်းနေပြီ။ စစ်သည် တွေကတော့ မရှိသလောက် ဖြစ်နေပြီဆိုတော့ ရန်သူကို ဘယ်လို ခုခံနိုင်ပါ့မလဲ ဘုရား။ ကျွန်တော့်ရဲ့အမြင်မှာတော့ ဘယ်လိုပဲ အခက်ကြုံနေပေမယ့် ရွှေတွေ၊ ပိုးထည်တွေနဲ့ လူ တွေရဲ့ စိတ်ကို ဝယ်လို့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် စုန်ကျန့်စခန်းကို လာဘ်သပ်ပကာ တွေနဲ့သွားပြီး အတိုက်ရပ်အောင်၊ မြို့တော်ကို မတိုက်အောင် ဟန့်တားပါ့မယ်။ တချိန် တည်းမှာ အရှေ့နေပြည်တော်က အဓိကကျတဲ့ မှူးကြီးမတ်ကြီးတွေကိုလည်း လက်ဆောင် တွေပေးပြီး ကိုယ့်ဘက်ပါအောင် ဝယ်ထားလိုက်ကြမယ်။ ဒါမှ သူတို့က ကျွန်တော်တို့ ဘက်က လိုက်ပြီး ပြောပေးကြလို့ သူတို့မင်းကြီးကလည်း သက်သက်ညှာညှာနဲ့ အမိန့်ချ လိမ့်မယ်။ ဆယ်ကျင်း၊ တုန်ဂွမ်၊ ကောက်ကျူ၊ ယန်းကျင်းတို့က အာဏာထက်တယ်။ ကောက်လည်း ကောက်ကျစ်ကြတယ်။ ဘုရင်ကလေးကလည်း သူတို့ အကြံပေးတာ နားထောင်တယ်။ သူတို့ကို ရွှေတွေ၊ ပိုးဖဲတွေ ပေးပြီး သူတို့ထောက်ခံမှုကို ဝယ်ကြမယ်။ ကျွန်တော်တို့က လက်နက်ချပြီး အသနားခံကြမယ်။ စုန့်တပ်တွေကို ပြန်သိမ်းသွားပြီး စစ်လည်း ပြီးဆုံးသွားပါလိမ့်မယ် ဘုရား”

ထိုအကြံကို တာတာရ်မင်းကြီးက လက်ခံလိုက်၏။

နောက်တနေ့တွင် ချူကျန်က စုန်ကျန့်တပ်စခန်းသို့ သွား၏။ စုန်ကျန့်က လက်ခံပြီး သူ့တဲတွင် တွေ့ဆုံကာ လာရင်းကိစ္စကို မေး၏။ ချူကျန်က အညံ့ခံကြောင်း ပြောကာ အဖိုးတန်လက်ဆောင်များကို ပေး၏။ သူ့စကားကို နားထောင်ပြီးသော စုန်ကျန့်က-

“ကျုပ်တို့ နေ့စဉ် ရက်ဆက် တိုက်ရင်တော့ ခင်ဗျားတို့ နေပြည်တော် ကျပြီသာမှတ်ထားကြပါ။ အဲဒီလိုသာ သိမ်းပြီးရင်တော့ ကျူပင်ခုတ် ကျူငုတ်တောင် မကျန်စေရဘူး မှတ်ပါ။ ခင်ဗျားတို့ လက်နက်ချတဲ့ အလံကို တွေ့လို့ ကျုပ်လည်း အတိုက်ရပ်ထားလိုက် တယ်။ ရှေးရှေးကတည်းက တိုက်ပွဲတွေမှာ အညံ့ခံခွင့်ဆိုတာ ရှိလေတော့ ခင်ဗျားတို့ကို အညံ့ခံခွင့် ပေးလိုက်ပါတယ်။ ခင်ဗျားတို့ ရွှေနန်းတော်ကြီးကို သွားပြီးတော့ အညံ့ခံတဲ့ အကြောင်း အခွန်အတုတ် ဆက်မယ့်အကြောင်း လျှောက်တင်ကြပေတော့။ ခင်ဗျားတို့က စုန်ကျန့်ကိုတော့ လာဘ်ထိုးရင် ရမှာပဲလို့ ထင်နေကြတယ်ပေါ့။ နောက်ကို ဒီလို ထပ်လုပ်ဖို့ မကြိုးစားကြနဲ့”

လျှောင်အမတ်လည်း လန့်သွားလေ၏။

“ရွှေနန်းတော်ကြီးကို သွား၊ အမိန့်တော် ယူလာခဲ့၊ ကျုပ်တော့ တပ်တွေကို အတိုက် ရပ်ထားမယ်။ ခုပဲ သွားပြီး မြန်မြန်ပြန်လာခဲ့။ အချိန်ဆွဲမနေနဲ့”

ချူကျန်လည်း ပြန်သွားကာ အကြောင်းစုံကို တင်ပြ၏။ အရေးကြီးသော

မှူးကြီး မတ်ကြီးများ ခေါင်းချင်းရိုက်ကြရာ သဘောတူညီချက်တခုကို ရခဲ့၏။ နောက်တနေ့တွင် မင်းနှင့်တကွ မှူးမတ်များက အဖိုးတန်ပစ္စည်းများ၊ ရွှေ၊ ငွေ၊ ကျောက်မျက်၊ ပုလဲ စသည် တို့ ကို လှည်းများပေါ်တွင် တင်ကာ ချူကျန်နှင့် နောက်အရာရှိ ဆယ့်ငါးဦးတို့က အရှေ့ နေပြည်တော်သို့ သွားပို့ရမည်ဖြစ်၏။ မြင်းအစီး သုံးဆယ်ကျော်ကိုလည်း ကုန်းတင်ကာ အသင့်ပြင်ထား၏။ ကေရာဇ်မင်းထံသို့ ဆက်သရမည့် အသနားခံလွှာကိုလည်း ရေးရ၏။

နေပြည်တော်သို့ စထွက်သည့် နေ့တွင် ချူကျန်သည် စုန်ကျန့်ထံသို့ အရင်ဝင်၏။ စုန်ကျန့်က ဝန်မင်းကျောက်နှင့် တွေ့၏။ ဝန်မင်းကျောက်က ယဉ်ယဉ်ကျေးကျေး ဧည့်ခံ၏။ စုန်ကျန့်နှင့် တိုင်ပင်ပြီး စစ်ရေးအခြေအနေ အစီရင်ခံစာတစောင်ကို ရေး၏။ ကျဲ့ကျင်းနှင့် ရှောင်ရန်းတို့ကိုလည်း အစီရင်ခံစာကို စစ်ဝန်ကြီးဌာနသို့ တင်ပြရန် တပါတည်း စေလွှတ် လိုက်၏။

ရက်ပေါင်းများစွာ ကြာပြီးနောက် နေပြည်တော်ကို ရောက်သွားကြလေ၏။ လက်ဆောင်ပစ္စည်း တင်လာသည့် လှည်းဆယ်စီးနှင့် လှည်းသမားများကို ဧည့်ရိပ်သာတွင် ထားခဲ့ပြီးနောက် ကျဲ့ကျင်းနှင့် ရှောင်ရန်းတို့က စစ်ဝန်ကြီးဌာနသို့ သွား၍ အစီရင်ခံစာကို တင်ပြကြ၏။

“ကျွန်တော်တို့တပ်က ယန်ကျင်းကို ဝန်းရံထားပါတယ်။ ဘယ်အချိန် သိမ်းသိမ်း သိမ်းလို့ ရနေပါပြီ။ လျောင်မင်းကြီးက လက်နက်ချအလံကို လွှင့်ပြီး၊ သူ့ ဒုအမတ်ချုပ် ချူကျန်ကို လွှတ်ပြီး အညံ့ခံခွင့် တောင်းခိုင်းလိုက်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ မဆုံးဖြတ်ဝံ့ပါဘူး။ အမိန့်တော် နာခံဖို့ လာပါတယ်”

“လောလောဆယ် ဧည့်ရိပ်သာမှာ ချူကျန်နဲ့ နေကြဦး၊ ငါတို့ ဒီကိစ္စကို သေသေချာချာ သုံးသပ်ရမယ်”

ဆယ်ကျင်း၊ တုန်ဂွမ်၊ ကောက်ကျူ၊ ယန်းကျင်းတို့သာမက အခြားအခြားသော ဌာနတာဝန်ခံ ကြီးငယ်မဟူ ကိုယ်ကျိုးရှာရန်သာ ဇောသန်နေကြ၏။ သူတို့၏ အကူအညီကို လိုအပ်နေသော ချူကျန်တို့ကလည်း နန်းရင်းဝန်ဆယ်ကျင်းနှင့် ကျန်ဝန်ကြီးသုံးဦးထံသို့ ဦးစွာ ဝင်ကြ၏။ ထို့နောက် သက်ဆိုင်ရာ ဌာနတာဝန်ခံ အသီးသီးတို့ထံသို့လည်း ဝင်ကြ၏။ ထိုအရာရှိ အားလုံးသို့ လာဘ်များ ထိုးကြ၏။ လက်ဆောင်များ ပေးကြ၏။

နောက်တနေ့ ညီလာခံတွင် စစ်ဝန်ကြီးတုန်ဂွမ်က ထွက်၍ ကန်တော့ကာ တင် လျှောက်၏။

“ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးတပ်မှူး စုန်ကျန့်က လျောင်စစ်သည်တွေကို ဖျက်ဆီး တိုက်ထုတ်လိုက်ပါပြီ ဘုရား။ ဒါတင်မက လျောင်နေပြည်တော်

ယန်ကျင်းကို ချီတက်ပြီး ဝန်းရံထားပါတယ်တဲ့ ဘုရား။ အချိန်မရွေး ကျွန်တော်တို့ လက်ထဲကို ကျနိုင်နေပါပြီ။ လျှောင်မင်းကလည်း လက်နက်ချတဲ့အလံကို တင်ထားပါပြီတဲ့ ဘုရား။ ကျွန်တော်တို့ လက်အောက်ကို ဝင်ဖို့အတွက် သူ့တမန် ချူကျန်ကို စေလွှတ်လို့ ရောက်နေပါပြီ ဘုရား။ ကျွန်တော်တို့ သဘောအတိုင်း လိုက်နာပါမယ်တဲ့ ဘုရား။ ဒါပေမဲ့ ကျွန်တော်တို့ တပ်တော် ကို ပြန်ရုပ်သိမ်းပြီး စစ်ပွဲကို ရပ်လို့ ငြိမ်းချမ်းရေး ရယူလိုပါတယ်တဲ့ ဘုရား။ နှစ်စဉ်အခွန် ပဏ္ဏာတွေကိုလည်း မပျက်မကွက် ဆက်သပါမတဲ့ ဘုရား။ ဘုန်းတော်ကြီးလှသောဘုရားရဲ့ အလိုတော်ကို အမိန့်ရှိပါရန် ပန်ကြားပါတယ် ဘုရား"

"ငါတို့က ငြိမ်းချမ်းရေး စကားကို ပြောမယ်၊ အတိုက်အခိုက်တွေ ရပ်စဲလိုက်မယ် ဆိုရင်လည်း ဒင်းတို့က တိုင်းပြည်တပြည်အနေနဲ့ ဆက်ရှိနေဦးမှာပဲ။ မင်းတို့ရဲ့ သဘော ထားက ဘယ်လိုရှိသလဲ"

နန်းရင်းဝန်ဆယ်ကျင်းက ရှေ့ကို ထွက်လိုက်၏။

"ကျွန်တော်တို့ အားလုံး သဘောကိုက်ညီတာ တင်ပြပါရစေ ဘုရား။ အရင် ရှေး ကတည်းက မြောက်ဘက်တခွင်က အရိုင်းအစိုင်းတွေက ကျွန်တော်တို့ကို အမြဲမပြတ် မှောင့်ရှောင့်နေခဲ့ပါတယ်ဘုရား။ ကျွန်တော်တို့ရဲ့ သိမ်နုပ်တဲ့အမြင်မှာတော့ ကျွန်တော် တို့ရဲ့ သွားကို ကာကွယ်ပေးမယ့် နှုတ်ခမ်းတွေလို လျှောင်တိုင်းပြည်ကို အသိအမှတ်ပြုပြီး တိုင်းကျပ်အဖြစ်နဲ့ ထားစေလိုပါတယ် ဘုရား။ နှစ်စဉ် ဆက်သမယ့် ပဏ္ဏာတော်တွေ ကိုတော့ အမြတ်ထွက်တယ်လို့ ယူဆရမှာပါ ဘုရား။ ကျွန်တော်တို့ရဲ့ သဘောထားတွေ အတိုင်း သူတို့ကို အညံ့ခံစေပြီးတော့ စစ်မတိုက်စေတော့ဘဲ ကျွန်တော်တို့ရဲ့ တပ်တွေကို ပြန်ရုပ်သိမ်းပြီး နေပြည်တော် ကာကွယ်ရေးမှာပဲ သုံးစေသင့်တယ်လို့ ထင်ပါတယ် ဘုရား။ ဒါပေမဲ့ ကျွန်တော်တို့ မှူးမတ်များက ဝင်မစွက်ဝံ့ပါ ဘုရား။ ဘုန်းတော်ကြီးလှသောဘုရား ကသာ ဆုံးဖြတ်ပါ ဘုရား"

ဧကရာဇ်မင်းကြီးလည်း နန်းရင်းဝန်၏ တင်ပြချက်ကို လက်ခံလိုက်၏။

"လျှောင်တမန်ကို ရှေ့တော်သွင်းစေ"

လျှောင်တမန်များကို ရှေ့တော်သို့ သွင်းစေရာ ယင်းတို့သည် ခန်းမ၏ အဝတွင်ဒူးထောက်ကာ ပြားပြားဝပ်လျက် ကန်တော့နေကြ၏။ ယင်းတို့၏ သဝဏ်လွှာကို နားခံ တော်က အသံကျယ်ကျယ်ဖြင့် ဖတ်ပြလေ၏။

"လျှောင်တိုင်းပြည် ညီကြီး၏အရှင် ယဲလူဟွေး အကြိမ်တရာ ကန်တော့၍ လျှောက်တင် ပါသည်၊ဘုန်းတော်ကြီးလှသောဘုရား။

သဲကန္တာရတွင်မွေးဖွားခဲ့ပြီး အရိုင်းအစိုင်းနယ်မြေ တွင် ကြီးပြင်းခဲ့ရသဖြင့် အရှင်ဘုရားတို့၏ ဥပဒေများနှင့် အကျွမ်းမဝင်သည့်ပြင်၊ လူယဉ်ကျေးတို့၏ လူမှုဝတ္တရားတို့ကိုလည်း မလေ့လာခဲ့ရပါ ဘုရား။ ယဉ်ကျေးမှုနှင့် စစ်မှုရေးရ ရေးရာတွင် ချို့ငဲ့သည့်အ ညံ့အပြင် ကျွန်ုပ်၏ ဝန်းကျင်တွင် ရှိသည့် မင်းမြှောင်စိုးကပ် များသည်လည်း လောဘရမ္မက်ကြီးသည့်ပြင် ကြွက်ကဲ့သို့ ငှက်ကဲ့သို့ အမြော်အမြင် နည်းသော် လည်း ချေသူငယ်ကဲ့သို့ ပါးနပ်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်က မသိ နားမလည်သော် လည်း သင်းတို့က လောဘရမ္မက် ငမ်းငမ်းတက်နေကြပါသည်။ ထို့ကြောင့် အရှင်တို့၏ နယ်မြေကို ဝင်တိုက်မိခဲ့သဖြင့် အရှင်တို့တပ်၏ လက်တုံ့ပြန်မှုကို ခံခဲ့ရပါသည်။ ပုရွက်ဆိတ်တို့သည် တိုက်ရှန်းတောင်ကြီးကို မမွှေနှောက်နိုင်ပေ။ ပင်လယ်သို့ စီးဆင်းလာသော မြစ်များကို ဟန့်တား၍ မရနိုင်ပေ။ ကျွန်ုပ်တို့ထံတွင် မြို့အချို့ ရှိနေသေးသော်လည်း စားနပ်ရိက္ခာမှာ နှစ်ဝက်စာမျှပင် မကျန်တော့ပေ။

ယနေ့တွင် ကျွန်ုပ်သည် အရှင့်ရှေ့တော်မှောက်သို့ ဝင်ရောက်ကာ ကျွန်ုပ်တို့၏ တိုင်းပြည် ကို အညှံ့ခံကာ ပြစ်ဒဏ်ကို တောင်းခံရန် ချူကျန်ကို တမန်အဖြစ် စေလွှတ်လိုက်ပါသည်။ အသက်ဘေးမှ လွှတ်ကာ ကျွန်ုပ်တို့၏ ဘိုးဘွားအမွေအနှစ်ကို မဖျက်ဆီးပါက အရှင့် နာမည်သည် ကျွန်ုပ်တို့၏ အရိုးတွင် ကမ္ပည်းထိုးထားပါလိမ့်မည်။ အရှင်တို့၏ နယ်ခြား ဒေသကို စောင့်ကြပ်ကာ တိုင်းကျပ်ပြည်ငယ်အဖြစ် အစွမ်းကုန် တာဝန်ထမ်းဆောင် ပါမည်။ ကြီးငယ်မဟူ ကျွန်ုပ်တို့ထံတွင် အရှင်ပေးသော အသက်အသစ်သာ ရှိတော့မည် ဖြစ်၍ နောင်လာနောက်သားတို့က ကျေးဇူးတင် မဆုံးအခေါင် ရှိနေပါတော့မည်။ နှစ်စဉ် အခွန်အတုတ်ကို ပေးဆက်ပါ့မည်။ မပျက်မကွက်စေရဟု သစ္စာပြုပါသည်။

အသက်ပင် မရှူရဲလောက်အခေါင် ကြောက်ရွံ့ တုန်လှုပ်စွာဖြင့် စောင့်မျှော်နေကြပါသည်။ လေးစား ခန့်ညားစွာဖြင့် ကျွန်ုပ်တို့ ဦးတိုက်ကာ ကန်တော့လိုက်ပါသည်။ ရိုသေစွာဖြင့် လျှောက်တင်အပ်ပါသည် ဘုရား”

ရွှမ်ဟော့ စတုတ္ထနှစ်၊ ဆောင်း လ XXXX ရက်။

ယဲလူ ဟွေး၊ လျှောင်တိုင်းပြည်ကြီး အရှင်။

ဤသဝဏ်လွှာကို မှူးမတ်များက ဝမ်းပန်းတသာဖြင့် နားထောင်ကြ၏။ မင်းကြီးကလည်း တော်သုံးစိမ်ရည်ကို လျှောင်တမန်အား တိုက်စေ၏။ ချူကျန်တို့ကလည်း ရွှေများ၊ ပိုးထည်များကို ဆက်သ၏။ ယင်းတို့ကို ရွှေတိုက်တော်က သိမ်းယူစေ၏။ မင်းကြီးက လက်ဆောင်တုံ့ပြန်ပေးကာ

စားသောက်ပွဲကြီး တည်ခင်းဧည့်ခံစေ၏။ လျောင်နိုင်ငံသို့ ပြန်သွားရန် ညွှန်ကြားလိုက်၏။ "မင်းတို့ အညံ့ခံတာကို လက်ခံဖို့ မှူးမတ်တဦးကို စေလွှတ်လိုက်မယ်"ဟုဆို၏။

ချူကျန်တို့လည်း ကျေးဇူးစကားကို ဆိုကာ တည်းခိုရာသို့ ပြန်ခဲ့ကြ၏။ ထို့နောက် ထုံးစံနှင့်အညီ ဌာနအသီးသီးသို့ သွားကာ နှုတ်ဆက်ကြကာ လာဘ်များကိုလည်း ထပ်မံ ထိုးကြ၏။

ဆယ်ကျင်းက အာမခံ၏။

"ခင်ဗျား အေးအေးဆေးဆေး ပြန်သွားလိုက်၊ ကျုပ်တို့ လေးယောက် ကြည့်လုပ်ထား လိုက်မယ်"

ချူကျန်လည်း ကျေးဇူးတင်ကြောင်း ပြောကာ လျောင်တိုင်းပြည်သို့ ပြန်သွားလေ၏။ နောက်တနေ့ နံနက်ညီလာခံတွင် လျောင်တိုင်းပြည်ကို လွတ်ငြိမ်းခွင့်ပြုရန် နန်းရင်းဝန် က တင်ပြ၏။ မင်းကြီးကလည်း လက်ခံလိုက်ကာ ဟန်လင်းစာပေအဖွဲ့ကို လွတ်ငြိမ်းခွင့် ပြုကြောင်း အမိန့်စာကို စီကုံးစေ၏။ အမိန့်စာကို ယူဆောင်ကာ ဖတ်ပြရန် စစ်သူကြီးစူကို တာဝန်ပေး၏။ ဝန်မင်းကျောက်သို့လည်း စုန်ကျန့်အား စစ်ရပ်စဲရန်၊ ဖမ်းထားသော သံ့ပန်း များကို ပြန်လွှတ်ရန်၊ သိမ်းထားသော မြို့များကို ပြန်ပေးရန်၊ လျောင်ဘဏ္ဍာတိုက်များမှ သိမ်းယူထားသမျှကိုလည်း လျောင်အရာရှိများထံ ပြန်လွှဲပေးရန်၊ အရှေ့နေပြည်တော်သို့ ပြန်လည် ချီတက်ခဲ့ရန် ညွှန်ကြားခိုင်းလိုက်၏။

နောက်တနေ့တွင် စစ်သူကြီးစူကို အကြောင်း ကြားလိုက်သဖြင့် စူလည်း ခရီးအတွက် ပြင်ဆင်ကာ မင်းကြီးထံမှ အမိန့်တောင်းခံပြီး အမြန်ထွက်ခဲ့လေ၏။ သူနှင့်အတူ ကျဲ့ကျင်း နှင့် ရှောင်ရန်းတို့လည်း ပြန်ပါလာလေ၏။

အချိန်မှာ ဆောင်းတွင်းကြီး ဖြစ်၏။ ကောင်းကင်တွင် တိမ်ထုကြီးများ ဆိုင်းနေ၏။ မြင်မြင်သမျှမှာ ဆီးနှင်းတို့ ဖုံးအုပ်ထားသဖြင့် ဖွေးဖွေးလှုပ်နေ၏။ ဆီးနှင်းထုကို ရှန်းကာ၊ ဆောင်းလေအေးကြီးကို ဆန်ကာ စစ်သူကြီးစူတို့ ခရီးနှင်ခဲ့ကြ၏။

နယ်ခြားသို့ ရောက်သောအချိန်တွင် ဆီးနှင်းအရည်မပျော်သေးပေ။ ကျဲ့ကျင်းနှင့် ရှောင်ရန်းက မြင်းစေကျော်တဦးကို စေလွှတ်ကာ ဝန်မင်းကျောက်နှင့် စုန်ကျန့်ထံသို့ ကြိုတင် အကြောင်းကြားလိုက်၏။ စုန်ကျန့်တို့လည်း ကြိုဆိုရန်အတွက် အခမ်းနားဆုံး စိမ်ရည်ကို ယူဆောင်လျက် လီငါးဆယ် အကွာအဝေးသို့ ထွက်ခဲ့ကြ၏။ လမ်းဘေး ဘယ်ညာတွင် ဒူးထောက်လျက် သူ့ကို ကြိုဆိုနေသည်ကို မြင်ရသော စစ်သူကြီးစူလည်း အလွန်ကျေနပ်သွား၏။

စုန်ကျန့်တို့က စခန်းသို့ ဖိတ်ခေါ်ကာ စားသောက်ပွဲဖြင့် ဧည့်ခံ၏။ သူနှင့် စစ်သူကြီးတို့က နန်းတွင်းရေးရာများကို ဆွေးနွေးကြ၏။ စစ်သူကြီးစူက -

"ဆယ်ကျင်း၊ တုန်ဂွမ်း၊ ကောက်ကျူ၊ ယန်းကျင်းတို့တင် မကဘူး၊ တခြားအရာရှိကြီး တွေကိုပါ တာတာရ်တွေက လာဘ်ထိုးထားတယ်ဗျ။ သူတို့တွေ ဝိုင်းတိုက်တွန်းတာနဲ့ ဘုန်းတော်ကြီးလှသော ဘုရားကလည်း လက်နက်ချတာကို လက်ခံပြီး စစ်တိုက်တာ ရပ် ခိုင်းဖို့ သဘောတူလိုက်တယ်။ ခင်ဗျားတို့ တပ်တွေကိုလည်း နေပြည်တော်ကို ကာကွယ်ဖို့ ပြန်ခေါ်လိုက်တယ်"

"ကျွန်တော်ကတော့ ရွှေနန်းတော်ကြီးကို ဘာမှ မဝေဖန်လိုပါဘူး။ ကျွန်တော်တို့ အားထုတ်တာ အလကား ဖြစ်သွားတာပဲပေါ့"

"စိတ်ဆင်းရဲမခံပါနဲ့ ဗိုလ်ချုပ်၊ ကျုပ် နေပြည်တော်ကို ပြန်ရောက်ရင် ခင်ဗျားအကြောင်း ကောင်းကောင်း လျှောက်တင်ပေးပါ့မယ်။ ကျုပ်လျှောက်တာ ကြားရရင် ဘုန်းတော်ကြီး လှသောဘုရားကလည်း ခင်ဗျားလုပ်ဆောင်ချက်တွေကို နှစ်သက်တော်မူတယ်ဆိုတာ ပြပါလိမ့်မယ်"

"ကျွန်တော်တို့ တရာ့ရှစ်ယောက်စလုံးက ကိုယ့်တိုင်းပြည်အတွက် အစွမ်းကုန် လုပ်ကိုင်နေတာပါဗျာ။ ကျွန်တော်တို့မှာ ဘာမှ ကိုယ်ကျိုး မပါပါဘူး။ ဘုန်းတော်ကြီး လှသော ဘုရားရဲ့ စေတနာကိုလည်း အခွင့်အရေး မယူချင်ပါဘူး။ ကျွန်တော်တို့အတွက် တင်ပြပေး ရင်တော့ ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေမှာပါဗျာ"

ထိုနေ့တွင် သောက်သောက်စားစား ပျော်ပျော်ပါးပါးဖြင့် နေကုန်အောင် နေလိုက် ကြပြီး လျောင်မင်းကြီးထံသို့လည်း အမိန့်တော်ကို လက်ခံရန် ပြင်ဆင်ထားဖို့ အကြောင်း ကြားလိုက်၏။

နောက်တနေ့တွင် စစ်သူကြီးစူကို အဖော်လုပ်ကာ လိုက်ပါသွားရန် တပ်မှူး ဆယ် ယောက်ကို စုန်ကျန့်က ရွေးလိုက်၏။ သူတို့အားလုံးမှာ ပိုးထည်များ၊ ရွှေရောင်ချပ်ဝတ် များကို ဝတ်ဆင်ထားကြ၏။ စစ်သူကြီးကို ဝန်းရံစောင့်ရှောက်သည့် ခြေသည် မြင်းသည် သုံးထောင်နှင့်တကွ ယန်ကျင်းမြို့ထဲသို့ ဝင်ကြ၏။

လျောင်မင်းကြီးသည်လည်း စစ်ဘက်နယ်ဘက် အရာရှိများ အစုံအလင်ဖြင့် မြို့ တောင်တံခါးဝသို့ ထွက်ကာ ကြိုဆို၏။ ထို့နောက် နဂါးခန်းမသို့ ရောက်သောအခါ စစ်သူကြီးစူသည် ဘယ်ဘက်တွင် နေရာယူ၏။ သူ၏ဝဲဘက်တွင် စုန်ကျန့်၏တပ်မှူးများက ခြံရံထား၏။ ခန်းမရှေ့တွင် လျောင်မင်းကြီးနှင့်တကွ မှူးမတ်များက ဒူးထောက်ထားကြ၏။ နားခံတော်၏ အမိန့်ဖြင့် အားလုံးက

ကန်တော့လိုက်ကြပြီးနောက် လျှောင်အတွင်းဝန်က အမိန့်တော်ကို တောင်းခံကာ ဖတ်ပြလေ၏။

စုန်လက်နက်နိုင်ငံတော် အရှင်ဧကရာဇ်မင်းကြီး အမိန့်ရှိလိုက်သည်။ ရှေးအတီတေကပင် ပြည်သူကို မအုပ်ချုပ်သော မင်း၊ မင်း မရှိသော ပြည်သူ ဟူ၍မရှိခဲ့ပေ။ အလယ်တိုင်းပြည် တွင် မင်း ရှိသကဲ့သို့ သင်အရိုင်းအစိုင်းတို့၌လည်း ရှိသည်ပင် ဖြစ်၏။

မိုးကောင်းကင်၏ ဥပဒေများကို ချိုးဖောက်ကာ သင် လျှောင်တို့သည် ကျွန်ုပ်တို့၏ နယ်ပယ်သို့ အကြိမ်ကြိမ် ကျူးကျော်ခဲ့သည်။ ထို့ကြောင့်ပင်လျှင် သင်တို့အား ကျွန်ုပ် တို့က ချက်ချင်းပင် မျိုးဖြုတ်ရန် သင့်လှပေပြီ။ သို့သော် သင်တို့၏ ပန်ကြားလွှာကြောင့် ကျွန်ုပ်က အသနားဖက်မိခဲ့သည်။ သင်တို့ကို ဖျက်ဆီးရန် ကျွန်ုပ် စိတ် မရှိ။ ပြည်ထောင် တရပ်အဖြစ် ဆက်လက် တည်ရှိစေမည်။

ဤအမိန့်တော်ကို လက်ခံရသည့်နေ့မှ စ၍ ဖမ်းမိထားသော တပ်မှူးများကို လျှောင် တိုင်းပြည်သို့ ပြန်ပို့မည်။ သင်တို့၏ မြို့များသည်လည်း လျှောင်အုပ်ချုပ်မှုအောက်သို့ ပြန်ရောက်စေမည်။

သို့သော် နှစ်စဉ် အခွန်ပဏ္ဏာများကို မပျက်မကွက် ပေးဆက်ရမည်။ ကျွန်ုပ်တို့နိုင်ငံကြီး ကို လေးစားရမည်။ မိုးကောင်းကင်နှင့် မြေပြင်ကို ရိုသေရမည်။ ဤသည်မှာ သင် အရိုင်း အစိုင်းတို့၏ တာဝန် ဖြစ်သည်။ လုံးဝ မမေ့ကြလင့်။ ဤအမိန့်ကို အများသိစေရန် ထုတ်ပြန်လိုက်သည်။

ရွှမ်ဟော့ စတုတ္ထနှစ်၊ ဆောင်းလ ×××× ရက်။

တာတာရ်မင်းကြီးနှင့် မှူးမတ်များက ကန်တော့လိုက်ကြကာ ကျေးဇူးစကားကို ပြောပြလေ၏။ အမိန့်တော်ကို သိမ်းဆည်းလိုက်ပြီး လျှောင်မင်းကြီးနှင့် စစ်သူကြီးစူတို့ တရားဝင် ဆုံတွေ့ကြ၏။ အတွင်းဆောင်သို့ ဖိတ်ကာ စားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံ၏။ တာတာရ်အရာရှိများက ဧည့်သည်များအတွက် စိမ်ရည်များ ငှဲ့ပေးကြကာ မိန်းမလှလေးများက စစ်ချီတေးများကို ပလွေများ၊ ဗုံများနှင့် တွဲဖက်ကာ သီဆိုကြ၏။ စည်းချက်နှေးနှေး ဖြင့် ကရသော ရိုးရာအကဖြင့် ဖျော်ဖြေကြ၏။ စားသောက်ပွဲအပြီးတွင် ဧည့်သည်များကို ဧည့်ရိပ်သာတွင် နေရာထိုင်ခင်း ပေးကြ၏။ ကိုယ်စီ လက်ဆောင်များ ကိုလည်း ပေးကြ၏။

နောက်တနေ့တွင် ဝန်မင်းကျောက်နှင့် စုန်ကျန့်တို့ ညစာစားပွဲတက်ရန် ချူကျန်ကို အဖိတ်ခိုင်း၏။ ဝုရုံနှင့် တိုင်ပင်ပြီးနောက် စုန်ကျန့်က ငြင်းလိုက်၏။

ဝန်မင်းကျောက်သာ စစ်သူကြီးစုကို အဖော်လုပ်ပေးရ၏။ တာတာရ်မင်းကြီးက တမန်များကို ခမ်းနားစွာ ဧည့်ခံ ကျွေးမွေး၏။ ချိုမွှေးအောင် စီမံထားသော စပျစ်ဝိုင်များကို ငွေခွက်ဖြင့် တည်ခင်းကြ၏။ အရသာရှိသော တောဆိတ်သားကင်များကိုလည်း ရွှေလင်ပန်းများပေါ်တွင် အပြည့် အမောက် တည်ခင်းထားကြ၏။ အရသာချိုအေးသော သစ်သီးများ၊ ပန်းရောင်စုံများကို လည်း နေရာအနှံ့တွင် တွေ့မြင်ရ၏။ ညစာစားပွဲပြီးခါနီးတွင် စစ်သူကြီးစုနှင့် ဝန်မင်း ကျောက်တို့ကို ရှားပါးသော ရတနာများကို ရွှေလင်ပန်းတွင် တင်လျက် လက်ဆောင် ပေး၏။ ညဉ့်နက်မှ ညစာစားပွဲ ပြီးဆုံးသွားလေ၏။

နောက်တနေ့တွင် စစ်ချီတေးသံများ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်လျက် တာတာရ် မင်းကြီးနှင့် မှူးမတ်တို့က စစ်သူကြီးစုနှင့် ဝန်မင်းကျောက်တို့ကို မြို့တံခါးဝအထိ လိုက်ပို့ ကြ၏။ ချူကျန်ပါ လိုက်လာကာ စုန်ကျန့်နှင့် တွေ့၏။ ယခုတကြိမ်တွင်မူ နွား၊ သိုး၊ မြင်း၊ ရွှေ၊ ငွေ၊ ပိုးထည်ရောင်စုံတို့ကို လက်ဆောင်အဖြစ် ယူလာခဲ့၏။ တပ်များကို စုဝေးစေကာ စစ်သည်များကို ဆုချ၏။ တပ်မှူးများကို အဖိုးတန်လက်ဆောင်များ ပေး၏။

စုန်ကျန့်က တာတာရ်သမီးတော်နှင့်အဖွဲ့ကို ပြန်လွှတ်လိုက်၏။ သိမ်းထားသော မြို့ လေးမြို့ကိုလည်း တာတာရ်တို့သို့ ပြန်လွှဲပေး၏။ နေပြည်တော်သို့ ပြန်သွားသော စစ်သူကြီး စုကို နှုတ်ဆက်၏။ သူ့တပ်တော်တခုလုံးကို စုပြီးနောက် ဗဟိုတပ်မကို ဝန်မင်းကျောက်၏ အစောင့်အရှောက်အဖြစ် စေလွှတ်လိုက်၏။ သူ့စခန်းတွင် ထမင်းစားပွဲကြီး ကျင်းပပေးပြီး ရေတပ်ဗိုလ်များကို ဆုချကာ အရှေ့နေပြည်တော်သို့ စုန်ဆင်းကာ အမိန့်စောင့်နေရန် လွှတ်လိုက်၏။

တာတာရ်နန်းရင်းဝန်နှင့် ဒုနန်းရင်းဝန်တို့ကို သူ့စခန်းသို့ ခေါ်တွေ့ကာ စကားပြော၏။ "ကျုပ်တို့ စစ်သည်တွေက ခင်ဗျားတို့ မြို့ရိုးနားကိုတောင် ရောက်ခဲ့ကြတယ်။ ကျုပ်တို့ တပ်မှူးတွေဆို ကျုံးနားကို ရောက်နေပြီ။ အောင်ပွဲက လက်တကမ်းမှာပဲ။ နဂိုကတော့ ခင်ဗျားတို့ကို အညံ့ခံခွင့် မပေးဘူးလို့ပဲ။ ဝင်တိုက်ပြီး အကုန်လုံးကို ချေမှုန်းဖျက်ဆီးတော့ မလို့ပဲ။ ကျုပ်တို့မှာ ဒီလိုလုပ်လို့လည်း ရတဲ့ အခွင့်အရေး ရှိနေပြီလေ။ ဒါပေမဲ့ ခင်ဗျားတို့ တောင်းပန်တာ လက်ခံပြီး နေပြည်တော်ကို သွားပြီး လျှောက်ထားဖို့ အခွင့်အရေး ကျုပ် ပေးခဲ့တယ်။ မင်းကြီးကလည်း ကရုဏာထားပြီး ခင်ဗျားတို့ကို ချေမှုန်းပစ်မခိုင်းခဲ့ဘူး။ ခင်ဗျားတို့ကို အကြီးအကျယ် လိုက်လျောပြီး အညံ့ခံခွင့် ပြုလိုက်တယ်။

"အခု ကျုပ် အရှေ့နေပြည်တော်ကို ပြန်တော့မယ်။ ကျုပ်တို့က ခင်ဗျားတို့ကို မတိုက် နိုင်ဘူးလို့ ယောင်လို့တောင် မတွေးမိစေနဲ့။ ကျုပ်တို့ကို ထပ်ပြီး ရန်မစနဲ့၊ နှစ်စဉ် အခွန် ဘဏ္ဍာတွေကိုလည်း မပျက်မကွက် ပေး။ ဆင်ဆင်ခြင်ခြင်

နေကြ။ နောက်ထပ် အပြစ် မကျူးလွန်ကြနဲ့။ နောက်တခါ ထပ်လာရရင်တော့ အခုလို သက်ညှာလိမ့်မယ် မထင်ကြနဲ့”

နန်းရင်းဝန်လည်း ကုန်း၍ ကန်တော့ကာ အပြစ်လွှတ်ကြောင်း တောင်းပန်လေ၏။ စုန်ကျန့်လည်း လေသံကို လျှော့ကာ အကြံပေးစကား ပြောလေ၏။ တာတာရ်များလည်း စုန်ကျန့်၏ သနားညှာတာမှုကို ကျေးဇူးတင်လှပါကြောင်း အထပ်ထပ် ပြောကာ ပြန်သွား ကြလေ၏။

သံမဏိတာ ဦးစီးသော တပ်ဖွဲ့တဖွဲ့ကို အိမ်ပြန်ခိုင်းလိုက်၏။ စုန်တို့၏ အောင်မြင်မှု မော်ကွန်းစာကို ရှောင်ရန်းအား ရေးစေပြီး ကျင်တာကျန်းကို ကျောက်သားပြင်ပေါ်တွင် ထွင်းစေ၏။ ယင်း ကျောက်စာကို ယန်ကျင်းမှ ဆယ့်ငါးလီဝေးသော ဟောင်ရှန်းတောင်ခြေ တွင် ထူစေ၏။ ထိုကျောက်စာမှာ ယနေ့တိုင် ရှိသေး၏။

ကျန်တပ်များကို စစ်ကြောင်းသုံးကြောင်းခွဲကာ ချီတက်မည့် ရက်ကိုလည်း သတ်မှတ် ပေး၏။ ထိုစဉ် ရှင်ဉာဏ ရောက်လာကာ တောင်းပန်၏။

“ကျွန်တော်က အနောက်မင်းကို သတ်ပြီးတော့ ယာမင်းမြို့ကို ထွက်ပြေးသွားခဲ့ တယ်။ အဲဒီမှာ မြေရှင်ချောင်က ကျွန်တော့်ကို ဝူတိုင်းတောင် လိုက်ပို့ပေးခဲ့တယ်။ အဲဒီမှာ ကျွန်တော်လည်း ရဟန်းခံခဲ့တယ်။ အဲဒီမှာ သေရည် နှစ်ခါလောက် မူးပြီး ကျောင်းထဲမှာ သောင်းကျန်းမိလို့ ရှန်းကူကျောင်းတိုက်ကို အပို့ခံရတယ်။ အဲဒီမှာ ကျောင်းထိုင်ကိုယ် တော်က ဟင်းခင်းကို တာဝန်ယူခိုင်းတယ်။ ဒါပေမဲ့ဗျာ၊ နောင်ကြီးလင်ချုံးကို ကယ်လို့ ဆိုပြီး ကောက်ကျူက ကျွန်တော့်ကို သေစေချင်နေတာနဲ့ တောပုန်းဖြစ်ခဲ့ရတာပါ။ ပြီးတော့ နောင်ကြီးနဲ့ သိကျွမ်းခဲ့ရပြီး အတူတူနေခဲ့တာ ဒီလောက် နှစ်တွေ ကြာခဲ့ပါတယ်။

“ကျွန်တော် လောလောဆယ်မှာ လက်ဦးဆရာဖြစ်တဲ့ ဝူတိုင်းကျောင်းက ဆရာတော် ကို သတိရနေမိတယ်။ သူပြောတာ မှတ်မိနေတယ်ဗျာ။ ဒီပုဂ္ဂိုလ်ဟာ ရုပ်လက္ခဏာ ကြမ်း တမ်းသည့်တိုင် ရိုးသားဖြောင့်မတ်တယ်၊ ရဟန်းဘဝမှာ ပျော်ပိုက်ပြီး သီလဝိသုဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်လာလိမ့်မယ်တဲ့ဗျ။ အခု လောလောဆယ်မှာ အေးအေးချမ်းချမ်း ရှိနေတုန်း နှစ်ရက် သုံးရက်လောက် ခွင့်ယူပြီး ဆရာတော်ကို သွားကန်တော့ချင်ပါတယ်။ ကျွန်တော်ရတဲ့ ဆုလာဘ်တွေကိုလည်း ကျောင်းတိုက်ကို လှူပြီး ရှေ့ရေး နောင်ရေးလေး လည်း မေးချင်ပါတယ်။ နောင်ကြီးတို့ သွားနှင့်ကြပါ။ ကျွန်တော့်ကိုတော့ နောက်က လိုက်လာခွင့်ပေးပါဗျာ”

စုန်ကျန့်လည်း အံ့အားသင့်စွာ ခဏမျှ စဉ်းစားပြီးမှ -

"မင်းက ဒီဆရာတော်နဲ့ သိမှန်း ငါ မသိရပါလား။ ဘာလို့ စောစောက မပြောတာလဲ။ ငါတို့လည်း မင်းနဲ့ လိုက်ပြီး ဆရာတော်ကို ကန်တော့မယ်။ ရှေ့ဖြစ်လေး ဘာလေး မေးကြ မယ်ပေါ့"

ကျန် တပ်မှူးများနှင့် တိုင်ပင်ကြည့်ရာ တာအိုဘာသာဝင်ဖြစ်သော ကုန်ဆွန်ရှန်းမှ အပ ကျန်သူအားလုံးကပါ သွားချင်ကြ၏။ စစ်ဘက်အကြံပေးဝုရုံနှင့် တိုင်ပင်ကာ လူကွမ်း ယီနှင့်အတူ ကျင်တာကျန်း၊ ဟွမ်ဖူးတွမ်၊ ရှောင်ရန်း၊ ကွေ့ဟိုတို့ကို တပ်တော်ကို ဦးစီးကာ နေပြည်တော်သို့ သွားနှင့်စေရန် စုန်ကျန့်က ဆုံးဖြတ်လိုက်၏။

"ကျန်တဲ့ တပ်မှူးတွေနဲ့ အင်အား တထောင်ကိုပဲ ခေါ်သွားမယ်။ ရှင်ဉာဏနဲ့ လိုက် သွားပြီး သူ့ဆရာတော်ကို ကန်တော့မယ်"

ကန်တော့ရန် အဖိုးတန် အမွေးတိုင်များ၊ ပိုးထည်များ၊ ပိတ်အုပ်များ၊ ရွှေများကို ပြင်ဆင်ထုပ်ပိုးကာ ရှင်ဉာဏနှင့်အတူ ဝူတိုင်းတောင်သို့ ထွက်ခဲ့ကြလေ၏။

မှန်ပေ၏။ ချပ်ဝတ်နှင့် လက်နက်များကို စွန့်ကာ တောခေါင်ခေါင်အတွင်း ခရီးလှည့် ခဲ့ကြ၏။ စိမ်းဝါ မိုးပန်း ရင်ပြင်တွင် ဂုဏ်သီတင်းနှင့် ပြည့်စုံသူ ဆရာတော်တပါးကို ဖူးခဲ့ကြ ၏။ ဂုဏ်တော်ခန်းမတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားများကို ကြည်ညိုခဲ့ကြ၏။ ရလဒ်မှာကား ဝါကျတကြောင်းတည်းဖြင့် ကျော်စောကိတ္တိ ရှာဖွေမှုကို ရှုတ်ချခဲ့၏။ စကားတလုံး နှစ်လုံး မျှဖြင့် သေခြင်း ရှင်ခြင်း စွဲလမ်းမှုကို ဖယ်ရှားခဲ့၏။

စုန်ကျန့်နှင့် ရှင်ဉာဏတို့ ဆရာတော်ကို မည်သို့ ဖူးတွေ့ခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၀

ဝူတိုင်းတောင်တွင် စုန်ကျန့် ရှေ့ဖြစ်မေးခြင်း

ခင်တန်းနှစ်သွယ်ကျော်လမ်းတွင် ယန်ချင်း ဟသ်ာပစ်ခြင်း

စုန်ကျန့်နှင့် အခြားခေါင်းဆောင်များသည် ရှင်ဉာဏနှင့်အတူ စစ်သည်တထောင်ခန့်ဖြင့် ဝူတိုင်းတောင်ခြေသို့ ရောက်လာလေ၏။ သူတို့ ရောက်လာကြောင်းကို လူလွှတ်၍ အကြောင်းကြားလိုက်၏။ ချပ်ဝတ်များကို ဖယ်ရှားကာ ပိုးဖဲဝတ်လုံများဖြင့် စုန်ကျန့်တို့ ညီနောင်များသည် တောင်ကို ခြေကျင်တက်ခဲ့ကြ၏။ ကျောင်းမုခ်ဝအနီးသို့ ရောက်သော အခါ ခေါင်းလောင်းသံ တလွင်လွင်နှင့် စည်သံ တဗိန်းဗိန်း မြည်နေသည်ကို ကြားရပြီး ဘုန်းကြီးအများအပြား ထွက်၍ကြိုဆိုကြ၏။ စုန်ကျန့်၊ ရှင်ဉာဏစသည်တို့ကို ယဉ်ကျေးစွာ နှုတ်ဆက်ကြ၏။ ရှင်ဉာဏကို မှတ်မိသူ အများပင် ရှိ၏။ တပ်မှူး တရာခန့်က စနစ်တကျ တန်းစီလိုက်ပါလာသည်ကို မြင်ရသဖြင့် သူတို့မှာ အံ့သြလေးစားကြ၏။

"ဆရာတော်က တရားရှုမှတ်နေပါတယ်။ အနှောင့်အယှက်ပေးလို့ မသင့်ပါဘူး။ စိတ် မရှိပါနဲ့ ဗိုလ်ချုပ်" ဟု ဆိုကာ အပြင်ခန်းတွင် ထိုင်စောင့်နေစေ၏။ လက်ဖက်ရည်ဖြင့် ဧည့်ခံကြ၏။ မကြာမီတွင်ပင် ဆရာတော် တရားရှုမှတ်ပြီးပြီ ဖြစ်ကြောင်း၊ စုန်ကျန့်တို့ကို ဖိတ်ခေါ်လိုက်ကြောင်း လာ၍ ပြော၏။

စုန်ကျန့်တို့ လူတရာကျော် ခန်းမသို့ သွားကြ၏။ ဆရာတော်က ခန်းမမှ ဆင်းလာကာ ခရီးဦးကြိုဆို၏။ အပြန်အလှန် အရိုအသေပြုကြ၏။ ဆရာတော်မှာ အသက်ခြောက်ဆယ် ကျော်ပြီဖြစ်ကာ ဆံပင်၊ မျက်ခုံးများ ဖွေးဖွေးဖြူနေပြီကို စုန်ကျန့် တွေ့ရ၏။ အရိုးအဆစ် ကောင်းကောင်းနှင့် ဖြစ်ကာ ချောင်ကျသော တောတောင်များတွင် နေထိုင်ခဲ့သူ ဖြစ် ကြောင်း ထင်ရှား၏။

အားလုံး ဝင်ပြီးသောအခါ စုန်ကျန့်က ဆရာတော်ကို ထိုင်ရန် လျှောက်ပြီး အမွှေးတိုင် ထွန်းကာ ပူဇော်၏။ အားလုံးကလည်း ထိုအတိုင်း လိုက်၍ လုပ်ဆောင်ကြ၏။

ဆရာတော်က ရှင်ဉာဏသို့ လှမ်း၍ ကြိမ်းမောင်းကာ-

"ကိုရင်က ဒီနှစ်တွေတလျှောက်လုံးမှာ လူသတ် မီးရှို့နေခဲ့တယ်ပေါ့"

ရှင်ဉာဏက နှုတ်ပိတ်နေ၏။

စုန်ကျန့်က ရှေ့တိုးလိုက်လျက်-

“ဆရာတော့်ဂုဏ်သတင်းကို တပည့်တော် ကြားရတာ ကြာလှပါပြီ ဘုရား။ ဒါပေမဲ့ ဆရာတော်ကို ဖူးတွေ့ခွင့် မကြုံခဲ့ရပါ ဘုရား။ အခုမှပဲ လျှောင်တပ်တွေကို နှိမ်နင်းဖို့ စစ် ထွက်ရလို့ ဒီနယ်ဘက်ကို ရောက်လာရလို့သာ ဆရာတော့်ကို ဖူးခွင့်ကြုံရပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်လည်း သိပ်ကို ဝမ်းသာပါတယ်။ ရှင်ဉာဏကလည်း တပည့်တော်ရဲ့ ညီနောင် ဖြစ်နေပါပြီ ဘုရား။ သူက လူသတ်တာ၊ မီးရှို့တာတွေ ရှိခဲ့ပေမယ့် လူကောင်း တွေကို ဘယ်တုန်းကမှ ဒုက္ခမပေးခဲ့ပါဘုရား။ သူ့စိတ်နှလုံးက အမြဲတမ်း ဖြူစင်နေပါတယ်။ ခုလို သူ ခေါ်လာလို့ တပည့်တော်တို့လည်း ခုလို ဖူးတွေ့ခွင့်ရတာပါဘုရား”

“ဒီကို ရောက်လာတဲ့ ဆရာတော်တွေဆီက ကြားနေရတာ ကြာပါပြီ။ ဒကာကြီးက မိုးကောင်းကင်ကိုယ်စား ဆောင်ရွက်နေတယ်တဲ့၊ နှလုံးသားက မွန်မြတ်တယ်တဲ့။ တပ်မှူး တွေက တော်တည့်မှန်ကန်မှုကို ဦးစားပေးတယ် ဆိုတာလည်း ကျုပ် ကောင်းကောင်း သိနေပါတယ်။ ဒကာကြီးရဲ့ နောက်ကို လိုက်နေတဲ့ ကျုပ်တပည့် ရှင်ဉာဏလည်း ဘယ်မှာ အမှားလုပ်ပါ့မလဲ”

စုန်ကျန့်ကလည်း ကျေးဇူးတင်ပါကြောင်း ရွှန်းရွှန်းဝေမျှ ပြန်ပြောလေ၏။

ရှင်ဉာဏက သူ့ဆရာကို ရွှေငွေ၊ ပိုးထည်များကို ကပ်လှူ၏။

“ဒါတွေ ဘယ်က ရလာတာတုံး တပည့်ရဲ့။ မသန့်စင်တဲ့ ပစ္စည်းတွေကို ငါ လက်မခံ နိုင်ဘူး”

“ဒါတွေက တပည့်တော် ရထားတဲ့ ဆုတွေပါ ဘုရား။ ဒါတွေက တပည့်တော်အတွက် အသုံးမဝင်ပါဘူး။ ဆရာတော်ကို ဆက်ကပ်ဖို့ ယူလာတာပါ ဘုရား။ အများအကျိုးအတွက် အသုံးပြုပါဘုရား”

“ဒါတွေက ငါတို့ ရဟန်းတွေအတွက် တန်ဖိုးမရှိလှပါဘူးကွယ်၊ ငွေတွေကိုတော့ ကျမ်းစာတစုံ ဝယ်ဖို့ သုံးရမယ်။ ကိုရင့်အပြစ်တွေလည်း ကျေပြီး ကုသိုလ်ရတာပေါ့ကွယ်”

စုန်ကျန့်ကလည်း ငွေနှင့် ပိုးထည်များကို ကပ်လှူပြန်၏။ ဆရာတော်ကလည်း လက် မခံဘဲ ငြင်းပယ်၏။

“တပည့်တော်တို့ လှူတာကို ဆရာတော် လက်မခံရင်လည်း ကျောင်းက ဘုန်းကြီး တွေအတွက် ဆွမ်းစရိတ်အနေနဲ့ သုံးနိုင်ပါတယ် ဘုရား”

ညော့သည်များသည် ထိုနေ့တနေ့လုံး ဂူတိုင်းတောင်ပေါ်တွင် နားကြ၏။ ဆရာတော်က သက်သတ်လွတ် ထမင်းဟင်းတို့နှင့် ညော့ခံ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

နောက်တနေ့ ဆွမ်းစားပြီးသောအချိန်တွင် ဝူတိုင်းတောင်ပေါ်ရှိ ဘုရားကျောင်းမှ ခေါင်းလောင်းသံ၊ စည်သံများကို ကြားရ၏။ ဆရာတော်က တရားနာရန် ရဟန်းတို့ကို ခေါ်ခြင်းဖြစ်၏။ ရဟန်းများလည်း သင်္ကန်းရုံကာ နေရာထိုင်များ ကိုယ်စီယူလျက် ကျောင်း ဆောင်အတွင်းသို့ တန်းစီဝင်လာပြီး နေရာယူကြ၏။ စုန်ကျန့်တို့က ဝဲယာမှ တန်းစီကာ ရပ်နေကြ၏။

ကျောက်စည်ထိုးသံ တချက်ထွက်လာ၏။ အနီရောင် ဇာမီးပုံးနှစ်လုံးဖြင့် ဆရာတော်ကို သံဃာစင်ပေါ်သို့ လိုက်ပို့ကြ၏။ ဆရာတော်က အငွေ့တလူလူနှင့် အမွှေးတိုင်တချောင်းကို ကိုင်ကာ ဆုတောင်း၏။

"ဤအမွှေးတိုင်ဖြင့် ပူဇော်ပါ၏။ ဧကရာဇ်မင်းကြီး သက်တော်အနှစ်တသောင်း ရှည်ပါစေ။ မိဖုရားကြီးလည်း ခစားနိုင်ပါစေ။ မင်းသားလည်း အနှစ်တထောင် ဆောင်းခို နိုင်ပါစေ။ သားတော် သမီးတော်များလည်း ပွားစီးပါစေ။ မင်းမှုထမ်းများလည်း ရာထူး အဆင့်ဆင့် တိုးတက်ကြပါစေ။ တပြည်လုံး အေးချမ်းပါစေ။ ပြည်သူများလည်း လုပ်ငန်း ကိုင်ငန်း ကောင်းမွန်ပါစေ"

နောက်ထပ် အမွှေးတိုင်တတိုင်ကို ကိုင်လျက် -

"ကျုပ်တို့ရဲ့ ဒကာများ ကိုယ်စိတ်ရွှင်လန်းပါစေ။ နှစ်သစ်ကို အကြိမ်တထောင် ကူးနိုင် ပါစေ။ ဂုဏ်သတင်း အမြဲကျော်စောပါစေ"

တတိယအမွှေးတိုင်ကို ကိုင်လျက် -

"တိုင်းပြည် အေးချမ်းပါစေ၊ ပြည်သူတွေ ချမ်းမြေ့ပါစေ၊ ကောက်ပဲသီးနှံ ငါးမျိုး အထွက်တိုးပါစေ၊ ဘာသာကြီးသုံးရပ် ထွန်းလင်းပါစေ။ လေးပြင်လေးရပ် တည်ငြိမ်ပါစေ၊ လိုရာဆန္ဒပြည့်ဝကြပါစေ"

ထိုသို့ ဆုတောင်းပြီးနောက် ဆရာတော်က တိုင်လိုက်ရာ ရဟန်းအားလုံးက ထရပ် လိုက်ကြပြီး လက်အုပ်ချီထားကြ၏။ စုန်ကျန့်က အမွှေးတိုင်တတိုင်ကို ကိုင်လာကာ ဦးညွှတ် ကန်တော့လိုက်ပြီး ဆရာတော်ကို လျှောက်၏။

"တပည့်တော် မေးစရာ ရှိပါတယ် ဘုရား။ ဒါပေမဲ့ လျှောက်ဝံ့ပါ့မလား မသိပါ ဘုရား"

"မေးစရာက ဘာများပါလဲ"

"လူ့ဘဝက အကန့်အသတ်နဲ့ ဖြစ်ပေမယ့် ခံစားရတာကတော့ အကန့်အသတ်မဲ့ပါ ဘုရား။ လူ့ခန္ဓာကိုယ်က အားနည်းပါတယ် ဘုရား။ အသက်သေရေး ရှင်ရေးကိုပဲ အပူကြီး ပူပန်နေရပါတယ် ဘုရား၊ တပည့်တော်ရဲ့ ကံကြမ္မာကို မေးမြန်းချင်လို့ လာခဲ့တာပါဘုရား"

ဆရာတော်၏ အဖြေမှာ အသိရခက်၏။

"အာရုံခြောက်ပါးကို နှောင်ဖွဲ့ထားပြီး ခုတ်ကြီးလေးပါးကို ကန့်သတ်ထားပြီးတော့ ဒကာကြီးက တိုက်ပွဲမီးလျှံထဲမှာ အလူးလူးအလိမ့်လိမ့် ဖြစ်ခဲ့တာ တခါမကတော့ဘူး။ သက်ရှိမှန်သမျှဟာ နွံတွေ သဲတွေထဲမှာ အော်ဟစ် ငိုညည်းနေကြတယ်"

စုန်ကျန့်က ဦးညွှတ်ပြီး ရပ်နေ၏။ ကျန် တပ်မှူးများလည်း အမွှေးတိုင်များနှင့် တက် လာပြီး ကန်တော့ကြ၏။

"တပည့်တော်တို့က အတူနေဖို့၊ အတူသေဖို့၊ နောင်ဘဝတွေမှာလည်း အတူပြန်ဆုံဖို့ ကိုပဲ ဆုတောင်းပါတယ် ဘုရား"

ရဟန်းများ ပြန်ထွက်သွားကြ၏။ ဆရာတော်က ဧည့်သည်များကို သက်သတ်လွတ် ထမင်းကျွေးမွေး၏။ ထို့နောက် ဆရာတော်နှင့်အတူ စုန်ကျန့်၊ ရှင်ဉာဏတို့က ကမ္ဘဋ္ဌာန်း ကျောင်းသို့ လိုက်သွားကာ ညနေစောင်းသည်အထိ စကားပြောဆိုနေကြ၏။

စုန်ကျန့်က -

"တပည့်တော်နဲ့ ရှင်ဉာဏတို့ကတော့ မသိရမချင်း ဒီမှာ အကြာကြီးနေကြမယ်လို့ ကြံထားကြပါတယ်။ ဒါပေမဲ့ တပည့်တော်က တပ်တော်ကြီးရဲ့ ခေါင်းဆောင် ဖြစ်လေတော့ ကြာကြာမနေနိုင်ပါဘူး ဘုရား။ တပည့်တော် ဆရာတော့် ဟောကိန်းကို နားမလည်ပါဘူး ဘုရား။ တပည့်တော်တို့လည်း နေပြည်တော်ကို ပြန်ရတော့မှာမို့ တောင်းပန်ပါတယ် ဘုရား။ တပည့်တော်ရဲ့ ရှေ့ဖြစ်ကို ဟောတော်မူပါ ဘုရား"

ဆရာတော်က စာရွက်တရွက်ပေါ်တွင် စာလေးကြောင်းကို ရေးလိုက်၏-

ဟသ်ာတို့၏ အရိပ် ဖြတ်သွားလျှင်

ညီညွတ်မှုမရှိ အရှေ့တခွင်

သေသေချာချာ အမှတ်တွေ စစ်ပါ

ခင်တန်းနှစ်ထပ်မှာ ချမ်းသာ ကြီးပွားမည်

ထိုစာရွက်ကို ကမ်းလျက် -

“ဒကာကြီးဘဝက ဒီမှာ ပါတယ်။ ဒီဟောကိန်းကို သိမ်းထားပါ။ အချိန်ကျရင် ဖြစ်လာ ပါလိမ့်မယ်”

စုန်ကျန့်က စာရွက်ကို ယူကာ ဖတ်ကြည့်၏။ သို့သော် နားမလည်။

“တပည့်တော်က ဒုံးဝေးပါတယ် ဘုရား၊ ရှင်းပြပါ ဘုရား၊ အကောင်း လာမှာလား၊ အဆိုး လာမှာလား ဘုရား”

“ဒါတွေက နက်နဲတယ်။ ဒကာကြီးကို ရှင်းမပြနိုင်ဘူး။ မိုးကောင်းကင်ရဲ့ လျှို့ဝှက်ချက် တွေကို ဖော်လို့မရဘူး ဒကာကြီး”

ဆရာတော်က ရှင်ဉာဏကို ခေါ်လိုက်ကာ-

“ငါ သင့်ကိုအပြီးခွဲသွားရတော့မယ်၊ ငါ့တပည့်။ ငါနဲ့ထိုက်တဲ့ ဆုကို သွားယူရတော့မယ်။ သင့်ကိုလည်း ငါ ဟောကိန်းလေးချက် ပေးခဲ့မယ်။ သိမ်းထားပြီး တဘဝလုံး သုံးပေတော့”

ရှားကို တွေ့ရင် သတ်

လာကို တွေ့ရင် ဖမ်း

ဒီတက်သံ ကြားရင် စက်ဝန်းက ထွက်

ဒီရေ မြင်ရင် နား

ရှင်ဉာဏကလည်း ကန်တော့ကာ စာရွက်ကို လက်ခံပြီး အကြိမ်ကြိမ် ဖတ်ကြည့်၏။ ထို့နောက် သူ့ကိုယ်ပေါ်တွင် ဝှက်ထားလိုက်၏။ ထပ်၍ ကန်တော့ပြီး သူ့ဆရာတော် ကျေးဇူးတင်စကား ပြော၏။

“ဒီစကားတွေကို မှတ်ထားပါ ငါ့တပည့်။ မင်းရဲ့ နဂိုနေကို မမေ့ပါနဲ့”

နောက်တနေ့တွင် စုန်ကျန့်တို့လည်း ပြန်ထွက်ခွာခဲ့ကြ၏။ ဆရာတော်နှင့် ဘုန်းကြီး များက ကျောင်းမုခ်ဝအထိ လိုက်ပို့ကြ၏။

စုန်ကျန့်တို့လည်း တညလုံး ချီတက်ကာ ပင်မတပ်နှင့် ဆုံကြ၏။ လူကွမ်းယီတို့ကို တွေ့ကြုံခဲ့ရသမျှ ပြောပြကာ ဟောကိန်းကို ထုတ်၍ ပြ၏။

သူတို့လည်း မဖော်နိုင်ကြပေ။

ရှောင်ရန်းက-

“ဒီလို နက်နဲတဲ့ စကားတွေကို ကျွန်တော်တို့လို လူတွေက ဘယ်မှာ နားလည်ပါ့မလဲ ဗျာ” ဟု ဆို၏။ ကျန်သူများကလည်း သက်ပြင်းသာ ချနေကြ၏။

စုန်ကျန့်တို့လည်း ဆက်၍ ချီတက်ခဲ့ကြ၏။ ရက်အတန်ကြာသော် ခင်တန်းနှစ်ထပ် ကျော်လမ်းဆိုသည့် နေရာသို့ ရောက်လာကြ၏။ ကောင်းကင်သို့မော့ကြည့်မိရာ ဟင်္သာများ အတန်းလိုက် ပျံနေသည်ကို စုန်ကျန့် တွေ့ရ၏။ သို့သော် ယင်းတို့မှာ တွေ့မြင်နေကျအတိုင်း ပုံစံဖွဲ့ကာ ပျံနေခြင်းကား မဟုတ်။ အချို့မှာ အမြင့်တွင်၊ အချို့မှာ အနိမ့်တွင်သာ အလန့် တကြား အော်မြည်ကာ ပျံသန်းနေကြ၏။

ဤသို့ ပျံသန်းသည်ကို နားမလည်နိုင်ဖြစ်နေစဉ် ရှေ့ပိုင်းမှ အားရပါးရ အော်ဟစ်သံများ ကို ကြားလိုက်ရ၏။ မြင်းစီးကင်းထောက်တဦးကို လွှတ်၍ ကြည့်ခိုင်းလိုက်ရာ ထိုသူလည်း အမြန်ပင် ပြန်လာကာ လူရည်ချွန်လေးယန်ချင်းက သူ့လေးနှင့် လက်တည့်စမ်းနေခြင်း ဖြစ်ကြောင်း၊ မြားတစင်း ဟင်္သာတကောင်နှုန်းဖြင့် ပစ်ချနေရာ အကောင်တဆယ်ခန့် ရပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ကြည့်ရှုသူများက အားပေးနေခြင်း ဖြစ်ကြောင်း သတင်းပို့လေ၏။ စုန်ကျန့်က ယန်ချင်းကို ချက်ချင်းလာခဲ့ရန် ခေါ်ခိုင်းလိုက်၏။ လူရည်ချွန်လေးမှာ အနားပြားကြီးကြီး ဦးထုပ်အဖြူ ကြက်တူရွေးနှုတ်သီးရောင် ဂွမ်းထိုးအင်္ကျီနှင့် ဖောင်းဝတ် ညိုမြင်းကို စီးကာ ရောက်လာလေ၏။ သူ့မြင်းကုန်းနှီးရှေ့တွင် ဟင်္သာသေများ တွဲလောင်း ကျလျက် ရှိ၏။ မြင်းပေါ်မှ ဆင်းကာ စုန်ကျန့်စကားအပြောကို စောင့်နေ၏။

“ဟင်္သာတွေကို ပစ်နေတာ မင်းပေါ့”

“သူတို့ ပျံလာတာတွေ့လို့ ကျွန်တော်ကလည်း လေ့ကျင့်ချင်နေတာနဲ့ ပစ်လိုက်တာ ပါ။ တချက် တကောင် ထိမယ်တော့ မထင်ပါဘူး။ ပစ်ချလိုက်တာကတော့ အကောင် တဆယ်တော့ ကျော်မယ်”

“စစ်သားဆိုတာက လေးပစ်ကျင့်ရမှာပါပဲ။ ပြီးတော့ မင်းက ကျွမ်းကျင်ပါတယ်။ ငါ စဉ်းစားနေတာက ဒီဟင်္သာတွေက ဆောင်းဦးဆိုရင် ထျန်ရှန်းတောင်ရိုးကနေ တောင်ဘက် ကို ယန်စီမြစ်ကို ဖြတ်လို့ ပျံသွားနေကျပဲ။ အဲဒီမှာ ရာသီဥတု နွေးတယ်၊ အစားအသောက် ပေါတယ်လေ။ အဲဒီကနေ နွေဦးပေါက်မှ ပြန်လာကြတာကွ။ သူတို့က ငှက်တွေထဲမှာတော့ အတော်ဆုံးငှက်တွေပဲ။ အကောင်ငါးဆယ်လောက်အထိ အုပ်စုဖွဲ့ပြီး စနစ်တကျ

တန်းစီပြီး ပျံကြတယ်။ ခေါင်းဆောင်က ရှေ့ဆုံးက၊ ငယ်သားတွေက နောက်က၊ အုပ်ထဲကလည်း ခွဲထွက်မသွားကြဘူး။ ညအိပ်ရင်လည်း ကင်းချပြီးမှ အိပ်ကြတယ်။ ဟင်္သာမ ပျောက်သွားရင် ဟင်္သာအဖိုက၊ အဖိုပျောက်ရင်လည်း အမက မိတ်မလိုက်ကြတော့ဘူး။ ဒီငှက်တွေမှာက အရည်အချင်း ငါးရပ်ရှိတယ်။ အကျင့်ကောင်းတယ်၊ ဖြောင့်မှန်တယ်၊ စည်းကမ်းရှိတယ်၊ ပညာရှိတယ်၊ သစ္စာရှိတယ်။

"ဟင်္သာတကောင် ပျံသန်းရင်း သေသွားရင် ကျန်တာတွေကလည်း ဝမ်းပန်းတနည်း အော်ဟစ်ကြတယ်။ ဘယ်သူကမှ ဝမ်းနည်းနေတဲ့ ဟင်္သာကို ရန်မပြုကြဘူး။ ဒါက အကျင့်ပဲ။ တကောင်ကောင်က ကြင်ဖက် ဆုံးရှုံးသွားရင် နောက်ထပ် အဖော်မရှာတော့ဘူး။ ဒါက ဖြောင့်မှန်တာပဲ။ ပျံရင်လည်း အားလုံး ကိုယ့်နေရာနဲ့ကိုယ် ပျံကြတယ်။ ဒါက စည်းကမ်း ရှိတာပဲ။ သိမ်းတွေ၊ လင်းယုန်တွေကို ရှောင်တယ်။ တောင်ကြားတွေကို ကျော်ရင် အသံ မထွက်အောင် ပါးစပ်ထဲ ကျူရိုးတွေ ကိုက်ထားကြတယ်။ ဒါက ပညာရှိလို့ပဲ။ ဆောင်းဦးဆို တောင်ဘက်ကို ပျံနေကျပဲ။ တနှစ်မှ မပျက်ကွက်ဘူး။ အဲဒါက သစ္စာရှိတာပဲ။

"ဒီလို မြတ်နိုးစရာ ကောင်းတဲ့ ငှက်တွေကို ဘယ်လိုလုပ်ပြီး မင်းက ရန်ရှာရက်တာ လဲကွာ။ ကောင်းကင်မှာ ပျံနေတဲ့ ဒီဟင်္သာတွေက အချင်းချင်း ဖေးမကူညီကြတာ ငါတို့ ညီနောင်တွေ အတိုင်းပဲ။ ဒါနဲ့တောင် မင်းက ပစ်ချရက်တယ်။ ငါတို့ညီနောင်တွေ ဆုံးရှုံးသွား ရင် ငါတို့ ဘယ်လိုခံစားရမလဲ။ ဒီလို ဂုဏ်ရှိတဲ့ငှက်တွေကို မင်းနောက်ကို လုံးဝရန်မမူရဘူး"

ယန်ချင်းလည်း ဘာမျှ မပြောဘဲ နားထောင်နေ၏။ စိတ်မချမ်းမြေ့စွာဖြင့် စုန်ကျန့်က ကဗျာတပုဒ်ကို စပ်ကာ ဆိုလိုက်၏-

မြူမှုန်ရစ်ဆိုင်း တောင်တံတိုင်းတွေ

ဟင်္သာငှက်များ ဖြတ်သန်းပါလို့နေ

ဝေဟင်ထဲမှာ ကြင်ဖက် ကွဲရှာရ

လအေးအေး လေသွေးသွေး ဆွေးဆွေးမြည့်မြည့် အော်မြည်ရှာ

သူကား အလွန်အမင်း စိတ်အားငယ်လျက် ရှိနေ၏။ ထိုညက သူ၏ တပ်တော်သည် ခင်တန်းနှစ်ထပ်ကျော်လမ်းတွင် စခန်းချကြ၏။ စုန်ကျန့်သည် သူ့တဲတွင် အောင်းနေကာ စာရွက်နှင့် စုတ်တံကို တောင်းပြီး အောက်ပါကဗျာများကို ရေးစပ်လေ၏။

၁။ ကစဥ့်ကလျား ငှက်အုပ်က ခွာ

ကျယ်ပြန့်ပြောလှတဲ့ ကောင်းကင် ဗွေလယ်မှာ

ဟသ်ာတကောင်တည်း ပျံသန်းပါလို့နေ

အရိပ်မြိုင်မြိုင်နဲ့ ရေကန်သာကို ရှာ

တွေ့ရပါပကော မြက်တောနဲ့ သဲသောင်သာ

ပင်လယ်ပြင်နဲ့ မျှော်မဆုံးတဲ့ ကောင်းကင်ပြာ

၂။ စာဆို မဟုတ်ပါ

ဒီအတွေးလေးတွေကိုပဲ ရေးချမှာ

ချောက်နက်ထဲ အချိန်က ဆည်းဆာ

တလူလူ မီးခိုးငွေ့ အူထွက်လို့သာ

ပြောမပြတတ်အောင် စိတ်လက်မချမ်းသာ

၃။ ကျူတောကို ရှင်းလည်း

ကျောခင်းစရာ မရပါ

ဘယ်တော့များမှ မြင်တွေ့ရမှာ

ယူမင် တံခါးဝ ငါတို့ ဇာတိရွာ

၄။ ပင့်သက် ရှိုက်ကာ ရှိုက်ကာ

ဒီမြစ်ရိုးက ထွက်ခွာချင်လှပါ

နွေဦးလည်း ပေါက်တော့မှာ

ပျံလွှားငှက်များ အသိုက်ဖွဲ့နေရှာ

စုန်ကျန့်က သူရေးထားသမျှကို ဝုရုံနှင့် ကုန်ဆွန်ရှန်းကို ပြ၏။ သူ အထီးကျန်နေ၊ ဝမ်းနည်းနေသည်မှာ ထင်ရှားလှ၏။ စိတ်မချမ်းသာပေ။ ထိုညတွင် သူ မူးပြီး အိပ်ပျော်သွား သည်အထိ သေရည်များကို ဝုရုံက ဆင့်ကာဆင့်ကာ တိုက်ရလေ၏။

နောက်တနေ့တွင် တောင်ဘက်သို့ ဦးတည်ကာ ခရီးဆက်ထွက်ခဲ့ကြ၏။ ဆောင်းတွင်း ဖြစ်၍ လူသူကင်းမဲ့သော ပတ်ဝန်းကျင်မြင်ကွင်းသည် စုန်ကျန့်ကို ပို၍

လွမ်းဆွေးစေသည်။ ရက်များစွာ ကြာပြီးနောက် နေပြည်တော်သို့ ရောက်လာသည်။ ချင်တံတားစခန်းတွင် စခန်းချပြီး ဧကေ ဧကရာဇ်မင်းကြီး၏ ညွှန်ကြားချက်ကို စောင့်နေကြ၏။

စုန်ကျန့်၏တပ်မနှင့်အတူ ရောက်နှင့်နေသည့် စစ်သူကြီးစူနှင့် ဝန်မင်းကျောက်တို့က မင်းကြီးရှေ့တွင် တွင် စုန်ကျန့်၏ ဆောင်ရွက်ချက်များကို ရွှန်းရွှန်းဝေအောင် ချီးမွမ်းကြပြီး တောင်ကြားလမ်းကျော်ကာ နေပြည်တော် အနီးအနားတွင်ပင် ရောက်နေပြီဖြစ်ကြောင်း တင်ပြထား၏။ ဝန်မင်းကျောက်က စုန်ကျန့်နှင့် သူ့ဗိုလ်ချုပ်များ နယ်စပ်ဒေသတွင် ခက်ခဲ ကြမ်းတမ်းစွာ အမှုထမ်းဆောင်ရပုံများကို ပြောပြ၏။ မင်းကြီးကလည်း များစွာ ကျေနပ် ကြောင်း မိန့်ကြားလေ၏။ ယင်းတို့ကို ရှေ့တော်သွင်းရန်၊ နေပြည်တော်ထဲသို့ စစ်ဝတ် အပြည့်အစုံဖြင့် ဝင်ခွင့်ပြုရန် အတွင်းဝန်ကို ညွှန်ကြားထား၏။

အတွင်းဝန်ထံမှ အကြောင်းကြားချက်အရ စုန်ကျန့်နှင့် ညီနောင်တပ်မှူး တရာ့ရှစ်ဦး တို့သည်လည်း သံခမောက်၊ ချပ်ဝတ်အပြည့်အစုံ ဝတ်ကာ ကိုယ်စီလက်နက်စွဲကိုင်လျက် ပေးအပ်ထားသော ရွှေပြား၊ ငွေပြားများကို ဆွဲလျက် နန်းတော်အရှေ့ ရွှေးတော်ယူတံခါးမှ ဝင်လာခဲ့ကြ၏။ မင်းကြီးက သူတို့ကို ယဉ်ကျေးမှုဂုဏ်ရည်ခန်းဆောင်တွင် အဖူးအမြင်ခံ၏။ သူတို့က ဒူးထောက်ကန်တော့ကာ မင်းကြီး အသက်ရှည်စေကြောင်း ကြွေးကြော်ကာ ဆုတောင်းကြ၏။ မင်းကြီးလည်း စစ်ဝတ်စစ်စားနှင့် ကြွားဝင့်လှသော သူတို့ကို များစွာ အထင်ကြီးသွား၏။ ဝုရုံ၊ ရှင်ဉာဏ၊ ဝုဆုန်တို့သာ စစ်ဝတ်ကို ဝတ်ဆင်မထားကြပေ။ မင်းကြီးလည်း အလွန်ကျေနပ်၏။

“မင်းတို့ ပင်ပင်ပန်းပန်း အမှုထမ်းခဲ့ကြတာကို ငါ ကြားသိရတယ်။ မင်းတို့ ထိခိုက် ရှနာမှုတွေအတွက်လည်း ငါ စိုးရိမ်မိတယ်”

စုန်ကျန့်က ကန်တော့လိုက်ပြီးမှ--

“ဘုန်းတော်ကြီးလှသောဘုရားရဲ့ ဘုန်းတော်ကြောင့် နယ်ခြားဒေသမှာ အခုဆိုရင် အေးချမ်းသွားပါပြီ ဘုရား။ ကျွန်တော့်တပ်မှူးတချို့ ထိခိုက်ရှနာ ရှိခဲ့ပေမယ့် မပြင်းထန် ပါဘူး ဘုရား၊ လျောင်တွေရဲ့ သဲကန္တာရ တိုင်းပြည်လည်း ခုတော့ အညံ့ခံသွားပါပြီ ဘုရား။ ဒါဟာလည်း ဘုန်းတော်ကြီးလှသောဘုရားရဲ့ သွန်သင်ပြသမှုကြောင့်ပါ ဘုရား” ဟု လျှောက်ကာ ထပ်ကန်တော့လိုက်ပြန်၏။

ဧကရာဇ်မင်းကြီးက စုန်ကျန့်ကို သူကောင်းပြုလို၏။ သို့သော် လေးဦးဂိုဏ်းဝင် နန်းရင်းဝန်နှင့် စစ်ဝန်ကြီးတို့က ကန့်ကွက် လျှောက်တင်ကြ၏။

“နယ်ခြားဒေသအရေးက မအေးသေးပါဘူး ဘုရား။ သူ့ကို

မချီးမြှောက်သင့်သေးပါ ဘုရား၊ “ဖြောင့်မတ်မှုကို ကာကွယ်သူ”ဆိုတဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို ပေးပြီး လက်သုံးတော် ကိုင်အနေနဲ့ ဝင်းမှူးရာထူးကိုပဲ ပေးသင့်ပါတယ် ဘုရား။ လူကွမ်းယီကိုတော့ “စစ်ပညာ ဆရာ” လို့ ခေါ်စေပြီး စစ်ရေးလေ့ကျင့်မှုခေါင်းဆောင် ခန့်လိုက်ပါ။ ဝုရှုံနဲ့ ကျန်တဲ့ သုံးဆယ့် လေး လေးယောက်ကိုတော့ တပ်မှူးတွေ ခန့်ပြီး နောက်ထပ် ခုနစ်ဆယ့်နှစ်ယောက်ကိုတော့ ဒုတပ်မှူးတွေ ခန့်လိုက်ပါ ဘုရား။ သူတို့ကို ဆုတော်ငွေများ နည်းနည်းပါးပါးလည်း ပေး သင့်ပါတယ်ဘုရား”

မင်းကြီးလည်း သဘောတူ၏။ သင့်လျော်သော ရာထူးတွင် ခန့်ရန်၊ ဆုငွေများ ထုတ် ပေးရန် စစ်ဝန်ကြီးကို ညွှန်ကြားလိုက်၏။ စုန်ကျန့်နှင့် သူတပ်မှူးများကလည်း မင်းကြီး၏ကျေးဇူးတော်ကို ချီးမွမ်းပြောဆိုကာ ဒူးထောက်ကန်တော့ကြ၏။ မင်းကြီးက သူတို့ကို စားသောက်ပွဲဖြင့် ဧည့်ခံစေ၏။ ထို့နောက် စုန်ကျန့်ကို ပိုးဝတ်လုံ၊ ရွှေချပ်ဝတ်၊ မြင်းကောင်း တစီးတို့ကို ဆုချ၏။ လူကွမ်းယီနှင့် ကျန်တပ်မှူးများကိုလည်း ရွှေတိုက်တော်မှ ဆုလက် ဆောင်များ ပေးအပ်၏။ ထို့နောက် အနောက်တံခါးမှ ထွက်ကာ စခန်းသို့ ပြန်သွားပြီး အမိန့်တော်ကို စောင့်နေကြလေ၏။

နောက်တနေ့တွင် ကုန်ဆွန်ရှန်းသည် စုန်ကျန့်တဲသို့ ရောက်လာကာ လက်အုပ်ချီ လျက် အရိုအသေပြု၏။

“ကျုပ်ရဲ့ ဆရာတော် လျှိုရဲ့ မှာကြားချက်အတိုင်း ကျုပ် ပြန်ပြီး စာပေတွေ ဆက်လက် လေ့လာရပါတော့မယ်။ ဒါကို နောင်ကြီးလည်း သဘောတူထားပြီးသားပါ။ နောင်ကြီးတို့ အခုဆို စစ်မြေပြင်ကနေ အောင်ပွဲခံပြီး ကောင်းသတင်းနဲ့ ပြန်ရောက်လာပါပြီ။ ကျုပ်လည်း အချိန်ဆွဲနေဖို့ မသင့်တော့ဘူးပေါ့။ ကျုပ် နှုတ်ဆက်စကား ပြောရပါတော့မယ်။ တော တောင်ထဲကို ပြန်ပြီး လမ်းစဉ်တော်ကို ဆက်လေ့လာပြီး မိခင်ကြီးကို စောင့်ရှောက်ပြီး တသက်လုံး နေပါတော့မယ်”

စုန်ကျန့်က သူ့ကတိကို သူ ပြန်မဖျက်နိုင်ပေ။ မျက်ရည်စက်လက်ဖြင့် -

“ကျုပ်တို့ အတူတူ နေရတဲ့ ရက်တွေကတော့ ပန်းတွေ ပွင့်နေတဲ့ အချိန်လိုပဲ၊ ခွဲရတဲ့ အချိန်ကတော့ ပန်းတွေ ကြွေတဲ့ အချိန်ပဲပေါ့။ ကျုပ် ကတိပြုခဲ့တာ မှန်ပေမယ့် ခင်ဗျား ထွက်သွားတာ မြင်ရတာ ကျုပ်နှလုံးတွေ ကွဲကြေကုန်ပြီ”

“တဝက်တပျက်နဲ့ ကျုပ် ထွက်သွားခဲ့ရင်တော့ ခင်ဗျားကို မချစ်ရာ မလေးစားရာ ကျလိမ့်မယ်။ ဒါပေမဲ့ ခုတော့ ခင်ဗျားကလည်း အောင်မြင်နေပြီ၊ ထင်ရှားနေပြီဆိုတော့ ဆင်းရဲတဲ့ တာအိုဘာသာဝင်တဦးအတွက်

နေရာမရှိတော့ပါဘူးဗျာ။ ခွင့်ပြုပါတော့”

စုန်ကျန့်လည်း တား၍ မရသည့်အဆုံး၌ နှုတ်ဆက် ညစာစားပွဲကြီးကို တည်ခင်းပေး၏။ စိမ်ရည်ခွက်ကို မြှောက်လိုက်ရသော်လည်း အားလုံးမှာ သက်ပြင်းတချချနှင့် ဖြစ်၏။ စိမ်ရည်နှင့်အတူ မျက်ရည်များစီးဆင်းသွားကြ၏။ ကုန်ဆွန်ရှုန်းက ရွှေငွေပိုးဖဲလက်ဆောင် များကို လက်မခံဟု ငြင်းဆန်နေသော်လည်း သူ့ရဲဘော်ရဲဘက် တပ်မှူးများက သူ့အထုပ် အပိုးများအတွင်းသို့ အတင်းထည့် ပေးလိုက်ကြ၏။

နောက်တနေ့တွင် ကုန်ဆွန်ရှုန်းသည် လျှော်ဖိနပ်ကို စီးကာ အထုပ်ကို ပခုံးပေါ်တွင် ထမ်းပြီး လက်အုပ်ချီ နှုတ်ဆက်ကာ မြောက်ဘက်သို့ ဦးတည်ကာ ထွက်ခဲ့၏။

စုန်ကျန့်သည် သုံးလေးရက်မျှ ပူဆွေးနေ၏။ မျက်ရည်များလည်း မိုးရွာသကဲ့သို့ စီးကျ နေ၏။

နှစ်သစ်ကူးတော့မည် ဖြစ်၏။ မင်းမှုထမ်းများလည်း ပွဲတော်ကျင်းပရန် ပြင်ဆင်နေ ကြ၏။ စုန်ကျန့်တို့ နန်းတော်ထဲတွင် ကျင်းပသော ပွဲလမ်းများကို တက်ပါက မင်းကြီးက မြင်တွေ့သွားပြီး သူတို့ကို အရေးကြီးသော နေရာများတွင် အမှုထမ်းစေရန် သတိရသွားမည်ကို နန်းရင်းဝန်ဆယ်ကျင်းက ကြောက်နေ၏။ ထို့ကြောင့် ရာထူးရာခံ ရထားသော စုန်ကျန့်နှင့် လူကွမ်းယီတို့ကိုသာ ဖိတ်ကြားရန် မင်းကြီးကို သွေးဆောင်၏။ တာတာရ် စစ်ဆင်ရေးတွင် ပါဝင်ခဲ့သော အခြားတပ်မှူးများမှာ တရားဝင် ရာထူးအဆင့်များ ရရှိမထားကြပေ။ ထို့ကြောင့် မင်းကြီးကို အနှောင့်အယှက် မဖြစ်စေရန် မတက်စေရပေ။

နှစ်သစ်ကူးနေ့တွင် မင်းကြီးက အဖူးအမြင်ခံရာသို့ အရာရှိများ တက်ရောက်ကာ ဂုဏ်ပြုစကားများကို ပြောဆိုကြ၏။ စုန်ကျန့်နှင့် လူကွမ်းယီတို့သည် ပွဲတက်အဝတ်အစား များကို ဝတ်ကာ နံနက်ညီလာခံဆောင် အပြင်ဘက်တွင် အခြားအရာရှိများနှင့်အတူ မင်းကြီးကို ကန်တော့ရ၏။ မင်းကြီးသည် ပုလဲသွယ်များ ဖားလျားချထားသော မကိုဋ်ကို ဆောင်းကာ ကျောက်စိမ်းခါးစည်းကို စည်းပြီး ပလ္လင်ပေါ်တွင် ထိုင်နေ၏။ မှူးကြီးမတ်ကြီး များက သူ့ကို ခြံရံထားကြ၏။ စုန်ကျန့်တို့ရော အခြားအရာရှိများပါ ညီလာခံခန်းမအတွင်း သို့ မဝင်ကြရပေ။ ရှေ့တော်သို့ ဝင်လိုက်ထွက်လိုက် လုပ်နေကြသော မှူးမတ်များ၏ ရတနာ ခြယ်သထားသော အဆင်အယင်များကိုသာ တွေ့နေရ၏။

နံနက်မှ နေ့လယ် မွန်းတည့်အထိ ဤသို့ နေရပြီးမှ တော်သုံးစိမ်ရည် အနည်းငယ်ကို သောက်ရပြီး ကျေးဇူးတော်ကို ချီးမွမ်းရသေး၏။ ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက် လေ၏။

စုန်ကျန့်နှင့် လူကွမ်းယီလည်း အခမ်းအနား ဝတ်စုံများကို ချွတ်လဲကာ မြင်းစီးပြီး ပြန်လာခဲ့ကြ၏။ နှစ်ယောက်စလုံး၏ မျက်နှာမှာ မည်းနေကြ၏။ စောင့်နေသော ဝုရုံ တို့လည်း ဤအဖြစ်ကို သတိထားမိကြလေ၏။ တပ်မှူးတရာကျော်တို့မှာ ဝဲယာတွင် တန်းစီ နေကြ၏။ စုန်ကျန့်က မျက်နှာကိုငုံ့ကာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေ၏။ ဝုရုံကမေး၏။

"နောင်ကြီးက မင်းကြီးကို နှုတ်ဆက်ခဲ့ရတယ် မဟုတ်လား။ ဘာဖြစ်လို့ မျက်နှာ မကောင်းရတာလဲ"

စုန်ကျန့်က သက်ပြင်းချလိုက်ရင်း-

"ကျုပ်က တော်တော် ကံမကောင်းတာပဲ။ ကျုပ်တို့က လျောင်တွေကို ချေမှုန်းဖို့ တော်တော် အဆင်းရဲခံခဲ့ရတယ်။ ဒါပေမဲ့ ခင်ဗျားတို့ ညီနောင်တွေအဖို့ ဘာမှ မစွမ်း ဆောင်နိုင်ခဲ့ဘူး။ ကျုပ်ကိုယ်တိုင်တောင်မှ အရာရှိငယ် ရာထူးပဲ ရတယ်"

"ကံမကောင်းသေးတာပဲ ရှိပါသေးတယ်။ ဘာလို့ စိတ်ဆင်းရဲနေရတာလဲ။ အရာရာ ဟာ ပြဋ္ဌာန်းထားပြီးသားပါ။ ဘာမှ ပူမနေပါနဲ့"

လေပွေနက်လီကွေ့က ဝင်၍ ပြော၏။

"နောင်ကြီးက ခုထိ နားမလည်သေးဘဲကိုး။ လျှံရှန်းကျူအင်းမှာတုန်းက ကျုပ်တို့ကို ဘယ်သူမှ မစော်ကားရဲဘူး။ ဒါပေမဲ့ နောင်ကြီးက လွတ်ငြိမ်းမိန့် လွတ်ငြိမ်းမိန့်နဲ့ပဲ ပြော နေတာ။ အခု ကျုပ်တို့ ဘာရလဲ။ ပိုဆိုးလာတာပဲ ရှိတယ်။ ကျုပ်တို့ ညီနောင်တွေ ဒီမှာ အားလုံး ရှိတယ်။ လျှံရှန်းကျူအင်းကို ပြန်ပြီး ပျော်ပျော်ကြီး နေကြမယ်"

"မင်းက ထင်ရာလျှောက်ပြောပြန်ပြီ၊ ငမည်းကောင်၊ ငါတို့အားလုံးက တပ်တော်ကြီး မှာ အရာရှိတွေ ဖြစ်နေကြပြီ။ မင်း ဒါတွေကို နားမလည်ပါဘူး။ မင်းစိတ်ထဲမှာ ပုန်ကန်ဖို့ပဲ ရှိတယ်""

"ကျုပ်ပြောတာ နားမထောင်ရင်တော့ နောင်ကြီး နောင်မှ ပိုနိုပ်စက်တာ ခံရလိမ့်မယ်" အားလုံး ဝိုင်းရယ်လိုက်ကြလျက် စိမ်ရည်ခွက်ကို မြှောက်ကာ စုန်ကျန့်ကို နှစ်သစ် ဆုမွန်တောင်းပေးကြ၏။ ဒုတိယယံအထိ သောက်ကြပြီးမှ လူစုခွဲကြ၏။

နောက်တနေ့တွင် မြင်းသည်တကျိပ်ကျော်နှင့် စုန်ကျန့် မြို့တွင်းသို့ ဝင်ကာ စစ်သူကြီး စူ၊ ဝန်မင်းကျောက်၊ အခြားစစ်ဝန်ကြီးဌာနမှ အရာရှိများထံသို့ သွားကာ ဂုဏ်ပြုစကား ပြော၏။ ယင်းကို လူအများက တွေ့ကြ မြင်ကြသဖြင့်

နန်းရင်းဝန်ထံသို့ သတင်းသွားပေး ကြ၏။ နောက်တနေ့တွင် မင်းကြီးက အတည်ပြုချက်ဖြင့် အောက်ပါ ကြော်ငြာစာကို မြို့တံခါးဝတိုင်းတွင် ကပ်ထားစေ၏။

“စစ်ဆင်ရေးတပ်ဖွဲ့မှ တပ်မှူးများ၊ အရာရှိများအားလုံး စခန်းတွင် နေကာ အမိန့်စောင့် နေရမည်။ အထက်ဌာနမှ အမိန့်စာဖြင့် မညွှန်ကြားမချင်း မြို့ထဲသို့ မဝင်ရ။ မလိုက်နာသူကို စစ်စည်းကမ်းအရ အရေးယူမည်”

ဤကြော်ငြာစာကို ချင်တံတားတွင်လည်း ကပ်ထားရာ မြင်ခဲ့သူတဦးက စုန်ကျန့်ကို လာ၍ တင်ပြလေ၏။ စုန်ကျန့်လည်း ပို၍ စိတ်ဆင်းရဲသွားလေ၏။ တပ်မှူးများမှာ ယမ်းပုံ မီးကျ ဖြစ်ကြလေ၏။ စုန်ကျန့်မှ တပါး အားလုံးမှာ ပုန်ကန်ချင်စိတ် ဖြစ်နေလေ၏။

ရေတပ်တပ်မှူးအချို့က ဝုရုံနှင့် တွေ့ဆုံခွင့် တောင်းကြ၏။ စစ်သင်္ဘောတစင်းပေါ်တွင် လီကျွမ်း၊ ချန်ဟင်း၊ ချန်ရှွန်း၊ ဖိုးရုံညီနောင် သုံးယောက်တို့နှင့် ဝုရုံ တွေ့ဆုံ၏။

“ရွှေနန်းတော်က စကားမတည်ဘူး။ ကောက်ကျစ်တဲ့ မှူးမတ်တွေက အာဏာကို ချုပ်ကိုင်ထားပြီး မှန်ကန်တဲ့လမ်းကို ပိတ်ထားကြတယ်။ နောင်ကြီးစုန်ကျန့်က လျှောင်တွေ ကို ချေမှုန်းလိုက်ပေမယ့် အရာရှိငယ်အဆင့်ပဲ ခန့်အပ်ခံရတယ်။ ကျွန်တော်တို့ကို ရာထူး တက်အောင် ဆုလာဘ်ရအောင် လုပ်မပေးနိုင်ဘူး။ ခုဆို ကြော်ငြာကပ်ပြီး မြို့ထဲကို မဝင်ဖို့ တားထားပြီ။ ဒီမှူးမတ်ယုတ်တွေက ကျွန်တော်တို့ကို လူစုခွဲပြီး တခြားကို ရွှေ့ပြောင်းပစ် မယ်ထင်တယ်ဗျ။ ကျွန်တော်တို့ကို ခင်ဗျား ထောက်ခံပါ။ နောင်ကြီးကို သွားပြောရင် သူက အပြတ်ငြင်းပစ်မှာပဲ။ ကျွန်တော်တို့ကတော့ ရက်ရက်စက်စက် တိုက်ခိုက်ပြီး မြို့တော်ကို အပြောင်ရှင်းပစ်လိုက်ချင်တယ်။ ပြီးရင် လျှံရှန်းကျူအင်းကို ပြန်ပြီး တောပုန်းလုပ်ကြတာ ပေါ့။ ဒါပဲ အကောင်းဆုံး ဖြစ်မယ်”

“နောင်ကြီးစုန်ကျန့်က လုံးဝငြင်းဆန်မှာကွ၊ မင်းတို့ အချိန်ဖြုန်းနေတာပဲ။ မြွေသွားက လေးက ထွက်မသွားရင် မြားတံကျိုးမှာပဲ။ ခေါင်းမပါတဲ့ မြွေကလည်း မတွားနိုင်ဘူး။ ငါက သူ့ကို ဘယ်လိုလုပ်ပြီး တင်ပြလို့ ရမလဲ။ နောင်ကြီးဆန္ဒ မပါရင် ဘာမှ လုပ်လို့ မရဘူး။ သူ့သဘောမတူဘဲ မင်းတို့ချည်းပဲ ထပုန်ကန်ရင်လည်း အောင်မြင်မှာ မဟုတ်ဘူးမှတ်”

စစ်ဘက်အကြံပေးပုဂ္ဂိုလ်က သူတို့ဘက်မှ လိုက်ပြောမည် မဟုတ်မှန်း ထင်ရှားပေ၏။ ရေတပ်တပ်မှူး ခြောက်ယောက်လည်း နှုတ်ပိတ်သွားလေ၏။ စခန်းသို့ ပြန်ရောက်သော အခါ စုန်ကျန့်နှင့် စစ်ရေးစစ်ရာများကို ပြောနေကြ၏။ ထိုသို့ ပြောနေစဉ်-

"နောင်ကြီး၊ ကျုပ်တို့ ညီတော်မောင်တွေက လွတ်လွတ်လပ်လပ် သွားလာနေခဲ့ ကြတာလေ။ ခုတော့ လွတ်ငြိမ်းခွင့် ရတယ်သာ ဆိုတယ်၊ ချုပ်ချယ်ထားတာ ခံနေရပြီ။ သူတို့က ဒါကို လက်မခံနိုင်ကြဘူး။ သိပ်ဒေါသထွက်နေကြတယ်"

စုန်ကျန့်လည်း အလန့်တကြား ဖြစ်သွားလျက်-

"ဘယ်သူကများ ဘာပြောလိုက်လို့လဲ"

"ဘယ်သူကမှ ဘာမှ ပြောစရာ မလိုပါဘူး။ ဒါတွေ လူတိုင်းသိတဲ့ ကိစ္စပဲ။ ရှေးစကား ရှိတယ်လေ။ "လူတွေက ချမ်းသာချင် ကြီးပွားချင်သတဲ့၊ ဆင်းရဲမှာ သိမ်ငယ်မှာကို မုန်းသတဲ့" လေ။ သူတို့မျက်နှာ ကြည့်ရုံနဲ့ အတွင်းစိတ်ကို သိနိုင်တာပေါ့ဗျာ"

"ညီတော်မောင်တွေမှာ ပုန်ကန်ချင်တဲ့စိတ် ဖြစ်ရင် ဖြစ်နေမှာပေါ့ စစ်ဘက်အကြံပေး ကြီးရယ်၊ ဒါပေမဲ့ ကျုပ်ကတော့ သေသွားပြီး တမလွန်ဘဝကို ရောက်တောင်မှ မင်းကြီးကို သစ္စာမဖောက်ဘူး"

နောက်တနေ့တွင် စုန်ကျန့်က တပ်မှူးအားလုံးကို သူ့တဲရှေ့တွင် စုဝေးစေကာ စကား ပြော၏။

"ကျုပ်ဘဝက ယွန်ကျင့်မှာ မင်းမှုထမ်းကလေး ဘဝနဲ့ စခဲ့တာပါ။ အဲဒီမှာ အမှုကြီး တခုကို ကျူးလွန်မိတာနဲ့ တောပုန်းဖြစ်ခဲ့ရတယ်။ ညီနောင်တို့က ထောက်ခံကြလို့ ကျုပ် လည်း ခေါင်းဆောင်ဖြစ်ခဲ့ရတယ်။ ဒီနေ့ဆို မင်းမှုထမ်း ဖြစ်နေပြီ။ ရှေးကတည်းက ဆိုရိုး တခု ရှိခဲ့တယ်လေ။ ရင့်ကျက်တဲ့ ယောကျ်ားဆိုတာ ချုပ်တည်းနိုင်ရတယ်တဲ့။ မချုပ်တည်း နိုင်တဲ့သူဟာ မရင့်ကျက်သေးဘူးတဲ့။ နန်းတော်ကြီးက ဒီလိုကြော်ငြာတွေ ကပ်ထားတာ ကလည်း အကြောင်းရှိတယ်။ ခွင့်ပြုချက်မရဘဲ မြို့ထဲကို မဝင်ရဘူး ဆိုတာကတော့ တောထဲ တောင်ထဲမှာ နေခဲ့တဲ့ ခင်ဗျားတို့ ကျုပ်တို့က စစ်သားကြမ်း စစ်သားရမ်းတွေမို့လို့ပါ။ ပြဿနာရှာတဲ့ သူကိုတော့ ဥပဒေအရ အရေးယူရမှာပဲ။ ကျုပ်တို့ ဂုဏ်လည်း ထိခိုက်မှာပဲ။ ဒီတော့ မြို့ထဲမဝင်ရတာ ကံကောင်းတယ်ပဲ မှတ်ပါ။ သိပ်ကို ပုန်ကန်ချင်နေကြရင်တော့ ကျုပ် ခေါင်းကို အရင်ဖြတ်သွားကြ။ နို့မဟုတ်ရင် ကျုပ်ကတော့ ဒီလောကကို မျက်နှာချင်း မဆိုင်ရဲတော့ဘူး။ ကျုပ်ကိုယ်ကျုပ် သတ်သေမှာပဲ။ ခင်ဗျားတို့ သဘောပဲ၊ ကဲ"

စုန်ကျန့်စကားကို ကြားရသောအခါ အားလုံးက ငိုကြ၏။ သစ္စာရှိမည့် အကြောင်းကို ထပ်လောင်း ကတိပြုကြပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်၏။

ထိုမှ နောင်တွင် ရုံးပြင်ကနား သွားရန် ကိစ္စ ရှိသည့်အခါမှ လွဲ၍ မည်သူမျှ မြို့ထဲသို့ မသွားကြတော့ပေ။ ပထမပွဲတော်ရက်နှင့် နီးလာပြီဖြစ်၍ တမြို့လုံး မီးပုံးများနှင့် အလှဆင် လားကြလေပြီ။ ယန်ချင်းက ကွေ့ဟိုကို စကား စ၏။

"မင်းကြီးနဲ့ တမြို့လုံးကတော့ မီးပန်းတွေ ဖောက်၊ မီးပုံးတွေ ထွန်းပြီး နှစ်သစ်ကို ကြိုနေကြပြီဗျ။ ကျုပ်တို့ ရုပ်ဖျက်ပြီး သွားကြည့်ကြရအောင်"

တယောက်ယောက်က ဝင်၍ ပြောလိုက်၏။

"မင်းတို့ မီးပုံးတွေ သွားကြည့်ရင် ငါ့ပါ ခေါ်ရမယ်"

ယန်ချင်း လှည့်ကြည့်လိုက်သောအခါ လေပွေနက်လီကွေ့ကို တွေ့ရ၏။

"ငါ့ကို အရူးလုပ်ဖို့ မကြံနဲ့၊ ငါ အားလုံး ကြားပြီးပြီ"

"နောင်ကြီးကို ခေါ်သွားရတာကတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ နောင်ကြီးဒေါသကြီးပုံ နဲ့တော့ စိတ်မဖြောင့်ပါဘူး။ နောင်ကြီးက ပြဿနာ စ မှာ သေချာတယ်။ ကျုပ်တို့ကို မြို့ထဲ မဝင် ရဘူးလို့ ကြော်ငြာတွေ ကပ်ထားတာမှ နှံ့နေတာပဲ။ နောင်ကြီးကသာ ရန်ဖြစ်လို့က တော့ သူ သူတို့အကွက်ထဲမှာ တန်းပြီး မိသွားမှာပဲ"

"ငါ ပြဿနာ မရှာပါဘူးကွာ။ မင်းတို့ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"ကောင်းပြီလေ။ မနက်ဖြန်ကျရင် ခရီးသွားတွေလို ဝတ်ခဲ့"

လေပွေနက်လည်း ဝမ်းမြောက်သွားလေ၏။

နောက်တနေ့တွင် ခရီးသွားများလို ဝတ်ကာ သုံးယောက်သား ထွက်ခဲ့ကြ၏။ တိုက် တိုက်ဆိုင်ဆိုင် လမ်းတွင် တွေ့မိသည့် ရှီကျန့်နှင့် ကွေ့ဟိုက အရင်ဝင်သွားကြ၏။ ယန်ချင်း မှာ လီကွေ့ကို ပ ထုတ်၍ မရသဖြင့် မတတ်သာဘဲ အတူ ခေါ်ခဲ့ရလေ၏။ ချင်တံတားမှ မဝင်ရဲသဖြင့် မြို့ကိုပတ်ကာ ဖိန့်ချီတံခါးမှ ဝင်ခဲ့ကြ၏။

အတူတူ လက်ချင်းတွဲကာ လျှောက်လာရာ ပျော်ပွဲရွှင်ပွဲများ ကျင်းပသည့် နေရာသို့ ရောက်လာလေ၏။ တေးဂီတသံများကို ကြားရသဖြင့် လီကွေ့က ဝင်ကြည့်ရန် အတင်း ပြောလေ၏။ သူတို့ လူကြားမှ တိုးဝှေ့၍ ဝင်လာရာ စာဟောဆရာတဦးက "သုံးပြည်ထောင် အချစ်ဇာတ်လမ်း"ဝတ္ထုကြီးမှ အပိုင်းတပိုင်းကို ဟောပြောနေသည်ကို တွေ့ရ၏။ ဟောပြော နေသည်မှာ ရှေးသူရဲကောင်းတဦးဖြစ်သော ကွမ်ယု၏ ဘယ်ဘက်လက်မောင်းကို မြားမှန် သော အခန်း ဖြစ်၏။ မြားဆိပ်မှာ အရိုးထဲသို့ စိမ့်ဝင်နေပြီ ဖြစ်၏။

“အဲဒီတော့ သမားတော်က ပြောတယ်။ “သင့်ကို ကုစေချင်ရင် သင့်လက်မောင်းကို သံကွင်းတွေနဲ့ စွပ်လို့ ကြေးတုတ်နဲ့ လျှိုပြီး ကျပ်စည်းထားရမယ်။ အသားကို ခွဲပြီး အဆိပ်ဝင် ထားတဲ့ အရိုးရဲ့ ဆယ်ပုံမှာ သုံးပုံကို ဖြတ်ရမယ်။ ပြီးရင် အရိုးအသားတိုးပွားစေတဲ့ ဆေးကို ထည့်ပြီးမှ ဆီစိမ်ချည်နဲ့ ပြန်ချုပ်ရမယ်။ အပြင်မှာ ဖယောင်းချက် လိမ်းပေးထားမယ်။ လဝက်တောင် မကြာစေရဘူး။ ပကတိအတိုင်း ပြန်ကောင်းစေရမယ်။ ဒါပေမဲ့ ခွဲစိတ်တာ ကတော့ အဆမတန်အောင် နာလိမ့်မယ်”တဲ့။

“ဒီတော့ ကွမ်ယုကလည်း ရယ်တာပေါ့။ “ယောကျ်ားကောင်းဆိုတာ သေမင်းက တောင် ခြောက်လို့ မရဘူးတဲ့ကွ။ ဒီ လက်မောင်းလေးတဖက်လောက်ကိုများ ငါက မှုမယ် ထင်သလား။ သံကွင်းတွေ၊ ကြေးတုတ်တွေ လုပ်မနေနဲ့။ ဒီအတိုင်းသာ ခွဲချလိုက်” တဲ့။ “အဲဒီလိုပြောပြီးတော့ စစ်တုရင် ခုံကို ခင်းပြီး မိတ်ဆွေတယောက်နဲ့ ကစားနေပါရော လား၊ သမားတော်ကတော့ အရိုးကိုဖြတ်ပြီး အဆိပ်ကို ထုတ်နေတာပေါ့။ ကွမ်ယုကတော့ တချက်လေးတောင် မမဲ့ဘူး။ သူ့မိတ်ဆွေနဲ့ ရယ်လား မောလားနဲ့ စကားတောင် မပြော မပျက်ဘူးတဲ့လေ”

စာဟောဆရာ၏ စကားကို ကြားရသောအခါ လီကွေ့က ထအော်၏။

“အဲဒါမှ သတ္တိ ရှိတယ် ခေါ်တာကွ”

ပရိသတ်လည်း လန့်သွားကာ လည်ပြန်ကြည့်ကြ၏။ ယန်ချင်းလည်း ကမန်းကတန်း ထိန်းလိုက်ရ၏။

“ဟာဗျာ၊ နောင်ကြီးကတော့ လုပ်ပြီ။ ဒီလိုနေရာမှာ ဘာမဟုတ်တာလေးနဲ့ အနှောင့် အယှက် မပေးရဘူးဗျ”

“ငါလည်း လွတ်ခနဲ ထွက်သွားတာ။ ဇာတ်ထဲမှာ မျောပါသွားတာကိုး”

ယန်ချင်းက သူ့ကို ဆွဲထုတ်လာခဲ့ရ၏။ မြို့ကို တောက်လျှောက်ပေါက်သော လမ်းတခု အတိုင်း လျှောက်လာကြစဉ် လူတယောက်က အိမ်တဆောင်ကို အုတ်ခဲများ၊ အုတ်ကြွပ် များနှင့် ပစ်ပေါက်နေသည်ကို တွေ့ရ၏။ အပေါက်ခံရသော အိမ်မှ လူက အော်၏။

“ငါက မင်းကို ပိုက်ဆံနှစ်ခါတောင် ချေးထားတာ။ မင်းက ပြန်မဆပ်တဲ့အပြင် ငါ့အိမ် လာပြီး ခဲနဲ့ ပေါက်နေရလား”

မတရားမှုကို မြင်ရသဖြင့် လီကွေ့မှာ မနေနိုင်တော့။ ဝင်ပါမည် ပြု၏။ ယန်ချင်းက သူ့ခါးကို အားကုန်ဖက်ကာ ဆွဲထားရလေ၏။ လီကွေ့၏ အကြည့်မှာ

မီးဝင်းဝင်းတောက် နေလေပြီ။

ခဲနှင့် ပေါက်သူက -

"ဒါက သူနဲ့ ငါနဲ့ အကြွေးကိစ္စ။ မင်းနဲ့ ဘာဆိုင်လို့လဲ။ ငါက နေ့လား ညလား မသိ။ ယန်စီမြစ်တောင်ဘက်မှာ စစ်သွားတိုက်ရတော့မယ်။ ငါ့စိတ်ကို လာမဆွရင် ကောင်းမယ်။ ဟိုသွားလည်း သေမှာပဲ။ ဒီမှာ မင်းနဲ့ ချလို့ သေလည်း အေးတာပဲ။ ဘာပဲဖြစ်ဖြစ် ခေါင်းထဲ ရောက်မှာချည်းပဲ"

"ဘာလို့ တောင်ဘက်ကို သွားရမှာလဲ။ စစ်သားစုတာ အမိန့်ပေးတာလည်း မကြားရ ပါလား" လီကွေ့က ဆို၏။

ယန်ချင်းက ရန်ဖြစ်နေသူများကို ဖျန်ဖြေကာ လီကွေ့နှင့် ဆက်၍ လျှောက်လာခဲ့၏။ ဖြတ်လမ်းလေးတခုတွင် လက်ဖက်ရည်ဆိုင်လေးတဆိုင်ကို တွေ့ရသဖြင့် ဝင်ထိုင်ကြ၏။ လက်ဖက်ရည် သောက်ရင်း စားပွဲတဖက်မှ အဘိုးအိုတယောက်နှင့် စကားလက်ဆုံ ကျမိ ကြ၏။

ယန်ချင်းက -

"အဘိုးများ တခု ပြောပြနိုင်မလားဗျ။ ခုပဲ စစ်သားတယောက် သောင်းကျန်းနေတာ တွေ့ခဲ့တယ်။ ယန်စီတဖက်ကို စစ်ထွက်ရတော့မယ် ဆိုလားပဲ။ သူတို့ ဘယ်သွားကြမှာ လဲဗျ"

"ဩော်၊ မင်းက မသိဘဲကိုး။ ဖန်းလာ ဆိုတဲ့ ခေးပြတကောင် သူပုန်ထနေတယ်လေ။ မူကျို့ကနေ ရွှန်ကျို့အထိ ပြည်နယ်ရှစ်ခုက ခရိုင်နှစ်ဆယ့်ငါးခရိုင်ကိုတောင် သိမ်းထားပြီး ပြီ။ အဲဒါကို သူက သီးခြား တိုင်းပြည်ထောင်ထားတယ်။ မကြာခင်မှာပဲ ယန်ကျို့ကို သိမ်း တော့မယ်တဲ့။ မင်းကြီးက စစ်ဘုရင်ခံချန်းနဲ့ ခရိုင်တပ်မှူးလျူကို သွားရှင်းဖို့ အမိန့်ထုတ် ထားတယ်"

ယန်ချင်းနှင့် လီကွေ့လည်း ငွေအမြန်ရှင်းကာ စခန်းသို့ ပြန်လာပြီး ဝုရုံထံသို့ သတင်း ပို့လေ၏။ ဝုရုံလည်း သဘောကျသွားပြီး စုန်ကျန့်ထံသို့ ဆက်၍ တင်ပြလေ၏။

"ဒီမှာ အလကား ထိုင်နေလို့ မတော်ဘူးလေ။ အဲဒီ စစ်ဆင်ရေးမှာ ပါခွင့်ရအောင် စစ်သူကြီးစူကို လျှောက်ခိုင်းမှပဲ"

ဤကိစ္စကို တပ်မှူးများနှင့် တိုင်ပင်ရာ အားလုံးက လက်ခံကြ၏။

နောက်တနေ့တွင် စုန်ကျန့်သည် ယန်ချင်းနှင့်အတူ အရပ်ဝတ်ဖြင့် မြို့ထဲသို့ ထွက်ခဲ့၏။ စစ်သူကြီးစူ၏အိမ်သို့ သွားကာ တွေ့ခွင့်ကိုတောင်း၏။ သူတို့ကို

တွေ့ရသော် စစ်သူကြီးက-

"ဘာလို့ အရပ်ဝတ်တွေ ဝတ်လာတာလဲ ဗိုလ်ချုပ်"

"စစ်ဝန်ကြီးဌာနက စစ်ဆင်ရေးတပ်တွေအားလုံး မြို့ထဲကို မဝင်ရဘူးလို့ တားထား တယ်လေ။ ကျွန်တော်က အရှင့်ကို သီးခြားတွေ့ချင်တာနဲ့ လာခဲ့တာပါ။ ကျွန်တော်ကြား တာက ဖန်းလာ ဆိုတဲ့ သူပုန်က ယန်စီမြစ်တောင်ဘက်မှာ ပြည်နယ်တွေကို သိမ်းပိုက်ပြီး သူ့ကိုယ်သူ မင်းလုပ်နေတယ်ဆို။ သူက ရွှန်ကျို့ထိ ရောက်နေပြီ။ မကြာခင်ပဲ ယန်စီကို ကူးပြီး ယန်ကျို့ကို တိုက်တော့မယ်ဆို၊ ကျွန်တော့်တပ်တွေလည်း ဒီလိုပဲ စခန်းချနေရတာ ပျင်းနေကြပြီ။ ဒါကလည်း မသင့်တော်ဘူးလေ။ ကျွန်တော် သူတို့ကို ဦးဆောင်ပြီး ဖန်းလာ ကို သွားတိုက်ပြီး ကျွန်တော်တို့ သစ္စာရှိတာကို ပြချင်ပါတယ်။ ဘုန်းတော်ကြီးလှသော ဘုရားကို ကျွန်တော်တို့အတွက် လျှောက်တင်ပေးပါလား ခင်ဗျာ"

စစ်သူကြီးစုလည်း များစွာ ကျေနပ်သွားလေ၏။

"ကျုပ်လည်း ဒီလိုပဲ စဉ်းစားနေတာဗျ။ ဒီကိစ္စက ကျုပ်တို့ တိုင်းပြည်၊ ကျုပ်တို့ လူမျိုး တွေအတွက် တကယ့်အရေးကိစ္စကြီးပါပဲ။ ဘာလို့ မလျှောက်တင်ရမှာလဲဗျာ။ စခန်းကို ပြန်ပြီး စောင့်နေပါ။ မနက်ဖြန်ဆိုရင် ဒါကိုပဲ ဦးဆုံးလုပ်ရမယ်။ ဘုန်းတော်ကြီးလှသော ဘုရားကလည်း အလေးထားပါလိမ့်မယ်"

စုန်ကျန့်လည်း စခန်းသို့ ပြန်သွားကာ သူ့ညီနောင်များကို သတင်းပေးထားလိုက်၏။ နောက်တနေ့တွင် စစ်သူကြီး နန်းတွင်းသို့ အခစားဝင်သောအခါ မင်းကြီးသည် နံ့သာ နန်းဆောင်တွင် စစ်ဘက်အရပ်ဘက် အရာရှိများအား ဖန်းလာ ပုန်ကန်နေသည့်အကြောင်း ကို ပြောနေသည်ကို တွေ့ရ၏။ ယန်ကျို့ကိုပင် ယနေ့ တိုက်မလား၊ မနက်ဖြန် တိုက်မလား မသိနိုင်သည့် အခြေသို့ ဆိုက်နေကြောင်း ပြောကာ-

"စစ်ဘုရင်ခံချန်းနဲ့ ခရိုင်တပ်မှူးလျူကို ခေါင်းဆောင်ပြီး စစ်ဆင်ရေး ထွက်ခိုင်းထား တယ်။ ခုထိတော့ ဘာမှ မကြားရသေးဘူး" ဟု မင်းကြီးက ညည်းရှာ၏။

စစ်သူကြီးစုက-

"ဒီသူပုန်ကိစ္စက တကယ့်ကို ဆိုးပါတယ် ဘုရား။ ဒါပေမဲ့ သူတို့အပြင် လျောင်တာ တာရ်တွေကို နှိမ်နင်းခဲ့တဲ့ စုန်ကျန့်တို့ကိုကော ဘာလို့ မလွှတ်တာပါလဲ။ နှစ်တပ် ပေါင်း လိုက်ရင် သူပုန်တွေကို ရှင်းလင်းပြီး အောင်ပွဲကြီး ရနိုင်ပါလိမ့်မယ်"

"မင့်အကြံက ငါ စဉ်းစားထားတာနဲ့ ကိုက်တယ်" ဟု မင်းကြီးက ပြောပြီး

စစ်ဝန်ကြီး ကို ခေါ်ကာ အမိန့်ချမှတ်၏။

ဘုရင်ခံချန်းနှင့် သူ့ဦးစီးအရာရှိ ကုန်းနှင့် ဂင်တို့က စုန်ကျန့်တို့ကို တပ်ဦးချီတပ်တော် အဖြစ် စေလွှတ်ရန် တောင်းခံကြ၏။ စစ်ဝန်ကြီးလည်း အမိန့်ရသောအခါ စုန်ကျန့်နှင့် လူကွမ်းယီကို ခေါ်စေ၏။ သူတို့လည်း ရောက်လာကာ မင်းကြီးကို ကန်တော့ကြ၏။ မင်းကြီးက စုန်ကျန့်အား တောင်ပိုင်းငြိမ်းချမ်းရေး တပ်မှူးချုပ်အဖြစ် လည်းကောင်း၊ ဖန်းလာ စစ်ဆင်ရေး၏ တပ်ဦးချီ ဗိုလ်ချုပ်အဖြစ် လည်းကောင်း ရာထူးအပ်နှင်း၏။ လူကွမ်း ယီကိုမူ သူ၏ ဒုတပ်မှူးချုပ်ဟု အမည်ပေး၏။ နှစ်ယောက်စလုံးကို ရွှေခါးပတ်၊ ပိုးဝတ်လုံ၊ ရွှေချုပ်ဝတ်၊ မြင်းကောင်းတစီး၊ ဝတ်စုံနှစ်ဆယ့် ငါးစုံ ချုပ်ရန် လုံလောက်သည့် ပိတ်အုပ် များကို ချီးမြှင့်၏။ အခြား ဗိုလ်ချုပ်များကိုလည်း ဝတ်စုံနှင့် ငွေများ ပေးကာ တိုက်ပွဲတွင် ထူးချွန်ပါက ရာထူးအဆင့် တိုးမြှင့်ပေးမည်ဟု ကတိပြု၏။ ကျန်ဆုများကို ရွှေတိုက်တော်မှ ထုတ်ပေးရမည်ဖြစ်၏။ စစ်ထွက်ရမည့် နေ့ရက်ကို သတ်မှတ်ပေးလိုက်၏။ စုန်ကျန့် တို့လည်း ပြန်ခွင့်ပြုရန် တောင်းခံကြ၏။

“မင်းဆီမှာ ကျောက်စိမ်းတံဆိပ် အထွင်းကောင်းလှတဲ့ ကျင်တာကျန်း ဆိုတာနဲ့ မြင်းကြန်ကျွမ်းကျင်တဲ့ ဟွမ်ဖူးတွမ်ဆိုတာ ရှိတယ်ဆို။ ဒီနှစ်ယောက်ကို ငါတို့ အသုံး လိုလို့ ချန်ထားခဲ့”

စုန်ကျန့်တို့လည်း ကန်တော့ကာ ပြန်ခဲ့ကြ၏။ အပြန်လမ်းတွင် စိတ်တက်ကြွစွာဖြင့် မြင်းနှစ်စီး ယှဉ်၍ စီးလာလေ၏။

မြို့ပြင်ရှိ ဈေးကွက်လပ်တွင် လူတယောက်သည် သစ်သားချပ်နှစ်စုံကို ကိုင်လှုပ်ကာ အသံပေးနေ၏။ လက်ကို လှုပ်ရုံဖြင့် တချပ်ချပ် အသံပေးနေသော ဤကိရိယာကို စုန်ကျန့် မမြင်ဖူးပေ။

စစ်သည်တဦးကို သွား၍ မေးစေ၏။ “ဒါက ဘာလဲ”

“နိုင်ငံခြား ချပ်ပါ။ လက်ကို လှုပ်လိုက်တာနဲ့ အသံထွက်ပါတယ်”

စုန်ကျန့်သည် ယင်းနေရာတွင်ပင် ကဗျာတပုဒ်ကို လက်တန်းစပ်လိုက်လေ၏။

အခုတိုးလို့ အခုကျယ်

ကောင်းကင်ယံထိ မြည်ဟည်းတယ်

ဝေဟင်အနံ့ သတ္တိအားအင်

အသုံးမပြုက အချည်းနှီးပင်

စုန်ကျန့်လည်း ရယ်လိုက်လျက်-

"ဒီနိုင်ငံခြားချပ်က နောင်ကြီးနဲ့ ကျုပ်နဲ့ တူတယ်ဗျ။ ကျုပ်တို့မှာ မိုးကို ထိုးနိုင်တဲ့ စွမ်းတွေ ရှိကြတယ်။ ဒါပေမဲ့ ဘယ်သူကမှ မလှုပ်မခါရင် ကျုပ်တို့လည်း အောင်မြင်မှု တွေ ပဲ့တင်ဟည်းနေအောင် ဘယ်မှာ လုပ်နိုင်ပါ့မလဲ"

ထိုသူ့ကို ငွေစများပေးရန် မှာကြားပြီး ဆက်ထွက်ခဲ့၏။ လူကွမ်းယီနှင့် စကားပြောလာ ရင်းက ကဗျာဉာဏ်များ ကွန့်မြူးလာသဖြင့် စုန်ကျန့်လည်း နောက်တပုဒ် စပ်ဆိုပြန်လေ၏။

လက်ရာမြောက်လှ လှပေစွ

ကျောက်စိမ်းဆည်းလည်း သူ့ဘဝ

ကိုင်မယ့် လှုပ်မယ့် လက်ရှိမှ

ပြည်တခွင်လုံး မြည်ဟည်းရ

"ဘာလို့ ဒီလို ဒီလိုပြောရတာလဲ နောင်ကြီးရဲ့၊ ကျုပ်တို့ရဲ့ စွမ်းရည်ကလည်း ရေးကရော ခုရော ရှိနေ ရှိနေတဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ တန်းတူပါပဲ။ ဒီလို မဟုတ်ရင် ဘာလို့ ကျုပ်တို့ကို ကိုင်ထားပါတော့မလဲဗျာ"

"မဟုတ်ဘူ တ်ဘူး နောင်ကြီး၊ စစ်သူကြီးစုက လျှောက်တင်မပေးရင် မင်းကြီးက ဒီလို ကြီးလေးတဲ့ တာဝန်ကို ပေးပါ့မလားဗျာ။ ကျော်စောသတင်း ရရှိလာရင် ကျေးဇူးရှင်ကို မမေ့သင့်ဘူးဗျ""

ထိုစကားမှာ ကြောင်းကျိုးမျှတသည်ဟု လူကွမ်းယီလည်း လက်ခံမိသဖြင့် ဘာမျှ ထပ်၍ အထွန့်မတက်တော့ပေ။

စခန်းသို့ ပြန်ရောက်သောအခါ တပ်မှူးများကို စည်းဝေးကာ မြင်းများ၊ ချပ်ဝတ်များကို အများဆုံး အသင့်ဖြစ်အောင် ပြင်ဆင်စေ၏။ နောက်တနေ့တွင် ဘဏ္ဍာတိုက်မှ ဆုလာဘ် များကို ထုတ်ယူကာ ဝေငှပေး၏။ ကျင်တာကျန်းနှင့် ဟွမ်ဖူးတွမ်တို့ကိုလည်း နန်းတော် ကြီးတွင် အမှုထမ်းရန် စေလွှတ်လိုက်၏။

စုန်ကျန့်က ရေတပ်ကို အရင်လွှတ်လိုက်၏။ လှေတိုင်းကို တိုက်ပွဲဝင် စစ်သဘော်များ အဆင့်သို့ မြှင့်တင်ထားစေ၏။ ယန်စီမြစ်သို့ သွားရမည်ဖြစ်၏။ ကြည်း ရေ နှစ်သွယ် ပူးပေါင်း စစ်ဆင်ရမည် ဖြစ်၏။

နန်းရင်းဝန်ဆယ်သည် စခန်းသို့ ဖြုန်းစားချည်း ရောက်လာလေ၏။ သူက လက် မြောက်သူရှောင်ရန်းကို သူ့ထံတွင် အမှုထမ်းစေရန် တောင်း၏။

နောက်တနေ့တွင် ခရိုင် တပ်မှူး ဝမ် ရောက်လာပြီး သံလည်ချောင်းကွေ့ဟိုကို တောင်းပြန်၏။ ကွေ့ဟိုမှာ သီချင်း အဆိုကောင်းကြောင်း ကြားရပြီး သူ့အိမ်တော်တွင် ဤကဲ့သို့သော လူတဦးကို လိုအပ်နေ သောကြောင့်ဟု အကြောင်းပြ၏။

စုန်ကျန့်လည်း မတတ်သာ။ ထိုနှစ်ယောက်ကိုပါ လွှတ်လိုက်ရ၏။ ယခုအခါ ညီနောင် ငါးဦးလျော့သွားလေပြီ။ သူလည်း များစွာ စိတ်ဆင်းရဲရ၏။ ပြင်ဆင်စရာများကို စီမံပြီး ချီတက်ရန် အသင့်ပြင်ခိုင်းထားလိုက်၏။

ယန်စီတောင်ပိုင်းတွင် ဖန်းလာ ထကြွနေသည်မှာ အတန်ကြာပေပြီ။ တဖြည်းဖြည်းအင်အား တိုးလာခြင်း ဖြစ်၏။ မည်သူမျှ ဤမျှ ဖြစ်လာမည်ဟု ထင်မှတ်မထားကြပေ။ ဖန်းလာမှာ ရှေကျို့ပြည်နယ်မှ သစ်ခုတ်သမားတဦး ဖြစ်ခဲ့၏။ တနေ့တွင် စမ်းချောင်းထဲတွင် လက် ဆေးနေစဉ် ရေပြင်၌ ပေါ်နေသော သူ့ပုံရိပ်တွင် မကိုဋ်ဆောင်းထားပြီး နဂါးဝတ်လုံ ရုံထား သည်ကို မြင်လိုက်ရသည် ဟူ၏။ သူကား မင်းလောင်းဖြစ်သည်ဟု ကြေညာပြီး စ ပုန်ကန် လေ၏။

ဖန်းလာသည် ချင်ရှီးခရိုင်ရှိ ပန်းယွမ်ဂူတွင် ရတနာဗိမာန်ကို ဆောက်၏။ ဥယျာဉ်တော် ကို ပြုစုပြီး နန်းတော်ကို ဆောက်၏။ မူကျို့နှင့် ရှေကျို့တွင်လည်း နန်းတော်ငယ်များကို ဆောက်၏။ စစ်ဘက် နယ်ဘက်ရာထူးများကို ခန့်အပ်၏။ ဝန်ကြီးဌာနများကို ထူထောင်၏။ နန်းရင်းဝန်များ၊ စစ်ဗိုလ်ချုပ်များကို တာဝန်ပေး၏။ (စုန်မင်းဆက်က ပြန်သိမ်းပိုက်သော အခါ မူကျို့မှာ ယန်ကျို့ဖြစ်လာပြီး ရှေကျို့မှာ ဟွီကျို့ ဖြစ်လာ၏။ ယခုအခါ ကျန်းတဲ့နှင့် ဂူယွမ်ဟု ခေါ်နေကြ၏။)

ယနေ့ခေတ်တွင် ကျဲ့ကျန်းဟု ခေါ်သည့် ရွှန်ကျို့ကိုလည်း ဆက်လက်သိမ်းယူ၏။ ထို အချိန်တွင် သူ့လက်အောက်၌ ခရိုင်နှစ်ဆယ့်ငါး ခရိုင် ပါဝင်သော ပြည်နယ် ရှစ်ပြည်နယ် ရောက်ရှိနေပြီဖြစ်၏။ ယင်းတို့မှာ ရှေကျို့၊ မူကျို့၊ ဟန်ကျို့၊ စူကျို့၊ ချန်းကျို့၊ ဟူကျို၊ ရွှမ်ကျို့၊ ရွှန်ကျို့တို့ ဖြစ်ကြ၏။ ကျာရှင်း၊ စုန်ကျန်းတို့မှာ ထိုစဉ်က ခရိုင်အဆင့်သာ ရှိကြသေးသဖြင့် ခရိုင်နှစ်ဆယ့်ငါး ခရိုင်တွင် စာရင်းဝင်ဖြစ်ခဲ့၏။ ဖန်းလာက သူ့ကိုယ်သူ မင်းဟု ကြေညာကာ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာအမှုထမ်းများကိုလည်း ခန့်အပ်ထား၏။ ဤအဖွဲ့ အစည်းမှာ နှယ်နှယ်ရရ မဟုတ်ပေ။ တောင်ပေါ်ရှိ ခးပြဂိုဏ်းများထက်ပင် ကြီးမားပေ၏။

ဖန်းလာသည် ဟောကိန်းတခုနှင့် ကိုက်ညီ၏။ ယင်း ဟောကိန်းမှာ- ‘တသောင်းနှင့် အစက်တစက်ကို ဆောင်းရာသီ နောက်ဆုံးလနှင့် ပေါင်းက မင်း ဖြစ်မည်။ ကျဲရှီမြစ်ကို ဖြတ်ကာ ဝူရှင်းတွင် မင်းအဖြစ် ကြေညာမည်” ဟူ၏။ တသောင်း ဆိုသော

အက္ခရာပေါ်တွင် အစက်တစက်ကို တို့လိုက်ပါက 'ဖန်း" ဟူသော အက္ခရာကို ရမည်။ ဆောင်းရာသီနောက်ဆုံးလ၏ အမည်မှာ "လာ" ဖြစ်၏။ ထို့ကြောင့် "ဖန်းလာ"သည် မင်း ဖြစ်၏။ သို့သော် ယန်စီတောင်ပိုင်းရှိ သူ၏ ပြည်နယ်ရှစ်ခု၏ နယ်မြေ အကျယ်အဝန်း မှာမူ လျောင်တိုင်းပြည်ထက် သေးငယ်သည်ကား မှန်ကန်ပေ၏။

စုန်ကျန့်လည်း စစ်ထွက်မည့်ရက်ကို သတ်မှတ်ပြီးနောက် မှူးမတ်များကို လိုက်နှုတ်ဆက် ၏။ စစ်သူကြီးစူနှင့် ဝန်မင်းကျောက်တို့က ကိုယ်တိုင်လိုက်ပို့ကာ တပ်များကို ဆုချ၏။ ရေတပ်များမှာ စိရ္စိမြစ်မှ ဟွေမြစ်သို့ပင် ကူးသွားပြီး ယခုအခါ ဟွေအန်းတာရိုးဘက်သို့ သွားနေပြီ ဖြစ်၏။ ယင်းတို့သည် ယန်ကျို့တွင် ဆုံကြမည် ဖြစ်၏။

စုန်ကျန့်နှင့် လူကွမ်းယီတို့မှာ စစ်ကြောင်း ငါးကြောင်းခွဲကာ ချီတက်ခဲ့ကြ၏။ ဦးတည် ချက်မှာ ယန်ကျို့ပင် ဖြစ်၏။ လမ်းတွင် ဘာမှ မထူးဘဲ ရှေ့ဖျားတပ်သည် ဟွေအန်းခရိုင်သို့ ရောက်ကာ စခန်းချထား၏။ စုန်ကျန့်တို့ ရောက်သောအခါ ယန်ကျို့ပြည်နယ် အရာရှိများက ကြိုဆိုညှော်ခံကာ မြို့အတွင်း၌ နေရာထိုင်ခင်း ပေးထားကြ၏။ သူတို့က-

"ဖန်းလာတို့တပ် က သိပ်ကို အင်အားကြီးတယ်။ လျှော့မတွက်သင့်ဘူးဗျ။ ပြီးတော့ ရှေ့မှာက ယန်စီမြစ် ရှိတယ်။ ပင်လယ်မရောက်ခင် လီပေါင်း ကိုးထောင့်သုံးရာ စီးဆင်းလာ တာဆိုတော့ ဒါကို ဖြတ်ကူးရမှာက အဓိက အတားအဆီးပဲ။ ပြီးတော့ ရွှန်ကျို့၊ အဲဒီမှာက ဖန်းလာရဲ့ စစ်ဝန်ကြီးလူရှင်နန်းနဲ့ တပ်မှူး နှစ်ဆယ့်လေးယောက် ရှိတယ်။ ရွှန်ကျို့ကို မရဘဲ နဲ့တော့ ဖန်းလာကို ယှဉ်ဖို့ မကြိုးစားနဲ့ဗျ"

စုန်ကျန့်နှင့် ဝုရုံတို့ ယန်စီကို မည်သို့ ဖြတ်ရမည်ကို တိုင်ပင်ကြ၏။ လျောင်တိုင်းပြည် တွင် စစ်ဆင်စဉ်က မြေမာ မြေခြောက်တွင် စစ်ဆင်ခဲ့ခြင်း ဖြစ်၍ ရေတပ်ကို အသုံးမချခဲ့ ရပေ။ ။ သို့သော် ယခုမူ ရေတပ်သည် မရှိမဖြစ် ဖြစ်နေပေပြီ။

"ရွှန်ကျို့နားက မြစ်ထဲမှာ ကျင်ရှန်းတောင်နဲ့ ကျောက်ရှန်းတောင်ဆိုတဲ့ ကျွန်းနှစ်ကျွန်း ရှိတယ်ဗျ။ အဲဒီကို ညီနောင်တွေကို လွှတ်ပြီး ချဉ်းကပ်ဖို့ လမ်းကို ထောက်လှမ်းခိုင်းရမယ်။ ဒါမှ ကူးဖို့ ဘယ်လို လှေမျိုးကို လိုမလဲ ဆိုတာလည်း သိမယ်" ဟုဝုရုံက အကြံပြု၏။

စုန်ကျန့်က ရေတပ်တပ်မှူးများကို ခေါ်ကာ-

"ကဲ ညီနောင်တို့၊ ဘယ်သူတွေကများ မြစ်ကြောင်းချဉ်းကပ်လမ်းကို ရှာဖို့၊ ငါတို့ စစ်သည်တွေကို ဟိုဘက်ကို ပို့ဖို့၊ စီမံဖို့ ကင်းထောက်ပေးကြမလဲ"

လူလေးယောက် ထွက်လာကာ သူတို့ သွားမည်ဟု ဆန္ဒပြုကြ၏။ ဤကြင်းထောက်တို့ကြောင့် အလောင်းများ ပေကုတောင်နှယ် ပုံကာ ယန်စီမြစ်သည်လည်း သွေးချင်းချင်း ရဲခဲ့ရ၏။ ရွှန်ကျို့မြို့ပျက် သည်လည်း ဖုတ်တစ္ဆေများ ငိုယိုမြည်တမ်းရာဒေသ ဖြစ်ခဲ့ရ၏။ ကျင်ရှန်းဘုန်းကြီးကျောင်းလည်း ဦးစောက်မှောက်ခုံ ဖြစ်ရရှာ၏။ နဂါးနက်တောင်ရိုးပေါ်တွင် ဧရာမတပ်တော်ကြီး လွှမ်းမိုးခဲ့၏။ ဧရာမရေတပ်ကြီးကလည်း ဟသ်ာဖြူကမ်းခြေကို ဝါးမျိုခဲ့လေ၏။

စုန်ကျန်တို့၏ တပ်များ ဖန်းလာကို မည်သို့ ရင်ဆိုင်ခဲ့ပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၉၁

ညအချိန်တွင် ချန်ရှန်း ကျင်ရှန်းတောင်၌ ကင်းပုန်းဝပ်ခြင်း

စုန်ကျန့် ရွှန်ကျို့မြို့ကို ပါးနပ်စွာ သိမ်းပိုက်ခြင်း

ယန်စီမြစ်ကြီးတွင် မြစ်လက်တက်ကြီး နှစ်စင်းရှိ၏။ ယင်းတို့မှာ ဟန်ယန်မြစ်နှင့် ရွှန်ယန် မြစ်တို့ ဖြစ်ကြ၏။ စီချွမ်နယ်မှ ပင်လယ်အထိ လီပေါင်း ကိုးထောင့်သုံးရာမျှ ခရီးနှင်ခဲ့ရာတွင် နေရာဒေသများစွာကို ဖြတ်သန်းခဲ့ပေ၏။ ထို့ကြောင့် လီတသောင်းရှည်သည့် မြစ်ကြီးဟု ခေါ်ကြလေ၏။ ဂူနယ်မြေနှင့် ချူနယ်မြေတို့တွင် မြစ်အတွင်း၌ ကျွန်းနှစ်ကျွန်း ရှိ၏။ ပထမ ကျွန်းကို ကျင်ရှန်းတောင်ဟု ခေါ်ပြီး ဒုတိယကျွန်းကို ကျောက်ရှန်းတောင်ဟု ခေါ်ကြ၏။ ကျင်ရှန်းတောင်၏ တောင်စောင်းကို ကွေ့ကာ ပတ်ကာ တောရကျောင်းတိုက်တခုကို တည်ဆောက်ထားသဖြင့် ကျောင်းဖက်တောင် (ကျောင်းက ဖက်ထားသည့် တောင်) ဟု ခေါ်ကြ၏။ ကျောက်ရှန်းတောင်တွင်မူ တောရကျောင်းကို ကမ်းပါးစောက်အောက်တွင် ဝှက်ကာ တည်ထားသဖြင့် တောင်ဖက်ကျောင်း(တောင်က ဖက်ထားသည့် ကျောင်း) ဟု ခေါ်ကြ၏။ ဤကျွန်းနှစ်ကျွန်းသည် ချူနယ်မြေနှင့် ဝူနယ်မြေကို ပိုင်းခြားထားသော မျဉ်းပေါ်တွင် တည်ရှိကြ၏။ မြောက်ဘက်ကမ်းပေါ်တွင် ယန်ကျို့မြို့ ရှိပြီး တောင်ဘက်ကမ်း ပေါ်တွင် ရွှန်ကျို့မြို့ ရှိ၏။ ဤမြို့ကို ယနေ့ခေတ်တွင် ချင်ကျန်းမြို့ဟု ခေါ်၏။

ရွှန်ကျို့မြို့တွင် ဖန်းလာ၏ စစ်ဝန်ကြီး လူရှင်နန်းက မြစ်ကမ်းရိုးတန်းကို ကာကွယ် ထား၏။ နဂိုက လူသည် ရှေကျို့မြို့မှ လူချမ်းသာတဦး ဖြစ်၏။ ဖန်းလာကို ငွေကြေးနှင့် ရိက္ခာများ ထောက်ပံ့ခဲ့သဖြင့် ဤရာထူးကို ရခဲ့ခြင်းဖြစ်၏။ သူ ငယ်စဉ်က စစ်နည်းဗျူဟာ စာပေများကို လေ့လာခဲ့၏။ သုံးလံရှည်သော မြွေလှံကို ကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြု နိုင်၏။ သူ့လက်အောက်တွင် တပ်မှူး ဆယ့်နှစ်ယောက်ရှိ၏။ ယင်းတို့ကို ယန်စီတောင် ဘက်က နတ်ဆယ့်နှစ်ပါးဟု ခေါ်ကြ၏။ မြစ် ဖြတ်သန်းသွားရာ ပြည်နယ်ဆယ့်နှစ်ခုတို့မှ မြစ်ကမ်းရိုးတန်းကို အချင်းချင်း ပူးပေါင်းကာကွယ်နေကြ၏။

လူရှင်နန်း၏ လက်အောက်တွင် အင်အား ငါးသောင်းရှိ၏။ သူတို့က ကမ်းရိုးတန်းကို ထိန်းချုပ်ထား၏။ မြူနှင်းပြာသာဒ်အနီးတွင် တိုက်လှေအစီး သုံးထောင်ကျော်တို့က လှိုင်းစီးနေကြ၏။ ထိုနေရာနှင့် မြောက်ဘက်ကမ်းရှိ ကူးတို့ဆိပ်ဖြစ်သော ကွာကျို့ကြား တွင် မြစ်ရေ ကြည်လင်၏။

ထိုအခိုက်တွင် စုန်ကျန့်တို့ ဟွေ့အန်းသို့ ရောက်လာကြ၏။ စုရပ်ဖြစ်သော ယန်ကျို့ မရောက်မီ နောက်ဆုံးစခန်း ဖြစ်၏။ စုန်ကျန့်နှင့် ဂုရုံတို့ တိုင်ပင်ကြ၏။ "အခုဆို ယန်စီနဲ့ မဝေးတော့ဘူး။ ရန်သူက တောင်ဘက်ကမ်းကို သိမ်းထားတယ်။ ဘယ်သူကများ မြစ်ကြောင်းချဉ်းကပ်လမ်းကို ရှာဖို့၊ ငါတို့ စစ်သည်တွေကို ဟိုဘက်ကို ပို့ဖို့၊ စီမံဖို့ ကင်းထောက်ပေးကြမလဲ"

ခေါင်းဆောင်လေးယောက်က ချက်ချင်းပင် အဆိုပြုကြ၏။ မည်သူများပေနည်း။ လေပွေလေးကျဲ့ကျင်း၊ ဒီလှိုင်းဖြူချန်ရွှန်း၊ တဇောက်ကန်းရှိဇူ၊ ကုမ္ဘာန်ဖိုးရုံကလေးတို့ ပေတည်း။

"ချန်ရွှန်းနဲ့ ကျဲ့ကျင်းက တဖွဲ့၊ ဖိုးရုံကလေးနဲ့ ရှိဇူက တဖွဲ့၊ နှစ်ဖွဲ့ ဖွဲ့လိုက်ကြ။ ကျင်ရှန်း တောင်ကျွန်းနဲ့ ကျောက်ရှန်းတောင်ကျွန်းကို သွားကြ။ ရွှန်ကျို့မှာရှိတဲ့ ရန်သူ့အင်အားကို သိအောင် လုပ်ခဲ့ကြ။ ငါ့ကို ယန်ကျို့မှာ လာပြီး သတင်းပို့ကြ"

ထိုလေးယောက်လည်း ခရီးသည်များလို ရုပ်ဖျက်ကာ ယန်ကျို့သို့ ဦးစွာ သွားကြ၏။ လမ်းတလျှောက် တွင် လူသူတယောက်မျှ မတွေ့ရပေ။ ရပ်ရွာလူထုမှာ ဖန်းလာကို တိုက်မည့် စစ်ဆင်ရေး တပ်ကြီး လာတော့မည်ဟု ကြားရသဖြင့် အစွန်အဖျားရှိ ရွာများသို့ သွားရောက်ပုန်းအောင်း နေကြလေပြီ။ ယန်ကျို့သို့ ရောက်သောအခါ လူစုခွဲလိုက်ကြပြီး ရိက္ခာခြောက်များကို ယူဆောင်ကာ ရှိဇူနှင့် ဖိုးရုံကလေးတို့က ကျောက်ရှန်းတောင်ကျွန်းသို့ နောက်ပါနှစ်ယောက်နှင့် ထွက်ခဲ့ကြ၏။

ကျဲ့ကျင်းနှင့် ချန်ရွှန်းတို့သည်လည်း ဓားမြှောင်များ၊ လုံပုဆိန်များ ကိုင်ဆောင်ကာ နောက်ပါနှစ်ယောက်နှင့်အတူ ကွာကျို့သို့ အမြန်လာခဲ့ကြ၏။ နွေဦးရာသီဖြစ်၏။ နေခြည် နွေးကာ၊ ပန်းရနံ့များ မွှေးနေသော ယန်စီမြစ်ကမ်းသို့ ရောက်လာကြ၏။ ကမ်းမြင့်ပေါ်မှ နေ၍ ရေမှုန်ရေမွှားများဖြင့် မှိုင်းမှုန်နေသော လှိုင်းထန်နေသည့် မြစ်ကြီးကို ကြည့်နေကြ၏။ ခမ်းနားလှပေ၏။ တဖက်ကမ်းရှိ တောင်ခြေတွင် အစိမ်းရောင်နှင့် အဖြူရောင် အလံတန်း ကြီးကို မြင်ရ၏။ လှေကြီး၊ လှေငယ်များ ကမ်းခြေတွင် ငှက်တောင် စိုက်ထားသလို ဆိုက် ထားသည်ကိုလည်း မြင်ရ၏။ မြောက်ဘက်ကမ်းပေါ်တွင်မူ လှေနှင့် စပ်၍ ရွက်တိုင် တချောင်းကိုမျှ မမြင်ရပေ။ ကျဲ့ကျင်းက-

"ကွာကျို့လမ်းပေါ်က အိမ်တွေလည်း လူမရှိကြဘူး။ ပြီးတော့ မြစ်ရှိပေမယ့် လှေတစီး မှ မတွေ့ရဘူး။ ဟိုဘက်ကမ်းမှာ ဘာဖြစ်နေမှန်း ဘယ်လို သိနိုင်ပါ့မလဲ"

"နားစရာ အိမ်တလုံးလောက် အရင်ရှာမယ်။ ပြီးတော့မှ ကျင်ရှင်းတောင်ကျွန်းကို ကူးသွားပြီး ထောက်လှမ်းမယ်ဗျာ"

ကမ်းရိုးတန်းတလျှောက် လျှောက်လာခဲ့ကြရာတွင် သက်ငယ်တဲလေးတလုံးကို တွေ့၏။ တံခါးကို အတွင်းမှ မင်းတုပ်ထိုးထား၏။ တွန်းဖွင့်ရာ မရပေ။ ချန်ရွှန်းက ဘေးထရံ ကို ထိုးဖွင့်ကာ အတွင်းသို့ တွား၍ ဝင်၏။ မီးဖိုဘေးမှ ဆံပင်ဖြူဖြူနှင့် အဘွားအိုတဦးက ထရပ်လိုက်၏။ “ဘာလို့ တံခါးမဖွင့်တာလဲ အမေကြီး”

“မင်းကြီးက ဖန်းလာကို တိုက်ဖို့ တပ်တော်ကြီး လွှတ်လိုက်ပြီတဲ့။ ငါတို့က မြစ်ဆိပ်ကို ဆင်းတဲ့ လမ်းပေါ်မှာ ရောက်နေတာဆိုတော့ လူတွေလည်း ပြေးကြ၊ ပုန်းကြကုန်ပြီ။ ငါတော့ အိမ်စောင့်ကျန်ခဲ့တာ”

“အမေ့သားကော”

“ရွာပြန်ပြီး သူ့မယား၊ သူ့သားကို စောင့်ရှောက်နေတာပေါ့”

“ကျွန်တော်တို့လေးယောက် မြစ်ကို ကူးချင်လို့၊ လှေလေးများ မရှိဘူးလား”

“ဘယ်ကလာ လှေရှိရမှာလဲ၊ လူရှင်နန်း ရွှန်ကျို့ကို ယူသွားလို့ ကုန်ပြီ”

“ကျွန်တော်တို့မှာ စားစရာ ပါပါတယ်။ တရက် နှစ်ရက်လောက်တော့ ဒီမှာနေပါရစေ။ တည်းခိုခ ငွေပေးပါ့မယ်။ အနှောင့်အယှက် မပေးပါဘူး”

“နေတာက ရပါတယ်။ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အိပ်စရာတော့ မရှိဘူး”

“ကျွန်တော်တို့ နေလို့ ရပါတယ်”

“ငါကတော့ အဲဒီတပ်အကြီးကြီး ရောက်လာမှာကိုပဲ ပူနေတာ”

“ကျွန်တော်တို့ ပုန်းနေမှာပေါ့ဗျာ”

ချန်ရွှန်း တံခါးဖွင့်ပေးလိုက်သဖြင့် ကျဲ့ကျင်းတို့ ဝင်လာကြ၏။ လက်နက်များကို ထောင်ထားကာ အထုပ်အပိုးများကို ချထားပြီး ရိက္ခာခြောက်များ၊ ပေါက်စီများကို စားကြ၏။

ချန်ရွှန်းက မြစ်ကို ဆင်း၍ ထပ်ကြည့်၏။ ကျင်ရှန်းကျောင်းမှာ ယန်စီမြစ်၏ အလယ် တည့်တည့်တွင်ရှိနေကြောင်း တွေ့ရ၏။ “စစ်ဝန်ကြီးလူလည်း ဒီတောင်ပေါ်မှာ ခဏခဏ ရောက်မှာပဲ၊ ဒီည ငါ သွားပြီး ထောက်လှမ်းမယ်” ဟု ပြောမိ၏။

တဲသို့ ပြန်လာကာ ကျဲ့ကျင်းအား သူ့အကြံ ပြောပြ၏။ “ဒီနားမှာ လှေလေးတစီး တောင်မှ မရှိတာ။ ဘယ်လိုလုပ် ဟိုဘက်ကမ်းအခြေအနေကို

သိနိုင်မှာလဲဗျာ။ ဒီညတော့ အဝတ်တွေနဲ့ ငွေချောင်းနှစ်ချောင်းကို ထုပ်၊ ခေါင်းပေါ်တင်ပြီး ကျင်ရှန်းကျောင်းကို ကူးသွားမယ်။ အဲဒီက ဘုန်းကြီးတွေကို တွေ့ပြီး သတင်းလေး ဘာလေး ယူမယ်။ ပြီးမှ နောင်ကြီးကို တင်ပြရမယ်ဗျ။ ခင်ဗျားကတော့ ဒီက စောင့်နေပေါ့”

“သွားလေ၊ မြန်မြန်တော့ ပြန်ခဲ့ပေါ့”

ထိုညက ကြယ်စုံ၏။ လေပြည်လေးလည်း သွေးနေ၏။ လှိုင်းလည်း ငြိမ်၏။ ရေရောင် နှင့် ကောင်းကင်ရောင်မှာ တသားတည်း ဖြစ်နေ၏။ ချန်ရွှန်းသည် အဝတ်နှင့် ငွေချောင်း များကို ထုပ်ပြီး ခေါင်းပေါ်တွင် ရွက်ကာ ခါးတွင် ဓားမြှောင်ကို ချပ်ကာ ကွာကျို့တွင် မြစ်ထဲ သို့ ဆင်းခဲ့၏။ မြစ်ရေမှာ သူ့ရင်ခေါင်းသို့သာ ရောက်၏။ ကုန်းမြေပေါ်တွင် လမ်းလျှောက် ရသလို ရှိ၏။

ကျင်ရှန်းတောင်၏ ခြေရင်းနှင့် နီးလာသောအခါ လှေငယ်တစီး ချည်ထားသည်ကို တွေ့ရ၏။ လှေပေါ်သို့ တက်ကာ ခေါင်းပေါ်မှ အထုပ်ကို ချ၏။ ရေစိုအဝတ်များကို ချွတ်ကာ ကိုယ်ကို ခြောက်အောင် သုတ်ပြီး ထိုင်နေ၏။ ရွှန်ကျင့်မြို့မှ ည၏ တတိယယံ စည်တီးသံကို ကြားရ၏။ ပတ်ဝန်းကျင်ကို လှည့်ကြည့်ရာ လှေငယ်တစီး သူ့ဆီသို့ ဦးတည်ကာ စုန်ဆင်း လာသည်ကို မြင်ရ၏။ “ဒီလှေတွေကတော့ ကွေ့ချီကောက်ချီနဲ့ သွားနေတာ သိပ်ဟန်ပုံ မရဘူး”ဟု စဉ်းစားမိ၏။ ထိုလှေကို တွန်းထုတ်ပစ်မည်ဟု ကြံလိုက်ပြီးမှ ရောက်နေသည့် လှေပေါ်တွင် လှေချည်ကြိုးက လွဲ၍ ထိုးဝါးများ၊ လှော်တက်များ လုံးဝမရှိကြောင်း တွေ့ရ၏။ ထို့ကြောင့် အဝတ်များကို ချွတ်ကာ ဓားမြှောင်ကို ထုတ်လိုက်ပြီး ကပ်လာသည့် လှေထံသို့ လျှောက်သွား၏။

လှေကို ခတ်လာသူ နှစ်ဦးမှာ မြောက်ဘက်ကမ်းကိုသာ မျှော်ကြည့်နေသဖြင့် တောင် ဘက်မှ သူ ကပ်လာသည်ကို မမြင်ကြချေ။ လှေဘေးမှ စုန်တက်ကာ လှေနံကို ဆုပ်ကိုင်ပြီး ဓားမြှောင်ကို တွက်လိုက်၏။ လှေသမားများလည်း တက်ကို လွှတ်ကာ ရေထဲသို့ ထိုးကျ သွားလေ၏။ ချန်ရွှန်းလည်း လှေပေါ်ကို ခုန်တက်လိုက်၏။ လှေပေါင်းထဲမှ လူနှစ်ယောက် ထပ်၍ ထွက်လာ၏။ ချန်ရွှန်းက ဓားနှင့် လိုက်ထိုးရာ တယောက် ရေထဲကျသွားပြီး တယောက်က ပေါင်းထဲသို့ ပြန်ဝင်ပြေးလေ၏။

“မင်း ဘယ်သူလဲ၊ ဒါ ဘယ်သူ့လှေလဲ။ ပြောစမ်း။ ငါမသတ်ဘူး”

“ကျွန်တော်ပြောတာ နားထောင်ပါ ဆရာ။ ကျွန်တော်က ယန်ကျို့မြို့ပြင် ထိန်ပုရွာက မြေရှင် ချင်ဂွမ် မိသားစုက ဘဏ္ဍာထိန်းပါ။ ကျွန်တော်က ဝန်ကြီးလူဆီကို ဆန်တွေ သွားပို့ ပြီး ပြန်လာတာပါ။ သူက ကျွန်တော်နဲ့ သူ့ဗိုလ်မင်းတယောက်ကို ထည့်လိုက်ပြီး ဆန်ဖြူ တင်းငါးသောင်းနဲ့

လှေအစီးသုံးရာကို အတောင်းခိုင်းလိုက်တယ်။ အဲဒါက သူတို့ဘက်ကို ဝင်ခွင့်ရဖို့ ပေးရတဲ့ ဝင်ကြေးပါ”

“အဲဟို ဗိုလ်မင်းက ဘယ်သူလဲ၊ ဘယ်မှာလဲ”

“သူ့နာမည်က ယဲ့ကွီပါ။ ဆရာ သတ်လိုက်တဲ့ လူပါ”

“မင်းနာမည်ကကော၊ မင်းတို့ ဘယ်တုန်းက သွားပြီး အညံ့ခံလိုက်တာလဲ။ ဒီလှေထဲ မှာ ဘာတွေပါသလဲ”

“ကျွန်တော့်နာမည် ဝူချင်းပါ။ ဒီလ ခုနစ်ရက်နေ့က ဟိုဘက်ကမ်းကို ကူးသွားတာပါ။ ဝန်ကြီးလူက ခိုင်းလို့ စူကျို့ကို သွားပြီး မင်းကြီးရဲ့ ညီတော် တတိယမင်းသား ဖန်းမောင်နဲ့ သွားတွေ့ရပါတယ်။ သူ့ဆီက တပ်တံခွန် သုံးရာနဲ့ သခင့်ကို ရာထူးခန့်တဲ့ အမိန့်စာ ထုတ်ယူ ရပါတယ်။ ယန်ကျို့မြို့ဝန်ရာထူး ခန့်လိုက်ပြီလေ။ ပြီးတော့ စစ်ဝတ်စုံတထောင်နဲ့ ဝန်ကြီး လူဆီက စာတစောင်လည်း ပါတယ်”

“မင်းသခင်လက်အောက်မှာ အင်အား ဘယ်လောက်ရှိသလဲ”

“ခြေသည်နှစ်ထောင် သုံးထောင်လောက်နဲ့ မြင်းသည်တရာလောက် ရှိပါတယ်။ သူ့ သား ချင်ယီနဲ့ ချင်တိုက်ကလည်း တော်တော် လန့်စရာ ကောင်းတဲ့ စစ်သည်တွေပါ ခင်ဗျ” လိုချင်သော သတင်းများကို ရပြီဖြစ်၍ ချန်ရွှန်းက ဓားမြှောင်နှင့် ဆောင့်၍ထိုးလိုက် ရာ ဝူချင်းလည်း ရေထဲသို့ ကျသွားလေ၏။ ထို့နောက် လှေကို လှော်၍ ကွာကျို့သို့ ပြန်ခဲ့၏။ လှော်တက်သံ ကြားသဖြင့် ထွက်၍ ကြည့်သော ကျဲ့ကျင်းသည် ချန်ရွှန်း လှေတစီးနှင့် ရောက်လာသည်ကို တွေ့ရလေ၏။ ချန်ရွှန်းထံမှ အကြောင်းစုံကို သိရသောအခါ ကျဲ့ကျင်း လည်း အလွန်ဝမ်းသာသွား၏။ လှေပေါ်မှ ပစ္စည်းများကို သယ်ချကာ အထုပ်ကြီးနှစ်ထုပ် အဖြစ် ထုပ်ထားလိုက်၏။

ချန်ရွှန်းက ကျန်ခဲ့သော သူ့အဝတ်များ၊ ငွေချောင်းများကို ယူလာပြီး ပြန်ရောက်သော အခါ မိုးလင်းခါနီး နေလေပြီ ။ မြူထုကြီးလည်း ပိန်းနေအောင် ကျနေလေ၏။ အဘွားအိုကို ငွေတဆယ်သားခန့် ပေးပြီး အထုပ်ကြီးများကို ထမ်းကာ ယန်ကျို့သို့ ပြန်ခဲ့ကြ၏။ စုန်ကျန့်တို့တပ်မှာ မြို့ပြင်တွင် စခန်းချထား၏။ ပြည်နယ်အရာရှိများက စုန်ကျန့်ကို ဂုဏ်ပြုစားသောက်ပွဲ ကျင်းပပေးကာ တည်းခိုရိပ်သာသို့ ရွှေ့ရန် ဖိတ်ကြားထားကြ၏။ နေ့စဉ်ရက်ဆက် ဆိုသလို ဧည့်ခံကာ စစ်သည်များကိုလည်း ကျွေးမွေး၏။

ချန်ရွှန်းနှင့် ကျဲ့ကျင်းက စုန်ကျန့်တို့ရှိရာ တည်းခိုရိပ်သာသို့ သွားကာ

တွေ့ဆုံကြ၏။ ချင်ဂွမ်က ဖန်းလာနှင့် ဆက်ထားပြီး သူပုန်တပ်များကို ခိုးသွင်းကာ ယန်ကျို့ကို တိုက်မည့် အကြောင်းကို ပြောပြ၏။ "ကံကောင်းချင်တော့ ချင်ရဲ့ ဘဏ္ဍာထိန်းကို မိထားတယ်။ အဲဒါ နောင်ကြီးအတွက် အခွင့်အရေးပဲ။ ရေရေလည်လည် တီးလိုက်ကြရအောင်ဗျာ"

စုန်ကျန့်က ဝုရုံကို ခေါ်၍ တိုင်ပင်ကာ အစီအမံတခုကို ရေးဆွဲကြ၏။ ဝုရုံက-"ဒီအတိုင်း ဆိုရင်တော့ ရွှန်ကျို့ကို တိုက်ဖို့ ဆိုတာက မှောက်ထားတဲ့ လက်ဖဝါးကို လှန်လိုက်တာထက်ကို လွယ်သွားပြီဗျ။ ချင်ဂွမ်ကို ဖမ်းလိုက်ပြီးရင် ပွဲပြီးပြီဗျ" ဟု စကား ခံကာ ဝုရုံက သူ့အစီအမံကို ရှင်းပြ၏။

"သိပ်ကောင်းတာပဲ" ဟု စုန်ကျန့်က ဆိုကာ ယန်ချင်းကို ဗိုလ်မင်းယွဲ့အဖြစ်၊ ရှီချင်နှင့် ရှီပေါင်တို့ကို တောင်ပိုင်းစစ်သည်များအဖြစ် ရုပ်ဖျက်စေကာ အသေးစိတ် ညွှန်ကြား လိုက်၏။ သူတို့သုံးယောက်သား ထိန်ပုရွာသို့ သွားကြရာ ရှီညီနောင်က အထုပ်ကြီးများကို ထမ်းသွားရ၏။

ယန်ကျို့မှ လီလေးဆယ်ကျော် ကွာဝေးသည့် ချင်ဂွမ်၏ စံအိမ်သို့ ရောက်လာ၏။ သာမန်အဝတ်အစားများဖြင့် မြေကျွန်နှစ်ဆယ် သုံးဆယ်ခန့်က စံအိမ်၏ တံခါးဝတွင် ညီညီ ညာညာ တန်းစီကာ ရပ်နေကြ၏။ ယန်ချင်းက တောင်ပိုင်းစကားသံဝဲဝဲဖြင့် လှမ်း၍ နှုတ်ဆက်၏။

"သခင်ကြီး ရှိလား"

"ဘယ်က လာတဲ့ ခရီးသည်တွေပါလဲ"

"ရွှန်ကျို့ကနေ မြစ်ကို ကူးတာ မှားသွားလို့ တလည်လည်နဲ့ တော်တော်ကြာနေပြီးမှ ဒီကို ရောက်လာတာဗျ"

မြေကျွန်များက ဧည့်သည်များကို ဧည့်ဆောင်သို့ ပို့လိုက်ပြီး အထုပ်များကို ချထား စေ၏။ ထို့နောက် စံအိမ်အတွင်းဆောင်ရှိ ချင်ဂွမ်ထံသို့ ယန်ချင်းကို ခေါ်သွားလေ၏။

ယန်ချင်းက ဦးညွှတ်လိုက်လျက်-

"ယွဲ့ကွီက အရိုအသေပြုပါတယ်"

"ဘယ်က လာတာပါလဲ ခင်ဗျာ"

"ဒီလူတွေ ရှင်းသွားမှ ပြောပါရစေ ခင်ဗျာ"

"ဒီလူတွေက စိတ်ချရပါတယ်။ လွတ်လွတ်လပ်လပ် ပြောပါ"

"ကျွန်တော့်နာမည်က ယွဲ့ကွီပါ။ ဝန်ကြီးလူရဲ့ လက်အောက်က တပ်ဗိုလ်တယောက် ပါ။ ဒီလ ခုနစ်ရက်နေ့မှာ ဝန်ကြီးမင်းက သခင်ကြီးဆီက လျှို့ဝှက်စာကို ဝူချင်း ယူလာလို့ ရရှိပါတယ်။ ဝန်ကြီးမင်းလည်း သိပ်ကို သဘောကျသွားပါတယ်။ ဘုရင့်ညီတော် တတိယ မင်းသားကြီးဆီကိုလည်း ဝူချင်းကို ကျွန်တော်ပဲ လိုက်ပို့ခိုင်းခဲ့ပါတယ်။ မင်းသားကြီးက သခင်ကြီးကို ယန်ကျိုးမြို့ဝန်အဖြစ် ခန့်အပ်ဖို့ လျှောက်တင်ခဲ့တာကိုလည်း မင်းကြီးက ခွင့်ပြုခဲ့တယ်။ သခင်ကြီးကို ဝန်ကြီးမင်းက တွေ့ပြီးမှ သခင်ကြီးသားနှစ်ယောက်အတွက် ရာထူးကို သတ်မှတ်ပေးပါလိမ့်မယ်။ ကံမကောင်းချင်တော့ ဝူချင်းက တုပ်ကွေးမိပါရော လား။ ဒီကိစ္စတွေကလည်း နှောင့်နှေးလို့ မဖြစ်တာကြောင့် ဝန်ကြီးမင်းက ကျွန်တော့်ကို လွှတ်လိုက်ပါတယ်။ သခင်ကြီးရဲ့ ရာထူးခန့်တဲ့ အမိန့်စာရယ်၊ သူ့စာရယ်၊ သခင်ကြီးဖို့ ရုံးတံဆိပ်တုံးရယ်၊ အာဏာပိုင်စာတန်းရယ်၊ တပ်တံခွန် အလက်သုံးရာနဲ့ စစ်ဝတ်စုံ တထောင်ရယ် ကျွန်တော့်မှာ ပါလာပါတယ်။ သခင်ကြီးရဲ့ ဆန်လှေတွေလည်း ယွန်ကျိုး ဆိပ်ကမ်းကို ချိန်းထားတဲ့ အရောက် ပို့စေချင်ပါသတဲ့ ခင်ဗျာ"

ယန်ချင်းက ရာထူးခန့်အမိန့်စာကို ကမ်းလိုက်ရာ ချင်ဂွမ်က ဖတ်ကြည့်လိုက်ပြီး ပီတိလုံး ဆို့တက်လာလေ၏။ အမွှေးတိုင်ကို ကပျာကယာထွန်းလိုက်ပြီး တောင်ဘက်သို့ လှည့် ကာ ကျေးဇူးတင်စကားကို တတွတ်တွတ် ရေရွတ်လေ၏။ သူ့သားနှစ်ယောက်ကို ခေါ်ကာ 'ဗိုလ်မင်း'နှင့် မိတ်ဆက်ပေး၏။ ယန်ချင်းက ရှိညီနောင်ကို တံခွန်များ၊ စစ်ဝတ်စုံများကို စံအိမ်ထဲသို့ သွားပို့စေ၏။ ချင်ဂွမ်က ယန်ချင်းကို ထိုင်ခိုင်း၏။

"ကျွန်တော်က သာမန်စစ်သားလေး တယောက်ပါဗျာ။ အရှင့်ရှေ့မှာ ဘယ်လိုထိုင်ဝံ့ပါ့ မလဲဗျာ

"ခင်ဗျားက မင်းကြီးရဲ့ တမန်ပါ။ ကျုပ်ကို ရာထူးခန့်တဲ့ အမိန့်စာ ယူလာတာပါဗျာ။ ကျုပ်ကို ရိုင်းရာကျအောင် မလုပ်ပါနဲ့၊ ထိုင်ပါ။ ထိုင်တာ သင့်မြတ်ပါတယ်"

အကြိမ်ကြိမ် ငြင်းဆန်ပြီးမှ ယန်ချင်းက ခပ်လှမ်းလှမ်းတွင် ထိုင်၏။ ချင်ဂွမ်က စိမ်ရည်များ ယူလာခိုင်းပြီး ယန်ချင်းကို တိုက်၏။ ယန်ချင်းက ယဉ်ကျေးစွာ ငြင်းပယ်၏။ "ကျွန်တော် မသောက်တတ်ဘူး" ဟု ဆိုသော်လည်း နှစ်ခွက် သုံးခွက် သောက်ချလိုက်၏။

ထိုစဉ် သားနှစ်ယောက် ရှေ့ကိုတက်ကာ ဖခင်ကို ခွက်မြှောက်ဂုဏ်ပြုကြ၏။ ထိုအခိုက် ကို အခွင့်ကောင်းယူကာ ယန်ချင်းက မျက်စချီပြလိုက်ရာ ရှိပေါင်က လူအလစ်တွင် စိမ်ရည်အိုးထဲသို့ ဆေးခတ်လိုက်၏။

ယန်ချင်းက ထရပ်လိုက်လျက် -

"ကျွန်တော့်မှာတော့ စိမ်ရည် ပါမလာပါဘူး။ ဒါပေမဲ့ အရှင့်စိမ်ရည်ကိုပဲ သုံးပြီး ဂုဏ်ပြု ပါရစေဗျာ"

စိမ်ရည်ကို ခွက်အပြည့်မှ ထည့်ကာ ချင်ဂွမ်ကို ခွက်မှောက်ပြီး သောက်ရန် တိုက်တွန်း ၏။ သားနှစ်ယောက်ကို သာမက အနီးရှိ လူယုံတော်များကိုပါ တခွက်စီ သောက်ခိုင်း၏။ အားလုံး မူးကုန်သောအခါ ယန်ချင်းက နှုတ်ခမ်းကိုစူပြီး ခေါင်းကို ဆတ်၍ ပြလိုက်၏။ ရှိချင်က အပြင်ကို ထွက်သွားပြီး မီးစတစကို ရှာကာ သူ့ကိုယ်ပေါ်တွင် ဝှက်၍ ယူလာကာ တူမီးသေနတ်နှင့် အချက်ပြအလံကို ထုတ်ကာ စံအိမ်အပြင်သို့ သွားကာ တူမီးသေနတ်ကို မီးတို့၍ ပစ်ဖောက်လေ၏။ အသံကြားသည်နှင့် ဘယ်ညာတွင် ပုန်းနေကြသော တပ်မှူး များလည်း ပြေးလာကြ၏။

စံအိမ်တွင်းရှိ ယန်ချင်းက လူတယောက်ပြီး တယောက် လဲကျသွားသည်ကို ကြည့် နေ၏။ သူ့ဓားမြှောင်ကို ထုတ်ကာ ရှိပေါင်နှင့်အတူ ထိုသူများ၏ ခေါင်းတို့ကို တလုံးမကျန် ဖြတ်လေ၏။ ရဲရင့်သူဆယ်ဦးသည် ဟစ်ကြွေးလျက် စံအိမ်ဝင်းတံခါးမှ ပြေးဝင်လာရာ မြေကျွန်များက မဟန့်တားနိုင်ကြပေ။ ယန်ချင်းနှင့် ရှိညီနောင်တို့သည်လည်း ချင်ဂွမ်တို့ သားအဖများ၏ ခေါင်းပြတ်များကို ယူဆောင်ကာ ထွက်ခဲ့ကြ၏။

ထိုအချိန်တွင် တပ်မှူးခြောက်ဦး ခေါင်းဆောင်သော အင်အားတထောင် ထပ်ရောက် လာ၏။ စံအိမ်ကို ဝိုင်းကာ၊ ချင်မိသားစုကို ခေါ်ထုတ်ကာ တယောက်မကျန် သတ်ပစ်လိုက် ၏။ ထို့နောက် မြေကျွန်များကိုခေါ်လျက် လှေဆိပ်သို့ ဆင်းခဲ့ကြ၏။ ယင်းတွင် ဆန်အပြည့် တင်ထားသော လှေအစီးသုံးရာ လေးရာခန့် ကျောက်ချထား၏။ ထိုလှေများကို ရေတွက် စစ်ဆေးပြီး စုန်ကျန့်ထံသို့ သွားသတင်းပို့ကြ၏။

စုန်ကျန့်က ဝုရုံနှင့် တိုင်ပင်ကာ ပစ္စည်းများကို သိမ်းဆည်းပြီး စစ်ဘုရင်ခံချန်းထံ ခွင့် တောင်းပြီး ချင်ဂွမ်အိမ်တော်သို့ တပ်ကို ပြောင်းရွှေ့လာ၏။ လှေများနှင့် လိုက်ရမည့်သူများ ကိုရွေးချယ်၏။ သူတို့ ရေတပ်ကိုလည်း အလျင်အမြန် ချီတက်လာရန် လူလွှတ်၍ နှိုးဆော် စေ၏။

ဝုရုံက-

"ပထမဆုံး လှေလျင် သုံးရာကို လွှတ်မယ်။ ဖန်းလာရဲ့တံခွန်တွေကို ထူသွားရမယ်။ ကုန်းပတ်ပေါ်မှာတော့ ဖန်းလာဆီက ပို့လိုက်တဲ့ စစ်ဝတ်တွေကို ဝတ်ထားတဲ့ လူတထောင် လိုက်သွားရမယ်။ နောက်ထပ် လူသုံးထောင်

လေးတောင်လောက်ကတော့ အရပ်ဝတ်တွေနဲ့ပဲ လိုက်သွားရမယ်။ ပြီးရင် လူနှစ်သောင်းကတော့ ပေါင်းမိုးထဲမှာ ပုန်းပြီး လိုက်သွား ရမယ်။ မူဟုန်က ချင်ယီ၊ လီကျွမ်းက ချင်တိုက် ယောင်ဆောင်ပြီး အကြီးဆုံး လှေတစီးစီကို ဦးစီးသွားရမယ်။ ကျန်တဲ့ တပ်မှူးတွေက ကျန်တဲ့ လှေတွေကို ဦးစီးသွားရမယ်”

မူဟုန်နှင့် လီကျွမ်းတို့က ပထမအသုတ်နှင့် ပါသွားကြ၏။ သူတို့ကို တပ်မှူး ဆယ်ဦးစီ က ထောက်ကူပေးကြသည်။ ချန်ဟင်းနှင့် ချန်ရှန်းတို့က ဒုတိယအသုတ်ကို ဦးစီးကြရ၏။ သူတို့ကိုကား တပ်မှူးလေးဦးစီက ထောက်ကူပေးကြရ၏။ တတိယအသုတ်ကိုမူ ကျန် တပ်မှူး ဆယ်ဦးက ဦးစီးရ၏။ စုစုပေါင်း တပ်မှူး လေးဆယ့်နှစ်ဦးက လှေအစီးသုံးရာကို ဦးစီးကြရ၏။

ယင်းတို့နောက်မှ စုန်ကျန့်နှင့် ကျန်သမျှ တပ်များက လှေအစီးတထောင်နှင့် လိုက်လာ ကြမည် ဖြစ်သည်။ ယင်းလှေများတွင် စစ်မြင်းများကိုလည်း တင်လာမည် ဖြစ်၏။ ယင်းလှေ များမှာ နဂါးပုံ၊ ငါးကြီးအာနန္ဒာပုံ စသည်ဖြင့် တန်ဆာဆင်ထားသော သားလှေ၊ ငှက်လှေ များ ဖြစ်ကာ စုန်ကျန့်၏ တံခွန်များကို လွှင့်ထူလာမည်ဖြစ်၏။ ဤလှေတပ်ကြီးကို ဖိုးရုံ ကြီးနှင့် ဖိုးရုံငယ်တို့က ကွပ်ကဲမည် ဖြစ်၏။

ထိုစဉ်တွင် ပေကုတောင်ပေါ်မှ မျှော်ကင်းက လှေဆိပ်မှ လှေအစီးသုံးရာ ထွက်လာ သည်ကို လှမ်း၍ မြင်ရ၏။ တလူလူလွင့်နေသော တံခွန်အနီများ ရိကျွဲလှေများ ဖြစ် ကြောင်း သိရ၏။ ဤသတင်းကို ဆိပ်ကမ်းတာဝန်ခံသို့ ချက်ချင်း သတင်းပို့လိုက်ကြ၏။ ဝန်ကြီးလူနှင့် တပ်မှူး ဆယ်ဦးကလည်း ချပ်ဝတ်အပြည့်အစုံ ဝတ်ကာ၊ လေးညှို့များကို တပ်ကာ၊ ဓားများကို ချွတ်ကာ မြစ်ကမ်းခြေသို့ မြင်းစီးကာ ဆင်းလာကြ၏။ သူတို့နှင့်အတူ လက်ရွေးစင်တပ်များလည်း လိုက်ပါလာ၏။ လှေအစီးတရာခန့် ကမ်းခြေနှင့် နီးနေလေပြီ။ ပထမ နှစ်စီးပေါ်တွင် ခေါင်းဆောင်နှင့် တူသူ နှစ်ဦး ပါလာ၏။ သူတို့ကို ဝန်းရံလျက် ကြွံကြွံ ခိုင်ခိုင် သန်သန်မာမာ စစ်သည်များ ဝန်းရံထားကြ၏။

ဝန်ကြီးလူက မြင်းပေါ်မှ ဆင်းကာ ငွေကုလားထိုင်တလုံးဖြင့် ထိုင်နေပြီး သူ့တပ်မှူး ဆယ့်နှစ်ဦးကလည်း မြစ်ကမ်းတလျှောက်တွင် တန်းစီကာ ရပ်နေကြ၏။ မူဟုန်နှင့် လီကျွမ်း တို့က လူကို လေးစားစွာ နှုတ်ဆက်လိုက်ကြရာ ဝဲယာမှ တပ်မှူးများက လှေများကို ရပ်ရန် လှမ်းအော်လိုက်ကြ၏။ လှေအစီးတရာသည်လည်း တန်းစီကာ ကျောက်ချလိုက်ကြသည်။

မြောက်လေနှင့် လေကြောင်း သင့်နေသဖြင့် နောက်ထပ် လှေအစီးနှစ်ရာ ရောက် လာပြန်၏။ ဘယ် ညာ အစီးတရာစီ အကွာအဝေးအတူတူ ခွာကာ ရပ်လိုက်ကြ၏။ သို့ဖြင့် အုပ်စုသုံးစုမှာ တစုနှင့် တစု အကွာအဝေး အတူတူတွင်

ရပ်နေကြ၏။

ပို့ဆောင်ရေးတာဝန်ခံက အနားရှိ လှေကို လှမ်း၍ မေး၏။

"မင်းတို့တွေက ဘယ်က လာတာလဲ"

မူဟုန်က "ကျုပ်နာမည်က ချင်ယီပါ။ ကျုပ်ညီကတော့ ချင်တိုက်တဲ့။ ကျုပ်တို့အဖေ ချင်ဂွမ်က ဒီဆန်ဖြူ အတင်းငါးသောင်းနဲ့ လှေအစီးသုံးရာကိုရော၊ လက်ရွေးစင် တပ်သား ငါးထောင်ကိုရော ပို့ခိုင်းလိုက်တယ်။ ဝန်ကြီးမင်းက မင်းကြီးဆီမှာ လျှောက်တင်ပေးတာကို ကျေးဇူးတင်လို့တဲ့ဗျ"

"ဟိုနေ့က ဗိုလ်မင်းယဲ့ကို လွှတ်လိုက်တယ်။ သူကော"

"ဗိုလ်မင်းယဲ့ရော၊ ဝူချင်းရော ငန်းဖျားဖျားနေကြတယ်။ အိပ်ရာထဲမှာ လဲနေကြတယ်။ ဒါပေမဲ့ ကျုပ်တို့အဖေရဲ့ ရုံးတံဆိပ်နဲ့ ရာထူးခန့်အပ်လွှာ ပါလာတယ်ဗျ"

ပို့ဆောင်ရေးတာဝန်ခံက စာရွက်စာတမ်းကို သွားယူလိုက်ပြီး ဝန်ကြီးလူထံသို့ သွား၍ ပြသ၏။ လူက စစ်ဆေးကြည့်ရာ စာရွက်စာတမ်းအစစ်များ ဖြစ်ကြောင်း တွေ့ရလေ၏။ ထိုသူနှစ်ဦးကို ကမ်းတက်ခွင့်ပေးလိုက်၏။ ပို့ဆောင်ရေးတာဝန်ခံက ချင်ယီနှင့် ချင်တိုက် တို့ကို လှမ်း၍ ခေါ်လိုက်၏။

မူဟုန်တို့ ကမ်းပေါ်သို့ တက်လာသောအခါ တပ်မှူးနှစ်ဆယ်ကပါ လိုက်လာလေ၏။ အစောင့်များက "ဝန်ကြီးမင်း ရှိတယ်။ မဆိုင်တဲ့သူ မကပ်နဲ့"ဟု ဟန့်သဖြင့် တပ်မှူး နှစ်ဆယ်လည်း ရပ်နေခဲ့ကြ၏။ မူဟုန်နှင့် လီကျွမ်းတို့လည်း လက်အုပ်ချီကာ ကိုယ်ကို ယို့လျက် ခပ်လှမ်းလှမ်းတွင် ရပ်နေကြ၏။ အတန်ကြာမှ ပို့ဆောင်ရေးတာဝန်ခံက လာခဲ့ ရန် ခေါ်၏။ သူတို့နှစ်ယောက်စလုံး ဝန်ကြီးရှေ့တွင် ဒူးထောက်နေကြ၏။ ဝန်ကြီးလူက ငေါက်လိုက်၏။

"မင်းတို့အဖေ ချင်ဂွမ်က ဘာလို့ သူကိုယ်တိုင် မလာရတာလဲဟဲ့"

"လျှံရှန်းကျူအင်းက စုန်ကျန့်တို့ တပ်အကြီးကြီးနဲ့ လာနေကြပြီ ကြားလို့၊ အဖေ ကလည်း တောပိုင်းမှာ ဓားပြတွေလာသောင်းကျန်းမှာစိုးတယ်။ လာရင် ရင်ဆိုင်နိုင်အောင် အိမ်မှာ ကျန်ခဲ့ပါတယ်"

"မင်းတို့မှာ ဘယ်သူက အကြီးလဲ"

"ကျွန်တော် ချင်ယီပါ" ဟု မူဟုန်က ဖြေ၏။

"မင်းတို့ ညီအစ်ကို စစ်ပညာ တတ်ကြသလား"

“အရှင့်ဘုန်းတော်ကို ခိုလှုံရလို့ နည်းနည်းတော့ သင်ဖူးပါတယ်”

“မင်းတို့ ဆန်တွေကို ဘယ်လိုသယ်လာတာလဲ”

“လှေကြီးရင် တင်းသုံးရာ၊ လှေငယ်ရင် တင်းတရာ တင်လာပါတယ်”

“မင်းတို့က ဆန်လာပို့တာတင် မကဘူး ထင်တယ်”

“ကျွန်တော်တို့ သားအဖတွေက လုံးဝ သစ္စာရှိပါတယ်။ ဘာမှ မတူတရူလုပ်ဖို့ မကြံဝံ့ ပါဘူး”

“မင်းတို့ စိတ်ရင်းကတော့ ဟုတ်ရင် ဟုတ်မှာပေါ့။ ဒါပေမဲ့ မင်းတို့လှေတွေပေါ်က စစ်သည်တွေကတော့ မူမမှန်ဘူး။ ငါကတော့ မသင်္ကာမဖြစ်ဘဲ မနေနိုင်ဘူး။ မင်းတို့ နေကြဦး။ ငါ တပ်မှူးလေးယောက်နဲ့ လူတွေကို လွှတ်ပြီး မင်းတို့လှေတွေကို ရှာခိုင်း လိုက်မယ်။ မဟုတ်တာ တွေ့လို့ကတော့ နာပြီသာ မှတ်တော့”

“ကျွန်တော်တို့က အရေးကြီးတာဝန်တွေကို အမှုထမ်းဖို့အတွက် မှန်းပြီး လာတာပါ။ ဘယ်လိုလုပ်ပြီး မသင်္ကာရတာပါလဲဗျာ”

လူက အမိန့်မချမီတွင် မြင်းစေကျော်တဦး ရောက်လာကာ သတင်းပို့လေ၏။ “တောင်ဘက်တံခါးမှာ မင်းကြီးဆီက အမိန့်ရောက်နေတယ်။ အရှင် ချက်ချင်းလာပြီး အမိန့်နာခံပါတဲ့”

ဝန်ကြီးလည်း မြင်းပေါ်သို့ အမြန်တက်ရင်းက “ဒီကမ်းခြေကို ထိန်းထား။ ဘယ်သူမှ ကမ်းမတက်စေနဲ့၊ ချင်ယီနဲ့ ချင်တိုက် ငါနဲ့ လိုက်ခဲ့” ဟု ညွှန်ကြား၏။

မူဟုန်က လီကျွမ်းကို မျက်ရိပ်ပြလိုက်၏။ လူကား မြင်းစီး၍ သွားနှင့်လေပြီ။ သူတို့၏ အစောင့်အရှောက် လူနှစ်ဆယ်ကို ခေါ်ကာ သူ့နောက်သို့ လိုက်ကြ၏။ သို့သော် မြို့တံခါးဝမှ အစောင့်များက ဆီး၍ ဟန့်ကြ၏။

“ဝန်ကြီးမင်းက မှာသွားတယ်။ မင်းတို့နှစ်ယောက်ပဲ ပေးဝင်တဲ့”

မူဟုန်နှင့် လီကျွမ်းကို ဝင်ခွင့်ပေးလိုက်၏။ ကျန်တပ်မှူး ရှစ်ဆယ်မှာ တံခါးဝတွင် ကျန်ခဲ့ကြရ၏။ ဝန်ကြီးလူက မြို့ကို ဖြတ်ကာ တောင်ဘက်တံခါးသို့ သွား၏။ ထိုတွင် မင်း တမန်နှင့် တွေ့၏။

“ဘာများ အရေးကြီးနေတာလဲဗျ”

မင်းတမန်မှာ ဖန်းလာ၏ နေရာတော်မှူး ဖန့်ရှီ ဖြစ်၏။ သူက လေသံ

နှိမ့်နှိမ့်ဖြင့် -

"နန်းတွင်းဗေဒင်ဆရာ ဖူးဝင်ယင်းက မကြာခင်က လျှောက်တင်တယ်တဲ့။ နက္ခတ် တွေ ကြည့်ရတာ ကြယ်ဝိညာဉ်တွေ အများပဲ ဝူနယ်မြေထဲကို ဝင်လာတယ်တဲ့။ အများစု ကတော့ အလင်းရောင် မထွက်ဘူးတဲ့။ ဒါက မကောင်းတဲ့နိမိတ်ပဲ။ ဒါကြောင့် မင်းကြီးက အမိန့်တော် ရှိလိုက်တယ်။ ဝန်ကြီးမင်း မြစ်ကမ်းခြေကို သေသေချာချာ စောင့်ရှောက်ပါတဲ့။ မြောက်ဘက်ကမ်းက လာတဲ့သူ မှန်သမျှကို အသေအချာ စစ်မေးရမယ်တဲ့။ မသင်္ကာရင် လည်း ချက်ချင်းသာ သတ်လိုက်တဲ့။ အရှင် မထားရဘူးတဲ့"

လူလည်း လန့်သွား၏။

"လူတအုပ် ရောက်လာတာ ကျုပ်လည်း အတော် မသင်္ကာဖြစ်နေတယ်။ ခုလည်း ဒီ အမိန့်တော် ရောက်လာတယ်။ မြို့ထဲဝင်ပြီး ဖတ်ပြပါဦး"

ဖန့်ရှီက အစိုးရရုံးသို့ လိုက်ခဲ့ပြီး အမိန့်ကို ဖတ်ပြ၏။ ထိုစဉ် မြင်းစေကျော်တဦးလည်း မြင်းကို ဒုန်းစိုင်းစီးကာ ရောက်လာလေ၏။

"စူကျို့က တတိယမင်းသားကြီးဆီက အမိန့်ရှိလိုက်တယ်။ ယန်ကျို့က ချင်ဝွမ်က လက်အောက်ကို ဝင်လာတဲ့ သတင်းဟာ သိပ်ကို ထူးခြားနေတယ်။ အဲဒါက လီဆယ်တာ ဖြစ်နိုင်တယ်။ တချိန်တည်းမှာ ဗေဒင်ဆရာကလည်း ဝူနယ်မြေထဲကို ကြယ်ဝိညာဉ်တွေ ဝင်လာတယ်တဲ့။ ကမ်းခြေကို အခိုင်အမာ ထိန်းချုပ်ထားရမယ်။ ကြီးကြပ်ဖို့ လူတယောက် လွှတ်လိုက်မယ်"

"ဒါဖြင့် မင်းသားကြီးကလည်း ကြောင့်ကြနေတယ်ပေါ့။ ကျုပ်လည်း ခုပဲ အမိန့်တော် ကိုရထားပါတယ်"

သူ့တပ်များ မြစ်ကမ်းတလျှောက် သေချာစွာ စောင့်ကြပ်ထားရန်နှင့် မည်သူ့ကိုမျှ ကမ်းတက်ခွင့် မပေးရန် အမိန့်ပေးလိုက်၏။ ထို့နောက် တမန်နှစ်ဦးကို ဧည့်ခံ ကျွေးမွေး လေ၏။

ထိုစဉ်အတွင်း လှေအစီးသုံးရာပေါ်မှ လူများမှာ အချိန်ကြာလှပြီဖြစ်၍ မခံနိုင်အောင် ဖြစ်လာနေလေပြီ။ ပထမ ဘယ်ဘက်ရှိ လှေအစီးတရာမှ ချန်ဟင်း၊ ချန်ရွှန်းနှင့် အခြား တပ်မှူးရှစ်ယောက်တို့က လက်နက်ကိုယ်စီဖြင့် ကမ်းပေါ်သို့ ဆင်းလာကြ၏။ ထို့နောက် ညာဘက် လှေတရာမှလည်း အလားတူ ဆင်းလာကြ၏။ ကမ်းခြေစောင့် တောင်ပိုင်း စစ်သားများကလည်း သူတို့ကို မတားဆီးနိုင်ကြပေ။

လေပွေနက်လီကွေ့နှင့် ရှီညီနောင်တို့က မြို့ဘက်သို့ တက်ကြ၏။ မြို့တံခါးဝမှ အရာရှိများက အလျင်အမြန်ပင် ဟန့်တားကြ၏။ ယင်းတို့ကို

တယောက်လျှင် တချက်နှုန်းဖြင့် လီကွေ့က နှစ်ယောက်ကို အမြန် ခုတ်ချလိုက်၏။ ရှိချင်နှင့် ရှိပေါင်တို့က သံမှိန်းကြီးများ ဝှေ့ကာ အတင်းဝင်ကြသဖြင့် အော်သံ ဟစ်သံများ ထွက်လာလေ၏။ တချိန်တည်း တပြိုင်တည်း ဤသို့ ဖြစ်နေသဖြင့် မြို့တံခါးကို မပိတ်နိုင်ခဲ့ကြပေ။ လီကွေ့က မြို့တံခါးသို့ ဝင်သွားရာ စောစောက မြို့ထဲကို မလိုက်ရသဖြင့် ကျန်နေခဲ့သည့် တပ်မှူးနှစ်ဆယ်က အတင်းဝင်ကာ တံခါးစောင့်များထံမှ လက်နက်များကို သိမ်းထားသည်ကို တွေ့ရ၏။

မြို့တံခါးဝမှ တိုက်သံခိုက်သံများ ဆူညံလာချိန်တွင် လူ၏ တပ်မှူးဆယ့်နှစ်ယောက်မှာ မြစ်ကမ်းခြေကို ထိန်းချုပ်ထားရန် လူထံမှ အမိန့်စာကို ရခါစ ရှိသေး၏။ ကမန်းကတန်း တပ်များကို စု၏။ သို့သော် ထိုအချိန်တွင် ရှိကျင်းနှင့် ကျဲ့ကျင်းတို့က လှေအစီးသုံးရာပေါ်မှ သူတို့တပ်များကို တောင်ပိုင်းစစ်ဝတ်စုံတွေ ချွတ်ပစ်စေပြီး ကမ်းပေါ်သို့ ခေါ်လာပြီ ဖြစ်၏။ ပေါင်းမိုးထဲတွင် ဝှက်၍ လိုက်လာသော စစ်သည်များကလည်း ယင်းတို့နောက်မှ လိုက်ပါ လာကြ၏။

လူ၏ တပ်မှူးရှင်ဂန်းနှင့် ပန်ဝင်တေ့တို့က စစ်ကြောင်း နှစ်ကြောင်းဖြင့် မြို့တံခါးဝကို ကာကွယ်ရန် အမြန်ချီတက်လာကြ၏။ ရှင်ဂန်းမှာ ရှိကျင်းက လှံဖြင့် တချက်ထိုးရုံဖြင့် မြင်းပေါ်မှ ကျသွားလေ၏။ ချန်ဟင်း၏ လှံကလည်း ပန်ဝင်တေ့၏ နံဘေးကို ထုတ်ချင်း ဖောက် ထွက်သွား၏။ ထို့နောက် ရုတ်ရုတ်သဲသဲ တိုက်ခိုက်နေကြပြီးလျှင် လက်ကျန် တပ်မှူး ဆယ်ယောက်လည်း သူတို့မိသားစုများကို ကာကွယ်ရန် ရွှန်ကျို့မြို့ထဲသို့ ဝင် ပြေးသွားကြ၏။

မူဟုန်နှင့် လီကျွမ်းတို့ ထိုသတင်းကို ကြားရသောအခါ ဘုံဆိုင်တဆိုင်မှ ထင်းစများကို ယူပြီး မီး စ ရှို့လေ၏။ ဝန်ကြီးလူလည်း မြင်းပေါ်သို့ ခုန်၍တက်စေ၏။ သူ့တပ်မှူးသုံးယောက် က သူ့ကို ကူညီရန် ရောက်လာ၏။ တမြို့လုံးမှာ မိုးပြိုကျသကဲ့သို့ မီးလောင်နေလေပြီ။

ကွာကျို့မှ တပ်ကူ အပြင်းချီတက်လာ၏။ သို့သော် မြို့တံခါးလေးပေါက်စလုံးတွင် တိုက်ပွဲများ ဖြစ်နေလေပြီ။ မြို့ရိုးပေါ်တွင်လည်း စုန်ကျန့်၏ တံခွန်များ တလူလူလွင့်နေ လေပြီ။ လေးပြင်လေးရပ်စလုံးတွင် ခုတ်ထစ် သတ်ဖြတ်နေပုံ အရောရောအထွေးထွေး ဖြစ်နေပုံတို့ကို ဖော်ပြန်ရန်ပင် မဖြစ်နိုင်ပေ။

နောက်ထပ် တိုက်လှေအစီး တရာ့ငါးဆယ်နှင့်အတူ မြင်းများနှင့်တကွ မြင်းသည် နှစ်ထောင် ရောက်လာ၏။ ယင်းတို့ကို တပ်မှူးဆယ်ယောက်က ဦးစီးကာ မြို့တွင်းသို့ ဝင် တိုက်၏။ ဝန်ကြီးလူမှာ ရှုံးချက်က နာလှပေ၏။ လက်ကျန်တပ်ပျက်များကို စုရုံးပြီး ထန်တူ ခရိုင်သို့ ထွက်ပြေးရ၏။

စုန်ကျန့်တို့တပ်က ရွှန်ကျို့ကို သိမ်းလိုက်၏။ မီးများကို ငြိမ်းပြီး

မြို့တံခါးလေးပေါက်ကို ထိန်းချုပ်ထားလိုက်၏။ ထို့နောက် မြစ်ကမ်းခြေသို့ ဆင်းကာ စုန်ကျန့်တို့၏ သားလှေ၊ ငှက်လှေများ မြောက်လေနှင့်အတူ စုန်ဆင်းလာသည်ကို ကြိုဆိုကြ၏။

တပ်မှူး ကြီး ငယ်တို့က ကြိုဆိုကာ စုန်ကျန့်ကို မြို့တွင်းသို့ ခေါ်လာခဲ့၏။ စုန်ကျန့်က မြို့လူထုတို့ စိတ်ချစေရန် အာမခံသည့် အမိန့်ကြေညာစာများကို ထုတ်ပြန်၏။ ထို့နောက် သူ့တပ်မှူးများကို စုဝေးကာ ဆုရထိုက်သူများ ဆုခံစေ၏။

ရှိကျင်းက ရှင်ဂန်း၏ ခေါင်းကို လည်းကောင်း၊ ချန်ဟင်းက ပန်ဝင်တေ့၏ ခေါင်းကို လည်းကောင်း၊ လျူထန်က ရှင်စေ့၏ ခေါင်းကို လည်းကောင်း အသီးသီး တင်ပြကြ၏။ ကုန်မင်းနှင့် ကုန်လျန်တို့က ဖမ်းမိထားသော ချိုဝန်လီ၊ ရှန်ချန်း။ လီကျွမ်းတို့က ဟိုတုန်း တို့ကို ခေါ်လာကြ၏။ ဟောင်စီဝင်ကမူ ရှုတုန်းကို မြားနှင့် ပစ်သတ်ခဲ့၏။

ထို့ကြောင့် ရွှန်ကျို့ကို သိမ်းရာတွင် တပ်မှူးလေးဦးကို သတ်ခဲ့၏။ ကျန် နှစ်ဦးကို ဖမ်းမိခဲ့၏။ မရေမတွက်နိုင်သော အရာရှိများ၊ စစ်သည်များကို သတ်ခဲ့၏။

စုန်ကျန့်၏ တပ်မှ အရာရှိသုံးဦးလည်း မြားချက်ဖြင့်သော် လည်းကောင်း၊ မြင်းအနင်း ခံရ၍သော် လည်းကောင်း သေခဲ့ကြရ၏။ ယင်းတို့မှာ တိမ်တမန်ဆုံဝမ်၊ မညှာတမ်း ကျောက်ထိန်၊ လိပ်ပွေ့ညှပ်မီး တောက်ချုံဝမ်းတို့ ဖြစ်ကြ၏။ စုန်ကျန့်လည်း အလွန် စိတ်မချမ်းမသာ ဖြစ်ရှာ၏။

ဝုရုံက ဖျောင်းဖျ၏-

“လူဆိုတာက သေတနေ့ မွေးတနေ့ပါ နောင်ကြီးရာ၊ ကျုပ်တို့ ညီနောင်သုံးဃောက် ဆုံးရှုံးသွားပေမယ့် ယန်စီတောင်ဘက်မှာ ပထမဆုံးပြည်နယ်ကို သိမ်းလိုက်နိုင်ပါပြီ။ သိပ်ကို အန္တရာယ်ရှိတဲ့ အဟန့်အတားကြီးတခုကိုလည်း ဖယ်ရှားလိုက်နိုင်ပါပြီ။ ကိုယ့်စိတ် ကိုယ် ဒုက္ခပေးပြီး ကိုယ့်ကျန်းမာရေးကိုယ် ထိခိုက်အောင် လုပ်မနေပါနဲ့၊ တိုင်းပြည်ကို ကောင်းကောင်း အမှုထမ်းမယ်ဆိုရင် တိုင်းရေးပြည်ရေးပဲ ဆွေးနွေးတာ ကောင်းပါမယ်”

“ကျွန်ုပ်တို့ ညီနောင် တရာ့ရှစ်ဃောက်က ကျောက်စာပြားမှာ မှတ်တမ်းတင်ထား တာဗျ။ မိုးကောင်းကင်က ကြယ်တွေနဲ့လည်း ကိုက်ညီတယ်။ ပထမ လျှံရှန်းကျူအင်းမှာ၊ ဒုတိယ ဝူတိုင်းတောင်မှာ ကျုပ်တို့က အတူတူနေကြဖို့၊ အတူတူသေကြဖို့ သစ္စာဆိုခဲ့ကြ တယ်။ ဘယ်သူက သိနိုင်ပါ့မလဲဗျာ။ နေပြည်တော် ပြန်ရောက်ရင် ကုန်ဆွန်ရှန်းက ထွက် သွားမယ်လို့၊ မင်းကြီးက ကျင်တာကျန်းနဲ့ ဆရာဟွာဖူးတွမ်ကို ခေါ်ထားမယ်၊ နန်းရင်းဝန် ဆယ်က ရှောင်ရန်းကို ဆွဲထားမယ်၊ ခရိုင်တပ်မှူးက ကွေ့ဟိုကို တောင်းမယ်လို့။ ပြီးတော့ ခုလည်း ယန်စီကို

ဖြတ်ခါစပဲရှိသေးတယ်။ ညီနောင်သုံးယောက် ဆုံးရပြီ။ ဆုံဝမ်က သိပ်ပြီး မထူးချွန်လှပေမယ့် ကျုပ်တို့ လျံ့ရှန်းတောင်ပေါ်မှာ ထူထောင်ခါစက သူ့ဆီက အများကြီး အထောက်အကူ ရခဲ့တာ ကျုပ် ဘယ်တော့မှ မမေ့ဘူး။ ခုတော့ သူ သွားပြီ”

ဆုံဝမ် ကျဆုံးသော နေရာတွင် ယဇ်ပူဇော်ရန် ပြင်ဆင်စေ၏။ ရွှေစက္ကူ၊ ငွေစက္ကူများကို မီးရှို့ကာ ဝက်နက်တကောင်၊ သိုးဖြူတကောင်ဖြင့် နတ်ပူဇော်၏။ သူကိုယ်တိုင် ယဇ်မီး ထဲသို့ စိမ်ရည် လောင်းချပေး၏။ အရှင်ဖမ်းထားသော ရန်သူတပ်မှူး ချိုဝန်လီနှင့် ဟိုတုန်း တို့ကို ခေါင်းဖြတ်၍ သွေးများကို ပက်ဖျန်းကာ ခွဲခွာသွားသော သူရဲကောင်းသုံးဦးတို့၏ ဝိညာဉ်များကို ပသလေ၏။

ပြည်နယ်အစိုးရနှင့် ရပ်ရွာအုပ်ချုပ်ရေးများကို ပြန်လည် တည်ဆောက်ပြီးနောက် စုန်ကျန့်သည် ဆုလာဘ်များ ချီးမြှင့်၏။ ဘုရင်ခံချန်းထံသို့လည်း အောင်မြင်မှုကို စာရေးသား အစီရင်ခံလိုက်၏။ လာ၍ စစ်ဆေးရန်လည်း ဖိတ်လိုက်၏။ လမ်းများထဲမှ အလောင်း များကို ကောက်စေကာ မြို့ပြင်သို့ ထွက်ပြီး မီးသင်္ဂြိုဟ်စေ၏။ ကျဆုံးသွားသော တပ်မှူး သုံးဦး၏ ရုပ်အလောင်းများကို ရွှန်ကျိုမြို့ အရှေ့တံခါးတွင် မြှုပ်နှံလိုက်၏။

ဝန်ကြီးလူ၏ တိုက်ခိုက်ရေးအင်အားမှာ တဝက် လျော့သွားလေပြီ။ သူ့လက်ကျန် တပ်မှူးခြောက်ယောက်နှင့်အတူ ထန်တူတွင်သာ အောင်းနေလေ၏။ ဝူကျို့ရှိ တတိယ မင်းသားကြီးထံသို့ စာရေးကာ တောင်းပန်မှုကြောင့် စစ်ဗိုလ်ချုပ် ရှင်းချင် ဦးစီးသော တပ် ထပ်ရောက်လာ၏။ လူက ဝမ်းပန်းတသာ ကြိုဆိုကာ ဖြစ်သမျှကို နတ်သံနှောလေ၏။ ချင်ဂွမ်၏ တပ်များ ယောင်ဆောင်ကာ ချဉ်းကပ်ဖို့၊ စုန်ကျန့်၏တပ်များ ယန်စီမြစ်ကို မည်သို့ ကူးသန်းပုံ စသဖြင့် ပြောပြပြီးမှ-

“ခုတော့ သူတို့ ရွှန်ကျိုမှာ ရောက်နေပြီ။ ရွှန်ကျို့ကို ပြန်ရအောင် လုပ်ရမယ်” ဟု အဆုံးသတ်၏။

“တတိယမင်းသားကြီးက ဒီနယ်ထဲကို ကြယ်တွေ ဝင်နေတယ်လို့ ပြောပြီး မြစ်ကမ်း ရိုးတန်းကို ကင်းလှည့်ဖို့ ကျုပ်ကို လွှတ်လိုက်တော့ ခင်ဗျား ဒီလောက် အခြေအနေဆိုးနေ ပြီလို့ မထင်မိဘူး။ ဒါပေမဲ့ ဝန်မင်း အကူအညီနဲ့ ကျုပ် လက်စားချေပေးပါ့မယ်”

နောက်တနေ့တွင် ရွှန်ကျို့ကို ပြန်သိမ်းမည်ဟု ရှင်းချင် ချီတက်ခဲ့၏။

ရွှန်ကျို့တွင် စုန်ကျန့်က တုန်ဝေ့နှင့် တုန်မင်းတို့ကို လူတရာနှင့် ကျောက်ရှန်းတောင် သို့လွှတ်ကာ ရှိဇူနှင့် ဖိုးရုံကလေးတို့ကို ရှာစေ၏။ ထို့ပြင် ထန်တူကို သိမ်းရန် အင်အား ငါးထောင်ကို တပ်မှူးဆယ်ဦး ကွပ်ကဲကာ

စေလွှတ်လိုက်၏။

လမ်းတွင် ရှင်းချင်တပ်နှင့် သွားတိုးမိရာ နှစ်ဖက်အပြန်အလှန် မြားမိုးရွာနေသော ကြောင့် မြားလွတ်ရာ၌သာ ခိုနေကြရ၏။ စစ်စည်သံများ မြည်ဟည်းလျက် ရောင်စုံတံခွန် များ လေတွင် လွင့်လျက် ရှိနေ၏။

ရှင်းချင်က လှံကို ချိန်ကာ ဘေးဘယ်ညာမှ တပ်မှူး ခြောက်ယောက်စီက ခြံရံကာ မြင်းစီး၍ ထွက်ခဲ့၏။ စုန်ကျန့်တို့ဘက်မှလည်း နဂါးရုပ်ပုံ ဖောင်းကြွဖော်ထားသော လှံပုဆိန်ကြီးကို ဝှေ့ယမ်းကာ ကွမ်ရှိန်းက ထွက်၏။ နှစ်ယောက်သား အသေအကြေ တိုက်ကြ၏။ သူတို့မြင်းများ၏ ခွာအောက်မှလည်း ဖုန်မှုန့်များ တိမ်လိပ်ကြီးသဖွယ် ထလျက် ရှိနေ၏။

မှန်ပေ၏။ သူရဲကောင်းတို့၏ ရဲရင့်မှုသည် စစ်ဗိုလ်ချုပ်တဦး၏ ပါးနပ်သော အစီအမံ ကို မယှဉ်နိုင်ပေ။ ဖမ်းမိသော အရာရှိစစ်သည်များကို အားထားကာ ယန်စီတောင်ဘက်ရှိပထမပြည်နယ်ကို ပြန်သိမ်းရန် ဆောင်ရွက်ခဲ့ကြ၏။

သူရဲကောင်းနှစ်ဦးတွင် မည်သူက မည်သူ့ကို သတ်လိုက်ပါမည်နည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း-၉၂

လူကွမ်းယီ ရှမ်ကျို့ပြည်နယ်သပို့ စစ်ထွက်ခြင်း

စုန်ကျန့် ပီလင်းခရိုင်တွင် တိုက်ပွဲဝင်ခြင်း

ဆယ့်လေးချီ ဆယ့်ငါးချီမျှသာ တိုက်ကြပြီးနောက် ကွမ်ရှိန်းက သူ့လုံပုဆိန်ကြီးကို လွှဲ၍ ရှင်းချင်ကို ခုတ်ပိုင်းချလိုက်၏။ သနားစရာ တောင်ပိုင်းသူရဲကောင်း၏ဘဝမှာ အိပ်မက် သဖွယ် ပျောက်ပျက်သွားလေပြီ။ ဟူယန်ကျို့က ဤသည်ကို အခွင့်ကောင်းယူကာ သူ့လူများကို အတင်းဝင်စေ၏။ တပ်မှူးခြောက်ယောက်လည်း တောင်ဘက်သို့ လှည့်၍ ပြေး ကြလေ၏။ ဝန်ကြီးလူ သည်လည်း ထန်တူမှ ထွက်ပြေးလေ၏။

တပ်မှူး ဆယ်ယောက်တို့သည် ထန်တူကို သိမ်းယူလိုက်ပြီး စုန်ကျန့်ထံသို့ အခြေ အနေကို တင်ပြလိုက်ကြ၏။ စုန်ကျန့်က သူ့တပ်ကြီးကို ထန်တူသို့ ရွှေ့လာကာ တပ်စွဲ ထားလိုက်၏။ တပ်ဖွဲ့ဝင်များကို ဆုချပြီးနောက် အခြေအနေကို စစ်ဘုရင်ခံချုန်းထံသို့ သတင်းပို့လိုက်၏။ နောက်တနေ့တွင် ဦးစီးအရာရှိကုန်းနှင့် ဂင်တို့ ဘုရင်ခံ၏ ဆုများနှင့် အတူ ရောက်လာ၏။ စုန်ကျန့်က ဆုများကို တပ်မှူးများသို့ ဝေပေးလိုက်၏။

စုန်ကျန့်က လူကွမ်းယီနှင့် တိုင်ပင်၏။

"ရွှန်ကျို့ရော ဟူကျို့ပါ ဖန်းလာတပ်တွေ လက်ထဲမှာ ရောက်နေသေးတယ်။ ဒီတော့ တပ်ကို စစ်ကြောင်းနှစ်ကြောင်းခွဲပြီး နောင်ကြီးနဲ့ ကျုပ် တကြောင်းစီ ကိုင်ပြီး သွားတိုက် ကြမယ်။ ဘယ်သူ ဘယ်သူ့ကို တိုက်ရမလဲဆိုတာကို မဲနှိုက်ကြမယ်လေ"

စုန်ကျန့်က ချန်ကျို့နှင့် စူကျို့ကို တိုက်ရန် ၊ လူကွမ်ယီက ရွှန်ကျို့နှင့် ဟူကျို့ကို တိုက်ရန် မဲကျ၏။ စုန်ကျန့်က ဖျော်ရွှန်းကို တပ်အင်အား ခွဲခိုင်း၏။ နာမကျန်းဖြစ်နေသော ယန်ချီ ကိုသာ ထန်တူတွင် ထားခဲ့ပြီး ကျန် အရာရှိစစ်သည်များကို စစ်ကြောင်းအသီးသီးတွင် တာဝန်ပေးအပ်၏။

စုန်ကျန့်၏ စစ်ကြောင်းတွင် တပ်မှူးကြီး ဆယ့်သုံးဦး ပါဝင်၏။ စုန်ကျန့်မှအပ ကျန်သူ တို့မှာ စစ်ဦးစီးချုပ် ဝုရုံ၊ လီယင်း၊ ကွမ်ရှိန်း၊ ဟွရုံ၊ ချင်မင်း၊ ရှုနင်၊ ချူတုံ၊ ရှင်ဉာဏ၊ ဝုဆုန်၊ ရှိကျင်း၊ လီကွေ့၊ ထိုက်ချုံတို့ ဖြစ်ကြ၏။ ထို့ပြင် လက်ထောက်တပ်မှူး နှစ်ဆယ့်ကိုးဦး တို့လည်း ပါဝင်၏။ ယင်းတို့မှာ ဟုန်ဆင့်၊

ဆွန်လီ၊ ဟောင်စိဝင်၊ ရွှန်ဇန်၊ ဟန်တောင်၊ ဖိန့်ချီ၊ ဖန်ရှီ၊ မာလင်း။ ယန်ရွှင့်၊ ရှုံချုံး၊ လီကျွမ်း၊ ပေါက်ရှူ၊ ဝမ်ယင့်၊ သံမဏိတာ၊ ရန်လင်း၊ ထူရှင့်၊ ရှိအန်၊ ကုန်မင်း၊ ကုန်လျန်၊ လင်းချင်၊ ကိုင်ဖု၊ ကိုင်ချင်း၊ တွမ်ကျင်ချူ၊ ဟိုဂျန်၊ ကျန်ကျင်း၊ အင်းထောင်ကွမ်း၊ ယူပေါက်စီ၊ စုန်ကျင့်၊ ဖေရွှန်းတို့ ဖြစ်ကြ၏။

ဤတပ်မှူးများက တပ်အင်အား သုံးသောင်းကို ကွပ်ကဲကြမည်။

လူကွမ်းယီ၏ စစ်ကြောင်းတွင် လူကွမ်းယီအပြင် တပ်မှူးကြီး ဆယ့်လေးဦး ပါဝင်၏။ ယင်းတို့တွင် ချူဝု၊ ကျဲ့ကျင်း၊ လင်ချုံး၊ တုန်ပင်း၊ ဟူယန်ကျို့၊ စိုကျောက်၊ မူဟုန်၊ ရန်စုံ၊ လွေ့ဟုန်၊ ရှိချင်၊ ရှိပေါင်၊ ချန်ကျင်၊ လျူထန်၊ ယန်ချင်းတို့ ပါဝင်ကြ၏။

လက်ထောက်တပ်မှူး သုံးဆယ့်သုံးဦးတို့မှာ ရှန်တင်းကွီ၊ ဝေတင်းကို့၊ လူ့ဖန်၊ ကောက်ရှိန်း၊ အိုပင်း၊ တိန်ဖ၊ လီချုံး၊ ချူတုန်း၊ ဒူရှန်း၊ မူရွှန်း၊ စို့ယွမ်၊ စို့ရွှန်၊ လီလီ၊ လီယွမ်း၊ စွေ့ယုံ၊ ချင်တ၊ ရှိယုံ၊ ချူကွီ၊ ချူဖူ၊ ဆွန်ရှင့်၊ မခု၊ ကျန်ချင်း၊ မဆွန်၊ ချန်တန်ရှူ၊ ထန်လုံ၊ ကောက်စိန်၊ ပိုက်ရှန်း၊ ကုန်ဝမ်၊ တင်းတဲ့ဆွန်၊ ဝမ်တိန့်လျူ၊ ရှီကျန့်တို့ ဖြစ်ကြ၏။

ကျန်စစ်ကြောင်းတွင်လည်း တပ်အင်အား သုံးသောင်းပါဝင်၏။

ရှိဇူနှင့် ဖိုးရုံကလေးတို့ကို ရှာရန်အတွက် ကျောက်ရှန်းတောင်သို့ လွှတ်ထားသော တုန်ဝေ့နှင့် တုန်မင်းတို့ ပြန်ရောက်လာကာ သတင်းပို့ကြလေ၏။

“သူတို့က မြစ်ကမ်းနားက တမိသားစုလုံးကို သတ်သွားပြီး လှေကလေးတစီးကို ယူပြီး ကျွန်းပေါ်က ဘုန်းကြီးကျောင်းကို သွားတယ်တဲ့။ သူတို့က လှုံ့ရှန်းကျူအင်းက ရဲရင့် သူတွေမှန်းလည်း သိရော ဘုန်းကြီးတွေက ထမင်းကျွေးကြတယ်တဲ့။ နောက်တော့ ချန်ရွှန်း ဘာလုပ်ခဲ့လဲ ဆိုတာ သိရတော့ လှေတစီးကို ယူပြီး မောင်းကန်းကို သိမ်းလိုက်တယ်တဲ့။ အဲဒီ နေရာကနေ ပင်လယ်ကမ်းခြေမှာ ရှိတဲ့ ကျန်ယင်းနဲ့ တိုက်စန်းကို သွားတိုက်ဖို့ ကောင်း မှန်းသိတာနဲ့၊ ရေတပ်ဗိုလ်တွေနဲ့ တိုက်လှေတွေကို စာရေးပြီး တောင်းလိုက်တယ်တဲ့”

စုန်ကျန့်က လီကျွမ်းနှင့် အခြားတပ်မှူး ခုနစ်ဦးကို တိုက်လှေ တရာ၊ အင်အား ငါးထောင်ဖြင့် ရှိဇူနှင့် ဖိုးရုံကလေးတို့ထံသို့ အင်အားဖြည့်ခိုင်းလိုက်၏။

ချစ်သော စာဖတ်သူ၊ ဤနေရာတွင် သတိမူသင့်သည်မှာ ထန်တူတွင် စုန်ကျန့် စစ်ကြောင်းနှစ်ကြောင်း ခွဲသည့်အချိန်၌ သူ့တွင် တပ်မှူးအယောက်တရာပင် မရှိတော့။ အတိအကျဆိုရမူ ကိုးဆယ့်ကိုးယောက်သာ ရှိတော့ကြောင်း ဖြစ်၏။ လှေကြီးများကို ကျန်းယင်နှင့် တိုက်စန်းတို့ကို

တိုက်ခိုက်ရန်အတွက် စေလွှတ်လိုက်၏။ လှေငယ်များမှာမူ ထန်တူတဝိုက်ရှိ ချောင်းငယ် မြောင်းငယ်များမှတဆင့် ချန်ကျို့သို့ သွားကာ စုန်ကျန့်နှင့် အတူ တိုက်ပွဲဝင်ရမည်ဖြစ်၏။

ဤအချိန်အတွင်းတွင် ဖန်းလာ၏ စစ်ဝန်ကြီး လူရှင်နန်းမှာ ချန်ကျို့၏ အဓိက ခံစစ်ဝန်း ဖြစ်သော ပီလင်းနယ်သို့ ရောက်နေ၏။ ချန်ကျို့၏မြို့ဝန်မှာ ချန်းချင်ပင် ဖြစ်ကာ သူ့အောက် တွင် ဗိုလ်ချုပ်နှစ်ဦး ရှိ၏။ တဦးမှာ ကျင်ကျီး ဖြစ်ကာ ရှန်ဟောင်းဇာတိ ဖြစ်၏။ နောက်တဦးမှာ မြို့ဝန်၏ လူယုံတော်ရှူတိန့် ဖြစ်၏။ မြို့ဝန်မှာ မူလက ချင်ရှိုခရိုင်မှ ရဲသားတဦးသာ ဖြစ်ခဲ့၏။ သို့သော် ဖန်းလာက မြို့အချို့ကို သိမ်းပိုက်ရာတွင် ကူညီခဲ့သဖြင့် ဤရာထူးကို ရလာခြင်း ဖြစ်ပေ၏။ ဝန်ကြီးလူ အရေးနိမ့်ကာ သူ့ထံသို့ ပြေးလာကြောင်း ကြားရသဖြင့် မြို့ဝန်ချန်းကိုယ်တိုင် မြို့တံခါးဝသို့ ထွက်ကာ ကြိုဆိုခဲ့၏။ ဖော်ရွေစွာ ညှော့ခံပြီး နောင်အလား အလာများကို ဆွေးနွေးကြ၏။

“စိတ်အေးအေးထားပါ ဝန်မင်း ခင်ဗျ။ ကျွန်တော်က အစွမ်းအစ မရှိပေမယ့် ဘုန်းတော်ကြီးလှသောဘုရားနဲ့ ဝန်မင်းတို့ရဲ့ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံရလို့ စုန်ကျန့်တို့ကို ယန်စီ ဟိုဘက်ထိ ပြန်တိုက်ထုတ်ပြီး ရွှန်ကျို့ကို ပြန်ရဖို့ အစွမ်းကုန် ဆောင်ရွက်ပေးလို ပါတယ်။ ဒီလူဆိုးတွေ နောင်ကို မြစ်တောင်ဘက်ကို ကြည့်တောင် မကြည့်ဝံ့စေရဘူး” “မင်းက ဒီလောက် အားထုတ်ကြိုးပမ်းမယ်ဆိုရင် ငါတို့တိုင်းပြည်က ဘာစိုးရိမ်စရာ ရှိတော့မှာလဲ။ ရန်သူကို မောင်းထုတ်ပြီး ရွှန်ကျို့ကို ပြန်သိမ်းပြီးရင် မင်းကို မြှောက်စားဖို့ ငါ လျှောက်တင်ပေးမယ်”

ထိုနေ့တွင်ပင် လူက စားပွဲသောက်ပွဲကြီး တည်ခင်းပေး၏။ ဤအကြောင်းကိုမူ ကျွန်ုပ်တို့ ပြောရန် မလိုတော့ပေ။ စုန်ကျန့်သည် ချန်ကျို့ကို တိုက်ခိုက်ရန် ချီတက်လာရာ ယခုအခါ ပီလင်းအနီးသို့ ရောက်လာလေပြီ။ ချန်ကျို့မြို့ပြင်တွင် တပ်ချထားပြီး တံခွန် များကို ဝှေ့ယမ်းကာ စစ်စည်များကို တီးကာ စိန်ခေါ်နေကြ၏။ လူက -

“ရန်သူတွေကို ဘယ်သူ တိုက်ထုတ်ပစ်ရဲသလဲ”

“ကျွန်တော့်ကို အမှုထမ်းခွင့်ပြုပါ” ဟု ချန်းက မြင်းပေါ်မှ နေ၍ ပြန်ပြော၏။

ဝန်ကြီးလူက သူ့ကို ကူညီရန် တပ်မှူး ခြောက်ယောက်ကို ခိုင်းလိုက်၏။ အင်အား ငါး ထောင်ကို ဦးစီးကာ မြို့တံခါးကို ဖွင့်ပြီး ဆွဲတံတားကိုပါ ချကာ ရှေ့ကို တက်လာကြ၏။ ချန်းသည် သူ၏ မုန်တိုင်းမွှေးကို ကိုင်စွဲကာ လည်ဆံမွှေး လိမ်ကောက်နေသော စစ်မြင်း ကြီးကို စီးကာ တပ်ဦးမှ တက်၏။

ကွမ်ရှိန်းက သူ့လူများကို အသာနောက်သို့ ဆုတ်စေလိုက်ပြီး ချန်းချင်ပင်ကို

အဝင် ခံလိုက်၏။ တပ်မှူးများလည်း သူ့ဝဲယာတွင် ပါလာကြ၏။ ကွမ်ရှိန်းက သူ့မြင်းကို ဇက်သပ် လိုက်ပြီး သူ့ဓားကြီးကို ဝှေ့လျက်-

"ဒီမှာ နားထောင်ကြ ခေါ်ပြတွေ၊ မင်းတို့က သူပုန်ကို အားပေးပြီး မိုးကောင်းကင်ကို စိတ်ဆိုးအောင် လုပ်နေကြတယ်။ ငါတို့ ဧကရာဇ်မင်းကြီးတပ်တော် ရောက်လာပြီ။ ဒါ တောင်မှ ကိုယ့်သေဘေး ကိုယ် မသိဘဲ ခုခံချင်နေကြသလား။ မင်းတို့ကောင်တွေကို တယောက်မကျန် သတ်ပြီးမှ ပြန်မယ်"

ချန်းကား ဆွေ့ဆွေ့ခုန် နေလေပြီ။

"မင်းတို့ကမှ လျှံ့ရှန်းကျူအင်းထဲက ခေါ်ပြတွေ၊ မိုးကောင်းကင်နဲ့ မင်းတို့ ဘာဆိုင် လို့လဲ၊ တရားမျှတတဲ့ မင်းကြီးကို မထောက်ခံဘဲ သောက်သုံးမကျတဲ့ မင်းယုတ်ဆီမှာ သွားလက်နက်ချတယ်။ ငါတို့ တိုင်းပြည်ကြီးကို လာရန်ရှာတယ်။ မင်းတို့တွေ လူမပြောနဲ့၊ ချပ်ဝတ်ပါ မကျန် အမှုန့်ချေပစ်မယ်"

ကွမ်ရှိန်းက နဂါးပုံ ရုပ်ကြွဖော်ထားသော လှံပုဆိန်ကြီးဖြင့် ဝင်တိုက်၏။ ချန်းက မုန်တိုင်းမွှေဓားဖြင့် ပြန်၍ခံ၏။ လက်ရည်ညီသဖြင့် သူတို့၏ တိုက်ပွဲကို စာဖြင့် ဖြစ်စေ၊ ပန်းချီဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရန်ပင် သင့်ပေ၏။ ပြိုင်ဘက်တဦးက ခုတ်လိုက်လျှင် ကျန်တဦးက ခံလိုက်သဖြင့် လက်နက်အသွားချင်း ထိခတ်မိသောအခါ မီးပွားများ ဝင်းခနဲ ဝင်း ခနဲ ထွက်လာလေ၏။ မုန်တိုင်းမွှေဓားက ကြယ်တံခွန်လို အတန်းလိုက်ကြီး လင်းလက် နေပြီး နဂါးရုပ်ကြွ လှံပုဆိန်ကြီးမှာ မိုးကြိုးပစ်လိုက်သလို ဝင်းဝင်းတောက်နေ၏။ မြင်းများ ကလည်း ပတတ်ရပ် ဟီလိုက် ခွာဆောင့်လိုက်ဖြင့် မြေပြင်တွင် ဖုန်လုံးကြီး ထလာအောင် မွှေနှောက်နေရာ ကကြိုးတန်ဆာများမှ ထွက်ပေါ်လာသော ချူသံများမှာလည်း မိုးသို့ပင် ထိုးတက်နေ၏။ မိုးကောင်းကင်ရှိ နတ်များပင် ကြောက်လန့်လာကြ၏။

တိုက်နေသည်မှာ အချီသုံးဆယ်ကျော်လာပြီ။ ချန်းသည်လည်း ခံစစ်ကိုသာ အားပြု နေရပြီဖြစ်၏။ ယင်းကိုမြင်ရသော တောင်ပိုင်းသား တပ်မှူးနှစ်ဦးက ကွမ်ရှိန်းကို နှစ်ဖက် ညှပ်ကာ တိုက်ခိုက်၏။ သူတို့မှာ ကျောက်ယီနှင့် ဖန်ကျို့တို့ ဖြစ်၏။ ထို့ကြောင့် စုန်တပ်တော်မှ တပ်မှူးနှစ်ဦး ဒေါသထွက်လာလေ၏။ တယောက်က ဓားကြီးကိုဝင့်ကာ ကျန်တယောက်က ကျားမျက်လုံး တင်းပုတ်ကြီးကို ဝင့်ကာ ထွက်လာကြ၏။ သူတို့မှာ တောင်သုံးလုံးနှိမ်နင်းသူ ဟုန်ဆင့်နှင့် ဗိုလ်ချုပ်ပျော့ဆွန်လီတို့ ဖြစ်၏။ စစ်သည်ခြောက်ယောက် အတွဲသုံးတွဲသည် စစ်မြေပြင်တွင် အငမ်းမရ တိုက်ခိုက်နေကြ၏။

လူက ရှုတိန့်နှင့် ကျင်ကျီးတို့ကို ထပ်၍ လွှတ်လိုက်၏။ ယင်း နှစ်ယောက်လည်း လက်နက်ကို အသင့်ကိုင်ကာ ထွက်ခဲ့ကြ၏။

ကျောက်ယီနှင့် ဟုန်ဆင့်၊ ဖန်ကျို့နှင့် ဆွန်လီတို့ တိုက်ခိုက်ကြရာ ပထမတွင် လက်ရည် တူနေကြ၏။ ကြာလာသောအခါ တောင်ပိုင်းသား နှစ်ဦးက အရေးသာလာ၏။ ယခုအခါ ရှုတိန့်နှင့် ကျင်ကျီးတို့လည်း လှံပုဆိန်များဖြင့် ဝင်ပါလာကြလေပြီ။ ဟန်တောင်နှင့် ဖိန့်ချီ တို့က သူတို့ကို ရင်ဆိုင်ကြ၏။ ကျင်ကျီးနှင့် ဟန်တောင်၊ ဖိန့်ချီနှင့် ရှုတိန့်တို့ တိုက်နေကြ၏။ စုစုပေါင်း ငါးစုံတွဲသည် အသေအကြေ တိုက်ခိုက်နေကြ၏။

အမှန်စင်စစ် ကျင်ကျီးက စုန်တပ်တော်ထံ လက်နက်ချရန် ကြံရွယ်ထား၏။ မိမိတပ် အတွင်းတွင် ရုတ်ရုတ်သဲသဲ ဖြစ်စေရန် ကြံပြီး အချီအနည်းငယ်မျှ ဟန်ဆောင်ပန်ဆောင် တိုက်ခိုက်ပြီး ဆုတ်၍ ပြေးလေ၏။ ဟန်တောင်က ထက်ကြပ်မကွာလိုက်၏။ ထိုစဉ် တောင် ပိုင်းသား တပ်မှူး ကောက်ကဲ့လီ မြားတစင်းကို အမြန်တပ်ပြီး အားကုန်လွှတ်လိုက်၏။ ဟန်တောင်၏ ပါးကို လာ၍ မှန်သဖြင့် မြင်းပေါ်မှ ကျလေ၏။

ချင်မင်းက မြင်းကို အတင်းမောင်းကာ ကယ်မည်ဟု လာသော်လည်း တောင်ပိုင်းသား တပ်မှူး ချန်ကျင်ရင်က သူ့လှံဖြင့် ဟန်တောင်၏ လည်ပင်းကို တချက်တည်းထိုးကာ သတ်လိုက်၏။ ဖိန့်ချီနှင့် ဟန်တောင်တို့မှာ တပ်တခုတည်းတွင် တပ်မှူး၊ ဒုတပ်မှူး အဖြစ် နေခဲ့ကြ သူများ၊ ညီရင်းအစ်ကိုရင်းပမာ ရင်းနှီးလှသူများဖြစ်သဖြင့် ဟန်တောင်အတွက် လက်စား ချေရန် ဖိန့်ချီက ရှုတိန့်ကိုထားခဲ့ကာ ကောက်ကဲ့လီထံသို့ မြင်းကို တည့်တည့်စီးသွားလေ၏။ ရှုတိန့်က လိုက်လာသော်လည်း ချင်မင်းက ကြားမှဖြတ်ကာ တိုက်ခိုက်၏။ ကောက်ကဲ့လီက လှံကို ချိန်ကာ သူ့ရန်သူကို စောင့်၏။ သို့သော် ဖိန့်ချီခမျာမှာ သူ သတိမထားမိလိုက်သော ချန်ကျင်ရင်က နံဘေးကို လှံဖြင့် ဆောင့်ထိုးလိုက်သဖြင့် ကုန်းနှီးပေါ်မှ တလိမ့်ခေါက်ကွေး ကျရလေ၏။

တပ်မှူး နှစ်ဦး ကျသွားသဖြင့် ကွမ်ရှိန်း၏ ဒေါသမှာ ငယ်ထိပ်သို့ပင် ဆောင့်၍ တက် လာ၏။ သူ့ခွန်အားကို အကုန်စုစည်းပြီး မြို့ဝန်ချန်းကို ထက်ခြမ်း ခြမ်းချလိုက်လေ၏။ မြို့ဝန်၏ မြင်းကို ဖမ်းမည်ပြင်စဉ် သူ့မြင်းက သူ့ကို ခါချလိုက်၏။ ကောက်ကဲ့လီနှင့် ချန်ကျင် ရင်တို့က သူ့ကို ဖမ်းမည်ဟု မြင်းကို ဒုန်းစိုင်းစီးလာကြ၏။ သို့သော် ရှုနင်၊ ရွှန်ဇန်၊ ဟောင်စီ ဝင်တို့က သူတို့၏ နောင်တော်ကို အတင်းဆွဲထုတ်ကာ မိမိတပ်ဘက်သို့ ခေါ်သွားကြ၏။ ထိုစဉ် ဝန်ကြီးလူ၏ တပ်အားလုံး မြို့ထဲမှ သွန်ချလိုက်သလိုထွက်လာလေ၏။ ကွမ်ရှိန်း တို့ အကြံပျက်ရလေပြီ။ မြောက်ဘက်သို့ ဆုတ်ရ၏။ တောင်ပိုင်းတပ်များကလည်း လီနှစ်ဆယ်ကျော်ထိ လိုက်ပြီးမှ ပြန်ဆုတ်သွားကြ၏။

ကွမ်ရှိန်းလည်း စုန်ကျန့်ထံသို့ ဟန်တောင်နှင့် ဖိန့်ချီတို့ ကျဆုံးကြောင်း

သတင်းပို့ ရလေ၏။ စုန်ကျန့်မှာ ခါးခါးသီးသီးပင် ငိုရှာ၏။

"ယန်စီကို ကျော်တာနဲ့ ညီနောင် ငါးယောက် ကျဆုံးမယ်လို့ ဘယ်သူထင်ပါ့မလဲ။ ကျုပ်က မိုးကောင်းကင်ကို စိတ်ဆိုးအောင် လုပ်ခဲ့လို့လား။ ဖန်းလာကို ဖမ်းမိဖို့ ခွင့်မပြု ဘူးလား။ ကျုပ်က ရှုံးဖို့ ကံပါလာတာလား"

ဝုရုံက ဖျောင်းဖျရပြန်၏-

"မဟုတ်သေးဘူး တပ်မှူးချုပ်၊ စစ်ပွဲမှာ အရှုံးအနိုင်ဆိုတာ ရှောင်လို့ မလွတ်နိုင်ပါဘူး။ မွေးခြင်း သေခြင်း ဆိုတာကလည်း ကံကြမ္မာက ကြိုတင်စီစဉ်ပြီးသားပါ။ ဒါတွေက မဆန်း ပါဘူး။ ကျုပ်တို့ တပ်မှူးနှစ်ယောက်က ဒီနေ့မှာ သေဖို့ ကံပါလာပြီးသားပါ။ စိတ်ဆင်းရဲ ခံမနေပါနဲ့။ အရေးကြီးတဲ့ ကိစ္စတွေကိုပဲ အာရုံစိုက်ကြရအောင်"

လီကွေ့က ရောက်လာပြီး-

"ကျုပ်ညီနောင်တွေကို သတ်တဲ့ ကောင်တွေကို လိုက်ပြစမ်းပါ။ ဒီကောင်တွေကို သတ်ပြီး လက်စားချေမယ်"

စုန်ကျန့်က ဝမ်းနည်းခြင်းအထိမ်းအမှတ် တံခွန်ဖြူများကို ထူထားရန် တပ်တိုင်းသို့ အမိန့်ထုတ်ပြီး-

"မနက်ဖြန်ကျရင် ငါကိုယ်တိုင် ဦးစီးပြီး ဒီမြို့ကို တက်မယ်။ ဒီခွေးပြတွေနဲ့ တွေ့ကြ သေးတာပေါ့"

နောက်တနေ့တွင် စုန်ကျန့်တို့ တပ်အားလုံးသည် ကုန်းကြောင်းရော ရေကြောင်းပါ ထွက်ခဲ့ကြ၏။ လီကွေ့က ပေါက်ရှူ၊ ရှုံချုံး၊ လီကွန်းနှင့် အမာခံ ခြေသည် ငါးရာကို ဦးစီးကာ ရှေ့ပြေးတပ်အဖြစ် ချန်ကျို့မြို့ရိုးသို့ ထွက်ခဲ့၏။

မြို့ဝန်ချန်း ဆုံးရှုံးရသဖြင့် စိတ်ဓာတ်ကျနေသော ဝန်ကြီးလူသည် စူကျို့ရှိ တတိယ မင်းသားကြီးထံသို့ စစ်ကူတောင်းသော စာသုံးစောင်ကို ဆင့်ကာ ဆင့်ကာ ပို့ထား၏။ မင်းကြီးထံသို့လည်း အလားတူ တင်ပြထား၏။ ထိုစဉ် သတင်းလာပို့လေ၏။

"ခြေသည်ငါးရာ မြို့ကို ချီတက်လာနေတယ်။ တံခွန်မှာပါတဲ့ စာအရ ဦးဆောင်လာ တာကတော့ လေပွေနက်လီကွေ့ ဖြစ်ပါတယ်"

"ဒီကောင်က လျှိုရှန်းကျူအင်းသားတွေထဲမှာ အရက်စက်ဆုံးပဲ။ လူသတ်ဖို့ မွေးလာ တာ။ သူ့ကို ဘယ်သူ သွားသတ်မလဲ"

ကောက်ကဲ့လီနှင့် ချန်ကျင်ရင်တို့က ရှေ့ကို ထွက်လာ၏။

"ဒီကောင်ကို မင်းတို့ ဖမ်းနိုင်ရင် မင်းကြီး မင်းတို့ကို ကောင်းကောင်း ချီးမြှောက် စေရမယ်"

ထိုသူနှစ်ယောက်လည်း လှံကိုယ်စီဖြင့် မြင်းစီးကာ၊ ခြေသည်မြင်းသည် တထောင်ကို ဦးစီးကာ မြို့ထဲမှ ထွက်ခဲ့၏။ လီကွေ့က သူ့တပ်သားအားလုံးကို တယောက်တန်း ရင်ပေါင်တန်း တန်းစီထားခိုင်းလိုက်ပြီး တန်း၏ ရှေ့တွင် သူကိုယ်တိုင် ပုဆိန်နှစ်လက်ဖြင့် ရပ်နေ၏။ သူ့ဘေးတွင် ပေါက်ရှုက ဓားကြီးကို ကိုင်လျက်၊ ရှံချုံးနှင့် လီကွန်းတို့က ဘယ်လက်ဖြင့် ဆူးတပ် ဒိုင်းအဝိုင်းများ ညာလက်ဖြင့် သံမဏိလှံလျှင်များကို ကိုင်လျက်၊ ကျောနှင့် ရင်ဘတ်တို့တွင် သံချပ်ပြား အကာအကွယ်များ ဝတ်ဆင်လျက် တပ်မှူး လေးယောက် ရင်ပေါင်တန်းကာ ရပ်နေကြ၏။

ကျားထက်သန်မာသော ကျားကြုတ်များ၊ လင်းယုန်များကိုပင် နှိပ်စက်နိုင်သော ကျီးအများ ဖြစ်ကြသည့် တောင်ပိုင်းသားတပ်မှူး ကောက်နှင့် ချန်တို့က အင်အား တထောင်ကို မြို့ရိုးအနီးတွင် တပ်ဖြန့်ထား၏။

ထိုသူနှစ်ယောက်သည် ဟန်တောင်နှင့် ဖိန့်ချီကို သတ်သူများ ဖြစ်ကြောင်း မှတ်မိသော ကင်းထောက်များက လီကွေ့ကို ပြောပြကြ၏။ လီကွေ့လည်း စိန်ခေါ်လား ဘာလား လုပ်မနေတော့ဘဲ ကွင်းပြင်ကို ဖြတ်ပြီး အတင်းပြေးထွက်သွား၏။ ပေါက်ရှုတို့လည်း တဟုန်တည်း လိုက်ပါကာ ရန်သူ့တပ်ထဲသို့ အတင်းဝင်တိုက်ကြ၏။

တောင်ပိုင်းသား တပ်မှူးနှစ်ယောက်လည်း အငိုက်မိသွားကြ၏။ မြင်းကို လှည့်ကာ ထွက်ပြေးမည် လုပ်ကြ၏။ သို့သော် သူတို့၏ မြင်းများ၏ နှုတ်သီးအောက်တွင် ဆူးတပ်ဒိုင်း မြားက ချာချာလည်ကာ ရောက်နှင့်နေကြပြီဖြစ်၏။ လှံများကို အားသွန်ထိုးလိုက်သော် လည်း ထိုဒိုင်းများက ဖယ်ရှားလိုက်၏။ လေပွေနက်က တပ်မှူးကောက်၏ မြင်းခြေထောက် များကို ခုတ်ချိုးလိုက်ရာ မြင်းစီးသူမှာ မြေပေါ်သို့ တလိမ့်ခေါက်ကွေး ကျရလေ၏။

"အရှင်ဖမ်း"ဟု ရှံချုံးက လှမ်းသတိပေးသော်လည်း မရတော့ပေ။ လီကွေ့မှာ သရဲမရဲ စီးထားသလို ဖြစ်နေလေပြီ။ တပ်မှူးကောက်ဦးခေါင်းကို သူ့ပုဆိန်ကြီးဖြင့် တချက်တည်း ခုတ်ဖြတ်လိုက်၏။ ပေါက်ရှုကလည်း တပ်မှူးချန်ကို မြင်းပေါ်မှ ဆွဲချပြီး ခေါင်းဖြတ်လိုက်၏။ ထိုလေးယောက်သည်လည်း တောင်ပိုင်းတပ်သားများအတွင်းသို့ အတင်းဝင်ကာ ခုတ်ထစ်သတ်ဖြတ်ကြ၏။ လီကွေ့က ကောက်၏ ခေါင်းပြတ်ကြီးကို သူ့ခါးပတ်တွင် ချည် ထားလိုက်ပြီး ဘယ် ညာ ပုဆိန်တလက်စီဖြင့် အားရှိပါးရှိ ခုတ်ယမ်းနေ၏။ အင်အား တထောင် ရှိသော

ရန်သူ မြင်းသည် ခြေသည်များလည်း ကသောင်းကနင်းဖြင့် မြို့ထဲသို့ ဝင်ပြေးကြ၏။ သို့သော် သုံးရာ လေးရာခန့်မှာ လီကွေ့၏ လက်ချက်မိသွား၏။

ဆွဲတံတားသို့ ရောက်သောအခါ လီကွေ့နှင့် ပေါက်ရှုတို့က မြို့ထဲသို့ ဆက်၍ ဝင်ကာ တိုက်ချင်ကြသေးသဖြင့် ရှံချုံးနှင့် လီကွန်းတို့က မနည်းဆွဲထားရလေ၏။ သူတို့ပေါ်သို့ မြို့ရိုး ပေါ်မှ အမြောက်များနှင့် ပစ်နေပြီဖြစ်၍ လေးယောက်သား ဆုတ်ခဲ့ကြရ၏။ တန်းစီထား သော ခြေသည်ငါးရာမှာ တစက်ကလေးမျှ အရာမရှေ့ဘဲ ရှိသည်ကို တွေ့ရ၏။ စစ်သည် များစွာ တိုက်ပွဲဝင်လိုကြသော်လည်း လီကွေ့မှာ သွေးဆူလာပါက မည်းမည်းမြင်သမျှ ခုတ်ထစ် သတ်ဖြတ်တတ်သဖြင့် အနားသို့ မကပ်ဝံ့ကြပေ။

ထိုအချိန်တွင် စုန်ကျန့်လည်း ရောက်လာလေ၏။ လီကွေ့နှင့် ပေါက်ရှုတို့က ခေါင်း ပြတ်များကို ပြကြ၏။ ကျန်ခေါင်းဆောင်များမှာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

“ဘယ်လို လုပ်လိုက်တာလဲ”

“ရန်သူတွေကို တော်တော်လေး သတ်ခဲ့တယ်။ ဒီနှစ်ကောင်ကို အရှင်ထားမလို့ပဲ။ ဒါပေမဲ့ လက်ယားလာတာနဲ့ ထိန်းမရတော့ဘူး။ သတ်လိုက်တယ်”

စုန်ကျန့်က-

“ဟန်တောင်နဲ့ ဖိန့်ချီကို သတ်တဲ့ကောင်တွေကိုလည်း ခေါင်းဖြတ်လိုက်နိုင်ပြီဆိုတော့ ဒါတွေနဲ့ သူတို့ကို ပူဇော်လိုက်ရတာပေါ့ကွာ”

ပြောရင်းဆိုရင်း စုန်ကျန့်သည် ခါးသည်းစွာ ငိုပြန်၏။ ထို့နောက် တံခွန်ဖြူများကို သိမ်းစေကာ လီကွေ့တို့လေးယောက်ကို ဆုချကာ ချန်ကျို့မြို့ရိုးသို့ ချီတက်ခဲ့ကြ၏။

မြို့အတွင်းတွင် ဝန်ကြီးလူမှာ များစွာ ပူပန်နေပြီဖြစ်၏။ ကျင်ကျီး၊ ရှုတိန့်နှင့် အခြား တပ်မှူး လေးယောက်တို့နှင့်အတူ စုန်ကျန့်တို့ကို မည်သို့ တိုက်ထုတ်ရမည်ကို တိုင်ပင်၏။ လီကွေ့၏ တကိုယ်တော် လူသတ်ပွဲကို မြင်ပြီးဖြစ်၍ ယင်းတို့၏ နှလုံးသားများမှာ အေးစက် နေကြပေပြီ။ မည်သူမျှ လူစွမ်းကောင်း ထွက်မလုပ်ဝံ့တော့။ ဝန်ကြီးလူက ထပ်၍မေးပြန်၏။ နှုတ်သီးတွင် မြားမှန်ထားသော ဘဲငန်းများ၊ ပါးဟပ်အထိ ငါးမျှားချိတ်မိထားသော ငါးများ ကဲ့သို့ အသံတချက်မှ မထွက်ကြတော့ပေ။ တယောက်မျှ စကား ပြန်မပြောဝံ့ကြပေ။

မြို့ရိုးပေါ်သို့ တက်၍ ကြည့်ခိုင်းသောအခါ စုန်ကျန့်တို့၏ တပ်များ

ဝန်းရံထားသည်ကို မြင်ရ၏။ တဗိန်းဗိန်းမြည်နေသော စည်သံများ၊ တံခွန်များကို အားပါးတရ ဝှေ့ယမ်းကာ ဟစ်ကြွေးနေသော စိန်ခေါ်သံများကို ကြားရ၏။ ဝန်ကြီးလူက တပ်မှူးများအားလုံးကို မြို့ရိုး ပေါ်တက်ခိုင်းလိုက်၏။ ဌာနချုပ်တွင် သူတယောက်တည်း ကျန်ခဲ့ပြီး အမျိုးမျိုး အဖုံဖုံ စဉ်းစားအကြံထုတ်၏။ သို့သော် မရ။ တလမ်းသာ ကျန်တော့သဖြင့် သူ့လူယုံတော်များကို ခေါ်လိုက်၏။ သူတို့၏ ဆန္ဒမှာလည်း ထွက်ပြေးရန်ပင် ဖြစ်နေ၏။ ထိုအကြောင်းကို ဤမျှဖြင့် ထားခဲ့ဦးမည်။

ကျင်ကျီးက အိမ်ကိုပြန်သွားပြီး သူ့ဇနီး ကျောက်စိမ်းသစ်ခွနှင့် တိုင်ပင်၏။

"စုန်ကျန့်တို့ကတော့ မြို့ကို ဝိုင်းထားပြီး သုံးဖက်သုံးတန်ကနေ ဖိနှိပ်နေပြီ။ ချန်ကျို့မှာ ဆန်လည်း ပြတ်နေပြီ။ ကြာကြာခံနိုင်မှာ မဟုတ်တော့ဘူး။ မြို့ပေါက်သွားရင်တော့ ငါတို့တွေ တစ္ဆေတွေ ဖြစ်ကုန်တော့မှာပဲ"

"ရှင်က ဧကရာဇ်မင်းကြီးကို သစ္စာရှိတယ်။ အညံ့လည်း ခံချင်နေတယ်။ ရှင်ဧကရာဇ် မင်းကြီးရဲ့ အမှုထမ်း ဖြစ်ခဲ့တုန်းကလည်း ရွှေနန်းတော်ကြီးက ကောင်းကောင်း ကြည့်ရှု ခဲ့တာပဲ။ မတရားတဲ့ ဘက်ကို စွန့်ပြီး တရားတဲ့ဘက်ကို ဝင်ချင်တယ်ဆိုရင် ဝန်ကြီးလူကို ဖမ်းပြီး စုန်ကျန့်လက်ကို အပ်လိုက်ပါလား။ ဒါဆို ရှင့်ကို လက်ခံမှာ ကျိန်းသေတယ်"

"လူ့လက်အောက်မှာက တပ်မှူးလေးယောက်၊ တပ်တွေကိုယ်စီနဲ့။ ဟိုကောင် ရှူတိန့် ဆို ငါနဲ့ လုံးဝ အစေးမကပ်ဘူး။ လူကလည်း သူ့ကိုမှ စိတ်အချဆုံးလေ။ ချည်တမျှင်တည်းနဲ့ ရက်ကန်းရက်လို့ မရဘူး၊ လက်ဖဝါးတဖက်တည်းနဲ့ လက်ခုပ်တီးလို့ မရဘူးလေ။ အဲဒါ တော့ လုပ်လို့ ဖြစ်မှာ မဟုတ်ဘူး။ ငါပဲ ဒုက္ခရောက်မှာ"

"ဒါဖြင့် ခုညပဲ ရှင်က စာတစောင် ရေးလိုက်ပေါ့။ အဲဒါကို မြားမှာချည်ပြီး ပစ်လိုက်။ ရှင့်အကြံကို စုန်ကျန့် သိပေ့စေ။ အတွင်းနဲ့ အပြင် ညှပ်ပြီး ကြံလိုက်ရင် ချန်ကျို့ ကျမှာပဲ။ မနက်ဖြန်ကျရင် ထွက်တိုက်ပြီး မနိုင်တော့သလိုလိုနဲ့ မြို့ထဲ ပြန်ပြေးဝင်ခဲ့။ စုန်တပ်တွေ နောက်က လိုက်ပြီး မြို့ထဲ ဝင်လာပေ့စေ။ အဲဒါဆို နေရာကျပြီ"

"တယ်တော်တဲ့ ငါ့မိန်းမပဲ။ ဟုတ်ပြီ။ မင်း ပြောသလို လုပ်မယ်"

နောက်တနေ့တွင် စုန်ကျန့်သည် မြို့ကိုတက်၍ တိုက်၏။ ဝန်ကြီးလူက တပ်မှူးများကို ခေါ်ကာ တိုင်ပင်၏။ ကျင်ကျီးက-

"ချန်ကျို့ကို မြေမြင့်ပေါ်မှာ တည်ထားတာ ဆိုတော့ ခုခံဖို့က လွယ်တော့

လွယ်တယ်။ ထွက်တိုက်ဖို့ ကျတော့ ခက်တယ်။ စူကျို့က စစ်ကူရောက်တဲ့အထိ တောင့်ထားပြီး အဲဒီ ကျတော့မှ ပေါင်းပြီး တိုက်ကြတာပေါ့”

ဝန်ကြီးလူက သဘောတူ၏။ “ကောင်းတယ်” ဟု ချီးမွမ်းကာ ယင်းမင်းနှင့် ကျောက်ယီကို အရှေ့တံခါး၊ ရှင်ပျန်းနှင့် ဖန်ကျို့ကို မြောက်တံခါး၊ ကျင်ကျီးကို အနောက်တံခါး၊ ရှုတိန့်ကို တောင်တံခါး အသီးသီး တာဝန်ပေးကာ ထိန်းထားစေ၏။

ကျင်ကျီးသည် ထိုညနေတွင် စာတစောင်ရေးကာ မြားတစင်းတွင် လိပ်၍ ချည်ထား လိုက်၏။ ည လူခြေတိတ်ချိန်တွင် အနောက်တံခါးအပြင်ရှိ ရန်သူ့ကာကင်းထံသို့ ချိန်ကာ ထိုမြားကို ပစ်လိုက်၏။ ကင်းမှူးက ထိုစာကို ရှင်ညာဏနှင့် ဝုဆုန်တို့ထံသို့ ချက်ချင်းပင် သွားပေးလေ၏။ သူတို့က တဖန် အနောက်မြောက်အရပ်ရှိ ဌာနချုပ်သို့ ထူရှင့်ကို ပို့စေ၏။ စုန်ကျန့်က စာကို ဖတ်ပြီးသောအခါ အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ စာပါ အကြောင်းအရာတို့ကို စခန်းသုံးခုစလုံးသို့ အကြောင်းကြားလိုက်၏။

နောက်တနေ့တွင် သုံးဖက်သုံးတန်မှ တိုက်စစ်ဆင်၏။ အမိန့်ပေးမျှော်စင်ပေါ်ရှိ စစ် ဝန်ကြီးလူသည် စုန်ကျန့်စခန်းဘက်မှ မြေပြင်ကို တုန်ဟည်းသွားစေသော ပေါက်ကွဲသံ တချက်ကို ကြားလိုက်ရ၏။ အမြောက်ဆန်တလုံး ပျံသန်းလာပြီး မျှော်စင်ထောင့်ချိုးတခု ကို လာ၍ ထိမှန်လေရာ မျှော်စင်တခြမ်း ပြိုကျသွားလေ၏။ သေမတတ် ကြောက်လန့်ကာ စစ်ဝန်ကြီးလူလည်း မြို့ရိုးပေါ်မှ ဆင်းပြေးလေ၏။ တံခါးများရှိ စစ်ဗိုလ်ချုပ်များကို အပြင် ထွက်ကာ ရန်သူကို တွန်းလှန်ခိုင်းလေ၏။

စစ်စည် သုံးချက် ဆင့်၍ တီးကာ မြို့တံခါးများကို ဖွင့်ပြီး ဆွဲတံတားများကို ချ၏။ မြောက်တံခါးမှ ရှင်ပျန်းနှင့် ဖန်ကျို့တို့က ထွက်လာရာ ကွမ်ရှိန်းက မြို့ဝန်ချန်း၏ လည်ဆံမွေး ကောက်ကောက်နှင့် မြင်းကြီးကို စီးကာ ထွက်၍ ရင်ဆိုင်၏။

ဖန်ကျို့နှင့် သူ တိုက်တော့မည့် ဆဲဆဲတွင် ကျင်ကျီးနှင့် တပ်တို့ ထွက်လာကာ ရန်သူကို စိန်ခေါ်လေ၏။ ဆွန်လီက ထွက်လာကာ ကျင်ကျီးနှင့် ရင်ဆိုင်၏။ သုံးချီမျှပင် မတိုက် လိုက်ဘဲ ကျင်ကျီးက ရှုံးဟန်ဆောင်ကာ မြင်းကို လှည့်ပြီး ဒုန်းစိုင်းပြေးလေ၏။ ဆွန်လီ လည်း လိုက်၏။ သူ့နောက်မှ ကျန်တပ်မှူးကိုးဦးလည်း ကပ်၍ ပါလာလေ၏။ ကျင်ကျီးက မြို့ထဲသို့ ဝင်ပြေး၏။ တပ်မှူးများလည်း သူ့နောက်မှ အတင်းဝင်လိုက်လာကာ အနောက် တံခါးကို သိမ်းလိုက်ကြ၏။

စုန်ကျန့်တို့တပ် အနောက်တံခါးမှ တဟုန်ထိုး ဝင်လာပြီ ဟူသော သတင်းကြောင့် ချန်ကျို့တမြို့လုံး ကသောင်းကနင်း ဖြစ်သွားလေ၏။ ဖန်းလာသည်

လူထုကို ရက်ရက် စက်စက် ဖိနှိပ်ခဲ့သဖြင့် လူထုက သူ့ကို မုန်းလိုက်ကြသည်မှာ ဆိုဖွယ်ရာပင် မရှိ။ ထို့ကြောင့် တမြို့လုံး အုန်းအုန်းကျွက်ကျွက်ထွက်၍ စုန်ကျန့်တို့ကို ကြိုဆို ကူညီကြ၏။ စုန်ကျန့်တပ်၏ တံခွန်များမှာ မြို့ရိုးများပေါ်တွင် လွင့်နေလေပြီ။

အခြေအနေ ပြောင်းသွားပြီကို သိကြသည့် ဖန်ကျို့နှင့် ရှင်ပျန်းတို့လည်း မိသားစုကို ကာကွယ်ရန် ချန်ကျို့သို့ ပြန်ပြေးကြ၏။ သို့သော် ဗိုလ်ကျားပုနှင့် သံမဏိတာတို့က ဘယ် ဘက်မှနေ၍ ဖန်ကျို့ကို ဖမ်းဆွဲထားလိုက်၏။ ရွှန်ဇန်နှင့် ဟောင်စီဝင်က ညာဘက်မှနေ၍ ရှင်ပျန်းကို မြင်းပေါ်မှ ထိုးချလိုက်ကြ၏။ စုန်စစ်သည်များက ဝိုင်းဖမ်းထားလိုက်ကြ၏။

ယခုအခါ စုန်ကျန့်တို့ တတပ်လုံး ချန်ကျို့မြို့ထဲသို့ ဝင်လာပြီး တောင်ပိုင်းတပ်သား များကို ရှာဖွေကာ သတ်ဖြတ်ကြ၏။ စစ်ဝန်ကြီးလူနှင့် ရှုတိန့်တို့လည်း တောင်ဘက်တံခါး မှ ဒရောသောပါး ထွက်ပြေးကြ၏။ နောက်မှ လိုက်ဖမ်းသော်လည်း မမီသဖြင့် စုန်တပ်များ လည်း ပြန်ခဲ့ကြ၏။

အိမ်တဆောင်ထဲတွင် ဝင်ပုန်းနေသော ကျောက်ယီကို ထိုအိမ်ရှင်ကပင် ဖမ်းကာ စုန်ကျန့်တို့ထံ အပ်၏။ ယင်းမင်းလည်း တိုက်ပွဲတွင်း၌ အသတ်ခံရ၏။ သူ့ခေါင်းကို သက်သေ အဖြစ် လာအပ်ကြ၏။

စုန်ကျန့်သည် ချန်ကျို့ မြို့တွင်းသို့ ရောက်သည်နှင့် လူထုကိုအာမခံသော အမိန့်များကို ကပ်စေ၏။ လူထုသည်လည်း နို့သောက်အရွယ်ကို ချီကာ တုတ်ထောက်အရွယ်ကို တွဲကာ ပြည်နယ်ရုံးသို့ စုရုံးလာကြကာ ကျေးဇူးစကား ဆိုကြ၏။ သူတို့ကို ဥပဒေကို လိုက်နာသော နိုင်ငံသားကောင်းများအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်း ပြောကာ စုန်ကျန့်က အားပေး နှစ်သိမ့်၏။ တပ်မှူးများလည်း ရောက်လာကြပြီး ဆုခံကြလေ၏။

ကျင်ကျီးက လာနှုတ်ဆက်သောအခါ စုန်ကျန့်က လှေကားထစ်မှ ဆင်းလာပြီး ကြိုဆို ၏။ ကျင်ကျီးက လှေကားရင်းတွင် ဒူးထောက်ကာ ကျေးဇူးစကားကို ဆို၏။ စုန်မင်းဆက်၏ သစ္စာတော်ခံ အမှုထမ်းဘဝသို့ သူ ပြန်ရောက်ရခြင်းမှာ သူ့ဇနီး၏ အစွမ်းကြောင့်ဖြစ်သည် ဟု တင်ပြ၏။

ဖန်ကျို့၊ ရှင်ပျန်း၊ ကျောက်ယီတို့ကို လှောင်အိမ်တင် လှည်းတွင် ချုပ်နှောင်စေကာ ဘုရင်ခံချန်း ရှိရာ ရွှန်ကျို့သို့ ကျင်ကျီးအား ပို့စေ၏။ အစီရင်ခံစာတစောင်ကိုလည်း ကျင်ကျီးနှင့် အပ်လိုက်၏။ ထို့ပြင် ကျင်ကျီးအား စုန်တပ်တော်တွင် လက်ခံရန် ထောက်ခံ သော စာတစောင်ကို ရေးကာ နတ်ခြေမြန်ထိုက်ချုံဖြင့် တင်ကြို ပို့ထားလိုက်၏။ စုန်ကျန့် က ကျင်ကျီး၏ သစ္စာရှိပုံကို အထူးချီးမွမ်းထားသဖြင့် ရောက်လာသောအခါ ကျင်ကျီးကို

ဘုရင်ခံချုန်းက လက်ခံတွေ့ဆုံလေ၏။ ဘုရင်ခံလည်း များစွာအထင်ကြီးသွား၏။ ကျင်ကျီး ကို ရွှေ၊ ငွေ၊ ပိုးထည်များ၊ မြင်းကောင်းတစီး စသည်တို့ကို လက်ဆောင်ပေး၏။

လက်ထောက်ခရိုင်တပ်မှူး လျူကွမ်းရီက ကျင်ကျီးကို စစ်ဆင်ရေးတပ်မှူးအဖြစ် ခန့်အပ်၏။ နောင်တွင် ရွှေတာတာရ်အရေး ပေါ်ပေါက်လာသောအခါ ကျင်ကျီးက သူ၏ တိုက်ပွဲစွမ်းရည်ကို အကြိမ်ကြိမ် ပြသနိုင်ခဲ့၏။ တဖြည်းဖြည်းနှင့် တပ်မှူးကြီး ဖြစ်လာပြီး ကျန်းရှန်တိုက်ပွဲတွင် ကျဆုံးသွား၏။

သို့သော် ထိုစဉ်က ရွှန်ကျို့တွင်မူ ကျင်ကျီးကို ဆုချီးမြှင့်ပြီး၊ ဘုရင်ခံချုန်းတို့က တောင်ပိုင်းတပ်မှူး သုံးဦးကို ကွပ်မျက်စေ၏။ ကိုယ်ကို နုပ်နုပ်စဉ်းကာ ဖျောက်ဖျက် လိုက်ပြီး ခေါင်းများကိုမူ လူမြင်ကွင်းတွင် ပြသထားလေ၏။ စုန်ကျန့်တို့တပ်သို့လည်း ဆုလာဘ်များကို ဖောဖောသီသီ ပေးပို့လိုက်၏။

ချန်ကျို့တွင် သူ့တပ် အခြေကျသောအခါ လူကွမ်းယီတို့ စစ်ကြောင်း၏ အခြေအနေ ကို သိလိုသဖြင့် နတ်ခြေမြန်ကို လွှတ်လိုက်၏။ ထိုစဉ် မြင်းစေကျော်တဦး သတင်းလာပို့၏။ "ဝန်ကြီးလူ ဝူရှီတွင် ရောက်နေပြီး စူကျို့မှ စစ်ကူများနှင့် ပူးပေါင်းကာ ဤဘက်သို့ ချီတက်လာနေပြီ"

စုန်ကျန့်က တပ်မှူး ဆယ်ယောက်နှင့် အင်အားတသောင်းကို ရန်သူနှင့် ရင်ဆိုင်ရန် စေလွှတ်၏။ ကွမ်ရှိန်းအပါအဝင် တပ်မှူးများလည်း စုန်ကျန့်ကို နှုတ်ဆက်ကာ စစ်ထွက် သွားလေ၏။

ထိုက်ချုံသည် ကျဲ့ကျင်းနှင့်အတူ ပြန်ရောက်လာကာ သတင်းပို့၏။

"မိုလ်ချုပ်လူက ရွှန်ကျို့ကို သိမ်းလိုက်ပါပြီ။ နောင်ကြီးကျဲ့ကျင်းကို လွှတ်ပြီး သတင်း ပို့ခိုင်းလိုက်ပါတယ်"

စုန်ကျန့်လည်း စိတ်ချမ်းသာသွား၏။ အတွင်းဆောင်သို့ ကျဲ့ကျင်းကိုခေါ်ကာ စိမ်ရည် ဖြင့် ဧည့်ခံ၏။ ကျဲ့ကျင်းတွင် အသေးစိတ် အစီရင်ခံစာတစောင် ပါလာရာ အောက်ပါ အတိုင်း ရေးသားထား၏။

> **ဖန်းလာ၏ ရွှမ်ကျိုမြို့စောင့်တပ်မှူး ကျားယူချင်းထံတွင် တပ်မှူးခြောက်ဦး ရှိရာ အားလုံးမှာ ရှေ့ကျိုနှင့် စူကျိုမြို့သားများ ဖြစ်ကြ၏။ ကျားယူချင်းက ယင်းတို့ ဦးစီးသော စစ်ကြောင်းသုံးကြောင်းဖြင့် မြောက်ဘက်သို့ စေလွှတ်ခဲ့ရာ ကျွန်ုပ်တို့ တပ်မှူးများက ယင်းတို့အနက် လေးဦးကို စီးချင်းတိုက်ကာ**

ချေမှုန်းနိုင်ခဲ့၏။ ထို့ကြောင့် စစ်ကြောင်းများ ရွှမ်ကျိုမြို့တွင်းသို့ ပြန်ဆုတ်ခဲ့ရ၏။ ဗိုလ်ချုပ်လူကွမ်းယီက တပ်အားလုံးဖြင့် တိုက်စစ် ဆင်ခဲ့၏။ ကျွန်ုပ်တို့တပ်များ မြို့ရိုးအနီးသို့ ရောက်သောအခါ မြို့ရိုးပေါ်မှ ပစ်ချသော ကျောက်သားမုန့်ကြိတ်ဆုံ ထိမှန်သဖြင့် ကျွန်ုပ်တို့၏ တပ်မှူးတဦး ကျဆုံးရ၏။ ရန်သူက မြားမိုးရွာချပြန်၏။ အားလုံးမှာ အဆိပ်လူးမြားများ ဖြစ်ကြ၏။ ကျွန်ုပ်တို့ တပ်မှူးနှစ်ဦးကို မြားမှန်၏။ စခန်းသို့ သယ်ယူနေစဉ် နှစ်ဦးစလုံး သေဆုံးခဲ့၏။

ဗိုလ်ချုပ်လူကွမ်းယီက ဒေါသထွက်ထွက်ဖြင့် တညလုံး တွန်းထိုးကာ တိုက်ခိုက်၏။ အရှေ့ တံခါးမှာ အစောင့်အကြပ် မထူထပ်လှသဖြင့် ရွှမ်ကျိုကို သိမ်းပိုက်နိုင်လိုက်၏။ တပ်မှူး နောက်တယောက်ကို တိုက်ပွဲအတွင်း သတ်လိုက်နိုင်၏။ မြို့စောင့်တပ်မှူး ကျားယူချင်းလည်း လက်ကျန်တပ်များကို စုရုံးကာ ဟူကျိုသို့ ထွက်ပြေးသွားခဲ့၏။ နောက်ဆုံး ကျန်သော တပ်မှူးချင်းရှင်းစူမှာ မည်သည့်အရပ်သို့ ထွက်ပြေးသွားကြောင်း မသိရပေ။ ကျောက်ကြိတ်ဆုံကြောင့် ကျဆုံးသူမှာ ဗိုလ်ရုပ်ချောချန်တန်ရှု ဖြစ်၏။ အဆိပ်လူးမြားဒဏ်ကြောင့် ကျဆုံးရသူများမှာ ဝက်လှီးကောက်စိန်နှင့် လျှပ်စီးဝမ်တိန်နှလျှုတို့ ဖြစ်ကြ၏။

နောက်ထပ် ညီနောင် သုံးယောက် ဆုံးရှုံးပြန်ပြီဟု သိရသော စုန်ကျန့်ခမျာမှာ အရူး အမူး ငိုယိုကာ သတိလစ်ပြီး လဲကျသွားလေ၏။ သူ့အသားအရေမှာ ဝါနေကာ၊ နှုတ်ခမ်း များမှာ မရန်းရောင်ပေါက်နေပြီး လက်သည်းများမှာ ပြာနှမ်းနေလေ၏။ မျက်စိများမှာ လည်း မွဲခြောက်နေ၏။ သူ၏ ကိုယ်အင်္ဂါင်းခု၏ အခြေအနေကို မသိရသေးသော်လည်း ခြေလက်လေးဖက်တို့မှာ သွေးမလျှောက်တော့ပြီ။

မှန်ပေ၏။ ပန်းများ ပွင့်လာရခြင်းသည် လေ၏ ဆွတ်ချူခြင်းကို ခံရရန်သာ ဖြစ်ပေ၏။ လရောင်သည် တိမ်မည်းညိုတို့ အုံ့ဆိုင်းလာသည်ကို အန်တုနိုင်ပါ၏လော။ စုန်ကျန့် သတိ ပြန်လည်လာပါ့မလား။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၃

တိုက်ဟူအင်းတွင် ရေနဂါးက သွေးသောက်ညီနောင် ဖွဲ့ခြင်း

စူကျို့တွင် စုန်ကျန့်က အစည်းအဝေးကြီး ကျင်းပခြင်း

ခေါင်းဆောင်များက အတန်ကြာအောင် ဝိုင်းပြုစုပေးမှ စုန်ကျန့်လည်း သတိပြန်လည်လာ လေ၏။ နောက်ဆုံးတွင် စကားပြန်ပြောနိုင်လာ၏။ သူက ဝုရုံသို့ ပြော၏။

"ကျုပ်တို့ကတော့ ဖန်းလာကို ဖမ်းမိနိုင်မှာ မဟုတ်ဘူး။ မြစ်ကိုကူးလာပြီး ကတည်းက ကံမကောင်းတာ၊ ညီနောင် ရှစ်ယောက် ရှိပြီ၊ တယောက်ပြီး တယောက် ဆုံးရှုံးရတာ"

"နောင်ကြီး ဒီလို ပြောနေတာသာ ကြားရင် စစ်သည်တွေ စိတ်အားငယ်ကုန်တော့မှာ ပဲ။ လျောင်တွေကို နှိမ်နင်းပြီး အသက်နဲ့ ကိုယ် အိုးစား မကွဲဘဲ ပြန်ရောက်လာရတာလည်း မိုးကောင်းကင်ရဲ့ အလိုပဲဗျ။ တချို့ ညီနောင်တွေရဲ့ သက်တမ်းက စေ့နေပြီလေ။ ဒီတော့ သူတို့ကို ဆုံးရှုံးရတာပေါ့ဗျ။ ဒါပေမဲ့ ကျုပ်တို့ ရွန်ကျို့၊ ချန်ကျို့၊ ရွှမ်ကျို့ ဒီပြည်နယ်သုံးခုကို သိမ်းနိုင်ခဲ့တာကလည်း မင်းကြီးရဲ့ ဘုန်းတန်ခိုးနဲ့ နောင်ကြီးရဲ့ စွမ်းရည်ကြောင့်ပါပဲ။ ဒါ ဘာများ ကံမကောင်းရမှာလဲ။ ဘာမှ အားငယ်စရာ အကြောင်းမရှိပါဘူး"

"မှန်ပါတယ် နောင်ကြီး၊ ကျုပ်က ကျုပ်တို့ တရာ့ရှစ်ယောက်က ကြယ်နတ်မင်းတွေ ဖြစ်ခဲ့တယ်။ ကျုပ်တို့နာမည်တွေက ကျောက်ပြားပေါ်မှာ ပါတယ် ဆိုတာကို သိပ်ပြီး အားထားလွန်းနေသလားပဲ။ ကျုပ်တို့က လူတယောက်ရဲ့ လက်တွေ ခြေတွေလို ရင်းနှီးကြ တယ်။ ဒီတော့ ဒီနေ့ရတဲ့ သတင်းက ဒီလောက် ဆိုးရွားနေတော့ စိတ်မဆင်းရဲဘဲ မနေ နိုင်တော့ဘူး"

"စိတ်ဆင်းရဲခံမနေပါနဲ့။ နောင်ကြီး ကျန်းမာရေးကို ဂရုစိုက်ပါ။ တပ်တွေ အခင်း ကျင်းနဲ့ ဝူရှီကို တိုက်ဖို့ပဲ အာရုံစိုက်ပါ နောင်ကြီး"

"သခင်လေးကျဲ့ကျင်းကို ကျုပ် ခေါ်ထားချင်တယ်။ လူကွမ်းယီကို ဟူကျို့ကို တိုက်ပြီး ကျုပ်နဲ့ ဟန်ကျို့မှာ အမြန်ဆုံး လာတွေ့ဖို့ ထိုက်ချုံကို အကြောင်းကြားခိုင်းလိုက်ပါ"

ဝုရုံနှင့် ဖေ့ရွှန်းက စာကိုရေးပြီး ထိုက်ချုံနှင့် ပို့ခိုင်းလိုက်၏။ ထိုအကြောင်းကို

ဤမျှဖြင့် တော်ဦးမည်။

ထိုအချိန်တွင်ပင် ဝန်ကြီးလူနှင့် ရှုတိန့်တို့သည် ဝူရှီသို့ ပြေးလာရာ စူကျို့မှ တတိယ မင်းသားကြီးက စေလွှတ်လိုက်သော စစ်ကူတပ်နှင့် တွေ့ဆုံ၏။ တပ်နှစ်တပ် ပေါင်းကာ ဝူရှီကို ကာကွယ်ရန် ပြင်ဆင်ကြ၏။ ကျင်ကျီးသည် ဧကရာဇ်မင်းကြီးအား ချန်ကျို့ကို လက်ဆောင်အဖြစ် ဆက်လိုက်ကြောင်း ပြောပြ၏။

"မပူပါနဲ့ ဝန်ကြီး၊ ကျုပ်တို့ ပြန်ယူပေးမယ်" ဟု စစ်ကူတပ်၏ တပ်မှူး ဗိုလ်ချုပ် ဝေချုန်းက အားပေး၏။ ထိုစဉ် မြင်းစီးကင်းထောက်တယောက်က လာ၍ သတင်းပို့၏။

"စုန်ကျန့်တို့ ဒီကို ရောက်ပါတော့မယ်။ အသင့်ပြင်ထားမှ တော်မယ်"

ဝေချုန်းလည်း မြင်းစီးကာ သူ့တပ်ကို ဦးဆောင်ပြီး ရန်သူကို ရင်ဆိုင်မည်ဟု မြောက် ဘက်တံခါးမှ ထွက်၏။ သို့သော် စုန်ကျန့်၏တပ် မည်သို့ မည်ပုံရှိသည်၊ လီကွေ့က ပေါက်ရှူ၊ ရှံချုံး၊ လီကွန်းတို့ကို ခေါင်းဆောင်ပြီး သူ့ထံသို့ တိုက်ရိုက်တက်လာသည်ကို တွေ့မြင်ရ သောအခါ သူ့တပ်သည် ရန်သူကို မခံရပ်နိုင်ကြောင်း သိရလေ၏။ ထိုစဉ်တွင်ပင် သူ့တပ် များသည် နောက်ကို လှည့်ကာ ကစဉ့်ကလျား ပြေးကြလေတော့၏။ သူလည်း မြို့ထဲသို့ ဆုတ်ခွာလေရာ တပ်မှူးလေးယောက်လည်း သူ့နောက်မှ တန်းလန်းတန်းလန်းနှင့် ပါလာ ကြလေ၏။ ဝန်ကြီးလူမှာ တောင်ဘက်တံခါးဖြင့် ထွက်ပြေးသွားနှင့်လေပြီ။ ကွမ်ရှိန်းနှင့် သူ့တပ်များလည်း မီးလောင်နေသော ဝူရှီမြို့ကို သိမ်းပိုက်လိုက်လေ၏။ ဝေချုန်း၊ ရှုတိန့် တို့လည်း တောင်တံခါးဖြင့်ပင် ထွက်ပြေးကာ စူကျို့သို့ သွားကြ၏။

စစ်ပွဲအောင်မြင်ကြောင်း ကွမ်ရှိန်းက အစီရင်ခံလိုက်ရာ စုန်ကျန့်နှင့် အခြားတပ်မှူး များ ရောက်လာလေ၏။ ထုံးစံအတိုင်း မြို့လူထုကို ငြိမ်းချမ်းရေးအတွက် အာမခံကာ မြို့တွင် စခန်းချ၏။ စစ်ဘုရင်ခံ ချန်းတို့ထံသို့လည်း ချန်ကျို့မြို့ကို ထိန်းထားရန် တင်ပြလိုက်၏။ ဝန်ကြီးလူတို့လည်း တပ်ပျက်ကို စုစည်းပြီး စူကျို့သို့ ပြေးကာ တတိယမင်းသားကြီး ထံမှ အကူအညီတောင်းကြ၏။ စုန်ကျန့်တို့ တပ်က အဆမတန် အင်အားကြီးမားလှသဖြင့် ဝူရှီကို မထိန်းနိုင်ကြောင်း တင်ပြရာ မင်းသားကြီးဖန်းမောင်က ဒေါသထွက်ပြီး စစ်ဝန်ကြီးကို ချက်ချင်း ကွပ်မျက်ရန် အမိန့်ချမှတ်လေ၏။ ထိုအခါ ဝေချုန်းက ဝင်၍ လျှောက်လဲပေး၏။ "စုန်ကျန့်ရဲ့တပ်မှူးတွေက အတွေ့အကြုံရှိတဲ့ စစ်သည်တွေပါ။ သတ္တိလည်း သိပ်ကို ကောင်းပါတယ်။ စစ်သားတွေကလည်း အားလုံးလျှံရှန်းကျူအင်းက ဓားပြတွေပါ။ သူတို့က အတွေ့အကြုံအများကြီးရှိတော့ သူတို့ကို နိုင်ဖို့ မလွယ်ဘူး"

“အေး လောလောဆယ်တော့ မင်းလည်ပင်းက ဓားကို ခဏ ထိန်းထားလိုက်ဦးမယ်။ မင်းကို အင်အားငါးထောင် ထပ်ဖြည့်ပေးမယ်။ ပထမအရင် ကင်းထောက်ထွက်။ ငါ ဗိုလ်ချုပ်တွေ ထပ်ပေးလိုက်မယ်။ ပြီးမှ အစီအမံချမယ်”

စစ်ဝန်ကြီးလူက ကန်တော့ကာ ကျေးဇူးစကားကို ဆို၏။ ထို့နောက် သုံးလံရှည်သည့် လှံရှည်ကြီးကို ကိုင်ဆောင်ကာ၊ စစ်သည်များကို ဦးဆောင်ကာ မြို့ထဲသို့ ထွက်သွား၏။

ဖန်းမောင်က နောက်ထပ် ဗိုလ်ချုပ် ရှစ်ယောက်ကို ဆင့်ခေါ်၏။ ယင်း သူတို့မှာ အရပ်ထောင်ထောင်မောင်းမောင်း သန်သန်စွမ်းစွမ်း လက်နက်ကျွမ်းကျင်သူများ ဖြစ်ကြ၏။ တံစဉ်သွားနှင့် လှံများကို ကိုင်ဆောင်ကြ၏။ ယင်းတို့နှင့် နောက်လိုက် တပ်မှူးသုံးဆယ့် နှစ်ဦးတို့အပါအဝင် အင်အား ငါးသောင်းကို ဦးစီးကာ တိုက်ပွဲကို ကြည့်ရှုရန် ချန်းဟိုတံခါးမှ ထွက်ခဲ့၏။ ယင်းတို့အလျင် ထွက်ခဲ့သော ဝန်ကြီးလူ၊ ဝေချုန်း၊ ရှုတိန့်တို့မှာ ရေခဲတောင် တောရကျောင်းကို ကျော်ကာ ဂူရှီသို့ ချီတက်နေကြပြီ ဖြစ်၏။

ကင်းထောက်များ၏ သတင်းပို့ချက်အရ စုန်ကျန့်သည် ဂူရှီမှ ဆယ်လီအကွာသို့ ထွက်ကာ တပ်ချထား၏။ တပ်နှစ်တပ် ရင်ဆိုင်မိကြသောအခါ စစ်ဝန်ကြီးလူက သူ့လှံကြီး ကို ဝင့်ကာ စုန်ကျန့်ကို စိန်ခေါ်လေ၏။

စုန်ကျန့်မှာ ကြက်လျှာများ အုပ်မိုးနေသည့် အောက်တွင် ရပ်နေ၏။ သူက ခေါင်းကို ငဲ့ကာ “ဘယ်သူများ ဒီကောင်ကို ဖမ်းပေးမလဲ” ဟု မေးလိုက်ရာ စကားမဆုံးမီတွင်ပင် ရှုနင်က သူ့ရွှေလှံကို ကိုင်ကာ စစ်ဝန်ကြီးလူကို ဝင်တိုက်လေ၏။ နှစ်ဖက်တပ်များက ဝိုင်း၍ ဩဘာပေးနေစဉ်အတွင်း အချီနှစ်ဆယ်ကျော်မျှ သူတို့ တိုက်ခိုက်ကြ၏။ ထို့နောက် ဝန်ကြီး လူက ဆုတ်ပြေးမည်ဟု ဟန်ဆောင်လိုက်ရာ ရှုနင်က အတင်းဝင်ပြီး သူ၏နံရိုးများ ကြား ထဲသို့ လှံနှင့် ထိုးချလိုက်၏။ ဝန်ကြီးလည်း မြေကြီးပေါ်သို့ ကျပြီး သေရ၏။ နှစ်ဖက်တပ် များက အော်ဟစ် ကြွေးကြော်ကြ၏။ လီကွေ့၊ ပေါက်ရှူ၊ ရှံချုံး၊ လီကွန်းတို့က စစ်မြေပြင်ကို အတင်းဖြတ်ကာ တက်ကြ၏။ တောင်ပိုင်းသားများလည်း အရောရောအထွေးထွေး ဖြစ်ကုန်ကြ၏။

စုန်ကျန့်တို့တပ်က ဝင်တိုက်ရာ ဖန်းမောင်၏ ပင်မတပ်နှင့် ရင်ဆိုင်တိုးလေ၏။ နှစ်ဖက် မြားမိုး အပြန်အလှန်ရွာကာ တဖက်ကိုတဖက် ဟန့်တားကြပြီး တပ်ဖြန့် နေရာယူကြ၏။ ဖန်းမောင်သည်လည်း ဝန်ကြီးလူ အသတ်ခံရကြောင်း ကြားသိသောအခါ ဒေါသထွက်ပြီး တပ်ရှေ့သို့ တက်ကာ စုန်ကျန့်ကို လှမ်း၍ ရန်စ၏။

“မင်းတို့ လျှံရှန်းကျူအင်းက ဓားပြတွေကများ စုန်နန်းတော်က မင်းကို

ရှေ့ပြေး ဗိုလ်ချုပ်လို့ ခန့်ပြီး ငါတို့ ဂူနယ်မြေကို ကျူးကျော်ခိုင်းလိုက်တာကွ၊ မင်းတို့ အကုန်မသတ်ရ မချင်း ငါ့တပ်ကို မသိမ်းဘူး”

စုန်ကျန့်ကလည်း ပြန်ချေပ၏-

“မင်းတို့ကတော့ မူကျို့က တောသားတွေပဲ။ မင်းတို့ကများ မင်းကြီးကို နိုင်မယ် ထင် နေလား။ ဇက်မပြတ်ချင်ရင် လက်နက်ချကြ။ ငါတို့က ဧကရာဇ်မင်းကြီးရဲ့တပ်ကွ။ ငါတို့များ ပြန်အာခံနေသေးတယ်။ မင်းတို့ အကုန်မသတ်ရမချင်း မပြန်ဘူးကွ”

“စကားများမနေနဲ့၊ ငါ့မှာ ဗိုလ်ချုပ်ရှစ်ယောက်ရှိတယ်၊ သူတို့ကို တိုက်စရာလူ ရှိရဲ့လား”

စုန်ကျန့်က ရယ်လိုက်လျက်-

“တယောက်ချင်း မတိုက်ရဲရင် ရဲရင့်သူလို့ မခေါ်ဘူး။ ရှစ်ယောက်ကို ရှစ်ယောက် ချင်းပဲ တိုက်မယ်။ ဒါပေမဲ့ မြင်းပေါ်က ကျတဲ့လူကို မသတ်ရဘူး။ ကိုယ့်ဘက်ကိုပဲ ပြန်ခေါ်သွားရမယ်။ မြားနဲ့ ချောင်းပစ်တာ၊ အလောင်းလုတာလည်း မလုပ်ရဘူး။ အနိုင်အရှုံး ပြတ်ပြတ်သားသား မပေါ်ရင်လည်း ကျန်တဲ့သူတွေက ဝင်မတိုက်ရဘူး။ နောက်တနေ့မှာ ဆက်တိုက်ရမယ်”

ဖန်းမောင်က လက်ခံ၏။ သူ့အမိန့်အရ သူ့ဗိုလ်ချုပ်ရှစ်ယောက်လည်း လက်နက် ကိုယ် စီဖြင့် တက်လာကြ၏။ စုန်ကျန့်က “မြင်းတပ် တပ်မှူးရှစ်ယောက် ကွင်းထဲကို ဝင်လာကြ” ဟု အမိန့်ပေးလိုက်ရာ ဘယ်ဘက်မှ လေးယောက်၊ ညာဘက်မှ လေးယောက် တန်းစီကာ တက်လာကြ၏။ စစ်စည်များ တီးကာ၊ တံခွန်များကို ဝှေ့ယမ်းကာ နှစ်ဖက်တပ်များက အော်ဟစ်ကြ၏။ အချက်ပေးသည့် အမြောက်များကိုလည်း ပစ်ဖောက်၏။ မြင်းစီး ဆယ့်ခြောက်ယောက်သည် ရန်သူနှင့် မျက်နှာချင်းဆိုင်ကာ ရပ်နေကြ၏။

တယောက်ကျသွားသည်အထိ အချီသုံးဆယ်ကျော်မျှ တိုက်ခိုက်ကြလေ၏။ အောင် နိုင်သူကား မည်သူပါလဲ။ မုတ်ဆိတ် ချူတုံ ဖြစ်၏။ သူ့ပြိုင်ဘက်ကို လှံနှင့် ထိုးချလိုက်ခြင်း ဖြစ်၏။ နှစ်ဖက်တပ်များက စစ်ဆုတ်ခရာကို မှုတ်လိုက်ကြ၍ စီးချင်းတိုက်နေသူများလည်း ကိုယ့်တပ်ရှိရာသို့ ပြန်ခဲ့ကြ၏။

ဖန်းမောင်သည်လည်း မိမိ၏ ဗိုလ်ချုပ်တယောက် ကျသွားသဖြင့် စူကျို့မြို့ထဲသို့ တပ်ကို ပြန်ဆုတ်သွားလေ၏။ စုန်ကျန့်က ရေခဲတောင်တောရကျောင်း အနီးတွင် စခန်းချ ကာ သူ့မြင်းတပ်မှူးများကို ဆုချီးမြှင့်၏။ ဘုရင်ခံချုန်းထံသို့လည်း အစီရင်ခံစာတစောင်ကို ဖျော့ရှန်းအား

ရေးစေ၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

တတိယမင်းသားကြီးသည် မြို့ကို ထိန်းထားသော်လည်း ထွက်၍ကား မတိုက်ဝံ့ပေ။ ဗိုလ်ချုပ်များကို မြို့တံခါးများတွင် ကွပ်ကဲစေ၏။ မြို့ရှေ့တွင်လည်း သမင်ချိုအတားအဆီး များကို ထုဖြင့် ခင်းထား၏။ မြို့ရိုးပေါ်တွင်လည်း လေးသည်များ အမြောက်များဖြင့် တန်းစီ ထား၏။ သတ္တုရည်များ လောင်းချရန် ကြိုထားစေ၏။ မဖောက်ထုံး ထည့်ထားသော ပုလင်းများကိုလည်း ပုံထားစေ၏။ စူကျို့ကို ခေါင်းမာမာဖြင့် ကာကွယ်မည်ဖြစ်၏။

စုန်ကျန့်က ခေါင်းဆောင်လေးဦး၊ နောက်ပါ မြင်းသုံးဆယ်ခန့်ဖြင့် မြို့ကို အကဲကြည့် ထွက်၏။ မြို့မှာ ရေပတ်လည် ဝိုင်းနေပြီး မြို့ရိုးကလည်း တောင့်တင်းခိုင်မာ၏။

“ဒီနေရာကိုတော့ ခပ်မြန်မြန်နဲ့ သိမ်းလို့ရမှာ မဟုတ်ဘူး” ဟု စဉ်းစားမိ၏။ စခန်းသို့ ရောက်သောအခါ ဝုရုံနှင့် တိုင်ပင်၏။

ရေတပ်ဗိုလ် လီကျွမ်းကို ခေါ်လိုက်၏။ သူကား ကျန်းယင်မှ ရောက်လာသည်မှာ မကြာ သေးပေ။ ပင်လယ်ကမ်းရိုးတန်းတလျှောက်၏ အနေအထားကို စုန်ကျန့်က မေး၏။

“ကျန်းယင်နှင့် တိုက်စန်းကို သွားတိုက်တော့ သူတို့ကလည်း ရေတပ်နဲ့ ပြန်တိုက်ကြ တယ်။ နောင်ကြီးဖိုးရုံကြီးက သူတို့ တပ်မှူးတယောက်ကို လှံနဲ့ ထိုးသတ်လိုက်တယ်။ နောက်တယောက်ကတော့ ကျွန်တော်တို့ မြားချက်နဲ့ ကျတယ်။ ကျွန်တော်တို့ နှစ်မြို့စလုံး ကို ရလိုက်တယ်။ ဒီနောက်မှာတော့ နောင်ကြီးချန်ဟင်း၊ ချန်ရွှန်း၊ ရှီဇူတို့က ကျာတိန့်ကို သိမ်းလိုက်တယ်။ နောင်ကြီးဖိုးရုံတို့ ညီအစ်ကိုတသိုက်က တော့ ချန်းရှူကို သိမ်းလိုက်တယ်။ ကျွန်တော်က ဒါတွေကို သတင်းပို့ဖို့ လာခဲ့တာပါ”

စုန်ကျန့်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် လီကျွမ်းကို ဆုချ၏။ ဤ အောင်ပွဲသတင်းကို ဘုရင်ခံချန်းတို့ထံသို့ လီကျွမ်းကိုပင် သွားရောက်တင်ပြစေ၏။ ထိုသူတို့ကလည်း ဆုများ ထပ်ချီးမြှင့်ကာ စုန်ကျန့်ထံသို့ ပြန်လွှတ်လိုက်၏။

ရေဝိုင်းနေသည့် စူကျို့ကို တိုက်လိုလျှင် ရေကြောင်းမှ တိုက်စစ်ဆင်မှ ဖြစ်မည်ဟု စုန်ကျန့်က သဘောပေါက်သဖြင့် လီကျွမ်းကို ခေါ်ထားလိုက်၏။ တိုက်ခိုက်ရန် လှေများကို ပြင်ဆင်စေ၏။ လီကျွမ်းက-

“နောင်ကြီး၊ ကျွန်တော် သွားကြည့်ချင်ပါတယ်။ ဒါမှ ဂဃနဏ သိရမယ်”

“ကောင်းပြီ”

လီကျွမ်းသည် နှစ်ရက်အကြာတွင် ပြန်ရောက်လာ၏။

"မြို့တောင်ဘက်မှာ တိုက်ဟူအင်းကြီး ရှိပါတယ်။ ယီရှင်းချောင်းကနေ အင်းထဲကို ဝင်ကြည့်ဖို့ လှေတစီးလောက်တော့ လိုတယ်ဗျ။ အဲဒီကနေ ဝူကျင်းကို ကူးပြီး ဘာသတင်း လေးများ ရမလဲလို့ ထောက်လှမ်းမယ်။ အဲဒါမှ လေးဖက်လေးတန်က ဝိုင်းတိုက်ပြီး မြို့ထဲ ကို ဖောက်ဝင်ခိုင်းမယ်"

"အကြံကောင်းတယ်။ ကျုပ်လည်း ဒီလိုပဲ စဉ်းစားနေတာ။ ဒါပေမဲ့ နောင်ကြီးအတွက် အဖော်ကောင်းကောင်း ထည့်ပေးလိုက်ချင်တယ်"

ကမ်းရိုးတန်း မြို့များကို ထပ်တိုက်ရာတွင် ပါဝင်ရန် တပ်မှူးလေးဦးကို လီကျွမ်းနှင့် ပြန်လွှတ်လိုက်၏။ လီကျွမ်းနှင့် တုန်ဝေ့၊ တုန်မင်းတို့ ပြန်လာမည်ဖြစ်ပြီး သူတို့အစား ကျန် တပ်မှူးလေးယောက်တို့က တာဝန်ယူရမည်ဖြစ်၏။ နှစ်ရက်ကြာသောအခါ လီကျွမ်းတို့ ပြန်ရောက်လာလေ၏။ လီကျွမ်းတို့ကို စူကျို့တောင်ဘက်သို့ ထောက်လှမ်းရန် စေလွှတ် လိုက်၏။

ထိုသူတို့ သုံးယောက်သား လှေငယ်တစီးဖြင့် ထွက်ခဲ့ကြ၏။ ယီရှင်း ချောင်းလေး အတိုင်း လိုက်ခဲ့ရာ မြစ်မ်းရောင်ရေပြင်ကျယ်ကြီးထဲသို့ ရောက်လာ၏။ အင်းကို ဖြတ်ခဲ့ရာ ဝူကျင်းနှင့် နီးသောအခါ တံငါလှေ လေးဆယ် ငါးဆယ်ခန့်ကို လှမ်းမြင်ရ၏။

"ကျုပ်တို့က ငါးဝယ်မည့်ပုံမျိုး ဟန်ဆောင်ပြီး မေးကြမယ်"

ပထမဆုံး တွေ့သည့် လှေသို့ ကျော်သွားပြီး လီကျွမ်းက မေးလေ၏။

"ငါးကြင်းများ ရှိသလားဗျ"

"ငါးကြင်း လိုချင်ရင် လိုက်ခဲ့ကြလေ၊ ရောင်းပေးပါ့မယ်"

လီကျွမ်းလည်း တံငါလှေ နှစ်စီး သုံးစီးနှင့် လိုက်သွားလေ၏။ မကြာမတင်တွင် မိုးမခပင် ကိုင်းကိုင်းများအောက်တွင် အိမ်ခြေနှစ်ဆယ်ခန့် တည်ရှိနေသော ရွာကလေးကို မြင်ရ၏။ လှေကို ဆိုက်လိုက်ပြီး ကမ်းပေါ်ရှိ ခြံဝင်းတခုအတွင်းသို့ လီကျွမ်းတို့ကို ခေါ်သွား၏။

ဝင်းထဲကို ခြေချလိုက်သည်နှင့် ရှေ့ဆုံးမှ တံငါသည်က လေချွန်လိုက်၏။ လူကောင် ကြီးကြီး ခုနစ်ယောက် ရှစ်ယောက်တို့ ကြိုးကွင်းများနှင့် ပေါ်လာပြီး လီကျွမ်းတို့ကို စွပ်ကာ ဝင်းထဲသို့ ဆွဲခေါ်သွားလိုက်ကြ၏။ ဘာတခွန်းမှ မပြောဘဲ သူတို့သုံးယောက်ကို တိုင်ကြီး တချောင်းတွင် ကြိုးနှင့် တုပ်ထားလိုက်ကြ၏။

လီကျွမ်းက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ ရဲရင့်သူလေးယောက်

သက်ငယ်မိုး တဲလေးတခုတွင် ထိုင်နေကြသည်ကို မြင်ရ၏။ ပထမတယောက်မှာ မုတ်ဆိတ်နီနီ၊ ဆံပင်ညိုညိုနှင့် ဖြစ်ကာ အပြာရောင် ပိုးဂွမ်းထိုးအင်္ကျီကို ဝတ်ထား၏။ ဒုတိယတယောက် မှာ ပိန်ပိန်ရှည်ရှည် မုတ်ဆိတ်တိုတိုနှင့် အစိမ်းပုပ်ရောင် ချည်အင်္ကျီလည်ဝိုင်းကို ဝတ်ထား ၏။ နောက်တယောက်မှာ အသားမည်းမည်း မုတ်ဆိတ်ဖားဖားနှင့် ဖြစ်၏။ နောက်ဆုံး တယောက်မှာကား ပိန်ချောင်ချောင် မျက်နှာနှင့် ဂေါ်ပြားလို မုတ်ဆိတ်နှင့် ဖြစ်၏။ သူသည် လည်း အခြားတယောက်လိုပင် ဂွမ်းထိုးအင်္ကျီအပြာကို ဝတ်ထား၏။ အားလုံးပင် အနား ပတ်ကြီးကြီး ဦးထုပ်များ ဝတ်ထားကာ လက်နက်ကိုယ်စီဖြင့် ဖြစ်၏။ ခေါင်းဆောင်ဖြစ်သူက လှမ်း၍ ငေါက်၏။

"ဟေ့ကောင်တွေ ဘယ်က လာတာလဲ၊ ဒီအင်းထဲမှာ ဘာလာလုပ်တာလဲ"

"ကျွန်တော်တို့က ယန်ကျို့က ငါးဒိုင်တွေပါ။ ငါး လာဝယ်တာပါ"

မျက်နှာချောင်ချောင်နှင့် လူက ပြော၏။

"မေးမနေပါနဲ့ နောင်ကြီးရာ။ ဒီကောင်က သူလျှိုပါ။ သူ့နှလုံးကို ခွဲထုတ်ပြီး စိမ်ရည်နဲ့ ပေးမြည်းစမ်းပါ"

လီကျွမ်းလည်း မနေနိုင်တော့ဘဲ အသံထုတ်ကာ ညည်းမိ၏။

"ငါ့မှာလေ ရွှင့်ယန်မြစ်ထဲမှာလည်း ပစ္စည်းခိုးထုတ်ခဲ့တယ်။ နောက်တော့ လျှံရှန်းကျူ အင်းမှာ တောပုန်းလုပ်ခဲ့တယ်။ ငါ့ဘဝ ဒီမှာ လာဇာတ်သိမ်းမယ်တော့ ဘယ်ထင်မိမှာလဲ။ အင်းပေါ့၊ သေပြီဆိုတော့လည်း သေတာပဲပေါ့"

သက်ပြင်းရှိုက်ကာ တုန်ဝေ့တို့ကို လှမ်းကြည့်လိုက်ပြီး-

"မင်းတို့လည်း ငါပဲ ခေါ်လာတာ။ သေတော့လည်း သရဲအတူတူ ဖြစ်ကြတာပေါ့ကွာ"

"ဒီလိုမပြောပါနဲ့။ သေတာက အရေးမဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီမှာသေရတော့ နောင်ကြီးရဲ့ ဂုဏ်ကို ထိခိုက်မှာကိုပဲ အားနာတာပါ"

သူတို့သုံးယောက်သား အချင်းချင်း တွေပြီး ကြည့်နေကြ၏။ ရင်ကိုဖွင့်ကာ သေမင်းကို ရင်ဆိုင်ရန် ပြင်ထားကြ၏။

ရဲရင့်သူလေးဦးမှာ သူတို့ကို ကြည့်နေသည်ဖြစ်၍ ပြောသမျှကို ကြားရ၏။ အချင်းချင်း မေးဆတ်၍ ပြကြ၏။

"သူတို့ခေါင်းဆောင်ကတော့ လူညံ့ မဟုတ်မှာ သေချာတယ်" ဟု

ပြောမိကြ၏။ မုတ်ဆိတ်နီက-

"မင်းတို့က တကယ့် တကယ်မှာ ဘယ်သူတွေလဲ၊ နာမည် ဘယ်လိုခေါ်ကြလဲ"

လီကျွမ်းက ပြန်ပက်၏။

"သတ်မှာဖြင့် သတ်လိုက်ပါ။ သေတောင် ဘယ်သူလဲ ပြောမပြဘူး။ ငါတို့ညီနောင် တွေ ကြားမှာ အရှက်ကွဲမခံနိုင်ဘူး"

သူတို့သုံးယောက်သည်လည်း မိမိတို့ကဲ့သို့ပင် ရဲရင့်သူများ ဖြစ်ကြောင်း ယုံကြည်သွား သဖြင့် မုတ်ဆိတ်နီသည် ခုန်၍ထကာ သူတို့ကို ချည်ထားသော ကြိုးများကို ဖြတ်ကာ လွှတ် ပေးလေ၏။ သူတို့ထဲသို့ ခေါ်ကာ နေရာပေးကြ၏။ ခေါင်းဆောင်က သူတို့ကို ကန်တော့၏။ သူက-

"ကျုပ်တို့ တသက်လုံး ဓားပြလုပ်လာတာ။ ဒါပေမဲ့ ခင်ဗျားတို့လို ရဲရင့်တည်ကြည်တဲ့ သူတွေကို မတွေ့ဖူးပါဘူး။ ဘယ်ကလာတာပါလဲ ခင်ဗျာ။ နောင်ကြီးတို့ရဲ့ နာမည်တွေကို သိရရင် သိပ်ဝမ်းသာမှာပါပဲဗျ"

"နောင်ကြီးတို့ကလည်း ရဲရင့်သူတွေပဲ ဆိုတာ သိရပါပြီ။ ဒီတော့ ပြောပြပါ့မယ်။ ပြီးရင် နောင်ကြီးတို့ ခေါ်ချင်ရာသာ ခေါ်သွားကြပေတော့ ။ ကျုပ်တို့က လျှံရှန်းကျူအင်းက နောင် ကြီးစုန်ကျန့် လက်အောက်က တပ်မှူးတွေပါ။ ကျုပ်က လီကျွမ်းတဲ့၊ ရေနဂါးလို့လည်း ခေါ်ကြတယ်။ သူက တုန်ဝေ့၊ လိုဏ်ဂူနဂါးတဲ့။ သူက တုန်မင်း၊ မြစ်မွှေတုတ်တဲ့။ ညီအစ်ကို တွေလေ။ ကျုပ်တို့အဖွဲ့ကို နန်းတော်ကြီးက လွတ်ငြိမ်းခွင့် ပေးလိုက်ပြီဗျ။ လျောင်တာတာရ် တွေကို ဖြိုခွဲပြီး နေပြည်တော်မှာ ပြန်ရောက်နေတာ။ အခုတခါ ဖန်းလာကို ချေမှုန်းဖို့ လွှတ်လိုက်တာ။ နောင်ကြီးတို့က သူ့လူတွေဆိုလည်း ကျုပ်တို့ကို သွားအပ်ပြီး ဆုငွေ ထုတ်လိုက်ကြပေတော့။ ကျုပ်တို့ အေးအေးဆေးဆေး လိုက်ခဲ့ပါ့မယ်"

ရဲရင့်သူ လေးယောက်လည်း ချက်ချင်း ကုန်း၍ ကန်တော့ကြ၏။ ဒူးထောက်လျက်-

"ကျုပ်တို့က မျက်စိပါပေမယ့် တိုက်ရှန်းတောင်ကြီးကိုတောင် မမြင်ကြပါလား။ ကျုပ်တို့ ရိုင်းစိုင်းမိတာကို ခွင့်လွှတ်ပါ။ အစကတော့ ကျုပ်တို့က တောထဲမှာ ဓားပြလုပ် နေတာပါ။ နောက်တော့ ဒီ မိုးမခရွာလေးကို ရောက်လာပါတယ်။ ပတ်ပတ်လည်မှာတော့ ရေတွေ ဝိုင်းနေတော့ လှေမပါရင် ဘယ်သူမှ မလာနိုင်ဘူး။ ငါးဖမ်းတာကတော့ ရုပ်ပြပါ။ တကယ်တော့ ဒီအင်းထဲမှာ ရသမျှကို တိုက်ယူတာပါပဲ ။ အခုတော့ ကျုပ်တို့ကို ဘယ်သူမှ မထိရဲကြတော့ဘူး။

လျှံရှန်းကျူအင်းက စုန်ကျန့်ဆီမှာ မိုးအောက်မြေပြင်မှာ ရှိတဲ့ အရဲရင့် ဆုံးလူတွေ စုမိနေတယ်လို့ ကြားထားတာ ကြာပါပြီ။ သူက တကယ်ထင်ရှားတဲ့သူပါ။ ကျုပ်တို့က ဒီလိုင်းဖြူချန်ရွှန်းကိုလည်း ကြားဖူးပါတယ်။ နောင်ကြီးတို့ကို ခုလို တွေ့ရ မယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ”

“နောင်ကြီးချန်ရွှန်းက ကျုပ်တို့ဆီမှာ ရှိပါတယ်။ သူလည်း ရေတပ်တပ်မှူး တယောက် ပါပဲ။ ခုတော့ ကျန်းယင်တဝိုက်မှာ ခဲပြေတွေကို လိုက်နေတယ်။ သူနဲ့ မိတ်ဆက်ပေးပါ့ မယ်။ နောင်ကြီးတွေ နာမည်ကော သိပါရစေလား”

“ကျုပ်တို့က တောထဲမှာ လှုပ်ရှားနေတာ ဆိုတော့ နာမည်တွေက ဆန်းတယ်ဗျ။ မရယ်ကြနဲ့ဗျ။ ကျုပ်က မုတ်ဆိတ်နီဖွေ့ပေါင်ပါ။ သူက မွေးလိမ်ကျားနီယွန်ပါ။ သူကတော့ တိုက်ဟူစပါးအုံးပူချင်းပါ။ သူကတော့ ဝက်ဝံစုတ်ချွန်းထိချင်းပါ”

လီကျွမ်းလည်း အလွန် ကျေနပ်သွားလေ၏။

“ခုတော့ အားလုံး သက်ာတွေ ရှင်းသွားကြပြီပေါ့။ နောင်ကြီးစုန်ကျန့်က ဖန်းလာကို တိုက်တဲ့ စစ်ဆင်ရေးမှာ တပ်ဦးချီဗိုလ်ချုပ်ပါ။ စူကျို့ကို သိမ်းချင်ပေမယ့် အစီအမံ မချနိုင် သေးဘူး။ ဒါကြောင့် ကျုပ်တို့ သုံးယောက်ကို ထောက်လှမ်းဖို့ လွှတ်လိုက်တာပါ။ နောင်ကြီး စုန်ကျန့်ဆီကို လိုက်ခဲ့မယ်ဆိုရင် နောင်ကြီးတို့ကို အရာရှိတွေအဖြစ် ခန့်အပ်မှာပါ။ ကျုပ် အာမခံပါတယ်။ ဖန်းလာကို နှိမ်နင်းပြီးရင် မင်းကြီးက ရာထူးထပ်တိုးပေးမှာပါ”

“ကျုပ်တို့က ရာထူးမက်ရင် ဖန်းလာဆီမှာ တပ်မှူးတွေ ဖြစ်နေတာ ကြာပြီပေါ့ဗျာ။ ကျုပ်တို့က လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ ရာထူးမလိုချင်ဘူး။ နောင်ကြီးတို့က ကူညီစေချင်ရင်တော့ ကျုပ်တို့က မီးတော ရေတောကိုလည်း ဖြတ်ပြီး လာခဲ့မယ်။ ဒါပေမဲ့ အရာရှိလုပ်ဖို့ကိုတော့ ကျုပ်တို့က စိတ်မဝင်စားဘူး”

“ဒါဖြင့်ရင်လည်းဗျာ၊ ကျုပ်တို့ သွေးသောက်ညီနောင် ဖွဲ့ကြမလားဗျာ”

ထို ရဲရင့်သူလေးယောက်ကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူကြ၏။ ဝက် တကောင်နှင့် သိုးတကောင်ကို ပေါ်စေကာ စိမ်ရည်များကို သွန်ချကာ လီကျွမ်းကို အစ်ကိုကြီးအရာ၌ ထားကြလေ၏။ တုန်ဝေ့နှင့် တုန်မင်းတို့ကိုလည်း ထိုသို့ ပြုလုပ်ရန် လီကျွမ်းက ညွှန်ကြားလေ၏။

စုန်ကျန့်က စူကျို့ကို သိမ်းလိုကြောင်း လီကျွမ်းက ပြောပြ၏။

“ဒါပေမဲ့ ဖန်းလာက ထွက်မတိုက်ဘူး၊ ပြီးတော့ မြို့ကလည်း ရေပတ်လည်ဝိုင်း ထားတယ်။ တက်စရာလမ်းလည်း မရှိဘူး။

ချောင်းလေးတွေကလည်း ကျဉ်းတော့ သွားဖို့ လည်း ခက်တယ်။ ဘယ်လို ဝင်ရမလဲ”

“ဒီမှာ နှစ်ရက် သုံးရက်လောက် နားနေပါဦးလား နောင်ကြီး။ ဟန်းပျို့က ဖန်းလာရဲ့ အမှုထမ်းတွေ အစိုးရကိစ္စနဲ့ စူကျို့ကို ခဏခဏ လာတတ်တယ်။ ဒါကို အသုံးချပြီး မြို့ထဲကို ဝင်ဖို့ လုပ်ရမယ်။ တံငါသည်တွေ လွှတ်ပြီး စုံစမ်းခိုင်းလိုက်မယ်။ ဖန်းလာလူတွေ လာရင် ကြည့်လုပ်ကြတာပေါ့”

လီကျွမ်းက သဘောတူသဖြင့် ဖေ့ပေါင်က တံငါသည်များကို လွှတ်လိုက်ပြီး ခုနစ် ယောက်သား သောက်ကာစားကာ စကားစမြည် ပြောကာ နေကြ၏။ နှစ်ရက် သုံးရက်ခန့် ကြာသော် တံငါသည်များ ပြန်ရောက်လာကာ သတင်းပို့ကြ၏။

“ပင်းဝန်မြို့မှာ ကုန်တင်လှေကြီး ဆယ်စီးလောက် ရောက်နေတယ်။ ထူထားတဲ့ တံခွန်မှာတော့ ချပ်ဝတ်တော်များလို့ ရေးထားတယ်။ ဟန်ကျို့က လာတာ ကျိန်းသေတယ်။ လှေတစီးမှာ လူ ခြောက်ယောက် ခုနစ်ယောက်ပဲ ပါတယ်”

“ဒါ ကျုပ်တို့အတွက် အကွက်ကောင်းပဲ။ နောင်ကြီးတို့ ကူညီမယ် မဟုတ်လား”

“သွားကြမယ်”

“ဒီလှေတွေ တစီးစီး လွှတ်သွားရင်ပဲ အကြံပျက်သွားလိမ့်မယ်”

“မပူပါနဲ့၊ ကျုပ်တို့ တာဝန်ခံပါ့မယ်” ဟုဖေ့ပေါင်က အာမခံပြီး တံငါလှေ ခြောက်ဆယ် ခုနစ်ဆယ်ကို စုရုံးကာ ထွက်ခဲ့၏။ ရဲရင့်သူ ခုနစ်ဦးက လှေခုနစ်စီးတွင် လိုက်ပါလာခဲ့ကာ ကျန်လှေများတွင်မူ တံငါသည်များက စီးခဲ့၏။ လှေပေါ်တွင် လက်နက်များကို ဝှက်၍ တင်ခဲ့ ကြ၏။ လှေများသည် ချောင်းငယ်များမှတဆင့် မြစ်သို့ ဝင်ခဲ့ပြီး၊ ထိုမှတဆင့် အင်းရေပြင် ထဲတွင် ဖြန့်၍ သွားကြ၏။

ထိုညက လသာပြီး ကြယ်လည်း စုံ၏။ အစိုးရလှေ ဆယ်စီးမှာ နဂါးမင်းကျောင်းတော် အနီး မြစ်အရှေ့ဘက်တွင် ကျောက်ချကာ ဆိုက်ထားကြ၏။ ထိုလှေများအနီးသို့ ဖေ့ပေါင်၏ လှေများက အရင်ဆုံး ရောက်သွား၏။ သူက လေချွန်သံစူးစူး တချက်ကို ပြုလိုက်ရာ တံငါလှေငယ် ခြောက်ဆယ်ခန့်က အစိုးရလှေများကို ဝိုင်းလိုက်ကြ၏။

ပေါင်းထဲမှ အလန့်တကြား ထွက်လာကြသော လှေသားများမှာ ကျော့ကွင်းစွပ်ကာ အဖမ်းခံလိုက်ရပြီး လေးယောက်တစု ငါးယောက်တစု တွဲကာ တုပ်နှောင်ခြင်းကို ခံလိုက် ရ၏။ ရေထဲခုန်ချသူများလည်း ဆွဲတင်ကာ ဖမ်းခံလိုက်ရ၏။ လှေကလေးများက လှေကြီး များကို ဆွဲကာ မိုးမခရွာလေးသို့

ပြန်ခဲ့ကြ၏။

ရွာပြန်ရောက်သောအခါ စတုတ္ထယံခန့် ရှိနေလေပြီ။ ကြိုးတုပ်ထားသော အကျဉ်းသားများကို ကျောက်တုံးလေးလေးကြီးများ တွဲ၍ ဆွဲကာ အင်းထဲသို့ ပစ်ချလိုက်ကြကာ ရေနှစ်သတ်လိုက်ကြ၏။ ခေါင်းဆောင်နှစ်ယောက်ကို စစ်မေးရာ ယင်းတို့မှာ ဖန်းလာ၏ သားအကြီးဆုံး ဖန်းထျန်တင်း၏ ဘဏ္ဍာတိုက်မှူးများ ဖြစ်ကြောင်း၊ ယင်း၏ အမိန့်အရ ချပ်ဝတ်အစုံ သုံးထောင်ကို စူကျို့ရှိ တတိယမင်းသားကြီးထံ သွားပို့နေခြင်း ဖြစ်ကြောင်း သိရှိရ၏။ လီကျွမ်းက ထိုခေါင်းဆောင်တို့၏ အမည်ကို မေးကာ စာရွက်စာတမ်းများကို သိမ်းဆည်းပြီးမှ သတ်ပစ်လိုက်၏။ လီကျွမ်းက-

"မလှုပ်ရှားခင်မှာ ဒီကိစ္စကို နောင်ကြီးစုန်ကျန့်ဆီ အရင် တင်ပြရမယ်"

"ကျုပ်တို့ လိုက်ပို့ပေးမယ်။ ရန်သူ့စခန်းတွေကြားက ချောင်းကျဉ်းမြောင်းကျဉ်းတွေ အတိုင်း ခိုးပြီးသွားတာ ကောင်းမယ်"ဟု ဆိုကာ တံငါနှစ်ဦးကို လှေပေါ့တစီးနှင့် လိုက်ပို့ စေ၏။

"ဖမ်းမိတဲ့ လှေတွေကို ရွာနောက်က ချောင်းလေးထဲမှာ ဝှက်ထား"ဟု လီကျွမ်းက ဖေ့ပေါင်နှင့် တုန်ညီနောင်ကို မှာကြားခဲ့၏။ "ဘယ်သူမှ မသိစေနဲ့"

တံငါသည်များက ဆိုခဲ့သည့်အတိုင်း ရေခဲတောင် တောရကျောင်းသို့ လိုက်ပို့ကြ၏။ လီကျွမ်းက စခန်းသို့ ပြန်လာကာ စုန်ကျန့်ကို အကြောင်းစုံတင်ပြ၏။ ဘေးမှ နားထောင် နေသော ဝုရုံလည်း အလွန်ဝမ်းမြောက်လှ၏။

"စူကျို့ကို သိမ်းဖို့ကတော့ လက်ဖဝါးပေါ် တံတွေးထွေးချသလောက်ကို လွယ်သွားပြီ။ လီကွေ့၊ ပေါက်ရှူ၊ ရှုံချုံး၊ လီကွန်းတို့ကို ဒိုင်းကိုင် နှစ်ရာနဲ့ တိုက်ဟူအင်းက ရွာလေးကို လွှတ်လိုက်မယ်။ အဲဒီမှာ ဖေ့ပေါင်တို့နဲ့ ပေါင်းပြီး အစီအမံတခုကို ချပေ့စေပေါ့။ မနက်ဖြန် မှာ သူတို့ လှုပ်ရှားနိုင်လိမ့်မယ်"

လီကျွမ်းက ရွာကလေးသို့ ပြန်ကာ လှေများ ထပ်ယူလာပြီး လီကွေ့တို့ကို ပြန်ကြိုကာ ဖေ့ပေါင်နှင့် မိတ်ဆက်ပေး၏။ ဖေ့ပေါင်လည်း လီကွေ့၏ ပုံပန်းကို မြင်ရုံနှင့် လန့်သွားလေ ၏။ လီကွေ့တို့ တဖွဲ့လုံးကို ကျွေးမွေးဧည့်ခံ၏။ နောက်တနေ့တွင် ဖေ့ပေါင်နှင့် နီယွန်တို့က ဘဏ္ဍာထိန်းများ ယောင်ဆောင်ကာ စာရွက်စာတမ်းများ ယူ၏။ တံငါသည်များက လှေသား များယောင် ဆောင်ကြ၏။ လီကျွမ်းတို့အဖွဲ့ကိုမူ လှေဝမ်းများထဲတွင် ဝှက်ထားကြ၏။ ပုချင်းနှင့် ထိချင်းတို့က နောက်ပိုင်းလှေများကို ကွပ်ကဲလာကြမည် ဖြစ်၏။ ယင်းတို့တွင် မီးစာများကို သယ်လာကြမည် ဖြစ်၏။

သူတို့ ထွက်မည့်ဆဲဆဲတွင် တံငါတယောက်က လာ၍ သတင်းပို့၏။

"လှေတစီး ကန်ကို ဖြတ်ပြီး လာနေတယ်"

"တခုခုပဲ" ဟု လီကျွမ်းက ထွက်၍ ကြည့်၏။

လှေဦးတွင် ပါလာသူ နှစ်ယောက်မှာ နတ်ခြေမြန်ထိုက်ချုံနှင့် မိုးယံခြိမ့်ခြိမ့် လင်းချင်တို့ ဖြစ်ကြောင်း လှမ်း၍မြင်ရ၏။ လီကျွမ်းက စူးစူးရှရှလေချွန်သံ ပေးလိုက်ရာ ရွာသို့ လှေလာ ဆိုက်လေ၏။ ထိုသူနှစ်ဦးလည်း ကမ်းပေါ်တက်လာလေ၏။

လီကျွမ်းက-

"ဘာကိစ္စလဲ နောင်ကြီးတို့။ သတင်းထူး ပါသလား"

ထိုက်ချုံက ပြန်ဖြေ၏။

"နောင်ကြီးစုန်ကျန့်က လီကွေ့ကို မြန်မြန်လွတ်လိုက်ချင်တာနဲ့ အရေးကြီးတာတခု ကျန်သွားတယ်။ ကျုပ်နဲ့ လင်းချင်ကို အမြောက်အလက်တရာ ပို့ခိုင်းလိုက်တယ်။ နောင်ကြီး တို့ကို မမီတာနဲ့ မနည်းလိုက်လာရတာ။ ကမ်းပေါ်ကိုလည်း မတက်ရဲဘူးလေ။ နောင်ကြီး က မနက်ဖြန် မနက်ကို မြို့ထဲ ဝင်စေချင်နေတယ်။ မြို့ထဲ ရောက်တာနဲ့ အချက်ပြတဲ့အနေနဲ့ အမြောက် ဖောက်လိုက်ရမယ်"

"သိပ်ကောင်းတယ်" ဟု လီကျွမ်းက ဆိုကာ အမြောက်ပြောင်းများ၊ ခင်တိတ်များကို သူ့လှေသို့ ပြောင်းကာ ချပ်ဝတ်များ အောက်တွင် ဝှက်ထားလေ၏။ လင်းချင်နှင့် သူ့လူများ သည်လည်း တတိယလှေထဲတွင် ပုန်းအောင်းနေကြ၏။ ဖေ့ပေါင်က ထိုက်ချုံ ရောက်လာ ကြောင်းကြားရသဖြင့် ညှော်ခံကျွေးမွေးလေ၏။

ထိုည စတုတ္ထယံတွင် စူကျို့သို့ ထွက်ကြရာ ပဥ္စမယံအကုန်တွင် ရောက်ကြ၏။ မြို့ရိုး ပေါ်မှ စစ်သားများလည်း တောင်ပိုင်းအလံ ထူလာသည်ကို မြင်ရသဖြင့် ချက်ချင်းပင် သတင်းပို့ကြ၏။ ရေတံခါးမှူးမှာ ကျားသစ်ပျံ ကိုရိုကွမ်းဖြစ်၏။ သူက မြို့ရိုးပေါ်သို့ တက်ကာ လှေတာဝန်ခံ အရာရှိကို မေးမြန်းပြီး စာရွက်စာတမ်းများကို တောင်းလေ၏။ မြို့ရိုးပေါ်သို့ ဆွဲတင်၍ ကြည့်ရှုပြီးနောက် တတိယမင်းသားကြီး၏ ရုံးတော်သို့ စစ်ဆေးနိုင်ရန် ပေးပို့ လိုက်၏။ မြို့ရိုးအောက်တွင် အစောင့်များချပြီးမှသာ ရေတံခါးကို ဖွင့်ပေးလိုက်၏။ သို့သော် လူများကို လွှတ်ကာ လှေများကို စစ်ဆေးစေရာ ချပ်ဝတ်များကိုသာ အပြည့်အမောက် တင်လာကြောင်း သတင်းပြန်ပို့ကြ၏။ ကိုရိုကွမ်းက တစီးပြီး တစီး ပေးဝင်ကာ နောက်ဆုံး အစင်း ဝင်ပြီးသော် ရေတံခါးကို ပိတ်လိုက်၏။

တတိယမင်းသားကြီးထံမှ အရာရှိတဦး ရောက်လာရာ သူနှင့်အတူ စစ်သည်ငါးရာ ပါလာ၏။ ထိုစစ်သည်များကို ကမ်းတလျှောက်တွင် နေရာယူထားစေပြီး လှေများကို ဆိုက်ခွင့်ပြု၏။ လီကွေ့တို့လည်း ပေါင်းထဲမှ ထွက်လာကြရာ သူ၏ ရုပ်သွင်ကို မြင်ရသော ထိုအရာရှိလည်း လန့်သွားပြီး မည်သူမည်ဝါဟု မေးမြန်းလေ၏။

ပြန်ဖြေသည့်အနေဖြင့် ရှုံချုံးနှင့် လီကွန်းတို့က ဒိုင်းများကို ပစ်လိုက်ကြ၏။ ထိုအရာရှိလည်း ဒိုင်းတခု လာမှန်သဖြင့် မြင်းပေါ်မှ ကျသွားလေ၏။ လီကွေ့လည်း ကမ်းပေါ်သို့ ခုန်တက်ကာ သူ့ပုဆိန်များကို လွှဲကာ လွှဲကာဖြင့် နေရာယူထားသော စစ်သည်များကို ထယ်နှင့် ထိုးသလို ခုတ်ထစ် သတ်ဖြတ်လေ၏။ တခါ ဝင်ခုတ်လျှင်ပင် လူတကျိပ်ခန့် အသားအတုံးအတစ်ကြီးများ ဖြစ်ကုန်သည်ကို မြင်ရသဖြင့် ကျန် စစ်သည်များလည်း ထွက်ပြေးကြလေ၏။

ဒိုင်းကိုင်စစ်သည် နှစ်ရာသည်လည်း လှေဝမ်းထဲမှ ထွက်ကာ ကမ်းပေါ်သို့ တက်လာ ကာ မီးတိုက်ကြ၏။ လင်းချင်တို့ကလည်း ခင်တိတ်များကို နေရာချကာ အမြောက်ပြောင်း များကို ဆင်ပြီး မြို့တံခါးပေါ်ရှိ ပြအိုးကို စုပြုံ၍ ပစ်ခတ်လေ၏။ လေးဖက်လေးတန်မှလည်း တပ်များ ကပ်လာကြ၏။

နန်းတော်ထဲတွင် ထိုင်ကာ စီမံနေသော တတိယမင်းသားကြီးမှာ အမြောက်သံများကို ကြားရသောအခါ ခန္ဓာကိုယ်အတွင်းမှ လိပ်ပြာစဉ်သွားခမန်း ထိတ်လန့်သွားလေ၏။ မြို့ တံခါး တာဝန်ကျ တပ်မှူးများလည်း မိမိတာဝန်ကျရာသို့ တပ်များဖြင့် အပြေးလာကြရာ ထိုနေရာများတွင် အမြောက်သံများကို မစဲအောင် ကြားနေရ၏။ တံခါးတိုင်းမှ တက်လာ သော အစီရင်ခံစာများမှာ တသံတည်း ဖြစ်နေ၏။ “စစ်သည်တွေ မြားမှန်လို့ အထွေးလိုက် ကျကုန်ပြီ။ စုန်ကျန့်တပ်တွေ မြို့ရိုးပေါ် ရောက်နေပြီ”။

စူကျို့မှာ ပရမ်းပတာ ဖြစ်နေလေပြီ။ စုန်ကျန့်တပ် မည်မျှလောက် ဝင်နေပြီကို မည်သူမျှ မသိနိုင်။ လီကွေ့နှင့် ပေါက်ရှုတို့ကလည်း ဒိုင်းကိုင်တပ်သားများ အားကိုးဖြင့် တမြို့လုံးကို ထိုးဖောက်ကာ တောင်ပိုင်းစစ်သားများကို သတ်ဖြတ်နေ၏။ လင်းချင်ကလည်း လီကျွမ်း၊ ထိုက်ချုံ၊ တောသားရဲရင့်သူ လေးဦး အကာအကွယ်ဖြင့် ဆက်လက် ပစ်ခတ်နေ၏။ စုန်ကျန့်က စစ်ကြောင်း သုံးကြောင်းစလုံးကို စူကျို့သို့ စေလွှတ်လိုက်ရာ သူတို့ ဝင်လာသောအခါ တောင်ပိုင်းတပ်များသည်လည်း အသက်ဘေးလွတ်ရာသို့ ကစဉ့်ကလျား ပြေးကြလေ၏။

တတိယမင်းသားကြီးသည်လည်း ချပ်ဝတ် ဝတ်ကာ မြင်းစီးပြီး သံချပ်ဝတ်တပ်သား ခြောက်ရာ ခုနစ်ရာဖြင့် တောင်ဘက်တံခါးမှ ဖောက်ထွက်ရန်

ကြိုးစား၏။ သို့သော် လီကွေ့ တို့နှင့် ဝင်တိုးလေရာ တောင်ပိုင်းသားတို့လည်း အကွဲကွဲ အပြားပြားဖြင့် ထွက်ပြေးကြ၏။ ထိုစဉ် လမ်းကြားတခုတည်းမှ ရှင်ဉာဏထွက်လာပြီး သူ့သံတုတ်ကြီးနှင့် ဝင်၍ တိုက်ခိုက် လေ၏။ သူ မတိုးနိုင်ကြောင်း ဖန်းမောင်လည်း သိသွားပြီး နန်းတော်သို့ ပြန်လှည့်ကာ ပြေးလေ၏။

သို့သော် ဝုဆုန်က ကျီးအ တံတားအောက်မှ ထွက်လာပြီး မြင်းခြေထောက်ကို ခုတ်ပိုင်း ချလိုက်ရာ မင်းသားကြီးလည်း မြေပေါ်သို့ ကျရလေ၏။ နောက်တချက် ထပ်ခုတ်ပြန်ရာ မင်းသားကြီး၏ ဦးခေါင်း ပြတ်သွားလေ၏။

ဝုဆုန်က နန်းတော်တွင် ခေတ္တစခန်းချနေသည့် စုန်ကျန့်ထံသို့ ခေါင်းပြတ်ကို ပြကာ ဆုခံ၏။ ပေးထားသည့် အမိန့်မှာ တောင်ပိုင်းတပ်ကို ဖျက်ဆီးကာ ရန်သူကို တတ်နိုင် သလောက် သတ်ဖြတ်ရန် ဖြစ်၏။ လျူယွန်းသာလျှင် စုမိသလောက် တပ်ဖြင့် ရှုကျိူ့သို့ ထွက်ပြေးလေ၏။

စုန်ကျန့်က ထုံးစံအတိုင်း လူထု စိတ်အေးချမ်းသာစေရန် ဆောင်ရွက်၏။ ထို့နောက် တပ်မှူးများကို ခေါ်ကာ ဆုခံစေ၏။

ဖန်းမောင်ကို ဝုဆုန်သတ်လိုက်ကြောင်းကို သူ သိပြီး ဖြစ်၏။ ချူတုံက ရှုဖန်းကို၊ ရိုကျင်း က ချင်ကျင်းကို အသီးသီး ဖမ်းမိကြ၏။ ဆွန်လီက ကျန်းဝေကို သူ့တုတ်ဖြင့် ရိုက်သတ်ခဲ့၏။ လီကျွမ်းကမူ ချန်းရှန်ကို လှံဖြင့် ထုတ်ချင်းပေါက်အောင် ထိုးခဲ့၏။ ဖန်ရွီက ဝုဖူကို သတ်နိုင် ခဲ့၏။ ရွှန်ဇန်နှင့် ကိုရိုကွမ်းတို့ကို ဒဏ်ရာဗရပွနှင့် သေနေသည်ကို မြင်းရေသောက်တံတား အောက်တွင် တွေ့ရ၏။ အရာရှိငယ်အများအပြားကိုလည်း ဖမ်းမိရာ ဖမ်းသူများကလည်း လာ၍ ဆုခံကြ၏။

စုန်ကျန့်က ရွှန်ဇန်၏ အလောင်းကို အဆင့်နှင့်လျော်သော ခေါင်းကောင်းကောင်း တလုံးတွင် ထည့်ကာ အခမ်းအနားဖြင့် ကျားတောင်ကုန်းခြေရင်းတွင် မြှုပ်နှံစေ၏။ ဖန်းမောင်၏ ခေါင်းပြတ်နှင့်တကွ ဖမ်းမိသော ရှုဖန်းနှင့် ချင်ကျင်းတို့ကို ဘုရင်ခံချန်းထံသို့ ပို့စေ၏။ ဘုရင်ခံကလည်း ထိုသူတို့ နှစ်ယောက်ကို မြို့လယ်ကောင် ကွက်လပ်ထဲတွင် နုပ်နုပ်စဉ်းကာ သတ်စေပြီး ဖန်းမောင်၏ ခေါင်းပြတ်ကို နေပြည်တော်သို့ ပို့လိုက်စေ၏။ စုန်ကျန့်တို့ထံသို့လည်း ဆုလာဘ်များကို ပေးပို့စေ၏။ ထို့နောက် လက်ထောက်ခရိုင် တပ်မှူးလျူကို စူကျိူ့ကို အုပ်ချုပ်စေပြီး စုန်ကျန့်ကိုမူ သူပုန်များကို ဆက်လက်တိုက်ခိုက် စေ၏။

လျူတို့ ရောက်လာသော သတင်းကို ရသဖြင့် စုန်ကျန့်က ထွက်၍ ကြို၏။

သူတို့ကို နန်းတော်သို့ ခေါ်သွားပြီး တရားဝင် ဂုဏ်ပြုပွဲ ကျင်းပပေး၏။

စုန်ကျန့်က ကမ်းရိုးတန်းရှိ သူ့တပ်များ အခြေအနေကို သိရန် ကင်းထောက် စေလွှတ်လိုက်၏။ စူကျို့ ကျသွားကြောင်း ကြားရသဖြင့် သူပုန်အရာရှိများလည်း ထွက်ပြေးကြပြီ ဖြစ်သဖြင့် နယ်မြေအေးချမ်းနေပြီ ဖြစ်ကြောင်း သတင်းပြန်ကြားရလေ၏။ စုန်ကျန့်လည်း ကျေနပ်သွားပြီး အောင်မြင်မှုအကြောင်းနှင့် ယခင် စုန်မင်းကြီး လက်အောက်ခံ အရာရှိများကို ရာထူးပြန်ပေးရန် ဘုရင်ခံထံသို့ တင်ပြလိုက်၏။ ထို့နောက် သိမ်းထားသော ကမ်းခြေမြို့များကို အုပ်ချုပ်ရန် တပ်မှူးများကို ညွှန်ကြားလိုက်ပြီး ရေတပ်အရာရှိများကို စူကျို့သို့ ပြန်ခေါ်လိုက်၏။ ရက်အနည်းငယ်အတွင်းတွင် ဤကိစ္စများ ဆောင်ရွက်ပြီးစီး သွားလေပြီ။

ရေတပ်အရာရှိများ ရောက်လာသောအခါ ဖိုးရုံညီနောင်များ ချန်းရှုကို တိုက်ခိုက်စဉ်က ရှိအန် ကျဆုံးခဲ့ကြောင်း၊ ကုန်လျှန်မှာလည်း ကွန်ရှန်းကို တိုက်ခိုက်ရာတွင် ကျဆုံး ခဲ့ကြောင်း သိရ၏။ ဤ နှစ်ယောက်စလုံးမှာ ရေကူးတတ်သူများ မဟုတ်ကြပေ။ ရှိဇူ၊ လီယင်း စသော ကျန်သူအားလုံး ပြန်လာခဲ့ကြ၏။

နောက်ထပ် တပ်မှူးနှစ်ယောက် ကျသွားရပြန်ပြီ။ စုန်ကျန့်မှာ သက်ပြင်းတချတည်း ချနေလေ၏။

ဖေ့ပေါင်တို့ လေးယောက်က အိမ်ပြန်တော့မည်ဟု လာနှုတ်ဆက်ကြ၏။ မိမိတို့နှင့် နေရန် အကြိမ်ကြိမ် ဖျောင်းဖျသော်လည်း လက်မခံသည့် အဆုံးတွင် သူတို့အား ဆုလာဘ် များစွာပေးပြီး မိုးမခရွာလေးသို့ လိုက်ပို့ပေးရန် လီကျွမ်းသို့ တာဝန်ပေးလိုက်၏။ တုန်ဝေ့ ရော တုန်မင်းပါ လိုက်ပို့ကြ၏။ တောသားရဲရင့်သူလေးယောက်က လီကျွမ်းတို့ သုံးယောက် ကို တည်ခင်း ကျွေးမွေး၏။ ဖေ့ပေါင်က စိမ်ရည်ခွက်ကို လီကျွမ်းသို့ ကမ်းပေးရင်း စကား တခွန်း နှစ်ခွန်း ပြောလိုက်၏။

ထို့ကြောင့်ပင် လီကျွမ်း၏ ကျော်စောသတင်းမှာ ပင်လယ်များကို ဖြတ်၍ ပျံ့နှံ့သွား လေ၏။ တိုင်းတပါးတွင် မင်း ဖြစ်သွား၏။ သို့သော် တရုတ်ပြည်ကြီး၏ နယ်ပယ်ကိုကား မထိပါးပေ။ မှန်ပေ၏။ မိမိ၏ကြမ္မာကို သိသော ဖားပြုပ်သည် မိမိ၏ အရေခွံကို ချွတ်လဲ လိုက်၏။ ကောင်းမှုများကို ဆောင်ရွက်ခြင်းဖြင့် ငါးသည် နဂါး ဖြစ်ရလေ၏။

ဖေ့ပေါင်က မည်သည်တို့ကို ပြောလိုက်ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၄

နင်ဟိုင်းခရိုင်တွင် စုန်ကျန့် အဝတ်ဖြူ ဝတ်ခြင်း

ယုံကျင်းတံခါးတွင် ချန်ရှန်း နတ်ဖြစ်ခြင်း

ဖေ့ပေါင်က -

“ကျုပ်က လူကြမ်း လူရမ်းပါ။ ဉာဏ်လည်း မကောင်းပါဘူး။ ဒါပေမဲ့ ဉာဏ်ရှိတဲ့ လူတွေ ပြောတာတော့ ကြားဖူးပါတယ်။ လူတယောက်မှာ အောင်မြင်မှုတွေ ရှိသလို ဆုံးရှုံးမှုလည်း ရှိတာပါပဲတဲ့။ ပျော်စရာတွေ ရှိသလို ဆွေးစရာတွေလည်း ရှိမှာပါပဲတဲ့။ နောင်ကြီးတို့က လျှံရှန်းကျူအင်းမှာ နာမည်တလုံး ရခဲ့တယ်။ တိုက်ပွဲတိုင်းမှာလည်း နိုင်ခဲ့တယ်။ လျောင် တာတာရ်တွေကို သွားနှိမ်နင်းတုန်းကလည်း ညီနောင်တယောက်မှ မဆုံးရှုံးခဲ့ဘူး။ ခုဆို နောင်ကြီးတို့က ဖန်းလာနဲ့ တိုက်တဲ့နေရာမှာတော့ နောင်ကြီးတို့ရဲ့ အစွမ်းသတ္တိတွေ ယိုယွင်းလာနေပြီဆိုတာ ထင်ရှားတယ်။ နောင်ကြီးတို့ သိပ်ကြာကြာ ခံတော့မှာ မဟုတ်ဘူး။

“ကျုပ်က ဘာဖြစ်လို့ ဗိုလ်တို့၊ ဗိုလ်ချုပ်တို့ မဖြစ်ချင်တာလဲ သိလား။ အကြောင်းက တော့ ငြိမ်းချမ်းရေး ရတာနဲ့ တယောက်မဟုတ် တယောက်က ကျုပ်အသက်ကို ရန်ရှာ တော့မှာမို့လို့ပဲ။ ရှေးဆိုရိုး ရှိတယ်လေ။ “ငြိမ်းချမ်းနေဖို့အတွက် စစ်သူကြီးကတော့ မငြိမ်းချမ်းနိုင်ဘူး” တဲ့။ ဒီစကားက သိပ်ကို မှန်တယ်ဗျ။ ကျုပ်တို့လေးယောက်နဲ့ နောင်ကြီး တို့သုံးယောက်က သွေးသောက်ညီနောင် ဖွဲ့ထားပြီလေ။ အခွင့်သာတုန်းမှာ အေးဆေးတဲ့ တနေရာရာကို ရှာပြီး ခိုနေရအောင်လားဗျာ။ ကျုပ်တို့မှာရှိတဲ့ ငွေကိုစုပြီး လှေကြီးတစီး ဝယ်မယ်။ လှေသားတွေငှားပြီး မြစ်ရိုးတလျှောက်ပဲ ဖြစ်ဖြစ် ပင်လယ်ကို ကူးလို့ပဲ ဖြစ်ဖြစ် နေရာကောင်းကောင်းတခု ရှာမယ်။ အဲဒီမှာ အခြေချမယ်။ ဒါထက် ကောင်းတာ ရှိဦး မလားဗျာ”

လီကျွမ်းက ဦးညွှတ်လျက်-

“နောင်ကြီးစကားတွေ ကြားရတာ တကယ့်ကိုပဲ အမြင်ပွင့်လင်းသွားတယ်ဗျာ။ နောင်ကြီး အကြံပေးတာကလည်း တကယ့်ကို ကောင်းမှာပါပဲ။ တခုပဲ ရှိတာက ကျုပ်တို့ ဖန်းလာကို မနှိမ်နင်းနိုင်သေးဘူး။ နောင်ကြီးစုန်ကျန့်အတွက် လုပ်ပေးရမယ့် ဝတ္တရားတွေ မကျေသေးဘူး။ သူနဲ့

ခွဲသွားဖို့ အချိန်မတန်သေးဘူးဗျ။ အခု နောင်ကြီးနဲ့ လိုက်သွားရင် ကျုပ်ရဲ့ ရဲရင့်ညီနောင် တာဝန်တွေကို ချိုးဖောက်ရာ ကျမယ်။ ဖန်းလာကို နှိမ်နင်းပြီးတဲ့ အထိ နောင်ကြီး စောင့်နေမယ်ဆိုရင်တော့ ကျုပ်တို့ညီနောင် သုံးယောက်စလုံး နောင်ကြီးနဲ့ ဝမ်းမြောက်ဝမ်းသာ လာပူးပေါင်းကြပါမယ်။ နောင်ကြီးတို့ ခုကတည်းက ကြိုပြီးလုပ်စရာ တွေလုပ်နှင့်ကြပါ။ ကျုပ်စကားပျက်ရင် မိုးကောင်းကင်က ဒဏ်ခတ်ပါစေဗျာ။ ကျုပ်လည်း ယောကျ်ားဘဝ ဆုံးရစေရဲ့”

“ကောင်းပြီလေ၊ ကျုပ်တို့ လေ့ရဖို့ စီစဉ်ထားလိုက်တော့မယ်။ နောင်ကြီးတို့ အရောက် ကို မျှော်နေမှာပါဗျာ။ ကျုပ်တို့ကို စိတ်ပျက်အောင်တော့ မလုပ်လိုက်ပါနဲ့”

ဖေ့ပေါင်နှင့် လီကျွမ်းတို့သည် ဤအတိုင်း သစ္စာမှန်စွာ ဆောင်ရွက်ကြမည်ဟု စိမ်ရည် သောက်ကာ သစ္စာဆိုလိုက်ကြ၏။

နောက်တနေ့တွင် လီကျွမ်းတို့ ပြန်ခဲ့ကြ၏။ စုန်ကျန့်သို့ ယင်း သူတို့က အရာရှိများ မဖြစ်လိုကြကြောင်း၊ တံငါသည်ဘဝတွင်သာ ပိုပျော်ပိုက်ကြကြောင်း ပြောပြ၏။ စုန်ကျန့် လည်း သက်ပြင်းသာ ချလိုက်မိပြီး ရေတပ်နှင့် ကြည်းတပ်တို့ကို တိုက်စစ်အတွက် ဆက်လက် ပြင်ဆင်နေ၏။ ဝူကျန်းခရိုင်မှာ သူပုန်များ ကင်းရှင်းသွားပြီ။ ပင်းဝန်မြို့ကိုလည်း သိမ်းပြီးပြီ ဖြစ်၏။ ရှုကျို့ပြည်နယ်သို့ ဆက်လက် တိုက်ခိုက်မည် ဖြစ်၏။

ရှုကျို့ပြည်နယ် တပ်မှူး ဗိုလ်ချုပ်တွမ်ကိုက်သည် တတိယမင်းသားကြီး ကျသွားပြီ ဖြစ်ကြောင်း ကြားသိပြီးဖြစ်၏။ သူ့အကြံမှာ လုပ်လက်စများကို လက်စသတ်ကာ ထွက် သွားရန်ဖြစ်၏။ စုန်ကျန့်တို့တပ်မ မြို့နှင့် နီးလာပြီဟု ကြားရပြီး အဝေးဆီမှ ရွှေ့လျား လာသည့် ရန်သူ့တံခွန်များမှာ နေရောင်ခြည်ကို ကွယ်လုမတတ် ဖြစ်နေသည်။ ကြည်း ရေ ပူးပေါင်း ချီတက်လာသည်ကို မြင်ရသောအခါ ကြက်သေ သေနေလေ၏။ ကွမ်ရှိန်းနှင့် ချင်မင်း ဦးစီးသော ရှေ့ပြေးတပ်သည် မြို့ရိုးခြေရင်းသို့ ရောက်နေပြီ။ ရေတပ်မှာလည်း အနောက်တံခါးသို့ ရောက်နေပြီဖြစ်၏။

မြို့ရိုးပေါ်မှ လှမ်း၍အော်၏။

“တိုက်ဖို့ မလိုပါဘူး၊ ကျုပ်တို့ အညံ့ခံပါ့မယ်” ဟု ဆိုကာ မြို့တံခါးများကို ဖွင့်စေ လိုက်၏။

စုန်ကျန့်တို့ကို ညှော့ခံရန် သိုးများကို ပေါ်စေ၏။ စိမ်ရည်ကို ပြင်ဆင်စေ၏။ အမွှေးတိုင် များ ညှိကာ၊ မီးပုံးများကို ထွန်းကာ ကြိုဆိုပြီး ပြည်နယ်ဌာနချုပ်သို့ စုန်ကျန့်ကို ဖိတ်ခေါ် သွားလေ၏။ တွမ်ကိုက်က သူ့ကိုယ်သူ လက်နက်ချ အညံ့ခံ၏။ စုန်ကျန့်က သူ့ကိုအရာရှိကောင်းတဦးဟု မှတ်ယူမည် ဖြစ်ကြောင်း ကတိပေးကာ

လူထုစိတ်အေးစေရန် ကတိပြု သော ကြေညာချက်များကို ထုတ်ပြန်၏။

တွမ်ကိုက်က-

"ကျုပ်က နဂိုက မူကျိုနယ်ကပါ။ တရားဥပဒေ လေးစားတဲ့ ပြည်သူတယောက်ပါပဲ။ ဒါပေမဲ့ ဖန်းလာက အမျိုးမျိုး ခြိမ်းခြောက်ပြီး သူ့အောက်မှာ အမှုထမ်းခိုင်းခဲ့တယ်။ ခုတော့ မိုးကောင်းကင်က တပ်ကြီး ရောက်လာပြီဆိုတော့ အညံ့ခံဖို့က လွဲပြီး ဘာမှတောင် ယောင် လို့ စိတ်မကူးတော့ပါဘူးဗျာ"ဟု ပြောရှာ၏။ တွမ်ကိုက်လို လူအများကမူ စုန်မင်းဆက်ကို မိုးကောင်းကင်က လက်ခံသည်ကို သဘောပေါက်၏။

စုန်ကျန့်က သတင်းစုံစမ်း၏။

"နင်ဟိုင်းစစ်ခရိုင်က ဟန်ကျို့မြို့ကို ဘယ်သူကာကွယ်နေလဲ။ အင်အား ဘယ်လောက်ရှိလဲ"

"ဟန်ကျို့မြို့က ကျယ်တယ်။ လူနေထူထပ်တယ်။ အရှေ့နဲ့ မြောက်မှာက ကုန်းမြေ၊ တောင်ဘက်မှာ မြစ်၊ အနောက်ဘက်မှာ အိုင်ကြီး ရှိတယ်။ ဖန်းလာရဲ့ သားအကြီးဆုံး ဖန်းထျန်တင်းက အုပ်ချုပ်နေတယ်။ သူ့ တပ်အင်အားက ခုနစ်သောင်း ကျော်တယ်။ စစ်သူကြီးလေးယောက်၊ ဗိုလ်ချုပ် နှစ်ဆယ့်လေးယောက်တောင် ရှိတယ်။

"အဲဒီထဲကမှ နှစ်ယောက်ကတော့ တကယ့်ကို ခန့်ညားလောက်တယ်။ တယောက် က ရှေကျို့က ဘုန်းကြီးတပါးပဲ။ အလင်းရောင် ကိုယ်တော်တဲ့။ နာမည်ရင်းက တိန့်ယွမ်ကျူ တဲ့ဗျ။ သူကိုင်တဲ့ တောင်ဝှေးကြီးက ပိဿာနှစ်ဆယ်တောင် လေးတယ်။ သူ့ကို အကြံပေး ပုဂ္ဂိုလ်ကြီးလို့ ခေါ်ကြတယ်။

"နောက်တယောက်ကတော့ ရှီပေါင်တဲ့၊ ဖူကျို့သားပဲ။ သူ့လက်နက်ကတော့ ဥက္ကာပျံ တူတဲ့ဗျ။ ပစ်လိုက်ရင် ဘယ်တော့မှ မလွဲဘူးတဲ့။ သူ ကိုင်တဲ့ ဓားကလည်း ဓားကောင်းပဲ။ လေခွင်းဓားတဲ့။ ကြေးတွေ သံတွေတောင် ပြတ်တယ်တဲ့။ သံချပ်ဝတ်သုံးထပ်ကိုတောင် အသာလေး ဖောက်တယ်ဆိုပဲဗျ။

"ကျန်တဲ့ နှစ်ဆယ့်ခြောက်ယောက်ကလည်း လက်ရွေးစင်တွေပါပဲ။ တကယ်မာ တယ်။ တကယ်ရဲတယ်။ သူတို့ကိုတော့ လျှော့မတွက်သင့်ဘူးဗျ"

စုန်ကျန့်က တွမ်ကိုက်ကို ဆုချီးမြှင့်ကာ စစ်ဘုရင်ခံ ချန်းထံသို့ သတင်းပို့စေလိုက်၏။ နောင်သောအခါ တွမ်ကိုက်သည် ဘုရင်ခံနှင့်အတူ စူးကျို့သို့ လိုက်ပါသွားပြီး စူးကျို့မြို့ ကာကွယ်ရေးတွင် ပါဝင်ခဲ့သည်။ လျူကွမ်းရှီက ရှူကျို့၏ စစ်ဘုရင်ခံ ဖြစ်လာလေသည်။ စုန်ကျန့်သည်လည်း ကျွီလီကျေးရွာသို့ ပြောင်းရွှေ့

အခြေချထားလိုက်၏။

တပ်မှူးများကို ကျွေးမွေးဧည့်ခံပြီး ဆုချပြီးနောက် ဟန်ကျို့ကို မည်သို့ တိုက်ခိုက်မည် ကို ဆွေးနွေးတိုင်ပင်၏။ လေပွေလေးကျဲ့ကျင်းက-

"နောင်ကြီးဆီကို လိုက်လာကတည်းက နောင်ကြီးက ကျွန်တော့်ကို ခင်ခင်မင်မင်နဲ့ ဆက်ဆံပြီး အဆမတန် ဂုဏ်တက်အောင် လုပ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ညံ့ဖျင်းမှုကြောင့် ခုထိ နောင်ကြီးရဲ့ကျေးဇူး ပြန်မဆပ်နိုင်သေးပါဘူး။ ဒီတော့ ကျွန်တော် ဖန်းလာတို့ တပ်ထဲ ကို ဝင်ပြီး သူလျှို လုပ်ချင်ပါတယ်။ မင်းကြီးကို အမှုတော်ထမ်းပြီး နောင်ကြီးကို ဂုဏ်တက် အောင် လုပ်ချင်ပါတယ်။ နောင်ကြီးများ ခွင့်ပြုနိုင်မလားလို့ပါ"

စုန်ကျန့်လည်း အထူးပင် ဝမ်းမြောက်လှ၏။

"နောင်ကြီးက ရန်သူ့ အတွင်းသတင်းကို ရနိုင်ရင်တော့ ဒီခားပြ ဖန်းလာကို ဖမ်းပြီး နေပြည်တော်ကို ပို့နိုင်မှာပဲ။ ဒီအောင်မြင်မှုလေးအတွက် အားလုံး ဂုဏ်တက်ရမှာပဲ ဒါပေမဲ့ နောင်ကြီးကို သိပ်များ ဒုက္ခပေးရာများ ကျမလားလို့"

"ဒါလေးများဗျာ၊ သေရမယ်ဆိုရင်တောင် မကြောက်ပါဘူး။ တခုပဲ တောင်းချင် တာက ယန်ချင်းကို ကျွန်တော်နဲ့ ထည့်ပေးလိုက်ဖို့ပဲ။ သူက ဒီက ဒေသိယစကားတွေကို နားလည်တယ်။ ပြီးတော့ လာဘ်လည်း မြင်တယ်"

"စိတ်ချ နောင်ကြီး။ ယန်ချင်းက လောလောဆယ်မှာတော့ နောင်ကြီးလူကွမ်းယီ ဆီမှာ ရောက်နေတယ်။ ချက်ချင်းလာခဲ့ဖို့ ခေါ်ခိုင်းလိုက်မယ်"

ထိုစဉ် အောင်ပွဲသတင်းပို့ရန် ဗိုလ်ချုပ်လူ၏ အထူးတမန် ယန်ချင်းရောက်လာကြောင်း သတင်းလာပို့၏။ စုန်ကျန့်က စိတ်လက်ပေါ့ပါးစွာဖြင့် -

"နောင်ကြီးတော့ ကျိန်းသေ အောင်မြင်မှာပဲ၊ စိတ်ချ။ မျှော်လင့်တုန်း ကြော့ဆုံး ရောက်လာဆိုသလိုပဲ နိမိတ်ကောင်းတယ်ဗျ"

ကျဲ့ကျင်းကလည်း သဘောကျနေ၏။

ယန်ချင်း တဲထဲသို့ ဝင်လာကာ စုန်ကျန့်ကို ရိုသေစွာ နှုတ်ဆက်၏။ သူ့ကို စိမ်ရည်ဖြင့် ဧည့်ခံ၏။

"ကုန်းကြောင်းက လာတာလား၊ ရေကြောင်းက လာတာလား နောင်ကြီး"

"လှေနဲ့ လာပါတယ်"

“နောင်ကြီးတို့ ယူကျို့ကို တိုက်နေတယ်လို့ ထိုက်ချုံ ပြောတယ်။ ဘယ်လိုနေလဲဗျ”

“ရွှမ်ကျို့က ထွက်လာတော့ ဗိုလ်ချုပ်လူက စစ်ကြောင်းနှစ်ကြောင်း ခွဲလိုက်ပါတယ်။ ပထမစစ်ကြောင်းက ဟူကျို့ကို သွားတိုက်တယ်။ မြို့စောင့်တပ်မှူး ကုန်းဝင်နဲ့ လက်ထောက် တပ်မှူး ငါးယောက်ကို သတ်ပြီး မြို့ကို သိမ်းလိုက်နိုင်ပါတယ်။ ရန်သူတပ်တွေကို ဖြိုခွဲပြီး မြို့ကို အေးချမ်းအောင် လုပ်နိုင်ခဲ့ပါပြီ။ ပြီးတော့ စစ်ဘုရင်ခံချန်း ဆီကိုလည်း မြို့ဝန် တယောက် ခန့်ပေးဖို့ တင်ပြထားပါတယ်။ ဒီအကြောင်းတွေကို ကျွန်တော့်ကို တင်ပြ ခိုင်းလိုက်ပါတယ်။ ကျန်တဲ့စစ်ကြောင်းကိုတော့ နောင်ကြီးလင်ချုံး ဦးစီးပါတယ်။ ထင်းရှူးတပင် တောင်ကြားကို သိမ်းပြီး ဟန်ကျို့ကို တိုက်ရာမှာ ပူးပေါင်းဖို့ အမိန့်ပေးထားပါတယ်။ ကျွန်တော်ကြားတာကတော့ သူတို့နေ့တိုင်း တိုက်နေပေမယ့် မသိမ်းနိုင်သေးဘူးတဲ့ဗျ။ ခုတော့ ဗိုလ်ချုပ်လူနဲ့ နောင်ကြီးချူဝုတို့ ကိုယ်တိုင်သွားပြီး ဦးစီးနေပါတယ်။ ဟူကျို့ ကိုတော့ ဗိုလ်ချုပ်ဟူယန်ကျို့ကို မြို့ဝန် မရောက်ခင်အထိ ထိန်းခိုင်းထားပါတယ်။ မြို့ဝန် ရောက်လာရင်တော့ တေချင်းခရိုင်ကို သွားသိမ်းပြီးမှ ဟန်ကျို့ကို တိုက်စစ်ဆင်ရာမှာ လာပေါ ပေါင်းဖို့ မှာထားပါတယ်”

“ဒီစစ်ဆင်ရေးမှာ ဘယ်တပ်မှူးတွေ ပါသလဲ။ နာမည်တွေ ပြောနိုင်မလား”

“ထင်းရှူးတပင် တောင်ကြားကို တိုက်ဖို့ သွားတာက တပ်မှူးနှစ်ဆယ့်သုံးယောက်ပါ။ ဗိုလ်ချုပ်လူရယ်၊ ချူဝုရယ်၊ လင်ချုံးတို့အပါအဝင် တုန်ပင်း၊ ချန်ကျင်း၊ ရှီချင်၊ ရှီပေါင်၊ လူ့ဖန်၊ ကောက်ရှိန်း၊ အိုပင်း၊ တိန်ဖ၊ လီချုံး၊ ချူတုန်း၊ စို့ယွမ်၊ စို့ရွှန်၊ ဆွန်ရှင်၊ မခု၊ လီလီ၊ ပိုက်ရှန်း၊ ထန်လုံ၊ ချူကွီ၊ ချူဖူ၊ ရှီကျန့်တို့ ဖြစ်ပါတယ်။

“ဗိုလ်ချုပ်ဟူယန်ကျိုနဲ့ တပ်မှူး ဆယ့်ကိုးယောက်ရယ်က လောလောဆယ် ဟူကျို့ ကိုထိန်းထားတယ်။ ဗိုလ်ချုပ်ဟူယန်ကျို့ရယ်၊ စိုကျောက်၊ မူဟုန်၊ လွေ့ဟုန်၊ ရန်စုံ၊ လျူထန်၊ ရှန်တင်းကွီ၊ ဝေတင်းကို့၊ ချင်တ၊ ယန်ချွန်း၊ စွေ့ယုံ၊ ဒူရှန်း၊ မူချွန်း၊ လီယွမ်း၊ ရှိယုံ၊ ကုန်ဝမ်၊ တင်းတဲ့ဆွန်၊ ကျန်ချင်း၊ စုန်းမဆွန်တို့ ပါကြပါတယ်။

“ကျွန်တော် ထွက်လာတော့ စပြီး လှုပ်ရှားနေကြပါပြီ”

“ဒီအခြေအနေမှာ စစ်ကြောင်း နှစ်ကြောင်း ခွဲလိုက်တာကတော့ အကောင်းဆုံး နည်းလမ်းပဲ။ ဒါထက် သခင်လေး ကျဲ့ကျင်းက ဖန်းလာနယ်ထဲကို သွားထောက်လှမ်းရာမှာ မင်းကို ခေါ်သွားချင်တယ်တဲ့။ မင်းသဘောကကော”

“တပ်မှူးချုပ်က အလိုရှိရင် လိုက်ပါ့မယ် ခင်ဗျ”

ကျဲ့ကျင်းကလည်း သဘောတွေ့ မနောခွေ့သွားလျက်-

"ကျုပ်က ဝတ်လုံအဖြူဝတ်ပြီး စာတတ်ပုဂ္ဂိုလ်ယောင် ဆောင်မယ်။ နောင်ကြီး ကတော့ ကျုပ်အစေခံလုပ်ပေါ့။ ဗျပ်စောင်းတလက်၊ ခါးတချောင်း၊ စာအုပ်တအိတ်နဲ့။ သခင်နဲ့ အစေခံပုံ ဖမ်းပြီးသွားရင် ဘယ်သူမှ မသင်္ကာဖြစ်မှာ မဟုတ်ဘူး။ ကမ်းရိုးတန်း ရောက်ရင် လှေတစီး ရှာပြီး ကွေ့ကျို့ကို ကျော်တဲ့အထိ စီးသွားမယ်။ ပြီးမှ တောလမ်း အတိုင်း ချူကျီခရိုင်ထဲကို သွားမယ်။ အဲဒီကမှ တောင်တွေ ကျော်မယ်။ အဲဒီကနေ မူကျို့ကို မဝေးတော့ဘူး"

စုန်ကျန့်က-

"ကွေ့ကျို့က ကျုပ်တို့ အလယ်ပိုင်းလွင်ပြင်ပိုင်နက်ထဲမှာ ပါတယ်။ အဲဒီအပိုင်းက ဖန်းလာ လက်အောက်မှာ မဟုတ်ဘူး။ ဖြတ်သန်းသွားလာခွင့် ပေးဖို့ ဒေသအာဏာပိုင် တွေကို ကျုပ်အကြောင်းကြားလိုက်မယ်"

သတ်မှတ်ထားသော နေ့တွင် ကျဲ့ကျင်းနှင့် ယန်ချင်းတို့ ထောက်လှမ်းရေးခရီးစဉ် စကြ၏။ ထိုအကြောင်းကို ဤမျှနှင့် တော်ဦးမည်။

ဝုရုံက စကားစ၏။

"ဟန်ကျို့တောင်ဘက်ခြမ်း တဝက်လောက်က ချန်တန်းမြစ်ကို မေးတင်ထားတာ နောင်ကြီးရဲ့။ အဲဒီမြစ်က ပင်လယ်ထဲကို စီးဝင်သွားတယ်။ ဒီတော့ မြစ်ဝကနေ လှေလေး တစီးနဲ့ လူနည်းနည်းလောက်ကို ချေရှုန်းတံခါးကို ဖြတ်ပြီး လွှတ်လိုက်ရင် မြို့တောင် တံခါးကို ကပ်လို့ ရမယ်။ အဲဒီကနေ အမြောက်တွေ ဖောက်၊ အလံတွေ နဲ့ အချက်ပြရင် ဟန်ကျို့တမြို့လုံး တော်တော် လန့်သွားလိမ့်မယ်။ ကဲ၊ ရေတပ်ဗိုလ်တွေထဲက ဒီတာဝန်ကို ဘယ်သူ ထမ်းဆောင်မလဲ"

"ကျုပ်တို့ သွားမယ်" ချန်ဟင်းနှင့် ဖိုးရုံညီနောင်သုံးယောက်က ချက်ချင်း ဆန္ဒပြုကြ၏။"

စုန်ကျန့်က-

"ဟန်ကျို့အနောက်ဘက်မှာလည်း အနောက်ကန်ကြီး ရှိသေးတယ်။ အဲဒီကိုလည်း ရေတပ်တွေ သွားဖို့ လိုသေးတယ်။ နောင်ကြီးတို့ အားလုံးကို သွားခွင့်မပေးနိုင်ဘူး"

"ဒါဖြင့် ချန်ဟင်းနဲ့ ဖိုးရုံကလေး သွားပေါ့။ ဟိုဂျန်နဲ့ တွမ်ကျင်ချူကို ခေါ်သွားကြပေါ့" ဝုရုံက ခွဲတမ်းချ၏။

ထိုလေးယောက်လည်း လှေသား သုံးဆယ်ခန့်၊ အမြောက် ဆယ်လက်နှင့် အချက်ပြ အလံများကို ယူဆောင်ကာ ထွက်သွားကြ၏။ ကမ်းရိုးတန်းကို ကွေ့ပတ်ကာ လှေတစီးကို ရှာကာ ချန်တန်းမြစ်ကို ဆန်တက်ခဲ့ကြ၏။

နားဆင်ပါ စာရှုသူ။ ဤဇာတ်လမ်းမှာ အလွန်ပင် ထွေပြားလှ၏။ စာဟောဆရာ၊ ကွက်စိပ်ဆရာတို့ အစဉ်အဆက် နှုတ်တိုက် ကျက်မှတ်ကာ လက်ဆင့်ကမ်းခဲ့ကြသော ကြောင့် ဖြစ်၏။ တထိုင်တည်းနှင့် ပြောရန် မဖြစ်နိုင်ပေ။ သို့သော် ကျွန်ုပ်တို့သည် ဇာတ်လမ်း ဇာတ်ကွက်ကျောရိုးကိုမူ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပါမည်။ မှတ်သားထားကြပါ။ သို့မှ သာလျှင် ဇာတ်လမ်းခွဲ ဇာတ်အိမ်ခွဲများကို သင်တို့ မျက်စိမလည်ဘဲ ရှိပါလိမ့်မည်။

စုန်ကျန့်သည် ဟန်ကျို့ကို တိုက်ခိုက်ရန်အတွက် အစီအမံ ရေးဆွဲရန် ရှုကျို့သို့ ပြန် လေ၏။ ထိုစဉ်နေပြည်တော်မှ တော်သုံးစိမ်ရည်နှင့် လက်ဆောင်များကို တမန်တယောက်က ယူကာ ရောက်လာလေ၏။ စုန်ကျန့်တို့က ဝမ်းပန်းတသာ ကြိုဆိုကာ စားသောက်ပွဲ တည်ခင်းကာ ဧည့်ခံ၏။ ထိုပွဲတွင် တော်သုံးစိမ်ရည်ကို သောက်ကြ၏။ စားရင်း သောက်ရင်း တမန်ထံမှ စကားထွက်လာလေ၏။ မင်းကြီး မမာမကျန်း ဖြစ်နေကြောင်း၊ မင်းကြီးကို ကုသရန် သမားတော် အင်းထောင်ကွမ်းကို အလိုရှိနေကြောင်း၊ အမိန့်တော် ထုတ်လိုက် သဖြင့် သမားတော်ကို လာခေါ်ခြင်းဖြစ်ကြောင်း သိရ၏။ စုန်ကျန့်လည်း မငြင်းသာ။ နောက်တနေ့တွင် သမားတော်ကို မြို့ပြင် ဆယ်လီအထိ လိုက်ပို့လိုက်ကြ၏။

တပ်မှူးများကို ဆုလာဘ်များ ခွဲဝေပေးကာ၊ ရက်ကောင်းရက်သာကို ရွေးကာ အောင်လံများကို ပူဇော်ပွဲပေး၏။ ထို့နောက် လက်ထောက် ခရိုင်တပ်မှူးလျူတို့ကို နှုတ်ဆက်ပြီး ရေတပ် ကြည်းတပ် ညှိနှိုင်းလျက် ချီတက်ခဲ့ကြလေ၏။ ကျုံးတွေ့နှင့် နီးလာ သောအခါ ထိုခရိုင်ကို တာဝန်ခံနေသော သူပုန်ဗိုလ်လည်း ဟန်ကျို့သို့ ထွက်ပြေးလေ၏။

ထိုအချိန်မှာပင် ဖန်းလာ၏ သားအကြီးဆုံး ဖန်းတျန်တင်းသည် ပြင်စံအိမ်တော်တွင် စစ်သူကြီးများနှင့် တိုင်ပင်နေလေ၏။ ထို ပြင်စံအိမ်တော် နေရာတွင် ယနေ့ခေတ်၌ နဂါး လွှမ်းနန်းတော် တည်ရှိ၏။ ယင်းစစ်သူကြီးလေးယောက်တို့ကို ဖန်းလာကိုယ်တိုင်က ဗုဒ္ဓ အလင်းရောင်ကိုယ်တော်ကို ‘အကြံပေးပုဂ္ဂိုလ်ကြီး’၊ ရှီပေါင်ကို ‘တောင်ပိုင်းသားကြီး’၊ လီတျန်းရွန်ကို ‘နှိမ်နင်းသူကြီး”၊ စီရှင်ဖန်းကို “ကာကွယ်သူကြီး” ဟူ၍ အသီးသီး ဘွဲ့အမည် များ ပေးထား၏။

မင်းသားက

“စုန်ကျန့်တို့ တပ်တွေ ကုန်းကြောင်း ရေကြောင်းနဲ့ ယန်စီမြစ်ကို

ကူးလာပြီးကတည်း က ဆုံးရှုံးတာ ပြည်နယ် သုံးခုရှိပြီ။ တောင်ပိုင်းတိုင်းပြည်ရဲ့ ခံစစ်ဆိုလို့ ဟန်ကျို့ပဲ ရှိတော့ တယ်။ ဟန်ကျို့သာ ကျသွားရင်တော့ မူကျို့လည်း ဘယ်လို ရပ်တည်နိုင်ပါတော့မလဲ။ ဟိုတလောတုန်းကလည်း ဗေဒင်ပညာရှင်တွေက ဝူနယ်မြေထဲကို ဘုမ္မစိုးနတ် ကြယ်တွေ ဝင်လာတယ်လို့ ဟောထားတယ်လေ။ အဲဒါ မှန်နေပြီ။ ခင်ဗျားတို့ တပ်မှူးကြီးတွေက ရာထူးကြီးတွေ ယူထားတာ တိုင်းပြည်ပေါ်မှာ သစ္စာအရှိဆုံး ဖြစ်ရမယ်။ ဘယ်သူမှ တာဝန် မလစ်ဟင်းစေနဲ့”

“စိတ်ချပါ အရှင့်သား၊ ကျုပ်တို့ရဲ့ တပ်တွေက လက်ရွေးစင်တွေပါ။ တပ်မှူးတွေက လည်း တကယ် ကြမ်းတမ်း ရက်စက်တာမို့ စုန်ကျန့်က မယှဉ်နိုင်ပါဘူး။ ပြည်နယ်တွေ ဆုံးရှုံးရတာကလည်း တာဝန်ရှိတဲ့ တပ်မှူးတွေက အရည်အချင်းမရှိလို့ပါ။ ကြားရတာကတော့ စုန်ကျန့်နဲ့ လူကွမ်းယီက စစ်ကြောင်းသုံးကြောင်းနဲ့ ဟန်ကျို့ကို ချီတက်လာနေ ပြီတဲ့။ အရှင့်သားနဲ့ အကြံပေးပုဂ္ဂိုလ်ကြီးတို့က နင်ဟိုင်းခရိုင်ကို ဌာနချုပ်အနေနဲ့ ထိန်း ထားပါ။ ကျွန်တော်တို့က ရှေ့ကို တက်ပြီး ရန်သူကို ရင်ဆိုင်ပါ့မယ်”

မင်းသားလည်း များစွာ ကျေနပ်သွားကာ တပ်များကို စစ်ကြောင်း သုံးကြောင်းခွဲစေ ၏။ ယင်းတို့ကို ကျန်စစ်သူကြီး သုံးယောက်ကို တာဝန်ပေးကာ အကြံပေးပုဂ္ဂိုလ်ကြီးကိုသာ မြို့ကာကွယ်ရန် ခေါ်ထားလိုက်၏။ စီရှင်ဖန်းကို ဗိုလ်ချုပ်လေးဦးနှင့်တကွ တေချင်းပြည်နယ်ကို ပြန်ကယ်တင်ရန် လွှတ်လိုက်၏။ လီကျန်ရွှန်ကိုလည်း အလားတူ ဗိုလ်ချုပ်လေးဦး ခွဲပေးလိုက်ပြီး ထင်းရှူးတပင်တောင်ကြားကို အင်အားဖြည့်စေလိုက်၏။ ရှီပေါင်နှင့် ဗိုလ်ချုပ် ရှစ်ယောက်မှာ ရန်သူ့ပင်မတပ်ကို ရင်ဆိုင်ရမည် ဖြစ်၏။

စစ်သူကြီးတိုင်းကို ရွှေနှင့် ပိုးထည်များ ဆုချကာ အမြန်ဆုံး စစ်ထွက်စေ၏။ စစ်သူကြီး စီသည် တေချင်းသို့ အသွားတွင် ဖိန့်ကို့မြို့သို့ ပထမအဆင့်အဖြစ် ချီတက်၏။ စစ်သူကြီး လီ ကမူ ထင်းရှူးတပင်တောင်ကြားသို့ အသွားတွင် ယူဟန်းပြည်နယ်ကို ပထမ ဝင်ရမည် ဖြစ်၏။

စုန်ကျန့်တို့ ချီတက်လာရာတွင် လင်ပင်းတောင်သို့ ရောက်လာရာ တောင်ထိပ်တွင် အလံနီများနှင့် လူများ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို လှမ်း၍ မြင်ရ၏။ စုန်ကျန့်က ဟွေ့ရုံ နှင့် ချင်မင်းကို ရှေ့ဖျားကင်းထောက်အဖြစ် လွှတ်လိုက်၏။ ဘီးများ တပ်ဆင်ထားသော လှေများကိုလည်း ချန်းဂန်တာရိုးကို ဖြတ်၍ အမြန်သယ်ဆောင်လာရန် ရေတပ်ဗိုလ်များကို ဆော်ဩ၏။

ဟွေ့ရုံနှင့် ချင်မင်းတို့သည် အင်အားတထောင်နှင့်အတူ တောင်ကြားဝကို ပတ်၍ လာရာ၊ ရှီပေါင်ဦးစီးသော တောင်ပိုင်းတပ်နှင့် တည့်တည့်ဝင်၍ တိုးမိလေ၏။ သူ့တပ်မှ ဗိုလ်ချုပ်နှစ်ယောက်က ဟွေ့ရုံတို့ နှစ်ယောက်ကို ဝင်၍ တိုက်၏။ ထိုသူတို့မှာ

ဝမ်ရင်းနှင့် ဖိန့်ယီတို့ ဖြစ်၏။ စုန်တပ်က တိုက်ပွဲဝင်ရန် တပ်ဖြန့်ထားလိုက်၏။

ချင်မင်းက ဝံပုလွေသွားတပ် တင်းပုတ်ကြီးဖြင့် ဖိန့်ယီကို ပြန်တိုက်၏။ ဟွရုံက လှံကိုရွယ်ကာ ဝမ်ရင်ကို ရင်ဆိုင်၏။ မြင်းလေးစီး၊ မြင်းစီးလေးဦးတို့ ဆယ်ချီကျော်မျှ တိုက်ကြသော်လည်း နိုင်သူဟူ၍ ပေါ်မလာသေးပေ။ တောင်ပိုင်းတပ်၏ နောက်ပိုင်းမှ နေ၍ စစ်ကူများ ရောက်လာသည်ကို ဟွရုံတို့ သတိထားမိ၏။ ထို့ကြောင့်-

"ခဏနားမယ်" ဟု အော်ကာ မူရင်းနေရာများသို့ ပြန်ဆုတ်သွားလေ၏။

ဟွရုံက -

"တိုက်ဖို့ သိပ်လောမနေနဲ့။ နောင်ကြီးစုန်ကျန့်ဆီကို မြန်မြန် သတင်းပို့လိုက်။ ဒီသတင်းကို သူ သုံးသပ်လိမ့်မယ်"

သတင်းရသဖြင့် စုန်ကျန့်လည်း ချူတုံ၊ ရှုနင်၊ ဟုန်ဆင့်၊ ဆွန်လီတို့နှင့်အတူ ရှေ့ပိုင်းသို့ အမြန်တက်ခဲ့၏။ တောင်ပိုင်း ဗိုလ်ချုပ်နှစ်ယောက်က ထွက်လာကာ စိန်ခေါ်ပြန်၏။

"ဟေ့ ရှုံးသွားတဲ့ ဗိုလ်တွေ၊ လာလေ၊ ပြန်တိုက်ကြမယ်"

ချင်မင်းသည် ဒေါသတကြီးဖြင့် ဖိန့်ယီထံသို့ မြင်းဒုန်းစိုင်း၍ သွား၏။ ဝမ်ရင်က ဟွရုံကို စိန်ခေါ်ပြန်ရာ ဟွရုံက မတုံ့ပြန်လိုက်မီ ရှုနင်က လှံကို ဆလျက် အတင်းဝင်၏။ ဟွရုံနှင့် ရှုနင်တို့မှာ တပ်ဖွဲ့တခုတည်းမှ တပ်မှူး၊ ဒုတပ်မှူး ဖြစ်ကြ၏။ တယောက်က ရွှေလှံကို ကိုင်ကာ၊ တယောက်က ငွေလှံကို ကိုင်၏။ ထို့ကြောင့် ဟွရုံလည်း အမြန်လိုက်ပြီး လေးတွင် မြားတစင်းတပ်ကာ ကပ်လာမှ လွှတ်လိုက်၏။ ဝမ်ရင်ကို ထိမှန်သွားသဖြင့် မြင်းပေါ်မှ ကျလေ၏။

တောင်ပိုင်းတပ်သားများကလည်း စိတ်ပျက်အားလျော့သွားလေ၏။ ဖိန့်ယီမှာလည်း သူ့ရဲဘော် ကျသွားသည်ကို မြင်ရသဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ထိုစဉ် သူ့ခေါင်းကို လာထိလိုက်သော ချင်မင်း၏ တင်းပုတ်တချက်မျှဖြင့် မြေပေါ်သို့ ကျရလေ၏။

တောင်ပိုင်းသားများ ဖရိုဖရဲ ထွက်ပြေးကြရာ စုန်တပ်က နောက်မှ ထက်ကြပ်လိုက်ပြီး ခုတ်ထစ်သတ်ဖြတ်ကြ၏။ ရှီပေါင်လည်း တိုက်စစ် ဒီရေကို မဟန့်တားနိုင်ပေ။ ကောက် တင်းတောင်သို့ ဆုတ်ကာ အရှေ့တံတားသစ်အနီးတွင် စခန်းချ၏။ သို့သော် တောင်ပိုင်း သားများမှာ ကျောမလုံကြပေ။ ညတွင်းချင်းပင် မြို့ထဲသို့ ပြန်ဝင်သွားကြ၏။

စုန်ကျန့်က သူ့တပ်ကို စစ်ကြောင်းသုံးကြောင်း ခွဲလိုက်၏။ ပထမစစ်ကြောင်းမှာ ခြေလျင်တပ် သက်သက်ဖြစ်ပြီး တန်းချင်မြို့မှ ချီတက်၍ ဟန်ကျို့အရှေ့တံခါးကို တိုက်ခိုက် ရမည်။ ဒုတိယစစ်ကြောင်းမှာ ရေတပ်သက်သက်ဖြစ်ကာ၊ မြောက်တံတားသစ်မှ ကူတန်းကို သွားသိမ်းကာ၊ အနောက်ဘက် ချဉ်းကပ်လမ်းကို ဖြတ်တောက်ထားကာ ကန်ကြီးကို မျက်နှာပြုထားသော မြို့တံခါးများကို တိုက်ခိုက်ရမည်ဖြစ်၏။

ပင်မတပ်တွင်မူ ခြေသည်မြင်းသည် သာမက လေ့တပ်များပါ ပါဝင်ပြီး တပ်ဖွဲ့သုံးဖွဲ့ ဖွဲ့ထား၏။ ပထမနှစ်ဖွဲ့၏ ရည်မှန်းချက်တို့မှာ ဟန်ကျို့၏ ပေကွမ်းတံခါးနှင့် ဂင်ရှန်းတံခါးတို့ ဖြစ်၏။ယင်းတို့နောက်မှ စုန်ကျန့်၊ ဝုရုံတို့ ဦးစီးသည့် ကွပ်ကဲမှုအဖွဲ့ လိုက်ပါမည်ဖြစ်၏။ ကျန် အဖွဲ့မှာ စစ်ကူပေးရန် ကြည်းတပ်ရော ရေတပ်အတွက်ပါ ထောက်ပံ့ပေးရန် တာဝန်ယူရ၏။

ဤသို့ တာဝန်ခွဲဝေပြီးနောက် တပ်ဖွဲ့များ စစ်ထွက်ခဲ့ကြ၏။

ဦးစွာ ကျွန်ုပ်တို့သည် ကွမ်ရှိန်း ဦးစီးလာသည့် ပင်မတပ်၏ ရှေ့ဖျားတပ်အကြောင်းကို ပြောကြပါမည်။ အရှေ့တံတားသစ်သို့ ထိုးဖောက်မိသောအခါ တောင်ပိုင်းသား တယောက် တလေကိုမျှ မမြင်ရသဖြင့် ကွမ်ရှိန်းလည်း အံ့အားသင့်သွားကာ တပ်ကို ပြန်ဆုတ်လိုက်ပြီး အခြေအနေကို စုန်ကျန့်သို့ ပြန်၍ သတင်းပို့၏။ စုန်ကျန့်က ထိုက်ချုံဖြင့် အကြောင်း ပြန်ကြားလိုက်၏။

"အရမ်းကာရော တက်လို့ မဖြစ်ဘူး။ တပ်မှူးနှစ်ယောက်စီကို နေ့တိုင်း ကင်းထောက် လွှတ်"

ဟွရုံနှင့် ချင်မင်းကို ပထမနေ့တွင်၊ ရှုနင်နှင့် ဟောင်စီဝင်ကို ဒုတိယနေ့တွင် အသီးသီး လွှတ်၏။ ရက်အတန်ကြာသော်လည်း ရန်သူ ထွက်၍ မတိုက်ပေ။

ထို့ကြောင့် ရှုနင်နှင့် ဟောင်စီဝင်တို့သည် မြင်းသည်သုံးလေးကျိပ်မျှဖြင့် ဟန်ကျို့၏ ပေကွမ်းတံခါးအထိ တိုး၍ သွားကြည့်ကြ၏။ တံခါးကို ဟောင်းလောင်း ဖွင့်ထားသည်ကို တွေ့ရ၏။ သူတို့လည်း ဆွဲတံတားအထိ မြင်းစီးခဲ့ကြရာ မြို့ရိုးပေါ်မှ စစ်စည်သံများ တဒိန်း ဒိန်းနှင့် ထွက်လာပြီး မြင်းသည်တအုပ်က ထွက်၍ တိုက်လေတော့၏။ သူတို့နှစ်ယောက် လည်း မြင်းကို ဖနောင့်နှင့် နာနာကြိတ်၍ မောင်းကာ ဆုတ်ကြ၏။ ဟန်ကျို့မြို့အနောက် ဘက်မှ ပန်း၍ အော်သံ ဟစ်သံများနှင့်အတူ မြင်းသည် တရာခန့် ပြေးထွက်လာပြန်ပြီး သူတို့ရှေ့သို့ ရောက်လာလေ၏။ ရှုနင်သည် အငမ်းမရ တိုက်ခိုက်ကာ ဖောက်ထွက်နိုင်ခဲ့ သော်လည်း သူ လည့်ပြန်ကြည့်သောအခါ ဟောင်စီဝင်ကို အရိပ်အယောင်မျှ မတွေ့ရပေ။ ထပ်၍ ကြည့်သောအခါ ဟောင်စီဝင်ကို ရန်သူများ မြို့တွင်းသို့

ခေါ်သွားသည်ကို မြင်လိုက် ရလေ၏။

ရှုနင် ပြန်အလှည့်၌ သူ့လည်ပင်းတွင် မြားတစင်း လာ၍ စိုက်လေ၏။ မြားတန်း လန်းနှင့်ပင် မြင်းကို အပြင်းနှင်ရ၏။ နောက်မှလည်း ရန်သူဗိုလ်ခြောက်ယောက် လိုက် လာ၏။ ကံကောင်းထောက်မသဖြင့် ကွမ်ရှိန်းနှင့် ဝင်တိုးမိပြီး ကယ်လိုက်နိုင်၏။ သို့သော် သွေးထွက်လွန်သဖြင့် မေ့မြောသွားလေ၏။ ရန်သူဗိုလ်ခြောက်ယောက်ကိုလည်း မြို့ဘက်သို့ ပြန်မောင်းထုတ်လိုက်၏။

ကွမ်ရှိန်းက တင်ပြလိုက်သဖြင့် စုန်ကျန့်လည်း အပြေးအလွှား လာ၍ ကြည့်လေ၏။ ရှုနင်၏ ဒွါရပေါက်တိုင်းမှ သွေးများ ထွက်နေလေပြီ။ စုန်ကျန့်လည်း ငိုကြွေးလျက် သမား တော်ကို ခေါ်ပြရာ မြားကိုဆွဲထုတ်ပြီး ဖယောင်းချက်ကို လိမ်းပေး၏။ ရှုနင်ကို လှေတစီး ပေါ်သို့ တင်ထားကာ အနားယူစေ၏။ လှေသို့ ပို့ဆောင်ရာတွင်လည်း စုန်ကျန့် ကိုယ်တိုင် ကြီးကြပ်၏။ ရှုနင်လည်း လေးကြိမ်တိုင်တိုင် သတိလစ်သွား၏။ ထိုအခါမှသာ သူ့ကို အဆိပ်လူးမြားမှန်ထားကြောင်း ရိပ်စားမိကြလေ၏။

စုန်ကျန့်လည်း မိုးကို မျှော်ကြည့်ကာ သက်ပြင်းချလျက် -

"ငါတို့ရဲ့ နတ်ဆေးသမားတော် အင်းထောင်ကွမ်းကိုလည်း နေပြည်တော်က ခေါ်သွား ပြီ။ သူ့ကိုကယ်နိုင်တဲ့ သမားတော်လည်း မရှိတော့ဘူး။ လက်တချောင်းတော့ ဆုံးရှုံးပြန် ပြီပေါ့"

ဝုရုံက သူ့ကို စခန်းသို့ ပြန်ရန်တိုက်တွန်း၏။ ညီနောင်တယောက်အတွက် တိုင်းပြည် ကို ထိခိုက်စေနိုင်သည့် စစ်ရေးတာဝန်များကို အာရုံမပျက်စေရန် ဖျောင်းဖျ၏။ ရှုနင်အား ရှုကျင့်သို့ ပို့ကာ နားစေပြီး လဝက်မျှ ကုသကြသော်လည်း အရာမထင်ပေ။ မြားဒဏ်ရာမှာ မပျောက်ဘဲ နောက်ဆုံးတွင် ရှုနင်လည်း သေရရှာလေ၏။

စုန်ကျန့်က ရန်သူ့ထဲသို့ သူလျှိုလွှတ်ကာ ဟောင်စီဝင်အကြောင်း စုံစမ်းစေရာ "ပေကွမ်းမြို့တံခါး ပြထိပ်တွင် ဟောင်စီဝင်၏ ဦးခေါင်းကို ဝါးလုံးတွင် စွပ်ကာ ပြထားကြောင်း၊ အလောင်း၏ ကိုယ်ကိုမူ ဖန်းထျန်တင်းကိုယ်တိုင် အပိုင်းပိုင်းခုတ်ထစ်ခဲ့ကြောင်း" ကြား သိရလေ၏။

စုန်ကျန့်သည် အလွန်အမင်း စိတ်ဆင်းရဲရ၏။ နောက်လဝက်ကြာသောအခါ ရှုနင် ကွယ်လွန်ကြောင်း သတင်းကို ရပြန်၏။ ဤသို့ တပ်မှူးနှစ်ယောက် ဆုံးရှုံးရသဖြင့် စုန်ကျန့် သည်လည်း တပ်များကို ကောင်းစွာ မခင်းကျင်းနိုင်ရှာပေ။ လမ်းမကြီးကိုသာ ထိန်းချုပ် ထားရ၏။

လီကျွမ်းသည် မြောက်တံတားသစ်သို့ ရောက်လာပြီး ကုတန်းသို့ သွားမည့်လမ်းကို ထောက်လှမ်းရန် တပ်တတပ်ကို စေလွှတ်လိုက်၏။ ချက်ချင်းပင် သတင်းပြန်ရောက်လာ၏။ ဟောင်စီဝင်ကို ခေါင်းဖြတ်သတ်လိုက်ကြောင်းနှင့် ရှုနင်မှာ အဆိပ်လူးမြားသင့်ကြောင်း ဖြစ်၏။ သူက ချန်ရွှန်းသို့ ပြော၏။

"ကျုပ်အမြင်ကတော့ ကျုပ်တို့ရဲ့ အဓိကရည်မှန်းချက်က ထင်းရှူးတပင်ကျော်လမ်းနဲ့ ဟူကျို့- တေချင်းကို သွားတဲ့ လမ်းဆိုပဲ ဖြစ်မယ်။ ရန်သူ့တပ်တွေကတော့ တချိန်လုံး ဝင်နေ ထွက်နေတာပဲ။ သူတို့ရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကို ပိတ်မယ်ဆိုရင် သူတို့က နှစ်ဖက် ညှပ်ပြီး တိုက်လိမ့်မယ်။ စစ်မျက်နှာနှစ်ဖက် ဖွင့်ဖို့ ကျုပ်တို့မှာ အင်အားလည်း မလုံလောက်ဘူး။ ဒီတော့ အနောက်ဘက်က တောင်ကုန်းတွေကြားကို ခွာပြီး တပ်ချထားရင် ကောင်း မယ်ထင်တယ်။ ကျုပ်တို့ရဲ့ စစ်မြေပြင်ကတော့ အနောက်ကန်ပဲ။ အဲဒီနောက်မှာ ကျုံရှီကို သွားတဲ့လမ်း ရှိတယ်။ အဲဒါကလည်း ဆုတ်လမ်းကောင်းပဲ"

စုန်ကျန့်ထံသို့ အရာရှိငယ်တဦးကို စေလွှတ်ကာ အတည်ပြုချက် ရယူပြီးနောက် တပ် များကို တောက်ယွှမ်တောင်ကြောအတိုင်း အနောက်ဘက်တောင်ကုန်းများသို့ ဦးဆောင်ကာ ချီတက်သွား၏။ သူတို့စခန်းချသည့် နေရာမှာ ယခုအခါ လင်းယင်ကျောင်းဟု ခေါ်သည့်နေရာ ဖြစ်၏။ ထို့ပြင် ယခုအခါ ကုတန်းချိုင့်ဟု ခေါ်သည့် ရှီရှီတောင်ကြားရှိမြောက်ဘက်တောင်ကုန်းများတွင်လည်း တပ်ဖွဲ့ငယ်တခုကို စခန်းချထားစေ၏။ ကာကင်း များကိုမူ တန်းကျားဝါတွင် ချထား၏။

ချန်ရွှန်းက စကား စ ၏။

"တောင်ပိုင်းတပ်တွေတော့ ဟန်ကျို့မြို့ထဲကို ဆုတ်သွားပြီး ထွက်မတိုက်တာ လဝက် လောက် ရှိသွားပြီဗျ။ ဒီတောင်ကြားထဲ ထိုင်နေလို့တော့ ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး ။ ကျုပ်ကတော့ ဒီအိုင်ကို ဖြတ်ကူးမယ်၊ ရေတံခါးအောက်ကနေ ဝင်မယ်။ ပြီးရင် မီးတိုက် ချင်တယ်။ ဒီလိုနည်းနဲ့ ရေတံခါးကို လာတိုက်ဖို့ အချက်ပေးမယ်။ ရေတံခါးကို သိမ်းပြီးရင် နောင်ကြီးစုန်ကျန့်ဆီ သတင်းပို့လိုက်ပေါ့။ စစ်ကြောင်းသုံးကြောင်း စလုံး ဟန်ကျို့ကို ဝိုင်း တိုက်ကြတာပေါ့"

"အကြံကတော့ ကောင်းပါရဲ့၊ နောင်ကြီး တယောက်တည်းနဲ့ လုပ်နိုင်ပါ့မလား"

"နောင်ကြီးစုန်ကျန့်က ကျုပ်ကို ဒီလောက် စေတနာတွေ ထားခဲ့တာပဲဗျာ။ အဲဒါတွေနဲ့ စာရင် ဒါလေးက မပြောပလောက်ပါဘူး"

“တပ်ကူတွေ တောင်းပြီးတဲ့ အထိ စောင့်ပါဦးလား”

“ဒီနှစ်ခုကို တပြိုင်တည်း လုပ်လို့ရတာပဲ။ နောင်ကြီး မြို့ထဲကို ဝင်တဲ့အချိန်ကျရင် နောင်ကြီး စုန်ကျန့်လည်း သိသွားမှာပေါ့”

ထိုညနေတွင် ချန်ရွှန်းသည် ဓားမြှောင်ထက်ထက်တချောင်းကို ခါးတွင်ထိုးကာ၊ ညစာထမင်း ကောင်းကောင်း စားကာ စိမ်ရည်ကိုလည်း အားရပါးရ သောက်လေ၏။ အဝေးဘက်ကမ်းကို လှမ်းမျှော်ကြည့်ရာ မြို့တံခါးလေးပေါက်စလုံး ပိတ်ထားသည်ကို တွေ့ရ၏။ ထိုတံခါးတို့ကို ချန်တန်း၊ ယုံကျင်း၊ ချင်ပို့၊ ချန်ဟူဟု အသီးသီး ခေါ်တွင်၏။

ချစ်သော စာရှုသူ။ ထိုအချိန်မှာ တောင်ပိုင်းရွှေ့ပြောင်းမှု မတိုင်မီက ဖြစ်၍ အနောက် ကန်မှာလည်း မထင်ရှားသေးသည်ကို သတိမူရာ၏။ ရွှေတာတာရ်များနှင့် စုန်နိုင်ငံတော်တို့ စစ်ပြေငြိမ်းကြပြီး ငြိမ်းချမ်းရေးရရှိပြီးနောက် ဧကရာဇ်မင်းကြီးကလည်း ဟန်ကျိုကို နေပြည်တော်အဖြစ် ပြောင်းရွှေ့တည်ထောင်မှသာ ဤဒေသသည်လည်း စည်ပင်လာခဲ့ပေ၏။ ရှုခင်းသာစခန်းဆယ်ခုကျော်ကျော် ကိုလည်း ဖန်တီးခဲ့၏။ သုံးဖက်သုံးတန်ရှိ တောင်ကုန်းစိမ်းစိမ်းများသည်လည်း ထူးခြားသော နောက်ခံကားအဖြစ် အသုံးတော်ခံနေကြ၏။ ရောင်စုံလှေများ၊ ဘုံဆိုင်များ၊ မဏ္ဍပ်များကိုလည်း ကန်ကိုမိုးလျက် တည်ဆောက်ထားရာ ရှုချင်ဖွယ်ပင် ဖြစ်၏။ ကဗျာတပုဒ်တွင် စာဆို စူထျန်ပို ရေးခဲ့သလိုပင်တည်း။

ကြည်လင်သော ကောင်းကင်အောက်မှာ

ကန်ရေပြင် တလက်လက် တောက်ပနေရှာ

မိုးမှောင်သန်းတော့ ဆန်းဆန်းပြားပြား

ချစ်စရာ အနောက်ကန်ကို ရှီဇီနဲ့ နှိုင်းယှဉ်နိုင်တာ

တန်ဆာဆင် မဆင် လှမြဲ လှလျက်ပါ

နောက် ကဗျာတပုဒ်တွင်မူ-

မြစိမ်းတောင် တလုံး နောက်တလုံး မိုးလျက်ပါ

အဆို အက အသံမစဲ အနောက်ကန်တော်ထဲမှာ

လေပြည်နွေးနွေး ယစ်မူးဖွယ်ရာ

ဟန်ကျိုးဆိုတာ ပျန်ကျိုးနောက်တမြို့ပါ

အနောက်ကန်၏ အလှအပကို ဖွဲ့ဆိုထားသော ကဗျာများမှာ အရာအထောင်မက မြားမြောင်လှပေ၏။

ရှီလင်းတံတားပေါ်တွင် ရပ်ကာ ချန်ရွှန်းသည် အတန်ကြာအောင် ငေးနေမိ၏။ ပူနွေး သော နွေဦးနေ့တနေ့ဖြစ်၏။ ကန်ရေမှာ မဲနယ်အသွေးကျအောင် ပြာနက်နေ၏။ ပတ်ပတ် လည်ရှိ ကျောက်စိမ်းရောင် တောင်ကုန်းများနှင့် ပနံရလှပေ၏။ "ငါက ရွှင့်ယန်မြစ်ထဲမှာ ကြီးလာတာ။ လေတို့ မိုးတို့က အဆန်းမဟုတ်ဘူး။ ဒါပေမဲ့ ဒီလောက် ကြည်နူးစရာကောင်းတဲ့ ရေပြင်ကြီးမျိုးတော့ မမြင်ဖူးဘူး။ ဒီမှာ သေလို့ကတော့ သရဲဖြစ်တောင်မှ ပျော်ပျော်ကြီးနေလိမ့်မယ်"

အင်္ကျီကိုချွတ်ကာ တံတားအောက်တွင် ထားလိုက်၏။ ဆံပင်ကိုလည်း ပန်းစည်းကြိုး အနီဖြင့် စည်းကာ သေသေချာချာ ထုံးလိုက်ပြီး၊ ခါးစည်းတွင် ဓားမြှောင်ကို ထိုးလိုက်၏။ ဖိနပ်ကို ချွတ်ပြီး ရေထဲသို့ ဒိုင်ဗင် ထိုးချလိုက်ကာ ရေငုပ်လျက် ကူးသွားလေ၏။ အချိန်မှာ ည၏ပထမယံဖြစ်ပြီး လရောင်မှာ မှိန်မှိန်လေး သာနေ၏။

ယုံကျင်းတံခါးနှင့် နီးလာသောအခါ ခေါင်းကို ရေပေါ်သို့ ဖော်လျက် နားထောင်၏။ မြို့ ရိုးပေါ်မှ စည်တီးသံအရ ပထမယံ၏ စတုတ္ထအချိန်ဟု သိရလေ၏။ မြို့ရိုးနှင့် ကန်ရေစပ်တို့ ကြားတွင် လူသူကင်းရှင်းကာ တိတ်ဆိတ်နေလေ၏။ မြို့ရိုးပေါ်တွင် ကင်းစောင့်နေသည့် စစ်သားလေးငါးယောက် ကိုလည်း မြင်ရ၏။ ချန်ရွှန်းလည်း ချက်ချင်းပင် ရေပြန်ငုပ်လိုက် လေ၏။ အတန်ကြာသော် ခေါင်းပြန်ဖော်၍ ကြည့်၏။ မြို့ရိုးပေါ်တွင် လူတယောက်ကိုမျှ မမြင်ရပေ။

ရေတံခါးသို့ ဝင်သော တူးမြောင်းအတိုင်း ရေငုပ်လျက် ကူးလာခဲ့၏။ ရေတံခါးတွင် သံပန်းတံခါးကြီး ချကာ ပိတ်ထားလေ၏။ ယင်းသံပန်းကြီး အပေါ်ပိုင်းတွင်လည်း ပိတ်စ ထူထူကြီးကို ဆက်၍ တွဲကာ ပြည်ဖုံးကားကြီးကို ဆွဲထားလေ၏။ ဆွဲထားသော ကြိုးများ တွင်လည်း ကြေးခလောက်များကို တပ်ထား၏။ သံပန်းတံခါးကြီးကို မဖောက်နိုင်သဖြင့် ပြည်ဖုံးကားကြီးကို တွန်းလိုက်ရာ ခလောက်သံများ တဒေါင်ဒေါင်နှင့် ညံသွားလေ၏။ မြို့ရိုး ပေါ်မှ အော်သံဟစ်သံများ ထွက်လာလေ၏။ ချန်ရွှန်းသည်လည်း ကန်ထဲသို့ ပြန်၍ ကူးလာ ခဲ့၏။

စစ်သားများ ဆင်းလာကာ ပိတ်ကားကြီးကို စစ်ဆေးကြ၏။ သို့သော် လူတယောက်မျှ မတွေ့သဖြင့် ပြအိုးပေါ်သို့ ပြန်တက်သွားကြပြီး "ငါးကြီး တကောင်ကောင် ဝင်တိုးတာ နေလိမ့်မယ်" ဟု ကောက်ချက်ချကြ၏။ ခဏလောက်

စောင့်ကြည့်နေပြီးနောက် ပြန်အိပ် သွားကြ၏။

ချန်ရွှန်းသည်လည်း ဆက်၍ နားစွင့်နေရာ တတိယယံ၏ စည်သံကို ကြားရ၏။ စစ်သားများ အိပ်မောကျသွားလောက်သည်အထိ ဆက်၍ စောင့်ပြီးမှ ကမ်းခြေသို့ သူ တွားတက်ခဲ့၏။ ရေတံခါးကိုလည်း မဖောက်နိုင်၊ မြို့ရိုးပေါ်တွင်လည်း လူ မတွေ့ရ။ ထို့ကြောင့် မြို့ရိုးကို တက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

"မြို့ရိုးပေါ်မှာ စစ်သားတွေ နိုးနေရင်တော့ ငါ့ဘဝတော့ သွားပြီ။ ကြည့်ရသေးတာပေါ့" ဟု စဉ်းစား၏။

မြေခဲတခုကို လျှောက်စမ်းကာ ရှာဖွေပြီး အပေါ်သို့ ပစ်တင်လိုက်၏။ နိုးနေသော စစ်သားများ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အောက်သို့ ဆင်းလာကာ ရေတံခါးကို စစ်ပြန်၏။ ဘာကိုမျှ မတွေ့ရ၊ ပြအိုးပေါ်မှလည်း လှေတစီးကိုမျှ မမြင်ရ။ လှေမှန်သမျှ ချင်ပို့တံခါးနှင့် ကျင်စီပင်လယ်ကွေ့ထဲတွင်သာ ဆိုက်ကပ်ရန် မင်းသားက အမိန့်ထုတ်ထား၏။

"ဆန်းတာပဲ။ သရဲနဲ့ တူတယ်။ ပြန်အိပ်ကြမယ်ကွာ" ဟု စစ်သားများက ကျယ်ကျယ် လောင်လောင် ပြောကြ၏။

အမှန်မှာ သူတို့ မအိပ်ကြဘဲ သူရဲခိုများနောက်မှ ပုန်း၍ စောင့်ကြည့်နေကြ၏။ ည တယံလုံးလုံးစောင့်ပြီး ဘာမှ လှုပ်ရှားမှုမရှိမှ မြို့ရိုးခြေရင်းသို့ ချန်ရွှန်း ချဉ်းကပ်လာခဲ့၏။ စည်သံလည်း မကြားရပေ။ ချန်ရွှန်းသည် နောက်ထပ် မြေခဲတခဲကို ပစ်ပေါက်လိုက်၏။ မြို့ရိုးပေါ်မှာကား တုတ်တုတ်မျှပင် မလှုပ်ပေ။

စတုတ္ထယံသို့ပင် ရောက်နေလေပြီ။ ရောင်ဖြူပေါ်လာတော့မည်။ "အခုလုပ်ရင် လုပ်၊ မလုပ်ရင် မလုပ်နဲ့တော့"

မြို့ရိုးကို တက်၍ တဝက်လောက် အရောက်တွင် စစ်စည်ကို အဆက်မပြတ် တီးခတ်သံ ထွက်လာပြီး စစ်သားများကို လှန့်ကာ နှိုးလိုက်၏။ ချန်ရွှန်းလည်း တူးမြောင်းထဲသို့ ခုန်ချ ကာ ကူးပြေးလေ၏။ မြားများ၊ လှံတိုများ၊ ကျောက်ခဲများ အုံနှင့်သင်းနှင့် သူ့အပေါ်သို့ ကျလာလေ၏။ သူရဲကောင်း ချန်ရွှန်းခမျာ ယုံကျင်းတံခါး တူးမြောင်းထဲတွင် အသက်ပေး သွားရရှာလေ၏။ ထိုနေ့တွင်ပင် လီကျွမ်းထံမှ သတင်းပို့ချက်ကို စုန်ကျန့် ရရှိလေ၏။

'ချန်ရွှန်း ဟန်ကျို့ကို ရေကူးသွားပြီ။ တိုက်ခိုက်ရန် မီးတိုက်၍ အချက်ပြမည်"

ဤသတင်းကို အရှေ့တံခါးအပြင်ဘက်ရှိ တပ်များသို့ ဆက်လက် အကြောင်းကြား လိုက်၏။

ထိုညတွင် စုန်ကျန့်သည် ဝုရုံနှင့်အတူ ညစတုတ္ထယံအထိ တိုင်ပင်ဆွေးနွေးနေ၏။ နောက်ဆုံးတွင် ငိုက်မျဉ်းလာသဖြင့် သူ့လူများကို ပြန်လွှတ်လိုက်ပြီး စားပွဲပေါ်တွင် သူ့ဦးခေါင်းကို တင်ထားလိုက်မိ၏။

ရုတ်တရက် ရေခဲတမျှ အေးစက်သော လေတချက် တိုးလိုက်သဖြင့် စုန်ကျန့်လည်း ကိုယ်ကို ဆတ်ခနဲ နေအောင် မတ်လိုက်မိ၏။ မီးအိမ်၏ အလင်းရောင်မှာ မှိန်သွားပြီး ကြောက်လန့်ဖွယ်ကောင်းအောင် အေးစိမ့်လာ၏။ မီးမှိန်မှိန်ထဲတွင် သူ့ မျက်စိများက ကျင့်သားရလာသောအခါ မြူထုထဲတွင် ရပ်နေသည့် လူလည်း မဟုတ်၊ တစ္ဆေလည်း မဟုတ်သော သွေးအလိမ်းလိမ်းနှင့် ရုပ်သွင်တခုကို မြင်လိုက်ရ၏။

ထိုရုပ်သွင်ထံမှ အသံတိုးတိုးညင်းညင်းကို ကြားရ၏။

"နောင်ကြီးက ကျွန်တော့်ကို မေတ္တာ ကရုဏာ ထားခဲ့တာ နှစ်တွေ အများကြီးပါဗျာ။ ကျွန်တော်ကတော့ ဒီအလောင်းနဲ့ပဲ ပြန်ဆပ်ရပါမယ်။ ဒီနေ့ပဲ ယုံကျင်းတံခါးမှာ လှံချက်၊ မြားချက်တွေနဲ့ ကျွန်တော် သေရပါပြီ။ နောင်ကြီးကို လာနှုတ်ဆက်တာပါ"

စုန်ကျန့်က အော်မေးလိုက်၏။

"မင်း မင်းက ချန်ရွှန်း မဟုတ်လား"

တဲ၏ အခြားတဖက်တွင်လည်း အလားတူ သွေးအလိမ်းလိမ်းနှင့် ရုပ်သွင် သုံးလေးခု ကို မြင်လိုက်ရ၏။ မည်သူတွေဟုကား သူ မမှတ်မိ။ မျက်ရည်များတပေါက်ပေါက် ကျဆင်း လျက် နိုးလာလေ၏။ ဤအရာအားလုံးမှာ အိပ်မက်သာ ဖြစ်ပေ၏။

သူ့ ငိုသံကို ကြားသဖြင့် လက်ထောက်တပ်မှူးများ တဲထဲသို့ ပြေးဝင်လာကြ၏။ "ဆန်းလိုက်တာ" ဟုဆိုကာ ဝုရုံသို့ အိပ်မက်ကို ပြန်ကြားပြီး အဓိပ္ပာယ်ကောက်ခိုင်းလေ၏။ "နောင်ကြီးက ပင်ပန်းလွန်းလို့ မက်မိမက်ရာ အိပ်မက်မက်တာပါ" ဟု ဝုရုံက ဖျောင်းဖျ၏။ စုန်ကျန့်က အိပ်မက်ထဲတွင် ဘာဖြစ်ခဲ့သည်ဟု အတိအကျ ထပ်ပြော၏။

ဝုရုံကလည်း ထပ်၍ ချော့ချော့မော့မော့ ပြောပြ၏။

"လီကျွမ်းက ချန်ရွှန်း ကန်ကို ဖြတ်ကူးမယ်၊ မြို့ကို

မီးတိုက်မယ်ပြောထားတယ်လေ။ ဒါကို နောင်ကြီး စိတ်စွဲသွားတာ နေမှာပေါ့”

“ချန်ရွှန်းက သိပ်တော်တယ်။ သူ သေရင်တောင်မှ အပြစ်လွတ်လွတ်နဲ့ သေမှာပဲ”

“ကန်ရေစပ်နဲ့ မြို့ရိုးကြားကွက်လပ်က သိပ်အန္တရာယ်များတယ်။ သူသေမယ်ဆိုလည်း ဖြစ်နိုင်လောက်တယ်။ ဒါကြောင့် သူ့ဝိညာဉ်က လာပြီး သတင်းပေးတာ ဖြစ်မယ်”

“ဒါဖြင့် ကျန်တဲ့ သုံးလေးယောက်ကကော”

စုန်ကျန့်ရော ဝုရုံပါ တွေး၍ မရကြပေ။ ထိုသို့ စကားပြောနေကြရာ မိုးလင်းသွား လေ၏။ မြို့ထဲတွင် ဘာမျှ ဖြစ်သည့်ပုံ မပေါ်ပေ။ ထို့ကြောင့် ပို၍ မသင်္ကာ ဖြစ်လာကြ၏။

မွန်းလွဲပိုင်းတွင်မှ လီကျွမ်းထံမှ အစီရင်ခံစာ ရောက်လာ၏။ “ယုံကျင်းတံခါးတွင် ချန်ရွှန်း မြို့ရိုးကို ကျော်တက်ရန် ကြိုးစားရာ ရေထဲ၌ မြားမှန်ကာ သေရ၏။ သူ့ဦးခေါင်းကို ဝါးလုံးနှင့်ထိုးကာ အနောက်ဘက် မြို့ရိုးတွင် ပြထား၏”။

စုန်ကျန့်သည် ငိုလွန်းမက ငိုပြီး သတိပါ လစ်သွားလေ၏။ ဝုရုံနှင့် ကျန်ခေါင်းဆောင် များသည်လည်း ထိတ်လန့်သွား၏။ ချန်ရွှန်းမှာ အထူးသဘောကောင်းသူဖြစ်၍ လူတိုင်းက ခင်မင်ကြ၏။

စုန်ကျန့်က ငိုယိုလျက်-

“အဖေ အမေ ဆုံးတာထက်ကို စိတ်မကောင်းဖြစ်ရတယ်ဗျာ။ အသည်းထဲ အသွေးထဲ ကကို လှိုက်လှိုက်လှဲလှဲ တက်လာတယ်”

ဝုရုံနှင့် ကျန်တပ်မှူးများက ဝိုင်း၍ နှစ်သိမ့်ကြ၏။

“နောင်ကြီး အရေးကြီးတဲ့ စစ်ရေးစစ်ရာတွေပဲ အာရုံစိုက်ပါဗျာ။ စိတ်ထောင်းကိုယ် ကြေ မဖြစ်ပါစေနဲ့”

“ကျုပ် ကန်စောင်းကိုသွားပြီး ကျုပ်ညီအတွက် မသာပွဲ စီစဉ်ပေးချင်တယ်”

“သိပ်ပြီး စွန့်စားရာ ကျပါလိမ့်မယ်ဗျာ။ ရန်သူ သိသွားရင် လာတိုက်မှာဗျ”

“ကျုပ် ဒီကောင်တွေကို ကိုင်တတ်ပါတယ်”

စုန်ကျန့်က လီကွေ့၊ ပေါက်ရှူ၊ ရှံချုံး၊ လီကွန်းတို့အား အကဲကြည့်ရန်

အင်အား ငါးရာ နှင့် ကြိုး၍စေလွှတ်လိုက်ပြီး သူကိုယ်တိုင်မှာ ရှိဇူ၊ ထိုက်ချုံ၊ ဖန်ရှီ၊ မာလင်းတို့နှင့်အတူ အင်အားငါးရာဖြင့် နောက်မှ လိုက်ခဲ့၏။ အနောက်ဘက်တောင်များကြားရှိ လမ်းကြောင်း များအတိုင်း တိတ်တဆိတ် ချီတက်ကာ လီကျွမ်းတို့၏ စခန်းဆီသို့ လာခဲ့၏။ လီကျွမ်းက ထွက်၍ ကြိုပြီး လင်းယင်ကျောင်းတိုက်တွင် နားစေ၏။ စုန်ကျန့်သည်လည်း ငိုပြန်၏။ ချန်ရွှန်း ကောင်းကင်ဘုံသို့ ဝင်ခွင့်ရအောင် ဆုတောင်းပေးဖို့ ဘုန်းကြီးများကို အပူကပ်၏။

နောက် ညနေတွင် အရာရှိငယ်တယောက်ကို ကန်ကမ်းစပ်ရှိ ရှီလင်းတံတားပေါ်တွင် တံခွန်ဖြူတလက်ကို ထူစေ၏။ ယင်းတံခွန်ပေါ်တွင် ဤသို့ စာများ ရေးထား၏။ "ခွဲခွာသွား သော ညီနောင် ဗိုလ်ချုပ်ချန်ရွှန်း၏ ဝိညာဉ်"။ ပူဇော်ဖွယ် ပစ္စည်းများကိုလည်း ခင်းကျင်း၏။ လီကွေ့ကိုလည်း လျှို့ဝှက်ကာ ညွှန်ကြားထား၏။ မြောက်ဘက်တောင်ကုန်းများသို့ ဝင် သည့် တောင်ပေါက်ဝတွင်လည်း ဖန်ရှီ၊ မာလင်း၊ ရှိဇူတို့ကို ကင်းပုန်းဝပ်ထားစေ၏။ ထိုက်ချုံ ကိုမူ အနီးတွင် ခေါ်ထား၏။

ပထမယံမတိုင်မီ ကလေးတွင် စုန်ကျန့်သည် အဖြူရောင်ဝတ်လုံနှင့် ရွှေမောက်တိုကို ဝတ်ဆင်ကာ ထိုက်ချုံနှင့် အတူ ဘုန်းကြီး ခြောက်ပါး ခုနစ်ပါးကို ဦးဆောင်ကာ ရှီလင်း တံတားသို့ လာခဲ့ကြ၏။ အရာရှိငယ်က ဝက်နက်တကောင်၊ သိုးဖြူတကောင်တို့ကို ကြိုးနှင့် ချည်ထားပြီး ပူဇော်ဖွယ်များကို ခင်းကျင်း၏။ ဖယောင်းတိုင်များ၊ မီးပုံးများကိုလည်း ထွန်း၏။ အမွှေးတိုင်များကိုလည်း ညှိ၏။

စုန်ကျန့်သည် ယုံကျင်းတံခါးကို မျက်နှာမူလျက် ချန်ရွှန်းနှင့် သူတို့၏ မိတ်ဆွေဖြစ်မှုကို ငိုယိုလျက် တိုင်တည်၏။ ဘုန်းကြီးများက ခေါင်းလောင်းများကိုတီးကာ ကျမ်းစာများကို ရွတ်ဖတ်ကြလေ၏။ ချန်ရွှန်း၏ ဝိညာဉ်ကို တံခွန်တွင် သက်ဆင်းရန် ပင့်ခေါ်ကြ၏။ ထို့နောက် ထိုက်ချုံက ယဇ်ပူဇော်သော စာများကို ရွတ်ဖတ်လေ၏။ စုန်ကျန့်က စိမ်ရည်ကို မြေသို့ သွန်ချပြီး အရှေ့ဘက် မိုးကောင်းကင်ကို မျှော်ကြည့်ကာ ငိုနေပေ၏။

ရုတ်တရက်ဆိုသလို တံတားထိပ် နှစ်ဖက်စလုံးမှ အော်သံများ ထွက်လာ၏။ မြောက် ဘက်နှင့် တောင်ဘက်ရှိ တောင်များအတွင်းမှ စစ်စည်သံများ ဟည်း၍ ထွက်လာလေ၏။ နှစ်ဖက်စလုံးမှ မြင်းတပ်များ စုန်ကျန့်ကို ဖမ်းရန် ဆင်းလာကြ၏။ မှန်ပေ၏။ ကျဆုံးသွားသော သူရဲကောင်း ရဲဘော်တဦးကို ပူဇော်သည့် နေရာသည် စစ်တလင်းဖြစ်ခဲ့ရပေ၏။ တောင်ပိုင်းတပ်မှူးတချို့ကို သတ်ဖြတ်နိုင်ခဲ့သဖြင့် အနောက်ကန် ၏ လှိုင်းတံပိုးများလည်း မိုးယံသို့ လျှံတက်ခဲ့ပေ၏။

စုန်ကျန့်နှင့် ထိုက်ချုံတို့ ရန်သူကို မည်သို့ ရင်ဆိုင်ပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၉၅

ချန်ရှန်း၏ ဝိညာဉ်က ဖန်းတျန်တင်းကို ဖမ်းခြင်း

စုန်ကျန့်က ပရိယာယ်ဖြင့် နင်ဟိုင်းခရိုင်ကို သိမ်းခြင်း

ရှိလင်းတံတားတွင် ချန်ရှန်း၏ ဝိညာဉ်ကို ပူဇော်မည်ဟု ထိုက်ချုံနှင့်အတူ သွားစဉ်က ဤအကြောင်းကို မင်းသားဖန်းတျန်တင်း သိရှိပြီး စစ်ကြောင်းနှစ်ကြောင်းကို ဗိုလ်ချုပ် ဆယ်ယောက် ဦးစီးစေကာ သူ့ကို ဖမ်းရန် လွှတ်လိုက်လိမ့်မည်ဟု စုန်ကျန့် မသိခဲ့ပေ။ ယခုမူ စစ်ကြောင်းများ အရှိန်အဟုန်ဖြင့် ထွက်လာရာ တောင်ဘက်တောင်ကုန်းများ ဘက်မှ ငါးယောက်၊ မြောက်ဘက်မှ ငါးယောက်တို့က စုစုပေါင်း အင်အားသုံးထောင်ကို ဦးစီးလျက်လာ၏။ ညဥ့်သန်းခေါင်ခန့်တွင် မျက်နှာစာတံခါးမှရော နောက်ဖေးတံခါးမှပါ ထွက်လာခဲ့ကြခြင်း ဖြစ်ပေ၏။

တံတား ဘယ် ညာတွင် ကင်းပုန်းဝပ်နေသော အင်အားငါးထောင်စီ ပါဝင်သော စုန် တပ်ဖွဲ့နှစ်ခုသည် လမ်းအတိုင်းလာနေသော မီးတုတ်များကို တဝင်းဝင်းနှင့် မြင်ရ၏။ သူတို့ လည်း ချက်ချင်းပင် မီးတုတ်များကို ထွန်းညှိလိုက်ကာ မြောက်ဘက်နှင့် တောင်ဘက်မှ ချီတက်လာသော မင်းသားဖန်း၏ တပ်များနှင့် ရင်ဆိုင်လေ၏။ သူတို့ရန်သူက အသင့်ပြင် ကာ စောင့်နေသည်ကို တွေ့ရသော တောင်ပိုင်းတပ်များသည် အလျင်အမြန်ပင် ဆုတ်ခွာ လေရာ စုန်တပ်များက နှစ်ဖက်စလုံးတွင်ပင် နောက်မှ လိုက်တိုက်ကြ၏။

မြစ်ကို ကူးရန် သုတ်ခြေတင်လာသော စစ်ကြောင်းတကြောင်းသည် ဖိုးရုံညီအစ်ကို များ၏ အင်အား ငါးထောင် ပါသည့် တပ်က ပေါက်ရှူဘုရား နောက်ဘက်မှ အုပ်လိုက် ထွက်လာသည်နှင့် ဘွားခနဲ သွား၍ တိုးမိလေ၏။ သူတို့၏ ဆုတ်လမ်းကို ပိတ်လိုက်ပြီး ဗိုလ်ချုပ်တယောက်ကို ဖမ်းလိုက်ကာ တယောက်ကို သတ်လိုက်၏။ နောက်စစ်ကြောင်း တကြောင်းကိုလည်း တင်းရှန်းတံတားတွင် လီကွေ့ခေါင်းဆောင်သော ခြေသည်အင်အား ငါးရာက ကြားဖြတ် တိုက်ခိုက်၏။ ဒိုင်းပုံများကို ကိုင်ဆောင်သော ရှံချုံးနှင့် လီကွန်းတို့က ရန်သူထုထဲသို့ အတင်းဝင်တိုက်ခိုက်ကာ တောင်ပိုင်း ဗိုလ်ချုပ်တယောက်ကို သတ်ဖြတ် လိုက်၏။ ပေါက်ရှူကလည်း နောက်တယောက်ကို ဓားနှင့် ခုတ်ပိုင်းလိုက်နိုင်၏။ လီကွေ့ ကလည်း သူ့ ခွဲတမ်းအဖြစ် တတိယဗိုလ်ချုပ်တယောက်ကို ပုဆိန်ကြီးနှင့် ထက်ခြမ်း ခြမ်းချလိုက်၏။ တောင်ပိုင်းစစ်သား အများအပြားမှာလည်း ရေထဲသို့ မောင်းချခံရပြီး ရေနစ်ကာ သေကြရ၏။ မြို့ထဲမှ တပ်ကူများ ရောက်လာသောအခါ စုန်ကျန့်တို့မှာ

တောင်ကုန်းများဆီသို့ ပြန်ဆုတ်သွားကြပြီ ဖြစ်၏။ သူတို့သည် လင်းယင်တောရကျောင်းတွင် အခြေချကြ၏။

သူရဲကောင်းများ တယောက်ပြီး တယောက် ထွက်ကာ ခုခံကြလေ၏။ နှစ်တပ်ပေါင်း ဖမ်းမိသော မြင်းအရေအတွက်မှာ ရေအတွက်မှာ ငါးရာ ကျော်၏။ အနောက်ကန်ကို မိုးနေသည့် တောင်ကုန်းပေါ်ရှိ စခန်းကို လီကျွမ်း ကာကွယ်ရာတွင် ကူညီရန် ရှိုဇူ၊ ဖန်ရွှီ၊ မာလင်းတို့ကို စုန်ကျန့်က ထားခဲ့ပြီး မြို့ကို ဝင်တိုက်ရန် ပြင်ဆင်ထား ခိုင်း၏။ ထို့နောက် ထိုက်ချုံ၊ လီကွေ့တို့နှင့်အတူ ကောက်တင်းတောင်သို့ ပြန်လာခဲ့၏။ ဝုရုံနှင့် အခြားတပ်မှူးများကိုပါ သူ့တဲတွင် ခေါ်၍ တိုင်ပင်၏။ “ကျုပ်တို့ရဲ့ အစီအမံအရ ရန်သူဗိုလ်ချုပ်လေးယောက်ကို သတ်ခဲ့ပြီ။ တယောက်ကို လည်း ဖမ်းထားပြီ။ သူ့ကို ကွပ်မျက်ဖို့ ဘုရင်ခံချန်းဆီကို ပို့ရမယ်”

ထင်းရှူးတပင်တောင်ကြား၏ အခြေအနေကိုမူ မသိရသေးသဖြင့် စုံစမ်းရန် ထိုက်ချုံကို စေလွှတ်လိုက်၏။ နှစ်ရက် သုံးရက် နေသောအခါ နတ်ခြေမြန်လည်း ပြန်ရောက်လာပြီး သတင်းပို့၏။ “နောင်ကြီး လူကွမ်းယီက ထင်းရှူးတပင်တောင်ကြားကို သိမ်းလိုက်ပါပြီ။ မကြာခင်မှာ ဒီကို ရောက်လာပါတော့မယ်”

သဘောကျသွားသော်လည်း စိတ်မဖြောင့်နိုင်သေးသည့် စုန်ကျန့်က ထပ်၍ မေးပြန် ၏။ “အရာရှိတွေ စစ်သည်တွေကော ဘယ်လိုရှိလဲ”

“ကျွန်တော် အကုန် သိလာခဲ့ပါပြီ။ ဒါပေမဲ့ နောင်ကြီး ဒီစာကို ဖတ်ကြည့်တာက ပိုကောင်းပါမယ်။ စိတ်မဆိုးပါနဲ့ဗျာ”

“ကျုပ်တို့ ညီနောင်တွေ ထပ်ဆုံးရှုံးပြန်ပြီမလား။ ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့။ ပွင့်ပွင့် လင်းလင်း အကုန်ပြောပြပါ”

“ထင်းရှူးတပင်တောင်ကြားရဲ့ ဘေးနှစ်ဖက်က တောင်တွေက မတ်စောက်တယ်။ တောင်ထိပ်မှာတော့ တောင်ကြားကိုစောင့်တဲ့ ခံတပ်တခု ရှိတယ်။ သူ့ဘေးမှာ ထင်းရှူး ပင်ကြီး တပင်ရှိတယ်။ အတောင်ငါးဆယ် ခြောက်ဆယ်လောက် မြင့်တယ်။ အဲဒီကနေ တက်ကြည့်ရင် ပတ်ပတ်လည်ကို မြင်နိုင်တယ်။ အောက်မှာတော့ ထင်းရှူးတော တအုပ် ရှိတယ်။ အဲဒီခံတပ်မှာ ဗိုလ်ချုပ်သုံးယောက် ရှိတယ်။ တယောက်က ဝူရှိန်တဲ့၊ တယောက် က ကျန်းယင်တဲ့၊ တယောက်က ဝေ့ဟိန်တဲ့။ အစကတော့ သူတို့က တောင်အောက်ကို ဆင်းဆင်းပြီး တိုက်တယ်။ လင်ချုံးက ကျန်းယင်ကို လှံနဲ့ ထိုးလိုက်နိုင်တဲ့ နောက်ပိုင်းတော့ ဆင်းလာပြီး မတိုက်တော့ဘူး။ ဒါပေမဲ့ တောင်ကြားကိုတော့ ဆက်ထိန်းထားကြတယ်။

“နောက်တော့ လီတျန်းရွှန်နဲ့ နောက်ဗိုလ်ချုပ်လေးယောက် ထပ်ရောက်လာပြီး နောက်တနေ့မှာ လာတိုက်တော့တာပါပဲ။ လူ့ဖန်က လီတျန်းရွှန်ကို အချီခြောက်ဆယ် လောက် တိုက်ပြီးမှ သတ်လိုက်တယ်။ ရန်သူတွေက တောင်ကြားထဲကို ဆုတ်သွားပြီး နေနေကြတယ်။ ကျုပ်တို့တပ်တွေက အဲဒီမှာ အလကား ထိုင်စောင့်နေရတယ်။ ဗိုလ်ချုပ် လူကွမ်းယီက အိုပင်း၊ တိန်ဖ၊ လီချုံး၊ ချူတုန်းတို့ကို လွှတ်ပြီး တောင်ချွန်းတွေကို ခက်ခက် ခဲခဲ တက်ခိုင်းပြီး လမ်းရှာခိုင်းတယ်။ သူတို့က လီတျန်းရွှန်နဲ့ ဝင်တိုးမိပြီး သူ့ဓားချက်နဲ့ ချူတုန်း ကျသွားရရှာတယ်ဗျာ။ လီချုံးကတော့ ဒဏ်ရာရသွားတယ်။ ကျုပ်တို့တပ်က စစ်ကူလိုက်သွားနိုင်လို့ပေါ့၊ မဟုတ်ရင် လေးယောက်စလုံးကို ဆုံးရှုံးရတော့မှာ။ ခုတော့ စခန်းကို သုံးယောက် ပြန်လာခဲ့နိုင်တယ်ပေါ့။

“နောက်တနေ့ကျတော့ လှံနှစ်စင်းဗိုလ်တုန်ပင်းက လက်စားချေချင်ဇောနဲ့ တောင် ကြားထဲကို ဝင်ပြီး ရန်သူတွေကို စိန်ခေါ်တယ်ဗျ။ အပေါ်က အမြောက်နဲ့ ပစ်ချလိုက်တာ အမြောက်ဆန်က သူ့ဘယ်လက်မောင်းကို ပွတ်သွားပြီး ဒဏ်ရာရသွားတယ်။ သူလည်း လှံကို မသုံးနိုင်တော့လို့ စခန်းကို ပြန်ပြီး လက်မောင်းကို ကြပ်စည်းထားရတယ်။

“ဒါတောင်မှ နောက်တနေ့မှာ ထပ်ထွက်ချင်နေသေးသတဲ့။ ဗိုလ်ချုပ်လူက ဟန့်တား လို့သာ။ ဒါနဲ့ တညကုန်သွားတယ်။ နောက်တနေ့ကျတော့ ဗိုလ်ချုပ်လူကို မပြောဘဲနဲ့ နောင်ကြီးချန်ကျင်နဲ့ တိတ်တိတ်တိုင်ပင်ပြီး နှစ်ယောက်သား ခြေကျင်ထွက်သွားကြတယ်။ လီတျန်းရွှန်နဲ့ ချင်းတောင်တို့ ဆင်းလာပြီး တိုက်ကြတယ်။ နောင်ကြီးတုန်ပင်းက လီကျန်း ရွှန်ကို အရှင်ဖမ်းသွားချင်တယ်။ သူတို့ ဆယ်ချီလောက် တိုက်ကြတယ်။ ဒါပေမဲ့ နောင်ကြီး က ခါချဉ်ကောင် မာန်ကြီးလို့ ဆိုသလို ဖြစ်နေတယ်။ လက်က ဒဏ်ရာရထားတယ်လေ။ ဒါနဲ့ပဲ လီတျန်းရွှန်တို့က တောင်ကြားထဲကနေ မောင်းထုတ်လိုက်ကြတယ်။

“နောင်ကြီးချန်ကျင်က လီတျန်းရွှန်ကို လှံနဲ့ထိုးလိုက်တယ်။ လီက ထင်းရှူးပင်တပင် နောက်မှာ ရှောင်လိုက်တော့ လှံသွားက သစ်ပင်ထဲကို အနက်ကြီး စူးဝင်သွားရော။ နောင်ကြီးက လှံကို အတင်းဆွဲနုတ်နေတုန်း သူ့ဗိုက်ထဲကို လီကဓားနဲ့ အားကုန်ထိုးထည့်လိုက်လို့ မြေပေါ်ကို ပုံလျက်သား လဲကျသွားပါတယ်။ နောင်ကြီးတုန်ပင်းက ဒါကိုမြင်တော့ သူ့လှံ နှစ်စင်းနဲ့ ပြေးဝင်လာပါတယ်။ ဒါပေမဲ့ ချန်းတောင်က နောက်ကနေ သူ့ဓားကြီးနဲ့ လွှဲခုတ် လိုက်တာ ခါးကနေ နှစ်ပိုင်းပြတ်သွားရှာတယ်တဲ့။

“ဒီလို သွားတိုက်ကြတာကို ဗိုလ်ချုပ်လူ သိတော့ နောက်ကျနေပြီ။ ရန်သူတွေလည်း သူတို့စခန်းကို ဆုတ်သွားကြပြီ။ သူလည်း ဘာမှ မတတ်နိုင်တော့ဘူးပေါ့ဗျာ။”

"ဒါနဲ့ ဆွန်ရှင့်နဲ့ မခုတို့ လင်မယားကို စစ်ပြေးတွေယောင် ဆောင်ခိုင်းပြီး လွှတ်လိုက်တယ်။ အဲဒီမှာ ခံတပ်ကို တက်တဲ့လမ်း ရှာတွေ့သွားတယ်တဲ့ဗျ။ ဒါနဲ့ အဲဒီလမ်းအတိုင်း လီလီ၊ ထန်လုံ၊ ရှီကျန့်၊ ပိုက်ရှန်းတို့က ညဥ့်သန်းခေါင်လောက်မှာ တက်ပြီး အဲဒီခံတပ်ကို မီးတိုက်လိုက်ကြတယ်။ တောင်ပိုင်းသားတွေလည်း ထွက်ပြေးကြတော့တာပေါ့။ ဗိုလ်ချုပ် လူက လူစစ်တော့ ဆွန်ရှင့်တို့ လင်မယားက တောင်ပိုင်းဗိုလ်ချုပ် ဝူရှိန်ကို ဖမ်းမိထားတယ်။ လီလီနဲ့ ထန်လုံက ကျန်းယင်ကို မိထားတယ်။ ရှီကျန့်နဲ့ ပိုက်ရှန်းကတော့ နဂိုက ဒီခံတပ် တာဝန်ခံ ဝေ့ဟိန်ကို မိထားတာ တွေ့ရတယ်။ ဒီသုံးယောက်စလုံးကို ဘုရင်ခံချန်းဆီကို ပို့လိုက်ပါပြီ။ နောင်ကြီးတုန်ပင်း၊ ချန်ကျင်၊ ချူတုန်းတို့ရဲ့ အလောင်းတွေလည်း ရှာပြီး တောင်ကြားအပေါ်ဘက်မှာ မြှုပ်နှံခဲ့ပါတယ်။

"ဗိုလ်ချုပ်လူက ရန်သူနောက်ကို လေးဆယ့်ငါးလီအထိ တောင်ကြားကိုကျော်ပြီး လိုက်သွားတယ်တဲ့။ အဲဒီမှာ ရန်သူတွေကို မီသွားပြီး လီတန်းရွှန်ကို စိန်ခေါ်ပြီး စီးချင်းတိုက် ကြတယ်။ အချီသုံးဆယ်လောက်တိုက်ပြီး လီတန်းရွှန်ကို လှံနဲ့ ထိုးသတ်လိုက်နိုင်တယ်တဲ့။ တောင်ပိုင်းတပ်တွေလည်း ဘယ်လိုမှ ဆက်မတိုက်နိုင်တော့ဘဲ ရှိတဲ့ ဗိုလ်ချုပ်သုံးယောက် နဲ့ ဆုတ်ပြေးသွားကြတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်လူ မကြာခင် ဒီကို ရောက်လာပါတော့ မယ်။ နောင်ကြီး ကျုပ်ပြောတာကို မယုံရင် ဒီစာကို ဖတ်ကြည့်နိုင်ပါတယ်"

စုန်ကျန့်လည်း စာကိုယူ၍ ဖတ်ပြီးနောက် အကြီးအကျယ် စိတ်ဆင်းရဲသွားပြီး သူ့မျက်စိထဲများထဲမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းလာလေ၏။ ဝုရုံက-

"ဗိုလ်ချုပ်လူကတော့ အောင်ပွဲရခဲ့ပြီ။ ဒီတော့ နှစ်ဖက်ညှပ်တိုက်ဖို့ တပ်တွေကို ရွှေ့လို့ ရပြီဗျ။ ကျုပ်တို့ လုပ်ရမှာက နောင်ကြီးဟူယန်ကျို့တို့ စစ်ကြောင်းနဲ့ ချိတ်မိဖို့ပဲ"

"နောင်ကြီးပြောတာ သိပ်မှန်တာပေါ့" ဟု စုန်ကျန့်က ဆိုလိုက်ပြီး လီကွေ့၊ ပေါက်ရှူ၊ ရှံချုံး၊ လီကွန်းတို့ကို ခြေသည်သုံးထောင်နှင့်အတူ ဆက်သွယ်ရန် စေလွှတ်လိုက်၏။

ဟန်ကျို့မြို့ အရှေ့တံခါးကို တိုက်ရန် စုန်ကျန့်က ချူတုံကို ခြေသည် မြင်းသည် ငါးထောင်နှင့် စေလွှတ်လိုက်၏။ သူတို့သည် တန်ချင်လမ်းအတိုင်း ကုန်စိမ်းဈေးတံခါးဟုလည်း ခေါ်သည့် အရှေ့တံခါးသို့ အမြန်ချီတက်သွားကြ၏။ မြစ်တလျှောက်ရှိ မြို့အရှေ့ ဆင်ခြေဖုံးမှာ လူနေ စည်ကား၏။ မြို့ထဲမှာထက် ပို၍ အိမ်များ၊ ဆိုင်များ ရှိ၏။ ဟင်းသီးဟင်းရွက်ခင်းများ၊ သစ်သီး ခြံများ

အများအပြားရှိ၏။ ထိုနေရာတွင် စုန်ကျန့်တပ်များက တပ်ဖြန့်လိုက်ပြီး ရှင်ဉာဏ သည် သံတောင်ဝှေးကြီးကို ကိုင်ကာ မြို့ရိုးခြေရင်းသို့ အပြေးသွားကာ လှမ်းအော်၏။

"ထွက်လာကြစမ်း ခွေးသား လူရိုင်းတွေ၊ မင်းတို့နဲ့ တိုက်မယ်ကွ"

မြို့စီးပြစီး စစ်သည်များက မင်းသားထံ ချက်ချင်းသတင်းပို့လိုက်ကြ၏။ ဘုန်းကြီးတဦး စိန်လာခေါ်နေကြောင်းကို ဗုဒ္ဓအလင်းရောင်ကိုယ်တော်အကြံပေးပုဂ္ဂိုလ်ကြီးက သိရ သောအခါ မင်းသားကို ပြော၏။

"လျိုရှန်းကျူးအင်းမှာ ရှင်ဉာဏဆိုတာ ရှိတယ်လို့ ကြားဖူးထားတယ်။ သူက သံတောင်ဝှေးကြီးကို ကိုင်သတဲ့။ ကျုပ် သူနဲ့ တချီတမောင်း သွားတိုက်ဦးမယ်။ အရှင့်သားက အရှေ့ မြို့တံခါးပြထိပ်ကို လာခဲ့ပါလား"

မင်းသားလည်း လွန်စွာ ကျေနပ်သွားကာ အမိန့်များထုတ်၏။ စစ်သူကြီး ရှီပေါင်နှင့် အခြား စစ်ဗိုလ်ချုပ်ရှစ်ဦးတို့ လိုက်ပါလျက် ကုန်စိမ်းဈေးတံခါးသို့ ထွက်ခဲ့၏။ မြို့တံခါးကို ဖွင့်၊ ဆွဲတံတားကို ချကာ အလင်းရောင်ကိုယ်တော်သည် ဓားကိုင်ခြေသည်ငါးရာနှင့်အတူ အလျင်အမြန် ထွက်ခဲ့၏။

ရှင်ဉာဏလည်း ဤသို့ စဉ်းစား၏။

"ဩော်၊ တောင်ပိုင်းတပ်မှာလည်း ကတုံးရှိတာပဲလား။ ဒီကတုံးတော့ ငါ့တောင်ဝှေး စာမိတော့မှာပဲ"။ ထို့နောက် ဘာတခွန်းမျှ စကားမပြောဘဲ ဝင်တိုက်လေ၏။

လေယူရာနွဲ့ ပါနေသော မိုးမခပင်များ၏ အရိပ်အောက်ရှိ ရွှမ်းရွှမ်းဝေအောင် စိမ်းနေ သော မြက်ခင်းပေါ်တွင် မွေ့နှစ်ကောင် ပျံသန်းနေရာ ငွေရောင်လက်ခနဲ လက်ခနဲ ဖြစ်သွား တတ်၏။ ကျောက်စိမ်းနဂါး နှစ်ကောင်လည်း ခုန်လျက် ရှိ၏။ အမျက်စောင်မာန် ထကြွ နေသော ရှင်ဉာဏ၏ နှလုံးသားတွင်လည်း သန့်ရှင်းမှုဟူ၍ တစက်ကလေးမျှ မရှိ။ ဒေါသ ထွက်နေသော အလင်းရောင်ကိုယ်တော်တွင်လည်း အသနားအညှာတာ ဟူ၍ မူးလို့မှ ရှာစရာ မရှိပေ။ ပထမကိုယ်တော်က ဗုဒ္ဓ၏ဝိနည်းများကို လေးစားပါရဲ့လား။ လမှောင် မှောင်တွင် လူတွေကို သတ်ခဲ့ပေ၏။ ဒုတိယကိုယ်တော်ကကော ကျမ်းဂန်များကို ဖတ်ပါ ရဲ့လား။ လေထန်နေတုန်းမှာ မီးတိုက်ခဲ့ပေ၏။

နှစ်ယောက်သား အချီငါးဆယ်မျှ တိုက်ခဲ့ကြ၏။ တယောက်ကို တယောက်က မနိုင်နင်းနိုင်။ မြို့တံခါး ပြထိပ်မှ ကြည့်နေသော မင်းသားမှာ သဘောကျလျက် ရှိ၏။

သူက ရှီပေါင်သို့ ပြော၏။

"လျှံရှန်းကျူအင်းက ရှင်ဉာဏဆိုတာ ကြားဖူးနေတာကြာပြီ။ ဒီလောက် ကြောက် စရာကောင်းမှန်းတော့ မသိဘူး။ ကျော်ထိုက်လို့ ကျော်တာပါပဲ။ တောက်လျှောက် တိုက် နေတာ ငါတို့အလင်းရောင်ကိုယ်တော်ကို တချက်မျှ မတွန့်ဘူး"

"ကျုပ်လည်း မျက်စိတောင် မှုးလာတယ်။ ဒီလို အတွဲညီတာ မကြုံဖူးဘူး"

ထိုစဉ် မြင်းစေကျော်တဦး ရောက်လာ၏။ "ပေကွမ်းတံခါးမှာ တပ်တွေ ရောက်နေတယ်" ဟုသတင်းပို့၏။ ရှီပေါင်လည်း ကမန်းကတန်း ထွက်ခွာသွားလေ၏။

ရှင်ဉာဏက အလင်းရောင်ကိုယ်တော်ကို မနိုင်နိုင်ကြောင်း ဝုဆုန် တွေ့ရ၏။ သူ့ကိုယ်တော် ထိခိုက်မည်ကို ကြောင့်ကြလာသဖြင့် သူ့ဓားနှစ်လက်ကို ဝှေ့ယမ်းကာ ဝင်တိုက် လေ၏။ နှစ်ယောက်နှင့် တယောက် ဖြစ်၍ သူ မနိုင်နိုင်ကြောင်း အလင်းရောင်ကိုယ် တော်ကလည်း သဘောပေါက်လာသဖြင့် မြို့ထဲသို့ ဆုတ်ပြေးလေ၏။ ဝုဆုံက လိုက်၏။ သို့သော် မြို့တံခါးဝမှ ခန့်ညားကြောက်ရွံ့ဖွယ် တပ်မှူးတယောက် မြင်းကို စိုင်းကာ ထွက်လာလေ၏။ သူကား ပေယင်ကွေ့ ဖြစ်ကာ ဝုဆုန်သို့ လှံနှင့် ချိန်ကာ ဝင်တိုက်လေ၏။

ဆွဲတံတားပေါ်တွင် သူတို့ တိုက်ကြလေ၏။ ဝုဆုန်က အတင်းဝင်ပြီး ရန်သူ၏ လှံကို လက်တဖက်ဖြင့် ဖမ်းဆုပ်ကာ ဆောင့်ဆွဲလိုက်ရာ လှံရော လူပါ ပါလာလေ၏။ ဓားကို တချက်တည်း ဝှေ့၍ ခုတ်လိုက်ရာ ပေယင်ကွေ့၏ ဦးခေါင်းမှာ မြေတွင် လိမ့်နေလေ၏။ ရှင်ဉာဏကလည်း တပ်ကူများနှင့်အတူ တက်လာလေ၏။

တံတားကို ဆွဲတင်ရန် မင်းသားက အမိန့်ပေးလိုက်၏။ တပ်များကို မြို့တွင်းသို့ ပြန်ခေါ်သွင်း၏။ ချူတုံက တပ်ကို ဆယ်လီမျှ နောက်ဆုတ်ကာ စခန်းချ၏။ အောင်ပွဲ အကြောင်းကို စုန်ကျန့်ထံသို့ ခြေမြန်စေလွှတ်ကာ အကြောင်းကြားလိုက်၏။

ထိုနေ့က စုန်ကျန့်သည် ပေကွမ်းတံခါးသို့ ချီတက်ကာ ရန်သူကို စိန်ခေါ်ခဲ့၏။ တောင်ပိုင်းဗိုလ်ချုပ် ရှီပေါင်သည် ဥက္ကာပျံတုနှင့် လေခွင်းဓားကို ကိုင်စွဲကာ ထွက်လာ၏။ စုန်ကျန့်တို့ဘက်မှ ကွမ်ရှိန်းက လှံပုဆိန်ကြီးကို ကိုင်ကာ ရင်ဆိုင်၏။ အချီနှစ်ဆယ်ကျော် တိုက်ကြပြီးနောက် ရှီပေါင်က သူ့မြင်းကို လှည့်ကာ ဆုတ်၏။ ကွမ်ရှိန်းက သူ့မြင်းကို တချက် ကြည့်ပြီး ကိုယ်နေရာသို့ ပြန်ခဲ့၏။ "ဘာလို့ လိုက်မသွားတာလဲ" ဟု စုန်ကျန့်က စူးစမ်း၏။

"သူ့ခားရေးက ကျုပ်အောက် မညံ့ဘူးဗျ။ ဒီတော့ ခုလို ဆုတ်သွားရင် တခုခု ကြံစည် မလို့ပဲ ဖြစ်ရမယ်"

ဝုရုံက ဝင်၍ ပြော၏။

"တွမ်ကိုက်ချင်း ပြောဖူးတယ်။ ဒီလူက ဥက္ကာပျံတူနဲ့ ပစ်တတ်တယ်။ ရှုံးသလိုလိုနဲ့ ဆုတ်ပြေးပြီး၊ ရန်သူကို မြှူပြီး ခေါ်တတ်တယ်"

"ဝင်လိုက်သွားလို့ကတော့ မဟုတ်တာ လုပ်မှာပဲ။ တပ်တွေကို ပြန်စုပြီး စခန်းကိုပဲ ပြန်ကြရအောင်" ဟု စုန်ကျန့်က ဆိုကာ ဝုဆုန်ကို ချီးမြှင့်သည့်ဆုကို လူလွှတ်ကာ ပို့ခိုင်း လိုက်၏။

ထိုအချိန်တွင် လီကွေ့သည် လူကွမ်းယီထံသို့ သွားနေရာ တောင်ပေါ်လမ်းတနေရာ တွင် ချန်းကျန်နှင့် သူ့တပ်များ အရေးနိမ့်လာသည်နှင့် သွား၍ တိုးမိလေ၏။ ရက်ရက် စက်စက် တိုက်ခိုက်ကြရာ တောင်ပိုင်းဗိုလ်ချုပ် ယောင်ယီကို အသေရလိုက်၏။ ချန်းကျန် နှင့် ချန်းတောင်တို့က တောင်ကြားလမ်းသို့ ပြန်ပြေးရာ ဗိုလ်ချုပ်လူကွမ်းယီနှင့် ဝင်တိုး မိ၏။ တိုက်ပွဲအကြီးအကျယ် ထပ်ဖြစ်ရပြီးနောက် တောင်ပိုင်းတပ်များ တောင်ကြားထဲသို့ ဝင်ပြေးကြ၏။ နောက်မှ ထက်ကြပ်မကွာ လိုက်လာကြသဖြင့် မြင်းမှ ဆင်းကာ ခြေကျင် ပြေးကြရ၏။

ထိုသို့ ရှိစဉ် ဝါးရုံတခု နောက်မှ လူနှစ်ယောက် ဖြုန်းခနဲ ထွက်လာလေ၏။ ယင်းတို့ သည် မိုန်းများကို ကိုယ်စီ ကိုင်ထားကြ၏။ တောင်ပိုင်းဗိုလ်ချုပ်နှစ်ယောက်လည်း ကိုယ့် ကိုယ်ကိုယ် မကာကွယ်နိုင်ဘဲ ထိုသူတို့၏ လက်ချက်မိသွားကာ တောင်အောက်သို့ ဆွဲခေါ် သွားခြင်းကို ခံရလေ၏။ ထိုသူတို့မှာကား ရှိချင်နှင့် ရှိပေါင်တို့ ဖြစ်ပေ၏။

ဗိုလ်ချုပ်လူလည်း ထိုသုံ့ပန်းနှစ်ယောက်ကို မြင်ရသောအခါ လွန်စွာအားရလေ၏။ လီကွေ့တို့နှင့် ပူးပေါင်းကာ ကောက်တင်းတောင်ပေါ်ရှိ ပင်မတပ်သို့ ပြန်လာခဲ့၏။ စုန်ကျန့် ကိုသူက တုန်ပင်း၊ ချန်ကျင်၊ ချူတုန်းတို့ ကျဆုံးကြောင်းကို ပြောပြရာ နှစ်ယောက်စလုံးပင် ယူကျုံးမရ ဖြစ်ကြရ၏။ လူယွမ်းယီ၏ စစ်ကြောင်းရှိ ကျန်တပ်မှူးများကလည်း စုန်ကျန့် ထံသို့ လာရောက်နှုတ်ဆက်ကြ၏။ တပ်များ စုစည်းကာ စခန်းချကြ၏။

နောက်တနေ့တွင် ချန်းကျန်ကို စူကျို့ရှိ ဘုရင်ခံချန်းထံသို့ ပို့လိုက်၏။ ယင်းတွင် ခေါင်းဖြတ် ကွပ်မျက်ပြီး ခေါင်းပြတ်ကို လူအများမြင်စေရန် ပြသထား၏။ ချန်းတောင်ကိုမူ စခန်းရှေ့၌ ရင်ကို ခွဲကာ နှလုံးကို ထုတ်ယူပြီး မိုးကောင်းကင်သို့ မြှောက်ချီကာ တုန်ပင်း၊ ချန်ကျင်၊ ချူတုန်းတို့ကို ပူဇော်ပသလေ၏။

စုန်ကျန့်က ဝုရုံသို့-

“နောင်ကြီး လူကွမ်းယီတို့ တပ်ကို တေချင်းလမ်းကိုလွှတ်ပြီး နောင်ကြီး ဟူယန်ကျို့တို့ စစ်ကြောင်းနဲ့ ဆက်သွယ်ပြီး ဒီကို ခေါ်လာစေချင်တယ်။ ပြီးမှ အားလုံးပေါင်းပြီး ဟန်ကျို့ကို တိုက်ကြမယ်”

လူက တပ်ကိုစုစည်းပြီး ဖိန့်ကိုမြို့သို့ ချီတက်လေ၏။ သူတို့ ခရီးရောက်မဆိုက်မှာပင် အရေးနိမ့်ကာ ပြန်ရောက်လာသော စီရှင်ဖန်း၏တပ်များနှင့် ဝင်၍ တိုးလေ၏။ အသေ အကျေ တိုက်ခိုက်ကြရာ စီရှင်ဖန်းလည်း ရေထဲသို့ ကျကာ ရေနစ်သေလေ၏။ ကျန်သမျှ သော တပ်များလည်း ထွက်ပြေးလေ၏။ လူကွမ်းယီနှင့် ဟူယန်ကျို့တို့သည် ပင်မတပ် ရှိရာသို့ ပူးပေါင်း ချီတက်ခဲ့ကြ၏။

တပ်မှူးများအားလုံး စုဝေးကာ တိုင်ပင်ကြ၏။ ယခုအခါတွင် အဓိကစစ်ကြောင်း နှစ်ကြောင်းလည်း ပေါင်းစည်းမိကြပြီ ဖြစ်၏။ ရွှန်ကျို့၊ ဟူကျို့၊ ထင်းရှူးတပင်တောင်ကြား တို့ကို စစ်ဘုရင်ခံချန်းသို့ လွှဲပြောင်းပေးပြီး ဖြစ်၏။ သိမ်းပိုက်ပြီး နယ်များတွင် ငြိမ်းချမ်း စေရန် သူနှင့် ဦးစီးအရာရှိ ကုန်တို့က အုပ်ချုပ်စီမံကြမည် ဖြစ်၏။

ဟူယန်ကျို့၏ စစ်ကြောင်းတွင် လွေ့ဟုန်နှင့် ကုန်ဝမ်တို့ ပါမလာသည်ကို စုန်ကျန့် သတိထားမိ၏။ ဟူယန်ကျို့က အကြောင်းစုံကို ရှင်းပြ၏။

“နောင်ကြီး လွေ့ဟုန်နဲ့ စီရှင်ဖန်းတို့က တေချင်းမြို့ တောင်ဘက်တံခါးမှာ အချီ နှစ်ဆယ်လောက် တိုက်ခိုက်ကြတယ်။အဲဒီမှာ စီရှင်ဖန်းက နောင်ကြီးကို ဓားနဲ့ ခုတ်ချလိုက် တာပါ။ နောင်ကြီးကုန်ဝမ်ကတော့ ဟွမ်အိုက်နဲ့ တိုက်ကြရာမှာ ချောင်းထဲကို မောင်းချခံ ရတယ်။ မြင်းရော လူရော ပြန်မထနိုင်တုန်းမှာ တောင်ပိုင်းတပ်သားတွေက လှံနဲ့ ဝိုင်းထိုး ကြလို့ သေရရှာတယ်ဗျာ။ စိုကျောက်က သူတို့တပ်မှူး မိကွမ်းကို ပုဆိန်နဲ့ ခုတ်ခွဲပစ် လိုက်တယ်။ ပြီးတော့ သူတို့တပ်မှူး ဟွမ်အိုက်နဲ့ ရှုပိုင်ကိုလည်း ဖမ်းမိထားသေးတယ်ဗျ။ စီရှင်ဖန်းကိုလည်း ရေထဲမောင်းချလိုက်လို့ ရေနစ်သေသွားတယ်။ ရှူးတိုနန်တယောက်ပဲ တိုက်ပွဲဖြစ်နေတုန်း ရှုပ်ယှက်ခတ်နေတုန်းမှာ ထွက်ပြေးသွားတယ်”

လွေ့ဟုန်နှင့် ကုန်ဝမ်တို့၏ သတင်းကိုကြားရသော စုန်ကျန့်သည်လည်း မျက်ရည်မိုး ရွာချလျက်-

“ချန်ရွှန်းက ဟိုနေ့က အိပ်မက်ထဲမှာ လာပြီး ကိုယ်ထင်ပြတယ်။ သူ့ဘေးမှာလည်း သွေးတွေစွန်းနေတဲ့ အခြားသုံးလေးယောက်ကို တွေ့လိုက်ရသေးတယ်။ ခုတော့ သိရပြီပေါ့ ဗျာ။ အဲဒါတွေက တုန်ပင်းတို့၊

ချန်ကျင်တို့ရဲ့ ဝိညာဉ်တွေ ဖြစ်ရမယ်။ ဟန်ကျို့ကို သိမ်းပြီး မှပဲ ညီနောင်တွေ မိုးကောင်းကင်ကို ဝင်နိုင်အောင် ဘုန်းကြီးတွေကို ပင့်ပြီး ဆုတောင်းပွဲ လုပ်ပေးရမယ်”

ဟွမ်အိုက်နှင့် ရှုပိုင်တို့ကိုလည်း ဘုရင်ခံချန်းထံသို့ ပို့လိုက်လေ၏။ ထိုအကြောင်းကိုမူ ဤမျှနှင့် တော်ဦးမည်။

ထိုနေ့တွင် နွားနှင့် မြင်းများကို ပေါ်စေကာ သူ့တပ်တော်ကို စားသောက်ပွဲကြီး တည်ခင်းပေး၏။ နောက်တနေ့တွင် ဟူကျို့တိုက်စစ်အတွက် တပ်များကို ဝုရုံက ခွဲဝေ၏။ လူကွမ်းယီနှင့် တပ်မှူးကြီး ဆယ့်နှစ်ယောက်သည် ဟိုချောင်းတံခါးကို တိုက်ခိုက်ရ မည်ဖြစ်၏။ ယင်းတပ်မှူးကြီးများမှာ လင်ချုံး၊ ဟူယန်ကျို့၊ လျူထန်၊ ရှိချင်၊ ရှိပေါင်၊ ရှန်တင်းကွီ၊ ဝေတင်းကို့၊ ချင်တ၊ ယန်ချွန်း၊ ဒူရှန်း။ လီယွမ်း၊ ရှိယုံတို့ ဖြစ်၏။

ကင်ရှန်းတံခါးကို တိုက်ခိုက်ရာတွင် ဟွရုံနှင့်အတူ ပါဝင်ရမည့် တပ်မှူးဆယ့်လေး ယောက်တို့မှာကား ချင်မင်း၊ ချူဝု၊ ဟုန်ဆင့်၊ ဆွန်လီ၊ လီချုံး၊ စို့ယွမ်၊ စို့ ရွှန်၊ လီလီ၊ ပိုက်ရှန်း၊ ထန်လုံ၊ မူချွန်း၊ ချူကွီ၊ ချူဖူတို့ ဖြစ်၏။

အနောက်ကန်ကို မျက်နှာပြုထားသော တံခါးများကို လီကျွမ်းက တိုက်ခိုက်ရာတွင် ကူညီရန် မူဟုန်အပါအဝင် တပ်မှူးဆယ်ဦးတို့က အနောက်ဘက် တောင်ကုန်းရှိ စခန်းများ သို့ ချီတက်ရမည် ဖြစ်၏။ လီကျွမ်း ၊ ဖိုးရုံကြီး၊ ဖိုးရုံငယ်၊ မိန်ကွမ်း၊ ရှိဇူ၊ ဖန်ရွီ၊ မာလင်း၊ မူဟုန်၊ ရန်စုံ၊ စွေ့ယုံ၊ တင်းတဲ့ဆွန်တို့ တပ်မှူးဆယ့်တစ်ဦးက တိုက်ခိုက်ကြမည်ဖြစ်၏။

ဆွန်ရှင့်နှင့် အခြားတပ်မှူး ခုနစ်ယောက်သည် အရှေ့တံခါးအပြင်ရှိ စခန်းကို သွားကာ ကုန်စိမ်းဈေး တံခါးနှင့် ကျန်ချောင်းတံခါးတို့ကို တိုက်ခိုက်မည့် ချူတုံကို ကူညီကြမည် ဖြစ်ရာ ချူတုံ၊ ဆွန်ရှင့်၊ ရှိကျင်း၊ ရှင်ဉာဏ၊ ဝုဆုန်၊ မခု၊ စုန်းမဆွန်၊ ကျန်ချင်းတို့ ပါဝင်၏။

မြို့အရှေ့တံခါးတွင် အခြေပြုကာ ထောက်လှမ်းရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုကို တပ်မှူး ရှစ်ယောက်က ကိုင်တွယ် ဆောင်ရွက်ကြမည်ဖြစ်၏။ ထိုသူတို့မှာ လီယင်း၊ ကုန် မင်း၊ ရန်လင်း၊ ထူရှင့်၊ တုန်မင်း၊ တုန်ဝေ့၊ ဝမ်ယင့်၊ သံမဏိတာ တို့ ဖြစ်၏။

သို့ဖြစ်ရာ မြို့လေးဖက်လေးတန်မှ တပြိုင်တည်း တိုက်ကြမည်ဖြစ်၏။ စုန်ကျန့် ကိုယ်တိုင်မှာ တပ်မှူး နှစ်ဆယ့်တဦးကို ခေါင်းဆောင်ကာ ပေကွမ်းတံခါးအထိ တိုက်ခိုက် သွားပြီး စိန်ခေါ်၏။ စစ်စည်၊ စစ်မောင်းများ မြို့ရိုးပေါ်မှ မြည်ဟည်းလာကာ မြို့တံခါး ပွင့်လာ၏။ ဆွဲတံတားကိုလည်း

ချလိုက်၏။ တိုက်ပွဲဝင်ရန် ရှီပေါင် ထွက်လာ၏။ ရှေ့ပြေး ခြေမြန် စိုကျောက်က သူ့ပုဆိန်ကြီးကို ပင့်ကာ ရင်ဆိုင်၏။

ဆယ်ချီမှုပင် မတိုက်လိုက်ရသေး။ ရှီပေါင်က ရှုံးချင်ယောင်ဆောင်ကာ ဆုတ်၏။ ကွမ်ရှိန်းက လှမ်း၍ အော်ကာ သတိပေးနေသည်ကို အရေးမလုပ်ဘဲ စိုကျောက်က လိုက်၏။ တူပျံတလက် စိုကျောက်၏ မျက်နှာသို့ လာ၍ မှန်လေရာ မြင်းပေါ်မှ ပြုတ်ကျ လေ၏။ တိန်ဖက အတင်းလာ၍ ကယ်သော်လည်း ရှီပေါင်က အရင်ရောက်နှင့်ကာ ဓားဖြင့် တချက်တည်း လွှဲ၍ခုတ်လိုက်ရာ တိန်ဖ၏ ကိုယ်ခန္ဓာလည်း ထက်ပိုင်းပြတ်သွားလေ၏။

ထိုစဉ် အလင်းရောင်ကိုယ်တော်က တပ်မှူးများကို ဦးဆောင်ကာ မြို့ထဲမှ ထွက်၍ တိုက်လေ၏။ စုန်ကျန့်၏ တပ်မှာ ရှုံးချက်နာလှ၏။ မြောက်ဘက်သို့ ပြန်ဆုတ်ရ၏။ ဟွရုံနှင့် ချင်မင်းတို့က လိုက်လာသော တောင်ပိုင်းတပ်များကို အတင်းဝင် ခုတ်ထစ်သတ်ဖြတ်ကာ စုန်ကျန့်ကို စခန်းသို့ ကယ်လာခဲ့ကြ၏။ ရှီပေါင်လည်း ဟန်ကျို့မြို့အတွင်းသို့ အောင်ပွဲခံကာ ပြန်ဝင်သွားလေ၏။

စုန်ကျန့်လည်း စိုကျောက်နှင့် တုန်ဖ ကျဆုံးသွားသဖြင့် တဲထဲတွင် ထိုင်၍ မှိုင်နေ လေ၏။ ဝုရုံက-

“ဒီကောင်တွေက တော်တော့်ကို မာတယ်ဗျ။ ပရိယာယ်နဲ့ တိုက်မှပဲ ဖြစ်မယ်။ ထိပ်တိုက် ရင်ဆိုင်လို့ မရဘူး”

“အေးဗျာ၊ ကျုပ်တို့မလဲ ကိုယ့်လူတွေပဲ ဆက်တိုက် ဆုံးရှုံးနေတယ်။ ဘယ်လို လုပ်ရ ရင် ကောင်းမလဲဗျ”

“နောင်ကြီးက မြို့တံခါးတွေ အားလုံးကို တိုက်ဖို့ စီစဉ်ထားပြီးပြီလေ။ ဒီတော့ မနက် ဖြန်မှာ ပေကွမ်းတံခါးကို တိုက်မယ်။ ရန်သူက ထွက်လာပြီး ပြန်တိုက်မှာပဲ။ ကျုပ်တို့က ရှုံးချင်ယောင်ဆောင်ပြီး မြို့နဲ့ ဝေးရာကို သွေးဆောင်သွားမယ်။ အဲဒီမှာ အမြောက်သံပေး လိုက်ရင် ကျန်တဲ့တံခါးအားလုံးကို တပြိုင်တည်း တိုက်မယ်။ မြို့ကို ဖောက်ဝင်နိုင်တဲ့သူက အချက်ပြတဲ့အနေနဲ့ မီးတိုက်ရမယ်။ ဒါဆို အားလုံး အဲဒီကိုသွားပြီး အင်အားဖြည့်ရမယ်။ ဒီတော့ ရန်သူတွေလည်း ပြေးပေါက်မှားပြီး ကျုပ်တို့ ပွဲကြီးပွဲကောင်းရမှာပဲ”

စုန်ကျန့်က လိုအပ်သလို အမိန့်များကို ထုတ်ကာ ထိုကျချုံကို တပ်များသို့ လှည့်ကာ ပြန်ကြားစေ၏။ အမိန့်အရ နောက်တနေ့တွင် ကွမ်ရှိန်းက မြင်းသည် အနည်းငယ်ဖြင့် ပေကွမ်းတံခါးသို့ သွားကာ ရန်စ၏။ မြို့ရိုးပေါ်မှ ဗုံသံများထွက်လာပြီး ရှီပေါင်ကတပ်တတပ် ကို ဦးစီးကာ ထွက်လာ၏။ တောင်ပိုင်းဗိုလ်ချုပ်နှင့် ကွမ်ရှိန်းတို့ တိုက်ကြလေပြီ။ ဆယ်ချီ မှုပင် မတိုက်ဘဲ

ကွမ်ရှိန်းက ကမန်းကတန်း ဆုတ်ခွာလေ၏။ ရှီပေါင်တို့၏ တပ်ကလည်း နောက်မှ လိုက်လေ၏။ လင်းချင်က အချက်ပေးအမြောက်ကို ဖောက်လိုက်ရာ စုန်တပ် များက မြို့တံခါးအားလုံးကို တပြိုင်တည်း တိုက်ကြလေ၏။

ဗိုလ်ချုပ်လူကွမ်းယီနှင့် လင်ချုံးတို့ တိုက်ခိုက်သော ဟိုချောင်းတံခါး တိုက်ပွဲကို အရင် ဆုံး ပြောပြပါမည်။ မြို့နှင့် နီးလာသောအခါ တံခါးဖွင့်ထားပြီး ဆွဲတံတားကိုလည်း ချထား သည်ကို တွေ့ရသဖြင့် ပွဲဦးပွဲဖျား အောင်ပန်းကို ရလိုသော လျူဆန်သည် ခားကို ဝင့်ကာ မြင်းကို စိုင်း၍ ဝင်သွား၏။ မြို့တံခါး ပြအိုးပေါ်မှ ရန်သူများက ကြိုးနှင့် ဆွဲ၍ တင်ထားသော တံခါးရွက်ကြီး၏ ဆွဲကြိုးများကို သူ့အဝင်ကို စောင့်၍ ဖြတ်ချလိုက်၏။ လျူထန်ခမျာ လူရော မြင်းပါ မြို့တံခါးထဲမှာ ကျဆုံးရ၏။

ချန်မင်းလက်ထက်က ဟန်ကျို့မြို့ကို တည်ခဲ့ရာတွင် မြို့တံခါးပေါက်များတွင် တံခါး သုံးထပ် တပ်ဆင်ထားခဲ့၏။ အပြင်ဆုံး အထပ်မှာ ဆွဲတံခါးပြားကြီး ဖြစ်၏။ အလယ်ထပ်မှာ နှစ်ရွက်လှပ် သံတံခါးဖြစ်၏။ အတွင်းဆုံးအထပ်မှာ သံပန်းတံခါးကြီး ဖြစ်၏။ သူ့နောက်တွင် ဆွဲတံခါးကြီး ပိတ်ကျလာပြီးနောက် လျူထန်ကို ဘယ်ညာ နှစ်ဖက်တွင် ပုန်းနေသော ရန်သူများက ဝိုင်း၍ တိုက်ကြလေရာ အဘယ်မှာလျှင် မသေဘဲ နေပါမည်နည်း။

လင်ချုံးနှင့် ဟူယန်ကျို့က ပြန်သွားပြီး လူကွမ်းယီသို့ သတင်းပို့၏။ မည်သည့် စုန်ကျန့် တပ်ဖွဲ့မျှ မြို့ထဲသို့ ဖောက်မဝင်နိုင်ခဲ့ပေ။ အားလုံးဆုတ်ခဲ့ရ၏။ ဤသတင်းကို စုန်ကျန့်ထံသို့ တမန်လွှတ်ကာ တင်ပြလိုက်၏။ စုန်ကျန့်လည်း လျူထန်အတွက် သည်းထန်စွာ ငိုကြွေး ရှာ၏။

“နောက်ထပ် ညီတယောက် သွားပြန်ပြီ။ ယွန်ကျင့်မှာ ညီနောင်သစ္စာပြုပြီး နောင်ကြီး ကျောက်ခဲနဲ့ အတူတူ လျှံရှန်းကျူအင်းကို ရောက်ကတည်းက နောင်ကြီးလျူထန်က ဒုက္ခပဲ ခံလာရတာ။ သူ့ခမျာ သုခဆိုတာ ဘာမှန်းတောင် မသိခဲ့ရဘူး။ ဒါပေမဲ့ တိုက်ပွဲတွေ ရာနဲ့ ချီပြီး တိုက်ခဲ့တာ တခါမှ တိုက်စိတ်ခိုက်စိတ် ကျမသွားဘူး။ ဒီလိုနေရာမှာ ဒီလို လာသေရ မယ်လို့ ဘယ်သူထင်ပါ့မလဲ”

ဝုရုံက ဝန်ခံ၏-

“ဒီအစီအမံက မကောင်းဘူး။ မအောင်မြင်တဲ့အပြင် ညီနောင်တယောက်ပါ ဆုံးသွား သေးတယ်။ တပ်တွေကို မြို့တံခါးကနေ ပြန်ခေါ်လိုက်တော့ နောင်ကြီး။ ကျုပ်တို့ တမျိုး လှည့်ကြံကြဦးမှ”

စုန်ကျန့်ကား နေမထိ ထိုင်မသာဖြစ်နေလေပြီ။ အလျင်အမြန်ပင် လက်တုံ့ပြန်လိုလှ သဖြင့် သက်ပြင်းတချချ ဖြစ်နေ၏။ လေပွေနက်က သူ့ကို

ဖျောင်းဖျ၏။

"မပူပါနဲ့ နောင်ကြီးရာ၊ မနက်ဖြန်ကျရင် ပေါက်ရှုတို့၊ ရုံချုံးတို့နဲ့ သွားပြီး မရရအောင် အဲဒီ ရှီပေါင်ကို ဖမ်းခဲ့မယ်"

"ဒီကောင်က တကယ့်သူရဲကောင်းကွ၊ မင်းက အနားတောင် ကပ်နိုင်မှာ မဟုတ်ဘူး"

"မဟုတ်တာပဲဗျာ။ မနက်ဖြန်မှာ သူ့ကို ဖမ်းမမိလာရင် ကျုပ်ကို နောင်ကြီး မမြင်ရ တော့ဘူးမှတ်"

"သတိထားနော်၊ ဒီကောင့်ကို ပေါ့ပေါ့တန်တန် သွားမလုပ်နဲ့"

လီကွေ့က သူ့တဲသို့ ပြန်ကာ စိမ်ရည်ကို ခွက်ကြီးတခွက် ငှဲ့၏။ အမဲသားလွှာများကို ပန်းကန်အပြည့်အမောက် ပုံ၏။ ထို့နောက် ပေါက်ရှု၊ ရုံချုံး၊ လီကွန်းတို့ကို သူနှင့် လာ သောက်စားရန် ခေါ်၏။

"ငါတို့ လေးယောက်က တဖွဲ့တည်းအနေနဲ့ တိုက်နေကျပဲ။ ရှီပေါင်ကို မနက်ဖြန် ဖမ်းခဲ့ မယ်လို့ ငါ နောင်ကြီးကို ကြွားခဲ့တယ်။ မင်းတို့တွေလည်း နောက်မတွန့်စေချင်ဘူး"

ပေါက်ရှုက-

"နောင်ကြီးစုန်ကျန့်က မြင်းတပ်တွေကိုပဲ ရှေ့တန်းတင်တယ်။ ကျုပ်တို့ ခြေလျင် တပ်တွေလည်း ဘာတွေလုပ်နိုင်လဲ ဆိုတာ ပြကြဖို့ ဒီနေရာမှာ သန္နိဋ္ဌာန်ချကြမယ်။ မနက် ဖြန်ကျရင် အဲဒီကောင်ကို ဖမ်းဆွဲလာနိုင်ရင် ကျုပ်တို့လည်း ခေါင်းမော့နိုင်ပြီပေါ့ဗျ"

နောက်တနေ့ နံနက်တွင် သူတို့လေးယောက်သားသည် အဝအပြဲ စားကြသောက် ကြပြီး လက်နက်များကို ယူကာ သွားဖို့ပြင်ကြ၏။

"ငါတို့ သတ်ပြမယ်။ စောင့်ကြည့်နေကြ" ဟု ကြုံးဝါးကြ၏။

သူတို့ ရေချိန်မကိုက်တကိုက် ဖြစ်နေပြီကို စုန်ကျန့်က မြင်သဖြင့် -

"ကိုယ့်အသက်ကိုတော့ အလကား မဖြစ်ကြစေနဲ့" ဟု သတိပေးလိုက်၏။

"နောင်ကြီးက ကျုပ်တို့ကို အထင်သိပ်သေးတာပဲဗျာ"

"မင့်စကားတည်ပါစေကွာ"

စုန်ကျန့်က ကွမ်ရှိန်း၊ အိုပင်း ၊ လူ့ဖန်၊ ကောက်စိန်တို့နှင့်အတူ ပေကွမ်းတံခါးသို့ လာခဲ့ ကြ၏။ သူတို့က စစ်စည်များကို တီးကာ တံခွန်များကို ဝှေ့ကာ စိန်ခေါ်ကြ၏။ သူတို့ရှေ့တွင် လီကွေ့က ရပ်ကာ ပုဆိန်များကို တဝင့်ဝင့် လုပ်နေ၏။ ပေါက်ရှုက ဖြက်ကျယ်ကျယ် ဓားမောက်ကြီးကို ကိုင်ထားကာ ပြူးကြောင်ကြောင် ကြည့်လျက် လူသတ်ပွဲကြီး စတင် တော့မည်ကို မျှော်နေ၏။ ရှုံချုံးနှင့် လီကွန်းတို့ကမူ ပေါက်ဓား နှစ်ဆယ့်လေးလက်ကို ထိုးစိုက်ထားသော ဒိုင်းကိုတဖက်၊ လှံလျှင်များကို တဖက် ကိုင်ကာ တဖက်တချက်တွင် ရပ်နေ ကြ၏။

မြို့ရိုးပေါ်မှ စည်သံများ မိုးဟိန်းသလို ထွက်လာ၏။ ကြေးလင်ပန်းသံများ တချွမ်းချွမ်း ကိုလည်း ကြားရ၏။ ရှီပေါင်လည်း သခွားမသီးလို ဝါဝင်းနေသော မြင်းကြီးကို စီးကာ လေခွင်းဓားကြီးကို ကိုင်လျက် ထွက်လာလေ၏။ သူနှင့်အတူ ဝူချီနှင့် လုံမင်း ဆိုသော ဗိုလ်ချုပ် နှစ်ယောက် ပါလာ၏။

လီကွေ့ကား မြေပြင်ရော မိုးပြင်ကိုပါ ကြောက်သူမဟုတ်။ အသံနက်ကြီးဖြင့် အော်ကာ လေးယောက်စလုံး ရှီပေါင်ကို ဝင်တိုက်ကြ၏။ သူက လေခွင်းဓားကြီးကို မမြှောက်လိုက် နိုင်မီမှာပင် သူ့အပေါ်သို့ ရောက်နေကြပြီ။ လီကွေ့က သူ့မြင်း၏ ခြေထောက်များကို ခုတ် ချိုးချလိုက်၏။ ရှီပေါင်လည်း ကုန်းနှီးပေါ်မှ ခုန်ချကာ သူ့မြင်းသည်များကြားတွင် ပြေးဝင်၍ ခို၏။

ပေါက်ရှုကလည်း လုံမင်းကို ခုတ်ချထားလိုက်ပြီ ဖြစ်၏။ ဓားပုံသမားနှစ်ဦးကလည်း ကျောက်စိမ်းငါးလေးများလို၊ ငွေအပ်များလို ဓားများကို ပတ်ပတ်လည်သို့ ပစ်ပေါက်နေ ကြ၏။ စုန်ကျန့်က မြင်းတပ်ကို တက်တိုက်ခိုင်းလိုက်ရာ မြို့ရိုးအနီးသို့ အရောက်တွင် မြို့ရိုးပေါ်မှ ကျောက်တုံးများ၊ သစ်လုံးများ အလုံးအရင်းနှင့် ဆင်းလာကာ သူတို့ကို ကြိုဆိုလိုက် ကြ၏။ ထို့ကြောင့် ကမန်းကတန်း ပြန်ခေါ်ရ၏။ ပေါက်ရှုကိုလည်း မြို့တံခါးအတွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရ၏။ စုန်ကျန့်ကား ညည်းညူမိရုံမှအပ မတတ်နိုင်ပေ။ ရှီပေါင်က မြို့တံခါး အောက်မှ စောင့်နေ၏။ ပေါက်ရှု ပြေးဝင်လာသောအခါ ဘေးမှ နေ၍ သူ့ဓားကြီးကို စောင်း၍ ခုတ်ချလိုက်ရာ ထက်ပိုင်းပြတ်သွားလေ၏။ ရှုံချုံးနှင့် လီကွန်း တို့က လီကွေ့ကို ကာကွယ်ပေးကာ ပြန်ဆုတ်ခဲ့ကြ၏။ စုန်ကျန့်နှင့် တပ်ဖွဲ့လည်း စခန်းသို့ ပြန်ခဲ့ကြ၏။ ပေါက်ရှု ကျဆုံးသွားသဖြင့် စုန်ကျန့်လည်း တိုး၍ စိတ်မချမ်းမသာဖြစ်ရ လေ၏။ လီကွေ့လည်း ငို၏။

“ဒီ အစီအမံကလည်း မဟန်ပြန်ဘူး” ဟု ဝုရုံလည်း ညည်းရှာ၏။

“သူတို့ဆီက ဗိုလ်ချုပ်တယောက်တော့ ရလိုက်ပါရဲ့၊ ကိုယ့်ဆီက လီကွေ့ရဲ့ ညာ လက်ရုံး ပါသွားပြီ”

လူတိုင်း မှိုင်နေကြ၏။ ထိုစဉ် ရှီချင်တို့ သတင်းလာပို့ကြ၏။

"ကျွန်တော်တို့ ဟန်ကျို့တောင်တံခါးကနေ လီနှစ်ဆယ်လောက်ဝေးတဲ့ ယပ်တောင် ရွာကို ရောက်သွားတယ်။ အဲဒီမှာ ဆိုက်ထားတဲ့ လှေအစီး လေးငါးဆယ်လောက်ကို သွား တွေ့တယ်။ အဲဒီလှေတွေမှာ ဆန်တွေ တင်ထားတယ်။ ဖူယန်းခရိုင်က မြို့သူကြီးတယောက် ပိုင်တဲ့ ဆန်တွေလို့ ဆိုတယ်။ သူ့ကိုသတ်မယ် လုပ်တော့ ငိုငိုယိုယိုနဲ့ ပြောရှာတယ်။

""ကျွန်တော်တို့က စုန်နိုင်ငံတော်ရဲ့ နိုင်ငံသားကောင်းတွေပါ။ ဒါပေမဲ့ ဖန်းလာက အခွန်တွေ မတရားကောက်ပြီး ဖိနှိပ်ညှဉ်းဆဲတယ်။ မပေးရင် တဆွေလုံးတမျိုးလုံးအသတ် ခံရတယ်။ ခုတော့ ဧကရာဇ်မင်းကြီးရဲ့ တပ်တွေ ရောက်လာပြီး ဒီဘေးဆိုးကြီးကို ဖယ်ရှား မယ်လို့ ကြားရပါတယ်။ ကျွန်တော်တို့ကတော့ ပြန်ပြီး ငြိမ်းချမ်းတာကိုပဲ မြင်ချင်ပါတယ်။ ဒီဒုက္ခတွေကို မခံနိုင်တော့ပါဘူးဗျာ"တဲ့"

"သူက တကယ့်ကို ရိုးသားမှန်း သိသာတာနဲ့ မသတ်လိုက်ပါဘူး။ ကျွန်တော်တို့က ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲလို့ မေးတော့ "ဒီက မင်းသားဖန်းတန်တင်းဆီက အမိန့် ရောက်လာပါတယ်။ ရွာတွေမှာ ရှိတဲ့ အရန်ဆန်တွေ အကုန်စုပြီး သူ့ဆီကို ဆန်ဖြူတင်း ငါးသောင်း ပို့ပေးရမယ်"တဲ့။ "အဲဒါ ကျွန်တော့်ကို တာဝန်ယူပြီး စုမိဆောင်းမိသမျှ ဆန်တင်း ငါးထောင်ကို ပို့ခိုင်းကြလို့၊ ဒီကို ရောက်လာတာပါ။ ဗိုလ်မင်းတို့ တပ်ကြီး ရောက်လာပြီး ဒီမြို့ကို ဝိုင်းပြီး တိုက်ခိုက်နေတာနဲ့ ရှေ့ကို မတိုးရဲလို့ ခဏခိုနေကြတာပါ" တဲ့။ ဒါ တကယ့် အမှန်တွေပါ။ ဗိုလ်မင်းတို့ သိရအောင် တင်ပြတာပါ"

ဝုရုံလည်း စိတ်ချမ်းသာသွား၏။ သူက-

"ဒါကတော့ နတ်ပေးတဲ့ အခွင့်အရေးပဲဗျို့၊ ဒီ ဆန်တင်လှေတွေကို ကောင်းကောင်း အသုံးချရမယ်"ဟု ဆိုကာ စုန်ကျန့်ကို အောက်ပါအမိန့်ကို ထုတ်ရန် တောင်းပန်၏။

"ရှိညီနောင်နှင့် တပ်မှူးဆယ့်ငါးဦးတို့ လှေသမားများနှင့် မယားများအဖြစ် ဟန်ဆောင်ရမည်။ စကားတခွန်းမျှ မပြောဘဲ လှေသမားများနှင့်အတူ မြို့တွင်းသို့ ဝင်ရမည်။ ရောက် သည်နှင့် လင်းချင်က အမြောက်များကို အတွဲလိုက် ပစ်ခတ်ရမည်။ ဤသို့ အချက်ပြပါက တပ်များ ထပ်၍ စေလွှတ်ရမည်"။

ရှိညီနောင်က မြို့သူကြီးယွမ်ကို ကမ်းပေါ်သို့ ခေါ်ကာ စုန်ကျန့်၏ အမိန့်ကို ပြောပြ၏။ "စုန်နိုင်ငံသားကောင်းတယောက်အနေနဲ့ ခင်ဗျား ဒီလို လုပ်ပေးရမယ်။ ဒီကိစ္စကြီး ပြီးသွား ရင် ခင်ဗျားကို ဆုလာဘ်တွေ ပေးမယ်"

ယွမ် ခမျာမှာလည်း လိုက်နာရန်သာ ရှိတော့၏။ အရာရှိများက လှေပေါ်သို့

တက်ကာ လှေသမား ဟန်ဆောင်ကြပြီး မူလလှေသမားများကိုကား အခြားအလုပ်များ ခိုင်းကြ၏။ ဝမ်ယင့်၊ ဆွန်ရှင့်၊ ကျန်ချင်းတို့က လှေသမား သုံးယောက်၏အဝတ်ကို လဲ၍ ဝတ်ကြပြီး မခု၊ စုန်းမဆွန် တို့ကလည်း သူတို့၏ မယားများ၏ အဝတ်ကိုလဲ၍ ဝတ်ကြ၏။ အရာရှိငယ်များ က လှော်တက်များကို ကိုင်ရ၏။ လက်နက်များကို လှေဝမ်းထဲတွင် ဝှက်ထားကြပြီးနောက် လှေများကို မြို့ပြင်ရှိ ဆိပ်ကမ်းများသို့ လှော်ခဲ့ကြ၏။

စုန်တပ်များ မြို့တံခါးများအနီးတွင် တပ်ချထားကြ၏။ ယွမ်က ကမ်းပေါ်သို့ တက်သော အခါ ရှီချင်၊ ရှီပေါင်တို့နှင့် အခြားလှေသမားအများ လိုက်ပါသွားကြ၏။ မြို့တံခါးသို့ သွားကာ ဝင်ခွင့်တောင်းကြ၏။ မြို့စောင့်စစ်သားများက မေးမြန်းပြီး သတင်းပို့လိုက်ကြ၏။ မင်းသား စေလွှတ်လိုက်သော ဝူကျိုက လာ၍ လှေများကို ရေတွက်ကာ ပြန်၍ သတင်းပို့၏။ လ်ချုပ်ခြောက်ယောက် ဦးစီးသော အင်အားတသောင်းကို လွှတ်ပြီး အရှေ့မြောက်ဘက်ရှိမြို့ဝင်ရေ ရေကြောင်းလမ်းများကို စောင့်ရှောက်စေ၏။ ယွမ်လည်း လှေများကို လှော်လာ ၊ လှေသမားများနှင့် ရောနေသော တောပုန်းခေါင်းဆောင်များ၊ ဇနီးများလည်း အတူလိုက်ပါခဲ့ကြ၏။ ဆန်တင်း ငါးထောင်ကို ချပြီးသောအခါ အထက်ပါ ဗိုလ်ချုပ် ခြောက်ယောက်နှင့် တပ်များလည်း မြို့ထဲသို့ ပြန်ဝင်သွား၏။ စေ၏။

စုန်ကျန့်၏ တပ်များသည် မြို့ရိုးမှ နှစ်လီ သုံးလီအကွာအထိ ရှေ့သို့ တိုးလာကာ ဝန်းရံ ထားကြ၏။ ညဒုတိယယံတွင် လင်းချင်သည် “သားများမိ” အမြောက်ကလေးများ ကိုးသေတ္တာကို ဝူရှန်းတောင်ကုန်းပေါ်သို့ ယူသွားကာ ပစ်ဖောက်၏။ စုန်ကျန့်၏တပ်မှူးများ ကလည်း မြို့နေရာအနှံ့သို့ သွားကာ မီးတိုက်၏။ ဟန်ကျို့တမြို့လုံး ကသောင်းကနင်း ဖြစ် နေလေပြီ။ စုန်ကျန့်တို့ တပ် မည်မျှလောက် မြို့ထဲသို့ ရောက်နေပြီကိုလည်း မသိကြရပေ။

နန်းတော်ထဲရှိ မင်းသား ဖန်းမှာလည်း တုန်လှုပ်ချောက်ချားနေလေပြီ။ ချပ်ဝတ်ကို ကပျာကယာ ဝတ်ကာ မြင်းကို စီး၏။ ထိုအချိန်တွင် မြို့တံခါးပြအိုးပေါ်မှ စစ်သည်များ ထွက်ပြေးကုန်ပြီဖြစ်၏။ စုန်တပ်သည် ထိုးစစ်ကြီးကို ဆင်နွှဲ၏။ အားလုံးကပင် မြို့ကို သိမ်းကာ ပွဲလမ်းရချင်နေကြ၏။

ထိုအချိန်တွင် မြို့အနောက်ဘက် တောင်ကုန်းများရှိ လီကျွမ်းကလည်း သူ့တပ်များကို မြတ်ဘုရားဂုဏ်တော် ဆိပ်ကမ်းရှိ လှေများဆီသို့ ခေါ်လာပြီး အနောက်ကန်ကို ဖြတ်ကူးကြ၏။ ယုံကျင်းတံခါးအနီးတွင် လှေကို ဆိုက်ပြီး ရေတံခါးများကို တခုမကျန် သိမ်းယူပြီး လီကျွမ်းနှင့် ရှီဇူက မြို့ရိုးပေါ်သို့ တက်ကြ၏။ ညမှောင်မှောင်တွင် တပ်များ အရောရော အထွေးထွေးနှင့် ရုန်းရင်းဆန်ခတ် ဖြစ်နေ၏။

တပ်များ မဝန်းရံထားသည့် တောင်တံခါးမှ တောင်ပိုင်းတပ်များ ထွက်ပြေးကြ၏။ မြင်းစီးပြီး ထွက်လာသော မင်းသားဖန်းသည် အရာရှိ တယောက်ကိုမျှ မတွေ့ရချေ။ သခင် သေသွားသော ကြောင်ကဲ့သို့ ဟိုပြေးသည်ပြေး လုပ်နေပြီး၊ ပိုက်ထဲ ဝင်တိုးမိသော ငါးကဲ့သို့ မျက်ကလူးဆန်ပျာ ဖြစ်နေ၏။ ခြေသည် စစ်သားအချို့ကို အဖော်လုပ်ကာ ဟန်ကျို့မြို့မှ ထွက်ခဲ့လေ၏။

တိမ်ငါးစိုင်တောင်ခြေတွင် မင်းသား ဖန်းသည် မြစ်ထဲမှ ပေါ်လာသော ကိုယ်လုံးတီးနှင့် လူတယောက်ကို မြင်လိုက်ရ၏။ သူ့ပါးစပ်ထဲတွင် ဓားတလက်ကို ကိုက်ထားကာ ကမ်းပါး ကို ခုန်၍ တက်လိုက်၏။ ကြမ်းကြုတ်သည့် အသွင်အပြင်ကို မြင်လိုက်ရသဖြင့် ကြောက်ဒူး တုန်လာပြီး မြင်းကို ရိုက်ကာနှင်၏။ သို့သော် မြင်းက လုံးဝမလှုပ်၊ တယောက်ယောက်က သူ့ဇက်ကြိုးကို ဆုပ်ကိုင်ထားသလိုလို ရှိ၏။

ထိုလူသည် နောက်မှလိုက်လာသော ဖန်းကို ကုန်းနှီးပေါ်မှ ဆွဲချလိုက်ပြီး ခေါင်းကို ဓားနှင့် တချက်တည်းဖြင့် ဖြတ်လိုက်လေ၏။ ထို့နောက် ခေါင်းပြတ်ကို တဖက်၊ ဓားကို တဖက် ကိုင်ကာ ဖန်း၏ မြင်းကို တက်စီးပြီး ဟန်ကျို့မြို့သို့ ဒုန်းစိုင်းစီးသွားလေ၏။ ဂုဏ်တော်ခြောက်ပါးစေတီအနီးတွင် ထိုသူနှင့် လင်ချုံး၊ ဟူယန်ကျို့တို့၏ တပ်နှင့် တိုးမိကြ၏။ ထိုသူမှာ လေ့မီးလျှံ ချန်ဟင်း ဖြစ်နေကြောင်း တွေ့ရ၍ အံ့သြသွားကြ၏။ “ဘယ်က လာတာလဲ နောင်ကြီး ” ဟု ဟူယန်ကျို့က လှမ်းအော်၍ မေး၏။ သို့သော် ဘာမှ ပြန်မပြောဘဲ မြို့ဘက်ကို ဆက်၍ မြင်းစီးသွားလေ၏။

စုန်ကျန့်တို့၏ ပင်မတပ်ကြီးမှာ ဟန်ကျို့မြို့ထဲသို့ ဝင်ထားကြပြီ။ မင်းသားဖန်း၏ နန်းတော်ကို သူ့ရုံးအဖြစ် အသုံးပြုထား၏။ တွေ့ရသမျှ တပ်မှူးများကလည်း ချန်ဟင်း မြင်းဒုန်းစိုင်းလာသည်ကို မြင်ရသဖြင့် အလန့်တကြား ဖြစ်ကြကုန်၏။ သူက စုန်ကျန့်ထံသို့ တိုက်ရိုက်သွားကာ မြင်းပေါ်မှ အသာလိုမ့်၍ ဆင်းလိုက်ပြီး ခေါင်းပြတ်နှင့် ဓားကို မြေပြင်၌ လွှင့်ပစ်လိုက်၏။ နှစ်ကြိမ် ကန်တော့လိုက်ပြီး မျက်ရည်များ ဖောက်ခနဲ ထွက်လာလေ၏။ စုန်ကျန့်က သူ့ကို ပိုက်ဖက်လိုက်၏။

“နောင်ကြီး ဘယ်က လာတာလဲ၊ ဖိုးရိုကလေးကော”

“ကျွန်တော်က ချန်ဟင်း မဟုတ်ဘူး”

“ချန်ဟင်း မဟုတ်ရင် ဘယ်သူလဲကွယ့်”

“ကျွန်တော်က ချန်ရွှန်းပါ။ ကျွန်တော်က မြားတွေ လုံတွေ မှန်ပြီး သေရတာမို့လို့ ကျွန်တော့်ဝိညာဉ် အစအနလေးက ဒီက မသွားသေးဘဲ ရေပေါ်မှာ ပေါ်နေပါတယ်။ ဒါကြောင့် အနောက်ကန်ကို အရိုးရတဲ့ ‘အင်းသိမ့်တုန်’

နဂါးမင်းကြီးက သနားသွားပြီး ကျွန်တော့်ကို ကျင်းဟွာအရှင်ကြီးအနေနဲ့ ခန့်အပ်လိုက်လို့ ရေအောက်နန်းတော်က သူ့ ဆီမှာ ခစားနေရပါတယ်။ ဒီနေ့ နောင်ကြီးက ယန်ကျို့ကို ဝင်တိုက်တော့ မင်းသားဖန်းရဲ့ ခြေရာနောက်က လိုက်ပြီး မြို့ပြင်ကို ရောက်ခဲ့ရပါတယ်။ အစ်ကိုချန်ဟင်းရဲ့ ကိုယ်ခန္ဓာကို တွေ့ရလို့ ခဏငှားပြီး ကမ်းပေါ်တက်ပြီး တိမ်ငါးစိုင်တောင်ခြေရင်းမှာ ဒီလူယုတ်မာကို သတ်လိုက်ပြီး နောင်ကြီးနဲ့ တွေ့ရအောင် လာခဲ့တာပါဗျာ”။ ထိုသို့ ပြောပြီးနောက် ခွေခေါက်ကာ လဲကျသွားလေ၏။ စုန်ကျန့်က ထူသောအခါ ချန်ဟင်းက မျက်စိပွင့်လာပြီး စုန်ကျန့်နှင့်တကွ ခေါင်းဆောင်များကို မြင်ရ၏။ ဓားများ လှံများ ထိုးထိုးထောင်ထောင်နှင့် စစ်သားအုပ်စုများကိုလည်း မြင်ရ၏။

“နောင်ကြီးကို တွေ့နေရတာ မြေအောက်လောကမှာလားဗျာ”

စုန်ကျန့်က ငိုယိုလျက်-

“မင်းက နောင်ကြီး ချန်ရွှန်းကို မင်းခန္ဓာကိုယ်ကို ငှားလိုက်တယ်။ သူက မင်းကိုယ်ကြီး နဲ့ မင်းသားဖန်းကို သတ်လိုက်တယ်။ မင်း မသေသေးပါဘူး။ ငါတို့အားလုံးလည်း အရှင် လတ်လတ်တွေပါ။ မင်း ဘာမှ မဖြစ်ပါဘူး”

“ဒါဖြင့်ရင် ကျွန်တော့်ညီ သေပြီပေါ့”

“နောင်ကြီးချန်ရွှန်းက အနောက်ကန်ထဲကနေ ရေတံခါးကို ဖြတ်ကူးပြီး မြို့ကို မီးတိုက်မလို့ လုပ်တယ်။ သူ့ကို တွေ့သွားပြီး မြို့ပြင်မှာပဲ မြားတွေ လှံတွေနဲ့ ပစ်သတ်လိုက် ကြတယ်”

ချန်ဟင်းလည်း သည်းထန်စွာ ငိုကြွေးလေ၏။ “ညီလေး” ဟု အော်ကာ၊ မြေပေါ်သို့ လဲကျကာ သတိလစ်သွားလေ၏။ လက် ခြေများ တောင့်တင်းကာ မျက်စိများလည်း ပိတ်နေ၏။ သူ့ဝိညာဉ်မှာ တည်းတည်းလေး ရှိနေ၏။

မှန်ပေ၏။ သူသည် ငရဲမင်းကြီး၏ စစ်သူကြီး ခေါ်ရာသို့ လိုက်မသွားခဲ့လျှင် သူ့ကို ငရဲမင်းတမန်ဟု အမည်ပေးကြရမည်။

ချန်ဟင်းကား မည်သည့်အခြေအနေသို့ ရောက်နေပါသနည်း။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပါသလား။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၆

လူကွမ်းယီ ရှေကျို့လမ်းကို တိုက်ခိုက်ခြင်း

နဂါးနက်တောင်ရိုးတွင် စုန်ကျန့် တိုက်ပွဲဝင်ခြင်း

နောက်ဆုံးတွင် ချန်ဟင်းလည်း သတိပြန်လည်လာလေ၏။

စုန်ကျန့်က-

"သူ့ကို တဲဆီ တွဲခေါ်သွားပြီး နားနေပါစေဗျာ။ ဆေးလည်း ကုပေးကြဦး၊ ပြီးမှ ကမ်းရိုး တန်းက အခြေအနေကို မေးကြည့်ကြမယ်"

ယခုတိုက်ပွဲများတွင် ရဲစွမ်းပြခဲ့ကြသည့် ခေါင်းဆောင်များ၏ လုပ်ဆောင်မှုများကို မှတ်တမ်းတင်ရန် ဖေရွှန်းနှင့် ကျဲ့ကျင်းတို့အား တာဝန်ပေးလိုက်၏။ နံနက်လင်းသောအခါ အားလုံးစခန်းတွင် စုမိကြ၏။ လီကျွမ်းနှင့် ရှိဇူက တောင်ပိုင်းဗိုလ်ချုပ် ဝုချီကို ဖမ်းမိကြ၏။ စစ်သမီးတပ်မှူး သုံးယောက်ကလည်း ချန်းတောင်ယွမ်ကို ဖမ်းမိထားကြ၏။ လင်ချုံးက သူ့လှံရှည်ကြီးဖြင့် လင်ကုန်းကို ထုတ်ချင်းခတ်အောင် ထိုးသတ်လိုက်နိုင်၏။ ရှိညီနောင်တို့ က ကွီယုကို သတ်လိုက်နိုင်၏။ တောင်ပိုင်းဗိုလ်ချုပ်များအနက် ငါးယောက်သာ လွတ်သွား၏။ စုန်ကျန့်သည် ရပ်ရွာ အေးချမ်းရေးအတွက် ဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်ကာ တပ်များကိုလည်း ဆုများ ပေးကမ်း၏။ ချန်းတောင်ယွမ်ကိုလည်း ဘုရင်ခံချန်းထံသို့ ပို့လိုက်၏။ မြို့သူကြီးယွမ်ကိုလည်း ဖူယန်းခရိုင်တွင် တရားသူကြီးအဖြစ် ခန့်အပ်ပေးရန် ထောက်ခံစာကို သီးခြား ရေးသားပေးပို့လိုက်၏။ အမည်ဖော်ပြရမည့် နေရာကို ချန်လှပ်ထားသော ရာထူးခန့်အပ်သည့်အမိန့်ကို ဘုရင်ခံက ပြန်၍ ပေးပို့လိုက်၏။ ထိုအကြောင်း တို့ကို ဤမျှဖြင့် ရပ်ဦးမည်။

မြို့ထဲတွင် နားနေသော စုန်ကျန့်ထံသို့ ဖိုးရုံကလေး ရောက်ရှိ သတင်းပို့၏။ စုန်ကျန့်က မေးသဖြင့် သူ့အဖြစ်ကို ဇာတ်ကြောင်းပြန်လှန်လေ၏။

"ကျွန်တော်ရယ်၊ နောင်ကြီးချန်ဟင်းရယ်၊ ဟိုဂျန်ရယ်၊ တွမ်ကျင်ချူရယ် ကမ်းရိုးတန်း တလျှောက်မှာ လှေလိုက်ရှာကြတယ်။ ချန်တန်းမြစ်ကို ဆန်တက်မယ်ဆိုပြီး ဟိုက်ယန်ကို ပတ်ပြီး ထွက်ခဲ့ကြတာ လှိုင်းတွေ လေတွေ ထန်တာနဲ့ ပင်လယ်ထဲကို မျောပါသွားတယ်။ ပြန်ဆန်တက်ဖို့ ကြိုးစားနေတုန်းမှာ လေပြင်း ဝင်ဆောင့်တာနဲ့ လှေမှောက်သွားပြီး အားလုံးပဲ ရေထဲကို ကျကုန်တယ်။

ဟိုဂျန်နဲ့ တွမ်ကျင်ချူကတော့ ရေမကူးတတ်တာနဲ့ ရေနစ်သေကုန်ပါရော။ လှေသမားတွေကတော့ အသက်ရှင်ကြပါတယ်။ ဒါပေမဲ့ တကွဲ တပြား ဖြစ်ကုန်ကြတယ်။ ကျွန်တော်က ဟိုက်ကို့ကို ကူးသွားတာ မြေနီတောင်တံခါးအထိရောက်သွားတယ်။ ဒီရေနဲ့ ပါသွားတာ ပန်းဖန်တောင်ကို ရောက်မှ ကမ်းဘက်ကို ကူး လိုက်နိုင်တယ်။ နောင်ကြီးချန်ဟင်းကို တိမ်ငါးစိုင်တောင်ကုန်းနားမှာတုန်းက မြစ်ထဲမှာ မြင်လိုက်တယ်။ သူ ကမ်းပေါ်တက်လာမလားလို့ စောင့်နေပေမယ့် ပျောက်သွားတယ်။ ည ကတော့ ဒီမြို့ဘက်ဆီက မီးလောင်နေတဲ့ အလင်းရောင်တွေကို တွေ့ရတယ်။ အမြောက်သံ တွေလည်း ကြားရတယ်။ နောင်ကြီးတို့ မြို့ကို တိုက်နေပြီလို့ တွက်လိုက်ပြီး ဒီကို ရေဆန် ကူးလာခဲ့တာပါဗျာ။ နောင်ကြီးချန်ဟင်းကော ရောက်ပြီလားဗျာ”

စုန်ကျန့်က ချန်ဟင်းအကြောင်းကို ပြောပြပြီး သူ့ကို သူ့အစ်ကိုများဆီသို့ လွှတ်လိုက် ပြီး၊ ဖိုးရုံညီနောင်သုံးယောက်ကို ရေတပ်တာဝန်များကို ပြန်ပေး၏။ မူကျို့ကို တိုက်ခိုက် ရာတွင် ပါဝင်ရန် လှေများကို အသင့်ပြင်ခိုင်းထားလိုက်၏။

ချန်ရွှန်းက ဝိညာဉ်က ဝင်ပူးပြီး ပြောပြခဲ့သဖြင့် သူ့ကို ရည်စူးသော နတ်ကွန်းတဆောင် ကို အနောက်ကန် ကမ်းစပ် ယုံကျင်းတံခါး အနီးတွင် ဆောက်လုပ်ကာ ယဇ်ပူဇော်၏။ ထို နတ်ကွန်းကို “ကျင်းဟွာအရှင်ကြီး နတ်ကွန်း” ဟု ခေါ်ဝေါ်သမုတ်၏။ နောက်ပိုင်းတွင် ဖန်းလာကို နှိမ်နင်းပြီး နေပြည်တော်သို့ ပြန်ရောက်သောအခါ ချန်ရွှန်း၏ ဆောင်ရွက်ချက်ကို တင်ပြခဲ့၏။ မင်းကြီးက “ကျင်းဟွာဗိုလ်ချုပ်” ဟူသော ဘွဲ့ကို ချီးမြှင့်၏။ ဟန်ကျို့တွင် ယနေ့တိုင် ထိုနတ်ကွန်း ရှိနေပေ၏။

ယန်စီမြစ်ကို ကူးပြီးသည့်နောက်တွင် တပ်မှူးများ အများအပြား ကျဆုံးခဲ့ရသဖြင့် စုန်ကျန့်သည်လည်း များစွာ ဝမ်းနည်းနေရှာ၏။ ဗုဒ္ဓဂုဏ်တော်ကျောင်းတွင် ထိုသူတို့ အတွက် ရည်စူးကာ ခုနစ်နေ့ ခုနစ်ည တိုင်တိုင် ပူဇော်ပွဲ ကျင်းပပေး၏။ အလှူအတန်း လုပ်၏။ သူတို့၏ ကမ္ပည်းတိုင်များကို ထူ၏။ ဤသို့ ကောင်းမှုများကို ပြုလုပ်ပြီးနောက် မင်းသား ဖန်းတျန်တင်း၏ အခမ်းအနား အသုံးအဆောင်များကို ဖျက်ဆီးပစ်ကာ သူ၏ ဥစ္စာပစ္စည်း များကိုလည်း စုန်တပ်မှူးကို ဝေခွဲပေးလိုက်၏။

ဟန်ကျို့တွင် ငြိမ်းချမ်းရေး ပြန်ရပြီ ဖြစ်၍ မြို့လူထုလည်း ပျော်ပွဲဆင်နွှဲကြ၏။ စုန်ကျန့် သည်လည်း မူကျို့ကို တိုက်ခိုက်ရန် စီမံချက်ကို ဝုရုံနှင့် တိုင်ပင်ကာ ရေးဆွဲလေ၏။

အချိန်မှာ စန္ဒမာသ စတုတ္ထလကုန်ခန့် ဖြစ်၏။ ထိုစဉ် လက်ထောက်ခရိုင် တပ်မှူး လျူသည် နေပြည်တော်မှ တမန်နှင့်အတူ ရောက်လာပြီး မင်းကြီး၏

အမိန့်ကို ပြန်ကြား လေ၏။

> **တပ်ဦးချီဗိုလ်ချုပ် စုန်ကျန့်။ သင်သည် ဖန်းလာကို နှိမ်နင်းရာတွင် ဂုဏ်ထူးဆောင်နိုင်ခဲ့၏။ ကျွန်ုပ်တို့သည် သင်၏ အရာရှိကြီးများအတွက် တော်သုံးသေရည် သုံးဆယ့်ငါးပုလင်းနှင့် ပိုးထည် သုံးဆယ့်ငါးစုံကို ပေးပို့လိုက်၏။ အရာရှိငယ်များအတွက်မူ ဖဲလိပ်များကို ပေးသနားလိုက်၏။**

မင်းကြီးကားကုန်ဆွန်ရှုန်း ပါမသွားသည်ကိုသာ သိပြီး အကျအဆုံးများသည်ကိုကား မသိချေ။

ဤသို့ သေရည်သုံးဆယ့်ငါးပုလင်း၊ ဝတ်စုံ သုံးဆယ့်ငါးစုံကို မြင်ရသော စုန်ကျန့်သည် နှလုံးနာကျင်လာပြီး မျက်ရည်များလည်း တဖြိုင်ဖြိုင် စီးဆင်းလာလေ၏။ တမန်က မေး သဖြင့် စုန်ကျန့်က သူ့တပ်မှူးများအကြောင်းကို ပြန်ပြောပြ၏။ မင်း၏ တမန်က-

"ဘုန်းတော်ကြီးလှသောဘုရားက မသိသေးဘူးဗျ။ ပြန်ရောက်မှ ကျုပ်လျှောက်တင် လိုက်ပါ့မယ်"

မင်း၏ တမန်နှင့် တပ်မှူးလျူတို့ကို ဂုဏ်ပြုသော စားသောက်ပွဲကို ကျင်းပပေး၏။ တပ်မှူးကြီးငယ် အားလုံး တက်ရောက်ကြကာ တော်သုံးစိမ်ရည်ကို သောက်ကြ၏။ မင်းကြီး ၏ကျေးဇူးကို ချီးကျူးကြ၏။ သေသူများအတွက် ပေးပို့လိုက်သော စိမ်ရည်များ၊ ဝတ်စုံများ ကို သိမ်းထားလိုက်၏။

နောက်တနေ့တွင် စုန်ကျန့်သည် ဝတ်စုံတစုံ၊ စိမ်ရည်တပုလင်းကို ယူကာ ချန်ရွှန်း၏ နတ်ကွန်းသို့ သွား၏။ သူ့အမည်ကို တ ကာ စိမ်ရည်ကို ကပ်၏။ ဝတ်စုံကိုလည်း ရုပ်တုပေါ် တွင် ဝတ်ရုံပေး၏။ ကျန် ဝတ်စုံများကိုမူ ကျန်တပ်မှူးများသို့ ရည်မှန်းကာ မီးရှို့ပူဇော် လိုက်၏။

မင်းတမန်လည်း နောက်တနေ့တွင် ပြန်သွား၏။ ဆယ်ရက်လောက် ကြာသွားသော အခါ ဘုရင်ခံ ချန်းက စုန်ကျန့်အား မူကျို့ကို တိုက်ဖို့ လူလွှတ်ကာ နှိုးဆော်၏။ စုန်ကျန့်နှင့် ဝုရုံက လူကွမ်းယီကို ဖိတ်ကြားကာ တိုင်ပင်ကြ၏။

စုန်ကျန့်က-

"မူကျို့ကို သွားဖို့ ဆိုရင်တော့ မြစ်ကြောင်းကပဲ တိုက်ရိုက်ရောက်မယ်။ ရှေကျိုကို ဆိုရင်တော့ ယူလင်းတောင်ကြားကို ဖြတ်ပြီး လမ်းကလေးအတိုင်း သွားရမယ်။ ဒီတော့ စစ်ကြောင်း နှစ်ကြောင်းခွဲပြီး၊ ရည်မှန်းချက် နှစ်ခုကို ခွဲပြီး တိုက်ရမယ်။ နောင်ကြီးက ဘယ်လိုများ သဘောရသလဲဗျာ"

“စစ်သားဆိုတာ ဗိုလ်ချုပ်ကို နာခံရတာပါပဲ။ နောင်ကြီး ဘာပဲ အမိန့်ပေးပေးပါ၊ ကျုပ် ကတော့ မရွေးပါဘူး”

“ဒါဖြင့်လည်း မိုးကောင်းကင်ကိုပဲ ဆုံးဖြတ်ခိုင်းတာပေါ့”

စုန်ကျန့်က စစ်ကြောင်းတကြောင်းစီအတွက် အင်အားကို ခွဲဝေကာ စာရင်းရေး၏။ ထို့နောက် အမွှေးတိုင်များ ထွန်းညှိကာ မဲနှိုက်ကြ၏။ စုန်ကျန့်က မူကျို့ကို ရပြီး လူကွမ်းယီ မှာ ရှေကျိုကို ရလေ၏။

စုန်ကျန့်က ရှင်းပြ၏။

“ဖန်းလာ ခိုအောင်းနေတဲ့ ပန်းယွမ်ဂူ ဆိုတာက ရှေကြည်ချောင်းခရိုင်ထဲမှာဗျ။ နောင်ကြီးက ရှေကျို့ကို ရတာနဲ့ စခန်းချပြီး ကျုပ်ကို အကြောင်းကြားလိုက်ပါ။ ပန်းယွမ်ဂူကို အတူတူ တိုက်ဖို့ ရက်သတ်မှတ်ကြတာပေါ့”

လူကွမ်းယီက ခေါင်းဆောင်များကို ခွဲဝေပေးရန် တောင်းခံသဖြင့် စုန်ကျန့်က ခွဲပေး၏။ စုန်ကျန့်နှင့်အတူ ခေါင်းဆောင် သုံးဆယ့်ခြောက်ဦးက လိုက်ပါလျက် မူကျို့နှင့် နဂါးနက် တောင်ရိုးကို တိုက်မည် ဖြစ်၏။ ယင်းတို့မှာ ဝုရုံ၊ ကွမ်ရိုန်း၊ ဟွရုံ၊ ချင်မင်း၊ လီယင်း၊ ထိုက်ချုံ၊ ချူတုံ၊ လီကွေ့၊ ရှင်ဉာဏ၊ ဝုဆုန်၊ ရှီချင်၊ ရှီပေါင်၊ လူ့ဖန်၊ ကောက်ရှိန်း၊ ဖန်ရွှီ၊ မာလင်း၊ ယန်ရွှန်း၊ စုန်ကျင့်၊ ရှုံချုံ၊ လီကွန်း၊ ဝမ်ယင်၊ သံမဏိတာ၊ လင်းချင်၊ ထူရှင့်၊ ကိုင်ဖု၊ ကိုင်ချင်း၊ ဖေရွှန်း၊ ကျန်ကျင်း၊ ယူပေါက်စီတို့အပြင် ရေတပ်မှ လီကျွမ်း၊ ဖိုးရုံညီနောင်သုံးဦး၊ တုန်ဝေ့၊ တုန်မင်း၊ မိန်ကွမ်းတို့ ဖြစ်၏။

လူကွမ်းယီနှင့်အတူ ရှေကျို့နှင့် ယူလင်းတောင်ကြားကို တိုက်ခိုက်ရာတွင် ခေါင်း ဆောင် နှစ်ဆယ့်ရှစ်ဦးက တာဝန်ယူမည် ဖြစ်၏။ ယင်းတို့မှာ ချူဝု၊ လင်ချုံး၊ ဟူယန်ကျို့၊ ရှီကျင်၊ ရန်စုံ၊ ရှီဇူ၊ ရှန်တင်းကွီ၊ ဝေတင်းကို့၊ ဆွန်လီ၊ ဟုန်ဆင့်၊ အိုပင်း၊ ဒူရှန်း၊ ချင်တ၊ ယန်ချွန်း၊ လီချုံး၊ စွေ့ယုံ၊ စို့ယွမ်၊ စို့ရွှန်၊ လီလီ၊ လီယွမ်း၊ ထန်လုံ၊ ရှီယုံ၊ ရှီကျန့်၊ တင်းတဲ့ဆွန်၊ ဆွန်ရှင့်၊ မခု၊ ကျန်ချင်း၊ စုန်းမဆွန်တို့ ဖြစ်၏။ သူတို့သည် အင်အားသုံးသောင်းကို ဦးစီး ကြမည် ဖြစ်၏။

လူကွမ်းယီသည် သတ်မှတ်ထားသော နေ့တွင် စုန်ကျန့်တို့ကို နှုတ်ဆက်ကာ စစ်ထွက် ခဲ့၏။ သူတို့ စစ်ကြောင်းသည် လီနန်ခရိုင်ကို ကွေ့ပတ်ကာ တောတောင်များကြားမှ ချီတက် ရမည်ဖြစ်၏။

စုန်ကျန့်လည်း လှေများ၊ မြင်းများ၊ လူများကို စုဖွဲ့ကာ သူ့တပ်မှူးများကို တာဝန်ပေးပြီး သတ်မှတ်ထားသော နေ့တွင် တံခွန်များကို သိဒ္ဓိတင်ပွဲကျင်းပကာ ရေကြောင်း ကြည်းကြောင်း ညှိနှိုင်းကာ ချီတက်ကြ၏။ ထိုအချိန်တွင် ဟန်ကျို့၌

ရောဂါကျရောက်နေသဖြင့် တပ်မှူးခြောက်ယောက်မှာ ရောဂါကူးစက်ပြီး မချီတက်နိုင်ပေ။ ထို့ကြောင့် စောင့်ရှောက်ရန် နောက်ထပ် တပ်မှူးနှစ်ယောက်ကိုပါ ချန်ထားခဲ့ရ၏။ ထို့ကြောင့် စုစုပေါင်း ရှစ်ယောက် ကျန်ရစ်ခဲ့၏။ ပထမတွင် မြစ်ကြောင်းအတိုင်း ဖူယန်းခရိုင်သို့ ချီတက်ခဲ့ကြ၏။

ယခုအခါ ကျဲ့ကျင်းနှင့် ယန်ချင်းတို့ အကြောင်းကို ပြောပါမည်။ သူတို့သည် ရှုကျိုမှ ဟိုက်ယန်ခရိုင်သို့ လာခဲ့ကြ၏။ ပင်လယ်ကမ်းရိုးတန်းမှ လှေစီးလာခဲ့ပြီး ယွီကျို့ကို ကျော် သောအခါမှ ကမ်းပေါ်တက်ပြီး ကုန်းကြောင်းလမ်းအတိုင်း ချူကီခရိုင်သို့ သွားလေ၏။ ယပူမြစ်ကို ဖြတ်ပြီး မူကျို့ပြည်နယ် နယ်ခြားသို့ ရောက်သွားလေ၏။ ထိုနေရာတွင် နယ်ခြား စောင့်တပ်များက တားကြ၏။

ကျဲ့ကျင်းက-

“ငါက အလယ်ပိုင်းလွင်ပြင်က ဗေဒင်ဆရာတယောက်ပါ။ နက္ခတ်ဗေဒင်ရော အင်း ပညာရော တတ်တယ်။ ယင် နဲ့ ယန်းကိုရော၊ လေနဲ့ မိုးကိုရော၊ ကြယ်တာရာတွေ အမိုန် အလင်းကိုရော၊ ဂိုဏ်းကြီး ကိုးဂိုဏ်း၊ ဘာသာကြီး သုံးရပ်ကိုရော အကုန်နားလည်တယ်။ ငါ မသိတာ မကျွမ်းတာ ဘာမှ မရှိဘူး။ အခု ငါလာခဲ့တာကလည်း ယန်စီမြစ်တောင်ဘက်ခြမ်း မှာ မင်းကေရာဇ်လောင်း ပေါ်တယ်ဆိုလို့၊ ငါ သွားတဲ့လမ်းကို ဘာလို့ ပိတ်ထားကြတာလဲ”

ကျဲ့ကျင်း၏ မိုးတလုံး လေတလုံး စကားများကို အထင်ကြီးသွားသော နယ်ခြားစောင့် တပ်မှူးက အမည်ကို မေး၏။

“ငါ့နာမည် ကေ့ယင်တဲ့ကွ။ ငါ့မှာ အဖော်ဆိုလို့ ဒီအစေခံပဲ ပါတာ။ မင်းတို့တိုင်းပြည် ကို အလုပ်အကျွေးပြုချင်လို့၊ တခြား ဘာကိစ္စမှ မရှိဘူး”

ကင်းမှူးက ကျဲ့ကျင်းတို့ကို စောင့်ခိုင်းထားကာ မူကျို့သို့ ဆက်သားဖြင့် သတင်းပို့ခိုင်း လိုက်၏။ လက်ထောက် အမတ်ချုပ် စုရှိယွမ်၊ အတိုင်ပင်ခံ ရှင်ရှို့၊ စစ်ဆေးရေးအရာရှိ ဟွမ်ယီ၊ စစ်သူကြီးတန်ကောက်တို့ထံသို့ သတင်းရောက်သွားသဖြင့် ကျဲ့ကျင်းကို ခေါ်၍ တွေ့ကြ၏၊ ကျဲ့ကျင်း၏ ရုပ်ရည်မှာ တင့်တယ်ချောမောသဖြင့် သူ့ကို ကောင်းကောင်းမွန်မွန် နှုတ်ဆက် ကာ သူပြောသမျှကို အရေးတယူ နားထောင်ကြ၏။ သံသယ မရှိကြပေ။

ကျဲ့ကျင်းကို ရေကြည်ချောင်းရှိ ဖန်းလာထံသို့ ခေါ်သွားရန် စစ်ဆေးရေးအရာရှိအား အမတ်ချုပ်က ညွှန်ကြားလိုက်၏။ ထိုအချိန်တွင် ဖန်းလာ၌ မူကျို့နယ်တွင်ရော ရှေကျို့ နယ်တွင်ပါ နန်းတော်များ ရှိ၏။ ပင်မနန်းတော်တွင် အဆင့်အမြင့်ဆုံး စစ်ဘက်နယ်ဘက် အရာရှိများကို ခန့်ထား၏။ ပန်းယွမ်ဂူရှိ

နန်းတော်မှာလည်း အလားတူ ဌာနချုပ်စခန်း ဖွင့်ထား၏။

ပထမဦးစွာ ကျဲ့ကျင်းတို့ကို အမတ်ချုပ် လိုမင်ချုန်းနှင့် တွေ့ပေး၏။ ကျဲ့ကျင်း၏ စကား အလိမ္မာတို့ကြောင့် အမတ်ချုပ်လည်း သဘောကျသွား၏။ သူ့စံအိမ်တွင် အတင်းဧည့်ခံ၏။ ကျဲကျင်း၏ ဉာဏ်ရည်နှင့် အမူအကျင့်ကို နှစ်သက်၏။ လို ကိုယ်တိုင်ကလည်း ရေကြည် ချောင်းတွင် ဆရာတဦးဖြစ်ခဲ့၏။ သို့သော် သူဆည်းပူးခဲ့သော စာပေကျမ်းဂန်တို့မှာ ကျဲ့ကျင်းတက် မမြင့်မားချေ။ ကျဲ့ကျင်း၏ ပြောဆိုဆက်ဆံမှုမှာလည်း မွန်မွန်ရည်ရည်ရှိသဖြင့် သဘောကျ၏။

နောက်တနေ့ နံနက်တွင် သူတို့က ဖန်းလာ၏ ရှေ့တော်သို့ ဝင်ရန် စောင့်နေရ၏။ ပလ္လင်ရှိရာ ခန်းမဆောင်တွင် ကိုယ်လုပ်တော်များ၊ လှပသော အပျိုတော်များ အများအပြား နေကြ၏။ အပြင်ခန်းတွင်မူ အမှုထမ်းများ၊ စစ်မှုထမ်းများ ရှိနေပြီး နန်းတော်အပြင်တွင်မူ ရွှေသခွားမသီး တံဆိပ်များကို ဝတ်ဆင်ထားသော အစောင့်များ ရပ်နေကြ၏။ မတ်ချုပ်က မင်းကြီးကို လျှောက်တင်၏။

“လျှောက်တင်ပါတယ်ဘုရား။ ကွန်ဖြူးရှပ်ရဲ့ ဇာတိ အလယ်ပိုင်းလွင်ပြင်ဒေသက ကျေ့ယင် ဆိုတဲ့ စာတတ်ပုဂ္ဂိုလ်တဦးကို ရှေ့တော်သွင်းလိုပါတယ် ဘုရား။ နှုတ်မှုရော လက်မှုရော တတ်ပွန်တဲ့သူ ဖြစ်လို့ ပညာလည်း တတ်၊ သတ္တိလည်းကောင်းသူတဦး ဖြစ်ပါတယ်။ နက္ခတ်ဗေဒင်ရော၊ အင်းပညာကိုပါ တတ်သူ ဖြစ်ပါတယ်။ လေအကြောင်း မိုးအကြောင်း ကိုလည်း နားလည်ပြီး မြေပြင်ရဲ့ နိမိတ်ကောင်းကင်ရဲ့ နိမိတ်တွေကိုပါ ဖတ်တတ်ပါတယ်။ ဂိုဏ်းကြီး ကိုးဂိုဏ်း၊ ဘာသာကြီး သုံးရပ်ကိုလည်း နားလည်ပါတယ်။ အတွေးအခေါ်ကျမ်း ဟူသမျှဟာ သူ့ရှေ့မှာ ဖွင့်ထားတဲ့ စာအုပ်တွေလိုဖြစ်နေပါတယ်။ ဒီဒေသမှာ ဧကရာဇ်မင်းကြီး ပေါ်ထွန်းမယ့် အတိတ်နိမိတ်တွေကို မြင်ရလို့ ဒီကို လာခဲ့တာပါ ဘုရား။ အခု နန်းတော် အပြင်ဘက်မှာ ဘုန်းတော်ကြီးလှသောဘုရားရဲ့ အမိန့်ကို ဦးထိပ်ရွက်ဖို့ စောင့်နေပါတယ် ဘုရား”

“အဲဒီ စာတတ်ပုဂ္ဂိုလ်ကို သွင်းစေ။ သာမန်အဝတ်အစားနဲ့ပဲ လာပါစေ”

ကျဲ့ကျင်းကို နန်းတွင်းသို့ ဝင်လာစေ၏။ သူက ကန်တော့လိုက်ကာ မင်းကြီးအသက် ရှည်ပါစေကြောင်း ထက်ထက်သန်သန် ဆုတောင်း၏။ ထို့နောက် ပလ္လင်ရှေ့သို့ ခေါ်လာခဲ့၏။

ဖန်းလာသည် ကျဲ့ကျင်း၏ မဟာဆန်ပုံကို သဘောကျသွား၏။

“မင်းက ဒီနိမိတ်တွေကို ဘယ်မှာ တွေ့ခဲ့တာလဲ”

"ကျွန်တော်က အလယ်ပိုင်းလွင်ပြင်ဒေသကပါ ဘုရား။ မိဘနှစ်ပါးစလုံး မရှိတော့လို့ ကျွန်တော့်ဘာသာ ရပ်တည်နေရပါတယ်ဘုရား၊ ရှေးရသေ့ကြီးများ အစဉ်အဆက် လက်ဆင့်ကမ်းလာတဲ့ ဂမ္ဘီရပညာတွေနဲ့ အသက်မွေးနေရပါတယ်ဘုရား။ တလောဆီက ကောရာဇ်ကြယ်က သိပ်ကို တောက်ပနေပါတယ်။ သူ့အလင်းရောင်တွေ ကလည်း ဝူနယ်မြေ ထဲကိုပဲ တိုက်ရိုက်ထိုးကျနေပါတယ်ဘုရား။ ဒါကြောင့် ကျွန်တော် ကလည်း ဒီခရီးကြမ်းကို ချက်ချင်း ထွက်ခဲ့တာပါဘုရား။ အခု ယန်စီမြစ်တောင်ဘက်ကို ရောက်ပြန်တော့ အသွေး ငါးမျိုးရှိတဲ့ ဘုန်းရောင်က မူကျို့ကနေ ထိုးတက်နေပါတယ် ဘုရား။ ဒီကနေ့မှာတော့ ဘုန်းတော်ကြီးလှသော ဘုရားရဲ့ ရွှေမျက်နှာကို ဖူးခွင့် ရခဲ့ပါပြီ ဘုရား။ ကျွန်တော်ဟာ ကံအကောင်းဆုံး လူပါ ဘုရား" ဟု ဆိုကာ ကျဲ့ကျင်းက ကန်တော့ပြန်လေ၏။

"ငါက ဒီမှာ တိုင်းပြည်တည်ထောင်နေပေမယ့် စုန်ကျန့်က ငါ့မြို့ကြီးတွေကို တိုက်ခိုက် သိမ်းပိုက် ထားလိုက်ပြီ။ ခုဆို ဒီဘက်ကို ဦးတည်နေကြပြီ။ ငါ ဘာလုပ်ရမလဲ"

"ရှေးစကားရှိပါတယ် ဘုရား။ "အရလွယ်ရင် အပျောက်လွယ်တယ်။ အရခက်မှ တသက် မြဲပါသတဲ့" ဘုရား။ ဘုန်းတော်ကြီးလှသောဘုရားက ဒီမှာ တိုင်းပြည်တည်ထောင်ကတည်းက အောင်နိုင်ခဲ့တဲ့ ပြည်နယ်တွေက အများအပြားပါဘုရား။ စုန်ကျန့်က ကျူးကျော်ခဲ့ပေမယ့် ဒီတိုင်းပြည်က ကံပြန်ကောင်းမှာ ပါဘုရား၊ မကြာမတင်မှာပဲ အရှင့်နယ်ပယ်တွေကို ပြန်သိမ်းနိုင်ရုံတင်မက အလယ်ပိုင်းလွင်ပြင်ကိုပါ ကျော်ပြီး ဟန်မင်းဆက်၊ တန်မင်းဆက် တို့ရဲ့ဘုန်းအာဏာကိုပါ ကျော်လွန်ပြီး ရွှေဂန္ထဝင်ခေတ်ကို ထူထောင်နိုင်ပါလိမ့်မယ်ဘုရား"

ဖန်းလာလည်း အထူးကျေနပ်သွားကာ ကျဲ့ကျင်းကို ဖဲသားဖြင့် ချုပ်ထားသော ဖထိုင် တွင် ထိုင်စေ၏။ မင်းကြီး၏ ပွဲတော်စာများဖြင့် တည်ခင်းကျွေးမွေး၏။ စာရေးတော်ကြီး ဟူသော ဘွဲ့ကိုလည်း ပေး၏။

ထိုနေ့မှ စကာ ကျဲ့ကျင်းသည် ဖန်းလာနှင့် အလွန်ရင်းနှီးသွားလေ၏။ သူကလည်း ဖန်းလာ၏ အကြိုက်ကို လိုက်ကာ မြှောက်ပင့် ပြောဆို၏။ လဝက်ပင် မကြာလိုက်ပေ။ နန်းတွင်း နန်းပြင်ရှိ အရာရှိသမျှ ကျဲ့ကျင်းကို အထူးခင်မင်သွားကြ၏။

ကျဲ့ကျင်းက ဆောင်ရွက်သမျှ ကိစ္စတို့တွင် မှူမှူတတ ရှိသောကြောင့်လည်း ဖန်းလာက အထူးပင် မျက်စိကျနေ၏။ လက်ထောက်အမတ်ချုပ်ကို အောင်သွယ်အဖြစ် ထားကာ သူ့သမီးတော် ကျင်းချီမင်းသမီးနှင့်

ထိမ်းမြားပေးလေ၏။ ကြင်ရာတော် မြို့စားကြီးဟူသော ဘွဲ့ ကိုလည်း အပ်နှင်း၏။ သူ့ကိုယ်သူ ယွန်ပီဟု အမည်ပေးထားသော ယန်ချင်းကိုလည်း လူပျိုတော်သားအဖြစ် ခန့်အပ်ပေး၏။ လူပျိုတော်သား ယွန်ဟု အမည်တွင်သွားလေ၏။ မင်းသမီးနှင့် ထိမ်းမြားပြီးသောအခါ ကျဲ့ကျင်းအဖို့ နန်းတွင်းထဲတွင် တံခါးမရှိ ဓားမရှိစိတ်ထင်တိုင်း သွားလာနိုင်လာလေ၏။ နန်းတွင်းရေးကိစ္စ အဝဝကိုလည်း သိလာလေ၏။ ဖန်းလာကလည်း အရေးကြီးသော စစ်ရေးစစ်ရာများတွင် သူ့ကို တိုင်ပင်၏။

"အရှင့် ဘုန်းရောင်ခြည်က မှန်ကန်ပါတယ် ဘုရား၊ အရှင့်ကို အချို့ကြယ်မင်းတွေက လာတိုက်ခိုက်နေတာပါ ဘုရား။ နောက်နှစ်ဝက်လောက်အထိကတော့ ငြိမ်းငြိမ်းချမ်းချမ်း နေရဦးမယ် မဟုတ်ပါ ဘုရား။ ဒါပေမဲ့ စုန်ကျုန့်မှာ တပ်မင်း၊ တပ်ဗိုလ်တွေ မရှိတော့ရင် ဒီကြယ်တွေကလည်း ပြန်ဆုတ်သွားမှာမို့လို့ အရှင့်အာဏာကလည်း ပြန်တည်တံ့ပါလိမ့် မယ် ဘုရား။ အနီးအဝေး အနှံ့အပြားမှာ ရှိနေတဲ့ ရန်သူတွေကို နှိမ်နင်းပြီး အလယ်ပိုင်း လွင်ပြင်ဒေသကိုလည်း ချုပ်ကိုင်နိုင်ပါလိမ့်မယ် ဘုရား"

"စုန်ကျုန့်က ငါ့ အကြည်ဖြူဆုံး ဗိုလ်မင်းတွေကို သတ်ခဲ့တာ များနေပြီ။ ငါ ဒါကို ဘယ်လို လုပ်ရမလဲ"

"ကျွန်တော် ညက နက္ခတ်တွေကို စစ်ဆေးခဲ့ပါတယ် ဘုရား၊ အရှင့်မှာ ဗိုလ်မင်းတွေ အများကြီး ရှိပေမယ့် သူတို့က မတော်တည့် မမှန်ကန်ကြပါဘူး။ ဒါကြောင့် ပျက်စီးကုန်မှာပဲ ဖြစ်ပါတယ် ဘုရား။ ဒါပေမဲ့ ကြယ်အသစ် နှစ်ဆယ့်ရှစ်ပွင့်က မကြာမီမှာ သူတို့ကို အစား ဝင်ထိုးမှာမို့လို့ အရှင့်အာဏာဟာလည်း တည်တံ့ပါလိမ့်မယ်။ ဒါ့အပြင် စုန်ကျုန့်ရဲ့ ဗိုလ်မင်း တကျိပ်လောက်ကလည်း အရှင့်ဆီမှာ ခိုဝင်လာကြမှာပါ ဘုရား။ သူတို့တွေက အရှင့် သစ္စာခံတွေ ဖြစ်လာပြီး အရှင့်နိုင်ငံတော်ကို တိုးချဲ့ရာမှာ ကူညီကြမှာပါ ဘုရား"

ဤသတင်းများကို ဖန်းလာ နားဝင်ချိုလှပေ၏။

ထိုစဉ်အတွင်းတွင် စုန်ကျုန့်တို့၏ တပ်သည် ဖူယန်းခရိုင်သို့ ကြည်းကြောင်း ရေကြောင်းဖြင့် ချီတက်နေ၏။ တောင်ပိုင်းသားတို့၏ အကြံပေးပုဂ္ဂိုလ်ကြီးသည် ဗိုလ်ချုပ်လေးယောက် နှင့်အတူ လက်ကျန်တပ်များဖြင့် တောင်ကြားလမ်းကို ထိန်းချုပ်ထား၏။ မူကျို့သို့လည်း လူလွှတ်ကာ စစ်ကူတောင်းခံထား၏။ လက်ထောက်အမတ်ချုပ်က စိတ်အချရဆုံး တပ်မှူး နှစ်ယောက် ဦးစီးသော အင်အားတသောင်းကို တပ်ကူ စေလွှတ်လိုက်၏။ ယင်းတို့မှာ ပိုက်ချင်နှင့် ကျန်းတဲ့တို့ ဖြစ်ကြ၏။ နှစ်ယောက်စလုံးမှာ သတ္တိကောင်းသူများ ဖြစ်ကြ၏။ ဖူယန်းသို့ ရောက်သောအခါ အကြံပေးပုဂ္ဂိုလ်ကြီးနှင့် ပေါင်း၍ တောင်ထိပ်တွင်

တပ်စွဲ နေကြ၏။

စုန်ကျန့်တို့ တပ်သည် "ခုနစ်လီ ပင်လယ်အော်" ကို ကျော်လာပြီ ဖြစ်၏။ ရေတပ်က မြင်းတပ်ကို ဦးဆောင်နေ၏။ ထိုအကြောင်းကို သိသောအခါ တောင်ပိုင်းတပ်မှ ဗိုလ်ချုပ် ရှီပေါင်သည် တောင်အောက်သို့ မြင်းကို စိုင်းကာ ဆင်းချလာ၏။ ဥက္ကာပျံတူနှင့် လေခွင်း ဓားကို ကိုင်ကာ ရန်သူထံသို့ ပြေးဝင်၏။ ကွမ်ရှိန်းက ထွက်တိုက်မည်ပြုစဉ် လူ့ဖန် လှမ်း၍ ဟန့်လိုက်၏။

"နေဦး နောင်ကြီး၊ ဒီကောင်နဲ့ ကျုပ် တချီ နှစ်ချီလောက် တိုက်လိုက်ဦးမယ်" စုန်ကျန့်က ကြက်လျှောအလံများ၏ အရိပ်အောက်မှ စောင့်ကြည့်နေ၏။ လူ့ဖန်က လုံ ပုဆိန်ကြီးကို ကိုင်ကာ ရှီပေါင်ထံသို့ မြင်းကို ကဆုန်စိုင်း၍ စီးသွား၏။ တောင်ပိုင်းဗိုလ်ချုပ် ကလည်း လေခွင်းဓားကြီးကို ကိုင်ကာ ရင်ဆိုင်၏။ အချီငါးဆယ်ခန့် တိုက်ကြပြီးသော် လူ့ဖန် အားကုန်လာ၏။ ကွမ်ရှိန်းက ဝင်၍ ကူ၏။ နှစ်ယောက်နှင့် တယောက် တိုက်နေသော်လည်း ရှီပေါင်မှာ လက်မကျသေးပေ။

ထိုအခိုက်တွင် အကြံပေးပုဂ္ဂိုလ်ကြီးက ဆုတ်ခွာရန် အချက်ပေးလိုက်၏။ တောင်ထိပ် ပေါ်မှာနေသော သူက စုန်ကျန့်တို့ ရေတပ်က ကမ်းတွင် ဆိုက်ကပ်ပြီး လူများ ကမ်းပေါ်သို့ တက်နေသည်ကို မြင်ရသောကြောင့် ဖြစ်၏။ နှစ်ဖက်ညှပ်ကာ အတိုက်ခံရမည်ကို စိုးရိမ် သဖြင့် ပြန်ဆုတ်ခိုင်းခြင်းပင် ဖြစ်သည်။

သို့သော် လူ့ဖန်နှင့် ကွမ်ရှိန်းတို့က ရှီပေါင်ကို အလွတ်မပေးလိုကြပေ။ နောက်ထပ် လေး ငါးချီ တိုက်ခိုက်ပြီးသောအခါ ချူတုံပါ ထပ်ထွက်လာလေ၏။ ရှီပေါင်သည် သုံးယောက် နှင့် တယောက် မတိုက်နိုင်ပေ။ ရန်သူလက်နက်များကို ပယ်ရှံပယ်ကာ ထွက်ပြေးလေ၏။

စုန်ကျန့်က သူ့ကြာပွတ်ကို ညွှန်လိုက်ရာ သူ့တပ်တော်က တောင်ရိုးသို့ တက်၍တိုက် ကြ၏။ တောင်ပိုင်းသားများလည်း မခံမရပ်နိုင်သဖြင့် တုန်းလူခရိုင်ထဲသို့ ဆုတ်ပြေးကြ လေ၏။ တညလုံး နောက်မှ ဖိလိုက်ပြီးနောက် စုန်ကျန့်တို့ တပ်တော်သည် ပတူဖြူတောင် ကြောကို ကျော်ကာ စခန်းချကြ၏။ တပြိုင်တည်းတွင် ရှီညီနောင်၊ ယန်ရွှင့်၊ ဗိုလ်ကျားပု၊ သံမဏိတာတို့ကို အရှေ့လမ်းအတိုင်း ရှင်းလင်းချီတက်စေ၏။ ထို့အတူ လီကွေ့၊ ရုံချုံး၊ လီကွန်း၊ ဖန်ရှီ၊ မာလင်းတို့ကို အနောက်လမ်းအတိုင်း ချီတက်စေခိုင်းလိုက်၏။ သူတို့သည် တုန်းလူအထိ သွားကာ ရန်သူ့စခန်းများကို သိမ်းပိုက်ရမည်ဖြစ်၏။ ရေတပ်ကမူ ဆက်လက် ချီတက်ရမည် ဖြစ်၏။ လီကျွမ်း၊ ဖိုးရှုံညီနောင်သုံးယောက်၊ တုန်ညီနောင် နှစ်ယောက်၊ မိန်ကွမ်းတို့က ဦးစီးရမည် ဖြစ်၏။

ရှီချင်တို့ တုန်းလူသို့ ရောက်သောအခါ သန်းခေါင်နီးပြီဖြစ်၏။ အကြံပေးပုဂ္ဂိုလ်နှင့် ရှီပေါင်တို့ တိုင်ပင်နေကြစဉ် အမြောက်သံကို ကြားလိုက်ရ၏။

ကမန်းကတန်း မြင်းပေါ် တက်၍ ကြည့်ကြရာ စစ်ကြောင်းသုံးကြောင်း မီးတုတ်များ ထွန်းလျက် အလျင်အမြန် ချဉ်းကပ်လာနေသည်ကို တွေ့ရလေ၏။ ရှီပေါင်က စ၍ ထွက်ပြေးလေရာ အားလုံးနောက်မှ လိုက်ပါသွားကြ၏။ မည်သူမျှ ရပ်တည်ကာ ပြန်မတိုက်ဝံ့ကြပေ။

ယခုအခါ စစ်ကြောင်းများက ဖိလာပြီဖြစ်၏။ တောင်ပိုင်းဗိုလ်ချုပ် ဝင် မှာ အသွားနှေး၊ အလုပ်နှေးသူ ဖြစ်၍ ဗိုလ်ကျားပုနှင့် သံမဏိတာတို့က မီလာလေ၏။ ထိုလင်မယားက သူ့ကို မြင်းပေါ်မှ ဆွဲချပြီး ဖမ်းလိုက်လေ၏။ လီကွေ့တို့ တပ်ကလည်း တွေ့သမျှကို သတ် ဖြတ်ပြီး မီးတင်ရှို့ကြလေ၏။ စုန်ကျန့်က သူ့တပ်များကို စခန်းသိမ်းပြီး တုန်းလူမြို့ထဲသို့ ရွှေ့ခိုင်းလေ၏။ ယင်းတွင် ဗိုလ်ကျားပုတို့ လင်မယားက ဝင်ကေရန်းကို တင်ပြကာ ဆုခံကြ လေ၏။ သူ့ကို ဘုရင်ခံချန်းထံသို့ စုန်ကျန့်က ပို့ခိုင်းလိုက်၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

နောက်တနေ့တွင် စုန်ကျန့်က သူ့ကြည်းတပ် ရေတပ်များကို နဂါးနက်တောင်တန်း၏ ခြေရင်းသို့ ရွှေ့ပြောင်းခိုင်းလိုက်၏။ ထိုတောင်၏ တဖက်တွင် မူကျို့မြို့ ရှိ၏။ အကြံပေး ပုဂ္ဂိုလ်ကြီးနှင့် တောင်ပိုင်းတပ်ဖွဲ့များက တောင်ကြားတွင် နေရာယူထား၏။ ထိုနေရာမှာ မြစ်နှင့် နီးသဖြင့် တဖက်တွင် ရေစီးသန်သော မြစ်ကြီးရှိပြီး တဖက်တွင် မတ်စောက်သော ကမ်းပါးကြီး ရှိလေ၏။ အပေါ်ပိုင်းတွင် ခံတပ်များ ရှိသကဲ့သို့ မြစ်ထဲတွင်လည်း ရေတပ်ဖွဲ့ ကြီးကို တပ်စွဲထား၏။

စခန်းချကာ သစ်တပ်များ ဆောက်ပြီးနောက် စုန်ကျန့်က လီကွေ့အား ဒိုင်းကိုင် ငါးရာ နှင့်အတူ ထောက်ကင်း ထွက်စေ၏။ တောင်ခြေသို့အရောက်တွင် သစ်လုံးမိုး ကျောက်တုံးမိုး ရွာချကာ ကြိုဆိုလိုက်သဖြင့် ပြန်ဆုတ်ခဲ့ရလေ၏။ စုန်ကျန့်က လှေတပ်အင်အား တဝက်ကို ကမ်းသို့ ဆိုက်စေကာ ဖိုးရုံယယ်ကို လက်ထောက်နှစ်ဦးနှင့်အတူ လှေအစီးတရာကို ကွပ်ကဲစေပြီး ဗုံများတီးကာ ကျေးလက်သီချင်းများဆိုကာ နဂါးနက်တောင်ရိုးအနီး နေရာတခုသို့ လှော်ခဲ့စေ၏။

ထိုနေရာတွင် ဖန်းလာ၏ လှေအစီး ငါးရာ ရှိ၏။ ယင်းတို့ကို ကျဲ့ကျန်း နဂါးလေးကောင် ဟု နာမည်ကျော်သည့် ဗိုလ်ချုပ်လေးယောက်က ကွပ်ကဲ၏။ အကြီးဆုံးဗိုလ်ချုပ်မှာ ကျောက်စိမ်းခြေသည်းနဂါးချင်ကွီ ဖြစ်၏။ သူ့လက်ထောက်များမှာ ဖဲအကြေးခွံနဂါး ချိုင်ယွမ်၊ လှိုင်းစီးနဂါးချောင်ချင်း၊ ပုလဲကစားနဂါးရှိဖူတို့ ဖြစ်ကြ၏။ ဤနာမည်များကို ဖန်းလာကိုယ်တိုင်က ပေးထားခြင်းဖြစ်၏။ ယင်းတို့မှာ နဂိုက ချန်တန်းမြစ်မှလှေသမားများ ဖြစ်ကြ၏။ သူ့လက်အောက်သို့ ခိုဝင်လာသဖြင့် တတိယတန်းစား မှူးမတ်အဆင့်ကို ပေး ထားခြင်း ဖြစ်သည်။

ဖိုးရုံကြီး၏ လှေသည် ကမ်းသို့ ချဉ်းကပ်လာ၏။ ထိုနဂါးလေးကောင်တို့က သတင်းရပြီး ဖြစ်၏။ မီးဖောင် အစင်းငါးဆယ်ကို ပြင်ဆင်ထားကြ၏။ ထင်းရှူးသစ်လုံးကြီးများကို ဖောင်ဖွဲ့ထားပြီး မြက်ခြောက်များကို ပုံထားကာ မီးစာများကို ဝှက်ထား၏။ ယင်းဖောင် တို့ကို ကမ်းပေါ်တွင် တင်ထားကြ၏။ ဖိုးရုံကြီး၊ မိန်ကွမ်း၊ တုန်ညီနောင်တို့ ကမ်းနှင့် နီးလာ သော် နဂါးလေးကောင်က အနီဖျော့ဖျော့ အလံလေးများကို ဝှေ့ယမ်းကာ အချက်ပြလိုက် ပြီး လှေလျင်ကိုယ်စီ စီးကာ ထွက်လာခဲ့၏။ သူတို့ကား သာမန်အဝတ်အစားများကိုသာ ဝတ်ဆင်ထားကြ၏။

ထိုလှေများ အလျင်အမြန် ချဉ်းကပ်လာလေ၏။ ဖိုးရုံကြီးက အော်ဟစ်၍ အမိန့်ပေး လိုက်ရာ သူ့လူများက မြားများကို စုပြုံကာ ပစ်လွှတ်လိုက်ကြ၏။ လှေများလည်း ပြန်ဆုတ် သွားကြ၏။ ဖိုးရုံတို့ကလည်း နောက်မှ လိုက်ကြ၏။ နဂါးလေးကောင်တို့လည်း ကမ်းပေါ်သို့ ခုန်တက်ကာ ပြေးကြ၏။ ရှေ့တွင် ရေတပ် ချထားသည်ကို မြင်ရသဖြင့် ဖိုးရုံလည်း ဆက်၍ မလိုက်တော့ပေ။ မိမိလှေများသို့ ပြန်ခဲ့ကြ၏။

ထိုစဉ် နဂါးနက်တောင်ရိုးမှ တံခွန်တလက်ကို ဝှေ့ပြလိုက်ပြီး ဗုံသံမောင်းသံများ ဟိန်း၍ ထွက်လာလေ၏။ မီးဖောင်များကို မီးညှိကာ မြစ်ထဲသို့ တွန်းချလိုက်ကြ၏။ လေသင့် သဖြင့် မီးတဟုန်းဟုန်း တောက်လာကာ၊ ရေသင့်သဖြင့် အလျင်အမြန် မျောဆင်းလာလေ၏။ သူတို့၏ နောက်ဘက်မှလည်း လှေကြီးများ ပေါ်လာ၏။ ထိုလှေများပေါ်မှ တောင်ပိုင်းသား များက အော်ဟစ်ကြွေးကြော်နေကြ၏။ သူတို့က လှံရှည်များ၊ ချိတ်ရှည်များကို ကိုင်ထား ကြ၏။ အတင်းတိုးဝင်ကာ ထိုးကြသတ်ကြ၏။

ရန်သူအင်အား ကြီးလှသည်ကို တွေ့ရသော တုန်ညီနောင်သည် လှေကို ဆိုက်ကာ ကမ်းပါးယံကို ကုတ်ကပ်၍ တက်ကြ၏။ စခန်းသို့ ပြန်နိုင်မည့် လမ်းကို ရှာကြ၏။

ဖိုးရုံကြီးနှင့် မိန်ကွမ်းတို့က ရန်သူနှင့် ရင်ဆိုင်ရန် ကျန်ခဲ့လေ၏။ မီးဖောင်များကလည်း နီးကပ်လာပြီဖြစ်၏။ ဖိုးရုံကြီးက ရေထဲခုန်ဆင်းမည် အပြုတွင် ရန်သူ့လှေတစီး ရောက်လာ ပြီး သူ့ကို ချိတ်နှင့် ဖမ်းဆွဲလိုက်၏။ အဖမ်းခံရပါက အရှက်ကွဲရမည်ကို သိသဖြင့် ဖိုးရုံကြီး သည် သူ့လည်ပင်းကို သူ လှီးဖြတ်ကာ သတ်သေလိုက်၏။

မိန်ကွမ်းသည်လည်း မြစ်ထဲသို့ ဒိုင်ဗင်ထိုးမည့်ဆဲဆဲတွင် အမြောက်ဆန်တလုံးက သူ့ခေါင်းကို လာ၍ ထိမှန်သဖြင့် ဦးခွံကွဲကာ သေရလေ၏။

နဂါးလေးကောင်လည်း အလျင်အမြန် ချဉ်းကပ်လာ၏။ လီကျွမ်း၊ ဖိုးရုံယံ၊

ဖိုးရုံကလေး တို့မှာ နောက်ဖျားမှ လိုက်လာသဖြင့် ရှေ့ဖျားမှ သူတို့လူများ အရေးမလှသည်ကို မြင်ရ၏။ ထို့ပြင် ရန်သူက မြစ်ရိုးတလျှောက် ဆင်းလာသည်ကိုလည်း မြင်ရသဖြင့် လှေဦးလှည့်ကာ တုန်လူသို့ ပြန်၍ ဆုတ်ကြ၏။

နဂါးနက်တောင်ရိုးပေါ်ရှိ အကြံပေးပုဂ္ဂိုလ်နှင့် ရှီပေါင်တို့က ရေတပ်၏အောင်မြင်မှုကို အမြတ်ထုတ်ရန် တောင်ပေါ်မှ ပြို၍ ဆင်းချလာကြ၏။ သို့သော် မြစ်ရေက နက်သည့် အပြင် ရန်သူ့လှေများနှင့်လည်း ဝေးသဖြင့် မလှုပ်ရှားသာပေ။ စုန်တပ်များက တုန်လူသို့ ဆုတ်သွားကြသလို တောင်ပိုင်းတပ်များကလည်း တောင်ရိုးပေါ်သို့ ပြန်တက်သွားကြ လေ၏။ ဖိုးရုံကြီးနှင့် မိန်ကွမ်းတို့ ကျဆုံးသဖြင့် စုန်ကျန့်သည်လည်း တုန်လူရှိ တဲအတွင်း၌ တယောက်တည်း ထိုင်ကာ မှိုင်နေလေ၏။ ဝုရုံနှင့် အခြားသူများ ဖျောင်းဖျသော်လည်း မရပေ။ ဖိုးရုံငယ်နှင့် ဖိုးရုံကလေးတို့ ရောက်လာကြ၏။

“ကျွန်တော်တို့အစ်ကိုက တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့ပါတယ်။ အဲဒါက လျှံရှန်းကျူအင်းမှာ နာမည်ပျက်နဲ့ သေရတာထက်စာရင် အများကြီး တော်ပါတယ်။ နောင်ကြီးက ကျွန်တော်တို့ရဲ့ တပ်မှူးချုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲမနေပါနဲ့လားဗျာ။ တိုင်းရေးပြည်ရေးကိုပဲ အာရုံစိုက်ပါဗျာ။ ကျွန်တော်တို့ဘာသာ လက်စားချေပါ့မယ်”

ဤစကားကို ကြားရမှ စုန်ကျန့်လည်း အတန်စိတ်သက်သာသွား၏။ နောက်တနေ့ တွင် တပ်များကို စုကာ နောက်တကြိမ် ထပ်တိုက်ရန် ပြင်ဆင်၏။ ဝုရုံက ကန့်ကွက်၏။ “စိတ်ရှည်ရှည်ထားပါ နောင်ကြီးရာ။ ပထမဆုံး စီမံချက်ကောင်းကောင်းတခု ရေးဆွဲရမယ်။ ပြီးမှ တောင်ရိုးကို ကျော်မယ်ဆိုရင်လည်း အချိန်ရှိပါသေး”

ရှီချင်နှင့် ရှီပေါင်က ဝင်၍ တင်ပြ၏။

“ကျွန်တော်တို့က နဂိုက မုဆိုးတွေပါ။ တောင်တက်တာ၊ တောင်ကျော်တာတွေနဲ့ ကျင့်သားရပြီးသားပါ။ မုဆိုးတွေလို ဝတ်ပြီး တောင်ပေါ်တက်ပြီး မီးကြီးဖိုမယ်။ အဲဒါဆိုရင် ဒီတောင်ပိုင်းသားတွေ ကြောက်ချေးပါကုန်လိမ့်မယ်။ တောင်ကြားလမ်းကို ပစ်ပြီး ပြေးကြ မှာပဲ”

ဝုရုံက-

“အကြံတော့ ကောင်းပါရဲ့။ ဒါပေမဲ့ အဲဒီတောင်က ဘေးရန်များတယ်။ တက်ရတာ တော်တော်ခက်မယ်။ ခြေတချက် ချော်တာနဲ့ အသက်ပါသွားလိမ့်မယ်”

“တိန်ကျို့ထောင်က လွတ်လာလို့ လျှံရှန်းကျူအင်းကို ရောက်ကတည်းက

နောင်ကြီး စုန်ကျန့်ရဲ့ ဘုန်းကံရိပ်မှာ ရဲရင့်သူတယောက်ဘဝနဲ့ နှစ်တွေအများကြီး နေခဲ့ရပြီးပါပြီ။ ခုဆို လွတ်ငြိမ်းခွင့်လည်း ရထားပြီးပါပြီ။ ပိုးတွေ ဖဲတွေလည်း ဝတ်နိုင်လာပြီ။ ရွှေနန်းတော်ကြီး အတွက်နဲ့ နောင်ကြီးစုန်ကျန့်ရဲ့ ကျေးဇူးတွေ ပြန်ဆပ်ဖို့ဆိုရင် တောင်ပေါ်က ပြုတ်ကျလို့ စိစိညက်ညက် ကြေသွားရင်လည်း ပေးဆပ်ရတာ များတယ်လို့ မအောက်မေ့ပါဘူးဗျာ”

စုန်ကျန့်က ဟန့်လိုက်၏။

“ဒီလို နိမိတ်မရှိတာတွေ မပြောပါနဲ့ဗျာ။ ကျုပ်ကတော့ အောင်ပွဲကြီးခံပြီး နေပြည်တော် ကိုပြန်ဖို့ပဲ မျှော်နေတယ်။ မင်းကြီးကလည်း သေသေချာချာ ဆုတွေ လာဘ်တွေ ပေးမှာပဲ။ ကျုပ်တို့ တိုင်းပြည်အတွက် နောင်ကြီးတို့ကလည်း အစွမ်းကုန် ကြိုးစားရမှာပဲ”

ရှိညီနောင်လည်း စစ်ထွက်ရန် ပြင်ဆင်ကြ၏။ ကျားရေအင်္ကျီကို ဝတ်ကာ၊ ခါးတွင် ဓားထက်ထက်ကို ဆွဲကာ မိုန်းကြီးများကို ကိုင်ပြီး စုန်ကျန့်ကို နှုတ်ဆက်ကာ နဂါးနက် တောင်ရိုးသို့ ထွက်ခဲ့ကြ၏။

အချိန်မှာ ပထမယံခန့် ဖြစ်၏။ လမ်းဘေးတွင် ကင်းပုန်းဝပ်နေသော အရာရှိငယ် နှစ်ယောက်ကို တွေ့ရသဖြင့် သတ်ပစ်ခဲ့ကြ၏။ တောင်ခြေသို့ ရောက်သောအခါ ဒုတိယယံ ခန့် ရှိပြီဖြစ်ကြောင်း တောင်ပေါ်ရှိ ရန်သူ့ခံတပ်မှ ကင်းသမား၏ စည်သံကို ကြားရသဖြင့် သိရလေ၏။

လမ်းမပြောင်ပြောင်ပေါ်တွင် သွားရခြင်းမှာ အန္တရာယ်ကြီးသဖြင့် ရှိညီနောင်သည် တောင်စောင်းရှိ နွယ်များ၊ ချုံများကို ဆွဲကာ ရုန်းကာ ပင်ပင်ပန်းပန်း တက်ခဲ့ကြ၏။ လရောင်မှာလည်း နေ့ခင်းဟု ထင်ရလောက်အောင် သာလှ၏။ ခရီး သုံးချိုး နှစ်ချိုး ရောက် သော် တောင်ပေါ်စခန်းဆီမှ မီးရောင်များကို မြင်ရသဖြင့် လျှိုကြားတွင် ဝင်၍ ခိုလိုက်ရ၏။ ကင်းသမား၏ စည်သံအရ စတုတ္ထယံသို့ ရောက်နေပြီ ဖြစ်၏။

“ညတာတိုတယ်။ တော်တော်နေရင် လင်းတော့မယ်” ရှိချင်က တိုးတိုးလေး ပြော၏။ “ဆက်တက်မယ်”

ပင်ပင်ပန်းပန်း ဆက်လက်လာရာ အလွန်မတ်စောက်သော ကမ်းပါးပြတ်တနေရာသို့ ရောက်လာလေ၏။ လက်ရော ခြေရော မအားရဘဲ သတိအထူးထား၍ တက်ရမည် ဖြစ်၏။ ထို့ကြောင့် မိုန်းကြီးများကို ကျောတွင် ချည်ထားရာတွင် တလက်က နွယ်တန်းနှင့် ငြိသွား ပြီး ကျောက်တုံးနှင့် ချွင်ခနဲမြည်အောင် ရိုက်မိသွားလေ၏။ တောင်ထိပ်မှ ကင်းများကလည်း တွေ့သွားလေ၏။

ရှိချင်က ချိုင့်တခုထဲသို့ ဝင်၍ ပုန်းလိုက်၏။ အပေါ်ဘက်မှ “မိပြီ” ဟု အသံနှင့်အတူ ချိတ်တခု ဆင်းလာပြီး သူ့ဆံပင်များနှင့် ငြိသွားလေ၏။ သူက ကမန်းကတန်း ခါးမှ ဓားကို လှမ်းယူ၏။ အပေါ်မှ လူကလည်း ဆောင့်ဆွဲ၏။ ချက်ချင်းပင် ရှိချင်မှာ လေထဲတွင် တွဲ လောင်းကျနေလေပြီ။ ကြောက်ကြောက်လန့်လန့်နှင့် ဓားကို လွှဲ၍ ခုတ်လိုက်ရာ ချိတ်၏ အရိုး ပြတ်သွားလေ၏။ သူ့ဘဝတဝက်မျှ ရဲရင့်သူဖြစ်ခဲ့သော ရှိချင်ခမျာမှာ အတောင်ခုနစ် ဆယ်လောက်အမြင့်မှ အောက်ရှိ ကျောက်ချွန် ကျောက်စောင်းများပေါ်သို့ ပြုတ်ကျကာ စိစိညက်ညက်ကြေကာ သေရရှာ၏။

သူ့အစ်ကို ပြုတ်ကျသွားသည်ကို မြင်ရသော ရှိပေါင်က အလောတကြီး ဆက်တက် လေရာ ကျောက်ခဲအကြီးအသေး အရွယ်စုံ မိုးရွာသကဲ့သို့ ကျလာ၏။ ဒူးလေးမြားတံများ လည်း ဝါးရုံတခုနောက်မှ ထွက်လာပြီး မှန်လေ၏။ တဘဝလုံး မုဆိုးလုပ်လာခဲ့သော ရှိပေါင်လည်း နဂါးနက်တောင်စောင်း ဝါးရုံတခုအနီးတွင် သူ့အစ်ကိုနှင့်အတူ သေပွဲဝင်ရလေ၏။

မိုးလင်းသောအခါ သူတို့၏ အလောင်းများကို ရန်သူတို့က ဆင်းကောက်၏။ တောင်ရိုး ပေါ်တွင် နေပူထဲ၌ ပစ်ထားလိုက်လေ၏။

ထိုသတင်းကို စုန်ကျန့် ကြားရသောအခါ သည်းထန်စွာငိုကြွေးရင်း နှစ်ကြိမ် သုံးကြိမ်မျှ ဆို့နင့်သွာ၏။ ကွမ်ရှိန်းနှင့် ဟွရုံကို ချက်ချင်းလူစုကာ နဂါးနက်တောင်ရိုးနှင့် တောင်ကြား လမ်းကို သွားတိုက်ခိုင်း၏။

ဝုရုံက သတိပေး၏။

“စိတ်ကို ထိန်းပါ နောင်ကြီးရာ၊ သူတို့သေရတာက မိုးကောင်းကင်ရဲ့အလိုအရမို့ပါ။ အလောသုံးဆယ် လုပ်လို့လည်း တောင်ကြားကို သိမ်းနိုင်မယ် မထင်ပါဘူး။ မဟာဗျူဟာ နဲ့ နည်းဗျူဟာ ပါးပါးနပ်နပ် ချမှတ်ဖို့ လိုပါတယ်။ ဒါမှ စစ်ဆင်နိုင်မှာပါ”

စုန်ကျန့်က ဒေါသတကြီး ပြန်အော်၏။ “ကျုပ်ညီနောင်တွေ သုံးပုံတပုံလောက် မရှိတော့ဘူး။ ဒီခွေးကောင်တွေ အလောင်းတွေကို ဒီလို ပစ်ထားတာ လက်မခံနိုင်ဘူး။ ပြန်ယူရမယ်။ ခေါင်းနဲ့ ဘာနဲ့ ထည့်ပြီး ကျကျနန သင်္ဂြိုဟ်ပေးရမယ်”

“ဒီကောင်တွေက ဒီလို ပစ်ထားတာ အကြောင်းရှိရမယ် နောင်ကြီး၊ မလောပါနဲ့ လားဗျာ”

သို့သော် စုန်ကျန့်ကား နားမထောင်ချေ။ လက်ရွေးစင် လူသုံးထောင်ကို

စုကာ ကွမ်ရှိန်း၊ ဟွရှုံ၊ လူ့ဖန်၊ ကောက်ရှိန်းတို့ကို လက်ထောက်များအဖြစ် တာဝန်ပေးကာ ထိုညတွင်ပင် နဂါးနက်တောင်ရိုးသို့ အရောက် ချီတက်၏။

ဒုတိယယံခန့်တွင် အရာရှိငယ်တယောက်က ပြော၏။ "ဟိုမှာ နောင်ကြီးရှိချင်၊ ရှိပေါင်တို့ရဲ့ အလောင်းတွေ မဟုတ်လား"

စုန်ကျန့်လည်း ရှေ့ကိုတက်၍ သွားပြီး ကြည့်ရာ သစ်ပင်ပေါ်မှ အလောင်းနှစ်လောင်း ဆွဲထားသည်ကို တွေ့၏။ သစ်ပင်တပင်၏ အခေါက်ကိုခွာ၍ အတွင်းသာဖြူဖြူတွင် စာများ ရေးထားသည်ကိုလည်း တွေ့ရ၏။ သို့သော် ဖတ်၍ မရသဖြင့် အမြောက်ကို မီးတို့သည့် မီးစာကောက်နှင့် မီးအိမ်ကို ယူခိုင်းလိုက်ပြီး မီးထွန်းကာ ဖတ်ရ၏။ "အနေးနဲ့ အမြန် စုန်ကျန့်လည်း ဒီလိုပဲ သေမယ်။"

ဒေါသူပုန်ထလျက် အလောင်းများကို ဖြုတ်ခိုင်းလိုက်၏။ ထိုစဉ် လေးဖက်လေးတန်မှ မီးတုတ်များ လင်းလာ၏။ စစ်စည်သံများ၊ မိုးခြိမ်းသလို ထွက်လာ၏။ တောင်ပိုင်းသား များက ဝိုင်းလာကြ၏။ အပေါ်ဘက်မှလည်း မြားမိုးရွာချ၏။ မြစ်ထဲတွင်လည်း တိုက်လှေများ ကမ်းကပ်လာပြီး၊ စစ်သည်များ ကမ်းတက်လာကြ၏။

စုန်ကျန့်ကား ညည်းညူရုံမှအပ ဘာမျှ မကြံတတ်တော့ပေ။ ကမန်းကတန်း ပြန်ဆုတ်၏။ သို့သော် ရှီပေါင်က လမ်းပိတ်ထားလေ၏။ နောက်ကို ပြန်လှည့်သောအခါ တိန့်ယွမ်ကျူးက ဘေးဘက်မှ ဝင်တိုက်သည်ကို တွေ့ရ၏။ ရဲစွမ်းသတ္တိ ပြောင်မြောက် လှသော စုန်ကျန့်၏ ဂုဏ်မှာ မိုးထိအောင် မြင့်မားခဲ့၏။ ယခုမူ ခွေးသေဝက်သေ သေရမည့် ကိန်းနှင့် ရင်ဆိုင်နေရလေပြီ။

မှန်ပေ၏။ အကြီးအကျယ် သတ်ဖြတ်ပွဲကြီး လာချေတော့မည်။ အခြေအနေမှာ ဘေးအန္တရာယ်နှင့် တင်းကျမ်းပြည့်မျှ ဖြစ်နေလေပြီ။

စုန်ကျန့်နှင့် သူ့တပ်များ မည်သို့ လွတ်ခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၇

မူကျို့တွင် တိန့်ယွမ်ကျူ မြားမှန်ခြင်း

နဂါးနက်တောင်ရိုးတွင် နတ်တပါးက စုန်ကျန့်ကို ကူပံ့ခြင်း

ရှီပေါင်က လှမ်း၍ အော်၏။

"စုန်ကျန့်၊ မြင်းပေါ်က ဆင်းပြီး အညံ့ခံပါတော့လား။ ဘာစောင့်နေတာလဲ"

ထိုစကားကြောင့် ကွမ်ရှိန်း ဒေါသထွက်သွား၏။ သူ့မြင်းကို မောင်းကာ ရှီပေါင်ကို အတင်းဝင်တိုက်၏။ သို့သော် သူတို့ မတိုက်ရသေးမီ တပ်နောက်ပိုင်းမှအော်သံများ ထွက် လာ၏။ နဂါးလေးကောင်သည် ကမ်းတက်လာပြီး ဖောက်ဝင်လာနေပြီ ဖြစ်၏။ တောင်ပေါ် မှလည်း တောင်ပိုင်းတပ်မှူး ဝမ်ကျီနှင့် ကောက်ချန်တို့က ဆင်းလာနေကြ၏။

ယင်း တိုက်စစ်ကို ဟန့်တားရန် ဟွရုံက ဝမ်ကျီနှင့် ရင်ဆိုင်၏။ သုံးလေးချီမျှ တိုက်ပြီး နောက် ဟွရုံက ပြန်ဆုတ်ရာ ဝမ်ကျီရော ကောက်ချန်ပါ လိုက်လာကြ၏။ ဟွရုံက မြား နှစ်စင်းကို အလျင်အမြန် ပစ်လွှတ်လိုက်ရာ နှစ်ယောက်စလုံးကို မှန်သွားပြီး မြင်းပေါ်မှ ပြုတ်ကျကြလေ၏။ စုန်တပ်များက သြဘာပေးကြသော်လည်း တက်၍ မတိုက်ဝံ့ကြဘဲ ဆုတ်သွားလေ၏။

ထိုနှစ်ယောက် လတ်တလော သေသွားသည်ကို မြင်ရသဖြင့် ကျဲ့ကျန်းမှ နဂါး လေးကောင်လည်း ဆက်၍ မတိုက်ဝံ့တော့ပေ။ နောက်ပိုင်းမှ တိုက်ခိုက်ခြင်းကို ဟွရုံက အောင်မြင်စွာ တားဆီးနိုင်လိုက်၏။ သို့သော် နောက်ထပ် တောင်ပိုင်းသား တပ်ဖွဲ့ နှစ်ဖွဲ့ ဘေးမှ ပေါ်လာပြန်၏။ ဦးစီးလာသူများမှာ ပိုက်ချင်နှင့် ကျင်းတဲ့တို့ ဖြစ်ကြ၏။ လူ့ဖန်နှင့် ကောက်ရှိန်းတို့က ယင်းတို့နှင့် ရင်ဆိုင်၏။ လေးယောက်သား အသေအကြေ တိုက်ခိုက်ကြ လေ၏။

စုန်ကျန့်သည်လည်း များစွာ စိုးရိမ်နေလေပြီ။ သို့သော် တောင်ပိုင်းသားတပ်၏ နောက်ပိုင်းမှ အော်သံဟစ်သံများ ထွက်လာပြီး ဖရိုဖရဲ ထွက်ပြေးကြလေ၏။ လီကွေ့နှင့် ရှုံချုံး၊ လီကွန်းတို့ ခြေသည်အင်အား တထောင်ဖြင့် ရှီပေါင်၏ တပ်နောက်ပိုင်းကို အတင်း ဝင်၍ ထိုးနှက်ခြင်းပင် ဖြစ်၏။ အကြံပေးပုဂ္ဂိုလ်က စစ်ကူပေးရန် အတင်းဝင်လာရာတွင် လည်းရှင်ညာဏက သူ့တောင်ဝှေးကြီးနှင့်၊ ဝုဆုန်က သူ့လုံပုဆိန်ကြီးနှင့် အတင်းဝင်တိုက်ကာ လမ်းဖောက်ထွင်းခဲ့ကြ၏။ သူတို့နှင့်အတူ ခြေလျင်အင်အား တထောင်

ပါလာသည့်အပြင် သူတို့နောက်မှ ခေါင်းဆောင်ရှစ်ယောက် ဦးစီးသည့် ခြေသည် မြင်းသည်များ ပါလာလေ၏။ စုန်တပ်များသည် ရှီပေါင်နှင့် တိန့်ယွမ်ကျူတို့၏ တပ်များကို အဘက်ဘက်မှ ဖွဲ့ကာ ဖြိုခွင်း နေကြ၏။ စုန်ကျန့်ကို ကယ်ထုတ်ကာ တုန်လူသို့ ပြန်ခဲ့ကြ၏။ စခန်းရောက်သောအခါ စုန်ကျန့်က တပ်မှူးများကို ကျေးဇူးစကား ပြော၏။

"နောင်ကြီးတို့သာ ရောက်မလာရင် ကျုပ်လည်း ခုလောက်ဆို ရှီချင်၊ ရှီပေါင်တို့နဲ့ တမလွန်ဘဝမှာ သွားဆုံနေလောက်ပြီ"

ဝုရုံက-

နောင်ကြီးက ကျုပ်စကားကိုမှ နားမထောင်တာလေ။ ဒီတော့ ကျုပ်ကလည်း တခုခု များ ဖြစ်ခဲ့ရင်ဆိုပြီး ညီနောင်တွေကို ကယ်ဖို့ လွှတ်လိုက်ရတာပဲ"

စုန်ကျန့်သည် ကျေးဇူးစကားများကို ရွှန်းရွှန်းဝေအောင် ပြောရှာလေ၏။

နဂါးနက်တောင်ရိုးပေါ်တွင်လည်း ရှီပေါင်နှင့် အကြံပေးပုဂ္ဂိုလ်တို့ ခေါင်းချင်း ရိုက်နေကြ၏။

ရှီပေါင်က -

"စုန်ကျန့်တို့က ခုဆို တုန်လူမှာ။ ဒါပေမဲ့ တောင်ကိုပတ်ပြီး သွားမယ်ဆိုရင်တော့ မူကျို့တော့ ဒုက္ခရောက်မှာ ကျိန်းသေပဲ။ ခင်ဗျားက ရေကြည်ချောင်း နန်းတော်ကို သွားပြီး အရှင့်ဆီမှာ အင်အားဖြည့်ပေးဖို့ တောင်းပန်ရင် ကောင်းမယ်။ အင်အားတောင့်မှ ကြာကြာ ခံနိုင်မှာဗျ"

"မှန်တယ် ဗိုလ်မင်း၊ ကျုပ် ခုပဲ သွားမယ်"

မူကျို့သို့ ရောက်သောအခါ လက်ထောက်အမတ်ချုပ် စုရှီယွမ်နှင့် တွေ့ဆုံ၏။

"စုန်ကျန့်တို့တပ်က တောင့်တော့ တားလို့ ဆီးလို့ မရနိုင်ဘူးဗျ။ တောင်ကြားလမ်း ကနေ အလုံးအရင်းနဲ့ လိုမ့်ဝင်လာရင် ကျုပ်တို့တော့ ဒုက္ခရောက်ပြီ။ ကျုပ် လာတာက အင်အားဖြည့်ပေးဖို့ တောင်းပန်မလို့ လာတာပါ"

ထို့နောက် နှစ်ယောက်သား ရေကြည်ချောင်းသို့ လာခဲ့ပြီး အမတ်ချုပ် လိုမင်ချုန်းနှင့် တွေ့ဆုံကာ လာရင်းကိစ္စကို ရှင်းပြလေ၏။

နောက်တနေ့တွင် ဖန်းလာက ညီလာခံ ခေါ်၏။ သူတို့သုံးယောက်စလုံး

တက်ရောက် ရ၏။ အကြံပေးပုဂ္ဂိုလ်က ကန်တော့ကာ ဘုန်းတော်ကြီးမားကြောင်း ဆုတောင်းပြီးမှ လျှောက်တင်လေ၏။

"ကျွန်တော် အနုညာတရဟာန်းကလေးက တင်ပြပါတယ်။ အရှင့်အမိန့်တော်အရ မင်းသားနဲ့အတူ ဟန်ကျို့ကို သွားပြီး ကာကွယ်ခဲ့ပါတယ်။ စုန်ကျန့်က ရောမတပ်ကြီးနဲ့ ရဲရင့် တဲ့ စစ်ဗိုလ်တွေနဲ့ လာတိုက်လို့ ကျွန်တော်တို့ ခုခံရာမှာ အခက်အခဲကြီးမားခဲ့ရပါတယ်။ ပြီးတော့တခါ မြို့သူကြီးယွမ်က သစ္စာဖောက်ပြီး ရန်သူတွေကို သူ့ ဆန်လှေတွေပေါ်မှာ တင်ပြီးမြို့ထဲ ခေါ်လာလို့ မြို့ကျခဲ့ရပါတယ် ဘုရား။ မင်းသားကြီးလည်း ထက်ထက်သန်သန် တိုက်ပွဲဝင်ခဲ့ပေမယ့် ကျဆုံးခဲ့ရပါတယ်။ ကျွန်တော်နဲ့ စစ်သူကြီးရှီပေါင်တို့က နဂါးနက် တောင်ရိုးကို ဆုတ်လာပြီး တောင်ကြားလမ်းကို ထိန်းချုပ်ထားပါတယ်။ မကြာခင်ကပဲ သူ့ ဗိုလ်ချုပ်လေးယောက်ကို ကျွန်တော်တို့ သုတ်သင်လိုက်လို့ သူလည်း တော်တော်လန့်သွား ပြီး ခုဆို တုန်လူမှာ စခန်းချနေပါတယ် ဘုရား။ မကြာခင်မှာပဲ လမ်းရှာပြီး တောင်ကြားလမ်း ထဲကို ဝင်လာပါလိမ့်မယ်။ တောင်ကြားကို ကာကွယ်ဖို့၊ တောပုန်းတွေကို တိုက်ထုတ်ဖို့၊ မြို့တွေကို ပြန်သိမ်းဖို့အတွက် အင်အားဖြည့်ပေးပါရန် တင်လျှောက်ပါတယ် ဘုရား"

"ငါတို့မှာ ရှိသမျှ တပ်တွေကို အရေးပါတဲ့ နေရာတွေကို ခွဲဝေပေးထားပြီးပြီ။ ခုပဲ ယူလင်းတောင်ကြားကို အင်အားတသောင်း ပို့လိုက်ပြီ။ အဲဒီမှာလည်း အတော် အကျပ် အတည်း ဖြစ်နေတယ်တဲ့။ အခု ငါ့မှာ ကျန်တာ ဝင်းကိုယ်ရံတော်တွေပဲ ရှိတော့တယ်။ ဒါတွေကိုတော့ ဘယ်လွှတ်ပေးနိုင်ပါ့မလဲ"

"အရှင်က အင်အားဖြည့်မပေးရင်တော့ ကျွန်တော်လည်း ဘာမှ လုပ်နိုင်တော့မှာ မဟုတ်ပါ ဘုရား။ စုန်ကျန့် တောင်ရိုးကို ကျော်လာရင်တော့ မူကျို့ကို ဘယ်လိုမှ ကာကွယ် နိုင်မှာ မဟုတ်ပါဘုရား"

အမတ်ချုပ်က ထောက်ခံ၏။

"နဂါးနက်တောင်ရိုးက အချက်အချာကျပါတယ် ဘုရား။ ဝင်းကိုယ်ရံတော်အင်အားက သုံးသောင်းရှိတာမို့လို့ အကြံပေးပုဂ္ဂိုလ်ကို တသောင်းလောက် ခွဲဝေပေးနိုင်ပါတယ် ဘုရား။ အရှင်မင်းကြီး ဆင်ခြင်ရန်ပါ ဘုရား"

သို့သော် ဖန်းလာက ခေါင်းမာ၏။ နဂါးနက်တောင်ရိုးကို တပ်ကူ ထပ်ဖြည့်မပေးပေ။

ညီလာခံ စဲသောအခါ အမတ်ချုပ်တို့နှင့် မှူးမတ်များ ခေါင်းချင်းရိုက်ကြကာ အင်အား ငါးထောင်ကို လက်ထောက်အမတ်ချုပ်က စေလွှတ်ပေးရန်

ဆုံးဖြတ်လိုက်ကြ၏။ လက် ထောက်အမတ်ချုပ်ပါ မူကျိုသို့ လိုက်လာပြီး လက်ရွေးစင်အင်အား ငါးထောင်ကို ရွေး၏။ ယင်းတို့ကို ထိပ်တန်းဗိုလ်ချုပ်တဦးဖြစ်သော ရှားဟိုချင်းကို ဦးစီးစေလျက် ထည့်ပေးလိုက်၏။ နဂါးနက်တောင်သို့ ရောက်သောအခါ ရှီပေါင်အား ဖြစ်ပျက်သမျှကို ဖောက်သည် ပြန်ချ လေ၏။

"ဝင်းကိုယ်ရံတော်တပ်တွေ မပေးလိုက်တော့ ကျူးကျော်သူတွေကို ဘယ်လိုနှိမ်နင်း နိုင်ပါ့မလဲ။ တောင်ကြားကို ထိန်းထားရုံပဲ တတ်နိုင်မယ်။ ထွက်တိုက်ဖို့တော့ မစဉ်းစားနဲ့၊ ဟို နဂါးလေးကောင်လည်း မြစ်ကမ်းနားကို သေသေချာချာ ထိန်းထားခိုင်းရမယ်။ ရန်သူ့ လှေတွေ လာရင် ပြန်တိုက်ထုတ်ပစ်ရမယ်။ တိုက်စစ်တော့ မဆင်ရဘူး"

သူ့တပ်မှူးတွေ အကျအဆုံး များသဖြင့် စုန်ကျန့်မှာလည်း တုန်လှုပ်တွင်သာ စခန်းချ နေ၏။ အရက်နှစ်ဆယ်ကျော် ကြာသည်အထိ သူ့တပ်များ လှုပ်ရှားမှု မရှိ။ ထိုစဉ်မြင်းစေ ကျော်တယောက် ရောက်လာလေ၏။

"စစ်ဝန်ကြီးမင်းတုန် ဟန်ကျိုမှာ ဆုလာဘ်တွေနဲ့ ရောက်နေပါတယ်။ ယူလင်းတောင်ကြားက ဗိုလ်ချုပ်လူရဲ့ တပ်တွေကို ချီးမြှင့်ဖို့ ဗိုလ်ချုပ်ဝမ်ပင်းကို လွှတ်လိုက်ပါပြီ။ ဒီကို မကြာခင်မှာ ဝန်မင်း ရောက်လာပြီး ဆု ချီးမြှင့်ပါလိမ့်မယ်"

စုန်ကျန့်တို့လည်း မြို့ပြင် လီနှစ်ဆယ် အကွာအဝေးအထိ ထွက်ကာ ကြိုဆိုကြလေ၏။ မြို့တွင်းဌာနချုပ်သို့ ရောက်သောအခါ အမိန့်တော်ကို ဖွင့်၍ ဖတ်ပြပြီး လက်ဆောင်များကို အရာရှိများအား ခွဲဝေပေး၏။ စုန်ကျန့်တို့က ဝန်မင်းတုန်ကို ထမင်းစားပွဲကြီးနှင့် တည်ခင်း ဧည့်ခံလေ၏။ တုန်က စကား စ ၏။

"အလာတုန်းက လမ်းမှာ ကြားလာခဲ့တယ်။ ဒီမှာ တော်တော် အကျအဆုံး များနေ တယ်ဆို"

စုန်ကျန့်က မျက်ရည်ကျလျက်-

"ဝန်မင်း၊ မြောက်ဘက်မှာ တာတာရ်တွေကို သွားတိုက်တုန်းက တပ်မှူး တယောက်မှ မကျဘဲ အောင်ပွဲခံပြီး ပြန်လာခဲ့တယ်။ အခု ဒီမှာကျတော့ နေပြည်တော်ကမှ မခွာ သေးဘူး၊ ကုန်ဆွန်ရှန်းက ကျွန်တော်တို့နဲ့ ခွဲသွားတယ်။ အရှင်မင်းကြီးကလည်း တချို့ တပ်မှူးတွေကို ခေါ်ထားတယ်။ ယန်စီကို ကူးပြီးတော့လည်း တနေရာမှာ နည်းနည်းစီ ကျခဲ့တယ်။ ဟန်ကျို့မှာလည်း ရှစ်ယောက် ကိုးယောက်လောက် နေမကောင်းဖြစ်ပြီး ကျန်ခဲ့တာကလည်း ရှင်မယ်လို့ တထစ်ချ မပြောနိုင်ဘူး။ နဂါးနက်တောင်ရိုးကို နှစ်ခါတိုက် တာလည်း နောက်ထပ် ကျဆုံးသေးတယ်။ ဒီဘက်ပိုင်းမှာက ရေစီးသန်တဲ့ မြစ်နဲ့ ကျောက်

တောင်တွေနဲ့ ဆိုတော့ တိုက်ပွဲဝင်ဖို့ ခက်တယ်။ ဘယ်လောက်ကြိုးစားပေမယ့် တောင် ကြားကို မဖောက်နိုင်သေးဘူး။ ကျွန်တော်တို့တွေ စိတ်အဆင်းရဲဆုံးအချိန်မှာ လက်ဆောင် တော်တွေ ရောက်လာတာ သိပ်ကို ကုသိုလ်ထူးတာပါပဲ”

“ခင်ဗျားရဲ့ အောင်မြင်မှုတွေကို ဘုန်းတော်ကြီးလှသောဘုရားက သိပါတယ်။ ခင်ဗျား တို့ အကျအဆုံးတွေကိုလည်း ကြားပါတယ်။ ဒါကြောင့်ပဲ ကျုပ်ကို လွှတ်လိုက်တာပေါ့ဗျာ။ ခင်ဗျားကို ကူညီဖို့ ဗိုလ်ချုပ်ဝမ်ပင်းနဲ့ ကျောက်တန်တို့ကိုပါ ထည့်ပေးလိုက်ပါတယ်။ ဗိုလ်ချုပ်ဝမ်ပင်းကိုတော့ ဗိုလ်ချုပ်လူဆီကို လက်ဆောင်တွေ အပို့ခိုင်းလိုက်တယ်”

ကျောက်တန်ကို ခေါ်ကာ စုန်ကျန့်နှင့် မိတ်ဆက်ပေး၏။ ဧည့်သည်များကို အိမ်ရှင် တို့က ဧည့်ခံကျွေးမွေးကြ၏။

နောက်တနေ့တွင် တောင်ရိုးနှင့် တောင်ကြားကို တိုက်ရန် ဝန်ကြီးတုန်က တပ်များကို စုစည်း၏။ ဝုရုံက ကန့်ကွက်၏။

“သတိထားပါ ဝန်မင်း၊ ကျုပ်တို့ ယန်ရှင့်နဲ့ မာလင်းကို တောတွင်းလမ်းလေးတွေမှာ လိုက်ရှာခိုင်းပါဦးမယ်။ တောင်ကြားလမ်းကို အခြားတဘက်ဘက်ကနေ သွားလို့ရမယ့် လမ်းကို သိတဲ့လူများ ရှိမလား မသိဘူးဗျ။ ရှိရင်တော့ နှစ်ဖက်ညှပ်ပြီး စစ်ဆင်လို့ ရတာပေါ့။ ဒီရန်သူတွေက စစ်မျက်နှာ နှစ်ဖက်ဖွင့်ပြီး တပြိုင်တည်း မတိုက်နိုင်ဘူးလေ။ လမ်းတွေ့ရင် ဒီတောင်ကြားကို ရဖို့က ကိုယ့်လက်ဖဝါးထဲကို တံတွေးထွေးသလောက်ကို လွယ်လိမ့်မယ်”

“သိပ်ကောင်းတဲ့ အကြံပဲဗျ” ဟု စုန်ကျန့်က လက်ခံ၏။

နှစ်ယောက်နှင့် အတူ ကြံ့ခိုင်သန်မာသော စစ်သည် နှစ်ကျိပ် သုံးကျိပ်ကို ထည့်လိုက်ကာ သတင်းပေးနိုင်မည့် သူကို တောကြား တောင်ကြားများတွင် လိုက်ရှာခိုင်း လိုက်၏။ ညနေပိုင်းတွင် အဘိုးအိုတယောက်နှင့်အတူ ပြန်ရောက်လာကြ၏။

“သူက ဘယ်သူလဲ” ဟု စုန်ကျန့်က မေး၏။ မာလင်းက ဖြေ၏။

“ဒီက ရွာသားတယောက်ပါ။ ဒီတောင်ပေါ်လမ်းတွေကို ကောင်းကောင်းသိတဲ့ သူပါ”

“ဘကြီး၊ ခင်ဗျားက ကျွန်တော်တို့ကို နဂါးနက်တောင်ရိုးကို ကျော်နိုင်တဲ့ လမ်းကို ပြနိုင်ရင် ဆုကောင်းကောင်း ပေးပါ့မယ်”

“ကျုပ်တို့က ဆွေစဉ်မျိုးဆက် ဒီနားတဝိုက်မှာ အေးအေးဆေးဆေး

နေခဲ့ကြတာပါ။ ဒါပေမဲ့ ဖန်းလာက သိပ်ကို ဖိစီးနှိပ်စက်တယ်။ ကျုပ်တို့မှာ ပုန်းစရာလည်း နေရာမရှိတော့ ဘူး။ ဒါပေမဲ့ဗျာ၊ ကံကောင်းလို့ မင်းကြီးရဲ့ တပ်တော်တွေ ရောက်လာပြီး ပြည်သူတွေ အခုတော့ ငြိမ်းချမ်းရေး ပြန်ရနေပါပြီ။ ခင်ဗျားတို့ကို တောင်ရိုးနောက်ကနေ တုန်ငွမ်မြို့ကို ခေါ်သွားပေးမယ်။ မူကျို့က အဲဒီကဆို ဘာမှ မဝေးတော့ဘူး။ မြို့မြောက်တံခါးကို သွား ပေါက်တယ်ဗျ။ အနောက်တံခါးကို ပတ်ပြီး သွားလိုက်ရင် နဂါးနက်တောင်ရိုးကို ရောက် သွားတာပဲ”

စုန်ကျန့်ကား ဝမ်းမြောက်၍ မဆုံးတော့ပေ။ ထိုအဘိုးအိုအား ငွေများကို ပေးပြီး စခန်းတွင် နေစေ၏။ အစားအသောက်နှင့် စိမ်ရည်တို့ဖြင့် ဧည့်ခံ ကျွေးမွေးပေ၏။

နောက်တနေ့တွင် စုန်ကျန့်က ဝန်မင်းတုန်အား တုန်လူခရိုင်ကို ထိန်းထားပေးရန်မေတ္တာရပ်ခံ၏။

“ကျွန်တော်ကတော့ မူကျို့နားကို သွားပြီး နဂါးနက်တောင်ရိုးနဲ့ တောင်ကြားလမ်းကို နှစ်ဖက်ညှပ်ပြီး တိုက်မယ်”

ဝန်မင်း တုန်၏ ညွှန်ကြားချက်အရ စုန်ကျန့်က သူ့တပ်များကို စစ်ကြောင်းနှစ်ကြောင်း ခွဲလိုက်၏။ တပ်မှူးဆယ့်နှစ်ယောက်နှင့်အတူ သူက တောလမ်းလေးတခုအတိုင်း ချီတက် မည်။ တုန်ကမူ ကျန်စစ်ကြောင်းနှင့် လမ်းမကြီးအတိုင်း ဖြောင့်ချီတက်လာမည် ဖြစ်၏။

စုန်ကျန့်က အင်အားတသောင်းကို ဦးစီးကာ အဘိုးအို လမ်းပြသည့်အတိုင်း တိတ်ဆိတ်စွာ ချီတက်ကြ၏။ မြင်းကကြိုးတန်ဆာများကို အသံမမြည်အောင် အဝတ်များဖြင့် ပတ်စည်းကာ လူများ၏ ပါးစပ်ထဲတွင်လည်း တုတ်တချောင်းစီကို ကိုက်ထားစေ၏။ တောင်ခုလတ်တွင် ရန်သူများနှင့် ထိပ်တိုက်တွေ့ကြရာ စုန်ကျန့်၏အမိန့်အရ လီကွေ့၊ ရုံချုံး၊ လီကွန်းတို့တပ်က တိုက်ကြ၏။ ရန်သူလေးရာ ငါးရာလောက်ကို လက်စတုံးလိုက်ကြ၏။

ညစတုတ္ထယံလောက်တွင် တုန်ငွမ်မြို့ကို ရောက်၏။ မြို့စောင့်တပ်မှူး ဝူယင်ရှင်းထံတွင် အင်အားသုံးထောင်သာ ရှိ၏။ စုန်ကျန့်တို့၏ ရောမတပ်ကြီးကို မခုခံနိုင်။ မူကျိုသို့သာ အလုအယက် ပြန်ပြေးကြ၏။ ဝူက လက်ထောက်အမတ်ချုပ်ထံသို့ သတင်းပို့လိုက်၏။

“စုန်ကျန့်တို့တပ်က နဂါးနက်တောင်ရိုးကို ကျော်ပြီး တုန်ငွမ်ကိုတောင် ရောက်နေ ကြပြီ”

လက်ထောက်နန်းရင်းဝန်လည်း ဟိုက်ခနဲ ဖြစ်သွားရှာလေ၏။

သူ့ဗိုလ်ချုပ်များကို အစည်းအဝေးခေါ်၏။

ထိုအခိုက်တွင်ပင် စုန်ကျန့်၏ ညွှန်ကြားချက်အရ လင်းချင်က အမြောက်များကို အတွဲလိုက် ပစ်ခတ်နေရာ တောင်ရိုးစခန်းရှိ ရှီပေါင်မှာလည်း လန့်ဖျပ်သွားလေ၏။ သူက ပိုက်ချင်နှင့် တပ်တတပ်ကို ထောက်လှမ်းရန် လွှတ်လိုက်၏။ စုန်ကျန့်၏ တံခွန်များ ကွင်းပြင် အနှံ့၊ သစ်တောများ ဖုံးလွှမ်းနေသော တောင်စောင်းအနှံ့တွင် ဖွေးဖွေးလှုပ်နေသည်ကို မြင်ရ၏။ ချက်ချင်းပင် ပြန်လာကာ ရှီပေါင်သို့ သတင်းပို့ကြ၏။

"မင်းကြီးက အင်အားဖြည့်မပေးတော့ တောင်ကြားလမ်းကိုပဲ ထိန်းထားနိုင်မယ်။ မူကျို့ကိုတော့ မကယ်နိုင်ဘူး"

အကြံပေးပုဂ္ဂိုလ်က ကန့်ကွက်၏။

"မှားနေပြီ ဗိုလ်မင်း၊ မူကျို့ကို ကယ်တာ မကယ်တာ ခင်ဗျားသဘောပဲ။ ဒါပေမဲ့ နန်းတော်ကျရင်တော့ ကျုပ်တို့အတွက် ဘာ အာမခံမှ မရှိတော့ဘူး။ ခင်ဗျား နေချင် နေခဲ့။ ကျုပ်တော့ မူကျို့ကို သွားမယ်"

အကြံပေးပုဂ္ဂိုလ်သည် ရှီပေါင်က တားသော်လည်း မရဘဲ သူ့တောင်ဝှေးကြီးကို ကိုင်စွဲကာ ဗိုလ်ချုပ်ရှားဟိုချင်းနှင့်အတူ စစ်သည်ငါးထောင်ကို ခေါ်ကာ တောင်ရိုးမှ ဆင်း သွားလေ၏။

စုန်ကျန့်တို့တပ်က တုန်ဂွမ်မှ မူကျို့သို့ သွားမတိုက်ဘဲ တောင်ရိုးနှင့် တောင်ကြား လမ်းကို ပထမ တိုက်ရန် ချီတက်လာရာ အထက်ပါ ရန်သူများနှင့် ထိပ်တိုက်တိုးလေ၏။ တပ်နှစ်တပ် နီးလာသောအခါ အကြံပေးပုဂ္ဂိုလ်က စီးချင်းတိုက်ရန် စိန်ခေါ်လေ၏။ ဟွရုံက စုန်ကျန့်နားအနီးသို့ ကပ်၍ တိုးတိုးလေး ပြောလိုက်ရာ စုန်ကျန့်က ခေါင်းဆတ်ပြလိုက်၏။ ထို့နောက် ချင်မင်းကို ခေါ်လိုက်ပြီး သုံးယောက်သား ခေါင်းချင်းဆိုင်ကြ၏။ ထို့နောက် ချင်မင်းက မြင်းကို ကဆုန်စိုင်းကာ ရင်ဆိုင်ရန် ထွက်ခဲ့၏။

အချီငါးဆယ် ခြောက်ဆယ်ခန့်တိုက်ပြီးနောက် ချင်မင်းက လှည့်ကာ ထွက်ပြေး၏။ စုန်ကျန့်တပ်လည်း တကွဲတပြား စ ပြေးကြ၏။ အကြံပေးသည် ချင်မင်းကို နိုင်လိုက်ပြီဟု ထင်ကာ ထားခဲ့ပြီး စုန်ကျန့်ကို ဖမ်းရန် ဒုန်းစိုင်း၍ လာလေ၏။

ဟွရုံကား အသင့်ပြင်ထားပြီးဖြစ်၏။ စုန်ကျန့်ကို အကာအကွယ်ပေးကာ သူ့အနီးကပ် လာသည့် အချိန်ကို စောင့်နေ၏။ ထို့နောက် သူ့လေးကို အားကုန်ဆွဲ၍ မြားကိုလွှတ်လိုက် ရာ အကြံပေးပုဂ္ဂိုလ်၏မျက်ခွက်ကို တည့်တည့်သွားမှန်ပြီး

မြင်းပေါ်မှ ပြုတ်ကျရှာလေ၏။ စုန်တပ်သားများက ဝိုင်းလာကာ လက်စတုံးလိုက်ကြ၏။

ကြမ်းကြမ်းရမ်းရမ်းနှင့် သွေးချောင်းစီးသော တိုက်ပွဲကြီး ဆက်၍ ဖြစ်လေ၏။ တောင်ပိုင်းသားများကား ရှုံးချက်နာလှ၏။ ဗိုလ်ချုပ်ရှာ၊ဟိုချင်းသည် ရန်သူကို မဟန့်တားနိုင်၊ မရပ်မခံနိုင်၍ မူကျိုသို့ ထွက်ပြေး၏။ စုန်ကျန့်တို့တပ်က နဂါးနက်တောင်ရိုးသို့ ပြေးတက် ကြ၏။ သို့သော် သစ်တုံးမိုး၊ ကျောက်တုံးမိုး ရွာချသဖြင့် တပ်ကို ချက်ချင်းပြန်လှည့်ကာ မူကျိုသို့ ချီတက်လေ၏။

ရှားဟိုချင်းသည် မူကျိုကို ရောက်လျှင် လက်ထောက်အမတ်ချုပ်စုနှင့် တွေ့ပြီး -

“စုန်တပ်တော်က တုန်ဂွမ်ကို ကျော်ပြီး ရောက်လာတယ်။ အကြံပေးပုဂ္ဂိုလ်ကိုတောင် သတ်လိုက်နိုင်တယ်။ ဒီ မူကျို့ ကို ဒီနေ့ပဲ ရောက်လာလိမ့်မယ်”

စုကလည်း ရှားဟိုချင်းကို ရေကြည်ချောင်းရှိ အမတ်ချုပ်ထံ စေလွှတ်ကာ အကြောင်းစုံ ကို တင်ပြစေလိုက်၏။ အမတ်ချုပ်က မင်းကြီးထံသို့ ဆက်လက်တင်ပြ၏။

“စုန်တပ်တွေက တုန်ဂွမ် ဒီဘက်ကို ရောက်နေပြီ။ မူကျို့ကို တိုက်ဖို့ လုပ်နေပါပြီ။ ဘုန်းတော်ကြီးလှသောဘုရားက တပ်တွေကို အမြန်စေလွှတ်ဖို့ လျှောက်တင်အပ်ပါတယ်။ သို့မဟုတ်ရင်တော့ အားလုံး ဆုံးရှုံးကုန်ပါလိမ့်မယ် ဘုရား”

ဖန်းလာလည်း အံ့အားသင့်သွားလေ၏။ ချက်ချင်းပင် စစ်သူကြီးချင်ပေါင်ကို ခေါ်ကာ ဝင်းကိုယ်ရံတော်တပ် အင်အားတသောင်းငါးထောင်ကို ပေးအပ်ကာ မူကျို့ သို့ ညတွင်းချင်း သွားရောက်ကာ အင်အားဖြည့်ရန် အမိန့်ချမှတ်၏။

စစ်သူကြီးချင်ပေါင်က-

“အမိန့်ကို နာခံပါ့မယ် အရှင်၊ ဒါပေမဲ့ နန်းတွင်းဗေဒင်ဆရာကိုလည်း ကျွန်တော်တို့နဲ့ ထည့်ပေးလိုက်ဖို့ တောင်းပန်ပါတယ်။ ဒါမှပဲ စုန်ကျန့်ကို နှိမ်နင်းနိုင်ပါလိမ့်မယ်”

ဖန်းလာက သဘောတူသဖြင့် ဗေဒင်ဆရာပေါင်တောင်ယီကို အခေါ်ခိုင်းလေ၏။

“စုန်ကျန့်နဲ့ သူ့တပ်တွေက ငါတို့နယ်မြေကို ကျူးကျော်တယ်။ ငါတို့မြို့တွေ၊

ငါတို့တပ်တွေ၊ ဗိုလ်ချုပ်တွေကို ဖျက်ဆီး သတ်ဖြတ်တယ်။ ခုဆို မူကျို့ ကိုတောင် ချီတက်လာပြီ။ မင်းပညာတွေနဲ့ ငါတို့ တိုင်းပြည်ရော ပြည်သူကိုပါ ကယ်တင်နိုင်မယ်၊ ငါတို့ တိုင်းပြည်ကို ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်တယ်"

"စိတ်ချပါ အရှင်၊ ကျွန်တော်က မကျွမ်းကျင်ပေမယ့် တတ်ထားတာတော့ နည်းနည်း ပါးပါး ရှိပါတယ်။ အရှင်မင်းကြီးရဲ့ ဘုန်းတော်နဲ့ ပေါင်းစပ်လိုက်ပြီး စုန်ကျန့်တို့တပ်ကို တံမြက်စည်းနဲ့ လှည်းသလို အပြောင်ရှင်းပစ်ပါ့မယ်။ နေရာအနှံ့မှာ သူတို့အလောင်းတွေ ပြန့်ကျဲနေပြီ။ အသင်္ဂြိုဟ်မခံရတဲ့ အသေဆိုးနဲ့ သေရပါစေမယ်"

လွှန်စွာ ကျေနပ်သွားကာ ဖန်းလာက နန်းတွင်းဗေဒင်ဆရာကို ညွှတ်ခံကျွေးမွေးပြီးမှ စေလွှတ်လိုက်၏။ ထို့နောက် ဗေဒင်ဆရာပေါင်က စစ်သူကြီးချင်း ဗိုလ်ချုပ်ရှားဟိုချင်း တို့နှင့် တိုင်ပင်၏။

ဤ ပေါင်တောင်ယီမှာ ကျင်းဟွာတောင်တန်းသား ဖြစ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် တာအိုဂိုဏ်းသို့ ဝင်ကာ ပညာရပ်များကို လေ့လာခဲ့၏။ နောက်တွင် ဖန်းလာနှင့် ပူးပေါင်းကာ သူပုန်အခါပေး ဖြစ်လာ၏။ မကောင်းမှုများကိုသာ ဆောင်ရွက်ခဲ့၏။ တိုက်ပွဲများတွင် ပါဝင် ကာ သူတပါး ထိခိုက်အောင် သူ့အတတ်ကို အသုံးပြု၏။ သူ့ထံတွင် "မှော်စကြဝဠာ" ဟူသော ဓားတလက်ရှိ၏။ ခြေလှမ်းတရာ အဝေးတွင် ရှိနေသူထံသို့ ပျံသွားကာ ထိုးသတ် နိုင်၏။ ဖန်းလာက နက္ခတ်ပညာရှင်တော်ဟု အမည်ပေးထား၏။

ချင်ပေါင်ကမူ လန်စီနယ်တွင် ရဲသား လုပ်ခဲ့သူ ဖြစ်၏။ လှံရေး၊ တင်ကျည်းတုတ်ရေးတွင် ကျွမ်းကျင်၏။ ဖန်းလာက သူ့ကို ဝင်းမှူးအဖြစ် တာဝန်ပေးပြီးနောက် ပေါင်တောင်ယီနှင့် တွဲမိကာ သူ့တပည့် ဖြစ်သွားလေ၏။ သူ့ဆရာထံမှ မှော်ပညာများကို ဆက်ခံထားသူဖြစ်၏။ တိုက်ခိုက်ရာတွင် ကျဉ်းထဲကျပ်ထဲသို့ ရောက်ပါက မှော်တိမ်တိုက်တခုဖြစ်အောင် ဖန်တီး နိုင်၏။ သူ့ကို ဘီလူးမင်းသားချင်ဟု ခေါ်ကြ၏။

သုံးယောက်သား ဝင်းမှူးရုံးတွင် တိုင်ပင်နေစဉ် မိန်းမစိုးအတွင်းစေ ဖုဝင်ယင်း ရောက်လာကာ-

"ခင်ဗျားတို့က စုန်ကျန့်ကို သွားတိုက်မယ်ဆိုလို့ပါ။ ညက ကျုပ် ကောင်းကင်ကို စစ်ကြည့်တော့ တောင်ပိုင်းဗိုလ်ချုပ်တွေရဲ့ ကြယ်တွေအားလုံး မှိန်နေတယ်။ ခင်ဗျားတို့ အားလုံး အရေးရှုံးနိမ့်ကြလိမ့်မယ်။ တိုင်းပြည် ငါးပါးမှောက်အောင် အညွှန့်ခံဖို့ မင်းကြီးကို လျှောက်တင်ကြရင် ကောင်းမယ်ဗျာ"

ဒေါသဝုန်းခနဲ ထွက်လာသော ပေါင်တောင်ယီက သူ့မှော်ဓားဖြင့်

ဖုဝင်ယင်းကို ခုတ်ချ လိုက်ရာ ကိုယ်ခန္ဓာမှာ ထက်ခြမ်းကွဲသွားလေ၏။ ဤကိစ္စအကြောင်းကို စာဖြင့် ရေးသား ကာ မင်းကြီးထံသို့ အလျင်အမြန် တင်ပြလိုက်၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

ထို့နောက် ချင်ပေါင် ဦးစီးကာ ထွက်ခဲ့ကြ၏။ ပေါင်တောင်ယီက တပ်မနှင့် လိုက်၏။ ရှားဟိုချင်းက နောက်ရံတပ်နှင့် လိုက်ပါလာ၏။

စုန်ကျန့်တို့က စီမံချက် ရေရေရာရာမရှိဘဲ မူကျို့ကို တိုက်၏။ ထိုစဉ် ရေကြည်ချောင်းမှ အင်အားဖြည့်တပ်များ လာနေကြောင်း မြင်းစီးကင်းထောက်က လာ၍ သတင်းပို့၏။ ရန်သူ ကို ရင်ဆိုင်ရန် ဗိုလ်ကျားပုနှင့် သံမဏိတာတို့ကို မြင်းသည်အင်အား သုံးထောင်နှင့်အတူ စုန်ကျန့်က စေလွှတ်ရာ ရေကြည်ချောင်းသို့ သွားသော လမ်းပေါ်တွင် တွေ့ဆုံကြ၏။ ချင်ပေါင်က ဝမ်ယင့်ကို ထွက်၍တိုက်၏။ စကားတခွန်းမျှ မပြောဘဲ ရှစ်ချီ ကိုးချီခန့် တိုက် ကြလေ၏။

ချင်ပေါင်က ဂါထာတခုကို ရွတ်ကာ “အမြန်” ဟု အော်လိုက်၏။ သူ့ခေါင်းပေါ်မှ အခိုး အငွေ့မည်းမည်းများ တိမ်တိုက်တခုလို တက်၍ သွား၏။ ထို တိမ်တိုက်ထဲတွင် ရွှေချပ်ဝတ် ဝတ်ထားသော ဘီလူးကြီးတကောင်က တင်းပုတ်ကြီးကို မြှောက်ထား၏။ ဗိုလ်ကျားပု လည်း ကြောက်လန့်ကာ ထွက်ပြေးလေရာ ချင်ပေါင်က လှံဖြင့် ထုတ်ချင်းခတ်အောင် ထိုးလိုက်လေ၏။

သူ့လင် မြင်းပေါ်မှ ကျသွားသည်မြင်လျှင် သံမဏိတာသည်လည်း လက်စားချေလို သောစိတ်ဖြင့် ဘာကိုမှ မမြင်တော့ဘဲ ချင်ပေါင်ကို ဝင်၍ တိုက်၏။ ချင်ပေါင်က ခဏတာ ခံလိုက်ပြီး မြင်းကို ဒုန်းစိုင်းစီးကာ ထွက်ပြေး၏။ မိန်းကလေးကလည်း သူ့နောက်က လိုက် လာ၏။ ချင်ပေါင်က လှံကို ဖယ်ကာ ပိုးသားအိတ်ထဲမှ ရွှေရည်စိမ်ကြေးအုတ်တုံးလေး တခုကို နှိုက်ယူကာ ကိုယ်ကို လှည့်လိုက်ပြီး လိုက်လာသူ၏ နဖူးသို့ ပစ်ထည့်လိုက်၏။ တည့်တည့်ကြီး မှန်သွားပြီး သံမဏိတာလည်း မြေပေါ်တွင် လဲကျကာ သေဆုံးရလေ၏။ စစ်သမီးအချောအလှကလေး၏ ဘဝမှာ နွေဦးအိပ်မက်ပမာ ပြီးဆုံးသွားရလေပြီ။

ဘီလူးမင်းသားချင်ပေါင်က ဖိ၍ တိုက်ခိုက်ရာ မြောက်ပိုင်းသားတို့ အထိနာလှပေ၏။ စုန်ကျန့်ထံသို့ ပြန်၍ ဗိုလ်ကျားပုနှင့် သံမဏိတာတို့ ကျဆုံးပြီဖြစ်ကြောင်း၊ အင်အား ထက်ဝက်ကျော် ကျဆုံးခဲ့ကြောင်း တင်ပြကြ၏။

သူ့တပ်မှူးနှစ်ယောက် ကျဆုံးကြောင်း ကြားသိသော စုန်ကျန့်မှာ ဒေါသမီးလောင် ကျွမ်းကာ အင်အားငါးထောင်ဖြင့် စစ်မြေပြင်သို့ ထွက်လေ၏။ သူနှင့်အတူ လီကွေ့၊ ရှုံချုံး၊ လီကွန်းတို့ ပါ၏။ မကြာမတင်တွင် ဘီလူးမင်းသားချင်ပေါင်နှင့် တွေ့၏။ စုန်ကျန့်က မြင်းကို ကဆုန်စိုင်းစီး၍ ထွက်ကာ ချင်ပေါင်သို့ လှမ်း၍ အော်၏။

"သူပုန်ကောင်၊ မင်းကများ ငါ့တပ်မှူးတွေကို သတ်ရဲသလား"

ချင်ပေါင်က စုန်ကျန့်ထံသို့ လှံကိုချိန်လျက် မြင်းကို စိုင်း၍ လာ၏။ ယင်းကို မြင်ရသေ လီကွေ့မှာ ဒေါသခြောင်းခြောင်းထလျက် သူ့ပုဆိန်ကြီးတွေကို လွှဲကာ ခုတ်ကာ ချင်ပေါ ထံသို့ အတင်းပြေးဝင်၏။ ရှုံချုံးနှင့် လီကွန်းကလည်း ချင်ပေါင်ထံသို့ ဒိုင်းပုံများကို လွှတ်၏။ ဘီလူးမင်းသားလည်း လှည့်၍ ပြေးလေ၏။ လီကွေ့တို့ သုံးယောက်သားလည်း နောက်မှ ထက်ကြပ်ပါလာ၏။ တောင်ပိုင်းသားဗိုလ်ထုထဲသို့ ဝင်၏။ လီကွေ့တို့အတွက် စိုးရိမ်လာ သော စုန်ကျန့်က စစ်သည်အင်အား ငါးထောင်ကို လွှတ်ထည့်လိုက်ရာ တောင်ပိုင်းသားများ တပ်ပျက်ကာ အနှံ့အပြား ထွက်ပြေးကြ၏။

စုန်ကျန့်က လူစုသည့် ခရာကို မှုတ်စေ၏။ ရှုံချုံးနှင့် လီကွန်းတို့က လီကွေ့ကို စောင့်ရှောက်ကာ ပြန်ခေါ်လာခဲ့၏။ ထိုစဉ် ရုတ်တရက် သူတို့ကို မြူထုအနက်ကြီးက ဝိုင်းအုံလာ လေ၏။ ကောင်းကင်ကိုလည်း မမြင်ရ။ မြေကြီးနှင့်တောင်ကိုလည်း မခွဲခြားနိုင်။ နေ့လား ညလားလည်း မသိရတော့ပေ။ စုန်ကျန့်တို့တပ်မှာ အရပ်မျက်နှာ ခွဲခြားနိုင်စွမ်း မရှိကြတော့။ ဘီလူးမင်းသား ချင်ပေါင်၏ အစွမ်းကြောင့် ဘာတခုကိုမျှ မမြင်ရသဖြင့် ယောင်ဝါးဝါး ဖြစ်နေကြ၏။ စုန်ကျန့်က မိုးကို မော့ကြည့်ကာ အော်လိုက်၏။

"ကျုပ် ဒီနေရာမှာ တကယ်ပဲ သေရတော့မှာလား"

ထိုအချိန်မှာ မွန်းလွဲပိုင်းကို ရောက်နေပြီဖြစ်၏။ တိမ်များပြိုကွဲကာ မြူများလည်း ပြယ်သွားလေ၏။ စုန်ကျန့်ပတ်လည်တွင် ရွှေချပ်ဝတ်များ ဝတ်ထားသော ရောမလူသန်ကြီး များ အတန်းလိုက် ဝန်းရံထားသည်ကို မြင်ရ၏။ စုန်တပ်သားများမှာ မြေပြင်တွင် ပြားပြားမှောက်လျက် သေမည်ကို စောင့်နေကြ၏။ စုန်ကျန့်လည်း မြင်းမှ ဆင်းကာ အညံ့ခံ၏။ "မြန်မြန်သတ်လိုက်ဗျာ" ဟု အော်ကာ မြေပြင်တွင် မှောက်ချလိုက်၏။ လေသံ မိုးသံ များကို ကြားရ၏။ သို့သော် တစုံတယောက်ကိုမျှ မတွေ့ရပေ။

သူ့အရာရှိများ၊ စစ်သည်များက သူတို့ကို ဇီဝိန်ဖြတ်မည့် ဓားလှံတို့၏ အထိုးအနှက် ကို စောင့်နေကြ၏။ သို့သော် မကြာမီတွင်ပင် မိုး လေ စဲသွား၏။ ဘာ ဓားလှံမျှ ကျ မလာပေ။

လက်တဖက်က စုန်ကျန့်ကို ဆုပ်ကိုင်ပြီး "ထပါ" ဟု ပြောသံကိုလည်း ကြားလိုက် ရ၏။

စုန်ကျန့်က ခေါင်းကို မော်ကြည့်ရာ သူ့ရှေ့တွင် စာတတ်ပုဂ္ဂိုလ်တဦး ရပ်နေသည်ကို တွေ့ရ၏။ စုန်ကျန့်လည်း အံ့အားသင့်ကာ ဒူးထောက်လျက်သား

ကျသွားပြီး ကန်တော့ လိုက်ကာ-

"ဘယ်သူပါလဲ ခင်ဗျာ"

"ကျုပ်နာမည်က ရှောင်ကွမ်းပါ။ ဒီနယ်သားပါ။ ကျုပ်က ခင်ဗျားကို သတင်းပေးစရာ ရှိပါတယ် သစ္စာရှိတဲ့ စစ်သည်တော်ကြီး။ ဖန်းလာကတော့ အချိန်စေ့နေပြီ။ ဆယ်ရက် နေရင် ပျက်စီးခြင်းကို ရောက်လိမ့်မယ်။ ကျုပ်က ခင်ဗျားကိုယ်စား ဆောင်ရွက်ခဲ့တာ အခါခါ ရှိပါပြီ။ ဒီနေ့မှာ ခင်ဗျား အခက်အခဲတွေ ကြုံခဲ့ပေမယ့် မကြာခင် ကင်းလွတ်ပါတော့မယ်။ ဒါကိုကော သိရဲ့လား စစ်သည်တော်ကြီး"

"ဘယ်တော့လောက်များ ဖန်းလာကို ဖမ်းမိမှာပါလဲ ခင်ဗျာ"

ထိုစာတတ်ပုဂ္ဂိုလ်က ဆောင့်တွန်းလိုက်ရာ စုန်ကျန့်မှာ လန့်နိုးသွားလေ၏။ အိပ်မက် မျှသာဖြစ်၏။ သူ့ကို ဝန်းရံထားသော လူထွားကြီးများမှာ နေရောင်ကြောင့် ရွှေရောင်ဝင်း နေသော ထင်းရှူးပင်များသာ ဖြစ်ပေ၏။

သူ့တပ်မှူးများကို ထရန် အော်လိုက်ပြီး လမ်းရှာခိုင်းလိုက်၏။ တိမ်များ မြူများ မရှိတော့ပေ။ ကောင်းကင်မှာလည်း ကြည်လင်နေ၏။ ထင်းရှူးပင်များနောက်မှ အော်သံ ဟစ်သံများကို ကြားရသဖြင့် သူ့လူများကို ထိုဘက်သို့ ဦးဆောင်ခေါ်သွား၏။ ထိုတွင် ရှင်ဉာဏနှင့် ဝုဆုန်တို့က ချင်ပေါင်နှင့် တိုက်တော့မည် ပြုနေကြ၏။

ဝုဆုန်က ဓားနှစ်လက်ကိုင်ကာ ချင်ပေါင်ထံသို့ အပြေးအလွှား သွားသည်ကိုမြင်လိုက် သော ပေါင်တောင်ယီက သူ့မှော်စကြဝဠာဓားကို ဆွဲထုတ်ကာ ပစ်လိုက်လေ၏။ ဓားသည် ဝုဆုန်၏လက်မောင်းထဲသို့ အနက်ကြီး စိုက်ဝင်သွားလေ၏။ သွေးတွေ အများကြီး ထွက်လာ ကာ ဝုဆုန်သတိလစ်သွားလေ၏။ ဝုဆုန်၏ လက်မောင်းမှာ တွဲလောင်းကျနေပြီး မလှုပ်ရှား နိုင်တော့သော်လည်း ပေါင်တောင်ယီ၏ မှော်ဓားကိုမူ ရလိုက်ပေ၏။ သတိပြန်ရလာသော ဝုဆုန်က အသုံးမဝင်တော့သော သူ့ဘယ်လက်ကို ဓားဖြင့် တချက်တည်း လှီးဖြတ်ချ လိုက်၏။ စုန်ကျန့်က သူ့ကို ကုသပေးရန် စခန်းသို့ ခေါ်သွားခိုင်း၏။

ရန်သူ့တပ်ကို ထွင်းဖောက်ကာ ဝင်တိုက်ခိုက်သွားသော ရှင်ဉာဏမှာ ယခုအခါ နောက်ရံတပ်မှ ဗိုလ်ချုပ်ရှားဟိုချင်းနှင့် ဝင်တိုးမိလေပြီ။ နှစ်ယောက်သား သုံးလေးချီခန့် တိုက်ပြီးသောအခါ ရှားဟိုချင်းက ရှုံးပြီး ထွက်ပြေးလေ၏။ ရှင်ဉာဏက သူ့တောင်ဝှေးကြီး နှင့် လိုက်ရိုက်သဖြင့် တောင်ပိုင်းသားများလည်း အရပ်ရှစ်မျက်နှာလုံး ဖြန့်၍ ပြေးကြ၏။ ရှားဟိုချင်းက

တောထူသည့်တောင်တန်းများသို့ ဦးတည်၍ ပြေး၏။ ရှင်ဉာဏက သူ့ နောက်သို့ သဲသဲမဲမဲ လိုက်လေ၏။ ချင်ပေါင်တို့တပ်က စုန်ကျန့်ဆီသို့ အတင်းတက်လာရာ လီကွေ့၊ ရှံချုံး၊ လီကွန်းတို့က လည်နေသော ဒိုင်းများ၊ ဓားပုံများ၊ လှံလျှင်များ၊ ပုဆိန်များဖြင့် ရန်သူကို တက်၍ ရင်ဆိုင်ကြ၏။ ထိုထိုးစစ်ကို မဟန့်နိုင်ဘဲ ချင်ပေါင်တို့က တောင် များ၊ မြစ်ချောင်းများဆီသို့ ပြေးကြလေ၏။ နယ်မြေကို မကျွမ်းကျင်သော်လည်း စုန်ကျန့် ရှေ့တွင် အစွမ်းပြလိုကြသဖြင့် စမ်းချောင်းတခုကို ဖြတ်ကာ အတင်းလိုက်ကြလေ၏။

ထိုချောင်း၏ အနောက်ဘက်ကမ်း အတက်တွင် တောင်ပိုင်းသား သုံးထောင်က ရုတ်တရက်ပေါ်လာကာ သူတို့၏ လမ်းကို ပိတ်လိုက်လေ၏။ ရှံချုံးက အလောတကြီး ပြန် လှည့်လိုက်ရာ သူတို့၏ ဆုတ်လမ်းကို တောင်ပိုင်းတပ်မှူးနှစ်ယောက်က ပိတ်ထားသည်ကို တွေ့ရလေ၏။ လီကွေ့နှင့် လီကွန်းကို အော်ခေါ်သော်လည်း သူတို့မှာ ချင်ပေါင်နောက်ကို လိုက်ရင်း ခရီးအတော်လွန်နေပြီဖြစ်၏။

ရှေ့တွင် တွေ့သော စမ်းချောင်းတခုထဲသို့ လီကွန်းက ဆင်းချလိုက်ရာ ကလိုဏ်တခု ထဲသို့ ကျသွား၏။ ချက်ချင်းလိုလိုပင် သူ့ထံသို့ မြားများ လာထိမှန်သဖြင့် သေရရှာ၏။ ချောင်းထဲသို့ ခုန်ချလိုက်သော ရှံချုံးမှာ နွယ်ကြိုးတချောင်းနှင့် သွား၍ ငြိလေ၏။ ကုန်းရုန်း၍ ပြန်ထနေစဉ် တောင်ပိုင်းသားများ ဝိုင်းလာကာ နုပ်နုပ်စဉ်းပစ်လိုက်ကြ၏။

လီကွန်းနှင့် ရှံချုံးခမျာမှာ သူတို့၏ သူရဲကောင်းစိတ်ဓာတ်ကို မည်သို့ ပြလိုက်ရပါ သနည်း။ ယခုမူ လီကွေ့သာ တောထဲ တောင်ထဲအထိ ဆက်လိုက်နေပေသည်။

ထိုစဉ်ကမ်းခြေရှိ စုန်တပ်ဖွဲ့က အတင်းတက်လေ၏။ သို့သော် သူတို့တက်၍ လီဝက်မှ မရောက်သေးမီ သူတို့နောက်မှ အော်သံဟစ်သံများကို ကြားရလေ၏။ ဟွရုံ၊ ချင်မင်း၊ ဖန်ရှီ တို့သည် စစ်ကူများနှင့် ပေါင်းမိလေပြီ။ အတူတူပေါင်းပြီး တောင်ပိုင်းသားများကို တော တောင်ထဲသို့ မောင်းထုတ်ကာ လီကွေ့ကို ကယ်ကြ၏။ ရှင်ဉာဏကိုသာ ရှာမတွေ့ဘဲ ရှိ၏။

သူတို့က စုန်ကျန့်ထံသို့ ပြန်ကာ ဖြစ်ပျက်သမျှကို ပြောပြရာ စုန်ကျန့်လည်း ကျုံးကျုံး ပါအောင် ငိုလေ၏။ လူစစ်ကြည့်ရာ အင်အားတဝက်ခန့် ဆုံးရှုံးရကြောင်း တွေ့ရ၏။ ရှင်ဉာဏလည်း ပျောက်နေ၏။ ဝုဆုန်မှာလည်း လက်တဖက် မရှိတော့။

မြင်းစေကျော်တဦးရောက်လာကာ သတင်းပို့၏။ “စစ်ဘက်အကြံပေးဝုရုံ အင်အား တသောင်းနဲ့ ရောက်လာပါတယ်”

ဝုရုံက ရှင်းပြ၏။

"စစ်ဝန်ကြီးတုန်ရဲ့ စစ်ကြောင်းနဲ့ ဗိုလ်ချုပ်ဝမ်ပင်း၊ ကျောက်တန်၊ လျူကွမ်းရှိတို့ တပ်တွေက ပေါင်းပြီး ခုဆို နဂါးနက်တောင်ခြေရင်းမှာ ရောက်နေကြပြီ။ ကျုပ်တို့ တပ်မှူး တွေလည်း ဆယ့်သုံးယောက်ပဲ ကျန်ခဲ့တယ်။ ကျန်တာတွေအားလုံး ပါလာကြတယ်"

စုန်ကျန့်ကလည်း သူ့အဆုံးအရှုံးကို ပြောပြပြီး-

"ခုဆို ဝုဆုန်ကလည်း မသန်စွမ်း ဖြစ်နေပြီ။ ရှင်ဉာဏလည်း ဘာဖြစ်လို့ ဖြစ်နေမှန်း ဘယ်သူမှ မသိဘူး။ ဒီတော့ ကျုပ် စိတ်မဆင်းရဲဘဲ ဘယ်နေပါ့မလဲဗျာ"

"သေသေချာချာ စဉ်းစားကြည့်ပါဦး နောင်ကြီး။ အခုက ဖန်းလာကို ဖမ်းဖို့ အချိန် ရောက်နေပြီဗျ။ ဒါက တိုင်းပြည်အတွက် အရေးကြီးဆုံး ကိစ္စပဲ။ ညီနောင်တွေအတွက် ကိုယ့် ကျန်းမာရေးကို အထိခိုက်ခံမနေသင့်ဘူး နောင်ကြီး"

စုန်ကျန့်က ပတ်ပတ်လည်မှ ထင်းရှူးပင်များကို ပြကာ သူ့အိပ်မက်ကို ဇာတ်ကြောင်း လှန်၏။

"ဒီလို အိပ်မက်မက်တာက ဒီနားမှာ နတ်ကွန်းတခုခု ရှိလိမ့်မယ် ထင်တယ်ဗျ။ အိပ်မက်ထဲက နတ်က နောင်ကြီးကို စောင့်ရှောက်နေတာ ကျိန်းသေတယ်"

"ဟုတ်တယ်ဗျ။ ကဲဗျာ၊ လိုက်ရှာကြည့်ကြရအောင်"

သူတို့ တောထဲတောင်ထဲသို့ ဝင်ကြည့်ကြ၏။ မှန်ပေ၏။ မြားတပစ် အကွာအဝေး၏ တဝက်လောက် အရောက်တွင် နတ်ကွန်းတခုကို တွေ့ရ၏။ ကမ္ပည်းပြားပေါ်တွင်လည်း ရွှေရောင်စာလုံးကြီးများဖြင့် နဂါးနက် နတ်ကွန်း ဟု ရေးထား၏။

နှစ်ယောက်သား ဝင်ခဲ့ကြပြီး နတ်ကွန်းအတွင်းရှိ နဂါးနက်နတ်ရုပ်တုကို ကြည့်ကြရာ မှင်သက်မိသွားလေ၏။ သူ့အိပ်မက်ထဲတွင် မြင်ရသော အရိပ်အယောင်အတိုင်းပင် ဖြစ်နေ ၏။ စုန်ကျန့်က ကန်တော့လိုက်ပြီး ကျေးဇူးစကားကို ပြော၏။

"ကျွန်တော့်ကို ကယ်လိုက်လို့ ကျေးဇူးတင်လို့ မဆုံးနိုင်ပါ ဘုရား။ ဆက်ပြီး ကူညီ စောင်မဖို့ တောင်းပန်ပါတယ်။ ကျွန်တော် ဖန်းလာကို နိုင်ခဲ့ရင် ဒီနေရာမှာ ခမ်းနားတဲ့ နတ် နန်းကြီးဆောက်ပေးဖို့၊ အရှင့်ကိုလည်း ဘွဲ့အပ်နှင်းဖို့ မင်းကြီးကို လျှောက်တင်ပေးပါ့မယ်"

နောက်တကြိမ် ထပ်ကန်တော့ကာ ဝင်းအတွင်းရှိ ကျောက်စာကို စစ်ဆေးကြည့်မိ၏။ တန်မင်းဆက်က ရှောင်ကွမ်းဆိုသော စာသင်သားတဦးက နန်းတွင်း စာမေးပွဲတွင် ကျ သဖြင့် ရေထဲခုန်ချကာ သတ်သေသွားခဲ့ကြောင်း၊ ကောင်းကင်စိုးနတ်မင်းကြီးက သူ့ကို သနားသဖြင့် နတ်နဂါးအဖြစ် ပြောင်းပေးခဲ့ကြောင်း၊ ထို့နောက်တွင် ရွာသားတို့က လေကို လိုလျှင် လေ၊ မိုးကို လိုလျှင် မိုး ဆုတောင်းတိုင်း ဖြည့်ပေးကြောင်း၊ ထို့ကြောင့် သူတို့က ဤနတ်ကွန်းကို ဆောက်ကာ ရာသီလေးပါးစလုံးတွင် ပူဇော်ကြကြောင်း ပါရှိ၏။

စုန်ကျန့်က ဝက်နက်တကောင်နှင့် သိုးဖြူတကောင်ကို မှာကာ သူကိုယ်တိုင် ယဇ် ပူဇော်၏။ နတ်ကွန်းမှ အပြန်တွင် ပတ်ပတ်လည်ရှိ ထင်းရှူးပင်များကို လိုက်ကြည့်ရာ ယင်းတို့ မည်သို့မည်ပုံ ဧရာမစစ်သည်တော်များ ဖြစ်သွားပုံကို ဝုရုံအား ပြောပြ၏။

ယနေ့တိုင် ယန်ကျိုမြို့ မြောက်တံခါး အပြင်ဘက်တွင် နဂါးနက်မင်းကြီး၏ နတ်ကွန်း ရှိနေပေ၏။ ထို့ပြင် ထင်းရှူးပင်တသောင်း တောအုပ်သည်လည်း ရှိနေပေသေး၏။ စခန်းသို့ ပြန်ရောက်သောအခါ စုန်ကျန့်နှင့် ဝုရုံတို့သည် ညတဝက်ခန့် ထိုင်ပြီး ရန်သူတို့ကို မည်သို့ တွန်းလှန်၍ မူကျို့ကို သိမ်းရမည်ကို တိုင်ပင်နေကြ၏။ ထို့နောက် စုန်ကျန့်လည်း ပင်ပန်း လာသဖြင့် စားပွဲပေါ်တွင် ခေါင်းစိုက်ကာ အိပ်ပျော်သွားလေ၏။ အော်သံ တချက် ကြား လိုက်ရ၏။

“စာတတ်ပုဂ္ဂိုလ်ရှောင် ကြွလာပါပြီ”။ စုန်ကျန့်လည်း ကမန်းကတန်းထပြီး ကြိုဆိုရန် တဲဝသို့ ထွက်သွား၏။

နဂါးနက်နတ်က ပြော၏။

“မင်းကို ငါ မကယ်ခဲ့ရင် မနေ့ကပဲ ဗေဒင်ဆရာပေါင်က ထင်းရှူးပင်တွေကို စစ်သည် တွေအဖြစ် ပြောင်းပြီး မင်းကို ဖမ်းသွားပြီ။ ဒါပေမဲ့ မင်း ငါ့ကို လာပူဇော်တာ ကျေးဇူးတင်လို့ ခုလိုလာပြောတာပဲ။ မင်း မကြာခင် မူကျို့ကို ဖောက်ဝင်နိုင်လိမ့်မယ်။ ဆယ်ရက်အတွင်းမှာ ဖန်းလာကို ဖမ်းမိလိမ့်မယ်”

စုန်ကျန့်က ဧည့်သည်ကို တဲတွင်းသို့ ဖိတ်ကာ ထပ်၍ မေးမြန်းလိုသေး၏။ သို့သော် အေးစိမ့်စိမ့်လေတချက် တိုးလိုက်ပြီး သူလည်း နိုးသွားလေ၏။ နောက်ထပ် အိပ်မက်တခု ပါလား။

ချက်ချင်းပင် ဝုရုံကို ခေါ်စေပြီး သူ့အိပ်မက်ကို ပြောပြ၏။

“နဂါးနက်နတ်က ကိုယ်ထင်ပြတာ ဆိုတော့ မူကျို့ကို တိုက်လို့ရမှာ ကျိန်းသေတယ်”

"သိပ်ကို မှန်တာပေါ့ဗျာ"

နံနက်လင်းသော် တိုက်စစ်အတွက် လူအင်အားကို စုဖွဲ့၏။ ယန်ရှင့်နှင့် မာလင်းတို့က နဂါးနက်တောင်ရိုးလမ်းကို ထိန်းထားရမည်။ ကွမ်ရှိန်း၊ ဟွရုံ၊ ချင်မင်း၊ ချူတုံတို့က ရှေ့ဖျား တပ်အဖြစ် မြောက်တံခါးကို ဝင်တိုက်ရမည်။ လင်းချင်က "သားများမိ" အမြောက်အတွဲကို ကိုးချီတိုင်တိုင် မြို့ထဲသို့ ပစ်ထည့်ရမည် ဖြစ်၏။

ထိုသို့ ပစ်သောအခါ ကောင်းကင်နှင့် မြေကြီးပါ တုန်၏။ တောင်ကုန်းတောင်တန်းများ လှုပ်၏။ မူကျို့မြို့တွင်းသားများမှာ ချေးချမ်းမတတ် ကြောက်ကြ၏။ တိုက်ပွဲပင် မစရသေး၊ နေစရာမရှိအောင် ဖြစ်နေကြ၏။

ဖေဒင်ဆရာပေါင်နှင့် ဘီလူးမင်းသား ချင်ပေါင်တို့၏ တပ်သည်လည်း ရှင်ဉာဏက မွှေလိုက်သဖြင့် ကစဥ့်ကလျား ထွက်ပြေးကုန်ကြပြီ။ ရှားဟိုချင်သည်လည်း ဘယ်ကို ရောက်နေမှန်း မသိရပေ။ ကျန်သော စစ်သည်များလည်း မြို့ထဲသို့ ဝင်ပြေးကြ၏။ ပေါင်နှင့် ချင်တို့က လက်ထောက်အမတ်ချုပ်စု၊ ကျန် ခေါင်းဆောင်တို့နှင့် တိုင်ပင်၏။

"စုန်တပ်တော်က ဖိတိုက်နေပြီ။ ဘယ်သူကများ ကယ်နိုင်မှာလဲ"

စူက -

"ရှေးတုန်းကတည်းကပဲလေ၊ ရန်သူတွေ မြို့ဝကို ရောက်ပြီဆိုရင်တော့ သေသေကျေကျေ တိုက်တဲ့နည်းပဲ ကျင့်သုံးခဲ့ကြတာပဲ။ မြို့ပေါက်ရင်တော့ အားလုံးအဖမ်းခံရမှာပဲ။ အခြေအနေက သေရေးရှင်ရေးပဲ။ ဒီတော့ ထွက်တိုက်ရမယ်"

ဘီလူးမင်းသားချင်က တန်ကောက်၊ ငှယင်ရှင် အပါအဝင် လက်ထောက်အရာရှိ တကျိပ်ကျော်နှင့်အတူ လက်ရွေးစင် အင်အားတသောင်းနှင့် မြို့တံခါးများကို ဖွင့်ကာ ထွက်၍ တိုက်၏။ စုန်ကျန့်က မိမိတပ်များကို မြားတပြေးအကွာအဝေး၏ ထက်ဝက်ခန့်ကို ဆုတ်စေ၏။ ရန်သူများ မြို့ထဲမှ အကုန်အစင် ထွက်လာပြီး တပ်ဖြန့်နိုင်ရန် နေရာပေးလိုက် ခြင်းဖြစ်၏။ ဖေဒင်ဆရာပေါင်၊ လက်ထောက်အမတ်ချုပ်စူ၊ အကြံပေးရှင်၊ စစ်ဆေးရေးချုပ် ဟွမ် တို့က မြို့ရိုးပေါ်မှ ကြည့်နေကြ၏။

ချင်ပေါင်က လှံကိုရွယ်လျက် မြင်းကို စိုင်း၍ ထွက်လာရာ သူ့ကို ရင်ဆိုင်ရန် စုန်ကျန့် က ကွမ်ရှိန်းကို လွှတ်လိုက်၏။ လေး ငါးချီမျှသာ တိုက်ရ၏။ ချင်ပေါင်က ကွမ်ရှိန်းနှင့် မယှဉ်နိုင်သဖြင့် တဖက် လက်နက်ကို ဖယ်ရုံ၊ ရှောင်ရုံသာ လုပ်နိုင်၏။

ယင်းကို တွေ့ရသော ဖေဒင်ဆရာပေါင်က သူ့မှော်ပညာကို

သုံးလေတော့၏။ မန္တရား ကို ရွတ်ကာ "အမြန်" ဟု ဆိုလိုက်ပြီး သက်ပြင်းကို မှုတ်ထုတ်လိုက်ရာ ချင်ပေါင်၏ခေါင်းမှ တိမ်လိပ်မည်းမည်းတခု ပေါ်ထွက်လာလေ၏။ ယင်း တိမ်လိပ်ထဲတွင် ရွှေချပ်ဝတ် ဝတ်ဆင် ထားသော ဘီလူးကြီးက တင်းပုတ်ကြီးကို ရိုက်တော့မည့်ဟန်ဖြင့် မြှောက်လျက် ပေါ်လာလေ၏။ နောက်ထပ် တိမ်မည်းတလိပ်သည်လည်း တောင်ပိုင်းတပ်ထဲမှ ဖြန့်ထွက်လာ၏။ စုန်ကျန့်က ချက်ချင်းပင် ကမ္ဘာမြေတဲ့ဘီလူးမင်းဖန်ရှီကို ထိုမှော်ပညာအား တန်ပြန် ခိုင်းလိုက်၏။ သူကိုယ်တိုင်လည်း ကျမ်းစာအုပ်ထဲမှ ဂမ္ဘီရ ဂါထာတပုဒ်ကို ရွတ်ဆိုကာ အမှောင်ထုနှင့် လေပြင်းကို ဖယ်ရှား၏။

ကွမ်ရှိန်း၏ သံခမောက်အတွင်းမှ တိမ်ဖြူတလိပ် ထွက်လာလေ၏။ ယင်း တိမ်ထဲတွင် သံတူကြီးကိုကိုင်ကာ နဂါးနက်ကို စီးထားသော နတ်တပါး ပေါ်လာ၏။ သူက ချင်ပေါင် ခေါင်းပေါ်မှ ဘီလူးနှင့် တိုက်ခိုက်၏။ ယင်းတို့ တိုက်ခိုက်နေသည်ကို မြင်ရသော နှစ်ဖက် တပ်တို့က အော်ဟစ်ကြ၏။ နှစ်ချီ သုံးချီခန့် တိုက်ပြီးသော် နဂါးကို စီးထားသည့် နတ်က ပြိုင်ဘက်ကို မောင်းထုတ်ပစ်လိုက်လေ၏။

ကွမ်ရှိန်းက သူ့လှံပုဆိန်ကြီးကို တချက်လွှဲလိုက်ရုံဖြင့် ချင်ပေါင်ကို မြင်းပေါ်မှ ခုတ်ချ လိုက်လေ၏။ ဗေဒင်ဆရာပေါင်သည်လည်း စုန်တပ်တော်အတွင်းမှ ပေါ်လာသော လေပြင်းနှင့် မိုးကြိုးတို့ကြောင့် ထိတ်လန့်ကာ နေရာမှထလိုက်ရာ လင်းချင် ပစ်လိုက်သော အမြောက်ဆန်တလုံး လာ၍ မှန်သဖြင့် သူ့ခေါင်းနှင့် ကိုယ်မှာ စိစိညက်ညက် ကျေသွား ရလေ၏။

တောင်ပိုင်းတပ် အရေးနိမ့်သွားပြီး စုန်တပ်တော်က မူကျို့ကို အတင်းတက်တိုက်ကြ လေ၏။ ချူတုံက တောင်ပိုင်းစစ်သူကြီး တန်ကောက်ကို တံစို့ထိုးသလို လှံနှင့် ထိုးချလိုက် ၏။ လီယင်း၏ ဓားပျံက မြို့စောင့်တပ်မှူးဝူကို သတ်လိုက်၏။

ဗေဒင်ဆရာကို အမြောက်ဆန်လာမှန်သည်နှင့် မြို့ရိုးပေါ်မှ တောင်ပိုင်းသား စစ်သည် များ ကစဉ့် စဉ့်ကလျား ပြေးဆင်းသွားကြပြီ ဖြစ်၏ ။ စုန်ကျန့်တပ်များ မြို့ထဲသို့ ရောက်နေပြီ ဖြစ်၏။ အရှိန်အဟုန်နှင့် ဝင်လာသော ထိုတပ်များက လက်ထောက်အမတ်ချုပ်စူ၊ အကြံပေး ရှင်၊ စစ် စစ်ဆေးရေးအရာရှိချုပ်ဟွမ်တို့ကို ဖမ်းလိုက်ကြ၏။

အရာရှိငယ်များလည်း တယောက်မကျန် အသတ်ခံလိုက်ကြရ၏။ သူတို့၏အမည် များကိုမူ မည်သူမျှ အရေးလုပ်၍ပင် မမေးကြပေ။

စုန်ကျန့်က ဖန်းလာ၏ နန်းတော်ကို မီးရှို့၏။ သူ၏ရွှေ၊ ငွေ၊ ပိုးဖဲတို့ကို မိမိအရာရှိများသို့ ဝေငှ၏။ လူထုစိတ်အေးချမ်းသာစေမည့် အာမခံချက်များကို ထုတ်ပြန်၏။ သူ့တပ်များကို လူစစ်၍ပင် မပြီးသေး၊ မြင်းစေကျော် တယောက်

ရောက်လာကာ သတင်းပို့၏။

"နဂါးနက်တောင်ရိုးပေါ်တွင် တပ်မှူးမာလင်းမှာ ပိုက်ချင်၏ လှံလျှင်စာမိကာ မြင်းပေါ်မှ ကျခဲ့ရကြောင်း၊ ရှီပေါင်က အတင်းဝင်ကာ ဓားဖြင့်ပိုင်းလိုက်ကြောင်း၊ ယန်ရှင့်က ဝင်ကယ်သော်လည်း ရှီပေါင်၏ ဥက္ကာပျံတူထိမှန်သဖြင့် ကျဆုံးခဲ့ကြောင်း၊ ရှီပေါင်မှာ ဤဘက်သို့ အတင်းဖိကာ တက်လာနေကြောင်း"။

ခေါင်းဆောင် နောက်ထပ် နှစ်ဦး ကျဆုံးပြန်ကြောင်း ကြားရသော စုန်ကျန့်မှာ ဝမ်းနည်း မဆုံးဖြစ်ကာ ငိုရှာလေ၏။ ထို့နောက် ကွမ်ရှိန်း၊ ဟွရုံ၊ ချင်မင်း၊ ချူတုံ တို့ကို ရှီပေါင်၊ ပိုက်ချင် တို့နှင့် တိုက်ခိုက်ရန် နဂါးနက်တောင်ရိုးနှင့် တောင်ကြားကို တိုက်ခိုက်သိမ်းပိုက်ရန် အမိန့် ပေး၏။

ထိုသို့ နဂါးနက်တောင်ရိုးတွင် တပ်မှူးများက တိုက်ခိုက်ခဲ့သဖြင့်သာ ရေကြည်ချောင်း တိုက်နယ် ပန်းယွမ်ဂူအတွင်းရှိ မြက်ခြောက်ရောင်ဆံပင်ရှိသော မင်းကြီးကို ဖမ်းမိခဲ့ခြင်း ဖြစ်၏။ စုန်ကျန့်နှင့် သူ့တပ်မှူးများ၏ အမည်သည်လည်း နှစ်ထောင်ချီအောင် သမိုင်းတွင် မော်ကွန်း အတင်ခံထားရပေ၏။ သူတို့၏ သတ္တိပြောင်သော ဇာတ်လမ်းများကိုလည်း ခေတ် အဆက်ဆက် လက်ဆင့်ကမ်းကာ ပြောဆိုခဲ့ကြရပေ၏။ နဂါးနက်တောင်ရိုးတွင် သူတို့၏ ရဲစွမ်းသတ္တိကို သရုပ်ပြခဲ့ကြပြီး ရေကြည်ချောင်းဂူထဲတွင် ကျော်စောမှု ဂုဏ်သတင်းကို ရခဲ့ကြပေ၏။

စုန်ကျန့်တို့ ရန်သူကို မည်သို့ထူးချွန်ပြောင်မြောက်စွာရင်ဆိုင်ခဲ့ပါသနည်း။ သိလိုလျှင် နောက်တခန်းကို ဖတ်ပါလေ။

အခန်း - ၉၈

ယူလင်းတောင်ကြားတွင် လူကွမ်းယီ တိုက်ပွဲကြီး ဆင်နွှဲခြင်း

ရေကြည်ချောင်းဂူကို စုန်ကျန့်က ပါးနပ်စွာ သိမ်းယူခြင်း

ကွမ်ရှိန်းနှင့် တပ်မှူးသုံးဦးတို့သည် နဂါးနက်တောင်ရိုးသို့ အလျင်အမြန်သွားကာ ရန်သူနှင့် ရင်ဆိုင်ကြ၏။

"ခားပြတွေ။ ငါ့ညီတွေကို သတ်ရဲတယ်ပေါ့"

ကွမ်ရှိန်းမှန်း သိလိုက်ရသော ရှီပေါင်လည်း တိုက်စိတ်ခိုက်စိတ်ကုန်သွားလေ၏။ တောင်ထိပ်သို့တက်ပြေးကာ ပိုက်ချင်ကို သူ့အစား ဝင်တိုက်ရန် အမိန့်ပေး၏။ ထိုနှစ်ယောက် လည်း ဆယ်ချီမျှပင် မတိုက်ရသေး၊ ဆုတ်ခွာရန် အချက်ပေးသော ကြေးလင်ပန်းသံများ တောင်ထိပ်မှ ထွက်လာလေ၏။ ကွမ်ရှိန်းကမူ ဆက်မလိုက်ပေ။

တောင်ပိုင်းသားများလည်း ကသောင်းကနင်း ဖြစ်ကုန်ကြ၏။ အရှေ့ဘက်မှ တက်လိုက်လာသူများကိုသာ ရှီပေါင်က တိုက်ထုတ်နေပြီး အနောက်ဘက်မှ တက်တိုက်နေသူ များကိုမူ သူ ဂရုမစိုက်ပေ။ ယခုအခါ စစ်ဝန်ကြီးတုန်ဂွမ် ဦးစီးသော ရောမတပ်ကြီးက ထိုဘက်မှ တက်လာလေပြီ။

စုန်တပ်ဗိုလ်ချုပ်ဝမ်ပင်းက တောင်ပိုင်းဗိုလ်ချုပ် ကျင်းတဲ့နှင့် ရင်ဆိုင်၏။ ဆယ်ချီ ကျော်မျှ တိုက်ပြီးနောက် ဝမ်ပင်းက ကျင်းတဲ့ကို မြင်းပေါ်မှ ခုတ်ချလိုက်၏။ တချိန်တည်း မှာပင် လူ့ဖန်နှင့် ကောက်ရှိန်းတို့က တောင်ထိပ်ကို သိမ်းရန် တက်လာကြ၏။ သို့သော် တောင်ထိပ်သို့ မရောက်မီ ကျောက်လုံးကြီးတလုံး လိမ့်ကျလာရာ ကောက်ရှိန်းခမျာ လူရော မြင်းပါ စိစိညက်ညက် ကြေကာ သေရရှာလေ၏။

ထိုအချိန်တွင် ကွမ်ရှိန်းက တောင်အတက်ပိုင်းတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်များကို အကဲခတ်ပြီး စုန်တပ်များ အနောက်ဘက်ခြမ်းတွင် ဝင်တိုက်နေပြီဖြစ်ကြောင်း သိရှိရ သဖြင့် သူ့လူများကို ဦးဆောင်ကာ တောင်ထိပ်သို့ တက်၍တိုက်၏။ နှစ်ဖက်ညှပ် အတိုက်ခံ ရသဖြင့် ရန်သူများလည်း အုပ်စည်း၍ မရဘဲ ဖြစ်ရလေ၏။

လူ့ဖန်နှင့် ပိုက်ချင်တို့ တွေ့ကြလေပြီ။ သုံးကျော့မျှပင် မတိုက်လိုက်ရဘဲ

ပိုက်ချင်က လူ့ဖန်ကို လှံနှင့်ထိုးလိုက်၏။ လူ့ဖန်က ရှောင်လိုက်ရာ လှံက သူ့နံရိုးနားမှ ချော်ထွက်သွား ၏။ သို့သော် ပိုက်ချင်က လူ့ဖန်၏ လှံကိုဆွဲကာ အတင်းလှည့်လေ၏။ ထို့နောက် လက်နက် များကို မသုံးသာသဖြင့် လွှတ်ချလိုက်ကာ မြင်းစီးလျက်ပင် အနီးကပ် လုံးထွေးသတ်ပုတ် ကြလေ၏။ တောင်ကြောမှာ မြင်းများ ခြေကုပ်ယူရန် ခဲယဉ်းသည့်အပြင် မြင်းစီးသူများကလည်း လုံးထွေးနေကြသဖြင့် မြင်းများလည်း ဟန်ချက်ကို မထိန်းနိုင်တော့ပေ။ ကမ်းပါးစွန်းမှပြုတ်ကျသွားလေရာ မြင်းစီးသူ နှစ်ယောက်စလုံးပါ ပါသွားပြီး ပြုတ်ကျသည့်ဒဏ်ဖြင့် သေဆုံးရလေ၏။ လည်း

ကွမ်ရှိန်းတို့ တပ်ကမူ ခြေကျင် တက်တိုက်ကြ၏။ ရှီပေါင်လည်း နှစ်ဖက်အညှပ်ခံနေရ ပြီကို မြင်၏။ ဖမ်းမိပါက အရှက်တကွဲဖြစ်ရမည်ကို ကြောက်၏။ ထို့ကြောင့် သူ့လေခွင်းဓား ဖြင့်ပင် သူ့လည်ပင်းကို လှီးလိုက်လေ၏။ စုန်တပ်များ တောင်ရိုးနှင့် တောင်ကြားလမ်းကို ထိန်းချုပ်ထားလိုက်နိုင်လေပြီ။ ကွမ်ရှိန်းက ဉာသတင်းကို စုန်ကျန့်ထံသို့ ခြေမြန်စေလွှတ် ကာ တင်ပြလိုက်၏။

မြစ်ညာရှိ မူကျို့မှ ဆင်းလာသော စုန်ရေတပ်က နီးကပ်လာ၏။ ထို့ကြောင့် အထက် မှရော အောက်မှပါ နှစ်ဖက်ညှပ်ကာ တိုက်ခိုက်နေပြီဖြစ်၏။ တောင်ပိုင်းရေတပ်စခန်းမှ နဂါးလေးကောင်သည်လည်း မူကျို့ကျသွားပြီ၊ နဂါးနက်တောင်ရိုးလည်း ရှုံးသွားပြီကို မြင်ရ သဖြင့် လှေများကို စွန့်ပစ်ကာ တဖက်ကမ်းသို့ တက်၍ ပြေးကြ၏။ ထိုတွင် ဒေသခံရွာသား များက ချင်ကွီနှင့် ရှိဖူတို့ကို ဖမ်းမိသဖြင့် မူကျို့ရှိ စစ်နိုင်သူများထံသို့ ပို့လိုက်ကြ၏။ ချိုင်ယွမ်နှင့် ချောင်ချင်းတို့သာ လွတ်သွားလေ၏။

စစ်ဝန်ကြီးတုန် ဦးစီးသော တပ်ကြီးသည် မူကျို့သို့ ရောက်လာရာ စုန်ကျန့်က မြို့ပြင်ကို ထွက်ကြို၏။ တပ်များကို စခန်းများတွင် နေရာချထား၏။ မြို့သားများကို အားပေး ကာ ဒေသခံစစ်သည်များကို တာဝန်ပြန်ထမ်းဆောင်ရန် အမိန့်ကြေညာစာ ထုတ်ပြန်၏။ မရေမတွက်နိုင်သော တောင်ပိုင်းစစ်သည်များ အညံ့ခံကြ၏။ စုန်ကျန့်က ကျီများကို ဖွင့်ကာ ဆန်စပါးများကို လူထုသို့ ဝေငှပေး၏။ မူလ အလုပ်အကိုင်များကို ပြန်လုပ်စေကာ ပြည်သူ့သားကောင်းများ တဖန်ပြန်ဖြစ်စေ၏။

ရေတပ်ဗိုလ်ချုပ် နဂါးနှစ်ကောင်၏ နှလုံးများကို ထုတ်ယူကာ ဖိုးရုံကြီးနှင့် မိန်ကွမ်း တို့အား ယဇ်ပူဇော်ပေး၏။ အလားတူ ပူဇော်ပွဲများကို နဂါးနက်တောင်ရိုးတွင် ကျဆုံးခဲ့ရသူ များအတွက်လည်း ဆောင်ရွက်ပေး၏။ ဖမ်းမိသော တောင်ပိုင်းတပ်မှ အရာရှိကြီးများကို လှေနှင့် တင်ကာ ဘုရင်ခံချန်းထံသို့ ပို့ရန် လီကျွမ်းကို အမိန့်ပေးလိုက်၏။

လူ့ဖန်နှင့် ကောက်ရှိန်းတို့ ကျဆုံးကြောင်း သတင်းကြောင့် စုန်ကျန့်သည်လည်း ခြေပစ်လက်ပစ် ဖြစ်သွားလေ၏။ တပ်များကိုလည်း မလှုပ်ရှားစေသေးဘဲ လူကွမ်းယီတို့ အရောက်ကို မျှော်နေလေ၏။ ယင်းတို့ ရောက်မှသာ ပူးပေါင်းကာ ရေကြည်ချောင်းသို့ သွားတိုက်ကြမည် ဖြစ်၏။

ဟန်ကျို့တွင် တပ်များ ခွဲဝေပြီးသည့်နောက်တွင် လူကွမ်းယီသည် တပ်မှူးနှစ်ဆယ့်ရှစ်ယောက်၊ အင်အားသုံးသောင်းဖြင့် စစ်ထွက်ခဲ့လေ၏။ ရှေကျို့ကို ဦးတည်ကာ တောင်ကျော် လမ်းများအတိုင်း လာခဲ့ရာတွင် ရှေးဟောင်း မြို့ဖြစ်သော လီနန်ကို ကျော်ခဲ့ပြီး ယူလင်း တောင်ကြားလမ်းအနီးသို့ ရောက်လာလေ၏။

ဤတောင်ကြားလမ်းကို ပန်းဝန်ချွန်းက ထိန်းချုပ်ထား၏။ ဖန်းလာ၏ ဗိုလ်ချုပ်တဦး ဖြစ်သည့်အပြင် တောင်ပိုင်းတခွင်လုံးတွင် အကောင်းဆုံး လေးသမား ဖြစ်၏။ သူ့လက်ထောက် တပ်မှူးတို့မှာ လေ့ကီယွန်းနှင့် ကျီကျီတို့ ဖြစ်ကြ၏။ သူတို့နှစ်ယောက်စလုံးမှာ ပိဿာချိန် သုံးရာအားနှင့် တင်မှရသော ဒူးလေးကြီးများကို ကိုင်ကြ၏။ ထို့ကြောင့် ဒူးလေး ကြိုးကို မောင်းတင်လိုပါက လက်အားနှင့် မရသဖြင့် ခြေထောက်နှင့်ကန်ကာ ဆွဲတင်ကြ ရ၏။ ထို့ပြင် ဆူးတင်းပုတ်ကြီးများကိုလည်း ကိုင်ဆောင်ကြ၏။ ပန်းဝန်ချွန်းတွင် အင်အား သုံးထောင်ရှိ၏။ လူကွမ်းယီ လာနေမှန်း သိသဖြင့် ကြိုတင်ပြင်ဆင်ကာ နီးလာအောင် စောင့်နေလေ၏။

လူကွမ်းယီက ရှိကျင်း ခေါင်းဆောင်သော တပ်မှူးခြောက်ယောက်ဦးစီးသည့် ခြေသည် သုံးထောင်ကို ရှေ့ပြေးကင်းထောက် စေလွှတ်လိုက်၏။ တောင်ကြားနှင့် နီးလာသော်လည်း စစ်သည် တယောက်တလေကိုမျှ မတွေ့ရသဖြင့် ရှိကျင်းလည်း မသင်္ကာဖြစ်လာရာ ကျန် တပ်မှူးများနှင့် တိုင်ပင်၏။

ထိုစဉ် တောင်ထိပ်မှ တံခွန်အဖြူတလက် ပေါ်လာကာ ယင်း၏ အောက်တွင် လေးသမားကျော် ပန်းဝန်ချွန်း ရပ်နေ၏။ သူက ရှိကျင်းကို ကြည့်ကာ ရယ်လျက်-

"မင်းတို့က လျှံရှုန်းကျူအင်းထဲမှာပဲ နေရမှာကွ၊ ခေးပြစုတ်တွေ။ အဲဒီကနေ စုန်မင်းကြီး ဆီက လွတ်ငြိမ်းခွင့် တောင်းနေပါလားကွ။ ငါတို့တိုင်းပြည်ကို လာပြီး သူ့ရဲကောင်းလုပ်နေ သေးတယ်။ မင်း ငါ့အကြောင်းလည်း ကြားဖူးမှာပါ။ မင်းတို့ဆီမှာက ဟွရုံဆိုတဲ့ ကောင် ရှိတယ် မဟုတ်လား။ အဲဒီကောင် ခေါ်လိုက်၊ ငါနဲ့ လေးစွမ်းပြိုင်ကြရအောင်။ ဒါပေမဲ့ ငါ ဒီမှာ အမြည်းလေး အရင်ပေးလိုက်ဦးမယ်"

သူ့စကားမဆုံးမီမှာပင် ရှိကျင်းထံသို့ မြားတစင်းကို ပစ်လွှတ်လိုက်ရာ ထိမှန်သွားပြီး ရှိကျင်းလည်း မြင်းပေါ်မှ ကျသွားလေ၏။

ကျန်ခေါင်းဆောင်များလည်း ပြေးလာကာ သူ့ကို ဝိုင်း၍ ထူကြပြီး မြင်းပေါ်သို့ ပြန်တင်ကာ ပြန်ဆုတ်သွားကြလေ၏။

တောင်ပေါ်မှ ကြေးလင်ပန်းသံ ချွမ်းခနဲ တချက်နှင့်အတူ ဝဲယာရှိ ထင်းရှူးတောများ ထဲမှ မြားမိုးရွာချလေတော့၏။ တပ်မှူးများလည်း ကမန်းကတန်း ဆုတ်ပြေးခဲ့ကြသဖြင့် ရှိကျင်းကို သတိမရကြတော့ပေ။ သို့သော် တောင်ကွေ့လေးကို လွန်မိသည်နှင့် တဖက် တောင်စောင်းတွင် လေ့ကီယွန်း၊ တခြားတဖက်တွင် ကျိုကျီတို့ကို မြင်လိုက်ရ၏။ သူတို့ နှစ်ယောက်က ဒူးလေးကြီးများနှင့် ပစ်ခတ်ကြလေရာ လျင်ပေ့ ဖျတ်လတ်ပေ့ ဆိုသည့် တပ်မှူးများပင် ဒူးလေးမြားတံများကို ရှောင်မလွတ်နိုင်ပေ။ လျှံရှန်းတပ်မှူးများ၏ ဘဝမှာ အိပ်မက်ပမာ ပျောက်သွားရပေပြီ။ တောင်ကြားထဲတွင် ခြောက်ယောက်စလုံး၏ အလောင်း များ ပုံ၍ ကျန်ခဲ့တော့၏။

ပါသွားသော ခြေသည်သုံးထောင်တွင် တထောင်ခန့်သာ လွတ်လာ၏။ သူတို့က လူကွမ်းယီကို အကြောင်းစုံ ပြန်ပြောပြ၏။ ထိုးနှက်ချက်များ ပြင်းထန်လှပေ၏။ လူကွမ်းယီ သည် အတန်ကြာသည်အထိ ကြောင်တောင်ငေးလျက် ထိုင်နေ၏။

ချူဝုက-

"ဒါကို သိပ်ပြီး အလေးထားနေရင် ကျုပ်တို့ရဲ့ တာဝန်ကြီး နှောင့်နှေးသွားလိမ့်မယ်။ ကျုပ်တို့ နောက်ထပ် အစီအမံတခု ဆွဲပါ့မယ်။ တောင်ကြာကိုသိမ်းပြီး သူတို့ ဗိုလ်ချုပ်တွေ ကို သတ်မယ်။ လက်စားချေကြမယ်ဗျာ"

"နောင်ကြီးစုန်ကျန့်က ကျုပ်ကို တပ်မှူးကောင်းကောင်းတွေ အများကြီးထည့်ပေး လိုက်တာ အကြောင်းရှိတယ်ဗျ။ ဒါပေမဲ့ဗျာ၊ ခုတော့ တိုက်ပွဲတပွဲမှတောင် မနိုင်သေးဘဲနဲ့ တပ်မှူးခြောက်ယောက် ကျသွားပြီ။ ခြေသည်သုံးထောင်မှာလည်း တရာမဲ့မဲ့ပဲ ကျန်တော့ တယ်။ ရှေ့ကျို့ ရောက်ရင် သူ့ကို ဘယ်လို ရင်ဆိုင်ရဲပါတော့မလဲ"

"ရှေးစကားတခု ရှိပါတယ်။ "အချိန်က မြေလောက် အရေးမပါဘူး၊ မြေကလည်း လူတွေ ညီညွတ်တာလောက် အရေးမပါဘူး" တဲ့။ ကျုပ်တို့အားလုံးက အလယ်ပိုင်းလွင်ပြင် ရှန်တောင်နဲ့ ဟောပေ့ကချည်းပဲ။ ကျုပ်တို့က တောင်ပေါ်ဒေသ စစ်ဆင်ရေးနဲ့ မကျွမ်းဝင် ဘူးလေ။ ဒီတော့ မြေပြင်နဲ့ ပတ်သက်လို့ အသာစီးမရဘူးပေါ့။ အခု ကျုပ်တို့ လိုအပ်နေတာ လမ်းပြပေးမယ့် ဒေသခံတယောက်လောက်ပဲ။ ဒီက တောင်ပေါ်လမ်းတွေကို လမ်းပြပေး မယ့်သူ တယောက်လောက်ပေါ့"

“နောင်ကြီးပြောတာ တကယ့်ကို မှန်ပါတယ်။ လမ်းရှာဖို့ ဘယ်သူ့ကို ကင်းထောက် လွှတ်ရမလဲ”

“ကျုပ်အမြင်မှာတော့ ခွေးလေးနဲ့ဆို အံကိုက်ပဲဗျ။ သူက တံစက်မြိတ်တွေပေါ် ပျံတက် နိုင်တယ်။ တံတိုင်းတွေကို ကျော်တက်နိုင်တယ်။ သူပဲ လမ်းရှာတွေ့မှာပါ”

ခွေးလေးကို ခေါ်ပြီး တာဝန်ပေးရာ ရိက္ခာခြောက်အချို့နှင့် ဓားမြှောင်တလက်ကို ယူကာ ထွက်သွားလေ၏။

သူသည် တနေကုန်အောင် လျှောက်သွားပြီး မိုးချုပ်သောအခါ မီးအိမ်တလုံး လင်းနေ သည်ကို အဝေးမှ မြင်ရ၏။ “မီးရှိရင် လူရှိရမယ်” ဟု ဆိုကာ ထိုမီးဆီသို့ စမ်းကာ ရမ်းကာ လျှောက်သွားလေ၏။

ထိုမီးမှာ ဘုန်းကြီးကျောင်းလေးတခုမှ လာခြင်း ဖြစ်၏။ ခွေးလေးလည်း ကျောင်းထဲ သို့ အသာဝင်လိုက်၏။ ဘုန်းကြီးအိုအိုတပါးက ကျောင်းဆောင်တဆောင်တွင် ထိုင်ကာ ရွတ်ဖတ်နေ၏။ ခွေးလေးက တံခါးကိုခေါက်လိုက်ရာ ဘုန်းကြီးက ကိုရင်လေးတပါးကို တံခါးဖွင့်ခိုင်းလိုက်၏။ ခွေးလေးလည်း ဝင်သွားကာ ကန်တော့လိုက်၏။

“ရပါတယ် ခရီးသွား။ ဒီလို စစ်တွေဖြစ်နေ လူတွေ သတ်နေတဲ့ အချိန်ကြီးမှာ ဘာလာ လုပ်တာလဲကွယ့်”

“အမှန်အတိုင်း လျှောက်တင်ရရင် တပည့်တော်က လျှိုရှန်းကျူးအင်းက ဗိုလ်ချုပ် စုန်ကျန့် လက်အောက်က တပ်မှူးတယောက်ပါ ဘုရား။ တပည့်တော် နာမည်က ရှီကျန့်ပါ။ ဖန်းလာကို ချေမှုန်းဖို့ အမိန့်တော်ကြီးနဲ့ လာခဲ့ကြတာပါ ဘုရား။ ညတုန်းကတော့ သူပုန် တွေက တပည့်တော်တို့ တပ်မှူးခြောက်ယောက်ကို ယူလင်းတောင်ကြားမှာ မြားနဲ့ ပစ် သတ်သွားကြပါတယ်။ တပည့်တော်ကိုလည်း မဖောက်နိုင်သေးပါဘူး။ တပည့်တော် တာဝန်က တောင်ကြားကို ကျော်ဖို့ လမ်းလွှဲများ ရှိမလားလို့ ရှာဖို့ပါ ဘုရား။ ဒါကြောင့် ဒီတောထဲ တောင်ထဲကို ရောက်လာတာပါ။ တပည့်တော်တို့ကို ဖြေရှင်းဖို့ ကူညီနိုင်မလား ဘုရား။ အရှင်ဘုရားက လျှို့ဝှက်လမ်းကို သိတယ်ဆိုရင် တပည့်တော်တို့ ဆုလာဘ်ကောင်း ကောင်းပေးပါ့မယ်”

“ဒီက လူတွေ အားလုံးပဲ ဖန်းလာတို့ ဒုက္ခပေးတာ ခံကြရပါတယ်။ သူ့ကို မမုန်းတဲ့သူ ဆိုလို့ တယောက်မှ မရှိပါဘူး။ အရင်ကတော့ ဆွမ်းကွမ်း ထောက်ပံ့တဲ့ ရွာသားတွေ ဒီနားမှာ ရှိတယ်။ အခုတော့ ထွက်ပြေးကုန်ကြပြီလေ။ ကျုပ်မလဲ ပြေးစရာ နေရာမရှိလို့ ဒီမှာ ပေနေပြီး သေမယ့်ရက်ကို စောင့်နေရတာ။

ကံကောင်းပေလို့ မင်းကြီးရဲ့တပ်တွေ ရောက် လာပြီး လူတွေ စိတ်ချမ်းသာရအောင် ပြန်လုပ်ပေးလို့။ ဒီဓားပြတွေ ရှင်းမှ လူတွေလည်း ဒုက္ခက လွတ်မယ်။ အရင်ကတော့ ကျုပ်လည်း ဘာမှ များများ မပြောရဲပါဘူး။ ဓားပြတွေ ကြားသွားမှာလည်း စိုးရသေးတယ်လေ။ ဒါပေမဲ့ ဒကာလေးက တပ်တော်ကြီးက တပ်မှူး ဆိုတော့ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ဒီမှာတော့ ဘာလမ်းမှ မရှိဘူး။ ဒါပေမဲ့ အနောက်ဘက်တောင်ရိုးကို သွားရင်တော့ တောင်ကြားလမ်းပေါ်ကို ရောက်တဲ့ လမ်း တခုကို တွေ့မယ်။ ဒါပေမဲ့ ကျုပ် စိုးရိမ်တာက ဒီဓားပြတွေက အဲဒီလမ်းကို ပိတ်ထားလို့ ကျော်လို့ မရမှာကိုပဲ”

“အဲဒီလမ်းက ရန်သူ့ခံတပ်ဆီကို ရောက်သလား”

“ခံတပ်နောက်က သွားတာ။ နောက်တလမ်းကတော့ တောင်ကြားထဲကို ဆင်းသွား တယ်။ အဲဒါကိုလည်း ကျောက်တုံးကြီးနဲ့ ပိတ်ထားလို့ ဖြတ်သွားလို့ ရမှာမဟုတ်ဘူး”

“လမ်းရှိလို့ကတော့ သူတို့ ဘာနဲ့ပဲ ဆို့ထားဆို့ထား တပည့်တော်ရအောင် ကျော်သွား နိုင်ပါတယ်။ အရှင်ဘုရားက တပည့်တော်တို့ကို လမ်းဖွင့်ပေးခဲ့တာပါပဲ။ တပည့်တော် ဗိုလ်ချုပ်ကို သတင်းပြန်ပို့လိုက်ပါ့မယ်။ အရှင်ဘုရားကို ဆု ကောင်းကောင်း ပေးမှာပါ ဘုရား”

“အပြင်လူတွေကိုတော့ ဒီသတင်း ကျုပ်ဆီက ရတယ်လို့ မပြောပါနဲ့နော်”

“စိတ်ချပါ ဘုရား၊ တပည့်တော်က သိပ်သတိထားပါတယ်။ တပည့်တော် မဖော်ပါဘူး ဘုရား”

ခွေးလှေးက ပြန်ပြီး လူကွမ်းယီကို သတင်းပို့၏။ ဝမ်းသာသွားသော လူကွမ်းယီက အကြံပေးချူဝုကို ခေါ်ကာ တိုင်ပင်၏။

“သိပ်ကောင်းတာပဲ။ ယူလင်းတောင်ကြားကို သိမ်းဖို့ကတော့ လက်ဖဝါးထဲ တံတွေး ထည့်တာထက်တောင် လွယ်ဦးမယ်။ အစီအမံကို အကောင်အထည်ဖော်ဖို့အတွက်ကတော့ ရှီကျန့်နဲ့ လူတယောက် ထည့်ပေးမှ တော်မယ်ဗျ”

“ဘာလုပ်ခိုင်းမှာလဲဗျ။ အကြံပေးကြီးရဲ့” ခွေးလှေးက မေး၏။

“မီးတိုက်ဖို့၊ အမြောက်ဖောက်ဖို့က သိပ်အရေးကြီးတယ်။ မင်းက အမြောက်တို့၊ မီးခတ်တို့၊ ကျောက်တို့ကို ယူသွားပြီး ခံတပ်နောက်ကနေ အချက်ပေးတဲ့အမြောက်ဖောက် ရမယ်။ ဒါက မင်းရဲ့ အဓိကတာဝန်ပဲ”

“ဒါလေးပဲလား။ ဒါဖြင့်လည်း နောက်တယောက် မလိုပါဘူး။ ကျွန်တော် တယောက် တည်းနဲ့ လုပ်လို့ရပါတယ်ဗျ။ ဘယ်အဖော်ကမှ ကျွန်တော့်လို ခုန်လား ပျံလား အမိုးပေါ် လမ်းလျှောက်လားမှ မလုပ်နိုင်ကြဘူး။ ပါလာရင် နှောင့်နှေးနေရုံပဲ ရှိမယ်။ ကျွန်တော်က ဒါတွေ လုပ်နေတုန်းမှာ နောင်ကြီးတို့က ခံတပ်ကို ဘယ်လိုသိမ်းကြမှာလဲ”

“ဒါက လွယ်ပါတယ်။ ရန်သူတွေက ကင်းပုန်းဝပ်ထားမှာပဲ။ ဒီကိစ္စကို အရင်ကိုင်တွယ် ရမယ်။ ဒါကလည်း လွယ်တယ်။ လမ်းတလျှောက်က ချုံတွေ၊ တောအုပ်တွေကို အရင် မီးတိုက်သွားမယ်။ ဒါမှ ပုန်းစရာ မရှိမှာ”

“သိပ်တော်တာပဲဗျာ” ရီကျုန့်က မီးခတ်၊ မီးစာ၊ အမြောက်တို့ကို ထုပ်ပိုးကာ ကျောမှာ လွယ်ပြီး ထွက်ခွာ ခဲ့၏။ ဘုန်းတော်ကြီးကို ဆက်ကပ်ရန် လူကွမ်းယီ ပေးလိုက်သည့် ငွေငါးဆယ်သားနှင့် ဆန်တတင်းကိုလည်း အရာရှိငယ်တယောက်ကို သယ်ယူလာစေခဲ့၏။

ထိုနေ့ မွန်းလွဲတွင် သူတို့ ဘုန်းကြီးကျောင်းကို ရောက်၏။ မိမိ၏ ဗိုလ်ချုပ်ကဆက်ကပ် ခိုင်းလိုက်ကြောင်း လျှောက်ကာ ပစ္စည်းများကို ဆက်ကပ်ပြီး အရာရှိငယ်ကို စခန်းသို့ ပြန်ခိုင်းလိုက်၏။ ထို့နောက် ဘုန်းကြီးကို လျှောက်၏။

“အရှင်ဘုရား၊ ကိုရင်လေးကို လမ်းပြ ထည့်ပေးဖို့ တောင်းပန်ပါရစေဘုရား”

“မိုးချုပ်တဲ့ အထိ စောင့်ရင် ပိုကောင်းလိမ့်မယ်။ နေ့ခင်းဆိုရင် သူတို့စခန်းက မြင်သွား လိမ့်မယ်”

ထိုညတွင် ညစာစားကြပြီးသော် ဘုန်းတော်ကြီးက ကိုရင်ကို လိုက်ပို့ခိုင်း၏။ လူသူ မသိစေဘဲ ပြန်လာရန် မှာလိုက်၏။

လရောင်မှိန်မှိန်အောက်တွင် ချုံများ၊နွယ်များကိုဆွဲကာ ကျောက်ထူထူ တောင်စောင်း ကို ပင်ပင်ပန်းပန်း တက်ကြရ၏။ နောက်ဆုံးတွင် ကျောက်သားကမ်းပါးပြတ်တခုဆီသို့ ရောက်၏။ ကမ်းပါး အတက်ဘက်တွင် ကျောက်သားကို ထွင်း၍ ဖောက်ထားသော လူသွား လမ်းလေးကို ရေးရေးမျှ မြင်ရ၏။ သို့သော် လမ်းထိပ်တွင် ကျောက်တုံးကြီးများ ချကာ ပိတ်ထားပြီး ဝဲယာတွင်လည်း ကျောက်တံတိုင်းဖြင့် ကာထားလေ၏။ ဘယ်လို ကျော်ရ ပါမလဲ။

“တပ်မှူး ခံတပ်က ဟိုဘက်မှာ၊ ကျောက်တံတိုင်းကနေ အဲဒီကိုသွားတဲ့လမ်းရှိတယ်”

“မင်း ပြန်တော့ ကိုရင်လေး၊ ငါ လမ်းသိပြီ”

ကိုရင်လည်း ပြန်သွားလေ၏။

ခွေးလှေးကား အိမ်မိုးပေါ်သို့ ခုန်နိုင်ပျံနိုင်သူ၊ တံတိုင်းတလျှောက် ပြေးနိုင်သူ၊ ခြံစည်း ရိုးကို ခုန်ဝင်ကာ မြင်းဝင်ခိုးနိုင်သူ ဖြစ်၏။ ဤ စွမ်းရည်တို့ကို သုံးကာ အတားအဆီးကို ကျော်သွားသည်မှာ လက်မများကို လိမ်ကာ လှည့်ရသလောက်ပင် မခက်ခဲလိုက်။

အရှေ့ဘက်ရှိ တောအုပ်ထဲတွင်မူ ကောင်းကင်တဝက်မျှပင် နီရဲနေပြီ။ လူကွမ်းယီ တို့က စခန်းကို ရုပ်သိမ်းပြီး ချီတက်လာရာတွင် လမ်းတလျှောက်လုံး၌ မီးတိုက်ခဲ့ခြင်း ကြောင့် ဖြစ်၏။ ရှေ့ဖျားတပ်အင်အား လေးရာ ငါးရာခန့်ကမူ လမ်းတလျှောက်လုံးတွင် ပြန့်ကျဲနေသော အလောင်းများကို ဖယ်ရှားလာခဲ့ရ၏။ မီးတိုက်လာသောကြောင့် ရန်သူတို့ မှာလည်း ကင်းပုန်းဝပ်ရန် နေရာ မရှိတော့ပေ။

တောင်ကြားပေါ်ရှိ စခန်း၌ လေးသမား ပန်းဝန်ချွန်းထံသို့ သတင်းရောက်လာ၏။

“သူတို့လုပ်တာနဲ့ ချုံခိုလို့ အလကားပဲ၊ ဒါပေမဲ့ တောင့်ထားရမယ်။ သူတို့ဝင်လာပါစေ” စုန်တပ်များ နီးလာသောအခါ ဒူးလေးကိုင် တပ်မှူးနှစ်ဦးနှင့်အတူ တောင်ကြား အဝကို ကာကွယ်ရန် ထွက်ခဲ့၏။

ရှီကျန့်သည် ခံတပ်ဆီသို့ တလှမ်းချင်း တိုး၍ လာနေ၏။ သစ်ပင်တပင်ကို တက်ပြီး ရွက်အုပ်ထဲတွင် ပုန်းနေရာ အောက်တွင် တောင်ပိုင်းတပ်မှူး သုံးယောက် လေး၊ ဒူးလေး တွေနှင့် ပုန်း၍ စောင့်နေသည်ကို တွေ့ရ၏။ စုန်တပ်သည်လည်း မီးတန်းကြီးပမာ ချီတက် လာနေ၏။ လင်ချုံးနှင့် ဟူယန်ကျို့တို့က မြင်းကို ဇက်သတ်လိုက်ကာ လှမ်း၍ အော်ကြ၏။

“ခေါးပြဗိုလ်တွေ။ မင်းကြီး တပ်တော်ကို အာခံရဲသလား”

လေးများကို အသင့်ပြင်ကာ စောင့်နေသော တောင်ပိုင်းသားတပ်မှူးများမှာ ခွေးလှေး သစ်ပင်ပေါ် ရောက်နေသည်ကို မသိကြပေ။ သူက သစ်ပင်မှ အသာလျှောဆင်းကာ ခံတပ်၏ နောက်ပိုင်းသို့ ချွတ်နင်းကာ သွားလေရာ ထိုနေရာတွင် မြက်ခြောက်နှစ်ပုံကို တွေ့ရ၏။ မီးခတ်ခတ်ကာ ပထမတပုံကို မီးရှို့၏။ နောက်တပုံကိုပါ မီးကူး၏။ ခံတပ်၏ အမိုးပေါ်သို့တက်ကာ အမြောက်ကို မီးစာတို့၏။ တုန်ဟည်းသွားသော အမြောက်သံနှင့် မီးပုံများ ဟုန်းခနဲ ထတောက်သည်မှာ တပြိုင်တည်းလိုလို ဖြစ်၏။

တိုက်ပွဲ မစမီကပင် ကြောက်လန့်သွားသော တောင်ပိုင်းသားတို့မှာ အော်ဟစ်ကာ ပြေးကြလေ၏။ မည်သူကများ တိုက်လိုစိတ် ရှိပါဦးတော့မည်နည်း။

လေးသမား တပ်မှူး သုံးယောက်က သူတို့နောက်ကျော ခံတပ်ရှိရာမှ မီးများ ထတောက်လာသည်ကို လည်ပြန် ငေးကြည့်နေမိစဉ်မှာပင် ခွေးလှေးက အမြောက် နောက်တချက် ထပ်ပစ်လိုက်ပြန်၏။

ခံတပ်တခုလုံး လှုပ်ခါသွားလေရာ တောင်ပိုင်းသားတို့လည်း လက်နက်များကို သာမက ချပ်ဝတ်များကိုပါ ချွတ်၍ ခံတပ်နောက်ပိုင်းကို ဖောက်၍ ပြေးကြလေ၏။

အမိုးပေါ်မှ ခွေးလှေးကလည်း အသံကုန်အော်၏။

"စုန်တပ်အင်အား တသောင်း တောင်ကြားထဲ ရောက်နေပြီဟေ့၊ မသေချင် လက်နက် မြန်မြန်ချကြ"

ကြောက်လွန်းလှသဖြင့် အကြံကုန်နေသော ပန်းဝန်ချွန်းမှာ ကြိတ်မနိုင်ခဲမရဖြစ်ကာ ဆွေ့ဆွေ့ခုန်နေလေပြီ။ လေ့ကီယွန်းနှင့် ကျိကျီတို့မှာ ကြောက်လွန်းလှသဖြင့် သစ်ငုတ်တို တွေလို ဖြစ်နေလေပြီ။ နည်းနည်းလေးမျှ မလှုပ်နိုင်တော့ပေ။

လင်ချုံးနှင့် ဟူယန်ကျို့တို့က တောင်ထိပ်သို့ အရင်ဆုံး ရောက်သူများထဲတွင် ပါဝင်၏။ ကျန်တပ်မှူးတို့က ထွက်ပြေးသွားသော ရန်သူတို့နောက်သို့ ခံတပ်မှ လီသုံးဆယ်ကျော် အကွာအဝေးထိ လိုက်ခဲ့ကြ၏။ ဆွန်လီက လေ့ကီယွန်းကို၊ ဝေတင်းကို့က ကျိကျီကို အသီးသီး ဖမ်းမိကြ၏။ ပန်းဝန်ချွန်းသာ လွတ်သွားလေ၏။ တောင်ပိုင်းသား အင်အားတဝက်ခန့်ကို ဖမ်းမိလိုက်၏။ စုန်စစ်ကြောင်းသည်လည်း ခံတပ်တွင် စခန်းချလိုက်ကြ၏။

လူကွမ်းယီက ခွေးလှေးကို ရက်ရက်ရောရော ဆုချ၏။ လေ့ကီယွန်းနှင့် ကျိကျီတို့၏ နှလုံးများကို ထုတ်ကာ ရှီကျင်း၊ ရှီဇူ စသော ကျဆုံးသွားသော တပ်မှူးတို့အတွက် ယဇ် ပူဇော်၏။ အလောင်းခြောက်လောင်း စလုံးကို ပြန်ရှာကာ တောင်ပေါ်တွင် မြှုပ်နှံ၏။ ကျန် အလောင်းများကို မီးသင်္ဂြိုဟ်၏။

နောက်တနေ့တွင် လူကွမ်းယီတို့ ဆက်၍ထွက်ကြ၏။ ဘုရင်ခံချန်းသို့ တောင်ကြားကို သိမ်းပြီး ဖြစ်ကြောင်း အစီရင်ခံလိုက်၏။ ထို့နောက် အလျင်အမြန် ချီတက်ခဲ့ပြီး ရှေကျို့မြို့ ဆင်ခြေဖုံးတွင် စခန်းချကြ၏။

ရှေ့ကျို့မြို့ဝန် ဖန်းဟိုမှာ ဖန်းလာ၏ ဘထွေး ဖြစ်၏။ သူ့လက်အောက်တွင် ဝမ်ယင်နှင့် ကောက်ယူ ဆိုသော ဗိုလ်ချုပ်နှစ်ယောက် ရှိ၏။ မြို့စောင့်တပ်ကို အရာရှိတကျိပ်ကျော်က ကွပ်ကဲထားပြီး အင်အားနှစ်သောင်း ရှိ၏။ ဝမ်ယင်မှာ မူလက ရှေကျို့တောင်ပေါ်မှ ကျောက်ဆစ်သမားတဦးဖြစ်ခဲ့၏။ သူ့လက်နက်မှာ

သံလှံတံ ဖြစ်ပြီး တောင်ကုန်းမြစ်ချောင်း မဟူ မြေပြန့်မှာကဲ့သို့ပင် စိုင်းနှင်နိုင်၏။ ကောက်ယူမှာလည်း ဤနယ်သားပင် ဖြစ်၏။ သူ့လက်နက်မှာ ကြံဆစ်လှံ ဖြစ်၏။ နှစ်ယောက်သားမှာ စာကောင်းကောင်း မတတ်သဖြင့် အမတ်ရာထူးတွင် အမည်ခံရုံသာ ခန့်ထားပြီး စစ်ရေးကိုသာ ဖန်းလာက ခိုင်း၏။

စစ်ရှုံး၍ ရှေကျို့သို့ ပြေးလာသော ပန်းဝန်ချွန်းက မင်းသားထံသို့ ဝင်ကာ တင်ပြ၏။

“ဒေသခံတယောက်က သစ္စာဖောက်လိုက်တယ်။ သူက ခံတပ်ကို ရောက်တဲ့ လျှို့ဝှက် လမ်းကို ပြလိုက်လို့ ကျွန်တော်တို့တပ်တွေလည်း ကစဉ့်ကလျား ဖြစ်ကုန်ပြီ။ မခုခံနိုင် တော့ဘူး”

မင်းသားကား ယမ်းပုံမီးကျ ဖြစ်လေပြီ။

“ယူလင်းတောင်ကြားက ရှေကျို့မြို့ရဲ့ ပင်မ အတားအဆီးပဲ၊ ခုတော့ စုန်တပ်တွေ လက်ထဲ ကျသွားပြီ။ ဒီကောင်တွေ ရောက်လာတော့မယ်။ သူတို့ကို ဘယ်လို တိုက်ထုတ် မလဲ"

ဝမ်ယင် က ဖျောင်းဖျ၏။

“ဒေါသကို ထိန်းပါ အရှင်။ ရှေးစကား ရှိပါတယ်။ “စစ်ပွဲတွင် အရေးနိမ့်ခြင်းကို အပြစ် မတင်ရာ၊ မိုးကောင်းကင်က မည်သူ့အားမျှ ပြီးပြည့်စုံမှုကို ပေးမထားချေတဲ့။ ဗိုလ်ချုပ်ပန်း ကို အပြစ်မပေးပါနဲ့ဦး။ သူ အနိုင်ရအောင် တိုက်ရမယ်လို့ အမိန့်ထုတ်လိုက်ပါ။ နောက်ထ တခါ စုန်တပ်တွေကို တိုက်ဖို့ တပ်ကို အပ်လိုက်ပါ။ ဒီတခါ မအောင်မြင်လာခဲ့ရင် ပြစ်ဒဏ် နှစ်ဆ ချမှတ်လိုက်တာပေါ့”

ဖန်းဟိုက သဘောတူ၏။ တပ်အင်အား ငါးထောင်ကို ပေးအပ်ကာ ချီတက်စေ၏။ အောင်ပွဲခံပြီး ပြန်လာရမည်ဟု အမိန့်ချမှတ်လိုက်၏။

ထိုနေ့မှာပင် လူကွမ်းယီက ရှေကျိုကို တိုက်၏။ မြို့တံခါးဖွင့်ပြီး ဗိုလ်ချုပ်ပန်းက သူ့တပ်ကြီးနှင့် ထွက်ချလာပြီး နှစ်ဖက်တပ်များ တပ်ဖြန့်ကြ၏။ ပန်းက စီးချင်းတိုက်ရန် စိန်ခေါ်ရာ စုန်တပ်ဘက်မှ အိုပင်းက သံလှံတံကို ကိုင်စွဲ ကာ မြင်းကို ကဆုန်စိုင်း၍ ထွက်၏။

ငါးချီမျှပင် မတိုက်လိုက်ရ၊ ပန်းက ရှုံးပြီးထွက်ပြေး၏။ အိုပင်းက အစွမ်းပြလိုသဖြင့် နောက်မှ လိုက်၏။ ပန်းက နောက်ကိုလှည့်ကာ မြားတစင်းကို လွှတ်လိုက်၏။ လျင်သော အိုပင်းက ထိုမြားကို ဖမ်း၍ ဆုပ်လိုက်နိုင်၏။ တောင်ပိုင်းဗိုလ်ချုပ်က မြားများကို စဉ်တိုက် ပစ်တတ်မှန်းကိုကား မသိပေ။ ထို့ကြောင့် ပထမမြားကို ဖမ်းမိပြီးသည်နှင့် သူ့ရန်သူနောက် သို့

အတင်းလိုက်လေ၏။ လေးညို့သံ ဒင်ခနဲနှင့်အတူ ဒုတိယမြားက အိုပင်းကို တည့်တည့် လာမှန်လေရာ မြင်းပေါ်မှ ကျလေ၏။ အိုပင်း ကျသည်နှင့် ပန်းကလည်း သူ့တပ်ကို ဦးဆောင် ကာ ရက်ရက်စက်စက် တက်၍တိုက်လေ၏။

စုန်တပ်များလည်း လီသုံးဆယ်ခန့် ဆုတ်ပြီးမှ စခန်းချကြ၏။ လူစစ်စေရာ ဥယျာဉ်မှူး ကျန်ချင်းလည်း တိုက်ပွဲတွင် ကျဆုံးကြောင်း သိရ၏။ စုန်းမဆွန်က သူ့စစ်သည်များ အကူ အညီဖြင့် သူ့လင်၏ အလောင်းကို ပြန်ရယူပြီးနောက် မီးသင်္ဂြိုဟ်ပြီး သည်းထန်စွာ ငိုရှာ လေ၏။ လူကွမ်းယီလည်း ဤမြင်ကွင်းကို မြင်ရသဖြင့် အလွန်ကြေကွဲမိ၏။ သူ့နည်းဗျူဟာ မှားသည်ဟုလည်း ထင်မိ၏။

“ဒီနေ့ တိုက်ပွဲမှာ တပ်မှူးနှစ်ယောက် ကျတယ်။ ဒီလို ဆက်ဖြစ်နေလို့တော့ မရဘူး”

ချူဝု က-

“အနိုင်နဲ့ အရှုံးဆိုတာက စစ်သားတိုင်းအတွက် ကြုံရစမြဲ ကိစ္စတွေပါ။ မွေးချိန် သေချိန် ဆိုတာတွေကလည်း သတ်မှတ်ထားပြီးသားပါ။ တောင်ပိုင်းသားတွေကတော့ ကျုပ်တို့ ဆုတ်သွားအောင် သူတို့ လုပ်လိုက်တာလို့ ယုံနေကြမှာပဲ။ ဒီတော့ ဒီညမှာ ကျုပ်တို့ စခန်းကို လာပြီး အလစ်ချောင်း တိုက်ကြဦးမှာပဲ။ ကျုပ်တို့ စခန်းက ခွာပြီး ကင်းပုန်းဝပ်နေကြရမယ်။ စခန်းအလယ်ကောင်မှာတော့ သိုးတွေကို ကြိုးနဲ့ ချည်ထားပြီးတော့. . . ” ချူဝုက သူ့ အစီအမံကို တိုးတိုးကလေး ပြောပြ၏။

ဟူယန်ကျို့က တပ်တဖွဲ့နှင့် စခန်း၏ ဝဲဘက်တွင်၊ လင်ချုံးက ထို့အတူ ညာဘက်တွင် ရှန်တင်းကွီနှင့် ဝေတင်းကို့ကလည်း မြောက်ဘက်တွင်၊ ကျန်တပ်မှူးများက ကျန်တပ်ဖွဲ့ များနှင့် ပတ်ဝန်းကျင်ရှိ လမ်းများတလျှောက်တွင် ကင်းပုန်းဝပ်နေကြ၏။ ထိုညတွင် တောင်ပိုင်းသားများ လာတိုက်ပါက စခန်းအလယ်ကောင်တွင် မီးထတောက်လာလျှင် ကင်းပုန်းဝပ်သူတို့က ဝင်တိုက်ရမည် ဖြစ်၏။

ထိုစဉ် ဝမ်နှင့် ကောက်တို့က သူတို့ တတ်သိသမျှ မဟာဗျူဟာအသိကလေးနှင့် ဖန်းဟိုကို တိုက်တွန်းနေကြ၏။

“ဒီနေ့ ကျွန်တော်တို့ စုန်တပ်ကို လီသုံးဆယ်အထိ ဆုတ်သွားအောင် မောင်းထုတ် လိုက်နိုင်တယ်။ သူတို့စခန်းကတော့ အကာအကွယ် ရှိမှာမဟုတ်ဘူး။ မြင်းတွေ၊ လူတွေက ခြေကုန်နေကြပြီလေ။ သွားတိုက်လိုက်ရရင်တော့ လုံးဝ အောင်မြင်မှာပဲ”

"သေသေချာချာ စဉ်းစားလေ။ လုပ်နိုင်မှာ သေချာရင်တော့ လုပ်ပေါ့"

ကောက်က-

"ဖန်းနဲ့ ကျွန်တော်တို့ သူတို့စခန်းကို သွားစီးမယ်။ အရှင်နဲ့ ကောက်တို့ကတော့ ကျန်ခဲ့ပြီး မြို့ကို စောင့်ရှောက်ထားပေါ့"

ထိုညတွင် စစ်သူကြီးနှစ်ယောက် စစ်ထွက်ခဲ့ကြ၏။ မြင်းက ကြိုးများကို အသံမထွက် အောင် အဝတ်နှင့် ပတ်စည်းထားကြ၏။ လူတိုင်း ပါးစပ်အတွင်း၌ တုတ်တချောင်းစီကို ကိုက်ထားကြ၏။ စခန်းနှင့် နီးလာသော် သစ်တပ်တံခါးပွင့်နေသည်ကို မြင်ရ၏။ ထို့ကြောင့် ရှေ့ဆက်၍ မတက်ဝံ့တော့ပေ။ အစောင့်စည်သံမှာ ပြတ်သားသော်လည်း စည်တီးသံ များမှာ မှုမမှန်ပေ။ ကောက်က သူ့မြင်းကို ဇက်သတ်လိုက်၏။

"မဝင်နဲ့"

"ဘာဖြစ်လို့လဲ ဝန်မင်း"

"စည်တီးသံတွေက မှားနေတယ်။ ဒီကောင်တွေ တခုခု ကြံနေကြပြီ"

"မဟုတ်သေးဘူးဗျ။ ဒီကောင်တွေက ရှုံးလို့ စိတ်ခတ်ကျနေ၊ ပင်ပန်းနွမ်းနယ်နေ ကြပြီဗျ။ ကင်းသမားတွေလည်း ငိုက်နေပြီ။ ဒီတော့ စည်တီးချက်တွေ မမှန်တာ ဘာဆန်းမလဲ၊ ပူစရာ မရှိပါဘူး။ ဝင်တိုက်ကြရအောင်"

"ခင်ဗျား ပြောတာလည်း ဟုတ်မှာပါ"

တပ်ကို ရှေ့သို့ တက်ခိုင်းလိုက်ကာ လက်နက်အသင့်ဖြင့် စခန်းထဲသို့ ဝင်ကြ၏။ တောင်ပိုင်း ဗိုလ်ချုပ်နှစ်ယောက်က ဌာနချုပ်သို့ ဦးတည်ကာ သွားကြ၏။ သို့သော် တပ်မှူး တယောက်မျှ မရှိပေ။ ခပ်လှမ်းလှမ်းရှိ မိုးမခပင်အကိုင်းတွင် သိုးနှစ်ကောင်ကို ကြိုးနှင့် ဆွဲထား၏။ သူတို့ခြေထောက်တွင် စည်တီးသည့် တုတ်များကို ချည်ထား၏။ ယင်း သိုးများ ရုန်းလိုက်ကန်လိုက်သောအခါ အောက်တွင်ရှိသော စည်များသို့ ရိုက်ခတ်မိနေခြင်းပင် ဖြစ်၏။ ထို့ကြောင့် စည်တီးသံ ပုံမမှန်ခြင်းဖြစ်ပေ၏။ စခန်းအခွံကြီးကို စီးနင်းမိခြင်း ဖြစ်၏။ ဗိုလ်ချုပ်များက အလန့်တကြား အော်လိုက်ကြ၏။

"ငါတို့တော့ အလှည့်စားခံရပြီ" ဟု ဆိုကာ ထွက်ပြေးကြ၏။

ခံတပ် အလယ်ကောင်တွင် မီးထတောက်လာ၏။ တောင်ထိပ်တခုဆီမှ အမြောက်သံ ကြားလိုက်ရပြီး စခန်းတွင်းသို့ မီးလုံးတလုံး ကျလာ၏။ လေးဖက်လေးတန်မှ ကင်းဝပ် နေသူများက ဝင်၍ ရက်ရက်စက်စက် တိုက်ကြ၏။

သစ်တပ်မှ အတင်းထွက်ပြေးလာသော ဗိုလ်ချုပ်နှစ်ယောက်သည် ဟူယန်ကျို့နှင့် ဝင်၍တိုး၏။ ဟူယန်ကျို့က-

"ခားပြတွေ မသေချင်ရင် မြင်းပေါ်က ဆင်း၊ အညံ့ခံကြ"

ဗိုလ်ချုပ်ကောက်က ကြောက်လန့်တကြား ထွက်ပြေး၏။ သူကား တိုက်စိတ်ခိုက်စိတ် မရှိတော့။ လွတ်အောင်သာ ပြေးလို၏။ ဟူယန်ကျို့က လိုက်ပြီး သူ့တင်ကျည်းနှစ်လက်ဖြင့် ရိုက်ချလိုက်ရာ ဗိုလ်ချုပ်ကောက်၏ ဦးခွံတခြမ်းမှာ စိစိညက်ညက် ကြေရလေ၏။

ဗိုလ်ချုပ်ပန်းက ဝိုင်းထားသည့် တပ်များကို အတင်းတိုက်ကာ ဖောက်ထွက်ခဲ့၏။ ထွက်စလောက်တွင်ပင် ကျော့ကွင်းတခုတွင် သူ့မြင်း မိသွားပြီး လဲကျသွား၏။ လမ်းဘေး တွင် ကင်းပုန်းဝပ်နေသော ထန်လုံက ထွက်ပြီး သူ့ကို အရှင်ဖမ်းလိုက်၏။

စုန်တပ်မှူးများက တောင်ပေါ်လမ်းများပေါ်တွင် တောင်ပိုင်းသားများကို လိုက်လံ သတ်ဖြတ်နေကြပြီး မိုးလင်းမှ စခန်းသို့ ပြန်လာကြ၏။ လူကွမ်းယီက သူ့ဌာနချုပ်တွင် ပြန်ထိုင်နေလေပြီ။ ခုခံလာသူများကို ဆုချလျက် ရှိ၏။ ထိုအကြောင်းကို ဤမျှဖြင့် တော်ဦးမည်။

လူစစ်သောအခါ တပ်မှူး တင်းတဲ့ဆွန် ပျောက်နေ၏။ တောင်ပေါ်တွင် ရှိစဉ်က မြွေ ကိုက်ခံခဲ့ရခြင်း ဖြစ်၏။ အဆိပ်က ဝမ်းဗိုက်သို့ပင် ရောက်ရှိ ပျံ့နှံ့သွားသဖြင့် သေရခြင်း ဖြစ်၏။ စုန်တပ်မှူးများက ပန်းဝန်ချုပ်၏ နှလုံးကို ခွဲထုတ်ကာ အိုပင်း၊ ရှိကျင်း စသော ကျဆုံးသည့် ညီနောင်များအတွက် ပူဇော်လိုက်ကြ၏။ ခေါင်းကိုလည်း ဖြတ်ပြီး ဘုရင်ခံ ချန်းဆီသို့ ပို့လိုက်ကြ၏။

နောက်တနေ့တွင် လူကွမ်းယီတို့ ရှေကျို့သို့ ချီတက်ကြ၏။ မြို့တံခါးလည်း ပွင့်နေပြီး မြို့ရိုးပေါ်တွင်လည်း ဘာတံခွန်မှ လွင့်မနေပေ။ စစ်သည်များလည်း ရှင်းနေ၏။ ရှန်တင်းကွိ နှင့် ဝေတင်းကို့က ပွဲဦးလာဘ်ဦး လိုချင်ကြသဖြင့် တပ်ဖွဲ့ကလေးတခုနှင့်အတူ အလော တကြီး မြို့တံခါးထဲသို့ ဝင်၏။ လူကွမ်းယီ တားချိန်မရလိုက်။ တပ်မနှင့်အတူ သူရောက်သွား သောအချိန်တွင် ထိုသူနှစ်ယောက်မှာ မြို့တံခါးပြအိုးအောက်သို့ ရောက်နေပေပြီ။

တောင်ပိုင်းသား ဝမ်ယင်က သူတို့တပ်များ ညက ရန်သူ့စခန်းကို သွားစီးရာတွင် အရေးမလှခဲ့ကြောင်း သိပြီးဖြစ်၏။ ထို့ကြောင့် မြို့ကို စွန့်ခွာသွားဟန် ဆောင်ကာ မြို့တံခါး ပြအိုးအောက်တွင် ကျင်းကြီးတခုကို တူးကာ ပြန်၍ ပုံဖျက်ထားလိုက်ကြ၏။ စုန်တပ်မှ တပ်မှူးနှစ်ဦးလည်း တရှူးထိုး ဝင်သွားကြရာ လူရော မြင်းရော ကျင်းထဲသို့ ကျသွားကြ လေ၏။ တဖက်တချက်တွင် ပုန်းနေသော

တောင်ပိုင်းသားလုံသမားများ၊ လေးသမား များက ဝိုင်းအုံကာ လှံဖြင့်၊ မြားဖြင့် ပစ်ခတ်ကြလေတော့၏။ သနားစရာ လူသားနှစ်ယောက် မှာ သူတို့ဝိညာဉ်များက မြေတွင်းကြီးထဲ၌ စွန့်ထားခဲ့ခြင်းကို ခံခဲ့ရပေ၏။

ထိုသူတို့ ဆုံးရှုံးရသဖြင့် ဒေါသထွက်သော လူကွမ်းယီက အတင်းတိုက်ခိုက်ခိုင်းလိုက် ၏။ လူတယောက်လျှင် မြေခဲတခဲကျ ယူလာစေကာ ကျင်းကြီးကို ဖို့ပြီးနောက် ရက်ရက် စက်စက် တိုက်ခိုက်ကြ၏။ နောက်ဆုံးတွင် ထိုကျင်းကြီးထဲ၌ တောင်ပိုင်းသားများ၏ အလောင်းများ၊ မြင်းသေများဖြင့် ပြည့်သွားလေ၏။

လူကွမ်းယီက ခုန်ပေါက်မြူးထူးနေသော မြင်းကြီးကို စီးကာ တပ်ဦးမှ မြို့လယ်ကောင် သို့ ချီတက်ရာ ဖန်းဟိုနှင့် တည့်တည့်တိုးလေ၏။ တချီတည်းနှင့်ပင် လူကွမ်းယီက ဖန်းဟိုကို သူ့လှံပုဆိန်ကြီးနှင့် တချက်တည်းဖြင့် ခုတ်ချလိုက်လေ၏။

တောင်ပိုင်းသားတို့လည်း မြို့အနောက်တံခါးကို ဖွင့်ကာ ထွက်ပြေးကြ၏။ စုန့်တပ်က ထက်ကြပ်လိုက်တိုက်ရာ အများအပြားပင် သေကြေကြ၊ အဖမ်းခံကြရ၏။

ထိုစဉ် ထွက်ပြေးသွားသော ဝမ်ယင်ကို လီယွမ်းက ဆီး၍ ဟန့်တားလိုက်၏။ ဝမ်ယင် က လှံကို ရွယ်လျက် မြင်းကို ကဆုန်စိုင်း၍ ဝင်၏။ လီယွမ်းမှာ မြေပြင်ပေါ်တွင် ဖြစ်၍ မြင်းက သူ့ကို တိုက်ချလိုက်၏။ မြေပြင်တွင် ရှိနေသော ရှိယုံက ကယ်တင်ရန် အပြေး လာ၏။ သို့သော် တောင်ပိုင်းသားတို့၏ လှံချက်ကို မယှဉ်နိုင်ပေ။ သုံးလေးချီတိုက်အပြီးတွင် ရှိယုံလည်း ထိုလှံစာ မိသွားလေ၏။

မြို့ထဲမှ ဆွန်လီ၊ ဟုန်ဆင့်၊ စို့ယွမ်၊ စို့ရွန်တို့ ပြေးလာကာ ဝမ်ယင်ကို ဝိုင်း၍ တိုက်ခိုက် ကြ၏။ လေးယောက်နှင့် တယောက် ဖြစ်သော်လည်း အကြောက်အလန့်မရှိ ပြန်၍ တိုက် ခိုက်၏။ ထိုသို့ လုံးထွေးနေရာသို့ လင်ချုံး ရောက်လာလေ၏။ သူ့တွင် ခေါင်းသုံးလုံးနှင့် လက်ခြောက်ဖက်ရှိသည့်တိုင် ဝမ်ယင်သည် တပ်မှူးငါးယောက်ကို ခံရပ်နိုင်မည် မဟုတ် ပေ။ အားလုံးက ညီညီညာညာ ဝိုင်း၍ ထိုးသတ်လိုက်ကြ၏။ တောင်ပိုင်းသားဝန်ကြီးလည်း ဇီဝိန်ချုပ်ရလေ၏။

သူတို့က သူ့ခေါင်းကို ဖြတ်ယူကာ နန်းတော်ရှိ လူကွမ်းယီထံ အပြေးသွားပို့ကြ၏။ လူကွမ်းယီက ငြိမ်းချမ်းသာယာရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို လုပ်၏။ တပ် များကို မြို့ထဲတွင် နေရာချထားကာ ဘုရင်ခံချန်းနှင့် စုန်ကျန့်တို့ထံသို့ ခြေမြန်စေလွှတ် ကာ သတင်းပို့ခိုင်းလိုက်၏။

မူကျို့တွင် စောင့်နေရှာသော စုန်ကျန့်မှာ ရန်သူ့ဝပ်ကျင်းကို တိုက်ခိုက်မည့်

ပူးပေါင်း စစ်ဆင်ရေး စတော့မည်ဖြစ်၍ ကျေနပ်၏။ သို့သော် တပ်မှူး ဆယ့်သုံးယောက်မျှ ဆုံးရှုံးရ ကြောင်း သိသွားသောအခါ ဆောက်တည်ရာ မရတော့ပေ။ သူ့နှလုံးသား ကွဲကြေမည့် အလား ငိုကြွေးရှာ၏။ ဝုရုံက ဖျောင်းဖျရ၏။

“ရှင်ရေး သေရေးဆိုတာက ပြဋ္ဌာန်းပြီးသားပါ။ ဒီလိုပူဆွေးနေပြီး ကိုယ့်ကျန်းမာရေး ကိုယ် ဖျက်ဆီးမနေပါနဲ့ နောင်ကြီးရာ။ နိုင်ငံအတွက် အရေးကြီးတဲ့ ကိစ္စတွေကို ဆောင်ရွက် စရာ ရှိပါသေးတယ်”

“ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ မရဘူးဗျာ။ ကျုပ်တို့က တရာ့ရှစ်ယောက်လို့ ကျောက်စာ မှာကမ္ပည်းထိုးထားတာ။ ဒီလောက်ကြီး ဆိုးဆိုးရွားရွား အသုတ်သင်ခံရမယ်လို့ ဘယ်သူက ထင်မှာလဲ။ ကျုပ် လက်တွေ၊ ခြေတွေ ဆုံးရှုံးရသလိုပါပဲဗျာ”

ဝုရုံက စုန်ကျန့်ကို ထပ်၍ တောင်းပန်ရှာ၏။ “ရေကြည်ချောင်းကို သွားတိုက်ရန်အတွက် ရက်သတ်မှတ်ပြီး လူကွမ်းယီထံ ပြန်ကြားရန်” သူက တိုက်တွန်း၏။

ထိုအချိန်တွင် ရေကြည်ချောင်းတိုက်နယ် ပန်းယွမ်ဂူထဲတွင် ဖန်းလာက မှူးမတ်အစုံအညီ ဖြင့် စုန်ကျန့်တို့၏ တပ်ကို မည်သို့ ရင်ဆိုင်ရမည်ကို တိုင်ပင်နေ၏။ စစ်ရှုံးလာသော တပ်များ ကလည်း လာ၍ တင်ပြနေကြ၏။

“ရှေကျို့ ကျသွားပါပြီ။ ဘထွေးတော်၊ အမတ်တော်နှင့် ဝမ်တို့လည်း ကျဆုံးသွားပါပြီ။ စုန်တပ်တော်က ရေကြည်ချောင်းကို တိုက်ခိုက်ရန် စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက် နေပါပြီ”

လန့်လန့်ဖျပ်ဖျပ်ဖြင့် ဖန်းလာက-

“မင်းတို့ကို ခန့်ထားတာ အမြင့်ဆုံးရာထူးတွေပဲ။ ဒီပြည်နယ်တွေ၊ မြို့တွေ၊ နယ်တွေကို စားရလို့ လို့ အကျိုးကျေးဇူးလည်း ကောင်းကောင်း ရခဲ့ကြပြီပဲ။ ဒါပေမဲ့ စုန်ကျန့်တပ်တွေ လိုမ့်ပြီး တက်လာရော ငါတို့ မြို့တွေ ကျကုန်တယ်။ ဒီ ရေကြည်ချောင်းနဲ့ နန်းတော်ပဲ ကျန်တော့တယ်။ ကဲ၊ ခုတော့ ဒီကို စစ်ကြောင်း နှစ်ကြောင်းနဲ့ လာနေပြီတဲ့။ ဒီရန်သူကို ဘယ်လို တွန်းလှန်လိုက်မလဲ”

အမတ်ချုပ် လိုမင်ချုံးက ရှေ့ကို တက်လာလျက်-

“စုန်တပ်တွေက ဒီနန်းတော်ကြီးနားကိုတောင် ရောက်ခါနီးပါပြီ ဘုရား။ ကာကွယ်ဖို့ ခက်ခဲပါလိမ့်မယ် ဘုရား။ ကျွန်တော်တို့ တပ်သားတွေက ညံ့ပါတယ်။ ဗိုလ်မင်းတွေလည်း နည်းနေပါပြီ။ အရှင်မင်းကြီးကိုယ်တိုင် ကွပ်ကဲပါမှ သူတို့တွေ အားကုန်ကြိုးပမ်းကြမယ်လို့ ထင်ကြောင်းပါ ဘုရား”

ဖန်းလာက သဘောတူ၏။

"ဟုတ်ပေတယ်။ ကဲ၊ တပ်မှူးအဆင့်အားလုံး ငါနဲ့ လိုက်ပါပြီး အဆုံးအဖြတ် တိုက်ပွဲကို ဆင်နွှဲဖို့ ပြင်ဆင်ကြစေ"

"ဘယ်သူက တပ်ဦးက ချီတက်မှာလဲ" အမတ်ချုပ်က မေး၏။

"ဝင်းမှူးချုပ်၊ တပ်မှူးချုပ်တူတော် ဖန်းကျီနဲ့ သူ့လက်ထောက် ခြေသည်တပ် မြင်းသည်တပ် စစ်သူကြီးတူဝေတို့က တပ်ဦးက ချီမယ်။ သူတို့အောက်မှာ တပ်မှူး သုံးဆယ်နဲ့ ဝင်းကိုယ်ရံတော် တသောင်းခွဲတို့ ပါမယ်။ တိုက်စစ် မဆင်ခင်မှာ တောင်ပေါ် လမ်းတွေ၊ တံတားတွေကို ရှင်းထားခိုင်းလိုက်"

ဖန်းကျီမှာ ရှေကျိုတွင် အသတ်ခံရသော ဘထွေးတော်ဖန်းဟို၏ မြေး ဖြစ်၏။ သူ့ ဘိုးအေအတွက် လက်စားချေလိုသည့်အတွက် ရန်သူများကို အတိုက်ခိုင်းရန် သူကပင် တောင်းခံမည့်ဆဲဆဲတွင် ယခုကဲ့သို့ တပ်ဦးချီဗိုလ်ချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်၏။ လုံ့လ ဝီရိယရှိသော ဖန်းကျီသည် အကြောက်အရွံ့လည်း မရှိပေ။ သူ့လက်နက်မှာ လခြမ်းကွေးပုံ အသွားရှိသည့် လှံပုဆိန်ကြီး ဖြစ်၏။

တူဝေကမူ နဂိုက ရှေကျို့တောင်တန်းဒေသမှ ပန်းပဲဆရာ ဖြစ်ခဲ့၏။ သူက လက်နက် မျိုးစုံ သွန်းခတ် ထုတ်လုပ်နိုင်သဖြင့် ဖန်းလာ၏ လူယုံတော် ဖြစ်လာ၏။ တိုက်ပွဲတွင် သူက ပေါက်ခေးခြောက်ချောင်းကို ကိုင်ဆောင်ကာ ခြေလျင်တိုက်ခိုက်သူ ဖြစ်၏။ ဖန်းလာက ဝင်းကိုယ်ရံတော်၏ လက်နက်သင်တန်းမှူး ဟိုကုန်းလုန်ကို ဝင်းကိုယ်ရံ တော်အင်အား တသောင်းကို ဦးစီးကာ လူကွမ်းယီကို တိုက်ခိုက်ရန် အမိန့်ပေး၏။

စုန်ကျန့်၏ တပ်မှာ ရေကြောင်း၊ ကြည်းကြောင်းဖြင့် မူကြို့မှ ရေကြည်ချောင်းသို့ ချီတက်လာနေပြီ ဖြစ်၏ ။ လီကျွမ်းက လှေတပ်များကို ဦးစီးရ၏။ ဝုရုံက စုန်ကျန့်ဘေးမှ မြင်းစီးလာစဉ် အကြံပေး၏။

"ကျုပ်တို့ ဝိုင်းလာတာကို ဖန်းလာ သိမှာပဲ။ သူက တောင်တွေထဲမှာ သွားပုန်းရင် ရှာရခက်မှာပဲ။ သူ့ကိုဖမ်းပြီး ဧကရာဇ်မင်းကြီးဆီကို ပို့ဖို့အတွက် ကျုပ်တို့က အတွင်းအပြင် ညှပ်ပြီး ဆောင်ရွက်ရမယ်။ သူ့ကို မဖမ်းခင်မှာ သူမှန်းသိတဲ့ လူတယောက်က ပြဖို့လိုမယ် ဗျ။ သူ ဘယ်ကို ဦးတည်နေလဲ သိဖို့ကလည်း လိုတယ်။ ဒါမှ သူတို့ မလွတ်မှာ။

"လက်နက်ချချင်ယောင်ဆောင်ပြီး ဝင်မှပဲ ကျုပ်တို့လူတွေ သူတို့ထဲကို ရောက်ပြီး သူ့လှုပ်ရှားမှုကို သိရမယ်ဗျ။ နောင်ကြီးကျဲ့ကျင်းနဲ့ ယန်ချင်းတို့ကို

လွှတ်ထားတာလည်း ကြာပြီ။ သူတို့ဆီက ဘာမှလည်း မကြားရသေးဘူး။ ဘယ်သူများ လက်နက်ချခိုင်းလိုက် ရရင် ကောင်းမလဲ”

“ကျုပ်အထင်တော့ လီကျွမ်းနဲ့ အတော်ဆုံး ဖြစ်မယ်။ သူ့ကို ဆန်လှေတွေနဲ့ သွားခိုင်း လိုက်ပြီး ဆန်တွေကို ဆက်ကြေးဆိုပြီး ပေးခိုင်းလိုက်မယ်။ ဒါဆို မသင်္ကာဖြစ်ကြမှာမဟုတ် ဘူး။ ဖန်းလာက တောင်ပေါ်ရွာလေးကပါ။ အမြင်ကျဉ်းတဲ့ သူပါဗျာ။ ဒီလောက်ဆန်တွေ အများကြီးကို မြင်ရရင် ငြင်းမှာ မဟုတ်ဘူး”

“သိပ်ပါးနပ်ပါပေ့ဗျာ” ဟု စစ်ဘက်အကြံပေးကို ချီးမွမ်းကာ လျှို့ဝှက်ညွှန်ကြားချက် များကို လီကျွမ်းထံသို့ ထိုက်ချုံကို လွှတ်ကာ စုန်ကျန့်က ပြောခိုင်းလိုက်၏။

လှေတပ်တပ်မှူးကလည်း ဖိုးရုံငယ်နှင့် ဖိုးရုံလေးကို လှေသူကြီးများအဖြစ်၊ တုန် ညီနောင်တို့ကို လှေသားများအဖြစ် အယောင်ဆောင်စေ၏။ ထို့နောက် လှေအစီး ခြောက် ဆယ်တွင် ဆန်အပြည့်တင်ကာ တာ့စီမှ ထွက်ခဲ့၏။ ဆန်များ လာဆက်သကြောင်း ဖော်ပြထားသော တံခွန်များကို လှေများတွင် ထူထားစေ၏။ ရေကြည်ချောင်းနှင့် နီးလာသော အခါ တောင်ပိုင်းတိုက်လှေတစီးနှင့် တွေ့ရာ ထိုလှေက မြားမိုးရွာကာ ဟန့်တားလေ၏။

ကုန်းပတ်ပေါ်မှ နေ၍ လီကျွမ်းက အသံကုန်ဟစ်ရ၏။

“မပစ်ပါနဲ့၊ ပြောစရာ ရှိပါတယ်။ လာ လက်နက်ချတာပါ။ ဒီဆန်တွေက ခင်ဗျားတို့ တိုင်းပြည်ကြီးက စစ်သည်တွေဖို့ ရိက္ခာတွေပါ၊ လက်ခံပါ ခင်ဗျား”

လီကျွမ်းတို့မှာ ဘာလက်နက်မှ မပါကြောင်း ထင်ထင်ရှားရှား တွေ့ရ၏။ ထို့ကြောင့် တောင်ပိုင်းသားတို့က အပစ်ရပ်လိုက်ကြ၏။ လှေပေါ်တက်၍ ရှာဖွေမည့် အဖွဲ့တဖွဲ့ကို လွှတ်လိုက်၏။ သေချာစွာ စစ်ဆေးပြီးနောက် အမတ်ချုပ်လို ထံသို့ သတင်းပြန်ပို့ကြ၏။ လိုက ကမ်းကပ်ခွင့် ပေးလိုက်ပြီး လီကျွမ်းကို သူ့ထံသို့ ခေါ်လာစေ၏။ လီကျွမ်းက အရိုအသေ ပေးလိုက်ရာ သူက စ မေး၏။

“မင်းက စုန်ကျန့်ဆီမှာ ဘာလဲကွ။ မင်းအဆင့်က ဘာလဲ၊ ဒီဆန်တွေနဲ့ ဘာလို့ လာ အညံ့ခံရတာလဲ”

“ကျွန်တော့်နာမည်က လီကျွမ်းပါ။ ကျွန်တော်က နဂိုက ရွှင့်ယန်မြစ်ထဲက ရဲရင့်သူပါ။ စုန်ကျန့်ကို လူသတ်ကွင်းကနေ ကယ်ခဲ့ဖူးပါတယ်။ ခုတော့ သူက လွှတ်ငြိမ်းခွင့်ရပြီး တပ် ဦးချီဗိုလ်ချုပ် ဖြစ်နေတော့ အရင်က ကျေးဇူးတွေကို သတိမရတော့ဘူး။ ကျွန်တော့်ကိုဆို အရက်ခွဲတာ အကြိမ်ကြိမ်ပဲ။ သူက ခင်ဗျားတို့ ပြည်နယ်တွေကို သိမ်းထားတယ်လို့ ဆိုပေ မယ့် ကျွန်တော်တို့ညီနောင်တွေ

သေရတာလည်း မနည်းဘူးဗျ။ သူက တိုက်စစ်မှန်း ခွာစစ် မှန်းတောင် သိတဲ့လူ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ လေ့တပ်ကို ရှေ့ပဲ အတင်းတက်ခိုင်း နေတာ။ ဒီတော့ သူ စော်ကားတာတွေလည်း မခံနိုင်တော့ဘူး။ ဒါကြောင့် ဒီ ဆန်တွေကို ဒီနိုင်ငံတော်ကြီးအတွက် ဆက်သပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အပ်နှင်းပါတယ်”

ယုံကြည်သွားသဖြင့် လိုက လီကျွမ်းကို ဖန်းလာ ရှေ့တော်သို့ သွင်းလေ၏။ လီကျွမ်းက ကန်တော့ကာ သူ့ဇာတ်လမ်းကို ပြန်၍ ပြောပြလေ၏။ ဖန်းလာလည်း မယုံကြည်စရာ ဘာမျှ မတွေ့ရသဖြင့် လီကျွမ်းကို လေ့တပ်ဗိုလ်ချုပ်အဖြစ် ခန့်အပ်လိုက်၏။ ဖိုးရုံညီနောင်၊ တုန်ညီနောင်တို့ကိုလည်း လေ့တပ်တပ်မှူးများအဖြစ် တာဝန်ပေးလိုက်၏။ ဆန်လှေ များကို ရေကြည်ချောင်း လေ့တပ်စခန်းတွင် ဆိုက်ထားရ၏။

ထိုစဉ်အတွင်း စုန်ကျန့်က ရေကြည်ချောင်းနယ်နိမိတ်သို့ အခြေအနေကြည့်ရန် ကွမ်ရှိန်း၊ ဟွရုံ၊ ချင်မင်း၊ ချူတုံတို့အား စေလွှတ်လိုက်၏။ ထိုနေရာတွင် တူတော်မောင် ဖန်းကျီတို့ တပ်နှင့် ဝင်တိုးလေ၏။ နှစ်ဖက်တပ်များသည် တပ်ဖြန့်ထားကြ၏။

တောင်ပိုင်းတပ်တွင် ဖန်းကျီ၏ မြင်းနောက်တွင် တူဝေ ရှိ၏။ ချပ်ဝတ်များ ဝတ်ထား ကာ နောက်ကျောတွင် ပေါက်ဓားငါးချောင်းကို ထိုးထား၏။ တူဝေက ကြယ်ခုနစ်ပွင့် ဓားတော်ကို ကိုင်ကာ ခြေကျင်တိုက်ခိုက်သူ ဖြစ်၏။ ထိုသူနှစ်ယောက် ရှေ့တန်းသို့ ထွက်လာ ကြ၏။

စုန်ကျန့်တို့ဘက်မှ ချင်မင်းက သူ့ဝံပုလွေသွားတပ် တင်းပုတ်ကြီးတဝင့်ဝင့်နှင့် ဖန်းကျီ ထံသို့ ဝင်၏။ နှစ်ယောက်သား ဘာမှမပြောဘဲ တိုက်ခိုက်ကြလေ၏။ အချီသုံးဆယ်ကျော် တိုက်ပြီးသော်လည်း အနိုင်အရှုံးမထွက်သေးချေ။ နှစ်ဦးစလုံးကပင် အစွမ်းကုန် တိုက်ခိုက် နေကြ၏။

ဖန်းကျီ၏ အခြေအနေမှာ မတိုးတက်ကြောင်း မြင်ရသဖြင့် တူဝေက သူမြင်းနောက်မှ ထွက်ကာ ချင်မင်း မျက်နှာကို ဓားပျံဖြင့် ပေါက်လိုက်၏။ ချင်မင်းက ရှောင်လိုက်ရာ ဤ အလစ်ကို အခွင့်ကောင်းယူကာ ဖန်းကျီက တချက်တည်းဖြင့် ထိုးကာ လက်စတုံးလိုက် လေ၏။ မိုးကြိုးသွားချင်မင်းခမျာမှာ အရွယ်ကောင်းတုန်းတွင် သေရရှာ၏။

ဖန်းကျီက စုန်တပ်ကို ဝင်မတိုက်ရဲပေ။ ထို့ကြောင့် အရာရှိငယ်များက သူတို့ ခေါင်းဆောင်၏ အလောင်းကို ကျော့ကွင်းများဖြင့် ချိတ်ကာ အမြန်ကောက်သွားကြ၏။ ချင်မင်း ကျဆုံးကြောင်း သတင်း ကြားရသောအခါ စုန်ကျန့်၏ မျက်နှာမှာ သွေးဆုတ်သွားလေ၏။ ခေါင်းသွင်းထားရန် ညွှန်ကြားလိုက်ပြီးနောက် တပ်ဖွဲ့တဖွဲ့ကို လွှတ်လိုက်ပြန်၏။

နိုင်ထား၍ ခြောက်နေသော ဖန်းကျီက လှမ်းအော်၏။

"မင်းတို့မှာ သူရဲကောင်းတွေ ရှိသေးလား၊ ထွက်လာခဲ့၊ တိုက်မယ်"

စုန်ကျန့်က ရှေ့တန်းသို့ အမြန်တက်ခဲ့၏။ ဖန်းကျီ၏ နောက်တွင် ဖန်းလာ၏ တပ်မ လိုက်ပါလာကြောင်း မြင်လိုက်ရ၏။ ရွှေဘူးသီးများကို တပ်ထားသည့်တိုင်များ၊ စစ်ပုဆိန် အတန်းလိုက်များ၊ လှံပုဆိန် အတန်းလိုက်များ၊ နဂါးနှင့် နတ်ငှက်ရုပ်များ၊ ပန်းထိုးထား သည့်အလံများ၊ အနီရောင်နှင့် အစိမ်းရောင် ကြက်လျှာများ၊ ကျောက်စိမ်း ခြေနင်းကွင်းများ၊ သားရေပြောင်ကုန်းနှီးများ၊ ပုလဲလုံးများကို ပိန်ညင်းငှက်အပြာရောင် ပိုးချည်များဖြင့် ချုပ်ကာ ပုံဖော်ထားသည့် တံခွန်များ၊ မာန်ထနေသော နဂါးနှင့် ကောင်းကင်ပြာပြာ မရန်း ရောင်မြူများကို သရုပ်ဖော်ထားသည့် ပေါင်းမိုးများ စသည်ဖြင့် တမျှော်တခေါ်ပင် မြင်ရ၏။ နယ်ဘက်အမှုထမ်းများက ဝဲဘက်၊ စစ်ဘက်အရာရှိများက ညာဘက်တွင် ရပ်နေကြ၏။ သူပုန်မင်းထံတွင် အမတ်ကြီးများ အများအပြားပင် ရှိကြောင်း တွေ့ရလေ၏။ တောင်ပေါ် ခံစခန်းထက် အရည်အချင်း မသာသော်လည်း မင်းလုပ်ချင်စိတ်ကမူ ပြင်းထန်လှပေ၏။

ယင်းတို့၏ အလယ်တွင် ဘုံကိုးဆင့်ရှိသော တော်သုံးထီးဝါ၏ အရိပ်အောက်တွင် မြင်းစီးနေသူမှာ သူပုန်မင်း ဖန်းလာကိုယ်တိုင် ဖြစ်လေ၏။ ရွှေရောင်ခေါင်းဆောင်း အနား လန်လန်ကို ဆောင်းထားကာ နေ၊ လ၊ တိမ်၊ နောက်ခံတွင် နဂါးကိုးကောင်ပုံကို ပန်းထိုး ထားသောဝတ်လုံအဝါကို ဝတ်ကာ ကျောက်စိမ်းခါးပန်းကို ပန်းထားလေ၏။ တိမ်လွှာပုံ များကို ရွှေခြည်ဖြင့် ဖော်ထားသော ခြေနင်းတော်ကိုလည်း စီးထားလေ၏။

ငွေရောင်ဖွေးနေသော မြင်းကောင်းမြင်းသန့်ကြီးကို စီးကာ တိုက်ပွဲကို ကိုယ်တိုင် ညွှန်ကြားရန် ထွက်လာခြင်းဖြစ်ပေ၏။ စုန်ကျန့်ကို မြင်သွားသဖြင့် ဖမ်းရန် ဖန်းကျီကို ခိုင်း လေ၏။ စုန်တပ်များကလည်း တိုက်ခိုက်ရန်၊ ဖန်းလာကို ဖမ်းရန် အသင့်ပြင်ထားကြ၏။

ဖန်းကျီက ထွက်၍ တိုက်မည်ပြုနေစဉ် မြင်းစေကျော်တယောက် မြင်းဒုန်းစိုင်းစီးကာ ရောက်လာပြီး သတင်းပို့လေ၏။

"လူကွမ်းယီ ဦးစီးတဲ့ စုန်တပ်တွေက ဟိုကုန်းလုန်ကို ဖမ်းလိုက်ပြီ။ ကျွန်တော်တို့ တပ်တွေလည်း ကစဉ့်ကလျား ဖြစ်ကုန်ပြီ။ သူတို့တပ်တွေလည်း တောင်နောက်ကျောမှာ ရောက်နေကြပြီ"

ဖန်းလာလည်း ဟိုက်ခနဲ ဖြစ်သွား၏။ ချက်ချင်းပင် တပ်ဆုတ်ပြီး နန်းတော်ကို ကာ ကွယ်ရန် အမိန့်ထုတ်လိုက်လေ၏။ မင်းကြီး ဆုတ်နေစဉ် တပ်ကို

ထိန်းထားရန် တူဝေကို ဖန်းကျီက အမိန့်ပေး၏။ ပြီးမှ ယင်းတို့နှစ်ယောက် လိုက်သွားကြ၏။

ရေကြည်ချောင်းသို့ ပြန်ရောက်သောအခါ နန်းတော်အတွင်းမှ အော်သံ၊ ငိုသံများကို ကြားရ၏။ နေရာအနှံ့မှ မီးတောက်များ တက်လာ၏။ စစ်သည်များ၊ မြင်းများသည်လည်း ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေကြပြီ။ လီကျွမ်းနှင့် သူ့လူများက မြို့ကို မီးတိုက်လိုက်လေပြီ။ ရေကြည်ချောင်းကို ကာကွယ်ရန် ဖန်းလာက သူ့ဝင်းကိုယ်ရံတော်တပ်များနှင့် အတင်း ဝင်လေ၏။

စုန်ကျန့်တို့တပ်က နောက်မှ လိုက်ကာ တိုက်ခိုက်သတ်ဖြတ်ကြ၏။ မြို့မီးလောင်နေ သည်ကို မြင်ရသဖြင့် လီကျွမ်းတို့ သူတို့၏တာဝန်ကို ဆောင်ရွက်လိုက်ပြီဟု သိရ၏။ ထို့ ကြောင့် အတင်းမောင်း၏။ ထိုစဉ်တွင် လူကွမ်းယီ၏တပ်များသည်လည်း တောင်နောက်မှ ပတ်၍ ထွက်လာကြ၏။ တပ်နှစ်တပ် ပူးပေါင်းကာ ဆက်၍ တိုက်ခိုက်ကြ၏။

ရေကြည်ချောင်းနန်းတော်သည် စုန်တပ်များ၏ ဒဏ်ဖြင့် ညက်ညက်ကြေရလေ၏။ တောင်ပိုင်းစစ်သည် များကို နေရာအနှံ့တွင် ဖမ်းကြ၏။ မြို့ထဲ အကာအကွယ်ကို လုံးဝ ချိုးဖျက်လိုက်ပြီ ဖြစ်၏။ ဖန်းကျီ၏ အစောင့်အရှောက်ဖြင့် ဖန်းလာသည် ပန်းယွမ်ဂူသို့ ထွက်ပြေးလေ၏။

စုန်ကျန့်တို့တပ်သည် ရေကြည်ချောင်းသို့ ဝင်ပြီးနောက် ဖန်းလာ၏ နန်းတော်ကို လုယက်ကြ၏။ တရားမဝင် သုံးစွဲနေသော မင်းခမ်းမင်းနားများကို ဖျက်ဆီးကြ၏။ အဖိုးတန် ပစ္စည်းများကို သိမ်းယူကြ၏။ နန်းတော်ကို ပြာကျအောင် မီးတိုက်၏။ ဘဏ္ဍာတိုက်နှင့် ကျီ များကို အပြောင်ရှင်း၏။ စုန်ကျန့်နှင့် လူကွမ်းယီတို့ ရေကြည်ချောင်းတွင် စခန်းချကြရာ တပ်မှူးများက လာ၍ ဆုခံကြ၏။ လူစစ်စေရာ အကျအဆုံး ထပ်တိုးနေသည်ကို တွေ့ရ၏။ ယူပေါက်စီနှင့် စုန်းမဆွန်တို့မှာ တူဝေ၏ ဓားပုံများ လက်ချက်မိကာ သေရရှာ၏။ စို့ယွမ်နှင့် ဒူရှန်းတို့မှာ မြင်း အနင်းခံရ၍ သေရရှာ၏။ လီလီ၊ ထန်လုံ၊ ကိုင်ဖုတို့မှာ ဒဏ်ရာပြင်းထန်၏။ ကုနိုင်ဖွယ်ရာလည်း မရှိ။ ဖိုးရုံငယ်မှာ အမတ်ချုပ် လိုမင်ချုန်း၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရ၏။

တောင်ပိုင်းအရာရှိ ကိုးဆယ့်နှစ်ဦးကို ဖမ်းမိသည့် တပ်မှူးများကို ဆုချ၏။ ထိုအရာရှိတို့ကို ဘုရင်ခံချုန်းထံသို့ ပို့ရ၏။ ယင်းတို့ကို ခေါင်းဖြတ်သတ်ကာ ခေါင်းပြတ်များကို ပြထားမည် ဖြစ်၏။

မြို့ခံ သတင်းပေးတဦးက-

“တပ်မှူးတို့ တပ်တွေ ရေကြည်ချောင်းကိုဝင်တော့ အမတ်ချုပ်လိုလည်း ထင်းရှူးပင် တပင်မှာ ကြိုးဆွဲချပြီး သတ်သေသွားတယ်။ သူက ဗိုလ်မင်းဖိုးရုံငယ်ကို

သတ်ခဲ့တာကိုး”

တူဝေကား သူ့မယားငယ် အဆိုသမတဦး၏ အိမ်တွင် ပုန်းနေကြောင်း သူ့ဖောက်သည်ဟောင်း တယောက်က ဖော်သဖြင့် ဖမ်း၍ ခေါင်းဖြတ်သတ်ရ၏။ ထိုဖော်ကောင်ကို လည်း ဆုချ၏။ ကိုင်ကျင်းက တူဝေ၏ နှလုံးသားကို ခွဲထုတ်ယူကာ ရေကြည်ချောင်းတိုက်ပွဲ တွင် ကျဆုံးသော တပ်မှူးများအတွက် ရည်စူးကာ ယဇ်ပူဇော်လေ၏။ ထိုပွဲတွင် စုန်ကျန့် ကိုယ်တိုင် ဦးဆောင်ကာ ပူဇော်၏။

နောက်တနေ့တွင် လူကွမ်းယီက ပန်းယွမ်ဂူသို့ သွားကာ ဝင်ပေါက်ကို ဝိုင်းထားလိုက် ၏။ ဖန်းလာမှာ ဂူအတွင်းတွင် ဖန်းကျီ၏အစောင့်အရှောက်ဖြင့် ကုပ်၍ နေရ၏။ တောင် ပိုင်းသားတို့က ထွက်၍ မတိုက်ကြ။ စုန်ကျန့်တို့ကလည်း အထဲသို့ မဝင်နိုင်ပေ။ ဖန်းလာ မှာလည်း နေမထိ ထိုင်မသာ ဖြစ်နေစေကာမူ ဘာမျှလည်း မလုပ်နိုင်ပေ။ ဤသို့ဖြင့် သုံးလေးရက် ကြာသွားလေ၏။

ဖန်းလာလည်း မှိုင်ပုံချကာ နေ၏။ ထိုစဉ် သူ့သလွန်ခြေရင်း၌ ပိုးထည်များ ဝတ်စား ထားသော မှူးမတ်တဦးက ကုန်း၍ ကန်တော့လျက် လျှောက်တင်လေ၏။

“ကျွန်တော့်မှာ ဘာစွမ်းရည်မှတော့ မရှိပါဘုရား။ ဒါပေမဲ့ အရှင့်ကျေးဇူးတော်ကို ပြန်ဆပ်လိုပါတယ်။ ကျွန်တော်က စစ်ပညာကျမ်းစာတွေကို နှံ့စပ်ပါတယ်။ လက်နက်ရေး တွေကိုလည်း တဘဝလုံး လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော့်ကို တပ်တဖွဲ့လောက်ကို ယုံမှတ် အပ်နှင်းခဲ့ရင် စုန်တပ်ကို ပြန်တိုက်ထုတ်ပြီး တိုင်းပြည်ကို ပြန်ထူထောင်လိုပါတယ်။ ကျွန်တော့်တင်ပြချက်နဲ့ အရှင့်ဆန္ဒ ကိုက်ညီမယ် မျှော်လင့်ပါတယ် ဘုရား”

ဖန်းလာသည် ဝမ်းသာအားရ စစ်သားများကို စုကာ ထိုသူအား အပ်နှင်းပြီး စုန်ကျန့် တို့အား ထွက်တိုက်စေ၏။ မည်သူနိုင်မည်ဟု ခန့်မှန်းရန် မလွယ်ပေ။ နှစ်ဖက်စလုံးမှာ အထင်ကြီးဖွယ်ပင် ဖြစ်၏။

ဖန်းလာက ဤတပ်ဖွဲ့ကို စေလွှတ်သဖြင့် ရွှေသလွန်ခြေရင်းတွင် ခေါင်းပြတ်များ လှိမ့်နေကြကာ နန်းတော်၏ ကျောက်စိမ်းတံခါးရွက်များတွင်လည်း သွေးစက်များ စဉ်ကာ ပေကျံကုန်ကြ၏။ ဖန်းလာ၏ အသိုက်အမြုံလည်း ပြောင်တလင်းခါသွားရပြီး စုန်ကျန့် သည်လည်း အမှုတော်ကြီးကို ထမ်းရွက်နိုင်ခဲ့ပေ၏။

ဖန်းလာ၏ တောင်ပိုင်းတပ်များကို မည်သူ ဦးဆောင်ခဲ့ပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၉၉

ကျဲ့ကျန်းတွင် ရှင်ဉာဏ အနိစ္စရောက်ခြင်း

စုန်ကျန့် အခမ်းအနား အဆောင်အယောင်ဖြင့် အိမ်ပြန်ခြင်း

တောင်ပိုင်းတပ်များကို ဦးစီးကာ ဂူထဲမှ ထွက်တိုက်မည့်သူကား အခြားသူမဟုတ်။ ကြင်ရာ တော်မြို့စားကြီး ကေ့ယင် ပေတည်း။ ဖန်းလာကား အထူးဝမ်းမြောက်လျက် -

"ငါတို့ အရတော်လိုက်တာ။ ကြင်ရာတော်မြို့စားကြီးက ခေါးပြတွေကို တိုက်ထုတ် ပေးမယ်တဲ့။ တိုင်းပြည်ဂုဏ်ကို ပြန်ဆောင်ဖို့ သူ့စွမ်းရည်ကို အသုံးချရမယ်"

ကေ့ယင်သည် ချက်ချင်းပင် စစ်ထွက်နိုင်ရန် ပြင်ဆင်၏။ ယွန်းပီကို သူ့လက်ထောက် အဖြစ် တာဝန်ပေး၏။ ဖန်းလာက သူ ဝတ်သည့်ရွှေချပ်ဝတ်၊ ပိုးဝတ်လုံ၊ မြင်းကောင်းတစီး တို့ကို ပေးအပ်၏။ တူတော် ဖန်းကျီနှင့် အခြားဗိုလ်ချုပ် နှစ်ဆယ်ကျော်တို့ လိုက်ပါလျက် အင်အားတသောင်းပါ တပ်ကို ဂူရှေ့တွင် တပ်ဖြန့်ထားလိုက်၏။

ဤသတင်းကို လူကွမ်းယီနှင့် စုန်ကျန့်တို့ ရသဖြင့် သူတို့လည်း တပ်များကို ခင်းကျင်း ထားလိုက်၏။ ကေ့ယင် ရှေ့သို့ မြင်းစီးထွက်လာသည်ကို မြင်ကြရ၏။ သူ့ကို ကျဲ့ကျင်းဟု မည်သူမျှ မမှတ်မိကြ။ စုန်ကျန့်က ဟွရုံကို အတိုက်ခိုင်းလိုက်၏။ ဟွရုံသည် လှံကို အသင့် ကိုင်ကာ မြင်းကို ကဆုန်ပေါက်စီးပြီး ထွက်လာကာ စိန်ခေါ်သူသို့ တုံ့ပြန်စိန်ခေါ်၏။

"ဟေ့ကောင်၊ မင်းက ဘယ်သူတုံး။ သူပုန်တွေကများ တပ်တော်ကို ယှဉ်ရဲသလား။ ငါ့ လက်ချက်မိတော့မယ်။ စောင့်နေ၊ မင်းကို နုပ်နုပ်စဉ်းပစ်မယ်။ မြင်းပေါ်က ဆင်းစမ်း။ လက်နက်ချစမ်း၊ ငါ ချမ်းသာပေးမယ်"

"ငါက ရှန်တောင်က ကေ့ယင်ပဲ။ ငါ့ကို လူတိုင်း သိတယ်။ မင်းတို့လို လျှံ့ရှန်းကျူအင်း ကခေါးပြတွေကိုများ ငါက ဂရုမစိုက်သေးဘူး။ မင်းတို့ကို ရှင်းပစ်ပြီး မြို့တွေကို ပြန်သိမ်း ပစ်မယ်ကွ"

နားထောင်နေသော စုန်ကျန့်နှင့် လူကွမ်းယီတို့က "အသံကတော့ ကျဲ့ကျင်းအသံပဲ၊ ဒါပေမဲ့ သူ့ကြည့်ရတာ သစ္စာဖောက်မယ့်ပုံတော့ မရှိဘူး။

နာမည်ကိုလည်း ကေယင်လို့ ပြောင်းထားတယ်။ ဒါပေမဲ့ ကျဲ့ကျင်းနဲ့ ကေ့ယင်ကအဓိပ္ပာယ်အတူတူပဲ”ဟု စဉ်းစားမိကြ၏။

ဝုရုံက-

“သခင်လေးကျဲ့ကျင်းက တောပုန်းမဖြစ်ခင်တုန်းကတော့ ဝရမ်းပြေးတွေကို လက်ခံ ထားတယ်။ ကုန်သည်တွေကို ရုပ်ဖျက်ပေးတယ်။ ဒါတွေကို ခုတော့ မေ့ကုန်ပြီလား မသိဘူး”

လူကွမ်းယီက-

“ကျဲ့ကျင်းက ဘယ်လိုတိုက်မလဲ ဆိုတာ ကြည့်ကြတာပေါ့”

ဟွရုံက မြင်းကို အတင်းမောင်းဝင်ခဲ့ရာ နှစ်ဦးသား ဆုံတွေ့ကြလေပြီ။ လက်နက်ချင်း ထိခတ်ကြပြီ။ တိုက်ခိုက်ကြလေပြီ။ တဖြည်းဖြည်းနှင့် နှစ်ယောက်စလုံး ချောက်နက်တခု အနီးသို့ ရောက်လာ၏။ ပို၍ ပူးပူးကပ်ကပ် တိုက်ခိုက်ကြ၏။ ကျဲ့ကျင်းက အသံနိမ့်နိမ့်ဖြင့်-

“ရှုံးချင်ယောင်ဆောင်လိုက် နောင်ကြီး၊ နောက်မှ ရှင်းပြမယ်”

ဟွရုံက ကြားသဖြင့် သုံးချီမျှ တိုက်ပြီးသော် ရှုံးဟန်ဆောင်ကာ ဆုတ်ခွာလေ၏။

“ဟေ့ ရှုံးသွားတဲ့ကောင်၊ ငါ မင်းကို မလိုက်ဘူး။ နောက်ထပ် ရှိသေးရင် ထွက်ခဲ့ကြ။ လာတိုက်ကြ”

ဟွရုံက မြင်းဒုန်းစိုင်းစီးကာ ပြန်လာပြီး စုန်ကျန့်တို့ကို အကြောင်းစုံ ရှင်းပြ၏။ ပုရုံက “ကွမ်ရှိန်းကို တိုက်ခိုင်းလိုက်”ဟု အကြံပေး၏။ ကွမ်ရှိန်းလည်း လှံပုဆိန်ကြီးကို ဝှေ့ကာ အတင်းထွက်လာကာ လှမ်းအော်၏။

“ရှန်တောင်က အရာရှိပေါက်စကများ လာစမ်း၊ ငါ့ကို လာတိုက်စမ်း”

နှစ်ယောက်သား အကြောက်အရွံ့မရှိ ငါးချီခန့် တိုက်ကြ၏။ ထို့နောက် ကွမ်ရှိန်းက ရှုံးဟန်ဆောင်ကာ ပြန်ပြေး၏။ ကေ့ယင်ကလည်း မလိုက်ဘဲ နောက်တခါ စိန်ခေါ်ပြန်၏။

“မင်းတို့ဗိုလ်ချုပ်တွေ မာလှချေရဲ့ဆို၊ ဘယ်သူ တိုက်ရဲလဲ”

စုန်ကျန့်၏ အမိန့်အရ ချူတုံ အလှည့်ကျ၏။ တက်ချီ ဆုတ်ချီဖြင့် နှစ်ယောက်သား တိုက်ချင်ဟန် ပြုကာ နှစ်ဖက်တပ်ကို လှည့်စားနေ၏။ ခြောက်ချီ

ခုနစ်ချီ တိုက်ပြီးသော် ချူတုံက ထွက်ပြေး၏။ ကျဲ့ကျင်းက လုံကို တမင်ချော်ကာ ထိုးလိုက်၏။ ချူတုံကမြင်းပေါ်မှ ခုန်ချပြီး စုန်ကျန့်တို့တပ်ထဲသို့ ဝင်ပြေး၏။

လွတ်သွားသော မြင်းကို တောင်ပိုင်းသားတို့က ဝိုင်းဖမ်းကြ၏။ ကြင်ရာတော်က တက် တိုက်ရန် လက်ဝှေ့ယမ်းကာပြလိုက်ရာ အရှုးအမူး တက်တိုက်ကြသဖြင့် စုန်ကျန့်တို့လည်း နောက်ကို ဆယ်လီခန့် ဆုတ်ပြီးမှ စခန်းချကြ၏။ ကေ့ယင်လည်း အတန်ဝေးအောင် လိုက်ပြီးမှ သူ့တပ်နှင့်အတူ ဂူသို့ ပြန်လာခဲ့၏။

ဖန်းလာထံသို့ ကောင်းသတင်းများ ရောက်သွား၏။

"သတ္တိပြောင်တဲ့ ကြင်ရာတော်မြို့စားက ရန်သူဗိုလ်ချုပ် သုံးယောက်ကို နှိမ်နင်းပြီး စုန်ကျန့်တပ်ကို ဆယ်လီလောက် မောင်းထုတ်လိုက်တယ်"

ဖန်းလာသည် ဝမ်းမြောက်လှသဖြင့် စားသောက်ပွဲကြီးကို တည်ခင်းစေ၏။ ကြင်ရာတော်ကိုလည်း စစ်ဝတ်များကို ချွတ်လဲစေပြီး ဂုဏ်ထူးဆောင်နေရာတွင် ထိုင်စေ၏။ ဖန်းလာက ရွှေခွက်ကို မြှောက်ကာ ဂုဏ်ပြုစကား ပြော၏။

"ငါက မင့်ကို စာတတ်ပုဂ္ဂိုလ်လို့ပဲ သိထားတာ။ မင်းမှာ စစ်စွမ်းရည် ဒီလောက်ရှိမှန်း ငါ မသိခဲ့ဘူး။ မင်းက ဒီလို သူရဲကောင်းမှန်း စောစောက သိရင် ငါတို့မြို့တွေ ဒီလို ဆုံးရှုံးမှာ မဟုတ်ဘူး။ မင်းအစွမ်းတွေ အကုန်ပြစမ်း၊ ခေးပြတွေကို သတ်ပစ်စမ်း။ ငါတို့ အာဏာကို ပြန်ထိန်းသိမ်းရမယ်။ မင်းလည်း ငါတို့လို ဂုဏ်တက်စေရမယ်"

ကေ့ယင်က-

"စိတ်ချပါ အရှင်မင်းကြီး၊ ကျွန်တော် အစွမ်းကုန် ဆောင်ရွက်ပါ့မယ်။ မနက်ဖြန် စုန်ကျန့်တို့ကို ချေမှုန်းတဲ့အခါမှာ အရှင်မင်းကြီး တောင်ကုန်းထိပ်ကနေ ရှုစားနေပါဘုရား"

ဖန်းလာက သဘောတူ၏။ များစွာလည်း ကျေနပ်နေ၏။ ထိုညက စားကြသောက်ကြ ပွဲခံကြသည်မှာ ညဥ့်နက်သွားလေ၏။

နောက်တနေ့နံနက်တွင် ဖန်းလာက ညီလာခံ မကျင်းပဘဲ နွားများ၊ မြင်းများကို ပေါ်စေကာ တပ်သားများကို တဝတပြဲ ကျွေးမွေးစေ၏။ ထို့နောက် မြင်းစီးလျက်၊ ကြွေး ကြော်လျက် ၊ တံခွန်များကို ဝှေ့ယမ်းလျက်၊ စစ်စည်များကို တီးလျက် ဂူထဲမှ ထွက်ခဲ့ကြ၏။ နောက်ပါများ ခြံရံလျက် ဖန်းလာက ဂူပေါ်ရှိ တောင်ကုန်းပေါ်သို့ တက်ကာ တိုက်ပွဲကို ကြည့်နေ၏။

စုန်ကျန့်က တပ်မှူးအားလုံးကို အမိန့်ထုတ်ပြန်ထားလိုက်၏။

"ဒီကနေ့တိုက်ပွဲက အဆုံးအဖြတ် ပေးမယ်။ ဖန်းလာကို ရအောင် ဖမ်းကြပါ။ မသတ်ပါနဲ့။ ကျဲ့ကျင်းကို တွေ့ရင် သူ့နောက်ကို လိုက်ပြီး ဂူထဲဝင်ပါ။ ဖန်းလာကို ရအောင် ဖမ်း ကြပါ"

မြောက်ပိုင်းသားတို့သည် တိုက်ချင်ဇောဖြင့် လက်ဖဝါးချင်း ပွတ်သပ်လျက် ရှိကြ၏။ အားလုံးကပင် ဂူအတွင်း၌ ရတနာပစ္စည်းများကို လုယူရန်၊ ဂုဏ်သတင်း တိုးတက်ရန်၊ ဖန်းလာကို ဖမ်းပြီး ဆုငွေခံရန် စိတ်စောလျက် ရှိကြ၏။

စုန်ကျန့်တပ်များက ဂူအပြင်တွင် တပ်ခင်းကျင်းထားကြ၏။ တောင်ပိုင်းသားတို့ဘက် တွင်မူ ကေ့ယင်က ကြက်လျှာအလံများ အောက်တွင် မြင်းကို ရပ်ထားကာ တိုက်ပွဲဝင်ရန် ပြင်နေ၏။ သို့သော် တူတော်မောင် ဖန်းကျီက လာ၍ ဟန့်၏။

"နေဦး၊ ငါ သူတို့ဗိုလ်ချုပ်တယောက်ကိုအရင်သတ်လိုက်ဦးမယ်။ ပြီးမှ မင်းဝင်တိုက်" ကျဲ့ကျင်း နောက်တွင် ယန်ချင်း ရပ်နေသည်ကို စုန်တပ်များက မြင်ရသဖြင့် အားရကြ၏။

"ဒီအကြံကတော့ အောင်မြင်မှာ ကျိန်းသေတယ်" ဟု ပြောကာ လှုပ်ရှားရန် အသင့်ဖြစ်နေကြ၏။

ဖန်းကျီက ထွက်၍ စိန်ခေါ်၏။ ကွပ်ရှိန်းက ထွက်ကာ တုံ့ပြန်၏။ တိုက်ကြ၍ ဆယ်ချီမျှ မရှိသေးမီ ဟွရုံလည်း ဝင်ပါလာ၏။ နှစ်ယောက်နှင့် တယောက် တိုက်ရသော်လည်း ဖန်းကျီ မကြောက်ပေ။ ကွမ်ရှိန်းတို့ကလည်း သူ့ကို မနိုင်သေးပေ။ သို့သော် တဖြည်းဖြည်းနှင့် ခံစစ်အနေအထားသို့ ရောက်လာရ၏။

ထိုတွင် လီယင်းနှင့် ချူတုံတို့ကပါ ဝင်လာပြီး တိုက်ကြ၏။ လေးယောက်နှင့်တယောက် ဆိုသည်မှာ လွန်လွန်းနေပြီဖြစ်၍ ဖန်းကျီက နောက်ကို လှည့်ကာ ထွက်ပြေး၏။ ကေ့ယင်က ထွက်လာပြီး သူ့ကိုဟန့်တား၏။ ကြင်ရာတော်က လက်ကို ဝှေ့လိုက်ရာ စုန် တပ်မှူး လေး ယောက်က ဝိုင်းလာကြ၏။ ကေ့ယင်က လှံကိုရွယ်ကာ ဝင်တိုက်သောအခါ ဖန်းကျီလည်း မြင်းပေါ်မှ ခုန်ချကာ ထွက်ပြေးရန် ကြိုးစား၏။ သို့သော် ကျဲ့ကျင်းက သူ့ကို လှံနှင့် တချက် တည်း ထိုးချလိုက်လေ၏။ ယန်ချင်းက နောက်မှ ပြေးထွက်လာကာ ဖန်းကျီကို လက်စတုံး ပစ်လိုက်၏။

တောင်ပိုင်းစစ်သည်များလည်း ကြောင်နေကြ၏။ ခဏနေသော် အသက်ဘေးအတွက် ထွက်ပြေးကြလေ၏။ "ကြင်ရာတော် မြို့စားကြီး"က အသံကို

မြှင့်ကာ အော်ပြော၏။

"ငါက ကေ့ယင်မဟုတ်ဘူး။ ကျဲ့ကျင်း။ စုန်ကျန့်တပ်က တပ်မှူးကွ။ ငါ့လူပျိုတော်သား ကလည်း ယန်ချင်းတဲ့။ ငါတို့က ဂူထဲရော ဂူပြင်ရော အကြောင်းစုံ အားလုံးသိနေပြီ။ ဖန်းလာကို အရှင်ဖမ်းမိတဲ့ သူက ရာထူးရာခံကြီးကြီးနဲ့ မြင်းကောင်းကြီးကို စီးရမယ်။ လက်နက်ချကြ။ သွေးထွက်မခံကြနဲ့။ ခုခံရင် တမျိုးလုံး အသတ်ခံရလိမ့်မယ်"

ကျဲ့ကျင်း၊ ယန်ချင်း၊ ကျန်တပ်မှူးလေးယောက်တို့က ခေါင်းဆောင်ကာ ဂူထဲသို့ အတင်းဝင်ကြ၏။ ဤအဖြစ်အပျက်များကို တောင်ပေါ်ရှိ ဖန်းလာက အကုန်မြင်နေရရာ ဒေါသတကြီးဖြင့် သူ့ကုလားထိုင်ကို ကန်လိုက်ပြီး တောင်ကြားထဲသို့ ခုန်ချလိုက်၏။ စုန်ကျန့်တို့ စစ်ကြောင်း ငါးကြောင်းစလုံး ဂူထဲသို့ ဝင်မိသောအခါ သူ့ကို မတွေ့ရတော့ပေ။ အခြွေအရံတချို့ကိုသာ ဖမ်းမိ၏။

ယန်ချင်းနှင့် သူ့လူယုံများက ဘဏ္ဍာတိုက်မှ ရွှေငွေရတနာ လှည်းနှစ်စီးတိုက်ခန့်ကို သိမ်းယူပြီးနောက် ဂူတွင်း နန်းတော်ကို မီးတိုက်လိုက်ကြ၏။ သူ့ခန်းဆောင်ထဲသို့ ကျဲ့ကျင်း ရောက်သောအခါ သူ့မယားမင်းသမီးမှာ ကြိုးဆွဲချပြီး သေနေပြီကို တွေ့ရလေ၏။ သူ့ခန်းဆောင်ကို မီးရှို့ကာ သူ့မယားကိုပါ ရော၍ သင်္ဂြိုဟ်လိုက်၏။ ရုံရွှေတော်များကိုမူ ထွက်ပြေး ခိုင်းလိုက်၏။

ပင်မနန်းတော်ထဲတွင်မူ မင်းကြီး၏ ကိုယ်လုပ်တော်များ၊ သက်တော်စောင့်များ၊ ဆွေမျိုးများ အားလုံး အသတ်ခံကြရ၏။ ရတနာများကို လုယက်ယူငင်ကြ၏။ စုန်ကျန့်က ဖန်းလာကို ရှာရန် တိုက်တွန်း၏။

ဖိုးရုံကလေးက အတွင်းဆောင် အခန်းတခုအတွင်းတွင် တံတင်းတခုကို သွားတွေ့၏။ ယင်း တဲတွင်းထဲ၌ ဖန်းလာ၏ မကိုဋ်၊ ဝတ်လုံ၊ ခါးပန်း၊ နှင်တံ၊ ခြေနင်း စသည့် မင်းဝတ် မင်းစားများကို တွေ့ရ၏။ ဤခမ်းနားသော အဆောင်အယောင်များကို မြင်တွေ့သောအခါ ဝတ်မကြည့်ဘဲ မနေနိုင်တော့ပေ။ မင်းဆောင်မင်းယောင် အပြည့်ဝတ်ကာ သူ့မြင်းကြီးကို စီးပြီး နန်းတော်ရှေ့သို့ ထွက်လာခဲ့၏။ စစ်သားများက သူ့ကို ဖန်းလာဟု ထင်နေကြပြီး အနားသို့ ရောက်မှ ဖိုးရုံကလေးမှန်း သိကြရသဖြင့် အားလုံးက ဝိုင်းရယ်ကြ၏။ ဖိုးရုံကလေး ကလည်း သဘောအကျကြီး ကျသွားပြီး၊ နန်းရင်ပြင်တွင် ခေါက်တုံ့ခေါက်ပြန် မြင်းစီးကာ လုယက်နေသည်များကို ကြည့်နေ၏။

ဝမ်ပင်းနှင့် ကျောက်ထန်တို့က ဆူညံဆူညံကြားရ၍ မေးကြည့်သောအခါ ဖန်းလာကို မိပြီဟု တယောက်က ဖြေသည်။ သူတို့ပါ နာမည်ဝင်ယူချင်သဖြင့် ထိုနေရာသို့ သွားသော အခါမှ မင်းဝတ်မင်းစားများကို ဝတ်ကာ မကိုဋ်ကို ဆောင်းပြီး

တဟားဟား ရယ်နေသော ဖိုးရုံကလေးကို တွေ့ကြရလေ၏။

"မင်းကများ ဖန်းလာလို ဝတ်စားပြီး လူကြည့်ခံနေသေးတယ်ပေါ့" ဟု ရှူးရှူးရှားရှား လုပ်ကြ၏။

ဖိုးရုံကလည်း သူတို့အား လက်ညှိုးငေါက်ငေါက်ထိုးကာ-

"ဟေ့ကောင်တွေ၊ မင်းတို့ကိုယ် မင်း ဘာထင်နေလဲကွ။ နောင်ကြီးစုန်ကျန့်ကသာ မကယ်ရင် မင်းတို့ခေါင်းတွေ ဖန်းလာ ဖြတ်သွားတာ ကြာလှပြီ။ မင်းတို့ လုပ်တတ်တာ ဘာရှိလဲ။ ငါတို့ ညီနောင်တွေ လုပ်ခဲ့တာကို ဝင်ပြီး ဂုဏ်ခံတာပဲ ရှိတယ် မဟုတ်လား။ မင်းတို့ မင်းကြီးကို သွားပြောချေ။ မင်းတို့ မကူရင် ဒီပွဲမအောင်နိုင်ဘူးလို့"

ဝမ်ပင်းတို့နှစ်ယောက်လည်း ဒေါသထွက်ကာ တိုက်မည်ခိုက်မည် တကဲကဲ ဖြစ်နေကြ ၏။ ဖိုးရုံကလေးက လှံကိုဆွဲကာ သူတို့ထံ အပြေးဝင်ရာ ဟူယန်ကျို့က အတင်းဝင်၍ ဖျန်ဖြေလိုက်ရ၏။ အရာရှိတယောက်ထံမှ ကြားရသဖြင့် စုန်ကျန့်လည်း ထိုနေရာသို့ ရောက်လာလေ၏။ သူနှင့် ဝုရုံက ဖိုးရုံကလေးကို မြင်းပေါ်မှ ဆင်းရန်၊ ဝတ်လုံများကို ချွတ်ရန် အော်ဟစ်ပြောဆိုပြီး ယင်းတို့ကို သိမ်းထားလိုက်၏။ စုန်ကျန့်က ထိုဗိုလ်ချုပ်နှစ်ယောက် ကို တောင်းပန်ရှာ၏။ စုန်ကျန့်နှင့် ကျန်တပ်မှူးအားလုံးက ဝိုင်းတောင်းပန်ကြသဖြင့်သာ လက်ခံလိုက်ရသော်လည်း ထိုဗိုလ်ချုပ်နှစ်ယောက်ကား မကျေပေ။ စိတ်ထဲတွင် တေးထား လိုက်ကြ၏။

ထိုနေ့က ပန်းယွမ်ဂူအတွင်း၌ အလောင်းများ ပြန့်ကျဲနေကာ သွေးချောင်းလည်း စီးနေ ၏။ စုန်ရာဇဝင် အရမူ ဖန်းလာ၏ စစ်သည်နှစ်သောင်းကျော် ချေမှုန်းခံရသည်ဟု ဆို၏။ စုန်ကျန့်၏ အမိန့်အရ နန်းတော်အဆောက်အအုံအားလုံးကို မီးတိုက်ကြ၏။ ခမ်းနားသော အဆောင်၊ အခန်းများ၊ မျှော်စင်များ၊ ရတနာစီခြယ်ထားသော အတွင်းဆောင်များ အားလုံး ပြာကျရလေ၏။ စုန်ကျန့်တို့က ဂူဝတွင် တပ်စွဲထားပြီး သစ်တပ် တည်ဆောက်ထား၏။ သုံ့ပန်းများကို စစ်ကြည့်ရာ ဖန်းလာတယောက်တည်းသာ ပျောက်နေကြောင်း တွေ့ရ၏။ ဖန်းလာကို ဖမ်းမိသူကို ရာထူးရာခံကြီးကြီး ရစေရန် မင်းကြီးကို တင်ပြပေးမည်၊ သတင်း ပေးသူကို ဆုကောင်းကောင်း ချမည်ဟု စုန်ကျန့်က ကြေညာ၏။

ထိုအတွင်းတွင် တောထဲတောင်ထဲ၌ ဖန်းလာသည် သခင်သေသော ခွေး၊ ပိုက်ကို ရှောင်သော ငါးကဲ့သို့ ပြေးလွှားနေ၏။ ဝတ်လုံတော်၊ ရွှေမကိုဋ်၊ ခြေနင်းတော်တို့ကို စွန့်ပစ်ကာ တောထဲ တောင်ထဲတွင် မြက်ဖိနပ်စီးကာ သွားနေ၏။ တညအတွင်း၌ပင် တောင် ငါးလုံးကို ကျော်ဖြတ်ခဲ့၏။

နောက်ဆုံးတွင် ချောင်တခုသို့ ရောက်လာ၏။ ထိုချောင်ထဲတွင် တောင်စောင်းကိုမှီ၍ ဘုန်းကြီးကျောင်းကလေး တကျောင်း ဆောက်ထား၏။ ဖန်းလာကား ဆာလောင်နေပြီ ဖြစ်၏။ စားစရာတောင်းရန် ကျောင်းကို ဦးတည်၍သွားစဉ် ထင်းရှူးပင်ကြီးတပင်နောက်မှ ဘုန်းကြီးဝဝကြီးတပါး ထွက်လာလေ၏။ ဖန်းလာကို သူ့တောင်ဝှေးနှင့် ရိုက်ချလိုက်ကာ ကြိုးနှင့် တုပ်၏။ ထိုဘုန်းကြီးကား အခြားသူ မဟုတ်၊ ရှင်ဉာဏ ဖြစ်လေ၏။ ဖန်းလာကို ကျောင်းသို့ ခေါ်သွားကာ စားစရာတောင်းပြီးမှ ထွက်ခဲ့၏။ လမ်းတွင် ဖန်းလာကို အရှာ ထွက်သော စစ်သားများနှင့် တွေ့သဖြင့် သူတို့နှင့်အတူ ပေါင်းကာ ဖန်းလာကိုစုန်ကျန့်ထံသို့ ခေါ်လာခဲ့ကြ၏။

စုန်ကျန့်က ဝမ်းမြောက်ဝမ်းသာ မေးမြန်း၏။

"ဘယ်မှာ တွေ့လာတာတုံး ကိုယ်တော်"

"ထင်းရှူးပင်တသောင်း တိုက်ပွဲအပြီးမှာ ကျုပ်က ရှားဟိုချင်း နောက်ကို လိုက်ဖမ်း တာ၊ နောက်ဆုံး မိသွားပြီး သတ်လိုက်နိုင်တယ်ဗျ။ နောက်ထပ်များ တောင်ပိုင်းသားတွေ တွေ့ဦးမလားလို့ တောနင်းပြီး ရှာတာ လမ်းပျောက်ပါလေရော။ အဲဒီမှာ အဲဟိုကျောင်းက ဘုန်းတော်ကြီးနဲ့ သွားတွေ့တယ်။ သူက ကျောင်းကို ခေါ်သွားတယ်ဗျ။ "ငါတို့ဆီမှာ ဆန်တွေ ဟင်းသီးဟင်းရွက်တွေ၊ ထင်းတွေ ရှိတယ်။ ဒီမှာ စောင့်နေ။ တောထဲက လူကြီးကြီး တယောက် ထွက်လာတာ တွေ့ရင် ဖမ်းပေတော့တဲ့" ပြောတယ်။ တောင်ခြေမှာ မီးတွေ လောင်နေတာတွေ့တော့ တညလုံး စောင့်နေတာပေါ့။ လမ်းတွေက ဘယ်ကနေ ဘယ်ကို သွားမှန်းလဲ မသိဘူးလေ။ ဒါပေမဲ့ ခုမနက်ကျတော့ ဒီကောင် တောင်ကုန်းပေါ်က ဆင်းလာ တာတွေ့တာနဲ့ ဆော်ထည့်လိုက်ပြီး ကြိုးနဲ့တုပ်ထားလိုက်တာပဲ။ ဖန်းလာမှန်းလည်း မသိပါဘူးဗျာ"

"ဟို ဘုန်းကြီးအိုအိုကော"

"မသိဘူးဗျ"

"ဒီလို တန်ခိုးရှိတာဆိုတော့ ပုဂ္ဂိုလ်ထူးပဲ ဖြစ်မှာပါ။ နေပြည်တော် ပြန်ရောက်ရင် ကိုယ်တော် အမှုထမ်းဆောင်တာကို မင်းကြီးဆီ တင်ပြပေးမယ်။ ကိုယ်တော်လည်း လူဝတ် လဲပြီး အရာရှိလုပ်ပေါ့ဗျာ။ သားနဲ့ မယားနဲ့ တင့်တင့်တယ်တယ် နေပေါ့ဗျာ။ ဘိုးဘေး တွေလည်း ဂုဏ်ယူစရာဖြစ်မယ်။ မိဘတွေလည်း မွေးကျေးဇူးဆပ်ရာ ရောက်မယ်"

"ကျုပ်ကတော့ လောကီကိစ္စတွေ စိတ်ကုန်နေပါပြီ။ အရာရှိလည်း မဖြစ်ချင်ဘူးဗျ။ အေးအေးဆေးဆေး နေလို့ရမယ့် နေရာတခုခု ရရင်ပဲ တော်ပါပြီဗျာ"

“ကိုယ်တော်ကို ကျောင်းကြီးကြီးမှာ ကျောင်းထိုင်လုပ်စေရမယ်။ ဒါလည်း ဂုဏ်ရှိတာ ပဲလေ။ ခမည်းတော်၊ မယ်တော်တွေလည်း ဂုဏ်ယူစရာပဲပေါ့”

ရှင်ဉာဏက ခေါင်းခါလျက်-

“ကျုပ်တော့ ဒီလိုလည်း မနေချင်ဘူး။ ပစ္စည်းဥစ္စာတွေ အများကြီး ရှိတာလည်း အလကားပဲဗျ။ ဒီအရိုးစုပေါ်မှာ အသားတွေ ရှိနေရင်ပဲ လုံလောက်ပါပြီဗျာ”

စုန်ကျန့်လည်း နှုတ်ပိတ်သွားလေ၏။ သူရော ရှင်ဉာဏပါ စိတ်မချမ်းသာပေ။ တပ်များ ကို စုပြီးပြီ။ ဖန်းလာကိုလည်း ထောင်လှည်းပေါ်တွင် တင်ပြီးပြီဖြစ်၍ မူကျို့သို့ ထွက်လာခဲ့ ကြ၏။

မူကျို့တွင် ဘုရင်ခံချန်းနှင့် အခြားမင်းမှုထမ်းများ ရောက်နေကြပြီဖြစ်၏။ စုန်ကျန့် အောင်ပွဲကြီး ရလာမှန်း သိသောအခါ လာ၍ ဂုဏ်ပြုကြ၏။ ဘုရင်ခံချန်းက -

“တော်တော် ကျားကုတ်ကျားခဲ တိုက်ခဲ့ရတာလို့ သိရပါတယ်ဗျာ။ ညီနောင်တွေ လည်း တော်တော် ကျခဲ့တယ်ဆို။ ဒါပေမဲ့ ခင်ဗျားက အောင်ပွဲကြီး ခံရပြီလေ။ ကျုပ်တို့ သိပ်ဝမ်းသာပါတယ်ဗျာ”

စုန်ကျန့်က ငိုလျက်-

“လျောင်တာတာရ်တွေကို သွားတိုက်တုန်းက ကျွန်တော်တို့ တရာ့ရှစ်ယောက် ရှိခဲ့ တယ်ဗျ။ ပြီးတော့ နေပြည်တော်ကို အကောင်းပကတိနဲ့ ပြန်ရောက်ခဲ့ကြတယ်။ နောက် တော့ ကုန်ဆွန်ရှန်းက ထွက်သွားတယ်။ နေပြည်တော်မှာလည်း တချို့ကျန်ခဲ့တယ်။ ဒါပေမဲ့ ယန်ကျို့ကို သိမ်းပြီး ယန်စီမြစ်ကို ကျော်ပြီးကတည်းက ဆယ်ယောက်မှာ ခုနစ်ယောက် ကျသွားရပြီ။ ကျွန်တော်ကတော့ မသေသေးပေမယ့် ရှန်တောင်က ဆွေမျိုးတွေ၊ အိမ်နီး ချင်းတွေကို ဘယ်လို မျက်နှာပြနိုင်ပါတော့မလဲဗျာ”

“ဒီလိုလည်း မပြောပါနဲ့ ဗိုလ်ချုပ်။ ခင်ဗျားလည်း သိပါတယ်။ ရှေးဆိုရိုးတောင် ရှိတာ ပဲလေ။ “ဆင်းရဲ ချမ်းသာ၊ ရာထူးနိမ့်မြင့်၊ အသက်တိုရှည်၊ ဒါတွေအားလုံးက ပြဋ္ဌာန်းထားပြီး သားတွေပဲ” တဲ့လေ။ ရှင်ခွင့်ရတဲ့ သူတွေက ကံမကောင်းလို့ ရှင်ခွင့်မရတဲ့ သူတွေကို နှုတ်ဆက်ရတာပါပဲ။ ဒီလို ဆုံးရှုံးခဲ့ရတာကို ခင်ဗျား ရှက်စရာအကြောင်းမရှိဘူး။ ခင်ဗျားက အောင်မြင်နေပြီ၊ ကျော်စောနေပြီပဲဗျာ။ ဘုန်းတော်ကြီးလှသော ဘုရားက ခင်ဗျားကို ရာထူးရာခံ အကြီးကြီး ပေးသနားမှာ မုချပါပဲ။ အဆောင်အယောင် အခမ်းအနားတွေနဲ့ ခင်ဗျား

အိမ်ပြန်သွားရင် အားလုံးက အားကျကြမှာပါ။ ဒါတွေအတွက် အကြောင့်ကြခံမနေပါနဲ့။ နေပြည်တော်ကို တပ်နဲ့ ပြန်ပြီး ဘုန်းတော်ကြီးလှသောဘုရားကို လျှောက်တင်ဖို့ပဲ အာရုံ စိုက်ပါ”

စုန်ကျန့်လည်း လိုအပ်သလို အမိန့်များကို ထုတ်ပြန်၏။ မင်းကြီးထံသို့ တင်သွင်းရမည့် ဖန်းလာမှ တပါး ကျန်ဖမ်းမိသော တောင်ပိုင်း အရာရှိအားလုံးကို မူကျို့မြို့လယ်ကောင် ကွက်လပ်တွင် ခေါင်းဖြတ်သတ်ရန် ဘုရင်ခံချန်းက ညွှန်ကြား၏။

အဖမ်းမခံရသော မြို့နယ်အရာရှိများကလည်း ပြေးသူ ပြေး၊ ပုန်းသူပုန်းကာ တဝက် လောက်ကသာ မူကျို့သို့ လာပြီး ဘုရင်ခံချန်းထံတွင် အညံ့ခံကြ၏။ အညံ့ခံသူများကို လက်ခံကာ လူကောင်းသူကောင်းအဖြစ် သတ်မှတ်၏။ လူထုကို အားပေးသော ကြေညာချက် များကိုလည်း ထုတ်ပြန်၏။

သူတပါးကို ရန်မပြုလျှင်၊ အညံ့ခံလျှင် ထိုသူများကို မိမိတို့ မြေယာရှိရာ ကျေးလက် ဒေသများကို ပြန်ကာ လုပ်ကိုင်စားသောက်ခွင့် ပြု၏။ နယ်အားလုံး ထိန်းချုပ်ပြီးပြီ ဖြစ်၍ စုန်အမှုထမ်းများကို နယ်မြေကာကွယ်ရေး၊ လူထုစောင့်ရှောက်ရေးတာဝန်များ ချထားကာ အားလုံးကို ပုံမှန်အခြေအနေသို့ ပြန်ရောက်စေ၏။

ချန်းက ငြိမ်းချမ်းရေးအတွက် ဂုဏ်ပြုညစာစားပွဲ ကျင်းပပေး၏။ စုန်ကျန့်တို့ကိုလည်း နေပြည်တော်သို့ ပြန်ရန် ပြင်ဆင်စေ၏။ တပ်များလည်း ပစ္စည်းကိရိယာများကို ထုပ်ပိုး သိမ်းဆည်းကာ အသင့် ပြင်ထားကြ၏။

သေသွားသော တပ်မှူးများအကြောင်း စဉ်းစားမိတိုင်း စုန်ကျန့်သည် မျက်ရည်ကျ ရှာ၏။ ချူဝူနှင့် မူချွန်းတို့က ဟန်ကျို့တွင် ချန်ထားခဲ့သော တပ်မှူးခြောက်ယောက်ကို သွား ကြည့်သောအခါ ရင်ကျိုးရလေ၏။ ယန်လင်းနှင့် မူချွန်းတို့သာ အသက်ဆက်ရှင်ကျန်ပြီး ချီတက်ရာသို့ လိုက်ပါနိုင်၏။ ယနေ့ကဲ့သို့ ငြိမ်းချမ်းနေအောင် အပင်ပန်း အဆင်းရဲ များစွာ ခံ၍ ကြိုးပမ်းခဲ့သော ညီနောင်ခြောက်ယောက် ခမျာမှာ ကွယ်လွန်သွားရှာပြီ ဖြစ်၏။ မူကျို့ဘုရားကျောင်းတွင် စုန်ကျန့်က တံခွန်အရှည်ကြီးတခုကို ဆွဲ၏။ ကျမ်းစာ သုံးရာ့ခြောက်ဆယ်ကို ရွတ်ဖတ်စေ၏။ လျှုဖွယ်များကို ကပ်၏။ ကွယ်လွန်သွားသူတို့ မိုးကောင်းကင်ဘုံကိုးဆင့်သို့ တက်ရောက်နိုင်စေရန် ဖြစ်၏။ နောက်တနေ့တွင် နဂါးနက် နတ်ကွန်းတွင် နွားများ၊ မြင်းများကို သတ်ကာ ယဇ်ပူဇော်၏။ ရွှေစက္ကူ၊ ငွေစက္ကူများကို မီး ရှို့ကာ နဂါးနက်နတ်ကို စောင်မရန် တောင်းပန်၏။ စခန်းကို ပြန်ရောက်သောအခါ စုန်ကျန့် သည် သေဆုံးသူများ၏ ရုပ်အလောင်းကို စုပြီးလျှင် စနစ်တကျ သင်္ဂြိုဟ်ပေး၏။

စုန်ကျန့်တို့က ဘုရင်ခံချုန်းနှင့်အတူ ဟန်ကျို့ထိ လိုက်ပြီးလျှင် ပြန်လာရန် ခေါ်သည့် အမိန့်ကို စောင့်ရမည် ဖြစ်၏။ စွမ်းရည်ပြသနိုင်ခဲ့သော တပ်မှူးများ၏ အမည်စာရင်းကို မင်းကြီးထံသို့ ပေးဆက်လိုက်၏။ နဂိုက တရာ့ရှစ်ယောက် ရှိခဲ့သော်လည်း ယခုအခါ သုံးဆယ့်ခြောက်ယောက်သာ ကျန်တော့၏။

ယင်းတို့မှာ-

ချိန်မှန်မိုး စုန်ကျန့်၊ ကျောက်စိမ်းဗျာလ္လလူကွမ်းယီ၊ ဝိဇ္ဇာမိုရ်ဝုရုံ၊ လှံပုဆိန်ကြီးကွမ်ရှိန်း၊ ကျားသစ်ခေါင်းလင်ချုံ၊ တင်ကျည်းနှစ်လက်ဟူယန်ကျို့၊ နတ်မြားရှင်ဟွရုံ၊ လင်းယုန်မာန် လီယင်း၊ မုတ်ဆိတ်ချူတုံ၊ မင်သေ့ကိုယ်တော်ရှင်ဉာဏ၊ ဘုရားဖူးဝုဆုန်၊ နတ်ခြေမြန် ထိုက်ချုံ၊ လေပွေနက်လီကွေ့၊ ရေနဂါးလီကျွမ်း၊ ကုမ္ဘာန်ဖိုးရုံကလေး၊ ပိုးဟပ်ဖြူရန်စုံ၊ လူရည်ချွန်လေးယန်ချင်း၊ စစ်ကျွမ်းသူချူဝု၊ တောင်သုံးလုံးနှိမ်နင်းသူဟုန်ဆင့်၊ ဗိုလ်ချုပ် ပျော့ဆွန်လီ၊ ဗိုလ်သီလဖျှေန်း၊ ဗိုလ်ကျားသစ်ရန်လင်း၊ စေတလုံးသင်္ချာဝိဇ္ဇာကျန်ကျင်း၊ ကမ္ဘာမွှေတဲ့ဘီလူးမင်းဖန်ရှီ၊ လိုဏ်ဂူနဂါးတုန်ဝေ့၊ မြစ်မွှေတုတ်တုန်မင်း၊ သံယပ်တောင် စုန်ကျင့်၊ ဒေါနလေးမူချွန်း၊ ဘီလူးမျက်နှာထူရှင့်၊ ချိုတချောင်းနဂါးစို့ရွန်၊ ပန်းတပွင့် ကိုင်ချင်း၊ ဗိုလ်ချုပ်လေးဆွန်ရှင့်၊ ကျားမမခု၊ ခွေးလှေးရှီကျန့်တို့ ဖြစ်၏။

ဟန်ကျို့သို့ အပြန်ခရီးမှာ ဘာမျှ ထူးခြားမှု မရှိ။ ဘုရင်ခံချုန်းတို့၏ တပ်များက မြို့ထဲ တွင် တပ်စွဲထားသောကြောင့် စုန်ကျန့်တို့က မြို့ပြင် ဂုဏ်တော်ခြောက်ပါး ဘုရားတွင် စခန်းချ၏။ သူနှင့် တပ်မှူးများကမူ ထိုဘုရားရှိ ဘုန်းကြီးကျောင်းတွင် နေကြပြီး အမိန့် စောင့်နေလေ၏။

ရှင်ဉာဏနှင့် ဝုဆုန်တို့သည် ပတ်ဝန်းကျင် တောတောင် စမ်းချောင်းတို့၏ အလှအပကို ယစ်မူးနေကြ၏။ ထိုညက လသာ၏။ လေပြည်ကလေးကလည်း သွေးနေ၏။ ကောင်းကင် နှင့် ရေပြင်မှာ ဒုတ္တာရောင် ပြာရင့်နေကြ၏။ ထိုညက နှစ်ယောက်သား အိပ်ပျော်သွားရာမှ သန်းခေါင်လောက်တွင် ဝုန်းခနဲ မြည်ဟည်းသံကြီး ထွက်လာသဖြင့် လန့်နိုးသွားကြ၏။ ဒီရေတက်လာသော အသံကြီး ဖြစ်လေ၏။ ရှင်ဉာဏမှာ ဤအသံမျိုးကို အရင်က မကြား ဖူးသဖြင့် စစ်စည်သံဟု ထင်မိ၏။ သူပုန်များ လာတိုက်ပြီဟု အိပ်ရာမှ ခုန်ထကာ သူ့ တောင်ဝှေးကြီးကို ကောက်ကိုင်၏။ ညာသံပေးကာ အပြင်သို့ ထွက်ခဲ့၏။ ဘုန်းကြီးများက အကြောင်းသား ကြည့်နေကြလျက်-

"ဘာဖြစ်တာလဲ ကိုယ်တော်၊ ဘယ်သွားမလို့လဲ"

"စစ်စည်သံ ကြားလိုက်ရလို့ သွားတိုက်မလို့"

ဘုန်းကြီးများက ရယ်လျက်-

“ကိုယ်တော် မှားနေပြီ။ ဒါက စစ်စည် မဟုတ်ဘူး။ ချန်တန်းမြစ်ကို တက်လာတဲ့ အချိန်မှန်ကြီး ဆိုတဲ့ ဒီရေပါ”

“ဘာလို့ ဒီလိုခေါ်တာလဲ”

ပြတင်းကိုဖွင့်ကာ တက်လာသော လှိုင်းခေါင်းဖြူများကို ဘုန်းကြီးက ပြ၏။

“ဒီ ဒီရေက နေ့တကြိမ် ညတကြိမ် အချိန်မှန် တက်တယ်။ အမြဲတမ်းပဲ အချိန်မှန်တယ်။ ဒီနေ့က အဋ္ဌမလ လပြည့်နေ့လေ။ တတိယယံ ဆိုရင် ဒီကိုရောက်လာတယ်။ အဲဒီလို အချိန်မှန်လို့ ‘အချိန်မှန်ကြီး” လို့ ခေါ်တာဗျ”

ရှင်ဉာဏသည် ဒီရေကို ကြည့်နေရင်းက ရုတ်တရက် သဘောပေါက်သွားကာ လက်ခုပ်တီးပြီး ရယ်၏။

“ငါ့ဆရာတော် ပြောထားတာက ဒီလိုကိုး။ “ရှားကို တွေ့ရင်သတ်”ဆိုတာက ထင်းရှူး ပင်တသောင်း တောထဲမှာ ရှားဟိုချင်းကို တွေ့ရင် သတ်ဖို့ ပြောတာကိုး။ “လာကို တွေ့ရင် ဖမ်း' ဆိုတာက ဖန်းလာကို ဖမ်းဖို့ ပြောတာ။ ဒီနှစ်ချက်အတိုင်း လုပ်ပြီးပြီ ဆိုတော့ နှစ်ချက်ပဲ လုပ်ဖို့ကျန်တော့တယ်။ “ဒီတက်သံကြားရင် စက်ဝန်းက ထွက်”တဲ့။ “ဒီရေမြင်ရင် နား” တဲ့။ အင်း ဒီတက်သံတော့ ကြားပြီးပြီ၊ မြင်လည်း မြင်ပြီးပြီ။ ဒါက ဘယ်လိုလုပ်ရ မှာလဲ။ ကိုယ်တော်တို့ ပြောပြနိုင်မလားဗျ”

“ကိုယ်တော်လည်း သာသနာ့ဘောင်ထဲ ဝင်ထားတာပဲ၊ နားမလည်ဘူးလား။ စက် ဝန်းက ထွက်ပြီး နားတော့ ဆိုတာက သေဖို့ ပြောတာလေ”

ရှင်ဉာဏက ရယ်လျက် -

“ဒီလိုတဲ့လား။ ဒါဖြင့် ကျုပ်က စက်ဝန်းက ထွက်ပြီး တိတ်တိတ်လေး နားရတော့မယ် ပေါ့။ ရေနွေးနည်းနည်း ကျိုပေးဗျာ။ ရေ အရင်ချိုးရဦးမယ်”

ဘုန်းကြီးများက သူ နောက်နေသည်ဟု ထင်ကြ၏။ သို့သော် သူ့စိတ်ကို သိသဖြင့် ငြင်းကား မငြင်းရဲပေ။ ရေချိုးပြီးသော် မင်းကြီးထံမှ ရထားသည့် သင်္ကန်းများကို လဲ၍ ဝတ်၏။ ထို့နောက် အရာရှိငယ်တယောက်ကို မှာ၏။

“နောင်ကြီးစုန်ကျန့်ကို သွားတင်ပြလိုက်။ ငါ့ကို လာကြည့်ပါလို့”

ထို့နောက် ကျောင်းထဲသို့ ဝင်ကာ မှာတမ်းတစောင်ရေး၏။ ထို့နောက် ဓမ္မာရုံထဲသို့ ဝင်ကာ အမွေးတိုင် ထွန်း၏။ မှာတမ်းစာရွက်ကို မီးအုံးတွင် တင်၏။

ထို့နောက် အပေါ်ရုံ သက်န်းကို ခင်းကာ တင်ပျဉ်ခွေထိုင်ကာ ရှုမှတ်လေ၏။ စုန်ကျန့်တို့ အမြန်ရောက်လာကာ ကြည့်သည့်အချိန်တွင် ရှင်ဉာဏမှာ လုံးဝ လှုပ်ရှားမှု မရှိတော့ပေ။ မှာတမ်းမှာ အောက်ပါ အတိုင်း ဖြစ်၏။

ရှင်စဉ်ဘဝ၊ ငါ့မှာ ကောင်းမှု

မပြုခဲ့ပါ။ လူသတ်ကာနှင့်

မီးတိုက်ဖို့သာ စိတ်ညွတ်ခဲ့။

သံလက်ထိတ်နှင့်၊ ကျောက်စိမ်းလက်ညှပ်

ရုတ်တရက်သား ပွင့်ကုန်ပါ၏။

ထိုမှာ ကြည့်လေ၊ ဒီရေချိန်မှန်

တက်ခဲ့ပြန်မှ၊ အချိန်တန်ပြီ ငါ သိ၏။

ထိုမှာတမ်းကို ဖတ်ပြီးသောအခါ သောအခါ စုန်ကျန့်နှင့် စုန်ကျန့်နှင့် လူကွမ်းယီတို့မှာ သက်ပြင်းများကို တွင်တွင်သာ ချနေကြ၏။ ခေါင်းဆောင်များက အမွှေးတိုင်ညှိကာ ရှင်ဉာဏကို ကန်တော့ ကြ၏။ ဘုရင်ခံချန်းနှင့် ကျန်အရာရှိများလည်း ရောက်လာကာ အလားတူ ပြုကြ၏။

စုန်ကျန့်က ရှင်ဉာဏထားခဲ့သော ရဟန်းအသုံးအဆောင်များကို ဘုန်းတော်ကြီးများကို ခွဲဝေကပ်လှူပြီး သုံးရက်သုံးညတိုင်တိုင် ရွတ်ဖတ်ပေးပါရန် လျှောက်၏။ အလောင်းကို ဟသံ်ာပြဒါးသုတ်ခေါင်းတွင် ထည့်ကာ ဂုဏ်တော်ခြောက်ပါး စေတီနောက်တွင် မီးသဂြိုဟ်ရန် စီစဉ်၏။ အခြားကျောင်းတိုက်ဆယ်တိုက်မှ ကျောင်းထိုင်ဘုန်းကြီးများကိုလည်း ပင့်ဖိတ်ထား၏။

ကျန်ရှန်းကျောင်းထိုင်ဆရာတော်က မီးတုတ်ကိုကိုင်ကာ ခေါင်းအနီးသို့ ကပ်လျက်-

“ရှင်ဉာဏ ရှင်ဉာဏ၊ သင့်ဘဝကို တောကြီးမျက်မည်းထဲမှာ စခဲ့တယ်။ သင့်မျက်စိထဲ မှာ မီးတိုက်ဖျက်ဆီးဖို့ပဲ မြင်နေတယ်။ သင့်နှလုံးသားထဲမှာ လူသတ်ဖို့ပဲ စိုးမိုးနေတယ်။ ခုတော့ သင်က ဒီရေနဲ့အတူ ဘယ်သူမှ မတွေ့ရတဲ့ နေရာကို ရောက်သွားပြီ။ အံ့ဖွယ်ပဲ။ ကျောက်စိမ်းမှုန်လေးတွေ ကောင်းကင်ထဲမှာ ပြည့်နေမယ်၊ မြေပြင်မှာ ရွှေတွေနဲ့ ဖုံးလွှမ်း နေလိမ့်မယ်”

ကျောင်းထိုင်ဆရာတော်က ထင်းပုံကို မီးတို့လိုက်၏။ မီးတောက်များက

ခေါင်းကို ဝါးမျှိုသွားလေ၏။ ထို့နောက် အရိုးကောက်ကာ ထိုဘုရားကျောင်းဝင်းတွင်ပင် မြှုပ်နှံလိုက် ကြ၏။ ရှင်ဥာဏ၏ သင်္ကန်းများ ၊ ငွေကြေးများ၊ ဆုလာဘ်ပစ္စည်းများ အားလုံးကိုလည်း ဂုဏ်တော်ခြောက်ပါးကျောင်းတိုက်တွင် အများသုံးစွဲရန် လှူခဲ့၏။

ဝုဆုန်သည်လည်း အသက်မသေသေးသော်လည်း လက်တဖက်သာ ရှိတော့၏။ သူက စုန်ကျန့်အား -

"နောင်ကြီး ကျုပ်လည်း လက်တဖက်ပဲ ရှိတော့တယ်။ နေပြည်တော်ကို လိုက်ပြီး မင်းကြီးဆီလည်း အခစား မဝင်ချင်တော့ပါဘူး။ ကျုပ် ငွေတွေ၊ ဆုတွေ အားလုံးလည်း ဒီကျောင်းကို လှူလိုက်ပြီ။ ကျုပ်လည်း သန့်စင်တဲ့ ပေ့ါပါးတဲ့ ဘဝနဲ့ နေချင်တော့တယ်။ ဒီတော့ နောင်ကြီး နေပြည်တော်ကို စာရင်းပို့ရင် ကျုပ်နာမည်ကို မထည့်လိုက်နဲ့နော်"

"နောင်ကြီး သဘောအတိုင်းပါပဲ"

ဝုဆုန်သည် ထိုကျောင်းတွင်ပင် ရဟန်းဝတ်လိုက်ကာ အသက်ရှစ်ဆယ်အထိ နေ သွား၏။

ဘုရင်ခံချန်းတို့ နေပြည်တော်သို့ ပြန်သွားသောအခါမှ စုန်ကျန့်တို့က ဟန်ကျိုမြို့တွင်း သို့ ပြောင်း၍ နေထိုင်ကြ၏။ လဝက်ခန့် ကြာမှ နေပြည်တော်မှ တမန်ရောက်လာကာ စုန်ကျန့်တို့ကို ခေါ်သည့် အမိန့်စာကို ပေး၏။ စုန်ကျန့်တို့ခရီးထွက်တော့မည့် ဆဲဆဲတွင် လင်ချုံးမှာ ကောက်ကာငင်ကာ သွက်ချာပါဒရောဂါ ဖြစ်လေ၏။ ရန်စုံမှာ ကျောရိုးတွင် မြင်းဖုကြီး ပေါက်လာကာ မကြာမီတွင်ပင် သေရှာ၏။ ရှီကျန့်သည်လည်း အူအတက်ရောင် ကာ သေရ၏။ စုန်ကျန့်လည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရလေ၏။ ထိုစဉ် တန်တု တိုက်နယ်မှ ဆက်သားတယောက် ရောက်လာပြီး ယန်ချီ ကွယ်လွန်သွားပြီးဖြစ်၍ သင်္ဂြိုဟ် ပြီးကြောင်း အကြောင်းကြား၏။ လင်ချုံး၏သွက်ချာပါဒရောဂါမှာ ကု၍ မပျောက်နိုင်သဖြင့် ဝုဆုန်ထံတွင်ပင် အပ်ထားခဲ့ရလေ၏။ နောက်နှစ်ဝက်အကြာတွင် ကွယ်လွန်သွားရှာ၏။

ဟန်ကျိုမှ ထွက်ခွာလာခဲ့ရာတွင် ယန်ချင်းက သူ၏ သခင်ဟောင်း လူကွမ်းယီကို လာတွေ့လျက် -

"ကျွန်တော်က ကလေးဘဝကတည်းက ကုန်သည်ကြီး နောက်ကို လိုက်ခဲ့တာပါ။ ကျွန်တော့်ကို ကုန်သည်ကြီး ကြင်နာသနားပုံကိုတော့ စာဖွဲ့လို့တောင် ကုန်နိုင်မှာ မဟုတ်ပါဘူး။ ခုတော့ ကျွန်တော်တို့ တာဝန်လည်း ကျေပွန်ပြီ။ ကျွန်တော်တို့ ဒီအစိုးရ ရာထူး တွေကို ထားခဲ့ပြီး ကျွန်တော်တို့ကို ဘယ်သူမှ မသိတဲ့

တချောင်ချောင်ကို သွားပြီး အေးအေး ဆေးဆေး နေသွားကြရအောင်လားဗျာ”

“ငါတို့တွေ စုန်မင်းကြီးလက်အောက်ကို ဝင်ခဲ့ပြီးနောက်မှာ ပထမ မြောက်ပိုင်းကို တက်ပြီး တာတာရ်တွေကို နှိမ်နင်းရတယ်။ နောက်တခါ တောင်ပိုင်းကိုဆင်းပြီး ဖန်းလာကို ဖမ်းရတယ်။ ဒီစစ်ဆင်ရေးတွေက သိပ်ကိုခါးသီးတယ်။ ငါ့တို့ညီနောင်တွေ အများကြီးပဲ ဆုံးရှုံးခဲ့ရတယ်။ ငါ့မိသားစုမှာလည်း မင်းနဲ့ ငါပဲ ကျန်တော့တယ်။ ခုဆို ငါတို့က အဆောင်အယောင် အခမ်းအနားတွေနဲ့ အိမ်ပြန်လှနေပြီ။ ငါတို့သားမယားတွေ ဂုဏ်တက်စရာ ဖြစ်ရတော့မယ်။ ဒီတော့ အကျိုးမရှိတဲ့ လမ်းကို ဘာလို့ ရွေးချင်ရတာလဲကွာ”

လူရည်ချွန်လေးက ပြုံးလိုက်လျက်-

“ကုန်သည်ကြီး မှားနေပြီ။ ကျွန်တော့်လမ်းက အကျိုးရှိပါတယ်။ ကုန်သည်ကြီးရဲ့ လမ်းကမှ အကျိုးမဲ့နိုင်ပါတယ်”

ယန်ချင်းကား အမြော်အမြင်ရှိသော လူငယ်တယောက် ဖြစ်ပေ၏။

“ငါက ငါ့ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး။ မင်း ပြောချင်တာက နန်းတော်ကြီးက ငါ့ကို အန္တရာယ်ရှိတယ်လို့ မြင်လာနိုင်တယ်ပေါ့”

“ရှေးရှေးတုန်းကလည်း မင်းဆက်အသစ်တွေ ထူထောင်ရေးမှာ သစ္စာရှိရှိနဲ့ အမှုထမ်း ဆောင်ခဲ့တဲ့ ထင်ရှားတဲ့ သူရဲကောင်းတွေကို သူတို့ မင်းတွေကပဲ သတ်ခဲ့တာ မနည်းပါဘူး”

“သူတို့က ရာဇဝတ်မှု တခုမဟုတ် တခု ကျူးလွန်ခဲ့တာကိုး။ ငါကတော့ ဘာမှ အမှား လုပ်ထားတာ မရှိဘူးလေ။ ငါက ဘာကြောင့် စိုးရိမ်ရမှာလဲ”

“နောင်မှ ကျွန်တော့်စကား နားမထောင်မိလို့ ဝမ်းနည်းရလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်ခဲ့ရင်လည်း အချိန်နှောင်းနေလောက်ရောပေါ့။ ကျွန်တော်က ဗိုလ်ချုပ်စုန်ကျန့်ကို သွားနှုတ်ဆက်မလို့ပဲ။ ဒါပေမဲ့ သူက ညီနောင်စိတ်ဓာတ် သိပ်ပြင်းထန်တယ်။ သူကျွန်တော့် ကို မလွှတ်မှာ စိုးတယ်။ ဒီတော့ ကုန်သည်ကြီးဆီကပဲ သွားခွင့်တောင်းပါတော့မယ်”

“မင်းက ဘယ်သွားမှာလဲ”

“ကုန်သည်ကြီး နောက်ကို ဖြစ်ဖြစ် ရှေ့ကို ဖြစ်ဖြစ်ပေါ့”

လူကွမ်းယီက ရယ်လိုက်လျက်-

“ကောင်းပြီလေ သွားပေါ့ကွာ။ မင်း ဘယ်ကို ရောက်မလဲလို့

ကြည့်ကြရအောင်”

ယန်ချင်းက ရှစ်ကြိမ်တိုင်တိုင် ကန်တော့၏။ ထိုညတွင်ပင် ငွေနှင့် အဖိုးတန် ပစ္စည်း အချို့ကို ယူဆောင်ကာ အမည်မသိသော နေရာသို့ ထွက်ခွာသွား၏။

နောက်တနေ့တွင် စုန်ကျန့်ထံသို့ စာတစောင် ရောက်လာ၏။ စာထဲတွင် –

“ကျွန်တော် ယန်ချင်း အရိုသေဆုံး နှုတ်ခွန်းဆက်ပါတယ် တပ်ဦးချီဗိုလ်ချုပ်ကြီး ခင်ဗျား။ ကျွန်တော့်ကို စေတနာအပြည့်ဖြင့် သင်ကြားပေးခဲ့လို့ သိပ်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် အစွမ်းကုန် ပြန်ပေးဆပ်ရင်တောင်မှ ကျေနိုင်မယ် မဟုတ်ပါ ခင်ဗျား၊ ကျွန်တော် ကံဇာတာက ညံ့လို့၊ ကျွန်တော့်စွမ်းရည်က နုံချာလို့ ကျွန်တော်က မင်းမှုထမ်းဆိုတဲ့ ဂုဏ်နဲ့ မထိုက်တန်ပါဘူး ခင်ဗျာ။ ကျွန်တော်က ကျေးတောသားဘဝနဲ့ပဲ နေသွားမလို့ ရည်ရွယ် ပါတယ်။ ကျွန်တော်က လာ နှုတ်ဆက်လိုပေမယ့် နောင်ကြီးက ညီနောင်စိတ်ဓာတ် ပြင်းထန်တာကြောင့် သွားခွင့်မပြုမှာကို ကြောက်လို့ ညဘက်မှာပဲ ခိုးထွက်သွားပါပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျား။ ရိုသေစွာ နှုတ်ဆက်စကား စာလေးကြောင်းကို ရေးခွင့်ပြုပါ ခင်ဗျာ”။

ရာထူး စွန့်ခွာ၊ ဝမ်းမြောက်စွာပင်

ဥစ္စာဂုဏ်ကို၊ ငါ မလိုတည့်။

လွတ်ငြိမ်းခွင့်သာ၊ ငါ လိုပါ၏

ရိုးရှင်းဘဝသာ၊ ငါ လိုပါ၏။ ။

ဤကဗျာလေးက စုန်ကျန့်၏ နှလုံးသားထဲတွင် အလွမ်းစောင်းကြိုးကို တီးခတ်လိုက် လေ၏။ ကွယ်လွန်သွားသော တပ်မှူးများ၏ ရာထူးကမ္ပည်းများကို စုကာ နေပြည်တော်သို့ ပို့လိုက်လေ၏။ သို့မှသာ ရာထူးခန့်ထားရေးကို ပယ်ဖျက်နိုင်မည် ဖြစ်၏။

စုန်ကျန့်တို့ လာခဲ့ကြရာ စူကျို့ မြို့ဆင်ခြေဖုံးသို့ ရောက်သောအခါ လီကျွမ်းက ဖျားနာ ဟန်ဆောင်ကာ အိပ်ရာထဲတွင် လဲနေ၏။ ထိုသတင်းကို စုန်ကျန့် ကြားရသော် ဆေးဆရာ ကို ခေါ်ကာ ကိုယ်တိုင်လာကြည့်၏။

လီကျွမ်းက -

“ကျွန်တော့်ကြောင့် ချီတက်တာ နှောင့်နှေးနေပါ့မယ် နောင်ကြီး။ မင်းကြီးက စိတ်ဆိုး နေပါ့မယ်။ ဘုရင်ခံချန်းတို့တောင် ရောက်နေတာ

ကြာနေလောက်ရောပေါ့။ ကျွန်တော့်ကို သနားရင် တုန်ဝေ့နဲ့ တုန်မင်းတို့ကိုပဲ ပြုစုဖို့ ထားခဲ့ပေးပါလား။ ကျွန်တော် နေပြန်ကောင်း လာရင် အမြန်လိုက်လာပြီး နန်းတော်ဝင် ခစားပါ့မယ်။ နောင်ကြီးက တပ်နဲ့ဆိုတော့ မြန်မြန်သာ သွားပါလားခင်ဗျာ”

စုန်ကျန့်က သဘောမတူလှသော်လည်း အချိန်ဆွဲ မနေနိုင်တော့။ ဘုရင်ခံချန်းက မြန်မြန်လာရန် လောဆော်သည့် စာများကို ပို့နေလေပြီ။ လီကျွမ်းကို တုန်ညီနောင်နှင့် ထားခဲ့ရလေ၏။

လီကျွမ်းတို့လည်း ဖေ့ပေါင်တို့ကို ရှာကာ မိုးမခရွာလေးတွင် ခုနစ်ယောက်သား တိုင်ပင်ကြ၏။ ပိုင်ဆိုင်မှုများကို ထုခွဲကာ သင်္ဘောတစီး တည်ပြီး တိုက်ခန်းဆိပ်မှ နိုင်ငံ ခြားသို့ ထွက်ခဲ့ကြ၏။ နောင်တွင် လီကျွမ်းသည် ယိုးဒယားပြည်တွင် မင်း ဖြစ်သွားလေ၏။

တုန်ဝေ့နှင့် ဖေ့ပေါင်တို့လည်း နိုင်ငံခြားတိုင်းပြည်တပြည်တွင် ကမ်းရိုးတန်းနယ်ပယ်တခု စီကို စားရသော အရာရှိများ ဖြစ်သွားကြ၏။ သို့သော် ဤသည်တို့မှာ လီကျွမ်း၏ သမိုင်း တွင် နောင်မှ ဖြစ်လာမည့် ဖြစ်ရပ်များသာ ဖြစ်ကြပေ၏။

စုန်ကျန့်တို့၏ အပြန်ခရီးမှာ ငြိမ်းငွေ့ ဖွယ်ဖြစ်၏။ ချန်းကျို့၊ ရွှန်ကျို့ကို ဖြတ်ရသောအခါ တန်ဖိုးကြီးကြီး ပေးခဲ့ရသော တိုက်ပွဲများကို ပြန်အမှတ်ရမိကာ စုန်ကျန့်၏ စိတ်နှလုံးမှာ လေးလံလှပေ၏။ ယန်စီကို ကျော်ပြီးနောက်တွင် သူ့ညီနောင် ဆယ်ယောက်လျှင် သုံး ယောက်မျှသာ ကျန်ပေတော့၏။ ယန်ကျို့ကို ကျော်ပြီး ဟွေ့အန်းကို ရောက်သော် နေပြည် တော်နှင့် မဝေးတော့ပြီဖြစ်၍ မင်းကြီးကို ခစားနိုင်ရန် အသင့်ပြင်ထားဖို့ စုန်ကျန့်က အမိန့်ထုတ်၏။

သူတို့သည် နဝမလ နှစ်ဆယ်ရက်နေ့တွင် အရှေ့နေပြည်တော်ကို ရောက်ကြပြီး ချင်တံတားအနီးရှိ ယခင် စခန်းဟောင်းတွင် စခန်းချကာ အမိန့်ကို စောင့်နေရ၏။

လူစစ်ကြည့်သောအခါ စုန်ကျန့်အပါအဝင် ခေါင်းဆောင် နှစ်ဆယ့်ခုနစ်ဦးသာ ကျန် တော့ကြောင်း တွေ့ရ၏။ ယင်းတွင် တပ်မှူးကြီး ဆယ့်နှစ်ယောက် ပါဝင်၏။ တိုင်းပြည် အတွက် အသက်စွန့်စားသွားသူများကို စာရင်းပြုစုကာ မင်းကြီးကို တင်ပြမည်ဖြစ်၏။ ရှေ့တော်သို့ ဝင်ရန် သင့်လျော်သော အဝတ်အစားများကို ပြင်ဆင်ခိုင်းထား၏ ။ နောက် သုံးရက်တွင် မင်းကြီး၏ ဆင့်ခေါ်စာကို ရလေ၏။

ထိုနေ့ နံနက်လင်းသောအခါ နှစ်ဆယ့်ခုနစ်ဦးတို့ မြင်းစီးကာ မြို့ထဲသို့

ဝင်လာကြ၏။ ဤခေါင်းဆောင်များ မင်းကြီးထံ အခစား ဝင်ကြသည်ကို မြို့လူထုက သုံးကြိမ်တိုင် တွေ့မြင်ရပြီဖြစ်၏။ ပထမအကြိမ်တုန်းကမူ သူတို့အားလုံး ဖဲနီဖဲစိမ်းဝတ်လုံများ ဝတ်ကာ ရွှေပြား ငွေပြားများဖြင့် ဆင်ယင်ထားကြ၏။ ဒုတိယအကြိမ်မှာ လျောင်တာတာရ်များကို နှိမ်နင်းပြီး အပြန်တွင် ဖြစ်ပြီး ချပ်ဝတ်များကို ဝတ်ဆင်ထားကြ၏။ ယခုတကြိမ်တွင်မူ မင်းကြီး၏ အမိန့်အရ အရပ်ဝတ် အရပ်စားများကိုသာ ဝတ်ဆင်ကြရ၏။ မြို့လူထုလည်း သနားကရုဏာသက်စွာဖြင့် သက်ပြင်းချကာ ကြည့်နေကြ၏။

နန်းတော်တံခါးတွင် မြင်းပေါ်မှ ဆင်းကာ နန်းတော်လှေကားရင်းတွင် ရှစ်ကြိမ် ကန်တော့ကြ၏။ ထို့နောက် နောက်ပြန်ဆုတ်ကာ ရှစ်ကြိမ် ကန်တော့ပြန်၏။ တဖန် ပြန်၍ တက်ကာ ပထမကန်တော့သည့် နေရာသို့ မရောက်မီ အကွာအဝေး ထက်ဝက်ခန့်တွင် ရှစ်ကြိမ်ကန်တော့လိုက်၏။ ဤသို့ နှစ်ဆယ့်လေးကြိမ် ကန်တော့ကြသဖြင့် ဖုန်အလုံးလုံး ထလေ၏။ သက်တော်ရာကျော် ရှည်ပါစေဟု ကြွေးကြော် ဆုတောင်းသံများသည်လည်း လေထုကိုပင် လှုပ်ခတ်သွားလေ၏။

စုန်ကျန့်တို့ ဦးရေ သိသာစွာ လျော့နည်းသွားသည်ကို မြင်ရသော မင်းကြီးသည် အလွန်စိတ်မကောင်း ဖြစ်သွားရှာ၏။ ခန်းမတွင်းသို့ ခေါ်ရာ စုန်ကျန့်နှင့် လူကွမ်းယီ ခေါင်းဆောင်ကာ ရွှေလှေကားမှ တက်လာခဲ့ပြီး ရတနာစီခြယ်ထားသော ကန့်လန့်ကာ ရှေ့တွင် ဒူးထောက်နေကြ၏။ မင်းကြီးက ထရပ်ခိုင်းလိုက်ရာ အမတ်များက ကန့်လန့်ကာကို ဖွင့်လိုက်၏။

မင်းကြီးက-

“မင်းတို့ ယန်စီတဖက်ကမ်း တိုက်ပွဲတွေမှာ ဆင်းရဲပင်ပန်းခဲ့ကြရတယ်လို့ လို့ ငါတို့ ကြား ရတယ်။ မင်းတို့ ညီနောင်တွေလည်း တဝက်မက လျော့သွားပြီ။ ငါတို့ ဒီအတွက် လွန်စွာပဲ စိတ်မကောင်းဖြစ်ရတယ်”

စုန်ကျန့်က ဒူးထောက်လျက်က ငိုယိုပြီး-

“ကျွန်တော်က အစွမ်းမရှိတဲ့ တောသားတယောက်ဖြစ်လို့ အရှင့်ကရုဏာတော်ကို ပြန်မပေးဆပ်နိုင်ပါ ဘုရား။ ဒါပေမဲ့ ကျွန်တော့် အသည်းတွေ၊ ဦးနှောက်တွေ စစ်မြေပြင်မှာ ပြန့်ကျဲခဲ့ရပါတယ် ဘုရား။ ကျွန်တော်တို့ တရာ့ရှစ်ယောက်က ဝူတိုင်းတောင်ပေါ်မှာ ညီနောင်အဖြစ် သစ္စာဆိုခဲ့ကြပါတယ်။ ဆယ်ယောက်မှာ ရှစ်ယောက် ဆုံးရှုံးရမယ်လို့ ဘယ် သူကမျှ ထင်ပါ့မလဲ ဘုရား။ ကျွန်တော့်ဆီမှာ စာရင်းတခု ပါလာပါတယ်။ ဒါပေမဲ့ မဆက် ဝံ့ပါဘုရား။ အရှင့်ဘုန်းတော်ကြောင့် သင့်လျော်သလို အမိန့်ချမှတ်ရန်ပါ ဘုရား”

"ရွှေနန်း ရှုနန်းတော်ကြီးအတွက် အသက်စွန့်သွားတဲ့ သူတွေရဲ့ သချိုင်းတွေကို ဂုဏ်ပြုမယ်။ သူတို့ရဲ့ ပေး ပေးဆပ်မှုကို လူတွေ မမေ့စေရဘူး"

စုန်ကျန့်က နောက်တကြိမ် ကန်တော့ကာ သူ့လျှောက်တင်လွှာကို ဆက်၏။

ယင်းတွင် အောက်ပါအတိုင်း ပါရှိ၏။

တောင်ပိုင်းငြိမ် ငြိမ်းချမ်းရေး တပ်ဦးချီ ဗိုလ်ချုပ်ကြီးစုန်ကျန့်နှင့် အများက တင်ပါသည် ဘုရား။ မိုက်မဲစွာဖြင့် ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သည့်တိုင် ကျွန်တော်တို့သည် အရှင်၏ ကရုဏာ ဏာတော်ကို ခံယူခွင့် ရခဲ့ကြပါသည် ဘုရား။ ထိုကျေးဇူးကြေးကို ကျွန်ုပ်တို့က အရိုး ကြေကြေ အရည်ခန်းခန်း ဆောင်ရွက်သည့်တိုင် ဆပ်၍ ကျေမည် မဟုတ်ပါ ဘုရား။ ကျွန်တော်တို့ ညီနောင်များသည် ကျူးအင်းမှ ထွက်ခွာချိန်မှစ၍ မကောင်းမှုကို ဖယ်ရှားရန် အစွမ်းကုန် ဆောင်ရွက်ခဲ့ကြပါသည် ဘုရား။ ဝူတိုင်းတောင်တွင် အဓိဋ္ဌာန်ပြုခဲ့ကြသည့် အတိုင်း တစိတ်တဝမ်းတည်းဖြင့် သစ္စာရှိရှိဖြင့် တိုင်းပြည်ကို ကာကွယ်ကာ လူထုကို စောင့်ရှောက်ခဲ့ကြပါသည် ဘုရား။ ယိုကျိုတွင် လျောင်တာတာရ်တို့ကို နှိမ်နင်းခဲ့ကာ ရေကြည်ချောင်းအနီး ဂူထဲတွင် ဖန်းလာကို ဖမ်းမိခဲ့ကြပါသည် ဘုရား။

ဤမျှ သေးဖွဲသော အကျိုးတော်ကို ထမ်းဆောင်ရာတွင် ထူးချွန်သော တပ်မှူး အများ အပြားကို ဆုံးရှုံးခဲ့ရပါသည်ဘုရား။ ထို့ကြောင့် ကျွန်တော်တို့သည် နေ့နေ့ညည ပူဆွေးနေ ရပါသည် ဘုရား။ သေဆုံးသွားသူများကို အရှင့်ကရုဏာတော် ပြသပါရန်နှင့် ရှင်ကျန်နေ သူတို့အား အရှင့် အကာအကွယ်များ ပေးသနားပါရန် လျှောက်ထားပန်ကြားအပ်ပါသည် ဘုရား။

ကျွန်တော်တို့၏ ဆန္ဒမှာ မိမိရပ်ရွာသို့ ပြန်ကာ လယ်ယာထွန်ရက်လုပ်ကိုင်စားသောက် ရန်သာ ဖြစ်ပါသည်။ ကျွန်တော်တို့ကို အနားယူခွင့် ပေးသနားပါရန် လျှောက်ထား ပန်ကြားအပ်ပါသည် ဘုရား။ အရှင်၏ အမိန့်တော်ကို ဦးထိပ်လက်မိုး ရှိခိုးကန်တော့ကာ အားကိုးတကြီးဖြင့် စောင့်မျှော်နေပါသည် ဘုရား။ အောက်ပါတို့မှာ ကျွန်တော်တို့၏ တပ်မှူးများ စာရင်းပါ ဘုရား။

ငါးဆယ့်ကိုးယောက်မှာ တိုက်ပွဲတွင် ကျဆုံးပါသည်။ ဆယ်ယောက်မှာ ရောဂါဖြင့် သေဆုံး ပါသည်။ တယောက်မှာ တရားကျင့်ရင်း အနိစ္စရောက်ပါသည်။ တယောက်မှာ မသန်စွမ်း ဖြစ်ကာ ရဟန်းဝတ်သွားပါသည်။ တယောက်မှာ တာအိုရဟန်းအဖြစ်နှင့် ချီကျိုသို့ ပြန် သွားပါသည်။ လေးယောက်မှာ မိမိသဘောအလျောက် ထွက်ခွာသွားပြီး

ငါးယောက်မှာ နေပြည်တော်တွင် ရှိနေသဖြင့် ယခုအခါ နှစ်ဆယ့်ခုနစ်ယောက်သာ အရှင့်ခြေရင်းတွင် ခစားနေပါသည် ဘုရား။

ဤတင်လှာကို တပ်ဦးချီဗိုလ်ချုပ်စုန်ကျန့်၊ လက်ထောက်တပ်ဦးချီဗိုလ်ချုပ်လူကွမ်းယီ တို့က လက်မှတ်ရေးထိုးပါသည် ဘုရား။

မင်းကြီးက သက်ပြင်းချလျက်"မင်းတို့ တရာ့ရှစ်ယောက်က မိုးကောင်းကင်က ကြယ် တွေပါပဲ။ ခုတော့ နှစ်ဆယ့် ခုနစ်ယောက်သာ ကျန်တော့တယ်။ နောက်ထပ် လေးယောက် သာ ထွက်သွားရင် တကယ်ကို ဆယ်ယောက်မှာ ရှစ်ယောက် ကျဆုံးတယ်လို့ ဆိုရမှာပဲ"

ကျဆုံးသွားသူများကို ဘွဲ့မည်ရည် ပေး၏။ သားများ ကျန်ခဲ့ပါက နေပြည်တော်သို့ ခေါ်ကာ ရာထူးရာခံ ပေး၏။ မရှိပါက သူတို့အတွက် ရည်စူးသော နတ်ကွန်းများ ဆောက် စေကာ ပူဇော်၏။ ချန်ရွှန်းနတ်က အကျိုးဆောင်ခဲ့သဖြင့် ယင်းကို "ရွှေဂုဏ်ထူးဆောင် ဗိုလ်ချုပ်" ဟု ဘွဲ့အပ်နှင်း၏။ ရှင်ဉာဏမှာ ဖန်းလာကို ဖမ်းခဲ့ပြီး တရားကျင့်နေစဉ် ဘဝ ပြောင်းသွားသောကြောင့် 'ရဲစွမ်းသတ္တိအရှင်" ဟု ဘွဲ့ပေး၏။ ဝုဆုန်ကို ဂုဏ်တော် ခြောက်ပါးကျောင်းတော်တွင် ကျောင်းထိုင်အဖြစ် ခန့်ပေး၏။ တိုက်ပွဲတွင် ကျဆုံး သွားသော သံမဏိတာနှင့် မဆွန်တို့ကိုလည်း ဘွဲ့များ အပ်နှင်း၏။

နန်းတော်ကို လာခစားနိုင်သော တပ်မှူးကြီး ဆယ်ဦးကို မြို့ဝန်၊ ပြည်နယ် တပ်မှူး၊ ခရိုင်တပ်မှူးများ အသီးသီး ခန့်ထား၏။ တပ်မှူးငယ် ဆယ့်ငါးဦးကို တပ်အသီးသီးတွင် တပ်မှူးများအဖြစ် ခန့်အပ်ပေး၏။ သက်ဆိုင်ရာဌာနများ၏ တရားဝင် ခန့်စာများကို စောင့် ယူရမည်ဖြစ်၏။ မခုကိုမူ တုန်ကျွမ်းခရိုင်တွင် တရားသူကြီးအဖြစ် ခန့်အပ်၏။

စုန်ကျန့်ကို ဂုဏ်ထူးဆောင်စစ်သူကြီးဘွဲ့ ပေးကာ ချူကျို့ပြည်နယ်၏ မြို့ဝန်နှင့် တပ်မှူးအဖြစ် ခန့်အပ်၏။

လူကွမ်းယီကို အကျိုးဆောင်စစ်သူကြီးဘွဲ့ ပေးကာ လူကျို့ပြည်နယ် မြို့ဝန်နှင့် လက် ထောက်တပ်မှူးအဖြစ် ခန့်အပ်၏။

တပ်မှူးငယ် ဆယ့်ငါးယောက်ကို ရွှေငွေ ခုနစ်ပိဿာစီ၊ ပိုးထည် ငါးစုံစီ ချီးမြှင့်၏။ တပ်မှူးကြီး ဆယ်ယောက်ကို ရွှေငွေ ဆယ်ပိဿာစီ၊ ပိုးထည်ရှစ်စုံစီ ချီးမြှင့်၏။ စုန်ကျန့်နှင့် လူကွမ်းယီတို့ကိုမူ ရွှေငွေ ပိဿာ နှစ်ဆယ်စီ၊ ပိုးထည် ဆယ်စုံစီ၊ ရာထူးဝတ်လုံနှင့် မြင်း ကောင်း တစီးစီကို ချီးမြှင့်ပေး၏။

အားလုံးက မင်းကြီးကို ကျေးဇူးတင်ကြောင်း ပြောဆိုကြ၏။

နဂါးနက်နတ်က နှစ်ကြိမ်တိုင် ကိုယ်ထင်ပြကာ တိုင်းပြည်နှင့် လူမျိုးကို စောင့်ရှောက် ခဲ့သဖြင့် ရှည်လျားသော ဘွဲ့တခုကို မင်းကြီးက ချီးမြှင့်၏။ ထို့ပြင် မူကြို့ကို ယန်ကျို့ဟု၊ ရှေကျို့ကို ဟွီကျို့ဟု အသီးသီး အမည်ပြောင်းလိုက်၏။ ထိုမြို့တို့မှာ ဖန်းလာသူပုန်၏ ဌာန ချုပ်များ ဖြစ်ခဲ့သောကြောင့်ပင်တည်း။

ထို့အတူ ရေကြည်ချောင်းခရိုင်ကိုလည်း ချူနန်ခရိုင်ဟု အမည်ပြောင်း၏။ ပန်းယွမ် ဂူကိုလည်း ကျွန်းဆွယ်မှ ဖြတ်ထုတ်ကာ သီးခြားကျွန်း ဖြစ်စေ၏။ မူကျို့မြို့ဝန်ကို နဂါးနက် နတ်အတွက် နတ်ကွန်းတည်ဆောက်စေပြီး မင်းကြီးက ကမ္ပည်းပြားကို ပို့ပေး၏။ ထိုနတ် ကွန်းမှာ ယနေ့တိုင် ရှိသေး၏။

ယန်စီတောင်ဘက်တရိုးမှာ ဖန်းလာ၏ နှိပ်စက်မှုကို အပြင်းအထန် ခံခဲ့ရသဖြင့် အခွန် အတုတ်နှင့် လုပ်အား ဆင့်ခေါ်မှုတို့ကို သုံးနှစ် ကင်းလွတ်ခွင့် ပြုခဲ့၏။

မင်းကြီးက တပ်မှူးများကို စားသောက်ပွဲဖြင့် ဧည့်ခံရာ ထိပ်တန်းမှူးမတ်များကိုလည်း ထိုပွဲသို့ ဖိတ်၏။ ပွဲပြီးသောအခါ စုန်ကျန့်က မိမိတို့ စစ်သည်အင်အားမှာ လွတ်ငြိမ်းမိန့် ရပြီး နောက်ပိုင်းတွင် အင်အားတဝက်ခန့်သာ ကျန်တော့ကြောင်း၊ အချို့မှာ နေရပ်ပြန်လို နေကြောင်း ခွင့်ပြုပါရန် တင်ပြ၏။

မင်းကြီးက တပ်တွင် ဆက်နေလိုသူတို့ကို တဦးလျှင် ဒင်္ဂါးအသီတရာစီ၊ ပိုးဆယ်လိပ်စီ ချီးမြှင့်ကာ "နဂါးမာန်" နှင့် "ကျားမာန်" တပ်စခန်းများတွင် တာဝန်ပေး၏။ ယင်းတွင် အမှု ထမ်းနေစဉ် လစာနှင့် ရိက္ခာများ ရရှိကြမည် ဖြစ်၏။ မနေလိုသူတို့ကိုမူ ဒင်္ဂါးအသီနှစ်ရာ၊ ပိုးဆယ်လိပ်စီ ချီးမြှင့်ကာ အိမ်ပြန်၍ အရပ်သား ပြန်ဖြစ်စေ၏။

စုန်ကျန့်က-

"ကျွန်တော်က ယွန်ကျင့်နယ်ကပါ ဘုရား။ ဒါပေမဲ့ ရာဇဝတ်တွေ ကျူးလွန်ပြီးတော့ အိမ်မပြန်ဝံ့တော့ပါ ဘုရား။ ကျွန်တော့်ကို အခွင့်ပေးရင်ဖြင့် မိသားစုသင်္ချိုင်းကို ပြန်ပြီး သန့်ရှင်းပါရစေ၊ ဆွေမျိုးမိတ်ဆွေတွေ ဆီလည်း လည်ပါရစေ။ အဲဒီနောက်မှာ ချူကျို့ကို သွားပြီး တာဝန်ထမ်းဆောင်ပါ့မယ်ဘုရား"

မင်းကြီးက ကျေနပ်စွာဖြင့် ခွင့်ပြုသည့်ပြင် သင်္ချိုင်းထဲ ထိန်းသိမ်းစရိတ်အဖြစ် ဒင်္ဂါး အသီတထောင် ကိုပါ ထောက်ပံ့လိုက်၏။

နောက်နေ့တွင်လည်း အုပ်ချုပ်မှုဌာနက စားသောက်ပွဲနှင့် ဧည့်ခံပြန်၏။ နောက်နေ့ တွင်လည်း စစ်ဝန်ကြီးဌာနက ဧည့်ခံပြန်၏။ စစ်ဘုရင်ခံချန်း စသော

တောင်ပိုင်း စစ်ဆင်ရေးတွင် ပါဝင်သူများကိုလည်း ရာထူးတိုးပေး၏။ သို့သော် ယင်းကိစ္စမှာ ဤဇာတ်လမ်းနှင့် မသက်ဆိုင်ပေ။ ဖန်းလာကိုမူ ထုံးစံနှင့်အညီ မြို့လယ်ကွက်လပ်တွင် နုပ်နုပ်စဉ်းကာ ခေါင်းဖြတ်သတ်ပြီး သုံးရက်တိုင်တိုင် ပြထား၏။

စုန်ကျန့်တို့ညီအစ်ကိုသည် နောက်ပါ စစ်သည်တရာ နှစ်ရာခန့်နှင့် ရွာသို့ပြန်ခဲ့ကြ၏။

ယွန်ကျင့်နယ်ရှိ ဇာတိရွာသို့ ရောက်သောအခါ ရပ်သူ ရွာသားများက ကြိုဆိုကြ၏။ သူတို့အိမ်သို့ ရောက်သောအခါ ဖခင်ဖြစ်သူ မြေပိုင်ရှင်ကြီးစုန့်မှာ ကွယ်လွန်ပြီး ဖြစ်ကြောင်း၊ ခေါင်းသွင်းထားသော်လည်း မသင်္ဂြိုဟ်ရသေးကြောင်း တွေ့ရ၏။ ညီအစ်ကိုနှစ်ယောက် လည်း အသည်းကွဲကြေမတတ် ငိုယိုကြ၏။ စုန်ကျန့်တို့လည်း အသုဘအခမ်းအနားကို ကောင်းမွန်စွာ ကျင်းပပေးကြ၏။ ခရိုင်နှင့် ပြည်နယ်မှ အရာရှိများလည်း လူအဆက်မပြတ် ရောက်လာကာ နာရေး မေးမြန်းကြလေ၏။ ရက်ကောင်းရက်သာ ရွေးကာ မြေပိုင်ရှင် ကြီးကို ကုန်းမြင့်တခုပေါ်တွင် မြှုပ်နှံလိုက်၏။ အရာရှိများ၊ အိမ်နီးချင်းများ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုး၊ မိတ်ဆွေများ အစုံအညီ တက်ရောက်ကြ၏။ ထိုအကြောင်းကို ဤမျှဖြင့် တော် ဦးမည်။

ဂမ္ဘီရမယ်တော်၏ ကျေးဇူးကို မဆပ်ရသေးကြောင်း သတိရလာသဖြင့် ငွေဒင်္ဂါးအသီ ငါးသောင်းကို အကုန်အကျခံကာ နတ်ကွန်းတသောင်းကို ဆောက်လုပ်၏။ အမိုးပါ စကြံ၊ မုခ်ဦး၊ ရုပ်တု စသည်တို့ဖြင့် လှပခမ်းနားစွာ တန်ဆာဆင်ထား၏။

ကျေးလက်ဒေသတွင် အချိန် ကြာကြာနေပါက မင်းကြီး အမျက်ထွက်မည်ကို စိုးသဖြင့် စုန်ကျန့်သည် ဝမ်းနည်းခြင်း အထိမ်းအမှတ် အဝတ်အစားများကို ချွတ်လဲကာ ဆုတောင်းပွဲကို ကျင်းပ၏။ ထို့နောက် အိမ်နီးချင်းများကို ဖိတ်ကာ နှုတ်ဆက်စားသောက်ပွဲ ကျင်းပ၏။ နောက်တနေ့တွင် အမျိုးအဆွေများက တံ့ပြန်ကျွေးမွေးပြန်၏။ ထိုအကြောင်း ကို ဤမျှဖြင့် တော်ဦးမည်။

အိမ်ထောင်ကိစ္စ အဝဝကို သူ့ညီ စုန်ကျင့်သို့ လွှဲအပ်ခဲ့၏။ စုန်ကျင့်သည် ရာထူးရာခံ ရသော်လည်း စုန်ကျန့်က သူ့ကို အိမ်တွင်သာ နေပြီး လယ်ယာလုပ်ကိုင်ကာ မိသားစု နတ်ကွန်းကို စောင့်ရှောက်စေ၏။ သူ့တွင် ကျန်သမျှ ငွေကြေးကို လူများကို ဝေပေးလိုက်၏။ အသေးအဖွဲ့စကားများကို ချန်ခဲ့ကြပါစို့။ ဇာတိရွာတွင် သုံး လေးလ နေပြီးနောက် စုန်ကျန့်သည် အရှေ့နေပြည်တော်သို့ ပြန်ခဲ့၏။ သူ့ညီနောင် တပ်မှူးအများမှာ အိမ်ရာ ထူထောင်ကာ

အခြေတကျဖြစ်နေကြပြီ။ ရာထူးတာဝန်ထမ်းဆောင်နေကြပြီ။ ကျဆုံးသူတို့ ၏ မိသားစုများမှာလည်း ရွာပြန်ကုန်ကြပြီ ဖြစ်၏။

စုန်ကျန့်သည် သူ့တပ်ဖွဲ့ကို တဖြည်းဖြည်းနှင့် လူစုခွဲလိုက်၏။ တနေ့တွင် သူ့ထံသို့ နတ်ခြေမြန်ထိုက်ချုံ ရောက်လာ၏။ ထိုင်၍ စကားပြောနေစဉ်တွင် ထိုက်ချုံက သူ့ကို တစုံတခု ပြောလိုက်၏။

ထို့ကြောင့်ပင် ယန်ကျင့်နယ်မှ သူရဲကောင်းစုန်ကျန့်သည် လျောင်အာလွင်ပြင်စောင့် နတ် ဖြစ်သွားရ၏။ သူ့သမိုင်းကို နှစ်ပေါင်းထောင်ချီကာ ကမ္ပည်းတင်ခဲ့ရ၏။

မှန်ပေ၏။ ထိုနတ်မင်း၏ သတင်းသည် ပျံ့လှိုင်ခဲ့၏။ သူ့ရုပ်ပုံကိုလည်း နန်းတွင်းရှိကျော်စောသူများ ခန်းမတွင် ချိတ်ဆွဲခံခဲ့ရ၏။

ထိုက်ချုံက စုန်ကျန့်ကို မည်သည့်စကားကို ပြောလိုက်ပါသနည်း။ သိလိုလျှင် နောက် တခန်းကို ဖတ်ပါလေ။

အခန်း - ၁၀၀

ကျောင်းအာလွင်ပြင်ကို စုန်ကျန့်နတ် ပိုင်စိုးခြင်း

ကေရာဇ်မင်းကြီး လျှံရှန်းကျူးအင်းကို အိပ်မက်မက်ခြင်း

ထိုက်ချုံက ထရပ်လိုက်လျက် -

"မင်းကြီးက ကျုပ်ကို ယန်ကျို့မြို့ဝန် ခန့်လိုက်တာ ကျေးဇူးကြီးလှပါတယ်။ ဒါပေမဲ့ ကျုပ်တော့ နတ်ထွက်စာတင်ပြီး တိုက်အန်းနယ်ကတောင်ပေါ်ကျောင်းမှာ တာအိုဘုန်းကြီး သွားလုပ်မလို့ ဆုံးဖြတ်လိုက်ပြီ။ အဲဒီမှာ အေးအေးဆေးဆေးပဲ နေတော့မယ်ဗျာ"

"ဘာကြောင့် ဒီလို လုပ်ရတာလဲ နောင်ကြီး"

"ကျုပ် အိပ်မက် မက်တယ်ဗျ။ အိပ်မက်ထဲမှာ ယမမင်းရဲ့ တမန်တွေက ကျုပ်ကို ခေါ်နေကြပြီ။ ဒါကြောင့် ဒီလို ဆုံးဖြတ်လိုက်တာဗျ"

"နောင်ကြီးက နတ်ခြေမြန်အစွမ်းကို ရထားတာပဲဗျာ။ နောင်ကြီးသေရင် နတ်ဖြစ် မှာပါပဲ"

သူတို့ခွဲခွာခဲ့ကြပြီ။ ထိုက်ချုံက ရာထူးမှ နုတ်ထွက်ကာ တောင်ပေါ်ကျောင်းသို့ သွားပြီး တာအိုရဟန်းဝတ်၏။ နေ့တိုင်း အမွှေးတိုင်ထွန်းပြီး မိုးကောင်းကင်၏အရှင်ကို ပူဇော်၏။ လအတန်ကြာသောအခါ ကျန်းကျန်းမာမာ နေထိုင်လျက်က အပေါင်းအဖော် ဘုန်းကြီး များကို နှုတ်ဆက်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြင့် သေဆုံးသွားလေ၏။ ထို့နောက်တွင် ထိုကျောင်း၌ သူသည် မကြာမကြာ ကိုယ်ထင်ပြလေ၏။ ကျန်ခဲ့သော သူ့အရိုးစုကို အခြေခံကာ ရုပ်တု တခု ထုထားပြီး ပူဇော်ကြ၏။

ဖိုးရုံကလေးသည် ကိုက်တျန်စစ်ခရိုင်၏ တပ်မှူးအဖြစ် တာဝန်ကို ထမ်းဆောင်နေ၏။ လအနည်းငယ်ကြာသောအခါ ဝမ်ပင်းနှင့် ကျောက်ထန်တို့က ဖိုးရုံကလေး သူတို့ကို ပန်းယွမ်ဂူ၌ စော်ကားခဲ့သည်ကို ပြန်သတိရကြပြီး သူ့အကြောင်းကို စစ်ဝန်ကြီးတုန်အား ခဏခဏ တိုင်ကြ၏။

"သူက ဖန်းလာရဲ့ ဝတ်လုံကြီးကို ဝတ်ပြီး ကျောက်စိမ်းခါးပန်းကိုလည်း ပန်ထားတယ် ဗျ။ အဲဒီတုန်းကတော့ ဟာသလို့ပဲ ထင်ခဲ့တာ။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ဒီလိုပဲ ဝတ်ချင်နေ တာဗျ"

သူတို့က ဖိုးရုံကလေးကို သေစေချင်နေကြသဖြင့် ပိုပိုသာသာကလေး တွန်းကြ တိုက်ကြ၏။

"ပြီးတော့ ကိုက်တျန်ဆိုတာကလည်း ခေါင်ဖျားတဲ့ နေရာဗျ။ လူထုကလည်း ရိုင်းရိုင်း တွေဗျ။ သူက သူပုန်ထမှာ သေချာတယ်ဗျ"

စစ်ဝန်ကြီးက နန်းရင်းဝန်သို့၊ နန်းရင်းဝန်က မင်းကြီးသို့ အဆင့်ဆင့် တောင်းပန် တင်ပြကြသဖြင့် ဖိုးရုံကလေးကို ရာထူးမှ ဖြုတ်ကာ သာမန်အရပ်သားအဆင့်သို့ လျှော့ချ လိုက်၏။ ထိုအမိန့်ကို ရလာသောအခါ ဖိုးရုံကလေးလောက် ပျော်သူဟူ၍ ရှိမည်မဟုတ်။ သူ့ မိခင်ကြီးနှင့်အတူ လှိုင်ရှန်းကျူးအင်းအနီး ကျောက်တိုင်ရွာသို့ ပြန်လာကာ တံငါသည် ပြန်လုပ်လေ၏။ မိခင်ကြီး အသက်ထက်ဆုံး လုပ်ကျွေးပြုစုကာ သူလည်း အသက်ခြောက် ဆယ်အရွယ်တွင် ကွယ်လွန်သွားလေ၏။

လေပွေလေးကျဲ့ကျင်းမှာလည်း နေပြည်တော်တွင် နေထိုင်သူ ဖြစ်၍ ထိုက်ချို့ နုတ်ထွက်သွားသည်ကိုလည်း သိ၏။ ဖိုးရုံကလေးက ဖန်းလာ၏ နန်းဝတ်နန်းစားများကို ဝတ်မိသဖြင့် ပုန်ကန်ရန် ကြံစည်နိုင်သည်ဟု ယူဆကာ ရာထူးမှ နုတ်ပယ်လိုက်သည် ကိုလည်း သိ၏။ ထို့ကြောင့် ဤသို့ စဉ်းစားမိ၏။

"ငါလည်း ဖန်းလာသမက် ဖြစ်ဖူးတယ်။ ဒီအမတ်ယုတ်တွေက ကုန်းတိုက်ရင် ငါ့လည်း ရာထူးက ဖြုတ်ပြီး အရက်မခွဲနိုင်ဘူးလား။ ကိုယ်က လက်ဦးအောင် ကြံပြီး ဘေးကင်းအောင် လုပ်မှ တော်ကာကျမယ်"

ဒူလာရောဂါ မကြာမကြာ ထသဖြင့် တာဝန်ကို ကျေပွန်စွာ မထမ်းနိုင်ကြောင်းဖြင့် အကြောင်းပြကာ ရာထူးမှ နုတ်ထွက်ခွင့်၊ ရွာပြန်ခွင့် တောင်းလိုက်၏။ ခွင့်ပြုလိုက်သဖြင့် ကွမ်ကျို့ပြည်နယ်၊ ဟိန်ဟိုင်းခရိုင်ရှိ မိမိ၏ လယ်တောသို့ ပြန်ကာ တသက်လုံး အေးအေး ဆေးဆေးနေလေ၏။ ကျန်းမာရေးကောင်းသူ ဖြစ်သော်လည်း တနေ့တွင် ရုတ်တရက် အနိစ္စ ရောက်သွားရှာ၏။

လီယင်းသည် ကျူးရှန်ခရိုင်တွင် နှစ်ဝက်ခန့် အမှုထမ်းပြီးမှ ကျဲ့ကျင်း၏ သတင်းကို ကြားရ၏။ သူလည်း ဒူလာရောဂါကိုပင် အကြောင်းပြကာ နုတ်ထွက်ခဲ့ပြီး နဂါးတကောင် တောင်တန်းရှိ ဇာတိရွာသို့ ပြန်နေ၏။ နောင်သောအခါ ထူရှင့်နှင့် ပူးပေါင်းကာ အလုပ်လုပ် ကြပြီး ကြွယ်ဝလာခဲ့၏။ နှစ်ယောက်စလုံး ဇာတ်သိမ်းကောင်းကြလေ၏။

ကွမ်ရှိန်းမှာ ဥတ္တရနေပြည်တော် ထာ့နင်းတွင် မြို့စောင့်တပ်မှူးတာဝန်ကို ယူရ၏။ တပ်ကရော လူထုကပါ သူ့ကို လေးစားချစ်ခင်ကြ၏။ တနေ့တွင်

အရက်မူးပြီး ပြန်အလာ၌ မြင်းပေါ်မှ ကျကာ မကျန်းမမာဖြစ်ပြီး သေရှာ၏။

ဟူယန်ကျို့မှာ ဝင်းကိုယ်ရံတော်တပ်မှူးတာဝန်ကို ထမ်းဆောင်ခဲ့ရ၏။ နေ့စဉ် သူ့ တပ်သားများကို စစ်ရေးလေ့ကျင့်စေ၏။ နောက်ပိုင်းတွင် ရွှေတာတာရ်စတုတ္ထမင်းသားကို တိုက်ခိုက်သည့်အခါ ဟွေ့မြစ် အနောက်ဘက်တွင် ကျဆုံးခဲ့ရှာ၏။

ချူတုံသည်လည်း ပေါင်တင်းမြို့စောင့်တပ်မှူးအဖြစ် ကောင်းစွာ အမှုထမ်းခဲ့ပြီး ရွှေတာတာရ်တို့ကို တိုက်ခိုက်ရာတွင်လည်း ပါဝင်ခဲ့၏။ ထို့နောက် တိုက်ပင်းစစ်ခရိုင် ဘုရင်ခံအဖြစ် ဘဝကို နိဂုံးချုပ်ခဲ့၏။

ဟွရုံသည် ယင်တျန်ပြည်နယ်၏ မြို့ဝန်တာဝန်ကို သွားယူရ၏။ သူနှင့်အတူ ဇနီးနှင့် နှမကလေးတို့ ပါသွားကြ၏။ ဝုရုံမှာ အိမ်ထောင်မရှိသူ ဖြစ်၍ ဝူရှိန်းစစ်ခရိုင်တွင် တာဝန် ယူသောအခါ အစေခံ ယောကျ်ားကလေးတယောက်သာ ပါသွား၏။ ထို့အတူ လူပျိုကြီး လီကွေ့သည်လည်း ရွှန်ကျို့တွင် တာဝန်သွားယူသောအခါ အစေခံ နှစ်ယောက်သာ ပါသွား လေ၏။

အဘယ်ကြောင့် ဤနောက်ဆုံး သုံးယောက်အကြောင်းကို ပြောရာတွင် သူတို့ရာထူး လက်ခံသည့်အချိန်အထိသာ ပြောပြပြီး ကျန်ခုနစ်ယောက်ကဲ့သို့ ဘဝနိဂုံး အဆုံးသတ် သည့် အချိန်အထိ အဘယ်ကြောင့် ပြောမပြပါသနည်း။ အကြောင်းမှာ ယင်းခုနစ်ယောက် သည် ကျွန်ုပ်တို့၏ဇာတ်လမ်းတွင် နောက်ပိုင်း၌ ပါမလာတော့သောကြောင့် ဖြစ်ပေ၏။ ကျန်တပ်မှူးကြီးငါးယောက် ဖြစ်သော စုန်ကျန့်၊ လူကွမ်းယီ၊ ဝုရုံ၊ ဟွရုံ၊ လီကွေ့တို့၏ အကြောင်းကိုကား များစွာ ကြားရပေဦးမည်။

အငယ်တန်း တပ်မှူး ဆယ့်ငါးယောက်တို့အနက် စုန်ကျင့်မှာ အိမ်ပြန်ရောက်နေပြီ ဖြစ်ကြောင်း ပြောခဲ့ပြီ။ ထူရှင့်လည်း တောကိုပြန်ကာ လီယင်းနှင့် ပူးပေါင်း၏။ ဟုန်ဆင့်မှာ ချင်ကျို့တွင် တာဝန်ယူ၏။ ဆွန်လီသည် သူ့အစ်ကို ဆွန်ရှင့်၊ မရီး မခုတို့အပြင် သူ့ဇနီး၊ သားသမီးတို့နှင့်အတူ တိန်ကျို့သို့ ပြန်ကာ လက်ငုတ်လုပ်ငန်းများကို ပြန်လုပ်ကြ၏။ စို့ရွှန် လည်း အရာရှိ မလုပ်လိုသဖြင့် တိမ်ခွပ်တောင်သို့ ပြန်လေ၏။

ကိုင်ချင်းက သာမန်အရပ်သားအဖြစ် ဥတ္တာရနေပြည်တော်သို့ ပြန်၏။ ဖေ့ရွှန်းနှင့် ယန်လင်းတို့ကလည်း မြင်းရေသောက်တောင်ကြားသို့ ပြန်ကာ အနားယူကြ၏။ ကျန်ကျင်း လည်း ဇာတိကို သတိရလှသဖြင့် တန်ကျို့သို့ ပြန်ကာ သာမန်အရပ်သားဘဝဖြင့် နေထိုင်၏။ ချူဝုလည်း ဖန်ရှီထံမှ တာအိုအယူကိုရရှိပြီး တာအိုဘုန်းကြီးလုပ်လိုက်၏။ သူတို့နှစ်ယောက် သား တပြည်လုံးတွင် ခရီးသွားနေပြီးမှ ကုန်ဆွန်ရှုန်းထံသို့ ရောက်သွားကာ အသက် ထက်ဆုံး

နေထိုင်သွားကြ၏။

မူချွန်းက ကျီယန်းမြို့သို့ ပြန်ကာ အရပ်သားဘဝဖြင့် နေထိုင်၏။ လင်းချင်ကမူ ဘုရင့် ခဲယမ်းဌာနတွင် ခန့်အပ်ခြင်းခံရ၏။ သမားတော် အင်းထောင်ကွမ်းကား ဆေးရုံတော်တွင် သမားတော်ကြီးဖြစ်သွား၏။ ဟွမ်ဖူးတွမ်လည်း မြင်းစောင်းတော်တွင် တာဝန်ခံရာထူးကို ရ၏။ ကျင်တာကျန်းမှာ ရွှေတိုက်တော်တွင် အရာရှိတဦး ဖြစ်နေလေပြီ။ ရှောင်ရန်းမှာ နန်းရင်းဝန်အိမ်၌ စာသင်ဆရာ ဖြစ်သွား၏။ ကွေ့ဟိုကမူ မင်းသားဝမ်၏ နန်းတော်တွင် အမှုထမ်းကာ သက်သက်သာသာနေသွားရ၏။ ထိုအကြောင်းတို့ကို ဤမှုဖြင့် တော်ဦးမည်။ စုန်ကျန့်နှင့် လူကွမ်းယီတို့လည်း အသီးသီး မိမိတို့ တာဝန်ရှိရာသို့ သွားရောက်ထမ်းဉာဏ်သစ်

ဆောင်ကြ၏။ ထိုမှ စ၍ ယင်းတို့နှစ်ဦးသည်လည်း တလမ်းစီသွားကြလေပြီ။ ထို အကြောင်း ကို ဤမျှဖြင့် တော်ဦးမည်။

တိုက်စုန်းက စုန်ပထမကေရာဇ်မင်းကြီးတိုက်စု၏ အရိုက်အရာကို ဆက်ခံစဉ်က သူ့ လမ်းစဉ်များကို ကြေညာခဲ့ပေ၏။ သို့သော် နောက်ဆုံး၌ သူ့အား လှည့်စားမှုများကို မကျော် လွန်နိုင်ခဲ့ပေ။ လက်ရှိမင်းကြီး ဟွီစုန်းသည်လည်း ဉာဏ်ပညာရှိသူ၊ အကြားအမြင်ရှိသူ ဖြစ်သော်လည်း ဖောက်ပြန်သော မှူးမတ်များက သူ့ကိုထိန်းချုပ်နိုင်ရန် ကြိုးစားကြ၏။ သူ၏ ဂုဏ်ရည်နှင့် သစ္စာရှိမှုကို ဖျက်ဆီးကြ၏။ ဤသည်မှာ သနားစရာပင်ဖြစ်၏။ နန်းရင်းဝန်၊ တုန်ဂွမ်၊ ကောက်ကျူ၊ ယန်းကျင်းတို့ လေးဦးဂိုဏ်းသည် နိုင်ငံရေးကို ရှုပ်ထွေးအောင် မွှေနှောက်နေကြပြီး လူထုကို ဒုက္ခပေးနေကြ၏။

စုန်ကျန့်နှင့် သူ့တပ်မှူးများတို့ကို ဂုဏ်ပြုကာ ဆုလာဘ်များ အလှူပယ်ပေးသည်ကို စစ်သူကြီးများဖြစ်သော ကောက် နှင့် ယန်းတို့က မရှုဆိတ်ကြပေ။ ထိုအကြောင်းနှင့် ပတ်သက်၍ သူတို့ ခေါင်းချင်းရိုက်ကြလေ၏။ ကောက်ကျူက-

“စုန်ကျန့်နဲ့ လူကွမ်းယီတို့က ကျုပ်တို့ရဲ့ ရန်သူတွေပဲဗျ။ ခုတော့ အရာရှိကြီးတွေ ဖြစ်ပြီး ရွှေနန်းတော်ကြီးက မြှောက်စားထားပြီလေ။ မြင်းစီးနေတုန်းက စစ်တပ်တွေကို ကွပ်ကဲခဲ့တယ်။ မြင်းပေါ်က ဆင်းတော့ လူထုကို အုပ်ချုပ်နေကြပြီ။ ကျုပ်တို့မှူးမတ်တွေ ကျတော့ လူရယ်စရာကြီးတွေကို ဖြစ်လို့။ ရှေးစကားပုံကို မမေ့နဲ့ဗျ၊ သူကောင်းမျိုးတွေက ငကြောင်တွေကို နှာခေါင်းရှုံ့သတဲ့၊ သူရဲကောင်းဆိုတာ ဘာမထိ ဖြစ်ရမတဲ့”

ယန်းက-

“ကျုပ် ကြံထားတာ ရှိပါတယ်ဗျ။ ပထမ လူကွမ်းယီကို အရင်ရှင်းရမယ်။ ဒါဆို စုန်ကျန့် ရဲ့ ညာလက်ကို ဖြတ်လိုက်တာပဲ။ ဒီလူက သိပ်သတ္တိကောင်းတာ။ စုန်ကျန့်ကို အရင် ရှင်းလိုက်ရင် သူက သိသွားပြီး ကျုပ်တို့ကို လာချမှာပဲ။ အခြေအနေဆိုးသွားနိုင်တယ်”

“ကြားပါရစေဦး ခင်ဗျားအကြံ”

“လူကျို့တပ်ထဲက လူနှစ်ယောက်လောက်ကို ဝန်ကြီးဌာနကို တိုင်ခိုင်းလိုက်မယ်။ လူက စစ်တပ်ထောင်နေတယ်။ လူစာ၊ မြင်းစာ စုနေတယ်။ သူပုန်ထဖို့ ကြံနေတယ်ပေါ့။ ဒီကိစ္စကို နန်းရင်းဝန်ဆီက တင်ပြလိုက်မယ်။ သူကနေ မင်းကြီးကို တင်ပြခိုင်းတာပေါ့ဗျာ။ ပြီးတော့ နန်းရင်းဝန်ကိုလည်း မင်းကြီးကို အကြံပေးခိုင်းမယ်။ လူကွမ်းယီ ကျေနပ်အောင် နန်းတော်ကို ခေါ်ပြီး ကျွေးမွေးဧည့်ခံဖို့ပေါ့။ အဲဒီမှာ သူစားမယ့် စားစရာတွေထဲမှာ ပြဒါး ခတ်လိုက်မယ်။ ဒီတော့ သူ့ကျောက်ကပ်တွေ ပျက်စီးသွားပြီး သူဘာမှ လုပ်နိုင်မှာ မဟုတ် တော့ဘူး။ ပြီးမှ စုန်ကျန့်ဆီကို တမန်လွှတ်ပြီး တော်သုံးသေရည်အပို့ခိုင်းမယ်။ အဲဒီထဲမှာ ဖြည်းဖြည်းချင်း သေစေမယ့် အဆိပ်ခတ်လိုက်ကြတာပေါ့။ လဝက်လောက်နေရင် သူ လည်း ကုလို့ရမှာ မဟုတ်တော့ဘူး”

“သိပ်ကောင်းတဲ့ အကြံပဲဗျ"

အမတ်ယုတ်နှစ်ယောက်သည် လူယုံတယောက်ကို လွှတ်၍ လူကျို့မှ ဒေသခံ စစ်သည်နှစ်ယောက်ကို ခေါ်စေ၏။ လုပ်ကြံထားသော တိုင်စာကို ရေးပေးကာ စစ်ဝန်ကြီး ရုံးသို့ လွှတ်ကာ တင်ပြစေ၏။ ယင်း အထဲတွင် လူကွမ်းယီသည် သူပုန်ထဖို့ ကြံစည်နေ ကြောင်းအပြင် ချူကျိုရှိ စုန်ကျန့်နှင့်လည်း မပြတ်ဆက်သွယ်ကာ သူ့အကြံကို အသိပေးထားကြောင်းပါ ပါရှိ၏။

စစ်ဝန်ကြီးတုန်ဂွမ်သည်လည်း စုန်ကျန့်ကို မုန်းသူဖြစ်၍ ထိုတိုင်စာကို နန်းရင်းဝန် ထံသို့ ပို့၏။ နန်းရင်းဝန်က ကျန်အမတ်များကိုပါ ခေါ်၍ တိုင်ပင်ရာ ကောက်နှင့် ယန်းတို့က စွပ်စွဲတိုင်ကြားသူများကို မင်းကြီးရှေ့တော်သွင်းရန် အကြံပြု၏။ ထိုအတိုင်း ဆောင်ရွက် ခဲ့ကြ၏။

မင်းကြီးက-

“စုန်ကျန့်နဲ့ လူကွမ်းယီက တာတာရ်တွေ နှိမ်နင်းတုန်းကရော၊ ဖန်းလာကို သွားဖမ်း တော့ပါ သူတို့အောက်မှာ အင်အားသိန်းနဲ့ ချီပြီး ရှိခဲ့တာပဲ။ ဒါတောင် ဘာမှ ကောက်ကျစ် မယ့် အရိပ်အယောင် မမြင်ခဲ့ဘူး။ ခုတော့ သူတို့လည်း လမ်းကောင်းလမ်းမှန်ကို လိုက်နေ ပြီပဲ။ ဒါကို စွန့်ပြီး သူပုန်ထပါ့မလား။ ငါလည်း သူတို့ကို မတရား မလုပ်ဖူးဘူး။ ဘာလို့ ငါ့ကို ပုန်ကန်ရမှာလဲ။ တခုခုတော့

မဟုတ်သေးဘူး။ ငါ မယုံဘူး”

စစ်သူကြီးနှစ်ယောက်က-

“အရှင်မိန့်ကြားတာကတော့ သစ္စာ၊ မေတ္တာ အကြောင်းပါပဲဘုရား။ ဒါပေမဲ့ လူ့စိတ် နှလုံးကို ထောက်မိဖို့ ခဲယဉ်းပါတယ်။ လူကွမ်းယီက သူ ရတဲ့ အဆင့်က သူနဲ့ မတန်ဘူး။ နိမ့်ကျတယ်လို့ ထင်ချင် ထင်မှာပါ ဘုရား။ ဒီတော့ မကျေနပ်လို့ သူပုန်ထချင်နေမှာပါ။ ဒီအကြံ လူတွေ သိသွားတာ ကံကောင်းပါသေးတယ် ဘုရား”

“ငါ သူ့ကို ခေါ်ပြီး ကိုယ်တိုင် မေးမယ်”

နန်းရင်းဝန်နှင့် စစ်ဝန်ကြီးက ဝင်၍ အကြံပေး၏။

လူကွမ်းယီက သားရဲတကောင်လို လူစားပါ ဘုရား။ သူ့ကို ထိန်းချုပ်ဖို့ ခက်ပါတယ်။ သူ့ကို လွှန့်လိုက်ရင် သူ မသက်ာ ဖြစ်သွားမှာပါ။ ဒီလိုဆိုရင် အခက်ကြုံလာနိုင်ပါတယ် ဘုရား။ သူ့ကို ဖမ်းဖို့က မလွယ်ပါဘူး။ ဒါကြောင့် သူ့ကို ထမင်းစားဖိတ်ရင် မကောင်းပါလား ဘုရား။ စကားပြောရင်းက အရှင်လည်း သူ့အကြံအစည်ကို စူးစမ်းနိုင်တာပေါ့ ဘုရား။ ဘာမှ မတွေ့ရရင် ဒီကိစ္စကို မေ့လိုက်ကြတာပေါ့ ဘုရား။ ထမင်းစား ဖိတ်တာကိုလည်း အရှင်က ဂုဏ်ထူးဆောင်မှုးမတ်တွေကို မမေ့ဘူးဆိုတာ ပြတာပဲလို့ သူက ထင်မှာပါ ဘုရား”

ဧကရာဇ်မင်းကြီးက သဘောတူသဖြင့် တမန်လွှတ်ကာ အခေါ်ခိုင်းလေ၏။ အရေး မပါသော အသေးစိတ်များကို ချန်လှပ်၍ ဆိုရသော် လူကွမ်းယီလည်း ချက်ချင်းလိုက်ပါလာကာ နံနက်ညီလာခံတွင် ဝင်၍ ခစားလေ၏။ ထိုညီလာခံတွင် လေးဦးဂိုဏ်းလည်း တက်ရောက်၏။ ညီလာခံ စဲသော် မင်းကြီးက လူကွမ်းယီသို့ -

“ငါ မင်းကို တွေ့ချင်နေတယ်ကွယ့်၊ လူကျိုမှာ အဆင်ပြေရဲ့လား”

“အရှင့် ဘုန်းတော်ကြောင့် တပ်တော်ရော လူထုပါ အေးချမ်းသာယာစွာ ရှိကြောင်းပါ ဘုရား”

မင်းကြီးသည် လူကွမ်းယီနှင့် စကားထိုင်ပြောနေရာ မွန်းတည့်လုနီးလာ၏။ စားတော်ဝန်က ဧည့်သည်အတွက် ထမင်းပွဲပြင်ပြီးပါကြောင်း၊ အမိန့်တော်ရှိပါက ကျွေးမွေးမည်ဖြစ် ကြောင်း လာလျှောက်၏။ ကောက်နှင့် ယန်းတို့က ပြင်ထားသော ထမင်းပွဲတွင် ပြဒါးခတ် ထားလေပြီ။ မင်းကြီးက ကျွေးမွေးရန် အမိန့်ချမှတ်သဖြင့် လူကွမ်းယီလည်း မင်းကြီးကို ဦးချကာ ထမင်းစား၏။

မင်းကြီးက မှာလိုက်၏။

“လူချို့က တပ်တော်ကို သေသေချာချာ ဂရုစိုက်ရမယ်ကွယ့်၊ ဘာတခုမှ

ဖြစ်တာ မလိုလားဘူး”

လူကွမ်းယီက ကျေးဇူးတင်ကြောင်း ပြောကာ လူကျို့သို့ ပြန်ခဲ့၏။ လေးဦးဂိုဏ်း၏ အကြံကိုမူ ရိပ်မျှ မရိပ်မိရှာပေ။

ကောက်နှင့် ယန်းတို့က ကျေနပ်စွာဖြင့် –

“မကြာခင် အကြောင်းထူးတော့မယ်”

အပြန်လမ်းတွင် လူကွမ်းယီ ကျောနာလာပြီး အားနည်းလာသဖြင့် မြင်း မစီးနိုင်။ လှေဖြင့် ပြန်ခဲ့ရ၏။ တွေ့မြစ်ကို သုံးလေးရက်သွားခဲ့ပြီးသော် စီကျို့သို့ရောက်၏။ ထိုညတွင် သေရည်သောက်ပြီးနောက် လူကွမ်းယီသည် လှေဦးသို့ သွားကာ ရပ်နေ၏။ ထိုအချိန်တွင် ပြဒါးသည် ကျောက်ကပ်သာမက အရိုးများသို့ တိုင်အောင် စိမ့်နေပြီ ဖြစ်၏။ သူသည် ကောင်းကောင်း မရပ်နိုင်။ ဒယီးဒယိုင်ဖြစ်ကာ ဟွေ့မြစ်ထဲသို့ ကျသွားလေ၏။

ကျောက်စိမ်းဗျာလွှခမျာ ရေထဲတွင် နတ်ဖြစ်ရရှာလေပြီ။ သူ့အလောင်းကို ဆယ်ကာ စီကျို့တွင် ခေါင်းသွင်းပြီး ကုန်းမြင့်တွင် မြှုပ်နှံ၏။ ဒေသအရာရှိတို့က ဝန်ကြီးရုံးသို့ အစီရင် ခံလိုက်၏။

ထိုသတင်းကို ရသော် လေးဦးဂိုဏ်းက မင်းကြီးသို့ လျှောက်ကြ၏။

“လူကွမ်းယီ ဒီလို ရေနစ်သေတာကို ကြားရရင် စုန်ကျန့်လည်း မသက်သာဖြစ်မှာပါ ဘုရား။ သူ တခုခု ကြံနိုင် ပါတယ် ဘုရား။ သူ့ကို ချော့မော့တဲ့အနေနဲ့ တော်သုံးသေရည်ကို ပို့ပေးဖို့ တင်ပြပါတယ် ဘုရား”

မင်းကြီးသည် အတန်ကြာအောင် စဉ်းစားနေ၏။ ယင်းအကြံကို လက်မခံပါက စုန်ကျန့် မည်သို့ တုံ့ပြန်မည်ကို သူ စဉ်းစား၍ မရပေ။ လက်ခံပါကလည်း စုန်ကျန့်ဘေးသင့် နိုင်သည်ဟု သူ ထင်နေမိ၏။ သို့သော် တခြားနည်းကိုလည်း သူမတွေ့။ နောက်ဆုံးတွင် လေးဦးဂိုဏ်း၏ လှည့်စားမှုကို လက်ခံလိုက်မိ၏။ ချူကျို့သို့ တော်သုံးသေရည် နှစ်ပုလင်း ပို့စေလိုက်၏။

ကျန် သေရမည့် သွားပို့မည့် တမန်မှာ ကောက်နှင့် ယန်းတို့၏ လူယုံတဦးဖြစ်နေ၏။ စုန်ကျန့် သေရမည့် ရက်ကို ကံကြမ္မာက သတ်မှတ်လိုက်လေပြီ။ သူတို့အကြံအတိုင်း လုပ်လိုက်ကြပြီး လေးဦး ဂိုဏ်းက ချူကျို့ကို ချက်ချင်း သွားပို့ခိုင်းလိုက်ကြ၏။

စုန်ကျန့်သည် ချူကျို့ မြို့ဝန် တာဝန်ယူပြီးကတည်းက လူထုနှင့် တပ်တော်တို့၏ အကျိုးအတွက် အလေးထားဆောင်ရွက်ခဲ့၏။ လူထုက ဖခင်သဖွယ်

ချစ်ကြ၏။ တပ်တော် ကမူ ကိုးကွယ်ထားမတတ်ပင် ဖြစ်၏။ ဆုံးဖြတ်ရာတွင် ကတိကင်း၏။ အုပ်ချုပ်ရာတွင် လိမ္မာ၏။ လူထုက သူ့စကားကို နားထောင်ကြ၏။ အားလုံး၏ ရိုသေမှုကို သူ ရ၏။

မြို့တောင်ဘက် တံခါးဝတွင် လျောင်အာဟု ခေါ်သော မြေပြန့်လွင်ပြင်တခု ရှိ၏။ ယင်း လွင်ပြင်တွင် ချောင်းမြောင်းများ ယှက်သွယ်နေကြ၏။ လွင်ပြင်အလယ်ကောင်တွင် တောင်မြင့်မြင့်တလုံး ရှိပြီး ထင်းရှူးပင် ဆိုက်ပရက်စ်ပင်များ ဖုံးအုပ်နေ၏။ ထိုတောင်၏ သာယာလှပပုံမှာ လျှုံရှန်းတောင်ရိုးနှင့် ပတ်ဝန်းကျင်မှ ကျူအင်းများနှင့် တူ၏။ ထိုတောင် လောက် မကြီးသော်လည်း တောင်ထွတ်များ၊ တောင်ကြားလမ်းများ၊ မာန်ဖီနေသော ကျားများ၊ နဂါးများနှင့် တူသည့် ကမ်းပါးပြတ်များ၊ လှေကားများ၊ ရင်ပြင်များ ရှိ၏။ စမ်းချောင်းများ ရစ်ခွေစီးဆင်းနေကာ တောင်ရှေ့ဘက်တွင်ရော နောက်ဘက်တွင်ပါ ရေအိုင်များ ရှိလေ၏။

ထိုနေရာသို့ စုန်ကျန့်က လမ်းလျှောက်ထွက်လေ့ရှိ၏။ ထိုနေရာကို ရောက်လျှင် သူ စိတ်ချမ်းသာလှသဖြင့် "ငါသေရင် ဒီမှာမြှုပ်စေချင်တယ်" ဟု ပြောမိ၏။ အားလပ်တိုင်း လာကာ ဟိုဟိုသည်သည် လျှောက်သွားကာ စိတ်အပန်းကို ဖြေ၏။

သူတာဝန်ယူပြီး ခြောက်လအကြာ ရွှမ်ဟော့ ဆဋ္ဌမနှစ် နွေလ လဆန်းခြောက်ရက်နေ့ တွင် နေပြည်တော်မှ တော်သုံးသေရည် လာပို့သော တမန်ရောက်လာကြောင်း ကြားရ၏။ သေရည်လာပို့သော တမန်က ရုံးခန်းမအတွင်းတွင် ဘုရင့်အမိန့်စာကို ဖတ်ပြပြီး သေရည် ကို သောက်ပြရန် တိုက်တွန်း၏။ အတူသောက်ရန် စုန်ကျန့်က ဖိတ်သောအခါ တမန်က သူ သေရည်သေရက် လုံးဝမသောက်ကြောင်း ပြောကာ ငြင်းလေ၏။ စုန်ကျန့်လည်း ပရိသတ်အလယ်တွင် တော်သုံးသေရည်ကို သောက်ရရှာ၏။ တမန်သည် နေပြည်တော်သို့ ချက်ချင်း ပြန်သွား၏။ စုန်ကျန့်က လက်ဆောင်ပေးသည်ကိုပင် လက်မခံချေ။

ခဏကြာသော် စုန်ကျန့်၏ ဗိုက်မှာ နာကျင်လာ၏။ သေရည်တွင် တခုခုခတ်ထားပြီဟု သူ မသင်္ကာဖြစ်၍ တမန်နောက်သို့ လိုက်ကြည့်ခိုင်းရာ လမ်းဘေးထမင်းဆိုင်တွင် သေရည် သောက်နေသည်ကို မြင်ခဲ့ရ၏။ သူ့ကို လှည့်ဖြားသွားပြီဟု စုန်ကျန့် သဘောပေါက်၏။ ဤသေရည်ကို အမတ်ယုတ်များက အဆိပ်ခတ်လိုက်သည်ဟု သူကျိန်းသေ သိလိုက်ပြီ။ သူ သက်ပြင်းချလိုက်၏။

"ငယ်ငယ်ကတည်းက ငါ ကွန်ဖြူးရှပ်ကျမ်းတွေကို လေ့လာခဲ့တယ်။ ကြီးလာတော့ လည်း မင်းမှုထမ်းတယောက်ဖြစ်အောင် လေ့လာခဲ့တယ်။

ကံမကောင်းချင်တော့ ရာဇဝတ် မှု ကျူးလွန်မိတယ်။ ဒါပေမဲ့ ပုန်ကန်ဖို့ကိုတော့ တရွေးသားလေးတောင် စိတ်မကူးဖူးဘူး။ ခုတော့ မင်းကြီးက အမတ်ယုတ်တွေ စကားကို နားထောင်ပြီး ငါ့ဆီကို အဆိပ်ခတ်ထားတဲ့ သေရည်တွေပို့တယ်။ ငါ ဘာများ လုပ်မိလို့လဲ။ ငါသေတာက အရေးမကြီးဘူး။ လီကွေ့သာ ဒီအမတ်ယုတ်တွေ ကောက်ကျစ်တာကို သိသွားရင် သူ့တပ်တွေနဲ့ တောခိုဦးမှာ သေချာ တယ်။ ဒီလိုဆိုရင်ဖြင့် တသက်လုံး မဆုတ်မနစ်ကြိုးပမ်းလာခဲ့တဲ့ မင်းကြီးကို သစ္စာရှိတယ် ဆိုတဲ့ ဂုဏ်ပုဒ်တော့ ပျက်စီးရတော့မယ်။ ငါလုပ်နိုင်တာ တခုပဲ ရှိတော့တယ်”

သူ့ထံသို့ လာခဲ့ရန် လီကွေ့ကို ခေါ်သော စာကို ထိုညတွင်ပင် အပို့ခိုင်းလိုက်၏။

လေပွေနက်လီကွေ့သည် ရွှန်ကျို့တပ်မှူးဖြစ်ကတည်းက နောင်တရကာ စိတ်ဓာတ် ကျနေ၏။ တနေကုန် အပေါင်းအသင်းများနှင့် သောက်စားနေ၏။ ထိုအလုပ်ကိုသာ သူ သဘောအကျဆုံးဖြစ်၏။ စုန်ကျန့်ထံမှ စာကို ရသောအခါ “နောင်ကြီးက ခေါ်ရင်တော့ အရေးကြီးလို့ပဲ” ဟု ဆိုကာ အဖော်တဦးနှင့်အတူ လှေစီးကာ လာခဲ့၏။ တွေ့ဆုံကြသော

အခါ စုန်ကျန့်က-

“ငါတို့ ခွဲသွားကတည်းက ငါတော့ မင်းတို့ကိုပဲ သတိရနေတာ။ ငါ့ညီ ဝုရုံကလည်း ဟိုအဝေးကြီး ဝူရှင်းမှာ။ ဟွရုံကတော့ယင်တျန်မှာ။ ဒါပေမဲ့ ဘာသတင်းမှ မရဘူး။ မင်းပဲ . ငါ့ညီ၊ ငါနဲ့ နီးနီးနားနားမှာ ရှိတာ။ ဒါကြောင့် အရေးကြီးတာတခု တိုင်ပင်ဖို့ မင်းကို ခေါ်လိုက်ရတာပဲ”

“ဘာလဲဗျ နောင်ကြီးရာ”

“သေရည်လေး အရင်သောက်လိုက်ပါဦးကွာ”

စုန်ကျန့်က အတွင်းခန်းသို့ ခေါ်သွား၏။ ထိုတွင် သေရည်နှင့် ခွက်တခွက် အဆင်သင့် ရှိနေ၏။ လီကွေ့လည်း ရေချိန်မကိုက်တကိုက် ဖြစ်သည်အထိ သောက်လိုက်၏။

“ငါ ပြောစရာရှိတယ်။ နန်းတော်ကြီးက ငါ့ဆီ အဆိပ်ခတ်ထားတဲ့ သေရည်ပို့လိုက် တယ်လို့ ကြားရတယ်။ ငါ သေသွားရင် မင်း ဘာလုပ်မလဲ”

လီကွေ့က ထအော်၏။

“သူပုန်ထမယ် နောင်ကြီး။ သူပုန်ထမယ်”

“ငါတို့ တပ်လည်း မရှိတော့ဘူး။ ညီနောင်တွေလည်း ကွဲကုန်ပြီလေ။ ဘယ်လိုပုန်ကန်မလဲ”

“ကျဲ့ကျန်းမှာ ကျွန်တော့် လူ သုံးထောင် ရှိတယ်။ နောင်ကြီးဆီမှာလည်း စစ်သားတွေ ရှိတာပဲဗျာ။ သူတို့ကိုလည်း ခေါ်မယ်။ လူတွေကို စုရင်လည်း အများကြီး ရမှာပဲ။ တပ်တွေ ထပ်ထောင်မယ်။ မြင်းတွေ ဝယ်မယ်။ လျှံရှန်း ပြန်သွားပြီး ပျော်ပျော်ပါးပါး နေကြမယ်။ အဖျင်းဆုံးတော့ ဒီ ခွေးသားအမတ်တွေ ညစ်တာ မခံရတော့ဘူး”

“ဖြည်းဖြည်းပေါ့ ငါ့ညီ၊ ဒီအကြောင်း အေးအေးဆေးဆေး ပြောရမယ်”

သောက်နေသော သေရည်တွင် အဆိပ်ပါကြောင်း လေပွေနက် မသိရှာပေ။ ထိုညက ထပ်၍ သောက်သေး၏။ နောက်နေ့တွင် စုန်ကျန့်က သူ့ကို လှေဆိပ်သို့ လိုက်ပို့၏။

လီကွေ့က -

“ဘယ်တော့ သူပုန်ထမလဲ နောင်ကြီး၊ ကျုပ် တပ်တွေနဲ့ ချက်ချင်းလာခဲ့မယ်”

“ငါ့ညီ၊ ငါ့ကို အပြစ်မတင်ပါနဲ့ကွာ။ မင်းကြီးက တနေ့ကပဲ အဆိပ်ခတ်ထားတဲ့ သေရည် တွေ ပို့လိုက်လို့ ငါ သောက်လိုက်ရတယ်။ ငါ သေရတော့မယ်။ ငါ့ဘဝလုံးမှာ မှုနှစ်ခုကို စွဲစွဲ မြဲမြဲ ကိုင်ထားခဲ့တယ်။ သစ္စာရှိမှု၊ ဖြောင့်မတ်မှုပဲ။ ငါ ဘယ်တော့မှ အကောက်မကြံဘူး။ ခုတော့ ငါ့မှာ အပြစ်မရှိပေမယ့် နန်းတော်ကြီးက ငါ့ကိုသေကြောင်း ကြံတယ်။ ဒါပေမဲ့ ငါ့ကို မတရားလုပ်တာပဲ ခံမယ်။ ငါကတော့ မင်းကြီးကို မတရားမလုပ်ဘူး။

“ငါ သေသွားရင် မင်းက သူပုန်ထပြီး ငါတို့ လျှံရှန်းကျူးအင်းမှာတုန်းက ရထားတဲ့ ဂုဏ်ကို မင်း ဖျက်မှာကိုပဲ ငါစိုးရိမ်တယ်။ ဒါကြောင့် မင်းကို ဒီ ခေါ်ပြီး အဲဒီသေရည်ကို တိုက်လိုက်မိတယ်။ မင်း ရွှန်ကျို့ကို ပြန်ရောက်တာနဲ့ သေမှာ မုချပဲ။

“မင်း သေပြီးရင် ချူကျူ့မြို့ပြင်က လျှောင်အာလွင်ပြင်ကို လာခဲ့။ အဲဒီနေရာက သိပ်လှတယ်။ ပြီးတော့ လျှံရှန်းကျူးအင်းနဲ့ သိပ်တူတယ်။ ငါတို့ ဝိညာဉ်တွေ အဲဒီမှာ ဆုံနိုင် တယ်။ ငါသေရင် အဲဒီမှာ မြှုပ်မလို့ ငါ ဆုံးဖြတ်ထားတယ်”။ ပြောရင်းက စုန်ကျန့်သည် မျက်ရည်များ မိုးသို့ ရွာချလေ၏။

လီကွေ့လည်း ငိုရှာ၏။ “တော်တော့ဗျာ၊ တော်ပါတော့။ ကျုပ် အသက်ရှင်တုန်း ကလည်း နောင်ကြီးကို စောင့်ရှောက်ခဲ့တာ။ သေတော့လည်း သရဲလေးလုပ်ပြီး နောင်ကြီး ကို စောင့်ရှောက်နေမှာပါဗျ”

လီကွေ့ကိုယ်မှာ လေးလံလာ၏။ ငိုယိုလျက် စုန်ကျန့်ကို နှုတ်ဆက်ကာ လှေပေါ်သို့ တက်၏။ ရွှန်ကျို့သို့ ရောက်သောအခါ အဆိပ်အစွမ်းပြလေ၏။

လီကွေ့က အိပ်ရာထဲ လဲနေလျက်က-

"ငါ မရှိရင် ငါ့ခေါင်းကို ချူကျို့မြို့ကိုယူသွား၊ တောင်တံခါးဝကလျှောင်အာလွင်ပြင်က ငါ့နောင်ကြီးဘေးမှာ မြှုပ်ပေးပါ" ဟု မှာထား၏။ သူ့စကားအတိုင်း လိုက်နာကြပေ၏။

လီကွေ့ထွက်သွားပြီးနောက် စုန်ကျန့်လည်း များစွာ ဝမ်းနည်းနေလေ၏။ ဝုရုံ၊ ဟွရုံတို့ ကိုလည်း သတိရ၏။ သူတို့ကိုလည်း ထပ်မတွေ့ရတော့ပေ။ ထိုညတွင် အဆိပ်အစွမ်းပြ လာ၏။ သေခါနီးတွင် စိတ်ချရသော နောက်လိုက်များကို မှာခဲ့၏။

"ငါ တောင်းပန်တာကို ဖြစ်အောင် လုပ်ပေးကြပါ။ ငါ့ကို လျှောင်အာလွင်ပြင်ပေါ်က တောင်ကုန်းမှာ မြှုပ်ပေးပါ။ မင်းတို့လုပ်တဲ့ ကောင်းမှုက အကျိုးပေးမှာ စိတ်ချပါ။ လုပ်ပါ့ မယ်လို့ ကတိပေးပါ"။ ထိုသို့ မှာကြားရင်း ကွယ်လွန်သွားရှာ၏။

သူ့နောက်ပါများက ထုံးစံအတိုင်း ချူကျို့တွင် မြှုပ်နှံရန် ပြင်ဆင်ကြ၏။ ပြည်နယ် အရာရှိများက သူ့ဆန္ဒကို သိသောအခါ လိုက်နာဆောင်ရွက်ပေးကြ၏။ သူ့လက်အောက် ငယ်သားများ၊ အမှုထမ်းကြီးငယ်တို့က သူ့ခေါင်းကို ထမ်းကာ လျှောင်အာလွင်ပြင် အထက်ရှိ ကုန်းမြင့်တွင် မြှုပ်နှံထားလိုက်ကြ၏။ နောက်ရက်အနည်းငယ် ကြာသောအခါ လီကွေ့၏ ခေါင်း ရွှန်ကျို့မှ ရောက်လာလေ၏။ သူ့လုပ်ဖော်ကိုင်ဖက်များက သူ့မှာတမ်းအတိုင်း စုန်ကျန့်၏ ဘေးတွင် မြှုပ်နှံထားလိုက်ကြ၏။

စုန်ကျင့်သည် အိမ်တွင် မကျန်းမမာဖြစ်နေ၏။ ချူကျို့မှ ပြန်လာသူတဦးက သူ့အစ်ကို စုန်ကျန့် ကွယ်လွန်သွားကြောင်း သတင်းလာပေး၏။ စုန်ကျင့်မှာ နေမကောင်းလှသဖြင့် အသုဘပွဲကို မတက်နိုင်ပေ။ သို့သော် အမျိုးတယောက်ကို လွှတ်လိုက်ကာ ပူဇော်ပွဲကို ထုံးစံနှင့်အညီ ဆောင်ရွက်စေ၏။

ဝုရုံမှာကား ရာထူးလက်ခံရပြီးသော်လည်း စိတ်မချမ်းသာပေ။ သူနှင့် စုန်ကျန့်တို့၏ ခင်မင်မှုကိုသာ တသနေမိ၏။ တနေ့တွင် ရုတ်တရက်ကြီး စိတ်လေးလာကာ နေမထိထိုင်မသာ ဖြစ်လေ၏။ ထိုညတွင် အိပ်မက်ထဲ၌ စုန်ကျန့်နှင့် လီကွေ့တို့ သူ့ထံသို့ လာကာ သူ့အဝတ်ကို ဆွဲကြ၏။

"ကျုပ်တို့က သစ္စာရှိမှုနဲ့ ဖြောင့်မတ်မှုကို ထိပ်တန်းတင်ထားခဲ့တယ်။ မိုးကောင်းကင် ကိုယ်စား ဆောင်ရွက်ပြီးတော့ မင်းကြီးကိုလည်း မပြစ်မှားခဲ့ဘူး။

ဒါပေမဲ့ နန်းတော်ကြီးက အဆိပ်ခတ်ထားတဲ့ သေရည်တွေ ပို့တယ်ဗျာ။ အပြစ်မရှိပေမယ့် ကျုပ်တို့ သေရတယ်။ ကျုပ်တို့ကို ချူကျိုမြို့ တောင်တံခါးအပြင်က လျှောင်အာလွှင်ပြင်မှာ မြှုပ်ထားတယ်။ အရင်တုန်းက အချိန်တွေကို အောက်မေ့သေးရင် ကျုပ်တို့သင်္ချိုင်းဆီကို လာခဲ့ပါ”

ဝုရုံက ပြန်မေးမည် အလုပ်တွင် လန့်နိုးသွား၏။ အိပ်မက်သာ ဖြစ်သော်လည်း သူ့မှာ မျက်ရည်ဖြိုင်ဖြိုင် စီးဆင်းနေ၏။ အိပ်ရာပေါ်တွင် ထိုင်လျက် မိုးစင်စင်လင်းသွားလေ၏။

နောက်တနေ့တွင် ပစ္စည်းအချို့ကို ထုပ်ပိုးကာ တကိုယ်တည်း ချူကျိုသို့ လာခဲ့၏။ ထိုသို့ ရောက်သောအခါ စုန်ကျန့် အကယ်ပင် သေဆုံးကြောင်း သိရ၏။ သူနှင့်တွေ့သမျှ လူတိုင်းက သက်ပြင်းတချချနှင့် ရှိနေကြ၏။ လျှောင်အာလွှင်ပြင်သို့ သွားကာ သင်္ချိုင်း များကို သုတ်သင် ရှင်းလင်းပြီး စုန်ကျန့်နှင့် လီကွေ့ကို ပူဇော်၏။ စုန်ကျန့်၏ မြေပုံကို လက်ဖြင့် ပုတ်ကာ ပုတ်ကာဖြင့် ငိုရှာ၏။

“နောင်ကြီးဝိညာဉ် မသွားနဲ့ဦး။ ကျုပ်ပြောတာ နားထောင်ပါဦးဗျာ။ ကျုပ်က နဂိုက တောက ကျောင်းဆရာလေးပါ။ ပထမ နောင်ကြီးကျောက်ခဲ နောက်ကို လိုက်ခဲ့တယ်။ ပြီး တော့ နောင်ကြီးနဲ့ တွေ့ရတယ်။ နောင်ကြီးက ကျုပ်အသက်ကို ကယ်ခဲ့တာပါဗျ။ နောင်ကြီး ရဲ့ အရည်အချင်းတွေကြောင့် ကျုပ်တို့ ဂုဏ်တင့်ခဲ့တာပါဗျ။ ခုတော့ နောင်ကြီးက တိုင်းပြည် အတွက် သေရပြီ။ ကျုပ်ကို အိပ်မက်ထဲမှာ လာတွေ့တယ်။ နောင်ကြီးရဲ့ ကရုဏာတွေကို ကျုပ် ပြန်မဆပ်ရသေးဘူးဗျ။ ကျုပ်လည်း ဒီအိပ်မက်ကို နိမိတ်လို့ သဘောထားပြီး နောင်ကြီးဆီကို လိုက်လာခဲ့မယ်ဗျ”

ဝုရုံလည်း ခါးသည်းစွာ ငိုကြွေး၏။ သူ့ကိုယ်သူ သတ်သေမည်ဟု ဆုံးဖြတ်လိုက်၏။ ထိုစဉ် ချူကျိုသို့ လှေနှင့် ရောက်လာသော ဟွာရုံက သတင်းကြားရသဖြင့် အပြေးလာခဲ့၏။ ဝုရုံကို တွေ့ရသဖြင့် အံ့အားသင့်သွား၏။

“နောင်ကြီးက ယင်တျန်မှာ မဟုတ်လား။ နောင်ကြီး ဆုံးတာ ဘယ်လိုသိသလဲ”

“ခွဲသွားကြပြီးကတည်းက တရက်မှ စိတ်မကောင်းဘူးဗျာ၊ ကျုပ်တို့ညီနောင်တွေကိုပဲ အောက်မေ့နေတာ။ ဟိုညက နောင်ကြီးစုန်ကျန့်နဲ့ လီကွေ့တို့ အိပ်မက်ထဲမှာ လာပြော ကြတယ်။ အဆိပ်ခတ်ထားတဲ့ တော်သုံးသေရည်သောက်ပြီး သေရတယ်တဲ့။ ဒီမှာ မြှုပ်ထား တယ်ဆိုလို့ သူတို့ကို မမေ့သေးရင် လာခဲ့ပါဆိုလို့ ကျုပ်လည်း အားလုံးကို ထားခဲ့ပြီး လာခဲ့ တာဗျ”

“ကျုပ်လည်း ဒီလိုပဲ မက်လို့ ဒီကိုလာခဲ့တာပါ။ ခုလိုတွေ့ကြရတာ

သိပ်ကောင်းတာပဲ။ ကျုပ်လည်း စဉ်းစားနေတာ။ နောင်ကြီးစုန်ကျန့်ကျေးဇူးတွေတော့ တသက်ဆပ်လို့ကုန်မှာ မဟုတ်ဘူး။ သူနဲ့လည်း မခွဲနိုင်ဘူး။ ဒီမှာ ကြိုးဆွဲချ သေမယ်။ ဒါမှ ရှင်လည်း မကွဲ၊ သေလည်း မကွာ ဖြစ်မယ်။ ကျုပ်တို့ သစ္စာရှိတာကို ပြမယ်ဗျာ”

“နောင်ကြီးက ဒီလိုဆိုမှတော့ ကျုပ်လည်း လိုက်သေမယ်။ နောင်ကြီးကို ဘယ်လောက် ကြည်ညိုလဲဆိုတာ ပြမယ်”

“ကျုပ် သေရင် ခင်ဗျားက မြှုပ်ပေးမှာပဲလို့ ထင်နေတာ။ ဘယ်လိုလုပ် အတူတူ သေလို့ ရမလဲဗျ”

“ကျုပ်က နောင်ကြီးနဲ့ မခွဲနိုင်ဘူး။ သူ့ကျေးဇူးတွေကို မမေ့နိုင်ဘူး။ လျှံရှန်းမှာတုန်းက ကျုပ်တို့က ရာဇဝတ်ကောင်တွေလေ။ ကံကောင်းလို့သာ မသေကြတာ။ တိုက်ပွဲတွေမှာ လည်း သွေးညီနောင်တွေ ပီပီ တိုက်ခဲ့ကြတယ်။ လွတ်ငြိမ်းခွင့်ရတော့လည်း မြောက်ပိုင်း ရော တောင်ပိုင်းရော စစ်တိုက်ထွက်ခဲ့ကြတယ်။ ကျုပ်တို့ သတ္တိကြောင့် ထင်ရှားခဲ့ကြ ရတယ်။ ခုဆို တပြည်လုံးက သိနေကြပြီ။ ဒါပေမဲ့ ရွှေနန်းတော်ကြီးက မသင်္ကာဘူး။ ကျုပ် တို့ကို စောင့်ပြီး အပြစ်ပဲ ရှာနေတယ်။ တွေ့တာနဲ့ ဒီကောင်တွေက စွဲချက်တင်ပြီး ကွပ်မျက် မှာပဲ။ နောင်တဆိုတာ နောက်မှ လာမှာ။ ကျုပ်တော့ နောင်ကြီးနဲ့အတူတူ တမ ဘမလွန်ပဲ သွားတော့မယ်။ အနည်းဆုံးတော့ နာမည်ကောင်းနဲ့ သေရမယ်။ တူတူတန်တန် သင်္ဂြိုဟ် ပေးတာ ခံရမယ်ဗျာ”

“နားထောင်စမ်းပါဦးဗျာ၊ ကျုပ်မှာက မှီခိုသူ မရှိဘူး။ နောင်ကြီးမှာက သားလေးနဲ့ ဇနီးကောင်းနဲ့ သူတို့ ဘယ်လိုလုပ်မလဲ”

“ကိစ္စမရှိပါဘူးဗျာ။ ကျုပ် သူတို့ဖို့ လောက်လောက်ငငချန်ထားခဲ့ပါတယ်။ ပြီးတော့ ကျုပ်ယောက္ခမတွေက ကြည့်ရှုထားကြမှာပါ”

ထိုသူနှစ်ယောက်လည်း ပြိုင်တူ ငိုကြပြီး သစ်ပင်တပင်တည်းတွင် ကြိုးဆွဲချကာ သတ်သေသွားကြ၏။

လှေတွင် ဟွရုံ ချန်ထားခဲ့သော နောက်လိုက်များက အချိန်ကြာလှသော်လည်း ပြန် မလာသေးသဖြင့် လိုက်လာရာ သူတို့သခင်နှင့် ဝုရုံတို့ သေနေပြီကို တွေ့ရလေ၏။ ဒေသခံ အရာရှိများကို အမြန်သတင်းပို့ကာ ခေါင်းများ ဝယ်ပြီး စုန်ကျန့်မြေပုံဘေးတွင် မြှုပ်နှံလိုက် ကြ၏။ မြေပုံလေးခုမှာ တောင်ကုန်းလေးများအလား ဖြစ်၏။

စုန်ကျန့်၏ အရည်အချင်းများ၊ သစ္စာရှိမှု၊ တော်တည့်ဖြောင့်မတ်မှုတို့ကြောင့်

စိတ်နှလုံး ယူကျုံးမရ ဖြစ်ကြသော ချူကျို့မြို့သားများက နတ်ကွန်းတခု တည်ဆောက်ကာ တနှစ်ပတ်လုံး ပူဇော်ကြ၏။ သူတို့တောင်းသမျှ ဆုသည်လည်း မပြည့်ဟူ၍ မရှိချေ။

ထိုစဉ် အရှေ့နေပြည်တော်၌လည်း မင်းကြီးသည် စုန်ကျန့်ထံသို့ သေရည် ပို့လိုက်ပြီး ကတည်းက စိတ်မသက်မသာဖြစ်နေ၏။ ဘာသတင်းမှ မရသော်လည်း စုန်ကျန့်ကိုသာ သတိရနေမိ၏။ သို့သော် ကောက်ကျူတို့က သူ့အာရုံကို ပြောင်းလွှဲရန် အပျော်အပါးများ ကိုသာ စီမံတင်ဆက်ပေးနေကြ၏။ သူတို့ကား ဖြောင့်မတ်မှုကို ပိတ်ပင်၍ သစ္စာစောင့်သိသူတို့ကိုသာ ဒုက္ခပေးနေကြ၏။

တနေ့တွင် သူ့ပျော်တော်ဆက် ရှိရှိကို သတိရသဖြင့် ထုံးစံအတိုင်း ထွက်ခဲ့လေ၏။ ရှိရှိက ထုံးစံအတိုင်း ကြိုဆိုကာ ညှော့ခံလေ၏။ မင်းကြီးက-

“ငါ ခုတလော သိပ်နေမကောင်းဘူးကွယ်။ သမားတော်ကလည်း ဆေးတော့ပေးပါရဲ့၊ မင်းနဲ့လည်း မတွေ့ရတာ လနဲ့ ချီနေပြီ ဆိုပေမယ့် ငါ့စိတ်ထဲမှာ မင်းပဲ ရှိနေတာပါကွယ်။ မင်းနဲ ပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ”

“ကျွန်မက သတိရလောက်တဲ့ သူမဟုတ်ပါဘူးဖျာ့” ဟုဆိုကာ သေရည်နှင့် မြည်းစရာ အချိုပွဲ အချဉ်ပွဲများကို တည်ခင်းပေး၏။

တခွက်နှစ်ခွက်လောက် သောက်ပြီးသောအခါ မင်းကြီး အိပ်ငိုက်လာ၏။ မီးတောက် များ မှိတ်တုတ်မှိတ်တုတ်ဖြစ်လာကာ အခန်းထဲတွင် အေးစက်စက်လေပြည်တချက် တိုးဝင် လာလေ၏။ အဝါရောင်ဝတ်လုံနှင့် သူတဦး သူ့ရှေ့တွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။

“မင်း ဘယ်သူလဲ၊ ဘာလို့ လာတာလဲ”

“ကျုပ်က နတ်ခြေမြန်ထိုက်ချုံပါ။ စုန်ကျန့်ရဲ့ တပ်မှူးပါ”

“ဒီကို ဘာကိစ္စနဲ့ လာတာလဲ”

“နောင်ကြီးစုန်ကျန့် ရောက်နေတယ်။ အရှင့်ကို ခေါ်ခဲ့ပါဆိုလို့”

“ဘယ်ကို ခေါ်သွားမှာလဲ”

“သန့်စင်လှပတဲ့ နေရာကိုပါ။ လိုက်ခဲ့ပါ အရှင်”

မင်းကြီးက လိုက်သွားရာ နောက်ဖေးဥယျာဉ်ထဲသို့ ရောက်သွား၏။ ထိုနေရာတွင် မြင်းတစီး ရပ်ထားရာ တက်၍ စီးလိုက်၏။ တိမ်တွေ မြူတွေကြားမှ လာခဲ့ကြရာ လေသံ မိုးသံများကိုလည်း ကြားရ၏။ နောက်ဆုံးတွင်

ရောက်သွားလေ၏။

ပတ်ပတ်လည်တွင် မြူတွေထနေသော ရေပြင်နှင့် တိမ်တွေ ကွယ်နေသော တောင် ထွတ်များသာ တွေ့ရ၏။ လကိုရော နေကိုပါ မမြင်ရဘဲ ကောင်းကင်နှင့် ရေပြင်မှာ တရောင် တည်း ဖြစ်နေ၏။ လျှောင်အာလွှင်ပြင်မှာ အနီရောင်ပေါင်းပင်များ၊ အစိမ်းရောင် ကျူရွက် များဖြင့် ရှုပ်ယှက်ခတ်နေ၏။ သောင်ပြင်တွင် ရေကြက်များ ပြေးလွှားနေကြ၏။ ဟင်္သာ မောင်နှံတို့မှာ ကြာကန်ဘေးတွင် ဒွယံ ဒွယံ အစုံ အစုံလိုက် နားနေကြ၏။ တောင်စောင်း တောအုပ်မှ သစ်ရွက်တို့မှာ နှင်းရည်ဆွတ်ထားသဖြင့် လက်လက်ထနေရာ နဂါးအကြေးခွံ များနှင့်ပင် တူနေသေးတော့၏။ တာရိုးပေါ်ရှိ မြူတို့မှာလည်း သားရဲကောင် အထောင် အသောင်းတို့၏ မျက်စိများပမာ ရွှေရောင်ဝင်းလက်နေကြ၏။ ဆောင်းဦးရာသီ ဖြစ်သော ကြောင့် လေပြည်သည်ပင် အေးစက်နေကာ မြူအစက်အပြောက်များမှာ ရေခဲအစက် အပြောက်များ ဖြစ်နေလေပြီ။

မင်းကြီးမှာ သာယာလှသော ရှုခင်းကို ငေး၍ မဝနိုင်အောင် ရှိနေ၏။

"ဒါက ဘယ်နေရာလဲ၊ ငါ့ ဘယ်ခေါ်သွားမှာလဲ"

ထိုက်ချုံက တောင်ကြားတခုကို ညွှန်ပြလိုက်၏။

"မကြာခင် သိရမှာပါ အရှင်၊ အဲ ဟိုကိုသွားကြပါမယ်"

တောင်စောင်းကို တက်ခဲ့ရာ ခံတပ်ဆောက်ထားသည့် တောင်ကြားတံခါးသုံးနေရာ ကို ဖြတ်ခဲ့ရ၏။ တတိယ တံခါးဝ လမ်းဘေးတွင် လူတရာခန့်က ပြားပြားမှောက်ကာ ကန်တော့နေကြ၏။ အားလုံး လက်နက်ကိုယ်စီ ဆောင်ထား၏။ ရွှေရောင်ချပ်ဝတ်များကို ဝတ်ကာ မောက်တိုများကို ဆောင်းထားကြ၏။ မင်းကြီးလည်း အံ့သြသွား၏။

"ဘယ်သူတွေလဲကွယ့်"

တယောက်က ထရပ်ကာ ရှေ့ကို ထွက်လိုက်ရာ သူ့မောက်တိုမှ ငှက်မွေးများ ခါယမ်း သွား၏။

"ကျွန်တော်က လျှံရှန်းကျူအင်းက စုန်ကျန့်ပါ ဘုရား"

"မင်းကို ချူကျို့မှာ မြို့ဝန် ခန့်ထားတာ မဟုတ်လား။ ဒီမှာ ဘာလာလုပ်နေသလဲကွယ့်"

"သစ္စာခန်းမကို ကြွပါ အရှင်။ ကျွန်တော် အသေဆိုးနဲ့ သေရတာကို

လျှောက်တင် ပါ့မယ်”

သစ္စာခန်းမသို့ ရောက်၍ နေရာယူပြီးသောအခါ အပြင်ဘက်ရှိ မြူထုထဲတွင် လူအများ ကန်တော့နေကြသည်ကို မင်းကြီး တွေ့ရ၏။

မင်းကြီးလည်း နားမလည်နိုင်။ စုန်ကျန့်က လှေကားမှ တက်လာပြီး ဒူးထောက်လိုက် ၏။ သူ့မျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေ၏။

“ဘာလို့ ငိုရတာလဲကွယ့်”

“တချိန်က တပ်တော်ကို တိုက်ခိုက်ခဲ့ပေမယ့် အရှင့်ကိုတော့ အမြဲ သစ္စာစောင့်သိခဲ့ပါတယ် ဘုရား။ မကောင်းတဲ့ စိတ် တခါလေးမှ မထားဖူးပါ ဘုရား။ လွတ်ငြိမ်းခွင့် ရပြီး တော့လည်း တာတာရ်တွေကို တိုက်ခဲ့ပါတယ်။ ဖန်းလာကိုလည်း ဖမ်းခဲ့ပါတယ်။ ဒီလို အမှု တော်ကို ထမ်းဆောင်ရာမှာ ညီနောင်တွေ ဆယ်ယောက်မှာ ရှစ်ယောက်က အသက်ပေးခဲ့ ရပါတယ်ဘုရား။ သူတို့တွေဟာ ကျွန်တော်တို့ ခြေတွေ လက်တွေပါ ဘုရား။ အရှင့်အမိန့် တော်အတိုင်း ချူကျို့မှာ တာဝန်ထမ်းဆောင်ခဲ့တော့လည်း တပ်တော်ဆီကရော လူထု ဆီကပါ တရွေးသားမှ ညှစ်မယူခဲ့ပါဘုရား။ ကျွန်တော့်စိတ်နှလုံးဖြူစင်တာကို မိုးနဲ့ မြေ အသိပါ ဘုရား။ အရှင်က အဆိပ်ခတ်ထားတဲ့ သေရည် ပို့ပေးတော့လည်း ကျွန်တော် သောက်လိုက်ပါတယ် ဘုရား။ သေရည်ပေမယ့် နောင်တမရပါဘူး ဘုရား။

“ဒါပေမဲ့ လီကွေ့က ဒေါသထွက်ပြီး ပုန်ကန်မှာတော့ စိုးရိမ်မိလို့ သူ့ကိုပါ ခေါ်ပြီး ဒီသေရည်နဲ့ပဲ သတ်ခဲ့ရပါတယ် ဘုရား။ ဝုရုံနဲ့ ဟွာရုံတို့ကလည်း ကျွန်တော့်မြေပုံကို တွေ့တော့ ညီနောင်စိတ်နဲ့ ဆွဲကြိုးချသေခဲ့ကြပါတယ် ဘုရား။ ကျွန်တော်တို့ လေးယောက်ကို ချူကျို့မြို့တောင်ပြင်က လျောင်အာလွင်ပြင်အထက်မှာ မြှုပ်နှံထားပါတယ်။ ကျွန်တော် တို့ကို သနားပါ အရှင်။ လူတွေက နတ်ကွန်းလေး ဆောက်ထားပေးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က သေပေမယ့် ဝိညာဉ်တွေက မခွာသေးပါဘူး။ အရှင့်ကို သစ္စာမဖောက်ဘူး ဆိုတာ တင်ပြပါတယ်။ ဒီကိစ္စကို တရားသဖြင့် ဖြစ်စေဖို့ တောင်းပန်ပါတယ် ဘုရား”

မင်းကြီးလည်း ဇဝေဇဝါ ဖြစ်သွား၏။

“ငါ ပို့လိုက်တာက ချိပ်ပိတ်ထားတဲ့ သေရည်ပဲ။ ဘယ်သူက အဆိပ်ခတ်ထားတာနဲ့ လဲနိုင်မှာလဲ”

“တမန်ကို မေးပါတော့ ဘုရား။ ဘယ်သစ္စာဖောက်တွေ ပါနေလဲ သိရပါလိမ့်မယ် ဘုရား”

ခမ်းနားသော တံတိုင်းများ၊ တံခါးများကို မြင်ရသဖြင့် မင်းကြီးလည်း အထင်ကြီး သွားကာ

"ဒီနေရာက ဘာလဲကွယ့်"

"လျှံ့ရှန်းကျူအင်းပါ ဘုရား။ ကျွန်တော်တို့ နေခဲ့တဲ့ နေရာပါ"

"သင်တို့က ကွယ်လွန်ခဲ့ပေမယ့် လူ့ဘဝ ပြန်ဝင်စားရဦးမှာပါ။ ဘာလို့ ဒီမှာ လာစုနေ ကြတာလဲ"

"မိုးကောင်းကင်က ကျောက်စိမ်းဧကရာဇ်က ကျွန်တော့်သစ္စာ မှန်ကန်မှုကြောင့် "လျှံ့ရှန်းကျူအင်းနတ်"လို့ ခန့်လိုက်ပါတယ်။ ဒီနေရာက ကျွန်တော့်ပိုင်နက်မို့လို့ တပ်မှူး တွေလည်း လာစုဝေးကြတာပါ။ နတ်ခြေမြန်ထိုက်ချုံကို စေလွှတ်ပြီး အရှင့်ကို ပင့်ခေါ်လိုက် ရတာကတော့ ကျွန်တော်တို့ရဲ့ ဒုက္ခကို တင်ပြဖို့၊ ကျွန်တော်တို့ အရှင့်ကို သစ္စာစောင့်သိနေတုန်းပဲဆိုတာ သိစေဖို့ ဖြစ်ပါတယ် ဘုရား"

"ဒါပေမဲ့ ဘာလို့ ငါ့နန်းတွင်းထဲကို မလာတာလဲ"

"ကျွန်တော်က အောက်ဘုံက ဝိညာဉ်ပါ ဘုရား။ ခမ်းနားတဲ့ အရှင့်နန်းထဲကို ဘယ်လို ဝင်နိုင်ပါ့မလဲ ဘုရား။ ဒီနေ့မှ အရှင်က နန်းပြင်ကို ထွက်ခဲ့လို့ ကျွန်တော်တို့က ပင့်နိုင်ခဲ့ တာပါ ဘုရား"

"ငါ ထိုင်နေတာ ကြာသွားပြီ။ ပတ်ဝန်းကျင်ကို လှည့်ကြည့်ချင်တယ်"

စုန်ကျန့်က ဦးညွှတ်ကာ မင်းကြီးရှေ့မှ နေ၍ ခေါ်လာခဲ့၏။ အဝင်မုခ်ဦးပေါ်ရှိ ကမ္ပည်း ပြားတွင် "သစ္စာခန်းမ"ဟု ရေးထွင်းထားသည်ကို သတိပြုမိ၏။ ထို့နောက် လှေကားမှ ဆင်းလာရာ စုန်ကျန့်နောက်မှ လီကွေ့ထွက်လာလေရာ လက်ထဲတွင် စစ်ပုဆိန်ကြီးကို ကိုင်ထား၏။ သူက အသံနက်နက်ကြီးနှင့် လှမ်းအော်လျက် -

"မင်းကြီး မင်းကြီး၊ ဘယ်လိုကြောင့် အမတ်ယုတ်လေးယောက် စကားကို ယုံပြီး ကျုပ်တို့ကို မတရားလုပ်ရသလဲ။ ခုတော့ တွေ့ပြီ။ လက်စားချေမယ်" ဟု ဆိုကာ ပုဆိန်ကို ဝင့်လျက် အတင်းဝင်၏။

မင်းကြီးသည် လန့်ဖျပ်ကာ နိုးလာလေ၏။ အိပ်မက်သာ ဖြစ်သော်လည်း သူ၏ တကိုယ်လုံးတွင် ချွေးများ နစ်နေ၏။ မီးရောင်ထဲတွင် ရှိရှိတယောက်တည်း ထိုင်နေ၏။

"ခုနက ငါ ဘယ်ရောက်သွားသလဲ"

“အရှင်က အိပ်ရာပေါ်မှာ လှဲနေတာပါ ဘုရား”

သူက သူ့အိပ်မက်ကို ပြန်ပြောလေ၏။ ပျော်တော်ဆက်ကလေးက-

“မှန်ကန်တဲ့ သူတွေက သေရင် နတ်ဖြစ်သတဲ့ဖျာ့။ ဒီစုန်ကျန့်က တကယ်ပဲ သေတာ မို့လို့ အရှင့်အိပ်မက်ထဲကို လာတာပါလား ဖျာ့”

“ဒီကိစ္စငါ စုံစမ်းမယ်။ မှန်ရင်တော့ နတ်ကွန်း ဆောက်ပေးမယ်။ ဘွဲ့လည်း ချီးမြှင့်မယ်”

“သိပ်ကောင်းတဲ့ အကြံပါဖျာ့။ ဂုဏ်ထူးဆောင် အမှုထမ်းတွေကို အရှင်က မမေ့တဲ့ အကြောင်းကို ပြရာ ရောက်တာပေါ့ဖျာ့”

ထိုညက မင်းကြီးသည် သက်ပြင်းတချချနှင့် ရှိနေ၏။

နံနက်လင်းသောအခါ ညီလာခံခေါ်၏။ လေးဦးဂိုဏ်းသားများမှာ စုန်ကျန့်အကြောင်း ကို မေးမည်ကို ကြောက်၍ ညီလာခံစဲသည်နှင့် ထွက်သွားကြ၏။ မင်းကြီးနှင့် တွေ့ရန် စောင့်နေသော စစ်သူကြီးစူနှင့် အရာရှိအချို့သာ ကျန်၏။ မင်းကြီးက စူသို့ မေး၏။

“ချူကျိုမြို့ဝန် စုန်ကျန့်အကြောင်း ဘာများ ကြားရသေးလဲ”

“ဘာမှ မကြားရပါ ဘုရား။ ဒါပေမဲ့ ညကတော့ အိပ်မက်ဆန်းဆန်းတခုတော့ မက်ပါတယ်ဘုရား”

“ပြောပါဦးကွယ့်”

“စုန်ကျန့်က စစ်ဝတ်စစ်စားနဲ့ ရောက်လာပါတယ်။ အရှင် ပို့လိုက်တဲ့ အဆိပ်ခတ် သေရည်သောက်ရလို့ သေရတယ်လို့ ပြောပါတယ် ဘုရား။ သူ့ကိုသနားကြတဲ့ ချူကျိုသား တွေက မြို့တောင်ဘက် လျှောင်အာလွင်ပြင်အထက်မှာ မြှုပ်နှံထားပါသတဲ့။ နတ်ကွန်း ဆောက်ပြီး ပူဇော်နေပါသတဲ့ ဘုရား”

မင်းကြီးက ခေါင်းကို ခါလျက်-

“သိပ်ဆန်းပါလား။ ငါလည်း ဒီလိုပဲ မက်တယ်။ မင်း စိတ်ချရတဲ့သူ တယောက် လွှတ်ပြီး စုံစမ်းချေ။ ချက်ချင်း ပြန်လျှောက်တင်စမ်း”

စူကလည်း ပြောသည့်အတိုင်း လူလွှတ် စုံစမ်းခိုင်းလိုက်၏။

နောက်တနေ့တွင် မင်းကြီးက ကောက်ကျူနှင့် ယန်းကျင်းတို့ကို မေး၏။

“မင်းတို့အမတ်တွေ စုန်ကျန့်သတင်း ဘာကြားသေးလဲ”

အမှန်အတိုင်း မတင်ဝံ့သောကြောင့် မကြားမသိကြောင်းကိုသာ တင်လျှောက်ကြ၏။ မင်းကြီးလည်း မသင်္ကာသဖြင့် စိတ်မသက်မသာ ရှိနေ၏။

ချူကျို့ကို လွှတ်လိုက်သော သူ ပြန်ရောက်လာသဖြင့် မင်းကြီးလည်း အကြောင်းစုံကို အမှန်အတိုင်း သိရသဖြင့် ယူကျုံးမရ ဖြစ်ရလေ၏။

နောက်တနေ့ ညီလာခံတွင် အားလုံးရှေ့၌ မင်းကြီးသည် ကောက်နှင့် ယန်းကို ဒေါသ တကြီး ကြိမ်းမောင်းပြစ်တင်လေ၏။

“သစ္စာဖောက်တွေ၊ တိုင်းပြည်ဖျက်မယ့်သူတွေ”

မြေပေါ်တွင် ပြားပြားမှောက်၍ ကန်တော့ကာ ခွင့်လွှတ်ရန် တောင်းပန်ကြလေ၏။ နန်းရင်းဝန်နှင့် စစ်ဝန်ကြီးတို့ကလည်း သူတို့ဘက်မှ ဝင်၍ ပြောပေးကြ၏။

“သေရေး ရှင်ရေးဆိုတာက ကံကြမ္မာပြဋ္ဌာန်းထားတာပါ ဘုရား။ ဒီစစ်သူကြီးမင်းတွေ ကလည်း ဘာမှ တရားဝင် အစီရင်ခံစာမရသေးလို့ မတင်ဝံ့တာပါဘုရား။ တကယ်ပဲ သူတို့ မသိကြသေးတာပါ ဘုရား။ ချူကျို့ က စာက ညကမှ ရောက်လာတာပါ။ အရှင့်ကို ဒီမနက် မှာ တင်ပြဖို့ပါဘုရား။ အရှင့်အမေးတော်ကို စောင့်နေတာပါ ဘုရား”

မင်းကြီးလည်း လေးဦးဂိုဏ်း၏ လှည့်စားမှုကို ခံလိုက်ရပြန်၏။ သူတို့၏ ပြစ်မှုကို ဖျောက်လိုက်ကြပြန်၏။ မင်းကြီးလည်း ဒေါသတကြီးနှင့် ကောက်နှင့် ယန်းကို မောင်းထုတ် လိုက်၏။ သေရည်သွားပို့သည့် တမန်ကို ခေါ်စေသောအခါ ထိုသူမှာ ချူကျို့ က အပြန်တွင် ရုတ်တရက် သေသွားပြီ ဖြစ်ကြောင်း သိရလေ၏။

နောက်တနေ့တွင် စစ်သူကြီးစူက စုန်ကျန့် နတ် ဖြစ်သွားပြီး လူထုကို စောင်မကြည့်ရှု နေကြောင်း ရှင်းပြ၏။ မင်းကြီးက သူ့အစ်ကို၏ ရာထူးကို ပေးရန် စုန်ကျင့်ကို ခေါ်စေ၏။ သို့သော် ညီဖြစ်သူမှာ ဒူလာရောဂါ ဖြစ်နေသဖြင့် ရာထူးတာဝန်ကို မထမ်းဆောင်နိုင် ရှာပေ။ ယွန်ကျင့်တွင်သာ လယ်ယာလုပ်ကိုင်နေလိုကြောင်း ပြန်တင်ပြလိုက်ရှာ၏။

မင်းကြီးလည်း စုန်ကျင့်ကို သနားသဖြင့် ဒင်္ဂါး အသီတသိန်းနှင့် မြေမှုသုံးထောင်ကို လက်ဆောင်ပေး၏။ စုန်ကျင့်တွင် သားရှိပါက မင်းမှုထမ်း ခန့်မည်ဟု အမိန့်ထုတ်၏။ နောင် တွင် စုန်ကျင့်၏သားဖြစ်သူ စုန်အန်ပင်းသည် နန်းတွင်းစာမေးပွဲ အောင်ကာ စာရေးတော် ကြီးလည်း ဖြစ်လာ၏။

စစ်သူကြီးစူ၏ ထောက်ခံချက်ဖြင့် မင်းကြီးက စုန်ကျန့်ကို သစ္စာရှိ ရဲရင့် ထူးချွန်သူ မြို့စားဘွဲ့ကို ချီးမြှင့်၏။ ငွေတော်ထုတ်ပေးကာ လျှံ့ရှန်းကျူးအင်းတွင် သူ့အတွက် နတ်ကွန်း ကြီးတဆောင် ဆောက်ပေး၏။ နတ်ကွန်း၏ ကမ္ပည်းပြားတွင် မင်းကြီးကိုယ်တိုင် သစ္စာ နတ်ကွန်း”ဟု ရေးသားပေး၏၊

စုန်ကျန့်နတ်သည် လျှံ့ရှန်းကျူးအင်းတွင် မကြာမကြာ ကိုယ်ထင်ပြ၏။ လူထုက သူ့ကို အမြဲပူဇော်ကြ၏။ သူတို့ ဆုတောင်းသည့်အတိုင်း လေလိုလျှင် လေ မိုးလိုလျှင် မိုး ရကြ၏။

လျောင်အာလွင်ပြင်တွင်လည်း ကိုယ်ထင်ပြတတ်သေး၏။ ထိုနေရာတွင် လူထုက နတ်ကွန်းကြီးတဆောင် ဆောက်ထား၏။ မင်းကြီးထံ တင်လျှောက်သဖြင့် ရသည့် အလှူ ငွေများဖြင့် အဆောင်ဆယ့်နှစ်ဆောင်ကိုလည်း ဆောက်စေ၏။ ပင်မဆောင်တွင် တပ်မှူး ကြီး သုံးဆယ့်ခြောက်ဦး ရုပ်တုများကို ထားရှိ၏။ အဆောင်ဆွယ်များတွင် တပ်မှူးငယ် ခုနစ်ဆယ့်နှစ်ဦး၏ ရုပ်တုများကို ထားပေး၏။ အဝေးအနီးမှ လာ၍ ပူဇော်သူ၊ ဆုတောင်းသူ တို့မှာလည်း တောင်းတိုင်းဆုနှင့် ပြည့်ဝကြလေ၏။

တိုင်းပြည်ကို ကာကွယ်သူ၊ လူထုကို စောင့်ရှောက်သူတို့မှာ အနှစ်တသောင်းတိုင် အောင် အမွှေးတိုင် ထွန်းညှိပူဇော်ခြင်းကို ခံယူရပေ၏။ ဆွေအဆက်ဆက် မျိုးအဆက်ဆက် ပူဇော်ပသခဲ့ကြ၏။ ကိုးကွယ်သူတို့အား လုံခြုံငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေး၏။ ပူဇော်ပသ သူတို့မှာ စည်းစိမ်ချမ်းသာ တိုးကြ၏။ ဤနတ်ကွန်းများ၏ အကြွင်းအရာများမှာ ယနေ့တိုင် ရှိနေပေသတည်း။

ဉာဏ်သစ်

၅ ဖေဖော်ဝါရီ ၂၀၁၈

W H I S P E R of W O R D S
Subscribe Telegram Channel
https://t.me/TheBookR

Notes

[←1]

ဆရာမြသန်းတင့် ဘာသာပြန်ပြီးခဲ့သည့် နေရာမှ ဆက်လက် ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ - ဇော်ဂျီဖုလ်ဝင်

[←2]

အဒေီ ၁၁၂၁